ဤကျမ်းကို မောရှေ ပြုစုထားသည့်အတွက်၊ ဟေဗြဲ ပြက္ခဒိန်၏ ပထမလကို ညွှန်းခြင်း ဖြစ်ပေမည်။ သို့ရာတွင်၊ သေချာသည် မဟုတ်။

မြေကြီးပေါ်မှာ ရေခန်းခြောက်သည်ရှိသော်၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးကိုလွှမ်းမိုးသော ရေသည် ခန်းခြောက် ခြင်းရှိသော်" သို့မဟုတ် "လေသည် ရေကို မြေကြီးပေါ်မှ ခန်းခြောက်စေသော်"

သင်္ဘောမိုး
မိုးယံရေများ ဝင်မသွားစေရန် အသုံးပြုသော အဖုံးကို ညွှန်းသည်။

ဒုတိယလ၊ နှစ်ဆယ်ခုနစ်ရက်နေ့တွင်
"ဒုတိယလ၏ နှစ်ဆယ်ခုနစ်ရက်နေ့တွင်။" ဟေဗြဲ ပြက္ခဒိန်၏ ဒုတိယလကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။ သို့ရာတွင်၊ သေချာမှုမရှိ။

မြေကြီး သွေ့ခြောက်လေ၏
"မြေသည် လုံးလုံးလျားလျား ခြောက်သွေ့လေ၏" (UDB)

Genesis 15

အသက်ရှင်သော တိရစ္ဆာန်
"အသက်ရှင်သော သတ္တဝါအပေါင်း။" ၆:၁၁ ရှိ "လူအပေါင်း" ပြန်ဆိုချက်ကို ရှု။

သားကိုမွေး၍ အလွန် တိုးပွားများပြားမည်အကြောင်း
ဥပစာစကားဖြစ်သည်။ ၁:၂၈ မှ ပြန်ဆိုချက်ကို ရှု။ ဤစာပိုဒ်မှာ တိရစ္ဆာန်များသာမဟုတ်ဘဲ လူသားတို့ကိုလည်း မျိုးပွားလျက် များပြားရန် ဘုရားသခင် မိန့်တော်မူခြင်းဖြစ်သည်။

ထုတ်ဆောင်လော့ ...ထွက်ဆင်းလော့ . .
"ထွက်ခွါလော့ ... ခေါ်ဆောင်လော့။" တချို့ မူပြန်ကျမ်းတွင်၊ "ထွက်လာလော့ ... ခေါ်ထုတ်လော့" ဟူ၍ ပြန်ဆိုသည်။

Genesis 18

နောဧ … တို့သည် ထွက်ဆင်းကြ၏

အချို့ မူပြန်ကျမ်းအရ၊ "နောဧ … တို့သည် ထွက်လာကြ၏။"

မျိုးမျိုး အပေါင်းတို့

"မိမိတို့ အမျိုးအလိုက် စုဖွဲ့၍"

Genesis 20

ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ

"ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ" သို့မဟုတ် "ထာဝရဘုရားကို ပူဇော်ခြင်းငှါ ယဇ်ပလ္လင် တည်ပြီးမှ။" ဤယဇ်ပလ္လင်ကို ကျောက်တုံးကျောက်ခဲများဖြင့် တည်ထားခြင်း ဖြစ်ပေမည်။

စင်ကြယ်သောသား၊ စင်ကြယ်သောငှက်

"စင်ကြယ်" ဟု ဆိုရာတွင် ယဇ်အဖြစ် ဘုရားသခင် လက်ခံထားသော အကောင်များကို ဆိုလိုသည်။ အချို့အကောင်များမှ ယဇ်ပူဇော်ရန် မသင့်လျော်သောကြောင့် ၎င်းကို "မစင်ကြယ်" သောသားဟု ခေါ်သည်။

မီးရှို့သောယဇ်ကို ပူဇော်လေ၏

ဘုရားသခင်အဘို့ ယဇ်ကောင်ကိုသတ်၍ မီးရှို့ပူဇော်ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မီးရှို့သော ယဇ်ကို ထာဝရဘုရားအဘို့ ပူဇော်လေ၏"

မွှေးကြိုင်သောအနံ့

အရှို့ခံရသော ယဇ်ကောင်၏ အနံ့ကို ညွှန်းသည်။

လူတို့အတွက်

ပို၍တိကျပေါ်စွာ ဖော်ပြနိုင်သည်။ "လူတို့ အပြစ်အတွက်"

မြေကြီးကို မကျိန်

"မြေကြီးကို ဖျက်ဆီးခြင်းမပြု" (UDB)

လူတို့သည် ငယ်သောအရွယ်မှ စ၍၊ စိတ်နှလုံးအကြံအစည်ဆိုးကြ၏

"လူတို့သည် ငယ်သောအရွယ်မှ စ၍၊ ဒုစရိုက်အမှုကိုသာ ပြုကြ၏" သို့မဟုတ် "ငယ်ရွယ် ချိန်မှစ၍၊ ဒုစရိုက်အမှုကို ပြုလိုသော ဆန္ဒ ရှိကြ၏"

ငယ်သောအရွယ်

အသက်ရပြီးသော လူကြီးကို ညွှန်းသောစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငယ်ရွယ်ချိန်"

စိတ်နှလုံးအကြံအစည်

"စိတ်နှလုံး" ဟု ဆိုရာတွင် လူ့အကြံအစည်၊ ခံစားချက်၊ တပ်မက်မှု၊ နှင့် အလိုဆန္ဒကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြုသမျှသည်" သို့မဟုတ် "အကျင့်သည်"

မြေကြီးမကုန်မှီတိုင်အောင်

"မြေကြီး တည်သည့် ကာလပတ်လုံး" သို့မဟုတ် "ကပ်ကမ္ဘာ မကုန်မှီ တိုင်အောင်"

မျိုးစေ့ကြဲရသောကာလ

"စိုက်ပျိုးရသော ကာလ"

ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ

ရာသီဥတုကြီး နှစ်ပါးနှင့် ၎င်းတို့၏ ရသကို ညွှန်းဆိုသည်။ ပြန်ဆိုမည့်ဘာသာ၏ ဒေသိယ အသုံးအနှုန်းကို လိုက်၍ ပြန်ဆိုနိုင်သည်။

နွေကာလ

တစ်နှစ်တာကာလ၏ ပူလောင်၊ ခြောက်သွေ့သော အချိန်

ဆောင်းကာလ

တစ်နှစ်တာကာလ၏ အေးမြ၊ စိုစွတ် သို့မဟုတ် ချမ်းစိမ့်သော အချိန်

မပြတ်ရ

"ကုန်ဆုံးခြင်းမရှိရ" သို့မဟုတ် "ရပ်တန့်ခြင်းမရှိရ။" ဤစကားစုကို အပြုသဘောဆောင် ပုံစံဖြင့်လည်း ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တည်မြဲစေ"

---

## Translation Questions

Genesis 8:1

ဘုရားသခင်က မည်သို့လုပ်ပေးခြင်းဖြင့် ရေကို ငြိမ်းစေသနည်း။

ဘုရားသခင်က လေတိုက်စေလျက်၊ ရေထွက်ရာမြေအောက်တွင်းများကို ပိတ်၍ မိုးကို တိတ်စေပါသည်။

Genesis 8:4

သင်္ဘောသည် မည်သည့်နေရာ၌ ရပ်နေသနည်း။

သင်္ဘောသည် အာရရတ်အမည်ရှိတောင်ထိပ်ပေါ်မှာ ရပ်နေပါသည်။

Genesis 8:8

ပထမအကြိမ် သင်္ဘောထဲမှ နောဧစေလွှတ်လိုက်သော ချိုးငှက်သည် မည်သို့ဖြစ်သနည်း။

ပထမအကြိမ်ချိုးငှက်သည် မိမိခြေဖြင့်နားရန်နေရာ ရှာမတွေ့သောကြောင့် နောဧရှိရာ သင်္ဘောသို့ ပြန်လာခဲ့သည်။

Genesis 8:10

ဒုတိယအကြိမ် သင်္ဘောထဲမှ နောဧစေလွှတ်လိုက်သောချိုးငှက်သည် မည်သို့ဖြစ်သနည်း။

ဒုတိယအကြိမ်၌ ချိုးငှက်သည် လတ်ဆတ်သောသံလွင်ရွက်နှင့်အတူ ပြန်လာခဲ့သည်။

တတိယအကြိမ် သင်္ဘောထဲမှ နောဧစေလွှတ်လိုက်သောချိုးငှက်သည် မည်သို့ဖြစ်သနည်း။

တတိယအကြိမ်၌ ချိုးငှက်သည် နောဧထံသို့ ပြန်မလာတော့ဘဲ နေခဲ့သည်။

Genesis 8:13

နောဧသည် သင်္ဘောအကာကိုဖယ်၍ အပြင်သို့ကြည့်သောအခါ မည်သည့်အရာကိုမြင်သနည်း။

နောဧသည် မြေမျက်နှာပြင် ခြောက်သွေ့သည်ကို မြင်ခဲ့သည်။

Genesis 8:15

ဘုရားသခင်က သက်ရှိသတ္တဝါအပေါင်းတို့သည် သင်္ဘောထဲမှ ထွက်သွားပြီး မည်သို့လုပ်စေရန် အလိုရှိသနည်း။

ဘုရားသခင်က သက်ရှိသတ္တဝါအပေါင်းတို့သည် မြေကြီးပေါ်မှာ တိုးပွါးများပြားစေရန် အလိုရှိပါသည်။

Genesis 8:20

နောဧသည် သင်္ဘောထဲမှ ထွက်ခွါသောအခါ မည်သို့လုပ်သနည်း။

နောဧသည် ထာဝရဘုရားအတွက် ယဇ်ပလ္လင်ကိုတည်ဆောက်၍၊ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့သောယဇ်ကိုပူဇော်ပါသည်။

ထိုအချိန်က ဘုရားသခင်သည် မည်သည့်ကတိတော်နှစ်ခုကို လူသားတို့အား လုပ်ပေးသနည်း။

ဘုရားသခင်က နောက်တစ်ကြိမ်မြေကြီးကို ကျိန်ဆိုခြင်းမပြုရန်နှင့် နောက်တစ်ကြိမ် သက်ရှိအရာအားလုံးကို မဖျက်ဆီးရန် ကတိတော်လုပ်ပေးသည်။

ဘုရားသခင်က လူတို့သည် ငယ်ရွယ်သည်မှစ၍ မည်သို့ရှိသည်ဟု ပြောသနည်း။

ဘုရားသခင်က လူတို့သည် ငယ်ရွယ်သည်မှစ၍ စိတ်နှလုံးအကြံအစည်ဆိုးကြသည်ဟု ပြောပါသည်။

## Chapter 9

1 ဘုရားသခင်သည်လည်း၊ နောနှင့် သူ၏သား တို့ကိုကောင်းကြီးပေးတော်မူ၍၊ သင်တို့သည်များပြားစွာ မွေးဘွားလျက်
မြေကြီးပြည့်စေကြလော့။ 2 မြေတိရစ္ဆာန်၊ မိုဃ်းကောင်းကင်ငှက်အစရှိသော၊ မြေပေါ်မှာ လှုပ်ရှားတတ်သမျှနှင့်၊
ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ရှေ့မှာကြောက်ရွံ့ တုန်လှုပ်ခြင်းသဘောရှိကြလိမ့်မည်။ ထိုတိရိစ္ဆာန်တို့ကို သင်တို့ လက်၌ငါ
အပ်၏။ 3 အသက်ရှင်၍ လှုပ်ရှားတတ်သမျှသည်၊ အသီးအရွက်ကဲ့သို့၊ သင်တို့စားစရာဘို့ ဖြစ်ရမည်။ ခပ်သိမ်း သောအရာတို့ကို
သင်တို့၌ ငါအပ်ပေး၏။ 4 သို့သော်လည်း အသက်တည်းဟူသော အသွေးနှင့်တကွ အသားကို မစားရ။ 5 အကယ်၍
သင်တို့အသက်တည်းဟူသော၊ သင်တို့ အသွေးကို ငါတောင်းမည်။ လူ၊ တိရစ္ဆာန်အပေါင်း တို့၌ ငါတောင်းမည်။ ခပ်သိမ်းသော
လူတို့၏ ညီအစ်ကို၌ လူ၏အသက်ကို ငါတောင်းမည်။ 6 အကြင်သူသည် လူ၏အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကို လူလက်ဖြင့်
သွန်းရမည်။ အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ 7 သင်တို့သည်
သားကိုဘွား၍များပြားကြလော့။ မြေပေါ်မှာ အလွန်မွေးဘွား၍ များပြားကြလော့ဟု မိန့်တော်မူ၏။ 8 တဖန်ဘုရားသခင်သည်၊
နောနှင့် သူ၏သား တို့ကို မိန့်တော်မူသည်ကား၊ 9 သင်တို့နှင့်ငှင်း၊ နောက်ဖြစ်လတံ့သော အမျိုးအနွယ်နှင့်ငှင်း၊ 10
သင်တို့ထံမှာအသက်ရှင်သော တိရစ္ဆာန်တည်းဟူသော ငှက်၊ သားယဉ်၊ သားရဲရှိသမျှ သင်္ဘောထဲက ထွက်ဆင်းသမျှမှစ၍၊
မြေတိရစ္ဆာန်အပေါင်းတို့နှင့်ငှင်း၊ ငါသည်ကိုယ်တိုင် ပဋိညာဉ်ပြု၏။ 11 သင်တို့နှင့် ငါပြုသော ပိဋိညာဉ်ဟုမူကား၊
ရေလွှမ်းမိုးခြင်းအားဖြင့်၊ ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန်
ရေလွှမ်းမိုးခြင်း မရှိရ။ 12 ထိုမှတပါး ငါတဘက်၊ သင်တို့နှင့် သင်တို့ထံမှာ အသက်ရှင်သမျှသော တိရစ္ဆာန်တို့ တဘက်၌ သားမြေး
အစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်၏ လက္ခဏာ သက်သေဟူမူကား၊ 13 ငါ၏ သက်တံ့ကို မိုဃ်းတိမ်၌ ငါထား၏။
ထိုသက်တံ့သည် မြေကြီးနှင့် ငါပြုသော ပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။ 14 ငါသည် မိုဃ်းကို အုံ့စေသောအခါ၊ မိုဃ်းတိမ်၌
သက်တံ့သည် ထင်ရှားလိမ့်မည်။ 15 ထိုအခါငါတဘက်၊ သင်တို့မှစ၍၊ အသက်ရှင် သောသတ္တဝါ၊ တိရစ္ဆာန်ရှိသမျှတို့ တဘက်၌ရှိသော၊
ငါ၏ ပဋိညာဉ်ကိုငါ အောက်မေ့သဖြင့် ခပ်သိမ်းသော သတ္တဝါ တို့ကို ဖျက်ဆီးခြင်းငှါ နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိရ။ 16
မိုဃ်းတိမ်၌ သက်တံ့ရှိသည်ကို ငါကြည့်ရှုသဖြင့်၊ ဘုရားသခင်နှင့် မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါတိရစ္ဆာန်အပေါင်းတို့
စပ်ကြားမှာရှိသော ထာဝရပဋိညာဏ်ကို ငါအောက်မေ့မည်။ 17 ဤသည်ကား ငါနှင့်မြေကြီးပေါ်မှာရှိသော သတ္တဝါအပေါင်းတို့၏
စပ်ကြားမှာ၊ ငါမြဲဖွဲ့သော ပဋိညာဏ်၏ လက္ခဏာသက်သေဖြစ်သတည်းဟု နောဧ ကို ဘုရားသခင်မိန့်တော်မူ၏။ 18 သင်္ဘောထဲက
ထွက်ဆင်းသော နောသားတို့၏အမည်ကား ရှေမ၊ ဟာမ၊ ယာဖက်တည်း၊ ဟာမသည် ခါနာန်၏ အဘဖြစ်၏။ 19 ဤသူတို့သည်
နောဧ၏ သားသုံးယောက်ဖြစ်၍ မြေကြီးတပြင်လုံး၌ နှံ့ပြားကြ၏။ 20 နောသေည် လယ်လုပ်သောအတတ်ကို ပြုစု၍၊ စပျစ်ဥယျာဉ်ကို
စိုက်လေ၏။ 21 စပျစ်ရည်ကိုလည်း သောက်၍ယစ်မူးသဖြင့်၊ မိမိထဲ၌ အဝတ်မခြုံဘဲနေလေ၏။ 22 ခါနာန်၏ အဘဟာမသည်၊
မိမိအဘ၌အဝတ်အချည်းစည်း ရှိသည်ကိုမြင်လျှင် ပြင်မှာရှိသော အစ်ကို နှစ်ယောက်ကို ပြောလေ၏။ 23 ရှေမနှင့်ယာဖက်တို့သည်
အဝတ်ကိုယူ၍ ပခုံးပေါ်မှာ တင်ပြီးလျှင်၊ နောက်သို့ဆုတ်သွား၍ မိမိအဘ၌၊ အဝတ်အချည်းစည်းရှိသည်ကို ဖုံးကြ၏။ သူတို့သည်
အပြင်သို့မျက်နှာပြုသောကြောင့်၊ မိမိအဘ၌ အဝတ် အချည်း အစည်းရှိသည်ကို မမြင်ရ။ 24 နောသေည် ယစ်မူခြင်းပျောက်၍
နိုးသောအခါ၊ မိမိ၌သားငယ်ပြုသည်ကိုသိလျှင်၊ 25 ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ။ အစ်ကိုတို့၏ကျွန်တို့၌ ကျွန်ဖြစ်ပါစေဟုဆို၏။
26 တဖန်ရှေမ၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ ခါနာန်သည် ရှေမ၏ကျွန် ဖြစ်ပါစေ။ 27
ဘုရားသခင်သည် ယာဖက်ကို ကျယ်စေတော်မူသဖြင့်၊ ရှေမ၏ တဲသို့တွင်နေပါစေ။ ခါနာန်မူကား၊ သူ၏ကျွန်ဖြစ်ပါစေဟု ဆိုလေ၏။
28 နောသေည် ရေလွှမ်းမိုးသောနောက်၊ အနှစ် သုံးရာငါးဆယ် အသက်ရှင်၍၊ 29 အသက်ပေါင်းကိုးရာငါးဆယ်စေ့သော် အနိစ္စ
ရောက်လေ၏

---

Genesis 01

များပြားစွာမွေးဘွားလျက် မြေကြီးပြည့်စေကြလော့

ဘုရားသခင် ပေးသော ကောင်းချီးမင်္ဂလာဖြစ်သည်။ မိမိတို့နှင့် သဏ္ဍာန်တူသော လူများစွာကို မွေးဘွားရန် နောနှင့် မိသားစုထံ မိန့်တော်မူခဲ့သည်။ "များပြား" ဟူသည်မှာ မည်ကဲ့သို့ မွေးဘွားရမည်ကို တိကျစေသော ကြိယာဝိသေသနပုဒ် ဖြစ်သည်။ ၁:၂၈ မှ ပြန်ဆိုချက်ကို ရှု။

မြေတိရစ္ဆာန်

မြေတိရစ္ဆာန်ဟု ဆိုရာတွင် တိရစ္ဆာန်အပေါင်းကို ဆိုလိုခြင်းမဟုတ်ဘဲ၊ တိရစ္ဆာန် အမျိုး လေးမျိုးထဲမှ တစ်မျိုးကိုသာ ညွှန်းသည်။

ငှက်

ပျံဝဲတတ်သော တိရစ္ဆာန်များကို ညွှန်းသည်။ ၁:၂၀ မှ ပြန်ဆိုချက်ကို ရှု။


generated on Sun Jun 30 02:37:40 2024

မြေပေါ်မှာ လှုပ်ရှားတတ်သမျှ
တိရစ္ဆာန် အကောင်ငယ်များကို ညွှန်းသည်။ ၁:၂၄ မှ ပြန်ဆိုချက်ကို ရှု။

ကြောက်ရွံ့တုန်လှုပ်ခြင်းသဘော
"ကြောက်ရွံ့" နှင့် "တုန်လှုပ်" ဟူသည်မှာ တူညီသော ဝေါဟာရဖြစ်ပြီး၊ မည်မျှ ကြောက်ရွံ့သည်ကို ပေါ်လွင်စေရန် ပေါင်းစပ်လိုက်သော စကားစုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြောက်ရွံ့တုန်လှုပ်" သို့မဟုတ် "လွန်စွာကြောက်ရွံ့ခြင်း"

မြေတိရစ္ဆာန် . . . ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ရှေ့မှာ ကြောက်ရွံ့တုန်လှုပ်ခြင်းသဘော ရှိကြလိမ့်မည်
အခြားသော ဘာသာပြန်ဆိုချက်၊ "မြေတိရစ္ဆာန် ... ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ကို ကြောက်ရွံ့တုန်လှုပ်ကြလိမ့်မည်"

ထိုတိရိစ္ဆာန်တို့ကို သင်တို့လက်၌ ငါအပ်၏
လက်ဟု ဆိုရာတွင် အစိုးပိုင်မှု၏ သင်္ကေတ ဖြစ်သည်။ ကတ္တားပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုတိရစ္ဆာန်တို့ကို အစိုးပိုင်သောအခွင့် ငါပေး၏" သို့မဟုတ် "ထိုတိရစ္ဆာန်တို့ကို သင်တို့ လက်အောက်၌ ငါထား၏"

Genesis 03

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

အသက်တည်းဟူသော အသွေး
ဘာသာပြန်ဆိုသူမှ "သွေးသည် အသက်ကို ပံ့ဆောင်၏" စသဖြင့် မှတ်ချက် ထည့်သွင်းနိုင်သည်။ သို့မဟုတ် အောက်ပါအတိုင်းလည်း မှတ်ချက် ထည့်သွင်းနိုင်သည်။ "သွေးပါသော အသားကို မစားရန် ဘုရားသခင် မိန့်ဆိုသည်။ အသွေးကို ဦးစွာ ရှင်းထုတ်ရမည်။"

Genesis 05

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

သင်တို့အသွေး
လူ့အသွေးနှင့် တိရစ္ဆာန်အသွေး၏ ခြားနားချက်ကို တွေ့ရသည် (၉:၁)။

အကယ်၍ သင်တို့အသက် တည်းဟူသော၊ သင်တို့အသွေးကို ငါတောင်းမည်
သွေးကို သွန်းလောင်း သို့မဟုတ် စီးကျခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကယ်၍ သင်တို့အသက်တည်းဟူသော သင်တို့အသွေး စီးကျလျှင် ထိုအတွက် အဖိုးအခကို ငါတောင်းမည်" သို့မဟုတ် "အကယ်၍ သင်တို့အသွေးကို သွန်းသောသူ၌ အဖိုးအခ ငါတောင်းမည်" သို့မဟုတ် "အကယ်၍ သင်တို့ကို သတ်သောသူထံ အဖိုးအခ ငါတောင်းမည်"

အသက်
ခန္ဓာအသက်ကို ညွှန်းသည်။

ငါတောင်းမည်
သူသတ်၏ အသက်ကို တောင်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်၏ အခအတွက် သင်တို့ကို သတ်သောသူထံ ငါတောင်းမည်"

တိရစ္ဆာန်အပေါင်းတို့၌ ငါတောင်းမည်
"သင်တို့အသက်ကို နုတ်ယူသော တိရစ္ဆာန်အပေါင်းတို့၌ ငါတောင်းမည်"

ခပ်သိမ်းသော လူတို့၏ ညီအစ်ကို၌ လူ၏အသက်ကို ငါတောင်းမည်
"သူတပါးကို သတ်သောသူထံ အသက်၏အခကို ငါတောင်းမည်"

ညီအစ်ကို
"ညီအစ်ကို" ဟု ဆိုရာတွင် အရင်းမျှ မဟုတ်ဘဲ၊ ဆွေမျိုး၊ အမျိုးတူ၊ အသိုင်းအဝိုင်းတူ၊ လူမျိုးချင်းတူ သို့မဟုတ် နိုင်ငံချင်းတူသော ပုဂ္ဂိုလ်ကို ညွှန်းဆိုသည်။

အကြင်သူသည် လူ၏အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကို လူလက်ဖြင့် သွန်းရမည်။
သွေးသွန်းဟူသည်မှာ အသက်နုတ်ယူခြင်းကို ညွှန်း၏။ သို့ဖြစ်၍ တစုံတယောက်က လူကို သတ်လျှင်၊ နောက်တစ်ယောက်က ထိုသူ၏ အသက်ကို နုတ်ယူရန်ဖြစ်သည်။ သို့ရာတွင်၊ "သွေး" ဟူသော ဝေါဟာရမှာ အဓိကကျသဖြင့် ထိုဝေါဟရကို အတတ်နိုင်ဆုံး အသုံးပြု ပြန်ဆိုရမည်။ "အသွေးသွန်း" စသဖြင့် အသွေးပါသော ဝေါဟာရကို အသုံးပြုရပါမည်။

အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏
"အကြောင်းမူကား ဘုရားသခင်သည် လူကို မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းတော်မူ၏" သို့မဟုတ် "အကြောင်းမူကား လူကို ငါ၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခဲ့ပြီ"

သားကိုဘွား၍ များပြားကြလော့
ဘုရားသခင် ပေးသော ကောင်းချီးမင်္ဂလာဖြစ်သည်။ မိမိတို့နှင့် သဏ္ဍာန်တူသော လူများစွာကို မွေးဘွားရန် နောနှင့် မိသားစုထံ မိန့်တော်မူခဲ့သည်။ "များပြား" ဟူသည်မှာ မည်ကဲ့သို့ မွေးဖွားရမည်ကို တိကျစေသော ကြိယာဝိသေသနပုဒ် ဖြစ်သည်။ ၁:၂၈ မှ ပြန်ဆိုချက်ကို ရှု။

Genesis 08

တဖန် ဘုရားသခင်သည်၊ နောနှင့် သူ၏သား တို့ကို မိန့်တော်မူသည်ကား
အစတွင်လည်း နောနှင့် သားများထံ မိန့်တော်မူခဲ့သည်။ သို့ရာတွင် မတူညီသော အကြောင်းအရာဖြစ်ကြောင်း သိသာစေရန် အသုံးပြုလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဖန် ဘုရားသခင်သည်၊ နောနှင့် သူ၏

သားတို့ကို မိန့်တော်မူ၏" သို့မဟုတ် "တဖန် ဘုရားသခင် မိန့်တော်မူသည်ကား"

ငါသည်ကိုယ်တိုင်
နောသည် သူ၏ မိသားစုနှင့်တကွ ဘုရား၏ အမှုအတွက် ပြင်ဆင်ကြောင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

ငါသည်ကိုယ်တိုင် ပဋိညာဉ်ပြု၏
"ငါကိုယ်တော်တိုင် ပဋိညာဉ်ပြု၏"

Genesis 11

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

သင်တို့နှင့် ငါပြုသော ပဋိညာဉ်ဟုမူကား
"ဤသို့ဖြင့် သင်တို့နှင့်အတူ ငါပဋိညာဉ်ပြုမည်"

ခပ်သိမ်းသော သတ္တဝါ
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊

မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိရ
"မြေကြီးကို ဖျက်ဆီးသော ရေလွှမ်းမိုးခြင်း မရှိစေရ။" ရေလွှမ်းခြင်းများစွာ ဖြစ်လာသော်လည်း ၎င်းက တစ်ကမ္ဘာလုံးကို ဖျက်ဆီးခြင်း မပြုနိုင်တော့ပါ။

လက္ခဏာသက်သေ
ကတိပြုထားသော တစုံတရာ၏ သက်သေ အထောက်အထား ဖြစ်သည်။

သားမြေး အစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်
အဆိုပါ ပဋိညာဉ်တရားမှာ နောနှင့်မိသားစု သာမက၊ နောင်လာလတ့်သော သားစဉ်မြေးဆက် အားလုံးအပေါ် သက်ရောက်သည်။

Genesis 14

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

သောအခါ
"သောအခါတိုင်း။" အကြိမ်ဖန်များစွာ ဖြစ်ပျက်မည့်အကြောင်းကို ဖော်ပြထားသည်။

သက်တံ့သည် ထင်ရှားလိမ့်မည်
သက်တံ့မှာ ထင်ရှားမည်ဟု ဆိုရာတွင် ယာဝေးဘုရားနှင့် လူတို့ကြား ပြုထားသော ပဋိညာဉ်၏ သက်သေဖြစ်သည်အလျောက် ယာဝေးဘုရားနှင့် လူတို့ မြင်သာအောင် ထင်ရှားမည်ဟူ၍ နားလည်ရပေမည်။ ကတ္တားပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သက်တံ့ကို လူနှင့်တကွ ငါသည် ထင်ရှားစွာ တွေ့ရလိမ့်မည်"

သက်တံ့
မိုးရွာပြီးနောက် ကောင်းကင်ပေါ်၌ နေအလင်းကို နောက်ခံပြု၍ အရောင်မျိုးစုံဖြင့် လင်းနေသော ရောင်ခြည်။

ငါတဘက်၊ သင်တို့မှစ၍
"သင်တို့" ဟုဆိုရာတွင် နောနှင့်သားများကို ညွှန်းသည်။

အသက်ရှင်သော သတ္တဝါ၊ တိရစ္ဆာန်ရှိသမျှ
"သက်ရှိသတ္တဝါ အပေါင်းတို့"

သတ္တဝါ၊ တိရစ္ဆာန်ရှိသမျှ
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊

ငါ၏ပဋိညာဉ်ကို ငါအောက်မေ့သဖြင့်
ထိုသို့ဆိုရာတွင် ဘုရားသခင်က မေ့ပျောက်မည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၏ ပဋိညာဉ်ကို ထောက်သဖြင့်"

Genesis 16

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

ဘုရားသခင်နှင့် မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါတိရစ္ဆာန်အပေါင်းတို့ စပ်ကြား
ဘုရားသခင် မိန့်ဆိုနေသည်ဖြစ်၍ အောက်အတိုင်းလည်း ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါနှင့် မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါအပေါင်းတို့ စပ်ကြား"

မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါတိရစ္ဆာန်အပေါင်း
"မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါအပေါင်း။" ၉:၁၄ မှ ပြန်ဆိုချက်ကို ရှု။

ငါအောက်မေ့မည်
"သတိရအောင့်မေ့မည်" သို့မဟုတ် "ငါသည် အစဉ်အောက်မေ့မည်"

နောဧကို ဘုရားသခင်မိန့်တော်မူ၏
ဘုရားသခင်သည် နောဧကို မကြာခဏ စကားပြောသည်။ ဤစာကြောင်းမှာမူ ဘုရားသခင်၏ နောက်ဆုံးသော ပြောဆိုချက် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နောဧထံသို့ စကားပြောခြင်းကို လက်စသတ်သည်" သို့မဟုတ် "ထို့ကြောင့် ဘုရားသခင်သည် နောဧကို ပြောသည်"

Genesis 18

ယေဘုယျ အချက်အလက်
အငယ် ၁၈-၁၉ တွင် နောင်လာမည့် မှတ်တမ်း၌ အရေးပါသော နောဧ၏ သားသုံးယောက်ကို မိတ်ဆက်ပေးထားသည်။

အာဘ
ဖခင်အရင်း

Genesis 20

လယ်လုပ်သောအတတ်ကို ပြုစု၍
"လယ်သမားလုပ်၍"

သောက်၍ယစ်မူးသဖြင့်
"များစွာသောက်၍ ယစ်မူးသဖြင့်"

အဝတ်မခြုံဘဲ
မည်မျှထိ အဝတ်မခြုံဘဲ ရှိနေကြောင်း တိကျစွာ ဖော်ပြထားခြင်းမရှိ။ သို့ရာတွင်၊ သားများက ဖုံးပေးရသည်အထိ ရှက်ရွံ့ဖွယ် ကောင်းခဲ့ပေမည်။

Genesis 22

မိမိအဘ
နောဧကို ညွှန်း၏။

Genesis 24

ယေဘုယျ အချက်အလက်
အငယ် ၂၅-၂၇ တွင် နောဧသည် ဟာမ၏ သားကို ကျိန်၍ ဟာမ၏ ညီအစ်ကိုတို့ကို ကောင်းချီးပေး၏။ UDB မူပြန်ကျမ်းတွင် ဖော်ပြထားသည်အတိုင်း နောဧ ဆိုခဲ့သော အရာများမှာ နောင်လာမည့် မျိုးဆက်များအပေါ် အမှန်တကယ် သက်ရောက်သွားခဲ့သည်။

ယေဘုယျ အချက်အလက်
လာမည့်အပိုဒ်များကို စာကြောင်းတိုများဖြင့် ဖော်ပြလေရာ၊ ကဗျာဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့်၊ ကဗျာဖြစ်ကြောင်း ထင်ရှားစေသော စာကြောင်းပုံစံဖြင့် တတ်နိုင်သလောက် ပြန်ဆိုပေးရမည်။

ယစ်မူခြင်းပျောက်၍ နိုးသောအခါ
"သတိရလာသောအခါ"

မိမိ၌သားငယ်
ဟာမကို ညွှန်း၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားငယ် ဟာမ"

ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ
"ခါနာန်ကို ငါကျိန်၏" သို့မဟုတ် "ခါနာန်သည် ဘေးဒုက္ခခံပါစေ"

ခါနာန်
ဟာမ၏ သားများထဲ၌ တစ်ဦးအပါအဝင် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟာမသား ခါနာန်"

အစ်ကိုတို့၏ ကျွန်တို့၌ကျွန်
"အစ်ကိုတို့၏ အနိမ့်ဆုံးကျွန်" သို့မဟုတ် "အစ်ကိုတို့၏ ကျွန်တကာ့ကျွန်"

အစ်ကိုတို့
ခါနာန်၏ ညီအစ်ကိုများ သို့မဟုတ် ဆွေမျိုးသားချင်းတို့ကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

Genesis 26

ယေဘုဘျ အချက်အလက်
ကဗျာဖြစ်ကြောင်း ထင်ရှားစေသော စာကြောင်းပုံစံဖြင့် တတ်နိုင်သလောက် ပြန်ဆိုပေးရမည်။

ရှေမ၏ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း
"ရှေမ၏သခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း" သို့မဟုတ် "ထာဝရဘုရား ရှေမ၏သခင်သည် မင်္ဂလာရှိတော်မူစေသတည်း" သို့မဟုတ် "ရှေမ၏သခင် ထာဝရဘုရားကို ငါချီးမြှောက်၏" (UDB)

ခါနာန်သည် ရှေမ၏ကျွန် ဖြစ်ပါစေ
"ခါနာန်သည် ရှေမ၏ကျွန် ဖြစ်စေ။" ခါနာနှင့် ရှေမတို့၏ သားစဉ်မြေးဆက်အားလုံးအပေါ် သက်ရောက်သည်။

ဘုရားသခင်သည် ယာဖက်ကို ကျယ်စေတော်မူသဖြင့်
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "ဘုရားသခင်သည် ယာဖက်၏ မြေကို ကျယ်စေတော်မူသဖြင့်" (UDB) သို့မဟုတ် (၂) "ဘုရားသခင်သည် ယာဖက်အမျိုးကို များပြားစေတော်မူသဖြင့်"

ရှေမ၏တဲတို့တွင် နေပါစေ
"ရှေမနှင့်အတူ အေးချမ်းစွာ နေပါစေ။" ယာဖက်နှင့် ရှေမတို့၏ သားစဉ်မြေးဆက်အားလုံးအပေါ် သက်ရောက်သည်။

ခါနာန်မူကား၊ သူ၏ကျွန်ဖြစ်ပါစေ
"ခါနာန်မူကား၊ ယာဖက်၏ကျွန်ဖြစ်ပါစေ။" ခါနန်နှင့် ယာဖက်တို့၏ သားစဉ်မြေးဆက်အားလုံးအပေါ် သက်ရောက်သည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

Genesis 9:1

သင်္ဘောမှ ထွက်ခွါပြီးနောက် နောဧနှင့်သူ၏သားများတို့အား မည်သို့လုပ်ရန် ဘုရားသခင်ပြောသနည်း။
ဘုရားသခင်က နောဧနှင့်သူ၏သားတို့အား များပြားစွာမွေးဘွားလျက် မြေကြီးကို ပြည့်စေရန် ပြောခဲ့သည်။

Genesis 9:3

ဘုရားသခင်သည် နောဧနှင့် သူ၏သားများ စားရန်အတွက် မည်သည့်အစာကို ပေးသနည်း။
ဘုရားသခင်က နောဧနှင့်သူ၏သားတို့ကို အသီးအရွက်နှင့်အသက်ရှင်လှုပ်ရှားတတ်သမျှတို့အား စားစရာဘို့ပေးခဲ့သည်။

ဘုရားသခင်က မည်သည့်အသားကိုမစားရန်ပညတ်တော်မူသနည်း။
ဘုရားသခင်က အသွေးရှိသောအသားကို မစားရန် ပညတ်တော်ထားသည်။

အသွေးထဲ၌ ဘာရှိသည်ဟု ဘုရားသခင်ပြောသနည်း။
ဘုရားသခင်ကအသွေးထဲ၌ အသက်ရှိသည်ဟုပြောပါသည်။

Genesis 9:5

လူ၏အသွေးကို သွန်းသောသူအတွက် မည်သို့ ပြစ်ဒဏ်ခံရမည်ဟု ဘုရားသခင်မိန့်တော်မူသနည်း။
လူ၏ အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကိုလူလက်ဖြင့်သွန်းရမည်ဟု ဘုရားသခင်မိန့်တော်မူသည်။

ဘုရားသခင်သည် လူကို မည်သူ့ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းသနည်း။
ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းခဲ့သည်။

Genesis 9:11

ဘုရားသခင်က မြေကြီးနှင့်ထားသော ပဋိညာဉ် ၏ သက်သေလက္ခဏာမှာ အဘယ်နည်း။
ဘုရားသခင်က မြေကြီးနှင့်ထားသော ပဋိညာဉ်၏ သက်သေလက္ခဏာမှာ သက်တံ့ဖြစ်ပါသည်။

Genesis 9:14

မြေကြီးပေါ်မှာရှိသော သက်ရှိအရာအားလုံးကို ဘုရားသခင်က မည်သည့်ပဋိညာဉ်မျိုး ပြုလုပ်သနည်း။
ဘုရားသခင်က သက်ရှိအရာအားလုံးကို ဖျက်ဆီးဘို့ရန်နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိစေရဟူ၍ ပဋိညာဉ်ပြုပါသည်။

Genesis 9:18

နောဧ သားသုံးယောက်အမည်များမှာ အဘယ်နည်း။
နောဧ သားသုံးယောက်အမည်မှာ ရှေမ၊ ဟာမ နှင့် ယာဖက်တို့ ဖြစ်ကြပါသည်။

Genesis 9:20

နောဧသည် စပျစ်ဥယျာဉ်ခြံစိုက်ပျိုးပြီးနောက် မည်သို့ဖြစ်သနည်း။
စပျစ်ဥယျာဉ်ခြံစိုက်ပျိုးပြီးနောက်၊ နောဧသည် စပျစ်ရည်ကိုသောက်၍ ယစ်မူးခဲ့သည်။

Genesis 9:22

ရှေမနှင့်ယာဖက်တို့သည် အဝတ်မရှိသောသူတို့၏ ဖခင်ကိုမည်သို့ ဖုံးကွယ်ပေးသနည်း။
ရှေမနှင့်ယာဖက်တို့သည် ဝတ်လုံနှင့်အတူအနောက်ဖက်သို့လျှောက်သွား၍၊ တဖက်သိုလှည့်ပြီးမှ အဝတ်မရှိသောသူတို့ဖခင်ကို ဝတ်လုံနှင့် ဖုံးကွယ်ပေးပါသည်။

Genesis 9:24

နောဧသည် ဟာမအပေါ် မည်သို့ကျိန်ဆိုသနည်း။
နောဧသည် ဟာမအား ကျိန်ပြောသည်မှာ "ခါနာန်သည်ကျိန်ခြင်းကို ခံရပြီး၊ အစ်ကိုတို့၏ ကျွန်တို့၌ ကျွန်ဖြစ်ပါစေ" ဟုကျိန်ဆိုခဲ့သည်။

Genesis 9:26

နောဧသည် မည်သူကို ကောင်းချီးပေးသနည်း။
နောဧသည် ရှေမနှင့်ယာဖက်တို့ကို ကောင်းချီးပေးခဲ့သည်။

## Chapter 10

1 ရေလွှမ်းမိုးသောနောက်၊ နောဧသား ရှေမ၊ ဟာမ၊ ယာဖက်တို့မှ ဆင်းသက်သော သားစဉ်မြေးဆက် တို့ကို ဆိုပေအံ့။ 2
ယာဖက်၏သားကား ဂေါမာ၊ မာဂေါဂ၊ မာဒဲ၊ ယာဝန်၊ တုဗလ၊ မေရှက်၊ ထိရက်တည်း။ 3 ဂေါမသားကား၊ အာရှေကနတ်၊ ရိဖတ်
တော်ဂမတည်း။ 4 ယာဝန်သားကား၊ ဧလိရှား၊ တာရှု၊ ကိတ္တိမ်၊ ဒေါဒနိမ်တည်း။ 5 ဤသူတို့သည် လူအမျိုးမျိုး တကျွန်းတနိုင်ငံ
မြေနယ်တို့ကို ဘာသာအသီးအသီး၊ အမျိုးအနွယ် အသီးသီးရှိသည့်အတိုင်း၊ အချင်းချင်း ခွဲဝေကြ၏။ 6 ဟာမသားကား၊ ကုရှ၊ မိဇရိမ်၊
ဖုတ၊ ခါနာန်တည်း။ 7 ကုရှသားကား၊ သေဘ၊ ဟာဝိလ၊ သာဘတ၊ ရာဂမ၊ သတ္တေခါတည်း။ ရာဂမသားကား၊ ရှေဘ၊ ဒေဒန်တည်း။ 8
ကုရှသည် သားနိမ်ရောဒကိုလည်း ရသေး၏။ ထိုသားသည် မြေကြီးပေါ်မှာ အဦးစွမ်းနိုင်သော သူဖြစ်၏။ 9 ထာဝရဘုရားရှေ့မှာ
အားကြီးသော မုဆိုးဖြစ်၏။ ထိုကြောင့် စကားပုံ၌ကား၊ ဘုရားရှေ့နိမ်ရောဒ၊ အားကြီးမုဆိုး၊ ပြုလုပ်သည်လိုဟု စပ်ဆိုသတည်း။ 10
သူ၏ နိုင်ငံအဦးကား၊ ရှိနာပြည်၌ ဗာဗုလုန်မြို့၊ ဧရက်မြို့၊ အက္ကဒ်မြို့ကာလနေမြို့တည်း။ 11 ထိုပြည်မှာအာရှုရိပြည်သို့သွား၍ နိနေဝမြို့၊
ရဟောဘုတ်မြို့ ကာလမြို့ကိုငင်း၊ 12 နိနေဝေမြို့နှင့်၊ ကာလမြို့စပ်ကြားမှာ ကြီးစွာသော မြို့တည်းဟူသော ရေသင်မြို့ကိုငင်း
တည်ဆောက် လေ၏။ 13 မိဇရိမ်သားကား၊ လုဒိမ်လူ၊ အာနမိမ်လူ၊ လဟာဗိမ်လူ၊ နတ္တုဟိမ်လူ၊ 14 ပါသရုသိမ်လူ၊ ကာသလုဟိမ်လူ၊
ကတ္တောရိမ် လူတည်း။ ကာသလုဟိမ်အမျိုးထဲက ဖိလိတ္တိလူဖြစ် သတည်း။ 15 ခါနာန်သား အကြီးကား၊ ဇိဒုန်။ ထိုနောက် ဟေသ။ 16
ထိုနောက် ယေဗုသိလူ၊ အာမောရိလူ။ ဂိရဂါရှိ လူ၊ 17 ဟိဝိ လူ၊ အာကိလူ၊ သိနိလူ၊ 18 အာဝဒိ လူ၊ ဇေမရိလူ၊ ဟာမသိ လူတည်း။
ထိုနောက်ခါနာန် အမျိုးသားအသီးသီးတို့သည် နှံ့ပြားကြ လေ၏။ 19 ခါနာန်အမျိုးသား နေရာပြည်နယ်သည် ဇိဒုန်မြို့မှဂေရာမြို့၊
ဂါဇမြို့တိုင်အောင်ငင်း တဖန်သောဒုံမြို့၊ ဂေါမာရမြို့၊ အာဒမာမြို့ ဇေဘိုင်မြို့ကိုလွန်၍ လာရှမြို့ တိုင်အောင်ငင်း ရှိသတည်း။ 20
ဤသူတို့သည် သီးခြားသော အမျိုးအနွယ်၊ သီးခြားသော ဘာသာအလိုက်၊ အပြည်အပြည် အတိုင်းတိုင်း၌ နေသော ဟာမသားများ
ဖြစ်သတည်း။ 21 ယာဖက်ညီ၊ ဟေဗြဲလူအပေါင်းတို့၏ အဘ၊ ရှေမသည်လည်း သားများကိုမြင်လေ၏။ 22 ရှေမသားကား၊ ဧလံ၊
အာရှုရ၊ အာဖါဒ်၊ လုဒ၊ အာရံတည်း။ 23 အာရံသားကား၊ ဥဇ၊ ဟုလ၊ ဂေသာ၊ မာရှတည်း။ 24 အာဖာဇဒ်သားရှာလ၊
ရှာလသားဟေဗာတည်း။ 25 ဟေဗာသည်လည်း သားနှစ်ယောက်ကို မြင်လေ၏။ သားတယောက်ကား၊ ဖာလက်အမည်ရှိ၏။
အကြောင်းမူကား၊ သူ့လက်ထက်၌ မြေကြီးကို ခွဲဝေကြ၏။ သူ၏ညီကား၊ ယုတ္တန် အမည်ရှိ၏။ 26 ယုတ္တန်သားကား၊ အာလမောဒဒ်၊
ရှေလပ်၊ ဟာဇာမာဝက်၊ ယေရ၊ 27 ဟဒေါရံ၊ ဥဇလ၊ ဒိကာလ၊ 28 ဩဗလအဘိမေလ၊ ရှေဘ၊ 29 ဩဖိရဟာဝိလ၊ ယောဗပ်၊
ဤသူအပေါင်းတို့ သည် ယုတ္တန်သားဖြစ်သတည်း။ 30 သူတို့နေရာမူကား၊ မေရှမြို့မှသည် အရှေ့ မျက်နှာ၌သေဖာတောင်တိုင်အောင်
ရှိသတည်း။ 31 ဤသူတို့သည် သီးခြားသော အမျိုးအနွယ်၊ သီးခြားသော ဘာသာအလိုက်၊ အပြည်ပြည်အတိုင်းတိုင်း တို့၌နေသော
ရှေမသားများဖြစ်သတည်း။ 32 ဤရွေ့ကား မိမိတို့အမျိုးအနွယ် အသီးသီး အလိုက်မှတ်သားထားသော နောဧသား ဆွေစဉ်
မျိုးဆက်စာရင်းပေးသတည်း။ ထိုသူတို့သည် ရေလွှမ်းမိုးသောနောက်၊ မြေကြီးပေါ်မှာ သီးခြားသော တိုင်းပြည်
တို့ကိုတည်ထောင်ကြလေ၏။

---

Genesis 01

နောဧသား ရှေမ၊ ဟာမ၊ ယာဖက်တို့မှ ဆင်းသက်သော သားစဉ်မြေးဆက်တို့ကို ဆိုပေအံ့

"နောဧ သားများ၏ သားစဉ်မြေးဆက်တို့ကို ဆိုပေအံ့။" ကမ္ဘာဦးကျမ်း ၁၀:၁-၁၁:၉ တွင် ဖော်ပြထားသော နောဧ၏ သားစဉ်မြေးဆက် စာရင်းကို မိတ်ဆက်ပေးသော စာကြောင်း ဖြစ်သည်။

Genesis 02

ဤသူတို့သည် လူအမျိုးမျိုး တကျွန်းတနိုင်ငံ မြေနယ်တို့ကို . . . အချင်းချင်း ခွဲဝေကြ၏

"ယာဝန်၏ သားတို့သည် ထိုအရပ်မှ ထွက်ခွာလျက် ကမ်းစပ်ဒေသနှင့် ကျွန်းနိုင်ငံတို့၌ ... အခြေချ နေထိုင်ကြ၏"

ဤသူတို့သည်

မူရင်းကျမ်း၌ ပင်လယ်နေလူမျိုးဟု ညွှန်းဆိုထားရာ၊ ဤသူတို့မှာ ကမ်းစပ်ဒေသနှင့် ကျွန်းနိုင်ငံများတွင် အခြေချ နေထိုင်သော လူမျိုးများကို ဆိုလိုသည်။

တကျွန်းတနိုင်ငံ မြေနယ်

ဤစကားစုမှာ ၎င်းတို့ ကျမ်းပြုရေးသားချိန်၌ အခြေချ နေထိုင်သော အရပ်ကို ဆိုလိုသည်။

ဘာသာအသီးအသီး

"ဘာသာစကား အသီးသီး" သို့မဟုတ် "ပြောဆိုသော ဘာသာအလိုက်"

Genesis 06

မိဇရိမ်

"အဲဂုတ္တု" ခေါ် "အီဂျစ်" ပြည်၏ ဟေဗြဲအမည် ဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

Genesis 08

အဦး စွမ်းနိုင်သောသူ

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "အားကြီးသော စစ်သူရဲ" သို့မဟုတ် (၂) "အားကြီးသောသူ" သို့မဟုတ် (၃) တန်ခိုးကြီးသော မင်း"

ဘုရားရှေ့

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "ထာဝရဘုရားကို ဆန့်ကျင်သော" သို့မဟုတ် (၂) "ထာဝရဘုရားအားဖြင့်"

ထိုကြောင့် စကားပုံ၌ကား

ပြန်ဆိုမည့် ဘာသာစကား၌ အသုံးပြုသော စကားပုံ၏ အဖွင့်ကို ထည့်သုံးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ... ဟု ဆိုရိုးရှိသတည်း" (ရှု၊ [["en:ta:workbench:translate:writingstyles_proverbs]])

နိုင်ငံအဦး

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) ပထမတိုင်းပြည် သို့မဟုတ် (၂) ပထမမြို့ပြ

Genesis 11

အာရှုရိပြည်သို့သွား၍

"နိမ်ရောဒသည် အာရှုရိပြည်သို့ သွား၍"

မိဇရိမ်သားကား

နောဧ၏ သားစဉ်မြေးဆက်စာရင်းကို ဆက်လက်ဖော်ပြသည်။

မိဇရိမ်

ဟာမ၏ သားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ၏ သားစဉ်မြေးဆက်တို့မှာ အဲဂုတ္တုလူမျိုးများဖြစ်သည်။ မိဇရိမ်ဟူသည် အဲဂုတ္တုပြည်၏ ဟေဗြဲအမည် ဖြစ်သည်။

Genesis 15

ယေဗုသိလူ ... အာမောရိလူ ... ဂိရဂါရှိလူ

ခါနာန်၏ သားစဉ်မြေးဆက်မှ အဓိက မျိုးနွယ်စုများဖြစ်သည်။

Genesis 19

ပြည်နယ်

"ပိုင်နက်" သို့မဟုတ် "နယ်နိမိတ်"

ဇိဒုန်မြို့မှဂေရာမြို့၊ ဂါဇမြို့တိုင်အောင်

ရှိသည့်အရပ်ကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြောက်ဘက် ဇိဒုန်မြို့မှ တောင်ဘက် ဂေရာမြို့အနီး ဂါဇမြို့တိုင်အောင်"

တဖန်သောဒုံမြို့၊ ဂေါမောရမြို့၊ အာဒမာမြို့ ဇေဘိုင်မြို့ကိုလွန်၍ လာရှမြို့တိုင်အောင်

"အရှေ့ဘက်" သို့မဟုတ် "ကုန်းတွင်းဘက်" စဝဖြင့် ရှိသည့်အရပ်ကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဖန်အရှေ့ဘက် သောဒုံမြို့၊ ဂေါမောရမြို့၊ အာဒမာမြို့နှင့် ဇေဘိုင်မြို့ကို လွန်၍ လာရှမြို့တိုင်အောင်" (ရှု၊ [[Assumed Knowledge and Implicit Information]])

သီးခြားသော ဘာသာအလိုက်

"မတူညီသော ဘာသာစကားအလိုက်"

အပြည်အပြည် အတိုင်းတိုင်း၌ နေသော

ဒေသအသီးသီး၌ အခြေချနေထိုင်သော

ဤသူတို့သည် . . . ဟာမသားများ ဖြစ်သတည်း

"ဤသူတို့" ဟု ဆိုရာတွင် ၁၀:၆ ၌ ဖော်ပြထားသော လူမျိုးနှင့် လူမျိုးပေါင်းစုတို့ကို ညွှန်းသည်။

Genesis 24

အာဖာဇဒ်

ရှေမ၏ သားများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဖာလက်

ဘာသာပြန်ဆိုသူမှ "ဖာလက်ကို 'ခွဲဝေခြင်း' ဟု အဓိပ္ပါယ်ရသည်" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။

မြေကြီးကို ခွဲဝေကြ၏

အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့သည် မြေကြီးကို ခွဲဝေကြ၏" သို့မဟုတ် "လူတို့သည် နေရပ် အသီးသီးသို့ ခွဲထွက်ကြ၏" သို့မဟုတ် "ဘုရားသခင်သည် လူတို့ကို ခွဲထုတ်တော်မူ၏"

Genesis 26

ယုတ္တန်

ဟေဗေ၏ သားများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဤသူအပေါင်းတို့

"ဤသူ" ဟု ဆိုရာတွင် ယုတ္တန်၏ သားများကို ညွှန်းသည်။

Genesis 30

သူတို့နေရာ

"သူတို့ အစိုးရသောနေရာ" သို့မဟုတ် "သူတို့ နေထိုင်ရာဒေသ"

ဤသူတို့သည် . . . ရှေမသားများ ဖြစ်သတည်း

"ဤသူတို့" ဟု ဆိုရာတွင် ရှေမ၏ သားစဉ်မြေးဆက်ကို ညွှန်းသည် (၁၀:၂၁)

Genesis 32

ဤ‌ရွေ့ကား မိမိတို့အမျိုးအနွယ်အသီးသီး
၁၀:၁ မှစတင်၍ စာရင်းပြုထားသော လူအပါင်းတို့ကို ညွှန်းသည်။

အလိုက် မှတ်သားထားသော
"အလိုက် ပြုစုထားသော"

ထိုသူတို့သည် . . . မြေကြီးပေါ်မှာ သီးခြားသော တိုင်းပြည်တို့ကို တည်ထောင်ကြလေ၏
".... ထိုသူတို့အားဖြင့် မြေကြီးပေါ်မှာ မတူညီသော တိုင်းပြည်များ ပေါ်ပေါက်လာသတည်း" သို့မဟုတ် "ထိုသူတို့သည် ... အသီးသီး ခွဲခွာ၍ မြေကြီးပေါ်မှာ တိုင်းပြည်များစွာ တည်ထောင်ကြလေ၏။

ရေလွှမ်းမိုးသောနောက်
ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေလွှမ်းမိုးပြီးနောက်"

---

## Translation Questions

Genesis 10:2

ရေလွှမ်းမိုးပြီးနောက်၊ နောဧ၏ သားမြေးတို့သည် မျိုးရိုးအလိုက် ပျံ့နှံ့လာသောအခါ ထိုမျိုးရိုးတို့၌ ဘာရှိကြသနည်း။
မျိုးရိုးအလိုက် ပျံ့နှံ့လာကြသောအခါ မျိုးရိုးတစ်ခုချင်းစီ၌ ကိုယ်ပိုင်ဘာသာစကား ရှိလာကြသည်။

Genesis 10:8

ဟာမမှဆင်းသက်သော နိမ်ရောဒအတွက် မည်သို့ခေါ်ဆိုသနည်း။
နိမ်ရောဒကို ထာဝရဘုရားရှေ့၌ အားကြီးသောမုဆိုးအနေဖြင့် ခေါ်ဆိုခဲ့သည်။

ရှိနာပြည်၏ မည်သည့်မြို့သည် နိမ်ရောဒ၏ ပထမမြို့ဖြစ်သနည်း။
နိမ်ရောဒ၏ ပထမဆုံးမြို့မှာ ဗာဗုလုန်မြို့ဖြစ်ပါသည်။

Genesis 10:11

ရှိနာပြည်၌နိမ်ရောဒသည် သူ၏မြို့နှင့်အတူ မည်သည့်မြို့ကို တည်ဆောက်သနည်း။
နိမ်ရောဒသည် ရေသင်မြို့ကို တည်ဆောက်ခဲ့ပါသည်။

Genesis 10:15

ခါနာန်သည် နောဧ၏ မည်သည့်သားမှ ဆင်းသက်သူဖြစ်သနည်း။
ခါနာန်သည် ဟာမမှ ဆင်းသက်သူဖြစ်ပါသည်။

Genesis 10:19

ရေလွှမ်းမိုးပြီးနောက်၊ နောဧ၏ သားမြေးတို့သည် မျိုးရိုးအလိုက် ပျံ့နှံ့လာသောအခါ ထိုမျိုးရိုးတို့၌ ဘာရှိကြသနည်း။
မျိုးရိုးအလိုက် ပျံ့နှံ့လာကြသောအခါ မျိုးရိုးတစ်ခုချင်းစီ၌ ကိုယ်ပိုင်ဘာသာစကား ရှိလာကြသည်။

Genesis 10:24

ရှေမမှဆင်းသက်သော ဖာလက်၏ လက်ထက်၌ မည်သို့ဖြစ်သနည်း။
ဖာလက်၏ လက်ထက်၌ မြေကြီးကို ခွဲဝေကြပါသည်။

Genesis 10:30

ရေလွှမ်းမိုးပြီးနောက်၊ နောဧ၏ သားမြေးတို့သည် မျိုးရိုးအလိုက် ပျံ့နှံ့လာသောအခါ ထိုမျိုးရိုးတို့၌ ဘာရှိကြသနည်း။
မျိုးရိုးအလိုက် ပျံ့နှံ့လာကြသောအခါ မျိုးရိုးတစ်ခုချင်းစီ၌ ကိုယ်ပိုင်ဘာသာစကား ရှိလာကြသည်။

Genesis 10:32

ရေလွှမ်းမိုးပြီးနောက်၊ မြေကြီးပေါ်မှာ သီးခြားသောတိုင်းပြည်များသည် မည်သည့်နေရာမှာ များလာသနည်း။
တိုင်ပြည်သည် နောဧ၏သားများမှဆင်းသက်သောမျိုးနွယ်စုတို့မှ တည်ထောင်လာပါသည်။

---

## Chapter 11

1 မြေကြီးသားအပေါင်းတို့သည် ဘာသာတမျိုးတည်း။ စကားတမျိုးတည်းရှိကြသည်ဖြစ်၍၊ 2 အရှေ့မျက်နှာမှ ခရီးသွားသဖြင့်၊
ရှိနာပြည်၌ မြေညီရာအရပ် ကိုတွေ့၍ နေရာချကြ၏။ 3 သူတို့ကလည်း လာကြ။ အုတ်လုပ်၍ ခိုင်မာစွာ ဖုတ်ကြကုန်အံ့ဟု၊
တယောက်ကို တယောက် ပြောကြ၏။ ထိုသို့ ကျောက်အရာ၌ အုတ်ကိုင်၊ သရွတ်အရာ၌ ရေညှိတမျိုးကိုင်၍ ရပြီးလျှင်၊ 4 လာကြ၊
မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကို စိုးရိမ်၍၊ မြို့ကိုင်၊ မိုဃ်းကောင်းကင်သို့မှီရသော ရဲတိုက်ကိုင်း တည်လုပ်သဖြင့်၊
ကျော်စောကိတ္တိရှိစေခြင်းငှါ ပြုကြကုန်အံ့ဟု ပြောဆိုကြ၏။ 5 ထိုသို့ လူသားတို့တည်လုပ်သော မြို့နှင့် ရဲတိုက်ကို ကြည့်ရှုခြင်းငှါ၊
ထာဝရဘုရားသည် ဆင်းသက်တော် မူ၏။ 6 ထာဝရဘုရားက ကြည့်ရှုလော့။ လူတမျိုးတည်း၊ စကားတမျိုးတည်း ရှိသည်ဖြစ်၍၊
သူတို့သည် ဤအမှုကို အဦးပြုကြ၏။ ယခုကြံစည်သမျှတို့ကို အဆီးအတားမရှိ၊ သူတို့ပြုကြလိမ့်မည်။ 7 လာကြ၊
ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှါ၊ သူတို့စကားကို ရှုပ်ထွေးကြကုန်အံ့ဟု မိန့်တော်မူ၏။ 8
ထိုသို့ထာဝရဘုရားသည် သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ပဲ နေကြ၏။ 9
သို့ဖြစ်၍ ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကိုရှုပ်ထွေး၍၊ သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ်
ကွဲပြားစေတော်မူသောကြောင့် ထိုမြို့သည် ဗာဗုလုံမြို့ဟူ၍ တွင်သတည်း။ 10 ရှေမ၏ သားစဉ်မြေးဆက်ဟူမူကား၊ ရှေမသည်
အသက်တရာရှိ၍၊ ရေလွှမ်းမိုးသောနောက်နှစ်နှစ်ကြာ သော်၊ သားအာဖာဇဒ်ကို မြင်လေ၏။ 11 အာဖာဇဒ်ဘွားမြင်သောနောက်၊
ရှေမသည် အနှစ်ငါးရာအသက်ရှင်၍ သားသမီးများကို မြင်လေ၏။ 12 အာဖာဇဒ်သည် အသက်သုံးဆယ်ငါးနှစ်ရှိသော်၊ သားရှာလကို
မြင်လေ၏။ 13 ရှာလဘွားမြင်သောနောက်၊ အာဖာဇဒ်သည် အနှစ်လေးရာသုံး နှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 14
ရှာလသည် အသက်သုံးဆယ်ရှိသော်၊ သားဟေဗာကို မြင်လေ၏။ 15 ဟေဗာဘွားမြင်သောနောက်၊ ရှာလသည် အနှစ်လေးရာသုံးနှစ်
အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 16 ဟေဗာသည် အသက်သုံးဆယ့်လေးနှစ်ရှိသော်၊ သားဖာလက်ကို မြင်လေ၏။ 17
ဖာလက်ဘွားမြင်သောနောက်၊ ဟေဗာသည် အနှစ်လေးရာသုံးဆယ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 18 ဖာလက်သည်
အသက်သုံးဆယ်ရှိသော်၊ သားရာဂေါကို မြင်လေ၏။ 19 ရာဂေါဘွားမြင်သောနောက်၊ ဖာလက်သည် အနှစ်နှစ်ရာကိုးနှစ်အသက်ရှင်၍၊
သားသမီးများကို ဘွားမြင်လေ၏။ 20 ရာဂေါသည် အသက်သုံးဆယ်နှစ်နှစ်ရှိသော်၊ သားစေရုတ်ကို မြင်လေ၏။ 21
စေရုတ်ဘွားမြင်သောနောက်၊ ရာဂေါသည် အနှစ်နှစ်ရာခုနစ်နှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 22
စေရုတ်သည်အသက်သုံးဆယ်ရှိသော်၊ သားနာခိုခေါ်ကို မြင်လေ၏။ 23 နာခေါ်ဘွားမြင်သောနောက်၊ စေရုတ်သည် အနှစ်နှစ်ရာ
အသက်ရှင်၍ သားသမီးများကို မြင်လေ၏။ 24 နာခေါ်သည် အသက်နှစ်ဆယ်ကိုးနှစ်ရှိသော်၊ သားတေရကို မြင်လေ၏။ 25
တေရဘွားမြင်သောနောက်၊ နာခေါ်သည် အနှစ်တရာတဆယ်ကိုးနှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 26 တေရသည်
အသက်ခုနစ်ဆယ်ရှိသော်၊ သားအာဗြံ၊ နာခေါ်၊ ခါရန်တို့ကိုမြင်လေ၏။ 27 တေရ၏ သားစဉ်မြေးဆက်ဟူမူကား၊ တေရသည် အာဗြံ၊
နာခေါ်၊ ခါရန်တို့ကိုမြင်လေ၏။ 28 ခါရန်သည်လည်း လောတကိုမြင်လေ၏။ ခါရန်သည်၊ အဘတေရမသေမှီ၊ မိမိဘွားရာအရပ်၊
ခါလဒဲပြည်သားတို့နေသော ဥရမြို့၌ သေလေ၏။ 29 အာဗြံနှင့် နာခေါ်သည် မယားကို ယူ၍၊ အာဗြံ၏ မယားကား၊ စာရဲအမည်ရှိ၏။
နာခေါ်၏ မယားကား၊ ခါရန်၏သမီးမိလခါ အမည်ရှိ၏။ ခါရန်သည် မိလခါနှင့် ဣသခ၏အဘဖြစ်သတည်း။ 30 စာရဲမူကား မြုံသော
မိန်းမဖြစ်၍ သားသမီးမရှိ။ 31 တေရသည် သားအာဗြံကိုင်၊ ခါရန်၏သား ဖြစ်သောမြေး လောတကိုင်၊ သားအာဗြံ၏မယားဖြစ်
သော မိမိ ချွေးမစာရဲကိုင်းခေါ်၍၊ သူတို့သည် ခါနာန်ပြည်သို့ သွားခြင်းငှါ၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှ ထွက်သဖြင့်၊
ခါရန်မြို့သို့ ရောက်၍နေကြ၏။ 32 တေရသည် အသက်နှစ်ပေါင်းနှစ်ရာငါးနှစ်ရှိသော်၊ ခါရန်မြို့၌ သေလေ၏။

## Chapter 12

[1] ထာဝရဘုရားသည်လည်း အာဗြံကို ခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော် များထဲက ထွက်ပြီးလျှင်၊
ငါပြလတံ့သော ပြည်သို့ သွားလော့။ [2] ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ငါ ကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။
သင် သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်။ [3] သင့်ကို ကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို
ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု
မိန့်တော်မူ၏။ [4] ထိုသို့ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ အာဗြံထွက်သွား၍ လောတလည်းလိုက်လေ၏။ အာဗြံ သည် ခါရန်မြို့မှ
ထွက်သွားသောအခါ အသက်ခုနစ်ဆယ်ငါးနှစ်ရှိ၏။ [5] အာဗြံသည် မယားစာရဲ၊ အစ်ကိုသားလောတနှင့်၊ ဥစ္စာရတတ်သမျှကိုင်း၊
ခါရန်မြို့၌ရသော လူတို့ကို ၎င်း၊ ယူပြီးလျှင် ခါနာန်ပြည်သို့ ရောက်ခြင်းငှါ၊ ထွက်သွား၍၊ ထိုပြည်သို့ ရောက်ကြ၏။ [6] အာဗြံသည်
ထိုပြည်ကို ရှောင်သွား၍ ရှိခင်အရပ်၊ မောရသပိတ်ပင်သို့ ရောက်လေ၏။ ထိုအခါ၊ ခါနာန်အမျိုးသားတို့သည် ထိုပြည်၌ ရှိကြရ၏။ [7]
ထာဝရဘုရားသည် အာဗြံအားထင်ရှား၍၊ ဤပြည်ကို သင်၏အမျိုးအနွယ်အား ငါပေးမည်ဟု မိန့်တော်မူ၏။
ထိုသို့ထင်ရှားတော်မူသော ထာဝရဘုရားဘို့၊ ထိုအရပ်၌၊ ယဇ်ပလ္လင်ကို တည်လေ၏။ [8] ထိုအရပ်မှ သွားပြန်၍၊ ဗေသလမြို့အရှေ့၌
ရှိသော တောင်သို့ ပြောင်းသဖြင့်၊ ဗေသလမြို့အရှေ့၊ အာဣမြို့ အနောက်စပ်ကြားမှာ တဲကိုဆောက်၍၊ ထာဝရဘုရားသို့ ယဇ်ပလ္လင်ကို
တည်ပြီးလျှင်၊ ထာဝရဘုရား၏ နာမတော်ကို ပဌာနပြု၏။ [9] အာဗြံသည် ခရီးသွားလျက်၊ ပြောင်းလျက်၊ တောင်မျက်နှာသို့
ရောက်လေ၏။ [10] ထို့နောက်၊ ခါနာန်ပြည်၌ အစားခေါင်းပါးခြင်းဖြစ်၏။ အလွန်အစားခေါင်းပါးသောကြောင့်၊ အာဗြံသည်
အဲဂုတ္တုပြည်၌ တည်းခိုးခြင်းငှါ သွားလေ၏။ [11] အဲဂုတ္တုပြည်နှင့်နီးသောအခါ၊ မိမိမယားစာရဲကို၊ သင်သည် အဆင်းလှသော
မိန်းမဖြစ်သည်ကို ငါသိ၏။ [12] အဲဂုတ္တုလူတို့သည် သင့်ကိုမြင်သောအခါ၊ ဤမိန်းမသည် သူ၏မယားဖြစ်၏ဟုဆိုလျက်၊ ငါ့ကိုသတ်၍
သင့်ကို အသက်ချမ်းသာပေးလိမ့်မည်။ [13] သို့ဖြစ်၍ သင်သည် ငါ့နှမဖြစ်ကြောင်းကို ပြောပါလော့။ သို့ပြောလျှင် သင့်အတွက်
ငါကောင်းစား လိမ့်မည်။ သင်၏ကျေးဇူးအားဖြင့် ငါအသကချမ်းသာ ရလိမ့်မည်ဟု ဆို၏။ [14] အာဗြံသည် အဲဂုတ္တုပြည်သို့
ရောက်သောအခါ၊ သူ၏မယားသည် အလွန်အဆင်းလှသည်ကို အဲဂုတ္တုလူတို့သည် မြင်ကြ၏။ [15]
ဖါရောဘုရင်၏မှူးတော်မတ်တို့လည်း မြင်၍၊ ရှေ့တော်၌ ချီးမွမ်းပြီးလျှင်၊ နန်းတော်သို့သွင်းရကြ၏။ [16] ဖာရောဘုရင်သည်
ထိုမိန်းမအတွက် အာဗြံ၌ ကျေးဇူးပြုသဖြင့်၊ သူသည် သိုး၊ နွား၊ မြည်းထီး၊ မြည်းမ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊
ကုလားအုပ်များနှင့်ကြွယ်ဝ၏။ [17] ထာဝရဘုရားသည် အာဗြံ၏ မယားစာရဲအတွက်ကြောင့်၊ ဖါရောဘုရင်မှစ၍ နန်းတော်သားတို့ကို
ကြီးသော ဘေးဒဏ်ဖြင့် ဆုံးမတော်မူ၏။ [18] ဖါရောဘုရင်သည်လည်း အာဗြံကိုခေါ်၍၊ သင်သည်ငါ၌ ပြုသောအမှုကား
အဘယ်သို့နည်း။ သူသည် သင်၏မယားဖြစ်ကြောင်းကို၊ ငါအား အဘယ်ကြောင့် မပြောသနည်း။ [19] ငါသည် သူ့ကို
သိမ်းပိုက်စေခြင်းငှါ၊ သူသည် ငါ့နှမဖြစ်သည်ဟု အဘယ်ကြောင့်ဆိုသနည်း။ သင်၏ မယားကို ယခုယူ၍သွားလော့ဟု အမိန့်ရှိ၏။ [20]
ထိုသို့အာဗြံအမှုကို စီရင်၍၊ မိမိလူတို့အား မှာထားသဖြင့်၊ သူတို့သည် အာဗြံ၌ရှိသမျှသော ဥစ္စာနှင့် တကွ၊ သမီးမောင်နှံတို့ကို
လွှတ်လိုက်ကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 13

[1] အာဗြံသမီးမောင်နှံတို့သည်လည်း၊ လောတနှင့် တကွ မိမိတို့၌ ရှိသမျှသော ဥစ္စာကိုယူ၍၊ အဲဂုတ္တုပြည်မှ ထွက်သွားသဖြင့်၊
ခါနာန်ပြည်တောင်ပိုင်းသို့ ရောက်ကြ၏။ [2] ထိုအခါ အာဗြံသည်၊ သိုး၊ နွားစသည်တို့ကိုငင်း၊ ရွှေငွေကိုငင်း အလွန်ရတတ်၏။ [3]
တဖန်တောင်ပိုင်းမှ ခရီးသွား၍၊ ဗေသလနယ်အတွင်း၊ ဗေသလမြို့၊ အာဣမြို့စပ်ကြား၌၊ အထက်က တဲကိုဆောက်၍၊ [4]
ယဇ်ပလ္လင်ကိုတည်ခဲ့ဘူးသော အရပ်သို့ ရောက်ပြန်လျှင်၊ ထိုအရပ်တွင် ထာဝရဘုရား၏ နာမတော်ကို ပဌနာပြု၏။ [5] အာဗြံနှင့်အတူ
လိုက်လာသော လောတသည်လည်း သိုး၊ နွားများနှင့် တဲအများရှိသဖြင့်၊ [6] ထိုလူနှစ်ဦးတို့သည် အတူနေခြင်းငှါ ထိုမြေ မဆံ့နိုင်။
ဥစ္စာများလွန်း၍၊ သူတို့သည် တရပ်တည်း မနေနိုင်ကြ။ [7] အာဗြံ၏ နွား ကျောင်းသား၊ လောတ၏ နွားကျောင်းသားတို့သည်လည်း
ခိုက်ရန်ပြုကြ၏။ ထိုအခါ၊ ခါနာန်အမျိုးသား၊ ဖေရဇိအမျိုးသားတို့သည် ထိုပြည်၌ နေကြသတည်း။ [8] အာဗြံကလည်း၊ ငါတို့သည်
ညီအစ်ကိုချင်းဖြစ်လျက်၊ ငါနှင့် သင်၌၎င်း၊ ငါ့နွားကျောင်းသားတို့နှင့်၊ သင့်နွားကျောင်းသားတို့၌၎င်း၊ ခိုက်ရန်မရှိပါစေနှင့်။ [9]
မြေတပြင်လုံးသည် သင့်ရှေ့မှာရှိသည် မဟုတ်လော့။ ငါနှင့် ခွာ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့ သွားလျှင်၊ ငါသည်
လက်ျာဘက်သို့သွားမည်။ သင်သည် လက်ျာဘက်သို့ သွားလျှင်၊ ငါသည် လက်ဝဲဘက်သို့ သွားမည်ဟု ဆို၏။ [10] ထိုကာလအခါ၊
သောဒုံမြို့နှင့် ဂေါမောရမြို့ကို ထာဝရဘုရား ဖျက်ဆီးတော်မမူမီ၊ ဇောရမြို့သို့ သွားသောလမ်း၊ ယော်ဒန်မြစ် ပတ်ဝန်းကျင်အရပ်ရပ်၌
ရေများ၍ ထာဝရဘုရား၏ ဥယျာဉ်တော်ကဲ့သို့၎င်း အဲဂုတ္တုပြည် ကဲ့သို့၎င်းဖြစ်သည်ကို၊ လောတမျှော်ကြည့်၍ မြင်လျှင်၊ [11]
ယော်ဒန်ချိုင့် တရှောက်လုံးကို ရွေးချယ်၍၊ အရှေ့သို့ ပြောင်းသွားသဖြင့်၊ အချင်းချင်း တဦးနှင့် တဦး ကွဲပြားကြ၏။ [12] အာဗြံသည်
ခါနာန်ပြည်၌ နေလေ၏။ လောတ မူကား၊ မြစ်ပတ်ဝန်းကျင်မြို့တို့တွင်နေ၍၊ သောဒုံမြို့ နားမှာ တဲကို ဆောက်လေ၏။ [13]
သောဒုံမြို့သားတို့သည် ဆိုးသောသူ၊ ထာဝရဘုရားရှေ့၌၊ အလွန်အပြစ်များသောသူ ဖြစ်ကြသတည်း။ [14] လောတသည် အာဗြံနှင့်ခွါ၍
သွားပြီးမှ၊ ထာဝရဘုရားသည် အာဗြံကိုခေါ်၍၊ သင်ရှိသောအရပ်က၊ တောင်၊ မြောက်၊ အရှေ့၊ အနောက်သို့ မျှော်ကြည့်လော့။ [15]
သင်မြင်သော မြေတပြင်လုံးကို၊ သင်နှင့်သင်၏ အမျိုးအနွယ်အား၊ ငါသည်ကာလအစဉ်အမြဲပေးမည်။ [16] သင်၏အမျိုးအနွယ်ကို
မြေမှုန့်ကဲ့သို့ ငါများပြားစေမည်။ သို့ဖြစ်၍ လူသည်မြေမှုန့်ကို ရေတွက်နိုင်လျှင်၊ သင်၏ အမျိုးအနွယ်ကို ရေတွက်နိုင်ကြလိမ့်မည်။ [17]
သင်ထ၍မြေကို အလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း ရှောက်သွားလော့။ သင်အား ငါပေးမည်ဟု မိန့်တော်မူ၏။ [18] တဖန်အာဗြံသည်
တဲကိုပြောင်း၍၊ ဟေဗြုန်မြို့၊ မံရေသပိတ်တောသို့ ရောက်မှ နေရာကျ၍ ထာဝရဘုရား အဘို့ ယဇ်ပလ္လင်ကို တည်လေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 14

1 ထိုရောအခါ၊ ရှိနာမင်းကြီး အံရဖေလ၊ ဧလာသာမင်းကြီးအာရုတ်၊ ဧလံမင်းကြီးခေဒေါရလောမာ၊ ဂေါအိမ်မင်းကြီးတိဒလတို့သည်၊ 2
သောဒုံမင်းကြီးဗေရ၊ ဂေါမောရမင်းကြီး ဗိရရှ၊ အာဒမာမင်းကြီးရှိနပ်၊ ဇေဘိုင်မင်းကြီး ရှေမဘာ၊ ဗေလာမင်းကြီးတို့နှင့်
စစ်တိုက်ကြ၏။ ဗေလပြည်ကား၊ ဇောရအမည်လည်းရှိသတည်း။ 3 ထိုပြည်ရှိသမျှတို့သည်၊ သောဒုံအိုင်ဖြစ်သော စိဒ္ဒိမ်ချိုင့်တွင်
နီးစပ်လျက်ရှိကြ၏။ 4 တဆယ်နှစ်နှစ်ပတ်လုံး ခေဒေါရလောမာမင်းကြီးထံ ကျွန်ခံပြီးလျှင်၊ တဆယ်သုံးနှစ်မြောက်သောအခါ
ပုန်ကန်ကြ၏။ 5 တဆယ်လေးနှစ်မြောက်လျှင်၊ ခေဒေါရလောမာမင်းသည်၊ မိမိဘက်ကနေသော မင်းကြီးတို့နှင့် တကွလာ၍၊
အာရှတရုတ်ကာနိမ်မြို့၌၊ ရေဖိမ်လူများကိုင်၊ ဟာမမြို့၌ ဇုဇိမ်လူ များကိုင်၊ ကိရယသိမ်ချိုင့်၌ ဧမိမ်လူများကိုင်၊ 6
စိရတောင်ပေါ်မှာဟောရိလူများကိုင်း လုပ်ကြံ၍၊ တောနားမှာရှိသော ဧလပါရန်မြို့တိုင်အောင် လိုက်ကြ၏။ 7 တဖန်ပြန်လာ၍၊
ကာဒေရှပြည်၊ အင်မိရှပတ်မြို့သို့ ရောက်ပြီးလျှင်၊ အာမလက်ပြည်ရှိသမျှကိုင်၊ ဟာဇဇုန္တမာမြို့၌နေသော အာမောရိလူများကိုင်း
လုပ်ကြံကြ၏။ 8 ထိုအခါ သောဒုံမင်းကြီး၊ ဂေါမောရ မင်းကြီး၊ အာဒမာမင်းကြီး၊ ဇေဘိုင်မင်းကြီး၊ ဇောရတည်း ဟူသော
ဗေလာမင်းကြီးတို့သည် ချီထွက်၍ စိဒ္ဒိမ်ချိုင့်၌ စစ်ပြိုင်ကြ၏။ 9 ထိုသို့ ဧလံမင်းကြီး ခေဒေါရလောမာ၊ ဂေါအိမ် မင်းကြီးတိဒလ၊
ရှိနာမင်းကြီး အံရဖေလ၊ ဧလာသာ မင်းကြီး အာရုတ်တည်းဟူသော၊ မင်းကြီးလေးပါးနှင့်၊ မင်းကြီးငါးပါးတို့သည် စစ်ပြိုင်ကြ၏။ 10
စိဒ္ဒိမ်ချိုင့်၌ ရေညှိအကျိအချွဲနှင့် ပြည့်သော တွင်းများ ရှိ၏။ သောဒုံမင်းကြီး၊ဂေါမောရမင်းကြီးတို့သည် ပြေး၍ ထိုတွင်းများ၌
ကျလေ၏။ ကြွင်းသောသူတို့သည် တောင်သို့ပြေးကြ၏။ 11 အောင်သောမင်းတို့သည်၊ သောဒုံမြို့နှင့် ဂေါမောရမြို့၌ ရှိသမျှသော
ဥစ္စာနှင့် မြို့ရိက္ခာ ရှိသမျှတို့ကို ယူ၍သွားကြ၏။ 12 သောဒုံမြို့၌နေသော အာဗြံအစ်ကိုသား လောတနှင့် သူ၏ဥစ္စာတို့ကိုလည်း
သိမ်းယူ၍သွား၏။ 13 ထိုဘေးမှ လွတ်၍ ပြေးသော သူတယောက်သည်၊ ဟေဗြဲလူ အာဗြံနှင့်မိဿဟာယဖွဲ့သောသူ၊ ဧရှ ကောလနှင့်
အာနေရ၏အစ်ကို အာမောရိလူမံရေ၏ သပိတ်တောနားမှာ နေသော အာဗြံထံသို့ ရောက်၍၊ သိတင်းကြားပြောလေ၏။ 14 အာဗြံသည်
မိမိ အစ်ကိုသားကို ဘမ်းသွား ကြောင်းကိုကြားလျှင်၊ မိမိအိမ်၌ ဘွား၍ သွန်သင်သော လူသုံးရာတဆယ်ရှစ်ယောက်တို့ကို စီရင်၍၊
ဒန်မြို့ တိုင်အောင်လိုက်လေ၏။ 15 ညဥ့်အခါ၊ မိမိလူတို့ကိုခွဲ၍ တိုက်စေသဖြင့်၊ လုပ်ကြံပြီးလျှင်၊ ဒမာသက်မြို့မြောက်ဘက်
ဟောဘမြို့ တိုင်အောင်လိုက်ပြန်လေ၏။ 16 ရန်သူတို့သိမ်းသွားသော ဥစ္စာရှိသမျှကိုင်၊ မိမိအစ်ကိုသား လောတနှင့်
သူ၏ဥစ္စာကိုင်၊ မိန်းမများ နှင့် လူများကိုင်၊ တဖန်ဆောင်ယူခဲ့လေ၏။ 17 ခေဒေါရ လောမာနှင့်၊ သူ့ဘက်ကနေသော မင်းကြီးတို့ကို
လုပ်ကြံရာမှ အာဗြံပြန်လာသောအခါ၊ သောဒုံမင်းကြီးသည် ခရီးဦးကြိုပြုခြင်းငှါ ရှာဝေချိုင့် တည်းဟူသော မင်းကြီးချိုင့်သို့
ထွက်သွား၏။ 18 အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ်ဖြစ်သော၊ ရှာလင်မင်းကြီး မေလခိဇေဒက်သည်လည်း၊ မုန့်နှင့်
စပျစ်ရည်ကို ဆောင်ခဲ့ပြီးလျှင်၊ 19 ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင်သည် အာဗြံအား
ကောင်းကြီးပေးတော်မူပါစေ သောဟု၊ အာဗြံကို ကောင်းကြီးပေး၍၊ 20 သင်၏ ရန်သူတို့ကို သင်၏လက်၌ အပ်နှံတော်မူသော
အမြင့်ဆုံးသော ဘုရားသခင်လည်း မင်္ဂလာ ရှိတော်မူစေသတည်းဟု မြွက်ဆို၏။ အာဗြံသည်လည်း ဥစ္စာရှိသမျှတို့ကို၊ ထိုမင်းအား
ဆယ်ဘို့ထဘို့ လှူလေ၏။ 21 သောဒုံမင်းကြီးကလည်း၊ လူတို့ကို ကျွန်ုပ်အား ပြန်ပေးပါ၊ ဥစ္စာတို့ကိုကား၊ ကိုယ်တိုင်ယူပါလော့ဟု
အာဗြံအား ပြောလိုလျှင်၊ 22-24 အာဗြံက၊ မင်းကြီးသည် အာဗြံကို ငါရတတ်စေပြီဟု ပြောစရာမရှိစေခြင်းငှါ လုလင်တို့သည် စားပြီး
သော အရာကိုင်၊ ကျွန်ုပ်နှင့်အတူ လိုက်လာသောသူ၊ အာနေရ၊ ဧရှကောလ၊ မံရေတို့သည် မိမိတို့ အဘို့ကို ယူစေခြင်းငှါ
အခွင့်ပေးသဖြင့်၊ သူတို့ယူသော အဘို့ကိုင်၊ ထား၍၊ မင်းကြီး၏ဥစ္စာ၊ အပ်ခြည်တမျှင်ဖြစ်စေ ခြေနင်းကြိုးတပင်ဖြစ်စေ၊
တစုံတခုကိုမျှ ငါမယူဟု ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင် ထာဝရဘုရားရှေ့တော်၌၊ ကျွန်ုပ်သည်လက်ကိုချီ၍
အဓိဋ္ဌာန်ပြုပါပြီဟု၊ သောဒုံမင်းကြီးအားပြောဆိုလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 15

1 ထိုနောက်မှ ဗျာဒိတ်တော်အားဖြင့်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍၊ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည်
သင်၏ အကွယ်အကာဖြစ်၏။ သင်၏အကျိုးသည် အလွန်ကြီးလှ၏ဟု မိန့်တော်မူလျှင်၊ 2 အာဗြံက၊ အရှင်ထာဝရဘုရား၊
အကျွန်ုပ်သည် သားမရှိဘဲ သွားရပါ၏။ ဤဒမာသက်မြို့သား ဧလျာဇာ သည် အကျွန်ုပ်၏ အမွေခံဖြစ်ရပါ၏။ သို့ဖြစ်၍
အဘယ်ကျေးဇူးကို ပြုတော်မူပါမည်နည်းဟု လျှောက်ဆို၏။ 3 တဖန်အာဗြံက အကျွန်ုပ်အား အမျိုးအနွယ်ကို ပေးတော်မမူပါ။
အကျွန်ုပ်၏ အိမ်၌ ဘွားသောသူသည် အကျွန်ုပ်၏ အမွေခံဖြစ်ရပါသည်တကားဟု လျှောက်ဆို၏။ 4 တဖန် ထာဝရဘုရား၏
နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဤသူသည် သင်၏အမွေခံ မဖြစ်ရ။ သင်၏ ကိုယ်ထဲက ထွက်သောသူသည် သင်၏
အမွေခံဖြစ်လိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ 5 အာဗြံကိုပြင်သို့ ထုတ်ဆောင်တော်မူ၍၊ မိုဃ်းကောင်းကင်ကို မျှော်ကြည့်လော့။
ကြယ်များကို ရေတွက် နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည်ထိုသို့ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ 6 အာဗြံသည်
ထာဝရဘုရားကို ယုံကြည်သည် ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ 7 တဖန်၊ငါသည် ဤပြည်ကို
သင်အမွေခံစရာဘို့၊ သင်အားပေးလိုသောငှါ၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှ သင့်ကို ထုတ်ဆောင်သော ထာဝရဘုရား
ဖြစ်သည်ဟု မိန့်တော်မူလျှင်၊ 8 အရှင်ထာဝရဘုရား၊ ဤပြည်ကို အကျွန်ုပ် အမွေခံရမည်ကို အဘယ်သို့ သိရပါအံ့နည်းဟု
မေးလျှောက်လေ၏။ 9 ထာဝရဘုရားကလည်း၊ သုံးနှစ်အသက်ရှိသော နွားမတကောင်၊ သုံးနှစ်အသက်ရှိသော ဆိတ်တကောင်၊
သုံးနှစ်အသက်ရှိသော သိုးထီးတကောင်၊ ချိုးတကောင်၊ ခိုသငယ်တကောင်တို့ကို ငါ့ဘို့ယူလော့ဟု မိန့်တော်မူသည်အတိုင်း၊ 10
ထိုတိရစ္ဆာန်အပေါင်းတို့ကို ယူ၍၊ တကောင် တကောင်ကို ထက်ဝက်စီ ခွဲပြီးလျှင်၊ ခွဲသောအသားတို့ကို အဘက်တချက်၌ ထားလေ၏။
ငှက်ကောင်တို့ကို မခွဲ။ 11 ငှက်ရဲတို့သည် အသေကောင်တို့ အပေါ်သို့ ဆင်းလာသောအခါ၊ အာဗြံသည် နှင်လေ၏။ 12 နေဝင်သောအခါ၊
အာဗြံသည် ကြီးသော အိပ်ခြင်းဖြင့် အိပ်ပျော်လျက်၊ ထူသောမှောင်မိုက်နှင့်တွေ့၍၊ ထိတ်လန့်ခြင်းသို့ ရောက်လေ၏။ 13
ထာဝရဘုရားကလည်း၊ သင်၏ အမျိုးအနွယ်သည်၊ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့်၊ သူတပါးတို့၌ ကျွန်ခံခြင်း၊
နှိပ်စက်ညှဉ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံးခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။ 14 သူတို့ကို စေခိုင်းသော လူမျိုးကိုလည်း
ငါစီရင်မည်။ ထိုနောက်မှ၊ သူတို့သည် များစွာသောဥစ္စာနှင့် ထွက်ကြလိမ့်မည်။ 15 သင်သည်ဘိုးဘေးတို့ထံသို့ ငြိမ်ဝပ်စွာ
သွားရလိမ့်မည်။ အသက်ကြီးရင့်လျက် သင်္ဂြိုဟ်ခြင်းကို ခံရလိမ့် မည်။ 16 လူမျိုးလေးဆက်လွန်သောအခါ၊ သူတို့သည် ဤပြည်သို့
ပြန်လာကြလိမ့်မည်။ အာမောရိ အမျိုးသား တို့၏ ဒုစရိုက်အပြစ်သည် မစုံလင်သေးဟု အာဗြံအား မိန့်တော်မူ၏။ 17 တဖန် နေဝင်၍
မိုက်သောအခါ၊ ခွဲထားသော အသားအလယ်၌၊ မီးခိုးထွက်သောမီးဖို၊ မီးထွန်းလင်း သော မီးခွက်သည် ထင်ရှားစွာ ရှောက်သွားလေ၏။
18 ထိုနေ့၌ ထာဝရဘုရားသည် အာဗြံနှင့် ပဋိညာဉ်ပြုတော်မူလျက်၊ အဲဂုတ္တု မြစ်မှစ၍ မြစ်ကြီး တည်းဟူသော၊ ဥဖရတ်မြစ်တိုင်အောင်၊
ဤပြည်ကို ၎င်း၊ 19 ကေနိလူ၊ ကေနဇိလူ၊ ကာဒမောနိလူ၊ 20 ဟိတ္တိလူ၊ ဖေရဇိလူ၊ ရေဖိမ်လူ၊ အာမောရိလူ၊ ခါနနိလူ၊ ဂိရဂါရှိလူ၊
ယေဗုသိလူတို့ကို၎င်း၊ 21 သင်၏ အမျိုးအနွယ်အား ငါအပ်ပေးပြီဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 16

1 အာဗြံ၏ မယားစာရဲ၌ သားဘွားခြင်းမရှိသဖြင့်၊ အဲဂုတ္တုပြည်သူဟာဂရအမည်ရှိသော ကျွန်မတယောက် ရှိသည်ဖြစ်၍၊ 2 စာရဲက၊
အကျွန်ုပ်အား သားဘွားရသောအခွင့်ကို ထာဝရဘုရားပေးတော်မမူ။ အကျွန်ုပ်၏ ကျွန်မထံသို့ ဝင်ပါလော့။ သူ့အားဖြင့် အကျွန်ုပ်သည်
တည်ဆောက်ခြင်း ရှိကောင်းရှိပါလိမ့်မည်ဟု အာဗြံအား ပြောဆို၍၊ အာဗြံသည် စာရဲ၏စကားကို နားထောင်လေ၏။ 3
ထိုသို့အာဗြံသည် ခါနာန်ပြည်၌ ဆယ်နှစ်နေပြီးမှ၊ အာဗြံ၏မယားစာရဲသည် မိမိကျွန်မအဲဂုတ္တုပြည်သူ ဟာဂရကိုယူ၍၊ မိမိခင်ပွန်း
အာဗြံသိမ်းပိုက်စေဘို့ အပ်နှင်းလေ၏။ 4 အာဗြံသည်လည်း ဟာဂရထံသို့ ဝင်၍၊ ဟာဂရသည် ပဋိသန္ဓေ စွဲလေ၏။ ဟာဂရသည်
မိမိတွင် ပဋိသန္ဓေစွဲနေကြောင်းကို သိလျှင်၊ မိမိသခင်မကို မထီ မဲ့မြင်ပြုလေ၏။ 5 စာရဲကလည်း အကျွန်ုပ်ခံရသော အပြစ်သည်
ကိုယ်တော်ခေါင်းပေါ်၌ တည်ရှိပါစေ။ အကျွန်ုပ်၏ ကျွန်မကို ကိုယ်တော်ရင်ခွင်၌ အကျွန်ုပ်အပ်နှင်းပါပြီ။ သူသည်
ကိုယ်၌ပဋိသန္ဓေစွဲနေကြောင်းကို သိလျှင်၊ အကျွန်ုပ်ကို မထီမဲ့မြင်ပြုပါသည်တကား။ ထာဝရဘုရားသည် အကျွန်ုပ်နှင့်
ကိုယ်တော်အမှုကို စီရင်တော်မူပါစေ သောဟု၊ အာဗြံအား ဆိုလေ၏။ 6 အာဗြံကလည်း၊ သင်၏ ကျွန်မသည် သင်၏လက်၌ရှိ၏။ သူ့၌
ပြုချင်သမျှပြုပါလော့ဟု စာရဲအား ပြန်ပြောလျှင်၊ စာရဲသည် ကျွန်မကို ညှဉ်းဆဲသဖြင့်၊ ကျွန်မသည် သခင်မထံမှ ထွက်ပြေးလေ၏။ 7
ထာဝရဘုရား၏ ကောင်းကင်တမန်သည် ရှုရမြို့သို့သွားရာတောလမ်း၌ရှိသော စမ်းရေတွင်း နားမှာ ဟာဂရကိုတွေ့လျှင်၊ 8
စာရဲကျွန်မဟာဂရ၊ အဘယ်ကလာသနည်း။ အဘယ်အရပ်သို့ သွားမည်နည်းဟုမေးသော်၊ ကျွန်မသည် သခင်မစာရဲထံမှ
ပြေးလာပါသည်ဟု ဆိုလေ၏။ 9 ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ သင်၏ သခင်မထံသို့ ပြန်၍၊ သူ၏အုပ်စိုးခြင်းကို
ခံလော့ဟု အမိန့်ရှိ၏။ 10 တဖန်ထာဝရဘုရား၏ ကောင်းကင်တမန်က၊ သင်၏ အမျိုးအနွယ်ကို မရေတွက်နိုင်အောင်၊ ငါအလွန်
များပြားစေမည်ဟူ၍ရင်း၊ 11 သင်သည် ကိုယ်ဝန်ဆောင်သည်ဖြစ်၍၊ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ ထိုသားကို ဣရှမေလ
အမည်ဖြင့် မှည့်ရမည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင်၏ ဆင်းရဲဒုက္ခကို ကြားသိတော်မူပြီ။ 12
သူသည်လူရိုင်းဖြစ်လိမ့်မည်။ လူအပေါင်းတို့ကို ရန်ဘက်ပြုလိမ့်မည်။ သူ့ကိုလည်း လူအပေါင်းတို့သည် ရန်ဘက်ပြုကြလိမ့်မည်။
မိမိညီအစ်ကို အပေါင်းတို့၏ အပါး၌ နေရလိမ့်မည်ဟူ၍ရင်း မြွက်ဆိုလေ၏။ 13 ထိုသို့ မိန့်မြွက်တော်မူသော ထာဝရဘုရားကို၊
အာတောလေ ရောဟူသောအမည်ဖြင့် ခေါ်ဝေါ်၍၊ ငါ့ကိုမြင်တော်မူသော သူကို ဤအရပ်၌ပင် ငါဖူးမြင်ရသည်တကားဟု
ဟာဂရဆိုလေ၏။ 14 ထိုအကြောင်းကိုအစွဲပြု၍၊ ထိုရေတွင်းကို ဗေရလဟဲရောဟု သမုတ်ကြ၏။ ကာဒေရှမြို့နှင့်
ဗေရက်မြို့၏စပ်ကြားမှာ ရှိသတည်း။ 15 ထိုနောက် ဟာဂရသည် အာဗြံအား သားကို ဘွားမြင်၏။ အာဗြံလည်း ဟာဂရတွင် မြင်သော
သားကို ဣရှမေလအမည်ဖြင့် မှည့်လေ၏။ 16 အာဗြံသည် သားဣရှမေလကို ဟာဂရဘွားမြင်သောအခါ၊
အသက်ရှစ်ဆယ်ခြောက်နှစ်ရှိသတည်း။

## Chapter 17

1 ထိုနောက်၊ အာဗြံသည် အသက်ကိုးဆယ်ကိုးနှစ်ရှိသောအခါ၊ ထာဝရဘုရားသည် အာဗြံအားထင်ရှား တော်မူ၍၊ ငါသည်
အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာ သွားလာ၍ စုံလင်ခြင်းရှိလော့။ 2 ငါ၏ ပဋိညာဉ်ကို သင်နှင့် ငါပြုမည်။ သင့်ကို
ငါအလွန်များပြားစေမည်ဟု မိန့်တော်မူ၏။ 3 အာဗြံသည်လည်း ပြပ်ဝပ်လျင်၊ ဘုရားသခင်က၊ 4 ငါပြုသော ပဋိညာဉ်သည် သင်၌ရှိ၏။
သင်သည် လူမျိုးအများတို့၏ အဘဖြစ်လိမ့်မည်။ 5 နောက်တဖန်သင်၏ အမည်ကို အာဗြံဟုမခေါ်ရ။ သင်၏အမည်ကို
အာဗြဟံဟုခေါ်ရ၏။ အကြောင်းမူကား၊ ငါသည် သင့်ကို များစွာသော လူအမျိုးတို့၏ အဘအရာ၌ ခန့်ထားပြီ။ 6 ငါသည် သင့်ကို
အလွန်ပွားများစေမည်။ သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်။ သင်၏ အမျိုး အနွယ်၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်။ 7
ငါသည်သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု၊ သင်နှင့်သင်၏ အမျိုးအနွယ် အစဉ်အဆက်တို့၌၊
ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ် ဖြစ်စေမည်။ 8 သင်သည် ယခုဧည့်သည်ဖြစ်၍နေသော ပြည်တည်းဟူသော၊
ခါနာန်ပြည်တရှောက်လုံးကို၊ သင်အားငင်း၊ သင့်နောက်၌သင်၏အမျိုးအနွယ်အားငင်း၊ အစဉ်အမြဲ အပိုင်ပေးမည်။ သူတို့၏
ဘုရားလည်း ငါဖြစ်မည်ဟု မိန့်မြွက်တော်မူ၏။ 9 တဖန်ဘုရားသခင်က၊ သို့ဖြစ်၍ သင်နှင့်တကွသင့်နောက်၌ သင်၏အမျိုးအနွယ်
အစဉ်အဆက်တို့သည်၊ ငါ၏ပဋိညာဉ် ကို စောင့်ရှောက် ရကြမည်။ 10 သင်နှင့်တကွသင့်နောက်၌ သင်၏အမျိုးအနွယ်သည်၊ ငါ့ရှေ့မှာ
စောင့်ရှောက်ရသော ငါ၏ ပဋိညာဉ်ဟူမူကား၊ သင်တို့တွင် သားယောကျ်ားတိုင်း အရေဖျားလှီးမင်္ဂလာကို ခံရမည်။ 11
အရေဖျားလှီးမင်္ဂလာသည်၊ ငါနှင့်သင်တို့ပြုသော ပဋိညာဉ်၏ လက္ခဏာသက်သေဖြစ်ရလိမ့်မည်။ 12 သင်တို့ အမျိုးအစဉ်အဆက်တို့၌
သားယောကျ်ားတိုင်း၊ ကိုယ်အိမ်၌ဘွားသောသူဖြစ်စေ၊ ကိုယ့် အမျိုးမဟုတ်။ တပါးအမျိုးသား၌ ငွေနှင့်ဝယ်သောသူ ဖြစ်စေ၊
အသက်ရှစ်ရက်မြောက်လျှင်၊ အရေဖျားလှီး မင်္ဂလာကို ခံရမည်။ 13 ကိုယ်အိမ်၌ ဘွားသောသူ၊ ကိုယ်ငွေနှင့်ဝယ် သောသူသည်၊
အရေဖျားလှီးမင်္ဂလာကို ခံရမည်။ ငါ့ ပဋိညာဉ်လည်း သင်တို့၏အသား၌ ထာဝရပဋိညာဉ် ဖြစ်လိမ့်မည်။ 14 အရေဖျားမလှီး၊
အရေဖျားလှီးမင်္ဂလာကို မခံသောသားယောကျ်ားကို သူ၏ အမျိုးမှပယ်ရှင်းရ၏။ ထိုသူသည် ငါ့ပဋိညာဉ်ကို ဖျက်လေပြီဟု
အာဗြဟံအား မိန့်တော်မူ၏။ 15 တဖန်ဘုရားသခင်က၊ သင်၏မယားစာရဲကို မူကား၊ စာရဲဟူသော အမည်ဖြင့်မခေါ်ရ၊ စာရာဟူသော
အမည်ဖြင့်ခေါ်ရ၏။ 16 သူ့ကိုငါကောင်းကြီးပေး၍၊ သူ့အားဖြင့်လည်း သင်အား သားကိုပေးမည်။ အကယ်စင်စစ်သူ့ကို ကောင်း
ကြီးပေး၍၊ သူသည် လူအမျိုးမျိုးဖြစ်လိမ့်မည်။ သူ၏အမျိုးအနွယ်၌လည်း အပြည်ပြည်သော ရှင်ဘုရင်ဖြစ်ကြ လိမ့်မည်ဟု၊
အာဗြဟံအား မိန့်တော်မူ၏။ 17 ထိုအခါအာဗြဟံသည် ပြပ်ဝပ်လျက် အသက် တရာရှိသော သူသည် သားကို ရလိမ့်မည်လော။ အသက်
ကိုးဆယ်ရှိသော စာရာသည် သားကိုဘွားလိမ့်မည်လော ဟု ရယ်လျက်၊ စိတ်နှလုံးထဲမှာ အောက်မေ့ပြီးလျှင်၊ 18 ဣရှမေလသည်
ရှေ့တော်၌ အသက်ရှင်ပါစေ သောဟု၊ ဘုရားသခင်ကို လျှောက်သောအခါ၊ 19 ဘုရားသခင်က၊ သင်၏မယားစာရာသည်
သင်အားသားကိုဘွားလိမ့်မည်။ ထိုသားကိုလည်း ဣဇာက်အမည်ဖြင့် မှည့်ရမည်။ သူ၌ငင်း သူ့နောက်မှ သူ၏ အမျိုးအနွယ်၌ငင်း
ငါ၏ပဋိညာဉ်ကို ထာဝရ ပဋိညာဉ် ဖြစ်စေမည်။ 20 ဣရှမေလအမှု၌ကား၊ သင်၏စကားကို ငါနားထောင်၏။ သူ့ကို
ငါကောင်းကြီးပေး၏။ သူ့အနွယ်ကို တိုးပွားစေ၍ သူ့ကို အလွန်များပြားစေမည်။ သူသည် မင်းသားဆယ်နှစ်ပါးတို့၏အဘ
ဖြစ်လိမ့်မည်။ ကြီးသော လူမျိုးဖြစ်စေခြင်းငှါလည်း ငါပြုမည်။ 21 သို့သော်လည်း၊ နောင်နှစ်၊ ချိန်းချက်သောအချိန်တွင်၊ စာရာသည်
သင်အားဘွားလတံ့သော သားဣဇာက်၌၊ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်ဟု မိန့်တော်မူပြီးလျှင်၊ 22 မိန့်မြွက်တော်မူသံငြိမ်း၍
ဘုရားသခင်သည် အာဗြဟံမှ တက်ကြွတော်မူ၏။ 23 အာဗြဟံသည်လည်း၊ သားဣရှမေလမှစ၍၊ ကိုယ်အိမ်၌ ဘွားသော သူအပေါင်း၊
ကိုယ်ငွေနှင့် ဝယ်သော သူအပေါင်းတည်းဟူသော၊ အာဗြဟံအိမ်နှင့်ဆိုင်သော ယောကျ်ားအပေါင်းတို့ကို ယူ၍၊ ဘုရားသခင် မိန့်တော်မူ
သည်အတိုင်း၊ တနေ့ခြင်းတွင် အရေဖျားလှီးမင်္ဂလာကို ပေးလေ၏။ 24 အာဗြဟံသည် ကိုယ်တိုင်အရေဖျားလှီးမင်္ဂလာကို ခံသောအခါ၊
အသက်ကိုးဆယ်ကိုးနှစ်ရှိ၏။ 25 သားဣရှမေလသည် အရေဖျားလှီး မင်္ဂလာကို ခံသောအခါ၊ အသက်တဆယ်သုံးနှစ်ရှိ၏။ 26
တနေ့ခြင်းတွင် အာဗြဟံနှင့်သား ဣရှမေလ သည် အရေဖျားလှီးမင်္ဂလာကို ခံလေ၏။ 27 သူ၏အိမ်၌ ဘွားသောသူ တပါးအမျိုးသား၌
သူ၏ငွေနှင့် ဝယ်သောသူ၊ သူ၏အိမ်နှင့်ဆိုင်သော ယောကျ်ားအပေါင်းတို့သည်၊ သူနှင့်အတူ အရေဖျားလှီး မင်္ဂလာကို ခံကြလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 18

1 ထာဝရဘုရားသည် မံရေသပိတ်တောနားမှာ၊ အာဗြဟံအား ထင်ရှားတော်မူသည် အကြောင်းအရာဟူ မူကား၊ နေပူသောအချိန်တွင်
အာဗြဟံသည် တဲတံခါးဝ၌ ထိုင်လျက်၊ 2 မျှော်ကြည့်၍၊ မိမိရှေ့မှာ လူသုံးယောက် ရပ်နေကြသည်ကို မြင်သောအခါ၊
ခရီးဦးကြိုပြုခြင်းငှါ တဲတံခါးဝမှပြေး၍ မြေသို့ ဦးညွတ်ချလျက်၊ 3 အကျွန်ုပ်သခင်၊ ရှေ့တော်၌ အကျွန်ုပ်သည် မျက်နှာရလျှင်
ကိုယ်တော်ကျွန်မှလွန်၍မသွားပါနှင့်။ 4 ရေအနည်းငယ်ကို ယူခဲ့ပါရစေ။ ခြေကို ဆေးပြီး လျှင် သစ်ပင်အောက်၌
လျောင်းနေကြပါလော့။ 5 မုန့်အနည်းငယ်ကိုလည်း ယူခဲ့ပါမည်။ အမော အပန်းပြေသောအခါ သွားကြပါလော့။ ထိုသို့သော
ကျေးဇူးတော်ကို ခံစေခြင်းငှါ၊ ကိုယ်တော် ကျွန်ရှိရာသို့ ရောက်ပါပြီဟုဆို၏။ ထိုသူတို့ကလည်း၊ ပြောသည်အတိုင်း
ပြုပါလော့ဟုဆိုကြ၏။ 6 အာဗြဟံသည်လည်း၊ တဲအတွင်း၌ရှိသော စာရာ ဆီသို့ အလျင်အမြန်ဝင်ပြီးလျှင်၊ ဂျုံမုန့်ညက်သုံးစလယ်ကို
အသော့ပြင်၍နယ်ပါ။ ပေါင်မုန့်ကို လုပ်ပါဟုဆိုလေ၏။ 7 တဖန်နွားစုသို့ပြေး၍ နုထွားကောင်းမွန်သော နွားသငယ်ကို ယူခဲ့၍၊
လုလင်၌အပ်သဖြင့် မြန်မြန်ပြင်ဆင် စေ၏။ 8 ထိုနောက် နို့နှင့် နို့စမ်းကိုငင်း၊ ပြင်ဆင်သော နွားသငယ်ကိုငင်း ယူ၍၊ ထိုသူတို့ရှေ့၌
ထည့်ပြီးလျှင်၊ သစ်ပင်အောက်၊ သူတို့အနားမှာရပ်နေ၍၊ သူတို့သည် စားကြ၏။ 9 ပြီးသောအခါ၊ သင်၏ မယားစာရာသည်
အဘယ်မှာရှိသနည်းဟု မေးကြလျှင်၊ တဲအတွင်း၌ ရှိပါသည်ဟု ပြန်ပြော၏။ 10 ထိုသူတို့တွင် တပါးကလည်း၊ ဘွားချိန်စေ့သော အခါ၊
ငါသည် သင့်ဆီသို့ ဆက်ဆက်ပြန်လာဦးမည်။ ထိုအခါ သင်၏မယားစာရာသည် သားကိုရလိမ့်မည်ဟု ပြောဆို၏။
ထိုသို့ဆိုသောသူ၏နောက်၌ တံခါးဝအနား မှာ၊ စာရာရှိသောကြောင့် ထိုစကားကိုကြား၏။ 11 ထိုအခါ အာဗြဟံနှင့်စာရာသည် အသက်
အရွယ်ကြီးရင့်လှပြီ။ စာရာသည် မိန်းမတို့၌ ဥတုရောက်မြဲ ရှိသည့်အတိုင်း မရောက်ပြီ။ 12 ထိုကြောင့် စာရာက၊ ငါလည်းအိုပြီ၊ ငါ့သခင်
လည်းအိုပြီ၊ သို့ဖြစ်၍ ငါသည် ပျော်မွေ့ခြင်းရှိလိမ့်မည် လောဟု ဆိုလျှက်၊ တိတ်ဆိတ်စွာ ရယ်လေ၏။ 13 သင်၏မယားစာရာက၊
အကယ်၍ ငါသည် အိုပြီးမှ၊ သားကို ဘွားလိမ့်မည်လောဟုဆိုလျက်၊ အဘယ် ကြောင့် ရယ်သနည်း။ 14
ထာဝရဘုရားမတတ်နိုင်သောအမှု တစုံတခု ရှိသလော။ ချိန်းချက်သော ဘွားချိန်စေ့သောအခါ၊ သင့်ဆီသို့ငါပြန်လာ၍၊ စာရာသည်
သားကိုရလိမ့်မည်ဟု ထာဝရဘုရားသည် အာဗြဟံအားမိန့်တော်မူ၏။ 15 စာရာကလည်း ကျွန်မမရယ်ပါဟု၊ ကြောက်၍ ငြင်းလေ၏။
မဟုတ်ဘူး။ သင်ရယ်ပြီဟုမိန့်တော်မူ၏။ 16 ထိုလူတို့သည် ထိုအရပ်က ထ၍ သောဒုံမြို့သို့ မျက်နှာပြုလျက် သွားကြ၏။
အာဗြဟံသည်လည်း သူတို့ ကို ပို့ခြင်းငှါ လိုက်လေ၏။ 17 ထာဝရဘုရားကလည်း၊ ငါပြုမည်အမှုကို အာဗြဟံအား မဘော်မပြဘဲ
ဝှက်ထားရမည်လော။ 18 အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံ သော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့်
ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။ 19 အကြောင်းမူကား၊ သူသည် မိမိနောက်၌ ဖြစ်သော သားများ၊ အိမ်သူများတို့အား
ပညတ်မည်အရာ ကို ငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏ တရား လမ်းသို့ လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာ ကျင့်ကြလိမ့် မည်။
သို့ဖြစ်၍ ဂတိတော်ရှိသည့်အတိုင်း၊ ထာဝရ ဘုရားသည် အာဗြဟံ၌ပြုရသော အခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။ 20
တဖန်ထာဝရဘုရားက၊ သောဒုံမြို့၊ ဂေါမောရ မြို့၌ ကြွေးကြော်သော အသံသည်ကြီး၍၊ အလွန်အပြစ် လေးသောကြောင့်၊ 21
ယခုငါသွား၍ ငါ့ရှေ့သို့ရောက်ခဲ့ပြီးသော ကြွေး ကြော်ခြင်းရှိသည်အတိုင်း၊ သူတို့သည် အမှန်ပြုသည် မပြုသည်ကို ငါကြည့်ရှုမည်။
မပြုလျှင် မပြုကြောင်းကို ငါသိမည် ဟု မိန့်တော်မူ၏။ 22 ထိုသူတို့သည် ထိုအရပ်မှ မျက်နှာလှည့်၍ သောဒုံမြို့သို့သွားကြ၏။
အာဗြိဟံမူကား၊ ထာဝရဘုရား ရှေ့တော်၌ ရပ်နေလျက်ရှိသေး၏။ 23 ထိုအခါ အာဗြဟံချဉ်းကပ်၍၊ ကိုယ်တော်သည် ဖြောင့်မတ်သော
သူတို့ကို၊ မတရားသော သူတို့နှင့်တကွ ဖျက်ဆီးတော်မူမည်လော။ 24 ထိုမြို့တွင် ဖြောင့်မတ်သောသူငါးဆယ်ရှိလျှင်၊
ဖျက်ဆီးတော်မူမည်လော။ ဖြောင့်မတ်သောသူ ငါးဆယ် ပါသောမြို့ကို သူတို့အတွက် မနှမြောဘဲ ဖျက်ဆီးတော် မူမည်လော။ 25
ထိုသို့ပြု၍ ဖြောင့်မတ်သော သူတို့ကို မတရား သော သူတို့နှင့်တကွ ကွပ်မျက်ခြင်းအမှုသည် ကိုယ်တော်နှင် ဝေးပါစေသတည်း။
ဖြောင့်မတ်သော သူတို့ကို မတရားသောသူတို့ကဲ့သို့ခံစေသောအမှုသည် ကိုယ်တော်နှင့် ဝေးပါစေသတည်း၊ မြေကြီးလုံးကို
စီရင်တော်မူသော သခင်သည်၊ တရားသဖြင့် ပြုတော်မူမည် မဟုတ်လောဟု လျှောက်ဆို၏။ 26 ထာဝရဘုရားကလည်း၊ သောဒုမြို့၌
ဖြောင့်မတ် သောသူငါးဆယ်ကို ငါတွေ့လျှင်၊ သူတို့အတွက် ထိုအရပ် လုံးကို ငါနှမြောမည်ဟု မိန့်တော်မူ၏။ 27 တဖန်အာဗြဟံက၊
ဗိုလ်ဂါတံ၊ ဗိုလ်အာမလက်တည်း။ ဤဗိုလ်တို့ သည် အာဒ၏အနွယ်၊ ဧဒုံပြည်၌ ဧလိဖတ်ရသော သားဖြစ်သတည်း။ 17 ဧသောသား
ရွေလ၏ သားကား၊ ဗိုလ်နာဟတ်၊ ဗိုလ်ဇေရ၊ ဗိုလ်ရှမ္မ၊ ဗိုလ်မိဇ္ဇတည်း။ ဤဗိုလ်တို့သည် ဧသောမယား ဗာရှမတ်၏အနွယ်၊ ဧဒုံပြည်၌
ရွေလ ရသောသားဖြစ်သတည်း။ 18 ဧသောမယား အဟောလိဗာမ၏ သားကား၊ ဗိုလ်ယုရှ၊ ဗိုလ်ယာလံ၊ ဗိုလ်ကောရတည်း။
ဤဗိုလ်တို့သည် အာန၏သမီး၊ ဧသောမယား အဟောလိဗာမသား ဖြစ်သတည်း။ 19 ဧဒုံအမည်ရှိသော ဧသော၏ သားမြေးများ၊
သူတို့တွင် ဗိုလ်လုပ်သောသူများ၊ ဤသို့တည်း။ 20 ထိုပြည်၌နေသော ဟောရိအမျိုး၊ စိရ၏သား ကား၊ လောတန်၊ ရှောဗလ၊ ဇိဘောင်၊
အာန၊ 21 ဒိရှုန်၊ ဧဇာ၊ ဒိရှန်တည်း။ ဤသူတို့သည် ဧဒုံပြည် ၌ဟောရိအမျိုး၊ စိရ၏သားတို့တွင် ဗိုလ်လုပ်သောသူ ဖြစ်သတည်း။ 22
လောတန်သားကား၊ ဟောရိနှင့် ဟေမံတည်း။ 23 ရှောဗလ သားကား၊ အာလဝန်၊ မနာဟတ်၊ ဧဗလ၊ ရှေဖော၊ ဩနံတည်း။ 24
ဇိဘောင်သားကား၊ အာယနှင့်အာနတည်း။ ထိုအာနကား၊ အဘဇိဘောင်၏ မြည်းတို့ကို ထိန်းသော အခါ၊ တော၌နွေးသော
စမ်းရေတွင်းတို့ကို တွေ့သော သူပေတည်း။ 25 အာနသားကား၊ ဒိရှုန်နှင့်သမီးအဟောလိဗာမ တည်း။ 26 ဒိရှုန်သားကား၊ ဟင်္ဒန်၊ ဧရှဗန်၊
ဣသရန်၊ ခေရန်တည်း။ 27 ဧဇာသားကား၊ ဗိလဟန်၊ ဇာဝန်၊ အာကန် တည်း။ 28 ဒိရှန် သားကား၊ ဥဇနှင့်အာရန်တည်း။ 29 ဟောရိ
အမျိုးဗိုလ်များကား၊ ဗိုလ်လောတန်၊ ဗိုလ်ရှောဗလ၊ ဗိုလ်ဇိဘောင်၊ ဗိုလ်အာန၊ 30 ဗိုလ်ဒိရှုန်၊ ဗိုလ်ဧဇာ၊ ဗိုလ်ဒိရှန်တည်း။ ဤသူတို့ သည်
စိရပြည်၌ ဗိုလ်လုပ်သော သူတို့တွင်၊ ဟောရိအမျိုး ဗိုလ်ဖြစ်သတည်း။ 31 ဣသရေလအမျိုး၌ အစိုးရသောမင်းကြီး မရှိမှီ၊ ဧဒုံပြည်၌
အစိုးရသော မင်းကြီးဟူမူကား၊ 32 ဗောရသား ဗေလာသည် ဧဒုံပြည်၌မင်းပြု၏။ မြို့တော်ကား၊ ဒိန္နာဗာမြို့တည်း။ 33
ဗေလာမင်းသေ၍ သူ၏အရာ၌ ဗောဇရအရပ် သား၊ ဇေရ၏သား ယောဗပ်သည် မင်းပြုလေ၏။ 34 ယောဗပ်မင်းသေ၍၊ သူ၏အရာ၌
တေမနိ အရပ်သား ဟုရှံသည် မင်းပြုလေ၏။ 35 ဟုရှံမင်းသေ၍၊ မောဘ လွင်ပြင်၌ မိဒျန်လူ တို့ကို လုပ်ကြံသောသူ၊ ဗေဒဒ်သား
ဟာဒဒ်သည်၊ ဟုရှံ အရာ၌ မင်းပြုလေ၏။ မြို့တော်ကား၊ အာဝိတ်မြို့တည်း။ 36 ဟာဒဒ်မင်းသေ၍၊ သူ၏အရာ၌ မာသရက်
အရပ်သား စာမလသည် မင်းပြုလေ၏။ 37 စာမလမင်းသေ၍၊ သူ၏အရာ၌ မြစ်နားမှာ နေသော ရဟောဘုတ်အရပ်သား ရှောလသည်
မင်းပြု လေ၏။ 38 ရှောလမင်းသေ၍ သူ၏အရာ၌၊ အာခဗော် သား ဗာလဟာနန်သည် မင်းပြုလေ၏။ 39 အာခဗော်သား
ဗာလဟာနန်မင်းသေ၍ သူ၏ အရာ၌ဟာဒါသည် မင်းပြုလေ၏။ မြို့တော်ကား၊ ပေါမြို့ တည်း။ မယောက်သားတော်ကား၊
မေဇဟပ်သမီး မာတရက်၏သမီး မဟေတဗေလတည်း။ 40 ဧသောမှ ဆင်းသက်၍ မိမိအမျိုးအနွယ်၊ နေရာအရပ်၊ခံရသော
ဘွဲ့နာမအလိုက်၊ ဗိုလ်လုပ်သောသူ ဟူမူကား၊ ဗိုလ်တိမနာ၊ ဗိုလ်အာလဝ၊ ဗိုလ်ယေသက်၊ 41 ဗိုလ်အဟောလိဗာမ၊ ဗိုလ်ဧလာ၊ ဗိုလ်ပိနန်၊
42 ဗိုလ်ကေနတ်၊ ဗိုလ်တေမန်၊ ဗိုလ်မိဗဇာ၊ 43 ဗိုလ်မာဂဒျေလ၊ ဗိုလ်ဣရံတည်း။ ဤသူတို့သည် မိမိနေရာအရပ်၊ မိမိပိုင်သော ပြည်၌၊
ဧဒုံဗိုလ်များ ဖြစ်သတည်း။ ဧသောသည် ဧဒုံအမျိုးသားတို့၏ အဘ ဖြစ်သတည်း။


generated on Sun Jun 30 02:37:40 2024

# Chapter 37

1 ယာကုပ်သည် မိမိအဘတည်းခိုရာ ခါနာန်ပြည် ၌နေ၏။ 2 ယာကုပ် အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိများ ဟူမူကား၊ ယောသပ်သည်
အသက်တဆယ်ခုနစ်နှစ်ရှိ၍၊ အစ်ကိုတို့နှင့်အတူ သိုးဆိတ်များကို ထိန်းလေ၏။ အဘ ၏မယား ဗိလဟာနှင့် ဇိလပ၏သားတို့နှင့်အတူ
နေ၍၊ သူတို့အပြစ်ကို အဘအား ကြားပြောတတ်၏။ 3 ဣသရေလသည် အသက်ကြီးစဉ်အခါသား ယောသပ်ကို ရသောကြောင့်၊
အခြားသော သားအပေါင်း တို့ကို ချစ်သည်ထက် ယောသပ်ကို သာ၍ချစ်၏။ အဆင်းအရောင်ထူးခြားသော အင်္ကျီကို ချုပ်၍ ပေး၏။
4 အဘသည် မိမိသားအပေါင်းတို့တွင်၊ ယောသပ် ကိုသာ၍ ချစ်ကြောင်းကို၊ အစ်ကိုတို့သည် သိမြင်သော အခါ၊ သူ့ကိုမုန်း၍
မေတ္တာစကားကို သူ့အား မပြော နိုင်ကြ။ 5 ယောသပ်သည် အိပ်မက်ကို မြင်၍၊ အစ်ကို တို့အား ပြန်ပြောသဖြင့်၊ သူတို့သည်
သာ၍မုန်းကြ၏။ 6 အိပ်မက်ကို အဘယ်သို့ ပြန်ပြောသနည်းဟူမူ ကား၊ ကျွန်ုပ်မြင်ရသော အိပ်မက်ကို နားထောင်ကြပါ လော့။ 7
ကျွန်ုပ်တို့သည် လယ်၌ကောက်လှိုင်းကို စည်း၍ နေကြစဉ်တွင်၊ ကျွန်ုပ် ကောက်လှိုင်းသည် ထ၍ မတ်တတ်နေသဖြင့်၊ သင်တို့၏
ကောက်လှိုင်းတို့သည် ဝိုင်း၍ရပ်လျက်၊ ကျွန်ုပ်ကောက်လှိုင်းကို ရှိခိုးကြသည်ဟု ပြောဆိုလေ၏။ 8 အစ်ကိုတို့ကလည်း၊ သင်သည်
ငါတို့၌ မင်းပြု ရလိမ့်မည်လော၊ ငါတို့ကို အစိုးရလိမ့်မည်လောဟု ပြန်ဆို ၍၊ သူ၏အိပ်မက်နှင့် သူ၏စကားအကြောင်းကြောင့်
သာ၍မုန်းကြ၏။ 9 တဖန်အိပ်မက်ကိုမြင်ပြန်၍ အစ်ကိုတို့အား၊ အခြားသော အိပ်မက်ကို ကျွန်ုပ်မြင်ရပြီ။ နေ၊ လနှင့်တကွ၊
ကြယ်ဆယ်တလုံးတို့သည်၊ ကျွန်ုပ်ကိုရှိခိုးကြ၏ဟု ကြား ပြောလေ၏။ 10 ထိုသို့အဘနှင့် အစ်ကိုတို့အား ကြားပြောသော အခါ၊
အဘက၊ သင်မြင်သောအိပ်မက်သည် အဘယ်သို့ နည်း။ ငါနှင့်သင်၏အမိ၊ သင်၏ အစ်ကိုတို့သည် သင့်ထံ သို့ စင်စစ်လာ၍
ဦးညွှတ်ချရမည်လောဟူ၍၊ သူ့ကို ဆုံးမ လေ၏။ 11 အစ်ကိုတို့သည် သူ့ကိုငြူစူကြ၏။ အဘသည် ထိုအရာကို မှတ်လေ၏။ 12
အစ်ကိုတို့သည် အဘ၏သိုးဆိတ်များကို ရှေခင် မြို့မှာ ထိန်းခြင်းငှါ သွားကြ၏။ 13 ဣသရေလသည် ယောသပ်ကိုခေါ်၍၊ သင်၏
အစ်ကိုတို့သည် သိုးဆိတ်များကို ရှေခင်မြို့မှာ ထိန်းကြ သည် မဟုတ်လော။ လာပါ။ သင့်ကို သူတို့ရှိရာသို့ ငါ စေလွှတ်မည်ဟုခေါ်လျှင်၊
ကျွန်ုပ်ရှိပါသည်ဟုဆိုသော်၊ 14 အဘကသွားပါ၊ အစ်ကိုတို့သည် ချမ်းသာ သလော၊ သိုးဆိတ်တို့လည်း ကောင်းမွန်စွာရှိသလော ဟူ၍
ကြည့်ရှုပြီးလျှင်၊ ငါ့အားသိတင်းကြားပြောပါဟု မှာလိုက်လျက်၊ ဟေဗြုန်ချိုင့်မှ စေလွှတ်သဖြင့်၊သူသည် ရှေခင်မြို့သို့ ရောက်လေ၏။
15 တောင်၌လှည့်လည်စဉ်တွင်၊ တစုံတယောက် သောသူနှင့်တွေ့၍ ထိုသူက၊ သင်သည် ဘာကိုရှာသနည်း ဟု မေးလျှင်၊ 16 အစ်ကိုများကို
ရှာ၏။ အဘယ်မှာထိန်းကြသည် ကို ပြောပါဟုဆိုသော်၊ 17 ထိုသူက၊ ဤအရပ်မှထွက်သွားပြီ။ ဒေါသန်မြို့သို့ သွားကြစို့ဟု
သူတို့ပြောသံကို ကျွန်ုပ်ကြားခဲ့ပြီဟုဆို၏။ယောသပ်သည်လည်း၊ အစ်ကိုတို့ကို လိုက်ရှာ၍ ဒေါသန် မြို့မှာ တွေ့လေ၏။ 18
အနီးသို့မရောက်မှီ အဝေး၌ရှိစဉ်ပင်၊ အစ်ကို တို့သည်မြင်လျှင်၊ သတ်ခြင်းငှါတိုင်ပင်လျက်၊ 19 ကြည့်လော့။ အိပ်မက်ဆရာလာပြီ။ 20
ကိုင်ကြ။ သူ့ကိုသတ်၍ တစုံတခုသော တွင်းထဲ သို့ ချပစ်ကြစို့။ ဆိုးသောသားရဲတစုံတခုကိုက်စားပြီဟု ပြောကြစို့။ ထိုသို့ပြုလျှင်၊
သူ၏ အိပ်မက်တို့သည် အဘယ်သို့နေရာကျမည်ကို ကြည့်ကြစို့ဟု အချင်းချင်း ပြောဆိုကြ၏။ 21 ထိုစကားကို ရုဗင်ကြားလျှင်၊ သူ့ကို
မသတ်ဘဲ နေကြစို့ဟုဆိုလျက်၊ သူတို့လက်မှ ယောသပ်ကို နှုတ် လေ၏။ 22 တဖတ် ရုဗင်က၊ သူ၏အသွေးကို မသွန်းကြနှင့်။
ကိုယ်လက်နှင့်မပြုဘဲ၊ တော၌ ဤမည်သောတွင်းထဲသို့ ချကြစို့ဟု သူတို့လက်မှ ယောသပ်ကို နှုတ်ယူ၍၊ အဘ၌ တဖန်
အပ်မည်အကြံရှိသည်နှင့်ဆိုလေ၏။ 23 ယောသပ်သည် အစ်ကိုတို့ထံသို့ ရောက်သော အခါ၊ သူဝတ်သောအင်္ကျီ၊ အဆင်း
ထူးခြားသောအင်္ကျီကို ချွတ်ပြီးမှ၊ 24 သူ့ကိုကိုင်ယူ၍ တွင်းထဲသို့ ချကြ၏။ထိုတွင်း၌ ရေမရှိ၊ သွေ့ခြောက်သောတွင်း ဖြစ်သတည်း။ 25
ထိုနောက် အစာစားခြင်းငှါ ထိုင်ကြစဉ် မျှော်ကြည့်၍၊ ဣရှမေလအမျိုးသား အစုအဝေးသည် ဂိလဒ်ပြည်မှလာ၍ နံ့သာမျိုး၊
ဗာလစံစေး၊ မုရန်စေးများ ကို ကုလားအုပ်ပေါ်၌ တင်ဆောင်လျက်၊ အဲဂုတ္တုပြည်သို့ ခရီးသွားကြသည်ကိုမြင်လျှင်၊ 26 ယုဒက၊
ငါတို့သည် ညီကိုသတ်၍သေကြောင်းကို ဖွက်ထားလျှင် အဘယ်ကျေးဇူးရှိသနည်း။ 27 ကိုင်ကြ။ ကိုယ်တိုင်မညှဉ်းဆဲဘဲ၊ ဣရှမေလ
လူတို့အား ရောင်းလိုက်ကြစို့။ သူသည် တို့ညီ၊ တို့အမျိုး ဖြစ်၏ဟု အစ်ကိုတို့အားဆိုသည်ရှိသော်၊ ညီအစ်ကိုတို့ သည် ဝန်ခံကြ၏။ 28
ထိုအခါ၊ မိဒျန်အမျိုးသား ကုန်သည်တို့သည် ခရီးသွားကြစဉ်တွင်၊ အစ်ကိုတို့သည် ယောသပ်ကို တွင်း ထဲက ဆွဲတင်ပြီးလျှင်၊
ငွေအကျပ်နှစ် ဆယ်အဘိုးနှင့် ဣရှမေလလူတို့အား ရောင်း၍၊ ထိုသူတို့သည် ယောသပ် ကိုအဲဂုတ္တုပြည်သို့ ဆောင်သွားကြ၏။ 29
ရုဗင်သည်လည်း တွင်းသို့သွား၍၊ တွင်းထဲမှာ ယောသပ်မရှိသည်ကို မြင်လျှင်၊ မိမိအဝတ်ကို ဆွဲဆုတ် လျက်၊ 30 ညီတို့ရှိရာသို့ သွား၍၊
သူငယ်မရှိပါတကား။ ငါသည် အဘယ်သို့ သွားရပါ မည်နည်းဟု ဆိုလေ၏။ 31 သူတို့သည်လည်း၊ ယောသပ်အင်္ကျီကိုယူ၍၊
ဆိတ်သငယ်ကို သတ်ပြီးမှ၊ အင်္ကျီကိုအသွေး၌ နှစ်လေ၏။ 32 ထိုနောက်မှ၊ အဆင်းထူးခြားသော ထိုအင်္ကျီကို ပေးလိုက်၍၊
အချို့တို့သည် အဘထံသို့ဆောင်ခဲ့လျက်၊ ဤအင်္ကျီကို အကျွန်ုပ်တို့ တွေ့ပါပြီ။ သား၏အင်္ကျီ ဟုတ်သည် မဟုတ်သည်ကို
ကြည့်ပါဟုဆိုလျှင်၊ 33 ထိုအင်္ကျီကို အဘမှတ်မိ၍၊ ငါ့သား၏ အင်္ကျီ မှန်၏။ သူ့ကိုဆိုးသော သားရဲကိုက်စားပြီ။ အကယ်၍
ယောသပ်ကိုအပိုင်းပိုင်းကိုက်ဖြတ်ပါပြီတကားဟုဆိုလျက်၊ 34 မိမိအဝတ်ကို ဆွဲဆုတ်၍၊ လျှော်တေအဝတ်ကို ပတ်စည်းသဖြင့်၊
အင်တန်ကာလပတ်လုံး၊ သားကြောင့် စိတ်မသာ ညည်းတွားလျက် နေလေ၏။ 35 သားသမီးအပေါင်းတို့သည်၊ အဘကို နှစ်သိမ့်
စေခြင်းငှါ ကြိုးစားသော်လည်း၊ သူသည် နှစ်သိမ့်စေသော စကားကို နားမထောင်ဘဲ၊ ငါ့သားရှိရာ မရဏာနိုင်ငံသို့
စိတ်မသာညည်းတွားလျက် ဆင်းသက်တော့မည်ဟု ဆိုလေ၏။ ထိုသို့ယောသပ်အဘသည် သားကြောင့် ငိုကြွေးမြည်တမ်းလျက်

 generated on Sun Jun 30 02:37:40 2024

နေလေ၏။ 36 ယောသပ်ကိုကား၊ မိဒျန်လူတို့သည် အဲဂုတ္တုပြည် သို့ ဆောင်သွား၍၊ ဖါရောဘုရင်၏ အမတ်ဖြစ်သော ကိုယ်ရံတော်မှူး၊ ပေါတိဖါထံမှာ ရောင်းကြ၏။

## Chapter 38

1 ထိုကာလအခါ ယုဒသည် ညီအစ်ကိုနေရာမှ သွား၍၊ ဟိရအမည်ရှိသော၊ အဒုလံအမျိုးသားထံသို့ ဝင်လေ၏။ 2 ထိုအရပ်၌
ရှုအာအမည်ရှိသော၊ ခါနာန် အမျိုးသား၏သမီးကို တွေ့မြင်၍၊ အိမ်ထောင်ဘက် ပြုလျက်၊ 3 ထိုမိန်းမသည် ပဋိသန္ဓေယူ၍ သားကို
ဘွားမြင် ၏။ ထိုသားကို ဧရအမည်ဖြင့် မှည့်လေ၏။ 4 တဖန် ပဋိသန္ဓေယူပြန်၍ ဘွားမြင်သောသားကို ဩနန်အမည်ဖြင့် မှည့်လေ၏။
5 တဖန် ပဋိသန္ဓေယူပြန်၍ ဘွားမြင်သောသားကို ရှေလအမည်ဖြင့် မှည့်လေ၏။ ရှေလဘွားသောအခါ၊ အဘသည်
ခေဇိပ်မြို့မှာရှိသတည်း။ 6 ထိုနောက်မှ ယုဒသည် မိမိသားဦးဧရကို တာမာ အမည်ရှိသော သတို့သမီးနှင့် စုံဘက်စေ၏။ 7
ယုဒ၏သားဦး ဧရသည် ထာဝရဘုရားရှေ့၌ ဆိုးသောသူဖြစ်၍၊ သူ့ကိုထာဝရဘုရား ကွပ်မျက်တော် မူ၏။ 8 ထိုအခါ ယုဒသည်
ဩနန်ကိုခေါ် ပြီးလျှင်၊ သင်၏အစ်ကို မယားထံသို့ဝင်၍ သူနှင့်အိမ်ထောင်ဘက် ပြုသဖြင့်၊ အစ်ကိုအမျိုးကို ဆက်နွယ်လော့ဟုဆို၏။ 9
ဩနန်သည် သားကိုရလျှင်မူကား၊ မိမိသား မမှတ်ရဟုသိ၍ အစ်ကိုအား သားကိုမပေးလိုဘဲ၊ အစ်ကိုမယားထံသို့ ဝင်သောအခါ၊
သုတ်ရည်ကိုထုတ်၍ စွန့်လေ၏။ 10 ထိုအမှုကို ထာဝရဘုရား နှစ်သက်တော်မမူ သောကြောင့်၊ ဩနန်ကိုလည်း ကွပ်မျက်တော်မူ၏။ 11
သားငယ်ရှေလသည် အစ်ကိုတို့သေသကဲ့သို့ သေမည်ဟုယုဒသည် စိုးရိမ်၍၊ မိမိချွေးမတာမာကို ခေါ် ပြီးလျင်၊ ငါ့သားရှေလအကြီးမှီ
သင်သည် သင့်အဘ အိမ်၌ မုတ်ဆိုးမပြု၍ နေပါဟုဆိုသည်အတိုင်း၊ တာမာ သွား၍ မိမိအဘ၏အိမ်၌နေလေ၏။ 12
ကာလအင်တန်ကြာသော်၊ ရှုအာသမီးဖြစ်သော ယုဒမယား လည်းသေလေ၏။ ယုဒသည်နှစ်သိမ့်ပြီးမှ၊ မိမိသိုးမွေးညှပ်သောသူတို့ရှိရာ
တိမနတ်မြို့သို့ မိမိအဆွေ အဒုလံအမျိုး ဟိရနှင့်အတူ သွားလေ၏။ 13 မိမိယောက္ခမသည် သိုးမွေးကိုညှပ်ခြင်းငှါ၊
တိမနတ်မြို့သို့သွားကြောင်းကို၊ တာမာကြားလျှင်၊ 14 မုတ်ဆိုးမအဝတ်ကို ချွတ်၍ မျက်နှာဖုံးနှင့် မျက်နှာကိုဖုံးလျက်၊
ကိုယ်ကိုလည်းခြုံရုံလျက်၊ တိမနတ်မြို့ သို့ သွားသောလမ်းအနား၊ ဧနိမ်မြို့တံခါးဝ၌ ထိုင်နေလေ ၏။ အကြောင်းမူကား၊
ရှေလကြီးသော်လည်း၊ မိမိနှင့် အိမ်ထောင်ဘက်မပြုရဟု သိမြင်သောကြောင့်တည်း။ 15 ယုဒသည် ထိုမိန်းမကိုမြင်သောအခါ၊ သူသည်
မိမိမျက်နှာကိုဖုံး၍ နေသောကြောင့်၊ ပြည်တန်ဆာ ဖြစ်သည်ဟု ထင်မှတ်လျက်၊ 16 လမ်းကိုလွှဲ၍ အနားသို့ချဉ်းပြီးလျှင်၊ သင့်ထံသို့
ငါဝင်ရသောအခွင့်ကိုပေးပါလော့ဟု ဆိုလေသော်၊ မိန်းမ က၊ သင်သည် ကျွန်မထံသို့ဝင်လိုသောငှါ အဘယ်ဆုကို ပေးမည်နည်းဟု
မေးလျှင်၊ 17 ယုဒက၊ ဆိတ်သငယ်ကိုပေးလိုက်မည်ဟု ဆိုလေ ၏။ မိန်းမကလည်း၊ မပေးလိုက်မှီ တစုံတခုသောအရာကို
ပေါင်ထားမည်လောဟုမေးလျှင်၊ 18 ယုဒက အဘယ်အရာကို ပေါင်စေချင်သနည်း ဟု ပြန်၍မေးလေသော်၊ မိန်းမက၊ သင်၏တံဆိပ်၊
စလွယ်၊ လက်စွဲတောင်ဝေးတို့ကို ပေါင်တော့ဟု ဆိုသည်အတိုင်း၊ ထိုဥစ္စာကိုအပ်၍ မိန်းမထံသို့ဝင်သဖြင့်၊ သူသည် ပဋိ
သန္ဓေစွဲယူလေ၏။ 19 ထိုနောက်မှ၊ မိန်းမသည် ထသွား၍ မျက်နှာဖုံးကို ချွတ်ပြီးလျှင်၊ မုတ်ဆိုးမအဝတ်ကို ဝတ်မြဲဝတ်ပြန်လေ၏။ 20
ယုဒသည် မိန်းမ၌ပေါင်သောဥစ္စာကို ရွေးယူ ခြင်းငှါ၊ မိမိအဆွေအဒုလံအမျိုးသားတွင် ဆိတ်သငယ်ကို ပေးလိုက်၏။
အဒုလံအမျိုးသားသည် ထိုမိန်းမကို မတွေ့လျှင်၊ 21 ဧနိမ်မြို့လမ်းနားမှာ ထိုင်နေသော ပြည် တန်ဆာမသည် အဘယ်မှာရှိသနည်းဟု
ထိုအရပ်သား တို့ကို မေးလေသော်၊ အရပ်သားတို့က ဤအရပ်၌ ပြည်တန်ဆာမ မရှိဟုဆိုကြလျှင်၊ 22 ယုဒထံသို့ ပြန်၍၊ ကျွန်ုပ်သည်
ထိုမိန်းမကို ရှာ၍မတွေ့။ အရပ်သားတို့ကလည်း၊ ဤအရပ်၌ ပြည် တန်ဆာမ မရှိဟု ဆိုကြောင်းကို ပြောလေ၏။ 23 ယုဒကလည်း၊
အရှက်မကွဲမည်အကြောင်း၊ ယူပါ လေစ။ ကြည့်ပါ။ ဤဆိတ်သငယ်ကို ကျွန်ုပ်ပေးလိုက်၍ သင်သည် မိန်းမကိုရှာ၍
မတွေ့ပါတကားဟုဆို၏။ 24 ထိုနောက် သုံးလခန့်လွန်သည်ရှိသော်၊ သူတပါး က၊ သင်၏ချွေးမတာမာသည် ပြည်တန်ဆာလုပ်၍
မတရားသော မေထုန်ပြုသဖြင့် ကိုယ်ဝန်ဆောင်လျက် နေပြီတကားဟု ယုဒအားပြောဆိုလျှင်၊ ယုဒက သူ့ကို ထုတ်၍ မီးရှို့စေဟု
စီရင်လေ၏။ 25 ထုတ်သောအခါ၊ တာမာသည် တံဆိပ်၊ စလွယ်၊ တောင်ဝေးတို့ကို ယောက္ခမထံသို့ ပို့စေ၍၊ ဤဥစ္စာကို
ပိုင်သောသူအားဖြင့် ကျွန်မသည် ပဋိသနေယူပြီ။ ဤဥစ္စာတို့သည် အဘယ်သူ၏ ဥစ္စာဖြစ်သည်ကို ကြည့်ပါလော့ဟု မှာလိုက်၏။ 26
ထိုဥစ္စာ ကိုယုဒမှတ်မိ၍ သူ အပြစ်ထက် ငါ့အပြစ်သာ၍ ကြီးပေ၏။ သူ့အား ငါ့သားရှေလကို ငါမပေးစားဘဲနေမိပြီဟု ပြောဆို၏။
နောက်တဖန် သူ့ကို မချဉ်းကပ်ဘဲနေ၏။ 27 ထိုနောက်တာမာသည် သားဘွားချိန်ရောက် လျှင်၊ ဝမ်းထဲတွင် သားနှစ်ယောက်ရှိ၏။ 28
ဘွားစဉ်တွင် သားတယောက်သည် လက်ကို ထုတ်ဆန့်၍၊ ဝမ်းဆွဲက ဤသူငယ်သည် အရင်ဘွားလိမ့် မည်ဟုဆိုလျက် လက်ကိုကိုင်၍
နီသောကြိုးနှင့် စည်းလေ ၏။ 29 သို့သော်လည်း ထိုသူသည်မိမိလက်ကိုရုပ်ပြန်၍ သူ့အစ်ကိုဘွားသည်ကို ဝမ်းဆွဲက၊ သင်သည်
အဘယ် ကြောင့် အနိုင်အထက်ပြုရသနည်း။ အနိုင်အထက်ပြု သော ဤအမှုသည် သင်၌စွဲစေဟုဆိုလျက် သူ့ကိုဖါရက် အမည်ဖြင့်
မှည့်လေ၏။ 30 ထိုနောက်မှ လက်၌ကြိုးနီစည်းသောညီဘွား၍၊ သူ့ကိုဇာရအမည်ဖြင့် မှည့်သတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 39

1 ဣရှမေလလူတို့သည် ယောသပ်ကို ဆောင် သွား၍ အဲဂုတ္တုပြည်သို့ရောက်သောအခါ၊ အဲဂုတ္တု အမျိုးသား
ဖါရောဘုရင်၏အမတ်ဖြစ်သော ကိုယ်ရံတော်မှူး ပေါတိဖါထံမှာ ရောင်းကြ၏။ 2 ထာဝရဘုရားသည် ယောသပ်ဘက်၌ ရှိတော်
မူသဖြင့် သူသည် အကြံထမြောက်တတ်၏။ အဲဂုတ္တုအမျိုး သား မိမိသခင်၏အိမ်၌ နေရလေ၏။ 3 သူ့ဘက်၌ ထာဝရဘုရားသည်
ရှိတော်မူ၍၊ သူပြုလေရာရာ၌ အောင်စေတော်မူကြောင်းကို သခင် လည်း သိမြင်၏။ 4 ထိုကြောင့် ယောသပ်သည် သခင်ရှေ့၌
မျက်နှာရ၍ခစားလျက် နေရ၏။ သခင်သည်လည်း မိမိ အိမ်တွင် အိမ်အုပ်အရာနှင့် ခန့်ထား၍ ဥစ္စာရှိသမျှကို အပ်လေ၏။ 5
ထိုသို့အိမ်နှင့် ဥစ္စာရှိသမျှကို အုပ်စိုးစေသည် ကာလမှစ၍ ထာဝရဘုရားသည် ယောသပ်အတွက် ထိုအဲဂုတ္တုသား၏အိမ်ကို
ကောင်းကြီးပေးတော်မူသဖြင့်၊ ပေးတော်မူသောကောင်းကြီးမင်္ဂလာသည် အတွင်း၊ ပြင်၊ ဥစ္စာရှိရှိသမျှအပေါ်မှာလည်း
သက်ရောက်လေ၏။ 6 သခင်သည် မိမိ၌ရှိသမျှကို ယောသပ်လက်သို့ အပ်၍၊ မိမိစားသောအစာမှတပါး အခြားသော ဥစ္စာ ရှိမှန်းကိုမျှ
မသိမမှတ်ဘဲနေ၏။ ယောသပ်သည် ပုံပြင် ယဉ်ကျေး၍ အသွေးအဆင်းလည်းလှသောသူဖြစ်၏။ 7 ထိုနောက်မှ သခင်၏မယားသည်
ယောသပ်ကို တပ်သောစိတ်ရှိ၍ ငါနှင့်အတူအိပ်ပါဟုဆို၏။ 8 ယောသပ်ကလည်း၊ ကျွန်တော်သခင်သည် အိမ်တော်၌ရှိသမျှသော
ဥစ္စာတို့ကို ကျွန်တော်လက်သို့ အပ်ပါပြီ။ ကျွန်တော်၌ အဘယ်ဥစ္စာရှိမှန်းကိုမျှ မသိ မမှတ်ပါ။ 9 ဤအိမ်တွင်လည်း
ကျွန်တော်ထက်သာ၍ ကြီးသောသူမရှိပါ။ကိုယ်မယားဖြစ်သော သခင်မမှတပါး အဘယ်အရာကိုမျှ ကျွန်တော်အား မမြစ်တားပါ။
သို့ဖြစ်လျှင် အပြစ်ကြီးသောဤအမှုကို ကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်းဟု သခင်၏မယားကိုငြင်း၍
ပြန်ဆို၏။ 10 ထိုသို့သခင်မသည် နေ့တိုင်းသွေးဆောင်သော် လည်း၊ ယောသပ်သည် သူ၏စကားကို နားမထောင်၊ သူနှင့်အတူအိပ်ခြင်း၊
နေခြင်းအမှုကို ရှောင်လေ၏။ 11 တနေ့သ၌ ယောသပ်သည် အမှုဆောင်ခြင်းငှါ အိမ်ထဲသို့ဝင်၍ အိမ်သားယောကျ်ားတယောက်မျှ မရှိ
သောအခါ၊ 12 သခင်မက ငါနှင့်အတူ အိပ်ပါဟုဆိုလျက်၊ ယောသပ်အဝတ်ကို ကိုင်ဆွဲလျှင်၊ ယောသပ်သည် မိမိ အဝတ်ကိုစွန့်၍
ပြင်သို့ထွက်ပြေးလေ၏။ 13 ထိုသို့သခင်မလက်၌ မိမိအဝတ်ကိုစွန့်၍ ပြင်သို့ ထွက်ပြေးသည်ကို သခင်မသိမြင်သောအခါ၊ 14
အိမ်သားယောကျ်ားတို့ကိုခေါ်၍၊ သင်တို့ ကြည့်ကြ။ ငါတို့၌ မရိုမသေပြုစေခြင်းငှါ ဤဟေဗြဲလူကို သခင်သွင်းထားပြီတကား။
သူသည် ငါနှင့်အတူ အိပ်ခြင်း ငှါ ဝင်လာ၍ ငါသည် ကျယ်သောအသံနှင့် အော်ဟစ်ရ၏။ 15 ကျယ်ကျယ်အော်ဟစ်သံကို ကြားလျှင်၊
သူသည် မိမိအဝတ်ကိုစွန့်၍ ပြင်သို့ထွက်ပြေးသည်ဟုဆိုပြီးလျှင်၊ 16 သခင်ရောက်သည်တိုင်အောင် ထိုအဝတ်ကို မိမိ၌ထားလေ၏။ 17
သခင်ရောက်သောအခါ၊ ကိုယ်တော်သွင်းထား သော ဟေဗြဲကျွန်သည် ကျွန်ုပ်ကိုမရိုမသေပြုခြင်းငှါ ဝင်လာပါ၏။ 18 ကျွန်ုပ်သည်
ကျယ်သောအသံနှင့် အော်ဟစ် သောအခါ၊ သူသည် မိမိအဝတ်ကို စွန့်၍ ပြင်သို့ ထွက်ပြေးပါသည်ဟူသော စကားဖြင့်
ကြားပြောလေ၏။ 19 ကိုယ်တော်၏ကျွန်သည် ကျွန်ုပ်၌ ဤသို့ပြုခဲ့ပြီဟု မယားပြောသောစကားကို သခင်ကြားလျှင်၊ ယောသပ်ကို
အမျက်ထွက်၍၊ 20 ခေါ်ပြီးမှ၊ ရှင်ဘုရင်ချုပ်ထားသော သူတို့နေရာ ထောင်ထဲမှာ လှောင်ထားသဖြင့်၊ ယောသပ်သည် ထောင် ထဲမှာ
နေရ၏။ 21 သို့သော်လည်း ထာဝရဘုရားသည် သူ့ဘက်၌ ရှိ၍ ကယ်မသနားတော်မူသဖြင့်၊ ထောင်မှူးထံ မျက်နှာ ရစေတော်မူ၏။ 22
သို့ဖြစ်၍ထောင်မှူးသည် ထောင်၌ ချုပ်ထား သော သူအပေါင်းတို့ကို ယောသပ်လက်သို့အပ်၍၊ ထောင်ထဲတွင် ပြုသမျှသောအမှုကို
ယောသပ်စီရင်ရ၏။ 23 ထိုနောက် ထောင်မှူးသည် ထောင်အမှုကို ကိုယ်တိုင်ပြန်၍ မကြည့်မရှုရ။ အကြောင်းမူကား၊
ထာဝရဘုရားသည် ယောသပ်ဘက်မှာရှိ၍ သူပြုလေ ရာရာ၌ အောင်စေတော်မူသတည်း။

## Chapter 40

1 ထိုနောက်မှ အဲဂုတ္တုရှင်ဘုရင်ထံ ဖလားတော် ဝန်နှင့် စားတော်ဝန်တို့သည် မိမိတို့အရှင် အဲဂုတ္တု ရှင်ဘုရင်ကို ပြစ်မှားကြ၏။ 2
ဖါရောဘုရင်သည် ထိုအမတ်နှစ်ယောက်တည်း ဟူသော ဖလားတော်ဝန်နှင့်စားတော်ဝန်တို့ကို အမျက် ထွက်၍၊ 3 ယောသပ်အချုပ်ခံရာ
ထောင်တည်းဟူသော ကိုယ်ရံတော်မှူး၏အိမ်၌ ချုပ်ထားတော်မူ၏။ 4 ကိုယ်ရံတော်မှူးသည် သူတို့ကို ယောသပ်၌ အပ်၍၊
ယောသပ်သည် ပြုစုရ၏။သူတို့လည်း အင်တန် ကာလ အချုပ်ခံလျက် နေရကြ၏။ 5 ထိုသို့ထောင်ထဲမှာ အချုပ်ခံလျက်နေရသော
အဲဂုတ္တုရှင်ဘုရင်၏ ဖလားတော်ဝန်နှင့် စားတော်ဝန် နှစ်ယောက်တို့သည်၊ အသီးအသီး မိမိတို့ ကိုယ်စီဆိုင်သော အနက်နှင့်ပြည့်စုံသော
အိပ်မက်ကို တညဉ့်ခြင်းတွင် တယောက်တနည်းစီ မြင်မက်ကြ၏။ 6 နံနက်အချိန်ရောက်မှ ယောသပ်သည် သူတို့ ထံသို့ဝင်၍
ကြည့်ရှုသောအခါ၊ သူတို့မျက်နှာညှိုးငယ်လျက် ရှိသည်ကိုမြင်လျှင်၊ 7 သင်တို့သည် ယနေ့အဘယ်ကြောင့် မျက်နှာ ညှိုးငယ်သနည်းဟု
မိမိသခင်အိမ်၌ မိမိနှင့်အတူ အချုပ်ခံ နေရသော ဖါရောမင်း၏ အမတ်တို့အား မေး၏။ 8 သူတို့ကလည်း၊ ငါတို့သည်
အိပ်မက်ကိုမြင်ရပြီ။ အနက်ကို ဘတ်နိုင်သောသူ မရှိဟုဆိုကြသော်၊ ယောသပ် က၊ အိပ်မက်အနက်များကို
ဘုရားသခင်ဆိုင်တော်မူသည် မဟုတ်လော။ သို့ဖြစ်၍ သင်တို့အိပ်မက်ကို ကျွန်ုပ်အား ကြားပြောကြပါဟုဆို၏။ 9 ထိုအခါ
ဖလားတော်ဝန်သည် မိမိအိပ်မက်ကို ယောသပ်အား ကြားပြောသည်ကား၊ ငါမြင်မက်သော အိပ်မက်တွင်၊ ငါ့ရှေ့မှာ စပျစ်နွယ်ပင် ရှိ၏။
10 ထိုစပျစ်နွယ်ပင်၌ အလက်သုံးလက်ရှိ၏။ ထိုအလက်တို့၌ ပန်းငုံကဲ့သို့ရှိ၏။ အပွင့်လည်း ပွင့်၏။ အသီးပြွတ်တို့လည်း
မှည့်သောစပျစ်သီး ဖြစ်လေ၏။ 11 ဖါရောမင်း၏ ဖလားတော်ကို ငါကိုင်လျက်၊ ထိုစပျစ်သီးကိုယူ၍ ဖလားတော်၌ညှစ်ပြီးမှ
လက်တော် တွင် ဆက်သည်ဟုပြောဆို၏။ 12 ယောသပ်ကလည်း သင်၏အိပ်မက်အနက် ဟူမူကား၊ စပျစ်နွယ်သုံးလက်တို့သည်
သုံးရက်ဖြစ်၏။ 13 သုံးရက်လွန်မှဖါရောမင်းသည် သင်၏ဦးခေါင်း ကို ချီးမြှောက်၍ သင်၏အရာကိုပြန်ပေးတော်မူသဖြင့်၊
သင်သည်အထက်က ဖလားတော်ဝန်ဖြစ်၍ ပြုဘူးသည် နည်းတူ၊ တဖန်ဖလားတော်ကို ဖါရောမင်း၏လက်တွင် ဆက်မြဲ
ဆက်ရလိမ့်မည်။ 14 သင်သည် ချမ်းသာရသောအခါ ကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုပါလော့။ ဖါရောဘုရင်က တိုလျှောက်၍
ကျွန်ုပ်ကို ဤအိမ်မှနှုတ်ယူပါ။ 15 အကယ်စင်စစ် ကျွန်ုပ်ကို ဟေဗြဲပြည်မှ ခိုးယူ ခဲ့ကြ၏။ ဤပြည်မှာလည်း ကျွန်ုပ်၌ အပြစ်မရှိဘဲ
ထောင်ထဲမှာ လှောင်ထားကြသည်ဟုဆို၏။ 16 ထိုအိပ်မက်အနက် ကောင်းသည်ကို စားတော် ဝန် သိမြင်လျှင်၊ ငါသည်လည်း
ဖြူသောတောင်းသုံးလုံးကို ကိုယ်တိုင်ရွက်နေသည်ကို မြင်မက်၏။ 17 အပေါ်တောင်းတွင် ဖါရောမင်းစားတော်ခေါ် ဘို့ ချက်ပြီးသော
ခဲဘွယ်စားဘွယ် အမျိုးမျိုးရှိ၍၊ ငှက်တို့သည်လည်း ငါရွက်သော တောင်းထဲကနှုတ်၍ စားကြသည်ဟု ယောသပ်အား ပြောဆို၏။ 18
ယောသပ်ကလည်း၊ သင်၏အိပ်မက် အနက်ဟူ မူကား၊ တောင်းသုံးလုံးသည် သုံးရက်ဖြစ်၏။ 19 သုံးရက်လွန်မှ ဖါရောမင်းသည်
သင်၏ဦးခေါင်း ကို ကိုယ်နှင့်ခွါ မြှောက်လျှက် သစ်ပင်၌ဆွဲထားတော်မူ၍၊ ငှက်တို့သည် သင်၏အသားကို နှုတ်၍စားကြလိမ့်မည်ဟု
ပြန်ပြော၏။ 20 ထိုနောက် သုံးရက်လွန်သောအခါ၊ ဖါရောမင်း ဘွားသောနေ့ရက်၌ နှစ်စဉ်ပွဲကိုခံ၍ ကျွန်တော်မျိုး အပေါင်းတို့ကို
ကျွေးမွေးတော်မူစဉ်တွင်၊ ဖလားတော်ဝန် ၏ဦးခေါင်းနှင့် စားတော်ဝန်၏ဦးခေါင်းကို ကျွန်တော်မျိုး တို့တွင် ဖေါ်တော်မူ၍၊ 21
အိပ်မက်အနက်ကို ယောသပ်ဘတ်သည် အတိုင်း၊ ဖလားတော်ဝန်ကို အထက်အရာ၌ တဖန် ခန့်ထားတော်မူသဖြင့်၊
သူသည်ဖလားတော်ကို ဖါရော မင်း၏လက်တွင် ဆက်မြဲဆက်ရ၏။ 22 စားတော်ဝန်ကိုမူကား၊ ဆွဲထားတော်မူ၏။ 23 သို့သော်လည်း
ဖလားတော်ဝန်သည် ယောသပ် ကို မအောက်မေ့ဘဲ မေ့လျော့၍နေလေ၏။

---

Genesis 01

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်လုပ်သောသူ ဖြစ်သည်။

မိမိတို့အရှင် . . . ကို ပြစ်မှားကြ၏
"မိမိတို့အရှင် ... အပေါ် ပြစ်မှားကြ၏"

ဖလားတော်ဝန်နှင့်စားတော်ဝန်တို့
"ဖလားတော်မှူးနှင့် စားတော်မှူးတို့"

ကိုယ်ရံတော်မှူး၏အိမ်၌ ချုပ်ထားတော်မူ၏
"ကိုယ်ရံတော်မှူး၏ အချုပ်ခန်း၌ သွင်းတော်မူ၏"

ချုပ်ထားတော်မူ၏
ဘုရင်ကြီး ကိုယ်တိုင်က အချုပ်ခန်း၌ မသွင်းဘဲ၊ ငယ်သားတို့ထံ သွင်းခိုင်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သွင်းစေတော်မူ၏" သို့မဟုတ် "သွင်းရန် အမိန့်ပေးလေ၏"

ယောသပ်အချုပ်ခံရာ ထောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ် အကျဉ်းကျရာ ထောင်" သို့မဟုတ် "ပေါတိဖါက ယောသပ်ကို သွင်းရာ ထောင်"


generated on Sun Jun 30 02:37:40 2024

Genesis 04

သူတို့လည်း အင်တန်ကာလ အချုပ်ခံလျက် နေရကြ၏
"သူတို့လည်း အတန်ကြာအောင် အချုပ်ခံရကြ၏"

Genesis 06

ယောသပ်သည် သူတို့ ထံသို့ဝင်၍
"ယောသပ်သည် ဖလားတော်ဝန်နှင့် စားတော်ဝန်တို့ထံ သွားလေရာ"

ကြည့်ရှုသောအခါ၊ သူတို့မျက်နှာညှိုးငယ်လျက် ရှိသည်ကိုမြင်လျှင်
ယောသပ်၏ အံ့အားသင့်မှုကို ထင်ဟပ်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြည့်ရှုလေ့၊ သူတို့သည် ဝမ်းနည်းလျက်ရှိကြ၏"

မိမိနှင့်အတူ အချုပ်ခံနေရသော ဖါရောမင်း၏ အမတ်တို့
ဖလားတော်ဝန်နှင့် စားတော်ဝန်တို့ကို ညွှန်းသည်။

မိမိသခင်အိမ်၌
"မိမိသခင် အကျဉ်းထောင်၌။" "မိမိသခင်" ဟူရာတွင်၊ ယောသပ်၏သခင် ကိုယ်ရံတော်မှူးကို ညွှန်းသည်။

အိပ်မက်အနက်များကို ဘုရားသခင် ဆိုင်တော်မူသည် မဟုတ်လော
ဆိုလိုရင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိပ်မက်အနက်များကို ဘုရားသခင် ပိုင်တော်မူ၏" သို့မဟုတ် "အိပ်မက်များကို ဘုရားသခင် အနက်ဖွင့်နိုင်၏"

သို့ဖြစ်၍ သင်တို့အိပ်မက်ကို ကျွန်ုပ်အား ကြားပြောကြပါ
မြင်မက်သော အိပ်မက်တို့ကို ပြောပြရန် တောင်းဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍၊ သင်တို့အိပ်မက်ကို ကျွန်ုပ်အား ပြောပြပါ"

Genesis 09

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။ ၄၀း၁ မှ ပြန်ဆိုချက်ကို ရှု။

ငါမြင်မက်သော အိပ်မက်တွင်၊ ငါ့ရှေ့မှာ စပျစ်နွယ်ပင်ရှိ၏
"အိပ်မက်ထဲတွင်၊ ငါ့ရှေ့မှာ စပျစ်နွယ်ပင်ရှိ၏။" ပြောလိုသောစကားကို အာရုံစိုက်စေရန် "ကြည့်ရှုလေ့" ဟူသော စကားလုံးကို ထည့်သုံးနိုင်သည်။

အသီးပြွတ်တို့လည်း မှည့်သော စပျစ်သီး ဖြစ်လေ၏
"အသီးပြွတ်တို့လည်း စပျစ်သီးအဖြစ် မှည့်လေ၏"

ညှစ်ပြီးမှ
အရည်ကို ညှစ်ထုတ်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရည်ညှစ်ပြီးမှ"

Genesis 12

သင်၏အိပ်မက်အနက် ဟူမူကား
"သင့်အိပ်မက်၏ အနက်သည်"

စပျစ်နွယ် သုံးလက်တို့သည် သုံးရက်ဖြစ်၏
"စပျစ်နွယ်သုံးလက်မှာ သုံးရက်ဖြစ်၏"

သုံးရက်လွန်မှ
"နောက်သုံးရက်တွင်"

သင်၏ဦးခေါင်းကို ချီးမြှောက်၍
ထောင်ထဲမှာ ချီးမြှောက်ခြင်းကို ဦးခေါင်း မြှောက်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို ထောင်ထဲမှ ချီးမြှောက်၍"

သင်၏အရာကို ပြန်ပေးတော်မူသဖြင့်
"သင့် တာဝန်ကို ပြန်ပေးတော်မူသဖြင့်"

သင်သည်အထက်က . . . ဖြစ်၍ ပြုဘူးသည် နည်းတူ
အခြားသော ဘာသာပြန်ဆိုချက်၊ "... အဖြစ် ဆောင်ရွက်ဖူးသည်အတိုင်း"

Genesis 14

ကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုပါလော့
"ကျွန်ုပ်အပေါ် ဂရုဏာပြပါလော့"

ဖါရောဘုရင်ကို လျှောက်၍ ကျွန်ုပ်ကို ဤအိမ်မှနှုတ်ယူပါ
ထောင်မှ ကယ်နှုတ်ရန် ဖါရောမင်းထံ လျှောက်ရန် တောင်းဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းထံ တင်ပြ၍ ကျွန်ုပ်ကို ဤထောင်မှ ကယ်နှုတ်ပါ"

အကယ်စင်စစ် ကျွန်ုပ်ကို . . . ခိုးယူခဲ့ကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကယ်စင်စစ် ကျွန်ုပ်သည် ... ခိုးယူခြင်းခံရ၏" သို့မဟုတ် "အကယ်စင်စစ် ဣရှေမလလူတို့က ကျွန်ုပ်ကို ... ဆောင်ယူခဲ့ကြ၏"

ဟေဗြဲပြည်
"ဟေဗြဲလူတို့နေထိုင်ရာ ပြည်"

ဤပြည်မှာလည်း ကျွန်ုပ်၌ အပြစ်မရှိဘဲ ထောင်ထဲမှာ လှောင်ထားကြသည်
"ဤပြည်၌လည်း အပြစ်မပြုဖူးသော ကျွန်ုပ်ကို ထောင်ထဲမှာ လှောင်ထားကြသည်" (UDB)

Genesis 16

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်လုပ်သောသူ ဖြစ်သည်။ ၄၀း၁ မှ ပြန်ဆိုချက်ကို ရှု။

ငါသည်လည်း . . . သည်ကို မြင်မက်၍
"ငါသည်လည်း ...အိပ်မက်တွင်မြင်မက်၏"

ဖြူသောတောင်းသုံးလုံးကို ကိုယ်တိုင်ရွက်နေသည်
"ငါ့ဦးခေါင်းပေါ်မှာ မုန့်တောင်းသုံးလုံးကို ရွက်နေသည်။" အံ့အားသင့်မှုကို ဖော်ပြရန် "ကြည့်ရှုလော့" ဟူသော စကားလုံးကို ထည့်သွင်းနိုင်သည်။

ဖါရောမင်း စားတော်ခေါ်ဘို့ ချက်ပြီးသော ခဲဘွယ်စားဘွယ်
"ဖါရောမင်းအတွက် ပြင်ဆင်ထားသော စားဘွယ်"

Genesis 18

သင်၏အိပ်မက်အနက် ဟူမူကား
"သင့်အိပ်မက်၏ အနက်ကား"

တောင်းသုံးလုံးသည် သုံးရက်ဖြစ်၏
"တောင်းသုံးလုံးမှာ သုံးရက်ဖြစ်၏"

သင်၏ဦးခေါင်းကို ကိုယ်နှင့် ခွါ၍မြောက်လျက်
၄၀:၁၂ ၌ ယောသပ် ဆိုခဲ့သော အသုံးအနှုန်းဖြင့် ပြန်လည်ပြောဆိုသည်။ ဖြစ်နိုင်ချေများမှာ၊ (၁) "သင့်လည်ကို ကြိုးဖြင့် ပတ်၍" သို့မဟုတ် (၂) "သင့်ဦးခေါင်းကို ကိုယ်မှ ဖြတ်လျက်"

အသား
ကိုယ်ခန္ဓာ၏ နုသောအပိုင်း အားလုံးကို ညွှန်းသည်။

Genesis 20

ထိုနောက် သုံးရက်လွန်သောအခါ
"သို့ဖြင့်၊ သုံးရက်မြောက်သော်။" အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

ပွဲကိုခံ၍ . . . ကျွေးမွေးတော်မူစဉ်တွင်
"... ကျွေးမွေးရန် ပွဲကျင်းပလေရာ"

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။ ၄၀း၁ မှ ပြန်ဆိုချက်ကို ရှု။

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်ပြုတ်ပေးသောသူ ဖြစ်သည်။ ၄၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ဖလားတော်ဝန်ကို အထက်အရာ၌ တဖန်ခန့်ထားတော်မူသဖြင့်
"အထက်အရာ" ဟူရာတွင် သူ၏ တာဝန်ဖြစ်သော ဖလားတော်ဝန်အရာကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖလားတော်ဝန်ကို မိမိအရာကို တဖန်ခန့်ထားသဖြင့်"

စားတော်ဝန်ကိုမူကား၊ ဆွဲထားတော်မူ၏
ဖါရောမင်း ကိုယ်တိုင် စားတော်ဝန်ကို ကြိုးဆွဲခြင်း မပြုဘဲ ငယ်သားတို့ကို အမိန့်ပေးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စားတော်ဝန်ကိုမူကား၊ ကြိုးဆွဲလေ၏"

အိပ်မက်အနက်ကို ယောသပ် ဘတ်သည့်အတိုင်း
ယောသပ်၏ အိပ်မက် အနက်ပြန်မှုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိပ်မက်အနက်ကို ယောသပ် ဖတ်ခဲ့သည့်အတိုင်း"

---

## Translation Questions

Genesis 40:1

အဲဂုတ္တုဘုရင်သည် ဖလားတော်ဝန်နှင့် စားတော်ဝန်တို့ကို အဘယ်ကြောင့် ထောင်ထဲသို့ပို့သနည်း။
သူတို့ကို ထောင်ထဲသို့ ပို့ရခြင်းအကြောင်းမှာ သူတို့သည်ဘုရင်ကို ပြစ်မှားကြသောကြောင့်ဖြစ်ပါသည်။

Genesis 40:4

ဖလားတော်ဝန်နှင့်စားတော်ဝန်တို့သည် တညတည်း၌ မည်သို့ဖြစ်သနည်း။
ဖလားတော်ဝန်နှင့်စားတော်ဝန်တို့သည် တညဉ့်ခြင်းတွင် တယောက်တနည်းစီ အိပ်မက်မြင်မက် ကြသည်။

Genesis 40:6

ဖလားတော်ဝန်နှင့် စားတော်ဝန်တို့သည် နောက်နေ့မနက်၌ အဘယ်ကြောင့်ဝမ်းနည်းကြသနည်း။
သူတို့ ဝမ်းနည်းရခြင်းအကြောင်းမှာ သူတို့၏အိပ်မက်တို့ကိုမည်သူမျှ အနက်မဖေါ်ပြနိုင်သောကြောင့်ဖြစ်ပါသည်။

အိပ်မက်၏ အနက်ကို မည်သူဖေါ်ပြနိုင်သည်ဟု ယောသပ်ကပြောသနည်း။
ယောသပ်က ဘုရားသခင်သည် အိပ်မက်တို့၏အနက်ကိုဖေါ်ပြနိုင်သည်ဟုပြောပါသည်။

Genesis 40:12

ဖလားတော်ဝန်၏အိပ်မက်ကို ယောသပ်က မည်သို့အနက်ဖေါ်ပြသနည်း။
ယောသပ်သည် သုံးရက်အတွင်း၌ ဖါရောမင်းသည် သင့်အားပေးသော ဖလားတော်ဝန်အရာကို ပြန်ပေးလိမ့်မည်ဟု အနက်ဖော်ပြသည်။

Genesis 40:14

ဖလားတော်ဝန် အိပ်မက်၏ အနက်ကို ဖေါ်ပြပြီးနောက် ယောသပ်က မည်သည့်တောင်းဆိုမှုကို ပြုသနည်း။
ယောသပ်ကဖလားတော်ဝန်အား သူ့ကိုသတိရလျက်ထောင်ထဲမှ ထုတ်ဆောင်ပေးဖို့ ဖါရောမင်းထံ ဖေါ်ပြပေးရန်တောင်းဆိုပါသည်။

Genesis 40:18

စားတော်ဝန်၏ အိပ်မက်ကို ယောသပ်က မည်သို့အနက်ဖေါ်ပြသနည်း။
ယောသပ်က သုံးရက်အတွင်း၌ ဖါရောမင်းသည် စားတော်ဝန်အား သစ်ပင်ပေါ်တွင် ချိတ်ဆွဲထားလိမ့်မည် ဟုဟု အနက်ဖော်ပြသည်။

Genesis 40:20

သုံးရက်လွန်ပြီးနောက် မည်သည့် ဖြစ်ရပ်ကိုပြုလုပ်သနည်း။
သုံးရက်လွန်ပြီးနောက် ဖါရောဘုရင်၏ မွေးနေ့ကို ပြုလုပ်ပါသည်။

ထိုနေ့တွင် ဖါရောဘုရင်သည် ဖလားတော်ဝန်နှင့်စားတော်ဝန်တို့အား မည်သို့ပြုသနည်း။
ထိုနေ့တွင်ယောသပ် အနက်ဖေါ်ပြသည့်အတိုင်း ဖါရောဘုရင်သည် ဖလားတော်ဝန်ကို အလုပ်ပြန်လည်ပေးအပ်လျက်၊ စားတော်ဝန်ကို ချိတ်ဆွဲ အသေသတ်ပါသည်။

ယောသပ်၏ တောင်းဆိုမှုကို ဖလားတော်ဝန်သည် သတိရပါသလား။
ဖလားတော်ဝန်သည် ယောသပ်၏ တောင်းဆိုမှုကို သတိမရဘဲ မေ့နေပါသည်။

## Chapter 41

1 ထိုနောက် နှစ်နှစ်လွန်သောအခါ၊ ဖါရောမင်း သည် အိပ်မက်ကို မြင်မက်သည်ကား၊ မိမိသည် မြစ်နား ၌ ရပ်နေ၏။ 2
အဆင်းလှ၍ဝသော နွားခုနစ်ကောင်တို့သည် မြစ်ထဲကထွက်၍ မြစ်နားမှာပေါက်သော မြက်ပင်ကို စားလျက် နေကြ၏။ 3
ထိုနွားတို့နောက်မှ အဆင်းမလှ၊ ပိန်သော နွားခုနစ်ကောင်တို့သည် မြစ်ထဲကထွက်၍ အရင်နွားတို့ အနား၌ ကမ်းပေါ်မှာ ရပ်နေကြ၏။ 4
အဆင်းမလှ ပိန်သောနွားတို့သည်၊ အဆင်း လှ၍ ဝသောနွားခုနစ်ကောင်တို့ကို ကိုက်စားကြ၏။ ဖါရောမင်းလည်း နိုးလေ၏။ 5
တဖန်အိပ်ပြန်၍ အိပ်မက်ကို မြင်မက်ပြန်သည် ကား၊ အလုံးကြီး ၍ကောင်းသော စပါးခုနစ်နှံတို့သည် စပါးတပင်တည်း၌ ဖြစ်ကြ၏။ 6
ထိုနောက်မှ အလုံးသေး၍ အရှေ့လေဖြင့် ပျက်သော စပါးခုနစ်နှံတို့သည် ပေါက်ကြ၏။ 7 အလုံးသေးသော စပါးခုနစ်နှံတို့သည် အလုံး
ကြီး၍ ကောင်းသော စပါးခုနစ်နှံတို့ကို စားကြ၏။ဖါရော မင်းလည်းနိုး၍ အိပ်မက်ဖြစ်သည်ကို သိလေ၏။ 8 နံနက်အချိန်
ရောက်သောအခါ၊ ဖါရောမင်း သည် စိတ်ပူပန်၍၊ အဲဂုတ္တုဗေဒင်တတ် ပညာရှိအပေါင်း တို့ကို ခေါ်၍ အိပ်မက်တော်ကို
ပြန်ကြားတော်မူ၏။ သို့သော်လည်း ရှေ့တော်၌အနက်ကို ဘတ်နိုင်သောသူ တယောက်မျှမရှိ။ 9 ထိုအခါ ဖလားတော်ဝန်က၊
ကျွန်တော်သည် ကိုယ်အပြစ်ကို ယနေ့အောက်မေ့ပါ၏။ 10 ဖါရောဘုရင်သည် ကျွန်တော်နှင့်စားတော်ဝန် ကို အမျက်ထွက်၍
ကိုယ်ရံတော်မှူးအိမ်၌ ချုပ်ထားတော် မူသောအခါ၊ 11 ကျွန်တော်တို့နှစ်ယောက်သည် အသီးအသီး မိမိတို့ ကိုယ်စီဆိုင်သော
အနက်နှင့်ပြည့်စုံသော အိပ်မက် ကို တညဥ့်ခြင်းတွင် မြင်မက်ကြပါ၏။ 12 ကျွန်တော်တို့၌ ကိုယ်ရံတော်မှူး၏ကျွန် ဟေဗြဲ
လုလင်တယောက်ရှိ၏။ ထိုသူအား ကျွန်တော်တို့သည် ကြားပြော၍ သူသည် အိပ်မက်၏အနက်ကို ဘတ်ပါ၏။
တယောက်စီမြင်မက်သည်အတိုင်း ဘတ်ပါ၏။ 13 ဘတ်သည်အတိုင်းလည်းမှန်ပါ၏။ ကျွန်တော် သည်အရင်အရာကိုရပြန်၍၊
စားတော်ဝန်မူကား၊ ဆွဲထား ခြင်းကို ခံရပါသည်ဟု လျှောက်လေ၏။ 14 ထိုအခါ ဖါရောမင်းသည် လူကိုစေလွှတ်၍ ယောသပ်ကို
ခေါ်တော်မူ၏။ ယောသပ်သည် ထောင်ထဲ က အလျင်အမြန်ထွက်ရ၍၊ မုတ်ဆိတ်ညှပ်ခြင်း၊ အဝတ် လဲခြင်းကို ပြုပြီးမှ အထံတော်သို့
ဝင်ရ၏။ 15 ဖါရောမင်းကလည်း၊ ငါသည်အိပ်မက်ကို မြင် မက်ပြီ။ အနက်ကို အဘယ်သူမျှမဘတ်နိုင်။ သင်သည် အိပ်မက်ကို
နားလည်သော ဥာဏ်နှင့် အနက်ဘတ်နိုင် သည်ကို ငါကြားရပြီဟုဆို၏။ 16 ယောသပ်ကလည်း၊ ကျွန်တော်သည် အလို
အလျောက်မတတ်နိုင်ပါ။ ဘုရားသခင်သည် မင်္ဂလာ အဖြေစကားကို ဖါရောဘုရင်အား ပေးတော်မူပါစေသော ဟု လျှောက်လေ၏။ 17
ဖါရောမင်းကလည်း၊ ငါမြင်မက်သည်မှာ၊ မြစ်နား၌ ငါရပ်နေ၏။ 18 အဆင်းလှ၍ဝသော နွားခုနစ်ကောင်တို့သည် မြစ်ထဲကထွက်၍၊
မြစ်နားမှာပေါက်သော မြက်ပင်ကို စားလျက် နေကြ၏။ 19 ထိုနွားတို့နောက်မှ၊ အဆင်းမလှ ပိန်ကြုံသော နွားခုနစ်ကောင်တို့သည်
ထွက်လာကြ၏။ ထိုမျှလောက် အရုပ်ဆိုးသော နွားတို့ကို အဲဂုတ္တုပြည်တရှောက်လုံးတွင် တခါမျှမမြင်ရစဖူး။ 20 အဆင်းမလှ
ပိန်သောနွားတို့သည်၊ ဝသော အရင်နွားခုနစ်ကောင်တို့ကို ကိုက်စားကြ၏။ 21 စားပြီးသောနောက်၊ စားမှန်းကို အဘယ်သူမျှ မသိရ။
အရင်ကဲ့သို့ အရုပ်ဆိုးသေး၏။ ငါလည်း နိုး၏။ 22 တဖန်ငါမြင်မက် ပြန်သည်ကား၊ အလုံးကြီး၍ ကောင်းသော စပါးခုနစ်နှံတို့သည်
စပါးတပင်တည်း၌ ဖြစ်ကြ၏။ 23 ထိုနောက်မှ ညှိုးနွမ်းလျက် အလုံးသေး၍ အရှေ့ လေဖြင့် ပျက်သော စပါးခုနစ်နှံတို့သည်
ပေါက်ကြ၏။ 24 အလုံးသေးသော စပါးနှံတို့သည် ကောင်းသော စပါးခုနစ်နှံတို့ကို စားကြ၏။ ထိုအိမ်မက်ကို ဗေဒင်တတ် တို့အား
ငါကြားပြော၍ အနက်ကို အဘယ်သူမျှ မဘတ်နိုင်ဟု ယောသပ်အား ပြောဆိုတော်မူ၏။ 25 ယောသပ်ကလည်း၊ ဖါရောဘုရင်
မြင်မက်တော် မူသော အိပ်မက်ကား တပါးတည်းဖြစ်ပါ၏။ ဘုရားသခင် ပြုလတံ့သောအမှုကို ဖါရောဘုရင်အား ပြတော်မူပြီ။ 26
ကောင်းသော နွားခုနစ်ကောင်တို့သည် ခုနစ်နှစ်ဖြစ်ပါ၏။ ကောင်းသောစပါးခုနစ်နှံတို့သည်လည်း ခုနစ်နှစ်ဖြစ်ပါ၏။
အိပ်မက်တော်ကား တပါးတည်း ဖြစ်ပါ၏။ 27 ထိုနွားတို့နောက် ထွက်လာသောနွား၊ ပိန်၍ အရုပ်ဆိုးသော နွားခုနစ်ကောင်တို့သည်
ခုနစ်နှစ်ဖြစ်ပါ ၏။ အရှေ့လေဖြင့်ပျက်သော စပါးဖျင်း ခုနစ်နှံတို့သည် လည်း၊ အစာခေါင်းပါးသော ခုနစ်နှစ်ဖြစ်ပါ၏။ 28
ဖါရောဘုရင်အား ကျွန်တော်လျှောက်လိုသော အရာဟူမူကား၊ ဘုရားသခင်ပြုလတံ့သော အမှုကိုဖါရော ဘုရင်အား ပြတော်မူ၏။ 29
အဲဂုတ္တုပြည်တရှောက်လုံးတွင် ဝပြောသောနှစ် ခုနစ်နှစ်ရှိလိမ့်မည်။ 30 ထိုနောက်မှ အစာခေါင်းပါးသောနှစ် ခုနစ်နှစ် ပေါ်လာ၍၊
အဲဂုတ္တုပြည်၌အလုံးစုံသော ဝပြောခြင်းသည် တိမ်မြုပ်လျက် အစာခေါင်းပါးခြင်းအားဖြင့် တပြည်လုံး ပျက် စီးလိမ့်မည်။ 31
အစာခေါင်းပါးခြင်းသည် အလွန်အားကြီးသော ကြောင့်၊ အရင်ဝပြောခြင်း၏ လက္ခဏာမထင်ရ။ 32 ဖါရောဘုရင်သည်
ထပ်၍အိပ်မက်မြင်ရသည် အရာမှာ၊ ထိုအမှုကို ဘုရားသခင် မြဲမြံခိုင်ခံ့စေ၍ အလျင် အမြန် စီရင်တော်မူလိမ့်မည်။ 33 သို့ဖြစ်၍
ဖါရောဘုရင်သည် ဥာဏ်ပညာနှင့် ပြည့်စုံသောသူကို ရွေးချယ်၍ အဲဂုတ္တုပြည်ကို အုပ်စိုး စေတော်မူပါ။ 34
ခန့်ထားတော်မူသောသူသည်လည်း တပြည်လုံး ၌ အကြီးအကြပ်တို့ကို ခန့်ထား၍၊ ဝပြောသောနှစ် ခုနစ် နှစ်ပတ်လုံး တပြည်လုံးတွင်
ငါးဘို့တဘို့ကောက်ယူကြ ပါစေ။ 35 ထိုသူတို့သည်ဖြစ်လတံ့သော မင်္ဂလာနှစ်တို့တွင် ရိက္ခာရှိသမျှကို စုရုံး၍ ဖါရောဘုရင်ထံတော်၌
စပါးများ ကို ဆည်းဘူးကြပါစေ။ မြို့များ၌လည်း ရိက္ခာကို သိုထား ကြပါစေ။ 36 သို့ဖြစ်၍ အဲဂုတ္တုပြည်၌ အစာခေါင်းပါးသောနှစ်
ခုနစ်နှစ်ရောက်သောအခါ၊ ပြည်သူပြည်သား စားစရာဘို့ သိုထားလျက်ရှိနှင့်၍ အစာခေါင်းပါးသော ကာလတွင် ပြည်တော်မပျက်ရဟု
ဖါရောမင်းအား လျှောက်လေ၏။ 37 ထိုသို့ ယောသပ်လျှောက်သောစကားကို ဖါရော မင်းအစရှိသော ကျွန်တော်မျိုးအပေါင်းတို့သည်

 generated on Sun Jun 30 02:37:40 2024

နှစ်သက် ကြ၍၊ 38 ဖါရောမင်းက၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို ရ၍ ဤကဲ့သို့သော သူကို အဘယ်မှာ ရှာ၍ တွေ့မည် နည်းဟု
ကျွန်တော်မျိုးတို့အား မိန့်တော်မူ၏။ 39 ယောသပ်အားလည်း၊ ဘုရားသခင်သည် ဤအမှုအလုံးစုံတို့ကို သင့်အား ပြတော်မူသည်ဖြစ်၍
သင်ကဲ့သို့ ဉာဏ်ပညာနှင့် ပြည့်စုံသောသူ မရှိ။ 40 သင်သည် နန်းတော်အုပ်ဖြစ်ရမည်။ သင်၏ စကားအတိုင်း
ငါ၏ပြည်သားအပေါင်းတို့ကို ငါစီရင် စေမည်။ ရာဇပလ္လင်အားဖြင့်သာ ငါသည် သင့်ထက် ကြီးမြတ်မည်ဟု မိန့်တော်မူ၏။ 41
တဖန်ကြည့်ပါ၊ အဲဂုတ္တုပြည်တပြည်လုံးကို သင်အုပ်စိုးစေခြင်းငှါ ငါခန့်ထားပြီဟု ယောသပ်အား မိန့်တော်မူလျက်၊ 42
လက်စွပ်တော်ကိုချွတ်၍ ယောသပ်လက်၌ စွပ်စေတော်မူ၏။ ပိတ်ချောအဝတ်ကိုလည်း ဝတ်စေ၍၊ လည်ပင်း၌
ရွှေစလွယ်ကိုဆွဲပြီးလျှင်၊ 43 ဒုတိယရထားတော်ကို စီးစေတော်မူ၏။ ပြပ်ဝပ် ၍ နေကြဟု သူ့ရှေ့မှာ ဟစ်ကြ၏။ ထိုသို့လျှင် အဲဂုတ္တု
ပြည်တပြည်လုံးကို အုပ်စိုးစေတော်မူ၏။ 44 ဖါရောမင်းကလည်း၊ ငါသည် ဖါရောဘုရင် မှန်၏။ သို့ဖြစ်၍ သင်၏အခွင့်မရှိလျှင်
အဲဂုတ္တုပြည် တရှောက်လုံးတွင် အဘယ်သူမျှ မိမိလက်ခြေကိုမကြွရဟု မိန့်တော်မူ၏။ 45 ဖါရောမင်းသည်လည်း၊
ဇာဖဏာသဖါဏတည်း ဟူသော ဘွဲ့နာမနှင့်ယောသပ်ကို ချီးမြှောက်၍ သြနမြို့၏ ယဇ်ပုရောဟိတ်ပေါတိဖေရ၏သမီးအာသနတ်နှင့်
စုံဘက်စေတော်မူ၏။ ထိုသို့ယောသပ်သည် အဲဂုတ္တု နိုင်ငံအုပ်အရာနှင့် အထံတော်ကထွက်လေ၏။ 46 ယောသပ်သည်
အဲဂုတ္တုရှင်ဘုရင် ဖါရောမင်း ထံ၌ အခွင့်ရသောအခါ၊ အသက်အနှစ်သုံးဆယ် ရှိသ တည်း။ အထံတော်ကထွက်၍
အဲဂုတ္တုပြည်တရှောက်လုံး သို့ သွားလေ၏။ 47 ဝပြောနှစ် ခုနစ်နှစ်ပတ်လုံး မြေအသီးအနှံတို့ သည် အလွန်များပြားကြ၏။ 48
ခုနစ်နှစ်ပတ်လုံး အဲဂုတ္တုပြည်တွင် ရှိသမျှသော ရိက္ခာကိုစုရုံး၍ မြို့တို့၌ သိုထားလေ၏။ မြို့ပတ်ဝန်းကျင် လယ်တို့၌ရသော
ရိက္ခာကိုမြို့အသီးအသီးတို့တွင် သိုထား လေ၏။ 49 စပါးကိုကား သမုဒ္ဒရာသဲလုံးနှင့်အမျှ အလွန် များစွာစုထား၍ မရေတွက်နိုင်အောင်
များသောကြောင့် မရေတွက်ဘဲနေသတည်း။ 50 အစာခေါင်းပါးသောနှစ် မရောက်မှီ၊ ယောသပ် သည် သြနမြို့၏ယဇ်ပုရောဟိတ်
ပေါတိဖေရ၏သမီး အာသနတ်တွင် သားနှစ်ယောက်တို့ကို မြင်ရ၏။ 51 သားဦးကိုကား မနာရှေအမည်ဖြင့် မှည့်လေ၏။
အကြောင်းမူကား၊ ငါခံရသမျှသော ပင်ပန်းခြင်းနှင့် ငါ့အဘ၏ အိမ်သားအပေါင်းတို့ကို ငါမေ့စေခြင်းငှါ ဘုရားသခင်ပြုတော်မူပြီဟု
ဆိုသတည်း။ 52 နောက်ရသောသားကိုကား၊ ဧဖရိမ်အမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ ဘုရားသခင်သည်
ငါဆင်းရဲခံရသောပြည်၌ ငါ့ကိုပွါးများ စေတော်မူပြီဟု ဆိုသတည်း။ 53 ထိုနောက် အဲဂုတ္တုပြည်၌ ဝပြောသောနှစ် ခုနစ် နှစ်ကုန်လေ၏။
54 ယောသပ်ပြောသည်အတိုင်း အစာခေါင်းပါး သော နှစ်တို့သည် ရောက်စရှိ၏။ ထိုအခါ ခပ်သိမ်းသော ပြည်တို့၌
အစာခေါင်းပါးခြင်းရှိသော်လည်း အဲဂုတ္တုပြည် ၌ ဆန်စပါးရှိသေး၏။ 55 နောက်တဖန် အဲဂုတ္တုပြည်သူ ပြည်သား အပေါင်းတို့သည်
မွတ်သိပ်သောအခါ စားစရာကိုရပါ မည်အကြောင်း ဖါရောမင်းထံ၌ ကြွေးကြော်ကြ၏။ဖါရောမင်းကလည်း၊ ယောသပ်ထံသို့သွားကြ၊
သူစီရင် သည်အတိုင်းပြုကြဟု အဲဂုတ္တုပြည်သူပြည်သား အပေါင်းတို့ကို မိန့်တော်မူ၏။ 56 မြေပြင်တရှောက်လုံး၌
အစာခေါင်းပါးသော အခါ၊ ယောသပ်သည် စပါးကျီရှိသမျှတို့ကို ဖွင့်၍ အဲဂုတ္တု လူတို့အား ရောင်းလေ၏။ ထိုအခါ အဲဂုတ္တုပြည်၌
အစဉ် အတိုင်း အစာခေါင်းပါးသတည်း။ 57 ခပ်သိမ်းသောပြည်တို့၌လည်း အလွန်အစာ ခေါင်းပါးသောကြောင့်၊
အသီးသီးသောပြည်သားတို့သည် စပါးကိုဝယ်ခြင်းငှါ အဲဂုတ္တုပြည် ယောသပ်ထံသို့ လာ ရောက်ကြ၏။

## Chapter 42

1 အဲဂုတ္တုပြည်၌ စပါးရှိကြောင်းကို ယာကုပ် ကြားသိလျှင်၊ သင်တို့သည် အဘယ်ကြောင့် တယောက်ကို တယောက် ကြည့်ရှု၍
နေကြသနည်း။ 2 အဲဂုတ္တုပြည်၌ စပါးရှိကြောင်းကို ငါကြားရပြီ။ ငါတို့သည်မသေ အသက်ရှင်မည်အကြောင်း၊ ထိုပြည်သို့ သွား၍
ငါတို့အဘို့ကို ဝယ်ကြလော့ဟု မိမိသားတို့အား ဆိုသည်အတိုင်း၊ 3 ယောသပ်၏ အစ်ကိုတကျိပ်တို့သည် စပါးကို ဝယ်ခြင်းငှါ
အဲဂုတ္တုပြည်သို့ သွားကြ၏။ 4 ယောသပ်၏ညီ ဗယ်္ာမိန်ကိုကား အစ်ကိုတို့နှင့် အတူ ယာကုပ်သည်မစေမလွှတ်။ အကြောင်းမူကား၊
သူ၌ ဘေးရောက်ကောင်းရောက်လိမ့်မည်ဟု စိုးရိမ်သတည်း။ 5 ထိုအခါ ခါနာန်ပြည်၌ အစာခေါင်းပါးသော ကြောင့်၊
အဲဂုတ္တုပြည်သို့ရောက်လာသော သူတို့တွင်၊ ဣသရေလသားတို့သည် စပါးကိုဝယ်ခြင်းငှါ လာကြ၏။ 6 ယောသပ်သည် နိုင်ငံအုပ်ဖြစ်၍
ပြည်သား အပေါင်းတို့အား ရောင်းသောအမှုကို စီရင်လေ၏။ ယော သပ်အစ်ကိုတို့သည်လာ၍ သူ့ရှေ့မှာ ဦးညွတ်ချကြ၏။ 7
ယောသပ်သည် အစ်ကိုတို့ကိုမြင်လျှင်သိ၏။ သို့သော်လည်း မသိဟန်ဆောင်၍ ကြမ်းတမ်းစွာ ပြော လျက်၊ သင်တို့သည်
အဘယ်ကလာကြသနည်းဟု မေး၏။ သူတို့ကလည်း၊ အစာကိုဝယ်ခြင်းငှါ ခါနာန်ပြည်က လာကြပါသည် ဟုလျှောက်ကြ၏။ 8
ယောသပ်သည် အစ်ကိုတို့ကိုသိသော်လည်း၊ သူတို့သည် ယောသပ်ကို မသိကြ။ 9 ယောသပ်သည် သူတို့အကြောင်းနှင့် မြင်ရသော
အိပ်မက်တို့ကို အောက်မေ့လျက်၊ သင်တို့သည် သူလျှို ဖြစ်ကြ၏။ ပြည်တော်၌ အားနည်းသောအရပ်ကို ကြည့်ရှု ခြင်းငှါ
လာကြပြီဟုဆိုလျှင်၊ 10 သူတို့က၊ မဟုတ်ပါသခင်။ ကိုယ်တော်၏ကျွန်တို့ သည် အစာကို ဝယ်ခြင်းငှါသာ လာကြပါ၏။ 11
ကျွန်တော်တို့သည် တယောက်တည်းသောသူ၏ သားဖြစ်ကြပါ၏။ ဖြောင့်မတ်သောသူလည်း ဖြစ်ကြပါ၏။
ကိုယ်တော်၏ကျွန်တို့သည် သူလျှိုမဟုတ်ပါဟု လျှောက် ကြ၏။ 12 ယောသပ်ကလည်း၊ မဟုတ်ဘူး။ ပြည်တော်၌ အားနည်းသော
အရပ်ကိုကြည့်ရှုခြင်းငှါ လာကြပြီဟု ဆိုပြန်၏။ 13 သူတို့ကလည်း၊ ကိုယ်တော်ကျွန်တို့သည် ခါနာန် ပြည်၌
တယောက်တည်းသောသူ၏သား၊ ညီအစ်ကို တကျိပ်နှစ်ယောက် ဖြစ်ကြပါ၏။ အငယ်ဆုံးသောသူကား အဘနှင့်အတူ ယခုရှိရစ်ပါ၏။
တယောက်ကားမရှိပါဟု လျှောက်ပြန်လျှင်၊ 14 ယောသပ်က၊သင်တို့သည် သူလျှိုဖြစ်ကြ၏ဟု ငါဆိုသည်အရာမှာ၊ 15 သင်တို့ကို
အဘယ်သို့ စုံစမ်းရမည်နည်းဟူမူ ကား၊ အငယ်ဆုံးသောညီ မလာလျှင်၊ ဖါရောဘုရင် အသက်ရှင်တော်မူသည်အတိုင်း သင်တို့သည်
ဤအရပ်မှ မထွက်မသွားရ။ 16 သင်တို့စကား မှန်သည်မမှန်သည်ကို စုံစမ်း၍ သိစေခြင်းငှါ သင်တို့တွင် တယောက်သောသူကို
စေလွှတ် ၍ ညီကိုဆောင်ခဲ့စေ။ ကြွင်းသောသူတို့ကို ထောင်ထဲမှာ ချထားမည်။ သို့မဟုတ် ဖါရောဘုရင် အသက်ရှင်တော်
မူသည်အတိုင်း၊ အကယ်စင်စစ် သင်တို့သည် သူလျှို ဖြစ်ကြ၏ဟုဆိုပြီးလျှင်၊ 17 အစ်ကိုအပေါင်းတို့ကို သုံးရက်ချုပ်ထားလေ၏။ 18
သုံးရက်မြောက်သောနေ့၌ ယောသပ်သည် သူတို့ကိုခေါ်၍၊ ငါသည် ဘုရားသခင်ကို ကြောက်ရွံ့သော သူဖြစ်၏။ သို့ဖြစ်၍ သင်တို့သည်
အသက်ချမ်းသာစေ ခြင်းငှါ ပြုရသောအမှုဟူမူကား၊ 19 သင်တို့သည် ဖြောင့်မတ်သောသူမှန်လျှင်၊ သင်တို့ညီအစ်ကိုတို့တွင်
တစုံတယောက်ကို ထောင်အိမ်၌ အချုပ်ခံလျက်နေစေပြီးလျှင်၊ ကြွင်းသော သူတို့မူကား သွားကြလော့။ အိမ်သူအိမ်သားတို့၌
အစာခေါင်းပါး သောကြောင့် စပါးကိုယူ၍သွားကြလော့။ 20 အငယ်ဆုံးသောညီကို ငါ့ထံသို့ ဆောင်ခဲ့ကြ လော့။ သို့ပြုလျှင်
သင်တို့စကားမှန်လိမ့်မည်။ သင်တို့ အသက်လည်း ချမ်းသာရလိမ့်မည်ဟုဆိုသည်အတိုင်း သူတို့သည်ပြုကြ၏။ 21 ထိုအခါ
သူတို့အချင်းချင်းဆိုကြသည်ကား၊ အကယ်စင်စစ် ငါတို့ သည် ညီ၏အမှု၌ အပြစ်ကြီးကြ၏။ သူသည် ငါတို့ကိုတောင်းပန်သောအခါ၊
သူ့စိတ်ဆင်းရဲ ခြင်းကို ငါတို့သည် မြင်လျက်နှင့် နားမထောင်ဘဲနေကြ ၏။ ထိုကြောင့် ဤအမှုသည် ငါတို့အပေါ်မှာ ယခု
ရောက်လာပြီဟု တယောက်ကိုတယောက် ပြောဆိုကြ၏။ 22 ရုဗင်ကလည်း၊ သူငယ်ကို မပြစ်မှားပါနှင့်ဟု ကျွန်ုပ်ဆိုသည်မဟုတ်
လော။ သင်တို့သည် နားမထောင် ဘဲ နေကြသောကြောင့် သူ၏အသွေးအတွက် ယခု အစစ်ခံရကြသည်ဟု ပြန်၍ဆို၏။ 23 ထိုသို့
မိမိတို့ ပြောဆိုကြသောစကားကို ယော သပ် နားလည်သည်ဟု သူတို့မထင်ကြ။ အကြောင်းမူကား၊ ယောသပ်သည်
စကားပြန်နှင့်သူတို့ကို ပြောတတ်သော ကြောင့်တည်း။ 24 ထိုအခါ ယောသပ်သည် သူတို့ထံမှခဏခွါ၍ ငိုလေ၏။ တဖန် လာပြန်၍
နှုတ်ဆက်ပြီးလျှင်၊ ရှိမောင် ကို သူတို့အစုထဲကယူ၍ သူတို့ရှေ့တွင် ချည်နှောင်လေ၏။ 25 ထိုနောက် သူတို့အိတ်များကို
စပါးနှင့်ပြည့်စေ၍၊ သူတို့ငွေကိုလည်း အသီးအသီးအိတ်တို့တွင် ပြန်ထည့်စေ ခြင်းငှါငှင်း၊ လမ်းခရီး၌ စားစရိတ်ကိုပေးစေခြင်းငှါငှင်း
စီရင်၍ ထိုသို့လျှင်သူတို့၌ပြုလေ၏။ 26 သူတို့သည်လည်း မြည်းများအပေါ်၌ စပါးကို တင်၍ ထွက်သွားကြ၏။ 27
စားခန်းသို့ရောက်သောအခါ၊ တယောက်သော သူသည် မြည်းကို အစာကျွေးခြင်းငှါ မိမိအိတ်ကိုဖွင့်လျှင်၊ အိတ်ဝတွင်ရှိသော
ငွေကိုမြင်လေ၏။ 28 ညီအစ်ကိုတို့အားလည်း ကျွန်ုပ်ငွေကို ပြန်ထား ပြီ။ ကြည့်ပါ အိတ်ထဲမှာရှိသည်ဟုဆိုသော်၊ သူတို့သည်
စိတ်နှလုံးလျော့၍ ကြောက်လန့်လျက်၊ ငါတို့၌ ဘုရား သခင်ပြုတော်မူသော ဤအမှုသည် အဘယ်အမှုဖြစ် ပါလိမ့်မည်နည်းဟု
တယောက်ကိုတယောက်ဆိုကြ၏။ 29 ခါနာန်ပြည် အဘယာကုပ်ထံသို့ရောက်လျှင်၊ မိမိတို့၌ဖြစ်လေသမျှတို့ကို ကြားပြောသည်ကား၊
30 ထိုပြည်ကိုအုပ်စိုးသောသူသည် ကြမ်းတမ်းစွာ ပြောလျက်၊ ကျွန်ုပ်တို့ကို ထိုပြည်၌ သူလျှိုလုပ်သူဟူ၍ မှတ်လေ၏။ 31
ကျွန်ုပ်တို့ကလည်း၊ ကျွန်တော်တို့သည် ဖြောင့် မတ်သောသူဖြစ်ကြပါ၏။ သူလျှိုမဟုတ်ပါ။ 32 တဘတည်းသား၊ ညီအစ်ကိုချင်း
တကျိပ် နှစ်ယောက်ဖြစ်ကြပါ၏။ တယောက်ကားမရှိပါ။ အငယ် ဆုံးသောသူကား ခါနာန်ပြည်၌ အဘနှင့်အတူ ယခုရှိရစ် ပါသည်ဟု
လျှောက်သောအခါ၊ 33 ထိုပြည်ကို အုပ်စိုးသောသခင်က၊ သင်တို့သည် ဖြောင့်မတ်သောသူမှန်သည်ကို အဘယ်သို့ ငါသိနိုင်မည်

 generated on Sun Jun 30 02:37:40 2024

နည်းဆိုသော်၊ သင်တို့ညီအစ်ကိုတို့ တွင် တစုံတယောက်ကို ငါ့ထံ၌ထားရစ်ကြလော့။ သင်တို့အိမ်သူအိမ်သားတို့၌ အစာခေါင်းပါးသောကြောင့် အစာကိုယူ၍သွားကြလော့၊ [34] အငယ်ဆုံးသောညီကို ငါ့ထံသို့ ဆောင်ခဲ့ကြ လော့။ သို့ပြုလျှင် သင်တို့သည် သူလျှိုမဟုတ် ဖြောင့်မတ် သောသူဖြစ်သည်ကို ငါသိလိမ့်မည်။ သင်တို့ညီအစ်ကိုကို လည်း ငါပြန်၍အပ်မည်။ သင်တို့သည် ပြည်တော်၌ ဖေါက်ကားရောင်းဝယ်ရကြမည်ဟု ဆိုကြောင်းကို ကြားပြောကြပြီးမှ၊ [35] မိမိတို့အိတ်များအထဲက စပါးကို ထုတ်သော အခါ၊ အသီးအသီးဆိုင်သော ငွေထုပ်တို့သည် မိမိတို့အိတ် ၌ ရှိကြ၏။ ငွေထုပ်များကို သူတို့နှင့် အဘသည် မြင်သော အခါ ကြောက်လန့်ကြ၏။ [36] အဘယာကုပ်ကလည်း၊ သင်တို့သည် ငါ့သား တို့ကို လုယူကြပြီ။ ယောသပ်မရှိ၊ ရှိမောင်မရှိ၊ ဗင်္ယာမိန် ကိုလည်း ယူသွားချင်သည်တကား။ ဤအမှုအလုံးစုံတို့ သည် ငါနှင့်ဆန့်ကျင်ဘက်ဖြစ်သည်တကားဟု သူတို့အား ဆို၏။ [37] ရုဗင်ကလည်း၊ ကျွန်ုပ်သည် ဗင်္ယာမိန်ကို အဘ ထံသို့ပြန်၍ မဆောင်ခဲ့လျှင်၊ ကျွန်ုပ်သားနှစ်ယောက်တို့ကို သတ်ပါလော့။သူ့ကိုကျွန်ုပ် လက်၌အပ်ပါ။ ကျွန်ုပ်တဖန် အဘထံသို့ပြန်၍ ဆောင်ခဲ့ပါမည်ဟု အဘအား ဆို၏။ [38] အဘကလည်း၊ သင်တို့နှင့်အတူ ငါ့သားမသွား ရ။ သူ၏အစ်ကိုသေပြီ။ သူသည် တယောက်တည်း ကျန် ရစ်၏။ သင်တို့သွားရာလမ်းခရီးတွင် သူ၌ ဘေးရောက် လျှင်၊သင်တို့သည် ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်ဟု ဆိုလေ ၏။

 

# Chapter 43

1 ခါနာန်ပြည်၌ အလွန်အစာခေါင်းပါးသည် ဖြစ်၍၊ 2 အဲဂုတ္တုပြည်မှ ဆောင်ခဲ့သောစပါးကို စားကုန် ပြီးမှ၊ အဘက၊ တဖန်သွား၍
ငါတို့စားစရာအနည်းငယ်ကို ဝယ်ကြပါဦးဟုဆို၏။ 3 ယုဒကလည်း၊ ထိုသူသည် ကျွန်ုပ်တို့ကို ကျပ်ကျပ် ခြိမ်းချောက်လျက်၊
သင်တို့ညီမပါလျှင် ငါ့မျက်နှာကို မမြင်ရဟု ပြောထားပြီ။ 4 ကျွန်ုပ်တို့ညီကို ထည့်လျှင်သွား၍ အဘစားဘို့ ရာ ဝယ်ပါမည်။ 5 ညီကို
မထည့်လျှင် မသွားပါ၊ အကြောင်းမူကား၊ ထိုသူက သင်တို့ညီမပါလျှင် ငါ့မျက်နှာ ကို မမြင်ရဟု ပြောထားပြီဟု အဘအား
ပြန်ဆိုလေ၏။ 6 ဣသရေလကလည်း၊ သင်တို့၌ ညီရှိမှန်းကို ထိုသူအားပြော၍ အဘယ်ကြောင့် ငါ့ကို ညှဉ်းဆဲကြ သနည်းဟုဆိုသော်၊ 7
သူတို့က၊ ထိုသူသည် ကျွန်ုပ်တို့၏အကြောင်းအရာ အမျိုးအနွယ်တို့ကို ကျပ်ကျပ်မေးလျက်၊ သင်တို့အဘ အသက်ရှင်သေးသလော၊
ညီရှိသေးသလောဟု မေးသော အခါ၊ ကျွန်ုပ်တို့သည် သူ၏စကားသဘောသို့ လိုက်၍ ပြန်ပြောရပါ၏။ သင်တို့ညီကို ဆောင်ခဲ့ကြဟု
သူပြောမည် ကို ကျွန်ုပ်တို့သည် အမှန်သိနိုင်ပါသလောဟု ဆိုကြ၏။ 8 ယုဒကလည်း၊ သူငယ်ကို ကျွန်ုပ်နှင့်အတူ လွှတ် ပါ။ သို့ပြုလျှင်
အဘမှစ၍ ကျွန်ုပ်တို့နှင့် သူငယ်များတို့ သည် မသေ၊ အသက်ရှင်မည်အကြောင်း၊ ကျွန်ုပ်တို့ ထ၍ သွားကြပါမည်။ 9 ကျွန်ုပ်သည်
သူ၏အာမခံဖြစ်ပါမည်။ ကျွန်ုပ် တွင် သူ့ကို တောင်းပါ။သူ့ကိုပြန်၍မဆောင် အဘရှေ့မှာ မထားလျှင်၊ အစဉ်မပြတ် အပြစ်ကို ခံပါစေ။
10 ဤမျှလောက်မဖင့်နွှဲလျှင်၊ အကယ်၍ ဒုတိယ အကြိမ်တွင် ပြန်ရောက်ပါပြီဟု အဘဣသရေလအား ဆို၏။ 11
အဘဣသရေလကလည်း၊ သို့ဖြစ်လျှင် ဤသို့ပြုကြ လော့။ ထိုသူအား ဆက်စရာဘို့ သင်တို့အိတ်ဝတို့တွင် ခါနာန်ပြည်၏
အသီးမျိုးအကောင်းဆုံးတည်းဟူသော ဗလစံစေး အနည်းငယ်၊ ပျားရည်အနည်းငယ်၊ နံ့သာမျိုး၊ မုရန်စေး၊ သစ်အယ်သီး၊
ဗာတံသီးတို့ကို ယူကြလော့။ 12 သင်တို့လက်၌ ငွေနှစ်ဆကိုလည်း ယူကြလော့။အိတ်ဝတွင် ဆောင်ခဲ့သောငွေကို တဖန်လက်၌ ဆောင်
သွားကြဦးလော့။ ထိုအမှုသည် သတိလစ်သောအမှု ဖြစ်ဟန်ရှိ၏။ 13 သင်တို့ညီကိုလည်းယူ၍ တဖန် ထိုသူထံသို့ ထသွားကြလော့။ 14
ထိုသူသည် သင်တို့ အစ်ကိုတယောက်နှင့် ဗယ်ာမိန်ကို လွှတ်လိုက်မည်အကြောင်း၊ သင်တို့သည် သူ့စိတ်နှင့်တွေ့ရသောအခွင့်ကို
အနန္တတန်ခိုးရှင် ဘုရား သခင်ပေးတော်မူပါစေသော။ သို့ရာတွင် ငါသည် သားဆုံးခြင်းကိုခံရလျှင် ခံရတော့မည်ဟု သားတို့အား
ဆိုသည်အတိုင်း၊ 15 သူတို့သည် ထိုလက်ဆောင်ကိုငင်း၊ မိမိလက်၌ ငွေနှစ်ဆကိုငင်း၊ ဗယ်ာမိန်ကိုငင်း၊ ယူ၍ထပြီးလျှင်၊
အဲဂုတ္တုပြည်သို့သွား၍ ယောသပ်ရှေ့မှာ ရပ်နေကြ၏။ 16 သူတို့နှင့်အတူ ဗယ်ာမိန်ပါလာသည်ကို ယောသပ်မြင်လျှင်၊
ဝန်စာရေးကိုခေါ်၍၊ ဤသူတို့ကို အိမ်သို့ခေါ်သွားလော့၊ အကောင်များကို သတ်၍ စားစရာကို ပြင်ဆင်လော့။ သူတို့သည် ငါနှင့်အတူ
မွန်းတည့်စာကို စားရကြလိမ့်မည်ဟု မှာထားသည် အတိုင်း၊ 17 ဝန်စာရေးပြု၍၊ သူတို့ကို ယောသပ်အိမ်သို့ ခေါ် သွား၏။ 18
ယောသပ်အိမ်သို့ ခေါ်သွားသောအခါ၊ သူတို့ သည် ငါတို့အိတ်၌ ယမန်ပြန်ပေးသောငွေကြောင့် ခေါ် သွင်းပြီ။ သူသည်အမှုရှာလိမ့်မည်။
ငါတို့ကို အပြစ်ပြု သဖြင့် ကျွန်ခံစေ၍၊ မြည်းတို့ကို သိမ်းလိမ့်မည်ဟု ဆိုကြပြီးလျှင်၊ 19 ယောသပ်၏ ဝန်စာရေးအနီးသို့ ချဉ်းကပ်၍
အိမ်တံခါးနားမှာ နှုတ်ဆက်လျက်၊ 20 သခင်၊ ယမန်က အကျွန်ုပ်တို့သည် အစာကို ဝယ်ခြင်းငှါ အမှန်လာပါ၏။ 21 စားခန်းသို့ရောက်၍
အိတ်များကိုဖွင့်သောအခါ၊ လူတိုင်းဆိုင်သောငွေသည် အလျှင်းမလျော့ဘဲ အိတ်ဝ တွင် ရှိပါ၏။ ထိုငွေကို တဖန် ဆောင်ခဲ့ကြပါပြီ။ 22
ယခုလည်းအစာကို ဝယ်ခြင်းငှါအခြားသော ငွေကို ကိုယ်၌ဆောင်ခဲ့ကြပါ၏။ ထိုငွေကို အကျွန်ုပ်တို့ အိတ်များ၌
အဘယ်သူထားသည်ကို မသိနိုင်ပါဟု ဆိုကြ သော်၊ 23 ဝန်စာရေးက၊ ချမ်းသာပါစေ၊ မစိုးရိမ်ကြနှင့်။ သင်တို့ဘုရားသခင်၊
သင်တို့၏အဘ ဘုရားသခင်သည် သင်တို့အိတ်များ၌ ဘဏ္ဍာကိုသနားတော်မူပြီ။ သင်တို့ ငွေကို ငါခံရပြီဟုဆိုသဖြင့်၊
ရှိမောင်ကိုထုတ်၍ အပ်လိုက် လေ၏။ 24 ယောသပ်အိမ်သို့သွင်းပြီးမှ၊ ဝန်စာရေးသည် ရေကို ပေး၍ ခြေဆေးစေ၏။ မြည်းတို့ကိုလည်း
ကျွေး လေ၏။ 25 မွန်းတည့်ချိန်၌ ယောသပ်လာလိမ့်မည်ဟု သူတို့သည် မြော်လင့်၍ လက်ဆောင်ကိုပြင်နှင့်ကြ၏။ ထိုအိမ်၌
သူတို့သည် အစာကိုစားရလိမ့်မည်ဟု သူတို့ သည် ကြားလေသတည်း။ 26 ယောသပ်သည် အိမ်သို့ရောက်သောအခါ၊ သူတို့သည်
ကိုယ်၌ပါသော လက်ဆောင်ကို အိမ်ထဲ ယော သပ်ထံသို့သွင်း၍ သူ့ရှေ့မှာဦးညွှတ်ချလျက် နေကြ၏။ 27 ယောသပ်သည်
နှုတ်ဆက်ပြီးလျှင်၊ သင်တို့အဘ တည်းဟူသော သင်တို့အရင်ပြောသော အသက်ကြီးသူ သည် ကျန်းမာပါ၏လော။
အသက်ရှင်သေး၏လောဟု မေးလျှင်၊ 28 သူတို့က၊ ကိုယ်တော်ကျွန်၊ ကျွန်တော်တို့အဘ သည် ကျန်းမာပါ၏၊ အသက်ရှင်ပါသေး၏ဟု
လျှောက် လျက်၊ ဦးညွှတ်ချ၍ ရှိခိုးလျက်နေကြ ၏။ 29 ထိုအခါ ယောသပ်သည် မြော်ကြည့်၍ မိမိအမိ ၏သား၊
မိမိညီရင်းဗယ်ာမိန်ကိုမြင်လျှင်၊ ဤသူကား သင်တို့အရင်ပြောသော သင်တို့ညီဖြစ်သလောဟု မေးလျက်၊ သင့်ကို ဘုရားသခင်
ကယ်မသနားတော်မူပါ စေသော ငါ့သားဟု ဆိုပြီးမှ၊ 30 ညီရင်းကိုမြင်ရ၍ ကြင်နာသော စိတ်ရှိသော ကြောင့်
အလျင်အမြန်ထသွားလေ၏။ ငိုရာအရပ်ကို ရှာသဖြင့်၊ အိပ်ခန်းထဲသို့ဝင်၍ ငိုလေ၏။ 31 တဖန် မျက်နှာကိုသစ်၍
ဣန္ဒြေချုပ်တည်းလျက် ပြင်သို့ထွက်ပြီးလျှင်၊ စားပွဲကို ပြင်ကြဟု အမိန့်ရှိ၏။ 32 ယောသပ်ဘို့တပွဲ၊ အစ်ကိုတို့ဘို့တပွဲ၊ ယောသပ်
နှင့်စားသော အဲဂုတ္တုလူတို့ ဘို့တပွဲ အသီးအသီးတို့ကို ပြင်ကြ၏။ အဲဂုတ္တုလူတို့သည် ဟေဗြဲလူတို့နှင့်အတူ မစားရ၊ ထိုအမှုကို
အဲဂုတ္တုလူတို့သည် ရွံ့တတ်ကြ၏။ 33 ညီအစ်ကိုတို့သည် အကြီးမှစ၍ အငယ်တိုင်အောင် အရွယ်အလိုက် ယောသပ်ရှေ့မှာ
ထိုင်နေကြ၏။ သူတို့သည် အချင်းချင်းကြည့်ရှု၍ အံ့သြခြင်းရှိကြ၏။ 34 ယောသပ်သည်လည်း သူတို့စားရန်အဘို့ အသီး အသီးတို့ကို


generated on Sun Jun 30 02:37:40 2024

မိမိထံမှပေးလိုက်၏။ ဗယ်ာန်မိန်ရသော အဘိုသည် အစ်ကိုတို့ရသောအဘိုထက် ငါးဆများသတည်း။သူတို့သည်သောက်၍ ပျော်မွေ့ခြင်းသို့ ရောက်ကြ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 44

[1] ယောသပ်သည်လည်း ဝန်စာရေးကိုခေါ်၍ ထိုသူတို့အိတ်များ၌ ရိက္ခာပါနိုင်သမျှ အပြည့်ထည့်လော့။ လူတိုင်းဆိုင်သောငွေကို
မိမိတို့အိတ်ဝတွင်ငင်း၊ [2] စပါးအဘိုးငွေနှင့် ငါငွေဖလားကို၊ အငယ်ဆုံးသော သူ၏အိတ်ဝတွင်ငင်း ထည့်ထားလော့ဟု မှာသည် အတိုင်း
ဝန်စာရေးပြုလေ၏။ [3] နံနက်မိုဃ်းလင်းသောအခါ၊ ထိုသူတို့ကို မြည်းများနှင့်တကွ လွှတ်လိုက်လေ၏။ [4] မြို့ပြင်သို့ရောက်၍
မဝေးသေးသောအခါ၊ ယောသပ်သည် ဝန်စာရေးကိုခေါ်၍၊ ထိုသူတို့ကို မြန်မြန် လိုက်လော့။ မှီသောအခါ သင်တို့သည် ကျေးဇူးကို
မကောင်းသောအမှုနှင့် အဘယ်ကြောင့်ဆပ်ကြသနည်း။ [5] ငါ့သခင်သောက်သော ဖလားမဟုတ်လော။ ထူးဆန်းသော
ဥာဏ်ကိုဖြစ်စေတတ်သော ဖလားမဟုတ် လော။ သင်တို့ပြုသော ဤအမှုသည် မကောင်းပါတကား ဟု ပြောဆိုလော့ဟု
မှာသည်အတိုင်း၊ [6] ဝန်စာရေးလိုက်၍ မှီသောအခါ ပြောဆိုလေ၏။ သူတို့ကလည်း ဤစကားကို သခင်သည် အဘယ်ကြောင့်
ပြောပါသနည်း။ [7] ကိုယ်တော်ကျွန်တို့နှင့် ထိုသို့သော အမှုဝေးပါ စေသတည်း။ [8] ယမန်ကအိတ်ဝတွင် တွေ့သောငွေကို၊ ခါနာန် ပြည်မှ
ကိုယ်တော်ထံသို့တဖန်ဆောင်ခဲ့ပါပြီ။ သို့ဖြစ်လျှင် ကိုယ်တော်၏သခင်အိမ်၌ ရွှေငွေကို အဘယ်ကြောင့် ခိုးရပါအံ့နည်း။ [9]
ကိုယ်တော်၏ကျွန်တို့တွင် မည်သူ၌တွေ့လျှင်၊ ထိုသူကိုသေစေ။ ကျွန်တော်တို့သည်လည်း သခင်၏ကျွန်ခံ ကြပါမည်ဟု ဆိုကြ၏။ [10]
ဝန်စာရေးကလည်း၊ သင်တို့စကားအတိုင်း ဖြစ်စေ။ သို့သော်လည်း မည်သူ၌တွေ့လျှင်၊ ထိုသူသည် ငါ့ကျွန်ဖြစ်စေ။ သင်တို့မူကား
အပြစ်လွတ်ကြစေဟု ဆိုသော်၊ [11] ထိုသူအပေါင်းတို့သည် အသီးအသီး မိမိတို့အိတ် များကို မြေ၌ချ၍ဖွင့်ကြ၏။ [12]
ဝန်စာရေးသည်လည်၊ အကြီးမှစ၍ အငယ်တိုင်အောင်ရှာသဖြင့် ဗယ်္ဂာမိန်အိတ်၌ ဖလားကိုတွေ့၏။ [13] ထိုအခါ သူတို့သည်
မိမိအဝတ်ကိုဆုတ်၍ လူတိုင်းမိမိမြည်းပေါ်မှာ ဝန်ကို တင်ပြန်သဖြင့် မြို့သို့ ပြန်သွားကြ၏။ [14] ယုဒနှင့်ညီအစ်ကိုတို့သည်း
ယောသပ်အိမ် သို့ရောက်၍၊ သူသည်အိမ်၌ရှိသေးသဖြင့်၊ သူ့ရှေ့မှာ ပြပ်ဝပ်လျက် နေကြ၏။ [15] ယောသပ်ကလည်း၊ သင်တို့သည်
အဘယ်သို့ ပြုပြီးသနည်း။ ငါကဲ့သို့သောယောကျ်ားသည် ထူးဆန်း သောဥာဏ်ရှိကြောင်းကို သင်တို့ မသိကြသလောဟု ဆို၏။ [16]
ယုဒကလည်း၊ ကျွန်တော်တို့သည် သခင်အား အဘယ်စကားဖြင့် လျှောက်ရပါအံ့နည်း။ အဘယ်သို့ ပြောရပါအံ့နည်း။ ဤအမှုနှင့်
အဘယ်သို့လွတ်နိုင်ပါအံ့နည်း။ ကိုယ်တော် ကျွန်တော်တို့၏အပြစ်ကို ဘုရားသခင် စစ်၍ တွေ့တော်မူပြီ။ အကြင်သူ၌
ဖလားတော်ကိုတွေ့၏။ ထိုသူမှစ၍ ကျွန်တော်တို့ ရှိသမျှသည် သခင်၏ ကျွန်ဖြစ်ကြပါ၏ဟု လျှောက်လေသော်၊ [17] ထိုသို့ငါမပြုရ။
အကြင်သူ၏လက်၌ ငါ့ဖလားကို တွေ့၏။ ထိုသူသည် ငါ့ကျွန်ဖြစ်စေ။ သင်တို့မူကား အဘထံသို့ ငြိမ်ဝပ်စွာသွားကြလောဟု
စီရင်လေ၏။ [18] ထိုအခါ ယုဒသည်ချဉ်းကပ်လျက်၊ သခင်ဘုရား၊ ကိုယ်တော်ကျွန်သည် စကားတခွန်းဖြင့် နားတော်လျှောက်ရသော
အခွင့်ကို ပေးတော်မူပါ။ ကိုယ်တော်ကျွန်၌ အမျက်ထွက်တော်မမူပါနှင့်။ ကိုယ် တော်သည် ဖါရောဘုရင်ကဲ့သို့ ဖြစ်တော်မူ၏။ [19]
သခင်က၊ သင်တို့သည် အဘရှိသလော။ ညီရှိသလောဟု ကျွန်တော်တို့အား မေးတော်မူလျှင်၊ [20] ကျွန်တော်တို့က၊ ကျွန်တော်တို့အဘ
အသက် ကြီးသောသူရှိပါ၏။ အဘအသက်ကြီးစဉ်အခါ ရသော သားငယ်တယောက်ရှိပါ၏။ သူ၏အစ်ကိုသေပါပြီ။
သူ့အမိဘွားသောသားတို့တွင် သူတယောက်တည်း ကျန်ရစ်ပါ၏။ ထိုကြောင့် သူ၏အဘသည် သူ့ကို ချစ်ပါ၏ဟု သခင်အား
ပြန်လျှောက်လေသော်၊ [21] ကိုယ်တော်က၊ ထိုသူကိုငါကြည့်ရှုရအောင် ငါ့ထံသို့ခေါ်ခဲ့ကြဟု ကိုယ်တော်ကျွန်တို့အား မိန့်တော် မူ၏။ [22]
ကျွန်တော်တို့က ထိုသူငယ်ကို အဘနှင့်မခွါနိုင်ပါ။ အဘနှင့်ခွါလျှင် အဘသေပါလိမ့်မည်ဟု သခင်အား လျှောက်လေသော်လည်း၊ [23]
ကိုယ်တော်က၊ သင်တို့ညီမပါလျှင် သင်တို့သည် ငါ့မျက်နှာကိုနောက်တဖန်မမြင်ရဟု ကိုယ်တော်ကျွန်တို့ အား မိန့်တော်မူ၏။ [24]
ထိုနောက်ကျွန်တော်တို့သည် ကိုယ်တော်ကျွန် တည်းဟူသော ကျွန်တော်တို့ အဘထံသို့ပြန်၍ ရောက် သောအခါ၊ သခင်စကားတော်ကို
အဘအား ပြန်ကြားပါ၏။ [25] ကျွန်တော်တို့အဘကလည်း၊ တဖန်သွား၍ ငါတို့ စားစရာ အနည်းငယ်ကို ဝယ်ကြပါဟုဆိုသောအခါ၊ [26]
ကျွန်တော်တို့က၊ အကျွန်ုပ်တို့သည် မသွားနိုင်ပါ။ ညီပါလျှင်သွားနိုင်ပါ၏။ ညီမပါလျှင် ထိုသူ၏ မျက်နှာကိုမမြင်ရပါဟု ပြန်ပြောပါ၏။
[27] ကိုယ်တော်ကျွန်၊ ကျွန်တော်အဘကလည်း၊ သင်တို့သိသည့်အတိုင်း ငါ့မယားသည် ငါ့အား သား နှစ်ယောက်ကို ဘွား၏။ [28]
တယောက်ကား ငါ့ထံမှ ထွက်သွား၏။ အကယ်စင်စစ် သူသည် အပိုင်းအပိုင်း ကိုက်ဖြတ်ခြင်းကို ခံရပါပြီ တကားဟု ငါဆိုရ၏။
ထိုကာလမှစ၍ သူ့ကိုငါမမြင်ရ။ [29] ဤသူကိုလည်း ငါ့ထံမှယူသွား၍ သူ၌ဘေး ရောက်လျှင်၊ သင်တို့သည် ငါ့ဆံပင်ဖြူကို
ဝမ်းနည်းခြင်း နှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်ဟု ကျွန်တော်တို့အား ဆိုပါ၏။ [30] သို့ဖြစ်၍ ကျွန်တော်သည်
ကိုယ်တော်ကျွန်၊ ကျွန်တော်အဘထံသို့ရောက်သောအခါ၊ သူငယ်မပါလျှင် အဘ၏အသက်သည် သူငယ်၏အသက်၌ မှီလျက်ရှိသော
ကြောင့်၊ [31] သူငယ်မရှိသည်ကို မြင်သောအခါ အဘသေပါလိမ့်မည်။ ကိုယ်တော်ကျွန်တော်တို့သည်၊ ကိုယ်တော်ကျွန်တည်းဟူသော
ကျွန်တော်တို့အဘ ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြပါ လိမ့်မည်။ [32] ကိုယ်တော် ကျွန်က၊
အကျွန်ုပ်သည် တဖန်သူငယ် ကို အဘထံသို့ ပြန်၍မဆောင်ခဲ့လျှင်၊ အစဉ်မပြတ် အဘရှေ့မှာ အပြစ်ကိုခံပါစေဟုဆိုသဖြင့်၊ အဘထံမှာ
သူငယ်၏အာမခံ ဖြစ်ပါ၏။ [33] သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် သူငယ်အတွက် နေရစ်၍ သခင်ထံကျွန်ခံရသောအခွင့်၊ သူငယ်ကိုကား
အစ်ကိုတို့နှင့်အတူ သွားရသောအခွင့်ကို ပေးတော်မူ ပါ။ [34] သူငယ်သည် ကျွန်တော်တို့မပါလျှင်၊ ကျွန်တော် အဘထံသို့ အဘယ်သို့
ကျွန်တော်သွားနိုင်ပါမည်နည်း။ သို့ပြုလျှင် ကျွန်တော်အဘ၌ ရောကလတံ့သော ဘေးဥပဒ်ကို ကျွန်တော်မြင်ရပါလိမ့်မည်တကားဟု
လျှောက် လေ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 45

1 ထိုအခါ ယောသပ်သည် မိမိထံ၌ရှိသောသူ အပေါင်းတို့ရှေ့တွင်၊ ဣန္ဒြေကို မချုပ်တည်းနိုင်သော ကြောင့်၊ လူအပေါင်းတို့ငါ့ထံမှ
ထွက်သွားကြဟု ဟစ်၍ မိမိဇာတိအဖြစ်ကို အစ်ကိုတို့အားပြသောအခါ၊ အခြား သော သူတယောက်မျှ မရှိရ။ 2 သူသည်လည်း
ကျယ်သောအသံနှင့် ငိုကြွေး၏။ အဲဂုတ္တုလူတို့သည် နန်းတော်တိုင်အောင် ကြားကြ၏။ 3 အစ်ကိုတို့အားလည်း၊ ကျွန်ုပ် ယောသပ်
ဖြစ်၏။ ကျွန်ုပ်အဘသည် အသက်ရှင်သေးသလောဟု ဆို၏။ အစ်ကိုတို့သည် စကားတုံ့ပြန်၍ မပြောနိုင်အောင် သူ့ရှေ့မှာ
မိန်းမောတွေဝေလျက် နေကြ၏။ 4 ယောသပ်ကလည်း၊ ကျွန်ုပ်အနီးအပါးသို့လာကြ ပါလော့ဟု အစ်ကိုတို့အားဆိုလျှင်၊ သူတို့သည်
အနီးအပါး သို့ ချဉ်းလာကြ၏။ သူကလည်း ကျွန်ုပ်သည် အဲဂုတ္တုပြည် သို့ ရောင်းလိုက်သော သင်တို့ညီဖြစ်ပါ၏။ 5 သို့ရာတွင်
သင်တို့သည် ကျွန်ုပ်ကို ဤအရပ်သို့ ရောင်းလိုက်မိသောကြောင့် စိတ်မညှိုးငယ်ကြနှင့်။ ကိုယ်ကိုအမျက်မထွက်ကြနှင့်။
အကြောင်းမူကား၊ ဘုရား သခင်သည် လူတို့အသက်ကို စောင့်မစေခြင်းငှါ သင်တို့ ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။ 6 မြေပေါ်မှာ
နှစ်နှစ်အစာခေါင်းပါးခဲ့ပြီ။ လယ်လုပ်ခြင်း၊ စပါးရိတ်ခြင်းကို မပြုရသောနှစ် ငါးနှစ် ရှိသေး၏။ 7 ဘုရားသခင်သည် သင်တို့ကို
မြေကြီးပေါ်မှာ ကျန်ကြွင်းစေခြင်းငှါ၎င်း၊ ကြီးစွာသော ကယ်တင်ခြင်း အားဖြင့် သင်တို့အသက်ကို ချမ်းသာစေခြင်းငှါ၎င်း၊
သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ။ 8 သို့ဖြစ်၍ သင်တို့သည် ကျွန်ုပ်ကိုဤအရပ်သို့ စေလွှတ်သည်မဟုတ်၊
ဘုရားသခင်စေလွှတ်တော်မူ သတည်း။ ကျွန်ုပ်ကို ဖါရောဘုရင်၏အဘအရာ၌၎င်း၊ နန်းတော်အုပ်အရာ၌၎င်း၊ အဲဂုတ္တုပြည်လုံးကို
အုပ်စိုး သောသခင်အရာ၌၎င်း ခန့်ထားတော်မူပြီ။ 9 အလျင်အမြန်ထ၍ အဘထံသို့ သွားကြလော့။ အဘအားလည်း၊
သားယောသပ်က၊ ဘုရားသခင်သည် ကျွန်ုပ်ကို အဲဂုတ္တုပြည်လုံးသခင်ဖြစ်စေတော်မူပြီ။ ကျွန်ုပ်ထံသို့လာပါ၊ မဆိုင်းပါနှင့်။ 10
အဘသည် ဂေါရှင်အရပ်၌ နေရမည်။ ကျွန်ုပ် အနားမှာရှိရမည်။ အဘမှစ၍ သားမြေး၊ သိုး၊ နွားနှင့်တကွ ရှိသမျှပါရမည်။ 11
ထိုအရပ်၌ ကျွန်ုပ်ကျွေးမွေးပါမည်။ သို့မဟုတ် အဘမှစ၍ အိမ်သူအိမ်သားနှင့်တကွ ရှိသမျှ တို့သည် ဆင်းရဲခြင်းသို့
ရောက်ကြလိမ့်မည်။ အစာ ခေါင်းပါးသောနှစ် ငါးနှစ်ရှိသေးသည်ဟု ပြောကြလော့။ 12 ကျွန်ုပ်သည် ကိုယ်တိုင်သင်တို့နှင့်
နှုတ်ဆက်သည်ကို၊ သင်တို့မျက်စိ၊ ကျွန်ုပ်ညီဗယ်္ယာမိန် မျက်စိ အမြင်သားဖြစ်၏။ 13 အဲဂုတ္တုပြည်၌ ကျွန်ုပ်ရသော ဘုန်းစည်းစိမ်းမှ
စ၍ သင်မြင်သမျှတို့ကို အဘအား ပြောရမည်။ အလျင် အမြန်ပြု၍ အဘကို ဤပြည်သို့ ဆောင်ခဲ့ရမည်ဟု ဆိုပြီးလျှင်၊ 14
ညီဗယ်္ယာမိန်လည်ပင်းကို ဘက်၍ ငိုလေ၏။ ဗယ်္ယာမိန်သည်လည်း သူ၏လည်ပင်း၌ ငိုလေ၏။ 15 တဖန် အစ်ကိုရှိသမျှတို့ကို နမ်း၍
သူတို့နှင့် ငိုသောနောက် အချင်းချင်းနှုတ်ဆက်ကြ၏။ 16 ယောသပ်အစ်ကိုတို့သည် ရောက်လာကြပြီဟု နန်းတော်၌ သိတင်းကြား၍၊
ဖာရောဘုရင် အစရှိသော ကျွန်တော်မျိုးတို့သည် နှစ်သက်ကြ၏။ 17 ဖါရောဘုရင်သည်လည်း ယောသပ်ကိုခေါ်၍၊
သင်၏အစ်ကိုတို့အား အဘယ်သို့ပြောရမည်နည်းဟူမူ ကား၊ သင်တို့သည် ဤသို့ပြုကြလော့။ မြည်းတို့ကို ဝန်တင်၍ ခါနာန်ပြည်သို့
ပြန်သွားသဖြင့်၊ 18 သင်တို့အဘနှင့် အိမ်သူအိမ်သားတို့ကိုယူ၍ ကျွန်ုပ်ထံသို့ လာကြလော့။ အဲဂုတ္တုပြည်၏စည်းစိမ်းကို ငါပေး၍၊
သင်တို့သည် မြေသြဇာကိုသာ စားရကြလိမ့် မည်။ 19 အမိန့်တော်ရှိသည်ဖြစ်၍ ဤသို့ပြုကြလော့။ သင်တို့မိန်းမများ၊ သူငယ်များဘို့၊
အဲဂုတ္တုပြည်ထဲက လှည်း တို့ကို ယူပြီးလျှင် အဘကိုဆောင်၍ လာခဲ့ကြလော့။ 20 သင်တို့ဥစ္စာများကို မနှမြောကြနှင့်။ အဲဂုတ္တုပြည် ၏
စည်းစိမ်ရှိသမျှသည် သင်တို့ဥစ္စာဖြစ်၏ဟု အမိန့် တော်ရှိသည်အတိုင်း၊ 21 ဣသရေလ၏ သားတို့သည်ပြု၍၊ ယောသပ်သည်
လှည်းတို့ကို၎င်း၊ လမ်းခရီး၌ စားစရိတ်များကို၎င်း ပေး၏။ 22 အစ်ကိုရှိသမျှတို့အားလည်း အဝတ်လဲစရာဘို့ပေး၏။
ဗယ်္ယာမိန်အားလည်း၊ ငွေအကျပ်သုံးရာနှင့် အဝတ် လဲစရာဘို့ အဝတ်ငါးစုံကို ထပ်၍ ပေး၏။ 23 အဘအားလည်း အဲဂုတ္တုပြည်၏
ကောင်းသောအရာတို့ကို ဆောင်သော မြည်းတဆယ်၊ လမ်းခရီး၌ အဘစားစရာဘို့ စပါး၊ မုန့်၊ ခဲဘွယ်စားဘွယ်များကို
ဆောင်သောမြည်းတဆယ်ကို ပေးလိုက်၏။ 24 သင်တို့သည် လမ်း၌ရန်မတွေ့ကြနှင့်ဟု မှာထားလျက် အစ်ကိုတို့ကို လွှတ်လိုက်၍
သူတို့သည် သွားကြ၏။ 25 ထိုသို့အဲဂုတ္တုပြည်မှ ထွက်သွား၍၊ ခါနာန်ပြည် အဘယာကုပ်ထံသို့ ရောက်ကြလျှင်၊ 26 ယောသပ်သည်
အသက်ရှင်သေး၏။ အဲဂုတ္တု ပြည်လုံးကို အုပ်စိုးရ၏ဟု ကြားပြောကြသည်ရှိသော်၊ ယာကုပ်သည် စိတ်နှလုံးလျော့၏။ သူတို့စကားကို
မယုံ နိုင်။ 27 သူတို့သည်လည်း ယောသပ်ပြောသမျှသော စကားတို့ကို ပြန်ပြောကြ၏။ အဘယာကုပ်သည် မိမိ စီးစရာဘို့
ယောသပ်ပေးလိုက်သော လှည်းတို့ကို မြင် သောအခါ စိတ်နှလုံးအားဖြည့်ပြန်၏။ 28 ဣသရေလကလည်း၊ တန်တော့။
ငါ့သားယောသပ် အသက်ရှင်သေး၏။ ငါမသေမီ သူ့ကိုသွား၍ ကြည့်မည်ဟုဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 46

1 ထိုအခါ ဣသရေလသည် မိမိဥစ္စာရှိသမျှနှင့်တကွ ခရီးသွား၍ ဗေရရှေဘအရပ်သို့ ရောက်လျှင်၊ မိမိ အဘဣဇာက်၏
ဘုရားသခင်အား ယဇ်ပူဇော်ခြင်းကို ပြုလေ၏။ 2 ညဉ့်အခါ ဗျာဒိတ်တော်အားဖြင့် ဘုရားသခင် က၊ ယာကုပ်၊ ယာကုပ်
ဟုခေါ်တော်မူလျှင်၊ ယာကုပ်က အကျွန်ုပ်ရှိပါသည်ဟု လျှောက်လေ၏။ 3 ထာဝရဘုရားကလည်း၊ ငါသည် ဘုရားသခင် ဖြစ်၏။
သင့်အဘ၏ ဘုရားသခင်ဖြစ်၏။ အဲဂုတ္တုပြည်သို့ သွားရမည်အခွင့်ကို မစိုးရိမ်နှင့်။ ငါသည် ထိုပြည်၌ သင့်ကို လူမျိုးကြီးဖြစ်စေမည်။
4 အဲဂုတ္တုပြည်သို့ သင်နှင့်အတူ ငါသွားမည်။ တဖန် ငါဆောင်ခဲ့ဦး မည်။ ယောသပ်သည် မိမိလက်ကို သင်၏မျက်စိပေါ်မှာ
တင်ရလိမ့်မည်ဟု မိန့်တော်မူ၏။ 5 တဖန်ယာကုပ်သည် ဗေရရှေဘအရပ်မှထွက်၍၊ သူစီးစရာဘို့ ဖါရောမင်းပေးလိုက်သော
လှည်းတို့ဖြင့် ဣသရေလ၏သားတို့သည် အဘမှစ၍ မိန်းမများနှင့် သူငယ်များတို့ကို ဆောင်လျက်၊ 6 ခါနာန်ပြည်၌ရသော
တိရစ္ဆာန်များနှင့် ဥစ္စာများကိုလည်း ယူ၍ အဲဂုတ္တုပြည်သို့ သွားကြ၏။ 7 ယာကုပ်သည် ကိုယ်တိုင်မှစ၍ သားသမီးမြေးတည်းဟူသော
အမျိုးအနွယ်အပေါင်းတို့ကို အဲဂုတ္တုပြည် သို့ ဆောင်သွားလေ၏။ 8 အဲဂုတ္တုပြည်သို့ရောက်သော ဣသရေလသားတို့၏အမည်ကား၊
ယာကုပ်နှင့် သူ၏သားများ။ သားဦးရုဗင်။ 9 ရုဗင်သား။ ဟာနုတ်၊ ဖါလု၊ ဟေဇရုံ၊ ကာမိ။ 10 ရှိမောင်သား။ ယေမွေလ၊ ယာမိန်၊ သြဟဒ်၊
ယာခိန်၊ ဇောဟာ၊ ခါနာန်အမျိုး မိန်းမ၏သား ရှောလ။ 11 လေဝိသား။ ဂေရရှုံ၊ ကောဟတ်၊ မေရာရိ။ 12 ယုဒသား။ ဧရ၊ သြနန်၊ ရှေလ၊
ဖါရက်၊ ဇာရ။ ထိုသူတို့တွင် ဧရနှင့်သြနန်သည် ခါနာန်ပြည်၌ သေ သတည်း။ ဖါရက်သား၊ ဟေဇရုံနှင့် ဟာမုလ။ 13 ဣသခါသား။
တောလ၊ ဖုဝါ၊ ယောဘ၊ ရှိမရုန်။ 14 ဇာဗုလုန်သား။ သရက်၊ ဧလုန်၊ ယာလေလ။ 15 ဤသူတို့ကား၊ ယာကုပ်မယား လေအာသည်
ပါဒနာရံအရပ်၌ ဘွားသော သားတည်း။ သမီးဒိနနှင့် တကွ၊ သားသမီးပေါင်းသုံးဆယ်သုံး။ 16 ဂဒ်သား။ ဇိဖျန်၊ ဟဂ္ဂိ၊ ရှုနိ၊ ဧဇေုန်၊ ဧရိ၊
အရောဒိ၊ အရေလိ။ 17 အာရှာသား။ ယိမန။ ဣရှွာ၊ ဣရှွိ၊ ဗေရိယ၊ နှမစေရတည်း။ ဗေရိယသား၊ ဟေဗာနှင့် မာလချေလ။ 18
ဤသူတို့ကား၊ လာဗန်သည် သမီးလေးအာအား၊ လက်ဖွဲ့သော ယာကုပ်မယား ဇိလပဘွားသော သား တည်း။ ပေါင်းတဆယ်ခြောက်။
19 ယာကုပ်မယား ရာခေလသား။ ယောသပ်နှင့် ဗင်္ယာမိန်။ 20 အဲဂုတ္တုပြည်၌ သြနမြို့၏ ယဇ်ပုရောဟိတ်
ပေါတိဖေရသမီးအာသနတ်တွင် ယောသပ်နှင့်ရသော သား၊ မနာရှေနှင့်ဧဖရိမ်။ 21 ဗင်္ယာမိန်သား။ ဗေလ၊ ဗေခါ၊ အာရှဗေလ၊ ဂေရ၊
နေမန်၊ ဧဟိ၊ ရောရှ၊ မုပိမ်၊ ဟုပိမ်၊ အာရဒ။ 22 ဤသူတို့ကား၊ ယာကုပ်မယား ရာခေလဘွားသောသားတည်း။ ပေါင်းတဆယ်လေး။ 23
ဒန်သား။ ဟုရှိမ်။- 24 နဿလိသား။ ယာဇေလ၊ ဂုနိ၊ ယေဇာ၊ ရှိလင်။ 25 ဤသူတို့ကား၊ လာဗန်သည် သမီးရာခေလအား လက်ဖွဲ့သော
ယာကုပ်မယား ဗိလဟာဘွားသော သားတည်း။ ပေါင်းခုနစ်။ 26 ယာကုပ်ချွေးမများကို မဆိုဘဲ၊ ယာကုပ်မှဆင်းသက်၍၊ သူနှင့်အတူ
အဲဂုတ္တုပြည်သို့သွားသော လူပေါင်း ကား၊ ခြောက်ဆယ်ခြောက်ယောက်တည်း။ 27 အဲဂုတ္တုပြည်၌ ယောသပ်ရနှင့်သော
သားနှစ်ယောက်ရှိ၏။ သို့ဖြစ်၍ အဲဂုတ္တုပြည်သို့ရောက်သော ယာကုပ်၏အမျိုးသားအပေါင်းကား ခုနစ်ဆယ်တည်း။ 28
ယောသပ်ထံသို့ ဂေါရှင်ပြည်ကိုသွားစေခြင်းငှါ ယုဒကို အရင်စေလွှတ်ပြီးမှ ဂေါရှင်ပြည်သို့ရောက်ကြ၏။ 29 ယောသပ်သည်
ရထားကိုပြင်၍ အဘဣသရေလကို ခရီးဦးကြိုပြုခြင်းငှါ ဂေါရှင်ပြည်သို့ သွား၍ အဘရှေ့သို့ရောက်သော်၊ အဘ၏လည်ပင်းကို
ဘက်လျက် ကြာကြာငိုလေ၏။ 30 ဣသရေလကလည်း၊ ယခုငါသေပါစေသော။ သင်၏မျက်နှာကို ငါမြင်ရပြီ။ သင်သည်
အသက်ရှင်သေး ၏ဟု ယောသပ်အား ဆိုလေ၏။ 31 ယောသပ်ကလည်း၊ ဖါရောမင်းထံသို့ ကျွန်ုပ် သွားဦးမည်။ ခါနာန်ပြည်၌နေသော
ကျွန်တော်အစ်ကို များ၊ ကျွန်တော်အဘ၏ အိမ်သားများတို့သည် ကျွန်တော် ထံသို့ ရောက်ကြပါပြီ။ 32 ထိုသူတို့သည်
သိုးထိန်းဖြစ်ပါ၏။ သိုးနွားတို့ကို မွေးသောသူဖြစ်ပါ၏။ သူတို့သိုးနွားမှစ၍ ရှိသမျှတို့ကို ဆောင်ခဲ့ကြပါပြီဟု လျှောက်မည်။ 33
နောက်တခါ သင်တို့ကို ဖါရောမင်းခေါ်၍ သင်တို့သည် အဘယ်သို့ လုပ်ဆောင်တတ်သနည်းဟု မေးတော်မူလျှင်၊ 34
ကိုယ်တော်ကျွန်တော်တို့သည် ဘိုးဘေးနှင့်တကွ၊ ငယ်သော အရွယ်မှစ၍ ယခုတိုင်အောင် သိုးနွားတို့ကို မွေးသောသူဖြစ်ကြပါ၏ဟု
လျှောက်ရမည်။ သို့ဖြစ်၍ ဂေါရှင်ပြည်မှာ နေသောအခွင့်ကို ရကြလိမ့်မည်။ သိုး ထိန်းဖြစ်သောသူကို အဲဂုတ္တုလူတို့သည်
ရွံရှာတတ်ကြ၏ ဟု အစ်ကိုများ အဘ၏အိမ်သားများတို့ကို ပြောဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 47

1 ထိုစကားအတိုင်း ယောသပ်သည် ဖါရောမင်း ထံသို့သွား၍၊ ကျွန်တော်အဘနှင့်အစ်ကိုတို့သည် သိုးနွား၊ ဥစ္စာရှိသမျှကို ဆောင်လျက်
ခါနာန်ပြည်ကရောက်လာ၍၊ ဂေါရှင်ပြည်၌ရှိကြပါသည်ဟု လျှောက်သဖြင့်၊ 2 အစ်ကိုစုထဲက ရွေး၍ ငါးယောက်တို့ကို အထံ
တော်သို့သွင်းလေ၏။ 3 ဖာရောမင်းကလည်း၊ သင်တို့သည် အဘယ်သို့ လုပ်ဆောင်လေ့ရှိကြသနည်းဟုမေးလျှင်၊ သူတို့က၊ ကိုယ်တော်
ကျွန်တို့သည် ဘိုးဘေးနှင့်တကွ သိုးထိန်း ဖြစ်ကြပါ၏ဟူ၍၎င်း၊ 4 ခါနာန်ပြည်၌ အလွန်အစာခေါင်းပါး၍ သိုးနွား
ကျက်စားရာမရှိသောကြောင့်၊ ကိုယ်တော်ကျွန်တို့သည် ပြည်တော်၌ တည်းခိုခြင်းငှါ လာကြပါ၏။ သို့ဖြစ်၍ ကိုယ်တော်ကျွန်တို့သည်
ဂေါရှင်ပြည်၌ နေရမည် အကြောင်း အခွင့်ပေးတော်မူပါဟူ၍၎င်း လျှောက်ကြ၏။ 5 ဖါရောမင်းကလည်း၊ သင်၏အဘနှင့်အစ်ကို
တို့သည် သင့်ထံသို့ ရောက်လာကြသည်ဖြစ်၍၊ 6 အဲဂုတ္တုပြည်သည် သင့်ရှေ့မှာ ရှိ၏။ သင်၏ အဘနှင့် သင်၏အစ်ကိုတို့ကို
အကောင်းဆုံးသော အရပ် ဂေါရှင်ပြည်၌ နေရာချလော့။ သူတို့တွင် အစွမ်းသတ္တိ ရှိသောသူအချို့တို့ကို တွေ့လျှင်
ငါ၏သိုးနွားအုပ်အရာ၌ ခန့်ထားလော့ဟု ယောသပ်အား မိန့်တော်မူ၏။ 7 ယောသပ်သည် အဘယာကုပ်ကို သွင်း၍ ဖါရောမင်းရှေ့မှာ
ထားသဖြင့်၊ ယာကုပ်သည် ဖါရောမင်း ကို ကောင်းကြီးပေး၏။ 8 ဖါရောမင်းက၊ သင်သည် အသက်အဘယ်မျှ လောက်ရှိပြီနည်းဟု
ယာကုပ်အား မေးလျှင်၊ 9 ကျွန်တော်သည် ဧည့်သည်အာဂန္တုဖြစ်၍ လွန် သော အသက်သည် အနှစ်တရာသုံးဆယ်ရှိပါပြီ။
ကျွန်တော်အသက်ရှင်သော နှစ်ပေါင်းနည်း၍ဆိုးပါ၏။ ဧည့်သည် အာဂန္တုဖြစ်သော ဘိုးဘေးတို့၏ အသက်တန်း ကို မမှီပါဟု
လျှောက်ဆိုပြီးလျှင်၊ 10 ဖါရောမင်းကို ကောင်းကြီးပေး၍ အထံတော်က ထွက်သွားလေ၏။ 11 ဖါရောမင်းအမိန့်တော်ရှိသည့်အတိုင်း၊
ယောသပ် သည် အဘနှင့် အစ်ကိုတို့ကို နေရာချ၍ အဲဂုတ္တုပြည်၌ အကောင်းဆုံးသောအရပ် ရာမသက်မြေကိုအပိုင်ပေး၏။ 12
အဘနှင့် အစ်ကိုများ၊ အဘ၏အိမ်သားရှိသမျှ တို့ကို အနည်းအများအလိုက် ကျွေးမွေး၏။ 13 အလွန်အစာခေါင်းပါး၍
တပြည်လုံးစားစရာ မရှိသောကြောင့်၊ အဲဂုတ္တုပြည်နှင့် ခါနာန်ပြည်သည် အားလျော့လေ၏။ 14 ပြည်သားဝယ်သော စပါးအဘိုး၊
အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌ တွေ့သမျှသော ငွေကိုယောသပ်စုသိမ်း၍ နန်းတော်သို့ သွင်းထားလေ၏။ 15 အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌
ငွေကုန်သောအခါ၊ အဲဂုတ္တုလူအပေါင်းတို့သည် ယောသပ်ထံသို့လာ၍ စား စရာဘို့ ပေးသနားတော်မူပါ။ ကျွန်တော်တို့သည်
ငွေကုန်သော်လည်း ရှေ့တော်၌ အဘယ်ကြောင့် သေရပါအံ့နည်းဟု လျှောက်ကြသော်၊ 16 ယောသပ်က၊ ငွေကုန်လျှင် တိရ စ္ဆာန်များကို
ပေးကြ။ တိရ စ္ဆာန်အတွက် စပါးကိုပေးမည်ဟုဆိုသည် အတိုင်း၊ 17 သူတို့သည် တိရ စ္ဆာန်တို့ကိုယူခဲ့၍၊ ယောသပ် သည် မြင်း၊ သိုး၊ နွား၊
မြည်းတို့အတွက် စပါးကိုပေးသဖြင့် ထိုနှစ်တွင် တိရ စ္ဆာန်ရှိသမျှတို့အတွက် ပြည်သားများကို ကျွေးမွေး၏။ 18 ထိုနှစ်ကုန်ပြီးမှ
ဒုတိယနှစ်တွင်လာကြလျှင်၊ ကျွန်တော်တို့ ငွေကုန်ကြောင်းကို သခင်ရှေ့မှာ မထိမ်ဝှက်ပါ။ ကျွန်တော်တို့ တိရ စ္ဆာန်များကိုလည်း သခင်
ရပါပြီ။ သခင်ရှေ့မှာ ကျွန်တော်တို့ကိုယ်နှင့် မြေမှတပါး အဘယ်အရာမျှ မကျန်ပါ။ 19 ရှေ့တော်၌ အဘယ်ကြောင့်သေ၍ ပြည်တော်
ပျက်ရပါအံ့နည်း။ အစာကို ပေး၍ကျွန်တော်တို့နှင့် ကျွန်တော်တို့မြေကို ဝယ်ပါ။ ကျွန်တော်တို့သည် မြေနှင့် တကွ ဖါရောဘုရင်၏
ကျွန်ခံပါမည်။ ကျွန်တော်တို့သည် မသေ၊ အသက်ရှင်စေခြင်းငှါ၎င်း၊ ပြည်တော်သည် လူမဆိတ်ညံစေခြင်းငှါ၎င်း၊ မျိုးစေ့ကို ပေးပါဟု
လျှောက်ကြ သော်၊ 20 ယောသပ်သည် အဲဂုတ္တုမြေရှိသမျှကို ဖါရော မင်းမဘို့ဝယ်လေ၏။ အစာခေါင်းပါး၍ အဲဂုတ္တုလူတို့သည်
မတတ်နိုင်သောကြောင့်၊ အသီးအသီးပိုင်သော မြေအကွက်တို့ကို ရောင်းကြသဖြင့် မြေသည် ဘဏ္ဍာတော် ဖြစ်လေ၏။ 21
လူတို့ကိုကား၊ အဲဂုတ္တုပြည် တစွန်းမှသည် တစွန်းတိုင်အောင် မြို့တို့သို့ပြောင်းစေ၏။ 22 ယဇ်ပုရောဟိတ်တို့
ပိုင်သောမြေကိုကားမဝယ်။ သူတို့သည် ဖါရောမင်းကျွေးမွေးသည်အတိုင်း ကျွေးမွေး သော အစာကိုစားရကြ၏။ ထိုကြောင့်
မိမိတို့မြေကို မရောင်းရကြ။ 23 ယောသပ်ကလည်း၊ သင်တို့နှင့် သင်တို့မြေကို ဖါရောမင်းဘို့ ယနေ့ငါဝယ်ပြီ။ မျိုးစေ့ကို ယူ၍
လယ်လုပ်ကြလော့။ 24 အသီးအနှံကိုရသောအခါ၊ ငါးဘို့တွင်တဘို့ကို ဖါရောမင်းအား ဆက်ရကြမည်။ လေးဘို့ကိုကား သင်တို့ ယူ၍
နောက်တဖန်မျိုးစေ့ကို ကြဲကြလော့။ သင်တို့စား၍ အိမ်သားများ၊ သူငယ်များတို့ကို ကျွေးကြလော့ဟု ပြည်သားတို့အား ဆို၏။ 25
သူတို့ကလည်း၊ ကိုယ်တော်သည် ကျွန်တော်တို့ အသက်ကို ကယ်ပါပြီ။ သနားသော စိတ်နှင့်ကြည့်ရှုတော် မူပါ။ ကျွန်တော်တို့သည်
ဖာရောဘုရင်၏ကျွန်ခံရပါမည် ဟု လျှောက်ကြ၏။ 26 ထိုကြောင့် ဖါရောမင်းမပိုင်သော ယဇ်ပုရော ဟိတ်တို့ မြေကိုထား၍၊
ဖါရောမင်းသည် ငါးဘို့တွင် တဘို့ကိုပိုင်တော်မူစေဟု ယနေ့တိုင်အောင် အဲဂုတ္တုပြည်၌တည်သော ဓမ္မသတ်ကို ယောသပ်စီရင်၍ ထား
သတည်း။ 27 ဣသရေလ သားတို့သည်၊ အဲဂုတ္တုပြည် ဂေါရှင် အရပ်၌နေသဖြင့်၊ ဥစ္စာရတတ်၍ တိုးပွါးများပြားကြ၏။ 28
ယာကုပ်သည် အဲဂုတ္တုပြည်၌ ဆယ်ခုနစ်နှစ် အသက်ရှင်၍ အသက်နှစ်ပေါင်း တရာလေးဆယ်ခုနစ် နှစ်ရှိသတည်း။ 29
ဣသရေလသည် သေရသောအချိန်နီးသော်၊ သားယောသပ်ကို ခေါ်၍ ငါ့ကိုသနားလျှင် သင်၏ လက်ကို ငါ့ပေါင်အောက်၌
ထားပါလော့။ ကရုဏာသစ္စာ နှင့်အညီ ငါ၌ပြုပါ။ အဲဂုတ္တုပြည်၌ ငါ့ကိုမသင်္ဂြိုဟ်ပါနှင့်။ 30 ငါသည်ဘိုးဘေးနှင့်အတူ အိပ်ချင်ပါ၏။
အဲဂုတ္တု ပြည်မှ ငါ့ကို ဆောင်သွား၍ သူတို့သင်္ချိုင်း၌ သင်္ဂြိုဟ် ရမည်ဟုဆို၏။ ယောသပ်ကလည်း၊ အဘဆိုသည် အတိုင်း
အကျွန်ုပ်ပြုပါမည်ဟု ဝန်ခံလေ၏။ 31 ငါ့အားကျိန်ဆိုခြင်းကို ပြုပါဟု ဆိုပြန်လျှင်၊ ကျိန်ဆိုခြင်းကို ပြု၏။ ဣသရေလသည်လည်း
ခုတင် ခေါင်းရင်းပေါ်မှာ ကိုးကွယ်လေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 48

1 နောက်တဖန်ယောသပ်သည် အဘနာကြောင်းကို ကြားသဖြင့်၊ သားနှစ်ယောက် မနာရှေနှင့်ဧဖရိမ်ကို ယူ၍သွား၏။ 2
သားယောသပ်လာကြောင်းကို ယာကုပ်သည် ကြားလျှင်၊ အားထုတ်၍ ခုတင်ပေါ်မှာထိုင်၏။ 3 ထိုအခါ ယာကုပ်က၊ အနန္တတန်ခိုးရှင်
ဘုရား သခင်သည်၊ ခါနာန်ပြည် လုဇမြို့၌ ငါ့အားထင်ရှား၍ ကောင်းကြီးပေးတော်မူလျက်၊ 4 ငါသည်သင့်ကို တိုးပွါးများပြားစေမည်။
သင့်ကို များစွာသော လူဖြစ်စေမည်။ သင်၏အမျိုးအနွယ်သည် သင့်နောက်မှ ဤပြည်ကို အစဉ်အမြဲပိုင်စေခြင်းငှါ ငါပေး မည်ဟု
မိန့်တော်မူ၏။ 5 သင်နေသော အဲဂုတ္တုပြည်သို့ ငါမရောက်မှီ၊ အဲဂုတ္တုပြည်၌ သင်ရနှင့်သော သားနှစ်ယောက်၊ ဧဖရိမ် နှင့်
မနာရှေတို့သည် ငါ့သားဖြစ်ရမည်။ ရုဗင်နှင့်ရှိမောင် ကဲ့သို့ ငါ့သားဖြစ်ရမည်။ 6 နောက်မှသင်ရသော သားတို့သည် သင်၏သား ဖြစ်၍
မိမိအမွေခံရာတွင် မိမိအစ်ကိုတို့အမည်ဖြင့် သမုတ် ရကြမည်။ 7 ငါသည်ပါဒနာရံအရပ်မှ လာသည်ကာလ၊ ခါနာန်ပြည်၌ ခရီးသွား၍၊
ဧဖရတ်မြို့နှင့်နီးသောအခါ၊ သင့်အမိရာခေလသည် ငါ့အနားမှာ သေရှာ၏။ သေ သောအရပ် ဗက်လင်အမည်ရှိသော ဧဖရတ်မြို့သို့
သွား သောလမ်း၌ သင်္ဂြိုဟ်လေသည်ဟု ယောသပ်အားဆို၏။ 8 တဖန်ဣသရေလသည် ယောသပ်၏သားတို့ကို ကြည့်ရှု၍၊
ဤသူတို့ကား အဘယ်သူနည်းမေးလျှင်၊ 9 ယောသပ်က၊ဤပြည်၌ အကျွန်ုပ်အား ဘုရား သခင် ပေးသနားတော်မူသော အကျွန်ုပ်၏
သားဖြစ်ပါ သည်ဟု အဘအားဆိုသော်၊ အဘက၊ ငါ့ထံသို့ လာပါစေ လော့။ သူတို့ကို ငါကောင်းကြီးပေးမည်ဟု ဆို၏။ 10
ဣသရေလသည် အသက်ကြီး၍ မျက်စိမှုန် သဖြင့်၊ မမြင်နိုင်သောကြောင့်၊ သားတို့ကို အနီးသို့ ချဉ်းကပ်စေ၍
ပိုက်ဘက်နမ်းရှုပ်လေ၏။ 11 ဣသရေလကလည်း၊ ငါသည် သင်၏မျက်နှာကို မြင်ရမည်ဟု ငါမထင်။ ယခုတွင်သင်၏သားတို့ကိုပင်
ဘုရားသခင်ပြတော်မူပြီဟု ယောသပ်အား ဆို၏။ 12 ယောသပ်သည်လည်း၊ သားတို့ကို အဘ၏ဒူး ကြားမှ ထုတ်၍
အဘရှေ့၌ဦးညွှတ်ချစေ၏။ 13 တဖန်ယောသပ်သည် သားတို့ကိုယူ၍ ဧဖရိမ်ကို လက်ျာလက်နှင့် ကိုင်လျက်၊ ဣသရေလ
လက်ဝဲလက်သို့ငှင်း၊ မနာရှေကို လက်ဝဲလက်နှင့် ကိုင်လျက်၊ ဣသရေလ လက်ျာလက်သို့ငှင်း ချဉ်းကပ်စေ၏။ 14
မနာရှေသည်သားဦးဖြစ်သော်လည်း၊ ဣသ ရေလသည် မိမိလက်တို့ကို ဆန့်၍လိမ္မာစွာ ပဲ့ပြင်လျက်၊ အသက်ငယ်သောသူ
ဧဖရိမ်၏ခေါင်းပေါ်မှာ လက်ျာ လက်ကို တင်ပြီးလျှင်၊ လက်ဝဲလက်ကို မနာရှေ၏ ခေါင်း ပေါ်မှာ တင်၏။ 15 ယောသပ်ကို
ကောင်းကြီးပေးလျက်၊ ငါ့အဘ အာဗြဟံနှင့်ဣဇာက်ကိုးကွယ်သော ဘုရားသခင်၊ ငါ့ကို တသက်လုံး ယနေ့တိုင်အောင်
ကျွေးမွေးတော်မူသော ဘုရားသခင်တည်းဟူသော၊ 16 ငါ့ကိုခပ်သိမ်းသော ဘေးဒဏ်အထဲက ကယ် နှုတ်တော်မူသော
ကောင်းကင်တမန်သည်၊ ဤသူငယ် တို့ကို ကောင်းကြီးပေးတော်မူပါစေသော။ သူတို့ကို ငါ့အမည်ဖြင့်ငှင်း၊ ငါ့အဘအာဗြဟံနှင့်
ဣဇာက်၏အမည် ဖြင့်ငှင်း၊ ထပ်၍မှည့်ပါစေသော။ သူတို့သည် မြေကြီးပေါ် မှာ အလွန်တိုး ပွါးများပြားပါစေသောဟု မြွက်ဆို၏။ 17
အဘသည်လက်ျာလက်ကို ဧဖရိမ်၏ခေါင်းပေါ်မှာ တင်သည်ကို ယောသပ်မြင်လျှင်၊ အားမရ သည်ဖြစ်၍၊ 18 မဟုတ်ပါအဘ။
ဤသူသည် သားဦးဖြစ်ပါ၏။ သူ၏ခေါင်းပေါ်မှာ လက်ျာလက်ကိုတင်ပါဟု ဆိုလျက် အဘ၏ လက်ကိုဧဖရိမ်ခေါင်းပေါ်က
မနာရှေခေါင်းပေါ် သို့ ပြောင်းခြင်းငှါ ချီလေ၏။ 19 အဘသည်ငြင်း၍၊ ငါသိ၏ငါ့သား၊ ငါသိ၏။ သူသည် ကြီးစွာသော
လူစုဖြစ်လိမ့်မည်။ သို့သော်လည်း၊ သူ့ညီသည် သူ့ထက်သာ၍ ကြီးသဖြင့်၊ သူ၏ အမျိုး အနွယ်သည် များစွာသော
လူအစုစုဖြစ်လိမ့်မည်ဟု ဆို၏။ 20 တဖန်ဘုရားသခင်သည် သင့်ကို ဧဖရိမ်ကဲ့သို့ ငှင်း၊ မနာရှေကဲ့သို့ငှင်း ဖြစ်စေတော်မူပါစေသောဟူ၍
ဣသရေလအမျိုးသားတို့ သည်သင်အားဖြင့် ကောင်းကြီးပေးကြလိမ့်မည်ဟု တိုနေ့၌သူတို့ကိုကောင်းကြီးပေးလေ၏။
ထိုသို့မနာရှေရှေ့မှာ ဧဖရိမ်ကိုနေရာချသတည်း။ 21 ဣသရေလကလည်း၊ ငါသေတော့မည်။ သို့သော်လည်း၊ ဘုရားသခင်သည်
သင်တို့ဘက်၌ရှိ၍၊ သင်တို့ကို ဘိုးဘေးနေရာ ပြည်သို့ တဖန် ဆောင်တော်မူလိမ့်မည်။ 22 ထိုမှတပါး
သင်၏အစ်ကိုတို့အားပေးသည်ထက် သင့်အားသာ၍ ပေးသောအရာဟူမူကား၊ ငါ့ထား၊ ငါ့ လေးဖြင့် အာမောရိအမျိုးသားလက်မှ
နှုတ်ယူသောအရာ ကို သင့်အား ငါပေးသည်ဟု ယောသပ်ကို ပြောဆို၏။



generated on Sun Jun 30 02:37:40 2024

## Chapter 49

1 ထိုရောအခါ၊ ယာကုပ်သည် မိမိသားတို့ကို ခေါ်၍၊ သင်တို့သည် စည်းဝေးကြလော့။ နောင်ကာလ အခါ၊ သင်တို့၌ ဖြစ်လတံ့သော
အမှုအရာများကို ငါဟောပြောမည်။ 2 ယာကုပ်၏သားတို့၊ စည်းဝေး၍ ကြားကြလော့။ အဘဣသရေလ၏စကားကို
နားထောင်ကြလော့။ 3 အိုရုဗင်၊ သင်သည် ငါ့သားဦး၊ငါ့အစွမ်းသတ္တိ၊ ငါခွန်အား အစအဦး၊ ဘုန်းအထွဋ်၊ တန်ခိုး အထွဋ်ဖြစ်၏။ 4
သို့သော်လည်း ရေကဲ့သို့ ပွက်ထသော သဘော ရှိသည်ဖြစ်၍၊ ထူးမြတ်ခြင်းသို့ မရောက်ရ။ အကြောင်း မူကား၊ သင်သည်
အဘ၏အိပ်ရာကို တက်၍ ညစ်ညူး စေ၏။ ငါ့ခုတင်ထက်သို့ဘက်လေပြီတကား။ 5 ရှိမောင်နှင့်လေဝိသည် ညီအစ်ကိုဖြစ်၏။
အဓမ္မအမှုကို ကြံသည်အတိုင်း ပြီးစီးကြပြီ။ 6 ငါ့ဝိညာဉ်သည် သူတို့လျှို့ဝှက်ခြင်း အမှုထဲသို့မဝင်ရ။ ငါ့ဘုန်းသည်
သူတို့စည်းဝေးရာနှင့် အသင်းမဖွဲ့ရ။ သူတို့သည် အမျက်ထွက်၍ လူအသက်ကို သတ်ကြပြီ။ ကိုယ်အလိုသို့လိုက်၍
မြို့ကိုဖြိုဖျက်ကြပြီ။ 7 သူတို့ပြင်းစွာ ထွက်သောအမျက်၊ ကြမ်းတမ်းစွာသော ဒေါသသည် ကျိန်ခြင်းကို ခံပါစေသော။ ယာကုပ် အမျိုး၊
ဣသရေလအနွယ်သားတို့တွင် သူတို့ကို ငါကွဲပြား ပန့်လွင့်စေမည်။ 8 အိုယုဒ၊ သင်သည်ညီအစ်ကိုတို့ ချီးမွမ်းရသော သူဖြစ်၏။
သင်၏လက်သည် သင်၏ရန်သူလည်ပင်းပေါ် မှာ ရှိလိမ့်မည်။ အဘ၏သားတို့သည် သင့်ရှေ့မှာ ဦးညွှတ်ချကြလိမ့်မည်။ 9 ယုဒသည်
ခြင်္သေ့ပျို ဖြစ်၏။ ငါ့သား၊ သင်သည် ဘမ်းယူကိုက်စားရာမှ တက်လာတက်၏။ ဝပ်လျက် နေ၏။ ခြင်္သေ့ကဲ့သို့၎င်း၊ ခြင်္သေ့မကဲ့သို့၎င်း
ဝပ်တွားတတ် ၏။ အဘယ်သူ နှိုးဆော်ဝံ့မည်နည်း။ 10 ရှိလော မရောက်မီတိုင်အောင်၊ ရာဇလှံတံသည် ယုဒထံမှ၎င်း၊ မင်းအာဏာသည်
သူ၏အမျိုး အနွယ်ထံမှ၎င်း မရွေ့ရ။ ရှိလောဌ် လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်။ 11 မိမိမြည်းကို စပျစ်နွယ်ပင်၌၎င်း၊
မြည်းကလေးကို အမြတ်ဆုံးသော စပျစ်နွယ်ပင်၌၎င်း ချည်နှောင်၍၊ မိမိအဝတ်ပုဆိုးများကို စပျစ်သီးအသွေး တည်းဟူသော
စပျစ်ရည်ဖြင့် လျှော်လိမ့်မည်။ 12 သူ၏မျက်စိသည် စပျစ်ရည်နှင့် နီလိမ့်မည်။ သွားသည်လည်း နို့နှင့်ဖြူလိမ့်မည်။ 13 ဇာဗုလန်သည်
ကမ်းနားမှာ နေ၍၊ သင်္ဘောဆိပ် ဖြစ်လိမ့်မည်။ သူ၏နယ်သည် ဇိဒုန်မြို့တိုင်အောင် ကျယ်ဝန်းလိမ့်မည်။ 14 ဣသခါသည်
တောင်ကြားမှာ ဝပ်လျက် အားကြီးသောမြည်းဖြစ်၏။ 15 ငြိမ်ဝပ်ရာအရပ်ကောင်း၍ မြေသာယာသည်ကို မြင်သဖြင့်၊ မိမိပခုံးပေါ်မှာ
ထမ်းပိုးကို တင်ထမ်း၍၊ အခွန်ပေးသော ကျွန်ဖြစ်လေ၏။ 16 ဒန်သည် ဣသရေလအနွယ် တစုံတပါးကဲ့သို့၊ မိမိလူတို့ကို စီရင်လိမ့်မည်။
17 ဒန်သည် လမ်း၌နေသော မြွေဖြစ်လိမ့်မည်။ မြင်းစီးသောသူကို နောက်သို့ လဲစေခြင်းငှါ လမ်းကြားမှာ နေ၍၊ မြင်းခြေကို
ကိုက်တတ်သော မြွေဆိုးဖြစ်လိမ့်မည်။ 18 အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို အကျွန်ုပ်မြော်လင့်လျက်နေပါပြီ။ 19
ဂဒ်မူကား၊ စစ်သူရဲတိုသည် သူတို့တိုက်ကြ၍၊ သူသည် ပြန်တိုက်လိမ့်မည်။ 20 အာရှာ၌ဖြစ်သော အစာသည် အရသာနှင့် ပြည့်စုံ၍၊
မင်း၏ ခဲဘွယ်စားဘွယ်တို့ကို ထုတ်ပေးလိမ့် မည်။ 21 နဿလိသည် လှသောအခက်အလက်နှင့် ပြည့်စုံ၍၊ ကျယ်ဝန်းသော
သပိတ်ပင်ဖြစ်၏။ 22 ယောသပ်သည် သန်သောပျိုးပင်၊ ရေတွင်းနားမှာ သန်သော ပျိုးပင်ဖြစ်၏။ အခက်အလက်တို့သည်
အုတ်ရိုးပေါ်မှာ ကျော်သွားကြ၏။ 23 လေးသမားတို့သည် သူ့ကို အငြိုးထား၍၊ အလွန်ညှဥ်းဆဲပစ်ခတ်ကြ၏။ 24 သို့သော်လည်း
သူ၏လေးသည် အားမလျော့။ သူကိုင်သော လက်နက်တို့သည်၊ ယာကုပ်အမျိုး၌ တန်ခိုး ကြီးသော ဘုရား၏လက်ဖြင့်၎င်း၊
သိုးထိန်းတည်းဟူသော ဣသရေလအမျိုး၏ကျောက်ဖြင့်၎င်း၊ 25 သင့်ကိုမစတော်မူသော သင့်အဘ၏ ဘုရား သခင်အားဖြင့်၎င်း၊
သင့်ကို ကောင်းကြီးပေးတော်မူသော အနန္တတန်ခိုးရှင်အားဖြင့်၎င်း ခိုင်မာလျက်ရှိ၏။ ထိုဘုရားသည် အထက်မိုဃ်းကောင်းကင်၏
မင်္ဂလာ၊ အောက် နက်နဲသောအရပ်၏မင်္ဂလာ၊ သားမြတ်နှင့်ဆိုင်သောမင်္ဂလာ၊ ဝမ်းနှင့်ဆိုင်သောမင်္ဂလာတို့ဖြင့် သင့်ကို ကောင်းကြီး
ပေးတော်မူပါစေသော။ 26 သင်၏အဘပေးသော ကောင်းကြီးမင်္ဂလာသည်၊ ထာဝရတောင်တို့၌ဖြစ်သော ကောင်းကြီးမင်္ဂလာ၊
ထာဝရကုန်းတို့၌ နှစ်သက်ဘွယ်သောအရာတို့ထက် သာ၍ မြတ်၏။ ထိုမင်္ဂလာသည် ယောသပ်ခေါင်းပေါ်၊ မိမိအစ်ကိုတို့တွင်
အကြီးအကဲဖြစ်သောသူ၏ ခေါင်းထိပ်ပေါ်မှာ သက်ရောက်ပါစေသော။ 27 ဗင်္ယာမိန်သည် လုယူကိုက်စားတတ်သော
တောခွေးဖြစ်လိမ့်မည်။ ဘမ်းရသော အရာကိုနံနက်အချိန်၌ ကိုက်စား၍၊ လုယူသောအရာကိုလည်း ညအချိန်၌
ဝေဖန်လိမ့်မည်ဟုမြွက်ဆို၏။ 28 ဤသူတို့ကား၊ ဣသရေလအမျိုး ဆယ်နှစ်မျိုး ဖြစ်၏။ ဤစကားသည်လည်း သူတို့အဘမြွက်ဆို၍၊
သူတို့ အသီးသီးခံရသော မင်္ဂလာရှိသည်အတိုင်း၊ ကောင်းကြီး ပေးသော စကားပေတည်း။ 29 တဖန်တုံ၊ ငါ့လူမျိုးစည်းဝေးရာသို့
ငါသွားရမည်။ ဟိတ္တိအမျိုးသား၊ ဧဖရုန်၏လယ်ပြင်တွင်ရှိသော မြေတွင်း၌၊ ငါ့အဘတို့နှင့်အတူ ငါ့ကို သင်္ဂြိုဟ်ကြပါ။ 30 ခါနာန်ပြည်
မံရေမြို့ရှေ့မှာ၊ မပေလ လယ်ပြင်၌ရှိသော ထိုမြေတွင်းကို၊ အာဗြဟံသည် ကိုယ်ပိုင်သော သင်္ချိုင်းဘို့ လယ်ပြင်နှင့်တကွ
ဟိတ္တိအမျိုးသားဧဖရုန်၌ ဝယ်လေပြီ။ 31 ထိုမြေတွင်း၌ အာဗြဟံနှင့် မယားစာရာကို သင်္ဂြိုဟ်ကြပြီ။ ဣဇာက်နှင့်
မယားရေဗက္ကကိုလည်း သင်္ဂြိုဟ်ကြပြီ။ လေအာကိုလည်း ငါသင်္ဂြိုဟ်ပြီ။ 32 ထိုမြေတွင်းရှိသော ထိုလယ်ပြင်ကို၊ ဟေသ
အမျိုးသားရှေ့မှာ ဝယ်သတည်းဟု မှာထား၏။ 33 ထိုသို့ယာကုပ်သည် မိမိသားတို့ကို အကုန်အစင် မှာထားပြီးလျှင်၊ မိမိခြေတို့ကို
ခုတင်ပေါ်မှာ ရုပ်သိမ်း သဖြင့်၊ အသက်ချုပ်၍ မိမိလူမျိုးစည်းဝေးရာသို့ ရောက်လေ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 50

1 ထိုအခါ ယောသပ်သည် အဘ၏မျက်နှာပေါ်မှာ ငုံ့၍၊ ငိုလျက် နမ်းလျက်နေ၏။ 2 အဘ၏အလောင်းကို နံ့သာမျိုးနှင့်
ပြင်ဆင်စေခြင်းငှါ၊ မိမိကျွန် ဆေးသမားတို့ကို အမိန့်ရှိ၍၊ သူတို့သည် နံ့သာမျိုးနှင့် ပြင်ဆင်ကြ၏။ 3 နံ့သာမျိုးနှင့်ပြင်ဆင်သော
အလောင်းကို၊ ထုံးစံရှိသည်အတိုင်း ထား၍၊ အရက်လေးဆယ်လွန်လျှင်၊ အဲဂုတ္တုလူတို့သည် ယာကုပ်ကြောင့်၊ အရက်ခုနစ်ဆယ်
ပတ်လုံး ငိုကြွေးမြည်တမ်းခြင်းကိုပြုကြ၏။ 4 ငိုကြွေးမြည်တမ်းသောနေ့ရက် လွန်သောအခါ၊ ယောသပ်သည် နန်းတော်သား
အချို့တို့ကိုခေါ်၍၊ သင် တို့သည် ကျွန်ုပ်ကိုစေတနာစိတ်ရှိလျှင်၊ ဖာရောဘုရင် ထံတော်သို့သွား၍၊ 5 ကျွန်တော်အဘက၊
ငါသေတော့မည်။ ခါနာန်ပြည်၌ ကိုယ်ဘို့ငါတူးဘူးသော သင်္ချိုင်းတွင်း၌၊ ငါ့ကို သင်္ဂြိုဟ် ရမည်ဟူ၍ ကျွန်တော်ကို ကျိန်ဆိုစေပါပြီ။
ထိုကြောင့် ကျွန်တော်သွား၍၊ အဘကို သင်္ဂြိုဟ်ပြီးမှ ပြန်လာပါမည် အကြောင်းကို အသနားတော်ခံပါသည်ဟု နားတော်
လျှောက်ကြပါလော့ဟုဆို၏။ 6 ဖာရောမင်းကလည်း၊ သင်၏အဘ ကျိန်ဆိုစေသည်အတိုင်း သွား၍၊ သင်္ဂြိုဟ်လော့ဟု မိန့်တော်မူ၏။ 7
ယောသပ်သည် အဘကိုသင်္ဂြိုဟ်ခြင်းငှါ ထွက်သွား၍၊ ဖာရောမင်း၏ ကျွန်များတည်းဟူသော နန်းတော် အရာရှိ၊
အဲဂုတ္တုပြည်အရာရှိအပေါင်းတို့နှင့်၊ 8 ယောသပ်အိမ်သား၊ အစ်ကိုတို့ အိမ်သား၊ အဘအိမ်သားရှိသမျှ တို့သည်လိုက်ကြ၏။
သူငယ်တို့နှင့် သိုးနွားများကိုသာ၊ ဂေါရှင်ပြည်၌ ကျန်ရစ်စေကြ၏။ 9 ထိုသို့လျှင် ရထားများ၊ မြင်းစီးသူရဲများတည်းဟူသော
အလွန်များစွာသော အလုံးအရင်းတို့သည် ယောသပ်နှင့်တကွ လိုက်သွားကြ၏။ 10 ယော်ဒန်မြစ်နားမှာ အာတဒ်ကောက်နယ်
တလင်းသို့ရောက်သောအခါ၊ အလွန်ကြီးစွာသော ငိုကြွေးမြည်တမ်းခြင်းကို ပြုကြပြန်၏။ ယောသပ်သည် မိမိအဘကြောင့်
ခုနစ်ရက်ပတ်လုံးငိုကြွေးမြည် တမ်းခြင်း ကိုပြုလေ၏။ 11 ထိုသို့အာတဒ်ကောက်နယ်တလင်း၌ ပြုသော ငိုကြွေးမြည်တမ်းခြင်းကို၊
ထိုပြည်သား ခါနာန်လူတို့သည် မြင်လျှင်၊ အဲဂုတ္တုလူတို့သည် ပြင်းစွာ ငိုကြွေးမြည်တမ်း ပါသည်တကားဟုဆိုကြ၏။ ထိုကြောင့်
ယော်ဒန်မြစ်နား မှာရှိသော ထိုအရပ်ကို၊ အဗေလမိဇရိမ်ဟူ၍ သမုတ်ကြသတည်း။ 12 ယာကုပ်သားတို့သည်၊ အဘမှာထားသည်
အတိုင်း ပြုကြ၏။ 13 ခါနာန်ပြည်သို့ ဆောင်သွား၍၊ အာဗြဟံသည် ကိုယ်ပိုင်သောသင်္ချိုင်းဘို့၊ ဟိတ္တိအမျိုးသား ဧဖရုန်၌ ဝယ်သော
မံရေမြို့ရှေ့၊ မပေလလယ်ပြင်တွင်ရှိသော မြေတွင်း၌ သင်္ဂြိုဟ်ကြ၏။ 14 ယောသပ်သည် အဘကိုသင်္ဂြိုဟ်ပြီးလျှင်၊ အစ်ကိုများမှစ၍
မသာလိုက်လာသောသူအပေါင်းတို့နှင့် တကွ၊ အဲဂုတ္တုပြည်သို့ ပြန်လေ၏။ 15 ယောသပ်အစ်ကိုတို့သည် အဘသေသည်ကို
သိမြင်လျှင်၊ ငါတို့ကို ယောသပ်သည် အငြိုးထားကောင်း ထားလိမ့်မည်။ ငါတို့သည် အထက်က သူ့ကို ညှဥ်းဆဲသောကြောင့်၊ ငါတို့အား
ဧကန်အမှန်ပြန်၍ ညှဥ်းဆဲ လိမ့်မည်ဟု စိုးရိမ်လျက်၊ 16 သူ့ထံသို့တမန်ကိုစေလွှတ်၍၊ ကိုယ်တော် အစ်ကိုတို့သည်
မကောင်းသောအမှုကို ကိုယ်တော်အား ပြုမိ၍၊ 17 ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကို လွှတ်တော်မူပါဟု၊ ကိုယ်တော်အား
ကြားလျှောက်ရမည် အကြောင်း၊ ခမည်းတော်မသေမီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍၊ ယခုတွင် ခမည်းတော်၏
ဘုရားသခင်ကျွန်တို့၏ အပြစ်ကိုလွှတ်တော်မူပါဟု လျှောက်ကြ၏။ ထိုသို့ လျှောက်ကြသောအခါ၊ ယောသပ်သည်
မျက်ရည်ကျလေ၏။ 18 အစ်ကိုတို့သည်လည်းဝင်၍ ယောသပ်ရှေ့မှာ ပြပ်ဝပ်လျက်၊ ကျွန်တော်တို့သည် ကိုယ်တော်၏ကျွန်
ဖြစ်ကြပါသည်ဟု လျှောက်ကြ၏။ 19 ယောသပ်ကလည်း၊ မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင် ကိုယ်စားဖြစ်သလော။ 20
သင်တို့သည် ကျွန်ုပ်ကို ညှဥ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း၊ လူများ အသက်ချမ်းသာစေခြင်းငှါ
ကျေးဇူးပြုမည် ကြံတော်မူ၏။ 21 ထိုကြောင့်၊ မစိုးရိမ်ကြနှင့်။ သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်ဟုဆိုလျက်၊ သူတို့ကို
နှစ်သိမ့် စေ၍ မေတ္တာစကားကို ပြောလေ၏။ 22 ထိုသို့ယောသပ်သည် မိမိအဘ၏ အမျိုးသားတို့နှင့် အဲဂုတ္တုပြည်၌နေ၍၊
အသက်တရာတဆယ်ကိုမှီ၏။ 23 ဧဖရိမ်၏မြေးကို မြင်ရ၏။ မနာရှေ၏သား၊ မာခိရ၏သားသမီးတို့ကိုလည်း မိမိဒူးပေါ်မှာ
မွေးစားရ၏။ 24 ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကို အကြည့်
အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့၊ ဤပြည်မှ ဆောင်သွား တော်မူမည်ဟု
အစ်ကိုတို့အားဆို၏။ 25 တဖန်တုံ၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုး တို့ကို
ဤအရပ်မှ ယူသွားရမည်ဟူ၍ ဣသရေလအမျိုးသားတို့ကို ကျိန်ဆိုစေ၏။ 26 ထိုသို့ယောသပ်သည် အသက်တရာတဆယ်ရှိသော်
အနိစ္စရောက်လေ၏။ အလောင်းကိုကား၊ နံ့သာမျိုး နှင့် ပြင်ဆင်ပြီးလျှင် အဲဂုတ္တုပြည်၌ တလားနှင့်ထားကြလေ၏။

---

Genesis 01

အဘ၏မျက်နှာပေါ်မှာ ငုံ့၍၊ ငိုလျက် နမ်းလျက်နေ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ဖခင်ပေါ်မှာ ငုံ့၍၊ ငိုလျက် နမ်းလျက်နေ၏"

မိမိကျွန် ဆေးသမားတို့
"မိမိကျွန် သမားတော်တို့"


generated on Sun Jun 30 02:37:40 2024

အဘ၏အလောင်းကို နံ့သာမျိုးနှင့် ပြင်ဆင်စေခြင်းငှါ
အလောင်း ပုပ်သိုးမသွားစေရန် ဆေးစီရင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဖ၏အလောင်းကို အမွေးနံ့သာများဖြင့် စီရင်ခြင်းငှါ"

အရက်လေးဆယ်လွန်လျှင်
"ရက်ပေါင်း ၄၀ လွန်လျှင်"

အရက်ခုနစ်ဆယ် ပတ်လုံး
"ရက်ပေါင်း ၇၀ ပတ်လုံး"

Genesis 04

ငိုကြွေးမြည်တမ်းသောနေ့ရက်
"အသုဘရက်" သို့မဟုတ် "ဈာပနာရက်"

ယောသပ်သည် နန်းတော်သား အချို့တို့ကိုခေါ်၍
"နန်းတော်သား" ဟူရာတွင် ဖါရောမင်း၏ နန်းတွင်းမှူးမတ်များကို ကိုယ်စားပြုသည်။ အြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်သည် နန်းတွင်းမှူးမတ်တို့ကို ခေါ်၍"

သင်တို့သည် ကျွန်ုပ်ကိုစေတနာစိတ်ရှိလျှင်
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့မျက်နှာသာပေးခြင်းကို ခံရလျှင်" သို့မဟုတ် "ငါသည် သင်တို့ စိတ်ကို ကျေနပ်စေခဲ့လျှင်" (UDB)

ဖာရောဘုရင် ထံတော်သို့သွား၍၊ ကျွန်တော်အဘက၊ ငါသေတော့မည်။ ခါနာန်ပြည်၌ ကိုယ်အဘို့ငါတူးဘူးသော သင်္ချိုင်းတွင်း၌၊ ငါ့ကို သင်္ဂြိုဟ်ရမည်ဟူ၍ ကျွန်တော်ကို ကျိန်ဆိုစေပါပြီ။ ထိုကြောင့် ကျွန်တော်သွား၍၊ အဘကို သင်္ဂြိုဟ်ပြီးမှ ပြန်လာပါမည်အကြောင်းကို အသနားတော်ခံပါသည်ဟု နားတော်လျှောက်ကြပါလော့
နှစ်ဆင့်နှင့် သုံးဆင့် ကိုးကားချက်များ ပါဝင်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းထံတော်သို့သွား၍၊ ကျွန်ုပ်အဖ ဆုံးလျှင်၊ ခါနာန်ပြည်၌ သူတူးခဲ့သော သင်္ချိုင်း၌ သင်္ဂြိုဟ်ရန် ကျွန်ုပ်ကို ကျိန်ဆိုစေကြောင်း လျှောက်တင်ပေးပါ။ ကျိန်ဆိုထားသည့်အတိုင်း ဖခင်ကို သင်္ဂြိုဟ်၍ ပြန်လာမည်အခွင့်ကို အသနားတော်ခံပေးကြပါ"

ငါသေတော့မည်
"ကြည့်လော့၊ ငါသေတော့မည်"

ထိုကြောင့် ကျွန်တော်သွား၍
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာ နိမ့်သဖြင့် ခါနာန်ပြည်သို့ "တက်သွား" ဟု အစားထိုးနိုင်သည်။

ဖာရောမင်းကလည်း . . . ဟု မိန့်တော်မူ၏
မှူးမတ်တို့က ဖါရောမင်းထံ လျှောက်တင်ပြီး၍၊ မင်းကြီး၏ အဖြေစကားဖြစ်သည်။

သင်၏အဘ ကျိန်ဆိုစေသည့်အတိုင်း
"သင် ကျိန်ဆိုထားသည့်အတိုင်း"

Genesis 07

ယောသပ်သည် . . . သွား၍
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာ နိမ့်သဖြင့် ခါနာန်ပြည်သို့ "တက်သွား" ဟု အစားထိုးနိုင်သည်။

ဖာရောမင်း၏ ကျွန်များ . . . နန်းတော်အရာရှိ . . . အရာရှိအပေါင်းတို့
အသုဘ အခမ်းအနားတွင် ဖါရောမင်း၏ အရေးပါသော မှူးမတ်များအားလုံး တက်ရောက်သည်။

အရာရှိ
"အမတ်"

နန်းတော်အရာရှိ
နန်းတွင်းအမတ်များကို ညွှန်းသည်။

ယောသပ်အိမ်သား . . . အဘအိမ်သား
"အိမ်သား" ဟူရာတွင် မိသားစုကို ညွှန်းသည်။

ရထားများ
မြင်းလှည်းတပ်ကို ကိုယ်စားပြုသည်။

အလွန်များစွာသော အလုံးအရင်းတို့
"များစွာသော လူတို့"

Genesis 10

အာတဒ် ကောက်နယ်တလင်း
ဖြစ်နိုင်ချေများ၊ ၁) "အာတဒ်" ကို "ဆူးပင်" ဟု အနက်ရပြီး၊ ဆူးပင်များစွာ ပေါက်သော အရပ်ကို ညွှန်းခြင်းဖြစ်နိုင်သည်။ သို့မဟုတ် ၂) ထိုအရပ်၏ ပိုင်ရှင်အမည် ဖြစ်နိုင်သည်။

အလွန်ကြီးစွာသော ငိုကြွေးမြည်တမ်းခြင်းကို ပြုကြပြန်၏
"အလွန်ဝမ်းနည်းသဖြင့် ငိုကြွေးမြည်တမ်းကြ၏"

ခုနစ်ရက်ပတ်လုံး
"၇ ရက်ပတ်လုံး"

အာတဒ် ကောက်နယ်တလင်း
"အာတဒ်၏ ကောက်နယ်တလင်း"

အဲဂုတ္တုလူတို့သည် ပြင်းစွာငိုကြွေး မြည်တမ်းပါသည်တကား
"အဲဂုတ္တုလူတို့၏ မြည်တမ်းခြင်းမှာ ကြီးမားပါသည်တကား"

အဗေလ မိဇရိမ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "အာဗေလ မိဇရိမ် အနက်ကား 'အဲဂုတ္တု၏ မြည်တမ်းခြင်း' ဖြစ်သတည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

Genesis 12

အဘမှာထားသည့်အတိုင်း ပြုကြ၏
"ဖခင် မှာထားသည့်အတိုင်း ပြုကြ၏"


generated on Sun Jun 30 02:37:40 2024

ဆောင်သွား၍
"သူ၏ သားများက ဆောင်သွား၍"

မပေ့လ
မက်ဖေလ သို့မဟုတ် မပေ့လမှာ အရပ်ဒေသ၏ အမည်ဖြစ်သည်။ ၂၃း၇ မှ ပြန်ဆိုချက်ကို ရှု။

မံရေမြို့
ဟေဗြုန်မြို့၏ အခြားအမည်ဖြစ်သည်။ ထိုမြို့၌ နေထိုင်ခဲ့သော အာဗြဟံ၏မိတ်ဆွေ မံရေ အမည်ကို အစွဲပြုခြင်း ဖြစ်နိုင်သည်။ ၁၃:၁၆ မှ ပြန်ဆိုချက်ကို ရှု။

ဟိတ္တိအမျိုးသား ဧဖရုန်
ယောကျ်ားအမည် ဖြစ်သည်။ "ဟိတ္တိအမျိုးသား" ကို "ဟေသအနွယ်ဝင်" ဟုလည်း ဖော်ပြနိုင်သည်။ ၂၃း၇ မှ ပြန်ဆိုချက်ကို ရှု။

ယောသပ်သည် . . . အဲဂုတ္တုပြည်သို့ ပြန်လေ၏
"ယောသပ်ကလည်း ... အဲဂုတ္တုပြည်သို့ ပြန်လေ၏"

မသာလိုက်လာသောသူ အပေါင်းတို့နှင့်တကွ
"အသုဘ ချရန် လိုက်လာသူ အပေါင်းတို့နှင့်တကွ"

Genesis 15

ငါတို့ကို ယောသပ်သည် အငြိုးထားကောင်း ထားလိမ့်မည်
အငြိုးကို လက်တွင် ထားရှိ၍ရသောအရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်က ငါတို့အပေါ် အငြိုးထားခဲ့လိမ့်မည်"

ငါတို့သည် အထက်က သူ့ကို ညှဉ်းဆဲသောကြောင့်၊ ငါတို့အား ဧကန်အမှန် ပြန်၍ ညှဉ်းဆဲလိမ့်မည်
အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့အပေါ် ငါတို့ပြုခဲ့သော အမှုကြောင့်၊ ဧကန်အမှန် ကလဲ့စားချေလိမ့်မည်"

ကိုယ်တော်အစ်ကိုတို့သည် မကောင်းသောအမှုကို ကိုယ်တော်အား ပြုမိ၍၊ ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကို လွှတ်တော်မူပါဟု၊ ကိုယ်တော်အား ကြားလျှောက်ရမည်အကြောင်း၊ ခမည်းတော်မသေမှီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍
နှစ်ဆင့်နှင့် သုံးဆင့် ကိုးကားချက်များ ပါဝင်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့် အစ်ကိုတို့သည် ကိုယ်တော့်အပေါ် ပြစ်မှားမိ၍၊ အပြစ်ကို လွှတ်တော်မူရန် တောင်းလျှောက်ရမည်အကြောင်း၊ ခမည်းတော် မသေမှီ မှာထားခဲ့သည်အတိုင်း"

ခမည်းတော်မသေမှီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍
ညီအစ်ကိုတို့၏ဖခင် ယာကုပ်ကို ညွှန်းသည်။ ဖခင်၏စကားကို အာရုံပြုစေရန် "သင့်အဖ" ဟူ၍လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ ဖခင်မသေမှီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍"

ကိုယ်တော်ကို ပြစ်မှားသောအပြစ်
"အပြစ်"

ယခုတွင်
"ယခုချက်ချင်း" ဟု ဆိုလိုခြင်း မဟုတ်ဘဲ၊ နောက်တွင် ဖော်ပြမည့်အရာကို အသားပေးလိုသဖြင့် ဖော်ပြခြင်းဖြစ်သည်။

ခမည်းတော်၏ ဘုရားသခင်ကျွန်တို့၏ အပြစ်ကိုလွှတ်တော်မူပါ
အစ်ကိုတို့က မိမိတို့ကိုယ်ကို ညွှန်းဆိုသည်။ "ခမည်းတော်ကိုးကွယ်သော ဘုရားသခင်၏ ကျွန်တို့ပြုသော အပြစ်ကို လွှတ်တော်မူပါ"

ထိုသို့ လျှောက်ကြသောအခါ၊ ယောသပ်သည် မျက်ရည်ကျလေ၏
"ထိုစကားကို ကြားသောအခါ၊ ယောသပ် ငိုလေ၏"

Genesis 18

ယောသပ်ရှေ့မှာ ပြပ်ဝပ်လျက်
ရိုသေလေးမြတ်ကြောင်းကို ပြသည်။

ကျွန်ုပ်သည် ဘုရားသခင်ကိုယ်စား ဖြစ်သလော
အစ်ကိုတို့ကို နှစ်သိမ့်ရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်မှာ ဘုရားသခင်၏ ကိုယ်စားမဟုတ်ပါ" သို့မဟုတ် "ကျွန်ုပ်မှာ ဘုရားသခင် မဟုတ်ပါ"

သင်တို့သည် ကျွန်ုပ်ကိုညှဉ်းဆဲမည် ကြံကြသော်လည်း
"သင်တို့က ကျွန်ုပ်ကို ညှဉ်းဆဲရန် ကြံခဲ့သော်လည်း"

ဘုရားသခင်သည် . . . ကျေးဇူးပြုမည် ကြံတော်မူ၏
"ဘုရားသခင်က ... ကောင်းခြင်း ဖြစ်စေတော်မူ၏"

ထိုကြောင့်၊ မစိုးရိမ်ကြနှင့်
"ထို့ကြောင့်၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်"

သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်
"သင်နှင့်သင်တို့ သားသမီးများကို ကျွန်ုပ်ကျွေးမွေးမည်"

သူတို့ကို နှစ်သိမ့်စေ၍ မေတ္တာစကားကို ပြောလေ၏
"သူတို့ကို နှစ်သိမ့်၍ မေတ္တာဖြင့် ပြောလေ၏"

Genesis 22

အသက်တရာတဆယ်
"အသက် ၁၁၀"

ဧဖရိမ်၏မြေးကို မြင်ရ၏
"ဧဖရိမ်မှ တတိယမျိုးဆက်ထိ မြင်ရ၏" (UDB)

မာခိရ
ယောသပ်မြေး၏ အမည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

မိမိဒူးပေါ်မှာ မွေးစားရ၏
မာခိရ၏သားသမီးတို့ကို မိမိသားသမီးကဲ့သို့ မွေးစားသည်။ ယောသပ်အမွေကို အထူးတလည် ခွဲဝေပိုင်ဆိုင်ရမည် ဖြစ်သည်။

Genesis 24

အကယ်စင်စစ် . . . သင်တို့ကို အကြည့်အရှု ကြွလာတော်မူမည်
"သင်တို့" ဟူရာတွင် ယောသပ်၏ ညီအစ်ကိုများသာ မဟုတ်ဘဲ၊ ၎င်းတို့၏ မျိုးဆက်တို့ကိုလည်း ကိုယ်စားပြုသည်။

အလောင်ကိုကား၊ နံ့သာမျိုးနှင့် ပြင်ဆင်ပြီးလျှင်
အလောင်း ပုပ်သိုးမသွားစေရန် ဆေးစီရင်သည်။ ၅၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ထားသည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သူတို့ကထားသည်"

တလားနှင့်
"ခေါင်းတလားတွင်" သို့မဟုတ် "အခေါင်းတွင်။" လူသေအလောင်းကို ထားသော သေတ္တာ။

---

## Translation Questions

Genesis 50:1

ဣသရေလသေဆုံးပြီးနောက် သူ၏ခန္ဓာအား ယောသပ်ကမည်သို့ပြုသနည်း။
ယောသပ်သည် ဣသရေလ၏ခန္ဓာကိုယ်အား အမွှေးနံ့သာများဖြင့် မပုပ်သိုးအောင် ပြုပါသည်။

Genesis 50:4

ယောသပ်သည် ဖါရောဘုရင်အား သူ့အဖကို သင်္ဂြိုလ်ရန်အတွက်မည်သို့တောင်းဆိုသနည်း။ သူသည်အဘယ်ကြောင့် ထိုသို့တောင်းဆိုရသနည်း။
ယောသပ်သည် သူ့အဖကို ခါနာန်ပြည်၌ သင်္ဂြိုလ်ဖို့ သွားခွင့်ပြုရန် တောင်းဆိုပါသည်။ ထိုသို့တောင်းဆိုရခြင်းမှာ ယောသပ်၏ အဖသည် သူ့အား တောင်းဆိုခဲ့သောကြောင့် ဖြစ်ပါသည်။

Genesis 50:7

ဣသရေလကို သင်္ဂြိုလ်ရန် ယောသပ်နှင့်အတူ မည်သူသွားသနည်း။
ဖါရောဘုရင်၏ အရာရှိများ၊ နန်းတွင်းသားများ၊ အဲဂုတ္တုပြည်၏အရာရှိကြီးများ၊ ယောသပ်၏အိမ်သားများ၊ ယောသပ်အစ်ကိုတို့၏ အိမ်သားများ၊ ယောသပ်အဖ၏ အိမ်သားများ၊ မြင်းရထားများနှင့် မြင်းစီးသူရဲများတို့ လိုက်သွားကြပါသည်။

Genesis 50:10

ခါနာန်မြို့သားတို့သည် ယောသပ်နှင့်တကွ သူနှင့်ပါလာသူများကိုမြင်သောအခါ သူတို့သည် မည်သို့ပြောကြသနည်း။
ခါနာန်မြို့သားတို့သည် အဲဂုတ္တုပြည်သားများအတွက်အလွန်ဝမ်းနည်းစရာကောင်းသော ချိန်ခါဖြစ်သည်ဟု ပြောကြပါသည်။

Genesis 50:12

ယောသပ်နှင့်အစ်ကိုတို့သည် သူတို့အဖအား သင်္ဂြိုလ်ပြီးနောက် မည်သည့်အရပ်သို့သွားကြသနည်း။
ယောသပ်နှင့်အစ်ကိုတို့သည် အဲဂုတ္တုပြည်သို့ ပြန်သွားကြပါသည်။

Genesis 50:15

ဣသရေလသေဆုံးပြီးနောက်၊ ယောသပ်အစ်ကိုတို့သည်မည်သည့် အကြောင်းကို စိုးရိမ်ကြသနည်း။
ယောသပ်အစ်ကိုတို့သည် ယောသပ်အား မကောင်းသောအမှုပြုခဲ့သည်ကို ယောသပ်ကပြန်လည်၍ ကလဲ့စားချေမည်ကို စိုးရိမ်ကြပါသည်။

ယောသပ်အစ်ကိုတို့သည် ယောသပ်အပေါ် သူတို့ ကျူး လွန်ခဲ့သောအပြစ်များအတွက် ယောသပ်အားမည်သို့ တောင်းဆိုကြသနည်း။
ယောသပ်အစ်ကိုတို့သည် ယောသပ်အပေါ်သူတို့ကျူးလွန်ခဲ့သောအပြစ်များအတွက် ခွင့်လွှတ်ပေးပါရန် တောင်းဆိုကြပါသည်။

Genesis 50:18

ယောသပ်အစ်ကိုတို့သည် ယောသပ်ထံလာကြသောအခါ မည်သို့ပြုကြသနည်း။
ယောသပ်အစ်ကိုတို့သည် ယောသပ်ထံလာကြသောအခါ ယောသပ်ရှေ့မှာ ပြပ်ဝပ်ကြပါသည်။

ယောသပ်အစ်ကိုတို့ပြုကြသော မကောင်းမှုဖြင့် ဘုရားသခင်သည် မည်သည့်ကောင်းသောအရာကိုလုပ်ဆောင်သည်ဟု ယောသပ်ပြောသနည်း။
ယောသပ်က ဘုရားသခင်သည် လူအပေါင်းတို့ အသက်ရှင်စေရန် ကောင်းသောအရာကို လုပ်ဆောင်သည်ဟုပြောပါသည်။


generated on Sun Jun 30 02:37:40 2024

Genesis 50:22

ယောသပ် မည်မျှ အသက်ရှင်သနည်း။
ယောသပ်သည် အသက်တရာတဆယ် ရှင်ပါသည်။

Genesis 50:24

ယောသပ်က သူ၌မည်သို့ ဖြစ်မည်အကြောင်းကို ပြောသနည်း။
ယောသပ်က သူသေရမည့်အကြောင်းကို ပြောပါသည်။

ဘုရားသခင်သည် ဣသရေလ၏ မျိုးနွယ်တို့အတွက်မည်သည့် ကတိတော်ပြည့်စုံလိမ့်မည်ဟု ယောသပ်ကပြောသနည်း။
ယောသပ်က ဘုရားသခင်သည် အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့အား ကတိထားတော်မူသည့်အတိုင်း၊ ဣသရေလမျိုးနွယ်တို့ကို ကတိထားသောပြည်သို့ ပြန်လည်ဆောင်သွားလိမ့်မည်ဟု ပြောပါသည်။

ဣသရေလအမျိုးသားတို့အား မည်သို့လုပ်ဆောင်ရလိမ့်မည်ဟု ယောသပ်က ကျိန်ဆိုခြင်းကို ပြုစေသနည်း။
ဣသရေလ အမျိုးသားတို့သည်အဲဂုတ္တုပြည်မှပြန်ထွက်သွားသောအခါ၊ သူ၏ အရိုးတို့ကိုသယ်ဆောင်သွားရလိမ့်မည်ဟု ယောသပ်က ကျိန်ဆိုခြင်းကို ပြုစေပါသည်။

ယောသပ် သေဆုံးပြီးနောက် သူ၏ခန္ဓာကိုယ် မည်သို့ စီမံထားသနည်း။
ယောသပ်၏ ခန္ဓာကိုယ်အား အမွှေးနံ့သာဖြင့် မပုပ်သိုးအောင်ပြင်ပြီးမှ အဲဂုတ္တုပြည်တွင် အခေါင်းနှင့်ထားရှိပါသည်။

# Exodus

## Chapter 1

1 မိမိတို့ အိမ်သူအိမ်သားပါလျက်၊ အဘယာကုပ်နှင့်အတူ အဲဂုတ္တုပြည်သို့ရောက်လာသော ဣသရေလ သားတို့၏အမည်ဟူမူကား၊ 2
ရုဗင်၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ 3 ဣသခါ၊ ဇာဗုလုန်၊ ဗယ်္ာမိန်၊ 4-5 ဒန်၊ နဿလိ၊ ဂဒ်၊ အာရှာတည်း။ - ယာကုပ် အမျိုးသားပေါင်းကား၊
ခုနစ်ဆယ်တည်း။ ယောသပ်သည် အဲဂုတ္တုပြည်၌ရှိနှင့်သတည်း။ 6 ယောသပ်နှင့် အစ်ကိုများမှစ၍၊ ထိုကာလ
အမျိုးသားအပေါင်းတို့သည် သေကြကုန်၏။ 7 ဣသရေလအမျိုးသားတို့သည် သားကိုဘွား၍ အလွန်တိုးပွားများပြားသဖြင့်၊
အလွန်အားကြီး၍ တပြည်လုံး၌ နှံ့ပြားကြလေ၏။ 8 ထိုနောက်မှ အဲဂုတ္တုပြည်၌ ယောသပ်ကို မသိသော ရှင်ဘုရင်သစ်ပေါ်လာ၏။ 9
ထိုရှင်ဘုရင်ကလည်း၊ ဣသရေလအမျိုးသားတို့သည် ငါတို့ထက် သာ၍များကြ၏။ သာ၍အားကြီး ကြ၏။ 10 လာကြ၊ သူတို့ကို
လိမ္မာစွာ ပြုကြစို့။ သို့မဟုတ် သူတို့သည် များပြားကြလိမ့်မည်။ နောက်တခါ စစ်မှု ရောက်လျှင် ငါတို့ရန်သူဘက်သို့ ဝင်စား၍ ငါတို့ကို
တိုက်သဖြင့်၊ ပြည်တော်ထဲက ထွက်သွားကြလိမ့်မည်ဟု မိမိလူတို့အား ဆိုလေ၏။ 11 ထို့ကြောင့်အဲဂုတ္တုမင်းတို့သည်၊ ကျပ်တည်းစွာ
နှိပ်စက်ညှဉ်းဆဲစေခြင်းငှါ အအုပ်အချုပ်ခန့်ထားကြ၏။ ဣသရေလလူတို့သည်၊ ဘဏ္ဍာတော်သိုထားဘို့ ပိသုံမြို့နှင့် ရာမသက်မြို့ကို
တည်ဆောက်ရကြ၏။ 12 သို့သော်လည်း၊ နှိပ်စက်ခြင်းကို ခံရသည်အတိုင်း၊ တိုးပွားများပြားလျက် ရှိကြ၏။ သူတို့ကြောင့် အဲဂုတ္တု
လူတို့သည် စိတ်ညစ်၍၊ 13 အလွန်ကြမ်းတမ်းစွာညှဉ်းဆဲကြ၏။ 14 သရွတ်နှင့်အုတ်လုပ်သောအမှု၊ လယ်လုပ်သောအမှုအမျိုးမျိုး၌
ခဲယဉ်းစွာစေခိုင်း၍ အလွန်ဆင်းရဲ ပင်ပန်းစေကြ၏။ စေခိုင်းလေရာရာ၌လည်း ခဲယဉ်းစွာ စေခိုင်းကြ၏။ 15
ရှိဖရနှင့်ပုအာအမည်ရှိသော ဟေဗြဲဝမ်းဆွဲမ တို့ကို၊ အဲဂုတ္တုရှင်ဘုရင်က၊ 16 သင်တို့သည် ဟေဗြဲမိန်းမတို့အား ဝမ်းဆွဲလုပ်၍
မွေးရာအရပ်၌ စောင့်နေသောအခါ၊ ယောက်ျားဖြစ်လျှင် သေစေ၊ မိန်းမဖြစ်လျှင် အသက်ရှင်စေဟု အမိန့်တော် ရှိ၏။ 17
ဝမ်းဆွဲမတို့သည် ဘုရားသခင်ကိုကြောက်ရွံ့၍၊ အဲဂုတ္တုရှင်ဘုရင် မိန့်တော်မူသည်အတိုင်းမပြု၊ ယောက်ျားတို့ကို
အသက်ချမ်းသာပေးကြ၏။ 18 အဲဂုတ္တုရှင်ဘုရင်သည်လည်း၊ ဝမ်းဆွဲမတို့ကို ခေါ်၍ သင်တို့သည် အဘယ်ကြောင့် ဤသို့ပြုသနည်း။
ယောက်ျားတို့ကိုအဘယ်ကြောင့် အသက်ချမ်းသာပေးသနည်းဟု မေးစစ်သော်၊ 19 ဝမ်းဆွဲမတို့က၊ ဟေဗြဲမိန်းမတို့သည်၊ အဲဂုတ္တု
မိန်းမကဲ့သို့မဟုတ်၊ သန်စွမ်းသောကြောင့်၊ ဝမ်းဆွဲမ မရောက်မှီ သားကိုဘွားတတ်ကြ၏ဟု ပြန်လျှောက်လေ၏။ 20 ထို့ကြောင့်
ဘုရားသခင်သည် ဝမ်းဆွဲမတို့ကို ကျေးဇူးပြုတော်မူ၏။ ထိုလူအမျိုးသည်လည်း များပြား၍ အလွန်အားကြီးကြလေ၏။ 21
ဝမ်းဆွဲမတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်၊ သူတို့အိမ်သူအိမ်သားများကို ပြုစုတော် မူ၏။ 22 ဖာရောဘုရင်ကလည်း၊
ဣသရေလအမျိုးသားတို့တွင်၊ ဘွားမြင်သောသူငယ် ယောက်ျားအပေါင်းတို့ကို မြစ်ထဲသို့ချပစ်စေ။ မိန်းမကိုမူကား အသက်ရှင်စေဟု
မိမိလူအပေါင်းတို့ကို မှာထားတော်မူ၏။

---

Exodus 01

အိမ်သူအိမ်သား
အိမ်တစ်အိမ်တည်းတွင်ရှိသောလူအားလုံးကိုဆိုလိုသည်။ ကျွန်ရှိသောမိသာစုကြီးလည်းဖြစ်နိုင်သည်။

ခုနစ်ဆယ်
"၇၀"

ယောသပ်သည် အဲဂုတ္တုပြည်၌ရှိနှင့်သတည်း။
ယောသပ်သည် သူ့ ညီအစ်ကိုများထက်စော၍ အဲဂုတ္တုပြည်၌ နေထိုင်ခဲ့သည်။

Exodus 06

သူ၏အစ်ကိုများ
အစ်ကို (၁၀) ယောက် နှင့် ညီ (၁) ယောက်

အလွန်တိုးပွားများပြား
ဣသရေလလူမျိုးတို့ အလွန်ပွားများသည်ကို သစ်ပင်မှ အသီးများ များပြားသကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သားသမီးများစွာ ထွန်းကားသည်" သို့မဟုတ် "ကလေးများစွာ မွေးဖွားကြသည်"။

တပြည်လုံး၌ နှံ့ပြားကြလေ၏
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တပြည်လုံး ပြည့်အောင်နေထိုင်ကြလေ၏"။

Exodus 08

အဲဂုတ္တုပြည်၌ရှင်ဘုရင်အသစ်ပေါ်လာ၏
ဤနေရာ၌ "အဲဂုတ္တုပြည်" သည် "အဲဂုတ္တုလူမျိုး" ဟူ၍အဓိပ္ပာယ်ဖွင့်နိုင်သည်။ အခြားဘာသာပြန်ဆိုချက် : "ရှင်ဘုရင်သည်အဲဂုတ္တုလူမျိုးကိုစတင်အုပ်ချုပ်လေ၏"


generated on Sun Jun 30 02:37:40 2024

မိမိလူတို့အား ဆိုလေ၏
ရှင်ဘုရင်သည် လူတို့အား ပြောဆိုသည်။

ကြစို့
ရှင်ဘုရင် နှင့် အဲဂုတ္တုလူမျိုးများကို ရည်ညွှန်းသည်။

စစ်မှု ရောက်လျှင်
ဤနေရာ၌ "စစ်မှု" ကို တစ်စုံတစ်ရာလုပ်ဆောင်နိုင်သော လူပုဂ္ဂိုလ်အဖြစ်တင်စားထားသည်။

ပြည်တော်ထဲက ထွက်သွားကြလိမ့်မည်
"အဲဂုတ္တုပြည်က ထွက်သွားကြလိမ့်မည်"။

မိမိလူတို့
အဲဂုတ္တုပြည်၌နေထိုင်သော အဲဂုတ္တုလူမျိုးများ။

Exodus 11

ကျပ်တည်းစွာ နှိပ်စက်ညှဉ်းဆဲစေခြင်းငှါ
"အဲဂုတ္တုလူမျိုးများအတွက်အလုပ်ကြိုးစားအောင် ဣသရေလလူမျိုးများကို ခိုင်းစေရန်"။

အအုပ်အချုပ်
"ကျွန်များကိုစေခိုင်းသောသူများ"။ ဤလူများသည် အဲဂုတ္တုလူမျိုးများဖြစ်ကြ၍ အလုပ်ကြမ်းလုပ်ရန် ဣသရေလလူမျိုးအား အတင်းအကြပ် စေခိုင်းကြသည်။

ဘဏ္ဍာတော်သိုထားဘို့ ... မြို့ကို တည်ဆောက်ရကြ၏
ဤမြို့များသည်အစားစာ နှင့် အခြားအရေးကြီးပစ္စည်းများ လုံခြုံစွာသိုလှောင်ရန်အတွက်ဖြစ်သည်။

Exodus 13

အလွန်ကြမ်းတမ်းစွာညှဉ်းဆဲကြ၏။
"တင်းကျပ်စွာ အလုပ်ခိုင်းကြ၏"

သရွတ်
အုတ်စီရာ၌ အုတ်တစ်ခု နှင့်တစ်ခု ကပ်စေရန် အုတ်နှစ်လုံးကြားတွင် ကော်အဖြစ်အသုံးပြုရသော စိုစွတ်သည့် ရွှံ့စေး တစ်မျိုး။

အလွန်ဆင်းရဲ ပင်ပန်းစေကြ၏
ဣသရေလလူတို့ အလွန်ခက်ခဲကြမ်းတမ်းစွာ ခံစားရသည်ကို ပုံဖော်ခြင်း ဖြစ်သည်။

စေခိုင်းလေရာရာ၌လည်း ခဲယဉ်းစွာ စေခိုင်းကြ၏
"အဲဂုတ္တုလူမျိုးများသည် ဣသရေလလူမျိုးအား အလုပ် ကြမ်း လုပ်စေကြ၏" သို့မဟုတ် "အဲဂုတ္တုလူမျိုးများသည် ဣသရေလလူမျိုးအား ကျွန်အလုပ်ကို မတရားခိုင်းစေကြ၏"။

Exodus 15

အဲဂုတ္တုရှင်ဘုရင်ရှိဖရနှင့်ပုအာ
ဟေဗြဲလူမျိုး၏ အမျိုးသမီးနာမည်များဖြစ်သည်။

ဝမ်းဆွဲမ
သားဖွားနိုင်အောင် ကူညီပေးသောမိန်းမများ။ တနည်းအားဖြင့် လက်သည်မ ဟုလည်းခေါ်သည်။

အဲဂုတ္တုရှင်ဘုရင်
ဖါရောဘုရင်

မွေးရာအရပ်
မီးနေသည်များ ထိုင်၍သားဖွားရသောထိုင်ခုံပု တစ်မျိုး။

Exodus 18

ဝမ်းဆွဲမ
(ရှု၊ 1:15).

အဘယ်ကြောင့် ဤသို့ပြုသနည်း။ ယောကျ်ားတို့ကိုအဘယ်ကြောင့် အသက်ချမ်းသာပေးသနည်း။
သားယောကျ်ားလေးများကိုမသတ်ဘဲအသက်ရှင်ခွင့်ပေးသော ဝမ်းဆွဲမများအား ဖါရောမင်း မေးသည့် မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် သားယောကျ်ား လေးများကို မသတ်ဘဲ ငါ၏အမိန့်တော်ကို ဖီဆန်ကြပြီတကား!" .

ဟေဗြဲမိန်းမတို့သည်၊ အဲဂုတ္တု၊ မိန်းမကဲ့သို့မဟုတ်
ဖါရောမင်း၏ အမျက်ဒေါသကို ဖြေဖျောက်ရန် ပညာသားပါပါဖြေဆိုခဲ့သော လက်သည်မ တို့၏ တုံ့ပြန်စကားဖြစ်သည်။

Exodus 20

ဘုရားသခင်သည် ဝမ်းဆွဲမတို့ကို ကျေးဇူးပြုတော်မူ၏
လက်သည်မများ အသတ်မခံရလေအောင် ဘုရားသခင်ကွယ်ကာတော်မူ၏။

ဝမ်းဆွဲမ
(ရှု : 1:15)

ထိုလူအမျိုးသည်လည်း များပြား၍ အလွန်အားကြီးကြလေ၏
"ဣသရေလလူမျိုးများ၏ လူဦးရေ ထူထပ်များပြားလာ၏"။

ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်
"ဘုရားသခင်အား ရိုသေသောကြောင့်" သို့မဟုတ် "ဘုရားသခင်အား ကြည်ညိုသောကြောင့်"

သူတို့အိမ်သူအိမ်သားများကို ပြုစုတော် မူ၏
"သူတို့အား သားသမီးများစွာ ပေးသနားတော်မူ၏"။

ဘွားမြင်သောသူငယ် ယောကျ်ားအပေါင်းတို့ကို မြစ်ထဲသို့ချပစ်စေ
သားယောကျ်ားလေးများအား ရေနစ်၍သတ်ရန်
ထုတ်ပြန်သောအမိန့်တော်ဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သားယောက်ျားလေးများကို မြစ်ထဲ၌
ရေနစ်၍ သတ်စေ" ။

## Translation Questions

### Exodus 1:1

ဣသရေလသားတို့သည် အဘယာကုပ်နှင့်အတူ မည်သည့်နိုင်ငံသို့
ရောက်လာကြသနည်း။
ဣသရေလသားတို့သည် အဘယာကုပ်နှင့်အတူ အဲဂုတ္တုပြည်သို့
ရောက်လာကြသည်။

ယာကုပ်အမျိုးသား ဦးရေမည်မျှ ရှိသနည်း။
ယာကုပ်မှ ဆင်းသက်သော လူဦးရေ
စုစုပေါင်းမှာအရေအတွက်အားဖြင့် ခုနစ်ဆယ်ဖြစ်သည်။

### Exodus 1:8

ယောသပ်၏ အကျိုးဆောင်ချက်များကို မသိသောသူမှာ မည်သူနည်း။
ယောသပ်၏ အကျိုးဆောင်ချက်များကို မသိသူမှာ
အဲဂုတ္တုပြည်၏ ရှင်ဘုရင်သစ်ဖြစ်သည်။

ဣသရေလလူမျိုးတို့ကို လိမ္မာပါးနပ်စွာ မကိုင်တွယ်နိုင်ပါက
မည်သို့ဖြစ်လာမည်ဟု အဲဂုတ္တုပြည်၏ ရှင်ဘုရင်သစ် ယူဆခဲ့သနည်း။
ဣသရေလလူမျိုးတို့သည် လူဦးရေ တိုးပွားနှုန်းမြန်ဆန်ပြီး၊
တစ်ချိန်ချိန် စစ်မက်ဖြစ်ပွားသောအခါ ရန်သူတို့ဘက်လိုက်၍
အဲဂုတ္တုပြည်ကို ပြန်တိုက်ကာ တိုင်းပြည်ထဲမှ ထွက်သွားမည်ကို
အဲဂုတ္တုပြည်၏ ရှင်ဘုရင်သစ်သည် စိုးရိမ်ခဲ့သည်။

### Exodus 1:11

အလုပ်သမားအအုပ်အချုပ်တို့သည် ဣသရေလလူမျိုးတို့ကို မည်သို့
ညှဥ်းဆဲနှိပ်စက်ကြသနည်း။
အလုပ်သမားအအုပ်အချုပ်တို့သည် ပြင်းထန်ကျပ်တည်းသော
အလုပ်ကြမ်းကို ခိုင်းစေခြင်းဖြင့် ဣသရေလလူမျိုးတို့ကို
ညှဥ်းဆဲနှိပ်စက်ကြသည်။

အဲဂုတ္တုလူမျိုးတို့ နှိပ်စက်လေလေ၊ ဣသရေလလူမျိုးတို့၌
မည်သို့ဖြစ်ပေါ်လေလေ ဖြစ်ခဲ့သနည်း။
အဲဂုတ္တုလူမျိုးတို့ နှိပ်စက်လေလေ၊ ဣသရေလလူမျိုးတို့သည်
လူဦးရေတိုးပွားပျံ့နှံ့လေလေ ဖြစ်သည်။

### Exodus 1:15

ဣသရေလတို့ ယောကျ်ားကလေးမွေးလျင် ဝမ်းဆွဲမတို့အား
မည်သို့ဆောင်ရွက်ရန် အဲဂုတ္တုရှင်ဘုရင် စေခိုင်းသနည်း။
အဲဂုတ္တုရှင်ဘုရင်သည် ဣသရေလတို့
ယောကျ်ားကလေးမွေးလျှင်၊ သတ်ပစ်ရန် ဝမ်းဆွဲမတို့အား
စေခိုင်းခဲ့သည်။

ဝမ်းဆွဲမတို့သည် အဘယ်ကြောင့် အဲဂုတ္တုရှင်ဘုရင်၏ အမိန့်ကို မနာခံဘဲ
ယောကျ်ားကလေးများအား အသက်ချမ်းသာရာ ပေးခဲ့သနည်း။
ဝမ်းဆွဲမတို့သည် ဘုရားသခင်ကိုကြောက်ရွံ့၍၊
အဲဂုတ္တုရှင်ဘုရင်၏ အမိန့်ကို မနာခံဘဲ
ယောကျ်ားကလေးများအား အသက်ချမ်းသာရာ ပေးခဲ့သည်။

### Exodus 1:18

ဟေဗြဲမိန်းမတို့နှင့် အဲဂုတ္တုမိန်းမတို့ မည်သို့ ကွာခြားကြောင်း ဝမ်းဆွဲမတို့
အဲဂုတ္တုရှင်ဘုရင်အား ပြန်လျှောက်ကြသနည်း။
ဟေဗြဲမိန်းမတို့သည်၊ အဲဂုတ္တု မိန်းမကဲ့သို့မဟုတ်၊
သန်စွမ်းသောကြောင့်၊ ဝမ်းဆွဲမ မရောက်မှီ
သားကိုဘွားတတ်ကြ၏ဟု ပြန်လျှောက်လေ၏။

### Exodus 1:20

ဣသရေလလူမျိုးတို့တွင် ယောကျ်ား ကလေးမွေးလျင် မည်သို့ပြုလုပ်ရန်
အဲဂုတ္တုဖာရောဘုရင်က အမိန့်ချမှတ်ထားသနည်း။
ဣသရေလလူမျိုးတို့တွင် မွေးသော ယောကျ်ားကလေးများအား
မြစ်ထဲသို့ ပစ်ချရန် အဲဂုတ္တုဖာရောဘုရင်က
အမိန့်ချမှတ်ထားသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 2

[1] ထိုကာလ၌ လေဝိအမျိုးသားတယောက်သည်၊ လေဝိအမျိုးသမီးနှင့် အိမ်ထောင်ဘက်ပြု၍၊ [2] မိန်းမသည် ပဋိသန္ဓေယူသဖြင့်
သားယောကျ်ားကို ဘွားမြင်လေ၏။ ထိုသားသည် အဆင်းလှကြောင်းကို အမိမြင်လျှင်၊ သုံးလပတ်လုံး ဖွက်ထားလေ၏။ [3]
နောက်တဖန် ဖွက်၍မထားနိုင်သောအခါ၊ ဂမာကိုင်းပင်ဖြင့် ရက်သောပုခက်ကိုယူ၍ ရေညှိနှင့်သစ်စေး ဖြင့် လူးပြီးလျှင်၊ ပုခက်ထဲတွင်
သူငယ်ကိုထည့်၍ မြစ်ကမ်းနားကိုင်းတော၌ ထားလေ၏။ [4] သူငယ်အစ်မလည်း အဘယ်သို့ဖြစ်မည်ကို သိမြင်ခြင်းငှါ အဝေး၌
ရပ်နေလေ၏။ [5] ဖာရောဘုရင်၏သမီးတော်သည် ရေချိုးခြင်းငှါ ဆင်းလာ၍၊ ကျွန်မတို့နှင့် မြစ်ကမ်းနား၌ လှည့်လည်စဉ်၊ ကိုင်းတော၌
ပုခက်ကိုမြင်၍ ဆောင်ယူစေခြင်းငှါ ကျွန်မ တယောက်ကို စေလွှတ်လေ၏။ [6] ပုခက်ဖုံးကို ဖွင့်သောအခါ၊ ငိုလျက်နေသော
သူငယ်ကိုမြင်၍၊ သနားသောစိတ်ရှိလျှင်၊ ဤသူငယ်သည် ဟေဗြဲအမျိုးဖြစ်လိမ့်မည်ဟု ဆိုပြီးသော်၊ [7] သူငယ်၏အစ်မက၊
ကိုယ်တော်အတွက် သူငယ်ကို ထိန်းရသော ဟေဗြဲအထိန်းကို ကျွန်မသွား၍ ခေါ်ရ ပါမည်လောဟု ဖာရောဘုရင်၏ သမီးတော်အား
မေးလျှောက်၍၊ [8] မင်းသမီးက သွားလော့ဟု အခွင့်ပေးလျှင်၊ မိန်းမငယ်သွား၍ သူငယ်၏အမိကိုခေါ်လေ၏။ [9]
ဖာရောဘုရင်၏သမီးတော်က၊ ဤသူငယ်ကို ယူသွား၍ ငါ့ဘို့ ထိန်းလော။ အခကို ငါပေးမည်ဟု မှာထားသည်အတိုင်း၊ ထိုမိန်းမသည်
သူငယ်ကို ယူသွား၍ ထိန်းလေ၏။ [10] သူငယ်ကြီးပွားသောအခါ၊ ဖာရောဘုရင်၏ သမီးတော်ထံသို့ ပို့ဆောင်၍ မင်းသမီးသည်
သားအရာ၌ ခန့်ထားလျက်၊ မောရှေအမည်ဖြင့် မှည့်၏။ အကြောင်းမူကား၊ ရေထဲကငါနှုတ်ယူသည်ဟု ဆိုသတည်း။ [11] မောရှေသည်
ကြီးသောအခါ၊ မိမိအမျိုးသားချင်းတို့ရှိရာသို့ သွား၍ သူတို့အမှုထမ်းရသောအခြင်း အရာတို့ကို ကြည့်ရှုလေ၏။ မိမိအမျိုးသားဟေဗြဲ
လူတယောက်ကို၊ အဲဂုတ္တုလူရိုက်သည်ကိုမြင်လျှင်၊ [12] ပတ်လည်ကြည့်ရှု၍ အဘယ်သူမျှမရှိသည်ကို သိသောအခါ၊
အဲဂုတ္တုလူကိုသတ်၍ သဲထဲ၌ မြှုပ်ထားလေ ၏။ [13] နက်ဖြန်နေ့၌ ထွက်ပြန်သော်၊ ဟေဗြဲလူနှစ်ယောက်တို့သည်
အချင်းချင်းသတ်ကြသည်ကို မြင်လျှင်၊ သင်သည် သင်၏အပေါင်းအဘော်ကို အဘယ်ကြောင့် ရိုက်သနည်းဟု ညှဉ်းဆဲသောသူအား
မေးသည်ရှိသော်၊ [14] ထိုသူက၊ အဘယ်သူသည် သင့်ကို ငါတို့အပေါ်မှာ အကဲအမှူး တရားသူကြီးအရာ၌ ခန့်ထားသနည်း။ အဲဂုတ္တုလူကို
သတ်သကဲ့သို့ ငါ့ကို သတ်လိုသလောဟု ပြန်ဆို၏။ ထိုအခါ မောရှေသည် မိမိပြုသောအမှု ထင်ရှားပြီဟု သိ၍ကြောက်လေ၏။ [15]
ထိုသိတင်းကို ဖါရောဘုရင်ကြားသောအခါ၊ မောရှေကို သတ်ခြင်းငှါ ရှာကြံလေ၏။ မောရှေသည် ဖါရောဘုရင်ထံမှ ထွက်ပြေး၍၊
မိဒျန်ပြည်သို့ ရောက်လျှင်၊ ရေတွင်းနားမှာ ထိုင်၍နားနေလေ၏။ [16] ထိုအခါ မိဒျန်ယဇ်ပုရောဟိတ်၏ သမီးညီအစ်မ
ခုနစ်ယောက်တို့သည်၊ မိမိတို့အဘ၏ သိုးဆိတ်များကို ရေတိုက်ခြင်းငှါလာ၍ ရေခပ်ပြီးလျှင်၊ ရေသောက်ခွက်တို့၌ လောင်းကြ၏။ [17]
သိုးထိန်းအချို့တို့လည်း လာ၍ သိုးဆိတ်များကို မောင်းကြ၏။ ထိုအခါ မောရှေသည်ထ၍ ထိုမိန်းမတို့ဘက်၌နေလျက်၊
သိုးဆိတ်များကို ရေတိုက်လေ၏။ [18] ထိုမိန်းမတို့သည် အဘရွေလထံသို့ ရောက်ကြသော်၊ အဘက အဘယ်ကြောင့်
ယနေ့အလျင်အမြန် ရောက်လာရကြသနည်းဟု မေးလေ၏။ [19] သူတို့ကလည်း၊ အဲဂုတ္တုလူတယောက်သည် အကျွန်ုပ်တို့ကို
သိုးထိန်းတို့လက်မှ ကယ်နှုတ်၍၊ ရေ လိုသမျှကို ခပ်သဖြင့်၊ သိုးဆိတ်များကို ရေတိုက်ပါသည်ဟု ပြန်ပြော၏။ [20] အဘကလည်း၊
ထိုသူသည် အဘယ်မှာရှိသနည်း။ အဘယ်ကြောင့် သူ့ကိုပစ်ထားခဲ့သနည်း။ အစာ စားစေခြင်းငှါ သူ့ကိုခေါ်ချေကြဟု ဆိုလေ၏။ [21]
မောရှေသည် ထိုသူထံမှာနေ၍ ပျော်မွေ့သဖြင့်၊ သမီးဇိပေါရကို မောရှေအား ထိမ်းမြားပေးစားလေ၏။ [22] ထိုမိန်းမဘွားသောသားကို
ဂေရရှုံအမည်ဖြင့် မှည့်၏။ အကြောင်းမူကား၊ ငါသည်တကျွန်းတနိုင်ငံ၌ ဧည့်သည်အာဂန္တုဖြစ်ရပြီဟုဆိုသတည်း။ [23]
ကာလအင်တန်ကြာပြီးမှ၊ အဲဂုတ္တုရှင်ဘုရင် အနိစ္စရောက်လေ၏။ ဣသရေလအမျိုးသားတို့လည်း အစေကျွန်ခံရသောကြောင့်
ညည်းတွားငိုကြွေးကြ၏။ ထိုသို့ အစေကျွန်ခံ၍ငိုကြွေးသော အသံသည် ဘုရား သခင်ထံတော်သို့ တက်ရောက်လေ၏။ [24] သူတို့
ညည်းတွားမြည်တမ်းခြင်း အသံကို ဘုရားသခင်ကြားတော်မူလျှင်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့ဘူးသောပဋိညာဉ်ကို
အောက်မေ့တော်မူ၏။ [25] ဘုရားသခင်သည်လည်း၊ ဣသရေလအမျိုးသားတို့ကို ကြည့်ရှု၍ သူတို့အမှုကို ဆင်ခြင်တော်မူ၏။

---

Exodus 01

ထိုကာလ၌
ဇာတ်ကြောင်းတစ်ခုကို ခေတ္တရပ်နား၍ နောက်
ဇာတ်ကြောင်းတစ်ခုသို့ ခုန်ကူးသောအခါ
သုံးသောအသုံးအနှုန်းဖြစ်သည်။

သုံး
"၃"

Exodus 03

ဂမာကိုင်းပင်ဖြင့် ရက်သောပုခက်
အဲဂုတ္တုပြည်၊ နိုင်းမြစ် တစ်လျှောက်တွင်ပေါက်ရောက်သော
အရွက်စိမ်းစိမ်း၊ ပင်စည်တုတ်တုတ်၊
အရပ်မြင့်မြင့်ကျူပင်တစ်မျိုးမှ ရက်လုပ်ထားသော ပုခက်။

 generated on Sun Jun 30 02:37:40 2024

ရေညှိနှင့်သစ်စေး ဖြင့် လူးပြီးလျှင်
ရေစိုခံခြင်းကိုအဓိက ဖော်ပြလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် : "ပုခက်ထဲသို့
ရေစိမ့်ဝင်မှုမရှိစေရန် ကတ္တရာစေး သုတ်လိမ်းသည်"။

ရေညှိ
မည်းနက် စေးကပ်၍ ရေနံဆီမှ ပြုလုပ်ထားသော ကော်တစ်မျိုး။
၎င်းကိုရေစိုခံဖို့ အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ကတ္တရာစေး"။

သစ်စေး
ရေနံဆီ (သို့) သစ်ပင်ရည်မှ ထုတ်လုပ်သော ညိုညို၊ နက်နက်
စေးကပ်သည့်အရာတစ်မျိုး။ ထို့ကြောင့် "သစ်စေး" တွင်
"ကတ္တရာစေး" သာမက သစ်ပင်မှရသော "သစ်စေး" လည်း
ပါဝင်သည်။ ၎င်းကိုလည်း ရေစိုခံအတွက်အသုံးပြုသည်။

လူးပြီးလျှင်
"ရေစိုခံအလွှာကို အသုံးပြုပြီးလျှင်"

ကိုင်းတော
"ကိုင်းပင်" သည် စိုစွတ်၍
ညီညာပြန့်ပြူးသောမြေပြင်တွင်ပေါက်ရောက်သည့် အပင်ရှည်
တစ်မျိုးဖြစ်သည်။

အဝေး၌
မည်သူမည်ဝါဖြစ်ကြောင်းမသဲကွဲသောအကွာဝေး၊ သို့သော်
ပုခက်မျောနေသည်ကို မြင်နိုင်သော အကွာအဝေး ၌ရပ်နေသည်
ကိုဆိုလိုသည်။

Exodus 05

ကျွန်မတို့
အထံတော်၌ ခစားသောသူများ

မြင်၍
"ကြည့်စမ်း။ ကလေးငိုနေတယ်" ဟူ၍ တအံ့တသြ
ပြောသောစကားဖြစ်သည်။

Exodus 07

ထိန်းရသော
"နို့တိုက်ပြုစုရသော"။

Exodus 09

မိန်းမသည် သူငယ်ကို ယူသွား၍
"ဟေဗြဲမိန်းမသည် သူငယ်ကို ယူသွား၍"

မင်းသမီးသည် သားအရာ၌ ခန့်ထားလျက်
" ဖါရောသမီးတော်သည် သူငယ်အား မွေးစားလျက်"

ရေထဲကနှုတ်ယူခဲ့သည်
ဟေဗြဲဘာသာစကားတွင် "မောရှေ" နှင့် "နှုတ်ယူ" သည်
အသံထွက် အင်မတန်နီးစပ်သော စကားလုံးများဖြစ်ကြသည်။

နှုတ်ယူသည်
"ဆွဲထုတ်သည်"

Exodus 11

ရိုက်သည်
တုတ်ဖြင့် ရိုက်သည်၊ ထုသည်။

ပတ်လည်ကြည့်ရှု၍
ဘေးပတ်ဝန်းကျင် တစ်ခုလုံးကို ကြည့်သည်ဟု အဓိပ္ပါယ်ရသည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘေးပတ်လည်ကို
ကြည့်လျှက်"

Exodus 13

ထွက်ပြန်သော်
"မောရှေသည် အပြင်သို့ထွက်ကြည့်၍"

မြင်လျှင်
"တွေ့မြင်ငေးမောပြီးလျှင်"

ညှဉ်းဆဲသောသူအား
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်စသောသူအား"

အဘယ်သူသည် သင့်ကို ငါတို့အပေါ်မှာ အကဲအမှူး တရားသူကြီးအရာ၌
ခန့်ထားသနည်း။
ရန်ပွဲ၌ မောရှေ ဝင်ရောက်ဖြန်ဖြေမှုကို မနှစ်သက်ကြောင်း
ပြစ်တင်ကြိမ်းမောင်းသော မေးခွန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်သည်ငါတို့ခေါင်းဆောင်မဟုတ်။ ငါတို့အား စီရင်ဖို့လည်း
သင်၌အခွင့်မရှိ"။

အဲဂုတ္တုလူကို သတ်သကဲ့သို့ ငါ့ကို သတ်လိုသလော
သရော်သော မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
" သင်သည် မနေ့က အဲဂုတ္တုလူတစ်ဦး သတ်ခဲ့ကြောင်းကို
ငါတို့သိ၏။ ငါ့ကိုသတ်ဖို့ မကြိုးစားသင့်ပေ။"

Exodus 15

ထိုသိတင်းကို ဖါရောဘုရင်ကြားသောအခါ
စာရေးသူသည် ဇာတ်ကြောင်း၏ အခန်းသစ်တစ်ခုကို
ဖော်ပြချင်သောကြောင့် ဖြစ်သည်။

ထိုအခါ မိဒျန်ယဇ်ပုရောဟိတ်၏ သမီးညီအစ်မ ခုနစ်ယောက်တို့သည်
"ထိုအခါ" ဟူသောစကားလုံးသည် လက်ရှိ
ဇာတ်ကြောင်းကိုခေတ္တရပ်နား၍ အခြားဇာတ်ကြောင်းကို
စပြောပြမည့်အချိန်တွင် အသုံးပြုသောစကားလုံးဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

ရေခပ်ပြီးလျှင်
"ရေတွင်းမှရေကို ဆွဲပုံးဖြင့် ခပ်ယူသည်"။

ရေသောက်ခွက်တို့
တိရစ္ဆာန်များအတွက် အစားစာ နှင့် ရေ ထည့်သွင်းနိုင်သော အဖုံးပွင့်၊ ရှည်မျှော့မျှော့ သေတ္တာတစ်မျိုး။

မောင်းကြ၏
"နှင်ထုတ်ကြ၏"။

ထိုမိန်းမတို့ဘက်၌နေလျက်
"ထိုမိန်းမတို့ကို ကူညီ၍" ။

Exodus 18

အဘယ်ကြောင့် သူ့ကိုပစ်ထားခဲ့သနည်း
သူတို့ယဉ်ကျေးမှုအရ ဧည့်ဝတ်ပြုထိုက်သူ မောရှေကို အိမ်သို့မဖိတ်မခေါ်ဘဲ ပြန်လာခဲ့သော သမီးတို့အား မေးခွန်းဖြင့်သိမ်မွေ့စွာဆုံးမသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူကို ရေတွင်းနားမှာ ထားခဲ့ရက်တယ်နော်"

Exodus 21

မောရှေသည် ထိုသူထံမှာနေ၍
"မောရှေသည် ရွေလ နှင့်အတူနေရန် သဘောတူသောကြောင့်"

ဇိပေါရ
ရွေလ၏ သမီးဖြစ်သည်။

ဂေရရှုံ
မောရှေ၏ သားဖြစ်သည်။

တကျွန်းတနိုင်ငံ၌ ဧည့်သည်အာဂန္တုဖြစ်ရပြီ
"နိုင်ငံခြားတိုင်းပြည်၌ သူစိမ်းအဖြစ်နေရပြီ"

Exodus 23

ညည်းတွားငိုကြွေးကြ၏
ဝမ်းနည်းပူဆွေးခြင်း၊ နာကျင်ခြင်းဒုက္ခ ကြောင့်ပြုမူသော အပြုမူတစ်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ဆို့နင့်စွာ ငိုကြွေးသည်" "သက်ပြင်းကြီးချသည်"။

ငိုကြွေးသော အသံသည် ဘုရား သခင်ထံတော်သို့ တက်ရောက်လေ၏။
ဣသရေလလူမျိုးများ၏ ငိုကြွေးခြင်းကို အတက်အဆင်းပြုနိုင်သော လူပုဂ္ဂိုလ်နှင့် ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ဘုရားသခင်သည် သူတို့၏ အသနားခံတောင်းလျှောက်သံကို ကြားတော်မူ၏"။

ပြုခဲ့ဘူးသောပဋိညာဉ်ကို အောက်မေ့တော်မူ၏။
ဂတိတော်ကိုမှတ်မိသေးကြောင်းဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ဘုရားသခင်သည် သူ၏ပဋိညာဉ်တရားတော်ကို သတိရတော်မူ၏"။

---

## Translation Questions

Exodus 2:1

လေဝိအမျိုးသမီးသည် သူ၏သားအား မည်မျှကြာအောင် ဖွက်ထားသနည်း။
လေဝိအမျိုးသမီးသည် သူ၏သားအား သုံးလကြာအောင် ဖွက်ထားလေ၏။

Exodus 2:3

လေဝိအမျိုးသမီးသည် ဂမာကိုင်းပင်ဖြင့် ရက်သောပုခက်ကို မည်သည့်အရာဖြင့် လူးပြီး ကလေးကို ထည့်သနည်း။
လေဝိအမျိုးသမီးသည် ဂမာကိုင်းပင်ဖြင့် ရက်သောပုခက်ကို ရေညှိနှင့်သစ်စေးဖြင့် လူးပြီးလျှင် ကလေးကိုထည့်ပြီး မြစ်ကမ်းနား၌ ထားလေ၏။

ကလေးငယ်၏ အစ်မသည် အဘယ်ကြောင့် အဝေး၌ ရပ်နေသနည်း။
ကလေးငယ်၏ အစ်မသည် ကလေးငယ် မည်သို့ဖြစ်မည်ကို စောင့်ကြည့်ရန် အဝေး၌ ရပ်နေလေသည်။

Exodus 2:5

ဖာရောဘုရင်၏သမီးတော်သည် အဘယ်ကြောင့် ကျွန်မတို့ နှင့်အတူ မြစ်ကမ်းနားသို့ ဆင်းလာသနည်း။
ဖာရောဘုရင်၏သမီးတော်သည် ရေချိုးရန်အတွက် ကျွန်မတို့နှင့်အတူ မြစ်ကမ်းနားသို့ ဆင်းလာသည်။

Exodus 2:7

မိန်းမငယ်သည် မောရှေအားထိန်းမည့် ကလေးထိန်းအဖြစ် မည်သူ့ကို ဖာရောဘုရင်၏ သမီးတော်ထံ ခေါ်လာခဲ့သနည်း။
ဖာရောဘုရင်၏သမီးအတွက် မိန်းမငယ်သည် မောရှေအားထိန်းမည့် ကလေးထိန်းအဖြစ် မောရှေ၏ မိခင်အား ခေါ်ဆောင်လာခဲ့သည်။

Exodus 2:9

ကလေးငယ်အား မည်သူက မောရှေဟု မှည့်ခေါ်သနည်း။
ဖာရောဘုရင်၏သမီးတော် မင်းသမီးသည် ကလေးငယ်အား မောရှေဟု မှည့်ခေါ်သည်။


generated on Sun Jun 30 02:37:40 2024

Exodus 2:11

မောရှေသည် အဲဂုတ္တုလူကိုသတ်၍ မည်သည့်နေရာတွင် မြှုပ်ထားသနည်း။
မောရှေသည် အဲဂုတ္တုလူကို သတ်၍ သဲထဲ၌ မြှုပ်ထားလေ၏။

Exodus 2:13

မောရှေသည် ဟေဗြဲလူနှစ်ယောက် ရန်ဖြစ်သည်ကို မြင်လျှင် မည်သူ့အား အဘယ်ကြောင့် အဖော်ဖြစ်သူအား ရိုက်ရကြောင်း မေးသနည်း။
မောရှေသည် ဟေဗြဲလူနှစ်ဦးအနက် အမှားလုပ်သောသူအား အဘယ်ကြောင့် အဖော်ဖြစ်သူအား ရိုက်သနည်းဟု မေးခဲ့သည်။

Exodus 2:15

ဖါရောဘုရင်သည် အဘယ်ကြောင့် မောရှေအား မသတ်ခဲ့သနည်း။
ဖါရောဘုရင်သည် မောရှေအားသတ်ရန် ရှာကြံခဲ့သည်။ သို့သော် မောရှေသည် ဖါရောဘုရင်ထံမှ မိဒျန်ပြည်သို့ ထွက်ပြေးခဲ့သည်။

မိဒျန်ယဇ်ပုရောဟိတ်၏ သမီးတို့ကို မည်သူတို့က မောင်းထုတ်ရန် ကြိုးစားကြသနည်း။
မိဒျန်ယဇ်ပုရောဟိတ်၏ သမီးတို့ကို သိုးထိန်းအချို့တို့က မောင်းထုတ်ရန် ကြိုးစားကြသည်။

Exodus 2:23

ထာဝရဘုရားသခင်သည် မည်သည့်အချိန်တွင် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့သောပဋိညာဉ်ကို အောက်မေ့တော်မူသနည်း။
ဣသရေလအမျိုးသားတို့၏ ညည်းတွားမြည်တမ်းသောအသံကို ဘုရားသခင်ကြားတော်မူလျှင် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့သောပဋိညာဉ်ကို အောက်မေ့တော်မူသည်။

## Chapter 3

1 မောရှေသည်၊ မိမိယောက္ခမ မိဒျန်ယဇ်ပုရောဟိတ် ယေသရော၏သိုးဆိတ်များကို ထိန်းစဉ်၊ တော နောက်ဘက်သို့ ဆောင်သွား၍၊
ဟောရပ်အမည်ရှိသော ဘုရားသခင်၏တောင်သို့ ရောက်လေ၏။ 2 ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည်
ချုံထဲကထွက်သော မီးလျှံ၌ထင်ရှား၏။ မောရှေသည် ကြည့်သောအခါ၊ မီးလောင်၍ ချုံမကျွမ်းဘဲ ရှိသည်ကို မြင်လျှင်၊ 3
အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသောရူပါရုံကို ငါသွား၍ကြည့်ရှုမည်ဟုဆို၏။ 4 မောရှေသွား၍
ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင်၊ မောရှေ၊ မောရှေဟု ချုံထဲက ခေါ်တော်မူ၏။ မောရှေကလည်း၊ အကျွန်ုပ်ရှိပါ၏ဟု
လျှောက်လေ၏။ 5 ဘုရားသခင်ကလည်း၊ မချဉ်းနှင့်။ သင်၏ခြေနင်းကို ချွတ်လော့။ သင်နင်းသော အရပ်ကား သန့်ရှင်းသော
မြေဖြစ်သည်ဟူ၍၎င်း၊ 6 ငါသည်သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍၎င်း
မိန့်တော်မူ၏။ မောရှသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကို ဖုံးလျက်နေ၏။ 7 ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်၌ရှိသော
ငါ၏လူတို့ခံရသော ညှဉ်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကို စေခိုင်းသော သခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်း
ငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်း ဝေဒနာကို ငါသိ၏။ 8 သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ခါနနိလူ၊ ဟိတ္တိလူ၊
အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့်ပျားရည် စီးတတ်သော ပြည်သို့ ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။ 9
ယခုတွင်လည်း ဣသရေလအမျိုးသားတို့ ငိုကြွေးသောအသံသည် ငါ့ထံသို့ တက်ရောက်၍၊ သူတို့ကို အဲဂုတ္တုလူတို့သည်
ညှဉ်းဆဲခြင်းအမှုကိုလည်း ငါမြင်ရပြီ။ 10 ထို့ကြောင့် ယခုသွားလော့။ သင်သည် ငါ၏လူ ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ
နှုတ်ဆောင် မည်အကြောင်း၊ သင့်ကိုဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။ 11 မောရှေကလည်း၊ အကျွန်ုပ်သည်
အဘယ်သို့သောသူဖြစ်၍၊ ဖါရောဘုရင်ထံသို့ ဝင်သဖြင့်၊ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ရပါမည်နည်းဟု
ဘုရားသခင်အား လျှောက်လျှင်၊ 12 ဘုရားသခင်က၊ အကယ်စင်စစ် ငါသည် သင့်ဘက်၌ရှိလိမ့်မည်။ ငါသည် သင့်ကိုစေလွှတ်ခြင်း
လက္ခဏာသက်သေဟူမူကား၊ သင်သည်ထို လူတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ပြီးလျှင်၊ ဤတောင်ပေါ်မှာ ဘုရားသခင်အား
ဝတ်ပြုရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 13 မောရှေကလည်း၊ အကျွန်ုပ်သည် ဣသရေလအမျိုးသားတို့ ရှိရာသို့ရောက်၍၊
သင်တို့ဘိုးဘေးများ၏ ဘုရားသခင်သည် ငါ့ကိုသင်တို့ ရှိရာသို့ စေလွှတ်တော်မူပြီဟု အကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏
နာမတော်ကား အဘယ်သို့နည်းဟု အကျွန်ုပ်ကိုပြန်၍ မေးသောအခါ၊ အဘယ်သို့ပြန်ပြောရပါမည်နည်းဟု
ဘုရားသခင်အားမေးလျှောက်လေ၏။ 14 ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ဟူ၍၎င်း၊ ငါဖြစ်သည်ဟု
အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍၎င်း၊ မောရှေ
အားမိန့်တော်မူ၏။ 15 တဖန်ဘုရားသခင်က၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊
ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည်၊ ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလ အမျိုးသားတို့အား
ပြောရမည်။ ထိုအမည်သည် အစဉ် ငါ့အမည်ဖြစ်၏။ လူမျိုးအစဉ်အဆက်မပြတ် ငါ့ဘွဲ့နာမ ဖြစ်၏။ 16
သွား၍ဣသရေလအမျိုးအသက်ကြီးသူတို့ကို စုဝေးစေပြီးလျှင်၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊
ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည် ငါ့အားထင်ရှားတော် မူလျက်၊ အကယ်စင်စစ် သင်တို့ကို
ငါအကြည့်အရှုလာ၍၊ အဲဂုတ္တုပြည်၌ သင်တို့အားပြုသောအမှုကို ငါမြင်ပြီ။ 17 အဲဂုတ္တုပြည်၌ ခံရသောဒုက္ခထဲက သင်တို့ကို ငါနှုတ်၍၊
ခါနနိလူ၊ ဟိတ္တလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့်ပျားရည်စီးတတ်သော ပြည်သို့ပို့ဆောင်မည်
ငါဂတိရှိသည်ဟု မိန့်တော်မူပြီဟု သူတို့အား ပြောလော့။ 18 သူတို့သည် သင်၏စကားကိုနားထောင်၍၊ သင်သည်
ဣသရေလအမျိုးသား အသက်ကြီးသူများပါလျက်၊ အဲဂုတ္တုရှင်ဘုရင်ထံသို့ဝင်သဖြင့်၊ ဟေဗြဲလူတို့၏ ဘုရားသခင်
ထာဝရဘုရားသည် အကျွန်ုပ်တို့နှင့်တွေ့တော်မူ ပြီ။ အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ တောသို့
သုံးရက်ခရီးသွားရသော အခွင့်ကို ပေးတော်မူပါဟု လျှောက်ရမည်။ 19 အဲဂုတ္တုရှင်ဘုရင်သည် ကြီးစွာသောတန်ခိုးကို မတွေ့မမြင်လျှင်၊
သွားရသော အခွင့်ကို သင်တို့အား မပေးကြောင်းကို ငါသိ၏။ 20 ငါသည်လည်း လက်ကိုဆန့်၍၊ အဲဂုတ္တုပြည်ထဲ၌ ငါပြုလတံ့သော
ငါ၏အံ့ဘွယ်သောအမှုရှိသမျှတို့နှင့် ထိုပြည်ကို ဒဏ်ခတ်မည်။ ထိုနောက် အဲဂုတ္တုရှင်ဘုရင်သည် သင်တို့ကို လွှတ်လိမ့်မည်။ 21
ထိုလူမျိုးသည် အဲဂုတ္တုလူတို့ထံ၌ မျက်နှာရသော အခွင့်ကို ငါပေး၍၊ သင်တို့သည် ထွက်သွားသောအခါ လက်ချည်း မသွားရကြ။ 22
အကြောင်းမူကား၊ မိန်းမတိုင်းမိမိအိမ်နီးချင်း၊ မိမိအိမ်မှာ တည်းသောသူ၌ ငွေတန်ဆာ၊ ရွှေတန်ဆာနှင့် အဝတ်တန်ဆာများကို
တောင်း၍၊ သင်တို့သားသမီးများကို တန်ဆာဆင်စေသဖြင့်၊ အဲဂုတ္တုလူတို့၏ဥစ္စာကို လုယူ ကြလိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

Exodus 01

ဘုရားသခင် ၏ ကောင်းကင်တမန်
ဘုရားသခင်သည် ကောင်းကင်တမန် တပါးပါးကို စေလွှတ်ရုံမျှ မဟုတ်ဘဲ ကိုယ်တော်တိုင် ကောင်းကင် တမန်အဖြစ် ထင်ရှားပြသခြင်းကိုဆိုလိုသည်။ "ဘုရားသခင်သည် ကောင်းကင်တမန်သဏ္ဍာန်အဖြစ်ပေါ်လာတော်မူ၏"။

ဘုရားသခင်
ဓမ္မဟောင်းခေတ်ကာလ၌ ဘုရားသခင်သည် မိမိလူမျိုးတော်အား ထာဝရဘုရား အမည်နာမဖြင့် ထင်ရှားခဲ့သည်။

မြင်လျှင်
မောရှေသည် သူမျှော်လင့်ထားသည်ထက် ပို၍ထူးဆန်းသော အရာကိုမြင်ကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။

Exodus 04

သန့်ရှင်းသောမြေ
"ငါ့အတွက် သီးသန့်ဖယ်ထားသောမြေ"

သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်။
ဤပုဂ္ဂိုလ်များသည် တူညီသော ဘုရားတပါးတည်းကို ကိုးကွယ်ကြသူများဖြစ်ကြသည်။

သင့်အဘ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ (၁) "သင့်ဘိုးဘေး"၊ သို့မဟုတ် (၂) "သင့်ဖခင်" တို့ဖြစ်သည်။ ဤနေရာ၌ "သင့်ဘိုးဘေး" ဟု အဓိပ္ပာယ်ရလျှင် "သင့်အဘ" ဟူသောစကားစုသည်အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ကို ရည်ညွှန်းခြင်းဖြစ်လိမ့်မည်။ "သင့်အဖေ" ဟု အဓိပ္ပာယ်ရပြန်လျှင်လည်း မောရှေ၏ မွေးသဖခင်ကို ရည်ညွှန်းခြင်းဖြစ်လိမ့်မည်။

Exodus 07

စေခိုင်းသော သခင်တို့
"ကျွန်များကိုစေခိုင်းသောသူများ"။ ဤလူများသည် အဲဂုတ္တုလူမျိုးများဖြစ်ကြ၍ အလုပ်ကြမ်းလုပ်ရန် ဣသရေလလူမျိုးအား အတင်းအကြပ်စေခိုင်းကြသည်။ (ရှု၊ 1:11)

နို့နှင့်ပျားရည် စီးတတ်သော ပြည်
သစ်ပင် နှင့် တိရစ္ဆာန်အတွက်ကောင်းမွန်သောပြည်ကို နို့ နှင့် ပျားရည်တကယ်ချောင်းစီးသောပြည်ကဲ့သို့ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " တိရစ္ဆာန်မွေးမြူရန် နှင့် ကောက်ပဲသီးနှံစိုက်ပျိုးရန် မြေဆီသြဇာအလွန်ကောင်းသောပြည်"။

စီးတတ်သော
"ပြည့်နက်သော" "ကြွယ်ဝသော"။

နို့
နို့ကို ဆိတ်၊ နွားတို့မှ ရရှိသည်။ "နို့" သည် အိမ်မွေးတိရစ္ဆာန်မှထွက်သောအစားစာများကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်မွေးတိရစ္ဆာန်မှ ရရှိသော စားသောက်ကုန်များ"။

ပျားရည်
ပျားရည်ကို ပန်းများမှ ရရှိသည်။ "ပျားရည်" သည် ကောက်ပဲသီးနှံများကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောက်ပဲသီးနှံမှ ရရှိသော စားသောက်ကုန်များ"။

Exodus 09

ဣသရေလအမျိုးသားတို့ ငိုကြွေးသောအသံသည် ငါ့ထံသို့ တက်ရောက်၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့ ငိုကြွေးသံကို ငါကြားခဲ့ပြီ"။

Exodus 11

အကျွန်ုပ်သည် အဘယ်သို့သောသူဖြစ်၍၊ ဖါရောဘုရင်ထံသို့ ဝင်သဖြင့် ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ရပါမည်နည်း။
မောရှေက သူသည် ဘာမျှပြောမဟုတ်ကြောင်း နှင့် သူ့စကားကိုလည်း အဘယ်သူမျှ နားထောင်လိမ့်မည်မဟုတ် ကြောင်း ဘုရားသခင်အား ဆင်ခြေပေးနေသော စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်မှ ဣသရေလလူတို့အားနှုတ်ဆောင်သွားမည့်အကြောင်း ဖာရောဘုရင်ထံဝင်၍ စကားလျှောက်တင်ရလောက်အောင် ကျွန်ုပ်သည် ထိုမျှလောက် အရေးပါသောသူမဟုတ်"။ (ရှု၊

Exodus 13

ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ဟု မောရှေအားမိန့်တော်မူ၏။
မောရှေသည်ဘုရားသခင်၏ နာမည်တော်ကိုမေးသောကြောင့် မောရှေအားပြန်ဖြေသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "ငါ၏ နာမည်သည် "ငါဖြစ်သည်အတိုင်း ငါဖြစ်၏" ဟုမောရှေအားမိန့်တော်မူ၏" ဟူ၍ ပို၍ပြည့်စုံစွာ ပြန်ဆိုနိုင်သည်။

ငါဖြစ်သည်အတိုင်း ငါဖြစ်၏
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ (၁) ဝါကျတစ်ခုလုံးသည် ဘုရာသခင်၏နာမည်ဖြစ်သည်၊ သို့မဟုတ် (၂) ဘုရားသခင်သည်သူ၏အမည်နာမကိုပြောပြနေခြင်းမဟုတ်ဘဲ သူ့အကြောင်းတစ်စုံတစ်ရာ ပြေပြနေခြင်းဖြစ်သည်။ ဤသို့ပြောခြင်းအားဖြင့် ဘုရားသခင်က သူသည် ထာဝရ အသက်ရှင်သောဘုရားဖြစ်ကြောင်းကျွန်ုပ်တို့အားသွန်သင်နေသည်။

ငါဖြစ်သည်
ငါဖြစ်သည် နေရာ၌ "ငါ အသက်ရှင်သည်" "ငါတည်ရှိသည်" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်သည်။

 generated on Sun Jun 30 02:37:40 2024

## Exodus 16

ယေဘုယျအချက်အလက်

ဘုရားသခင်သည် မောရှေအား ဆက်ပြောသည်ကား

သင်တို့ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည်

အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့သည် မောရှေ၏ ဘိုးဘေးများဖြစ်သည်။ ထိုသုံးဦးသည် ဘုရားတစ်ဆူတည်းကိုသာ ကိုးကွယ်ခဲ့ကြသည်။

သင်တို့ကို ငါအကြည့်အရှုလာ၍

"သင်တို့" သည် ဣသရေလလူတို့ကို ရည်ညွှန်းသည်။

နို့နှင့်ပျားရည်စီးတတ်သော ပြည်

သစ်ပင် နှင့် တိရ စ္ဆာန်အတွက်ကောင်းမွန်သောပြည်ကို နို့ နှင့် ပျားရည်တကယ်ချောင်းစီးသောပြည်ကဲ့သို့ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " တိရ စ္ဆာန်မွေးမြူရန် နှင့် ကောက်ပဲသီးနှံစိုက်ပျိုးရန် မြေဆီသြဇာအလွန်ကောင်းသောပြည်"။

စီးတတ်သော

"ပြည့်နက်သော" "ကြွယ်ဝသော"

နို့

နို့ကို ဆိတ်၊ နွားတို့မှ ရရှိသည်။ "နို့" သည် အိမ်မွေးတိရ စ္ဆာန်မှထွက်သောအစားစာများကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်မွေးတိရ စ္ဆာန်မှ ရရှိသော စားသေက်ကုန်များ"

ပျားရည်

ပျားရည်ကို ပန်းများမှ ရရှိသည်။ "ပျားရည်" သည် ကောက်ပဲသီးနှံများကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောက်ပဲသီးနှံမှ ရရှိသော စားသောက်ကုန်များ"။

သူတို့သည် သင်၏စကားကိုနားထောင်၍

"သင်" သည် မောရှေကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ကြီးသူတို့သည် သင့်စကားကို နားထောင်၍"

## Exodus 19

ယေဘုယျ အချက်အလက်

ဘုရားသခင်သည် မောရှေအား ဆက်ပြောခဲ့သည်။

ငါသည်လည်း လက်ကိုဆန့်၍... ဒဏ်ခတ်မည်

"လက်" သည် ဘုရားသခင်၏ တန်းခိုးတော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ တန်ခိုးတော် ဖြင့် ဒဏ်ခတ်မည်"။

လက်ချည်း မသွားရကြ

အခြားသောဘာသာပြန်ဆိုချက်၊ " အဖိုးတန်ပစ္စည်းများစွာနှင့် သွားကြရမည်"။

မိန်းမတိုင်းမိမိအိမ်နီးချင်း၊ မိမိအိမ်မှာ တည်းသောသူ၌

"မိမိအိမ်နီးချင်း အဲဂုတ္တုလူမျိုးအိမ်၌ တည်းနေသော အဲဂုတ္တုမိန်းတိုင်း၌"

# Translation Questions

## Exodus 3:1

မောရှေ၏ ယောက္ခမမှာ မည်သူနည်း။

မောရှေ၏ ယောက္ခမမှာ မိဒျန်ယဇ်ပုရောဟိတ် ယေသရော ဖြစ်သည်။

ထာဝရဘုရား၏ ကောင်းကင်တမန်သည် မောရှေထံသို့ မည်သို့ရောက်ရှိလာသနည်း။

ထာဝရဘုရား၏ ကောင်းကင်တမန်သည် ချုံထဲကထွက်သော မီးလျှံအဖြစ် မောရှေအား ကိုယ်ထင်ပြခဲ့သည်။

## Exodus 3:4

ချုံထဲမှ မောရှေ၊ မောရှေဟု မည်သူက ခေါ်နေသနည်း။

ထာဝရဘုရားသည် ချုံထဲမှ မောရှေ၊ မောရှေဟု ခေါ်တော်မူသည်။

ထာဝရဘုရားသည် မောရှေအား အဘယ်ကြောင့် ဖိနပ်ခြေနင်းကို ချွတ်ရန် စေခိုင်းသနည်း။

ထာဝရဘုရားသည် မောရှေအား "မချဉ်းနှင့်။ သင်၏ခြေနင်းကို ချွတ်လော့။ သင်နင်းသော အရပ်ကား သန့်ရှင်းသော မြေဖြစ်သည်"ဟူ၍ မိန့်တော်မူ၏။

## Exodus 3:7

ထာဝရဘုရားသခင်သည် အဘယ်ကြောင့် ဆင်းလာသနည်း။

ထာဝရဘုရားသခင်သည် ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ နို့နှင့်ပျားရည် စီးသော ပြည်၊ ကြီး၍ကျယ်ပြန့်သောပြည်သို့ ပို့ဆောင်ရန် ဆင်းလာခြင်းဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

Exodus 3:9

ထာဝရဘုရားသခင်သည် အဘယ်ကြောင့် မောရှေအား ဖါရောဘုရင်ထံသို့ စေလွှတ်ခဲ့သနည်း။

ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ ကယ်တင်ခေါ်ဆောင်ရန် ထာဝရဘုရားသည် မောရှေကို ဖါရောဘုရင်ထံ စေလွှတ်ခဲ့သည်။

Exodus 3:11

ထာဝရဘုရားသည် မောရှေအား စေလွှတ်ကြောင်း လက္ခဏာသက်သေမှာ အဘယ်အရာဖြစ်သနည်း။

ထာဝရဘုရားသည် မောရှေအား စေလွှတ်ကြောင်း လက္ခဏာသက်သေမှာ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ ကယ်တင်ခေါ်ဆောင်ပြီးလျှင်၊ ထိုတောင်ပေါ်တွင် ဘုရားသခင်အား ဝတ်ပြုခြင်းအခွင့် ဖြစ်သည်။

Exodus 3:13

ဘုရားသခင်၏ နာမတော်ကား အဘယ်သို့နည်းဟု ဣသရေလလူတို့ မောရှေအား မေးသောအခါ၊ အဘယ်သို့ ဖြေဆိုရန် ဘုရားသခင် မိန့်တော်မူသနည်း။

ဣသရေလလူတို့ ထိုသို့ မေးမြန်းလျှင်၊ ဘုရားသခင်၏ နာမတော်မှာ "ငါဖြစ်သည်အတိုင်း ငါဖြစ်၏"ဟူ၍ဖြစ်ကြောင်း ဖြေကြားရန် ထာဝရဘုရားမိန့်တော်မူသည်။

Exodus 3:16

ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ ဣသရေလလူတို့သည် တောသို့ ဘယ်နှရက်ခရီးသွားမည် ဖြစ်သနည်း။

ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ ဣသရေလလူတို့သည် တောသို့ သုံးရက်ခရီးသွားရမည် ဖြစ်သည်။

Exodus 3:19

အဲဂုတ္တုရှင်ဘုရင်သည် ဣသရေလလူတို့ကို လွယ်လွယ် ကူကူ သွားခွင့်မပေးဘဲ မည်သည့်အရာဖြစ်ပျက်လာခါမှ ခွင့်ပေးမည်ဖြစ်သနည်း။

အဲဂုတ္တုရှင်ဘုရင်သည် ကြီးစွာသောတန်ခိုးကို မတွေ့မမြင် လျှင် ဣသရေလလူတို့ကို သွားခွင့်မပေးဘဲ၊ ထာဝရဘုရား၏ တန်ခိုးနှင့် အံ့ဖွယ်သောအမှုကို မြင်တွေ့ရသောအခါမှ ခွင့်ပေးမည် ဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 4

1 မောရှေကလည်း၊ ထိုသူတို့သည် အကျွန်ုပ်ကို မယုံ၊ အကျွန်ုပ်စကားကို နားမထောင်ဘဲနေ၍၊ ထာဝရ ဘုရားသည်
သင့်အားထင်ရှားတော်မမူဟု ဆိုကြပါ လိမ့်မည်ဟု ပြန်လျှောက်လေ၏။ 2 ထာဝရဘုရားကလည်း၊ သင်၏လက်၌
အဘယ်အရာရှိသနည်းဟု မေးတော်မူလျှင်၊ လှံတံရှိပါ၏ဟု လျှောက်၏။ 3 မြေပေါ်မှာ ပစ်ချလော့ဟု မိန့်တော်မူသည်အတိုင်း
ပစ်ချသဖြင့်၊ လှံတံသည် မြွေဖြစ်၍၊ မောရှေသည် သူ့ရှေ့မှ ပြေးလေ၏။ 4 ထာဝရဘုရားကလည်း၊ သင့်လက်ကိုဆန့်၍ သူ့အမြီးကို
ကိုင်ဘမ်းလော့ဟု မိန့်တော်မူသည်အတိုင်း၊ မောရှေသည် လက်ကိုဆန့်၍ ဘမ်းမိသဖြင့်၊ သူ၏လက်၌ လှံတံဖြစ်ပြန်လေ၏။ 5
သို့ပြုလျှင် သူတို့ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရား တည်းဟူသော
ထာဝရဘုရားသည် သင့်အား ထင်ရှားတော်မူကြောင်းကို ထိုသူတို့သည် ယုံကြလိမ့်မည်ဟု မိန့်တော်မူ၏။ 6 တဖန် ထာဝရဘုရားက၊
သင်၏လက်ကိုသင်၏ ရင်ခွင်သို့ သွင်းလော့ဟု မိန့်တော်မူသည်အတိုင်း၊ လက်ကို ရင်ခွင်သို့သွင်း၍ ထုတ်ပြန်သောအခါ၊ လက်သည်
မိုယ်းပွင့်အဆင်းကဲ့သို့ နူလေ၏။ 7 တဖန်သင်၏လက်ကို သင့်ရင်ခွင်သို့ သွင်းဦးလော့ဟု မိန့်တော်မူသည်အတိုင်း၊ တဖန်လက်ကို
ရင်ခွင် သို့သွင်း၍ ထုတ်ပြန်သောအခါ၊ ပကတိအသား ဖြစ်ပြန်လေ၏။ 8 ထိုသူတို့သည် သင့်ကိုမယုံ၊ ပဌမနိမိတ်သက်သေကို
နားမထောင်လျှင်၊ နောက်ဖြစ်သော နိမိတ်သက်သေကို ယုံကြလိမ့်မည်။ 9 သို့မဟုတ် ထိုနိမိတ်နှစ်ပါးကို မယုံ၊ သင်၏ စကားကို
နားမထောင်လျှင်၊ သင်သည် မြစ်ရေအချို့ကို ယူ၍ ကုန်းပေါ်မှာသွန်းလော့။ ထိုသို့ မြစ်ထဲက ယူသော ရေသည်
ကုန်းပေါ်မှာအသွေးဖြစ်လိမ့်မည်ဟု မိန့်တော် မူ၏။ 10 မောရှေကလည်း၊ အိုဘုရားရှင်၊ အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။
အထက်ကလည်း မရှိပါ။ ကိုယ်တော် ကျွန်အား မိန့်တော်မူသောအခါ၌ပင် မရှိပါ။ နှုတ်လေးသောသူ၊ စကားနှေးနှေးပြောတတ်သော
သူဖြစ်ပါ၏ဟု ထာဝရဘုရားအားလျှောက်ဆို၏။ 11 ထာဝရဘုရားကလည်း၊ လူ၏နှုတ်ကို အဘယ်သူ ဖန်ဆင်းသနည်း။
စကားအသောသူ၊ နားပင်းသောသူ၊ မျက်စိမြင်သောသူ၊ မမြင်သောသူတို့ကို အဘယ်သူ ဖန်ဆင်းသနည်း။ ငါထာဝရဘုရား
ဖန်ဆင်းသည် မဟုတ် လော။ 12 သို့ဖြစ်၍ယခုသွားလော့။ သင်၏ နှုတ်၌ ငါရှိ၍၊ သင်သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်ဟု
မိန့်တော်မူ၏။ 13 မောရှေကလည်း၊ အိုဘုရားရှင်၊ အလိုတော်ရှိသောသူ၏လက်တွင် ပေးလိုက်တော်မူပါဟု လျှောက် သော်၊ 14
ထာဝရဘုရားသည် မောရှေအား အမျက်တော်ထွက်၍၊ လေဝိလူ အာရုန်သည် သင်၏အစ်ကိုဖြစ်သည် မဟုတ်လော။ သူသည်
ကောင်းမွန်စွာပြောတတ်သည်ကို ငါသိ၏။ သူသည်လည်း သင့်ကိုခရီးဦးကြိုပြုခြင်းငှါ ယခုလာ၏။ တွေ့မြင်သောအခါ
ဝမ်းမြောက်လိမ့်မည်။ 15 သင်သည် သူနှင့်စကားပြော၍၊ သူပြောစရာစကားကို ပေးရမည်။ သင်၏နှုတ်၌၎င်း၊ သူ၏နှုတ်၌၎င်း ငါရှိ၍၊
သင်တို့သည် အဘယ်သို့ပြုရမည်ကို သွန်သင်မည်။ 16 သူသည်လည်း လူတို့ရှေ့မှာ သင်၏စကားပြန်လုပ်၍၊ သင်၏
နှုတ်ကိုယ်စားဖြစ်လိမ့်မည်။ သင်သည် လည်း သူ၏ဘုရားသခင်ကိုယ်စား ဖြစ်လိမ့်မည်။ 17 သင်သည် နိမိတ်သက်သေတို့ကို
ပြလတ့်သော ဤလှံတံကိုလည်း၊ သင်၏လက်၌ကိုင်ရမည်ဟု မိန့်တော် မူ၏။ 18 မောရှေသည်လည်း ယောက္ခမ ယေသရောထံသို့
ပြန်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော ကျွန်ုပ်အမျိုးသား ချင်းတို့သည် အသက်ရှင်သေးသလောဟု ကြည့်ရှုခြင်းငှါ၊ သူတို့ရှိရာသို့
ကျွန်ုပ်သွားရသောအခွင့်ကို ပေးပါလော့ဟု ဆိုသော်၊ ယေသရောက၊ ငြိမ်ဝပ်စွာသွားလော့ဟု ပြန်ဆိုလေ၏။ 19 ထာဝရဘုရားကလည်း၊
အဲဂုတ္တုပြည်သို့ ပြန်သွားလော့။ သင်၏အသက်ကို ရှာသောသူအပေါင်း တို့သည် သေကြပြီဟု မိဒျန်ပြည်၌ မောရှေအား မိန့်တော်မူ၏။
20 ထိုအခါ၊ မောရှသည် မယားနှင့်သား နှစ်ယောက်တို့ကို ယူ၍ မြည်းကိုစီးစေသဖြင့်၊ ဘုရားသခင်၏ လှံတံတော်ကိုလက်စွဲလျက်၊
အဲဂုတ္တုပြည်သို့ ပြန်လေ၏။ 21 ထာဝရဘုရားကလည်း၊ သင်သည် အဲဂုတ္တုပြည်သို့သွား၍ ရောက်လျှင်၊ သင်၌ ငါအပ်သော အံ့ဘွယ်
သော အမှုအလုံးစုံတို့ကို ဖါရောဘုရင်ရှေ့မှာ ပြလော့။ ထိုသို့ပြသော်လည်း သူ၏နှလုံးကို ငါခိုင်မာစေ၍၊ သူသည် ဣသရေလလူတို့ကို
မလွှတ်ဘဲ နေလိမ့်မည်။ 22 ဖါရောဘုရင်ကိုလည်း ထာဝရဘုရားက ဣသရေလသည် ငါ့သားဖြစ်၏။ ငါ့သားဦးဖြစ်၏။ 23 ငါ့သားသည်
ငါ့အားဝတ်ပြုသောအခွင့် ရှိစေခြင်းငှါ လွှတ်လော့။ မလွှတ်ဘူးဟု ငြင်းလျှင်၊ သင်၏သား၊ သင်၏သားဦးကိုပင် ငါကွပ်မျက်မည်ဟု
မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မောရှအား မှာထားတော်မူ၏။ 24 ခရီးသွားစဉ်တွင်၊ စားခန်းစရပ်၌ ထာဝရဘုရားသည်
မောရှေကိုတွေ့၍ ကွပ်မျက်ခြင်းငှါ ရှာကြံတော် မူ၏။ 25 ထိုအခါ၊ ဇိပေါရသည် ထားကိုယူ၍ သား၏ အရေဖျားကို လှီးဖြတ်ပြီးမှ၊
လင်၏ခြေရင်း၌ပြပ်ဝပ်လျက်၊ အကယ်စင်စစ်သင်သည် အကျွန်ုပ်၌ အသွေးနှင့်ယှဉ်သော လင်ဖြစ်သည်ဟု ဆို၏။ 26 ထိုအခါ
မောရှေကို လွှတ်တော်မူ၏။ မယားကလည်း၊ အရေဖျားလှီးမင်္ဂလာကြောင့်၊ သင်သည် အကျွန်ုပ်၌ အသွေးနှင့်ယှဉ်သောလင်ဖြစ်၏ဟု
ဆိုသတည်း။ 27 ထာဝရဘုရားကလည်း၊ မောရှေကို ခရီးဦးကြိုပြုခြင်းငှါ တောသို့သွားလော့ဟု အာရုန်အား မိန့်တော်မူ သည်အတိုင်း၊
အာရုန်သည်သွားလျှင်၊ ဘုရားသခင်၏ တောင်ပေါ်၌ မောရှေကို တွေ့၍နမ်းခြင်းကို ပြု၏။ 28 မောရှေသည်လည်း၊
မိမိကိုစေလွှတ်တော်မူသော ထာဝရဘုရား၏စကားတော်အလုံးစုံတို့ကို၎င်း၊ မှာထားတော်မူသမျှသော နိမိတ်သက်သေတို့ကို၎င်း၊
အာရုန်အားကြားပြောလေ၏။ 29 ထိုသူညီနောင်နှစ်ပါးတို့သည် သွား၍ ဣသရေလအမျိုးသား အသက်ကြီးသူတို့ကို စုဝေးစေပြီးလျှင်၊
30 အာရုန်သည် မောရှေအား ထာဝရဘုရား မိန့်တော်မူသော စကားတော်အလုံးစုံတို့ကို ပြန်ပြော၍၊ လူတို့ရှေ့မှာ
နိမိတ်သက်သေတို့ကိုပြလေ၏။ 31 ထိုလူများတို့သည် ယုံကြ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ကို

 generated on Sun Jun 30 02:37:40 2024

အကြည့်အရှုကြွတော်မူ သည်ကိုငင်း၊ သူတို့ခံရသော ဆင်းရဲခြင်းကို မှတ်တော်မူသည်ကိုငင်း ကြားသောအခါ၊ ဦးညွတ်ချ၍ ကိုးကွယ်ကြ၏။

---

---

Exodus 01

ထိုသူတို့သည် အကျွန်ုပ်ကို မယုံ
"ဣသရေလလူမျိုးများသည် ကျွန်ုပ်ကို မယုံလျှင်"

Exodus 04

သူ့အမြီးကို ကိုင်ဘမ်းလော့
"အမြီးကိုကိုင်၍ ပြန်ကောက်ယူလော့"။

လှံတံဖြစ်ပြန်လေ၏
"တုတ်ကောက်အဖြစ်ပြောင်းလဲသွား၏" "တောင်ဝှေးပြန်ဖြစ်၏"။

ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရား
ဘိုးဘေးသုံးဦးမှာ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့ ဖြစ်သည်။ သူတို့သည် တူညီသော ဘုရားတပါးတည်းကို ကိုးကွယ်သော သူများဖြစ်ကြသည်။

Exodus 06

မိုယ်းပွင့်အဆင်းကဲ့သို့
မောရှေ၏လက်နှင့် တစ်စုံတစ်ရာအားနှိုင်းယှဉ်လိုသောကြောင့် "ကဲ့သို့" ကို အသုံးပြုထားခြင်းဖြစ်သည်။ အနူရောဂါသည် လူ့အရေပြားကို အဖြူရောင်ဖြစ်စေ၏။ မိုးပွင့်ဟူသောစကားလုံးအစား"သိုးမွေးကဲ့သို့ဖြူ၏" "သဲသောင်ပြင်ကဲ့သို့ဖြူ၏" ဟူ၍ လည်းဘာသာပြန်ဆိုနိုင်သည်။

Exodus 08

နားမထောင်လျှင်
"အသိမှတ်မပြုလျှင်" "လက်မခံလျှင်"

Exodus 10

နှုတ်သတ္တိမရှိပါ
"အပြောကောင်းသူ မဟုတ်ပါ"။

နှုတ်လေးသောသူ၊ စကားနှေးနှေးပြောတတ်သော သူဖြစ်ပါ၏။
"နှုတ်လေးသောသူ" နှင့် "စကားနှေးနှေးပြောတတ်သောသူ" သည်အခြေခံအားဖြင့် အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ မောရှေက သူသည်အပြောကောင်းသူမဟုတ် ကြောင်းလေးနက်စေချင်၍ ဤသို့အသုံးပြုခြင်းဖြစ်သည်။

လူ၏နှုတ်ကို အဘယ်သူ ဖန်ဆင်းသနည်း။
ဘုရားသခင်သည်ဤမေးခွန်းကိုအသုံးပြုရခြင်းမှာ သူသည်ဖန်ဆင်းရှင်ဖြစ်ကြောင်းနှင့် လူကိုစကားပြောစေနိုင်သောအစွမ်းသူ့မှာရှိကြောင်းလေးနက်စေချင်၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါထာဝရဘုရားသည် လူ၏ပါးစပ်ကိုဖန်ဆင်း၍ လူကိုစကားပြောစေနိုင်သောသူဖြစ်သည်"။

စကားအသောသူ၊ နားပင်းသောသူ၊ မျက်စိမြင်သောသူ၊ မမြင်သောသူတို့ကို အဘယ်သူ ဖန်ဆင်းသနည်း။
ဤမေးခွန်းကိုမေးရခြင်းမှာ ဘုရားသခင်သည် လူတွေ မြင်နိုင်၊ ကြားနိုင်၊ စကားပြောနိုင်အောင် ဆုံးဖြတ်ပေးသူဖြစ်ကြောင်း လေးနက်စေချင်၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါယေဟောဝါဘုရားသည် လူတွေ စကားပြောနိုင်အောင်၊ စကားအ အောင်၊ နားကြားနိုင်အောင်၊ နားပင်းအောင်၊ မျက်စိမြင်နိုင်အောင်၊ မျက်စိကန်းအောင် ဖန်းဆင်းသောသူ ဖြစ်၏"။

ငါထာဝရဘုရား မဟုတ် လော
"ငါထာဝရဘုရား သို့မဟုတ် ငါယေဟောဝါဘုရားသည် ဤအရာများဖြစ်ရန်၊ မဖြစ်ရန် ဆုံးဖြတ်သောသူဖြစ်၏။

သင်၏ နှုတ်၌ ငါရှိ၍
"နှုတ်" သည် စကားပြောနိုင်စွမ်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်အားစကားပြောနိုင်စွမ်းကိုပေးမည်"။

Exodus 14

ဝမ်းမြောက်လိမ့်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် အလွန် ပျော်ရွှင်လိမ့်မည်"။

သူပြောစရာစကားကို ပေးရမည်။
ဤနေရာ၌ "စကား" ကို ကိုင်တွယ်ပေး၍ ရသော အရာဝတ္ထုတစ်ခုကဲ့သို့ ဖော်ပြထားသည်။ "စကား" သည် သတင်းစကား ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "သူတပါးအားထပ်ဆင့်ပြောပြနိုင်ရန် သတင်းစကားကို သူ့အားပါးရမည်"။

သင်၏နှုတ်၌...ငါရှိ၍
"နှုတ်" သည် မောရှေ၏ စကားများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက် " ပြောသင့်ပြောထိုက်သောစကားများကို သင့်အားငါပေးမည်"။

သူ၏နှုတ်၌ ငါရှိ၍
"နှုတ်" သည် အာရုန်၏ စကားများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက် " ပြောသင့်ပြောထိုက်သော စကားများကို သူ့အား ငါပေးမည်"။


generated on Sun Jun 30 02:37:40 2024

သင်၏နှုတ်ကိုယ်စားဖြစ်လိမ့်မည်။
"နှုတ်" သည် မောရှေ၏ စကားကို အာရုန်ထပ်ဆင့်ပြောခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် " သူ့အားသင်ပြောပြသမျှ သူပြောလိမ့်မည်"။

သင်သည် လည်း သူ၏ဘုရားသခင်ကိုယ်စား ဖြစ်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက် "ငါသည် သင့်အားပြောသောအခွင့်အာဏာဖြင့် သင်သည် သူ့အားပြောရလိမ့်မည်"။ (ရှု၊ figs simile)

Exodus 18

ယောက္ခမ
မောရှေ ဇနီးသည်၏ ဖခင်

Exodus 21

သူ၏နှလုံးကို ငါခိုင်မာစေ၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဖာရောဘုရင်ခေါင်းမာအောင် လုပ်မည်"။

ဣသရေလသည် ငါ့သားဖြစ်၏
"ဣသရေလ" ဟုဆိုရာ၌ ဣသရေလတစ်မျိုးသားလုံးကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးသည် ငါ့သားသမီးများဖြစ်ကြ၏"။

ငါ့သား…ငါ့သားဦးဖြစ်၏
ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်းကို ဖြစ်စေသော သားဦးကဲ့သို့ ဣသရေလလူမျိုးကို တင်စားဖော်ကျူးထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့သား ငါ့သားဦးကဲ့သို့ ဖြစ်၏"။

သင်၏သား၊ သင်၏သားဦးကိုပင် ငါကွပ်မျက်မည်။
ဖာရောဘုရင် ၏ ရင်သွေးသားကို ဆိုလိုသည်။

Exodus 24

ထာဝရဘုရားသည် မောရှေကိုတွေ့၍ ကွပ်မျက်ခြင်းငှါ ရှာကြံတော် မူ၏။
မောရှေသည် သူ့သားကို အရေဖျားလှီးမပေးသောကြောင့် ဤသို့သတ်ခြင်းငှါ ရှာကြံခြင်းဖြစ်နိုင်သည်။

ဇိပေါရ
မောရှေ၏ ဇနီးသည် အမည်။

ထား
ကျောက်ပြားကို ထက်အောင် ချွန်ရသော ဓါးတစ်မျိုး ဖြစ်သည်။

လင်၏ခြေရင်း၌
"ခြေရင်း" ဟူသည် လိင်အင်္ဂါရှိရာအစိတ်ပိုင်းကို ရည်ညွှန်းခြင်းဖြစ်တန်ရာသည်။

သင်သည် အကျွန်ုပ်၌ အသွေးနှင့်ယှဉ်သော လင်ဖြစ်သည်။
ဤတင်စားမှု၏ အဓိပ္ပာယ်ကို တိတိကျကျမသိရှိနိုင်ပေ။ ထိုခေတ်အခါက ထိုယဉ်ကျေးမှုတွင် ထင်းရှားခဲ့သော စကားပုံတစ်ခုဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤသွေးအားဖြင့် သင်သည် ကျွန်မ နှင့် စပ်ဆိုင်သောသူဖြစ်၏" "သွေးသားအားဖြင့် သင်သည် ကျွန်မ ၏ လင် ဖြစ်၏"။

Exodus 27

အာရုန်အား မိန့်တော်မူ သည်။
အခန်းတစ်ခု၏ အစဖြစ်ကြောင်း သိသာစေရန် သင်က ဖော်ပြနိုင်သည်။

ဘုရားသခင်၏ တောင်ပေါ်၌
သိနာတောင်ကို ဆိုလိုခြင်းဖြစ်နိုင်သည်။ သို့သော် တိတိကျကျကား မသိရချေ။

Exodus 29

လူတို့ရှေ့မှာ
လူတို့ မျက်မှောက်၌ သို့မဟုတ် လူတို့ စုဝေးရာအလယ်၌

ဣသရေလအမျိုးသားတို့ကို အကြည့်အရှုကြွတော်မူ သည်။
"ဣသရေလအမျိုးသားတို့ကို မြင်သည်" သို့မဟုတ် "ဣသရေလအမျိုးသားများ အရေးကို စိတ်ဝင်စားသည်"။

ဦးညွှတ်ချ၍
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ


generated on Sun Jun 30 02:37:40 2024

## Translation Questions

Exodus 4:1

မောရှေသည် လက်ထဲ၌ အဘယ်အရာကို ကိုင်ထားသနည်း။
မောရှေသည် လက်ထဲ၌ တောင်ဝှေးကို ကိုင်ထားသည်။

Exodus 4:4

မောရှေ၏ လှံတံသည် မြေပေါ်သို့ ပစ်ချလိုက်သောအခါ မည်သည့်အရာအဖြစ် ပြောင်းလဲသွားသနည်း။
မောရှေ၏ လှံတံသည် မြေပေါ်သို့ ပစ်ချလိုက်သောအခါ မြွေအဖြစ် ပြောင်းလဲသွားသည်။

မောရှေသည် မြွေကို လှံတံအဖြစ် ပြန်ပြောင်းလဲရန် မည်သည့်နေရာကို ဖမ်းကိုင်ရမည်နည်း။
မောရှေသည် မြွေကို လှံတံအဖြစ် ပြန်ပြောင်းလဲရန် မြွေအမြီးကို ဖမ်းကိုင်ရမည် ဖြစ်သည်။

Exodus 4:6

မောရှေသည် ပထမအကြိမ် လက်ကို ရင်ခွင်သို့သွင်းပြီး ပြန်ထုတ်သောအခါ သူ၏လက်သည် မည်သို့ပြောင်းလဲခဲ့သနည်း။
မောရှေသည် ပထမအကြိမ် လက်ကို ရင်ခွင်သို့သွင်းပြီး ပြန်ထုတ်သောအခါ သူ၏လက်သည် မိုယ်းပွင့်ကဲ့သို့ ဖြူပြီး နူလေသည်။

Exodus 4:10

မောရှေ၏ နှုတ်၌ မည်သူရှိပြီး ပြောရမည့် စကားများကို မိန့်ကြားမည် ဖြစ်သနည်း။
ထာဝရဘုရားက မောရှေအား သင်၏ နှုတ်၌ ငါရှိ၍၊ သင်သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်ဟု မိန့်တော်မူ၏။

Exodus 4:14

မောရှေ၏အစ်ကို အာရုန်သည် မောရှေအား မြင်တွေ့လျှင်၊ မည်သို့ခံစားရမည် ဖြစ်သနည်း။
မောရှေ၏အစ်ကို အာရုန်သည် မောရှေအား မြင်တွေ့လျှင်၊ ဝမ်းမြောက်လိမ့်မည် ဖြစ်သည်။

မောရှေသည် အာရုန်အတွက် မည်ကဲ့သို့ ဖြစ်နေမည်နည်း။
မောရှေသည် အာရုန်အတွက် ဘုရားသခင်ကိုယ်စား ဖြစ်လိမ့်မည်။

Exodus 4:18

မောရှေသည် အဘယ်ကြောင့် အဲဂုတ္တုပြည်သို့ ပြန်ရန် အခွင့်ရှိသနည်း။
အဲဂုတ္တုပြည်၌ မောရှေကို သတ်ချင်သူအားလုံး သေဆုံးသွားပြီဖြစ်၍ မောရှေသည် အဲဂုတ္တုပြည်သို့ ပြန်နိုင်လေသည်။

Exodus 4:21

ထာဝရဘုရားသည် ဖာရောဘုရင်၏ နှလုံးကို အဘယ်ကြောင့် ခိုင်မာစေသနည်း။
ဖာရောဘုရင်သည် ဣသရေလလူတို့ကို မလွှတ်ဘဲ ခေါင်းမာနေရန်အတွက် ထာဝရဘုရားသခင်သည် ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေသည်။

ထာဝရဘုရား၏ သားဦးဖြစ်သော ဣသရေလလူတို့ကို မလွှတ်ပေးသောကြောင့် ဖာရောဘုရင်၏ သားဦးကို ထာဝရဘုရား မည်သို့စီရင်မည်နည်း။
ထာဝရဘုရား၏ သားဦးဖြစ်သော ဣသရေလလူတို့ကို မလွှတ်ပေးသောကြောင့် ဖာရောဘုရင်၏ သားဦးကိုထာဝရ ဘုရားက ကွပ်မျက်မည် ဖြစ်သည်။

Exodus 4:24

စခန်းဇရပ်တစ်ခု၌ ညဘက်နားနေစဉ် ထာဝရဘုရားသည် မောရှေအား မည်သို့ ပြုလုပ်ရန် ရှာကြံခဲ့သနည်း။
စခန်းဇရပ်တစ်ခု၌ ညဘက်နားနေစဉ် ထာဝရဘုရားသည် မောရှေအား ကွပ်မျက်ရန် ရှာကြံတော်မူသည်။

Exodus 4:27

အာရုန်သည် မောရှေကို မည်သည့်အရပ်၌ တွေ့ဆုံခဲ့သနည်း။
အာရုန်သည် မောရှေကို ဘုရားသခင်၏ တောင်ပေါ်၌ တွေ့ဆုံခဲ့သည်။

Exodus 4:29

ဣသရေလလူတို့ရှေ့တွင် မည်သူသည် ထာဝရဘုရား၏ တန်ခိုးတော် နိမိတ်သက်သေကို ပြသခဲ့သနည်း။
အာရုန်သည် ဣသရေလ လူတို့ရှေ့တွင် ထာဝရဘုရား၏ တန်ခိုးတော် နိမိတ်သက်သေကို ပြသခဲ့သည်။

## Chapter 5

1 ထိုနောက်မှ၊ မောရှေနှင့်အာရုန်သည် ဖါရောဘုရင်ထံသို့ဝင်၍၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားက၊ ငါ၏လူတို့သည်
တောစ္ဍ် ငါ့အဘို့ ပွဲခံစေခြင်းငှါ လွှတ်ရမည်ဟု မိန့်တော်မူကြောင်းကို လျှောက်၏။ 2 ဖါရောမင်းကလည်း၊ ထာဝရဘုရား၏စကားကို
နားထောင်၍၊ ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေ ခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရားကို ငါမသိ၊
ဣသရေလအမျိုးသားတို့ကို ငါမလွှတ်ဟု ဆိုလေ၏။ 3 သူတို့ကလည်း၊ ဟေဗြဲလူတို့၏ ဘုရားသခင်သည် ကျွန်တော်တို့နှင့်
တွေ့တော်မူပြီ။ တောသို့သုံးရက် ခရီးသွား၍၊ ကျွန်တော်တို့ ဘုရားသခင်ထာဝရဘုရားအား ယဇ်ပူဇော်ရသောအခွင့်ကို ပေးတော်မူပါ။
သို့မဟုတ် ကာလနာဘေး၊ ထားဘေးတစုံတခုဖြင့် ကျွန်တော်တို့ကို ဒဏ်ခတ်တော်မူလိမ့်မည်ဟု လျှောက်ဆို၏။ 4
အဲဂုတ္တုရှင်ဘုရင်ကလည်း၊ မောရှေနှင့် အာရုန်၊ သင်တို့သည် ဤလူများတို့ကို အဘယ်ကြောင့် အလုပ်ပြတ်စေသနည်း။ အမှုတော်ကို
သွား၍ ဆောင်ရွက်ကြဟု မိန့်တော်မူ၏။ 5 တဖန်လည်း ပြည်တော်၌ ထိုလူတို့သည် ယခုများကြ၏။ အမှုမထမ်းစေခြင်းငှါ
သင်တို့သည် အခွင့် ပေးကြသည်တကားဟု ဖါရောဘုရင်ဆို၍၊ 6 ထိုနေ့ခြင်းတွင် အအုပ်အချုပ်၊ အကြပ်အဆော်တို့ကို ခေါ်ပြီးလျှင်၊ 7
အုတ်လုပ်စရာဘို့ ကောက်ရိုးကို လူတို့အား အရင်ပေးသကဲ့သို့ မပေးနှင့်။ သူတို့သည် ကောက်ရိုးကို ကိုယ်ဘို့ ရှာယူကြစေ။ 8
အုတ်ကိုကား၊ အရေအတွက်အားဖြင့် အရင်ကဲ့သို့လုပ်စေရမည်၊ အလျှင်းမလျော့စေနှင့်။ သူတို့သည် ပျင်းရိကြ၏။ ထိုကြောင့်
သွား၍ငါတို့ ဘုရားသခင်အား ယဇ်ပူဇော်ကြစို့ဟု ကြွေးကြော်တတ်ကြ၏။ 9 သို့ဖြစ်၍ စည်းကြပ်လျက် လုပ်စေကြ။ ပင်ပန်းစေကြ။
လူမိုက်စကားကို နားမထောင်စေနှင့်ဟု မိန့်တော်မူ၏။ 10 အအုပ်အချုပ် အကြပ်အဆော်တို့သည် ထွက်၍၊ ဖါရောဘုရင်က
ကောက်ရိုးကိုငါမပေး။ 11 ကောက်ရိုးကို တွေ့နိုင်ရာအရပ်၌ ရှာကြ။ သို့သော်လည်း လုပ်ရသော အလုပ်အလျှင်းမလျော့ရဟု
အမိန့်တော်ရှိသည်ဟု လူတို့အား ပြန်ကြားကြ၏။ 12 သို့ဖြစ်၍လူတို့သည် ကောက်ရိုးအတွက် အမှိုက်ကို ရှာယူခြင်းငှါ
အဲဂုတ္တုပြည်တရှောက်လုံးတွင် အရပ်ရပ် ကွဲပြားကြ၏။ 13 အုပ်ချုပ်သော သူတို့ကလည်း၊ ကောက်ရိုးကို ရသည်ကာလ၌
နေ့တိုင်းလုပ်ရသည်အတိုင်း၊ ပြီးအောင် လုပ်ကြဟု သူတို့ကိုနှိုးဆော်ကြ၏။ 14 ဖါရောမင်း၏ အအုပ်အချုပ်တို့သည် ခန့်ထားသော
ဣသရေလအမျိုး အကြပ်အဆော်တို့ကို သင်တို့ သည် အရင်ကလုပ်သည်အတိုင်း၊ ယနေ့နှင့်မနေ့၌ အုတ်လုပ်ရသောအမှုကို
အဘယ်ကြောင့် မပြီးစီးစေကြ သနည်းဟု စစ်၍ရိုက်ကြ၏။ 15 ထိုအခါ၊ ဣသရေလအမျိုး အကြပ်အဆော်တို့သည်၊
ဖါရောမင်းထံသို့သွား၍၊ ကိုယ်တော်သည် ကိုယ်တော်ကျွန်တို့ကို အဘယ်ကြောင့် ဤသို့စီရင်တော်မူသနည်း။ 16
ကိုယ်တော်ကျွန်တို့အား၊ ကောက်ရိုးကိုမပေး၊ အုပ်ချုပ်သော သူတို့ကလည်း၊ အုတ်ကိုလုပ်ကြဟု ဆို သဖြင့်၊ ကျွန်တော်တို့သည်
အရိုက်ခံရကြပါ၏။ ကိုယ်တော် လူတို့၌သာ အပြစ်ရှိပါသည်ဟု အော်ဟစ်ကြ၏။ 17 ဖါရောဘုရင်ကလည်း၊ သင်တို့သည် ပျင်းရိသည်၊
ပျင်းရိသည်။ ထိုကြောင့် ငါတို့သည်သွား၍ ထာဝရ ဘုရားအား ယဇ်ပူဇော်ကြစို့ဟု သင်တို့ ဆိုတတ်ကြ၏။ 18 သို့သောကြောင့်
ယခုသွား၍လုပ်ကြ။ ကောက်ရိုးကိုမပေးရ။ သို့သော်လည်း အုတ်ကိုပေးမြဲပေးရမည်ဟု မိန့်တော်မူ၏။ 19 ထိုသို့နေ့တိုင်းလုပ်ရသော
အုတ်အရေအတွက်၌ အလျှင်းမလျော့ရဟု အမိန့်တော်ရှိသည်ဖြစ်၍၊ ဣသ ရေလအမျိုး အကြပ်အဆော်တို့သည် မိမိတို့၌
အမှုကြီးရောက်ကြောင်းကို သိမြင်ကြ၏။ 20 ဖါရောမင်းထံမှ ထွက်သွားကြစဉ်၊ လမ်း၌ စောင့်လျက်နေသော မောရှေနှင့်အာရုန်ကို
တွေ့လျှင်၊ 21 ထာဝရဘုရားသည် သင်တို့ကို ကြည့်ရှု၍ စီရင်တော်မူပါစေသော။ အကြောင်းမူကား၊ ဖါရောမင်းနှင့်
အမှုတော်ထမ်းအပေါင်းတို့သည် ငါတို့ကို ရွံရှာစေခြင်းငှါ၎င်း၊ ငါတို့ကို သတ်ရသော အခွင့်ရှိစေခြင်းငှါ၎င်း၊ သင်တို့သည်
ပြုကြပြီတကားဟု ဆိုကြ၏။ 22 မောရှေသည်လည်း၊ ထာဝရဘုရား ထံတော်သို့သွား၍၊ အိုဘုရားရှင်၊ ကိုယ်တော်သည် ဤလူမျိုးကို
အဘယ်ကြောင့် ညှဉ်းဆဲတော်မူသနည်း။ အကျွန်ုပ်ကို အဘယ်ကြောင့် စေလွှတ်တော်မူသနည်း။ 23 အကျွန်ုပ်သည်
ကိုယ်တော်အခွင့်နှင့် ပြောခြင်းငှာ၊ ဖါရောမင်း ထံသို့ ဝင်သည်နေ့မှစ၍၊ သူသည် ဤလူမျိုးကို ညှဉ်းဆဲပါပြီ။ ကိုယ်တော်သည်
ကိုယ်တော်၏ လူတို့ကို အလျှင်းကယ်လွှတ်တော်မမူပါဟု လျှောက်၏။

---

Exodus 01

ထိုနောက်မှ
မောရှေ နှင့် အာရုန် သည် ဖာရောဘုရင်ကိုတွေ့ခြင်းငှါ အချိန်မည်မျှကြာစောင့်ခဲ့ရသည်ကို မသိရချေ။

ငါ့အဘို့ ပွဲခံစေခြင်းငှါ
ထာဝရဘုရားအား ကိုးကွယ် အောင်ပွဲခံခြင်းဖြစ်သည်။

ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေ ခြင်းငှါ
ဖာရောဘုရင်သည် ထာဝရဘုရား၏ စကားတော်ကိုနားထောင်ရန် စိတ်ဝင်စားမှု မရှိကြောင်း နှင့် ထိုဘုရားကို ကိုးကွယ်ရန် ဣသရေလလူမျိုးအား တောထဲသို့ စေလွှတ်ခြင်းအမှုကိုလည်း စိတ်ဝင်စားမှုမရှိကြောင်း ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါ့အတွက် အရေးမပါ။ ဣသရေလလူမျိုးကိုလည်း ငါလွှတ်မည်မဟုတ်"။

 generated on Sun Jun 30 02:37:40 2024

ထိုဘုရားကား အဘယ်သူနည်း။
ဖာရောဘုရင်က သူကိုးကွယ်နေကျ ဘုရားများထဲတွင်ထာဝရဘုရား မပါကြောင်း ဖော်ပြခြင်းဖြစ်သည်။

Exodus 03

ဟေဗြဲလူတို့၏ ဘုရားသခင်သည်
ဣသရေလလူမျိုး၏ ဘုရား သို့မဟုတ် ထာဝရ ဘုရား

ထားဘေး
"ထား (ဓား) ဘေး" သည် စစ်ပွဲ သို့မဟုတ် ရန်သူ၏ တိုက်ခိုက်ခြင်းကို ဆိုလိုသည်။

သင်တို့သည် ဤလူများတို့ကို အဘယ်ကြောင့် အလုပ်ပြတ်စေသနည်း။
ဣသရေလူမျိုးများကို အလုပ်ပြတ်စေသောကြောင့် မောရှေ နှင့် အာရုန် အား ဒေါသတကြီးပြောဆိုသော ဖာရောဘုရင်၏ စကားတော်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူများတို့သည် အလုပ်လုပ်နေသည်။ သွားမနှောင့်ယှက်နှင့်"။

Exodus 06

အအုပ်အချုပ်၊ အကြပ်အဆော်တို့
"ကျွန်များကိုစေခိုင်းသောသူများ"။ ဤလူများသည် အဲဂုတ္တုလူမျိုးများဖြစ်ကြ၍ အလုပ်ကြမ်းလုပ်ရန် ဣသရေလလူမျိုးအား အတင်းအကြပ်စေခိုင်းကြသည်။ (ရှု၊ 1:11).

အရင်ပေးသကဲ့သို့ မပေးနှင့်
အလုပ်ခေါင်းဆောင်များအား ရှင်ဘုရင်က စေခိုင်းခြင်း ဖြစ်သည်။

Exodus 10

အအုပ်အချုပ် အကြပ်အဆော်တို့
"ကျွန်များကို စေခိုင်းသောသူများ"။ ဤလူများသည် အဲဂုတ္တုလူမျိုးများဖြစ်ကြ၍ အလုပ်ကြမ်းလုပ်ရန် ဣသရေလလူမျိုးအား အတင်းအကြပ်စေခိုင်းကြသည်။ (ရှု၊ 1:11).

ကောက်ရိုးကိုငါမပေး။ .... ကောက်ရိုးကို တွေ့နိုင်ရာအရပ်၌ ရှာကြ။
ဣသရေလလူတို့အကို ညွှန်းဆိုခြင်း ဖြစ်သည်။

လုပ်ရသော အလုပ်အလျှင်းမလျော့ရ
အခြားသောဘာသာပြန်ဆိုချက် "အရင်လုပ်ခဲ့သော ကိန်းဂဏာန်းအတိုင်း အုတ်များကို ဆက်ဖုတ်ရမည်"

Exodus 12

အမှိုက်
ကောက်ရိပ်ပြီးကျန်ခဲ့သော ရိုးပြတ်များ

အဲဂုတ္တုပြည်တရှောက်လုံးတွင်
ဖာရောဘုရင်တောင်းဆိုသည့်အတိုင်း တပြားတချပ်မျှ မလျော့ရလေအောင် ဣသရေလလူမျိုးများ ဇွဲလုံ့လစိုက်ထုတ်ကြပုံကို ပုံကြီးချဲ့ဖော်ပြထားခြင်းဖြစ်သည်။

အုပ်ချုပ်သော သူတို့
"ကျွန်များကိုစေခိုင်းသောသူများ"။ ဤလူများသည် အဲဂုတ္တုလူမျိုးများဖြစ်ကြ၍ အလုပ်ကြမ်းလုပ်ရန် ဣသရေလလူမျိုးအား အတင်းအကြပ်စေခိုင်းကြသည်။ (ရှု၊ 1:11).

သင်တို့ သည် အရင်ကလုပ်သည့်အတိုင်း၊ ယနေ့နှင့်မနေ့၌ အုတ်လုပ်ရသောအမှုကို အဘယ်ကြောင့် မပြီးစီးစေကြ သနည်း။
လုပ်ရမည့်အုတ်အရေအတွက်မပြည့်မှီ၍ ဒေါသထွက်ကြောင်းပြသသော မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အတိတ်ကာလ၌ သော်လည်းကောင်း မနေ့ ယမန်နေ့၌ သော်လည်းကောင်း ပြုလုပ်ခဲ့သောအရေအတွက်အတိုင်း မပြည့်ပါတကား"။

Exodus 15

အော်ဟစ်ကြ၏
"စောဒက တက်ကြ၏" "တိုင်တန်းကြ၏" "ညည်းညူကြ၏"။

အုတ်ကိုလုပ်ကြဟု ဆို သဖြင့်
အဲဂုတ္တုလူ အလုပ်ခေါင်းဆောင်များက အတင်းအကျပ် ခိုင်းစေခြင်း။

Exodus 19

အမိန့်တော်ရှိသည်ဖြစ်၍
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖာရောမင်း၏ အမိန့်တော်ရှိသည်အတိုင်း"

ငါတို့ကို ရွံရှာစေခြင်းငှါ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါတို့ကို မုန်းရန် အကြောင်း အမျိုးမျိုး ဖန်တီးသည်"။

ငါတို့ကို သတ်ရသော အခွင့်ရှိစေခြင်းငှါ
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ကို သတ်ရမည်အကြောင်း အခွင့်ကို သင်သည် ပေးသဖြင့်"

Exodus 22

အိုဘုရားရှင်၊ ကိုယ်တော်သည် ဤလူမျိုးကို အဘယ်ကြောင့် ညှဉ်းဆဲတော်မူသနည်း။
မောရှေက အဲဂုတ္တုလူမျိုးသည် ဣသရေလလူမျိုးအား အရင်ကထက် သာ၍ ခက်ထန်စွာဆက်ဆံကြသည်ကို စိတ်ပျက်မိကြောင်း ဖော်ပြသောအမေးဝါကျဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ကိုယ်တော်သည်

ဤလူမျိုးအား ဒုက္ခရောက်စေသောကြောင့် ကျွန်ုပ်စိတ်မကောင်းဖြစ်မိပါသည် အရှင်ဘုရား"။

အကျွန်ုပ်ကို အဘယ်ကြောင့် စေလွှတ်တော်မူသနည်း။

အဲဂုတ္တုပြည်သို့ သူ့အားဘုရားသခင်စေလွှတ်သည်ကို စိတ်အပျက်ကြီးပျက်မိကြောင်းဖော်ပြသော မောရှေ၏ မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သာ ကျွန်ုပ်အား ဤနေရာသို့ မစေလွှတ်ခဲ့လျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း"

ကိုယ်တော်အခွင့်နှင့် ပြောခြင်းငှာ

"အခွင့်" သည် ဘုရားသခင်၏ သတင်းစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊"ကိုယ်တော်၏ သတင်းစကားတော်ကို ဖာရောဘုရင်အားကြားပြောစေ ခြင်းငှါ"

---

## Translation Questions

### Exodus 5:1

ဖာရောဘုရင်သည် ဣသရေလလူတို့ကို အဘယ်ကြောင့် စေလွှတ်ရမည်ဟု ထာဝရဘုရား အမိန့်ရှိသနည်း။

ဖာရောဘုရင်သည် ဣသရေလလူတို့ကို တောသို့ ထာဝရဘုရားအတွက် ပွဲခံစေရန် စေလွှတ်ရမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။

### Exodus 5:3

ဣသရေလလူတို့သည် အဘယ်ကြောင့် တောသို့ သုံးရက်ခရီးသွားပြီး ထာဝရဘုရားအား ယဇ်ပူဇော်ရမည် ဖြစ်သနည်း။

ထာဝရဘုရားက ဣသရေလလူတို့အား ကာလနာဘေး၊ ဓားဘေးတို့ဖြင့် ဒဏ်ခတ်ခြင်း မပြုစေရန် တောသို့ သုံးရက်ခရီးသွားပြီး ထာဝရဘုရားအား ယဇ်ပူဇော်ရမည် ဖြစ်သည်။

### Exodus 5:6

ဣသရေလလူတို့ အုတ်ဖုတ်ရာတွင် လိုအပ်သော ကောက်ရိုး ဆက်လက် ထုတ်ပေးခြင်းမပြုရန် ဖာရောဘုရင်သည် မည်သူတို့ကို အမိန့်ပေးသနည်း။

ဖာရောဘုရင်သည် ဣသရေလလူတို့ကို ကွပ်ကဲရသော အအုပ်အချုပ်၊ အကြပ်အဆော်တို့ကို ခေါ်ပြီး၊ ဣသရေလလူတို့အား အုတ်ဖုတ်ရာတွင် လိုအပ်သော ကောက်ရိုး ဆက်လက် ထုတ်ပေးခြင်းမပြုရန် အမိန့်ပေးသည်။

### Exodus 5:10

ဣသရေလလူတို့သည် အုတ်ဖုတ်ရာတွင် လိုအပ်သော ကောက်ရိုးကို ကိုယ်တိုင် ရှာဖွေရမည်ဖြစ်သော်လည်း၊ မည်သည့်အရာကို မလျှော့ဘဲ ဆက်လက် ထုတ်လုပ်ရမည် ဖြစ်သနည်း။

ဣသရေလလူတို့သည် အုတ်ဖုတ်ရာတွင် လိုအပ်သော ကောက်ရိုးကို ကိုယ်တိုင် ရှာဖွေရမည်ဖြစ်သော်လည်း၊ လုပ်ရမည့် အလုပ်ကိုမူ အလျှင်း မလျှော့ဘဲ ဆက်လက် ထုတ်လုပ်ရမည် ဖြစ်သည်။

### Exodus 5:12

ဖာရောဘုရင်၏ အအုပ်အချုပ်တို့သည် မည်သူတို့ကို ရိုက်နှက်စစ်ဆေးခဲ့သနည်း။

ဖာရောဘုရင်၏ အအုပ်အချုပ်တို့သည် ဣသရေလလူမျိုး အကြပ်အဆော်တို့ကို ရိုက်နှက် စစ်ဆေးကြသည်။

### Exodus 5:15

ဣသရေလလူမျိုး အကြပ်အဆော်တို့ ရိုက်နှက်ခြင်းခံရသည်မှာ မည်သူ၏အပြစ် ဖြစ်သနည်း။

ဣသရေလလူမျိုး အကြပ်အဆော်တို့ ရိုက်နှက်ခြင်းခံရသည်မှာ ဖာရောဘုရင်၏ လူတို့အပြစ်သာ ဖြစ်သည်။

### Exodus 5:19

ဖာရောဘုရင်ထံမှ ပြန်ထွက်ခွာလာစဉ် မောရှေနှင့် အာရုန်တို့သည် မည်သည့်နေရာတွင် ရပ်နေကြသနည်း။

ဖာရောဘုရင်ထံမှ ပြန်ထွက်ခွာလာစဉ် မောရှေနှင့်အာရုန်တို့သည် နန်းတော် ပြင်ပလမ်း၌ ရပ်လျက်စောင့်နေကြသည်။

### Exodus 5:22

ဣသရေလလူမျိုးတို့ကို ညှဉ်းဆဲသူမှာ မည်သူဖြစ်သည်ဟု မောရှေပြောခဲ့သနည်း။

ဣသရေလလူမျိုးတို့ကို ညှဉ်းဆဲသူမှာ ထာဝရဘုရားဖြစ်သည်ဟု မောရှေပြောခဲ့သည်။

## Chapter 6

1 ထာဝရဘုရားကလည်း၊ ငါသည် ဖါရောမင်း၌ အဘယ်သို့ပြုမည်ကို သင်သည် ယခုသိလိမ့်မည်။ သူသည် ကြီးစွာသောတန်ခိုးကို
တွေ့မြင်၍၊ ငါ၏လူတို့ကို လွှတ်ရလိမ့်မည်။ ကြီးစွာသော တန်ခိုးကို တွေ့မြင်၍ သူတို့ကို မိမိပြည်မှနှင်ရလိမ့်မည်ဟု မောရှေအား
မိန့်တော်မူ၏။ 2 တဖန်ဘုရားသခင်သည် မောရှေ၌ ဗျာဒိတ်ထားတော်မူသည်ကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ 3 ငါသည် အာဗြဟံ၊
ဣဇာက်၊ ယာကုပ်တို့အား၊ အနန္တတန်ခိုးရှင်၊ ဘုရားသခင်နာမနှင့် ထင်ရှားသော် လည်း၊ ထာဝရဘုရားနာမအားဖြင့် သူတို့သည် ငါ့ကို
မသိကြ။ 4 သူတို့သည် အရပ်ရပ်လည်၍၊ ဧည့်သည်နေရာပြည်၊ ခါနာန်ပြည်ကို သူတို့အား ပေးခြင်းငှါ၊ သူတို့နှင့်ငါပြုသောပဋိညာဉ်ကို
ငါတည်စေပြီ။ 5 အဲဂုတ္တုလူတို့သည် အစေကျွန်ခံစေသော ဣသ ရေလအမျိုးသားတို့၏ ညည်းတွားမြည်တမ်းခြင်းအသံကို
ငါကြားရပြီ။ ငါပဋိညာဉ်ကိုလည်း ငါအောက်မေ့၏။ 6 ထိုကြောင့် ဣသရေလအမျိုးသားတို့အား ပြောရသောစကားဟူမူကား၊ ငါသည်
ထာဝရဘုရား ဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်၍၊ သူတို့၏ ညှဉ်းဆဲခြင်းထဲက နှုတ်ယူမည်။
လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။ 7 ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူမည်။
ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်။ ငါသည်သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်သော သင်တို့၏ ဘုရားသခင်
ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့ သိကြလိမ့်မည်။ 8 ငါသည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ အားပေးမည်ဟု
ကျိန်ဆိုသောပြည်သို့ ငါပို့ဆောင်၍၊ အမွေခံစရာဘို့ပေးမည်။ ငါသည် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။ 9 ထိုသို့မောရှေသည်
ဣသရေလအမျိုးသားတို့အား ဆင့်ဆိုသော်လည်း၊ သူတို့သည် အလွန်စိတ်ပင်ပန်း ၍ ကြမ်းတမ်းစွာ ညှဉ်းဆဲခြင်းကို ခံရသောကြောင့်၊
မောရှေစကားကိုနားမထောင်ဘဲနေကြ၏။ 10 ထာဝရဘုရားကလည်း၊ အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းထံသို့ဝင်၍၊ 11 သူသည်
ဣသရေလအမျိုးသားတို့ကို မိမိပြည်မှလွှတ်ရမည်အကြောင်း ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ 12 မောရှေကလည်း၊
ဣသရေလအမျိုးသားတို့သည် အကျွန်ုပ်ပြောသောစကားကို နားမထောင်ဘဲ နေသည်ဖြစ်၍၊ အရေဖျားလှီးခြင်းကို မခံသောနှုတ်နှင့်
ပြောတတ်သော အကျွန်ုပ်၏စကားကို ဖါရောမင်းသည် အဘယ်သို့ နားထောင်ပါမည်နည်းဟု ထာဝရဘုရားရှေ့မှာ လျှောက်ဆို၏။ 13
သို့ရာတွင် မောရှေနှင့် အာရုန်သည် ဣသရေလအမျိုးသားတို့ကိုအဲဂုတ္တုပြည်မှ နှုတ်ဆောင်ရမည် အကြောင်း၊ ထာဝရဘုရားသည်
သူတို့ကိုခေါ်၍ ဣသရေလအမျိုးသားတို့ထံသို့၎င်း၊ အဲဂုတ္တုရှင်ဘုရင် ဖါရော မင်းထံသို့၎င်း စေခိုင်းမှာထားတော်မူ၏။ 14
ဣသရေလအဆွေအမျိုးသူကြီးတို့၏ အမည်ဟူမူကား၊ ဣသရေလသားဦးရုဗင်၏သားကား၊ ဟာနုတ်၊ ဖါလု၊ ဟေဇရုံ၊ ကာမိတည်း။
ဤသူတို့သည် ရုဗင်အမျိုးအနွယ်ဖြစ်၏။ 15 ရှိမောင်၏သားကား၊ ယမွေလ၊ ယာမိန်၊ သြဟဒ်၊ ယာခိန်၊ ဇောဟာ၊ ခါနာန်အမျိုးသမီး
မိန်းမ၏သား ရှောလတည်း။ ဤသူတို့သည် ရှိမောင်အမျိုးအနွယ်ဖြစ်၏။ 16 လေဝိသား အဆွေအမျိုးအလိုက်ဟူမူကား၊ ဂေရရှုံ၊
ကောဟတ်၊ မေရာရိတည်း။ လေဝိအသက်သည် အနှစ်တရာသုံးဆယ်ခုနစ်နှစ်ရှိသတည်း။ 17 ဂေရရှုံသားအဆွေအမျိုးအလိုက်
ဟူမူကား၊ လိဗနိနှင့် ရှိမိတည်း။ 18 ကောဟတ်သားကား၊ အာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ သြဇေလတည်း။ ကောဟတ်အသက်သည်
အနှစ်တရာသုံးဆယ်သုံးနှစ်ရှိသတည်း။ 19 မေရာရိသားကား၊ မဟာလိနှင့် မုရှိတည်း။ ဤသူတို့သည်
လေဝိအဆွေအမျိုးအသီးအသီးဖြစ်သတည်း။ 20 အာမရံသည် မိမိအရီးယောခေဗက်နှင့် စုံဘက်၍၊ သူသည် အာရုန်နှင့်မောရှေကို၎င်း၊
သူတို့အစ်မ မိရိအံကို၎င်း ဘွားလေ၏။ အာမရံအသက်သည် အနှစ်တရာ သုံးဆယ်ခုနစ်နှစ်ရှိသတည်း။ 21 ဣဇဟာသားကား၊ ကောရ၊
နေဖက်၊ ဇိခရိတည်း။ 22 သြဇေလသားကား၊ မိရှေလ၊ ဧလဇာဖန်၊ သိသရိတည်း။ 23 အာရုန်သည် အမိနဒပ်သမီး၊ နာရှုန်နှမ ဧလိရှာဘနှင့်
စုံဘက်၍၊ သူသည် နာဒပ်၊ အဘိဟု၊ ဧလဇာ၊ ဣသမာတို့ကို ဘွားလေ၏။ 24 ကောရသားကား၊ အဿိရ၊ ဧလကာန၊ အဗျာသပ်တည်း။
ဤသူတို့သည် ကောရအဆွေအမျိုး ဖြစ်သ တည်း။ 25 အာရုန်သား ဧလဇာသည် ပုတေျလသမီး တယောက်နှင့်စုံဘက်၍၊ သူသည်
ဖိနဟတ်ကိုဘွားလေ၏။ ဤသူတို့သည် လေဝိအမျိုး၊ အသီးအသီးတို့၏ အဆွေအမျိုးသူကြီး ဖြစ်ကြသတည်း။ 26 ထာဝရဘုရားက
ဣသရေလအမျိုးသား ဗိုလ်ပါတို့ကို အဂုတ္တုပြည်မှ နှုတ်ဆောင်လော့ဟု မိန့်တော်မူ သောစကားကို ခံသောသူ၊ 27
ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခြင်းငှါ၊ အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းထံ၌ လျှောက်ရသောသူတို့သည်၊
ထိုအာရုန်နှင့်မောရှေ ဖြစ်သတည်း။ 28 အဲဂုတ္တုပြည်မှာ ထာဝရဘုရားသည်၊ မောရှေအား ဗျာဒိတ်ထားတော်မူသောနေ့ရက်၌လည်း၊ 29
ငါသည် ထာဝရဘုရားဖြစ်၏။ ငါမှာလိုက်သမျှတို့ကို၊ အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းအား ပြန်ပြောရမည် ဟု မောရှအား ထာဝရဘုရား
မိန့်တော်မူ၏။ 30 မောရှေကလည်း၊ အကျွန်ုပ်သည် အရေဖျားလှီးခြင်းကို မခံသောနှုတ်ရှိသည်ဖြစ်၍၊ ဖါရောဘုရင်သည်
အကျွန်ုပ်စကားကို အဘယ်သို့ နားထောင်ပါလိမ့်မည်နည်းဟု ထာဝရဘုရားရှေ့မှာ လျှောက်ဆို၏။


generated on Sun Jun 30 02:37:40 2024

Exodus 02

ငါသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ... ထင်ရှားသော် လည်း
"ငါသည် အာဗြဟံ၊ ဣဇက်၊ ယာကုပ် တို့အား
ကိုယ်ထင်ပြသောလည်း"

သူတို့သည် ငါ့ကို မသိကြ။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ၏ နာမကို
မသိကြ"

ညည်းတွားမြည်တမ်းခြင်းအသံ
နာကျင်ခြင်းဝေဒနာကိုခံစားရ၍ ပြုသောအသံ

Exodus 06

ဣသရေလအမျိုးသားတို့အား ပြောရသောစကားဟူမူကား
မောရှေအား ပေးသော ဘုရားသခင်၏ အမိန့်တော်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် "ထာဝရဘုရားသည်
ဣသရေလလူမျိုးအားပြောစေလိုသောစကားကို မောရှေအား
ပြောပြသည်။"

Exodus 08

ကျိန်ဆိုသော
"ဂတိပေးထားသော"

Exodus 10

ဣသရေလအမျိုးသားတို့သည် အကျွန်ုပ်ပြောသောစကားကို နားမထောင်ဘဲ
နေသည်ဖြစ်၍ အရေဖျားလှီးခြင်းကို မခံသောနှုတ်နှင့် ပြောတတ်သော
အကျွန်ုပ်၏စကားကို ဖါရောမင်းသည် အဘယ်သို့ နားထောင်ပါမည်နည်း။
မောရှေက ဘုရားသခင်သည် သူ၏စိတ်တော်ကိုပြောင်းလဲ ၍
သူ့အားအသုံးမပြုတော့ဘဲ နေမည်လော
ဟူသောရည်ချက်ဖြင့်မေးစမ်းခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည်
အဟောအပြောမကောင်းသောကြောင့်
ဣသရေလလူမျိုးသည်လည်းကောင်း၊ ဖာရောမင်းသည်
လည်းကောင်း ကျွန်ုပ်စကားကို နားထောင်လိမ့်မည်မဟုတ်"။

Exodus 14

ဣသရေလအဆွေအမျိုးသူကြီးတို့
မျိုးနွယ်စုခေါင်းဆောင်းများ

ဟာနုတ် ... ရှောလ
ဟာနုတ် မှစ၍ ရှောလ အထိသည် အမျိုးသားအမည်နာမများ
ဖြစ်ကြသည်။

Exodus 16

ဂေရရှုံ ... မေရာရိ
ဂေရရှုံ မှသည် မေရာရိ တိုင်အောင်
အမျိုးသားအမည်များဖြစ်ကြသည်။

အာမရံ ... ဩဇေလ
အာမရံ မှ ဩဇေလ အထိ အမျိုးသားအမည်များဖြစ်ကြသည်။

Exodus 20

ဣဇဟာ ... ကောရ ... ဇိခရိ
ဣဇဟာ မှ ဇိခရိ အထိ အမျိုးသားအမည်များဖြစ်ကြသည်။

ဩဇေလ ... မိရှေလ ... သိသရိ
ဩဇေလ မှ သိသရိ အထိ အမျိုးသားအမည်များဖြစ်ကြသည်။

Exodus 23

အမိနဒပ် ... ဣသမာ
အမိနဒပ် မှ ဣသမာ အထိ အမျိုးသားအမည်များဖြစ်ကြသည်။

ဖိနဟတ်
အမျိုးသားတစ်ဦး၏ အမည်။

ဤသူတို့သည် လေဝိအမျိုး၊ အသီးအသီးတို့၏ အဆွေအမျိုးသူကြီး
ဖြစ်ကြသတည်း။
"သူကြီး" ဟူသည် ခေါင်းဆောင်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက် "ဤသူတို့သည် လေဝိမျိုးနွယ်စု
၏ ခေါင်းဆောင်များ ဖြစ်ကြသည်"။

Exodus 26

ဗိုလ်ပါတို့ကို
"တစ်ကြိမ်လျှင် မျိုးနွယ်စုတစ်စု" သို့မဟုတ် "မိသားစုတစ်စုပြီး
တစ်စု"

Exodus 28

ဖါရောဘုရင်သည် အကျွန်ုပ်စကားကို အဘယ်သို့ နားထောင်ပါလိမ့်မည်နည်း။
အခြားသောဘာသာပြန်ဆိုချက် "ကျွန်ုပ်သည်
အပြောမကောင်းသောကြောင့် ဖာရောဘုရင်သည်
ဆက်ဆက်နားထောင်မည်မဟုတ်။"


generated on Sun Jun 30 02:37:40 2024

# Translation Questions

Exodus 6:1

ဖာရောဘုရင်သည် ဣသရေလလူမျိုးတို့ကို အဘယ်ကြောင့်လွှတ်လိုက်မည်ဖြစ်သနည်း။
ဖာရောဘုရင်သည် ထာဝရဘုရား၏ ကြီးစွာသောတန်ခိုးကို တွေ့မြင်၍၊ ဣသရေလလူမျိုးတို့ကို လွှတ်လိုက်မည် ဖြစ်သည်။

Exodus 6:2

ထာဝရဘုရားသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ထံ မည်သို့ထင်ရှားပြခဲ့သနည်း။
ထာဝရဘုရားသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ထံ အနန္တတန်ခိုးရှင်၊ ဘုရားသခင်နာမနှင့် ထင်ရှားပြခဲ့သည်။

ထာဝရဘုရားသည် အဘယ်အသံကို ကြားပြီး၊ အဘယ်အရာကို အောက်မေ့သနည်း။
ထာဝရဘုရားသည် အဲဂုတ္တုလူတို့ ကျွန်ပြုထားသော ဣသရေလအမျိုးသားတို့၏ ညည်းတွားမြည်တမ်းခြင်းအသံကိုကြားပြီး၊ ပဋိညာဉ်တော်ကို အောက်မေ့လေသည်။

Exodus 6:8

ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အား အမွေခံစရာအဖြစ် အဘယ်အရာကို ပေးမည်ဖြစ်သနည်း။
ထာဝရဘုရားသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ပေးမည်ဟု ကျိန်ဆိုထားသောပြည်ကို ဣသရေလလူမျိုးတို့အား အမွေခံစရာအဖြစ် ပေးမည်ဖြစ်သည်။

Exodus 6:10

ဖာရောဘုရင်သည် မိမိစကားကို နားထောင်မည် မဟုတ်ဟု မောရှေသည် အဘယ်ကြောင့် ယူဆသနည်း။
စကားပြောခြင်းအရာ၌ မကျွမ်းကျင်သောကြောင့် မိမိ၏ စကားကို ဖာရောဘုရင်သည် နားထောင်မည်မဟုတ်ဟု မောရှေ ယူဆခဲ့သည်။

Exodus 6:16

ကောဟတ်သည် အသက်မည်မျှအထိ နေထိုင်ခဲ့သနည်း။
ကောဟတ်သည် အသက် တစ်ရာသုံးဆယ့်သုံးနှစ်အထိ နေထိုင်ခဲ့သည်။

Exodus 6:20

အာမရံသည် မည်သူနှင့် စုံဘက်လက်ထပ်ခဲ့သနည်း။
အာမရံသည် မိမိအရီးယောခေဗက်နှင့် စုံဘက်လက်ထပ်ခဲ့သည်။

Exodus 6:23

နာဒပ်နှင့် အဘိဟုတို့ကို မည်သူကဖွားမြင်သနည်း။
ဧလိရှဘက နာဒပ်နှင့် အဘိဟုတို့ကို ဖွားမြင်သည်။

Exodus 6:26

အာရုန်နှင့် မောရှေတို့သည် ဣသရေလလူမျိုးတို့ကို အဲဂုတ္တုပြည်မှ မည်သို့ နှုတ်ဆောင်လာရမည်နည်း။
အာရုန်နှင့် မောရှေတို့သည် ဣသရေလအမျိုးသား ဗိုလ်ပါတို့ကို အုပ်စုအလိုက် အဲဂုတ္တုပြည်မှ နှုတ်ဆောင်လာရမည်ဖြစ်သည်။

---

## Chapter 7

1 ထာဝရဘုရားကလည်း၊ သို့ဖြစ်၍ သင့်ကို ဖါရောဘုရင်၏ ဘုရားအရာ၌ ငါခန့်ထား၏။ သင်၏အစ်ကို အာရုန်သည်၊
သင်၏ပရောဖက် ဖြစ်ရလိမ့်မည်။ 2 ငါမိန့်တော်မူသမျှတို့ကို သင်သည် ပြန်ပြောရမည်။ ဖါရောဘုရင်သည်
ဣသရေလအမျိုးသားတို့ကို မိမိပြည်မှလွှတ်လိုက်ရမည်အကြောင်းကို၊ သင်၏အစ်ကို အာရုန်သည် သူ့ထံ၌လျှောက်ရမည်။ 3
ငါသည်လည်း ဖါရောမင်း၏ နှလုံးကို ခိုင်မာစေ၍၊ အဲဂုတ္တုပြည်၌ ငါ၏နိမိတ်လက္ခဏာ အံ့ဘွယ်သော အမှုတို့ကို များပြားစေမည်။ 4
သို့သော်လည်း ဖါရောမင်းသည် သင်တို့စကားကို နားမထောင်ဘဲနေလိမ့်မည်။ ငါသည်လည်း ငါ့လက် ကို အဲဂုတ္တုပြည်အပေါ်မှာတင်၍
ကြီးစွာသောဒဏ်ခတ်ခြင်းအားဖြင့် ငါ၏ဗိုလ်ပါများ၊ ငါ၏လူဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှနုတ်ဆောင်မည်။ 5
ထိုသို့အဲဂုတ္တုပြည်အပေါ်မှာ ငါ့လက်ကိုဆန့်၍၊ ဣသရေလအမျိုးသားတို့ကို သူတို့အထဲမှ နုတ်ဆောင် သောအခါ၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို အဲဂုတ္တုလူတို့သည် သိကြလိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။ 6 မောရှေနှင့်အာရုန်တို့သည်
ထာဝရဘုရား မိန့်တော်မူသမျှ အတိုင်းပြုကြ၏။ 7 ဖါရောဘုရင်ထံ၌ လျှောက်ကြသောအခါ၊ မောရှေ၏အသက်သည်
အနှစ်ရှစ်ဆယ်ရှိ၏။ အာရုန်၏ အသက်သည် အနှစ်ရှစ်ဆယ်သုံးနှစ်ရှိ၏။ 8 တဖန်ထာဝရဘုရားသည် မောရှေနှင့်အာရုန်တို့အား
မိန့်တော်မူသည်ကား၊ 9 ဖါရောဘုရင်က၊ သင်တို့အတွက် ထူးဆန်းသော တန်ခိုးကို ပြလော့ဟုဆိုလျှင်၊ သင်၏ လှံတံကိုယူ၍
ရှေ့တော်၌ချလော့ဟု အာရုန်အားပြောလော့။ လှံတံသည်လည်း မြွေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ 10 မောရှေနှင့်အာရုန်သည်
ဖါရောဘုရင်ထံသို့ဝင်၍ ထာဝရဘုရားမိန့်တော်မူသည်အတိုင်းပြုသဖြင့်၊ အာရုန်သည် ဖါရောဘုရင်ရှေ့၊ သူ၏ကျွန်များရှေ့မှာ
လှံတံကိုချ၍ မြွေဖြစ်လေ၏။ 11 ထိုအခါ ဖါရောဘုရင်သည် ပညာရှိများ၊ ပြုစားတတ်သောသူများတို့ကိုခေါ်၍၊ အဲဂုတ္တုအမျိုး
ဝိဇ္ဇာဆရာ တို့သည်၊ ဝိဇ္ဇာအတတ်အားဖြင့် ထိုအကူပြု၍၊ 12 မိမိတို့ကိုင်သော လှံတံများကိုချ၍ မြွေဖြစ်ကြလေ၏။ သို့သော်လည်း
အာရုန်၏လှံတံသည် သူတို့၏ လှံတံများကို မျိုလေ၏။ 13 ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍
သူတို့၏စကားကို နား မထောင်ဘဲနေ၏။ 14 ထာဝရဘုရားကလည်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍ ဣသရေလလူတို့ကို
မလွှတ်ဘဲနေ၏။ 15 နံနက်အချိန်၌ ဖါရောဘုရင်ထံသို့ သွားလော့။ သူသည် ရေဆိပ်သို့ သွားလိမ့်မည်။ သူမရောက်မှီ သင် သည်
မြစ်ကမ်းနားမှာ ရပ်နေလော့။ မြွေဖြစ်သော လှံတံကိုလည်း လက်တွင်ကိုင်လော့။ 16 ဟေဗြဲအမျိုးသားတို့၏
ဘုရားသခင်ထာဝရဘုရားက၊ ငါ့လူတို့သည်တောခ၌ ငါ့အား ဝတ်ပြုမည် အကြောင်း၊ သူတို့ကိုလွှတ်လော့ဟု အမိန့်တော်ပါသော
ကျွန်ုပ်ကို ကိုယ်တော်ထံသို့ စေလွှတ်တော်မူပြီ။ ကိုယ်တော်သည် ယခုတိုင်အောင် နားမထောင်ဘဲနေပါသည် တကား။ 17
ထာဝရဘုရားက၊ ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကို သင်သည်အဘယ်သို့ သိရမည်နည်းဟူမူကား၊ ငါကိုင်သောလှံတံနှင့်
မြစ်ရေကိုရိုက်၍ ထိုရေသည် အသွေးဖြစ်လိမ့်မည်။ 18 မြစ်၌ရှိသော ငါးတို့သည်သေကြလိမ့်မည်။ မြစ်ရေလည်းနံလိမ့်မည်၊
အဲဂုတ္တုလူတို့သည်လည်း မြစ်ရေ ကို ရွံ့ကြလိမ့်မည် အကြောင်းကို ပြန်ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ 19 တဖန်
ထာဝရဘုရားသည် မောရှေကိုမိန့်တော်မူပြန်သည်ကား၊ အာရုန်အား သင်၏လှံတံကိုယူ၍ အဲဂုတ္တုပြည်၌ရှိသော ချောင်းရေ၊ မြစ်ရေ၊
အိုင်အင်းရေ၊ ကန်ရေ၊ တွင်းရေရှိသမျှအပေါ်မှာ လက်ကိုဆန့်လော့။ ထိုရေရှိသမျှတို့သည် အသွေးဖြစ်လိမ့်မည်။ အဲဂုတ္တုပြည်
တရှောက်လုံး၊ သစ်ခွက်၊ ကျောက်အိုး၌မျှ မကြွင်း အသွေး ရှိလိမ့်မည်အကြောင်းကို ပြောလော့ဟု မိန့်တော်မူ၏။ 20 မောရှေနှင့်
အာရုန်သည် ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ပြု၍၊ အာရုန်သည် ဖါရောဘုရင် ရှေ့၊ သူ၏ကျွန်များရှေ့မှာ လှံတံကိုချီ၍
မြစ်ရေကို ရိုက်သဖြင့်၊ မြစ်ရေရှိသမျှသည် အသွေးဖြစ်လေ၏။ 21 မြစ်၌ရှိသော ငါးတို့သည်လည်း သေကြ၍၊ မြစ်ရေနံသောကြောင့်၊
အဲဂုတ္တုလူတို့သည် မြစ်ရေကို မသောက်နိုင်ကြ။ အဲဂုတ္တုပြည်တရှောက်လုံး၌ အသွေးနှံ့ပြားလျက် ရှိလေ၏။ 22 အဲဂုတ္တုအမျိုးသား
ဝိဇ္ဇာဆရာတို့လည်း ဝိဇ္ဇာအတတ်အားဖြင့် ထိုအတူပြုကြ၏။ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍
သူတို့၏စကားကို နားမထောင်ဘဲနေ၏။ 23 နန်းတော်သို့လှည့်လည်ပြန်သွား၍ ထိုအမှုကို နှလုံးမသွင်းဘဲ နေလေ၏။ 24 ထိုအခါ
အဲဂုတ္တုလူတို့သည် မြစ်ရေကို မသောက်နိုင်သောကြောင့်၊ သောက်ရေကိုရခြင်းငှါ မြစ်နားမှာ တွင်းတူးကြ၏။ 25 ထာဝရဘုရားသည်
မြစ်ကိုဒဏ်ခတ်၍ ခုနစ်ရက်ကို လွန်စေတော်မူ၏။

---

---

Exodus 01

သင့်ကိုဖါရောဘုရင်၏ ဘုရားအရာ၌ ငါခန့်ထား၏
"သင့်ကိုဘုရားတပါးအဖြစ် မှတ်ယူရန် ဖာရောဘုရင်အား ငါပြုမည်"။

Exodus 03

ဖါရောမင်း၏ နှလုံးကို ခိုင်မာစေ၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

ငါ၏နိမိတ်လက္ခဏာ အံ့ဘွယ်သော အမှု
"နိမိတ်လက္ခဏာ" နှင့် "အံ့ဖွယ်သောအမှု" သည် အခြေခံအားဖြင့် အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ အဲဂုတ္တုပြည်၌ ဘုရားသခင်ပြုမည့်အလုပ်၏ ကြီးမြတ်ခြင်းကို ဖော်ပြရန်အတွက် အသုံးပြုထားသည်။

ငါ့လက် ကိုတင်၍ ... ငါ့လက်ကိုဆန့်၍
"လက်" သည် ဘုရားသခင်၏ တန်ခိုးတော်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ တန်ခိုးကို အသုံးပြု၍" "ငါ၏ တန်ခိုးကို ပြသ၍"

Exodus 06

အာရုန်၏ အသက်သည် အနှစ်ရှစ်ဆယ်သုံးနှစ်ရှိ၏။
သုံးနှစ်ကြီးသည် "ထို့ပြင် အာရုန်သည် အသက် ၈၃ နှစ်ပြည့်ပြီ"

Exodus 08

ဖါရောဘုရင်က၊ သင်တို့အတွက် ထူးဆန်းသော တန်ခိုးကို ပြလော့ဟုဆိုလျှင်၊ သင်၏ လှံတံကိုယူ၍ ရှေ့တော်၌ချလော့ဟု အာရုန်အားပြောလော့။ လှံတံသည်လည်း မြွေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဖာရောဘုရင်သည် သင့်ကို နိမိတ်လက္ခဏာပြုရန် တောင်းဆိုသောအခါ၊ သင်သည် အာရုန်အား အချက်ပြ၍ ဖာရော၏ ရှေ့တွင် လှံတံကို ပစ်ချရမည်။ လှံတံသည် မြွေဖြစ်လာပါမည်"။

Exodus 11

မျိုလေ၏။
"စားလေ၏"။

ဖါရောဘုရင်သည် နှလုံးခိုင်မာ၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

Exodus 14

ဖါရောဘုရင်သည် နှလုံးခိုင်မာ၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

သူသည် ရေဆိပ်သို့ သွားလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖာရောဘုရင်သည် ရေချိုးခြင်းငှါ နိုင်းမြစ်ထဲသို့ ဆင်းလေ၏"။

Exodus 16

မြစ်ရေကိုရိုက်၍
ရေကို ရိုက်သဖြင့်

Exodus 19

တရောက်လုံး
"တပြည်လုံး"

Exodus 20

မြစ်၌ရှိသော
မြစ်၏ အမည်ကို တိတိကျကျ ပြောရလျှင် "နိုင်းမြစ်" ဖြစ်သည်။

ဖါရောဘုရင်သည် နှလုံးခိုင်မာ၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

Exodus 23

အဲဂုတ္တုလူတို့
အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သူ ပြည်သားများသည်"

---

## Translation Questions

Exodus 7:1

ထာဝရဘုရားသည် မောရှေအား ဖာရောဘုရင်အတွက် အဘယ်သို့သောသူအဖြစ် ခန့်ထားသနည်း။
ထာဝရဘုရားသည် မောရှေအား ဖာရောဘုရင်၏ ဘုရားအရာ၌ ခန့်ထားသည်။

Exodus 7:3

ထာဝရဘုရားသည် ဖာရောဘုရင်၏ နှလုံးအား မည်သို့ဖြစ်စေမည်နည်း။
ထာဝရဘုရားသည် ဖာရောဘုရင်၏ နှလုံးအား ခိုင်မာစေသည်။ (ခေါင်းမာစေသည်)

အဲဂုတ္တုလူတို့သည် ထာဝရဘုရားအား အဘယ်အခါမှ အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်ကြောင်း သိကြမည် ဖြစ်သနည်း။
ထာဝရဘုရားက အဲဂုတ္တုပြည်အပေါ် လက်ကိုဆန့်၍၊ ဣသရေလအမျိုးသားတို့ကို သူတို့အထဲမှ နှုတ်ဆောင်


generated on Sun Jun 30 02:37:40 2024

သောအခါမှ အဲဂုတ္တုလူတို့သည် ထာဝရဘုရားအား အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်ကြောင်း သိကြမည် ဖြစ်သည်။

Exodus 7:8

မောရှေ၏ လှံတံသည် အဘယ်အရာ အဖြစ် ပြောင်းလဲသွားသနည်း။
မောရှေ၏ လှံတံသည် မြွေအဖြစ် ပြောင်းလဲသွားသည်။

Exodus 7:11

ဖာရောဘုရင်၏ ပညာရှိများ၊ ပြုစားတတ်သူ ဝိဇ္ဇာဆရာများ၏ လှံတံများသည် အဘယ်သို့ မြွေအဖြစ် ပြောင်းလဲသွားသနည်း။
ဖာရောဘုရင်၏ ပညာရှိများ၊ ပြုစားတတ်သူ ဝိဇ္ဇာဆရာများ၏ လှံတံများသည် ဝိဇ္ဇာအတတ်အားဖြင့် မြွေအဖြစ် ပြောင်းလဲသွားသည်။

Exodus 7:14

မောရှေသည် ဖာရောဘုရင်နှင့် တွေ့ဆုံရန် မည်သည့်နေရာ၌ ရပ်နေရမည်နည်း။
မောရှေသည် ဖာရောဘုရင်နှင့် တွေ့ဆုံရန် မြစ်ကမ်းနား၌ ရပ်နေရမည် ဖြစ်သည်။

Exodus 7:16

မြစ်ရေသည် အဘယ်အရာအဖြစ် ပြောင်းလဲသွားသနည်း။
မြစ်ရေသည် သွေးအဖြစ် ပြောင်းလဲသွားသည်။

Exodus 7:19

အဘယ်အရပ်၌ရှိသော ရေတို့သည် သွေးအဖြစ်ပြောင်းလဲ သွားသနည်း။
အဲဂုတ္တုပြည်၌ရှိသော ချောင်းရေ၊ မြစ်ရေ၊ အိုင်အင်းရေ၊ ကန်ရေ၊ တွင်းရေနှင့် သစ်ခွက်၊ ကျောက်အိုးတို့၌ ထည့်ထားသော ရေရှိသမျှတို့သည် အသွေးအဖြစ် ပြောင်းလဲသွားသည်။

Exodus 7:20

ဖာရောဘုရင်၏ နှလုံးသည် အဘယ်သို့ ဖြစ်နေသနည်း။
ဖာရောဘုရင်သည် နှလုံးခိုင်မာ၍ နေ၏။

Exodus 7:23

အဲဂုတ္တုလူတို့သည် သောက်ရေရရန် မည်သို့ပြုလုပ်ကြသနည်း။
အဲဂုတ္တုလူတို့သည် သောက်ရေရရန် မြစ်နားမှာ တွင်းတူးကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 8

1 ထာဝရဘုရားကလည်း၊ သင်သည် ဖါရောဘုရင်ထံသို့ဝင်၍ ငါ၏ လူတို့သည် ငါ့အား ဝတ်ပြုမည် အကြောင်း၊ သူတို့ကိုလွှတ်လော့။ 2
မလွှတ်ဘူးဟုငြင်းလျှင်၊ သင်၏ပြည်တရှောက်လုံးကို ဘားတို့ဖြင့် ဒဏ်ခတ်ဦးမည်။ 3 မြစ်သည်လည်းများစွာသော ဘားတို့ကိုဘွား၍၊
သူတို့သည် သင်၏အိမ်၌၎င်း၊ အိပ်ခန်း၌၎င်း၊ အိပ်ရာ ပေါ်၌၎င်း၊ သင်၏ကျွန်တို့ အိမ်၌၎င်း၊ သင်၏လူတို့အပေါ်၌၎င်း၊
သင်၏မီးဖို၌၎င်း၊ မုန့်နယ်သော ခွက်၌၎င်း တက်ကြလိမ့်မည်။ 4 သင်မှစ၍ သင်၏လူ၊ သင်၏ကျွန်ရှိသမျှတို့ အပေါ်၌
တက်ကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ သည်အကြောင်းကို ကြားပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ 5 တဖန်
ထာဝရဘုရားသည် မောရှေအား မိန့်တော်မူပြန်သည်ကား၊ အာရုန်သည် ချောင်းရေ၊ မြစ်ရေ၊ အိုင်အင်းရေတို့အပေါ်၌ လှံတံကို
ကိုင်လျက်၊ လက်ကို ဆန့်၍ အဲဂုတ္တုပြည်အပေါ်သို့ ဘားများကို တက်စေ ခြင်းငှါ ပြောလော့ဟု မိန့်တော်မူ၏။ 6 အာရုန်သည်
အဲဂုတ္တုပြည်၌ရှိသော ရေအပေါ်မှာ လက်ကိုဆန့်သဖြင့်၊ ဘားတို့သည်တက်၍ အဲဂုတ္တု ပြည်တရှောက်လုံးကို ဖုံးလွှမ်းကြ၏။ 7
ဝိဇ္ဇာဆရာတို့သည်လည်း ဝိဇ္ဇာအတတ်အားဖြင့် ထိုအတူပြု၍ ဘားတို့ကို အဲဂုတ္တုပြည်အပေါ်သို့ ဆောင် ကြ၏။ 8 ထိုအခါ
ဖါရောမင်းသည်၊ မောရှေနှင့် အာရုန်ကိုခေါ်၍၊ ထာဝရဘုရားသည် ဘားတို့ကိုငါနှင့် ငါ့လူတို့ ထံမှ ပယ်ရှားတော်မူမည်အကြောင်း
တောင်းပန်လော့။ ဣသရေလလူတို့သည် ထာဝရဘုရားအား ယဇ်ပူဇော် ရသောအခွင့်ကို ငါပေးမည်ဟု ဆို၏။ 9 မောရှေကလည်း၊
ကိုယ်တော်နှင့် ကိုယ်တော်အိမ်များမှ ဘားတို့ကို ပယ်ရှင်းဖျက်ဆီး၍၊ မြစ်၌သာနေစေ ခြင်းငှါ၊ ကိုယ်တော်နှင့် ကိုယ်တော်ကျွန်များ၊
လူများအဘို့ အကျွန်ုပ်တောင်းပန်ရသောအချိန်ကို ချိန်းချက်တော်မူပါဟု လျှောက်သော်၊ 10 နက်ဖြန်နေ့ တောင်းပန်လော့ဟု
မိန့်တော်မူသည်ဖြစ်၍၊ မောရှေက၊ အကျွန်ုပ်တို့ဘုရားသခင် ထာဝရ ဘုရားနှင့်တူသော ဘုရားမရှိကြောင်းကို ကိုယ်တော်သိစေခြင်းငှါ
အမိန့်တော်အတိုင်းဖြစ်၍၊ 11 ဘားတို့သည်ကိုယ်တော်နှင့် ကိုယ်တော်အိမ်များ၊ ကျွန်များ၊ လူများထံမှထွက်သွား၍ မြစ်၌သာ
နေကြလိမ့်မည်ဟု မောရှေလျှောက်ပြီးလျှင်၊ 12 အာရုန်နှင့်အတူ အထံတော်မှထွက်သွား၍၊ ဖါရောဘုရင်အပေါ်သို့
ထာဝရဘုရားဆောင်တော် မူသော ဘားတို့အကြောင်းကြောင့်၊ မောရှေသည် ဆုတောင်းပဋ္ဌနာပြုလေ၏။ 13 ထာဝရဘုရားသည်
မောရှေတောင်းလျှောက်သော စကားအတိုင်းပြုတော်မူသဖြင့်၊ ဘားတို့သည် အိမ်များ၊ ရွာများ၊ လယ်ပြင်များတို့တွင် သေကြ၏။ 14
အသေကောင်တို့ကို စုပုံ၍ထားသဖြင့် တပြည်လုံး နံလေ၏။ 15 ဖါရောမင်းလည်း၊ သက်သာရကြောင်းကို သိမြင်သောအခါ၊
ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ နှလုံးခိုင်မာ၍ သူတို့စကားကို နားမထောင်ဘဲ နေပြန် လေ၏။ 16 တဖန် ထာဝရဘုရားသည်
မောရှေအား မိန့် တော်မူသည်ကား၊ အဲဂုတ္တုပြည်တရှောက်လုံး၌ရှိသော မြေမှုန့်သည် ခြင်ကောင်ဖြစ်စေခြင်းငှါ၊ အာရုန်သည်
လှံတံကိုကိုင်လျက် လက်ကိုဆန့်၍၊ မြေမှုန့်ကို ရိုက်စေခြင်း ငှါ ပြောလော့ဟု မိန့်တော်မူသည်အတိုင်း၊ 17 အာရုန်သည်
လှံတံကိုကိုင်လျက် လက်ကိုဆန့်၍ မြေမှုန့်ကို ရိုက်လေ၏။ မြေမှုန့်သည်လည်း လူ၌၎င်း၊ တိရစ္ဆာန်၌၎င်း ခြင်ကောင်ဖြစ်လေ၏။
အဲဂုတ္တုပြည် တရှောက်လုံး၌ မြေမှုန့်ရှိသမျှသည် ခြင်ကောင်ဖြစ် လေ၏။ 18 ဝိဇ္ဇာဆရာကိုလည်း၊ ခြင်ကောင်တို့ကို ဖြစ်စေ ခြင်းငှါ
ဝိဇ္ဇာအတတ်အားဖြင့် ထိုအတူပြု၍ မတတ်နိုင် ကြ။ သို့ဖြစ်၍ လူတို့နှင့် တိရစ္ဆာန်တို့၌ခြင်ကောင်တို့သည် ရှိကြ၏။ 19 ထိုအခါ
ဝိဇ္ဇာဆရာတို့က၊ ဤအမှုသည် ဘုရား သခင်၏ တန်ခိုးကြောင့်ဖြစ်သည်ဟု ဖါရောဘုရင်အား လျှောက်ကြားကြ၏။ သို့သော်လည်း
ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ ဖာရောဘုရင်သည် နှလုံးခိုင်မာ ၍ သူတို့စကားကို နားမထောင်ဘဲနေပြန်လေ၏။ 20
ထာဝရဘုရားကလည်း၊ သင်သည် နံနက် စောစောထလော့။ ရေဆိပ်သို့ထွက်သွားသော ဖါရော ဘုရင်ရှေ့မှာ ရပ်၍ ထာဝရဘုရားက၊
ငါ၏လူတို့သည် ငါ့အား ဝတ်ပြုမည်အကြောင်း၊ သူတို့ကိုလွှတ်လော့။ 21 မလွှတ်ဘဲနေလျှင် သင်နှင့်သင်၏ကျွန်များ၊ လူ များ၊
အိမ်များထဲသို့ ယင်ရဲတို့ကို ငါစေလွှတ်သဖြင့် အဲဂုတ္တု လူတို့နေသောအိမ်၊ ရပ်သောမြေသည် ယင်ရဲနှင့်အပြည့် ရှိရလိမ့်မည်။ 22
ငါသည် မြေကြီးအလယ်၌ ထာဝရဘုရား ဖြစ်ကြောင်းကို သင်သိစေခြင်းငှါ ငါ၏လူတို့နေရာ ဂေါရှင်ပြည်ကို ထိုနေ့၌ ငါခြားနားစေ၍၊
ထိုပြည်၌ ယင်ရဲမရှိရ။ 23 ထိုသို့ ငါ၏လူတို့နှင့် သင်၏လူတို့ကို ငါခြားနား စေမည်။ နက်ဖြန်နေ့၌ ထိုနိမိတ်ထင်ရှားလိမ့်မည်ဟု
မိန့်တော်မူကြောင်းကို ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ 24 ထိုသို့ထာဝရဘုရားပြုတော်မူသဖြင့်၊ အလွန် ကြမ်းတမ်းသော
ယင်ရဲတို့သည်၊ ဖါရောဘုရင်အိမ် အစရှိသော သူ၏ကျွန်တို့အိမ်၊ အဲဂုတ္တုပြည်တရှောက်လုံး ၌ ရောက်လာ၍၊ ထိုယင်ရဲတို့ကြောင့်
အဲဂုတ္တုပြည်ပျက် လေ၏။ 25 ထိုအခါ၊ ဖါရောဘုရင်သည် မောရှေနှင့် အာရုန် ကို ခေါ်ပြီးလျှင်၊ သင်တို့သည် ဤပြည်၌သင်တို့၏
ဘုရား သခင်အား ယဇ်ပူဇော်သွားကြလော့ဟု မိန့်တော်မူသော်၊ 26 မောရှေက ထိုသို့မပြုသင့်။ ပြုလျှင်အဲဂုတ္တုလူ တို့၏
ရွံရှာဘွယ်သောအရာကို အကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ရပါမည်။ အဲဂုတ္တုလူတို့၏ ရွံရှာဘွယ်သောအရာကို
သူတို့မျက်မှောက်၌ ယဇ်ပူဇော် လျှင်၊ သူတို့သည် အကျွန်ုပ်တို့ကိုခဲနှင့်ပစ်ကြပါလိမ့်မည် မဟုတ်လော။ 27 သို့ဖြစ်၍
တော၌သုံးရက်ခရီးသွား၍ အကျွန်ုပ် တို့ဘုရားသခင် ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ယဇ်ပူဇော်ကြပါမည်ဟု လျှောက်ဆို၏။ 28
ဖါရောဘုရင်ကလည်း၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားအား၊ တော၌ ယဇ်ပူဇော်မည်အကြောင်း၊ သွားရသောအခွင့်ကို
ငါပေးမည်။ သို့ရာတွင် ဝေးဝေး မသွားရကြ။ ငါ့အဘို့တောင်းပန်လော့ဟု မိန့်တော်မူ၏။ 29 မောရှေကလည်း၊ အကျွန်ုပ်သည်
ကိုယ်တော်ထံ မှ ထွက်သွား၍ ယင်ရဲတို့သည် ဖါရောဘုရင်နှင့် သူ၏ ကျွန်များ၊ လူများထံမှ၊ နက်ဖြန်နေ့သွားမည်အကြောင်း
ထာဝရဘုရားကိုတောင်းပန်ပါမည်။ သို့ရာတွင် ဣသ ရေလလူတို့သည် ထာဝရဘုရားအား ယဇ်မပူဇော်ရမည် အကြောင်း၊ နောက်တဖန်


generated on Sun Jun 30 02:37:40 2024

ဆီးတား၍ လှည့်စားတော် မမူပါနှင့်ဟု လျှောက်ပြီးလျှင်၊ 30 ဖါရောဘုရင်ထံမှထွက်သွား၍ ထာဝရဘုရားကို တောင်းပန်လေ၏။ 31
ထာဝရဘုရားသည်လည်း၊ မောရှေစကားကို နားထောင်၍ ယင်ရဲတို့ကို ဖါရောဘုရင်နှင့်သူ၏ကျွန်များ၊ လူများထံမှ တကောင်မျှ
မကျန်စေခြင်းငှါ ပယ်ရှား တော်မူ၏။ 32 ထိုအခါ၌လည်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ ပြန်၍၊ ဣသရေလလူတို့ကို
မလွှတ်ဘဲနေလေ၏။

---

Exodus 01

မြစ်သည်
"နိုင်းမြစ်သည်"

မုန့်နှယ်သော ခွက်
ပေါင်မုန့်များကို ပြုလုပ်ရသောခွက်

Exodus 08

ဖါရောမင်းသည်၊ မောရှေနှင့် အာရုန်ကိုခေါ်၍
"ဖာရောမင်းသည် မောရှေ နှင့် အာရုန်ကို ပင့်ဆောင်၍"

ကိုယ်တော်နှင့် ကိုယ်တော့် ... လူများအဘို့ အကျွန်ုပ်တောင်းပန်ရသောအချိန်ကို ချိန်းချက်တော်မူပါ။
"ကိုယ်တော်နှင့် ကိုယ်တော့်လူများအဖို့ ကျွန်ုပ်ဆုတောင်း ပေးရမည့် အချိန်ကို ကိုယ်တော်တိုင် ရွေးချယ်တော်မူပါ"။

Exodus 13

နှလုံးခိုင်မာ၍
"ဖာရောမင်းသည် သူ့နှလုံးကို ခိုင်မာစေ၍"။

ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း
ဖာရောဘုရင်ကလုပ်ဆောင်ရန် ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း

Exodus 18

ဖာရောဘုရင်သည် နှလုံးခိုင်မာ ၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

Exodus 20

ဖါရော ဘုရင်ရှေ့မှာ ရပ်၍
"ဖာရောဘုရင် ရှေ့တော်သို့ သွားလျှက်"

သူတို့ကိုလွှတ်လော့၊
"ငါ၏ လူတို့ကို လွှတ်လော့"၊

Exodus 22

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှေအားဖြင့် ဖာရောဘုရင်အား ဆက်ပြောသည်ကား

ယင်ရဲတို့ကြောင့် အဲဂုတ္တုပြည်ပျက် လေ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ယင်ရဲတို့သည် အဲဂုတ္တုပြည်ကို ဖျက်ဆီးလေ၏"။

Exodus 25

သူတို့မျက်မှောက်၌
"သူတို့ ရှေ့တွင်"

သူတို့သည် အကျွန်ုပ်တို့ကိုခဲနှင့်ပစ်ကြပါလိမ့်မည် မဟုတ်လော။
"သူတို့သည် ကျွန်ုပ်တို့ကို ကျောက်ခဲနှင့် အမှန် ပစ်သတ်မည်"။

Exodus 28

ဆီးတား၍ လှည့်စားတော် မမူပါနှင့်
"သို့သော် သင်သည် ငါတို့ကို မလှည့်စားသင့်" သို့မဟုတ် "သင်သည် လိမ်မပြောသင့်ပါ"။

Exodus 30

ဖါရောဘုရင်သည် နှလုံးခိုင်မာ ပြန်၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

---

# Translation Questions

## Exodus 8:1

ဖာရောဘုရင်သည် ဣသရေလလူမျိုးတို့ကို မလွှတ်ပါက ထာဝရဘုရားသည် အဲဂုတ္တုပြည်အပေါ် မည်သို့ဒဏ်ခတ်မည်နည်း။

ဖာရောဘုရင်သည် ဣသရေလလူမျိုးတို့ကို မလွှတ်ပါက ထာဝရဘုရားသည် အဲဂုတ္တုပြည်အပေါ် ဖားတို့ဖြင့် ဒဏ်ခတ်မည်ဖြစ်သည်။

များစွာသော ဖားတို့သည် မြစ်မှ တက်၍ မည်သည့်နေရာသို့ သွားကြမည်နည်း။

များစွာသော ဖားတို့သည် မြစ်မှ တက်၍ အဲဂုတ္တုလူတို့၏ အိမ်၊ အိပ်ခန်း၊ အိပ်ရာ၊ ကျွန်တို့၏အိမ်၊ လူ၊ မီးဖို၊ မုန့်နယ်သောခွက်တို့သို့ တက်ကြမည်ဖြစ်သည်။

## Exodus 8:5

အာရုန်က သူ့လက်ဖြင့် မည်သည့်ဘက်သို့ဆန့်သနည်း။

အာရုန်သည် အဲဂုတ္တုရေအပေါ်သို့ သူ့လက်ကိုဆန့်သည်။

## Exodus 8:8

မောရှေသည် ဖာရောဘုရင်အား အဘယ်သို့သော အခွင့်အရေးပေးသနည်း။

ဖာရောဘုရင်နှင့် နန်းတော်၊ အဲဂုတ္တုလူတို့နှင့် သူတို့၏ နေအိမ်များမှ ဖားများအား ဖယ်ရှားရှင်းလင်းစေရန်အတွက် ဖာရောဘုရင်၊ ကျွန်များနှင့် အဲဂုတ္တုလူတို့အတွက် ထာဝရဘုရားထံ ဆုတောင်းပေးရမည့် အချိန်အခါကို ပြောရန် မောရှေသည် ဖာရောဘုရင်အား အခွင့်အရေးပေးခဲ့သည်။

## Exodus 8:13

ဖာရောဘုရင်သည် ဖားတို့၏ ဘေးမှ သက်သာကြောင်း သိမြင်သောအခါ မည်သို့ ပြုလုပ်ခဲ့သနည်း။

ဖာရောဘုရင်သည် ဖားတို့၏ ဘေးမှ သက်သာကြောင်း သိမြင်သောအခါ သူ၏နှလုံးကို ခိုင်မာ၍ မောရှေနှင့်ဘအာရုန်တို့၏ စကားကို နားမထောင်ဘဲ နေပြန်လေသည်။

## Exodus 8:16

အဲဂုတ္တုပြည် တရှောက်လုံး၌ရှိသော မြေမှုန့်သည် အဘယ်အရာအဖြစ် ပြောင်းလဲသွားသနည်း။

အဲဂုတ္တုပြည် တရှောက်လုံး၌ရှိသော မြေမှုန့်သည် ခြင်ကောင်အဖြစ် ပြောင်းလဲသွားသည်။

## Exodus 8:18

အဲဂုတ္တုဝိဇ္ဇာဆရာတို့သည် ဝိဇ္ဇာအတတ်ဖြင့် ခြင်ကောင်ဖန်တီးရန် ကြိုးစားသောအခါ မည်သို့ဖြစ်လာသနည်း။

အဲဂုတ္တုဝိဇ္ဇာဆရာတို့သည် ဝိဇ္ဇာအတတ်ဖြင့် ခြင်ကောင်ဖန်တီးရန် ကြိုးစားသော်လည်း မတတ်နိုင်ကြပေ။

## Exodus 8:20

ယင်ရဲတို့သည် အဘယ်အရပ်၌ အပြည့်ရှိနေကြမည်နည်း။

အဲဂုတ္တုလူတို့၏ နေအိမ်များနှင့် ရပ်သောမြေနေရာတို့သည် ယင်ရဲနှင့် အပြည့်ရှိကြမည်ဖြစ်သည်။

## Exodus 8:22

ဂေါရှင်ပြည်၌မူ အဘယ်ကြောင့် ယင်ရဲကင်းစင်လျက် ရှိမည် ဖြစ်သနည်း။

ထာဝရဘုရားသည် ဂေါရှင်ပြည်ကို အဲဂုတ္တုပြည်မှ ခြားနားစေမည်ဖြစ်သည်။ ထိုအရပ်၌ ယင်ရဲမရှိစေရ။ ထို့ကြောင့် ဖာရောဘုရင်သည် ထိုအရပ်၌ ထာဝရဘုရားရှိကြောင်း သိလိမ့်မည်ဖြစ်သည်။

## Exodus 8:25

ဣသရေလလူတို့သည် ထာဝရဘုရားအား အဘယ်ကြောင့် အဲဂုတ္တုပြည်၌ ယဇ်ပူဇော်ခြင်းမပြုသနည်း။

ဣသရေလလူတို့ ထာဝရဘုရားအား ပူဇော်သော ယဇ်ကောင်တို့သည် အဲဂုတ္တုလူတို့အဖို့ ရွံရှာဖွယ်ဖြစ်နိုင်သောကြောင့် ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ ယဇ်ပူဇော်ခြင်းပြုမည် မဟုတ်ပေ။

## Exodus 8:30

ယင်ရဲတို့ကို ဖယ်ရှားပြီးသောအခါ ဖာရောဘုရင်၏ နှလုံးသည် မည်သို့ဖြစ်ပြန်သနည်း။

ဖာရောဘုရင်သည် ဤအကြိမ်၌လည်း နှလုံးခိုင်မာစေပြန်သည်။



generated on Sun Jun 30 02:37:40 2024

# Chapter 9

1 ထာဝရဘုရားကလည်း၊ သင်သည် ဖါရောဘုရင် ထံသို့ဝင်၍ ငါ၏လူတို့သည် ငါ့အား ဝတ်ပြုမည် အကြောင်း၊ သူတို့ကို လွှတ်လော့။ 2
အကြောင်းမူကား၊ အာမလက်လူမျိုး၏ လက်သည် ထာဝရဘုရား၏ ရာဇပလ္လင်တော်၏ ရန်ဘက်ဖြစ် သောကြောင့်၊
ထာဝရဘုရားသည် ကာလအစဉ်အဆက် အာမလက်အမျိုးကို စစ်တိုက်တော်မူလိမ့်မည်ဟု ဆိုသတည်း။

## Chapter 18

1 ဘုရားသခင်သည် မောရှေမှစ၍ ကိုယ်တော်၏ လူဣသရေလအမျိုးအဘို့ ပြုတော်မူသမျှကိုငင်း၊ ထာဝရဘုရားသည်
ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူကြောင်းကိုငင်း၊ မိဒျန် ယဇ်ပုရောဟိတ်ဖြစ်သော မောရှေ၏ ယောက္ခမ
ယေသရော ကြားသည်ရှိသော်၊ 2 မောရှေလွှတ်ခဲ့သော မယားနှင့် 3 သူ၏သားနှစ်ယောက်ကို ယူ၍ သွားလေ၏။ သားတယောက်ကား၊
ဂေရရှုံ အမည်ရှိ၏။ အကြောင်းမူကား၊ ငါသည် တကျွန်းတနိုင်ငံ၌ ဧည့်သည်အာဂန္တုဖြစ်ရပြီဟု အဘဆိုသတည်း။ 4
သားတယောက်ကား၊ ဧလျေဇာ အမည်ရှိ၏။ အကြောင်းမူကား၊ ငါ့ဘိုးဘေးတို့၏ ဘုရားသခင်သည် ငါ့ကို မစ၍ ဖာရောဘုရင်၏
ထားမှ ကယ်လွှတ်တော်မူပြီဟု ဆိုသတည်း။ 5 မောရှေ၏ ယောက္ခမ ယေသရောသည် မောရှေမယားနှင့် သားတို့ကို ယူ၍၊ တော၌
ဘုရားသခင်၏ တောင်တော်နား၊ မောရှေတပ်ချရာအရပ်သို့ ရောက်လာလျှင်၊ 6 ကိုယ်တော်၏ယောက္ခမ ယေသရောနှင့် ကိုယ်တော်၏
မယား၊ သားနှစ်ယောက်တို့သည် ကိုယ်တော်ထံသို့ ရောက်လာပါပြီဟု မောရှေအား ကြားပြောသော်၊ 7 မောရှေသည် ယောက္ခမကို
ခရီးဦးကြိုပြုခြင်းငှာ ထွက်၍ ဦးချနမ်းရှုပ်လျက်၊ ကျန်းမာကြောင်းကို တယောက်နှင့်တယောက် မေးမြန်းလျက် တဲသို့ဝင်ကြ၏။ 8
ထာဝရဘုရားသည် ဣသရေလအမျိုးအတွက် ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့၌ ပြုတော်မူသမျှကို ငင်း၊ လမ်းခရီးတွင် ခံရသော
ဆင်းရဲဒုက္ခအလုံးစုံကိုငင်း၊ ထိုဆင်းရဲဒုက္ခမှ ထာဝရဘုရား ကယ်လွှတ်တော်မူ ကြောင်းကိုငင်း၊ မောရှေသည် ယောက္ခမအား
ကြားပြောလေ၏။ 9 ထာဝရဘုရားသည် ဣသရေလအမျိုးကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ပြုတော်မူသော ကျေးဇူးကြောင့်
ယေသရောသည် ဝမ်းမြောက်လျက်၊ 10 အဲဂုတ္တုလူတို့လက်မှငင်း၊ ဖာရောဘုရင်လက်မှငင်း၊ သင့်ကို ကယ်နှုတ်တော်မူထသော၊
လူများတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်တော်မူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ 11 ထာဝရဘုရားသည်
အခြားသောဘုရား ရှိသမျှတို့ထက် သာ၍ ကြီးမြတ်တော်မူကြောင်းကို ယခု ငါသိ၏။ အကြောင်းမူကား၊ လူတို့သည်
မာနထောင်လွှားသော အမှုအရာတွင်၊ ထာဝရဘုရားနိုင်တော်မူ၏ဟု ဆိုပြီးမှ၊ 12 မောရှေ၏ ယောက္ခမ ယေသရောသည်၊
မီးရှို့စရာယဇ်နှင့် ဘုရားသခင်အဘို့ ယဇ်များကို ဆောင်ခဲ့၍၊ အာရုန်နှင့် ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည်၊
မောရှေ၏ ယောက္ခမနှင့်အတူ ဘုရားသခင့် ရှေ့တော်၌ အစာစားခြင်းငှာ လာကြ၏။ 13 နက်ဖြန်နေ့၌ မောရှေသည်၊ လူများကို
တရားစီရင်ခြင်းငှာ ထိုင်လေ၏။ နံနက်မှစ၍ ညဦးတိုင်အောင်၊ လူများတို့သည် မောရှေရှေ့မှာ နေကြ၏။ 14 မောရှေသည်
လူများတို့အား ပြုသမျှကို ယောက္ခမမြင်လျှင်၊ ဤလူများတို့အား ပြုသောအမှု အဘယ်သို့နည်း။ သင်သည်
တယောက်တည်းထိုင်လျက်၊ လူအပေါင်းတို့သည် နံနက်မှစ၍ ညဦးတိုင်အောင် သင့်ရှေ့မှာ အဘယ်ကြောင့် နေရကြသနည်းဟု ဆို၏။
15 မောရှေကလည်း၊ ဤသူတို့သည် ဘုရားသခင်၏ အယူတော်ကို ခံလို၍ ကျွန်ုပ်ထံသို့ လာသောကြောင့် ဤသို့ဖြစ်၏။ 16 သူတို့သည်
အမှုရှိလျှင် အကျွန်ုပ်ထံသို့လာ၍ သူတို့၏အမှုကို ကျွန်ုပ်ဆုံးဖြတ်ရ၏။ ဘုရားသခင်၏ ပညတ်တရားများကို သင်ချရ၏ဟု
ယောက္ခမအား ပြောလျှင်၊ 17 ယောက္ခမက၊ သင်ပြုသောအမှုသည် မတော်မသင့်ဖြစ်၏။ 18 သင်မှစ၍ သင်၌ပါသော
ဤလူများတို့သည် အမှန် အားလျော့ကြလိမ့်မည်။ ဤအမှုသည် သင်၌ အလွန်လေး၏။ တယောက်တည်း မတတ်နိုင်သောအမှုဖြစ်၏။
19 ငါ့စကားကို နားထောင်လော့။ ငါအကြံပေးမည်။ ဘုရားသခင်သည်လည်း သင့်ဘက်၌ ရှိတော်မူလိမ့် မည်။ သင်သည်
ဘုရားသခင်နှင့်ဆိုင်သော အမှု၌ လူများတို့၏ အမှုကို စောင့်လျက် ဘုရားသခင်အထံတော်သို့ ဝင်၍ လျှောက်ရမည်။ 20
သူတို့အားလည်း ပညတ်တရားတော်များကို သင်ချရမည်။ သူတို့သွားရာလမ်း၊ ပြုရသောအမှုကိုလည်း ပြရမည်။ 21 ထိုမှတပါး
ဘုရားသခင်ကို ကြောက်ရွံ့လျက်၊ သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကို ရွံရှာလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲက
ရွေးကောက်၍၊ တထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ ခန့်ထားရမည်။ 22 ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌
လူများတို့ကို တရားစီရင်ကြစေ။ ကြီးသောအမှု၌ သင်၏အယူကို ခံကြစေ။ ငယ်သောအမှုကို အလိုလို စီရင်ကြစေ။ သို့ဖြစ်လျှင်
သူတို့သည် ဝိုင်းညီ၍ အမှုထမ်းသဖြင့် သင်သည် သက်သာလိမ့်မည်။ 23 ထိုသို့ ဘုရားသခင် အခွင့်နှင့်ပြုလျှင် သင်သည်
ခိုင်ခံ့လိမ့်မည်။ ဤလူအပေါင်းတို့သည် မိမိနေရာပြည် သို့ ငြိမ်ဝပ်စွာ သွားကြလိမ့်မည်ဟု ပြောဆို၏။ 24 မောရှေသည်လည်း
ယောက္ခမ၏စကားကို နားထောင်၍ စကားရှိသည်အတိုင်း ပြုလျက်၊ 25 တတ်စွမ်းနိုင်သောသူတို့ကို ဣသရေလအမျိုးထဲက
ရွေးကောက်၍ လူတထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ် အသီးအသီး ခေါင်းအရာ၌ ခန့်ထားလေ၏။ 26 ထိုသူတို့သည်
ခပ်သိမ်းသောအချိန်၌ လူတို့ကို တရားစီရင်ကြ၏။ ခက်သောအမှု၌ မောရှေ၏အယူကို ခံကြ၏။ လွယ်သောအမှုကို အလိုလို
စီရင်ကြ၏။ 27 ထိုနောက် မောရှေသည် ယောက္ခမသွားရသောအခွင့်ကို ပေး၍၊ သူသည် မိမိနေရာသို့ သွားလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သွားသောနောက်၊ တတိယလ တရက်နေ့၌ သိနာတောသို့ ရောက်ကြ၏။ 2
ရေဖိဒိမ်အရပ်က ထွက်သွားပြီးမှ သိနာတောသို့ ရောက်၍၊ ထိုတော၌ တောင်ရှေ့မှာ တပ်ချကြ၏။ 3 မောရှေသည်
ဘုရားသခင့်ထံတော်သို့ တက်သွားလျှင်၊ ထာဝရဘုရားသည် တောင်ပေါ်က ခေါ်တော်မူ၍၊ သင်သည် ယာကုပ်အမျိုး၊
ဣသရေလသားတို့အား ပြန်ပြောရသော အမိန့်တော်ဟူမူကား၊ 4 ငါသည် အဲဂုတ္တုလူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို
ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ 5 ထိုကြောင့် ယခုတွင်
သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည်
ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှ သည် ငါ၏ဥစ္စာဖြစ်၏။ 6 သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော
ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟု
မိန့်တော်မူ၏။ 7 မောရှေသည် ပြန်လာ၍ လူတို့တွင် အသက်ကြီးသူတို့ကို ခေါ်ပြီးလျှင်၊ ထာဝရဘုရားမှာထားတော်မူ သော
စကားအလုံးစုံတို့ကို ပြန်ပြောလေ၏။ 8 လူအပေါင်းတို့ကလည်း ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်ဟု
တညီ တညွတ်တည်း ပြန်ပြောကြ၏။ မောရှေသည်လည်း သူတို့၏စကားကို ထာဝရဘုရားအား ပြန်လျှောက်လေ၏။ 9
ထာဝရဘုရားကလည်း ကြည့်ရှုလော့။ သင်နှင့်ငါပြောသောအခါ လူများတို့သည် ကြား၍ အစဉ်အမြဲ သင့်ကို ယုံမည်အကြောင်း၊
မိုဃ်းတိမ်တိုက်၌ သင့်ဆီသို့ ငါလာမည်ဟု မောရှေအား မိန့်တော်မူ၏။ မောရှေသည်လည်း ထာဝရဘုရား၏ စကားတော်ကို
လူများတို့အား ပြန်ပြောလေ၏။ 10 ထာဝရဘုရားကလည်း လူတို့ရှိရာသို့ သွား၍၊ ယနေ့နှင့်နက်ဖြန်၌ သူတို့ကို သန့်ရှင်းစေလော့။
သူတို့အဝတ်ကို လျှော်စေ၍၊ 11 သုံးရက်မြောက်သောနေ့၌ အသင့်ရှိနေစေလော့။ အကြောင်းမူကား၊ သုံးရက်မြောက်သောနေ့၌
ထာဝရဘုရားသည် လူအပေါင်းတို့ရှေ့၊သိနာတောင်ပေါ်သို့ ဆင်းသက်တော်မူမည်။ 12 လူတို့မကျော်ရသော အဆီးအကာတို့ကို
တောင်ပတ်လည်၌ စီရင်၍၊ သင်တို့သည် တောင်ပေါ်သို့ မတက်၊ တောင်ခြေရင်းကို မထိရအောင် သတိပြုကြဟု ပြောလော့။ တောင်ကို
ထိမိသောသူမည်သည်ကား၊ ဧကန်အမှန် အသေခံစေ။ 13 ထိုသူကို လက်နှင့်မထိရ။ အကယ်စင်စစ် ကျောက်ခဲနှင့်ပစ်ရမည်။ သို့မဟုတ်
လှံနှင့်ထိုးရမည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အသက်မရှင်ရ။ တံပိုးသည် ကြာကြာမြည်သောအခါ၊ လူများတို့သည် တောင်သို့လာရ
ကြမည်ဟု မောရှေအား မိန့်တော်မူ၏။ 14 မောရှေသည် တောင်ပေါ်မှ လူတို့ရှိရာသို့ ဆင်းသက်၍၊ သူတို့ကို သန့်ရှင်းစေ၏။ သူတို့သည်
မိမိအဝတ်များကို လျှော်ကြ၏။ 15 မောရှေကလည်း၊ သုံးရက်မြောက်သောနေ့၌ အသင့်ရှိစေကြလော့။ မယားကို မချဉ်းကြနှင့်ဟု
လူတို့အား ဆိုလေ၏။ 16 သုံးရက်မြောက်သောနေ့၊ နံနက်အချိန်၌ တောင်ပေါ်မှာ မိုဃ်းချုန်းခြင်း၊ လျှပ်ပြက်ခြင်းနှင့်တကွ
မိုဃ်းတိမ်တိုက်လွှမ်းမိုး၍ ကြီးသောအသံနှင့် တံပိုးမြည်သဖြင့်၊ တပ်၌ရှိသောလူအပေါင်းတို့သည် တုန်လှုပ်ကြ၏။ 17
မောရှေသည်လည်း ဘုရားသခင်နှင့် တွေ့စေခြင်းငှာ၊ လူများတို့ကို တပ်ထဲကဆောင်ခဲ့သဖြင့်၊ သူတို့သည် တောင်ခြေရင်းအောက်၌
ရပ်နေကြ၏။ 18 ထာဝရဘုရားသည် မီးဖြင့်လွှမ်းလျက်၊ သိနာတောင်ပေါ်သို့ ဆင်းသက်တော်မူသောကြောင့်၊ တတောင်လုံး
မီးခိုးထွက်လေ၏။ မီးခိုးသည်လည်း မီးဖို၏မီးခိုးကဲ့သို့ တက်၍ တတောင်လုံး ပြင်းစွာလှုပ်လေ၏။ 19 တံပိုးမြည်သံသည်
ကြာကြာမြည်လျက်၊ အသံတိုး၍ ကြီးသောအခါ၊ မောရှေသည် ခေါ်၍၊ ဘုရားသခင်သည် စကားသံနှင့် ထူးတော်မူ၏။ 20
ထာဝရဘုရားသည်လည်း သိနာတောင်ထိပ်ပေါ်သို့ ဆင်းသက်၍၊ မောရှေကို တောင်ထိပ်ပေါ်သို့ ခေါ်တော်မူလျှင်၊ မောရှေသည်
တက်လေ၏။ 21 ထာဝရဘုရားကလည်း၊ လူတို့သည် ကြည့်ရှုခြင်းငှာ ထာဝရဘုရားထံသို့ ကျော်ဝင်၍၊ အများတို့သည်
သေကြလိမ့်မည်ဟု စိုးရိမ်စရာရှိသောကြောင့် ဆင်း၍ သတိပေးလော့။ 22 ထာဝရဘုရားထံသို့ ချဉ်းကပ်သော
ယဇ်ပုရောဟိတ်တို့သည်လည်း၊ ကိုယ်ကိုကိုယ် သန့်ရှင်းစေရမည်။ သို့မဟုတ် ထာဝရဘုရားသည် ဒဏ်ခတ်တော်မူမည်ဟု မောရှေအား
မိန့်တော်မူ၏။ 23 မောရှေကလည်း၊ လူတို့သည် သိနာတောင်သို့ မတက်နိုင်ကြပါ။ အကြောင်းမူကား၊ မကျော်ရသော အဆီးအကာတို့ကို
တောင်ပတ်လည်၌ စီရင်၍၊ သန့်ရှင်းစေလော့ဟု မှာထားတော်မူပြီဟု ထာဝရဘုရားအား ပြန်လျှောက်လေ၏။ 24
ထာဝရဘုရားကလည်း၊ ဆင်းသွားလော့။ သင်နှင့်အာရုန်သာလျှင် တက်ရမည်။ ယဇ်ပုရောဟိတ်များ၊ လူများတို့သည်
ထာဝရဘုရားထံသို့ တက်ခြင်းငှာ မကျော်မဝင်စေနှင့်။ သို့မဟုတ် သူတို့ကို ဒဏ်ခတ်တော်မူမည် ဟု မိန့်တော်မူ၏။ 25
မောရှေသည်လည်း လူများတို့ရှိရာသို့ ဆင်း၍ ကြားပြောလေ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 20

1 ထိုအခါ ဘုရားသခင် မိန့်တော်မူသော စကားများဟူမူကား၊ 2 ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ
ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 3 ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။ 4
အထက်မိုဃ်းကောင်းကင်၌၎င်း၊ အောက်အရပ် မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသော အရာနှင့် ပုံသဏ္ဌာန်တူအောင်၊
ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်။ 5 ဦးမချ၀တ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊
သင်၌အပြစ်ရှိသည် ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်
တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ 6 ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏
အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော ဘုရားဖြစ်၏။ 7 သင်၏ဘုရားသခင် ထာဝရဘုရား၏
နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု
ထာဝရဘုရား မှတ်တော်မမူ။ 8 ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။ 9 ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို
ကြိုးစား၍ လုပ်ဆောင်လော့။ 10 သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍
သင်၏သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်၊ သင်၏ တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ 11
အကြောင်းမူကား၊ ထာဝရဘုရားသည် မိုဃ်းကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍
သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။
12 သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာ ရှည်မည် အကြောင်း၊ သင်၏မိဘကို
ရိုသေစွာပြုလော့။ 13 လူအသက်ကို မသတ်နှင့်။ 14 သူ့မယားကို မပြစ်မှားနှင့်။ 15 သူ့ဥစ္စာကို မခိုးနှင့်။ 16
ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကို မခံနှင့်။ 17 ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အိမ်ကို
တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယား၊ သူ၏ကျွန် ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍
ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာ တစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ် မရှိစေနှင့်ဟု မိန့်တော်မူ၏။ 18 လူအပေါင်းတို့သည်
မိုဃ်းချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ တံပိုးသံမြည်ခြင်း၊ တောင်ထဲကမီးခိုးထွက်ခြင်း အကြောင်းအရာတို့ကို မြင်သောအခါ၊
ကြောက်သောကြောင့် ရွှေ့၍ အဝေး၌ ရပ်နေကြ၏။ 19 မောရှေကိုလည်း၊ အကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူပါ၊ အကျွန်ုပ်တို့သည်
နားထောင်ပါမည်။ အကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကို စိုးရိမ်ပါသည်ဟု
လျှောက်ဆိုကြ၏။ 20 မောရှေကလည်း၊ မစိုးရိမ်ကြနှင့်။ သင်တို့ကို စုံစမ်းခြင်းငှာ၎င်း၊ သင်တို့သည် ပြစ်မှားခြင်းနှင့်
လွတ်မည်အကြောင်း ကိုယ်တော်ကို ကြောက်စေခြင်းငှာ၎င်း၊ ဘုရားသခင်ကြွလာတော်မူပြီဟု လူများတို့အား ပြောဆို၏။ 21
လူများတို့သည်လည်း အဝေး၌ ရပ်နေကြ၏။ မောရှေမူကား၊ ဘုရားသခင်ရှိတော်မူရာ ထူထပ်သော မှောင်မိုက်သို့ ချဉ်းကပ်လေ၏။ 22
ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့အား ပြန်ပြောရသော စကားဟူမူကား၊ ငါသည် ကောင်းကင်ဘုံမှ သင်တို့နှင့်
နှုတ်ဆက်ကြောင်းကို သင်တို့သည် သိမြင်ကြပြီ။ 23 ငါ့ကို ကိုးကွယ်သောအမှု၌ ကိုယ်သုံးဘို့ ငွေဘုရား၊ ရွှေဘုရားကို မလုပ်ရ။ 24
ငါ့အဘို့ မြေယဇ်ပလ္လင်ကို တည်ရမည်။ ထိုပလ္လင်ပေါ်မှာ သင်၏မီးရှို့သောယဇ်၊ မိဿဟာယယဇ် တည်းဟူသော သင်၏သိုးနွားတို့ကို
ယဇ်ပူဇော်ရမည်။ ငါ့အခွင့်ရှိ၍၊ ငါ့နာမကို ကိုးကွယ်ရာအရပ်ခပ်သိမ်းတို့၌၊ သင့်ဆီသို့ ငါကြွလာ၍ ကောင်းကြီးပေးမည်။ 25 သင်သည်
ကျောက်ယဇ်ပလ္လင်ကို ငါ့အဘို့ တည်လျှင်၊ ဆစ်သောကျောက်ကို မတည်ရ။ သံတန်ဆာပါ၍ တည်သောယဇ်ပလ္လင်သည်
ညစ်ညူးခြင်းရှိ၏။ 26 သင်၌ ရှက်စရာအကြောင်း မထင်မပေါ်စေခြင်းငှာ၊ ယဇ်ပလ္လင်ပေါ်သို့ လှေကားဖြင့် မတက်ရဟု မိန့်တော်မူ၏။

---

Exodus 01

ကျွန်ခံနေရာ
"သင်တို့ ကျွန်ခံသည့် အရပ်"

ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်
"အခြားသော ဘုရားများကို ဝတ်ပြုခြင်း မပြုရ"

Exodus 04

ပုံသဏ္ဌာန်တူအောင်
"သင်တို့သည် ပုံသဏ္ဌာန်တူအောင် မပြုလုပ်ရ"။

ဦးမချ၀တ်မပြုနှင့်
"ရုပ်တုတို့ ရှေ့တွင် ဦးမချရ"။

အပြစ်ရှိသည် ဟု ယုံလွယ်သောဘုရား
"သ၀န်တိုတတ်သောဘုရား"

တတိယအဆက်၊ စတုတ္ထအဆက်
သုံးဆက်မြောက်၊ လေးဆက်မြောက်

အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား
မိဘတို့၏ အပြစ်ကြောင့် သားသမီး၊ မြေး၊ မြစ် များအထိ
ဒဏ်စီရင်သောဘုရား

 generated on Sun Jun 30 02:37:40 2024

မျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော
"ငါ၏ ပညတ်ချက်များကြောင့် ငါသည် သူ့အား အထောင်အသောင်း ထက်မက" သို့မဟုတ် "ငါသည် သူ့အား အထောင်အသောင်း ချစ်၍"

အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်
"များစွာသော မျိုးရိုးစဉ်ဆက် တိုင်အောင်"

Exodus 07

နာမတော်ကို ... မမြွက်မဆိုနှင့်။
"နာမတော်ကို ... မသုံးနှင့်"။

မုသာနှင့်ဆိုင်၍
"မမှန်မကန်" သို့မဟုတ် "မရှိမသေ"

အပြစ်မရှိဟု ထာဝရဘုရား မှတ်တော်မမူ။
"အပြစ်ရှိသည်ဟု မှတ်တော်မူမည်"။

Exodus 08

သတ္တမနေ့ရက်
"၇ နှစ်ရက်မြောက်သောနေ့"

သင်၏ တံခါးအတွင်း၌နေသော
မြို့များတွင် ရန်သူ့ဘေးကာကွယ်ရန် မြို့ရိုးများ၊ ဝင်ထွက်သွားလာ၍ရသော မြို့ဝင်ပေါက်များ ရှိသည်။ အခြားသောဘာသာပြန်ဆိုချက် "သင့်ပတ်ဝန်းကျင်၌နေသောသူ" သို့မဟုတ် "သင့်မြို့ထဲ၌နေသောသူ"

သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ (၁) ဘုရားသခင်သည် သတ္တမနေ့ကို ကောင်းသောနေ့ဖြစ်စေသည်၊ သို့မဟုတ် (၂) ဘုရားသခင်က သတ္တမနေ့သည် ကောင်းသေနေ့ဖြစ်သည် ဟုမိန့်တော်မူသည်။

သန့်ရှင်းစေတော်မူ
"တစ်စုံတစ်ခုအတွက် သီးသန့်ထားသည်"။

Exodus 12

သူ့မယားကို မပြစ်မှားနှင့်
သင့်ဇနီးသည်မှလွဲ၍ မည်သူနှင့်မျှ လိင်မဆက်ဆံနှင့်။

Exodus 15

မမှန်သောသက်သေကို မခံနှင့်။
"သူများအကြောင်း မဟုတ်မမှန် မပြောနှင့်"။

တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။
လိုချင်သောစိတ် အလွန့်အကျွံမဖြစ်စေနှင့်။

Exodus 18

သံမြည်
အသံ

တောင်ထံကမီးခိုးထွက်ခြင်း
"မီးခိုး လျှံထွက်လာသော တောင်"

ကြောက်သောကြောင့်
"ကြောက်၍ တုန်လှုပ်ကြသည်"။

အဝေး၌ ရပ်နေကြ၏။
"ဝေးရာအရပ်၌ နေကြသည်" ။

သင်တို့သည် ပြစ်မှားခြင်းနှင့် လွတ်မည်အကြောင်း ကိုယ်တော်ကို ကြောက်စေခြင်းငှာ
"သင်တို့သည် အပြစ်မပြုဘဲ ကိုယ်တော်ကို ကြည်ညို (ရိုသေ) စေခြင်းငှါ"

ချဉ်းကပ်လေ၏။
"အနီးသို့သွားလေ၏"။

Exodus 22

ဣသရေလအမျိုးသားတို့အား ပြန်ပြောရသော စကား
"ဣသရေလလူတို့အား ပြောလော့"။

ငါသည် ကောင်းကင်ဘုံမှ သင်တို့နှင့် နှုတ်ဆက်ကြောင်းကို သင်တို့သည် သိမြင်ကြပြီ
"ငါသည် ကောင်းကင်မှ စကားပြောသည်ကို သင်တို့ ကြားပြီးပြီ" ။

ဘုရားကို မလုပ်ရ။
"သင်တို့သည် ငါ့အစား ဘုရားအဖြစ် ရုပ်တုတို့ကို မလုပ်ရ"။

ငွေဘုရား၊ ရွှေဘုရားကို မလုပ်ရ
"ရွှေ၊ ငွေ ဖြင့်ထုလုပ်သောဘုရား" သို့မဟုတ် "ရွှေ၊ ငွေ ဖြင့် ထုလုပ်သော ရုပ်တု"

Exodus 24

မြေယဇ်ပလ္လင်
မြေမှရသော ရွှံ့၊ ကျောက် စသည်တို့ဖြင့် တည်လုပ်သော ယဇ်ပလ္လင်

သင်၌ ရှက်စရာအကြောင်း မထင်မပေါ်စေခြင်းငှာ
"အဝတ်မဲ့ ခန္ဓာကဲ့သို့ အရှက်မရစေခြင်းငှါ"

ယဇ်ပလ္လင်ပေါ်သို့ လှေကားဖြင့် မတက်ရ။
"လှေကားထစ်ပါသော ယဇ်ပလ္လင် မဆောက်လုပ်ရ"။

## Translation Questions

### Exodus 20:1

ဣသရေလလူတို့သည် ထာဝရဘုရားမှ လွဲ၍ မည်သည့်အရာကို ငြင်းပယ်ရမည်နည်း။

ဣသရေလလူတို့သည် ထာဝရဘုရားမှ လွဲ၍ အခြားသောဘုရားကို မကိုးကွယ်ရ။

### Exodus 20:4

ဣသရေလလူတို့သည် အဘယ်ကြောင့် ရုပ်တုဆင်းတုများကို ထုလုပ်ခြင်း၊ ဦးချခြင်းမပြုလုပ်နိုင်သနည်း။

ထာဝရဘုရားသည် လူတို့၌အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားဖြစ်သဖြင့် ဣသရေလလူတို့သည် ရုပ်တုဆင်းတုများကို ထုလုပ်ခြင်း၊ ဦးချခြင်း မပြုလုပ်နိုင်ပေ။

ထာဝရဘုရားသည် ဆွေစဉ်မျိုးဆက် မည်မျှတိုင်အောင် ဒဏ်ခတ်အပြစ်ပေးတတ်သော ဘုရားဖြစ်သနည်း။

ထာဝရဘုရားသည် မိမိကို မုန်းသောသူတို့၏ အမျိုးအစဉ် အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစေရန် စီရင်သောဘုရားဖြစ်သည်။

### Exodus 20:7

ဣသရေလလူတို့သည် မည်သူ၏အမည်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုခြင်း မပြုရမည်နည်း။

ဣသရေလလူတို့သည် ထာဝရဘုရား၏ နာမတော်ကို မုသာနှင့် ဆိုင်၍ မြွက်ဆိုခြင်းမပြုရကြ။

### Exodus 20:8

ဣသရေလလူတို့သည် အဘယ်ကြောင့် ဥပုသ်နေ့ကို သန့်ရှင်းစေပြီး ထိုနေ့၌ အလုပ်မလုပ်ဘဲ နေရမည်နည်း။

ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူသည့်အတွက် ဣသရေလလူတို့သည်လည်း ဥပုသ်နေ့ကို သန့်ရှင်းစေပြီး ထိုနေ့၌ အလုပ်မလုပ်ဘဲ နေရမည်ဖြစ်သည်။

မည်သူတို့သည် ဥပုသ်နေ့ကို သန့်ရှင်းစေပြီး အလုပ်မလုပ်ဘဲ နေရမည်နည်း။

ဣသရေလလူတို့နှင့် သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်နှင့် ဧည့်သည်အာဂန္တုတို့သည် ဥပုသ်နေ့ကို သန့်ရှင်းစေပြီး အလုပ်မလုပ်ဘဲ နေရမည်။

### Exodus 20:12

ဣသရေလလူတို့သည် မိမိတို့၏ မိဘကို ရိုသေစွာ ပြုမူဆက်ဆံပါက မည်သို့ခံစားရမည်နည်း။

ဣသရေလလူတို့သည် မိမိတို့၏ မိဘကို ရိုသေစွာ ပြုမူဆက်ဆံပါက ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ အသက်တာရှည်စွာ နေရမည် ဖြစ်သည်။

### Exodus 20:18

ဣသရေလလူတို့သည် အဘယ်ကြောင့် တုန်လှုပ်ကြောက်ရွံ့စွာ အဝေး၌ရပ်နေကြသနည်း။

ဣသရေလလူတို့သည် မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ တံပိုးသံမြည်ခြင်း၊ တောင်ထဲကမီးခိုးထွက်ခြင်းတို့ကို မြင်တွေ့ရသည့်အတွက် တုန်လှုပ်ကြောက်ရွံ့စွာ အဝေး၌ရပ်နေကြသည်။

ဣသရေလလူတို့သည် မိမိတို့အား ထာဝရဘုရားစကားပြောကြားပါက မည်သို့ဖြစ်ပေါ်မည်ကို စိုးရိမ်ကြသနည်း။

ဣသရေလလူတို့သည် ထာဝရဘုရားစကားပြောကြားပါက မိမိတို့ အသက်သေဆုံးမည်ကို စိုးရိမ်ကြသည်။

### Exodus 20:24

ဣသရေလလူတို့သည် ကျောက်ယဇ်ပလ္လင်တည်ဆောက်ရာတွင် မိမိတို့၏ သံတန်ဆာကို အသုံးပြုပါက မည်သို့အကျိုးသက်ရောက်မည်နည်း။

ဣသရေလလူတို့သည် ကျောက်ယဇ်ပလ္လင်တည်ဆောက်ရာတွင် မိမိတို့၏ သံတန်ဆာကို အသုံးပြုပါက ထိုယဇ်ပလ္လင်သည် ညစ်ညူးခြင်းရှိသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 21

1 ထာဝရဘုရားကလည်း၊ သင်သည် ဣသရေလအမျိုးသားတို့၌ စီရင်ရသော ဓမ္မသတ်ဟူမူကား၊ 2 ဟေဗြဲအမျိုးဖြစ်သောကျွန်ကို
ဝယ်လျှင်၊ ခြောက်နှစ်သာ အစေကျွန်ခံစေရမည်။ သတ္တမနှစ်ရောက် သော်၊ ကိုယ်ဘိုးကို မတောင်းဘဲ လွတ်ရမည်။ 3 ကျွန်ခံစက
တယောက်တည်းခံလျှင်၊ တယောက်တည်းထွက်ရမည်။ လင်မယားနှစ်ယောက်ခံလျှင်၊ မယားနှင့်တကွ ထွက်စေရမည်။ 4 သို့မဟုတ်
သခင်ပေးစားသောမယားရှိ၍ ထိုမယားသည် သားသမီးကို ဘွားမြင်လျှင်၊ မယားနှင့် သားသမီးတို့ကို သခင်ပိုင်ရမည်။ ကျွန်မူကား၊
တယောက်တည်းထွက်ရမည်။ 5 သို့မဟုတ် ကျွန်က၊ ကျွန်တော်သခင်နှင့် မယားသားသမီးတို့ကို ကျွန်တော်ချစ်ပါ၏။
မထွက်မသွားလိုပါ ဟု အတည့်အလင်းပြောဆိုလျှင်၊ 6 သခင်သည် ဘုရားသခင်ရှေ့တော်သို့၎င်း၊ အိမ်တံခါးတိုင်သို့၎င်း ဆောင်ယူ၍၊
နားရွက်ကို စူးဖြင့် ဖောက်ပြီးမှ၊ ထိုကျွန်သည် အစဉ်အမြဲ ကျွန်ခံရမည်။ 7 အဘသည် သမီးကို ကျွန်ခံစေခြင်းငှာ ရောင်းလျှင်
ထိုမိန်းမသည် ကျွန်ယောကျ်ားကဲ့သို့ လွတ်ရသည် မဟုတ်။ 8 သခင်သည် ထိုမိန်းမကို သိမ်းယူ၍ မကြိုက်လျှင်၊ ရွေးစေခြင်းငှာ
အခွင့်ပေးရမည်။ သူ့ကို လှည့်ဖြားမိ သောကြောင့်၊ တပါးအမျိုးသားတို့သို့ ရောင်းချပိုင်သောအခွင့်မရှိ။ 9 မိမိသား၌
ပေးစားလျှင်မူကား၊ သမီးကဲ့သို့ ပြုစုရမည်။ 10 အခြားမိန်းမကို သိမ်းပြန်လျှင်၊ အရင်သိမ်းသော မိန်းမ၏ အဝတ်အစားနှင့်
မယားဝတ်ကို မလျှော့ရ။ 11 ထိုသုံးပါးကို မပြုလျှင်၊ ကိုယ်ဘိုးကို မတောင်းဘဲ လွတ်ရမည်။ 12 လူကို အသေသတ်သောသူသည်
အသေသတ်ခြင်းကို အမှန်ခံရမည်။ 13 အသေသတ်မည် အကြံမရှိဘဲ၊ သူ၏လက်၌ လူအသက်ကို ဘုရားသခင် အပ်တော်မူလျှင်၊
ပြေးရသော အရပ်ကို ငါခန့်ထားမည်။ 14 အိမ်နီးချင်းကို သတ်မည်အကြံရှိ၍ အနိုင်တိုက်သောသူကိုကား၊ ငါ့ယဇ်ပလ္လင်၌
ခိုလှုံသော်လည်း၊ ဆွဲယူ၍ သတ်ရမည်။ 15 မိဘကို အသေသတ်သောသူသည်၊ အသေသတ်ခြင်းကို အမှန်ခံရမည်။ 16 လူကို
ခိုးသောသူသည်၊ ရောင်းသည်ဖြစ်စေ၊ သူ၏လက်၌ ရှိသည်ဖြစ်စေ၊ အသေသတ်ခြင်းကို အမှန်ခံရမည်။ 17 မိဘကို
ကျိန်ဆဲသောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ 18 လူချင်းခိုက်ရန် ပြု၍ တယောက်သည် ကျောက်ခဲနှင့် ထုသည်ဖြစ်စေ၊
လက်သီးနှင့်ထိုးသည်ဖြစ်စေ၊ အရိုက်ခံရသောသူသည် မသေသော်လည်း၊ အိပ်ရာ၌ တုံးလုံးနေရလျှင်၎င်း၊ 19 တဖန်ထ၍
တောင်ဝေးနှင့်သွားလျှင်၎င်း၊ ရိုက်သောသူကို အပြစ်လွှတ်ရမည်။ သို့ရာတွင် နာသော သူသည် အလုပ်ပျက်ရသည်အတွက်၊
အနာပျောက်စေခြင်းငှါ ကုသရသည်အတွက်၊ ငွေကို လျော်ရမည်။ 20 သခင်သည် ကျွန်ယောကျ်ားကျွန်မိန်းမကို
ဒုတ်နှင့်ရိုက်၍ထိုကျွန်သေလျှင်၊ သခင်သည် လေးသော ဒဏ်ကို ခံရမည်။ 21 သို့ရာတွင် ကျွန်သည် တရက်နှစ်ရက်နာ၍
မသေဘဲနေလျှင်၊ သခင်သည် ထိုကျွန်ကို ပိုင်သောကြောင့် ဒဏ်နှင့် လွတ်ရမည်။ 22 လူချင်းခိုက်ရန် ပြုကြ၍၊ ကိုယ်ဝန်ဆောင်သော
မိန်းမကို ထိခိုက်သဖြင့် ကိုယ်ဝန်ပျက်၍ အခြားသော အနာမဖြစ်လျှင်၊ မိန်းမလင်စီရင်သည်အတိုင်း ဒဏ်ခံရမည်။
မင်းစီရင်သည်အတိုင်းလည်း ငွေကို လျော်ရမည်။ 23 အခြားသော အနာဖြစ်လျှင်၊ အသက်အတွက် အသက်ကို၎င်း၊ 24 မျက်စိအတွက်
မျက်စိကို၎င်း၊ သွားအတွက် သွားကို၎င်း၊ လက်အတွက် လက်ကို၎င်း၊ ခြေအတွက် ခြေကို၎င်း၊ 25 မီးလောင်ခြင်းအတွက်
မီးလောင်ခြင်းကို၎င်း၊ ရှနခြင်းအတွက် ရှနခြင်းကို၎င်း၊ ဒဏ်ချက်ရာအတွက် ဒဏ်ချက်ရာကို၎င်း ခံရမည်။ 26 သခင်သည်
ကျွန်ယောကျ်ား ကျွန်မိန်းမ၏ မျက်စိကို ပျက်အောင်ရိုက်လျှင်၊ မျက်စိပျက်သည်အတွက် လွှတ်ရမည်။ 27 ထိုအတူ ကျွန်ယောကျ်ား
ကျွန်မိန်းမ၏ သွားကို ကျိုးအောင်ရိုက်လျှင်၊ သွားကျိုးသည်အတွက် လွှတ်ရမည်။ 28 နွားသည် လူယောကျ်ားမိန်းမကို ခွေ့၍
လူသေလျှင်၊ စင်စစ်ထိုနွားကို ကျောက်ခဲနှင့် ပစ်၍ သတ်ရမည်။ အသားကိုလည်း မစားရ။ နွားရှင်ကိုကား၊ အပြစ်လွှတ်ရမည်။ 29
ဂင်းနည်းနွားသည် အထက်က ခွေ့ဘူး၍၊ ခွေ့ကြောင်းကို နွားရှင်ကြားသိလျက် မချည်မနှောင် အလွှတ်ထား၍၊ နွားသည်
ယောကျ်ားမိန်းမကို သတ်မိလျှင်၊ ထိုနွားကို ကျောက်ခဲနှင့် ပစ်သတ်ရမည်။ နွားရှင်ကို လည်း အသေသတ်ရမည်။ 30 သို့မဟုတ်
ငွေလျော်စေဟု စီရင်လျှင်၊ စီရင်သည်အတိုင်း မိမိအသက်ရွေးရန် အဘိုးကို လျော်ရမည်။ 31 သူတပါး၏ သားသမီးကို ခွေ့လျှင်၊
စီရင်သည်အတိုင်း ခံရမည်။ 32 ကျွန်ယောကျ်ားကျွန်မိန်းမကို ခွေ့လျှင်မူကား၊ နွားရှင်သည် ကျွန်ရှင်အား ငွေအကျပ်သုံးဆယ်ကို
လျော်ရမည်။ နွားကိုလည်း ကျောက်ခဲနှင့် ပစ်သတ်ရမည်။ 33 လူသည် တွင်းကို ဖွင့်၍ ထားသည်ဖြစ်စေ၊ တွင်းကိုတူး၍ မပိတ်ဘဲ
ထားသည်ဖြစ်စေ၊ သူတပါး၏ မြင်း၊ နွားသည် ထိုတွင်း၌ကျလျှင်၊ 34 တွင်းရှင်သည် မြင်း၊ နွားအဘိုးကို လျော်၍ အသေကောင်ကို
ယူရမည်။ 35 အကြင်သူ၏ နွားသည်၊ သူတပါး၏ နွားကို အသေခွေ့လျှင်၊နွားရှင်နှစ်ဦးတို့သည်၊ အသက်ရှင်သော နွားကို ရောင်း၍
အဘိုးကို ဝေယူရမည်။ သေသောနွားကိုလည်း ဝေယူရမည်။ 36 ဂင်းနည်းနွားသည် အထက်က ခွေ့ဘူးကြောင်းကို၊ နွားရှင်သိလျက်နှင့်
မချည်မနှောင် အလွှတ် ထားလျှင်၊ နွားသေကောင်ကို ကိုယ်တိုင်ယူရမည်။ ထိုနွားတကောင်အတွက် တကောင်ကို အမှန်လျော်ရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 22

1 လူသည် သိုးနွားကိုခိုး၍သတ်သည်ဖြစ်စေ၊ ရောင်းသည်ဖြစ်စေ၊ နွားတကောင်အတွက် နွားငါးကောင် ကိုဎင်း၊ သိုးတကောင်အတွက်
သိုးလေးကောင်ကိုဎင်း ပြန်ပေးရမည်။ 2 သူခိုးသည် အိမ်ကိုထွင်းဖောက်စဉ်၊ သူတပါးတွေ့၍ သေအောင်သတ်သော်လည်း၊သေစား
မသေစေရ။ 3 သို့သော်လည်း နေထွက်လျှင် သေစားသေစေရမည်။ အကြောင်းမူကား၊ ပြန်ပေးစရာအကြောင်းရှိ၏။
ဥစ္စာအလျှင်းမရှိလျှင်၊ ခိုးသည်ဥစ္စာအတွက် ကိုယ်ကိုရောင်းရမည်။ 4 သူခိုးလက်၌ ခိုးသောနွား၊ သိုးကို အသက်ရှင်လျှက်
အမှန်တွေ့လျှင်၊ နှစ်ဆပြန်ပေးရမည်။ 5 သူ့လယ်၊ သူ့စပျစ်ဥယျာဉ်ကို စားစေသော်ဎင်း၊ မိမိတိရိစ္ဆာန်ကို သူ့လယ်၌
ထိန်းကျောင်းသော်ဎင်း၊ မိမိလယ်၊ မိမိစပျစ်ဥယျာဉ်ထဲကအကောင်းဆုံးကို ထုတ်၍ ပြန်ပေးရမည်။ 6 မီးရှို့သောအခါ မြက်ပင်ကြောင့်
အစဉ်အတိုင်း ရှောက်၍လောင်လျက်၊ ကောက်လှိုင်း၊ စပါးပင်၊ လယ်၌ရှိသောအရာတို့ကို လောင်လျှင်၊ မီးရှို့သောသူသည်
အမှန်လျော်ရမည်။ 7 လူတဦးသည် အိမ်နီးချင်းတဦး၌ ရွှေငွေအစရှိသော ဥစ္စတစုံတခုကို အပ်နှံ၍၊ အပ်နှံခံသော သူ၏အိမ်မှ
သူခိုးခိုးသွားလျှင်၊ သူခိုးကို တွေ့မိသောအခါ နှစ်ဆလျော်စေ။ 8 သူခိုးကို မတွေ့လျှင်၊ အိမ်ရှင်သည် မိမိအိမ်နီးချင်းဥစ္စာကို ယူသလော
မယူလောဟု ဘုရားသခင့် ရှေ့တော်၌ အစစ်ခံရမည်။ 9 သူ့ဥစ္စာကို ပြစ်မှားသည် အမှုမှာ၊ နွား၊ မြည်း၊ သိုး၊ အဝတ်အစ ရှိသော
ပျောက်သော ဥစ္စာတစုံတခုကို တွေ့၍၊ ဤဥစ္စာကား၊ ငါ၏ဥစ္စာဖြစ်သည်ဟု တစုံတယောက်ဆိုလျှင်၊ အမှုသည် နှစ်ဦးတို့သည်
ဘုရားသခင် ရှေ့တော်၌အစစ်ခံရ၍၊ တရားရှုံးသောသူသည် နှစ်ဆလျော်ရမည်။ 10 လူသည် အိမ်နီးချင်းလယ်၌ မြည်း၊ နွား၊
သိုးအစရှိသော တိရစ္ဆာန်တစုံတခုကို အပ်နှံ၍၊ ထိုတိရစ္ဆာန် သေသော်ဎင်း၊ ထိခိုက်၍နာသော်ဎင်း၊ သက်သေမရှိဘဲ
သူတပါးမောင်း၍သွားသော်ဎင်း၊ 11 အပ်နှံခံသောသူသည် ငါ့အိမ်နီးချင်း၏ဥစ္စာကို ငါမယူဟု နှစ်ဦးသဘောတူလျက်၊
ထာဝရဘုရားရှေ့မှာ အကျိန်ခံရလျှင်၊ ဥစ္စာရှင်သည် ဝန်ခံရမည်။ အပ်နှံခံသူလည်း မလျော်ရ။ 12 သို့ရာတွင် သူတပါးခိုးသွားလျှင်၊
အပ်နှံခံသူသည် ဥစ္စာရှင်အား ပြန်ပေးရမည်။ 13 သားရဲကိုက်လျှင် သက်သေဘို့ အသေကောင်ကိုပြစေ။ ပြနိုင်လျှင် အလျော်မခံရ။ 14
လူသည် အိမ်နီးချင်း၌ တစုံတခုကို ငှါး၍ ဥစ္စာရှင်မပါဘဲ သေသော်ဎင်း၊ ထိခိုက်၍ နာသော်ဎင်း၊ အမှန်လျော်ရမည်။ 15 ဥစ္စာရှင်ပါလျှင်၊
ငှါးသောသူသည် မလျော်ရ။ အခနှင့် ငှါးလျှင်မူကား၊ ဥစ္စာရှင်သည် အခကိုသာ တောင်းရမည်။ 16 မပေးစားလိုသော အပျိုကို၊
အကြင်ယောကျာ်းသည် ချော့မော့၍ သင့်နေလျှင်၊ ကန်တော့ဥစ္စာကို ပေး၍ ထိုမိန်းမကို မယားအရာ၌ မြှောက်ထားရမည်။ 17
မိန်းမ၏အဘ သဘောမတူမပေးစားလိုလျှင်၊ ကန်တော့ရသည်နှင့်အမျှ ငွေကို လျော်ရမည်။ 18 စုန်းမကို အသက်ရှင်စေခြင်းငှါ
အခွင့်မပေးရ။ 19 တိရစ္ဆာန်နှင့်သင့်နေသော သူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ 20 ထာဝရဘုရားမှတပါး အခြားသော
ဘုရားရှေ့မှာ ယဇ်ပူဇော်သောသူကို ရှင်းရှင်းဖျက်ဆီးရမည်။ 21 တပြည်တနိုင်ငံသားဖြစ်သော ဧည့်သည်ကို မနှောင့်ရှက်မညှဉ်းဆဲရ။
သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ။ 22 မိဘမရှိသောသူငယ်နှင့် မုတ်ဆိုးမကို သင်တို့သည် မနှောင့်ရှက်ရ။ 23
နှောင့်ရှက်ခြင်းတစုံတခုကို ပြု၍ သူတို့သည် ငါ့အား အနည်းငယ်အော်ဟစ်လျှင်၊ ငါသည် ထိုအသံကို အမှန်ကြား၍၊ 24
ငါအမျက်ပြင်းစွာ ထွက်လျှက် သင်တို့ကို ထားဘေးဖြင့် ကွပ်မျက်မည်။ သင်တို့မယားများသည်လည်း မုတ်ဆိုးမဖြစ်၍၊
သားသမီးများသည်လည်း မိဘမရှိသော သူငယ်ဖြစ်ကြလိမ့်မည်။ 25 ငါ့လူဖြစ်သော ဆင်းရဲသား အိမ်နီးချင်းအား သင်သည် ငွေကို
ချေးလျှင်၊ အတိုးစားသော သူကဲ့သို့ သူ၌မပြု၊ အတိုးကို မတောင်းရ။ 26 အိမ်နီးချင်းသည် မိမိစောင်ကို သင်၌ ပေါင်ထားလျှင်၊
မိုယ်းမချုပ်မှီ ပြန်ပေးရမည်။ 27 အကြောင်းမူကား၊ အခြားသောခြုံစရာမရှိ။ ကိုယ်ခြုံဘို့ ဖြစ်၏။ သူသည် အဘယ်သို့ အိပ်နိုင်သနည်း။
ငါ့အား အော်ဟစ်လျှင် ငါကြားမည်။ ငါသည် သနားသော သဘောရှိ၏။ 28 ဘုရားသခင်ကို လွန်ကျူး၍ မပြောရ။ သင်၏အမျိုးကို
အုပ်စိုးသော မင်းကို မကျိန်ဆဲရ။ 29 အဦးမှည့်သောအသီး၊ အဦးညှစ်သောအရည်ကို မထိမ်မဝှက်ဘဲ ဆက်ကပ်ရမည်။ အဦးဘွားသော
သားယောကျာ်းကိုလည်း ငါ့အား ဆက်ကပ်ရမည်။ 30 ထိုနည်းတူ သိုးနွားတို့ကို ပြုရမည်။ ခုနစ်ရက်ပတ်လုံး သိုးနွားသငယ်ကို
အမိနှင့်အတူ နေစေ၍၊ အဋ္ဌမနေ့ရောက်မှ ငါ့အား ဆက်ကပ်ရမည်။ 31 သင်တို့သည် ငါ့ထံ၌ သန့်ရှင်းသောသူ ဖြစ်ရကြမည်။ တော၌
သားရဲကိုက်သော အမဲသားကို မစားရ။ ခွေးတို့အား ပစ်ပေးရမည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 23

[1] သင်သည် မှားသော သိတင်းစကားကို မကြားမပြောရ။ မတရားသောသူတို့နှင့် ဝိုင်းညီ၍ မမှန်သော သက်သေကို မခံရ။ [2]
လူများနောက်သို့ လိုက်၍ မတရားသဖြင့် မပြုရ။ တရားတွေ့သည်အမှုမှာ ကြီးသောသူဘက်၌ နေ၍၊ တရားလမ်းမှ လွဲစေခြင်းငှါ
မပြောရ။ [3] ဆင်းရဲသောသူဘက်၌လည်း မငဲ့ကွက်ရ။ [4] သင်သည် ရန်သူ၏မြင်းနွား လမ်းလွဲသည်ကို တွေ့မြင်လျှင်၊ အမှန်ပြန်ပို့ရမည်။
[5] သင့်ကို မုန်းသော သူ၏မြည်းသည်၊ မိမိဆောင်ရွက်သော ဝန်အောက်မှာ လဲနေသည်ကို တွေ့မြင်လျှင်၊ မ မစဘဲ နေနိုင်သလော။
အမှန်ဝိုင်းညီ၍ မစရမည်။ [6] သင်၌ ဆင်းရဲသော သူသည် တရားတွေ့သောအခါ၊ သူ့ကို မတရားသဖြင့် မစီရင်ရ။ [7] မဟုတ်မမှန်သော
အမှုကို ရှောင်ရမည်။ အပြစ်မရှိသောသူ၊ ဖြောင့်မတ်သောသူကို မကွပ်မျက်ရ။ အကြောင်းမူကား၊ ငါသည် မတရားသော သူကို
အပြစ်မလွှတ်။ [8] သင်သည် တံစိုးမစားရ။ တံစိုးသည် ပညာရှိတို့၏မျက်စိကို ကွယ်စေ၍၊ ဖြောင့်မတ်သောသူတို့၏ စကားကို
လွဲစေတတ်၏။ [9] တကျွန်းတနိုင်ငံသားဖြစ်သော ဧည့်သည်ကို မညှဉ်းဆဲရ။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့
ဘူးသောကြောင့်၊ ဧည့်သည်၏စိတ်သဘောကို သိကြ၏။ [10] ခြောက်နှစ်ပတ်လုံး လယ်လုပ်၍ အသီးကို သိမ်းရမည်။ [11] သတ္တမနှစ်တွင်
လယ်ကို မလုပ်ဘဲ အလွတ်ထားရမည်။ သို့ပြုလျှင် ဆင်းရဲသောအမျိုးသားချင်းတို့သည်၊ စားရသောအခွင့် ရှိလိမ့်မည်။
ကြွင်းသောအရာကိုလည်း၊ မြေတိရစ္ဆာန်တို့သည် စားရကြလိမ့်မည်။ ထိုနည်းတူ၊ စပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ်ကိုလည်း ပြုရမည်။ [12]
ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေရမည်။ သို့ပြုလျှင် သင်၏နွား မြည်းတို့သည် ငြိမ်ဝပ်စွာ
နေရသောအခွင့် ရှိလိမ့်မည်။ သင်၏ ငယ်သားများ၊ ဧည့်သည်များတို့လည်း သက်သာရ ကြလိမ့်မည်။ [13] ငါပညတ်သမျှတို့၌
သတိပြုကြလော့။ အခြားသောဘုရား၏ နာမကို မမြွက်မဆိုနှင့်။ သင်၏နှုတ်ထဲက မြွက်သံကို သူတပါးမကြားစေနှင့်။ [14] တနှစ်တွင်
သုံးကြိမ် ငါ့အဘို့ ပွဲခံရမည်။ ငါမှာထားခဲ့ပြီးသည်အတိုင်း၊ အဗိဗလချိန်းချက်သော နေ့ရက်အချိန်၌ အဇုမပွဲကိုခံ၍၊ ခုနစ်ရက် ပတ်လုံး
တဆေးမဲ့သောမုန့်ကို စားရမည်။ [15] ငါမှာထားခဲ့ပြီးသည်အတိုင်း၊ အဗိဗလ ချိန်းချက်သော နေ့ရက်အချိန၌ အဇုမပွဲကိုခံ၍၊
ခုနစ်ရက်ပတ်လုံး တဆေးမဲ့သော မုန့်ကို စားရမည်။ အကြောင်းမူကား၊ ထိုလတွင် သင်သည် အဲဂုတ္တုပြည်က ထွက်လာသတည်း။
ထိုပွဲကို ခံစဉ် ငါ့ထံသို့ အဘယ်သူမျှ လက်ချည်းမပေါ်မလာရ။ [16] လယ်လုပ်၍ အသီးအနှံကို သိမ်းစရှိသည်ကာလ၊ သိမ်းပွဲကိုငင်း၊
လယ်လုပ်၍ အသီးအနှံကို သိုထားသည်ကာလ၊ နှစ်လဲသောအခါ၊ သိုထားပွဲကိုငင်း ခံရမည်။ [17] သင်တို့တွင်
ယောကျ်ားအပေါင်းတို့သည်၊ တနှစ်လျှင်သုံးကြိမ် ထာဝရအရှင်ဘုရားသခင့် ရှေ့တော်၌ မျက်နှာပြရကြမည်။ [18] ငါ့ယဇ်ကောင်၏
အသွေးကို၊ တဆေးပါသောမုန့်နှင့် ရော၍ မပူဇော်ရ။ ငါ့ယဇ်ကောင် ဆီဥကို နံနက်တိုင်အောင် မကြွင်းစေရ။ [19] သင်၏မြေ၌
အဦးသီးသော အသီးအနှံ အကောင်းဆုံးကို၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ အိမ်တော်ထဲသို့ ဆောင်သွင်းရမည်။ ဆိတ်သငယ်ကို
အမိနို့ရည်နှင့် မပြုတ်မချက်ရ။ [20] ကြည့်ရှုလော့။ လမ်းခရီး၌ သင့်ကို စောင့်ရှောက်၍၊ ငါပြင်ဆင်နှင့်သောအရပ်သို့ ပို့စေခြင်းငှာ၊
ကောင်းကင်တမန်ကို သင့်ရှေ့၌ ငါစေလွှတ်၏။ [21] ထိုတမန်ကို ရိုသေစွာပြုလော့။ စကားတော်ကို နားထောင်လော့။ အာဏာတော်ကို
မဆန်နှင့်။ သင်တို့ပြစ်မှားသောအပြစ်ကို သူသည် မလွှတ်။ ငါ့နာမသည် သူ၌တည်ရှိ၏။ [22] အကယ်စင်စစ် သင်သည် သူ့စကားကို
နားထောင်၍ ငါပညတ်သမျှအတိုင်းပြုလျှင်၊ သင်၏ ရန်သူတို့ကို ငါသည် ရန်ဘက်ပြုမည်။ သင့်ကို ဆီးတားသောသူတို့ကိုလည်း
ငါဆီးတားမည်။ [23] ငါ့တမန်သည် သင့်ရှေ့၌သွား၍ သင့်ကို အာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ခါနနိလူ၊ ဂိရဂါရှိလူ၊ ဟိဝိလူ၊
ယေဗုသိလူတို့ရှိရာသို့ ဆောင်သွင်း၍၊ သူတို့ကို ပယ်ရှင်းမည်။ [24] သူတို့ဘုရားများကို ဦးမချဝတ်မပြုရ။ သူတို့ဘာသာအတိုင်း
မကျင့်ရ။ သူတို့ကို အကုန်အစင် မှောက်လှဲ၍၊ ရုပ်တုဆင်းတုများကိုလည်း ရှင်းရှင်းဖြိုဖျက်ရမည်။ [25] သင်တို့၏ဘုရားသခင်
ထာဝရဘုရားကို ဝတ်ပြုရမည်။ သင်၏မုန့်ကိုငင်း၊ ရေကိုငင်း၊ ကောင်းကြီးပေး တော်မူမည်။ အနာရောဂါကိုလည်း သင်၏အထဲက
နှုတ်ယူပယ်ရှားတော်မူမည်။ [26] သင်၏ပြည်တွင် ကိုယ်ဝန်ပျက်သော သတ္တဝါ၊ မြုံသောသတ္တဝါနှင့် ကင်းလွတ်လိမ့်မည်။
သင်၏အသက်တန်းကို ငါစုံလင်စေမည်။ [27] ငါ့ကိုကြောက်တတ်သော သဘောကို သင့်ရှေ့သို့ ငါစေလွှတ်၍၊
သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့ လှည့်စေမည်။ [28]
ပျားတုပ်များကိုလည်း သင့်ရှေ့သို့ ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာ နှင်ထုတ်ကြလိမ့်မည်။ [29]
ထိုလူများကို တနှစ်ခြင်းတွင် သင့်ရှေ့မှာ ငါမနှင်ထုတ်။ သို့ပြုလျှင် ပြည်သည် လူဆိတ်ညံ၍ သားရဲသည် သင့်တဘက်၌
များပြားလိမ့်မည်။ [30] သင်သည် တိုးပွား၍ တပြည်လုံးကို ဝင်စားသည်တိုင်အောင်၊ သူတို့ကို သင့်ရှေ့မှာ ဖြည်းဖြည်းငါနှင် ထုတ်မည်။
[31] သင့်နေရာ နယ်အပိုင်းအခြားကို၊ ဧဒုံပင်လယ်မှသည် ဖိလိတ္တိပင်လယ်တိုင်အောင်ငင်း၊ တောမှသည် မြစ်တိုင်အောင်ငင်း
ငါမှတ်သားမည်။ ထိုအရပ်သားများကို သင့်လက်သို့ ငါအပ်၍၊ သင်သည် နှင်ထုတ်ရလိမ့် မည်။ [32] သူတို့နှင့်ငင်း၊
သူတို့ဘုရားများနှင့်ငင်း၊ သင်သည် မိဿဟာယမဖွဲ့ရ။ [33] သင်သည် ငါ့ကို ပြစ်မှားစေခြင်းငှာ၊ သူတို့သည် ပြုမည်ကို
စိုးရိမ်စရာရှိသောကြောင့်၊ သူတို့သည် သင့်ပြည်၌ မနေရကြ။ သင်သည် သူတို့ဘုရားကို ဝတ်ပြုလျှင်၊ ထိမိ၍ လဲစရာအကြောင်းအမှန်
ဖြစ်လိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 24

1 တဖန် ထာဝရဘုရားက၊ သင်သည် အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသော ဣသရေလအမျိုး အသက်ကြီးသူ ခုနစ်ကျိပ်နှင့်တကွ၊
ထာဝရဘုရားထံတော်သို့ တက်၍၊ သူတို့သည် ဝေးဝေးကိုးကွယ်ကြစေ။ 2 သင်တယောက်တည်းသာ ထာဝရဘုရားထံတော်သို့
ချဉ်းကပ်ရမည်။ အခြားသောသူ မချဉ်းမကပ်ရ။ လူများတို့သည် သင်နှင့်အတူ မတက်ရကြဟု မောရှေအား မိန့်တော်မူ၏။ 3
မောရှေသည်လည်း လူများတို့ရှိရာသို့လာ၍၊ ထာဝရဘုရား၏ စကားတော်အလုံးစုံကိုငှင်း၊ စီရင်တော်မူချက်အလုံးစုံကိုငှင်း
ပြန်ကြား၍၊ လူများအပေါင်းကလည်း၊ ထာဝရဘုရားမိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ ပြုပါမည်ဟု တသံတည်းပြန်ပြောကြ၏။ 4
မောရှေသည် ထာဝရဘုရား၏ စကားတော်အလုံးစုံတို့ကို ရေးထားပြီးမှ၊ နံနက်စောစောထ၍၊ တောင်ခြေရင်း၌ ယဇ်ပလ္လင်ကိုငှင်း၊
ဣသရေလအမျိုး တဆယ်နှစ်မျိုးနှင့်အမျှ ကျောက်တိုင်တဆယ်နှစ်တိုင်ကို ငှင်း တည်လေ၏။ 5 ဣသရေလအမျိုးသား လူပျိုတို့ကို
စေခိုင်းသည်အတိုင်း၊ သူတို့သည် နွားများကိုယူ၍ ထာဝရဘုရား ရှေ့မှာ မီးရှို့သောယဇ်၊ မိဿဟာယယဇ်ကို ပူဇော်ကြ၏။ 6
မောရှေသည်လည်း၊ အသွေးတဝက်ကို အင်တုံ၌ထည့်၍၊ တဝက်ကို ယဇ်ပလ္လင်ပေါ်မှာ ဖြန်းလေ၏။ 7 ပဋိညာဉ်စာကိုလည်း ယူ၍၊
ပရိသတ်များရှေ့မှာ ဘတ်ပြီးလျှင်၊ သူတို့ကလည်း၊ ထာဝရဘုရားမိန့်တော် မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်၊ နားထောင်ပါမည်ဟု
ပြောဆိုကြ၏။ 8 မောရှေသည်လည်း၊ အသွေးကို ယူ၍ လူများအပေါ်မှာ ဖြန်းလျက်၊ ဤအသွေးကား ဤအမှုအရာ တို့တွင် သင်တို့၌
ထာဝရဘုရားဝန်ခံတော်မူသော ပဋိညာဉ်၏အသွေးဖြစ်သည်ဟု ပြောဆို၏။ 9 ထိုအခါ မောရှေ၊ အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသော
ဣသရေလအမျိုး အသက်ကြီးသူ ခုနစ်ကျိပ်တို့ သည် တက်၍၊ 10 ဣသရေလအမျိုး၏ ဘုရားသခင်ကို မြင်ကြ၏။ ခြေတော်အောက်၌
နီလာကျောက်ဖြင့်ပြီးသော ကျောက်ခင်းကဲ့သို့ငှင်း၊ ကြည်လင်သော ကောင်းကင်မျက်နှာကဲ့သို့ငှင်း ထင်လေ၏။ 11
ဣသရေလအမျိုးသား မှူးမတ်တို့ကို အပြစ်ပေးတော်မမူ။ သူတို့သည် ဘုရားသခင်ကို မြင်ရသော် လည်း၊ စားသောက်လျက်နေကြ၏။
12 ထာဝရဘုရားကလည်း၊ ငါရှိရာတောင်ပေါ်သို့ တက်၍နေလော့။ လူများတို့အား သွန်သင်ဘို့ရာ ကျောက်ပြားပေါ်မှာ ငါရေးထားသော
ပညတ်တရားများကို သင်၌ ငါအပ်ပေးမည်ဟု မောရှေအား မိန့်တော်မူလျှင်၊ 13 မောရှေသည် မိမိလက်ထောက်ယောရှုနှင့် အတူထ၍
ဘုရားသခင်၏ တောင်တော်ပေါ်သို့ တက်သွား၏။ 14 အသက်ကြီးသူတို့အားလည်း၊ ငါတို့မလာမှီတိုင်အောင် ဤအရပ်၌
ငံ့နေကြလော့။ အာရုန်နှင့် ဟုရသည် သင်တို့၌ ရှိသည်ဖြစ်၍၊ မည်သည့်သူမဆို အမှုအခင်းရှိလျှင်၊ သူတို့ထံသို့ သွားစေဟု
မှာထားလေ၏။ 15 မောရှေသည် တောင်တော်ပေါ်သို့တက်၍၊ မိုဃ်းတိမ်သည် တောင်တော်ကို လွှမ်းမိုး၏။ 16 ထာဝရဘုရား၏
ဘုန်းတော်သည် သိနာတောင်ပေါ်မှာထိ၍၊ မိုဃ်းတိမ်သည် ခြောက်ရက်ပတ်လုံး လွှမ်းမိုး၏။ သတ္တမနေ့ရက်၌ မိုဃ်းတိမ်အထဲက
အသံတော်ထွက်၍၊ မောရှေကို ခေါ်တော်မူ၏။ 17 ထာဝရဘုရား၏ ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာလောင်သော မီးကဲ့သို့ ထင်၍၊
ဣသရေလ အမျိုးသားတို့သည် မြင်ရကြ၏။ 18 မောရှေသည် မိုဃ်းတိမ်အထဲသို့ ဝင်သဖြင့် တောင်ပေါ်သို့ရောက်၍
အရက်လေးဆယ်ပတ်လုံး တောင်ပေါ်မှာ နေလေ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့သည်၊ 2 ငါ့အား လက်ဆောင်ပဏ္ဏာကို ဆောင်ခဲ့ရမည်အကြောင်း ဆင့်ဆိုလော့။
ကြည်ညိုသောစေတနာစိတ် နှင့် ငါ့အား လှူသမျှသောသူတို့၌ သင်သည် အလှူကို ခံရမည်။ 3 ခံရသောအလှူဟူမူကား၊ ရွှေ၊ ငွေ၊
ကြေးဝါ၊ 4 ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချော၊ ဆိတ်မွေး။ 5 အနီဆိုးသောသိုးရေ၊ တဟာရှသားရေ၊
အကာရှသစ်သား။ 6 လိမ်းရန်ဆီဘော်ဘို့၊ မီးရှို့ရာနံ့သာပေါင်းမွှေးဘော်ဘို့ရာ၊ နံ့သာမျိုး၊ မီးထွန်းစရာဆီ၊ 7 ရှဟံကျောက်၊
ယဇ်ပုရောဟိတ် သင်တိုင်းနှင့် ရင်ဖွဲ့၌ စီစရာကျောက်မြတ်တည်းဟူသော အလှူကို ခံရမည်။ 8 ငါသည် သင်တို့တွင် ကျိန်းဝပ်ရာဘို့
သန့်ရှင်းရာဌာနကို လုပ်ကြစေ။ 9 ငါပြသမျှသော တဲတော်ပုံ၊ တဲတော်တန်ဆာပုံနှင့်အညီ လုပ်ရမည်။ 10 အလျားနှစ်တောင်ထွာ၊
အနံတတောင်ထွာ၊ စောက်တတောင်ထွာရှိသော သေတ္တာကို၊ အကာရှသား နှင့်လုပ်၍၊ သေတ္တာအတွင်းအပြင်ကို ရွှေစင်နှင့်
မွမ်းမံရမည်။ 11 သေတ္တာအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုလည်း လုပ်ရမည်။ 12 ရွှေလေးကွင်းကို သွန်း၍၊
သေတ္တာလေးထောင့်၌ တမျက်နှာ နှစ်ကွင်းစီ တပ်ရမည်။ 13 အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံပြီးမှ၊ 14
သေတ္တာထမ်းစရာဘို့ တဘက်တချက် ရွှေကွင်းထဲသို့ လျှိုထားရမည်။ 15 ထိုထမ်းဘိုးကိုလည်း သေတ္တာရွှေကွင်းထဲက မနှုတ်အစဉ်
ရှိစေရမည်။ 16 ငါပေးသော သက်သေခံချက်ကို၊ ထိုသေတ္တာထဲမှာ ထားရမည်။ 17 အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာရှိသော
သေတ္တာအဖုံးကိုလည်း ရွှေနှင့်လုပ်ရမည်။ 18 ရွှေခေရုဗိမ်နှစ်ပါးကိုလည်း သေတ္တာအဖုံးတွင် အလျားတဘက်တချက်၌ ထုလုပ်ရမည်။
19 ထိုခေရုဗိမ်နှစ်ပါးကို သေတ္တာဖုံး ကိုယ်ထဲကထုတ်၍၊ သေတ္တာဖုံးအပေါ်၌ တဘက်တပါးစီ လုပ်ပြီးလျှင်၊ 20 ခေရုဗိမ်နှစ်ပါးတို့သည်
မျက်နှာချင်းဆိုင်၍၊ သေတ္တာဖုံးကို ရှုလျက်၊ မိမိအတောင်ကို ဖြန့်၍ သေတ္တာဖုံးကို မိုးရမည်။ 21 သေတ္တာအဖုံးကို သေတ္တာပေါ်မှာ
တင်ရမည်။ ငါပေးသော သက်သေခံချက်ကိုလည်း သေတ္တာထဲမှာ ထားရမည်။ 22 ထိုအရပ်၌ ငါသည် သင်နှင့်တွေ့၍၊
သက်သေခံချက်ထားသော သေတ္တာဖုံးအပေါ်၊ ခေရုဗိမ်နှစ်ပါး စပ်ကြားမှာ သင်နှင့် နှုတ်ဆက်သဖြင့်၊ ဣသရေလအမျိုးသားတို့၌
ဆင့်ဆိုရာသမျှတို့ကို စီရင်မည်။ 23 အလျားနှစ်တောင်၊ အနံတတောင်၊ အမြင့်တတောင်ထွာရှိသော စားပွဲကိုလည်း အကာရှသားနှင့်
လုပ်၍၊ 24 ရွှေစင်နှင့် မွမ်းမံရမည်။ စားပွဲအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုငင်း၊ 25 အနံလက်တဝါးရှိသော ခါးပန်းကိုငင်း၊
ခါးပန်းအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုငင်း လုပ်ရမည်။ 26 ရွှေလေးကွင်းကိုလည်း လုပ်၍၊ ခြေထောက်လေးခု
အထက်စားပွဲလေးထောင့်၌ တပ်ရမည်။ 27 ထိုရွှေကွင်းတို့သည် ခါးပန်းပေါ်မှာရှိ၍၊ စားပွဲထမ်းစရာ ထမ်းဘိုးနေရာဖြစ်ရမည်။ 28
စားပွဲထမ်းစရာ အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ 29 စားပွဲနှင့်ဆိုင်သော လင်ပန်း၊ ဇွန်း၊ အင်တုံ၊
လောင်းစရာဖလားများကိုလည်း ရွှေစင်နှင့် လုပ်ရမည်။ 30 ငါ့ရှေ့၊ စားပွဲပေါ်မှာ ရှေ့တော်မုန့်ကို အစဉ်တင်ရမည်။ 31 မီးခုံကိုလည်း
ရွှေစင်နှင့်လုပ်၍၊ မီးခုံတိုင်အစရှိသော အလက်များ၊ ခွက်များ၊ ဘူးသီးများ၊ ကြာပွင့်များတို့ကို တစပ်တည်းထုရမည်။ 32
မီးခုံတိုင်တဘက်တချက်သုံးလက်စီထွက်၍၊ အလက်ခြောက်လက်ရှိရမည်။ 33 မီးခုံတိုင်ထဲက ထွက်သော အလက်သုံးလက်တွင်၊
တလက် တလက်၌ ဘူးကြာပွင့်နှင့်တကွ၊ ဗာတံသီးနှင့် ပုံတူသော ခွက်သုံးခွက် ရှိရမည်။ 34 မီးခုံတိုင်၌လည်း ဘူးကြာပွင့်နှင့်တကွ၊
ဗာတံသီးနှင့်ပုံတူသော ခွက်လေးခွက် ရှိရမည်။ 35 မီးခုံတိုင်ထဲကထွက်သော အလက်ခြောက်လက်ရှိသည်အတိုင်း၊
အလက်နှစ်ဘက်အောက်၌လည်း ဘူးသီးတလုံးစီ ရှိရမည်။ 36 ဘူးများ၊ အလက်များတို့ကို တကိုယ်တစပ်တည်းဖြစ်စေ၍၊
မီးခုံတကိုယ်လုံးကို ရွှေစင်နှင့် ထုလုပ်ရမည်။ 37 မီးခွက်ခုနစ်လုံးကိုလည်း လုပ်ရမည်။ စားပွဲကို လင်းစေခြင်းငှာ ထိုမီးခွက်ကို
ထွန်းရမည်။ 38 မီးညှပ်နှင့် မီးညှပ်ခံစရာခွက်တို့သည်လည်း ရွှေစင်ဖြစ်ရမည်။ 39 မီးခုံနှင့် မီးခုံတန်ဆာရှိသမျှတို့ကို၊
ရွှေစင်အခွက်တဆယ်နှင့် လုပ်ရမည်။ 40 တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ လုပ်ခြင်းငှာ သတိပြုရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 26

1 တနည်းကား၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်ဖြင့် ပြီးသော ခေရုဗိမ်အရုပ်နှင့် ချယ်လှယ်သော၊
ပိတ်ချောကုလားကာဆယ်ထည်ဖြင့် တဲတော်ကို လုပ်ရမည်။ 2 ကုလားကာသည် အလျားနှစ်ဆယ်ရှစ်တောင်၊ အနံလေးတောင်ရှိ၍၊
ကုလားကာချင်း အလျားအနံ တူရမည်။ 3 ကုလားကာငါးထည်စီ တစပ်တည်းချုပ်ရမည်။ 4 ကုလားကာတထည်ပြင်ဘက်မှာ၊
ကုလားကာနားချင်းဆက်မိရာ၌ ကွင်းများကို ပြာသောအထည်နှင့် လုပ်ရမည်။ အခြားသော ကုလားကာ ပြင်ဘက်မှာ၊
ကုလားကာနားချင်း ဆက်မိရာ၌လည်း ထိုအတူလုပ်ရမည်။ 5 ကုလားကာတထည်၌ ကွင်းငါးဆယ်ကိုင်၊ အခြားသောကုလားကာ
အနားဆက်မိရာ၌ ကွင်းငါးဆယ် ကိုင်၊ ကွင်းချင်းဆိုင်မိအောင် လုပ်ရမည်။ 6 ရွှေချောင်းငါးဆယ်ကိုလည်း လုပ်၍၊ ထိုရွှေချောင်းဖြင့်
ကုလားကာများကို ပူးတွဲသဖြင့်၊ တဲတော် တဆောင်တည်း ဖြစ်ရမည်။ 7 တဲတော်ဖုံးအုပ်ဘို့ အခြားသော ကုလားကာဆယ်တထည်ကို
ဆိတ်မွေးနှင့် လုပ်ရမည်။ 8 ကုလားကာသည် အလျားအတောင်သုံးဆယ်၊ အနံလေးတောင်ရှိ၍၊ ကုလားကာ ဆယ်တထည်တို့သည်
အလျားအနံချင်းတူရမည်။ 9 ကုလားကာငါးထည် တစပ်၊ ခြောက်ထည် တစပ်တည်း ချုပ်၍၊ ဆဋ္ဌမကုလားကာကို တဲတော်ဦး၌
ခေါက်ထားရမည်။ 10 ကုလားကာများ ဆက်မိရာ၌၊ ပြင်ဘက်ကနေသော ကုလားကာတထည်အနားမှာ၊ ကွင်းငါးဆယ်ကို ငင်၊
ဆက်မိသော အခြားကုလားကာအနားမှာ၊ ကွင်းငါးဆယ်ကိုင်၊ လုပ်ရမည်။ 11 ကြေးဝါချောင်း ငါးဆယ်ကိုလည်း လုပ်၍၊ ကွင်းတို့၌
လျှိုပြီးလျှင်၊ အပေါ်တဲတပိုင်းနှင့် တပိုင်း ပူးတွဲသဖြင့်၊ တဲတဆောင်တည်း ဖြစ်ရမည်။ 12 ထိုအပေါ်တဲ၌ ပိုသော ကုလားကာ
တဝက်ကိုကား၊ တဲတော်နောက်ဖေးမှာ တွဲလွဲဆွဲထားရမည်။ 13 အပေါ်တဲ၌ပိုသော ကုလားကာ အလျားနှစ်တောင်တွင်၊
တဲတော်ဖုံးအုပ်ဘို့ တဘက်တချက် တတောင်စီ တွဲလွဲဆွဲထားရမည်။ 14 အပေါ်တဲဖုံးအုပ်ဘို့ အနီးဆိုးသောသိုးရေကိုင်၊
ထိုသိုးရေအပေါ်၌ တဟာရှသားရေကိုင်၊ လုပ်ရမည်။ 15 တဲတော်ကာရန်ထောင်ထားရသော အကာရှပျဉ်ပြားတို့ကိုလည်း လုပ်ရမည်။
16 ပျဉ်ပြားသည် အလျားဆယ်တောင်၊ အနံတတောင်ထွာ ရှိရမည်။ 17 ထိုပျဉ်ပြားရှိသမျှတို့၌ ခြေထောက်နှစ်ခုစီ
တတန်းတည်းရှိစေခြင်းငှာ လုပ်ရမည်။ 18 တဲတော်တောင်ဘက်၌ ကာရန်ပျဉ်ပြား နှစ်ဆယ်ကို လုပ်ရမည်။ 19 ထိုပျဉ်ပြားနှစ်ဆယ်တွင်၊
တပြားတပြားအောက်၌ ခြေထောက်နှစ်ခုစီစွပ်စရာဘို့ ငွေခြေစွပ် လေးဆယ်ကို လုပ်ရမည်။ 20 ထိုအတူ တဲတော်မြောက်ဘက်၌
ကာရန်ပျဉ်ပြား နှစ်ဆယ်ရှိရမည်။ 21 ထိုပျဉ်ပြား၌လည်း ငွေခြေစွပ်လေးဆယ်၊ တပြားနှစ်ခုစီရှိရမည်။ 22 တဲတော်အနောက်ဘက်၌
ကာရန် ပျဉ်ပြားခြောက်ပြားကိုင်၊ 23 ထောင့်တဘက်တချက်၌ ကာရန် ပျဉ်ပြားနှစ်ပြားကိုင်၊ လုပ်ရမည်။ 24 အထက်၌ငင်၊
အောက်၌ငင်၊ ကွင်းကိုတပ်၍ စေ့စပ်လျက် ထောင့်နှစ်ခုကို ပြီးစေရမည်။ 25 ပျဉ်ပြားရှစ်ပြား၊ ငွေခြေစွပ်ဆယ်ခြောက်ခု၊ တပြားနှစ်ခုစီ
ရှိရမည်။ 26 တဲတော်၌ ကာရသော ပျဉ်ပြားကို လျှိုစရာဘို့ အကာရှသား ကန့်လန့်ကျင်တို့ကို တဘက်ငါးချောင်းစီ လုပ်ရမည်။ 27
တဲတော်နောက်ဖေး၌ ကာရသော ပျဉ်ပြားကို လျှိုစရာဘို့ ကန့်လန့်ကျင်ငါးချောင်းကိုလည်း လုပ်ရမည်။ 28 အလယ်ကန့်လန့်ကျင်ကို၊
ထောင့်တဘက်တချက်၌ ဆုံးစေရမည်။ 29 ပျဉ်ပြားတို့ကို ရွှေနှင့်မွမ်းမံရမည်။ ကန့်လန့်ကျင်လျှိုဘို့ရာ ရွှေကွင်းကိုလည်း လုပ်၍၊
ကန့်လန့်ကျင်တို့ကို ရွှေနှင့်မွမ်းမံရမည်။ 30 တောင်ပေါ်မှာ သင့်အားပြသောပုံနှင့်အညီ၊ တဲတော်ကို တည်ဆောက်ရမည်။ 31
တနည်းကား၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောဖြင့်ပြီး၍၊ ခေရုဗိမ်အရုပ်နှင့် ချယ်လှယ်သော
ကုလားကာတထည်ကို ချုပ်ရမည်။ 32 ရွှေချသော အကာရှသား တိုင်လေးတိုင်အပေါ်မှာ၊ ထိုကုလားကာကို ဆွဲထားရမည်။
ထိုတိုင်တို့သည် ရွှေတံစို့နှင့်ငင်၊ ငွေခြေစွပ်လေးခုနှင့်ငင်၊ ပြည့်စုံရမည်။ 33 သက်သေခံချက်ထားသော သေတ္တာကို၊
ကုလားကာအတွင်းသို့ သွင်းစရာဘို့ ထိုကုလားကာကို ရွှေချောင်းဖြင့် ဆွဲကာ၍၊ ဟဂ္ဂါအရပ်၊ ဟဂ္ဂါဟဂ္ဂျအရပ် နှစ်ပါးစပ်ကြား၌
အပိုင်းအခြား ဖြစ်ရမည်။ 34 ဟဂ္ဂါဟဂ္ဂျ အရပ်၌ သက်သေခံချက်သေတ္တာအပေါ်မှာ၊ သေတ္တာအဖုံးကို တင်ထားရမည်။ 35
ကုလားကာပြင်မှာ စားပွဲကို ထားရမည်။ တဲတောင်တောင်ဘက်နားမှာ မီးခုံကိုင်၊ မြောက်ဘက်နားမှာ စားပွဲကိုင်၊
တဘက်နှင့်တဘက် ဆိုင်မိအောင် ထားရမည်။ 36 တဲတော်တံခါးဝ၌ ကာရန်၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊
ပိတ်ချောဖြင့် ပြီး၍၊ ချယ်လှယ်သော ကုလားကာတထည်ကို လုပ်ရမည်။ 37 ထိုကုလားကာဘို့ ရွှေတံစို့နှင့်ပြည့်စုံသော
အကာရှတိုင်ငါးတိုင်ကို လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ ကြေးဝါခြေစွပ်ငါးခုကိုလည်း သွန်းရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 27

[1] တနည်းကား၊ အလျားငါးတောင်၊ အနံငါးတောင်ရှိ၍ စတုရန်းလေးထောင့်ဖြစ်သော ယဇ်ပလ္လင်ကို၊ အကာရှသားနှင့်လုပ်ရမည်။
အမြင့်လည်း သုံးတောင်ရှိရမည်။ [2] ယဇ်ပလ္လင် လေးထောင့်အပေါ်မှာ၊ ဦးချိုလေးချောင်းကို အကာရှသားနှင့်လုပ်၍ ကြေးဝါနှင့်
မွမ်းမံရမည်။ [3] ပြာခံစရာအိုးနှင့်တကွ တူးရွင်းပြား၊ အင်တုံ၊ အမဲသားချိတ်၊ လင်ပန်း အစရှိသော ယဇ်ပလ္လင်နှင့် ဆိုင်သော
တန်ဆာရှိသမျှတို့ကို ကြေးဝါနှင့် လုပ်ရမည်။ [4] ကြေးဝါ ဆန်ခါကိုငင်း၊ ဆန်ခါလေးထောင့်အပေါ်မှာ ကြေးဝါလေးကွင်းကိုငင်း
လုပ်ပြီးလျှင်၊ [5] ယဇ်ပလ္လင်ခါးပန်းအောက်၊ အလယ်၌ ထားရမည်။ [6] ယဇ်ပလ္လင်ထမ်းစရာ အကာရှသားထမ်းဘိုးတို့ကို လုပ်၍
ကြေးဝါနှင့် မွမ်းမံပြီးမှ၊ [7] ယဇ်ပလ္လင်ကို ထမ်းစရာဘို့ တဘက်တချက် ကွင်းများ၌ လျှိုထားရမည်။ [8] တောင်ပေါ်မှာ သင့်အား
ပြသည်အတိုင်း၊ ထိုယဇ်ပလ္လင်ကို အပေါ်အောက် ဟင်းလင်းဖြစ်စေခြင်းငှာ၊ ပျဉ်ပြားနှင့် လုပ်ရမည်။ [9] တဲတော်ဝင်း ကာရန်မူကား၊
အလျားအတောင်တရာရှိသော ပိတ်ချောနှင့် တောင်ဘက်၌ ကုလားကာကို လုပ်ရမည်။ [10] ထိုကုလားကာဘို့ တိုင်နှစ်ဆယ်၊
တိုင်ခြေစွပ်နှစ်ဆယ်ကို ကြေးဝါနှင့်လုပ်၍ တိုင်တံစို့၊ တိုင်တန်းတို့ကို ငွေဖြင့် ပြီးစေရမည်။ [11] ထိုနည်းတူ၊ မြောက်ဘက်၌ ကာရန်
အလျားအတောင် တရာရှိသော ကုလားကာနှင့်တကွ ငွေတံစို့၊ ငွေတန်းပါသော ကြေးဝါထိုင်နှစ်ဆယ်၊ ကြေးဝါခြေစွပ်နှစ်ဆယ်
ရှိရမည်။ [12] ဝင်းအနောက်ဘက် အနံ၌ ကာရန်၊ အလျားအတောင်ငါးဆယ်ရှိသော ကုလားကာနှင့်တကွ တိုင်တဆယ်၊
ခြေစွပ်တဆယ်ရှိရမည်။ [13] ဝင်းအရှေ့ဘက်၌လည်း အနံအတောင်ငါးဆယ်ရှိရမည်။ [14] တံခါးဝတဘက်တချက်၌ ကာရန်၊
အလျားဆယ်ငါးတောင်ရှိသော ကုလားကာနှင့်တကွ တိုင်သုံးတိုင်၊ [15] ခြေစွပ်သုံးခုရှိရမည်။ [16] ဝင်းတံခါးဝ၌ ကာရန်၊ ပြာသောအထည်၊
မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောဖြင့်ပြီး၍၊ ချယ်လှယ်သော ကုလားကာအတောင်နှစ်ဆယ်နှင့်တကွ တိုင်လေးတိုင်
ခြေစွပ်လေးခုရှိရမည်။ [17] ဝင်းပတ်လည်၌ တိုင်ရှိသမျှတို့သည် ငွေတံစို့၊ ငွေတန်း၊ ကြေးဝါခြေစွပ်နှင့် ပြည့်စုံရမည်။ [18] ဝင်းသည်
အလျားအတောင်တရာ၊ အနံငါးဆယ်၊ အမြင့်ငါးတောင်ရှိ၍၊ ပိတ်ချောနှင့်ကြေးဝါ ခြေစွပ်ဖြင့် ပြီးရမည်။ [19] အမှုတော်ထမ်းဘို့
တဲတော်အသုံးအဆောင်ရှိသမျှကိုငင်း၊ တဲတော်တံသင်၊ ဝင်းနှင့်ဆိုင်သော တံသင်ရှိသမျှကိုငင်း ကြေးဝါနှင့်လုပ်ရမည်။ [20]
ပရိသတ်စည်းဝေးရာ တဲတော်တွင်၊ သက်သေခံချက်ထားရာအရပ်ကို ကာသော ကုလားကာပြင်မှာ၊ မီးခုံ၌ အစဉ်မပြတ်
မီးထွန်းစရာဘို့၊ သံလွင်သီးကို ထောင်း၍ယူသော သံလွင်ဆီစစ်ကို၊ ဣသရေလအမျိုးသား တို့သည် ဆောင်ခဲ့ရကြမည်အကြောင်း
ဆင့်ဆိုလော့။ [21] အာရုန်နှင့် သူ၏သားတို့သည်၊ ညဦးမှသည် နံနက်တိုင်အောင်၊ ထာဝရဘုရားရှေ့တော်၌ ထိုအမှုကို စီရင်ရမည်။
ဣသရေလအမျိုးတို့သည်၊ သားအစဉ်အဆက်စောင့်ရသော ပညတ်တော် ဖြစ်သတည်း။


generated on Sun Jun 30 02:37:40 2024

# Chapter 28

1 သင်၏ အစ်ကိုအာရုန်သည်၊ ငါ့ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရမည်အကြောင်း၊ သူနှင့်သူ၏ သားတည်းဟူသော နာဒပ်၊
အဘိဟု၊ ဧလာဇာ၊ ဣသမာတို့ကို၊ ဣသရေလအမျိုးသားတို့အထဲက ရွေးချယ်၍ သင့်အောက်၌ခန့်ထားလော့။ 2
သင်၏အစ်ကိုအာရုန်၌ဘုန်း အသရေ ထင်ပေါ်စေခြင်းငှာ၊ သန့်ရှင်းသော အဝတ်ကို လုပ်၍ပေး ရမည်။ 3 အာရုန်သည် ငါ့ရှေ့မှာ
ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ရသော အခွင့်ရှိ၍၊ သူ့ကို သန့်ရှင်းစေခြင်းငှါ၊ ငါပေးသော ဥာဏ်ကိုရသော ပညာရှိအပေါင်းတို့သည်
ထိုအဝတ်ကို လုပ်ရမည် အကြောင်း မှာထားရမည်။ 4 လုပ်ရသောအဝတ်ဟူမူကား၊ ရင်ဖုံး၊ သင်တိုင်း၊ ဝတ်လုံ၊ ချယ်လှယ်သောအင်္ကျီ၊
ဗောင်း၊ ခါးပန်းတည်း ဟူသော သင်၏အစ်ကိုအာရုန်နှင့် သူ၏သားတို့သည်၊ ငါ့ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်
ရမည်အကြောင်း၊ သန့်ရှင်းသောအဝတ်ကို လုပ်ခြင်းငှါ၊ 5 ရွှေနှင့်ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊
ပိတ်ချောတို့ကို ယူရမည်။ 6 ထိုရွှေအစရှိသည်တို့နှင့် သင်တိုင်းကို ထူးဆန်းစွာ လုပ်ရမည်။ 7 သိုင်းကြိုးနှစ်ပင်ရှိ၍၊ သင်တိုင်းအပေါ်
နားချင်းတွဲမိစေခြင်းငှာ၊ တဘက်တချက်ကို ဆွဲချုပ်ရမည်။ 8 သင်တိုင်းအပေါ်နား၌ ထူးဆန်းသော ရင်စည်းကိုလည်း၊
သင်တိုင်းကိုယ်ကဲ့သို့ ရွှေနှင့်ငှင်း၊ ပြာ သောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောတို့ကိုငင်း လုပ်ရမည်။ 9
ရှဟံကျောက်နှစ်လုံးကိုယူ၍၊ ဣသရေလအမျိုးတဆယ်နှစ်မျိုးကို၊ 10 အသက်အကြီးအငယ် အလိုက်၊ ကျောက်နှစ်လုံးပေါ်မှာ
အမျိုးနာမည်ခြောက်ခုစီ အက္ခရာ တင်ရမည်။ 11 တံဆိပ်ပေါ်မှာ အက္ခရာတင်သကဲ့သို့၊ ကျောက်လုပ်သော အလုပ်နှင့်တကွ၊
ဣသရေလအမျိုး၏ နာမည် တို့ကို ထိုကျောက်နှစ်လုံးအပေါ်မှာ အက္ခရာတင်၍ ရွှေကျောက်အိုး၌ ထည့်ရမည်။ 12
ဣသရေလအမျိုးသားတို့ကို အောက်မေ့စေခြင်းငှါ၊ ထိုကျောက်နှစ်လုံးကို သင်တိုင်းသိုင်းကြိုးပေါ်မှာ တပ်ရမည်။ ထိုသို့
ဣသရေလအမျိုးသားတို့ကို အောက်မေ့စေခြင်းငှါ၊ သူတို့နာမည်များကို အာရုန် သည် ထာဝရဘုရားရှေ့တော်၌ မိမိပခုံးပေါ်မှာ
ဆောင်ရမည်။ 13 ကျောက်အိုးတို့ကို ရွှေနှင့်လုပ်ရမည်။ 14 အဆုံးနှင့်တပ်ရသော ကြိုးနှစ်ပင်တို့ကို ရွှေစင်နှင့်ကျစ်၍ လုပ်ပြီးမှ
ကျောက်အိုး၌ တွဲရမည်။ 15 ရွှေနှင့်ငှင်း၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောနှင့်ငှင်း၊ သင်တိုင်းကို
လုပ်သည်နည်းတူ၊ ဗျာဒိတ် ရင်ဖုံးကို ထူးဆန်းစွာ လုပ်ရမည်။ 16 နှစ်ထပ်ခေါက်လျက်၊ အလျားတထွာ၊ အနံတထွာ၊ စတုရန်း
လေးထောင့် ဖြစ်ရမည်။ 17 ထိုရင်ဖုံး၌ ကျောက်မြတ်ကို လေးတန်းစီရမည်။ ပဌမအတန်းကား၊ ကျောက်နီ၊ ဥဿဖရား၊ ပတ္တမြား၊ 18
ဒုတိယအတန်းကား၊ မြ၊ နီလာ၊ စိန်၊ 19 တတိယအတန်းကား၊ ဝှါကိန္တမဟူရာ၊ ဂေါမိတ်။ 20 စတုတ္ထအတန်းကား၊ မျက်ရွဲ၊ ကြောင်၊
နဂါးသွဲ့ဖြစ်၍၊ အသီးအသီးတို့ကို ရွှေအိုး၌ စီရမည်။ 21 ဣသရေလအမျိုး တဆယ်နှစ်မျိုး ရှိသည်အတိုင်း၊ တံဆိပ်ပေါ်မှာ
အက္ခရာတင်သကဲ့သို့ ထိုကျောက် တို့၌၊ ထိုတဆယ့်နှစ်ပါးသော နာမည်အသီးသီးတို့ကို တင်လျက်၊ 22 ကျောက်တလုံးလျှင်
နာမည်တပါးစီပါရမည်။ 23 ရင်ဖုံးအပေါ် ထောင့်နှစ်ခု၌ ရွှေနှစ်ကွင်းကိုငှင်း၊ 24 ကျစ်သော ရွှေကြိုးနှစ်ပင်ကိုငှင်း လုပ်ပြီးမှ၊
ထိုရွှေနှစ်ကွင်း၌ တပ်၍၊ 25 သင်တိုင်း သိုင်းကြိုးပေါ်မှာရှိသော ကျောက်အိုးတို့၌ တွဲရမည်။ 26 တဖန် ရွှေနှစ်ကွင်းကိုလုပ်၍
သင်တိုင်းအောက်နားမှာရှိသော ရင်ဖုံးအောက် ထောင့်နှစ်ခု၌ တပ်ရမည်။ 27 အခြားသော ရွှေနှစ်ကွင်းကိုလည်း လုပ်၍၊
သင်တိုင်းရှေ့ဘက်အောက်နား၌ ထူးဆန်းသော ရင်စည်း အပေါ်နားဆက်မိရာတွင်၊ သင်တိုင်းကိုယ် တဘက်တချက်၌ တပ်ရမည်။ 28
ရင်ဖုံးရွှေနှစ်ကွင်းကို သင်တိုင်း ရွှေနှစ်ကွင်းနှင့်တွဲ၍၊ ပြာသောကြိုးဖြင့် ပြီးစေရမည်။ ထိုသို့ ရင်ဖုံးကို ထူးဆန်းသော
ရင်စည်းအပေါ်နားမှာ ဆွဲ၍၊ သင်တိုင်းနှင့်မကွာ အမြဲရှိစေရမည်။ 29 အာရုန်သည်လည်း၊ သန့်ရှင်းရာအရပ်ဌာနတော်ထဲသို့
ဝင်သောအခါ၊ ဣသရေလအမျိုးသားတို့ကို ထာဝရဘုရား အစဉ်အောက်မေ့တော်မူစေခြင်းငှါ၊ ဗျာဒိတ်ရင်ဖုံး၌ပါသော
သူတို့နာမည်များကို မိမိနှလုံးပေါ်မှာ ဆောင်ရမည်။ 30 ဗျာဒိတ်ရင်ဖုံးအထဲ၌ ဥရိမ်နှင့် သုမိမ်ကို သွင်းထားရမည်။ အာရုန်သည်
ထာဝရဘုရား ရှေ့တော်သို့ ဝင်သောအခါ မိမိနှလုံးအပေါ်မှာ ဥရိမ်နှင့် သုမိမ်ပါသည်ဖြစ်၍၊ ဣသရေလအမျိုးသားတို့အမှု၌
စီရင်တော်မူချက်ကို ထာဝရဘုရားရှေ့၊ မိမိနှလုံးပေါ်မှာ ဆောင်ရမည်။ 31 သင်တိုင်းနှင့်ဆိုင်သော ဝတ်လုံကို၊ ပြာသောအထည်နှင့်သာ
လုပ်ရမည်။ 32 ဝတ်လုံ၌ လည်စွပ်ပါ၍ လည်စါပ်ကို မစုပ်စေခြင်းငှါ၊ သံချပ်လည်စွပ်ကွပ်သကဲ့သို့၊ ရက်သောအထည် နှင့် ကွပ်ရမည်။
33 ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်နှင့် လုပ်သော သလဲသီးများကိုငှင်း၊ ရွှေ ဆည်းလည်းများကိုငှင်း၊
ဝတ်လုံအောက်စွန်းနားပတ်လည်၌၊ 34 သလဲသီးတလုံး၊ ရွှေဆည်းလည်းတလုံးစီခြားလျက်၊ 35 အစဉ်အတိုင်း ဆွဲထားရမည်။
အာရုန်သည် အမှုတော်ကို ဆောင်၍၊ သန့်ရှင်းရာအရပ် ဌာနတော်ထဲ မှာ၊ ထာဝရဘုရားရှေ့တော်၌ ထွက်ဝင်သောအခါ၊ သေဘေးနှင့်
ကင်းလွတ်မည်အကြောင်း၊ ထိုဝတ်လုံကို ဝတ်၍ သူ၏ အသံကို ကြားရမည်။ 36 ရွှေစင်သင်းကျစ်ကိုလည်း လုပ်၍၊ တံဆိပ်ပေါ်မှာ
အက္ခရာတင်သကဲ့သို့၊ ထာဝရဘုရားအား သန့်ရှင်း ခြင်းဟု အက္ခရာတင်၍၊ 37 ပြာသောကြိုးနှင့်ဗောင်းရှေ့၌ ချည်ထားရမည်။ 38
အာရုန်သည် ထိုသင်းကျစ်ကို နဖူး၌ ဆင်သဖြင့်၊ ဣသရေလအမျိုးသားတို့၏ သန့်ရှင်းသော အလှူ ဒါနနှင့်ဆိုင်၍၊
သန့်ရှင်းစေသမျှသောအရာတို့၌ ပါသောအပြစ်ကို ဆောင်ရမည်။ သူတို့သည် ထာဝရဘုရား၏ စိတ်တော်နှင့် တွေ့ခြင်းငှါ၊ အာရုန်၏
နဖူး၌ အစဉ်ဆင်ရမည်။ 39 ပိတ်ချောအင်္ကျီကိုလည်း လုပ်၍ ချယ်လှယ်ရမည်။ ဗောင်းကိုလည်း ပိတ်ချောနှင့်လုပ်ရမည်။ ခါးပန်းကို
လည်း ချယ်လှယ်သော အလုပ်နှင့် ပြီးစေရမည်။ 40 အာရုန်၏သားတို့ ဘုန်းအသရေကို ထင်ပေါ်စေခြင်းငှါ၊ အင်္ကျီ၊ ခါးပန်း၊
ဦးထုပ်များကို လုပ်ပေးရမည်။ 41 ထိုသို့ သင်၏ အစ်ကိုအာရုန်နှင့် သူ၏သားတို့ကို ဝတ်ဆင်စေပြီးမှ၊ သူတို့သည် ငါ့ရှေ့မှာ ယဇ်ပုရော

ဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း၊ သူတို့ကို ဆီနှင့်လိမ်းသဖြင့် အရာ၌ ခန့်ထား၍ သန့်ရှင်း စေရမည်။ 42
သူတို့၌ရှက်စရာအကြောင်း၊ မထင်မပေါ်စေခြင်းငှါ၊ ခါးမှပေါင်သို့အထိ ပိတ်ပေါင်းဘီကို ချုပ်၍ ပေးရမည်။ 43
အာရုန်နှင့်သူ၏သားတို့သည်၊ ပရိတ်သတ်စည်းဝေးရာ တဲတော်ထဲသို့ ဝင်သော်၎င်း၊ သန့်ရှင်းရာ အရပ်၌ အမှုတော်ကို ဆောင်ရွက်ခြင်းငှာ ယဇ်ပလ္လင်အနားသို့
ချည်းကပ်သော်၎င်း၊ အပြစ်ရောက်၍ မသေစေခြင်းငှါ ထိုသို့ ဝတ်ရမည်။ အာရုန်မှစ၍ သူ၏အမျိုး အစဉ်အဆက်တို့သည်
စောင့်ရသော ပညတ်တော် ဖြစ်သတည်း။


generated on Sun Jun 30 02:37:40 2024

# Chapter 29

1 သူတို့သည် ငါ့ရှေ့၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း၊ အဘယ်သို့ သန့်ရှင်းစေရမည် နည်းဟူမူကား၊
အပြစ်မပါသော နွားသငယ်အထီးနှင့် သိုးနှစ်ကောင်တို့ကိုငင်၊ 2 တဆေးမပါသော ဂျုံမုန့်၊ တဆေးမပါဘဲ ဆီနှင့်လုပ်သော ဂျုံမုန့်ပြား၊
တဆေးမပါဘဲ ဆီနှင့်လုပ်သော ဂျုံမုန့်ကြွပ်တို့ကိုငင် ယူရမည်။ 3 ထိုမုန့်များကို တောင်းတလုံးထဲ၌ ထည့်ပြီးမှ၊ နွားတကောင်၊
သိုးနှစ်ကောင်နှင့်တကွ ဆောင်ခဲ့ရမည်။ 4 အာရုန်နှင့်သူ၏သားတို့ကို၊ ပရိသတ် စည်းဝေးရာ တံခါးနားသို့ ခေါ်ခဲ့၍ ရေချိုးရမည်။ 5
အဝတ်တန်ဆာများကိုယူ၍၊ အင်္ကျီ၊ ဝတ်လုံ၊ သင်တိုင်း၊ ရင်ဖုံးနှင့် အာရုန်ကို ဝတ်စေ၍၊ ထူးဆန်းသော သင်တိုင်းရင်စည်းနှင့်
စည်းရမည်။ 6 သူ၏ ခေါင်းပေါ်မှာ ဗေါင်းကိုတင်၍၊ ဗေါင်း၌သန့်ရှင်းသော သင်းကျစ်ကို တပ်ရမည်။ 7 ထိုအခါ လိမ်းစရာ ဆီကိုယူ၍
သူ၏ ခေါင်းပေါ်၌ လောင်းသဖြင့် သူ့ကိုလိမ်းရမည်။ 8 သူ၏သားတို့ကိုလည်း ခေါ်ခဲ့၍ အင်္ကျီဝတ်စေရမည်။ 9 ခါးပန်းကိုလည်း
စည်း၍၊ ဦးထုပ်ကိုလည်း ဆောင်းစေပြီးလျှင်။ သူတို့သည် ထာဝရပညတ်တော် အတိုင်း ယဇ်ပုရောဟိတ်အရာကို ဆိုင်ရမည်။ ထိုသို့
အာရုန်နှင့် သူ၏သားတို့ကို၊ ယဇ်ပုရောဟိတ် အရာ၌ ခန့်ထားရမည်။ 10 ထိုနောက်၊ နွားထီးတကောင်ကို ပရိသတ်စည်းဝေးရာ
တဲတော်ရှေ့သို့ ဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏ သားတို့သည်၊ မိမိတို့ လက်ကို နွားခေါင်းပေါ်မှာ တင်ရကြမည်။ 11 ပရိသတ်စည်းဝေးရာ
တဲတော်တံခါးနားမှာ ထာဝရဘုရားရှေ့တော်၌ ထိုနွားကို သတ်ရမည်။ 12 အသွေးကို ယူ၍ ယဇ်ပလ္လင်ဦးချိုတို့၌
လက်ညှိုးနှင့်ထည့်ပြီးမှ၊ ကြွင်းသောအသွေးကို ယဇ်ပလ္လင် ခြေရင်းနား၌ သွန်းရမည်။ 13 အအူကို ဖုံးသောဆီဥရှိသမျှ၊ အသည်းပေါ်၌
ရှိသောအမြှေး၊ ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ် ဆီဥကိုယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ 14 နွား၏အသား၊ အရေ၊
ချေးနှင့်ကိုကား၊ တပ်ပြင်မှာ မီးရှို့ရမည်။ အပြစ်ဖြေရာယဇ် ဖြစ်၏ 15 သိုးထီးတကောင်ကိုလည်း ယူ၍၊ အာရုန်နှင့် သူ၏သားတို့သည်၊
မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ရမည်။ 16 ထိုသိုးကို သတ်ပြီးလျှင် အသွေးကိုယူ၍ ယဇ်ပလ္လင်အပေါ်နား ပတ်လည်၌ ဖြန်းရမည်။
17 သိုးကိုလည်း အပိုင်းပိုင်းဖြတ်၍ ဝမ်းထဲ၌ရှိသောအရာနှင့်ခြေတို့ကို ဆေးကြောပြီးလျှင်၊ ခေါင်းနှင့် သားတစ်များကို စုထား၍၊ 18
သိုးတကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရဘုရားအား မီးရှို့သောယဇ်ဖြစ်၏။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊
မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်၏။ 19 အခြားသော သိုးကိုလည်းယူ၍၊ အာရုန်နှင့် သူ၏သားတို့သည် မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ
တင်ရမည်။ 20 ထိုသိုးကို သတ်ပြီးလျှင် အသွေးကိုယူ၍ အာရုန်၏ လက်ျာနားပျဉ်း၌၎င်း၊ သူ၏သားတို့၏ လက်ျာနားပျဉ်း၌၎င်း။
သူတို့၏ လက်ျာလက်မ၌၎င်း၊ လက်ျာခြေမ၌၎င်း ထည့်၍၊ ယဇ်ပလ္လင်အပေါ် ပတ်လည်၌ ဖြန်းရမည်။ 21 ယဇ်ပလ္လင်ပေါ်မှာရှိသော
အသွေးနှင့် လိမ်းစရာဆီကိုယူ၍ အာရုန်နှင့် သူ၏ အဝတ်၌၎င်း၊ သူ၏ သားတို့နှင့်သူတို့ အဝတ်၌၎င်း၊ ဖြန်းသဖြင့်၊ အာရုန်မှစ၍
သားများ၊ အဝတ်များတို့သည် သန့်ရှင်း ကြလိမ့်မည်။ 22 ထိုသိုးသည် အရာ၌ ခန့်ထားရာသိုး ဖြစ်သောကြောင့်၊ ဆီဥ၊ အမြီး၊ အအူကို
ဖုံးသောဆီဥ၊ အသည်း ပေါ်၌ ရှိသောအမြှေး ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ကိုဖုံးသော ဆီဥ၊ လက်ျာပခုံး၊ 23 ထာဝရဘုရား
ရှေ့တော၌ထားသော တဆေးမဲ့ မုန့်တောင်းထဲက မုန့်တလုံး၊ ဆီနှင့် လုပ်သော မုန့်ပြားတပြား၊ မုန့်ကြွပ်တချပ်ကို ယူ၍၊ 24 အာရုန်လက်၊
သူ၏ သားတို့လက်၌ ထိုအရာတို့ကို ထားပြီးလျှင်၊ ထာဝရ ဘုရားရှေ့တော်၌ ချီလွှဲ၍၊ ချီလွှဲသော ပူဇော်သက္ကာ ပြုရမည်။ 25
ထိုအရာတို့ကို သူတို့လက်မှ ခံယူ၍၊ ထာဝရဘုရား ရှေ့တော်တွင် မွှေးကြိုင်သောအနံ့ ဖြစ်စေခြင်းငှါ၊ ယဇ်ပလ္လင်၌ မီးရှို့ရာ
ယဇ်အပေါ်မှာ ရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာ ဖြစ်၏။ 26 အာရုန်၏အရာ၌ ခန့်ထားရာ သိုး၏ရင်ပတ်ကို
ယူ၍၊ ထာဝရဘုရား ရှေ့တော်၌ ချီလွှဲသဖြင့်၊ ချီလွှဲသော ပူဇော်သက္ကာပြုပြီးမှ၊ သိုး၏ ရင်ပတ်သည် သင်၏အဘို့ ဖြစ်ရမည်။ 27 ထိုသို့
အာရုန်နှင့်သားတို့၏ အရာ၌ ခန့်ထားသော သိုးထဲက၊ ချီလွှဲသော ပူဇော်သက္ကာပြု၍၊ ချီလွှဲ သော ရင်ပတ်ကို၎င်း၊ ချီမြှောက်သော
ပူဇော်သက္ကာပြု၍၊ ချီမြှောက်သော ပခုံးကို၎င်း သန့်ရှင်းစေ ပြီးမှ၊ 28 ထိုရင်ပတ်၊ ပခုံးတို့သည် ထာဝရပညတ်တော်အတိုင်း၊
ဣသရေလအမျိုးသားလှူသော အာရုန်၏ အဘို့၊ သူ့သားတို့၏အဘို့ ဖြစ်ရမည်။ ဣသရေလအမျိုးသားပြုသော
မိဿဟာယယဇ်ထဲက၊ ထာဝရ ဘုရား ရှေ့တော်၌ ချီးမြှောက်၍၊ ချီးမြှောက်ရာ ပူဇော်သက္ကာ ဖြစ်၏။ 29 အာရုန်၏ သန့်ရှင်းသော
အဝတ်တန်ဆာကို၊ သူ၏သားတို့သည် အမွေခံသဖြင့်၊ ဆီလိမ်းခြင်း မင်္ဂလာနှင့် ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားသောအခါ၊ 30
အာရုန်ကိုယ်စား ယဇ်ပုရောဟိတ်လုပ်သော သားသည်၊ သန့်ရှင်းရာဌာန၌ အမှုတော်ကို ဆောင်ခြင်းငှါ၊ ပရိသတ်စည်းဝေးရာ တဲတော်သို့
ဝင်သောအခါ ခုနစ်ရက်ပတ်လုံး ဝတ်ဆင်ရမည်။ 31 အရာ၌ခန့်ထားရာ သိုး၏အသားကို ယူ၍၊ သန့်ရှင်းရာဌာန၌ ပြုတ်ပြီးမှ၊ 32
အာရုန်နှင့် သူ၏သားတို့သည် ထိုအသားကို၎င်း၊ တောင်းထဲ၌ ရှိသောမုန့်ကို၎င်း၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ
စားရကြမည်။ 33 သူတို့ကို သန့်ရှင်းစေ၍၊ အရာ၌ ခန့်ထားစေခြင်းငှါ၊ အပြစ်ဖြေရာ မင်္ဂလာပြုခြင်းနှင့် ဆိုင်သော အရာတို့ကို၊
သူတို့သည် စားရကြမည်။ ထိုအရာတို့သည် သန့်ရှင်းသောကြောင့်၊ မဆိုင်သောသူ မစားရ။ 34 အရာ၌ ခန့်ထားရာနှင့် ဆိုင်သော
အမဲသားဖြစ်စေ၊ မုန့်ဖြစ်စေ၊ နံနက်တိုင်အောင် ကျန်ကြွင်းလျှင်၊ ထိုအကြွင်းကို မီးရှို့ရမည်။ သန့်ရှင်းသောကြောင့်၊ အဘယ်သူမျှ
မစားရ။ 35 ထိုသို့ ငါပညတ်သမျှအတိုင်း အာရုန်နှင့် သူ၏ သားတို့ အားပြု၍၊ ယဇ်ပုရောဟိတ်အရာ၌ ခန့် ထားခြင်း မင်္ဂလာကို၊
ခုနစ်ရက်ပတ်လုံးဆောင်ရမည်။ 36 ထိုမှတပါး၊ အပြစ်ဖြေခြင်းအလို့ငှါ၊ နေ့တိုင်း နွားထီးတကောင်ကို ပူဇော်၍၊ အပြစ်ဖြေရာယဇ်
ပြုရမည်။ ထိုသို့ ယဇ်ပလ္လင်ဘို့ အပြစ်ဖြေခြင်းကို ပြုပြီးမှ၊ ပလ္လင်ကို စင်ကြယ်စေရမည်။ ထို့နောက် သန့်ရှင်း စေခြင်းငှါ ဆီနှင့်
လိမ်းရမည်။ 37 ခုနစ်ရက်ပတ်လုံး ယဇ်ပလ္လင်ဘို့ အပြစ်ဖြေခြင်းကို ပြု၍ သန့်ရှင်းစေပြီးမှ၊ အလွန်သန့်ရှင်းသော ယဇ်ပလ္လင်ဖြစ်၍၊

 generated on Sun Jun 30 02:37:40 2024

ထိုပလ္လင်နှင့် တွေ့သမျှသောအရာတို့သည် သန့်ရှင်းသောအရာ ဖြစ်ရမည်။ 38 ယဇ်ပလ္လင်ပေါ်မှာ ပူဇော်ရသောအရာ ဟူမူကား၊
အခါမလည်သော သိုးသငယ် နှစ်ကောင်ကို ယူ၍၊ 39 နေ့တိုင်းအစဉ်မပြတ် နံနက်ယံ၌ တကောင်၊ ညဦးယံ၌ တကောင်ကို ပူဇော်ရမည်။
40 သိုးသငယ်တကောင်ကို ပူဇော်သောအခါ၊ သံလွင်သီးကိုထောင်း၍၊ ရသော သံလွင်ဆီသုံးလောဃ နှင့် ရောသော
မုန့်ညက်တဩမဲကိုငင်း၊ သွန်းလောင်းရာ ပူဇော်သက္ကာဘို့ စပျစ်ရည် သုံးလောဃကို ငင်း၊ သိုးသငယ်နှင့် အတူ ပူဇော်ရမည်။ 41
အခြားသော သိုးသငယ်ကို ညဦးယံ၌ ပူဇော်သောအခါ၊ နံနက်ယံ၌ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်းရာ
ပူဇော်သက္ကာပါသည်နည်းတူပါလျက်၊ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊ မွှေးကြိုင်သော ပူဇော်သက္ကာပြုရမည်။ 42 ထိုသို့
သင်တို့သားစဉ်မြေးဆက်တို့သည် သင်နှင့်ငါတွေ့၍ နှုတ်ဆက်ရာအရပ်၊ ထာဝရဘုရား ရှေ့တော် ၌၊ ပရိသတ်စည်းဝေးရာ
တဲတော်တံခါးနားမှာ အစဉ်မပြတ် မီးရှို့သောယဇ်ကို ပူဇော်ရကြမည်။ 43 ထိုအရပ်၌ ဣသရေလအမျိုးသားတို့နှင့် ငါတွေ့၍၊
ငါ့ဘုန်းတော်အားဖြင့် သူတို့ကို သန့်ရှင်းစေမည်။ 44 ငါ့ရှေ့၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်စေ ခြင်းငှါ၊ အာရုန်နှင့်
သူ၏သားတို့ကိုငင်း၊ ပရိသတ် စည်းဝေးရာ တဲတော်ကိုငင်း၊ ယဇ်ပလ္လင်ကိုငင်း၊ ငါသန့်ရှင်းစေမည်။ 45 ဣသရေလအမျိုးသားတို့တွင်
ငါနေ၍၊ သူတို့၏ ဘုရားဖြစ်မည်။ 46 ငါသည် သူတို့တွင် နေခြင်းငှါ၊ သူတို့ကို အဲဂုတ္တုပြည်ထဲက ကယ်နှုတ်ဆောင်ယူခဲ့သော သူတို့၏
ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်းကို သူတို့ သိကြလိမ့်မည်။ ငါသည် သူတို့ ဘုရားသခင် ထာဝရဘုရားဖြစ်၏ဟု မောရှေအား
မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 30

1 တနည်းကား၊ နံ့သာပေါင်းကို မီးရှို့စရာ ယဇ်ပလ္လင်ကို အကာရှသားနှင့် လုပ်ရမည်။ 2 ထိုပလ္လင်သည် အလျားတတောင်၊
အနံတတောင်၊ စတုရန်းလေးထောင့်ဖြစ်၍၊ အမြင့်နှစ်တောင်ရှိ ရမည်။ ဦးချိုတို့ကိုလည်း အကာရှသားဖြင့် ပြီးစေရမည်။ 3 ပလ္လင်ထိပ်၊
နံရံ၊ ဦးချိုတို့ကို ရွှေစင်နှင့် မွမ်းမံ၍၊ အပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုလည်း လုပ်ရမည်။ 4 ရွှေတန်ဆာအောက်၊
ပလ္လင်တဘက်တချက်ထောင့်၌ ရွှေကွင်းနှစ်ကွင်းကို လုပ်၍၊ ပလ္လင်ထမ်းစရာ ထမ်းဘိုးနေရာ ဖြစ်ရမည်။ 5 ထမ်းဘိုးတို့ကို
အကာရှသားနှင့် လုပ်၍ ရွှေနှင့်မွမ်းမံခံရမည်။ 6 ငါသည် သင်နှင့်တွေ့ရာအရပ်၊ သက်သေခံချက် ထားသောသေတ္တာကို ကာသော
ကုလားကာရှေ့၌ ထိုပလ္လင်ကို ထားရမည်။ 7 အာရုန်သည် နံနက်တိုင်း မီးခွက်တို့ကို ပြင်သောအခါ၊ ထိုပလ္လင်ပေါ်မှာ မွှေးသော
နံ့သာပေါင်းကို ရှို့ရမည်။ 8 ညဦးယံ၌လည်း မီးခွက်တို့ကို ထွန်းသောအခါ၊ ထိုပလ္လင်ပေါ်မှာ နံ့သာပေါင်းကို ရှို့ရမည်။ ထိုသို့ သင်တို့
သားစဉ်မြေးဆက်တို့သည် ထာဝရဘုရား ရှေ့တော်၌ အစဉ်အမြဲ ပြုရသော နံ့သာ ပေါင်းရှို့ခြင်း ဖြစ်သတည်း။ 9 ထိုပလ္လင်ပေါ်မှာ
ထူးခြားသော နံ့သာပေါင်းကို မရှို့ရ။ မီးရှို့သော ယဇ်ကို မပြုရ။ ဘောဇဉ် ပူဇော်သက္ကာကိုလည်း မပြုရ။ သွန်းလောင်းရာ
ပူဇော်သက္ကာကိုလည်း မပြုရ။ 10 အာရုန်သည် တနှစ်တခါ အပြစ်ဖြေရာယဇ် ကောင်းအသွေးကိုယူ၍၊ ထိုပလ္လင်၏ ဦးချိုတို့၌
အပြစ်ဖြေခြင်း မင်္ဂလာကို ပြုရမည်။ သင်တို့ သားစဉ်မြေးဆက်တို့သည် တနှစ်တခါ ထိုသို့ ပြုရ ကြမည်။ ထာဝရဘုရားအား
အလွန်သန့်ရှင်းသော ယဇ်ပလ္လင်ဖြစ်သည်။ 11 တဖန် ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူသည်ကား၊ 12
ဣသရေလအမျိုးသားတို့ကို ရေတွက်၍ စာရင်းယူသောအခါ၊ ဘေးလွတ်မည်အကြောင်း ရှိသမျှ တို့သည် အသီးအသီး
မိမိအသက်ရွေးရန် အဘိုးကို ထာဝရဘုရားအား ဆက်ကပ်ရမည်။ 13 ရေတွက်၍ စာရင်းဝင်သော သူအပေါင်းတို့သည်
အကျပ်တော်အလိုက်၊ ငွေအကျပ်တဝက်စီ ထာဝရဘုရားအား ဆက်ကပ်ရမည်။ အကျပ်ကား၊ ဂေရ နှစ်ဆယ်ဖြစ်သတည်း။ 14
အသက်နှစ်ဆယ်မှစ၍၊ ပိုလွန်သောသူ အပေါင်းတို့သည် စာရင်းဝင်၍၊ ထိုသို့သော ပူဇော်သက္ကာကို ထာဝရဘုရား အားပြုရမည်။ 15
ကိုယ်အသက်ကို ရွေးခြင်းငှါ၊ ထာဝရဘုရားအား ပူဇော်သက္ကာကို ပြုသောအခါ၊ ငွေရတတ်သော သူတို့သည် မပို၊ ဆင်းရဲသော
သူတို့သည် မလျှော့ဘဲ၊ လူတိုင်း အကျပ်တဝက်စီ ပေးရမည်။ 16 ဣသရေလအမျိုးသားတို့၏ အရွေးငွေကို ယူ၍ သူတို့အသက်ကို
ရွေးခြင်းငှါ၊ ထာဝရဘုရားရှေ့တော်၌ ဣသရေလအမျိုးသားတို့၏ သက်သေဖြစ်ရမည်အကြောင်း၊ ပရိသတ်စည်းဝေးရာ
တဲတော်စရိတ်အဘို့ အလိုငှါ ထားရမည်ဟု မိန့်တော်မူ၏။ 17 တဖန် ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူသည်ကား၊ 18
အာရုန်နှင့် သူ၏သားတို့ လက်ခြေဆေးစရာဘို့ ကြေးဝါခြေထောက်ပါသော ကြေးဝါအင်တုံကို လုပ်၍၊ ပရိသတ်စည်းဝေးရာ
တဲတော်နှင့် ယဇ်ပလ္လင်စပ်ကြား၌ ထားရမည်။ 19 သူတို့သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ဝင်သော်၎င်း၊ 20 အမှုတော်ကို ထမ်း၍
ထာဝရဘုရားအား မီးရှို့သောယဇ်ကို ပူဇော်ခြင်းငှါ၊ ယဇ်ပလ္လင်အနားသို့ ချဉ်းကပ်သော်၎င်း၊ 21 သေဘေးနှင့်
ကင်းလွတ်မည်အကြောင်း၊ မိမိတို့လက်ခြေကို ဆေးရမည်။ ထိုသို့သူတို့နှင့် သူတို့အမျိုး အနွယ်အစဉ်အဆက်တို့သည် စောင့်ရသော
ပညတ်တော်ဖြစ်သတည်းဟု မိန့်တော်မူ၏။ 22 တဖန် ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူပြန်သည်ကား၊ 23 သင်သည်
မြတ်သောနံ့သာမျိုးကို အကျပ်တော်နှင့်ချိန်လျက်၊ စင်ကြယ်သော မုရန်စေး အကျပ်ငါးရာ၊ မွှေးသော သစ်ကြံပိုးနှစ်ရာငါးဆယ်၊
မွှေးသောကြံနှစ်ရာငါးဆယ်၊ 24 သစ်ကြံပိုးတမျိုးငါးရာ၊ သံလွင်ဆီတဟိန်ကို ယူ၍၊ 25 ဆေးသမားအတတ်နှင့် ဖယောင်းဆီကို
ဘော်တတ်သည်အတိုင်း၊ လိမ်းရန်ဆီတည်းဟူသော သန့်ရှင်းသော နံ့သာဆီကို ဘော်ပြီးမှ၊ 26 ပရိသတ်စည်းဝေးရာ တဲတော်နှင့်
သက်သေခံချက်သေတ္တာကို၎င်း၊ 27 စားပွဲနှင့် စားပွဲတန်ဆာရှိသမျှကို၎င်း၊ မီးခုံနှင့် မီးခုံတန်ဆာကို၎င်း၊ နံ့သာပေါင်းရှို့သောပလ္လင်၊ 28
မီးရှို့ရာ ယဇ်ပူဇော်သောပလ္လင်နှင့် ပလ္လင်တန်ဆာရှိသမျှကို၎င်း၊ အင်တုံနှင့် အင်တုံခြေထောက်ကို၎င်း၊ ထိုနံ့သာဆီနှင့် လိမ်းသဖြင့်၊ 29
ထိုအရာတို့ကို အလွန်သန့်ရှင်းစေခြင်းငှါ၊ ထိုသို့ သန့်ရှင်းစေရမည်။ ထိုအရာတို့နှင့် တွေ့သမျှသော အရာသည်
သန့်ရှင်းသောအရာဖြစ်ရမည်။ 30 အာရုန်နှင့် သူ၏သားတို့ကို လိမ်း၍၊ သူတို့သည် ငါ့ရှေ့၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်စေခြင်းငှါ၊
ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားရမည်။ 31 ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့သားစဉ်မြေးဆက်အပေါင်းတို့၌
ဤဆီသည်၊ ငါ့အဘို့ သန့်ရှင်းသော လိမ်းရန်ဆီ ဖြစ်ရမည်။ 32 လူ၏ကိုယ်ပေါ်မှာ မလောင်းရ။ ထိုဆီကို ဘော်သည်နည်းတူ၊
အခြားသောဆီကို မဘော်ရ။ သန့်ရှင်းသည်ဖြစ်၍၊ သန့်ရှင်းသည်ဟု သင်တို့သည် မှတ်ရမည်။ 33 ထိုဆီနှင့်တူအောင် ဘော်သောသူ၊
မဆိုင်သောလူ၌ လိမ်းသောသူမည်သည်ကား၊ မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်ဟု မိန့်တော်မူ၏။ 34 တဖန် ထာဝရဘုရားသည်၊
မောရှေအား မိန့်တော်မူသည်ကား၊ မွှေးသော နံ့သာမျိုးတည်းဟူသော နတပ်စေး၊ မွှေးသော ငါးခွံ၊ ဂါလဗန်စေး၊ စင်သော
လောဗန်စေးတို့ကို အညီအမျှ ချိန်ယူ၍၊ 35 ဆေးသမားအတတ်နှင့် နှာဆေးကို ဘော်တတ်သည်နည်းတူ ရောနှော၍၊
သန့်ရှင်းစင်ကြယ်သော နံ့သာပေါင်းကို ဘော်ရမည်။ 36 အချို့ကိုလည်း ညက်ညက်ထောင်းပြီးမှ၊ ငါသည် သင်နှင့်တွေ့ရာအရပ်၊
ပရိသတ်စည်းဝေးရာတဲတော်၌ သက်သေခံချက်ရှေ့မှာ ထားရမည်။ သင်တို့တွင် အလွန်သန့်ရှင်းရမည်။ 37 ထိုသို့သော နံ့သာပေါင်းကို
ဘော်သည်နည်းတူ၊ အခြားသော နံ့သာပေါင်းကို ကိုယ်သုံးဘို့ မဘော်ရ။ သင်တို့တွင် ထာဝရဘုရားအဘို့ သန့်ရှင်းရမည်။ 38
အကြင်သူသည် မိမိရှို့စရာဘို့ ထိုနံ့သာပေါင်းနှင့် တူအောင်ဘော်၏။ ထိုသူသည် မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

Exodus 01

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ကိုးကွယ်ရာဌာန မည်သို့ဆောက်ရမည်ကို မောရှေအား ဆက်ပြောပြသည်။

လုပ်ရမည်။
မောရှေနှင့် ဣသရေလလူတို့က ပြုလုပ်ရမည်။

ဦးချိုတို့ကိုလည်း အကာရှသားဖြင့် ပြီးစေရမည်။
ယဇ်ပလ္လင်၏ လေးဖက်ထောင့်တွင် နွားဦးချိုနှင့်တူသော အချွန်လေးခုကို အကာရှသားဖြင့် လုပ်ရမည်။

Exodus 03

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ ပြုရမည့်အရာများကို မောရှေအား ဆက်ပြောပြသည်။

ပလ္လင်ထိပ်
နံ့သာရှို့ရာယဇ်ပလ္လင်

Exodus 05

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ပြုရမည့်အရာများကို မောရှေအားဆက်ပြောပြသည်။

သက်သေခံချက် ထားသောသေတ္တာ
သက်သေခံချက်သေတ္တာတွင် ပညတ်တော်များရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညတ်တော်များပါရှိသော သေတ္တာ"

ငါသည် သင်နှင့်တွေ့ရာအရပ်
"သင်" သည်မောရှေကို ရည်ညွှန်းသည်။

Exodus 07

ယေဘုယျအချက်အလက်
ထာရဘုရားသည်ဣသရေလလူတို့ပြုရမည့်အရာများကို မောရှေအားဆက်ပြောပြသည်။

သင်တို့ သားစဉ်မြေးဆက်တို့သည်
"သင်တို့နှင့် သင်တို့၏ သားစဉ်မြေးဆက်တို့သည် ကာလအစဉ်အဆက်"

Exodus 10

ယေဘုယျအချက်အလက်
ထာဝရဘုရားသည်မောရှေအားဆက်ပြောသည်။

ဦးချို
ယဇ်ပလ္လင်၏လေးဖက်လေးထောင့်တွင် နွားဦးချိုနှင့်တူသော အချွန်များကိုတပ်ဆင်ထားသည်။

သားစဉ်မြေးဆက်တို့သည်
"သင်တို့နှင့် သင်တို့၏ သားစဉ်မြေးဆက်တို့သည် ကာလအစဉ်အဆက်"

Exodus 11

စာရင်းယူသောအခါ
ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ

စာရင်းယူသောအခါ
ခေါင်းဆောင်များကသာလျှင် ဣသရေလလူများကိုရေတွက်ရသည်။

ရေတွက်၍ စာရင်းဝင်သော
လူယောကျ်ားများကိုသာ ရေတွက်သည်။ ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ရေတွက်သော သူ"

ငွေအကျပ်တဝက်စီ

အကျပ်တော်အလိုက်
"တစ်ရှီကယ်၏အလေးအချိန်အတိုင်း"။
အလေးချိန်မမှန်သောရှီကယ်ငွေများ
မြောက်များစွာရှိနေသောကြောင့်
သသတ်မှတ်အလေးချိန်ပြည့်သောရှီကယ်ငွေများကိုသာအသုံးပြုခိုင်ခြင်းဖြစ်သည်

ဂေရ နှစ်ဆယ်
"၂၀ ဂေရ"။ သေးငယ်သော အရာဝတ္ထုတစ်ခု၏ အလေး ချိန်ကို ဂေရ ဖြင့်တိုင်းတာလေ့ရှိသည်။

အသက်နှစ်ဆယ်မှစ၍၊ ပိုလွန်သောသူ
အခြားသောဘာသာပြန်ဆိုချက်
"အသက်နှစ်ဆယ်နှင့်အထက်ရှိသောသူ"

Exodus 15

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ပြုရမည့်အရာများကို မောရှေအားဆက်ပြောပြသည်။

ကိုယ်အသက်ကို ရွေးခြင်းငှါ
အမျိုးသားများသာ ပြုလုပ်သော ပူဇော်သက္ကာဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

အကျပ်တဝက်စီ

ဣသရေလအမျိုးသားတို့၏ သက်သေဖြစ်ရမည်အကြောင်း
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) "အရွေးငွေ (အပြစ်ဖြေရာငွေ) သည် ဣသရေလလူများ အပြစ်ဖြေဖို့ရန်သတိပေးလိမ့်မည်" သို့မဟုတ် ၂) "အရွေးငွေ (အပြစ်ဖြေရာငွေ) သည် ဣသရေလလူများအပြစ်ဖြေပြီးကြောင်းသတိပေးလိမ့်မည်"။

Exodus 17

လက်ခြေဆေးစရာဘို့
ကြီးမားသောကြေးဝါအင်တုံကြီးကိုအသုံးပြုရသည်။

ကြေးဝါခြေထောက်
"ကြေးဝါအင်တုံတင်စရာခုံ"

အင်တုံ
ဇလုံ

ယဇ်ပလ္လင်
မီးရှို့ရာယဇ်ပလ္လင်

Exodus 19

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ ပြုရမည့်အရာများကို မောရှေအား ဆက်ပြောသည်။

ထိုသို့သူတို့နှင့် သူတို့အမျိုး အနွယ်အစဉ်အဆက်တို့သည်
"အာရုန်နှင့် သူ၏ သားစဉ်မြေးဆက်တို့သည် ကာလအစဉ်အဆက်"

Exodus 22

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ ပြုရမည့်အရာများကို မောရှေအား ဆက်ပြောပြသည်။

နံ့သာ
အစားစာ အနံ့မွှေးစေရန် နှင့် အရသာကောင်းမွန်စေရန် အသုံးပြုရသော သစ်ခေါက်များ သို့မဟုတ် ထိုသစ်ခေါက်များမှခြစ်ထုတ်ထားသောအမှုန့်များ

အကျပ်တော်နှင့်ချိန်လျက်
"တစ်ရှီကယ်၏အလေးအချိန်အတိုင်း"။
အလေးချိန်မမှန်သောရှီကယ်ငွေများ မြောက်များစွာရှိနေသောကြောင့် သသတ်မှတ်အလေးချိန်ပြည့်သောရှီကယ်ငွေများကိုသာအသုံးပြုခိုင်းခြင်းဖြစ်သည်။

အကျပ်ငါးရာ ... နှစ်ရာငါးဆယ်
" ၅၀၀ ရှီကယ် ... ၂၅၀ ရှီကယ်"။ တစ်ရှီကယ်တွင် ၁၁ ဂရမ်ရှိအလေးချိန်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက် "၅.၇ ကီလိုဂရမ် ... ၂.၈ ကီလိုဂရမ်"

သစ်ကြပိုး ... ကြံ ... သစ်ကြံပိုးတမျိုး
ချိုသောဟင်းခတ်များဖြစ်သည်။

တဟိန်
"၃.၇ လီတာ"

ဆေးသမားအတတ်
"အမွှေးနံ့သာဖော်စပ်သောအတတ်"။
အခြားဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ (၁) "မောရှေတွင် အမွှေးနံ့သာဖော်စပ်သူရှိသည်" သို့မဟုတ် (၂) မောရှေကိုယ်တိုင် အမွှေးနံ့သာဖော်စပ်ရသည်"။

ဆေးသမား
နံ့သာအမျိုးမျိုးနှင့်ဆီကိုရော၍အမွှေးအကြိုင်များ ဖော်စပ်ရာ၌ ကျွမ်းကျင်သောသူ။

Exodus 26

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှေအားဆက်ပြောသည်။

ဆီနှင့် လိမ်းသဖြင့်
မောရှေသည် လိမ်းပေးရပါမည်။

သက်သေခံချက်သေတ္တာ
သက်သေခံချက်သေတ္တာတွင် ပညတ်တော်များရှိသည်။
တနည်းအားဖြင့် ပဋိညာဉ်သေတ္တာ။
အခြားသောဘာသာပြန်ဆိုချက်၊ "ပညတ်တော်များပါရှိသော သေတ္တာ"

မီးရှို့ရာ ယဇ်ပူဇော်သောပလ္လင်
ထိုပလ္လင်ပေါ်တွင် ယဇ်ကောင်များကို မီးရှို့ပူဇော်ရသည်။

Exodus 29

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှေအားဆက်ပြောပြသည်။

သန့်ရှင်းစေရမည်။
၃၀:၂၆ တွင် ဖော်ပြသည့်အတိုင်း

သင်တို့သားစဉ်မြေးဆက်အပေါင်းတို့
"သင်တို့နှင့် သင်တို့၏ သားစဉ်မြေးဆက်တို့သည် ကာလအစဉ်အဆက်"


generated on Sun Jun 30 02:37:40 2024

Exodus 32

ယေဘုယျအချက်အလက်
ထာဝရဘုရားသည်
ဣသရေလလူတို့အားတဆင့်ပြန်ပြောပြရန်မောရှေအား
မှာတော်မူသည်။

လူ၏ကိုယ်ပေါ်မှာ မလောင်းရ။
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားဆီသို့
ဆက်ကပ်ထားသော ဆီများကို လူတို့၏ ကိုယ်ပေါ်တွင် လိမ်းခြင်း
မပြုရ"။

ထိုဆီကို ဘော်သည်နည်းတူ
ယဇ်ပုရောဟိတ်များအား ဘိသိက်သွန်းသောဆီ

မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်။
ပယ်ရှင်းမည်ဟူသော တင်စားစကားလုံးတွင်
အခြားသောအဓိပ္ပာယ်များလည်းရှိနိုင်သည်။ ၎င်းတို့မှာ

Exodus 34

ယေဘုယျအချက်အလက်
"မောရှေအားမိန့်မည်သို့ပြုတော်မူသည်ကိုမိန့်တော်မူသည်ကား"
ဟုဆိုသောကြောင့် နံ့သာပေါင်းမည်သို့ဖော်စပ်ရမည်ကို
ထာဝရဘုရားသည်မောရှေအားသာဆက်လက်အမိန့်ပေးညွှန်ကြားနေကြောင်းသိသာထင်ရှားလှသသည်။
မောရှေအားထိုသို့ညွှန်ကြားနေသော်လည်း မောရှေကိုယ်တိုင်
နံ့သာပေါင်းဖော်စပ်ရမည်မဟုတ်ဘဲ "ဆေးသမားအတတ်နှင့်
ဆေးဖော်တတ်သူ" သာ ပါဝင်ပစ္စည်းများကို
ညွှန်းကြားထားသည့်အတိုင်းလိုသလို ရောနှောဖော်စပ်ရသည်။
ပြီးမှမောရှေအားပေးကာ မောရှေသည် ထိုနံ့သာအချို့ကိုယူ၍
ပဋိညာဉ်သေတ္တာတော်ရှေ့တွင် ထားရသည်။

နတပ်စေး၊ မွှေးသော ငါးခွံ၊ ဂါလဗန်စေး၊
ဤအရာများသည် အမွှေးနံ့သာများဖြစ်ကြသည်။

ဆေးသမားအတတ်နှင့် နာဆေးကို ဘော်တတ်သည်နည်းတူ
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နံ့သာစပ်သမားသည်
အမွှေးနံ့သာများကို ဖော်စပ်သည်နည်းတူ" သို့မဟုတ်
"နံ့သာစပ်သမားသည် ထိုအရာများကိုရောစပ်၍
နံ့သာဖော်စပ်ရမည်"။

ဆေးသမားအတတ်
"အမွှေးနံ့သာဖော်စပ်သောအတတ်"။
အခြားဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ (၁) "မောရှေတွင်
အမွှေးနံ့သာဖော်စပ်သူရှိသည်" သို့မဟုတ် (၂) မောရှေကိုယ်တိုင်
အမွှေးနံ့သာဖော်စပ်ရသည်"။

ညက်ညက်ထောင်းပြီး
ကျေညက်စွာ ထုထောင်းပြီး

Exodus 37

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ပြုရမည့်အရာများကို
မောရှေအား ဆက်ပြောပြသည်။

နံ့သာပေါင်းကို ဘော်သည်နည်းတူ
တဲတော်၌သန့်ရှင်းခြင်းအတွက်သီးသန့်အသုံးပြုရသော
နံ့သာဖြစ်သည်။

သန့်ရှင်းရမည်။
"အသန့်ရှင်းဆုံးဟုသင်တို့သတ်မှတ်ရမည်။"

နံ့သာပေါင်း
ခန္ဓာကိုယ်၌လိမ်းကျံရသော အနံ့မွှေးသည့်ရေတစ်မျိုး။ ရေမွှေး။

ထိုသူသည် မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်။
ပယ်ရှင်းမည်ဟူသော တင်စားစကားလုံးတွင်
အခြားသောအဓိပ္ပာယ်များလည်းရှိနိုင်သည်။ ၎င်းတို့မှာ


generated on Sun Jun 30 02:37:40 2024

# Translation Questions

Exodus 30:3

ယဇ်ပလ္လင်တစ်ဘက်တစ်ချက်ထောင့်၌ရှိသော ရွှေကွင်းနှစ်ကွင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

ယဇ်ပလ္လင် တစ်ဘက်တစ်ချက်ထောင့်၌ရှိသော ရွှေကွင်းနှစ်ကွင်းသည် ပလ္လင်ထမ်းစရာ ထမ်းဘိုးနေရာ ဖြစ်သည်။

Exodus 30:5

အမွှေးနံ့သာပလ္လင်ကို မည်သည့်နေရာတွင် ထားရမည်နည်း။

သက်သေခံချက် ထားသောသေတ္တာကို ကာသော ကုလားကာရှေ့၌ အမွှေးနံ့သာပလ္လင်ကို နေရာချထားရမည်။

Exodus 30:7

အမွှေးနံ့သာပလ္လင်ပေါ်တွင် မည်သည့်အမွှေးနံ့သာကိုသာ ပူဇော်ရမည်နည်း။

အမွှေးနံ့သာပလ္လင်ပေါ်တွင် အစဉ်အသုံးပြုနေသော မွှေး သော နံ့သာပေါင်းကို ပူဇော်ရမည်။ ထူးခြားသော နံ့သာပေါင်း ကို မရှို့ရ။

Exodus 30:10

အာရုန်သည် အမွှေးနံ့သာပလ္လင်၏ ဦးချိုတို့၌ အပြစ်ဖြေရာယဇ်ကောင် အသွေးဖြင့် အပြစ်ဖြေခြင်း မင်္ဂလာကို မည်မျှကြာလျှင် တစ်ခါပြုလုပ်ရမည်နည်း။

အာရုန်သည် အမွှေးနံ့သာပလ္လင်၏ ဦးချိုတို့၌ အပြစ်ဖြေခြင်း မင်္ဂလာကို တစ်နှစ်တစ်ခါ ပြုလုပ်ရမည်။

Exodus 30:11

ဣသရေလလူမျိုး ရှိသမျှတို့သည် အသီးအသီး မိမိအသက်ရွေးရန် အဘိုးအခကို အဘယ်ကြောင့်ထာဝရဘုရားအား ဆက်ကပ်ရမည်နည်း။

ဣသရေလအမျိုးသားတို့ကို ရေတွက်၍ စာရင်းယူသောအခါ ဘေးလွတ်မည်အကြောင်း၊ ဣသရေလလူမျိုး ရှိသမျှတို့သည် အသီးသီး မိမိအသက်ရွေးရန် အဘိုးအခကို ထာဝရဘုရားအား ဆက်ကပ်ရမည်။

Exodus 30:15

ဣသရေလအမျိုးသားတို့၏ အရွေးငွေကို လက်ခံရရှိပြီးနောက် မောရှေသည် ထိုငွေကို မည်သို့ခွဲခြမ်းသတ်မှတ်ပေးသနည်း။

ဣသရေလအမျိုးသားတို့၏ အရွေးငွေကို လက်ခံရရှိပြီးနောက် မောရှေသည် ထိုငွေကို ပရိသတ်စည်းဝေးရာ တဲတော်စရိတ်အဖြစ် သတ်မှတ်ပေးရမည်။

Exodus 30:17

ကြေးဝါခြေထောက်ပါသော ကြေးဝါအင်တုံကို မည်သည့်နေရာတွင် ထားရမည်နည်း။

အာရုန်နှင့် သူ၏သားတို့ လက်ခြေဆေးစရာဘို့ ကြေးဝါခြေထောက်ပါသော ကြေးဝါအင်တုံကို တဲတော်နှင့် ယဇ်ပလ္လင်စပ်ကြားတွင် ထားရမည်။

Exodus 30:19

အာရုန်နှင့် သူ၏သားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ဝင်သောအခါတွင်လည်းကောင်း၊ အမှုတော်ကို ထမ်း၍ ထာဝရဘုရားအား မီးရှို့သောယဇ်ကို ပူဇော်ခြင်းငှာ၊ ယဇ်ပလ္လင်အနားသို့ ချဉ်းကပ်သောအခါတွင်လည်းကောင်း မည်သို့ဆောင်ရွက်ရမည်နည်း။

အာရုန်နှင့် သူ၏သားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ဝင်သောအခါတွင်လည်းကောင်း၊ အမှုတော်ကို ထမ်း၍ ထာဝရဘုရားအား မီးရှို့သောယဇ်ကို ပူဇော်ခြင်းငှာ၊ ယဇ်ပလ္လင်အနားသို့ ချဉ်းကပ်သောအခါတွင်လည်းကောင်း သေဘေးနှင့် ကင်းလွတ်မည်အကြောင်း၊ မိမိတို့လက်ခြေကို ဆေးရမည်။

Exodus 30:22

သန့်ရှင်းသော နံ့သာဆီကို မည်သည့်ပစ္စည်းများဖြင့် ဖော်စပ်ရမည်နည်း။

သန့်ရှင်းသော နံ့သာဆီကို အောက်ပါအတိုင်း ဖော်စပ်ရမည်။ စင်ကြယ်သော မုရန်စေး အကျပ်ငါးရာ၊ မွှေးသော သစ်ကြံပိုးနှစ်ရာငါးဆယ်၊ မွှေးသောကြံနှစ်ရာငါးဆယ်၊ သစ်ကြံပိုးတမျိုးငါးရာ၊ သံလွင်ဆီတဟိန်ကို ယူ၍ ဆေးသမားအတတ်နှင့် ဖယောင်းဆီကို ဖော်စပ်တတ်သည့်အတိုင်း၊ လိမ်းရန်ဆီတည်းဟူသော သန့်ရှင်းသော နံ့သာဆီကို ဖော်စပ်ရမည်။

Exodus 30:32

သန့်ရှင်းသော လိမ်းရန်ဆီကို မည်သို့ဆောင်ရွက်ခွင့် မရှိသနည်း။

သန့်ရှင်းသော လိမ်းရန်ဆီကို လူ၏ကိုယ်ပေါ်မှာ မလောင်းရ။ ထိုဆီကို ဖော်သည်နည်းတူ၊ အခြားသောဆီကို မဖော်ရ။ သန့်ရှင်းသည်ဖြစ်၍၊ သန့်ရှင်းသည်ဟု မှတ်ယူရမည်။

ထိုဆီနှင့်တူအောင် ဖော်စပ်သောသူ၊ မဆိုင်သောလူ၌ ရေမွှေးအဖြစ် လိမ်းသောသူကို မည်သို့ ပြစ်ဒဏ်ခတ်ရမည်နည်း။

သန့်ရှင်းသော လိမ်းရန်ဆီနှင့်တူအောင် ဖော်စပ်သောသူ၊ မဆိုင်သောလူ၌ ရေမွှေးအဖြစ် လိမ်းသောသူကို ဣသရေလအမျိုးအဖြစ်မှ ပယ်ရှင်းပစ်ရမည်။

Exodus 30:37

သန့်ရှင်းသော လိမ်းရန်ဆီနှင့်တူအောင် နံ့သာပေါင်းကို ဖော်စပ်သောသူ၊
မဆိုင်သောလူ၌ ရေမွှေးအဖြစ် လိမ်းသောသူကို
မည်သို့ပြစ်ဒဏ်ခတ်ရမည်နည်း။

**သန့်ရှင်းသော လိမ်းရန်ဆီနှင့်တူအောင် နံ့သာပေါင်းကို
ဖော်စပ်သောသူ၊ မဆိုင်သောလူ၌ ရေမွှေးအဖြစ် လိမ်းသောသူကို
ဣသရေလအမျိုးမှ ပယ်ရှင်းရမည်။**

---

## Chapter 31

1 တဖန် ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူပြန်သည်ကား၊ 2 နားထောင်လော့၊ ငါသည် ယုဒအမျိုးသား ဟုရ၏သားဖြစ်သော
ဥရိ၏သား ဗေဇလေလကို အမည်ဖြင့် ခန့်ထား၏။ 3 သူသည် ရွှေငွေကြေးဝါကို လုပ်သော အတတ်၊ ကျောက်ကို သွေး၍
စီသောအတတ်၊ 4 သစ်သားကို ထုလုပ်သော အတတ်နှင့် အမျိုးမျိုးသော အလုပ်ကို ထူးဆန်းစွာ လုပ်တတ်မည်အကြောင်း၊ 5
ဉာဏ်ပညာနှင့်တကွ သိပ္ပံအတတ်အမျိုးမျိုးတို့ကို ငါပေး၍ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်စုံစေ၏။ 6 သူနှင့်အတူ ဒန်အမျိုးသား
အဟိသမက်၏သား၊ အဟောလျာဘကိုလည်း ငါခန့်ထား၏။ ငါသည် သင့်အား မှာထားသမျှတို့ကို လိမ္မာသောသူအပေါင်းတို့သည်
လုပ်တတ်မည်အကြောင်း၊ သူတို့နှလုံးထဲသို့ ဉာဏ်ပညာကို ငါသွင်းထားပြီ။ 7 ထိုသူတို့သည် ပရိသတ်စည်းဝေးရာ တဲတော်၊
သက်သေခံချက်သေတ္တာ၊ သေတ္တာအပေါ်မှာ တင်သော သေတ္တာအဖုံး၊ တဲတော်တန်ဆာရှိသမျှကိုငင်း၊ 8 စားပွဲနှင့် စားပွဲတန်ဆာကိုငင်း၊
စင်ကြယ်သော မီးခုံနှင့် မီးခုံတန်ဆာရှိသမျှကိုငင်း၊ နံ့သာပေါင်း ရှို့သော ပလ္လင်၊ 9 မီးရှို့ရာယဇ်ပူဇော်သော ပလ္လင်တန်ဆာရှိသမျှကိုငင်း၊
10 အမှုတော်ကို ထမ်းစရာအဝတ်၊ ယဇ်ပုရောဟိတ်အမှုကို ဆောင်သောအခါ၊ ယဇ်ပုရောဟိတ်အာရုန် နှင့် သူ၏သားဝတ်ဘို့
သန့်ရှင်းသောအဝတ်ကိုငင်း၊ 11 လိမ်းစရာဆီနှင့် သန့်ရှင်းရာဌာန၌ သုံးဘို့ နံ့သာပေါင်းမွှေးကိုငင်း၊ ငါမှာထားသမျှအတိုင်း လုပ်ရကြ
မည်ဟု မိန့်တော်မူ၏။ 12 တဖန်ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 13 ငါသည် သင်တို့ကို
သန့်ရှင်းစေသော ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှါ၊ ငါနှင့်သင်တို့၏ သားစဉ်မြေးဆက် စပ်ကြား၌
လက္ခဏာသက်သေဖြစ်ဘို့ရာ၊ ငါ့ဥပုသ်နေ့ကို စင်စစ်စောင့်ရ ကြမည်။ 14 ဥပုသ်နေ့သည် သင်တို့အား သန့်ရှင်းသောကြောင့် ထိုနေ့ကို
စောင့်ရကြမည်။ ဥပုသ်နေ့ကို ဖျက်သောသူတိုင်း အသေခံရမည်။ ထိုနေ့၌ အလုပ်လုပ်သော သူမည်သည်ကား၊ မိမိအမျိုးမှ
ပယ်ရှင်းခြင်းကို ခံရမည်။ 15 ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။ သတ္တမနေ့သည် ထာဝရဘုရားအား သန့်ရှင်း၍ ငြိမ်ရသော
ဥပုသ်နေ့ဖြစ်၏။ ဥပုသ်နေ့၌ အလုပ်လုပ်သောသူမည်သည်ကား၊ ဧကန်အမှန် အသေခံရမည်။ 16 သို့ဖြစ်၍
ဣသရေလအမျိုးသားအစဉ်အဆက်တို့သည်၊ ထာဝရပဋိညာဉ် ဖြစ်စေခြင်းငှါ၊ ဥပုသ်နေ့ရက် အစဉ်အတိုင်း ဥပုသ်စောင့်ရကြမည်။ 17
ထိုသို့ စောင့်လျှင်၊ ငါနှင့် ဣသရေလအမျိုးသားစပ်ကြား၌ ထာဝရလက္ခဏာသက်သေဖြစ်လိမ့်မည်။ အကြောင်းမူကား၊
ထာဝရဘုရားသည် မိုဃ်းကောင်းကင်နှင့် မြေကြီးကို၊ ခြောက်ရက်တွင် ဖန်ဆင်း၍၊ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာ နေလျက်
အားဖြည့်တော်မူသည်ဟု မောရှေအား မိန့်တော်မူ၏။ 18 ထိုသို့ ဘုရားသခင်သည် သိနာတောင်ပေါ်မှာ မောရှေနှင့်
နှုတ်ဆက်တော်မူသည်အဆုံး၌၊ လက်ညှိုးတော်နှင့် အက္ခရာတင်သော သက်သေခံချက်၊ ကျောက်ပြားနှစ်ပြားကို ပေးတော်မူ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 32

1 မောရှေသည် တောင်ပေါ်မှာ ကြာမြင့်စွာ ရှိနေကြောင်းကို လူများတို့သည် သိမြင်သောအခါ၊ အာရုန် ထံသို့ စည်းဝေးကြ၍၊ ထပါ။
ငါတို့ရှေ့မှာ သွားရသော ဘုရားတို့ကို ငါတို့အဘို့ လုပ်ပါ။ ငါတို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော ထိုမောရှေ၌
အဘယ်သို့ဖြစ်သည်ကို ငါတို့မသိပါဟု ပြောဆိုကြ၏။ 2 အာရုန်ကလည်း၊ သင်တို့မယား သားသမီးများ၏ နား၌ဆင်သော
ရွှေနားတောင်းများကို ချွတ်၍၊ ငါ့ထံသို့ ဆောင်ခဲ့ကြဟုဆိုလျှင်၊ 3 လူအပေါင်းတို့သည် မိမိတို့နား၌ ဆင်သော ရွှေနားတောင်းများကို
ချွတ်၍၊ အာရုန်ထံသို့ ဆောင်ခဲ့ကြ၏။ 4 အာရုန်သည်လည်း လက်ခံ၍၊ နွားသငယ် ရုပ်ပုံသဏ္ဌာန်ကို ကညစ်နှင့် ရေးသားပြီးလျှင်
သွန်းလေ၏။ လူများတို့ကလည်း အို ဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်၏
ဘုရားဖြစ်တော်မူသည်ဟု ဆိုကြ၏။ 5 အာရုန်သည် ထိုအမှုကို သိမြင်လျှင်၊ ရုပ်တုရှေ့မှာ ယဇ်ပလ္လင်ကို တည်၍၊ နက်ဖြန်နေ့သည်
ထာဝရဘုရားအဘို့ ပွဲခံရသောနေ့ ဖြစ်သည်ဟု တပ်ကိုလည်၍ ကြော်ငြာစေ၏။ 6 နက်ဖြန်နံနက်စောစော လူတို့သည် ထ၍၊
မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်ပြီးမှ၊ စားသောက်လျက် ထိုင်နေကြ၏ နောက်တဖန် ကခုန်မြူးထူးခြင်းငှါ ထကြ၏။ 7
ထာဝရဘုရားက၊ သင်သည် ဆင်းသွားလော့။ အဲဂုတ္တုပြည်မှ သင်နှုတ်ဆောင်ခဲ့သော သင်၏ လူတို့သည် ဖေါက်ပြန်ကြပြီ။ 8
ငါမှာထားသောလမ်းမှ အလျင်အမြန် လွှဲသွား၍၊ နွားသငယ်ရုပ်ကို သွန်းပြီးလျှင်၊ အို ဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကို
အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သော ဘုရားဖြစ်တော်မူ၏ဟု ဆိုလျက်၊ ရုပ်တုရှေ့မှာ ယဇ်ပူဇော်ကိုးကွယ်ကြပြီဟူ၍၎င်း၊ 9 ဤလူမျိုးကို
ငါကြည့်မြင်ပြီ။ လည်ပင်းခိုင်မာသောအမျိုး ဖြစ်၏။ 10 သို့ဖြစ်၍ ငါ့ကို ရှိစေတော့။ ငါသည် အမျက်ပြင်းစွာ ထွက်၍ သူတို့ကို
ဖျက်ဆီးမည်။ သင့်ကိုကား ကြီးသော အမျိုးဖြစ်စေမည်ဟူ၍၎င်း၊ မောရှေအား မိန့်တော်မူ၏။ 11 မောရှေကလည်း၊ အို ထာဝရဘုရား၊
ကိုယ်တော်သည် မဟာတန်ခိုးအားကြီးသော လက်နှင့် အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သော ကိုယ်တော်၏ လူတို့ကို၊ အဘယ်ကြောင့်
အမျက်ပြင်းစွာ ထွက်တော်မူသနည်း။ 12 အဲဂုတ္တုလူတို့ကလည်း၊ ဘုရားသခင်သည် မကောင်းသော အကြံရှိသဖြင့်၊ သူတို့ကို
တောတောင်များ၌ သတ်၍ မြေကြီးပေါ်က သုတ်သင်ပယ်ရှင်းခြင်း အလိုငှါသာ၊ နှုတ်ဆောင်လေသည်ဟု အဘယ်ကြောင့်
ဆိုဘွယ်အကြောင်း ရှိရပါမည်နည်း။ ပြင်းစွာသော အမျက်တော်ကို ပယ်တော်မူပါ။ ကိုယ်တော်၏ လူတို့၌ ဤသို့
အပြစ်ပေးမည်အကြံကို နောင်တရတော်မူပါ။ 13 ကိုယ်တော်က သင်တို့ အမျိုးအနွယ်ကို ကောင်းကင်ကြယ်ကဲ့သို့ ငါများပြားစေမည်။
ငါပြောခဲ့သော ဤမြေရှိသမျှကို သင်တို့ အမျိုးအနွယ်အား ငါပေးသဖြင့်၊ သူတို့သည် အစဉ်အမြဲ အမွေခံရကြလိမ့်မည်ဟု ကိုယ်ကို
ကိုယ်တိုင်တည်၍ ကျိန်ဆိုတော်မူသော စကားကို ခံခဲ့ပြီးသော ကိုယ်တော်၏ ကျွန်အာဗြဟံ၊ ဣဇာက်၊ ဣသရေလတို့ကို
အောက်မေ့တော်မူပါဟု မိမိဘုရားသခင် ထာဝရဘုရားရှေ့တော်၌ တောင်းပန်လေ၏။ 14 ထာဝရဘုရားသည် မိမိလူတို့အား
အပြစ်ပေးမည်အကြံကို နောင်တရတော်မူ၏။ 15 မောရှေသည် သက်သေခံချက် ကျောက်ပြားနှစ်ပြားကို ကိုင်ယူလျက်၊ လှည့်၍
တောင်ပေါ်က ဆင်းသွားလေ၏။ ထိုကျောက်ပြားနှစ်မျက်နှာ၌ အက္ခရာတင်လျက် ရှိ၏။ 16 ထိုကျောက်ပြားတို့သည် ဘုရား သခင်
ဖန်ဆင်းတော်မူသော ကျောက်ပြား၊ စာသည်လည်း ဘုရားသခင် အက္ခရာတင်တော်မူသော စာဖြစ်သတည်း။ 17 လူများ
ကြွေးကြော်သံကို ယောရှုသည်ကြားလျှင်၊ တပ်၌ စစ်တိုက်သံကို ကြားပါသည်ဟု မောရှေ အား ဆို၏။ 18 မောရှေကလည်း၊
ငါကြားသော အသံသည် အောင်၍ ကြွေးကြော်သံမဟုတ်၊ ရှုံး၍ ငိုကြွေးသံလည်း မဟုတ်၊ သီချင်းဆိုသံဖြစ်သတည်းဟု ပြန်ပြော၏။
19 တပ်အနီးသို့ ရောက်သောအခါ၊ နွားသငယ်ကို၎င်း၊ ကခုန်ခြင်းကို၎င်းမြင်လျှင်၊ မောရှေသည် အမျက် ထွက်သဖြင့်
ကျောက်ပြားတို့ကို ချ၍ တောင်ခြေရင်း၌ ချိုးဖဲ့၏။ 20 သူတို့လုပ်သော နွားသငယ်ကိုလည်း ယူ၍ အရည်ကျို၏။ ညက်ညက်ခြေပြီးမှ
ရေပေါ်မှာ ဖြူး၍ ဣသရေလ အမျိုးသားတို့ကို သောက်စေ၏။ 21 အာရုန်ကိုလည်းခေါ်၍၊ သင်သည် သူတို့၌ ဤမျှလောက် ကြီးသော
အပြစ်ကို ရောက်စေခြင်းငှါ သူတို့သည် သင်၌ အဘယ်သို့ ပြုသနည်းဟု မေးလျှင်၊ 22 အာရုန်က၊ သခင်၊ အမျက်မထွက်ပါနှင့်။
ဤလူတို့သည် မကောင်းသော အကြံရှိကြောင်းကို ကိုယ်တော် သိပါ၏။ 23 သူတို့ကလည်း၊ ငါတို့ရှေ့မှာ သွားရသော ဘုရားတို့ကို
ငါတို့အဘို့ လုပ်ပါ။ ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သောသူ၊ ထိုမောရှေ၌ အဘယ်သို့ ဖြစ်သည်ကို ငါတို့မသိပါဟု အကျွန်ုပ်အား
ပြောဆိုကြလျှင်၊ 24 အကျွန်ုပ်က၊ ရွှေရှိသော သူသည် ချွတ်စေဟုဆိုသည်နှင့်အညီ၊ သူတို့ပေးသော ရွှေကို အကျွန်ုပ်သည် မီးထဲ၌
ထည့်လျှင်၊ ဤနွားသငယ် ထွက်လာပါသည်ဟု ပြန်ပြော၏။ 25 ထိုသို့ အာရုန်သည် လူများကို ရန်သူတို့ ရှေ့မှောက်၌ အဝတ်တန်ဆာကို
ချွတ်စေသည်ဖြစ်၍၊ အဝတ်တန်ဆာ အချည်းစည်းရှိကြကြောင်းကို မောရှေမြင်သောအခါ၊ 26 တပ်တံခါးဝမှာ ရပ်လျက်၊
ထာဝရဘုရားဘက်၌ အဘယ်သူနေသနည်း။ ငါ့ထံသို့ လာစေဟုဆိုလျှင်၊ လေဝိအမျိုးသားအပေါင်းတို့သည် သူ့ထံ၌ စည်းဝေးကြ၏။
27 မောရှေကလည်း၊ လူတိုင်း ထားလွယ်လျက် တပ်တမျက်နှာတံခါးမှ တမျက်နှာ တံခါးတိုင်အောင် ထုတ်ချင်းခပ်သွား၍၊ အသီး
အသီး မိမိ ညီအစ်ကို၊ မိမိအပေါင်းအဘော်၊ မိမိ အိမ်နီးချင်းကို သတ်စေဟု ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရားအမိန့်ရှိတော်မူသည်ဟု၊ 28 မောရှေစီရင်သည်အတိုင်း၊ လေဝိအမျိုးသားတို့သည် ပြု၍၊ ထိုနေ့၌ လူသုံးထောင်လောက်
သေကြ၏။ 29 တဖန် မောရှေက၊ ထာဝရဘုရားသည် ယနေ့ ကောင်းကြီးပေးတော်မူစေခြင်းငှါ၊ သင်တို့သည် အသီးအသီး ကိုယ်သား၊
ကိုယ်ညီအစ်ကိုကို ထိခိုက်သောအားဖြင့်၊ သင်တို့သည် ယနေ့ ကိုယ်ကို ချီးမြှောက်ကြ ပြီးဟု ဆိုလေ၏။ 30 နက်ဖြန်နေ့၌လည်း၊ သင်တို့
ပြစ်မှားသော အပြစ် ကြီးလှ၏။ ယခုမှာ ထာဝရဘုရား အထံတော်သို့ ငါတက်သွား၍၊သင်တို့ အပြစ်ဖြေနိုင်လျှင် ဖြေစေခြင်းငှါ


generated on Sun Jun 30 02:37:40 2024

ပြုမည်ဟု မောရှေသည် လူများတို့အား ဆိုပြီးမှ၊ [31] ထာဝရဘုရားအထံတော်သို့ ပြန်သွား၍၊ အိုဘုရားသခင်။ ဤလူတို့သည်
ပြစ်မှားသော အပြစ် ကြီးလှပါ၏။ မိမိတို့အဘို့ ရွှေဘုရားကို လုပ်ပါပြီ။ [32] သို့သော်လည်း သူတို့အပြစ်ကို လွှတ်ခြင်းငှါ
အလိုတော်ရှိလျှင် လွှတ်တော်မူပါ။ သို့မဟုတ်၊ ကိုယ်တော် စီရင်တော်မူသော စာရင်း၌ အကျွန်ုပ်နာမကို ချေတော်မူပါ။ အကျွန်ုပ်
တောင်းပန်ပါ၏ လျှောက်လျှင်၊ [33] ထာဝရဘုရားက၊ အကြင်သူသည် ငါ့ကို ပြစ်မှား၏၊ ထိုသူ၏ နာမကို ငါ့စာရင်း၌ ငါချေမည်။ [34]
သို့ဖြစ်၍ ငါမှာထားသောအရပ်သို့ သူတို့ကို ယခုသွား၍ ပို့ဆောင်လော့။ ငါ့တမန်သည် သင့်ရှေ့မှာ သွားလိမ့်မည်။ သို့သော်လည်း
ငါသည် အကြည့်အရှု ကြွလာသောအခါ၊ သူတို့၌ အပြစ်ပေးလျက် ကြွလာမည်ကို မိန့်တော်မူ၏။ [35] အာရုန်နှင့် လူများတို့သည်
နွားသငယ်ကို လုပ်ကြသောကြောင့် သူတို့ကို ဒဏ်ခတ်တော်မူ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 33

1 တဖန်ထာဝရဘုရားက၊ သင်မှစ၍ အဲဂုတ္တုပြည်မှ သင်နှုတ်ဆောင်ခဲ့သောလူတို့၊ ဤအရပ်မှ ထွက်၍ သင်၏
အမျိုးအနွယ်အားငါပေးမည်ဟု အာဗြဟံ၊ ဣဇာက်၊ ယာကုပ်၌ ငါကျိန်ဆိုသော ပြည်သို့သွားကြလော့။ 2 ကောင်းကင်တမန်ကိုလည်း
သင်တို့ရှေ့သို့ ငါစေလွှတ်၍၊ သူသည်ခါနနိလူ၊ အာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့ကို နှင်ထုတ်၍၊ 3 နို့နှင့်
ပျားရည်စီးသော ပြည်သို့ သင်တို့ကို ပို့ဆောင်လိမ့်မည်။ သင်တို့နှင့် အတူ ငါကိုယ်တိုင် မသွား။ သင်တို့သည်
လည်ပင်းခိုင်မာသောလူမျိုးဖြစ်သောကြောင့်၊ လမ်း၌ သွားစဉ် သင်တို့ကို ငါဖျက်ဆီးမည် စိုးရိမ်စရာရှိသည်ဟု မောရှေအား
မိန့်တော်မူ၏။ 4 ထို မကောင်းသော သိတင်းကို လူများတို့သည်ကြားသောအခါ၊ ငိုကြွေးမြည်တမ်းလျက်၊ အဘယ်သူမျှ
တန်ဆာမဆင်ဘဲနေကြ၏။ 5 အကြောင်းမူကား၊ ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားကို ဆင့်ဆိုရမည်မှာ၊ သင်တို့သည်
လည်ပင်းခိုင်မာသော အမျိုးဖြစ်ကြ၏။ သင်တို့အလယ်၌ ချက်ချင်း ငါပေါ်လာ၍ ဖျက်ဆီးမည်။ ထို့ကြောင့် သင်တို့၌ အဘယ်သို့
ငါပြုရမည်ကို ငါသိခြင်းငှါ၊ သင်တို့တန်ဆာများကို ချွတ်ကြလော့ ဟု မောရှေအား မိန့်တော်မူနှင့်သတည်း။ 6
ဣသရေလအမျိုးသားတို့သည် ဟောရပ်တောင်ခြေရင်း၌ မိမိတို့တန်ဆာများကိုချွတ်ကြ၏။ 7 မောရှေသည် တဲတော်ကို ယူ၍
တပ်ပြင်၌ ခပ်ဝေးဝေးဆောက်ပြီးလျှင်၊ ပရိသတ် စသည်းဝေးရာတဲဟူ၍ ခေါ်ဝေါ်၏။ ထာဝရဘုရားကို ရှာသောသူ အပေါင်းတို့သည်
တပ်ပြင်၌ ရှိသော ပရိသတ်စည်းဝေးရာ တဲတော်သို့ ထွက်သွားကြ၏။ 8 မောရှေသည် တဲတော်သို့ ထွက်သွားသောအခါ၊
လူအပေါင်းတို့သည် ထ၍ အသီးအသီး မိမိတို့တဲတံခါးဝ၌ ရပ်လျက် တဲတော်အထဲသို့ မောရှေဝင်သည် တိုင်အောင်
ကြည့်ရှုလျက်နေကြ၏။ 9 မောရှေသည်တဲတော်အထဲသို့ ဝင်ပြီးမှ၊ မိုဃ်းတိမ်တိုင် ဆင်းသက်၍ တဲတော်တံခါးဝ၌ ရပ်သဖြင့်၊
ထာဝရဘုရားသည် မောရှေနှင့် နှုတ်ဆက်တော်မူ၏။ 10 တဲတော်တံခါးဝ၌ မိုဃ်းတိမ်တိုင်ရပ်နေသည်ကို မြင်လျှင်၊
လူအပေါင်းတို့သည် ထ၍ အသီးအသီး မိမိတို့တဲတံခါးဝ၌ ကိုးကွယ်ကြ၏။ 11 ထာဝရဘုရားသည် အဆွေခင်ပွန်းချင်းကို
နှုတ်ဆက်တတ်သည် နည်းတူ၊ မောရှေနှင့် မျက်နှာချင်းဆိုင် ၍ နှုတ်ဆက်တော်မူ၏။ မောရှေသည် တပ်ထဲသို့ ပြန်ဝင်သောအခါ
သူ၏လက်ထောက်နုန်၏သား ယောရှုမည်သော လုလင်သည်၊ တဲတော်မထွက်ဘဲ နေ၏။ 12 မောရှေကလည်း၊ ဤလူတို့ကို
ပို့ဆောင်လော့ဟု ကိုယ်တော်မိန့်တော်မူသည်တွင် အကျွန်ုပ်နှင့်အတူ အဘယ်သူကို စေလွှတ်တော်မူသည်ကို အကျွန်ုပ်မသိရ။
သို့သော်လည်း ကိုယ်တော်က သင့်ကို သင်၏နာမဖြင့် ငါသိ၏။ သင်သည် ငါ့ရှေ့၌ မျက်နှာရပြီဟု အကျွန်ုပ်အား မိန့်တော်မူပြီ။ 13
သို့ဖြစ်၍ အကျွန်ုပ်သည် ရှေ့တော်၌ မျက်နှာရလျှင်၊ မျက်နှာရကြောင်းကို အကျွန်ုပ်သိပါမည် အကြောင်း၊
ကိုယ်တော်၏လမ်းကိုပြတော်မူပါ။ ဤလူမျိုးသည် ကိုယ်တော်၏လူဖြစ်ကြောင်းကို ဆင်ခြင်တော် မူပါ၊ အကျွန်ုပ်တောင်းပန်ပါ၏ဟု
ထာဝရဘုရားအား လျှောက်ဆို၏။ 14 ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်ဟု မိန့်တော်မူ၏။ 15 တဖန်မောရှေက၊
ကိုယ်တော်တိုင် မသွားလျှင် အကျွန်ုပ်တို့ကို ဤအရပ်မှ ပို့တော်မမူပါနှင့်။ 16 အကျွန်ုပ်နှင့် ကိုယ်တော်၏လူတို့သည် ရှေ့တော်၌
မျက်နှာရသောအကြောင်းသည် အဘယ်သို့ ထင်ရှားပါမည်နည်း။ အကျွန်ုပ်တို့နှင့် ကြွသွားတော်မူသောအားဖြင့်သာ ထင်ရှားပါမည်
မဟုတ်လော။ ထိုသို့ အကျွန်ုပ်နှင့် ကိုယ်တော်၏လူတို့သည် မြေကြီးပေါ်မှာ ရှိသမျှသောလူတို့နှင့် ခြားနားရပါမည်ဟု လျှောက်ဆို လျှင်၊
- 17 ထာဝရဘုရားက၊ သင်လျှောက်သည်အတိုင်း ငါပြုမည်။ သင်သည် ငါ့ရှေ့၌ မျက်နှာရပြီ။ သင့်ကို သင်၏နာမဖြင့် ငါသိ၏ဟု
မောရှေအား မိန့်တော်မူ၏။ 18 တဖန်တုံ၊ ကိုယ်တော်၏ ဘုန်းကိုအကျွန်ုပ်အား ပြတော်မူပါ၏။ အကျွန်ုပ်တောင်းပန်ပါ၏ဟု
လျှောက်လျှင်၊ 19 ထာဝရဘုရားက ငါ၏ကောင်းမွန်ခြင်းရှိသမျှကို သင့်ရှေ့၌ ငါရှောက်သွားစေမည်။ ထာဝရ
ဘုရား၏နာမတော်ကိုလည်း၊ သင့်ရှေ့၌ ငါကြွေးကြော်မည်။ ငါသည် ကျေးဇူးပြုလိုသော သူကို ကျေးဇူး ပြုမည်။
သနားလိုသောသူကိုလည်းသနားမည်။ 20 သို့ရာတွင် သင်သည် ငါ့မျက်နှာကို မမြင်နိုင်ရာ။ ငါ့မျက်နှာကို မြင်လျှင် အသက်ရှင်ရသော
လူတစုံ တယောက်မျှမရှိဟူ၍ငင်း၊ 21 ငါ့အနားမှာ နေရာတခုရှိ၏။ သင်သည်ကျောက်ပေါ်မှာ ရပ်ရမည်။ 22
ငါ့ဘုန်းရှောက်သွားသောအခါ၊ သင့်ကို ကျောက်ကြား၌ ငါသွင်းထား၍ ငါကြွသွားသည်အခိုက်၊ သင့်ကို ငါ့လက်နှင့် ဖုံးအုပ်မည်။ 23
ငါလက်ကို သိမ်းရုပ်သောအခါ၊ ငါ့ကျောကိုသာ မြင်ရမည်၊ ငါ့မျက်နှာကိုမမြင်ရဟူ၍ငင်း မိန့်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 34

1 တဖန် ထာဝရဘုရားက၊ အရင်ကျောက်ပြားနှစ်ပြားနှင့်တူအောင် ကျောက်ပြားနှစ်ပြားကို ခုတ်လော့။ သင်ချိုးဖွဲ့သော
အရင်ကျောက်ပြား၌ စကားပါသည်အတိုင်း နောက်ကျောက်ပြားပေါ်မှာ ငါရေးထားမည်။ 2 နက်ဖြန်နံနက်သင်သည် အသင့်နေလျက်၊
သိနာတောင်ပေါ်သို့ တက်၍ တောင်ထိပ်၌ ငါ့ရှေ့မှာကိုယ်ကို ပြလော့။ 3 သင်နှင့်အတူ အဘယ်သူမျှ မတက်ရ။ တောင်တပြင်လုံး၌
လူကို မထင်ရှားစေနှင့်။ တောင်ခြေရင်း ၌ သိုးနွားတို့ကို ကျက်စားရာမပြုစေနှင့်ဟု မောရှေအား မိန့်တော်မူ၏။ 4 ထာဝရဘုရား
မိန့်တော်မူသည်အတိုင်း၊ အရင်ကျောက်ပြားနှင့်တူအောင် ကျောက်ပြားနှစ်ပြားကို ခုတ်ပြီးမှ၊ မောရှေသည် နံနက်စောစောထ၍
ထိုကျောက်ပြားနှစ်ပြားကို ကိုင်လျက်၊ သိနာတောင်ပေါ်သို့ တက်လေ၏။ 5 ထာဝရဘုရားသည် မိုယ်းတိမ်ဖြင့် ဆင်းသက်၍၊ ထိုအရပ်၌
မောရှေအနားမှာရပ်လျက်၊ ထာဝရ ဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ၏။ 6 ထာဝရဘုရားသည် မောရှေရှေ့၌
ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနား ခြင်း မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊
သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ 7 အထောင်အသောင်းများသောသူတို့အား သနားခြင်း ကျေးဇူးတရားကို
စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီး
သက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏
အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။ 8 မောရှေသည် အလျင်အမြန် ဦးညွှတ်ချ၍
ကိုးကွယ်လျက်။ 9 အိုဘုရားရှင်၊ အကျွန်ုပ်သည် ရှေ့တော်၌ မျက်နှာရလျှင်၊ အကျွန်ုပ်အရှင်သည် အကျွန်ုပ်တို့နှင့်အတူ
ကြွတော်မူပါစေသော၊ အကျွန်ုပ်တောင်းပန်ပါ၏။ ဤလူမျိုးသည် လည်ပင်းခိုင်မာသော အမျိုးဖြစ်သော်လည်း၊
အကျွန်ုပ်တို့ပြစ်မှားမိသော ဒုစရိုက်အပြစ်များကို လွှတ်၍ အကျွန်ုပ်တို့ကို ကိုယ်တော်အမွေဥစ္စာတို့ သိမ်းယူတော် မူပါဟုလျှောက်လျှင်၊
10 ထာဝရဘုရားက၊ ကြည့်ရှုလော့။ ငါပဋိညာဉ်ပြု၏။ မြေကြီးပေါ်မှာ လူမျိုး၌ မပြုစဖူးသော အံ့ဘွယ်သောအမှုတို့ကို
သင်၏လူမျိုးရှေ့မှာ ငါပြုမည်။ သင်တို့အဘို့ ငါထာဝရဘုရား ပြုရသောအမှုသည် ကြောက်မက်ဘွယ်သောအမှု ဖြစ်ကြောင်းကို
သင်ပေါင်းဘော်သော လူအပေါင်းတို့သည် မြင်ရကြလိမ့်မည်။ 11 ယနေ့ငါမှာထားသော စကားကို မှတ်လော့။ သင့်ရှေ့မှာ အာမောရိလူ၊
ခါနနိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့ကို ငါနှင်ထုတ်မည်။ 12 သင်သည် ယခုသွားသော ပြည်သူပြည်သားတို့နှင့်
မိဿဟာယဖွဲ့သဖြင့်၊ သင့်အလယ်၌ တိုက်မိ၍ လဲစရာအကြောင်းမဖြစ်စေခြင်းငှာ၊ ကိုယ်ကိုကိုယ်သတိပြုလော့။ 13
သူတို့ယဇ်ပလ္လင်များကို ဖျက်ဆီးရမည်။ သူတို့ရုပ်တုဆင်းတုများကို ချိုးဖွဲ့ရမည်။ သူတို့ အာရှရပင် များကို ခုတ်လှဲရမည်။ 14
အခြားသောဘုရားကို သင်သည် မကိုးကွယ်ရ။ အပြစ်ရှိယုံလွယ်အမည်ရှိသော ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သော
ဘုရားသခင်ဖြစ်တော်မူ၏။ 15 သင်သည် ထိုပြည်သူပြည်သားတို့နှင့် မိဿဟာယ ဖွဲ့သဖြင့်၊ သူတို့သည် မိမိတို့ဘုရားနှင့်
မှားယွင်းခြင်းကို ပြု၍၊ ထိုဘုရားတို့အား ယဇ်ပူဇော်သောအခါ၊ သင့်ကို ခေါ်၍သင်သည် ထိုယဇ်ကောင်ကို စားမည်ဟူ၍ ငှင်း၊ 16
သင်သည် သူတို့ သမီးများကိုယူ၍၊ ကိုယ်သားတို့နှင့် ထိမ်းမြားပေးစားသဖြင့်၊ ထိုသမီးတို့သည် မိမိတို့ ဘုရားနှင့် မှားယွင်းခြင်းကို ပြု၍
သင်၏သားတို့ကို ထိုဘုရားတို့နှင့် မှားယွင်းစေမည်ဟူ၍ငှင်း စိုးရိမ်စရာ ရှိ၏။ 17 သင်သည် ကိုယ်အဘို့ သွန်းသော ဘုရားတို့ကို
မလုပ်ရ။ 18 သင်သည် အဗိဗလ၌ အဲဂုတ္တုပြည်မှ ထွက်သောကြောင့်၊ ငါပညတ်သည်အတိုင်း၊ အဗိဗလတွင် ခုနစ်ရက်ပတ်လုံး
တဆေးမဲ့မုန့်ကို စား၍ အဇုမပွဲကို ခံရမည်။ 19 သားဦးအပေါင်းတို့သည် ငါ့ဥစ္စာဖြစ်ကြ၏။ သင်၏တိရစ္ဆာန်တို့တွင်လည်း၊ နွားဖြစ်စေ၊
သိုးဖြစ်စေ၊ သားဦးအပေါင်းတို့သည် ငါ့ဥစ္စာဖြစ်ကြ၏၊ သို့ရာတွင်၊ မြည်းသားဦးကို သိုးသငယ်နှင့် ရွေးယူရမည်။ 20 မရွေးလိုလျှင်၊
မြည်းသငယ်၏လည်ပင်းကို ချိုးရမည်။ သင်၏သားဦးအပေါင်းတို့ကို ရွေးရမည်။ ငါ့ထံသို့ အဘယ်သူမျှ လက်ချည်းမပေါ်မလာရ။ 21
ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာ နေရမည်။ လယ်လုပ်ရာ ကာလ၊
အသီးအနှံသိမ်းရာကာဖြစ်သော်လည်း၊ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာ နေရမည်။ 22 ဂျုံစပါးကို
သိမ်းစရှိသည်ကာလခုနစ်သိတင်းပွဲကိုငှင်း၊ နှစ်လဲသောအခါ သိုထားပွဲကိုငှင်း ခံရမည်။ 23 သင်တို့ အမျိုးသား
ယောကျ်ားအပေါင်းတို့သည်၊ ဣသရေလအမျိုး၏ ဘုရားသခင်တည်းဟူသော ထာဝရအရှင်ဘုရား သခင့်ရှေ့တော်၌ တနှစ်လျှင်
သုံးကြိမ်မျက်နှာပြရကြမည်။ 24 တပါးအမျိုးသားများကို သင်တို့ရှေ့က ငါနှင်ထုတ်၍၊ သင်တို့နေရာနယ်ကို ငါ ကျယ်စေမည်။ သင်၏
ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ တနှစ်တွင် သုံးကြိမ် မျက်နှာပြသွားသောအခါ၊ သင်၏မြေကို အဘယ်သူမျှ မတပ်မက်ရ။ 25
ငါ့ယဇ်ကောင်အသွေးကို တဆေးနှင့် ရော၍ မပူဇော်ရ။ ပသခါပွဲယဇ်ကောင်ကို၊ နံနက်တိုင်အောင် မကြွင်းစေရ။ 26 သင်၏မြေ၌
အဦးသီးသော အသီးအနှံအကောင်းဆုံးကို သင်၏ ဘုရားသခင်ထာဝရဘုရား၏ အိမ်တော်ထဲသို့ ဆောင်သွင်းရမည်။ ဆိတ်သငယ်ကို
အမိနို့ရည်နှင့် မပြုတ်မချက်ရ။ 27 ဤစကားများကို ရေးထားလော့။ ဤစကားများလာသည် အတိုင်း သင်မှစ၍ ဣသရေလအမျိုးနှင့်
ငါပဋိညာဉ်ပြုသည်ဟု မောရှေအား မိန့်တော်မူ၏။ 28 ထိုအရပ်မှာ မောရှေသည် အစာကို မစား၊ ရေကို မသောက်ဘဲ။
အရက်လေးဆယ်ပတ်လုံး ထာဝရ ဘုရားအထံတော်၌ နေလေ၏။ ကျောက်ပြားပေါ်မှာ ပဋိညာဉ်စကား၊ ပညတ်တော်ဆယ်ပါးကို
ရေးထားတော် မူ၏။ 29 မောရှေသည် သက်သေခံချက် ကျောက်ပြားနှစ်ပြားကို ကိုင်လျက်၊ သိနာတောင်ပေါ်မှ ဆင်းသက်သောအခါ၊
မိမိနှင့် ဘုရားသခင် နှုတ်ဆက်တော်မူသောကြောင့်၊ မိမိမျက်နှာအရေ ထွန်းပကြောင်းကို မိမိမသိ။ 30 အာရုန်နှင့်

 generated on Sun Jun 30 02:37:40 2024

ဣသရေလအမျိုးသားအပေါင်းတို့သည်၊ မောရှေကို မြင်သောအခါ၊ သူ၏မျက်နှာ အရေထွန်းပသောကြောင့်၊ သူတို့သည်
မချဉ်းမကပ်ဝံ့ကြ။ 31 မောရှေသည် သူတို့ကို ခေါ်၍၊ အာရုန်နှင့် ပရိသတ်သူကြီးတို့သည် ချဉ်းကပ်ကြလျှင်၊ မောရှေသည်
နှုတ်ဆက်လေ၏။ 32 ထိုနောက် ဣသရေလအမျိုးသားအပေါင်းတို့သည် ချဉ်းကပ်ကြလျှင်၊ သိနာတောင်ပေါ်မှာ ထာဝရ
ဘုရားမိန့်တော်မူသမျှတို့ကို သူတို့အား ဆင့်ဆိုလေ၏။ 33 မောရှေသည် သူတို့အား ဟောပြော၍ မပြီးမှီ မိမိမျက်နှာကို ဖုံးအုပ်လေ၏။
34 ထာဝရဘုရားရှေ့တော်သို့ ဝင်၍လျှောက်သောအခါ၊ မထွက်မှီတိုင်အောင် မျက်နှာဖုံးကို ချွတ်ထား၏။ တဖန် ထွက်၍ အမိန့်တော်ကို
ဣသရေလအမျိုးသားတို့အား ဆင့်ဆို၏။ 35 သူ၏မျက်နှာအရေ ထွန်းပကြောင်းကို ဣသရေလအမျိုးသားတို့သည် မြင်ကြလျှင်၊
တဖန် အထဲသို့ ဝင်၍ မလျှောက်မှီတိုင်အောင် မိမိမျက်နှာကို ဖုံးအုပ်ပြန်၏။

---

## Chapter 35

1 မောရှေသည်၊ ဣသရေလအမျိုးပရိသတ်အပေါင်းကို စည်းဝေးစေ၍၊ ထာဝရဘုရား မိန့်တော်မူသော
သင်တို့ကျင့်ဝတ်တရားဟူမူကား၊ 2 ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။ သတ္တမနေ့ရက်သည် သင်တို့၌ သန့်ရှင်းသောနေ့၊
ထာဝရဘုရားအဘို့ ငြိမ်ဝပ်စွာ နေရသော ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ အလုပ်လုပ်သော သူမည်သည်ကား အသေခံရမည်။ 3
သင်တို့နေရာအရပ်၌ ဥပုသ်နေ့မှာ မီးကို မမွေးရဟု ဆင့်ဆို၏။ 4 တဖန် မောရှေသည်၊ ဣသရေလအမျိုးသားပရိသတ်အလယ်၌
ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုသည်ကား၊ 5 သင်တို့တွင် ထာဝရဘုရားအား လှူသော အလှူကို ပြင်ဆင်ကြလော့။
ကြည်ညိုသော စေတနာစိတ် ရှိသမျှသော သူတို့သည်၊ ရွှေ၊ ငွေ၊ ကြေးဝါ၊ 6 ပြာသော အထည်၊ မောင်းသောအထည်၊ နီသောအထည်၊
ပိတ်ချော၊ ဆိတ်မွေး၊ 7 အနီဆိုးသောသိုးရေ၊ တဟာရှုသားရေ၊ အကာရှသစ်သား၊ 8 လိမ်းရန် ဆီဘော်ဘို့၊ မီးရှို့ရာနံ့သာပေါင်း
မွှေးဘော်ဘို့ရာ နံ့သာမျိုး၊ မီးထွန်းစရာဆီ၊ 9 ရဟံကျောက်၊ ယဇ်ပုရောဟိတ်သင်တိုင်းနှင့် ရင်ဖုံး၌ စီစရာကျောက်မြတ်တည်းဟူသော
ထာဝရဘုရား အား လှူသောအလှူကို ဆောင်ခဲ့ကြလော့။ 10 သင်တို့တွင် လိမ္မာသော သူရှိသမျှတို့သည်လာ၍၊ 11 တဲတော်နှင့်အပေါ်တဲ၊
အပေါ်တဲအဖုံး၊ ရွှေချောင်း၊ ပျဉ်ပြား၊ ကန့်လန့်ကျင်၊ တိုင်၊ ခြေစွပ်တို့ကိုင်၎င်း၊ 12 သေတ္တာနှင့် သူ၏ထမ်းဘိုး၊ သေတ္တာအဖုံး၊ ကာရသော
ကုလားကာကို၎င်း၊ 13 စားပွဲနှင့် သူ၏ထမင်းဘိုး၊ သူ၏တန်ဆာရှိသမျှနှင့် ရှေ့တော်မုန့်ကို၎င်း၊ 14 မီးထွန်းစရာဘို့ မီးခုံနှင့်
သူ၏တန်ဆာ၊ မီးခွက်များ၊ မီးထွန်းစရာဆီကို၎င်း၊ 15 နံ့သာပေါင်းရှို့သော ပလ္လင်နှင့် သူ၏ထမ်းဘိုး၊ လိမ်းရန်ဆီ၊ မွှေးသော
နံ့သာပေါင်း၊ တဲတော်တံခါးဝ ကာရန် ကုလားကာကို၎င်း၊ 16 မီးရှို့ရာယဇ်ပူဇော်သော ပလ္လင်နှင့် ကြေးဝါဆန်ခါ၊ ထမ်းဘိုး၊
တန်ဆာရှိသမျှ၊ အင်တုံနှင့် ခြေထောက်ကို၎င်း၊ 17 တဲတော်ဝင်းကုလားကာ၊ တိုင်၊ ခြေစွပ်၊ ဝင်းတံခါးဝကာစရာ ကုလားကာကို၎င်း၊ 18
တဲတော်တံသင်၊ ဝင်းတံသင် ကြိုးများကို၎င်း၊ 19 သန့်ရှင်းရာဌာန၌ အမှုတော်ကို ထမ်းစရာအဝတ် ယဇ်ပုရောဟိတ်အမှုကို
ဆောင်သောအခါ ယဇ်ပုရောဟိတ်အာရုန်နှင့် သူ၏သား ဝတ်၍ သန့်ရှင်းသော အဝတ်ကို၎င်း၊ ထာဝရဘုရားမှာထားတော်မူသမျှ
အတိုင်း လုပ်ရကြမည်ဟု ဆင့်ဆို၏။ 20 ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ မောရှေထံမှ ထွက်သွားကြ၍၊ 21
မိမိစိတ်နှလုံးနှိုးဆော်သောသူ၊ ကြည်ညိုသောစေတနာစိတ်သဘောရှိသော သူအပေါင်းတို့သည် ပရိသတ်စည်းဝေးရာ
တဲတော်လုပ်ဘို့၎င်း၊ အမှုတော်ထမ်းစရာဘို့၎င်း၊ သန့်ရှင်းသောအဝတ်ကို၎င်း၊ ထာဝရဘုရားအား လှူသောအလှူကို ဆော်လျက်
လာကြ၏။ 22 ကြည်ညိုသော စေတနာစိတ်ရှိသော ယောကျ်ားမိန်းမတို့သည်၊ လက်ကောက်၊ နားတောင်း၊ လက်စွပ်၊ နှာခေါင်းဘူး၊
ရွှေတန်ဆာရှိသမျှကို ဆောင်ခဲ့သဖြင့်၊ လှူသောသူ အသီးအသီးတို့သည်၊ ထာဝရဘုရားအား ရွှေကို လှူကြ၏။ 23 ပြာသောအထည်၊
မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချော၊ ဆိတ်မွေး၊ အနီဆိုးသောသိုးရေ၊ တဟာရှုသားရေရှိသော သူတိုင်းဆောင်ခဲ့၏။ 24
ငွေနှင့် ကြေးဝါကို လှူသောသူတိုင်း ထာဝရဘုရားအား လှူလေ၏။ အမှုတော်နှင့်ယှဉ်သော အလုပ်လုပ်စရာဘို့ အကာရှသစ်သားရှိသော
သူတိုင်းလည်း ဆောင်ခဲ့လေ၏။ 25 ရက်ကန်းတတ်သော မိန်းမအပေါင်းတို့လည်း၊ ကိုယ်လက်နှင့်ရက်၍၊ ပြာသောအထည်၊
မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောရက်သမျှကို ဆောင်ခဲ့ကြ၏။ 26 မိမိဉာဏ်နှိုးဆော်သော မိန်းမအပေါင်းတို့သည်
ဆိတ်မွေးကို ရက်ကြ၏။ 27 သူကြီးတို့သည်လည်း၊ ရှဟံကျောက်၊ ယဇ်ပုရောဟိတ်သင်တိုင်းနှင့် ရင်ဖုံး၌ စီစရာကျောက်ကို၎င်း၊ 28
မီးထွန်းစရာဘို့ လိမ်းရန် ဆီဘော်ဘို့ မီးရှို့ရာ နံ့သာပေါင်းမွှေးဘော်ဘို့ရာ နံ့သာမျိုးနှင့် ဆီကို၎င်း ဆောင်ခဲ့ကြ၏။ 29 ထိုသို့
ထာဝရဘုရားသည် မောရှေအားဖြင့် မှာထားတော်မူသော အလုပ်အမျိုးမျိုးရှိသမျှအဘို့၊ ဣသရေလအမျိုးသားတို့တွင် ကြည်ညိုသော
စေတနာစိတ်နှိုးဆော်သော ယောကျ်ားမိန်းမအပေါင်းတို့သည်၊ ထာဝရဘုရားအား ကြည်ညိုသော စိတ်နှင့် လှူကြ၏။ 30 တဖန်
မောရှေက၊ နားထောင်ကြလော့။ ထာဝရဘုရားသည် ယုဒအမျိုးသားဟုရ၏သားဖြစ်သော ဥရိ၏သားဗေဇလေလကို အမည်ဖြင့်
ခန့်ထားတော်မူပြီ။ 31 သူသည် ရွှေငွေကြေးဝါကို လုပ်သောအတတ်။ 32 ကျောက်ကို သွေး၍ စီသော အတတ်၊ သစ်သားကို
ထုလုပ်သော အတတ်နှင့် အမျိုးမျိုးသောအလုပ်ကို ထူးဆန်းစွာ လုပ်တတ်မည်အကြောင်း၊ 33 ဉာဏ်ပညာနှင့်တကွ
သိပ္ပံအတတ်အမျိုးမျိုးကို ပေး၍၊ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်စုံစေတော်မူပြီ။ 34 သူနှင့် ဒန်အမျိုးသား အဟိသမက်၏သား
အဟောလျာဘသည်၊ သူတပါးအား အတတ်သင်ပေးနိုင် မည်အကြောင်း၊ ဉာဏ်ကို ပေးတော်မူပြီ။ 35 ထိုသူတို့သည်
ထုလုပ်တတ်သောသူ၏ အလုပ်၊ ဆန်းပြားသောလက်သမား၏ အလုပ်၊ ပြာသော အထည်၊ မောင်းသောအထည်၊ နီသောအထည်၊
ပိတ်ချောကို ချယ်လှယ်တတ်သော သူ၏အလုပ်၊ ရက်တတ်သောသူ၏အလုပ်၊ အနည်းနည်း လုပ်တတ်သောသူ၏အလုပ်
အမျိုးမျိုးရှိသမျှတို့ကို လုပ်တတ်မည် အကြောင်း၊ ဉာဏ်ပညာနှင့် ပြည့်စုံတော်မူပြီ။



generated on Sun Jun 30 02:37:40 2024

## Chapter 36

1 ထိုသို့ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ သန့်ရှင်းရာဌာန၌ အမှုတော်ဆောင်စရာဘို့၊ အမျိုးမျိုးသောအလုပ်ကို
လုပ်တတ်သော ဉာဏ်ပညာကို ထာဝရဘုရား ပေးသွင်းတော်မူသော ပညာရှိအပေါင်း တို့နှင့်တကွ၊ ဗေဇလေလ၊ ဟောလျာဘတို့သည်
အလုပ်လုပ်ကြလိမ့်မည်ဟု ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလေ၏။ 2 တဖန် မောရှေသည်၊ ဗေဇလေလ၊ အဟောလျာဘကိုင်၊
ထာဝရဘုရားပေးတော်မူသော ဉာဏ် သဘောကို ရ၍၊ အလုပ်လုပ်ချင်သော စေတနာစိတ်ရှိသော ပညာရှိအပေါင်းတို့ကိုင်
ခေါ်ပြီးလျှင်၊ 3 သန့်ရှင်းရာဌာနနှင့် အမှုတော်ထမ်းရန် တန်ဆာတို့ကို လုပ်ကိုင်စေခြင်းငှာ၊ ဣသရေလအမျိုးသားတို့ ဆောင်ခဲ့သော
အလှူရှိသမျှကို ထိုသူတို့သည် မောရှေလက်မှ ခံကြ၏။ ကြည်ညိုသောစိတ်နှင့် လှူသောအလှူကို နံနက်တိုင်း ထပ်၍
ဆောင်ခဲ့ကြသေး၏။ 4 ထိုအခါ သန့်ရှင်းရာဌာနတော်အလုပ်ကို လုပ်ကိုင်သော ပညာရှိအပေါင်းတို့သည်၊ အသီးအသီး မိမိလုပ်ရာမှ၊ 5
မောရှေထံသို့ လာ၍ ထာဝရဘုရားမှာထားတော်မူသော အလုပ်ပြီးလောက်ရုံမျှမက၊ ပို၍ ဆောင်ခဲ့ကြ ပါပြီဟု ကြားပြောလျှင်၊ 6
မောရှေက၊ သန့်ရှင်းရာဌာနတော်အဘို့ လှူခြင်းငှာ အဘယ်ယောကျ်ားမိန်းမမျှ ထပ်မံ၍ မလုပ်စေနှင့် ဟု စီရင်၍၊ တတပ်လုံး၌
ကြော်ငြာစေသဖြင့်၊ လူများအလှူဆောင်ခြင်းအမှုကို ဆီးတား၏။ 7 ရခဲ့သောဥစ္စာသည် လုပ်ရှိသမျှကို ပြီးစီးလောက်ရုံမျှမက
ပိုလျက်ရှိသတည်း။ 8 သန့်ရှင်းရာဌာနတော်အလုပ်ကို လုပ်ကိုင်သော သူတို့တွင်၊ ပညာရှိသောသူသည် ပိတ်ချော၊ ပြာသော အထည်၊
မောင်းသောအထည်၊ နီသောအထည်ဖြင့် ပြီးသော ခေရုဗိမ်အရုပ်နှင့် ချယ်လှယ်သော ပိတ်ချော ကုလားကာဆယ်ထည်ကို လုပ်လေ၏။
9 ကုလားကာသည် အလျားနှစ်ဆယ်ရှစ်တောင်၊ အနံလေးတောင်ရှိ၍၊ ကုလားကာချင်း အလျားအနံတူ၏။ 10 ကုလားကာငါးထည်စီ
တစပ်တည်းချုပ်လေ၏။ 11 ကုလားကာတထည် ပြင်ဘက်ကုလားကာ နားချင်းဆက်မှီရာ၌ ကွင်းများကို ပြာသောအထည်နှင့် လုပ်၍၊
အခြားသော ကုလားကာပြင်ဘက် ကုလားကာနားချင်းဆက်မှီရာ၌လည်း ထိုအတူလုပ်လေ၏။ 12 ကုလားကာတထည်၌
ကွင်းငါးဆယ်ကိုင်၊ အခြားသော ကုလားကာအနားဆက်မှီရာ၌ ကွင်းငါးဆယ်ကို ၎င်း လုပ်သဖြင့်၊ ကွင်းချင်းဆိုင်မိကြ၏။ 13
ရွှေချောင်းငါးဆယ်ကိုလည်း လုပ်၍၊ ထိုရွှေချောင်းဖြင့် ကုလားကာများကို ပူးတွဲသဖြင့် တဲတော် တဆောင်တည်းဖြစ်လေ၏။ 14
တဲတော်ဖုံးအုပ်ဘို့ အခြားသော ကုလားကာ ဆယ်တထည်ကို ဆိတ်မွေးနှင့် လုပ်လေ၏။ 15 ကုလားကာသည်
အလျားအတောင်သုံးဆယ်၊ အနံလေးတောင်ရှိ၍ ကုလားကာဆယ်တထည်တို့သည် အလျားအနံချင်း တူ၏။ 16
ကုလားကာငါးထည်တစပ်၊ ခြောက်ထည်တစပ်တည်း ချုပ်လေ၏။ 17 ကုလားကာများဆက်မှီရာ၌၊ ပြင်ဘက်ကနေသော
ကုလားကာတထည်အနားမှာ ကွင်းငါးဆယ်ကိုင်၊ ဆက်မှီသော အခြားကုလားကာအနားမှာ ကွင်းငါးဆယ်ကိုင် လုပ်လေ၏။ 18
ကြေးဝါချောင်းငါးဆယ်ကိုလည်း လုပ်၍ အပေါ်တဲတပိုင်းနှင့် တပိုင်းကို ပူးတွဲသဖြင့်၊ တဲတဆောင် တည်းဖြစ်လေ၏။ 19
အပေါ်တဲဖုံးအုပ်ဘို့ အနီဆိုးသော သိုးရေကိုင်၊ ထိုသိုးရေအပေါ်၌ တဟာရှသားရေကိုင် လုပ်လေ၏။ 20
တဲတော်ကာရန်ထောင်ထားသော အကာရှပျဉ်ပြားတို့ကိုလည်း လုပ်လေ၏။ 21 ပျဉ်ပြားသည် အလျားဆယ်တောင်၊
အနံတတောင်ထွာရှိ၏။ 22 ထိုပျဉ်ပြားရှိသမျှတို့၌ ခြေထောက်နှစ်ခုစီ တတန်းတည်းရှိစေခြင်းငှာ လုပ်လေ၏။ 23
တဲတော်တောင်ဘက်၌ ကာရန် ပျဉ်ပြားနှစ်ဆယ်ကို လုပ်၍၊ 24 ထိုပျဉ်ပြားနှစ်ဆယ်တွင်၊ တပြားတပြားအောက်၌ ခြေထောက် နှစ်ခုစီ
စွပ်စရာဘို့ ငွေခြေစွပ် လေးဆယ်ကို လုပ်လေ၏။ 25 ထိုအတူ တဲတော်မြောက်ဘက်၌ ကာရန် ပျဉ်ပြားနှစ်ဆယ်ကို လုပ်၍၊ 26
ထိုပျဉ်ပြား၌လည်း ငွေခြေစွပ် လေးဆယ်၊ တပြားနှစ်ခုစီ လုပ်လေ၏။ 27 တဲတော်အနောက်ဘက်၌ ကာရန် ပျဉ်ပြားခြောက်ပြားကိုင်၊
28 ထောင့်တဘက်တချက်၌ ကာရန် ပျဉ်ပြား နှစ်ပြားကိုင် လုပ်လေ၏။ 29 အထက်၌ငှင်၊ အောက်၌ငှင်၊ ကွင်းကိုတပ်၍
စေ့စပ်လျက် ထောင့်နှစ်ခုပြီးလေ၏။ 30 ပျဉ်ပြားရှစ်ပြား၊ ငွေခြေစွပ်ဆယ်ခြောက်ခု၊ တပြားနှစ်ခုစီရှိလေ၏။ 31 တဲတော်၌ ကာရသော
ပျဉ်ပြားကို လျှိုစရာဘို့ အကာရှသား ကန့်လန့်ကျင်တို့ကို၊ တဘက်ငါးချောင်းစီ လုပ်လေ၏။ 32 တဲတော်နောက်ဖေး၌ ကာရသော
ပျဉ်ပြားကို လျှိုစရာဘို့၊ ကန့်လန့်ကျင်ငါးချောင်းကိုလည်း လုပ်လေ၏။ 33 အလယ်ကန့်လန့်ကျင်ကို ထောင့်တဘက်တချက်၌
ဆုံးစေ၏။ 34 ပျဉ်ပြားတို့ကို ရွှေနှင့်မွမ်းမံလေ၏။ ကန့်လန့်ကျင်လျှိုဘို့ရာ ရွှေကွင်းကိုလည်းလုပ်၍ ကန့်လန့်ကျင်တို့ကို
ရွှေနှင့်မွမ်းမံလေ၏။ 35 တနည်းကား၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောဖြင့် ပြီး၍၊ ခေရုဗိမ်အရုပ်နှင့်၊
ချယ်လှယ်သော ကုလားကာတထည်ကိုင်၊ 36 ထိုကုလားကာဘို့ ရွှေချသော အကာရှသားတိုင်လေးတိုင်ကိုင် လုပ်လေ၏။
ထိုတိုင်တို့သည် ရွှေတံစို့နှင့် ပြည့်စုံ၍၊ ငွေခြေစွပ်လေးခုကိုလည်း သွန်းလေ၏။ 37 တဲတော်တံခါးဝ၌ ကာရန်၊ ပြာသောအထည်၊
မောင်းသော အထည်၊ နီသော အထည် ပိတ်ချောဖြင့် ပြီး၍ ချယ်လှယ်သော ကုလားကာတထည်ကိုင်၊ 38 ထိုကုလားကာဘို့ တံစို့နှင့်
ပြည့်စုံသော တိုင်ငါးတိုင်ကိုင် လုပ်၍၊ တိုင်ထိပ်နှင့်တိုင်တန်တို့ကို ရွှေနှင့် မွမ်းမံလေ၏။ ကြေးဝါခြေစွပ်ငါးခုလည်း ရှိ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 37

1-2 တဖန် ဗေဇလေလသည်၊ အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာ၊ စောက်တတောင်ထွာ ရှိသော သေတ္တာကို
အကာရှသားနှင့်လုပ်၍၊ သေတ္တာအတွင်းအပြင်ကို ရွှေစင်နှင့် မွမ်းမံလေ၏။ သေတ္တာပေါ်နား ပတ်လည်၌ ကွပ်သော
ရွှေတန်ဆာကိုလည်း လုပ်လေ၏။ 3 ရွှေလေးကွင်းကို သွန်း၍၊ သေတ္တာလေးထောင့်၌ တမျက်နှာနှစ်ကွင်းစီတပ်လေ၏။ 4
အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံပြီးမှ၊ 5 သေတ္တာထမ်းစရာဘို့ တဘက်တချက် ရွှေကွင်း၌ လျှိုထားလေ၏။ 6
အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာ ရှိသော သေတ္တာအဖုံးကိုလည်း၊ ရွှေစင်နှင့်လုပ်လေ၏။ 7 ရွှေခေရုဗိမ်နှစ်ပါးကိုလည်း၊
သေတ္တာအဖုံးတွင် အလျားတဘက်တချက်၌ ထုလုပ်လေ၏။ 8 ထိုသို့ ခေရုဗိမ်နှစ်ပါးကို၊ သေတ္တာဖုံးကိုယ်ထဲက ထုတ်၍၊
သေတ္တာဖုံးအပေါ်၌ တဘက်တပါးစီ လုပ်ပြီးလျှင်၊ 9 ခေရုဗိမ်နှစ်ပါးတို့သည် မျက်နှာချင်းဆိုင်၍၊ သေတ္တာဖုံးကို ရှုလျက်၊
မိမိအတောင်ကို ဖြန့်၍ သေတ္တာဖုံးကို မိုးလျက် ရှိ၏။ 10 အလျားနှစ်တောင်၊ အနံတတောင်၊ အမြင့်တတောင်ထွာရှိသော စားပွဲကိုလည်း၊
အကာရှသားနှင့် လုပ်၍၊ 11 ရွှေစင်နှင့် မွမ်းမံလေ၏။ စားပွဲအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုငင်း၊ 12
အနံတလက်ဝါးရှိသော ခါးပန်းကိုငင်း၊ ခါးပန်းအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုငင်း လုပ်လေ၏။ 13
ရွှေလေးကွင်းကိုလည်း သွန်း၍ ခြေထောက်လေးခုအထက်၊ စားပွဲလေးထောင့်၌ တပ်လေ၏။ 14 ထိုရွှေကွင်းတို့သည်
ခါးပန်းပေါ်မှာရှိ၍၊ စားပွဲထမ်းစရာ ထမ်းဘိုးနေရာ ဖြစ်၏။ 15 စားပွဲထမ်းစရာ အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့် မွမ်းမံလေ၏။ 16
စားပွဲတန်ဆာတည်းဟူသော လင်ပန်း၊ ဇွန်း၊ အင်တုံ၊ လောင်းစရာ ဖလားများကိုလည်း ရွှေစင်နှင့် လုပ်လေ၏။ 17 မီးခုံကိုလည်း
ရွှေစင်နှင့်လုပ်၍၊ မီးခုံတိုင်အစရှိသော အလက်များ၊ ခွက်များ၊ ဘူးသီးများ၊ ကြာပွင့်များတို့ကို တစပ်တည်းထုလေ၏။ 18 မီးခုံတိုင်
တဘက် တချက် သုံးလက်စီ ထွက်၍၊ အလက်ခြောက်လက်ရှိ၏။ 19 မီးခုံတိုင်ထဲက ထွက်သော အလက်သုံးလက်တွင်၊
တလက်တလက်၌ဘူး၊ ကြာပွင့်နှင့်တကွ ဗာတံသီးနှင့် ပုံတူသော ခွက်သုံးခွက်ရှိ၏။ 20 မီးခုံတိုင်၌လည်းဘူး၊ ကြာပွင့်နှင့်တကွ
ဗာတံသီးနှင့်ပုံတူသော ခွက်လေးခွက်ရှိ၏။ 21 မီးခုံတိုင်ထဲက ထွက်သော အလက်ခြောက်လက်ရှိသည်အတိုင်း၊
အလက်နှစ်ဘက်အောက်၌လည်း ဘူးသီးတလုံးစီရှိ၏။ 22 ဘူးများ၊ အလက်များတို့ကို တကိုယ်တစပ်တည်း ဖြစ်စေ၍
မီးခုံတကိုယ်လုံးကို ရွှေစင်နှင့် ထုလုပ်လေ၏။ 23 မီးခွက်ခုနစ်လုံး၊ မီးညှပ်နှင့် မီးညှပ်ခံစရာခွက်များကိုလည်း ရွှေစင်နှင့် လုပ်လေ၏။ 24
မီးခုံနှင့် မီးခုံတန်ဆာရှိသမျှတို့ကို ရွှေစင်အခွက်တဆယ်နှင့် လုပ်သတည်း။ 25 တနည်းကား၊ နံ့သာပေါင်းကို မီးရှို့စရာ ယဇ်ပလ္လင်ကို
အကာရှသားနှင့် လုပ်လေ၏။ ထိုပလ္လင်သည် အလျားတတောင်၊ အနံတတောင်၊ စတုရန်းလေးထောင့်ဖြစ်၍ အမြင့်နှစ်တောင်ရှိလေ၏။
ဦးချိုတို့ကိုလည်း အကာရှသားဖြင့် ပြီးစေ၏။ 26 ပလ္လင်ထိပ်၊ နံရံ၊ ဦးချိုတို့ကို ရွှေစင်နှင့် မွမ်းမံ၍၊ အပေါ်နားပတ်လည်၌ကွပ်သော
ရွှေတန်ဆာကို လုပ်လေ၏။ 27 ရွှေတန်ဆာအောက် ပလ္လင်တဘက်တချက်ထောင့်၌ ရွှေကွင်းနှစ်ကွင်းကိုလုပ်၍ ပလ္လင်ထမ်းစရာ
ထမ်းဘိုးနေရာဖြစ်၏။ 28 ထမ်းဘိုးတို့ကို အကာရှသားနှင့်လုပ်၍ ရွှေနှင့်မွမ်းမံလေ၏။ 29 ဆေးသမားအတတ်နှင့်ဆေးပေါင်းကိုဘော်
တတ်သည်အတိုင်း၊ သန့်ရှင်းသော လိမ်းရန်နံ့သာဆီကို ငင်း၊ နံ့သာမျိုးနှင့်ဘော်သော မီးရှို့ရာနံ့သာပေါင်းစင်ကိုငင်း လုပ်လေ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 38

1 တနည်းကား၊ အလျားငါးတောင်၊ အနံငါးတောင်ရှိ၍ စတုရန်းလေးထောင့်ဖြစ်သော မီးရှို့ရာ ယဇ်ပလ္လင်ကို
အကာရှသားနှင့်လုပ်လေ၏။ အမြင့်လည်း သုံးတောင်ရှိ၏။ 2 ယဇ်ပလ္လင်လေးထောင့်အပေါ်မှာ ဦးချိုလေးချောင်းကို
အကာရှသားနှင့်လုပ်၍ ကြေးဝါနှင့် မွမ်းမံလေ၏။ 3 အိုးနှင့်တကွ တူးရွင်းပြား၊ အင်တုံ၊ အမဲသားချိတ်၊ လင်ပန်း အစရှိသော
ယဇ်ပလ္လင်နှင့် ဆိုင်သော တန်ဆာရှိသမျှတို့ကို ကြေးဝါနှင့်လုပ်လေ၏။ 4 ကြေးဝါဆန်ခါကို လုပ်၍
ယဇ်ပလ္လင်ခါးပန်းအောက်အလယ်၌ထား၍၊ 5 ထမ်းဘိုးထားရာ ဆန်ခါလေးထောင့်၌ တပ်ရသော ကြေးဝါလေးကွင်းကို သွန်းလေ၏။ 6
အကာရှသားထမ်းဘိုးတို့ကို လုပ်၍ ကြေးဝါနှင့် မွမ်းမံပြီးမှ၊ 7 ယဇ်ပလ္လင်ကို ထမ်းစရာဘို့ တဘက်တချက်ကွင်းများ၌ လျှိုထားလေ၏။
ထိုယဇ်ပလ္လင်ကို အပေါ်အောက် ဟင်းလင်းဖြစ်စေခြင်းငှာ၊ ပျဉ်ပြားနှင့် လုပ်လေ၏။ 8 ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့မှာ
စည်းဝေးတတ်သော မိန်းမတို့၏ ကြေးဝါမှန်များကို ယူ၍ ကြေးဝါ အင်တုံနှင့် ကြေးဝါခြေထောက်ကို လုပ်လေ၏။ 9
တဲတော်ဝင်းကာရန်မူကား၊ အလျားအတောင် တရာရှိသော ပိတ်ချောနှင့် တောင်ဘက်၌ ကုလားကာကို လုပ်လေ၏။ 10
ထိုကုလားကာဘို့ တိုင်နှစ်ဆယ်၊ တိုင်ခြေစွပ်နှစ်ဆယ်ကို ကြေးဝါနှင့်လုပ်၍ တိုင်တံစို့၊ တိုင်တန်းတို့ကို ငွေဖြင့်ပြီးစေ၏။ 11 ထိုနည်းတူ
မြောက်ဘက်၌ ကာရန်အလျားအတောင် တရာရှိသော ကုလားကာနှင့်တကွ ငွေတံစို့၊ ငွေတန်းပါသော ကြေးဝါတိုင်နှစ်ဆယ်၊
ကြေးဝါခြေစွပ်နှစ်ဆယ်ရှိ၏။ 12 အနောက်ဘက်၌ ကာရန် အလျားအတောင် ငါးဆယ်ရှိသော ကုလားကာနှင့်တကွ တိုင်တဆယ်၊
ခြေစွပ် တဆယ်ရှိ၏။ 13 အရှေ့ဘက်၌လည်း အတောင်ငါးဆယ်ရှိ၏။ 14-15 တံခါးဝ တဘက်တချက်၌ ကာရန်
အလျားဆယ်ငါးတောင်ရှိသော ကုလားကာနှင့်တကွ တိုင်သုံးတိုင်၊ ခြေစွပ်သုံးခုရှိ၏။ 16 ဝင်းပတ်လည်၌ကာသော
ကုလားကာရှိသမျှတို့သည် ပိတ်ချောဖြင့်ပြီး၏။ 17 တိုင်တို့သည် ကြေးဝါခြေစွပ်၊ ငွေတံစို့၊ ငွေတန်းနှင့်ပြည့်စုံ၍ တိုင်ထိပ်များကိုလည်း
ငွေနှင့် မွမ်းမံလေ၏။ ဝင်းတိုင်တန်း ရှိသမျှတို့သည် ငွေတန်းဖြစ်၏။ 18 ဝင်းတံခါးဝ၌ ကာရန် ပြာသောအထည်၊ မောင်းသောအထည်၊
နီသောအထည်၊ ပိတ်ချောဖြင့်ပြီး၍ ချယ်လှယ်သော ကုလားကာ၊ အလျားအတောင်နှစ်ဆယ်၊ အမြင့်ငါးတောင်ရှိ၍၊ ဝင်းကာသော
ကုလားကာနှင့် တညီတည်းဖြစ်၏။ 19 ဝင်းတံခါးဝတိုင် လေးခုရှိ၍၊ ကြေးဝါခြေစွပ်လေးခု၊ ငွေတံစို့၊ ငွေတန်းများ၊ ငွေနှင့်မွမ်းမံသော
ထိပ်များနှင့် ပြည့်စုံကြ၏။ 20 တဲတော်တံသင်ဝင်းပတ်လည်၌ စိုက်သော တံသင်ရှိသမျှတို့သည် ကြေးဝါတံသင်ဖြစ်ကြ၏။ 21
ဤရွေ့ကား၊ မောရှေစီရင်သည်အတိုင်း၊ ယဇ်ပုရောဟိတ် အာရုန်၏သား ဣသမာသည်၊ လေဝိလူများ အမှုတော်ဆောင်စရာ တဲတော်ကို
ရေတွက်မှတ်သားသော သက်သေခံချက် တဲတော်စာရင်းပေတည်း။ 22 မောရှေအား ထာဝရဘုရားမှာထားတော်မူသမျှတို့ကို၊
ယုဒအမျိုးသားဟုရ၏သား ဖြစ်သော၊ ဥရိ၏ သားဗေဇလေလသည် လုပ်လေ၏။ 23 ထိုမှတပါး၊ ထုလုပ်တတ်သောသူ၏ အလုပ်၊
ဆန်းပြားသော လက်သမားအလုပ်၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောကို ချယ်လှယ်တတ်သောသူ၏
အလုပ်ကို လုပ်တတ်သော ဒန်အမျိုးသား အဟိသမက်၏သား အဟောလျာဘလည်းရှိ၏။ 24 သန့်ရှင်းရာ ဌာနတော်ပြီးအောင်လှူ၍
လုပ်သော ရွှေချိန်ပေါင်းကား အကျပ်တော်အတိုင်း အခွက်နှစ်ရာကိုးဆယ်ခုနစ်ပိဿာသုံးဆယ် ဖြစ်သတည်း။ 25 စာရင်းဝင်သော
ပရိသတ်များပေးသော ငွေချိန်ပေါင်းကား၊ အကျပ်တော်အတိုင်း အခွက်တထောင်နှင့် တဆယ်ခုနစ်ပိဿာခုနစ်ဆယ်ငါးကျပ်
ဖြစ်သတည်း။ 26 အသက်နှစ်ဆယ်မှစ၍ ပိုလွန်သမျှသောသူ စာရင်းဝင်သည်အတိုင်း၊ လူခြောက်သိန်းသုံးထောင်
ငါးရာငါးဆယ်တို့သည်၊ အကျပ်တော်အလိုက် ငွေချိန်အကျပ်တဝက်စီ ပေးရကြ၏။ 27 ခြေစွပ်တခု၌
ငွေအခွက်တဆယ်စီဝင်သည်ဖြစ်၍၊ ငွေအခွက်တထောင်နှင့် တဲတော် ခြေစွပ်၊ အတွင်းကုလားကာ ခြေစွပ်တည်းဟူသော ခြေစွပ်
တရာကို သွန်းလေ၏။ 28 ကျန်သောငွေအခွက်တဆယ်ခုနစ်ပိဿာခုနစ်ဆယ်ငါးကျပ်နှင့် တိုင်တံစို့နှင့် တိုင်တန်းတို့ကို လုပ်၍
တိုင်ထိပ်များကို မွမ်းမံလေ၏။ 29 လှူသော ကြေးဝါပေါင်းကား အခွက်ခုနစ်ရာနှစ်ဆယ်နှင့် လေးပိဿာဖြစ်သတည်း။ 30 ထိုကြေးဝါနှင့်
ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝခြေစွပ်၊ ကြေးဝါယဇ်ပလ္လင်၊ ကြေးဝါဆန်ခါ၊ ယဇ်ပလ္လင်တန်ဆာရှိသမျှကိုဒင်း၊ 31
ကာသောဝင်းခြေစွပ်၊ ဝင်းတံခါးဝခြေစွပ်၊ တဲတော်တံသင်၊ ဝင်းပတ်လည်၌ စိုက်သော တံသင်ရှိသမျှ ကိုဒင်း လုပ်လေ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 39

1 သန့်ရှင်းရာဌာန၌ အမှုတော်ကို ဆောင်သောအခါ၊ ဝတ်ရသောအဝတ်ကိုငင်း၊ အာရုန်ဝတ်ဘို့ သန့်ရှင်းသော အဝတ်ကိုငင်း၊
ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်နှင့် လုပ်လေ၏။
2 ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောနှင့် ယဇ်ပုရောဟိတ် သင်တိုင်းကို လုပ်ရာတွင်၊ 3 ရွှေကို
အပြားခတ်၍ ရွှေကြိုးကို လှီးပြီးမှ၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောတို့ကို ထူးဆန်းစွာ
အပြောက်ထိုးလေ၏။ 4 သိုင်းကြိုးနှစ်ပင်ကို လုပ်၍ သင်တိုင်းအပေါ် နားချင်းတွဲမိစေခြင်းငှာ၊ တဘက်တချက်ကို ဆွဲချုပ်လေ၏။ 5
ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ သင်တိုင်းအပေါ်နား၌ ထူးဆန်းသော ရင်စည်းကိုလည်း
သင်တိုင်းကိုယ်ကဲ့သို့ ရွှေနှင့်ငင်း၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောတို့နှင့်ငင်း လုပ်လေ၏။ 6
ရှပ်ကျောက်နှစ်လုံးကို သွေး၍ တံဆိပ်ပေါ်မှာ အက္ခရာတင်သကဲ့သို့ ဣသရေလအမျိုး၏ နာမတို့ကို အက္ခရာတင်ပြီးမှ၊
ရွှေကျောက်အိုး၌ ထည့်လေ၏။ 7 ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့ကို
အောက်မေ့ဘို့ရာ၊ ထိုကျောက်နှစ်လုံးကို သင်တိုင်းသိုင်းကြိုးအပေါ်မှာ တပ်လေ၏။ 8 ရွှေနှင့်ငင်း၊ ပြာသောအထည်၊
မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောနှင့်ငင်း၊ သင်တိုင်းကို လုပ်သည်နည်းတူ၊ ရင်ဖုံးကို ထူးဆန်းစွာ လုပ်လေ၏။ 9
ရင်ဖုံးနှစ်ထပ်ခေါက်လျက်၊ အလျားတထွာ၊ အနံတထွာ၊ စတုရန်းလေးထောင့်ဖြစ်၏။ 10 ထိုရင်ဖုံး၌ ကျောက်မြတ်ကို လေးတန်း
စီလေ၏။ ပဌမ အတန်းကား ကျောက်နီ၊ ဥဿဘယား၊ ပတ္တမြား။ 11 ဒုတိယအတန်းကား မြ၊ နီလာ၊ စိန်။ 12 တတိယအတန်းကား
ဝှါကိနသု၊ မဟူရာ၊ ဂေါမိတ်။ 13 စတုတ္ထအတန်းကား မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့ဖြစ်၍၊ အသီးအသီးတို့ကို ရွှေအိုး၌ စီလေ၏။ 14
ဣသရေလအမျိုး တဆယ်နှစ်မျိုးရှိသည်အတိုင်း တံဆိပ်ပေါ်မှာ အက္ခရာတင်သကဲ့သို့၊ ထိုကျောက်တို့၌ ထိုတဆယ်နှစ်ပါးသော
နာမည်အသီးအသီးတို့ကို တင်လျက် ကျောက်တလုံးလျှင် နာမည် တပါးစီပါ၏။ 15-18 ရင်ဖုံးအပေါ်ထောင့်နှစ်ခု၌၊ ရွှေနှစ်ကွင်းကိုငင်း၊
ရွှေကျောက်အိုး နှစ်လုံးကိုငင်း ကျစ်သော ရွှေကြိုး နှစ်ပင်ကိုငင်း လုပ်ပြီးမှ၊ ထိုရွှေကွင်း၌ တပ်၍ သင်တိုင်းသိုင်းကြိုးအပေါ်မှာရှိသော
ကျောက်အိုးတို့၌ တွဲလေ၏။ 19 တဖန် ရွှေနှစ်ကွင်းကို လုပ်၍ သင်တိုင်းအောက်နားမှာရှိသော ရင်ဖုံးအောက်ထောင့်နှစ်ခု၌ တပ်လေ၏။
20 အခြားသောရွှေနှစ်ကွင်းကိုလည်း လုပ်၍ သင်တိုင်းအရှေ့ဘက်အောက်နားနှင့် ထူးဆန်းသော ရင်စည်းအပေါ်နားဆက်မှီရာတွင်
သင်တိုင်းကို တဘက်တချက်၌ တပ်လေ၏။ 21 ရင်ဖုံးရွှေနှစ်ကွင်းကို၊ သင်တိုင်းရွှေနှစ်ကွင်းနှင့် တွဲ၍၊ ပြာသောကြိုးဖြင့် ပြီးစေ၏။
ထိုသို့ ထာဝရဘုရား သည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ ရင်ဖုံးသည် ထူးဆန်းသော ရင်စည်းအပေါ်မှာ ဆွဲ၍ သင်တိုင်းနှင့်
မကွာဘဲ အမြဲနေလေ၏။ 22 ထိုမှတပါး၊ ပြာသောအထည်ကို ရက်ပြီးမှ၊ သင်တိုင်းနှင့်ဆိုင်သော ဝတ်လုံကို ထိုအထည်နှင့်သာ
လုပ်လေ၏။ 23 ဝတ်လုံ၌ လည်စွပ်ပါ၍ လည်စွပ်ကို မစုတ်စေခြင်းငှာ၊ သံချပ်လည်စွပ် ကွပ်သကဲ့သို့ ကွပ်လေ၏။ 24 ပြာသောအထည်၊
မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောနှင့်လုပ်သော သလဲသီးများကိုငင်း၊ 25 ရွှေစင်ဆည်းလည်းများကိုငင်း၊
ဝတ်လုံအောက်စွန်းနားပတ်လည်၌၊ 26 သလဲသီးတလုံး၊ ဆည်းလည်းတလုံးစီခြားလျက် အစဉ်အတိုင်း ဆွဲထားသဖြင့်၊
ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ အမှုတော်ကို ဆောင်ရသော ဝတ်လုံးကို လုပ်၍ပြီးလေ၏။ 27 တဖန်
ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ အာရုန်နှင့် သူ၏သားတို့အဘို့ ရက်သော ပိတ်ချောအင်္ကျီများကိုငင်း၊ 28
ပိတ်ချောဖေါင်းကိုငင်း၊ တင့်တယ်သောပိတ်ချောဦးထုပ်များကိုငင်း၊ ပိတ်ချောပေါင်းဘီများကိုငင်း၊ 29 ချယ်လှယ်သော ပိတ်ချော၊
အထည်ပြာ၊ အထည်မောင်း၊ အထည်နီဖြင့်ပြီးသော ခါးပန်းကိုငင်း လုပ်လေ၏။ 30 မောရှေအား
ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ သန့်ရှင်းသော သင်းကျစ်ပြားကိုလည်း ရွှေစင်နှင့်လုပ်၍ တံဆိပ်ပေါ်မှာ
အက္ခရာတင်သကဲ့သို့၊ ထာဝရဘုရားအား သန့်ရှင်းခြင်းဟု အက္ခရာတင်၍၊ 31 ပြာသောကြိုးနှင့် ဖေါင်းအပေါ်နား၌ ချည်ထားလေ၏။ 32
ထိုသို့ မောရှေအား ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့သည် ပြု၍ ပရိသတ်စည်းဝေးရာ
တဲတော်အလုပ်ရှိသမျှကို ပြီးစီးကြ၏။ 33 ထိုအခါ ဣသရေလအမျိုးသားတို့သည်၊ တဲတော်နှင့် အပေါ်တဲမှစ၍၊ ရွှေချောင်း၊ ပျဉ်ပြား၊
ကန့်လန့်ကျင်၊ တိုင်၊ ခြေစွပ်တည်းဟူသော တဲတော်တန်ဆာရှိသမျှကိုငင်း၊ 34 အနီဆိုးသော သိုးရေအမိုး၊ တဟာရှသားရေအမိုး၊
ကွယ်ကာရာအတွင်းကုလားကာကိုငင်း၊ 35 သက်သေခံချက်သေတ္တာနှင့် သူ၏ထမ်းဘိုး၊ သူ၏အဖုံးကိုငင်း၊ 36 စားပွဲမှစ၍
စားပွဲတန်ဆာနှင့် ရှေ့တော်မုန့်ကိုငင်း၊ 37 စင်ကြယ်သော မီးခုံမှစ၍၊ ပြင်ဆင်ရသော မီးခွက်များ၊ မီးခုံတန်ဆာ ရှိသမျှနှင့် မီးထွန်းစရာ
ဆီကိုငင်း၊ 38 ရွှေယဇ်ပလ္လင်၊ လိမ်းရန်ဆီ၊ မီးရှို့ရာနံ့သာပေါင်းမွှေး၊ တဲတော်တံခါးဝ ကာစရာ ကုလားကာကိုငင်း၊ 39 ကြေးဝါယဇ်ပလ္လင်၊
ကြေးဝါဆန်ခါ၊ ပလ္လင်ထမ်းဘိုး အစရှိသော တန်ဆာရှိသမျှကိုငင်း၊ အင်တုံနှင့် သူ၏ခြေထောက်ကိုငင်း၊ 40 ဝင်းကုလားကာ၊ ဝင်းတိုင်၊
ခြေစွပ်၊ ဝင်းတံခါးဝကာစရာ ကုလားကာကြိုးများ၊ တံသင်များကိုငင်း၊ တဲတော်အတွင်း၌ အမှုတော်ကို ဆောင်စရာတန်ဆာ၊
ပရိသတ်စည်းဝေးရာ တဲတော်တန်ဆာရှိသမျှကိုငင်း၊ 41 သန့်ရှင်းရာဌာန၌ အမှုတော်ကို ဆောင်သောအခါ ဝတ်ရသောအဝတ်၊
ယဇ်ပုရောဟိတ်အမှုကို ဆောင်သောအခါ၊ ယဇ်ပုရောဟိတ် အာရုန်ဝတ်ဘို့ သန့်ရှင်းသော အဝတ်၊ သူ၏သားဝတ်ရသော အဝတ်ကိုငင်း
42 ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း ပြီးစီးအောင် လုပ်ပြီးမှ မောရှေထံသို့ ဆောင်ခဲ့ကြ၏။ 43


generated on Sun Jun 30 02:37:40 2024

ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ အလုပ်ရှိသမျှကို ပြီးစီးစေခြင်းငှါ၊ လုပ်ကြောင်းကို မောရှေ သိမြင်သောအခါ၊ သူတို့ကို ကောင်းကြီးပေးလေ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 40

1 တဖန် ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူသည်ကား၊ 2 သင်သည် ပဌမလ၊ ပဌမနေ့၌ ပရိသတ်စည်းဝေးရာ တဲတော်ကို
ဆောက်ရမည်။ 3 တဲတော်အထဲ၌၊ သက်သေခံချက် သေတ္တာကို သွင်းထား၍၊ အတွင်းကုလားကာဖြင့် ကွယ်ကာရမည်။ 4
စားပွဲကိုလည်း သွင်း၍၊ စားပွဲပေါ်မှာ ပြင်ဆင်ရသမျှတို့ကို ပြင်ဆင်ရမည်။ မီးခုံကိုလည်း သွင်း၍၊ မီးခွက်တို့ကို ထွန်းရမည်။ 5
နံ့သာပေါင်းရှို့ရာ ရွှေပလ္လင်ကို သက်သေခံချက် သေတ္တာရှေ့၌ တည်ထား၍၊ တဲတော်တံခါးဝကာသော ကုလားကာကို ဆွဲကာရမည်။ 6
ယဇ်ကောင်ရှို့ရာ ပလ္လင်ကိုလည်း၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့၌ တည်ထားရမည်။ 7 အင်တုံကိုလည်း ပရိသတ်
နောက်တဖန် သိလျှင်၊ အပြစ်ရှိရာသို့ ရောက်သော်ငှင်း၊ [4] တစုံတယောက်သော သူသည် ကောင်းသောအမှု၊ မကောင်းသောအမှုကို
ပြုမည်ဟု အကျိုးအပြစ် ကို မသိဘဲ ကျိန်ဆိုလျက် သစ္စာပြု၍ နောက်တဖန်သိလျှင်၊ အရင်ကျိန်ဆိုလျက် သစ္စာ ပြုလေရာရာ၌
အပြစ်တစုံတခု ရောက်သော်ငှင်း၊ [5] ထိုသို့သောအပြစ် တစုံတခု ရောက်လျှင်၊ ထိုအပြစ်ကို ဘော်ပြ တောင်းပန်းရမည်။ [6]
ပြစ်မှားမိသော အပြစ်အတွက် အပြစ်ဖြေရာ ယဇ်ဖြစ်စေခြင်းငှါ သိုးသငယ်ဖြစ်စေ၊ ဆိတ်သငယ်ဖြစ်စေ၊ အမ
တကောင်ကောင်တည်းဟူသော ဒုစရိုက်ဖြေရာယဇ်ကို ထာဝရဘုရား အထံတော်သို့ ဆောင်ခဲ့ပြီးလျှင်၊ ယဇ်ပုရောဟိတ်သည် ထိုသူ၏
အပြစ်အတွက် အပြစ်ဖြေခြင်းကို ပြုရမည်။ [7] သိုးသငယ်ကို မတတ်နိုင်လျှင်၊ ပြစ်မှားမိသော အပြစ်အတွက် အပြစ်ဖြေရာယဇ်ဘို့
တကောင်၊ မီးရှို့ရာယဇ်ဘို့ တကောင်၊ ခိုနှစ်ကောင်၊ သို့မဟုတ် ချိုးကလေးနှစ်ကောင်ကို ထာဝရဘုရား အထံတော်၊
ယဇ်ပုရောဟိတ်ရှေ့သို့ ဆောင်ခဲ့ရမည်။ [8] ယဇ်ပုရောဟိတ် ရှေ့သို့ ဆောင်ခဲ့ရမည်။ ယဇ်ပုရောဟိတ် သည် အပြစ်ဖြေရာ ယဇ်ကောင်ကို
အရင်ပူဇော်လျက်၊ ခေါင်းကိုလိမ်၍ ဖြတ်ရမည်။ ကိုယ်ကို ရှင်းရှင်းမခွဲရ။ [9] ထိုအပြစ်ဖြေရာ ယဇ်ကောင်အသွေးကို
ယဇ်ပလ္လင်နံရံ၌ဖြန်း၍၊ ကြွင်းသော အသွေးကို ယဇ်ပလ္လင် ခြေရင်းနားမှာ ညှစ်ရမည်။ အပြစ်ဖြေရာယဇ် ဖြစ်သတည်း။- [10] ဒုတိယ
ငှက်ကောင်ကို၊ ပညတ်တရားအတိုင်း မီးရှို့ရာ ယဇ်ပူဇော်ရ မည်။ ထိုသို့ ယဇ်ပုရောဟိတ်သည်၊ ထိုသူပြစ်မှားမိသောအပြစ်အတွက်
အပြစ်ဖြေခြင်းကိုပြုလျှင်၊ သူ၏ အပြစ်လွတ်လိမ့်မည်။ [11] ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေး နှစ်ကောင်ဖြစ်စေ၊ တခုခုကို
မတတ်နိုင်လျှင်၊ ပြစ်မှားသောသူသည် အပြစ်ဖြေရာယဇ် အရာ၌ မုန့်ညက်တဆယ်မဲကို ဆောင်ခဲ့၍၊ ဆက်ရမည်။ အပြစ်ဖြေရာယဇ်
ဖြစ်သော ကြောင့် ဆီကို မလောင်းရ။ လောဗန်ကို မတင်ရ။ [12] ယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့ပြီးလျှင်၊ ယဇ်ပုရောဟိတ်သည်
မုန့်ညက်တလက်ဆွန်းတည်းဟူသော ပူဇော်သက္ကာအတွက် အတာကိုယူ၍၊ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာနှင့် အတူ
ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ အပြစ်ဖြေရာယဇ် ဖြစ်သတည်း။ [13] ထိုသို့ ယဇ်ပုရောဟိတ်သည်၊ ထိုသူ ပြစ်မှားမိသော အပြစ်
တစုံတခုအတွက် အဖြစ်ဖြေခြင်းကို ပြုလျှင်၊ သူ၏ အပြစ်လွတ်လိမ့်မည်။ ကြွင်းသောအရာသည် ဘောဇဉ် ပူဇော်သက္ကာကဲ့သို့၊
ယဇ်ပုရော ဟိတ်အဘို့ ဖြစ်သည်ဟု မောရှေအား မိန့်တော်မူ၏ [14] တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ [15]
တစုံတယောက်သောသူသည် တရားကိုမသိ၊ ထာဝရဘုရားနှင့် ဆိုင်သောအရာတို့၌ လွန်ကျူး ပြစ်မှားမိလျှင်၊ ထိုပြစ်မှားခြင်းအတွက်
ဒုစရိုက်ဖြေရာယဇ် တည်းဟူသော အပြစ်မပါသော သိုးထီးကို ငှင်း၊ အကျပ်တော်အလိုက် ချင့်တွက်၍ ချိန်သော အလျော်ငွေကိုငှင်း၊
ထာဝရဘုရားအထံတော်သို့ ဆောင်ခဲ့ရမည်။ [16] ထိုသို့ ဘုရားနှင့်ဆိုင်သော အရာ၌ ပြစ်မှားမိရာကို ပြုပြင်ပြီးလျှင်၊ ငါးစုတစုကိုလည်း
ထပ်၍ ယဇ်ပုရောဟိတ်အား ပေးရမည်။ ယဇ်ပုရောဟိတ်သည်လည်း၊ ဒုစရိုက်ဖြေရာယဇ်ဖြစ်သော သိုးအား ဖြင့်၊ ထိုသူအဘို့
အပြစ်ဖြေခြင်းကို ပြုလျှင်၊ သူ၏အပြစ်လွတ်လိမ့်မည်။ [17] တစုံတယောက်သောသူသည်၊ ထာဝရဘုရား ပညတ်တော်မူသော
အမှုတစုံတခုကို ပြု၍ ပြစ်မှား မိလျှင်၊ ကိုယ်ပြစ်မှားမှန်းကို မသိသော်လည်း၊ အပြစ်ရောက်၍၊ ထိုအပြစ်ကိုခံရမည်။ - [18]
ဒုစရိုက်ဖြေရာယဇ်ကိုပြုခြင်းငှါ ချင့်တွက်သော အလျော်ငွေနှင့်တကွ၊ အပြစ်မပါသော သိုးထီးကို ဆောင်ခဲ့ရမည်။ တရားကိုမသိ
ပြစ်မှားမိသော်လည်း၊ ကိုယ်ပြစ်မှားမှန်းကို မသိသောသူအဘို့ ယဇ်ပုရောဟိတ်သည် အပြစ်ဖြေခြင်းကို ပြုလျှင်၊ ထိုသူ၏
အပြစ်လွတ်လိမ့်မည်။ [19] ဒုစရိုက်ဖြေသောယဇ် ဖြစ်သတည်း။ အကယ်စင်စစ် ထိုသူသည် ထာဝရဘုရားကို ပြစ်မှားရာ
ရောက်သတည်းဟု မိန့်တော်မူ၏။

---

Leviticus 01

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားတို့ မည်သို့ လုပ်ရမည်ကြောင်း ထာဝရဘုရားသည် မောရှေအား ဆက်လက်မိန့်ကြားသည်။

သက်သေဖြစ်ရန်တောင်းဆိုသောသူ
သူတို့သည်ရာဇဝတ်မှုတစ်ခုအတွက်မျက်မြင်သက်သေများဖြစ်လျှင်မှုခင်းပြေ နှင့် ခေါင်းဆောင်များတို့မှ သက်သေ ဖြစ်ရန်တောင်းဆိုခဲ့သည်။ ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။

အခြားသောဘာသာပြန်ဆိုချက်- "တရားသူကြီးမှတစ်စုံတစ်ခုအဘို့သက်သေပြုပေးရန်တောင်းဆိုသည်"

ထာဝရဘုရားသည် မစင်သောအရာအဖြစ်သတ်မှတ်သည်
ရုပ်ပိုင်းဆိုင်ရာမစင်ကြယ်လျှင် စားဖို့ ထိဖို့လို့ငှါမသင့်တော်ကြောင်းဘုရားသခင်ကြေငြာထားသောတစ်စုံတစ်ရာ

တိရစ္ဆာန်၏ အသေကောင်
"လူ့အကောင်" (သို့) "အသက်မဲ့သောခန္ဓာကိုယ်"

 generated on Sun Jun 30 02:37:40 2024

မစင်ကြယ် ရာသို့ ရောက်၍
ရုပ်ပိုင်းဆိုင်ရာမစင်ကြယ်သောသူဖြစ်လျှင်ဘုရားရည်ရွယ်ချက်အတွက်လက်မခံနိုင်ဖွယ်ရာ ပုဂ္ဂိုလ် တစ်စုံတစ်ယောက်

Leviticus 03

လူ၌ ကပ်သော မစင်ကြယ်သော အရာထိမိ၍
"မစင်ကြယ်ခြင်း"ဟူသော စိတ္တဇနာမ် ကို နာမဝိဒေသနဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်အားမစင်ကြယ်စေသောအရာတိုင်းကိုသူထိမိလျှင်"

မစင်ကြယ်ခြင်း
ရုပ်ပိုင်းဆိုင်ရာမစင်ကြယ်လျှင်စားရန်၊ ထိတွေ့ရန် မသင့်တော်ကြောင်း ထာဝရဘုရား ကြေငြာထားသောတစ်စုံတစ်ရာ

မသိဘဲ
"သူ၎င်းကိုနားမလည်" သို့မဟုတ် "သူ ၎င်း၏ အကြောင်းကို မသိ"

တစုံတယောက်သော သူသည်သူ့နှုတ်ဖြင့်ကျိန်ဆိုလျှင်
"နှုတ်"သည် လူပုဂ္ဂိုလ်တစ်ယောက်လုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တစ်စုံ တစ်ယောက်သည် မိုက်မိုက်ကန်းကန်း ကျိန်ဆိုလျှင်"

တစ်စုံတစ်ယောက်သည် မိုက်မိုက်ကန်းကန်းကျိန်ဆိုလျှင်
တစ်ခုခုကို သေချာမစဥ်းစားဘဲ ကျိန်ဆိုချက်တစ်ခုကို ကျိန်ရန်ကိုဆိုလိုသည်။ ၎င်းသည် တစ်စုံတစ်ယောက် ကျိန်ဆိုခြင်းကို ကျိန်ပြီးနောက်သူမပြည့်စုံစေနိုင် သို့မဟုတ် အမှန်တကယ် မပြည့်စုံစေချင်ကြောင်းကိုဆိုလိုသည်။

Leviticus 05

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားတို့ မည်သို့ လုပ်ရမည်ကြောင်း ထာဝရဘုရားသည် မောရှေအား ဆက်လက်မိန့်ကြားသည်။

ယဇ်ပုရောဟိတ်သည် ထိုသူ၏ အပြစ်အတွက် အပြစ်ဖြေခြင်းကို ပြုရမည်
"အပြစ်ဖြေခြင်း" စိတ္တဇနာမ် အားကြိယာအဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်- " ယဇ်ပုရောဟိတ် သည် သူအတွက်အပြစ်ဖြေရမည်"

Leviticus 07

သိုးသငယ်ကို မတတ်နိုင်လျှင်
"သူသည် သိုးသငယ်ဝယ်ဖို့ ငွေအလုံလောက်မရှိလျှင်"

ခေါင်းကိုလိမ်၍ ဖြတ်ရမည်၊မခွဲရ
လည်ပင်းကို ကျိုး၍လည်းကောင်း၊ ခေါင်းကိုလိမ်း၍ လည်းကောင်း သတ်ရမည်၊ သို့သော် ခေါင်းကိုမဖြတ်ရ"

Leviticus 10

ပညတ်တရားအတိုင်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်သွန်သင်တော်မူပြီ"

ထိုသို့ ယဇ်ပုရောဟိတ်သည်၊ ထိုသူပြစ်မှားမိသောအပြစ်အတွက် အပြစ်ဖြေခြင်းကိုပြုလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ " ယဇ်ပုရောဟိတ်သည် တစ်စုံတစ်ယောက်ဖြစ်မှားသောအဖြစ်အတွက်အပြစ်ဖြေရမည်"

သူ၏ အပြစ်လွှတ်လိမ့်မည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်သူ၏ အပြစ်ကို လွှတ်လိမ့်မည်"

Leviticus 11

တသြမ်
တသြမ်တွင် ၂၂ လီတာရှိသည်။ တသြမ်ဆယ်ပုံတစ်ပုံတွင် ၂ လီတာခန့်ရှိသည်။

ဒသမ (တစ်ဆယ်)
တစ်ဆယ်နှင့်ညီသော အစိတ်အပိုင်း၏ အစိတ်ပိုင်းတစ်ခုဖြစ်သည်။

Leviticus 12

ဆောင်ခဲ့ပြီးလျှင် ၎င်းကိုသူဆောင်ခဲ့ရမည်
"သူသည် မုန့်ညက်ကို ဆောင်ခဲ့ရမည်"

ပူဇော်သက္ကာအတွက် အတာ
ယဇ်ပလ္လင်၌ယဇ်ပရောဟိတ်မီးရှို့ရသောတလက်ဆွန်းသည် ပူဇော်သက္ကာတစ်ခုလုံးကိုကိုယ်စားပြုသည်။ ပူဇော်သက္ကာအားလုံးသည်ထာဝရဘုရားနှင့်သက်ဆိုင်သည်။ အခန်းကြီး ၂ အငယ် ၁တွင်ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ၏ အမြင့်ဆုံးနေရာ"

အပြစ်ဖြေခြင်းကို ပြုလျှင်
"အပြစ်ဖြေခြင်း" စိတ္တဇနာမ်အား ကြိယာအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်ဖြေ ရမည်"

သူ၏ အပြစ်လွှတ်လိမ့်မည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ အပြစ်ကိုလွှတ်လိမ့်မည်"


generated on Sun Jun 30 02:37:40 2024

Leviticus 14

ထာဝရဘုရားနှင့် ဆိုင်သောအရာတို့၌ လွန်ကျူး ပြစ်မှားမိလျှင်
ထာဝရဘုရားအား ပေးရန် ပညတ်ထားသော အရာများကိုမပေးဘဲ အပြစ်ကျူးလွန်သောသူကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားနှင့်သက်ဆိုင်သောအရာကို ထာဝရဘုရားအား ပေးကမ်းရန်ပျက်ကွက်ခြင်းဖြင့် အပြစ် ကျူးလွန်လျှင်"

အကျပ်တော်အလိုက် ချင့်တွက်၍
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သိုးထီးသည်ဘယ်လောက်နှင့် ထိုက်တန်ကြောင်း သူသည်ဆုံးဖြတ်ရမည်"

အကျပ်တော်
အကျပ်တော် တစ်ကျပ်သည် ၁၁ဂရမ်ခန့် အလေးချိန်ရှိသည်။

မြင့်မြတ်သောအကျပ်တော်
ဤသည် အကျပ်တော်တစ်ကျပ်တိုင်းတာနည်း အနည်းဆုံး နှစ်နည်း ရှိခဲ့ကြောင်းကို ဆိုလိုသည်။ ဤသည် အမြင့်မြတ်ဆုံးနေရာရှိ ယဇ်ပုရောဟိတ်တို့သည် အကျပ်တော်ကိုဘယ်လို ချိန်ကြောင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြင့်မြတ်သော တဲတော်ရှိအမှုဆောင်အရာရှိနှင့်ဆိုင်သော အဆင့်အတန်း"

မြင့်မြတ်သောနေရာ
ဤသည် သန့်ရှင်းသောတဲတော်အတွက် အခြားသောနာမည်တစ်ခု ဖြစ်သည်။

ငါးစုတစုကိုလည်း ထပ်၍
ငါးစု ... ဤသည် ထာဝရဘုရားအား ပေးရမည့်တန်ဖိုး၏ ငါးစုတစု ထက်ပို၍ ပေးရမည့်ပုဂ္ဂိုလ်ကို ဆိုလိုသည်။

ငါးစုတစု
ငါးစု....ငါးနှင့် တူညီသော အစိတ်အပိုင်းများ၏ အစိတ်အပိုင်းတစ်ခု

ယဇ်ပုရောဟိတ်တို့သည်ထိုသူအဘို့ အပြစ်ဖြေခြင်းကို ပြုလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ် သူ့အတွက် အပြစ်ဖြေရမည်"

သူ၏ အပြစ်လွှတ်လိမ့်မည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ အပြစ်ကို လွှတ်လိမ့်မည်"

Leviticus 17

ပညတ်တော်မူသော
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားများ

ကိုယ့်အပြစ်ကိုခံရမည်
လူတစ်ယောက်၏ အပြစ်သည် ထိုလူခံရမည့်ရုပ်ပိုင်းဆိုင်ရာ ခံရခြင်းကို ဆိုလိုသည်။ "အပြစ်" စကားလုံးသည် ထိုအပြစ်အတွက် ပြစ်ဒဏ်ပေးခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူ့အဖြစ်အတွက်တာဝန်ယူရမည်။" သို့မဟုတ် "ထာဝရဘုရားသည် သူ့အပြစ်အတွက် သူ့ကိုပြစ်ဒဏ်ပေးရမည်။"

အလျော်ငွေနှင့်တကွ
ဤဆိုလိုရင်းသည် သန့်ရှင်းသော တဲတော်၏ အမှုတော်ဆောင်နှင့် ဆိုင်သော အဆင့်တန်းကို အသုံးပြုလျက် သိုးသည်ဘယ်လောက် ကျသင့်ကြောင်းဆုံးဖြတ်ရသောပုဂ္ဂိုလ်ကိုဆိုလိုသည်။

သူ၏ အပြစ်လွှတ်လိမ့်မည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ အပြစ်ကိုလွှတ်လိမ့်မည်"

အကယ်စင်စစ် ထိုသူသည် ထာဝရဘုရားကို ပြစ်မှားရာ ရောက်သတည်း
ထာဝရဘုရားသည် ဧကန်စင်စစ် သူ့ အပြစ်ကို ဆင်ခြင်တွေးတောသည်။

---

## Translation Questions

Leviticus 5:1

တစ်စုံတစ်ယောက်သောသူသည် တာဝန်ယူရမည်ဖြစ်သော အပြစ်သည် မည်သည့်အပြစ်မျိုးဖြစ်သနည်း။
တစ်စုံတစ်ယောက်သောသူသည် မိမိမြင်သောအမှုကို မပြောဘဲ ထိန်ချန်ခဲ့လျှင် သက်သေခံရချိန်ရောက်သောအခါ သူကိုယ်တိုင်တာဝန်ယူရလိမ့်မည်။

ဘုရားသခင်က မသန့်ရှင်းဟု သတ်မှတ်ထားသော အရာတစ်စုံတစ်ခုကို တစ်စုံတစ်ယောက်သောသူသည် ထိမိလျှင် သူ့ကို မည်ကဲ့သို့ သတ်မှတ်ရမည်နည်း။
ဘုရားသခင်က မသန့်ရှင်းဟု သတ်မှတ်ထားသော အရာတစ်စုံတစ်ခုကို တစ်စုံတစ်ယောက်သောသူသည် ထိမိလျှင် သူ့ကို မသန့်မရှင်း အပြစ်ရှိသည်ဟု သတ်မှတ်ရမည်။


generated on Sun Jun 30 02:37:40 2024

Leviticus 5:5

တစ်စုံတစ်ယောက်သည် အပြစ်ကို ပြုမိလျှင် မည်သည့်အချက်နှစ်ခုကို လုပ်ဆောင်ရသနည်း။
တစ်စုံတစ်ယောက်သည် မိမိပြစ်မှားမိသော အပြစ်ကို ဖော်ပြတောင်းပန်၍ အပြစ်အတွက် ဖြေရာယဇ်ကို ထာဝရဘုရားထံတော်သို့ ဆောင်ရသည်။

ပြစ်မှားမိသော အပြစ်အတွက် အဘယ်တိရိစ္ဆာန် အကောင်ကို ထာဝရဘုရား အထံတော်သို့ ယူဆောင်ခဲ့သင့်သနည်း။
ပြစ်မှားမိသော အပြစ်အတွက် သိုးသငယ် သို့မဟုတ် ဆိတ်သငယ်တစ်ကောင်ကောင်ကို ထာဝရဘုရားအထံတော်သို့ ယူဆောင်လာရပါသည်။

Leviticus 5:7

သူသည် သိုးသငယ်ကို မတတ်နိုင်လျှင် အပြစ်ဖြေရာယဇ်အတွက် ထာဝရဘုရား အထံတော်သို့ မည်သည့် အရာကို ယူဆောင်လာရသနည်း။
သူသည် သိုးသငယ်ကို မတတ်နိုင်လျှင် အပြစ်ဖြေရာယဇ်အတွက် ထာဝရဘုရားအထံတော်သို့ ခိုနှစ်ကောင် သို့မဟုတ် ချိုးကလေးနှစ်ကောင်ကို ယူဆောင်လာရပါသည်။

Leviticus 5:11

သူသည် ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေးနှစ်ကောင်ဖြစ်စေ၊ တစ်ခုခုကို မတတ်နိုင်လျှင် ပြစ်မှားသောသူသည် အပြစ်ဖြေရာယဇ်အတွက် မည်သည့်အရာကို ယူဆောင်လာရသနည်း။
သူသည် ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေးနှစ်ကောင်ဖြစ်စေ၊ တစ်ခုခုကို မတတ်နိုင်လျှင် ပြစ်မှားသောသူသည် အပြစ်ဖြေရာယဇ်အတွက် မုန့်ညက်တသြမ်ကို ယူဆောင်လာရပါသည်။

Leviticus 5:14

တစ်စုံတစ်ယောက်သောသူသည် တရားမသိ၊ ထာဝရဘုရားနှင့် ဆိုင်သောအရာတို့ ၌ လွန်ကျူးပြစ်မှားမိလျှင် မည်သည့်အရာကို ယူဆောင်လာ၍ ပူဇော်ရသနည်း။
အပြစ်မပါသော သိုးထီးကိုလည်းကောင်း၊ အကျပ်တော်အလိုက် ချင့်တွက်၍ ချိန်သောအလျော်ငွေကိုလည်းကောင်း ပူဇော်ရသည်။

 

## Chapter 6

1 တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ 2 တစုံတယောက်သောသူသည် သူတပါးအပ်နှံသော ဥစ္စာအတွက်
ပေါင်ထားသော ဥစ္စာအတွက်၊ မိမိနှင့် စပ်ဆိုင်သောသူအား မုသားစကားကို ပြောသော်၎င်း၊ သူ့ဥစ္စာကို အနိုင်အထက်ယူသော်၎င်း၊
မိမိနှင့် စပ်ဆိုင်သောသူကို လှည့်စား သော်၎င်း၊ 3 ပျောက်သောဥစ္စာကို တွေ့သောအခါ၊ မုသာစကားကိုပြော၍ မဟုတ်မမှန်ဘဲ
ကျိန်ဆိုသော်၎င်း၊ ထိုသို့သော ဒုစရိုက်တစုံတခုကို ပြု၍ ထာဝရဘုရားကို ပြစ်မှားမိလျှင်၊ 4 ထိုသူသည် ပြစ်မှား၍
အပြစ်ရောက်သောကြောင့်၊ အနိုင်အထက်ယူသော ဥစ္စာ၊ လှည့်စား၍ ရသော ဥစ္စာ ၊ သူတပါး အပ်နှံသော ဥစ္စာ၊ ပျောက်၍တွေ့သော
ဥစ္စာ၊ 5 မဟုတ်မမှန်ဘဲ ကျိန်ဆို၍၊ ရသောဥစ္စာ အတိုးနှင့်တကွ၊ ငါးစုတစုကို ထပ်၍ ဒုစရိုက်ဖြေသော ယဇ်ပူဇော်သောနေ့၌ ဥစ္စာရှင်အား
ပြန်ပေးရမည်။ 6 ဒုစရိုက်ဖြေရာယဇ်ကို ပြုခြင်းငှါ ချင့်တွက်သော အလျော်ငွေနှင့်တကွ၊ ဒုစရိုက်ဖြေရာယဇ်တည်းဟူ သော
အပြစ်မပါသော သိုးထီးကို၊ ထာဝရဘုရားထံတော်၊ ယဇ်ပုရောဟိတ်ရှေ့သို့ ဆောင်ခဲ့ရမည်။ 7 ယဇ်ပုရောဟိတ်သည် ထိုသူအဘို့
ထာဝရဘုရားရှေ့တော်၌ အပြစ်ဖြေခြင်းကို ပြုလျှင်၊ သူပြစ်မှား သမျှသော အပြစ်လွှတ်လိမ့်မည်ဟု မိန့်တော်မူ၏။ 8 တဖန်မောရှေအား
ထာဝရဘုရားက၊ 9 သင်သည် အာရုန်နှင့် သူ၏သားတို့အား ဆင့်ဆိုရသော မီးရှို့ရာ ယဇ်ပူဇော်ခြင်းတရားဟု မူကား၊ ယဇ်ကောင်ကို၊
ယဇ်ပလ္လင် ထင်းမီးပေါ်မှာ တညဉ့်လုံး နံနက်တိုင်အောင်ရှိစေ၍၊ ယဇ်ပလ္လင်မီးသည် အစဉ်လောင်ရမည်။ 10 ယဇ်ပုရောဟိတ်သည်
ပိတ်အင်္ကျီ၊ ပိတ်ပေါင်းဘီကို ဝတ်လျက်၊ ယဇ်ပလ္လင်ပေါ်မှာ ကျွမ်းလောင်သော မီးရှို့ရာ ယဇ်ပြာကို ကျုံး၍ ပလ္လင်အနားမှာ ထားရမည်။
11 တဖန် အဝတ်ကိုလဲ၍၊ ထိုပြာကို တပ်ပြင်၌ ရှင်းလင်းသောအရပ်သို့ ယူသွားရမည်။ 12 ယဇ်ပလ္လင်မီးသည် မသေဘဲ
အစဉ်လောင်ရမည်။ ယဇ်ပုရောဟိတ်သည် နံနက်တိုင်း ထင်းမီးထည့်၍၊ ထင်းပေါ်မှာ မီးရှို့ရာယဇ်ကို ခင်းရမည်။
ထိုပလ္လင်ပေါ်မှာလည်း၊ မိဿဟာယယဇ်ဆီဥကို မီးရှို့ရမည်။ 13 ယဇ်ပလ္လင်မီးသည် အလျှင်းမသေဘဲ၊ အစဉ်မပြတ်လောင်ရမည်။ 14
ဘောဇဉ် ပူဇော်သက္ကာ တရားဟူမူကား၊ အာရုန်၏သားတို့သည် ထိုပူဇော်သက္ကာကို ထာဝရ ဘုရားထံတော်၊ ယဇ်ပလ္လင်ရှေ့မှာ
ပူဇော်သောအခါ၊ 15 ဘောဇဉ်ပူဇော်သက္ကာ မုန့်ညက်တလက်ဆွန်း၊ ဆီအချို့၊ လောဗန်ရှိသမျှတည်းဟူသော ပူဇော်သက္ကာ
အတွက်အတာကိုယူ၍ ထာဝရဘုရားအား မွှေးကြိုင်စရာဘို့၊ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ 16 ကြွင်းသောအရာတို့ကို၊ အာရုန်နှင့်
သူ၏သားတို့သည်၊ ပရိသတ်စည်းဝေးရာ တဲတော်ဝင်းအတွင်း တွင်၊ သန့်ရှင်းရာဌာန၌ တဆေးမပါဘဲ စားရမည်။ 17 ထိုမုန့်ညက်ကို
တဆေးထည့်၍ မုန့်မလုပ်ရ။ မီးဖြင့် ငါ့အား ပြုသော ပူဇော်သက္ကာထဲက ထိုမုန့်ညက် ကို သူတို့အဘို့ ဖြစ်စေခြင်းငှါ ငါပေးပြီ။
အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ကဲ့သို့ အလွန်သန့်ရှင်း ပေ၏။ 18 အာရုန်၏ သားယောက်ျားအပေါင်းတို့သည် စားရကြမည်။
မီးဖြင့် ထာဝရဘုရားအား ပြုသော ပူဇော်သက္ကာကို ကိုင်သောသူအပေါင်းတို့သည် သန့်ရှင်းကြမည်ဟု သင်တို့အမျိုးအစဉ်အဆက်
စောင့်ရသော ပညတ်တော် ဖြစ်သတည်းဟု မိန့်တော်မူ၏။ 19 တဖန်ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူသည်ကား၊ 20
အာရုန်နှင့် သူ၏သားတို့သည် ဘိသိက်ခံသောနေ့မှစ၍၊ ထာဝရဘောဇဉ် ပူဇော်သက္ကာဖြစ်စေခြင်း ငှါ၊ မုန့်ညက်တဩမဲကို၊
နံနက်တဝက်၊ ညတဝက် ထာဝရဘုရားအား ပူဇော်ရမည်။ 21 ထိုမုန့်ညက်ကို ဆီထည့်၍၊ သံပြားပူနှင့် မုန့်လုပ်ပြီးမှ၊ ဆောင်ခဲ့၍
ချိုးဖွဲ့သဖြင့် ဘောဇဉ်ပူဇော်သက္ကာ အကျိုးအပဲ့တို့ကို ထာဝရဘုရားအား မွှေးကြိုင်စရာဘို့ ပူဇော်ရမည်။ 22 အာရုန်အရာ၌
ဘိသိက်ခံသော သားသည်လည်း၊ ထိုပူဇော်သက္ကာကို ပြုရမည်။ ထာဝရဘုရားအဘို့ ထာဝရပညတ်တော် ဖြစ်သတည်း။ 23
ယဇ်ပုရောဟိတ်အတွက် ပြုသောဘောဇဉ် ပူဇော်သက္ကာရှိသမျှကို အကုန်အစဉ် မီးရှို့ရမည်။ အလျှင်းမစားရဟု မိန့်တော်မူ၏ 24
တဖန်မောရှေအား ထာဝရဘုရား မိန့်တော်မူသည်မှာ၊ 25 သင်သည် အာရုန်နှင့် သူ၏သားတို့အား ဆင့်ဆိုရသော အပြစ်ဖြေရာယဇ်
ပူဇော်ခြင်းတရားဟူမူကား၊ မီးရှို့ရာယဇ်ကောင်သတ်ရာအရပ်၌ ထာဝရဘုရားရှေ့တော်မှာ အပြစ်ဖြေရာယဇ်ကို သတ်ရမည်။
အလွန်သန့်ရှင်းပေ၏။ 26 အပြစ်ဖြေဘို့ ပူဇော်သော ယဇ်ပုရောဟိတ်သည်၊ ပရိသတ်စည်းဝေးရာ တဲတော်ဝင်းအတွင်းတွင်
သန့်ရှင်းရာဌာန၌ စားရမည်။ 27 ထိုအသားကို ထိသမျှသည် သန့်ရှင်း၏။ အသွေးဖြန်းသမျှသော အဝတ်တို့ကို သန့်ရှင်းရာဌာန၌
လျှော်ရမည်။ 28 ထိုအသားပြုတ်သော မြေအိုးကို ခွဲရမည်။ ကြေးဝါအိုးဖြစ်လျှင် ပွတ်၍ ရေနှင့်ဆေးရမည်။ 29 ယဇ်ပုရောဟိတ်
ယောက်ျားအပေါင်းတို့သည် စားရကြမည်။ 30 အလွန်သန့်ရှင်းပေ၏။ အပြစ်ဖြေရာယဇ် အသွေးကို သန့်ရှင်းရာဌာန၌
အပြစ်ဖြေခြင်းငှါ၊ ပရိတ်သတ်စည်းဝေးရာ တဲတော်အတွင်းသို့ ဆောင်ခဲ့လျှင်၊ ထိုယဇ်အသားကို မစားရ။ မီးရှို့ရမည်။

---

Leviticus 01

ထာဝရဘုရားကိုဆန့်ကျင်၍ပညတ်တော်ကိုချိုးဖောက်လျှင်
"ထာဝရဘုရား၏ ပညတ်တော်မှ တစ်စုံတစ်ခုကို နာမခံလျှင်"

မိမိနှင့် စပ်ဆိုင်သောသူအား မုသားစကားကို ပြောသော်၎င်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ " မိမိနှင့် စပ်ဆိုင်သောသူမှ
ချေးငှါးပေးသော အရာအား လိမ်လည်ခြင်း"


generated on Sun Jun 30 02:37:40 2024

မိမိနှင့် စပ်ဆိုင်သောသူ
ဤနေရာတွင် "မိမိနှင့် စပ်ဆိုင်သောသူ"သည် တစ်စုံတစ်ယောက်အနီးနားမှာ နေသောသူသာမဟုတ် ဣသရေလလူမျိုးတိုင်းကိုဆိုလိုသည်။

သူတပါး အပ်နှံသော ဥစ္စာ
အခြားသောဘာသာပြန်ဆိုချက်၊ "သူချေးယူသောတစ်စုံတစ်ရာကို ပြန်မပေးခြင်း"

Leviticus 05

အပြည့်
လုံးလုံးလျားလျား သို့မဟုတ် လုံးဝဥဿုံ

ငါးစုတစုကို ထပ်၍
ငါးစု ...ဤသည် တစ်စုံတစ်ယောက်အားပေးရမည့်တန်ဖိုး၏ ငါးစုတစု ထက်ပို၍ ပေးရမည့်ပုဂ္ဂိုလ် ကိုဆိုလိုသည်။ အခန်းကြီး ၅ အငယ် ၁၄ တွင်ဘယ်လိုဘာသာပြန်ကြောင်းရှုပါ.

ဥစ္စာရှင်အား ပြန်ပေးရန်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဥစ္စာရှင်ဖြစ်သော ပိုင်ဆိုင်သူပုဂ္ဂိုလ်အားပေးရန်"

သူ့အပြစ်ထင်ရှားပြီ
ခိုးသူ၏အပြစ်ကို ကြေငြာပြီးတရားသူကြီးရှေ့ခေါ်ဆောင်လာရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားသူကြီးက သူ့အပြစ် ထင်ရှားကြောင်းကြေငြာသည်။"

ချင့်တွက်သော အလျော်ငွေနှင့်တကွ
သန့်ရှင်းသော တဲတော် အသုံးပြုလျှင် သုံးထီးဘယ် လောက် ကျသင့်သည်ကို ဆုံးဖြတ်ချက် ချရမည်ကို ဆိုလိုသည်။ အခန်းကြီး ၅ အငယ်၁၄ တွင်ဘယ်လိုဘာသာပြန်ကြောင်းရှုပါ။

ယဇ်ပုရောဟိတ်သည် ထိုသူအဘို့ ထာဝရဘုရားရှေ့တော်၌ အပြစ်ဖြေခြင်းကို ပြုလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် သူ့အတွက် အပြစ်ဖြေရမည်"

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရား မျက်မှောက်တော်၌"

အပြစ်လွတ်လိမ့်မည်
ဤဆိုလိုရင်းမှာ ထာဝရဘုရားသည် ယဇ်ပုရောဟိတ် မဟုတ်၊ လူ၏ အပြစ်ကို ဖြေလွတ်သောသူ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ့ အပြစ်ကို လွတ်လိမ့်မည်"

Leviticus 08

တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် အာရုန်နှင့် သူ၏သားတို့အား ဆင့်ဆိုရသော တရားဟူ မူကား
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက မောရှေအား မိန့်တော်မူ၍ အာရုန်နှင့် သူ၏ သားတို့အား ပညတ်ရန်ပေးတော်မူသော တရားဟူမူကား"

ယဇ်ပလ္လင် ထင်းမီးပေါ်မှာ ရှိစေ၍၊
"ယဇ်ပလ္လင်အပေါ်မှာ ရှိစေရမည်။"

ယဇ်ပလ္လင်မီးသည် အစဉ်လောင်ရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ယဇ်ပလ္လင်မီး ကိုအစဉ်လောင်စေရမည်"

Leviticus 10

သူ၏ပိတ်အင်္ကျီ
ပိတ်သည် ဖြူသော ပိတ်အင်္ကျီဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ဖြူသော ပိတ်အင်္ကျီ။"

ပြာကို ကျုံး၍
"ပြာများကို စုဆောင်းရမည်"

ကျွမ်းလောင်သော မီးရှို့ရာ ယဇ်
မီးလောင်ကျွမ်းပြီးသောယဇ်ကို ကျွမ်းလောင်စေသော မီးရှို့ရာယဇ်ဟု ပြောခြင်းဖြစ်သည်။

ရှင်းလင်းသောအရပ်
ဘုရားသခင်အတွက်သင့်တော်သော နေရာသည် ရုပ်ပိုင်းဆိုင်ရာ စင်ကြယ်ခြင်းဟု သတ်မှတ်သည်။

Leviticus 12

ယဇ်ပလ္လင်မီးသည် မသေဘဲ အစဉ်လောင်ရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် ယဇ်ပလ္လင်မီးအား မသေစေဘဲ အစဉ်လောင်စေရမည်"

တောင်းဆိုသည့်အတိုင်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းအပေါ် ထာဝရဘုရား တောင်းဆိုသည့်အတိုင်း"

Leviticus 14

မွှေးကြိုင်စရာဘို့
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျက်ရှိ၏။ အခန်းကြီး ၁ အငယ် ၇ တွင် မည်သို့ ဘာသာပြန်သည်ကိုကြည့်ပါ။

ပူဇော်သက္ကာ အတွက်အတာ
ယဇ်ပလ္လင်၌ ယဇ်ပုရောဟိတ် မီးရှို့ရသော တလက်ဆွန်းသည် ပူဇော်သက္ကာတစ်ခုလုံးကို ကိုယ်စားပြုသည်။ ပူဇော်သက္ကာအားလုံးသည် ထာဝရဘုရားနှင့်သက်ဆိုင်သည်။ အခန်းကြီး ၂ အငယ် ၁တွင် ဘယ်လို ဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 16

စားရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ၎င်းကို စားရမည်"

ထိုမုန့်ညက်ကို တဆေးထည့်၍ မုန့်မလုပ်ရ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဆေးနှင့်မပေါင်းနဲ့ "

မီးဖြင့် ပြုသော ပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့သော ပူဇော်သက္ကာ"

ကိုင်သောသူအပေါင်းတို့သည် သန့်ရှင်းကြမည်
အာရုန်၏ သားစဉ်မြေးဆက် ယောကျာ်းမဟုတ်သောသူများသည် ဤပူဇော်သက္ကာအား မထိရမည့်အကြောင်းသတိပေးချက်ကို ရည်ညွှန်းသည်။ ဤဖော်ပြချက်၏ ပြည့်စုံသောအဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်သည်။

Leviticus 19

သူ၏သားတို့သည် ဘိသိက်ခံသောအခါ
သူတို့သည် ယဇ်ပုရောဟိတ်ဖြစ်လာသောအခါ ဘိသိတ်ခံရကြမည်ကို ရည်ညွှန်းသည်။ ဤဖော်ပြချက်၏ ပြည့်စုံသော အဓိပ္ပယ်ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ သားများကို ယဇ်ပုရောဟိတ်အဖြစ် ဘိသိတ်ပေးသောအခါ"

တသြမဲ၏ဒသမအစိတ်အပိုင်း
တသြမဲသည် ၂၂ လီတာရှိသည်။ တသြမဲ၏ ဒသမတစ်ခုသည် ၂ လီတာခန့် ရှိသည်။

ဒသမတစ်ခု
ဤသည် တစ်ဆယ်နှင့် တူညီသောအစိတ်ပိုင်း၏ အစိတ်ပိုင်းတစ်ခု

Leviticus 21

လုပ်ပြီးမှ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ၎င်းကို ပြုလုပ်ရမည်။"

မုန့်လုပ်သောသံပြားပူထဲ
ဤသည် သတ္တု သို့မဟုတ် ရွှံ့စေးဖြင့် ပြုလုပ်သည့် ထူသော ပန်းကန်ပြားတစ်ခု ဖြစ်သည်။ ပန်းကန်ပြားကို မီးပေါ်တွင် ထားပြီး မုန့်ညက်ကို ပန်းကန်ပြားပေါ်တွင်ချက်ပြုတ်သည်။ အခန်းကြီး ၂ အငယ်၄တွင် "သံပြားပူ" ကို မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

ချိုးဖဲ့သဖြင့်
"ဂျုံမှုန့်သည် ဆီနှင့် လုံးဝ စိုသွားသောအခါ"

သင် ၎င်းဆောင်ခဲ့၍
ဒီမှာ "သင်"ဆိုတာ ပူဇော်သက္ကာပြုသော ပုဂ္ဂိုလ်ကို ရည်ညွှန်းသည်။

ထာဝရဘုရားအား မွှေးကြိုင်စရာဘို့
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့်ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျက်ရှိ၏။

ပညတ်တော်ကဲ့သို့
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား သင့်ကိုပညတ်ထားသည့်အတိုင်း"

၎င်းအားလုံးကို မီးရှို့ရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ၄င်းအားလုံးကို မီးရှို့ရမည်။"

အကုန်အစဉ် မီးရှို့ရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အားလုံးကို မီးရှို့ရမည်။"

အလျှင်းမစားရ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်သူမျှ မစားရ"

Leviticus 24

တဖန်မောရှေအား ထာဝရဘုရား မိန့်တော်မူသည်မှာ၊ သင်သည် အာရုန်နှင့် သူ၏သားတို့အား ဆင့်ဆိုရမည့်တရားဟူမူကား
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက မောရှေအား တဖန် မိန့်တော်မူ၍ အာရုန်နှင့် သူ၏ သားတို့အား ပညတ်ရန်ပေးတော်သော တရားဟူမူကား"

အာရုန်နှင့် သူ၏သားတို့အား ဆင့်ဆိုရမည်ကား
ထာဝရဘုရားသည် အာရုန်နှင့် သူ၏သားတို့အားမိန့်ကြားတော်မူ၏။ သို့သော် ဤအမိန့်သည် ပူဇော်သက္ကာကို ပြုသော ယဇ်ပုရောဟိတ်အားလုံးအား

မိန့်ကြားခြင်းဖြစ်သည်။ ဤဖော်ပြချက်၏ ပြည့်စုံသောအဓိပ္ပါယ်ကိုရှင်းရှင်းလင်းလင်း ဖော်ပြနိုင်သည်။

ထာဝရဘုရားရှေ့တော်မှာ အပြစ်ဖြေရာယဇ်ကို သတ်ရမည်။
ဤသည် ယဇ်ပလ္လင်၏ တောင်ဘက်ခြမ်းကို ရည်ညွှန်းကြောင်း ရှင်းလင်းစွာ ဖော်ပြနိုင်သည်။

အပြစ်ဖြေရာယဇ်ကို သတ်ရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်အပြစ်ဖြေရာ ယဇ်ကို သတ်ရမည်"

မီးရှို့ရာယဇ်ကောင်သတ်ရာအရပ်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့ရာယဇ်အဘို့ တိရစ္ဆာန်ကိုသတ်ရသော နေရာ"

ထာဝရဘုရားရှေ့တော်မှာ
"ထာဝရဘုရားအား"

စားရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ၎င်းကို စားရမည်။"

Leviticus 27

ထိုအသားကို ထိသမျှသည် သန့်ရှင်း၏။
ဤသည် ယဇ်ပုရောဟိတ်အပြင် အပြစ်ဖြေရာ ယဇ်အသားကို အဘယ်သူမျှ မထိရမည်ကြောင်း သတိပေးချက်ဖြစ်သည်။ ဤဖော်ပြချက်၏ ပြည့်စုံသော အဓိပ္ပါယ်ကိုရှင်းရှင်းလင်းလင်း ဖော်ပြနိုင်သည်။

အသွေးဖြန်းသမျှသော
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသွေးကို ဖြန်းလျှင်"

ထိုအသားပြုတ်သော မြေအိုးကို ခွဲရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အသား ဆူပွက်သော မြေအိုးကို ခွဲရမည်။"

ကြေးဝါအိုးဖြစ်လျှင် ပွတ်၍ ရေနှင့်ဆေးရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်၏ အသားဆူပွက်လျှင်ကြေးဝါအိုးကို ရေနှင့် သန့်ရှင်းစေရမည်။"

Leviticus 29

ထိုယဇ်အသားကို မစားရ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်ဖြေရာယဇ်ကို ဘယ်သူမှ မစားရ။"

အသွေးကို ပရိတ်သတ်စည်းဝေးရာ တဲတော်အတွင်းသို့ ဆောင်ခဲ့လျှင်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည်ပရိတ်သတ်စည်းဝေးရာ တဲတော်အတွင်းသို့ အသွေးကိုယူရမည်။"

မီးရှို့ရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် ၎င်းကို မီးရှို့ရမည်"

---

## Translation Questions

Leviticus 6:1

တစ်စုံတစ်ယောက်သောသူသည် မိမိနှင့်စပ်ဆိုင်သောသူကို ပြစ်မှားမိပါက မည်ကဲ့သို့ လုပ်ဆောင်ခဲ့ရသနည်း။
တစ်စုံတစ်ယောက်သောသူသည် မိမိနှင့် စပ်ဆိုင်သောသူကို မဟုတ်မမှန်ဘဲ ကျိန်ဆိုပြီး ပစ္စည်းဥစ္စာကို ယူဆောင်မိလျှင် သို့မဟုတ် ပျောက်၍ တွေ့သော ဥစ္စာကို ဥစ္စာရှင်အား ပြန်ပေးရမည်။

Leviticus 6:5

တစ်စုံတစ်ယောက်သည် မဟုတ်မမှန်ဘဲ ကျိန်ဆို၍ ရသောဥစ္စာကို မည်ကဲ့သို့ လုပ်ဆောင်ခဲ့ရသနည်း။
တစ်စုံတစ်ယောက်သောသူသည် မဟုတ်မမှန်ဘဲ ကျိန်ဆို၍ ရသောဥစ္စာကို အဘိုးနှင့်တကွ၊ ငါးစုတစုကို ထပ်၍ ဥစ္စာရှင်အား ပြန်ပေးရမည်။

တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ဖြေရာယဇ်ကို ပြုခြင်းငှါ ယဇ်ပုရောဟိတ်ရှေ့သို့ ဆောင်ခဲ့လျှင် မည်ကဲ့သို့ လုပ်ဆောင်ခဲ့ရသနည်း။
တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ဖြေရာယဇ်ကို ပြုခြင်းငှါ ယဇ်ပုရောဟိတ်ရှေ့သို့ ဆောင်လျှင် ဒုစရိုက်ဖြေရာယဇ်တည်းဟူသော အပြစ်မပါသော သိုးထီးကို ယူ၍ ယဇ်ပူဇော်ရသည်။

Leviticus 6:8

မည်မျှလောက်ကြာအောင် မီးရှို့ရာယဇ်သည် ယဇ်ပလ္လင်ပေါ်တွင် နေရစ်ခဲ့ရသနည်း။
မီးရှို့ရာယဇ်သည် ယဇ်ပလ္လင်ပေါ်တွင် တစ်ညဉ့်လုံးနံနက်တိုင်အောင် ရှိစေရသည်။

Leviticus 6:10

ယဇ်ပလ္လင်ပေါ်မှ ပြာကို ဖယ်ရှားနိုင်ရန်အတွက် မည်သည့်အရာကို ယဇ်ပုရောဟိတ်က ဝတ်ဆင်ရသနည်း။
ယဇ်ပုရောဟိတ်သည် ပိတ်အင်္ကျီ၊ ပိတ်ပေါင်းဘီကို ဝတ်လျက် ယဇ်ပလ္လင်ပေါ်မှ ပြာကို ဖယ်ရှားနိုင်ရန်အတွက် ဝတ်ထားရပါသည်။

တပ်ပြင်မှာ ပြာတင်ဆောင်မလာခင် ယဇ်ပုရောဟိတ်သည် မည်သို့ လုပ်ရသနည်း။
ယဇ်ပုရောဟိတ်သည် တင်ပြင်မှာ ပြာတင်ဆောင်မလာခင် သူ၏ ပိတ်ချောအဝတ်ကို ချွတ်၍ အဝေးကို ယူဆောင်သွားရသည်။

Leviticus 6:12

အဘယ်အရာကို အစဉ်ထိန်းသိမ်းရသနည်း။
ယဇ်ပလ္လင်ပေါ်မီးသည် မသေအောင် အစဉ်လာစေရသည်။

Leviticus 6:16

ယဇ်ပုရောဟိတ်သည် ကျန်သည့် ပူဇော်သက္ကာကို မည်ကဲ့သို့ ပြုလုပ်ရသနည်း။
ယဇ်ပုရောဟိတ်သည် တဆေးမပါသည့် ကျန်သော ပူဇော်သက္ကာကို စားနိုင်ပါသည်။

Leviticus 6:19

အာရုန်၏ သားတို့ဘိသိက်ခံသောအခါ မည်ကဲ့သို့ လုပ်ဆောင်ဖို့ရန်ရှိခဲ့သနည်း။
အာရုန်၏ သားတို့ ဘိသိက်ခံသောနေ့မှစ၍ မုန့်ညက်တဩမဲကို နံနက်တဝက်၊ ညတဝက် ပူဇော်ရသည်။

Leviticus 6:21

ဘောဇဉ်ပူဇော်သက္ကာကို ပူဇော်ဖို့ရန် မည်သို့ ပြင်ဆင်ရသနည်း။
ဒီဘောဇဉ်ပူဇော်သက္ကာကို ဆီထည့်၍ သံပြားပူနှင့် မုန့်လုပ်ပြီး အကျိုးအပဲ့တို့ကို ပြုလုပ်ရသည်။

မည်သူသည် ဘောဇဉ်ပူဇော်သက္ကာကို ပူဇော်ရသနည်း။
အာရုန်အရာ၌ ဘိသိက်ခံသောသားသာလျှင် ဒီဘောဇဉ်ပူဇော်သက္ကာကို ပူဇော်ရသည်။

Leviticus 6:24

အပြစ်ဖြေရာယဇ် ပူဇော်ခြင်းတရားတွင် ယဇ်ပုရောဟိတ်သည် အပြစ်ဖြေရာယဇ်ကို မည်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။
ယဇ်ပုရောဟိတ်တို့သည် အပြစ်ဖြေရာယဇ်ကို စားရသည်။

Leviticus 6:27

အသွေးစွန်းထားသော အဝတ်ထားရာ မြေအိုးကို မည်ကဲ့သို့ ပြုလုပ်ခဲ့ရသနည်း။
အသွေးနှင့် အဝတ်ကို မြေအိုးဖြင့် ပြုတ်ထားခဲ့သောကြောင့် မြေအိုးကို ခွဲရပါသည်။

Leviticus 6:29

အပြစ်ဖြေရာယဇ်၏ မည်သည့်အတွက်ကြောင့် မစားရမည်နည်း။
အပြစ်ဖြေရာယဇ် အသွေးကို သန့်ရှင်းရာဌာန၌ အပြစ်ဖြေခြင်းငှါ ပရိတ်သတ်စည်းဝေးရာ တဲတော်အတွင်းသို့ ဆောင်ခဲ့သောကြောင့်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 7

1 ဒုစရိုက်ဖြေသော ယဇ်ပူဇော်ခြင်းတရားဟူမူကား၊ အလွန်သန့်ရှင်းပေ၏။ 2 မီးရှို့ရာယဇ်ကောင်ကို သတ်ရာအရပ်၌ ဒုစရိုက်ဖြေသော
ယဇ်ကောင်ကို သတ်၍ အသွေးကို ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းရမည်။ 3 အမြီးနှင့်တကွ အအူကို ဖုံးသောဆီဥ၊ 4 ခါးအတွင်းနား၌
ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့်တကွ အသည်း ပေါ်၌ရှိသော အမြှေးတည်းဟူသော
ဆီဥရှိသမျှကိုယူ၍ ဆက်လျှင်၊- 5 ယဇ်ပုရောဟိတ်သည် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့၍ ထာဝရဘုရားအား မီးဖြင့် ပူဇော်သက္ကာပြုရမည်။
ဒုစရိုက်ဖြေရာယဇ် ဖြစ်သတည်း။ 6 အသားကို ယဇ်ပုရောဟိတ် ယောကျ်ားအပေါင်းတို့သည်၊ သန့်ရှင်းရာဌာန၌ စားရကြမည်။
အလွန်သန့်ရှင်းပေ၏။ 7 အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်၏ တရားတပါးတည်းဖြစ်၍၊ ဒုစရိုက်အပြစ် ဖြေခြင်းကို ပြုသော
ယဇ်ပုရောဟိတ်သည် ယူရမည်။ 8 လူတစုံတယောက် ပြုသော မီးရှို့ရာယဇ်ကို ပူဇော်သော ယဇ်ပုရောဟိတ်သည်၊ မိမိပူဇော်သော
ယဇ်ကောင်အရေကိုယူရမည်။ 9 မီးဖိုဖြင့် ဖုတ်သော ဘောဇဉ်ပူဇော်သက္ကာ၊ အိုးကင်း၊ သံပြားပူနှင့် လုပ်သော အရာရှိသမျှကို ပူဇော် သော
ယဇ်ပုရောဟိတ်သည် ယူရမည်။ 10 ဆီထည့်သည်ဖြစ်စေ၊ မထည့်သည်ဖြစ်စေ၊ ဘောဇဉ် ပူဇော်သက္ကာရှိသမျှကို အာရုန်၏
သားအပေါင်း တို့သည် အညီအမျှ ယူရကြရမည်။ 11 ထာဝရဘုရားအား ပြုရသော မိဿဟာယယဇ် ပူဇော်ခြင်းတရားဟူမူကား၊ 12
ကျေးဇူးတော်ဝန်ခံဘို့ရာ ပူဇော်လျှင်၊ ကျေးဇူးတော် ဝန်ခံရာယဇ်နှင့်တကွ ဆီရောသော တဆေးမဲ့ မုန့်ပြား၊ ဆီနှင့်လုပ်သော
တဆေးမဲ့မုန့်ကြွပ်၊ ဆီရောသော မုန့်ညက်နှင့် လုပ်၍ ကြော်သော မုန့်ပြားတို့ကို ပူဇော်ရမည်။ 13 ထိုမုန့်ပြားမှ တပါး၊ မိဿဟာယ
ပူဇော်သက္ကာနှင့်ဆိုင်သော ကျေးဇူးတော်ဝန်ခံရာယဇ်နှင့်တကွ၊ တဆေးပါသော မုန့်ကိုလည်း ပူဇော်ရမည်။ 14 ပူဇော်သက္ကာရှိမျှအထဲက
မုန့်တလုံးကို ထာဝရဘုရားအား ချီမြှောက်သော ပူဇော်သက္ကာပြု၍ ထိုမုန့်ကို မိဿဟာယယဇ် အသွေးဖြန်းသောယဇ်
ပုရောဟိတ်ယူရမည်။ 15 ကျေးဇူးတော်ဝန်ခံဘို့ရာ ပူဇော်သော မိဿဟာယယဇ်အသားကို၊ ပူဇော်သော နေ့ခြင်းတွင် စားရမည်။
နံနက်တိုင်အောင် မကြွင်းစေရ။ 16 သို့မဟုတ် သစ္စာပြု၍ ယဇ်ပူဇော်သည်ဖြစ်စေ၊ ကိုယ်အလိုအလျောက် ပူဇော်သည်ဖြစ်စေ၊
ပူဇော်သော နေ့ခြင်းတွင်၊ ယဇ်အသားကို စား၍ အကြွင်းကိုလည်း နက်ဖြန်နေ့စားရမည်။ 17 ကြွင်းသေးသော အသားကိုလည်း
သန်ဘက်နေ့၌ မီးရှို့ရမည်။ 18 မိဿဟာယယဇ် အသားအနည်းငယ်ကို၊ သန်ဘက်နေ့၌ စားမိလျှင် စိတ်တော်နှင့်မတွေ့။ ပူဇော်သော
သူသည် အကျိုးကိုမရ။ ရွံရှာဘွယ် ဖြစ်လိမ့်မည်။ စားသောသူသည် ကိုယ်အပြစ်ကို ခံရလိမ့်မည်။ 19 မစင်ကြယ်သောအရာနှင့်
ထိမိသောယဇ်သားကို မစားရ။ မီးရှို့ရမည်။ စင်ကြယ်သော သူတို့သာ လျှင် ထိုယဇ်သားကို စားရကြမည်။ 20
ထာဝရဘုရားနှင့်ဆိုင်သော မိဿဟာယယဇ်သားကို အကြင်သူသည် မစင်ကြယ်သော အပြစ်ရှိ လျက်နှင့် စားမိ၏။ ထိုသူကို သူ၏
အမျိုးမှ ပယ်ရှင်းရမည်။ 21 အကြင်သူသည်လည်း၊ လူ၌ မစင်ကြယ်သော အရာ၊ မစင်ကြယ်သောသား၊ မစင်ကြယ်သော ပိုးရွအစ
ရှိသော၊ မစင်ကြယ်သောအရာ တစုံတခုကို ထိမိ၍၊ ထာဝရဘုရားနှင့်ဆိုင်သော မိဿဟာယ ယဇ်သားကို စား၏ ထိုသူကို သူ၏
အမျိုးမှ ပယ်ရှင်းရမည်ဟု မိန့်တော်မူ၏။ 22-23 တဖန် မောရှေအား ထာဝရဘုရားက၊ - သင်သည် ဣသရေလအမျိုးသားတို့အား
ဆင့်ဆိုရမည်မှာ၊ သင်တို့သည် သိုး၊ ဆိတ်၊ နွားဆီဥကို အလျှင်မစားရ၊ 24 အလိုလိုသေသော တိရစ္ဆာန်ဆီဥ၊ သားရဲကိုက်၍ သေသော
တိရစ္ဆာန်ဆီဥကို အခြားသို့ သုံးရသော် လည်း၊ အလျှင်းမစားရ။- 25 အကြင်သူသည် ထာဝရဘုရားအား မီးဖြင့် ပူဇော်သက္ကာပြုသော
တိရစ္ဆာန်ဆီဥကို စား၏။ ထိုသူကို သူ၏ အမျိုးမှ ပယ်ရှင်းရမည်။ 26 သင်တို့သည် နေလေရာရာ၌ ငှက်သွေး၊ သားသွေးမှစ၍
အသွေးမည်မျှကို မစားရ။ 27 အကြင်သူသည် တစုံတခုသော အသွေးကို စား၏။ ထိုသူကို သူ၏ အမျိုးမှ ပယ်ရှင်းရမည်ဟု
မိန့်တော်မူ၏။ 28 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ထာဝရဘုရားအား
မိဿဟာယ ယဇ်ကို ပူဇော်သောသူသည်၊ 29 မိမိပူဇော်သော ယဇ်အထဲက၊ ထာဝရ ဘုရားအား ဆက်ဘို့ရာ ဆောင်ခဲ့ရမည်။ 30
ထာဝရဘုရားရှေ့တော်၌ ရင်ပတ်ကိုချီလွှဲ၍၊ ချီလွှဲသော ပူဇော်သက္ကာ ပြုစေခြင်းငှါ၊ ရင်ပတ်နှင့် ဆီဥတည်းဟူသော မီးဖြင့်
ထာဝရဘုရားအား ပူဇော်သောအရာကို ကိုယ်တိုင် ဆောင်ခဲ့ရမည်။ - 31 ယဇ်ပုရောဟိတ်သည်၊ ဆီဥကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့၍၊
ရင်ပတ်ကို အာရုန်နှင့် သူ၏သားတို့သည် ယူရကြမည်။ 32 မိဿဟာယယဇ်ထဲက လက်ျာပခုံးကို ချီမြှောက်သော ပူဇော်သက္ကာဘို့
ယဇ်ပုရောဟိတ်အား ပေးရ မည်။ 33 မိဿဟာယယဇ် အသွေးနှင့်ဆီဥကို၊ အာရုန်၏သားတို့တွင် ပူဇော်သောသူသည်၊ လက်ျာပခုံးကို
မိမိအဘို့ယူရမည်။ 34 ဣသရေလ အမျိုးသားတို့ပြုသော မိဿဟာယယဇ်များထဲက ချီလွှဲသော ရင်ပတ်၊ ချီမြှောက်သော ပခုံးကို
ငါနှုတ်ယူ၍ ဣသရေလအမျိုးသားတို့တွင် ယဇ်ပုရောဟိတ် အာရုန်နှင့် သူ၏သားတို့အား ထာဝရ ပညတ်တော်အားဖြင့် ငါပေးပြီဟု
မိန့်တော်မူ၏။ 35 ထိုသို့ အာရုန်နှင့် သူ၏သားတို့သည်၊ ထာဝရဘုရားရှေ့တော်မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင် ရွက်မည်အကြောင်း၊
သူတို့ကို ခန့်ထားသောနေ့၌၊ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သော သက္ကာများထဲက၊ သူတို့ခံရသောအဘို့ ဖြစ်၏။ 36
ဣသရေလအမျိုးသားတို့လက်မှ ထိုသို့သောအဘို့ကို ခံရမည်အကြောင်း၊ သူတို့ကို ဘိသိက်ပေးသော မူနေ့၌၊
ထာဝရဘုရားမှာထားတော်မူ၏။ သူတို့အမျိုးအစဉ်အဆက် စောင့်ရသော ပညတ် ဖြစ်သတည်း။ 37 ဤရွေ့ကား၊
ဣသရေလအမျိုးသားတို့သည်၊ သိနာတော၌ ထာဝရဘုရားအား ပူဇော်သက္ကာပြုရမည် အကြောင်း မှာထားသောမူသောနေ့၌
သိနာတောင်ပေါ်မှာ ထာဝရဘုရားသည် မောရှေအား ပေးတော်မူသော မီးရှို့ရာယဇ်တရား၊ ဘောဇဉ် ပူဇော်သက္ကတရား၊

 generated on Sun Jun 30 02:37:40 2024

အပြစ်ဖြေရာယဇ်တရား၊ ဒုစရိုက် ဖြေရာ ယဇ်တရား၊ အရာ၌ ခန့်ထားရာ ယဇ်တရား၊ [38] မိဿဟာယယဇ်တရား ဖြစ်သတည်းဟု မိန့်တော်မူ၏။

---

---

Leviticus 01

ယေဘုယျ အချက်အလက်
အာရုန်နှင့် သူ၏သားတို့အပေါ် မည်သို့ ပြောရမည် အကြောင်း ထာဝရဘုရားသည် မောရှေအား ဆက်လက်မိန့်ကြားတော်မူ၏။

သတ်ရာအရပ်၌
မီးရှို့ရာယဇ်အတွက် တိရစ္ဆာန်သတ်ရာနေရာကို ရည်ညွှန်းကြောင်းရှင်းလင်းချက်ဖြစ်နိုင်သည်။

ဆီဥရှိသမျှကိုယူ၍ ဆက်လျှင်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည်အဆီရှိသမျှကို ပူဇော်ရမည်။

အအူများ (အတွင်းအစိတ်ပိုင်းများ)
ဤသည် အစာအိမ်နှင့် အူများကို ဆိုလိုသည်။

အသည်း.....ကျောက်ကပ်
ဤစကားလုံးများကို အခန်းကြီး ၃:၃ က အတိုင်း ဘာသာပြန်ရန်

ခါးအတွင်းနား၌
ဤသည် တင်ပါးနှင့် နံရိုး ကြား ကျောရိုးနားရှိ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်သည်။ ၃:၃ တွင် ကြည့်ပါ၊

ဤအားလုံးကိုယူ၍ဆက်ရမည် (ရွှေ့ရမည်။)
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည်ဤအရာအားလုံးကို ယူ၍ ဆက်သရမည်။

Leviticus 05

မီးဖြင့်ပြုသောပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့ရာ ယဇ်ကဲ့သို့"

စားရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ၎င်းကို စားရမည်။"

Leviticus 07

တရားတပါးတည်းဖြစ်၍၊
ထိုနှစ်ခုအတွက် နိယာမသည် အတူတူ ဖြစ်သည်။

ဒုစရိုက်အပြစ် ဖြေခြင်းကို ပြုသော ယဇ်ပုရောဟိတ်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်၏ အပြစ်အတွက် အပြစ်ဖြေရန် ပူဇော်သက္ကာပြုသော ယဇ်ပုရောဟိတ်"

Leviticus 09

မီးဖိုခွ၌ ဖုတ်သော...အိုးကင်းနှင့် ချက်ထားသော
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်မှ ဒယ်အိုးထဲ ပေါင်းထားသော.... တစ်စုံတစ်ယောက်မှ အိုးကင်းနှင့် ချက်ထားသော"

မီးဖို
ရွှံ့စေးဖြင့် ပြုလုပ်သော ချိုင့်ခွက်ပါသောအရာ ဖြစ်သည်။ ဒယ်အိုးအောက်တွင် မီးထည့်၍ အပူသည် ဒယ်အိုးအထဲရှိ မုန့်ညက်ကို ကင်လိမ့်မည်။ ၂:၄ တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

အိုးကင်း
ဤသည် အစွန်အဖျား လုံးချောသော သတ္တုပြန်းကန်ပြား တစ်ခုဖြစ်သည်။ မုန့်ညက်ကို ဒယ်အိုးထဲ ထည့်၍ မီးဖြင့်ချက်ပြုတ်ရသည်။ ၂:၆ တွင် ဒယ်အိုးကို ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

သံပြားပူ
ဤသည် ရွှံ့စေး သို့မဟုတ် သတ္တုဖြင့် ပြုလုပ်သောပန်းကန်ပြားထူ တစ်ခုဖြစ်သည်။ ပန်းကန်ပြားသည် မီးအပေါ်တွင် ထား၍ ပန်းကန်ပြားအပေါ်တွင် မုန့်ညက်ကိုချက်ရသည်။ ၂:၄ တွင် သံပြားပူကို ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 11

ဆီရောသော တဆေးမဲ့ မုန့်ပြား
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောသော တဆေးမဲ့ကိတ်မုန့်များ"

ဆီရောသောမုန့်ညက်
ဤသည် "မုန့်ညက်" သို့မဟုတ် "ကိတ်မုန့်" သည် ပေါင်မုန့်ထူ တစ်ခုကို ရည်ညွှန်းသည်။

ဆီနှင့်လုပ်သော တဆေးမဲ့မုန့်ကြွပ်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပြုလုပ်သည့် ဆီနှင့်လုပ်သော တဆေးမဲ့ မုန့်ကြွပ်"

ဆီရောသောမုန့်ညက်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပြုလုပ်သည့်ဆီနှင့်ရောသော မုန့်ညက်"

မုန့်ညက်နှင့် လုပ်၍ ကြော်သော မုန့်ပြား
"ကိတ်မုန့်" သို့မဟုတ် "မုန့်ညက်"သည် ပေါင်မုန့်ထူတစ်ချပ်ကို ရည်ညွှန်းသည်။ ၎င်းသည် မုန့်ညက်နှင့် ပြုလုပ်သော မုန့်မှတစ်ပါး ပထမပေါင်မုန့် အမျိုးအစားနှင့် တူညီသည်။

Leviticus 13

တဆေးပါသော မုန့်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဆေးဖြင့် ပြုလုပ်သည့် မုန့်"

မုန့်
ပေါင်မုန့် တစ်ချပ်ကို ရည်ညွှန်းသည်။

Leviticus 15

တင်ဆက်သောပုဂ္ဂိုလ်
ပူဇော်သက္ကာပြုသော ပုဂ္ဂိုလ်

ကျေးဇူးတော်ဝန်ခံဘို့ရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအားကျေးဇူးတော် ချီးမွမ်းရာဘို့"

အသားကို စား၍.....၄င်းကိုစားရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အသားကို စားရမည်.... သူ ၎င်းကိုစားရမည်။"

Leviticus 17

သန်ဘက်နေ့
နံပါတ်သုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒုတိယနေ့ပြီးနောက်"

မီးရှို့ရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသည် ၎င်းကို မီးရှို့ရမည်"

မိဿဟာယယဇ် အသားအနည်းငယ်ကို၊ သန်ဘက်နေ့၌ စားမိလျှင်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သည် တတိယနေ့၌ မိဿဟာယယဇ် အသားကို စားမိလျှင်"

စိတ်တော်နှင့်မတွေ့
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ၎င်းကို လက်ခံမည်မဟုတ် (စိတ်တော်နှင့် တွေ့မည်မဟုတ်)"

ပူဇော်သော သူသည် အကျိုးကိုမရ။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပူဇော်သော သူ၏ ယဇ်ကို ထာဝရဘုရား လက်ခံမည်မဟုတ်။"

ကိုယ်အပြစ်ကို ခံရလိမ့်မည်
ပြစ်မှားသောသူသည် ရှုပ်ပိုင်းဆိုင်ရာအရ အပြစ်ကို ခံရသကဲ့သို့ အပြစ်အတွက် တာဝန်ရှိသော ပုဂ္ဂိုလ်ကို ဆိုလိုသည်။

Leviticus 19

မစင်ကြယ်သောအရာနှင့် ထိမိသော ယဇ်သားကို မစားရ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မစင်ကြယ်သောတစ်စုံတစ်ခုကို ထိတွေ့သော အသားကို ဘယ်သူမှ မစားရ။"

မစင်ကြယ်သောအရာ
ရုပ်ပိုင်းဆိုင်ရာ မစင်ကြယ်သကဲ့သို့ ထာဝရဘုရား ဖော်ပြထားပြီးသော တစ်စုံတစ်ခုကိုစားမိရန် သို့မဟုတ် ထိမိရန်မသင့်တော်ကြောင်းကို ဆိုလိုသည်။

မီးရှို့ရမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ၎င်းကို မီးရှို့ရမည်။"

စင်ကြယ်သော သူတို့
ရုပ်ပိုင်းဆိုင်ရာ စင်ကြယ်သကဲ့သို့ ထာဝရဘုရား၏ ရည်ရွယ်ချက်အဘို့ လက်ခံနိုင်ဘွယ်ရှိသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

မစင်ကြယ်သော သူ
ရုပ်ပိုင်းဆိုင်ရာ မစင်ကြယ်သကဲ့သို့ ထာဝရဘုရား၏ ရည်ရွယ်ချက်အဘို့ လက်ခံနိုင်ဘွယ်မရှိသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

ထိုသူကို သူ၏ အမျိုးမှ ပယ်ရှင်းရမည်
အပင်တစ်ပင်မှ အကိုင်းခက်ကို ဖြတ်ခြင်း သို့မဟုတ် အဝတ်စားအစကို ဖြတ်သောသူကဲ့သို့ အမျိုးမှ ပယ်ရှင်းခြင်း ခံရသောသူကဲ့သို့ သူ၏ အဖွဲ့အစည်းမှ ဖယ်ရှားခြင်းခံရသူကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့လူတွေထဲ ကြာရှည် မနေနိုင်သော ပုဂ္ဂိုလ်" သို့မဟုတ် "သူ၏ လူများထဲမှ ထိုပုဂ္ဂိုလ်ကို ခွဲခြားရမည်။"

Leviticus 21

မစင်ကြယ်သော အရာ
ရုပ်ပိုင်းဆိုင်ရာ မစင်ကြယ်သကဲ့သို့ ထာဝရဘုရား ဖော်ပြထားပြီးသော တစ်စုံတစ်ခုကို စားမိရန် သို့မဟုတ် ထိမိရန်မသင့်တော်ကြောင်းကို ဆိုလိုသည်။

လူ၌ မစင်ကြယ်သော အရာ၊ မစင်ကြယ်သောသား
ဤတွင် "လူ" ဟူသည် ယေဘုယျ လူသားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူပုဂ္ဂိုလ်ဖြစ်စေ သားကောင်ဖြစ်စေ"

မစင်ကြယ်သော ပိုးရွအစ ရှိသော
"ထာဝရဘုရား စက်ဆုပ်ရွံရှာသော မစင်ကြယ်သည့် အရာ"

ထိုသူကို သူ၏ အမျိုးမှ ပယ်ရှင်းရမည်
အပင်တစ်ပင်မှ အကိုင်းခက်ကို ဖြတ်ခြင်း သို့မဟုတ် အဝတ်စားအစကို ဖြတ်သော သူကဲ့သို့ အမျိုးမှ ပယ်ရှင်းခြင်း ခံရသောသူကဲ့သို့ သူ၏ အဖွဲ့အစည်းထဲမှ ဖယ်ရှားခြင်း ခံရသူကို ဆိုလိုသည်။ ၇:၁၉ တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 22

တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့သည် ဆီဥကို အလျှင်းမစားရ။
ဤသည် အကိုးကားထဲက ကိုးကားချက်တစ်ခု ဖြစ်သည်။ တိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက်အဖြစ်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "'သင်တို့သည် ဆီဥကို အလျှင်းမစားရ' ဟု ထာဝရဘုရားသည် မောရှေအား ဣသရေလအမျိုးသားများ ထံသို့ ဆင့်ဆိုရမည်။"

အလိုလိုသေသော
"ပူဇော်ခြင်းကြောင့် မဟုတ်ဘဲ သေဆုံးခြင်း"

သားရဲကိုက်၍ သေသော တိရစ္ဆာန်ဆီဥ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သားရဲများ ကိုက်သောတိရစ္ဆာန်ဆီဥ"

သုံးရသော်လည်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် သုံးနိုင်သည်"

Leviticus 25

မီးဖြင့် ပူဇော်သက္ကာပြုသော
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့ ရာယဇ်"

ထိုသူကို သူ၏ အမျိုးမှ ပယ်ရှင်းရမည်
အပင်တစ်ပင်မှ အကိုင်းခက်ကို ဖြတ်ခြင်း သို့မဟုတ် အဝတ်စားအစကို ဖြတ်သောသူကဲ့သို့ အမျိုးမှ ပယ်ရှင်းခြင်း ခံရသောသူကဲ့သို့ သူ၏ အဖွဲ့အစည်းထဲမှ ဖယ်ရှားခြင်း ခံရသူကို ဆိုလိုသည်။ ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ ၇:၁၉ တွင်မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

အသွေးမည်မျှကို မစားရ
"သင်သည် အသွေးကို မစားရ။"

သင့်အိမ်ထဲ၌ရှိ
"သင့်အိမ်ထဲရှိ" သို့မဟုတ် "သင် နေထိုင်သောနေရာ"

Leviticus 28

တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ ပူဇော်သောသူသည်
ဤသည် အကိုးကားထဲက ကိုးကားချက်တစ်ခု ဖြစ်သည်။ တိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက်အဖြစ်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ပူဇော်သောသူသည်၊"

မီးဖြင့် ထာဝရဘုရားအား ပူဇော်သောအရာကို ကိုယ်တိုင် ဆောင်ခဲ့ရမည်
"ကိုယ်တိုင် ဆောင်ခဲ့ရမည်" ဟူသော ဖော်ပြချက်ကို ဝါကျအစတွင် နေရာချထားနိုင်သည်။ "မီးဖြင့် ပူဇော်ရန်" ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား ပူဇော်သက္ကာအဖြစ် မီးရှို့ရန် စီစဥ်ထားသော ပူဇော်သက္ကာကို သူကိုယ်တိုင် ဆောင်ယူရမည်။

ကိုယ်တိုင် လက်ဖြင့်ဆောင်ခဲ့ရမည်
"လက်" ဆိုတာ တစ်ကိုယ်လုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းကို သူ ကိုယ်တိုင်ဆောင်ယူခဲ့ရမည်။

ရင်ပတ်
လည်ပင်းအောက်ရှိ တိရစ္ဆာန်၏ ရှေ့လက်ခြမ်း ကိုယ်အစိတ်အပိုင်း

ထာဝရဘုရားရှေ့တော်၌ ရင်ပတ်ကိုချီလွှဲ၍၊ ချီလွှဲသော ပူဇော်သက္ကာ ပြုစေခြင်းငှါ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ချီလွှဲသော ပူဇော်သက္ကာအဖြစ် ယဇ်ပုရောဟိတ်သည် ၎င်းကိုဆက်သနိုင်ဖို့ရန်"

ထာဝရဘုရားရှေ့တော်၌ ချီလွှဲသော ပူဇော်သက္ကာ ပြုစေခြင်းငှါ
ပူဇော်သက္ကာကို မတင်လိုက်ခြင်းသည် ထာဝရဘုရားအားပူဇော်သက္ကာကို ဆက်သခြင်းကို ပြသသော ဟန်ပန်အမူအရာ သင်္ကေတတစ်ခု ဖြစ်သည်။

Leviticus 31

ပခုံး(ပေါင်)
ဒူးအပေါ်ရှိခြေထောက်၏ အပေါ်ပိုင်း အစိတ်အပိုင်း

ပူဇော်သောပူဇော်သက္ကာတစ်ခုအဖြစ်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းကို ပူဇော်သက္ကာအဖြစ်ဆက်သ၍၊"

Leviticus 33

ငါနုတ်ယူ၍
ဤတွင် "ငါ" သည် ထာဝရဘုရားကို ရည်ညွှန်းသည်။

ပြုသော မိဿဟာယယဇ်
"ပူဇော်သက္ကာအဖြစ် ပေးသည်။"

Leviticus 35

ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သော သက္ကာများ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအတွက် မီးရှို့ရာပူဇော်သက္ကာ"

ဣသရေလအမျိုးသားတို့လက်မှ ထိုသို့သောအဘို့ကို ခံရမည်အကြောင်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့အား ပေးရန်ပညတ်တော်မူသည်။"

သူတို့ကို ဘိသိက်ပေးခဲ့
"မောရှေသည် ယဇ်ပုရောဟိတ်တို့ကို ဘိသိတ်ပေးခဲ့သည်"

အမျိုးအစဉ်အဆက်
၃:၁၅ အတိုင်း ဤစကားလုံးများကို ဘာသာပြန်ပါ။

Leviticus 37

ဆက်စပ်သောဖော်ပြချက်
၇:၂၈ တွင် ဖော်ပြသောမိန့်မှာချက်၏ နောက်ဆုံးအပိုင်းဖြစ်သည်။

---

## Translation Questions

Leviticus 7:7

ဒုစရိုက်ဖြေရာ ပူဇော်သက္ကာနည်းတူ အဘယ်အရာကို ပူဇော်ခဲ့ရသနည်း။
ဒုစရိုက်ဖြေရာယဇ် ပူဇော်သက္ကာကဲ့သို့ အပြစ်ဖြေရာယဇ်ပူဇော်သက္ကာကို ပူဇော်ရသည်။

လူတစ်စုံတစ်ယောက်ပြုသော မီးရှို့ရာယဇ်ကောင်ကနေ အဘယ်အရာကို ယဇ်ပုရောဟိတ်သည် ယူရမည်နည်း။
ယဇ်ပုရောဟိတ်ပူဇော်သော ယဇ်ကောင်အရေကို ယူရသည်။

Leviticus 7:9

ဘယ်ပူဇော်သက္ကာကို ယဇ်ပုရောဟိတ် ပိုင်ဆိုင်သနည်း။
ဘောဇဉ်ပူဇော်သက္ကာကို ယဇ်ပုရောဟိတ် ပိုင်တော်မူ၏။

Leviticus 7:17

သုံးရက်မြောက်သော ယဇ်ကောင်အမဲသားကို မစားဘဲ မည်ကဲ့သို့ ပြုလုပ်ဖို့ရန် ရှိသနည်း။
သုံးရက်မြောက်သော ယဇ်ကောင်အမဲသားကို မစားဘဲ မီးရှို့ရမည်။

Leviticus 7:25

ငှက်သွေး၊ သားသွေး သို့မဟုတ် တိရစ္ဆာန်ဆီဥကို စားမိသောသူ မည်သူမဆို မည်ကဲ့သို့ ပြုလုပ်ဖို့ရန် ရှိသနည်း။
ငှက်သွေး၊ သားသွေး သို့မဟုတ် တိရစ္ဆာန်ဆီဥကို စားမိသောသူ တစ်စုံတစ်ယောက်ကို သူ၏ အမျိုးမှ ပယ်ရှင်းရမည်။

Leviticus 7:31

ဆီဥကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ပြီးနောက် မည်သည့်အရာကို ယဇ်ပုရောဟိတ်အား ပေးရဖို့ရန် ရှိသနည်း။
ဆီဥကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ပြီးနောက် လယ်ယာဘက် ပခုံးကို ယဇ်ပုရောဟိတ်အား ပေးရမည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 8

1 တဖန်ထာဝရဘုရားက၊ 2 သင်သည် အာရုန်နှင့် သူ၏သားများ၊ အဝတ်များ၊ လိမ်းရန်ဆီ၊ အပြစ်ဖြေရာ ယဇ်ဘို့ နွားထီး၊
သိုးထီးနှစ်ကောင်၊ တဆေးမဲ့ မုန့်တတောင်းကိုယူ၍- 3 ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့သို့ ပရိသတ်အပေါင်းကို
စည်းဝေးစေလော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ 4 မောရှေပြု၍၊ ပရိသတ်တို့သည် ပရိသတ်စည်းဝေးရာ
တဲတော်တံခါးရှေ့မှာ စည်းဝေးကြ၏။ 5 မောရှေကလည်း၊ ဤသို့ ထာဝရဘုရားမှာ ထားတော်မူပြီဟု ပရိသတ်တို့အား ပြောဆိုလျက်၊ 6
ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ အာရုန်နှင့် သူ၏သားတို့ကို ခေါ်ခဲ့၍ ရေချိုးပြီးလျှင်၊ 7 အာရုန်ကို အင်္ကျီဝတ်စေ၍၊
ခါးပန်းကို စည်းစေလေ၏။ ဝတ်လုံနှင့် သင်တိုင်းကိုလည်း ခြုံစေ၍၊ ထူးဆန်းသော သင်တိုင်းခါးစည်းဖြင့် စည်းလေ၏။ 8
ရင်ဖုံးကိုလည်း ဆင်စေ၍၊ ရင်ဖုံးအထဲ၌ ဥရိမ်နှင့် သုမိမ်ကို သွင်းထားလေ၏။ 9 သူ၏ခေါင်းပေါ်မှာ ဖေါင်းကိုတင်၍၊ သန့်ရှင်းသော
ရွှေသင်းကျစ်ပြားကို ဖေါင်းရှေ့၌ တပ်လေ၏။ 10 ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ မောရှေသည် လိမ်းရန်ဆီကိုယူ၍၊
တဲတော်နှင့် တဲတော် တန်ဆာရှိသမျှကို လိမ်းသဖြင့် သန့်ရှင်းစေ၏။ 11 ထိုဆီကို ယဇ်ပလ္လင်ပေါ်မှာ ခုနစ်ကြိမ် ဖြန်း၍၊
ယဇ်ပလ္လင်တန်ဆာရှိသမျှကိုင်း၊ အင်တုံနှင့် ခြေထောက်ကိုင်း၊ သန့်ရှင်စေခြင်းငှါ လိမ်းလေ၏။ 12 လိမ်းရန်ဆီကို
အာရုန်ခေါင်းပေါ်မှာ လောင်း၍ သူ့ကိုသန့်ရှင်းစေခြင်းငှါ လိမ်းလေ၏။ 13 အာရုန်၏သားတို့ကိုလည်း အင်္ကျီဝတ်စေ၍၊ ခါးပန်းကို
စည်းစေလျက်၊ ဦးထုပ်ကို ဆောင်းစေလေ၏။ 14 ထာဝရဘုရားမှာ ထားတော်မူသည်အတိုင်း၊ အပြစ်ဖြေရာယဇ်ဘို့ နွားထီးကို
ဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏သားတို့သည်၊ မိမိတို့လက်ကို နွားခေါင်းပေါ်မှာ တင်ကြ၏။ 15 နွားကိုသတ်၍၊ မောရှေသည်
ယဇ်ပလ္လင်ပတ်လည် ဦးချိုတို့၌ အသွေးကို လက်ညှိုးနှင့်ယူ၍ ထည့် သဖြင့်၊ ယဇ်ပလ္လင်ကို စင်ကြယ်စေပြီးမှ၊ ကြွင်းသော အသွေးကို
ယဇ်ပလ္လင်ခြေရင်းနား၌ သွန်၍၊ ထိုယဇ်ပလ္လင်ပေါ်မှာ အပြစ်ဖြေခြင်းကို ပြုမည်အကြောင်း သန့်ရှင်းစေ၏။ 16 အအူကိုဖုံးသော
ဆီဥရှိသမျှ၊ အသည်းပေါ်၌ရှိသော အမြှေး၊ ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ် ဆီဥကိုယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့လေ၏ 17 အရေ၊
အသား၊ ချေးနှနှင့်တကွ နွားကောင်ကို၊ တပ်ပြင်မှာ ရှို့ရ၏။ 18 ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ မီးရှို့ရာယဇ်ပြုသော
သိုးထီးကိုလည်း ဆောင်ခဲ့၍၊ အာရုန် နှင့် သူ၏သားတို့သည်၊ မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ကြ၏။ 19 သိုးကိုသတ်ပြီးလျှင်၊
မောရှေသည် အသွေးကို ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းလေ၏။ 20 သိုးကိုလည်း အပိုင်းပိုင်းဖြတ်ပြီးလျှင်၊ ခေါင်းမှစ၍
သားတများနှင့် ဆီဥကို မီးရှို့လေ၏။ 21 ဝမ်းထဲ၌ရှိသော အရာနှင့်ခြေတို့ကို ဆေးကြော၍၊ သိုးတကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ
မီးရှို့လေ၏။ မွှေးကြိုင်ရာဘို့ မီးရှို့သော ယဇ်ဖြစ်သတည်း။ မီးဖြင့် ထာဝရဘုရားအားပြုသော ပူဇော်သက္ကာ ဖြစ်သတည်း။ 22
ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ အခြားသောသိုး၊ အရာ၌ ခန့်ထားရာ သိုးကိုဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏သားတို့သည်
မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ကြ၏။ 23 သိုးကို သတ်ပြီးမှ၊ မောရှေသည် အသွေးကိုယူ၍၊ အာရုန်၏ လက်ျာနားပျဉ်း၌ငှင်း၊
လက်ျာလက်မ၌ ငှင်း၊ လက်ျာခြေမ၌ငှင်း၊ ထည့်လေ၏။ 24 အာရုန်၏ သားတို့ကိုလည်း ခေါ်ခဲ့၍၊ သူတို့လက်ျာနားပျဉ်း၊
လက်ျာလက်မ၊ လက်ျာခြေမတို့၌ အသွေးကိုထည့်ပြီးမှ၊ ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းလေ၏။ 25 ဆီဥ၊ အမြီး၊ အအူကို
ဖုံးသောဆီဥ၊ အသည်းပေါ်၌ ရှိသောအမြှေး၊ ကျောက်ကပ်နှစ်ခုနှင့် ကျောက် ကပ်ကိုဖုံးသော ဆီဥ၊ လက်ျာပခုံး၊- 26
ထာဝရဘုရားရှေ့တော်၌ ထားသော တဆေးမဲ့ မုန့်တောင်းထဲက တဆေးမဲ့ မုန့်တလုံး၊ ဆီနှင့် လုပ်သော မုန့်ပြားတပြား၊
မုန့်ကြွပ်တချပ်ကိုယူ၍၊ မုန့်များကို ဆီဥနှင့်လက်ျာ ပခုံးပေါ်မှာ ထည့်ပြီး လျှင်၊- 27 အာရုန်၏လက်၊ သူ၏သားတို့လက်၌ ထိုအရာတို့ကို
ထား၍၊ ထာဝရဘုရားရှေ့တော်၌၊ ချီလွှဲသဖြင့်၊ ချီလွှဲသော ပူဇော်သက္ကာပြုလေ၏။ 28 ထိုအရာတို့ကို သူတို့လက်မှခံယူ၍၊
ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်နှင့်အတူ ရှို့လေ၏။ မွှေးကြိုင် သော အနံ့ရှိ၍ အရာ၌ ခန့်ထားရာ ယဇ်ဖြစ်သတည်း။ ထာဝရဘုရားအား
မီးဖြင့်ပြုသော ပူဇော်သက္ကာ ဖြစ်သတည်း။ 29 ထိုနောက် မောရှေသည် ရင်ပတ်ကို ယူ၍၊ ထာဝရဘုရား ရှေ့တော်၌ ချီလွှဲသဖြင့်၊
ချီလွှဲသော ပူဇော်သက္ကာပြုလေ၏။ အရာ၌ ခန့်ထားရာ သိုး၏ ရင်ပတ်သည် မောရှေ၏အဘို့ ဖြစ်သတည်း။ 30 တဖန်
ယဇ်ပလ္လင်ပေါ်မှာရှိသော အသွေးနှင့် လိမ်းရန်ဆီကိုယူ၍ အာရုန်နှင့် သူ၏ အဝတ်၌ငှင်း၊ သူ၏သားတို့နှင့်သူတို့အဝတ်၌ငှင်း၊
ဖြန်းသဖြင့်၊ အာရုန်မှစ၍ သားများ၊ အဝတ်များတို့ကို သန့်ရှင်းစေ လေ၏။ 31 မောရှေသည်၊ အာရုန်နှင့် သူ၏သားတို့အားလည်း၊
ထိုသိုး၏ အသားကို ပရိသတ်စည်းဝေးရာ တဲတော် တံခါးနားမှာ ပြုတ်ကြလော့။ ထာဝရဘုရားက၊ အာရုန်နှင့် သူ၏သားတို့သည်
ထိုအသားကို စားရ ကြမည်ဟု ငါ့အား မှာထားတော်မူသည်အတိုင်း၊ ထိုအသားကိုငှင်း၊ အရာ၌ ခန့်ထားရာ မုန့်တောင်း
၌ရှိသောမုန့်ကိုငှင်း၊ ထိုအရပ်၌ စားကြလော့။ 32 ကျန်ကြွင်းသော အသားနှင့် မုန့်ကိုမီးရှို့ရမည်။ 33 သင်တို့ကို အရာ၌ ခန့်ထားရာ
ကာလခုနစ်ရက်မစေ့မှီ ပရိတ်သတ်စည်းဝေးရာ တဲတော်တံခါးပြင် သို့ မထွက်ရကြ။ ခုနစ်ရက်ပတ်လုံး အရာ၌ ခန့်ထားခြင်း မင်္ဂလာကို
ဆောင်ရကြမည်။ 34 ယနေ့ပြုသည်အတိုင်း သင်တို့အဘို့ အပြစ်ဖြေခြင်းကို ပြုမည်အကြောင်း ထာဝရဘုရား မှာထား တော်မူပြီ။ 35
ထိုကြောင့် သင်တို့သည် သေဘေးနှင့် ကင်းလွတ်ခြင်းငှါ၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား မှာ၊ ခုနစ်ရက်ပတ်လုံး
နေ့ညဉ့်မပြတ်နေ၍၊ ထာဝရဘုရား အမှုတော်ကို စောင့်ရကြမည်။ ထိုသို့ ငါ့အားမှာထားတော်မူပြီးဟု ဆင့်ဆိုသည်ဖြစ်၍- 36
မောရှေအားဖြင့် ထာဝရဘုရား မှာထားတော်မူသမျှအတိုင်း၊ အာရုန်နှင့် သူ၏သားတို့သည် ပြုကြ၏။

Leviticus 01

ယေဘုယျ အချက်အလက်
အခန်းကြီး ၈ တွင် မောရှေ၏ ထွက်မြောက်ရာကျမ်း၌ မှတ်တမ်းတင်ထားသော ထာဝရဘုရား၏ ပညတ်တော်အတိုင်း မောရှေသည် အာရုန်နှင့် သူ၏ သားများအား ယဇ်ပုရောဟိတ်အဖြစ် ဘိသိတ်ပေးခဲ့ကြောင်းဖော်ပြသည်။

အဝတ်များ
"ယဇ်ပုရောဟိတ်နှင့် ဆိုင်သော အဝတ်များ" သို့မဟုတ် "ယဇ်ပုရောဟိတ်များ ဝတ်သော အဝတ်အစားများ"

Leviticus 04

ထာဝရဘုရားမှာ ထားတော်မူပြီ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ငါတို့အား ပြုလုပ်ရန် ပညတ်တော်မူသည်။"

Leviticus 06

ရေချိုးပြီးလျှင်
ဤသည် သင်္ကေတလက္ခဏာ အပြုအမူ တစ်ခုဖြစ်သည်။ ၎င်းသည် အစဉ်အလာအရ ယဇ်ပုရောဟိတ်များဖြစ်လာရန်သူတို့ကို ပြင်ဆင်ပေးသော ဆေးကြောခြင်းတစ်ခုဖြစ်သည်။

သင်တိုင်း...ခါးစည်း...ဝတ်လုံ...ထူးဆန်းသောသင်တိုင်ခါးစည်း
သင်တိုင်းခါးစည်း... ဤအရာများသည် ယဇ်ပုရောဟိတ်အတွက် ပြုလုပ်ရန်လူတို့အား ထာဝရဘုရားပညတ်ထားတော်မူသော အထူး အဝတ်အစားဖြစ်သည်။

ခါးစည်း
ခါး သို့မဟုတ် ရင်ဘတ် ပတ်လည်တွင် ချည်ထားသောအဝတ်စပိုင်းရှည် တစ်ခု

စည်းလေ၏။
"သူ၏ ပတ်ပတ်လည်၌ ချည်ထားသည်။"

Leviticus 08

ရင်ဖုံးကိုလည်း ဆင်စေ၍
"မောရှေသည် အာရုန်၏ ရင်ဖုံးကို ဆင်တော်မူ၏။"

ရင်ဖုံး ..... ဖေါင်း...ရွှေသင်းကျစ်ပြား...သန့်ရှင်းသောဦးရစ်
ဤအရာများသည် ယဇ်ပုရောဟိတ်အတွက် ပြုလုပ်ရန်ထာဝရဘုရားက လူတို့အား ပညတ်တော်မူသော အထူးအဝတ်အစားများဖြစ်သည်။

ဥရိမ်နှင့် သုမိမ်
ရှင်းလင်းစွာ မသိရပါ။ ဘုရားအလိုတော်ကို ဆုံးဖြတ်ရာ၌ ယဇ်ပုရောဟိတ်များ သုံးသည့် ပစ္စည်းတစ်ခု ဖြစ်သည်။

ဖေါင်း
ခေါင်းပတ်ပတ်လည် ထုပ်ပိုးသော အဝတ်စပိုင်းရှည် တစ်ခုဖြစ်သည့် လူတစ်ယောက်၏ ခေါင်းဖုံး

သန့်ရှင်းသော ရွှေသင်းကျစ်ပြား
ဤစကားစု နှစ်စုသည် တူညီသောအရာတစ်ခုကို ရည်ညွှန်းသည်။ ၎င်းသည် ခေါင်းပေါင်းတွင် ပူးတွဲသောသန့်ရှင်းသော ရွှေပြားတစ်ခုဖြစ်သည်။

Leviticus 10

ယဇ်ပလ္လင်တန်ဆာရှိသမျှကို
ဤအရာများ ယဇ်ပလ္လင်သုံး ခက်ရင်း၊ ဂေါ်ပြား၊ ဒယ်အိုးနှင့် အိုးများဖြစ်သည်။

အင်တုံ
တဲတော်နှင့် ယဇ်ပလ္လင်ကြား တည်ရှိသော သတ္တုအင်တုံတစ်ခုဖြစ်သည်။

ခြေထောက်
အင်တုံထားသော ခြေထောက်တစ်ခုဖြစ်သည်။

Leviticus 12

လိမ်းလေ၏
"မောရှေသည် လိမ်းလေ၏။"

ခါးစည်းများ
ခါးစည်း၏ အများကိန်း ဖြစ်သည်။ ၈:၆ တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 14

ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍
ဤသည် ယဇ်ကောင်ဖြင့် ပူဇော်သောသူကို ကိုယ်စားပြုသောသင်္ကေတ အပြုအမူတစ်ခု ဖြစ်သည်။ ဤနည်းဖြင့် ထာဝရဘုရားအား သူ့ကိုယ်သူ တိရစ္ဆာန်အားဖြင့် ပူဇော်ရသည်။ ၁:၃ တွင် မည်သို့သို့ဘာသာပြန်ကြောင်းကြည့်ပါ။

ယဇ်ပလ္လင်ပတ်လည် ဦးချိုတို့
ဤသည် ယဇ်ပလ္လင်၏ ထောင့်များကို ရည်ညွှန်းသည်။ နွားထီး၏ ဦးချိုများကဲ့သို့ ပုံဖော်ထားသည်။ ၄:၆ တွင်မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

ဘုရားအတွက်ယဇ်ပလ္လင်
"ဘုရားအတွက် ယဇ်ပလ္လင်တည်ခြင်း"

အပြစ်ဖြေခြင်းကို ပြုမည်အကြောင်း
"အပြစ်ဖြေခြင်း" သည် ထာဝရဘုရားအစေခံခြင်း၌ အသုံးပြုရန်အတွက် သင့်တော်သော ယဇ်ပလ္လင်ကိုတည်ဆောက်ရန် ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်အတွက် သင့်လျော်သော မီးရှို့ပူဇော်သက္ကာနေရာကို ပြုလုပ်ရန်အလို့ငှါ"

Leviticus 16

အအူများ
ဤသည် အအူများနှင့် အစာအိမ် ဖြစ်သည်။ ၁:၇ တွင်မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

အသည်း.....ကျောက်ကပ်
၃:၃ တွင် ဘာသာပြန်သကဲ့သို့ ဘာသာပြန်ပါ။

အရေ
တိရ စ္ဆာန်၏ အရေခွံ

Leviticus 18

မိမိတို့လက်ကို ခေါင်းပေါ်မှာ တင်ကြ၏
ဤသည် တိရ စ္ဆာန်ယဇ်ကောင်ဖြင့် ပူဇော်သော အာရုန်နှင့်သားများကို ကိုယ်စားပြုသော သင်္ကေတ အပြုအမူတစ်ခုဖြစ်သည်။ ဤနည်းဖြင့် တိရိ စ္ဆာန်အားဖြင့် ထာဝရဘုရား အား သူတို့ကိုယ်သူတို့ ပူဇော်ရသည်။ ၁:၃ တွင် မည်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 20

သူသည်သိုးကိုပိုင်းဖြတ်သည်။
"မောရှေသည် သိုးကို ပိုင်းဖြတ်သည်။"

မွှေးကြိုင်စရာဘို့
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျက်ရှိ၏။ ၁:၇ တွင် မည်သို့ ဘာသာပြန်သည်ကို ကြည့်ပါ။

မီးဖြင့် ထာဝရဘုရားအားပြုသော ပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ၊"

Leviticus 22

အရာ၌ ခန့်ထားရာ သိုး (ရည်စူးလှူဒါန်းသောသိုး)
"ရည်စူးလှူဒါန်းခြင်း"စကားလုံးသည် စိတ္တဇနာမ် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရုန်အတွက်သိုး နှင့် ထာဝရဘုရားအား ဆက်သခြင်းအတွက်သူ၏ သားများ"

မိမိတို့လက်ကို ခေါင်းပေါ်မှာ တင်ကြ၏
ဤသည် တိရ စ္ဆာန်ယဇ်ကောင်ဖြင့် ပူဇော်သော အာရုန်နှင့်သားများကို ကိုယ်စားပြုသော သင်္ကေတ အပြုအမူတစ်ခုဖြစ်သည်။ ဤနည်းဖြင့် ထာဝရဘုရားအား သူတို့ကိုယ်သူတို့ တိရိ စ္ဆာန်အားဖြင့် ပူဇော်ရသည်။ ၁:၃ တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

မောရှေသည် အသွေးကိုယူ၍
တိရ စ္ဆာန်မှ စီးထွက်လာသော အသွေးကို မောရှေသည်ဇလုံဖြင့် ယူလာမည်ကို ရည်ညွှန်းသည်။ ဒီဇော်ပြချက်၏ ပြည့်စုံသောအဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်သည်။

Leviticus 25

အအူများ
ဤသည် အူနှင့်အစာအိမ်တို့ ဖြစ်သည်။ ၁:၇ တွင် မည်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

အသည်း... ကျောက်ကပ်
၃:၃ ကဲ့သို့ ဘာသာပြန်ပါ။

လက်ျာပခုံး (ပေါင်)
ပခုံး(ပေါင်)သည် ဒူးအပေါ်နားရှိ ခြေထောက်အပေါ်ပိုင်းအစိတ်အပိုင်းဖြစ်သည်။ ၇:၃၁ တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

ထာဝရဘုရားရှေ့တော်၌ ထားသော တဆေးမဲ့ မုန့်တောင်း
ဤသည် မုန့်တောင်း၏ တည်ရှိရာကို မရည်ညွှန်းပါ။ ထာဝရဘုရားအား မောရှေ ဆက်သသော မုန့်ကို ရည်ညွှန်းဆိုလိုသည်။

အာရုန်၏လက်၊ သူ၏သားတို့လက်၌ ထိုအရာတို့ကို ထား၍
"လက်"သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာရုန်နှင့် သူ၏ သားတို့အား ၎င်းတို့ကို ပေးခဲ့သည်"

ထာဝရဘုရားရှေ့တော်၌၊ ချီလွှဲသဖြင့်၊ ချီလွှဲသော ပူဇော်သက္ကာပြုလေ၏။
အာရုန်နှင့် သူ၏သားတို့သည် ပူဇော်သက္ကာကို ကိုယ်စားပြုသည်။ ဒီဇော်ပြချက်၏ ပြည့်စုံသောအဓိပ္ပါယ်ကိုရှင်းရှင်းလင်းလင်းဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်ထာဝရဘုရားရှေ့တော်၌၊ ချီလွှဲသဖြင့်၊ ချီလွှဲသော ပူဇော်သက္ကာပြုလေ၏။"

သူတို့ကိုချီလွှဲခဲ့သည်
ဤသည် ထာဝရဘုရားအား ပူဇော်သက္ကာကို ဖော်ပြသောသင်္ကေတ အပြုအမူတစ်ခုဖြစ်သည်။

Leviticus 28

မောရှေသူတို့ကိုယူဆောင်ခဲ့သည်
ဒီမှာ "သူတို့" ဆိုတာ မုန့်အားလုံးနှင့် သိုးဆီဦ၊ ပေါင်မုန့်တို့ကို ရည်ညွှန်းသည်။

သူတို့လက်မှ
"လက်"ဆိုသည်မှာ တစ်ကိုယ်လုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရုန်နှင့် သူ၏သားများမှ"

အရာ၌ ခန့်ထားရာ ယဇ်ဖြစ်သတည်း
"သူတို့သည် အာရုန်အတွက် ပူဇော်သက္ကာနှင့် ထာဝရဘုရားအား အစေခံရန်အတွက် သူ၏ သားများ"

ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာ"

မွှေးကြိုင်စရာဘို့
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျက်ရှိ၏။ ၁:၇ တွင်ဘယ်လိုဘာသာပြန်သည်ကို ကြည့်ပါ။

ရင်ပတ်
လည်ပင်းအောက်ရှိ တိရ စ္ဆာန်ကိုယ်ခန္ဓာ၏ အရှေ့ဘက်အစိတ်အပိုင်း

အရာ၌ ခန့်ထားရာ
တစ်စုံတစ်ယောက်က ယဇ်ပုရောဟိတ် ပြုလုပ်ရသည့်တရားဝင် အခမ်းအနားတစ်ခု။

Leviticus 31

အရာ၌ ခန့်ထားရာ မုန့်တောင်း
ဤသည် အာရုန်နှင့်သားများ လှူဒါန်းစဉ်အသုံးပြုသောပူဇော်သက္ကာတွင် ပါဝင်သည့် မုန့်တောင်း (ခြင်းတောင်း)ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုန့်တောင်း" သို့မဟုတ် "ခြင်းတောင်း"

အာရုန်နှင့် သူ၏သားတို့သည် ထိုအသားကို စားရ ကြမည်ဟု ငါ့အား မှာထားတော်မူသည်အတိုင်း
တိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက်ဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အား ပြုလုပ်ရန် ပညတ်ထားသကဲ့သို့"

သင်တို့ကို အရာ၌ ခန့်ထားရာ ကာလရက်မစေ့မှီ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်အား ခန့်ထားရာနေ့ရက် ပြည့်စေသည့်တိုင်"

အရာ၌ ခန့်ထားရာ
ယဇ်ပုရောဟိတ်ပြုလုပ်ရသော တရားဝင် အခမ်းအနားတစ်ခု။ ၈:၂၈ တွင် မည်သို့ ဘာသာပြန်ကြောင်း ကြည့်ပါ။

Leviticus 34

ပြုမည်အကြောင်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ ပြုလုပ်ရန်၊"

အပြစ်ဖြေခြင်းကို ပြုမည်အကြောင်း
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အပြစ်အတွက် အပြစ်ဖြေရန်၊"

ထိုသို့ ငါ့အားမှာထားတော်မူပြီ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤတွင် သူသည် ငါ့အားပညတ်ထားသောအရာဖြစ်သည်။"

---

## Translation Questions

Leviticus 8:1

တစုံတခုကို ပူဇော်သောအခါ၊- 9 ထာဝရဘုရားအား ပူဇော်သက္ကာပြုခြင်းငှါ၊ ပရိသတ်စည်းဝေးရာ တံခါးသို့ မဆောင်ခဲ့လျှင်၊ ထိုသူကို
သူ၏အမျိုးမှ ပယ်ရှင်းရမည်ဟု သူတို့အား ဆင့်ဆိုရမည်။ 10 ဣသရေလအမျိုးသားမှစ၍၊ သင်တို့တွင် တည်းနေသော
တပါးအမျိုးသား တစုံတယောက်သည်၊ အသွေး တမျိုးမျိုးကို စားလျှင်၊ ထိုသူကို ငါသည် မျက်နှာထား၍ သူ၏ အမျိုးမှ
ပယ်ရှင်းမည်။ 11 အကြောင်းမူကား၊ ကိုယ်ခန္ဓာ အသက်သည် အသွေး၌ တည်၏။ သင်တို့ပြုသောအပြစ်ကို ဖြေစေ ခြင်းငှါ၊
ထိုအသွေးကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ငါပေးပြီ။ လူအပြစ်ကို ဖြေသောအရာကား၊ အသွေး ဖြစ်သတည်း။ 12 ထို့ကြောင့်
သင်တို့၌ အဘယ်သူမျှ အသွေးကို မစားရ။ သင်တို့တွင် တည်းနေသော တပါးအမျိုး သားလည်း အသွေးကို မစားရဟု
ဣသရေလအမျိုးသားတို့အား ငါ့အမိန့်တော်ရှိ၏။ 13 ဣသရေလအမျိုးသားမှစ၍ သင်တို့တွင် တည်းနေသော တပါးအမျိုးသား
တစုံတယောက်သည်၊ မုဆိုးလုပ်၍ စားစရာဘို့ သား၊ ငှက်ကို ဘမ်းမိလျှင်၊ အသွေးကို သွန်၍ မြေနှင့်ဖုံးရမည်။ 14 အသွေးသည်
ခပ်သိမ်းသော ကိုယ်ခန္ဓာ အသက်ရှင်ရာအကြောင်း ဖြစ်၏။ ထို့ကြောင့် သင်တို့သည် တစုံတခုသော ကိုယ်ခန္ဓာ၏ အသွေးကို မစားရဟု
ဣသရေလအမျိုးသားတို့အား ငါ့အမိန့်တော်ရှိ၏။ ခပ်သိမ်းသော ကိုယ်ခန္ဓာအသက်သည် အသွေး၌ တည်သောကြောင့်၊ အသွေးကို
စားသောသူ မည်သည်ကား၊ ပယ်ရှင်းခြင်းကို ခံရမည်။ 15 အလိုလို သေသောအကောင်၊ သားရဲကိုက်၍သေသော
အကောင်၏အသားကို စားသော ကိုယ် အမျိုးသား၊ တပါးအမျိုးသား မည်သည်ကား၊ စားလျှင် မိမိအဝတ်ကိုလျှော်၍ ကိုယ်ကို
ရေချိုးရမည်။ ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ ထိုနောက် စင်ကြယ်ခြင်းရှိ၏။ 16 အဝတ်ကို မလျှော် ရေမချိုးလျှင်၊
ကိုယ်အပြစ်ကို ကိုယ်ခံရမည်ဟု ထာဝရဘုရားသည် ပညတ်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 18

1 တဖန်မောရှေအား ထာဝရဘုရားက၊- 2 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ငါသည် သင်တို့၏ ဘုရားသခင်
ထာဝရဘုရား ဖြစ်၏။ 3 သင်တို့ နေဘူးသော အဲဂုတ္တုပြည်၏ အကျင့်ကိုင်၊ သင်တို့ကို ငါပို့ဆောင်လတံ့သော ခါနာန်ပြည်၏
အကျင့်ကိုင်၊ သင်တို့သည် မကျင့်၊ သူတို့ တရားလမ်းသို့ မလိုက်ရကြ။ 4 ငါစီရင်ချက်ရှိသည်အတိုင်း ကျင့်၍၊
ငါ့ပညတ်တရားလမ်းသို့ လိုက်ခြင်းငှါ စောင့်ရှောက်ရကြမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 5 ထိုကြောင့်
ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ရကြမည်။ ထိုအကျင့်ကို ကျင့်သောသူသည် ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်။ ငါသည်
ထာဝရဘုရားဖြစ်၏။ 6 သင်တို့တွင် အဘယ်သူမျှ ကိုယ်ပေါက်ဘော်တော်သောသူကို ချဉ်း၍ သံဝါသမပြုရ။ ငါသည်
ထာဝရဘုရားဖြစ်၏။ 7 သင်၏ အဘနှင့်သာဆိုင်သော သင်၏ အမိကို မချဉ်းရ။ ကိုယ်အမိ ဖြစ်သောကြောင့် သံဝါသမပြုရ။ 8
ကိုယ်အဘ၏ မယားမည်သည်ကို မချဉ်းရ။ အဘနှင့်သာဆိုင်၏။ 9 တအိမ်မ်တည်း၌ မွေးဘွားသည်ဖြစ်စေ၊ အခြားသော အရပ်၌
မွေးဘွားသည်ဖြစ်စေ၊ သင်၏ နှမကို မချဉ်းရ။ 10 ကိုယ်ရင်သွေးဖြစ်သော သင်၏မြေးကို မချဉ်းရ။ 11 အမိခြားသော်လည်း
တဘတည်းဖြစ်သော နှမကို မချဉ်းရ။ 12 သင့်အဘ၏ ပေါက်ဘော်ရင်းဖြစ်သော အဘ၏ နှမကိုင်၊ 13 သင့်အမိ၏
ပေါက်ဘော်ရင်းဖြစ်သော အမိ၏ ညီအစ်မကိုင်၊ 14 အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော မိကြီး မိထွေးဖြစ်သော အဘ၏ ညီအစ်ကို
မယားကိုင်၊ 15 သား၏မယားတည်းဟူသော ချွေးမကိုင်၊ 16 ညီအစ်ကိုနှင့်သာဆိုင်သော ညီအစ်ကို၏ မယားကိုင်၊ မချဉ်းရ။ 17
ကိုယ်မယား၏ ပေါက်ဘော်ရင်းဖြစ်သော မယား၏သမီး၊ မယား၏ မြေးကို မချဉ်းရ။ မတရားသောအမှုဖြစ်၏။ 18 ကိုယ်မယားကို
နှောင့်ရှက်ခြင်းငှါ သူအသက်ရှင်စဉ်တွင် သူ၏ ညီအစ်မကို မသိမ်းရ။ 19 ဥတုရောက်၍ မစင်ကြယ်သော မိန်းမကိုလည်း မချဉ်းရ။ 20
ကိုယ်ကို ညစ်ညူးစေလျက်၊ သူ့မယားကို မပြစ်မှားရ။ 21 သင်၏ သားသမီးတို့ကို၊ မောလုတ်ဘုရားအား မီးဖြင့် ပူဇော်ရ။ သင်၏
ဘုရားသခင် နာမတော်ကို မရှုတ်မချရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 22 မိန်းမနှင့် ပေါင်းဘော်သကဲ့သို့ ယောကျ်ားချင်း
မပေါင်းဘော်ရ။ ရွံရှာဘွယ်အမှုဖြစ်၏။ 23 ကိုယ့်ကိုကိုယ် ညစ်ညူးစေ၍ တိရစ္ဆာန်နှင့်မပေါင်းဘော်ရ။ မိန်းမသည်လည်း မိမိနှင့်
တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကို မခံရ။ ရွံရှာဘွယ်သော ရောနှောခြင်းဖြစ်၏။ 24 ထိုသို့သော အမှုအားဖြင့် ကိုယ်ကို ကိုယ်
မညစ်ညူးစေရ။ သင်တို့ရှေ့မှာ ငါနှင်ထုတ်သော လူအမျိုး မျိုးတို့သည်၊ ထိုသို့သောအမှုကို ပြု၍ ညစ်ညူးကြ၏။ 25 သူတို့
ပြည်သည်လည်း ညစ်ညူး၏။ ညစ်ညူးသော အပြစ်ကြောင့် ငါဆုံးမ၍၊ ထိုပြည်သည် မိမိ သားတို့ကို အော့အန်လိမ့်မည်။ 26
သင်တို့မူကား၊ ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ရကြမည်။ ထိုပြည်သည် သင်တို့ရှေ့၌ရှိသော လူအမျိုးမျိုးတို့ကို
အော့အန်သကဲ့သို့ တဖန် ညစ်ညူးခြင်းကိုခံ၍၊ သင်တို့ကို မအော့အန်စေခြင်းငှါ၊ ကိုယ်အမျိုးသားဖြစ်စေ၊ 27 သင်တို့တွင်
တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ ထိုသို့သော ရွံ့ရှာဘွယ် အမှုတို့ကို မပြုရ။ 28 သင်တို့ရှေ့၌ရှိသော ပြည်သားတို့သည်
ထိုသို့သော ရွံ့ရှာဘွယ်အမှုတို့ကို ပြုသော အားဖြင့် သူတို့ပြည်သည် ညစ်ညူးခြင်းရှိ၏။ 29 ထိုသို့သော ရွံ့ရှာဘွယ်အမှုတို့ကို
ပြုသောသူ မည်သည်ကား၊ သူ၏အမျိုးမှ ပယ်ရှင်းခြင်း ခံရမည်။ 30 သို့ဖြစ်၍ သင်တို့ရှေ့၌ ပြုဘူးသော ထိုရွံ့ရှာဘွယ် ထုံးစံဓလေ့သို့
သင်တို့သည် လိုက်၍၊ ကိုယ့်ကိုကိုယ် မညစ်ညူးစေခြင်းငှါ၊ ငါ့ပညတ်တရားကို စောင့်ရှောက်ရကြမည်။ ငါသည် သင်တို့၏
ဘုရားသခင် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 တဖန်မောရှေအား ထာဝရဘုရားက၊ 2 သင်သည် ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့၏
ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့်၊ သင်တို့လည်း သန့်ရှင်းခြင်းရှိကြလော့။ 3 လူတိုင်း ကိုယ်မိဘကို
ရိုသေရမည်။ ငါ့ဥပုသ်နေ့တို့ကိုလည်း စောင့်ရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 4 ရုပ်တုဆင်းတုကိုလည်း
မချဉ်းမကပ်ရ။ ကိုယ်အဘို့သွန်းသော ဘုရားတို့ကို မလုပ်ရ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 5
မိဿဟာယယဇ်ကို ထာဝရဘုရားအား ပူဇော်လျှင်၊ စိတ်တော်နှင့်တွေ့အောင် ပူဇော်ရမည်။ 6 ပူဇော်သောနေ့နှင့် နက်ဖြန်နေ့၌
စားရမည်။ သန်ဘက်နေ့တိုင်အောင် ကျန်ကြွင်းလျှင် မီးရှို့ရမည်။ 7 သန်ဘက်နေ့၌ အနည်းငယ်ကိုမျှ စားလျှင် ရွံရှာဘွယ်ဖြစ်၏။
စိတ်တော်နှင့်မတွေ့။ 8 စားသောသူသည် ထာဝရဘုရား၏ သန့်ရှင်းသောအရာကို ရှုတ်ချသောကြောင့် မိမိအပြစ်ကို ခံရမည်။ ထိုသူကို
သူ၏အမျိုးမှ ပယ်ရှင်းရမည်။ 9 ကိုယ်မြေ၌ဖြစ်သော စပါးကိုရိတ်သောအခါ၊ လယ်ထောင့်တို့ကို အကုန်အစင် မရိတ်ရ။ သိမ်းရာတွင်
ကျန်ကြွင်းသော အရာကို ပြန်၍ မကောက်မသိမ်းရ။ 10 ကိုယ်စပျစ်သီးကိုလည်း အကုန်အစင် မသိမ်းရ။ ကျန်ကြွင်းသော အသီးကို
ပြန်၍ မဆွတ်ရ။ ထိုအသီးကို ဆင်းရဲသောသူ ဧည့်သည် အာဂန္တုအဘို့ ချန်ခြွင်းရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား
ဖြစ်၏။ 11 သူ့ဥစ္စာကို မခိုးရ။ သူတပါးကို မလှည့်စားရ။ တယောက်ကိုတယောက် မုသာစကားမပြောရ။ 12 ငါ့နာမကို တိုင်တည်၍
မဟုတ်မမှန်ဘဲ ကျိန်ဆိုခြင်းကို မပြုရ။ သင်၏ ဘုရားသခင်နာမကို မရှုတ် မချရ။ ငါသည် ထာဝရဘုရား ဖြစ်၏။ 13
ကိုယ်နှင့်စပ်ဆိုင်သော သူ၏ဥစ္စာကို မတရားသဖြင့် မသိမ်းရ။ အနိုင်အထက်ပြု၍ မယူရ။ သူငှါးခံ ထိုက်သော အခကို တည၌လုံး
နံနက်တိုင်အောင် မထားရ။ 14 နားပင်းသော သူကို မကျိန်ဆဲရ။ မျက်စိမမြင်သောသူရှေ့မှာ ထိမိ၍ လဲစရာကို မထားရ။ သင်၏
ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 15 တရားတွေ့သည်အမှုမှာ မတရားသဖြင့် မစီရင်ရ။
ဆင်းရဲသောသူဘက်၌ မငဲ့ကွက်၊ ကြီးသောသူ၏ မျက်နှာကို မထောက်ဘဲ၊ ကိုယ်အမျိုးသားချင်းကို တရားသဖြင့် စီရင်ရမည်။ 16
သူ့အသရေပျက်သော သိတင်းကို ကြားပြောခြင်းငှါ၊ ကိုယ်အမျိုးသားချင်းတို့တွင် မလှည့်လည်ရ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို
သေစေခြင်းငှါ မကြံစည်ရ။ ငါသည် ထာဝရဘုရား ဖြစ်၏။ 17 သင်၏ ညီအစ်ကိုကို စိတ်အခုအခံမရှိရ။ ကိုယ်နှင့် စပ်ဆိုင်သော
သူ၌ရှိသော အပြစ်ကို တတ်တိုင်း မရှိစေဘဲ၊ သူ့ကို အမှန်ဆုံးမရမည်။ 18 သင့်အမျိုးသားချင်းသည် သင့်ကို ပြစ်မှားလျှင်၊ ကိုယ်တိုင်
အပြစ်ပြန်၍ မတုံ့ရ။ အငြိုးမထားရ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 19 ငါ၏
ပညတ်တရားကို သင်တို့သည် စောင့်ရကြမည်။ အမျိုးခြားသော တိရစ္ဆာန် အထီးအမတို့ကို မရှက်မတင်စေရ။ ခြားနားသော မျိုးစေ့ကို
ရောနှော၍ လယ်၌ မကြဲရ။ ဝါနှင့်သိုးမွေး ရော၍ ရက်သောအဝတ်ကို မဝတ်ရ။ 20 ထိမ်းမြားဆောင်နှင်းလျက်၊ မရွေးမလွှတ်သေးသော
ကျွန်မိန်းမနှင့် သင့်နေသောသူသည် ရိုက်နှက် ခြင်းကို ခံရမည်။ ထိုမိန်းမသည် သူ့ကျွန်ဖြစ်သောကြောင့် သေပြစ်နှင့် လွတ်ရမည်။ 21
ယောကျ်ားသည်လည်း၊ ဒုစရိုက်ဖြေရာယဇ်ဘို့ သိုးထီးတကောင်ကို ပရိသတ်စည်းဝေးရာ တဲတော် တံခါးနား ထာဝရဘုရားထံတော်သို့
ဆောင်ခဲ့ရမည်။ 22 ထိုယောကျ်ားပြုမိသောအပြစ်ကို ဖြေခြင်းငှါ၊ ဒုစရိုက်ဖြေရာယဇ် သိုးကို၊ ယဇ်ပုရောဟိတ်သည်
ထာဝရဘုရားရှေ့မှာ ပူဇော်ရမည်။ ထိုယောကျ်ားသည် အပြစ်လွတ်ခြင်းသို့ ရောက်လိမ့်မည်။ 23 သင်တို့သည် ငါပေးသောပြည်သို့
ရောက်၍၊ စားအပ်သော အပင်အမျိုးမျိုးကို စိုက်ပြီးမှ၊ သုံးနှစ်ပတ် လုံးသီးသော အသီးကို၊ အရေဖျားလှီးခြင်းကို မခံသော အသီးဟူ၍
မှတ်ရမည်။ ထိုအသီးကို မစားရ။ 24 စတုတ္ထနှစ်တွင် သီးသောအသီးရှိသမျှသည် သန့်ရှင်း၍၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း
ဘို့ရာ ဖြစ်ရမည်။ 25 ပဉ္စမနှစ်တွင် သီးသောအသီးကို စားရမည်။ ထိုသို့ပြုလျှင် အပင်တို့သည် သာ၍ သီးကြလိမ့်မည်။ ငါသည်
သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 26 အသွေးပါသော အသေကောင်ကို မစားရ။ မကောင်းသော အတတ်ကို မပြုစုရ။
ကာလဗေဒင်ကို မကြည့်ရ။ 27 ဦးခေါင်းအနားပတ်လည်၌ ဆံပင်ကိုဝန်း၍ မရိတ်ရ။ ပါးမုန်းကိုလည်း မရိတ်ရ။ 28 သေသောသူအတွက်
ကိုယ်အသားကို မခုတ်မရှရ။ သံပူမထိုးရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 29 ကိုယ်သမီးကို ပြည်တန်ဆာဖြစ်စေခြင်းငှါ မရှုတ်မချရ။
သို့ပြုလျှင် တပြည်လုံးသည် မတရားသော မေထုန်သို့လိုက်၍၊ အဓမ္မအမှုနှင့် ပြည့်လိမ့်မည်။ 30 ငါ့ဥပုသ်နေ့တို့ကို စောင့်၍၊
ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 31 ကိုယ်ကိုကိုယ် ညစ်ညူးစေခြင်းငှါ၊ နတ်ဝင်သူကို မမှီဝဲရ။
စုန်းလုပ်သူကိုလည်း မရှာဖွေရ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 32 ဆံပင်ဖြူသောသူရှေ့မှာ ထရမည်။
အသက်ကြီးသောသူ၏ မျက်နှာကို ရိုသေရမည်။ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 33 သင်၏
ပြည်၌ တည်းနေသော ဧည့်သည်ကို မညှဉ်းဆဲရ။ 34 သင်နှင့်အတူနေသော ဧည့်သည်ကို ကိုယ်အမျိုးသားချင်းကဲ့သို့ မှတ်ရမည်။
ကိုယ်နှင့်အမျှ ချစ်ရမည်။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။
35 တိုင်းထွာသောအမှု၊ ချိန်တွယ်သောအမှု၊ ခြင်တွက်သောအမှု၌ မတရားစွာ မပြုရ။ 36 မှန်သောချိန်ခွင်၊ မှန်သောအလေး၊
မှန်သောဧဖာ၊ မှန်သောဟိန်တို့ကို သုံးရမည်။ ငါသည်သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်တို့၏
ဘုရားသခင်ထာဝရဘုရားဖြစ်၏။ 37 သင်တို့သည် ငါ့စီရင်ထုံးဖွဲ့ချက် အလုံးစုံတို့ကို စောင့်ရှောက်ရကြမည်။ ငါသည် ထာဝရဘုရား
ဖြစ်သည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 20

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 2 ဣသရေလအမျိုးသားဖြစ်စေ၊
ဣသရေလအမျိုး၌ တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည်
အသေသတ်ခြင်းကို အမှုန်ခံရမည်။ ပြည်သားတို့လည်း ခဲနှင့် ပစ်ရကြမည်။ 3 ငါ့သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေလျက်၊
ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချလျက်၊ မိမိ သားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူကို၊ ငါသည် မျက်နှာထား၍ သူ၏
အမျိုးမှ ပယ်ရှင်းမည်။ 4 မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သော သူကို ပြည်သားတို့သည် အမှုမထား မသတ်ဘဲ နေလျှင်၊- 5
ထိုသို့ နေသောသူနှင့် သူ၏ အိမ်သူအိမ်သားတို့ကို ငါသည် မျက်နှာထား၍ ထိုသူကိုငင်း၊ သူနှင့်အတူ မောလုတ်ဘုရားထံ၍
မှားယွင်းသောသူကိုငင်း၊ သူတို့အမျိုးမှ ပယ်ရှင်းမည်။ 6 လမ်းလွှဲ၍ နတ်ဝင်သူ၊ စုန်းလုပ်သူနောက်သို့ လိုက်လျက်၊ မှားယွင်းသောသူကို
ငါသည် မျက်နှာထား၍ သူ၏ အမျိုးမှ ပယ်ရှင်းမည်။ 7 သင်တို့၏ ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့်၊
သင်တို့သည် ကိုယ်ကိုသန့်ရှင်း စေ၍၊ သန့်ရှင်းခြင်းရှိကြလော့။ 8 ငါ့နည်းနိသယတို့ကို ကျင့်ဆောင်ရကြမည်။ ငါသည် သင်တို့ကို
သန့်ရှင်းစေသော ထာဝရဘုရား ဖြစ်၏။ 9 မိဘကို ကျိန်ဆဲသောသူတိုင်း အသေသတ်ခြင်းကို အမှုန်ခံရမည်။ မိဘကို
ကျိန်ဆဲသောကြောင့် သေထိုက်သော အပြစ်ရှိ၏။ 10 သူ့မယားကို ပြစ်မှားသောသူသည် မှားယွင်းသော မိန်းမနှင့်တကွ
အသေသတ်ခြင်းကို အမှုန်ခံရမည်။ 11 ကိုယ်အဘ၏ မယားနှင့်သင့်နေသောသူသည် အဘနှင့်သာဆိုင်သောအရာကို
ပြစ်မှားသောကြောင့်၊ ထိုမိန်းမနှင့်တကွ အသေသတ်ခြင်းကို အမှုန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။ 12 ယောက်ျားသည်
ကိုယ်ချွေးမနှင့် သင့်နေလျှင်၊ ထိုသူနှစ်ယောက်တို့သည် ရွံရှာဘွယ်သော ရောနှောခြင်း ကို ပြုသောကြောင့် အသေသတ်ခြင်းကို
အမှုန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။ 13 မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောက်ျားခြင်းပေါင်းဘော်လျှင်
ထိုသူနှစ်ယောက်တို့သည်၊ ရွံရှာဘွယ် သောအမှုကို ပြုသောကြောင့်၊ အသေသတ်ခြင်းကို အမှုန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။
14 ယောက်ျားသည် သမီးနှင့်အမိကို မယားပြုလျှင်၊ မတရားသောအမှုဖြစ်၏။ သင်တို့တွင် မတရားသော အမှုမရှိစေခြင်းငှါ၊
ထိုသူသုံးယောက်တို့ကို မီးရှို့ရမည်။ 15 ယောက်ျားသည် တိရစ္ဆာန်နှင့် ပေါင်းဘော်လျှင် အသေသတ်ခြင်းကို အမှုန်ခံရမည်။
ထိုတိရစ္ဆာန်ကို လည်း သတ်ရမည်။ 16 မိန်းမသည်လည်း၊ မိမိနှင့်တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကိုခံလျှင်၊ ထိုမိန်းမနှင့် တိရစ္ဆာန်သည်
အသေသတ်ခြင်းကို အမှုန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။ 17 ယောက်ျားသည် အဘ၏သမီး၊ အမိ၏သမီးဖြစ်သော
မိမိနှမနှင့်သင့်နေလျှင်၊ မတရားသော အမှုဖြစ်၏။ ထိုသူတို့သည် အမျိုးသားချင်းတို့ ရှေ့မှောက်၌ ပယ်ရှင်းခြင်းကို ခံရကြမည်။
ထိုယောက်ျား သည် နှမနှင့်သင့်နေသောကြောင့်၊ မိမိအပြစ်ကို ခံရမည်။ 18 ယောက်ျားသည် ဥတုရောက်လျက်ရှိသော
မိန်းမနှင့်သင့်နေလျှင်၊ ထိုသူတို့သည် သဘောတူ၍ သွေး သွန်အနာကို ထင်ရှားစေသောကြောင့်၊ သူတို့အမျိုးမှ ပယ်ရှင်းခြင်းကို
ခံရကြမည်။ 19 အဘ၏နှမ၊ အမိ၏ညီမနှင့်မသင့်မနေရ။ ထိုသို့သော ပေါက်ဘော်ရင်းနှင့် သင့်နေသောသူတို့သည် မိမိအပြစ်ကို
ခံရကြမည်။ 20 အဘ၏ ညီအစ်ကိုမယားနှင့် သင့်နေလျှင်၊ အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော အရာကို ပြစ်မှား သောကြောင့်၊
ထိုသူတို့သည် မိမိအပြစ်ကိုခံရသဖြင့်၊ တသက်လုံးသားမရဘဲ နေရလိမ့်မည်။ 21 ညီအစ်ကို၏ မယားနှင့် သင့်နေလျှင်
ညစ်ညူးသောအမှုဖြစ်၏။ ညီအစ်ကိုနှင့်သာ ဆိုင်သောအရာ ကိုပြစ်မှားသောကြောင့် ထိုသူတို့သည် သားမရဘဲနေရလိမ့်မည်။ 22
သင်တို့ကို ငါ ပို့ဆောင်၍ နေရာချသော ပြည်သည် မအော့အန်စေခြင်းငှါ၊ သင်တို့သည် ငါစီရင် ထုံးဖွဲ့သမျှတို့ကို ကျင့်ဆောင်ရမည်။ 23
သင်တို့ရှေ့မှ ငါနှင်ထုတ်သော လူအမျိုးမျိုးတို့၏ ဘာသာဓလေ့သို့ မလိုက်ရ။ သူတို့သည် ထိုသို့သော အမှုခပ်သိမ်းတို့ကို
ပြုသောကြောင့် ငါရွံရှာ၏။ 24 သူတို့ပြည်တည်းဟူသော နို့နှင့်ပျားရည်စီးသောပြည်ကို သင်တို့သည် အမွေခံစေခြင်းငှါ ငါအပိုင်ပေး
မည်ဟု ငါ့အမိန့်တော်ရှိပြီ။ ငါသည် သင်တို့ကို အခြားသော အမျိုးနှင့်ခွဲထားသော သင်တို့ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 25
ထိုအကြောင်းကြောင့်၊ စင်ကြယ်သောသား၊ မစင်ကြယ်သောသား၊ စင်ကြယ်သောငှက်၊ မစင်ကြယ် သောငှက်တို့ကို ပိုင်းခြားရမည်။
ငါခွဲထားသည်အတိုင်း၊ မစင်ကြယ်သောသား၊ ငှက်၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်တစုံတခုအားဖြင့် ကိုယ်ကိုကိုယ် ရွံရှာဘွယ်
မဖြစ်စေရ။ 26 ငါထာဝရဘုရား သန့်ရှင်းသည်ဖြစ်၍၊ သင်တို့ကို ငါအလိုရှိသဖြင့်၊ အခြားသော အမျိုးနှင့် ခွဲထားသောကြောင့်၊ ငါ့အဘို့
သန့်ရှင်းခြင်းရှိရကြမည်။ 27 ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ နတ်ဝင်သောသူ၊ စုန်းလုပ်သောသူသည် အသေသတ်ခြင်းကို
အမှုန်ခံရမည်။ ထိုသို့သောသူကို ခဲနှင့်ပစ်ရကြမည်။ သူ၌ သေထိုက်သော အပြစ်ရှိသည်ဟု မိန့်တော်မူ၏။

---

Leviticus 01

မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည်
မောလုတ်ဘုရားကိုကိုးကွယ်သောသူတို့သည်
သူတို့ကလေးများကိုမီးဖြင့်မောလုတ်ဘုရားအားပူဇော်ကြသည်။

ဖော်ပြချက်အဓိပ္ပါယ်အပြည့်စုံကိုရှင်းရှင်းလင်းလင်းဖော်ပြနိုင်ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောလုတ်ဘုရားအား
ပူဇော်ရန်အတွက်သားသမီးများကိုသတ်သည်။"


generated on Sun Jun 30 02:37:40 2024

ဆက်ကပ်သောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။
ပြည်သားတို့လည်း ခဲနှင့် ပစ်ရကြမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ပြည်သားတို့သည်သူ့ကိုခဲနှင့်အသေသတ်ရမည်။"

Leviticus 03

ငါသည်ထိုသူ့ကို ဆန့်ကျင်၍ မျက်နှာထားမည်။
"ဆန့်ကျင်၍ မျက်နှာထား"စကားစုသည် "ဆန့်ကျင်ရန်" သို့ "အတိုက်ခံလုပ်ရန်" ဟူ၍အဓိပ္ပယ်ရှိသော အသုံးနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်သူ့ကိုငြင်းပယ်မည်" သို့မဟုတ် "ငါသည် သူ့ကို အတိုက်အခံလည်း လုပ်မည်။"

သူသည်သူ့သားကိုပေးအပ်ပြီ
"သူသည်သူ့သားကို ယဇ်ပူဇော်ခဲ့ပြီ။"

ငါ့သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေလျက်၊ ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချလျက်
"ထိုအရာကိုပြုလုပ်ခြင်းဖြင့် သူသည် ငါ့သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေလျက် ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချသည်။"

ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချလျက်
ဘုရားနာမသည် ဘုရားနှင့် ဂုဏ်သတင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ဂုဏ်သတင်းကို မရိုသေမလေးစား" သို့မဟုတ် "ငါကို မရိုသေမလေးစား"

သူတို့မျက်စိများကိုပိတ်ကြသည်။
"သူတို့မျက်စိများကိုပိတ်ရန်"စကားစုသည် သူတို့ "မမြင်နိုင်ကြ"ကိုစောင်းပြောပြီး နားလည်ဖို့ရန်သူတို့၏မစွမ်းဆောင်နိုင်မှုကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂရုမစိုက်ခြင်း" သို့ "လျစ်လျူရှုခြင်း"

မောလုတ်ဘုရားနှင့်ပြည့်တန်ဆာလုပ်ဖို့လို့ငှါ
သူ့ကိုယ်သူပြည့်တန်ဆာပြုသောသူ
ဤစကားစုသည် ပြည့်တန်ဆာလုပ်ဖို့ရန် ထာဝရဘုရားအား သစ္စာမရှိသောသူတို့ကို နှိုင်းယှဥ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား သစ္စာမဲ့သောသူ"

Leviticus 06

သူတို့နှင့်အတူ သူတို့ကိုယ်သူတို့ ပြည့်တန်ဆာလုပ်ဖို့အလို့ငှါ
ဤစကားစုသည် ပြည့်တန်ဆာလုပ်ဖို့ရန်လူတို့အားသစ္စာမရှိသောသူတို့ကို နှိုင်းယှဥ်သည်။အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာကို ပြုလုပ်ခြင်းအားဖြင့်၊ သူတို့သည် ငါ့ထံမှအကြံရှာဖို့ထက် စုန်းများထံ အကြံရှာဖွေကြသည်။

ဆန့်ကျင်၍မျက်နှာပြုသည်
"ငြင်းပယ်ရန်" သို့ "ဆန့်ကျင်ရန်" ။ ၂၀:၃ တွင် သင်ဘယ်လို ဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 08

ယေဘုယျ အချက်အလက်
လူတို့ မည်သို့ ပြုလုပ်ရမည်ကို မောရှေအား ထာဝရဘုရား ဆက်လက်မိန့်တော်မူ၏။

ငါ့နည်းနိသယတို့ကို ထိန်းသိမ်းပြီးကျင့်ဆောင်ရကြမည်။
"ထိန်းသိမ်း" နှင့် "ကျင့်ဆောင်" စကားလုံးတို့သည် အခြေခံအားဖြင့် တူညီသောအရာတို့ကို ဆိုလိုသည်။ လူတို့သည်ဘုရားကို နာခံကြကြောင်း အလေးနက်စေဖို့အလို့ငှါ သူတို့ကိုအတူတကွ အသုံးပြုလျက်ရှိသည်။

အသေသတ်ခြင်းကို အမှန်ခံရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် အသေသတ်ခြင်းကို အမှန်ခံရမည်။"

Leviticus 10

သူ့မယားကို ပြစ်မှားသောသူ၊
အိမ်နီးနားချင်းမိန်းမနှင့်မှားယွင်းပြစ်မှားသူမည်သူမဆို
ဤအရာ၏ပြည့်စုံသောအဓိပ္ပာယ်ကိုရှင်းရှင်းလင်းလင်းပြုလုပ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"တစ်စုံတယောက်မိန်းမနှင့်ပြစ်မှားသောသူ"

အသေသတ်ခြင်းကို အမှန်ခံရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူတို့နှစ်ယောက်လုံးကို အသေသတ်ခြင်းကို အမှန်ခံစေရမည်။"

သူမနှင့်အတူအိပ်ဖို့လို့ငှါကိုယ်အဘ၏ မယားနှင့်လဲလျောင်းသောသူ
ဤအရာသည် သူ့အဖေ မိန်းမနှင့် ကာမဆက်ဆံကြောင်းယဥ်ကျေးသောနည်းဖြင့် ပြောဆိုခြင်းဖြစ်သည်။ တစ်ချို့ဘာသာစကားများသည် သူ့အဖေမိန်းမနှင့် ကာမဆက်ဆံသည်ဟူ၍ သုံးနှုန်းကြသည်။

သူတို့သည်လိင်ဆက်ဆံမှုကိုကျူးလွန်ကြပြီ။
သူ့သားမယားနှင့် လိင်ဆက်ဆံမှုပြုသော လူကို ဘုရားကတကယ့်အပြစ်တစ်ခုအဖြစ် ခေါ်သည်။ ၁၈:၂၂ တွင်ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 13

ယောက်ျားချင်း ပေါင်းဘော်သူ
ဤသည် ယောက်ျားခြင်းပေါင်းဘော်သူကို ရိုးသားသောနည်းဖြင့်ပြောဆိုခြင်း ဖြစ်သည်။ တစ်ချို့ဘာသာစကားများသည် ယောကျ်ားခြင်းနှင့် ကာမဆက်ဆံသည်ဟူ၍ သုံးနှုန်းကြသည်။


generated on Sun Jun 30 02:37:40 2024

မိန်းမနှင့်ပေါင်းဘော်သကဲ့သို့
ယောကျာ်နှင့် ဆက်ဆံသောနည်းလမ်းသည် မိန်းမကိုဆက်ဆံမည့်နည်းလမ်းအတိုင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမနှင့်သူ ဆက်ဆံမည့်နည်းကဲ့သို့"

ရွံရှာဘွယ် သောအမှု၊ အရာ
" ရှက်စရာကောင်းသောအရာ" သို့မဟုတ် "မနှစ်မြို့ဖွယ်သောအရာ"

အသေသတ်ခြင်းကို အမှန်ခံရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သူတို့ကို အသေသတ်ခြင်းကို အမှန်ခံစေရမည်။"

ထိုသူသုံးယောက်တို့ကို မီးရှို့ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူတို့ မိန်းမနှင့်ယောကျာ်းတို့ကို မီးရှို့ အသေသတ်ရမည်။"

Leviticus 15

သူအသေသတ်ခြင်းကို အမှန်ခံရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူ့ကို အသေသတ်ခြင်းကို အမှန်ခံစေရမည်။"

သင်မိန်းမနှင့်တိရစ္ဆာန်တို့ကိုသတ်ရမည်။သူတို့ကိုအသေသတ်ခြင်းကို အမှန်ခံရမည်။
စကားစုနှစ်စုသည် တူညီသောအရာကိုဆိုလိုသည်။ သူတို့သည် မိန်းမနှင့်တိရစ္ဆာန်တို့သည်သေရမည်အကြောင်းကို အလေးပေးသည်။

သူတို့သည်အသေသတ်ခြင်းကို အမှန်ခံရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူတို့ကိုအမှန်အသေသတ်ခြင်းကို ခံစေရမည်။"

Leviticus 17

ယောကျာ်းချင်း ပေါင်းဘော်သူ
ဤသည် သူ့အစ်မနှင့် ကာမဆက်ဆံသောသူကို ရိုးသားသောနည်းဖြင့် ပြောဆိုခြင်းဖြစ်သည်။ တစ်ချို့ဘာသာစကားများသည် ကာမဆက်ဆံသည့်ယောကျာ်းဟူ၍ သုံးနှုန်းကြသည်။

အဘ၏သမီး၊ အမိ၏သမီး
ဤသည် အမိနှင့်အဖ ကွဲရင်တောင် သူ၏နှမနှင့်မအိပ်နိုင်သောလူကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဎင်းသည် ဝမ်းကွဲနှမဖြစ်စေ၊ နှမအရင်းဖြစ်စေ။"

ပယ်ရှင်းခြင်းကို ခံရကြမည်။
အပင်တစ်ပင်မှအကိုင်းခက်ကိုဖြတ်ခြင်း သို့မဟုတ် အဝတ်အစားအစကို ဖြတ်သောသူကဲ့သို့၊ အမျိုးမှ ပယ်ရှင်းခြင်းခံရသူကဲ့သို့သောသူကို သူ၏အဖွဲ့စည်းထဲမှ ဖယ်ရှားခြင်းခံရသူဟုဆိုလိုသည်။ ၇:၁၉ တွင်ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ " ထိုပုဂ္ဂိုလ်သည် သူ့လူတို့အကြား ကြာရှည်မနေနိုင်" သို့မဟုတ် "သင်သည် ထိုပုဂ္ဂိုလ်ကို သူ့လူတို့ထံမှ ခွဲခြားရမည်။"

မိမိအပြစ်ကို ခံရမည်။
ဤစကားစုသည်သူ့အဖြစ်အတွက်တာဝန်ယူသောလူကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်သူ့အဖြစ်အတွက် တာဝန်ရှိသည်။" သို့မဟုတ် "သင်သည် သူ့ကိုဒဏ်ပေးရမည်"

ဥတုရောက်သောကာလ
မိန်းမတစ်ယောက်သူ့ဗိုက်မှ သွေးထွက်သောအချိန်

ထိုသူတို့သည် သဘောတူ၍ သွေး သွန်အနာကို ထင်ရှားစေသောကြောင့်၊
ဤစကားစုသည် တစ်ခုခု ထိမ်ဝှက်သင့်သော အရာကိုပယ်ရှားရန် သူမဥတုရောက်ချိန်ကာမဆက်ဆံခြင်းကို နှိုင်းယှဥ်သည်။ ဤသည်ရှက်စရာကောင်းသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏သွေးစီးဆင်းမှုကို ဖုံးကွယ်စေခြင်းဖြင့် သူရှက်စရာကိုပြုမိပြီ။

မိန်းမ နှင့်ယောကျာ်းနှစ်ယောက်လုံးကို ပယ်ရှင်းရမည်။
ဤအရာသည်အဘယ့်ကြောင့်ပြုလုပ်ရကြောင်းရှင်းလင်းစွာဖော်ပြနိုင်သည်။ "အဘယ့်ကြောင့်ဆိုသော် သူတို့သည်ရှက်ကြောက်ဖွယ်အရာကိုပြုလုပ်ကြပြီ မိန်းမနှင့်ယောကျာ်းနှစ်ယောက်လုံးတို့ကို ပယ်ရှင်းရမည်။"

Leviticus 19

...နှင့်အိပ်
ဤသည် သူ့အဒေါ်နှင့် ကာမဆက်ဆံသောသူကို ရိုးသားသောနည်းဖြင့် ပြောဆိုခြင်းဖြစ်သည်။ တစ်ချို့ဘာသာစကားများသည် ကာမဆက်ဆံပြီဟူ၍တိုက်သုံးနှုန်းကြသည်။

သင်အပြစ်ကို ခံရကြမည်။
"သင်အပြစ်ကို ခံရကြမည်"ဟူသောအသုံးသည် သင့်ကိုယ်ပိုင်အဖြစ်အတွက်တာဝန်ရှိသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်သင့်အပြစ်အတွက်တာဝန်ရှိသည်" သို့မဟုတ် "ငါသင့်ကိုဒဏ်ပေးမည်။

ညီအစ်ကိုနှင့်သာ ဆိုင်သောအရာကို ပြစ်မှားသောကြောင့် ထိုသူတို့သည် သားမရဘဲနေရလိမ့်မည်။
ကျမ်းစာဘာသာပြန်များစွာက ဤအရာကို "သူတို့ကလေးမဲ့သေကြရမည်" ဟူ၍ ဘာသာပြန်ကြသည်။"

Leviticus 22

သင်တို့ကို ငါ ပို့ဆောင်၍ နေရာချသော ပြည်သည် မအော့အန်စေခြင်းငှါ၊
ဤစကားစုသည် မကောင်းသောအစာကိုငြင်းပယ်ရန်လိုအပ်သောအော့အန်သူ

လူပုဂ္ဂိုလ်ကဲ့သို့ပြည်ကိုဖော်ပြသည်။ မကောင်းသောအစာကို ငြင်းပယ်မည့်အစား ပြည်သည်လူတို့ကို ငြင်းပယ်ပြီး သူတို့ကိုဖယ်ရှားသည်။ ၁၈:၂၄ တွင် ဤအရာကို ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ပို့ဆောင်သောပြည်သည် သင့်ကိုငြင်းပယ်လိမ့်မည်။

သင်မလိုက်ရ။

ရုပ်တုကို ကိုးကွယ်သောသူ၏ အပြုအမူ လုပ်ဆောင်ချက်သည် သူတို့လမ်းထဲလျှောက်နေသော သူတို့အဖြစ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သင်မလိုက်ရ"

မောင်းထုတ်

"ရွှေ့သည်"

Leviticus 24

နို့နှင့်ပျားရည်စီးသောပြည်

ဤစကားစုသည် လူတိုင်းအတွက်လုံလောက်သောအစာနှင့်ချမ်းသာစေသော"နို့နှင့်ပျားရည်စီးဆင်းခြင်း"ကိုဆိုလိုသည်။

အခြားသောဘာသာပြန်ဆိုချက်၊ " လယ်၊ ကျွဲနွားများအတွက်အထူးကောင်းသောပြည်" သို့မဟုတ် " ထုတ်လုပ်သောပြည်"

Leviticus 26

သင့်ကိုငါခွဲခြားပြီ

"ငါသင့်ကို သီးသန့်ခွဲခြားပြီ။" သို့မဟုတ် "ငါသင့်ကိုခွဲခြားပြီ။

Leviticus 27

ပြောပါ။

"ဆက်သွယ်ဖို့ရန် ကြိုးစားပါ"

အသေသတ်ခြင်းကို အမှန်ခံရမည်။

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ သူတို့သည်အမှန်သေခြင်းကိုခံရကြမည်။"

---

## Translation Questions

Leviticus 20:1

မိမိသားတို့ကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။

မိမိသားတို့ကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည် အသေသတ်ခြင်းကို ခံရမည်။

Leviticus 20:3

အသေမသတ်ဘဲနေလျှင် ထာဝရဘုရားသည် သူ့အား မည်ကဲ့သို့ လုပ်မည်နည်း။

မသတ်ဘဲနေလျှင် ထာဝရဘုရားသည် သူ့ကို အမျိုးမှ ပယ်ရှင်းလိမ့်မည်။

Leviticus 20:6

ထာဝရဘုရားသည် လူတို့အား မည်သူတို့ထံမှ ကြဉ်ရှောင်ရန် မိန့်တော်မူခဲ့သနည်း။

နတ်ဝင်သူ သို့မဟုတ် စုန်းလုပ်သောသူနောက်သို့ လိုက်၍ စကားမပြောရဟု ထာဝရဘုရားသည် လူတို့အား မိန့်တော်မူသည်။

Leviticus 20:13

ယောကျ်ားခြင်း ပေါင်းဘော်သောသူသည် မည်သို့ ခံရမည်နည်း။

ယောကျ်ားခြင်း ပေါင်းဘော်သောသူသည် ရွံ့ရှာဘွယ်သော အမှုကို ပြုသောကြောင့် အသေသတ်ခြင်းကို ခံရမည်။

Leviticus 20:15

လူသည် တိရိစ္ဆာန်နှင့် သံဝါသပြု ပေါင်းဘော်လျှင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။

ယောကျ်ား၊ မိန်းမနှင့် တိရိစ္ဆာန်တို့ အသေသတ်ခြင်းကို ခံရမည်။

Leviticus 20:24

ထာဝရဘုရားသည် ဣသရေလလူတို့ကို ပေးထားခဲ့သော ပြည်ကို မည်သို့ဖော်ပြခဲ့သနည်း။

ထာဝရဘုရားသည် ထိုပြည်ကို "နို့နှင့်ပျားရည် စီးသောပြည်" ဟု ခေါ်ခဲ့သည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 21

[1] တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် အာရုန်၏သား၊ ယဇ်ပုရောဟိတ်တို့အားဆင့်ဆို ရမည်မှာ၊ အမျိုးသားချင်း
သေသောအတွက် သင်တို့တွင် အဘယ်သူမျှ ညစ်ညူးခြင်းမရှိရ။ [2] သို့ရာတွင် ပေါက်ဘော်ရင်းတည်းဟူသော မိဘ၊ သားသမီး၊
ညီအစ်ကို၊- [3] လင်မနေသော ကညာနှမရင်းအတွက် ညစ်ညူးခြင်းကို ခံရသော အခွင့်ရှိ၏။ [4] အမျိုးသားချင်း သူကြီးအတွက်၊
ကိုယ်ကိုကိုယ်ရှုတ်ချ၍ ညစ်ညူးခြင်းမရှိရ။ [5] ယဇ်ပုရောဟိတ်သည် ဆံပင်ကို မရိတ်ရ။ ပါးမုန်းကို မရိတ်ရ။ အသား၌ ခုတ်ရှခြင်းကို
မပြုရ။ [6] သူသည် မိမိဘုရားသခင်အဘို့ သန့်ရှင်းရမည်။ မိမိဘုရားသခင်၏ နာမတော်ကို မရှုတ်မချရ။ ထာဝရဘုရားအား
မီးဖြင့်ပြုသော ပူဇော်သက္ကာ၊ မိမိဘုရားသခင်၏ အစာအာဟာရကို ပူဇော်သော ကြောင့် သန့်ရှင်းခြင်းရှိရမည်။ [7] သူသည်
ပြည်တန်ဆာမိန်းမ၊ သီလပျက်သောမိန်းမ၊ လင်နှင့်ကွာသောမိန်းမနှင့် မစုံဘက်ရ။ မိမိဘုရား သခင်အဘို့ သန့်ရှင်း၏။ [8] သင်၏
ဘုရားသခင်ပွဲတော်ကို ဆက်သောကြောင့်၊ သူ့ကို သန့်ရှင်းစေ၍၊ သူသည် သင့်အဘို့ သန့်ရှင်းရမည်။ သင်တို့ကို သန့်ရှင်းစေသော
ငါထာဝရဘုရား သန့်ရှင်း၏။ [9] ယဇ်ပုရောဟိတ်သမီးသည်၊ ပြည်တန်ဆာလုပ်၍ ကိုယ့်ကိုကိုယ်ရှုတ်ချလျှင်၊ မိမိအဘကို ရှုတ်ချရာ
ရောက်၏။ ထိုသူကို မီးရှို့ရမည်။ [10] မိမိအမျိုးသားချင်းတို့တွင်၊ အဝတ်တန်ဆာဆင်လျက်၊ အရာ၌ ခန့်ထား၍ မိမိခေါင်းပေါ်မှာ
ဆီလောင်းခြင်း ဘိသိက်ကိုခံသော ယဇ်ပုရောဟိတ်မင်းသည်၊ မိမိခေါင်း၌ တန်ဆာကို မချွတ်ရ။ မိမိအဝတ်ကို မဆုတ်ရ။ [11]
အသေကောင်ကို မချဉ်းရ။ မိဘအတွက် ညစ်ညူးခြင်းကို မခံရ။ [12] သန့်ရှင်းရာဌာနတော်ထဲက မထွက်ရ။ မိမိဘုရားသခင်၏
သန့်ရှင်းရာဌာနတော်ကို မရှုတ်မချရ။ အကြောင်းမူကား၊ မိမိဘုရားသခင်၏ ဘိသိက်ဆီနှင့်ဆိုင်သော သင်းကျစ်ကို ဆောင်းရသောသူ
ဖြစ်၏။ ငါသည် ထာဝရဘုရား ဖြစ်၏။ [13] ယဇ်ပုရောဟိတ်မင်းသည်၊ အပျိုကညာနှင့်သာစုံဘက်ရမည်။ [14] မုတ်ဆိုးမ၊
လင်နှင့်ကွာသောမိန်းမ၊ သီလပျက်သောမိန်းမ၊ ပြည်တန်ဆာမိန်းမနှင့် မစုံဘက်ရ။ မိမိအမျိုးသားချင်း အပျိုကညာနှင့်သာ
စုံဘက်ရမည်။ [15] မိမိသားကို၊ အမျိုးသားချင်းတို့တွင် မရှုတ်မချရ။ ငါထာဝရဘုရားသည်၊ ယဇ်ပုရောဟိတ်မင်းကို
သန့်ရှင်းစေသည်ဟု မိန့်တော်မူ၏။ [16] တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် အာရုန်အား ဆင့်ဆိုရမည်မှာ၊- [17] သင်၏
အမျိုးအစဉ်အဆက်တွင် ကိုယ်၌အပြစ်ရှိသောသူသည်၊ မိမိဘုရားသခင်၏ ပွဲတော်ကို ဆက်ကပ်အံ့သောငှါ မချဉ်းမကပ်ရ။ [18]
မျက်စိကန်းသောသူ၊ ခြေဆွံ့သောသူ၊ နှာခေါင်းပိသောသူ၊ အင်္ဂါပိုလွန်သောသူ၊- [19] လက်ကျိုးသောသူ၊ ခြေကျိုးသောသူ၊ [20]
ကျောကုန်းသောသူ၊ ပုသောသူ၊ မျက်စိနာသောသူ၊ ဝဲစွဲသောသူ၊ ယားနာစွဲသောသူ၊ ဝှေးစေ့ပျက်သော သူသည် မချဉ်းမကပ်ရ။- [21]
ယဇ်ပုရောဟိတ် အာရုန်အမျိုးတွင်၊ ကိုယ်၌ အပြစ်ပါသောသူ တစုံတယောက်မျှ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို
ဆက်ကပ်အံ့သောငှါ မချဉ်းမကပ်ရ။ ကိုယ်၌ အပြစ်ပါသောကြောင့်၊ မိမိဘုရားသခင်၏ မုန့်တော်ကို ဆက်ကပ်အံ့သောငှါ
မချဉ်းမကပ်ရ။ - [22] သန့်ရှင်းသော မုန့်ဖြစ်စေ၊ အလွန်သန့်ရှင်းသော မုန့်ဖြစ်စေ၊ မိမိဘုရားသခင်၏ မုန့်တော်ကို စားရမည်။ [23] ကိုယ်၌
အပြစ်ပါသောကြောင့်၊ ငါ့သန့်ရှင်းရာ ဌာနအရပ်တို့ကို ရှုတ်ချမည်ကို စိုးရိမ်၍၊ ကုလားကာ အတွင်းသို့ မဝင်ရ။ ယဇ်ပလ္လင်သို့
မချဉ်းမကပ်ရ။ ငါထာဝရဘုရားသည် ထိုအရပ်တို့ကို သန့်ရှင်းစေ သည်ဟု မိန့်တော်မူ၏။ [24] မောရှေသည် အာရုန်နှင့် သူ၏သား
ဣသရေလ အမျိုးသားအပေါင်းတို့အား ဆင့်ဆိုလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 22

1 တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 2 အာရုန်နှင့်သူ၏သားတို့သည် ငါ့အဘို့ သန့်ရှင်းစေသောအရာအားဖြင့်၊
သန့်ရှင်းသော ငါ၏ နာမတော်ကို မရှုတ်မချဘဲ၊ ဣသရေလအမျိုးသားတို့၏ သန့်ရှင်းသော အရာများနှင့် ကိုယ်ကိုကိုယ် ကွာစေရမည်
အကြောင်း ဆင့်ဆိုလော့။ ငါသည် ထာဝရဘုရားဖြစ်၏။ 3 ထာဝရဘုရားအဘို့ ဣသရေလအမျိုးသား သန့်ရှင်းစေသဖြင့်၊
သန့်ရှင်းခြင်းရှိသော အရာတို့ကို၊ ကိုယ်မစင်ကြယ်လျက်နှင့် ချဉ်းကပ်သော ယဇ်ပုရောဟိတ် အမျိုးသား မည်သည်ကား၊ ငါ့ထံမှ
ပယ်ရှင်းခြင်းကို ခံရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 4 နူနာ၊ ရိနာစွဲသော အာရုန်၏ အမျိုးသား မည်သည်ကား၊
မစင်ကြယ်မှီတိုင်အောင် သန့်ရှင်းသော အရာကို မစားရ။ အသေကောင်နှင့်ဆိုင်၍ မသန့်ရှင်းသောအရာကို ထိသောသူ၊
သုတ်ရည်ထွက်သောသူ၊- 5 ညစ်ညူးစေ၍ တွားတတ်သော တိရစ္ဆာန်ကိုထိသောသူ၊ ညစ်ညူးခြင်းတစုံတခုစွဲ၍ ညစ်ညူးသောသူ၊
ထိုသို့သောသူကို ထိသမျှသော သူတို့သည်၊- 6 ညဦးတိုင်အောင် မစင်ကြယ်ဖြစ်လိမ့်မည်။ ကိုယ်ကို ရေမချိုးဘဲနေလျှင်၊
သန့်ရှင်းသောအရာကို မစားရ။ 7 နေဝင်သောနောက်မှ သန့်ရှင်းခြင်းသို့ ရောက်သည်ဖြစ်၍၊ သန့်ရှင်းသောအရာသည် သူတို့
စားစရာဖြစ်သောကြောင့်၊ ထိုနောက်မှ စားရကြမည်။ 8 အလိုလိုသေသောအကောင်၊ သားရဲကိုက်၍ သေသောအကောင်အားဖြင့်
ကိုယ်ကိုညစ်ညူးစေ၍ မစားရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 9 ယဇ်ပုရောဟိတ်တို့သည် ငါ့ပညတ်တော်ကို ဖျက်သဖြင့်၊
ကိုယ်အပြစ်ကိုခံလျက် မသေရမည်အကြောင်း ငါ့ပညတ်တရားကို စောက်ရှောက်ရကြမည်။ ငါထာဝရဘုရားသည် သူတို့ကို
သန့်ရှင်းစေ၏။ 10 တပါးအမျိုးသားသည် သန့်ရှင်းသောအရာကို မစားရ။ ယဇ်ပုရောဟိတ်၌ တည်းနေသော ဧည့်သည် မစားရ။
သူငှါးလည်း မစားရ။ 11 ယဇ်ပုရောဟိတ်သည် ကိုယ်ငွေနှင့် ဝယ်သောသူ၊ သူ၏ အိမ်၌မွေးသောသူသည် သူ၏အစာကို စားရမည်။ 12
ယဇ်ပုရောဟိတ်သမီးသည် တပါးအမျိုးသား၏ မယားဖြစ်လျှင်၊ သန့်ရှင်းသော ပူဇော်သက္ကာအရာကို မစားရ။ 13 သို့ရာတွင်
လင်သေသော်၎င်း၊ လင်နှင့်ကွာသော်၎င်း၊ သားမရှိဘဲ မိမိအဘအိမ်သို့ပြန်၍ ငယ်စဉ် အခါနေသကဲ့သို့ နေပြန်လျှင်၊ အဘ၏အစာကို
စားရမည်။ တပါးအမျိုးသားမစားရ။ 14 လူသည် သန့်ရှင်းသောအရာကို မသိဘဲ စားမိလျှင်၊ စားမိသောအရာ၏ အဘိုးနှင့်တကွ
ငါးစုတစု ကိုထပ်၍ ယဇ်ပုရောဟိတ်အား ပေးရမည်။ 15 ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား ပူဇော်၍၊
သန့်ရှင်းသောအရာတို့ကို မရှုတ်မချရ။ 16 ထိုအရာတို့ကို စားမိ၍ ပြစ်မှားသောအပြစ်ကို မခံစေရ။ ငါထာဝရဘုရားသည် သူတို့ကို
သန့်ရှင်းစေ သည်ဟု မိန့်တော်မူ၏။ 17 တဖန်မောရှေအား ထာဝရဘုရားက သင်သည် အာရုန်နှင့် သူ၏သား ဣသရေလအမျိုးသား
အပေါင်းတို့အား ဆင့်ဆိုရမည်မှာ၊- 18 ဣသရေလအမျိုးသားဖြစ်စေ၊ ဣသရေလအမျိုး၌ တည်းနေသော တပါး အမျိုးသားဖြစ်စေ၊
သစ္စာဂတိ ရှိ၍ ပြုသော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာတည်းဟူသော မီးရှို့ရာယဇ်ကို ထာဝရ ဘုရားအား ပူဇော်လိုလျှင်၊-
19 စိတ်တော်နှင့်တွေ့ခြင်းငှါ၊ အပြစ်မပါသောသိုး၊ ဆိတ်၊ နွားအထီးကို ပူဇော်ရမည်။ 20 အပြစ်ပါသော အကောင်ကို မပူဇော်ရ။
ပူဇော်လျှင် စိတ်တော်နှင့်မတွေ့။ 21 သစ္စာဂတိရှိ၍ ပြုသော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာ သိုး၊ ဆိတ်၊ နွားကို
ထာဝရဘုရားအား ယဇ်ပူဇော်လိုလျှင်၊ စိတ်တော်နှင့် တွေ့ခြင်းငှါ စုံလင်ရမည်။ အပြစ်တစုံတခုမျှ မရှိရ။ 22 မျက်စိကန်းသောအပြစ်၊
အရိုးကျိုးသောအပြစ်၊ အင်္ဂါချို့တဲ့သောအပြစ်၊ မြင်းဖုရှိသောအပြစ်၊ ဝဲနာ၊ ယားနာစွဲသောအပြစ်၊ တစုံတခုရှိလျှင်၊ ထာဝရဘုရားအား
မပူဇော်ရ။ ယဇ်ပလ္လင်ပေါ်မှာ ထာဝရ ဘုရားအား မီးဖြင့် ပူဇော်သက္ကာမပြုရ။ 23 သို့ရာတွင် အင်္ဂါပိုခြင်း၊ ချို့တဲ့ခြင်း အပြစ်ရှိသော သိုး၊
ဆိတ်၊ နွားကို အလိုလို ပူဇော်သက္ကာဘို့ ပူဇော်ရမည်။ သစ္စာဂတိနှင့်ဆိုင်၍ ပူဇော်လျှင် စိတ်တော်နှင့်မတွေ့။ 24 ကြိတ်နယ် စုတ်ပြတ်ရာ
အနာရှိသော အထီးကို ထာဝရဘုရားအား မပူဇော်ရ။ သင်တို့ပြည်၌ ထိုသို့သောအကောင်ကို ပူဇော်သက္ကာမပြုရ။ 25
ထိုသို့သောအကောင်ကို တပါးအမျိုးသား ဆက်သော်လည်း ပျက်သောအပြစ်ပါသောကြောင့်၊ သင်တို့၏ ဘုရားသခင့်ပွဲတော်ဘို့
မပူဇော်ရ။ ပူဇော်လျှင် စိတ်တော်နှင့်မတွေ့ဟု မိန့်တော်မူ၏။ 26 တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 27 သိုး၊
ဆိတ်၊ နွားတို့သည် မွေးဘွားသောအခါ ခုနစ်ရက်အတွင်းတွင် သားငယ်ကို အမိနှင့် မကွာစေရ။ အဋ္ဌမနေ့မှစ၍ ထာဝရဘုရားအား
မီးဖြင့် ပူဇော်သက္ကာဘို့တော်သင့်၏။ 28 နွားဖြစ်စေ၊ သိုးဆိတ်ဖြစ်စေ၊ သားအမိနှစ်ကောင်ကို တနေ့ခြင်းတွင် မသတ်ရ။- 29
ကျေးဇူးတော်ဝန်ခံရာယဇ်ကို ထာဝရဘုရားအား ပူဇော်လိုလျှင်၊ စိတ်တော်နှင့်တွေ့ခြင်းငှါ ပူဇော်လော့။ တနေ့ခြင်းတွင် စားရမည်။
နက်ဖြန်နေ့တိုင်အောင် မကြွင်းစေရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 30 သင်တို့သည် ငါ့ပညတ်တို့ကို ကျင့်စောင့်ရကြမည်။ ငါသည်
ထာဝရဘုရားဖြစ်၏။ 31 သန့်ရှင်းသော ငါ၏နာမတော်ကို မရှုတ်မချရ။ ထာဝရဘုရား သန့်ရှင်းတော်မူသည်ဟု ဣသရေလ
အမျိုးသားတို့သည် ထင်မှတ်ရကြမည်။ 32-33 ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်ခြင်းငှါ သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်၍၊
သန့်ရှင်းစေသော ထာဝရဘုရားဖြစ်၏။ ငါသည် ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 23

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 2 သင်တို့သည် စီရင်ရသော
ဓမ္မစည်းဝေးခြင်းတည်းဟူသော ငါ ထာဝရဘုရား၏ ပွဲတော်များဟူမူကား၊- 3 ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။
သတ္တမနေ့ရက်သည် ငြိမ်ဝပ်စွာနေရသော ဥပုသ်နေ့၊ ဓမ္မ စည်းဝေးခြင်းကို ပြုရသောနေ့ဖြစ်၏။ ထိုနေ့၌ သင်တို့သည်
အလုပ်မလုပ်ရကြ။ သင်တို့နေရာအရပ် ရပ်၌ ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ 4 အချိန်တန်မှ သင်တို့ကြော်ငြာရသော
ဓမ္မစည်းဝေးခြင်းတည်းဟူသော ထာဝရဘုရား၏ ပွဲတော်များ ဟူမူကား၊- 5 ပဌမလဆယ်လေးရက်နေ့ ညဦးယံ၌ ထာဝရဘုရား၏
ပသခါပွဲဖြစ်၏။ 6 ၎င်းလ ဆယ်ငါးရက်နေ့၌ ထာဝရဘုရားအဘို့ အဇုမပွဲကို ခံရကြမည်။ ခုနစ်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို
စားရကြမည်။ 7 ပဌမနေ့၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ 8 ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား
မီးဖြင့်ပူဇော်သက္ကာကို ပြုရမည်။ သတ္တမနေ့၌လည်း ဓမ္မစည်း ဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရဟု မိန့်တော်၏။ 9
တဖန် မောရှေအား ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 10 သင်တို့သည်
ငါပေးသော ပြည်သို့ရောက်၍ စပါးကို ရိတ်သောအခါ၊ အဦးရိတ်သော ကောက်လှိုင်း တစည်းကို ယဇ်ပုရောဟိတ်ထံသို့
ဆောင်ခဲ့ရမည်။ 11 သင်တို့သည် စိတ်တော်နှင့် တွေ့ခြင်းငှါ ယဇ်ပုရောဟိတ်သည် ဥပုသ်နေ့လွန်မှ၊ နက်ဖြန်နေ့တွင် ထိုကောက်လှိုင်းကို
ထာဝရဘုရား ရှေ့တော်၌ ချီလွှဲရမည်။ 12 ကောက်လှိုင်းကို ချီလွှဲသောနေ့၌ အခါမလည် အပြစ်မပါသော သိုးသငယ်အထီးကို
ထာဝရဘုရား အဘို့ မီးရှို့ရာယဇ်ပြု၍ ပူဇော်ရမည်။ 13 ထိုယဇ်နှင့်ဆိုင်သော ဘောဇဉ်ပူဇော်သက္ကာကား၊ ထာဝရဘုရားအား
မွှေးကြိုင်ရာဘို့ မီးဖြင့်ပြုသော ပူဇော်သက္ကာတည်းဟူသော ဆီနှင့်ရောသော မုန့်ညက်နှစ်ဩမဲ ဖြစ်ရမည်။ သွန်းလောင်းရာ
ပူဇော်သက္ကာကား၊ စပျစ်ရည်သုံးလောဃ ဖြစ်ရမည်။ 14 သင်တို့၏ ဘုရားသခင်ထံတော်သို့ ပူဇော်သက္ကာကို ဆောင်ခဲ့သောနေ့
မရောက်မှီ၌ မုန့်၊ ဆန်လှော်၊ စိမ်းသောအသီးအနှံကို မစားရ။ သင်တို့နေရာ အရပ်ရပ်၌ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရ သော
ပညတ်တော်ဖြစ်သတည်း။ 15 ချီလွှဲရာ ပူဇော်သက္ကာကောက်လှိုင်းကို ဆောင်ခဲ့သောနေ့၊ ဥပုသ်နေ့အလွန် နက်ဖြန်နေ့ကစ၍
သီတင်းခုနစ်သီတင်းစေ့အောင် ရေတွက်ရမည်။ 16 သတ္တမဥပုသ်နေ့အလွန် နက်ဖြန်နေ့အထိ အရက်ငါးဆယ်တိုင်တိုင်
ရေတွက်ပြီးလျှင်၊ ထာဝရဘုရား အား ဘောဇဉ်ပူဇော်သက္ကာ အသစ်ကို ဆက်ရကြမည်။ 17 ထာဝရဘုရားအဘို့ အဦးသီးသော အသီး၊
တဆေးဖြင့် ဖောင်းကြွသော မုန့်ညက် နှစ်ဩမဲနှင့် လုပ်သော ချီလွှဲရာမုန့်နှစ်လုံးကို သင်တို့အိမ်မှ ထုတ်ဆောင်ခဲ့၍၊- 18 ထိုမုန့်နှင့်တကွ
အခါမလည် အပြစ်မပါသော သိုးသငယ်ခုနစ်ကောင်၊ နွားသငယ် အထီးတကောင်၊ ဆိတ်နှစ်ကောင်ကို ဆက်၍၊ ဘောဇဉ် ပူဇော်သက္ကာ၊
သွန်းလောင်းရာ ပူဇော်သက္ကာနှင့်တကွ၊ ထာဝရဘုရားအား မွှေးကြိုင်ရာသို့ မီးဖြင့်ပြုသောပူဇော်သက္ကာ တည်းဟူသောမီးရှို့ရာယဇ်ကို
ထာဝရ ဘုရားအား ပူဇော်ရမည်။ 19 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်ကိုငင်း၊ မိဿဟာယယဇ်ဘို့ အခါမလည်သော
သိုးသငယ်နှစ်ကောင်ကိုငင်း ပူဇော်၍၊- 20 ယဇ်ပုရောဟိတ်သည် အဦးသီးသော အသီးမုန့်နှင့်တကွ ချီလွှဲသဖြင့်၊
သိုးသငယ်နှစ်ကောင်ပါလျက် ထာဝရဘုရားရှေ့တော်၌ ချီလွှဲရာ ပူဇော်သက္ကာ ပြုရမည်။ ထိုအရာတို့သည်လည်း၊ ယဇ်ပုရောဟိတ်
အဘို့ ထာဝရဘုရားရှေ့မှာ သန့်ရှင်းသော အရာဖြစ်သတည်း။ 21 ထိုနေ့၌လည်း ဓမ္မစည်းဝေးခြင်းကို စီရင်ရကြမည်။
လောကီအလုပ်ကို မလုပ်ရ။ သင်တို့နေရာ အရပ်ရပ်၌ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်ဖြစ်သတည်း။ 22 ကိုယ်မြေ၌
ဖြစ်သောစပါးကို ရိတ်သောအခါ၊ လယ်ထောင့်တို့ကို အကုန်အစင် မရိတ်ရ။ သိမ်းရာတွင် ကျန်ကြွင်းသောအရာကို ပြန်၍
မကောက်မသိမ်းရ။ ထိုအရာကို ဆင်းရဲသောသူ ဧည့်သည်အာဂန္တု အဘို့ ချန်ထားခြင်းရမည်။ ငါသည် သင်တို့၏ ဘုရားသခင်
ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ 23 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား
ဆင့်ဆိုရမည်မှာ၊ 24 သင်တို့သည် သတ္တမလ၊ ပဌမနေ့ရက်၌ တံပိုးမှုတ်ပွဲ၊ ဓမ္မစည်းဝေးခြင်းကို ပြုရသော ဥပုသ်နေ့ကို စောင့်ရကြမည်။
25 လောကီအလုပ်ကို မလုပ်ရ။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ရမည်ဟု မိန့်တော်မူ၏။ 26 တဖန်
ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 27 သတ္တမလ၊ ဒသမနေ့သည်လည်း အပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းကို
ပြုသောနေ့ဖြစ်၏။ ခြိုးခြံစွာ ကျင့်ရမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရမည်။ 28 ထိုနေ့၌
အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကိုယ်အပြစ် ဖြေခြင်းကို ပြုရသောနေ့ဖြစ်၏။ 29 ထိုနေ့၌
ခြိုးခြံစွာ မကျင့်သောသူမည်သည်ကား မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်။ 30 ထိုနေ့၌ အလုပ်တစုံတခုကို လုပ်သောသူ
မည်သည်ကို၊ သူ၏အမျိုးမှ ငါပယ်ရှား ဖျက်ဆီးမည်။- 31 အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့နေရာအရပ်ရပ်၌
သင်တို့အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်တော်ဖြစ်သတည်း။ 32 ထိုနေ့သည် ငြိမ်ဝပ်စွာ နေရသောနေ့၊ ခြိုးခြံစွာကျင့်ရသောနေ့
ဖြစ်၏။ နဝမနေ့ ညဦးမှစ၍ နက်ဖြန် ညဦးတိုင်အောင် ဥပုသ်စောင့်ရမည်ဟု မိန့်တော်မူ၏။ 33 တဖန် မောရှေအား ထာဝရဘုရားက၊
သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 34 သင်တို့သည် သတ္တမလ၊ ဆယ်ငါးရက်နေ့မှစ၍ ခုနစ်ရက်ပတ်လုံး
ထာဝရဘုရားအဘို့ သကေနေပွဲ ကို ခံရကြမည်။- 35 ပဌမနေ့၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ အလုပ်ကို မလုပ်ရ။ 36
ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရမည်။ အဋ္ဌမနေ့၌ လည်း၊ ဓမ္မစည်းဝေးခြင်းကို ပြု၍၊
ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရ မည်။ 37 ထူးဆန်းသော စည်းဝေးခြင်းဖြစ်၍ လောကီအလုပ်ကို


generated on Sun Jun 30 02:37:40 2024

မလုပ်ရ။ [38] ဤရွေ့ကား၊ ထာဝရဘုရား၏ ဥပုသ်နေ့၊ ထာဝရဘုရားအား ဆက်ကပ်ရသော အလှူဒါန၊ သစ္စာဂတိနှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာမှတပါး၊ နေ့ရက်အသီးအသီးတို့ ၌ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ၊ မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ ယဇ်ပူဇော် ခြင်း၊ သွန်းလောင်းရာ ပူဇော်သက္ကာကို ပြုစေခြင်းငှါ စီရင်ရသော ဓမ္မစည်းဝေးခြင်း၊ ထာဝရဘုရား ၏ ပွဲတော်များ ဖြစ်သတည်း။ [39] ထိုမှတပါး၊ သင်တို့သည် မြေအသီးအနှံကို သိမ်းယူသောနောက်၊ သတ္တမလ ဆယ်ငါးရက်နေ့မှစ၍ ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား ပွဲခံကြရမည်။ ပဌမနေ့နှင့် အဋ္ဌမနေ့၌ ဥပုသ်စောင့်ကြရမည်။ [40] ပဌမနေ့၌ ကောင်းမွန်သော သစ်သီး၊ စွန်ပလွံခက်၊ မိုဃ်းမခပင် အစရှိသော အရွက်များသော အပင်၏ အကိုင်းအခက်တို့ကိုယူ၍၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရားရှေ့တော်၌ ခုနစ်ရက်ပတ်လုံး ရွှင်လန်းခြင်းကို ပြုရကြမည်။ [41] ထိုပွဲတော်ကို တနှစ်တနှစ်လျှင် ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအဘို့ ခံရကြမည်။ သင်တို့ အမျိုး အစဉ်အဆက် စောင့်ရသော ပညတ်တော်ဖြစ်သတည်း။ ထိုပွဲတော်ကို သတ္တမလ၌ ခံရကြမည်။ [42] ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောအခါ၊ [43] သစ်ခက်တဲ၌ နေစေကြောင်းကို သင်တို့ အမျိုးအစဉ်အဆက်တို့သည် သိမှတ်မည်အကြောင်း၊ ဣသရေလအမျိုးသားအပေါင်းတို့သည် သစ်ခက်တဲ၌ ခုနစ်ရက်ပတ်လုံး နေရကြမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။ [44] မောရှေသည်လည်း၊ ထာဝရဘုရား၏ ပွဲတော်များကို ဣသရေလအမျိုးသားတို့အား ပြန်ကြားလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 24

1 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 2 ပရိသတ်စည်းဝေးရာ တဲတော်တွင် သက်သေခံချက်
ကုလားကာပြင်မှာ မီးခုံ၌ အစဉ်မပြတ် မီးထွန်းရာဘို့၊ သံလွင်သီးကို ထောင်း၍ ယူသော သံလွင်ဆီစစ်ကို၊
ဣသရေလအမျိုးသားတို့သည် သင့်ထံသို့ ဆောင်ခဲ့ရမည်အကြောင်း ဆင့်ဆိုလော့။ 3 အာရုန်သည်လည်း၊ ညဦးမှသည်
နံနက်တိုင်အောင် ထာဝရဘုရားရှေ့တော်၌ ထိုအမှုကို စီရင်ရမည်။ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရသော
ပညတ်တော်ဖြစ်သတည်း။ 4 စင်ကြယ်သော မီးခုံ၌ မီးခွက်များကို အာရုန်သည် ထာဝရဘုရား ရှေ့တော်မှာ အစဉ်အမြဲ ပြင်ဆင် ရမည်။
5 သင်သည် မုန့်ညက်ကိုယူ၍၊ မုန့်တလုံးသည် နှစ်သြမဲစီ၊ မုန့်ဆယ်နှစ်လုံးကို လုပ်ပြီးလျှင်၊- 6 ထာဝရဘုရားရှေ့ စင်ကြယ်သော
စားပွဲပေါ်မှာ မုန့်တလုံးပေါ်၌ တလုံးကို ထပ်ဆင့်၍၊ တပုံခြောက်လုံးစီ၊ နှစ်ပုံပုံရမည်။ 7 ထာဝရဘုရားအား မီးဖြင့်ပြုသော
ပူဇော်သက္ကာတည်းဟူသော အောက်မေ့တော်မူဘို့ရာ ဖြစ်စေခြင်း ငှါ ထိုမုန့်နှစ်ပုံပေါ်မှာ စင်ကြယ်သော လောဗန်ကို တင်ထားရမည်။- 8
ထာဝရဘုရား ပဋိညာဉ်နှင့်အညီ၊ ဣသရေလအမျိုးသားတို့ လက်မှခံယူသောထိုမုန့်ကို၊ အာရုန်သည် ထာဝရဘုရားရှေ့တော်
ဥပုဿနေ့တိုင်းအစဉ်အမြဲပြင်ဆင်ရမည်။ 9 ထိုမုန့်ကို အာရုန်နှင့်သူ၏သားတို့သည် ပိုင်၍၊ သန့်ရှင်းရာ ဌာနတော်၌ စားရကြမည်။
ထာဝရဘုရား အား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက ထိုမုန့်သည်၊ ထာဝရပညတ်တော်အတိုင်း၊ အာရုန်အဖို့ အလွန်သန့်ရှင်းသော
အရာဖြစ်သည်ဟု မိန့်တော်မူ၏။ 10 အဲဂုတ္တုလူနှင့် ဣသရေလမိန်းမရ၍ ဣသရေလအမျိုးသားတို့နှင့်အတူ လိုက်လာသော
သားတယောက်သည်၊ တပ်တဲမှာ ဣသရေလလူနှင့် ရန်တွေ့သဖြင့်၊- 11 နာမတော်ကို ပြစ်မှားလျက် ကျိန်ဆဲလေ၏။ ထိုသူ၏ အမိကား၊
ဒန်အမျိုး၊ ဒိဗရိသမီး ရှေလောမိတ် ဖြစ်သတည်း။- 12 ပြစ်မှားသောသူကို မောရှေထံသို့ ဆောင်ယူခဲ့၍ ထာဝရဘုရား၏ အလိုတော်ကို
မသိမှီတိုင်အောင် ချုပ်ထားကြ၏။ 13 ထာဝရဘုရားကလည်း၊ ကျိန်ဆဲသောသူကို တပ်ပြင်သို့ ဆောင်သွား၍၊ 14 သူ၏စကားကို
ကြားသော သူအပေါင်းတို့သည် သူ၏ခေါင်းပေါ်မှာ လက်ကိုတင်ပြီးမှ၊ ပရိသတ်အပေါင်းတို့သည် ကျောက်ခဲနှင့် ပစ်ကြစေ။- 15
သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ မိမိဘုရားသခင်ကို ကျိန်ဆဲသောသူသည် မိမိအပြစ်ကို ခံရမည်။- 16
ထာဝရဘုရား၏ နာမတော်ကို ပြစ်မှားသောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ ပရိသတ် အပေါင်းတို့သည် ထိုသူကို အမှန်
ကျောက်ခဲနှင့် ပစ်ရကြမည်။ အမျိုးသားချင်းဖြစ်စေ၊ တပါး အမျိုးသားဖြစ်စေ၊ နာမတော်ကို ပြစ်မှားလျှင် အသေသတ်ခြင်းကို
ခံရမည်။ 17 လူအသက်ကို သတ်သောသူသည်လည်း အသေသတ်ခြင်းကို အမှန်ခံရမည်။ 18 တိရစ္ဆာန်အသက်ကို
သတ်သောသူသည်လည်း ဥစ္စာရှင်အား တကောင်အတွက် တကောင်ကို လျော်ရမည်။ 19 လူသည် အိမ်နီးချင်းကို နာအောင်ပြုလျှင်၊
သူ့ကိုပြုသည်အတိုင်း ကိုယ်ခံရမည်။ 20 အရိုးကို ချိုးသည်အတွက် အရိုးချိုးခြင်းကိုဒင်း၊ မျက်စိကိုဖျက်သည့်အတွက်၊
မျက်စိဖျက်ခြင်းကိုဒင်း၊ သွားကိုချိုးသည်အတွက်၊ သွားချိုးခြင်းကိုဒင်း၊ သူ့ကို နာကျင်စွာပြုသည်အတိုင်း၊ ကိုယ်တိုင်နာကျင် စွာ
ခံရမည်။- 21 တိရစ္ဆာန်အသက်ကို သတ်သောသူသည်၊ တကောင်အတွက်၊ တကောင်ကို ပြန်ပေးရမည်။ လူအသက် ကို
သတ်သောသူသည် အသေသတ်ခြင်းကို ခံရမည်။ 22 ကိုယ်အမျိုးသားဖြစ်စေ၊ သူတပါးအမျိုးသားဖြစ်စေ၊
တပါးတည်းသောတရားနှင့်သာ စီရင်ခြင်းကို ခံရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်သည်ဟု မောရှေအား
မိန့်တော်မူ၏။- 23 ဣသရေလအမျိုးသားတို့သည်၊ ကျိန်ဆဲသောသူကို တပ်ပြင်သို့ ဆောင်သွား၍၊ ကျောက်ခဲနှင့် ပစ်ရမည် အကြောင်း
မောရှေဆင့်ဆိုသည်ဖြစ်၍ ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည် အတိုင်း သူတို့သည် ပြုကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 တဖန် သိနာတောင်ပေါ်မှာ၊ မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့ အား ဆင့်ဆိုရမည်မှာ၊- 2 သင်တို့သည်
ငါပေးသော ပြည်သို့ ရောက်သောအခါ၊ ထိုပြည်သည် ထာဝရဘုရားအဘို့ ဥပုသ်စောင့်ရမည်။ 3 ခြောက်နှစ်ပတ်လုံး လယ်လုပ်လျက်
စပျစ်ဥယျာဉ်ကို သုတ်သင်၍ အသီးကို သိမ်းလျက် နေရမည်။ 4 သတ္တမနှစ်သည်၊ ထာဝရဘုရားအဘို့ ဥပုသ်နှစ်၊ တပြည်လုံး
ငြိမ်ဝပ်စွာနေ၍ ဥပုသ်စောင့်ရသော နှစ်ဖြစ်၏။ လယ်မလုပ်ရ၊ စပျစ်ဥယျာဉ်ကို မသုတ်သင်ရ၊ 5 လယ်၌ အလိုလိုပေါက်သော
အသီးအနှံကိုမျှ မရိတ်ရ။ မသုတ်သင်သော စပျစ်ဥယျာဉ် အသီးကိုမျှ မဆွတ်ရ။ တပြည်လုံး ငြိမ်ဝပ်စွာ နေရသော နှစ်ဖြစ်၏။ 6
ပြည်ဥပုသ်တည်းဟူသော အလိုလို ဖြစ်ပွားသော အရာရှိသမျှသည်၊ သင်ကိုယ်မှစ၍ သင်၏ ကျွန်၊ ကျွန်မ၊ သူငှါး၊ ဧည့်သည်စားစရာ၊-
7 သင်၏ ပြည်၌ရှိသော သားယဉ် သားရဲစားစရာဖြစ်ရသည်။ 8 ဥပုသ်နှစ် ခုနစ်နှစ်ကို ရေတွက်၍၊ ခုနှစ်နှစ်ခု နှစ်လီတည်းဟူသော
လေးဆယ်ကိုးနှစ်စေ့ပြီးမှ၊- 9 သတ္တမလ ဆယ်ရက်နေ့ အပြစ်ဖြေခြင်းပြုရာနေ့၌၊ ယုဘိလတံပိုးကို တပြည်လုံး မှုတ်စေရမည်။ 10
ငါးဆယ်မြောက်သောနှစ်ကို သန့်ရှင်းစေသဖြင့်၊ တပြည်လုံး၌ ပြည်သားအပေါင်းတို့အား၊ လွတ်ရာ အခွင့်ကို ကြွေးကြော်ရမည်။
ယုဘိလနှစ်ဖြစ်၍၊ လူတိုင်း မိမိပိုင်သောမြေ၊ မိမိအဆွေအမျိုးထံသို့ ပြန်ရမည်။ 11 ငါးဆယ်မြောက်သောနှစ်သည်
ယုဘိလနှစ်ဖြစ်သောကြောင့် လယ်မလုပ်ရ။ အလိုလိုပေါက်သော အပင်ကိုမျှ မရိတ်ရ။ မသုတ်သင်သော စပျစ်ဥယျာဉ်အသီးကိုမျှ
မဆွတ်ရ။ 12 ယုဘိလနှစ်သည် သန့်ရှင်းသော နှစ်ဖြစ်သောကြောင့်၊ လယ်၌ရသော အသီးအနှံကိုသာ စားရမည်။ 13 ယုဘိလနှစ်တွင်
လူတိုင်း မိမိပိုင်သော မြေသို့ ပြန်ရမည်။ 14 သင်တို့သည် အချင်းချင်းရောင်းဝယ်မှုကို ပြုလျှင်၊ တယောက်ကို တယောက် မညှဉ်းဆဲရ။
15 ယုဘိလနှစ်လွန်၍ လိုသေးသော နှစ်ပေါင်း၊ အသီးအနှံ သီးလတံ့သော နှစ်ပေါင်းကို ရေတွက်၍ ရောင်းဝယ်မှုကို ပြုရမည်။ 16 ထိုသို့
အသီးသီးရသော နှစ်များကို လိုက်၍ ရောင်းသောကြောင့်၊ နှစ်ပေါင်း အနည်းအများအလိုက် အဘိုးလျော့လျက်၊ တိုးလျက်
ရောင်းဝယ်ရမည်။ 17 သင်တို့သည် တယောက်ကိုတယောက် မညှဉ်းဆဲရ။ သင်တို့၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ငါသည်
သင်တို့၏ ဘုရားသခင်ထာဝရဘုရား ဖြစ်၏။ 18 သင်တို့သည် ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို ကျင့်စောင့်လျှင်၊ ထိုပြည်၌
ဘေးလွတ်လျက်နေရကြလိမ့်မည်။ 19 မြေသည်လည်း မိမိ အသီးအနှံကို ပေးသဖြင့်၊ သင်တို့သည် ဝစွာစား၍ ဘေးလွတ်လျက်
နေရကြ လိမ့်မည်။ 20 သင်တို့ကလည်း၊ သတ္တမနှစ်တွင် ငါတို့သည် အဘယ်သို့ စားရမည်နည်း။ လယ်မလုပ်ရ။ အသီးအနှံကို
မသိမ်းရပါတကားဟု ဆိုလျှင်၊- 21 ဆဋ္ဌမနှစ်တွင် သင်တို့ကို ငါကောင်းကြီးပေး၍၊ ထိုနှစ်တွင် သုံးနှစ်အဘို့ အသီးအနှံကို ဖြစ်စေမည်။
22 သင်တို့သည် အဋ္ဌမနှစ်တွင် လယ်လုပ်၍ နဝမနှစ်တွင် အသီးအနှံကို သိမ်းရာ ကာလတိုင်အောင် ဟောင်းသော အသီးအနှံကို
စားရကြမည်။ 23 မြေကို သူတပါး အစဉ်ပိုင်စေခြင်းငှါ မရောင်းရ။ မြေသည် ငါ့ဥစ္စာဖြစ်၏။ သင်တို့သည် ငါ၌ တည်းသော ဧည့်သည်
အာဂန္တုဖြစ်ကြ၏။ 24 သင်တို့သည် မြေကို ပိုင်လေရာရာ၌ ရွေးနှုတ်ရသော အခွင့်ကို ပေးရကြမည်။ 25 သင်၏ အမျိုးသားချင်းသည်
ဆင်းရဲ၍၊ မိမိပိုင်သောမြေကို ရောင်းလျှင်ငှင်း၊ သူ၏ပေါက်ဘော် တစုံတယောက်သည် ဝယ်ခြင်းငှါလာလျှင်ငှင်း၊ မိမိပေါက်ဘော်
ရောင်းသောဥစ္စာကို ရွေးနှုတ်ရသော အခွင့်ရှိရမည်။ 26 ထိုမြေကို ရွေးနှုတ်သောသူတယောက်မျှ မပေါ်မရှိ၍၊ မြေရှင်ဟောင်းသည်
ကိုယ်တိုင်ရွေးနှုတ်နိုင်လျှင်၊- 27 မိမိမြေသို့ ပြန်အံ့သောငှါ၊ ရောင်း၍လွန်သော နှစ်ပေါင်းကို ရေတွက်ပြီးမှ၊ လိုသေးသော အဘိုးကို
အထက်က ရောင်းခဲ့သောသူအား ပြန်ပေးရမည်။ 28 ပြန်၍မပေးနိုင်လျှင် ရောင်းခဲ့သောဥစ္စာကို ယုဘိလနှစ်တိုင်အောင်
ဝယ်သောသူလက်၌ ရှိစေရမည်။ ယုဘိလနှစ်တွင် လက်လွှတ်၍ အရှင်ဟောင်းလက်သို့ ရောက်စေရမည်။ 29 မြို့ထဲ၌ရှိသော အိမ်ကို
အိမ်ရှင်ရောင်းလျှင်၊ တနှစ်အတွင်းတွင် ရွေးနှုတ်သော အခွင့်ရှိစေရမည်။ 30 တနှစ်အတွင်းတွင် မရွေးနှုတ်လျှင်၊ ထိုအိမ်ကို
ဝယ်သောသူမှစ၍ သားစဉ်မြေးဆက်တို့သည် အမြဲပိုင်ရ ကြမည်။ ယုဘိလနှစ်ရောက်သော်လည်း လက်မလွှတ်ရ။ 31 မြို့ရိုးမရှိ၊
ရွာ၌ရှိသောအိမ်ကို လယ်ယာကဲ့သို့ မှတ်၍ ရွေးနှုတ်ရသော အခွင့်ရှိ၏။ ယုဘိလနှစ် ရောက်သောအခါ လက်လွှတ်ရမည်။ 32 သို့ရာတွင်
လေဝိသားပိုင်သော မြို့နှင့်မြို့အိမ်တို့ကို၊ အဘယ်ကာလအချိန်မဆိုဘဲ ရွေးနှုတ်ရသော အခွင့်ရှိ၏။ 33 လေဝိသားပိုင်သော မြို့ကိုငှင်း၊
အိမ်ကိုငှင်း၊ သူတပါးဝယ်လျှင်၊ ယုဘိလနှစ်ရောက်သောအခါ လက်လွှတ်ရမည်။ အကြောင်းမူကား၊ ဣသရေလ လူအမျိုးသားတို့တွင်
လေဝိသားတို့သည်၊ ကိုယ် နေရာ မြို့အိမ်မှတပါး အခြားသော ဥစ္စာမရှိ။ 34 သို့ဆိုသော်လည်း၊ လေဝိသားမြို့နယ်၌ရှိသော
လယ်ယာတို့ကို မရောင်းရ။ အစဉ်အမြဲပိုင်ရမည်။ 35 သင်၏ အမျိုးသားချင်းသည် ဆင်းရဲ၍ လက်အားလျော့သဖြင့် တပါးအမျိုးသား
ဧည့်သည်အာဂန္တု ကဲ့သို့ဖြစ်လျှင်၊ သင့်ထံမှာ နေစေခြင်းငှါ သူ့ကို မစရမည်။ 36 သူ၌ အတိုးအပွားကို မယူရ။ သင်၏
အမျိုးသားချင်းသည် သင့်ထံမှာ နေစေခြင်းငှါ၊ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့လော့။ 37 အတိုးအပွါးကို မြော်လင့်၍ ငွေကိုငှင်း၊
စားစရာကိုငှင်း၊ သူ၌ မချေးမငှါးရ။ 38 ငါသည် ခါနာန်ပြည်ကို သင်တို့အားပေး၍၊ သင်တို့၏ ဘုရားသခင်ဖြစ်အံ့သောငှါ၊ သင်တို့ကို
အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်တို့၏ ဘုရားသခင်၏ ထာဝရဘုရားဖြစ်၏။ 39 သင်၏ အမျိုးသားချင်းသည် ဆင်းရဲ၍ သင်၌
အရောင်းခံလျှင်၊ အစေခံကျွန်ကိုပြုသကဲ့သို့ သူ့ကို အနိုင်မပြုရ။ 40 သူသည် သူငှါးကဲ့သို့ငှင်း၊ ဧည့်သည်ကဲ့သို့ငှင်း၊ သင့်ထံမှာနေ၍
ယုဘိလနှစ်တိုင်အောင် အစေခံရမည်။ 41 ထိုအခါ သူသည် သားသမီးနှင့်တကွ ထွက်၍၊ မိမိအဆွေအမျိုး၊ မိမိ ဘိုးဘပိုင်သောမြေသို့
ပြန်ရမည်။ 42 အကြောင်းမူကား၊ သူတို့သည် အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သော ငါ၏ အမှုထမ်းဖြစ်၍၊ အစေခံ ကျွန်ဖြစ်စေခြင်းငှါ၊

မရောင်းရ။ 43 သူ့ကို ကြမ်းတမ်းစွာ မစီရင်ရ။ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ 44 သင်သည် စေခိုင်းသောကျွန်၊ ကျွန်မတို့ကို၊
သင့် ပတ်လည်ဝန်းကျင်တို့၌ နေသော သာသနာပလူတို့ တွင် ဝယ်ရမည်။ 45 ထိုမှတပါး၊ သင်တို့တွင် တည်းနေသော
တကျွန်းတနိုင်ငံသားတို့ကိုငှင်း၊ သင်တို့ပြည်၌ သူတို့ရသော သားသမီးများကိုငှင်း ဝယ်၍ ပိုင်ရမည်။ 46 သူတို့သည်
ကျွန်သားပေါက်ဖြစ်၍၊ သင်တို့နှင့် သင်တို့သားသမီးတို့သည် အမွေခံ၍ ပိုင်ရမည်။ ကိုယ်အမျိုးသားချင်းတည်းဟူသော
ဣသရေလအမျိုးသားဖြစ်လျှင်၊ တယောက်ကိုတယောက် ကြမ်း တမ်းစွာ မစီရင်ရ။ 47 သင့်အနားမှာတည်းနေသော
တကျွန်းတနိုင်ငံသားသည် ငွေရတတ်၍ သူ၏အနားမှာနေသော သင်၏ အမျိုးသားချင်း ဆင်းရဲသဖြင့်၊ သင့်အနားမှာ တည်းနေသော
တကျွန်းတနိုင်ငံသား၌ငှင်း၊ သူ၏ သားမြေး၌ငှင်း၊ ကိုယ်ကိုရောင်းချလျှင်၊- 48 ရောင်းပြီးမှ ရွေးနှုတ်သော အခွင့်ရှိစေရမည်။
မိမိအမျိုးသား တစုံတယောက်သည် ရွေးနှုတ်ရမည်။ 49 ဘကြီး၊ ဘထွေး၊ ညီအစ်ကိုတော်မှစ၍ အဆွေအမျိုးပေါက်ဘော်ရင်း
တစုံတယောက်သည် ရွေးနှုတ် ရမည်။ ကိုယ်တိုင်တတ်နိုင်လျှင်လည်း ကိုယ်ကိုရွေးနှုတ်ရမည်။ 50 သခင်နှင့် ကျွန်တို့သည်၊
ရောင်းဝယ်သော နှစ်မှစ၍ ယုဘိလနှစ်တိုင်အောင် နှစ်ပေါင်းကို ရေတွက် ပြီးလျှင်၊ နှစ်ပေါင်းအနည်းအများကို ထောက်၍ငှင်း၊
သူငှါးလုပ်ရသည် ကာလကို ထောက်၍ငှင်း၊ ကိုယ်အဘိုးကို စီရင်ရမည်။ 51 ယုဘိလနှစ်မရောက်မှီ၊ အစေခံရသော နှစ်ပေါင်း
အနည်းအများကို ရေတွက်၍၊- 52 လိုသေးသော နှစ်ပေါင်း အနည်းအများအလိုက် ရွေးရန်အဘိုးကို၊ ဝယ်ရင်းငွေထဲက နှုတ်၍ ပြန်ပေး
ရမည်။ 53 ထိုသူသည် တနှစ် နောက်တနှစ်၊ သူငှါးကဲ့သို့ နေရမည်။ သင့်မျက်မှောက်၌ ညှဦးဆဲခြင်းကို မခံရ။ 54 ထိုသို့သောနည်းဖြင့်
မရွေးမနှုတ်လျှင်၊ ယုဘိလနှစ်ရောက်သောအခါ၊ သူ့ကိုသားမယားနှင့်တကွ သခင်လက်မှ လွှတ်ရမည်။ 55 အကြောင်းမူကား
ဣသရေလအမျိုးသားတို့သည်၊ ငါ၏ အမှုထမ်းဖြစ်ကြ၏။ အဲဂုတ္တုပြည်မှ ငါနှုတ် ဆောင်ခဲ့သော ငါ၏ အမှုထမ်းဖြစ်ကြ၏။ ငါသည်
သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။

---

# Chapter 26

1 သင်တို့သည် ကိုယ်အဘို့ ထုလုပ်သော ရုပ်တုဆင်းတုကို မရှိစေရ။ သင်တို့ပြည်၌ ကိုးကွယ်စရာ မှတ်တိုင်ကို မစိုက်ရ။
ထုသောကျောက်ကို ထောင်၍မထားရ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ 2 ငါ့ဥပုသ်နေ့တို့ကိုစောင့်၍၊
ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 3 သင်တို့သည်၊ ငါ့ထုံးဖွဲ့ရာလိမ်းသို့လိုက်၍၊ ငါပညတ်တို့ကို
ကျင့်စောင့်လျှင်၊- 4 အချိန်တန်မှ ငါသည် သင်တို့အဘို့ မိုဃ်းရွာစေသဖြင့်၊ မြေသည် မိမိဘဏ္ဍာကိုပေး၍၊ ဥယျာဉ်အပင် တို့သည်
အသီးသီးကြလိမ့်မည်။ 5 စပါးနင်းနယ်သော အမှုသည်၊ စပျစ်သီးညှစ်ရာ ကာလတိုင်အောင်ငင်း၊ စပျစ်သီးညှစ်သောအမှုသည်၊
မျိုးစေ့ကြဲရာ ကာလတိုင်အောင်ငင်း မှီသဖြင့်၊ သင်တို့သည် ဝစွာစား၍၊ ကိုယ်ပြည်၌ ဘေးလွတ်လျက် နေရကြလိမ့်မည်။ 6
သင်တို့ပြည်၌ စစ်မှုကို ငါငြိမ်းစေ၍၊ ခြိမ်းချောက်သောသူ မရှိဘဲ သင်တို့သည် အိပ်ရကြလိမ့်မည်။ ဆိုးသော သားရဲတို့ကိုလည်း
ငါပယ်ရှားမည်။ တပြည်လုံးသည် ထားဘေးနှင့် ကင်းလွတ်လိမ့်မည်။ 7 သင်တို့သည် ရန်သူများကို လိုက်၍ ထားလက်နက်ဖြင့်
အောင်ကြလိမ့်မည်။ 8 သင်တို့တွင် လူငါးယောက်သည် ရန်သူတရားကို လိုက်လိမ့်မည်။ လူတရာသည် ရန်သူတသောင်းကို ပြေးစေ၍
ထားလက်နက်ဖြင့် အောင်ကြလိမ့်မည်။ 9 သင်တို့ကို ငါစောင့်မသဖြင့် တိုးပွားများပြားစေ၍၊ သင်တို့နှင့် ငါပြုသော ပဋိညာဉ်ကို
ငါမြဲမြံစေမည်။ 10 သိုထားသော စပါးဟောင်းကို စား၍ မကုန်မှီ၊ စပါးသစ်ပေါ်သောကြောင့်၊ အဟောင်းကို ထုတ်ရကြ မည်။ 11 ငါသည်
စက်ဆုပ်ရွံရှာခြင်းမရှိဘဲ သင်တို့တွင် တဲတော်ကို တည်မည်။ 12 သင်တို့တွင်လည်း လှည့်လည်၍ သင်တို့၏ ဘုရားသခင်ဖြစ်မည်။
သင်တို့သည်လည်း ငါ၏ လူဖြစ်ကြလိမ့်မည်။ 13 အဲဂုတ္တုပြည်၌ အစေကျွန်ခံရသော သင်တို့ကို ငါလွှတ်၍ နှုတ်ဆောင်သော သင်တို့၏
ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင်တို့၏ ထမ်းဘိုးကြိုးကို ငါဖြတ်၍ သင်တို့ကို တည့်မတ်စေပြီ။ 14 သင်တို့သည် ငါ့စကားကို
နားမထောင်၊ ဤပညတ်အလုံးစုံကို မစောင့်၊- 15 ငါ့စီရင်ထုံးဖွဲ့ချက်များကို ရွံရှာ၍၊ မထီမဲ့မြင်ပြုလျက်၊ ငါ့ပညတ်တရားကိုမကျင့်၊
ငါ့ပဋိညာဉ်သစ္စာကို ဖျက်လျှင်၊- 16 သင်တို့၌ ငါပြုလတံ့သောအမှုဟူမူကား၊ သင်တို့၌ မျက်စိပျက်လျက်၊ စိတ်ပူပန်လျက် ရှိစေခြင်းငှါ၊
ထိတ်လန့်သော သဘော၊ တူလာ၊ ဖျားနာတို့ကို သင်တို့အပေါ်မှာ ငါခန့်ထားမည်။ သင်တို့သည် မျိုးစေ့ကို ကြဲသော်လည်း အကျိုးမရှိ။
ရန်သူတို့သည် အသီးအနှံကို စားကြလိမ့်မည်။ 17 သင်တို့ကို ငါ မျက်နှာထား၍၊ ရန်သူရှေ့မှာ ဆုံးစေမည်။ သင်တို့သည် ရန်သူ၏
အုပ်စိုးခြင်းကို ခံရ၍၊ အဘယ်သူမျှ မလိုက်သော်လည်း၊ ပြေးကြလိမ့်မည်။ 18 ထိုမျှလောက် ခံရသော်လည်း၊ ငါ့စကားကို
နားမထောင်ဘဲ နေသေးလျှင်၊ သင်တို့အပြစ်ကြောင့် ခုနစ်ဆသော ဒဏ်ကို ငါပေးဦးမည်။ 19 သင်တို့ မာနအစွယ်ကို ငါချိုးမည်။
မိုဃ်းကောင်းကင်ကို သံကဲ့သို့ငင်း၊ မြေကြီးကို ကြေးဝါကဲ့သို့ငင်း၊ ငါဖြစ်စေသဖြင့်၊ 20 သင်တို့သည် အချည်းနှီး
ကြိုးစားအားထုတ်ကြလိမ့်မည်။ သင်တို့မြေသည် မိမိဘဏ္ဍာကို မပေး။ ဥယျာဉ်အပင်တို့သည် အသီးမသီးကြ။ 21 သင်တို့သည်
ငါ့စကားကို နားမထောင်၊ ငါ့ကို ဆန့်ကျင်ဘက်ပြုလျှင်၊ သင်တို့အပြစ်အလျောက် ခုနစ်ဆ သောဘေးကြီးကို ငါသက်ရောက်စေမည်။
22 သင်တို့၏ သားသမီးများကို ချီသွား၍၊ သင်တို့၏ တိရစ္ဆာန်များကို ဖျက်ဆီးလျက်၊ သင်တို့ကို နည်းစေခြင်း ငှါ၊ သားရဲများကို
ငါစေလွှတ်သဖြင့်၊ သင်တို့သွားရာ လမ်းမတို့သည် လူဆိတ်ညံရာ ဖြစ်ကြလိမ့်မည်။ 23 ထိုသို့ ခံရသော်လည်း၊ သင်တို့သည် သတိမရ၊
ငါ့ကို ဆန့်ကျင်ဘက် ပြုသေးလျှင်၊- 24 ငါသည်လည်း သင်တို့ကို ဆန့်ကျင်ဘက်ပြု၍၊ သင်တို့အပြစ်ကြောင့် ခုနစ်ဆသော ဒဏ်ကို
ပေးဦးမည်။ 25 ငါ့ပဋိညာဉ်ဘက်၌ နေ၍၊ တရားစီရင်ရသော ထားဘေးကိုသင်တို့အပေါ်မှာ ငါသက်ရောက်စေမည်။ သင်တို့သည်
မြို့ထဲ၌၊ စုဝေးသောအခါ၊ ကာလနာဘေးကို ငါစေလွှတ်၍၊ ရန်သူလက်သို့ ရောက်စေမည်။ 26 သင်တို့၏ အစာအာဟာရ
အထောက်အပင့်ကို ငါ ပယ်ရှားသောအခါ၊ မိန်းမတကျိပ်တို့သည် သင်တို့၏ မုန့်ကို မီးဖိုတဖို၌ ဖုတ်ပြီးမှ၊ ထိုမုန့်ကို ချိန်ပေးသဖြင့်
သင်တို့သည် ဝစွာမစားရကြ။ 27 ထိုမျှလောက် ခံရသော်လည်း၊ ငါ့စကားကို နားထောင်၊ ငါ့ကို ဆန့်ကျင်ဘက် ပြုသေးလျှင်၊- 28
ငါသည်လည်း အမျက်ထွက်၍ သင်တို့ကို ဆန့်ကျင်ဘက်ပြုသဖြင့်၊ သင်တို့အပြစ်ကြောင့် ခုနစ်ဆ သော ဒဏ်ကို ပေးဦးမည်။- 29
သင်တို့သည် ကိုယ်သားသမီးတို့၏ အသားကို စားရကြလိမ့်မည်။ 30 သင်တို့မြင့်သော အရပ်များကို ငါဖြိုဖျက်၍၊
ရုပ်တုဆင်းတုများကို ခုတ်လှဲမည်။ သင်တို့ အသေကောင် များကို၊ ရုပ်တုဆင်းတု အသေကောင်အပေါ်မှာ ပစ်ချ၍၊ သင်တို့ကို
စက်ဆုပ်ရွံရှာမည်။ 31 သင်တို့မြို့များကို ငါဖျက်ဆီး၍၊ သန့်ရှင်းရာဌာနတော်ကို သုတ်သင်ပယ်ရှင်းသဖြင့်၊ သင်တို့ နံ့သာ ပေါင်း
အမွှေးအကြိုင်ကို ငါမနမ်း။ 32 တပြည်လုံးကို ငါသုတ်သင် ပယ်ရှင်းသော အမှုကို၊ ထိုပြည်၌နေသော သင်တို့၏ ရန်သူတို့သည် မြင်၍
မိန်းမောတွေဝေကြလိမ့်မည်။ 33 သာသနာပလူတို့တွင် သင်တို့ကို အရပ်ရပ် ငါကွဲပြားစေ၍၊ ထားမိုးလျက် လိုက်မည်။ သင်တို့ပြည်
သည်လည်း လူဆိတ်ညံလျက်၊ မြို့သည်လည်း ပျက်စီးလျက်ရှိလိမ့်မည်။ 34 ထိုသို့ သင်တို့သည် ရန်သူပြည်၌နေ၍၊ ကိုယ်ပြည်သည်
လူဆိတ်ညံလျက်နေသော ကာလပတ်လုံး ငြိမ်ဝပ်စွာနေ၍၊ မိမိဥပုသ်နေ့တို့၌ မွေ့လျော်ရလိမ့်မည်။ 35 လူဆိတ်ညံလျက်နေရသော
ကာလပတ်လုံး ငြိမ်ဝပ်လိမ့်မည်။ သင်တို့ရှိနေသောအခါ၊ ဥပုသ်နေ့တို့၌ ပြည်သည် မငြိမ်မဝပ်ရ။ 36 ရန်သူပြည်မှာ ကျန်ကြွင်းသော
သင်တို့ စိတ်နှလုံးထဲသို့၊ ထိတ်လန့်သော သဘောကို ငါပေးသွင်းသဖြင့်၊ သစ်ရွက်လှုပ်သံကြောင့် သင်တို့သည် ကြောက်၍၊ ထားဘေးမှ
ပြေးသကဲ့သို့ ပြေးကြလိမ့်မည်။ အဘယ် သူမျှ မလိုက်သော်လည်း လဲကြလိမ့်မည်။ 37 အဘယ်သူမျှမလိုက်ဘဲ ထားဘေးမှ
ပြေးသောသူကဲ့သို့ တယောက်အပေါ်မှာ တယောက်လဲကြလိမ့် မည်။ ရန်သူရှေ့မှာ ရပ်နိုင်သော တန်ခိုးမရှိရ။ 38 ရန်သူပြည်သည်

 

သင်တို့ကို မျိုးစား၍၊ သာသနာပလူတို့တွင် ဆုံးရှုံးကြလိမ့်မည်။ 39 ကျန်ကြွင်းသော သင်တို့သည်၊ ရန်သူပြည်၌ ကိုယ်အပြစ်၊
ဘိုးဘတို့အပြစ်ကို ခံလျက်၊ ဘိုးဘနှင့်တကွ အားလျော့ကြလိမ့်မည်။ 40 သို့ရာတွင် သူတို့သည် ငါ့ကို ပြစ်မှား၍၊ ငါ့ကို
ဆန့်ကျင်ဘက်ပြုသောကြောင့်၊- 41 ငါသည် သူတို့ကို ဆန့်ကျင်ဘက်ပြု၍ ရန်သူပြည်သို့ ပို့ဆောင်သော အကြောင်းများနှင့်တကွ၊ ကိုယ်
အပြစ်၊ ဘိုးတတို့ အပြစ်များကို ဘော်ပြတောင်းပန်လျှင်၎င်း၊ အရေဖျားလှီးခြင်းကို မခံသော မိမိတို့ နှလုံးကို နှိမ့်ချ၍၊
မိမိတို့အပြစ်ကြောင့် ခံရသောဒဏ်ကို ဝန်ခံလျှင်၎င်း၊- 42 ငါသည် ယာကုပ်နှင့်ပြုသော ပဋိညာဉ်၊ ဣဇာက်နှင့်ပြုသော ပဋိညာဉ်၊
အာဗြဟံနှင့်ပြုသော ပဋိညာဉ်ကို ၎င်း၊ ထိုပြည်ကို၎င်း ငါအောက်မေ့မည်။ 43 ထိုပြည်သည် သူတို့ လက်မှလွတ်၍၊ သူတို့မရှိဘဲ
လူဆိတ်ညံလျက်နေစဉ်တွင် မိမိဥပုသ်နေ့တို့၌ မွေ့လျော်လိမ့်မည်။ သူတို့သည် ငါ့စီရင်ထုံးဖွဲ့ချက်များကို ရှုံရှာ၍ မထီမဲ့မြင်
ပြုသောအပြစ်ကြောင့်၊ ခံရသောဒဏ်ကို ဝန်ခံရကြလိမ့်မည်။ 44 သို့ရာတွင် ရန်သူပြည်၌ နေကြသောအခါ၊ သူတို့ကို
ရှင်းရှင်းဖျက်ဆီး၍၊ သူတို့နှင့်ငါပြုသော ပဋိညာဉ်ကို ပယ်သည်တိုင်အောင် သူတို့ကို ငါမစွန့်ပစ် မရှုံရှာ။ ငါသည် သူတို့၏
ဘုရားခင်ထာဝရဘုရား ဖြစ်၏။ 45 ငါသည် သူတို့၏ ဘုရားသခင် ဖြစ်အံ့သောငှါ သာသနာပလူတို့ မျက်မှောက်၌၊ အဲဂုတ္တုပြည်မှ
ငါနှုတ်ဆောင်သော သူတို့ဘိုးဘေးနှင့် ငါပြုသော ပဋိညာဉ်ကို သူတို့အတွက် ငါအောက်မေ့မည်၊ ငါသည် ထာဝရဘုရားဖြစ်သည်ဟု
မိန့်တော်မူ၏။ 46 ဤရွေ့ကား ထာဝရဘုရားသည်၊ သိနာတောင်ပေါ်မှာ ဣသရေလအမျိုးသားတို့အဘို့ မောရှေလက် တွင်
ထားတော်မူသော စီရင်ထုံးဖွဲ့ချက် ပညတ်တရား ဖြစ်သတည်း။



generated on Sun Jun 30 02:37:40 2024

## Chapter 27

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 2 လူသည် သစ္စာဂတိပြု၍
ပူဇော်လျှင်၊ ပူဇော်အပ်သော သူသည်၊ သင်အဘိုးပြတ်သည်အတိုင်း ထာဝရ ဘုရား၏ ဘဏ္ဍာတော် ဖြစ်ရမည်။ 3 သင်သည် အဘယ်မျှ
အဘိုးပြတ်ရမည်နည်းဟူမူကား၊ ယောကျ်ားကို အသက်နှစ်ဆယ်မှသည် ခြောက်ဆယ်တိုင်အောင်၊ အကျပ်တော်အလိုက်
ငွေအကျပ်ငါးဆယ်နှင့် အဘိုးပြတ်ရမည်။ 4 မိန်းမဖြစ်လျှင်၊ ငွေအကျပ်သုံးဆယ်နှင့် အဘိုးပြတ်ရမည်။ 5 အသက်ငါးနှစ်မှသည်
ဆယ်နှစ်တိုင်အောင်၊ ယောကျ်ားကို အကျပ်နှစ်ဆယ်၊ မိန်းမကို အကျပ်တဆယ် နှင့် အဘိုးပြတ်ရမည်။ 6 အသက်တလမှသည်
ငါးနှစ်တိုင်အောင်၊ ယောကျ်ားကို ငွေငါးကျပ်၊ မိန်းမကို သုံးကျပ်နှင့် အဘိုး ပြတ်ရမည်။ 7 အသက်ခြောက်ဆယ်လွန်လျှင်၊
ယောကျ်ားကို ဆယ်ငါးကျပ်၊ မိန်းမကို တဆယ်နှင့် အဘိုးပြတ်ရမည်။ 8 သင်အဘိုးပြတ်သည်အတိုင်း၊ မတတ်နိုင်လျှင်၊
ယဇ်ပုရောဟိတ်ထံသို့ ချဉ်းကပ်၍၊ ယဇ်ပုရောဟိတ် သည် သစ္စာဂတိပြုသောသူ တတ်နိုင်သမျှအတိုင်း အဘိုးပြတ်ရမည်။ 9 လူသည်
တိရစ္ဆာန်ကို ထာဝရဘုရားအား ပူဇော်လျှင်၊ ပူဇော်သမျှသည် သန့်ရှင်းရမည်။ 10 ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊
တကောင်အတွက် တကောင်ကို မလဲရ။ လဲလိုလျှင်၊ နှစ်ကောင် စလုံး သန့်ရှင်းရမည်။ 11 ထာဝရဘုရားအား မပူဇော်အပ်၊
မစင်ကြယ်သော တိရစ္ဆာန်ဖြစ်လျှင်၊ ယဇ်ပုရောဟိတ်အား ပြ၍၊ 12 ကောင်းမကောင်းရှိသည်အလျောက်၊ ယဇ်ပုရောဟိတ်
အဘိုးပြတ်ရမည်။ ယဇ်ပုရောဟိတ် ပြတ်သည် အတိုင်း အဘိုးရှိရမည်။ 13 ပူဇော်သော သူသည် ရွေးလိုလျှင်၊ အဘိုးရင်းနှင့်
ငါးစုတစုကို ထပ်၍ ပေးရမည်။ 14 လူသည် မိမိအိမ်ကို ထာဝရဘုရားအဘို့ သန့်ရှင်းစေလျှင်၊ ကောင်းမကောင်းရှိသည်အလျောက်၊
ယဇ်ပုရောဟိတ် အဘိုးပြတ်ရမည်။ ယဇ်ပုရောဟိတ်ပြတ်သည်အတိုင်း အဘိုးရှိရမည်။ 15 ထိုအိမ်ကို သန့်ရှင်းစေသောသူ ရွေးလိုလျှင်၊
ပြတ်သောအဘိုးရင်းနှင့် ငါးစုတစုကို ပေး၍ အိမ်ကို ယူရမည်။ 16 လူသည် ကိုယ်ပိုင်သော လယ်ယာကို ထာဝရဘုရားအဘို့
သန့်ရှင်းစေလျှင်၊ မုယောမျိုးစေ့ ကြဲရသည် အတိုင်း အဘိုးပြတ်ရမည်။ မျိုးစေ့ တဩမဲကြဲရသော လယ်ကို၊ ငွေအကျပ် ငါးဆယ်နှင့်
အဘိုးပြတ် ရမည်။ 17 ယုဘိလနှစ်မှစ၍ မိမိလယ်ကို သန့်ရှင်းစေလျှင်၊ ပြတ်သည်အတိုင်း အဘိုးရှိရမည်။ 18 ယုဘိလနှစ်လွန်မှ
မိမိလယ်ကို သန့်ရှင်းစေလျှင်၊ နောင် ယုဘိလနှစ်မှီအောင် လိုသေးသော နှစ်ပေါင်းကို၊ ယဇ်ပုရောဟိတ် ရေတွက်၍ ပြတ်သော
အဘိုးရင်းငွေကို လျှော့ရမည်။ 19 မိမိလယ်ကို သန့်ရှင်းစေသော သူသည် ရွေးလိုလျှင်၊ ပြတ်သော အဘိုးရင်းနှင့် ငါးစုတစုကို ပေး၍
လယ်ကို အပိုင်ယူရမည်။ 20 သို့မဟုတ် လယ်ကိုမရွေးလို၊ အခြားသောသူအား ရောင်းမိလျှင်၊ နောက်တဖန် မရွေးရ။- 21
ယုဘိလနှစ်တွင် ထိုလယ်သည် အမှုလွတ်သောအခါ၊ ကျိန်ဆိုသောလယ်ကဲ့သို့၊ ထာဝရဘုရားအား သန့်ရှင်း၍ ယဇ်ပုရောဟိတ်၏
ဥစ္စာဖြစ်ရမည်။ 22 လူသည် ကိုယ်ပိုင်ရင်းမဟုတ်၊ ဝယ်သော လယ်ယာကို ထာဝရဘုရားအဘို့ သန့်ရှင်းစေလျှင်၊- 23
ယုဘိလနှစ်တိုင်အောင် ပြတ်သောအဘိုးကို၊ ယဇ်ပုရောဟိတ်ရေတွက်၍၊ ထာဝရဘုရားအဘို့ သန့်ရှင်းစေသောနေ့၌
အဘိုးပြတ်သောငွေကို ပေးရမည်။ 24 ယုဘိလနှစ်ရောက်သောအခါ၊ ထိုလယ်ကို အရင်ပိုင်၍ ရောင်းသောသူ လက်သို့ ပြန်စေရမည်။
25 အဘိုးပြတ်လေရာရာ၌ အကျပ်တော်အလိုက် ပြတ်ရမည်။ အကျပ်ကား၊ ဂေရနှစ်ဆယ်ဖြစ်သတည်း။ 26 ထာဝရဘုရား
ပိုင်ထိုက်သော တိရစ္ဆာန်သားဦးကို၊ အဘယ်သူမျှ မသန့်ရှင်းစေရ။ နွားဖြစ်စေ၊ သိုးဆိတ် ဖြစ်စေ၊ ထာဝရဘုရားဥစ္စာဖြစ်၏။ 27
မစင်ကြယ်သော တိရစ္ဆာန်ဖြစ်လျှင်၊ အဘိုးပြတ်သည်အတိုင်း ရွေး၍၊ ငါးစုတစုကို ထပ်၍ ပေးရမည်။ မရွေးလိုလျှင်၊
အဘိုးပြတ်သည်အတိုင်း ရောင်းရမည်။ 28 သို့ရာတွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ကိုယ်ပိုင်ရင်းလယ်ဖြစ်စေ၊ ထာဝရဘုရားအား
ကျိန်ဆို၍ ပူဇော်သမျှကို မရောင်းမရွေးရ။ ကျိန်ဆို၍ ပူဇော်သမျှတို့သည် ထာဝရဘုရားအား အလွန်သန့် ရှင်းရမည်။- 29 လူကိုပင်
ကျိန်ဆို၍ ပူဇော်လျှင်၊ နောက်တဖန် မရွေးရ၊ သတ်ရမည်။ 30 စပါးဖြစ်စေ၊ သစ်သီးဖြစ်စေ၊ မြေကဖြစ်သမျှသော အသီးအနှံ
ဆယ်စုတစုသည် ထာဝရဘုရား၏ ဘဏ္ဍာတော် ဖြစ်၏။ ထာဝရဘုရားအဘို့ သန့်ရှင်းရမည်။ 31 ဆယ်စုတစုကို ရွေးလိုလျှင်၊
အဘိုးရင်းနှင့်ငါးစုတစုကို ထပ်၍ ပေးရမည်။ 32 နွားဖြစ်စေ၊ သိုးဆိတ်ဖြစ်စေ၊ ကြိမ်လုံးအောက်၌ သွားသမျှသော အကောင်
ဆယ်စုတစုသည်၊ ထာဝရ ဘုရားအဘို့ သန့်ရှင်းရမည်။ 33 ကောင်းသလော၊ ညံ့သလောဟု မမေးမစစ်ရ။ တကောင်အတွက်
တကောင်ကို မလဲရ။ လဲလိုလျှင် နှစ်ကောင်စလုံး သန့်ရှင်းရမည်။ အလျှင်းမရွေးရဟု မိန့်တော်မူ၏။ 34 ဤရွေ့ကား
ထာဝရဘုရားသည်၊ သိနာတောင်ပေါ်မှာ ဣသရေလအမျိုးသားတို့အဘို့ မောရှေ၌ ထားတော်မူသော ပညတ်တော်များ ဖြစ်သတည်း။


generated on Sun Jun 30 02:37:40 2024

# Numbers

## Chapter 1

1 ဣသရေလအမျိုးသားတို့သည်၊ အဲဂုတ္တုပြည်မှ ထွက်၍ ဒုတိယနှစ်၊ ဒုတိယလ၊ ပဌမနေ့၌သိနာတောတွင် ပရိသတ်စည်းဝေးရာ
တဲတော်မှာ ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ 2 သင်နှင့် အာရုန်သည် ဣသရေလအမျိုးသား ပရိသတ်တို့တွင်၊
အသက်နှစ်ဆယ်လွန်၍၊ 3 စစ်တိုက်နိုင်သော ယောကျ်ားအပေါင်းတို့ကို သူတို့အဆွေအမျိုး အသီးသီးအလိုက် စာရင်းယူလျက်၊
တပ်ခင်းကျင်း၍ ရေတွက်လော့။ 4 အမျိုးအနွယ်အသီးသီး တမျိုးတယောက်စီ မိမိတို့ အဆွေအမျိုး၌ သူကြီးဖြစ်သော လူတို့သည်
သင်တို့နှင့်အတူကူညီ၍ အမှုကိုဆောင်ရကြမည်။ 5 သင်တို့နှင့်အတူကူညီ၍ အမှုကိုဆောင်ရသော သူဟူမူကား၊ ရုဗင်အမျိုး၊
ရှေဒုရသားဧလိဇုရ။ 6 ရှိမောင်အမျိုး၊ ဇုရိရှဒ္ဒဲသားရှေလုမျေလ။ 7 ယုဒအမျိုး၊ အမိနဒပ်သားနာရှုန်။ 8 ဣသခါအမျိုး ဇုအာသား
နာသနေလ။ 9 ဇာဗုလုန်အမျိုး၊ ဟေလုန်သားဧလျာဘ။ 10 ယောသပ်သားတွင်၊ ဧဖရိမ်အမျိုး အမိဟုဒ်သား ဧလိရှမာ၊ မနာရှေအမျိုး၊
ပေဒါဇုရသားဂါမလျေလ။ 11 ဗယ်္ာမိန်အမျိုး၊ ဂိဒေါနိ သားအဘိဒန်။ 12 ဒန်အမျိုး၊ အမိရှဒဲသားအဟေဇာ။ 13 အာရှာအမျိုး၊
ဩကရန်သားပါဂျေလ။ 14 ဂဒ်အမျိုး၊ ဒွေလသားဧလျာသပ်၊ 15 နဿလိအမျိုး၊ ဧနန်သားအဟိရတည်း။ 16 ဤသူတို့သည်
ပရိသတ်တွင် ကျော်စောသော သူ၊ အဆွေအမျိုး သူကြီးမင်းဖြစ်၍ ဣသရေလအမျိုး၌ လူတထောင်စီအုပ်ရသောသူ ဖြစ်ကြသတည်း။
17 ထိုသို့နာမည်ဖြင့် ရွေးတော်မူသော ထိုသူတို့ကို၊ မောရှေနှင့် အာရုန်သည်ခေါ်၍၊ 18 ဒုတိယလ၊ ပဌမနေ့၌ ပရိသတ်အပေါင်းကို
စည်းဝေးစေပြီးမှ၊ အဆွေအမျိုးစာရင်းကို ဘော်ပြ၍ အနှစ်နှစ်ဆယ်အလွန်သောသူတို့၏ နာမည်ပေါင်းကို မှတ်သဖြင့်၊ 19
ထာဝရဘုရားသည် မောရှေအား မှာထားတော် မူသည်အတိုင်း၊ သိနာတော၌ ဣသရေလအမျိုးသားတို့ ကို ရေတွက်လေ၏။ 20
ဣသရေလ၏သားဦး၊ ရုဗင်၏အမျိုးသားတို့တွင် အဆွေအမျိုး အသီးအသီးလိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည်အတိုင်း၊
21 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း လေးသောင်းခြောက်ထောင်ငါးရာ ရှိကြ၏။ 22
ရှိမောင်အမျိုးသားတို့တွင် အဆွေအမျိုးအသီး အသီးလိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည် အတိုင်း၊ 23
အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း ငါးသောင်းကိုးထောင်သုံးရာရှိကြ၏။ 24 ဂဒ်အမျိုးသားတို့တွင်
အဆွေအမျိုးအသီးအသီး လိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်အတိုင်း၊ 25 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော
ယောကျ်ားပေါင်း လေးသောင်းငါးထောင်ခြောက်ရာ ငါးဆယ် ရှိကြ၏။ 26 ယုဒအမျိုးသားတို့တွင် အဆွေအမျိုးအသီးအသီးလိုက်၍
နာမည်များကို စာရင်း၌မှတ်သားသည် အတိုင်း၊ 27 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သောယောကျ်ားပေါင်း ခုနစ်သောင်း၊
လေးထောင်ခြောက်ရာ ရှိကြ၏။ 28 ဣသခါအမျိုးသားတို့တွင် အဆွေအမျိုးအသီး အသီးကိုလိုက်၍ နာမည်များကို စာရင်း၌
မှတ်သားသည် အတိုင်း၊ 29 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း ငါးသောင်းလေးထောင်လေးရာ ရှိကြ ၏။ 30
ဇာဗုလုန်အမျိုးသားတို့တွင် အဆွေအမျိုးအသီး အသီးလိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည် အတိုင်း၊ 31
အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း ငါးသောင်းနှစ်ထောင်လေးရာရှိကြ၏။ 32 ယောသပ်မှ ဆင်းသက်သော
ဧဖရိမ်အမျိုးသား တို့တွင် အဆွေအမျိုးအသီးအသီးလိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည်အတိုင်း၊ 33
အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း လေးသောင်းငါးရာ ရှိကြ၏။ 34 မနာရှေအမျိုးသားတို့တွင်
အဆွေအမျိုးအသီး အသီးလိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည် အတိုင်း၊ 35 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော
ယောကျ်ားပေါင်း သုံးသောင်းနှစ်ထောင်နှစ်ရာ ရှိကြ၏။ 36 ဗယ်္ာမိန်အမျိုးသားတို့တွင် အဆွေအမျိုးအသီး သီးလိုက်၍ နာမည်များကို
စာရင်း၌ မှတ်သားသည် အတိုင်း၊ 37 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း သုံးသောင်းငါးထောင်လေးရာ
ရှိကြ၏။ 38 ဒန်အမျိုးသားတို့တွင် အဆွေအမျိုးအသီးအသီး လိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည်အတိုင်း၊ 39
အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း ခြောက်သောင်းနှစ်ထောင်ခုနစ်ရာ ရှိကြ၏။ 40 အာရှာအမျိုးသားတို့တွင်
အဆွေအမျိုးအသီးအ သီးလိုက်၍ နာမည်များကို စာရင်း၌ မှတ်သားသည် အတိုင်း၊ 41 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော
ယောကျ်ားပေါင်း လေးသောင်းတထောင်ငါးရာ ရှိကြ၏။ 42 နဿလိအမျိုးသားတို့တွင် အဆွေအမျိုးအသီး အသီးလိုက်၍
နာမည်များကို စာရင်း၌ မှတ်သားသည် အတိုင်း၊ 43 အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ယောကျ်ားပေါင်း
ငါးသောင်းသုံးထောင်လေးရာ ရှိကြ၏။ 44 ထိုသို့မောရှေနှင့် အာရုန်အစရှိသော ဣသရေ လအမျိုး၌ အဆွေအမျိုးသူကြီးဖြစ်သော
မင်းဆယ်နှစ်ပါး တို့သည် 45 ဣသရေလအမျိုးသားအပေါင်းတို့ကို အဆွေ အမျိုးအလိုက် ရေတွက်၍ စာရင်းယူသည်အတိုင်း၊ 46
အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော လူပေါင်းကား ခြောက်သိန်းသုံးထောင်ငါးရာ ငါးဆယ် ရှိသတည်း။ 47 လေဝိသားတို့သည်၊
ဘိုးဘအမျိုးအလိုက် စာရင်း မဝင်ရသည် အမှုမှာ၊ 48 ထာဝရဘုရားသည် မောရှေအား မိန့်တော်မူ သည်ကား 49 လေဝိသားတို့ကို၊
ဣသရေလအမျိုးသားတို့နှင့် ရောနှော၍ မရေတွက်ရ။ စာရင်းထဲ၌ မသွင်းရ။ 50 လေဝိသားတို့အား သက်သေခံချက် တဲတော်ကို ၎င်း၊
တဲတော်တန်ဆာ ရှိသမျှကို၎င်း၊ တဲတော်နှင့်ဆိုင်သမျှတို့ကို၎င်း အပ်၍၊ သူတို့သည် တဲတော်နှင် တဲတော်တန်သော အလုံးစုံကို

 generated on Sun Jun 30 02:37:40 2024

ဆောင်ရွက်ကြရမည်။ တဲတော်မှုကိုလည်း ထမ်းရကြမည်။ တပ်ချသောအခါ တဲတော်ပတ်လည်၌ မိမိတို့နေရာချရကြမည်။ 51
တဲတော်ကို ယူသွားချိန် ရောက်သောအခါ၊ လေဝိသားတို့သည် ရုပ်သိမ်းရမည်။ နေရာချချိန်ရောက် သောအခါ ထူထောင်ပြန်ရမည်။
လေဝိအမျိုးသားမှတပါး အခြားသော အမျိုးသားသည် ချဉ်းကပ်လျှင်၊ အသေ သတ်ခြင်းကို ခံရမည်။ 52
ဣသရေလအမျိုးသားတို့သည် တပ်ချသော အခါ၊ အလုံးအရင်းတရှောက်လုံး၊ လူတိုင်း မိမိဆိုင်သော တပ်တွင် မိမိဆိုင်သော
အလံနားမှာ မိမိတဲကို ဆောက်ရ မည်။ 53 ဣသရေလအမျိုးသားစည်းဝေးရာ၊ ပရိသတ် အပေါ်မှာ
အမျက်တော်မသက်ရောက်စေခြင်းငှါ၊ လေဝိသားတို့သည် သက်သေခံချက် တဲတော်ပတ်လည်၌ နေရာချ၍
သက်သေခံချက်တဲတော်ကို စောင့်ရှောက်ရ မည်ဟု၊ 54 မောရှေအား ထာဝရဘုရားမှာထားတော်မူ သည်အတိုင်း
ဣသရေလာအမျိုးသားတို့သည် ပြုကြ၏။

---

Numbers 01

ထာဝရဘုရား
ဓမ္မဟောင်းကာလမှာ သူ့လူတွေကို ဗျာဒိတ်တော်ပေးသည့် ဘုရားသခင်၏နာမည်ဖြစ်သည်။ ထာဝရဘုရားဟုမည်ကဲ့သို့ ဘာသာပြန်ရမည်ကို ဘာသာပြန်စာလုံးတွေမှာ ကြည့်ရှုပါ။

ဒုတိယလ၊ ပဋမနေ့
"ဒုတိယလ၏ ပဋမနေ့" ဆိုသည်မှာ ဟေဗြဲပြက္ခဒိန်အရ ဒုတိယလ ဖြစ်သည်။ ပဋမနေ့သည် အနောက်တိုင်းပြက္ခဒိန်များအရ ဧပြီလလယ်နှင့်နီးစပ်မှုရှိသည်။

ဒုတိယနှစ်
"ဒုတိယနှစ်မြောက်" သို့မဟုတ် "ဒုတိယနှစ်"

တပ်ခင်းကျင်း၍ ရေတွက်လော့
လူယောကျ်ားတို့၏နာမည်များကို စာရင်းကောက်ပြီး ရေတွက်ခြင်းကို ဆိုလိုသည်။ တခြားပြန်ဆိုချက်များမှာ- "လူယောကျ်ားတစ်ယောက်ချင်းစီ၏နာမည်ကို စာရင်းယူပြီး ရေတွက်ပါ။ (ရှု- )

အသက်နှစ်ဆယ်လွန်
"အသက် ၂၀ ပြည့်"

စစ်တိုက်နိုင်သော ယောကျ်ားအပေါင်း
စစ်တပ် တပ်စုအလိုက် စစ်သားများကို တာဝန်ခန့်အပ်ခြင်းကို ဆိုလိုသည်။

Numbers 04

အဆွေအမျိုး၌ သူကြီးတစ်ယောက်
"အမျိုးအနွယ်တစ်ခု၏ ခေါင်းဆောင်တစ်ယောက်"

သင်တို့နှင့်အတူ ကူညီ၍အမှုဆောင်ရန်
"သင်တို့ကို ကူညီသည်"

ရှေဒုရသား ဧလိဇုရ၊ ဇုရိရှဒ္ဒဲသား ရှေလုမျေလ
၄င်းတို့သည်လူတို့၏နာမည်များဖြစ်သည်။

Numbers 07

အထွေထွေ အချက်အလက်
ထာဝရဘုရားကဆက်လက်၍ မျိုးနွယ်စုခေါင်းဆောင်များ၏နာမည်စာရင်းကို မောရှေအားကောက်ခိုင်းသည်။

Numbers 10

အထွေထွေ အချက်အလက်
ထာဝရဘုရားကဆက်လက်၍ မျိုးနွယ်စုခေါင်းဆောင်များ၏နာမည်စာရင်းကို မောရှေအား ကောက်ခိုင်းသည်။

Numbers 12

အထွေထွေ အချက်အလက်
ထာဝရဘုရားက ဆက်လက်၍ မျိုးနွယ်စုခေါင်းဆောင်များ၏နာမည်စာရင်းကို မောရှေအား ကောက်ခိုင်းသည်။

Numbers 16

ကျော်စောသောသူ
ဤစကားစုကို ကတ္တားဝါကျပုံစံဖြင့် သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားခန့်ထားတော်မူသော လူများ"

Numbers 17

ရွေးတော်မူသော ထိုသူတို့ကို
"ထိုလူတို့ကို နာမည်နှင့်တကွစုရုံးစေသည်"

အဆွေအမျိုးစာရင်းကို ဘော်ပြ၍
ဤဝါကျကို ကတ္တားဝါကျပုံစံဖြင့် ပြောင်းရေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နာမည်စာရင်းမှတ်သားပြီးသောသူများ"

ဒုတိယလ၊ ပဋမနေ့
"ဒုတိယလ၏ ပထမနေ့" ၎င်းသည် ဟေဗြဲပြက္ခဒိန်အရ ဒုတိယလဖြစ်သည်။ ပထမနေ့သည် အနောက်တိုင်းပြက္ခဒိန်အရ

ဧပြီလလယ်ပိုင်းနဲ့နီးစပ်မှုရှိသည်။ မည်ကဲ့သို့ဘာသာပြန်သည်ကို ၁း၁ (ရှု၊ နှင့် တွင် ကြည့်ရှုနိုင်သည်။)

ပရိတ်သတ်အပေါင်းကိုစည်းဝေးစေပြီးမှ
ဒုတိယဝါကျသည် ပထမဝါကျနှင့်အခြေခံသဘောချင်းတူပြီး ပို၍ရှင်းလင်းအောင် ထပ်ရေးခြင်းသာဖြစ်သည်။

နာမည်အပေါင်းကိုမှတ်သဖြင့်
ဤနေရာ၌ "နာမည်" က "ပြောဆိုခြင်း" ကိုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ဦးချင်းစီကိုပြောဆိုပြီး"

Numbers 20

နာမည်များကို စာရင်း၌မှတ်ထားသည်အတိုင်း
ဤဝါကျကို ကတ္တားဝါကျအဖြစ် ပြောင်းရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူတို့ နာမည်အားလုံးကို ရေတွက်ကြသည်"

စစ်တိုက်နိုင်သော
"စစ်တိုက်နိုင်သောသူ"

ယောကျာ်း ၄၆၅၀၀ ယောက်
"ယောကျာ်း လေးသောင်းခြောက်ထောင်ငါးရာ ယောက်"

Numbers 22

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 24

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 26

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 28

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 30

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို၁:၂၀တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 32

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 34

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 36

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊

"တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 38

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 40

အဆွေအမျိုးအသီးသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်းခေါင်စာရင်းတွင် ကြိမ်ဖန်များစွာ ဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကို ရေတွက်သည်"

Numbers 42

အဆွေအမျိုးအသီးအသီးလိုက်၍ နာမည်များကို စာရင်း၌မှတ်သားသည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တစ်ဦးချင်းစီ၏ နာမည်များ၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 44

ဣသရေလလူများကို လူမျိုးစုများအလိုက် ရေတွက်သည်
"ရေတွက်ခြင်းခံသည်" ဟူသောစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ ဤစကားစုရှည်ကို သန်ခေါင်စာရင်းတွင် ကြိမ်ဖန်များစွာဖော်ပြထားသည်။ မည်ကဲ့သို့ ဘာသာပြန်မည်ကို ၁:၂၀ တွင်ကြည့်ရှုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဣသရေလလူအားလုံးကို လူမျိုးစုအလိုက် နာမည်များကိုရေတွက်သည်"

Numbers 47

လေဝိသားတို့သည် ဘိုးဘေးအမျိုးအလိုက် စာရင်းမဝင်ရသည် အမှုမှာ
ကတ္တားဝါကျပုံစံဖြင့် ပြန်ရေးသားနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မောရှေနှင့်အာရုန်တို့က လေဝိမျိုးနွယ်မှဆင်းသက်သူများကို မရေတွက်ပါ"

လေဝိသားတို့ကို
ဘာသာစကားတချို့တွေမှာ အပြုခံကြိယာပုံစံဖြင့်ဖော်ပြကြသည်။ လိုအပ်လာမည်ဆိုပါက အခြားနည်းဖြင့်ရေးသားနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "လေဝိမျိုးနွယ်စုမှ လူများ"

လေဝိသားတို့ကို စာရင်းထဲ၌မသွင်းရ
"လေဝိလူမျိုး" က လေဝိမျိုးနွယ်ဝင်တွင် ရှိသောလူအားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "လေဝိမျိုးနွယ်ရှိ လူများကိုမရေတွက်ရ"

Numbers 50

တဲတော်တန်ဆာရှိသမျှ
တဲတော်ကို နာမည်ရှည်ဖြင့်လည်းခေါ်ကြသည်။ အကြောင်းမှာ ဘုရားသခင်၏ပညတ်တော်သေတ္တာသည် ၎င်းအထဲ၌ ထားခြင်းကြောင့်ဖြစ်သည်။

တဲတော်နှင့်ဆိုင်သမျှ
"၎င်း" က တဲတော်ကို ကိုယ်စားပြုသည်။

လေဝိသားတို့ တဲတော်မှုကို ထမ်းရမည်
သူတို့ခရီးသွားသည့်အခါ တဲတော်ထမ်းရန်သည် သူတို့၏တာဝန်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သင်တို့ခရီးသွားသည့်အခါ လေဝိသားတို့က တဲတော်ကိုထမ်းရွက်ကြရမည်"

တဲတော်ပတ်လည်၌ သူတို့တပ်ချကြရမည်။
၎င်း၏ဆိုလိုချက်မှာ တဲတော်ပတ်လည်၌ သူတို့၏တဲများကို ဆောက်ကြရမည်။ အခြားဘာသာပြန်ဆိုချက်၊ "သူတို့၏တဲများကို ၎င်း၏ပတ်လည်တွင် ဆောက်ကြသည်"

Numbers 51

တဲတော်ကို ယူသွားချိန်၌
ဤဝါကို ပြုသူဝါကျဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "တဲတော်တည်ဆောက်မည့်အချိန်တန်လျှင်"

အခြားသောအမျိုးသားကို...အသေသတ်ရမည်။
ဤဝါကို ပြုသူဝါကျဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူစိမ်းကို...အသေသတ်ရမည်" သို့မဟုတ် "တဲတော်နားချဉ်းကပ်သောသူစိမ်းဟူသမျှကို သင်တို့သတ်ရမည်"။

အလံ
ကြီးသောအလံတစ်ခု

မိမိဆိုင်သောတပ်
"သူ့၏စစ်ဆိုင်ရာတပ်ဖွဲ့"

Numbers 53

သက်သေခံချက်တဲတော်

တဲတော်ကို နာမည်ရှည်ဖြင့်လည်းခေါ်ကြသည်။ အကြောင်းမှာ ဘုရားသခင်၏ပညတ်တော်သေတ္တာသည် ၎င်း၏အထဲ၌ ထားခြင်းကြောင့်ဖြစ်သည်။ ၁:၅၀ ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ပရိသတ်အပေါ်မှာ အမျက်တော်မသက်ရောက်စေခြင်းငှာ

ဤနေရာ၌ ထာဝရဘုရားက ဣသရေလသတွေကို သူ့အမျက်တော်ကျရောက်ခြင်းဒဏ်ကို မခံစေလို၍ပြောခြင်းဖြစ်သည်။ "ကျရောက်ခြင်း" စကားစုသည် သူ၏အမျက်တော်ကို သူတို့အပေါ် ကျရောက်ခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "ငါ့အမျက်တော်၌ ဣသရေလလူများကို ဒဏ်မခတ်ပါ။"

မောရှေအား ထာဝရဘုရားမှာထားတော်မူသည်

ဣသရေလလူများလုပ်ဆောင်ရမည့်အရာအားလုံးကို မောရှေအား ထာဝရဘုရားမှာထားသည်။ ထို့နောက် မောရှေလည်း ဣသရေလလူမျိုးများကို ပြန်ပြောပြသည်။

---

## Translation Questions

Numbers 1:1

ထာဝရဘုရားသည် မောရှေအား သန်ခေါင်းစာရင်းကောက်ရာတွင် မည်သူတို့ကို ထည့်ရမည်ဟု ပြောခဲ့သနည်း။

ထာဝရဘုရားသည် မောရှေအား ဣသရေလအမျိုးသားတို့တွင် အသက်နှစ်ဆယ် လွန်သော အမျိုးသားအပေါင်းတို့ကို ရေတွက်ရန်ပြောခဲ့သည်။

Numbers 1:4

မောရှေကဲ့သို့ မည်သူတို့သည် အမျိုးအနွယ်ခေါင်းဆောင်အဖြစ် ထမ်းဆောင်သနည်း။

အမျိုးအနွယ်အသီးသီးမှ တမျိုးတယောက်စီသည် မိမိတို့အဆွေအမျိုး၌ ခေါင်းဆောင်အဖြစ် ထမ်းဆောင်ရသည်။

Numbers 1:17

လူတို့သည် မိမိတို့ မျိုးရိုးကို မည်သို့ ဖော်ပြကြသနည်း။

သူသည် မျိုးနွယ်စု၏ နာမည်များကို မှတ်၍ သူ၏ အဆွေအမျိုးစာရင်းကို ဖော်ပြရသည်။

Numbers 1:44

မျိုးနွယ်စုထဲတွင် အသက်နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သောလူပေါင်း ဘယ်လောက်ကိုမှတ်တမ်းတင်ထားသနည်း။

မျိုးနွယ်စုထဲတွင် လူပေါင်း ခြောက်သိန်းသုံးသောင်းငါးရာငါးဆယ် ရှိသည်။

Numbers 1:47

ဘယ်မျိုးနွယ်စုမှလူများကို မရေတွက်ထားသနည်း။

လေဝိမျိုးနွယ်စုမှလူများကို မရေထွက်ထားပါ။

Numbers 1:50

လေဝိသားတို့ကို ဘယ်အရာအား စောင့်ရှောက်ရန် တာဝန်ပေးထားသနည်း။

လေဝိသားတို့အား သက်သေခံချက် တဲတော်၊ တဲတော်တန်ဆာ ရှိသမျှနှင့် တဲတော်နှင့်ဆိုင်သမျှတို့ကိုစောင့်ရှောက်ရန်တာဝန်ပေးထားသည်။

Numbers 1:51

တဲတော်သို့ တပါးအမျိုးသားချဉ်းကပ်လျှင် လေဝိသားတို့သည် ဘာလုပ်ရမည်နည်း။

တဲတော်သို့ တပါးအမျိုးသားချဉ်းကပ်လျှင် လေဝိသားတို့သည် အသေသတ်မည်ဖြစ်သည်။

ဣသရေလအမျိုးသားတို့သည် ဘယ်နေရာတွင် သူတို့၏တဲများကိုဆောက်လုပ်သနည်း။

လူတိုင်း မိမိဆိုင်သော တပ်တွင် မိမိဆိုင်သော အလံနားမှာ မိမိတဲကို ဆောက်လုပ်ရသည်။

Numbers 1:53

လေဝိသားတို့သည် သူတို့၏တဲများကို ဘယ်နေရာတွင်ဆောက်လုပ်သနည်း။

လေဝိသားတို့သည် သက်သေခံချက် တဲတော်ပတ်လည်၌ သူတို့၏တဲများကိုဆောက်လုပ်ရသည်။

ထာဝရဘုရားမှာထားတော်မူသည်အတိုင်း ဣသရေလလူများသည်ပြုလုပ်ခဲ့သလား။

မောရှေအား ထာဝရဘုရားမှာထာတော်မူသည်အတိုင်း ဣသရေလလူများသည် ပြုကြလေသည်။

---

## Chapter 2

1 တဖန်ထာဝရဘုရားသည် မောရှေနှင့် အာရုန် အား မိန့်တော်မူသည်ကား၊ 2 ဣသရေလအမျိုးသားအသီးအသီးတို့သည် မိမိ
တပ်နှင့်ဆိုင်သောအလံ မိမိအဆွေအမျိုးနှင့်ဆိုင်သော အလံ အနားမှာ ပရိသတ်စည်းဝေးရာ တဲတော်ကို ရှေ့ရှု ပြု၍ နေရာချရမည်။ 3
နေထွက်ရာ အရှေ့မျက်နှာ၌၊ ယုဒတပ်အလံနှင့် ဆိုင်သော အလုံးအရင်းသည် နေရာကျ၍ အမိနဒပ်သား နာရှုန်သည်
ယုဒအမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 4 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ ခုနစ်သောင်းလေးထောင်ခြောက်ရာ
ရှိသတည်း။ 5 ယုဒတပ်အနားမှာ၊ ဣသခါတပ်ချ၍ ဇုအာသား နာသနေလသည်။ ဣသခါအမျိုးသားတို့တွင် ဗိုလ်လုပ်ရ မည်။ 6
သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ ငါးသောင်းလေးထောင်လေးရာ ရှိသတည်း။ 7 ထိုနောက်၊ ဇာဗုလုန်တပ်ချ၍
ဟေလုန်သား ဧလျာဘသည်၊ ဇာဗုလုန်အမျိုးသားတို့တွင် ဗိုလ်လုပ်ရ မည်။ 8 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊
ငါးသောင်းခုနစ်ထောင်လေးရာ ရှိသတည်း။ 9 ယုဒတပ်နှင့်ဆိုင်သော အလုံးအရင်းအရေအ တွက်ကား တသိန်းရှစ်သောင်း
ခြောက်ထောင်လေးရာ ရှိသတည်း။ ဤသူတို့သည် တပ်ဦးအရာ၌ ချီရကြမည်။ 10 တောင်မျက်နှာ၌၊ ရုဗင်တပ်အလုံးအရင်းသည်
ရုဗင်အလံကိုထု၍ ရှေဒုရသားဧလိဇုရသည် ရုဗင်အမျိုး သားတို့တွင် ဗိုလ်လုပ်ရမည်။ 11 သူ့အုပ်ရသော
အလုံးအရင်းအရေအတွက်ကား၊ လေးသောင်း ခြောက်ထောင်ငါးရာ ရှိသတည်း။ 12 ရုဗင်တပ်အနားမှာ ရှိမောင်တပ်ချ၍ ဇုရိရှဒ္ဒဲ
သားရှေလုမျေလသည်၊ ရှိမောင်အမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 13 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ ငါးသောင်း
ကိုးထောင် သုံးရာရှိသတည်း။ 14 ထိုနောက် ဂဒ်တပ်ချ၍၊ ဒွေလသားဧလျာသပ် သည်၊ ဂဒ်အမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 15
သူ့အုပ်ရသော အလုံးအရင်းအရေအတွက် ကား၊ လေးသောင်း ငါးထောင် ခြောက်ရာငါးဆယ် ရှိသတည်း။ 16 ရုဗင်တပ်နှင့်ဆိုင်သော
အလုံးအရင်းအရေ အတွက်ကား တသိန်း ငါးသောင်းတထောင်လေးရာ ငါးဆယ် ရှိသတည်း။ ဤသူတို့သည် ဒုတိယ တပ်အရာ၌
ချီရကြမည်။ 17 ထိုအခါ၊ တပ်မအလယ်၌ ပရိသတ်စည်းဝေးရာ တဲတော်နှင့်တကွ လေဝိတပ်ချီရမည်။ တပ်ချသည် အတိုင်း
လူအသီးသီးတို့သည် မိမိနေရာ၌ မိမိဆိုင်သော အလံနှင့်အတူ လိုက်လျက်ချီရကြမည်။ 18 အနောက်မျက်နှာ၌ ဧဖရိမ်တပ်
အလုံးအရင်း သည်၊ ဧဖရိမ်အလံကိုထူ၍ အမိဟုဒ်သားဧလိရှမာသည်၊ ဧဖရိမ် အမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 19 သူ့အုပ်ရသော
အလုံးအရင်းအရေအတွက်ကား၊ လေးသောင်း ငါးရာရှိသတည်း။ 20 ဧဖရိမ်တပ်အနားမှာ မနာရှေတပ်ချ၍၊ ပေဒါ
ဇုရသားဂါမလေလျလသည်၊ မနာရှေအမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 21 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊
သုံးသောင်းနှစ်ထောင်နှစ်ရာ ရှိသတည်း။ 22 ထိုနောက် ဗင်္ယာမိန်တပ်ချ၍၊ ဂိဒေါနိသား အဘိဒန်သည်၊ ဗင်္ယာမိန်အမျိုးသားတို့တွင်
ဗိုလ်လုပ်ရ မည်။ 23 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ သုံးသောင်းငါးထောင်လေးရာ ရှိသတည်း။ 24
ဧဖရိမ်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေ အတွက်ကား၊ တသိန်းရှစ်ထောင်တရာ ရှိသတည်း။ ဤသူတို့သည် တတိယတပ်အရာ၌
ချီရကြမည်။ 25 တပ်များ မြောက်မျက်နှာ၌၊ ဒန်တပ်အလုံးအရင်း သည် ဒန်အလံကိုထူ၍ အမိရှဒ္ဒဲသား အဟေဇာသည်၊
ဒန်အမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 26 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ ခြောက်သောင်း နှစ်ထောင်ခုနှစ်ရာ
ရှိသတည်း။ 27 ဒန်တပ်အနားမှာ၊ အာရှာတပ်ချ၍ ဩကရန် သားပါဂျေလသည်၊ အာရှာအမျိုးသားတို့တွင် ဗိုလ်လုပ် ရမည်။ 28
သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ လေးသောင်း တထောင်ငါးရာ ရှိသတည်း။ 29 ထိုနောက်၊ နဿလိတပ်ချ၍
ဧနန်သားအဟိရ သည်၊ နဿလိအမျိုးသားတို့တွင် ဗိုလ်လုပ်ရမည်။ 30 သူ့အုပ်ရသော အလုံးအရင်းအရေအတွက်ကား၊ ငါးသောင်း
သုံးထောင်လေးရာ ရှိသတည်း။ 31 ဒန်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေ အတွက်ကား၊ တသိန်း ငါးသောင်း ခုနစ်ထောင်ခြောက်ရာ
ရှိသတည်း။ ဤသူတို့သည် မိမိတို့အလံပါလျက် နောက် ဆုံးတပ်အရာ၌ ချီရကြမည်။ 32 ထိုသို့နှင့်အညီ၊ အဆွေအမျိုးအလိုက် အရေ
အတွက်သော ဣသရေလအမျိုးသားတပ် အလုံးအရင်း လူပေါင်းကား၊ ခြောက်သိန်း သုံးထောင်ငါးရာ ငါးဆယ် ရှိသတည်း။ 33
ထာဝရဘုရားသည်၊ မောရှအား မှာထားတော်မူ သည်အတိုင်း လေဝိသားတို့ကို ဣသရေလအမျိုးသားတို့ နှင့် ရောနှော၍ မရေတွက်ရ။
34 ထာဝရဘုရားသည်၊ မောရှေအား မှာထား တော်မူသည်အတိုင်း ဣသရေလအမျိုးသားအသီးသီး တို့သည် မိမိအလံအနားမှာ
မိမိနေရာချခြင်းကိုငှင်း၊ မိမိဘိုးဘ အမျိုးအလိုက် ချီခြင်းကိုငှင်း ပြုရကြ၏။

---

Numbers 01

တပ်ရင်း
"တပ်ရင်း" ဆိုသည်မှာ မျိုးနွယ်စုအလိုက်ခွဲထားသည့်အုပ်စု (၄) ခုကို ဆိုလိုသည်။ တပ်ရင်းတစ်ခုစီတိုင်း အတူတကွ စခန်းချကြရသည်။ တပ်ရင်းများကို အလံတစ်ခုစီးဖြင့် ကိုယ်စားပြုသည်။

မိမိအဆွေအမျိုးနဲ့ဆိုင်သောအလံ
တပ်တွင်း၌ ဆက်နွယ်သည့်မိသားစုအလိုက် အလံရှိကြသည်။ ၎င်းသည် သူတို့အတွက် သတ်မှတ်ထားသည့် နေရာအတွင်းတွင်သာ ဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

အလံ
ကြီးသောအလံ

Numbers 03

သူအုပ်ရသောအလုံးအရင်း
"အလုံးအရင်း" ဆိုသည်မှာ မျိုးနွယ်စုအလိုက်ခွဲထားသည့်အုပ်စု (၄) ခုကို ဆိုလိုခြင်းဖြစ်သည်။ တပ်ရင်းတစ်ခုစီတိုင်း အတူတကွ စခန်းချကြရမည်။ တပ်ရင်းများကို အလံကြီးများဖြင့် ကိုယ်စားပြုကြသည်။ ၂:၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို တွေ့နိုင်သည်။

အမိနဒပ်သား နာရှုန်
၁:၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ့နာမည်ကို ရေးပါ။

၇၄၆၀၀
"ခုနစ်သောင်းလေးထောင်ခြောက်ရာ"

Numbers 05

အထွေထွေအချက်လက်
ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ဖော်ပြထားသည်။

ဇုအာသား နာသနေလ
၁:၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏နာမည်ကို ပြန်နိုင်သည်။

သူအုပ်ရသောအလုံးအရင်း
ပို၍ကြီးသော စစ်သားအုပ်စုဟူသောစစ်အသုံးအနှုန်းဖြစ်သည်။ မျိုးနွယ်စုတိုင်းသည် သက်ဆိုင်ရာတပ် "အလုံးအရင်း" ၌နေရကြသည်။

Numbers 07

အထွေထွေအချက်အလက်
ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာတဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဟေလုန်သား ဧလျာဘ
၁:၇ တွင် ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏နာမည်ကို ပြန်ရမည်။

၅၇၄၀၀
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူအယောက်ပေါင်း ၅၇၄၀၀ ယောက်"

Numbers 09

ယုဒတပ်နှင့်ဆိုင်သော အလုံးအရင်းအရေအတွက်ကား တစ်သိန်းရှစ်သောင်း ခြောက်ထောင်လေးရာ
ဤပမာဏသည် ယုဒအလုံးအရင်းအောက်၌ တပ်ချသော မျိုးနွယ်စုရှိလူများ အားလုံး၏ ပမာဏဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ယုဒအလုံးအရင်းအောက်၌ တပ်ချသော လူဦးရေမှာ တစ်သိန်းရှစ်သောင်း ခြောက်ထောင် ရှိသည်"

ဤသူတို့သည် တပ်ဦးအရာ၌ချီရကြမည်။
ဣသရေလလူများ တဲတော်ပြောင်းကြသည့်အချိန်တွင် သူတို့သည် အရင်ဦးဆုံးသွားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ခရီးသွားကြသည့်အခါ၌ အရင်ဦးဆုံးသွားကြရမည်" (ရှု၊

ပထမ
"ပထမကြိမ်"

Numbers 10

အထွေထွေအချက်အလက်
ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

သူအုပ်ချုပ်ရသော အလုံးအရင်း
"အလုံးအရင်း" ဆိုသည်မှာ မျိုးနွယ်စုအလိုက်ခွဲထားသည့်အုပ်စု (၄) ခုကို ဆိုလိုသည်။ တပ်ရင်းတစ်ခုစီတိုင်း အတူတကွ စခန်းချကြရမည်။ တပ်ရင်းများကို အလံကြီးများဖြင့် ကိုယ်စားပြုသည်။ ၂:၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို တွေ့နိုင်သည်။

ရှေဒုရသား ဧလိဇုရ
၁:၄ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏ နာမည်ကို ရေးပါ။

၄၆၅၀၀
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း ၄၆၅၀၀ ယောက်"

Numbers 12

အထွေထွေအချက်အလက်
ဆက်လက်၍ ထာဝရဘုရားသည် မောရှေအားမျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာတဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည့်အကြောင်းကို ပြောပြထားသည်။

ဇုရိရှဒ္ဒဲ သားရှေလုမျေ
၁:၄ တွင် ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏ နာမည်ကို ဘာသာပြန်ပါ။

 generated on Sun Jun 30 02:37:40 2024

၅၉၃၀၀
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း ၅၉၃၀၀ ယောက်"

Numbers 14

အထွေထွေ အချက်အလက်
ဆက်လက်၍ ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဒွေလသား ဧလျာသပ်
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏နာမည်ကိုဘာသာပြန်ပါ။

၄၅၆၅၀
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း ၄၅၆၅၀ ယောက်"

Numbers 16

ရုဗင်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေအတွက်ကား တစ်သိန်းငါးသောင်းတစ်ထောင့်လေးရာငါးဆယ် ယောက်
ဤပမာဏသည် ရုဗင်တပ်အောက်၌ တပ်ချသော မျိုးနွယ်စုရှိ လူများ အားလုံး၏ ပမာဏဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ယုဒအလုံးအရင်းအောက်၌ တပ်ချသောလူအရေအတွက်မှာ တစ်သိန်းငါးသောင်းတစ်ထောင့်လေးရာငါးဆယ် ရှိသည်"

ဒုတိယ
"ဒုတိယအချီ"

Numbers 17

တပ်မအလယ်၌ ပရိသတ်စည်းဝေးရာတဲတော် ချီရမည်။
သူတို့ခရီးသွားချိန်တွင် မျိုးနွယ်စုများ အလယ်၌ လေဝိသားတို့က ပရိသတ် စည်းဝေးရာတဲတော်ကို သယ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

လိုက်လျက်ချီရကြမည်
"သူတို့" စကားလုံးက မျိုးနွယ်စု (၁၂) မျိုးကို ဆိုလိုသည်။

အလံနှင့်အတူ
လူတစ်ဦးစီတိုင်းတွင် သူတို့ကိုယ်ပိုင် အလံမရှိပါ။ ဤအလံက သူ့ မျိုးနွယ်စုနဲ့သက်ဆိုင်သည့် အလံကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။

Numbers 18

အထွေထွေအချက်အလက်
ဆက်လက်၍ ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

သူအုပ်ရသော အလုံးအရင်း
"အလုံးအရင်း" ဆိုသည်မှာ မျိုးနွယ်စုအလိုက်ခွဲထားသည့်အုပ်စု (၄) ခုကို ဆိုလိုသည်။ တပ်ရင်းတစ်ခုစီတိုင်း အတူတကွ စခန်းချကြရမည်။ တပ်ရင်းများကို အလံကြီးများဖြင့် ကိုယ်စားပြုသည်။ ၂:၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို တွေ့နိုင်သည်။

လေးသောင်း ငါးရာ
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း လေးသောင်း ငါးရာ ယောက်"

Numbers 20

အထွေထွေအချက်အလက်
ဆက်လက်၍ ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာတဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

သူတို့တပ်အနားမှာ
မနာရှေအမျိုးသားတို့က ဧဖရိမ်အနားမှာ တပ်ချရမည်ကို ဆိုလိုသည်။

သုံးသောင်း နှစ်ထောင်နှစ်ရာ
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း သုံးသောင်း နှစ်ထောင်နှစ်ရာ ယောက်"

Numbers 22

အထွေထွေအချက်အလက်
ဆက်လက်၍ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာတဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဂိဒေါနိသား အဘိဒန်
၁:၁၀ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏ နာမည်ကို ဘာသာပြန်ပါ။

သုံးသောင်း ငါးထောင်လေးရာ
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း သုံးသောင်း ငါးထောင်လေးရာ ယောက်"


generated on Sun Jun 30 02:37:40 2024

Numbers 24

အထွေထွေအချက်အလက်
ဆက်လက်၍ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာတဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဧဖရိမ်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေအတွက်ကား တသိန်းရှစ်ထောင်တရာ
ဤလူပမာဏသည် ဧဖရိမ်တပ်အလုံးအရင်းအောက်ရှိ မျိုးနွယ်စုအားလုံး၏ အရေအတွက်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဧဖရိမ်တပ် အလုံးအရင်းအောက်ရှိ လူအားလုံး၏ အရေအတွက်မှာ တသိန်းရှစ်ထောင်တရာ"

တတိယအချီ
"တတိယအကြိမ်"

Numbers 25

အထွေထွေအချက်အလက်
ဆက်လက်၍ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဒန်တပ်အလုံးအရင်း
ဒန်တပ်အလုံးအရင်း အောက်ရှိ ဒန်မျိုးနွယ်၊ အာရှာမျိုးနွယ်နှင့် နာသလိမျိုးနွယ်များကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "ဒန်တပ် အလုံးအရင်းအောက် တပ်ချသော တပ်ရင်း"

အမိရှဒ္ဒဲသား အဟေဇာ
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏နာမည်ကိုဘာသာပြန်ပါ။

ခြောက်သောင်း နှစ်ထောင်ခုနှစ်ရာ
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း ခြောက်သောင်း နှစ်ထောင်ခုနှစ်ရာယောက်"

Numbers 27

အထွေထွေအချက်အလက်
ဆက်လက်၍ ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဩကရန်သား ပါဂျေလ
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏နာမည်ကို ဘာသာပြန်ပါ။

လေးသောင်းတစ်ထောင့်ငါးရာ
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း လေးသောင်းတစ်ထောင့်ငါးရာယောက်"

Numbers 29

အထွေထွေအချက်အလက်
ဆက်လက်၍ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဧနန်သားအဟိရ
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏နာမည်ကိုဘာသာပြန်ပါ။

ငါးသောင်း သုံးထောင်လေးရာ
လူများကို အထူးပြုထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူပေါင်း ငါးသောင်း သုံးထောင်လေးရာ"

Numbers 31

အထွေထွေအချက်အလက်
ဆက်လက်၍ထာဝရဘုရားသည် မောရှေအား မျိုးနွယ်စုအလိုက်၊ တပ်ရင်းအလိုက် စုရုံးရာ တဲတော်ပတ်လည်၌ မည်ကဲ့သို့တပ်ချကြရမည်ကို ပြောပြထားသည်။

ဒန်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေအတွက်ကား တသိန်းငါးသောင်း ခုနှစ်ထောင်ခြောက်ရာ
ဤလူပမာဏသည် ဒန်တပ်အလုံးအရင်းအောက်ရှိ တပ်လူဦးရေ အရေအတွက်ကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "ဒန်တပ်အလုံးအရင်းအောက် တပ်ချသောလူဦးရေပမာဏမှာ တသိန်းငါးသောင်း ခုနှစ်ထောင်ခြောက်ရာ"

Numbers 32

ရေတွက်သော လူပေါင်း
"ရေတွက်သော လူပေါင်း" ကို ပြုသူဝါကျဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မောရှေနှင့် အာရုန်သည် သူတို့အားလုံးကို ရေတွက်ကြသည်"

တပ်အလုံးအရင်းလိုက်
"သူတို့" ဟူသော စကားလုံးက ဣသရေလ လူမျိုးများကို ရည်ညွှန်းသည်။

Numbers 34

တပ်ချထားသည့်နေရာမှ ထွက်သွားကြသည်
ဤစာလုံးက နေရာတစ်ခုမှ အခြားတစ်နေရာသို့ သူတို့ခရီးသွားတာကို ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူတို့ခရီးသွားချိန်၌ သူတို့တပ်ချသည့် နေရာမှ ထွက်သွားကြသည်"

# Translation Questions

Numbers 2:1

ဣသရေလအမျိုးသား အသီးသီးတို့၏ တဲများကို မည်သည့်နေရာတွင် ဆောက်ရန် ထာဝရဘုရားက မောရှေနှင့်အာရုန်ကိုမိန့်ကြားသနည်း။
ဣသရေလ အမျိုးသား အသီးအသီးတို့သည် မိမိ တပ်နှင့်ဆိုင်သောအလံ မိမိအဆွေအမျိုးနှင့်ဆိုင်သော အလံ အနားမှာ ပရိသတ်စည်းဝေးရာ တဲတော်ကို ရှေ့ရှု ပြု၍ နေရာချရမည်ဟု မိန့်တော်မူသည်။

Numbers 2:3

မောရှေသည် ခုနစ်သောင်းလေးထောင်ခြောက်ရာသော ယုဒတပ်များကို ဘယ်နေရာတွင် ရှိရမည်ဟု ပြော၍ သူတို့ကိုမည်သူသည် ဦးဆောင်မည်နည်း။
သူတို့သည် နေထွက်ရာ အရှေ့မျက်နှာ၌၊ ယုဒတပ်အလံနှင့် ဆိုင်သော အလုံးအရင်းတွင် နေရာကျ၍ နာရှုန်သည် သူတို့ကို ဦးဆောင်ရမည်ဖြစ်သည်။

Numbers 2:5

ငါးသောင်းလေးထောင်လေးရာရှိသောဣသခါတပ်သည် ဘယ်နေရာတွင် ရှိ၍ သူတို့ကို မည်သူဦးဆောင်မည်နည်း။
ဣသခါတပ်သည် ယုဒတပ်နားတွင် ရှိ၍ သူတို့ကို နာသနေလမှ ဦးဆောင်လေသည်။

Numbers 2:7

ငါးသောင်းခုနစ်ထောင်လေးရာရှိသောဇာဗုလုန်အမျိုးသားတပ်သည် ဘယ်နေရာတွင်ရှိ၍ သူတို့ကိုမည်သူဦးဆောင်သနည်း။
ဇာဗုလုန်တပ်သည် ဣသခါတပ်နားတွင် ရှိ၍ ဧလျာဘသည် သူတို့ကို ဦးဆောင်လေသည်။

Numbers 2:9

ဘယ်သူသည် တပ်မှ ဦးစွာချီရမည်နည်း။
တပ်ထဲတွင်ရှိသော ယုဒနှင့်ဆိုင်သော သူတို့သည် ဦးစွာချီရမည်ဖြစ်သည်။

Numbers 2:10

လေးသောင်း ခြောက်ထောင်ငါးရာရှိသောရုဗင်အမျိုးတပ်သည် ဘယ်နေရာတွင်ရှိ၍ သူတို့ကို မည်သူဦးဆောင်သနည်း။
သူတို့တပ်သည် တောင်ဘက်ရှိ ရုဗင်အလံနားတွင်ရှိ၍ သူတို့ကို ဧလိဇုရသည် ဦးဆောင်လေသည်။

Numbers 2:12

ငါးသောင်း ကိုးထောင် သုံးရာရှိသော ရှိမောင်အမျိုးတပ်သည် ဘယ်နေရာတွင်ရှိ၍ သူတို့ကို ဘယ်သူသည် ဦးဆောင်သနည်း။
ရှိမောင်အမျိုးတပ်သည် ရုဗင်တပ်နားတွင် ရှိ၍ သူတို့ကို ရှေလုမျေလမှ ဦးဆောင်လေသည်။

Numbers 2:14

လေးသောင်း ငါးထောင် ခြောက်ရာငါးဆယ်ရှိသော ဂဒ်အမျိုးတပ်သည် ဘယ်နေရာတွင်ရှိ၍ သူတို့ကို ဘယ်သူသည် ဦးဆောင်သနည်း။
ရှိမောင်တပ်နားတွင်ဂဒ်တပ်သည်ရှိ၍ ဧလျာသပ်သည် သူတို့ကို ဦးဆောင်လေသည်။

Numbers 2:16

ဘယ်သူသည် တပ်မှ ဒုတိယ အရာ၌ ချီသနည်း။
တပ်ထဲတွင်ရှိသော ရုဗင်နှင့်ဆိုင်သော သူတို့သည် ဒုတိယအရာ၌ ချီရမည်ဖြစ်သည်။

Numbers 2:24

ဧဖရိမ်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေ အတွက်သည် မည်မျှရှိသနည်း။
ဧဖရိမ်တပ်နှင့်ဆိုင်သော အလုံးအရင်းအရေ အတွက်သည် တသိန်းရှစ်ထောင်တရာ ရှိသည်။

ဧဖရိမ်တပ်သည် ဘယ်အချိန်တွင် တခြားတပ်သို့ချီရသနည်း။
ဧဖရိမ်တပ်သည် တတိယအရာ၌ ချီရသည်။

Numbers 2:25

ဒန်အမျိုးသားတို့၏ ခေါင်းဆောင်သည် မည်သူနည်း။
အမိရှဒ္ဒဲသား အဟေဇာသည် ဒန်အမျိုး၏ ခေါင်းဆောင်ဖြစ်သည်။

Numbers 2:32

ဣသရေလ လူမျိုးများကြားတွင် မောရှေနှင့် အာရုန်သည် ဘယ်သူ့ကို မရေတွက်သနည်း။ ဘာကြောင့်လဲ။
ဣသရေလလူမျိုးများကြားတွင် မောရှေသည် လေဝိသားတို့ကို မရေတွက်ပါ။ အဘယ်ကြောင့်ဆိုသော်ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသောကြောင့်ဖြစ်သည်။

Numbers 2:34

ဣသရေလလူများသည် ဘာလုပ်ကြသနည်း။
ထာဝရဘုရားသည်၊ မောရှေအား မှာထား တော်မူသည်အတိုင်း ဣသရေလအမျိုးသားအသီးသီး တို့သည် မိမိအလံအနားမှာ မိမိနေရာချခြင်းကိုလည်းကောင်း၊ မိမိဘိုးဘ အမျိုးအလိုက် ချီခြင်းကိုလည်းကောင်း ပြုကြသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 3

1 ထာဝရဘုရားသည် သိနာတောင်ပေါ်မှာ မောရှေအား ဗျာဒိတ်ပေးတော်မူသောအခါ၊ အာရုန်နှင့် မောရှေအမျိုးအနွယ်၏
အထ္ထုပ္ပတ္တိများကို မှတ်သားသည်တွင်၊ 2 အာရုန်၏သားဟူမူကား၊ သားဦးနာဒပ်၊ ညီအဘိ ဟု၊ ဧလာဇာ၊ ဣသမာတည်း။ 3
ဤသူတို့ကား၊ အဘသည် ယဇ်ပုရောဟိတ်အမှု ကို ဆောင်စေခြင်းငှါ ဆီလောင်းခြင်းဘိသိက်ကို ပေး၍ အရာ၌ခန့်ထားသော အာရုန်၏
သားဖြစ်ကြသတည်း။ 4 နာဒပ်နှင့်အဘိဟုသည်၊ သိနာတောတွင် ထာဝရ ဘုရားရှေ့တော်၌ ထူးခြားသောမီးကို ပူဇော်သောအခါ
ထာဝရဘုရားရှေ့တော်၌ သေကြ၏။ သူတို့၌ သားမရှိ သည်ဖြစ်၍၊ ဧလာဇာနှင့် ဣသမာသည်၊ အဘအာရုန် ရှေ့မှာ
ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ကြ၏။ 5 ထာဝရဘုရားသည် မောရှေအား မိန့်တော်မူ သည်ကား၊ 6 သင်သည်
လေဝိအမျိုးသားတို့ကို ခေါ်ခဲ့၍ ယဇ်ပုရောဟိတ် အာရုန်အမှုကို ဆောင်စေခြင်းငှါ၊ အာရုန်ထံ၌ နေရာချလော့။ 7 သူတို့သည်
ပရိသတ်စည်းဝေးရာ တဲတော်ရှေ့ မှာ၊ အာရုန်နှင့် ပရိသတ်အပေါင်းတို့ ဆောင်ရသော အမှု တည်းဟူသော တဲတော်အမှုကို
ဆောင်ရွက်ရကြမည်။ 8 သူတို့သည် ပရိသတ်စည်းဝေးရာ တဲတော် တန်ဆာရှိသမျှတို့ကို ကြည့်ရှုပြုစု၍၊ ဣသရေလအမျိုး
သားဆောင်ရသော တဲတော်အမှုကို ဆောင်ရကြမည်။ 9 လေဝိသားတို့ကို၊ အာရုန်နှင့် သူ၏သားတို့၌ အပ်ရမည်။
ဣသရေလအမျိုးထဲက သူတို့ကိုရွေး၍ ငါ့အား အပိုင်ပေးရမည်။ 10 အာရုန်နှင့် သူ၏သားတို့ကိုလည်း ခန့်ထား၏။ သူတို့သည်
ယဇ်ပုရောဟိတ်အမှုကို စောင့်ရကြမည်။ သူ၏အမျိုးမှ တပါးအခြားသောသူသည် ချဉ်းကပ်လျှင် အသေသတ်ခြင်းကို ခံရမည်ဟု
မိန့်တော်မူ၏။ 11 တဖန် ထာဝရဘုရားသည် မောရှေအား မိန့် တော်မူသည်ကား၊ 12 ဣသရေလအမျိုးတွင် အဦးဘွားမြင်သော
သားဦးများအတွက် လေဝိသားတို့ကို ငါရွေးယူသော ကြောင့်၊ လေဝိသားတို့သည် အထူးသဖြင့် ငါ၏လူဖြစ်ရ ကြမည်။ 13
အကြောင်းမူကား အဲဂုတ္တုပြည်၌ သားဦးအပေါင်း တို့ကို ငါသည် ဒဏ်ခတ်သောအခါ ဣသရေလအမျိုးတွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ
သားဦးအပေါင်းတို့ကို ငါအဖို့ ငါသန့်ရှင်းစေသောကြောင့် သားဦးအပေါ်တို့ကို အထူး သဖြင့် ငါပိုင်ရ၏။ ငါသည်
ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ 14 တဖန်ထာဝရဘုရားသည်၊ သိနာတော၌ မောရှေအား မိန့်တော်မူသည်ကား၊ 15
လေဝိသားတို့တွင် အသက်တလကျော်ရှိသော ယောကျ်ားအပေါင်းတို့ကို အဆွေအမျိုးအလိုက် ရေတွက် လော့ဟု၊ 16
မှာထားတော်မူသည်အတိုင်း၊ မောရှေသည် လေဝိသားတို့ကို ရေတွက်လေ၏။ 17 လေဝိသားတို့၏ နာမည်ဟူမူကား၊ ဂေရရှုန်၊
ကောဟတ်၊ မေရာရိတည်း။ 18 မိမိအဆွေအမျိုးအလိုက် ဂေရရှုန်သားတို့၏ အမည်ကား လိဗနိနှင့်ရှိမိတည်း။ 19
မိမိအဆွေအမျိုးအလိုက် ကောဟတ်သားတို့၏ နာမည်ကား၊ အာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ သြဇေလတည်း။ 20
မိမိအဆွေအမျိုးအလိုက် မေရာရိသားတို့၏ နာမည်ကား မဟာလိနှင့် မုရှိတည်း၊ ဤသူတို့သည် မိမိ ဘိုးဘေးအမျိုးအလိုက်
ရေတွက်သော လေဝိအမျိုးအနွယ် ဖြစ်ဖြစ်ကြ၏။ 21 ဂေရရှုန်မှဆင်းသက်လာသော လိဗနိအဆွေ အမျိုး ရှိမိအဆွေ အမျိုးတို့သည်
ဂေရရှုန် အမျိုးအနွယ် ဖြစ်ကြ၏၊ 22 ထိုအဆွေအမျိုးတို့ကို ရေတွက်၍ အသက် တလကျော်ရှိသော ယောကျ်ားပေါင်းကား၊
ခုနစ်ထောင် ငါးရာ ရှိသတည်း။ 23 ဂေရရှုန်အဆွေအမျိုးတို့သည် တဲတော်အ နောက်မျက်နှာ၌ နေရာချရမည်။ 24
ဂေရရှုန်အဆွေအမျိုး၊ သူကြီးကား၊ လေလသား ဧလျာသပ်တည်း။ 25 ဂေရရှုန်သားတို့ အငန်းအတာဟူမူကား၊ ပရိသတ်စည်းဝေးရာ
တဲတော်အပေါ်တဲ၊ အပေါ်တဲအဖုံး၊ ပရိသတ်စည်းဝေးရာတဲတော်တံခါးဝ၌ ကာသော ကုလားကာ၊ 26 တဲတော်နှင့်
ယဇ်ပလ္လင်ပတ်လည်ဝင်း ကုလား ကာ၊ ဝင်းတံခါးဝ၌ ကာသောကုလားကာ၊ ကြိုးများ အစရှိသည်တို့ကို ကြည့်ရှုပြုစုရကြမည်။ 27
ကောဟတ်မှဆင်းသက်သော အာမရံအဆွေ အမျိုး၊ ဣဇဟာအဆွေအမျိုး၊ ဟေဗြုန်အဆွေအမျိုး၊ သြဇေလ အဆွေအမျိုး တို့သည်၊
ကောဟတ်အမျိုး အနွယ် ဖြစ်ကြ၏။ 28 တဲတော်ကို စောင့်သောသူ၊ ထိုအဆွေအမျိုးတို့ကို ရေတွက်၍ အသက်တလကျော်ရှိသော
ယောကျ်ားပေါင်း ကား၊ ရှစ်သောင်းခြောက်ရာ ရှိသတည်း။ 29 ကောဟတ်အဆွေအမျိုးတို့သည်၊ တဲတော် တောင်မျက်နှာ၌
နေရာချရမည်။ 30 ကောဟတ်အဆွေအမျိုးသူကြီးကား၊ သြဇေလ သား ဧလိဇာဖန်တည်း။ 31 သူတို့အငန်းအတာဟူမူကား၊ သေတ္တာ၊
စားပွဲ ယဇ်ပလ္လင်များ၊ အမှုတော်ထမ်းစရာ တဲတော်တန်ဆာ များ၊ အတွင်းကုလားကာ အစရှိသည်တို့ကို ကြည့်ရှုရကြ မည်။ 32
ယဇ်ပုရောဟိတ်အာရုန်သား ဧလာဇာသည် လေဝိအဆွေအမျိုး သူကြီးတို့ကို အုပ်၍ တဲတော်စောင့် သော သူတို့ကို ကြည့်ရှုစီရင်ရမည်။
33 မေရာရိမှ ဆင်းသက်သော မဟာလိအဆွေအမျိုး၊ မုရှိအဆွေအမျိုးတို့သည်၊ မေရာရိ အမျိုးအနွယ် ဖြစ်ကြ၏။ 34
ထိုအဆွေအမျိုးတို့ကို ရေတွက်၍ အသက်တလကျော်ရှိသော ယောကျ်ားပေါင်းကား၊ ခြောက်ထောင် ခုနစ်ရာ ရှိသတည်း။ 35
မေရာရိအဆွေအမျိုးသူကြီးကား၊ အဘိဟဲလသား ဇုရေလတည်း။ ဤသူတို့သည် တဲတော်မြောက် မျက်နှာ၌ နေရာချရမည်။ 36
မေရာရိသားတို့ အငန်းအတာဟူမူကား၊ တဲ တော်ပျဉ်ပြားများ ကန့်လန့်ကျင့်များ၊ တိုင်များ၊ ခြေစွပ် များ၊ ထိုအရာနှင့်ဆိုင်သော
တန်ဆာများ အစရှိသည်တို့ကိုငင်၊ ဝင်းတိုင်များ၊ 37 ခြေစွပ်များ၊ တံသင်များ၊ ကြိုးများတို့ကိုငင်း ကြည့်ရှုပြုစုကြရမည်။ 38
မောရှေနှင့် အာရုန်မှစ၍ အာရုန်၏ သားတို့ သည် ဣသရေလအမျိုးသားတို့အဘို့၊ သန့်ရှင်းရာဌာန တော်ကို စောင့်လျက်၊
ပရိသတ်စည်းဝေးရာတဲတော် အရှေ့မျက်နှာ၌ နေရာချရမည်။ သူတို့အမျိုးမှတပါး၊ အခြားသောသူသည် ချဉ်းကပ်လျှင်
အသေသတ်ခြင်းကို ခံရမည်။ 39 ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ မောရှေသည် လေဝိသားတို့ကို အဆွေအမျိုးအလိုက်
ရေတွက်၍ အသက်တလကျော်ရှိသော ယောကျ်ား အပေါင်းကား၊ နှစ်သောင်းနှစ်ထောင် ရှိသတည်း။ 40 တဖန် ထာဝရဘုရားသည်

 generated on Sun Jun 30 02:37:40 2024

မောရှေအား မိန့် တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့တွင်၊ အသက် တလကျော်ရှိသော သားဦးယောကျ်ားအပေါင်းတို့ကို ရေတွက်၍ စာရင်းယူလော့။ [41] ဣသရေလအမျိုး သားဦးအပေါင်းတို့အတွက် လေဝိသားတို့ကိုငှင်း၊ ဣသရေလအမျိုးသားတို့၌ တိရစ္ဆာန်သားဦးအပေါင်း တို့အတွက် လေဝိသား တို့၌ ရှိသော တိရစ္ဆာန်များကိုငှင်း၊ ငါ့အဘို့ယူလော့။ ငါသည် ထာဝရဘုရားဖြစ်သည်ဟု၊ [42] မှာထားတော်မူသည်အတိုင်း မောရှေသည် ဣသရေလအမျိုး သားဦးအပေါင်းတို့ကို ရေတွက်၍၊ [43] အသက်တလကျော်ရှိသော သားဦးယောကျ်ားနာမည်ပေါင်းကား၊ နှစ်သောင်း နှစ်ထောင်နှစ်ရာ ခုနစ်ဆယ်သုံးယောက် ရှိသတည်း။ [44] တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ [45] ဣသရေလအမျိုး သားဦးအပေါင်းတို့အတွက် လေဝိသားတို့ကိုငှင်း၊ ဣသရေလအမျိုးသားတို့၌ တိရစ္ဆာန် များအတွက် လေဝိသားတို့၌ရှိသော တိရစ္ဆာန် များကိုငှင်း ယူလော့။ လေဝိသားတို့သည် ငါ၏ လူဖြစ်ရကြမည်။ ငါသည် ထာဝရဘုရား ဖြစ်၏။ [46] လေဝိသားတို့ထက်ပိုသော ဣသရေလအမျိုး သားဦး နှစ်ရာခုနစ်ဆယ်သုံးယောက်တို့ကို ရွေးရမည်အမှု မှာ၊ [47] အကျပ်တော်အလိုက် လူတကိုယ်လျှင် ငါးကျပ်စီ ခံယူရမည်။ အကျပ်ကား၊ ဂေရနှစ်ဆယ်ဖြစ်သတည်း။ [48] ပိုသောသူတို့ပေးရသော အရွေးငွေကို၊ အာရုန် နှင့် သူ၏သားတို့အား ပေးရမည်ဟု မိန့်တော်မူသည် အတိုင်း၊ [49] လေဝိသားတို့နှင့် ဣသရေလအမျိုး သားဦးတို့ ကို ရွေး၍ ပိုသေးသော သားဦးတို့၏ အရွေးငွေကို၊ [50] မောရှေသည် အကျပ်တော်နှင့်ချိန်လျက်၊ အခွက် တဆယ်သုံးပိဿာခြောက်ဆယ်ငါးကျပ်ကိုယူ ပြီးလျှင်၊ [51] ထာဝရဘုရားမှာထားတော်မူသော စကားတော်အတိုင်း ထိုအရွေးငွေကို အာရုန်နှင့် သူ၏သားတို့အား ပေးလေ၏။

---

Numbers 01

ယခု
ဤနေရာတွင် စာရေးသူက "ယခု" ကို သုံးပြီး သမိုင်းဆိုင်ရာ အချက်အလက် အသစ်ကို ပြောင်းသွားသည်ကို ပြောပြခြင်းဖြစ်သည်။

သားဦးနာဒပ်
"အဦးဆုံးဖွားသော နာဒပ်"

နာဒပ်...အဘိဟု...ဣသမာ
လူ နာမည်များသာ ဖြစ်သည်။

Numbers 03

ယဇ်ပုရောဟိတ်အမှုကိုဆောင်စေခြင်းငှာ ဆီလောင်းခြင်း ဘိသိက်ပေးခြင်း
ဤစကားစုကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "မောရှေမှ ဆီလောင်းပြီးဘိသိက်ပေးသော ယဇ်ပုရောဟိတ်များ"

နာဒပ်...အဘိဟု...ဣသမာ
၃:၁ ၌ဘာသာပြန်ထားသည့်အတိုင်း ဤလူတို့၏နာမည်များကို ဘာသာပြန်ပါ။

ထာဝရဘုရားရှေ့တော်၌ လဲသေကြ၏
"လဲသေကြ၏" ဟူသော စကားစုက ရုတ်တရက်သေဆုံးခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ထာဝရဘုရားရှေ့တော်၌ ရုတ်တရက်သေကြသည်"

ထာဝရဘုရားရှေ့တော်၌
ဤစကားလုံးသည် ထာဝရဘုရား၏မျက်မှောက်တော်သည် ဖြစ်ပျက်သည့်အရာအားလုံးကို မြင်တော်မူသည် ဟုဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ထာဝရဘုရား၏မျက်မှောက်တော်ထဲ၌"

လက်မခံအပ်သော ပူဇော်သက္ကာမီး
ဤနေရာတွင် "မီး" က "အမွှေးအကြိုင်မီးရှို့ခြင်း" ကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ထာဝရဘုရား အသိအမှတ်မပြုသည့် နည်းလမ်းဖြင့် အမွှေးအကြိုင်ကို မီးရှို့ကြသည်"

Numbers 05

လေဝိအမျိုးသားတို့ကို ခေါ်ခဲ့၍
"အမျိုးသား" ဟူသောစကားလုံးသည် မျိုးနွယ်စုရှိ လူများကို ရည်ညွှန်းသည်။ အခြားဘာသာပြန်ဆိုချက်၊ "လေဝိမျိုးနွယ်စုလူများကို ခေါ်ခဲ့ပါ"

Numbers 07

ကိုယ်စား
"အတွက်" ဤစကားလုံးက သူတို့ကိုယ်စား တစ်စုံတစ်ယောက်က တစ်စုံတစ်ခုကို လုပ်ဆောင်ခြင်းကို ဆိုလိုသည်။

ဣသရေလအမျိုးသားတို့ကို ကူညီရန်
"ဣသရေလအမျိုးသားများ" ဟူသည်စကားလုံးသည် "ဣသရေလလူများ" ကို ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဣသရေလလူများကို ကူညီပါ"

တဲတော်တန်ဆာရှိသမျှတို့ကို ကြည့်ရှု၍ ဣသရေလအမျိုးသားများဆောင်ရသော တဲတော်အမှုကို ဆောင်ရကြမည်။
"ထမ်းရွက်သည်" ဟူသောစကားစုသည် "အမှုဆောင်သည်" ဟုဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ " တဲတော်အမှုကိုဆောင်ခြင်းဖြင့် ဣသရေလအမျိုးသားများကို သူတို့ ကူညီကြရမည်"

တဲတော်အမှု
"တဲတော်အလုပ်"


generated on Sun Jun 30 02:37:40 2024

Numbers 09

သင်တို့အပ်ရမည်
"သင်"ဟူသော စကားလုံးသည် "မောရှေ" ကို
ရည်ညွှန်းခြင်းဖြစ်သည်။

အပိုင်ပေးရမည်
ဤစကားစုကို ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။
အခြားဘာသာပြန်ဆိုချက်၊ "သူတို့အား အလုံးစုံပေးလိုက်သည်"

တစ်ပါးသောသောသူသည် ချဉ်းကပ်လျှင် အသေသတ်ခြင်းကို ခံရမည်
ဤစကားစုကို ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။
အခြားဘာသာပြန်ဆိုချက်၊ "အနားသို့ ချဉ်းကပ်လာသည့်
တပါးအမျိုးသားတိုင်းသေရမည်"

အခြားသောသူသည် ချဉ်းကပ်လျှင်
ဤစကားစု၏ ဆိုလိုရင်းကို ရှင်းလင်းစွာဖြင့်
ဖော်ပြထားနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊
"တဲတော်အနားသို့ ချဉ်းကပ်လာသည့် တပါးအမျိုးသား
အားလုံးကို"

Numbers 11

ကြည့်သည်
"နားထောင်ပါ" သို့မဟုတ် "ငါ
ဘာပြောလဲဆိုတာကိုအာရုံစိုက်ကြပါ"

လေဝိသားတို့ကို ငါရွေးယူသောကြောင့်
"လေဝိအမျိုးသားတို့ကို ငါရွေးချယ်ပြီ"

Numbers 14

အဆွေအမျိုးအလိုက် ရေတွက်လော့
ထာဝရဘုရားသည် မောရှေအား အမျိုးသားများကိုသာ
ရေတွက်ရန် မိန့်တော်မူသည်။ အခြားဘာသာပြန်ဆိုချက်၊
"မျိုးနွယ်စု အမျိုးသားများကိုသာ ရေတွက်ရန်"

အဆွေအမျိုးအလိုက်
"မျိုးစဉ်အလိုက်" ဆိုသည်မှာ "မိသားစုအလိုက်" ကို
ဆိုလိုခြင်းဖြစ်သည်။ သူတို့၏ "မျိုးနွယ်စုများ" ကို ဥပမာ
နှိုင်းယှဉ်ချက်ဖြင့်ဖော်ပြထားခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်များ၊ "သူတို့မျိုးနွယ်စု အလိုက်"

ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း မောရှေပြုလေ၏
စကားစုနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ အခြေခံအားဖြင့်တူညီပြီး၊
ထာဝရဘုရား၏အမိန့်တော်ကို မောရှေနာခံသည့်အကြောင်းကို
အလေးအနက် ပေးချင်သည့်အတွက် ယှဉ်တွဲဖော်ပြထားခြင်း
ဖြစ်သည်။

Numbers 17

အထွေထွေအချက်အလက်
လေဝိမျိုးစဉ်ဆက်များ၏ စာရင်း ဖြစ်သည်။

ဆင်းသက်လာရာသည်ကား
ဤနေရာတွင် စာရေးသူက "ဆင်းသက်လာရာလမ်း" ကို
"လာရာလမ်း" ဟု သုံးနှုန်းထားပါသည်။ အခြားပြန်ဆိုချက်များ၊
"မျိုးနွယ်စုများ ဆင်းသက်လာရခြင်း"

Numbers 21

ဂေရရှုန်မှ ဆင်းသက်လာသော
စာရေးသူက "ဆင်းသက်လာရာ" ကို "လာရာလမ်း"
ဟုသုံးထားပါသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ဂေရရှုန်မှ
ဆင်းသက်လာသူ"

လိဗနိအဆွေအမျိုး...ရှိမိအဆွေအမျိုး...ဂေရရှုန်အဆွေအနွယ်
လိဗနိအဆွေအမျိုး နှင့် ရှိမိအဆွေအမျိုး တို့သည်
မျိုးနွယ်စုနာမည်များဖြစ်ပြီး မျိုးနွယ်စုခေါင်းဆောင်များ၏
အမည်ကို ယူပြီးမှည့်ကြခြင်းဖြစ်သည်။ ဂေရရှုန်အဆွေအနွယ်
ကမူ ဂေရရှုန်မှ ဆင်းသက်လာသူများ၏ နာမည်ဖြစ်သည်။ )

အသက်တစ်လကျော်ရှိသော ယောက်ျားပေါင်း
ဤဝါကျကို ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။
အခြားဘာသာပြန်ဆိုချက်၊ "မောရှေသည် အသက် တစ်လနှင့်
တစ်လထက် ကြီးသော ယောက်ျားအားလုံးကို ရေတွက်သည်"

ခုနစ်ထောင် ငါးရာ
"ရာပေါင်း ခုနစ်ဆယ့်ငါး" သို့မဟုတ် "ခုနစ်ထောင် ငါးရာ"

Numbers 24

လေလသား ဧလျာသပ်
လူတို့၏ နာမည်များဖြစ်သည်။

အပေါ်တဲအဖုံး
"ယဇ်ပလ္လင်ကိုကာထားသည့် ကုလားကာ"

တဲတော်နှင့် ယဇ်ပလ္လင်ပတ်လည်ဝင်းတံခါးဝ၌ ကာသောကုလားကာ
"တဲတော်နှင့် ယဇ်ပလ္လင်ပတ်လည်ကို ကာထားသော ကုလားကာ"

Numbers 27

အထွေထွေအချက်အလက်
ကောဟတ်မှ ဆင်းသက်လာသော မျိုးနွယ်စုများ၏
စာရင်းဖြစ်သည်။

ကောဟတ်
သူ၏နာမည်ကို 3:17 ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရမည်။

ယောက်ျားပေါင်း ရှစ်ထောင့် ခြောက်ရာ
ဤဝါကျကို ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "မောရှေက ယောက်ျားပေါင်း ရှစ်ထောင့် ခြောက်ရာကို ရေတွက်လေသည်"

အသက်တစ်လကျော်
"အသက် တစ်လနှင့် တစ်လထက် ကြီးသူ"

Numbers 30

အထွေထွေအချက်အလက်
ဤစာပိုဒ်များက ကောဟတ်မှ ဆင်းသက်လာသည့် မျိုးနွယ်များအကြောင်းဆိုင်ရာ အချက်အလက်များကို ပေးထားပါသည်။

အမှုတော်ထမ်းရာတွင်သုံးသည့် သန့်ရှင်းသောတဲတော်တန်ဆာများ
ဤဝါကျကို ပြသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ယဇ်ပုရောဟိတ်များ အမှုဆောင်ရွက်ရာတွင်အသုံးပြုသည့် သန့်ရှင်းသောအရာများ"

Numbers 33

မေရာရိ
ဤစာပိုဒ်က မေရာရိမှ ဆင်းသက်လာသည့် မျိုးနွယ်များစာရင်းဖြစ်ပါသည်။

ယောက်ျားပေါင်း ခြောက်ထောင် နှစ်ရာ
ဤဝါကျကို ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "မောရှေက ယောက်ျားပေါင်း ခြောက်ထောင် နှစ်ရာကို ရေတွက်လေသည်"

Numbers 36

တဲတော်ပျဉ်ပြား
သစ်သားစလေးများကို ဆက်ပြီးပြုလုပ်ထားသည့် တံခါးရွက် သို့မဟုတ် ပျဉ်ပြားများ ဖြစ်သည်။

ကန့်လန့်ကျင့်များ
အဆောက်အအုံခိုင်ခံ့ရန် ထောက်ပံ့ပေးသည့်တန်းလျားများဖြစ်သည်။

တိုင်များ
တိုင်ဆိုသည်မှာ ခိုင်ခံ့သောသစ်သားဖြင့်ပြုလုပ်ထားပြီး အပေါ်သို့ထောင်ကာ တစ်ခုခုထောက်ရန် အသုံးပြုသည့်အရာဖြစ်သည်။

ခြေစွပ်များ
တိုင်များကို သွင်းနေရာနှဲ့သွင်းထားသည့် အောက်ခြေများဖြစ်သည်။

ဝင်းတိုင်များ
ကန့်လန့်ကျင်များ၊ တိုင်များနှင့် အောက်ခြေများကို အတူတကွဆက်သွယ်ရာ၌သုံးသည့်အရာဖြစ်သည်။

ခြေစွပ်များ
"သူတို့"ဟူသော စကားလုံးသည် "တိုင်များနှင့်ကန့်လန့်ကျင်များ" ကိုရည်ညွှန်းသည်။

ခြေစွပ်များ၊ တံသင်များ၊ ကြိုးများ
၎င်းတို့သည် တိုင်များနှင့် ကန့်လန့်ကျင်များကို သူတို့နေရာနဲ့သူ ရှိအောင်ညှိပေးသည့်အရာများ ဖြစ်သည်။

Numbers 38

သူ၏သားများ
"သူ" သည် "အာရုန်" ကို ရည်ညွှန်းပါသည်။

အရှေ့မျက်နှာဆီသို့
တဲတော်၏အရှေ့ဘက်ဖြစ်ပါသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "နေထွက်လာသည့်အရပ်၊ အရှေ့အရပ်"

တာဝန်များကျေပွန်စေခြင်းငှာ
"ကျေပွန်သည်" ဟူသည့်စကားလုံးမှာ စိတ္တဇနာမ်ဖြစ်သည်၊ သို့သော် ကြိယာအနေဖြင့်လည်း သုံးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "တာဝန်များကိုဆောင်ရွက်သည်"

သန့်ရှင်းရာဌာနတော်ကို ချဉ်းကပ်လာသော တပါးအမျိုးသားဟူသမျှ သေရမည်
ပြသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "သန့်ရှင်းရာဌာနတော်ကို ချဉ်းကပ်လာသော တပါးအမျိုးသားဟူသမျှကို သင်တို့ သတ်ရမည်" သို့မဟုတ် "သန့်ရှင်းရာဌာနကို ချဉ်းကပ်လာသော တပါးအမျိုးသား မှန်သမျှ သေရမည်"

ယောက်ျားအပေါင်း နှစ်သောင်းနှစ်ထောင်
နှစ်သောင်းနှစ်ထောင်သော ယောက်ျားများ

Numbers 40

လေဝိလူတို့၏ တိရစ္ဆာန်များ
လေဝိလူတို့၏ အိမ်မွေးတိရစ္ဆာန် အားလုံးကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လေဝိလူမျိုးတို့၏ တိရစ္ဆာန်အားလုံးကို သင်တို့ ယူရမည်"

Numbers 42

သားဦးအပေါင်း
"အဦးဆုံးဖွားမြင်သော သားများအားလုံး"

Numbers 46

ရွေးနုတ်တော်မူခြင်းအတွက်
နာမ်ဖြစ်သည့်"ရွေးနုတ်ခြင်း" ကို ကြိယာ "ရွေးနုတ်သည်ဟူ၍ ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်များ၊ "ရွေးဝယ်ဖို့ရန်"


generated on Sun Jun 30 02:37:40 2024

ဣလသရေလအမျိုး သားဦး
"ဣလသရေတို့၏ အဦးဆုံးဖွားမြင်သော သားများ"

ငါးကျပ်
အကျပ်တော် သည်

လေဝိဦးရေထက် ပိုသောသားဦး
အခြားသောဣလသရေလလူမျိုးများ၌ သားဦးအရေအတွက်သည် (၂၇၃) ယောက်ရှိသည်၊ ၎င်းသည် လေဝိယောက်ျားဦးရေထက်များသည့် ပမာဏဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

စံပြချိန်ခွင်အဖြစ် သန့်ရှင်းသောဌာန၏ အကျပ်တော်ကို သင်တို့သုံးရမည်
သန့်ရှင်းရာဌာနတော်၌ အလေးချိန်ထားသည့်နည်းတူ အကျပ်တော်ကို ချိန်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "သန့်ရှင်းရာဌာနတော်၌ စံပြချိန်ခွင်အဖြစ် အကျပ်တော်ကိုသင်တို့သုံးရမည်"

ဂေရ နှစ်ဆယ်
"ဂေရ နှစ်ဆယ်" ဂေရ သည်အချိန်အတွယ်ဖြစ်ပြီး ၀.၅၇ ကီလိုဂရပ်နဲ့ညီမျှသည်။

အရွေးငွေ
"တန်ဖိုး" ဟူသည့်စကားလုံးက မောရှေကောက်ခံသော "အကျပ်တော်" ကိုဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "သူတို့ရဲ့ရွေးယူခြင်းအတွက် သင် ကောက်ခံသောငွေ"

---

## Translation Questions

### Numbers 3:1

ဤသမိုင်းအကြောင်းအရာများသည် ဘယ်အရာနည်း။
မောရှေနှင့် အာရုန်အမျိုးအနွယ်တို့၏ သမိုင်းအကြောင်း ဖြစ်သည်။

အာရုန် သားများ၏ အမည်များသည် ဘယ်အရာနည်း။
အာရုန် သားများ၏ အမည်သည် နာဒပ်၊ အဘိဟု၊ ဧလာဇာ နှင့် ဣသမာတို့ဖြစ်သည်။

### Numbers 3:3

နာဒပ်နှင့် အဘိဟုသည် ထာဝရဘုရားရှေ့တွင် ဘာကြောင့် လဲ၍သေကြသနည်း။
နာဒပ်နှင့်အဘိဟု သည် ထာဝရဘုရားရှေ့တွင် ထူးခြားသောမီးကို ပူဇော်သောကြောင့် လဲကျ၍သေကြသည်။

အာရုန်၏သား မည်သူများသည် ယဇ်ပုရောဟိတ်အဖြစ်အာရုန်နှင့်အတူ အမှုဆောင်သနည်း။
ဧလာဇာနှင့် ဣသမာသည် ယဇ်ပုရောဟိတ်အဖြစ် သူတို့အဖ အာရုန်နှင့်အတူ အမှုဆောင်လေသည်။

### Numbers 3:5

ထာဝရဘုရားသည် မည်သည့်မျိုးနွယ်စုကို အာရုန်အားကူညီ၍ ယဇ်ပုရောဟိတ် အမှုဆောင်ရန် ပြောသနည်း။
လေဝိအမျိုးနွယ်စုသည် အာရုန်ကို အကူအညီပေးရန်ဖြစ်သည်။

### Numbers 3:7

လေဝိအမျိုး၏ အလုပ်တာဝန်သည် မည်သည့်အရာနည်း။
သူတို့သည် ပရိသတ်စည်းဝေးရာ တဲတော်ရှေ့ မှာ၊ အာရုန်နှင့် ပရိသတ်အပေါင်းတို့ ဆောင်ရသော အမှု၊ပရိသတ်စည်းဝေးရာ တဲတော် တန်ဆာရှိသမျှတို့ကို ကြည့်ရှုပြုစု၍ ဣလသရေလအမျိုး သားဆောင်ရသော တဲတော်အမှုကို ဆောင်ရွက်ရခြင်းဖြစ်သည်။

### Numbers 3:9

အာရုန်နှင့် သူ၏သားများကို ကူညီရန် ဘယ်သူ့ကို ထာဝရဘုရားသည် ပေးသနည်း။
ထာဝရဘုရားသည် လေဝိသားတို့ကို အာရုန်နှင့် သူ၏ သားများအား ဣလသရေလအမျိုးများကို ယဇ်ပုရာဟိတ်အဖြစ်ကူညီရန် ပြောခဲ့သည်။

### Numbers 3:11

ထာဝရဘုရားသည် မည်သူများကို သူကိုယ်တိုင် ရွေးယူသနည်း။
ထာဝရဘုရားသည် လေဝိသားနှင့် အဲဂုတ္တုပြည်၌ သားဦးဖြစ်သော လူနှင့် တိရစ္ဆာန်အပေါင်းတို့ကို သူကိုယ်တိုင် ရွေးယူသည်။

အဲဂုတ္တုပြည်မှ သားဦးများကို ဘုရားသခင်သည် ဘယ်အချိန်တွင် ရွေးယူသနည်း။
အဲဂုတ္တုပြည်မှ သားဦးများကို ဘုရားသခင်သည် ဒဏ်ခတ်သောအချိန်တွင် ရွေးယူသည်။

### Numbers 3:14

လေဝိအမျိုးထဲမှ မည်သူ့ကို ရေတွက်ရန် ထာဝရဘုရားသည် မောရှေအားမိန့်တော်မူသနည်း။
လေဝိအမျိုးထဲမှ အသက်တလကျော်ရှိသော ယောက်ျားအပေါင်းတို့ကို အဆွေအမျိုးအလိုက် ရေတွက်ရန် ထာဝရဘုရားသည် မောရှေအားမိန့်တော်မူသည်။


generated on Sun Jun 30 02:37:40 2024

Numbers 3:17

လေဝိ၏သားများသည် မည်သူနည်း။
လေဝိ၏သားများမှာ ဂေရရှုန်၊ ကောဟတ် နှင့် မေရာရိတို့ဖြစ်သည်။

Numbers 3:21

ဂေရရှုန်အမျိုးအနွယ်ကို ဘယ်နေရာတွင် နေရာချသနည်း။
ဂေရရှုန် အဆွေအမျိုး၏ နေရာသည် တဲတော်အနောက်မျက်နှာ၌ ဖြစ်သည်။

Numbers 3:24

ဂေရရှုန်အမျိုးအနွယ်မှ ဆင်းသက်လာသူတို့ကို မည်သူသည် ဦးဆောင်သနည်း။
ဂေရရှုန်အမျိုးအနွယ်မှ ဆင်းသက်လာသူတို့ကို လေလသား ဧလျာသပ်သည် ဦးဆောင်သည်။

ဘယ်သူသည် ပရိသတ်စည်းဝေးရာ တဲတော်အပေါ်တဲ၊ အပေါ်တဲအဖုံး၊ ပရိသတ်စည်းဝေးရာတဲတော်တံခါးဝ၌ ကာသော ကုလားကာ၊ တဲတော်နှင့် ယဇ်ပလ္လင်ပတ်လည်ဝင်း ကုလား ကာ၊ ဝင်းတံခါးဝ၌ ကာသောကုလားကာ၊ ကြိုးများ ကို ကြည့်ရှုပြုစုရသနည်း။
တဲတော်အနောက်မျက်နှာ တွင်ရှိသော ဂေရရှုန်၏အမျိုးအနွယ်များသည် တဲတော်ဖုံး၊ ကုလားကာနှင့် ကြိုးများကို ကြည့်ရှုပြုစုရသည်။

Numbers 3:30

တဲတော်၏ တောင်မျက်နှာတွင်နေသော ကောဟတ်၏ အမျိုးအနွယ်များသည် ဘာလုပ်ကြသနည်း။
သူတို့သည် သေတ္တာ၊ စားပွဲ ယဇ်ပလ္လင်များ၊ အမှုတော်ထမ်းစရာ တဲတော်တန်ဆာ များ၊ အတွင်းကုလားကာ အစရှိသည်တို့ကို ကြည့်ရှုပြုစုရသည်။

ယဇ်ပုရောဟိတ်အာရုန်သား ဧလာဇာသည် မည်သူကို အုပ်ချုပ်ရသနည်း။
လေဝိအဆွေအမျိုး သူကြီးတို့ကို အုပ်ခ ၍ တဲတော်စောင့် သော သူတို့ကို ကြည့်ရှုစီရင်ရသည်။

Numbers 3:33

တဲတော်၏ မြောက်မျက်နှာတွင် နေသော မေရာရိ အမျိုးအနွယ်ကို မည်သူသည် ဦးဆောင်သနည်း။
အဘိဟဲလသား ဇုရေလသည် မေရာရိအမျိုးအနွယ်ကို ဦးဆောင်သည်။

Numbers 3:36

တဲတော်၏ မြောက်မျက်နှာတွင် နေရာကျသော မေရာရိသားတို့သည် ဘာလုပ်ရသနည်း။
မေရာရိသားတို့သည် တဲတော်ပျဉ်ပြားများ ၊ကန့်လန့်ကျင့်များ၊ တိုင်များ၊ ခြေစွပ် များ၊ ထိုအရာနှင့်ဆိုင်သော တန်ဆာများ အစရှိသည်တို့ကိုကြည့်ရှုပြုစုရသည်။

Numbers 3:38

တဲတော်အရှေ့မျက်နှာတွင် နေရာကျသော မောရှေ နှင့် အာရုန်နှင့်သားတို့သည် ဘာလုပ်ကြရသနည်း။
သူတို့သည် ဣသရေလအမျိုးသားတို့အဘို့ သန့်ရှင်းရာဌာန တော်ကို စောင့်ရခြင်းဖြစ်သည်။

သန့်ရှင်းရာဌာနတော်ကို ချဉ်းကပ်သော အခြားသောသူတို့သည် ဘာဖြစ်လိမ့်မည်နည်း။
သန့်ရှင်းရာဌာနတော်ကို ချဉ်းကပ်သော အခြားသောသူတို့သည်အသေသတ်ခြင်းကို ခံရမည်ဖြစ်သည်။

မောရှေနှင့်အာရုန်သည် မည်သူ့ကို ရေတွက်သနည်း။
မောရှေနှင့် အာရုန်သည် လေဝိသားတို့ကို အဆွေအမျိုးအလိုက် အသက် တလကျော်ရှိသော ယောကျ်ား အပေါင်းတို့ကို ရေတွက်လေသည်။

Numbers 3:40

မောရှေသည် ဣသရေလအမျိုးသားတို့တွင် သားဦးနှင့် တိရ စ္ဆာန်သားဦး အပေါင်းအစား မည်သည့်အရာကို ထာဝရဘုရားထံ ယူခဲ့သနည်း။
မောရှေသည် လေဝိသားတို့နှင့် သူတို့၏ တိရ စ္ဆာန်များကို ဣသရေလအမျိုးသားတို့တွင် သားဦးနှင့် တိရ စ္ဆာန်သားဦးအပေါင်းအစား ထာဝရဘုရားထံ ယူခဲ့လေသည်။

Numbers 3:46

လေဝိအမျိုးသားတို့ထက် ပိုသော ဣသရေလအမျိုးသားဦး နှစ်ရာခုနစ်ဆယ်သုံးယောက်တို့ကို ရွေးရန် မောရှေသည် အကျပ်ရေဘယ်လောက်ကောက်သနည်း။
မောရှေသည် တစ်ဦးလျှင် ငါးကျပ်စီ ကောက်ခံ၍ ဣသရေလအမျိုးသားဦး နှစ်ရာခုနစ်ဆယ်သုံးယောက်တို့ကို ရွေးခဲ့သည်။

ဣသရေလအမျိုး သားဦးတို့ကို ရွေး၍ ပိုသောငွေကို မောရှေသည် မည်သူ့ကို ပေးရမည်နည်း။
မောရှေသည် ထာဝရဘုရားအမိန့်တော်ရှိသည် အတိုင်း ရွေး၍ပိုသောငွေများကို အာရုန်နှင့်သူ၏သားများအား ပေးရမည်ဖြစ်သည်။

မောရှေသည် ထာဝရဘုရားမှာထားတော်မူသောစကားအတိုင်း မည်မျှလုပ်ဆောင်သနည်း။
မောရှေသည် ထာဝရဘုရား မှာထားတော်မူသော စကားအတိုင်း အရာအားလုံးကို လုပ်ဆောင်သည်။

## Chapter 4

1 တဖန် ထာဝရဘုရားသည် မောရှေနှင့် အာရုန်အား မိန့်တော်မူသည်ကား၊ 2 လေဝိအမျိုး၊ ကောဟတ်အနွယ်သားတို့တွင်
အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ၊ ပရိသတ်စည်းဝေးရာ တဲတော်အမှုကိုဆောင်ခြင်းငှါ၊ 3 အလုံးအရင်းဝင်သောသူအပေါင်းတို့ကို၊
ဘိုးဘအဆွေအမျိုးအလိုက် စာရင်းယူလော့။ 4 အလွန်သန့်ရှင်းသော အရာတို့နှင့်ဆိုင်၍ ပရိသတ်စည်းဝေးရာတဲတော်၌
ကောဟတ်သားများ စောင့်ရှောက်ရသော အမှုဟူမူကား၊ 5 တပ်ချီချိန် ရောက်သောအခါ၊ အာရုန်နှင့် သူ၏သားတို့သည် လာ၍၊
အတွင်းကုလားကာကို ချပြီးလျှင်၊ သက်သေခံချက် သေတ္တာကို အုပ်ရမည်။ 6 ကုလားကာအပေါ်မှာ တဟာရှုသားရေနှင့် အုပ်ပြန်၍
သားရေအပေါ်မှာလည်း ပြာသောအထည်ကို ခင်းပြီးမှ၊ ထမ်းဘိုးတို့ကို လျှိုထားရမည်။ 7 ရှေ့တော်မုန့်စားပွဲပေါ်မှာ ပြာသောအထည်ကို
ခင်း၍၊ လင်ပန်း၊ ဇွန်း၊ လောင်းစရာဖလားများနှင့်တကွ၊ အမြဲထည့်ရသော မုန့်ကို တင်ပြီးမှ၊ 8 ထိုအရာတို့ကို၊ နီသောအထည်နှင့်
အုပ်ရမည်။ တဖန် တဟာရှုသားရေနှင့် အုပ်ပြန်၍ ထမ်းဘိုးတို့ကို လျှိုထားရမည်။ 9 မီးထွန်းရာ မီးခုံ၊ မီးခွက်၊ မီးညှပ်၊ မီးညှပ်ခံခရာ ခွက်၊
"သင်" စကားလုံးသည် အနည်းကိန်းဖြစ်သည်။

သင့်ကို ထိန်းသိမ်းသည်
"ထိန်းသိမ်းသည်" ဟူသည့် စကားလုံးသည် "ကာကွယ်သည်" ကို ဆိုလိုခြင်းဖြစ်သည်။

Numbers 25

ထာဝရဘုရားသည် သင့်အပေါ်မှာ မျက်နှာတော်အလင်းကို လွှတ်၍
တစ်စုံတစ်ယောက်ကို သနားကြင်နာခြင်း ဖြစ်သည်။ ပြုံးပြခြင်းဟုလည်း ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သနားကြင်နာစိတ်ဖြင့် သင့်ကိုကြည့်ရှုစောင့်မနေသည်"

သင့်ကို မြော်ကြည့်၍ ချမ်းသာပေးတော်မူပါစေ
"မြော်ကြည့်၍" ဟူသည့် စကားစုသည် တစ်စုံတစ်ယောက်၏ စိတ်နေသဘောထားကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မျက်နှာ လိုက်လျက်"

ထာဝရဘုရားသည် မျက်နှာတော်အလင်းကို လွှတ်၍ သင့်အပေါ်မှာ ကရုဏာကျေးဇူးပြုတော်မူပါစေသော
"သင်" သည် အနည်းကိန်း ဖြစ်သည်။

ငါ့နာမကို မြွက်ဆို၍တင်လျှင်
ထာဝရဘုရားသည် ဣသရေလလူတို့အား "သူ့နာမ" ကို သူတို့အားပေးခြင်းဖြင့် သူ့လူများဖြစ်ကြောင်းကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ လူများဖြစ်ကြောင်းကို ဣသရေလလူများ သိကြပါစေ"


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Numbers 6:1

မည်သူက ထာဝရဘုရားအဘို့ မိမိကို ခြားနားစေ၍ နာဇရိသစ္စာပြုခြင်းငှာ မိမိကို မိမိခွဲထားရမည်နည်း။

ယောက်ျား သို့မဟုတ် မိန်းမတို့က ထာဝရဘုရားအဘို့ မိမိကို ခြားနားစေ၍ နာဇရိသစ္စာပြုခြင်းငှာ မိမိကို မိမိခွဲထားရမည်။

ထိုသူသည် ထာဝရဘုရားအဘို့ မိမိကိုမိမိ ခြားနားစေ၍ နာဇရိသစ္စာပြုခြင်းအတွက် မည်သည့်အရာကို ရှောင်ရမည်နည်း။

ထိုသူသည် စပျစ်ရည်နှင့် ယစ်မျိုး၊ စပျစ်ချဉ်နှင့် ယစ်မျိုးချဉ်များကို ရှောင်၍ စပျစ်သီးဖြင့်လုပ်သော အရည်နှင့် စပျစ်သီးအစိမ်းခြောက်များကို ရှောင်ရမည်။

## Numbers 6:5

ခြားနားစေသော ကာလအတွင်းတွင် ထိုသူသည် မည်သည့်အရာကို မပြုရမည်နည်း။

ခြားနားစေသော ကာလအတွင်းတွင် ထိုသူသည် ဦးဆံရိတ်ခြင်းကို မပြုရပါ။

## Numbers 6:6

ထာဝရဘုရားအဘို့ ခြားနားစေသော ကာလအတွင်းတွင် နာဇရိလူ သယ်ဆောင်လာသော မည်သည့်အရာ၏ အနီးအနားသို့ မနေရမည်နည်း။

ထာဝရဘုရားအဘို့ ခြားနားစေသော ကာလအတွင်းတွင် နာဇရိလူသယ်ဆောင်လာသော အသေကောင်၏ အနီးအနားတွင် မချဉ်းမကပ်ရပါ။

ခြားနားလျက်နေသော ကာလပတ်လုံးတွင် မည်သူအဘို့ သန့်ရှင်းစေရမည်နည်း။

ခြားနားလျက်နေသော ကာလပတ်လုံးတွင် ထာဝရဘုရားအဘို့ သန့်ရှင်းစေရမည်။

## Numbers 6:9

သတ္တမမြောက်နေ့တွင် အသေကောင်ကြောင့် ညစ်ညမ်းသွားသောနာဇရိလူသည် မည်သည့်အရာကို ပြုလုပ်ရမည်နည်း။

သတ္တမမြောက်နေ့တွင် နာဇရိလူသည် ဦးဆံကို ရိတ်ရမည်။

## Numbers 6:10

အဋ္ဌမနေ့၌ နာဇရိသစ္စာပြုထားသောသူသည် မစင်ကြယ်သောအရာကို ပြုမိလျှင် ပထမဦးဆုံးမည်သည့်အရာကို ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့ ယဇ်ပုရောဟိတ်ထံသို့ ယူဆောင်လာရန်နှင့် ထိုနေ့၌ သူသည် မိမိကိုယ်ကို ဂရုပြုရန်လိုအပ်ပါသနည်း။

အဋ္ဌမနေ့၌ နာဇရိသစ္စာပြုထားသောသူသည် မစင်ကြယ်သောအရာကို ပြုမိလျှင် ပထမဦးဆုံး ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေး နှစ်ကောင်ဖြစ်စေ၊ တခုခုကို ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့ ယဇ်ပုရောဟိတ်ထံသို့ ယူဆောင်လာ၍ ထိုနေ့၌ သူသည် မိမိကိုယ်ကို ဂရုပြုရန် လိုအပ်ပါသည်။

ယဇ်ပူဇော်ခြင်းနှစ်မျိုးမှာ မည်သည့်အရာအတွက်ဖြစ်သနည်း။

ယဇ်ပူဇော်ခြင်းနှစ်မျိုးမှာ အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်တို့ဖြစ်၍ အပြစ်ဖြေရာယဇ်အတွက်ဖြစ်သည်။

## Numbers 6:12

ခြားနားစေသော ကာလတွင် ထာဝရဘုရားအဘို့ ပြန်လည်ခြားနားစေရန်အတွက် မည်သည့် ဒုစရိုက်ဖြေရာယဇ်ကို ယူဆောင်လာရသနည်း။

ခြားနားစေသော ကာလတွင် ထာဝရဘုရားအဘို့ ပြန်လည်ခြားနားစေရန်အတွက် အခါမလည်သော သိုးသငယ်တကောင်ကို ယူဆောင်လာရသည်။

## Numbers 6:13

ပရိတ်သတ်စည်းဝေးရာ တဲတော်တံခါးရှေ့သို့ လာရာတွင် အခါမလည်အပြစ်မပါသော သိုးသငယ်အထီးတကောင်နဲ့ မည်သည့် အပြစ်ဖြေရာယဇ်ကို ယူဆောင်လာရန် လိုအပ်သနည်း။

ပရိတ်သတ်စည်းဝေးရာ တဲတော်တံခါးရှေ့သို့ လာရာတွင် အခါမလည်အပြစ်မပါသော သိုးသငယ်အထီးတကောင်နဲ့ အခါမလည် အပြစ်မပါသောသိုးသငယ်အမတကောင် မိဿဟာယယဇ်အတွက် အပြစ်မပါသော ဆိတ်တကောင်၊ ဆီရောသော မုန့်ညက်နှင့် လုပ်သော မုန့်ပြား၊ ဆီလူးသော တဆေးမဲ့ မုန့်ကြွပ်တည်းဟူသော တဆေးမဲ့ မုန့်တတောင်း၊ ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာကို ယူဆောင်လာရမည်။

## Numbers 6:16

ထာဝရဘုရားရှေ့တော်တွင် မည်သူက ပူဇော်သက္ကာများကို ယူဆောင်လာရမည်နည်း။

ထာဝရဘုရားရှေ့တော်တွင် ယဇ်ပုရောဟိတ်က ပူဇော်သက္ကာများကို ယူဆောင်လာရမည်။

## Numbers 6:18

နာဇရိလူသည် သူ၏ ဦးဆံကို ရိတ်၍ မည်သို့ ပြုလုပ်ရမည်နည်း။

နာဇရိလူသည် သူ၏ဦးဆံကို ရိတ်၍ မိဿဟာယယဇ်အောက်တွင် ရှိသော မီးထဲသို့ ထည့်ခြင်းကို ပြုလုပ်ရမည်။

## Numbers 6:19

ထာဝရဘုရားရှေ့တော်တွင်ယဇ်ပုရောဟိတ်သည် နာဇရိလူလက်၌ မည်သည့်အရာကို ထာဝရဘုရားအဘို့ ထည့်ထားရသနည်း။

ထာဝရဘုရားရှေ့တော်တွင်ယဇ်ပုရောဟိတ်သည် နာဇရိလူလက်၌ ပြုတ်သော ဆိတ်ပခုံးတဘက်၊ တောင်းထဲက တဆေးမဲ့မုန့်ပြားတပြား၊ တဆေးမဲ့မုန့်ကြွပ်တချက်ကို ထာဝရဘုရားအဘို့ ထည့်ထားရမည်။

ထာဝရဘုရားရှေ့တော်၌ ပူဇော်သော ချီလွှဲရန် ရင်ပတ်၊ ချီလွှဲရာပခုံးတို့ကို မည်သူ့အဖို့ ဖြစ်စေရမည်နည်း။

ထာဝရဘုရားရှေ့တော်၌ ပူဇော်သော ချီလွှဲရန် ရင်ပတ်၊ ချီလွှဲရာပခုံးတို့ကို ယဇ်ပုရောဟိတ်အဖို့ဖြစ်စေရမည်။

ထိုနောက်မှ နာဇရိလူသည် မည်သည့်အရာကို သောက်ရသနည်း။

ထိုနောက်မှ နာဇရိလူသည် စပျစ်ရည်ကို သောက်ရသည်။

Numbers 6:25

ထာဝရဘုရားထံမှ အာရုန်နှင့် သူ၏သားများက မည်သည့်ကောင်းကြီးမင်္ဂလာကို လူများတို့အား ပေးရမည်နည်း။

ထာဝရဘုရား၏ မျက်နှာတော်အလင်းနှင့် ငြိမ်သက်ခြင်းဖြစ်သော ကောင်းကြီးမင်္ဂလာကို လူများတို့အား ပေးရမည်။

## Chapter 7

[1] မောရှေသည် တဲတော်ကို ထူထောင်၍၊ တဲတော် နှင့် တဲတော်တန်ဆာရှိသမျှတို့ကိုင်၊ ယဇ်ပလ္လင်နှင့် ယဇ်
ပလ္လင်တန်ဆာရှိသမျှတို့ကိုင်၊ ဆီလူး၍ သန့်ရှင်းစေခြင်း အမှုကို လက်စသတ်သောနေ့၌၊ [2] စာရင်းဝင်သောသူတို့ကို အုပ်၍
ဣသရေလ အမျိုးအနွယ်အသီးသီးတို့၌ မင်းဖြစ်သောသူ၊ အဆွေ အမျိုးသူကြီးမင်းတို့သည်၊ [3] မင်းတပါးနွားထီးတ ကောင်စီ၊
မင်းနှစ်ပါးအမိုး ပါသော ရထားတခုစီ၊ ရထားခြောက်ခု၊ နွားဆယ် နှစ်ကောင်တို့ကို တဲတော်ရှေ့သို့ ဆောင်ခဲ့၍ ထာဝရ ဘုရားအား
ပူဇော်သက္ကာပြုကြ၏။ [4-5] ထာဝရဘုရားကလည်း သင်သည် ပရိသတ် စည်းဝေးရာ တဲတော်အမှုဆောင်ရွက်စရာတို့ ခံယူ၍ အမှု ကို
ဆောင်ရွက်ရသည့်အတိုင်း လေဝိသား အသီးသီးတို့ အား ပေးလော့ဟု မိန့်တော်မူ၏။ [6] မောရှေသည်ရထားနှင့် နွားတို့ကိုခံယူ၍
လေဝိသားတို့အား ပေးသဖြင့် [7] အမှုဆောင်ရွက်စရာရှိသည်အတိုင်း၊ ယဇ်ပုရော ဟိတ် အာရုန်၏သား ဣသမာအုပ်သော
ဂေရရှုန်သားတို့ အား ရထားနှစ်ခုနှင့် နွားလေးကောင်တို့ကိုင်၊ [8] မေရာရိသားတို့အား ရထားလေးခုနှင့် နွားရှစ် ကောင်တို့ကိုင်
ပေးလေ၏။ [9] သန့်ရှင်းရာဌာနတော်မှုကို စောင့်ရသော ကော ဟတ်သားတို့သည် မိမိတို့ ပခုံး၌ ထမ်းရွက်ရသောကြောင့်၊ သူတို့အား
ရထားနှင့် နွားတို့ကိုမပေး။ [10] ယဇ်ပလ္လင်ကို ဆီလူးသောနေ့၌ အနုမောဒနာ ပြုစရာဘို့ ယဇ်ပလ္လင်ရှေ့မှာ အခြားသော ပူဇော်သက္ကာကို
ပြုကြ၏။ [11] ထာဝရဘုရားကလည်း၊ ယဇ်ပလ္လင်ကို အနု မောဒနာပြုစရာဘို့ မင်းအသီးအသီးတို့သည် နေ့ရက်အစဉ်အတိုင်း မိမိ
ပူဇော်သက္ကာကိုပြုရကြမည်ဟု မောရှေအား မိန့်တော် မူ၏။ [12] ထိုသို့နှင့်အညီ၊ ပဌမနေ့၌ ယုဒအမျိုး၊ အမိနဒပ် သားနာရှုန်သည်
ဆက်သော ပူဇော်သက္ကာဟူမူကား၊ [13] အကျပ်တော်အလိုက် တပိသာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသော
ငွေဖလား၊ ဘောဇဉ် ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့်ရော ၍ အပြည့်ထည့်သော မုန့်ညက်၊ [14] မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍
အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း၊ [15] မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော
သိုးသ ငယ်တကောင်၊ [16] အပြစ်ဖြေရာယဇ်ဘို့ဆိတ်သငယ်တကောင်၊ [17] မိဿဟာယယဇ်ဘို့နွားနှစ်ကောင်၊ သိုးငါး ကောင်၊
ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ် ငါးကောင်တို့ကို အမိနဒပ်သား နာရှုန်သည် ပူဇော်လေ ၏။ [18] ဒုတိယနေ့၌
ဣသခါအမျိုးတွင် မင်းဖြစ်သော ဇုအာသား နာသနေလဆက်သော ပူဇော်သက္ကာဟူ မူကား၊ [19] အကျပ်တော်အလိုက်
တပိသာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသောငွေဖလား၊ ဘောဇဉ် ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့်
ရောစ၍ အပြည့်ထည့်သော မုန့်ညက်၊ [20] မီးရှို့ရာနံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း [21] မီးရှို့ရာ ယဇ်ဘို့
အသက်ပျိုသော နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည်သော သိုးသ ငယ်တကောင်၊ [22] အပြစ်ဖြေရာ ယဇ်ဘို့
ဆိတ်သငယ်တကောင်၊ [23] မိဿဟာယ ယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ်
ငါးကောင်တို့ကို ဇုအာသားနာသနေလသည် ပူဇော်လေ ၏။ [24] တတိယနေ့၌ ဇာဗုလုန် အမျိုးတွင် မင်းဖြစ် သော
ဟေလုန်သားဧလျာဘဆက်သော ပူဇော်သက္ကာ ဟူမူကား၊ [25] အကျပ်တော်အလိုက် တပိသာ သုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊
ခုနစ်ဆယ်အချိန်ရှိသော ငွေ ဖလား၊ ဘောဇဉ်ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့်ရော၍ အပြည့်ထည့်သော မုန့်ညက်၊ [26] မီးရှို့ရာ
နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း - [27] မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊
သိုးထီးတကောင်၊ အခါမလည်သော သိုးသ ငယ်တကောင်၊ [28] အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ [29] မိဿဟာယဇ်ဘို့
နွားနှစ်ကောင်၊ သိုးငါးကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ်ငါးကောင် တို့ကို ဟေလုန်သား
ဧလျာဘသည်ပူဇော်လေ၏။ [30] စတုတ္ထနေ့၌ ရုဗင်အမျိုးတွင်မင်းဖြစ်သော ရှေဒု ရသား ဧလိဇုရဆက်သော ပူဇော်သက္ကာဟူမူကား၊ [31]
အကျပ်တော်အလိုက် တပိသာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ်ဇော်သက္ကာဘို့
ထိုအင်တုံ၊ ဖလား၌ ဆီနှင့်ရော၍ အပြည့်ထည့်သော မုန့်ညက်၊ [32] မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော
ရွှေဇွန်း၊ [33] မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော သိုး သငယ်တကောင်၊ [34]
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ [35] မိဿဟာယယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော
သိုးသငယ် ငါးကောင်တို့ကို ရှေဒုရသားဧလိ ဇုရသည်ပူဇော်လေ၏။ [36] ပဉ္စမနေ့၌ ရှိ မောင်အမျိုးတွင် မင်းဖြစ်သော ဇုရိရှဒ္ဒဲသား၊
ရှေလုမျေလဆက်သော ပူဇော်သက္ကာဟူ မူကား၊ [37] အကျပ်တော်အလိုက် တပိသာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊
ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ်ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့် ရော၍ အပြည့်ထည့်သော မုန့်ညက်၊ [38] မီးရှို့ရာ
နံ့သာပေါင်းနှင့်ပြည့်၍ အကျပ် တဆယ်အချိန်ရှိသော ရွှေဇွန်း [39] မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊
အခါမလည်သော သိုး သငယ်တကောင်၊ [40] အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ [41] မိဿဟာယယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါး
ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ် ငါးကောင်တို့ကို ဇုရိရှဒ္ဒဲသားရှေ လုမျေလသည် ပူဇော် လေ၏။ [42] ဆဋ္ဌမနေ့၌
ဂဒ်အမျိုးတွင် မင်းဖြစ်သော ဒွေလ သား၊ ဧလျာသပ် ဆက်သော ပူဇော်သက္ကယဟူမူကား၊ [43] အကျပ်တော်အလိုက်
တပိသာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ်ပူဇော်သက္ကာဘို့ ထိုအင်တုံဖလား၌
ဆီနှင့်ရော၍ အပြည့်ထည့်သော မုန့်ညက်၊ [44] မီးရှို့ရာနံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း၊ [45] မီးရှို့ရာယဇ်ဘို့


generated on Sun Jun 30 02:37:40 2024

အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော သိုး သငယ်တကောင်၊
အခါမလည်သောသိုးသငယ်တကောင်၊ 46 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်။ 47 မိဿဟာယဇ်ဘို့ နွားနှစ်ကောင်၊
သိုးငါးကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ်ငါးကောင် တို့ကို ဒွေလသား ဧလျာသပ်သည် ပူဇော်လေ၏။ 48
သတ္တမနေ့၌ ဧဖရိမ်အမျိုးတွင် မင်းဖြစ်သော အမိဟုဒ်သား ဧလိရှမာဆက်သော ပူဇော်သက္ကာဟူ မူကား၊ 49 အကျပ်တော်အလိုက်
တပိသားသုံးဆယ်အချိန် ရှိသော ငွေအင်တုံ ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ်ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌
ဆီနှင့်ရော ၍ အပြည့်ထည့်သောမုန့်ညက်၊ 50 မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း၊ 51 မီးရှို့ရာယဇ်ဘို့
အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော သိုး သငယ်တကောင်၊ 52 အပြစ်ဖြေရာ ယဇ်ဘို့
ဆိတ်သငယ်တကောင် 53-54 မိဿဟာယယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ်
ငါးကောင်တို့ကို၊ အမိဟုဒ်သားဧလိရှာမာသည် ပူဇော် လေ၏။ 55 အကျပ်တော်အလိုက် တပိသာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊
ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇယ် ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့် ရော၍ အပြည့်ထည့်သော မုန့်ညက်၊ 56
မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း။ 57 မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊
သိုးထီးတကောင်၊ အခါမလည်သော သိုး သငယ်တကောင်၊ 58 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ 59 မိဿာဟာယ၊ ယဇ်ဘို့
နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ် ငါးကောင်တို့ကို ပေဒါဇုရသား ဂါမလျေလသည် ပူဇော်
လေ၏၊ 60 နဝမနေ့၌ ဗယ်္ာမိန်အမျိုးတွင် မင်းဖြစ်သော ဂိဒေါနိသား အဘိဒန်ဆက်သော ပူဇော်သက္ကာဟူမူကား 61
အကျပ်တော်အလိုက် တပိသာသုံးဆယ်အချိန်ရှိ သော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ် ပူဇော်သက္ကာဘို့
ထိုအင်တုံ၊ ဖလား၌ ဆီနှင့်ရော ၍ အပြည့်ထည့်သော မုန့်ညက်၊ 62 မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော
ရွှေဇွန်း 63 မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော သိုး သငယ်တကောင်၊ 64
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ 65 မိဿဟာယယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်တို့ကို
ဂိဒေါနိသားအဘိဒန်သည် ပူဇော်လေ၏၊ 66 ဒသမနေ့၌ ဒန်အမျိုးတွင် မင်းဖြစ်သော အမိ ရှဒ္ဒဲသားအဟေဇာဆက်သော
ပူဇော်သက္ကာဟူမူကား၊ 67 အကျပ်တော်အလိုက် တပိသားသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊
ဘောဇဉ်ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့်ရော ၍ အပြည့်ထည့်သော မုန့်ညက်။ 68 မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍
အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း၊ 69 မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော
သိုး သငယ်တကောင်၊ 70 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ 71 မိဿဟာယယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါးကောင်၊
ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ်ငါးကောင်တို့ကို အမိရှဒ္ဒဲသားအဟေဇာသည် ပူဇော်လေ၏။ 72 ဧကာဒသမနေ့၌
အာရှာအမျိုးတွင် မင်းဖြစ် သော ဩကရန်သား ပါဂျေလဆက်သော ပူဇော်သက္ကာဟူ မူကား။ 73 အကျပ်တော်အလိုက်
တပိဿာသုံးဆယ်အချိန် ရှိသော ငွေအင်တုံ၊ ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ်ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌
ဆီနှင့်ရော ၍ အပြည့်ထည့်သော မုန့်ညက်။ 74 မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း၊ 75
မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊ သိုးထီးတကောင်၊ အခါမလည်သော သိုး သငယ်တကောင်၊ 76
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်၊ 77 မိဿဟာယယဇ်ဘို့နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော
သိုးသငယ် ငါးကောင်တို့ကို ဩကရန်သားပါဂျေလသည် ပူဇော် လေ၏။ 78 ဒွါဒသမနေ့၌ နဿာလိအမျိုးတွင် မင်းဖြစ်သော
ဧနန်းသားအဟိရဆက်သော ပူဇော်သက္ကာ ဟူမူကား၊ 79 အကျပ်တော်အလိုက် တပိဿာသုံးဆယ် အချိန် ရှိသော ငွေအင်တုံ၊
ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား၊ ဘောဇဉ် ပူဇော်သက္ကာဘို့ ထိုအင်တုံ၊ ဖလား၌ ဆီနှင့်ရော ၍ အပြည့်ထည့်သော မုန့်ညက်။ 80
မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်၍ အကျပ်တဆယ် အချိန်ရှိသော ရွှေဇွန်း၊ 81 မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်၊
သိုးထီးတကောင်၊ အခါမလည်သော သိုးသ ငယ်တကောင်၊ အခါမလည်သော သိုးသငယ်တကောင်၊ 82 အပြစ်ဖြေရာယဇ်ဘို့
ဆိတ်သငယ်တကောင်၊ 83 မိဿဟာယယဇ်ဘို့ နွားနှစ်ကောင်၊ သိုးငါး ကောင်၊ ဆိတ်ငါးကောင်၊ အခါမလည်သော သိုးသငယ်
ငါးကောင်တို့ကို ဧနန်သား အဟိရသည် ပူဇော်လေ၏။ 84 ထိုသို့ဣသရေလအမျိုးတို့၌ မင်းဖြစ်သော သူတို့ သည်၊ ယဇ်ပလ္လင်ကို
ဆီလူးသောနေ့၌ အနုမောဒနာ ပြုစရာဘို့ ဆက်သော ငွေအင်တုံပေါင်းဆယ်နှစ်လုံး၊ ငွေ ဖလားပေါင်းဆယ်နှစ်လုံး၊ ရွှေဇွန်းပေါင်း
ဆယ်နှစ်စင်း တည်း။ 85 ငွေအင်တုံအချိန်ကား၊ တလုံးလျှင် တပိဿာ သုံးဆယ်စီ၊ ငွေဖလားအချိန်ကား၊ တလုံးလျှင် ခုနစ်ဆယ် စီရှိ၍
ငွေချိန်ပေါင်းကား၊ အကျပ်တော်အလိုက်၊ အခွက် နှစ်ဆယ်လေးပိဿာရှိသတည်း။ 86 မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်သော ရွှေဇွန်း
ဆယ်နှစ်စင်း အချိန်ကား၊ အကျပ်တော်အလိုက် ဆယ် ကျပ်စီရှိ၍၊ ရွှေချိန်ပေါင်းကား တပိဿာနှစ်ဆယ်ရှိသ တည်း။ 87
မီးရှို့ရာယဇ်ဘို့ ဘောဇဉ် ပူဇောသက္ကာနှင့်တကွ နွားပေါင်းဆယ်နှစ်ကောင်၊ သိုးထီးဆယ်နှစ်ကောင်၊ အခါ မလည်သောသိုးသငယ်
ဆယ်နှစ်ကောင်၊ အပြစ်ဖြေရာ ယဇ်ဘို့ ဆိတ်သငယ်ပေါင်း ဆယ်နှစ်ကောင်၊ 88 မိဿဟာယ ယဇ်ဘို့ နွားပေါင်း၊ နှစ်ဆယ် လေးကောင်၊
သိုးထီးခြောက်ဆယ်၊ ဆိတ်ထီးခြောက်ဆယ်၊ အခါမလည်သော သိုးသငယ်ခြောက်ဆယ်ရှိသတည်း။ ဤရွေ့ကား၊ယဇ်ပလ္လင်
ဆီလူးသောနောက်၊ အနုမောဒနာပြုဘို့ ဆက်သော ပူဇော်သက္ကာပေတည်း။ 89 မောရှေသည် ဘုရားသခင်ကို လျှောက်ခြင်းငှါ

 generated on Sun Jun 30 02:37:40 2024

ပရိသတ်စည်းဝေးရာ တဲတော်ထဲသို့ ဝင်သောအခါ၊ ခေရု ဗိမ်နှစ်ပါးကြားမှာ၊ သက်သေခံချက်သေတ္တာအပေါ်၌
တင်သောအဖုံးထက်သော ဘုရားသခင် ခေါ်တော်မူသံ ကို မောရှေသည်ကြား၍ ထူးလေ၏။

---

---

Numbers 01

မောရှေသည် တဲတော်ကိုထူထောင်၍
"မောရှေသည် တဲတော်ကို တည်ဆောက်ပြီး"

ဣသရေလခေါင်းဆောင်များ.......အမျိုးအနွယ်အသီးသီးတို့၌
မင်းဖြစ်သောသူများ
ဤစကားစုနှစ်စုသည်
ဆိုလိုရင်းတစ်ခုတည်းကိုပဲနည်းလမ်းနှစ်မျိုးဖြင့်
ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့
ဘိုးဘေးမျိုးနွယ်အလိုက် ခေါင်းဆောင်များဖြစ်သည့်
ဣသရေလခေါင်းဆောင်များ"

အမျိုးအနွယ်အသီးသီးတို့၌ မင်းဖြစ်သောသူများ
အမျိုးအနွယ်ခေါင်းဆောင်များမှ ခေါင်းဆောင်များကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့ဘိုးဘေးအမျိုးအနွယ်အလိုက် ခေါင်းဆောင်များ"

လူများကိုရေတွက်ခြင်း၌ ကြီးကြပ်သူ
"ရေတွက်ခြင်း" ဟူသည့်နာမ်ကို ကြိယာအနေဖြင့်လည်း
သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"လူများကိုရေတွက်ဖို့ရန် မောရှေနှင့် အာရုန်ကို ကူညီစေခဲ့သည်"

ထာဝရဘုရားအား ပူဇော်သက္ကာပြုကြ၏....
သူတို့သည်တဲတော်ရှေ့၌ဆောင်ခဲ့၍
သူတို့၏ ပူဇော်သက္ကာများကို ထာဝရဘုရားအားပူဇော်ကြပြီး
တဲတော်ရှေ့သို့ယူလာကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။
ရှင်းလင်းစွာဖော်ပြနိုင်ရန် ဤစကားစုနှစ်ခုကို ပေါင်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
သူတို့၏ပူဇော်သက္ကာများကိုထာဝရဘုရားထံသို့ယူလာကြပြီး၊
တဲတော်ရှေ့တွင် ပူဇော်ကြ၏"

ရထားခြောက်ခုနှင့် နွားဆယ်နှစ်ကောင်
"ရထားခြောက်ခုနှင့် ဆယ့်နှစ်ကောင်သောနွားထီး"

Numbers 04

အမှုကိုဆောင်ရွက်ရသည့်အတိုင်း အသီးသီးပေးလော့
"လူအသီးသီးတို့ကို သူတို့လိုအပ်သည့်အတိုင်း အလုပ်ပေးရန်"

Numbers 06

ဂေရရှုန်....မေရာရိ
3:17 ၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူတို့၏နာမည်ကို
ဘာသာပြန်ရန်ဖြစ်သည်။

သူတို့အလုပ်၏လိုအပ်ချက်အရ
"သူတို့ အလုပ်အတွက် ဘာလိုအပ်သောကြောင့်"

ယဇ်ပုရောဟိတ်အာရုန်၏သား ဣသမာ၏အုပ်သော
"ယဇ်ပုရောဟိတ်အာရုန်၏သား
ဣသမာ၏ကြီးကြပ်မှုအောက်တွင်" သို့မဟုတ်
"ယဇ်ပုရောဟိတ်အာရုန်၏သား ဣသမာသည် သူတို့၏အလုပ်ကို
ကြီးကြပ်သည်"

ဣသမာ
3:1 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

ထို့ကြောင့် သူလုပ်သည်
"သူ" သည် မောရှေကို ရည်ညွှန်းသည်။

သူတို့အလုပ်၏တောင်းဆိုချက်အရ
"သူတို့အလုပ်၏ လိုအပ်ချက်အရ"

Numbers 09

မည်သည့်အရာမျှ
ရထားများနှင့်နွားများကို ဆိုလိုခြင်းဖြစ်သည်။

ကောဟတ်
ဤလူ၏နာမည်ကို 3:17 ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

သူတို့၏အလုပ်သည်
"သူတို့၏ အလုပ်မှာ"

ထာဝရဘုရားနှင့်သက်ဆိုင်သောအရာ
ထာဝရဘုရားနှင့်သက်ဆိုင်သည်အရာ
အဓိပ္ပါယ်မြုပ်ထားသည့်အရာကို ရှင်းလင်းစွာ
ဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"တဲတော်အတွက် ထာဝရ ဘုရားထားတော်မူသော အရာများ"

Numbers 10

သူတို့၏အနုမောဒနာများ ပြုကြသည်
အလှူများ ပေးလှူကြသည်

မင်းအသီးသီးတို့သည် နေ့ရက်စဉ်အတိုင်း မိမိတို့ပူဇော်သက္ကာကိုပြုကြရသည်
"တစ်နေ့တွင် မင်းတစ်ဦးက သူ၏ ပူဇော်သက္ကာကို ပြုရမည်"

Numbers 12

ပဌမနေ့
"ပထမနေ့" သို့မဟုတ် "တစ်ရက်မြောက်နေ့"



generated on Sun Jun 30 02:37:40 2024

အမိနဒပ်သား နာရှန်
ဤလူ၏နာမည်ကို ၁း၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် လိုအပ်သည်။

တပိသသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံး အချိန်အတွယ်ကို ၁သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနှစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အလေးချိန် အချိန်အတွယ်သည် အကျပ်တော်ဖြစ်သည်။ မျက်မှောက်ခေတ်သုံး အချိန်အတွယ်နှင့် ဘာသာပြန်မည်ဆိုပါကလည်း အဆင်ပြေမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောစ၍ အပြည့်ထားသော မုန့်ညက်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီရောထားသော မုန့်ညက်"

အကျပ်တဆယ်ရှိသော ရွှေဇွန်း
ခေတ်သုံး အလေးချိန်အတိုင်းအတာအတိုင်း ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ကီလိုဂရမ်၏ ဆယ်စုတစု အလေးချိန်ရှိသော ရွှေဇွန်း" သို့မဟုတ် "ဂရမ်တစ်ရာ့တစ်ဆယ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 15

အသက် တစ်နှစ်စီရှိသော
"အသက် တစ်နှစ်စီရှိကြသည်"

အမိနဒပ်သား နာရှန်ပူဇော်သောအရာဖြစ်သည်
"အမိနဒပ်သား နာရှန်ဆက်သသောအရာ ဖြစ်သည်"

အမိနဒပ်သား နာရှန်
ဤလူ၏နာမည်ကို ၁း၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် လိုအပ်သည်။

Numbers 18

ဒုတိယနေ့
"ဒုတိယနေ့" သို့မဟုတ် "နှစ်ရက်မြောက်နေ့"

ဇုအာသား နာသနေလ
ဤလူ၏နာမည်ကို ၁း၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် လိုအပ်သည်။

တပိသသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ 7:12 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနှစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်ဖြစ်သည်။ ၇း၁၂၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

Numbers 20

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇း၁၂၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

အသက်တစ်နှစ်စီရှိသော
"အသက်တစ်နှစ်စီရှိကြသည်"

ဇုအာသား နာသနေလဆက်သသောပူဇော်သက္ကာဖြစ်သည်။
"ဇုအာသား နာသနေလဆက်သသောပူဇော်သက္ကာ

ဇုအာသား နာသနေလ
ဤလူ၏နာမည်ကို ၁း၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် လိုအပ်သည်။

Numbers 24

တတိယနေ့
"တတိယမြောက်နေ့" သို့မဟုတ် "သုံးရက်မြောက်နေ့ "

ဟေလုန်သား ဧလျာဘ
ဤလူ၏နာမည်ကို ၁း၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

တပိသာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ ၇း၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"


generated on Sun Jun 30 02:37:40 2024

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ် ဖြစ်သည်။ ၇:၁၂၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇:၁၂၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 27

အသက် တနှစ်ရှိသော
"အသက် တနှစ်စီရှိသော"

ဟေလုန်သား ဧလျာဘဆက်သသော ပူဇော်သက္ကာ
"ဟေလုန်သား ဧလျာဘဆက်သသော ပူဇော်သက္ကာဖြစ်သည်"

ဟေလုန်သား ဧလျာဘ
ဤလူ၏နာမည်ကို ၁:၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 30

စတုတ္ထနေ့
"စတုတ္ထနေ့" သို့မဟုတ် "လေးရက်မြောက်နေ့"

ရှေဒုရသား ဧလိဇုရ
ဤလူ၏နာမည်ကို ၁:၄ ၌ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ် ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 33

အသက် တနှစ်ရှိသော
"အသက် တနှစ်စီရှိသော"

ရှေဒုရသား ဧလိဇုရဆက်သရသော ယဇ်
"ရှေဒုရသား ဧလိဇုရဆက်သရသော ပူဇော်သက္ကာ"

ရှေဒုရသား ဧလိဇုရ
ဤလူ၏နာမည်ကို ၁:၄ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 36

ပဥ္စမနေ့
"ပဥ္စမနေ့" သို့မဟုတ် "ငါးရက်မြောက်နေ့"

ဇုရိရှဒ္ဒဲသား ရှေလုမျေလ
၁:၄ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ် ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။
၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 39

အသက် တနှစ်ရှိသော
"အသက် တနှစ်စီရှိသော"

ဇုရိရှဒ္ဒဲသား ရှေလုမျေလဆက်သသောပူဇော်သက္ကာ
"ဇုရိရှဒ္ဒဲသား ရှေလုမျေလဆက်သသောပူဇော်သက္ကာဖြစ်သည်"

ဇုရိရှဒ္ဒဲသား ရှေလုမျေလ
ဤလူ၏နာမည်ကို ၁:၄ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

Numbers 42

ဆဌမနေ့
"ဆဌမနေ့" သို့မဟုတ် "ခြောက်ရက်မြောက်နေ့"

ဒွေလသား ဧလျာသပ်
ဤလူ၏နာမည်ကို ၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို
သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည်
သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်
ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။
"သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။
၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 45

အသက် တနှစ်ရှိသော
"အသက် တနှစ်စီရှိသော"

ဒွေလသား ဧလျာသပ်ဆက်သသော ပူဇော်သက္ကာ
"ဒွေလသား ဧလျာသပ်ဆက်သသော ပူဇော်သက္ကာဖြစ်သည်"

ဒွေလသား ဧလျာသပ်
ဤလူ၏နာမည်ကို ၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

Numbers 48

သတ္တမနေ့
"သတ္တမနေ့" သို့မဟုတ် "ခုနစ်ရက်မြောက်နေ့"

အမိဟုဒ်သား ဧလိရှမာ
၁:၁၀၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို
သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည်
သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်
ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။
"သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။
၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"


generated on Sun Jun 30 02:37:40 2024

Numbers 51

အသက် တနှစ်ရှိသော
"အသက် တနှစ်စီရှိသော"

အမိဟုဒ်သား ဧလိရှမာဆက်သသော ပူဇော်သက္ကာ
"အမိဟုဒ်သား ဧလိရှမာဆက်သသော ပူဇော်သက္ကာဖြစ်သည်"

အမိဟုဒ်သား ဧလိရှမာ
၁:၁၀ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

Numbers 54

အဌမနေ့
"အဌမနေ့" သို့မဟုတ် "ရှစ်ရက်မြောက်နေ့"

ပေဒါဇုရသား ဂါမလျေလ
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

တပိသာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ် ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 57

အသက် တနှစ်ရှိသော
"အသက် တစ်နှစ်စီရှိသော"

ပေဒါဇုရသား ဂါမလျေလဆက်သသော ပူဇော်သက္ကာ
"ပေဒါဇုရသား ဂါမလျေလ ဆက်သသော ပူဇော်သက္ကာဖြစ်သည်"

ပေဒါဇုရသား ဂါမလျေလ
၁:၁၀ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

Numbers 60

နမဝနေ့
"နမဝနေ့" သို့မဟုတ် "ကိုးရက်မြောက်နေ့ "

ဂိဒေါနိသား အဘိဒန်
၁:၁၀ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

တပိသာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ် ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့် ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 63

အသက် တနှစ်ရှိသော
"အသက် တစ်နှစ်စီရှိသော"

ဂိဒေါနိသား အဘိဒန် ဆက်သသော ပူဇော်သက္ကာ
"ဂိဒေါနိသား အဘိဒန် ဆက်သသော ပူဇော်သက္ကာဖြစ်သည်"

ဂိဒေါနိသား အဘိဒန်
၁:၁၀ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

Numbers 66

ဒသမနေ့
"ဒသမနေ့" သို့မဟုတ် "ဆယ်ရက်မြောက်နေ့"

အမိရှဒ္ဒဲသား အဟေဇာ
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို
သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည်
သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်
ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။
"သန့်ရှင်းရာဌာနတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်
ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇:၁၂ ၌
ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော
ရွှေဇွန်း"

Numbers 69

အသက် တနှစ်ရှိသော
"အသက် တစ်နှစ်စီရှိသော"

အမိရှဒ္ဒဲသား အဟေဇာ ဆက်သသော ပူဇော်သက္ကာ
"အမိရှဒ္ဒဲသား အဟေဇာ ဆက်သသော ပူဇော်သက္ကာဖြစ်သည်"

အမိရှဒ္ဒဲသား အဟေဇာ
၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

Numbers 72

ဧကာဒသမနေ့
"ဧကာဒသမနေ့" သို့မဟုတ် "ဆယ့်တစ်ရက်မြောက်နေ့ "

ဩကရန်သား ပါဂျေလ
ဤလူ၏နာမည်ကို ၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို
သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

ခုနစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည်
သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်
ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။
"သန့်ရှင်းရာဌာနတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။
၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 75

အသက် တနှစ်ရှိသော
"အသက် တစ်နှစ်စီရှိသော"

ဩကရန်သား ပါဂျေလ ပူဇော်သက္ကာ
"ဩကရန်သား ပါဂျေလ ဆက်သသော ပူဇော်သက္ကာဖြစ်သည်"

ဩကရန်သား ပါဂျေလ
ဤလူ၏နာမည်ကို 1:12 ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

Numbers 78

ဒွါဒသမနေ့
"ဒွါဒသမနေ့" သို့မဟုတ် "ဆယ့်နှစ်ရက်မြောက်နေ့ "

ဧနန်းသား အဟိရ
ဤလူ၏နာမည်ကို ၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။

တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို
သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း
ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
၄၃၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"



generated on Sun Jun 30 02:37:40 2024

ခုနှစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောထားသော မုန့်ညက်"

အကျပ်တဆယ်အချိန်ရှိသော ရွှေဇွန်း
လိုအပ်ပါက မျက်မှောက်ခေတ်သုံးအချိန်အတွယ်ကိုသုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၁၁၀ ဂရမ် အလေးချိန်ရှိသော ရွှေဇွန်း"

Numbers 81

အသက် တနှစ်ရှိသော
"အသက် တစ်နှစ်စီရှိသော"

ဧနန်းသား အဟိရ ဆက်သသော ပူဇော်သက္ကာ
"ဧနန်းသား အဟိရ ဆက်သသော ပူဇော်သက္ကာဖြစ်သည်"

ဧနန်းသား အဟိရ
ဤလူ၏နာမည်ကို ၁:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 84

ဆက်သသော အပေါင်း
"ဆက်သသော" သည် တစုံတခုကို ရည်ရွယ်ချက်ရှိရှိဖြင့် ဆက်ကပ်ထားသည့်အရာဖြစ်သည်။ ဤအခြေနေမျိုးတွင် ပူဇော်သက္ကာများကို ထာဝရဘုရားထံသို့ဆက်သလေ့ရှိသည်။

ယဇ်ပလ္လင်ကို မောရှေ ဆီလူးသောနေ့၌
"နေ့" သည် ယေဘုယျအချိန်ကာလကို ဆိုလိုသည်။ ဣသရေလခေါင်းဆောင်များသည် ဤအရာကို ဖြစ်ပျက်သည့်ရက် (၁၂) ရက်အတွင်း ပြုလုပ်လေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပလ္လင်ကို ဆီလူးသောအချိန်"

၃ တပိဿာသုံးဆယ်အချိန်ရှိသော ငွေအင်တုံ
လိုအပ်ပါကမျက်မှောက်ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ၄၇၀ ဂရမ်အလေးချိန်ရှိသော ငွေအင်တုံ"

၄ ခုနှစ်ဆယ်အချိန်ရှိသော ငွေဖလား
"ငွေဖလားတစ်ခုသည် အကျပ်တော်

၅ အကျပ်တော်အလိုက်
အလေးချိန်အတိုင်းအတာ အမျိုးမျိုးရှိသည်။ အကျပ်တော်သည် သန့်ရှင်းသောတဲတော်ပတ်ဝန်းကျင်၌ သုံးသည့် အချိန်အတွယ်ဖြစ်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "သန့်ရှင်းရာဌာနာတော်၌ အသုံးပြုသည့် အချိန်အတွယ်"

၆ ငွေဖလားပေါင်း အလေးချိန်....ရွှေဇွန်းပေါင်း အလေးချိန်
"ငွေဖလားအားလုံးကိုအတူတကွအလေးချိန်၍.....ရွှေဇွန်းအားလုံးကို အတူတကွ အလေးချိန်၍"

၇ ငွေဖလားပေါင်း
ယဇ်ပူဇော်ထားသည့်အရာများဖြစ်ပြီး ငွေနဲ့ပြုလုပ်ထားသည့် အင်တုံများနှင့်ဖလားများကို ဆိုလိုခြင်းဖြစ်သည်။

၈ရွှေဖလားပေါင်း ဆယ့်နှစ်စင်းစီ....တပိဿစီ
"ရွှေဖလား ဆယ်နှစ်ခုတွင် တစ်ခုစီသည် တပိဿစီအချိန်ရှိသည်" လိုအပ်မည်ဆိုပါက မျက်မှောက်ခေတ်သုံး အချိန်အတွယ်ကို သုံးနိုင်သည်။ ၇:၁၂ ၌ ဘာသာပြန်ထားသည့်အတိုင့် ဘာသာပြန်သင့်သည်။ အခြားသောဘာသာပြန်ချက်၊ "ရွှေဖလားတစ်ခုစီတိုင်းသည် ၁၁၀ ဂရမ်စီအလေးရှိသည်"

Numbers 87

ဆယ့်နှစ်...နှစ်ဆယ့်လေး...ခြောက်ဆယ်
ဤကိန်းဂဏာန်းကို စာထက် ဂဏာန်းများနှင့်ဖော်ပြမည်ဆိုပါက ပိုကောင်းမည်။

အသက် တနှစ်ရှိသော
"အသက် တစ်နှစ်ရှိသော"

ဆီလူးပြီးမှ
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "မောရှည်သည် ဆီလူးပြီးမှ"

Numbers 89

ဘုရားသခင်ခေါ်တော်မူသံကို မောရှေသည်ကြား၍
"သူ၏အသံ" သည် ထာဝရဘုရား၏အသံ ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ထာဝရဘုရားစကားတော်ကိုကြား၍"

သက်သေခံချက်သေတ္တာပေါ်၌ တင်သောအဖုံး.....ခေရုဗိမ်နှစ်ပါးကြားမှာ
ဤစကားစုနှစ်ခုက တူညီသောနေရာကိုသာ ရည်ညွှန်းထားသည်။

သက်သေခံချက်သေတ္တာ
၄:၅ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ဆိုရမည်။

သူသည် သူ့ဆီကို စကားပြောသည်
"ထာဝရဘုရားသည် မောရှေဆီကို စကားပြောသည်"

---

## Translation Questions

Numbers 7:1

မောရှေသည် တဲတော်နှင့် တဲတော်တန်ဆာအားလုံးကို အပြီးသတ်ပြီးနေ့တွင် ဘုရားအတွက် ဘာကို ဆီလောင်း၍ သန့်ရှင်းခြင်းအမှုကို လုပ်ခဲ့သနည်း။
သူသည်တဲတော်နှင့် တဲတော်တန်ဆာအားလုံး ပြုပြင်ထားသော ပရိဘောဂ အားလုံးကို ဘုရားအတွက် ဆီလောင်းရန် သန့်ရှင်းခြင်းအမှုကို ပြုလုပ်ခဲ့သည်။

ဣသရေလ အမျိုးအနွယ်တို့၏ မင်းသူကြီးများသည် တဲတော်ရှေ့တွင် ပူဇော်သက္ကာကဲ့သို့ ဘာကို ယူဆောင်ခဲ့ကြသနည်း။
သူတို့သည် ရထားခြောက်ခုနှင့် နွားဆယ့်နှစ်ကောင်တို့ကို တဲတော်ရှေ့တွင် ပူဇော်သက္ကာကဲ့သို့ ယူဆောင်ခဲ့ကြသည်။

Numbers 7:4

မောရှေသည် ပေးကမ်းသော အရာများကို အဘယ်သူတို့ထံပေးခဲ့သနည်း။
မောရှေသည် ပေးကမ်းသောအရာများကို လေဝိသားအသီးသီးတို့အား ပေးခဲ့သည်။

Numbers 7:6

ဂေရရှုန်နှင့် သူ့သားတို့သည် သူတို့လိုအပ်သည့်အတိုင်း ဘာကို ရရှိခဲ့သနည်း။
ဂေရရှုန်နှင့် သူ့သားတို့သသည် ရထားနှစ်ခုနှင့် နွားလေးကောင်ကို ရရှိခဲ့ကြသည်။

မေရာရိနှင့် သူ့သားတို့သည် သူတို့လိုအပ်သည့်အတိုင်း ဘာကိုရရှိခဲ့ကြသနည်း။
မေရာရိနှင့် သူ့သားတို့သည် ရထားလေးခုနှင့် နွားရှစ်ကောင်ကို ရရှိခဲ့ကြသည်။

Numbers 7:9

ကောဟတ်၏သားတို့သည် အဘယ်ကြောင့်ပူဇော်သက္ကာအဖြစ် ရထားနှင့် နွားတစုံတခုမျှ မရရှိခဲ့ကြသနည်း။
ကောဟတ်၏သားတို့သည် ပူဇော်သက္ကာအဖြစ် ရထားနှင့်နွားတစုံတခုမျှမရနိုင်ခဲ့ခြင်းမှာ သူတို့သည် သူတို့၏ ပခုံးပေါ်တွင် တဲတော်အတွက် သီးသန့်ထားသော အရာများနှင့် လိုအပ်သော အသုံးဆောင်များကို သယ်ဆောင်ခဲ့ကြသောကြောင့်ဖြစ်သည်။

Numbers 7:10

မည်သည့်အချိန်တွင် ခေါင်းဆောင်အသီးသီးသည် သူတို့၏ ပစ္စည်းများကို ယဇ်ပလ္လင်ရှေ့နှစ်မြှုပ်ထားဖို့အတွက် ပူဇော်ဖို့ရန် ဖြစ်သနည်း။
နေ့ရက်စဉ်အတိုင်း ခေါင်းဆောင်အသီးသီးတို့သည် ယဇ်ပလ္လင်ရှေ့တွင် သူတို့၏ ပူဇော်သက္ကာကို ပေးကမ်းခဲ့သည်။

Numbers 7:12

ပထမနေ့၌ ဣသရေလ လူမျိုးတစ်ဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သော သူသည် အဘယ်သူနည်း။
ယုဒအမျိုးသည် ဣသရေလ လူမျိုးဆယ့်နှစ်မျိုးအနက် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သော ပထမသူဖြစ်သည်။

Numbers 7:18

ဒုတိယနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သော သူသည် အဘယ်သူနည်း။
ဒုတိယနေ့၌ ဣသရေလလူမျိုးဆယ့်နှစ်မျိုးတွင် ဣသခါအမျိုးသည် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သောသူဖြစ်သည်။

Numbers 7:24

တတိယနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သော သူသည် အဘယ်သူနည်း။
တတိယနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ဇာဗုလုန် အမျိုးသည် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သော သူဖြစ်သည်။

Numbers 7:30

စတုတ္ထနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သောသူသည် အဘယ်သူနည်း။
စတုတ္ထနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ရုဗင်အမျိုးသည် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သောသူဖြစ်သည်။

Numbers 7:36

ပဉ္စမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
ပဉ္စမနေ့၌ ဣသရေလ လူမျိုး ဆယ့်နှစ်မျိုးတွင် ရှိမောင်အမျိုးသည် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သောသူဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Numbers 7:42

ဆဋ္ဌမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
ဆဋ္ဌမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ကုဒ်အမျိုးသည် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူဖြစ်သည်။

Numbers 7:54

အဋ္ဌမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
အဋ္ဌမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် မနာရှေအမျိုးသည် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူဖြစ်သည်။

Numbers 7:60

နဝမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
နဝမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ဗယ်ာမိန်အမျိုးသည် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူဖြစ်သည်။

ဧကော ဒသမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
ဧကော ဒသမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် အာရှာအမျိုးသည် ယဇ်ပလ္လင် ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူဖြစ်သည်။

ဒွါဒသမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
ဒွါဒသမနေ့၌ ဣသရေလ လူမျိုး ဆယ့်နှစ်မျိုး ဆယ့်နှစ်မျိုးတွင် နဿာလိအမျိုးသည် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူဖြစ်သည်။

Numbers 7:66

ဒသမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ယဇ်ပလ္လင်ရှေ့ ပူဇော်သက္ကာကို ပေးကမ်းခဲ့သူသည် အဘယ်သူနည်း။
ဒသမနေ့၌ ဣသရေလ လူမျိုးဆယ့်နှစ်မျိုးတွင် ဒန်အမျိုးသည် ယဇ်ပလ္လင်ရှေ့ပူဇော်သက္ကာကို ပေးကမ်းခဲ့သူဖြစ်သည်။

Numbers 7:89

မောရှေသည် ပရိတ်သတ် စည်းဝေးရာ တဲတော်ထဲ၌ ရှိနေစဉ် ဘုရားသခင်သည် သူ့ကို အဘယ်နေရာမှ စကားပြောခဲ့သနည်း။
ဘုရားသခင်သည် မောရှေကို ခေရုဗိမ်နှစ်ပါးကြားသက်သေခံချက်သေတ္တာပေါ်၌ တင်သော အဖုံးထက်မှ စကားပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 8

1 ထာဝရဘုရားကလည်း၊ သင်သည် အာရုန်အား ဆင့်ဆိုရမည်မှာ၊ 2 မီးခွက်များကို ထွန်းသောအခါ၊ မီးခွက်ခုနစ်လုံး တို့သည်
မီးခုံတဘက်တချက်၌ ထွန်းလင်းရမည်ဟု၊ 3 မောရှေအား မှာထားတော်မူသည်အတိုင်း၊ အာရုန်ပြု၍ မီးခုံတဘက်တချက်၌
မီးခွက်များကို ထွန်းလေ၏။ 4 မီးခုံမူကား၊ ထာဝရဘုရားသည် မောရှေအား ပြတော်မူသော ပုံနှင့်အညီ မီးခုံတိုင်မှစ၍ ကြာပွင့်တိုင်
အောင် ရွှေဖြင့် တစပ်တည်းထုလုပ်သော မီးခုံဖြစ်သ တည်း။ 5 ထာဝရဘုရားသည် မောရှေအား မိန့်တော်မူ သည်ကား 6
လေဝိသားတို့ကို၊ ဣသရေလအမျိုးသားတို့ အထဲက ရွေးကောက်၍ စင်ကြယ်စေလော့။ 7 စင်ကြယ်စေခြင်းငှါ ပြုရမည်အမှုဟူမူကား၊
စင်ကြယ်ခြင်း မင်္ဂလာရေကို သူတို့အပေါ်မှာဖြန်း၍၊ သူတို့ သည် တကိုယ်လုံးကို အမွေးရိတ်ခြင်း၊ အဝတ်လျှော်ခြင်း ကို ပြုသဖြင့်
စင်ကြယ်စေရမည်။ 8 ဆီရောသော မုန့်ညက်တည်းဟူသော ဘောဇဉ် ပူဇော်သက္ကာနှင့်တကွ၊ အသက်ပျိုသော နွားထီးတကောင်၊
အပြစ်ဖြေရာယဇ်ဘို့ အသက်ပျိုသော နွားထီးတကောင် ကို ယူပြီးလျှင်၊ 9 လေဝိသားတို့ကို ပရိသတ်စည်းဝေးရာ တဲတော်
ရှေ့သို့ခေါ်ခဲ့၍၊ ဣသရေလအမျိုးသား ပရိသတ်အပေါင်း တို့ကို စည်းဝေးစေပြီးမှ၊ 10 လေဝိသားတို့ကို ထာဝရဘုရားရှေ့တော်သို့
ဆောင်ခဲ့၍၊ သူတို့ခေါင်းပေါ်မှာ ဣသရေလအမျိုးသား တို့သည် လက်ကိုတင်သဖြင့်၊ 11 သူတို့သည် ထာဝရဘုရား၏ အမှုတော်ကို
ထမ်း စေခြင်းငှါ၊ ဣသရေလအမျိုးသားတို့ပြုသော ပူဇော် သက္ကာတည်းဟူသော လေဝိသားတို့ကို အာရုန်သည် ထာဝရဘုရားအား
ဆက်ရမည်။ 12 လေဝိသားတို့သည်လည်း၊ နွားခေါင်းပေါ်မှာ မိမိ တို့လက်ကို တင်၍၊ သူတို့အဘို့ အပြစ်ဖြေခြင်းကို ပြုလို သောငှါ၊
ထာဝရဘုရားရှေ့မှာ နွားတကောင်ကို အပြစ် ဖြေရာယဇ်၊ တကောင်ကို မီးရှို့ရာ ယဇ်ပြု၍ ပူဇော်ရကြ မည်။ 13 လေဝိသားတို့ကို၊
အာရုန်နှင့်သူ၏ သားတို့ရှေ့မှာ ထား၍ ထာဝရဘုရားအား ပူဇော်သက္ကာပြုရမည်။ 14 ထိုသို့ လေဝိသားတို့ကို ဣသရေလအမျိုးသားတို့
နှင့် တခြားစီခွဲထား၍၊ သူတို့သည် အထူးသဖြင့် ငါ့လူဖြစ်ရ ကြလိမ့်မည်။ 15 ထိုနောက်မှ လေဝိသားတို့သည်၊ ပရိသတ် စည်းဝေးရာ
တဲတော်အမှုကို ဆောင်ရွက်ခြင်းငှါ ဝင်ရကြ လိမ့်မည်။ သူတို့ကို စင်ကြယ်စေ၍ ပူဇော်သက္ကာ၊ ပြုရ သော အကြောင်းဟူမူကား၊ 16
ဣသရေလ အမျိုးထဲက သူတို့ကို ရွေးကောက်၍၊ ငါ့အား အပိုင်ပေးရမည်။ ဣသရေလအမျိုးတွင် အဦး ဘွားမြင်သော
သားဦးများအတွက် သူတို့ကို ငါသိမ်း ယူ၏။ 17 အဲဂုတ္တုပြည်၌ သားဦးအပေါင်းတို့ကို ငါသည် ဒဏ်ခတ်သောအခါ
ဣသရေလအမျိုးတွင်လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ကိုယ်အဘို့ သန့်ရှင်းစေသောကြောင့်၊ သားဦးအပေါင်းတို့ကို
အထူး သဖြင့် ငါပိုင်ရမည်။ 18 တဖန် ဣသရေလအမျိုးသားဦး အပေါင်းတို့ အတွက်၊ လေဝိသားတို့ကို ငါယူ၏။ 19 သူတို့သည်လည်း
ပရိသတ်စည်းဝေးရာ တဲတော် ၌၊ ဣသရေလအမျိုးသားဆောင်ရွက်ရသော အမှုကို ဆောင်ရွက်စေခြင်းငှါဒင်း၊
ဣသရေလအမျိုးသားတို့သည် သန့်ရှင်းရာ ဌာနတော်သို့ ချဉ်းကပ်သောအခါ၊ ဘေးဒဏ်နှင့် လွတ်မည်အကြောင်း၊ အပြစ်ဖြေခြင်းကို
ပြုစေခြင်းငှာဒင်း၊ ဣသရေလအမျိုးထဲက လေဝိ သားတို့ကို အာရုန်နှင့် သူ၏သားတို့အား စွန့်ကြဲပေးကမ်း သည်ဟု၊ 20
လေဝိသားအမှု၌၊ ထာဝရဘုရားသည် မောရှေ အား မှာထားတော်မူသည်အတိုင်း မောရှေနှင့် အာရုန် အစရှိသော ဣသလေရအမျိုးသား
ပရိသတ် အပေါင်းတို့ သည် လေဝိသားတို့ကို ပြုကြလျှင်၊ 21 သူတို့သည် စင်ကြယ်ခြင်းသို့ရောက်၍ မိမိတို့ အဝတ်ကို လျှော်ကြ၏။
အာရုန်သည်လည်း၊ သူတို့ကို ထာဝရ ဘုရားအား ဆက်ကပ်၍ သူတို့အဘို့ အပြစ်ဖြေခြင်းကို ပြုသဖြင့် စင်ကြယ်စေလေ၏။ 22
ထိုနောက်မှ လေဝိသားတို့သည် အာရုန်နှင့်သူ၏ သားတို့ရှေ့၌ ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင်ရွက်ခြင်းငှါ ဝင်ကြ၏။
လေဝိသားတို့အမှု၌ ထာဝရဘုရားသည် မောရှေအားမှာထားတော်မူသည် အတိုင်း လူအပေါင်းတို့သည် ပြုကြ၏။ 23
တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ 24 လေဝိသားတို့သည် အသက်နှစ်ဆယ်ငါးနှစ် လွန်မှ၊
ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက် ခြင်းငှါ ဝင်ရကြမည်။ 25-26 အသက်ငါးဆယ်လွန်မှ အမှုလွတ်၍ နောက် တဖန်
မဆောင်ရွက်ဘဲ ပရိသတ်စည်းဝေးရာ တဲတော်၌ မိမိညီအစ်ကိုတို့နှင့်အတူ ကူညီ၍ အလှည့်လှည့်စောင့် ရကြမည်။ ထိုသို့
လေဝိသားများ စောင့်ရသောအမှုကို စီရင်ရမည်ဟု မိန့်တော်မူ၏။

---

Numbers 01

ရှေ့တွင် ထွန်းလင်းရမည်
"ရှေ့ဘက်၌ အလင်းပေးရမည်"

Numbers 03

လင်းစေသည်
"တောက်ပစေရန်"

မီးခုံ
ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မီးခုံကို ပြုလုပ်ထားကြသည်"

တစပ်တည်း ထုလုပ်သော မီးခုံ
ပန်းပွင့်များကဲ့သို့ မီးခွက်များထွင်းနိုင်ဖို့ရန် မီးခုံကို
ထုထားခိုင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ပန်းပွင့်များကဲ့သို့ မီးထွန်းနိုင်သည့် တူနဲ့ထုထားသော မီးခုံများ"



generated on Sun Jun 30 02:37:40 2024

## Numbers 07

သူတို့ကို စင်ကြယ်စေခြင်းငှာ
"သူတို့" ဟူသောစကားလုံးသည် လေဝိသားတို့ကို ဆိုလိုခြင်းဖြစ်သည်။

ယဇ်ပလ္လင်ပေါ်၌ စင်ကြယ်သောရေကို ဖြန်း၍
ယဇ်ပူဇော်သည့်အနေဖြင့် မောရှေသည် သူတို့အပေါ်မှာ ရေကိုဖြန်းတော်မူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပူဇော်ခြင်းကို ပုံဆောင်သောရေကို သူတို့အပေါ်၌ ဖြန်းတော်မူသည်"

သူတို့အဝတ်လျှော်ရမည်
လေဝိသားတို့သည် သူတို့အဝတ်ကိုလျှော်ဖို့ ပြောထားခြင်းဖြစ်သည်။ ရှင်းလင်းစွာဖော်ပြထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အဝတ်အစားများ လျှော်ခိုင်းပြီးမှ"

နွားထီးတကောင်နှင့် ပူဇော်သက္ကာ
ပူဇော်သက္ကာပြုလုပ်သည့်အချိန်တိုင်း နွားထီးတစ်ကောင်နှင့် ဘောစဉ်ပူဇော်သက္ကာတို့သည် အမြဲလို လိုအပ်နေပါသည်။

ဆီနှင့်ရောထားသော မုန့်ညက်
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့်ရောစပ်ထားသည့် မုန့်ညက်"

## Numbers 09

ဣသရေလပရိသတ်အပေါင်းတို့ကို စည်းဝေးစေလျက်
"ပရိသတ်အားလုံးကို စုဝေးစေပြီးမှ"

ထာဝရဘုရားသည် ငါ့ဆီ၌
"ထာဝရဘုရား"သည် သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

ဣသရေလူတို့သည် လေဝိသားတို့အပေါ်၌ လက်တင်ကြရမည်။
"လက်တင်ခြင်း" အမှုသည် တစ်စုံတစ်ယောက်ကို ထာဝရာဘုရားအမှုဆောင်ခြင်းငှာ ဆက်ကပ်သည့်အချိန်မျိုးတွင် ဆက်ကပ်သည့်အနေဖြင့် ပြုလုပ်လေ့ရှိသည့် အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ငါ့ဆီ၌ ဆက်ကပ်သည့်အနေဖြင့် ဣသရေလလူတို့သည် လေဝိသားတို့အပေါ်၌ လက်တင်ရကြမည်"

လက်တင်သော ပူဇော်သက္ကာ
ထာဝရဘုရားထံသို့ ဣသရေလတို့ပြုသောပူဇော်သက္ကာတည်းဟူသော လေဝိသားတို့ကို အာရုန်သည် ထာဝရာဘုရားအား ဆက်သရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား လက်တင်၍ ပူဇော်သက္ကာပြုလျှင်"

## Numbers 12

လေဝိသားတို့သည် နွားခေါင်းပေါ်မှာ မိမိတို့လက်ကိုတင်ရကြမည်
လေဝိသားတို့သည် တိရိစ္ဆာန်များနှင့်အတူ ပူဇော်ထားခြင်းကို ပုံဆောင်သည်။ ဤနည်းအားဖြင့် လူတို့သည်လည်း သူ့ကိုယ်သူ တိရိစ္ဆာန်မှတဆင့် ထာဝရဘုရားထံသို့ ဆက်သရသည်။

လက်တင်၍ လေဝိသားတို့ကို ငါ့အားဆက်သရမည်
အာရုန်သည် လေဝိသားတို့ကို ထာဝရဘုရားထံသို့မတင်သောပူဇော်သက္ကာအဖြစ် ထာဝရဘုရားအား ဆက်သရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ဆီ၌ မတင်သောပူဇော်သက္ကာအဖြစ် ငါ့ဆီသို့ သူတို့ကို ဆက်ကပ်ပါ၊ (ရှု၊

## Numbers 14

သင်တို့ သူတို့ကို စင်ကြယ်စေရမည်။ မတင်သောပူဇော်သက္ကာအဖြစ် ဆက်သရမည်
သူတို့၏အရေးကြီးမှုကို အလေးအနက်ပေးချင်သည့်အတွက် ထာဝရဘုရားက အကြိမ်ကြိမ်ပြောခြင်းဖြစ်သည်။ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာတဲတော်အမှုတော် မဆောင်မီ ဤအရာကို ပြုလုပ်ကြရမည်။ ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပထမဦးစွာ သင်တို့သည် သူတို့ကို သန့်ရှင်းစေရမည်။ ထို့နောက် မတင်သောပူဇော်သက္ကာအဖြစ် ငါ့ဆီ၌ ဆက်သရမည်"

မတင်သောပူဇော်သက္ကာအဖြစ် သူတို့ကိုဆက်သရမည်
ထာဝရဘုရားထံသို့ ဣသရေလတို့ပြုသောပူဇော်သက္ကာတည်းဟူသော လေဝိသားတို့ကို အာရုန်သည် ထာဝရဘုရားအား ဆက်သရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ဆီ၌ မတင်သောပူဇော်သက္ကာအဖြစ် သူတို့အား ငါ့ဆီ၌ ဆက်ကပ်ရမည်"

## Numbers 16

အဦးဆုံးဖွားသော သားယောက်ျားတိုင်း၊ သားဦးတိုင်း
ဤစကားစုနှစ်ခုက တူညီသောအဓိပ္ပါယ်ကို ဆိုလိုကြပြီး သားဦးယောက်ျားလေးများကို အလေးအနက်ပေးချင်သည့်အတွက် ယှဉ်တွဲဖော်ပြ သုံးထားခြင်းဖြစ်သည်။

အဦးဖွားမြင်သော သားဦး
အီဒီယမ်အသုံးအနှုန်းဖြစ်သည်။ "သားအိမ်ကိုဖွင့်သည်" ဆိုသည်မှာ ပထမဦးဆုံးဖွားမြင်သော ကလေးကို ဆိုလိုသည်။ ဤစကားလုံး၏ရည်ရွယ်ချယ်မှာ မိန်းမများမှ အဦးဆုံးဖွားသော သားယောက်ျားများကိုသာ ဆိုလိုသည်၊ အခြားသောဘာသာပြန်ဆိုချက်၊ "ကလေးအမေ၏ အဦးဆုံးဖွားသော သားယောက်ျားများ"

အသက်နှုတ်ယူသည်
လူတစ်ယောက်ကိုသတ်သည့်အခါ ယဉ်ကျေးသည့်စကားဖြင့်သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော် သတ်သည်"

သူတို့ကို ချန်လုပ်ထားသည်
"သူတို့ကို" ဟူသောစကားလုံးသည် "ဣသရေလလူတို့၏ သားဦးများ" ကို ရည်ညွှန်းခြင်းဖြစ်သည်။

Numbers 18

လေဝိသားတို့ကိုအာရုန်နှင့်သူ့သား တို့အား လက်ဆောင်အဖြစ်ပေးသည်
ထာဝရဘုရားက အာရုန်နှင့် သူ၏သားများအားကူညီရန် လေဝိသားတို့ကို လက်ဆောင်အဖြစ် ပေးတော်မူသည်။

သူတို့ကို ငါယူ၏...သူတို့ကို ငါပေး၏
"သူတို့ကို" ဟူသည့် စကားလုံးသည် လေဝိသားတို့အား ရည်ညွှန်းခြင်းဖြစ်သည်။

သားဦးတို့အတွက်
အစိပ္ပါယ်ရှင်းလင်းအောင် ချန်ထားသည့်စာလုံးများကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သားဦးအားလုံး သိမ်းယူမည့်အစား"

သူတို့ချဉ်းကပ်လာသောအခါ
"သူတို့" ဟူသည့် စကားလုံးသည် ဣသရေလလူများကို ဆိုလိုခြင်းဖြစ်သည်။

Numbers 20

မောရှေနှင့် အာရုန် အစရှိသော ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့သည်....သူတို့နှင့်ပြုကြ၏
အစိပ္ပါယ်တစ်မျိုးတည်းကို ယှဉ်တွဲဝါကျ သုံးခုဖြင့်ဖော်ပြထားသည်။ ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း ဣသရေလလူများ ပြုလုပ်ကြသည်ကို အလေးနက်ပေးချင်သည့်အတွက် အကြိမ်ကြိမ်ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေ၊ အာရုန်နှင့် ဣသရေလပရိသတ်အပေါင်းတို့သည် မောရှေမှတဆင့် ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း လေဝိသားတို့နှင့်အတူ ပြုကြ၏"

Numbers 22

သူတို့၏အမှုကို ဆောင်ရွက်ခြင်းငှာ
"အမှု" ဟူသည့်စကားလုံးသည် နာမ်ဖြစ်သော်လည်း ကြိယာဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "

အာရုန်နှင့်သူ၏သားတို့ရှေ့၌
"အာရုန်နှင့် သူ၏သားများ မျက်မှောက်၌"

ထိုအရာသည်
"သူတို့ပြုခဲ့သည့်အရာ"

လေဝိသားတို့ကို ထိုနည်းအတိုင်း ပြုကြလေ၏
"ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း လေဝိသားတို့ကို သူတို့ပြုကြ၏" "သူတို့" ဟူသည့် စကားလုံးသည် ဣသရေလအမျိုးသားများကို ဆိုလိုခြင်းဖြစ်သည်။

Numbers 23

ဤအရာအားလုံးသည် လေဝိသားတို့အတွက်ဖြစ်သည်
"ဤပညတ်တော်အားလုံးသည် လေဝိသားတို့အတွက်ဖြစ်သည်"

နှစ်ဆယ့်ငါးနှစ်ပြည့်သော
နှစ်ဆယ့်ငါးနှစ်ပြည့်သော

ပရိသတ်စည်းဝေးရာတဲတော်အမှုကိုဆောင်ခြင်းငှာ ပါဝင်ရကြမည်
"ပရိသတ်" ဟူသည့်စကားလုံးသည် တဲတော်၌အမှုဆောင်သည့် ဣသရေလအမျိုးသားများကို ဆိုလိုခြင်းဖြစ်သည်။ ၄:၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ပြန်လည်ကြည့်ရှုနိုင်သည်။

Numbers 25

အသက်ငါးဆယ်၌
"အသက်ငါးဆယ်၌" သို့မဟုတ် "အသက်ငါးဆယ်ပြည့်လာသည့်အချိန်၌"

---

## Translation Questions

Numbers 8:1

ထာဝရဘုရားသည် အာရုန်သည် မီးခွက်ခုနစ်လုံးအကြောင်းဆင့်ဆိုခဲ့သည်မှာ ဘာဖြစ်သနည်း။
ထာဝရဘုရားသည် မီးခွက်များကို မီးတိုင်ရှေ့ ၌ ထွန်းရမည်ဟု ဆင့်ဆိုခဲ့သည်။

Numbers 8:3

မီးခွက်အတွက် နမူနာကို အဘယ်သူသည် မောရှေကို ပြသခဲ့သနည်း။
မီးခွက်အတွက် နမူနာကို ထာဝရဘုရားသည် မောရှေကို ပြသခဲ့သည်။

Numbers 8:5

ထာဝရဘုရားသည် လေဝိသားတို့ကို ဘာလုပ်ဖို့ရန် မောရှေကို မေးခဲ့သနည်း။
ထာဝရဘုရားသည် မောရှေကို လေဝိသားတို့အား ဣသရေလ အမျိုးသားတို့ထဲမှ ရွေကောက်၍ စင်ကြယ်စေဖို့ရန် ပြောခဲ့သည်။

Numbers 8:7

မောရှေသည် လေဝိသားတို့ကို စင်ကြယ်စေဖို့ရန် ဘာလုပ်ခဲ့သနည်း။
မောရှေသည် သူတို့ကို မင်္ဂလာရေနှင့် ဖြန်းပြီး၊ သူတို့၏ တကိုယ်လုံးကို အမွေးရိတ်ခြင်း၊ သူတို့၏ အဝတ်ကို လျှော်ခြင်းကို ပြုလုပ်ခဲ့သည်။

လေဝိသားတို့သည် ပေးကမ်းဖို့ရန် ဘာကို ယူဆောင်ခဲ့ကြသနည်း။
လေဝိသားတို့သည် အသက်ပျိုသော နွားထီးနှစ်ကောင်နှင့် ဆီရောသော ဂျုံမှုန့်နှင့်တကွ၊ ဘောဇဉ်ပူဇော်သက္ကာကို ယူဆောင်ခဲ့ကြသည်။

Numbers 8:9

ထာဝရဘုရားသည် လေဝိသားတို့ကို စင်ကြယ်စေဖို့ ဣသရေလ လူတို့ကို ပြုလုပ်စေဖို့ရန် မောရှေကို ဘာပြောခဲ့သနည်း။
ထာဝရဘုရားသည် ဣသရေလ လူတို့အား သူတို့၏ လက်များကို လေဝိသားတို့အပေါ် တင်ဖို့ရန် ပြောခဲ့သည်။

အဘယ်ကြောင့် သူတို့သည် လေဝိသားတို့ကို ဘုရားသခင်ရှေ့မှောက်၌ ချီးမြှောက်ခဲ့သကဲ့သို့ တည်ရှိခဲ့ကြသနည်း။
သူတို့သည် သူတို့လူတွေအစား လေဝိသားတို့ကို တည်ရှိခဲ့ခြင်းကြောင့် လေဝိသားတို့သည် ဘုရားသခင်ကို အစေခံရလိမ့်မည်။

Numbers 8:12

လေဝိသားတို့အတွက် နွားထီးသည် ဘယ်လိုမျိုး ဆက်ကပ်ခြင်းဖြစ်ခဲ့သနည်း။
နွားထီးသည် လေဝိသားတို့အတွက် အပြစ်ဖြေခြင်းအတွက် ဆက်ကပ်ခြင်းနှင့် မီးရှို့ရာယဇ်ဖြစ်ခဲ့သည်။

လေဝိသားတို့သည် သူတို့၏ လက်များကို အဘယ်နေရာသို့ ထားခဲ့သနည်း။
လေဝိသားတို့သည် သူတို့၏ လက်များကို နွားထီး၏ ခေါင်းပေါ်၌ ထားခဲ့ကြသည်။

Numbers 8:14

အဘယ်လူမျိုးသည် ဘုရားသခင်ကို ဆက်ကပ်သကဲ့သို့ ခွဲခြားခဲ့ခြင်း၊ သန့်စင်ခြင်းနှင့် ချီးမြှောက်ခြင်းခံခဲ့သနည်း။ ထိုကြောင့် သူတို့သည် စုဝေးရာတဲတော်ထဲ၌ အစေခံရလိမ့်မည်နည်း။
လေဝိသားတို့သည် ဘုရားသခင်ကို ဆက်ကပ်သကဲ့သို့ ခွဲခြားခဲ့ခြင်း၊ သန့်စင်ခြင်းနှင့် ချီးမြှောက်ခြင်းခံခဲ့သောကြောင့် သူတို့သည် စုဝေးရာတဲတော်ထဲ၌ အစေခံရလိမ့်မည်။

Numbers 8:16

ဘုရားသခင်သည် သူ့အတွက် အဦးသီးသောသားနှင့် တိရိစ္ဆာန်များကို ဘယ်ချိန်က သီးခြားထားခဲ့သနည်း။
ထာဝရဘုရားသည် သူ့အတွက် အဦးသီးသောသားနှင့် တိရိစ္ဆာန်များကို အဲဂုတ္တုပြည်၌ အဲဂုတ္တုပြည်သားများ၏ သားဦးများကို ဒဏ်ခတ်ခဲ့သည့်နေ့ရက်ကာလကတည်းက သီးခြားထားခဲ့သည်။

Numbers 8:18

ဣသရေလအမျိုးသားတို့သည် သန့်ရှင်းရာ ဌာနတော်သို့ ချဉ်းကပ်သောအခါ၊ ဘေးဒဏ်နှင့် လွတ်မည်အကြောင်း၊ အပြစ်ဖြေခြင်းကို ပြုဖို့ရန် ထာဝရဘုရားသည် အဘယ်သူတို့ကို ပေးခဲ့သနည်း။
သူသည် စုဝေးရာတဲတော်တွင် လူတွေအတွက် အပြစ်ဖြေဖို့ရန်နှင့် အစေခံဖို့ရန် အာရုန်နှင့်သူ၏သားများအစား လေဝိသားတို့ကို ပေးခဲ့သည်။

Numbers 8:20

ထာဝရဘုရားသည် လေဝိသားတို့ကို အမိန့်ပေးခဲ့ပြီးသည့်အတိုင်း မောရှေ၊ အာရုန်နှင့် ဣသရေလ လူအပေါင်းတို့သည် ဘာလုပ်ခဲ့ရကြသနည်း။
သူတို့သည် ထာဝရဘုရားက မောရှေကို လေဝိသားတို့နှင့် စပ်လျဉ်း၍ မိန့်မှာထားသည့်အတိုင်း အရာရာကို ပြုလုပ်ခဲ့ကြသည်။

Numbers 8:23

ထာဝရဘုရားသည် စုဝေးရာတဲတော်ထဲ၌ အမှုဆောင်ခြင်း၏ အသက် အကန့်အသတ်အကြောင်း မောရှေကို ဘာပြောခဲ့သနည်း။
လေဝိသားနှစ်ဆယ့်ငါးနှစ်ကျော်လွန်သောသူသည် အသက်ငါးဆယ်ပြည့်သည့်တိုင်အောင် အမှုဆောင်ရလိမ့်မည်။

Numbers 8:25

အသက်ငါးဆယ်ပြီးနောက် တဲတော်ထဲတွင် အမှုမဆောင်နိုင်သည့် အချိန်တွင် သူတို့သည် ဘာလုပ်နိုင်သနည်း။
လေဝိသား အသက်ငါးဆယ်ကျော်လွန်ပြီးသောသူသည် သူတို့၏ ညီကိုများကို ကူညီနိုင်လိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 9

1 အဲဂုတ္တုပြည်မှ ထွက်၍ ဒုတိယနှစ်၊ ပဌမလ၌ သိန်တောတွင် ထာဝရဘုရားသည် မောရှေအားမိန့်တော် မူသည်ကား 2
ဣသရေလအမျိုးသားတို့သည်၊ ချိန်းချက်သော ကာလအချိန်၌ ပသခါပွဲကို ခံရကြမည်။ 3 စီရင်ထုံးဖွဲ့သမျှသော ထုံးစံအတိုင်း၊
ချိန်းချက် သော ကာလအချိန်တည်းဟူသော ယခုလ တဆယ်လေး ရက်နေ့ ညဦးယံ၌ စောင့်ရကြမည်ဟု မိန့်တော်မူ၏။ 4
ဣသရေလအမျိုးသားတို့သည် ပသခါပွဲကို ခံရမည်အကြောင်း၊ မောရှေဆင့်ဆိုသည်အတိုင်း၊ 5 သိန်တောတွင် ပဌမလ
တဆယ်လေးရက်နေ့ ညဦးယံ၌ ပသခါပွဲကိုခံရကြ၏။ မောရှေအား ထာဝရ ဘုရားမှာ ထားတော်မူသမျှအတိုင်း၊ ဣသရေလအမျိုး
သားတို့သည် ပြုကြ၏။ 6 ထိုနေ့၌ ပသခါပွဲကိုမခံရမည်အကြောင်း၊ လူအသေကောင်အားဖြင့် ညစ်ညူးခြင်းသို့ ရောက်သော
လူအချို့တို့သည်၊ ထိုနေ့၌ မောရှေနှင့်အာရုန်ထံသို့ ချဉ်းကပ်၍၊ 7 အကျွန်ုပ်တို့သည် လူအသေကောင်အားဖြင့် ညစ်ညူးခြင်း ရှိပါ၏။
ချိန်းချက်သောအချိန်၌ ဣသရေလ အမျိုးသားတို့နှင့်အတူ၊ ထာဝရဘုရားအား ပူဇော်သက္ကာကို မပြုစေခြင်းငှါ၊ အကျွန်ုပ်တို့ကို
ဆီးတား ပါမည်လောဟု မေးလျှောက်ကြ၏။ 8 မောရှေကလည်း၊ နေကြဦးလော့။ သင်တို့အမှု၌ ထာဝရဘုရားမိန့်တော်မူသော
စကားကို ငါနားထောင်ဦး မည်ဟု ပြန်ဆို၏။ 9 ထိုအခါ မောရှေအား ထာဝရဘုရားက၊ သင် သည် ဣသရေလအမျိုးသားတို့အား
ဆင့်ဆိုရမည်မှာ၊ 10 သင်တို့ အမျိုးသားသည် အသေကောင်အားဖြင့် ညစ်ညူးခြင်းရှိသော်၎င်း၊ ဝေးသောအရပ်သို့ ခရီးသွား သော်၎င်း၊
ထာဝရဘုရားအဘို့ ပသခါပွဲကိုခံရမည်။ 11 ဒုတိယလတဆယ်လေးရက်နေ့ညဦးယံ၌ ပွဲခံ၍၊ သိုးသငယ်အသားကို တဆေးမပါသော
မုန့်၊ ခါးသော ဟင်းသီးဟင်းရွက်နှင့် စားရမည်။ 12 ထိုအသားကို နံနက်တိုင်အောင် မကြွင်းစေရ။ အရိုးကိုလည်း မချိုးရ။ ပသခါပွဲနှင့်
ပြုမည်အရာကို မင်းကြီး အား ကြားပြောပါမည်ဟု ဗာလက်မင်းအား ပြန်ဆိုပြီးမှ၊ 15 ပရောဖက်စကားအားဖြင့် မြွက်ဆိုလေသည်မှာ၊
မျက်စိပွင့်သောသူ ဗောရသား ဗာလမ်၏စကား၊ 16 ဘဝင်ဖြစ်၍ မျက်စိပွင့်လျက်၊ အနန္တတန်ခိုးရှင် ၏ ရူပါရုံကို မြင်၍၊ အမြင့်ဆုံးသော
ဘုရားပေးတော်မူ သော ဉာဏ်ကို ရ၍၊ ဘုရားသခင်၏အမိန့်တော်ကို ကြား သောသူ၏စကားဟူမူကား၊ 17 ထိုအရာကို ငါမြင်၏။
သို့သော်လည်း ယခု မဖြစ်ရသေး။ ထိုအရာကို ငါရှု၏။ သို့သော်လည်း ဖြစ်ရသော အချိန် မနီးသေး။ ကြယ်တလုံးသည် ယာကုပ်
အမျိုး၌ ပေါ်ထွန်း၍၊ ရာဇလှံတံသည် ဣသရေလအမျိုး ၌ ထင်ရှားလိမ့်မည်။ မောဘပြည်စွန်းတိုင်အောင် ထိခိုက် ၍
မငြိမ်မဝပ်ရုန်းရင်းခပ် ပြုတတ်သော သူအပေါင်းတို့ကို ဖျက်ဆီးလိမ့်မည်။ 18 ဧဒုံပြည်ကိုလည်း သိမ်းယူလိမ့်မည်။ စိရတောင်
သည်လည်း ရန်သူလက်သို့ ရောက်လိမ့်မည်။ ဣသရေလ အမျိုးသည် ရဲရင့်စွာ ပြုလိမ့်မည်။ 19 အစိုးရသော သူတပါးသည်၊
ယာကုပ်အမျိုးထဲက ထွက်၍၊ ကျန်ကြွင်းသောမြို့သူမြို့သားတို့ကို ဖျက်ဆီးလိမ့် မည်ဟု မြွက်ဆို၏။ 20 တဖန်အာမလက်ပြည်ကို
ကြည့်ရှု၍ ပရောဖက် စကားအားဖြင့် မြွက်ဆိုပြန်သည်ကား၊ အာမလက်အမျိုး သည် လူမျိုးတကာတို့ထက်
အထွဋ်ဖြစ်ဘူးသော်လည်း၊ အဆုံး၌ ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်လိမ့်မည်ဟု မြွက် ဆို၏။ 21 တဖန် ကေနိအမျိုးသားတို့ကို
ကြည့်ရှု၍ ပရော ဖက်စကားအားဖြင့် မြွက်ဆိုပြန်သည်ကား၊ သင်တို့ နေရာ သည် အားကြီး၏။ ကျောက်ပေါ်မှာ အသိုက်ကို လုပ်ကြ ပြီ။
22 သို့သော်လည်း အာရှုရိမင်းသည် သိမ်းယူ၍ မသွားမှီတိုင်အောင်၊ ကေနိအမျိုးသည် အမျက်ကို ခံရလိမ့် မည်ဟု မြွက်ဆို၏။ 23
တဖန် ပရောဖက်စကားအားဖြင့် မြွက်ဆိုပြန် သည်ကား၊ အလိုလေ့၊ ဤအမှုကို ဘုရားသခင် စီရင် တော်မူသောအခါ၊ အဘယ်သူသည်
အသက်ချမ်းသာ ရလိမ့်မည်နည်း။ 24 သင်္ဘောတို့သည်လည်း ခိတ္တိမ်ပြည်မှလာ၍ အာရှုရိပြည်ကို၎င်း၊ ဟေဗာပြည်ကို၎င်း
နှောင့်ရှက်ကြ လိမ့်မည်။ သူတို့သည်လည်း ရှင်းရှင်းပျက်စီးကြလိမ့်မည် ဟု မြွက်ဆိုပြီးမှ၊ 25 ဗာလမ်သည် ထ၍ မိမိနေရာအရပ်သို့ ပြန်
သွား၏။ ဗာလက်မင်းသည်လည်း သွားလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 ဣလသရေလ အမျိုးသားတို့သည် ရှိတ္တိမ်အရပ်၌ နေသောအခါ၊ အချို့တို့သည် မောဘမိန်းမတို့နှင့် မတရား သော မေထုန်ကိုပြုကြ၏။
2 ထိုမိန်းမတို့သည် မိမိတို့ ဘုရားရှေ့မှာ ယဇ် ပူဇော်ရာပွဲသို့ ဣလသရေလ လူတို့ကို ခေါ်သွားသဖြင့်၊ ယောကျ်ားတို့ သည် ယဇ်သားကို
စား၍ ထိုဘုရား ရှေ့မှာ ဦးချကြ၏။ 3 ထိုသို့ဣလသရေလ အမျိုးသားတို့သည်၊ ဗာလ ပေဂုရဘုရားကို ဆည်းကပ်သောကြောင့်၊
ထာဝရဘုရား သည် အမျက်ထွက်တော်မူ၏။ 4 ထာဝရဘုရားကလည်း၊ ငါသည်ပြင်းစွာသော အမျက်တော်ကို ဣလသရေလအမျိုးမှ
လွှဲစေခြင်းငှာ၊ ဣလသရေလမင်းအပေါင်းတို့ကို ခေါ်၍၊ ပြစ်မှားသော သူတို့ကို ဘုရားရှေ့မှာ ထင်ရှားစွာ ဆွဲထားလော့ဟု မောရှေအား
မိန့်တော်မူ၏။ 5 မောရှေ့သည် ဣလသရလမင်းတို့ကို ခေါ်၍၊ ဗာလပေဂုရ ဘုရားကို ဆည်းကပ်သော သူတို့ကို သင်တို့
အသီးသီးဆိုင်သည်အတိုင်း ကွပ်မျက်ကြလော့ဟု မှာထားလေ၏။ 6 ထိုအခါ ဣလသရေလ အမျိုးသားတယောက် သည်၊
မောရှေ့ရှေ့၌၎င်း၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးနားမှာ ငိုကြွေးသော ဣလသရေလအမျိုးသား ပရိသတ်အပေါင်းတို့ရှေ့၌၎င်း၊
မိဒျန်မိန်းမကိုလည်း၊ မိမိညီအစ်ကိုတို့ ထံသို့ဆောင်ခဲ့လေ၏။ 7 ထိုအမှုကို ယဇ်ပုရောဟိတ်အာရုန်၏သား ဧလာဇာ၏သား
ဖိနဟတ်သည် မြင်လျှင်၊ ပရိသတ်ထဲမှာ ထ၍ လှံကိုကိုင်လျက်၊ 8 ထိုဣလသရေလလူကို တဲအတွင်းသို့ လိုက်ပြီးမှ၊ ယောကျ်ားကို
ထုတ်ချင်းခပ်အောင်၎င်း၊ မိန်းမကို ဝမ်းပေါက်အောင်၎င်း ထိုးလေ၏။ ထိုသို့ပြုသောအားဖြင့် ဣလသရေလအမျိုးသားတို့တွင်
ဘေးငြိမ်းလေ၏။ 9 ထိုဘေးဖြင့် သေသောလူပေါင်းကား၊ နှစ်သောင်း လေးထောင်ရှိသတည်း။ 10 ထာဝရဘုရားကလည်း၊ ငါသည်
အမျက်ထွက်၍ ဣလသရေလ အမျိုးသား တို့ကို မဖျက်ဆီးမည်အကြောင်း၊ 11 ယဇ်ပုရောဟိတ် အာရုန်၏သား ဧလာဇာ၏ သား၊
ဖိနဟတ်သည် သူတို့တွင် ငါ့ဘက်၌ စိတ်အားကြီး၍ ငါ့အမျက်ကို သူတို့မှလွှဲပြီ။ 12 သို့ဖြစ်၍ သင်ပြောရသည်ကား၊ ငါ၏ချမ်းသာ
ပဋိညာဉ်ကို သူ့အား ငါပေး၏။ 13 သူသည် မိမိဘုရားသခင်ဘက်၌ စိတ်အားကြီး ၍ ဣလသရေလအမျိုးသားတို့အဘို့ အပြစ်ဖြေခြင်းကို
ပြုသောကြောင့်၊ သူမှစ၍ သားစဉ်မြေးဆက်တို့သည် ထိုပဋိညာဉ်တည်းဟူသော ထာဝရယဇ်ပုရောဟိတ် အရာနှင့်ဆိုင်သော
ပဋိညာဉ်ကို ရပြီဟု မောရှေအား မိန့် တော်မူ၏။ 14 မိဒျန်မိန်းမနှင့် အသေသတ်ခြင်းကိုခံရသော ဣလသရေလလူ၏ အမည်ကား၊
ရှိမောင်အမျိုး၌ ထင်ရှား သော အဆွေအမျိုးတွင် အကဲအမှူးသော လု၏သား ဇိမရိဖြစ်သတည်း။ 15 အသေသတ်ခြင်းကိုခံရသော မိဒျန်
မိန်းမ အမည်ကား၊ မိဒျန်အမျိုး၌ ထင်ရှားသော အဆွေအမျိုး တွင် အကဲအမှူးဇုရ၏ သမီး ကောဇဘိဖြစ် သတည်း။ 16
ထာဝရဘုရားကလည်း၊ မိဒျန်အမျိုးသားတို့ကို နှောင့်ရှက်၍ လုပ်ကြံကြလော့။ 17-18 အကြောင်းမူကား၊ သူတို့သည် ပေဂုရဘုရား
အမှု၌၎င်း၊ ပေဂုရဘုရားကြောင့် ဘေးရောက်သောနေ့၌ အသေသတ်ခြင်းကို ခံရသော သူတို့နှမ မိဒျန်မင်းသမီး ကောဇဘိ အမှု၌၎င်း၊
သင်တို့ကို ပရိယာယ်များ အားဖြင့် လှည့်စားနှောင့်ရှက်ကြပြီဟု မောရှေ့အား မိန့်တော်မူ၏။

## Chapter 26

[1] ထိုဘေးပြီမ်းသောနောက်၊ ထာဝရဘုရားက၊- [2] အသက် နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ဣသရေလ အမျိုးသား
ပရိသတ်အပေါင်းတို့ကို၊ ဘိုးဘ အဆွေအမျိုးအလိုက် စာရင်းယူကြလော့ဟု မောရှေနှင့် ယဇ်ပုရောဟိတ်ဧလော ဇာတို့အား
မိန့်တော်မူသည် အတိုင်း၊ [3] သူတို့သည် မောဘ လွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါ မြို့တဘက်၌၊ [4]
အသက်နှစ်ဆယ်လွန်သောသူတို့ကို စာရင်းယူရ မည်အကြောင်း ဆင့်ဆိုကြ၏။ [5] အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလ
အမျိုးသားတို့တွင်၊ ဣသရေလ၏ သားဦးရုဗင်၏သား ဟူမူကား ဟာနုတ်မှဆင်းသက်သော ဟောနောခိအဆွေ အမျိုး၊
ဖါလုမှဆင်းသက်သော ဖာလွိအဆွေအမျိုး၊ [6] ဟေဇရုံမှ ဆင်းသက်သော ဟေဇရောနိ အဆွေ အမျိုး၊ ကာမိမှ ဆင်းသက်သော ကာမိတ်
အဆွေအမျိုး တည်း။ [7] ဤသူတို့သည် ရုဗင်အဆွေအမျိုးဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ လေးသောင်းသုံးထောင် ခုနစ်ရာ
သုံးဆယ်ရှိသတည်း။ [8] ဖာလု၏သား ဧလျာဘ၊ ဧလျာဘ၏သား နေမွေလ၊ ဒါသန်၊ အဘိရံတည်း။ [9] ဤဒါသန်၊ အဘိရံတို့သည်
အခြားမဟုတ်၊ ကောရအပေါင်းအသင်းသည် ထာဝရဘုရားနှင့် ဆန့်ကျင်ဘက် ပြုသောအခါ၊ ပရိသတ် ၌ ကျော်စော၍ မောရှေနှင့်
အာရုန်ကို ဆန့်ကျင်ဘက်ပြု သော ဒါသန်၊ အဘိရံ ဖြစ်ကြ၏။ [10] မြေကြီးသည် မိမိခံတွင်းကိုဖွင့်၍ သူတို့ကိုငှင်း၊
ကောရကိုငှင်းမျိုသဖြင့်၊ ထိုအပေါင်းအသင်း ဝင်သူတို့ သည် သေကြ၏။ မီးသည် လည်း လူနှစ်ရာငါးဆယ်တို့ကို အသက်ဆုံးစေ၏။
ထိုသူတို့သည် သတိပေးသော သက်သေဖြစ်သတည်း။ [11] သို့ရာတွင် ကောရ၏ သားသမီးတို့သည် သေဘေးနှင့် လွတ်ကြ၏။ [12]
ဘိုးဘ အဆွေအမျိုးအလိုက် ရှိမောင်၏သားဟူမူ ကား၊ ယေမွေလမှ ဆင်းသက်သော ယေမွေလိအဆွေ အမျိုး၊
ယာမိန်မှဆင်းသက်သော ယာမိနိ အဆွေအမျိုး၊ ယာခိန်မှ ဆင်းသက်သော ယာခိနိ အဆွေအမျိုး၊ [13]
ဇေရမှဆင်းသက်သောဇေရဟိအဆွေ အမျိုး ရှောလမှ ဆင်းသက်သော ရှောလိ အဆွေအမျိုး တည်း။ [14] ဤသူတို့သည် ရှိမောင်
အဆွေအမျိုးဖြစ်၍ လူပေါင်းကား၊ နှစ်သောင်း နှစ်ထောင်နှစ်ရာ ရှိသတည်း။ [15] ဘိုးဘ အဆွေအမျိုးအလိုက် ဂဒ်၏သားဟူမူ ကား၊
ဇေဖုန်မှ ဆင်းသက်သော ဇေဖေါနိအဆွေအမျိုး၊ ဟဂ္ဂိမှ ဆင်းသက်သော ဟဂ္ဂိတ် အဆွေအမျိုး၊ ရှုနိမှ ဆင်းသက်သော
ရှုနိတ်အဆွေအမျိုး၊ [16] ဩဇနိမှ ဆင်းသက်သော ဩဇနိတ် အဆွေ အမျိုး၊ ဧရိမှ ဆင်းသက် သော ဧရိတ်အဆွေအမျိုး၊ [17] အာရုဒ်မှ
ဆင်းသက်သော အာရောဒိ အဆွေ အမျိုး၊ အရေလိမှ ဆင်းသက်သော အရေလိတ်အဆွေ အမျိုးတည်း။ [18]
ဤသူတို့သည်ဂဒ်အဆွေအမျိုးဖြစ်၍၊ စာရင်းဝင် သော လူပေါင်းကား၊ လေးသောင်းငါးရာရှိသတည်း။ [19] ယုဒ၏သားဟူမူကား၊
ခါနာန်ပြည်၌သေသော ဧရနှင့် ဩနန် အစရှိသော၊ [20] ဘိုးဘ အဆွေအမျိုးအလိုက်၊ ရှေလမှဆင်းသက် သော ရှေလနိအဆွေအမျိုး၊
ဖါရဇ်မှဆင်းသက်သော ဖါရဇိ အဆွေအမျိုး၊ ဇေရမှ ဆင်းသက်သော ဇေရဟိ အဆွေအမျိုးတည်း။ [21] ဖါရဇ်၏သား၊ ဟေဇရုံမှ
ဆင်းသက်သော ဟေဇေရောနိ အဆွေအမျိုး၊ ဟာမုလမှဆင်းသက်သော ဟာမုလိ အဆွေ အမျိုးတည်း။ [22] ဤသူတို့သည်
ယုဒအဆွေအမျိုးဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ခုနစ်သောင်းခြောက်ထောင် ငါးရာ ရှိသတည်း။ [23] ဘိုးဘ
အဆွေအမျိုးအလိုက် ဣသခါ၏သား ဟူမူကား၊ တောလမှဆင်းသက်သော တောလိအဆွေ အမျိုး၊ ဖုဝါမှဆင်းသက်သော ဖုဝနိအဆွေ
အမျိုး၊ [24] ယာရှုပ်မှ ဆင်းသက်သော ယာရှုဘိအဆွေ အမျိုး၊ ရှိမရုန်မှ ဆင်းသက်သော ရှိမရောနိအဆွေ အမျိုးတည်း။ [25]
ဤသူတို့သည် ဣသခါအဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊ ခြောက်သောင်း လေးထောင်သုံးရာ ရှိသတည်း။ [26]
ဘိုးဘအဆွေအမျိုးအလိုက် ဇာဗုလုန်၏သား ဟူမူကား၊ သရက်မှ ဆင်းသက်သော သရဒိအဆွေအမျိုး၊ ဧလုန်မှဆင်းသက်သော
ဧလောနိ အဆွေအမျိုး၊ ယာလေ လမှဆင်းသက်သော ယာလေလိ အဆွေအမျိုးတည်း။ [27] ဤသူတို့သည် ဇာဗုလုန်
အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊ ခြောက်သောင်းငါးရာ ရှိသတည်း။ [28] ဘိုးဘ အဆွေအမျိုးအလိုက်
ယောသပ်၏သား မနာရှေနှင့် ဧဖရိမ်တို့တွင် [29] မနာရှေ၏သားဟူမူကား၊ မာခိရမှ ဆင်းသက် သော မာခိရိ အဆွေအမျိုး၊ [30]
ယေဇေရမှဆင်းသက်သော ယေဇေရိအဆွေ အမျိုး၊ ဟေလက်မှ ဆင်းသက်သော ဟေလကိ အဆွေ အမျိုး၊ [31]
အသရေလမှဆင်းသက်သော အာသရေလိ အဆွေအမျိုး၊ ရှေခင်မှ ဆင်းသက်သော ရှေခေမိ အဆွေအမျိုး၊ [32] ရှမိဒမှ ဆင်းသက်သော
ရှမိဒိအဆွေအမျိုး၊ ဟေဖါမှဆင်းသက်သော ဟေဖေရိ အဆွေအမျိုးတည်း။ မာခိရ၏သားဂိလဒ်မှ ဆင်းသက်သော ဂိလဒိအဆွေ
အမျိုးတည်း။ [33] ဟေဖါ၏သား ဇလောဖဒ်၌ကား၊ သား ယောကျ်ားမရှိ၊ သမီး သက်သက်သာရှိ၏။ ဇလောဖဒ်၏ သမီးတို့ အမည်ကား၊
မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတည်း။ [34] ဤသူတို့သည် မနာရှေအဆွေအမျိုး ဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊
ငါးသောင်းနှစ်ထောင် ခုနစ်ရာ ရှိသတည်း။ [35] ဘိုးဘအဆွေအမျိုးအလိုက် ဧဖရိမ်၏သား ဟူမူကား၊ ရှုသလမှ ဆင်းသက်သော
ရှုသလိအဆွေအမျိုး၊ ဗေခါမှဆင်းသက်သော ဗေခရိ အဆွေအမျိုး၊ တာဟန်မှ ဆင်းသက်သော တာဟနိအဆွေအမျိုးတည်း။ [36]
ရှုသေလ၏သား ဧရန်မှဆင်းသက်သော ဧရနိအဆွေအမျိုးတည်း။ [37] ဤသူတို့သည် ဧဖရိမ်အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော
လူပေါင်းကား၊ သုံးသောင်းနှစ်ထောင် ငါးရာရှိသတည်း။ ဤသူတို့သည် ဘိုးဘအဆွေအမျိုး အလိုက် ယောသပ်၏သား
စဉ်မြေးဆက်ဖြစ်သတည်း။ [38] ဘိုးဘအဆွေအမျိုးအလိုက် ဗယ်္ယာမိန်၏သား ဟူမူကား၊ ဗေလမှ ဆင်းသက်သော ဗေလိအဆွေအမျိုး၊
အာရှဗေလမှ ဆင်းသက်သော အာရှဗေလိအဆွေအမျိုး၊ အဟိရံမှဆင်းသက်သော အဟိရ မိအဆွေအမျိုး။ [39] ရှုဖံမှဆင်းသက်သော
ရှုဖမိ အဆွေအမျိုး၊ ဟုဖံမှဆင်းသက်သော ဟုဖမိအဆွေအမျိုးတည်း။ [40] ဗေလသား အာရဒမှဆင်းသက်သော အာရဒိ အဆွေအမျိုး၊

နေမန်မှ ဆင်းသက်သော နေမနိ အဆွေ အမျိုးတည်း။ 41 ဤသူတို့သည် ဗယ်ာမိန်အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား
လေးသောင်းငါးထောင် ခြောက်ရာ ရှိသတည်း။ 42 ဘိုးဘ အဆွေအမျိုးအလိုက် ဒန်၏သား ဟူမူ ကား၊ ရှုဟံမှဆင်းသက်သော
ရှုဟမိအဆွေအမျိုးတည်း။ ဤသူတို့သည် ဒန်အဆွေအမျိုး ဖြစ်၍၊ 43 စာရင်းဝင်သော ရှုလမိလူပေါင်းကား၊ ခြောက်
သောင်းလေးထောင်လေးရာ ရှိသတည်း။ 44 ဘိုးဘ အဆွေအမျိုးအလိုက် အာရှာ၏သား ဟူမူကား၊ ယိမနမှဆင်းသက်သော
ယိမနိအဆွေအမျိုး၊ ယေသဝိမှဆင်းသက်သော ယေသဝိ အဆွေအမျိုး၊ ဗေရိတ်မှဆင်းသက်သော ဗေရိတ် အဆွေအမျိုးတည်း။ 45
ဗေရိ၏သား ဟေဗေရမှဆင်းသက်သော ဟေဗေရိအဆွေ အမျိုး၊ မာလချေလမှ ဆင်းသက်သော မာလချေလိ အဆွေအမျိုးတည်း။ 46
အာရှာ၏ သမီးအမည်ကား၊ စာရာတည်း။ 47 ဤသူတို့သည် အာရှာအဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊
ငါးသောင်းသုံးထောင် လေးရာ ရှိသတည်း။ 48 ဘိုးဘ အဆွေအမျိုးအလိုက် နဿလိ၏သား ဟူမူကား၊ ယာဇေလမှ ဆင်းသက်သော
ယာဇေလိအဆွေ အမျိုး၊ ဂုနိမှဆင်းသက်သော ဂုနိတ်အဆွေအမျိုး၊ 49 ယေဇေရမှ ဆင်းသက်သော ယေဇေရိအဆွေ အမျိုး၊ ရှိလ္လင်မှ
ဆင်းသက်သော ရှိလ္လမိအဆွေအမျိုး တည်း။ 50 ဤသူတို့သည် နဿလိအဆွေ အမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊
လေးသောင်းငါးထောင် လေးရာရှိသတည်း။ 51 ထိုသို့ ဣသရေလအမျိုး၊ စာရင်းဝင်သူ လူပေါင်း ကား ခြောက်သိန်း
တထောင်ခုနစ်ရာငါးဆယ် ရှိ သတည်း။ 52 ထာဝရဘုရားကလည်း၊ ဤသူတို့အား အရေ အတွက် ရှိသည်အတိုင်း၊ 53 ခါနန်ပြည်ကို
ဝေရမည်။ 54 လူများလျှင်များသော အမွေမြေကိုငင်း၊ လူနည်းလျှင် နည်းသော မွေမြေကိုငင်း၊ အနည်းအများ အလိုက်
အသီးသီးတို့အား အမွေမြေကို ဝေပေးရမည်။ 55 သို့ရာတွင် ထိုပြည်ကို စာရေးတံချ၍ ဝေရမည်။ ဘိုးဘ အမျိုးအနွယ်အလိုက်
အမွေခံရကြမည်။ 56 စာရေးတံကျသည်အတိုင်း မြေကိုဝေ၍ အနည်း အများအလိုက် ပိုင်ရကြမည်ဟု မောရှေအား မိန့်တော်မူ ၏။ 57
ဘိုးဘ အဆွေအမျိုးအလိုက် စာရင်းဝင်သော လေဝိ၏သား ဟူမူကား၊ ဂေရရှုန် မှ ဆင်းသက်သော ဂေရရှောနိအဆွေအမျိုး၊ ကော
ဟတ်မှ ဆင်းသက်သော ကောဟသိအဆွေအမျိုး၊ မေရာရိမှ ဆင်းသက် သော မေရာရိတ်အဆွေအမျိုး တည်း။- 58 ဤသည်လျှင်
လေဝိအဆွေအမျိုးဖြစ်၍၊ လိဗနိအဆွေအမျိုး၊ ဟေဗြောနိ အဆွေအမျိုး၊ မာလိ အဆွေအမျိုး၊ မုရှိအဆွေအမျိုး၊
ကောရသိအဆွေအမျိုး ပါသတည်း။ ကောဟတ်၏ သားကား၊ အာမရံတည်း။ 59 အာမရံ၏ မယားကား၊ အဲဂုတ္တုပြည်၌ လေဝိ မယား
ဘွားမြင်သော လေဝိ၏ သမီးယောခေဗက်တည်း။ ထိုမိန်းမသည် အာမရံ၏ မယားဖြစ်၍၊ အာရုန်၊ မောရှေ၊ နှမမိရိအံတို့ကို
ဘွားမြင်လေ၏။ 60 အာရုန်၏သားကား၊ နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာတည်း။ 61 နာဒပ်နှင့် အဘိဟုတို့သည် ထာဝရဘုရားရှေ့
တော်၌ ထူးခြားသောမီးကို ပူဇော်သောအခါ သေကြ၏။ 62 အသက် တလလွန်၍ စာရင်းဝင်သော လေဝိ သား ယောက်ျားပေါင်းကား၊
နှစ်သောင်းသုံးထောင် ရှိသတည်း။ သူတို့သည် ဣသရေလ အမျိုးသားတို့နှင့်အတူ အမွေမခံရသောကြောင့်၊ ရောနှော၍
စာရင်းမဝင်ရကြ။ 63 ဤရွေ့ကား၊ မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည်၊ မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊
ယေရိခေါမြို့တဘက်၌ စာရင်းယူသော ဣသရေလ အမျိုးသားပေတည်း။ 64 မောရှေနှင့် ယဇ်ပုရောဟိတ်အာရုန်တို့သည်၊ သိနာတော၌
ဣသရေလအမျိုးသားတို့ကို စာရင်းယူ၍၊ ထိုစာရင်း၌ ဝင်သောသူ တယောက်မျှ မပါ။ 65 အကြောင်းမူကား၊ ထိုသူတို့သည်တော၌
အမှန် သေရကြမည်ဟု ထာဝရဘုရား မိန့်တော်မူပြီ။ ယေဖုန္နာ ၏သား ကာလက်နှင့် နုန်၏သား ယောရှုမှတပါး၊ အရင်းလူတယောက်မျှ
မကြွင်းမကျန်ရ။


generated on Sun Jun 30 02:37:40 2024

## Chapter 27

1 ထိုအခါ ယောသပ်၏သား၊ မနာရှေအဆွေ အမျိုး၌ပါလျက်၊ မနာရှေ၊ မာခိရ၊ ဂိလဒ်၊ ဟေဖေရတို့မှ ဆင်းသက်သော
ဇလောဖဒ်၏သမီး မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတို့သည်လာ၍၊ 2 ပရိသတ်စည်းဝေးရာ တဲတော်တံခါး နား၊
မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာ၊ မင်းများ၊ ပရိသတ်များအပေါင်းတို့ ရှေ့မှာရပ်လျက်၊ 3 အကျွန်ုပ်တို့၏အဘသည်
တော၌သေပါ၏။ ထာဝရဘုရား တဘက်၌ စုဝေးသော အပေါင်းအသင်း၊ ကောရ၏အပေါင်းအသင်း၌ မပါ။ မိမိအပြစ်ကြောင့်
သေပါ၏။ သူ၌ သားယောက်ျား မရှိပါ။ 4 ထိုသို့ သားယောက်ျားမရှိ သောကြောင့်၊ အကျွန်ုပ်တို့အဘ၏ အမည်သည်
အကျွန်ုပ်တို့အဆွေ အမျိုး၌ ပျောက်ရပါမည်လော။ အကျွန်ုပ်တို့အဘ၏ ညီအစ်ကိုတို့နှင့်အတူ၊ အကျွန်ုပ်တို့အား အမွေပေးပါဟု
လျှောက်ကြ၏။ 5 သူတို့အမှုကို မောရှေသည် ထာဝရဘုရားရှေ့ တော်၌ ထားလေ၏။ 6 ထာဝရဘုရားကလည်း၊ ဇလောဖဒ် သမီးတို့၏
စကားသည် လျောက်ပတ်ပေ၏။ 7 အကယ်စင်စစ် သူတို့အဘ၏ ညီအစ်ကိုတို့နှင့် အတူ အမွေခံရသောအခွင့်ကို သူတို့အားပေးရမည်။
သူတို့အဘ၏အမွေဥစ္စာသည် သူတို့လက်သို့ ရောက်စေရ မည်။ 8 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ လူသည်
သားယောက်ျားမရှိဘဲသေလျှင်၊ သူ၏အမွေဥစ္စာကို သူ၏သမီးလက်သို့ ရောက်စေရမည်။ 9 သမီးမရှိလျှင်၊ သူ၏ အမွေဥစ္စာကို သူ၏
ညီအစ်ကိုတို့အား ပေးရမည်။ 10 ညီအစ်ကိုမရှိလျှင်၊ အမွေဥစ္စာကို ဘကြီး ဘထွေး တို့အား ပေးရမည်။ 11 ဘကြီးဘထွေးမရှိလျှင်၊
သူ၏အဆွေအမျိုး၌ နီးစပ်ရင်းခြာသော ပေါက်ဘော်အား ပေး၍၊ ထိုသူသည် ပိုင်ရမည်။ ဤရွေ့ကား၊ ထာဝရဘုရားသည် မောရှေအား
မှာထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့၌ စီရင်ထုံးဖွဲ့ချက်ဖြစ်စေဟု မောရှေအား မိန့်တော်မူ၏။ 12 တဖန်
ထာဝရဘုရားက၊ သင်သည် ဤအာဗရိမ် တောင်ပေါ်သို့ တက်လော့။ ဣသရေလအမျိုးသားတို့ အား ငါပေးသောပြည်ကို
ကြည့်ရှုလော့။ 13 သို့ပြီးမှ၊ သင်၏အစ်ကိုအာရုန်သည် မိမိလူမျိုး စည်းဝေးရာသို့ သွားသကဲ့သို့၊ သင်သည်လည်း သွားရ မည်။ 14
အကြောင်းမူကား၊ ပရိသတ်တို့သည် ဇိနတော၊ ကာဒေရှအရပ်၊ မေရိဘစမ်းရေအနား၌ ရုန်းရင်းခတ်ပြု ကြသောအခါ၊ သင်တို့သည်
ငါ့စကားကို ဆန့်ကျင်ဘက် ပြု၍၊ သူတို့ရှေ့မှာ ငါ့ကို မရိုမသေပြုသော အပြစ်ရှိ သည်ဟု မောရှေအား မိန့်တော်မူ၏။ 15-17
မောရှေကလည်း၊ ထာဝရဘုရား၏ ပရိသတ် တို့သည် အထိန်းမရှိသော သိုးကဲ့သို့ မဖြစ်မမည် အကြောင်း၊ ခပ်သိမ်းသော သတ္တဝါတို့၏
အသက်ဝိညာဉ် ကို အစိုးရတော်မူသော ဘုရားသခင် ထာဝရဘုရားသည်၊ ဤပရိသတ်တို့ရှေ့၌ ထွက်ဝင်နိုင်သောသူ၊ ပြင်သို့ ထုတ်
ခြင်း၊ အတွင်းသို့ သွင်းခြင်းအမှုကို တတ်နိုင်သောသူ တစုံတယောက်ကို သူတို့အပေါ်မှာ ခန့်ထားတော်မူပါစေ သောဟု
ထာဝရဘုရားအား လျှောက်လေ၏။ 18 ထာဝရဘုရားကလည်း၊ ဝိညာဉ်တော်ကိုရသော နုန်၏သား ယောရှုကိုခေါ်၍၊ သင်၏လက်ကို
သူ့အပေါ် မှာတင်လော့။ 19 ယဇ်ပုရောဟိတ် ဧလာဇာရှေ့၊ ပရိသတ် အ ပေါင်းတို့ရှေ့၌ သူ့ကိုထား၍ မှာခဲ့လော့။ 20
ဣသရေလအမျိုးသားအပေါင်းတို့သည်၊ သူ၏ စကားကို နားထောင်မည်အကြောင်း၊ သင်၏ ဘုန်း အသရေအချို့ကို သူ့အပေါ်၌
တင်ထားလော့။ 21-22 ထိုသူသည် ယဇ်ပုရောဟိတ် ဧလာဇာရှေ့မှာ ရပ်သောအခါ၊ ယဇ်ပုရောဟိတ်သည် ထာဝရဘုရား ရှေ့တော်၌
ဥရိမ်စီရင်ဆုံးဖြတ်သော တရားအတိုင်း၊ သူ့အတွက် မေးမြန်းရမည်။ သူစီရင်သည်အတိုင်း၊ သူနှင့်အတူ ဣသရေလအမျိုးသား
ပရိသတ် အပေါင်းတို့ သည် ထွက်ဝင်ရကြမည်ဟု ထာဝရဘုရားသည် မောရှေ အား မှာထားတော်မူသည်အတိုင်း မောရှေပြုလျှက်၊
ယောရှုကိုခေါ်၍ ယဇ်ပုရောဟိတ် ဧလာဇာရှေ့၊ ပရိသတ် အပေါင်းတို့ရှေ့၌ ထားပြီးလျှင်၊ 23 သူ့အပေါ်မှာ လက်ကိုတင်၍ မှာခဲ့လေ၏။
ထိုသို့ ထာဝရဘုရားသည် မောရှေအားဖြင့် ပညတ်ထားတော် မူ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 28

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရ မည်မှာ၊ ငါ၏ပူဇော်သက္ကာကိုင်၊ 2 ငါ့အဘို့
မွှေးကြိုင် သောအနံ့ရှိစေခြင်းငှာ မီးဖြင့်ပြုသော ငါ၏အစာ အာဟာရကိုင်၊ အချိန်တန်မှ ငါ့အားပူဇော်ခြင်းငှာ သတိပြုရကြမည်။ 3
တဖန်ဆင့်ဆိုရမည်မှာ၊ နေ့တိုင်းအစဉ်အမြဲ မီးရှို့ရာယဇ်ဘို့၊ အခါမလည် အပြစ်မပါသော သိုးသငယ် နှစ်ကောင်ကို ထာဝရဘုရားအား
မီးဖြင့်ပူဇော်ရမည်။ 4 နံနက်ယံ၌ သိုးသငယ်တကောင်၊ ညဦးယံ၌ တကောင်ကို ပူဇော်ရမည်။ 5 သံလွင်သီးကို ထောင်း၍ရသော
သံလွင်ဆီ သုံးလောဃနှင့် ရောသော မုန့်ညက်တဩမဲကိုလည်း ပူဇော်ရမည်။ 6 ဤရွေ့ကား၊ သိနာတောင်ပေါ်မှာ စီရင်တော်
မူသည်အတိုင်း၊ ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့နှင့် မီးဖြင့်ပြုသော ပူဇော်သက္ကာ၊ အစဉ်အမြဲပြု ရသော
မီးရှို့ရာယဇ်ဖြစ်သတည်း။ 7 သိုးသငယ်တကောင်နှင့်အတူ သွန်းလောင်းရာ ပူဇော်သက္ကာဘို့၊ စပျစ်ရည်သုံးလောဃကို ပူဇော်၍၊
သန့်ရှင်းရာဌာန၌ သွန်းလောင်းရာ ပူဇော်သက္ကာဘို့၊ ထာဝရဘုရားအား သွန်းလောင်းရမည်။ 8 အခြားသော သိုးသငယ်ကို ညဦးယံ၌
ပူဇော် သောအခါ၊ နံနက်ယံ၌ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်း လောင်းရာ ပူဇော်သက္ကာပါသည်နည်းတူ ပါလျက်၊ ထာဝရဘုရားအဘို့
မွှေးကြိုင်သောအနံ့နှင့် ပြည့်စုံ၍ မီးဖြင့်ပူဇော်သော ယဇ်ကို ပြုရမည်။ 9-10 နေ့တိုင်း အစဉ်ပူဇော်သော မီးရှို့ရာယဇ်၊ သွန်းလောင်းရာ
ပူဇော်သက္ကာမှတပါး၊ ဥပုပ်နေ့ရက်၌ အခါမလည် အပြစ်မပါသော သိုးသငယ်နှစ်ကောင်ကိုင်၊ သွန်းလောင်းရာ ပူဇော်သက္ကာပါလျက်၊
ဘောဇဉ် ပူဇော်သက္ကာဘို့ ဆီရောသောမုန့်ညက်နှစ်ဩမဲကိုင် ပူဇော်ရမည်။ 11 လဆန်းတရက်နေ့၌၊ အသက်ပျိုသော နွားထီး
နှစ်ကောင်၊ သိုးထီးတကောင်၊ အခါမလည်၊ အပြစ် မပါသော သိုးသငယ်ခုနစ်ကောင်တို့ကို၊ ထာဝရဘုရား အား မီးရှို့ရာယဇ်ပြု၍
ပူဇော်ရမည်။ 12 နွားတကောင်အဘို့၊ ဆီရောသော မုန့်ညက် သုံးဩမဲ၊ သိုးတကောင်အဘို့၊ ဆီရောသော မုန့်ညက် နှစ်ဩမဲ၊ 13
သိုးသငယ်တကောင်အဘို့၊ ဆီရောသော မုန့်ညက်တဩ မဲစီတည်း ဟူသော ဘောဇဉ်ပူဇော်သက္ကာ နှင့်တကွ၊ ထာဝရဘုရားအား
မီးဖြင့်ပူဇော်၍ မီးရှို့ရာ ယဇ်ကို ပြုရမည်။ 14 သွန်းလောင်းရာ ပူဇော်သက္ကာဘို့ကား၊ နွား တကောင်နှင့် စပျစ်ရည် ခြောက်လောဃ၊
သိုးတကောင် နှင့် လေးလောဃ၊ သိုးသငယ်တကောင်နှင့် သုံးလောဃ ကို ပူဇော်ရမည်။ ထိုသို့ လတိုင်း အစဉ်မပြတ် မီးရှို့ရာ ယဇ်ကို
ပူဇော်ရမည်။ 15 နေ့တိုင်း အစဉ်ပူဇော်သော မီးရှို့ရာယဇ်၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ အပြစ်ဖြေရာ ယဇ်ဘို့
ထာဝရဘုရားအား ဆိတ်သငယ်တကောင်ကို လည်း ပူဇော်ရမည်။ 16 ပဌမလတဆယ်လေးရက်နေ့၌၊ ထာဝရဘုရား၏
ပသခါပွဲဖြစ်၏။ 17 ၎င်းလ တဆယ်ငါးရက်နေ့၌ ပွဲကိုခံရမည်။ ခုနစ်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို စားရကြမည်။ 18 ပဌမနေ့၌
ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ 19 ထာဝရဘုရားအား မီးဖြင့်ပြုသော ယဇ်တည်းဟူ သော
အသက်ပျိုသော နွားထီးနှစ်ကောင်၊ သိုးထီး တကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ခုနစ်ကောင်တို့ကို မီးရှို့ရာယဇ်ပြု၍
ပူဇော်ရမည်။ 20 နွားတကောင်လျှင် ဆီရောသော မုန့်ညက် သုံးဩမဲ၊ သိုးတကောင်လျှင် နှစ်ဩမဲ၊ 21 သိုးသငယ်ခုနစ်ကောင်စေ့အောင်၊
တကောင် လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 22 အပြစ်ဖြေခြင်းကို ပြုအံ့သောငှာ၊ အပြစ်ဖြေရာ ယဇ်ဘို့
ဆိတ်တကောင်ကိုလည်း ပူဇော်ရမည်။ 23 နေ့ရက်အစဉ် နံနက်တိုင်းပူဇော်သော မီးရှို့ရာ ယဇ်မှတပါး၊ ထိုယဇ်များကို ထပ်၍
ပူဇော်ရမည်။ 24 ထိုသို့ အစဉ်အမြဲ ပူဇော်သောမီးရှို့ရာယဇ်၊ သွန်း လောင်းရာ ပူဇော်သက္ကာမှတပါး ခုနစ်ရက်ပတ်လုံး တနေ့တနေ့လျှင်
ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့ နှင့် မီးဖြင့်ပြုသော ပူဇော်သက္ကာ အစာအာဟာရကို ပူဇော်ရမည်။ 25 သတ္တမနေ့၌လည်း၊
ဓမ္မစည်းဝေးခြင်းကို ပြုရ မည်။ လောကီအလုပ်ကို မလုပ်ရ။ 26 ထိုမှတပါး၊ သိတင်းခုနစ်သိတင်းစေ့ပြီးမှ၊ ဘောဇဉ်
ပူဇော်သက္ကာအသစ်ကို ထာဝရဘုရားထံတော် သို့ ဆောင်ခဲ့သောနေ့၊ အဦးသီးသောအသီး နေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။
လောကီအလုပ်ကို မလုပ်ရ။ 27 ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့နှင့် မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးနှစ်ကောင်၊
သိုးထီးတကောင်၊ အခါမလည်သော သိုးသငယ်ခုနစ် ကောင်တို့ကို ပူဇော်ရမည်။ 28 နွားတကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲ၊
သိုးတကောင်လျှင် နှစ်ဩမဲ၊ 29 သိုးသငယ်ခုနစ်ကောင်စေ့အောင်၊ တကောင် လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 30
အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ၊ ဆိတ်သငယ် တကောင်ကိုလည်း ပူဇော်ရမည်။ 31 ထိုသို့ အစဉ်အမြဲပူဇော်သော မီးရှို့ရာယဇ်၊
ဘောဇဉ် ပူဇော်သက္ကာမှတပါး၊ သွန်းလောင်းရာ ပူဇော် သက္ကာနှင့်တကွ၊ အပြစ်မပါသော ယဇ်ကောင်များတို့ကို ထပ်၍ ပူဇော်ရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 29

1 သတ္တမလ၊ ပဌမနေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ တံပိုးမှုတ်ခြင်းကို ပြုရသောနေ့ဖြစ်၏။ 2
ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့နှင့် မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည်
အပြစ်မပါသော သိုးသငယ်ခုနစ်ကောင်တို့ကို ပူဇော်ရမည်။ 3 နွားတကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲ၊ သိုးတကောင်လျှင်
နှစ်ဩမဲ၊ 4 သိုးသငယ်ခုနစ်ကောင်စေ့အောင်၊ တကောင် လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 5 အပြစ်ဖြေခြင်းကို
ပြုအံ့သောငှါ၊ အပြစ်ဖြေရာ ယဇ်ဘို့ ဆိတ်သငယ်တကောင်ကိုလည်း ပူဇော်ရမည်။ 6 ထိုသို့ ထုံးစံရှိသည့်အတိုင်း၊ လဆန်းနေ့မီးရှို့ရာ
ယဇ်နှင့် သူ၏ဘောဇဉ်ပူဇော်သက္ကာ၊ နေ့တိုင်းပြုသော မီးရှို့ရာယဇ်နှင့် သူ၏ဘောဇဉ် ပူဇော်သက္ကာ၊ သွန်း လောင်းရာ
ပူဇော်သက္ကာမှတပါး၊ ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့နှင့် မီးဖြင့်ပြုသော ယဇ်ပူဇော်သက္ကာ ကို ပူဇော်ရမည်။ 7 ၎င်းလ၊
ဒသမနေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြု၍ ခြိုးခြံစွာ ကျင့်ရမည်။ အဘယ်အလုပ်ကိုမျှ မလုပ်ရ။ 8 ထိုနေ့၌ ထာဝရဘုရားအဘို့
မွှေးကြိုင်သောအနံ့ နှင့် မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည် အပြစ်မပါသော
သိုးသငယ်ခုနစ်ကောင်တို့ကို ပူဇော်ရမည်။ 9 နွားတကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲ၊ သိုးတကောင်လျှင်နှစ်ဩမဲ၊ 10
သိုးသငယ်ခုနစ်ကောင်စေ့အောင်၊ တကောင် လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 11 အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ၊
အပြစ်ဖြေရာ ယဇ်ဘို့ ဆိတ်သငယ်တကောင်ကို ပူဇော်ရမည်။ ထိုသို့ အပြစ်ဖြေခြင်းငှါ အပြစ်ဖြေရာယဇ်၊ အစဉ်အမြဲပြုသော
မီးရှို့ရာယဇ်၊ သူ၏ဘောဇဉ် ပူဇော်သက္ကာ၊ သွန်း လောင်းရာ ပူဇော်သက္ကာမှတပါး ထပ်၍ ပြုရမည်။ 12 ၎င်းလ တဆယ်ငါးရက်နေ့၌
ဓမ္မစည်းဝေး ခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ဘဲ ခုနစ်ရက် ပတ်လုံး ထာဝရဘုရားအဘို့ ပွဲခံရမည်။ 13 ပဌမနေ့၌
ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့နှင့် မီးဖြင့်ပြုသော မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးဆယ်သုံး ကောင်၊
သိုးထီးနှစ်ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ်ဆယ်လေးကောင်တို့ကို ပူဇော်ရမည်။ 14 နွားဆယ်သုံးကောင်စေ့အောင်၊
တကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲစီ၊ သိုးနှစ်ကောင်စေ့ အောင်၊ တကောင်လျှင် နှစ်ဩမဲစီ၊ 15
သိုးသငယ်ဆယ်လေးကောင်စေ့အောင်၊ တကောင်လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရ မည်။ 16 အပြစ်ဖြေရာယဇ်ဘို့
ဆိတ်သငယ်တကောင်ကို အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး ထပ်၍
ပူဇော်ရမည်။ 17 ဒုတိယနေ့၌၊ အသက်ပျိုသော နွားထီးဆယ်နှစ် ကောင်၊ သိုးထီး နှစ်ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ်
ဆယ်လေးကောင်ကိုင၎်း၊ 18 သိုး၊နွား၊သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်း လောင်းရာ
ပူဇော်သက္ကာကိုင၎်း၊ 19 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ် တကောင်ကို င၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော်
သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 20 တတိယနေ့၌၊ နွားထီးဆယ်တကောင်၊ သိုးထီး နှစ်ကောင်၊
အခါမလည် အပြစ်မပါသော သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊ 21 သိုး၊နွား၊သိုးသငယ် အနည်းအများအလိုက်၊
ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 22 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊
အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 23 စတုတ္ထနေ့၌
နွားထီးဆယ်ကောင်၊ သိုးထီး နှစ်ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊ 24 သိုး၊နွား၊ သိုးသငယ်
အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 25 အပြစ်ဖြေရာယဇ်ဘို့
ဆိတ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍
ပူဇော်ရမည်။ 26 ပဉ္စမနေ့၌ နွားထီးကိုးကောင်၊ သိုးထီးနှစ် ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊
27 သိုး၊နွား၊ သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 28
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ
ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 29 ဆဋ္ဌမနေ့၌၊ နွားထီးရှစ်ကောင်၊ သိုးထီးနှစ် ကောင်၊ အခါမလည် အပြစ်မပါသော
သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊ 30 သိုး၊နွား၊ သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း၊ ဘောဇဉ်ပူဇော်သက္ကာ၊
သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 31 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့်
ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ပူဇော်ရမည်။ 32 သတ္တမနေ့၌ နွားထီးခုနစ်ကောင်၊ သိုးထီးနှစ်
ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ်ဆယ် လေးကောင်ကိုင၎်း၊ 33 သိုး၊နွား၊ သိုးသငယ် အနည်းအများအလိုက်၊
ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 34 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊
အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 35 အဋ္ဌမနေ့၌
ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ 36 ထိုနေ့၌ ထာဝရဘုရားဘို့ မွှေးကြိုင်သော အနံ့နှင့် မီးဖြင့်ပြု သော
မီးရှို့ရာယဇ်ဘို့ နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ခုနစ်ကောင်ကိုင၎်း၊ 37 သိုး၊နွား၊
သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 38
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ

ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ [39] ထိုသို့ သစ္စာဂတိရှိ၍ ပြုသော ပူဇော်သက္ကာ၊၊ အလိုလိုပြုသော ပူဇော်သက္ကာ၊
မီးရှို့ရာပူဇော်သက္ကာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာပူဇော်သက္ကာ၊ မိဿဟာယ ပူဇော်သက္ကာမှတပါး၊ ချိန်းချက်သော ပွဲတို့၌
ထာဝရဘုရားအား ထပ်၍ ပူဇော်ရမည်ဟု မိန့်တော်မူ၏။ [40] ထိုသို့မောရှေသည်၊ မိမိအား ထာဝရဘုရား မှာထားတော်မူ သမျှတို့ကို၊
ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 30

1 တဖန်ထာဝရဘုရားမိန့်တော်မူသော စကားကို မောရှေသည်၊ ဣသရေလ အမျိုးသားတို့တွင် အမျိုး အနွယ်တို့၌
မင်းဖြစ်သောသူတို့အား ဆင့်ဆိုသည်ကား၊ 2 လူယောက်ျားသည် ထာဝရဘုရားအား သစ္စာ ဂတိပြုသော်၎င်း၊ ကိုယ်စိတ်ဝိညာဉ်၌
ချည်နှောင်၍ ကျိန်ဆိုခြင်းကို ပြုသော်၎င်း၊ မိမိပြောသောစကားကို မဖျက်ဘဲ၊ မိမိနှုတ်ထွက်ရှိသည်အတိုင်း ပြုရမည်။ 3 မိန်းမသည်
အဘအိမ်၌ အသက်ငယ်စဉ်အခါ၊ ထာဝရဘုရားအား သစ္စာဂတိပြုသော်၎င်း၊ 4 ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်
သောစကားကို အဘသည် ကြားလျက် တိတ်ဆိတ်စွာ နေလျှင် ထိုသစ္စာစကားရှိသမျှတို့နှင့် ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သော
စကားဟူသမျှတို့သည် တည်ရကြမည်။ 5 သို့မဟုတ် အဘသည် ကြားသောနေ့၌ မြစ်တား လျှင်၊ ထိုသစ္စာစကားမည်မျှ၊
ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သောစကား မည်မျှမတည်ရ။ အဘမြစ်တား သောကြောင့်၊ ထာဝရဘုရား လွှတ်တော်မူမည်။ 6
မိန်းမသည် လင်ရှိလျက်၊ သစ္စာဂတိပြု၍ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်ခြင်းငှာ နှုတ်မြွက်သော အခါ၊ 7 လင်သည် ကြားလျှင်၎င်း၊
ကြားသောနေ့၌ တိတ်ဆိတ်စွာနေလျှင်၎င်း၊ ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သောစကား တည်ရမည်။ 8 သို့မဟုတ်
လင်သည် ကြားသောနေ့၌ မြစ်တား လျှင်၊ ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင် သောစကားကို လင်သည်ပယ်၍၊
ထာဝရဘုရားလည်း လွှတ်တော်မူမည်။ 9 လင်သေသောမိန်းမ၊ လင်နှင့်ကွာသော မိန်းမ သည် ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သော
သစ္စာဂတိ အလုံးစုံတို့သည် တည်ရကြမည်။ 10 လင်အိမ်၌ ရှိစဉ်အခါ၊ သစ္စာဂတိပြုသော်၎င်း၊ ကျိန်ဆိုခြင်းအားဖြင့် ကိုယ်စိတ်ဝိညာဉ်၌
ချည်နှောင် သော်၎င်း၊ 11 လင်သည် ကြားသော်လည်း မမြစ်တား တိတ်ဆိတ်စွာနေလျှင်၊ ထိုသစ္စာဂတိရှိသမျှ ကိုယ်စိတ်ဝိညာဉ်၌
ချည်နှောင်ခြင်းရှိသမျှတို့သည် တည်ရကြမည်။ 12 သို့မဟုတ် လင်သည် ကြားသောနေ့၌ ရှင်းရှင်း ပယ်ဘူးလျှင်၊ သစ္စာဂတိနှင့်၎င်း၊
စိတ်ဝိညာဉ်၌ ချည် နှောင်ခြင်းနှင့်၎င်း ဆိုင်သော စကားမည်မျှ မတည်ရ။ လင်သည် ပယ်သောကြောင့်၊ ထာဝရဘုရားလည်း
လွှတ်တော်မူမည်။ 13 ခပ်သိမ်းသောသစ္စာဂတိ၊ ခြိုးခြံစွာ ကျင့်ခြင်းနှင့် ဆိုင်သမျှသော အချည်အနှောင်ကျိန်ဆိုခြင်းတို့ကို၊ လင်သည်
တည်စေပိုင်သောအခွင့်၊ ပယ်ပိုင်သော အခွင့်ရှိ၏။ 14 လင်သည် တနေ့ထက်တနေ့ တိတ်ဆိတ်စွာနေ လျှင်၊ မယားပြုသော
သစ္စာဂတိရှိသမျှတို့နှင့် မယား၌ ချည်နှောင်ခြင်း ရှိသမျှတို့ကို တည်စေ၏။ ကြားသောနေ့၌ တိတ်ဆိတ်စွာ နေသောကြောင့်
တည်စေပြီ။ 15 ထိုစကားကို ကြားသောနေ့နောက်မှ၊ လင်သည် ပယ်အံ့သောငှါ ပြုလျှင်၊ မယားအပြစ်ကို ကိုယ်တိုင် ခံရမည်။ 16
ဤရွေ့ကား၊ မယားနှင့်လင်စပ်ကြား၌၎င်း၊ အဘအိမ်မှာ အသက်နုငယ်သောသမီးနှင့် အဘစပ်ကြား ၌၎င်း၊ မောရှေအားဖြင့်
ထာဝရဘုရားထားတော်မူသော ပညတ်တရားဖြစ်သတည်း။

---

---

### Numbers 01

တစ်စုံတစ်ဦးက ထာဝရဘုရားထံသို့ သစ္စာဆို၊ ကျမ်းကျိန်သည့်အခါ

ဤစကားစုနှစ်ခု၏ ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး ကျမ်းကျိန်ခြင်း၊ ကတိပြုခြင်းများကို အလေးအနက် ပေးချင်သည့်အတွက် ယှဉ်တွဲသုံးခြင်းဖြစ်သည်။

ကတိဖြင့် သူ့ကိုယ်သူ ချဉ်နှောင်ရန်

လူတစ်ဦးက တစ်ခုခုလုပ်ဆောင် ကတိထားခြင်းကို သူ့ကိုယ်သူချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် ဆက်ကပ်ခြင်း" သို့မဟုတ် "တစ်စုံတစ်ခုလုပ်ဆောင်ရန် ကတိထားခြင်း"

သူသည် သူ့စကားကို မချိုးဖောက်ရ။ သူ့ပါးစပ်မှာလုပ်ရန်ဟု ထွက်လာသမျှကို သူသည် ပြည့်စုံစေရမည်။

ဤဝါကျနှစ်ခုစလုံး၏ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး သူ၏ကတိများ ပြည့်စုံရမည်ကို အလေးအနက်ပေးထားသည့်အတွက်ဖြစ်သည်။ "စကား" စကားလုံးသည် သူဘာသာ ပြောဆိုခဲ့သည်ဟု ဆိုလိုခြင်းဖြစ်သည်။

သူ၏စကားကို သူကမချိုးဖောက်ရ

"သူ၏စကား" သည် လူတစ်ဦး၏ကျမ်းသစ္စာ၊ ကတိကို ဆိုလိုသည်။ မပြည့်စုံနိုင်သည့်အရာကို လူတစ်ယောက်က ချိုးဖျက်စေနိုင်သည် အရာဝတ္ထုကဲ့သို့ မောရှေက ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ကတိများကို သူက ပြည့်စုံစေရမည်"

သူ၏ပါးစပ်မှထွက်သမျှသောအရာ

"ပါးစပ်" စကားလုံးသည် လူတစ်ဦး စကားပြောခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လုပ်ရန် သူပြောသမျှကို သူလုပ်လိမ့်မည်။"

### Numbers 03

ကတိဖြင့် သူမကိုယ်သူမ ချဉ်နှောင်သည်

မိန်းမတစ်ဦးက တစ်ခုခုလုပ်ဆောင် ကတိထားခြင်းကို သူမကိုယ်သူမ ချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် သူမကိုယ် သူမ ဆက်ကပ်ခြင်း" သို့မဟုတ် "တစ်စုံတစ်ခု လုပ်ဆောင်ရန် ကတိထားခြင်း"

ကျမ်းသစ္စာနှင့် ကတိ
ဤစကားလုံးနှစ်လုံးသည် ဆင်တူသည့်
စကားလုံးများဖြစ်ကြသည်။ သူမ လုပ်ရန်ကတိထားသည်ကို
အလေးအနက်ပေးထားသည့်အတွက်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းသစ္စာ"

သူမကိုယ်သူမ ချည်နှောင်သည့်အရာအားဖြင့်
မိန်းမတစ်ဦးက ကတိပြည့်စုံစေရန် မည်ကဲ့သို့ သူမကိုယ်သူမ
ဆက်ကပ်ထားခြင်းကို သူမခန္ဓာကိုယ်သူမ
ချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် သူမကိုယ်သူမ
ဆက်ကပ်ခြင်း" သို့မဟုတ် "တစ်စုံတစ်ခုလုပ်ဆောင်ရန်
ကတိထားခြင်း"

သူမကို နောက်ဆုတ်စေရန်
"သူမပြောခဲ့သည့်အရာများကို ပြန်ရုပ်သိမ်းရန်"

သူမ၏ကျမ်းသစ္စာများအားလုံးဆက်တည်နေမည်...ကတိတိုင်း....ဆက်တည်နေမည်
ဤစကားစုနှစ်ခု၏ ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး သူမ၏
ကျမ်းသစ္စာများကို ပြည့်စုံစေရမည်ကို
အလေးအနက်ပေးချင်သည့်အတွက် ဖြစ်သည်။

ကျမ်းသစ္စာများ ဆက်လက်တည်နေမည်။
အီဒီယမ်အသုံးဖြစ်သည်။ သူမ၏ကျမ်းသစ္စာများသည်
ဆက်လက်တည်နေမည်ဖြစ်ပြီး ထိုအရာများ ပြည့်စုံဖို့ရန်
လိုအပ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူမသည် ထိုအရာများ ပြည့်စုံစေရန် တာဝန်ရှိသည်။"

Numbers 05

သူမ၏ကျမ်းသစ္စာနှင့် သူမကတိ
ဤစကားလုံးနှစ်လုံးသည် ဆင်တူသည့်
စကားလုံးများဖြစ်ကြသည်။ သူမ လုပ်ရန်ကတိထားသည်ကို
အလေးအနက်ပေးထားသည့်အတွက်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းသစ္စာ"

သူမကိုယ်တိုင် တည်ထားသောအရာ
အမျိုးသမီးက သူမ၏သစ္စာစကားပြည့်စုံစေဖို့ရန်
ဆက်ကပ်ထားခြင်းအား ဝတ်လုံကို သူမကိုယ်တိုင်အပေါ်ထားပြီး
ဝတ်ထားသည့်ဟန်ဖြင့် သုံးနှုန်းခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ ကိုယ်တိုင်
ဆက်ကပ်ထားသောအရာ" သို့မဟုတ် "သူမ ပြုလုပ်သောအရာ"

ကျမ်းသစ္စာများ ဆက်လက်တည်နေမည်။
အီဒီယမ်အသုံးဖြစ်သည်။ သူမ၏ကျမ်းသစ္စာများသည်
ဆက်လက်တည်နေမည်ဖြစ်ပြီး ထိုအရာများပြည့်စုံဖို့ရန်
လိုအပ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူမသည် ထိုအရာများ ပြည့်စုံစေရန် တာဝန်ရှိသည်။"

Numbers 06

သူမကိုယ်တိုင် ချည်နှောင်သော သူမ၏ သစ္စာစကား
မိန်းမတစ်ဦးက ကတိပြည့်စုံစေရန် မည်ကဲ့သို့ သူမကိုယ်သူမ
ဆက်ကပ်ထားခြင်းကို သူမခန္ဓာကိုယ်သူမ
ချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် သူမကိုယ်သူမ
ဆက်ကပ်ခြင်း"

သူသည် သူမအပေါ် ထိန်းချုပ်လျှင်
အမျိုးသမီး၏သစ္စာစကားများအပေါ်
သူမအဖေထိန်းချုပ်ထားခြင်းကို သူမကို သူက
ထိန်းချုပ်ထားသည်ဟု သုံးနှုန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ သစ္စာစကားအပေါ် သူမ
ထိန်းချုပ်လျှင်" သို့မဟုတ် "သူမ ကတိများကို သူမ
ပျက်ကွက်လျှင်"

ကျမ်းသစ္စာများ အကျုံးမဝင်တော့ပေ
အီဒီယမ်အသုံးဖြစ်သည်။ သူမ၏ကျမ်းသစ္စာများသည်
အကျုံးဝင်တော့မည် မဟုတ်ပါ၊ ထို့ကြောင့် ပြည့်စုံစေဖို့ရန်
မလိုအပ်ပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည်
ထိုအရာများ ပြည့်စုံစေရန် မလိုအပ်ပါ။"

ထာဝရဘုရားသည် သူမကို ခွင့်လွှတ်လိမ့်မည်။
သူမသစ္စာစကား မပြည့်စုံစေခြင်းကို ထာဝရဘုရားက သူမကို
ခွင့်လွှတ်ခြင်းကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်
လိုအပ်သည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူမ
သစ္စာစကားများ မပြည့်စုံသော်လည်းအတွက် သူမကို
ထာဝရဘုရားက ခွင့်လွှတ်လိမ့်မည်။"

သူမသည် ထိုသစ္စာစကားများအောက်၌နေစဉ်
အီဒီယမ်အသုံးအနှုန်းဖြစ်သည်။ သူမ၏ သစ္စာစကားများ
"အောက်" ၌ရှိခြင်းသည် သူမဆက်ကပ်ထားသည့်အရာများသည်
အကျုံးဝင်သေးသည်ကို ဆိုလိုသည်။ အခြား
သောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုသစ္စာစကားများကို
ဆက်လက်ဆက်ကပ်ရန် ကြိုးစားနေဆဲ"

အလောတကြီး
မစဉ်းစားဘဲ လုပ်ဆောင်သည့်အရာ

ထိုတာဝန်ဝတ္တရားများ
"တာဝန်ဝတ္တရားများ" ကို ကြိယာဖြင့် "တာဝန်" ဟုသုံးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင်
တာဝန်ကျေပွန်ရမည့် အရာများ"

Numbers 08

သူမပြုလုပ်သော သစ္စာစကား.....သူမပြောသော အလောတကြီးစကား
"သူမပြုလုပ်သော သစ္စာစကား....သူမပြောသော
အလောတကြီးစကား" ဤစကားစုနှစ်ခုသည်


generated on Sun Jun 30 02:37:40 2024

အတူတူပင်ဖြစ်သည်။ ဒုတိယစကားစုက အမျိုးသမီးက ပြုသော သစ္စာစကားကို ဖော်ပြသည်။

သူမနှုတ်ခမ်းမှ အလောတကြီးပြောသောစကားများ
"အလောတကြီးစကား" သည် သူမက အလောတကြီးလုပ်ဆောင်သည့်အရာကို ဆိုလိုသည်။ "သူမနှုတ်ခမ်း" သည် အမျိုးသမီးကိုယ်တိုင်ကို ဆိုလိုသည်။ သူမကို "သူမနှုတ်ခမ်း" ဟု ကိုယ်စားပြုသုံးထားသည်။ အဘယ့်ကြောင့်ဆိုသော် နှုတ်ခမ်းများသည် သူမပြောခဲ့သည့်အရာများနှင့် ဆက်စပ်မှုရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ အလောတကြီးပြောဆိုသည့်အရာများ" သို့မဟုတ် "သူမ၏ အလောတကြီးပေးသော ကတိ"

သူမကိုယ်တိုင် သူမ ချည်နှောင်သည့်အရာနှင့်
အမျိုးသမီးက သူမကတိများ မည်ကဲ့သို့ ပြည့်စုံစေမည်ကို သူမကိုယ်ခန္ဓာကို ချည်နှောင်ထားသည့်အရာ ဟုမောရှေက ပြောဆိုထားသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူမ ကိုယ်တိုင် ပြည့်စုံစေရန် ဆက်ကပ်ထားသည့်အရာ"

ထာဝရဘုရားက လွှတ်တော်မူမည်။
အမျိုးသမီးက သူမ၏ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ် ထာဝရဘုရားခွင့်လွှတ်တော်မူသည်ကို မောရှေက သူမကို ချည်နှောင်သည့်အရာမှ လွှတ်မြောက်သည်ဟု သုံးနှုန်းထားသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူမကို ခွင့်လွှတ်လိမ့်မည်။" သို့မဟုတ် "သူမက သူမ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ် ထာဝရဘုရားက ခွင့်လွှတ်လိမ့်မည်။"

## Numbers 09

ဘေယုယျအချက်အလက်
ထာဝရဘုရားမိန့်တော်မူသမျှကို မောရှေက မျိုးနွယ်စုလိုက် ခေါင်းဆောင်များကို ဆက်လက်စကားပြောနေသည်။

လင်နှင့်ကွာသော မိန်းမ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောက်ျားနှင့် ကွဲကွာပြီးသော အမျိုးသမီး"

သူမကိုယ်တိုင် ချည်နှောင်ထားသည့်အရာအားဖြင့်
အမျိုးသမီးက သူမပြုသော သစ္စာကတိပြည့်စုံစေရန်လိုအပ်သည်ကို သူမခန္ဓာကိုယ်တိုင် ချည်နှောင်ထားသည့်အရာဟု မောရှေက သုံးနှုန်းထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် ပြည့်စုံစေရန် ဆက်ကပ်ထားသည့်အရာ"

သူမပြုထားသောအရာ ဆက်လက်တည်နေမည်
အီဒီယမ်အသုံးနှုန်းဖြစ်သည်။ "ဆက်လက်တည်မည်" စကားစုသည် သူမ၏သစ္စာစကားများသည် ဆက်အကျုံးဝင်ပြီး၊ ပြည့်စုံစေရန် လိုအပ်သည်ကို ဆိုလိုသည်။ 30:3 ၌ မည်သို့ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမသည် သူမ၏ သစ္စာစကားများအားလုံးကို ပြည့်စုံစေရမည်"

မိန်းမတစ်ဦးသည် သူမလင်ယောကျာ်းအိမ်၌ သစ္စာဆိုလျှင်
အိမ်ထောင်ပြုပြီးသော အမျိုးသမီးကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လင်ရှိသော မိန်းမက သစ္စာကတိပြုလျှင်"

သူမ၏ သစ္စာကတိအားလုံးတည်ရမည်.....ဆက်လက်တည်မည်။
"ဆက်လက်တည်မည်။" စကားစုသည် သူမ၏သစ္စာစကားများသည် ဆက်အကျုံးဝင်ပြီး၊ ပြည့်စုံစေရန် လိုအပ်သည်ကို ဆိုလိုသည်။ 30:3 ၌ မည်သို့ ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမသည် သူမ၏ သစ္စာစကားများအားလုံးကို ပြည့်စုံစေရမည်.....သူမ ပြည့်စုံစေရမည်။"

သူမသစ္စာကတိအားလုံး တည်ရမည်....သူမပြုသောတာဝန်များသည် ဆက်တည်နေမည်
ဤအဆိုနှစ်ခုကို နှစ်ကြိမ် သုံးထားသည်မှာ အလေးအနက်ပေးချင်သည့်အတွက် ယှဉ်တွဲသုံးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ ပြုလုပ်သော သူမ သစ္စာကတိများ အားလုံးသည် ဆက်လက်တည်နေမည်။"

## Numbers 12

သူမနှုတ်ခမ်းမှ မည်သည့်အရာမဆိုထွက်လာလျှင်
အမျိုးသမီးပြောသည့်အရာကို သူမ နှုတ်ခမ်းမှ ထွက်လာသည့်အရာဟု သုံးနှုန်းထားသည်။ အခြားသောဘာသာပြန် ဆိုချက်၊ "သူမ ဘာမဆိုပြောသည့်အရာ"

ကျမ်းသစ္စာများ အကျုံးမဝင်တော့ပေ။
သူမ၏ ကျမ်းသစ္စာများသည် အကျုံးဝင်တော့မည် မဟုတ်ပါ။ ထို့ကြောင့် ပြည့်စုံစေဖို့ရန် မလိုအပ်ပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုအရာများ ပြည့်စုံစေရန် မလိုအပ်ပါ။"

ထာဝရဘုရားက လွှတ်တော်မူမည်။
အမျိုးသမီးက သူမ၏ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ် ထာဝရဘုရား ခွင့်လွှတ်တော်မူသည်ကို မောရှေက သူမကို ချည်နှောင်သည့်အရာမှ လွှတ်မြောက်သည်ဟု သုံးနှုန်းထားသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန် လိုအပ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူမကို ခွင့်လွှတ်လိမ့်မည်။" သို့မဟုတ် "သူမက သူမ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ် ထာဝရဘုရားက ခွင့်လွှတ်လိမ့်မည်။"

Numbers 13

ကတိသစ္စာတိုင်း....သူမလင်ယောကျ်ားက တည်စေနိုင်သည်၊ ပယ်ဖျက်နိုင်သည်။
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် ငြင်းဆိုရန် ခက်ခဲသည့် မည်သည့် ကတိသစ္စာစကားမဆို သူမ၏ လင်ယောကျ်ားက တည်စေနိုင်သည်၊ ပယ်ဖျက်နိုင်သည်"

သူမကို ချည်နှောင်သည့်အရာ
သူမဆက်ကပ်ထားသည့် အမျိုးသမီး၏ကတိကဝတ်ကို ခန္ဓာကိုယ်ကိုချည်နှောင်သည့်အရာဟု မောရှေကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမဆက်ကပ်ထားသည့်အရာ"

ချည်နှောင်ထားသော ကတိများ
အမျိုးသမီး၏ ကတိကဝတ်များကို ခန္ဓာကိုယ်ကိုချည်နှောင်သည့်အရာဟု မောရှေကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တာဝန်များ" သို့မဟုတ် "ကတိကဝတ်များ"

သူသည် သူမကို မပြောသည့်အတွက်
ရှင်းလင်းစွာ သတင်းအချက်လက်ကို ဖော်ပြရန်လိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အကြောင်းကို သူမအား မည်သည့်အရာမျှ မပြောပြသည့်အတွက်"

Numbers 15

သူမအပြစ်အတွက် သူကတာဝန်ယူရလိမ့်မည်
သူမ၏ကတိသစ္စာစကားများ မပြည့်စုံစေလျှင် သူမအပြစ်များအတွက် သူသာလျှင် အပြစ်ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် သူမကတိသစ္စာစကားကို မပြည့်စုံစေလျှင်၊ သူမအပြစ်အတွက် သူမ၌ အပြစ်မရှိ၊ သူမအစား သူ၌သာလျှင် အပြစ်ရှိသည်။"

---

## Translation Questions

Numbers 30:1

သစ္စာကတိကို ပြုလုပ်သောသူသည် မည်သည့်အရာကို မလုပ်ရမည်နည်း။
သူသည် သူ့စကားကို မဖျက်ဆီးရပါ။

Numbers 30:3

အဘအိမ်၌ နေသော မိန်းမသည် ထာဝရဘုရားကို သစ္စာကတိပြုပြီး အဘသည် သူမ၏ သစ္စာကတိကို ကြားလျက် သစ္စာကတိကို ပြန်လှန်ဖို့ရန် တခုမျှ မပြောဆိုဘဲ နေခဲ့လျှင် အင်အားရှိသော သစ္စာကတိဖြစ်သလော။
ဟုတ်ပါသည်။ ထိုအရာသည် အတည်ဖြစ်ရပါမည်။

Numbers 30:5

အဘအိမ်၌ နေသောမိန်းမသည် ထာဝရဘုရားကို သစ္စာကတိပြုပြီး အဘသည် သူမ၏ သစ္စာကတိကို ထိုနေ့တွင် ဖျက်ဖို့ရန် ပြောခဲ့လျှင် ထိုသစ္စာကတိသည် အင်အားဖြစ်အုံးမည်လော။
သစ္စာကတိသည် အတည်မဖြစ်ပါ။

Numbers 30:6

အိမ်ထောင်ရှိသော အမျိုးသမီးသည် သစ္စာကတိပြု၍ လင်သည် ကြားသော်လည်း တားဆီးခြင်း မပြုလျှင် ထိုသစ္စာကတိသည် အတည်ဖြစ်မည်လော။
ထိုသစ္စာကတိများသည် အတည်ဖြစ်ရပါမည်။

Numbers 30:8

မိန်းမ၏ လင်သည် ထိုသစ္စာကတိအကြောင်းကို ကြားသောနေ့တွင် တားဆီးခြင်းကို ပြုလျှင် ထိုသစ္စာကတိများသည် အတည်ဖြစ်အုံးမည်လော။
ထိုသစ္စာကတိများသည် အတည်မဖြစ်တော့ပါ။

Numbers 30:9

မုဆိုးမ(သို့) ကွာရှင်းပြီးသော မိန်းမသည် ထာဝရဘုရားထံသစ္စာကတိပြုလျှင် ထိုသစ္စာကတိသည် အတည်ဖြစ်မည်လော။
ထိုသစ္စာကတိသည် အတည်ဖြစ်ရပါမည်။

သူ့လင်၏ မိသားစုထဲတွင် နေသောမိန်းမသည် သစ္စာကတိပြုပြီး သူ့လင်သည် ထိုအရာကို ကြားသောနေ့တွင် ဖျက်သိမ်းခဲ့လျှင် ထိုသစ္စာကတိသည် အတည်ဖြစ်အုံးမည်လော။
သူမ၏ သစ္စာကတိသည် အတည်ဖြစ်နေအုံးမည်မဟုတ်ပါ။

Numbers 30:15

မိန်းမ၏ လင်သည် ထိုအရာကို ကြားပြီးနောက်အချိန်ကြာသောအခါ သူမ၏ သစ္စာကတိကို ဖျက်သိမ်းခဲ့လျှင် ထိုသစ္စာကတိသည် အတည်ဖြစ်အုံးမည်လော။
ထိုအရာသည် အတည်ဖြစ်အုံးမည်။ သူသည် ထိုအရာကို ဖျက်သိမ်းခဲ့လျှင် သူသည် ထိုအရာကို ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်ကို ခံစားပြီး သူမ၏ အပြစ်အတွက် တာဝန်ရှိသွားလိမ့်မည်။

## Chapter 31

1-2 တဖန် ထာဝရဘုရားက၊ မိဒျန်အမျိုးသားတို့ သည် ဣသရေလအမျိုးသားတို့ကို ပြစ်မှားသောအပြစ် အလျောက်
ဣသရေလအမျိုးသားဘက်၌ နေ၍ တရားစီရင်လော့။ သို့ပြီးမှ သင်သည် မိမိလူမျိုးစည်း ဝေးရာသို့ သွားရမည်ဟု မောရှေအား
မိန့်တော်မူ၏။ 3 မောရှေသည်လည်း လူများတို့ကိုခေါ်၍၊ အချို့တို့သည် လက်နက်ကို ကိုင်လျက်၊ မိဒျန်အမျိုးသား တို့သို့ စစ်ချီ၍
ထာဝရဘုရားဘက်၌ တရားစီရင်စေ။ 4 ဣသရေလအမျိုးအနွယ်တို့တွင် တမျိုးတမျိုး ထဲက၊ လူတထောင်စီရွေး၍ စစ်ချီစေဟု
စီရင်သည် အတိုင်း၊ 5 ဣသရေလအမျိုးသား အထောင်အသောင်းတို့ တွင် တမျိုးတမျိုးထဲက၊ စစ်တိုက်လက်နက်ပါသောသူ
တထောင်စီ၊ လူပေါင်း တသောင်းနှစ်ထောင်ကို အပ်၍၊ 6 မောရှေသည် ထိုသူတို့ကိုငှင်၊ သန့်ရှင်းသော လက်နက်နှင့်တကွ၊
မှုတ်ရာတံပိုးတို့ကို ကိုင်သော ယဇ်ပုရောဟိတ် ဧလောဇာသား ဖိနဟတ်ကိုငှင်း စစ်ချီ စေ၏။ 7 မောရှေအား ထာဝရဘုရား မှာထားတော်မူ
သည်အတိုင်း၊ ထိုသူတို့သည် မိဒျန်အမျိုးသားတို့ကို တိုက်၍ လူယောက်ျားအပေါင်းတို့ကို သတ်ကြ၏။ 8 အသေသတ်ခြင်းကို
ခံရသောသူတို့တွင် ဧဝိ၊ ရေကင်၊ ဇုရ၊ ဟုရ၊ ရေဘတည်းဟူသော မိဒျန်မင်းကြီး ငါးပါးပါကြ၏။ ဗောရသား ဗာလမ်ကိုလည်း ထားနှင့်
သတ်ကြ၏။ 9 ဣသရေလအမျိုးသားတို့သည်၊ မိဒျန်မိန်းမများ၊ သူငယ်များတို့ကို လက်ရသိမ်းယူ၍၊ သိုး၊ ဆိတ်၊ နွား အစရှိသော
ဥစ္စာအလုံးစုံတို့ကို လုယူကြ၏။ 10 မိဒျန်အမျိုးသားတို့ နေသောမြို့ရွာရှိသမျှတို့ကို မီးရှို့ကြ၏။ 11 ဘမ်းရသောလူ၊ တိရစ္ဆာန်နှင့်တကွ၊
လက်ရဥစ္စာ အလုံးစုံတို့ကို သိမ်းသွား၍၊ 12 မောဘလွင်ပြင် ယော်ဒန်မြစ်နား၊ ယေရိခေါမြို့ တဘက်၌ တပ်ချလျက်နေသော မောရှေ၊
ယဇ်ပုရော ဟိတ် ဧလောဇာ၊ ဣသရေလအမျိုးသား ပရိသတ်တို့ထံသို့ ဆောင်ခဲ့ကြ၏။ 13 မောရှေနှင့် ယဇ်ပုရောဟိတ်ဧလောဇာမှစ၍
ပရိသတ်တို့၌ မင်းအပေါင်းတို့သည် ကြိုဆိုခြင်းငှာ တပ်ပြင်သို့ ထွက်သွားကြ၏။ 14 မောရှေသည် စစ်တိုက်ရာမှ ပြန်လာသော
တပ်မှူးများ၊ ဗိုလ်မင်းများတို့ကို အမျက်ထွက်၍၊ 15 သင်တို့သည် မိန်းမအပေါင်းတို့ကို အဘယ် ကြောင့် အသက်ရှင်စေကြသနည်း။ 16
ဣသရေလအမျိုးသား တို့သည်၊ ပေဂုရဘုရားအမှု၌ ထာဝရဘုရားကို ပြစ်မှားစေခြင်းငှာ၊ ဤမိန်းမတို့သည် ဗာလမ်းပေးသောအကြံကို
လိုက်၍ ပြုကြသောကြောင့်၊ ထာဝရဘုရား၏ ပရိသတ်၌ ဘေးရောက်လေသည် တကား။ 17 ထိုကြောင့်၊
သူငယ်ယောက်ျားအပေါင်းကိုငှင်း၊ ယောက်ျားနှင့် ဆက်ဆံဘူးသော မိန်းမအပေါင်း ကိုငှင်း၊ သတ်ကြလော့။ 18 ယောက်ျားနှင့်
မဆက်ဆံဘူးသော မိန်းမငယ် အပေါင်းတို့ကို၊ မိမိတို့အဘို့ အသက်ချမ်းသာပေးကြလော့။ 19 သင်တို့သည် ခုနစ်ရက်ပတ်လုံး
တပ်ပြင်မှာ နေရကြမည်။ လူကို သတ်သောသူ၊ အသေကောင်ကို ထိသောသူ အပေါင်းတို့ ကိုယ်ကိုငှင်း၊ သိမ်းယူသော သူတို့ကိုငှင်း၊
တတိယနေ့၊ သတ္တမနေ့၌ စင်ကြယ်စေ ကြလော့။ 20 သင်တို့အဝတ်နှင့် သားရေတန်ဆာရှိသမျှ၊ ဆိတ်မွေးဖြင့် ရက်သောအရာ၊
သစ်သားဖြင့် လုပ်သော အရာရှိသမျှတို့ကို စင်ကြယ်စေကြလော့ဟု မှာထား လေ၏။ 21 ယဇ်ပုရောဟိတ် ဧလောဇာသည်လည်း၊
စစ်တိုက် သွားသော စစ်သူရဲတို့ကိုခေါ်၍၊ မောရှေ၌ ထာဝရဘုရား ထားတော်မူသော ပညတ်တရားဟူမူကား၊ 22 ရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊
ကြေးဖြူ၊ ခဲ အစရှိသော၊ 23 မီးကိုခံနိုင်သောအရာရှိသမျှတို့ကို မီးအလယ် ၌ သွားစေ သဖြင့် စင်ကြယ်စေရမည်။ သို့ရာတွင်
စင်ကြယ်စေသောရေ ဖြင့်လည်း စင်ကြယ်စေရမည်။ မီးမခံနိုင်သောအရာ ရှိသမျှတို့ကို ရေအလယ်၌ သွားစေရမည်။ 24 သတ္တမနေ့၌
မိမိအဝတ်ကို လျှော်ပြီးမှ၊ စင်ကြယ် ခြင်းရှိ၍၊ တပ်ထဲသို့ဝင်ရကြမည်ဟု မှာထားလေ၏။ 25 ထာဝရဘုရားကလည်း၊ သင်နှင့်
ယဇ်ပုရောဟိတ် ဧလောဇာ၊ 26 ပရိသတ်အဆွေအမျိုး သူကြီးတို့သည်၊ ယခု လက်ရသိမ်းယူခဲ့သော ဥစ္စာ၊ လူ၊ တိရစ္ဆာန်အပေါင်းတို့ကို
ယူ၍၊ 27 ထက်ဝက်ခွဲပြီးလျှင် တဝက်ကို စစ်မှုထမ်း၍ အတိုက်သွားသော သူတို့အားငှင်း၊ တဝက်ကို ပရိသတ် အပေါင်းတို့အားငှင်း
ပေးဝေလော့။ 28 စစ်တိုက်သွားသော စစ်သူရဲတို့သည်၊ ထာဝရ ဘုရားအား ပေးရသောအခွန်ကို ခွဲ၍ လူ၊ နွား၊ မြည်း၊
သိုးအကောင်ငါးရာတွင် တကောင်ကို ကောက်ယူပြီးလျှင်၊ 29 သူတို့ခံရသော ထက်ဝက်အဘို့ထဲကနုတ်၍၊ ထာဝရဘုရားရှေ့တော်၌
ချီမြှောက်ရာ ပူဇော်သက္ကာပြု ဘို့ရာ ယဇ်ပုရောဟိတ် ဧလောဇာအား ပေးရမည်။ 30 ဣသရေလအမျိုးသား ခံရသော ထက်ဝက်
အဘို့ထဲကလည်း လူ၊ နွား၊ မြည်း၊ သိုးအစရှိသော တိရစ္ဆာန်မျိုး အကောင်ငါးဆယ်တို့တွင် တကောင်ကို ကောက်ယူ၍ ထာဝရဘုရား၏
တဲတော်ကို စောင့်သော လေဝိသားတို့အား ပေးရမည်ဟု၊ 31 မောရှေအား ထာဝရဘုရားမှာထားတော်မူ သည်အတိုင်း မောရှေနှင့်
ယဇ်ပုရောဟိတ် ဧလောဇာတို့ သည် ပြုလေ၏။ 32 စစ်သူရဲတို့သည် လက်ရသိမ်းယူခဲ့၍ ကျန်ကြွင်း သော ဥစ္စာပေါင်းကား
သိုးခြောက်သိန်း ခုနစ်သောင်း ငါးထောင်၊ 33 နွားခုနစ်သောင်းနှစ်ထောင်၊ 34 မြည်းခြောက်သောင်းတထောင် 35 ယောက်ျားနှင့်
မဆက်ဆံဘူးသောမိန်းမ သုံးသောင်းခုနစ်ထောင် ရှိသတည်း။ 36 စစ်တိုက်သွားသော သူတို့ခံရသော ထက်ဝက် အဘို့ကား၊ သိုး
သုံးသောင်းခုနစ်ထောင်ငါးရာ ရှိသည်ဖြစ်၍၊ 37 ထာဝရဘုရားခံရသောအခွန်ကား၊ သိုးခြောက် ရာခုနစ်ဆယ်ငါးကောင်တည်း။ 38
နွားသုံးသောင်းခြောက်ထောင်ရှိသည်ဖြစ်၍၊ ထာဝရဘုရားခံရသော အခွန်ကား၊ နွားခုနစ်ဆယ် ခုနစ်ကောင်တည်း။ 39
မြည်းသုံးသောင်းငါးရာရှိသည်ဖြစ်၍ ထာဝရ ဘုရားခံရသော အခွန်ကား၊ မြည်းခြောက်ဆယ်တကောင် တည်း။ 40
လူတသောင်းခြောက်ထောင် ရှိသည်ဖြစ်၍ ထာဝရဘုရားခံရသော အခွန်ကား၊ လူသုံးဆယ် နှစ်ယောက်တည်း။ 41
ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ မောရှေသည် ရှေ့တော်၌ ချီးမြှောက်ရာ ပူဇော်သက္ကာပြု ဘို့ရာ အခွန်ကို ယဇ်ပုရောဟိတ်
ဧလောဇာအား အပ်ပေး လေ၏။ 42 တဖန် စစ်တိုက်သောသူတို့လက်မှ မောရှေယူ၍၊ ဣသရေလအမျိုးသား၊ 43 ပရိသတ်တို့ခံရသော

 generated on Sun Jun 30 02:37:40 2024

ထက်ဝက်အဘို့ကား၊ သိုးသုံးသိန်းသုံးသောင်း ခုနစ်ထောင်ငါးရာ၊ 44 နွားသုံးသောင်းခြောက်ထောင်၊ 45 မြည်းသုံးသောင်းငါးရာ၊ 46
လူတသောင်းခြောက်ထောင်ရှိသည်ဖြစ်၍ 47 ဣသရေလအမျိုးသားခံရသော ထက်ဝက်အဘို့ လူ၊ တိရစ္ဆာန် အကောင်ငါးဆယ်တို့တွင်
တကောင်ကို မောရှေကောက်ယူ၍ ထာဝရဘုရား၏ တဲတော်ကို စောင့်သော လေဝိသားတို့အား ပေး၏။ ထိုသို့ ထာဝရ
ဘုရားမှာထားတော်မူ၏။ 48 လူတရာ၊ တထောင်ကိုအုပ်သော တပ်မှူးများ၊ ဗိုလ်များတို့သည်လည်း၊ မောရှေထံသို့ ချဉ်းကပ်၍၊ 49
ကိုယ်တော် ကျွန်တို့သည် အုပ်သောစစ်သူရဲတို့ ကို စာရင်းယူပြန်၍၊ လူတယောက်မျှ မလျော့ပါ။ 50 ထိုကြောင့် ထာဝရဘုရားရှေ့တော်၌
အသက် အဘိုးကို ဖြေဘို့ ရာ လူအသီးအသီးရသော ရွှေတန်ဆာ၊ လည်ဆွဲ၊ လက်ကောက်၊ လက်စွပ်၊ နားတောင်း၊ နှာခေါင်း
ဆွဲဘူးတို့ကို ထာဝရဘုရားအား ပူဇော်လျက် ဆောင်ခဲ့ ပါပြီဟု လျှောက်ဆိုလျှင်၊ 51 မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည်၊
ထိုရွှေတည်းဟူသော လုပ်ပြီးသောတန်ဆာ ရှိသမျှတို့ကို ခံယူကြ၏။ 52 ထိုသို့ စစ်သူရဲအသီးအသီးတို့သည် မိမိတို့အဘို့ သိမ်းယူ၍၊ 53
တပ်မှူးများ၊ ဗိုလ်များတို့သည် ထာဝရဘုရား အား ပူဇော်သော ရွှေချိန်ပေါင်းကား၊ တရာခြောက်ဆယ် ခုနှစ်ပိဿာနှင့် အကျပ်ငါးဆယ်
ရှိသတည်း။ 54 တပ်မှူးများ၊ ဗိုလ်များ ပူဇော်သောရွှေကို မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည်ယူ၍၊
ဣသရေလအမျိုးသားတို့ကို ထာဝရဘုရား အောက်မေ့ တော်မူဘို့ရာ ပရိသတ်စည်းဝေးရာတဲတော်၌ သွင်းထား ကြ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 32

1 ရုဗင်အမျိုးသားနှင့် ဂဒ်အမျိုးသားတို့သည် အလွန်များပြားသော တိရစ္ဆာန်တို့နှင့် ကြွယ်ဝသည်ဖြစ်၍၊ ယာဇာပြည်၊ ဂိလဒ်ပြည်တို့၌
တိရစ္ဆာန် ကျက်စားစရာကို ကောင်းသည်ကို မြင်ကြလျှင်၊- 2 မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာ အစရှိ သော ပရိသတ်တို့တွင်
မင်းများတို့ထံသို့ လာ၍၊ 3 အတရုတ်၊ ဒိဘုန်၊ ယာဇာ၊ နိမရ၊ ဟေရှဘုန်၊ ဧလာလေ၊ ရှေဘံ၊ နေဗော၊ ဗောန တည်းဟူသော၊ 4
ဣသရေလပရိသတ်ရှေ့မှာ ထာဝရဘုရား လုပ်ကြံတော်မူသော ဤပြည်သည် တိရစ္ဆာန်နှင့် တော်လျော်ပါ၏။ ကိုယ်တော်
ကျွန်တို့၌လည်း တိရစ္ဆာန် များပြားပါ၏။ 5 သို့ဖြစ်၍ ကျွန်တော်တို့သည် ရှေ့တော်၌ မျက်နှာရလျှင်၊ ဤပြည်ကို ကိုယ်တော်
ကျွန်တို့အား အပိုင်ပေးတော်မူပါ။ ကျွန်တော်တို့ကို ယော်ဒန်မြစ်တဘက်သို့ ပို့ဆောင်တော်မမူပါနှင့်ဟု လျှောက်ကြ၏။ 6
မောရှေကလည်း၊ သင်တို့သည် ဤအရပ်၌ နေရစ်၍၊ သင်တို့ ညီအစ်ကိုများတို့သည် စစ်တိုက်သွား ရမည်လော။ 7 ထာဝရဘုရား
ပေးတော်မူသော ပြည်သို့ ဣသရေလအမျိုးသားတို့သည် မကူးမသွားမည် အကြောင်း၊ သူတို့စိတ်ကို အဘယ်ကြောင့် ဖျက်ကြ
သနည်း။ 8 ပြည်တော်ကို ကြည့်ရှုစေခြင်းငှါ၊ သင်တို့ အဘ တို့ကို ကာဒေရှဗာနာအရပ်က ငါစေလွှတ်သောအခါ ထိုသို့ပြုကြ၏။ 9
ဧရှကောလချောင်းသို့ သွား၍ ပြည်တော်ကို ကြည့်မြင်ပြီးမှ၊ ထာဝရဘုရားပေးတော်မူသော ပြည်သို့ ဣသရေလအမျိုးသားတို့သည်
မသွားမည်အကြောင်း သူတို့စိတ်ကို ဖျက်ကြ၏။ 10-12 ထိုအခါ ထာဝရဘုရားသည် အမျက်တော်ထွက် လျက်၊ အကယ်စင်စစ်
အာဗြဟံ၊ ဣဇာတ်၊ ယာကုပ်တို့ အား ငါကျိန်ဆို၍ ပေးသောပြည်ကို၊ အဲဂုတ္တုပြည်မှ ထွက်လာသောသူတို့တွင် ကေနက်အမျိုး
ယေဖုန္နာ၏သား ကာလက်နှင့် နုန်၏သား ယောရှုမှတပါး၊ အဘယ်သူမျှ ငါ့နောက်သို့ လုံးလုံး မလိုက်သောကြောင့်၊ အသက်
နှစ်ဆယ်လွန်သောသူ တစုံတယောက်မျှ မမြင်ရ။ ထိုသူ နှစ်ယောက်သာ ထာဝရဘုရားနောက်သို့ လုံးလုံးလိုက်ကြ ပြီဟု
ကျိန်ဆိုတော်မူ၏။ 13 ထိုသို့ ထာဝရဘုရားရှေ့တော်၌ ဆိုးသောအမှု ကို ပြုသောလူအပေါင်းတို့သည် မပျက်စီးမှီတိုင်အောင်၊
ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ကို အမျက် ထွက်၍ အနှစ်လေးဆယ်ပတ်လုံး တော၌ လှည့်လည်စေ တော်မူ၏။ 14
ယခုမူကား၊ ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့ကို သာ၍ ပြင်းစွာအမျက်တော်ထွက်စေ မည်အကြောင်း၊
သာ၍ဆိုးသောသူတည်းဟူသော သင်တို့ သည် သင်တို့အဘများကိုယ်စား ပေါ်ထကြပြီတကား။ 15 သင်တို့သည်
နောက်တော်သို့မလိုက်ဘဲ လွှဲသွား ကြလျှင်၊ တဖန် ဣသရေလအမျိုးသားတို့ကို တော၌ စွန့်ပစ်တော်မူသဖြင့်၊ သင်တို့သည်
ဤလူမျိုးအပေါင်းကို ဖျက်ဆီးကြလိမ့်မည်ဟု ဂဒ်အမျိုးသား၊ ရုဗင်အမျိုးသားတို့ အား ပြန်ပြော၏။ 16 ထိုသူတို့သည်၊
အနီးအပါးသို့ချဉ်းကပ်၍၊ ကျွန်တော်တို့သည် ကျွန်တော်တို့ တိရစ္ဆာန်များအဘို့ ဤအရပ်၌ သိုးခြံတို့ကိုငှင်း၊ ကျွန်တော်တို့ သူငယ်များ
အဘို့ မြို့တို့ကိုငှင်း တည်ပါမည်။ 17 သို့ရာတွင် ဣသရေလအမျိုးသားတို့ကို သူတို့ နေရာအရပ်သို့ မပို့မဆောင်မှီတိုင်အောင်၊
ကျွန်တော် တို့သည် လက်နက်ကိုင်လျက် သူတို့ရှေ့မှာ သွားပါမည်။ ဤပြည်၌ ကျန်ကြွင်းသေးသော လူတို့ကြောင့် ကျွန်တော်
တို့သူငယ်များသည် ခိုင်ခံ့သောမြို့၌ နေရပါမည်။ 18 ဣသရေလအမျိုးသားအပေါင်းတို့သည် အမွေခံ ရသောမြေကို
မဝင်စားမှီတိုင်အောင် ကျွန်တော်တို့သည် ကိုယ်အိမ်သို့ မပြန်မလာပါ။ 19 ကျွန်တော်တို့သည် ယော်ဒန်မြစ်တဘက်၌ သူတို့ နှင့်အတူ
အမွေကို မတောင်းမခံပါ။ ကျွန်တော်တို့အမွေ ခံရာမြေသည် ယော်ဒန် မြစ်အရှေ့ဘက်၌ ကျပါသည်ဟု လျှောက် ပြန်ကြ၏။ 20
မောရှေကလည်း၊ သို့ဖြစ်၍ သင်တို့သည် ထာဝရဘုရားရှေ့တော်၌ လက်နက်ကိုင်လျက် စစ်တိုက်သွား လျှင်ငှင်း၊ 21
ထာဝရဘုရားသည် ရန်သူတို့ကို ရှေ့တော်မှ နှင်ထုတ်၍ ထိုပြည်ကို အောင်တော်မမူမှီတိုင်အောင်၊ 22 သင်တို့ရှိသမျှသည်
လက်နက်ကိုင်လျက် ထာဝရ ဘုရားရှေ့တော်၌ ယော်ဒန်မြစ်တဘက်သို့ ကူးသွားလျှင် ငှင်း၊ ထိုနောက်မှ ထာဝရဘုရားရှေ့၊
ဣသရေလအမျိုး သားရှေ့၌ အပြစ်ကင်းလွတ်လျက်၊ ဤပြည်သို့ ပြန်လာ၍ ထာဝရဘုရားအခွင့်နှင့် အမွေခံရကြမည်။ 23
ထိုသို့မပြုလျှင်မူကား၊ သင်တို့သည် ထာဝရ ဘုရားကို ပြစ်မှားခြင်းရှိသည်အတိုင်း၊ ထိုအပြစ်သည် သင်တို့ကို လိုက်၍ မှီလိမ့်မည်။ 24
သူငယ်များအဘို့ မြို့တို့ကိုငှင်း၊ သိုးများအဘို့ သိုးခြံတို့ကိုငှင်း၊ တည်လုပ်ကြလော့။ ယခုပြောသမျှ အတိုင်း ပြုကြလော့ဟုဆိုလျှင်၊ 25
ဂဒ်အမျိုးသားနှင့် ရုဗင်အမျိုးတို့က၊ ကိုယ်တော် ကျွန်တို့သည် သခင်မိန့်တော်မူသည်အတိုင်း ပြုပါ မည်။ 26 ကျွန်တော်တို့
မယားသားသူငယ်များနှင့် သိုးနွား အလုံးစုံတို့သည် ဤအရပ်၊ ဂိလဒ်မြို့တို့၌ နေရစ်ရပါမည်။ 27 ကိုယ်တော် ကျွန်အပေါင်းတို့မူကား၊
သခင် မိန့်တော်မူသည်အတိုင်း၊ လက်နက်ကိုင်လျက် ထာဝရ ဘုရားရှေ့တော်၌ စစ်တိုက်ခြင်းငှါ ကူးသွားပါမည်ဟု
လျှောက်ထားကြ၏။ 28 ထိုအမှုကြောင့်၊ မောရှေသည် ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏သားယောရှု အစရှိသော ဣသရေလ
အမျိုးသား အဆွေအမျိုး သူကြီးများတို့ကို ခေါ်၍၊ 29 ဂဒ်အမျိုးသားနှင့် ရုဗင်အမျိုးသားတို့သည် စစ်တိုက်ခြင်းငှါ
အသီးအသီးလက်နက်ကိုင်လျက် ထာဝရ ဘုရားရှေ့တော်၌ သင်တို့နှင့်အတူ ယော်ဒန်မြစ်တဘက် သို့ ကူးသွား၍၊ သင်တို့သည်
ထိုပြည်ကို အောင်ပြီးလျှင်၊ ထိုအမျိုးသားတို့အား ဂိလဒ်ပြည်ကို အပိုင်ပေးရကြမည်။ 30 သို့မဟုတ် သူတို့သည်လက်နက်ကိုင်လျက်
သင်တို့နှင့်အတူ မကူးမသွားလျှင်၊ ခါနာန်ပြည်၌ သင်တို့ တွင် ကိုယ်ပိုင်ရာမြေကို ခံယူရကြမည်ဟု မှာထားလေ၏။ 31
ဂဒ်အမျိုးသားနှင့် ရုဗင်အမျိုးသားတို့ကလည်း၊ ထာဝရဘုရားသည် ကိုယ်တော် ကျွန်တို့အား မိန့်တော်မူ သည်အတိုင်း၊
ကျွန်တော်တို့သည် ပြုကြပါမည်။ 32 ယော်ဒန်မြစ်အရှေ့ဘက်၌ အမွေခံရပါမည် အကြောင်း၊ ကျွန်တော်တို့သည် လက်နက်ကိုင်လျက်
ထာဝရဘုရားရှေ့တော်၌ ခါနာန်ပြည်သို့ ကူးသွားပါ မည်ဟု ပြန်လျှောက်ကြ၏။ 33 ထိုအခါ မောရှေသည် အာမောရိရှင်ဘုရင် ရှိဟုန်၏

 generated on Sun Jun 30 02:37:40 2024

နိုင်ငံဆိုင်သမျှ၊ ဗာရှန်ရှင်ဘုရင် ဩဃ၏ နိုင်ငံဆိုင်သမျှသောနယ်မြေ မြို့ရွာတို့ကို ဂဒ်အမျိုးသား၊ ရုဗင်အမျိုးသား၊ ယောသပ်၏သား
မနာရှေမှ ဆင်းသက် သော မနာရှေအမျိုးသား တဝက်၌ အပ်ပေးလေ၏။ 34 ဂဒ်အမျိုးသားတို့သည် ဒိဗုန်၊ အတရုတ်၊ အာရော်၊ 35
အာတရုတ်၊ ရှောဖန်၊ ယာဇာ၊ ယုဗ္ဗေဟ၊ 36 ဗက်နိမရာ၊ ဗေသာရန်မြို့များကိုင်၎င်း၊ သိုးခြံများ ကို၎င်း တည်လုပ်ကြ၏။ 37
ရုဗင်အမျိုးသားတို့သည် ဟေရှဘုန်၊ ဧလာလေ၊ ကိရယသိမ်၊ 38 နေဗော၊ ဗာလမောန၊ ရှိဗမမြို့များကို အသစ် သောအမည်ဖြင့်
သမုတ်၍ တည်ကြ၏။ 39 မနာရှေမှ ဆင်းသက်သော မာခိရအမျိုးသား တို့သည်၊ ဂိလဒ်မြို့သို့ သွား၍သိမ်းယူပြီးလျှင်၊ အရင် မြို့သား
အာမောရိလူတို့ကို နှင်ထုတ်ကြ၏။ 40 မောရှေသည် ဂိလဒ်မြို့ကို မနာရှေ၏သား မာခိရအမျိုးသားတို့အား ပေး၍ သူတို့သည်
နေကြ၏။ 41 မနာရှေအမျိုးသား ယာဣရသည်လည်း သွား၍ ဂိလဒ်ရွာများကို သိမ်းယူပြီးမှ၊ ဟာဝုတ်ယာဣရ အမည် ဖြင့်
သမုတ်လေ၏။ 42 နောဗာသည်လည်း သွား၍ ကေနတ်မြို့ရွာတို့ကို သိမ်းယူပြီးမှ၊ မိမိအမည်ဖြင့် နောဗာမြို့ဟု သမုတ် လေ၏။

---

 generated on Sun Jun 30 02:37:40 2024

# Chapter 33

1 မောရှေနှင့် အာရုန်စီရင်၍ အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုးသား အလုံးအရင်းတို့ သည် ခရီးသွားခြင်း
အကြောင်းအရာများကို၊ 2 ထာဝရဘုရား အမိန့်တော်အတိုင်း မောရှေမှတ် သား၍၊ ထိုခရီးသွားခြင်း အကြောင်းအရာပါသော စာရင်း
ဟူမူကား၊ 3 ပဌမလ တဆယ်ငါးရက်နေ့၌ ရာမသက်မြို့မှ ထွက်လာကြ၏။ ပသခါပွဲကို ခံပြီးသောနောက်၊ နက်ဖြန် နေ့၌
ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုလူအပေါင်း တို့ရှေ့မှာ ဝါကြွားသောအခြင်းအရာနှင့် ထွက်လာကြ၏။ 4 အကြောင်းမူကား၊
ထာဝရဘုရား ဒဏ်ခတ် တော်မူသော သားဦးအပေါင်းတို့ကို အဲဂုတ္တုလူတို့သည် သင်္ဂြိုဟ်ရကြ၏။ သူတို့၏ ဘုရားများကိုလည်း၊
ထာဝရ ဘုရားသည် တရားစီရင်တော်မူ၏။ 5 ဣသရေလအမျိုးသားတို့သည် ရာမသက်မြို့မှ ပြောင်း၍ သုကုတ်အရပ်၌
စားခန်းချကြ၏။ 6 သုကုတ်အရပ်မှပြောင်း၍ တောစပ်နား၊ ဧသံမြို့၌ စားခန်းချကြ၏။ 7 ဧသံမြို့မှပြောင်း၍ ဗာလဇေဖုန်မြို့ရှေ့မှာရှိ
သော ပိဟဟိရုတ်မြို့သို့ တဖန်လည်၍ မိဂဒေါလမြို့ရှေ့၌ စားခန်းချကြ၏။ 8 ပိဟဟိရုတ်မြို့မှပြောင်း၍ ပင်လယ်အလယ်၌
ရှောက်သွား သဖြင့် ဧသံတောသို့ ရောက်၍၊ ထိုတောထဲ၌ သုံးရက်ခရီးသွားပြီးလျှင်၊ မာရအရပ်၌ စားခန်းချကြ၏။ 9
မာရအရပ်မှပြောင်း၍ ရေတွင်းဆယ်နှစ်တွင်း နှင့် စွန်ပလွံပင် ခုနစ်ဆယ်ရှိသော ဧလိမ်ရွာသို့ရောက်၍ စားခန်းချကြ၏။ 10
ဧလိမ်ရွာမှပြောင်း၍ ဒေးပင်လယ်နားမှာ စားခန်း ချကြ၏။ 11 ဒေးပင်လယ်မှပြောင်း၍ သိန်တော၌ စားခန်းချ ကြ၏။ 12
သိန်တောမှပြောင်း၍ ဒေါဖကာအရပ်၌ စားခန်းချကြ၏။ 13 ဒေါဖကာအရပ်မှပြောင်း၍ အာလုရှအရပ်၌ စားခန်းချကြ၏။ 14
အာလုရှအရပ်မှပြောင်း၍ လူများသောက်စရာ ရေမရှိသော ရေဖိဒိမ်အရပ်၌ စားခန်းချကြ၏။ 15 ရေဖိဒိမ်အရပ်မှပြောင်း၍
သိနာတော၌ စားခန်းချကြ၏။ 16 သိနာတောမှပြောင်း၍ ကိဗြုတ်ဟတ္တဝါအရပ်၌ စားခန်းချကြ၏။ 17
ကိဗြုတ်ဟတ္တဝါအရပ်မှပြောင်း၍ ဟာဇရုတ် အရပ်၌ စားခန်းချကြ၏။ 18 ဟာဇရုတ်အရပ်မှပြောင်း၍ ရိသမအရပ်၌ စားခန်းချကြ၏။
19 ရိသမအရပ်မှပြောင်း၍ ရိမ္မုန်ဖါရက်၌ စားခန်း ချကြ၏။ 20 ရိမ္မုန်ဖါရက်အရပ်မှပြောင်း၍ လိဗနရွာ၌ စားခန်းချကြ၏။ 21
လိဗနရွာမှပြောင်း၍ ရိဿအရပ်၌ စားခန်း ချကြ၏။ 22 ရိဿအရပ်မှပြောင်း၍ ကေဟလာသအရပ်၌ စားခန်းချကြ၏။ 23
ကေဟလာသအရပ်မှပြောင်း၍ ရှာဖါတောင်၌ စားခန်းချကြ၏။ 24 ရှာဖါတောင်မှပြောင်း၍ ဟာရဒအရပ်၌ စားခန်းချကြ၏။ 25
ဟာရဒအရပ်မှပြောင်း၍ မက္ကလုတ်အရပ်၌ စားခန်းချကြ၏။ 26 မက္ကလုတ်အရပ်မှပြောင်း၍ တာဟတ်အရပ်၌ စားခန်းချကြ၏။ 27
တာဟတ်အရပ်မှပြောင်း၍ တာရအရပ်၌ စားခန်းချကြ၏။ 28 တာရအရပ်မှပြောင်း၍ မိသကာအရပ်၌ စားခန်းချကြ၏။ 29
မိသကာအရပ်မှပြောင်း၍ ဟာရှမောနအရပ်၌ စားခန်းချကြ၏။ 30 ဟာရှမောနအရပ်မှပြောင်း၍ မောသရုတ် အရပ်၌ စားခန်းချကြ၏။
31 မောသရုတ်အရပ်မှပြောင်း၍ ဗယာကန်အရပ် ၌ စားခန်းချကြ၏။ 32 ဗယာကန်အရပ်မှပြောင်း၍ ဟောရဂိဒ်ဂဒ် အရပ်၌
စားခန်းချကြ၏။ 33 ဟောရဂိဒ်ဂဒ်အရပ်မှပြောင်း၍ ယုပ္ဘသအရပ်၌ စားခန်းချကြ၏။ 34 ယုပ္ဘသအရပ်မှပြောင်း၍ ဧဗြောနအရပ်၌
စားခန်းချကြ၏။ 35 ဧဗြောနအရပ်မှပြောင်း၍ ဧဇယုန်ဂါဗာအရပ် ၌ စားခန်းချကြ၏။ 36 ဧဇယုန်ဂါဗာအရပ်မှပြောင်း၍ ဇိနတော၊
ကာဒေရှအရပ်၌ စားခန်းချကြ၏။ 37 ကာဒေရှအရပ်မှပြောင်း၍ ဧဒုံပြည်အနားမှာ ဟောရတောင်၌ စားခန်းချကြ၏။ 38
ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သောနောက်၊ သက္ကရာဇ်လေးဆယ်၊ ပဥ္စမလ ပဌမ နေ့ရက်၌ ထာဝရဘုရား
အမိန့်တော်ရှိသည်တိုင်း၊ ယဇ်ပုရောဟိတ်အာရုန်သည် ဟောရတောင်ပေါ်သို့ တက်၍ အနိစ္စရောက်လေ၏။ 39 အာရုန်သည်
ဟောရတောင်ပေါ်မှာ အနိစ္စ ရောက်သောအခါ၊ အသက် တရာနှစ်ဆယ်သုံးနှစ် ရှိသတည်း။ 40 ခါနာန်ပြည်တောင်ပိုင်း၌နေသော ခါနနိ
ရှင်ဘုရင် အာရဒ်သည် ဣသရေလအမျိုးသား ရောက် ကြောင်းကို ကြားလေ၏။ 41 သူတို့သည် ဟောရတောင်မှပြောင်း၍၊ ဇာလ
မောနအရပ်၌ စားခန်းချကြ၏။ 42 ဇာလမောနအရပ်မှပြောင်း၍ ပုနုန်အရပ်၌ စားခန်းချကြ၏။ 43 ပုနုန်အရပ်မှပြောင်း၍
သြဗုတ်အရပ်၌ စားခန်း ချကြ၏။ 44 သြဗုတ်အရပ်မှပြောင်း၍ ဣဇာဗာရိမ်အရပ်၌ စားခန်းချကြ၏။ 45 ဣဇာဗာရိမ်အရပ်မှပြောင်း၍
ဒိဗုန်ဂဒ်အရပ်၌ စားခန်းချကြ၏။ 46 ဒိဗုန်ဂဒ်အရပ်မှပြောင်း၍ အာလမုန်ဒိဗလ သိမ်အရပ်၌ စားခန်းချကြ၏။ 47
အာလမုန်ဒိဗလသိမ်အရပ်မှပြောင်း၍ နေဗော တောင်ရှေ့တွင် အာဗရိမ်တောင်ရိုး၌ စားခန်းချကြ၏။ 48 အာဗရိမ်တောင်ရိုးမှပြောင်း၍
မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါမြို့တဘက်၌ စားခန်းချ ကြ၏။ 49 ထိုသို့ မောဘလွင်ပြင်၊ ယော်ဒန်မြစ်နားမှာ
ရှင်းရှင်းဖျက်ဆီးကြ၏။ 6 ဟေရှဘုန်ရှင်ဘုရင် ရှိဟုန်ကို ပြုသကဲ့သို့၊ အရပ်ရပ်၌ ယောကျာ်း မိန်းမ သူငယ်တို့ကို သုတ်သင်
ပယ်ရှင်းကြ၏။ 7 တိရစ္ဆာန်များ၊ မြို့ရွာ၌ လက်ရဥစ္စာများ ရှိသမျှ တို့ကို ကိုယ်ဘို့ သိမ်းယူကြ၏။ 8 ထိုအခါ အာနုန်မြစ်မှစ၍
ဟေရမုန်တောင် တိုင်အောင်၊ ယော်ဒန်မြစ်အရှေ့ဘက်၌ ရှိသောမြေကို ငါတို့သည် သိမ်းယူကြ၏။ 9 ဟေရမုန်တောင်ကို
ဇိဒုန်လူတို့သည် စိရုန်ဟူ၍ ငှင်း၊ အာမောရိလူတို့သည် ရှေနိရဟူ၍ငှင်း ခေါ်ဝေါ်ကြ၏။ 10 ချိုင့်၌ ရှိသမျှသောမြို့တို့နှင့် ဂိလဒ်ပြည်
တရှောက်လုံး၊ ဩဃမင်း၏ နိုင်ငံအဝင်၊ သာလကမြို့၊ ဧဒြေမြို့တိုင်အောင် ဗာရှန်ပြည်တရှောက်လုံးကို သိမ်းယူ ကြ၏။ 11
အလွန်ကြီးမားသော လူမျိုးမှ ဆင်းသက်သော ဗာရှန်ရှင်ဘုရင် ဩဃတယောက်တည်းသာ ကျန်ကြွင်း ၏။ လူအတောင်အားဖြင့်
အလျားကိုးတောင်၊ အနံလေး တောင်ရှိသော သူ၏ သံခုတင်သည် အမ္မုန်ပြည် ရဗ္ဗတ်မြို့ ၌ ရှိသည်မဟုတ်လော။ 12 ထိုအခါ
ငါတို့သိမ်းယူသောမြေကို၊ အာနုန်မြစ် နားတွင်ရှိသော အာရောဲမြို့မှစ၍ ဂိလဒ်တောင် တဝက် တိုင်အောင်၊ မြို့များနှင့်တကွ
ရုဗင်အမျိုးသား၊ ဂဒ်အမျိုး သားတို့အား ငါပေး၏။ 13 ဂိလဒ်တောင်တဝက်နှင့် ဩဃမင်းအစိုးရသော နိုင်ငံအဝင်၊ အလွန်ကြီးမားသော
လူမျိုးနေရာဟူ၍ ခေါ်ဝေါ်သော အာဂေါဘတိုင်း၊ ဗာရှန်ပြည်တပြည် လုံးကို မနာရှေအမျိုးသားတဝက်အား ငါပေး၏။ 14
မနာရှေအမျိုးသား ယာဣရသည်၊ အာဂေါဘ တိုင်း တတိုင်းလုံးကို ဂေရှုရရွာ၊ မာခါရွာအထိ သိမ်းယူ ပြီးမှ၊ ယနေ့တိုင်အောင်
မိမိအမည်ကို လိုက်၍ ဗာရှန် ဟာဝုတ်ယာဣရပြည်ဟု သမုတ်လေ၏။ 15 ဂိလဒ်မြို့ကိုကား၊ မာခိရအမျိုးသားတို့အား ငါပေး၏။ 16
ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသားတို့အားလည်း၊ ဂိလဒ်မြို့မှ အာနုန်မြစ်တိုင်အောင်၊ မြစ်ကွေ့သော မြေနှင့် တကွ၊
အမ္မုန်ပြည်အပိုင်းအခြားဖြစ်သော ယဗ္ဗုတ်မြစ် တိုင်အောင် မြေတရှောက်လုံးကိုငှင်း၊ 17 လွင်ပြင်နှင့်တကွ ယော်ဒန်မြစ်နား၊
ဂနေသရက် အရပ်မှ လွင်ပြင်နှင့်ဆိုင်သော သောဒုံအိုင်အရှေ့၊ အာဇုတ်ဝိသဂါမြို့တိုင်အောင်၊ မြေတရှောက်လုံးကိုငှင်း ငါပေး၏။ 18
ထိုအခါ ငါက၊ သင်တို့၏ဘုရားသခင် ထာဝရ ဘုရားသည် ဤမြေကို သင်တို့အား အပိုင်ပေးတော်မူပြီ။ သို့ရာတွင် စစ်တိုက်တတ်သော
သူအပေါင်းတို့သည် လက်နက်ကိုကိုင်၍၊ သင်တို့ညီအစ်ကို ဣသရေလအမျိုး သားတို့ရှေ့မှာ ကူးသွားရကြမည်။ 19
ထာဝရဘုရားသည် သင်တို့အား ချမ်းသာပေး တော်မူသည်နည်းတူ၊ ညီအစ်ကိုတို့အား ပေးတော်မမူမှီတိုင်အောင် ငှင်း၊
ယော်ဒန်မြစ်တဘက်၌ သင်တို့၏ ဘုရား သခင် ထာဝရဘုရားပေးတော်မူသောမြေကို သူတို့သည် မသိမ်းမယူမှီတိုင်အောင်ငှင်း၊
သင်တို့မယား၊ သားသူငယ် များ၊ တိရစ္ဆာန်များတို့သည် ငါပေးသောမြို့တို့၌ နေရကြ မည်။ 20 သင်တို့တွင် တိရစ္ဆာန်များစွာရှိသည်ကို
ငါသိ၏။ အမှုပြီးမှငါပေးနှင့်သည့်အ တိုင်း၊ သင်တို့ရှိသမျှသည် အသီးအသီး ပိုင်ထိုက်သောမြေသို့ ပြန်လာရကြမည်ဟု သင်တို့အား
ငါမှာထား၏။ 21 ထိုအခါ ယောရှုကိုလည်း၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် ဤရှင်နှစ်ပါး၌ ပြုတော်မူသောအမှု အလုံးစုံကို
သင်သည် ကိုယ်တိုင်မြင်ရပြီ။ ထိုအတူ၊ ထာဝရဘုရားသည် သင်ရောက်သမျှသော တိုင်းနိုင်ငံတို့၌ ပြုတော်မူလိမ့်မည်။ 22 ထိုသူတို့ကို
မကြောက်နှင့်။ ငါ၏ဘုရားသခင် ထာဝရဘုရားသည် သင့်ဘက်၌ စစ်ကူတော်မူမည်ဟု ငါမှာထားလေ၏။ 23 ထိုအခါ ထာဝရဘုရားကို
ငါတောင်းပန်သည် ကား၊ 24 အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ကိုယ် တော်ကျွန်အား တန်ခိုးအာနုဘော်တော်ကိုငှင်း၊ အားကြီး
သော လက်တော်ကိုငှင်း ပြစပြုတော်မူပြီ။ ကိုယ်တော် စီရင်၍ တန်ခိုးတော်ကို ပြသည်အတိုင်း၊ ကောင်းကင် မြေကြီးပေါ်မှာ
အဘယ်မည်သော ဘုရားပြုနိုင်ပါ သနည်း။ 25 အကျွန်ုပ်သည် ယော်ဒန်မြစ်တဘက်သို့ကူး၍၊ ထိုကောင်းမွန်သောပြည်နှင့်
လေဗနုန်တောင်မှစ၍ တင့်တယ်သော တောင်များကို မြင်ရမည်အကြောင်း အခွင့်ပေးတော်မူပါဟု တောင်းပန်သော်လည်း၊ 26
ထာဝရဘုရားသည် သင်တို့အတွက် ငါ့ကို အမျက်ထွက်တော်မူသောကြောင့်၊ ငါ့စကားကို နား ထောင်တော်မမူ။ ထာဝရဘုရားကလည်း၊
တန်တော့၊ ဤအမှုနှင့်ဆိုင်သော စကားကို နောက်တဖန် မလျှောက် နှင့်။ 27 ပိသဂါတောင်ထိပ်ပေါ်သို့ တက်ပြီးလျှင်၊ အရှေ့၊ အနောက်၊
တောင်၊ မြောက် လေးမျက်နှာသို့မြော်၍ ထိုပြည်ကို ကြည့်ရှုလော့။ ယော်ဒန်မြစ်ကို မကူးရ။ 28 သို့ရာတွင် ယောရှုကိုမှာခဲ့၍
အားပေးလော့။ မစထောက်ပင့်လော့။ သူသည် ဤလူမျိုးရှေ့မှာသွား၍၊ သင်မြင်ရသောပြည်ကို အမွေခံစေရမည်ဟု ငါ့အား
မိန့်တော်မူ၏။ 29 ထိုသို့ ငါတို့သည် ဗက်ပေဂုရမြို့တဘက်၌ ရှိသော ချိုင့်တွင် နေရကြ၏။


generated on Sun Jun 30 02:37:40 2024

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည်လူမျိုးများအား ပြီးခဲ့သည့်အချိန်တွင် ဖြစ်ပျက်ခဲ့ရသည့် အရာများကို ပြန်လည်သတိရစေသည်။

ဩဃ .... ရှိဟုန်
၎င်းတို့သည် ရှင်ဘုရင်နာမည်များဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ထာဝရဘုရားကလည်း၊ သူ့ကိုမကြောက်နှင့်။ သူနှင့်တကွ သူ၏ လူအပေါင်းတို့ကိုငင်း၊ သူ့မြေကိုငင်း၊ သင့်လက်၌ ငါအပ်ပေးမည်။ ဟေရှဘုန်မြို့နေ အာမောရိ ရှင်ဘုရင် ရှိဟုန်ကို ပြုသကဲ့သို့ ဤမင်းကိုလည်း ပြုရမည်။
ထာဝရဘုရားသည် မောရှေအား အမိန့်ပေးစကားများဖြစ်သော"မကြောက်နှင့်" နှင့် "သင်"နှင့်"သင်၏" ဟူသော ဖြစ်စဉ်များသည်ဣသရေလလူမျိုးအားလုံးနှင့်သက်ဆိုင်ပါသည်။

သူ့ကိုမကြောက်နှင့်။ သူနှင့်တကွ သူ၏ လူအပေါင်းတို့ကိုငင်း၊ သူ့မြေကိုငင်း
ဤတွင် "သူ့ကို" နှင့် "သူ၏"ဟူသောစကားလုံးတို့သည် ဩဃကိုဆိုလိုပါသည်။

သင့်လက်၌ ငါအပ်ပေးမည်။
ထာဝရဘုရားသည် သူလုပ်ဆောင်မည့် အရာများကို ပြောပြသည်။

ရှိဟုန်ကို ပြုသကဲ့သို့ ဤမင်းကိုလည်း ပြုရ မည်။
"ဤမင်းကိုလည်း" ဟူသည့် စကားလုံးသည် "ရှိဟုန်၏လူများ" အတွက်ဥပမာစကားလုံးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ရှိဟုန်ကိုပြုသကဲ့သို့ သူနှင့် သူ့လူများကိုဖျက်ဆီးရမည်"

Deuteronomy 03

သူ၏လူအပေါင်းတို့ကို ငါတို့လက်၌ အပ်တော်မူသဖြင့်
၎င်းကို ကတ္တားဝါကျဖြင့် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဩဃလူမျိုးအားလုံးကိုငါတို့ထိန်းချုပ်မှုအောက်၌ထားပါသည်။"

တယောက်မျှ မကြွင်း စေခြင်းငှါ
၎င်းသည် ဣသရေလလူမျိုးတို့က ရန်သူတစ်စုံတစ်ယောက်မျှအသက်ရှင်ခွင့်မပေးကြောင်းကို အသားပေးသုံးနှုန်းခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ လူမျိုးအားလုံး သေဆုံးသည်။"

မြို့ခြောက်ဆယ်
"မြို့ ၆၀"

အာဂေါဘတိုင်း
၎င်းသည် ဗာရှန်နှင့်အတူရှိသော ဒေသတစ်ခု၏ နာမည်ဖြစ်သည်။

Deuteronomy 05

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သည့်အချိန်တွင် ဖြစ်ပျက်ခဲ့ရသည့် အရာများကို ပြန်လည်သတိရစေသည်။

ထိုမြို့ရှိသမျှတို့သည်ခိုင်ခံ့သော မြို့ဖြစ်သတည်း။
"မြို့ ၆၀တို့သည်ကောင်းစွာ ကာကွယ်ခံရသောမြို့များဖြစ်ကြသည်။"

ရှိဟုန်
၎င်းသည် ရှင်ဘုရင်တစ်ပါး၏ နာမည်ဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ဟေရှဘုန်
၎င်းသည် မြို့တစ်မြို့၏နာမည်ဖြစ်သည်။ 1:3

အရပ်ရပ်၌ သုတ်သင် ပယ်ရှင်းကြ၏။
"မြို့ရွာတိုင်းရှိ နေထိုင်သူအားလုံးကို သတ်ဖြတ်ကြသည်။"

Deuteronomy 08

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောဆိုသည်။

အာမောရိ... ဗာရှန်....ဧဒြေ....ဩဃ
"အာမောရိလူမျိုး... ဗာရှန်ပြည်ဒေသ၊ ဧဒြေမြို့ ... ဩဃမင်း" 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ယော်ဒန်မြစ်ကမ်း
ဤနေရာသည် ဣသရေလနိုင်ငံအရှေ့ပိုင်းရှိယော်ဒန်မြစ်ကမ်းကိုဆိုလိုသည်။
မောရှေသည်ဤစကားပြောနေချိန်တွင်ယော်ဒန်အရှေ့ဘက်တွင်ရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယော်ဒန်မြစ်အရှေ့ဘက်" 1:1 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ဟေရမုန်တောင်...စိရုန်...ရှေနိ
၎င်းတို့သည် ဗာရှန်ဒေသမြောက်ပိုင်းရှိ အတူတူဖြစ်သောတောင်များ၏ အမည်များဖြစ်သည်။

ချိုင့်၌ ရှိသမျှသော
၎င်းသည် အာနုန်မြစ်နှင့် ဂိလဒ်တောင်ကြားဒေသဖြစ်သည်။

သာလကမြို့
၎င်းသည် ဧဒြေမြို့နားမှာရှိသော မြို့တစ်မြို့၏နာမည်ဖြစ်သည်။

Deuteronomy 11

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောဆိုသည်။

အလွန်ကြီးမားသော လူမျိုးမှ ဆင်းသက်သော ....လူအတောင်အားဖြင့်
၎င်းသည် ဩဃရှင်ဘုရင်၏ နောက်ခံအကြောင်းအရာများကို ပြောပြခြင်း ဖြစ်သည်။

ကြည့်
"အရေးကြီး အချက်တွေပြောတော့မယ်။ အာရုံစူးစိုက်မှု ရှိကြပါ။"

ရဗ္ဗတ်မြို့ ၌ ရှိသည်မဟုတ်လော။
စာရေးသူသည် ဣသရေလလူမျိုးများသည် ရဗ္ဗတ်မြို့သို့သွား၍ ဩဃရှင်ဘုရင်ဘယ်မျှကြီးမားကြောင်းသွားကြည့်ရန်မေးခွန်းစကားလုံးဖြစ်ပြန်လည်သတိရစေသည်။ အဖြေမလိုသော မေးခွန်းကို အဆိုဝါကျဖြင့် ပြန်ဆိုနိုင်သည်။ ဖြစ်နိုင်သည့် အဓိပ္ပါယ်များ

တောင်
တစ်တောင်သည် ၄၆ စင်တီမီတာရှိသည်။

လူအတောင်အားဖြင့်
"လူအများသုံးသော အတိုင်းအတာ"

Deuteronomy 12

ယေဘုယျ အချက်အလက်
မောရှေသည် သူ့လူမျိုးများအားပြီးခဲ့သည်အချိန်များ၌ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ပြန်လည် သတိရစေသည်။

အာနန်မြစ်နား
2:24 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အာဂေါဘတိုင်း
3:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အလွန်ကြီးမားသော လူမျိုးနေရာဟူ၍ ခေါ်ဝေါ်သော
စာရေးသူသည် ဣသရေလလူမျိုးများဖမ်းဆီးခံရသော နယ်မြေအကြောင်းကို လက်ရှိအခြေအနေအရ တင်ပြခြင်းဖြစ်ပါသည်။ ဤတွင် နောက်ခံအကြောင်းအရာများကို ဖော်ပြခြင်း စကားအသုံးအနှုန်းများ သုံးနှုန်းထားပါသည်။

အလွန်ကြီးမားသောလူမျိုး
2:10 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 14

ယေဘုယျအချက်အလက်
ဣသရေလလူမျိုးများကို ဖမ်းဆီးသော နယ်မြေအကြောင်းကို ဖော်ပြထားပါသည်။

ယာဣရ
၎င်းသည် လူတစ်ယောက်၏ နာမည်ဖြစ်သည်။

ဂေရှုရရွာ နှင့် မာခါရွာ
၎င်းလူစုတို့သည် ဗာရှန်အရှေ့ဘက်တွင် ရှိသော လူမျိုးများဖြစ်သည်။

ဟာဝုတ်ယာဣရပြည်
ဘာသာပြန်ဆိုသူသည် ရှင်းလင်းချက်အားဖြင့် ပြောဆိုသည်မှာ "ဟာဝုတ်ယာဣရ" အမည်သည် "ယာဣရတဲရွာများ" သို့မဟုတ် "ယာဣရနယ်ပယ်" ဟုအဓိပ္ပါယ်ရှိသည်။

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောဆိုသည်။

ငါပေး၏။
ဤတွင် "ငါ" ဆိုသည့် စကားလုံးသည် မောရှေကိုရည်ညွှန်းသည်။

မာခိရအမျိုးသားတို့အား
မာခိရသည် မနာရှေ၏ သားဖြစ်သည်။ သူသည် မောရှေကထိုပြည် မပေးခင်အချိန်တွင် သေဆုံးသည်။ မာခိရ၏ သားစဉ်မြေးဆက်အကြောင်းကို ဥပမာပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မာခိရအမျိုးသားတို့၏ သားစဉ်မြေးဆက်များအား"

အာနုန်ချိုင့်ဝှမ်း
၎င်းသည် အာနုန်မြစ်ဝှမ်းဒေသ၏ နာမည်ဖြစ်သည်။ ယင်းသည် မောဘနှင့်အာမောရိအကြား နယ်နိမိတ်ဒေသမှစတင်သည်။ 2:24 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ယဗ္ဗုတ်မြစ်
၎င်းသည် ရှိဟုန်ဒေသနှင့်အာမောရိဒေသအကြားတွင် စီးဆင်းသောမြစ်၏ နာမည်ဖြစ်သည်။ 2:36 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောဆိုသည်။

လွင်ပြင်နှင့်တကွ
"ရုဗင်လူမျိုးနှင့် ဂဒ်အမျိုးတို့၏ နယ်မြေ အနောက်ပိုင်းနယ်နိမိတ်"

ဂနေသရက်
"ဂနေသရက် ပင်လယ်"။ ၎င်းသည် "ဂါလိလဲပင်လယ်" သို့မဟုတ် "ဂနေသရက်နယ်" နှင့် နေရာအတူတူဖြစ်သည်။

ပိသဂါတောင်
၎င်းသည်သောဒုံအိုင်အရှေ့တွင်ရှိပြီး၊ အာဗရိမ် တောင်စဉ်တောင်တန်းမြောက်ပိုင်းဒေသ၏ နာမည်ဖြစ်သည်။

## Deuteronomy 18

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ဆက်လက်ပြောကြားပါသည်။

ထိုအခါ ငါက၊ သင်တို့၏ဘုရားသခင် ထာဝရ ဘုရားသည် ဤမြေကို
သင်တို့အား အပိုင်ပေးတော်မူပြီ။
မောရှေသည် ရုဗင်အမျိုး၊ ဂဒ်အမျိုးနှင့်
မနာရှေအမျိုးတစ်ဝက်တို့အား အခြားသိမ်းပိုက်ခြင်းခံ
ဣသရေလလူမျိုးတို့ကို
ကတိပြုရာနယ်မြေရောက်အောင်ကူညီပေးရန် သတိပေးသည်။

ဣသရေလအမျိုး သားတို့ရှေ့မှာ ကူးသွားရကြမည်။
"သင်တို့ တန်ဆာပလာများကို ယူ၍ယော်ဒန်မြစ်တဖက်သို့ကူး၍
သွားကြစို့။"

သင်တို့ညီအစ်ကို ဣသရေလအမျိုး သားတို့
"သင်၏ အဘော်အဖက်ဣသရေလလူမျိုးများ"

## Deuteronomy 19

ယေဘုယျအချက်အလက်
မောရှေသည် ရုဗင်အမျိုး၊ ဂဒ်အမျိုးနှင့်
မနာရှေအမျိုးတစ်ဝက်တို့အား ဆက်လက်ပြောကြားသည်။

ထာဝရဘုရားသည်သင်တို့အား ချမ်းသာပေး တော်မူသည်နည်းတူ၊
ညီအစ်ကိုတို့အား
စာရေးသူသည် ဘုရားပေးသော ခန္ဓာကိုယ်၏
လိုအပ်ချက်တစ်ခုအဖြစ် ပြောကြားသည်။ "ချမ်းသာခွင့်ပေး"
ဟူသောစကားလုံးသည် ငြိမ်းချမ်းပြီးရန်ပြုခြင်း
မရှိသောအသက်တာကိုဥပမာပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
သင်၏ညီအစ်ကိုများကိုချမ်းသာခွင့်ပေးရန်" သို့မဟုတ်
"ထာဝရဘုရားသည် သင်၏ ညီအစ်ကိုများ ရန်ပြုခြင်းကို
ရပ်တန့်ပြီး ငြိမ်းချမ်းစွာ နေထိုင်ရန် ခွင့်ပြုသည်"

ယော်ဒန်မြစ်တဘက်၌
၎င်းသည် ဣသရေလပြည်အရှေ့ဖက်မှာရှိသော
ယော်ဒန်မြစ်တစ်ဖက်ကို ရည်ညွှန်းသည်။ မောရှေသည်
ဤစကားကိုယော်ဒန်မြစ် အရှေ့ဘက်တွင် နေချိန်၌
ပြောဆိုခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
ယော်ဒန်မြစ်၏အရှေ့ပိုင်း" 1:1 ၌ ဘာသာပြန်သည့်အတိုင်း
ပြန်ဆိုနိုင်သည်။

ပြန်လာရကြမည်ဟု
မောရှေသည် ထာဝရဘုရား ဖော်ပြသောကတိတော်နယ်မြေ၌
ချမ်းသာစွာ နေထိုင်သွားရန် ထာဝရဘုရားသည်
ခွင့်ပြုခဲ့သည့်အကြောင်း အလေးထားဖော်ပြထားပါသည်။
"သို့မှသာ သင်တို့ ပြန်လာရမည်။"

## Deuteronomy 21

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သောအချိန်များကို
ပြန်လည် သတိရစေသည်။

## Deuteronomy 23

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သောအချိန်များကို
ပြန်လည်သတိရစေသည်။

ငါတောင်းပန်သည် ကား
ဤတွင် "ငါ" သည်မောရှေကို ရည်ညွှန်းသည်။
၎င်းသည်ထာဝရဘုရားက အလွန်လေးနက်သော
စိတ်ခံစားမှုနှင့်မေးမြန်းခြင်းကို ဆိုလိုသည်။

ကိုယ်တော်သည် ကိုယ် တော်ကျွန်အား တန်ခိုးအာနုဘော် တော်ကိုင၎်း၊
အားကြီး သော လက်တော်ကိုင၎်း ပြစပြုတော်မူပြီ။
ဤတွင် "ကိုယ်တော်၏ ကျွန်" ဟူသည်ဘုန်းတန်ခိုးကြီးမား
သောသူတစ်ယောက်ထံသို့ယဉ်ကျေးသိမ်မွေ့စွာပြောဆိုသောစကားဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ကျွန်ကို ငါအား
ပြတော်မူပါ။"

အားကြီး သော လက်တော်
ဤတွင် "လက်တော်" သည် ထိန်းချုပ်သည် သို့မဟုတ်"တန်ခိုးဖြင့်
မောင်းနှင်သည်"ဟု အဓိပ္ပါယ်ရှိပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဘုန်းတန်ခိုး"

အဘယ်မည်သော ဘုရားပြုနိုင်ပါ သနည်း။
မောရှေက ထာဝရဘုရားသည် တစ်ဆူတည်းသောဘုရားဖြစ်၍
ဘုန်းတန်ခိုးတော်အားဖြင့်
သူအလုပ်ပြီးမြောက်ခဲ့သည့်အကြောင်းကို မေးခွန်းအားဖြင့်
အလေးထားဖော်ပြထားပါသည်။ ဤစကားပြောအတတ်နှင့်
ဆိုင်သောမေးခွန်းကို ဖော်ပြချက်ကဲ့သို့ ဘာသာပြန်ဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောဘုရားမရှိပါ" …
ပြုနိုင်သူ"

ကောင်းကင် မြေကြီးပေါ်မှာ
ဤထူးကဲသောအရာနှစ်ခုသည် "ဘယ်နေရာမဆို"
ဟုအဓိပ္ပါယ်ရသည်။

ယော်ဒန်မြစ်တဘက်သို့ကူး၍
"ယော်ဒန်မြစ်အနောက်ဘက်ကမ်း။" မောရှေသည် ထာဝရ
ဘုရားအား ဤစကားပြောနေချိန်တွင် မောဘပြည်မှာရှိသော
ယော်ဒန်မြစ်၏ အရှေ့ပိုင်းတွင်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Deuteronomy 26

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သောအချိန်များတွင် ဖြစ်ပျက်ခဲ့သည့် အရာများကို ဆက်လက်ပြောကြားသည်။

ထာဝရဘုရားသည် သင်တို့အတွက် ငါ့ကို အမျက်ထွက်တော်မူသောကြောင့်
၎င်းသည် မောရှေသည် ဣသရေလလူမျိုးများအားစိတ်ဆိုးသဖြင့်ထာဝရဘုရားပြောသောစကားကို နာခံသည့်အချိန်ကို ရည်ညွှန်းပါသည်။ 1:37 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ပိသဂါတောင်ထိပ်
3:17 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။.

ကြည့်ရှုလော့။
" ကြည့်ရှုလော့" ဟူသော စကားလုံးများသည်စကားအသုံးအနှုန်းဖြစ်၍ "ကြည့်သည်"ဟု ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြည့်"

Deuteronomy 28

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် မောရှေထံသို့ ဆက်လက်ပြောကြားသည်။

ဗက်ပေဂုရမြို့
၎င်းသည် ပိသဂါတောင်အနီးရှိ မောဘပြည်ရှိ မြို့တစ်မြို့၏ အမည်ဖြစ်သည်။

---

## Translation Questions

Deuteronomy 3:1

ဣသရေလလူတို့သည် ဗာရှန်ပြည်ကို ချဉ်းကပ်လာသောအခါ ဩဃသည် မည်သို့လုပ်သနည်း။
ဗာရှန်လမ်းတွင် ဗာရှန်ဘုရင်နှင့် သူ၏လူတို့သည် ဣသရေလလူမျိုးတို့ကို စစ်တိုက်ခိုက်ခဲ့သည်။

Deuteronomy 3:3

ဗာရှန်ဘုရင်နှင့် သူ၏လူတို့ကို ဣသရေလလူတို့သည် မည်သို့ပြုသနည်း။
သူတို့၏မြို့များနှင့် ဗာရှန်ဘုရင်နှင့် သူ၏ လူများတို့သည်တစ်ယောက်မျှမကျန်အောင် အသေသတ်ခြင်း ခံခဲ့သည်။

Deuteronomy 3:5

မြို့ရွာများနှင့် တိရစ္ဆာန်များကို ဣသရေလလူတို့သည် မည်သို့လုပ်သနည်း။
မြို့ရွာများနှင့် တိရစ္ဆာန်များကို ဣသရေလလူတို့သည် ကိုယ်အဘို့ သိမ်းယူကြသည်။

Deuteronomy 3:12

သူတို့၏ ပိုင်ဆိုင်မှုအရာ အားလုံးကို မောရှေသည် မည်သူတို့ကို ပေးခဲ့သနည်း။
၎င်းကို ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား နှင့်မနာရှေအမျိုးသားတစ်ဝက် တို့ကို ပေးခဲ့သည်။

Deuteronomy 3:18

မောရှေသည် ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား နှင့်မနာရှေအမျိုးသားတစ်ဝက် စစ်တိုက်သောသူအပေါင်းတို့ကိုမည်သို့ မိန့်မှာခဲ့သနည်း။
သင်တို့သည် ဣသရေလ အမျိုးသားတို့ ရှေ့၌ လက်နက်အသုံးပြု၍ ကူးသွားရမည်ဟု မောရှေမိန့်မှာခဲ့သည်။

Deuteronomy 3:19

ရုဗင်အမျိုးသားနှင့် ဂဒ်အမျိုးသားနှင့် မနာရှေအမျိုးသားတစ်ဝက်တို့သည် သူတို့၏ ပစ္စည်းဥစ္စာကို မည်သည့်အချိန်တွင် ရရှိနိုင်မည်နည်း။
မြေကို သိမ်းယူသည့်တိုင်အောင် ထာဝရဘုရားသည် သူတို့၏ ညီအကိုတို့ ကြွင်းသောအရာကို ပေးပြီးမှသာလျှင် သူတို့သည် ပြန်လာနိုင်မည်ဟု ထာဝရဘုရား ပြော၏။

Deuteronomy 3:21

မောရှေသည် ယောရှုကို မလုပ်ဖို့ရန် မည်သို့ အားပေးခဲ့သနည်း။
ရန်သူကို မကြောက်နှင့်။ ငါ၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ဘက်၌ စစ်ကူတော်မူမည်ဟု ငါမှာထားလေ၏။

Deuteronomy 3:23

မောရှေသည် မည်သည့်နေရာ၌ သွား၍ ကြည့်မြင်ရမည်အကြောင်း တောင်းဆိုသနည်း။
ယော်ဒန်မြစ်တဘက်သို့ကူး၍၊ ထိုကောင်းမွန်သောပြည်နှင့် လေဗနုန်တောင်မှစ၍ တင့်တယ်သော တောင်များကို မြင်ရမည်အကြောင်း အခွင့်ပေးတော်မူပါဟု တောင်းပန်သည်။

Deuteronomy 3:26

ထာဝရဘုရားသည် မောရှေအား ပြည်ကို ကြည့်ဖို့ရန် မည်သို့ မိန့်ဆိုခဲ့သနည်း။
ပိသဂါတောင်ထိပ်ပေါ်သို့ တက်ပြီးလျှင်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာသို့မျော်၍ ထိုပြည်ကို ကြည့်ရှုလော့။ ယော်ဒန်မြစ်ကို မကူးရ။

Deuteronomy 3:28

ထာဝရဘုရားသည် မောရှေကို ယောရှုအား မည်သို့ပြုရန် ပြောသနည်း။

ယောရှုကိုမှာခဲ့၍ အားပေးလော့။ မစထောက်ပင့်လော့။ သူသည် ဤလူမျိုးရှေ့မှာသွား၍၊ သင်မြင်ရသောပြည်ကို အမွေခံစေရမည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 4

[1] အိုဣသရေလအမျိုးသားတို့၊ သင်တို့သည် အသက်ရှင်၍၊ သင်တို့ဘိုးဘေးကိုးကွယ်သော ဘုရား သခင်
ထာဝရဘုရားပေးတော်မူသော ပြည်ကို ဝင်စား မည်အကြောင်း၊ သင်တို့ကျင့်စရာဘို့ ငါသွန်သင်သော စီရင်ထုံးဖွဲ့ချက်တို့ကို
နားထောင်ကြလော့။ [2] ငါမှာထားသောစကား၌ သင်တို့သည် အသစ် မသွင်းရ။ အလျှင်းမနုတ်မပယ်ရ။ ငါမှာထားသည် အတိုင်း၊
သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို စောင့်ရှောက်ရကြမည်။ [3] ထာဝရဘုရားသည် ဗာလပေဂုရကြောင့် ပြု
တော်မူသောအမှုကို သင်တို့သည် ကိုယ်တိုင်မြင်ရကြပြီ။ ဗာလပေဂုရ၌ ဆည်းကပ်သော သူအပေါင်းတို့ကို သင်တို့ ၏ ဘုရားသခင်
ထာဝရဘုရားသည် သင်တို့အထဲက သုတ်သင်ပယ်ရှင်းတော်မူပြီ။ [4] သင်တို့ဘုရားသခင် ထာဝရဘုရား၌ မှီဝဲသမျှ သော သင်တို့မူကား၊
ယနေ့တိုင်အောင် အသက်ရှင် ရကြ၏။ [5] သင်တို့သည် သွား၍ ဝင်စားသောပြည်၌ ကျင့်စရာဘို့၊ ငါ၏ဘုရားသခင် ထာဝရဘုရား
မှာထား တော်မူသည်အတိုင်း၊ စီရင်ထုံးဖွဲ့တော်မူချက်တို့ကို သင်တို့ အား ငါသွန်သင်ပြီ။ [6] သို့ဖြစ်၍ ထိုပညတ်တရားတို့ကို ကျင့်စောင့်
ကြလော့။ သို့ပြုလျှင်၊ ထိုပညတ်တရား ရှိသမျှတို့ကို ကြားရသော လူမျိုးများရှေ့မှာ၊ သင်တို့၏ ဥာဏ်ပညာ သည် ထင်ရှားလိမ့်မည်။
သူတို့ကလည်း၊ ဤကြီးမြတ်သော လူမျိုးသည် အကယ်စင်စစ် ဥာဏ်ပညာနှင့် ပြည့်စုံသော အမျိုးဖြစ်၏ဟု ဆိုကြလိမ့်မည်။ [7]
ငါတို့သည် ဆုတောင်းလေရာရာ၌၊ ငါတို့ဘုရား သခင် ထာဝရဘုရား ကြည့်ရှုပြုစုတော်မူခြင်း ကျေးဇူးကို ခံရသည်နည်းတူ၊
အခြားသောဘုရား ကြည့်ရှုပြုစုသော ကျေးဇူးကို အဘယ်မည်သော လူမျိုးကြီး ခံရသနည်း။ [8] ငါသည် ယနေ့ သင်တို့၌ထားသော
တရား အပေါင်းနှင့်အမျှ ဖြောင့်မတ်သော စီရင်ထုံးဖွဲ့ချက်တို့ကို ရသော အဘယ်လူမျိုးကြီး ရှိသနည်း။ [9] သင်တို့သည်၊
ဟောရပ်အရပ်မှာ သင်တို့၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ရပ်နေကြသော အခါ၊ ကိုယ်တိုင်မြင်သော အမှုအရာတို့ကို
မမေ့မလျော့။ နောက်တသက်လုံး နှလုံးသွင်းနိုင်မည်အကြောင်း ကိုယ်ကို ကိုယ်သတိပြုကြလော့။ ကိုယ်စိတ်နှလုံးကို ကြိုးစား၍
စောင့်ရှောက်ကြလော့။ ထိုအရာတို့ကို သားမြေးတို့အားလည်း သွန်သင်ကြလော့။ [10] ထိုအခါ ထာဝရဘုရားက၊ လူများတို့ကို ငါ့ထံမှာ
စုဝေးစေလော့။ သူတို့သည် မြေကြီးပေါ်မှာ အသက်ရှင် သမျှသော ကာလပတ်လုံး ငါ့ကို ကြောက်ရွံ့၍ သားမြေး တို့အား
သွန်သင်စေခြင်းငှာ။ ငါ့စကားကို ကြားစေမည်ဟု ငါ့အား မိန့်တော်မူသည်အတိုင်း၊ [11] သင်တို့သည် အနီးတော်သို့ ချဉ်းကပ်၍၊
တောင်ခြေရင်း၌ ရပ်နေကြ၏။ တောင်ထိပ်သည် မိုဃ်းကောင်းကင်အလယ်၌ မီးလောင်လျက်၊ မည်းသော အဆင်း၊ မိုဃ်းတိမ်တိုက်၊
ထူထပ်သော မှောင်မိုက်နှင့် ပြည့်စုံလေ၏။ [12] ထာဝရဘုရားသည်လည်း၊ မီးထဲက သင်တို့အား မိန့်မြွက်တော်မူ၏။ သင်တို့သည်
သဏ္ဍာန်တော်ကို မမြင်ရဘဲ၊ စကားတော်အသံကိုသာ ကြားရကြ၏။ [13] သင်တို့ကျင့်စရာဘို့ မှာထားတော်မူသော ပဋိ
ညာဉ်တရားတည်းဟူသော ပညတ်တော်ဆယ်ပါးတို့ကို မိန့်မြွက်၍ ကျောက်ပြားနှစ်ပြားပေါ်၌ ရေးထားတော်မူ ၏။ [14] သင်တို့သည်
သွား၍ ဝင်စားသောပြည်၌ သင်တို့အား ငါသွန်သင်ရသော စီရင်ထုံးဖွဲ့ ချက်တို့ကို လည်း၊ ထိုအခါ ထာဝရဘုရားသည် ငါ့အား မှာထား
တော်မူ၏။ [15] ဟောရပ်အရပ်၌ ထာဝရဘုရားသည် မီးထဲက သင်တို့အား မိန့်မြွက်တော်မူသောအခါ၊ မည်သည့်
အဆင်းသဏ္ဍာန်ကိုမျှ မမြင်ရသည်ဖြစ်၍၊ [16] နောက်တဖန် သင်တို့သည် လူယောက်ျား၊ လူမိန်းမသဏ္ဍာန်၊ [17] မြေကြီးပေါ်မှာရှိသော
တိရစ္ဆာန်သဏ္ဍာန်၊ မိုဃ်းကောင်းကင်၌ ပျံတတ်သော ငှက်သဏ္ဍာန်၊ [18] မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်သဏ္ဍာန်၊ မြေနိမ့်ရာရေ၌
နေသော ငါးသဏ္ဍာန်ရှိသော ရုပ်တုကို၊ သင်တို့သည် ဖောက်ပြန်၍ ကိုယ့်အဘို့ မလုပ်ရမည်အ ကြောင်း၊ [19] မိုဃ်းကောင်းကင်ကို
မြော်၍၊ နေ၊ လ၊ ကြယ်များ တည်းဟူသော မိုဃ်းကောင်းကင် တန်ဆာရှိသမျှတို့ကို မြင်သောအခါ၊ သင်တို့၏ ဘုရားသခင်
ထာဝရဘုရား သည်၊ မိုဃ်းကောင်းကင်အောက်၌ ရှိသမျှသော လူမျိုးတို့ အား ဝေငှပေးကမ်းတော်မူသော ထိုတန်ဆာတို့ကို
ဝတ်ပြုကိုးကွယ်စေခြင်းငှာ၊ သူတပါးတို့သည် သွေးဆောင် ၍ မရနိုင်မည်အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြု ကြလော့။ [20]
သင်တို့သည် ယနေ့၌ ဖြစ်သကဲ့သို့၊ ထာဝရ ဘုရား အမွေခံတော်မူသော လူမျိုးဖြစ်စေခြင်းငှာ၊ သင်တို့ ကို အဲဂုတ္တုပြည်
သံမီးဖိုထဲကနှုတ်၍ ယူဆောင်တော်မူပြီ။ [21] ထိုမှတပါး၊ ထာဝရဘုရားသည် သင်တို့အတွက် ငါ့ကို အမျက်တော်ထွက်၍၊ ငါသည်
ယော်ဒန်မြစ် တဘက်သို့ မကူးရမည်အကြောင်းနှင့် သင်တို့၏ ဘုရား သခင် ထာဝရဘုရားသည် သင်တို့အမွေခံစရာဘို့
ပေးတော်မူသော ထိုပြည်မြတ်သို့ မဝင်စားရမည် အကြောင်း ကျိန်ဆိုတော်မူပြီ။ [22] သို့ဖြစ်၍ ဤပြည်၌ ငါသေရမည်၊ ယော်ဒန်မြစ် ကို
မကူးရ။ သင်တို့သည် ကူး၍ ထိုကောင်းမွန်သော ပြည်ကို ဝင်စားကြလိမ့်မည်။ [23] သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင်တို့၌
ထားတော်မူသော ပဋိညာဉ်တရားကို မေ့လျော့ ၍၊ သင်တို့ဘုရားသခင် ထာဝရဘုရား မြစ်တားတော်မူ သော အရာတို့၏
သဏ္ဍာန်ရှိသော ရုပ်တုကို မလုပ်မည် အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြုကြလော့။ [24] အကြောင်းမူကား၊ သင်တို့၏ ဘုရားသခင်
ထာဝရဘုရားသည် လောင်သောမီး၊ အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားဖြစ်တော်မူ၏။ [25] သင်တို့သည် သားမြေးတို့ကို ဘွားမြင်၍၊
ထိုပြည်၌ ကြာမြင့်စွာ နေပြီးမှ၊ တဖန် ဖောက်ပြန်သဖြင့်၊ သဏ္ဍာန်တစုံတခုရှိသော ရုပ်တုကို လုပ်၍၊ သင်တို့၏ ဘုရားသခင်
ထာဝရဘုရား အမျက်တော်ကို နှိုးဆော် ခြင်းငှာ ရှေ့တော်၌ ဒုစရိုက်ကို ပြုလျှင်၊ [26] ကောင်းကင်မြေကြီးကို သင်တို့တဘက်၌ ယနေ့
ငါတိုင်တည်သည်ကား၊ သင်တို့သည် ယော်ဒန်မြစ်ကို ကူး၍ ဝင်စားသောပြည်၌၊ မကြာမမြင့်မှီ ဆက်ဆက် ပျောက်ပျက်ရ ကြလိမ့်မည်။
ထိုပြည်၌ တာရှည်စွာ အသက်မရှင်ရ။ ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်ရ ကြလိမ့် မည်။ [27] ထာဝရဘုရားသည်လည်း၊ သင်တို့ကို တပါး
အမျိုးသားတို့တွင် အရပ်ရပ်ကွဲပြားစေ၍၊ နှင်ထုတ်တော် မူသော သာသနာပလူတို့တွင် သင်တို့သည် နည်းနည်း


generated on Sun Jun 30 02:37:40 2024

ကျန်ကြွင်းရကြလိမ့်မည်။ 28 ထိုအရပ်တို့၌၊ လူလက်ဖြင့်လုပ်၍ မမြင်နိုင်၊ မကြားနိုင်၊ မစားနိုင်၊ မနမ်းနိုင်သော သစ်သားဘုရား၊
ကျောက်ဘုရားတို့ကို သင်တို့သည် ဝတ်ပြုရကြလိမ့်မည်။ 29 သို့သော်လည်း၊ ထိုအရပ်တို့၌ သင်တို့၏ဘုရား သခင် ထာဝရဘုရားကို
တဖန်ရှာလိုသောအခါ၊ စိတ်နှလုံး အကြွင်းမဲ့ရှာလျှင် တွေ့ရကြလိမ့်မည်။ 30 သင်တို့သည် နောင်ကာလ၌ ဒုက္ခဆင်းရဲကို ခံရ၍၊
ဤအမှုအလုံးစုံတို့နှင့် တွေ့ကြုံသောအခါ၊ သင်တို့ ၏ ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လာ၍ စကား တော်ကို
နားထောင်လျှင်၊ 31 သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သနားတတ်သောဘုရား ဖြစ်တော်မူသောကြောင့် သင်တို့ကို
စွန့်ပစ်ဖျက်ဆီးတော်မမူ။ သင်တို့ဘိုးဘေးတို့ အား ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားကို မေ့လျော့ တော်မမူ။ 32 ဘုရားသခင်သည်
မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသော နေ့မှစ၍၊ သင်တို့ မဖြစ်မှီ လွန်လေပြီးသော ကာလပတ်လုံး၊ မိုဃ်းကောင်းကင် တဘက်မှ
တဘက်တိုင်အောင် မေးမြန်းကြလော့။ ဤမျှလောက် ကြီးသောအမှု ဖြစ်ဘူးသလော။ ဤကဲ့သို့ သော အမှု၏ သိတင်းကို
ကြားဘူးသလော။ 33 ဘုရားသခင်သည် မီးထဲက မိန့်မြွက်တော်မူ သံကို သင်တို့သည် ကြားသကဲ့သို့၊ အခြားသောလူမျိုးသည် ကြား၍၊
အသက်ချမ်းသာ ရဘူးသလော။ 34 သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ အဲဂုတ္တုပြည်မှာ သင်တို့မျက်မှောက်၌
ပြုတော်မူသကဲ့သို့၊ စုံစမ်းခြင်းနိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို ပြခြင်း၊ စစ်မှုကိုရောက်စေခြင်း၊ အားကြီးသော လက်ရုံး
တော်ကို ဆန့်ခြင်း၊ ကြောက်မက်ဘွယ်သော ရူပါရုံတို့ကို ပြခြင်းအားဖြင့်၊ အခြားတပါးသော ဘုရားသည် သွား၍ လူတမျိုးထဲက
တမျိုးကို မိမိအဘို့ နှုတ်ယူဘူးသလော။ 35 ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူ ကြောင်းကိုင်း၊ ကိုယ်တော်မှတပါး
အခြားသောဘုရား မရှိကြောင်းကိုင်း၊ သင်တို့သိစေခြင်းငှာ၊ ထိုအခြင်းအရာ တို့ကို သင်တို့အား ပြတော်မူပြီ။ 36 သင်တို့ကို သွန်သင်၍
ကောင်းကင်ထဲက စကား တော်သံကို ကြားစေတော်မူပြီ။ မြေကြီးပေါ်မှာ ကြီးစွာ သော မီးတော်ကိုလည်း ပြတော်မူ၍၊ သင်တို့သည်
မီးထဲက စကားတော်ကို ကြားရကြပြီ။ 37 သင်တို့ဘိုးဘေးများကို ချစ်တော်မူသောကြောင့်၊ သူတို့ အမျိုးအနွယ်ကို
ရွေးကောက်တော်မူပြီ။ 38 သင်တို့ထက် အားကြီး၍ များပြားသောလူမျိုး တို့ကို သင်တို့ရှေ့မှ နှင်ထုတ်တော်မူ၍၊ ယနေ့ပင် ဖြစ်သကဲ့သို့
သူတို့မြေထဲသို့ သင်တို့ကို သွင်း၍ အမွေခံ စေခြင်းငှာ၊ မဟာတန်ခိုးတော်အားဖြင့် အဲဂုတ္တုပြည်မှ ရှေ့တော်၌ နှုတ်ဆောင်တော်မူပြီ။ 39
သို့ဖြစ်၍ ထာဝရဘုရားသည် အထက်ကောင်း ကင်ပေါ်၊ အောက်အရပ် မြေကြီးပေါ်မှာ ဘုရားသခင် ဖြစ်တော်မူကြောင်းကိုင်း၊
အခြားတပါးသောဘုရား မရှိ ကြောင်းကိုင်း၊ ယနေ့သိမှတ်၍ နှလုံး၌ သွင်းမိကြလော့။ 40 သင်တို့နှင့်တကွ သားမြေးတို့သည်
ချမ်းသာရ ခြင်းငှာင်း၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားပေး တော်မူသောပြည်၌ အသက်တာရှည်စေခြင်းငှာင်း၊
ယနေ့ငါမှာထားသော ပညတ်တရားတော်တို့ကို စောင့် ရှောက်ရကြမည်ဟု မောရှေသည် ဟောပြောလေ၏။ 41 ထိုအခါ အိမ်နီးချင်းကို
အငြိုးမထားဘဲ၊ အမှတ်တမဲ့ သတ်မိသောသူသည် ပြေး၍၊ 42 အသက်ချမ်းသာရသော မြို့သုံးမြို့တို့ကို ယော်ဒန်မြစ်အရှေ့၊
နေထွက်ရာဘက်၌ မောရှေသည် ခွဲထားလေ၏။ 43 ထိုမြို့တို့၏ အမည်ကား၊ ရုဗင်အမျိုးသား နေရာတောလွင်ပြင်၌ ဗေဇာမြို့၊
ဂဒ်အမျိုး သားနေရာ ဂိလဒ်ပြည်၌ ရာမုတ်မြို့၊ မနာရှေအမျိုး သားနေရာ ဗာရှန်ပြည် ၌ ဂေါလန်မြို့တည်း။ 44 ဤရှေ့ကား၊
မောရှေသည် ဣသရေလအမျိုး သားတို့၌ ထားသောတရား၊ 45 သူတို့သည် အဲဂုတ္တုပြည်မှ ထွက်သောနောက်၊ ဟေရှဘုန်မြို့နေ
အာမောရိရှင်ဘုရင် ရှိဟုန်၏ နိုင်ငံ အတွင်း၊ ယော်ဒန်မြစ်အရှေ့ဘက်၊ ဗက်ပေဂုရမြို့ တဘက်၌ရှိသော ချိုင့်တွင်၊
မောရှေဟောပြောသော သက်သေစကား၊ စီရင်ထုံးဖွဲ့သော စကားတည်း။ 46 မောရှေနှင့် ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ
ထွက်ကြသောနောက်၊ ထိုရှင်ဘုရင်နှင့်၊ 47 ဗာရှန်ရှင်ဘုရင် ဩဃတည်းဟူသော၊ ယော်ဒန် မြစ်အရှေ့၊ နေထွက်ရာဘက်၌ နေသော
အာမောရိ ရှင်ဘုရင်နှစ်ပါးကို လုပ်ကြံ၍၊ သူတို့ပြည်ကို၊ 48 အာနုန်မြစ်နားမှာရှိသော အာရော်မြို့မှစ၍ ဟေရမုန်တောင်တည်းဟူသော
ဇိအုန်တောင်တိုင် အောင်ငင်း၊ 49 ယော်ဒန်မြစ်အရှေ့ဘက် လွင်ပြင်နှင့်တကွ လွင်ပြင်နှင့်ဆိုင်သော အိုင်နား၊ အာဇုတ် ပိသဂါမြို့တိုင်
အောင်ငင်း သိမ်းယူကြ၏။

---

Deuteronomy 01

သင်တို့ကျင့်စရာဘို့ ငါသွန်သင်သော စီရင်ထုံးဖွဲ့ချက်တို့ကို
မောရှေသည် ဣသရေလလူမျိုးများအား သူတို့လုပ်ဆောင်ရန်
ထာဝရဘုရား လိုချင်သောအရာများကို ပြောကြားပါသည်။

ငါမှာထားသောစကား၌ သင်တို့သည် အသစ် မသွင်းရ။ အလျှင်းမနုတ်မပယ်ရ
ထာဝရဘုရားသည် သူ့လူမျိုးတော်များက
ဥပဒေအသစ်ဖန်တီးခြင်း သို့မဟုတ် သူပြီးနှင့်သော အရာများ
လစ်လျူရှုခြင်းကို မနှစ်သက်ပါ။

Deuteronomy 03

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ဆက်လက်ပြောကြားသည်။

ဆည်းကပ်သော သူ့အပေါင်းတို့ကို
ပြည့်စုံသောအဓိပ္ပါယ်ဖော်ပြခြင်းသည်ရှင်းလင်းစေပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗာလပေဂုရ၌
အပြစ်ကျူးလွန်ခြင်းကြောင့်"


generated on Sun Jun 30 02:37:40 2024

ပေဂုလတောင်
3:28 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုရန်ဖြစ်သည်။

သင်တို့ ၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့အထဲက သုတ်သင်ပယ်ရှင်းတော်မူပြီ။
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောကြားရာတွင် သူတို့ကို လူတစ်ဦးတစ်ယောက်အဖြစ်"သင်၏" နှင့် "သင်" ဟူ၍အနည်းကိန်းဖြင့်ဖော်ပြသည်။ (ရှု၊ figs prounouns)

ထာဝရဘုရား၌ မှီဝဲသမျှ သော သင်တို့
စာရေးသူသည် ထာဝရဘုရားကို အားကိုးခြင်း နှင့်နာခံခြင်းသည် ရုပ်ပိုင်းခန္ဓာဖြင့် တစ်ဦးတစ်ယောက်ထံသို့ဦးချထားခြင်းကဲ့သို့ ပြောဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို နာခံရန် ဂရုစိုက်သော သင်တို့"

Deuteronomy 05

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောကြားသည်။

ကြည့်ပါ။
"အာရုံစိုက်ပါ။"

သင်တို့သည် သွား၍ ဝင်စားသောပြည်၌ ကျင့်စရာဘို့
"သင်တို့ ဝင်စားသောပြည်၌ နေထိုင်သောအခါ ၎င်းတို့ကိုနာခံရမည်။"

ထိုပညတ်တရားတို့ကို ကျင့်စောင့် ကြလော့။
ဤစကားအသုံးအနှုန်းနှစ်ခုတို့သည် သူတို့နာခံရန်အသားပေးသော အဓိပ္ပါယ်တူစကားလုံးများ အခြခံထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းတို့ကိုဂရုတစိုက်နာခံပါ။"

ထိုပညတ်တရား ရှိသမျှတို့ကို ကြားရသော လူမျိုးများရှေ့မှာ၊ သင်တို့၏ ဥာဏ်ပညာ သည် ထင်ရှားလိမ့်မည်။
စိတ္တဇနာမ် "ဉာဏ်ပညာ" နှင့် "အသိအမြင်" သည် နာမဝိသေသနစကားအသုံးအနှုန်းဖြင့် ဘာသာပြန်ခြင်းဖြစ်၍စိတ္တဇနာမ် "အမြင်အာရုံ" က လူသားတို့ကိုယ့်ကိုယ်ကိုဘယ်လိုစစ်ဆေးရမည် သို့မဟုတ် အရာတခုခု၏ တန်ဖိုးဆုံးဖြတ် ချက်ချနိုင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားတို့၏ ပညာရှိခြင်းကိုပြသခြင်း နှင့် အရေးကြီးသောအရာများ နားလည်နိုင်ခြင်းကို ပြသည်။

Deuteronomy 07

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောကြားသည်။

အခြားသောဘုရား ကြည့်ရှုပြုစုသော ကျေးဇူးကို အဘယ်မည်သော လူမျိုးကြီး ခံရသနည်း.....အဘယ်လူမျိုးကြီး ရှိသနည်း။
၎င်းစကားပြောနည်းအတတ်နှင့် ဆိုင်သောမေးခွန်းများသည် ထုတ်ပြန်ချက်ကဲ့သို့ ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယနေ့...ပို၍ ကြီးမြတ်သော လူမျိုးမရှိ။"

Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောကြားသည်။

သင်တို့သည်၊ ဟောရပ်အရပ်မှာ သင်တို့၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ရပ်နေကြသော အခါ၊ ကိုယ်တိုင်မြင်သော အမှုအရာတို့ကို မမေ့မလျော့။ နောက်တသက်လုံး နှလုံးသွင်းနိုင်မည်အကြောင်း ကိုယ်ကို ကိုယ်သတိပြုကြလော့။ ကိုယ်စိတ်နှလုံးကို ကြိုးစား၍ စောင့်ရှောက်ကြလော့။ ထိုအရာတို့ကို သားမြေးတို့အားလည်း သွန် သင်ကြလော့။ ထိုအခါ ထာဝရဘုရားက၊ လူများတို့ကို ငါ့ထံမှာ စုဝေးစေလော့။
မောရှေသည်ဣသရေလလူမျိုးများအား လူတစ်စုံ တစ်ယောက်ကဲ့သို့ "သင်" "သင်၏" နှင့် "သင့်ကိုယ်တိုင်" များသုံးထားပြီး အမိန့်ပေးခြင်းဖြစ်သော "နားထောင်လော့" "သတိရှိစွာ" ဟူ၍ လူတစ်ဦးကဲ့သို့ရေးသားပြောဆိုပါ သည်။

နှလုံးသွင်းနိုင်မည်အကြောင်း ကိုယ်ကို ကိုယ်သတိပြုကြလော့။
"အာရုံစိုက်ကြ၍၊ ဤအရာများအမြဲတမ်းသေချာသတိထားရမည်။"

ကိုယ်စိတ်နှလုံးကို ကြိုးစား၍ စောင့်ရှောက်ကြလော့။
ဤစကားအသုံးအနှုန်းများသည် ဣသရေလလူမျိုးများမြင်တွေ့ခဲ့သည်အရာများ သတိရရန်အရေးကြီးကြောင်းအသားပေးဆိုလိုပါသည်။

မြင်သော အမှုအရာတို့
ဤတွင် "မျက်မြင်" များသည် လူတစ်ဦးတစ်ယောက်အတွက် ကိုယ်စားပြုအလင်္ကာဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

လူများတို့ကို ငါ့ထံမှာ စုဝေးစေလော့။
"လူများ အတူတကွ စုဝေးရန်နှင့် ငါ့ထံသို့ လာကြရန်။"

Deuteronomy 11

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်သတိရစေသည်။

မိုဃ်းကောင်းကင်အလယ်၌ မီးလောင်လျက်
"အလယ်၌" သည် "အလယ်ဗဟို၌" သို့မဟုတ် "အတွင်းကျကျ" ဟူ၍ အဓိပ္ပါယ်ရပြီး " မိုးကောင်းကင်" သည် ကောင်းကင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်း ကင်၌ မီးလောင်လျှက်"

မည်းသော အဆင်း၊ မိုယ်းတိမ်တိုက်၊ ထူထပ်သော မှောင်မိုက်နှင့် ပြည့်စုံလေ၏
ဤတွင် "ထူထပ်သောမှောင်မိုက်" သည် မိုးတိမ်ကို ဖော်ပြ သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထူထပ်၍ မည်းသော တိမ်"

ထူထပ်သောမှောင်မိုက်
အခြားသော အဓိပ္ပါယ် "တင်းကျပ်သော မိုးတိမ်"
လည်းဖြစ်နိုင်ပါသည်။

Deuteronomy 13

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ဆက်လက်ပြောဆိုသည်။

မိန့်မြွက်၍
ထာဝရဘုရား မိန့်မြွက်၍

သင်တို့ကျင့်စရာဘို့
ဤတွင် "သင်" သည် ဟောရပ်တောင်တွင် ရှိသော
ဣသရေလလူမျိုးများကို ဆိုလိုသည်။

သင်တို့သည် သွား၍ ဝင်စားသောပြည်၌
"သင်တို့ ယော်ဒန်မြစ် တစ်ဖက်ကူးပြီးမှ ပိုင်ဆိုင်သောနယ်မြေ
ရရှိမည်။"

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ဆက်လက်ပြောဆိုသည်။

သင်တို့ကိုယ်တိုင်သတိပြုရမည်။
ဖြစ်နိုင်ခြေရှိသောအဓိပ္ပါယ်များမှာ (၁)
"သင်မည်သို့လုပ်ရှားရမည်ကို အထူးဂရုစိုက်ရန် လိုအပ်သည်။"
သို့မဟုတ် (၂) "သင်၏ ဝိညာဉ်ကို သတိရှိစွာ စောင့်ကြပ်ရမည်။"

သင်တို့သည် ဖောက်ပြန်၍ ကိုယ့်အဘို့ မလုပ်ရမည်အ ကြောင်း၊
"အမှားများ မလုပ်ရ"

တွားတတ်သော တိရစ္ဆာန်
"မြေပေါ်တွင် တွားသွားသည်။"

Deuteronomy 19

မိုယ်းကောင်းကင်ကို မြော်၍.... သင်တို့၏ ဘုရားသခင် ထာဝရဘုရား
မောရှေသည် ဣသရေလလူမျိုးတို့အား စကားပြောဆိုရာတွင်
လူတစ်ဦးတယောက်ကဲ့သို့ ပြောဆိုပါသည်။ (ရှု၊ figs you)

လူမျိုးတို့ အား ဝေငှပေးကမ်းတော်မူသော ထိုတန်ဆာတို့ကို
ဝတ်ပြုကိုးကွယ်စေခြင်းငှာ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့
လုပ်ထားသောထားသောအရာများ ကိုးကွယ်မှု မပြုရန်"
သို့မဟုတ် " သင်တို့ကို ကိုးကွယ်ရန် အခွင့်မပြုပါ။"

ကောင်းကင် တန်ဆာရှိသမျှ
"သင်သည်ကောင်းကင်တွင်အကုန်လုံးတွေ့ရှိနိုင်သည်။" ၎င်းသည်
နေ၊ လ၊
ကြယ်များကိုအခြားသောနည်းဖြင့်ဖော်ပြထားခြင်းဖြစ်ပါသည်။

သင်တို့၏ ဘုရားသခင် ထာဝရဘုရား သည်၊ မိုယ်းကောင်းကင်အောက်၌
ရှိသမျှသော လူမျိုးတို့ အား ဝေငှပေးကမ်းတော်မူသော ထိုတန်ဆာတို့ကို
မောရှေသည်ကြယ်များအကြောင်းကို
ပြောကြားရာတွင်ထာဝရဘုရားသည် သူတို့ကိုအစုအဖွဲ့၍
အစားအစာများခွဲဝေပေးခြင်းကဲ့သို့ပြောပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့ကို
လူမျိုးတကာတို့အား ကူညီဖို့ရန် ထိုနေရာတွင်
ထားခြင်းဖြစ်သည်။"

သင်တို့ ကို သံမီးဖိုထဲကနှုတ်၍
မောရှေသည် ဣသရေလလူမျိုးများ
အဲဂုတ္တုပြည်တွင်ကြမ်းတမ်းစွာ အလုပ်လုပ်ခြင်းကို
'သံမီးဖိုထဲတွင် အလုပ်လုပ်သကဲ့သို့ဖြစ်သည်' ဟု ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ခက်ခဲစွာ
အလုပ်လုပ်ရသည့် နယ်မြေမှ ငါသည် ခေါ်ဆောင်ခဲ့ပါသည်။"

ထာဝရ ဘုရား အမွေခံတော်မူသော လူမျိုး
၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်၍ "သူနှင့်
ဆက်နွယ်နေသောသူများကိုသာ" ဟု ဘာသာပြန်ခြင်းဖြစ်သည်။

Deuteronomy 21

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ဆက်လက်ပြောကြားသည်။

ထာဝရဘုရားသည် သင်တို့အတွက် ငါ့ကို အမျက်တော်ထွက်၍
၎င်းသည်ထာဝရဘုရားကမောရှေအားသူတို့လုပ်ဆောင်ရန်ပြောကြားချက်များနားမ
အဓိပ္ပါယ်ကိုပြည့်ပြည့်စုံစုံဖော်ပြထားကြောင်းရှင်းလင်းပါသည်။
1:37 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

သင်တို့၏ ဘုရား သခင်ထာဝရဘုရားသည် သင်တို့အဘို့ပေးတော်မူသော
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးပမာ "သင်"
နှင့်"သင်၏" ဟုတစ်ဦးတစ်ယောက်ကဲ့သို့ပြောဆိုသည်။ (ရှု၊ figs
you)

Deuteronomy 23

ကိုယ်ကိုကိုယ် သတိပြုကြလော့။
"အာရုံစိုက်၍သတိထားကြပါ။"


generated on Sun Jun 30 02:37:40 2024

သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် လောင်သောမီး၊ အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားဖြစ်တော်မူ၏။
မောရှေသည်ထာဝရဘုရားအားသူဘယ်လောက်အထိလှုပ်ရှားနိုင်သည်ကိုပြောသည်၊ သူဒေါသထွက်သောအချိန်တွင်ဘယ်အရာမဆို မီးဖြင့် ဖျက်ဆီးနိုင်သူဖြစ်ကြောင်းကိုငှင်းနှိုင်းယှဉ်၍ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ပြတ်သားစွာ ဒဏ်ပေးနိုင်မည့်အကြောင်းနှင့် အခြားသောရုပ်တု ကိုးကွယ်ခြင်းကို မနှစ်သက်ပါသဖြင့် မီးဖြင့် ဖျက်ဆီးနိုင်ကြောင်း"

Deuteronomy 25

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

သားမြေးတို့ကို ဘွားမြင်၍
ဖခင်အတွက်ဖြစ်လာခြင်း သို့မဟုတ် ဘိုးဘေးဘီဘင်အတွက် ဖြစ်လာခြင်း

သင်တို့ကိုယ်တိုင်ဒုစရိုက်ကိုပြုလျှင်
"သင်တို့သည်မှားယွင်းမှုကို လုပ်ဆောင်လျှင်" 4:15 တွင် တွေ့ရသည်။

သင်တို့၏ ဘုရားသခင် ထာဝရဘုရား အမျက်တော်ကို နှိုးဆော် ခြင်းငှာ ရှေ့တော်၌ ဒုစရိုက်ကို ပြုလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ထာဝရားပြောသောမကောင်းသည့်အရာများ လုပ်ဆောင်ခြင်းကြောင့် သူဒေါသထွက်သည်။"

ကောင်းကင်မြေကြီးကို သင်တို့တဘက်၌ ယနေ့ ငါတိုင်တည်သည်ကား
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များသည်

ထိုပြည်၌ တာရှည်စွာ အသက်မရှင်ရ။
ကြာရှည်သောနေ့ရက်များသည် အသက်ရှည်ခြင်း ဥပမာဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်ကြာရှည်စွာနေထိုင်မည်မဟုတ်ပါ။"

ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်ရ ကြလိမ့် မည်။
4:27 ကို ကိုးကားပါသည်။
ဣသရေလလူမျိုးတိုင်းကိုသတ်ဖြတ်မည်မဟုတ်။ ဤတွင် "ရှင်းရှင်းပျက်စီးခြင်း" သည်ဣသရေလလူမျိုး အများအပြား သေဆုံးမည့်အကြောင်း အတိသယဝုတ္တိနှင့် အသားပေးဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်ထာဝရဘုရားသည် များစွာသောသင်တို့ကို ဖျက်ဆီးလိမ့်မည်။"

Deuteronomy 27

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

ထာဝရဘုရားသည်လည်း၊ သင်တို့ကို တပါး အမျိုးသားတို့တွင် အရပ်ရပ်ကွဲပြားစေ၍
မောရှေသည် လူသားများက လယ်ကွင်းတွင် မျိုးစေ့ကြဲပြီး ထာဝရဘုရားက အမျိုးမျိုးကွဲစေသည်ဟု ပြောကြားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့ကို နေရာအသီးသီးတွင် စေလွှတ်၍ ၎င်းတို့တွင် နေထိုင်စေခဲ့သည်။"

အရပ်ရပ် နှင်ထုတ်တော် မူသော
"သင်အားစေလွှတ်မည်" သို့မဟုတ် "ရန်သူများမှ သင်တို့ကိုအဝေးသို့ ဆောင်ယူသွားသည်။"

လူလက်ဖြင့်လုပ်၍ မမြင်နိုင်၊ မကြားနိုင်၊ မစားနိုင်၊ မနမ်းနိုင်သော သစ်သားဘုရား၊ ကျောက်ဘုရားတို့
ဤတွင် "လူလက်" သည် သူတို့ကိုယ်တိုင်ကို ရည်ညွှန်းပြီး "လုပ်၍ .... သစ်သားဘုရားနှင့် ကျောက်ဘုရား" သည် သူတို့ပြုလုပ်သော ရုပ်တုဘုရားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူလုပ်သော သစ်သား နှင့် ကျောက် ဘုရားများ"

Deuteronomy 29

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။ လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သို့သော်လည်း၊ ထိုအရပ်တို့၌
"သင်တို့ တိုင်းတပါး၌ နေတဲ့အချိန်များမှာလည်း"

စိတ်နှလုံး အကြွင်းမဲ့ရှာလျှင်
"အမှန်တကယ် တွေ့ရှိနိုင်ရန် ကြိုးစားပါက" သို့မဟုတ် "အမှန်တကယ် သူ့ကို သိရှိနိုင်ရန် ကြိုးစားပါက"

စိတ်နှလုံး အကြွင်းမဲ့
စကားအသုံးအနှုန်း "စိတ်နှလုံး အကြွင်းမဲ့" သည် "ပြည့်စုံစွာ" နှင့် "စိတ်နှလုံး" သည် "ဖြစ်တည်ခြင်းအားလုံး" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဖြစ်တည်ခြင်း အားလုံးနှင့်" သို့မဟုတ် "သင်၏ အားထုတ်မှုအားလုံးနှင့်"

Deuteronomy 30

နောင်ကာလ၌
"နောက်မှ" သို့မဟုတ် "ထို့နောက်" သို့မဟုတ် "ဖြစ်ပျက်လာမည့် အချိန်"

ထာဝရဘုရားထံတော်သို့ ပြန်လာ၍ စကား တော်ကို နားထောင်လျှင်
ဤတွင် "နားထောင်" စကားလုံးသည် ကြားရ၍ နာခံရန် နှင့် "သူ၏ စကား" သည် ထာဝရဘုရား၏ ပြောပြချက်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူဘာပြောသည်ကို နာခံရန်"

## Deuteronomy 32

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ဘုရားသခင်သည် မီးထဲက မိန့်မြွက်တော်မူ သံကို သင်တို့သည် ကြားသကဲ့သို့၊ အခြားသောလူမျိုးသည် ကြား၍၊ အသက်ချမ်းသာ ရဘူးသလော။
ဤတွင်သရေလ လူမျိုးတို့သည် ကုန်လွန်ခဲ့သောအချိန်၌ ထူးဆန်းသောအရာများဖြင့် ထာဝရဘုရား ပြောပြခြင်းများကို ပြန်လည်သတိရစေခဲ့သည်။ ဤစကားပြောနည်းအတတ်နှင့်ဆိုင်သော မေးခွန်းများနှင့် ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်များ၊ "သင်တို့ကြားသမျှသော ထာဝရဘုရား ပြောသည့်မီးထဲမှာ နေသည့်နေရာမှလွဲ၍ သင်တို့ တဖက်မှာ ဘယ်သူမှမရှိ"

ဘုရားသခင် မိန့်မြွက်တော်မူ သံကို သင်တို့သည် ကြားသကဲ့သို့၊
"အသံ" ဟူသော စကားလုံးသည် စကားပြောနေသော ထာဝရဘုရားကို ဥပမာပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ အသံတော်ကိုကြားလော့။"

## Deuteronomy 34

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောဆိုသည်။

အားကြီးသော လက်ရုံး တော်ကို ဆန့်ခြင်း
ဤတွင် "အားကြီးသော လက်ရုံး တော်" နှင့် "ဆန့်ခြင်း" တို့သည် ထာဝရဘုရား၏ တန်ခိုးကို ဥပမာဖွဲ့ဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ တန်ခိုးစွမ်းအားကို ပြခြင်းဖြင့်"

သင်တို့မျက်မှောက်၌ ပြုတော်မူသကဲ့သို့
ဤတွင် "မျက်မှောက်"သည် လူ၏ ကိုယ်အားလုံးကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ရှေ့ွတွင်"

## Deuteronomy 35

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ထိုအခြင်းအရာ တို့ကို သင်တို့အား ပြတော်မူပြီ။
အခြားသောဘာသာ ပြန်ဆိုချက်၊ "ထာဝရဘုရားသည်သင်အား ဤအရာများကို ပြထားသည်။"

မီးတော်ကိုလည်း ပြတော်မူ၍၊ သင်တို့သည် မီးထဲက စကားတော်ကို ကြားရကြပြီ။
"သင်သည် သေချာစွာကြားနိုင်ရန်နှင့် တွေ့နိုင်ရန်အတွက် သူ လုပ်ပေးသည်"

စကား တော်သံကို ကြားစေတော်မူပြီ။
မောရှေပြောသော လူထုတို့သည် သိနတောင်မှာ ပြောဆိုတဲ့အချိန်ထက် စောလျင်ပါသည်။ သိနတောင်မှာ ရှိသောလူများသည် သူတို့အတွက် ဦးဆောင်သူများ ဤစကားပြောသူများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စကားတော်သံကို ကြားစေတော်မူပြီ။"

## Deuteronomy 37

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင်တို့ဘိုးဘေးများ
၎င်းသည် အာဗြဟံ၊ ဣဇက်၊ ယာကုပ် နှင့် သူ့သားများကိုဆိုလိုသည်။

မဟာတန်ခိုးတော်အားဖြင့် အဲဂုတ္တုပြည်မှ ရှေ့တော်၌ နှုတ်ဆောင်တော်မူပြီ။
"မဟာတန်ခိုးတော်သည် သူ၏ မျက်မှောက်" သို့မဟုတ် "သူ၏ မဟာတန်ခိုးဖြင့်"

## Deuteronomy 39

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသိုစကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကိုသုံးနှုန်းထားပါသည်။

နှလုံး၌ သွင်းမိကြလော့။
၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သတိရကြလော့"

အထက်ကောင်း ကင်ပေါ်၊ အောက်အရပ် မြေကြီးပေါ်မှာ
ဤစကားစုနှစ်ခု "ကောင်းကင်ပေါ်" နှင့် "မြေကြီးပေါ်" တို့သည်အလွန်ထူးကဲမှုရှိပြီး"နေရာတကာ" ကိုဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရာရာတိုင်း၌"

အသက်တာရှည်စေခြင်းငှာ
ရှည်လျားသော နေ့ရက်များသည် အသက်ရှည်ခြင်းကိုဥပမာဖြင့် ဖော်ပြပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကြာကြီး နေထိုင်ခွင့်ရရန်" 4:25 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 41

ယေဘုယျအချက်အလက်
မောရှေ၏ စကားသည် 1:5 တွင်
အစပြု၍ပြီးဆုံးပြီးစာရေးသူသည် ဇာတ်လမ်းကို
ဆက်လက်ပြီးဆုံးစေသည်။

ရုဗင်...ရာမုတ်...ဂေါလန်
၎င်းတို့သည် မြို့များ၏ နာမည်ဖြစ်သည်။

Deuteronomy 44

ဤရွေ့ကား၊ မောရှေသည် ဣသရေလအမျိုး သားတို့၌ ထားသောတရား
၎င်းသည် အောက်ပါအခန်းများတွင် ဖော်ပြထားသည်မောရှေကို
ပေးထားသော ဥပဒေများကို ဆိုလိုသည်။

ဗက်ပေဂုရ
ယင်းသည် ပိသဂါတောင်အနီးရှိ မောဘပြည်၏
မြို့တစ်မြို့နာမည်ဖြစ်သည်။ 3:28 ၌ ဘာသာပြန်သည့်အတိုင်း
ပြန်ဆိုနိုင်သည်။

ရှိဟုန်...အာမောရိ...ဟေရှဘုန်
"ရှင်ဘုရင် ရှိဟုန်...အာမောရိလူမျိုး.... ဟေရှဘုန်မြို့" 1:3 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 47

သူတို့ပြည်
ရှိဟုန်ရှင်ဘုရင်၏ ပြည်

ဗာရှန်ရှင်ဘုရင် ဩဃ
1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ယော်ဒန် မြစ်အရှေ့...ယော်ဒန်မြစ်အရှေ့ဘက် လွင်ပြင်
ဤဒေသသည် ဣသရေလပြည်အရှေ့ပိုင်းရှိ
ယော်ဒန်မြစ်တစ်ဘက်ကမ်းဒေသကို ဆိုလိုသည်။ မောရှေသည်
ဤစကားကို ပြောနေချိန်တွင် ယော်ဒန်မြစ်
အရှေ့ဘက်တွင်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ယော်ဒန်မြစ်နားမှ အရှေ့ပိုင်း... အရှေ့ပိုင်းဒေသမှ
ယော်ဒန်မြစ်ဝှမ်းဒေသ"

အာရော်
၎င်းသည် မြို့တစ်မြို့၏ အမည်ဖြစ်သည်။ 2:36 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အာနုန်မြစ်နား
၎င်းသည် ဒေသတစ်ခု၏ အမည်ဖြစ်သည်။ 2:24 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ဟေရမုန်တောင်တည်းဟူသော ဇိအုန်တောင်
၎င်းတို့သည်တောင်များ၏ အမည်ဖြစ်သည်။ 3:8 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

လွင်ပြင်နှင့်တကွ လွင်ပြင်နှင့်ဆိုင်သော အိုင်နား၊ အာဇုတ် ပိသဂါ
3:17 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။



generated on Sun Jun 30 02:37:40 2024

# Translation Questions

Deuteronomy 4:1

ဣသရေလလူတို့သည် အသက်ရှင်ခြင်းငှာ၊ ထိုပြည်သို့ ဝင်စားခြင်းငှာ မည်သို့ ပြုရမည်နည်း။
သူတို့သည် ထိုပြည်ကို ဝင်စားနိုင်ရန်အတွက် မောရှေပေးသော ပညတ်စကားတို့ကို လိုက်နာရပါမည်။

သူတို့သည် မည်သည့်အရာကို ရှောင်ရမည်နည်း။
မောရှေ မှာထားသောစကား၌ သူတို့သည် အသစ် မသွင်းရ။ အလျှင်းမနုတ်မပယ်ရ။ မှာထားသည့်အတိုင်း၊ သူတို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို စောင့်ရှောက်ရကြမည်။

Deuteronomy 4:3

မည်သူတို့ကို ထာဝရဘုရား ဖျက်ဆီးခဲ့သနည်း။
ဗာလပေဂုရ နောက်လိုက်သောသူတို့ကို ထာဝရဘုရားသည် ဖျက်ဆီးခဲ့သည်။

Deuteronomy 4:5

လူတို့သည် မောရှေပေးသော ပညတ်ကို အဘယ်ကြောင့် လိုက်နာရမည်နည်း။
သူတို့၏ ဥဏ်ပညာသည် ထင်ရှားလိမ့်မည်။ သူတို့ကလည်း၊ ဤကြီးမြတ်သော လူမျိုးသည် အကယ်စင်စစ် ဥဏ်ပညာနှင့် ပြည့်စုံသော အမျိုးဖြစ်၏ဟု ဆိုကြလိမ့်မည်။

Deuteronomy 4:9

သူတို့သည် အဘယ်ကြောင့် နှလုံးသွင်း၍ စိတ်ကို စောင့်ရှောက်ရမည်နည်း။
ကိုယ်တိုင်မြင်သော အမှုအရာတို့ကို မမေ့မလျော့။ နောက်တသက်လုံး နှလုံးသွင်းနိုင်မည်အကြောင်း ကိုယ်ကို ကိုယ်သတိပြုကြလော့။ ကိုယ်စိတ်နှလုံးကို ကြိုးစား၍ စောင့်ရှောက်ကြလော့။ ထိုအရာတို့ကို သားမြေးတို့အားလည်း သွန်သင်ကြလော့။

Deuteronomy 4:11

တောင်ထိပ်ပေါ်မှာ မီးပုံ၏အလယ်၌ လူတို့သည် မည်သည့်အရာကို ကြားနာခဲ့သနည်း။
သူတို့သည် မီး၏အလယ်၌ ထာဝရဘုရား၏စကားသံ နားထောင်ခဲ့သည်။ သို့သော် သဏ္ဌာန်တော်ကိုမမြင်ခဲ့ပေ။

Deuteronomy 4:15

လူတို့သည် မည်သည့်အရာများကို ရှောင်ရမည်နည်း။
လူတို့သည် လူယောကျာ်း၊ လူမိန်းမ၊ တိရစ္ဆာန်၊ ငှက်၊ တွားတတ်သော တိရစ္ဆာန်၊ ငါး စသည်တို့၏ သဏ္ဌာန်ကို တု၍ အရုပ်ထွင်း၍ ကိုးကွယ်ခြင်းမရှိကြဖို့ ဖြစ်သည်။

Deuteronomy 4:19

မောရှေသည် နေ၊ လ၊ ကြယ်များနှင့် ပတ်သက်၍ မည်သို့ သတိပေးသနည်း။
ကောင်းကင်ရှိ နေ၊ လ၊ ကြယ်စသည်တို့ကို ကိုးကွယ်ရန် မဟုတ်ကြောင်း သတိပေးခဲ့သည်။

မည်သည့်အတွက်ကြောင့် ထာဝရဘုရားသည် သူတို့ကို အဲဂုတ္တုပြည်မှ ဆောင်ခဲ့သနည်း။
ထာဝရဘုရားသည် သူပိုင်သောလူမျိုးများ ဖြစ်ဖို့ရန်အတွက် သူတို့ကို ဆောင်ခဲ့ခြင်းဖြစ်သည်။

Deuteronomy 4:21

အမျက်ထွက်သောကြောင့် ထာဝရဘုရားသည် မောရှေကိုအဘယ်သို့ပြုခဲ့သနည်း။
ယော်ဒန်မြစ် တဘက်သို့ မကူးရမည်အကြောင်းနှင့် သူတို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့အမွေခံစရာဘို့ ပေးတော်မူသော ထိုပြည်မြတ်သို့ မဝင်စားရမည် အကြောင်း ကျိန်ဆိုတော်မူပြီ။

Deuteronomy 4:23

ထာဝရဘုရားသည် ဣသရေလလူမျိုးတို့ကို အဘယ်ကြောင့် ရုပ်တုမလုပ်ဖို့ တားမြစ်ခဲ့သနည်း။
ထာဝရဘုရားသည် လောင်သောမီး၊ မနာလိုသောဘုရားဖြစ်သည်။

Deuteronomy 4:25

အကယ်၍ လူတို့သည် ထာဝရဘုရားရှေ့ ဒုစရိုက်ကို ပြုလျှင်အဘယ်သို့ ဖြစ်လာမည်နည်း။
သူတို့သည် ရှင်းရှင်းပျက်စီး၍  ယော်ဒန်မြစ်ကို ကူး၍ ဝင်စားသောပြည်အား ဆုံးရှုံးကြလိမ့်မည်။

Deuteronomy 4:27

ထာဝရဘုရား ပြုမည့်အရာကို မောရှေ မည်သို့ပြောသနည်း။
ထာဝရဘုရားသည် သူတို့ကို တပါး အမျိုးသားတို့တွင် အရပ်ရပ်ကွဲပြားစေ၍၊ နှင်ထုတ်တော်မူသော သာသနာပလူတို့တွင် နည်းနည်း ကျန်ကြွင်းရကြလိမ့်မည်။

Deuteronomy 4:29

လူတို့သည် ထာဝရဘုရားကို မည်သို့ရှာတွေ့လိမ့်မည်နည်း။
သူတို့သည် ထာဝရဘုရားကို တဖန် ရှာလိုသောအခါ စိတ်နှလုံး အကြွင်းမဲ့ရှာလျှင် တွေ့ရကြလိမ့်မည်။

Deuteronomy 4:30

သူတို့၏ ဘုရားသခင်အသံကို နားထောင်ဖို့ရန် ထာဝရဘုရားသည် လူတွေကို မည်သို့ပြုလိမ့်မည်နည်း။

နောင်ကာလ၌ ဒုက္ခဆင်းရဲကို ခံရ၍၊ ဤအမှုအလုံးစုံတို့နှင့် တွေ့ကြုံသောအခါ၊ သူတို့၏ ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လာ၍ စကား တော်ကို နားထောင်လာလိမ့်မည်။

Deuteronomy 4:34

သူတို့သည် အဲဂုတ္တုပြည်တွင် နေသောအခါ ဘုရားသခင်သည် မည်သို့လုပ်သနည်း။

ကြီးမားသောကြောက်လန့်ခြင်း၊ တန်းခိုးတော်ပြသခြင်း၊ ကြောက်မက်ဖွယ်သော လက်ရုံးတော်ဆန့်ခြင်း၊ စစ်အမှုရောက်စေခြင်း၊ အံ့ဘွယ်သောအမှုတို့ကို ပြခြင်း၊ နိမိတ်လက္ခဏာများ စုံစမ်းခြင်းအားဖြင့် လူတစ်မျိုးကို ဘုရားသခင်သည် ရေးနှုတ်ယူခဲ့သည်။

Deuteronomy 4:35

လူတို့သည် သူတို့၏ ဘုရားသခင်ကို သိလာစေဖို့ရန်ဘုရားသခင် မည်သို့လုပ်သနည်း။

မြေကြီးပေါ်မှာ ကြီးစွာသော မီးကို ပြ၍ ကောင်းကင်ထဲက သူ၏ အသံတော်ကို သူတို့ကို ကြားစေ၏။

Deuteronomy 4:37

သူတို့၏ ဘိုးဘေးများကို ချစ်သောကြောင့် ဣသရေလလူတွေအတွက် ထာဝရဘုရားသည် မည်သို့လုပ်သနည်း။

တန်ခိုးတော်နှင့် မျက်မှောက်တော်နှင့်အတူ အဲဂုတ္တုပြည်မှ သယ်ဆောင်လာသောကြောင့် သူတို့၏ သားစဉ်မြေးဆက်ကို သူသည် ရွေးချယ်တော်မူ၏။ များပြားသော လူမျိုးတို့ကို သူတို့ရှေ့မှာ နှင်ထုတ်၍ သူတို့၏မြေကို ထာဝရဘုရားသခင်သည် သူတို့ကို အပိုင်ပေးတော်မူ၏။

Deuteronomy 4:41

အကယ်၍လူတစ်ယောက်ကို မတော်တဆ သတ်မိခဲ့မည်ဆိုလျှင် ထိုလိုသည် မည်သည့်နေရာသို့ ပြေးနိုင်မည်နည်း။

ထိုသူသည် အသက်ချမ်းသာရသော ယော်ဒန်မြစ်အရှေ့ နေထွက်ရာဘက်၌ မောရှေ ခွဲခန့်ထားသော မြို့ သုံးမြို့ထဲက တစ်မြို့မြို့ကို ပြေးနိုင်သည်။

Deuteronomy 4:44

မောရှေသည် ဣသရေလလူတို့အတွက် မည်သည်တို့ကို ပေးထားသနည်း။

သူတို့သည် အဲဂုတ္တုပြည်မှ ထွက်သောနောက် သူတို့အား မိန့်တော်မူသော အခြားအထုံးအဖွဲ့တို့၊ ဥပဒေများနှင့် ပဋိညာဉ်တို့ကို မောရှေ ပေး၏။

Deuteronomy 4:47

အာမောရိ ရှင်ဘုရင်နှစ်ပါး၏ တိုင်းပြည် နှစ်ခုသည် မည်မျှ ကျယ်ပြန့်သနည်း။

အာနုန်မြစ်နားမှာရှိသော အာရော်မြို့မှစ၍ ဟေရမုန်တောင်တည်းဟူသော ဇီအုန်တောင်တိုင် အောင်ငင်းယော်ဒန်မြစ်အရှေ့ဘက် လွင်ပြင်နှင့်တကွ လွင်ပြင်နှင့်ဆိုင်သော အိုင်နား၊ အာဇုတ် ပိသဂါမြို့တိုင် အောင်ကျယ်ဝန်းသည်။

# Chapter 5

1 တဖန် မောရှေသည် ဣသရေလအမျိုးသား အပေါင်းတို့ကိုခေါ်၍၊ အိုဣသရေလအမျိုးသားတို့၊ ယနေ့ သင်တို့အား ငါဟောပြောသော
စီရင်ထုံးဖွဲ့ချက်တို့ကို သင်တို့သည် သွန်သင်၍ ကျင့်ခြင်းငှာ သတိပြုမည် အကြောင်း နားထောင်ကြလော့။ 2 ငါတို့ဘုရားသခင်
ထာဝရဘုရားသည် ဟောရပ် တောင်၌ ငါတို့နှင့် ပဋိညာဉ်ပြုတော်မူ၏။ 3 ထိုပဋိညာဉ်တရားကို ထာဝရဘုရားသည် ငါတို့
ဘိုးဘေးများနှင့်သာ ပြုတော်မူသည်မဟုတ်။ ယနေ့ပင် အသက်ရှင်၍ ဤအရပ်၌ ရှိသမျှသော ငါတို့နှင့် ပြုတော်မူ၏။ 4
ထာဝရဘုရားသည် တောင်ပေါ်မှာ မီးထဲက သင်တို့နှင့် မျက်နှာချင်းဆိုင်၍ မိန့်မြွက်တော်မူ၏။ 5 ထိုအခါ သင်တို့သည် မီးကိုကြောက်၍
တောင် ပေါ်သို့ မတက်ဝံ့သောကြောင့်၊ ငါသည် ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုခြင်းငှာ၊ ထာဝရဘုရားနှင့် သင်တို့ စပ်ကြားမှာ
ရပ်နေ၏။ 6 မိန့်မြွက်တော်မူသော စကားဟူမူကား၊ ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူ ခဲ့ပြီးသော
သင်၏ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ 7 ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။ 8 အထက်မိုဃ်းကောင်းကင်၌၎င်း၊
အောက်အရပ် မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက် ရေထဲ၌၎င်း ရှိသောအရာနှင့် ပုံသဏ္ဍာန်တူစွာ ရုပ်တုဆင်းတုကို ကိုယ်အဘို့
မလုပ်နှင့်။ 9 ဦးမချ၊ ဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင်၊ ငါထာဝရဘုရားသည် သင်၌ အပြစ်ရှိသည်ဟု
ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူ တို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထ အဆက်တိုင်အောင်၊ အဘတို့၏
အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ 10 ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သော သူတို့၏ အမျိုးအစဉ်အဆက်
အထောင်အသောင်းတိုင်အောင် ကရုဏာကို ပြသောဘုရား ဖြစ်၏။ 11 သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမ တော်ကို
မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူ ကား၊ နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရား
မှတ်တော်မမူ။ 12 သင်၏ဘုရားသခင် ထာဝရဘုရား မှာထား တော်မူသည်အတိုင်း၊ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို
စောင့်လော့။ 13 ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ 14 သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်
ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ နွားမြည်း အစရှိသော
သင်၏တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌ နေ သော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ သင်သည် ငြိမ်ဝပ်စွာ နေသကဲ့သို့၊
သင်၏ကျွန်ယောကျ်ား မိန်းမ တို့သည် ငြိမ်ဝပ်စွာ နေရကြမည်။ 15 သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံကြောင်းကို၎င်း၊
သင်၏ဘုရားသခင် ထာဝရဘုရားသည် အားကြီးသော လက်ရုံးတော်ကိုဆန့်၍၊ ထိုပြည်မှ သင့်ကို နှုတ်ဆောင် တော်မူကြောင်းကို၎င်း
အောက်မေ့လော့။ ထိုအကြောင်း ကြောင့်၊ သင်သည် ဥပုပ်နေ့ကို စောင့်ရမည်ဟု သင်၏ ဘုရားသခင် ထာဝရဘုရားမှာထားတော်မူ၏။
16 သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနား တော်မူသောပြည်၌ သင်သည် အသက်တာရှည်၍ ကောင်းစားရမည်အကြောင်း၊
သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ သင်၏ မိဘကို ရိုသေစွာပြုလော့။ 17 လူအသက်ကို မသတ်နှင့်။ 18
သူ့မယားကိုမပြစ်မှားနှင့်။ 19 သူ့ဥစ္စာကို မခိုးနှင့်။ 20 ကိုယ်နှင့်စပ်ဆိုင်သောသူ တဘက်၌ မမှန်သော သက်သေကို မခံနှင့်။ 21
ကိုယ်နှင့်စပ်ဆိုင်သော သူ၏မယားကို တပ်မက် သောစိတ် မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သော သူ၏အိမ်၊ လယ်ယာ၊ ကျွန်ယောကျ်ား
မိန်းမ၊ နွားမြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သော သူ၏ဥစ္စာ တစုံတခုမျှ တပ်မက် လိုချင်သောစိတ် မရှိစေနှင့်ဟု မိန့်တော်မူ၏။ 22
ထိုစကားတော်ကို ထာဝရဘုရားသည် တောင် ပေါ်မှာ မီး၊ မိုဃ်းတိမ်၊ ထူထပ်သော မှောင်မိုက်ထဲက ကြီးစွာသောအသံနှင့်
သက်တို့စည်းဝေးရာ ပရိသတ် အပေါင်းတို့အား မိန့်မြွက်တော်မူ၏။ ထပ်၍ မိန့်မြွက် တော်မမူ။ ထိုစကားတော်ကိုလည်း
ကျောက်ပြားနှစ်ပြား ပေါ်မှာရေး၍ ငါ၌အပ်တော်မူ၏။ 23 သင်တို့သည် မှောင်မိုက်ထဲက စကားသံကို ကြား၍၊ တောင်ထိပ်သည်
မီးလောင်လျက်ရှိသောအခါ၊ သင်တို့မျိုးနွယ်တို့၌ မင်းဖြစ်သောသူ၊ အသက်ကြီးသူ တို့သည် ငါ့ထံသို့ချဉ်းကပ်၍၊ 24 အကျွန်ုပ်တို့
ဘုရားသခင် ထာဝရဘုရားသည် ဘုန်းတန်ခိုးအာနုဘော်တော်ကို အကျွန်ုပ်တို့အား ပြတော် မူပြီ။ မီးထဲက စကားတော်အသံကို
အကျွန်ုပ်တို့သည် ကြားရပါပြီ။ ဘုရားသခင်သည် လူနှင့်နှုတ်ဆက်တော် မူသော်လည်း၊ လူသည် အသက်ရှင်သေးသည်ကို၊ ယနေ့၌
အကျွန်ုပ်တို့သည် သိမြင်ရပါပြီ။ 25 အကျွန်ုပ်တို့သည် အဘယ်ကြောင့် ယခုသေရပါ မည်နည်း။ ဤကြီးစွာသောမီးဖြင့်
အကျွန်ုပ်တို့သည် ဆုံးရှုံးပါလိမ့်မည်။ အကျွန်ုပ်တို့ဘုရားသခင် ထာဝရ ဘုရားမိန့်တော်မူသော အသံတော်ကိုတဖန်ကြားရလျှင်
သေရပါလိမ့်မည်။ 26 အသက်ရှင်တော်မူသော ဘုရားသခင်သည်မီးထဲက မိန့်မြွက်တော် မူသော အသံတော်ကို အကျွန်ုပ်တို့ ကြားရ
သကဲ့သို့ အဘယ်လူ သတ္တဝါသည် ကြား၍ အသက်ရှင် သနည်း။ 27 ကိုယ်တော်သည် အနီးအပါးသို့ ချဉ်းသွား၍၊
အကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရား မိန့်တော်မူ သမျှကို နားထောင်တော်မူပါ။ အကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရားသည်
ကိုယ်တော်အား မိန့်တော်မူသမျှကို ဆင့်ဆိုတော်မူပါ။ အကျွန်ုပ်တို့သည် နားထောင်၍ ပြုပါမည်ဟု လျှောက်ဆိုကြ၏။ 28 ထိုသို့
သင်တို့သည် ငါ့အားလျှောက်သော စကားကို ထာဝရဘုရား ကြားတော်မူ၏။ ထာဝရဘုရား ကလည်း၊ ဤလူမျိုးသည် သင့်အား
လျှောက်သော စကားသံကို ငါကြားရပြီ။ လျှောက်လေသမျှသော စကား သည် လျောက်ပတ်ပေ၏။ 29 သူတို့နှင့်
သားမြေးအစဉ်အဆက်တို့သည် ချမ်းသာရမည်အကြောင်း၊ ငါ့ကို ကြောက်ရွံ့၍ ငါပညတ် သမျှတို့ကို
အစဉ်စောင့်ရှောက်ချင်သောစိတ်နှင့် ပြည့်စုံ ကြပါစေသော။ 30 တဲများသို့ ပြန်သွားကြလော့ဟု သူတို့အား ပြောလော့။ 31
သင်မှာမူကား၊ ဤအရပ်၌ ငါ့အနားမှာရပ်နေ လော့။ သူတို့အား ငါအပိုင်ပေးသော ပြည်၌ သူတို့ကျင့်ဘို့ ရာ သင်သည် သူတို့အား
သွန်သင်ရသော စီရင်ထုံး ဖွဲ့ချက်၊ ပညတ်တရားအလုံးစုံတို့ကို ငါမြွက်ဆိုမည်ဟု ငါ့အား မိန့်တော်မူ၏။ 32 သို့ဖြစ်၍ သင်တို့၏


generated on Sun Jun 30 02:37:40 2024

ဘုရားသခင်ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ သင်တို့သည် ကျင့်အံ့သော ငှာ စောင့်နေရကြမည်။ လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲမရှောင်ရကြ။ [33] သင်တို့ ဝင်စားလတံ့သောပြည်၌ သင်တို့သည် သေဘေးလွတ်လျက် ချမ်းသာရ၍၊ အသက်တာရှည်မည် အကြောင်း၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရား မှာထားတော်မူသော လမ်းအပေါင်းတို့၌ ရှောက်သွားရကြမည်။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

ဣသရေလအမျိုးသား အပေါင်းတို့ကိုခေါ်၍
မောရှေသည် ဣသရေလလူမျိုးအားလုံးက သူ့စကားကိုနားထောင်၍ နာခံရန်ဆန္ဒရှိသော်လည်း သူ၏ အသံသည်လူတိုင်းနားထောင်ရန် မကျယ်မှာသေချာပါသည်။

ထိုပဋိညာဉ်တရားကို ထာဝရဘုရားသည် ငါတို့ ဘိုးဘေးများနှင့်သာ ပြုတော်မူသည်မဟုတ်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) ထာဝရဘုရားသည် ထိုပဋိညာဉ်တရားကို ဟောရပ်တောင်မှာ ရှိသောသူများနှင့်သာ ပြုတော်မူခြင်းမဟုတ်ဘဲ ထိုပဋိညာဉ်တရားသည်ဣသရေလ လူမျိုးနောင်လာနောက်သားများအတွက်ပါဖြစ်သည်။ သို့မဟုတ် (၂) ထာဝရဘုရားသည်ထိုပဋိညာဉ်တရားကို သူတို့၏ ဘိုးဘေးများဖြစ်သော အာဗြဟံ၊ ဣဇာက် နှင့် ယာကုပ်အတွက်သာ ပြုလုပ်ခြင်းမဟုတ်ဘဲ၊ ၎င်းအစား ထိုပဋိညာဉ်တရားသည် ဣသရေလလူမျိုးများအတွက် ဟောရပ်တောင်မှ စတင်သည်။

Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောဆိုသည်။

မျက်နှာချင်းဆိုင်
ဤဘာသာစကား အသုံးအနှုန်းသည် လူတစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာ အတူတူနေ၍ တစ်ယောက်နှင့်တစ်ယောက် စကားပြောခြင်းကို ဆိုလိုသည်။

တောင် ပေါ်သို့
"တောင်ကုန်းပေါ်သို့"

ထိုအခါ
မောရှေသည် နှစ် ၄၀ ခန့် စောလျင်သော အဖြစ်အပျက်များကို ရည်ညွှန်းသည်။

ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ
ဤတွင် "ကျွန်ခံနေရာ အဲဂုတ္တုပြည်" သည် ဣသရေလလူမျိုးများ ကျွန်ခံခဲ့သောနေရာ အဲဂုတ္တုပြည်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ကျွန်ခံတဲ့နေရာမှ"

Deuteronomy 07

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ မိန့်မှာချက်များကို ပြန်လည် သတိရစေသည်။ စကားစုများဖြစ်သော "သင်တို့ လုပ်ရန်" နှင့် "သင်တို့မလုပ်ရန်" များဖြင့် အမိန့်ပေးပါသည်။ သူသည် ဣသရေလလူမျိုးများကို လူတစ်ယောက်ပမာ စကားပြောနေပါသည်။

ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။
"သင်တို့သည် ငါမှတပါး အခြားသော ဘုရားကို မကိုးကွယ်ရ။"

အောက်အရပ် မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက် ရေထဲ၌၎င်း ရှိသောအရာနှင့်
၎င်းသည် ပုံ၍ရှင်းရှင်းလင်းလင်းဖြစ်အောင် ဖော်ပြထားခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အောက်အရပ် သင်၏ ခြေထောက် မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက် ရေထဲ၌ လည်းကောင်း။"

Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ဦးမချ၊ ဝတ်မပြုနှင့်။
"သင်တို့သည် ရုပ်တုကို မကိုးကွယ်ရ သို့မဟုတ် သူတို့အမိန့်အတိုင်း မလုပ်ရ"

ငါထာဝရဘုရားသည် သင်၌ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား
"ငါ့ကိုသာ ကိုးကွယ်ရန် ငါအလိုရှိသည်။"

ငါ့ပညတ်တို့ကိုကျင့်သော သူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ကရုဏာကို ပြသောဘုရား ဖြစ်၏
ဘာသာပြန်တစ်ချို့တွင်"အမျိုးအစဉ်အဆက် အထောင်တိုင်အောင် ငါ့ကိုချစ်သောသူ"။ "ထောင်"ဟူသောစကားလုံးသည်ဥပမာစကား သို့မဟုတ်အတိသယဝုတ္တိအလင်္ကာဖြင့် များပြား၍ ရေတွက်လို့မရ ဟု တင်စားပြောဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ချစ်သော ထောင်သောင်းမကသော လူ"

## Deuteronomy 11

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ထာဝရဘုရား၏ နာမ တော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။
"ထာဝရဘုရား၏ နာမတော်ကို မုသာအတွက်အသုံးမပြုနှင့်"

မမြွက်မဆိုနှင့်။
5:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

မုသာနှင့်ဆိုင်၍
"ဂရုမစိုက်" သို့မဟုတ် "မည်မည်ရရလေးစားမှုမရှိ" သို့မဟုတ်"မှားယွင်းသော ရည်ရွယ်ချက်"

အပြစ်မရှိဟု ထာဝရဘုရား မှတ်တော်မမူ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူအပြစ်ရှိသည်ဟု တွေးတောလိမ့်မည်" သို့မဟုတ် " ထာဝရဘုရားသည် သူ့ကို ပြစ်ဒဏ်ပေးမည်"

## Deuteronomy 12

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သန့်ရှင်းစေခြင်းငှာ
"ထာဝရဘုရားထံတွင် နှစ်မြှုပ်ထားခြင်း"

အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။
"သင်၏ လုပ်ငန်းတာဝန်ကို လုပ်ဆောင်ခြင်း"

သတ္တမနေ့ရက်
"၇-ရက်"။ ဤတွင် "ခုနစ်" သည် အစဉ်လိုက်နံပါတ်ခုနစ်ဖြစ်သည်။

အလုပ်မလုပ်ရ။
"ဥပုသ်နေ့တွင် အလုပ်မလုပ်ရ"

သင်၏တံခါးအတွင်း၌
ဤတွင် "တံခါး" သည် ၎င်းမြို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အသိုင်းအဝိုင်းအတွင်း" သို့မဟုတ် "သင်၏ မြို့အတွင်း၌" သို့မဟုတ် "သင်နှင့် အတူနေထိုင်သည်"

## Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင်သည်အောက်မေ့လော့။
၎င်းသည် စကားအသုံးအနှုန်း တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်မှတ်မိရမည်"

အားကြီးသော လက်ရုံးတော်ကိုဆန့်၍
ဤတွင် "အားကြီးသော လက်ရုံးတော်" နှင့်"လက်ရုံးတော်ကိုဆန့်၍" တို့သည် ထာဝရဘုရား၏ဘုန်းတန်ခိုးကိုဥပမာတင်စားပြောဆိုခြင်းဖြစ်သည်။ 4:34 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သူ၏ ဘုန်းတန်ခိုးကို ပြခြင်းအားဖြင့်။"

## Deuteronomy 16

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

## Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

မသတ်နှင့်။
5:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

သူ့မယားကိုမပြစ်မှားနှင့်။
"သင်သည် တစ်စုံတစ်ယောက်သော သူ၏ မယားနှင့်အတူမအိပ်ရ။"

ကိုယ်နှင့်စပ်ဆိုင်သောသူ တဘက်၌ မမှန်သော သက်သေကို မခံနှင့်။
"သင်သည် တစ်စုံတစ်ယောက်သော သူအကြောင်းကို မုသာမပြောရ။"

## Deuteronomy 21

ယေဘုယျ အချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့


generated on Sun Jun 30 02:37:40 2024

စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

စိတ် မရှိစေနှင့်။
5:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 22

ယေဘုယျ အချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ထာဝရဘုရားပြောပြချက်များကို ဆက်လက်ပြောဆိုသည်။

Deuteronomy 23

ယေဘုယျ အချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြီးခဲ့သည့်အချိန်များတွင် ဖြစ်ပျက်ခဲ့သည်အရာများကို ပြန်လည် သတိရစေသည်။

စကားသံကို ကြား၍
"စကားသံ"ဟူသော စကားလုံးသည် စကားပြောသောအသံ သို့မဟုတ် စကားပြောသံကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြောသော အသံကြားသည်" သို့မဟုတ် "ထာဝရဘုရားစကားပြောသံကို ကြားသည်။"

Deuteronomy 25

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား သူတို့ပြောသောစကားများကို ပြန်လည်သတိရစေသည်။

အကျွန်ုပ်တို့သည် အဘယ်ကြောင့် ယခုသေရပါ မည်နည်း။
ထာဝရဘုရားပြောကြားသည့်အတိုင်းသူတို့သေရမည်ကိုထိတ်လန့်နေပါသည်။ ဤမေးခွန်းသည် အဆိုပြုဝါကျကဲ့အဖြစ်ဘာသာပြန်ဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သေရမှာကို ငါတို့ ထိတ်လန့်နေပါသည်။"

အဘယ်လူ သတ္တဝါသည် ကြား၍ အသက်ရှင် သနည်း။
ဤမေးခွန်းသည် အဆိုပြုဝါကျအဖြစ် ဘာသာပြန်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အနီး၌ ဘယ်သူမှမရှိ..... "

သတ္တဝါ
၎င်းသည် "လူသားအားလုံး" သို့မဟုတ် "သတ္တဝါအားလုံး" ကို ပြောခြင်းဖြစ်ပါသည်။

Deuteronomy 28

သင်တို့သည် ငါ့အားလျှောက်သော စကားကို
ဤတွင် " ငါ" သည် မောရှေကို ဆိုလိုသည်။

အစဉ်စောင့်ရှောက်ချင်သောစိတ်နှင့် ပြည့်စုံ ကြပါစေသော။
ဤတွင် အရာရာ၌ ကြီးမားသောဆန္ဒနှင့် ဘာသာစကားအသုံးအနှုန်းများဖြင့် ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းတွင် ငါသည် ပျော်ရွှင်စွာ နေရပါမည်။"

Deuteronomy 31

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှေအား ဆက်လက်ပြောကြားသည်။

သင်သည် သူတို့အား သွန်သင်ရသော
"သင်သည် ဣသရေလလူမျိုးများအား သွန်သင်ရပါမည်။"

Deuteronomy 32

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်ပြောကြားသည်။

သင်တို့သည် ကျင့်အံ့သော ဌာ စောင့်နေရကြမည်။
မောရှေသည် ဣသရေလလူမျိုးများအား အမိန့်ပေးသည်။

သင်တို့သည် လက်ျာဘက်၊ လက်ဝဲဘက် သို့ မလွှဲမရှောင်ရကြ။
ဤတွင် လူ တစ်ဦးတစ်ယောက်သည် ဘုရားစကားကို အားမထောင်ဘဲ လမ်းမှန်မှ လမ်းလွှဲခြင်းကို နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်နည်းလမ်းတစ်ခုခုဖြင့် သူ့ကိုမနာခံခြင်းမျိုး မပြုရ" သို့မဟုတ် "သူပြောပြချက် တစ်ခုခုကို သင် လုပ်ဆောင်ရပါမည်။"

အသက်တာရှည်မည် အကြောင်း
အသက်ရှည်ခြင်းကို နေ့ရက်ကြာရှည်ခြင်းအဖြစ် ဥပမာစကားများဖြင့် တင်စားပြောဆိုပါသည်။ 4:39 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အချိန်ကြာမြင့်စွာ နေထိုင်ပါစေ။"


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Deuteronomy 5:1

ဘုရားသခင်သည် ဟောရပ်၌ မည်သူတို့နှင့်အတူပဋိညာဉ်ပြုတော်မူသနည်း။
ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့နှင့် အတူပဋိညာဉ်ပြုတော်မူ၏။ ထိုတရားကို သူတို့၏ ဘိုးဘေးများနှင့် ပြုသည်မဟုတ် အသက်ရှိသောသူတို့နှင့် ပြုတော်မူ၏။

## Deuteronomy 5:4

ထာဝရဘုရားသည် စကားတော်ကို မိန့်မြွက်သည့်အခါ လူနှင့် ထာဝရဘုရားအကြားတွင် မောရှေသည် အဘယ့်ကြောင့် ရပ်ခဲ့သနည်း။
အဘယ်ကြောင့်ဆိုသော် သူတို့သည် မီးထဲကဘုရားသခင်၏ စကားတော်ကို ကြောက်ကြသည်။

ထာဝရဘုရားသည် မည်သူဖြစ်ကြောင်းကို ဣသရေလလူတို့ကို မည်သို့ပြောခဲ့သနည်း။
"ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင် ထာဝရဘုရား ဖြစ်သည်" ဟု ပြောခဲ့သည်။

## Deuteronomy 5:7

ဘုရားသခင်သည် သူတို့ကို မည်သို့ တားမြစ်ထားသနည်း။
အထက်မိုဃ်းကောင်းကင်၌လည်းကောင်း၊ အောက်အရပ် မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက် ရေထဲ၌ငှင်း ရှိသောအရာနှင့် ပုံသဏ္ဍာန်တူသော ရုပ်တုဆင်းတုကို ကိုယ်အဘို့ မလုပ်ဖို့ သူတို့ကို ပြောခဲ့သည်။

## Deuteronomy 5:9

ထာဝရဘုရားသည် မှားယွင်းခဲ့သော ဘိုးဘွားတို့အား မည်သို့ အပြစ်ပေးမည်နည်း။
ထာဝရဘုရားသည် သူတို့၏ အမျိုးအစဉ်အဆက် နောင်လာနောက်သားများကို ပြစ်ဒဏ်ပေးသည်။

ပညတ်တို့ကို ကျင့်သောသူနှင့် သူ့ကို ချစ်သောသူတို့ကိုထာဝရဘုရားသည် မည်သို့လုပ်သနည်း။
သူသည် အမျိုးအစဉ်အဆက်တိုင်အောင် ကရုဏာကို ပြသောဘုရား ဖြစ်သည်။

## Deuteronomy 5:11

မည်သူသည် ကိုယ်အပြစ်ကို မဖုံးကွယ်နိုင်မည်နည်း။
ထာဝရဘုရား၏ နာမတော်ကို မုသာနှင့်ဆိုင်၍ သုံးသောသူသည် အပြစ်ကို မဖုံးကွယ်နိုင်ပါ။

## Deuteronomy 5:12

ဥပုသ်နေ့အကြောင်းကို ထာဝရဘုရားမည်သို့ပြောခဲ့သနည်း။
သတ္တမနေ့ရက်သည် ဘုရားသခင်၏ သန့်ရှင်းသည့်နေ့ ဖြစ်သည့်အတွက် ထိုနေ့တွင် မည်သည်ကိုမျှ မလုပ်ဘဲသန့်ရှင်းစွာ နေရမည်။

## Deuteronomy 5:15

ဥပုသ်နေ့ကို စောင့်ရှောက်ရမည်ကို ထာဝရဘုရား မည်သို့ မိန့်မှာခဲ့သနည်း။
ဘုရားသခင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံရာ ထိုပြည်မှ အားကြီးသော လက်ရုံးတော်ကို ဆန့်၍ နှုတ်ဆောင်ခဲ့ကြောင်းကို သတိရအောက်မေ့ရန် မိန့်မှာခဲ့သည်။

## Deuteronomy 5:16

လူတို့သည် မိဘစကားကို နားထောင်၍ ရိုသေစွာပြုလျှင် မည်သို့ဖြစ်မည်နည်း။
ဘုရားသခင်ပေးသနားသော်မူသော ပြည်၌ အသက်သာရှည်လျား၍ သူတို့သည် ကောင်းစားရမည်ဖြစ်သည်။

## Deuteronomy 5:17

မည်သည်တို့ကို မလုပ်ဖို့ရန် မိန့်မှာခဲ့သနည်း။
လူ့အသက်ကို မသတ်ဖို့၊ သူ့မယားကိုမပြစ်မှားဖို့ရန်နှင့် ကိုယ့်အိမ်နီးနားချင်းကို ချစ်ပြီး မမှန်သောသက်သေမခံဖို့ ဖြစ်သည်။

## Deuteronomy 5:22

စကားတော်ကို မည်သည့်အရာတွင် ရေးသားခဲ့သနည်း။
ထိုစကားတော်ကို ကျောက်ပြားနှစ်ပြား ပေါ်တွင်ရေး၍ မောရှေကို ပေးခဲ့သည်။

## Deuteronomy 5:25

သူတို့သည် ထာဝရဘုရား၏ အသံတော်ကိုကြာရှည်စွာကြားလျှင် သူတို့သည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။
လူတို့သည် အသံတော်ကို ကြားလျှင် ကြီးစွာသောမီးဖြင့် ဆုံးရှုံး၍ သေလိမ့်မည်။

မောရှေသည် သူတို့ကို ဘုရားသခင်၏ စကားတော်ကို ထပ်ခါတလဲလဲ ပြောသောအခါ လူတို့သည် မည်သို့ဖြစ်မည်နည်း။
သူတို့သည် ဘုရားသခင်၏ စကားတော်ကို နာခံ၍ နားထောင်လိမ့်မည်။

## Deuteronomy 5:28

လူတို့၏ တုံ့ပြန်မှုကို ထာဝရဘုရား မည်သို့ ပြောသနည်း။
ထာဝရဘုရားသည် လူတို့၏ စကားသံကို ကြား၍ လျောက်ပတ်၏ဟု မှတ်ချက်ပြုသည်။

Deuteronomy 5:32

ထာဝရဘုရား ပေးသောပညတ်ချက်တို့ လူတို့သည် လိုက်နာလျှင် မည်သို့ဖြစ်မည်ဟု မောရှေ ပြောခဲ့သနည်း။

စီရင်သော ပညတ်တို့ကို စောင့်ရှောက်လျှင် သူတို့ အသက်ရှင်လိမ့်မည်။ သူတို့သည် ဝင်စားလတ့်သောပြည်၌ အသက်တာရှည်လိမ့်မည်။

---

## Chapter 6

[1] သင်တို့နှင့် သားမြေးတို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ [2] ငါပေးထားသော ပညတ်တရားတော်ရှိသမျှ
တို့ကို တသက်လုံး စောင့်ရှောက်မည်အကြောင်းနှင့် သင်တို့၏ အသက်တာရှည်စေမည်အကြောင်း၊ သင်တို့ သွား၍ ဝင်စားလတံ့သော
ပြည်၌ ကျင့်ဘို့ရာ သင်တို့အား ငါသွန်သင်စိမ့်သောငှာ၊ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားမှာထားတော်မူသော စီရင်ထုံးဖွဲ့ချက်
ပညတ် တရားဟူမူကား၊ [3] အိုဣသရေလအမျိုး၊ ဘိုးဘေးတို့၏ ဘုရား သခင်ထာဝရဘုရား ဂတိတော်ရှိသည်အတိုင်း၊ သင်သည် နို့နှင့်
ပျားရည်စီးသောပြည်၌ ချမ်းသာရ၍ အလွန်ပွားများမည် အကြောင်း နားထောင်လော့။ သတိနှင့်ကျင့်စောင့်လော့။ [4]
အိုဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။ [5]
သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ [6] ယနေ့ ငါမှာထားသောစကားကို
နှလုံးသွင်းရ မည်။ [7] ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား ၍ သွန်သင်ရမည်။ အိမ်၌ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌
သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည် ဖြစ်စေ၊ ထိုစကားကို ပြောရမည်။ [8] ထိုစကားကိုလည်း သင်၏ လက်၌ လက္ခဏာ
သက်သေဘို့ရာငှင်း၊ သင်၏ မျက်စိကြားမှာ သင်းကျစ်ကဲ့ သို့ငှင်း ချည်ထားရမည်။ [9] အိမ်တံခါး၊ မြို့တံခါးတို့၌လည်း ရေးထားရမည်။
[10] သင်မတည်သော မြို့ကြီးမြို့မြတ်တို့ကိုငှင်း၊ သင်မဖြည့်ဘဲ ကောင်းသောအရာနှင့် ပြည့်သော အိမ်တို့ ကိုငှင်း၊ [11] သင်မတူးသော
ရေတွင်းတို့ကိုငှင်း၊ သင် မစိုက် ပျိုးသော စပျစ်ဥယျာဉ်နှင့် သံလွင်ပင်တို့ကိုငှင်း၊ သင့်အား ပေးခြင်းငှာ၊ သင်၏ အဘအာဗြဟံ၊
ဣဇာက်၊ ယာကုပ်တို့ အား ကျိန်ဆိုတော်မူသောပြည်သို့ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်ကို ဆောင်သွင်းတော်မူ၍၊
သင်သည် ဝစွာစားလျက် နေရသောအခါ၊ [12] ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ သင့်ကို ကယ်နှုတ် ဆောင်ယူခဲ့သော ထာဝရဘုရားကို
မမေ့လျော့မည် အကြောင်း၊ ကိုယ်ကို ကိုယ်သတိပြုလော့။ [13] သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက် ရွံ့ရမည်။
ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်။ နာမ တော်အားဖြင့်လည်း ကျိန်ဆိုခြင်းကိုပြုရမည်။ [14] အခြားတပါးသောဘုရား၊
သင့်ပတ်လည်၌ နေသော လူမျိုးတို့၏ ဘုရားကို မဆည်းမကပ်ရ။ [15] သင်၏ဘုရားသခင် ထာဝရဘုရားသည် သင်တို့ ၌
အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားဖြစ်တော်မူ၏။ သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်ကို အမျက် ထွက်၍ မြေကြီးပြင်မှာ
သုတ်သင်ပယ်ရှင်းတော်မူမည်ဟု စိုးရိမ် စရာရှိ၏။ [16] သင်သည် မဿာအရပ်၌ ပြုသကဲ့သို့၊ သင်၏ ဘုရားသခင် ထာဝရဘုရားကို
အစုံအစမ်းမပြုရ။ [17] သင်၏ဘုရားသခင် ထာဝရဘုရားထားတော်မူ သော သက်သေခံချက်၊ စီရင်ချက်၊ ပညတ်တရားတို့ကို
ကြိုးစား၍ စောင့်ရှောက်ရမည်။ [18] သင်သည် ချမ်းသာရခြင်းငှာငှင်း၊ [19] ထာဝရဘုရား ဂတိတော်ရှိသည်အတိုင်း ရန်သူ အပေါင်းတို့ကို
သင့်ရှေ့မှ နှင်ထုတ်သဖြင့်၊ သင်၏ဘိုးဘေး တို့အား ကျိန်ဆိုတော်မူသော ပြည်မြတ်ကို ဝင်စား၍ နေခြင်းငှာငှင်း၊
ထာဝရဘုရားရှေ့တော်၌ ဖြောင့်မတ် လျောက်ပတ်သောအမှုတို့ကို ပြုရမည်။ [20] နောင်ကာလ၌ သင်၏သားက၊ ငါတို့ဘုရား သခင်
ထာဝရဘုရားထားတော်မူသော ဤသက်သေခံ ချက်၊ စီရင်ထုံးဖွဲ့ချက်တို့သည် အဘယ်သို့ ဆိုလိုသနည်းဟု မေးမြန်းလျှင်၊ [21] သင်က၊
ငါတို့သည် အဲဂုတ္တုပြည်၌ ဖါရောဘုရင် ၏ ကျွန်ဖြစ်၍ နေစဉ်အခါ၊ ထာဝရဘုရားသည် အားကြီး သောလက်တော်နှင့် ငါတို့ကို
အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူ၏။ [22] ထာဝရဘုရားသည်လည်း၊ ကြီးမားခက်ထန် သော နိမိတ်လက္ခဏာ အံ့ဘွယ်သရဲတို့ကို
အဲဂုတ္တုပြည် အပေါ်မှာငှင်း၊ ဖာရောဘုရင်နှင့် နန်းတော်သားတို့အပေါ်မှာငှင်း၊ ငါတို့မျက်မှောက်၌ ပြုတော်မူပြီးလျှင်၊ [23]
ငါတို့ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသော ပြည်သို့ သွင်း၍ နေရာချခြင်းအလို့ငှာ၊ ထိုပြည်မှ နှုတ်ဆောင်တော်မူ၏။ [24]
ထာဝရဘုရားသည် ယနေ့တိုင်အောင် ကျေးဇူး ပြုတော်မူသကဲ့သို့၊ ငါတို့အသက်ကို စောင့်တော်မူမည် အကြောင်း၊ ငါတို့သည်
ကိုယ်အကျိုးကို ထောက်၍၊ ငါတို့ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့လျက်၊ ဤ ပညတ်အလုံးစုံတို့ကို ကျင့်စေခြင်းငှာ
မှာထားတော်မူ၏။ [25] သို့ဖြစ်၍ ငါတို့ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ ဤပညတ်အလုံးစုံတို့ကို ရှေ့တော်၌
ကျင့်စောင့်ခြင်းငှာ သတိပြုလျှင်၊ ဖြောင့်မတ် ရာသို့ ရောက်ရကြလိမ့်မည်ဟု ပြန်ပြောရမည်။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား 5:1 မှစ၍ ဆက်လက်ပြောဆိုသည်။ 5:2 မှစ၍ သူတို့ကို လူတစ်ဦးတစ်ယောက်ကဲ့သို့ ပြောဆိုသည်။

စောင့်ရှောက်မည်အကြောင်း
"နာခံရမည်...နာခံရန်"

သင်တို့ သွား၍ ဝင်စားလတံ့သော ပြည်၌
"ယော်ဒန်မြစ်တဖက်ကမ်းဝင်စားရမည့်ပြည်"

သင်တို့၏ အသက်တာရှည်စေမည်အကြောင်း
"အသက်တာရှည်" သည် အသက်ရှည်ခြင်းကို ပြောဆိုခြင်းဖြစ်သည်။ ၎င်းကို ပြုခြင်းပြပုံစံဖြင့် ဖော်ပြထားသည်။ ၎င်းကို "သင်၏ နေ့ရက်များကို ရှည်စေသည်" ဟူ၍လည်း အခ်ပွါယ်တူ ဘာသာပြန်ပါသည်။ 4:25. အခြားသောဘာသာပြန်ဆိုချက်၊ " ငါကသင်တို့၏ နေ့ရက်များကို


generated on Sun Jun 30 02:37:40 2024

ရှည်လျားစေ၏" သို့မဟုတ် "ငါက သင်တို့ကို ကြာရှည်စွာ နေထိုင်နိုင်ရန် လုပ်ပေးနိုင်သည်။"

Deuteronomy 03

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

နားထောင်လော့
ဤတွင်"နားထောင်" သည် နာခံမှုကို ဆိုလိုသည်။ အမိပ္ပါယ် ပြည့်ပြည့်စုံစုံနှင့် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ ကတိတော်၊ ဥပဒေသ၊ အမိန့်တော်များကို နားထောင်လော့။"

စောင့်လော့။
"နာခံလော့။"

နို့နှင့် ပျားရည်စီးသောပြည်၌
၎င်းသည် စကားအသုံးအနှုန်း တစ်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နို့နှင့် ပျားရည်အများကြီးစီးသောပြည်" သို့မဟုတ် "စိုက်ပျိုးမွေးမြူရေးအတွက်အလွန်ထူးကဲ ကောင်းမွန်သော ပြည်။"

Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏
"ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားဖြစ်၍ ဘုရားဆိုသည်မှာ တစ်ဆူတည်းသာ ရှိပါသည်။"

ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။
ဤစကားစုများသည် သူတစ်ပါးကဘုရားသခင်ကိုပြည့်စုံစွာ ချစ်ရန်နှင့် သူ့အထံတော်သို့ လုံးဝဆက်ကပ်အပ်နှံရန် ဟု ဖော်ပြထားပါသည်။

Deuteronomy 06

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ငါမှာထားသောစကား
မောရှေသည် ထာဝရဘုရား ပေးထားသော ကတိတော်ကိုဣသရေလလူမျိုးများအား ပြောကြားပါသည်။

နှလုံးသွင်းရမည်။
၎င်းသည်စကားအသုံးနှုန်းတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အမြဲတမ်းသတိထားရမည်။"

ကြိုးစား ၍ သွန်သင်ရမည်...ထိုစကားကို ပြောရမည်။
"သင်သည် လုံ့လဝီရိယရှိစွာ သွန်သင်ရန် ငါအမိန့်ပေးသည်... သင်သည် ထိုစကားပြောရန် ငါအမိန့်ပေးသည်။" စာဖတ်သူသည် ၎င်းတို့ကို အမိန့်ပေးချက်များကဲ့သို့နားလည်ရပါသည်။

Deuteronomy 08

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ချည်ထားရမည်
၎င်းသည် "သားရေပေါ်တွင်စာရေးပြီးသားရေအိပ်နှင့်တွဲချည်ထားခြင်း"ကိုဥပမာတင်စားရေး ဤဥပမာစကားသည် "သင်တို့ရုပ်ပိုင်းအားဖြင့်ထိုနေရာတွင် ရှိနေသရွေ့ ၎င်းစကားထုံးများကို နာခံရမည်" ဟု တင်စားပြောဆိုထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤစကားလုံးများ ချည်နှောင်ထားရမည်။"

သင်၏ လက်၌ လက္ခဏာ သက်သေဘို့ရာ
"တစ်စုံတစ်ရာအားဖြင့် ငါ၏ဥပဒေသများ သတိရရန်"

သင်းကျစ်ကဲ့ သို့၎င်း
၎င်းသည် "သားရေပေါ်တွင် စာရေးပြီး သားရေအိတ်နှင့် တွဲချည်ထားခြင်း"ကိုရေးသားထားခြင်းဖြစ်သည်။ ဤစကားသည် "သင်တို့ ရုပ်အားဖြင့် ထိုနေရာတွင် ရှိနေသရွေ့ ၎င်းစကားထုံးများကို နာခံရမည်" ဟု ပြောဆိုထားခြင်းဖြစ်သည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "ငါ၏ စကားလုံးများသည် သင်းကျစ်ကဲ့သို့ ထမ်းဆောင်ရမည်။"

သင်းကျစ်
အဆင်တန်ဆာကို နဖူးတွင် ဝတ်ဆင်ထားသည်။

ရေးထားရမည်။
၎င်းသည် အမိန့်ပေးခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Deuteronomy 10

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင်မတည်သော မြို့ကြီးမြို့မြတ်တို့ကိုငင်း
ထိုမြို့များအားလုံးသည် ဣသရေလလူမျိုးများ ခါနန်ပြည်ကို သိမ်းပိုက်စဉ်အတွင်းနှင့် သက်ဆိုင်ပါသည်။

ကျွန်ခံနေရာမှ
ဤတွင် "ကျွန်ခံနေရာမှ" သည် ဣသရေလလူမျိုးများကျွန်ခံနေရသည့် အဲဂုတ္တုပြည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ကျွန်ခံသည့် နေရာမှ"

Deuteronomy 13

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက် ရွံ့ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်။ နာမ တော်အားဖြင့်လည်း ကျိန်ဆိုခြင်းကိုပြုရမည်။
"ငင်းသည် သင်၏ ဘုရားသခင် ထာဝရဘုရားမှ တစ်ပါးအခြားသူကို မကိုးကွယ်ရန်၊ သူ့ကိုသာ ဝတ်ပြုရန်၊ သူ၏ နာမတော်အားဖြင့် ကျိန်ဆိုခြင်းပြုရန်" သင်၏ ဘာသာစကားသည် ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အား ပြောကြားသည့်အတိုင်း အခြားသော ရုပ်တုဘုရားများ မကိုးကွယ်ရန်နှင့်အမှု မပြုရန် အသားပေးဖော်ပြထားပါသည်။

နာမ တော်အားဖြင့်လည်း ကျိန်ဆိုခြင်းကိုပြုရမည်။
နာမ တော်အားဖြင့် ကျိန်ဆိုခြင်းကို ပြုရမည် ဟူသည် ထာဝရဘုရားကို အခြေခံထားရန် သို့မဟုတ် သူ၏ တန်ခိုးအားဖြင့်သာ ကျမ်းစာကျိန်ဆိုခြင်းပြုရန်ဖြစ်သည်။ ဥပမာစကား "သူ၏ နာမည်" သည် ထာဝရဘုရား ကိုယ်တိုင်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ထာဝရဘုရားအား ကျိန်ဆိုခြင်းနှင့် ပြောဆိုခြင်းအားဖြင့် ငင်းကို အတည်ပြုရန်" သို့မဟုတ် "သင်ကျိန်ဆိုသောအခါ သူ၏ နာမည်ကို ပြောဆိုရမည်"

သင့်ပတ်လည်၌
"သင်နှင့်အတူ နေထိုင်သူများ"

သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်ကို အမျက် ထွက်၍ မြေကြီးပြင်မှာ သုတ်သင်ပယ်ရှင်းတော်မူမည်။
ထာဝရဘုရားကဣသရေလများကိုအမျက် ထွက်လျှင်ဖျက်ဆီးမည့်အရာကို အရာဝတ္ထုများမီးရှို့ပစ်ခြင်းဖြင့် မောရှေကနှိုင်းယှဉ်ထားပါသည်။ ရက်စက်စွာ ဒေါသထွက်ခြင်းသည် အလွန်ဒေါသထွက်လာခြင်းဟု ပြောဆိုခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ထာဝရဘုရားသည်သူ၏ဒေါသကိုရက်စက်ပါသည်" သို့မဟုတ် "သင်၏ ထာဝရဘုရားသည် အလွန်ဒေါသ ထွက်လာပါသည်။"

သုတ်သင်ပယ်ရှင်းတော်မူမည်
"သင့်ကို ဖျက်ဆီးပြီး နေစရာမရှိစေခြင်း"

Deuteronomy 16

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင်၏ ဘုရားသခင် ထာဝရဘုရားကို အစုံအစမ်းမပြုရ။
ဤတွင်"အစုံအစမ်း" သည် ထာဝရဘုရားကို စိန်ခေါ်ခြင်းနနှင့်သူကိုယ်တိုင် အတင်းအကျပ် ခိုင်းစားစေခြင်းကိုဆိုလိုသည်။

မဿာအရပ်
ငင်းသည် သဲကန္တာရနေရာတစ်ခု၏ အမည်ဖြစ်သည်။ ဘာသာပြန်သူသည် ရှင်းလင်းချက်တွင် "မဿာသည် စုံစမ်းခြင်းဖြစ်သည်" ဟု မှတ်သားရသည်။

Deuteronomy 18

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ထာဝရဘုရားရှေ့တော်၌ ဖြောင့်မတ် လျောက်ပတ်သောအမှုတို့ကို ပြုရမည်။
ငင်းစကားအသုံးအနှုန်းသည် အမိန့်ပေးချက်နှင့် ကောင်းချီးမင်္ဂလာဖြစ်သည်။ အကယ်၍ ဣသရေလ လူမျိုးများသည် ထာဝရဘုရားကို နာခံပါက ထာဝရဘုရားထံမှ ကောင်းကြီးရယူမည် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ပြောသော ဖြောင့်မတ် မှန်ကန်သည့်အရာများ လုပ်ဆောင်ပါ။"


generated on Sun Jun 30 02:37:40 2024

## Deuteronomy 20

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

ဘုရား သခင် ထာဝရဘုရားထားတော်မူသော ဤသက်သေခံ ချက်၊ စီရင်ထုံးဖွဲ့ချက်တို့သည် အဘယ်သို့ ဆိုလိုသနည်း။

ဤမေးခွန်းသည်ဥပမာစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပဋိညာဉ်ဥပဒေနှင့်စေခိုင်းချက်အမိန့်တွေကဘယ်လိုနားလည်သလဲ" သို့မဟုတ် "ဘာကြောင့် သင်ပဋိညာဉ်ဥပဒေကိုနာခံမှာလဲ၊ ဘာ့ကြောင့်အမိန့်ပေးသလဲ"

သင်၏သားက

၎င်းသည် မောရှေကပြောသောထာဝရဘုရား၏ နှုတ်တော်ထွက်စကားဖြစ်သည့် ဣသရေလလူမျိုးများ၏ အရွယ်ရောက်သောသားများကို ဆိုလိုသည်။

အားကြီး သောလက်တော်နှင့်

ဤတွင် "အားကြီးသောလက်တော်" သည် ထာဝရဘုရား ၏ တန်ခိုးကို ဆိုလိုသည်။ 4:34 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သူ၏ အားကြီးသောတန်ခိုးနှင့်"

နန်းတော်သားတို့အပေါ်မှာ

ဤတွင် "သူ၏အိမ်တော်"သည် ထာဝရဘုရား၏ လူမျိုးတော်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ လူမျိုးတော်များ အားလုံးထံသို့"

ငါတို့မျက်မှောက်၌

ဤတွင် "မျက်မှောက်" သည် လူတစ်ဦးတစ်ယောက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား ငါတို့ တွေ့မည့်နေရာ။"

ပြည်သို့ သွင်း၍ နေရာချခြင်းအလို့ငှာ

ဤအဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြခြင်းသည် ရှင်းရှင်းလင်းလင်း ဖြစ်စေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အား ခါနန်ပြည်သို့ သယ်ဆောင်သွားမည်။"

## Deuteronomy 24

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရားသည်ဣသရေလ လူမျိုးများကို လူတစ်ဦးတစ်ယောက်ပမာဆက်လက်ပြောကြားခဲ့ပါသည်။ သူသည်သူတို့ထံ ထာဝရဘုရား မိန့်မှာချက်များကိုသူတို့သားသမီးများထံသို့ပြောကြားသည်။

ထာဝရဘုရားရှေ့တော်၌

"ထာဝရဘုရား တည်ရှိရာနေရာသို့" သို့မဟုတ် "ငါတို့အားထာဝရဘုရားတွေ့မြင်သော နေရာ"

ကျင့်စောင့်ခြင်း

"နာခံခြင်း"

ဖြောင့်မတ် ရာသို့ ရောက်ရကြလိမ့်မည်။

၎င်းသည် ဥပမာပြောသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါတို့ဖြောင့်မတ်ခြင်းကို စဉ်းစားသည်။"

---

# Translation Questions

## Deuteronomy 6:1

ဣသရေလလူများနှင့် သူတို့၏ သားသမီးများသည် သူတို့ အသက်ရှင်ချိန်ကာလတွင် ထာဝရဘုရားသခင်၏ နိယာမနှင့် မိန့်တော်မူချက် အားလုံးကို စောင့်ရှောက်ခဲ့လျှင် အဘယ်သို့ ဖြစ်လိမ့်မည်နည်း။

သူ၏ နိယာမနှင့် မိန့်တော်မူချက်အားလုံးကို စောင့်ရှောက်ခဲ့လျှင် အသက်တာရှည်စေလိမ့်မည်။

## Deuteronomy 6:3

မောရှေသည် ကတိတော်ရှိသော ပြည်ကို မည်သို့ဖော်ပြခဲ့သနည်း။

နို့နှင့် ပျားရည်စီးသော ပြည်ဖြစ်သည်ဟု ပြောခဲ့သည်။

## Deuteronomy 6:4

ဣသရေလလူမျိုးတို့သည် ထာဝရဘုရားကို မည်သို့ ချစ်ရမည်နည်း။

ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်ရမည်။

## Deuteronomy 6:6

မိန့်မှာခဲ့သောအရာများကို သူတို့၏သားသမီးများနှင့် သူတို့နှလုံးသားတွင် သွင်းဖို့ရန် လူတို့သည် အဘယ့်သို့ ပြုရမည်နည်း။

ထိုစကားကို သူတို့၏ သားသမီးတို့အား ကြိုးစား၍ သွန်သင်ရမည်။ အိမ်၌ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌ သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည် ဖြစ်စေ၊ ထိုစကားကို ပြောရမည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Deuteronomy 6:10

ဣသရေလလူတို့သည် ထာဝရဘုရားသခင်ကို အဘယ့်ကြောင့် မမေ့လျော့သင့်သနည်း။
သူတို့သည် ထာဝရဘုရားကို မမေ့လျော့သောအခါ ထာဝရဘုရားသည် သူတို့၏ ဘိုးဘေးတို့အား ကျိန်ဆိုထားတော်မူသောပြည်၌ ဝစ္စာစားခြင်းနှင့် စိတ်ကျေနပ်မှု ရရှိပါလိမ့်မည်။

Deuteronomy 6:13

ဣသရေလလူတို့သည် အခြားတပါးသောဘုရားတို့အား အစေခံခဲ့လျှင် မနာလိုသောဘုရားက မည်သို့ ပြုလိမ့်မည်နည်း။
အကယ်၍အခြားတပါးသောဘုရားတို့အား အစေခံခဲ့ပါက ဘုရားသခင်ထာဝရဘုရားသည် ဣသရေလလူတို့ကို အမျက်တော်ထွက်၍ မြေကြီးပြင်မှ သုတ်သင်ပယ်ရှင်းတော်မူလိမ့်မည်။

Deuteronomy 6:16

သူတို့သည် မဿာအရပ်၌ မည်သို့ပြုခဲ့သနည်း။
သူတို့သည် မဿာအရပ်၌ ဘုရားသခင်ကို စုံစမ်းခဲ့သည်။

Deuteronomy 6:20

ထာဝရဘုရား၏ သက်သေခံ ချက်၊ စီရင်ထုံးဖွဲ့ချက်တို့နှင့် ဥပဒေများ၊ ပဋိညာဉ်ထုံးဖွဲ့တော်အကြောင်းကို သူတို့၏ သားသမီးတို့သည် မေးကြသောအခါ မည်သို့တုံ့ပြန်မည်နည်း။
ငါတို့သည် အဲဂုတ္တုပြည်၌ ဖါရောဘုရင်၏ ကျွန်ဖြစ်၍နေစဉ် ထာဝရဘုရားသည် ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့ပြီး၊ ငါတို့ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့ ပို့ဆောင်ဖို့ရန် အဲဂုတ္တုပြည်၌မှ နှုတ်ဆောင်ခဲ့သည် ဟုသူတို့ကိုပြောရမည်။

Deuteronomy 6:24

အဘယ့်ကြောင့် ထာဝရဘုရားကို ကြောက်သင့်သနည်း။
အသက်ကို စောင့်တော်မူသောကြောင့် သူတို့၏ အကျိုးကျေးဇူးအတွက် ထာဝရဘုရားကို ကြောက်ရွံ့ရမည်။

## Chapter 7

1 သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင် သွား၍ ဝင်စားလတံ့သောပြည်သို့ သင့်ကို ဆောင်သွင်း လျက်၊ ဟိတ္တိလူ၊ ဂိရဂါရှိလူ၊
အာမောရိလူ၊ ခါနာနိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတည်းဟူသော၊ သင့်ထက်ကြီးမြင့် များပြားသော လူမျိုးခုနစ်မျိုးတို့ကို
သင့်ထံက နှင်ထုတ်၍၊ 2 တဖန်သင့်လက်၌ အပ်တော်မူသောအခါ၊ သူတို့ ကို လုပ်ကြံ၍ အကုန်အစင် သုတ်သင်ပယ်ရှင်းရမည်။
သူတို့နှင့် မိဿဟာယမဖွဲ့ရ၊ ကရုဏာကို မပြုရ။ 3 သူတို့နှင့် စုံဘက်ခြင်းကို မပြုရ။ သင်၏သမီးကို သူ၏သားနှင့်၎င်း၊ သင်၏သားကို
သူ၏သမီးနှင့်၎င်း ထိမ်းမြားပေးစားခြင်းကို မပြုရ။ 4 အကြောင်းမူကား၊ သူတို့သည် သင်၏သားကို ငါ၌ မဆည်းမကပ်စေဘဲ၊
အခြားတပါးသော ဘုရားအား ဝတ်ပြုစေခြင်းငှာ သွေးဆောင်ကြလိမ့်မည်။ ထိုအခါ အမျက်ထွက်၍ သင်တို့ကို ချက်ခြင်း
ဖျက်ဆီးတော်မူ လိမ့်မည်။ 5 သို့ဖြစ်၍၊ သူတို့၌ အဘယ်သို့ပြုရမည်နည်း ဟူမူကား၊ သူတို့ယဇ်ပလ္လင်များကို ဖျက်ရမည်။ ရုပ်တု
များကို ဖြိုချရမည်။ အာရှိရပင်များကို ခုတ်လှဲရမည်။ ထုသောရုပ်တု ဆင်းတုများကို မီးရှို့ရမည်။ 6 အကြောင်းမူကား၊ သင်သည်
သင်၏ ဘုရား သခင် ထာဝရဘုရားအဘို့ သန့်ရှင်းသောအမျိုး ဖြစ်၏။ မြေကြီးပေါ်မှာ ရှိသမျှသော လူမျိုးထက် သင်၏ဘုရား သခင်
ထာဝရဘုရားပိုင်ထိုက်သော အမျိုးဖြစ်စေခြင်းငှာ သင့်ကို ရွေးချယ်တော်မူပြီ။ 7 သင်သည် အခြားသောလူမျိုးထက် သာ၍
များသောကြောင့်၊ ထာဝရဘုရားသည် သင့်ကို ချစ်၍ ရွေးချယ်တော်မူသည်မဟုတ်။ သင်သည် အခြားသော လူမျိုးတကာတို့ထက်
သာ၍နည်း၏။ 8 ထာဝရဘုရားသည် သင့်ကိုချစ်သောကြောင့် ၎င်း၊ သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသော အကျိတ်ကို
မဖျက်လိုသောကြောင့်၎င်း၊ ကျွန်ခံနေရာ အဲ ဂုတ္တုပြည်ကို အစိုးရသော ဖါရောဘုရင်လက်မှ အားကြီး သော လက်တော်နှင့် သင့်ကို
ရွေးနှုတ်ဆောင်ယူခဲ့တော် မူပြီ။ 9 သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရား သည် မှန်သောဘုရား၊ သစ္စာစောင့်သောဘုရား၊ ကိုယ်
တော်ကို ချစ်၍ ပညတ်တော်တို့ကို စောင့်ရှောက်သော သူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်း တိုင်အောင်
ပဋိညာဉ်စကားတည်၍ ကရုဏာကို ပြုသောဘုရား၊ 10 ကိုယ်တော်ကို မုန်းသောသူတို့ကို ဖျက်ဆီးခြင်း ငှာ၊ သူတို့မျက်မှောက်၌
အပြစ်ပေးသော ဘုရားဖြစ်တော် မူကြောင်းကို သိမှတ်လော့။ ကိုယ်တော်ကို မုန်းသော သူတို့ကို အားမနာဘဲ၊ သူတို့မျက်မှောက်၌
အပြစ်ပေး တော်မူမည်။ 11 သို့ဖြစ်၍ ယနေ့ငါထားသော စီရင်ထုံးဖွဲ့ချက်၊ ပညတ်တရားတို့ကို ကျင့်အံ့သောငှာ စောင့်ရှောက်ရမည်။ 12
ထိုပညတ်တို့ကို သင်သည် ကျင့်ဆောင်အံ့သော ငှာ နားထောင်လျှင်၊ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင်၏ဘိုးဘေးတို့အား
ကျိန်ဆိုတော်မူသော ပဋိညာဉ်နှင့် ကရုဏာတော်ကို စောင့်တော်မူမည်။ 13 သင့်ကိုချစ်သဖြင့် ကောင်းကြီးပေး၍ များပြား
စေတော်မူမည်။ သင့်အား ပေးခြင်းငှာ၊ သင်၏ဘိုးဘေးတို့ အား ကျိန်ဆိုတော်မူသောပြည်၌ သင်ဘွားမြင်သော သားတို့ကို ၎င်း၊
သင်၏မြေ အသီးအနှံ၊ စပါး၊ စပျစ်ရည်၊ ဆီ၊ နွား အစီးအပွား၊ သိုးစုတို့ကို၎င်း ကောင်းကြီးပေး တော်မူမည်။ 14 သင်သည်
လူမျိုးတကာတို့ထက် သာ၍ ကောင်း ကြီးခံရသောသူ ဖြစ်၍၊ သင်၌မြုံသော ယောက်ျားမိန်းမ တယောက်မျှ၊ တိရစ္ဆာန်တွင်မြုံသော
အထီးအမ တကောင်မျှမရှိရ။ 15 ထာဝရဘုရားသည်လည်း၊ အနာရောဂါရှိသမျှ တို့ကို သင့်ဆီက ပယ်ရှား၍၊ သင်သိသော
အဲဂုတ္တုပြည်၏ အနာဆိုးကို သင်၌ စွဲစေတော်မမူ။ သင့်ကိုမုန်းသောသူ မပေါင်းတို့၌ စွဲစေတော်မူမည်။ 16 သင်၏ ဘုရားသခင်
ထာဝရဘုရားသည် သင်၌ အပ်ပေးတော်မူသော လူမျိုးအပေါင်းကို ဖျက်ဆီး ရမည်။ သင်၏မျက်စိသည် သူတို့ကို မသနားရ။ သူတို့
ဘုရားအား ဝတ်မပြုရ။ ဝတ်ပြုလျှင်၊ ထိမိ၍ လဲစရာ အကြောင်း ဖြစ်လိမ့်မည်။- 17 ထိုလူမျိုးတို့သည် ငါ့ထက်သာ၍များ၏။ ငါသည်
သူတို့ကို အဘယ်သို့ နှင်ထုတ်နိုင်မည်နည်းဟု သင်သည် စိတ်ထဲမှာ အောက်မေ့လျက်၊ 18 သူတို့ကို မကြောက်ရ။ သင်၏ဘုရားသခင်
ထာဝရဘုရားသည် ဖါရောဘုရင်နှင့် အဲဂုတ္တုပြည် တပြည်လုံး၌ ပြုတော်မူသော အမှုကို၎င်း၊ 19 ကိုယ်တိုင်မြင်၍ ကြီးစွာသော
စုံစမ်းခြင်းတို့ကို ၎င်း၊ သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ကို နှုတ်ဆောင်သောအခါ၊ ပြုတော်မူသော နိမိတ်လက္ခဏာ
အံ့ဘွယ်သော အမှုတို့ကို၎င်း၊ အားကြီးသော လက်ရုံး တော်ကို ဆန့်တော်မူခြင်းကို၎င်း စေ့စေ့အောက်မေ့ ရမည်။ ထိုနည်းတူ၊
သင်ကြောက်တတ်သော လူမျိုး ရှိသမျှတို့၌ သင်၏ ဘုရားသခင် ထာဝရဘုရား ပြုတော်မူ မည်။ 20 ထိုမှတပါး၊ ကျန်ကြွင်း၍
ပုန်းရှောင်လျက်နေ သော သူတို့သည် မပျက်စီးမှီတိုင်အောင်၊ သင်၏ ဘုရား သခင် ထာဝရဘုရားသည် ပျားတုပ်များကို သူတို့တွင်
စေလွှတ်တော်မူမည်။ 21 သူတို့ကြောင့် ထိတ်လန့်ခြင်း မရှိရ။ အကြောင်း မူကား၊ တန်ခိုးကြီး၍ ကြောက်မက်ဘွယ်သော သင်၏
ဘုရားသခင် ထာဝရဘုရားသည် သင်တို့တွင် ရှိတော် မူ၏။ 22 သင်၏ ဘုရားသခင် ထာဝရဘုရားသည် ထိုလူ မျိုးတို့ကို သင့်ထံက
တရွေ့ရွေ့နှင် ထုတ်တော်မူလိမ့်မည်။ တောသားရဲတို့သည် သင့်တဘက်၌ များပြားမည်ကို စိုးရိမ်၍၊ သူတို့ကို
ချက်ခြင်းမပယ်မရှားသင့်။ 23 သို့ရာတွင် သင်၏ ဘုရားသခင် ထာဝရဘုရား သည် သူတို့ကို သင်၌အပ်၍၊ သူတို့
မပျက်စီးမှီတိုင်အောင်၊ ကြီးစွာသော ပျက်စီးခြင်းကို စီရင်တော်မူမည်။ 24 သူတို့ရှင်ဘုရင်များကိုလည်း သင့်လက်၌ အပ်တော်မူသဖြင့်၊
သူတို့ဘွဲ့နာမကိုပင် ကောင်းကင် အောက်မှာ ပယ်ရှင်းရမည်။ သူတို့ကို မဖျက်ဆီးမှီ တိုင်အောင် သင့်ရှေ့ မှာ အဘယ်သူမျှ
မရပ်မနေနိုင်ရာ။ 25 သူတို့ထုသော ရုပ်တုဆင်းတုဘုရားများကို မီးရှို့ ရမည်။ ရုပ်တုဆင်းတု၌ ပါသော ရွှေငွေကို မတပ်မက်ရ၊
မသိမ်းမယူရ။ ယူလျှင် အပြစ်ရောက်မည်ဟု စိုးရိမ်စရာ ရှိ၏။ သင်၏ ဘုရားသခင် ထာဝရဘုရားသည် စက်ဆုပ် ရွံရှာတော်မူ၏။ 26
စက်ဆုပ်ရွံရှာဘွယ်သောအရာကို သင့်အိမ်ထဲသို့ မသွင်းရ။ သွင်းလျှင်၊ သင်သည် ထိုအရာကဲ့သို့ ကျိတ်အပ် သောအရာ ဖြစ်မည်ဟု
စိုးရိမ်စရာရှိ၏။ ထိုသို့သောအရာ ကို သင်သည် အကြွင်းမဲ့ စက်ဆုပ်ရွံရှာရမည်။ ကျိန်အပ် သော အရာပင်ဖြစ်ပေ၏။

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရားသည် ဣသရေလလူမျိုးများကို လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောကြား ခဲ့ပါသည်။ (ရှု၊ figs you)

Deuteronomy 02

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင့်လက်၌ အပ်တော်မူသောအခါ
မောရှေပြောသော အောင်မြင်ခြင်းသည် လူတစ်ဦးတစ်ယောက်သည် အခြားသူတစ်ယောက်အား ပေးနိုင်သောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူတို့အား တော်လှန်နိုင်သည်"

သူတို့ ကို လုပ်ကြံ၍ အကုန်အစင် သုတ်သင်ပယ်ရှင်းရမည်။
ဤတွင် "သူတို့" သည် လူမျိုးခုနစ်ပါးကို ဆိုလိုသည်။ 7:1

Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သူတို့သည် သင်၏သားကို ငါ၌ မဆည်းမကပ်စေဘဲ၊
"အကယ်၍ သင်တို့၏သားသမီးများကို အခြားသောလူမျိုးများဆန္ဒဖြင့် တစ်ပါးအမျိုးသားသူများသို့ လက်ထပ်လျှင်"

ထာဝရဘုရားအမျက်ထွက်၍ သင်တို့ကို ချက်ခြင်း ဖျက်ဆီးတော်မူ လိမ့်မည်။
မောရှေသည်ထာဝရဘုရား၏ အမျက်ထွက်ခြင်းသည်တစ်စုံတစ်ဦးက မီးတောက်စတင်သည်ဟု နှိုင်းယှဉ်ထားပါသည်။ ၎င်းသည် ထာဝရဘုရား အမျက်ထွက်သောအခါ သူ၏ ဘုန်းတန်ခိုးဖြင့် ဖျက်ဆီးပစ်လိုက်သည့်အကြောင်းထင်ရှားစေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ အမျက်ထွက်၍ သင့်အားတော်လှန်ပြီး မီးတောက်ထွက်စေသည်" သို့မဟုတ် "သို့ရာတွင်ထာဝရဘုရားသည် သင့်အား အလွန် အမျက်ထွက်ခဲ့သည်။"

သူတို့ယဇ်ပလ္လင်များကို ဖျက်ရမည်။ ရုပ်တု များကို ဖြိုချရမည်၊ ထုသောရုပ်တု ဆင်းတုများကို မီးရှို့ရမည်။
ဤတွင်မောရှေက ဣသရေလလူမျိုးများအား ပြောကြားသည့် စကားများသည် အများကိန်းပုံစံဖြစ်သည်။

Deuteronomy 06

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုရာတွင် လူတစ်ယောက်ထံသို့ စကားပြောသကဲ့သို့ "သင်" နှင့် "သင်၏" ကို သုံးနှုန်းထားပါသည်။

သင်သည် သင်၏ ဘုရား သခင် ထာဝရဘုရားအဘို့ သန့်ရှင်းသောအမျိုး ဖြစ်၏။
ထာဝရဘုရားသည် ဣသရေလလူမျိုးများကို သူနှင့် သီးသန့် ဆက်သွယ်ရန် တပါးအမျိုးသားများထဲမှ ရွေးချယ်ထားပါသည်။

မြေကြီးပေါ်မှာ ရှိသမျှသော
၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးပေါ်တွင် နေထိုင်သောသူများ"

Deuteronomy 07

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဉ်များသည် အများနှင့် ဆိုင်ပါသည်။

သင့်ကို ချစ်၍ ရွေးချယ်တော်မူသည်မဟုတ်
၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အခြားသောသူများထက် သင့်ကို ပို၍ချစ်သည်"။

အားကြီး သော လက်တော်နှင့်
ဤတွင် "အားကြီးသောလက်တော်" သည် ထာဝရဘုရား ၏ ဘုန်းတန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ဘုန်းတန်ခိုးနှင့်"။ ဤစကားလုံးကို 4:34 တွင်လည်း အလားတူ တွေ့ရပါသည်။

ကျွန်ခံနေရာ အဲ ဂုတ္တုပြည်ကို အစိုးရသော ဖါရောဘုရင်လက်မှ အားကြီး သော လက်တော်နှင့် သင့်ကို ရွေးနှုတ်ဆောင်ယူခဲ့တော် မူပြီ။
ကျွန်ပိုင်ရှင်ထံသို့ ငွေကြေးဖြင့် ဝယ်ယူသကဲ့သို့ ဣသရေလလူမျိုးများကိုကျွန်ခံရာမှ ထာဝရဘုရားက ကယ်ဆယ်တော်မူကြောင်း မောရှေသည်ပြောကြားသွားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ခံရာမှသင်တို့ကို ကယ်ဆယ်ပါသည်"

 generated on Sun Jun 30 02:37:40 2024

ကျွန်ခံနေရာ အဲ ဂုတ္တုပြည်
ဤတွင် "ကျွန်ခံနေရာ အဲဂုတ္တုပြည်" သည် ဣသရေလလူမျိုးများကျွန်ခံရာ အဲဂုတ္တုပြည်ကို ဥပမာပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကျွန်ခံရာနေရာမှ" 6:10 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ဖါရောဘုရင်လက်မှ
ဤတွင်"လက်" သည် "ထိန်းချုပ်မှု"ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖါရောဘုရင်၏ ထိန်းချုပ်မှု"

## Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဉ်များသည် အများနှင့် ဆိုင်ပါသည်။

အမျိုးအစဉ်အဆက် အထောင်အသောင်း တိုင်အောင်
"အမျိုးအစဉ်အဆက် ၁၀၀၀ တိုင်အောင်"

ကိုယ်တော်ကို မုန်းသောသူတို့ကို ဖျက်ဆီးခြင်း ငှာ
ဤစကားအသုံးအနှုန်းသည် "သူတို့ကို ဖျက်ဆီးပစ်နိုင်သောဘုရားကို သိမှတ်လာလျှင် လျင်မြန်စွာနှင့် ပွင့်လင်းစွာပြန်လည် ချေပသည်" ဟု ဆိုလိုပါသည်။

မုန်းသော သူတို့ကို အားမနာဘဲ
"ထာဝရဘုရားသည် သူ့ကို မုန်းသောသူများကိုပြင်းပြင်းထန်ထန် အပြစ်ဒဏ်ပေးသည်။"

## Deuteronomy 12

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ နုတ်ထွက်စကားများကိုဆက်လက်ပြောဆိုသည်။ သူသည် ဣသရေလလူမျိုးများအား အခန်းငယ် ၁၂ တွင် လူတစ်ယောက်ပမာနှင့် အခန်းငယ် ၁၃ တွင် သူတို့အား လူအဖွဲ့တစ်ဖွဲ့ကဲ့သို့ပြောဆိုသည်။ (ရှု၊ figs you)

များပြား စေတော်မူမည်။
"သင်၏ လူအရေအတွက်ကို တိုးပွါးစေမည်"

သင်ဘွားမြင်သော သားတို့ကို ၎င်း
၎င်းသည် "သင်၏ သားသမီးများ" ဟူသော စကားအသုံးအနှုန်းတစ်ခုဖြစ်ပါသည်။

သင်၏မြေ အသီးအနှံ
၎င်းသည်"သင်၏ ကောက်ပဲသီးနှံ" ဟူသော စကားအသုံးအနှုန်းတစ်ခုဖြစ်ပါသည်။

နွား အစီးအပွား
"သင်၏ ကျွဲနွားတိရစ္ဆာန်ပိုင်ဆိုင်မှု များပြားလာမည်"

## Deuteronomy 14

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဉ်များသည် အများနှင့် ဆိုင်ပါသည်။

သင်သည် လူမျိုးတကာတို့ထက် သာ၍ ကောင်း ကြီးခံရသောသူ ဖြစ်၍၊
အခြားသောဘာသာ ပြန်ဆိုချက်၊ "ငါသည် အခြားလူများကို ကောင်းချီးပေးခြင်းထက် သင်တို့ကိုပို၍ ကောင်းချီးပေးပါသည်။"

သင်၌မြုံသော ယောကျာ်းမိန်းမ တယောက်မျှ၊ တိရစ္ဆာန်တွင်မြုံသော အထီးအမ တကောင်မျှမရှိရ။
မောရှေသည်သူတို့အား သားသမီးများများ မွေးနိုင်မည့်အကြောင်းကို အငြင်းဝါကျဖြင့်ဖော်ပြခြင်းဖြစ်ပါသည်။ ၎င်းသည် အဆိုပြုဝါကျဖြင့် ဖော်ပြခြင်းလည်းဖြစ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အားလုံးသည် သားသမီးများ မွေးနိုင်၍ သင်တို့၏ တိရစ္ဆာန်တို့သည် မျိုးပွါးနိုင်မည်။"

အနာရောဂါရှိသမျှ တို့ကို သင့်ဆီက ပယ်ရှား၍
"အနာရောဂါလုံးဝမရှိဘူး" သို့မဟုတ် "ပြည့်စုံစွာကျန်းကျန်းမာမာနေရမည်"

အနာဆိုးကို သင်၌ စွဲစေတော်မမူ။ သင့်ကိုမုန်းသောသူ မပေါင်းတို့၌ စွဲစေတော်မူမည်။
မောရှေသည် ထာဝရဘုရားက လူမျိုးတော်များကြားမှထားခဲ့သော အနာရောဂါများသည်ဝန်ထုပ်ဝန်ပိုးဖြစ်ကြောင်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သင်တို့အား အနာဆိုးများနှင့် ဖျားနာခြင်း မရှိစေရ.. သို့သော် သင်တို့၏ ရန်သူများသည် ၎င်းရောဂါများခံရပါမည်"

## Deuteronomy 16

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဉ်များသည် အများနှင့် ဆိုင်ပါသည်။

သင်၌ အပ်ပေးတော်မူသော လူမျိုး
"ငါသည် လူမျိုးအားလုံးကို ဖျက်ဆီးပစ်ရန် သင်တို့အားအမိန့်ပေးပါသည်။"

သင်၏မျက်စိသည် သူတို့ကို မသနားရ။
၎င်းသည် အမိန့်ပေးခြင်းဖြစ်သည်။ မောရှေသည်သူတို့မျက်စိဖြင့်တွေ့သမျှကိုသူတို့ကိုယ်တိုင်မျက်စိထဲမှဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့တွေ့သမျှကိုသနားခွင့်မပြုဘူး" သို့မဟုတ်

"သင်တို့လုပ်သမျှသည် သူတို့အတွက် အနာတရဖြစ်နေသဖြင့် သူတို့ကို မသနားရ။"

ဝတ်မပြုရ။
"ဘယ်အခါမျှ မကိုးကွယ်ရ။"

ထိမိ၍ လဲစရာ အကြောင်း
အကယ်၍ အခြားသောရုပ်တုဘုရားများ ကိုးကွယ်ပါက သူတို့သည် မုဆိုး၏ထောင်ချောက်ထဲ၌ မိနေသောတိရစ္ဆာန်ကဲ့သို့ ဖြစ်ပါသဖြင့်ထွက်ပြေးနိုင်မည် မဟုတ်ပါ။

Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဥ်များသည် အများနှင့် ဆိုင်ပါသည်။

သင်သည် စိတ်ထဲမှာ အောက်မေ့လျက်၊ သူတို့ကို မကြောက်ရ။
နိုင်ငံသားတို့သည် သူတို့ထက်ပို၍အားသန်ခဲ့ရင်တောင်မှ သူတို့သည်ကြောက်ရွံ့ခြင်းမရှိရပါဘူး။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စိတ်ထဲမှာ တောင်မှ"

စိတ်ထဲမှာ အောက်မေ့လျက်
၎င်းသည် စကားအသုံးအနှုန်း တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စဥ်းစား"

ငါသည် သူတို့ကို အဘယ်သို့ နှင်ထုတ်နိုင်မည်နည်း။
မောရှေသည် သူ့လူမျိုးများက တစ်ခြားလူများ ကြောက်ရွံ့သည်ကို မေးခွန်းစကားဖြင့် အလေးပေးဖော်ပြပါသည်။ ဤမေးခွန်းသည် ဖော်ပြချက်အားဖြင့် ဘာသာပြန်ဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့ကို အနိုင်မယူပါဘူး။"

ကိုယ်တိုင်မြင်၍
ဤတွင် "မြင်" သည် လူမျိုးတို့၏ တွေ့မြင်ခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တွေ့မြင်သောအရာ။" (ရှု၊ figs synecdoche)

အားကြီးသော လက်ရုံး တော်ကို ဆန့်တော်မူခြင်း
ဤတွင်"အားကြီးသော လက်ရုံးတော်" နှင့် "လက်တော်ကိုဆန့်တော်မူခြင်း" တို့သည် ထာဝရဘုရား၏ဘုန်းတန်ခိုးကိုဥပမာပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အားကြီးသော ဘုန်းတန်ခိုး" 4:34 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 20

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဥ်များသည် အများနှင့် ဆိုင်ပါသည်။

ထိုမှတပါး
"ထို့အပြင်လည်း"

ပျားတုပ်များကို သူတို့တွင် စေလွှတ်တော်မူမည်။
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) ထာဝရဘုရားသည် အင်းဆက်ပိုးတမျိုး စေလွှတ်ပြီး အဆိပ်ဆူးဖြင့်ဝေဒနာကျစေသည်၊ သို့မဟုတ် (၂) ထာဝရဘုရားသည်လူမျိုးများကို ကြောက်လန့်စေ၍ ထွက်ပြေးစေသည်။

တန်ခိုးကြီး၍ ကြောက်မက်ဘွယ်သော သင်၏ ဘုရားသခင် ထာဝရဘုရားသည်
"အားကြီး၍ အံ့သြဘွယ်ကောင်းသောဘုရား" သို့မဟုတ် "လူများကြောက်ရွံ့သည့် အားကြီးသောဘုရား"

တရွေ့ရွေ့
"နှေးကွေးစွာ"

Deuteronomy 23

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဥ်များသည် အများနှင့် ဆိုင်ပါသည်။

သူတို့ကို သင်၌အပ်၍
၎င်းသည် စကားအသုံးအနှုန်း တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အနိုင်ယူစေသည်။"

သင့်လက်၌ အပ်တော်မူသဖြင့်
"အခြားလူမျိုးများအား အနိုင်ယူခြင်း"

ကြီးစွာသော ပျက်စီးခြင်းကို စီရင်တော်မူမည်။
"သူသည် သူတို့ကိုကြည်လင်ပြတ်သားစွာစဥ်းစား၍ မရအောင် ပြုလုပ်တော်မူမည်။"

သူတို့ကို မဖျက်ဆီးမှီ တိုင်အောင်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူတို့အားဖျက်ဆီးသည့်တိုင်အောင်။"

သူတို့ဘွဲ့နာမကိုပင် ကောင်းကင် အောက်မှာ ပယ်ရှင်းရမည်။
ဣသရေလလူမျိုးများသည် ၎င်းလူမျိုးများကို လုံးလုံး လျားလျား ဖျက်ဆီးပြီး နောင်အခါတွင် သူတို့ကို ဘယ်သူမှ သတိထားခြင်း မရှိတော့ပါ။

သင့်ရှေ့မှာ အဘယ်သူမျှ မရပ်မနေနိုင်ရာ။
"သင့်အား ဆန့်ကျင်လျှက်" သို့မဟုတ် "သူတို့၏ဆန့်ကျင်ခြင်းမှကာကွယ်သည်"


generated on Sun Jun 30 02:37:40 2024

Deuteronomy 25

ယေဘုယျအချက်အလက်

မောရှေသည်ဣသရေလလူမျိုးများအား ထာဝရဘုရား၏ နှုတ်ကပတ်တော်များဆက်လက်ပြောကြားပါသည်။ အခန်းငယ် ၂၅ တွင် သူသည်လူတစ်စုကိုပြောကြားသကဲ့သို့ "သင်" ဟုအများကိန်းသုံးပြီး အခန်းငယ် ၂၆ တွင် ဣသရေလလူမျိုးများဟာလူတစ်ဦးတစ်ယောက်ကဲ့သို့အများကိန်းသုံး၍ပြောကြားပါသည်။

မီးရှို့ ရမည်။

၎င်းသည် အမိန့်ပေးချက်ဖြစ်သည်။

သူတို့ထုသော ရုပ်တုဆင်းတုဘုရားများ

"တစ်ခြားသော လူမျိုးများ၏ ရုပ်တုဘုရားများ"

မတပ်မက်ရ၊ မသိမ်းမယူရ။

ဤစကားလုံးသည် ရုပ်တုဘုရားများ မီးရှို့ပစ်ရန်ညွှန်ပြသည်။

ယူလျှင် အပြစ်ရောက်မည်။

သူတို့ ရွှေ သို့မဟုတ် ငွေရုပ်တုများ ယူရင်တောင်မှ လူမျိုးတို့သည် ၎င်းတို့ကို ကိုးကွယ်ကြသည်။ ဤသို့လုပ်ခြင်းဖြင့် သူတို့သည် ထောင်ချောက်ထဲတွင် မိသော တိရစ္ဆာန်ကဲ့သို့ ဖြစ်လာသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းသည် သင့်အတွက် ထောင်ချောက်ဖြစ်လာသည်။"

သင်၏ ဘုရားသခင် ထာဝရဘုရားသည် စက်ဆုပ် ရွံရှာတော်မူ၏။

ဤစကားများသည် ထာဝရဘုရားသည် လူမျိုးတော်များအားရုပ်တုများကို မီးရှို့စေချင်သည်။ " ထာဝရဘုရားသည် ၎င်းကို အလွန်မုန်းတီးပါသဖြင့် သင်ဤသို့ပြုပါ။"

စက်ဆုပ်ရွံရှာဘွယ်သောအရာ

"မုန်းတီးခြင်း" နှင့် "စက်ဆုပ်ရွံရှာခြင်း" သည်အဓိပ္ပါယ်အခြေခံတူညီ၍ ပြင်းပြစွာ အလွန်မုန်းတီးခြင်းကိုအသားပေးပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် လုံးလုံးလျားလျား မုန်းတီးရမည်။"

ထိုသို့သောအရာ ကို သင်သည် အကြွင်းမဲ့ စက်ဆုပ်ရွံရှာရမည်။ ကျိန်အပ် သော အရာပင်ဖြစ်ပေ၏။

ထာဝရဘုရားသည် တစုံတစ်ခုကို ကျိန်ဆို၍ ၎င်းတို့ကိုဖျက်ဆီးပြီး နောက်ထပ်ရှိရှိသမျှအရာများမှသီးသန့်နေထိုင်သွားရန်ပြောကြားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဖျက်ဆီးပစ်လိုက်ခြင်းမှသီးသန့်နေသွားရန်။"

---

## Translation Questions

Deuteronomy 7:2

ထာဝရဘုရားက လူတို့အား အပိုင်ပေးအပ်တော်မူသောပြည်ကို လူတို့သည် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။

သူတို့သည် လုပ်ကြံ၍ အကုန်အစင် သုတ်သင်ပယ်ရှင်း ရမည်။

ထိုလူမျိုးတို့အား ဣသရေလ အမျိုးသားတို့သည် မည်ကဲ့သို့ မပြုလုပ်ရမည်နည်း။

သူတို့နှင့် မိဿဟာယမဖွဲ့ရ၊ ဂရုဏာကိုမပြုရ။ သူတို့၏ သား၊ သမီးကို သင်တို့၏ သား၊ သမီးနှင့် ထိမ်းမြားပေးစားခြင်းကို မပြုရ။

Deuteronomy 7:4

ဣသရေလတို့သည် ထိုလူမျိုးတို့အား မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်း သင့်သနည်း။

သူတို့ ယဇ်ပလ္လင်များကို ဖျက်ရမည်။ ရုပ်တုများကို ဖြိုချရမည်။ အာရှိရပင်များကို ခုတ်လှဲရမည်။ ထုသောရုပ်တုဆင်းတုများကို မီးရှို့ရမည်။

Deuteronomy 7:7

ထာဝရဘုရားသည် မိမိ၏ ကတိသစ္စာတော်ကို မည်သို့ စောင့်ရှောက်ခဲ့သနည်း။

အစိုးရသော ဖါရောဘုရင်လက်မှ ကျွန်ခံနေရာထဲက သူတို့ကို ရွေးနှုတ်တော်မူခြင်းနှင့် မိမိကတိသစ္စာတော်ကို ထာဝရဘုရားသည် စောင့်ရှောက်တော်မူသည်။

Deuteronomy 7:9

ထာဝရဘုရားကို ချစ်၍ ပညတ်တော်ကို စောင့်ရှောက်သောသူတို့တွင် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။

သူ့ကိုချစ်သော သူတို့ကို ထာဝရဘုရားသည် သူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ပဋိညာဉ်စကားတည်၍ သစ္စာစောင့်သော ဘုရားဖြစ်သည်။

Deuteronomy 7:12

ပညတ်တော်ကို ကျင့်ဆောင်လျှင် လူတို့သည် ထာဝရဘုရားအားဖြင့် မည်ကဲ့သို့သော ကောင်းကြီး မင်္ဂလာကို ခံစားရလိမ့်မည်နည်း။

သူတို့၏ မြေအသီးအနှံ၊ စပါး၊ စပျစ်ရည်၊ ဆီနှင့် သူတို့၏ တိရိစ္ဆာန်များကို ထာဝရဘုရားသည် တိုးမြင့်၍ ကောင်းကြီးပေးတော်မူလိမ့်မည်။

Deuteronomy 7:17

ဣသရေလကြောက်ရွံ့နေသော လူမျိုးကို ဘုရားသခင်သည် မည်ကဲ့သို့ ပြုလိမ့်မည်နည်း။
အဲဂုတ္တုပြည်၌ မြင်ဖူးသော တန်ခိုးတော်၊ အခြားပြတော်မူသော နိမိတ်လက္ခဏာနှင့် ကြီးစွာသော စုံစမ်းခြင်းတို့ကို ဘုရားသခင်သည် ပြုတော်မူလိမ့်သည်။

Deuteronomy 7:20

အဘယ်မျှကာလပတ်လုံး ဘုရားသခင်သည် သူတို့ကို ပျားတူများကို စေလွှတ်တော်မူခဲ့သနည်း။
ကျန်ကြွင်း၍ ဣသရေလ အမျိုးမှ ပုန်းရှောင်လျက်နေသော သူတို့သည် မပျက်စီးမှီတိုင်အောင် ဘုရားသခင်သည် ပျားတူများကို စေလွှတ်တော်မူခဲ့သည်။

အဘယ်ကြောင့် လူများတို့သည် လူတို့ကို ထိတ်လန့်ခြင်းမရှိသင့်သနည်း။
တန်ခိုးကြီး၍ ကြောက်မက်ဘွယ်သော ဘုရားသခင်သည် ဣသရေလလူတို့တွင် ရှိတော်မူသည်။

Deuteronomy 7:23

ဘုရားသခင်သည် အတိုင်းတိုင်း၊ အပြည်ပြည်တို့အား မည်သို့ ပြုသနည်း။
ဘုရားသခင်သည် သူတို့ကို ပျက်စီးသည်တိုင်အောင် ကြီးစွာရှုပ်ထွေးစေတော်မူမည်။

Deuteronomy 7:25

တစ်ပါးအမျိုးသားတို့၏ ဘုရားများကို သူတို့သည် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။
ရုပ်တုဆင်းတု၊ နတ်ဘုရားများကို သူတို့သည် မီးရှို့ရမည်။

## Chapter 8

1 သင်သည် အသက်ရှင်၍ များပြားမည်အကြောင်း၊ ထာဝရ ဘုရားသည် သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော် မူသောပြည်သို့ သွား၍
ဝင်စားမည်အကြောင်း၊ ယနေ့ ငါမှာထားသော ပညတ်အလုံးစုံတို့ကို ကျင့်ဆောင်အံ့ သောငှာ သတိပြုရမည်။ 2 သင်၏ ဘုရားသခင်
ထာဝရဘုရားသည် သင့်ကို နှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သော စိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီး
သော အနှစ်လေးဆယ်ပတ်လုံး တောဌ် ပို့ဆောင်တော်မူ သော လမ်းခရီးတရှောက်လုံးကို အောက်မေ့ရမည်။ 3 ထိုသို့ သင့်ကိုနှိမ့်ချ၍
အငတ်အမွတ်ခံစေတော် မူသောအခါ၊ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေး မသိဘူးသော မန္နနှင့် ကျွေးမွေးတော်မူသဖြင့်၊
လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည်မဟုတ်။ ဘုရား သခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို
သိစေတော်မူ၏။ 4 လွန်ခဲ့ပြီးသော အနှစ်လေးဆယ်ပတ်လုံး သင် ဝတ်သောအဝတ် မဟောင်းမနွမ်း၊ သင့်ခြေလည်း မပွန်းမရောင်။ 5
အဘသည် သားကိုဆုံးမသကဲ့သို့၊ သင်၏ ဘုရား သခင် ထာဝရဘုရားသည် သင့်အား ဆုံးမတော်မူသည် ကို စိတ်ထဲမှာ
အောက်မေ့ရမည်။ 6 သို့ဖြစ်၍ သင်၏ ဘုရားသခင် ထာဝရဘုရား စီရင်တော်မူသောလမ်းသို့ လိုက်၍၊ ကိုယ်တော်ကို ကြောက်ရွံ့သဖြင့်
ပညတ်တော်တို့ကို စောင့်ရှောက်ရမည်။ 7 အကြောင်းမူကား၊ သင်၏ ဘုရားသခင် ထာဝရ ဘုရားသည် ကောင်းသောပြည်၊ ချိုင့်ထဲ၊
တောင်ထဲက ပေါက်သောမြစ်၊ ချောင်း၊ စမ်းရေတွင်း၊ ရေကန်များနှင့် ပြည့်စုံ သောပြည်၊ 8 ဂျုံ၊ မုယော၊ စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊
သလဲပင်နှင့် ပြည့်စုံသောပြည်၊ သံလွင်ဆီ၊ ပျားရည်နှင့် ပြည့်စုံသောပြည်၊ 9 ဘာမျှမလိုဘဲဝစွာ စားရသောပြည်၊ သံကျောက် နှင့်
ပြည့်စုံ၍၊ တောင်ထဲကကြေးနီကို တူးရသောပြည်သို့ သင့်ကို ဆောင်သွားတော်မူ၏။ 10 ထိုကောင်းမွန်သော ပြည်ကို ပေးသနားတော်မူ
သည်ဖြစ်၍၊ သင်သည် ဝစွာစားရသောအခါ၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရမည်။ 11 ယနေ့
ငါဆင့်ဆိုသော စီရင်ထုံးဖွဲ့ချက်၊ ပညတ် တရားတော်တို့ကို သင်သည် မစောင့်၊ သင်၏ ဘုရား သခင် ထာဝရဘုရားကို
မေ့လျော့သောအပြစ်ကို သတိ နှင့်ရှောင်လော့။ 12 သင်သည် ဝစွာစား၍ ကောင်းသောအိမ်ကို ဆောက်လျက်နေရစဉ်၊ 13 သင်၏
သိုးနွား၊ ရွှေငွေအစရှိသော ဥစ္စာမျိုး များပြားစဉ်အခါ၊ 14 သင်သည် မာနထောင်လွှားခြင်းသို့ ရောက်၍၊ အထက်ကျွန်ခံနေရာ
အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူ ခဲ့တော်မူထသော၊ 15 မီးမြွေ၊ ကင်းမြီးကောက်များ၍၊ ရေမရှိ၊ အငတ် ခံရာအရပ်၊
ကြောက်မက်ဘွယ်သော တောကြီးအလယ်၌ သင့်ကို ပို့ဆောင်၍ မီးပါကျောက်ထဲက ရေကို ထွက်စေ တော်မူထသော၊ 16 သင့်ကို
နှိမ့်ချစုံစမ်း၍၊ နောက်ဆုံး၌ ကျေးဇူးပြု လိုသောငှာ၊ သင်၏ ဘိုးဘေးမသိဘူးသောမန္နနှင့် တော၌ ကျွေးမွေးတော်မူသော
သင်၏ဘုရားသခင် ထာဝရ ဘုရားကို မေ့လျော့၍၊ 17 ငါ့တန်ခိုး၊ ငါ့လက်သတ္တိအားဖြင့် ဤစည်းစိမ်ကို ငါရတတ်သည်ဟု စိတ်ထဲမှာ
အောက်မေ့ခြင်းအပြစ်ကို သတိနှင့် ကြဉ်ရှောင်လော့။ 18 သင်၏ဘုရားသခင် ထာဝရဘုရားကိုသာ အောက်မေ့ရမည်။
အကြောင်းမူကား၊ သင်၏ ဘိုးဘေးတို့ အား ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားတော်ကို ယနေ့ကဲ့သို့ တည်စေလိုသောငှာ၊
စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏။ 19 သင်၏ ဘုရားသခင် ထာဝရဘုရားကို သင် သည်
မေ့လျော့သဖြင့်၊ အခြားတပါးသော ဘုရားတို့ကို ဆည်းကပ်၍ ဝတ်ပြုကိုးကွယ်လျှင်၊ ပျက်စီးခြင်းသို့ အမှန်ရောက်လိမ့်မည်ဟု ယနေ့
ငါသည် သင့်တဘက်၌ သက်သေခံ၏။ 20 သင်၏ဘုရားသခင် ထာဝရဘုရား၏ စကား တော်ကို နားမထောင်သောကြောင့်၊
ထာဝရဘုရားသည် သင့်ရှေ့မှာ ဖျက်ဆီးတော်မူသော လူမျိုးများကဲ့သို့၊ ထိုနည်းတူ သင်သည် ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရား၏ စကားတော်များကို ဆက်လက်ပြောကြားပါသည်။ "သင်" နှင့် "သင်၏" ဖြစ်စဉ်များသည် အများနှင့် ဆိုင်ပါသည်။

ထာဝရဘုရားသည် သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော် မူသောပြည်သို့ သွား၍ ဝင်စားမည်အကြောင်း၊ ယနေ့ ငါမှာထားသော ပညတ်အလုံးစုံတို့ကို ကျင့်ဆောင်အံ့သောငှာ သတိပြုရမည်။
"သင်"နှင့်"သင်၏" ဖြစ်စဉ်အားလုံးနှင့် ကြိယာများသည်အများ သဘောဆောင်ပါသည်။

အောက်မေ့ရမည်။
၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်မှတ်မိရမည်။"

အနှစ်လေးဆယ်ပတ်လုံး
" ၄၀ နှစ် "

သင့်ကို နှိမ့်ချစုံစမ်း၍
"သင်တို့ ဘယ်လောက်အထိ အားနည်း၍ အပြစ်များစွာရှိသည်ကို သူဖော်ပြသည်။"

သိမည်အကြောင်း
"ထုတ်ဖော်ပြောရန်" သို့မဟုတ် "ထင်ရှားစေရန်"

စိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း
စိတ်နှလုံးသည်လူတစ်ယောက်၏အကျင့်စရိုက်သိရန်အတွက်သင်္ကေသဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဘယ်လိုလူမျိုးဖြစ်သည်" သို့မဟုတ် "သင် မည်ကဲ့သို့ ပြုမူသည်။"

 generated on Sun Jun 30 02:37:40 2024

Deuteronomy 03

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။ သူသည် သူတို့ဘယ်လောက်မှတ်မိ သတိရလာသည်ကို ဆက်လက်အသိပေးပါသည်။

သင့်ကိုနှိမ့်ချ၍
"ထာဝရဘုရားသည် သင်အားဘယ်လောက်ထိ အားနည်း၍ အပြစ်များသည်ကို ထုတ်ဖော်ပြပါသည်။ 8:1 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

မန္နနှင့် ကျွေးမွေးတော်မူသဖြင့်
"သင့်အား စားဖို့ရန် မန္နကိုပေးသည်။"

လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည်မဟုတ်။
ဤတွင် "မုန့်" သည် အစာအားလုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစာသည် လူတို့အသက်ရှင်ရန်လိုအပ်သော အရာတစ်ခုထဲမဟုတ်"

ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။
ဤတွင်"ဘုရားသခင် မိန့်တော်မူသမျှ" သည် ထာဝရ ဘုရား ပြောသောစကားအားလုံးဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် အသက်ရှင်နိုင်ရန်ထာဝရဘုရား အမိန့်ပေးချက်ကို နာခံရမည်" သို့မဟုတ် "လူတို့အသက်ရှင်နိုင်ရန် ထာဝရဘုရားပြောသည့် အတိုင်းဆောင်ရွက်ရမည်။"

Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

အနှစ်လေးဆယ်ပတ်လုံး သင် ဝတ်သောအဝတ်
ၑင်းသည် သူတို့မှတ်မိသတိရလာရန် နောက်ဆုံးအချက်ဖြစ်သည်။ (8:1)

အနှစ်လေးဆယ်
"၄၀ နှစ်"

သင်၏ ဘုရား သခင် ထာဝရဘုရားသည် သင့်အား ဆုံးမတော်မူသည် ကို စိတ်ထဲမှာ အောက်မေ့ရမည်။
8:1 မှစတင်၍ ၎င်းအမိန့်ပေးချက်စာရင်းများကိုဆက်လက်ဖော်ပြပါသည်။

သင့်အား ဆုံးမတော်မူသည် ကို စိတ်ထဲမှာ အောက်မေ့ရမည်။
ဤ ဥပမာစကား "စိတ်" သည် အတွေးများနှင့် လူတစ်ယောက် သိရှိနားလည်ခြင်းကို ကိုယ်စားပြုခဲ့ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် နားလည်ရမည်။"

Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ဘာမျှမလိုဘဲဝစွာ စားရသောပြည်
၎င်းသည်အဆိုပြုဝါကျဖြင့်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏လိုအပ်သည့်အရာအားလုံးပြည့်စုံသောနေရာ"

သံကျောက် နှင့် ပြည့်စုံ၍
ကျောက်များသည်သံသတ္တုရိုင်းများနှင့်ပြည့်နေသည်။ သံသည်အလွန်မာကျောပြီး ဓါးရှည်နှင့် ထယ်များပြုလုပ်ရန်အသုံးများသည်။

ကြေးနီကို တူးရသောပြည်
"ကြေးနီသတ္တု"။ ကြေးနီသည်ပျော့ပြောင်းသော သတ္တုဖြစ်၍ အိမ်တွင်းမီးဖိုချောင်သုံးပစ္စည်းအဖြစ်အလွန်အသုံးဝင်သည်။

သင်သည် ဝစွာစားရသောအခါ
"သင်တို့ပြည့်စုံသည်အထိ စားစရာအစာကို ပြည့်စုံစွာရှိရမည်။"

ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရမည်။
"သင်သည်ချီးမွမ်းရမည်" သို့မဟုတ် "သင်သည် ကျေးဇူးတော်ကို ချီးမွမ်းရန်"

Deuteronomy 11

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ပညတ် တရားတော်တို့ကို သင်သည် မစောင့်
"သူ၏အမိန့်တော်နာခံရန်မရပ်တန့်နှင့်" သို့မဟုတ် "သူ့အမိန့်တော်ကို ဆက်လက်နာခံရန်"

သင်သည် ဝစွာစား၍
"စားစရာအစားအစာ ပြည့်စုံသောအခါ"

သင်သည် မာနထောင်လွှားခြင်းသို့ ရောက်၍
ဤတွင် "စိတ်နှလုံး" သည် အတွင်းလူကို ညွှန်ပြသည်။ အလွန်မာနထောင်လွှားပြီး ထာဝရဘုရားစကားကိုနားမထောင်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် မာနထောင်လွှားလာပြီး ထာဝရဘုရား၏ စကားကို နားမထောင်ပါ။"


generated on Sun Jun 30 02:37:40 2024

Deuteronomy 13

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

သင်၏ သိုးနွား
"သင်၏ ကျွဲနွားအုပ်၊ သိုးစုနှင့်ဆိတ်များ"

များပြား
" အရေအတွက်တိုးပွါး" သို့မဟုတ် "များပြားလာ"

ဥစ္စာမျိုး များပြားစဉ်အခါ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်
ပို၍များပြားသောအရာများရှိသည်" သို့မဟုတ်
"သင်သည်ပိုများသောဥစ္စာများပိုင်ဆိုင်သည်။"

သင်သည် မာနထောင်လွှားခြင်းသို့ ရောက်၍
ဤတွင် "မာနထောင်လွှားခြင်း" သည် အတွင်းလူကို ညွှန်ပြသည်။
လူတစ်ယောက်သည် အလွန်မာနထောင်လွှားပြီး ထာဝရ ဘုရား
စကားကို နားမထောင်ခြင်းဖြစ်သည်။ 8:11 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်
မာနထောင်လွှားလာပြီးထာဝရဘုရား၏ စကားကို
နားမထောင်ပါ။"

ကယ်နှုတ်ဆောင်ယူ ခဲ့တော်မူထသော
မောရှေသည် ဣသရေလလူမျိုးများအား သူတို့ ထာဝရ
ဘုရားအားမည်သည့် အတိုင်းအတာအထိ သိရှိနားလည်သည်ကို
ပြန်လည်သတိရစေသည်။

အထက်ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ
၎င်းသည် သူတို့ အဲဂုတ္တုပြည်တွင် ကျွန်ခံနေရသည့်အချိန်ကို
ဥပမာတင်စားပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ကျွန်ခံသည့် နေရာမှ"

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက် ပြောဆိုသည်။

သင့်ကို ပို့ဆောင်၍.... နောက်ဆုံး၌
မောရှေသည် ဣသရေလလူမျိုးများအား သူတို့ ထာဝရ ဘုရား
အကြောင်းနားလည်ရခြင်းကို ဆက်လက်၍
ပြန်လည်သတိရစေသည်။

သင့်ကို ပို့ဆောင်၍..ကျွေးမွေးတော်မူသော
"ဦးဆောင်တော်မူသော ထာဝရဘုရား... ပို့ဆောင်တော်မူသော
ထာဝရဘုရား... ကျွေးမွေးသော ထာဝရဘုရား"

မီးမြွေ
"အဆိပ်ဆိုးသောမြွေများ"

အငတ် ခံရာအရပ်
ဤစကားစုသည် လူတစ်ဦးတစ်ယောက်က မြေပြင်တွင်
ရေလိုအပ်သောအချိန်၌ ရေဆာနေခြင်းကို ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခြောက်သွေ့သော မြေပြင်"

ကျေးဇူးပြု လိုသောငှာ
"သင့်အားကူညီရန်" သို့မဟုတ်
"သင့်အတွက်ကောင်းကျိုးဖြစ်စေရန်"

ငါရတတ်သည်ဟု စိတ်ထဲမှာ အောက်မေ့ခြင်းအပြစ်
၎င်းသည် သူတို့ စိတ်ထဲတွင် မာနထောင်လွှားပြီးထာဝရဘုရားကို
မေ့လျော့သည့် တတိယအချက်ဖြစ်သည်။

ငါ့တန်ခိုး၊ ငါ့လက်သတ္တိအားဖြင့် ဤစည်းစိမ်ကို ငါရတတ်သည်။
ဤတွင်"လက်" သည်လူတစ်ဦးတစ်ယောက်၏ တန်ခိုး သို့မဟုတ်
စွမ်းရည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါသည် အားသန်၍ တန်ခိုးနှင့် ပြည့်ဝသဖြင့်ချမ်းသာမှုကို
ပိုင်ဆိုင်သည်။" သို့မဟုတ် "သင်၏
ကိုယ်ပိုင်တန်ခိုးနှင့်စွမ်းရည်ဖြင့် အရာခပ်သိမ်းကို
ငါတတ်စွမ်းနိုင်၏။"

Deuteronomy 18

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ထာဝရဘုရားကိုသာ အောက်မေ့ရမည်။
ဤစကားအသုံးအနှုန်းသည် အမိန့်ပေးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သတိရရန်"

တည်စေလိုသောငှာ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်မှာ(၁)
"ဤနည်းအားဖြင့်သူအခြေခိုင်သည်။" သို့မဟုတ် (၂)
"ဤနည်းအားဖြင့် သူမြဲမြံမှုရှိရန်သစ္စာရှိသည်။"

ရတတ်သည်
"သူဖြစ်နိုင်/လုပ်နိုင်သည်"

တည်စေလို
"ပြည့်စုံ" သို့မဟုတ် "ထိန်းသိမ်းစောင့်ရှောက်"

ယနေ့ကဲ့သို့
"ယခုသူလုပ်ဆောင်သကဲ့သို့" သို့မဟုတ်
"ယခုသူကတိတည်သကဲ့သို့"

အခြားတပါးသော ဘုရားတို့ကို ဆည်းကပ်၍
"ဆည်းကပ် "သည် နာခံခြင်းကို ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောရုပ်တုဘုရား၏ အမှုပြုခြင်း"

ထာဝရဘုရားကို သင် သည် မေ့လျော့သဖြင့်၊ အခြားတပါးသော ဘုရားတို့ကို ဆည်းကပ်၍ ဝတ်ပြုကိုးကွယ်လျှင်၊ ပျက်စီးခြင်းသို့ အမှန်ရောက်လိမ့်မည်။
ဤဖြစ်စဉ်အားလုံးတွင် "သင်"အစား အများကိန်းကို သုံးသည်။

ငါသည် သင့်တဘက်၌ သက်သေခံ၏။
"ငါသည် သင့်အား သတိပေးသည်။" သို့မဟုတ် "သက်သေများရှေ့တွင် ငါပြောသည်။"

သင်သည် ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်။
"သင်သည် မုချသေလိမ့်မည်။"

သင့်ရှေ့မှာ
"သင်၏ ရှေ့မျှော်တွင်"

ထာဝရဘုရား၏ စကား တော်ကို နားမထောင်သောကြောင့်
ဤတွင် "ထာဝရဘုရား၏ စကား" သည် သူ့လူမျိုးများလုပ်ဆောင်ရန် ထာဝရဘုရားမှာထားချက် စကားကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား အမိန့်တော်ကို မနာခံခြင်း"

---

## Translation Questions

### Deuteronomy 8:1

အဘယ်အရာကို ဣသရေလလူတို့သည် အောက်မေ့ရမည်နည်း။
သူတို့၏ ဘုရားသခင်ထာဝရဘုရားသည် တော၌ အနှစ်လေးဆယ်ပတ်လုံး သူတို့ကို နှိမ့်ချခြင်းနှင့် စုံစမ်းတော်မူခြင်းကို အောက်မေ့ရပါမည်။

### Deuteronomy 8:3

အဘယ်ကြောင့် ထာဝရဘုရားသည် လူတို့ကို နှိမ့်ချ၍ ဆာလောင်မွတ်သိပ်စေသဖြင့် မန္နမုန့် ကျွေးမွေးခဲ့သနည်း။
လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည် မဟုတ်ဘဲ ထာဝရဘုရား၏ နှုတ်တော်ထွက်အားဖြင့်သာ အသက်မွေးရသည်ကို သိစေရန် ဤအရာကို ပြုတော်မူသည်။

### Deuteronomy 8:4

လူတို့သည် အနှစ်လေးဆယ်ပတ်လုံး တော၌ မည်သို့ရှင်သန်ရပ်တည်ခဲ့သနည်း။
သူတို့၏ အဝတ်သည် မဟောင်းမနွမ်း၊ သူတို့၏ ခြေသည် မပွန်းမယောင်ပေ။

ထာဝရဘုရားသည် ဣသရေလတို့ကို မည်ကဲ့သို့ ဆုံးမခဲ့သနည်း။
အဘသည် သားကို ဆုံးမသကဲ့သို့ ထာဝရဘုရားသည် သူတို့ကို ဆုံးမတော်မူသည်။

### Deuteronomy 8:7

ဘုရားသခင် ထာဝရဘုရား ဆောင်ခဲ့သော ပြည်သည် မည်သို့သော ပြည်ဖြစ်သနည်း။
ချောင်း၊ စမ်းရေတွင်း၊ ရေကန်များနှင့် ပြည့်စုံသောပြည်၊ ဂျုံ၊ မုယော၊စပျစ်ပင်၊သင်္ဘောသဖန်းပင်၊ သလဲပင်နှင့်ပြည့်စုံသောပြည်၊သံလွင်သီး၊ပျားရည်နှင့် ပြည့်စုံသောပြည်တို့ဖြင့် ပြည့်စေလိမ့်မည်။

### Deuteronomy 8:9

အဘယ်ကြောင့် လူသည် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရမည်နည်း။
အဘယ်ကြောင့်ဆိုသော် သူသည် ကောင်းမွန်သောပြည်ကို ပေးသနားတော်မူခဲ့သောကြောင့် လူတို့သည် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရသည်။

### Deuteronomy 8:11

လူတို့သည် မည်သို့ မပြုရမည်နည်း။
လူတို့သည် ထာဝရဘုရား၏ ပညတ်တရားတော်ကို မစောင့်၊ သူ့ကို မေ့လျော့ခြင်းစသည်တို့ကို ရှောင်ရမည်။

### Deuteronomy 8:13

အဘယ်ကြောင့် လူတို့သည် အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူတော်မူသော ထာဝရဘုရားကို မေ့လျော့နိုင်သနည်း။
သူတို့၏ သိုးနွား၊ ရွှေငွေအစရှိသော ဥစ္စာမျိုးများပြားသောအခါ သူတို့သည် မာနထောင်လွှားခြင်းသို့ရောက်၍ ထာဝရဘုရားကို မေ့လျော့နိုင်ပါသည်။

### Deuteronomy 8:15

ထာဝရဘုရားသည် ဣသရေလလူများအတွက် ကြောက်မက်ဘွယ်သော တောကြီး၌ ရေနှင့်အစားစာများကို မည်ကဲ့သို့ ပေးအပ်ခဲ့သနည်း။
ထာဝရဘုရားသည် သူတို့အဘို့ မီးပါကျောက်ထဲက ရေကို ဆောင်ခဲ့ခြင်းနှင့် သူတို့အဘို့ မန္နကို ပေးအပ်ခဲ့သည်။

### Deuteronomy 8:18

လူတို့သည် တပါးအမျိုးသားများကဲ့သို့ ပျက်စီးခြင်းကို မည်သည်က ရောက်ရစေမည်နည်း။
သူတို့သည် ဘုရားသခင်ကို မေ့လျော့သဖြင့်၊ အခြားတပါးသော ဘုရားတို့ကို ဆည်းကပ်ခြင်းနှင့် ထာဝရဘုရား၏ စကားတော်ကို


generated on Sun Jun 30 02:37:40 2024

နားမထောင်ခြင်းကြောင့် သူတို့သည် ပျက်စီးခြင်းသို့
ရောက်ရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 9

1 အို ဣသရေလအမျိုး၊ နားထောင်လော့။ သင့်ထက်အားကြီး၍ များပြားသော လူမျိုးတို့ကိုင်၊ မိုယ်းကောင်းကင်ကိုထိသော
မြို့ရိုးနှင့် ပြည့်စုံသော မြို့ကြီးတို့ကိုင်၊ 2 အာနကအမျိုးသားရှေ့မှာ အဘယ်သူရပ်နိုင် သနည်းဟူသော စကားကို သင်ကြား၍၊
သင်သိသော အာနကအမျိုးသားတည်းဟူသော အလွန်ကြီးမြင့်သော လူမျိုးကိုင်း တိုက်ယူခြင်းငှာ၊ ယခု ယော်ဒန်မြစ် တဘက် သို့
ကူးလုပြီ။ 3 သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင့်ရှေ့မှာ ကြွသဖြင့်၊ လောင်သောမီးကဲ့သို့ ဖြစ်လျက် သူတို့ကို
ဖျက်ဆီး၍၊ သင့်မျက်မှောက်၌ နှိမ့်ချတော်မူမည်အကြောင်းကို ယခု သဘောကျလော့။ ထာဝရဘုရား မိန့်တော်မူ သည်အတိုင်း၊
သင်သည် သူတို့ကို နှင်ထုတ်၍ အလျင်အမြန် ဖျက်ဆီးရလိမ့်မည်။ 4 သင်၏ ဘုရားသခင် ထာဝရဘုရားသည် သူတို့ ကို သင့်ရှေ့မှ
နှင်ထုတ်တော်မူသောနောက်၊ သင်က၊ ငါ့ကုသိုလ်ကြောင့် ထာဝရဘုရားသည် ငါ့ကိုသွင်း၍၊ ဤပြည်ကို အပိုင်ပေးတော်မူသည်ဟူ၍
မအောက်မေ့ရ။ ထိုလူမျိုးတို့၏ မကောင်းမှုကြောင့် ထာဝရဘုရားသည် သူတို့ကို ငါ့ရှေ့မှ နှင်ထုတ်တော်မူသည်ဟူ၍ စိတ်ထဲမှာ
အောက်မေ့ရမည်။ 5 သင်ပြုသောကုသိုလ်ကြောင့်ငင်း၊ ဖြောင့်မတ် သော သဘောကြောင့်ငင်း၊ ထိုပြည်ကို သွား၍ ဝင်စားရ
မည်မဟုတ်။ ထိုလူမျိုးတို့၏ မကောင်းမှုကြောင့်ငင်း၊ ထာဝရဘုရားသည် သင်၏အဘ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား
ကျိန်ဆိုတော်မူသော စကားတော်ကို တည်စေလိုသောငှာငင်း၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည် သူတို့ကို သင့်ရှေ့မှ
နှင်ထုတ်တော်မူ၏။ 6 သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင်၏ကုသိုလ်ကြောင့်၊ ထိုကောင်းမွန်သော ပြည် ကို
ပေးတော်မူသည်မဟုတ်။ သင်သည် လည်ပင်းခိုင်မာ သော အမျိုးဖြစ်၏။ 7 သင်သည်၊ သင်၏ ဘုရားသခင် ထာဝရဘုရား ကို
အမျက်တော်ထွက်စေခြင်းငှာ၊ တော၌ပြုမိသည်ကို မမေ့နှင့်၊ အောက်မေ့လော့။ သင်သည် အဲဂုတ္တုပြည်ထဲက ထွက်သောနေ့မှစ၍
ဤအရပ်သို့ ရောက်သည် တိုင် အောင် ထာဝရဘုရားကို ပုန်ကန်ပြီ။ 8 ဟောရပ်အရပ်၌ ထာဝရဘုရားကို အမျက် တော်ထွက်စေသဖြင့်၊
သင့်ကို ဖျက်ဆီးလောက်အောင် အမျက်ထွက်တော်မူ၏။ 9 ထာဝရဘုရားသည် သင်တို့နှင့်ဖွဲ့သော ပဋိညာဉ် တရားကို ရေးထားသော
ကျောက်ပြားတို့ကို ခံယူခြင်းငှာ၊ တောင်ပေါ်သို့ငါတက်သောအခါ၊ အရက်လေးဆယ်ပတ်လုံး မုန့်ကိုမစား၊ ရေကို မသောက်ဘဲ
တောင်ပေါ် မှာနေလေ၏။ 10 သင်တို့သည် စည်းဝေးကြသောနေ့၌ ထာဝရ ဘုရားသည် တောင်ပေါ်မှာ မီးထဲက မြွက်ဆိုတော်မူ သော
စကားတော်အလုံးစုံတို့ကို လက်ညှိုးတော်ဖြင့် ရေးထားသော ကျောက်ပြားနှစ်ပြားတို့ကို ထာဝရဘုရား သည် ငါ့အား
အပ်ပေးတော်မူ၏။ 11 အရက်လေးဆယ်စေ့သောအခါ၊ ထိုပဋိညာဉ် ကျောက်ပြား နှစ်ပြားကို ထာဝရဘုရားသည် ငါ့အား
ပေးတော်မူလျှင်၊ 12 သင်သည် ထ၍ အလျင်အမြန်ဆင်းသွားလော့။ အဲဂုတ္တုပြည်မှ သင်နှုတ်ဆောင်ခဲ့သော သင်၏ လူတို့သည်
ဖောက်ပြန်၍၊ ငါမှာထားသောလမ်းမှ အလျင်အမြန်လွှဲ၍၊ ရုပ်တုကို သွန်းကြပြီဟု မိန့်တော်မူ၏။ 13 တဖန် ထာဝရဘုရားက၊
ဤလူမျိုးကို ငါကြည့် မြင်ပြီ။ လည်ပင်းခိုင်မာသော အမျိုးဖြစ်၏။ 14 သို့ဖြစ်၍ ငါ့ကိုရှိစေလော့။ သူတို့ကို ငါဖျက်ဆီး မည်။
သူတို့နာမကိုလည်း ကောင်းကင်အောက်မှာ ငါချေ မည်။ သင့်ကိုမူကား၊ သူတို့ထက် အားကြီး၍ များပြား သော အမျိုးဖြစ်စေမည်ဟု
ငါ့အား မိန့်တော်မူ၏။ 15 ထိုအခါ ငါသည် ပဋိညာဉ်ကျောက်ပြား နှစ်ပြား ကို ကိုင်လျက်၊ လှည့်၍ မီးလောင်သော တောင်ပေါ်က
ဆင်းလာ၏။ 16 သင်တို့သည် သင်တို့ဘုရားသခင် ထာဝရဘုရား ကို ပြစ်မှား၍၊ နွားသငယ်ရုပ်တုကို သွန်းကြောင်းနှင့်
ထာဝရဘုရားမှာထားတော်မူသောလမ်းမှ အလျင်အမြန် လွှဲသွားကြောင်းကို ငါသည် ကြည့်မြင်လျှင်၊ 17 လက်နှစ်ဘက်နှင့်ကိုင်သော
ကျောက်ပြားတို့ကို ချ၍၊ သင်တို့မျက်မှောက်၌ ငါချိုးဖွဲ့၏။ 18 သင်တို့သည် ထာဝရဘုရားကို အမျက်တော် ထွက်စေခြင်းငှာ၊
ရှေ့တော်၌ ဒုစရိုက်ကို ပြုမိသောအပြစ် ရှိသမျှတို့ကြောင့်၊ ငါသည် အရင်ပြုသကဲ့သို့ ထာဝရ ဘုရားရှေ့တော်၌ ပြပ်ဝပ်၍
အရက်လေးဆယ်ပတ်လုံး မုန့်ကိုမစား၊ ရေကို မသောက်ဘဲနေရ၏။ 19 အကြောင်းမူကား၊ ထာဝရဘုရားသည် သင်တို့ ကို
ဖျက်ဆီးခြင်းငှာ အလွန်ပြင်းစွာထွက်သော အမျက် တော်အရှိန်ကို ငါကြောက်၏။ သို့ရာတွင် ထာဝရဘုရား သည် ငါ့စကားကို တဖန်
နားထောင်တော်မူ၏။ 20 ထာဝရဘုရားသည်လည်း၊ အာရုန်ကို ဖျက်ဆီးခြင်းငှါ အလွန်အမျက်ထွက်တော်မူသောကြောင့်၊
အာရုန်အဘို့ကိုလည်း ဆုတောင်းလေ၏။ 21 သင်တို့ဒုစရိုက်တည်းဟူသော သင်တို့လုပ်သော နွားသငယ်ကို ငါယူသဖြင့် အရည်ကျို၍၊
အမှုန့်ဖြစ် အောင် ညက်ညက်ချေပြီးလျှင်၊ တောင်ထဲက ထွက်သော ချောင်းရေပေါ်မှာ ချပစ်လေ၏။ 22 တဗေရအရပ်၊ မဿာအရပ်၊
ကိဗြုတ်ဟတ္တဝါ အရပ်၌လည်း၊ သင်တို့သည် ထာဝရဘုရားကို အမျက် တော်ထွက်အောင် ပြုကြ၏။ 23 ကာဒေရှဗာနာအရပ်၌လည်း၊
ထာဝရဘုရားက၊ သွား၍ ငါပေးသောပြည်ကို သိမ်းယူကြလော့ဟု သင်တို့ကို စေခိုင်းတော်မူသောအခါ၊ သင်တို့သည် သင်တို့၏
ဘုရားသခင် ထာဝရဘုရား အမိန့်တော်ကို ငြင်းဆန်ကြ၏။ ကိုယ်တော်ကို မယုံ၊ စကားတော်ကို နားမထောင်ဘဲနေကြ၏။ 24
ငါသိကျွမ်းသော နေ့မှစ၍၊ သင်တို့သည် ထာဝရဘုရားကို ပုန်ကန်လျက်နေကြပြီ။ 25 ထာဝရဘုရားသည် သင်တို့ကို ဖျက်ဆီးမည်ဟု
မိန့်တော်မူသောကြောင့်၊ ငါသည် အရင်ပြပ်ဝပ်သကဲ့သို့၊ အရက်လေးဆယ်ပတ်လုံး ပြပ်ဝပ်လျက်နေရ၏။ 26 ထာဝရဘုရားအားလည်း၊
အိုအရှင် ဘုရားသခင်၊ တန်ခိုးတော်အားဖြင့် ရွေးတော်မူ၍၊ အားကြီးသော လက်တော်နှင့် အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူသော
ကိုယ်တော်၏အမွေဥစ္စာဖြစ်သော ဤလူတို့ ကို ဖျက်ဆီးတော်မမူပါနှင့်။ 27 ကိုယ်တော်၏ကျွန် အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့ကို
အောက်မေ့တော်မူပါ။ ဤလူမျိုးသည် ခိုင်မာသော သဘောရှိ၍၊ ပြစ်မှားမိသော ဒုစရိုက်အပြစ်ကို မှတ်တော် မမူပါနှင့်။ 28 သို့မဟုတ်
အကျွန်ုပ်တို့ကို နှုတ်ဆောင်တော်မူသော ပြည်သားတို့က၊ ထာဝရဘုရားသည် ဂတိထားသော ပြည်သို့ သူတို့ကို ဆောင်သွင်းခြင်းငှာ

 generated on Sun Jun 30 02:37:40 2024

မတတ်နိုင်သော ကြောင့်၎င်း၊ သူတို့ကို မုန်းသောကြောင့်၎င်း၊ တော၌ သတ်လိုသောငှာ ထုတ်သွားပြီဟု ဆိုကြပါ လိမ့်မည် တကား။ 29 ဤလူတို့သည်ကား၊ မဟာတန်ခိုးတော်နှင့် လက်ရုံးတော်ကို ဆန့်သဖြင့် နှုတ်ဆောင်တော်မူသော ကိုယ်တော်၏ အမွေလူဖြစ်ကြပါသည်ဟု ငါသည် ဆုတောင်းလေ၏။

---

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

အို ၊ ဣသရေလအမျိုးနားထောင်လော့။
"ဣသရေလအမျိုး" ဟူသော စကားသည်ဣသရေလလူမျိုးများအတွက် ဥပမာပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်လော့၊ ဣသရေလလူမျိုးများ။"

တိုက်ယူခြင်းငှာ
"နယ်မြေကို ရယူရန်"

မိုးယံကောင်းကင်ကိုထိသော မြို့ရိုးနှင့် ပြည့်စုံ
၎င်းသည် မြို့များကြီးမား၍ အားသန်ခြင်းကြောင့်လူမျိုးများ ဘက်လောက်အထိကြောက်လန့်သည်ကို ပြောဆိုခြင်းဖြစ်သည်။ 1:26 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ရှည်လျားသော မြို့ရိုးများရှိသည်။"

အာနကအမျိုးသား
အင်အားကြီးအား၍ ရက်စက်သော အာနကလူမျိုးနွယ်များဖြစ်သည်။ 1:26 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အာနကအမျိုးသားရှေ့မှာ အဘယ်သူရပ်နိုင်သနည်း။
၎င်းသည် အာနက အမျိုးသားများ တန်ခိုးကြီးမား၍ သူတို့ကို လူမျိုးများက ကြောက်ရွံ့နေကြောင်းကိုဆိုလိုသည်။ ၎င်းစကားပြောနည်းအတတ်နှင့်ဆိုင်သောမေးခွန်းသည်အဆိုပြုဝါကျအဖြစ် ဘာသာပြန်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကိုယ်တိုင်ကာကွယ်နိုင်စွမ်းရှိသော သူများတောင်မှ အာနကအမျိုးသားများအား တော်လှန်နိုင်သူတစ်ဦးတစ်ယောက်မျှမရှိ။"

Deuteronomy 03

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ယခု
"ယခုအချိန်"

လောင်သောမီးကဲ့သို့
ထာဝရဘုရား၏ ဘုန်းတန်ခိုးနှင့်လုပ်နိုင်စွမ်းသည် အခြားလူမျိုးများ၏ စစ်တပ်များကို ဖျက်ဆီးနိုင်သည်။

သင့်မျက်မှောက်၌ နှိမ့်ချတော်မူမည်အကြောင်း
"သူတို့ကို အားနည်းစေပြီး သူတို့ကို သင်ထိန်းချုပ်နိုင်ရမည်။"

Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

စိတ်ထဲမှာမအောက်မေ့ရ။
ဤတွင် "စိတ်ထဲမှာ" သည် "သင်၏ အတွေးထဲတွင်" ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကိုယ်တိုင်အတွက်မစဉ်းစားရ"

သူတို့ကို ငါ့ရှေ့မှ နှင်ထုတ်တော်မူသည်။
"အခြား လူမျိုးများကို မောင်းထုတ်သည်။"

Deuteronomy 05

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

သင်ပြုသောဖြောင့်မတ် သော သဘောကြောင့်
"အဘယ်ကြောင့်ဆိုသော် သင်သည် မှန်သော အတွေးနှင့် ဆန္ဒများသာ လိုချင်သောကြောင့်"

စကားတော်ကို တည်စေလိုသောငှာ
ဤတွင် "စကား" သည်ထာဝရဘုရားကတိပေးသောအရာကိုပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်ကတိတည်စေရန်"

သင်၏အဘ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား
အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့သည် မောရှေပြောသော "ဘိုးဘေးဘီဘင်"များဖြစ်သည်။

Deuteronomy 07

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။


generated on Sun Jun 30 02:37:40 2024

မမေ့နှင့်၊ အောက်မေ့လော့။
မောရှေသည် မှတ်မိခြင်း၏
အရေးကြီးကြောင်းကိုအပြုသဘောနှင့်အပျက်သဘော
အတူတူဆောင်ခြင်းအားဖြင့်ပြန်လည်အလေးပေးပြောဆိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မှတ်မိရန်သတိပြုပါ"

သင်သည်ထာဝရဘုရားကို ပုန်ကန်ပြီ။
ဤတွင် "သင်" သည် မောရှေနှင့်အတူနေသော
ဣသရေလလူမျိုးများကို ဆိုလိုသည်။

ဤအရပ်သို့ ရောက်သည် တိုင် အောင် ထာဝရဘုရားကို ပုန်ကန်ပြီ။
ဟောရပ်အရပ်၌ ထာဝရဘုရားကို အမျက် တော်ထွက်စေသဖြင့်၊ သင့်ကို
ဖျက်ဆီးလောက်အောင် အမျက်ထွက်တော်မူ၏။
"သင်" ဖြစ်စဉ်များအားလုံးသည် အများကိန်းနှင့်ဖော်ပါသည်။

ဤအရပ်သို့
၎င်းသည် ယော်ဒန်မြစ်ဝှမ်းဒေသကို ဆိုလိုသည်။

Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သည့်အချိန်များ၌
ဖြစ်ပျက်ခဲ့သည့်အရာများကို သတိပေးသည်။

ထာဝရဘုရားသည် သင်တို့နှင့်ဖွဲ့သော ပဋိညာဉ် တရားကို ရေးထားသော
ကျောက်ပြားတို့ကို ခံယူခြင်းငှာ
ဒုတိယစကားစုတွင်
ထာဝရဘုရားရေးသောပဋိညာဉ်ဆယ်ပါးသည် တစ်ခုတည်းသော
ထာဝရဘုရား ၏ ကျောက်ပြား၌
ရေးထားသောစာဟုဖော်ပြထားပါသည်။

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက် နှင့် ၄၀ ည"

စကားတော်အလုံးစုံတို့ကို လက်ညှိုးတော်ဖြင့် ရေးထားသော
ကျောက်ပြားနှစ်ပြားတို့ကို ထာဝရဘုရားသည် ငါ့အား အပ်ပေးတော်မူ၏။
၎င်းကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည်သင်တို့အားပြောသည့်စကားနှင့်အတူသင်တို့အတွက်ရေးသားထားပါသည်။"

ထာဝရ ဘုရားသည် တောင်ပေါ်မှာ မီးထဲက မြွက်ဆိုတော်မူ သော စကားတော်
ဤတွင် ထာဝရဘုရားသည် လူတစ်ဦးတစ်ယောက်
ပမာမီးအလယ်တွင် မတ်တပ်ထပြီး ကျယ်လောင်စွာ
စကားပြောနေပါသည်။

သင်တို့သည် စည်းဝေးကြသောနေ့၌
စိတ္တဇနာမ်ဖြစ်သော "စည်းဝေး" သည်
"အတူတကွစုရုံးခြင်း"ကိုဖော်ပြခြင်းဖြစ်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချိန်တွင်
ဣသရေလလူမျိုးများအားလုံးလာရောက်ပြီး တစ်နေရာတွင်
အတူတကွတွေ့ဆုံသည်။"

Deuteronomy 11

အရက်လေးဆယ်
"၄၀ ရက်နှင့်၄၀ ည"

ထိုပဋိညာဉ် ကျောက်ပြား နှစ်ပြားကို ထာဝရဘုရားသည် ငါ့အား
ပေးတော်မူလျှင်
ဤတွင် ဒုတိယစကားစုတွင်
ထာဝရဘုရားရေးသောပဋိညာဉ်ဆယ်ပါးသည် တစ်ခုတည်းသော
ထာဝရဘုရား၏ ကျောက်ပြား၌ရေးထားသော
စာဟုဖော်ပြထားပါသည်။

သင်၏ လူတို့သည် ဖောက်ပြန်၍
"သင်၏ လူတို့သည် အမှားများကိုပြုလုပ်သည်။" 4:15 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ငါမှာထားသောလမ်းမှ အလျင်အမြန်လွှဲ၍
မောရှေသည် ထာဝရဘုရား
အမိန့်ပေးချက်များနာခံခြင်းသည်သူ၏
လမ်းကြောင်းတစ်ခုကိုလျှောက်သွားခြင်းဖြစ်သည်ဟုပြောဆိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ၏ အမိန့်တော်ကို
မနာခံပါ။"

Deuteronomy 13

သူတို့နာမကိုလည်း ကောင်းကင်အောက်မှာ ငါချေ မည်။
"သူတို့ နာမည်ကို လုံးလုံးလျားလျား မတွေ့တော့ပါ။" သို့မဟုတ်
"သူတို့အားလုံးကို သတ်ဖြတ်ပြီး ဘယ်သူကမှသူတို့ကို
သတိမရတော့ပါ။" 7:23 ၌ ဘာသာပြန်သည့်အတိုင်း
ပြန်ဆိုနိုင်သည်။

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင်
ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ကြည့်မြင်လျှင်
ဤတွင် "ကြည့်မြင်လျှင်" ဟူသော စကားမှာ မောရှေသည်
သူတွေ့မြင်သောအရာကို အံ့သြခဲ့ပါသည်။

နွားသငယ်ရုပ်တုကို သွန်းကြောင်း
ဣသရေလလူမျိုးအရင်မျိုးဆက်များသည်
သူတို့ကိုးကွယ်ရန်အတွက် နွားသငယ်ရုပ်တုကို ပြုလုပ်ရန်
အာရုန်အား မေးမြန်းခဲ့ပါသည်။ ဤတွင်
အဓိပ္ပါယ်အပြည့်အစုံကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ထာဝရဘုရားမှာထားတော်မူသောလမ်းမှ အလျင်အမြန် လွှဲသွားကြောင်း
ထာဝရဘုရား အမိန့်ပေးချက်များ နာခံခြင်းသည် သူ၏
လမ်းကြောင်းတစ်ခုကို လျှောက်သွားခြင်းဖြစ်သည်ဟု
မောရှေကပြောဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Sun Jun 30 02:37:40 2024

"သင်တို့သည် ထာဝရဘုရား၏ အမိန့်တော်ကို လျင်မြန်စွာမနာခံပါ။"။ 9:11 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် က္လသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

သင်တို့မျက်မှောက်၌ ငါချိုးဖွဲ့၏။
ဤတွင် "သင်တို့မျက်မှောက်" ဟူသည် က္လသရေလလူမျိုးများကိုကိုယ်စားပြုသည့် စကားအလင်္ကာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့၏ ရှေ့မှောက်တွင် သူတို့ကို အမှန်တကယ် ချိုးဖွဲ့သည်" သို့မဟုတ် "သင်တို့မြင်တွေ့နိုင်မည့်နေရာတွင် သူတို့ကို ငါချိုးဖွဲ့သည်။"

ထာဝရ ဘုရားရှေ့တော်၌ ပြပ်ဝပ်၍
"ငါ၏ မျက်နှာကို မြေကြီးပေါ်တွင်ချ၍" ၎င်းကို ဘာမှ မဟုတ်သော မောရှေသည် ထာဝရဘုရား၏ ကြီးမြတ်တော်မူခြင်းကို ပြသခြင်းဖြစ်သည်။

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက် နှင့် ၄၀ ည"

Deuteronomy 19

ယေဘုယျအချက်အလက်
မောရှေသည် က္လသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ထာဝရဘုရားသည် သင်တို့ ကို ဖျက်ဆီးခြင်းငှာအလွန်ပြင်းစွာသောအမျက်တော်အရှိန် ကိုငါကြောက်၏။
"အလွန်ပြင်းစွာ ထွက်သော အမျက်တော်အရှိန်" ဟူသောစကားသည် ထာဝရဘုရား၏ လုပ်ဆောင်ချက်များသည်သူပြင်းစွာအမျက်ထွက်ခြင်းကြောင့် ဖြစ်သည်ဟု ရေးသားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်ထံတွင်စိတ်ဆိုးသည်။ သူသည် သင့်အား အလွန် မကျေမနပ်ဖြစ်ခဲ့သည်။ သူသည် သင့်အား ဖျက်ဆီးရန် လွန်စွာ အမျက်ထွက်ခဲ့သဖြင့် သူဘယ်လို ဖြစ်မည်ကို ငါအံ့သြမိပါသည်။"

Deuteronomy 21

ယေဘုယျအချက်အလက်
မောရှေသည် က္လသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

သင်တို့လုပ်သော နွားသငယ်ကို ငါယူသဖြင့် အရည်ကျို၍၊ အမှုန့်ဖြစ် အောင် ညက်ညက်ချေပြီးလျှင်
မောရှေသည် တစ်ခြားလူများပြုလုပ်မည့် အမှန်တကယ်အလုပ်ကိုသေချာစွာမိန့်မှာခဲ့ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါယူ၍.. မီးရှို့သည်..ရိုက်သည်... ကိုက်သည်... လွှင့်ပစ် လိုက်သည်။"

သင်တို့ဒုစရိုက်
ရွှေဖြင့် ပြုလုပ်သော နွားသငယ်ရုပ်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ပြုလုပ်သော ရုပ်တုကို ပြစ်မှားသည်။"

Deuteronomy 22

ယေဘုယျအချက်အလက်
မောရှေသည် က္လသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

တဗေရအရပ်၊ မဿာအရပ်၊ ကိဗြုတ်ဟတ္တဝါ အရပ်၌
၎င်းတို့သည် က္လသရေလလူမျိုးများ ဖြတ်ကျော်သောသဲကန္တာရတွင်ရှိသည့် နေရာဒေသနာမည်များဖြစ်သည်။

သွား၍ ငါပေးသောပြည်ကိုသိမ်းယူကြလော့။
သူတို့သည် မြေနိမ့်ပိုင်းတွင်နေ၍ ထာဝရဘုရားပြောသည့်အတိုင်း တောင်ကုန်းဘက်သို့ တက်ပြီးနေရာယူကြပါသည်။

အမိန့်တော်ကို ငြင်းဆန်ကြ၏။
"အမိန့်တော်"ဟူသော ဝေါဟာရသည် ထာဝရဘုရားကိုယ်တိုင်၏ပြောစကား ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို ငြင်းဆန်သည်၊ သင်သည်အမိန့်တော်ကိုမနာခံခြင်း"

သူ၏စကားတော်ကို နားထောင်
ဤတွင် "သူ၏စကားတော်" သည် ထာဝရဘုရားပြောသော စကားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ပြောကြားချက်ကို နာခံပါ။"

ငါသိကျွမ်းသော နေ့မှစ၍
"ငါဦးဆောင်သောအချိန်မှစ၍" တစ်ချို့သောဘာသာပြန်ဆိုချက်များတွင် "သင့်ကို သူသိသောနေ့မှ စ၍" ထာဝရဘုရားကို စသိကျွမ်းသောနေ့။

Deuteronomy 25

ယေဘုယျအချက်အလက်
မောရှေသည် က္လသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ငါသည် အရင်ပြုပ်ဝပ်သကဲ့သို့
"ငါ၏မျက်နှာကိုမြေကြီးပေါ်တွင်ချသည်" 9:17 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက် နှင့် ၄၀ ည"

နှုတ်ဆောင် တော်မူသော
ကျွန်ဖြစ်ခြင်းမှ ထာဝရဘုရား၏ ကယ်ဆယ်ခြင်းအကြောင်းကို သူတို့
လွတ်မြောက်နိုင်ရန်ငွေကြေးဖြင့်ဝယ်ယူရသကဲ့သို့မောရှေပြောထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ကယ်ဆယ်သည်။"

တန်ခိုးတော်အားဖြင့်
"တန်ခိုးတော်" ဟူသည့် စကားသည် ထာဝရဘုရား၏ အားကြီးသော ဘုန်းတန်ခိုးကိုပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အားကြီးသော ဘုန်းတန်ခိုးဖြင့်"

အားကြီးသော လက်တော်နှင့်
ဤတွင်"အားကြီးသော လက်တော်" သည် ထာဝရ ဘုရား၏ တန်ခိုးကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အားကြီးသောတန်ခိုးဖြင့်" 4:34 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 27

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများ
မဖျက်ဆီးရန်ထာဝရဘုရားထံသို့ ဆက်လက် ဆုတောင်းသည်။

အောက်မေ့တော်မူပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "သတိရ"

အကျွန်ုပ်တို့ကို နှုတ်ဆောင်တော်မူသော ပြည်သားတို့
"ပြည်"ဟူသောစကားလုံးသည် အဲဂုတ္တုလူမျိုးတို့အတွက် ဥပမာတင်စား ပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအဲဂုတ္တုလူမျိုး"

ဆိုကြပါ လိမ့်မည်
"ဆိုနိုင်ပါသည်"

မဟာတန်ခိုးတော်နှင့် လက်ရုံးတော်ကို ဆန့်သဖြင့်
ဤစကားစုများသည် ထာဝရဘုရား၏ သူ့လူမျိုးများကယ်တင်နိုင်ရန် သူ၏ အားကြီးသော ဘုန်းတန်ခိုးကိုအသားပေးသည်။

---

## Translation Questions

### Deuteronomy 9:1

ဣသရေလအမျိုးတို့သည် မည်သည့်နေရာကိုသွားဖို့ ပြင်ဆင်နေကြသနည်း။
ဣသရေလ အမျိုးတို့သည် ယော်ဒန်မြစ်ကို ကူးရန် ဖြစ်သည်။

### Deuteronomy 9:3

ဣသရေလလူတို့သည် ယော်ဒန်မြစ်ကို မကူးခင် မည်ကဲ့သို့ ဖြစ်ပျက်လိမ့်မည်နည်း။
လောင်သောမီးကဲ့သို့ ဖြစ်လျက် သူတို့ကို ဖျက်ဆီးရန် ထာဝရဘုရားသည် ကြွတော်မူလိမ့်မည်။

### Deuteronomy 9:4

ထာဝရဘုရားသည် ပြည်ထဲက သူတို့၏ ရန်သူများကို နှင်ထုတ်တော်မူပြီးနောက် အဘယ်အရာကို မအောက်မေ့ရန် မောရှေသည် လူတို့အား မိန့်တော်မူခဲ့သနည်း။
ဣသရေလလူတို့၏ ကုသိုလ်ကြောင့် ထာဝရဘုရားသည် ပြည်ကို အပိုင်ပေးတော်မူသည် ဟူ၍ မအောက်မေ့ရန် ဣသရေလတို့အား မိန့်တော်မူသည်။

### Deuteronomy 9:5

ဣသရေလ အမျိုးသည် ယော်ဒန်မြစ်ကို ဖြတ်ကူးမသွားမီ ဘုရားသခင်သည် တစ်ပါးတစ်မျိုးကို အဘယ်ကြောင့် နှင်ထုတ်ခဲ့သနည်း။
သူတို့၏ မကောင်းမှုကြောင့်လည်းကောင်း၊ ဣသရေလတို့၏ အဘအာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသော စကားတော်ကို တည်စေလိုသောကြောင့် ထာဝရဘုရားသည် သူတို့ကို နှင်ထုတ်တော်မူသည်။

### Deuteronomy 9:7

ဣသရေလတို့၏ ထာဝရဘုရားသည် အဘယ်ကြောင့် အမျက်တော်ထွက်ခဲ့သနည်း။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ထာဝရဘုရားကို ပုန်ကန်သောကြောင့် သူသည် သူတို့ကို ဖျက်ဆီးလောက်အောင် အမျက်တော်ထွက်ခဲ့သည်။

### Deuteronomy 9:9

မောရှေသည် တောင်ပေါ်တွင် မည်သည့်တို့ကို စားသောက်ခဲ့ သနည်း။
သူသည် အရက်လေးဆယ်ပတ်လုံး မုန့်ကို မစား၊ ရေကိုမသောက်ဘဲ တောင်ပေါ်တွ၌ နေသည်။


generated on Sun Jun 30 02:37:40 2024

Deuteronomy 9:11

တောင်ပေါ်မှ အလျင်အမြန်ဆင်းသွားရန် ထာဝရဘုရားသည် အဘယ်ကြောင့် မောရှေအား မိန့်တော်မူခဲ့သနည်း။

လူတို့သည် ဖောက်ပြန်၍ ထာဝရဘုရား မှာထားသောလမ်းမှ လွှဲ၍၊ ရုပ်တုကို သွန်းကြပြီဟု ထာဝရဘုရားသည် သူ့အား မိန့်တော်မူသည်။

Deuteronomy 9:13

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလလူတို့ကို ပယ်ဖျက်၍ သူတို့ထက် အားကြီးသော အမျိုးဖြစ်စေမည်ဟု ဆိုခဲ့သနည်း။

ဤလူမျိုးသည် လည်ပင်းခိုင်မာသော အမျိုးဖြစ်သည်ဟု ထာဝရဘုရား ဆိုခဲ့သည်။

Deuteronomy 9:15

ဣသရေလလူတို့သည် မည်ကဲ့သို့ အပြစ်ကို လုပ်ခဲ့သနည်း။

နွားသငယ်ရုပ်တုကို သွန်းသောကြောင့် သူတို့သည် ထာဝရဘုရားကို ပြစ်မှားတော်မူသည်။

Deuteronomy 9:17

ထာဝရဘုရား၏ မျက်မှောက်တော်၌ လူတို့သည် မကောင်းမှုပြုကြောင်းကို သူမြင်ပြီးနောက် မောရှေသည် အဘယ်သို့ပြုလုပ်ခဲ့သနည်း။

သူသည် ကျောက်ပြားပစ်ချ၍ သူတို့ မျက်မှောက်၌ ချိုးဖွဲ့ပြီး ထာဝရဘုရားရှေ့တော်၌ ပြပ်ဝပ်၍ အရက်လေးဆယ်ပတ်လုံး မုန့်ကို မစား၊ ရေကိုမသောက်ဘဲ နေသည်။

Deuteronomy 9:19

အဘယ်ကြောင့် မောရှေသည် အာရုန်နှင့်လူတို့အဘို့ ဆုတောင်းခဲ့သနည်း။

ထာဝရဘုရားသည် အာရုန်နှင့် လူတို့ကို ဖျက်ဆီးခြင်ငှါ ပြင်းစွာသော အမျက်တော်အရှိန်ကြောင့် သူသည် ဆုတောင်းခဲ့သည်။

Deuteronomy 9:21

မောရှေသည် သူတို့ လုပ်သော နွားသငယ်ရုပ်ကို အဘယ်သို့ ပြုခဲ့သနည်း။

မောရှေသည် သူတို့လုပ်သော နွားသငယ်ရုပ်ကို အရည်ကျို၍ အမှုန့်ဖြစ်အောင် ညက်ညက်ချေပြီးလျှင်၊ တောင်ထဲက ထွက်သော ချောင်းရေတွင် ချပစ်သည်။

Deuteronomy 9:22

လူတို့သည် ထာဝရဘုရားကို အမျက်တော်ထွက်အောင် မည်ကဲ့သို့ ပြုခဲ့ကြသနည်း။

သူတို့သည် ထာဝရဘုရား၏ အမိန့်တော်ကို ငြင်းဆန်ကြသည်။ သူတို့သည် ကိုယ်တော်ကို မယုံ၊ စကားတော်ကို နားမထောင်ဘဲနေကြသည်။

Deuteronomy 9:25

အရက်လေးဆယ်ပတ်လုံး ပြပ်ဝပ်လျက် မောရှေသည် မည်ကဲ့သို့ ဆုတောင်းခဲ့သနည်း။

ထာဝရဘုရား၏ အမွေဥစ္စာဖြစ်သော လူတို့ကို ဖျက်ဆီးတော်မမူပါနှင့်ဟု သူသည် ဆုတောင်းခဲ့သည်။

Deuteronomy 9:27

ထိုပြည်သားတို့သည် သူတို့အား မည်သို့ဖြစ်သည်ဟု မပြောရန် ထာဝရဘုရားထံ မောရှေဆုတောင်းသနည်း။

ထာဝရဘုရားသည် ပြည်သားတို့ကို ဆောင်သွားရန် မတတ်နိုင်သောကြောင့်လည်းကောင်း၊ ထိုသူတို့ကို မုန်းသွားသောကြောင့်လည်းကောင်း၊ တော၌သတ်လိုသောကြောင့်လည်းကောင်း သူတို့ကို ထာဝရဘုရား ထုတ်ဆောင်ခဲ့သည်ဟု ထိုပြည်သားတို့ မပြောကြရန် မောရှေ တောင်းဆိုခဲ့သည်။

## Chapter 10

1 ထိုအခါ ထာဝရဘုရားက၊ အရင်ကျောက်ပြား နှစ်ပြားနည်းတူ၊ ကျောက်ပြားနှစ်ပြားကို ခုတ်ဦးလော့။ ငါရှိရာသို့ တက်လာလော့။
သေတ္တာကိုလည်း လုပ်လော့။ 2 သင်ချိုးဖဲ့သော အရင်ကျောက်ပြား၌ စကားပါ သည်အတိုင်း၊ နောက်ကျောက်ပြားပေါ်မှာ ငါရေးထားဦး
မည်။ သင်သည် ထိုကျောက်ပြားကို သေတ္တာထဲမှာ ထားရမည်ဟု ငါ့အား မိန့်တော်မူ၏။ 3 ငါသည်လည်း၊ အကာရှသစ်သားဖြင့်
သေတ္တာ ကို လုပ်၍၊ အရင်ကျောက်ပြားနည်းတူ ကျောက်ပြား နှစ်ပြားကို ခုတ်ပြီးမှ၊ ထိုကျောက်ပြားကို ကိုင်လျက် တောင်ပေါ်သို့
တက်လေ၏။ 4 သင်တို့စည်းဝေးသောနေ့၌ ထာဝရဘုရားသည် တောင်ပေါ်မှာ မီးထဲက မိန့်မြွက်တော်မူသော ပညတ်
တော်ဆယ်ပါးတို့ကို၊ အရင်စာ၌ လာသည်အတိုင်း၊ ထာဝရဘုရားသည် ရေးထား၍ ငါ့အားပေးတော်မူ၏။ 5 ငါသည်လည်း လှည့်၍
တောင်ပေါ်က ဆင်းသ ဖြင့်၊ လုပ်ပြီးသော သေတ္တာထဲ၌ ထိုကျောက်ပြားကို ထား၍၊ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊
ထိုသေတ္တာထဲ၌ ယခုရှိ၏။ 6 ငါသည်တောင်ပေါ်မှာ အရင်နေသောကာလ နှင့်အမျှ၊ အရက်လေးဆယ်ပတ်လုံး တဖန်နေပြန်၍၊
ထိုအခါ၌လည်း ထာဝရဘုရားသည် သင်တို့ကို မဖျက်ဆီး မည်အကြောင်း၊ ငါ့စကားကို နားထောင်တော်မူ၏။ 7
ထာဝရဘုရားကလည်း၊ ထလော့။ ဤလူမျိုးအား ပေးခြင်းငှာ၊ သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသောပြည်သို့ သူတို့သည် သွား၍
သိမ်းယူမည်အကြောင်း၊ သူတို့ရှေ့မှာ ခရီးသွားလော့ဟု ငါ့အား မိန့်တော်မူ၏။ 8 ဣသရေလအမျိုးသားတို့သည် မောသရုတ် အရပ်မှ
ခရီးသွား၍၊ ဗယ်ာကန်အရပ်၌ စားခန်းချကြ၏။ 9 ထိုအရပ်မှ ခရီးသွား၍ ဟောရဂိဒ်ဂဒ်အရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ
ခရီးသွား၍ ဧဗြောနအရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍ ဧဇယုန်ဂါဗာ အရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍
ဇိနတောကာဒေရှအရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍ ဟောရတောင်၌ စားခန်းချကြ၏။ ထိုအရပ်၌ အာရုန်သည်
အနိစ္စရောက်၍၊ သူ့ကို သင်္ဂြိုဟ်ရ၏။ သူ၏သား ဧလာဇာသည် အဘ၏အရာ၌ ယဇ်ပုရော ဟိတ်အမှုကို ဆောင်ရ၏။ 10
လေဝိသားတို့သည် ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာကို ထမ်းစေခြင်းငှာရင်း၊ ရှေ့တော်၌ ရပ်၍ အမှုတော်ကို
ဆောင်ရွက်စေခြင်းငှာရင်း၊ အခွင့်တော်နှင့် ကောင်းကြီးပေးစေခြင်းငှာရင်း၊ ယနေ့တိုင်အောင် ထိုသူ တို့ကို ခွဲခန့်တော်မူ၏။ 11
ထို့ကြောင့် လေဝိသားတို့သည် ညီအစ်ကိုတို့နှင့် ရော၍ အဘို့ကိုမပိုင်၊ အမွေကိုမခံရ။ သင်၏ ဘုရား သခင် ထာဝရဘုရားသည်
သူတို့ခံရသောအမွေ ဖြစ် တော်မူ၏။ 12 အို ဣသရေလအမျိုး၊ သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းတော်သို့
လိုက်သွား ခြင်း၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ 13 သင်၏အကျိုးကို
ထောက်၍ ယနေ့ ငါဆင့်ဆို သော ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက် ခြင်းအမှုမှတပါး၊ သင်၏ဘုရားသခင် ထာဝရဘုရား
သည် အဘယ်အမှုကို တောင်းတော်မူသနည်း။ 14 မိုဃ်းကောင်းကင်နှင့် ကောင်းကင်ဘဝဂ်ကိုငင်း၊ မြေကြီးနှင့်
မြေကြီးတန်ဆာရှိသမျှကိုငင်း၊ သင်၏ဘုရား သခင် ထာဝရဘုရား ပိုင်တော်မူ၏။ 15 သို့ရာတွင် ထာဝရဘုရားသည် သင်၏ဘိုးဘေး
တို့ကို ချစ်ခင်မြတ်နိုး၍၊ ယနေ့ရှိသကဲ့သို့၊ သူတို့အမျိုး အနွယ်တည်းဟူသော သင့်ကို၊ အခြားသော လူမျိုးတကာ တို့တွင်
ရွေးကောက်တော်မူ၏။ 16 သို့ဖြစ်၍ သင်၏နှလုံးအရေဖျားကို လှီးဖြတ် လော့။ နောက်တဖန် ခိုင်မာသောလည်ပင်း မရှိစေနှင့်။ 17
အကြောင်းမူကား၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည်၊ ဘုရားတို့၏ ဘုရား၊ သခင်တို့၏သခင်၊ ကြီးမြတ်သောဘုရား၊
တန်ခိုးနှင့်ပြည့်စုံ၍ ကြောက်မက် ဘွယ်သောဘုရား၊ လူမျက်နှာကို မထောက်၊ တံစိုးကို မစားဘဲ၊ 18 မိဘမရှိသော သူငယ်၊
မုတ်ဆိုးမဘက်၌ တရား စီရင်၍၊ ဧည့်သည်အာဂန္တုတို့ကို စုံမက်သဖြင့်၊ အဝတ် အစားတို့ကို ပေးသနားသော ဘုရားဖြစ်တော်မူ၏။ 19
သို့ဖြစ်၍ ဧည့်သည်တို့ကို ချစ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည် ဖြစ်ကြဘူးပြီ။ 20
သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက် ရွံ့၍ အမှုတော်ကို ဆောင်ရွက်ရမည်။ ကိုယ်တော်၌ ဆည်းကပ်ရမည်။
နာမတော်အားဖြင့် ကျိန်ဆိုခြင်းကို ပြုရမည်။ 21 ထာဝရဘုရားသည် သင်၏ဂုဏ်အသရေ၊ သင်၏ဘုရားသခင် ဖြစ်တော်မူ၏။
သင်သည် ကိုယ် မျက်စိနှင့် မြင်သည်အတိုင်း၊ ကြောက်မက်ဘွယ်သော အမှုအရာကြီးတို့ကို သင့်အဘို့ပြုတော်မူပြီ။ 22 သင်၏
ဘိုးဘေးတို့သည်၊ အရေအတွက်အား ဖြင့် လူခုနစ်ဆယ်မျှသာ ရှိလျက်၊ အဲဂုတ္တုပြည်သို့ ဆင်းသွားကြ၏။ ယခုမူကား၊
အရေအတွက်အားဖြင့် မိုဃ်းကောင်းကင်ကြယ်နှင့်အမျှ သင်၏ဘုရားသခင် ထာဝရဘုရားသည် များပြားစေတော်မူပြီ။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့် အရာများကို ပြန်၍ သတိရစေသည်။

ထိုအခါ
"ငါ၏ ဆုတောင်းခြင်းအပြီးတွင်"

အရင်
"အရင်" သည် အစဉ်လိုက် ကိန်းနံပါတ်တစ်ဖြစ်သည်။ ၎င်းသည် မောရှေချိုးဖဲ့သော အရင်ကျောက်ပြားကိုဆိုလိုသည်။

တောင်ပေါ်မှာ
ဤတွင် "တောင်ပေါ်" သည် သိနတောင်ကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

## Deuteronomy 03

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

အရင်ကျောက်ပြားနည်းတူ
ဤတွင် "အရင်ကျောက်ပြား" သည် ပထမကျောက်ပြားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရင်ကျောက်ပြား နှစ်ပြားအတိုင်း"

တောင်ပေါ်သို့ တက်လေ၏။
"သိနတောင်ပါသို့တက်၏။"

မီးထဲက မိန့်မြွက်တော်မူသော
ထာဝရဘုရားသည် လူတစ်တစ်ယောက်ကဲ့သို့ မီးတောက်အလယ်၌ မတ်တပ်ထပြီး ကျယ်လောင်စွာ စကားပြောသည်။ 9:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

စည်းဝေးသောနေ့၌
"စည်းဝေး" သည် "အတူတကွ စုရုံးခြင်း"ကို ဖော်ပြခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချိန်တွင် ဣသရေလ လူမျိုးများအားလုံး လာရောက်ပြီး တစ်နေရာတွင် အတူတကွတွေ့ဆုံသည်" 9:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

## Deuteronomy 05

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ငါသည်လည်း လှည့်၍
ဤတွင်"ငါ" သည် မောရှေကို ဆိုလိုသည်။

တောင်ပေါ်က ဆင်း
"သိနတောင်ပေါ်မှဆင်းလာသည်"

သေတ္တာထဲ၌
"သေတ္တာထဲ၌ " သို့မဟုတ် "ခိုင်ခံ့သည့် သေတ္တာထဲ၌" (UDB)

## Deuteronomy 06

ယေဘုယျအချက်အလက်
စာရေးသူသည် ဣသရေလလူမျိုးတို့၏ လမ်းခရီးကိုအတိုချုပ်အားဖြင့် မှတ်တမ်းတင်သည်။

ဣသရေလအမျိုးသားတို့သည်...ငါကျိန်ဆိုသောပြည်သို့
ဣသရေလလူမျိုးများ၏ ခရီးသွားခဲ့သောဒေသ၏ နောက်ခံ အချက်အလက်များကို သိရပါသည်။ ၎င်းသည် အာရုန်အနိစ္စရောက်သည့် ဟောရတောင်လည်း အပါအဝင်ဖြစ်သည်။

မောသရုတ် အရပ်မှ
ဗယ်္ာကန်...ဟောရဂိဒ်ဂဒ်...ဧမြောန...ဧဗယုန်ဂါဗာ...ဇိနတောကာဒေရှ...ဟောရတောင်
၎င်းတို့သည်ဣသရေလလူမျိုးများသဲကန္တာရတွင်ဖြတ်ကျော်ခဲ့သောနေရာဒေသအ

ဗယ်္ာကန်
ဘာသာပြန်သူသည်ရှင်းလင်းချက်ထည့်ထားပါသည်။ "ဗယ်္ာကန်" သည်"ယာကန်လူမျိုးများပိုင်သော ရေတွင်း" ကိုဆိုလိုသည်။

ထိုအရပ်၌ သူ့ကိုသင်္ဂြိုဟ်ရ၏။
၎င်းကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သူ့ကိုသင်္ဂြိုဟ်သောနေရာ" သို့မဟုတ် "ဣသရေလလူမျိုးများသည် သူ့ကို ထိုနေရာတွင်သင်္ဂြိုဟ်ပါသည်။"

ဧလာဇာ
၎င်းသည်အာရုန်၏သားနာမည်ဖြစ်သည်။

## Deuteronomy 08

ယေဘုယျအချက်အလက်
စာရေးသူသည် လေဝိမျိုးနွယ်စုများ၏ နောက်ခံအကြောင်း အရာများကို ရေးသားပါသည်။

ရှေ့တော်၌ ရပ်၍ အမှုတော်ကို ဆောင်ရွက်စေခြင်းငှာ
အရပ်သုံးစကား.."ထာဝရ ဘုရားအလိုရှိသော ယဇ်ပူဇော်ခြင်း"

ယနေ့တိုင်အောင်
"ယနေ့ သူတို့ လုပ်ဆောင်သကဲ့သို့"

ညီအစ်ကိုတို့နှင့် ရော၍ အဘို့ကိုမပိုင်
လေဝိမျိုးနွယ်စုများ ထိုနေရာရောက်သောအချိန်တွင် ကတိတော်နယ်၌ သူတို့ခွဲတမ်း မရရှိပါ။ ဤတွင် ပြည့်စုံသောအဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ထာဝရဘုရားသည် သူတို့ခံရသောအမွေ ဖြစ် တော်မူ၏။
ထာဝရဘုရားသည် အာရုန်နှင့် သူ၏သားစဉ်မြေးဆက်များအား သူကိုယ်တိုင်သည်သူတို့ခံရသောအမွေတစ်စုံတစ်ရာကဲ့သို့အထူး ပြောထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ပိုင်ဆိုင်မှုသည် ထာဝရဘုရား သာလျှင်ဖြစ်သည်။" သို့မဟုတ် "ထာဝရဘုရားသည် သူ့အမှုကို ထမ်းဆောင်ရန် သူတို့ကိုသာ ခွင့်ပြု၍၊ ၎င်းအမှုထမ်းရွက်ခြင်းအားဖြင့် သူတို့ကို ထောက်ပံ့ပေးပါသည်။"

သင်၏ဘုရား သခင်ထာဝရဘုရားသည်။
မောရှေသည်ဣသရေလလူမျိုးများအားလူတစ်ဦးတစ်ယောက်ပမာဖြင့် "သင်၏" ဟု တစ်ဦးဆိုင်နာမ်အသုံးပြုပါသည်။

စကားပြောခဲ့၏။
"လေဝိမျိုးနွယ်များအားစကားပြောခဲ့၏"


generated on Sun Jun 30 02:37:40 2024

## Deuteronomy 10

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့် အရာများကို ပြန်၍ သတိရစေသည်။

အရင်အတိုင်း
"အရင်" သည် အစဉ်လိုက် ကိန်းနံပါတ်တစ်ဖြစ်သည်။ ၎င်းသည် အစပထမဆုံးအချိန်၌ မောရှေသည် သိနတောင်ပေါ်သို့ ထာဝရဘုရားထံမှ ကျောက်ပြားလက်ခံခြင်းကိုဆိုလိုသည်။ "အရင်က ငါလုပ်ခဲ့သည့်အတိုင်း"

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက်" နှင့် "၄၀ ည"

သင့်ကိုဖျက်စီးစေခြင်းငှါ
မောရှေသည်ဣသရေလလူမျိုးများအားလူတစ်ဦးတစ်ယောက်ကဲ့သို့ "သင်" ဟု တစ်ဦးဆိုင်နာမ်သုံးပါသည်။

နယ်မြေပိုင်ဆိုင်သည်။
"နယ်မြေယူသည်" သို့မဟုတ် "ပိုင်ဆိုင်သောနယ်မြေယူသည်။"

သူတို့၏အဘ
၎င်းသည် အာဗြဟံ၊ ဣဇာက် နှင့်ယာကုပ် တို့ကိုဆိုလိုသည်။

သူတို့ခံရသောအမွေ ဖြစ် တော်မူ၏။
"သင့်အားငါပေး၏၊ သူတို့၏ သားစဉ်မြေးဆက်များ"

## Deuteronomy 12

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

အို ဣသရေလအမျိုး
ဤတွင် "ဣသရေလအမျိုး"သည်ဣသရေလလူမျိုးများကိုဆိုလိုသည်။

သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းတော်သို့ လိုက်သွားခြင်း၊ သင်၏ဘုရားသခင် ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ သင်၏ အကျိုးကို ထောက်၍ ယနေ့ ငါဆင့်ဆိုသော ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက် ခြင်းအမှုမှတပါး
မောရှေသည် ဣသရေလလူမျိုးတို့အား မေးခွန်းမေးခြင်းဖြင့် သင်ပြခြင်းကို အသုံးပြုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ထာဝရဘုရားက သင်တို့ကို လုပ်ဆောင်စေလိုသည့် အရာများဖြစ်သည်။ ကြောက်ရွံ့ရန်...သင်တို့ ကောင်းလာစေရန်အတွက်"

လမ်းတော်သို့ လိုက်သွား ခြင်း
မောရှေသည် ထာဝရဘုရား၏ အလိုတော်နာခံခြင်းသည်သူ၏ လမ်းကြောင်းသို့ လျှောက်သွားခြင်းဖြစ်သည်ဟုပြောပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏အမိန့်တော်ကို နာခံရန်" စိတ်နှလုံး အကြွင်းမဲ့ချစ်၍
စကားအသုံးအနှုန်း"သင်၏ စိတ်နှလုံး အကြွင်းမဲ့ " သည် "လုံးလုံးလျားလျား" ဆိုလိုခြင်းဖြစ်၍ "သင့်နာမ်ဝိညာဉ်နှင့်" သည် "သင်၏ ဖြစ်တည်နေသည့်အရာအားလုံး" ကိုဆိုလိုသည်။ ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူညီပါသည်။ 4:29 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဖြစ်တည်မှုအားလုံးနှင့်" သို့မဟုတ် "သင်၏ အားထုတ်မှုအားလုံး"

## Deuteronomy 14

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ကောင်းကင်... မြေကြီး
ဤစကားလုံးသည် ထူးကဲသောအရာနှစ်ခု ပေါင်းစပ်ခြင်းအဓိပ္ပါယ်သက်ရောက်ပြီး အရာအားလုံးသည် ထာဝရ ဘုရားနှင့် သက်ဆိုင်သည်ဟု ဆိုလိုပါသည်။

မိုဃ်းကောင်းကင်နှင့် ကောင်းကင်ဘဝင်
ကောင်းကင်ရှိ အမြင့်ဆုံးသောနေရာကို ဆိုလိုသည်။ ကောင်းကင်တွင်ရှိသော အရာအားလုံးသည် ထာဝရဘုရားနှင့် ဆက်နွယ်နေသည်။

သင့်ကို ရွေးကောက်တော်မူ၏
ဤတွင်"သင်" သည် ဣသရေလလူမျိုးများကိုအများဆိုင်ရာနာမည်ဖြင့်ရည်ညွှန်းပါသည်။

## Deuteronomy 16

သို့ဖြစ်၍
"အဘယ်ကြောင့်ဆိုသော်"

သင်၏နှလုံးအရေဖျားကို လှီးဖြတ် လော့။
"အရေဖျားလှီးခြင်း" သည်လူတစ်ယောက်၏ လိင်အင်္ဂါထိပ်ဖျားပိုင်းရှိအရေခွံကို လှီးဖြတ်ခြင်းကို ဆိုလိုသည်။ ဤတွင်မောရှေသည် ဝိညာဉ်အရေဖျားလှီးခြင်းကို ရည်ညွှန်းပါသည်။ ၎င်းသည် လူတစ်ယောက်၏ အသက်တာ၌ ပါရှိသောအပြစ်များ ဖယ်ရှားခြင်းကို ဆိုလိုသည်။

ဘုရားတို့၏ ဘုရား
"အကြီးမြတ်ဆုံးသောဘုရား" သို့မဟုတ် "စစ်မှန်သောတစ်ဆူတည်းသောဘုရား"

သခင်တို့၏သခင်
"အကြီးမြတ်ဆုံးသောသခင်" သို့မဟုတ် "အကြီးမားဆုံးသောသခင်"

ကြောက်မက် ဘွယ်သောဘုရား
"လူများက ကြောက်ရွံ့ရသောသူ"


generated on Sun Jun 30 02:37:40 2024

## Deuteronomy 18

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

မုတ်ဆိုးမဘက်၌ တရား စီရင်၍
"လူများကမိဘမဲ့များကို ဖြောင့်မတ်စွာ
တရားစီရင်ရန်ထာဝရဘုရားက လုပ်စေသည်။"

မိဘမရှိသော သူငယ်
၎င်းသည် ပြုစုမည့်သူ ဆွေမျိုးမရှိသော၊
မိဘနှစ်ပါးသေဆုံးသည့်ကလေးသူငယ်များ

မုတ်ဆိုးမ
မုဆိုးမဆိုသည်မှာသူမ၏
ယောကျာ်းသေဆုံးပြီးသူမအသက်အိုမင်းသည်အထိ
ပြုစုမည့်သူမရှိသောမိန်းမကိုဆိုလိုသည်။

အကြောင်းမူကား
"ဤအကြောင်းများကြောင့်"

## Deuteronomy 20

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ စကားပြောကြားရာတွင်၊ "သင်" နှင့်
"သင်၏" စကားလုံးများသည် အများကို ရည်ညွှန်းသည်။

အမှုတော်ကို ဆောင်ရွက်ရမည်။
"သူ့အားကိုးကွယ်ရမည့် တစ်ဆူတည်းသော ဘုရားဖြစ်သည်။"

ကိုယ်တော်၌ ဆည်းကပ်ရမည်။
ထာဝရဘုရားနှင့် ကောင်းသော ဆက်သွယ်မှုပြု၍ လူတို့သည်
ထာဝရဘုရားထံသို့ တွယ်ဖက်ထားခြင်းအားဖြင့်သူ့ကို
လုံးလုံးလျားလျား မှီခိုရပါမည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်သည်သူ့ထံသို့ မှီခိုအားထားရမည်။" သို့မဟုတ်
"တစ်ဆူတည်းသော တွယ်ဖက် ထားရမည့်သူ"

နာမတော်အားဖြင့် ကျိန်ဆိုခြင်းကို ပြုရမည်။
ထာဝရဘုရား၏ နာမတော်အားဖြင့် ကျိန်ဆိုခြင်းဆိုသည်မှာ
ထာဝရဘုရားကိုသာအခြေခံထားခြင်း သို့မဟုတ် သူ၏
ဘုန်းတန်ခိုးအားဖြင့် ကျမ်းကျိန်ခြင်းဖြစ်သည်။ 6:13 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကိုကျမ်းကျိန်၍
စကားပြောခင်းဖြင့် အတည်ပြုရန်" သို့မဟုတ်
"သင်ကျမ်းကျိန်သောအခါ သူ့နာမည်ကို ပြောဆိုရမည်"

သင်သည် ကိုယ် မျက်စိနှင့် မြင်သည်အတိုင်း
ဤတွင် "မျက်စိ" သည် လူတစ်ယောက်၏ တစ်ကိုယ်လုံးကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် မြင်
တွေ့ရမည်"

ထာဝရဘုရားသည် သင်၏ဂုဏ်အသရေ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပါယ်များမှာ (၁) "သူသည်
တစ်ဆူတည်းသော ချီးမွမ်းရမည့်သူ ဖြစ်သည်" သို့မဟုတ် (၂)
"အခြားသော သူများလည်း ချီးမွမ်းကြသဖြင့် သင်
ချီးမွမ်းရမည့်သူ"

## Deuteronomy 22

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ စကားပြောကြားရာတွင်၊ "သင်" နှင့်
"သင်၏" စကားလုံးများသည် အများကို ရည်ညွှန်းသည်။

အဲဂုတ္တုပြည်သို့ ဆင်းသွားကြ၏။
"အဲဂုတ္တုပြည် တောင်ပိုင်းသို့ ခရီးသွားခဲ့သည်။" သို့မဟုတ်
"အဲဂုတ္တုပြည်သို့ သွားသည်။"

လူခုနစ်ဆယ်မျှသာ
"လူအယောက် ၇၀ "

အရေအတွက်အားဖြင့် မိုဃ်းကောင်းကင်ကြယ်နှင့်အမျှ
မောရှေနှင့် အတူရှိသော ဣသရေလလူမျိုးများ များပြားခြင်းကို
ဖော်ပြပါသည်။

---

# Translation Questions

## Deuteronomy 10:1

ပညတ်တော်ကို ရေးထားသည့် ကျောက်ပြားနှစ်ပြားကို ထာဝရဘုရားက
မောရှေကို မည်ကဲ့သို့ဆိုခဲ့သနည်း။
သစ်သား သေတ္တာကို လုပ်၍ ပညတ်တော်ကို ရေးထားသည့်
ကျောက်ပြားနှစ်ပြားအား ထားရန် ထာဝရဘုရားက မောရှေကို
ဆိုခဲ့သည်။

## Deuteronomy 10:3

မောရှေသည် တောင်ပေါ်သို့ တက်လာသောအခါ ထာဝရဘုရားသည်
ကျောက်ပြားပေါ်တွင် မည်သည့်အရာကို ရေးစေတော်မူခဲ့သနည်း။
ပညတ်တော်ဆယ်ပါးတို့ကို အရင်စာ၌လာသည်အတိုင်း၊
ထာဝရဘုရားသည် ရေးထားတော်မူခဲ့သည်။



generated on Sun Jun 30 02:37:40 2024

Deuteronomy 10:5

မောရှေသည် တောင်ပေါ်မှ ပြန်လာသောအခါ မည်သည့်နေရာ၌ ကျောက်ပြားနှစ်ပြားကို ထားခဲ့သနည်း။

သူသည် သေတ္တာထဲ၌ ကျောက်ပြားကို ထား၍ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း လုပ်သည်။

Deuteronomy 10:6

မောသရုတ်အရပ်တွင် အာရုန်သည် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သနည်း။

မောသရုတ်အရပ်တွင် အာရုန် အနိစ္စရောက်၍ သင်္ဂြိုဟ်ခြင်းခံခဲ့သည်။

Deuteronomy 10:8

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာကို ထမ်းရန်နှင့် ထာဝရဘုရားရှေ့တော်၌ ရပ်၍ အမှုတော်ကို ဆောင်ရွက်ရန် မည်သည့် လူမျိုးတို့အား ရွေးကောက်တော်မူသနည်း။

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာကို ထမ်းရန်နှင့် ထာဝရဘုရားရှေ့တော်၌ ရပ်၍ အမှုတော်ကို ဆောင်ရွက်ရန် မည်လေဝိလူတို့အား ရွေးကောက်တော်မူသည်။

Deuteronomy 10:10

ဤအကြိမ်တွင် မောရှေသည် တောင်ပေါ်တွင် မည်မျှ ကာလပတ်လုံး နေခဲ့ရသနည်း။

မောရှေသည် တောင်ပေါ်တွင် ပထမအကြိမ်အဖြစ် အရက်လေးဆယ် နေ့ ညဥ့်ကာလပတ်လုံး နေခဲ့ရသည်။

Deuteronomy 10:12

ထာဝရဘုရားသည် ဣသရေလတို့အား မည်သို့ပြုရန် ဖြစ်ကြောင်း မောရှေကို ပြောထားတော်မူသနည်း။

ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၊ လမ်းတော်သို့ လိုက်သွားခြင်း၊ စိတ်နှလုံးအကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက်ခြင်းတို့ဖြစ်သည်။

Deuteronomy 10:16

အဘယ်ကြောင့် မောရှေသည် လူတို့အား အရေဖျားလှီးရမည်ဟု ပြောဆိုခဲ့သနည်း။

မောရှေသည် သူတို့ကို သင်တို့၏ နှလုံး အရေဖျားကို လှီးဖြတ်ရမည်ဟု ပြောဆိုခဲ့ပါသည်။

Deuteronomy 10:18

အဘယ်ကြောင့် ဣသရေလတို့သည် ဧည့်သည်တို့ကို ချစ်ရသနည်း။

ဣသရေလတို့သည် ဧည့်သည်တိုကို ချစ်ရခြင်းမှာ သူတို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။

Deuteronomy 10:22

ဘုရားသခင်သည် အရေအတွက်အားဖြင့် အဲဂုတ္တုပြည်သို့ ဆင်းသွားဘိုးဘေးတို့အား မည်ကဲ့သို့ မင်္ဂလာရှိခဲ့သနည်း။

သူတို့ အရေအတွက်အားဖြင့် ခုနစ်ဆယ်မျှသာ ရှိလျက် အဲဂုတ္တုပြည်သို့ ဆင်းသွားကြသည်။ မိုဃ်းကောင်းကင်ကြယ်နှင့် အမျှ သူတို့၏ ဘုရားသခင်သည် များပြားစေတော်မူသည်။

## Chapter 11

[1] သို့ဖြစ်၍ သင်သည် သင်၏ဘုရားသခင် ထာဝရ ဘုရားကို ချစ်ရမည်။ စီရင်ထုံးဖွဲ့တော်မူချက်၊ မှာထား တော်မူသော
ပညတ်တော်တို့ကို အစဉ်စောင့်ရှောက် ရမည်။ [2] သင်၏ဘုရားသခင် ထာဝရဘုရား ဆုံးမတော်မူ ခြင်းကိုငင်း၊
ဘုန်းအာနုဘော်တော်ကိုငင်း၊ အားကြီးသော လက်ရုံးဆန့်တော်မူခြင်းကိုငင်း၊ [3] ထူးဆန်းသော တန်ခိုးတော်ကိုငင်း၊ အဲဂုတ္တုပြည် ၌၊
အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းနှင့် ပြည်သူပြည်သား များတို့အား ပြုတော်မူသော အမှုကိုငင်း၊ [4] အဲဂုတ္တုစစ်သူရဲ
အလုံးအရင်းတည်းဟူသော မြင်းစီးသူရဲ၊ ရထားစီးသူရဲတို့အား ပြုတော်မူသော အမှုကို ငင်း၊ သင်တို့ကိုလိုက်သော သူတို့ကို
ဧဒုံပင်လယ်ရေ လွှမ်းမိုးစေ၍၊ ယနေ့တိုင်အောင် ဖျက်ဆီးတော်မူကြောင်း ကိုငင်း၊ [5] ဤအရပ်သို့ မရောက်မှီ၊ တော၌ လှည့်လည်စဉ်
တွင် သင်တို့အား ပြုတော်မူသော အမှုကိုငင်း၊ [6] ရုဗင်အမျိုး၊ ဧလျာဘသားဒါသန်နှင့် အဘိရံတို့ အား ပြုတော်မူသောအမှုကိုငင်း၊
မြေကြီးသည် မိမိ ခံတွင်းကို ဖွင့်၍ သူတို့နှင့် အိမ်သူအိမ်သားများ၊ တဲများ၊ သူတို့၌ ရတတ်သမျှသော ဥစ္စာပစ္စည်းများကို၊ ဣသရေလ
အမျိုးသားတို့ အလယ်၌၊ မျိုကြောင်းကိုငင်း မသိမမြင် သော သင်တို့၏ သားသမီးတို့အား ငါမပြော၊ သင်တို့ကိုယ် တိုင်
သိမှတ်ကြလော့။ [7] ထာဝရဘုရားပြုတော်မူသော အမှုကြီးအလုံးစုံ တို့ကို သင်တို့သည် ကိုယ်တိုင်မြင်ကြပြီ။ [8] ထို့ကြောင့်၊
သင်တို့သည်သွား၍ ဝင်စားလတံ့ သောပြည်ကို ကြီးစွာသောခွန်အားနှင့် ဝင်စားမည် အကြောင်း၊ [9] ထာဝရဘုရားသည် သင်တို့၏
ဘိုးဘေးတို့နှင့် သူတို့အမျိုးအနွယ်အား ပေးခြင်းငှာ ကျိန်ဆိုတော်မူသော ပြည်၊ နို့နှင့်ပျားရည်စီးသောပြည်၌ သင်တို့အသက်
တာရှည်မည်အကြောင်း၊ ယနေ့ ငါမှာထားသမျှသော ပညတ်တို့ကို စောင့်ရှောက်ရကြမည်။ [10] သင်တို့သွား၍ ဝင်စားလတံ့သော
ပြည်သည် ကား၊ ယာလုပ်သကဲ့သို့ မျိုးစေ့ကြဲ၍ ခြေဖြင့်ရေလောင်း ရသော ပြည်တည်းဟူသော သင်တို့ထွက်လာသော အဲဂုတ္တုပြည်နှင့်
တူသည်မဟုတ်။ [11] သင်တို့သွား၍ ဝင်စားလတံ့သောပြည်သည် တောင်များ၊ ချိုင့်များနှင့် ပြည့်စုံ၍ မိုယ်းရေကို သောက် သောပြည်၊ [12]
သင်တို့၏ဘုရားသခင် ထာဝရဘုရားပြုစု၍ တနှစ်ပတ်လုံး ကြည့်ရှုတော်မူသောပြည် ဖြစ်၏။ [13] သင်တို့ဘုရားသခင် ထာဝရဘုရားကို
စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်မည် အကြောင်း၊ ယနေ့ ငါမှာထားသမျှသော ပညတ်တို့ကို စေ့စေ့နားထောင်လျှင်၊
[14] သင်တို့သည် စပါး၊ စပျစ်ရည်၊ ဆီတို့ကို စုသိမ်း စေခြင်းငှာ အရင်မိုယ်း၊ နောက်မိုယ်း တည်းဟူသော သင်တို့ပြည်နှင့်ဆိုင်သော
မိုယ်းရေကို ငါပေးမည်။ [15] သင်တို့သည် ဝစွာစားရမည်အကြောင်း၊ သင်တို့ တိရစ္ဆာန်များအဘို့ လွင်ပြင်၌ မြက်ပင်ကို ငါပေါက်စေ
မည်။ [16] သင်တို့သည် မိစ္ဆာဒိဋ္ဌိအယူကိုစွဲ၍ လမ်းမလွဲ၊ အခြားတပါးသော ဘုရားတို့ကို ဝတ်ပြု၊ ကိုးကွယ်ခြင်းနှင့်
ကင်းလွတ်မည်အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြုကြ လော့။ [17] သို့မဟုတ် ထာဝရဘုရားသည် အမျက်တော် ထွက်၍ မိုယ်းမရွာ၊
မြေ၏အသီးအနှံကို မဖြစ်စေခြင်းငှာ။ မိုယ်းကောင်းကင်ကို ပိတ်တော်မူမည်။ ထာဝရဘုရား ပေးတော်မူသော ကောင်းမွန်သောပြည်၌
သင်တို့သည် အလျှင်အမြန် ပျောက်ပျက်ကြလိမ့်မည်။ [18] သို့ဖြစ်၍ ငါဟောပြောသော ဤစကားကို စိတ်နှလုံး၌ သွင်းထား၍၊ လက်၌
လက္ခဏာသက်သေ ဘို့ရာငင်း၊ မျက်စိကြားမှာ သင်းကျစ်ကဲ့သို့ငင်း ချည်ထားရ ကြမည်။ [19] ထိုစကားကို သင်တို့သည် အိမ်၌
ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီးသွားသည်ဖြစ်စေ၊ အိပ်လျက်ထ လျက်ရှိသည်ဖြစ်စေ ဟောပြော၍၊ သားသမီးတို့အား
သွန်သင်ရကြမည်။ [20] အိမ်တံခါးမြို့တံခါး၌လည်း ရေးထားရကြမည်။ [21] သို့ပြုလျှင် ထာဝရဘုရားသည် ဘိုးဘေးတို့အား ပေးခြင်းငှာ
ကျိန်ဆိုတော်မူသောပြည်၌ သင်တို့အသက်၊ သားသမီးများ အသက်တာသည်၊ ကောင်းကင်၌ အသက် တာ ရှည်သကဲ့သို့၊
မြေကြီးပေါ်မှာ တာရှည်ရလိမ့်မည်။ [22] သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရ ဘုရားကို ချစ်သောစိတ်နှင့် လမ်းတော်သို့လိုက်၍၊
ကိုယ် တော်၌ ဆည်းကပ်မှီဝဲမည်အကြောင်း၊ ငါမှာထားသမျှ သော ဤပညတ်တို့ကို ကျင့်အံ့သောငှာ သတိနှင့် စောင့် ရှောက်လျှင်၊ [23]
ထာဝရဘုရားသည် ဤလူမျိုးခပ်သိမ်းတို့ကို သင်တို့ရှေ့မှ နှင်ထုတ်တော်မူသဖြင့်၊ သင်တို့သည် ကိုယ်ထက်အားကြီး၍ များပြားသော
လူမျိုးတို့ကို အစိုးရ ကြလိမ့်မည်။ [24] သင်တို့သည် ခြေနှင့်နင်းသမျှသောအရပ်ကို ပိုင်သဖြင့်၊ တောမှစ၍
လေဗနုန်တောင်တိုင်အောင်ငင်း၊ ဥဖရတ်မြစ်ကြီးမှစ၍ ပင်လယ်ကမ်းနား တိုင်အောင်ငင်း၊ မြေတရှောက်လုံးသည် သင်တို့၏
နိုင်ငံအဝင် ဖြစ်လိမ့် မည်။ [25] သင်တို့ရှေ့မှာ အဘယ်သူမျှ မရပ်မနေနိုင် အောင်၊ သင်တို့နင်းသော မြေအရပ်၌ ရှိသောသူ
အပေါင်းတို့သည် သင်တို့ကို ကြောက်ရွံ့ ထိတ်လန့်မည် အကြောင်း၊ သင်တို့ ၏ဘုရားသခင် ထာဝရဘုရားသည်၊
ဂတိတော်ရှိသည်အတိုင်း ပြုတော်မူမည်။ [26] ယနေ့ ကောင်းကြီးပေးခြင်းနှင့် ကျိန်ခြင်းတည်း ဟူသော ဤနှစ်ပါးကို သင်တို့ရှေ့မှာ
ငါထား၏။ [27] ယနေ့ ငါဆင့်ဆိုသော သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို နားထောင်လျှင်မူ ကား၊
ကောင်းကြီးပေးခြင်း၊ [28] သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ် တော်တို့ကို နားမထောင်၊ ယနေ့ ငါမှာထားသောလမ်းမှ
လွှဲရှောင်၍၊ မသိဘူးသော အခြားတပါးသောဘုရားကို မှီဝဲဆည်း ကပ်လျှင်မူကား ကျိန်ခြင်းကို ငါထား၏။ [29] သင်တို့သည်သွား၍
ဝင်စားလတံ့သောပြည်သို့ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ဆောင်သွင်း တော်မူပြီးမှ၊ ကောင်းကြီးမင်္ဂလာကို ဂေရဇိမ်
တောင်ပေါ် ၌ငင်း၊ ကျိန်ခြင်းကို ဧဗလတောင်ပေါ်၌ငင်း တင်ထားရ ကြမည်။ [30] ထိုတောင်တို့သည် ယော်ဒန်မြစ်အနောက်၊
နေဝင်ရာဘက်မှာ ခါနနိလူတို့နေရာ အရပ်တည်းဟူ သော၊ မောရေသပိတ်တောအနား၊ ဂိလဂါလမြို့နှင့် ဆိုင်သော လွင်ပြင်၌
ရှိသည်မဟုတ်လော။ [31] သင်တို့၏ဘုရားသခင် ထာဝရဘုရား ပေးတော် မူသော ပြည်ကို ဝင်စားခြင်းငှာ၊ ယော်ဒန်မြစ်တဘက်သို့


generated on Sun Jun 30 02:37:40 2024

ကူးသွား၍၊ ထိုပြည်ကို ဝင်စားလျက် နေရကြမည်။ 32 ယနေ့ ငါထားသမျှသော စီရင်ထုံးဖွဲ့ချက်တို့ကို ကျင့်အံ့သောငှာ
စောင့်ရှောက်ရကြမည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 12

1 သင်တို့သည် မြေကြီးပေါ်မှာ အသက်ရှင်သမျှ သော ကာလပတ်လုံး ဝင်စားစေခြင်းငှာ သင်တို့ဘိုးဘေး ကိုးကွယ်သော ဘုရားသခင်
ထာဝရဘုရားပေးတော်မူ သောပြည်၌ ကျင့်အံ့သောငှာ စောင့်ရှောက်ရသော စီရင် ထုံးဖွဲ့ချက်များ ဟူမူကား၊ 2 သင်တို့
အစိုးရသောလူမျိုးတို့သည် တောင်ကြီး၊ တောင်ငယ်အပေါ်၊ စိမ်းသော သစ်ပင်အောက်၌ မိမိတို့ ဘုရားများကို ဝတ်ပြုရာအရပ်
ရှိသမျှတို့ကို ရှင်းရှင်း ဖျက်ဆီးရမည်။ 3 သူတို့ယဇ်ပလ္လင်များကိုလည်း ဖျက်ရမည်။ ရုပ်တု များကို ဖြိုချရမည်။ အာရှရပင်များကို
မီးရှို့ရမည်။ ထုလုပ်သော ဘုရားဆင်းတုများကို ခုတ်လှဲရမည်။ ထိုအရပ်၌ ထိုဘုရားတို့၏ နာမကိုပင် ပယ်ရှင်းရမည်။ 4
သူတို့ပြုသကဲ့သို့၊ သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားအား မပြုရဘဲ၊ 5 သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်၊
သင်တို့အမျိုးအနွယ် ရှိသမျှတို့တွင် နာမတော်ကို တည် စေဘို့ရာ ရွေးကောက်တော်မူသော အရပ်တည်းဟူသော
ကျိန်းဝပ်တော်မူရာအရပ်ကို ရှာ၍ လာရကြမည်။ 6 ထိုအရပ်သို့ သင်တို့သည် မီးရှို့ရာယဇ်အစရှိ သော ယဇ်များ၊ ဆယ်ဘို့တဘို့
ပူဇော်သက္ကာချီမြှောက်ရာပူဇော်သက္ကာ၊ သစာဂတိနှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာမှစ၍၊ သိုးနွား တွင်
အဦးဘွားသော သားငယ်တို့ကို ဆောင်ခဲ့ရကြမည်။ 7 ထိုအရပ်၌ သင်တို့၏ဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌ စားရကြမည်။
ပြုလေရာရာ၌ သင်တို့ ၏ ဘုရားသခင် ထာဝရဘုရား ကောင်းကြီးပေးတော်မူ သဖြင့်၊ ကိုယ်တိုင်မှစ၍ အိမ်သူအိမ်သားတို့သည်
ရွှင်လန်း ခြင်းကို ပြုရကြမည်။ 8 ယခုကာလ၊ ဤအရပ်၌ပြုသကဲ့သို့၊ ထိုအရပ်၌ လူတိုင်း ကိုယ်ဉာဏ်ကို လိုက်၍ မပြုရကြ။ 9
သင်တို့၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သော အမွေခံရာ ချမ်းသာထဲသို့ သင်တို့သည် မဝင်ရ ကြသေး။ 10 သင်တို့သည်
ယော်ဒန်မြစ်တဘက်သို့ကူး၍၊ သင်တို့အမွေခံရာဘို့ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားပေးတော်မူသော ပြည်၌ နေကြသောအခါ၊
ရန်သူအပေါင်းတို့လက်မှ သင်တို့ကို ကယ်နှုတ်တော်မူ သဖြင့် ငြိမ်ဝပ်စွာ နေကြသောအခါ၊ 11 နာမတော်ကို တည်စေဘို့ရာ၊ သင်တို့၏
ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ် ရှိရမည်။ ထိုအရပ်သို့ ငါမှာထားသမျှအတိုင်း၊ သင်တို့မီးရှို့ရာယဇ်
အစရှိသောယဇ်များ၊ ဆယ်ဘို့တဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ၊ ထာဝရဘုရား အား ဂတိရှိသည်အတိုင်း၊ မြတ်သော
ပူဇော်သက္ကာတို့ကို ဆောင်ခဲ့ရကြမည်။ 12 ကိုယ်တိုင်မှစ၍၊ သားသမီး၊ ကျွန်ယောကျ်ား မိန်းမတို့နှင့် ကိုယ်အဘို့မရှိ၊ အမွေမခံရဘဲ၊
သင်တို့၌ တည်းခိုသော လေဝိသားတို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ ရွှင်လန်းခြင်းကို ပြုရကြမည်။ 13
တွေ့မြင်ရာအရပ်၌ မီးရှို့ရာယဇ်ကို မပူဇော်ရ မည်အကြောင်း သတိပြုကြလော့။ 14 သင်တို့အမျိုးတမျိုးတွင် ထာဝရဘုရား ရွေး
ကောက်တော်မူသော အရပ်၌ မီးရှို့ရာယဇ်ကို ပူဇော်၍၊ ငါမှာထားသမျှတို့ကို ပြုရကြမည်။ 15 သို့ရာတွင် သင်၏ဘုရားသခင်
ထာဝရဘုရား ကောင်းကြီး ပေးတော်မူ သည်အတိုင်း၊ သင်တို့နေရာ အရပ်ရပ်၌ စားချင်သော အလိုသို့လိုက်၍ သတ်စားရ သော
အခွင့်ရှိကြ၏။ သမင်၊ ဒရယ်ကို စား သကဲ့သို့၊ စင်ကြယ်သောသူ၊ မစင်ကြယ်သောသူတို့သည် အတူစား ရ ကြမည်။ 16 သို့ရာတွင်
အသွေးကိုမစားရ။ ရေကိုသွန်သကဲ့ သို့ မြေပေါ်မှာ သွန်ရမည်။ 17 စပါး၊ စပျစ်ရည်၊ ဆီဆယ်ဘို့တွင် ပူဇော်သော တဘို့၊ သိုးနွားတွင်
အဦးဘွားသော သားငယ်၊ သစ္စာဂတိ နှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော် သက္ကာ၊ ချီမြှောက်ရာ ပူဇော်သက္ကာ
တစုံတခုကိုမျှ၊ သင်တို့ သည် ကိုယ်နေရာအရပ်၌ မစားရ ကြ။ 18 သင်တို့၏ဘုရားသခင် ထာဝရဘုရား ရွေး ကောက်တော်မူသော
အရပ်၌၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားရှေ့မှာ ကိုယ်တိုင်မှစ၍သားသမီး၊ ကျွန်ယောကျ်ားမိန်းမ၊ တည်းခိုသော လေဝိ
သားတို့သည် စားရကြမည်။ ပြုလေရာရာ၌ သင်တို့၏ဘုရား သခင် ထာဝရဘုရားရှေ့တော်မှာ ရွှင်လန်းခြင်းကို ပြုရကြမည်။ 19
မြေကြီးပေါ်မှာ အသက်ရှင်သမျှသော ကာလ ပတ်လုံး၊ လေဝိသားတို့ကို မမေ့လျော့မည်အကြောင်း သတိပြုကြလော့။ 20
သင်၏ဘုရားသခင် ထာဝရဘုရားသည် ဂတိ တော်ရှိသည်အတိုင်း၊ သင်၏နေရာ ပြည်ကို ကျယ်စေ တော်မူသောအခါ၊ သင်သည်
အမဲသားကို စားချင်သော စိတ်ရှိ၍၊ အမဲသားကို ငါစားမည်ဟုဆိုလျှင်၊ စားချင်တိုင်း စားရသောအခွင့်ရှိ၏။ 21 သင်၏ဘုရားသခင်
ထာဝရဘုရားသည် နာမ တော်ကို တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ် သည် သင့်နေရာနှင့် ဝေးလွန်းလျှင်၊
ထာဝရဘုရားပေး တော်မူသော သိုးနွားကို၊ ငါမှာထားသည်အတိုင်းသတ်၍၊ သင့်နေရာအရပ်၌ စားချင်တိုင်းစားရသော အခွင့်ရှိ၏။ 22
သမင်၊ ဒရယ်ကို စားသကဲ့သို့ စားရမည်။ စင်ကြယ်သောသူ၊ မစင်ကြယ်သောသူတို့သည် ရောနှော၍ စားရသောအခွင့်ရှိကြ၏။ 23
သို့ရာတွင်၊ အသွေးကို မစားမည်အကြောင်း၊ သတိပြုလော့။ အသက်သည် အသွေး၌ တည်၏။ အသား နှင့်တကွ အသက်ကို မစားရ။
24 ထို့ကြောင့် အသွေးကို မစားရ။ ရေကို သွန်သကဲ့ သို့ မြေပေါ်မှာ သွန်ရမည်။ 25 သင်သည် ထာဝရဘုရားနှစ်သက်တော်မူဘွယ်
သောအမှုကို ပြုသဖြင့်၊ ကိုယ်တိုင်မှစ၍ သားမြေးတို့သည် ချမ်းသာစွာ နေရမည်အကြောင်း၊ အသွေးကို ရှောင်ရ မည်။ 26 သင်၌
သန့်ရှင်းသော ပူဇော်သက္ကာ၊ သစ္စာဂတိ အတိုင်းပြုသော ပူဇော်သက္ကာတို့ကို ယူ၍၊ ထာဝရဘုရား ရွေးကောက်တော်မူသောအရပ်သို့
သွားရမည်။ 27 အသားနှင့်အသွေးကို ရောနှော၍၊ မီးရှို့ရာယဇ် တို့ကို၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင် ပေါ်မှာ
ပူဇော်ရမည်။ ယဇ်ကောင်အသွေးကို၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ သွန်းလောင်း၍၊ အသားကို စားရမည်။
28 သင်၏ဘုရားသခင် ထာဝရဘုရား နှစ်သက် မြတ်နိုးတော်မူဘွယ်သောအမှုကို ပြုသဖြင့်၊ ကိုယ်တိုင်မှ စ၍
သားမြေးအစဉ်အဆက်တို့သည် ချမ်းသာစွာ နေရမည်အကြောင်း၊ ငါမှာထားသမျှသော ဤစကား တို့ကို စေ့စေ့နားထောင်၍
စောင့်ရှောက်လော့။ 29 သင်သွား၍ ဝင်စားလတံ့သောပြည်၌ရှိသော လူမျိုးတို့ကို၊ သင်၏ဘုရားသခင် ထာဝရဘုရားသည်

 generated on Sun Jun 30 02:37:40 2024

သင့်ရှေ့မှာပယ်ရှင်းတော်မူသဖြင့်၊ သူတို့နေရာပြည်၌ သင်သည် ဝင်၍နေသောအခါ၊ 30 သူတို့သည် သင့်ရှေ့မှာ ပျက်စီးသောနောက်၊
သူတို့အကျင့်အတိုင်း သင်ကျင့်၍ အပြစ်မရောက်မည်အ ကြောင်း၊ ထိုလူမျိုးတို့သည် သူတို့ဘုရားများကို အဘယ်သို့ ဝတ်ပြုသနည်း။
ထိုနည်းတူ ငါပြုမည်ဟု သူတို့ဘုရား ဝတ်ကို မမေးမြန်းမည်အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြု လော့။ 31 သူတို့ပြုသကဲ့သို့၊
သင်၏ဘုရားသခင် ထာဝရ ဘုရားအား သင်မပြုရ။ သူတို့သည်၊ ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူသမျှတို့ကို သူတို့ဘုရား၌
ပြုကြပြီ။ ကိုယ်သား သမီးကိုပင် သူတို့ဘုရားအား ဝတ်ပြု၍ မီးရှို့ကြပြီ။ 32 ငါမှာထားသမျှတို့ကို ကျင့်အံ့သောငှာ စောင့် ရှောက်လော့။
ထပ်၍ မပိုရ၊ နှုတ်၍ မလျော့စေရ။

 generated on Sun Jun 30 02:37:40 2024

## Chapter 13

1 သင်တို့တွင် ပရောဖက်ပြုသောသူ၊ အိပ်မက်ကို မြင်သောသူသည် ပေါ်လာ၍၊ 2 သင်တို့မသိသော အခြားတပါးသောဘုရားကို
ဆည်းကပ်၍ ဝတ်ပြုကြစို့ဟု ပြောဆိုလျက်၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ်သောအမှုကို ပေး၍၊ ထိုနိမိတ် လက္ခဏာ၊
အံ့ဘွယ်သောအမှုသည် ပြည့်စုံသော်လည်း၊ 3 ထိုပရောဖက်ပြုသောသူ၊ အိပ်မက်ကို မြင်သော သူတို့၏ စကားကို နားမထောင်ရ။
အကြောင်းမူကား၊ သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ချစ်သည်မချစ်သည်ကို၊ သင်တို့၏
ဘုရားသခင် ထာဝရဘုရားသည် စုံစမ်းတော်မူ၏။ 4 သင်တို့၏ ဘုရားသခင် ထာဝရဘုရားနောက် တော်သို့ လိုက်ရကြမည်။
ကြောက်ရွံ့သောစိတ်နှင့် ပညတ်တော်တို့ကို စောင့်ရကြမည်။ စကားတော်ကို နားထောင်လျက် ဝတ်ပြု၍၊ ကိုယ်တော်၌ ဆည်းကပ်မှီဝဲရ
ကြမည်။ 5 ကျွန်ခံနေရာအဲဂုတ္တုပြည်မှ သင်တို့ကို ကယ်နှုတ် ဆောင်ယူခဲ့တော်မူသော သင်တို့၏ဘုရားသခင် ထာဝရ
ဘုရားထံတော်မှလွဲစေခြင်းငှာငှင်း၊ သင်တို့၏ဘုရား သခင် ထာဝရဘုရားသည်၊ သင်တို့လိုက်စရာဘို့ မှာထား တော်မူသောလမ်းမှ
ထွက်စေခြင်းငှာငှင်း ဟောပြော သောကြောင့်၊ ထိုပရောဖက်ပြုသူနှင့် အိပ်မက်မြင်သူ တို့သည် အသေသတ်ခြင်းကို ခံရကြမည်။ ထိုသို့
ဒုစရိုက် အပြစ်ကို သင်တို့အထဲက ပယ်ရှင်းရကြမည်။ 6 သင်၏ညီအစ်ကိုရင်း၊ သင်၏သားသမီး၊ သင်၏ ရင်ခွင်၌နေသောမယား၊
ကိုယ်ကဲ့သို့ မှတ်တတ်သော အဆွေခင်ပွန်းတစုံတယောက်က၊ သွားကြစို့။ သင်လည်း မသိ၊ ဘိုးဘေးတို့လည်းမသိသော
အခြားတပါးသော ဘုရား၊ 7 သင့်ပတ်လည်အနီးအဝေး၌ နေသောသူ၊ မြေကြီးစွန်းတဘက်မှသည် တဘက်တိုင်အောင်၊ ကိုးကွယ်
သောဘုရားကို ဝတ်ပြုကြစို့ဟု တိတ်ဆိတ်စွာ သွေး ဆောင်လျှင်၊ 8 သင်သည် ဝန်မခံရ။ သူ၏စကားကို နားမထောင် ရ။ သူ့ကို
မြင်သောအခါ မသနားရ။ နှမြောသဖြင့် ဖွက်၍ မထားရဘဲ၊ သူ့ကို အမှန်သတ်ရမည်။ 9 သူသည် အသေသတ်ခြင်းကို ခံစိမ့်သောငှာ၊
သင်သည် အဦးပြုပြီးမှ၊ လူအပေါင်းတို့သည် ပြုရကြမည်။ 10 ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ သင်တို့ကို နှုတ် ဆောင်တော်မူသော
သင်၏ဘုရားသခင် ထာဝရဘုရား ထံတော်မှ လွဲစေခြင်းငှာ ကြံစည်သောကြောင့်၊ ထိုသူကို ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။
11 ထိုသိတင်းကို ဣသရေလအမျိုးသားအပေါင်းတို့ သည် ကြား၍၊ ထိုသို့သော အဓမ္မအမှုကို သင်တို့တွင် နောက်တဖန်မပြုဝံ့ဘဲ
နေကြလိမ့်မည်။ 12 အဓမ္မလူတို့သည် သင်တို့အထဲကထွက်၍၊ သင်တို့မသိသော၊ 13 အခြားတပါးသော ဘုရားထံသို့ သွား၍ ဝတ်ပြု
ကြစို့ဟု ပြောဆိုလျက်၊ သူတို့မြို့သူ မြို့သားတို့ကို သွေး ဆောင်ကြောင်းကို၊ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင့်နေစရာဘို့
ပေးတော်မူသော မြို့တစုံတမြို့၌ သင်သည် သိတင်းကြားလျှင်၊ ထိုအမှုကို စေ့စေ့မေးမြန်း စစ်ကြောရမည်။ 14
သိတင်းကြားသည်အတိုင်း ထင်ရှားစွာ ဧကန် မှန်၍၊ ထိုသို့သော စက်ဆုပ်ဘွယ်အမှုကို သင်တို့တွင် အမှန်ပြုမိလျှင်၊ 15
ထိုမြို့သူမြို့သားတို့ကို ထားနှင့်လုပ်ကြံရမည်။ မြို့မှစ၍ မြို့၌ရှိသော လူနှင့်တိရစ္ဆာန်အပေါင်းတို့ကို ထားနှင့် ရှင်းရှင်းဖျက်ဆီးရမည်။
16 လုယူရာဥစ္စာရှိသမျှကို မြို့လမ်းမအလယ်၌ စုပုံ၍၊ ထိုမြို့နှင့်တကွ လုယူရာဥစ္စာရှိသမျှကို သင်၏ ဘုရားသခင် ထာဝရဘုရားအဘို့
မီးရှို့ရမည်။ ထိုမြို့သည် အစဉ်အမြဲ အမှိုက်ပုံဖြစ်ရမည်။ နောက်တဖန် မတည် မဆောက်ရ။ 17 ထာဝရဘုရားသည်
အမျက်တော်အရှိန်ကို ငြိမ်းစေ၍၊ သင်၏ဘိုးဘေးတို့အား ဂတိတော်ရှိသည် အတိုင်း၊ သင့်ကို ကယ်မသနားတော်မူသဖြင့် များပြားစေ
တော်မူမည်အကြောင်း၊ ကျိန်အပ်သောဥစ္စာ တစုံတခုကို မျှ မသိမ်းမယူဘဲ၊ အလုံးစုံတို့ကို စွန့်ပစ်ရမည်။ 18 ယနေ့
ငါမှာထားသည်အတိုင်း သင်၏ဘုရား သခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်၍ ပညတ်တော်အလုံးစုံတို့ကို ကျင့်သဖြင့်၊
သင်၏ဘုရား သခင် ထာဝရဘုရား နှစ်သက်တော်မူဘွယ်ပြုသော အခါ၊ ရှေးဂတိတော်အတိုင်း ပြုတော်မူမည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 14

1 သင်တို့သည် သင်တို့ဘုရားသခင် ထာဝရဘုရား ၏ သားဖြစ်ကြ၏။ သေသောသူအတွက် အသားကို မခုတ်မရှရ။
မျက်မှောင်ကြားမှာ အမွေးကို မရိတ်ရ။ 2 သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားအဘို့ သန့်ရှင်းသောလူမျိုး ဖြစ်ကြ၏။
ထာဝရ ဘုရားသည် မြေကြီးပေါ်မှာရှိသမျှသော လူမျိုးထက်၊ ကိုယ်တော် ပိုင်ထိုက်သော အမျိုးဖြစ်စေခြင်းငှာ သင်တို့ကို
ရွေးချယ်တော်မူပြီ။ 3 စက်ဆုပ်ရွံ့ရှာဘွယ်သော အရာကို သင်တို့ မစားရ။ 4 စားရသော တိရစ္ဆာန်ဟူမူကား၊ နွား၊ သိုး၊ ဆိတ်၊ 5 သမင်၊
ဒရယ်၊ ဆတ်၊ ဂျီ၊ ဒိရှုန်၊ စိုင်၊ ဇမေရ အစရှိသော၊ 6 ခွါကွဲပြား၍ စားမြုံ့ပြန်သော သားများကို စားရသောအခွင့်ရှိ၏။ 7 သို့သော်လည်း
စားမြုံ့ပြန်သောသား၊ ခွာကွဲပြား သော သားတို့တွင် မစားရသော သားဟူမူကား၊ ကုလား အုပ်၊ အာရနဘက်၊ ရှာဖန်တို့သည်
စားမြုံ့ပြန်သော်လည်း၊ ခွာမကွဲပြားသောကြောင့် သင်တို့၌ မစင်ကြယ်။ 8 ဝက်သည် ခွာကွဲပြားသော်လည်း၊ စားမြုံ့မပြန် သောကြောင့်
သင်တို့၌ မစင်ကြယ်။ အသားကို မစားရ။ အသေကောင်ကိုလည်း မထိရ။ 9 ရေ၌နေသော တိရစ္ဆာန်တကာတို့တွင် အယပ် နှင့်
အကြေးရှိသော တိရစ္ဆာန်ကိုသာ စားရ၏။ 10 အယပ်နှင့် အကြေးမရှိသော တိရစ္ဆာန်ကို မစားရ။ သင်တို့၌ မစင်ကြယ်။ 11
စင်ကြယ်သော ငှက်အမျိုးမျိုးကို စားရသော အခွင့်ရှိ၏။ 12 မစားရသော ငှက်ဟူမူကား၊ ရွှေလင်းတ၊ ပင်လယ်လင်းတ၊ လင်းယုန်၊
13-14 ဒါဟ၊ စွန်၊ လင်းတကြမ်းမျိုး၊ 15 ကျီးမျိုးရှိသမျှ၊ ကုလားအုပ်ငှက်၊ ငှက်ဆိုး၊ ဥဩမျိုင်း၊ သိမ်းမျိုး၊ 16 ဇီကွက်၊ ဣဗိတ်၊ ငှက်ကျား၊ 17
ဝံပို၊ ဝံလို၊ ကြိုးကြာ၊ 18 တောငန်း၊ ဒုံးစပ်မျိုး၊ ဒုံးကုလား၊ လင်းနို့မှစ၍၊ 19 အတောင်ရှိလျက် တွားတတ်သော တိရစ္ဆာန် ရှိသမျှတို့သည်
သင်တို့၌ မစင်ကြယ်သည်ဖြစ်၍ အသား ကို မစားရ။ 20 စင်ကြယ်သော ငှက်အမျိုးမျိုးကို စားရသော အခွင့်ရှိ၏။ 21
အလိုလိုသေသောအကောင်ကို မစားရ။ သင်တို့ ၌ တည်းခိုသော တပါးအမျိုးသားစားစရာဘို့ ပေးရမည်။ သို့မဟုတ် တကျွန်း
တနိုင်ငံသားတို့အား ရောင်းရမည်။ သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရဘုရားအဘို့ သန့်ရှင်းသော လူမျိုးဖြစ်ကြ၏။
ဆိတ်သငယ်ကို အမိ နို့ရည်နှင့် မပြုတ်မချက်ရ။ 22 လယ်ယာ၌ တနှစ်တနှစ်တွင် သိမ်းရသော အသီးအနှံဆယ်ဘို့တဘို့ကို
အမှန်ခွဲထားရမည်။ 23 သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ နာမတော်ကို တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ်၌
စပါး၊ စပျစ်ရည်၊ ဆီမှစ၍၊ သိုး၊ နွားတွင် အဦးဘွားသော သားငယ်ဆယ်ဘို့တဘို့ကို ရှေ့တော်မှာ စားရကြမည်။ ထိုသို့ပြုလျှင်၊
သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို အစဉ်ကြောက်ရွံ့ရမည်အကြောင်း၊ သင်ရကြလိမ့်မည်။ 24 သင်တို့၏ ဘုရားသခင်
ထာဝရဘုရား ကောင်းကြီးပေးတော်မူသောအခါ၊ နာမတော်ကို တည်စေ ဘို့ရာ ရွေးကောက်တော်မူသော အရပ်သည် ဝေးလွန်း၍
ခရီးရှည်လျားသဖြင့်၊ ဥစ္စာဆယ်ဘို့တဘို့ကို ဆောင်၍ မသွားနိုင်လျှင်၊ 25 ထိုဥစ္စာကို ရောင်းပြီးမှ၊ ငွေကိုကိုင်လျက်၊
သင်တို့၏ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူ သော အရပ်သို့သွား၍၊ 26 စားချင်သော စိတ်အလိုရှိသည်အတိုင်း၊ နွား၊ သိုး၊
စပျစ်ရည်၊ သေရည်အစရှိသော စားချင်သမျှကို ဝယ်၍၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားရှေ့တော် မှာ၊
အိမ်သူအိမ်သားများနှင့်တကွ စားသောက်လျက်၊ ရွှင်လန်းခြင်းကို ပြုရကြမည်။ 27 သို့ရာတွင်၊ သင်တို့၌တည်းခိုသော လေဝိသား
ဟူမူကား၊ သင်တို့နှင့်ရော၍၊ အဘို့မရှိ၊ အမွေကို မခံရ သောကြောင့်၊ သူ့ကို မစွန့်မပစ်ရဘဲ၊ 28 တတိယနှစ်တွင် သိမ်းသောအသီးအနှံ
ဆယ်ဘို့တဘို့ ရှိသမျှကို ထုတ်၍ မြို့ထဲမှာ သိုထားရမည်။ 29 သင်တို့နှင့်ရော၍ အဘို့မရှိ၊ အမွေကို မခံရသော လေဝိသား၊
သင်တို့နေရာအရပ်၌ ရှိသော တပါးအမျိုး သား၊ မိဘမရှိသော သူငယ်၊ မုတ်ဆိုးမများတို့သည် လာ၍ ဝစွာစားရကြမည်။ သို့ဖြစ်လျှင်
သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ သင်တို့ပြုလေရာရာ၌ ကောင်းကြီး ပေးတော်မူမည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 15

1 ခုနစ်နှစ်တခါ လွှတ်ခြင်းကို ပြုရမည်။ 2 လွှတ်ခြင်းတရား ဟူမူကား၊ ကိုယ်နှင့်စပ်ဆိုင် သောသူအား ဥစ္စာကို ချေးငှားသော
ကြွေးရှင်မည်သည် ကား၊ ထိုကြွေးကို လွှတ်ရမည်။ ထာဝရဘုရားလွှတ်ခြင်း ကာလဖြစ်သောကြောင့်၊ ထိုကြွေးကို အိမ်နီးချင်း၊
ညီအစ်ကိုချင်း၌ မတောင်းရ။ 3 တကျွန်းတနိုင်ငံသား၌ တောင်းရသောအခွင့် ရှိ၏။ ညီအစ်ကို၌ရှိသော ကိုယ်ဥစ္စာကို မတောင်းဘဲ
လွှတ်ရမည်။ 4 သင်၌ ဆင်းရဲသား မရှိစေခြင်းငှာ၊ ထိုသို့ပြုရ မည်။ သင်၏ဘုရားသခင် ထာဝရဘုရားသည် အမွေခံ ဘို့ရာ
အပိုင်ပေးတော်မူသောပြည်၌ သင့်ကို အလွန် ကောင်းကြီးပေးတော်မူမည်။ 5 ယနေ့ ငါမှာထားသမျှသော ဤပညတ်တို့ကို
ကျင့်မည်အကြောင်း စောင့်ရှောက်ခြင်းငှာ၊ သင်၏ဘုရား သခင် ထာဝရဘုရား၏ စကားတော်ကို စေ့စေ့နားထောင် လော့။ 6
သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ ဂတိ တော်ရှိသည်အတိုင်း ကောင်းကြီးပေးတော်မူသဖြင့်၊ သင်သည် လူမျိုးများတို့အား
ချေးငှားရသော အခွင့်ရှိလိမ့် မည်။ သူတို့သည် သင့်အား ချေးငှားသော အခွင့်မရှိရ။ သင်သည် လူမျိုးများတို့ကို အစိုးပိုင်ရလိမ့်မည်။
သူတို့ သည် သင့်ကို အစိုးမပိုင်ရကြ။ 7 သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သောပြည်တွင်၊ မြို့တစုံတမြို့၌ ဆင်းရဲသော
ညီအစ်ကို ချင်း ရှိလျှင်၊ ထိုဆင်းရဲသော ညီအစ်ကို၌ သင်သည် သနားသောစိတ်ကို မချုပ်တည်းရ။ လက်ကိုလည်း မပိတ်ရ။ 8
သင်၏လက်ကို သူ့အဘို့ ကျယ်ကျယ်ဖွင့်၍၊ သူ၏ ဆင်းရဲ ပျောက်လောက်အောင် ချေးငှားရမည်။ 9 သင့်စိတ်နှလုံး၌ ဆိုးညစ်သော
သဘောရှိ၍၊ သတ္တမနှစ်တည်းဟူသော လွှတ်ရာနှစ်နီးပြီဟု အောက်မေ့ လျက်၊ ထိုဆင်းရဲသော ညီအစ်ကိုကို မနာလိုသောစိတ်ရှိ ၍၊
ဘာမျှမပေးဘဲနေလျှင် သူသည် ထာဝရဘုရားအား အော်ဟစ်သဖြင့်၊ သင်၌ အပြစ်မရောက်မည်အကြောင်း သတိပြုလော့။ 10
အကယ်စင်စစ် သူ့အားပေးရမည်။ ပေးသော အခါ နှမြောသောစိတ်မရှိရ။ အကြောင်းမူကား၊ ထိုဒါန ကြောင့် သင်၏ဘုရားသခင်
ထာဝရဘုရားသည်၊ သင်ပြု လေရာရာ၊ လုပ်ဆောင်လေရာရာ၌ ကောင်းကြီးပေးတော်မူ မည်။ 11 သင့်နေရာပြည်၌
ဆင်းရဲသားမပြတ်ရ။ ထို့ကြောင့်၊ သင့်ပြည်၌ ဆင်းရဲငတ်မွတ်သော ညီအစ်ကိုချင်းတို့အား သင်၏လက်ကို
ကျယ်ကျယ်ဖွင့်ရမည်အကြောင်း ငါမှာ ထား၏။ 12 သင်၏ညီအစ်ကိုချင်း၊ ဟေဗြဲအမျိုးယောကျ်ား မိန်းမသည် သင်၌ ကျွန်ဖြစ်၍၊
ခြောက်နှစ်အစေခံပြီးမှ၊ သတ္တမနှစ်ရောက်လျှင် လွှတ်ရမည်။ 13 လွှတ်သောအခါ၊ လက်ချည်း မလွှတ်ဘဲ၊ 14 သင်၏ဘုရားသခင်
ထာဝရဘုရားသည် ကောင်း ကြီးပေးတော်မူသည်အတိုင်း၊ သင်၏သိုးစု၊ ကောက်နယ် တလင်း၊ စပျစ်သီးနယ်ရာကျင်းထဲက
များစွာပေးရမည်။ 15 သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံခဲ့ဘူးကြောင်းကို ၎င်း၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်ကို
ရွေးနှုတ်တော်မူကြောင်းကို၎င်း၊ အောက်မေ့ရမည်။ ထိုကြောင့် ဤပညတ်ကို ယနေ့ငါထား၏။ 16 သို့ရာတွင် ကျွန်က၊ ကျွန်တော်သည်
မထွက် မသွားလိုပါ။ ကိုယ်တော်နှင့် ကိုယ်တော် အိမ်သူအိမ်သား တို့ကို ချစ်ပါ၏။ နေ၍ပျော်ပါ၏ ဟုဆိုလျှင်၊ 17 သင်သည် စူးကိုယူ၍
တံခါး၌ ကျွန်၏နားရွက်ကို ဖောက်ပြီးမှ၊ သူသည် အစဉ်အမြဲ ကျွန်ခံရမည်။ ထိုအတူ ကျွန်မ၌လည်း ပြုရမည်။ 18 သင်၏ကျွန်ကို
လွှတ်သောအခါ ခက်သည်ဟူ၍ မထင်ရ။ အကြောင်းမူကား၊ ခြောက်နှစ်ပတ်လုံး အစေခံ သဖြင့်၊ သူငှားဆောင်ရွက်သောအမှု နှစ်ဆကို
သူသည် ဆောင်ရွက်လေပြီ။ သင်၏ဘုရားသခင် ထာဝရဘုရား သည်လည်း သင်ပြုလေရာရာ၌ ကောင်းကြီးပေးတော်မူ မည်။ 19
သင်၏သိုးနွားတို့တွင် အဦးဘွားသော အထီးရှိ သမျှတို့ကို သင်၏ဘုရားသခင် ထာဝရဘုရားအဘို့ သန့်ရှင်းစေရမည်။
အဦးဘွားသောနွား၊ အဦးဘွားသော သိုးကို မသုံးဆောင်ရ။ 20 ထာဝရဘုရား ရွေးကောက်တော်မူသော အရပ် ၌ သင်၏ဘုရားသခင်
ထာဝရဘုရားရှေ့တော်မှာ ထိုသိုးနွားတို့ကို နှစ်စဉ်မပြတ် အိမ်သူအိမ်သားတို့နှင့် တကွ ကိုယ်တိုင်စားရမည်။ 21 ထိုသိုးနွားတို့၌ ခြေဆွံ့၊
မျက်စိကန်း အစရှိသော အင်္ဂါချို့တဲ့ခြင်းအပြစ်၊ အခြားသောအပြစ် တစုံတခု ရှိလျှင်၊ သင်၏ဘုရားသခင် ထာဝရဘုရားအား ယဇ်မပူ
ဇော်ရ။ 22 သင့်နေရာအရပ်၌ စားရမည်။ သမင်၊ ဒရယ်ကို စားသကဲ့သို့ စင်ကြယ်သောသူ၊ မစင်ကြယ်သောသူတို့ သည်
အတူစားရကြမည်။ 23 သို့ရာတွင် အသွေးကို မစားရ။ ရေကို သွန်သကဲ့ သို့ မြေပေါ်မှာသွန်ရမည်။

## Chapter 16

1 သင်၏ဘုရားသခင် ထာဝရဘုရားသည် အဗိ ဗလ၊ ညဥ့်အခါ၌ သင့်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူသောကြောင့်၊ အဗိဗလကို
မှတ်၍၊ သင်၏ဘုရား သခင် ထာဝရဘုရားအား ပသခါပွဲကို ခံလော့။ 2 ထာဝရဘုရားသည် နာမတော်ကို တည်စေဘို့ ရာ
ရွေးကောက်တော်မူသောအရပ်၌ သိုးနွားတို့ကို ယဇ်ပူဇော်၍၊ သင်၏ဘုရားသခင် ထာဝရဘုရားအား ပသခါပွဲကို ခံရမည်။ 3 သင်သည်
အဲဂုတ္တုပြည်မှထွက်လာသော နေ့ရက်ကို တသက်လုံး အောက်မေ့ဘို့ရာ ပသခါပွဲခံစဉ်၊ တဆေးပါ သော မုန့်ကို မစားရဘဲ၊
တဆေးမပါသော မုန့်တည်းဟူ သော ဒုက္ခမုန့်ကို ခုနှစ်ရက်ပတ်လုံးစားရမည်။ အကြောင်း မူကား၊ သင်သည် အဲဂုတ္တုပြည်မှ
အလျင်တဆောထွက် လာသတည်း။ 4 ခုနှစ်ရက်ပတ်လုံး၊ သင့်နေရာပြည်၌ တဆေးပါ သောမုန့်မရှိရ။ ပဌမနေ့ညဦးယံ၌
ပူဇော်သောယဇ်၏အ သားကို တညဥ့်လုံး နံနက်တိုင်အောင် မကျန်ကြွင်းစေရ။ 5 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သော
မြို့အရပ်ရပ်တို့တွင် ပသခါ ယဇ်ကို ပူဇော်ရသော အခွင့် ရှိသည်မဟုတ်။ 6 သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ နာမ တော်ကို
တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ် တွင်၊ သင်သည် အဲဂုတ္တုပြည်မှ ထွက်လာသောအချိန်၊ နေဝင်ရာညဦးယံအချိန်၌
ပသခါယဇ်ကို ပူဇော်ရမည်။ 7 သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသောအရပ်မှာ မီးနှင့်ကင်၍စားပြီးမှ၊
နံနက်အချိန် ၌ အိမ်သို့ ပြန်သွားရမည်။ 8 ခြောက်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို စားရမည်။ သတ္တမနေ့၌ သင်၏ဘုရားသခင်
ထာဝရဘုရားအဘို့ ဓမ္မ စည်းဝေးခြင်းကို ပြုရမည်။ ထိုနေ့ရက်၌ အလုပ်မလုပ်ရ။ 9 စပါးကို ရိတ်စကာလနောက်၊ အရေအတွက်
အားဖြင့် ခုနှစ်သိတင်းလွန်မှ၊ 10 သင်၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကိုယ်တိုင်မှစ၍ သင်၏ဘုရားသခင် ထာဝရဘုရား
ကောင်းကြီးပေးတော်မူသည်အတိုင်း၊ အလိုလိုပြုသော ပူဇော်သက္ကာကို ဆောင်ခဲ့ရမည်။ 11 သင်၏ဘုရားသခင် ထာဝရဘုရားသည်
နာမ တော်တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ် တွင်၊ သင်၏ဘုရားသခင် ထာဝရဘုရားအဘို့ ခုနှစ် သိတင်းပွဲကိုခံ၍
သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ သင့်နေရာ၌ တည်းခိုသော လေဝိသား၊ ဧည့်သည်အာဂန္တု၊ မိဘမရှိသောသူ၊ မုတ်ဆိုးမတို့သည်
ရွှင်လန်းခြင်းကို ပြုရကြမည်။ 12 သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံခဲ့ဘူးကြောင်းကို အောက်မေ့၍၊ ဤပညတ်တရားတို့ကို
ကျင့်စောင့်ရမည်။ 13 စပါးနှင့် စပျစ်ရည်ကို သိမ်းယူပြီးမှ၊ ခုနှစ်ရက် ပတ်လုံး သကေနေပွဲကို ခံရကြမည်။ 14 ထိုပွဲခံစဉ်၊
ကိုယ်တိုင်မှစ၍၊ သား သမီး၊ ကျွန် ယောကျ်ား မိန်းမ၊ သင့်နေရာ၌ တည်းခိုသော လေဝိသား၊ ဧည့်သည် အာဂန္တု၊ မိဘမရှိသောသူ၊
မုတ်ဆိုးမတို့သည် ရွှင်လန်းခြင်းကို ပြုရကြမည်။ 15 ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်၌၊ ခုနှစ်ရက်ပတ်လုံး
သင်၏ဘုရားသခင် ထာဝရ ဘုရားအဘို့ ဓမ္မပွဲကို ခံရမည်။ သင်၏ ဘုရားသခင် ထာဝရဘုရားသည်၊ တိုးပွားလေရာရာ၊
သင်လုပ်ဆောင် လေရာရာ၌ ကောင်းကြီးပေးတော်မူသောကြောင့်၊ အမှတ်ရွှင်လန်းခြင်းကို ပြုရမည်။ 16 အဇုမပွဲခံချိန်၊
ခုနှစ်သိတင်းပွဲခံချိန်၊ သကေနေ ပွဲခံချိန်တည်းဟူသော တနှစ်တွင် သုံးကြိမ်မြောက်အောင် သင်တို့ယောကျ်ားအပေါင်းတို့သည်၊
သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်၌ ရှေ့တော်မှာ မျက်နှာပြရကြမည်။ ထိုအခါ ထာဝရဘုရား
ထံတော်သို့ အဘယ်သူမျှလက်ချည်း မပေါ်မလာရ။ 17 သင်၏ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသဖြင့်၊
လူအသီးသီးတို့သည် တတ်နိုင်သည် အတိုင်း ဆက်ရကြမည်။ 18 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောမြို့
ရှိသမျှတို့တွင်၊ တရားသူကြီး၊ အရာရှိတို့ကို သင့်နေရာခရိုင်များ၌ အနှံ့အပြား ခန့်ထားရမည်။ သူတို့ သည်၊ လူမျိုးတို့တွင် တရားမှုကို
တရားသဖြင့် စီရင်ရကြ မည်။ 19 သင်သည် တရားလမ်းမှ မလွှဲရ။ လူမျက်နှာကို မထောက်ရ။ တံစိုးကို မစားရ။ တံစိုးသည် ပညာရှိ
မျက်စိကို ကွယ်စေတတ်၏။ ဖြောင့်မတ်သောသူ၏ စကားကို ကောက်စေတတ်၏။ 20 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ
သောပြည်ကို သင်သည် အသက်ရှင်၍ အမွေခံမည်အ ကြောင်း၊ ဖြောင့်သောတရားလမ်းသို့သာ လိုက်ရမည်။ 21 သင်၏ဘုရားသခင်
ထာဝရဘုရားအဘို့ သင် တည်သော ယဇ်ပလ္လင်အနားမှာ အဘယ်သို့ သော အာရှရပင်ကိုမျှ မစိုက်ရ။ 22 သင်၏ဘုရားသခင်
ထာဝရဘုရား မုန်းတော်မူ သော ရုပ်တုဆင်းတုကို မတည်မထားရ။


generated on Sun Jun 30 02:37:40 2024

## Chapter 17

[1] အပြစ်ပါသော သိုး၊ နွား၊ ယုတ်သောလက္ခဏာ ပါသော သိုး၊ နွားကို၊ သင်၏ဘုရားသခင် ထာဝရဘုရား အား ယဇ်မပူဇော်ရ။
ထိုသို့သော ယဇ်ကို သင်၏ဘုရား သခင် ထာဝရဘုရားသည် စက်ဆုပ်ရွံရှာတော်မူ၏။ [2] သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ
သော မြို့တို့တွင်၊ [3] နေ၊ လ၊ မိုဃ်းကောင်းကင် တန်ဆာအစရှိသော ငါမြစ်တားသမျှ အခြားတပါးသော ဘုရားတို့ကို သွား၍
ဝတ်ပြုကိုးကွယ်သဖြင့်၊ သင်၏ဘုရားသခင် ထာဝရ ဘုရား၏ ပဋိညာဉ်ကို လွန်ကျူး၍၊ ရှေ့တော်၌ ဒုစရိုက်ကို ပြုမိသော
ယောက်ျားမိန်းမရှိသည်ဟု၊ [4] သင်သည် သိတင်းကြား၍ စေ့စေ့မေးမြန်းသော အခါ၊ ဣသရေလအမျိုး၌ ထိုစက်ဆုပ်ရွံရှာဘွယ်သော
အမှုကို ပြုမိသည်မှန်လျှင်၊ [5] ထိုဒုစရိုက်ကို ပြုမိသော ယောက်ျား မိန်းမကို မြို့တံခါးဝသို့ ထုတ်ပြီးလျှင်၊ ကျောက်ခဲနှင့်ပစ်၍ အသေ
သတ်ရမည်။ [6] သက်သေခံနှစ်ယောက် သုံးယောက်ရှိလျှင် သေထိုက်သော သူသည် အသေခံရမည်။ သက်သေခံ
တယောက်တည်းရှိလျှင် အသေမခံရ။ [7] ထိုသူကို အသေသတ်စိမ့်သောငှာ၊ သက်သေခံ တို့သည် အဦးပြုပြီးမှ၊ လူအပေါင်းတို့သည်
ပြုရကြမည်။ ထိုသို့ပြုလျှင် သင်တို့မှ ဒုစရိုက်ကို ပယ်ရကြလိမ့်မည်။ [8] သင့်နေရာမြို့တွင် လူအသက်ကို သတ်ခြင်းအမှု၊
တရားတွေ့ခြင်းအမှု၊ လူချင်းရိုက်ပုတ်ခြင်းအမှုတို့သည် မင်းရှေ့သို့ရောက်၍ မစီရင် မဆုံးဖြတ်နိုင်လျှင်၊ သင်၏ ဘုရားသခင်
ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်သို့ သွား၍၊ [9] ထိုကာလအခါ တရားသူကြီး လုပ်သောသူ၊ ယဇ်ပုရောဟိတ်၊
လေဝိသားတို့ရှေ့မှာ အစီရင်ခံရမည်။ သူတို့သည်လည်း စီရင်ချက်ကို ဘော်ပြရမည်။ [10] ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်
သားတို့သည် ဘော်ပြသော စီရင်ချက်အတိုင်း၊ သင်သည် ပြုရမည်။ သူတို့သွန်သင်သည်အတိုင်း ပြုရခြင်းငှာ စောင့်ရှောက်ရမည်။ [11]
သူတို့ဘော်ပြသော ဓမ္မသတ်စီရင်ချက်၊ ကြား ပြောသော ဆုံးဖြတ်ချက်ရှိသည်အတိုင်း ပြုရမည်။ သူတို့ပြ သော စီရင်ချက်မှ
လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲရ။ [12] သင်၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ အမှုတော်ကို စောင့်သော ယဇ်ပုရောဟိတ်၊
တရားသူကြီး စကားကို နားမထောင်ဘဲ ရဲရင့်စွာပြုသောသူကို အသေ သတ်သဖြင့် ဣသရေလအမျိုးမှ ဒုစရိုက်ကို ပယ်ရမည်။ [13]
ထိုသိတင်းကို လူခပ်သိမ်းတို့သည် ကြားလျှင် ကြောက်ရွံ့သောစိတ်ရှိသဖြင့် နောက်တဖန် ရဲရင့်စွာ မပြုဘဲနေကြလိမ့်မည်။ [14]
သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သောပြည်ကို သင်သည် ဝင်စား၍ နေသောအခါ၊ သင်က၊ ငါ့ပတ်လည်၌ နေသော
တပါးသော လူမျိုးအပေါင်းတို့ နည်းတူ၊ ငါသည် ရှင်ဘုရင်အရာ၌ တစုံတယောက်ကို ချီးမြှောက်မည်ဟု ဆိုလျှင်၊ [15]
သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသောသူ၊ ညီအစ်ကို အမျိုးသားချင်းကိုသာ ရှင်ဘုရင်အရာ၌ ချီးမြှောက်ရမည်။
ညီအစ်ကို အမျိုးသား ချင်းမဟုတ်သော တပါးအမျိုးသားကို မချီးမြှောက်ရ။ [16] ထိုရှင်ဘုရင်သည် ကိုယ်အဘို့ များစွာသော မြင်း တို့ကို
မမွေးရ။ မြင်းများပြားစေခြင်းငှာ အဲဂုတ္တုပြည်သို့ လူကို မပြန်စေရ။ အကြောင်းမူကား၊ ထိုလမ်းသို့ မပြန်မသွားရဟု ထာဝရဘုရား
အမိန့်တော်ရှိ၏။ [17] သူ၏ စိတ်နှလုံးသည် ဖောက်ပြန်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း များစွာသော မယားတို့ကို မယူ ရ။
ရွှေငွေကိုလည်း များစွာမဆည်းဖူးရ။ [18-20] ထိုရှင်ဘုရင်သည် သားစဉ်မြေးဆက်နှင့်တကွ၊ ဣသရေလအမျိုး၌ အသက်တာရှည်စွာ
စိုးစံခြင်းအလိုငှာ၊ သူ၏ဘုရားသခင်ကို ကြောက်ရွံ့၍ ဤပညတ်တရား စကားတော်အလုံးစုံတို့ကို ကျင့်စောင့်အောင် သွန်သင်
မည်အကြောင်း၊ သူ၏ညီအစ်ကိုတို့ကို မထီမဲ့မြင်ပြု၍ မာနထောင်လွှားသဖြင့်၊ တရားလမ်းမှ လက်ျာဘက်၊ လက်ဝဲဘက်သို့
မလွှဲမည်အကြောင်း၊ နန်းတော်ပေါ်မှာ ထိုင်သောအခါ လေဝိသား ယဇ်ပုရောဟိတ်၌ ရှိသော ဤဓမ္မပညတ်တရားစာကို ရေးကူး၍
လက်ခံစာကို တသက်လုံး စောင့်ရှောက်ကြည့်ရှု ဘတ်ရွတ်ရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 18

[1] လေဝိသားယဇ်ပုရောဟိတ် အစရှိသော လေဝိ သားအပေါင်းတို့သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အဘို့မရှိ အမွေမခံရဘဲ၊
ထာဝရဘုရား၏ အမွေတည်းဟူသော မီးဖြင့်ပြုသော ပူဇော်သက္ကာတို့ကို စားရကြမည်။ [2] ထို့ကြောင့်၊ သူတို့သည်
ညီအစ်ကိုများနှင့်အတူ အမွေမခံရကြ။ ထာဝရဘုရားသည် အမိန့်တော်ရှိသည် အတိုင်း သူတို့၏ အမွေဖြစ်တော်မူ၏။ [3] လူတို့သည်
ယဇ်ပူဇော်သောအခါ၊ နွားဖြစ်စေ၊ သိုးဖြစ်စေ၊ ယဇ်ပုရောဟိတ် ခံရသောအဘို့ ပခုံးတဘက်၊ ပါးနှစ်ဘက်၊ အအူများကိုငင်း၊ [4]
အဦးသိမ်းသော စပါး၊ စပျစ်ရည်၊ ဆီ၊ သိုးမွေးကို ငင်း လှူရမည်။ [5] အကြောင်းမူကား၊ သူမှစ၍ သားစဉ်မြေးဆက် တို့သည်
ထာဝရဘုရားအခွင့်နှင့် အမှုတော်ကို အစဉ် ဆောင်ရွက်စေခြင်းငှာ၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည်၊ သင်၏
အမျိုးအနွယ်အပေါင်းတို့တွင် သူ့ကို ရွေးကောက်တော်မူပြီ။ [6] ဣသရေလမြို့ရွာတို့၌ တည်းခိုသော လေဝိသား တစုံတယောက်သည်၊
ထာဝရဘုရား ရွေးကောက်တော်မူ သောအရပ်ကို ကြည်ညိုသောစိတ်အားကြီး၍ ရောက်လာ လျှင်၊ [7] ထာဝရဘုရားရှေ့တော်၌
နေရာရသော ညီအစ် ကို လေဝိသားအပေါင်းတို့နည်းတူ သူ၏ဘုရားသခင် ထာဝရဘုရားအခွင့်နှင့် အမှုတော်ကို ဆောင်ရွက်ရမည်။ [8]
သူ၏အမွေကို ရောင်း၍ရသော ဥစ္စာမှတပါး၊ လေဝိသားများတို့နှင့်အတူ အညီအမျှခံရမည်။ [9] သင်၏ဘုရားသခင်
ထာဝရဘုရားပေးတော်မူ သောပြည်သို့ သင်သည် ဝင်စားသောအခါ၊ ထိုပြည်၌နေ သော လူမျိုးတို့ပြုတတ်သော
စက်ဆုပ်ရွံရှာဘွယ်အမှု တို့ကို ပြုခြင်းငှာ မသင်ရ။ [10] သင်တို့တွင် မိမိသားသမီးကို မီးဖြင့်ပူဇော်သော သူ၊ ဖြစ်လတံ့သောအမှုကို
ကိုယ်ဥာဏ်နှင့် ဟောပြော သောသူ၊ ကာလဗေဒင်ကို ကြည့်သောသူ၊ မကောင်းသော အတတ်ကို ပြုစုသောသူ၊ [11] ပြုစားတတ်သောသူ၊
နတ်ဆိုးနှင့်ပေါင်းသောသူ၊ ဝိဇ္ဇာအတတ်ကို ပြုစုသောသူ၊ လူသေကို မေးမြန်းသောသူ တစုံတယောက်မျှ မရှိရ။ [12] ထိုသို့
ပြုတတ်သောသူ အပေါင်းတို့ကို ထာဝရ ဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ ထိုစက်ဆုပ် ရွံရှာဘွယ် သော အမှုများတို့ကြောင့် သင်၏
ဘုရားသခင် ထာဝရ ဘုရားသည် ထိုလူမျိုးတို့ကို သင့်ရှေ့မှ နှင်ထုတ်တော်မူ၏။ [13] သင်သည်၊ သင်၏ဘုရားသခင် ထာဝရဘုရား
ရှေ့တော်၌ စုံလင်ခြင်းရှိရမည်။ [14] သင်အစိုးရအံ့သော လူမျိုးတို့သည်၊ ကာလ ဗေဒင်ကို ကြည့်သောသူ၊ ဖြစ်လတံ့သောအမှုကို ကိုယ်
ဥာဏ်အားဖြင့် ဟောပြောသောသူတို့ စကားကို နား ထောင်တတ်ကြ၏။ သင်မူကား ထိုသို့ ပြုရအောင် သင်၏ ဘုရားသခင်
ထာဝရဘုရားသည် အခွင့်ပေးတော်မမူ။ [15] သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင်၏ အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသော
ပရော ဖက်တပါးကို သင့်အဘို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်၏ စကားကို နားထောင်ရမည်။ [16] ဟောရပ်အရပ်တွင်
စည်းဝေးကြသော နေ့၌ သင်က၊ နောက်တဖန် အကျွန်ုပ်ဘုရားသခင် ထာဝရဘုရား၏ စကားတော်အသံကို မကြားရပါစေနှင့်။
ထိုကြီးစွာသော မီးကို မမြင်ရပါစေနှင့်။ အကျွန်ုပ်သေမည် ကို စိုးရိမ်ပါသည်ဟု သင်၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌
တောင်းပန်သမျှအတိုင်း၊ [17] ထာဝရဘုရားက၊ သူတို့ စကားသည် လျောက် ပတ်ပေ၏။ [18] သူတို့အမျိုးသားချင်းတို့အထဲ၌
သင်နှင့်တူသော ပရောဖက်တပါးကို သူတို့အဘို့ ငါပေါ်ထွန်းစေ၍၊ ထိုပရောဖက်နှုတ်၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထား သမျှတို့ကို
သူတို့အား ဆင့်ဆိုရလိမ့်မည်။ [19] ထိုပရောဖက်သည် ငါ့အခွင့်နှင့် ဟောပြော သော ငါ့စကားတို့ကို အကြင်သူသည် နားမထောင်ဘဲ
နေအံ့၊ ထိုသူကို ငါစစ်ကြောမည်။ [20] ငါမမှာထားဘဲ ငါ့အခွင့်ကို ဆောင်၍ ရဲရင့်စွာ ဟောပြောသော ပရောဖက်၊ အခြားတပါးသော
ဘုရား အခွင့်နှင့် ဟောပြောသော ပရောဖက်သည် အသေသတ် ခြင်းကို ခံရမည်ဟု ငါ့အား မိန့်တော်မူ၏။ [21] သင်ကလည်း
ထာဝရဘုရား မိန့်တော်မူသည် မမူသည်ကို ငါတို့သည် အဘယ်သို့ သိနိုင်သနည်းဟု တွေး တောလျှင်၊ [22] ပရောဖက်သည်
ထာဝရဘုရား၏ အခွင့်ကို ဆောင်၍ ဟောပြောသည်အတိုင်း အမှုမဖြစ်၊ ဟောပြော သောစကားမပြည့်စုံလျှင်၊ ထိုစကားကို
ထာဝရဘုရား မိန့်တော်မမူ၊ ပရောဖက်သည် ရဲရင့်စွာဟောပြောပြီ။ သူ့ကို မကြောက်ရ။

## Chapter 19

1 သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သော ပြည်၌နေသော လူမျိုးတို့ကို သင်၏ဘုရားသခင် ထာဝရဘုရား
ပယ်ဖြတ်တော်မူသဖြင့်၊ သင်သည် သူတို့ အရာ၌ ဝင်စား၍၊ သူတို့မြို့၊ သူတို့အိမ်၌ နေသောအခါ၊ 2 သင်၏ဘုရားသခင်
ထာဝရဘုရားသည် အပိုင် ပေးတော်မူသော ထိုပြည်အတွင်း၌ မြို့သုံးမြို့တို့ကို ခွဲထား ရမည်။ 3 လူအသက်ကို
သတ်မိသောသူအပေါင်းတို့သည် ထိုမြို့သို့ ပြေးနိုင်မည်အကြောင်း၊ သင့်အမွေခံစရာဘို့ သင်၏ဘုရားသခင်
ထာဝရဘုရားပေးတော်မူသော ပြည် ကို သုံးပိုင်းပိုင်း၍ လမ်းခရီးကိုလည်း ပြင်ဆင်ရမည်။ 4 လူအသက်ကို သတ်မိ၍၊ ကိုယ်အသက်
ချမ်းသာ စေခြင်းငှာ၊ ထိုမြို့သို့ပြေးရသော သူ၏အမှုဟူကား၊ 5 လူ သည် ထင်းခုတ်ခြင်းငှာ အဘော်နှင့် တောသို့သွား၍ သစ်ပင်ကို
ခုတ်လှဲစဉ်အခါ၊ ပုဆိန်သည် အရိုးကျွတ်၍ အဘော်ကို ထိသောကြောင့်၊ မိမိအဘော်သေအောင် ပြုမိ သောသူနှင့်တူ၍၊
ရန်ငြိုးဖွဲ့ခြင်းမရှိဘဲ မိမိအဘော်ကို အမှတ်တမဲ့ သတ်မိသောသူသည်၊ ထိုမြို့တစုံတမြို့သို့ ပြေး၍ အသက်ချမ်းသာရလိမ့်မည်။ 6
သို့မဟုတ် သေစားသေစေသောသူသည် စိတ် မာန်ထစဉ်အခါ၊ လူသတ်ကို လိုက်လျက် ခရီးဝေးသော ကြောင့် မှီ၍ သတ်လိမ့်မည်။
ထိုသို့ မသတ်သင့်။ အကြောင်းမူကား၊ ထိုသူသည် မိမိအဘော်ကို ရန်ငြိုးဖွဲ့ ခြင်း မရှိသောကြောင့် အသေသတ်ခြင်းကို မခံထိုက်။ 7
ထိုကြောင့် မြို့သုံးမြို့ကို ခွဲထားရမည်ဟု ငါမှာ ထား၏။ 8 ယနေ့ငါမှာထားသမျှသော ဤပညတ်တော် တို့ကို ကျင့်စောင့်၍၊
သင်၏ဘုရားသခင် ထာဝရဘုရား ကို ချစ်သောစိတ်နှင့် အစဉ်အမြဲ လမ်းတော်သို့လိုက်လျှင် ၎င်း၊ 9 သင်၏ဘုရားသခင်
ထာဝရဘုရားသည်၊ သင်၏ ဘိုးဘေးတို့အား ပေးခြင်းငှာ ဂတိထားသော ပြည်ရှိသမျှ ကို သင့်အား ပေးတော်မူ၍၊
သင်၏ဘိုးဘေးတို့အား ကျိန်ဆိုသည်အတိုင်း၊ သင့်နေရာပြည်ကို ကျယ်ဝန်းစေ တော်မူလျှင်၎င်း၊ 10 သင်၏ဘုရားသခင်
ထာဝရဘုရားသည် သင့်အမွေခံစရာဘို့ ပေးတော်မူသောပြည်၌ အသေမခံ ထိုက်သောသူသည် အသေခံ၍ လူ့အသက်ကို သတ်သော
အပြစ်သည် သင့်အပေါ်မှာ မရောက်မည်အကြောင်း၊ ယခုဆိုခဲ့ပြီးသော မြို့သုံးမြို့မှတပါး၊ အခြားသော မြို့သုံးမြို့ကို
ထပ်၍ခွဲထားရမည်။ 11 တနည်းကား၊ မိမိအဘော်ကို ရန်ငြိုးဖွဲ့သဖြင့် ချောင်းမြောင်း၍ သေအောင်တိုက်သောသူသည် ထိုမြို့
တစုံတမြို့သို့ ပြေး၍ ရောက်သော်လည်း၊ 12 သူ့နေရာမြို့၌ အသက်ကြီးသူတို့သည် လူကို စေလွှတ်၍ ထိုသူကို ဆောင်ခဲ့သဖြင့်၊
သေစေခြင်းငှာ သေစားသေစေသောသူ၏ လက်၌ အပ်လိုက်ရကြမည်။ 13 သင်၏မျက်စိသည် သူ့ကို မသနားရ၊ သင်သည်
ချမ်းသာရမည်အကြောင်း၊ လူ့အသက်သတ်ခြင်းအပြစ်ကို ဣသရေလအမျိုးမှ ပယ်ရှင်းရမည်။ 14 သင်၏ဘုရားသခင်
ထာဝရဘုရားသည် သင့်အား အပိုင်ပေးတော်မူသောပြည်မှာ အမွေခံရာ မြေ၌ ရှေးလူဟောင်းတို့သည် စိုက်ထားနှင့်သော အိမ်နီး
ချင်း၏ မြေမှတ်တိုင်ကို မရွေ့ရ။ 15 လူသည် ပြုမိသော ဒုစရိုက်၊ ပြစ်မှားမိသော အပြစ်ကို စစ်ကြောသောအခါ၊
သက်သေခံတဦးတည်း ရှိလျှင် သူ၏စကားမတည်ရ။ သက်သေခံနှစ်ဦး၊ သုံးဦး အားဖြင့် စကားရှိသမျှတို့သည် တည်ရလိမ့်မည်။ 16
မမှန်သော သက်သေခံတယောက်သည်၊ သူတပါးတဘက်၌ မမှန်သောသက်သေကို ခံလျှင်၊ 17 တရားတွေ့သောသူနှစ်ယောက်တို့သည်
ထာဝရ ဘုရားရှေ့တော်သို့၎င်း၊ ထိုကာလ၌ရှိသော ယဇ်ပုရောဟိတ်၊ တရားသူကြီးရှေ့သို့၎င်း လာသဖြင့်၊ 18 တရားသူကြီးတို့သည်
စေ့စေ့စစ်ကြော၍ ထိုသက်သေခံသောသူသည် မိမိအဘော်တဘက်၌ မမှန် သောသက်သေကို ခံပြီးလျှင်၊ 19 မိမိအဘော်၌ ပြုမည်ဟု
အကြံရှိသည်အတိုင်း သူ၌ ပြုရမည်။ ဒုစရိုက်အပြစ်ကို သင်တို့အထဲက ထိုသို့ ပယ်ရှားရမည်။ 20 ကြွင်းသောသူတို့သည်လည်း
ထိုသိတင်းကို ကြား၍ ကြောက်သောကြောင့်၊ နောက်တဖန် ထိုသို့သော ဒုစရိုက်ကို မပြုဘဲနေကြလိမ့်မည်။ 21 သင်၏မျက်စိသည်
မသနားရ။ အသက် အတွက် အသက်ကို၎င်း၊ မျက်စိအတွက် မျက်စိကို၎င်း၊ သွားအတွက် သွားကို၎င်း၊ လက်အတွက် လက်ကို၎င်း၊
ခြေအတွက် ခြေကို၎င်း ဒဏ်ပေးရမည်။

## Chapter 20

1 သင်သည် ရန်သူတို့ကို စစ်တိုက်ခြင်းငှာ ချီသွား သောအခါ၊ ကိုယ်ထက်သာ၍ များသောမြင်း၊ ရထား၊ လူတို့ကို မြင်သော်လည်း
မကြောက်နှင့်။ သင့်ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်၏ဘုရားသခင် ထာဝရ ဘုရားသည် သင့်ဘက်၌ ရှိတော်မူ၏။ 2
စစ်တိုက်ချိန်နီးသောအခါ၊ ယဇ်ပုရောဟိတ်တို့ သည် ချဉ်း၍၊ 3 အိုဣသရေလအမျိုးသားတို့၊ ယနေ့ သင်တို့သည် စစ်တိုက်ခြင်းငှာ
ရန်သူတို့ကို ချဉ်းကြပြီ။ သူတို့ကြောင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ထိတ်လန့် ခြင်း မရှိကြနှင့်။ 4 အကြောင်းမူကား၊
သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ရန်သူတို့ကို စစ်တိုက်၍ သင်တို့ကို ကယ်တင်ခြင်းအလိုငှာ၊ သင်တို့နှင့်အတူ
ကြွတော်မူသည် ဟု လူတို့အား ပြောဆိုရကြမည်။ 5 ဗိုလ်တို့ကလည်း၊ အိမ်သစ်ကို ဆောက်၍ ဘုရား သခင်၌
မအပ်ရသေးသောသူရှိလျှင်၊ မိမိအိမ်သို့ပြန်၍ အပ်ပါလေစေ။ သို့မဟုတ် စစ်တိုက်ရာတွင် သေ၍ အခြား သောသူသည် ထိုအိမ်ကို
အပ်လိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ 6 စပျစ်ဥယျာဉ်ကို စိုက်၍ စပျစ်သီးကို မစားရ သေးသောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။
သို့မဟုတ် စစ်တိုက်ရာတွင် သေ၍ အခြားသောသူသည် ထိုစပျစ်သီးကို စားလိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ 7 မိန်းမနှင့်လက်ထပ်၍
မသိမ်းရသေးသောသူရှိ လျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။ သို့မဟုတ် စစ်တိုက် ရာတွင် သေ၍ အခြားသောသူသည် ထိုမိန်းမကို
သိမ်း လိမ့်မည်ဟု စိုးရိမ်စရာရှိသည်ဟု လူများတို့အား ပြောရကြမည်။ 8 တဖန်လည်း၊ ဗိုလ်တို့က ကြောက်တတ်သော သဘောရှိ၍
စိတ်ပျက်သောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။ သို့မဟုတ်လျှင် ထိုသူစိတ်ပျက်သကဲ့သို့ သူ၏အဘော်တို့သည်
စိတ်ပျက်ကြလိမ့်မည်ဟု စိုးရိမ် စရာရှိသည်ဟု လူများတို့အား ပြောရကြမည်။ 9 ဗိုလ်တို့သည် လူများတို့အား ထိုသို့ပြောပြီးမှ
တပ်မှူးတို့သည် လူများကို စစ်ချီစေရကြမည်။ 10 သင်သည် မြို့တစုံတမြို့ကို တိုက်ခြင်းငှာ ချဉ်း သောအခါ၊
စစ်ငြိမ်းမည်အကြောင်းကို ဟစ်ကြော်ရမည်။ 11 ထိုမြို့သည် စစ်ငြိမ်းရာစကားပြေကို ပြန်ပြော၍ မြို့တံခါးကို ဖွင့်ထားလျှင်၊
ထိုမြို့၌ရှိသောသူအပေါင်းတို့ သည် သင့်အား အခွန်ပေး၍ သင့်အမှုကို ထမ်းရကြမည်။ 12 သို့မဟုတ် စကားပြေမပြောဘဲ သင့်ကို
စစ်တိုက် လျှင်၊ ထိုမြို့ကို ဝိုင်းထား၍၊ 13 သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့် လက်၌ အပ်တော်မူသောအခါ၊
ယောကျ်ားရှိသမျှတို့ကို ထားနှင့်လုပ်ကြံရမည်။ 14 မိန်းမ၊ သူငယ်၊ တိရစ္ဆာန်အစရှိသော မြို့၌တွေ့ သော ဥစ္စာရှိသမျှကို
ကိုယ်ဘို့သိမ်း၍၊ သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူသော သင်၏ရန်သူလက်မှ ရသော ဥစ္စာကို စားရမည်။ 15
ဤလူမျိုးနေသော မြို့မှတပါး သင်နှင့်ဝေးသော မြို့ရှိသမျှတို့အား ထိုသို့ပြုရမည်။ 16 သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်
အမွေခံစရာဘို့၊ ဤလူမျိုးနေရာမြို့တို့၌ အသက်ရှူသော လူသတ္တဝါတစုံတယောက်ကိုမျှ အသက်မရှင်စေရ။ 17 ဟိတ္တိလူ၊ အာမောရိလူ၊
ခါနနိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိ လူတို့သည် မိမိတို့ဘုရားများ၌ ပြုသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို သင့်အား သွန်သင်၍၊ 18
သင်သည် သင်၏ဘုရားသခင် ထာဝရဘုရားကို မပြစ်မှားမည်အကြောင်း သင်၏ဘုရားသခင် ထာဝရ
ဘုရားမှာထားတော်မူသည်အတိုင်း၊ ထိုလူမျိုးအပေါင်းတို့ ကို ရှင်းရှင်းဖျက်ဆီးရမည်။ 19 သင်သည် မြို့တစုံတမြို့ကို တိုက်ယူခြင်းငှာ
ကြာမြင့်စွာ ဝိုင်းထားလျှင်၊ သစ်ပင်များကို မခုတ်မဖြတ် ရ။ မြေ၌ပေါက်သော အပင်တို့သည် လူအသက်မွေးဘို့ရာ ဖြစ်သောကြောင့်
အသီးကိုသာ စားရမည်။ မြို့ကို ဝိုင်းထားရာ အမှုကို ဆောင်၍ အပင်ကို မလှဲရ။ 20 သို့ရာတွင် မစားရသော သစ်ပင်တို့ကို ခုတ်လှဲ၍၊
သင်နှင့်စစ်တိုက်သောမြို့ကို မအောင်မီတိုင်အောင်၊ စစ်တိုက်ရာ တန်ဆာတို့ကို ဆောက်လုပ်ရသော အခွင့်ရှိ၏။

---

### Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

သင်သည် ရန်သူတို့ကို စစ်တိုက်ခြင်းငှာ ချီသွား သောအခါ
"သင်သည် သင်၏ ရန်သူတို့ကို တော်လှန်ရန်အတွက်စစ်တိုက်ရန် ထွက်သွားသောအခါ"

ကိုယ်ထက်သာ၍ များသောမြင်း၊ ရထား၊ လူတို့ကို မြင်သော်လည်း မကြောက်နှင့်။
လူမျိုးတို့သည် စစ်တပ်များအပြင် မြင်းများနှင့် ရထားများသည် အလွန် အားသန်နေပါသည်ဟုတွေးတောပါသည်။ အဓိပ္ပါယ်အပြည့်အစုံကို ရှင်းလင်းစွာ ဖော်ပြပါသည်။

သင့်ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်၏ဘုရားသခင် ထာဝရ ဘုရား
ထာဝရဘုရားသည် အဲဂုတ္တုပြည်မှ ခါနန်ပြည်ကို လူမျိုးများနှုတ်ဆောင်သည်။ ၎င်းသည် သုံးနေကျစကားလုံး "နှုတ်ဆောင်" သည် အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ ခရီးပြုခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့အား အဲဂုတ္တုပြည်မှခေါ်ဆောင်လာသည်။"

### Deuteronomy 02

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။


generated on Sun Jun 30 02:37:40 2024

လူတို့အား ပြောဆိုရကြမည်။
"ဣသရေလစစ်တပ်များအားပြောဆိုသည်"

သူတို့ကြောင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ထိတ်လန့် ခြင်း မရှိကြနှင့်
ဤမျက်နှာအမူအရာ လေးခုသည် သူတို့ကြောက်လန့်ခြင်း မရှိကြရန် အဓိပ္ပါယ်တူပြီး ခိုင်မာစွာ အသားပေးပါသည်။ အကယ်၍ သင်၏ဘာသာစကားဖြင့် ဤခံယူချက်လေးခုကိုကို မဖော်ပြနိုင်ပါက လေးခု အောက်လျှော့နိုင်ပါသည်။

သူတို့ကြောင့် စိတ်ပျက်ခြင်း ........... မရှိကြနှင့်
ဤတွင် "စိတ်" သည် လူမျိုးတို့၏ သတ္တိကို ကိုယ်စားပြုသည်။ စိတ်ဓါတ်အားနည်းခြင်းသည် "ကြောက်လန့်မှု မရှိနှင့်" ဟု ဆိုလိုသည်။

သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ရန်သူတို့ကို စစ်တိုက်၍ သင်တို့ကို ကယ်တင်ခြင်းအလို့ငှာ
ထာဝရဘုရားသည် ဣသရေလ လူမျိုးများနှင့်အတူစစ်တိုက်သကဲ့သို့ သူတို့၏ ရန်သူများကို အနိုင်ယူ ချေမှုန်းခဲ့ပါသည်

သင်တို့ကို ကယ်တင်ခြင်းအလို့ငှာ
"သင်တို့ကို အောင်မြင်ခြင်းပေးရန်"

Deuteronomy 05

ယေဘုယျအချက်အလက်
စစ်တိုက်ခြင်းမပြုလုပ်မှီ ဣသရေလလူမျိုးများထံသို့စစ်တပ်အရာရှိများ ပြောပြရန် မောရှေပြောပါသည်။

ဗိုလ်တို့ကလည်း ...
အရာရှိ၏ အလုပ်သည် စစ်တပ်မှထွက်ခွါသည့်သူများဆုံးဖြတ်ရန်ဖြစ်သည်။ ဤဖော်ပြချက်၏ အဓိပ္ပါယ်အပြည့်အစုံကို ရှင်းလင်းဖော်ပြပါသည်။

အိမ်သစ်ကို ဆောက်၍ ဘုရား သခင်၌ မအပ်ရသေးသောသူရှိလျှင်၊ မိမိအိမ်သို့ပြန်၍ အပ်ပါလေစေ
"အကယ်၍ ဤစစ်တပ်များသည် အိမ်သစ်ဆောက်လုပ်၍ မအပ်ရသေးပါကသူသည် သူ့အိမ်သို့ ပြန်သွားရမည်"

စစ်တိုက်ရာတွင် သေ၍ အခြား သောသူသည် ထိုအိမ်ကို အပ်လိမ့်မည်ဟု စိုးရိမ်စရာရှိ၏
အရာရှိသည် ဖြစ်နိုင်ခြေရှိသောအကြောင်းအရာများကိုစစ်တပ်ထံသို့ ဖော်ပြရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် တိုက်ပွဲတွင် သေဆုံးပါက အခြားသောသူတစ်ယောက်သည် သူ၏ အိမ်ကို သူ့အစားမအပ်ရပါ"

Deuteronomy 06

ယေဘုယျအချက်အလက်
မောရှေသည် အခြေအနေတစ်ခုခုကြောင့် စစ်တပ်မှထွက်ခဲ့သူများ ခွင့်ပြုနိုင်ရန် ဆက်လက်ဖော်ပြသည်။

စပျစ်ဥယျာဉ်ကို စိုက်၍ စပျစ်သီးကို မစားရ သေးသောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ
"အကယ်၍စစ်သားတစ်ယောက်ယောက်ကစပျစ်ဥယျာဉ်အသစ်စိုက်သော်လည်း အသီးမခူးသေးသရွေ့ သူ့အိမ်သို့ပြန်သွားရပါမည်"

စစ်တိုက်ရာတွင် သေ၍ အခြားသောသူသည် ထိုစပျစ်သီးကို စားလိမ့်မည်ဟု စိုးရိမ်စရာရှိ၏
အရာရှိသည်စစ်သားများထံသို့ ဖြစ်နိုင်ခြေရှိသောအခြေအနေများကိုဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုက်ပွဲ၌ သေဆုံးခဲ့ပါက အခြားသောသူတစ်ယောက်သည်သူ့အစား ၎င်းအသီးကို မခူးပေးရပါ"

မိန်းမနှင့်လက်ထပ်၍ မသိမ်းရသေးသောသူရှိ လျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။
"စစ်သားတစ်ယောက်သည်အမျိုးသမီး တစ်ယောက်ကိုလက်ထပ်ရန်ကတိပေးခဲ့ပြီးသောလည်းသူမကိုလက်မထပ်ခဲ့လျှင် သူသည် မိမိအိမ်သို့ပြန်သွားရပါမည်"

စစ်တိုက် ရာတွင် သေ၍ အခြားသောသူသည် ထိုမိန်းမကို သိမ်း လိမ့်မည်
အရာရှိသည်စစ်သားများထံသို့ဖြစ်နိုင်ခြေရှိသောအခြေ အနေများကိုဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ တိုက်ပွဲ၌သေဆုံးခဲ့ပါကအခြားသောသူတစ်ယောက်သည် သူ့အစား သူမကို မလက်ထပ်ရပါ"

Deuteronomy 08

ယေဘုယျအချက်အလက်
မောရှေသည် အခြေအနေတစ်ခုခုကြောင့် စစ်တပ်မှထွက်ခဲ့သူများ ခွင့်ပြုနိုင်ရန် ဆက်လက်ဖော်ပြသည်။

ကြောက်တတ်သော သဘောရှိ၍ စိတ်ပျက်သောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ
"စစ်သားတစ်ယောက်သည် ကြောက်တတ်၍ ရဲရင့်မှု မရှိလျှင် မိမိအိမ်သို့ ပြန်သွားရပါမည်"

ကြောက်တတ်သော သဘောရှိ၍ စိတ်ပျက်သောသူရှိလျှင်
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုက်ပွဲသို့ စစ်တိုက်ရန်ကြောက်သည်။"

ထိုသူစိတ်ပျက်သကဲ့သို့ သူ၏ အဘော်တို့သည် စိတ်ပျက်ကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူကြောက်တတ်သကဲ့သို့ အခြားသော ဣသရေလလူမျိုးတို့ မကြောက်ရပါ"

သူစိတ် ... သူ၏အဘော်တို့ စိတ်
ဤတွင် "စိတ်" သည်လူတစ်ယောက်၏ သတ္တိကို ကိုယ်စားပြုသည်။

တပ်မှူးတို့သည် လူများကို စစ်ချီစေရကြမည်
"အရာရှိများသည် လူမျိုးများကို အုပ်ချုပ်သူအရာရှိများအား ခန့်၍ ဣသရေလ လူမျိုးများအား ဦးဆောင်ရမည်။"

Deuteronomy 10

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

မြို့တစ်စုံတမြို့ကို တိုက်ခြင်းငှာ ချဉ်း သောအခါ
ဤတွင်"မြို့" သည် လူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်မြို့ကြီးမှာ ရှိသည့် လူများအား စစ် တိုက်ရန်ထွက်သွားသောအခါ"

စစ်ငြိမ်းမည်အကြောင်းကို ဟစ်ကြော်ရမည်
"မြို့ထဲမှာရှိသောလူများလက်နက်ချရန်အခွင့်အလမ်းပေးရမည်"

မြို့တံခါးကို ဖွင့်ထားလျှင်
ဤတွင်"တံခါး" သည်မြို့တံခါးကိုဆိုလိုသည်။ စကားစုဖြစ်သော " မြို့တံခါးကို ဖွင့်ထား" သည် လက်နက်ချသောလူများနှင့် သူတို့မြို့ထဲသို့ဝင်ရန်ဣသရေလလူမျိုးများခွင့်ပြုထားသူများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် သူတို့၏ မြို့သို့ ငြိမ်းချမ်းစွာ ဝင်ကြပါ"

ထိုမြို့၌ရှိသောသူအပေါင်းတို့ သည်
ငင်းကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကြီးတွင်နေသော လူအားလုံး"

သင့်အား အခွန်ပေး၍ သင့်အမှုကို ထမ်းရကြမည်။
"သင်၏ အိမ်ဖော်ဖြစ်လာမည်"

Deuteronomy 12

စကားပြေမပြောဘဲ သင့်ကို စစ်တိုက် လျှင်
ဤတွင် "ထို" သည် မြို့ထဲမှာရှိသည် လူများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ထဲရှိလူများက လက်နက်မချပါက" သို့မဟုတ် " မြို့ထဲရှိလူတို့သည် သင်တို့ပေးထားသော ငြိမ်းချမ်းရေးကို လက်မခံပါက"

Deuteronomy 14

သူငယ်
"သားသမီးများ"

ဥစ္စာရှိသမျှ
"အဖိုးတန်သောအရာများအားလုံး"

ကိုယ်သို့သိမ်း၍
ငင်းတို့သည် လူမျိုးတို့စစ်တိုက်ရာမှ အနိုင်ယူပြီးသူတို့ထံမှယူသော အဖိုးတန်ပစ္စည်းများဖြစ်သည်။

မြို့ရှိသမျှတို့အား
ဤတွင် "မြို့ရှိသမျှတို့" သည်လူကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကြီးတွင် နေထိုင်သော လူမျိုးများအားလုံး"

Deuteronomy 16

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့် အမွေခံစရာဘို့၊
ခါနန်ပြည်မှာ ရှိသည့်မြို့များကို ထာဝရဘုရားက လူမျိုးတို့အား ပေးသကဲ့သို့ ငင်းမြို့များသည် လူမျိုးတို့၏ အမွေဖြစ်သည်။

အသက်ရှူသော လူသတ္တဝါတစုံတယောက်ကိုမျှ အသက်မရှင်စေရ
"သင်သည်အသက်ရှင်သော ဘယ်သတ္တဝါမျှ အသက်မရှင်စေရ"။ ငင်းသည် အပြုသဘောပုံစံဖြင့် ဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်အသက်ရှင်သော အရာအားလုံးကို သတ်ရမည်"

ရှင်းရှင်းဖျက်ဆီးရမည်
"သင်သည် ဤလူမျိုးစုတို့အား လုံးလုံးလျားလျား ဖျက်ဆီးရမည်"

မှာထားတော်မူသည်အတိုင်း
"ငင်းလူမျိုးများဖျက်စီးပြီးမှ"

လူတို့သည် မိမိတို့ဘုရားများ၌ ပြုသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို
"ဤလူမျိုးတို့သည် သူတို့ ပြုလုပ်သော ဘုရားများနှင့်စက်ဆုပ်ရွံ့ရှာဘွယ်ကောင်းလောက်အောင် ပြုမူသည်"

သင်၏ဘုရားသခင် ထာဝရဘုရားကို မပြစ်မှားမည်အကြောင်း
"ဤလူမျိုးများပြုသကဲ့သို့ သင်၏ဘုရား ထာဝရဘုရားကိုမပြစ်မှားနှင့်"

Deuteronomy 19

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

တိုက်ယူခြင်းငှာ
"စစ်တိုက်သည်"

မစားရသောသစ်ပင်များကို ခုတ်လှဲ၍
"ပုဆိန်ဖြင့် သစ်ပင်များ ဖြတ်ကြခြင်း"

တိုက်ယူခြင်းငှာ ကြာမြင့်စွာ ဝိုင်းထားလျှင်၊ သစ်ပင်များကို မခုတ်မဖြတ် ရ

ဤစကားပြောနည်းအတက်နှင့်ဆိုင်သောမေးခွန်းသည်လူမျိုးများသိ[illegible]
ငှင်းမေးခွန်းကိုဖော်ပြချက်ကဲ့သို့ဘာသာပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အသီးများသည်
လူမဟုတ်သည့်အတွက် သင်တို့ ရန်သူလည်းမဟုတ်"

လူအသက်မွေးဘို့ရာ ဖြစ်သောကြောင့်

"သင်မသိသည့် အပင်များကို အသီးစားနိုင်ရန်ကြီးထွားစေသည်"

စစ်တိုက်ရာ တန်ဆာတို့ကို

[illegible]
လှေကားများနှင့် မျှော်စင်များဖြစ်ရာ ၎င်းတို့ကို မြို့အတွင်း
လက်နက်ဖြင့် ဝိုင်းရံထားရန်အတွက် ချထားရန်လိုအပ်သည်။

မအောင်မီတိုင်အောင်

၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့အတွင်းရှိ
လူမျိုးများစစ်ရှုံးသည်အထိ"

---

## Translation Questions

### Deuteronomy 20:1

ရန်သူတို့သည် စစ်တိုက်ခြင်းငှါ ထွက်ချီတက်လာသောအခါ အဘယ်ကြောင့်
ဣသရေလလူတို့သည် အဘယ်သူမျှကြောက်လန့်ခြင်းမရှိခဲ့သနည်း။

အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောသူတို့၏ ဘုရားသခင်
ထာဝရဘုရားသည် သူတို့နှင့်အတူရှိလိမ့်မည်ဖြစ်သောကြောင့်
ဣသရေလလူတို့သည် ကြောက်လန့်ခြင်းမရှိခဲ့ပေ။

### Deuteronomy 20:2

ဣသရေလလူတို့သည် စစ်တိုက်ခြင်းငှါ ချဉ်းကပ်လာသောအခါ အဘယ်သို့
ဖြစ်ပျက်ရလိမ့်မည်နည်း။

ယဇ်ပုရောဟိတ်သည် လူများတို့အား ပြောဆိုသည်မှာ
ရန်သူတို့အား ကြောက်ရွံ့ခြင်းမရှိနှင့်၊ ထာဝရဘုရားသည်
ရန်သူတို့အား စစ်တိုက်ခြင်းငှါ သင်တို့နှင့်အတူ ရှိသည်ဟု
ပြောခဲ့သည်။

### Deuteronomy 20:5

ယောက်ျားတစ်ဦးသည် အိမ်အသစ်တစ်ခုကို ဆောက်သဖြင့် ၎င်းအား
ဘုရားသခင်၌ မအပ်သေးလျှင် သူသည် အဘယ်သို့ ပြုသင့်သနည်း။

သူသည် ၎င်းအား မအပ်သေးသဖြင့် စစ်ပွဲမှ မိမိအိမ်သို့
ပြန်သင့်သည်။

### Deuteronomy 20:6

ယောက်ျားတစ်ဦးသည် မိန်းမတစ်ယောက်နှင့် စေ့စပ်၍ သူမအား
လက်မထပ်ရသေးလျှင် သူသည် အဘယ်သို့ ပြုသင့်သနည်း။

သူမအား လက်မထပ်သေးသဖြင့် သူသည်လည်း စစ်ပွဲမှ
မိမိအိမ်ပြန်၍ သူမအား လက်ထပ်သင့်သည်။

### Deuteronomy 20:10

ဝေးလံသော မြို့ ရှိ လူတို့သည် စစ်ပြေငြိမ်းခြင်းကိုလက်ခံခဲ့လျှင် အဘယ်သို့
ဖြစ်မည်နည်း။

မြို့ ၌ လူအပေါင်းတို့သည် ဣသရေလအမျိုး၏ အစေခံ
အမှုထမ်းများ ဖြစ်လာရမည် ဖြစ်သည်။

### Deuteronomy 20:12

မြို့သည် ငြိမ်းချမ်းခြင်း ကမ်းလှမ်းမှုအား လက်မခံဘဲ ဣသရေလတဖက်၌
စစ်တိုက်ခြင်းကို ပြုခဲ့လျှင် အဘယ်သို့ဖြစ်ရမည်နည်း။

ထာဝရဘုရားသည် ဣသရေလအမျိုးအား အောင်မြင်ခြင်းကို
ပေးသောအခါ မြို့ ၌ ရှိသမျှသော ယောက်ျားအားလုံးကို
သူတို့သည် သတ်ရမည်။

### Deuteronomy 20:16

ဣသရေလလူတို့အား ထာဝရဘုရားသည် အမွေအဖြစ် သူတို့အား
ပေးသောပြည်၏ မြို့များ၌ သက်ရှိ လူသတ္တဝါအရာအားလုံးကို
အဘယ်ကြောင့် ဖျက်ဆီးရပါမည်နည်း။

ပြည်မှ လူတို့သည် စက်ဆုပ်ရွံ့ရှာဘွယ်သော အကျင့်တို့ကို
မလုပ်ဆောင်ဖို့ ထာဝရဘုရားကို ပြစ်မှားသောအပြစ်များ မပြုဖို့
သူတို့အား မသွန်သင်သောကြောင့် သူတို့သည် အရာအားလုံးကို
ဖျက်ဆီးရမည်။

### Deuteronomy 20:19

ဣသရေလအမျိုးသားတို့သည် သူတို့တိုက်ခိုက်ခဲ့သော မြို့ကြီးများရှိ
သစ်ပင်တို့အား မည်သို့ လုပ်သင့်သနည်း။

ဣသရေလအမျိုးသည် အစားအစာအဘို့ အသုံးပြုကြသည့်
သစ်ပင်များကို ခုတ်မလှဲသင့်ပေ။ သို့သော် သူတို့သည် မြို့တစ်မြို့
အား တိုက်ခိုက်ရန် မြေခံတပ်တည်ဆောက်ရန်
အစားအစာအတွက် အသုံးမပြုသေးသော သစ်ပင်များကို
ခုတ်လှဲနိုင်သည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 21

1 သင်၏ဘုရားသခင် ထာဝရဘုရား အပိုင်ပေး တော်မူသောပြည်တွင်၊ လွတ်လပ်သောအရပ်၌ လူအသေ ကောင်ရှိသည်ကို တွေ့၍၊
အဘယ်သူသတ်သည်ကို မသိ လျင်၊ 2 သင်၌ အသက်ကြီးသူ၊ တရားသူကြီးတို့သည် ထွက်၍၊ ပတ်ဝန်းကျင်မြို့ရွာများတိုင်အောင်
တိုင်းထွာ ရကြမည်။ 3 အသေကောင်နှင့် အနီးဆုံးသောမြို့၌ အသက် ကြီးသူတို့သည် ထမ်းဘိုးတင်ခြင်း၊ စေခိုင်းခြင်းကို မပြုဘူး
သေးသော နွားသငယ်ကို ယူ၍၊ 4 လယ်မလုပ်မျိုးစေ့ မကြဲနိုင်အောင် ရေမပြတ် သော ချောင်းသို့ ဆောင်သွား၍၊ ထိုချောင်း၌ နွား
လည်ပင်းကို ဖြတ်ပြီးမှ၊ 5 သင်၏ဘုရားသခင် ထာဝရဘုရား အမှုတော်ကို ဆောင်ရွက်စေခြင်းငှာ၎င်း၊ ထာဝရဘုရား အခွင့်နှင့်
ကောင်းကြီးပေးစေခြင်းငှာ၎င်း ရွေးချယ်တော် မူသော လေဝိသား ယဇ်ပုရောဟိတ်တို့သည် ချဉ်း၍ တရားတွေ့ခြင်းအမှု၊
ရိုက်ပုတ်ခြင်းအမှု ရှိသမျှတို့ကို စီရင်ဆုံးဖြတ်ရကြမည်။ 6 အသေကောင်နှင့် အနီးဆုံးသောမြို့သား အသက်ကြီးသူ အပေါင်းတို့သည်၊
ထိုချောင်း၌ လည်ပင်း ဖြတ်ပြီးသော နွားမအပေါ်မှာ မိမိတို့လက်ကို ဆေးလျက်၊ 7 ငါတို့လက်သည် ဤအသွေးကို မသွန်း၊ ငါတို့
မျက်စိသည် မမြင်။ 8 အိုထာဝရဘုရား၊ ရွေးတော်မူသော ကိုယ်တော် ၏လူ ဣသရေလအမျိုးကို သနားတော်မူပါ။ မသေထိုက်
သောသူကို သတ်သောအပြစ်သည် ကိုယ်တော်၏လူ ဣသရေလအမျိုးအပေါ်သို့ ရောက်စေတော်မမူပါနှင့်ဟု မြွက်ဆိုရကြမည်။
သို့ပြုလျှင် အသက်ကို သတ်သော အပြစ်လွတ်လိမ့်မည်။ 9 ထိုသို့ သင်သည် ထာဝရဘုရားရှေ့တော်၌ ကောင်းသောအမှုကို
ပြုသောအခါ၊ မသေထိုက်သော သူ၏ အသွေးကို ပယ်ရှင်းရလိမ့်မည်။ 10 သင်သည် ရန်သူတို့ကို စစ်တိုက်သွား၍ သင်၏ ဘုရားသခင်
ထာဝရဘုရားသည် သူတို့ကို သင့်လက်၌ အပ်တော်မူသဖြင့်၊ သင်သည် ဘမ်းယူသောအခါ၊ 11 ဘမ်းယူသောသူတို့တွင်
အဆင်းလှသော မိန်းမ ကို မြင်၍ စုံဘက်ခြင်းငှာ အလိုရှိလျှင်၊ 12 သင့်အိမ်သို့ သူ့ကိုခေါ်သွား၍၊ သူသည် ဦးဆံရိတ်ခြင်း၊
လက်သည်းလှီးဖြတ်ခြင်းကို ပြုလျက်၊ 13 ဘမ်းယူရာအဝတ်ကို ချွတ်ပယ်၍ တလပတ်လုံး မိဘတို့ကို မြည်တမ်းလျက် သင့်အိမ်၌
နေပြီးသောနောက်၊ သင်သည် သူနှင့်စုံဘက်၍ သူသည် သင်၏မယား ဖြစ်မည်။ 14 နောက်တဖန် သူ့ကို မချစ်လျှင်၊ သူ့အလိုအ
လျောက်သွားသောအခွင့်ကို ပေးရမည်။ သူ့ကိုရှုတ်ချ သောကြောင့် ငွေနှင့်မရောင်းရ၊ ကျွန်အရာ၌ မထားရ။ 15 လင်ချစ်သော မယား၊
မုန်းသော မယားနှစ် ယောက်တို့သည် သားကိုဘွား၍၊ အဦးဘွားသော သားသည် မုန်းသောမယား၏ သားဖြစ်လျှင်၊ 16 ထိုသူသည်
မိမိအမွေဥစ္စာကို ဝေသောအခါ၊ မုန်းသောမယား၏ သားဦးကို နှိမ့်ချ၍ ချစ်သောမယား၏ သားကို သားဦးအရာ၌ မချီးမြှောက်ရ။ 17
မုန်းသောမယား၏ သားသည် သားဦးဖြစ်သည် ဟု ဝန်ခံ၍၊ နှစ်ဆသော အမွေဥစ္စာကို သူ့အားပေးရမည်။ အကြောင်းမူကား၊
ထိုသားသည် အဘ၏ ခွန်အားအစဦး ဖြစ်၏။ သားဦးအရိပ်အရာနှင့် ဆိုင်ပေ၏။ 18 အဘ၌ ဆိုးသောသား၊ ခက်ထန်သောသဘော ရှိ၍
မိဘစကားကို နားမထောင်သောသား၊ မိဘတို့ ဆုံးမသော်လည်း ဆုံးမခြင်းကို မခံသောသားရှိလျှင်၊ 19 မိဘတို့သည် ထိုသားကို
ဆွဲကိုင်၍၊ မြို့၌ အသက်ကြီးသူတို့ရှိရာ မြို့တံခါးဝသို့ ဆောင်ခဲ့ပြီးလျှင်၊ 20 အကျွန်ုပ်တို့သားသည် ဆိုးသောသူ၊ ခက်ထန်
သောသဘောရှိ၍ အကျွန်ုပ်တို့စကားကို နားမထောင် သောသူ ဖြစ်ပါ၏။ စားကြူးသောသူ၊ သောက်ကြူးသော သူ ဖြစ်ပါ၏ဟု မြို့၌
အသက်ကြီးသူတို့အား လျှောက်ဆို ရမည်။ 21 မြို့သားယောကျ်ားအပေါင်းတို့သည် ထိုသားကို ကျောက်ခဲနှင့်ပစ်၍
အသေသတ်ရကြမည်။ ထိုသို့ သင်တို့ တွင် ဒုစရိုက်အပြစ်ကို ပယ်ရှားသဖြင့်၊ ဣသရေလအမျိုး သားအပေါင်းတို့သည် ထိုသိတင်းကို
ကြား၍ ကြောက်ရွံ့ ခြင်း ရှိကြလိမ့်မည်။ 22 သေထိုက်သော အပြစ်ရှိသောသူကို သစ်တိုင်၌ ဆွဲ၍သတ်လျှင်၊ 23 အသေကောင်ကို
သစ်တိုင်၌ တညဉ့်လုံးမထား ရ။ ထိုနေ့ခြင်းတွင် မြေ၌ ဆက်ဆက်မြှုပ်ရမည်။ သစ်တိုင်၌ ဆွဲထားခြင်းကို ခံရသောသူသည်
ကျိန်ခြင်းကို ခံရသော သူဖြစ်၏။ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အမွေခံစရာဘို့ ပေးတော်မူသော ပြည်သည် မညစ်
ညူးစေမည် အကြောင်း ထိုသို့ပြုရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 22

1 သင့်ညီအစ်ကို၏ သိုးနွားသည် လမ်းလွဲသည်ကို ကြည့်၍မနေရ။ ညီအစ်ကိုထံသို့ ဆက်ဆက်ပြန်ပို့ရမည်။ 2 ညီအစ်ကို ဝေးသော်၎င်း၊
သူ့ကို မသိသော်၎င်း၊ ထိုသိုးနွားကို ကိုယ်အိမ်သို့ ဆောင်ခဲ့ရမည်။ ညီအစ်ကို သည်မရှာ၊ သူ၌ မအပ်မှီတိုင်အောင် ကိုယ်အိမ်၌ ထားရ
မည်။ 3 မြည်းဖြစ်စေ၊ အဝတ်ဖြစ်စေ၊ ညီအစ်ကို၏ဥစ္စာ တစုံတခုပျောက်၍ သင်တွေ့မိလျှင်၊ ကြည့်၍မနေဘဲ ထိုအတူ ပြုရမည်။ 4
ညီအစ်ကို မြည်းနွားသည် လမ်း၌ လဲလျက်ရှိ သည်ကို ကြည့်၍မနေရ။ ညီအစ်ကိုနှင့်ဝိုင်း၍ ဆက်ဆက် မစရမည်။ 5 မိန်းမသည်
ယောကျ်ားအဝတ်ကို မဝတ်ရ။ ယောကျ်ားသည်လည်း မိန်းမအဝတ်ကို မဝတ်ရ။ ထိုသို့ ဝတ်သောသူရှိသမျှတို့ကို သင်၏ဘုရားသခင်
ထာဝရ ဘုရားသည် စက်ဆုပ်ရွံ့ရှာတော်မူ၏။ 6 သစ်ပင်ပေါ် မြေပေါ်မှာ ငှက်သိုက်၌ ငှက်မ သည် အဥများ၊ သားငယ်များကို ဝပ်လျက်
နေသည်ကို တွေ့လျှင်၊ သားငယ်တို့နှင့်အတူ အမိကိုမယူရ။ 7 သင်သည် ကောင်းစား၍ အသက်တာရှည်မည် အကြောင်း၊
သားငယ်တို့ကို သိမ်းယူလျှင်လည်း အမိကို လွှတ်လိုက်ရမည်။ 8 လူသည် အိမ်မိုးပေါ်ကကျ၍ လူအသက်ကို သတ်သော
အပြစ်မရောက်မည်အကြောင်း၊ အိမ်အသစ် ကို ဆောက်သောအခါ၊ အမိုးနားပတ်လည်၌ အဆီးအ တားကို လုပ်ရမည်။ 9
စပျစ်ဥယျာဉ်၌ ခြားနားသော မျိုးစေ့တို့ကို ရောနှော၍ မကြဲရ။ ထိုသို့ကြဲလျှင်၊ မျိုးစေ့အသီး၊ စပျစ်ပင် အသီး နှစ်ပါးစလုံး
ပျက်လိမ့်မည်။ 10 နွားနှင့် မြည်းကို ဘက်၍ လယ်မထွန်ရ။ 11 ဝါနှင့်သိုးမွေးကို ရောနှော၍ ရက်သောအဝတ် ကို မဝတ်ရ။ 12
သင်ခြုံသောအဝတ်စွန် လေးဘက်၌ ပန်းပွားတို့ ကို ဆွဲရမည်။ 13 လူသည် မယားနှင့်ထိမ်းမြားဆက်ဆံပြီးမှ၊ တဖန် ထိုမိန်းမကို မုန်း၍၊
14 ငါသည် ဤမိန်းမနှင့် ထိမ်းမြားဆက်ဆံသော အခါ၊ ကညာမစစ်ကြောင်းကို သိရပြီဟု ထိုမိန်းမ၌ ကဲ့ရဲ့စရာအကြောင်းကို ပြု၍
သူ့အသရေကို ဖျက်လျှင်၊ 15 ထိုမိန်းမ၏ မိဘတို့သည် ကညာ၏ လက္ခဏာ သက်သေကို ဆောင်လျက်၊ မြို့၌ အသက်ကြီးသူတို့ရှိရာ
မြို့တံခါးဝသို့ သွား၍၊ 16 ထိုမိန်းမ၏အဘက၊ အကျွန်ုပ်သမီးကို ဤလူ၌ အကျွန်ုပ်ပေးစားပါပြီ။ သူသည် အကျွန်ုပ်သမီးကို မုန်း၍၊ 17
သင်၏သမီးသည် ကညာမစစ်ကြောင်းကို ငါတွေ့ပြီဟု ဆိုလျက် ကဲ့ရဲ့စရာအကြောင်းကို ပြုပါ၏။ သို့ရာတွင် ဤသည်ကား၊
အကျွန်ုပ်သမီး၏ ကညာ လက္ခဏာ သက်သေဖြစ်ပါ၏ဟု အသက်ကြီးသူတို့အား လျှောက်ဆိုလျက် ထိုအဝတ်ကို သူတို့ရှေ့မှာလှန်၍
ပြရမည်။ 18 ထိုအခါ မြို့၌ အသက်ကြီးသူတို့သည် ထိုလူကို ယူ၍ ရိုက်ပြီးမှ၊ 19 ငွေတပိသာကို လျော်စေ၍၊ မိန်းမ၏ အဘ အား
ပေးရမည်။ အကြောင်းမူကား၊ ဣသရေလအမျိုး ကညာ၏ အသရေကို ထိုသူဖျက်လေပြီ။ ထိုမိန်းမသည် သူ၏မယားဖြစ်ရမည်။
တသက်လုံး ထိုမိန်းမနှင့်မကွာရ။ 20 သို့မဟုတ် လင်စကားမှန်၍၊ ထိုမိန်းမ၌ ကညာ လက္ခဏာသက်သေ မရှိလျှင်၊ 21
မြို့သားယောကျ်ားတို့သည် ထိုမိန်းမကို အဘ အိမ်တံခါးသို့ ဆောင်ခဲ့ပြီးလျှင် ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။
အကြောင်းမူကား၊ သူသည် အဘ အိမ်၌ မတရားသော မေထုန်သို့လိုက်၍ ဣသရေလ အမျိုး၌ မိုက်မဲသောအမှုကို ပြုလေပြီ။ ထိုသို့
သင်တို့တွင် ဒုစရိုက်အပြစ်ကို ပယ်ရှားရကြမည်။ 22 လင်ရှိသောမိန်းမနှင့် အခြားသောယောကျ်ား သင့်နေသည်ကို တွေ့မိလျှင်၊
ထိုယောကျ်ားနှင့် မိန်းမ နှစ်ယောက်တို့သည် အသေသတ်ခြင်းကို ခံရမည်။ ထိုသို့ ဒုစရိုက်အပြစ်ကို ဣသရေလအမျိုးမှ ပယ်ရှားရမည်။
23 အပျိုကညာကို ယောကျ်ားနှင့် ထိမ်းမြားဆောင် နှင်းပြီးမှ၊ အခြားသောယောကျ်ားသည် မြို့ထဲမှာတွေ့၍ သင့်နေလျှင်၊ 24
ထိုသူနှစ်ယောက်တို့ကို မြို့တံခါးဝသို့ ထုတ်ဆောင် ပြီးလျှင် ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။ မိန်းမသည် မြို့ထဲမှာ
ရှိလျက်ပင် မအော်မဟစ်သော ကြောင့်၎င်း၊ ယောကျ်ားလည်း သူ့မယားကို ရှုတ်ချသော ကြောင့်၎င်း၊ ထိုသူနှစ်ယောက်တို့သည်
အသေသတ်ခြင်း ကို ခံရမည်။ ထိုသို့ သင်တို့တွင် ဒုစရိုက်အပြစ်ကို ပယ်ရှား ရကြမည်။ 25 အပျိုကို ယောကျ်ားနှင့်
ထိမ်းမြားဆောင်နှင်းပြီး မှ အခြားသော ယောကျ်ားသည် တော၌ တွေ့၍ အနိုင် အထက်ပြုလျှင်၊ ထိုယောကျ်ား
တယောက်တည်းကိုသာ အသေသတ်ရမည်။ 26 သေထိုက်သော အပြစ်မရှိသော ထိုမိန်းမကို သင်သည် အဘယ်သို့မျှ မပြုရ။ 27
အကြောင်းမူကား၊ ယောကျ်ားသည် ထိုမိန်းမကို တော၌တွေ့၍ မိန်းမအော်ဟစ်သော်လည်း ကူညီသောသူ မရှိသောကြောင့်၊
ထိုအမှုသည် လူချင်းတယောက်ကို တယောက် ရန်ပြု၍ သတ်သောအမှုနှင့်တူ၏။ 28 ယောကျ်ားနှင့် မထိမ်းမြား မဆောင်နှင်းသေး
သော အပျိုကညာကို အခြားသောယောကျ်ားသည် တွေ့၍ ကိုင်ဆွဲသင့်နေသည်ကို တွေ့မိလျှင်၊ 29 ထိုယောကျ်ားသည် မိန်းမ၏
အဘအား ငွေ ငါးဆယ်ကို လျော်ရမည်။ ထိုမိန်းမသည်လည်း သူ၏ မယားဖြစ်ရမည်။ သူ့ကို ရှုတ်ချသောကြောင့် တသက်လုံး မကွာရ။
30 လူသည် မိမိအဘနှင့်သာဆိုင်သော အဘ၏ မယားကို မသိမ်းရ။



generated on Sun Jun 30 02:37:40 2024

## Chapter 23

[1] ယောက်ျား၏ အင်္ဂါလက္ခဏာ မစုံလင်၊ ချို့တဲ့ သောယောက်ျားသည် ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင်မဖြစ်ရ။ [2]
မျောက်မထား၍ ရသောသားသည် ထာဝရ ဘုရား၏ ပရိသတ်တော်၌ အပါအဝင်မဖြစ်ရ။ ဆယ် ဆက်မြောက်အောင် မဝင်ရ။ [3]
အမ္မုန်အမျိုးသား၊ မောဘအမျိုးသားသည် လည်း၊ ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင် မဖြစ်ရ။ ကာလအစဉ်မကုန်၊
ဆယ်ဆက်မြောက်အောင် မဝင်ရ။ [4] အကြောင်းမူကား၊ သင်သည် အဲဂုတ္တုပြည်မှ ထွက်လာသောအခါ၊ သူတို့သည် မုန့်နှင့်ရေကို
ဆောင်၍ ခရီးဦးကြို မလာကြ။ သင့်ကို ကျိန်ဆဲစေခြင်းငှာ၊ မေသောပေါတာမိပြည်၊ ပေသော်မြို့၌ နေသော ဗောရ သား ဗာလမ်ကို
ငှားကြ၏။ [5] သို့ရာတွင် သင်၏ဘုရားသခင် ထာဝရဘုရား သည် ဗာလမ်စကားကို နားမထောင်။ သင့်ကိုချစ်သော ကြောင့်
ကျိန်ဆဲခြင်းကို သင်၌ ကောင်းကြီးမင်္ဂလာ ဖြစ်စေတော်မူ၏။ [6] သင်သည် သူတို့ချမ်းသာ၊ သူတို့စည်းစိမ်ကို တသက်လုံးအစဉ်မပြုစုရ။
[7] ဧဒုံအမျိုးသားကိုမူကား၊ မမုန်းရ။ သူသည် သင်၏ ညီအစ်ကို ဖြစ်၏။ အဲဂုတ္တုအမျိုးသားကိုလည်း မမုန်းရ။ သူ၏ပြည်၌ သင်သည်
ကျွန်ခံခဲ့ဘူးပြီ။ [8] သူတို့အမျိုးအနွယ်သည် သုံးဆက်မြောက်မှသာ ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင်ဖြစ်ရသော အခွင့်ရှိ၏။
[9] ရန်သူတို့ကို စစ်တိုက်သွားသောအခါ၊ မတရား သောအမှု ရှိသမျှကို ရှောင်လော့။ [10] ညဉ့်အချိန်၌ ရောက်တတ်သော မစင်ကြယ် သော
အကြောင်းကြောင့် မစင်ကြယ်သောသူသည် သင်တို့တွင်ရှိလျှင် သူသည် တပ်ပြင်သို့ ထွက်ရမည်။ တပ်ထဲသို့မဝင်ရ။ [11]
မိုးယှုံးချုပ်သောအခါ ရေချိုး၍၊ နေဝင်ပြီးမှ တပ်ထဲသို့ ဝင်ရမည်။ [12] သင့်ကျင်ကြီးစွန့်ရာ အရပ်သည် တပ်ပြင်၌ရှိရ မည်။ [13]
တပ်ပြင်သို့ထွက်၍ စွန့်သောအခါ၊ ကိုယ်၌ပါ သော သစ်သားတူးရွင်းနှင့် မြေ၌တူးရမည်။ နောက်တဖန် လှည့်၍ မစင်ကို ဖုံးအုပ်ရမည်။
[14] အကြောင်းမူကား၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည် သင့်ကိုကယ်တင်၍ ရန်သူတို့ကို သင့်လက်၌ အပ်ခြင်းငှာ၊
သင်၏တပ်ထဲမှာ သွားလာတော်မူ၏။ ထို့ကြောင့်၊ သင့်အထဲ၌ မစင်ကြယ်သောအရာ တစုံတခု ကို မြင်၍ သင်မှ ရှောင်သွားတော်
မမူမည်အကြောင်း၊ သင်၏ တပ်သည် သန့်ရှင်းရမည်။ [15] မိမိသခင်ထံကပြေး၍ သင့်ထံသို့ ရောက်သော ကျွန်ကို သခင်၌ မအပ်ရ။ [16]
ထိုကျွန်သည် အလိုအလျောက်နေချင်သော အရပ်၊ သင့်နေရာမြို့ တစုံတမြို့၌ သင့်ထံမှာနေရသော အခွင့်ရှိ၏။ သူ့ကို မညှဉ်းဆဲရ။ [17]
ဣသရေလအမျိုးသမီးတို့တွင် ပြည်တန်ဆာ မရှိရ။ ဣသရေလအမျိုးသားတို့တွင် ယောက်ျားအလိုသို့ လိုက်တတ်သော
မိန်းမလျှာမရှိရ။ [18] ပြည်တန်ဆာလုပ်၍ ရသောငွေ၊ ခွေးကိုရောင်း ၍ ရသောငွေကို သစ္စာဂတိပြေစေခြင်းငှာ၊ သင်၏ဘုရား သခင်
ထာဝရဘုရား၏ အိမ်တော်သို့ မသွင်းရ။ ထိုသို့ သောငွေကို စက်ဆုပ်ရွံရှာတော်မူ၏။ [19] သင်၏အမျိုးသားချင်း၌ အတိုးယူ၍၊ ငွေ၊
စားစရာ၊ အသုံးအဆောင်ကို မချေးမငှားရ။ [20] တပါးအမျိုးသား၌ အတိုးယူ၍ ချေးငှားရ၏။ သင်သွား၍ ဝင်စားသောပြည်တွင်
သင်ပြုလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားသည် ကောင်းကြီးပေး တော်မူမည်အကြောင်း၊ အမျိုးသားချင်း၌ အတိုးယူ၍
ချေးငှားခြင်းကို ရှောင်ရမည်။ [21] သင်၏ဘုရားသခင် ထာဝရဘုရားအား သစ္စာ ဂတိထားလျှင်၊ ထားသည်အတိုင်း မပြုဘဲမနေရ။
သင်၏ ဘုရားသခင် ထာဝရဘုရားသည် ဧကန်အမှန်တောင်း တော်မူမည်။ သင်သည် မပြုဘဲနေလျှင် အပြစ်ရောက် လိမ့်မည်။ [22]
သစ္စာဂတိ မထားဘဲနေလျှင် အပြစ်မရောက်။ [23] သင်သည် သင်၏ ဘုရားသခင် ထာဝရဘုရား အား ကိုယ်အလိုအလျောက်
သစ္စာဂတိထား၍၊ ကိုယ်နှုတ် နှင့် မြွက်ဆိုသောစကားကို တည်စေ၍၊ ဂတိရှိသည်အ တိုင်း ပြုရမည်။ [24] သင်သည် အိမ်နီးချင်း၏
စပျစ်ဥယျာဉ်ထဲသို့ ဝင်သောအခါ၊ အလိုအလျောက် စပျစ်သီးကို ဝစွာစားရ သော်လည်း မသိမ်းမယူရ။ [25] အိမ်နီးချင်း၏
စပါးလယ်ထဲသို့ ဝင်သောအခါ၊ စပါးနှံကိုလက်နှင့် ဆွတ်ရသော်လည်း တံစဉ်နှင့်မရိတ်ရ။

 generated on Sun Jun 30 02:37:40 2024

## Chapter 24

1 တစုံတယောက်သောသူသည် မယားနှင့်ထိမ်း မြား၍ ဆက်ဆံပြီးမှ တဖန် အပြစ်တင်စရာ အကြောင်း ရှိသောကြောင့် စိတ်မတွေ့လျှင်၊
ဖြတ်စာကို ရေး၍ သူ၌ အပ်ပေးသဖြင့် လွှတ်လိုက်ရမည်။ 2 ထိုမိန်းမသည် လင်အိမ်မှထွက်သွားသော နောက်၊ အခြားသော
သူ၏မယား ဖြစ်ရသောအခွင့်ရှိ၏။ 3 နောက်နေသောလင်သည်လည်း သူ့ကိုမုန်းလျှင်၊ ဖြတ်စာကို ရေး၍ သူ၌အပ်သဖြင့်
လွှတ်လိုက်သည် ဖြစ်စေ၊ ထိုလင်သေသည်ဖြစ်စေ၊ 4 အရင်လွှတ်လိုက်သော လင်ဟောင်းသည် ညစ်ညူးခြင်းရှိသော ထိုမိန်းမကို
နောက်တဖန်မသိမ်းရ။ ထာဝရဘုရားရှေ့တော်၌ စက်ဆုပ်ဘွယ်သောအမှုဖြစ် ၏။ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အမွေခံ
စရာဘို့ ပေးတော်မူသောပြည်၌ အပြစ်မရောက်စေရ။ 5 အိမ်ထောင်ဘက်ပြုစရှိသောသူသည် စစ်တိုက် မသွားရ။ မင်းအမှုကို
မဆောင်ရ။ တနှစ်ပတ်လုံး ကိုယ်အိမ်၌ မလွတ်နေ၍ မယားကို ကျွေးမွေးပြုစုရမည်။ 6 ကြိတ်ဆုံအပေါ်ကျောက်ပြားကို ဖြစ်စေ၊
အောက်ကျောက်ပြားကို ဖြစ်စေ၊ အဘယ်သူမျှ အပေါင် မယူရ။ ထိုသို့ယူလျှင်၊ သူ့အသက်ကို အပေါင်ယူသည်နှင့် တူ၏။ 7 လူသည်
မိမိအမျိုးသားချင်းဖြစ်သော ဣသရေ လအမျိုးသားကို ခိုး၍ ကျွန်အရာ၌ ထားသည်ဖြစ်စေ၊ ရောင်းသည်ဖြစ်စေ၊ ထိုသူခိုးကို
တွေ့မိလျှင် အသေသတ် ရမည်။ သင်တို့တွင် ဒုစရိုက်အပြစ်ကို ထိုသို့ ပယ်ရှားရကြ မည်။ 8 နူနာဘေးရောက်သောအခါ၊ လေဝိသား
ယဇ် ပုရောဟိတ်တို့ သွန်သင်သမျှအတိုင်း သတိပြု၍ စေ့စေ့ စောင့်ရှောက်လော့။ သူတို့ကို ငါမှာထားသည်အတိုင်း
ကျင့်စောင့်ကြလော့။ 9 သင်တို့သည် အဲဂုတ္တုပြည်မှထွက်၍ ခရီးသွားကြ စဉ်တွင်၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်၊ မိရိအံ၌
ပြုတော်မူသောအမှုကို အောက်မေ့ကြလော့။ 10 သင်သည် အမျိုးသားချင်း၌ တစုံတခုကို ချေး ငှားလျှင်၊ အပေါင်ထားသောဥစ္စာကို
ယူခြင်းငှာ သူ့အိမ်ထဲ သို့ မဝင်ရ။ 11 သင်သည် အိမ်ပြင်မှာရပ်နေ၍၊ ထိုသူသည် အပေါင်ထားသော ဥစ္စာကို သင့်ရှိရာအိမ်ပြင်သို့
ဆောင်ခဲ့ ရမည်။ 12 ထိုသူသည် ဆင်းရဲလျှင်၊ ပေါင်၍ထားသော ဥစ္စာကို ပြန်မအပ်ဘဲ ညဉ့်ကိုမလွန်စေရ။ 13 သူသည် မိမိအဝတ်ကို
ဝတ်ခြုံလျက် အိပ်ပျော်၍ သင့်ကိုကောင်းကြီးပေးမည် အကြောင်း၊ သူပေါင်၍ထား သော ဥစ္စာကို နေဝင်လျှင်
ဆက်ဆက်ပြန်အပ်ရမည်။ ထိုသို့ပြုသော အမှုသည် သင်၏ဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌ ဖြောင့်မတ်သောအမှု ဖြစ်လိမ့်မည်။
14 အမျိုးသားချင်းဖြစ်စေ၊ သင့်နေရာမြို့ရွာတို့၌ တည်းခိုသော တပါးအမျိုးသားဖြစ်စေ၊ ဆင်းရဲငတ်မွတ် သောသူငှားကို မညှဉ်းဆဲရ။
15 နေ့စဉ်မပြတ် သူ့အခကို ပေးရမည်။ မပေးဘဲ နေမဝင်စေနှင့်။ သူသည် ဆင်းရဲသောကြောင့် ရထိုက် သော အခကိုလည်း
စိတ်စွဲလမ်းလျက် ရှိလိမ့်မည်။ မပေးဘဲနေလျှင် သူသည် သင့်ကို အပြစ်တင်၍ ထာဝရ ဘုရားကို အော်ဟစ်သဖြင့် သင်၌
အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၏။ 16 အဘသည် သား၏အပြစ်ကြောင့်၎င်း၊ သား သည် အဘ၏အပြစ်ကြောင့်၎င်း၊ အသေမခံရ။
လူတိုင်း မိမိအပြစ်ကြောင့်သာ အသေခံရမည်။ 17 တရားရှာတွေ့ခြင်းအမှုမှာ တပါးအမျိုးသားနှင့် မိဘမရှိသောသူကို အရှုံးမပေးရ။
မုတ်ဆိုးမအဝတ်ကို အပေါင်မယူရ။ 18 သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံခဲ့ဘူးကြောင်းကို ၎င်း၊ သင်၏ဘုရားသခင် ထာဝရဘုရားသည်
သင့်ကို ထိုပြည်မှ ရွေးနှုတ်တော်မူကြောင်းကို၎င်း အောက်မေ့ရ မည်။ ထို့ကြောင့် ဤပညတ်ကို ငါထား၏။ 19 သင်သည် ကိုယ်လယ်၌
အသီးအနှံကို ရိတ် သောအခါ၊ မေ့လျော့သောကောက်လှိုင်းကို ပြန်၍ မယူရ။ သင်ပြုလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရား
သည် သင့်ကို ကောင်းကြီးပေးတော်မူမည်အကြောင်း၊ ထိုကောက်လှိုင်းကို တပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုတ်ဆိုးမအဘို့
ထားရမည်။ 20 သင်၏သံလွင်သီးကို ရိုက်ချွေသောအခါ၊ ကျန် ကြွင်းသောအသီးကို ပြန်၍ မရိုက်ချွေရ။ တပါးအမျိုး သား၊
မိဘမရှိသောသူ၊ မုတ်ဆိုးမအဘို့ ထားရမည်။ 21 သင်၏စပျစ်ဥယျာဉ်၌ စပျစ်သီးကို ဆွတ်ယူ သောအခါ ပြန်၍ ကောက်သိမ်းခြင်းကို
မပြုရ။ ကျန်ကြွင်း သောအသီးသည် တပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုတ်ဆိုးမအဘို့ ဖြစ်ရမည်။ 22 သင်သည် အဲဂုတ္တုပြည်၌
ကျွန်ခံခဲ့ဘူးကြောင်းကို အောက်မေ့ရမည်။ ထို့ကြောင့် ဤပညတ်ကို ငါထား၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

[1] လူချင်းအမှုရှိ၍ မင်းထံ၌ အစီရင်ခံလျက်၊ မင်းရှေ့မှာ တရားတွေ့ကြသောအခါ၊ ဖြောင့်မတ်သောသူ ကို အပြစ်လွတ်စေခြင်းငှာ၎င်း၊
ဆိုးသောသူကို အရှုံးခံ စေခြင်းငှာ၎င်း စီရင်ရမည်။ [2] ဆိုးသောသူသည် အရိုက်ခံထိုက်လျှင်၊ တရားသူ ကြီးသည် ကိုယ်မျက်မှောက်၌
သူ့ကို ချ၍၊ အပြစ်နှင့် အလျောက် မည်မျှသော ဒဏ်ချက်ဖြင့် ရိုက်စေရမည်။ [3] သို့သော်လည်း ဒဏ်ချက်လေးဆယ်ထက် မလွန် စေရ။
လွန်၍ များစွာသော ဒဏ်ချက်ဖြင့် ရိုက်လျှင်၊ သင်၏အမျိုးသားချင်းသည် ယုတ်ညံ့သောသူ ဖြစ်ဟန်ရှိ မည်ဟု စိုးရိမ်စရာရှိ၏။ [4]
စပါးနင်းနယ်သော နွားအ၏နှုတ်ကို မချုပ်တည်းရ။ [5] အတူနေသော ညီအစ်ကို တို့တွင်၊ တစုံတ ယောက်သောသူသည်
သားမရှိဘဲသေလျှင်၊ သေသောသူ ၏ မယားသည် အခြားတပါးသောလူစိမ်းနှင့် စုံဘက်ခြင်း ကို မပြုရ။ သူ၏လင်ညီသည် သူ့ကို
သိမ်းယူဆက်ဆံ၍ မရီး၌ ပြုအပ်သောဝတ်ကို ပြုရမည်။ [6] ဣသရေလအမျိုး၌ အစ်ကိုအမည်ကို မပျောက် စေခြင်းငှာ၊
အဦးဘွားသော သားသည် သေသောဘကြီး ၏ အရိပ်အရာကို ခံရမည်။ [7] ညီသည် အစ်ကိုမယားကို မယူလိုလျှင်၊ မိန်းမ သည်
အသက်ကြီးသူတို့ရှိရာ မြို့တံခါးဝသို့သွား၍၊ ကျွန်မ ၏ လင်ညီသည် အစ်ကိုအမည်ကို ဣသရေလအမျိုး၌ မတည်စေလိုပါ။
သူပြုအပ်သောဝတ်ကို မပြုလိုပါဟု လျှောက်လျှင်၊ [8] မြို့၌ အသက်ကြီးသူတို့သည် ထိုသူကို ခေါ်၍ မေးမြန်းရကြမည်။ သူကလည်း၊
ထိုမိန်းမကို အကျွန်ုပ် မယူလိုပါဟုဆို၍ ခိုင်မာစွာနေလျှင်၊ [9] သူ၏မရီးသည် အသက်ကြီးသူတို့ရှေ့မှာ သူ့အပါးသို့ ချဉ်း၍
သူ၏ခြေနင်းကို ချွတ်လျက်၊ သူ၏ မျက်နှာ၌ တံထွေးထွေးလျက်၊ မိမိအစ်ကို အိမ်ကို မဆောက်လိုသောသူ၌ ဤသို့ ပြုသင့်သည်ဟု
သူ့အား ပြန်ပြောရမည်။ [10] နောက်မှ၊ ထိုသူကို ခြေနင်းချွတ်ရသော အမျိုးဟူ၍ ဣသရေလအမျိုး၌ ခေါ်ဝေါ်သမုတ်ရမည်။ [11]
လူချင်းခိုက်ရန်ပြုကြစဉ်တွင်၊ တယောက်သော သူ၏မယားသည် အပါးသို့ချဉ်း၍ မိမိလင်ကို ကူညီလို သောငှာ ခိုက်ရန်ပြုသော သူ၏
ယောကျ်ားတန်ဆာကို ကိုင်ဆွဲမိလျှင်၊ [12] ထိုမိန်းမလက်ကို ဖြတ်ရမည်။ သင်၏ မျက်စိ သည် သူ့ကို မသနားရ။ [13] သင့်အိတ်၌
ကြီးသောအလေး၊ ငယ်သောအ လေးတည်းဟူသော ခြားနားသော အလေးကို မရှိစေရ။ [14] သင့်အိမ်၌ ခြားနားသော ခြင်စရာတန်ဆာ
အကြီးအငယ်ကို မရှိစေရ။ [15] သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောပြည်၌ သင်၏အသက် တာရှည်မည်အကြောင်း၊
မှန်ကန်သောအလေး၊ မှန်ကန်သောခြင်စရာ တန်ဆာ များကိုသာ သုံးရမည်။ [16] အထက်ဆိုခဲ့ပြီးသော အမှုကို ပြုသောသူအ
ပေါင်းတို့နှင့် မတရားသဖြင့် ပြုသောသူအပေါင်းတို့ကို၊ သင်၏ဘုရားသခင် ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ ၏။ [17] သင်သည်
အဲဂုတ္တုပြည်မှ ထွက်၍ ခရီးသွား သောအခါ၊ [18] သင်သည် အားကုန်၍ မောလျက်နေစဉ်တွင်၊ သင့်နောက်၌ လိုက်သောသူ၊
အားနည်းသော သူတို့ကို အာမလက် အမျိုးသားတို့သည် လမ်း၌ ဆီးကြို၍ လုပ်ကြံ ကြောင်းကို၎င်း၊ ဘုရားသခင်ကို
မကြောက်ရွံ့ကြောင်းကို ၎င်း၊ အောက်မေ့လော့။ [19] သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင့်အမွေခံစရာဘို့
အပိုင်ပေးတော်မူသောပြည်၌ သင့်ပတ်လည်၌ နေသောရန်သူအပေါင်းတို့၏ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးတော်မူသောအခါ၊
အာမလက် အမျိုးကို အောက်မေ့စရာ မရှိစေခြင်းငှာ၊ ကောင်းကင် အောက်၌ သုတ်သင်ပယ်ရှင်းရမည်။ ထိုအမှုကို မမေ့ မလျော့ရ။



generated on Sun Jun 30 02:37:40 2024

## Chapter 26

1 သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင့်အမွေခံစရာဘို့ ပေးတော်မူသောပြည်သို့ သင်သည် ဝင်စား၍ နေသောအခါ၊ 2
သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောပြည်၌ အဦးသီးသော အသီးအမျိုးမျိုးကိုယူ၍ ခြင်တောင်း၌ ထည့်ပြီးမှ
သင်၏ဘုရားသခင် ထာဝရ ဘုရား၏ နာမတော်တည်စရာဘို့ ရွေးကောက်တော်မူ သော အရပ်သို့ သွား၍၊ 3 ထိုကာလ၌
ယဇ်ပုရောဟိတ်လုပ်သော သူထံသို့ ချဉ်းလျက်၊ ထာဝရဘုရားသည် ငါ့အားပေးခြင်းငှာ၊ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့
အကျွန်ုပ် ရောက်ပါပြီဟု ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရား အား ယနေ့ အကျွန်ုပ်ဝန်ခံပါသည်ဟု ယဇ်ပုရောဟိတ် အား
ပြောဆိုရမည်။ 4 ယဇ်ပုရောဟိတ်သည်လည်း ခြင်းတောင်းကို သင့်လက်မှယူ၍ သင်၏ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပုလ္လင်ရှေ့မှာ
ချထားရမည်။ 5 သင်ကလည်း၊ အရပ်ရပ်သို့ လှည့်လည်သော ရှုရိအမျိုးသားသည် အကျွန်ုပ်အဘ ဖြစ်ပါ၏။ သူသည် အဲဂုတ္တုပြည်သို့
သွား၍ လူအနည်းငယ်နှင့်တကွ တည်းခို စဉ်တွင် ကြီးမားများပြားသော လူမျိုးဖြစ်ပါ၏။ 6 အဲဂုတ္တုလူတို့သည် အကျွန်ုပ်တို့ကို
ညှဉ်းဆဲနှိပ် စက်၍ ကျပ်တည်းစွာ ကျွန်ခံစေကြ၏။ 7 ဘိုးဘေးတို့ကိုးကွယ်သော ဘုရားသခင် ထာဝရ ဘုရားကို အော်ဟစ်၍
လျှောက်ကြသောအခါ၊ ထာဝရ ဘုရားသည် နားထောင်တော်မူသဖြင့်၊ အကျွန်ုပ်တို့ ခံရသော ညှဉ်းဆဲနှိပ်စက်ခြင်း၊ ပင်ပန်းခြင်းတို့ကို
ကြည့်ရှု တော်မူ၏။ 8 ထိုအခါ ထာဝရဘုရားသည် တန်ခိုးကြီးသော လက်ရုံးတော်ကို ဆန့်၍ ကြောက်မက်ဘွယ်သော နိမိတ် လက္ခဏာ
အံ့ဘွယ်သောအမှုတို့ဖြင့် အကျွန်ုပ်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ပြီးလျှင်၊ 9 နို့နှင့်ပျားရည်စီးသော ဤပြည်သို့ ပို့ဆောင်၍
ပေးသနားတော်မူ၏။ 10 ယခုမှာ အိုထာဝရဘုရား၊ ကိုယ်တော်ပေးသနား တော်မူသောပြည်၌ အဦးသီးသော အသီးကို အကျွန်ုပ်
ဆောင်ခဲ့ပါပြီဟု သင်၏ဘုရားသခင် ထာဝရဘုရားအား လျှောက်ဆိုလျက်၊ ထိုအသီးကို သင်၏ဘုရားသခင် ထာဝရဘုရားရှေ့တော်၌
ထားရမည်။ ရှေ့တော်၌လည်း ကိုးကွယ်ခြင်းကို ပြုရမည်။ 11 သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင်နှင့်
သင်၏အိမ်သူအိမ်သားတို့အား ပြုတော်မူသမျှ သော ကျေးဇူး၌၊ သင်သည် သင်နှင့်အတူ တည်းခိုသော လေဝိသားမှစ၍
တပါးအမျိုးသားတို့နှင့်တကွ ပျော်မွေ့ ခြင်းကို ပြုရမည်။ 12 သုံးနှစ်တွင် ဆယ်ဘို့တဘို့ပေးရသော တတိယ နှစ် ရောက်သောအခါ၊
အစီးအပွားရှိသမျှတို့ကို ဆယ်ဘို့ တဘို့ ကောက်ယူ၍၊ လေဝိသား၊ တပါးအမျိုးသား၊ မိဘမရှိ သောသူ၊ မုတ်ဆိုးမတို့ကို
သင့်နေရာမြို့များ၌ ဝစွာကျွေး မွေးပြီးမှ၊ 13 သင်၏ဘုရားသခင် ထာဝရဘုရားအား၊ ကိုယ် တော်သည် အကျွန်ုပ်ကို
မှာထားတော်မူသမျှအတိုင်း၊ သန့်ရှင်းသောဥစ္စာတို့ကို အိမ်မှထုတ်၍ လေဝိသား၊ တပါး အမျိုးသား၊ မိဘမရှိသောသူ၊ မုတ်ဆိုးမတို့အား
ပေးပါပြီ။ ပညတ်တော်တို့ကို မလွန်ကျူး၊ မမေ့လျော့ပါ။ 14 မသာအမှုကို ဆောင်စဉ်အခါ ထိုဥစ္စာကို အကျွန်ုပ်မစားပါ။
မစင်ကြယ်သော အသုံးအဆောင်ဘို့ အနည်းငယ်ကိုမျှ မယူပါ။ သေသောသူတို့အဘို့ အနည်း ငယ်ကိုမျှ မပေးပါ။
အကျွန်ုပ်ဘုရားသခင် ထာဝရဘုရား ၏ စကားတော်ကို နားထောင်ပါပြီ။ ကိုယ်တော်မှာထား တော်မူသမျှအတိုင်း ပြုပါပြီ။ 15
ကိုယ်တော်၏ သန့်ရှင်းသော နေရာကောင်းကင် ဘုံမှ ငုံ့ကြည့်၍၊ ကိုယ်တော်၏ လူဣသရေလအမျိုးကိုငှင်း၊ ဘိုးဘေးတို့အား
ကျိန်ဆိုတော်မူသည်အတိုင်း၊ အကျွန်ုပ်တို့ အား ပေးတော်မူသောပြည်၊ နို့နှင့် ပျားရည်စီးသော ပြည်ကိုငှင်း ကောင်းကြီးပေးတော်မူပါဟု
လျှောက်ဆို ရမည်။ 16 ယခုစီရင်ထုံးဖွဲ့သမျှအတိုင်း ကျင့်ရမည်ဟု သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည် ဖြစ်၍
စိတ်နှလုံးအကြွင်းမဲ့ ကျင့်စောင့်ရမည်။ 17 ထာဝရဘုရားသည် သင်၏ဘုရားသခင် ဖြစ်တော်မူသည်ဟူ၍ငှင်း၊ လမ်းတော်သို့
လိုက်ပါမည်၊ စီရင်ထုံးဖွဲ့တော်မူသော ပညတ်တရားတော်ကို စောင့် ရှောက်ပါမည်၊ စကားတော်ကို နားထောင်ပါမည်ဟူ၍ ငှင်း၊ ယနေ့
သင်သည် ဝန်ခံပြီ။ 18 ထာဝရဘုရားသည်လည်း ဂတိထားတော်မူသမျှ အတိုင်း၊ သင်သည် ပညတ်တော် အလုံးစုံတို့ကို စောင့်
ရှောက်စေခြင်းငှာ၊ အထူးသဖြင့် ကိုယ်တော်၏ လူမျိုး ဖြစ်သည်ဟူ၍ငှင်း၊ 19 ဖန်ဆင်းတော်မူသော လူမျိုးတကာတို့ထက်
သင်၏ဂုဏ်အသရေကျော်စော ကိတ္တိကို လွန်ကဲစေတော် မူမည်ဟူ၍၊ ငှင်းဂတိတော်ရှိသည်အတိုင်း၊ သင်၏ဘုရား သခင်
ထာဝရဘုရားအဘို့ သန့်ရှင်းသောလူမျိုး ဖြစ်စေ ခြင်းငှာငှင်း ယနေ့ ဝန်ခံတော်မူပြီဟု ဣသရေလအမျိုး သားတို့အား
ဟောပြောလေ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 27

1 တဖန် မောရှေသည်၊ ဣသရေလအမျိုး၌ အသက်ကြီးသူတို့နှင့်တကွ လူများတို့ကို မှာထားသည်ကား၊ ယနေ့ ငါထားသမျှသော
ပညတ်တို့ကို စောင့်ရှောက်ကြ လော့။ 2 သင်သည် ယော်ဒန်မြစ်ကို ကူး၍၊ သင်၏ဘုရား သခင် ထာဝရဘုရားပေးတော်မူသော ပြည်သို့
ရောက် သောအခါ၊ ကြီးသောကျောက်တို့ကို ထူထောင်၍ အင်္ဂတေနှင့် မွမ်းမံရမည်။ 3 ဘိုးဘေးတို့ ကိုးကွယ်သော ဘုရားသခင်
ထာဝရဘုရားသည်၊ ဂတိတော်ရှိသည်အတိုင်း သင့်အား ပေးတော်မူသောပြည်၊ နို့နှင့် ပျားရည်စီးသောပြည်သို့ ဝင်စားအံ့သောငှာ
ကူးသွားပြီးမှ၊ ဤတရား စကားတော် အလုံးစုံတို့ကို ထိုကျောက်ပေါ်မှာ ရေးထားရမည်။ 4 ယော်ဒန်မြစ်ကို ကူးပြီးမှ၊
ယနေ့ငါမှာထားသော ကျောက်တို့ကို ဧဗလတောင်ပေါ်မှာ ထူထောင်၍ အင်္ဂ တေနှင့် မွမ်းမံရမည်။ 5 ထိုအရပ်၌လည်း
သင်၏ဘုရားသခင် ထာဝရ ဘုရားအဘို့ 6 ယဇ်ပလ္လင်ကို ကျောက်နှင့်တည်ရမည်။ သံ တန်ဆာကို မသုံးဆောင်ဘဲ၊ မကွဲမပြတ်သော
ကျောက် တို့နှင့် တည်ရမည်။ သင်၏ဘုရားသခင် ထာဝရဘုရား အား မီးရှို့ရာယဇ်တို့ကို ထိုပလ္လင်ပေါ်မှာ ပူဇော်ရမည်။ 7
မိဿဟာယယဇ်တို့ကိုလည်း ပူဇော်၍၊ ထိုအရပ် တွင် စားသောက်လျက် ရှေ့တော်၌ ပျော်မွေ့ခြင်းကို ပြုရမည်။ 8 ထိုကျောက်ပေါ်မှာ
ဤတရား စကားတော် အလုံးစုံတို့ကို သေချာစွာ ရေးထားရမည်ဟု ပြောဆိုကြ၏။ 9 တဖန် မောရှေနှင့် ယဇ်ပုရောဟိတ်များ၊ လေဝိ
သားများတို့က၊ အိုဣသရေလအမျိုး၊ သတိနှင့် နားထောင် လော့။ ယနေ့သင်သည် သင်၏ဘုရားသခင် ထာဝရ ဘုရား၏
လူမျိုးဖြစ်လေပြီ။ 10 သို့ဖြစ်၍၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်ရမည်။ ယနေ့ငါတို့ ဆင့်ဆို သော
စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ကျင့်ရမည်ဟု ဣသရေလအမျိုးသားအပေါင်းတို့အား ပြောဆိုကြ၏။ 11 တဖန် မောရှေသည် ထိုနေ့၌
လူများတို့ကို မှာထားသည်မှာ၊ 12 သင်တို့သည် ယော်ဒန်မြစ်ကို ကူးသောနောက်၊ လူများတို့အား ကောင်းကြီးပေးခြင်းအလိုငှာ ဂေရဇိမ်
တောင်ပေါ်မှာ ရပ်ရသော သူဟူမူကား၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ယောသပ်၊ ဗယ်္ာမိန်တည်း။ 13 ကျိန်ခြင်းအလိုငှာ၊
ဧဗလတောင်ပေါ်မှာ ရပ်ရ သော သူဟူမူကား၊ ရုဗင်၊ ဂဒ်၊ အာရှာ၊ ဇာဗုလုန်၊ ဒန်၊ နဿလိတည်း။ 14 ထိုအခါ လေဝိသားတို့သည်
ကြီးသောအသံနှင့် ဣသရေလအမျိုးသားအပေါင်းတို့အား ဟစ်ကြော်ရ သော စကားဟူမူကား၊ 15 ထာဝရဘုရား
စက်ဆုပ်ရွံရှာသောအရာ၊ လက်သမားလက်နှင့် ထုလုပ်သော ရုပ်တု၊ သွန်းသော ဆင်းတုကို လုပ်၍ မထင်ရှားသော အရပ်၌
ထားသောသူ သည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်း တို့က အာမင်ဟု ဝန်ခံရကြမည်။ 16 မိဘကို
မထီမဲ့မြင်ပြုသောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 17 အိမ်နီးချင်း၏
မြေမှတ်တိုင်ကို ရွှေ့သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 18
မျက်စိမမြင်သောသူကို လမ်းလွဲစေသောသူ သည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်း တို့က အာမင်ဟု ဝန်ခံရကြမည်။
19 တရားတွေ့ခြင်းအမှုမှာတပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမကို မတရားသဖြင့် အရှုံးပေးသော သူသည်
အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူ အပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 20 အဘနှင့်သာဆိုင်သော အဘ၏ မယားနှင့်
ပေါင်းဘော်သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 21
တိရစ္ဆာန်တစုံတမျိုးနှင့် ပေါင်းဘော်သော သူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူ အပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။
22 အဘ၏ သမီး၊ အမိ၏ သမီးတည်းဟူသော မိမိအစ်မ နှမနှင့် ပေါင်းဘော်သောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန်လျှင်၊
လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 23 မယား၏ အမိနှင့် ပေါင်းဘော်သောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန်လျှင်၊
လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 24 အိမ်နီးချင်းကို မထင်မရှား ရိုက်သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊
လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 25 အပြစ်မရှိသော သူ၏ အသက်ကို သတ်ခြင်းငှာ အခကို ယူသောသူသည်
အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 26 ဤပညတ်တရားစကားတို့ကို အမြဲမကျင့်သော
သူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအ ပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 28

[1] ယနေ့ ငါဆင့်ဆိုသမျှသော ပညတ်တော်တို့ကို သင်သည် ကျင့်စောင့်ခြင်းငှာ၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို
စေ့စေ့နားထောင်လျှင်၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် လူမျိုးတကာတို့ ထက် သင့်ကို ချီးမြှောက်တော်မူမည်။ [2]
သင်၏ဘုရားသခင် ထာဝရဘုရား၏ စကား တော်ကို နားထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက် လတံ့သော ကောင်းကြီးမင်္ဂလာများ
ဟူမူကား။ [3] သင်သည် မြို့၌ မင်္ဂလာရှိလိမ့်မည်၊ တော၌ မင်္ဂလာ ရှိလိမ့်မည်။ [4] သားသမီးအားဖြင့်၎င်း၊ မြေအသီးအနှံအားဖြင့် ၎င်း၊
တိရစ္ဆာန်ဘွားသော သားငယ်အားဖြင့်၎င်း၊ သိုးနွား အစီးအပွားအားဖြင့်၎င်း မင်္ဂလာရှိလိမ့်မည်။ [5] ခြင်တောင်း၌၎င်း၊ မုန့်နယ်သော
ခွက်၌၎င်း မင်္ဂလာရှိလိမ့်မည်။ [6] မိမိအိမ်ထဲသို့ ဝင်သောအခါ မင်္ဂလာ ရှိလိမ့် မည်၊ ပြင်သို့ထွက်သောအခါ မင်္ဂလာရှိလိမ့်မည်။ [7]
သင့်တဘက်၌ ထသော ရန်သူတို့ကို သင့်မျက် မှောက်၌ ထာဝရဘုရားသည် ဒဏ်ခံစေတော်မူမည်။ သူတို့သည် တလမ်းတည်းဖြင့်
သင်ရှိရာသို့ လာသော် လည်း၊ လမ်းခုနစ်သွယ်ဖြင့် သင့်ရှေ့မှ ပြေးကြလိမ့်မည်။ [8] သင်၏ ဘဏ္ဍာတိုက်၌၎င်း၊ သင်ပြုလေရာရာ၌ ၎င်း၊
ထာဝရဘုရားသည် သင့်အပေါ်မှာ မင်္ဂလာ ရောက် စေခြင်းငှာ မိန့်တော်မူမည်။ သင်၏ ဘုရားသခင် ထာဝရ
ဘုရားပေးတော်မူသောပြည်၌ သင့်ကို ကောင်းကြီး မင်္ဂလာပေးတော်မူမည်။ [9] သင်သည် သင်၏ ဘုရားသခင် ထာဝရဘုရား၏ [10]
သင်သည် ထာဝရဘုရား၏ နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသည်ဟု လူမျိုးခပ်သိမ်းတို့ သည် သိမြင်၍ သင့်ကို
ကြောက်ရွံ့ကြလိမ့်မည်။ [11] ထာဝရဘုရားသည် သင့်အား ပေးခြင်းငှာ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်၌ ဥစ္စာပစ္စည်း၊
သားသမီး၊ တိရစ္ဆာန်အတိုးအပွား၊ မြေအသီးအနှံများကို ကြွယ်ဝစေတော်မူမည်။ [12] ထာဝရဘုရားသည် အချိန်တန်မှ သင်၏ပြည်၌
မိုယ်းရွာစေခြင်းငှာ၎င်း၊ သင်ပြုလေရာရာ၌ ကောင်းကြီးပေးခြင်းငှာ၎င်း၊ ဘဏ္ဍာတော်တိုက် တည်းဟူ သော မိုယ်းကောင်းကင်ကို
ဖွင့်တော်မူမည်။ သင်သည် လူမျိုးများတို့အား ချေးငှားရသောအခွင့် ရှိလိမ့်မည်။ သူတို့သည် သင့်အား ချေးငှားရသောအခွင့် မရှိရ။ [13]
ထာဝရဘုရားသည် သင့်ကို အမြီးမဖြစ်စေဘဲ ခေါင်းဖြစ်စေတော်မူသဖြင့်၊ သင်သည် အောက်၌မနေရ ဘဲ အပေါ်၌သာ နေရသောအခွင့်
ရှိလိမ့်မည်။ ယနေ့ ငါဆင့်ဆိုသော၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို ကျင့်စောင့်ခြင်းငှာ နားထောင်လျှင်၎င်း၊ [14]
ယနေ့ ငါဆင့်ဆိုသော စကားတော်လမ်းမှထွက် ၍ လက်ျာဘက်၊ လက်ဝဲဘက်သို့မလွှဲ၊ အခြားတပါးသော ဘုရားနောက်သို့ လိုက်၍
ဝတ်မပြုဘဲနေလျှင်၎င်း၊ ထိုသို့ သော ကျေးဇူးတော်ကို ခံရလိမ့်မည်။ [15] ယနေ့ ငါဆင့်ဆိုသော သင်၏ဘုရားသခင် ထာဝရဘုရား
စီရင်ထုံးဖွဲ့တော်မူချက် အလုံးစုံတို့ ကို ကျင့်စောင့်ခြင်းငှာ စကားတော်ကို နားမထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက်လတံ့သော
ကျိန်ခြင်း အမင်္ လာများဟူမူကား၊ [16] သင်သည် မြို့၌ အမင်္ဂလာရှိလိမ့်မည်၊ တော၌ အမင်္ဂလာရှိလိမ့်မည်။ [17] ခြင်တောင်း၌၎င်း၊
မုန့်နယ်သော ခွက်၌၎င်း အမင်္ဂလာရှိလိမ့်မည်။ [18] သားသမီးအားဖြင့်၎င်း၊ မြေအသီးအနှံအားဖြင့် ၎င်း၊ သိုးနွားအစီးအပွားအားဖြင့်၎င်း
အမင်္ဂလာရှိလိမ့် မည်။ [19] မိမိအိမ်ထဲသို့ ဝင်သောအခါ အမင်္ဂလာရှိလိမ့် မည်။ ပြင်သို့ ထွက်သောအခါ အမင်္ဂလာရှိလိမ့်မည်။ [20]
ထာဝရဘုရားကို စွန့်၍ ပြုမိသော ဒုစရိုက် အပြစ်ကြောင့် အလျင်အမြန် ပျက်စီးဆုံးရှုံးခြင်းသို့ မရောက်မှီတိုင်အောင်၊ ပြုလေရာရာ၌
ကျိန်ဆဲခြင်း၊ နှောင့်ရှက်ခြင်း၊ ကဲ့ရဲ့ခြင်းတို့ကို သင့်အပေါ်မှာ သက် ရောက်စေတော်မူမည်။ [21] သင်သွား၍ ဝင်စားလတံ့သောပြည်မှ
သုတ် သင်ပယ်ရှင်းတော်မမူမှီ တိုင်အောင်၊ ကာလနာကို သင်၌ စွဲစေတော်မူမည်။ [22] ထာဝရဘုရားသည် သင့်ကို တူလာ၊ ဖျားနာ၊
ဒလခက်နာ၊ ခရခရနာဖြင့်၎င်း၊ ထားဘေး၊ လေထိ၍ အပင်သေဘေး၊ အရည်ယို၍ အပင်သေဘေးဖြင့်၎င်း ဒဏ်ခတ်တော်မူ၍၊
သင်သည် မပျက်စီးမှီတိုင်အောင် ထိုဘေးတို့သည် လိုက်ကြလိမ့်မည်။ [23] သင့်ခေါင်းပေါ်မှာ မိုယ်းကောင်းကင်သည် ကြေးဝါကဲ့သို့၎င်း၊
သင့်အောက်၌ မြေသည် သံကဲ့သို့၎င်း ဖြစ်လိမ့်မည်။ [24] ထာဝရဘုရားသည် သင့်နေရာပြည်၌ ရွာသော မိုယ်းရေကို မြေမှုန့်
ဖုံဖြစ်စေတော်မူသဖြင့်၊ သင်သည် မပျက်စီးမှီတိုင်အောင် သင့်အပေါ်မှာ ကျရလိမ့်မည်။ [25] သင်၏ရန်သူရှေ့မှာ ထာဝရဘုရားသည်
သင့်ကို ဒဏ်ပေးတော်မူမည်။ သင်သည် တလမ်းတည်းဖြင့် သူတို့ ရှိရာသို့ သွားသော်လည်း၊ လမ်းခုနစ်သွယ်ဖြင့် သူတို့ရှေ့မှ ပြေး၍
မြေပေါ်မှာရှိသော အတိုင်းတိုင်း အပြည်ပြည်သို့ ပြောင်းသွားရလိမ့်မည်။ [26] သင်၏အသေကောင်သည် မိုယ်းကောင်းကင် ငှက်၊
တောသားရဲစားစရာဘို့ ဖြစ်ရလိမ့်မည်။ ထိုတိရစ္ဆာန် တို့ကို အဘယ်သူမျှ မမောင်းရ။ [27] ထာဝရဘုရားသည် သင့်ကို အဲဂုတ္တုအနာစိမ်း၊
မြင်းသရိုက်နာ၊ ဝဲနာ၊ မပျောက်နိုင်သော ယားနာဖြင့် ဒဏ်ခတ်တော်မူမည်။ [28] ရူးသောအနာ၊ မျက်စိကန်းသောအနာ၊
မိန်းမောတွေဝေသောအနာဖြင့် ဒဏ်ခတ်တော်မူ၍၊ [29] မျက်စိကန်းသောသူသည် မှောင်မိုက်၌ စမ်း သပ်ရသကဲ့သို့၊ သင်သည်
မွန်းတည့်အချိန်၌ပင် စမ်းသပ် ရလိမ့်မည်။ သင်ပြုသောအမှု၌ မအောင်ဘဲ ညှဉ်းဆဲခြင်း၊ လုယူခြင်းကိုသာ ခံရလိမ့်မည်။ အဘယ်သူမျှ
မကယ်တင် ရ။ [30] မိန်းမနှင့်လက်ထပ်ပြီးသော်လည်း အခြားသော သူသည် ပေါင်းဘော်ရလိမ့်မည်။ အိမ်ကို ဆောက်သော် လည်း
ကိုယ်တိုင်မနေရ။ စပျစ်ဥယျာဉ်ကို စိုက်သော် လည်း စပျစ်သီးကို မဆွတ်မယူရ။ [31] သင့်နွားကို သင့်မျက်မှောက်၌ သတ်၍သေ
သော်လည်း သင့်ကိုယ်တိုင်မစားရ။ သင့်မြည်းကို သင့်ရှေ့ မှောက်၌ အနိုင်အထက်ယူသွားပြီးမှ၊ နောက်တဖန်ပြန်၍ မပေးရ။
သင့်သိုးတို့ကို သင့်ရန်သူ၌ အပ်သောအခါ ကယ်နှုတ်သောသူမပေါ်မရှိရ။ [32] သင့်သားသမီးတို့သည် သူတပါးလက်သို့ရောက် ၍၊
သင့်မျက်စိသည် တနေ့လုံး မြော်ကြည့်လျက် အားကုန် လိမ့်မည်။ သင့်လက်သည်လည်း ခွန်အားမရှိရ။ [33] သင်
မသိမကျွမ်းသောလူမျိုးသည် သင့်နေရာ ပြည်၏ အသီးအနှံကို၎င်း၊ သင်လုပ်ဆောင်၍ရသော ဥစ္စာကို၎င်း စားလိမ့်မည်။ သင်သည်
ညှဉ်းဆဲနှိပ်စက် ခြင်းကိုသာ အစဉ်မပြတ် ခံရလိမ့်မည်။ [34] ထိုသို့ ကိုယ်တိုင်တွေ့မြင်သော အမှုကြောင့် သင်သည် အရူးဖြစ်ရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

35 ထာဝရဘုရားသည် သင့်ဒူးနှင့် ခြေထောက်မက၊ ခြေဘဝါးမှစ၍ ဦးခေါင်းထိပ်တိုင်အောင် မပျောက်နိုင် သော အနာစိမ်းဖြင့်
ဒဏ်ခတ်တော်မူမည်။ 36 ထာဝရဘုရားသည်၊ သင်ချီးမြှောက်သော ရှင် ဘုရင်ကို သင်နှင့်သင့်ဘိုးဘေးတို့ မသိမကျွမ်းဘူးသော
လူမျိုးရှိရာသို့ ဆောင်သွားတော်မူသဖြင့်၊ သင်သည် အခြားတပါးသော ဘုရား၊ သစ်သားဘုရား၊ ကျောက်ဘု ရားတို့ကို
ဝတ်ပြုရလိမ့်မည်။ 37 ထာဝရဘုရားသည် သင့်ကို ဆောင်သွားတော်မူ သော အပြည်ပြည်တို့၌ သင်သည် အံ့ဩရာ၊ ပုံခိုင်းရာ၊
ကဲ့ရဲ့ရာဖြစ်လိမ့်မည်။ 38 သင်သည် များစွာသော မျိုးစေ့ကို လယ်သို့ယူ သွား၍ ကျိုင်းကောင်တို့သည် ကိုက်စားသောကြောင့်၊
နည်းသောစပါးကို သိမ်းရလိမ့်မည်။ 39 စပျစ်ဥယျာဉ်တို့ကို စိုက်၍ ပြုစုသော်လည်း၊ ပိုးများ ကိုက်စားသောကြောင့် ကိုယ်တိုင်
စပျစ်သီးကို မဆွတ်ရ၊ စပျစ်ရည်ကိုလည်း မသောက်ရ။ 40 သင့်နေရာအရပ်ရပ်၌ သံလွင်ပင်ရှိသော်လည်း၊ အသီးမမှည့်မှီ
ကြွေသောကြောင့် သင်သည် သံလွင်ဆီနှင့် ကိုယ်ကိုမလိမ်းရ။ 41 သားသမီးကို ဘွားမြင်သော်လည်း၊ သူတို့နှင့် မပျော်မမွေ့ရ။
ရန်သူတို့သည် သိမ်းသွားကြလိမ့်မည်။ 42 သင့်နေရာပြည်၌ သစ်ပင်ရှိသမျှ၊ မြေအသီးအနှံ ရှိသမျှကို ကျိုင်းကောင်တို့သည်
ကိုက်စားကြလိမ့်မည်။ 43 သင်နှင့်အတူနေသော တပါးအမျိုးသားသည် မြင့်လျက်၊ သင့်အပေါ်သို့ တက်လိမ့်မည်။ သင်မူကား၊
အောက်သို့ဆင်း၍ နေရလိမ့်မည်။ 44 သူသည် သင့်အား ချေးငှားသောအခွင့်ရှိလိမ့် မည်။ သင်မူကား၊ သူ့အားချေးငှားသော
အခွင့်မရှိရ။ သူသည် ခေါင်းဖြစ်၍၊ သင်သည် အမြီးဖြစ်လိမ့်မည်။ 45 သင်၏ဘုရားသခင် ထာဝရဘုရား ထားတော်မူ သော
စီရင်ထုံးဖွဲ့ချက်တရားကို စောင့်ရှောက်ခြင်းငှာ၊ သင်သည် စကားတော်ကို နားမထောင်သောကြောင့်၊ မပျက်စီးမှီတိုင်အောင်
ဤကျိန်ခြင်းအမင်္ဂလာ ရှိသမျှတို့ သည် သင့်အပေါ်မှာ သက်ရောက်လျက်၊ သင့်ကိုလိုက်၍ မှီလျက် ရှိကြလိမ့်မည်။ 46
သင့်အပေါ်၌၎င်း၊ သင့်အမျိုးအနွယ်အပေါ်၌ ၎င်း၊ အစဉ်မပြတ် နိမိတ်လက္ခဏာ အံ့ဘွယ်သောအမှု ဖြစ်ကြလိမ့်မည်။ 47 သင်သည်
ဥစ္စာကြွယ်ဝသောအခါ၊ ဝမ်းမြောက် ရွှင်လန်းသောစိတ်နှင့် သင်၏ဘုရားသခင် ထာဝရဘုရား ၏ အမှုတော်ကို
မဆောင်မရွက်သောကြောင့်၊ 48 ထာဝရဘုရားစေလွှတ်တော်မူသော ရန်သူ၏ အမှုကို သင်သည် မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အဝတ်
အချည်းစည်းရှိခြင်းနှင့်တကွ၊ အရာရာ၌ ဆင်းရဲစွာ ဆောင်ရွက်ရလိမ့်မည်။ သင်သည် မပျက်စီးမှီတိုင်အောင် သင့်လည်ပင်း၌
သံထမ်းဘိုးကို တင်ထားတော်မူမည်။ 49 ရွှေလင်းတပျံတတ်သကဲ့သို့ လျင်မြန်သောလူ မျိုး၊ ကြမ်းတမ်းသောမျက်နှာနှင့် ပြည့်စုံလျက်၊
50 အသက်ကြီးသူကို မရိုသေ၊ အသက်ငယ်သူကို မသနားတတ်သော လူမျိုးကို၊ ဝေးသောအရပ်၊ မြေကြီး စွန်းမှ ထာဝရဘုရားသည်
ခေါ်၍ သင့်ကို တိုက်စေတော် မူမည်။ 51 သင်သည် မပျက်စီးမှီတိုင်အောင်၊ ထိုရန်သူ သည် သင်၏သိုးသငယ်၊ နွားသငယ်၊
မြေအသီးအနှံကို စားရလိမ့်မည်။ သင့်ကို မဖျက်ဆီးမှီတိုင်အောင်၊ ဆန် စပါး၊ စပျစ်ရည်၊ ဆီ၊ သိုးနွားအစီးအပွားကို သင့်အဘို့
မချန်မထားရ။ 52 သင့်နေရာပြည်အရပ်ရပ်တို့၌ သင်ကိုးစားသော မြို့ရိုး၊ မြင့်၍ ခိုင်ခံ့သော မြို့ရိုးတို့သည် မပြိုမကျမှီ တိုင် အောင်၊
သင့်နေရာမြို့ ရှိသမျှတို့ကို ဝိုင်းထားလိမ့်မည်။ သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူသော ပြည်အရပ်ရပ်တို့၌၊
မြို့ရှိသမျှတို့ကိုလည်း ဝိုင်းထားလိမ့် မည်။ 53 ထိုသို့ ဝိုင်းထား၍ ရန်သူသည် ကျဉ်းကျပ်စေ သောအခါ၊ ကိုယ်ရင်သွေး တည်းဟူသော
သင်၏ဘုရား သခင် ထာဝရဘုရားပေးတော်မူသော သားသမီးတို့၏ အသားကို သင်စားရလိမ့်မည်။ 54 သင့်နေရာမြို့တို့ကို
ရန်သူဝိုင်းထား၍ ကျဉ်းကျပ် စေသောအခါ၊ 55 အလွန်နူးညံ့သိမ်မွေ့သော ယောက်ျားသည် စားစရာ အလျှင်း မကျန်ကြွင်းသောကြောင့်၊
မိမိသား သမီး၏ အသားကို စားရသော်လည်း၊ မိမိညီအစ်ကို၊ မိမိ ရင်ခွင်၌ ရှိသော မယား ကျန်ကြွင်းသေးသော သားသမီး တို့ကို
မနာလိုသောစိတ်ရှိ၍၊ ထိုအသားကို သူတို့အား မဝေမပေးဘဲ စားလိမ့်မည်။ 56 သင့်နေရာမြို့တို့ကို ရန်သူဝိုင်းထား၍ ကျဉ်း
ကျပ်စေသောအခါ၊ 57 အလွန်နူးညံ့သိမ်မွေ့သဖြင့် မြေကို မနင်းဝံ့သော မိန်းမသည်လည်း၊ စားစရာအလျှင်း မရှိသောကြောင့်၊
မိမိရင်ခွင်၌ရှိသော လင်၊ မိမိသားသမီး၊ မိမိဝမ်းထဲက ထွက်သော အချင်း၊ မိမိဘွားမြင်သော သူငယ်တို့ကို မနာလိုသောစိတ်ရှိ၍၊
မိမိသူငယ်ကို တိတ်ဆိတ်စွာ စားရလိမ့်မည်။ 58 သင်၏ဘုရားသခင် ထာဝရဘုရားသည် ဘုန်းကြီး၍ ကြောက်မက်ဘွယ်သော
နာမတော်ကို ကြောက်စေခြင်းငှာ၊ ဤကျမ်းစာ၌ ရေးထားသော ဤတရားတော်ကို စကားအလုံးစုံတို့ကို သင်သည် မကျင့် မစောင့်ဘဲ
နေလျှင်၊ 59 ထာဝရဘုရားသည် သင်ခံရသောဘေး၊ သင့်အ မျိုးအနွယ် ခံရသော ဘေးတို့ကို အံ့ဩဘွယ်သော ဘေး၊ အလွန်ကြီး၍
မြဲမြံသောဘေး၊ အလွန်ပြင်း၍ မြဲမြံ သောရောဂါဝေဒနာ ဖြစ်စေတော်မူမည်။ 60 ထိုမှတပါး၊ သင်ကြောက်တတ်သော အဲဂုတ္တု ပြည်၏
အနာရောဂါရှိသမျှတို့ကို သင့်အပေါ်မှာ သက် ရောက်စေတော်မူသဖြင့်၊ သင်၌ ထိုအနာရောဂါတို့သည် စွဲကပ်ကြလိမ့်မည်။ 61
ထိုမှတပါး၊ ဤပညတ္တိကျမ်းစာ၌ ရေး၍မထား သော အနာရောဂါ ဘေးဥပဒ်ရှိသမျှတို့ကို သင်သည် မပျက်စီးမှီတိုင်အောင်၊
သင့်အပေါ်မှာ ထာဝရဘုရား သက်ရောက်စေတော်မူမည်။ 62 သင်သည် အရေအတွက်အားဖြင့် မိုဃ်းကောင်း ကင်
ကြယ်ကဲ့သို့များသော်လည်း၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားမထောင်သော ကြောင့်
နည်းနည်းဖြစ်ရလိမ့်မည်။ 63 သင့်ကို ကျေးဇူးပြု၍ များပြားစေသောအမှု၌ ထာဝရဘုရား ပျော်မွေ့တော်မူသည်နည်းတူ၊ တဖန် သင့်ကို
ဖျက်ဆီး၍ အကျိုးနည်းစရာ အမှု၌ ပျော်မွေ့ တော်မူသဖြင့်၊ သင်သွား၍ ဝင်စားလတံ့သော ပြည်ထဲက သင်သည် သုတ်သင်
ပယ်ရှင်းခြင်းသို့ ရောက်ရလိမ့်မည်။ 64 ထာဝရဘုရားသည်လည်း၊ မြေကြီးစွန်းတဘက် မှသည် တဘက်တိုင်အောင်၊
လူမျိုးအပေါင်းတို့တွင် သင့်ကို အရပ်ရပ် ကွဲပြားစေတော်မူသဖြင့်၊ သင်နှင့်သင့် ဘိုးဘေးတို့ မသိဘူးသော အခြားတပါးသောဘုရား၊
သစ်သားဘုရား၊ ကျောက်ဘုရားတို့ကို ဝတ်ပြုရလိမ့်မည်။ 65 ထိုလူမျိုးတို့တွင် သင်သည် သက်သာခြင်းမရှိရာ၊ နေရာမကျရာ။
နှလုံးတုန်လှုပ်ခြင်း၊ မျက်စိမြော်၍ အား ကုန်ခြင်း၊ ဝမ်းနည်းခြင်းအကြောင်းကို ထာဝရဘုရား စီရင်တော်မူသဖြင့်၊ 66 သင်သည်


generated on Sun Jun 30 02:37:40 2024

အသက်ဆုံးလုသည်ဖြစ်၍၊ နေ့ညဥ့် မပြတ်စိုးရိမ်လျက် သေဘေးနှင့် လွတ်မည်မလွတ်မည်ကို မသိဘဲလျက် နေရလိမ့်မည်။ [67] သင်၏စိတ်နှလုံးထဲမှာ ကြောက်ရွံ့ရသောအ ကြောင်း၊ သင့်မျက်စိနှင့် မြင်ရသောအရာကြောင့်၊ နံနက် အချိန်၌ သင်က၊ ညဥ့်ရောက်ပါစေဟူ၍၎င်း၊ ညဥ့်အချိန်၌ နံနက်ရောက်ပါစေဟူ၍၎င်း ဆုတောင်းရလိမ့်မည်။ [68] ထိုလမ်းကို နောက်တဖန် သင်မမြင်ရဟု မိန့် တော်မူသောလမ်းဖြင့် ထာဝရဘုရားသည် တဖန် သင့်ကို အဲဂုတ္တုပြည်သို့ သင်္ဘောနှင့် ပို့ဆောင်တော်မူသဖြင့်၊ ထို ပြည်တွင် ကျွန်ယောကျာ်း၊ ကျွန်မိန်းမဖြစ်စေခြင်းငှာ ရန်သူတို့၌ ရောင်းကြလိမ့်မည်။ သို့ရာတွင် အဘယ်သူမျှ သင့်ကို မဝယ်လိုဟု ဣသရေလလူမျိုးတို့ကို ဟောပြော လေ၏။ ပညတ်တော်တို့ကို စောင့်၍ လမ်းတော်သို့ လိုက်လျှင်၊ ထာဝရဘုရား ကျိန်ဆိုသည်အတိုင်း၊ သင့်ကို ကိုယ်တော် အဘို့ သန့်ရှင်းသော အမျိုးအစဉ် အမြဲဖြစ်စေတော်မူ မည်။

---


generated on Sun Jun 30 02:37:40 2024

# Chapter 29

1 ဤရွေ့ကား၊ ဟောရပ် အရပ်၌ ထာဝရဘုရား သည် ဣသရေလအမျိုးနှင့် ပြုတော်မူသော ပဋိညာဉ်မှ တပါး၊ မောဘပြည်၌
မောရှေသည် ထိုလူမျိုးနှင့် ပဋိညာဉ် ပြုစေခြင်းငှာ၊ ထာဝရဘုရား မှာထားတော်မူသော ပဋိညာဉ်စကားတော် ဖြစ်သတည်း။ 2 တဖန်
မောရှေသည် ဣသရေလအမျိုးသား အပေါင်းတို့ကို ခေါ်၍၊ ထာဝရဘုရားသည် အဲဂုတ္တုပြည် မှာ ဖာရောဘုရင်၌၎င်း၊
သူ၏ကျွန်အပေါင်းတို့၌၎င်း၊ သူ၏ပြည် တရှောက်လုံး၌၎င်း၊ သင်တို့မျက်မှောက်တွင် ပြုတော်မူသမျှတည်းဟူသော၊ 3
ကိုယ်မျက်စိနှင့်မြင်သော အလွန်ကြီးစွာသော စုံစမ်းခြင်းအမှု၊ အလွန်ကြီးသော နိမိတ်လက္ခဏာ၊ ထူး ဆန်းသော တန်ခိုးများကို
သင်တို့သည် မြင်ရကြပြီ။ 4 သို့သော်လည်း နားလည်နိုင်သောနှလုံး၊ မြင်နိုင်သော မျက်စိ၊ ကြားနိုင်သော နားတို့ကို ယနေ့တိုင်အောင်
ထာဝရဘုရားသည် ပေးတော်မမူသေး။ 5 အနှစ်လေးဆယ်ပတ်လုံး သင်တို့ကို တော၌ ငါပို့ ဆောင်တော်မူပြီ။ သင်တို့ အဝတ်သည်
မဟောင်းမနွမ်း။ သင်တို့စီးသော ခြေနင်းလည်း မပျက်။ 6 သင်တို့သည် မုန့်ကိုမစား။ စပျစ်ရည်နှင့် သေ ရည် သေရက်ကို မသောက်ဘဲ
နေသောကြောင့်၊ ထာဝရ ဘုရားသည် သင်တို့၏ ဘုရားသခင် ဖြစ်ကြောင်းကို သိရ၏။ 7 သင်တို့သည် ဤအရပ်သို့ ရောက်သောအခါ၊
ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်၊ ဗာရှန်ရှင်ဘုရင်ဩဃတို့သည် ငါတို့ကို စစ်တိုက်ခြင်းငှာ ထွက်လာသဖြင့်၊ ငါတို့သည် သူတို့ကို လုပ်ကြံ၍၊ 8
သူတို့ပြည်ကို သိမ်းယူပြီးမှ၊ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်၌ ပေးလေ၏။ 9 သို့ဖြစ်၍ သင်တို့ ပြုလေရာရာ၌
အောင်နိုင်မည် အကြောင်း ဤပဋိညာဉ် စကားတို့ကို စောင့်ရှောက်၍ ကျင့်ကြလော့။ 10-13 သင်၏ဘုရားသခင် ထာဝရဘုရားသည်
သင်နှင့် ယနေ့ပြုတော်မူသော သစ္စာကို သင်သည်ခံ၍၊ သင်၏ဘုရားသခင် ထာဝရဘုရားနှင့် ပဋိညာဉ်ပြုခြင်း ငှာ၎င်း၊ သင့်ကို
ကိုယ်တော်၏ လူမျိုးအရာ၌ ယနေ့ ခန့် ထားတော်မူစေခြင်းငှာ၎င်း၊ အထက်က မိန့်တော်မူ၍၊ သင်၏အဘ အာဗြဟံ၊ ဣဇာက်၊
ယာကုပ်တို့အား ကျိန်ဆို တော်မူသည်အတိုင်း၊ သင်၏ဘုရားသခင် ဖြစ်တော်မူစေ ခြင်းငှာ၎င်း၊ သင်တို့အမျိုးအနွယ်၏ အကဲအမှူး၊
အသက်ကြီးသူ၊ မင်းအရာရှိ၊ ဣသရေလအမျိုးယောက်ျား၊ မိန်းမ၊ သူငယ်၊ ထင်းခုတ်သောသူ၊ ရေခပ်သောသူမှစ၍
တပ်၌ရှိသမျှသောသူတို့သည် သင်တို့ဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌ ယနေ့ရပ်နေကြ၏။ 14 ထိုမှတပါး ဤပဋိညာဉ်၊
ဤသစ္စာကို သင်တို့နှင့် သာ ငါပြုသည်ထက်မက၊ 15 ငါတို့ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ယနေ့ရပ်နေသော သူတို့နှင့်၎င်း၊
ငါတို့တွင် ယနေ့မပါ သော သူတို့နှင့်၎င်း ငါပြု၏။ 16 သင်တို့သည် အဲဂုတ္တုပြည်၌ ပေါင်းဘော်သော သူ၊ ခရီးသွား၍
လမ်း၌တွေ့ကြုံသော လူမျိုးတို့ကို သင်တို့ သိကြ၏။ 17 သူတို့၌ရှိသော စက်ဆုပ်ရွံ့ရှာဘွယ်သော သစ် သားရုပ်တု၊ ကျောက်ရုပ်တု၊
ရွှေရုပ်တု၊ ငွေရုပ်တုတို့ကို မြင်ကြပြီ။ 18 ငါတို့ဘုရားသခင် ထာဝရဘုရားထံတော်မှ လွှဲရှောင်ချင်သော သဘောရှိလျက်၊ ထိုလူမျိုးတို့၏
ဘုရား များထံသို့ သွား၍ ဝတ်ပြုသောယောက်ျား၊ မိန်းမ၊ အဆွေ အမျိုးတစုံတယောက်သည် သင်တို့တွင် ပါမည်ဟူ၍၎င်း၊
ခါးစွာသောအသီး၊ ဒေါနကို သီးတတ်သော အပင်မြစ် သည် သင်တို့တွင် ပေါက်မည်ဟူ၍၎င်း၊ 19 ထိုသို့သောသူသည်
ဤကျိန်ခြင်းစကားကို ကြား သောအခါ၊ စိတ်ခိုင်မာသည်အတိုင်း၊ ငါကျင့်၍ ရေငတ် ခြင်းအပေါ်၌ ယစ်မူးခြင်းကို
ထပ်ဆင့်သော်လည်း၊ ချမ်းသာရမည်ဟု စိတ်ထဲမှာ ကိုယ်ကိုကိုယ် ကောင်းကြီး ပေးမည်ဟူ၍၎င်း စိုးရိမ်စရာရှိ၏။ 20 ထိုသူကို
ထာဝရဘုရားနှမြောတော်မမူ။ အပြစ် ရှိသည်ဟု ထင်လွယ်သောစိတ်၊ အမျက်တော်အရှိန် မီးခိုး ထွက်၍ ဤကျမ်းစာ၌ ရေးထားသော
အမင်္ဂလာရှိသမျှတို့ သည် ထိုသူအပေါ်မှာ တည်နေကြလိမ့်မည်။ ထာဝရ ဘုရားသည် သူ၏အမည်ကို မိုဃ်းကောင်းကင်အောက်၌
ချေတော်မူလိမ့်မည်။ 21 ဤပညတ္တိကျမ်းစာ၌ ရေးထားသော ပဋိညာဉ် အမင်္ဂလာရှိသမျှတို့နှင့်အညီ၊ ထိုသူကို ဣသရေလအမျိုး
အနွယ် အပေါင်းတို့ထဲက၊ ထာဝရဘုရားနှုတ်၍ အပြစ် ပေးဘို့ရာ ခွဲထားတော်မူလိမ့်မည်။ 22 သူ့နေရာအရပ်၌
ထာဝရဘုရားဒဏ်ခတ်တော် မူသော၊ 23 အနာရောဂါဘေးဥပဒ်တို့ကို၎င်း၊ ထာဝရဘုရား သည် ဒေါသအမျက်တော်ထွက်၍
မှောက်လှန်တော်မူ သော သောဒုံမြို့၊ ဂေါမောရမြို့၊ အာဒမာမြို့၊ ဇေဘိုင်မြို့ တို့ ပြိုပျက်ရာကဲ့သို့၊ တပြည်လုံးကို ကန့်နှင့်မီး ကျွမ်း
လောင်သော ဆားသက်သက်ဖြစ်၍၊ မျိုးစေ့မကြဲ၊ အသီး အနှံ မသီး၊ မြက်ပင်မပေါက်ကြောင်းကို၎င်း၊ သင်တို့ နောက်မှာ
ဖြစ်လတံ့သော သင်တို့အမျိုးသား၊ ဝေးသော အရပ်မှလာသော တပါးအမျိုးသားတို့သည် မြင်ကြသော အခါ၊ 24 ထာဝရဘုရားသည်
ဤပြည်၌ အဘယ်ကြောင့် ဤသို့ပြုတော်မူသနည်း။ ဤပြင်းစွာသော အမျက်တော် အရှိန်ကား၊ အဘယ်သို့နည်းဟု
လူအမျိုးမျိုးတို့သည် မေးမြန်းကြလျှင်၊ 25 သူတပါးတို့က၊ ထိုသူတို့၏ ဘိုးဘေးတို့ ကိုးကွယ် သော ဘုရားသခင် ထာဝရဘုရားသည်
သူတို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သောအခါ၊ သူတို့နှင့်ဖွဲ့တော်မူသော ပဋိညာဉ်ကို သူတို့သည် စွန့်ကြသောကြောင့်၎င်း၊ 26
အထက်ကသူတို့မသိ၊ သူတို့အား အဘယ်အရာ ကိုမျှ မပေးသော အခြားတပါးသော ဘုရားတို့အား ဝတ် ပြုကိုးကွယ်
ကြသောကြောင့်၎င်း၊ 27 ဤမည်သောကျမ်းစာ၌ ရေးထားသော အမင်္ဂ လာရှိသမျှတို့ကို ဤပြည်၌ သင့်ရောက်စေခြင်းငှာ၊ ထာဝ
ရဘုရားသည် အမျက်တော်ထွက်သဖြင့်၊ 28 ပြင်းစွာသော ဒေါသအမျက် အရှိန်အားကြီး လျက် သူတို့ပြည်ထဲက သူတို့ကို နှုတ်ပယ်၍၊
ယနေ့တိုင် အောင် အခြားတပါးသောပြည်သို့ နှင်ထုတ်တော်မူသည် ဟု ပြန်ပြောကြလိမ့်မည်။ 29 မထင်ရှားသောအရာတို့သည်၊
ငါတို့ဘုရား သခင် ထာဝရဘုရား၏ အငန်းအတာဖြစ်ကြ၏။ ဘော်ပြ တော်မူသောအရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့်
ငါတို့သားသမီးများတို့၏ အငန်းအတာဖြစ်၍၊ ဤပညတ် တရားစကားအလုံးစုံတို့ကို စောင့်ရှောက်ရမည်အ ကြောင်းတည်း။



generated on Sun Jun 30 02:37:40 2024

## Chapter 30

1 သင့်ရှေ့၌ ငါထား၍ အထက်ဆိုခဲ့ပြီးသမျှသော အရာတည်းဟူသော ကောင်းကြီးမင်္ဂလာနှင့် ကျိန်ခြင်း အမင်္ဂလာတို့သည်
သင့်အပေါ်မှာ ရောက်၍၊ သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ကို နှင်ထုတ်တော် မူရာ အပြည်ပြည်တို့၌ ထိုအရာတို့ကို
အောက်မေ့လျက်၊ 2 သင်၏ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လာ၍၊ ယနေ့ ငါမှာထားသမျှအတိုင်း၊ သင်နှင့် သား
သမီးတို့သည် စကားတော်ကို စိတ်နှလုံးအကြွင်းမဲ့ နားထောင်လျှင်၊ 3 သင်၏ဘုရားသခင် ထာဝရဘုရားသည် သင်ခံ ရသော
သိမ်းသွားခြင်းအမှုကို ကုန်စေမည် အကြောင်း၊ သင့်ကို သနားသဖြင့် တဖန်ပြန်လာ၍၊ အထက်ကအရပ် ရပ်နှင်ထုတ်ရာ
အပြည်ပြည်တို့မှ သိမ်းယူတော်မူလိမ့် မည်။ 4 သင်၏လူ အချို့တို့သည် မိုဃ်းကောင်းကင် အောက် အဝေးဆုံးသောအရပ်သို့
နှင်ထုတ်ခြင်းကို ခံရ သော်လည်း၊ ထိုအရပ်မှ သင်၏ဘုရားသခင် ထာဝရ ဘုရား သိမ်းယူဆောင်ခဲ့တော်မူလိမ့်မည်။ 5 ဘိုးဘေးတို့
ဝင်စားသောပြည်သို့ တဖန်ဆောင်ခဲ့ တော်မူသဖြင့်၊ သင်သည် ဝင်စားရလိမ့်မည်။ ထိုအခါ ကျေးဇူးပြုတော်မူပြန်သဖြင့်၊
ဘိုးဘေးများတို့ထက် သင့်ကို သာ၍ များစေတော်မူလိမ့်မည်။ 6 သင်သည် အသက်ရှင်မည်အကြောင်း၊ သင်၏ ဘုရားသခင်
ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်စေ ခြင်းငှာ၊ သင့်နှလုံးနှင့် သင့်အမျိုး၏ နှလုံးအရေဖျားကို လှီးဖြတ်တော်မူလိမ့်မည်။ 7
သင်၏ရန်သူ တည်းဟူသော သင့်ကိုမုန်း၍ ညှဉ်းဆဲသောသူတို့ အပေါ်၌လည်း၊ အထက်ဆိုခဲ့ပြီးသော ကျိန်ခြင်းအမင်္ဂလာ ရှိသမျှတို့ကို
သက်ရောက်စေတော်မူ လိမ့်မည်။ 8 သင်သည် ပြန်လာလျက် ထာဝရဘုရား၏ စကားတော်ကို နားထောင်၍၊ ယနေ့
ငါမှာထားသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်လိမ့်မည်။ 9 သင်သည် သင်၏ ဘုရားသခင် ထာဝရဘုရား ၏ စကားတော်ကို
နားထောင်၍၊ 10 ဤပညတ္တိကျမ်းစာ၌ ရေးထားသော စီရင်ထုံးဖွဲ့ တော်မူချက်တို့ကို စောင့်ရှောက်လျှင်၎င်း၊ သင်၏ဘုရား သခင်
ထာဝရဘုရားထံတော်သို့ စိတ်နှလုံးအကြွင်းမဲ့ ပြန် လာလျှင်၎င်း၊ သင်ပြုလေရာရာ၌ အောင်မည်အကြောင်း နှင့် သင်၏သားသမီး၊
တိရ စ္ဆာန်၊ အသီးအနှံတိုးပွားများ ပြားမည်အကြောင်းကို စီရင်၍ သင့်အကျိုးကို ပြုစုတော် မူလိမ့်မည်။ ထာဝရဘုရားသည်
သင်၏ဘိုးဘေးတို့၌ အားရဝမ်းမြောက်သကဲ့သို့ သင်၌ အားရဝမ်းမြောက်၍၊ သင့်အကျိုးကို ပြုစုတော်မူလိမ့်မည်။ 11 ယနေ့
ငါမှာထားသော ပညတ်တရားတော် သည် သင်နားမလည်နိုင်သော တရားမဟုတ်။ 12 သင်နှင့်ဝေးသည်မဟုတ်။ တရားတော်ကို ငါတို့
သည် နားထောင်၍ စောင့်ရှောက်မည်အကြောင်း၊ ကောင်းကင်သို့ အဘယ်သူတက်၍ ငါတို့ထံသို့ ဆောင်ခဲ့ လိမ့်မည်နည်းဟု
မေးစေခြင်းငှာ ကောင်းကင်၌ ရှိသည် မဟုတ်။ 13 တရားတော်ကို ငါတို့သည် နားထောင်၍ စောင့် ရှောက်မည်အကြောင်း၊ ပင်လယ်ကို
အဘယ်သူကူး၍ ငါတို့ထံသို့ဆောင်ခဲ့လိမ့်မည်နည်းဟု မေးစေခြင်းငှာ၊ ပင်လယ်တဘက်၌ ရှိသည်မဟုတ်။ 14 တရားတော်သည်
သင်စောင့်ရှောက်ဘို့ရာ သင် နှင့် အလွန်နီး၏။ သင်၏နှုတ်၌၎င်း၊ သင်၏နှလုံး၌၎င်း ရှိ၏။ 15 ကြည့်ပါတော့၊ အသက်ရှင်ခြင်း
ချမ်းသာနှင့် သေခြင်း ဆင်းရဲတို့ကို သင့်ရှေ့မှာ ယနေ့ ငါထား၏။ 16 သင်သည် အသက်ရှင်၍ တိုးပွားမည်အကြောင်း နှင့်
သင်ဝင်စားလတံ့သောပြည်၌၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်ကို ကောင်းကြီးပေးတော်မူမည် အကြောင်း၊
သင်၏ဘုရားသခင် ထာဝရဘုရားကို ချစ် သဖြင့် နောက်တော်သို့လိုက်၍၊ စီရင်ထုံးဖွဲ့တော်မူချက် ပညတ်တရားတော်တို့ကို
စောင့်ရှောက်လော့ဟု ငါမှာ ထား၏။ 17 သို့မဟုတ် သင့်နှလုံးလွှဲသွားသဖြင့်၊ သင်သည် နားမထောင်ဘဲ သူတပါး သွေးဆောင်ရာသို့
လိုက်၍၊ အခြားတပါးသောဘုရားတို့ကို ဝတ်ပြုကိုးကွယ်လျှင်၊ 18 ယော်ဒန်မြစ်ကို ကူး၍ ဝင်စားလတံ့သောပြည်၌ အသက်တာမရှည်၊
ဧကန်အမှန် ပျက်စီးခြင်းသို့ ရောက် လိမ့်မည်ဟု ယနေ့ ငါသတိပေး၏။ 19 အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းကြီးပေး ခြင်း၊
ကျိန်ခြင်းတို့ကို သင့်ရှေ့၌ ငါထားသည်ဟု သင့်တ ဘက်၌ ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။ 20 သို့ဖြစ်၍၊ သင်နှင့်
သင့်အမျိုးအနွယ်သည် အသက်ရှင်မည် အကြောင်းနှင့်၎င်း၊ သင်၏ဘုရားသခင် ထာဝရဘုရားကို ချစ်၍ စကားတော်ကို နားထောင်သ
ဖြင့်၊ အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်း အကျိုးကို ပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ်မှီဝဲ မည် အကြောင်းနှင့်၎င်း၊
ထာဝရဘုရားသည် သင်၏ဘိုး ဘေး အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော် မူသောပြည်၌ နေမည်အကြောင်းနှင့် ယှဉ်သော
အသက် တရားကို ရွေးယူလော့ဟု ဣသရေလအမျိုးအား ဟော ပြော၏။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင့်ရှေ့၌ ငါထား၍ အထက်ဆိုခဲ့ပြီးသမျှသော အရာတည်းဟူသော
ဤတွင်"အထက်ဆိုခဲ့ပြီး သမျှသော အရာ" သည် အခန်းကြီး 28:29 တွင်ဖော်ပြထားသော ကောင်းကြီးနှင့်ကျိန်ဆဲခြင်းတို့ကိုဆိုလိုသည်။ စကားစု "အရာတည်းဟူသော" သည် စကားအသုံးအနှုန်းတစ်ခုဖြစ်၍ ဖြစ်ပျက်သည့်အရာကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာများအားလုံး သင့်အပေါ်မှာ ဖြစ်ပျက်နေသည့်အချိန်"၊


generated on Sun Jun 30 02:37:40 2024

သင့်အပေါ်မှာ ရောက်၍၊
ဤင်းမောရှေသည်လူမျိုးတို့အား ပြောကြားသည့်ကောင်းကြီးနှင့်ကျိန်ဆဲခြင်းတို့သည်
သူတို့ရှေ့မှာသူသည်သီးသန့်ထားရန်ရည်ရွယ်ခြင်းကြောင့်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုပြောထားသည့်အတိုင်း ငါလုပ်သည်"။

ထိုအရာတို့ကို အောက်မေ့လျက်၊
ဤင်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို သတိရသည်"

သင့်ကို နှင်ထုတ်တော်မူရာ အပြည်ပြည်တို့၌
"သင်တို့ တိုင်းတစ်ပါး၌ နေထိုင်သည့်အချိန်တွင်"၊

နှင်ထုတ်တော် မူရာ
"အတင်းအဓမ္မဖြင့် သင်တို့သွားရသည်"။

စကားတော်ကို စိတ်နှလုံးအကြွင်းမဲ့ နားထောင်လျှင်
ဤတွင် "စကားတော်" သည် ထာဝရဘုရား ပြောပြချက်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပြောသည်ကို နာခံရမည်"

စိတ်နှလုံးအကြွင်းမဲ့
စကားအသုံးအနှုန်း "စိတ်အကြွင်းမဲ့ " သည် "လုံးလုံး လျားလျား" နှင့် "နှလုံးအကြွင်းမဲ့" သည် "သင်၏ ဖြစ်တည်ခြင်းအားလုံး" ကိုဆိုလိုသည်။
ဤင်းစကားစုနှစ်ခုသည်အဓိပ္ပါယ်အတူတူဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဖြစ်တည်ခြင်းအားလုံးနှင့်"

သင်ခံ ရသော သိမ်းသွားခြင်းအမှုကို ကုန်စေမည်
"သင်၏ အကျဉ်းကျခံခြင်းမှ လွတ်မြောက်စေမည်" စိတ္တဇနာမ် "အကျဉ်းကျခံခြင်း" သည် ဝါကျကဏ္ဍ ကဲ့သို့ဘာသာပြန်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အား ဖမ်းဆီးသည့် သူများထံမှ လွတ်မြောက်စေမည်"။

## Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

အဝေးဆုံးသောအရပ်သို့ နှင်ထုတ်ခြင်းကို ခံရသော်လည်း
"သင်တို့သည် အဝေးဆုံးသော အရပ်သို့ နှင်ထုတ်ခြင်း ခံသော်လည်း"

မိုဃ်းကောင်းကင် အောက်
"ကောင်းကင်အောက်" သို့မဟုတ် " ကမ္ဘာပေါ်"

## Deuteronomy 06

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင့်အမျိုး၏ နှလုံးအရေဖျားကို လှီးဖြတ်တော်မူလိမ့်မည်
ဘုရားသခင်က သူတို့၏ အပြစ်များ ဖယ်ရှားတော်မူ၍ သူအား ချစ်ခင်တတ်ခြင်းနှင့် နာခံတတ်ခြင်းကို ဆိုလိုသည်။

စိတ်နှလုံးအကြွင်းမဲ့
စကားအသုံးအနှုန်း "စိတ်အကြွင်းမဲ့ " သည် "လုံးလုံး လျားလျား" နှင့် "နှလုံးအကြွင်းမဲ့" သည် "သင်၏ ဖြစ်တည်ခြင်းအားလုံး" ကို ဆိုလိုသည်။
ဤင်းစကားစုနှစ်ခုသည်အဓိပ္ပါယ်အတူတူဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဖြစ်တည်ခြင်း အားလုံးနှင့်"

ထာဝရဘုရား၏ စကားတော်ကို နားထောင်၍
ဤတွင် "စကားတော်" သည် ထာဝရဘုရား ပြောပြချက်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပြောသည်ကို နာခံရမည်"။

သင်၏ရန်သူ တည်းဟူသော သင့်ကိုမုန်း၍ ညှဉ်းဆဲသောသူတို့ အပေါ်၌
မောရှေ ပြောသော ကျိန်ဆဲခြင်းသည် သူတို့အား ကုန်တစ်ခု (သို့မဟုတ်) အဖုံးတစ်ခုဖြင့် လူတစ်ယောက်ကို အပေါ်မှဖိထားခြင်းကဲ့သို့ ပြောဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သင်၏ ရန်သူများအား ဤကျိန်ဆဲခြင်းများမှ ဝေဒနာခံစားစေရမည့်အရာ"၊

## Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင်ပြုလေရာရာ၌
ဤတွင် "ပြုလေရာ" သည် လူတစ်ယောက်လုံးကိုကိုယ်စားပြုပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင် လုပ်ဆောင်သည့် အရာတိုင်း၌"၊

သင်၏သားသမီး၊ တိရစ္ဆာန်၊ အသီးအနှံတိုးပွားများ ပြားမည်အကြောင်းကို
ဤစကားစုသုံးခုတို့သည် သားသမီး၊ တိရစ္ဆာန်၊ အသီးအနှံ တို့အတွက် စကားအသုံးအနှုန်းများဖြစ်သည်။ 28:3 ၌ လည်း ဤင်းနှင့် တူညီသည့် ဝါကျရှိသည်။

ရေးထားသော စီရင်ထုံးဖွဲ့ တော်မူချက်
ဤင်းကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "ငါ ရေးသားထားသော"


generated on Sun Jun 30 02:37:40 2024

စိတ်နှလုံးအကြွင်းမဲ့
စကားအသုံးအနှုန်း "စိတ်အကြွင်းမဲ့ " သည် "လုံးလုံး လျားလျား" နှင့် "နှလုံးအကြွင်းမဲ့" သည် "သင်၏ ဖြစ်တည်ခြင်းအားလုံး" ကိုဆိုလိုသည်။ ၎င်းစကားစုနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဖြစ်တည်ခြင်းအားလုံးနှင့်" သို့မဟုတ် "သင်၏ အားထုတ်မှု အားလုံးနှင့်"။ 4:29 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ရန်ဖြစ်သည်။

Deuteronomy 11

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏" ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင်နှင့်ဝေးသည်မဟုတ်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရ ဘုရားက သင့်အား လုပ်ဆောင်စေချင်သည့် အရာကို သင်နားလည်ရန် အလွန်ခက်ခဲပါသည်" ။

တရားတော်ကို ငါတို့ သည် နားထောင်၍ စောင့်ရှောက်မည်အကြောင်း၊ ကောင်းကင်သို့ အဘယ်သူတက်၍ ငါတို့ထံသို့ ဆောင်ခဲ့ လိမ့်မည်နည်းဟု မေးစေခြင်းငှာ
မောရှေသည် ဣသရေလလူမျိုးများက သူတို့အတွက်ထာဝရဘုရား၏ အမိန့်ပေးချက်များနားလည်ရန်အလွန်ခက်ခဲသည်ကို စကားပြောနည်းအတတ်နှင့် ဆိုင်သော မေးခွန်းများဖြင့် ရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သည် ဘုရားသခင်၏ အမိန့်ပေးချက်များ လေ့လာရန် ကောင်းကင်သို့ ခရီးသွား၍ လူများ နာခံရမည့် အကြောင်းအရာများကို ငါတို့အား ပြန်လည်ပို့ချသည်။"

Deuteronomy 13

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

တရားတော်ကို ငါတို့သည် နားထောင်၍ စောင့် ရှောက်မည်အကြောင်း၊ ပင်လယ်ကို အဘယ်သူကူး၍ ငါတို့ထံသို့ဆောင်ခဲ့လိမ့်မည်နည်း
ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ အမိန့်ပေးချက်များနားလည်ရန် အလွန်ခက်ခဲသည်ဟု ဆိုလိုသည်။ ဤမေးခွန်းကို ထုတ်ဖော်ချက်ကဲ့သို့ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သော သူသည် ဘုရားသခင်၏ အမိန့်ပေးချက်များ လေ့လာရန်ပင်လယ်ကူးဖြတ်၍ ခရီးသွားရာမှ ပြန်လာပြီး ငါတို့ နာခံရမည့် အကြောင်းအရာများကိုငါတို့အား ပြောပြပါသည်" ။

သင်၏နှုတ်၌၎င်း၊ သင်၏နှလုံး၌၎င်း ရှိ၏။
၎င်းသည် လူမျိုးများက ဘုရားသခင်၏ အမိန့်ပေးချက်များနားလည်၍ အခြားလူများထံတွင် သူတို့ ပြောပြနိုင်သည်ကို ဆိုလိုသည်။

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင့်ရှေ့မှာ ယနေ့ ငါထား၏။
အရာတစ်ခုခုကိုသူများတွေ့နိုင်အောင်ထားသည်ဟုတစ်ယောက်ကတစ်ယောက်အေ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါကသင့်အားအကြောင်းပြောပြသည်"

အသက်ရှင်ခြင်း ချမ်းသာနှင့် သေခြင်း ဆင်းရဲတို့ကို
သွယ်ဝိုက်အချက်အလက်များ ရှင်းပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်အရာကကောင်း၍ သင်အသက်ရှင်စေသနည်း။ ဘယ်အရာကဆိုး၍ သင့်အားသေစေသနည်း" ။

တိုးပွားမည်အကြောင်း
"သားစဉ်မြေးဆက်များစွာရှိသည်"

Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင့်နှလုံးလွဲသွားသဖြင့်၊ သင်သည် နားမထောင်ဘဲ သူတပါး သွေးဆောင်ရာသို့ လိုက်၍၊ အခြားတပါးသောဘုရားတို့ကို ဝတ်ပြုကိုးကွယ်လျှင်
ဤတွင် "နှလုံး" သည် လူတစ်ယောက်လုံးကို ဆိုလိုသည်။ ၎င်းကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဘုရားသခင်ထံတွင်သစ္စာပြုခြင်းကို ရပ်စဲပါက ... ပိုင်နယ်မြေတွင် အသက်ရှင်သောသူများက အခြားသောဘုရားများ နောက်လိုက်၍ ကိုးကွယ်ရန် သိမ်းသွင်းစေနိုင်ပါသည်" ။

ဝင်စားလတံ့သောပြည်၌ အသက်တာမရှည်၊ ဧကန်အမှန် ပျက်စီးခြင်းသို့ ရောက် လိမ့်မည်
မောရှေသည် ဣသရေလလူမျိုးများအား လူအုပ်စုတစ်ခုကဲ့သို့ ပြောဆိုသည်။


generated on Sun Jun 30 02:37:40 2024

Deuteronomy 19

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးတို့အား ပြောသောစကားများတွင် လူတစ်ယောက်ကို ပြောသကဲ့သို့ ဆို၍ "သင်" နှင့် "သင်၏"ဟု တစ်ဦးဆိုင်နာမ် စကားလုံးများ သုံးထားပါသည်။

သင့်တ ဘက်၌ ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။

ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ ၁။ သူပြောသောအရာများကို ကောင်းကင်နှင့် မြေကြီးပေါ်တွင် နေထိုင်သောသူများထံသို့ ပြောပြရန် မောရှေအားခေါ်ဆောင်သည်

ငါတိုင်တည်၏။

"ငြင်းပယ်စရာမရှိအောင် သင်သည် ဒုစရိုက်ကို ပြုသည်"

ငါတိုင်တည်၏။

မောရှေသည် ဣသရေလလူမျိုးများအား အုပ်စုတစ်ခုကဲ့သို့ ပြောဆိုသည်။

စကားတော်ကို နားထောင်သ ဖြင့်၊

ဤတွင် "စကားတော်" သည် ထာဝရဘုရား ပြောပြချက်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပြောပြချက်များ နာခံသည်"

ဆည်းကပ်မှီဝဲ မည်

"သူ့ကို မှီခိုအားထားသည်"

အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်း အကျိုး

"အသက်" နှင့် "အသက်တာရှည်ခြင်း တို့သည် တစ်ယောက်ယောက်ကပေးသောအသက်တာနှင့် နေ့ရက်ရှည်များကိုဥပမာပြောဆိုခြင်းဖြစ်သည်။ လိုအပ်ပါကစကားစုနှစ်ခုပေါင်း နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူတစ်ဦးတည်းသောအသက်တာ ရှည်စေနိုင်သော သူဖြစ်သည်"

ကျိန်ဆိုတော် မူသောပြည်၌ နေမည်အကြောင်း

ဖြုတ်ထားသော စကားလုံးများ ဖြည့်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဘိုးဘေးဘီဘင်များအား သူ ကျိန်ပြောသည်"။

---

## Translation Questions

Deuteronomy 30:1

ထာဝရဘုရားသည် ဣသရေလလူတွေကို ကွဲပြားစေသောနေရာမှ သူတို့ကိုတဖန်ပြန်လည်စုစည်းစေပြီး အကျဉ်းခံရသောနေရာမှပြန်လည်လွတ်မြောက်စေလိမ့်မည်ဖြစ်သောကြောင့် သူတို့သည် မည်သည့်အရာကိုလုပ်ရမည်နည်း။

သူတို့သည် ထာဝရဘုရားသခင်၏ နာခံ၍ သူတို့၏ စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူမိန့်မှာခဲ့သော အရာအားလုံးကို လိုက်နာဖို့ရန်အတွက် ပြန်လာရမည်ဖြစ်သည်။

Deuteronomy 30:4

မည်သည့်အရပ်မှ ဣသရေလလူတို့ကို ဘုရားသခင်သည် ယူဆောင်ခဲ့လိမ့်မည်နည်း။

မိုဃ်းကောင်းကင်အောက် အဝေးဆုံးသောအရပ်မှထာဝရဘုရား ယူဆောင်တော်မူလိမ့်မည်။

အဘယ်ရပ်သို့ ထာဝရဘုရားသည် ဣသရေလလူတို့ကိုဆောင်ခဲ့လိမ့်မည်နည်း။

ထာဝရဘုရားသည် သူတို့ဘိုးဘေးတို့ ဝင်စားသောပြည်သို့ တဖန်ဆောင်ခဲ့သည်။

Deuteronomy 30:6

ထာဝရဘုရားသည် အဘယ်ကြောင့် ဣသရေလလူတို့၏ သားမြေးစဉ်ဆက်တို့၏ နှလုံးကို အရေဖျားလှီးခဲ့သနည်း။

ထာဝရဘုရားသည် ဣသရေလလူတွေကို သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်စေ ခြင်းငှာ၊ သင့်နှလုံးနှင့် သင့်အမျိုး၏ နှလုံးအရေဖျားကို လှီးဖြတ်ခဲ့သည်။

ဣသရေလလူတွေ အပေါ်မှာ မုန်း၍ ညှဥ်းဆဲသော သူတို့ကို ထာဝရဘုရားသည် မည်သို့ ကျိန်ဆိုလိမ့်မည်နည်း။

သင့်ကိုမုန်း၍ ညှဥ်းဆဲသောသူတို့ အပေါ်တွင် ကျိန်ခြင်းအမင်္ဂလာရှိသမျှတို့ကို ထာဝရဘုရားသည် သက်ရောက်စေတော်မူလိမ့်မည်။

ဣသရေလလူတို့သည် ထာဝရဘုရားထံပြန်လာ၍မည်သို့ဖြစ်လိမ့်မည်နည်း။

သူတို့သည် ထာဝရဘုရားထံတဖန်ပြန်လာ၍ ထာဝရဘုရား၏စကားကိုနားထောင်ပြီး မှာထားသောပညတ်တော်တို့ကိုစောင့်ရှောက်လိမ့်မည်။

Deuteronomy 30:9

သူတို့ လက်ဖြင့် လုပ်သောအရာအတွက် အသီးများကို သီးစေ၍၊ ကိုယ်၌ သားသမီးများ ထွန်းကားကာ၊ တိရစ္ဆာန်နှင့် မြေမှထွက်သော အရာအားလုံးတို့သည် ထာဝရဘုရားအား မည်သို့ ဖြစ်စေသနည်း။

ထာဝရဘုရားသည် သူတို့၏ ဘိုးဘေးတို့၌ အားရဝမ်းမြောက်သကဲ့သို့ သူတို့၌ အားရဝမ်းမြောက်လိမ့်မည်။

ထာဝရဘုရားသည် သူတို့အပေါ်၌ ဝမ်းမြောက်သောကြောင့် ဣသရေလလူတို့သည် မည်သို့လုပ်ဖို့ရန်လိုအပ်သနည်း။
ဣသရေလလူတို့သည် ထာဝရဘုရား၏ စကားတော်ကို နားထောင်၍ ထာဝရဘုရား၏ စီရင်ထုံးဖွဲ့တော်တို့ကိုစောင့်ရှောက်ဖို့ရန်နှင့် ဘုရားသခင် ထာဝရဘုရားထံတော်သို့ စိတ်နှလုံးအကြွင်းမဲ့ ပြန်လာဖို့ရန် လိုအပ်သည်။

Deuteronomy 30:11

မောရှေသည် သူတို့ရောက်ရှိဖို့ရန်အတွက် အလွန်ဝေးသည်မဟုတ် သို့မဟုတ် လူတွေအတွက် ခက်ခဲသည်မဟုတ်ဟု အဘယ့်ကြောင့်ပြောခဲ့သနည်း။
ပညတ်တရားတော်သည် ဣသရေလလူမျိုးတွေ နားမလည်နိုင်သော တရားမဟုတ်။ ထိုသို့လူတွေနှင့်ဝေးသည်မဟုတ်။ တရားတော်ကို သူတို့သည် နားထောင်၍ စောင့်ရှောက်ရမည်ဟု မောရှေသည် ပြောခဲ့သည်။

Deuteronomy 30:13

တရားတော်သည် မည်သည့်နေရာတွင် တည်ရှိသနည်း။
တရားတော်သည် သင် နှင့် အလွန်နီး၏။ သင်၏ နှုတ်၌လည်းကောင်း၊ သင်၏နှလုံး၌လည်းကောင်း ရှိ၏။

Deuteronomy 30:15

မောရှေသည် ဣသရေလလူမျိုးတို့၏ ရှေ့တွင် အဘယ်အရာကို ထားရှိခဲ့သနည်း။
မောရှေသည် ဣသရေလလူမျိုးတို့၏ ရှေ့တွင် အသက်ရှင်ခြင်း ချမ်းသာနှင့် သေခြင်း ဆင်းရဲတို့ကို ထားခဲ့သည်။

မောရှေသည် ဣသရေလလူတို့အား ပညတ်ထားသော ထာဝရဘုရား၏ အထုံးတော်အဖွဲ့တို့ကို နားထောင်ခဲ့လျှင် မည်သို့ဖြစ်လိမ့်မည်နည်း။
သူတို့နေထိုင်သည့်ပြည်တွင် ထာဝရဘုရားသည် သူတို့ကို ကောင်းကြီးပေးတော်မူလိမ့်မည်။

Deuteronomy 30:17

သူတို့သည် နှလုံးလွှဲ၍ သူတပါး သွေးဆောင်ရာသို့ လိုက်ပြီး အခြားတပါးသောဘုရားတို့ကို ဝတ်ပြုကိုးကွယ်လျှင် ထိုလူတို့သည် မည်သို့ဖြင့်မည်လိမ့်နည်း။
သူတို့သည် ဝင်စားလတံ့သောပြည်၌ အသက်တာမရှည် ဧကန်အမှန် ပျက်စီးခြင်းသို့ ရောက် လိမ့်မည်။

Deuteronomy 30:19

ကောင်းကင်နှင့်မြေကြီးကို တိုင်တည်၍ ရွေးချယ်ဖို့ရန် ဣသရေလလူတို့သည် မောရှေသည်မည်သို့ပြောခဲ့သနည်း။
မောရှေသည် ထိုသူတို့နှင့် သူတို့၏သားမြေးစဉ်ဆက်အသက်ရှင်နေထိုင်ရန် ဘဝကိုရွေးချယ်ဖို့ရန် ထိုလူတွေကိုပြောခဲ့သည်။

အဘယ်ကြောင့်လူတို့သည် အသက်ကိုရွေးသင့်သနည်း။
သူ၏အသံကိုနားထောင်ဖို့ရန်နှင့် အသက်တာရှည်ခြင်း အကျိုးကို ပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ်မှီဝဲ ဖို့ရန်နှင့် မိမိ၏ဘုရားသခင်ကိုချစ်သကဲ့သို့ သူတို့၏အသက်ကိုသူတို့ရွေးသင့်သည်။

## Chapter 31

1 တဖန် မောရှေသည် သွား၍ ဣသရေလအမျိုး သား အပေါင်းတို့အား ဟောပြောသည်ကား၊ 2 ငါသည် ယနေ့
အသက်တရာနှစ်ဆယ်စေ့ပြီ။ သင်တို့ရှေ့မှာ ထွက်ဝင်ခြင်းငှာ နောက်တဖန် မတတ် နိုင်။ ထာဝရဘုရားကလည်း၊ သင်သည်
ယော်ဒန်မြစ်ကို မကူးရဟု မိန့်တော်မူပြီ။ 3 သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင် တို့ရှေ့မှာကူး၍၊ ထိုပြည်သား
အမျိုးမျိုးတို့ကို ဖျက်ဆီး တော်မူသဖြင့်၊ သူတို့နေရာကို သင်တို့ဝင်စားရကြလိမ့် မည်။ ထာဝရဘုရားအမိန့်တော်အတိုင်း၊ ယောရှုသည်
လည်း သင်တို့ရှေ့မှာ ကူးရလိမ့်မည်။ 4 ထာဝရဘုရားသည်လည်း၊ အာမောရိရှင်ဘုရင် ရှိဟုန်နှင့် ဩဃတို့၌၎င်း၊ ဖျက်ဆီးတော်မူသော
သူတို့ပြည် ၌၎င်း ပြုသကဲ့သို့၊ ထိုပြည်သား အမျိုးမျိုးတို့၌ ပြုတော်မူ လိမ့်မည်။ 5 ထာဝရဘုရားသည် သူတို့ကို သင်တို့၌ အပ်
တော်မူသဖြင့်၊ ငါမှာထားသမျှသော ပညတ်တို့အတိုင်း၊ သူတို့၌ ပြုရကြလိမ့်မည်။ 6 အားယူ၍ ရဲရင့်ခြင်း ရှိကြလော့။ မစိုးရိမ်ကြနှင့်။
သူတို့ကို မကြောက်ကြနှင့်။ ထာဝရဘုရားသည် သင်တို့ ဘုရားသခင်ဖြစ်၍ သင်တို့နှင့်အတူ ကိုယ်တိုင်ကြွတော်မူ မည်။ သင်တို့ကို
စွန့်တော်မမူ၊ ပစ်ထားတော်မမူဟု ဟော ပြော၏။ 7 တဖန် ယောရှုကို ခေါ်၍၊ သင်သည် အားယူ၍ ရဲရင့်ခြင်းရှိလော့။ အကြောင်းမူကား၊
ထာဝရဘုရားသည် ဤလူတို့အား ပေးခြင်းငှာ၊ ဘိုးဘေးတို့အား ကျိန်ဆိုတော် မူသောပြည်သို့ သင်သည် သူတို့နှင့်အတူ သွား၍ အမွေခံ
စေရမည်။ 8 သင့်ရှေ့မှာ ထာဝရဘုရားသည် ကိုယ်တိုင်ကြွ၍ သင်နှင့်ရှိတော်မူလိမ့်မည်။ သင့်ကိုစွန့်တော်မမူ၊ ပစ်ထား တော်မမူ။
မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်ဟု ဣသရေလ အမျိုးသားအပေါင်းတို့ရှေ့မှာ ပြောဆို၏။ 9 ဤပညတ်တရားကို မောရှေသည် ရေးထား၍
ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို ထမ်းသော လေဝိသားယဇ်ပုရောဟိတ်များ၊ ဣသရေလအမျိုး အ သက်ကြီးသူများ
အပေါင်းတို့၌ အပ်၍၊ 10 မှာထားသည်ကား၊ ခုနစ်နှစ်စေ့၍ ကျွန်များကို လွှတ်ခြင်းငှာ ချိန်းချက်သောနှစ်၊ သကေနေပွဲခံချိန် ရောက်မှ၊
11 သင်တို့၏ဘုရားသခင် ထာဝရဘုရား ရွေး ကောက်တော် မူလတံ့သော အရပ်တွင် ဣသရေလအမျိုး သား အပေါင်းတို့သည်
ရှေ့တော်၌ ကိုယ်ကို ပြခြင်းငှာ လာကြသောအခါ၊ ဤပညတ်တရားကို ထိုပရိသတ် အပေါင်းတို့ရှေ့မှာ ဘတ်ရွတ်ရမည်။ 12 ယောကျ်ား၊
မိန်းမ၊ သူငယ်များ၊ တည်းခိုသော တပါးအမျိုးသားများတို့သည် ကြား၍ နားလည်သဖြင့်၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို
ကြောက်ရွံ့၍၊ ဤပညတ်တရားစကားအလုံးစုံတို့ကို စောင့်ရှောက်စေ ခြင်းငှာ ပရိသတ်တို့ကို စုဝေးစေကြလော့။ 13 ထိုသို့ပြုလျှင်၊
နားမလည်သေးသော သူငယ်တို့ သည် ကြားသဖြင့်၊ သင်တို့သည် ယော်ဒန်မြစ်ကိုကူး၍ ဝင်စားလတံ့သောပြည်၌
နေသည်ကာလပတ်လုံး၊ သင်တို့ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့စေခြင်းငှာ သင် ကြလိမ့်မည်ဟု မှာထားသတည်း။ 14
ထာဝရဘုရားကလည်း၊ သင်သည် သေရသော အချိန်နီးပြီ။ ယောရှုကို ခေါ်၍ ပရိသတ်စည်းဝေးရာ တဲတော်သို့ ချဉ်းကပ်လော့။
သူ့ကိုငါမှာထားမည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ မောရှေနှင့် ယောရှု သည် သွား၍ ပရိသတ်စည်းဝေးရာ တဲတော်သို့
ချဉ်းကပ် ကြ၏။ 15 ထာဝရဘုရားသည် တဲတော်တွင် မိုဃ်းတိမ် တိုင်၌ ထင်ရှားတော်မူ၍၊ မိုဃ်းတိမ်တိုင်သည် တဲတော်
တံခါးဝအပေါ်မှာ တည်နေ၏။ 16 တဖန် မောရှေအား ထာဝရဘုရားက၊ သင် သည် ဘိုးဘေးတို့နှင့် အိပ်ပျော်သောအခါ၊ ဤလူမျိုးသည်
ထ၍ ယခုသွားသောပြည်၌နေသော တပါးအမျိုးသား ကိုးကွယ်သော ဘုရားတို့နှင့် မှားယွင်း၍ ငါ့ကိုစွန့်လျက်၊ ငါဖွဲ့ထားသော
ပဋိညာဉ်တရားကို ဖျက်လိမ့်မည်။ 17 ထိုအခါ ငါသည် အမျက်တော်ထွက်၍ သူတို့ကို စွန့်မည်။ သူတို့မှ ငါ့မျက်နှာကို လွှဲသဖြင့်၊
သူတို့သည် ပျက်စီး၍ ဘေးဒဏ်ရန်မာန်အပေါင်းတို့နှင့် တွေ့ကြုံကြ လိမ့်မည်။ ထိုအခါ သူတို့က၊ ငါတို့ဘုရားသခင်သည် ငါတို့ တွင်
ရှိတော်မမူသောကြောင့်၊ ဤဘေးဒဏ်တို့သည် ငါတို့ အပေါ်မှာ ရောက်သည်မဟုတ်လောဟု ဆိုကြလိမ့်မည်။ 18 သူတို့သည်
အခြားတပါးသော ဘုရားတို့နောက် သို့ လွှဲသွား၍ ပြုသော ဒုစရိုက်အပေါင်းတို့ကြောင့်၊ ထိုအခါ ငါသည် ကိုယ်မျက်နှာကို ဧကန်အမှန်
လွှဲမည်။ 19 ယခုမှာ ဓမ္မသီချင်းကို ရေးထားကြလော့။ ထို သီချင်းကို ဣသရေလအမျိုးတဘက်၌ ငါ့အဘို့ သက်သေ ဖြစ်စေခြင်းငှာ၊
သူတို့သည် နှုတ်ကျက်ရအောင် သင်စေ ကြလော့။ 20 အကြောင်းမူကား၊ သူတို့၏ဘိုးဘေးတို့အား ငါကျိန်ဆို၍ နို့နှင့်ပျားရည်စီးသော
ပြည်သို့ သူတို့ကို ငါဆောင်သွင်းသဖြင့် သူတို့သည် ဝစွာစားရ၍ ဆူဖြိုး သောအခါ၊ အခြားတပါးသော ဘုရားတို့ထံသို့ လွှဲသွား၍
ဝတ်ပြုကြလိမ့်မည်။ ငါ့ကို ပုန်ကန်၍ ငါ့ပဋိညာဉ်တရား ကို ဖျက်ကြလိမ့်မည်။ 21 ဘေးဒဏ်ရန်မာန်အပေါင်းတို့နှင့် တွေ့ကြုံသော အခါ၊
ထိုသီချင်းသည် သူတို့တဘက်၌ သက်သေခံလိမ့် မည်။ သူတို့အမျိုးအနွယ်သည် နှုတ်ကျက်မမေ့လျော့ရ။ ငါကျိန်ဆိုသောပြည်သို့
ငါဆောင်၍ မသွင်းမှီ၊ ယခုပင် သူတို့ကြံစည်သော အကြံအစည်ကို ငါသိ၏ဟု မိန့်တော်မူ၏။ 22 မောရှေသည်လည်း၊ ထိုနေ့၌
ဓမ္မသီချင်းကို ရေး ထား၍ ဣသရေလအမျိုးသားတို့အား သင်လေ၏။ 23 တဖန် နွန်၏သား ယောရှုအား ထာဝရဘုရား က၊ သင်သည်
အားယူ၍ ရဲရင့်ခြင်းရှိလော့။ ငါကျိန်ဆို သောပြည်သို့ ဣသရေလအမျိုးသားတို့ကို ဆောင်သွင်းရ မည်။ ငါသည် သင်နှင့်အတူ
ရှိမည်ဟု မှာထားတော်မူ၏။ 24 မောရှေသည် ဤပညတ်တရားစကားတော် အလုံးစုံတို့ကို အကုန်အစင်ရေးထားပြီးမှ၊ 25
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်ကို ထမ်းသောလေဝိသားတို့ကို ခေါ်၍၊ 26 ဤပညတ္တိကျမ်းစာသည် သင်တို့အမျိုးတဘက်၌
သက်သေဖြစ်မည်အကြောင်း၊ ထိုစာကိုယူ၍ သင်တို့ ဘုရားသခင် ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော် အနားမှာ
တင်ထားကြလော့။ 27 သင်တို့အမျိုးသည် ပုန်ကန်တတ်သော သဘော၊ ခိုင်မာသောသဘော ရှိကြောင်းကို ငါသိ၏။ ငါအသက် ရှင်၍၊
သင်တို့တွင် နေစဉ်အခါ၊ ယနေ့ပင် သင်တို့သည် ထာဝရဘုရားကို ပုန်ကန်ကြပြီ။ ငါသေသောနောက် ထိုမျှ မကပြုကြလိမ့်မည်။ 28
သင်တို့အမျိုးအနွယ် အသက်ကြီးသူ၊ အရာရှိသူ အပေါင်းတို့ကို ငါ့ထံမှာ စုဝေးစေကြလော့။ ဤစကားတို့ ကို သူတို့အား ဟောပြော၍

သူတို့တဘက်၌ ကောင်းကင် မြေကြီးကို ငါတိုင်တည်မည်။ 29 အကြောင်းမူကား၊ ငါသေသောနောက်၊ သင်တို့ သည်
လုံးလုံးဖောက်ပြန်၍ ငါမှာထားသောလမ်းမှ လွဲသွား ကြလိမ့်မည်ကို ငါသိ၏။ နောင်ကာလတွင်၊ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက်ကို
ပြု၍ ကိုယ်လက်နှင့် လုပ်ဆောင် သောအားဖြင့် အမျက်တော်ကို နှိုးဆော်သောကြောင့်၊ သင်တို့သည် ဘေးဥပဒ်နှင့်
တွေ့ကြုံကြလိမ့်မည်ဟု သတိ ပေးလေ၏။ 30 မောရှေသည် ဣသရေလ ပရိသတ်အပေါင်းတို့ အား အကုန်အစင်မြွက်ဆိုသော
သီချင်းစကားဟူမူကား၊


generated on Sun Jun 30 02:37:40 2024

## Chapter 32

1 အို ကောင်းကင်၊ နားထောင်လော့၊ ငါပြောမည်။ အိုမြေကြီး၊ ငါမြွက်ဆိုသောစကားကို ကြားလော့။ 2 ငါ့ဒေသနာသည် မိုဃ်းရေကဲ့သို့
စက်စက်ကျ၍၊ ငါ့စကားသည် နှင်းကဲ့သို့ ဖြည်းညှင်းစွာ သက်ရောက်လိမ့် မည်။ နုသောပျိုးပင်ပေါ်မှာ ရွာသောမိုဃ်းကဲ့သို့၎င်း၊
မြက်ပင်ပေါ်မှာ များပြားသော မိုဃ်းရေကဲ့သို့၎င်း ဖြစ်လိမ့် မည်။ 3 ငါသည် ထာဝရဘုရား၏ နာမတော်ကို ဘော်ပြ သည်ဖြစ်၍၊
ငါတို့ဘုရားသခင်၏ ဘုန်းအာနုဘော်တော် ကို ချီးမွမ်းကြလော့။ 4 ဘုရားသခင်သည် မူလအမြစ်ဖြစ်၍၊ အမှုတော် သည် စုံလင်ပေ၏။
စီရင်တော်မူသမျှတို့သည် တရားနှင့် ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သော
ဘုရားဖြစ်တော်မူ၏။ 5 သူတို့သည် ယိုယွင်းကြပြီ။ ဘုရားသခင်၏ သား မဟုတ်၊ အညစ်အကြေး ကပ်ကြ၏။ သဘောကောက်၍
ဖောက်ပြန်သောအမျိုး ဖြစ်ကြ၏။ 6 အို ပညာမဲ့သော လူမိုက်တို့၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို ဤသို့ဆပ်မည်လော။
ထာဝရဘုရား သည် သင့်ကို ဖြစ်စေသောအဘ၊ သင့်ကို ဖန်ဆင်း၍ နေရာချသောသူ ဖြစ်တော်မူသည် မဟုတ်လော။ 7 ရှေးကာလကို
အောက်မေ့လော့။ လွန်လေပြီး သော နှစ်ပေါင်းများကို ဆင်ခြင်လော့။ သင့်အဘကို မေးမြန်းလျှင် သူသည် ဘော်ပြလိမ့်မည်။
အသက်ကြီးသူ တို့ကို မေးမြန်းလျှင် သူတို့သည် ပြောဆိုကြလိမ့်မည်။ 8 အမြင့်ဆုံးသော ဘုရားသည် အာဒံ၏အမျိုးအ နွယ်ဖြစ်သော
လူမျိုးတို့ကို ပိုင်းခြား၍ အမွေမြေကို ဝေပေးသောအခါ၊ ဣသရေလအမျိုးသားတို့ အရေ အတွက်ကို ထောက်ရှု၍၊
လူမျိုးတို့နေရာအပိုင်းအခြားကို စီရင်တော်မူ၏။ 9 ထာဝရဘုရား၏ အဘို့ကား၊ လူမျိုးတော်တည်း။ ယာကုပ်အမျိုးသည်
အမွေခံတော်မူရာ ဖြစ်သတည်း။ 10 လူဆိတ်ညံသောအရပ်၊ သားရဲမြည်၍၊ လွတ် လပ်သောတောလွင်ပြင်၌ ယာကုပ်ကို
တွေ့တော်မူသော အခါ ဝန်းရံဆီးကာခြင်း၊ သွန်သင်ခြင်းကျေးဇူးကို ပြု၍ မျက်ဆန်တော်ကဲ့သို့ စောင့်တော်မူ၏။ 11 ရွှေလင်းတသည်
အသိုက်ကို မွှေလျက်၊ သား ငယ်တို့အပေါ်မှာ လှုပ်ရှားလျက်၊ အတောင်တို့ကို ဖြန့် လျက်၊ သားငယ်တို့ကိုယူ၍ မိမိအတောင်တို့ဖြင့်
ဆောင် သကဲ့သို့၊ 12 ထာဝရဘုရားတပါးတည်းသာလျှင်၊ ယာကုပ်ကို ဆောင်သွားတော်မူ၏။ အခြားတပါးသောဘုရား မည်မျှ မရှိ။ 13
မြေကြီးပေါ်မှာမြင့်မြတ်သော အရပ်တို့၌ နေရာ ချတော်မူသဖြင့်၊ သူသည် မြေအသီးအနှံကိုစား၍ ကျောက်ထဲကပျားရည်ကို၎င်း၊
မီးပါကျောက်ထဲကဆီကို ၎င်း၊ 14 သိုးသငယ်ဆီဥ၊ ဗာရှန်အမျိုး၏သိုးထီး၊ ဆိတ်ထီး ဆီဥ၊ ဂျုံစပါး၊ ကျောက်ကပ်ဆီဥနှင့်တကွ
နွားနို့ဓမ်းနှင့် သိုးနို့ကို၎င်း စို့မည်အကြောင်း စီရင်တော်မူ၍၊ သင်သည် စပျစ်သီးအသွေးစစ်ကို သောက်ရ၏။ 15 သို့ရာတွင်၊
ယေရှုရုန်သည် ဆူဝ၍ ခြေနှင့်ကန် လေ၏။ ဆူဝလျက်၊ တုတ်လျက်၊ ဆီဥနှင့်ပြည့်စုံလျက် နေသဖြင့်၊ ဖန်ဆင်းတော်မူသော
ဘုရားသခင်ကို စွန့်၍၊ ကယ်တင်ရာကျောက်ကို မထီမဲ့မြင် ပြုလေ၏။ 16 သူတို့သည် အခြားတပါးသောဘုရားအားဖြင့်
ငြူစူစေကြ၏။ ရွံရှာဘွယ်သော အမှုအရာအားဖြင့် အမျက်တော်ကို နှိုးဆော်ကြ၏။ 17 ဘုရားမဟုတ်သော နတ်ဆိုး၊ မသိဘူးသော
ဘုရား၊ ဘိုးဘေးတို့ မကြောက်ဘူးသော ဘုရားသစ်တို့ အား ယဇ်ပူဇော်ကြ၏။ 18 သင်ဖြစ်ရာမူလအမြစ်ကို သင်မမှတ်မိ။ သင့်ကို
ဖန်ဆင်းတော်မူသော ဘုရားသခင်ကို သင်မေ့လျော့ပြီ။ 19 ထိုအမှုကို ထာဝရဘုရားမြင်သောအခါ၊ အမျက် တော်ထွက်၍
သားသမီးတော်တို့ကို စွန့်ပစ်တော်မူလျက်၊ 20 ငါသည် ကိုယ်မျက်နှာကို သူတို့မှလွှဲမည်။ သူတို့ သည် အဘယ်သို့ဆုံးမည်ကို
ငါကြည့်မည်။ သဘောခိုင်မာ သောအမျိုး၊ သစ္စာမရှိသော သားသမီး ဖြစ်ကြ၏။ 21 ဘုရားမဟုတ်သောအရာအားဖြင့် ငါသည် ငြူစူ
သောစိတ်ရှိစေခြင်းငှါ ပြုကြပြီ။ အချည်းနှီးသောအရာ အားဖြင့် ငါ့အမျက်ကို နှိုးဆော်ကြပြီ။ သို့ဖြစ်၍ မရေရာ သော လူမျိုးအားဖြင့်
သူတို့သည် ငြူစူသောစိတ်ရှိစေခြင်း ငှါ၎င်း၊ ပညာမရှိသောလူမျိုးအားဖြင့် စိတ်ဆိုးစေခြင်းငှါ ၎င်း ငါပြုမည်။ 22 ငါသည်
အမျက်ထွက်၍ မီးရှို့သဖြင့်၊ အနက်ဆုံး သောမရဏာနိုင်ငံသို့ လောင်လိမ့်မည်။ မြေနှင့်မြေအသီး အနှံကို ကျွမ်းစေ၍
တောင်ခြေရင်းတိုင်အောင် လောင် လိမ့်မည်။ 23 သူတို့အပေါ်မှာ ဘေးဥပဒ်များကို ငါပို့မည်။ ငါ့မြှားတို့ကို အကုန်အစင်ပစ်မည်။ 24
သူတို့သည် မွတ်သိပ်ခြင်းအရှိန်ကို ခံရ၍၊ ပူလောင်ခြင်းဘေး၊ ပြင်းစွာသောဖျက်ဆီးခြင်းဘေး အား ဖြင့် ဆုံးရှုံးကြလိမ့်မည်။
သားရဲတို့၏ သွားကို၎င်း၊ မြေ၌ ကျင်လည်သော မြွေအဆိပ်ကို၎င်း၊ သူတို့၌ ငါစေလွှတ် မည်။ 25 အိမ်ပြင်၌ ထားဘေး၊ အိမ်အတွင်း၌
ကြောက် မက်ဘွယ်သောဘေးသည် လူပျိုနှင့်အပျိုကို၎င်း၊ နို့စို့သူ ငယ်နှင့် ဦးဆံဖြူသောသူကို၎င်း ဖျက်ဆီးလိမ့်မည်။ 26 ရန်သူ၏
မာန်မာနကို ငါမကြောက်လျှင်၎င်း၊ 27 ရန်ဘက်ပြုသောသူတို့သည် ထောင်လွှားလျက်၊ ဤအမှုအလုံးစုံကို ထာဝရဘုရားမပြု၊
ဘုန်းကြီးသောငါတို့ လက်ရုံးပြုပြီဟု ပြောမည်ကို စိုးရိမ်စရာမရှိလျှင်၎င်း၊ သူတို့ ကို မြေကြီးစွန်းတိုင်အောင် အရပ်ရပ်သို့ ကွဲပြားစေ၍၊
အဘယ်သူမျှ မအောက်မေ့စေခြင်းငှါ ပယ်ရှင်းမည်ဟု ငါအကြံရှိ၏။ 28 အကြောင်းမူကား၊ သူတို့သည် ပညာသတိမရှိ၊
ဉာဏ်ကင်းသော လူမျိုးဖြစ်ကြ၏။ 29 ပညာကိုရ၍ ဤအမှုကို နားလည်ကြပါစေ သော။ နောက်ဆုံးကာလ၌ အဘယ်သို့ဖြစ်မည်ကို
ဆင်ခြင်ကြပါစေသောဟု မိန့်တော်မူ၏။ 30 သူတို့ခိုလှုံစရာကျောက်သည် သူတို့ကိုမရောင်း၊ ထာဝရဘုရားသည် သူတို့ကို
အပ်တော်မမူလျှင်၊ လူတ ယောက်သည် လူတထောင်ကို အဘယ်သို့ နှင်နိုင်မည် နည်း။ လူနှစ်ယောက်သည် လူတသောင်းကို
အဘယ်သို့ ပြေးစေနိုင်မည်နည်း။ 31 ငါတို့၏ရန်သူများ စီရင်ဆုံးဖြတ်သော်လည်း၊ သူတို့ကျောက်သည် ငါတို့ကျောက်နှင့်မတူ။ 32
သူတို့စပျစ်နွယ်ပင်သည် သောဒုံစပျစ်နွယ်ပင် မျိုး၊ ဂေါမောရမြေ၌ ပေါက်သော အပင်မျိုးဖြစ်၏။ သူတို့ စပျစ်သီးသည်
ခါးသောအပင်၏ အသီးဖြစ်၍၊ စပျစ်သီး ပြွတ်တို့သည် ခါးသောအရသာနှင့် ပြည့်စုံကြ၏။ 33 သူတို့ စပျစ်ရည်သည် နဂါးအဆိပ်၊
ပြင်းထန် သော မြွေဆိုးအဆိပ် အတောက်ဖြစ်၏။ 34 ဤအမှုသည် ငါ့ထံမှာ သိုထားလျက်၊ ငါ့ဘဏ္ဍာ တိုက်၌ တံဆိပ်ခပ်လျက်

ရှိသည်မဟုတ်လော။ 35 အပြစ်တရားကို စီရင်ရသော အခွင့်၊ အပြစ်နှင့် အလျောက်ဆပ်ပေးရသော အခွင့်ကို ငါပိုင်၏။ အချိန် တန်မှ
သူတို့ခြေသည် ချော်လိမ့်မည်။ သူတို့၌ ဘေး ရောက်သောအချိန်နီးပြီ။ သူတို့တွေ့ကြုံရသောအမှုသည် အလျင်အမြန်
ရောက်လာလိမ့်မည်။ 36 ထာဝရဘုရားသည် မိမိလူတို့အဘို့ တရားစီရင် တော်မူမည်။ ကိုယ်တော်၏ ကျွန်တို့သည် တန်ခိုးကုန် ကြောင်း၊
အချုပ်ခံရသောသူ၊ လွတ်သောသူတယောက်မျှ မရှိကြောင်းကို မြင်သောအခါ၊ သူတို့အမှုကြောင့် နောင် တရတော်မူလျက်၊ 37
သူတို့ဘုရား၊ သူတို့ခိုလှုံသောကျောက်သည် အဘယ်မှာရှိသနည်း။ 38 သူတို့ပူဇော်သော ဆီဥကို စား၍ သွန်းလောင်း ရာ ပူဇော်သက္ကာ
စပျစ်ရည်ကို သောက်သော သူတို့သည် အဘယ်မှာရှိသနည်း။ သူတို့သည် ထ၍ သင်တို့ကို ကွယ် ကာ စောင့်မပါလေစေ။ 39 ငါသည်
ကိုယ်တိုင်အားဖြင့် ဘုရားဖြစ်ကြောင်း ကိုငင်း၊ ငါမှတပါး အခြားသောဘုရားမရှိကြောင်းကိုငင်း ကြည့်ရှုကြလော့။ ငါသည် အသက်ကို
သေစေ၏။ အသက်ကိုလည်း ရှင်စေ၏။ ငါသည် အနာပေါ်စေခြင်း ငှါ ဒဏ်ခတ်၏။ အနာကိုလည်း ပျောက်စေ၏။ ငါ့လက်မှ
အဘယ်သူမျှ မကယ်မနှုတ်နိုင်။ 40 ငါသည် အစဉ်အမြဲအသက်ရှင်ပေ၏ဟု ငါ့လက် ကို ကောင်းကင်သို့ချီ၍ ကျိန်ဆို၏။ 41 ငါသည်
ပြောင်လက်သောထားကို သွေး၍၊ တရားစီရင်စပြုလျက် ငါ့ရန်သူတို့၌ အပြစ်တရားကို စီရင်မည်။ ငါ့ကိုမုန်းသောသူတို့
ခံထိုက်သောအပြစ်အ လျောက် ငါဆပ်ပေးမည်။ 42 ငါ့မြားတို့ကို အသွေးနှင့်ယစ်မူးစေမည်။ ငါ့ထား သည် အသားကို စားလိမ့်မည်။
သတ်သောသူ၊ လက်ရ သောသူတို့၏ အသွေး၊ ရန်သူအကဲအမှူးတို့၏ ဦးခေါင်းကို စားသောက်လိမ့်မည်။ 43 တပါးအမျိုးသားတို့၊
သင်တို့သည် ဘုရားသခင် ၏ လူမျိုးနှင့်အတူ ဝမ်းမြောက်ခြင်းရှိကြလော့။ အ ကြောင်းမူကား၊ ကိုယ်တော်၏ ကျွန်တို့ကို သတ်သော
အပြစ်နှင့်အလျောက် ဒဏ်ပေး၍ ကိုယ်တော်၏ ရန်သူ တို့၌ အပြစ်တရားကို စီရင်တော်မူမည်။ ပြည်တော်နှင့် မိမိလူမျိုးကို
ကယ်မသနားတော်မူမည်ဟူသော၊ 44 ဤသီချင်းစကားကို မောရှေသည် လာ၍ နုန် သားယောရှုနှင့်အတူ လူများတို့အား
ဟောပြောမြွက်ဆို၏။ 45 ထိုသို့ မောရှေသည် ဤစကားအလုံးစုံတို့ကို ဣသရေလအမျိုးသား အပေါင်းတို့အား အကုန်အစင်
ဟောပြောမြွက်ဆိုပြီးလျှင်၊ 46 သင်တို့အား ယနေ့ ငါသက်သေခံသမျှသော စကားတို့ကို နှလုံးသွင်းကြလော့။ သင်တို့သားသမီးတို့
သည် ဤပညတ်တရား စကားတော်အလုံးစုံတို့ကို စောင့် ရှောက်စေခြင်းငှါ၊ သူတို့အား ထပ်ဆင့်၍ မှာထားရကြ မည်။ 47 ဤအမှုသည်
သာမညအမှုမဟုတ်။ သင်တို့ အသက်နှင့်ဆိုင်သော အမှုဖြစ်၏။ ယော်ဒန်မြစ်ကိုကူး၍ ဝင်စားလတံ့သောပြည်၌ ဤအမှုကို
စောင့်ရှောက်လျှင်၊ ကိုယ်အသက် တာရှည်ကြလိမ့်မည်ဟု ပြောဆို၏။ 48 ထိုနေ့ခြင်းတွင် ထာဝရဘုရားက၊ ယေရိခေါမြို့ တဘက်၊
မောဘပြည် အာဗရိမ်တောင်ရိုး၊ နေဗောတောင် ထိပ်ပေါ်သို့တက်၍၊ 49 ဣသရေလ အမျိုးသားတို့အား ငါအပိုင်ပေး သော
ခါနာန်ပြည်ကို ကြည့်ရှုလော့။ 50 သင့်အစ်ကို အာရုန်သည် ဟောရတောင်ပေါ်မှာ သေ၍ မိမိလူမျိုးစည်းဝေးရာသို့ ရောက်သကဲ့သို့၊
သင်သည်လည်း တက်သွားသော ဤတောင်ပေါ်မှာ သေ၍၊ သင်၏လူမျိုးစည်းဝေးရာသို့ ရောက်လော့။ 51 အကြောင်းမူကား၊
သင်တို့သည် ဇိနတော၊ ကာ ဒေရှရွာ၊ မေရိဘစမ်းရေအနား၌ ဣသရေလအမျိုးသား တို့ရှေ့မှာ ငါ့ကို မရိုမသေပြု၍ ပြစ်မှားကြပြီ။ 52
ထို့ကြောင့် ဣသရေလအမျိုးသားတို့အား ငါပေး သော ပြည်ကို သင်သည် ကိုယ်မျက်စိနှင့် မြင်ရသော် လည်း၊ ထိုပြည်သို့ မဝင်စားရဟု
မောရှေအား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 33

1 ဘုရားသခင်၏လူမောရှေသည် မသေမီ ဣသ ရေလအမျိုးသားတို့ကို ကောင်းကြီးပေးသော မင်္ဂလာ စကား ဟူမူကား၊ 2
ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွ တော်မူ၏။ စိရအရပ်မှ ထိုလူတို့အား နေထွက်တော်မူ၏။ ပါရန်တောင်ပေါ်က
ရောင်ခြည်ထွန်းပတော်မူ၍၊ သန့် ရှင်းသောသူ အထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ ၍၊ ဓမ္မမီးသည် ဣသရေလလူတို့အဘို့
လက်ျာလက်တော် မှ ထွက်လေ၏။ 3 အကယ်စင်စစ် ထိုလူမျိုးကို ချစ်တော်မူ၏။ မိမိ သန့်ရှင်းသူအပေါင်းတို့သည် အထံတော်ပါးတွင်
ရှိကြ၏။ သူတို့သည် ခြေတော်ရင်း၌ ပြပ်ဝပ်၍ စကားတော်တို့ကို နားခံကြလေ၏။ 4 ယာကုပ်အမျိုး ပရိသတ်အမွေခံရသော ဓမ္မ
တရားကို မောရှေသည် ငါတို့အားထား၏။ 5 ဣသရေလအမျိုးမင်းများနှင့်တကွ၊ အမျိုးအ နွယ်များတို့သည် စည်းဝေးသောအခါ၊
ထိုသူသည် ယေရှု ရုန်အမျိုး၌ ရှင်ဘုရင်ဖြစ်၏။ 6 ရုဗင်အမျိုး မသေ၊ အသက်ရှင်၍ သူ၏လူတို့ သည် များပါစေသော။ 7
ယုဒအမျိုးကိုကား၊ အိုထာဝရဘုရား၊ ယုဒစကား သံကို နားထောင်၍ သူ့ကို အမျိုးသားချင်းတို့ရှိရာသို့ ဆောင်ခဲ့တော်မူပါ။
မိမိလက်တို့သည် မိမိအဘို့ တန်ပါ စေသော။ သူ့ကို ရန်သူတို့လက်မှ ကယ်တင်တော်မူပါ။ 8 လေဝိအမျိုးကိုကား၊ သင်၏သုမိမ်နှင့်
ဥရိမ် သည် မဿာအရပ်၌ သင်စုံစမ်း၍၊ မေရိဘစမ်းရေ အနားမှာ သင်ဆန့်ကျင်ဘက်ပြုသော သင်၏ သန့်ရှင်းသူ ၌ ရှိပါစေသော၊ 9
ထိုသူသည် ကိုယ်မိဘဖြစ်သော်လည်း ငါမတွေ့မမြင်ဟု ဆိုတတ်၏။ ကိုယ်ညီအစ်ကို ကိုလည်း မမှတ် တတ်။ ကိုယ်သားသမီးကိုလည်း
မသိတတ်။ အကြောင်းမူ ကား၊ စကားတော်ကို နားထောင်၍ ပဋိညာဉ်တရားတော် ကို စောင့်ရှောက်တတ်၏။ 10 သူတို့သည်
စီရင်တော်မူချက်တို့ကို ယာကုပ်အ မျိုး၌၎င်း၊ တရားတော်ကို ဣသရေလ အမျိုး၌၎င်း သွန် သင်ကြလိမ့်မည်။ မီးရှို့ရာနံ့သာပေါင်းကို
ရှေ့တော်၌၎င်း၊ တကိုယ်လုံး မီးရှို့ရာယဇ်ကို ယဇ်ပလ္လင်တော်ပေါ်၌၎င်း တင်ထားကြလိမ့်မည်။ 11 အိုထားဝရဘုရား၊ သူ၏ဥစ္စာကို
ကောင်းကြီးပေး ၍ သူလုပ်ဆောင်သောအမှုကို လက်ခံတော်မူပါ။ သူ့တ ဘက်၌ ထ၍ သူ့ကို မုန်းသောသူတို့သည် နောက်တဖန်
မထနိုင်အောင် သူတို့ခါးကို ချိုးတော်မူပါ။ 12 ဗယ်္ာမိန် အမျိုးကိုကား၊ ထာဝရဘုရား ချစ် တော်မူသော သူသည် အထံတော်ပါးတွင်
လုံခြုံစွာ နေရ လိမ့်မည်။ သူ့ကို အစဉ်အမြဲ ဖုံးလွှမ်း၍ သူ၏ပခုံးကြားမှာ နေရာချတော်မူလိမ့်မည်။ 13 ယောသပ်အမျိုးကိုကား၊
ထိုအမျိုးနေသော ပြည် သည် အထက်မိုဃ်းကောင်းကင် ဘဏ္ဍာအားဖြင့်၎င်း၊ အောက်အရပ်၌ ပုန်းကွယ်၍ နက်နဲသော
အရာအားဖြင့်၎င်း၊ 14 နေဖြစ်စေသော ဘဏ္ဍာ၊ လဖြစ်စေသော ဘဏ္ဍာ အားဖြင့်၎င်း၊ 15 အသက်ကြီးသောတောင်ထိပ်၊
မြဲမြံသောတောင် ထဲက ထွက်သော ဘဏ္ဍာအားဖြင့်၎င်း၊ 16 မြေကြီးဘဏ္ဍာ စုံလင်ရာအားဖြင့်၎င်း၊ ထာဝရ ဘုရားပေးတော်မူရာ၌
မင်္ဂလာရှိပါစေသော။ ချုံ၌နေ တော်မူသောသူ၏ ကျေးဇူးတော်သည် ယောသပ်ခေါင်း ပေါ်၊ မိမိအစ်ကိုတို့တွင်
အကြီးအကဲဖြစ်သောသူ၏ ခေါင်း ထိပ်ပေါ်မှာ သက်ရောက်ပါစေသော။ 17 သူ၏ဘုန်းသည် နွားလားဥဿဘဘုန်းကဲ့သို့၎င်း၊ သူ၏
ဦးချိုတို့သည် ကြံ့ဦးချိုကဲ့သို့၎င်း ဖြစ်ကြ၏။ ထိုဦးချို တို့နှင့် လူအမျိုးမျိုးတို့ကို မြေကြီးစွန်းတိုင်အောင် တပြိုင် နက်
ထိုးခတ်လိမ့်မည်။ ဧဖရိမ်အမျိုးသား အသောင်း သောင်း၊ မနာရှေအမျိုးသား အထောင်ထောင်ပေတည်း။ 18 ဇာဗုလုန်အမျိုးကိုကား၊
အိုဇာဗုလုန်အမျိုး၊ ထွက် သွားရာအမှု၌ ဝမ်းမြောက်လော့။ အိုဣသခါအမျိုး၊ မိမိ တဲ၌နေလျက် ဝမ်းမြောက်လော့။ 19
ထိုအမျိုးတို့သည် လူများတို့ကို တောင်တော်သို့ ခေါ်၍၊ တောင်တော်၌ တရားသဖြင့် ယဇ်ပူဇော်ကြလိမ့် မည်။ ပင်လယ်စည်းစိမ်၊
သဲ၌ဝှက်ထားလျက်ရှိသော ဘဏ္ဍာကို နို့စို့ကြလိမ့်မည်။ 20 ဂဒ်အမျိုးကိုကား၊ ဂဒ်အမျိုးကို ကျယ်ဝန်းစေ သောသူသည်
မင်္ဂလာရှိတော်မူစေသတည်း။ ထိုအမျိုး သည် ခြင်္သေ့ကဲ့သို့နေ၍၊ လက်ရုံးနှင့်ဦးထိပ်ကို ဆုတ်ဖွဲ့ တတ်၏။ 21 ရှေ့ဦးစွာသောအဘို့ကို
မိမိအဘို့ရွေးယူ၍၊ တရားမင်းခွဲဝေရာ ထိုအရပ်၌ လုံခြုံရ၏။ လူများတို့၏ အကဲအမှူးပြုလျက် လိုက်လာ၍၊ ထာဝရဘုရား၏ တရား
မှု၊ ဣသရေလအမျိုး၌ စီရင်တော်မူချက်တို့ကို ပြုလေ၏။ 22 ဒန်အမျိုးကိုကား၊ ဒန်အမျိုးသည် ခြင်္သေ့သငယ် ဖြစ်၍ ဗာရှန်ပြည်မှ
ခုန်လိမ့်မည်။ 23 နဿလိအမျိုးကိုကား၊ အိုနဿလိအမျိုး၊ ကျေး ဇူးတော်နှင့်ကြွယ်ဝ၍၊ ထာဝရဘုရားပေးတော်မူသော မင်္ဂလာနှင့်
ပြည့်စုံလျက်၊ အနောက်ပိုင်း၊ တောင်ပိုင်းကို ဝင်စားလော့။ 24 အာရှာအမျိုးကိုကား၊ အာရှာအမျိုးသည် သား သမီးကိုရ၍
မင်္ဂလာရှိပါစေသော။ ညီအစ်ကိုချင်း၏ စိတ် နှင့်တွေ့ခြင်း၊ မိမိခြေကို ဆီ၌နှစ်ခြင်း ရှိပါစေသော။ 25
သင်၏တံခါးကန့်လန့်ကျင်တို့သည် သံနှင့်ကြေး ဝါဖြင့် ပြီးကြလိမ့်မည်။ သင်၏နေ့ရက်ကာလဖြစ်သည် အတိုင်း
သင့်အစွမ်းသတ္တိဖြစ်လိမ့်မည်။ 26 သင့်ကို ပြုစုစေခြင်းငှါ ဘုန်းအာနုဘော်နှင့် ပြည့်စုံ လျက်၊ မိုဃ်းကောင်းကင်ကို စီးတော်မူသော
ယေရှုရုန် အမျိုး၏ ဘုရားသခင်နှင့် တူသောသူမရှိ။ 27 ရှေ့ဦးစွာသောဘုရားသခင်သည် သင့်ခိုလှုံရာ ဖြစ်၍၊ နိစ္စထာဝရ
လက်ရုံးတော်ဖြင့် သင့်ကို ထောက်မ တော်မူ၏။ ရန်သူတို့ကို သင့်ရှေ့မှ နှင်ထုတ်၍ သူတို့ကို ဖျက်ဆီးသောအခွင့် ပေးတော်မူမည်။ 28
ဣသရေလအမျိုးသည် ဘေးလွတ်၍ တမျိုး တည်း နေရလိမ့်မည်။ ယာကုပ်အနွယ်သည် စပါး၊ စပျစ် ရည်နှင့်ပြည့်စုံသောပြည်၌
နေရာကျ၍၊ မိုဃ်းနှင်းရည် လည်း စက်စက်ကျလိမ့်မည်။ 29 အိုဣသရေလအမျိုး၊ သင်သည် မင်္ဂလာရှိ၏။ ထာဝရဘုရား
ကယ်တင်တော်မူသောအမျိုး၊ သင်နှင့်အ ဘယ်သူတူသနည်း။ ထိုဘုရားသည် သင့်ကို ကွယ်ကာ သော ဒိုင်းလွှား၊ သင့်ကို
ချီးမြှောက်သော ထားလက်နက် ဖြစ်တော်မူ၏။ သင်၏ ရန်သူတို့သည် သင့်ရှေ့မှာရှုံး၍၊ သင်သည် သူတို့၏ မြင့်မြတ်သောအရပ်တို့၌
နင်းရလိမ့် မည်ဟု မြွက်ဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 34

[1] ထိုနောက်၊ မောရှေသည် မောဘလွင်ပြင်မှ သွား၍ ယေရိခေါမြို့တဘက်၊ နေဗောတောင်၊ ပိသဂါထိပ် ပေါ်သို့ တက်သဖြင့်၊
ထာဝရဘုရားသည် ဒန်မြို့တိုင် အောင်၊ ဂိလဒ်ပြည် တရှောက်လုံး၊ [2] နဿလိပြည် တရှောက်လုံး၊ ဧဖရိမ်ပြည်၊ မနာ ရှေပြည်နှင့်တကွ
အဝေးဆုံးသော ပင်လယ်တိုင်အောင်၊ ယုဒပြည်တရှောက်လုံး၊ [3] တောင်ပြည်နှင့်တကွ ဇောရမြို့တိုင်အောင် စွန်ပလွံမြို့တည်းဟူသော
ယေရိခေါမြို့တည်သော ချိုင့် နှင့် လွင်ပြင်တို့ကို ပြတော်မူ၏။ [4-5] ထာဝရဘုရားကလည်း၊ ငါသည် အာဗြဟံ၊ ဣဇာက်၊
ယာကုပ်တို့အား ကျိန်ဆို၍ သင်၏အမျိုးအနွယ် အား ငါပေးမည်ဟု ဂတိထားသောပြည်ကို ကြည့်လော့။ သင်သည်
ကိုယ်မျက်စိနှင့်မြင်ရသော အခွင့်ကို ငါပေး၏။ သို့ရာတွင် ကူး၍မသွားရဟု မိန့်တော်မူ၏။ [6] ဗက်ပေဂုရမြို့တဘက်၊ မောဘပြည်၊
တစုံတခု သောချိုင့်၌ သင်္ဂြိုဟ်တော်မူ၏။ မောရှေ၏ သင်္ချိုင်းကို ယနေ့တိုင်အောင် အဘယ်လူမျှမသိရာ။ [7] မောရှေသည်
အနိစ္စရောက်သောအခါ အသက် တရာနှစ်ဆယ်ရှိ၏။ သူ၏မျက်စိမမှုန်သေး။ ခွန်အား လည်း မလျော့သေး။ [8]
ဣသရေလအမျိုးသားတို့သည် မောရှေကို အောက်မေ့၍၊ မောဘလွင်ပြင်၌ အရက်သုံးဆယ်ပတ်လုံး ငိုကြွေးမြည်တမ်းခြင်းကို
ပြုကြ၏။ [9] မောရှေအတွက် ငိုကြွေးမြည်တမ်းသော နေ့ ရက်ကာလလွန်ပြီးမှ၊ နုန်၏သား ယောရှုသည် အထက်က မောရှေ၏
လက်တင်မင်္ဂလာကို ခံရသဖြင့်၊ ပညာသဘော နှင့် ပြည့်စုံသောသူဖြစ်၍၊ ဣသရေလအမျိုးသားတို့သည် ယောရှု၏စကားကို
နားထောင်လျက်၊ မောရှေအား ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း ပြုကြ၏။ [10-12] ထာဝရဘုရားစေလွှတ်တော်မူ၍၊ အဲဂုတ္တုပြည်
တွင် ဖါရောဘုရင်နှင့် သူ၏ကျွန်မှုစ၍ ပြည်သားအပေါင်း တို့၌ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှု အလုံးစုံတို့ကို ပြု၍၊
ဣသရေလအမျိုးသားအပေါင်းတို့ရှေ့မှာ မဟာ တန်ခိုးတော်နှင့် အလွန်ကြောက်မက်ဘွယ်သော အမှု အရာအပေါင်းတို့ကို
ပြုလေရာတွင်၊ ထာဝရဘုရား၏ မျက်နှာတော်ကို ကိုယ်တိုင်ကိုယ်ကြပ် ဖူးမြင်ရသော ပရောဖက်မောရှေကဲ့သို့ နောက်တဖန်
ဣသရေလအမျိုး ၌ သူနှင့်တူသော ပရောဖက်တစုံတပါးမျှ မပေါ်မထွန်း။


generated on Sun Jun 30 02:37:40 2024

# Joshua

## Chapter 1

[1] ထာဝရဘုရား၏ ကျွန်မောရှေသည် အနိစ္စ ရောက်သောနောက်၊ မောရှေလက်ထောက်၊ နုန်၏သား ယောရှုအား ထာဝရဘုရားက၊ [2]
ငါ၏ကျွန်မောရှေသည် အနိစ္စရောက်လေပြီ။ သို့ဖြစ်၍၊ သင်နှင့် သင်၌ပါသော ဤလူအပေါင်းတို့သည် ယခုထ၍
ယော်ဒန်မြစ်တဘက်သို့ ကူးကြလော့။ ဣသရေ လအမျိုးသားတို့အား ငါပေးသောပြည်ကို ဝင်စားကြလော့။ [3] မောရှေအား
ငါဂတိရှိသည်အတိုင်း သင်တို့နင်း သမျှသောမြေကို သင်တို့အား ငါပေးမည်။ [4] တောကြီးမှစ၍ လေဗနုန်တောင်တိုင်အောင် ၎င်း၊
ဥဖရတ်မြစ်ကြီးမှစ၍ ဟိတ္တိပြည်တရှောက်လုံး ပါလျက်၊ နေဝင်ရာဘက် ပင်လယ်ကြီးတိုင်အောင်၎င်း၊ သင်တို့နယ်
အပိုင်းအခြားဖြစ်ရမည်။ [5] သင့်အသက်တည်သည် ကာလပတ်လုံး သင့်ရှေ့ မှာ အဘယ်သူမျှမခံမရပ်နိုင်ရာ။ မောရှေနှင့်အတူ ငါရှိ
သကဲ့သို့ သင်နှင့်အတူ ငါရှိလိမ့်မည်။ ငါသည် သင့်ကို မစွန့်၊ သင့်ကိုပစ်၍မထား။ [6] အားယူ၍ ရဲရင့်ခြင်းရှိလော့။ ဘိုးဘေးတို့အား
ပေးမည်ဟု ငါကျိန်ဆိုသောပြည်ကို သင်သည် ဤလူတို့ အားဝေ၍ အမွေပေးရမည်။ [7] သို့ဖြစ်၍ ငါ၏ကျွန်မောရှေ မှာထားသော
တရားအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းငှါ အားယူ ၍ အလွန်ရဲရင့်ခြင်းရှိလော့။ ကြံစည်လေသမျှတို့၌ အောင်မည်အကြောင်း
ထိုတရားလမ်းသို့ လိုက်လော့။ လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲနှင့်။ [8] ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့် မည်ဟု
စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဘတ် မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဘတ်ရွတ်ရမည်။သို့ပြုလျှင် သင်သည်
အကြံထမြောက်၍ အောင်မြင်လိမ့် မည်။ [9] သင့်ကို ငါမှာထားသည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်၊
စိတ်မပျက်နှင့်။ သွား လေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏။ [10] ထိုအခါ ယောရှုသည်
ဗိုလ်မင်းများတို့ကို ခေါ်၍၊ [11] တပ်တရှောက်လုံးသို့ သွားကြလော့။ သင်တို့၏ ဘုရားသခင် ထာဝရဘုရား အပိုင်ပေးတော်မူသောပြည်
ကို ဝင်စားခြင်းငှါ၊ သုံးရက်အတွင်းတွင် ဤယော်ဒန်မြစ် တဘက်သို့ ကူးရသောကြောင့် ရိက္ခာကို ပြင်ဆင်ရကြမည် အကြောင်း၊
လူများတို့အား ဆင့်ဆိုကြလော့ဟု မှာထား လေ၏။ [12] တဖန် ယောရှုသည် ရုဗင်အမျိုးသား၊ ဂဒ်အမျိုး သား၊
မနာရှေအမျိုးသားတဝက်တို့ကို ခေါ်၍၊ [13] ထာဝရဘုရား၏ ကျွန်မောရှေသည်၊ သင်တို့ အား မှာထားသော စကားဟူမူကား၊
သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင်တို့ကို ဤပြည်၌ နေရာချတော်မူပြီ။ [14] သင်တို့သားမယား၊ သူငယ်များနှင့် တိရ စ္ဆာန်
များတို့သည် ယော်ဒန်မြစ်အရှေ့ဘက် မောရှေပေးသော ပြည်၌ နေရစ်ရကြမည်။ [15] ထာဝရဘုရားသည် သင်တို့အား နေရာချသည်
အတိုင်း၊ ညီအစ်ကိုတို့အား နေရာချတော်မမူမှီ သင်တို့၏ ဘုရားသခင် ထာဝရဘုရားပေးတော်မူသောပြည်ကို သူတို့သည်
မသိမ်းမယူမှီတိုင်အောင်၊ သင်တို့တွင် ခွန်အား ကြီးသော စစ်သူရဲအပေါင်းတို့သည် လက်နက်ကိုင်လျက်၊ သင်တို့ညီအစ်ကိုများရှေ့မှာ
ကူး၍ မစရကြမည်ဟူသော စကားကို အောက်မေ့ကြလော့။ ထိုနောက်မှ ထာဝရ ဘုရား၏ကျွန် မောရှေသည် ယော်ဒန်မြစ် နေထွက်ရာ
ဘက်၌ပေး၍၊ သင်တို့ပိုင်သောပြည်သို့ ပြန်၍ ဝင်စားရကြ မည်ဟု ပြောဆို၏။ [16] ထိုသူတို့ကလည်း၊ ကိုယ်တော်မှာထားတော်မူ
သမျှကို ကျွန်တော်တို့ပြုပါမည်။ စေလွှတ်တော်မူသမျှ သော အရပ်သို့ သွားပါမည်။ [17] အရာရာတို့၌ မောရှေ၏စကားကို နားထောင်
သည်နည်းတူ ကိုယ်တော်စကားကိုလည်း နားထောင်ပါ မည်။ သို့ဖြစ်၍ ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရား သည်
မောရှေနှင့်အတူ ရှိသကဲ့သို့ ကိုယ်တော်နှင့်အတူ ရှိတော်မူပါစေသော။ [18] အာဏာတော်ကို ဆန်၍၊ မှာထားတော်မူသမျှ သောစကားကို
နားမထောင်သောသူ မည်သည်ကား၊ အသေသတ်ခြင်းကို ခံစေရမည်။ သို့ဖြစ်၍ အားယူတော် မူပါ။ ရဲရင့်ခြင်းရှိတော်မူပါဟု
ယေရှုအား ပြန်လျှောက် ကြ၏။

---

Joshua 01

ထာဝရဘုရား
ဤနာမည်သည် ဓမ္မဟောင်းခေတ်၌ မိမိ၏လူများထံသို့
ထုတ်ဖော်သော ဘုရားသခင်၏ အမည်နာမဖြစ်သည်။

နုန်
ယောရှု၏ အဖေ။

ယော်ဒန်မြစ်တဘက်သို့ ကူးကြလော့။
ယော်ဒန်မြစ်တဘက်သို့ကူးရန် ဆိုသည်မှာ
မြစ်ကမ်းပါးတဘက်သို့ သွားရန်ဖြစ်သည်။ ယော်ဒန်မြစ်၏
ဒီဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ခရီးသွားသည်။

သင်နှင့် ဤလူအပေါင်းတို့
ဤနေရာ၌ သင် ဟူသောစာလုံးသည် ယောရှုကို ရည်ညွှန်းသည်။

သင့်တို့ကိုငါပေးသော နေရာများ
ဘုရားသခင်သည်
ဣသရေလအမျိုးတို့အားပေးရလတ္တံ့သောနေရာကို အရင်က
ပေးခဲ့ပြီးသကဲ့သို့ ဖော်ပြထားသည်။ ဤဟာကို


generated on Sun Jun 30 02:37:40 2024

ကြည့်ခြင်းအားဖြင့် ဣသရေလအမျိုးတို့အား နေရာပေးရန် ဘုရားသခင်၏ ကတိကို သိရသည်။

သင့်ကိုငါပေးပြီ။
ဤနေရာ၌ သင် ဟူသောစာလုံးသည် ယောရှုနှင့် ဣသရေလအမျိုးသားတို့ကို ရည်ညွှန်းသည်။

သင်တို့နှင်း သမျှသောမြေ
ဤစာလုံးသည် ယောရှုနှင့် ဣသရေလအမျိုးသားတို့ သည် ယော်ဒန်မြစ်ကူးပြီး သွားရောက်ကျင်လည်ရမည့် နေရာများကို ဆိုလိုသည်။

Joshua 04

ယေဘုယျအချက်အလက်
ဘုရားသခင်သည် ယောရှုထံ ဆက်လက်၍ စကားပြောတော်မူသည်။

သင်တို့၏ နယ်
သင်တို့ ဟူသော စကားလုံးသည် ယောရှုတစ်ယောက်ထဲကို ရည်စူးသည်မဟုတ်ဘဲ ဣသရေလ တမျိုးသားလုံးကို ရည်စူးသည်။

သင့်ရှေ့မှာ ရပ်မည်။
အခန်းကြီး ၅ ထဲက သင်နှင့် သင်၏ ဟူသောစကားလုံးသည် ယောရှုကို ရည်ညွှန်းသည်။

ငါသည် သင့်ကို မစွန့်၊ သင့်ကိုပစ်၍မထား။
"မစွန့်" နှင့် "ပစ်၍မထား" ဟူသော စကားလုံးသည် အဓိပ္ပါယ်တူသော စကားလုံးများဖြစ်ကြသည်။ ဘုရားသခင်သည် ဤကဲ့သို့ မလုပ်ရန် ပြောသောစကားလုံး နှစ်ခုကို အတူသုံး၍ ပြောဆိုခြင်း ဖြစ်သည်။

Joshua 06

ယေဘုယျအချက်အလက်
ဘုရားသခင်သည် ယောရှုအား အကြောင်းအရာ သီးသန့်ပေးသည်။

အားယူ၍ ရဲရင့်ခြင်းရှိလော့။
ဘုရားသခင်သည် ယောရှုအား ကြောက်ရွံ့ခြင်းမရှိပဲ ရဲရင့်ရန် ညွှန်ကြားသည်။

ဤအရာမှ လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲနှင့်။
ဤအရာသည် အပြုသဘော ဆောင်သော ညွှန်ကြားချက် သို့မဟုတ် အမိန့်ဟု ပြောနိုင်သည်။

အောင်မြင်မည်အကြောင်း
သင်၏ ရည်မှန်းချက် အောင်မြင်ပါစေ။ သင်၏ ပန်းတိုင် ရောက်ပါစေ။

Joshua 08

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယောရှုထံ ဆက်လက်၍ စကားပြောတော်သည်။

အစဉ်အမြဲ ဘတ်ရွတ်ရမည်။
ယောရှုသည် ထိုပညတ္တိကျမ်းကို အစဉ်အမြဲ ရွတ်ဆိုရမည်ဟု ဆိုလိုသည်။ အစဉ်အမြဲဟူသော စကားလုံးကို ရည်ရွယ်ချက်ရှိရှိ ထည့်ထားသည်။

အကြံထမြောက်ခြင်းနှင့် အောင်မြင်ခြင်း။
ဒီစကားလုံးနှစ်လုံးသည် အဓိပ္ပါယ်တူညီ၍ ကြီးမားသောအကြံထမြောက်ခြင်းကို ရည်ညွှန်းသည်။

သင့်ကို ငါမှာထားသည်မဟုတ်လော။
ဤနေရာတွင် ထာဝရဘုရားသည် ယောရှုအား မှာထားသည်ကို ဖော်ပြသည်။

အားယူ၍ ရဲရင့်ခြင်းရှိလော့။
ဘုရားသခင်သည် ယောရှုအား ကြောက်ရွံ့ခြင်း မရှိပဲ ရဲရင့်ရန် ညွှန်ကြားသည်။

Joshua 10

လူများသို့
ဣသရေလအမျိုး။

တပ်တရှောက်လုံးသို့ သွားကြလော့၊ ပြင်ဆင်ကြလော့၊ ပိုင်ကြလော့
စွဲခိုင်နေသော ကိုးကားချက်ကို သွယ်ဝိုက် ကိုးကားချက်အဖြစ် ဖော်ပြနိုင်သည်။ တပ်တရှောက်လုံးသို့ သွားကြလော့။ သင်တို့၏ ဘုရားသခင် ထာဝရဘုရား အပိုင်ပေးတော်မူသောပြည်ကို ဝင်စားခြင်းငှါ၊ သုံးရက်အတွင်းတွင် ဤယော်ဒန်မြစ် တဘက်သို့ ကူးရသောကြောင့် ရိက္ခာကို ပြင်ဆင်ရကြမည်။

သုံးရက်အတွင်းတွင်
ဤနေရာတွင် ယောရှုသည် သူရှိသောနေ့အချိန်ကို တစ်ရက် အဖြစ် ရေတွက်သည်။ အခြားသောဘာသာပြန်ချက်၊ "အခုမှစ နှစ်ရက်မြောက်" သို့မဟုတ် "တဖက်ခါ။"

ဒီယော်ဒန်မြစ်ကို ကူး၍
ကူး၍ ဟူသောစကားလုံးသည် မြစ်တဘက်သို့ သွားရခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ယော်ဒန်မြစ် တဘက်သို့ ခရီးသွားသည်။"

Joshua 12

ယေဘုယျအချက်အလက်
ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား၊ မနာရှေအမျိုးသား တဝက်တို့သည် ယော်ဒန်မြစ်အရှေ့ဘက်၌ နေထိုင်ကြရန် ရွေးချယ်ကြ၏။


generated on Sun Jun 30 02:37:40 2024

ရုဗင်အမျိုးသား
ဤလူမျိုးတို့သည် ရုဗင်မှ ဆင်းသက်လာသော လူမျိုးများ ဖြစ်ကြသည်။

ဂဒ်အမျိုးသား
ဤလူမျိုးတို့သည် ဂဒ်အမျိုးမှ ဆင်းသက်လာသော လူမျိုးများ ဖြစ်ကြသည်။

## Joshua 14

ယေဘုယျ အချက်အလက်
ယောရှုသည် ရုဗင်အမျိုးသား၊ ဂဒ်အမျိုး သား၊ မနာရှေအမျိုးသား တဝက်တို့ဆီသို့ ဆက်လက်၍ စကားပြောတော်မူ၏။

သင်တို့၏ သူငယ်များ ။
သင်တို့၏ ကလေးများ။

ယော်ဒန်မြစ်တဘက်
သတ္တမနေ့ရက်၌ ယေရိခေါမြို့ကို ခုနှစ်ကြိမ် လှည့်ပတ်၍ ယဇ်ပုရောဟိတ်များသည် တံပိုးခုနှစ်လုံးကို ဆောင်၍ မှုတ်ရမည်ဟူ၍ မိန့်တော်မူခဲ့သည်။

ဣသရေလလူမျိုးများနှင့် ယဇ်ပုရောဟိတ်များကို ထာဝရဘုရားသခင်သည် မည်သို့ ဖြစ်ပျက်မည်ကို မိန့်မှာခဲ့သနည်း။
ထာဝရဘုရားသည် ဣသရေလလူမျိုးများနှင့် ယဇ်ပုရောဟိတ်များ မြို့ရိုးကို လှည့်ပတ်လျှင် ထိုမြို့သည် ပြိုလဲပျက်စီးသွားလိမ့်မည်ဟူ၍ မိန့်မှာလေသည်။

### Joshua 6:10

ယောရှုသည် ထိုလူများကို သတ္တမနေ့ရက်မတိုင်မှီ မည်သည့်အရာများကို မပြုရန် မိန့်ကြားခဲ့သနည်း။
ယောရှုသည် ထိုလူများကို သတ္တမနေ့ရက်မတိုင်မှီ အသံတစုံတခုမှ မပြုရ၊ မကြွေးကြော်ရ ဟူ၍ မိန့်မှာခဲ့သည်။

### Joshua 6:17

ယောရှုသည် ဣသရေလလူတို့အား မည်သူကို အသက်ချမ်းသာပေးဖို့ ပြောဆိုခဲ့သနည်း။
ယောရှုသည် ဣသရေလသူလျှိုနှစ်ဦးကို ဝှက်ထားပေးသော ရာခပ်မိသားစုအိမ်ကို အသက်ချမ်းသာပေးဖို့ မိန့်ဆိုခဲ့သည်။

မည်သည့်အရာများကို ဘုရားသခင်၏ဘဏ္ဍာတော်ထဲသို့ သွင်းထားရမည်ဖြစ်ကြောင်း ယောရှုသည် လူများကိုပြောဆိုခဲ့သနည်း။
ရွှေ၊ ငွေ၊ ကြေးဝါတန်ဆာ၊ သံတန်ဆာ ရှိသမျှသည် ထာဝရဘုရားအဘို့ သန့်ရှင်းစေ၍ ဘဏ္ဍာတော်ထဲသို့ သွင်းထားရမည် ဟူ၍ ပြောဆိုခဲ့သည်။

### Joshua 6:20

ယေရိခေါမြို့ ရိုးပြိုလဲသောအခါ ဣသရေလလူမျိုးများသည် မည်သို့ပြုလုပ်ခဲ့ကြသနည်း။
ယေရိခေါမြို့ရိုး ပြိုလဲသောအခါ ဣသရေလလူမျိုးများသည် ထိုမြို့ထဲ၌ ရှိသော အသက်ရှင်သူ မှန်သမျှကို ရှင်းရှင်းဖျက်ဆီးခဲ့ကြသည်။

### Joshua 6:22

ယောရှုသည် ဣသရေလသူလျှို နှစ်ယောက်ကို မည်ကဲ့သို့ ပြုလုပ်ရန် မိန့်မှာခဲ့သနည်း။
ယောရှုက ထိုသူနှစ်ဦးကို ထိုပြည့်တန်ဆာအိမ်သို့ သွား၍ သူနှင့် သူ၏မိသားစု၊ ဆွေမျိုးတို့ကို ကတိသစ္စာရှိသည့်အတိုင်း ခေါ်ဆောင်ခဲ့ရန် မိန့်ကြားသည်။

### Joshua 6:26

ယောရှုသည် ယေရိခေါမြို့ကို တည်ထောင်ဖို့ ကြိုးစားလုပ်ဆောင်သောသူများ မည်ကဲ့သို့ ဖြစ်မည်အကြောင်း ပြောဆိုခဲ့သနည်း။
ယောရှုသည် ယေရိခေါမြို့ကို ပြန်လည်တည်ထောင်သောသူရှိသမျှတို့သည် ဘုရားသခင်၏ကျိန်ခြင်းကို ခံရလိမ့်မည် ဟု ပြောဆိုထားခဲ့သည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 7

[1] သို့ရာတွင် ယုဒအမျိုး၊ ဇေရ၊ ဇာဗဒိ၊ ကာမိတို့မှ ဆင်းသက်သော အာခန်သည်၊ ကျိန်အပ်သောအရာကို သိမ်းယူ၍ ထိုအရာအားဖြင့်
ဣသရေလအမျိုးသားတို့ သည် ပြစ်မှားသောအပြစ် ရှိသောကြောင့်၊ ထာဝရဘုရား သည် သူတို့၌ အမျက်ထွက်တော်မူ၏။ [2]
ယောရှုသည်လည်း၊ ယေရိခေါမြို့မှ လူတို့ကို စေလွှတ်၍၊ သင်တို့သည် ဗေသလမြို့အရှေ့၊ ဗေသဝင်မြို့ အနားမှာရှိသော အာဣမြို့သို့
သွား၍ ထိုပြည်ကို ကြည့်ရှု ကြလော့ဟု မှာထားသည်အတိုင်း သူတို့သည် သွား၍၊ အာဣမြို့ကို ကြည့်ရှုပြီးလျှင်၊ [3] ယောရှုထံသို့
ပြန်လာ၍၊ ဤလူတို့ကို အကုန်အ စင် မသွားပါစေနှင့်။ လူနှစ်ထောင် သုံးထောင်လောက် သွား၍ အာဣမြို့ကို လုပ်ကြံပါစေ။ ထိုမြို့သို့
သွားရာတွင် ဤလူအပေါင်းတို့ကို မပင်ပန်းပါစေနှင့်။ မြို့သားတို့သည် မများပါဟု လျှောက်သည်နှင့်အညီ၊ [4] လူသုံးထောင်ခန့်မျှ
ချီသွား၍ အာဣမြို့သားတို့ ရှေ့မှာ ပြေးရကြ၏။ [5] အာဣမြို့သားတို့သည် လူသုံးဆယ်ခြောက် ယောက်တို့ကို သတ်ကြ၏။
မြို့တံခါးမှသည် ရှေဗရိမ်အ ရပ်တိုင်အောင်လိုက်၍၊ ထိုအရပ်၌ ဆင်းရာတွင် လုပ်ကြံ ကြသောကြောင့်၊ လူများတို့၏ စိတ်နှလုံးသည်
အရည်ကျို ၍ ရေကဲ့သို့ ဖြစ်လေ၏။ [6] ထိုအခါ ယောရှုသည် မိမိအဝတ်ကို ဆုတ်၍ ဣသရေလအမျိုး အသက်ကြီးသူတို့နှင့်တကွ၊
မိမိတို့ခေါင်း ပေါ်၌ မြေမှုန့်ကိုတင်၍ ထာဝရဘုရား၏ သေတ္တာတော် ရှေ့မှာ ညဦးတိုင်အောင် ဝပ်လျက်နေကြ၏။ [7] ယောရှုကလည်း၊
အိုအရှင် ထာဝရဘုရား၊ ကိုယ် တော်သည် ဤလူအပေါင်းတို့ကို အာမောရိလူတို့လက်သို့ အပ်၍ ဖျက်ဆီးစေခြင်းငှါ
ယော်ဒန်မြစ်တဘက်သို့ အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။ အကျွန်ုပ်တို့ သည် ရောင့်ရဲသောစိတ်ရှိ၍ ယော်ဒန်မြစ်အရှေ့ဘက်၌
နေကြပါစေသော။ [8] အိုဘုရားရှင်၊ ဣသရေလအမျိုးသားတို့သည် ရန်သူတို့ရှေ့မှာ ကျောကိုလှည့်ရကြသည်ဖြစ်၍ အကျွန်ုပ် သည်
အဘယ်သို့ ပြောရပါမည်နည်း။ [9] ခါနနိလူ အစရှိသော ဤပြည်သူပြည်သား အပေါင်းတို့သည် ထိုသိတင်းကို ကြားလျှင်၊
အကျွန်ုပ်တို့ကို ဝိုင်း၍ အကျွန်ုပ်တို့၏နာမည်ကို မြေကြီးမှ ပယ်ရှင်းကြပါ လိမ့်မည်။ ကိုယ်တော်သည် ကြီးမြတ်သောနာမတော်အဘို့
အလိုငှါ အဘယ်သို့ ပြုတော်မူမည်နည်းဟု လျှောက်ဆို၏။ [10] ထာဝရဘုရားကလည်း၊ ထလော့။ အဘယ် ကြောင့် ဝပ်၍နေသနည်း။ [11]
ဣသရေလအမျိုးသည် ပြစ်မှားပြီ။ ငါမှာထား သော ပဋိညာဉ်တရားကို ဖျက်လေပြီ။ ကျိန်အပ်သောအ ရာကို ခိုးယူ၍
ပရိယာယ်ပြုသဖြင့် မိမိဥစ္စာထဲမှာ ထား လေပြီ။ [12] ထိုသို့ ဣသရေလအမျိုးသားတို့သည် ကျိန်အပ် သောသူဖြစ်သောကြောင့်၊
ရန်သူတို့ရှေ့မှာ မခံမရပ်နိုင်၊ ကျောကို လှည့်ရကြ၏။ ကျိန်အပ်သောသူကို သင်တို့အထဲ က မပယ်မရှင်းလျှင် သင်တို့နှင့်အတူ ငါမနေ။
[13] ထ၍ လူများတို့ကို သန့်ရှင်းစေလော့။ နက်ဖြန် နေ့အဘို့ ကိုယ်ကိုကိုယ် သန့်ရှင်းစေကြဟု ဆင့်ဆိုလော့။ ဣသရေလအမျိုး၏
ဘုရားသခင် ထာဝရဘုရား မိန့်တော် မူသည်ကား၊ အိုဣသရေလအမျိုး၊ ကျိန်အပ်သောအရာ သည် သင်တို့အထဲ၌ ရှိ၏။ ထိုအရာကို
သင်တို့အထဲက မပယ်မရှင်းမှီတိုင်အောင် ရန်သူတို့ရှေ့မှာ မခံမရပ်နိုင်ကြ။ [14] နက်ဖြန်နံနက်၌ သင်တို့သည် အမျိုးအနွယ်အ လိုက်
ချဉ်းကပ်ရကြမည်။ ထာဝရဘုရား မှတ်တော်မူ သော အမျိုးသည်၊ အဆွေအမျိုးအလိုက် ချဉ်းကပ်ရကြ မည်။ ထာဝရဘုရား
မှတ်တော်မူသောအမျိုးသည်၊ အိမ်ထောင်စုံနှင့် ချဉ်းကပ်ရကြမည်။ ထာဝရ ဘုရား မှတ်တော်မူသော အိမ်ထောင်သည် လူအသီးသီး
ချဉ်းကပ်ရကြမည်။ [15] ကျိန်အပ်သော အရာပါလျက် မှတ်တော်မူသော သူမှစ၍၊ သူ၌ရှိသမျှတို့ကို မီးရှို့ရကြမည်။ အကြောင်းမူ ကား၊
သူသည် ထာဝရဘုရား၏ ပဋိညာဉ်တရားကို ဖျက် ၍ ဣသရေလအမျိုး၌ အဓမ္မအမှုကို ပြုလေပြီဟု ယောရှု အား မိန့်တော်မူ၏။ [16]
နံနက်စောစော ယောရှုသည် ထ၍ ဣသရေလ လူတို့ကို အမျိုးအနွယ်အလိုက် ဆောင်ခဲ့သဖြင့် ယုဒအမျိုး ကို မှတ်တော်မူ၏။ [17]
ယုဒအမျိုးကို ဆောင်ခဲ့သဖြင့်၊ ဇေရိအဆွေအ မျိုးကို မှတ်တော်မူ၏။ ဇေရိအဆွေအမျိုး အိမ်ထောင်စုံ အသီးအသီးတို့ကို
ဆောင်ခဲ့သဖြင့် ဇာဗဒိအိမ်ထောင်ကို မှတ်တော်မူ၏။ [18] ထိုအိမ်ထောင် လူအသီးအသီးတို့ကို ဆောင်ခဲ့သ ဖြင့် ယုဒအမျိုး၊ ဇေရ၊ ဇာဗဒိ၊
ကာမိတို့မှ ဆင်းသက်သော အာခန်ကို မှတ်တော်မူ၏။ [19] ယောရှုကလည်း၊ ငါ့သား၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားကို
ချီးမွမ်း၍ ရှေ့တော်၌ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ပါလော့။ သင်ပြုသောအမှုကို ငါ့အားပြောပါလော့။ ဝှက်၍မထား ပါနှင့်ဟု
အာခန်အားဆိုလျှင်၊ [20] အာခန်က၊ ဟုတ်ပါ၏။ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားကို ကျွန်တော်ပြစ်မှားပါပြီ။
ကျွန်တော်ပြုမိသောအမှု ဟူမူကား၊ [21] လုယူသော ဥစ္စာတို့တွင် မြတ်သောဗာဗုလုန် ဝတ်လုံ၊ ငွေနှစ်ပိဿာ၊ ရွှေတုံးအကျပ်ငါးဆယ်ကို
ကျွန် တော်မြင်သဖြင့်၊ တပ်မက်၍ သိမ်းယူမိပါပြီ။ ကျွန်တော် တဲအတွင်း မြေ၌မြှုပ်လျက် ငွေသည် အောက်ဆုံးရှိပါ သည်ဟု
ယောရှုအား ပြန်လျှောက်လေ၏။ [22] ထိုအခါ ယောရှုစေလွှတ်သောသူတို့သည် တဲသို့ ပြေး၍ ထိုဥစ္စာသည် တဲအတွင်း မြေ၌မြှုပ်လျက်၊
ငွေသည် အောက်ဆုံးရှိသည်ကို တွေ့သော်၊ [23] တဲထဲကထုတ်၍ ယောရှုထံ ဣသရေလအမျိုး သားများရှေ့သို့ ဆောင်သွားသဖြင့်၊
ထာဝရဘုရားရှေ့ တော်၌ ထားကြ၏။ [24] ယောရှုနှင့် ဣသရေလအမျိုးသားအပေါင်းတို့ သည်၊ ဇေရသာအာခန်မှစ၍ ထိုငွေ၊ ဝတ်လုံ၊
ရွှေတုံး၊ သားသမီး၊ သိုးနွားမြည်း၊ တဲနှင့်တကွ သူ၌ရှိသမျှတို့ကို အာခေါ်ချိုင့်သို့ ဆောင်သွားပြီးမှ၊ [25] ယောရှုက၊ ငါတို့ကို
အဘယ်ကြောင့် နှောင့်ရှက် သနည်း။ ယနေ့ ထာဝရဘုရားသည် သင့်ကို နှောင့်ရှက် တော်မူမည်ဟု ဆိုသဖြင့်၊ ဣသရေလအမျိုးသား
အပေါင်း တို့သည် ကျောက်ခဲနှင့် ပစ်ကြ၏။ ကျောက်ခဲနှင့် ပစ်ကြ ပြီးမှ၊ မီးရှို့ကြ၏။ [26] သူ့အပေါ်၌ များစွာသော ကျောက်တို့ကို ပုံထား
ကြ၍ ယနေ့တိုင်အောင်ရှိ၏။ ထာဝရဘုရားသည်လည်း အမျက်တော်အရှိန်ကို ငြိမ်းစေတော်မူ၏။ ထိုအမှုကို အစွဲ ပြု၍ ထိုချိုင့်ကို
ယနေ့တိုင်အောင် အာခေါ်ချိုင့်ဟု ခေါ် ဝေါ် ကြသတည်း။


generated on Sun Jun 30 02:37:40 2024

Joshua 01

ကျိန်အပ်သောအရာကို သိမ်းယူ၍
"ဘုရားသခင် ပြောပြီးသောအရာများကို သူတို့သည် ဖျက်ဆီး၍ သန့်ရှင်းစေရမည်"

အာခန်၊ ကာမိ၊ ဇာဗဒိ၊ ဇေရ
လူယောက်ကျားများ၏ အမည်များဖြစ်သည်။

ထာဝရဘုရား သည် သူတို့၌ အမျက်ထွက်တော်မူ၏
အမျက်တော်၊ ဟူသောစကားလုံးသည် အပြင်းအထန် စိတ်တိုခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရား၏ အမျက်တော် မီးကဲ့သို့လောင်ကျွမ်း၏" သို့မဟုတ် "ထာဝရဘုရားသည် အလွန်စိတ်ဆိုးတော်မူ၏"။

Joshua 02

လူတို့ကို အကုန်အစင် မသွားပါစေနှင့်။
ဣသရေလအမျိုး စစ်သည်တော်များကို ရည်ညွှန်းသည်။

မြို့သားတို့သည် မများပါ
မြို့သားတို့ ဟူသောစကားလုံးသည် အာဣမြို့သူ မြို့သားများကို ရည်ညွှန်းသည်။

Joshua 04

လူသုံးထောင်ခန့်မျှ ချီသွား၍
ဤလူတို့သည် စစ်သည်တော်များ ဖြစ်ကြ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ချီတက်သွားသော လူသုံးထောင်ခန့်သည် စစ်သည်တော်များ ဖြစ်ကြ၏"။

လူသုံးထောင်ခန့်
လူ ၃၀၀၀ (ရှု၊ anslate_numbers)

လူသုံးဆယ်ခြောက်
လူ ၃၆

လူများတို့၏ စိတ်နှလုံးသည် အရည်ကျို ၍ ရေကဲ့သို့ ဖြစ်လေ၏
ဤစာကြောင်းနှစ်ခုတို့သည် အဓိပ္ပါယ်ဆင်တူ၍ လူတို့၏ အလွန်အမင်း ကြောက်ရွံ့ခြင်းကို ဖော်ပြသည်။

လူများတို့၏ စိတ်နှလုံးသည် အရည်ကျို ၍
လူတို့၏ ခံစားချက်ကို ဖော်ပြသည်။ အခြားသောဘာသာပြန်ချက်၊ "လူအပေါင်းတို့သည် အလွန်ကြောက်ရွံ့ကြ၏"။

လူများတို့၏စိတ်
"လူများတို့" ဟူသော စာလုံးသည် ဣသရေလအမျိုးကို ရည်ညွှန်းသည်။

Joshua 06

မိမိအဝတ်ကို ဆုတ်၍ ----- မိမိတို့ခေါင်း ပေါ်၌ မြေမှုန့်ကိုတင်၍ ထာဝရဘုရား၏ သေတ္တာတော် ရှေ့မှာ ဝပ်လျက်နေကြ၏
ဤကဲ့သို့ပြုခြင်းသည် အဘယ်မျှလောက် ဝမ်းနည်းကြေကွဲကြသည်ကို ထာဝရဘုရားအား ပြခြင်းဖြစ်သည်။

အာမောရိလူတို့လက်သို့ အပ်၍ ဖျက်ဆီးစေခြင်းငှါ
ထာဝရဘုရားသည် သူတို့အား အာမောရိလူတို့၏ လက်သို့ အပ်၍ ဖျက်ဆီးစေခြင်းငှါ ယော်ဒန်မြစ်တဘက်ကမ်းသို့ ခေါ်လာရခြင်းအကြောင်းရင်းကို ယောရှုက မေးလေ၏။ အခြားသောဘာသာပြန်ချက်၊ "အာမောရိ လူတို့လက်သို့ အပ်နှံရန် ကျွန်ုပ်တို့အပေါ် ဤကဲ့သို့ပြုသလော"။

အာမောရိလူတို့လက်သို့ အပ်၍ ဖျက်ဆီးစေခြင်းငှါ
အာမောရိလူတို့လက်သို့၊ ဟူသော စကားသည် သူတို့၏ အုပ်ချုပ်မှုကို ရည်ညွှန်းသည်။ ဣသရေလအမျိုးတို့ကို ထိုသူတို့၏ လက်ထဲသို့ အပ်ခြင်းသည် အာမောရိလူတို့၏ ချုပ်ချယ် ဖျက်ဆီးခြင်းကို ဆိုလိုသည်။

အကျွန်ုပ်တို့ သည် ရောင့်ရဲသောစိတ်၍
"၍" ဟူသောစကားလုံးသည် မဖြစ်သေးသောအရာကို တောင့်တခြင်း၏ လိုအင်ဆန္ဒဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့သည် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိပြီး"။

Joshua 08

ယေဘုယျအချက်အလက်
ယောရှုသည် ဘုရားသခင်ထံ သူ၏ စိတ်ပျက်မှုကို ဖော်ပြသည်။

ဣသရေလအမျိုးသားတို့သည် ရန်သူတို့ရှေ့မှာ ကျောကိုလှည့်ရကြသည်ဖြစ်၍ အကျွန်ုပ် သည် အဘယ်သို့ ပြောရပါမည်နည်း
ယောရှုသည် အဘယ်မျှလောက် ဝမ်းနည်းကြေကွဲရသည်ကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "မည်သို့ပြောရမည်ကို အကျွန်ုပ်မသိ၊ ဣသရေလအမျိုးသားတို့သည် ရန်သူတို့ရှေ့မှာ ကျောကို လှည့်ရကြသည်"။

ဣသရေလအမျိုးသားတို့သည် ရန်သူတို့ရှေ့မှာ ကျောကိုလှည့်ရကြသည်
ဤကဲ့သို့ပြုခြင်းသည် သူတို့၏ ရန်သူတို့ရှေ့မှ ထွက်ပြေးခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဣသရေလအမျိုးတို့သည် သူတို့၏ ရန်သူတို့ရှေ့တွင် ထွက်ပြေးကြ၏"။

အကျွန်ုပ်တို့ကို ဝိုင်း၍ အကျွန်ုပ်တို့၏နာမည်ကို မြေကြီးမှ ပယ်ရှင်းကြပါလိမ့်မည်
ဣသရေလအမျိုးတို့၏ နာမည်ကို မေ့ပျောက်ခြင်း၊ ဆိုသည်မှာ ဣသရေလအမျိုးကို မေ့ပျောက်ခြင်းဖြစ်သည်။ ဤကဲ့သို့ပြုခြင်းသည် သူတို့ကို သတ်ပစ်ခြင်း နှင့် အတူတူ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါတို့ကို

ဝိုင်း၍ အသေသတ်ကြလိမ့်မည်၊ တလောကလုံးသည် အကျွန်ုပ်တို့ကို မေ့ကြလိမ့်မည်"။

ကြီးမြတ်သောနာမတော်အဘို့
ဤနေရာ၌ "ကြီးမြတ်သောနာမတော်" ဟူသောစာကြောင်းသည် ဘုရားသခင်၏ ကျော်ကြားမှုနှင့် တန်ခိုးတော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ကြီးမြတ်ခြင်းကို လူအပေါင်းတို့သည် သိရှိစေခြင်းငှာ အဘယ်သို့ ပြုရမည်နည်း"။

ကိုယ်တော်သည် ကြီးမြတ်သောနာမတော်အဘို့ အလိုငှါ အဘယ်သို့ ပြုတော်မူမည်နည်း
ဣသရေလအမျိုးတို့ကို ဖျက်ဆီးလျှင် လူတို့က ဘုရားသခင် ဘာမျှ မတတ်နိုင်ဘူးဟု ပြောကြမည်ကို ယောရှုသည် ဘုရားသခင်အား သတိပေး မေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ နာမကြီးမြတ်စေဖို့အလို့ငှာ မည်သည့် နည်းလမ်းမှမရှိပါ" သို့မဟုတ် "သင်၏ ကြီးမြတ်ခြင်းကို လူအပေါင်းတို့သည် သိကြလိမ့်မည်မဟုတ်"။

## Joshua 10

ယေဘုယျအချက်အလက်
ထာဝရဘုရားက ဣသရေလအမျိုးတို့သည် အဘယ်ကြောင့် ကျိန်ခြင်းခံကြသည်ကို ယောရှုအား ပြောလေ၏။

အဘယ် ကြောင့် ဝပ်၍နေသနည်း
ဘုရားသခင်သည် ဝပ်၍နေသော ယောရှုကို တားဆီး၍ ပြောသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေပေါ်သို့ ဝပ်၍ နေခြင်းကို ရပ်လော့"။

ကျိန်အပ်သောအ ရာများ
ဖျက်ဆီးရန်အတွက် "သတ်မှတ်ထားသော အရာများ" အခြားသောဘာသာပြန်ချက်၊ "ကျိန်ခြင်းခံ အရာများ" သို့မဟုတ် "ဘုရားသခင်၏ ကျိန်ခြင်းခံသော အရာများ"။

ခိုးယူ၍ ပရိယာယ်ပြုသဖြင့် မိမိဥစ္စာထဲမှာ ထား လေပြီ
သူတို့၏ အပြစ်များကို ဝှက်ထားခြင်းက သူတို့၏ အပြစ်များ သူတပါးအား မသိစေခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ခိုးယူ၍ သူတို့၏ အပြစ်များကို သူတပါး မသိအောင် ပြုကြ၏"။

ရန်သူတို့ရှေ့မှာ မခံမရပ်နိုင်၊
ရန်သူတို့ ရှေ့မှာ ရပ်နိုင်ခြင်းသည် ရန်သူများကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူများကို အောင်မြင်စွာ မတိုက်နိုင်ကြ" သို့မဟုတ် "သူတို့၏ ရန်သူများကို သူတို့ မနိုင်"။

ရန်သူတို့ရှေ့မှာ ကျောကို လှည့်ရကြ၏
ဤကဲ့သို့ ပြုမူခြင်းသည် ရန်သူတို့၏ ရှေ့မှ ထွက်ပြေးခြင်းကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူတို့မှ ထွက်ပြေးကြ၏"။

သင်တို့နှင့်အတူ ငါမနေ
ဣသရေလအမျိုးတို့နှင့် အတူနေခြင်းသည် သူတို့အားကူညီခြင်းကို ဖော်ပြသည်။ အခြားသောဘာသာပြန်ချက်၊ "သင်တို့ကို ငါသည် ကူညီမည် မဟုတ်"၊

## Joshua 13

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားသခင်သည် ယောရှုထံအာ ဣသရေလအမျိုးထံသို့ ပြောရမည့်စကားအား ဆက်လက်၍ မှာတော်မူ၏။

လူအပေါင်းတို့
ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

သင်တို့၏ ရန်သူတို့ရှေ့မှာ မခံမရပ်နိုင်ကြ
ရန်သူတို့ရှေ့မှာ ရပ်နိုင်ခြင်းသည် သူတို့ကို အောင်မြင်စွာတိုက်ထုတ်နိုင်ခြင်းအကြောင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သင်၏ ရန်သူတို့ကို အောင်မြင်စွာ မတိုက်နိုင်" သို့မဟုတ် "သင်သည် သင်၏ ရန်သူတို့ကို မနိုင်"။

## Joshua 14

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားသခင်သည် ယောရှုထံအာ ဣသရေလအမျိုးထံသို့ ပြောရမည့်စကားအား ဆက်လက်၍ မှာတော်မူ၏။

သင်တို့သည် အမျိုးအနွယ်အလိုက် ချဉ်းကပ်ရကြမည်
ဣသရေလအမျိုးတို့တွင် မျိုးနွယ်စု တစ်ဆယ့်နှစ်မျိုးရှိသည်။ "အမျိုးအနွယ်အလိုက်" ဟူသော စကားစုသည် "မျိုးနွယ်စုအသီးသီး" ဟု အဓိပ္ပါယ် ရှိသည်။ အခြားသောဘာသာပြန်ချက်၊ "မျိုးနွယ်စုအသီးသီး အလိုက် ထာဝရဘုရားသခင် ရှေ့တော်သို့ ချဉ်းကပ်ရကြမည်"။

ထာဝရဘုရား မှတ်တော်မူသောအမျိုးသည်၊ မျိုးနွယ်စုနှင့် ချဉ်းကပ်ရကြမည်
လူမျိုးနွယ်စုသည် မျိုးနွယ်စုအများဖြင့် စုပေါင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မှတ်တော်မူသော အမျိုးမှ၊ မျိုးနွယ်စု အသီးသီးက ချဉ်းကပ်ရမည်"။

ထာဝရဘုရား မှတ်တော်မူသော လူမျိုးစု
ဣသရေလအမျိုးတို့တွင် ခေါင်းဆောင်များသည် စာရေးတံချ၍ မည်သည့်လူမျိုးစုကို ထာဝရဘုရား မှတ်တော်မူသည်ကို သိကြမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စာရေးတံချ၍ ထာဝရဘုရား မှတ်တော်မူသော လူမျိုးစု" သို့မဟုတ် "စာရေးတံချသော အချိန်တွင် ထာဝရဘုရား မှတ်တော်မူသော လူမျိုးစု"။


generated on Sun Jun 30 02:37:40 2024

ထာဝရဘုရား မှတ်တော်မူသောအမျိုးသည်၊ အိမ်ထောင်စုံနှင့် ချဉ်းကပ်ရကြမည်
အမျိုးသည် အိမ်ထောင်စုအများဖြင့် စုပေါင်းဖွဲ့စည်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မှတ်တော်မူသော အမျိုးမှ အိမ်ထောင်စုအသီးသီးက ချဉ်းကပ်ရမည်"။

ထာဝရ ဘုရား မှတ်တော်မူသော အိမ်ထောင်သည် လူအသီးသီး ချဉ်းကပ်ရကြမည်
အိမ်ထောင်စုသည် လူအများဖြင့်ဖွဲ့စည်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် "အိမ်ထောင်စုအသီးသီးမှ ထာဝရဘုရား မှတ်တော်မူသော လူအသီးသီးတို့က ချဉ်းကပ်ရမည်"။

မှတ်တော်မူသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မှတ်တော်မူသော သူ"

သူသည် ထာဝရဘုရား၏ ပဋိညာဉ်တရားကို ဖျက်၍
ပဋိညာဉ်တရားကို ဖျက်ဆီးခြင်းသည် မနာခံ၊ မလိုက်နာခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ထာဝရဘုရား၏ ပဋိညာဉ်တရားကို မလိုက်လျှောက်ပါ"။

Joshua 16

ယေဘုယျ အချက်အလက်
ယောရှုသည် ဣသရေလအမျိုးတို့ကို ထာဝရဘုရား အမိန့်တော်အတိုင်း မျက်မှောက်တော်သို့ စုရုံးလာစေသည်။

ဣသရေလ လူတို့ကို အမျိုးအနွယ်အလိုက် ဆောင်ခဲ့သဖြင့်
အမျိုးအနွယ်အလိုက်၊ ဟူသောစကားစုသည် "အမျိုးအနွယ်တစ်ခုစီ" ဟူ၍ အဓိပ္ပါယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ဣသရေလအမျိုးအနွယ် တစ်ခုစီကို ဆောင်ခဲ့သဖြင့်"။

ယုဒအမျိုး ကို မှတ်တော်မူ၏
အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရားသခင်သည် ယုဒအမျိုးကို မှတ်တော်မူ၏"။

ဇေရိအဆွေအမျိုး အိမ်ထောင်စုံ အသီးအသီးတို့ကို ဆောင်ခဲ့သဖြင့်
တစ်ဦးပြီးတစ်ဦး၊ ဟူသောစကားစုသည် "တစ်ဦးစီ" ဟုအဓိပ္ပါယ်ရှိသည်။ ဤစာကြောင်း၌ ရှိသောသူတို့သည် သူတို့၏ မိသားစုခေါင်းဆောင်များ ဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇေရိအဆွေအမျိုး တစ်ဦးစီကို ဆောင်ခဲ့၏" သို့မဟုတ် "ဇေရိအဆွေအမျိုးမှ သူတို့၏ မိသားစုခေါင်းဆောင် လူတစ်ယောက်စီ ဆောင်ခဲ့၏"။

ဇေရိအဆွေအမျိုး
ဆွေအမျိုး၊ ဟူသောအခေါ်အဝေါ်သည် "ဇေရိ" ဟူသော သူ၏ အမည်ကို ခေါ်ဝေါ် ခြင်းဖြစ်သည်။

ဇာဗဒိ၊ အာခန်၊ ကာမိ၊ ဇေရ
ယောကျာ်း အမည်များဖြစ်သည်။

Joshua 19

ရှေ့တော်၌ ကိုယ့်အပြစ်ကို ဖော်ပြတောင်းပန်ပါလော့
"ကိုယ့်အပြစ်ကို ဖော်ပြတောင်းပန်ပါလော့" ဟူသောစကားစုကို ကြိယာဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ့်အပြစ်ကို ဖော်ပြလော့"။

ဝှက်၍မထား ပါနှင့်
သတင်တစ်ခုခုကို ဝှက်ထားခြင်း၊ ဟူသည် တစ်စုံတစ်ယောက်ကို တရားသိခြင်းမှ တားဆီးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ မတရားပြုလုပ်ခြင်းများမှ အကျွန်ုပ်ကို မတားဆီးကြနှင့်"။

ငွေနှစ်ပိဿာ
နှစ်ကီလိုဂရမ် ထက်ပိုသော အလေးချိန်။ (ရှု၊ ranslate_bweight)

အကျပ်ငါးဆယ်
ငါးရာ ဂရမ်ထက် ပိုသောအလေးချိန်။

မြေ၌မြှုပ်လျက်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို မြေအောက်ထဲ၌ ငါဝှက်ထား၏"။

Joshua 22

မြှုပ်လျက်
ယောရှု စေလွှတ်သောသူတို့က မြှုပ်ကြ၏။

ထာဝရဘုရားရှေ့ တော်၌ ထားကြ၏
သေးငယ်သော အစိုင်အခဲများကို အိပ်အကြီးကြီးမှ မြေပြင်ပေါ်သို့ သွန်ချသည်။

Joshua 24

အာခေါ်ချိုင့်
အာခေါ်ချိုင့်၊ ဟူသော နာမည်သည် "ဒုက္ခ" ဟု အဓိပ္ပါယ် ရှိသည်။ သို့သော် အာခေါ်ချိုင့်၊ ဟူသော စကားလုံးကို မူရင်းအတိုင်း ဘာသာပြန်သင့်သည်။

Joshua 25

ငါတို့ကို အဘယ်ကြောင့် နှောင့်ရှက် သနည်း
ယောရှုသည် ဤမေးခွန်းအား အာခန်ကို ဆဲဆိုရာတွင် အသုံးပြုသည်။ အခြားသောဘာသာပြန်ချက်၊ "သင်သည် အကျွန်ုပ်တို့ကို နှောက်ရှက်၏"။


generated on Sun Jun 30 02:37:40 2024

ကျောက်ခဲနှင့် ပစ်ကြ ပြီးမှ၊ မီးရှို့ကြ၏

ဖြစ်နိုင်ဖွယ်အဓိပ္ပါယ်များမှာ၊ (၁) ဣသရေလအမျိုးသား အပေါင်းတို့သည် အာခန်နှင့် သူ၏ မိသားစုများအား သေသည့်တိုင်အောင် ကျောက်ခဲနှင့် ပစ်ကြပြီး ကျောက်ခဲပုံဖြင့် အုပ်ထားကြ၏။ သို့မဟုတ် (၂) ဣသရေလအမျိုးသား အပေါင်းတို့သည် အာခန်နှင့် သူ၏ မိသားစုများအား ကျောက်ခဲနှင့် ပစ်ကြပြီး သေသည့်တိုင်အောင် မီးရှို့ကြ၏။ သို့မဟုတ် (၃) အာခန်နှင့် သူ၏ ပိုင်ဆိုင်မှုများအား ကျောက်ခဲဖြင့် ပစ်ကြ၍ မီးရှို့ကြ၏။

ထာဝရဘုရားသည်လည်း အမျက်တော်အရှိန်ကို ငြိမ်းစေတော်မူ၏

အမျက်တော်အရှိန်ကို ငြိမ်းစေတော်မူ၏၊ ဟူသောစာကြောင်းသည် အမျက်တော်အရှိန်ကို ရပ်တန့်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် အမျက်တော်ထွက်ခြင်းကို ရပ်တန့်၏"။

ယနေ့တိုင်အောင်

ဤစာကို ရေးနေသောအချိန်အထိ အာခေါ်ချိုင့်ဟု ခေါ်ဝေါ်ကြသတည်း။ အခြားသောဘာသာပြန်ခြင်း၊ "ယနေ့တိုင်" သို့မဟုတ် "ယခုတိုင်။"

---

## Translation Questions

### Joshua 7:1

ထာဝရဘုရားသခင်သည် အဘယ်ကြောင့် ဣသရေလလူတို့ကို အမျက်ထွက်တော်မူသနည်း။

ဣသရေလလူ အာခန်သည် ကျိန်အပ်သော ဥစ္စာပစ္စည်းကို သိမ်းယူထားသောကြောင့် ထာဝရဘုရားက ဣသရေလလူတို့ကို အမျက် ထွက်တော်မူသည်။

### Joshua 7:2

အာဣမြို့သို့ စေလွှတ်သော သူလျှိုတို့သည် ယောရှုထံသို့ မည်ကဲ့သို့ သတင်းပို့ခဲ့သနည်း။

အာဣမြို့သို့စေလွှတ်သောသူလျှိုတို့သည် ယောရှုအား ထိုအရပ်၌ရှိသောသူတို့သည် လူအင်အား နည်းပါးသည် ဟူ၍ ပြန်လည် တင်ပြသည်။

### Joshua 7:4

အာဣမြို့အား တိုက်ခိုက်သည့် လူအင်အား သုံးထောင်ရှိ စစ်တပ်တွင် မည်သည့်အရာ ဖြစ်ခဲ့သနည်း။

အာဣမြို့အား တိုက်ခိုက်သည့် လူအင်အား သုံးထောင်ရှိစစ်တပ်သည် အာဣမြို့စစ်သည်တို့၏ တွန်းလှန်ခြင်းကို ခံရပြီး စစ်သည် ၃၆ ယောက် သေခဲ့သည်။

### Joshua 7:6

ယောရှုသည် အာဣမြို့ရှိရန်သူများထံမှ စစ်ရှုံးခဲ့သောသူ့ စစ်တပ်အကြောင်း ကြားသောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။

ယောရှုက သူ၏စစ်တပ်သည် အာဣမြို့၌ စစ်ရှုံးလာသည်ဟု သတင်းကြားသောအခါ မိမိအဝတ်ကို ဆုတ်ဖြဲပြီး မိမိခေါင်းပေါ်သို့ မြေမှုန့်ကို တင်ပြီး သေတ္တာတော်ရှေ့၌ ဝပ်လျက်နေသည်။

### Joshua 7:10

အာဣမြို့၌ စစ်ရှုံးကာ ထွက်ပြေးခဲ့ရသော အကြောင်းနှင့် ပတ်သက်၍ ထာဝရဘုရားသခင်သည် ယောရှုကို မည်သို့ပြောဆိုခဲ့သနည်း။

ထာဝရဘုရားသည် ဣသရေလအမျိုးထဲ၌ ကျိန်အပ်သောအရာကို ခိုးယူမှု ဟူသော ငါမှာထားသော ပဋိညာဉ်တရားကို ဖျက်သောအမျိုးကို ရန်သူလက်ထဲ၌ ဆုံးရှုံးစေပြီ ဟူ၍ ယောရှုအား မိန့်ဆိုလေသည်။

### Joshua 7:13

ထာဝရဘုရားသည် ယောရှုကို မည်ကဲ့သို့ လုပ်ဆောင်ရန် မိန့်တော်မူသနည်း။

ထာဝရဘုရားသခင်သည် ယောရှုကို ထ၍ လူများတို့ကို စစ်ဆေး၍ ကျိန်အပ်သော အမျိုးအနွယ်ကို သန့်ရှင်းစေမည့်အကြောင်း မိန့်တော်မူခဲ့သည်။

### Joshua 7:14

ထာဝရဘုရားသည် ကျိန်အပ်သောဥစ္စာပစ္စည်းများကို ခိုးဝှက်ထားသော အိမ်ထောင်မိသားစုကို မည်ကဲ့သို့ စီရင်ရန်မိန့်တော်မူသနည်း။

ထာဝရဘုရားသည် ကျိန်အပ်သော ဥစ္စာပစ္စည်းများကို ခိုးဝှက်ထားသော အိမ်ထောင်မိသားစုများ၏ ပစ္စည်းဥစ္စာ ရှိသမျှကို မီးရှို့ဖျက်ဆီးရမည် ဟူ၍ မိန့်တော်မူခဲ့သည်။

### Joshua 7:19

အာခန်သည် ယောရှုအား မည်သည်အရာများကို ယူထားခဲ့ကြောင်း ပြောဆိုခဲ့သနည်း။

အာခန်သည် ကျိန်အပ်သော ဥစ္စာပစ္စည်း ဖြစ်သည့် မြတ်သောဗာဗုလုန်ဝတ်ရုံ ငွေနှစ်ပိဿာနှင့် ရွှေတုံး အကျပ် ငါးဆယ်ကို ယူထားမိကြောင်း ယောရှုအား ပြောဆိုခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Joshua 7:24

ယောရှုနှင့် ဣသရေလလူအပေါင်းတို့သည် အာခန်နှင့် သူ၏ရှိသမျှကို မည်သည့်နေရာသို့ ခေါ်ဆောင်သွားခဲ့သနည်း။
ယောရှုနှင့် ဣသရေလလူအပေါင်းတို့သည် အာခန်နှင့် သူ၏ရှိသမျှအရာများကို အာခေါ်ချိုင့်သို့ ခေါ်ဆောင်သွားလေသည်။

Joshua 7:25

ထာဝရဘုရား၏အမျက်တော် အရှိန်သည် မည်ကဲ့သို့ ဖြစ်ခဲ့သနည်း။
ထာဝရဘုရား၏ အမျက်တော်အရှိန်သည် ငြိမ်းခဲ့လေသည်။


generated on Sun Jun 30 02:37:40 2024

# Chapter 8

1 တဖန် ထာဝရဘုရားကလည်း၊ သင်သည် မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သင်၌ပါသော စစ်သူရဲ အပေါင်းတို့ကို ခေါ်၍ အာဣမြို့သို့
ထသွားလော့။ အာဣ မင်းကြီးနှင့် သူ့လူများ၊ သူ့မြို့၊ သူ့မြေကို သင့်လက်၌ ငါအပ်မည်။ 2 ယေရိခေါမြို့နှင့် မင်းကြီးအား ပြုသကဲ့သို့
အာဣမြို့နှင့် မင်းကြီးအား ပြုရမည်။ သို့ရာတွင် လုယူ သော ဥစ္စာ၊ တိရစ္ဆာန်များကို ကိုယ်အဘို့ သိမ်းရမည်။ မြို့နောက်မှာ
ကင်းတပ်ကို ထားရမည်ဟု ယောရှုအား မိန့်တော်မူသည်အတိုင်း၊ 3 ယောရှုနှင့် စစ်သူရဲအပေါင်းတို့သည် အာဣမြို့ ကို တိုက်ခြင်းငှါ
ထကြ၏။ ယောရှုသည် ခွန်အားကြီးသော စစ်သူရဲသုံးသောင်းတို့ကို ရွေးချယ်၍ ညဥ့်အခါစေလွှတ် လျက်၊ 4 သင်တို့သည် ထိုမြို့ကို
တိုက်ခြင်းငှါ မြို့နောက် မှာ ကင်းထိုးလျက်နေကြလော့။ မြို့နှင့်ဝေးဝေးခွာ၍ မသွား ကြနှင့်။ တညီတညွတ်တည်း အသင့်နေကြလော့။ 5
ငါနှင့်တကွ ငါ၌ပါသောသူအပေါင်းတို့သည် မြို့အနီးသို့ ချဉ်းကပ်မည်။ သူတို့သည် ယမန်ကဲ့သို့ တိုက် ခြင်းငှါ ထွက်လာကြသောအခါ၊
ငါတို့သည် သူတို့ရှေ့မှာ ပြေးရကြမည်။ 6 သူတို့လည်း လိုက်ခြင်းငှါ မြို့ထဲကထွက်၍၊ မြို့ နှင့်ကွာမှန်းကိုမသိဘဲ ခွါ၍
လိုက်ကြလိမ့်မည်။ အကြောင်း မူကား၊ သူတို့ရှေ့မှာ ငါတို့သည် ပြေးသောအခါ၊ ယမန်ကဲ့ သို့ ငါတို့ရှေ့မှာ ပြေးကြပြီဟု
သူတို့ဆိုကြလိမ့်မည်။ 7 ထိုအခါ သင်တို့သည် ကင်းထိုးလျက် နေရာအ ရပ်မှထ၍ မြို့ကိုတိုက်လျှင်၊ သင်တို့၏ဘုရားသခင်
ထာဝရဘုရားသည် သင်တို့လက်၌ အပ်တော်မူမည်။ 8 တိုက်၍ အောင်သောအခါ မြို့ကို မီးရှို့ရကြ မည်။
ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ပြုရကြမည်။ ထိုသို့ ငါဆင့်ဆိုသည်ဟု ထိုသူတို့အား မှာထားလေ၏။ 9
ယောရှုစေလွှတ်သည်အတိုင်း၊ ထိုသူတို့သည် ကင်းထိုးခြင်းငှါ သွား၍၊ ဗေသလမြို့နှင့် အာဣမြို့ စပ်ကြားတွင် အာဣမြို့
အနောက်ဘက်မှာ နေကြ၏။ ယောရှုသည် ထိုညဥ့်တွင် လူများထဲမှာနေသေး၏။ 10 နံနက်စောစောထ၍ လူများတို့ကို ရေတွက်ပြီးမှ၊
ဣသရေလအမျိုး အသက်ကြီးသူတို့နှင့်အတူ အာဣမြို့ သို့ အဦးချီသွားလေ၏။ 11 ယောရှု၌ပါသော စစ်သူရဲအပေါင်းတို့သည်
လိုက်၍ မြို့အနီးသို့ ရောက်ပြီးလျှင်၊ မြို့မြောက်ဘက်၌ တပ်ချကြ၏။ သူတို့နှင့် မြို့စပ်ကြားမှာ ချိုင့်တခုရှိ၏။ 12 တဖန်
အာဣမြို့အနောက်၊ ထိုမြို့နှင့် ဗေသလ မြို့စပ်ကြားမှာ ကင်းထိုးစေခြင်းငှါ လူငါးထောင်ခန့်မျှ ထားလေ၏။ 13 ထိုသို့လျှင်၊
မြို့မြောက်ဘက်မှာ ဗိုလ်ခြေအပေါင်း ခင်းကျင်းလျက်၊ အနောက်ဘက်မှာလည်း ကင်းထိုးလျက်၊ အသီးသီး နေရာကျကြသောအခါ၊
ယောရှုသည် ထိုညဥ့် တွင် ချိုင့်အလယ်သို့ သွားလေ၏။ 14 ထိုအခြင်းအရာတို့ကို အာဣမင်းကြီးသည် မြင် လျှင်၊
မြို့သားယောကျ်ားတို့သည် စောစောထ၍ အလျင် အမြန်ပြင်ဆင်ပြီးမှ၊ မင်းကြီးသည် လူအပေါင်းတို့နှင့်တကွ
ဣသရေလအမျိုးသားတို့ကို တိုက်ခြင်းငှါ၊ ချိန်းချက်သော အချိန်၌ လွင်ပြင်သို့ ချီသွားလေ၏။ သို့ရာတွင် မြို့နောက် မှာ
ကင်းတပ်ရှိမှန်းကို မသိ။ 15 ယောရှုနှင့်ဣသရေလ အမျိုးသားအပေါင်းတို့ သည် ရှုံးဟန်ပြုလျက် တောလမ်းဖြင့် ပြေးကြ၏။ 16
သူတို့ကို လိုက်ခြင်းငှါ၊ အာဣမင်းကြီးသည် မြို့၌ ရှိသမျှသော ယောကျ်ားတို့ကို နိုးဆော်ပြီးလျှင်၊ မြို့သားတို့ သည် ယောရှုကိုလိုက်၍၊
မြို့နှင့်ကွာမှန်းမသိ ခွါသွားကြ၏။ 17 ဣသရေလအမျိုးသားတို့ကို မလိုက်ဘဲ၊ အာဣ မြို့နှင့် ဗေသလမြို့၌ ယောကျ်ားတယောက်မျှ
မနေ၊ မြို့ကို လုပ်ထားလျက် ဣသရေလအမျိုးသားတို့ကို လိုက် ကြ၏။ 18 ထာဝရဘုရားကလည်း၊ သင်ကိုင်သောလှံကို အာဣမြို့သို့
ရွယ်လော့။ ထိုမြို့ကို သင့်လက်သို့ ငါအပ် မည်ဟု ယောရှုအား မိန့်တော်မူသည်အတိုင်း၊ ယောရှု သည် မိမိကိုင်သောလှံကို
ထိုမြို့သို့ရွယ်လေ၏။ 19 ရွယ်သောအခါ၊ ကင်းတပ်သားတို့သည် ချက် ခြင်းထ၍ အလျင်အမြန်ပြေးလျက် မြို့ထဲသို့ဝင်မိလျှင်၊
ကြိုးစား၍ သိမ်းယူပြီးမှ မီးရှို့ကြ၏။ 20 အာဣမြို့သားတို့သည် ပြန်ကြည့်၍၊ မြို့ကို လောင်သော မီး၏အခိုးသည်
မိုဃ်းကောင်းကင်သို့ တက် လျက်ရှိသည်ကို မြင်သောအခါ၊ အဘယ်အရပ်ကိုမျှ ပြေး ခြင်းငှါ မတတ်စွမ်းနိုင်ကြ။
တောသို့ပြေးသောသူတို့သည် လည်း လိုက်သောသူတို့ကို ပြန်လှန်၍ တိုက်ကြ၏။ 21 ကင်းတပ်သားတို့သည် မြို့ကိုရ၍ မြို့၌ မီးခိုး
တက်လျက် ရှိသည်ကို ယောရှုနှင့် ဣသရေလအမျိုးသား အပေါင်းတို့သည် မြင်လျှင်၊ တဖန် ပြန်လှည့်၍ အာဣမြို့ သားတို့ကို
တိုက်သတ်ကြ၏။ 22 အခြားသောသူတို့သည်လည်း မြို့ထဲကထွက်၍ တိုက်သောကြောင့် ဣသရေလအမျိုးသားတို့သည် အာဣ
လူတို့ကို ညှပ်၍ တိုက်သဖြင့် တယောက်ကိုမျှမလွှတ် မကျန်ကြွင်းစေခြင်းငှါ လုပ်ကြံကြ၏။ 23 အာဣမင်းကြီးကို အရှင်ဘမ်း၍
ယောရှုထံသို့ ဆောင်ခဲ့ကြ၏။ 24 ဣသရေလအမျိုးသားတို့သည် လွင်ပြင်၌၎င်း၊ လိုက်ရာရာ တော၌၎င်း၊ အာဣမြို့သားအပေါင်းတို့ကို
လုပ်ကြံ၍ ထားဖြင့် အကုန်အစင်သုတ်သင်ပြီးမှ၊ တဖန် မြို့သို့ပြန်လာ၍ ထားဖြင့် လုပ်ကြံကြ၏။ 25 ထိုနေ့၌
တသောင်းနှစ်ထောင်ခန့်မျှ ရှိသော အာဣမြို့သား ယောကျ်ားမိန်းမအပေါင်းတို့သည် သေကြ ၏။ 26 အာဣမြို့သူမြို့သား
အပေါင်းတို့ကို အကုန်အ စင် မဖျက်ဆီးမှီတိုင်အောင် ယောရှုသည် လှံကိုင်သော လက်ကို မသိမ်းမရုပ်။ 27 သို့ရာတွင်
ထာဝရဘုရားသည် ယောရှုအား မှာ ထားတော်မူသော စကားအတိုင်း၊ တိရစ္ဆာန်များနှင့် လက် ရဥစ္စာများကို၊
ဣသရေလအမျိုးသားတို့သည် ကိုယ်အဘို့ သိမ်းယူကြ၏။ 28 ယောရှုသည်လည်း အာဣမြို့ကို မီးရှို့၍၊ ယနေ့ တိုင်အောင်
ထာဝရဖျက်ဆီးရာ အမှိုက်ပုံ ဖြစ်စေ၏။ 29 အာဣမင်းကြီးကို ညဦးတိုင်အောင် သစ်ပင် တွင် ဆွဲထား၍၊ မိုဃ်းချုပ်သောအခါ၊
ယောရှုစီရင်သည် အတိုင်း၊ အသေကောင်ကို သစ်ပင်ကချပြီးလျှင် မြို့တံခါး ဝ၌ ပစ်ထား၍၊ အသေကောင်အပေါ်၌ များစွာသော
ကျောက်တို့ကို စုပုံကြ၏။ ထိုကျောက်ပုံသည် ယနေ့တိုင် အောင်ရှိ၏။ 30 ထိုအခါ ယောရှုသည်၊ ဧဗလတောင်ပေါ်မှာ
ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအဘို့၊ ယဇ်ပလ္လင်ကို တည်လေ၏။ 31 ထာဝရဘုရား၏ ကျွန်မောရှေသည်၊ ဣသရေ

 generated on Sun Jun 30 02:37:40 2024

လအမျိုးသားတို့ကို မှာထား၍ မောရှေ၏ ပညတ္တိကျမ်း၌ ရေးမှတ်လျက်ရှိသည်အတိုင်း၊ သံတန်ဆာမပါမသုံးဘဲ မကွဲမပြတ်သော
ကျောက်တို့ဖြင့် ယဇ်ပလ္လင်ကို တည်၍၊ ထာဝရဘုရားအဘို့ မီးရှို့ရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော်ကြ၏။ [32] ယောရှုသည်လည်း၊
ထိုကျောက်ပေါ်၌ မောရှေ ၏ ပညတ်တရားကို ဣသရေလအမျိုးသားတို့ရှေ့မှာ ရေးကူးလေ၏။ [33] ဣသရေလအမျိုးသားတို့ကို
ကောင်းကြီးပေး ခြင်း အလိုငှါ၊ ထာဝရဘုရား၏ကျွန် မောရှေမှာထားခဲ့ သည်အတိုင်း၊ ဣသရေလအမျိုး အသက်ကြီး၊ ဗိုလ်မင်း၊
တရားသူကြီး အမျိုးသားအပေါင်းတို့သည်၊ ယဇ်ပုရောဟိတ် လေဝိသားထမ်းသော ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာနှစ်ဘက်၌
ရပ်၍၊ အမျိုးသားစစ်နှင့် တကျွန်းနိုင် ငံသားပါလျက်၊ ဂေရဇိမ်တောင်ပေါ်မှာ လူတဝက်၊ ဧဗလ တောင်ပေါ်မှာ တဝက်တို့သည်
နေကြလျှင်၊ [34] ပညတ္တိကျမ်း၌ ရေးထားသမျှသော ကောင်းကြီး မင်္ဂလာစကားနှင့် ကျိန်ခြင်းအမင်္ဂလာစကား တည်းဟူ သော
တရားစကားအလုံးစုံတို့ကို ဘတ်ရွတ်လေ၏။ [35] ယောရှုသည် မောရှေမှာထားသော စကားတ ခွန်းကိုမျှ မချန်မထား၊ မိန်းမ၊ သူငယ်၊
တကျွန်းနိုင်ငံသား ပါသော ဣသရေလအမျိုးသား ပရိတ်သတ်အပေါင်းတို့ ရှေ့မှာ အကုန်အစင် ဘတ်ရွတ်လေ၏။

---

Joshua 01

မကြောက်နှင့်၊ စိတ်မပျက်နှင့်
ဤစာပိုဒ်နှစ်ခုသည် ဆိုလိုရင်းအဓိပ္ပါယ်ချင်း တူနေကြသည်။ ထာဝရဘုရားက ကြောက်ရန် မလိုကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

အာဣ မင်းကြီးနှင့် သူ့လူများ၊ သူ့မြို့၊ သူ့မြေကို သင့်လက်၌ ငါအပ်မည်
ဣသရေလအမျိုးတို့၏ လက်၌ အပ်ပေးခြင်းသည် အောင်မြင်ခြင်းကိုပေး၍ ထိန်းချုပ်စေခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဣ မင်းကြီးနှင့် သူ့လူများအပေါ် အုပ်စိုးခြင်းကို ပေး၍၊ သူ့မြို့၊ သူ့မြေကို ပိုင်ဆိုင်ခြင်းငှာ သင့်လက်၌ ငါအပ်ပြီ"။

သင့်လက်၌ ငါအပ်ပြီ
ဘုရားသခင်သည် သူကတိထားတော်မူသည့်အတိုင်း ပြုတော်မူမည်ကို သူပြုပြီးသကဲ့သို့ ပြောလေ၏။ အခြားသောဘာသာပြန်ချက်၊ "ဧကန်အမှန် ငါပေးမည်" သို့မဟုတ် "ငါ ပေးမည်"။

Joshua 03

စစ်သူရဲများ
"ဣသရေလ စစ်သားများ"

Joshua 05

ယေဘုယျ အချက်အလက်
ယောရှုသည် သူ၏ စစ်ပွဲ အစီအစဉ်များကို စစ်သူရဲများထံသို့ ဆက်လက်ပြောဆိုသည်။

သင်တို့လက်၌ အပ်တော်မူမည်
လက်၌၊ ဟူသော အသုံးအနှုန်းသည် သူတို့၏ ရန်သူများအပေါ်မှာ ချုပ်ကိုင်ထားမည့် အာဏာကို ဆိုလိုသည်။

Joshua 08

ယေဘုယျအချက်အလက်
ယောရှုသည် သူ၏ စစ်ပွဲ အစီအစဉ်များကို သူ၏ စစ်သူရဲများထံသို့ ပြောကြားခြင်းကို ရပ်တန့်လေ၏။

ယောရှုစေလွှတ်သည်
ယောရှုသည် သုံးသောင်းသော စစ်သည်တော်များအား အာဣမြို့ကို ချုံခိုတိုက်ခိုက်ရန် စေလွှတ်ခြင်းကို ရည်ညွှန်းသည်။

ကင်းထိုးခြင်းငှါ သွားသော နေရာ
"တိုက်ခိုက်ရမည့် အချိန်ရောက်လာသည့် တိုင်အောင် ပုန်းခိုသော နေရာ"

Joshua 10

လူငါးထောင်ခန့်မျှ
"လူ ၅၀၀၀"။ ဤလူများသည် "လူ သုံးသောင်း" မှ သီးသန့်ထားသော အဖွဲ့ ဖြစ်ဖွယ်ရှိသည်။ လူ နှစ်သောင်း ငါးထောင်တို့သည် မြို့ကို တိုက်သောအချိန်၌ ဤ အဖွဲ့ငယ်လေး ကျန်နေသေးသည်။

Joshua 13

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားတို့သည် အာဣမြို့ သားများကို တိုက်ခိုက်ရန် ပြင်ဆင်နေကြသည်။

ဗိုလ်ခြေအပေါင်း
စစ်တိုက်သော စစ်သည်တော် အကြီးဆုံးကို ရည်ညွှန်းသည်။ ချုံထဲက အဖွဲ့မဟုတ်ပါ။

ကင်းတပ်
မြို့၏ အနောက်ဘက်၌ တပ်ချထားသော ချုံခိုတပ်ဖွဲ့များ ဖြစ်သည်။ (ရှု၊ (See: 8:10)

Joshua 15

အမျိုးသားအပေါင်းတို့ သည် ရှုံးဟန်ပြုလျက်
သူတို့ကိုယ်သူတို့ အာဣမြို့သားတို့ ရှေ့၌ ရှုံးဟန်ပြုကြစေ။ "ရှေ့၌" ဟူသောစာပိုဒ်သည် အာဣမြို့သားတို့ မြင်၍ စဉ်းစားမည့်အကြောင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " အာဣမြို့သားတို့သည် ဣသရေလအမျိုးတို့ ရှုံးပြီဟု ထင်ကြစေ"။

မြို့သားတို့သည်... လိုက်၍၊ မြို့နှင့်ကွာမှန်းမသိ ခွါသွားကြ၏
ရှိသမျှသော နှင့် မြို့သားတို့၊ ဟူသော စကားလုံးသည် အာအာဣမြို့သား စစ်သည်များကို ရည်ညွှန်းသည်။

သူတို့ကို လိုက်ခြင်းငှါ
ဣသရေလအမျိုး စစ်သူရဲများနောက်သို့ လိုက်ခြင်းငှာ

မြို့၌ ရှိသမျှသော ယောကျ်ားတို့ကို နှိုးဆော်၍ ခေါ်ပြီးလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရှိ ခေါင်းဆောင်တို့သည် မြို့၌ရှိသော သူအပေါင်းတို့ကို အတူတကွ ခေါ်လျှက်"။

မြို့၌ ရှိသမျှသော ယောကျ်ားတို့ကို
စာရေးသူသည် လူအားလုံးဟု ယေဘုယျအားဖြင့် ပြောသော်လည်း စစ်တိုက်နိုင်သောသူများကိုသာ ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဣသရေလစစ်သားများကို မောင်းထုတ်နိုင်သော မြို့၌ရှိ မြို့သားများ"။ (ရှု၊ gs_hyperbole)

လုပ်ထားလျက်
"မြို့တံခါးများ ဖွင့်ထားလျှက်"

Joshua 18

ထိုမြို့ကို သင့်လက်သို့ ငါအပ် မည်
အာဣမြို့ကို ဣသရေလအမျိုးတို့လက်၌ ပေးအပ်ခြင်းသည်၊ ဣသရေလအမျိုးတို့၏ အုပ်ချုပ်မှု၊ စိုးမိုးမှုကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဣမြို့ကို အောင်နိုင်သော အစိုးရကို ငါပေးမည်" သို့မဟုတ် "အာဣမြို့ကို သင်တို့အား သိမ်းစေမည်"။

Joshua 24

ဣသရေလအမျိုးသားတို့သည် လွင်ပြင်၌၎င်း၊ လိုက်ရှာရာ တော၌၎င်း၊ အာဣမြို့သားအပေါင်းတို့ကို လုပ်ကြံ၍ ထားဖြင့် အကုန်အစင်သုတ်သင်ပြီးမှ၊ တဖန် မြို့သို့ပြန်လာ၍ ထားဖြင့် လုပ်ကြံကြ၏
ဣသရေလအမျိုးသားတို့သည် ဘုရားသခင်၏ အမိန့်တော်ကို နာခံပြီး အာဣမြို့သားအပေါင်းတို့ကို လုပ်ကြံ၍ ဓါးဖြင့် အကုန်အစင် သုတ်သင်ကြသည်ကို စာရေးသူက တူညီသော ဤ စာကြောင်းနှစ်ခုအား အသုံးပြုသည်။

ထားဖြင့် လုပ်ကြံကြ၏
"လုပ်ကြံ" ဟူသောစကားလုံးက "အသေသတ်ခြင်း"ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးတို့သည် ထိုသူတို့ကို တိုက်ခိုက်သောကြောင့် သေကြ၏။"

တသောင်းနှစ်ထောင်
"၁၂၀၀၀"

Joshua 27

စွန့်လွှတ်မြေ
တချိန်တခါက လူများ နေထိုင်သောနေရာ၊ သို့သော် ယခုတွင် မည်သူမျှ မနေ။

Joshua 29

ယနေ့တိုင်
"ယနေ့ "သို့မဟုတ် "အခုတိုင်"

Joshua 30

ဧဗလတောင်
ခါနန်ပြည်၌ ရှိသော တောင်

Joshua 34

ယောရှုသည် မောရှေမှာထားသော စကားတ ခွန်းကိုမျှ မချန်မထား
အခြားသောဘာသာပြန်ဆိုချက်၊ "ယောရှုသည် မောရှေ ပေးသော အမိန့်ဟူသမျှကို ဖတ်လေ၏" သို့မဟုတ် "ယောရှုသည် မောရှေ၏ ပညတ္တိကျမ်းတို့ကို အကုန်အစင် ဖတ်လေ၏"။ (ရှု၊ gs_doublenegatives)

ဣသရေလ
ဣသရေလအမျိုးကို ရည်ညွှန်းသည်။

# Translation Questions

## Joshua 8:1

ထာဝရဘုရားသည် အာဣမြို့ကို သိမ်းပိုက်ရယူဖို့ ယောရှုအား မည်ကဲ့သို့ မိန့်မှာခဲ့သနည်း။
ထာဝရဘုရားသည် အာဣမြို့သားအားလုံးကို တိုက်ခိုက်ရယူဖို့ ထိုမြို့အနောက်ဘက်၌ ကင်းတပ်စခန်းကို ဆောက်ဖို့ရန် ယောရှုအား မိန့်မှာခဲ့သည်။

အာဣမြို့မှ ပစ္စည်းဥစ္စာများကို ဣသရေလလူမျိုးများသည် မည်ကဲ့သို့ လုပ်ဆောင်ကြသနည်း။
ထာဝရဘုရားသည် အာဣမြို့ရှိ ပစ္စည်းဥစ္စာများကို မိမိကိုယ်အဖို့ သိမ်းယူရရှိနိုင်ကြောင်း မိန့်တော်မူခဲ့သည်။

## Joshua 8:3

ယောရှုသည် အစွမ်းသတ္တိနှင့် ပြည့်စုံသောစစ်သူရဲ သုံးသောင်းကို အာဣမြို့သို့ မည်သည့်အချိန်၌ စေလွှတ်သနည်း။
ယောရှုသည် အစွမ်းသတ္တိနှင့် ပြည့်စုံသော စစ်သူရဲ သုံးသောင်းကို ရွေးချယ်၍ ညဉ့်အချိန်၌ အာဣမြို့သို့ စေလွှတ်သည်။

ယောရှုသည် သူ၏စစ်သူရဲအချို့တို့နှင့် မြို့ကို ချဉ်းကပ်၍ တိုက်ခိုက်ရန် မည်သည့်စစ်နည်းပရိယာယ်ကို အသုံးပြုခဲ့သနည်း။
ယောရှုနှင့် သူ၏လူများသည် မြို့ကို ချဉ်းကပ်လျှင် ထိုမြို့ရှိလူများသည် သူတို့ကို ထွက်၍ တိုက်ကြလိမ့်မည်။ ယောရှုနှင့် လူများသည် ယခင်က ထွက်ပြေးသည့်အတိုင်း သူတို့ရှေ့မှ ထွက်ပြေးဖို့ စစ်နည်းဗျူဟာ လုပ်ဆောင်လေသည်။

## Joshua 8:8

ယောရှုနှင့် သူ၏လူများသည် မြို့ကို သိမ်းပိုက်ပြီးလျှင် မည်သို့ လုပ်ဆောင်ကြသနည်း။
သူ၏လူများသည် မြို့ကို သိမ်းပိုက်ပြီးလျှင် မီးရှို့ကြသည်။

## Joshua 8:15

ယောရှုနှင့် သူ၏လူများသည် တောလမ်းသို့ပြေးကြသောအခါ အာဣလူများတို့သည် မည်သို့ ပြုလုပ်ကြသနည်း။
ယောရှုနှင့် သူ၏စစ်သားများသည် တောလမ်းသို့ စစ်ရှုံးဟန်ပြု၍ ထွက်ပြေးကြသောအခါ အာဣမြို့ရှိယောကျ်ားများအားလုံး တစ်ယောက်မျှမကျန် ယောရှုတို့နောက်လိုက်ကြ၏။

## Joshua 8:18

ထာဝရဘုရားသည် ထိုမြို့ကို သိမ်းပိုက်ရန် ယောရှုအား မည်ကဲ့သို့ အမှတ်လက္ခဏာပြုလုပ်ရန် ညွှန်ကြားခဲ့သနည်း။
ထာဝရဘုရားသည် ယောရှုအား သူကိုင်ထားသော လှံတံကို အာဣမြို့သို့ ရွယ်ထားရန် ညွှန်ကြားခဲ့သည်။

## Joshua 8:22

ဣသရေလလူများသည် ယောရှုထံသို့ မည်သူ့ကို အသက်ရှင်လျက် ဖမ်းဆီးယူဆောင်လာသနည်း။
ဣသရေလလူမျိုးများသည် ယောရှုထံသို့ အာဣမင်းကြီးကို အသက်ရှင်လျက် ဖမ်းဆီးယူဆောင်လာခဲ့သည်။

## Joshua 8:24

ယောရှုသည် အာဣမြို့ရှိ မည်သူများကို ဖျက်ဆီးသတ်ဖြတ်ခဲ့သနည်း။
ဣသရေလလူမျိုးများသည် အာဣမြို့သားအားလုံးကို ဖျက်ဆီးသတ်ဖြတ်ခဲ့သည်။

## Joshua 8:27

ဣသရေလလူတို့သည် အာဣမြို့အား မီးမရှို့ခင် မည်သည့် အရာကို လုပ်ဆောင်ခဲ့သနည်း။
ဣသရေလလူမျိုးများသည် အာဣမြို့ရှိ တိရစ္ဆာန်များနှင့် ပစ္စည်းဥစ္စာများကို ကိုယ်အဖို့ သိမ်းယူခဲ့ကြသည်။

## Joshua 8:29

ယောရှုသည် အာဣမင်းကြီးကို မည်သို့ စီရင်ခဲ့သနည်း။
ယောရှုသည် အာဣမင်းကြီးကို သစ်ပင်၌ ညဉ့်ဦးတိုင်အောင် ဆွဲထား၍ မိုးချုပ်သောအခါ ထိုအသေကောင်ကို မြို့တံခါးရှေ့၌ ပစ်ထားလေသည်။

## Chapter 9

[1] ယော်ဒန်မြစ် အနောက်ဘက်၊ တောင်ပေါ်၌ ၎င်း၊ ချိုင့်ထဲ၌၎င်း၊ လေဗနန်တောင်တဘက်၊ မဟာပင် လယ်ကမ်းတရှောက်လုံး၌၎င်း
နေသော ဟိတ္တိ၊ အာမော ရိ၊ ခါနနိ၊ ဖေရဇိ၊ ဟိဝိ၊ ယေဗုသိအမျိုးမင်းကြီး အပေါင်း တို့သည် သိတင်းကြားသောအခါ၊ [2] ယောရှုနှင့်
ဣသရေလအမျိုးသားတို့ကို စစ် တိုက်ခြင်းငှါ တညီတညွတ်တည်း စည်းဝေးကြ၏။ [3] ဂိဗောင်မြို့သားတို့သည် ယေရိခေါမြို့၊
အာဣမြို့ ၌ ယောရှုပြုသောအမှုကို ကြားသောအခါ၊ [4] ပရိယာယ်ပြု၍ သံတမန်လုပ်လျက်၊ မြည်းပေါ် မှာ ဟောင်းနွမ်းသောအိတ်တို့ကို
တင်၍၊ ဟောင်းနွမ်း စုတ်ကွဲဖာပြင်သော စပျစ်ရည်သားရေဘူးတို့ကို ယူကြ၏။ [5] ဟောင်းနွမ်းဖာပြင်သော ခြေနင်းကို စီး၍၊
ဟောင်းနွမ်းသောအဝတ်ကိုလည်း ဝတ်ကြ၏။ အောက်၍ မှိုတက်လျက်ရှိသော ရိက္ခာကိုသာ ဆောင်ခဲ့လျက်၊ [6] ယောရှုရှိရာ
ဂိလဂါလတပ်သို့ ရောက်လာလျှင်၊ အကျွန်ုပ်တို့သည် မိဿဟာယဖွဲ့ခြင်းငှါ၊ ဝေးသောပြည်က လာကြပါသည်ဟု ယောရှုနှင့်
ဣသရေလလူတို့အား ပြော ဆိုကြ၏။ [7] ဣသရေလအမျိုးသားတို့ကလည်း၊ သင်တို့သည် ငါတို့အနားမှာနေသည် မနေသည်ကို
မသိနိုင်။ အဘယ် သို့ မိဿဟာယဖွဲ့နိုင်သနည်းဟု ဟိဝိလူတို့အား ဆိုကြ [8] သူတို့က အကျွန်ုပ်တို့သည် ကိုယ်တော်ကျွန် ဖြစ် ပါ၏ဟု
ယောရှုအား လျှောက်ဆိုကြ၏။ ယောရှုကလည်း၊ သင်တို့သည် အဘယ်သို့သောသူနည်း။ အဘယ်အရပ်က လာကြသနည်းဟု
မေးလျှင်၊ [9] သူတို့က၊ ကိုယ်တော်၏ ဘုရားသခင် ထာဝရ ဘုရား၏ နာမတော်ကြောင့် ကိုယ်တော်ကျွန်တို့သည်
အလွန်ဝေးသောပြည်က လာပါပြီ။ ထာဝရဘုရား၏ သိတင်းတော်ကို၎င်း၊ အဲဂုတ္တုပြည်၌ ပြုတော်မူသမျှကို၎င်း၊ [10]
ယော်ဒန်မြစ်အရှေ့ဘက်၌နေသော အာမောရိ မင်းကြီး၊ ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်၊ အာရှတရုတ်မြို့မှာ နေသော ဗာရှန်ရှင်ဘုရင်
ဩဃတို့၌ ပြုတော်မူသမျှကို ၎င်း ကြားပါပြီ။ [11] ထိုကြောင့် အကျွန်ုပ်တို့၌ အသက်ကြီးသောသူ တို့နှင့်
ပြည်သူပြည်သားအပေါင်းတို့က၊ လမ်းခရီးရိက္ခာကို ယူ၍ သူတို့ကို ခရီးဦးကြိုပြုခြင်းငှါ သွားကြလော့။ ငါတို့ သည်
သူတို့၏ကျွန်ဖြစ်ကြောင်းနှင့် မိဿဟာယဖွဲ့ရပါ မည်အကြောင်းကို လျှောက်ထားကြလော့ဟု မှာလိုက်ပါပြီ။ [12] ကိုယ်တော်ထံသို့
ရောက်အံ့သောငှါ ထွက်လာ သောနေ့၌ ခရီးရိက္ခာဘို့ ကိုယ်အိမ်မှ ဆောင်ယူခဲ့သော ဤမုန့်သည် ပူနွေးလျက်ရှိပါ၏။ ယခုကြည့်ပါ။
အောက် လျက် မှိုတက်လျက်ရှိပါ၏။ [13] စပျစ်ရည်ပြည့်သော ဤသားရေဘူးတို့သည် အသစ်ဖြစ်သော်လည်း၊ ယခုကြည့်ပါ
စုတ်ကွဲလျက်ရှိပါ၏။ ဤအဝတ် ဤခြေနင်းတို့သည်လည်း အလွန်ခရီးဝေး သောကြောင့် ဟောင်းနွမ်းပါပြီဟု ပြန်လျှောက်ကြ၏။ [14]
ဣသရေလလူတို့သည် ထာဝရဘုရားထံတော်၌ အခွင့်မပန်ဘဲ ထိုသူတို့၏ရိက္ခာကို စားကြ၏။ [15] ယောရှုသည်လည်း သူတို့ကို
စစ်မှုနှင့်လွတ်စေ၍၊ အသက်ချမ်းသာစေမည်အကြောင်း မိဿဟာယဖွဲ့၏။ ပရိသတ်မင်းတို့သည်လည်း ကျိန်ဆိုခြင်းကို ပြုကြ၏။ [16]
မိဿဟာယဖွဲ့၍ သုံးရက်လွန်သောအခါ၊ ထိုသူ တို့သည် အိမ်နီးချင်းဖြစ်၍၊ အနားမှာနေကြောင်းကို ဣသရေလအမျိုးသားတို့သည်
ကြားသိလျှင်၊ [17] ခရီးသွား၍ သုံးရက်မြောက်သောနေ့၌ သူတို့မြို့ ရွာသို့ ရောက်ကြ၏။ သူတို့မြို့ကား ဂိဗောင်မြို့၊ ခေဖိရာ မြို့၊
ဗေရုတ်မြို့၊ ကိရယတ်ယာရိမ်မြို့တည်း။ [18] ပရိသတ်အကဲအမှူးတို့သည် ဣသရေလအမျိုး ၏ ဘုရားသခင် ထာဝရဘုရားကို
တိုင်တည်၍ ကျိန်ဆို ခြင်းကို ပြုသောကြောင့်၊ ဣသရေလအမျိုးသားတို့သည် သူတို့ကို မလုပ်ကြ။ ပရိသတ်အပေါင်းတို့သည် အကဲ
အမှူးတို့ကို အပြစ်တင်ကြ၏။ [19] အကဲအမှူးတို့ကလည်း၊ ငါတို့သည် ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရားကို တိုင်တည်၍
ကျိန်ဆိုခြင်းကို ပြုသောကြောင့် သူတို့ကို မထိမခိုက်ရ။ [20] သူတို့အား ကျိန်ဆိုမိသောကြောင့် အပြစ်ဒဏ် ရောက်မည်ကို စိုးရိမ်၍၊
အသက်ချမ်းသာပေးသဖြင့် အဘယ်သို့ ပြုရမည်နည်းဟူမူကား၊ [21] အကဲအမှူးများ ဂတိရှိသည်အတိုင်း အသက် ချမ်းသာပေး၍၊
ပရိသတ်အပေါင်းတို့အဘို့ ထင်းခုတ်သော သူ၊ ရေခပ်သောသူ ဖြစ်စေရမည်ဟု ပရိသတ်အပေါင်းတို့ အား ပြန်ပြောကြ၏။ [22]
ယောရှုသည်လည်း သူတို့ကိုခေါ်၍၊ သင်တို့ သည် ငါတို့အနားမှာနေလျက်ပင်၊ ဝေးသောအရပ်က လာပါပြီဟုဆို၍ ငါတို့ကို
အဘယ်ကြောင့် လှည့်စားကြသ နည်း။ [23] ယခုမှာ သင်တို့သည် ကျိန်အပ်သောသူ ဖြစ်သ ဖြင့်၊ ကျွန်ခံ၍ ငါ၏ဘုရားသခင်
အိမ်တော်အဘို့ ထင်း ခုတ်ခြင်း၊ ရေခပ်ခြင်းအမှုနှင့် တယောက်မျှမလွတ်ရဟု ဆို၏။ [24] သူတို့ကလည်း၊ ဤပြည်တရှောက်လုံးကို
သင်တို့ အားပေး၍၊ ပြည်သူပြည်သားအပေါင်းတို့ကို သင်တို့ရှေ့ မှ ပယ်ရှင်းခြင်းငှါ၊ ကိုယ်တော်၏ ဘုရားသခင် ထာဝရ ဘုရားသည်
မိမိကျွန်မောရှေအား မှာထားတော်မူ ကြောင်းကို ကိုယ်တော်ကျွန်တို့သည် ဆက်ဆက်ကြားသိ ၍၊ သင်တို့လက်၌ အသက်ဆုံးမည်ကို
အလွန်ကြောက် သောကြောင့်၊ ဤအမှုကို ပြုပါပြီ။ [25] ယခုမှာ ကျွန်တော်တို့သည် ကိုယ်တော်လက်တွင် ရှိပါ၏။ ကျွန်တော်တို့၌
ပြုကောင်းပြုသင့်သည်ဟု စိတ် တော်ထင်သည်အတိုင်း ပြုတော်မူပါဟု ယောရှုအား ပြန် လျှောက်ကြ၏။ [26] ထိုသို့နှင့်အညီ
ယောရှုသည် ပြု၍၊ သူတို့ကို အသက်ချမ်းသာစေခြင်းငှါ ဣသရေလလူတို့လက်မှ ကယ်နှုတ်သဖြင့်၊ [27] ထာဝရဘုရား
ရွေးကောက်တော်မူသောအရပ်၌ တည်သော ယဇ်ပုလ္လင်တော်အဘို့နှင့် ပရိသတ်တော်တို့ အဘို့ ထိုသူတို့သည် ယနေ့တိုင်အောင်
ထင်းခုတ်၍ ရေ ခပ်ရမည်အကြောင်း၊ ထိုနေ့၌ စီရင်လေ၏။ လျှင်၊


generated on Sun Jun 30 02:37:40 2024

Joshua 01

ယော်ဒန်
ယော်ဒန်မြစ် ဖြစ်သည်။

တညီတညွတ်တည်း အမိန့်နာခံခြင်း
ဤနေရာ၌ "အမိန့်" ဟူသော စကားလုံးသည် သူတို့ကို အမိန့်ပေးသူကို ရည်ညွှန်းသည်။ တညီတညွတ်တည်း၊ ဆိုသည်မှာ အမိန့်ပေးသူ၏ စကားနားထောင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာပြန်ဆိုချက်၊ "ခေါင်းဆောင်တစ်ဦး၏ အမိန့်ကို နာခံကြသည်"။

Joshua 03

ကလိမ်ကကျစ်အပြုအမူ
ယောရှုနှင့် ဣသရေလအမျိုးတို့ကို ကလိမ်ကကျစ်အပြုအမူဖြင့် လှည့်ဖြားချင်ကြသည်။

ဟောင်းနွမ်းလျှက် မှိုတက်လျက်ရှိသော
" ဟောင်းနွမ်းလျှက် မှိုတက်လျှက်ရှိသော" သို့မဟုတ် "ဟောင်းနွမ်း၍ ပျက်စီးသော"

Joshua 06

ဣသရေလလူတို့
ဣသရေလလူအားလုံးကို ရည်ညွှန်းသည်။

ဟိဝိလူတို့
ဂိဗောင်လူမျိုးတို့၏ အခြားသော နာမည်တစ်မျိုးဖြစ်သည်။

သင်တို့သည် ငါတို့အနားမှာနေသည် မနေသည်ကို မသိနိုင်။ အဘယ် သို့ မိဿဟာယဖွဲ့နိုင်သနည်း
ယောရှုက ဣသရေလအမျိုးတို့သည် အရာခပ်သိမ်းတို့၌ ထာဝရဘုရားသခင်၏ အမိန့်ကိုသာ နာခံကြမည်ကို ဖော်ပြပြောဆိုတော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါတို့အနားမှာ နေသည်ဖြစ်စေ သင်တို့နှင့် မိဿဟာယ မဖွဲ့နိုင်"။

Joshua 09

ယော်ဒန်
ယော်ဒန်မြစ် ဖြစ်သည်။

ရှိဟုန်
အာမောရိ မင်းကြီး၏ နာမည်ဖြစ်သည်။ (ရှု၊ ranslate_names)

ဟေရှဘုန်
မောဘလူမျိုးတို့၏ မြို့တော် ဖြစ်သည်။

ဩဃတို့
နတ်ဘုရားမကို ကိုးကွယ်ကြသော မြို့၏ အမည်ဖြစ်သည်။

အာရှတရုတ်
ဗာရှန်ရှင်ဘုရင်၏ အမည်ဖြစ်သည်။

Joshua 11

လမ်းခရီးရိက္ခာကို ယူ၍
ဤစာကြောင်းသည် သင်တို့လက်နှင့် "ယူ၍" ဟုအဓိပ္ပါယ်ရသည်။ "လက်" ဟူသောစကားလုံးသည် ဂိဗောင်အမျိုးတို့ ပိုင်သောအရာကို ရည်ညွှန်းသည်။

သူတို့ကို ခရီးဦးကြိုပြု၍ လျှောက်ထားကြလော့
သူတို့၊ ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့ကို ရည် ညွှန်းသည်။

Joshua 14

ယောရှုသည်လည်း သူတို့ကို စစ်မှုနှင့်လွတ်စေ၍၊ အသက်ချမ်းသာစေမည်အကြောင်း မိဿဟာယဖွဲ့၏။ ပရိသတ်မင်းတို့သည်လည်း ကျိန်ဆိုခြင်းကို ပြုကြ၏။
ဤစာပိုဒ်နှစ်ခုသည် တူညီသော ဖြစ်ပျက်မှုကို ဖော်ပြသည်။ ဣသရေလအမျိုးတို့၏ ခေါင်းဆောင် ယောရှုသည် ဂိဗောင်အမျိုးတို့၏ အသက်ကို သတ်ရန် ကတိပေးသည်။

ထိုသူတို့
ထိုသူတို့ ၊ ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

Joshua 16

သုံးရက်လွန်သောအခါ
အမှတ်စဉ် နံပတ်သုံးကို ရည်ညွှန်းသည်။

ခေဖိရာ
ခေဖိရာ မြို့သည် ဂိဗောင်လူမျိုးတို့၏ မြို့များအနက် မြို့တစ်ခုဖြစ်သည်။

ဗေရုတ်
နေရာဒေသတစ်ခု၏ အမည်ဖြစ်သည်။

ကိရယတ်ယာရိမ်
နေရာဒေသတစ်ခု၏ အမည်ဖြစ်သည်။

Joshua 18

ထိုသူတို့
ထိုသူတို့ ၊ ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

Joshua 20

ဂိဗောင်လူမျိုးတို့သည် ထင်းခုတ်သော သူ၊ ရေခပ်သောသူ ဖြစ်လာကြ၏
"ဂိဗောင်လူမျိုးတို့သည် ထင်းခုတ်သောသူ၊ ရေခပ်သောသူ ဖြစ်လာကြ၏"


generated on Sun Jun 30 02:37:40 2024

Joshua 22

ငါ၏ဘုရားသခင် အိမ်တော်

ဤနေရာ၌ ဤစာပိုဒ်သည် ထာဝရဘုရားသခင်၏ ကျိန်းဝပ်ရာနေရာကို ရည်ညွှန်းသည်။

Joshua 24

ပြုကောင်းပြုသင့်သည်ဟု စိတ်တော်ထင်သည်အတိုင်း

အခြားသောဘာသာပြန်ဆိုချက်၊ "ပြုသင့်သည်" သို့မဟုတ် "စိတ်တော်ထင်သည် အတိုင်း"

Joshua 26

သူတို့အတွက်

သူတို့၊ ဟူသောစကားလုံးသည် ဂိဗောင်အမျိုးတို့ကို ရည်ညွှန်းသည်။

ယနေ့တိုင်အောင်

ယနေ့၊ ဟူသောစာပိုဒ်သည် စာရေးသူအသက်ရှင်နေထိုင်သော အချိန်ကာလကို ရည်ညွှန်းသည်။

## Translation Questions

Joshua 9:1

ယော်ဒန်မြစ် အနောက်ဘက်၊ ချိုင့်ဝှမ်းများ၌ ရှိသော မင်းကြီးများသည် ယောရှုနှင့် ဣသရေလအမျိုးသားတို့ကို စစ်တိုက်ရန် မည်သို့ လုပ်ဆောင်ကြသနည်း။

ယော်ဒန်မြစ်အနောက်ဘက်၊ ချိုင့်ဝှမ်းများ၌ နေထိုင်သော မင်းကြီးများသည် တမြို့နှင့် တမြို့ ပေါင်းဘက်၍ ယောရှုနှင့် ဣသရေလများကို စစ်တိုက်ရန် စုရုံးစည်းဝေးကြသည်။

Joshua 9:3

မည်သူတို့သည် ပရိယာယ်ဉာဏ်ဆင်ခဲ့ကြသနည်း။

ဂိဗောင်မြို့သားတို့သည် ပရိယာယ်ဉာဏ်ဆင်ခဲ့ကြသည်။

ဂိဗောင်သံတမန်များသည် မည်သည့်အရာများကို ပြင်ဆင်ပြုလုပ်ကြသနည်း။

ထိုသံတမန်များသည် ဟောင်းနွမ်းသော အိတ်များထဲ၌ ဟောင်းနွမ်းစုတ်ပြဲဖာထေးထားသော အိတ်တွင် စပျစ်ရည်များ၊ အဝတ်အစားများနှင့် မှိုတက်နေသော ရိက္ခာများကို ထည့်၍ ဟောင်းနွမ်းသော ခြေနင်းကို စီးကြလေသည်။

Joshua 9:6

ဂိဗောင်မြို့သားများသည် ယောရှုရှိရာ ဂိလဂါလတပ်သို့ ရောက်လျှင် သူတို့သည် မည်သည့်နေရာက လာခဲ့ကြောင်း ပြောကြားသနည်း။

ဂိဗောင်မြို့သားများသည် အလွန်ဝေးလံသောပြည်မှ လာခဲ့ကြကြောင်း ပြောကြားလေသည်။

ဂိဗောင်မြို့သားများသည် ဣသရေလအမျိုးသားများနှင့် မည်ကဲ့သို့ လုပ်ဆောင်ရန် အလိုရှိသနည်း။

ဂိဗောင်မြို့သားများသည် ဣသရေလအမျိုးသားများနှင့် မိသဟာယဖွဲ့ရန် အလိုရှိလေသည်။

Joshua 9:14

ဣသရေလလူများသည် မည်သည့်အရာကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြသနည်း။

ဣသရေလများသည် ဘုရားသခင်၏ဦးဆောင်မှုကို တောင်းခံရန် ဆွေးနွေးတိုင်ပင်ဖို့ ပျက်ကွက်ခဲ့ကြသည်။

ယောရှုသည် ဂိဗောင်မြို့သားများကို မည်သို့သော ကတိသစ္စာပေးခဲ့သနည်း။

ယောရှုသည် ထိုလူမျိုးများ၏ အသက်ကို လွှတ်ငြိမ်းချမ်းသာပေးမည်ဟူ၍ ကတိပေးခဲ့သည်။

Joshua 9:16

ဣသရေလလူမျိုးများသည် သုံးရက်လွန်သောအခါ ဂိဗောင်မြို့သားများနှင့် ပတ်သက်၍ မည်သို့ သိရှိခဲ့ကြသနည်း။

ဣသရေလလူမျိုးများသည် သုံးရက်လွန်ပြီးမှ ဂိဗောင်မြို့သားများသည် အလွန်ဝေးကွာသောနေရာမှ မဟုတ်ဘဲ အိမ်နီးချင်း ဖြစ်ကြောင်း သိရှိခဲ့သည်။

Joshua 9:18

ဣသရေလလူမျိုးများသည် အဘယ်ကြောင့် ဂိဗောင်လူမျိုးများကို စစ်တိုက်ခြင်း မပြုခဲ့သနည်း။

ဣသရေလလူမျိုးများသည် ဘုရားသခင် ရှေ့၌ ဂိဗောင်လူမျိုးများကို စစ်မတိုက်ရန် ကျိန်ဆိုခဲ့သောကြောင့် ဖြစ်သည်။

Joshua 9:20

ဂိဗောင်အမျိုးသားများသည် ဣသရေလလူမျိုးများအဖို့ မည်သည့်အမှုကို လုပ်ဆောင်ခဲ့သနည်း။

ဂိဗောင်အမျိုးသားများသည် ဣသရေလလူမျိုးများအတွက် ရေခပ်ပေးခြင်း၊ ထင်းခုတ်ပေးခြင်းဖြင့် ကျွန်ခံလျက် လုပ်ဆောင်ရသည်။



generated on Sun Jun 30 02:37:40 2024

Joshua 9:24

ယောရှုသည် ဂိဗောင်မြို့သားများကို အဘယ်ကြောင့် သူ့ကို လှည့်စားသနည်းဟူ၍ မေးလျှင် ဂိဗောင်သားများ မည်ကဲ့သို့ ပြန်လည်လျှောက်ထားသနည်း။

ဂိဗောင်သားများသည် သူတို့၏အသက်အန္တရာယ်အတွက် အလွန်အမင်း စိုးရိမ်၍ ဤကဲ့သို့ လှည့်စားခြင်း ဖြစ်ပါသည် ဟူ၍ ပြန်လည်လျှောက်ထားကြသည်။

Joshua 9:26

ဂိဗောင်မြို့သားများသည် မည်သို့ လုပ်ဆောင်ကြရသနည်း။

ဂိဗောင်များသည် ထာဝရဘုရားအဖို့ တည်သော ယဇ်ပုလ္လင်တော်အဖို့ နှင့် ဣသရေလ လူတို့အဖို့ ထင်းခုတ်၍ ရေခပ်ရသည်။

## Chapter 10

1 ယောရှုသည် ယေရိခေါမြို့နှင့် မင်းကြီးကို ပြုသ ကဲ့သို့၊ အာဣမြို့နှင့် မင်းကြီးကို တိုက်ယူ၍ ရှင်းရှင်းဖျက် ဆီးကြောင်းကိုင်၊
ဂိဗောင်မြို့သားတို့သည် ဣသရေလ အမျိုးသားတို့နှင့် မိဿဟာယဖွဲ့၍ အတူနေကြောင်းကို ငင်း၊
ယေရုရှလင်မင်းကြီးအဒေါနိဇေဒက်သည် ကြား သောအခါ၊ 2 ဂိဗောင်မြို့သည် မြို့တော်ကဲ့သို့ ကြီးစွာသောမြို့၊ အာဣမြို့ထက်ကြီး၍
မြို့သားယောက်ျား အပေါင်းတို့ သည် ခွန်အားနှင့်ပြည့်စုံသောကြောင့် အလွန်ကြောက်ရွံ့ ကြ၏။ 3 ထိုအခါ
ယေရုရှလင်မင်းကြီးအဒေါနိဇေဒက် သည်၊ ဟေဗြုန်မင်းကြီး ဟောဟံ၊ ယာမုတ်မင်းကြီးပိရံ၊ လာခိရှမင်းကြီးယာဖျာ၊ ဧဂလုန်မင်းကြီး
ဒေပိရတို့ထံသို့ စေလွှတ်၍၊ 4 ဂိဗောင်မြို့သည် ယောရှုမှစ၍ ဣသရေလ အမျိုးသားတို့နှင့် မိဿဟာယဖွဲ့သောကြောင့်၊ ထိုမြို့ကို
လုပ်ကြံခြင်းငှါ ငါ့ထံသို့လာ၍ ငါနှင့်အတူ ကူညီကြပါဟု နှိုးဆော်သည်အတိုင်း၊ 5 ယေရုရှလင်မင်းကြီး၊ ဟေဗြုန်မင်းကြီး၊
ယာမုတ်မင်းကြီး၊ လာခိရှမင်းကြီး၊ ဧဂလုန်မင်းကြီးတည်း ဟူသော အာမောရိမင်းကြီး ငါးပါးတို့သည် စည်းဝေး၍
မိမိတို့ဗိုလ်ပါစစ်သည် အပေါင်းတို့နှင့်တကွ စစ်ချီ၍၊ ဂိဗောင်မြို့ရှေ့မှာ တပ်ချလျက် စစ်တိုက်ကြ၏။ 6 ဂိဗောင်မြို့သားတို့သည်
ယောရှုရှိရာ ဂိလဂါလ မြို့သို့ စေလွှတ်၍၊ ကိုယ်တော်၏ ကျွန်တို့ကို ကြည့်ရှုလျက် နေတော်မမူပါနှင့်။ အလျင်အမြန်ကြွ၍
မစကယ်တင် တော်မူပါ။ တောင်ပေါ်မှာနေသော အာမောရိမင်းကြီး အပေါင်းတို့သည် ကျွန်တော်တို့ကို တိုက်ခြင်းငှါ စည်းဝေး
ကြပါပြီဟု လျှောက်ကြ၏။ 7 ယောရှုသည်လည်း၊ စစ်မှု၌ ကျင်လည်သောသူ၊ ခွန်အားကြီးသော သူရဲအပေါင်းတို့နှင့်တကွ၊
ဂိလဂါလမြို့မှ တက်သွားလေ၏။ 8 ထာဝရဘုရားကလည်း၊ သူတို့ကို မကြောက်နှင့်။ သင်၏လက်၌ ငါအပ်မည်။ သင့်ရှေ့မှာ
လူတစုံတ ယောက်မျှ မခံမရပ်နိုင်ရာဟု ယောရှုအား မိန့်တော်မူ၏။ 9 ယောရှုသည် ဂိလဂါလမြို့မှ တညဉ့်လုံးချီသွား ၍၊ ရန်သူတို့ကို
အမှတ်တမဲ့တိုက်လာသဖြင့်၊ 10 ထာဝရဘုရားသည် သူတို့ကို ဣသရေလအမျိုး သားရှေ့မှာ ရှုံးစေ၍၊ ဂိဗောင်မြို့အနားမှာ ကြီးစွာသော
လုပ်ကြံခြင်းအားဖြင့် သတ်၍၊ ဗေသောရုံမြို့သို့ သွားသော လမ်း၌ လိုက်လျက်၊ အဇေကာမြို့၊ မက္ကဒါမြို့တိုင်အောင်
လုပ်ကြံတော်မူ၏။ 11 ထိုသူတို့သည် ဣသရေလလူတို့ရှေ့မှာ ပြေး၍ ဗေသောရုန်မြို့သို့ ဆင်းသွားရာတွင်၊ ထာဝရဘုရားသည်
မိုဃ်းကောင်းကင်မှ ကြီးစွာသော မိုဃ်းသီးကို အဇေကာ မြို့တိုင်အောင် သူတို့အပေါ်၌ ချတော်မူ၍၊ သူတို့သည် ဣသရေလလူတို့၏
ထားကြောင့် သေသည်ထက် မိုဃ်းသီး ကြောင့် သာ၍သေကြ၏။ 12 ထိုသို့ အာမောရိလူတို့ကို ဣသရေလအမျိုးသား တို့၌
အပ်တော်မူသောနေ့မှာ၊ ယောရှုသည် ထာဝရဘုရား ကို ဆုတောင်းပြီးလျှင်၊ အိုနေ သင်သည် ဂိဗောင်မြို့၌ ငင်း၊ အိုလ သင်သည်
အာယလုန်ချိုင့်၌ငင်း ငြိမ်ဝပ်စွာ နေလော့ဟု ဣသရေလအမျိုးသားများရှေ့တွင် မြွက်ဆို သည်အတိုင်း၊ 13 ဣသရေလ လူတို့သည်
ရန်သူတို့အားအပြစ် ဒဏ်မပေးမှီတိုင်အောင်နေသည် ငြိမ်ဝပ်စွာနေ၍ လသည် ရပ်လေ၏။ ယာရှာ၏စာ၌ ပါသည်ကား၊ မိုဃ်း
ကောင်းကင်အလယ်၌နေသည် ရပ်နေ၏။ ဝင်မြဲဝင်အံ့ သောငှါ တနေ့လုံး အလျင်မပြုဟု ပါသည်မဟုတ်လော။ 14 ထာဝရဘုရားသည်
လူစကားကို နားထောင်၍၊ ထိုသို့သောနေ့တနေ့မျှ မဖြစ်စဖူး။ နောက်ဖန်လည်းဖြစ် မဖြစ်။ အကြောင်းမူကား၊ ထာဝရဘုရားသည်
ဣသရေ လအမျိုးဘက်မှာ စစ်တိုက်တော်မူ၏။ 15 ထိုနောက်၊ ယောရှုသည်၊ ဣသရေလလူအပေါင်း တို့နှင့်တကွ၊ ဂိလဂါလတပ်သို့
ပြန်သွား၏။ 16 မင်းကြီးငါးပါးတို့သည် ပြေး၍ မက္ကဒါလိုင်ခေါင်း ၌ ပုန်းလျက်နေကြ၏။ 17 မက္ကဒါလိုင်ခေါင်း၌ ပုန်းလျက်နေသော
မင်းကြီး ငါးပါးကို တွေ့ပါပြီဟု ယောရှုအား ကြားလျှောက်လျှင်၊ 18 ယောရှုက၊ လိုင်ခေါင်းဝပေါ်မှာ ကြီးစွာသော ကျောက်တို့ကို
လှိမ့်ပုံ၍ လူစောင့်တို့ကို ထားကြလော့။ 19 သင်တို့မူကား မဆိုင်းမလင့်။ ရန်သူတို့ကို လိုက် ၍ မှီသမျှသောသူတို့ကို ကွပ်မျက်ကြ။
မြို့ထဲသို့ မဝင်စေ ကြနှင့်။ သင်တို့ဘုရားသခင် ထာဝရဘုရားသည် သူတို့ကို သင်တို့လက်၌ အပ်တော်မူပြီဟု မှာထားလေ၏။ 20
ယောရှုနှင့် ဣသရေလလူတို့သည် ရန်သူတို့ကို ကြီးစွာသော လုပ်ကြံခြင်းအားဖြင့် သုတ်သင်ပယ်ရှင်းပြီးမှ၊
ကျန်ကြွင်းသောသူအချို့တို့သည် ခိုင်ခံ့သောမြို့သို့ ဝင်၍ နေကြ၏။ 21 လူအပေါင်းတို့သည် ယောရှုရှိရာ မက္ကဒါတပ်သို့ ငြိမ်ဝပ်စွာ
ပြန်လာကြ၏။ ဣသရေလလူ တစုံတယောက် ကို အဘယ်သူမျှ အပြစ်မတင်ရ။ 22 ယောရှုကလည်း၊ လိုင်ခေါင်းကို ဖွင့်ပြီးလျှင်၊ ထို
မင်းကြီးငါးပါးတို့ကို လိုင်ခေါင်းထဲကထုတ်၍ ငါ့ထံသို့ ဆောင်ခဲ့ကြဟု မှာလိုက်သည်အတိုင်း၊ 23 သူတို့သည် ပြု၍၊
ယေရုရှလင်မင်းကြီး၊ ဟေဗြုန် မင်းကြီး၊ ယာမုတ်မင်းကြီး၊ လာခိရှမင်းကြီး၊ ဧဂလုန် မင်းကြီးငါးပါးတို့ကို လိုင်ခေါင်းထဲက ဆောင်ခဲ့၍၊
24 ယောရှုထံသို့ ရောက်ပြီးမှ၊ ယောရှုသည် မိမိနှင့် အတူ စစ်ချီသော ဗိုလ်မင်းတို့နှင့် ဣသရေလလူအပေါင်း တို့ကို ခေါ်လျှင်၊
ချဉ်းလာကြ။ ဤမင်းကြီးတို့၏ လည်ကုပ် အပေါ်၌ ခြေကို တင်ကြဟု ဗိုလ်မင်းတို့အား ဆိုသည် အတိုင်း၊ သူတို့သည် ချဉ်းလာ၍
ထိုမင်းကြီးတို့၏ လည် ကုပ်အပေါ်၌ ခြေကို တင်ကြ၏။ 25 ယောရှုကလည်း သင်တို့တိုက်ရသော ရန်သူ အပေါင်းတို့ကို
ထာဝရဘုရားသည် ဤကဲ့သို့ပြုတော်မူ မည်ဖြစ်၍ မကြောက်ကြနှင့်၊ စိတ်မပျက်ကြနှင့်။ အားယူ ၍ ရဲရင့်ခြင်းရှိကြလော့ဟု ဆိုပြီးမှ၊
26 ထိုမင်းကြီးတို့ကို ထားနှင့်ကွပ်မျက်၍ သစ်ပင် ငါးပင်တို့၌ ဆွဲထားလေ၏။ ညဦးတိုင်အောင် သစ်ပင်၌ ဆွဲထားပြီးမှ၊ 27
နေဝင်ချိန်ရောက်သောအခါ၊ ယောရှုစီရင်သည် အတိုင်း သစ်ပင်မှချပြီးလျှင်၊ သူတို့ပုန်းလျက်နေရာ လိုင် ခေါင်း၌ ပစ်ထား၍၊
လိုင်ခေါင်းဝပေါ်မှာ ကြီးစွာသော ကျောက်တို့ကို စုံပုံကြ၏။ ထိုကျောက်ပုံသည် ယနေ့တိုင် အောင်ရှိ၏။ 28 ထိုနေ့၌ ယောရှုသည်
မက္ကဒါမြို့ကို တိုက်ယူ၍ မြို့နှင့် မင်းကြီးကို ထားနှင့်လုပ်ကြံပြီးလျှင်၊ မင်းကြီးနှင့် တကွ မြို့သားအပေါင်းတို့ကို တယောက်မျှ
မကျန်ကြွင်းရ ဘဲ ရှင်းရှင်းဖျက်ဆီးလေ၏။ ယေရိခေါမင်းကြီးကို ပြုသကဲ့ သို့ မက္ကဒါမင်းကြီးကို ပြုသတည်း။ 29 ထိုနောက်


generated on Sun Jun 30 02:37:40 2024

ယောရှုသည်၊ ဣသရေလလူအပေါင်း တို့နှင့်တကွ၊ မက္ကဒါမြို့မှ လိဗနမြို့သို့ချီသွား၍ တိုက်သဖြင့်၊ 30 ထာဝရဘုရားသည် ထိုမြို့နှင့်
မင်းကြီးကို ဣသ ရေလလူတို့လက်၌ အပ်တော်မူ၍၊ မြို့နှင့် မြို့သားအ ပေါင်းတို့ကို တယောက်မျှမကျန်ကြွင်းရဘဲ ထားနှင့်လုပ် ကြ၍၊
ယေရိခေါမင်းကြီးကို ပြုသကဲ့သို့ ထိုမင်းကြီးကို ပြုကြ၏။ 31 ယောရှုသည် ဣသရေလလူအပေါင်းတို့နှင့် တကွ၊ လိဗနမြို့မှ
လာခိရှမြို့သို့ ချီသွား၍ တပ်ချလျက် တိုက်ကြ၏။ 32 ထာဝရဘုရားသည် ထိုမြို့ကို ဣသရေလလူတို့ လက်၌ အပ်တော်မူသဖြင့်၊
ဒုတိယနေ့၌ရ၍ လိဗနမြို့ကို ပြုသကဲ့သို့ ထိုမြို့နှင့် မြို့သူမြို့သားအပေါင်းတို့ကို ထားနှင့် လုပ်ကြကြ၏။ 33 ထိုအခါ ဂေဇာမင်းကြီး
ဟောရံသည်၊ လာခိရှမြို့ ကို ကူညီမည်ဟု လာသောကြောင့်၊ ယောရှုသည် ထိုမင်း ကြီးနှင့် သူ၏လူအပေါင်းတို့ကို
တယောက်မျှမကျန်ကြွင်း ရဘဲ ရှင်းရှင်းလုပ်ကြလေ၏။ 34 တဖန်ယောရှုသည် ဣသရေလလူအပေါင်းတို့ နှင့်တကွ၊ လာခိရှမြို့မှ
ဧဂလုန်မြို့သို့ ချီသွား၍ တပ်ချ လျက် တိုက်ကြ၏။ 35 ထိုနေ့ခြင်းတွင်ရ၍ လာခိရှမြို့ကို ပြုသကဲ့သို့၊ ထိုမြို့နှင့်
မြို့သူမြို့သားအပေါင်းတို့ကို ထားနှင့်လုပ်ကြ၍ တနေ့ခြင်းတွင် ရှင်းရှင်းဖျက်ဆီးကြ၏။ 36 တဖန် ယောရှုသည်
ဣသရေလလူအပေါင်းတို့ နှင့်တကွ၊ ဧဂလုန်မြို့မှ ဟေဗြုန်မြို့သို့ ချီသွား၍ တိုက်ကြ ၏။ 37 ရသောအခါ၊ ဧဂလုန်မြို့ကို ပြုသကဲ့သို့
ထိုမြို့နှင့် မင်းကြီးကိုင၎်း၊ ထိုမြို့နှင့်ဆိုင်သော မြို့ရှိသမျှတို့ကိုင၎်း၊ မြို့သူမြို့သားအပေါင်းတို့ကိုင၎်း၊ တယောက်မျှ မကျန် ကြွင်းရဘဲ
ထားနှင့်လုပ်ကြ၍ မြို့နှင့်မြို့သားအပေါင်းတို့ ကို ရှင်းရှင်းဖျက်ဆီးကြ၏။ 38 တဖန် ယောရှုသည် ဣသရေလလူအပေါင်းတို့ နှင့်တကွ၊
ဒေဗိရမြို့သို့ ပြန်လာ၍ တိုက်ကြ၏။ 39 ထိုမြို့နှင့် မင်းကြီးကိုင၎်း၊ ထိုမြို့နှင့်ဆိုင်သော မြို့ရှိသမျှတို့ကိုင၎်း ရ၍၊
ထားနှင့်လုပ်ကြသဖြင့် မြို့သား အပေါင်းတို့ကို တယောက်မျှမကျန်ကြွင်းရဘဲ ရှင်းရှင်း ဖျက်ဆီးလေ၏။ ဟေဗြုန်မြို့၊ လိဗနမြို့နှင့်
မင်းကြီးကို ပြုသကဲ့သို့ ဒေဗိရမြို့နှင့် မင်းကြီးကို ပြုသတည်း။ 40 ထိုသို့ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ ဘုရား
မှာထားတော်မူသည်အတိုင်း၊ ယောရှုသည် တောင် ပေါ်အရပ်၊ တောင်မျက်နှာအရပ်၊ ချိုင့်ထဲအရပ်၊ စမ်းရေ
တွင်းအရပ်ရှိသမျှတို့နှင့်တကွ မင်းကြီးအပေါင်းတို့ကို လုပ်ကြ၍၊ အသက်ရှင်သောသူတယောက်မျှ မကျန်ကြွင်း ရဘဲ
ရှင်းရှင်းဖျက်ဆီးလေ၏။ 41 ကာဒေရှဗာနာမြို့မှစ၍ ဂါဇမြို့တိုင်အောင်၎င်း၊ ဂေါရှင်ပြည်တရှောက်လုံးနှင့်တကွ၊ ဂိဗောင်မြို့တိုင်
အောင်၎င်း လုပ်ကြ၍၊ 42 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား သည်၊ ဣသရေလအမျိုးဘက်မှာ စစ်တိုက်တော်မူသော
ကြောင့်၊ ထိုပြည်သားများနှင့်တကွ မင်းကြီးအပေါင်းတို့ကို တခါတည်း အောင်လေ၏။ 43 ထိုနောက် ယောရှုသည်၊ ဣသရေလလူအ
ပေါင်းတို့နှင့်တကွ ဂိလဂါလတပ်သို့ ပြန်သွား၏။

---

Joshua 01

အဒေါနိဇေဒက်
ဤနေရာတွင် အဒေါနိဇေဒက်သည် အရေးကြီးသော ဘုရင်တစ်ပါး ဖြစ်သည်။

Joshua 03

ယာမုတ်၊ လာခိရှ၊ ဧလုန်
မြို့အမည်များ ဖြစ်ကြသည်။

ဟောဟံ၊ ပိရံ၊ ယာဖျာ၊ ဒေပိရ
ရှင်ဘုရင်တို့၏ အမည်များဖြစ်ကြသည်။

ငါ့ထံသို့လာ၍
"ငါရှိရာ အရပ်သို့ တက်လာ၍။" ယေရုရှလင်သည် ခါနန်ပြည်၌ရှိသော မြို့များထက် ပို၍ မြင့်သည်။

Joshua 05

ရှင်ဘုရင် ငါးပါး
"ရှင်ဘုရင် ၅ ပါး"

ယာမုတ်၊ လာခိရှ၊ ဧလုန်
မြို့အမည်များ ဖြစ်ကြသည်။

ဂိဗောင်မြို့ရှေ့မှာ တပ်ချလျက် စစ်တိုက်ကြ၏
သူတို့၏ တပ်ကို မြို့ ပတ်ဝန်းကျင်တွင် ချကြသည်ကို ရည်ညွှန်းသည်။ မြို့ထဲ၌ ရှိသောသူများကို ကြောက်လန့်စေသော နည်းတစ်မျိုးဖြစ်သည်။ မြို့ထဲ၌ရှိသောသူများ ထွက်မသွားစေရန်နှင့် တခြားသောသူများက အစားအစာများကို မြို့ထဲသို့ ယူမလာကြစေရန် ပရိယာယ်ဆင်းခြင်း နည်းတစ်မျိုးဖြစ်သည်။

Joshua 06

သူတို့ လျှောက်ကြ၏။
သူတို့၊ ဟူသောစကားလုံးသည် ဂိဗေါင်မြို့သားများကို ရည်ညွှန်းသည်။

ကိုယ်တော်၏ ကျွန်တို့ကို ကြည့်ရှုလျက် နေတော်မမူပါနှင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ ကျွန်တို့ထံသို့ ကြွလာလျှက် လက်တော်ကို ဆန့်လျှက် ကာကွယ်မစတော်မူပါ"။

သင်၏လက်တော်
လက်တော်၊ ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့၏ ခွန်အားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ခွန်အား"။


generated on Sun Jun 30 02:37:40 2024

## Joshua 08

သူတို့ကို သင်၏လက်၌ ငါအပ်မည်
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် ဣသရေလအမျိုးတို့၏ ခွန်အားနှင့် သူတို့၏ ရန်သူများကိုအောင်နိုင်သော အခွင့်ကို ရည်ညွှန်းသည်။ သူတို့၊ ဟူသော စကားလုံးသည် စစ်တိုက်သော စစ်သည်တော်များကို ရည်ညွှန်းသည်။

သူတို့ကို ငါအပ်မည်
သူတို့၊ ဟူသောစကားလုံးသည် စစ်တိုက်သော စစ်သည်တော်များကို ရည်ညွှန်းသည်။

## Joshua 09

ယောရှုသည် ချီသွား ၍
စစ်သူကြီး ယောရှု၏ အမည်ကို ဖော်ပြ၍ ဣသရေလအမျိုး အားလုံးကို ရည်ညွှန်းသည်။

ထာဝရဘုရားသည် သူတို့ကို ဣသရေလအမျိုး သားရှေ့မှာ ရှုံးစေ၍
ဤနေရာ၌ ဣသရေလ ဟူသော စကားလုံးသည် ဣသရေလစစ်သည်တော်များ အားလုံးကို ရည်ညွှန်းသည်။

ဗေသောရုံ၊ အဇေကာ၊ မက္ကဒါ
မြို့၏ အမည်များ ဖြစ်ကြသည်။

## Joshua 11

ဗေသောရုံ၊ အဇေကာ
နေရာဒေသ၏ အမည်များဖြစ်ကြသည်။

မိုယ်းကောင်းကင်မှ ကြီးစွာသော မိုယ်းသီးကို ချတော်မူ၍
"မိုးကောင်းကင်မှ ကြီးသော မိုးသီးကို အဇေကာ မြို့တိုင်အောင် သူတို့အပေါ်၌ ရွာချစေ၍"

## Joshua 12

အိုနေ သင်သည် ဂိဗောင်မြို့၌ ၎င်း၊ အိုလ သင်သည် အာယလုန်ချိုင့်၌၎င်း ငြိမ်ဝပ်စွာ နေလော့
ထာဝရဘုရားသခင်က ဤနေ့၌ အချိန်ကို ရပ်တန့်စေမည်အကြောင်း ယောရှုသည် ဆုတောင်း၏။

နေ၊ လ
ယောရှုသည် နေနှင့်လ တို့ကို လူကဲ့သို့ အမိန့်ပေး၏။

အာယလုန်ချိုင့်
နေရာဒေသ၏ အမည်ဖြစ်သည်။

## Joshua 13

လူမျိုး
ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

ယာရှာ၏စာ၌ ပါသည်ကား
အခြားသောဘာသာပြန်ချက်၊ "ယာရှာ၏ စာအုပ်၌ ရေးထားသည်ကား"

## Joshua 15

မက္ကဒါ
မြို့၏ အမည်ဖြစ်သည်။

ယောရှုအား ကြားလျှောက်လျှင်
သတင်းသမားတို့သည် ယောရှုထံသို့လာ၍ ပြောကြ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်တို့သည် ယောရှုထံသို့ ပြောကြ၏"။

## Joshua 18

သင်တို့လက်၌
သင်တို့လက်၌ ၊ ဟူသောစာပိုဒ်သည် သင်တို့၏ အုပ်စိုးခြင်းအောက်၌" ဟူ၍ အဓိပ္ပါယ်ရသည်။

## Joshua 20

မက္ကဒါ
မြို့၏ အမည်ဖြစ်သည်။

တစုံတယောက် ကို အဘယ်သူမျှ အပြစ်မတင်ရဲ
အပြစ်မတင်ရဲ၊ ဟူသော စကားလုံးသည် ရန်သူများက ဣသရေလအမျိုးအကြောင်း ပြောဆိုခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစုံတယောက်မျှ မပြောရဲ"။

## Joshua 22

လိုင်ခေါင်း၏ ပါးစပ်ကို ဖွင့်ပြီး
ဤနေရာ၌ "ပါးစပ်" ဟူသောစကားလုံးသည် ဒေသိယစကားဖြစ်ပြီး "ဝင်ပေါက်" ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လှိုဏ်ခေါင်း၏ ဝင်ပေါက်ကို ဖွင့်ပြီး"။

ယာမုတ်၊ လာခိရှ၊ ဧဂလုန်
နေရာဒေသ၏ အမည်များဖြစ်ကြသည်။

## Joshua 24

ဣသရေလလူအပေါင်း
ဣသရေလစစ်သည်တော် အားလုံး။

## Joshua 26

ယနေ့တိုင် အောင်
"စာရေးသူသည် ဤပုံပြင်ကို ရေးနေသည့် အချိန်အထိ"


generated on Sun Jun 30 02:37:40 2024

Joshua 28

မက္ကဒါ
မြို့၏ အမည်ဖြစ်သည်။

ယောရှုသည် မက္ကဒါမြို့ကို တိုက်ယူ၍ မြို့နှင့် မင်းကြီးကို ထားနှင့်လုပ်ကြပြီးလျှင်၊ မြို့သားအပေါင်းတို့ကို တယောက်မျှ မကျန်ကြွင်းရဘဲ ရှင်းလင်းဖျက်ဆီးလေ၏
ယောရှုသည် တစ်စုံတစ်ယောက်မျှမချန်ဘဲ အကုန်လုံး သတ်ပစ်သည်ကို ဒုတိယစာကြောင်းအားဖြင့် ဖော်ပြထားသည်။

Joshua 29

လိဗန
မြို့ အမည်ဖြစ်သည်။

Joshua 31

လိဗန၊ လာခိရှ
မြို့များ၏ အမည်များဖြစ်ကြသည်။

ဣသရေလလူတို့ လက်၌
ဤစာပိုဒ်၌ "ဣသရေလလူတို့ လက်၌" ဟူသည် "ဣသရေလအမျိုးတို့ထံသို့ ထိန်းချုပ်မှုကို ပေးအပ်ခြင်း" ဟုအဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် လာခိရှကို ဣသရေလအမျိုးတို့၏ ထိန်းချုပ်ခြင်းအောက်၌ ပေးတော်မူ၏"။

Joshua 33

ဟောရံ
အရေးပါသော ရှင်ဘုရင်တစ်ပါး၏ အမည်ဖြစ်သည်။

ဂေဇာ၊ လာခိရှ
မြို့များ၏ အမည်များဖြစ်ကြသည်။

Joshua 34

လာခိရှ၊ ဧဂလုန်
မြို့များ၏ အမည်များဖြစ်ကြသည်။

ထားနှင့်လုပ်ကြ၍၊ တနေ့ခြင်းတွင် ရှင်းရှင်းဖျက်ဆီးကြ၏
ဤစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူညီကြသည်။ ဧဂလုန်မြို့၏ အပြီးအပိုင်ပျက်စီးခြင်းကို အတူတကွ ဖော်ပြထားသည်။

Joshua 36

ဧဂလုန်
မြို့တစ်မြို့၏ အမည်ဖြစ်သည်။

တယောက်မျှ မကျန် ကြွင်းရဘဲ ထားနှင့်လုပ်ကြ၍၊ မြို့နှင့်မြို့သားအပေါင်းတို့ကို ရှင်းရှင်းဖျက်ဆီးကြ၏
ဤစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍ ဟေဗြုန်မြို့ကို ဖျက်ဆီးခြင်းအကြောင်းကို ဖော်ပြသည်။

Joshua 38

ဒေဗိရ၊ လိဗန
မြို့များ၏ အမည်များဖြစ်ကြသည်။ (ရှု၊ ranslate_names)

ထားနှင့်လုပ်ကြသဖြင့်
ထား၊ ဟူသောစကားလုံးသည် ဣသရေလအမျိုးကို ရည်ညွှန်း၍ လုပ်ကြ၊ ဟူသောစကားလုံးသည် အသေသတ်ပစ်ခြင်းနှင့် ဖျက်ဆီးခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသေသတ်၍ ဖျက်ဆီးကြသည်"။

Joshua 40

မင်းကြီးအပေါင်းတို့ကို လုပ်ကြ၍၊ အသက်ရှင်သောသူတယောက်မျှ မကျန်ကြွင်း ရဘဲ ရှင်းရှင်းဖျက်ဆီးလေ၏
ဤစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍ ဣသရေလအမျိုးတို့သည် ထာဝရဘုရားက မှာထားတော်မူသည့်အတိုင်း ပြီးမြောက်ခြင်းကို ဖော်ပြသည်။

Joshua 42

ယောရှုသည် ထိုပြည်သားများနှင့်တကွ မင်းကြီးအပေါင်းတို့ကို တခါတည်း အောင်လေ၏
ဤအရာသည် အစ၌ ၁၀း၂၈ တွင် ဖော်ပြထားသော ရှင်ဘုရင်များနှင့် ပြည်များကို ရည်ညွှန်းသည်။

ယောရှုသည် အောင်လေ၏
ဤနေရာ၌ ယောရှု၊ ဟူသောစကားလုံးသည် ဣသရေလစစ်သည်တော် အားလုံးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောရှုနှင့် သူ၏ စစ်သည်တော်များသည် အောင်လေ၏"။

တခါတည်း
တခါတည်း၊ ဆိုသည်မှာ တစ်နေ့တည်းကို ဆိုလိုခြင်းမဟုတ်ပါ။ စစ်သည်တော်များ၏ တပ်တစ်ကြိမ် ချရသော အတောအတွင်းကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Joshua 10:1

ယေရုရှလင်မြို့သားတို့သည် ဂိဗောင်မင်းကြီး ဣသရေလလူများနှင့် မိသဟာယ ပြုကြောင်းကြားသောအခါ အဘယ်ကြောင့် ကြောက်ရွံ့ကြသနည်း။

ဂိဗောင်မြို့သည် မြို့ကြီးဖြစ်၍၊ အာဣမြို့ထက်ကြီးသော သားယောကျ်ားနှင့် ခွန်အားပြည့်သောသူများ ရှိသော်လည်း ဣသရေလနှင့် မိသဟာယ ဖွဲ့သောကြောင့် ယေရုရှလင် မြို့သားတို့သည် ကြောက်ရွံ့ကြပါသည်။

## Joshua 10:3

ယေရုရှလင်မင်းကြီးသည် အခြားသောဘုရင်များကို မည်သို့ တောင်းဆိုခဲ့သနည်း။

သူ့ကို လာရောက်ကူညီရန်နှင့် ဂိဗောင်မင်းအား သူနှင့် အတူ တိုက်ခိုက်ရန် အကူညီတောင်းခံခဲ့သည်။

## Joshua 10:5

ဘုရင်များ မည်ကဲ့သို့ တုန့်ပြန်ခဲ့ကြသနည်း။

သူတို့သည် သူတို့စစ်တပ်အင်အားဖြင့် လာရောက်ကူညီပြီး ဂိဗောင်မြို့ကို တိုက်ခိုက်ကြသည်။

## Joshua 10:6

ဘုရင်များစစ်ချီလာသည်ကို ဂိဗောင်မြို့သားတို့ တွေ့သော် မည်သည့်အမှုကို လုပ်ဆောင်ခဲ့ကြသနည်း။

ဂိဗောင်မြို့သားတို့သည် ယောရှုထံသို့ လူလွှတ်၍ သူတို့အား ကယ်တင်ရန် အကူညီတောင်းသည်။

## Joshua 10:8

ထာဝရဘုရားက ယောရှုအား မည်ကဲ့သို့ ပြောခဲ့သနည်း။

ထာဝရဘုရားသည် ယောရှုအား ထိုဘုရင်တို့ကို သူ၏ လက်၌ အပ်မည် ဟု ပြောခဲ့သည်။

## Joshua 10:11

ထာဝရဘုရားသည် အများစုသော ရန်သူတို့ကို မည်ကဲ့သို့ သတ်ခဲ့သနည်း။

ထာဝရဘုရားသည် သူတို့အား ဣသရေလလူတို့ရှေ့မှာ ကြီးစွာသော မိုးသီးကို ချ၍ ဣသရေလဓားနှင့် သေသောသူ သာ၍များသည်။

## Joshua 10:12

ဣသရေလတို့လက်ထဲသို့ ရန်သူကို အပ်နှင်းပြီးနောက် ယောရှုသည် ထာဝရဘုရားအား မည်သို့ ဆုတောင်းခဲ့သနည်း။

ယောရှုသည် ထာဝရဘုရားထံသို့ ဆုတောင်းခဲ့သည်မှာ နေကို ဂိဗောင်မြို့၌ တည်နေစေပြီး လကို အာယလုန်ချိုင့်၌ တည်နေစေရန် ဖြစ်သည်။

## Joshua 10:15

ဘုရင်ငါးပါးမည်ကဲ့သို့ ဖြစ်နေသနည်း။

ဘုရင်ငါးပါးသည် မက္ကဒါလိုဏ်ခေါင်း၌ ပုန်းလျက်နေကြသည်။

## Joshua 10:20

ထိုဘုရင်တို့၏ စစ်တပ်သည် မည်ကဲ့သို့ ဖြစ်ခဲ့ကြသနည်း။

ဣသရေလလူများသည် အများစုသောရန်သူတို့အား သတ်ဖြတ်နိုင်ခဲ့သည်။ မသေသောသူအနည်းစုသာ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

## Joshua 10:26

မက္ကဒါ၌ ပုန်းအောင်းနေသော ဘုရင်ငါးပါးတို့၌ မည်ကဲ့သို့ ဖြစ်ခဲ့သနည်း။

ဂူထဲတွင် ပုန်းအောင်းနေသော ထိုဘုရင်ငါးပါးသည် ယောရှုရှေ့သို့ ခေါ်လာပြီး အသေသတ်ကာ နေမဝင်ခင်အထိ အလောင်းကို သစ်ပင်၌ ချိတ်ဆွဲထားပြီးနောက် ဂူထဲ၌ ပစ်ထားခဲ့သည်။

## Joshua 10:40

ယောရှုနှင့် ဣသရေလစစ်သူရဲတို့ တောင်ပေါ်အရပ်တောင်မျက်နှာအရပ်၊ ချိုင့်ထဲအရပ်၊ စမ်းရေတွင်းအရပ်ရှိသမျှတို့၌ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။

ယောရှုနှင့် ဣသရေလစစ်သူရဲတို့သည် ထိုအရပ်တို့ရှိသော ဘုရင်အားလုံးကို အောင်နိုင်ပြီး အသက်ရှင်ကျန်သူ မထားရစ်ခဲ့ပါ။

## Joshua 10:42

အဘယ်ကြောင့် ယောရှုနှင့် သူ၏လူတို့သည် ထိုဘုရင်နှင့် သူတို့ပြည်တို့ကို သိမ်းယူရာ၌ အောင်နိုင်ခဲ့သနည်း။

ထာဝရဘုရားသည် ဣသရေလဘက်၌ တိုက်ခိုက်သောကြောင့် ထိုဘုရင်နှင့် သူတို့ပြည်တို့ကို သိမ်းယူရာ၌ အောင်နိုင်ခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 11

[1] ထိုသိတင်းကို ဟာဇော်မင်းကြီးယာဘိန်သည် ကြားသောအခါ၊ မာဒုန်မင်းကြီးယောဗပ်၊ ရှိမြန်မင်းကြီး အာခရှပ်မင်းကြီးတို့ထံသို့၎င်း၊
[2] တောင်ရိုး မြောက်ဘက်အရပ်၊ ဂနေ်သရက်မြို့ တောင်ဘက်လွင်ပြင်အရပ်၊ ချိုင့်ထဲအရပ်၊ အနောက်မျက် နှာ ဒေါရပြည်နယ်၌ရှိသော
မင်းကြီးများထံသို့၎င်း၊ [3] အရှေ့အနောက်၌နေသော ခါနနိလူ၊ တောင် ပေါ်မှာနေသော အာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ယေဗု သိလူ၊
မိဇပါပြည်၊ ဟေရမုန်တောင်ခြေရင်း၌နေသော ဟိဝိလူတို့ရှိရာသို့၎င်း စေလွှတ်၍၊ [4] ထိုမင်းကြီးများတို့သည် အရေအတွက်အားဖြင့်
သမုဒ္ဒရာသဲလုံးနှင့်အမျှ အလွန်များစွာသော ဗိုလ်ပါ အပေါင်း၊ မြင်းများ၊ ရထားများအပေါင်းတို့နှင့်တကွ ထွက် လာကြ၏။ [5]
ထိုမင်းကြီးအပေါင်းတို့သည် စည်းဝေးလျက်၊ ဣသရေလအမျိုးကို တိုက်ခြင်းငှါ ချီလာ၍၊ မေရုံအိုင်နား မှာ တစုတည်း
တပ်ချလျက်နေကြ၏။ [6] ထာဝရဘုရားကလည်း၊ သူတို့ကို မကြောက်နှင့်။ ငါသည် နက်ဖြန်နေ့ ယခုအချိန်၌ ဣသရေလအမျိုးရှေ့ မှာ၊
ထိုသူအပေါင်းတို့ကို အသေအပ်မည်။ မြင်းတို့၏ ခြေကြောကို ဖြတ်ရမည်။ ရထားတို့ကို မီးရှို့ရမည်ဟု ယောရှုအား မိန့်တော်မူ၏။ [7]
ယောရှုသည်လည်း၊ မိမိစစ်သူရဲအပေါင်းတို့နှင့် တကွ မေရုံအိုင်နားသို့ အမှတ်တမဲ့ စစ်ချီ၍ တိုက်လေ၏။ [8] ထာဝရဘုရားသည်
သူတို့ကို ဣသရေလ အမျိုး သားတို့လက်၌ အပ်တော်မူသဖြင့်၊ သူတို့ကို လုပ်ကြံ၍ ဇိဒုန်ရဗ္ဗာမြို့၊ မိသရဖေါသမိမ်မြို့ အရှေ့မျက်နှာ
မိဇပါ ချိုင့်တိုင်အောင် လိုက်၍ တယောက်ကိုမျှ မကျန်ကြွင်းစေ ခြင်းငှါ လုပ်ကြံကြ၏။ [9] ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊
ယောရှုသည် မြင်းတို့၏ ခြေကြောကို ဖြတ်၍ ရထားတို့ကို မီးရှို့လေ၏။ [10] ထိုအခါ ယောရှုသည် ပြန်၍ ဟာဇော်မြို့ကို တိုက်ယူသဖြင့်၊
မင်းကြီးကို ထားနှင့်ကွပ်မျက်လေ၏။ ရှေးကာလ၌ ဟာဇော်မြို့သည် ထိုပြည်များတို့ကို အုပ်စိုးရ သတည်း။ [11]
ထိုမြို့သူမြို့သားအပေါင်းတို့ကို ထားနှင့်ကွပ် မျက်သဖြင့် တယောက်ကိုမျှ အသက်ရှင်စေခြင်းငှါမထား။ ရှင်းရှင်းဖျက်ဆီး၍
မြို့ကိုလည်း မီးရှို့လေ၏။ [12] ထာဝရဘုရား၏ကျွန် မောရှေမှာထားသည် အတိုင်း၊ ထိုမင်းကြီးများအစိုးရသော မြို့ရှိသမျှတို့နှင့်
မင်းကြီးအပေါင်းတို့ကို ယောရှုတိုက်ယူ၍ ထားနှင့်လုပ်ကြံ သဖြင့် ရှင်းရှင်းဖျက်ဆီးလေ၏။ [13] သို့ရာတွင်၊ ဟာဇော်မြို့မှတပါး၊
တောင်ပေါ်၌ တည်သောမြို့တို့ကို ဣသရေလလူတို့သည် မီးမရှို့ကြ။ ဟာဇော်မြို့ တမြို့ကိုသာ ယောရှုမီးရှို့သတည်း။ [14] ထိုမြို့များ၌
လက်ရဥစ္စာနှင့် တိရစ္ဆာန်ရှိသမျှတို့ ကို ဣသရေလလူတို့သည် ကိုယ်အဘို့ သိမ်းယူကြ၏။ လူတို့ကို မဖျက်ဆီးမှီတိုင်အောင်
ရှိသမျှတို့ကို ထားနှင့် လုပ်ကြံကြ၏။ တယောက်ကိုမျှ အရှင်မကျန်ကြွင်းစေကြ။ [15] ထာဝရဘုရားသည် မိမိကျွန်မောရှေကို မှာထား
တော်မူသည်အတိုင်း၊ မောရှေသည် ယောရှုကို ဆင့်ဆို၏။ ယောရှုလည်း ထိုသို့ ပြုလေ၏။ ထာဝရဘုရားသည် မောရှေကို
မှာထားတော်မူသမျှသောအမှု တစုံတခုကို လှပ်၍မထား။ [16] ထိုသို့ စိရလမ်းတွင်ရှိသော ဟာလက်တောင်မှ စ၍
ဟေရမုန်တောင်ခြေရင်း၊ [17] လေဗနုန်ချိုင့်၌ရှိသော ဗာလဂဒ်မြို့တိုင်အောင်၊ တောင်ပေါ်အရပ်၊ တောင်မျက်နှာအရပ်၊ ဂေါရှင်ပြည်၊
ချိုင့်များ၊ လွင်ပြင်များ၊ ဣသရေလတောင်၊ ဣသရေလ ချိုင့်နှင့်တကွ ထိုပြည်အလုံးစုံကို ယောရှုသည် သိမ်းယူ၍၊
မင်းကြီးအပေါင်းတို့ကို အောင်သဖြင့် လုပ်ကြံကွပ်မျက် လေ၏။ [18] ထိုမင်းကြီးအပေါင်းတို့ကို ကာလကြာမြင့်စွာ စစ် တိုက်ရ၏။ [19]
ဟိဝိလူ၊ ဂိဗောင်မြို့သားမှတပါး ဣသရေလ အမျိုးသားတို့နှင့် မိဿဟာယဖွဲ့သော မြို့တမြို့မျှမရှိ။ အခြားသော မြို့ရှိသမျှတို့ကို
တိုက်၍ အနိုင်သိမ်းယူရကြ ၏။ [20] အကြောင်းမူကား၊ ထာဝရဘုရားသည် မောရှေ ကို မှာထားတော်မူသည်အတိုင်း၊ ထိုလူမျိုးတို့ကို
ကျေးဇူး မပြု အကုန်အစင် သုတ်သင်ပယ်ရှင်းစေမည် အကြောင်း၊ သူတို့သည် ဣသရေလအမျိုးသားတို့ကို ဆီး၍ တိုက်ဝံ့
သည်တိုင်အောင် သူတို့စိတ်နှလုံး ခိုင်မာစေခြင်းငှါ ထာဝရ ဘုရားအလိုရှိတော်မူသတည်း။ [21] ထိုကာလအခါ ယောရှုသည် ချီသွား၍၊
အာနက လူတို့ကို တောင်ပေါ်အရပ် ဟေဗြုန်မြို့၊ ဒေဗိရမြို့၊ အာ နပ်မြို့၊ ယုဒတောင်၊ ဣသရေလတောင် ရှိသမျှတို့မှ ပယ် ရှား၍၊
သူတို့မြို့များနှင့်တကွ ရှင်းရှင်းဖျက်ဆီးလေ၏။ [22] ဂါဇမြို့၊ ဂါသမြို့၊ အာဇုတ်မြို့မှတပါး၊ ဣသ ရေလတိုင်းနိုင်ငံတွင်
ကျန်ကြွင်းသော အာနကလူတ ယောက်မျှမရှိ။ [23] ထာဝရဘုရားသည် မောရှေကို မိန့်တော်မူသမျှ အတိုင်း၊ ယောရှုသည်
ထိုပြည်တရှောက်လုံးကို သိမ်းယူ၍ ဣသရေလအမျိုးအနွယ် အသီးသီးတို့အား အမွေပေး သဖြင့်၊ တပြည်လုံးစစ်ငြိမ်းလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 12

[1] ယော်ဒန်မြစ်အရှေ့ နေထွက်ရာဘက်၌၊ အာနုန် မြစ်မှစ၍ ဟေရမုန်တောင်တိုင်အောင်၊ အရှေ့လွင်ပြင်ရှိ သမ္ဘပါလျက်၊
ဣသရေလအမျိုးသားတို့သည် လုပ်ကြံ၍ သိမ်းယူသောပြည်ကို အစိုးရသောမင်းကြီးများ ဟူမူကား၊ [2] အာနုန်မြို့အနားမှာ အာရော်မြို့၊
မြစ်တဝက်၊ ဂိလဒ်ပြည်တဝက်မှစ၍ အမ္မုန်ပြည်စွန်း အပိုင်းအခြား ယဗ္ဗုတ်မြစ်တိုင်အောင်ငင်း၊ [3] အရှေ့မျက်နှာ၌ လွင်ပြင်မှစ၍
ဂနေသရက် အိုင်နှင့် လွင်ပြင်အိုင်တည်းဟူသော သောဒုံအိုင်အရှေ့ ဘက် ဗက်ယေရှိမုတ်မြို့သို့ သွားရာလမ်း၊ အာဇုတ်ပိသဂါ
မြို့အနား၊ တောင်မျက်နှာမှ လာရာလမ်းတိုင်အောင်ငင်း အစိုးရ၍၊ ဟေရှဘုန်မြို့၌နေသော အာမောရိရှင်ဘုရင် ရှိဟုန်တပါး၊ [4]
ဟေရမုန်တောင်နှင့် သာလကပြည်ကိုငင်း၊ [5] ဂေရှုရိလူ၊ မာခါသိလူနေသော ပြည်စွန်းတိုင် အောင် ဗာရှန်ပြည်တရှောက်လုံးကိုငင်း၊
ဟေရှဘုန် ရှင်ဘုရင် ရှိဟုန်ပိုင်သော နိုင်ငံစွန်းတိုင်အောင် ဂိလဒ် ပြည်တဝက်ကိုငင်း အစိုးရ၍၊ အာရှတရုတ်မြို့၊ ဧဒြေမြို့၌ နေသော
အလွန်ကြီးမားသော လူမျိုးထဲက ကျန်ကြွင်း သောသူ ဗာရှန်ရှင်ဘုရင်ဩဃတပါး၊ [6] ထိုရှင်ဘုရင်နှစ်ပါးကို ထာဝရဘုရား၏ကျွန်
မောရှေနှင့် ဣသရေလအမျိုးသားတို့သည် လုပ်ကြံ၍၊ ထာဝရဘုရား၏ကျွန်မောရှေသည် သူတို့ပြည်ကို ရုဗင် အမျိုး၊ ဂဒ်အမျိုး၊
မနာရှေအမျိုးတဝက်တို့အား အပိုင်ပေး လေ၏။ [7] ယော်ဒန်မြစ်အနောက်ဘက်မှာ လေဗနုန်ချိုင့်၌ ရှိသော ဗာလဂဒ်မြို့မှစ၍၊ [8]
စိရလမ်းတွင်ရှိသော ဟာလက်တောင်တိုင် အောင် တောင်ပေါ်အရပ်၊ ချိုင့်ထဲအရပ်၊ လွင်ပြင်အရပ်၊ စမ်းရေတွင်းအရပ်၊ တောအရပ်၊
တောင်မျက်နှာအရပ်၊ ဟိတ္တိလူ၊ အာမောရိလူ၊ ခါနနိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူနေရာ၊ ယောရှုနှင့်ဣသရေလအမျိုးသား လုပ်
ကြံ၍၊ ယောရှုသည် ဣသရေလအမျိုးအနွယ် အသီးသီး တို့အား အပိုင်ပေးသောပြည်ကို အစိုးရသောမင်းကြီးများ ဟူမူကား၊ [9]
ယေရိခေါမင်းကြီးတပါး၊ ဗေသလမြို့အနားမှာ၊ အာဣမင်းကြီးတပါး၊ [10] ယေရုရှလင်မင်းကြီးတပါး၊ ဟေဗြုန်မင်းကြီး တပါး၊ [11]
ယာမုတ်မင်းကြီးတပါး၊ လာခိရှမင်းကြီးတပါး၊ [12] ဧဂလုန်မင်းကြီးတပါး၊ ဂေဇာမင်းကြီးတပါး၊ [13] ဒေဗိရမင်းကြီးတပါး၊
ဂေဒါမင်းကြီးတပါး၊ [14] ဟောမာမင်းကြီးတပါး၊ အာရဒ်မင်းကြီးတပါး၊ [15] လိဗနမင်းကြီးတပါး၊ အဒုလံမင်းကြီးတပါး၊ [16]
မက္ကဒါမင်းကြီးတပါး၊ ဗေသလမင်းကြီးတပါး၊ [17] တာပွါမင်းကြီးတပါး၊ ဟေဖါမင်းကြီးတပါး၊ [18] အာဖက်မင်းကြီးတပါး၊
လာရှရုန်မင်းကြီးတပါး၊ [19] မာဒုန်မင်းကြီးတပါး၊ ဟာဇော်မင်းကြီးတပါး၊ [20] ရှိမရုန်မင်းကြီးတပါး၊ အာခရှပ်မင်းကြီးတပါး၊ [21]
တာနက်မင်းကြီးတပါး၊ မေဂိဒ္ဒေါမင်းကြီးတပါး၊ [22] ကေဒေရှမင်းကြီးတပါး၊ ကရမေလတောင်ပေါ် မှာ ယောကနမ်မင်းကြီးတပါး၊ [23]
ဒေါရပြည်နယ်မှာ ဒေါရမင်းကြီးတပါး၊ ဂိလဂါ လပြည်မှာ ဂေါအိမ်မင်းကြီးတပါး၊ [24] တိရဇမင်းကြီးတပါး၊ မင်းကြီးပေါင်း သုံးဆယ်
တပါးတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ယောရှုသည် အိုရ၍ အသက်ကြီးရင့်သောအခါ၊ ထာဝရဘုရားက၊ သင်သည် အိုရ၍ အသက်ကြီးရင့်ပြီ။ သိမ်းယူရမည့်မြေလည်း
အများကျန်သေး၏။ 2 ကျန်သောမြေဟူမူကား၊ ဖိလိတ္တိပြည်မှစ၍ ဂေရှုရိပြည်တရှောက်လုံး၊ 3 အဲဂုတ္တုပြည်အရှေ့၊ ရှိဟောရမြစ်မှစ၍
မြောက် မျက်နှာ၌ ဧကြုန်မြို့နယ်တိုင်အောင်၊ ခါနနိလူနေသော ပြည်၊ ဖိလိတ္တိမင်းငါးပါးတည်းဟူသော ဂါဇသိလူ၊ အာဇောတိလူ၊
ဧရှကလောနိလူ၊ ဂိတ္တိလူ၊ ဧကြောနိလူနှင့်တကွ၊ အာဝိလူနေသောပြည်၊ 4 တောင်မျက်နှာမှစ၍ အာမောရိပြည် အာဖက် မြို့တိုင်အောင်၊
ခါနနိပြည်တရှောက်လုံးနှင့် ဇိဒုန်ပြည် အနားမှာရှိသော မာရာပြည်၊ 5 နေထွက်ရာဘက်၊ ဟေရမုန်တောင်ခြေရင်း၌ ဗာလဂဒ်မြို့မှစ၍
ဟာမတ်ပြည်အဝင်တိုင်အောင် ဂေဗလပြည်၊ လေဗနုန်ပြည် တရှောက်လုံးကျန်သတည်း။ 6 လေဗနုန်တောင်မှစ၍
မိသရဖေါသမိမ်မြို့တိုင် အောင်၊ တောင်ပေါ်၌နေသောသူနှင့် ဇိဒေါနိလူအပေါင်း တို့ကို ဣသရေလအမျိုးသားရှေ့မှ ငါနှင်ထုတ်မည်။
သို့ဖြစ်၍ ငါမှာထားသည်အတိုင်း စာရေးတံပြုလျက် ထိုမြေကို ဣသရေလလူတို့အား အမွေဝေဖန်လော့။ 7 ယခုမှာ ဤပြည်ကို
ဣသရေလအမျိုးကိုးမျိုးနှင့် မနာရှေအမျိုးတဝက်တို့အား အမွေဝေဖန်လော့။ 8 ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တို့ သည်
ယော်ဒန်မြစ်အရှေ့ဘက်၊ မောရှေပေးသည်အတိုင်း မိမိတို့အမွေမြေကို ခံကြပြီဟု မိန့်တော်မူ၏။ 9
ထာဝရဘုရား၏ကျွန်မောရှေပေးသော မြေဟူမူ ကား၊ အာနုန်မြစ်နား၌ရှိသော အာရော်မြို့၊ မြစ်အကွေ့၌ ရှိသမျှသောမြို့တို့နှင့်တကွ၊
ဒိဘုန်မြို့တိုင်အောင် မေဒဘာ လွင်ပြင်တရှောက်လုံး၊ 10 အမ္မုန်ပြည်စွန်းတိုင်အောင်၊ ဟေရှဘုန်မြို့၌ မင်းပြုသော
အာမောရိရှင်ဘုရင်ရှိဟုန် အစိုးရသောမြို့ ရှိသမျှ၊ 11 ဂိလဒ်ပြည်၊ ဂေရှုရိလူ၊ မာခါသိလူနေသောပြည်၊ ဟေရမုန်တောင်ရှိသမျှ၊
သာလကပြည်တိုင်အောင် ဗာရှန် ပြည်တရှောက်လုံး၊ 12 အလွန်ကြီးမားသောလူမျိုးထဲက ကျန်ကြွင်း သောသူ၊ အာရှတရုတ်မြို့၊
ဧဒြေမြို့၌ မင်းပြုသော ဗာရှန် ရှင်ဘုရင်ဩဃ၏ နိုင်ငံတရှောက်လုံးပါသတည်း။ ထိုမင်း တို့ကို မောရှေသည် လုပ်ကြံ၍
ပယ်ရှားလေ၏။ 13 သို့ရာတွင် ဣသရေလလူတို့သည် ဂေရှုရိလူ၊ မာခါသိလူတို့ကို မနှင်ထုတ်ကြ။ ထိုလူမျိုးတို့သည် ယနေ့ တိုင်အောင်
ဣသရေလအမျိုးသားတို့နှင့် အတူနေကြ၏။ 14 လေဝိအမျိုးသား အမွေကိုမပေး။ ဣသရေလ အမျိုး၏ဘုရားသခင်
ထာဝရဘုရားအား မီးဖြင့်ပူဇော် သောယဇ်တို့သည် အမိန့်တော်ရှိသည်အတိုင်း သူတို့အမွေ ဖြစ်သတည်း။ 15 မောရှေသည်၊
ရုဗင်အမျိုးသား အဆွေအမျိုး အသီးသီးတို့အား အမွေပေးသောပြည်များ ဟူမူကား၊ 16 အာနုန်မြစ်နား၌ရှိသော အာရော်မြို့၊ မြစ်အ
ကွေ့၌ ရှိသမျှသောမြို့တို့နှင့်တကွ၊ မေဒဘာလွင်ပြင် တရှောက်လုံး၊ 17 ဟေရှဘုန်မြို့နှင့်တကွ လွင်ပြင်၌ ရှိသမျှသော မြို့၊ ဒိဘုန်မြို့၊
ဗာမုတ်ဗာလမြို့၊ ဗက်ဗာလမောင်မြို့၊ 18 ယဟာဇမြို့၊ ကေဒမုတ်မြို့၊ မေဖတ်မြို့၊ 19 ကိရယသိမ်မြို့၊ စိဗမာမြို့၊ ချိုင့်တွင်တောင်ပေါ်
မှာရှိသော ဇာရက်ရှာဟာမြို့၊ 20 ဗက်ပေဂုရမြို့၊ အာဇုတ်ပိသကာမြို့၊ ဗက်ယေရှိ မုတ်မြို့၊ 21 လွင်ပြင်၌ရှိသမျှသော မြို့တို့နှင့်တကွ၊
ဟေရှဘုန် မြို့၌မင်းပြုရသော အာမောရိရှင်ဘုရင် ရှိဟုန်၏နိုင်ငံ တရှောက်လုံးကို ပေးသတည်း။ ထိုရှင်ဘုရင်ကိုငှင်း၊
ထိုရှင်ဘုရင်ချီးမြှောက်၍ သူ့ပြည်၌နေသော မိဒျန်မင်းကြီး ငါးပါး၊ ဧဝိ၊ ရေကင်၊ ဇုရ၊ ဟုရ၊ ရေဘတို့ကိုငှင်း၊ မောရှေ သည်
လုပ်ကြံလေ၏။ 22 ပရောဖက်လုပ်သော ဗောရသား ဗာလမ်ကို လည်း၊ အသေခံရသောသူတို့နှင့်ရော၍ ဣသရေလလူတို့ သည်
ထားနှင့်ကွပ်မျက်ကြ၏။ 23 ရုဗင်အမျိုးသား နေရာအပိုင်းအခြားကား၊ ယော်ဒန်မြစ်နှင့် မြစ်ကမ်းပါးတည်း။ ဤရွေ့ကား၊ ရုဗင်
အမျိုးသား အဆွေအမျိုးအလိုက် အမွေခံရသော မြို့ရွာ များပေတည်း။ 24 မောရှေသည် ဂဒ်အမျိုးသား အဆွေအမျိုးအသီး
အသီးတို့အား အမွေပေးသော ပြည်များဟူမူကား၊ 25 ယာဇာမြို့မှစ၍ ဂိလဒ်မြို့ရှိသမျှတို့နှင့်တကွ၊ ရဗ္ဗာမြို့ရှေ့၌ရှိသော
အာရော်မြို့တိုင်အောင် အမ္မုန်ပြည် တဝက်၊ 26 ဟေရှဘုန်မြို့မှစ၍ ရာမတ်မိဇပါမြို့၊ ဗေတော နိမ်မြို့တိုင်အောင်ငှင်း၊
မဟာနိမ်မြို့မှစ၍ ဒေဗိရမြို့နယ် တိုင်အောင်ငှင်း ပါသောပြည်၊ 27 ချိုင့်၌လည်း၊ ဗေသာရံမြို့၊ ဗက်နိမရမြို့၊ သုကုတ် မြို့၊
ဇာဖုန်မြို့အစရှိသော ယော်ဒန်မြစ်အရှေ့ဘက် ယော် ဒန်မြစ်အပိုင်းအခြား၊ ဂနေသရက်အိုင်နားတိုင်အောင်၊ ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်
ပိုင်သော နိုင်ငံကျန်ကြွင်းသမျှ ကို ပေးသတည်း။ 28 ဤရွေ့ကား၊ ဂဒ်အမျိုးသား အဆွေအမျိုးအ လိုက် အမွေခံရသော
မြို့ရွာများပေတည်း။ 29 မောရှေသည် မနာရှေအမျိုးတဝက်အား အမွေ ပေး၍၊ မနာရှေအမျိုးသားတဝက်သည် အဆွေအမျိုး အလိုက်
အမွေခံရသော ပြည်များဟူမူကား၊ 30 မဟာနိမ်မြို့မှစ၍ ဗာရှန်ပြည်တည်းဟူသော ဗာရှန်ရှင်ဘုရင်ဩဃ၏ နိုင်ငံတရှောက်လုံး၊
ဗာရှန်ပြည်၌ ပါသော ယာဣရမြို့ခြောက်ဆယ်ကို အမွေခံရသတည်း။ 31 ဂိလဒ်ပြည်တဝက်၊ ဗာရှန်ပြည်၌ ဩဃ၏ နိုင်ငံ အဝင်၊
အာရှတရုတ်မြို့နှင့် ဧဒြေမြို့တို့ကို မနာရှေသား မာခိရ၏ သားမြေးတဝက် အဆွေအမျိုးအလိုက် ပိုင်ရကြ ၏။ 32 ဤရွေ့ကား၊
မောရှေသည် ယော်ဒန်မြစ်အရှေ့၊ ယေရိခေါမြို့တဘက်၊ မောဘလွင်ပြင်၌ အမွေဝေဖန် သော ပြည်များပေတည်း။ 33 လေဝိအမျိုးအား
အမွေကိုမပေး။ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရားသည် အမိန့်တော် ရှိသည်အတိုင်း သူတို့အမွေဖြစ်တော်မူသတည်း။

## Chapter 14

1 ခါနာန်ပြည်၌လည်း ယဇ်ပုရောဟိတ် ဧလောဇာ၊ နုန်၏သားယောရှုအစရှိသော ဣသရေလအမျိုးအနွယ် တို့၌ မင်းဖြစ်သောသူတို့သည်
အမွေဝေဖန်၍ ဣသရေလ အမျိုးသားတို့သည် အမွေခံရကြ၏။ 2 ထာဝရဘုရားသည် မောရှေအားဖြင့် မှာထား တော်မူသည်အတိုင်း၊
ဣသရေလအမျိုး ကိုးမျိုးနှင့် တဝက် တို့သည် စာရေးတံပြု၍ အမွေခံရကြ၏။ 3 မောရှေသည် ဣသရေလအမျိုးနှစ်မျိုးနှင့်
တဝက်တို့အား၊ ယော်ဒန်မြစ်အရှေ့ဘက်၌ အမွေပေးနှင့် ပြီ။ လေဝိသားတို့အား အခြားသောအမျိုးနှင့်ရောရ၍ အမွေမပေး။ 4
ယောသပ်အမျိုးသားတို့သည် မနာရှေအမျိုး၊ ဧဖရိမ်အမျိုးနှစ်မျိုးဖြစ်၍၊ လေဝိသားတို့နေစရာမြို့၊ သူတို့ တိရစ္ဆာန်နှင့် ဥစ္စာကို
ထားစရာမြို့နယ်မှတပါး အခြား သောမြေကို မပေး။ 5 မောရှေအား ထာဝရဘုရားမှာထားတော်မူ သည်အတိုင်း၊
ဣသရေလအမျိုးသားတို့သည် ပြု၍ မြေကို ဝေဖန်ကြ၏။ 6 ထိုအခါ ယုဒအမျိုးသားတို့သည်၊ ဂိလဂါလမြို့၌ ယောရှုထံသို့လာ၍၊
ကေနက်အမျိုးယေဖုန္နာ၏သား ကာလက်က၊ ထာဝရဘုရားသည် ကာဒေရှဗာနာအရပ်၌ ကိုယ်တော်နှင့် အကျွန်ုပ်ကို ရည်ဆောင်၍၊
ဘုရားသခင် ၏လူမောရှေအား မိန့်တော်မူသောစကားကို ကိုယ်တော် သိပါ၏။ 7 ဤပြည်ကို စူးစမ်းစေခြင်းငှါ ဘုရားသခင်၏ ကျွန်
မောရှေသည် အကျွန်ုပ်ကို ကာဒေရှဗာနာအရပ်မှ စေလွှတ်သောအခါ၊ အကျွန်ုပ်သည် အသက်လေးဆယ် ရှိပါ၏။ အကျွန်ုပ်သည်
ကိုယ်စိတ်ထင်သည်အတိုင်း ပြန်ကြားလျှောက်ထားပါ၏။ 8 အကျွန်ုပ်နှင့်အတူသွားသော ညီအစ်ကိုတို့သည်၊ လူများစိတ်ပျက်စရာကို
ပြုသော်လည်း၊ အကျွန်ုပ်သည် အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရားနောက်တော်သို့ လုံးလုံးလိုက်ပါ၏။ 9 ထိုနေ့ရက်၌ မောရှေက၊
သင်သည် ငါ၏ဘုရား သခင် ထာဝရဘုရားနောက်တော်သို့ လုံးလုံးလိုက်သော ကြောင့်၊ အကယ်၍ သင်နင်းပြီးသောမြေသည် အစဉ်အ
ဆက် သင်၏အမွေ၊ သင်၏ သားမြေးတို့၏အမွေ ဖြစ်ရ လိမ့်မည်ဟု ကျိန်ဆိုလေ၏။ 10 ဣသရေလအမျိုးသည် တောခို၌
လှည့်လည်စဉ် အခါ၊ ထာဝရဘုရားသည် ထိုသို့ မောရှေအား မိန့်တော်မူ သောနေ့မှစ၍ ယခုတိုင်အောင် အမိန့်တော်ရှိသည်အ တိုင်း၊
အနှစ်လေးဆယ်ငါးနှစ်ပတ်လုံး အကျွန်ုပ် အသက်ကို ရှင်စေတော်မူသဖြင့်၊ ယနေ့မှာ အကျွန်ုပ်သည် အသက်ရှစ်ဆယ်ငါးနှစ်ရှိပါပြီ။ 11
သို့ရာတွင် မောရှေစေလွှတ်သောနေ့၌ ခွန်အား ရှိသကဲ့သို့ ယနေ့၌ ရှိပါ၏။ ထိုအခါ ထွက်ဝင်ခြင်းအမှု၊ စစ်တိုက်ခြင်းအမှုကို
ဆောင်ရွက်ခြင်းငှါ တတ်စွမ်းနိုင် သကဲ့သို့ ယခုလည်း တတ်စွမ်းနိုင်ပါ၏။ 12 သို့ဖြစ်၍ ထိုနေ့၌ ထာဝရဘုရားမိန့်တော်မူ သော
ဤတောင်ကို အကျွန်ုပ်အား ပေးပါ။ ဤတောင် ပေါ်မှာ အာနကလူရှိကြောင်းကိုင်း၊ ကြီးမားခိုင်ခံ့သော မြို့တို့နှင့်
ပြည့်စုံကြောင်းကိုင်း၊ ထိုနေ့၌ ကိုယ်တော်သည် ကြားရပြီ။ သို့ရာတွင် ထာဝရဘုရားသည် အကျွန်ုပ်နှင့် အတူရှိတော်မူလျှင်၊
အမိန့်တော်ရှိသည်အတိုင်း ထိုသူတို့ ကို နှင်ထုတ်ခြင်းငှါ အကျွန်ုပ်တတ်စွမ်းနိုင်ပါသည်ဟု လျှောက်ဆို၏။ 13 ထိုအခါ ယောရှုသည်
ကောင်းကြီးပေး၏။ ဟေဗြုန်ပြည်ကိုလည်း၊ ယေဖုန္နာ၏သား ကာလက်အမွေခံ စရာဘို့ အပ်ပေးလေ၏။ 14 သို့ဖြစ်၍ ကေနက်အမျိုး
ယေဖုန္နာ၏သား ကာ လက်သည်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ ဘုရားနောက်တော်သို့ လုံးလုံးလိုက်သောကြောင့်၊
ဟေဗြုန် ပြည်သည် ယနေ့တိုင်အောင် ကာလက်၏အမွေမြေဖြစ် သတည်း။ 15 ဟေဗြုန်မြို့သည် အထက်ကကိရယာဘအမည် ရှိ၏။
အာဗသည် အာနကအမျိုးသားတို့တွင် လူကြီးဖြစ် ၏။ ထိုအခါ တပြည်လုံးစစ်ငြိမ်းလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 15

1 ယုဒအမျိုးသားတို့သည် စာရေးတံပြ၍ အဆွေ အမျိုးအလိုက် အမွေခံရသောမြေဟူမူကား၊ တောင်မျက် နှာ၌ ဧဒုံပြည်နယ်နှင့်
နီးစပ်လျက်၊ တောမန်ပြည်စွန်းမှ စ၍ ဇိနတောဖြစ်သော၊ 2 တောင်ဘက်အပိုင်းအခြားသည် သောဒုံအိုင်၌ တောင်အကွေ့မှထွက်၍၊ 3
တောင်မျက်နှာနား၊ အကရဗ္ဗိမ်ကုန်းကို ရှောက် လျက် ဇိနရွာသို့ ရောက်လေ၏။ တဖန် တောင်မျက်နှာ နား၊ ကာဒေရှဗာနာရွာ၊
ဟေဇရုန်ရွာ၊ အာဒါရွာ၊ ကာကာ ရွာ၊ 4 အဇမုန်ရွာကို ရှောက်သဖြင့် အဲဂုတ္တုချောင်းသို့ လိုက်၍ ပင်လယ်၌ ဆုံးလေ၏။ 5 အရှေ့ဘက်၌
သောဒုံအိုင်သည် ယော်ဒန်မြစ်ဝ တိုင်အောင် အရှေ့အပိုင်းအခြားဖြစ်၏။ မြောက်ဘက် အပိုင်းအခြားသည် ယော်ဒန်မြစ်သို့ဆင်းရာ
သောဒုံအိုင် ကွေ့မှ ထွက်၍၊ 6 ဗေသောဂလရွာသို့ငင်း၊ ဗေသရာဗရွာ မြောက် နားမှာရှောက်လျက် ရုဗင်သားဗောဟန်၏ ကျောက်သို့ ငင်း
ရောက်လေ၏။ 7 အာခေါ်ချိုင့်မြောက်ဘက်မှထွက်၍ ဒေဗိရရွာ သို့ငင်း၊ မြစ်တောင်ဘက် အဒုမ္မိမ်ကုန်းရှေ့၌ရှိသော
ဂိလဂါလမြို့သို့ငင်း ရောက်ပြီးမှ၊ အင်ရှေမက်အိုင်၊ အင်ရော် ဂေလရွာလမ်းသို့ လိုက်လျက်၊ 8 ဟိန္နုံသား၏ချိုင့်နား ယေရုရှလင်မြို့ရာ
ယေဗု သိအရပ် တောင်ဘက်နားမှာရှောက်၍ ဟိန္နုံချိုင့်အ နောက်၊ ရေဖိမ်ချိုင့်မြောက်ဘက်၌ရှိသော တောင်ပေါ်သို့ တက်လေ၏။ 9
ထိုတောင်ပေါ်မှဆင်းပြန်၍၊ နေဖတောစမ်းရေ တွင်းကို ရှောက်သဖြင့် ဧဖရုန်တောင်နှင့်ဆိုင်သော မြို့ များသို့ငင်း၊ ကိရယတ်ယာရိမ်မြို့
ရာဗာလာမြို့သို့ငင်း၊ 10 ဗာလာမြို့အနောက်ဘက်နားမှာ ရှောက်လျက် စိရတောင်သို့ငင်း၊ ခေသလုန်တောင်တည်းဟူသော
ယာရိမ်တောင်မြောက်ဘက်နားမှာ ရှောက်လျက် ဗက်ရှေ မက်မြို့၊ တိမနာမြို့သို့ငင်း၊ 11 ဧကြုန်မြို့မြောက်ဘက်နားမှာ ရှောက်လျက်
ရှိကြုန်ရွာသို့ငင်း၊ ဗာလာတောင်သို့ငင်း၊ ယာဗနေလရွာသို့ ငင်း၊ ရောက်၍ ပင်လယ်၌ ဆုံးလေ၏။ 12 အနောက်ဘက်၌ ပင်လယ်ကြီးနှင့်
ပင်လယ် ကမ်းပါးသည် အနောက်အပိုင်းအခြားဖြစ်၏။ ဤရွေ့ ကား ယုဒအမျိုးသား အဆွေအမျိုးအလိုက် နေရာပြည်
နယ်အပိုင်းအခြားဖြစ်သတည်း။ 13 ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ ယောရှုသည် ယုဒအမျိုးသားတို့တွင် ယေဖုန္န၏သား
ကာ လက်အဘို့ ဟေဗြုန်မြို့တည်းဟူသော အာနကအဘအာ ဘ၏မြို့ကို ချပေးလေ၏။ 14 ထိုမြို့ထဲက ကာလက်သည်
အာနကသားသုံး ယောက်၊ ရှေရှဲ၊ အဟိမန်၊ တာလမဲတို့ကို နှင်ထုတ်သော နောက်၊ 15 ကိရယသေဖါအမည်ဟောင်းရှိသော ဒေဗိရ
မြို့သားတို့ရှိရာသို့ တဖန်ချီသွား၍၊ 16 ကိရယသေဖါမြို့ကို တိုက်ယူလုပ်ကြံသောသူ အား ငါသည် သမီးအာခသကို
ပေးစားမည်ဟုဆိုလျှင်၊ 17 ကာလက်ညီ ကေနတ်၏သား ဩသံယေလ သည် ထိုမြို့ကိုတိုက်ယူ၍ ကာလက်သည် သမီးအာခသကို
သူ့အားပေးစားလေ၏။ 18 ထိုမိန်းမသည် ခရီးသွားစဉ်အခါ၊ လယ်တကွက် ကို အဘ၌ တောင်းခြင်းငှါ လင်နှင့်တိုင်ပင်ပြီးမှ မြည်းပေါ်
ကဆင်းလေ၏။ အဘကာလက်က အဘယ်အလိုရှိသ နည်းဟု မေးလျှင်၊ 19 သမီးက ကောင်းကြီးပေးစေချင်ပါ၏။ ကိုယ် တော်သည်
တောင်မျက်နှာအရပ်ကို ပေးပါပြီ။ စမ်းရေ တွင်းတို့ကိုလည်း ပေးတော်မူပါဦးဟု တောင်းသည်အ တိုင်း အဘသည်
အထက်စမ်းရေတွင်း၊ အောက်စမ်းရေ တွင်းတို့ကို ပေးလေ၏။ 20 ဤရွေ့ကား၊ ယုဒအမျိုးသား အဆွေအမျိုးအ လိုက်
ခံရသောအမွေမြေ ဖြစ်သတည်း။ 21 ယုဒအမျိုးသားပိုင်သော မြို့များဟူမူကား၊ ဧဒုံ ပြည်နှင့်နီးစပ်သော တောင်ပိုင်း၌ ကပ်ဇေလမြို့၊
ဧဒေရ မြို့၊ ယာဂုရမြို့၊ 22 ကိနမြို့၊ ဒိမောနမြို့၊ အာဒဒါမြို့၊ 23 ကေဒေရှမြို့၊ ဟာဇော်မြို့၊ ဣသနန်မြို့၊ 24 ဇိဖမြို့၊ တေလင်မြို့၊
ဗာလုတ်မြို့၊ 25 ဟာဇော်မြို့သစ်၊ ဟာဇော်မြို့ဟောင်းတည်းဟူ သော ဟေဇရုန်မြို့၊ 26 အာမန်မြို့၊ ရှေမမြို့၊ မောလဒမြို့၊ 27
ဟာဇာဂဒ္ဒမြို့၊ ဟေရှမုန်မြို့၊ ဗက်ပါလက်မြို့၊ 28 ဟာဇာရှွာလမြို့၊ ဗေရရှေဘမြို့၊ ဗိဇ္ဇောသယာ မြို့၊ 29 ဗာလာမြို့၊ ဣအိမ်မြို့၊
အာဇင်မြို့၊ 30 ဧလတောလဒ်မြို့၊ ခေသိလမြို့၊ ဟောမာမြို့၊ 31 ဇိကလတ်မြို့၊ မာဒမန္နာမြို့၊ သံသန္နာမြို့၊ 32 လေဗောက်မြို့၊
ရှိလဟိမ်မြို့၊ အဒိန်မြို့၊ ရိမ္မုန် မြို့၊ ရွာနှင့်တကွ မြို့ပေါင်းကား သုံးဆယ်ခြောက်မြို့ တည်း။ 33 ချိုင့်၌လည်း ဧရှတောလမြို့၊
ဇောရာမြို့၊ အာရှ နာမြို့၊ 34 ဇာနောမြို့၊ အင်္ဂန္နိမ်မြို့၊ တာပွါမြို့၊ ဧနံမြို့၊ 35 ယာမုတ်မြို့၊ အဒုလံမြို့၊ စောခေါမြို့၊ အဇေကာ မြို့၊ 36
ရှာရိမ်မြို့၊ အဒိသိမ်မြို့၊ ဂဒေရမြို့၊ ဂဒေရော သိမ်မြို့၊ ရွာနှင့်တကွ မြို့ပေါင်းကား၊ ဆယ်ငါးမြို့တည်း။ 37 ထိုမှတပါး၊ ဇေနန်မြို့၊
ဟဒါရှမြို့၊ မိဂဒလဂဒ်မြို့၊ 38 ဒိလန်မြို့၊ မိဇပါမြို့၊ ယောကသေလမြို့၊ 39 လာခိရှမြို့၊ ဗောဇကတ်မြို့၊ ဧကလုန်မြို့၊ 40 ကဗ္ဗုန်မြို့၊
လာမံမြို့၊ ကိသလိတ်မြို့၊ 41 ဂဒေရုတ်မြို့၊ ဗက်ဒါဂုန်မြို့၊ နေမမြို့၊ မက္ကဒါမြို့၊ ရွာနှင့်တကွ ဆယ်ခြောက်မြို့တည်း။ 42 ထိုမှတပါး၊
လိဗနမြို့၊ ဧသာမြို့၊ အာရှန်မြို့၊ 43 ယိဖတမြို့၊ အာရှနာမြို့၊ နေဇိပ်မြို့၊ 44 ကိလမြို့၊ အောခဇိပ်မြို့၊ မရေရှမြို့၊ ရွာနှင့်တကွ
ကိုးမြို့တည်း။ 45 ထိုမှတပါး ဧကြုန်မြို့နှင့်သူဆိုင်သော မြို့ရွာများ၊ 46 ဧကြုန်မြို့မှစ၍ ပင်လယ်တိုင်အောင်၊ အာဇုတ်
မြို့နှင့်နီးစပ်သောမြို့ရွာများ၊ 47 အာဇုတ်မြို့နှင့် သူဆိုင်သော မြို့ရွာများ၊ အဲဂုတ္တု မြစ်၊ ပင်လယ်ကြီး၊ ပင်လယ်ကမ်းပါးတိုင်အောင်၊
ဂါဇမြို့ နှင့် သူဆိုင်သော မြို့ရွာများ၊ 48 တောင်ပေါ်၌လည်း၊ ရှမိရမြို့၊ ယတ္တိရမြို့၊ စော ခေါမြို့၊ 49 ဒန္နမြို့၊ ဒေဗိရမြို့တည်းဟူသော၊
ကိရယသန္န မြို့၊ 50 အာနပ်မြို့၊ ဧရှတမောမြို့၊ အာနိမ်မြို့၊ 51 ဂေါရှင်မြို့၊ ဟောလုန်မြို့၊ ဂိလောမြို့၊ ရွာနှင့် တကွ ဆယ်တမြို့တည်း။
52 အာရပ်မြို့၊ ဒုမာမြို့၊ ဧရှန်မြို့၊ 53 ယာနုံမြို့၊ ဗက်တာပွါမြို့၊ အာဖက်မြို့၊ 54 ဟုန္တမြို့၊ ဟေဗြုန်မြို့တည်းဟူသော ကိရယသာဘ မြို့၊
ဇိအောရမြို့၊ ရွာနှင့်တကွ ကိုးမြို့တည်း။ 55 မောင်မြို့၊ ကရမေလမြို့၊ ဇိဖမြို့၊ ယုတ္တမြို့၊ 56 ယေဇရေလမြို့၊ ယောကဒံမြို့၊ ဇာနောမြို့၊
57 ကဣနမြို့၊ ဂိဘာမြို့၊ တိမနမြို့၊ ရွာနှင့်တကွ ဆယ်မြို့တည်း။ 58 ဟာလဟုလမြို့၊ ဗက်ဇုရမြို့၊ ဂေဒေါ် မြို့၊ 59 မာရပ်မြို့၊
ဗေသနုတ်မြို့၊ ဧလတေကုန်မြို့၊ ရွာ နှင့်တကွခြောက်မြို့တည်း။ 60 ကိရယတ်ယာရိမ်မြို့တည်းဟူသော ကိရယတ် ဗာလမြို့၊ ရဗ္ဗာမြို့၊


generated on Sun Jun 30 02:37:40 2024

ရှာနှင့်တကွ နှစ်မြို့တည်း။ [61] တောခွင်လည်း၊ ဗေသရာဗမြို့၊ မိဒ္ဒိန်မြို့၊ သေကာ ကမြို့၊ [62] နိဗရှန်မြို့၊ မေလက်မြို့၊ အင်္ဂေဒိမြို့၊
ရွာနှင့်တကွ ခြောက်မြို့တည်း။ [63] ယေရုရှလင်မြို့၌နေသော ယေဗုသိလူတို့ကို ကား၊ ယုဒအမျိုးသားတို့သည် မနှင်ထုတ်နိုင်ဘဲ သူတို့
သည် ယနေ့တိုင်အောင် ယုဒအမျိုးသားတို့နှင့်အတူ ယေရုရှလင်မြို့၌ နေကြသတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 16

1 ယောသပ်အမျိုးသားတို့သည် စာရေးတံပြ၍ အမွေခံရသောမြေ အပိုင်းအခြားသည် ယော်ဒန်မြစ်နား၊ ယေရိခေါမြို့အရှေ့၊
ယေရိခေါအိုင်မှထွက်၍ တောလမ်း သို့ လိုက်လျက်၊ ဗေသလတောင်တရှောက်လုံး သွားသဖြင့်၊ 2 ဗေသလလုဇမြို့သို့၎င်း၊
အာခိအတရုတ် မြို့သို့ ၎င်း၊ 3 အနောက်မျက်နှာ၌ ယာဖလေတိမြို့သို့၎င်း၊ အောက်ဗက်ဟောရုန်မြို့သို့၎င်း၊ ဂေဇာမြို့သို့၎င်း ရောက် ၍
ပင်လယ်၌ဆုံးလေ၏။ 4 ထိုသို့ ယောသပ်၏သား မနာရှေနှင့် ဧဖရိမ်တို့ သည် အမွေခံရကြ၏။ 5 ဧဖရိမ်အမျိုးသားတို့သည်
အဆွေအမျိုးအလိုက် နေသော မြေအပိုင်းအခြားသည်၊ အရှေ့ဘက်၌ အတရုတ် အဒ္ဒါမြို့မှ အထက်ဗက်ဟောရုန်မြို့သို့ လိုက်၍၊ 6
မြောက်မျက်နှာ၌ ပင်လယ်နား၊ မိတ်မေသမြို့သို့ ထွက်၏။ တဖန် အရှေ့သို့ မျက်နှာပြု၍ တာနတ်ရှိလော မြို့အရှေ့မှာ ရှောက်လျက်၊ 7
ယနောဟမြို့သို့၎င်း၊ ယနောဟမြို့မှ အတရုတ် မြို့၊ နာရတ်မြို့၊ ယေရိခေါမြို့သို့၎င်း ရောက်၍ ယော်ဒန် မြစ်၌ ဆုံးလေ၏။ 8
တာပွါမြို့မှ အနောက်သို့သွား၍ ကာနမြစ်သို့ လိုက်လျက် ပင်လယ်၌ ဆုံးလေ၏။ 9 ဤရွေ့ကား၊ မနာရှေအမျိုးသားတို့အဘို့ အမွေ
ခံရသောမြေ၌ ဧဖရိမ်အမျိုးသားတို့အဘို့ ခွဲထားသော မြို့များနှင့်တကွ ဧဖရိမ်အမျိုးသား အဆွေအမျိုးအလိုက် အမွေခံရသော
မြို့ရွာများဖြစ်သတည်း။ 10 ဂေဇာမြို့၌နေသော ခါနနိလူတို့ကို မနှင်ထုတ် ဘဲ သူတို့သည် ယနေ့တိုင်အောင် ဧဖရိမ်အမျိုးသားတို့နှင့်
အတူနေ၍ အခွန်ပေးရကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 17

1 ယောသပ်၏သားဦး မနာရှေအမျိုးသားတို့သည် စာရေးတံပြု၍ အမွေခံရသော မြေဟူမူကား၊ မနာရှေ၏ သားတည်းဟူသော
ဂိလဒ်၏အဘ မာခိရသည် စစ်သူရဲ ဖြစ်၍၊ ဂိလဒ်ပြည်နှင့် ဗာရှန်ပြည်ကိုရ၏။ 2 ယောသပ်၏သား မနာရှေ၏သား ယောကျ်ား
အခြားတည်းဟူသော အဗျေဇာသား၊ ဟေလက်သား၊ အသရေလသား၊ ရှေခင်သား၊ ဟေဖါသား၊ ရှမိဒသားတို့ သည်
အဆွေအမျိုးအလိုက် စာရေးတံပြု၍ ရကြသေး၏။ 3 သို့ရာတွင် မနာရှေ၊ မာခိရ၊ ဂိလဒ်၊ ဟေဖါတို့မှ ဆင်းသက်သော ဇလောဖဒ်၌
သားယောကျ်ားမရှိ၊ သမီးသက်သက်သာရှိ၏။ သူ၏သမီးတို့အမည်ကား၊ မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတည်း။ 4
ထိုမိန်းမတို့သည် ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏သား ယောရှု၊ မင်းများရှေ့သို့ ချဉ်းကပ်၍ အကျွန်ုပ် တို့ပေါက်ဘော်နှင့်အတူ
အမွေခံရသောအခွင့်ကို အကျွန်ုပ် တို့အား ပေးစေခြင်းငှါ ထာဝရဘုရားသည် မောရှေကို မှာထားတော်မူပြီဟု လျှောက်၍၊
ထာဝရဘုရား မှာထား တော်မူသည်အတိုင်း သူတို့အဘ၏ ညီအစ်ကိုတို့နှင့်အတူ အမွေခံရသောအခွင့်ကို ပေး၏။ 5 ထိုသို့
မနာရှေ၏သမီးတို့သည် သားတို့နှင့်အတူ အမွေကိုခံရ၍၊ မနာရှေ၏သားအချို့တို့သည် ဂိလဒ်ပြည် ကို ရသောကြောင့်၊ 6
ယော်ဒန်မြစ်အရှေ့ဘက် ဂိလဒ်ပြည် နှင့် ဗာရှန်ပြည်မှတပါး၊ မနာရှေအမျိုးသည် ဆယ်ဘို့ကို ရသေး၏။ 7
မနာရှေခရိုင်အပိုင်းအခြားသည် အာရှာခရိုင်မှ ရှေခင်မြို့ရှေ့တွင်ရှိသော မိတ်မေသမြို့သို့သွား၍ လကျ်ာ ဘက်၌ အင်တာပွါမြို့သို့
လိုက်လေ၏။ 8 တာပွါမြို့နယ်ကို မနာရှေပိုင်သော်လည်း၊ မနာ ရှေခရိုင်စွန်းမှာရှိသော တာပွါမြို့ကို ဧဖရိမ်သားတို့သည် ပိုင်ကြ၏။ 9
တဖန် အပိုင်းအခြားသည် ကာနမြစ်တောင် ဘက်သို့လိုက်၍၊ မနာရှေမြို့တို့တွင် ဧဖရိမ်မြို့အချို့ ပါသော်လည်း၊
မြစ်မြောက်ဘက်မြေသည် မနာရှေမြေ ဖြစ်၍ ပင်လယ်၌ဆုံးလေ၏။ 10 တောင်ဘက်၌ ဧဖရိမ်မြေ၊ မြောက်ဘက်၌ မနာ
ရှေမြေဖြစ်လျက်၊ ပင်လယ်ကန့်ကွက်၍ မြောက်ဘက်၌ အာရှာခရိုင်၊ အရှေ့ဘက်၌ ဣသခါခရိုင်ရှိ၏။ 11 ထိုခရိုင်၌
မနာရှေအမျိုးရသော ပြည်သုံးပြည်ဟူ မူကား၊ ဗက်ရှန်မြို့နှင့် သူ့မြို့ရွာများ၊ ဣဗလံမြို့နှင့် သူ့မြို့ ရွာများ၊ ဒေါရမြို့နှင့် သူ့မြို့ရွာများ၊
အင်္ဒေါရမြို့နှင့် သူ့မြို့ ရွာများ၊ တာနက်မြို့နှင့် သူ့မြို့ရွာများ၊ မေဂိဒ္ဒေါမြို့နှင့် သူ့မြို့ရွာများတို့ကို ရသေး၏။ 12 သို့ရာတွင်
မနာရှေအမျိုးသားတို့သည် ထိုမြို့တို့ ကို မသိမ်းမယူနိုင်ဘဲ၊ ခါနနိလူတို့သည် ထိုအရပ်၌ အနိုင် နေကြ၏။ 13 ဣသရေလလူတို့သည်
အားတိုးပွားသောအခါ၊ ထိုခါနနိလူတို့ကို အကုန်အစင်မနှင်ထုတ်ဘဲ အခွန်ပေး စေကြ၏။ 14 ယောသပ်အမျိုးသားတို့ကလည်း၊
အကျွန်ုပ်တို့ သည် ထာဝရဘုရားပေးတော်မူသော ကောင်းကြီးမင်္ဂလာ ကို ခံရသဖြင့် အမျိုးကြီးဖြစ်၍၊ ကိုယ်တော်သည်တဘို့
တခရိုင်တည်းကိုသာ အဘယ်ကြောင့်ပေးပါသနည်းဟု ယောရှုအား မေးလျှောက်ကြသော်၊ 15 ယောရှုက၊ သင်တို့သည်
အမျိုးကြီးဖြစ်၍ ဧဖရိမ်တောင် ကျဉ်းမြောင်းလျှင်၊ တောအရပ်သို့သွား၍ ဖေရဇိပြည်၊ ရေဖိမ်ပြည်၌ ခုတ်လှဲကြလော့ဟု ပြန်ပြော ၏။
16 ယောသပ်အမျိုးသားတို့ကလည်း၊ ဧဖရိမ်တောင် သည် အကျွန်ုပ်တို့အဘို့ မလောက်ပါ။ ချိုင့်အရပ်ဗက်ရှန် မြို့ရွာတို့၌ဂင်း၊
ယေဇရေလချိုင့်၌ဂင်း နေသော ခါနနိလူ အပေါင်းတို့သည် သံရထားနှင့် ပြည့်စုံပါသည်ဟု လျှောက် ပြန်လျှင်၊ 17 ယောရှုက၊
သင်တို့သည် အမျိုးကြီးဖြစ်၍ ခွန်အားကြီးသောကြောင့်၊ တဘို့တည်းကိုသာ မယူရ။ 18 တောင်သည်လည်း သင်တို့အဘို့ ဖြစ်လိမ့်မည်။
သစ်ပင်များလျှင် ခုတ်လှဲရမည်။ ထွက်ရာလမ်းတို့သည် လည်း သင်တို့အဘို့ဖြစ်လိမ့်မည်။ ခါနနိလူတို့သည် ခွန်အားကြီး၍
သံရထားနှင့်ပြည့်စုံသော်လည်း၊ သူတို့ကို နှင်ထုတ်ကြလိမ့်မည်ဟု ဧဖရိမ်အမျိုး၊ မနာရှေအမျိုး တည်းဟူသော
ယောသပ်အမျိုးသားတို့အား ပြောဆို၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 18

1 ဣသရေလအမျိုး ပရိသတ်အပေါင်းတို့သည်၊ ရှိလောမြို့မှာစည်းဝေး၍ ပရိသတ်စည်းဝေးရာ တဲတော်ကို တည်ထောင်ကြ၏။
သူတို့ရှေ့မှာ တပြည်လုံးနှိမ့်ချလျက်ရှိ ၏။ 2 ထိုအခါ ဣသရေလအမျိုးခုနှစ်မျိုးတို့သည်၊ အမွေမြေကို မခံရသေးသည်ဖြစ်၍၊ 3
ယောရှုက၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင် ထာဝရဘုရားပေးတော်မူသောမြေကို သင်တို့သည် မသိမ်း မယူဘဲ
အဘယ်မျှကာလပတ်လုံး နေကြလိမ့်မည်နည်း။ 4 သင်တို့တွင် အမျိုးတမျိုးလျှင် လူသုံးယောက်စီ ရွေးကောက်၍ ငါစေလွှတ်သဖြင့်၊
သူတို့သည် တပြည်လုံး သို့ထသွား၍ အမွေခံသင့်သည်အတိုင်း ရေးသားပြီးမှ ငါ့ထံသို့ပြန်လာရကြမည်။ 5 သူတို့သည် ပြည်ကို
ခုနှစ်ပိုင်းပိုင်းခြားရကြမည်။ ယုဒအမျိုးသည် တောင်ဘက်မိမိနေရာ၌ နေရမည်။ ယောသပ်အမျိုးသည် မြောက်ဘက်မိမိနေရာ၌
နေရမည်။ 6 ပြည်ကို ခုနှစ်ပိုင်းပိုင်းခြားပြီးမှ၊ ပြည်ပုံကို ငါ့ထံ သို့ဆောင်ခဲ့၍၊ ငါတို့ဘုရားသခင် ထာဝရဘုရားရှေ့တော် ၌ သင်တို့အဘို့
စာရေးတံပြုမည်။ 7 လေဝိသားတို့သည် သင်တို့နှင့်ရော၍ အဘို့ကို မယူရ။ ထာဝရဘုရား၏ ယဇ်ပုရောဟိတ်အရာသည်
သူတို့အမွေဖြစ်၏။ ဂဒ်အမျိုး၊ ရုဗင်အမျိုး၊ မနာရှေအမျိုး တဝက်တို့သည် ယော်ဒန်မြစ်အရှေ့ဘက် ထာဝရဘုရား ၏ကျွန်
မောရှေပေးသည်အတိုင်း၊ အမွေမြေကို ခံယူကြပြီ ဟု ဣသရေလလူတို့အား ပြောဆို၏။ 8 ထိုလူတို့သည် ထ၍သွားသဖြင့်၊ ယောရှုက
လည်း၊ တပြည်လုံးသို့ ရှောက်၍ရေးသားပြီးလျှင် ငါ့ထံသို့ ပြန်လာကြလော့။ ရှိလောမြို့မှာ ထာဝရဘုရားရှေ့တော် ၌ သင်တို့အဘို့
စာရေးတံပြုမည်ဟု ပြည်ပုံကို ရေးသား ခြင်းငှါ သွားသောသူတို့ကို မှာထားသည်နှင့်အညီ၊ 9 သူတို့သည် တပြည်လုံးသို့
ရှောက်သွားသဖြင့်၊ မြို့ရွာရှိသည်အတိုင်း စာ၌ ခုနစ်ပိုင်းပိုင်း၍ ရေးသားပြီးမှ ယောရှုနေရာ ရှိလောတပ်သို့ ရောက်လာကြ၏။ 10
ယောရှုသည် ရှိလောမြို့မှာ ထာဝရဘုရားရှေ့ တော်၌ စာရေးတံပြု၍ ဣသရေလအမျိုးသား အသီးသီး တို့အား မြေကိုပိုင်းခြားလေ၏။
11 ဗင်္ယာမိန်အမျိုးသားတို့သည် စာရေးတံပြု၍ အဆွေအမျိုးအလိုက် ခံရသောမြေသည် ယုဒအမျိုးသား တို့နှင့်
ယောသပ်အမျိုးသားတို့စပ်ကြားမှာ ကျ၏။ 12 မြေအပိုင်းအခြားသည် မြောက်မျက်နှာ၌ ယော် ဒန်မြစ်မှထွက်၍ ယေရိခေါမြို့
မြောက်ဘက်နား၌၎င်း၊ အနောက်ဘက်တောင်ပေါ်၌၎င်း ရှောက်လျက် ဗေသဝင် တောသို့ ထွက်သွား၏။ 13 တဖန်
တောင်မျက်နှာသို့သွား၍ ဗေသလ လုဇ မြို့နား၌ ရှောက်သဖြင့်၊ အောက်ဗက်ဟောရုန်မြို့ တောင် ဘက်မှာရှိသော တောင်ခြေရင်း
အတရုတ်အဒ္ဒါမြို့သို့ ရောက်ပြီးလျှင်၊ 14 ထိုတောင်မှထွက်၍ အိုင်တောင်ကွေ့ကို ဝိုင်း သဖြင့်၊ ယုဒအမျိုးသားနေသော
ကိရယတ်ယာရိမ်မြို့ တည်းဟူသော ကိရယတ်ဗာလမြို့သို့ ထွက်သွား၏။ ဤရွေ့ကား အနောက်ဘက်အပိုင်းအခြားတည်း။ 15
တောင်ဘက်အပိုင်းအခြားသည် ကိရယတ်ယာ ရိမ်မြို့စွန်းမှ အနောက်ဘက်နား၌ နေဖတောရေတွင်းသို့ ရောက်ပြီးလျှင်၊ 16
ဟိန္နုံသား၏ချိုင့်ရှေ့မှာ၊ ရေဖိမ်ချိုင့်မြောက်ဘက် ၌ရှိသော တောင်ခြေရင်းသို့လာ၍ ယေဗုသိမြို့တောင် ဘက် ဟိန္နုံချိုင့်သို့၎င်း၊
အင်္ရောဂေလရွာသို့၎င်း၊ 17 မြောက်ဘက်နား၌ အင်ရှေမက်ရွာသို့၎င်း၊ အဒုမ္မိမ်ကုန်းတဘက် ဂေလိလုတ်ရွာသို့၎င်း၊ ရုဗင်သား
ဗောဟန်၏ ကျောက်သို့၎င်း ရောက်လေ၏။ 18 တဖန် အရာဗမြို့ မြောက်မျက်နှာတဘက် လွင်ပြင်နားမှာရှောက်၍
အရာဗမြို့သို့ရောက်သဖြင့်၊ 19 ဗက်ဟောဂလမြို့ မြောက်ဘက်နားမှာရှောက်၍ သောဒုံအိုင်မြောက်ကွေ့၊ ယော်ဒန်မြစ်ဝ၌ ဆုံးလေ၏။
ဤရွေ့ကား တောင်ဘက်အပိုင်းအခြားတည်း။ 20 ယော်ဒန်မြစ်သည် အရှေ့ဘက်ပိုင်းခြားလျက် ရှိ၏။ ဤရွေ့ကား
ဗင်္ယာမိန်အမျိုးသားတို့သည် အဆွေ အမျိုးအလိုက် အမွေခံရသောမြေနယ်ဖြစ်သတည်း။ 21 ဗင်္ယာမိန်အမျိုးသားတို့သည်
အဆွေအမျိုးအ လိုက်ရသော မြို့များဟူမူကား၊ ယေရိခေါမြို့၊ ဗေသော ဂလမြို့၊ မေက္ကေဇဇ်မြို့၊ 22 ဗေသရာဗမြို့၊ ဇေမရိမ်မြို့၊
ဗေသလမြို့၊ 23 အာဝိမ်မြို့၊ ပါရမြို့၊ သြဖရာမြို့၊ 24 ခေဖါဟာမောနဲမြို့၊ သြဖနိမြို့၊ ဂါဘမြို့၊ ရွာနှင့် တကွ ဆယ်နှစ်မြို့တည်း။ 25
ထိုမှတပါး၊ ဂိဗောင်မြို့၊ ရာမမြို့၊ ဗေရုတ်မြို့၊ 26 မိဇပါမြို့၊ ခေဖိရမြို့၊ မောဇမြို့၊ 27 ရေကင်မြို့၊ ဣရပေလမြို့၊ တာရလမြို့၊ 28
ဇေလမြို့၊ ဧလပ်မြို့၊ ယေရုရှလင်မြို့တည်းဟူ သော ယေဗုသိမြို့၊ ဂိဗက်မြို့၊ ကိရယတ်မြို့၊ ရွာနှင့်တကွ ဆယ်လေးမြို့တည်း။
ဤရွေ့ကား ဗင်္ယာမိန်အမျိုးသားတို့ သည် အဆွေအမျိုးအလိုက်ခံရသော အမွေတည်း။

## Chapter 19

1 ဒုတိယတကြိမ်စာရေးတံပြု၍၊ ရှိမောင်အမျိုးသားတို့သည် အဆွေအမျိုးအလိုက် ယုဒအမွေမြေအတွင်း ၌ အမွေခံရကြ၏။ 2
သူတို့အမွေမြေ၌ရှိသော မြို့များဟူမူကား၊ ဗေရ ရှေဘမြို့၊ မောလဒါမြို့၊ 3 ဟာဇာရှာလမြို့၊ ဗာလာမြို့၊ အာဇင်မြို့၊ 4
ဧလတောလဒ်မြို့၊ ဗေသုလမြို့၊ ဟေမာမြို့၊ 5 ဇိကလတ်မြို့၊ ဗက်မာကဗုတ်မြို့၊ ဟာဇာသုသမြို့၊ 6 ဗက်လေဗောက်မြို့၊ ရှရုဟင်မြို့၊
ရွာနှင့်တကွ ဆယ်သုံးမြို့တည်း။ 7 ထိုမှတပါး၊ အင်ရိမ္မုန်မြို့၊ တောခင်မြို့၊ ဧသာမြို့၊ အာရှန်မြို့၊ ရွာနှင့်တကွ လေးမြို့တည်း။ 8
ထိုမှတပါး တောင်မျက်နှာ၌ ဗာလတ်ဗေရရာ မတ်မြို့တိုင်အောင် အထက်ဆိုခဲ့ပြီးသော မြို့ပတ်ဝန်း ကျင် ရွာရှိသမျှပါသတည်း။
ဤရွေ့ကား ရှိမောင်အမျိုး သားတို့သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 9 ရှိမောင်အမွေမြေသည် ယုဒအမျိုးသားခံသော
အဘို့ထဲက နှုတ်ရ၏။ ယုဒအမျိုးသားတို့အဘို့သည် ကြီး ကျယ်သောကြောင့်၊ သူတို့အမွေမြေအတွင်း၌ ရှိမောင် အမျိုးသားတို့သည်
အမွေခံရကြ၏။ 10 တတိယတကြိမ်စာရေးတံပြု၍ ဇာဗုလုန်အမျိုး သားတို့သည် အဆွေအမျိုးအလိုက် အမွေခံရကြ၏။ သူတို့
အမွေမြေအပိုင်းအခြားသည် စာရိဒ်မြို့မှထွက်၍၊ 11 အနောက်သို့သွားလျက် မရာလမြို့၊ ဒဗ္ဗရှက်မြို့ သို့ငင်း၊
ယောကနံမြို့ရှေ့မှာရှိသော မြစ်သို့ငင်း မှီလေ၏။ 12 တဖန် စာရိဒ်မြို့မှ နေထွက်ရာအရှေ့မျက်နှာသို့ လှည့်သဖြင့်၊ ခိသလုတ္တာဗော်မြို့၊
ဒါဗရတ်မြို့သို့ ရောက်ပြီး လျှင်၊ ယာဖျာမြို့သို့ တက်လေ၏။ 13 ထိုမြို့မှစ၍ အရှေ့ဘက်နားမှာလိုက်လျက်၊ ဂိတ္တ ဟေဖါမြို့၊
အိတ္တကာဇိန်မြို့၊ ရိမ္မုန်မေသောရနေအာမြို့သို့ ရောက်လေ၏။ 14 မြောက်ဘက်၌လည်း ဝိုင်းသဖြင့်၊ ဟန္နသုန်မြို့ သို့ရောက်၍
ယိဖသေလချိုင့်၌ ဆုံးလေ၏။ 15 ထိုမှတပါး၊ ကတ္တတ်မြို့၊ နဟာလာလမြို့၊ ရှိမရုန် မြို့၊ ဣဒလမြို့၊ ဗက်လင်မြို့တည်းဟူသော
ရွာနှင့်တကွ ဆယ်နှစ်မြို့ရှိသတည်း။ 16 ဤရွေ့ကား မြို့ရွာပါလျက် ဇာဗုလုန်အမျိုးသား တို့သည် အဆွေအမျိုးအလိုက်
ခံရသောအမွေတည်း။ 17 စတုတ္ထတကြိမ် စာရေးတံပြု၍ ဣသခါအမျိုး သားတို့သည် အဆွေအမျိုးအလိုက် အမွေခံရကြ၏။ 18
သူတို့အပိုင်းအခြားသည် ယေဇရေလမြို့၊ ခေသု လုတ်မြို့၊ ရှုနင်မြို့၊ 19 ဟာဖရိမ်မြို့၊ ရှိဟုန်မြို့၊ အာနဟာရတ်မြို့၊ 20 ရဗ္ဗိတ်မြို့၊
ကိရှုန်မြို့၊ အာဗက်မြို့၊ 21 ရေမက်မြို့၊ အင်္ဂန္နမြို့၊ အဟ်ဒ္ဒါမြို့၊ ဗက်ပဇ္ဇက်မြို့ ပါလျက်၊ 22 တာဗော်မြို့၊ ရာဟဇိမမြို့၊
ဗက်ရှေမက်မြို့သို့ ရောက်၍ ယော်ဒန်မြစ်၌ ဆုံးလေ၏။ ရွာနှင့်တကွ ဆယ် ခြောက်မြို့ရှိသတည်း။ 23 ဤရွေ့ကား မြို့ရွာပါလျက်
ဣသခါအမျိုးသား တို့သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 24 ပဉ္စမတကြိမ် စာရေးတံပြု၍ အာရှာအမျိုးသား တို့သည်
အဆွေအမျိုးအလိုက် အမွေခံရကြ၏။ 25 သူတို့အပိုင်းအခြားသည် ဟေလကတ်မြို့၊ ဟာလိမြို့၊ ဗေတင်မြို့၊ အာခရှပ်မြို့၊ 26
အာလမ္မေလက်မြို့၊ အာမဒ်မြို့၊ မိရှာလမြို့ပါ လျက်၊ အနောက်မျက်နှာ၌ ကရမေလမြို့၊ ရှိဟောရလိဗ နတ်မြို့သို့ ရောက်လေ၏။ 27
တဖန် နေထွက်ရာဘက်သို့လှည့်၍ ဗက်ဒါဂုန် မြို့၊ ဇာဗုလုန်ခရိုင်၊ ယိဖသေလချိုင့်ကို ရှောက်သဖြင့်၊ မြောက်မျက်နှာသို့သွား၍
ဗေသမက်မြို့၊ နယေလမြို့၊ ကာ ဗုလမြို့၊ 28 ဟေဗြုန်မြို့၊ ရဟောဘမြို့၊ ဟမ္မုန်မြို့၊ ကာနမြို့၊ ဇိဒုန်မြို့ကြီးတိုင်အောင်
ရောက်ပြီးလျှင်၊ 29 ရာမမြို့၊ ခိုင်ခံ့သောတုရုမြို့၊ ဟောသမြို့သို့ လှည့်လျက်၊ ပင်လယ်ကမ်းပါးမှစ၍ အာခဇိပ်မြို့တိုင် အောင်
ပင်လယ်၌ဆုံးလေ၏။ 30 အုမ္မာမြို့၊ အာဖက်မြို့၊ ရဟောဘမြို့နှင့်တကွ ရွာပါလျက် နှစ်ဆယ်နှစ်မြို့ရှိသတည်း။ 31 ဤရွေ့ကား
မြို့ရွာပါလျက် အာရှာအမျိုးသားတို့ သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 32 ဆဋ္ဌမတကြိမ် စာရေးတံပြု၍
နဿလိအမျိုး သားတို့သည် အဆွေအမျိုးအလိုက် အမွေခံရကြ၏။ 33 သူတို့အပိုင်းအခြားသည် ဟေလပ်မြို့၊ အာလုန်မြို့။
ဇာနန္နိမ်မြို့၊ အာဒမိမြို့၊ နေကပ်မြို့၊ ယာဗနေလမြို့၊ လာကုံမြို့ပါလျက် ယော်ဒန်မြစ်၌ ဆုံးလေ၏။ 34 တဖန် အနောက်မျက်နှာသို့
လှည့်သဖြင့် အာဇနုတ္တာဘော်မြို့၊ ဟုကုတ်မြို့သို့ရောက်၍၊ တောင် ဘက်၌ ဇာဗုလုန်ခရိုင်၊ အနောက်ဘက်၌ အာရှာခရိုင်၊
နေထွက်ရာဘက်၌ ယော်ဒန်မြစ်အပိုင်းအခြားရှိ၏။ 35 ခိုင်ခံ့သောမြို့များ ဟူမူကား၊ ဇိဒ္ဒိမ်မြို့၊ ဇေရမြို့၊ ဟမ္မတ်မြို့၊ ရက္ကတ်မြို့၊
ဂနေ်သရက်မြို့၊ 36 အာဒမာမြို့၊ ရာမမြို့၊ ဟာဇော်မြို့၊ 37 ကေဒေရှမြို့၊ အင်ဟာဇော်မြို့၊ ဒြေံမြို့၊ 38 ဣရုန်မြို့၊ မိဂဒလေလမြို့၊
ဟောရင်မြို့၊ ဗေသ နတ်မြို့၊ ဗက်ရှေမက်မြို့၊ ရွာနှင့်တကွ ဆယ်ကိုးမြို့တည်း။ 39 ဤရွေ့ကား မြို့ရွာပါလျက်၊ နဿလိအမျိုးသား
တို့သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 40 သတ္တမတကြိမ် စာရေးတံပြု၍ ဒန်အမျိုးသားတို့ သည် အဆွေအမျိုးအလိုက်
အမွေခံရကြ၏။ 41 သူတို့အမွေခံရသော မြို့များဟူမူကား၊ ဇောရာ မြို့၊ ဧရှတောလမြို့၊ ဣရရှေမက်မြို့၊ 42 ရှာလဗ္ဗိန်မြို့၊
အာယလုန်မြို့၊ ယေသလမြို့၊ 43 ဧလုန်မြို့၊ သိမနာသမြို့၊ ဧကြေန်မြို့၊ 44 ဧလတေကမြို့၊ ဂိဗ္ဗသုန်မြို့၊ ဗာလပ်မြို့၊ 45 ယေဟုတ်မြို့၊
ဗေနဗေရက်မြို့၊ ဂါသရိမ္မုန်မြို့၊ 46 မေယာကုန်မြို့၊ ရက္ကုန်မြို့၊ ယာဖေါမြို့ရှေ့မှာရှိ သော မြေပါသတည်း။ 47
ဒန်အမျိုးသားရသောမြေသည် ကျဉ်းမြောင်း သောကြောင့်၊ လဲရှမြို့ကို စစ်ချီ၍တိုက်ယူလုပ်ကြသဖြင့် နေရာချကြ၏။ လဲရှမြို့ကို၊
အမျိုး၏အဘဒန်ကို အစွဲပြု၍၊ ဒန်မြို့ဟူသောအမည်ဖြင့် မှည့်ကြ၏။ 48 ဤရွေ့ကား မြို့ရွာပါလျက်၊ ဒန်အမျိုးသားတို့ သည်
အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 49 ထိုသို့ ဣသရေလအမျိုးသားတို့သည် မြေတပြင် လုံးကို အပိုင်းအခြားနှင့်တကွ
ဝေဖန်၍ အမွေခံပြီးမှ၊ နုန်၏သားယောရှုအား အမွေမြေကို ပေးကြ၏။ 50 သူတောင်းသောမြို့ ဧဖရိမ်တောင်ပေါ်မှာ တိမ
နသေရမြို့ကို ထာဝရဘုရားအမိန့်တော်အတိုင်း ပေးသ ဖြင့်၊ သူသည် မြို့ကိုတည်ထောင်၍ နေလေ၏။ 51 ဤရွေ့ကား
ယဇ်ပုရောဟိတ်ဧလောဇာ၊ နုန်၏ သားယောရှု၊ ဣသရေလအမျိုးသားတို့တွင် အဆွေအမျိုး သူကြီးတို့သည်၊ ရှိလောမြို့မှာ


generated on Sun Jun 30 02:37:40 2024

ထာဝရဘုရားရှေ့ ပရိသတ် စည်းဝေးရာတဲတော်တံခါးနား၌ ဝေပေးသော အမွေခံ စရာမြေ အသီးသီးပေတည်း။ ဤရွေ့ကား၊ ပြည်ကို ဝေဖန်သောအမှု ပြီးလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 20

1 တဖန် ထာဝရဘုရားသည် ယောရှုကို ခေါ်တော်မူ၍၊ 2 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ငါသည်
မောရှေအားဖြင့် မှာထားသည် အတိုင်း၊ 3 လူအသက်ကို သတ်မည်ဟု အကြံမရှိဘဲ အမှတ် တမဲ့သတ်မိသောသူသည် ပြေး၍
မှီခိုရာမြို့တို့ကို ရွေး ထားကြလော့။ သေစားသေစေသောသူလက်နှင့် လွတ်၍ မှီခိုရာမြို့ ဖြစ်ရသတည်း။ 4 ထိုမြို့ တစုံတမြို့သို့
ပြေးသောသူသည် မြို့တံခါး ဝ၌ရပ်၍၊ ထိုမြို့၌ အသက်ကြီးသူတို့အား မိမိအမှုကို ကြား ပြောသောအခါ၊ သူတို့သည် မြို့ထဲသို့ခေါ်၍
သူတို့ထံမှာ နေရာချရကြမည်။ 5 သေစားသေစေသောသူသည် လိုက်လာလျှင်၊ သူ့လက်သို့ သတ်မိသောသူကို မအပ်ရ။ အကြောင်းမူ
ကား၊ ထိုသူသည် မိမိအဘော်ကို အငြိုးမထားဘဲ အမှတ် တမဲ့သတ်မိ၏။ 6 ထိုသူသည် ပရိသတ်ရှေ့သို့ရောက်၍ တရား စီရင်ခြင်းကို
မခံမှီသော်၎င်း၊ ထိုကာလ ယဇ်ပုရောဟိတ် မင်း မသေမှီသော်၎င်း ထိုမြို့၌နေရမည်။ ထိုနောက်မှ ပြန်လာ၍ အထက်ပြေးရသောမြို့၊
မိမိနေရင်းအိမ်၌ နေရသောအခွင့် ရှိရမည်ဟု မိန့်တော်မူသည်အတိုင်း၊ 7 သူတို့သည် ဂါလိလဲပြည်၊ နဿလိတောင်ပေါ်မှာ ကေဒေရှမြို့၊
ဧဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့၊ ယုဒ တောင်ပေါ်မှာ ဟေဗြုန်မြို့တည်းဟူသော ကိရယသာဘ မြို့တို့ကို၎င်း၊ 8 ယော်ဒန်မြစ်တဘက်၊
ယေရိခေါမြို့အရှေ့မှာ ရုဗင်ခရိုင်၊ တောလွင်ပြင်၌ ဗေဇာမြို့၊ ဂဒ်ခရိုင်၊ ဂိလဒ် ပြည်၌ ရာမုတ်မြို့၊ မနာရှေခရိုင်၊ ဗာရှန်ပြည်၌ ဂေါလန်
မြို့တို့ကို၎င်း ရွေးထားကြ၏။ 9 ဤမြို့တို့ကား၊ ဣသရေလအမျိုးသားဖြစ်စေ၊ သူတို့တွင် တည်းခိုသော တပါးအမျိုးသားဖြစ်စေ၊
အမှတ် တမဲ့ လူအသက်ကို သတ်မိသောသူသည် သေစားသေစေ သောသူလက်နှင့်လွတ်၍ ပရိသတ်ရှေ့သို့ မရောက်မှီတိုင် အောင်
ပြေးရသောအခွင့် ရှိစေခြင်းငှါ ရွေးထားသောမြို့ ဖြစ်သတည်း။

---

### Joshua 01

မောရှေ၏ လက်ဖြင့်
ဤနေရာ၌ "မောရှေ၏လက်" ဟူသည် မောရှေရေးသော တရားများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေရေးသောအရာများနှင့် စပ်လျဉ်း၍"။

သတ်မည်ဟု အကြံမရှိဘဲ အမှတ် တမဲ့သတ်မိ
လူတစ်ယောက်သည် အခြားသောသူကို မတော်တဆမှုဖြင့်ဖြစ်စေ၊ အကြံမရှိဘဲဖြစ်စေ သတ်မိခြင်းမျိုး ဖြစ်သည်။

သေစားသေစေသောသူလက်နှင့်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတယောက်၏ အသက်အတွက် လက်စားချေခြင်း"

### Joshua 04

ပြေးသောသူ
သူ၊ ဟူသောစကားလုံးသည် အကြံမရှိဘဲ သူတပါးအသက်ကို သတ်သောသူကို ရည်ညွှန်းသည်။

ထိုမြို့၌ အသက်ကြီးသူတို့အား မိမိအမှုကို ကြား ပြောသောအခါ၊ သူတို့သည် သူ့ကို မြို့ထဲသို့ခေါ်၍
သူသည် အကြံမရှိဘဲ သတ်သည်ဟူ၍ အသက်ကြီးသူတို့အား လက်ခံယုံကြည်စေသည်။ "သူတို့" ဟူသော စကားသည် သက်ကြီးသူတို့ကို ရည်ညွှန်း၍၊ "သူ့ကို" ဟူသော စကားလုံးသည် အကြံမရှိဘဲ အသက်သတ်သူကို ရည်ညွှန်းသည်။

သူတို့ထံမှာ နေရာချရကြမည်
အသက်ကြီးသူတို့သာ မဟုတ်ဘဲ မြို့ကိုပါ ရည်ညွှန်းသည်။

### Joshua 05

သေစားသေစေသောသူသည် လိုက်လာလျှင်
သေစားသေစေသောသူသည် သူတို့၏ သေခြင်းကို ရည်ညွှန်းသည်။ ၂၀း၃ တွင်မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်၏ အသက်အတွက် လက်စားချေခြင်း"။

မိမိအဘော်ကို အငြိုးမထားဘဲ အမှတ် တမဲ့သတ်မိ၏
သူ၏အဘော်ကို မတော်တဆ သတ်မိခဲ့သည်။

ထိုသူသည် ပရိသတ်ရှေ့သို့ရောက်၍
သူ၏ နိုင်ငံသား အချင်းချင်းတို့ရှေ့ သို့မဟုတ် ပရိသတ်ရှေ့တွင် တရားစီရင်ရေးအတွက် ရောက်ရှိခြင်းကို ရည်ညွှန်းသည်။

### Joshua 07

ယေဘုယျ အချက်အလက်
ဤအပိုင်းတွင် အမည်နာမအများကြီးရှိသည်။

ယောဒန်
ယောဒန်မြစ်၏ အတိုကောက်နာမည် ဖြစ်သည်။

### Joshua 09

သေစားသေစေ သောသူလက်နှင့်လွတ်၍
လက်နှင့်၊ ဟူသောစကားလုံးသည် ဤနေရာတွင် ဝရမ်းပြေးကို သတ်သော ကိုယ်စားလှယ်ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သောသူက သတ်ရလိမ့်မည် မဟုတ်"။


generated on Sun Jun 30 02:37:40 2024

သေစားသေစေ သောသူ
၂၀:၃ တွင် မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်၏
အသက်အတွက် လက်စားချေခြင်း"။

---

## Translation Questions

### Joshua 20:1

ထာဝရဘုရားသည် ယောရှုအား လူတို့ကိုမည်သည့်အကြောင်းပြောရန် မိန့်ကြားခဲ့သနည်း။
ထာဝရဘုရားသည် ယောရှုအား မှီခိုရာမြို့ကို ရွေးချယ်ရန် ပြောပါသည်။

မှီခိုရာမြို့ဆိုသည်မှာ မည်ကဲ့သို့ ဖြစ်သနည်း။
မှီခိုရာမြို့ဆိုသည်မှာ လူ့အသက်ကို မရည်ရွယ်ဘဲ သတ်မိသောသူများ ထွက်ပြေး၍ ခိုလှုံနိုင်သောမြို့ကို ခေါ်ပါသည်။

### Joshua 20:4

ထိုမြို့သို့ ပြေးသောသူသည် မိမိအမှုကို ကြားပြောသောအခါ မည်သူတို့အား ကြားပြောရမည်နည်း။
ထိုမြို့သို့ ပြေးသောသူသည် မိမိအမှုကို ကြားပြောသောအခါ အသက်ကြီးသောသူတို့အား ကြားပြောရမည်။

### Joshua 20:5

ထိုသူသည် ထွက်ပြေးပြီးနောက် တရားခွင်ထဲ ဝင်သောအခါ သူအိမ်သို့ ပြန်ခွင့်မပြုမှီ မည်သည့်အရာကို ပြုလုပ်ရမည်နည်း။
ထိုသူသည် ထိုကာလရှိ ယဇ်ပုရောဟိတ်မင်း မသေမှီအထိ ထိုမြို့မှ မထွက်ရပါ။

### Joshua 20:9

အစွပ်စွဲခံထားရသောသူသည် အသတ်ခံရသောသူ၏မိသားစုမှ လက်တုန့်ပြန် အသေသတ်ခြင်းမှ ရှောင်ကြဉ်ရန် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။
အစွပ်စွဲခံထားရသော သူသည် ရှေးဦးစွာ လူစုဝေးရာ ပရိသတ်ရှေ့ တရားခွင်ထဲသို့ ဝင်ရမည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 21

1 လေဝိသား အဆွေအမျိုးသူကြီးတို့သည်၊ ယဇ်ပု ရောဟိတ်ဧလောဇာ၊ နုန်၏သားယောရှု၊ ဣသရေလအမျိုး တို့တွင်
အဆွေအမျိုးသူကြီးတို့ထံသို့ ချဉ်းကပ်၍၊ 2 အကျွန်ုပ်တို့ နေစရာဘို့ မြို့တို့ကိုငင်း၊ တိရစ္ဆာန် များတို့မြို့နယ်တို့ကိုငင်း ပေးစေခြင်းငှါ
ထာဝရဘုရား သည် မောရှေအားဖြင့် မှာထားတော်မူပြီဟု ခါနာန်ပြည်၊ ရှိလောမြို့၌ ပြောဆိုကြလျှင်၊ 3 ဣသရေလအမျိုးသားတို့သည်
ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ မိမိတို့အမွေခံရသော မြေထဲ က၊ မြို့နှင့် မြို့နယ်တို့ကို ပေးကြ၏။ 4 စာရေးတံပြု၍
ကောဟတ်အဆွေအမျိုးတို့သည် အမွေခံရာတွင်၊ လေဝိသား ယဇ်ပုရောဟိတ် အာရုန်၏ သားမြေးတို့သည် စာရေးတံပြုသောအားဖြင့်၊
ယုဒခရိုင်၊ ရှိမောင်ခရိုင်၊ ဗယ်္ာမိန်ခရိုင်ထဲက ဆယ်သုံးမြို့ကို ရကြ၏။ 5 ကြွင်းသော ကောဟတ်သားတို့သည် ဧဖရိမ် ခရိုင်၊ ဒန်ခရိုင်၊
မနာရှေခရိုင် ဝက်ထဲက ဆယ်မြို့ကို ရကြ၏။ 6 ဂေရရှုံသားတို့သည် စာရေးတံပြုသောအားဖြင့်၊ ဣသခါခရိုင်၊ အာရှာခရိုင်၊
နဿလိခရိုင်၊ ဗာရှန်ပြည်၌ မနာရှေခရိုင်ဝက်ထဲက၊ ဆယ်သုံးမြို့ကို ရကြ၏။ 7 မေရာရိသားတို့သည် အဆွေအမျိုးအလိုက် ရုဗင်ခရိုင်၊
ဂဒ်ခရိုင်၊ ဇာဗုလုန်ခရိုင်ထဲက၊ ဆယ်နှစ်မြို့ကို ရကြ၏။ 8 ထာဝရဘုရားသည် မောရှေအားဖြင့် မှာထား တော်မူသည်အတိုင်း၊
ဣသရေလအမျိုးသားတို့သည် စာရေးတံပြု၍ ထိုမြို့တို့ကို မြို့နယ်နှင့်တကွ လေဝိသား တို့အား ပေးကြ၏။ 9 ယုဒအမျိုးသားခရိုင်၊
ရှိမောင်အမျိုးသားခရိုင်ထဲ က ပေး၍ လေဝိသားဖြစ်သော ကောဟတ်အဆွေအမျိုး၊ 10 အာရုန်၏သားမြေးတို့သည် ပဌမစာရေးတံ
အားဖြင့်ရသော မြို့တို့၏ အမည်များဟူမူကား၊ 11 ယုဒခရိုင်တောင်ကြား၌ ဟေဗြုန်မြို့တည်းဟူ သော အာနကအဘ
အာဘနေသောမြို့ကို မြို့နယ်နှင့် တကွ ပေးကြ၏။ 12 သို့ရာတွင် မြို့နှင့်ဆိုင်သော လယ်များ၊ ရွာများ တို့ကို ယေဖုန္နာ၏သား
ကာလက်အား အပိုင်ပေးကြ၏။ 13 လူ့အသက်ကို သတ်မိသောသူ မှီခိုရာမြို့ဖြစ်စေ ခြင်းငှါ၊ ဟေဗြုန်မြို့ကို မြို့နယ်နှင့်တကွ
ယဇ်ပုရောဟိတ် အာရုန်၏သားမြေးတို့အား ပေးကြ၏။ 14 ထိုမှတပါး၊ လိဗနမြို့နှင့်မြို့နယ်၊ ယတ္တိရမြို့နှင့် မြို့နယ်၊ ဧရှတေမောမြို့နှင့်
မြို့နယ်၊ 15 ဟောလုန်မြို့နှင့် မြို့နယ်၊ ဒေဗိရမြို့နှင့် မြို့နယ်၊ 16 အဣနမြို့နှင့် မြို့နယ်၊ ယုတ္တာမြို့နှင့် မြို့နယ်၊ ဗက်ရှေမက်မြို့နှင့်
မြို့နယ်တည်းဟူသော ထိုခရိုင်နှစ်ခရိုင် ထဲက ကိုးမြို့တို့ကိုငင်း၊ 17 ဗယ်္ာမိန်ခရိုင်ထဲက ဂိဗောင်မြို့နှင့် မြို့နယ်၊ ဂေဗမြို့နှင့် မြို့နယ်၊ 18
အာနသုတ်မြို့နှင့် မြို့နယ်၊ အာလမုန်မြို့နှင့် မြို့နယ်တည်းဟူသော လေးမြို့တို့ကိုငင်း ပေးကြ၏။ 19 အာရုန်၏သားမြေး
ယဇ်ပုရောဟိတ်တို့ရသော မြို့ပေါင်းကား၊ မြို့နယ်ပါသောမြို့ ဆယ်သုံးမြို့ရှိသတည်း။ 20 ကြွင်းသောကောဟတ်သား
အဆွေအမျိုးဖြစ် သော လေဝိသားတို့သည် စာရေးတံပြု၍ ဧဖရိမ်ခရိုင်ထဲ က ရသည်အတိုင်း၊ 21 လူ့အသက်ကို
သတ်မိသောသူမှီခိုရာမြို့ ဖြစ်စေ ခြင်းငှါ၊ ဧဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့ကို မြို့နယ်နှင့် တကွ ပေးကြ၏။ 22 ထိုမှတပါး
ဂေဇာမြို့နှင့်မြို့နယ်၊ ကိဗဇိမ်မြို့နှင့် မြို့နယ်၊ ဗေသောရုန်မြို့နှင့် မြို့နယ်တည်းဟူသော လေး မြို့တို့ကိုငင်း၊ 23 ဒန်ခရိုင်ထဲက
ဧလတေကမြို့နှင့် မြို့နယ်၊ ဂိဗ္ဗိ သုန်မြို့နှင့် မြို့နယ်၊ 24 အာဇလုန်မြို့နှင့် မြို့နယ်၊ ဂါသရိမ္မုန်မြို့နှင့် မြို့နယ်တည်းဟူသော
လေးမြို့တို့ကိုငင်း၊ 25 မနာရှေခရိုင်ဝက်ထဲက တာနက်မြို့နှင့် မြို့နယ်၊ ဂါသရိမ္မုန်မြို့နှင့် မြို့နယ်တည်းဟူသော နှစ်မြို့တို့ကိုငင်း
ပေးကြ၏။ 26 ကြွင်းသော ကောဟတ်သားအဆွေအမျိုးတို့ သည် ရသောမြို့နယ်နှင့်တကွ မြို့ပေါင်းကား ဆယ်မြို့ တည်း။ 27
လေဝိအဆွေအမျိုး၊ ဂေရရှုံသားတို့အားလည်း၊ မနာရှေခရိုင်ဝက်ထဲက လူ့အသက်ကို သတ်မိသောသူ မှီခိုရာမြို့၊ ဗာရှန်ပြည်၌
ဂေါလန်မြို့နှင့် မြို့နယ်၊ ဗေရှတေ ရမြို့နှင့် မြို့နယ်တည်းဟူသော နှစ်မြို့တို့ကိုငင်း၊ 28 ဣသခါခရိုင်ထဲက ကိရှုန်မြို့နှင့် မြို့နယ်၊
ဒါဗရေ မြို့နှင့် မြို့နယ်၊ 29 ယာမုတ်မြို့နှင့် မြို့နယ်၊ အင်္ဂန္နိမ်မြို့နှင့်မြို့နယ် တည်းဟူသော လေးမြို့တို့ကိုငင်း၊ 30 အာရှာခရိုင်ထဲက
မိရှလမြို့နှင့်မြို့နယ်၊ အာဗ ဒုန်မြို့နှင့် မြို့နယ်၊ 31 ဟေလကတ်မြို့နှင့် မြို့နယ်၊ ရဟောဘမြို့နှင့် မြို့နယ်တည်းဟူသော
လေးမြို့တို့ကိုငင်း၊ 32 နဿလိခရိုင်ထဲက၊ လူ့အသက်ကို သတ်မိသော သူမှီခိုရာမြို့၊ ဂါလိလဲပြည်၌ ကေဒေရှမြို့နှင့် မြို့နယ်၊
ဟမ္မုဒ္ဒေါ်မြို့နှင့် မြို့နယ်၊ ကာတံမြို့နှင့် မြို့နယ်တည်းဟူ သော သုံးမြို့တို့ကိုငင်း ပေးကြ၏။ 33 ဂေရရှုံသားတို့သည်၊
အဆွေအမျိုးအလိုက်ရ သော မြို့နယ်နှင့်တကွ မြို့ပေါင်းကား ဆယ်သုံးမြို့တည်း။ 34 ကြွင်းသော လေဝိသား၊ မေရာရိအဆွေအမျိုးတို့
အား ဇာဗုလုန်ခရိုင်ထဲက ယောကနံမြို့နှင့် မြို့နယ်၊ ကာတမြို့နှင့်မြို့နယ်၊ 35 ဒိမနမြို့နှင့် မြို့နယ်၊ နဟာလာလမြို့နှင့်မြို့နယ်
တည်းဟူသော လေးမြို့တို့ကိုငင်း၊ 36 ရုဗင်ခရိုင်ထဲက လူ့အသက်ကို သတ်မိသောသူ မှီခိုရာမြို့၊ တော၌ ဗေဇာမြို့နှင့် မြို့နယ်၊
ယဟာဇမြို့နှင့် မြို့နယ်၊ 37 ကေဒမုတ်မြို့နှင့်မြို့နယ်၊ မေဖတ်မြို့နှင့် မြို့နယ် တည်းဟူသော လေးမြို့တို့ကိုငင်း၊ 38 ဂဒ်ခရိုင်ထဲက၊
လူ့အသက်ကို သတ်မိသောသူမှီ ခိုရာမြို့၊ ဂိလဒ်ပြည်၌ ရာမုတ်မြို့နှင့် မြို့နယ်၊ မဟာနိမ်မြို့ နှင့် မြို့နယ်၊ 39 ဟေရှဘုန်မြို့နှင့် မြို့နယ်၊
ယာဇာမြို့နှင့် မြို့နယ် တည်းဟူသော လေးမြို့တို့ကိုငင်း ပေးကြ၏။ 40 ကြွင်းသောလေဝိအဆွေအမျိုး မေရာရိသားတို့ သည်
စာရေးတံပြု၍ အဆွေအမျိုးအလိုက်ရသော မြို့ နယ်နှင့်တကွ မြို့ပေါင်းကား ဆယ်နှစ်မြို့တည်း။ 41 ဣသရေလအမျိုးသားနေရာ
နိုင်ငံအဝင်၊ လေဝိသားနေသော မြို့ပေါင်းကား၊ မြို့နယ်နှင့်တကွ လေးဆယ်ရှစ်မြို့တည်း။ 42 ထိုမြို့ရှိသမျှတို့သည်
ပတ်ဝန်းကျင်နယ်နှင့် ပြည့် စုံလျက်ရှိသတည်း။ 43 ထာဝရဘုရားကလည်း၊ ငါပေးမည်ဟု ဘိုးဘေး တို့အား ကျိန်ဆိုတော်မူသော
ပြည်ရှိသမျှကို ဣသရေလ အမျိုးသားတို့အား ပေးတော်မူသဖြင့်၊ သူတို့သည် သိမ်းယူ ၍ နေရာကျကြ၏။ 44 ဘိုးဘေးတို့အား
ကျိန်ဆိုတော်မူသမျှအတိုင်း၊ ပတ်ဝန်းကျင်အရပ်တို့၌ ငြိမ်ဝပ်ရာအခွင့်ကို ပေးတော်မူ သဖြင့်၊ သူတို့ရှေ့မှာ အဘယ်ရန်သူမျှမရပ်နိုင်။

ရန်သူ အပေါင်းတို့ကို သူတို့လက်သို့ အပ်တော်မူ၏။ 45 ထာဝရဘုရားသည် ဣသရေလအမျိုးအဘို့ မိန့်တော်မူသော
ကောင်းကျိုးတစုံတပါးမျှမလျော့၊ ရှိသမျှ တို့သည် ပြည့်စုံကြ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 22

[1] တဖန် ယောရှုသည် ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တို့ကို ခေါ်၍၊ [2] ထာဝရဘုရား၏ကျွန် မောရှေမှာထားသမျှ အတိုင်း၊
သင်တို့သည် ပြု၍၊ ငါမှာထားသမျှသော စကား ကိုလည်း နားထောင်ကြပြီ။ [3] ယနေ့တိုင်အောင် ကြာမြင့်စွာသောကာလပတ် လုံး
သင်တို့သည် ညီအစ်ကိုများကို မစွန့်ဘဲနေ၍၊ သင်တို့ ဘုရားသခင် ထာဝရဘုရား စီရင်မှာထားတော်မူသမျှကို စောင့်ရှောက်ကြပြီ။ [4]
ယခုမှာ သင်တို့၏ဘုရားသခင် ထာဝရဘုရား ဂတိတော်ရှိသည်အတိုင်း၊ ညီအစ်ကိုတို့အား ငြိမ်သက် ခြင်းအခွင့်ကို
ပေးတော်မူသောကြောင့်၊ သင်တို့ပြန်၍ ကိုယ်နေရာအိမ်သို့၎င်း၊ ယော်ဒန်မြစ်တဘက်၌ ထာဝရ ဘုရား၏ကျွန်
မောရှေပေးသည်အတိုင်း၊ ကိုယ်ပိုင်သော မြေသို့၎င်း သွားကြလော့။ [5] သို့ရာတွင် ထာဝရဘုရား၏ကျွန် မောရှေမှာ ထားသော
ပညတ်တရားအတိုင်း ကျင့်၍၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ် ခြင်း၊ လမ်းတော်အလုံးစုံတို့၌
လိုက်သွားခြင်း၊ ပညတ် တော်တို့ကို စောင့်ရှောက်ခြင်း၊ ကိုယ်တော်၌ ဆည်းကပ် ခြင်း၊ အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ကြိုးစား၍
သတိပြု ကြလော့ဟု မှာထားလျက်၊ [6] ကောင်းကြီးပေး၍ လွှတ်လိုက်လေ၏။ သူတို့ သည် ကိုယ်နေရာအိမ်သို့ သွားကြ၏။ [7]
မနာရှေအမျိုးတဝက်အား မောရှေသည် ဗာရှန် ပြည်၌ မြေကိုပေးနှင့်ပြီ။ အမျိုးတဝက်အား ယောရှုသည် ယော်ဒန်မြစ်အနောက်ဘက်၌
သူတို့ညီအစ်ကိုများနှင့် အတူ မြေကို ပေး၏။ [8] ယောရှုကလည်း၊ သင်တို့သည် အလွန်ဥစ္စာရ တတ်၍ များစွာသော တိရစ္ဆာန်၊ ရွှေ၊ ငွေ၊
ကြေးဝါ၊ သံ၊ အဝတ်တန်ဆာများတို့ကို ယူဆောင်လျက် သင်တို့နေရာ အိမ်သို့ ပြန်သွားကြလော့။ ရန်သူတို့၌ လုယူ၍ရသော ဥစ္စာကို
သင်တို့ညီအစ်ကိုများ၌ ဝေဖန်ကြလော့ဟု မှာ ထားလျက်၊ ကောင်းကြီးပေး၍ သူတို့နေရာအိမ်သို့ လွှတ် လိုက်လေ၏။ [9]
ထာဝရဘုရားသည် မောရှေအားဖြင့် မိန့်တော်မူ သည်အတိုင်း၊ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်တို့သည်
ပိုင်ထိုက်သောမြေ၊ ဂိလဒ်ပြည်သို့ သွား ခြင်းငှါ၊ ခါနာန်ပြည်၊ ရှိလော မြို့မှ ထွက်သွားကြ၏။ [10]
ခါနာန်ပြည်၊ ယော်ဒန်မြစ်နားသို့ ရောက်သော အခါ၊ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တို့ သည် ယော်ဒန်မြစ်နားမှာ
ထင်ရှားစွာသော ယဇ်ပလ္လင် ကြီးကို တည်ကြ၏။ [11] ထိုသို့ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်တို့သည် ခါနာန်ပြည်တဘက်၊
ယော်ဒန်မြစ်နား၊ ဣသရေလအမျိုးသားကူးရာအရပ်၌ ယဇ်ပလ္လင်ကို တည် ကြပြီဟု ဣသရေလအမျိုးသားတို့သည် သိတင်းကြားကြ
၏။ [12] ထိုသိတင်းကို ကြားသောအခါ၊ ဣသရေလ အမျိုးသား ပရိသတ်အပေါင်းတို့သည် စစ်ချီခြင်းငှါ၊ ရှိလောမြို့၌ စည်းဝေးကြ၏။
[13] ဣသရေလအမျိုးသားတို့သည်၊ [14] ယဇ်ပုရောဟိတ်ဧလာဇာသား ဖိနဟတ်နှင့် တကွ၊ ဣသရေလအမျိုး အသီးအသီးတို့အထဲက
ရွေး ကောက်၍၊ လူတထောင်ကို အုပ်သော အဆွေအမျိုး သူကြီးဆယ်ပါးတို့ကို ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်ရှိရာ
ဂိလဒ်ပြည်သို့ စေလွှတ်ကြ၏။ [15] ထိုမင်းတို့သည် ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေ အမျိုးတဝက်ရှိရာ ဂိလဒ်ပြည်သို့ရောက်၍၊ [16]
ထာဝရဘုရား၏ ပရိသတ်အပေါင်းတို့ မှာလိုက် သည်ကား၊ သင်တို့သည် ထာဝရဘုရားကို ယနေ့ပုန်ကန် ၍ ယဇ်ပလ္လင်ကို တည်သဖြင့်၊
ထာဝရဘုရားနောက်တော် သို့ မလိုက်၊ ယနေ့ လွှဲသွားခြင်းငှါ ဣသရေလအမျိုး၏ ဘုရားသခင်ကို ပြစ်မှားသောအပြစ်ကား
အဘယ်သို့နည်း။ [17] သင်တို့သည် ထာဝရဘုရားနောက်တော်သို့ မလိုက် လွှဲသွားရမည်အကြောင်း၊ ပေဂုရအပြစ်သည် ငါတို့အဘို့
မလောက်သလော။ ထာဝရဘုရား၏ ပရိသတ် တော်၌ ဘေးကြီးရောက်သော်လည်း၊ ယနေ့တိုင်အောင် ထိုအပြစ် မရှင်းလင်းသေး။ [18]
သင်တို့သည် ထာဝရဘုရားကို ယနေ့ ပုန်ကန်၍ နက်ဖြန်နေ့ ဣသရေလအမျိုး ပရိသတ်အပေါင်းတို့ကို အမျက်ထွက်တော်မူမည်။ [19]
သို့သော်လည်း သင်တို့အပိုင်ရသောမြေသည် မစင်ကြယ်လျှင်၊ ထာဝရဘုရားအပိုင်ယူတော်မူ၍၊ တဲ တော်ရှိရာမြေသို့ ကူးသဖြင့်
ငါတို့နှင့်အတူ အပိုင်ယူကြ လော့။ ငါတို့ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင် တော်မှတပါး၊ အခြားသော ယဇ်ပလ္လင်ကို ကိုယ်အဘို့
တည်၍ ထာဝရဘုရားကို မပုန်ကန်ကြနှင့်။ ငါတို့ကို လည်း မပုန်ကန်ကြနှင့်။ [20] ဇေရသား အာခန်သည် ကျိန်အပ်သောအရာ၌ ပြစ်မှား၍
အမျက်တော်သည် ဣသရေလအမျိုး ပရိသတ် အပေါင်းတို့အပေါ်မှာ ရောက်သည် မဟုတ်လော။ ထိုသူ သည်
ပြစ်မှားသောအပြစ်ကြောင့် တယောက်တည်းသာ သေရသည် မဟုတ်ဟု ဆိုကြ၏။ [21] ထိုအခါ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး
တဝက်တို့သည် ဣသရေလအမျိုးတွင် လူတထောင်စီအုပ် သော အကဲအမှူးတို့အား ပြန်ပြောလေသည်မှာ၊ [22] မြတ်စွာဘုရားသခင်
ထာဝရဘုရား၊ မြတ်စွာဘုရား သခင် ထာဝရဘုရားသည် ကိုယ်တော်တိုင် သိတော်မူ၏။ ဣသရေလအမျိုးလည်း
ကိုယ်တိုင်သိရလိမ့်မည်။ ပုန်ကန် မည်အကြံ၊ ထာဝရဘုရားကို ပြစ်မှားမည်အကြံရှိ၍၊ ထာဝရဘုရားနောက်တော်သို့ မလိုက်ဘဲ
လွှဲသွားခြင်းငှါ ငါတို့သည် ယဇ်ပလ္လင်ကို တည်သည်မှန်လျှင်၊ ယနေ့ ဘေးမလွတ်ပါစေနှင့်။ [23] ထိုပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်၊
ဘောဇဉ်ပူဇော် သက္ကာ၊ မိဿဟာယ ပူဇော်သက္ကာကို ပူဇော်မည်အကြံ ရှိလျှင်လည်း ထာဝရဘုရားသည် ကိုယ်တော်တိုင် စစ်
ကြောတော်မူပါစေ။ [24] နောင်ကာလ၌ သင်တို့သားမြေးတို့က၊ အိုရုဗင် အမျိုးသား၊ ဂဒ်အမျိုးသားတို့၊ သင်တို့သည် ဣသရေလ
အမျိုး၏ ဘုရားသခင် ထာဝရဘုရားနှင့် အဘယ်သို့ ဆိုင် ကြသနည်း။ [25] ထာဝရဘုရားသည် ငါတို့နှင့် သင်တို့စပ်ကြား၌
ပိုင်းခြားလျက် ယော်ဒန်မြစ်ကို ထားတော်မူပြီ။ သင်တို့ သည် ထာဝရဘုရားနှင့် အလျှင်းမဆိုင်ကြဟု ငါတို့သား မြေးတို့အား
ပြောဆိုသဖြင့်၊ ငါတို့သားမြေးတို့သည် ထာဝရဘုရားကို မကြောက်ရွံ့ဘဲ နေစေမည်အကြောင်း၊ သင်တို့သားမြေးတို့သည်
ပြုကြမည်ဟု စိုးရိမ်၍ ဤအမှုကို ပြုပြီမဟုတ်လော။ [26] သို့ဖြစ်၍ ငါတို့သည် ယဇ်ပလ္လင်ကို တည်ခြင်းငှါ ပြင်ကြကုန်အံ့ဟု
ဆိုကြသောအခါ၊ မီးရှို့ရာယဇ်အစရှိ သော ယဇ်မျိုးကို ပူဇော်မည်အကြံရှိသည်မဟုတ်။ [27] ငါတို့သည် မီးရှို့ရာယဇ် အစရှိသော
ယဇ်မျိုး၊ မိဿဟာယ ပူဇော်သက္ကာအမျိုးမျိုးကို ပြုသဖြင့်၊ ထာဝရ ဘုရားအမှုကို ရှေ့တော်၌ ဆောင်ရွက်ခြင်းငှါ၎င်း၊ နောင် ကာလ၌


generated on Sun Jun 30 02:37:40 2024

သင်တို့သားမြေးတို့က၊ သင်တို့သည် ထာဝရ ဘုရားနှင့် အလျှင်းမဆိုင်ကြဟု ငါတို့သားမြေးတို့အား မပြောစေခြင်းငှါဒင်း၊
ဤယဇ်ပလ္လင်သည် ငါတို့နှင့် သင်တို့စပ်ကြား၊ ငါတို့သားမြေးနှင့် သင်တို့သားမြေးစပ် ကြားမှာ သက်သေဖြစ်စေခြင်းငှါ တည်ကြပါပြီ။
28 နောင်ကာလ၌ သူတို့သည် ငါတို့နှင့် ငါတို့သား မြေးတို့အား ထိုသို့ပြောဆိုလျှင်၊ ငါတို့က ငါတို့အဘတို့သည် မီးရှို့ရာယဇ် အစရှိသော
ယဇ်မျိုးကို ပူဇော်ခြင်းငှါမဟုတ်၊ ငါတို့နှင့်သင်တို့စပ်ကြားမှာ သက်သေဖြစ်စေခြင်းငှါ တည်သော ထာဝရဘုရား၏ ယဇ်ပလ္လင်ပုံကို
ကြည့်ကြ လော့ဟု ပြန်ပြောစရာအကြောင်း ရှိစေခြင်းငှါ ငါတို့သည် တိုင်ပင်ကြပြီ။ 29 တဲတော်ရှေ့၌ရှိသော ငါတို့ဘုရားသခင် ထာဝရ
ဘုရား၏ ယဇ်ပုလ္လင်တော်မှတပါး အခြားသောယဇ်ပုလ္လင် ကို တည်၍ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုး၊ ဘောဇဉ် ပူဇော်သက္ကာမျိုးကို
ပြုသဖြင့်၊ ထာဝရဘုရားကို ပုန်ကန်၍ နောက်တော်သို့မလိုက် လွှဲသွားခြင်းအမှုသည် ငါတို့နှင့် ဝေးပါစေသောဟု ပြန်ပြောကြ၏။ 30
ယဇ်ပုရောဟိတ်ဖိနဟတ်နှင့် ပရိသတ်မင်းများ၊ ဣသရေလအမျိုး၌ လူတထောင်စီအုပ်သော အကဲအမှူး များတို့သည် ရုဗင်အမျိုး၊
ဂဒ်အမျိုး၊ မနာရှေအမျိုးသားတို့ ပြောသောစကားကို ကြားရသောအခါ အားရကြ၏။ 31 ယဇ်ပုရောဟိတ် ဧလောဇာသား ဖိနဟတ်က
လည်း၊ သင်တို့သည် ထာဝရဘုရားကို မပြစ်မှားသော ကြောင့်၊ ထာဝရဘုရားသည် ငါတို့တွင် ရှိတော်မူကြောင်း ကို ယနေ့ ငါတို့
သိမြင်ကြ၏။ သင်တို့သည် ဣသရေလ အမျိုးသားတို့ကို ထာဝရဘုရားလက်တော်မှ ယခုကယ် လွှတ်ကြပြီဟု ရုဗင်အမျိုး၊ ဂဒ်အမျိုး၊
မနာရှေအမျိုးသား တို့အား ပြောဆိုကြ၏။ 32 ထိုအခါ ယဇ်ပုရောဟိတ် ဧလောဇာသား ဖိနဟတ် နှင့် မင်းများတို့သည် ရုဗင်အမျိုး၊
ဂဒ်အမျိုးသားတို့နေရာ ဂိလဒ်ပြည်မှ ဣသရေလအမျိုးသားနေရာ ခါနာန်ပြည်သို့ ပြန်လာ၍ သိတင်းကြားပြောသဖြင့်၊ 33
ဣသရေလအမျိုးသားတို့သည် ဝမ်းမြောက်ခြင်း ရှိ၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ နောက်တဖန် ရုဗင်အမျိုး၊
ရောက်ပြီးမှ
အခြားသောဘာသာပြန်ချက်၊ "သူသည် စိရပ်သို့ ရောက်လာသောအခါ"။

Judges 28

ယေဘုယျအချက်အလက်
ဧဖရိမ်၌ ဧဟုသည် လူအပေါင်းတို့ထံသို့ စကားပြောလေ၏။

ထာဝရဘုရားသည် သင်တို့၏ရန်သူတို့ကို သင်တို့လက်၌ အပ်တော်မူမည်
ထာဝရဘုရားသည် ဣသရေလအမျိုးတို့ သူတို့၏ ရန်သူများကို နိုင်စေရန် ကူညီတော်မူခြင်းကို ထာဝရဘုရားသည် စစ်သည်တော်ကဲ့သို့ စစ်တိုက်၍ ရန်သူများကို နိုင်တော်မူသကဲ့သို့ ဖော်ပြသည်။

နေရာကောင်းများ သိမ်းယူသည်
"နေရာကောင်းများကို အုပ်စိုးခြင်း"

နေရာကောင်းများ
မြစ်ရေနေရာတလျှောက်၊ သွားလာရန် လွယ်ကူသောနေရာ ဖြစ်သည်။

လူတစုံတယောက်ကိုမျှ မကူးစေရ
"မည်သူကိုမျှ မကူးစေရ"

လူတသောင်း
"လူ ၁၀၀၀၀"

ခွန်အားကြီးသောလူ
"တတ်နိုင်သောသူ" သို့မဟုတ် "စစ်တိုက်နိုင်သောသူ"

မောဘအမျိုးသည် ဣသရေလအမျိုးလက်၌ ရှုံးသဖြင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ဣသရေလအမျိုးစစ်သည်တော်များသည် မောဘအမျိုးတို့ကို နိုင်ကြ၏"။

ဣသရေလအမျိုးတို့၏ ခွန်အား
ဤနေရာ၌ "ခွန်အား" ဟူသောစကားလုံးသည် ဣသရေလစစ်သည်တော်ကို ရည်ညွှန်းသည်။

တပြည်လုံး ငြိမ်းလေ၏
ဤနေရာ၌ "ပြည်" ဟူသောစကားလုံးသည် လူအပေါင်းတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးတို့သည် ငြိမ်သက်စွာနေကြ၏"။

အနှစ်ရှစ်ဆယ်
"အနှစ် ၈၀"

Judges 31

တရားသူကြီး
ဣသရေလအမျိုးတို့သည် ခါနန်ပြည်ကိုဝင်၍ ရှင်ဘုရင်များမရှိခင် သူတို့ကို ဦးဆောင်စေရန် တရားသူကြီးများကို ဘုရားသခင်က ခန့်ထားတော်မူ၏။ တရားသူကြီးများက ဣသရေလအမျိုးတို့ကို သူတို့၏ ရန်သူများလက်ထဲမှ အစဉ်အမြဲ ကယ်နှုတ်လေ့ရှိ၏။

ရှံဂါ
လူ၏ အမည်ဖြစ်သည်။

အာနတ်
လူ၏ အမည်ဖြစ်သည်။

| | |
|---|---|
| တုတ်ချွန်<br>"ရွှေ့သည်" သို့မဟုတ် "လမ်းပြသည်" | ဣသရေလအမျိုးသားတို့ကို ကယ်လွှတ်လေ၏<br>အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဣသရေလအမျိုးတို့ကို သူတို့၏ ရန်သူများလက်မှ ကယ်နှုတ်တော်မူ၏"။ |

# Translation Questions

## Judges 3:1

ထာဝရဘုရားသည် ဣသရေလအမျိုးသားများကို ဘာကြောင့် စုံစမ်းရန် ချန်ခဲ့သနည်း။

ထာဝရဘုရားသည်ခါနာန်ပြည်၌ တိုက်သော စစ်မှုရှိသမျှတို့ကို မသိသော ဣသရေလအမျိုးသားအပေါင်းတို့ကို စုံစမ်းခြင်းငှါ စစ်မှုကို မသိသော ဣသရေလအမျိုးသားအစဉ်အဆက်တို့သည် စစ်အတတ်ကို သင်၍ တတ်စေခြင်းငှါ ချန်ထားခဲ့သည်။

## Judges 3:4

ထာဝရဘုရားသည် ဘာလုပ်စေချင်၍ လူမျိုးများကိုချန်ထားခဲ့သနည်း။

ထာဝရဘုရားသည် မောရှေအားဖြင့် ဘိုးဘေးတို့ကို မှာထားတော်မူသော ပညတ်များအတိုင်း ကျင့်မည် မကျင့်မည်ကို ထင်ရှားစေခြင်းငှါ ဣသရေလအမျိုးကို စုံစမ်းဘို့ရာ ချန်ခဲ့ခြင်းဖြစ်သည်။

## Judges 3:7

ဣသရေလလူများက အဘယ်အရာကို ကိုးကွယ်ကြသနည်း။

ဣသရေလလူများသည် ဗာလဘုရားများနှင့် အာရှရပင်များကို ကိုးကွယ်ခဲ့ကြသည်။

## Judges 3:9

ဣသရေလလူမျိုးများကို ကယ်တင်ရန် မည်သူက ပထမဆုံး ထာဝရဘုရားထံ အကူအညီတောင်းသနည်း။

ထာဝရဘုရားသည်ကေနတ်၏သားဩသံယေလနှင့် ကာလက်၏ညီ တို့ကို ပထမဆုံး ကယ်တင်ခဲ့သည်။

## Judges 3:12

မောဘရှင်ဘုရင် ဧဂလုန်ကို မည်သူက ခွန်အားပေးခဲ့သနည်း။

မောဘရှင်ဘုရင် ဧဂလုန်ကို ထာဝရဘုရားက ခွန်အားပေးခဲ့သည်။

## Judges 3:15

မည်သည့်အချိန်၌ ဧဟုဒကို ဣသရေလလူများကို ကယ်တင်ရန် ထာဝရဘုရားပေါ်ထွန်းစေသနည်း။

ထာဝရဘုရားကို ဣသရေလလူတို့အော်ဟစ်သောအခါထာဝရဘုရားသည် ဧဟုဒကို ဣသရေလလူများကို ကယ်တင်ရန် ပေါ်ထွန်းစေသည်။

## Judges 3:16

ဧဟုဒသည် ဘယ်နေရာတွင် သန်လျက်ကို စည်းထားသနည်း။

ဧဟုဒသည် သန်လျက်ကို လက်ျာပေါင်အဝတ်တွင်း၌ စည်းထားပါသည်။

## Judges 3:19

ဧဟုဒသည် ဘုရင်ကို သတင်းစကားပြောသောအခါ ဧဟုနှင့်အတူ ဘယ်သူရှိသနည်း။

ဧဟုဒနှင့်ဘုရင်သာလျှင် ထိုနေရာတွင်ရှိပါသည်။

## Judges 3:21

ဘာကြောင့် ဆီဥသည် သံလျက်ကို လွှမ်းသနည်း။

ဧဟုဒသည် သံလျက်ကို ဘုရင်၏ဝမ်းထဲမှ မဆွဲထုတ်သောကြောင့် ဆီဥသည် သံလျက်ကို လွှမ်းခဲ့သည်။

## Judges 3:24

ရှင်ဘုရင်၏ အစေခံများသည် နန်းတော်တံခါး၌ သော့ခတ်လျက် ရှိသည်ကို မြင်လျှင် ဘာတွေးထင်ခဲ့သနည်း။

ရှင်ဘုရင်၏ အစေခံများသည် နန်းတော်တံခါး၌ သော့ခတ်လျက် ရှိသည်ကို မြင်လျှင် နွေနန်းဆောင်၌ စက်တော်ခေါ်နေသည် ဟုတွေးထင်ခဲ့ကြသည်။

## Judges 3:26

ဘယ်အချိန်တွင် ဧဟုဒသည် ဘေးမှလွတ်မြောက် ခဲ့သနည်း။

အစေခံများ သူတို့ဘာလုပ်ရမည်ကို စောင့်ဆိုင်းနေစဉ် ဧဟုဒသည် ဘေးမှလွတ်မြောက်ခဲ့သည်။

## Judges 3:28

ဣသရေလအမျိုးသားများသည် မောဘလူတို့ကို မြစ်ကိုကူးရာတွင် ဘယ်လိုဆီးတားခဲ့သနည်း။

ဣသရေလအမျိုးသားများသည် ယော်ဒန်မြစ်ကူးရာ မောဘပြည်သို့ သွားရာလမ်း ကိုဆီးတားခဲ့သည်။



generated on Sun Jun 30 02:37:40 2024

Judges 3:31

ဖိလိတ္တိလူခြောက်ရာကို ရှံဂါသည်ဘာနှင့်သတ်ခဲ့သနည်း။
ဖိလိတ္တိလူခြောက်ရာကို ရှံဂါက
နွားကျောင်းသည့်တုတ်ချွန်နှင့်သတ်ခဲ့သည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 4

1 ဧဟုဒသေသောနောက်၊ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား ရှေ့တော်၌ တဖန် ဒုစရိုက်ကို ပြုသောကြောင့်၊ 2
ထာဝရဘုရားသည် ဟာဇော်မြို့၌ မင်းပြုသော ခါနာန်ရှင်ဘုရင်ရာဘိန်၌ ရောင်းတော်မူ၏။ သူ့ခန့်ထားသော ဗိုလ်ချုပ်မင်းကား၊
ဂေါအိမ်ပြည်ဟာရောရှက်မြို့၌ နေသော သိသရတည်း။ 3 ထိုမင်း၌ သံရထားကိုးရာရှိ၏။ ဣသရေလအမျိုးသားတို့ကို
အနှစ်နှစ်ဆယ်ပတ်လုံး အလွန်ညှဉ်းဆဲ သောကြောင့်၊ သူတို့သည် ထာဝရဘုရားကို အော်ဟစ်ကြ၏။ 4 ထိုကာလအခါ လပိဒုတ်မြို့သား
ပရောဖက်မ ဒေဗောရသည် ဣသရေလအမျိုးကို အုပ်စိုး၏။ 5 သူသည် ဧဖရိမ်တောင်ပေါ်၊ ရာမမြို့နှင့် ဗေသလမြို့စပ်ကြား၊
ဒေဗောရစွန်ပလွံပင်အောက်မှာနေ၍၊ ဣသရေလအမျိုးသားတို့သည် ထိုပရောဖက်မ၏ စီရင်ခြင်းကို ခံအံ့သောငှါ
ရောက်လာတတ်ကြ၏။ 6 တဖန် ဒေဗောရသည် လူကို စေလွှတ်၍၊ နဿလိခရိုင်ကေဒေရှမြို့မှာနေသော အဘိနောင်၏ သား
ဗာရက်ကို ခေါ်ပြီးလျှင်၊ သင်သည် နဿလိအမျိုး၊ ဇာဗုလုန်အမျိုးထဲက လူတသောင်းကို သွေးဆောင်၍ တာဗော်တောင်သို့
သွားလော့။ 7 ငါသည်လည်း ယာဘိန်မင်း၏ ဗိုလ်ချုပ်သိသရနှင့် ရထားဗိုလ်ပါများကို သင်ရှိရာ ကိရှုန်မြစ်သို့ သွေးဆောင်၍
သင့်လက်၌ အပ်မည်ဟု ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည်ဟု ဆင့်ဆိုလေ၏။ 8 ဗာရက်ကလည်း၊
ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ကြွလျှင် အကျွန်ုပ်သွားပါမည်။ ကြွတော်မမူလျှင် မူကား မသွားပါဟု လျှောက်သော်၊ 9
ဒေဗောရက၊ ငါသည် သင်နှင့်အတူ အမှန်သွားမည်။ သို့သော်လည်း သင်သွားရာလမ်း၌ ဂုဏ်အသရေကို မရရာ။ ထာဝရဘုရားသည်
သိသရကို မိန်းမ၌ ရောင်းတော်မူမည်ဟု ဆိုပြီးမှ ထ၍ ဗာရက်နှင့်အတူ ကေဒေရှမြို့သို့ သွားလေ၏။ 10 ဗာရက်သည်
နဿလိအမျိုးသား၊ ဇာဗုလုန်အမျိုးသားတို့ကို ကေဒေရှမြို့သို့ ခေါ်၍ လိုက်သောသူ တသောင်းနှင့်တကွ ဒေဗောရပါလျက်
တက်လေ၏။ 11 မောရှေ၏ယောက္ခမဟောဗတ်၏သားမြေးအဝင်၊ ကေနိအမျိုးသားဟေဗာသည်၊ ကေနိလူတို့နှင့် ခွာ၍
ကေဒေရှမြို့အနား၊ ဇာနိမ်သပိတ်ပင် ခြေရင်း၌ တဲကို ဆောက်လျက် နေနှင့်သတည်း။ 12 အဘိနောင်၏သားဗာရက်သည်
တာဗော်တောင်ပေါ်သို့ တက်ကြောင်းကို သိသရအား ကြားပြောလျှင်၊ 13 သိသရသည် မိမိရထားရှိသမျှတည်းဟူသော
သံရထားကိုးရာနှင့် ဂေါအိမ်ပြည်ဟာရောရှက်မြို့မှစ၍ ကိရှုန်မြစ်တိုင်အောင် မိမိလူအပေါင်းတို့ကို စုဝေးစေ၏။ 14 ဒေဗောရကလည်း
ထလော့။ ယနေ့ကား ထာဝရဘုရားသည် သိသရကို သင့်လက်၌ အပ်တော်မူသော နေ့ဖြစ်၏။ ထာဝရဘုရားသည် သင့်ရှေ့မှာ
ကြွတော်မူပြီ မဟုတ်လောဟု ဆိုလေသော်၊ ဗာရက်သည် လူတသောင်းနှင့်တကွ တာဗော်တောင်ပေါ်က ဆင်းလေ၏။ 15
ထာဝရဘုရားသည် သိသရမှစ၍ သူ၏ရထားများနှင့် ဗိုလ်ပါစစ်သည်များအပေါင်းတို့ကို ဗာရက်ရှေ့မှာ ထားဖြင့်
ရှုံးစေတော်မူသောကြောင့်၊ သိသရသည် မိမိရထားမှဆင်း၍ ခြေဖြင့် ပြေးလေ၏။ 16 ဗာရက်သည် ရထားများ၊ ဗိုလ်ပါစစ်သည်များကို
ဂေါအိမ်ပြည် ဟာရောရှက်မြို့တိုင်အောင် လိုက်၍၊ သိသရစစ်သူရဲအပေါင်းတို့သည် တယောက်မျှ မကျန်ကြွင်း ထားနှင့်
သေကြကုန်၏။ 17 သိသရသည် ကေနိအမျိုးသား ဟေဗာ၏ မယားယေလ၏တဲသို့ ခြေဖြင့် ပြေး၏။ ထိုကာလ၌ ဟာဇော်ရှင်ဘုရင်
ယာဘိန်သည် ဟေဗာအမျိုးသားချင်း ကေနိလူတို့နှင့် မိဿဟာယဖွဲ့လျက် ရှိသတည်း။ 18 ယေလသည် သိသရကို ခရီးဦးကြိုပြုခြင်းငှါ
ထွက်၍၊ သခင်ဝင်ပါ၊ ကျွန်မဆီသို့ ဝင်ပါ။ စိုးရိမ်တော် မမူပါနှင့်ဟု ခေါ်သည်အတိုင်း၊ သူသည် ယေလနေရာတဲထဲသို့ ဝင်၍
ယေလသည် သူ့ကို စောင်နှင့် ခြုံလေ၏။ 19 သူကလည်း၊ ငါရေငတ်သည်၊ ရေအနည်းငယ်ကို ပေးပါဟု တောင်းလျှင်၊ မိန်းမသည်
နွားနို့ဘူးကို ဖွင့်၍ သောက်စေပြီးမှ တဖန် ခြုံလေ၏။ 20 သူကလည်း၊ တဲတံခါးဝ၌ နေပါ။ လူတစုံတယောက်က
ယောကျ်ားရှိသလောဟု လာ၍ မေးလျှင် မရှိကြောင်းကို ပြောလော့ဟု မှာထားလေ၏။ 21 ထိုအခါ ဟေဗာမယား ယေလသည်
သိသရမောလျက် အိပ်ပျော်စဉ်တွင်၊ တဲတံသင်တချောင်းနှင့် လက်ရိုက်ကို ကိုင်လျက် သူ့ထံသို့ တိတ်ဆိတ်စွာ သွား၍ တံသင်ကို မြေ၌
စွဲစေသည်တိုင်အောင် သူ၏ နားပန်းထဲသို့ ရိုက်သွင်းသဖြင့် သိသရသည် သေ၏။ 22 ဗာရက်သည် သိသရကို လိုက်ရှာသောအခါ၊
ယေလထွက်၍ ကျွန်မဆီသို့ ဝင်ပါ။ ရှာသောသူကို ပြပါမည်ဟု ကြိုဆိုလျှင်၊ ဗာရက်သည် တဲထဲသို့ ဝင်၍ သိသရသေလျက်၊ နားပန်း၌
တံသင် စူးလျက်ရှိသည်ကို မြင်လေ၏။ 23 ထိုနေ့၌ ထာဝရဘုရားသည် ခါနာန်ရှင်ဘုရင်ယာဘိန်ကို၊ ဣသရေလအမျိုးသားတို့ရှေ့မှာ
နှိမ့်ချတော်မူ သဖြင့်၊ 24 သူတို့သည် ထိုရှင်ဘုရင်ကို မဖျက်ဆီးမှီ တိုင်အောင် အစဉ်အောင်လျက် နေကြ၏။

---

Judges 01

ဧဟုဒ
၃း၁၅ ၌ ကဲ့သို့ဘာသာပြန်ရန်။

ထာဝရဘုရား ရှေ့တော်၌၊ ဒုစရိုက်
ဤနေရာ၌ "ထာဝရဘုရား ရှေ့တော်" ဟူသော စကားလုံးသည်
တခုခုအပေါ် ထာဝရဘုရား၏ အမြင်ကိုဆိုလိုသည်။ ၂း၁၁
၌မည်ကဲ့သို့ဘာသာပြန်သည်ကို ကြည့်ရှုနိုင်သည်။

 generated on Sun Jun 30 02:37:40 2024

ထာဝရဘုရားသည် ဟာဇော်မြို့၌ မင်းပြုသော
ခါနာန်ရှင်ဘုရင်ရာဘိန်လက်ထဲ၌ ရောင်းတော်မူ၏
ဤနေရာ၌ "လက်" ဟူသောစကားလုံးသည်
ဣသရေလအမျိုးတို့အပေါ် ရာဘိန်၏ ချုပ်ချယ်မှုကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခါနန်ရှင်ဘုရင်
ရာဘိန်၏ အနိုင်ကျင့်ချုပ်ချယ်ခြင်းကို ဘုရားသခင်ခွင့်ပြုသည်"။

ရာဘိန်၊ သိသရ
လူနာမည်များ ဖြစ်သည်။

ဟာဇော်၊ ဟာရောရှက်
မြို့များ၏ အမည်များ ဖြစ်ကြသည်။

သံရထားကိုးရာ
"သံရထား ၉၀၀"

အနှစ်နှစ်ဆယ်
"အနှစ် ၂၀"

Judges 04

ထိုကာလ
ဤစားလုံးသည် ပုံပြင်၏ ဆက်စပ်မှုကို ထင်ရှားရန်
အသုံးပြုခြင်းဖြစ်သည်။

ဒေဗောရ
မိန်းမ၏ အမည်ဖြစ်သည်။

လပိဒုတ်
လူနာမည် ဖြစ်သည်။

တရားသူကြီး
ထာဝရဘုရားသည် ဣသရေလအမျိုးတို့
ဒုက္ခရောက်သောအချိန်တွင် ဦးဆောင်ရန် တရားသူကြီးများကို
ခန့်ထားသည်။ တရားသူကြီးများက သူတို့၏ ရန်သူများ
လက်ထဲမှ အစဉ်အမြဲ ကယ်နှုတ်ကြသည်။

ဒေဗောရစွန်ပလွံပင်
ဒေဗောရ၏ အမည်ကို အစွဲပြု၍ မှည့်ထားသော အပင်။

Judges 06

ယေဘုယျအချက်အလက်
စာရေးသူသည် လူများ၊ မြို့၊ တောင်တန်းနှင့် မြစ်ရေတို့ကို
နာမည်များဖြင့် ဖော်ပြသည်။

ဗာရက်၊ အဘိနောင်
လူတို့၏ အမည်များဖြစ်သည်။

တာဗော်တောင်
တောင်၏ အမည်ဖြစ်သည်။

လူတသောင်း
လူ ၁၀၀၀၀"

ငါသည်
ဤနေရာ၌ "ငါ" ဟူသောစကားသည် ဘုရားသခင်ကို
ရည်ညွှန်းသည်။

သိသရနှင့် ရထားဗိုလ်ပါများကို သင်ရှိရာ ကိရှုန်မြစ်သို့ သွေးဆောင်၍
ဤနေရာ၌ "သိသရ" ဟူသောစကားသည် သူ၏ စစ်သည်တော်ကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သိသရနှင့်
သူ၏ စစ်သည်တော်များကို သွေးဆောင်၍"။

သိသရ၊ ရဘိန်
၄:၁ ၌ ကဲ့သို့ဘာသာပြန်နိုင်သည်။

ကိရှုန်
မြစ်၏ အမည်ဖြစ်သည်။

Judges 08

ယေဘုယျအချက်အလက်
ဗာရက်က ဒေဗောရနှင့် ဆွေးနွေးကြသည်။

ဗာရက်
၄:၆ ကဲ့သို့ ဘာသာပြန်နိုင်သည်။

သင်သွားရာလမ်း၌ ဂုဏ်အသရေကို မရရာ
ဗာရက်ရွေးသော လမ်းသည် သူသွားသည့် ခရီးကဲ့သို့
ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်လုပ်သောအလုပ်ကြောင့် မည်သူကမျှ သင့်ကို
လေးစားမည်မဟုတ်"

ထာဝရဘုရားသည် သိသရကို မိန်းမလက်၌ ရောင်းတော်မူမည်
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် သူ့ကိုသတ်ရန်
သူမ၏ တန်ခိုးကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမသည် သိသရကို နိုင်ရန်
ဘုရားသခင် ပြုလိမ့်မည်"။

သိသရ
၄:၁ ကဲ့သို့ ဖြစ်သည်။

ဒေဗောရ
၄:၄ ကဲ့သို့ ဘာသာပြန်နိုင်သည်။

Judges 10

လူ တသောင်း
"လူ ၁၀၀၀၀" (ရှု၊ ranslate_numbers)

Judges 11

အခု
ဤစကားလုံးသည် ပုံပြင်၏ ဆက်စပ်မှုကို ထင်စေရန် သုံးထားခြင်းဖြစ်သည်။

ဟေဗာ၊ ဟောဗတ်
လူနာမည်များ ဖြစ်ကြသည်။

ကေနိအမျိုးသား
၁:၁၆ ကဲ့သို့ ဘာသာပြန်နိုင်သည်။

မောရှေ၏ယောက္ခမဟောဗတ်၏သားမြေး
မောရှေ၏ ယောက္ခမဟောဗတ်၏ သားမြေး* "မောရှေ မိန်းမ၏ အဖေ"

ဇာနိမ်သ
မြို့အမည်ဖြစ်သည်။

Judges 12

သိသရအား ကြားပြောလျှင်
ဤနေရာ၌ "သူတို့" ဟူသော စကားလုံးသည် မည်သူတစ်ဦးမျှ မရည်ညွှန်းပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "တစုံတဦးသော သူသည် သိသရအား ကြားပြောလျှင်"။

သိသရ
၄:၁ ကဲ့သို့ဘာသာပြန် နိုင်သည်။

ဗာရက်၊ အဘိနောင်၊ တာဗော်တောင်
၄:၆ ကဲ့သို့ဘာသာပြန်နိုင်သည်။

သိသရသည် မိမိရထားရှိသမျှတည်းဟူသော သံရထားကိုးရာနှင့်
ဤနေရာ၌ "သံရထား" ဟူသော စကားလုံးသည် သံရထားကို မောင်းသော စစ်သည်တော်များကို ရည်ညွှန်းသည်။

သံရထားကိုးရာ
"သံရထား ၉၀၀"

ဟာရောရှက်
၄:၁ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ကိရှုန်မြစ်
၄:၆ ကဲ့သို့ ဘာသာပြန်နိုင်သည်။

Judges 14

ထာဝရဘုရားသည် သင့်ကို အောင်မြင်ခြင်းပေးတော်မူ၏
ဒေဗောရသည် အောင်မြင်ခြင်းရမည်ကို သေချာသိ၍ ဗာရက်က စစ်ပွဲကို အောင်ပြီးသကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်အား အောင်မြင်ခြင်းကို ပေးတော်မူမည်"။

ထာဝရဘုရားသည် သင့်ရှေ့မှာ ကြွတော်မူပြီ မဟုတ်လော
ဒေဗောရက သူတို့သည် ထာဝရဘုရားသခင်၏ ရှေ့တော်၌ စစ်တိုက်ကြသည်ကို ဗာရက်အား သိစေခြင်းငှာ ဤမေးခွန်းကို မေးရခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်က သင့်ကို ဦးဆောင်တော်မူသည်ကို သတိရလော့"။

လူတသောင်းနှင့်တကွ
"လူ ၁၀၀၀၀"

Judges 15

ထာဝရဘုရားသည် သိသရမှစ၍ သူ၏ ဗိုလ်ပါစစ်သည်များအပေါင်းတို့ကို ရှုံးစေတော်မူသောကြောင့်
"ထာဝရဘုရားသည် သိသရကို မစဉ်းစားနိုင်အောင် လုပ်တော်မူ၏" သို့မဟုတ် "ထာဝရဘုရားသည် သိသရ စစ်သည်တော်ကို ထိတ်လန့်စေတော်မူ၏"။

သူ၏ရထားများ
"ဤနေရာ၌ "ရထားများ" ဟူသော စကားလုံးသည် ရထားများကို မောင်းသော စစ်သည်တော်များကို ရည်ညွှန်းသည်။

ဗာရက်သည် ရထားများ၊ ဗိုလ်ပါစစ်သည်များကို ဂေါအိမ်ပြည် ဟာရောရှက်မြို့တိုင်အောင် လိုက်၍
ဤနေရာ၌ "ဗာရက်" ဟူသော စကားလုံးသည် သူ၏ စစ်သည်တော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗာရက်နှင့် သူ၏ စစ်သည်များက လိုက်၍"။

ဟာရောရှက်
၄:၁ ကဲ့သို့ ဘာသာပြန်နိုင်သည်။

သိသရစစ်သူရဲအပေါင်းတို့သည် တယောက်မျှ မကျန်ကြွင်း ထားနှင့် သေကြကုန်၏
ဤနေရာ၌ "ဓါး" ဟူသောစကားလုံးသည် စစ်သည်တော်များသုံးသော ထားများနှင့် အခြားလက်နက်များကို ရည်ညွှန်း သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "ဗာရက်နှင့် သူ၏ စစ်သည်တော်များသည် သိသရ၏ စစ်သည်တော်အားလုံးကို ဓားများနှင့် သတ်ကြ၏"။

Judges 17

သိသရ၊ ယာဘိန်၊ ဟာဇော်
၄:၁ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ခြေဖြင့် ပြေး၏
ဤဟာသည် ဒေသိယစကားဖြစ်သည်။ ရထားကို စီးတာထက် ခြေဖြင့် လမ်းလျှောက်သွားခြင်းကို ဆိုလိုသည်။

ယေလ
မိန်းမ၏ အမည်ဖြစ်သည်။

ဟေဗာ
၄:၁၁ ကဲ့သို့ဘာသာပြန်နိုင်သည်။

ကေနိ
၁:၁၆ ကဲ့သို့ဘာသာပြန်နိုင်သည်။

ကေနိအမျိုးသား ဟေဗာ
ဤနေရာ၌ "အမျိုးသား" ဟူသောစကားလုံးသည် မိသားစု" ကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကေနိ၏ မိသားစု ဟေဗာ"။

သခင်ဝင်ပါ
ခရီးသွားချိန်တွင် နားရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤနေရာ၌ လာပါ"။

စောင်
အိပ်သောအချိန်၌ ကိုယ်နွေးရန် ခြုံသော အဝတ်ကြီး။

Judges 19

သူကလည်း တောင်းလျှင်
"သိသရက ယေလကို မေးသည်"

Judges 21

တဲတံသင်တချောင်း
သစ်သား သို့မဟုတ် ထင်းချောင်းဖြင့် အချွန်ရှိအောင်လုပ်၍ သဲကို ဆွဲရန် မြေကြီးပေါ်သို့ စိုက်ထားသောအရာဖြစ်သည်။

တူ
သစ်သားဖြင့် လုပ်သော၊ လေးလံသော တူ။

အိပ်ပျော်စဥ်တွင်
လွယ်လွယ်နှင့် နိုး၍ မရလောက်အောင် အိပ်ပျော်နေခြင်း။

စူးလျက်
"အပေါက်ဖေါက်သော"

ဗာရက်သည် သိသရကို လိုက်ရှာသောအခါ
"ဗာရက်သည် လိုက်လံ၍" သို့မဟုတ် "ဗာရက်သည် သူ့နောက်သို့ လိုက်၍"

Judges 23

ထာဝရဘုရားသည် ခါနာန်ရှင်ဘုရင်ယာဘိန်ကို၊ ဣသရေလအမျိုးသားတို့ရှေ့မှာ နှိမ့်ချတော်မူ သဖြင့်
ထာဝရဘုရားသည် ယာဘိန်နှင့် သူ၏ စစ်သည်တော်များ နှိမ့်ချတော်မူခြင်းကို ဣသရေလအမျိုးသားတို့ရှေ့မှာ ဘုရားသခင်ကိုယ်တိုင်က အနိုင်ရသကဲ့သို့ ဖော်ပြသည်။

ခွန်အား
"စစ်သည်တော် ခွန်အား"

ထိုရှင်ဘုရင်ကို မဖျက်ဆီးမှီ တိုင်အောင်
ဤနေရာ၌ "သူ" ဟူသော စကားလုံးသည် သူ၏ စစ်သည်တော်များကို ကိုယ်စားပြုသော ယာဘိန်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယာဘိန်နှင့်သူ၏ စစ်သည်တော်များကို ဖျက်ဆီးကြ၏"။

---

## Translation Questions

### Judges 4:1

ဘာကြောင့် ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားထံအကူအညီအတွက်အော်ဟစ် ကြသနည်း။
သိသရတွင်သံရထား ကိုးရာ ရှိပြီး ဣသရေအမျိုးသား တို့ကို အနှစ်နှစ်ဆယ်ပတ်လုံး အလွန်ညှဥ်းဆဲ သောကြောင့်၊ သူတို့သည် ထာဝရဘုရားကိုအော်ဟစ်ကြခြင်းဖြစ် သည်။

### Judges 4:4

ဣသရေလအမျိုးသားတို့သည် ဘာကြောင့် ဒေဗောရ ထံလာကြသနည်း။
ဣသရေလအမျိုးသားတို့သည် ဒေဗောရ၏ စီရင်ခြင်းကို ခံအံ့သောငှာလာခြင်းဖြစ်သည်။

### Judges 4:6

ဘယ်နေရာတွင် ထာဝရဘုရားသည် သိသရနှင့် ဗာရက်ကို တွေ့ဆုံစေသနည်း။
ထာဝရဘုရားသည် သိသရနှင့် ဗာရက်ကို ကိရှုန်မြစ် တွင်တွေ့ဆုံစေသည်။

### Judges 4:8

ထာဝရဘုရားသည် အဘယ်ကြောင့် ထိုမိန်းမကို သိသရအားအောင်နိုင်ခိုင်းတာလဲ။
ဗာရက်သည် ဒေဗောရ မပါလျှင် မသွားသောကြောင့် ထာဝရဘုရားသည် ထိုမိန်းမကို သိသရအားအောင်နိုင်ခိုင်းခြင်းဖြစ်သည်။

Judges 4:11

ကေနိအမျိုးသားများသည် မည်သူ့ထံမှဆင်းသက်လာသနည်း။
ကေနိအမျိုးသားများသည်မောရှေ၏
ယောက္ခမဟောဗတ်၏သားမြေး များမှဆင်းသက်လာသည်။

Judges 4:15

သိသရနှင့်အတူ စစ်သည်များ ဘယ်လောက် အသက်ရှင်ကျန်ခဲ့သနည်း။
သိသရနှင့်အတူ စစ်သည်တယောက်မျှ အသက်ရှင်ခဲ့ခြင်းမရှိပါ။

Judges 4:17

ဘာကြောင့်သိသရသည်ယေလ၏ တဲသို့သွားသနည်း။
ထိုကာလ၌ ဟာဇော်ရှင်ဘုရင်ယာဘိန် နှင့် ဟေဗာအမျိုး သား
ယေလ၏ခင်ပွန်း တို့ကြားတွင် မိဿဟာယဖွဲ့လျက်ရှိသော
ကြောင့် သိသရသည်ယေလ၏ တဲသို့သွားပါသည်။

Judges 4:19

သိသရသည် ရေကိုမေးသောအခါ ယေလသည် ဘာကိုပေးခဲ့သနည်း။
သိသရသည် ရေကိုမေးသောအခါ ယေလသည် နွားနို့ကို
ပေးခဲ့သည်။

Judges 4:21

ယေသသည် သိသရကို ဘယ်လိုသတ်ခဲ့သနည်း။
ယေလသည် တဲတံသင်တချောင်းနှင့် လက်ရိုက်ကို ကိုင်လျက်
သူ့ထံသို့ တိတ်ဆိတ်စွာ သွား၍ တံသင်ကို မြေ၌
စွဲစေသည်တိုင်အောင် သူ၏ နားပန်းထဲသို့ ရိုက်သွင်းခြင်းဖြင့်
သိသရ ကို သတ်ခဲ့သည်။

## Chapter 5

1 ထိုနေ့၌ ဒေဗောရနှင့် အဘိနောင်၏ သားဗာရက်တို့ဆိုသော သီချင်းစကားဟူမူကား၊ 2 ဣသရေလအမျိုး၌ မင်းတို့သည်
အဦးပြုသောကြောင့်၎င်း၊ ဆင်းရဲသားတို့သည် စေတနာစိတ်နှင့် မိမိကိုယ်ကို လှူသောကြောင့်၎င်း၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို
ချီးမွမ်းကြလော့။ 3 အိုရှင်ဘုရင်တို့ ကြားကြလော့။ အိုမင်းသားတို့ နားထောင်ကြလော့။ ငါသီချင်းဆိုမည်။ ထာဝရဘုရား အား
သီချင်းဆိုမည်။ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းမည်။ 4 အိုထာဝရဘုရား၊
ကိုယ်တော်သည် စိရတောင်ရိုးပေါ်မှ ကြွ၍ ဧဒုံတောမှ စစ်ချီတော်မူသောအခါ၊ မြေကြီးလှုပ်၍ မိုဃ်းရွာသဖြင့် မိုဃ်းတိမ်တို့မှ
မိုဃ်းရေသည် စီးပါ၏။ 5 တောင်ရိုးတို့သည် ထာဝရဘုရားရှေ့တော်၌၎င်း၊ သိနာတောင်သည်လည်း ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရားရှေ့တော်၌၎င်း တုန်လှုပ်ပါ၏။ 6 အာနတ်သားရှံဂါမင်းလက်ထက်၌၎င်း၊ ယေလမင်းလက်ထက်၌၎င်း၊ လမ်းမတို့သည်
ဆိတ်ညံလျက် ရှိ၍ ခရီးသွားသော သူတို့သည် လမ်းကြားတို့၌ လိုက်သွားရကြ၏။ 7 ဣသရေလအမျိုး၌ မင်းဆက်ပြတ်လျက်ရှိ၏။
ငါဒေဗောရသည် မပေါ်၊ ငါသည် ဣသရေလအမျိုး၌ အမိမပေါ်ထွန်းမှီတိုင်အောင် မင်းဆက်ပြတ်လျက် ရှိ၏။ 8
ဣသရေလအမျိုးသားတို့သည် ဘုရားသစ်တို့ကို ရွေးယူကြ၏။ ထိုအခါ သူတို့မြို့များကို ရန်သူတို့သည် တိုက်လာကြ၏။
ဣသရေလအမျိုးသားလေးသောင်းတွင် ဒိုင်းလွှား တခု၊ လှံတစင်းမျှ မရှိ။ 9 စေတနာစိတ်ရှိ၍ ဆင်းရဲသားတို့တွင် မိမိကိုယ်ကို လှူသော
ဣသရေလအမျိုး မင်းတို့အား ငါစိတ်နူးညွတ်၏။ ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 10 ဖြူသော မြည်းကို
စီးသောသူ၊ တရားမှုကို စီရင်သောသူ၊ လမ်း၌သွားသောသူတို့၊ 11 ရေကျင်းများအနားမှာ လက်ရဥစ္စာကို ဝေမျှသော သူတို့၏ အသံကို
ကြားသောအခါ သီချင်းဆိုကြလော့။ ထာဝရဘုရား၏ တရားသောအမှု၊ ဣသရေလမြို့ရွာတို့၌ တရားသဖြင့် ပြုတော်မူသော
အမှုတို့ကို ထိုအရပ်တို့တွင် ချီးမွမ်းကြလိမ့်မည်။ ထိုအခါ ထာဝရဘုရား၏ လူတို့သည် မိမိတို့နေသော မြို့သို့ ပြန်သွားကြလိမ့်မည်။ 12
နိုးပါ၊ နိုးပါ၊ ဒေဗောရ။ နိုးပါ၊ နိုးပါ၊ သီချင်းဆိုပါ၊ အိုဗာရက်၊ ထပါ၊ အဘိနောင်သား၊ သင်ဘမ်းဆီး ချုပ်ထားသော သူတို့ကို ထုတ်ပြပါ။
13 ထိုအခါ ကျန်ကြွင်းသော သူတို့သည် သူရဲကြီးတို့ထံသို့ ဆင်းကြ၏။ ထာဝရဘုရား၏လူတို့သည် အစွမ်းတန်ခိုးကြီးသော သူတို့ထံသို့
ငါ့အဘို့ ဆင်းကြ၏။ 14 အာမလက်လူနေရာအနားမှာ နေရာကျသော သူတို့သည် ဧဖရိမ်ခရိုင်ထဲက ထွက်လာကြ၏။ သူတို့နောက်မှာ
သင်၏ ဗိုလ်ခြေတို့တွင် ဗင်္ယာမိန်အမျိုးသားတို့သည် လိုက်ကြ၏။ မာခိရအမျိုးထဲက မင်းများ၊ ဇာဗုလုန်အမျိုးထဲက စီရင်တတ်သော
သူများတို့သည် ထွက်လာကြ၏။ 15 ဣသခါမင်းတို့သည်လည်း၊ ဒေဗောရ၌ ပါ၍ ဣသခါအမျိုးသည် ဗာရက်၏ လက်ရုံးဖြစ်၏။
ဗာရက်နောက်မှာ ချိုင့်ထဲသို့ ပြေးလိုက်ကြ၏။ ရုဗင်အမျိုးနေရာ ချောင်းအသွယ်သွယ်၌ စိတ်နှလုံးပြ ဌာန်းခြင်း များကြ၏။ 16
နောက်တဖန် သင်သည် သိုးမြည်သံကို နားထောင်ခြင်းငှါ တောင်ကြားမှာ အဘယ်ကြောင့် ထိုင်နေသနည်း။ ရုဗင်အမျိုးနေရာ
ချောင်းအသွယ်သွယ်၌ စိတ်နှလုံး တွန့်တိုခြင်းများကြသည်တကား။ 17 ဂိလဒ်ပြည်သားတို့သည် ယော်ဒန်မြစ်တဘက်၌ ငြိမ်ဝပ်စွာ
နေကြ၏။ ဒန်အမျိုးသည် သင်္ဘောဆိပ် အနားမှာ အဘယ်ကြောင့် နေရစ်သနည်း။ အာရှာအမျိုးသည်လည်း ပင်လယ်ကမ်းနားသင်္ဘော
ဆိုက်ရာ ကွေ့တို့၌ မလှုပ်ဘဲငြိမ်ဝပ်စွာ နေသည်တကား။ 18 ဇာဗုလုန်အမျိုးသည် အသက်ကို စွန့်စားသည်တိုင်အောင် ရဲရင့်၍
နဿလိအမျိုးသည် မြင့်သော တောအရပ်၌ ထိုနည်းတူပြု၏။ 19 ရှင်ဘုရင်တို့သည် လာ၍ စစ်တိုက်ကြ၏။ ခါနနိရှင်ဘုရင်တို့သည်
မေဂိဒ္ဒေါအိုင်၊ တာနက်မြို့အနားမှာ တိုက်သော်လည်း၊ ငွေကို လုယူ၍ မရကြ။ 20 ကောင်းကင်မှ စစ်ကူကြ၏။ ကြယ်တို့သည်
လှည့်ပတ်စဉ်အခါသိသရကို စစ်တိုက်ကြ၏။ 21 ကိရှုန်မြစ်၊ စစ်မှုကြောင့် ကျော်စောသောမြစ်၊ ကိရှုန်မြစ်သည် ရန်သူတို့ကို
ပယ်သွား၏။ အိုငါ့ဝိညာဉ်၊ သင်သည် ခွန်အား ကြီးသော သူကို နှိပ်နင်းပြီ။ 22 ထိုအခါ မြင်းစီးသူရဲတို့သည် မြင်းကို နှင်လျက် နှင်လျက်
စီးသောကြောင့်၊ မြင်းတို့သည် မြေကို ခွာနှင့် ထိခိုက်လျက် ပြေးကြ၏။ 23 မေရောဇမြို့သားတို့သည် ထာဝရဘုရားဘက်၊
စစ်သူရဲတို့နှင့် ဝိုင်း၍ ထာဝရဘုရားဘက်သို့ မကူကြသောကြောင့်၊ မေရောဇမြို့ကို ကျိန်ကြလော့။ မြို့သားတို့ကို ပြင်းစွာ
ကျိန်ကြလော့ဟု ထာဝရ ဘုရား၏ကောင်းကင်တမန်သည် မှာထား၏။ 24 ကေနိအမျိုးသား ဟေဗာ၏မယားယေလသည်၊
မိန်းမတကာတို့ထက် မြက်စွာသော မင်္ဂလာရှိ၏။ တဲ၌နေသော မိန်းမတကာတို့ထက် မြတ်စွာသော မင်္ဂလာရှိ၏။ 25 ထိုသူသည် ရေကို
တောင်း၍ ယေလသည် နို့ကို ပေး၏။ မင်းသုံးသော ဖလားနှင့် နို့ဓမ်းကို ဆက်လေ၏။ 26 တဲတံသင်ကို ယူ၍ လက်ျာလက်နှင့်
လက်ရိုက်ကို ကိုင်လျက် သိသရကို ရိုက်လေ၏။ သူ၏ ခေါင်းကို ထိုးရိုက်၍ နားပန်းကို ထုတ်ချင်းခွင်းဖောက်လေ၏။ 27 သူသည်
ယေလခြေရင်း၌ ကျ၍ လဲလျက် တုံးလုံးနေ၏။ ခြေရင်း၌ ကျလဲ၍ ကျရာအရပ်၌ သေလျက် လဲနေ၏။ 28 သိသရအမိသည်
ပြတင်းပေါက်ဝဖြင့် ကြည့်၍ ကုလားကာအတွင်း၌ နေလျက်၊ သူ၏ ရထားသည် အဘယ်ကြောင့် လာခဲသနည်း။ ရထားဘီးတို့သည်
အဘယ်ကြောင့် နှေးသနည်းဟု မြည်တမ်းလေ၏။ 29 ပညာရှိသော မင်းသမီးတို့သည် ပြန်လျှောက်သည်သာမက၊ သူ့ကိုယ်တိုင်
ပြန်ပြောသည်ကား၊ 30 သူတို့သည် တွေ့၍ရသော ဥစ္စာကို ဝေဖန်လျက် နေကြသည်မဟုတ်လော။ စစ်သူရဲတို့အား အပျိုကညာ
တယောက်နှစ်ယောက်စီ၊ သိသရဘို့ ပန်းဆိုးသော အဝတ်၊ ပန်းဆိုး၍ ချယ်လှယ်သော အဝတ်တန်ဆာ၊ အောင်သောသူတို့၏
လည်ပင်း၌ ဆင်စရာဘို့ ပန်းဆိုး၍ ချယ်လှယ်လျက် အဆင်းအရောင် ထူးခြား သော အဝတ်တန်ဆာကို လုယူ၍ ဝေဖန်လျက်
နေကြသည် မဟုတ်လောဟု သိသရ၏ အမိသည် ဆိုတတ်၏။ 31 အိုထာဝရဘုရား၊ ကိုယ်တော်၏ ရန်သူအပေါင်းတို့သည် ထိုသို့

 generated on Sun Jun 30 02:37:40 2024

ပျက်စီးခြင်းသို့ ရောက်ကြပါစေသော။ ထာဝရဘုရားကို ချစ်သောသူတို့သည် အရှိန်တန်ခိုးနှင့် ထွက်သွားသော နေမင်းကဲ့သို့ဖြစ်ပါစေသောဟု သီချင်းဆိုကြ၏။ ထို့နောက် အနှစ်လေးဆယ်တိုင်တိုင် တပြည်လုံးငြိမ်းလေ၏။

---

Judges 01

ထိုနေ့၌
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေ့၌ ဣသရေလအမျိုးတို့သည် ရှင်ဘုရင် ယာဘိန်၏ စစ်သည်တော်ကို အောင်ကြ၏"

ဒေဗောရ
၄:၄ ကဲ့သို့ဘာသာပြန်နိုင်သည်။

ဗာရက်၊ အဘိနောင်
၄:၆ ကဲ့သို့ဘာသာပြန်နိုင်သည်။

ဆင်းရဲသားတို့သည် စေတနာစိတ်နှင့် မိမိကိုယ်ကို လှူသောကြောင့်ဝှင်း
"လူတို့သည် စစ်တိုက်ရန် သဘောတူကြသောအခါ"

Judges 03

ယေဘုယျအချက်အလက်
ဒေဗောရနှင့် ဗာရက်တို့၏ သီချင်းကို ဆက်လက်အသုံးပြုသည်။

အိုမင်းသားတို့ နားထောင်ကြလော့
ဒေဗောရနှင့် ဗာရက်တို့သည် ရှင်ဘုရင်နှင့် အိုမင်းသူတို့ဆီ စကားပြောနေကြသည်ကို သူတို့ သီချင်းနားထောင်နေကြသကဲ့သို့ ဖော်ပြသည်။

ရှင်ဘုရင်တို့ ၊ အိုမင်းသားတို့
ရှင်ဘုရင်တို့ ၊ အိုမင်းသားတို့ကို ပုံမှန်ပြောဆိုခြင်းဖြင့် ဖော်ပြသည်။

ကိုယ်တော်သည် စိရတောင်ရိုးပေါ်မှ ကြွ၍ ဧဒုံတောမှ စစ်ချီတော်မူသောအခါ
ဣသရေလအမျိုးတို့သည် ဧဒုံကို စွန့်၍ ခါနန်ပြည်ရှိ လူအပေါင်းတို့ကို အနိုင်ယူရန် အစပြုခြင်းကို ရည်ညွှန်းသည်။ ခါနန်ပြည်ရှိလူများကို အောင်နိုင်ရန် ထာဝရဘုရားသခင်က ကူညီမစမည့်အကြောင်းကို သူသည် ဣသရေလအမျိုးစစ်သည်တော်ကို ဦးဆောင်နေသကဲ့သို့ ဖော်ပြသည်။

စိရ
စိရသည် ဣသရေလနှင့် ဧဒုံတို့ကြား၊ နယ်နိမိတ်၌ ရှိသော တောင်ဖြစ်သည်။

မြေကြီးလှုပ်၍ မိုဃ်းရွာသဖြင့် မိုဃ်းတိမ်တို့မှ မိုဃ်းရေသည် စီးပါ၏
ဖြစ်နိုင်ဖွယ်အဓိပ္ပါယ်များ၊ ၁) မြေကြီးလှုပ်၍ မိုဃ်းရွာခြင်းကို ဖြစ်စေသော ဘုရားသခင်၏ တန်ခိုးတော်ကို ကဗျာဆန်စွာ ဖော်ပြခြင်း၊ ၂) ဣသရေလအမျိုးတို့သည် ခါနန်ပြည်ရှိလူတို့ကို တိုက်ခိုက်မည်ဖြစ်သောကြောင့် ခါနန်ပြည်ရှိ လူတို့၏ ကြောက်ရွံ့တုန်လှုပ်ခြင်းကို ကောင်းကင်နှင့်မြေကြီးတုန်လှုပ်သကဲ့သို့ ဖော်ပြသည်။

Judges 05

ယေဘုယျအချက်အလက်
ဒေဗောရနှင့် ဗာရက်တို့၏ သီချင်းကို ဆက်လက်အသုံးပြုသည်။

တောင်ရိုးတို့သည် ထာဝရဘုရားရှေ့တော်၌ တုန်လှုပ်ကြပါ၏
လျောင်လှုပ်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ရိုးတို့သည် ကြောက်၍ တုန်လှုပ်ကြ၏"။

ထာဝရဘုရားရှေ့တော်၌
ဤနေရာ၌ "ရှေ့တော်" ဟူသော စကားလုံးသည် ထာဝရဘုရားသခင်၏ ရှေ့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဘုရားသခင်၏ ရှေ့တော်၌"။

သိနာတောင်သည်လည်း တုန်လှုပ်ပါ၏
မောရှေနှင့် ဣသရေလအမျိုးတို့သည် သိနာတောင်ပေါ်သို့ နေကြသော အချိန်၌ လှုပ်လေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "လှူသမိုင်း၌ သိနာတောင် လှုပ်ခဲ့ဖူးသည်"။

ယေလမင်းလက်ထက်၌
ဤနေရာ၌ "လက်ထက်" ဟူသော စကားလုံးသည် ကြာရှည်သော ကာလကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်တာ တလျှောက်၌"။

ရှံဂါ၊ အာနတ်၊ ယေလ
လူနာမည်များ ဖြစ်သည်။ ရှံဂါနှင့် အာနတ်ကို ၃:၁၃ ၌ မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။ ယေလကို ၃း၃၁ ၌ မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

အာနတ်သား
ရှံဂါအသက်ရှင်သောကာလ၌ ရှံဂါကို သိမှတ်ရန်အတွက် ရှံဂါ၏ အဖကို ဖော်ပြသည်။

လမ်းမတို့သည် ဆိတ်ညံလျက်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ဣသရေလအမျိုးတို့၏ ရန်သူများကို ကြောက်ကြသောကြောင့် လမ်းမတို့ကို အသုံးမပြုကြ"။

လမ်းကြားတို့၌
လူတို့သည် သေးသွယ်သော လမ်းကြားများ၌သာ သွားလာကြသည်။



generated on Sun Jun 30 02:37:40 2024

Judges 07

ဣလသရေလအမျိုး၌ အမိမပေါ်ထွန်းမှီတိုင်အောင်
ဒေဗောရ၏ ခေါင်းဆောင်မှုကို သူမသည် ဣလသရေလတို့၏ မိခင်ကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိခင်သည် သူ၏ ကလေးများကို ဂရုစိုက်သကဲ့သို့ ငါသည် ဣလသရေလအမျိုးတို့ကို ဂရုစိုက်၏"။

ဣလသရေလအမျိုးသားတို့သည် ဘုရားသစ်တို့ကို ရွေးယူကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလအမျိုးတို့သည် ဘုရား အသစ်ကို ကိုးကွယ်ကြ၏"။

ထိုအခါ သူတို့မြို့တံခါးများကို ရန်သူတို့သည် တိုက်လာကြ၏
ဤနေရာ၌ "မြို့တံခါး" ဟူသော စကားလုံးသည် တမြို့လုံးကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့သည် ဣလသရေလမြို့များ၌ ရှိသူတို့ကို တိုက်ကြ၏"။

ဣလသရေလအမျိုးသားလေးသောင်းတွင် ဒိုင်းလွှား တခု၊ လှံတစင်းမျှ မရှိ
အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလပြည်၌ စစ်တိုက်ရန် လက်နက်အနည်းငယ်သာ ကျန်သည်"။

ဣလသရေလအမျိုးသား လေးသောင်း
"ဣလသရေလအမျိုးသား ၄၀၀၀၀"

Judges 09

ဣလသရေလအမျိုး မင်းတို့အား ငါစိတ်နှုးညွတ်၏
"စိတ်" ဟူသော စကားလုံးသည် လူတို့၏ ခံစားချက်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလအမျိုး မင်းတို့အား ငါအမြဲတမ်း ချီးကျူး၏"။

ဖြူသော မြည်းကို စီးသောသူ၊ လမ်း၌သွားသောသူတို့
ကြွယ်ဝချမ်းသာသူများနှင့် ဆင်းရဲသားများကို နှိုင်းယှဉ်ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြူသော မြည်းကို စီးသောသူ လူချမ်းသာများနှင့် လမ်းလျှောက်သွားသော သူဆင်းရဲသားတို့"။

ကြောခွထိုင်ခုံများ
မြည်းစီးသူ သက်သောင့်သက်သာ စီးနိုင်ရန် မြည်းပေါ်၌ တပ်သော ထိုင်ခုံတမျိုးဖြစ်သည်။

Judges 11

ယေဘုယျအချက်အလက်
ဒေဗောရနှင့် ဗာရက်တို့၏ သီချင်းကို ဆက်လက်အသုံးပြုသည်။

သူတို့၏ အသံကို ကြားသောအခါ
ဤနေရာ၌ "အသံ" ဟူသော စကားလုံးသည် လူတို့၏ သီဆိုခြင်းကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကို နားထောင်သောအခါ"။

မြို့တံခါးသို့ ပြန်သွားကြလိမ့်မည်
ဤနေရာ၌ "တံခါး" ဟူသော စကားလုံးသည် တစ်မြို့လုံးကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ မြို့များသို့ ပြန်လာကြ၏"။

Judges 12

ယေဘုယျအချက်အလက်
ဒေဗောရနှင့် ဗာရက်တို့၏ သီချင်းကို ဆက်လက်အသုံးပြုသည်။

နိုးပါ၊ နိုးပါ
ဖြစ်နိုင်ဖွယ်ရာအဓိပ္ပါယ်များမှာ၊ ၁) ဣလသရေလအမျိုးတို့ သို့မဟုတ် ၂) သူ့ကိုသူစကားပြောနေသော ဒေဗောရ သို့မဟုတ် ၃) သီချင်းစပ်ဆိုသော သူကိုယ်တိုင်။

ဒေဗောရ
၄:၄ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ဗာရက်၊ အဘိနောင်
၄:၆ ကဲ့သို့ ဘာသာပြန်နိုင်သည်။

အစွမ်းတန်ခိုးကြီးသော သူတို့ထံသို့ ငါ့အဘို့ ဆင်းကြ၏
"ငါ" ဟူသော စကားလုံးသည် ဒေဗောရကို ရည်ညွှန်းသည်။

Judges 14

အာမလက်လူနေရာအနားမှာ နေရာကျသော ဧဖရိမ်ခရိုင်ထဲက
ဧဖရိမ်ခရိုင်ထဲက နေကြသော အာမလက်လူမျိုးတို့ကို ဧဖရိမ်လူတို့သည် စိုက်ပျိုးကြ၍ အပင်များပေါက်သကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တခါက ဧဖရိမ်၌ နေဖူးသောအမျိုးတို့သည် အာမလက်မှ ဆင်းသက်လာသူများဖြစ်ကြသည်"။

သူတို့နောက်မှာ သင်၏မိုလ်ခြေတို့တွင် ဗင်္ယာမိန်အမျိုးသားတို့သည် လိုက်ကြ၏
ဤနေရာ၌ "သင်" ဟူသော စကားလုံးသည် ဧဖရိမ်အမျိုးတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ နောက်သို့ လိုက်၏"။

မာခိရ
မာခိရအမျိုးတို့နေထိုင်သော နေရာဖြစ်သည်။ မာခိရသည် မနာရှေ၏ သားဖြစ်၍ ယောသပ်၏ မြေးဖြစ်သည်။

ဇာဗုလုန်အမျိုးထဲက စီရင်တတ်သော သူများတို့သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဇာဗုလုန် အမျိုးထဲက စစ်သည်တော်များ"။


generated on Sun Jun 30 02:37:40 2024

Judges 15

ဣသခါ၌ ငါ၏မင်းတို့သည်လည်း၊ ဒေဗောရ၌ ပါ၍
ဤနေရာ၌ "ငါ" ဟူသောစကားလုံးသည် ဒေဗောရကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသခါ၌ ရှိသော ငါ၏ မင်းတို့သည်လည်း ငါနှင့်အတူပါကြ၏"

ဒေဗောရ
၄:၄ ကဲ့သို့ဘာသာပြန်နိုင်သည်။

ဣသခါသည် ဗာရက်နှင့် အတူပါ၏
ဤနေရာ၌ "ဣသခါ" ဟူသော စကားလုံးသည် ဣသခါအမျိုးသားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသခါအမျိုးသားသည် ဗာရက်နှင့်အတူပါ၏"

ဗာရက်
၄:၆ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ဗာရက်နောက်မှာ ချိုင့်ထဲသို့ ပြေးလိုက်ကြ၏
"သူ၏ အမိန့်ကို နာခံကြ၍ ချိုင့်ထဲသို့ သူ့ဆီပြေးကြ၏"။

သူ့နောက်သို့ ပြေးလိုက်ကြ၏
"သူ့နောက်လိုက်ခြင်း" သို့မဟုတ် "သူ့နောက် အမြန်ပြေးခြင်း"

စိတ်နှလုံးပြဌာန်းခြင်း များကြ၏
ဤနေရာ၌ "စိတ်" ဟူသော စကားလုံးသည် စဉ်းစားခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာလုပ်ရမည့် အကြောင်း များစွာ စဉ်းစားခြင်းရှိ၏"။

Judges 16

သင်သည် သိုးမြည်သံကို နားထောင်ခြင်းငှါ တောင်ကြားမှာ အဘယ်ကြောင့် ထိုင်နေသနည်း
ရုဗင်အမျိုးတို့သည် စစ်တိုက်ရန် ဆန္ဒမရှိကြသောကြောင့် အပြစ်ရှာ၍ မေးကြသော မေးခွန်းမျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်၌ ထိုင်နေ၍ သိုးမြည်သံကို နားထောင်ရမည့်အစား ငါတို့ကို စစ်တိုက်ကူ သင့်၏"။

တောင်ကြား
ဘာသာပြန် တချို့၌ သိုးခြံ ဟု ရှိသည်။

စိတ်နှလုံး တွန့်တိုခြင်းများကြသည်တကား
ဤနေရာ၌ "စိတ်" ဟူသော စကားလုံးသည် စဉ်းစားခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာလုပ် ရမည့်အကြောင်း များစွာ စဉ်းစားခြင်းရှိ၏"။

Judges 17

ဂိလဒ်ပြည်သားတို့သည် ယော်ဒန်မြစ်တဘက်၌ ငြိမ်ဝပ်စွာ နေကြ၏
ဤနေရာ၌ "ဂိလဒ်" ဟူသော စကားလုံးသည် စစ်တိုက်မည့် ဂိလဒ်ပြည်ရှိ လူများကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂိလဒ်လူတို့ နေကြ၏"။

ယော်ဒန်မြစ်တဘက်၌
ယော်ဒန်မြစ်၏ အရှေ့ဘက်ကို ဆိုလိုသည်။

ဒန်းအမျိုးသည် သင်္ဘောဆိပ် အနားမှာ အဘယ်ကြောင့် နေရစ်သနည်း
ဤမေးခွန်းသည် ဒန်အမျိုးသားတို့သည် ဣသရေလအမျိုးတွက် စစ်မတိုက်ဘဲနေသောကြောင့် မေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒန်အမျိုးသားတို့သည် သင်္ဘောထဲ၌ မနေသင့်ပါ" သို့မဟုတ် "ဒန်အမျိုးသားတို့သည် စစ်မြေပြင်၌ ငါတို့ကိုမကူဘဲ သင်္ဘောဖြင့် ပင်လယ်၌ လျှောက်လည်ကြ၏"။

သင်္ဘောဆိပ် အနားမှာ အဘယ်ကြောင့် နေရစ်သနည်း
ဒန်မျိုးသားတို့သည် ပယ်လယ်နား၌ နေကြသည်။ သူတို့သည် ပင်လယ်နားမှာ သွားလာရောင်းဝယ် လုပ်ကိုင်ကြသည်။

အာရှာအမျိုးသည်လည်း ပင်လယ်ကမ်းနားသင်္ဘော ဆိုက်ရာ ကွေ့တို့၌ မလှုပ်ဘဲငြိမ်ဝပ်စွာ နေသည်တကား
ဤဖော်ပြချက်ကို ရှင်းလင်းစွာ ပြည့်စုံသောအဓိပ္ပါယ်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှာအမျိုးသားတို့သည်လည်း ငါတို့ကို မကူနိုင်ကြ၊ ပင်လယ်ကမ်းနား၌ ကျန်ခဲ့ကြ၏"။

အာရှာ ကျန်ခဲ့သည်
ဤနေရာ၌ "အာရှာ " ဟူသော စကားလုံးသည် စစ်တိုက်သင့်သောသူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှာအမျိုးသားများ ကျန်ခဲ့ကြသည်"။

ပင်လယ်ကွေ့တို့
ပင်လယ်ရေနက်ရာအရပ်၊ သင်္ဘောများ ထားရာနေရာ။

နဿလိ လဲပဲ
အခြားသောဘာသာပြန်ဆိုချက်၊ "နဿလိအမျိုးသည် သူများကို သေသည့်တိုင်အောင်"

Judges 19

ရှင်ဘုရင်တို့သည် လာ၍ စစ်တိုက်ကြ၏။ ခါနန်ရှင်ဘုရင်တို့သည် စစ်တိုက်သော်လည်း
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်တို့နှင့် သူတို့၏ စစ်သည်တော်များသည် လာ၍ တိုက်ကြ၏၊ ခါနန်ရှင်ဘုရင်တို့သည် စစ်တိုက်ကြ၏"။


generated on Sun Jun 30 02:37:40 2024

စစ်တိုက်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါတို့ကို တိုက်ကြ၏"။

တာနက်၊ မေဂိဒ္ဒေါ
၁:၁၇ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ငွေကို လုယူ၍ မရကြ
ဤနေရာ၌ "ငွေ" ဟူသော စကားလုံးသည် ရတနာဟူသမျှကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငွေနှင့် အခြားရတနာတို့ကို လုယူ၍ မရကြ"။ (ရှု၊ gs_synecdoche)

လုယူ
စစ်ပွဲ၌ လုယူရသော ပစ္စည်းများ။

ကောင်းကင်မှ စစ်ကူကြ၏။ ကြယ်တို့သည် လှည့်ပတ်စဉ်အခါသိသရကို စစ်တိုက်ကြ၏
ဣသရေလအမျိုးတို့သည် သိသရနှင့် သူ၏စစ်သည်တော်ကို အောင်နိုင်ရန် ထာဝရဘုရားသခင် ကူညီတော်မူခြင်းကို ကြယ်တို့သည် သိသရနှင့် သူ၏ စစ်သည်တော်ကို တိုက်သကဲ့သို့ ဖော်ပြသည်။

သိသရကို စစ်တိုက်ကြ၏
သိသရ၊ ဟူသော စကားလုံးသည် သူ၏ စစ်သည်တော်အားလုံးကို ရည်ညွှန်းသည်။

သိသရ
၄:၁ ကဲ့သို့ ဘာသာပြန်နိုင်သည်။

Judges 21

ကိရှုန်မြစ်သည် ရန်သူတို့ကို ပယ်သွား၏
မိုးကြီးသောကြောင့် မြစ်ရေကြီး၍ ရေများသောကြောင့် မီးရထားများသည် ရွှံ့၌ ကျွံကုန်၍ စစ်သည်တော် အများအပြား ရေနစ်သေဆုံးကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှုန်မြစ်ရေကြီး၍ တိသရ၏ စစ်သည်တော်များ ရေနစ်သေကုန်ကြ၏"

ကိရှုန်
၄:၆ ကဲ့သို့ဘာသာပြန်နိုင်သည်။

အိုငါ့ဝိညာဉ်၊ သင်သည် ခွန်အား ကြီးသော သူကို နှိပ်နင်းပြီ
ဤနေရာ၌ "ငါ့ဝိညာဉ်" ဟူသော စကားလုံးသည် လူတကိုယ်လုံးကို ရည်ညွှန်းသည်။ "ငါ" ဟူသော စကားလုံးသည် ဒေဗောရကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခွန်အားကြီးသော သူကို နှိမ်နင်းရန် ကိုယ့်ကိုယ်ကို တိုက်တွန်းသည်"။

ထိုအခါ မြင်းတို့သည် မြေကို ခွာနှင့် ထိခိုက်လျက် ပြေးကြ၏
စစ်မြေပြင်မှ ထွက်ပြေးသောမြင်းတို့၏ အသံများကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအခါ ထွက်ပြေးနေသော မြင်းသံများကို ငါကြား၏။ တိသရ၏ မြင်းများသည် ထွက်ပြေးကုန်ကြ၏"။

မြေကို ခွာနှင့် ထိခိုက်လျက်
အလျင်အမြန် ထွက်ပြေးရန်

Judges 23

မေရောဇမြို့သားတို့သည် ထာဝရဘုရားဘက်၊ စစ်သူရဲတို့နှင့် ဝိုင်း၍
ဤနေရာ၌ "မေရော" ဟူသော စကားလုံးသည် ထိုနေရာ၌ နေထိုင်သောသူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မေရောဇမြို့သားတို့ကို ကျိန်ကြ၏"။

မေရောဇ
မြို့နာမည်ဖြစ်သည်။

နေသောသူများ
ထိုနေရာ၌ နေထိုင်သူများ

Judges 24

ယေလ
၄:၁၇ ကဲ့သို့ဘာသာပြန်နိုင်သည်။

ဟေဗာ
၄:၁၁ ကဲ့သို့ဘာသာပြန်နိုင်သည်။

ကေနိအမျိုးသား
၁:၁၆ ကဲ့သို့ လူမျိုးအဖွဲ့ဖြစ်သည်။

နို့ကို ပေး၏
ဤနေရာ၌ " နို့" ဟူသော စကားလုံးသည် ဒိန်ခဲနို့ရည်ကို ရည်ညွှန်းသည်။ ယေလ၏ အချိန်တွင် လူတို့၏ အကြိုက်ဆုံးနှင့် အသောက်အများဆုံးသော နို့တစ်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒိန်ခဲရည်ကို ပေး၏"။

မင်းသုံးသော ဖလား
ဖလားသည် အကောင်းဆုံးသော ဖလားမျိုးဖြစ်သည်။ မင်းတို့သည် အကောင်းဆုံးသော ဖလားကို ပေးလျှက်ရှိကြသည်။

Judges 26

တဲတံသင်ကို ယူ၍ လက်ျာလက်နှင့် လက်ရိုက်ကို ကိုင်လျက်
ယေလသည် လက်ဝဲတော်ဖြင့် တဲတံသင်ကို ဆုပ်ကိုင်လေ၏"

တဲတံသင်
သစ်သား သို့မဟုတ် သံဖြင့် ပြုလုပ်ထားသော အချွန်ရှိ၍ ထက်သည်။ တဲ၏ ဘေးတွင် တဲကို ခိုင်ခန့်စေရန် မြေကြီး၌ စိုက်ထားသောအရာ ဖြစ်သည်။ ၄:၂၁ ၌မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။


generated on Sun Jun 30 02:37:40 2024

လက်ဂျလက်နှင့် လက်ရိုက်ကို ကိုင်လျက်
အခြားသောဘာသာပြန်ဆိုချက်၊ "လက်ရိုက်ကို သူမ၏လက်ဂျလက်နှင့် ဆုပ်ကိုင်လေ၏"။

လက်ရိုက်
သစ်သားဖြင့် ပြုလုပ်ထားသည့် လေးလံသော အရာ၊ တခုခုကို မြေ၌ စိုက်ရိုက်ရာတွင် အသုံးပြုသော အရာဖြစ်သည်။ ၄:၂၁ မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သိသရ
၄:၁ ဘာသာပြန်သကဲ့သို့ ဘာသာပြန်နိုင်သည်။

လဲနေ၏
ခွန်အားမရှိ၍၊ ရွေ့လျားမှုမရှိ၍

သူ၏ ခေါင်းကို ထိုးရိုက်၍ နားပန်းကို ထုတ်ချင်းခွင်းဖောက်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သတ်လေ၏" သို့မဟုတ် "သူ သေ၏"။

Judges 28

ပြတင်းပေါက်ဝ
သစ်သားဖြင့် ပြတင်းပေါက်၌ လုပ်ထားသော အပေါက်ဝ ဖြစ်သည်။

သူ၏ ရထားသည် အဘယ်ကြောင့် လာခဲသနည်း။ ရထားဘီးတို့သည် အဘယ်ကြောင့် နှေးသနည်းဟု မြည်တမ်းလေ၏
ဤမေးခွန်းနှစ်ခုလုံးသည် အဓိပ္ပါယ်တူနေကြသည်။ ဤဖော်ပြချက်နှစ်ခုကို ပေါင်း၍ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သိသရသည် အဘယ့်ကြောင့်အိမ်အရောက် နောက်ကျသနည်း"။

သူ၏ ရထား၊ သူ၏ ရထားဘီးတို့သည် အဘယ်ကြောင့်
နှစ်ခုစလုံးသည် သိသရကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သိသရ၏ ရထား၊ သူသည် အဘယ့်ကြောင့်"။

Judges 29

ပညာရှိသော မင်းသမီးတို့
မင်းသမီးသည် ရှင်ဘုရင်၏ သမီးဖြစ်နိုင်သကဲ့သို့၊ မင်းသမီးသည် ရှင်ဘုရင်၏ မိသားစုအတွက် အကြံအဉာဏ်ပေးသော မိန်းမ တယောက်လည်းဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာအရှိဆုံး မိန်းမ"။

သူ့ကိုယ်တိုင် ပြန်ပြောသည်ကား
"သူ့ကိုယ်သူ ပြန်ပြောသည်"

သူတို့သည် တွေ့၍ရသော ဥစ္စာကို ဝေဖန်လျက် နေကြသည်မဟုတ်လော
တကယ်ဖြစ်ပျက်သည်ဟု သူတို့ ယုံကြည်သည်ကို ပြန်ဖော်ပြရန် မိန်းမများက မေးခွန်းပြန်သုံးကြသည်။

အခြားသောသာပြန်ဆိုချက်၊ "ခွဲဝေရန် အချိန်ကြာသည်ကို သူတို့သည်အလွန် ဝေဖန်ကြလိမ့်မည်"။

အပျိုကညာ တယောက်နှစ်ယောက်စီ
တကယ်ဖြစ်ပျက်သည်ဟု သူတို့ ယုံကြည်သည်ကို ပြန်ဖော်ပြရန် မိန်းမများက မေးခွန်းပြန်သုံးကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပျိုကညာ တယောက်ရှိမည်။ လုယူသော ယောကျ်ားတစ်ယောက်အတွက် အပျိုကညာ နှစ်ယောက်စီ"။

အပျိုကညာ တယောက်နှစ်ယောက်စီ
ဤနေရာ၌ "အပျိုကညာ" ဟူသော စကားလုံးသည် မိန်းမကို ရည်ညွှန်းသည်။ သိသရ၏ လူတို့သည် မိန်းမမြောက်များစွာ ဖမ်းဆီးကြသည်ကို သိသရ၏ အမေ ယုံသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သည်တော် တစ်ယောက်က မိန်းမ တယောက်စီ သို့မဟုတ် နှစ်ယောက်စီရရမည်"။

ပန်းဆိုး၍ ချယ်လှယ်လျက် အဆင်းအရောင် ထူးခြား သော အဝတ်တန်ဆာ
"အရောင်ဆိုးသော အဝတ်" သို့မဟုတ် "အရောင်ဆိုးသော အဝတ်အထည်များ"

ချယ်လှယ်လျက်
"လှပစွာ ချုပ်ထားသော"

အောင်သောသူတို့၏ လည်ပင်း၌
ဤနေရာ၌ "လည်ပင်း" ဟူသော စကားလုံးသည် သိသရ၏ စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သားများ ဝတ်ဆင်ရန် လုယူသော"။

Judges 31

ချစ်သောသူတို့သည်
"ထာဝရဘုရားကို ချစ်သောသူတို့သည်"

အရှိန်တန်ခိုးနှင့် ထွက်သွားသော နေမင်းကဲ့
မည်သည့်လူမျိုးမဆို ထွက်လာသောနေကို တားဆီးရန် ခွန်အားမရှိသောကြောင့် ဣသရေလအမျိုးတို့သည် ထွက်လာသော နေမင်းကြီးသဖွယ် ဖြစ်လိုကြ၏"။

တပြည်လုံးငြိမ်းလေ၏
ဤနေရာ၌ "တပြည်လုံး" ဟူသော စကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးတို့သည် ငြိမ်းချမ်းစွာ နေကြ၏"။

အနှစ်လေးဆယ်တိုင်တိုင်
"အနှစ် ၄၀"


generated on Sun Jun 30 02:37:40 2024

# Translation Questions

Judges 5:3

ဘယ်အချိန်တွင်မြေကြီးလှုပ်သနည်း။
ထာဝရဘုရားသည် စိရတောင်ရိုးပေါ်မှ ကြွ၍ ဧဒုံတောမှ စစ်ချီတော်မူသောအခါမြေကြီးလှုပ်ခဲ့သည်။

Judges 5:5

ခရီးသွားသောလူတို့သည် ဘယ် လမ်းကို အသုံးပြု၍သွားကြသနည်း။
ခရီးသွားသော သူတို့သည် လမ်းကြားတို့ကို အသုံးပြု၍သွားကြသည်။

Judges 5:7

ဣသရေလအမျိုးသားလေးသောင်းတွင် ဘယ်အရာသည် မမြင်ကြသေးသောအရာနည်း။
ဣသရေလအမျိုးသားလေးသောင်းတွင် ဒိုင်းလွှား တခု၊ လှံတစင်းမျှ မရှိ ပါ။

Judges 5:9

ဖြူသော မြည်းအပေါ်တွင် ဘယ်အရာကို ကုန်းနှီးအဖြစ်အသုံးပြုကြသနည်း။
ဖြူသော မြည်းအပေါ်တွင် ခင်းနှီးကို ကုန်းနှီးအဖြစ်အသုံး ပြုကြသည်။

Judges 5:12

ထာဝရဘုရား၏လူများသည် ဘယ်သူဆီသို့ ဆင်းလာကြသနည်း။
ထာဝရဘုရား၏လူများသည် အစွမ်းတန်ခိုးကြီးသူများကြားထဲမှ ဒေဗောရ ဆီသို့ဆင်းလာကြသည်။

Judges 5:15

ဣသခါမင်းသည် ဗာရက်နှင့်အတူ ဘာလုပ်သနည်း။
ဣသခါမင်းသည် ဗာရက်နောက်မှာ ချိုင့်ထဲသို့ သူ့အမိန့်ဖြင့်ပြေးလိုက်ကြသည်။

Judges 5:17

ဇာဗုလုန်အမျိုးသည် ဘယ်လောက်ရဲရင့်သနည်း။
ဇာဗုလုန်အမျိုးသည် အသက်ကို စွန့်စားသည်တိုင်အောင် ရဲရင့်ကြသည်။

Judges 5:19

ကောင်းကင်မှ သိသရကို ဘယ်အရာအားဖြင့် စစ်ကူကြသနည်း။
ကြယ်တို့သည် လှည့်ပတ်စဉ်အခါသိသရကို ကောင်းကင်မှစစ်တိုက်ကူကြသည်။

Judges 5:24

မေရောဇမြို့ကို ဘာကြောင့်ထာဝရဘုရား၏ကောင်း ကင်တမန်သည် ကျိန်သနည်း။
ထာဝရဘုရားဘက်သို့ မကူကြသောကြောင့် မေရောဇမြို့ကိုထာဝရဘုရား၏ ကောင်းကင်တမန်သည် ကျိန်ခဲ့ခြင်းဖြစ်သည်။

Judges 5:26

ယေလသည် သူမ၏လက်ဖြင့် ဘာကို ကိုင်ခဲ့သနည်း။
ယေလသည် တဲတံသင်ကို ယူ၍ လက်ျာလက်နှင့် လက်ရိုက်ကို ကိုင်ခဲ့သည်။

Judges 5:28

ဘယ်နေရာတွင် သိသရ၏အမေသည် ကြည့်နေသနည်း။
ပြတင်းပေါက်ဝ ဖြင့်ကြည့်၍ ကုလားကာအတွင်း၌ နေ၍ သိသရ၏ အမေသည်ကြည့်နေခဲ့သည်။

Judges 5:31

ထာဝရဘုရားကိုချစ်သောသူတို့သည် ဘာနှင့်တူသင့်သနည်း။
ထာဝရဘုရားကိုချစ်သောသူတို့သည် အရှိန်တန်ခိုးနှင့် ထွက်သွားသော နေမင်းနှင့် တူသင့်ပါသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 6

1 တဖန် ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသောကြောင့်၊ သူတို့ကို မိဒျန်အမျိုးလက်၌
ခုနစ်နှစ်ပတ်လုံးအပ်တော်မူသဖြင့်၊ 2 မိဒျန်အမျိုးသည် ဣသရေလအမျိုးကို နိုင်၍ ညှဉ်းဆဲသောကြောင့်၊
ဣသရေလအမျိုးသားတို့သည် တောင်ရိုး၌ ခိုင်ခံ့သော ဥမင်မြေတွင်းတို့ကို လုပ်ရကြ၏။ 3 ဣသရေလအမျိုးသည် လယ်လုပ်ပြီးမှ၊
မိဒျန်ပြည်သားနှင့် အာမလက်ပြည်သားအစရှိသော အရှေ့ ပြည်သားတို့သည် ချီလာ၍၊ 4 တပ်ချသဖြင့်၊ ဂါဇမြို့တိုင်အောင်
မြေအသီးအနှံကို သုတ်သင်ပယ်ရှင်းလျက် စားစရာကို ချန်၍မထား။ သိုးနွားမြည်းကိုလည်း ချန်၍ မထားကြ။ 5
အဘယ်သို့နည်းဟူမူကား၊ သူတို့သည် တိရစ္ဆာန်များ၊ တဲများပါလျက်၊ ကျိုင်းကောင်များပြားသကဲ့သို့၊ သူတို့နှင့် ကုလားအုပ်တို့သည်
မရေတွက်နိုင်အောင် များပြားသဖြင့် ဣသရေလပြည်ကို ဖျက်ဆီးလျက် လာကြ၏။ 6 ဣသရေလအမျိုးသားတို့သည်
မိဒျန်အမျိုးသားတို့ကြောင့် အလွန်ဆင်းရဲ၍ ထာဝရဘုရားအား ဟစ်ကြော်ကြ၏။ 7 ထိုသို့ မိဒျန်အမျိုးသားတို့ကြောင့်၊
ထာဝရဘုရားအား ဟစ်ကြော်ကြသောအခါ၊ 8 ထာဝရဘုရားသည် ပရောဖက်တယောက်ကို ဣသရေလအမျိုးသားတို့ထံသို့
စေလွှတ်တော်မူ၍၊ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ သင်တို့ကို
ငါနှုတ်ဆောင်ပြီ။ 9 အဲဂုတ္တုပြည်သားလက်မှ၎င်း၊ ညှဉ်းဆဲသောသူအပေါင်းတို့လက်မှ၎င်း၊ သင်တို့ကို ကယ်နှုတ်၍၊ သူတို့ကို
သင်တို့ရှေ့မှ နှင်ထုတ်သဖြင့် သူတို့ပြည်ကို ပေးပြီ။ 10 ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင်တို့နေသော
အာမောရိပြည်သား ကိုးကွယ် သော ဘုရားတို့ကို မကြောက်ရွံ့ကြနှင့်ဟု ငါပညတ်သော်လည်း၊ သင်တို့သည် ငါ့စကားကို နားမထောင်
ကြဟု မိန့်တော်မူ၏။ 11 တဖန် ထာဝရဘုရား၏ ကောင်းကင်တမန်သည်လာ၍၊ သြဖရရွာမှာ အဗျေဇာအမျိုးသား ယောရှပိုင်သော
သပိတ်ပင်အောက်၌ ထိုင်လေ၏။ ယောရှသား ဂိဒေါင်သည် မိမိစပါးကို မိဒျန်လူတို့ မတွေ့စေခြင်းငှါ၊ စပျစ်သီးနယ်ရာ
တန်ဆာအနားမှာ စပါးကို နယ်လျက်နေ၏။ 12 ထာဝရဘုရား၏ ကောင်းကင်တမန်သည် ကိုယ်ထင်ရှား၍၊ ခွန်အားကြီးသော
အချင်းသူရဲ၊ ထာဝရ ဘုရားသည် သင်နှင့်အတူ ရှိတော်မူ၏ဟု ဆိုလျှင်၊ 13 ဂိဒေါင်က၊ အိုသခင်၊ ထာဝရဘုရားသည်
အကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသည် မှန်လျှင် အဘယ်ကြောင့် ဤအမှုကြီး ရောက်ရပါသနည်း။ ထာဝရဘုရားသည် ငါတို့ကို
အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူသည် မဟုတ်လောဟု အကျွန်ုပ်တို့အဘများ ပြောသည်အတိုင်း ပြုတော်မူသော၊ အံ့ဘွယ်သော
အမှုရှိသမျှတို့သည် အဘယ်မှာ ရှိပါသနည်း။ ယခုမှာ ထာဝရဘုရားသည် အကျွန်ုပ်တို့ကို စွန့်၍ မိဒျန်လူတို့လက်သို့
အပ်တော်မူပြီတကားဟု ဆိုလေသော်၊ 14 ထာဝရဘုရားသည် သူ့ကို ကြည့်ရှု၍ ယခု သင်ရသော တန်ခိုးကို အမှီပြုလျှက် သွားလော့။
သင်သည် ဣသရေလအမျိုးကို မိဒျန်လူတို့လက်မှ ကယ်နှုတ်လိမ့်မည်။ သင့်ကို ငါစေခိုင်းသည် မဟုတ်လောဟု မိန့်တော်မူ၏။ 15
ဂိဒေါင်ကလည်း၊ အိုသခင်၊ အကျွန်ုပ်သည် ဣသရေလအမျိုးကို အဘယ်သို့ ကယ်နှုတ်နိုင်ပါမည်နည်း။ အကျွန်ုပ်အဆွေအမျိုးသည်
မနာရှေအမျိုး၌သာ၍ ဆင်းရဲပါ၏။ အကျွန်ုပ်သည်လည်း၊ ကိုယ်အဆွေ အမျိုး၌ အယုတ်ဆုံးသော သူဖြစ်ပါ၏ဟု လျှောက်လျှင်၊ 16
ထာဝရဘုရားက၊ အကယ်စင်စစ် ငါသည် သင်နှင့် အတူရှိသဖြင့်၊ သင်သည် လူတယောက်ကို လုပ်ကြံသကဲ့သို့၊ မိဒျန်လူတို့ကို
လုပ်ကြံလိမ့်မည်ဟု မိန့်တော်မူ၏။ 17 ဂိဒေါင်ကလည်း၊ အကျွန်ုပ်သည် ရှေ့တော်၌ မျက်နှာရပါလျှင် အကျွန်ုပ်နှင့် ယခုနှုတ်ဆက်တော်
မူကြောင်း ထင်ရှားသော နိမိတ်လက္ခဏာကို ပြတော်မူပါ။ 18 အကျွန်ုပ်သည် တဖန်လာပြန်၍၊ ဘောဇဉ်ပူဇော်သက္ကာကို ဆောင်ခဲ့သဖြင့်၊
ကိုယ်တော်ရှေ့၌ မတင်မီတိုင်အောင်၊ ဤအရပ်က ကြွသွားတော်မမူပါနှင့်ဟု တောင်းပန်လျှင်၊ သင်သည် ပြန်၍ မလာမီတိုင်အောင်
ငါနေမည်ဟု မိန့်တော်မူ၏။ 19 ဂိဒေါင်သည် သွား၍ ဆိတ်သငယ်တကောင်ကို၎င်း၊ မုန့်ညက်တဧဖာနှင့် လုပ်သော တဆေးမဲ့
မုန့်ပြားတို့ကို၎င်း ပြင်ဆင်လေ၏။ ဆိတ်သားကို တောင်း၌ထည့်၍၊ ဆိတ်သားပြုတ်ရည်ကို အိုး၌လောင်းပြီးမှ၊ ကောင်းကင်တမန်ရှိရာ
သပိတ်ပင်အောက်သို့ ဆောင်ခဲ့၍ ဆက်လေ၏။ 20 ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ အမဲသားနှင့် တဆေးမဲ့မုန့်ပြားတို့ကို
ယူ၍ ဤကျောက် ပေါ်မှာ တင်ထားလော့။ အမဲသားပြုတ်ရည်ကို သွန်းလောင်းလော့ဟု ဆိုလျှင်၊ ဆိုသည်အတိုင်း ဂိဒေါင်သည်
ပြုလေ၏။ 21 ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် မိမိကိုင်သော တောင်ဝေးကို ဆန့်၍၊ အမဲသားနှင့်
တဆေးမဲ့မုန့်ပြားတို့ကို တို့သဖြင့်၊ ကျောက်ထဲက မီးထ၍ အမဲသားနှင့် တဆေးမဲ့မုန့်တို့ကို လောင်ပြီးမှ၊ ထာဝရဘုရား၏
ကောင်းကင်တမန်သည် ကွယ်လေ၏။ 22 ထာဝရဘုရား၏ကောင်းကင်တမန်ဖြစ်သည်ကို ဂိဒေါင်သည် သိမြင်သောအခါ၊ အိုအရှင်
ထာဝရဘုရား၊ အကျွန်ုပ်သည် ထာဝရဘုရား၏ ကောင်းကင်တမန်ကို မျက်နှာချင်းဆိုင်၍ မြင်ရပါပြီ တကားဟုလျှောက်သော်၊ 23
ထာဝရဘုရားက၊ ချမ်းသာပါစေ။ မစိုးရိမ်နှင့်။ သင်သည် သေဘေးနှင့် လွတ်လျက်ရှိသည်ဟု မိန့်တော်မူ၏။ 24 ထိုအရပ်၌ ဂိဒေါင်သည်
ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်၍၊ ယေဟောဝါရှာလုံအမည်ဖြင့် မှည့်လေ၏။ အဗျေဇာသား၏ နေရာသြဖရရွာ၌
ယနေ့တိုင်အောင် ရှိသတည်း။ 25 ထိုနေ့ညမှာ ထာဝရဘုရားက၊ သင့်အဘ၏နွားပိုက်နှင့် အသက်ခုနစ်နှစ်ရှိသော ဒုတိယနွားထီးကို
ယူပြီးလျှင်၊ သင့်အဘတည်သော ဗာလဘုရား၏ ယဇ်ပလ္လင်ကို ဖြိုဖျက်၍၊ ယဇ်ပလ္လင်အနားမှာရှိသော အာရှရပင်ကို ခုတ်လှဲလော့။ 26
ငါစီရင်သည်အတိုင်း၊ ဤကျောက်ပေါ်မှာ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးလျှင်၊ ခုတ်လှဲသော သစ်သားဖြင့် ဒုတိယနွားကို
မီးရှို့၍ ယဇ်ပူဇော်လော့ဟု မိန့်တော်မူ၏။ 27 ဂိဒေါင်လည်း မိမိကျွန်ဆယ်ယောက်တို့ကို ခေါ်၍၊ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း
ပြုလေ၏။ မိမိအဘ၏ အိမ်သားတို့ကို၎င်း၊ မြို့သားတို့ကို၎င်း ကြောက်၍၊ နေ့အချိန်၌ မပြုဝံ့သောကြောင့်၊ ညဉ့်အချိန်၌ ပြု၏။ 28


generated on Sun Jun 30 02:37:40 2024

နံနက်စောစော မြို့သားတို့သည် ထကြသောအခါ၊ ဗာလဘုရား၏ ယဇ်ပလ္လင်သည် ပြိုပျက်လျက်၊ အနားမှာရှိသော အာရှရပင်လည်း
လဲလျက်၊ နောက်တည်သော ယဇ်ပလ္လင်ပေါ်မှာ ဒုတိယနွားထီးကို ပူဇော်လျက်ရှိသည်ကို တွေ့ကြလျှင်၊ 29 ဤအမှုကို
အဘယ်သူပြုသနည်းဟု တယောက်ကို တယောက် မေးမြန်းစစ်ကြောလျှင်၊ ဤအမှုကို ယောရှသားဂိဒေါင်ပြုပြီဟု လူအချို့တို့သည်
ဆိုကြ၏။ 30 ထိုအခါ မြို့သားတို့သည် ယောရှအား၊ သင်၏သားသည် ဗာလဘုရား၏ ယဇ်ပလ္လင်ကို ဖြိုဖျက်၍ အနားမှာ ရှိသော
အာရှရပင်ကို ခုတ်လှဲသောကြောင့်၊ သူ့ကို အသေခံစေခြင်းငှါ ထုတ်လော့ဟု ဆိုသော်လည်း၊ 31 ယောရှသည် တဘက်၌ နေသော
သူအပေါင်းတို့အား၊ သင်တို့သည် ဗာလဘုရားဘက်၌ အမှု စောင့်မည်လော။ သူ့ကို ကယ်တင်မည်လော။ သူ့ဘက်၌
အမှုစောင့်သောသူသည်၊ နံနက်မလွန်မှီ အသေခံပါလေစေ။ ဗာလသည် ဘုရားမှန်လျှင်၊ သူ၏ယဇ်ပလ္လင်ကို တစုံတယောက်
ဖြိုဖျက်သော ကြောင့်၊ မိမိအမှုကို မိမိစောင့်ပါလေစေဟု ပြန်ပြော၏။ 32 ထိုသို့ ဗာလဘုရားသည် သူ၏ယဇ်ပလ္လင်ကို
တစုံတယောက်ဖြိုဖျက်သောကြောင့်၊ ထိုသူတဘက် မိမိအမှုကို မိမိစောင့်ပါလေစေဟု ဆိုလျှက် သူ၏သားကို ထိုနေ့၌
ယေရုဗ္ဗာလအမည်ဖြင့် မှည့်သတည်း။ 33 ထိုအခါ မိဒျန်ပြည်သား၊ အာမလက်ပြည်သား၊ အရှေ့ပြည်သားအပေါင်းတို့သည်
စည်းဝေးသဖြင့်၊ ယေဇရေလချိုင့်သို့ ကူးသွား၍ တပ်ချကြ၏။ 34 ထာဝရဘုရား၏ ဝိညာဉ်တော်သည် ဂိဒေါင်အပေါ်မှာ
သက်ရောက်၍၊ သူသည် တံပိုးမှုတ်သဖြင့် အဗျေဇာသားတို့သည် လိုက်ကြ၏။ 35 တမန်တို့ကို မနာရှေခရိုင်မ တရှောက်လုံးသို့
စေလွှတ်၍၊ မနာရှေ အမျိုးသားတို့သည် လိုက်ကြ၏။ တဖန် အာရှာခရိုင်၊ ဇာဗုလုန်ခရိုင်၊ နဿလိခရိုင်သို့ တမန်တို့ကို စေလွှတ်၍၊
ထိုခရိုင်သားတို့သည် လည်း စုဝေးရာသို့ လာကြ၏။ 36 ဂိဒေါင်သည်လည်း ဘုရားသခင်အား၊ ကိုယ်တော်သည်
မိန့်တော်မူသည်အတိုင်း၊ ဣသရေလအမျိုးကို အကျွန်ုပ်အားဖြင့် ကယ်တင်တော်မူမည်မှန်လျှင်၊ 37 အကျွန်ုပ်သည်
သိုးတကောင်၏အမွေးကို တလင်း၌ ထားပါမည်။ သိုးမွေးသည် နှင်းစို၍၊ မြေတပြင်လုံး သွေ့ခြောက်လျှင်၊ မိန့်တော်မူသည်အတိုင်း၊
ဣသရေလအမျိုးကို အကျွန်ုပ်အားဖြင့် ကယ်တင်တော် မူမည်ကို အကျွန်ုပ်သိပါမည်ဟု တောင်းလျှောက်သည်အတိုင်း ဖြစ်လေ၏။ 38
နံနက်စောစောထ၍ သိုးမွေးကို ညှစ်သဖြင့် နှင်းရည်သည် အင်တုံအပြည့် ရှိလေ၏။ 39 တဖန် ဂိဒေါင်က၊ အမျက်ထွက်တော်မမူပါနှင့်။
တကြိမ်သာ လျှောက်ပါဦးမည်။ သိုးတကောင်၏ အမွေးနှင့် ယခုတကြိမ်သာ စုံစမ်းရသော အခွင့်ကို ပေးတော်မူပါ။
မြေတပြင်လုံးသည် နှင်းစို၍ သိုးမွေးသွေ့ခြောက်ပါစေဟု ဘုရားသခင်အား တောင်းလျှောက်သည်အတိုင်း၊ 40
ထိုည၌၌လည်းဘုရားသခင်ပြုတော်မူသဖြင့်၊ မြေတပြင်လုံးသည် နှင်းစို၍ သိုးမွေးသွေ့ခြောက်လျက် ရှိ၏။

---

---

Judges 01

ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်

ဤနေရာ၌ "ထာဝရဘုရားရှေ့တော်၌" ဟူသော စကားလုံးသည် ထာဝရဘုရားသခင်၏ ထင်မြင်ချက်ကို ရည်ညွှန်းသည်။ ၂:၁၁ ၌မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

မိဒျန်အမျိုးသည်

ဤနေရာ၌ "မိဒျန်" ဟူသောစကားလုံးသည် "မိဒျန်အမျိုး" ကိုရည်ညွှန်းသည်။

မိဒျန်အမျိုးသည် ဣသရေလအမျိုးကို နိုင်၍ ညှဉ်းဆဲသောကြောင့်

ဤနေရာ၌ "မိဒျန်အမျိုးသည် ဣသရေလအမျိုးကို နိုင်၍ ညှဉ်းဆဲသောကြောင့်" ဟူသောစကားလုံးသည် မိဒျန်အမျိုးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "မိဒျန်အမျိုးသားတို့သည် ဣသရေလအမျိုးသားတို့ထက် ခွန်အားကြီးကြသောကြောင့် ညှဉ်းဆဲကြသည်"။

ဥမင်မြေတွင်း

နေထိုင်၍ရသော ကျောက်ဆောင် ကျောက်တုံးကြီးများကြားရှိ ဂူတွင်း။

Judges 03

တပ်ချသဖြင့်

"စစ်သည်တော်များ တပ်ချကြလိမ့်မည်" သို့မဟုတ် "စစ်သည်တော်တို့သည် သူတို့၏ တဲများ တည်ကြလိမ့်မည်"

Judges 05

သူတို့သည် တိရစ္ဆာန်များ၊ တဲများပါလျက်

မိဒျန်အမျိုးတို့၏ နေရာသည် ဣသရေလပြည်၏ တောင်ပိုင်း ပင်လယ်နီအနားတွင် တည်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်အမျိုးသားတို့သည် သူတို့၏ တိရစ္ဆာန်များနှင့် တဲများကို ဣသရေလပြည်တို့ ပါလာလျှင်"။

ကျိုင်းကောင်များပြားသကဲ့သို့

မိဒျန်အမျိုးတိုသည် သူတို့၏ တိရစ္ဆာန်များနှင့် တဲများကိုပါလာကြသဖြင့် ကျိုင်းကောင်များနှင့် နှိုင်းယှဉ်ခြင်းဖြစ်သည်။ (ရှု၊ gs_simile)

မရေတွက်နိုင်အောင်

အလွန်များပြားသော အရေအတွက်ကို ဖော်ပြခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

မိဒျန်အမျိုးသားတို့ကြောင့်
"ဤနေရာ၌ "မိဒျန်" ဟူသော စကားလုံးသည်
မိဒျန်အမျိုးသားတို့ကို ရည်ညွှန်းသည်။

ထာဝရဘုရားအား ဟစ်ကြော်ကြ၏
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသခင်ထံ အကူအညီတောင်း၍
ဆုတောင်းကြသည်"။

Judges 07

ထာဝရဘုရားအား ဟစ်ကြော်ကြသောအခါ
အီဒီယမ်စကားဖြစ်သည်။ အခြားသောသာဘာာပြန်ဆိုချက်၊
"ထာဝရဘုရားသခင်ထံ အကူအညီတောင်း၍
ဆုတောင်းကြသည်"။

မိဒျန်အမျိုးသားတို့ကြောင့်
"ဤနေရာ၌ "မိဒျန်" ဟူသောစကားလုံးသည်
မိဒျန်အမျိုးသားတို့ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်အမျိုးသားတို့ကြောင့်"။

အဲဂုတ္တုပြည်မှ သင်တို့ကို ငါနှုတ်ဆောင်ပြီ
"အဲဂုတ္တုပြည်မှ သင်တို့ကို ခေါ်ဆောင်ခဲ့ပြီ"

ကျွန်ခံနေရာ
မောရှေသည် အဲဂုတ္တုပြည်ကို ကျွန်များထားရာနေရာကဲ့သို့
ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်တို့ကျွန်ခံသော နေရာမှ"။

Judges 09

အဲဂုတ္တုပြည်သားလက်မှ
လက်၊ သောစကားလုံးသည် ထိန်းချုပ်မှု၊ အုပ်ချုပ်မှုကို
ရည်ညွှန်းသည်။

ငါ့စကားကို နားမထောင်
ငါ့စကား၊ ဟူသောစကားလုံးသည် ထာဝရဘုရား၏ အမိန့်တော်ကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏
မိန့်မှာခြင်းကို နာခံကြ၏" သို့မဟုတ် "ငါ့ကို နာခံကြ၏"။

Judges 11

တဖန်
တဖန်၊ ဟူသောစကားလုံးသည် ပုံပြင်၏ အသွားအလာကို
မှတ်သားရန် အသုံးပြုထားသည်။

ထာဝရဘုရား၏ ကောင်းကင်တမန်
၆:၁၁-၂၄ ၌ ထာဝရဘုရားသည် ဂိဒေါင်ထံသို့
ကောင်းကင်တမန်ကဲ့သို့ ပေါ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်တမန်ကဲ့သို့
ပေါ်သော ထာဝရဘုရား" သို့မဟုတ် "ထာဝရဘုရား"။

ဩဖရရွာ
မြို့အမည် ဖြစ်သည်။

အဗျေဇာအမျိုးသား
မိမိတို့၏ ဘိုးဘေးနာမည်ဖြင့် အမည်ရသော လူမျိုးဖြစ်သည်။

စပျစ်သီးနယ်ရာ တန်ဆာအနားမှာ စပါးကို နယ်လျက်နေ၏
ဂိဒေါင်သည် စပါးနှံကို စပါးပင်နှင့် ခွာခြင်းငှာ စပါးနှံကို
မြေပေါ်သို့ ရိုက်လျှက် နယ်လေ၏။

ကိုယ်ထင်ရှား၍
"သူ့ဆီ သွားသည်"

Judges 13

အိုသခင်
ဂိဒေါင်သည် "သခင်" ဟူသော စကားလုံးကို
ယဉ်ကျေးသောစကားအဖြင့်သုံးသည်။
ကောင်းကင်တမန်အယောင်ဆောင်သော ထာဝရဘုရားသခင်ဆီ
စကားပြောသည်ကို သတိမထားမိ။

ထာဝရဘုရားသည် ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူသည်
မဟုတ်လောဟု အကျွန်ုပ်တို့အဘများ ပြောသည်အတိုင်း ပြုတော်မူသော၊
အံ့ဘွယ်သော အမှုရှိသမျှတို့သည် အဘယ်မှာ ရှိပါသနည်း
ထာဝရဘုရားသခင်နှင့်အတူ ရှိတော်မူသည်ဟု ဆိုသော သူစိမ်း၏
ပြောဆိုချက်ကို ဂိဒေါင်သည် ပြန်လည်ချေပခြင်းအားဖြင့်
မေးခွန်းကို မေးတော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်၊
"အကျွန်ုပ်တို့အဘများ ပြောသည်အတိုင်း အဲဂုတ္တုပြည်မှ
နှုတ်ဆောင်တော်မူသည့် အဖြစ်နှင့်၊ အံ့ဘွယ်သော
အမှုရှိသမျှတို့ကို အကျွန်ုပ်သည် မတွေ့ရသေးပါတကား"။

အကျွန်ုပ်တို့ကို မိဒျန်လူတို့လက်သို့ အပ်တော်မူပြီတကား
"အပ်တော်မူပြီ" ဟူသော စကားလုံးသည် ဘုရားသခင်သည်
ဣသရေလအမျိုးတို့အား ရှုံးစေခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်လူတို့သည် အကျွန်ုပ်ကို
နိုင်ရသော အခွင့်ပေးလေ၏"။

လက်သို့ အပ်တော်မူပြီတကား
လက်၊ ဟူသောစကားလုံးသည် အုပ်ချုပ် ချယ်လှယ်မှုကို
ရည်ညွှန်းသည်။

မိဒျန်လူတို့၏
မိဒျန်သည် မိဒျန်လူတို့ို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်လူမျိုးတို့၏"။

Judges 14

ထာဝရဘုရားသည် သူ့ကို ကြည့်ရှု၍
"ထာဝရဘုရားသည် ဂိဒေါင်ကို ကြည့်ရှု၍"

 generated on Sun Jun 30 02:37:40 2024

လက်မှ
ဤနေရာ၌ "လက်မှ" ဟူသော စကားလုံးသည် အုပ်ချုပ်မှုအာဏာကို ရည်ညွှန်းသည်။

မိဒျန်လူတို့၏
မိဒျန်သည် မိဒျန်လူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်လူမျိုး တို့၏"။

သင့်ကို ငါစေခိုင်းသည် မဟုတ်လော
ထာဝရဘုရားသည် ဂိဒေါင်ကို စေလွှတ်တော်မူသည်ကို သေချာစေရန် ဤမေးခွန်းကို မေးတော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ထာဝရဘုရားသည် သင့်ကို စေလွှတ်၏"။

အိုသခင်
ဂိဒေါင် "သခင်" ဟု ခေါ်တော်မူ၏။

အကျွန်ုပ်သည် ဣသရေလအမျိုးကို အဘယ်သို့ ကယ်နှုတ်နိုင်ပါမည်နည်း
ဂိဒေါင်သည် ဣသရေလအမျိုးတို့ကို ကယ်နိုင်မည်မထင်ကြောင်းကို ပေါ်လွင်စေလို၍ မေးခွန်းကို သုံးလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့ကို ငါသည် ကယ်နိုင်မည်မဟုတ်"။

ကြည့်
"ကျေးဇူးပြု၍ နားဆင်ပါ" သို့မဟုတ် "နားထောင်ပါ"

မနာရှေအမျိုး၌
"မနာရှေ၏ အမျိုးသားထဲ၌"

အဖေ၏အိမ်၌
ဤနေရာ၌ "အိမ်" ဟူသောစကားလုံးသည် မိသားစုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဖေ့ မိသားစု၌" သို့မဟုတ် "အကျွန်ုပ်၏ မိသားစု၌"

Judges 16

ငါသည် သင်နှင့် အတူရှိသဖြင့်
ဤနေရာ၌ "သင်နှင့် အတူ" ဟူသောစကားလုံးသည် ဒေသိယစကားဖြစ်သည်။ ထာဝရဘုရားသခင်သည် ဂိဒေါင်ကို ကူညီမစ၍ ကောင်းချီးပေးမည် ဟူ၍ အဓိပ္ပါယ်ရသည်။

လူတယောက်ကို
အခြားသောဘာသာပြန်ဆိုချက်၊ "လူတယောက်ကို လွယ်ကူစွာ တိုက်ခိုက်နိုင်သကဲ့သို့"။

ကိုယ်တော်ရှေ့၌
"ရှေ့တော်၌ ချထားသည်"

Judges 19

မုန့်ညက်တဧဖာ
ခေတ်သစ် တိုင်းတာမှုကို အသုံးပြုရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၂၂ ကီလိုရှိသော မုန့်ညက်"။

ပြုတ်ရည်
အသားစသော၊ အစာပါသော အရည် ဖြစ်သည်။

သူ့ဆီသို့
"ဘုရားသခင်၏ ကောင်းကင်တမန် ဆီသို့"

ထာဝရဘုရား၏ ကောင်းကင်တမန်
အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်တမန်ကဲ့သို့ ထင်ရှားသော ထာဝရဘုရား" သို့မဟုတ် "ဘုရားသခင်"။

Judges 21

ထာဝရဘုရား၏ ကောင်းကင်တမန်
၆:၁၁-၂၄ ၌ ကောင်းကင်တမန်ကဲ့သို့ ဂိဒေါင်ထံသို့ ထင်ရှားသည်။ ၆:၁၁ ၌ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ကွယ်လေ၏
"ပျောက်ကွယ်သွားသည်"

Judges 22

ထာဝရဘုရား၏ကောင်းကင်တမန်
၆:၁၁-၂၄ ၌ ကောင်းကင်တမန်ကဲ့သို့ ဂိဒေါင်ထံသို့ ထင်ရှားသည်။ ၆:၁၁ ၌ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

အိုအရှင် ထာဝရဘုရား
အို၊ ဟူသောစကားလုံးသည် ဂိဒေါင်၏ ကြောက်ရွံ့ခြင်းကို ဖော်ပြသည်။

ထာဝရဘုရား၏ ကောင်းကင်တမန်ကို မျက်နှာချင်းဆိုင်၍ မြင်ရပါပြီ
လူနှစ်ဦး မျက်နှာချင်းဆိုင် တယောက်ကို တယောက်တွေ့မြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ ကောင်းကင်တမန်ကို တကယ်မြင်ရပါပြီ"။

ထာဝရဘုရားက ပြော၍
ထာဝရဘုရားသည် ကောင်းကင်ဘုံမှ ဂိဒေါင်ထံစကားပြောသည်။

ယနေ့တိုင်အောင်
ဤစာအုပ်ကို ရေးရသောအချိန်ကို ဆိုလိုသည်။

သြဖရ
၆:၁၁ ၌ဘာသာပြန်ထားသကဲ့သို့ မြို့အမည်ဖြစ်သည်။

အဗျေဇာသား
၁:၁၁ ၌ဘာသာပြန်ထားသကဲ့သို့ လူမျိုးအဖွဲ့၏ အမည်ဖြစ်သည်။

Judges 25

ဒုတိယနွားထီး
ဒုတိယ၊ ဟူသောစကားလုံးသည် ရှိုးရိုးနံပတ်နှစ် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောနွားထီး"။

အနားမှာရှိသော
"ဗာလဘုရား၏ ယဇ်ပလ္လင်အနား"

ဤကျောက်ပေါ်မှာ ခိုလှုံစရာ
ဩဖရမြို့သည် တောင်ပေါ်တွင် ရှိသည်။ ဣသရေလအမျိုးတို့သည် မိဒျန်လူတို့ကို ကြောက်၍ ထိုနေရာသို့ ခိုလှုံရန်ပြေးကြသည်။

မှန်ကန်စွာတည်လော့
"ကျောက်များကို မှန်ကန်စွာ စီလော့" သို့မဟုတ် "ဟုတ်မှန်တိကျစွာ တည်ဆောက်လော့"

Judges 27

ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ပြုလေ၏
၆:၂၅ ၌ ထာဝရဘုရား၏ အမိန့်ကို ရည်ညွှန်းသည်။

Judges 28

ထကြသောအခါ
"အိပ်ယာမှ ထကြသော" သို့မဟုတ် "နိုးသည်"

ဗာလဘုရား၏ ယဇ်ပလ္လင်သည် ပြိုပျက်လျက်၊ အနားမှာရှိသော အာရှရပင်လည်း လဲလျက်၊ နောက်တည်သော ယဇ်ပလ္လင်ပေါ်မှာ ဒုတိယနွားထီးကို ပူဇော်လျက်ရှိသည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "တစုံတယောက်သောသူက ဗာလဘုရား၏ ယဇ်ပလ္လင်သည် ပြိုပျက်လျက်၊ အနားမှာရှိသော အာရှရပင်လည်း လဲလျက်၊ နောက်တည်သော ယဇ်ပလ္လင်ပေါ်မှာ ဒုတိယနွားထီးကို ပူဇော်၏"။

Judges 30

သူ့ကို အသေခံစေခြင်းငှါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြစ်မှုအဖြစ် သူ့ကို အသေသတ်ရလိမ့်မည်"။

Judges 31

သင်တို့သည် ဗာလဘုရားဘက်၌ အမှု စောင့်မည်လော
ယောရှက လူတို့သည် မမှန်ကန်သော ဘုရားကို မကာကွယ်ရန် ဖော်ပြချင်၍ ဤမေးခွန်းကို မေးရခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ဗာလဘုရားကို မကာကွယ်သင့်"။

အမှုစောင့်သည်
"ကာကွယ်သည်" သို့မဟုတ် "ချေပသည်"

သူ့ကို ကယ်တင်မည်လော
ယောရှက လူတို့သည် မမှန်ကန်သော ဘုရားကို မကယ်ရန် ဖော်ပြချင်၍ ဤမေးခွန်းကို မေးရခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ဗာလဘုရားကို မကာကွယ်သင့်"။

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသော အမည်ဖြစ်သည်။ "ဗာလသူကိုယ်တိုင်က သူ့ကို နိုင်ပါစေ" ဟုအဓိပ္ပါယ်ရသည်။

သူဆိုသောကြောင့်
"ယောရှက ဆိုသောကြောင့်"

Judges 33

ထိုအခါ
ထိုအခါ၊ ဟူသောစကားလုံးသည် ဤနေရာ၌ ပုံပြင်၏ စာသား၌ အစွန်းအထင်မှတ်သားရန် သုံးခြင်းဖြစ်သည်။

စည်းဝေးသဖြင့်
အဒိပ္ပါယ်ကို ဤကဲ့သို့ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သည်တော်များကဲ့တို့ အတူစည်းဝေးကြ၏"။

Judges 34

ဂိဒေါင်အပေါ်မှာ သက်ရောက်၍
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂိဒေါင်၏ ထိန်းချုပ်ခြင်း"။

အဗျေဇာသား
၆:၁၁ ၌ ဘာသာပြန်ထားသကဲ့သို့ လူမျိုးအဖွဲ့၏ အမည်ဖြစ်သည်။

အမျိုးသားတို့သည် လိုက်ကြ၏
စစ်မြေပြင် ဟု နားလည်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်မြေပြင်သို့ သူ့ကို လိုက်လာကြ၏"။

ထိုခရိုင်သားတို့သည် လည်း စုဝေးရာသို့ လာကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့နောက်သို့ လိုက်စေခြင်းငှာ စုဝေးစေကြ၏"။

အာရှာ၊ ဇာဗုလုန်၊ နဿလိ
လူမျိုးစုများကို ကိုယ်စားပြုကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှာအမျိုး၊ ဇာဗုလုန်အမျိုး၊ နဿလိအမျိုးတို့ ထံသို့"။


generated on Sun Jun 30 02:37:40 2024

Judges 36

သိုးတကောင်၏အမွေး
သိုး၏ အမွေးဖြင့်ပြုလုပ်သော အဝတ်။

နှင်း
"ညအခါ၌ အပင်များပေါ်တွင် တွေ့ရတတ်သော ရေ"

အကျွန်ုပ်အားဖြင့် ကယ်တင်တော် မူမည်ကို အကျွန်ုပ်သိပါမည်
အစီပွါယ်ပြည့်စုံစွာ ဤကဲ့သို့ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်အားဖြင့် ကယ်တင်တော် မူမည်ကို ဤလက်ခဏာဖြင့် အကျွန်ုပ်သိပါမည်"။

Judges 38

ဂိဒေါင်သည် နံနက်စောစောထ၍
"ဂိဒေါင်သည် အိပ်ယာမှ ထ၍"

ညှစ်သဖြင့်
"ရေကို ထုပ်ရန် တစ်စုံတစ်ခုကို လက်ဖြင့် ညှစ်ခြင်း"

---

# Translation Questions

Judges 6:1

ဣသရေလအမျိုးသားတို့သည် မိဒျန်အမျိုးများကြောင့် ဘာကိုပြုလုပ်သနည်း။
ဣသရေလအမျိုးသားတို့သည် မိဒျန်အမျိုးများကြောင့် သူတို့အတွက်ခိုလှုံရန် တောင်ရိုး၌ ခိုင်ခံ့သော ဥမင်မြေတွင်းနှင့်ခံတပ်တို့ကို ပြုလုပ်ကြသည်။

Judges 6:3

ဣသရေလအမျိုးသည် မြေအသီးအနှံများကို လယ်လုပ်ပြီးချိန်တွင် ဘာဖြစ်ခဲ့သနည်း။
ဣသရေလအမျိုးသည် လယ်လုပ်ပြီးချိန်တွင် မိဒျန်ပြည်သားနှင့် အာမလက်ပြည်သားအစရှိသော အရှေ့ ပြည်သားတို့သည် ချီလာကြသည်။

Judges 6:5

မိဒျန်ပြည်သားနှင့် အာမလက်ပြည်သားတို့သည် ဘယ်လောက်များပြားစွာ ချီတက်လာသနည်း။
မရေတွက်နိုင်အောင်များပြားကြသည်။

Judges 6:9

ဘယ်သူပိုင်ဆိုင်သောပြည်တွင် ဣသရေလ လူများနေထိုင်ကြသနည်း။
အာမောရိပြည်သားများပိုင်ဆိုင်သောနေရာတွင် ဣသရေလ လူများနေထိုင်ကြသည်။

Judges 6:11

ဘာကြောင့် ဂိဒေါင်သည်စပျစ်သီးနယ်ရာ တန်ဆာအနားမှာ စပါးကို နယ်လျက်နေသနည်း။
မိမိစပါးကို မိဒျန်လူတို့ မတွေ့စေချင်သောကြောင့် စပျစ်သီး နယ်ရာ တန်ဆာအနားမှာ စပါးကိုနယ်လျက်နေခြင်းဖြစ်သည်။

Judges 6:13

ဣသရေလလူများအပေါ် ထာဝရဘုရား ပြုခဲ့သောအရာကို ဂိဒေါင်သည် ဘာထင်ခဲ့သနည်း။
ထာဝရဘုရားသည် သူတို့ကို စွန့်၍ မိဒျန်လူတို့လက်သို့ အပ်လိုက်သည်ဟု ဂိဒေါင် တွေးထင်ခဲ့သည်။

Judges 6:14

ဘာကြောင့် ဂိဒေါင်က သူသည် ဣသရေလူမျိုးများကို ကယ်နှုတ်နိုင်မည်မဟုတ်လို့ထင်ခဲ့သနည်း။
ဂိဒေါင်၏အဆွေအမျိုးသည် မနာရှေအမျိုး၌ သာ၍ဆင်းရဲပြီး အဆွေအမျိုးတွင်လည်း အယုတ်ဆုံးသောသူဖြစ်သော ကြောင့် သူသည် ဣသရေလူမျိုးများကို ကယ်နှုတ်နိုင်မည်မဟုတ်ဟုထင်ခဲ့ခြင်းဖြစ်သည်။

Judges 6:16

ဘာကြောင့် ထာဝရဘုရားသည် ဂိဒေါင်ကို စောင့်ခဲ့သနည်း။
ဂိဒေါင်သည် ပြန်လာ၍ ထာဝရဘုရားအား ဘောဇဉ်ပူဇော် သက္ကာကို ဆောင်ခဲ့မည် ဖြစ်သောကြောင့် စောင့်နေခြင်း ဖြစ်သည်။

Judges 6:19

ထာဝရဘုရား၏ ကောင်းကင်တမန်သည် အမဲသားနှင့် တဆေးမဲ့မုန့်ပြားတို့ကို ဘယ်နေရာတွင် ထားရန်ဂိဒေါင်ကို ပြောသနည်း။
ထာဝရဘုရား၏ ကောင်းကင်တမန်သည် အမဲသားနှင့် တဆေးမဲ့မုန့်ပြားတို့ကို ကျောက်ပေါ်မှာတင်ရန် ဂိဒေါင်ကိုပြောခဲ့သည်။

Judges 6:21

ထာဝရဘုရား၏ ကောင်းကင်တမန်သည် မိမိကိုင်သော တောင်ဝေးကို ဆန့်ချိန်တွင် ဘာဖြစ်ခဲ့သနည်း။
ထာဝရဘုရား၏ ကောင်းကင်တမန်သည် မိမိကိုင်သော တောင်ဝေးကို ဆန့်၍၊ အမဲသားနှင့် တဆေးမဲ့မုန့်ပြားတို့ကို

တို့သဖြင့် ကျောက်ထဲက မီးထ၍ အမဲသားနှင့် တဆေးမဲ့မုန့်တို့ကို လောင်လေသည်။

Judges 6:22

ထာဝရဘုရား၏ကောင်းကင်တမန်ဖြစ်သည်ကို ဂိဒေါင်သည် သိမြင်သောအခါဘာကြောက်ရွံ့သနည်း။

ထာဝရဘုရား၏ကောင်းကင်တမန်ဖြစ်သည်ကို ဂိဒေါင်သည် သိမြင်သောအခါ သူသေမည်ဟုတွေးထင်ခဲ့သောကြောင့် ကြောက်ရွံ့ခြင်းဖြစ်သည်။

Judges 6:25

ထာဝရဘုရားသည် ကျောက်ပေါ်တွင် ဘာကို တည်ဆောက်ရန် ဂိဒေါင်ကိုပြောသနည်း။

ထာဝရဘုရားသည် ခိုလှုံရာကျောက်ပေါ်တွင် ဂိဒေါင်ကိုယဇ်ပလ္လင် တည်ဆောက်ရန် ပြောခဲ့သည်။

Judges 6:27

ဂိဒေါင်လုပ်ရန် ထာဝရဘုရားပြောသည်ကို ဘာကြောင့် ညအချိန်တွင် ပြုလုပ်သနည်း။

ထာဝရဘုရားပြောသည်ကို ညအချိန်တွင် ဂိဒေါင်သည် ပြုလုပ်ခြင်းမှာ မိမိအဘ၏ အိမ်သားနှင့် မြို့သားတို့ကို ကြောက်သဖြင့် နေ့အချိန်၌ မပြုလုပ်ပဲ ညအချိန်တွင် ပြုလုပ်ခြင်းဖြစ်သည်။

Judges 6:30

မြို့သားတို့သည် ဘာကြောင့် ဂိဒေါင်ကိုအသေခံစေရန်အလိုရှိသနည်း။

ဂိဒေါင်သည် ဗာလဘုရား၏ ယဇ်ပလ္လင်ကို ဖြိုဖျက်ပြီး အနားမှာ ရှိသော အာရှရပင်ကို ခုတ်လှဲသောကြောင့် မြို့သားတို့သည်အသေခံစေ ခြင်းငှာအလိုရှိကြသည်။

Judges 6:31

ဘာကြောင့် ဂိဒေါင်သည် ယေရုဗ္ဗာလ ဟူသော အမည်ကို ပေးသနည်း။

ဗာလဘုရားသည် သူ၏ယဇ်ပလ္လင်ကို တစုံတယောက်ဖြိုဖျက်သောကြောင့်၊ ထိုသူတဘက် မိမိအမှုကို မိမိစောင့်ပါလေစေဟုဆိုပြီး ယေရုဗ္ဗာလအမည်ကို ပေးလေသည်။

Judges 6:36

အကယ်၍ ထာဝရဘုရားသည် ဣသရေလအမျိုးကိုကယ်တင်ရန် ရည်ရွယ်ချက်ရှိလျှင် ဂိဒေါင်သည်ဘာကို ရှာဖွေသနည်း။

ဂိဒေါင်သည်သိုးတကောင်၏အမွေးကို တလင်း၌ ထားပြီးသိုးမွေးသည် နှင်းစို၍၊ မြေတပြင်လုံး သွေ့ခြောက်လျှင် ထာဝရဘုရားသည် ဣသရေလအမျိုးကိုကယ်တင်ရန်ရည်ရွယ်ချက်ရှိကြောင်းကို သိရသည်။

Judges 6:38

ဂိဒေါင်သည် သိုးမွေးကို ညှစ်သည့်အခါ နှင်းရည်သည် ဘယ်လောက်များပြားစွာ ရှိနေသလဲ။

ဂိဒေါင်သည်သိုးမွေးကို ညှစ်သဖြင့် နှင်းရည်သည် အင်တုံအပြည့် ရှိလေသည်။

Judges 6:39

ဘယ်အရာသည် ဂိဒေါင်၏ ဒုတိယအကြိမ် ဘုရားသခင်ကို စုံစမ်းခြင်းဖြစ်သနည်း။

ဂိဒေါင်သည် မြေတပြင်လုံးကို နှင်းစို၍ သိုးမွေးသွေ့ခြောက်ပါစေဟူ၍ ဒုတိယအကြိမ် ဘုရားသခင်ကို စုံစမ်းခြင်းဖြစ်သည်။

## Chapter 7

1 ယေရုဗ္ဗာလအမည်ဖြင့် ခေါ်ဝေါ်သော ဂိဒေါင်သည် နံနက်စောစောထ၍၊ ရှိသမျှသော သူတို့နှင့်တကွ ဟာရုတ်ရေတွင်းနားမှာ
တပ်ချသဖြင့်၊ မိဒျန်တပ်သည် မြောက်ဘက်၊ မောရေတောင်ခြေရင်းချိုင့်၌ ရှိ၏။ 2 ထာဝရဘုရားကလည်း၊ သင်၌ပါသော လူတို့သည်
အလွန်များ၍၊ သူတို့လက်၌ မိဒျန်လူတို့ကို ငါမအပ်ရ။ အပ်လျှင် ဣသရေလအမျိုးက၊ ငါ့လက်ရုံးသည် ငါ့ကိုကယ်တင်ပြီဟု
ငါ့တဘက်၌ ဝါကြွား လိမ့်မည်။ 3 သို့ဖြစ်၍၊ ကြောက်လန့်သောသူ မည်သည်ကား၊ ဂိလဒ်တောင်မှ စောစော ပြန်သွားစေဟု လူများတို့
အား ဟစ်ကြော်လော့ဟု ဂိဒေါင်အား မိန့်တော်မူသဖြင့်၊ လူနှစ်သောင်းနှစ်ထောင် ပြန်သွား၍ တသောင်းကျန်ရစ်၏။ 4 တဖန်
ထာဝရဘုရားကလည်း၊ လူတို့သည် အလွန်များသေး၏။ ရေဆိပ်သို့ ခေါ်ခဲ့လော့။ သူတို့ကို ရေဆိပ်မှာ သင့်အဘို့ ငါစုံစမ်းမည်။ ထိုအခါ
ဤမည်သောသူသည် သင်နှင့်အတူ သွားရမည်ဟု ငါဆိုလျှင်၊ ထိုသူသည် သွားရမည်။ ဤမည်သော သူမသွားရဟု ငါဆိုလျှင်
ထိုသူသည် မသွားရဟု မိန့်တော်မူသည်အတိုင်း၊ 5 ဂိဒေါင်သည် လူတို့ကို ရေဆိပ်သို့ ခေါ်ခဲ့၍၊ ထာဝရဘုရားက၊ ခွေးသည်
ရေကိုလျက်၍ သောက်သကဲ့သို့ လျှာနှင့်လျက်၍ သောက်သောသူတစု၊ ဒူးထောက်လျက် ဝပ်၍ သောက်သောသူတစု၊ ထိုလူနှစ်စုကို
ခွဲထားလော့ဟု ဂိဒေါင်အား မိန့်တော်မူ၏။ 6 ထိုအခါ မိမိလက်ခုပ်နှင့်ရေကို ယူသဖြင့် လျက်၍ သောက်သောသူ သုံးရာရှိ၏။
ကြွင်းသောသူအပေါင်း တို့သည် ရေသောက်ခြင်းငှါ ဒူးထောက်၍ ဝပ်ကြ၏။ 7 ထာဝရဘုရားကလည်း၊ လျက်၍ သောက်သောသူ
သုံးရာအားဖြင့် သင့်ကို ငါကယ်တင်၍ မိဒျန်လူတို့ကို သင့်လက်၌အပ်မည်။ ကြွင်းသောသူတို့ကို မိမိနေရာသို့ ပြန်သွားစေဟု
ဂိဒေါင်အား မိန့်တော်မူ၏။ 8 ထိုသူတို့သည် စားစရိတ်နှင့် တံပိုးများကို ယူ၍၊ ကြွင်းသော ဣသရေလအမျိုးသားအပေါင်းတို့ကို
မိမိနေရာသို့ ဂိဒေါင်သည် လွှတ်လိုက်သဖြင့်၊ ထိုသုံးရာသော လူတို့ကိုသာ မိမိနှင့်အတူ ချန်ထားလေ၏။ မိဒျန်လူတို့သည်
သူ့အောက်ချိုင့်၌ တပ်ချလျက် ရှိကြ၏။ 9 ထိုညဉ့်တွင် ထာဝရဘုရားက၊ ထလော့။ ရန်သူတပ်ချရာသို့ ချီသွားလော့။ သင့်လက်၌
ငါအပ်မည်။ 10 မချီဝံ့လျှင် သင်၏ ကျွန်ဖုရကို ရှေ့ဦးစွာ ခေါ်သွားလော့။ 11 သူတို့သည် အဘယ်သို့ ပြောသည်ကို ကြားလိမ့်မည်။
ထိုနောက်မှ တပ်ချရာသို့ ချီသွားခြင်းငှါ သင့်လက်အားကြီးလိမ့်မည်ဟု မိန့်တော်မူသည်အတိုင်း၊ ဂိဒေါင်သည် မိမိကျွန်ဖုရကို ခေါ်၍
ရန်သူ၏ တပ်ပြင်၌ ကင်းထိုးသော သူရှိရာသို့ သွားလေ၏။ 12 မိဒျန်ပြည်သား၊ အာမလက်ပြည်သား၊
အရှေ့ပြည်သားအပေါင်းတို့သည် ချိုင့်၌အိပ်လျက်၊ ကျိုင်းကောင် နှင့်အမျှ များကြ၏။ ကုလားအုပ်တို့သည်လည်း၊
သမုဒ္ဒရာသဲလုံးနှင့်အမျှ အတိုင်းမသိ များကြ၏။ 13 ဂိဒေါင်သည် ရောက်သောအခါ၊ လူတယောက်သည် မိမိမြင်မက်သော အိပ်မက်ကို
မိမိအပေါင်း အဘော်အား ပြန်ပြောသည်မှာ၊ ငါမြင်မက်သည်ကား၊ မုယောမုန့်တပြားသည် မိဒျန်တပ်ထဲသို့ လိမ့်၍ တဲတဆောင်ကို
တွေ့လျှင်၊ ထိခိုက်မှောက်လှန် ဖြိုချလေ၏ဟု ဆိုသော်၊ 14 သူ၏အပေါင်းအဘော်က၊ ထိုမုန့်ပြားသည် အခြားမဟုတ်
ဣသရေလအမျိုးယောရှသားဂိဒေါင်၏ ထားဖြစ်၏။ ထိုသူလက်၌ ဘုရားသခင်သည် မိဒျန်အမျိုး၊ မိဒျန်ဗိုလ်ခြေအပေါင်းကို
အပ်တော်မူမည်ဟု ပြန်ပြော၏။ 15 ထိုအိပ်မက်နှင့် အိပ်မက်အနက်ကို ဂိဒေါင်သည် ကြားသောအခါ၊ ကိုးကွယ်၍ ဣသရေလတပ်သို့
ပြန်ပြီးလျှင်၊ ထကြ၊ ထာဝရဘုရားသည် မိဒျန်ဗိုလ်ခြေတို့ကို သင်တို့လက်၌ အပ်တော်မူမည်ဟု ဆို၏။ 16 ထိုအခါ လူသုံးရာတို့ကို
သုံးစုခွဲ၍၊ တံပိုးတလုံးနှင့် မီးခွက်ပါသော အိုးတလုံးစီကို လူတိုင်းလက်၌ ဆောင်စေ၏။ 17 ငါ့ကို ကြည့်၍ ငါပြုသည်အတိုင်း ပြုကြ။
တပ်ပြင်သို့ ရောက်သောအခါ၊ ငါပြုသည်အတိုင်း ပြုကြ။ 18 ငါနှင့် ငါ၌ ပါသောသူအပေါင်းတို့သည် တံပိုးမှုတ်သောအခါ၊
တပ်ပတ်လည်အရပ်ရပ်၌ သင်တို့သည် တံပိုးမှုတ်၍၊ ထာဝရဘုရားနှင့် ဂိဒေါင်၏ ထားဟု ဟစ်ကြလော့ဟု မှာထား၏။ 19 ထိုသို့
ဂိဒေါင်နှင့် သူ၌ပါသော လူတရာတို့သည် သန်းခေါင်ယံ၌ ကင်းလဲစက တပ်ပြင်သို့ ရောက်သဖြင့် တံပိုးမှုတ်ကြ၏။ မိမိကိုင်သော
အိုးတို့ကိုလည်း ခွဲကြ၏။ 20 လူသုံးစုတို့သည် တံပိုးမှုတ်၍ အိုးတို့ကို ခွဲသဖြင့် လက်ဝဲလက်၌ မီးခွက်တို့ကို၎င်း၊ လက်ျာလက်၌
မှုတ်စရာတံပိုးတို့ကို၎င်း ကိုင်လျက်၊ ထာဝရဘုရားနှင့် ဂိဒေါင်၏ထားဟု ဟစ်ကြ၏။ 21 သူတို့သည် တပ်ပတ်ဝန်းကျင်၌ လူတိုင်း
မိမိနေရာအရပ်တွင် ရပ်နေ၍၊ တပ်သားအပေါင်းတို့သည် ပြေးလျက်၊ အော်လျက် ထွက်ပြေးကြ၏။ 22 လူသုံးရာတို့သည်
တံပိုးမှုတ်သောအခါ၊ ထာဝရဘုရား၏ တန်ခိုးတော်ကြောင့်၊ တပ်သားအပေါင်း တို့သည် တယောက်ကိုတယောက်တိုက်၍၊
ဇေရရတ်အရပ် ဗက်ရှိတ္တမြို့သို့၎င်း၊ တဗ္ဗတ်မြို့နားမှာ အာဗေလမဟောလမြို့နယ်သို့၎င်း ပြေးကြ၏။ 23 ဣသရေလလူတို့သည်
နဿလိခရိုင်၊ အာရှာခရိုင်၊ မနာရှေခရိုင် အရပ်ရပ်ထဲက စုလာ၍၊ မိဒျန်လူ တို့ကို လိုက်ကြ၏။ 24 ဂိဒေါင်သည်လည်း၊ တမန်တို့ကို
ဧဖရိမ်တောင်တရှောက်လုံးသို့ စေလွှတ်၍၊ သင်တို့သည် မိဒျန်လူတို့ကို ဆီးတားခြင်းငှါ ယော်ဒန်မြစ်နား၊ ဗက်ဗာရရွာတိုင်အောင်
သူတို့အရင် စောင့်နေကြလော့ဟု မှာလိုက် သည်အတိုင်း၊ ဧဖရိမ်လူအပေါင်းတို့သည် စုဝေး၍၊ ယော်ဒန်မြစ်နား၊ ဗက်ဗာရရွာတိုင်အောင်
စောင့်နေကြ၏။ 25 မိဒျန်ဗိုလ်ချုပ်နှစ်ယောက်၊ ဩရဘနှင့် ဇေဘကို ဘမ်းဆီး၍၊ ဩရဘကို ဩရဘကျောက်ပေါ်၌၎င်း၊ ဇေဘကို
ဇေဘကို ဇေဘစပျစ်သီးနယ်ရာ တန်ဆာ၌၎င်း သတ်ပြီးမှ၊ မိဒျန်လူတို့ကို လိုက်သဖြင့်၊ ဩရဘ၏ဦးခေါင်းနှင့် ဇေဘ၏ဦးခေါင်းထံသို့
ဆောင်ခဲ့ကြ၏။

 generated on Sun Jun 30 02:37:40 2024

## Judges 01

ယေရုမ္မာလ
ဂိဒေါင်၏ အခြားသော အမည်ဖြစ်သည်။ ၆:၃၁ ၌ မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

တပ်ချကြ၏
"နေရာထိုင်ခင်း ဆောက်လုပ်ကြ၏"

ဟာရုတ်ရေတွင်း၊ ၊ မောရေတောင်ခြေ
နေရာဒေသများ၏ အမည်များဖြစ်ကြသည်။

မိဒျန်တပ်သည် မြောက်ဘက်
ဤနေရာ၌ " မိဒျန်" ဟူသောစကားသည် မိဒျန်တပ်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " မိဒျန်တပ်များသည် ဣသရေလအမျိုးစစ်သည်တော်များ၏ မြောက်ဘက်တွင် တပ်ချကြ၏"။

## Judges 02

မိဒျန်လူတို့ကို အောင်ခြင်းအခွင့် ငါမအပ်ရ
အောင်ခြင်း၊ ဟူသောစကားလုံးသည် နမ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်အား မိဒျန်လူတို့ကို အောင်နိုင်သောအခွင့်"။

ငါ့လက်ရုံးသည် ငါ့ကိုကယ်တင်ပြီ
လက်ရုံး၊ ဟူသောစကားလုံးသည် ထိုလူတို့ ကိုယ်တိုင် ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အကူညီမပါဘဲ ငါတို့သည် ကိုယ့်ကိုယ်ကို ကယ်တင်ကြပြီ"။

သို့ဖြစ်၍
ထို့ကြောင့်၊ ဟူ၍ အဓိပ္ပါယ်ရသည်။ သို့သော် အရေးကြီးသောအချက်ကို သိစေလိုလျှင် အသုံးပြုသည်။

လူများတို့၏ နား၌ ဟစ်ကြော်လော့
ဤနေရာ၌ "နား" ဟူသော စကားလုံးသည် လူအပေါင်းတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူအပေါင်းတို့ထံသို့ ဟစ်ကြော်လော့"။

ကြောက်လန့်သောသူ၊ တုန်လှုပ်သောသူ
စာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူကြသည်။

တုန်လှုပ်
အလွန်ကြောက်ရွံ့၍ မနေနိုင်လောက်အောင် ဖြစ်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြောက်၍ တုန်သည်"။

ပြန်သွားစေ
ပိုရှင်းလင်းစွာ လုပ်နိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "သူ့အိမ်ကို ပြန်သွားစေ"။

ဂိလဒ်တောင်
ဂိလဒ်ဒေသရှိ တောင်၏ အမည်ဖြစ်သည်။

နှစ်သောင်းနှစ်ထောင်
နှစ်ထောင် "၂၂၀၀၀"

တသောင်း
"လူ" သို့မဟုတ် "လူများ" ဟူသော စကားလုံးသည် နားလည်ဖွယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ လူတသောင်း ကျန်ရစ်၏" သို့မဟုတ် "လူ ၁၀၀၀၀ ကျန်ရစ်၏"။

တသောင်း
"၁၀၀၀၀"

## Judges 04

သင့်အတို့ ငါအရေအတွက်နည်းစေမည်
ဤနေရာ၌ "အရေအတွက်" ဟူသော စကားလုံးသည် စစ်သည်တော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာ၌ အိမ်ပြန်စေမည့် သူကို ငါပြ၍ စစ်သည်တော်သည် နည်းလိမ့်မည်"။

## Judges 05

ဂိဒေါင်သည် လူတို့ကို ရေဆိပ်သို့ ခေါ်ခဲ့၍
ခေါ်ခဲ့၊ ဟူသောစကားလုံးသည် "ယူခဲ့" ဟုလည်း ဘာသာပြန်နိုင်သည်။

လျှာနှင့်လျက်၍
လျှာနှင့်လျက်၍ ရေသောက်ခြင်းဖြစ်သည်။

လူသုံးရာ
"လူ ၃၀၀"

## Judges 07

လူသုံးရာ
"လူ ၃၀၀"

ငါကယ်တင်၍ မိဒျန်လူတို့ကို သင့်လက်၌အပ်မည်
ဤနေရာ၌ "သင့်" ဟူသောစကားလုံးသည် အများကိန်းဖြစ်၍ ဂိဒေါင်နှင့် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

ထိုသူတို့သည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင် ရွေးတော်မူသော သူတို့သည်"။

ထိုသူတို့သည် စားစရိတ်နှင့် တံပိုးများကို ယူ၍
ဤနေရာ၌ "ထိုသူတို့" ဟူသောစကားလုံးသည် စစ်သည်တော်များကို ထားခဲ့မည့် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

ယခု
ယခု၊ ဟူသောစကားလုံးသည် ပုံပြင်၏ မှတ်ချက်ကို ဖော်ပြရန် သုံးထားသည်။

Judges 09

ရန်သူတပ်ချရာသို့ ချီသွားလော့။ သင့်လက်၌ ငါအပ်မည်
ဤနေရာ၌ "တပ်ချရာ" ဟူသောစကားလုံးသည် မိဒျန်အမျိုးစစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်တို့ကို သူတို့၏ တပ်ချရာ၌ တိုက်ကြလော့၊ သူတို့ကို အောင်နိုင်ရန် ငါသည် သင်တို့ကို ကူညီမစတော်မူမည်"။

မချီဝံ့လျှင်
နားလည်ရလွယ်ကူရန် ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်တိုက်ရန် မချီဝံ့ကြလျှင်"။

ဖုရ
လူ၏အမည် ဖြစ်သည်။

တပ်ချရာသို့ ချီသွားခြင်းငှါ သင့်လက်အားကြီးလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကြားသောအရာသည် သင့်ကို ခွန်အားပေးလိမ့်မည်"။

ကင်းထိုးသော သူရှိရာသို့
"ရန်သူကိုကြည့်ရန် ဆောက်ထားသောနေရာ"

Judges 12

မိုးတိမ်အုပ် ကျိုင်းကောင် နှင့်အမျှ များကြ၏
ဤနေရာ၌ "မိုးတိမ်အုပ် " ဟူသော စကားလုံးသည် ပြားအုံကို ဆိုလိုသည်။

ကုလားအုပ်တို့သည်လည်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ အတိုင်းမသိ များကြ၏
စာရေးသူသည် အလွန်များပြားလှသော ကုလားအုပ်တို့၏ များပြားပုံကို ခိုင်းနှိုင်းအသုံးပြုသည်။

ကုလားအုပ်တို့သည်လည်း မရေတွက်နိုင်အောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ကုလားအုပ်များသည် မည်သူမျှ မရေတွက်နိုင်လောက်အောင် များပြားသည်။

Judges 13

ထိုမုန့်ပြားသည် အခြားမဟုတ် ဣသရေလအမျိုးယောရှသားဂိဒေါင်၏ ထားဖြစ်၏
ဤနေရာ၌ "ဂိဒေါင်၏ ထား" ဟူသောစကားလုံးသည် စစ်တိုက်သော ဂိဒေါင်၏ စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အိမ်မက်ထဲက ထိုမုန့်ပြားသည် ဂိဒေါင်၏ စစ်သည်တော်များ ဖြစ်ကြလိမ့်မည်"။

ထိုသူလက်၌ ဘုရားသခင်သည် မိဒျန်အမျိုး၊ မိဒျန်ဗိုလ်ခြေအပေါင်းကို အပ်တော်မူမည်ဟု ပြန်ပြော၏
နောက်၌ဖြစ်လာမည်အရာကို ဖြစ်ပြီးသကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်တို့ကို အောင်နိုင်ရန် ဘုရားသခင်သည် ဣသရေလအမျိုးတို့ကို ဧကန်အမှန် ကူညီမစလိမ့်မည်"။

Judges 15

လူသုံးရာ
"လူ ၃၀၀"

Judges 17

ထာဝရဘုရားနှင့် ဂိဒေါင်၏
ငါတို့စစ်တိုက်သည်၊ ဟူသောစကားလုံးသည် စောင်းပါးရိုပ်ခြည်ပြောခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားနှင့် ဂိဒေါင်အတွက် ငါတို့သည် စစ်တိုက်ကြ၏"။

Judges 19

လူတရာ
"လူ ၁၀၀"

သန်းခေါင်ယံ၌ ကင်းလဲစက တပ်ပြင်သို့ ရောက်သဖြင့်
သန်းခေါင်ယံ၌ ကင်းလဲစက၊ ဟူသောစကားလုံးသည် ည ၁၀ နာရီဝန်းကျင်ဖြစ်နိုင်သည်။

Judges 20

ထာဝရဘုရားနှင့် ဂိဒေါင်၏ထား
ဤနေရာ၌ "ထား" ဟူသောစကားလုံးသည် သူတို့၏ တိုက်ခိုက်မှုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားနှင့် ဂိဒေါင်အတွက် ငါတို့သည် စစ်တိုက်ကြ၏"။

Judges 22

တံပိုးသုံးရာ
"တံပိုး ၃၀၀"

ထာဝရဘုရား၏ တန်ခိုးတော်ကြောင့်၊ တပ်သားအပေါင်း တို့သည် တယောက်ကိုတယောက်တိုက်၍
ဤနေရာ၌ "ထား" ဟူသောစကားလုံးသည် တိုက်ပွဲ၌ ဓားဖြင့် တိုက်ခိုက်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မိဒျန်တို့အား သူတို့ကိုသူတို့ အချင်းချင်းတိုက်ခိုက်စေ၏"။

ဗက်ရှိတ္တ၊ ဇေရရတ်၊ အာဗေလမဟောလ၊ တဗ္ဗတ်
မြို့အမည်များ ဖြစ်ကြသည်။


generated on Sun Jun 30 02:37:40 2024

နသလိခရိုင်၊ အာရှာခရိုင်၊ မနာရှေခရိုင် အရပ်ရပ်ထဲက စုလာ၍၊ မိဒျန်လူတို့ကို လိုက်ကြ၏

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂိဒေါင်သည် နသလိခရိုင်၊ အာရှာခရိုင်၊ မနာရှေခရိုင် အရပ်ရပ်ထဲက ဣသရေလအမျိုးတို့ကို ခေါ်လေ၏"။

Judges 24

ဗက်ဗာရ

မြို့နာမည်ဖြစ်သည်။

ယော်ဒန်မြစ်နား၊ ဗက်ဗာရရွာတိုင်အောင် စောင့်နေကြ၏

"ယော်ဒန်မြစ်နား၊ ဗက်ဗာရရွာ တောင်ပိုင်းတိုင်အောင် ထိန်းချုပ်ကြ၏"

သြရဘကျောက်ပေါ်၌၊ ဇေဘစပျစ်သီးနယ်ရာ တန်ဆာ၌

ဤနေရာများသည် သြရဘနှင့် ဇေဘကို သတ်ကြပြီးနောက် အမည်ပေးကြသော နေရာများဖြစ်သည်။

သြရဘနှင့် ဇေဘ

လူနာမည်များ ဖြစ်ကြသည်။

---

## Translation Questions

### Judges 7:2

ဘာကြောင့်ထာဝရဘုရားသည် ကြောက်လန့်သောစစ်သားများကိုပြန်ခိုင်းသနည်း။

ထာဝရဘုရားသည် ဣသရေလအမျိုးက၊ ငါ့လက်ရုံးသည် ငါ့ကိုကယ်တင်ပြီဟု ငါ့တဘက်၌ ဝါကြွား မည်ဖြစ် သောကြောင့် ပြန်ခိုင်းခြင်းဖြစ်သည်။

### Judges 7:4

ထာဝရဘုရားသည် ဘာကြောင့် ဂိဒေါင်ကို ရေဆိပ်သို့ စစ်သည်များကို ခေါ်ဆောင် ခိုင်းသနည်း။

ထာဝရဘုရားသည် စစ်သည်များကို နည်းစေလို၍ ဘယ်သူသည်ဂိဒေါင်နှင့်အတူသွားရမည် ကိုပြောချင်၍ ရေဆိပ်သို့ စစ်သည်များကို ခေါ်ဆောင် ခိုင်းခြင်းဖြစ်သည်။

### Judges 7:5

ထာဝရဘုရားကဂိဒေါင်ကိုစစ်သည်များကို ခွဲရန် ဘယ်လိုပြောသနည်း။

ထာဝရဘုရားက ဂိဒေါင်ကို ခွေးသည် ရေကိုလျက်၍ သောက်သကဲ့သို့ လျှာနှင့်လျက်၍ သောက်သောသူကိုတစ်ခုခွဲရန် ပြောခဲ့သည်။

### Judges 7:7

စစ်သည်ဘယ်လောက်သည် ဂိဒေါင်နှင့်အတူနေသနည်း။

ဂိဒေါင်နှင့်အတူ စစ်သည် သုံးရာ နှင့် ကျန်သောသူများသည် မိမိနေရာသို့ပြန်ကြသည်။

### Judges 7:9

အကယ်၍ ဂိဒေါင်သည်ကြောက်ရွံ့လျှင် ဂိဒေါင်၏ အားကြီးသောအရာသည်ဘယ်အရာနည်း။

အကယ်၍ ဂိဒေါင်သည်ကြောက်ရွံ့လျှင် တပ်ချရာသို့သွားပြီး သူတို့ဘာပြောသည်ကို ကြားခြင်းသည် ဂိဒေါင်၏ အားကြီးသောအရာဖြစ်သည်။

### Judges 7:13

လူတယောက်သည် သူမြင်မက်သော အိမ်မက်ကိုအဖော်များအား ပြောသောအခါ သူ၏ အပေါင်းအဖော်က အိမ်မက် အကြောင်းကို ဘာပြန်ပြောသနည်း။

လူတယောက်သည် သူမြင်မက်သော အိမ်မက်ကိုအဖော်များအား ပြောသောအခါ သူ၏ အပေါင်းအဖော်က အိမ်မက်သည်ဂိဒေါင်အကြောင်းဖြစ်သည်ဟုဆိုသည်။ ထာဝရဘုရားသည် သူ့ကို မိဒျန်နှင့် သူတို့ဗိုလ်ခြေအပေါင်းကို အောင်မြင်ခြင်းပေးမည်ဟူ၍ဖြစ်သည်။

### Judges 7:15

ဂိဒေါင်သည် သူ၏စစ်သည် သုံးရာကို ဘာပေးခဲ့သနည်း။

ဂိဒေါင်သည် စစ်သည် သုံးရာတို့ကို တံပိုးတလုံးနှင့် မီးခွက်ပါသော အိုးတလုံးစီကို လူတိုင်းအားပေးခဲ့သည်။

### Judges 7:19

ဘယ်အချိန်တွင် ဂိဒေါင်၏စစ်သည်များသည် တံပိုးမှုတ်ပြီး မိမိကိုင်ထားသောအိုးများကိုခွဲကြသနည်း။

မိဒျန်ဗိုလ်ခြေများ ကင်းလဲစဉ်တွင် ဂိဒေါင်၏စစ်သည်များသည် တံပိုးမှုတ်ပြီး မိမိကိုင်ထားသောအိုးများကိုခွဲကြသည်။

### Judges 7:22

စစ်သည်သုံးရာတို့သည် တံပိုးမှုတ်သောအခါ ထာဝရဘုရားသည် ဘာလုပ်ခဲ့သနည်း။

စစ်သည်သုံးရာတို့သည် တံပိုးမှုတ်သောအခါထာဝရဘုရား ၏ တန်ခိုးတော်ကြောင့် တပ်သားအပေါင်းတို့သည် တယောက်ကိုတယောက်တိုက်ကြသည်။

Judges 7:24

ဧဖရိမ်လူအပေါင်းတို့သည် စုဝေး၍ ဘယ်လောက်အလှမ်းကွာသောနေရာတွင် စောင့်နေကြသနည်း။

ဧဖရိမ်လူအပေါင်းတို့သည် စုဝေး၍ ယော်ဒန်မြစ်နား ဗက်ဗာရရွာတိုင်အောင် စောင့်နေကြသည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 8

1 ဧဖရိမ်လူတို့က၊ သင်သည် မိဒျန်လူတို့ကို တိုက်သွားသောအခါ၊ ငါတို့ကို မခေါ်ဘဲ ငါတို့၌ အဘယ်သို့ ပြုသနည်းဟု
ကျပ်ကျပ်အပြစ်တင်ကြ၏။ 2 ဂိဒေါင်ကလည်း၊ သင်တို့ပြုသကဲ့သို့ ငါသည် အဘယ်သို့ ပြုပြီးသနည်း။ အဗျေဇာစပျစ်သီး သိမ်းခြင်း
ထက် ဧဖရိမ်လိုက်ကောက်ခြင်းသည် သာ၍ ကောင်းသည်မဟုတ်လော။ 3 ဘုရားသခင်သည် မိဒျန်ဗိုလ်ချုပ်သြရဘနှင့် ဇေဘတို့ကို
သင်တို့လက်၌ အပ်တော်မူပြီ။ သင်တို့ ပြုသကဲ့သို့ ငါသည် အဘယ်သို့ ပြုနိုင်သနည်းဟု ပြန်ပြောသောစကားကို သူတို့သည်
ကြားသောအခါ စိတ်ပြေကြ၏။ 4 ဂိဒေါင်သည် ယော်ဒန်မြစ်သို့ရောက်သောအခါ၊ သူ၌ရှိသော သူသုံးရာတို့သည် ပင်ပန်းလျက်နှင့်
ကူး၍ လိုက်ကြ၏။ 5 သုကုတ်မြို့သားတို့အားလည်း၊ ငါ့နောက်လိုက်သောသူတို့အား မုန့်ကို ပေးကြပါလော့။ သူတို့သည် ပင်ပန်းကြပြီ။
ငါသည် မိဒျန်မင်းကြီး ဇေဘဟနှင့် ဇာလမုန္နကို ယခု လိုက်ရှာပါ၏ဟု တောင်းသော် လည်း၊ 6 သုကုတ်မင်းတို့က၊ ငါတို့သည်
သင့်အမှုထမ်းတို့အား မုန့်ကို ပေးရမည်အကြောင်း၊ ဇေဘဟနှင့် ဇာလမုန္နသည် သင့်လက်၌ ရှိသလောဟု ပြန်ပြောကြ၏။ 7
ဂိဒေါင်ကလည်း၊ သို့ဖြစ်၍ ထာဝရဘုရားသည် ဇေဘဟနှင့် ဇာလမုန္နတို့ကို ငါ့လက်၌ အပ်တော်မူသော အခါ၊ သင်တို့ ကျောက်ကွဲအောင်
တောဆူးပင်အမျိုးမျိုးနှင့် ငါရိုက်မည်ဟုဆိုပြီးလျှင်၊ 8 ထိုအရပ်က ပေနွေလမြို့သို့ သွား၍၊ သူတို့အား ထိုနည်းတူ တောင်းသော်လည်း၊
သုကုတ်မြို့သားတို့ ပြန်ပြောသည်နည်းတူ၊ ပေနွေလမြို့သားတို့သည် ပြန်ပြောကြ၏။ 9 ဂိဒေါင်ကလည်း၊ ငါသည် တဖန် ငြိမ်ဝပ်စွာ
လာသောအခါ၊ ဤရဲတိုက်ကို ဖြိုဖျက်မည်ဟု သူတို့အား ဆို၏။ 10 ထိုအခါ ထားကိုင်သော လူတသိန်းနှစ်သောင်း သေသောကြောင့်၊
အရှေ့မျက်နှာအရပ်သားအပေါင်း တို့တွင် ကျန်ကြွင်းသော လူတသောင်းငါးထောင်ခန့်မျှသာပါလျက်၊ ဇေဘဟနှင့် ဇာလမုန္နတို့သည်
ကာကော်မြို့၌ ရှိကြ၏။ 11 ဂိဒေါင်သည် နောဗာမြို့၊ ယုဗ္ဗေဟမြို့အရှေ့၊ တဲ၌ နေသူတို့လမ်းဖြင့် ချီသွား၍၊ မစိုးရိမ်ဘဲနေသော
မိဒျန်တပ်ကို လုပ်ကြံသဖြင့်၊ 12 မိဒျန်မင်းကြီးဇေဘဟနှင့် ဇာလမုန္နပြေးသောအခါ၊ ဂိဒေါင်သည် လိုက်၍ တပ်ကို ဖျက်လေ၏။ 13
ယောရှသားဂိဒေါင်သည် နေမထွက်မီ စစ်တိုက်ရာမှ ပြန်လာ၍၊ 14 သုကုတ်မြို့သား လုလင်တယောက်ကို ဘမ်းမိ၍ မေးစစ်လျှင်၊
ထိုသူသည် သုကုတ်မြို့အရာရှိ၊ အသက်ကြီးသူခုနစ်ဆယ်ခုနစ်ယောက်တို့၏ အမည်အသီးအသီးတို့ကို ပြောလေ၏။ 15
ဂိဒေါင်သည်လည်း၊ သုကုတ်မြို့သားတို့ရှိရာသို့ လာ၍၊ သင်တို့က၊ ပင်ပန်းသော သင့်အမှုထမ်းတို့အား ငါတို့သည် မုန့်ကို
ပေးရမည်အကြောင်း၊ ဇေဘဟနှင့် ဇာလမုန္နသည် သင့်လက်၌ရှိသလောဟု ငါ့ကို ကဲ့ရဲ့၍ သင်တို့ပြောသော ဇေဘဟနှင့် ဇာလမုန္နကို
ကြည့်ကြလော့ဟုဆိုလျက်၊ 16 ထိုမြို့၌ အသက်ကြီးသူတို့ကို ခေါ်၍ တောဆူးပင်အမျိုးမျိုးနှင့် သုကုတ်မြို့သားတို့ကို ဆုံးမလေ၏။ 17
ပေနွေလမြို့ ရဲတိုက်ကိုလည်း ဖြိုဖျက်၍ မြို့သားတို့ကို ကွပ်မျက်လေ၏။ 18 ထိုအခါ ဇေဘဟနှင့် ဇာလမုန္နတို့အား တာဗော်မြို့မှာ
သင်တို့ သတ်ခဲ့သော သူတို့သည် အဘယ်သို့ သော သူဖြစ်သနည်းဟု မေးမြန်းသော်၊ ထိုသူတို့က၊ ကိုယ်တော်ဖြစ်သကဲ့သို့
သူတို့ရှိသမျှသည် ဖြစ်၍၊ ရှင်ဘုရင်သား၏ အဆင်းအရောင်နှင့် ပြည့်စုံကြပါ၏ဟု ပြန်ပြောသော်၊ 19 ဂိဒေါင်က၊ ထိုသူတို့သည်
ငါ့အမိ၏သား၊ ငါ့ညီဖြစ်ပါသည်တကား၊ ထာဝရဘုရား အသက်ရှင်တော်မူ သည်အတိုင်း၊ သင်တို့သည် သူတို့ကို
အသက်ချမ်းသာပေးမိလျှင်၊ သင်တို့ကို ငါမသတ်ဘဲ နေလိမ့်မည် ဟု၊ 20 မိမိသားဦးယေသာအား၊ ဤသူတို့ကို ထ၍
သတ်လော့ဟုဆိုသော်လည်း၊ သားသည် အသက်အရွယ် ငယ်သောကြောင့်၊ ထားကို မဆွဲမထုတ်ဘဲ နေ၏။ 21 ဇေဘဟနှင့်
ဇာလမုန္နတို့ကလည်း၊ ကိုယ်တော်တိုင်ထ၍ ငါတို့ကို လုပ်ကြံလော့။ လူဖြစ်သကဲ့သို့ သူ့အစွမ်းသတ္တိဖြစ်တတ်သည်ဟုဆိုလျှင်၊
ဂိဒေါင်သည် ထ၍ ဇေဘဟနှင့် ဇာလမုန္နကို သတ်သဖြင့်၊ သူတို့ ကုလားအုပ်၏ လည်ပင်း၌ ဆင်သော တန်ဆာတို့ကို ချွတ်ယူလေ၏။
22 ထိုအခါ ဣသရေလလူတို့က၊ ကိုယ်တော်သည် အကျွန်ုပ်တို့ကို မိဒျန်လူတို့လက်မှ ကယ်နှုတ်သော ကြောင့်၊
သားစဉ်မြေးဆက်နှင့်တကွ အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါဟု၊ ဂိဒေါင်အား လျှောက်ဆို ကြသော်၊ 23 ဂိဒေါင်က၊ ငါသည် သင်တို့ကို
မအုပ်စိုးရ။ ငါ့သားလည်း မအုပ်စိုးရ။ ထာဝရဘုရားသည် သင်တို့ကို အုပ်စိုးတော်မူရ၏ဟူ၍၎င်း၊ 24 သို့ရာတွင် သင်တို့ရှိသမျှသည်
လုယူ၍ ရသော နားတောင်းတို့ကို ပေးပါမည်အကြောင်း၊ ငါတောင်းချင် သည်ဟူ၍၎င်း ဆိုလေ၏။ ရန်သူတို့သည်
ဣရှမေလအမျိုးဖြစ်၍ ရွှေနားတောင်းကို ဆင်တတ် ကြသတည်း။ 25 သူတို့ကလည်း၊ စင်စစ်ပေးပါမည်ဟုဆိုလျက် စောင်ကို ခင်း၍၊
လူအပေါင်းတို့သည် မိမိတို့ လုယူ၍ ရသော နားတောင်းများကို ချထားကြ၏။ 26 ဂိဒေါင်တောင်းသော ရွှေနားတောင်းများ အချိန်ကား၊
အခွက်တဆယ်ခုနစ်ပိဿာရှိ၏။ ထိုမှတပါး၊ မိဒျန်မင်းကြီး ဝတ်ဆင်သောတန်ဆာ၊ လည်ဆွဲ၊ နီမောင်းသောအဝတ်၊ ကုလားအုပ်
လည်ကြိုးများကို ရသေး၏။ 27 ထိုတန်ဆာတို့နှင့် ဂိဒေါင်သည် သင်တိုင်းတော်ကို လုပ်၍ မိမိနေရာ သြဖရမြို့မှာ ထားသဖြင့်၊
ဣသရေလအမျိုးသားအပေါင်းတို့သည် ထိုသင်တိုင်းတော်နှင့် မှားယွင်းလျက် သွားတတ်ကြ၏။ ထိုအမှုသည် ဂိဒေါင်နှင့် သူ၏အမျိုး
ပြစ်မှားရာအကြောင်းဖြစ်သတည်း။ 28 ထိုသို့ မိဒျန်အမျိုးသည် ဣသရေလအမျိုးရှေ့မှာ ရှုံး၍၊ နောက်တဖန် အစိုးမရဘဲ နေကြ၏။
ဂိဒေါင် လက်ထက်အနှစ်လေးဆယ်တိုင်တိုင် တပြည်လုံး ငြိမ်းလေ၏။ 29 ယောရှသားယေရုဗ္ဗာလသည် မိမိအိမ်သို့ သွား၍
နေသတည်း။ 30 ဂိဒေါင်သည် မယားများ၍၊ ကိုယ်ရသော သားခုနစ်ဆယ်ရှိ၏။ 31 ရှေခင်မြို့၌ နေသော မယားငယ်သည်
သားယောက်ျားကို ဘွားမြင်၍၊ ထိုသားကို အဘိမလက်အမည် ဖြင့် မှည့်လေ၏။ 32 ယောရှသား ဂိဒေါင်သည် အသက်ကြီးရင့်သော်
အနိစ္စရောက်၍၊ အဗျေဇာသားနေရာ သြဖရမြို့မှာ၊ အဘယောရှသင်္ချိုင်း၌ သင်္ဂြိုဟ်ခြင်းကို ခံရလေ၏။ 33 ဂိဒေါင်သေသောအခါ၊
ဣသရေလအမျိုးသားတို့သည် ဖောက်ပြန်၍ ဗာလဘုရားတို့နှင့် မှားယွင်းသဖြင့်၊ ဗာလဗေရိတ်ကို ဘုရားအရာ၌ ချီးမြှောက်ကြ၏။ 34

ပတ်ဝန်းကျင်ရန်သူလက်မှ ကယ်နှုတ်တော်မူသော မိမိတို့ဘုရားသခင်ထာဝရဘုရားကို မအောက်မေ့ဘဲ၊ [35] ဂိဒေါင်တည်းဟူသော ယေရုဗ္ဗာလသည် ဣသရေလအမျိုး၌ ပြုသမျှသော ကျေးဇူးနှင့်အညီ၊ သူ၏အမျိုး၌ ကျေးဇူးတို့ကို ပြန်၍ မပြုဘဲ နေကြ၏။

---

---

Judges 01

ငါတို့၌ အဘယ်သို့ ပြုသနည်း
ဧဖရိမ်၏အမျိုးတို့သည် ဂိဒေါင်ကို ဆဲဆိုကြ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါတို့ကို တရားမျှတစွာ မပြု"။

မိဒျန်လူတို့ကို တိုက်သွားသောအခါ
ဤနေရာ၌ "မိဒျန်" ဟူသောစကားသည် မိဒျန်လူတို့ကို ရည်ညွှန်းသည်။

ကျပ်ကျပ်အပြစ်တင်ကြ၏
"သူနှင့်ပြင်းထန်စွာ စကားများကြ၏" သို့မဟုတ် "သူ့ကို ပြင်းထန်စွာ ဆဲဆိုကြ၏"

Judges 02

ယေဘုယျအချက်အလက်
ဧဖရိမ်အမျိုးတို့အား ဂိဒေါင်က ပြန်၍ ဖြေကြားသည်။

သင်တို့ပြုသကဲ့သို့ ငါသည် အဘယ်သို့ ပြုပြီးသနည်း
ဂိဒေါင်သည် ဧဖရိမ်အမျိုးတို့ကို လေးစား၍ ဤကဲ့သို့ မေးမြန်းရခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ပြုသောအရာနှင့် နိုင်းယှဉ်လျှင် ငါသည် အနည်းငယ်သာ ပြု၏"။

အဗျေဇာစပျစ်သီး သိမ်းခြင်း ထက် ဧဖရိမ်လိုက်ကောက်ခြင်းသည် သာ၍ ကောင်းသည်မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဧဖရိမ်အမျိုးတို့ ကောက်ခြင်းသည် ငါတို့ အဗျေဇာစပျစ်သီး လိုက်ကောက်ခြင်းထက် သာ၍ ကောင်း၏"။ (ရှု၊

အဗျေဇာစပျစ်သီး သိမ်းခြင်း ထက် ဧဖရိမ်လိုက်ကောက်ခြင်းသည် သာ၍ ကောင်းသည်မဟုတ်လော
ဂိဒေါင်နှင့် သူ၏ စစ်သည်တော်များက မိဒျန်ကို အောင်ရခြင်းကို စပျက်သီးသိမ်းခြင်းကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧဖရိမ်အမျိုး သင်တို့၏ စစ်ပွဲပြီးချိန်၌ လုပ်ရသောအလုပ်သည်၊ ငါတို့ ဗျေဇာအမျိုးတို့ အစပိုင်း၌ လုပ်သော အုပ်ထက်သာ၍ ကောင်း၏"။

အဗျေဇာ
ဂိဒေါင်၏ ဘိုးဘေးတို့၏ အမည်ဖြစ်သည်။

ဩရဘနှင့် ဇေဘ
၇:၂၄ ၌ကဲ့သို့ ဘာသာပြန်နိုင်သည်။

သင်တို့ ပြုသကဲ့သို့ ငါသည် အဘယ်သို့ ပြုနိုင်သနည်း
ဂိဒေါင်သည် ဧဖရိမ်ကို လေးစားသောအားဖြင့် ဤမေးခွန်းကို မေးလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ပြုသော အမှုသည် ငါတို့ပြုသော အမှုထက် သာ၍အရေး ကြီး၏"။

စိတ်ပြေကြ၏
"လျှော့လာသည်"

Judges 04

သူသုံးရာတို့သည်
"လူ ၃၀၀"

လိုက်ကြ၏
ကြိယာဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူများကို ဆက်၍ လိုက်ကြ၏"။

ဇေဗာဟနှင့် ဇာလမုန္န
လူနာမည်များ ဖြစ်သည်။

Judges 06

ဇေဗာဟနှင့် ဇာလမုန္နသည် သင့်လက်၌ ရှိသလော
ဇေဗာဟနှင့် ဇာလမုန္နတို့ကို ဣသရေလအမျိုးတို့သည် မဖမ်းကြသေးသည်ကို ခေါင်းဆောင်များက ဖော်ပြရန် မေးခွန်းသုံးကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇေဗာဟနှင့် ဇာလမုန္နတို့ကို သင်တို့သည် မဖမ်းကြသေးသလော"။

ဇေဗာဟနှင့် ဇာလမုန္နတို့ကို ငါ့လက်၌
ဤနေရာ၌ "လက်" ဟူသော စာလုံးသည် တကိုယ်လုံးကို ရည်ညွှန်းသည်။

သင်၏လက်၌
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် ခွန်အား သို့မဟုတ် ထိန်းချုပ်မှုကို ရည်ညွှန်းသည်။

ငါတို့သည် သင့်အမှုထမ်းတို့အား အဘယ့်ကြောင့် မုန့်ကို ပေးရပါမည်နည်း
ဣသရေလအမျိုးတို့အား မုန့်ကို ပေးရမည့်အကြောင်းမရှိသည်ကို ခေါင်းဆောင်တို့သည် မေးခွန်းသုံးကြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စစ်သည်တော်များကို မုန့်ပေးရန် အကြောင်း ငါတို့၌ မရှိ"။

သင်တို့ ကျောကွဲအောင် တောဆူးပင်အမျိုးမျိုးနှင့် ငါရိုက်မည်
အဓိပ္ပါယ်ပြည့်စုံရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "ကန္တာရမှ ဆူးပင်နှင့် နှင်းဆီရိုင်းမှ ကြာပွတ်ကို ငါလုပ်၍ သင်တို့ကို ရိုက်၍ ဖြတ်မည်"။


generated on Sun Jun 30 02:37:40 2024

ဆူးပင်နှင့် နှင်းဆီရိုင်း
စပျစ်နွယ် သို့မဟုတ် သစ်ခက်များတွင် ထက်၍ ချွန်သည့် လူကို ဆူးစူးတတ်သာ ဆူးပင်မျိုး။

Judges 08

ထိုအရပ်က ပေနွေလမြို့သို့ သွား၍
သူ၊ ဟူသောစကားလုံးသည် ဂိဒေါင်ကို ရည်ညွှန်းသည်။ ဂိဒေါင်သည် သူ့နောက်လိုက်ကြသော စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာမှ ထွက်သွားကြ၏" သို့မဟုတ် "ဂိဒေါင်နှင့် သူ၏လူ ၃၀၀ တို့သည် ထိုနေရာမှ ထွက်ကြ၏"။

ပေနွေလ
နေရာဒေသ၏ အမည်ဖြစ်သည်။

သူတို့အား ထိုနည်းတူ တောင်းသော်လည်း
ပို၍ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနည်းတူ အစာတောင်းလေ၏" သို့မဟုတ် "သူကလည်း စားဘို့ အစာတောင်းလေ၏"။

ငါသည် တဖန် ငြိမ်ဝပ်စွာ လာသောအခါ
သူနိုင်သော သူ၏ ရန်သူများကို လေးစားသည့်နည်းဖြင့် မေးမြန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်စစ်သည်တော်များကို ငါအပြီးအပိုင် အနိုင်ယူပြီးနောက်"။

ဤရဲတိုက်ကို ဖြိုဖျက်မည်
ဤနေရာ၌ "ငါ" ဟူသော စကားသည် ဂိဒေါင်နှင့် သူ၏လူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါနှင့် ငါ၏ လူတို့သည် ဤရဲတိုက်ကို ဖြိုဖျက်မည်"။

Judges 10

ထိုအခါ
ဤနေရာ၌ "ထိုအခါ " ဟူသောစကားလုံးသည် ပုံပြင်၏ အသွားအလာကို မှတ်သားစေရန် သုံးခြင်းဖြစ်သည်။

ဇေဘဟနှင့် ဇာလမုန္န
၈:၄ ၌ကဲ့သို့ ဘာသာပြန်နိုင်သည်။

ကာကော်
မြို့အမည် ဖြစ်သည်။

လူတသောင်းငါးထောင်
"လူ ၁၅၀၀၀"

လဲကြ၏
စစ်မြေပြင်၌ သေနေသော သူတို့ကို ယဉ်ကျေးသောစကားဖြင့် ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "အသတ်ခံလေ၏" သို့မဟုတ် "စစ်မြေပြင်၌ သေလေ၏"။

ထားဖြင့်စစ်တိုက်ရန် သင်ပေးသော
စစ်သည်တော်များကို ခေါ်ဆိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သည်တော်များ"။

ဤထားဖြင့်
ဤနေရာ၌ "ထား" ဟူသော စကားလုံးသည် ဓါးနှင့် အခြားသော လက်နက်များကို ရည်ညွှန်းသည်။

Judges 11

ဂိဒေါင်သည် တက်သွား၍
ဤနေရာ၌ "ဂိဒေါင်" ဟူသော စကားသည် စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂိဒေါင်နှင့် သူ၏စစ်သည်တော်များ တက်သွားကြ၏"။

သူသည် အောင်လေ၏
ဤနေရာ၌ "သူ" ဟူသော စကားလုံးသည် ဂိဒေါင်နှင့် သူ၏ စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ဂိဒေါင်နှင့် သူ၏ စစ်သည်တော်တို့က နိုင်လေ၏"။

နောဗာနှင့် ယုဗ္ဗေဟ
မြို့အမည်များ ဖြစ်သည်။

ဇေဘဟနှင့် ဇာလမုန္န
၈:၄ ၌ ကဲ့သို့ဘာသာပြန်နိုင်သည်။

ထိန့်လန့်သည်
လူတစုံတယောက် မည်သို့မျှ မတတ်စွမ်းသာ လောက်အောင် ကြောက်ရွံ့ခြင်း။

Judges 13

ဟဲရေဆာ
တောင်နှစ်တောင်ကို ဆက်သွယ်သောလမ်း အမည်။

လုလင်တယောက်ထံသို့ ပြေး၏
ဒေသိယစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လုလင် တစ်ယောက်ကို တွေ့လေ၏"။

သူ့ဆီ အကြံတောင်းလေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ပေါ်က လူကြီးများ၏ အမည်ကို မှတ်သားသိရှိရန် သူ့ကို မေးလေ၏"။

ခုနစ်ဆယ်ခုနစ်ယောက်
ခုနစ်ယောက်- "လူ ၇၇ ယောက်"

Judges 15

ဇေဘဟနှင့် ဇာလမုန္န
၈:၄ ၌ ကဲ့သို့ ဘာသာပြန်နိုင်သည်။


generated on Sun Jun 30 02:37:40 2024

ဇေဘဟနှင့် ဇာလမုန္နသည် သင့်လက်၌ရှိသလော
ဂိဒေါင်သည် သုကုတ်မြို့သားတို့ ပြက်ရယ်ပြုသည့်သဘောနှင့် မေးခွန်းမေးလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဇေဘဟနှင့် ဇာလမုန္နတို့ကို မအောင်နိုင်သေးပါ"။

ဂိဒေါင်သည် အသက်ကြီးသူတို့ကို ခေါ်၍၊ ဆုံးမ၍၊ ဖြိုဖျက်၍
ဂိဒေါင်၊ ဟူသောစကားလုံးသည် သူ၏ စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂိဒေါင်နှင့် သူ၏ စစ်သည်တော်တို့က ခေါ်၍၊ ဆုံးမ၍၊ ဖြိုဖျက်ကြလေ၏"။

တောဆူးပင်
ချွန်၍ ထက်သော ဆူးရှိသော အပင်တမျိုးဖြစ်၍ လူနှင့် တိရိစ္ဆာန်ကို ဆူးတတ်သော အပင်တမျိုးဖြစ်သည်။ ၈း၆ ၌ကဲ့သို့ ဘာသာပြန်နိုင်သည်။

ပေနွေလ
၈း၈ ၌ဘာသာပြန်ထားသော မြို့၏ အမည်ကဲ့သို့ ဘာသာပြန်နိုင်သည်။

Judges 18

ဇေဘဟနှင့် ဇာလမုန္န
၈း၄ ၌ ကဲ့သို့ဘာသာပြန်နိုင်သည်။

တာဗော်
၄း၆ ၌ဘာသာပြန်ထားသော မြို့အမည်ကဲ့သို့ ဘာသာပြန်နိုင်သည်။

ထိုသူတို့က၊ ကိုယ်တော်ဖြစ်သကဲ့သို့
"သူတို့သည် သင်ကဲ့သို့"

ထာဝရဘုရား အသက်ရှင်တော်မူ သည်အတိုင်း
ဘာသာရေးစကားအရ သူပြောချင်သော အရာသည် အမှန်တကယ်မှန်ကန်ကြောင်း ဖော်ပြသော အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကို ကတိပေး၏"။

Judges 20

ယေသာ
ဂိဒေါင်၏သား နာမည်ဖြစ်သည်။

လူဖြစ်သကဲ့သို့ သူ့အစွမ်းသတ္တိဖြစ်တတ်သည်
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတဦး၏ လုပ်ရမည့်အရာ ဖြစ်သည်"။

ခရီဆင်
ကောက်၍ ချွန်ထက်သော အရာဖြစ်သည်။

တန်ဆာ
"အလှဆင်ခြင်း"

Judges 22

သင်၊ သင်၏သားနှင့် သင်၏မြေး
ဂိဒေါင်သေပြီးလျှင် သူ၏ အမျိုးက ဆက်လက် အုပ်ချုပ်ရန် အလိုရှိကြသည်ကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်သေပြီးလျှင် သင်နှင့် သင်၏ သားစဉ်မြေးဆက်တို့"။

မိဒျန်လူတို့လက်မှ
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် ဣသရေလအမျိုးသားတို့အပေါ် မိဒျန်တို့၏ ချုပ်ချယ်မှုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်တို့၏ ချုပ်ချယ်မှု" သို့မဟုတ် "မိဒျန်တို့မှ"။

မိဒျန်လူတို့၏
ဤနေရာ၌ "မိဒျန်" ဆိုသည်မှာ မိဒျန်လူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ မိဒျန်လူတို့၏"။

Judges 24

ဂိဒေါင်က ပြောလေ၏
"ဂိဒေါင်သည် ဣသရေလအမျိုးတို့ကို ပြောလေ၏"

နားတောင်းတို့
နား၌ ဆင်သော အလှတန်ဆာ။

လုယူခြင်း
သူများပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို စစ်ပွဲ၌ အသေသတ်၍ အတင်းလုယူခြင်းဖြစ်သည်။

န်သူတို့သည် ဣရှမေလအမျိုးဖြစ်၍ ရွှေနားတောင်းကို ဆင်တတ် ကြသတည်း
စာရေးသူသည် မိဒျန်တို့၏ နောက်ကြောင်းကို ဖော်ပြသည်။

စောင်
ပုခုံးပေါ်၌ ဝတ်သော အကြီးစား အဝတ်အစားမျိုး။

Judges 26

ရွှေနားတောင်းများ အချိန်ကား၊ အခွက်တဆယ်ခုနစ်ပိဿာရှိ၏
ခေတ်သစ်တိုင်းတာခြင်းနှင့် ခေတ်သစ်ချိန်ဆမှုတို့ကို သုံးရန် လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ရွှေ ၁၈.၇ ကီလိုဂရမ်" သို့မဟုတ် "၂၀ ကီလိုဂရမ်လောက်ရှိသော ရွှေ"။

လည်ကြိုးများ
၈း၂၀ ၌ ဘာသာပြန်ထားသကဲ့သို့။

လည်ဆွဲ
ဆွဲကြိုး၏ ထိပ်ပိုင်းတွင် တပ်ဆင်ထားသော အလှတန်ဆာ။

မိဒျန်မင်းကြီး ဝတ်ဆင်သောတန်ဆာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်မင်းကြီး ဝတ်ဆင်ထားသော"။


generated on Sun Jun 30 02:37:40 2024

Judges 27

ဂိဒေါင်သည် သင်တိုင်းတော်ကို လုပ်၍
"ဂိဒေါင်သည် ရွှေနားကပ်မှ သင်တိုင်းတော်ကို လုပ်၍"

သြဖရ
၆:၁၁ ၌ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ဣသရေလအမျိုးသားအပေါင်းတို့သည် ထိုသင်တိုင်းတော်နှင့် မှားယွင်းလျက် ပြည့်တန်ဆာ လုပ်တတ်ကြ၏
မှားယွင်းသောဘုရား ကိုးကွယ်ခြင်းကို ပြည့်တန်ဆာအလုပ်ကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးတို့သည် သင်တိုင်းတော်ကိုကိုးကွယ်ကြ၍ ထာဝရဘုရားသခင်ကို ပြစ်မှားကြ၏"။

ဣသရေလအမျိုးသားအပေါင်းတို့
ဤနေရာ၌ "အပေါင်းတို့" ဟူသော စကားလုံးသည် လူအများအပြားက အဝတ်အထည်များကို ကိုးကွယ်ကြည်ညိုကြသည်ကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "ဣသရေလ၌ လူအများတို့သည် အဝတ်အထည်များကို ကိုးကွယ်ကြသည်"။

ထိုအမှုသည် ဂိဒေါင်နှင့် သူ၏အမျိုး ပြစ်မှားရာအကြောင်းဖြစ်သတည်း
ဂိဒေါင်နှင့် သူ၏ အမျိုးတို့သည် သင်တိုင်းတော်ကို ကိုးကွယ်စေခြင်းငှာ စုံစမ်းနှောက်ယှက်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် ဂိဒေါင်နှင့် သူ၏အမျိုးတို့ စုံစမ်းခြင်း ဖြစ်လာ၏" သို့မဟုတ် " ဂိဒေါင်နှင့် သူ၏ အမျိုးတို့သည် ဤအရာကို ကိုးကွယ်ခြင်းဖြင့် ပြစ်မှားကြ၏"။

သူ၏အိမ်၌ ရှိသူများ
ဤနေရာ၌ "သူ့အိမ်" ဟူသော စကားလုံးသည် ဂိဒေါင်၏ အမျိုးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အမျိုး"။

မိဒျန်အမျိုးသည် ဣသရေလအမျိုးရှေ့မှာ ရှုံး၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဣသရေလအမျိုးတို့ မျက်မှောက်၌ မိဒျန်တို့ကို ရှုံးစေ၍" သို့မဟုတ် "ထာဝရဘုရားသည် ဣသရေလအမျိုးတို့ကို ကူညီ၍ မိဒျန်အမျိုးတို့သည် ရှုံးကြ၏"။

သူတို့ခေါင်းမထောင်ကြ
ဒေသိရစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်အမျိုးသည် ဣသရေလအမျိုးတို့ကို မတိုက်ခိုက်ကြ"

တပြည်လုံး ငြိမ်းလေ၏
ဤနေရာ၌ "ပြည်" ဟူသော စကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ဣသရေလအမျိုးသားတို့သည် ငြိမ်သက်စွာ နေကြ၏"

အနှစ်လေးဆယ်
"အနှစ် ၄၀" (ရှု၊ ranslate_numbers)

ဂိဒေါင်၏ နေ့၌
ဤနေရာ၌ "နေ့" ဟူသော စကားလုံးသည် ဂိဒေါင်အသက်ရှင်နေထိုင်စဉ် အချိန်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဂိဒေါင်ရှိ နေချိန်ကာလ"။

Judges 29

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသော နာမည်ဖြစ်သည်။ ၆:၃၁ ၌ကဲ့သို့ဘာသာပြန်နိုင်သည်။

သားခုနစ်ဆယ်
"သား ၇၀"

Judges 32

အသက်ကြီးရင့်သော်
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အလွန်အိုမင်းသောအခါ"။

သင်္ဂြိုဟ်ခြင်းကို ခံရလေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သင်္ဂြိုဟ်ကြ၏"။

သြဖရ
၆:၁၁ ၌ မြို့၏ အမည်ကို ဘာသာပြန်ထားသကဲ့သို့ ဘာသာပြန်နိုင်သည်။

အဗျေဇာသား
၆:၁၁ ၌လူမျိုးတို့၏ အမည်ကို ဘာသာပြန် ထားသကဲ့သို့ ဘာသာပြန်နိုင်သည်။

အခါ
ပုံပြင်အသစ်၏ အစပိုင်းကို အမှတ်သားပြုရန် သုံးခြင်းဖြစ်သည်။

ပြန်လှည့်၍
လူတို့က ထာဝရဘုရားသခင် ပြစ်မှားခြင်းကို နောက်ပြန်လှည့်ခြင်းကဲ့သို့ ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ထာဝရဘုရားကိုးကွယ်ခြင်းမှ ရပ်တန့်ကြ၏"။

ဖောက်ပြန်၍ ဗာလဘုရားတို့နှင့် ပြည်တန်ဆာအလုပ်၌ မှားယွင်းသဖြင့်
မမှန်သော ဘုရားကို ကိုးကွယ်ခြင်းကို ပြည့်တန်ဆာ၌ ပြစ်မှားခြင်းကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗာလဘုရားကို ကိုးကွယ်၍ ထာဝရဘုရားသခင်ကို ပြစ်မှားကြ၏"။

ဗာလဗေရိတ်
မမှန်သော ဘုရား၏ အမည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Judges 34

ပတ်ဝန်းကျင်ရန်သူလက်မှ
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် ထိန်းချုပ်မှုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ရန်သူအပေါင်းတို့၏ ထိန်းချုပ်မှုမှ" သို့မဟုတ် "သူတို့၏ ရန်သူအပေါင်းတို့မှ"။

ပတ်ဝန်းကျင်
"သူတို့ကို ဝန်းရံသူတို့"

ယေရုဗ္ဗာလ၏ အိမ်
ဤနေရာ၌ "အိမ်" ဟူသော စကားလုံးသည် တစုံတယောက်၏ မိသားစုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုဗ္ဗာလ၏ မိသားစု"။

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသောအမည်ဖြစ်သည်။ ၆း၃၁ ၌မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

---

## Translation Questions

Judges 8:1

ဘာကြောင့် ဧဖရိမ်လူအပေါင်းတို့သည် ဂိဒေါင်နှင့် အငြင်းပွားကြသနည်း။
ဂိဒေါင်သည် မိဒျန်လူတို့ကို တိုက်သွားသောအခါ ဧဖရိမ်လူအပေါင်းတို့ကို မခေါ်ဘဲသွားသောကြောင့် အငြင်းပွားခြင်းဖြစ်သည်။

Judges 8:4

ဂိဒေါင်သည် ဘာအတွက် သုကုတ်မြို့သားတို့ကို မေးသနည်း။
ဂိဒေါင်သည်သုကုတ်မြို့သားတို့ကို သူ့နောက်လိုက်သောသူတို့အား မုန့်ကိုပေးရန် မေးခဲ့သည်။

Judges 8:6

ဂိဒေါင်သည် ပေနွေလမြို့သားတို့အား သူသည် ရဲတိုက်ကို ဖြိုဖျက်မည်ဟု ဘာကြောင့်ပြောသနည်း။
ပေနွေလမြို့သားတို့သည် ဂိဒေါင်၏ စစ်သည်များကို မုန့်မပေးဘဲ သုကုတ်မင်းတို့က ငြင်းပယ်သောကြောင့် ဖြစ် သည်။

Judges 8:11

ဂိဒေါင်သည်ဘာကြောင့် နောဗာမြို့နှင့် ယုဗ္ဗေဟမြို့ ကိုဖြတ်သွား၍ ရန်သူတပ်ကို ဖျက်ဆီးသနည်း။
ဂိဒေါင်သည် သူတို့ကို တိုက်ခိုက်မည်ဟု မမျှော်လင့်ထားသောကြောင့် ဖြစ်သည်။

Judges 8:15

သုကုတ်မြို့သားတို့ကို မဆုံးမခင် ဂိဒေါင်သည်သူတို့အားဘယ်သူ့ကို ပြသခဲ့သနည်း။
ဇေဘဟနှင့် ဇာလမုန္နကို ဂိဒေါင်သည် သုကုတ်မြို့သားတို့အား မဆုံးမခင်ပြသခဲ့သည်။

Judges 8:18

ဇေဘဟနှင့် ဇာလမုန္နတို့သည် တာဗော်မြို့မှာ ဘယ်လိုသူများကို သတ်ခဲ့သနည်း။
ဇေဘဟနှင့် ဇာလမုန္နတို့သည် ဂိဒေါင်၏ ညီအစ်ကိုများကို သတ်ခဲ့သည်။

Judges 8:20

သားယေသာသည် ဓားကို ဘာကြောင့်ဆွဲမထုတ်သနည်း။
သားယေသာသည် အသက်အရွယ်ငယ်ပြီး ကြောက်ရွံ့နေသောကြောင့် ဓားကိုမဆွဲထုတ်ပဲနေခြင်းဖြစ်သည်။

Judges 8:22

ဘယ်သူကဂိဒေါင်ကို ဣသရေလ လူများအားအုပ်စိုးရန်ပြောသနည်း။
ထာဝရဘုရားသည် ဣသရေလလူများကို အုပ်စိုးမည်ဟု ဂိဒေါင်ကပြောပါသည်။

Judges 8:24

ဂိဒေါင်သည် ဣသရေလလူများကို ဘာအတွက် တောင်းခဲ့သနည်း။
ဂိဒေါင်သည် ဣသရေလလူများကိုလုယူ၍ ရသော နားတောင်းတို့ကို ပေးရန်တောင်းခဲ့သည်။

Judges 8:27

ဂိဒေါင်သည် ရရှိလာသော နားတောင်းတို့ကို ဘာပြုလုပ်သနည်း။
ဂိဒေါင်သည် ရရှိလာသောနားတော်တို့ကို သင်တိုင်းတော် ပြုလုပ်ခဲ့သည်။

ဣသရေလအမျိုးသားတို့က ရွှေရောင်သင်တိုင်းတော်ကို ဘာပြုလုပ်ခဲ့သနည်း။
ဣသရေလအမျိုးသားတို့သည် ရွှေရောင်သင်တိုင်းတော်ကို ကိုးကွယ်ခြင်းအားဖြင့် မှားယွင်းကြသည်။


generated on Sun Jun 30 02:37:40 2024

Judges 8:32

ဂိဒေါင်သေသောအခါ ဘာဖြစ်ခဲ့သနည်း။
ဂိဒေါင်သေသောအခါ ဣသရေလအမျိုးသားတို့သည်
ဖောက်ပြန်သဖြင့်ဗာလဘုရားတို့ကို မှားယွင်း၍
ကိုးကွယ်ကြသည်။

---

## Chapter 9

1 ယေရုဗ္ဗာလသား အဘိမလက်သည် ရှေခင်မြို့သို့ သွား၍ ဦးရီးများ၊ အမိ၏အဆွေအမျိုးများအပေါင်း တို့နှင့် နှုတ်ဆက်လျက်၊ 2
ယေရုဗ္ဗာလသား ခုနစ်ဆယ်တို့သည် သင်တို့ကို အုပ်စိုးကောင်းသလော။ သားတယောက်တည်း အုပ်စိုးကောင်းသလော။ ငါသည်
သင်တို့၏ အရိုးအသားစစ်ဖြစ်ကြောင်းကို မမေ့ကြနှင့်ဟု ရှေခင်မြို့ သားအပေါင်းတို့အား ပြောရမည်အကြောင်းကို တိုင်ပင်လေ၏။ 3
ထိုစကားကို ဦးရီးတို့သည် ရှေခင်မြို့သားတို့အား အကုန်အစင်ပြန်ပြော၍၊ သူတို့က၊ အဘိမလက်သည်
ငါတို့ညီအစ်ကိုဖြစ်သည်ဟုဆိုလျှက် သူ့နောက်သို့ လိုက်ချင်သော စိတ်နှုးညွတ်သဖြင့်၊ 4 ငွေခုနစ်ဆယ်ကို
ဗာလဗေရိတ်အိမ်မှထုတ်၍ပေးလျှင်၊ အဘိမလက်သည် လျှပ်ပေါ်သော သူတို့ကို ထိုငွေနှင့် ငှါး၍ အမှုကို ထမ်းစေ၏။ 5 တဖန်
ဩဖရမြို့၌ ရှိသော မိမိအဘအိမ်သို့ သွား၍၊ မိမိညီအစ်ကိုယေရုဗ္ဗာလသားခုနစ်ဆယ်တို့ကို ကျောက်တခုပေါ်မှာ သတ်လေ၏။
သို့ရာတွင်၊ ယေရုဗ္ဗာလသားအငယ်ဆုံးယောသံသည် ပုန်းရှောင်၍ နေသောကြောင့် ကျန်ရစ်သတည်း။ 6 ရှေခင်မြို့သားအပေါင်းတို့နှင့်
မိလ္လောအဆွေအမျိုးအပေါင်းတို့သည် ရှေခင်မြို့တွင်ရှိသော အထိမ်းအမှတ်သပိတ်ပင်အနားမှာ စည်းဝေး၍ အဘိမလက်ကို
ရှင်ဘုရင်အရာ၌ ခန့်ထားကြ၏။ 7 ထိုအမှုကို ယောသံသည် ကြားသိသောအခါ၊ ဂေရဇိမ်တောင်သို့ သွား၍၊ တောင်ပေါ်မှာ ရပ်လျက်
အသံကို လွှင့်၍ ကြွေးကြော်လေသည်မှာ၊ အိုရှေခင်မြို့သားတို့၊ သင်တို့စကားကို ဘုရားသခင် နားထောင်တော်မူမည်အကြောင်း၊
ငါ့စကားကို နားထောင်ကြလော့။ 8 သစ်ပင်တို့သည် မိမိတို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ခန့်ထားလျက် ဘိသိက်ပေးခြင်းငှါ
ထွက်သွား၍၊ အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါဟု သံလွင်ပင်အား လျှောက်ကြလျှင်၊ 9 သံလွင်ပင်က၊ ဘုရားအသရေ၊ လူအသရေကို
ပြုစုစရာ ငါ့အဆီအပြားကို ငါသည် စွန့်၍ သစ်ပင်တို့ အပေါ်မှာ လွှမ်းမိုးရမည်လောဟု ဆို၏။ 10 တဖန် သင်္ဘောသဖန်းပင်အား၊
ကိုယ်တော်ကြွ၍ အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါဟု သစ်ပင်တို့သည် လျှောက်ကြလျှင်၊ 11 သင်္ဘောသဖန်းပင်က၊ ငါ၌ ချိုသော
အရသာနှင့် ကောင်းသောအသီးကို ငါသည် စွန့်၍ သစ်ပင်တို့ အပေါ်မှာ လွှမ်းမိုးရမည်လောဟု ဆို၏။ 12 တဖန် စပျစ်ပင်အား
ကိုယ်တော်ကြွ၍ အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါဟု သစ်ပင်တို့သည် လျှောက် ကြလျှင်၊ 13 စပျစ်ပင်က၊ ဘုရား၏စိတ်နှင့်
လူ၏စိတ်ကို ရွှင်လန်းစေသော ငါ့စပျစ်ရည်ကို ငါသည် စွန့်၍ သစ်ပင်တို့ အပေါ်မှာ လွှမ်းမိုးရမည်လောဟု ဆို၏။ 14 တဖန်
ဆူးလေပင်အား ကိုယ်တော်ကြွ၍ အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါဟု သစ်ပင်အပေါင်းတို့သည် လျှောက်ကြလျှင်၊ 15 ဆူးလေပင်က၊
သင်တို့သည် ငါ့ကို သင်တို့၏ ရှင်ဘုရင်ဖြစ်စေခြင်းငှါ ခန့်ထား၍ ဧကန်အမှန် ဘိသိက်ပေးလိုလျှင်၊ လာကြ၊ ငါ့အရိပ်ကို ခိုလှုံကြ။
သို့မဟုတ် ဆူးလေပင်ထဲက မီးထွက်၍ လေဗနုန် အာရစ်ပင်တို့ကို လောင်လိမ့်မည်ဟု သစ်ပင်တို့အား ပြန်ပြော၏။ 16 ယခုမှာ
သင်တို့သည် အဘိမလက်ကို ရှင်ဘုရင်အရာ၌ ခန့်ထားသောအားဖြင့် သစ္စာတရားကို စောင့်၍၊ ယေရုဗ္ဗာလနှင့် သူ၏အမျိုးအနွယ်အား
ကောင်းမွန်စွာ ပြုကြပြီလော။ ယေရုဗ္ဗာလသည် ကျေးဇူးပြု၍ ခံထိုက်သည်အတိုင်း သူ့အား ကျေးဇူးဆပ်ကြပြီလော။ 17 ငါ့အဘသည်
သင်တို့အဘို့ စစ်တိုက်၍ ကိုယ်အသက်ကို စွန့်စားလျက်၊ သင်တို့ကို မိဒျန်အမျိုးလက်မှ ကယ်နှုတ်လေပြီ။ 18 သင်တို့သည်
ငါ့အဘ၏အဆွေအမျိုးတဘက်၌ ယနေ့ထ၍ သူ၏သားခုနစ်ဆယ်တို့ကို ကျောက်တခု ပေါ်မှာ သတ်ပြီးလျှင်၊ သူ၏ကျွန်မတွင်
မြင်သော သားအဘိမလက်သည် သင်တို့ညီအစ်ကိုဖြစ်သော ကြောင့်၊ သူ့ကို ရှေခင်မြို့သားတို့၏ ရှင်ဘုရင်ခန့်ထားကြပြီတကား။ 19
ယခုမှာ သင်တို့သည် ယေရုဗ္ဗာလနှင့် သူ၏အမျိုးအနွယ်အား သစ္စာတရားအတိုင်း ယနေ့ပြုပြီးလျှင်၊ အဘိမလက်ကို အမှီပြု၍
ဝမ်းမြောက်ကြလော့။ အဘိမလက်သည်လည်း သင်တို့ကို အမှီပြု၍ ဝမ်းမြောက်ပါစေ။ 20 သို့မဟုတ်လျှင် အဘိမလက်ထဲက
မီးထွက်၍၊ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးကိုလောင်ပါစေ။ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးထဲက မီးထွက်၍
အဘိမလက်ကို လောင်ပါစေဟု ကြွေးကြော်ပြီးမှ၊ 21 အလျင်အမြန်ပြေး၍ အစ်ကိုအဘိမလက်ကို ကြောက်သောကြောင့် ဗေရမြို့သို့
သွား၍ နေလေ၏။ 22 အဘိမလက်သည် ဣသရေလအမျိုးကို အုပ်စိုး၍ သုံးနှစ်စေ့သောအခါ၊ 23 ဘုရားသခင်သည် အဘိမလက်နှင့်
ရှေခင်မြို့သား စပ်ကြားမှာ ဆိုးသောဝိညာဉ်ကို စေလွှတ်တော်မူ၍၊ ရှေခင်မြို့သားတို့သည် အဘိမလက်၏သစ္စာကို ဖျက်ကြ၏။ 24
အကြောင်းမူကား၊ ယေရုဗ္ဗာလ၏ သားခုနစ်ဆယ်တို့၌ ကြမ်းတမ်းစွာ ပြု၍ သတ်မိသောအပြစ်သည် သူတို့ကို သတ်သောသူတို့
ညီအစ်ကိုအဘိမလက်အပေါ်သို့၎င်း၊ ညီအစ်ကိုများကို သတ်သောအမှု၌ ဝိုင်း၍ လက်ခံသော ရှေခင်မြို့သားတို့အပေါ်သို့၎င်း
ရောက်ရမည်အကြောင်းတည်း။ 25 ရှေခင်မြို့သားတို့သည် အဘိမလက်ကို ချောင်းမြောင်းစေခြင်းငှါ၊ လူတို့ကို
တောင်ထိပ်ပေါ်မှာထား၍ ထိုသူတို့သည် ခရီးသွားသောသူအပေါင်းတို့၏ ဥစ္စာကို လုယူကြ၏။ ထိုသတင်းကိုလည်း၊
အဘိမလက်သည်ကြား ၏။ 26 ဧဗက်၏သားဂါလသည် မိမိညီအစ်ကိုတို့နှင့်အတူ ရှေခင်မြို့ဘက်သို့ ဝင်၍ ရှေခင်မြို့သားတို့သည်
သူ့ကို ကိုးစားကြ၏။ 27 ဥယျာဉ်၌ လည်လျက်စပျစ်သီးကို သိမ်းယူလျက် ပျော်မွေ့ခြင်းကို ပြုသဖြင့်၊ မိမိတို့ ဘုရား၏ကျောင်း သို့
သွား၍ အဘိမလက်ကို ကျိန်ဆဲကြ၏။ 28 ဧဗက်၏သား ဂါလကလည်း၊ ငါတို့သည် အဘိမလက်အမှုကို စောင့်ရမည်အကြောင်း၊
အဘိမလက် ကား အဘယ်သူနည်း၊ ရှေခင်ကား အဘယ်သူနည်း။ အဘိမလက်သည် ယေရုဗ္ဗာလသား မဟုတ်လော။ ဇေဗုလသည်
သူ၏အမှုထမ်းမဟုတ်လော။ ရှေခင်အဘဟာမော်လူတို့၏ အမှုကို ထမ်းကြလော့။ အဘိမလက်အမှုကို အဘယ်ကြောင့်
ထမ်းရမည်နည်း။ 29 ဤလူတို့သည် ငါ့လက်သို့ ရောက်ပါစေသော။ သို့ဖြစ်လျှင် အဘိမလက်ကို ငါပယ်မည်ဟူ၍၎င်း၊
အဘိမလက်အား သင်၏ ဗိုလ်ခြေတို့ကို ပြင်ဆင်၍ လာတော့ဟူ၍၎င်း ဆို၏။ 30 ဧဗက်၏သားဂါလစကားကို

 generated on Sun Jun 30 02:37:40 2024

မြို့အုပ်ဇေဗုလကြားသောအခါ အမျက်ထွက်၍ 31 ပရိယာယ်အားဖြင့် အဘိမလက်ထံသို့ စေလွှတ်လျက်၊ ဧဗက်၏သားဂါလသည်
မိမိညီအစ်ကိုတို့နှင့် အတူ ရှေခင်မြို့သို့ လာ၍ ကိုယ်တော်တဘက်၌ မြို့ကို ပြင်ဆင်ကြပါ၏။ 32 သို့ဖြစ်၍ ညဥ့်အခါ ကိုယ်တော်သည်
ပါသောသူတို့နှင့်တကွ ထ၍၊ တော၌ ချောင်းမြောင်းလျက် နေတော်မူပါ။ 33 နံနက်စောစော နေထွက်စကထ၍ ညဥ့်အခါ
ကိုယ်တော်သည် ပါသောသူတို့နှင့်တကွ ထ၍ မြို့ကို တိုက်တော်မူပါ။ ဂါလသည် သူ၌ပါသော လူတို့နှင့်တကွ ဆီး၍ ကြိုသောအခါ၊
အဆင်သင့်သည်အတိုင်း ပြုတော်မူပါဟု ကြားလျှောက်လေ။ 34 အဘိမလက်သည် သူ၌ ပါသမျှသော လူတို့နှင့်တကွ ညဥ့်အခါ ထ၍
တပ်လေးတပ်ခွဲပြီးလျှင်၊ ရှေခင်မြို့ကို ချောင်းမြောင်းလျက်နေကြ၏။ 35 ဧဗက်၏သားဂါလသည် ထွက်၍ မြို့တံခါးဝ၌ ရပ်လျှင်၊
အဘိမလက်သည် မိမိ၌ပါသော သူတို့နှင့်တကွ ချောင်းမြောင်းရာမှ ထကြ၏။ 36 ဂါလသည် ထိုလူတို့ကို မြင်လျှင်၊ တောင်ပေါ်မှ
လူများ ဆင်းလာကြသည်ဟု ဇေဗုလအားဆိုသော်၊ ဇေဗုလက တောင်အရိပ်သည် လူကဲ့သို့ ထင်သည်ဟု ပြန်ပြော၏။ 37 တဖန်
ဂါလက၊ ကြည့်ပါ။ လူအချို့တို့သည် တောင်ရိုးပေါ်မှ ဆင်းလာကြ၏။ အချို့တို့သည် မောနေနိမ် သပိတ်တောလမ်းဖြင့် လာကြ၏ဟု
ပြောဆိုလျှင်၊ 38 ဇေဗုလက၊ ငါတို့သည် အဘိမလက်အမှုကို ထမ်းရမည်အကြောင်း၊ အဘိမလက်သည် အဘယ်သူနည်းဟု
သင်ဆိုသော နှုတ်သည် ယခုအဘယ်မှာ ရှိသနည်း။ ထိုလူတို့သည် သင်မထီမဲ့မြင်ပြုသော သူမဟုတ်လော။ ထွက်၍ သူတို့ကို
စစ်တိုက်ပါလော့ဟု ဆိုသော်၊ 39 ဂါလသည် ရှေခင်မြို့သားတို့ရှေ့မှာ ထွက်၍ အဘိမလက်ကို တိုက်လေ၏။ 40 အဘိမလက်လိုက်၍
ဂါလပြေးသဖြင့် များသောသူတို့သည် မြို့တံခါးဝတိုင်အောင် အထိအခိုက်ခံလျက် လဲ၍ သေကြ၏။ 41 အဘိမလက်သည်
အရုမမြို့မှာ နေ၍ ဇေဗုလသည် ဂါလနှင့် သူ၏ညီအစ်ကိုတို့ကို ရှေခင်မြို့၌ မနေစေခြင်းငှါ နှင်ထုတ်လေ၏။ 42 နက်ဖြန်နေ့၌
လူများတို့သည် မြို့ပြင်သို့ ထွက်မည်အကြောင်းကို အဘိမလက်သည် ကြားလျှင်၊ 43 မိမိလူတို့ကို သုံးစုခွဲ၍ တော၌
ချောင်းမြောင်းလျက် နေသဖြင့်၊ မြို့သားတို့သည် ထွက်လာကြသောအခါ ထ၍ လုပ်ကြလေ၏။ 44 အဘိမလက်သည် မိမိလူတစုနှင့်
မြို့တံခါးဝသို့ ပြေးတက်၍ စောင့်နေ၏။ အခြားသော လူနှစ်စုတို့ သည် တော၌ရှိသော လူတို့ဆီသို့ ပြေး၍ သတ်ကြ၏။ 45
အဘိမလက်သည် တနေ့လုံးမြို့ကို တိုက်၍ရသောအခါ၊ မြို့၌ တွေ့သောသူတို့ကို သတ်ပြီးလျှင် မြို့ရိုးကို ဖြိုဖျက်၍ မြို့ရာကို ဆားနှင့်
ကြဲဖြန့်လေ၏။ 46 ထိုသိတင်းကို ရှေခင်ရဲတိုက်သားအပေါင်းတို့သည် ကြားလျှင်၊ ဗေရိတ်ဘုရား၏ ကျောင်း၌ ခိုင်ခံ့သော အခန်းထဲမှာ
စုဝေးကြ၏။ 47 ရှေခင်ရဲတိုက်သားအပေါင်းတို့သည် စုဝေးကြောင်းကို အဘိမလက်သည် ကြားလတ်သော်၊ 48 ကိုယ်တိုင်မှစ၍ ပါသော
သူအပေါင်းတို့သည် ဇလမုန်တောင်သို့ သွားပြီးလျှင်၊ အဘိမလက်သည် ပုဆိန်နှင့် သစ်ခက်ကို ခုတ်၍ မိမိပုခုံးပေါ်မှာ တင်ထမ်းလျက်၊
ငါပြုသည်ကို သင်တို့ မြင်သည်အတိုင်း အလျင်အမြန်ပြုကြလော့ဟု လိုက်သောသူတို့အား ဆိုလျှင်၊ 49 သူ၏လူအပေါင်းတို့သည်
ထိုအတူ အသီးအသီးသစ်ခက်တို့ကို ခုတ်၍ အဘိမလက်နောက်သို့ လိုက်လျက် ခိုင်ခံ့သောအခန်းကို မီးရှို့ကြ၏။ ထိုသို့
ရှေခင်ရဲတိုက်သားအပေါင်းတို့နှင့်အတူ တထောင်သော ယောကျ်ားမိန်းမတို့သည် သေကြကုန်၏။ 50 ထိုနောက်မှ အဘိမလက်သည်
သေဗက်မြို့သို့ သွား၍ တပ်ချပြီးလျှင် တိုက်ယူလေ၏။ 51 သို့ရာတွင် မြို့ထဲမှာ ခိုင်ခံ့သော ရဲတိုက်တခုရှိ၍၊
မြို့သားယောကျ်ားမိန်းမအပေါင်းတို့သည် ထိုရဲတိုက် ထဲသို့ ပြေးဝင်ကြ၏။ တံခါးကိုလည်း ပိတ်ထား၍ ရဲတိုက်အပေါ်သို့ တက်ကြ၏။
52 အဘိမလက်သည် ရဲတိုက်ကို လာ၍ တိုက်လျက်၊ ရဲတိုက်တံခါးကို မီးရှို့ခြင်းငှါ ချဉ်းကပ်သောအခါ၊ 53 မိန်းမတယောက်သည်
ကြိတ်ဆုံကျောက်တဖဲ့ကို အဘိမလက် ခေါင်းပေါ်သို့ ပစ်ချ၍ ဦးခေါင်းခွံ ပေါက်ကွဲလေ၏။ 54 သူသည် လက်နက်ကိုင်လုလင်ကို
အလျင်အမြန်ခေါ်၍ မိန်းမသည် အဘိမလက်ကို သတ်သည်ဟု ပြောစရာမရှိစေခြင်းငှါ၊ သင့်ထားကို ထုတ်၍ ငါ့ကို သတ်လော့ဟု
ဆိုသည်အတိုင်း၊ လုလင်သည် ထိုး၍ အဘိမလက် သေလေ၏။ 55 အဘိမလက်သေကြောင်းကို ဣသရေလလူတို့သည် သိမြင်လျှင်၊
အသီးအသီး မိမိတို့နေရာသို့ ပြန်သွားကြ၏။ 56 ထိုသို့ အဘိမလက်သည် မိမိညီအစ်ကိုခုနစ်ဆယ်တို့ကို သတ်၍ ပြုမိသော
ဒုစရိုက်အပြစ်ကို ဘုရားသခင် ဆပ်ပေးတော်မူ၏။ 57 ရှေခင်မြို့သားပြုသော ဒုစရိုက်အပြစ်ကိုလည်း သူတို့ခေါင်းပေါ်သို့
ဘုရားသခင်ရောက်စေတော်မူ သဖြင့်၊ ယေရုဗ္ဗာလသား ယောသံကျိန်သော စကားအတိုင်း သူတို့သည် ခံရကြ၏။

---

Judges 01

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသောအမည်ဖြစ်သည်။ ၆:၃၁ ၌
မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ယေရုဗ္ဗာလသား ခုနစ်ဆယ်တို့သည် သင်တို့ကို အုပ်စိုးကောင်းသလော။ သားတယောက်တည်း အုပ်စိုးကောင်းသလော
ကိုးကားချက်မှ ထပ်၍ ကိုးကားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေခင်အမျိုးသားလူကြီးတို့ကို
မေးကြလော့၊ ယေရုဗ္ဗာလသား ခုနစ်ဆယ်တို့သည် သင်တို့ကို
အုပ်စိုးကောင်းသလော။ သားတယောက်တည်း
အုပ်စိုးကောင်းသလော"။

ခုနစ်ဆယ်
"၇၀"

ငါသည် သင်တို့၏ အရိုးအသားစစ်ဖြစ်၏
ဤနေရာ၌ "အရိုးအသား" ဟူသော စကားလုံးသည်
တစုံတယောက်နှင့် အမျိုးတော်ခြင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်အမျိုးဖြစ်၏"။


generated on Sun Jun 30 02:37:40 2024

Judges 03

သူအမေ၏အမျိုးတို့သည် သူ့အတွက် အသက်ကြီးသူများထံသို့ ပြောပေးကြ၏
အဘိမလက် အမေ၏ အမျိုးတို့သည် အသက်ကြီးသူများထံသို့ အဘိမလက်ရှင်ဘုရင်လုပ်ကြရန် အကြံညဏ်တောင်းကြခြင်းဖြစ်သည်။

သူတို့သည် အဘိမလက်၏ နောက်သို့ လိုက်ချင်သော စိတ်နှုးညွတ်သဖြင့်
"အဘိမလက်သည် သူတို့၏ ဘုရင်ဖြစ်ရန် သဘောတူကြ၏"

အိမ်
ဤနေရာ၌ "အိမ်" ဟူသော စကားလုံးသည် ဘုရားကျောင်းကို ရည်ညွှန်းသည်။

ငွေခုနစ်ဆယ်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ကီလိုသာသာ ရှိသော ငွေ"။

ခုနစ်ဆယ်
"၇၀"

ဗာလဗေရိတ်
မမှန်သော ဘုရား၏ အမည်ဖြစ်သည်။ ၈း၃၂ ၌မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ဥပဒေမဲ့၊ ကျိုးကြောင်းမစဉ်းစားသော
"အကြမ်းဖက်မှုနှင့် မိုက်မဲခြင်း"

Judges 05

ဩဖရ
၆:၁၁ ၌ မြို့အမည် ဘာသာပြန်ထားသကဲ့သို့ ဘာသာပြန်နိုင်သည်။

ကျောက်တခု
"ကျောက် ၁"

ခုနစ်ဆယ်
"၇၀"

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသောအမည် ဖြစ်သည်။ ၆း၃၁ ၌မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

မိလ္လော
နေရာဒေသ၏ အမည်ဖြစ်သည်။

Judges 07

ယေဘုယျအချက်အလက်
ယောသံသည် လူအများတို့ကို သစ်ပင်များနှင့် ခိုင်းနှိုင်းပြောဆိုလေ၏။

ထိုအမှုကို ယောသံသည် ကြားသိသောအခါ
ပြုခြင်းပြကြိယာဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဘိမလက်က သူ၏ ညီအကိုများ လုပ်ကြသည့်သတင်းကို ယောသံသည် ကြားသိသောအခါ"

ဂေရဇိမ်တောင်
တောင်၏ အမည်ဖြစ်သည်။

သစ်ပင်တို့သည် မိမိတို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ခန့်ထားလျက် ဘိသိက်ပေးခြင်းငှါ ထွက်သွား၍၊ အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါဟု သံလွင်ပင်အား လျှောက်ကြလျှင်
ဤခိုင်းနှိုင်းသောစကား၌ သစ်ပင်တို့သည် လူတို့ကဲ့သို့ လုပ်ကိုင်ကြသည့်သဘော ယောသံက ဖော်ပြသည်။

သူတို့ကိုအုပ်ချုပ်ရန် ရှင်ဘုရင်အဖြင့် ဘိသိက်ပေးခြင်းငှါ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အားလုံး အုပ်ချုပ်ဖို့ ရှင်ဘုရင်ကို ခန့်ထားခြင်း အလို့ငှာ"။

အကျွန်ုပ်တို့ကို အုပ်စိုးတော်မူပါ
"အကျွန်ုပ်တို့ အပေါ်မှာ ရှင်ဘုရင် ဖြစ်တော်မူပါ"

Judges 09

ယေဘုယျအချက်အလက်
ယေသံသည် သစ်ပင်များ ပါဝင်သည့် ခိုင်းနှိုင်းသော စကားဖြင့် ဆက်၍ ပြောတော်မူ၏။

သံလွင်ပင်က၊ သဘော်သဖန်းပင်
ဤခိုင်းနှိုင်းသောစကား၌ သစ်ပင်တို့သည် လူတို့ကဲ့သို့ လုပ်ကိုင်ကြသည့်သဘော ယောသံက ဖော်ပြသည်။

ငါ့အဆီအပြားကို ငါသည် စွန့်၍ သစ်ပင်တို့ အပေါ်မှာ လွှမ်းမိုးရမည်လော
သံလွင်ပင်သည် ရှင်ဘုရင်ဖြစ်ရန် ကန့်ကွက်ခြင်းဖြင့် ဤမေးခွန်းကို မေးလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ အဆီကို ငါသည် အခြားသောသစ်ပင်များ အပေါ်၌ မစွန့်"။ (ရှု၊|Rhetorical Question)

တိမ်းစောင်းသည်
"တိမ်းစောင်းသည်" ဆိုသည်မှာ လေပေါ်၌ ရှေ့နောက် ဆုတ်ခြင်းဖြစ်သည်။ ဤနေရာ၌ သစ်ပင်သည် ငါတို့ကို အုပ်စိုးတော်မူပါဟု ပြောသည်။

ငါ၌ ချိုသော အရသာနှင့် ကောင်းသောအသီးကို ငါသည် စွန့်၍ သစ်ပင်တို့ အပေါ်မှာ လွှမ်းမိုးရမည်လော
သဘော်သဖန်းပင်သည် ရှင်ဘုရင်ဖြစ်ရန် ကန့်ကွက်ခြင်းဖြင့် ဤမေးခွန်းကို မေးလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ချိုသော အရသာနှင့် ကောင်းသောအသီးကို ငါသည် စွန့်၍ အခြားသောသစ်ပင်များကို မပေး"။ (ရှု၊|Rhetorical Question)


generated on Sun Jun 30 02:37:40 2024

ငါ၌ ချိုသော အရသာနှင့် ကောင်းသောအသီး
အရသာ၊ ဟူသောစကားလုံးသည် နမ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ချိုသော အသီး"။ (ရှု၊ | Abstract Nouns)

Judges 12

ယေဘုယျအချက်အလက်
ယောသံသည် သစ်ပင်များပါဝင်သည့် ခိုင်းနှိုင်းသော စကားဖြင့် ဆက်၍ ပြောတော်မူ၏။

စပျစ်ပင်က သစ်ပင်တို့ဆီပြော၍
ဤခိုင်းနှိုင်းသောစကား၌ သစ်ပင်နှင့် စပျစ်ပင်တို့သည် လူတို့ကဲ့သို့ လုပ်ကိုင်ကြသည့်သဘော ယောသံကဖော်ပြသည်။

ငါ့စပျစ်ရည်ကို ငါသည် စွန့်၍ သစ်ပင်တို့ အပေါ်မှာ လွှမ်းမိုးရမည်လော
စပျစ်ပင်သည် ရှင်ဘုရင်ဖြစ်ရန် ကန့်ကွက်ခြင်းဖြင့် ဤမေးခွန်းကို မေးလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ စပျစ်ရည်ကို ငါသည် စွန့်၍ အခြားသောသစ်ပင်များကို မပေး"။ (ရှု၊ | Rhetorical Question)

ဆူးလေပင်
ဆူးလေပင်တို့သည် ထက်သောဆူးများရှိ၍ လူကိုနာကျင်စေတတ်ကြသည်။

Judges 15

ယေဘုယျအချက်အလက်
ယောသံသည် သစ်ပင်များပါဝင်သည့် ခိုင်းနှိုင်းသော စကားဖြင့် ဆက်၍ ပြောတော်မူ၏။

ဆူးလေပင်က သစ်ပင်တို့ထံပြော၍
ဤခိုင်းနှိုင်းသော စကား၌ ဆူးလေပင်သည် လူတို့ကဲ့သို့ လုပ်ကိုင်သည့်သဘော ယောသံက ဖော်ပြသည်။

သင်တို့၏ ရှင်ဘုရင်ဖြစ်စေခြင်းငှါ ဆီဖြင့်လိမ်း၍
တစုံတယောက်ကို ဆီဖြင့် လိမ်းခြင်းသည် ရှင်ဘုရင်အဖြစ် ခန့်ထားခြင်းပုံရိပ် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ရှင်ဘုရင်အရာ၌ ငါ့ကို ခန့်ထားလျှင်"။

ငါ့အရိပ်ကို ခိုလှုံကြ
"ခိုလှုံ" ဟူသော စကားလုံးသည် နာမ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လုံခြုံခြင်း"။

ဆူးလေပင်ထဲက မီးထွက်၍ လေဗနန် အာရစ်ပင်တို့ကို လောင်လိမ့်မည်
အာရစ်ပင်လည်း မီးလောင်စေရန် ဆူးလေပင် မီးလောင်ပါစေ ဟူသော အဓိပ္ပါယ်ဖြစ်သည်။

ယေရုဗ္ဗာလနှင့် သူ၏အမျိုးအနွယ်အား ကောင်းမွန်စွာ ပြုစုကြလျှင်
သူတို့လုပ်သော အလုပ်သည် ကောင်းကြောင်းကို ယောသံသည် ပြောလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်လုပ်သော အလုပ်တို့သည် ကောင်းမွန်လျှင် ယေရုဗ္ဗာလ၏ သားတို့ကို သင်သည်သတ်ဖို့ အခွင့်ရှိ၏"။

ယေရုဗ္ဗာလ
ယေရုဗ္ဗာလဂိဒေါင်၏ အခြားသော အမည်ဖြစ်သည်။ ၆း၃၁ ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

သူ၏အိမ်
ဤနေရာ၌ "အိမ်" ဟူသော စကားလုံးသည် ဂိဒေါင်၏ မိသားစုကို ဆိုလိုသည်။

Judges 17

ယေဘုယျအချက်အလက်
ယောသံသည် ထိုအချိန်နှင့် ထိုနေရာ၌ အခြေအနေအရ လျှောက်ထားခြင်းကို ပြုလေ၏။

ငါ့အဘသည် သင်တို့အဘို့ စစ်တိုက်၍ ကိုယ်အသက်ကို စွန့်စားလျက်၊ သင်တို့ကို မိဒျန်အမျိုးလက်မှ ကယ်နှုတ်လေပြီ
ဂိဒေါင်သည် ရှေခင်မြို့သားကို ကယ်တင်ရန် စစ်တိုက်ပေးသော်လည်း ရှေခင်မြို့သားတို့သည် ဂိဒေါင်နှင့်သူ၏ မိသားစုအပေါ် မယုံနိုင်လောက်အောင် မကောင်းအောင်ဆက်ဆံသည်ကို ပေါ်လွင်စေသည်။

မိဒျန်အမျိုးလက်မှ
ဤနေရာ၌ "လက်" ဟူသော စကားသည် ထိန်းချုပ်မှုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်တို့၏ ထိန်းချုပ်မှုမှ" သို့မဟုတ် "မိဒျန်တို့မှ"။

ယနေ့ထ၍
ဒေသိယစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆန့်ကျင်၍" သို့မဟုတ် "သင်တို့သည် တိုက်ခိုက်၍"။

အဘ၏အိမ်
ဤနေရာ၌ "အိမ်" ဟူသော စကားလုံးသည် မိသားစုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အဖေ၏ အဆွေအမျိုး"။

ခုနစ်ဆယ်
"၇၀"

ကျောက်တခု
"ကျောက် ၁"

သူ၏ကျွန်မ
ဤနေရာ၌ "သူ" ဟူသော စကားလုံးသည် ဂိဒေါင်ကို ရည်ညွှန်းသည်။

 generated on Sun Jun 30 02:37:40 2024

Judges 19

သင်တို့သည် ယေရုဗ္ဗာလနှင့် သူ၏အမျိုးအနွယ်အား သစ္စာတရားအတိုင်း ယနေ့ပြုပြီးလျှင်၊
ယောသံက သူတို့ လုပ်သမျှသည် ကောင်းမည်ဟု မယုံပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ယေရုဗ္ဗာလနှင့် သူ၏ အမျိုးအနွယ်အား သူတို့နှင့် တန်အောင်ပြုစုလျှင်"။

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသော နာမည်ဖြစ်သည်။ ၆:၃၃ ၌ မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

သူ၏အိမ်
ဤနေရာ၌ "အိမ်" ဟူသောစကားလုံးသည် မိသားစုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ မိသားစု"။

သို့မဟုတ်
အခြားသောဘာသာပြန်ချက်၊ "သင်သည် ယေရုဗ္ဗာလနှင့် သူ၏ အမျိုးအနွယ်အား သူတို့နှင့် မတန်အောင်ပြုစုလျှင်"။

အဘိမလက်ထဲက မီးထွက်၍၊ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးကိုလောင်ပါစေ
ယောသံသည် ကျိန်ခြင်းစကားကို ပြောလေ၏။ အဘိမလက်က ရှေခင်မြို့သားတို့အား ဖျက်ဆီးခြင်းကို မီးဖြင့်လောင်သကဲ့သို့ ဖော်ပြသည်။

ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးထဲက မီးထွက်၍ အဘိမလက်ကို လောင်ပါစေ
ယောသံသည် ကျိန်ခြင်းစကားကို ပြောလေ၏။ ရှေခင်မြို့သားတို့နှင့် မိလ္လောအဆွေအမျိုးတို့က အဘိမလက်ကို ဖျက်ဆီးခြင်းအား မီးဖြင့် လောင်သကဲ့သို့ ဖော်ပြသည်။

မိလ္လော
နေရာဒေ၏ အမည်ဖြစ်သည်။ ၉:၅ ၌ကဲ့သို့ ဘာသာပြန်နိုင်သည်။

ဗေရ
မြို့၏ အမည်ဖြစ်သည်။

Judges 22

သုံး
"၃"

ဘုရားသခင်သည် အဘိမလက်နှင့် ရှေခင်မြို့သား စပ်ကြားမှာ ဆိုးသောဝိညာဉ်ကို စေလွှတ်တော်မူ၍
ဘုရားသခင်သည် အဘိမလက်နှင့် ရှေခင်မြို့သား စပ်ကြားမှာ ဆိုးသော ဝိညာဉ်ကို စေလွှတ်ခြင်းအားဖြင့် ယောသံပြုသော ကျိန်ခြင်းကို ဖြစ်စေ၏။

ညီအစ်ကိုများကို သတ်သောအမှု၌ ဝိုင်း၍ လက်ခံခြင်းငှာလည်းကောင်း၊ ဘုရားသခင်ဖြစ်စေတော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "သူတို့၏ ညီအကို အဘိမလက် သတ်သော သားခုနစ်ဆယ်တို့ကို လက်စားချေသည့် အနေဖြင့် ဘုရားသခင် ပြုတော်မူ၏"။

ခုနစ်ဆယ်
"၇၀"

ယေရုဗ္ဗာလ
ယောရှု၏ အခြားသော နာမည်ဖြစ်သည်။ ၆:၃၁ ၌မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

Judges 25

ချောင်းမြောင်းစေခြင်းငှါ၊ လူတို့ကို တောင်ထိပ်ပေါ်မှာထား၍
"ပုန်းအောင်း၍ အဘိမလက်ကို စောင့်စေခြင်းငှာ လူတို့ကိုတောင်ပေါ်သို့ စေလွှတ်လေ၏"

အဘိမလက်ထံသို့ သတင်းကြားကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် သူ့ကို တိုက်ခြင်းငှာစောင့်နေကြသည်ကို အဘိမလက်အား ကြားပြောကြ၏"။

Judges 26

ဂါလ၊ ဧဗက်
လူနာမည်များ ဖြစ်သည်။

သူ့ကို စိတ်ချကြ၏
စိတ်ချ၊ ဟူသောစကားသည် "ယုံကြည်အားကိုးခြင်း" ကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယုံကြည်ကြ၏"။

သူတို့သည် ဥယျာဉ်၌ လည်ကြလျက်
ဤနေရာ၌ "သူတို့" ဟူသော စကားလုံးသည် ဂါလနှင့်သူ၏ ဆွေမျိုးများကို ရည်ညွှန်းသည်။

သိမ်းယူလျက်
စပျစ်သီးခူးပြီး အရည်ညှစ်ခြင်းဖြစ်သည်။

နင်းသည်
"ဖိသည်" သို့မဟုတ် "ခြေဖြင့်နင်းသည်"

အိမ်ထဲ၌
ဤနေရာ၌ "အိမ်" ဟူသော စကားလုံးသည် ဘုရားကျောင်းကို ရည်ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

Judges 28

ဂိလ၊ ဇဗက်
လူနာမည်များ ဖြစ်သည်။

ငါတို့သည် အဘိမလက်အမှုကို စောင့်ရမည်အကြောင်း၊ အဘိမလက် ကား အဘယ်သူနည်း၊ ရှေခင်ကား အဘယ်သူနည်း
ဂါလက၊ ရှေခင်တို့သည် အဘိမလက်အမှုကို မစောင့်ရမည့်အကြောင်း မေးခွန်းဖြင့်ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် အဘိမလက်၏ အမှုကို မစောင့်သင့်"။

ငါတို့သည် အဘိမလက်အမှုကို စောင့်ရမည်အကြောင်း၊ အဘိမလက် ကား အဘယ်သူနည်း၊ ရှေခင်ကား အဘယ်သူနည်း
ဤမေးခွန်းနှစ်ခုသည် အဓိပ္ပါယ်တူနေကြသည်။ ဂါလက အဘိမလက်ကို ရှေခင်အဖြစ် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် ရှေခင်၌ နေကြသော အဘိမလက် အမှုကို မစောင့်ရကြ"။

အဘိမလက်သည် ယေရုဗ္ဗာလသား မဟုတ်လော။ ဇေဗုလသည် သူ၏အမှုထမ်းမဟုတ်လော
ဂါလက၊ ရှေခင်တို့သည် အဘိမလက်အမှုကို မစောင့်ရမည့် အကြောင်း မေးခွန်းဖြင့်ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ယေရုဗ္ဗာလ၏ သားဖြစ်၍၊ ဇေဗုလသည် သူ၏ အမှုထမ်းဖြစ်၏"။

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသော အမည်ဖြစ်သည်။ ၆း၃၁ ၌မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ဇေဗုလ
လူနာမည် ဖြစ်သည်။

ရှေခင်အဘဟာမော်လူတို့၏ အမှုကို ထမ်းကြလော့
ရှေခင်တို့သည် ဘဟာမော်လူတို့၏ အမှုကိုစောင့်သင့်သည်ဖြစ်ကြောင်း ဂါလက ပြောသည်။ ထိုလူတို့သည် ခါနနိလူများ အမှန်ဖြစ်ကြသည်။

အဘယ်အရပ်ကလာသနည်းဟု မေးသော်၊- 18 ကျွန်ုပ်တို့သည် ယုဒခရိုင်ဗက်လင်မြို့မှ ဧဖရိမ်တောင်ခါးပန်းသို့ သွား၏။ ကျွန်ုပ်သည်
ဧဖရိမ်တောင် သားဖြစ်၏။ ဗက်လင်မြို့သို့ ခရီးသွားပြီးမှ ယခုထာဝရဘုရား၏ အိမ်တော်သို့ သွား၏။ အဘယ်သူ မျှ ဧည့်မခံသေး။ 19
သို့ရာတွင် မြည်းဘို့ မြက်ခြောက်နှင့် အခြားကျွေးစရာရှိ၏။ ကိုယ်နှင့် ကိုယ်တော် ကျွန်မလိုက်လာ သော ငယ်သားဘို့
မုန့်နှင့်စပျစ်ရည်ရှိ၏။ တစုံတခုမျှ မလိုပါဟု ပြောဆို၏။ 20 လူအိုကလည်း၊ သင်၌ ချမ်းသာရှိပါစေသော။ သင်လိုသမျှသည် ငါ့တာ
ရှိစေတော့။ လမ်းမှာညဉ့်ကို မလွန်စေနှင့်ဟုဆိုလျက်၊- 21 မိမိအိမ်သို့ ခေါ်သွင်း၍ မြည်းတို့ကို ကျွေးလေ၏။ သူတို့သည် ခြေကို ဆေး၍
စားသောက်ကြ၏။ 22 ထိုသို့ ပျော်မွေ့လျက်နေကြသောအခါ၊ ထိုမြို့သား အဓမ္မလူအချို့တို့သည် အိမ်ကို ဝိုင်း၍ တံခါးကို ရိုက်ကြ၏။
အိမ်ရှင် လူအိုကိုလည်းခေါ်၍၊ သင့်အိမ်သို့ ဝင်သောယောကျ်ားနှင့် ငါတို့သည် ဆက်ဆံ လိုသည်ဖြစ်၍၊ ထုတ်ခဲ့လော့ဟု ဆိုကြ၏။ 23
အိမ်ရှင်သည်လည်း ထွက်၍၊ ညီအစ်ကိုတို့၊ ဆိုးသောအမှုကို မပြုပါနှင့်။ ဤသူသည် အကျွန်ုပ်အိမ်၌ တည်းခိုသောသူဖြစ်၍
အဓမ္မမပြုကြပါနှင့်။ 24 အကျွန်ုပ်၌ သမီးကညာရှိပါ၏။ သူ၏မယားငယ်လည်း ရှိပါ၏။ သူတို့ကို ထုတ်၍ ပေးပါမည်။ သူတို့ကို
ရှုတ်ချကြပါ။ အလိုရှိသည်အတိုင်း ပြုကြပါ။ ဤယောကျ်ား၌ ဤမျှလောက် ဆိုးသောအမှုကို မပြုပါနှင့်ဟု တောင်းပန်သော်လည်း၊-
25 သူတို့သည် နားမထောင်သောကြောင့်၊ လေဝိလူသည် မိမိမယားငယ်ကို ထုတ် အပ်သဖြင့်၊ သူတို့သည် တညဉ့်လုံး အဓမ္မပြု၍
နံနက်တိုင်အောင် ရှုတ်ချပြီးမှ အာရုဏ်တက်မှ လွှတ်လိုက်ကြ၏။ 26 အာရုဏ်တက်သောအခါ၊ မိန်းမသည် လာ၍ မိမိသခင်နေရာ
အိမ်တံခါးရှေ့မှာ မိုဃ်းလင်းသည် တိုင်အောင် လဲနေ၏။ 27 နံနက်အချိန်ရောက်မှ သူ၏ သခင်သည် ထ၍ အိမ်တံခါးကို ဖွင့်သဖြင့်၊
ခရီးသွားအံ့သောငှါ ထွက်သောအခါ၊ မယားငယ်သည် အိမ်တံခါးရှေ့မှာလဲ၍ တံခါးခုံကို လက်တင်လျက်ရှိသည် မြင်သော်၊ 28
ထလော့။ သွားကြကုန်အံ့ဟု ဆိုသော်လည်း သူသည် ပြန်မပြောဘဲနေ၏။ ထိုအခါ ယောကျ်ားသည် သူ့ကို မြည်းပေါ်မှာ တင်သဖြင့်
မိမိနေရာသို့ သွားလေ၏။ 29 မိမိအိမ်သို့ ရောက်သောအခါ ထားကိုယူ၍ မယားငယ်အကောင်ကို အရိုးနှင့်တကွ ဆယ်နှစ်ပိုင်းပိုင်း၍
ဣသရေလပြည် တရှောက်လုံးသို့ ပေးလိုက်လေ၏။ 30 သိမြင်သောသူ အပေါင်းတို့က၊ ဣသရေလအမျိုးသားတို့သည်
အဲဂုတ္တုပြည်က ထွက်သောနေ့မှစ၍ ယနေ့တိုင်အောင် ဤကဲ့သို့သောအမှုကို အဘယ်သူမျှမပြု၊ တခါမျှမဖြစ်စဖူး။ ဆင်ခြင်၍ တိုင်ပင်
စီရင်ကြလော့ဟု ပြောဆိုကြ၏။

## Chapter 20

1 ထိုအခါ ဣသရေလအမျိုးသားအပေါင်းတို့သည်၊ ဂိလဒ်ပြည်သားတို့နှင့်တကွ ထလျက်၊ ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်
ပရိသတ်အပေါင်းတို့သည် တယောက်သောသူကဲ့သို့ မိဇပါမြို့၊ ထာဝရဘုရား ထံတော်၌ စည်းဝေးကြ၏။ 2 ဣသရေလ
အမျိုးအနွယ်အပေါင်း၊ ပြည်သားအပေါင်းတို့၏ အကြီးအကဲတို့သည် စည်းဝေးကြသော်၊ ဘုရားသခင်၏လူ၊
ထားလက်နက်စွဲကိုင်သော ခြေသည်သူရဲ လေးသိန်းနှင့်တကွ ချဉ်းကပ်ကြ၏။ 3 ဣသရေလအမျိုးသားတို့သည် မိဇပါမြို့သို့
သွားကြောင်းကို ဗင်္ယာမိန်အမျိုးသားတို့သည် ကြားသိကြ၏။ ဣသရေလအမျိုးသားတို့က၊ ထိုအဓမ္မအမှုကား အဘယ်သို့နည်းဟု
မေးမြန်းလျှင်၊- 4 အသေခံရသော မိန်းမ၏လင် လေဝိလူက၊ အကျွန်ုပ်သည် မယားငယ်နှင့်အတူလာ၍ ဗင်္ယာမိန် ခရိုင်၊ ဂိဗာမြို့မှာ
ညဉ့်ကို လွန်စေပါ၏။ 5 ညဉ့်အခါ ဂိဗာမြို့သားတို့သည် ထ၍ အကျွန်ုပ်တည်းခိုသောအိမ်ကို ဝိုင်းလျက်၊ အကျွန်ုပ်ကို တိုက် သတ်မည်
အားထုတ်ကြပါ၏။ မယားငယ် သေသည်တိုင်အောင် ရှုတ်ချကြပါ၏။ - 6 အကျွန်ုပ်သည်လည်း မယားငယ်အကောင်ကိုယူ၍
အပိုင်းပိုင်းဖြတ်ပြီးမှ၊ ဣသရေလအမျိုး အမွေခံ ရာ ပြည်တရှောက်လုံးသို့ ပေးလိုက်ပါ၏။ အကြောင်းမူကား၊ သူတို့သည်
ဣသရေလအမျိုး၌ ဆိုးညစ် သောအမှု၊ အဓမ္မအမှုကို ပြုကြပါပြီ။- 7 သင်တို့ရှိသမျှသည် ဣသရေလအမျိုး ဖြစ်ကြပါ၏။ ဤအရပ်၌
တိုင်ပင်စီရင်ကြပါလော့ဟု ပြောဆို လေ၏။- 8 လူအပေါင်းတို့သည် တယောက်သောသူကဲ့သို့ ထ၍ ငါတို့သည် တယောက်မျှ
မိမိတဲသို့မသွား၊ မိမိ အိမ်သို့မပြန်။- 9 ဂိဗာမြို့၌ အဘယ်သို့ ပြုမည်နည်း ဟူမူကား၊ စာရေးတံချ၍ အတိုက်သွားမည်။ 10 ဗင်္ယာမိန်ခရိုင်
ဂိဗာမြို့သားတို့သည်၊ ဣသရေလအမျိုးတို့၌ ပြုသမျှသော အဓမ္မအမှုနှင့် ညီလျော်စွာ လူများတို့သည် ထိုမြို့သို့ရောက်၍
အပြစ်ဒဏ်ပေးမည်အကြောင်း၊ သူတို့စားစရိတ်ကို ပို့စေခြင်းငှါ ဣသရေလအမျိုးအနွယ်အပေါင်းတို့၌ လူတရာတွင် တဆယ်၊
တထောင်တွင်တရာ၊ တသောင်းတွင် တထောင်တို့ကို ရွေးကောက်ကြကုန်အံ့ဟု ဆိုလျက်၊ 11 ဣသရေလအမျိုးသားအပေါင်းတို့သည်
ဂိဗာမြို့တဘက်၌ စည်းဝေး၍ တယောက်သောသူကဲ့သို့ သင်းဖွဲ့လျက်နေကြ၏။ 12 ဣသရေလအမျိုးသားတို့သည်၊
ဗင်္ယာမိန်ခရိုင်တရှောက်လုံးသို့ စေလွှတ်၍၊ သင်တို့တွင် ပြုသော ဤအဓမ္မအမှုကား အဘယ်သို့နည်း။ 13 ယခုမှာ ဂိဗာမြို့၌ရှိသော
ထိုအဓမ္မလူတို့ကို ငါတို့ယူ၍ သတ်သဖြင့် ဣသရေလအမျိုးထဲက ဒုစရိုက် အပြစ်ကို ပယ်ရှားမည်အကြောင်း ထိုလူတို့ကိုအပ်ကြပါဟု
မှာလိုက်ကြ၏။ သို့ရာတွင် ဗင်္ယာမိန် အမျိုးသားတို့သည်၊ ညီအစ်ကို ဣသရေလအမျိုးသားတို့စကားကို နားမထောင်ဘဲ၊ 14
ထိုအမျိုးသားတို့ကို စစ်တိုက်ခြင်းငှါ၊ အမြို့မြို့အရွာရွာက ထွက်၍ ဂိဗာမြို့၌ စည်းဝေးကြ၏။- 15 ထိုအခါ ဂိဗာမြို့သား
ယောကျ်ားကောင်း ခုနစ်ရာမှတပါး အမြို့မြို့အရွာရွာက လာသော ဗင်္ယာ မိန် အမျိုးသား အရေအတွက်ကား၊
ထားလက်နက်စွဲကိုင်သောသူ နှစ်သောင်းခြောက်ထောင်တည်း။ 16 ထိုလူအပေါင်းတို့တွင် လက်ဝဲလက်ကို သုံးတတ်သဖြင့်၊
ဆံခြည်တပင်ကို လောက်လွှဲနှင့်မှန်အောင် ပစ်နိုင်သော ယောကျ်ားကောင်း ခုနှစ်ရာပါသတည်း။ 17 ဗင်္ယာမိန်အမျိုးသားမှတပါး
ထားလက်နက်စွဲကိုင်၍ စစ်သူရဲဖြစ်သော ဣသရေလအမျိုးသား အရေ အတွက်ကား လေးသိန်းတည်း။ 18 ဣသရေလ
အမျိုးသားတို့သည် ဘုရားသခင်၏ အိမ်တော်သို့ ထ၍ သွားပြီးလျှင်၊ အကျွန်ုပ်တို့တွင် အဘယ်သူသည် ဗင်္ယာမိန် အမျိုးကို အဦး
ချီသွားရပါမည်နည်းဟု ဘုရားသခင်ထံတော်၌ မေးလျှောက် ကြသော်၊ ထာဝရဘုရားက၊ ယုဒသည် အဦးချီသွားရမည်ဟု
မိန့်တော်မူ၏။ 19 နံနက်စောစော ဣသရေလအမျိုးသားတို့သည် ထ၍ ဂိဗာမြို့အနား၌ တပ်ချပြီးမှ၊ 20 ဗင်္ယာမိန်အမျိုးသားတို့ကို
တိုက်ခြင်းငှါ ချီသွား၍ ဂိဗာမြို့ရှေ့မှာ စစ်ခင်းကျင်းလျက် နေကြ၏။ 21 ဗင်္ယာမိန်အမျိုးသားတို့သည် ဂိဗာမြို့ထဲက ထွက်ပြီးလျှင်၊
ထိုနေ့တွင် ဣသရေလ လူတသောင်း နှစ်ထောင်တို့ကို မြေပေါ်မှာ လှဲ၍ သတ်ကြ၏။ 22 သို့ရာတွင် ဣသရေလအမျိုးသားတို့သည်
ရဲရင့်သောစိတ်ကိုယူ၍ ပဌမနေ့တွင် စစ်ခင်းကျင်းသော အရပ်၌ တဖန်ခင်းကျင်းကြ၏။ 23 ထာဝရဘုရားထံတော်သို့ သွား၍
ညဦးယံတိုင်အောင် ငိုကြွေးလျက်၊ အကျွန်ုပ်တို့ညီ ဗင်္ယာမိန်အမျိုး သားတို့ကို တဖန်စစ်တိုက်ရပါမည်လောဟု ထာဝရဘုရားအား
မေးလျှောက်သော်၊ ထာဝရဘုရားက ချီသွားကြလော့ဟု မိန့်တော်မူ၏။ 24 ဒုတိယနေ့တွင် ဣသရေလအမျိုးသားတို့သည်
ဗင်္ယာမိန်အမျိုးတို့အနီးသို့ ချဉ်းကြသောအခါ၊ 25 ဗင်္ယာမိန် အမျိုးသားတို့သည် ဂိဗာမြို့ထဲက ထွက်ပြီးလျှင်၊ ထားလက်နက်စွဲကိုင်သော
ဣသရေလ လူတသောင်းရှစ်ထောင်တို့ကို မြေပေါ်၌ လှဲ၍ သတ်ကြ၏။ 26 ထိုအခါ ဣသရေလအမျိုးသား အပေါင်းတို့သည်
ဘုရားသခင်အိမ်တော်သို့သွား၍ ငိုကြွေးလျက်၊ ထာဝရဘုရားထံတော်၌ ဝပ်လျက်၊ တနေ့လုံး ညဦးယံတိုင်အောင် အစာကို ရှောင်၍
ထာဝရဘုရားအား မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်ကြ၏။ 27 ထိုကာလ၌ ဘုရားသခင်၏ ပဋိညာဉ် သေတ္တာတော်ပါလျက်၊
အာရုန်၏သားဖြစ်သော ဧလာဇာ၏ သား ဖိနဟတ်သည်၊ သေတ္တာတော်ရှေ့မှာ အမှုစောင့်သည် ဖြစ်၍၊- 28
ဣသရေလအမျိုးသားတို့က၊ အကျွန်ုပ်တို့ ညီဗင်္ယာမိန်အမျိုးသားတို့ကို တဖန်သွား၍ တိုက်ရပါမည်လော၊
မသွားဘဲနေရပါမည်လောဟု ထာဝရဘုရားအား မေးလျှောက်သော်၊ ထာဝရ ဘုရားက သွားကြလော့။ နက်ဖြန်နေ့တွင် သူတို့ကို
သင်တို့လက်၌ ငါအပ်မည်ဟု မိန့်တော်မူ၏။ 29 ဣသရေလအမျိုးသားတို့သည် ဂိဗာမြို့ပတ်လည်၌ ကင်းစောင့်လူတို့ကို ထားပြီးမှ၊ 30
တတိယနေ့တွင် ဗင်္ယာမိန် အမျိုးသားတို့ရှိရာသို့ ချီသွား၍၊ ယမန်ကဲ့သို့ ဂိဗာမြို့အနား၌ စစ်ခင်းကျင်း လျက် နေကြ၏။ 31 ဗင်္ယာမိန်
အမျိုးသားတို့သည် အတိုက်ထွက်၍ မြို့နှင့်ကွာသွားကြ၏။ ဗေသလမြို့သို့ သွားသောလမ်း၊ ဂိဗာတောရွာသို့ သွားသောလမ်းတွင်
ယမန်ကဲ့သို့ ဣသရေအလအမျိုးသူရဲတို့ကို လုပ်ကြံစပြု၍ လူသုံးဆယ်ခန့်မျှ သေကြ၏။ 32 ဗင်္ယာမိန်အမျိုးသားတို့က၊ သူတို့သည်

 generated on Sun Jun 30 02:37:40 2024

ယမန်ကဲ့သို့ ငါတို့ရှေ့မှာ ရှုံးကြပြီဟု ဆိုသော်လည်း၊ ဣသရေလ အမျိုးသားတို့က ပြေးကြကုန်အံ့၊ သူတို့ကို မြို့နှင့်ဝေးသော
လမ်းတို့သို့ သွေးဆောင်ကြကုန်အံ့ဟု ဆိုလျက်၊ 33 ဣသရေလလူအပေါင်းတို့သည် မိမိတို့ နေရာအရပ်မှထ၍ ဗာလတာမာမြို့၌
စစ်ခင်းကြ၏။ ကင်း စောင့်လျက်နေသော ဣသရေလလူတို့သည်လည်း မိမိတို့နေရာ ဂိဗာလွင်ပြင်မှ ထကြသဖြင့်၊ 34
ဣသရေလအမျိုးသား ယောကျ်ားကောင်း တသောင်းတို့သည် ဂိဗာမြို့သို့ ချီလာ၍၊ ဗယ်္ယာမိန် အမျိုး သားတို့သည်
ဘေးရောက်လုနီးသည်ကို မရိပ်မိသောကြောင့်၊ ကျပ်တည်းစွာ ဆီး၍ တိုက်ကြ၏။ 35 ထိုအခါ ထာဝရဘုရားသည် ဗယ်္ယာမိန်လူတို့ကို
ဣသရေလလူတို့ရှေ့မှာ ရှုံးစေတော်မူသဖြင့်၊ ထိုနေ့ တွင် ဣသရေလ လူတို့သည် ထားလက်နက်စွဲကိုင်သော
ဗယ်္ယာမိန်လူနှစ်သောင်းငါးထောင်တရာ တို့ကို ပယ်ရှင်းကြ၏။ 36 ဗယ်္ယာမိန်အမျိုးသားတို့သည် မိမိတို့ ရှုံးသည်ကို သိမြင်ကြ၏။
ဣသရေလလူတို့သည်၊ ဂိဗာမြို့အနား၌ ထားသော ကင်းတပ်ကို ကိုးစားသောကြောင့်၊ အစက ဗယ်္ယာမိန်လူတို့ရှေ့မှာ ဆုတ်ကြ၏ 37
ကင်းတပ်သားတို့သည် ဂိဗာမြို့သို့ တဟုန်တည်းပြေးဝင်၍ အနှံ့အပြား တိုက်သဖြင့် တမြို့လုံးကို ထားနှင့်လုပ်ကြံကြ၏။ 38 မြို့ထဲမှာ
ကြီးစွာသော မီးခိုးတက်စေရမည်အကြောင်း ဣသရေလလူတို့သည် ကင်းစောင့်လူတို့အား အကြံပေးနှင့်ကြပြီဖြစ်၍၊ 39
ဣသရေလလူတို့သည် စစ်တိုက်ရာတွင် ဆုတ်သောအခါ၊ ဗယ်္ယာမိန်လူတို့က၊ အကယ်၍ သူတို့သည် ယမန်စစ်ရှုံးသကဲ့သို့ ငါတို့ရှေ့မှာ
ရှုံးကြပြီဟု ဆိုလျက် သူရဲတို့ကို လုပ်ကြံစပြု၍ လူသုံးဆယ်ခန့်မျှ သေကြ၏။ 40 တဖန် မီးလောင်၍ ထူထပ်သော မီးခိုးသည် မြို့ထဲမှာ
တက်စရှိသောအခါ၊ ဗယ်္ယာမိန်လူတို့သည် ပြန်ကြည့်၍ မြို့ကိုလောင်သော မီးလျှံသည် မိုဃ်းကောင်းကင်သို့ တက်သည်ကို မြင်ကြ၍၊ 41
ဣသရေလလူတို့သည် လှည့်၍ ပြန်သောအခါ၊ ဗယ်္ယာမိန်လူတို့သည် ဘေးရောက်ကြောင်းကို သိမြင်လျှင်၊- 42 မိန်းမောတွေဝေ၍
ဣသရေလလူတို့ရှေ့မှာ တောလမ်းသို့ ပြေးသော်လည်း၊ စစ်တိုက်လိုက်လာ သော သူတို့သည် မှီသဖြင့် ပြေးသော သူတို့ကိုငင်း၊
မြို့ရွာများထဲက ထွက်လာသောသူတို့ကိုငင်း၊ တပြိုင်နက်ဖျက်ဆီးကြ၏။ 43 ဗယ်္ယာမိန်လူတို့ကို ဝိုင်းလျက်လိုက်လျက်၊ နုခါရွာမှစ၍
နေထွက်ရာဘက်၊ ဂိဗာမြို့အနားတိုင်အောင် နှိပ်နင်းကြ၏။ 44 ထိုအခါ ဗယ်္ယာမိန်သူရဲ တသောင်းရှစ်ထောင်တို့သည် လဲ၍ သေကြ၏။
45 ကြွင်းသော သူတို့သည် လှည့်၍ တောအရပ် ရိမ္မုန်ကျောက်သို့ ပြေးကြစဉ်တွင်၊ လိုက်သော သူတို့သည် လူငါးထောင်တို့ကို
လမ်းမှာဖမ်းမိကြ၏။ ဂိဒုံမြို့တိုင်အောင် အပြင်းလိုက်၍ လူနှစ်ထောင်တို့ကိုလည်း သတ်ကြ၏။ 46 ထိုနေ့တွင် လဲ၍ သေသော ဗယ်္ယာမိန်
ထားစွဲသူရဲတို့ အရေအတွက်ကား၊ နှစ်သောင်းငါးထောင်တည်း။ 47 လူခြောက်ရာတို့သည် လှည့်၍ တောအရပ်ရိမ္မုန်ကျောက်ကို
မှီအောင်ပြေးသဖြင့်၊ ထိုကျောက် အောက်မှာ လေးလနေကြ၏။ 48 ဣသရေလလူတို့သည် တဖန် လှည့်၍၊ ဗယ်္ယာမိန်အမျိုးသားတို့ကို
တိုက်လျက် မြို့ရွာ၌ ရှိသောလူ၊ တိရစ္ဆာန်တွေ့သမျှတို့ကို ထားနှင့်လုပ်ကြံ၍၊ တွေ့သမျှသော မြို့ရွာတို့ကို မီးရှို့ကြ၏။

---

Judges 01

တယောက်သောသူကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် တဦးတယောက်ကဲ့သို့"။

ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်
တပြည်လုံးကဲ့သို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုး တဆယ့်တခုသော အမျိုးတို့မှ"။

ဘုရားသခင်၏လူ၊ ခြေသည်သူရဲ လေးသိန်းနှင့်တကွ
"ဘုရားသခင်၏ လူ၊ ခြေသည်သူရဲ ၄၀၀၀၀၀"

စစ်တိုက်ရန် အဆင်သင့်
"စစ်တိုက်နိုင်သော အရည်အချင်းရှိ လူ"။ သူတို့အချင်းချင်း တိုက်ကြမည်မဟုတ်။

Judges 03

ယခု
အဓိကပုံပြင်၏ မှတ်ချက်ကို အမှတ်အသား လုပ်ရန် ဤနေရာ၌ အသုံးပြုခြင်းဖြစ်သည်။

မိဇပါမြို့သို့ တက်သွားကြ၏
မိဇပါမြို့သည် တောင်ပေါ်၌ တည်သောမြို့ဖြစ်သည်။

ညအိပ်လေ၏
"ညအိပ်သည်" သို့မဟုတ် "တစ်ညတည်းခိုရန်"

Judges 05

ဆိုးညစ် သောအမှု၊ အဓမ္မအမှု
အဓမ္မအမှု၊ ဟူသောစကားလုံးသည် ဆိုးညစ်သောအမှုကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆိုးညစ်သော အဓမ္မအမှု"။

ယခု
လေဝိ၏ စကားပြောကို အဆုံးသတ်ရန် အသုံးအနှုန်းဖြစ်သည်။

သင်တို့၏ အကြံညဏ်နှင့် အားပေးမှု
ဤနေရာ၌ အကြံညဏ်နှင့် အားပေးမှုသည် တူညီသောအဓိပ္ပါယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ဘာလုပ်ရမည်ကို ဆုံးဖြတ်ရန်"။

 generated on Sun Jun 30 02:37:40 2024

Judges 08

တယောက်သောသူကဲ့သို့
တစုံတဦး စကားပြောသကဲ့သို့ ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတဦးတည်း ရှိသကဲ့သို့ "။

ငါတို့သည် တယောက်မျှ မိမိတဲသို့မသွား၊ မိမိ အိမ်သို့မပြန်
အစိပ္ပါယ်တူညီသောအရာကို နှစ်ခါဖော်ပြခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ အားလုံး ဤနေရာ၌
နေကြမည်"။

သို့သော ယခု
လူများပြောသော အဓိကသော့ချက်ကို ဤစကားလုံးများက
မိတ်ဆက်ပေးသည်။

စာရေးတံချ၍ အတိုက်သွားမည်
ဘုရားသခင်၏ အလိုတော်ကို သိမှတ်နိုင်ရန် ကျောက်ကလေးကို
လိမ့်၍ ဖြစ်စေ လှုပ်၍ ဖြစ်စေ လုပ်ခြင်းမျိုးဖြစ်သည်။

Judges 10

လူတရာတွင် တဆယ်၊ တထောင်တွင်တရာ၊ တသောင်းတွင် တထောင်
"လူ ၁၀၀ တွင် ၁၀၊ လူ ၁၀၀၀ တွင် ၁၀၀၊ လူ ၁၀၀၀၀ တွင် ၁၀၀၀"

စားစရိတ်
"အစားအစာ" သို့မဟုတ် "ထောက်ပံ့မှု"

မြို့တဘက်၌ စည်းဝေး၍
"မြို့ကို တိုက်ရန် အတူတကွလာကြ၍"

Judges 12

သတ်သဖြင့်
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊
"သူတို့ကို အသေသတ်သဖြင့်" သို့မဟုတ် "သူတို့ကို အသေစီရင်"။

သူတို့၏ ညီအစ်ကိုအသံ
ဤနေရာ၌ "အသံ" ဟူသော သုံးနှုန်းချက်သည်
ပြောသောစကားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့ ညီအစ်ကိုများ ပြောသောစကား"။

Judges 15

နှစ်သောင်းခြောက်ထောင်
ခြောက်ထောင်- "၂၆၀၀၀"

ခုနစ်ရာ
"၇၀၀"

ဘယ်လက်သန်
လက် -ဘယ်ဘက်လက်သန်သော တစုံတဦးသည်
တခြားလူများထက် ထက်မြက်တတ်သည်။

ဆံခြည်တပင်ကို လောက်လွှဲနှင့်မှန်အောင် ပစ်နိုင်သော
သူတို့ မှန်းထားသော အရာကို မလွဲအောင် မည်မျှလောက်
တော်ကြသည်ကို ဖော်ပြသည်။ အခြားသောဘာသာပြန်ချက်၊
"ဆံပင် တစ်ချောင်းလောက် သေးငယ်သောအရာ၌တောင် ပစ်၍
ထိနိုင်သည်"

Judges 17

မရေမတွက်
"မပါ"

ဘုရားသခင်ထံ အကြံညဏ်တောင်း၏
"ဘာလုပ်ရမည်ကို ဘုရားသခင် မေးသည်" သို့မဟုတ် "ဘယ်လို
ဆက်လုပ်ရမည်ကို ဘုရားသခင်အား မေးသည်"

Judges 19

ဂိဗာမြို့ရှေ့မှာ စစ်ခင်းကျင်းလျက် နေကြ၏
ဟေဗြဲ မူရင်း၌ မေးခွန်းရှိ နိုင်သည်။

တသောင်း နှစ်ထောင်
နှစ်ထောင် - "၂၂၀၀၀"

Judges 22

သူတို့ကိုသူတို့ ခွန်အားယူကြလျက်
ဤနေရာ၌ "ခွန်အား" ဟူသော စကားလုံးသည်
ဒေသိယစကားဖြစ်သည်။ တဦးကိုတဦး
အားပေးခြင်းမျိုးဖြစ်သည်။

စစ်တိုက်ရန်ပြင်ဆင်ကြသည်
ဣသရေလအမျိုးတို့သည် နောက်တနေ့အတွက် စစ်တိုက်ရန်
ပြင်ဆင်နေကြခြင်း မျိုးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နောက်တနေ့၌ စစ်တိုက်ရန်
အဆင်သင့်ဖြစ်ကြသည်"။ (UDB)

ထာဝရဘုရားအား မေးလျှောက်ကြသည်
ဘုရားသခင်၏ အလိုတော်ကို သိရန် သူတို့၏ ပုရောဟတ်က
စာရေးတံချခြင်းမျိုး ဖြစ်နိုင်သည်။

Judges 24

တသောင်းရှစ်ထောင်
"၁၈၀၀၀"

Judges 26

ထာဝရဘုရားရှေ့၌
"ထာဝရဘုရား၏ မျက်မှောက်တော်၌" သို့မဟုတ် "ထာဝရဘုရား
အထံတော်သို့"


generated on Sun Jun 30 02:37:40 2024

Judges 27

ဘုရားသခင်၏ ပဋိညာဉ် သေတ္တာတော်အတွက် ထိုနေ့ရက်၌ ဘုရားသခင်၏ ပဋိညာဉ်တော်ရှေ့၌ လုပ်လေ၏
လူတို့က ဘုရားသခင်၏ အဖြေရရန် မည်ကဲ့သို တောင်းကြသည်ကို စာဖတ်သူကို နားလည်စေလို၍ စာရေးသူက ထည့်ထားခြင်းဖြစ်သည်။

ထိုကာလ၌ ရှိလေ၏
"ထိုအချိန်ကာလ၌ ဗက်လင်မြို့၌ ရှိ၏"

ပဋိညာဉ်သေတ္တာရှေ့၌ လုပ်လေ၏
ပို၍ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပဋိညာဉ်သေတ္တာရှေ့၌ ယဇ်ပုရောဟိတ်အရာ လုပ်လေ၏"။

တိုက်၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဗယ်္ယာမိန်၏ စစ်သည်တော်များကို တိုက်လေ၏"။

Judges 29

ဣသရေလအမျိုးသားတို့သည် ကင်းစောင့်လူတို့ကို ထားပြီးမှ
ဤနေရာ၌ "ဣသရေလ" ဟူသော စကားလုံးသည် ဣသရေလအမျိုးသားတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဣသရေလအမျိုးသားတို့"။

သန့်ရှင်းသောနေရာများ
"ချောင်းမြောင်း တိုက်ခိုက်ခြင်း"

Judges 31

လူတို့ကို တိုက်ခိုက်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့ကို တိုက်ခိုက်၍"။

မြို့နှင့်ကွာသွားကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့က သူတို့ကို မြို့နှင့် ကွာသွားစေကြ၏"။

လူတချို့တို့ကို လုပ်ကြံစပြုကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဗယ်္ယာမိန် အမျိုးသားတို့က ဣသရေလအမျိုး တချို့တို့ကို လုပ်ကြံ စပြုကြ၏"။

Judges 32

အရင်ဦးစွာ
"မတိုင်ခင်လေးမှာ" သို့မဟုတ် "အရင်က နှစ်ခါကဲ့သို့"

ဗာလတာမာ
မြို့နာမည်ဖြစ်သည်။

ဂိဗာလွင်ပြင်
နေရာဒေသ၏ အမည်ဖြစ်သည်။ အခြားသောဘာသာပြန်များတွင် "ဂိဗာလွင်ပြင်" သို့မဟုတ် "အနောက်ပိုင်း ဂိဗာ" ဟု သိရသည်"။

Judges 34

တသောင်း
"၁၀၀၀၀"

အရွေးခံလူများ
အီဒီယမ်စာလုံးဖြစ်၍ ကောင်းသောစစ်သည်တော်များဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းစွာသင်ပေးသော စစ်သည်တော်များ"။

ဘေးအန္တရယ်ကသူတို့ကို နီးလေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "မကြာခင် သူတို့က အနိုင်ရလိမ့်မည်"။

Judges 36

ဣသရေလူတို့သည်၊ ဂိဗာမြို့အနား၌ ထားသော ကင်းတပ်ကို ကိုးစားသောကြောင့်
ဤစာကြောင်းမှစ၍ အခန်းငယ် ၄၁ အထိ ချုံခိုစစ်သည်များက ဗယ်္ယာမိန်အမျိုးသားတို့ကို မည်ကဲ့သို့ နိုင်သည်ကို ဖော်ပြချင်၍ နောက်ကြောင်းသမိုင်းကို စာရေးသူက ထည့်ထားခြင်း ဖြစ်သည်။

ဗယ်္ယာမိန်လူတို့ရှေ့မှာ ဆုတ်ကြ၏
ဒေသိယစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗယ်္ယာမိန် လူတို့ရှေ့မှာ ဆုတ်ကြသွားကြရန် ခွင့်ပေးတော်မူ၏"။

လူတို့ကို ကိုးစားကြ၏
အီဒီယမ်စကားဖြစ်၍၊ လူတို့ကို အားကိုးခြင်းဟု အဓိပ္ပါယ်ရသည်။

Judges 39

ယေဘုယျအချက်အလက်
စာရေးသူက စာဖတ်သူများ နားလည်လွယ်ရန် ချုံခို တိုက်ခိုက်သူများက မည်ကဲ့သို့ ဗယ်္ယာမိန်လူတို့ကို အနိုင်ရသည့်အကြောင်းကို ဤအခန်းငယ်ကဆက်၍ ဖော်ပြပေးသည်။

စစ်မြေပြင်မှပြန်လှူလာမည်
"စစ်တိုက်ရာမှ ဆုတ်ခွာလိမ့်မည်"

ငါတို့ရှေ့မှာ ရှုံးကြပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ငါတို့က နိုင်ပြီ"။

Judges 40

ယေဘုယျအချက်အလက်
စာရေးသူက စာဖတ်သူများ နားလည်လွယ်ရန် ချုံခို တိုက်ခိုက်သူများက မည်ကဲ့သို့ ဗယ်ာမိန်လူတို့ကို အနိုင်ရသည့်အကြောင်းကို ဤအခန်းငယ်ကဆက်၍ ဖော်ပြပေးသည်။

ဘေအန္တရယ်
"ကြီးမားသော ပျက်စီးခြင်း" သို့မဟုတ် "ခက်ခဲခြင်း" သို့မဟုတ် "စိတ်ဆင်းရဲခြင်း"

သူတို့ပေါ်ရောက်သည်
အီဒီယမ်စကားဖြစ်၍ သူတို့၌ ဖြစ်ပျက်သည်ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အပေါ်ဖြစ်ပျက်သည်"။

Judges 42

စစ်တိုက်လိုက်လာသော သူတို့သည် မှီသဖြင့် ပြေးသော သူတို့ကိုငင်း တပြိုင်နက်ဖျက်ဆီးကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်ဣသရေလစစ်သည်တော်များသည် သူတို့ကိုဖျက်ဆီးကြ၏" သို့မဟုတ် "သူတို့သည် ထွက်ပြေးရန် မတတ်နိုင်ကြ"။

Judges 43

နုခါ
နေရာဒေသ၏ အမည်ဖြစ်သည်။

နှိပ်နင်းကြ၏
ဗယ်ာမိန်လူတို့ကို အပြီးအပိုင် ဖျက်ဆီးခြင်းကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို အပြီးအပိုင် ဖျက်ဆီးကြ၏"။

တသောင်းရှစ်ထောင်
"၁၈၀၀၀"

စစ်ပွဲ၌ ခွဲခြားသိမြင်ကြ၏
"စစ်ပွဲ၌ သတ္တိရှိစွာ တိုက်ခိုက်ကြ၏"

Judges 45

တောအရပ် ရိမ္မုန်ကျောက်သို့ ပြေးကြစဉ်
"ကျန်သေးသော ဗယ်ာမိန်လူတို့သည် လှည့်၍ ထွက်ပြေးကြ၏"

လူငါးထောင်၊ လူနှစ်ထောင်
"လူ ၅၀၀၀၊ လူ ၂၀၀၀"

ဂိဒုံ
နေရာဒေသ၏ အမည်ဖြစ်သည်။

နှစ်သောင်းငါးထောင်
ငါးထောင်- "၂၅၀၀၀"

Judges 47

ခြောက်ရာ
"၆၀၀"

တဖန် လှည့်၍၊ ဗယ်ာမိန်အမျိုးသားတို့ကို တိုက်လျက်
ဤ ဗယ်ာမိန်အမျိုးသားတို့သည် ကျောက်ရှိရာသို့ ထွက်ပြေးကြသော စစ်သည်တော်များမဟုတ်၊ မြို့၌ ကျန်ခဲ့သော သူများ ဖြစ်ကြသည်။

တမြို့လုံး
ဤနေရာ၌ "မြို့" ဟူသော စကားလုံးသည် ထိုမြို့၌ နေသော လူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့၌ နေသော လူအပေါင်းတို့"။

သူတို့လမ်း၌
အီဒီယမ်စကားဖြစ်၍ မြို့သို့သွားရာလမ်း၌ တွေ့သမျှကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့ လာကြသည်"။

---

## Translation Questions

Judges 20:1

ထာဝရဘုရားထံ ဘယ်သူသည် မိဇပါမြို့၌ ခိုလှုံကြသနည်း။
ထာဝရဘုရားထံ ဂိလဒ်ပြည်သားတို့နှင့်ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် ပရိသတ်အပေါင်းတို့သည် မိဇပါမြို့၌ ခိုလှုံကြသည်။

Judges 20:5

လေဝိသည် ဂိဗာမြို့သားတို့က သူ့ကို ဘာလုပ်ကြသည်ဟုပြောသနည်း။
ဂိဗာမြို့သားတို့သည် သူ၏ အိမ်ကို ဝိုင်း၍ တိုက် သတ်မည်ဟု အားထုတ်ကြသောကြောင်းပြောသည်။

Judges 20:8

ဂိဗာမြို့ကို လူတို့သည် ဘယ်လိုတိုက်ခဲ့သနည်း။
ဂိဗာမြို့ကို လူတို့သည် စာရေးတံချ၍ တိုက်ရိုက်သွားတိုက်ခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Judges 20:12

ဣသရေအမျိုးသားများသည် ဗယ်္ာမိန် အမျိုးအားဂိဗာမြို့၌ရှိသောအဓမ္မလူများကို သူတို့အားပေးရန် ဘာကြောင့် ပြောသနည်း။

ဣသရေအမျိုးသားများသည် ဗယ်္ာမိန် အမျိုးအားဂိဗာမြို့၌ရှိသောအဓမ္မလူများကို သူတို့အားပေးရန် ပြောခြင်းမှာ အဓမ္မလူတို့ ကို ယူ၍ သတ်ပြီး ဣသရေလအမျိုးထဲက ဒုစရိုက် အပြစ်ကို ပယ်ရှားရန် ဖြစ်သည်။

ဗယ်္ာမိန်အမျိုးတို့သည် အမြို့မြို့အရွာရွာက ထွက်၍ ဂိဗာမြို့သို့ ဘာကြောင့် ထွက်လာသနည်း။

ဗယ်္ာမိန်အမျိုးတို့သည်အမြို့မြို့အရွာရွာမှ ဂိဗာမြို့သို့ ထွက်လာခြင်းသည် ဣသရေလလူများကို ဆန့်ကျင်တိုက်ခိုက်ရန်အဆင်သင့်ဖြစ်သည်။

Judges 20:15

ရွေးချယ်ထားသောယောကျ်ားကောင်း ခုနစ်ရာသည် ဘယ်အရာတွင် အထူးဖြစ်သနည်း။

ယောကျ်ားကောင်း ခုနစ်ရာသည် လက်ဝဲလက်ကို သုံးတတ်ပြီး ဆံခြည်တပင်ကို လောက်လွှဲနှင့်မှန်အောင်ပစ်နိုင်ကြသူများဖြစ်ကြသည်။

Judges 20:17

ယုဒသည် ဘာကြောင့် ဗယ်္ာမိန်အမျိုးကို ပထမဆုံးအချီတိုက်ခိုက်သနည်း။

လူများသည် ထာဝရဘုရားထံမေးလျှောက်၍ ထာဝရဘုရားက ယုဒသည် ပထမဆုံးချီတက်သွားရမည်ဟုပြောသောကြောင့်ဖြစ်သည်။

Judges 20:26

ဗယ်္ာမိန်အမျိုးသားများသည် ဣသရေလစစ်သားများကို သတ်ပြီးနောက် ဣသရေလအမျိုးများသည် ဘာလုပ်သနည်း။

ဣသရေလစစ်သား အပေါင်းတို့သည် ဘုရားသခင်အိမ်တော်သို့သွား၍ ငိုကြွေးပြီး ထာဝရဘုရားထံတော်၌ ဝပ်လျက်၊ တနေ့လုံး ညဦးယံတိုင်အောင် အစာကိုရှောင်၍ ထာဝရဘုရားအား မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော် လေသည်။

Judges 20:27

ဣသရေလလူများသည် ထာဝရဘုရားကို ဘယ်လိုမေးကြသနည်း။

ဣသရေလလူများသည်ထာဝရဘုရားကို ထိုကာလတွင် ဘုရားသခင်၏ ပဋိညာဉ် သေတ္တာတော်ကိုအသုံးပြု၍ မေးခဲ့သည်။

Judges 20:32

ဣသရေလ အမျိုးသားတို့သည် မြို့ နှင့်ဝေးသော လမ်းသို့သွေးဆောင်သောအခါ ဗယ်္ာမိန်အမျိုးတို့သည် ဘယ်လိုထင်ခဲ့သနည်း။

ဣသရေလ အမျိုးသားတို့သည် မြို့ နှင့်ဝေးသော လမ်းသို့သွေးဆောင်သောအခါ ဗယ်္ာမိန်အမျိုးတို့သည် သူတို့သည်ပြေးကြသည်ဟုထင်ခဲ့သည်။

Judges 20:42

ဗယ်္ာမိန်အမျိုးတို့သည်ဘာကြောင့် မလွတ်မြောက်သနည်း။

ဗယ်္ာမိန်အမျိုးတို့သည် ဣသရေလလူတို့ရှေ့မှာ တောလမ်းသို့ ပြေးသော်လည်း၊ စစ်တိုက်လိုက်လာ သော သူတို့သည် မှီသဖြင့် မလွတ်မြောက်နိုင်ပေ။

Judges 20:47

ဗယ်္ာမိန်လူဘယ်နယောက်သည်လှည့်၍ တောအရပ်သို့ ပြေးခဲ့သနည်း။

ဗယ်္ာမိန်လူခြောက်ရာသည် လှည့်၍ တောအရပ်သို့ ပြေးခဲ့ကြသည်။

## Chapter 21

1 ဣသရေလအမျိုးသားတို့သည် အဘယ်သူမျှ မိမိသမီးကို ဗယ်္ာမိန်အမျိုးသား၌ မပေးစားရမည် အကြောင်း၊ မိဇပါမြို့မှာ
ကျိန်ဆိုခြင်းကို ပြုနှင့်ကြပြီ။ 2 လူများတို့သည် ဘုရားသခင့် အိမ်တော်သို့ လာ၍ ဘုရားသခင့် ရှေ့တော်၌ ညဦးတိုင်အောင် နေလျက်၊
အသံကို လွှင့်၍ ငိုကြွေးလျက်၊- 3 အိုဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၊ ဣသရေလအမျိုးအနွယ်တို့တွင် ယနေ့တမျိုး
ချို့တဲ့ရသော အမှုသည် အဘယ်ကြောင့် ဖြစ်ရပါသနည်းဟု လျှောက်ဆိုကြ၏။ 4 နက်ဖြန်နံနက်စောစော လူများတို့သည် ထပြီးလျှင်၊
ယဇ်ပလ္လင်ကိုတည်၍ မီးရှို့ရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော်ကြ၏။ 5 ဣသရေလအမျိုးသားတို့ကလည်း၊
ဣသရေလအမျိုးအနွယ်အပေါင်းတို့တွင် အဘယ်သူသည် ပရိ သတ်အပေါင်းနှင့်အတူ ထာဝရဘုရားထံတော်သို့
မလာဘဲနေသနည်းဟု မေးကြ၏။ အကြောင်း မူကား၊ မိဇပါမြို့ထာဝရဘုရားထံတော်သို့ မလာဘဲ နေသောသူသည် ဧကန်အမှန်
အသေသတ်ခြင်းကို ခံစေဟု ကြီးစွာသော ကျိန်ဆိုခြင်းကို ပြုနှင့်ကြပြီ။ 6 ဣသရေလအမျိုးသားတို့သည်လည်း၊ ညီဗယ်္ာမိန်အတွက်
နောင်တရလျက်၊ ဣသရေလ အမျိုးအနွယ် တို့တွင် ယနေ့တမျိုးဆုံးပြီ။ 7 ငါတို့သည် ကိုယ်သမီးကို သူတို့အား
မပေးစားရမည်အကြောင်း၊ ထာဝရဘုရားကို တိုင်တည်၍ ကျိန်ဆိုသောကြောင့်၊ ကျန်ကြွင်းသော သူတို့အဘို့ မိန်းမတို့ကို အဘယ်သို့
ရနိုင်သနည်းဟူ၍ဆို၏၊ 8 ဣသရေလအမျိုးအနွယ်တို့တွင် အဘယ်သူသည် မိဇပါမြို့ ထာဝရဘုရားထံတော်သို့ မလာဘဲ
နေသနည်းဟူ၍ဆို၏ မေးမြန်းလျှင်၊ ဂိလဒ်ပြည်ယာဗက်မြို့သားတယောက်မျှ စုဝေးရာ တပ်သို့ မရောက်မလာကြောင်းကို သိကြ၏။ 9
လူများတို့ကို ရေတွက်သောအခါ၊ ဂိလဒ်ပြည်ယာဗက်မြို့သားတယောက်မျှမပါ။ 10 ထိုအခါ စုဝေးသော သူတို့သည်
စစ်သူရဲတသောင်းနှစ်ထောင်တို့ကို စေလွှတ်လျက်၊ သင်တို့သည် သွား၍ ဂိလဒ်ပြည် ယာဗက်မြို့သားယောကျ်ား မိန်းမသူငယ်တို့ကို
ထားနှင့်လုပ်ကြံကြလော့။ 11 သို့ဆိုသော်၊ ယောကျ်ားအပေါင်းကိုငင်း၊ ယောကျ်ားနှင့်ဆက်ဆံသော မိန်းမအပေါင်းကိုငင်း၊ ရှင်းရှင်း
ပယ်ရှားကြလော့ဟု မှာထားသည်အတိုင်း၊- 12 စစ်သူရဲတို့သည် ဂိလဒ်ပြည် ယာဗက်မြို့သားတို့တွင်၊ ယောကျ်ားနှင့်
မဆက်ဆံသေးသော ကညာ မိန်းမပျိုလေးရာတို့ကို တွေ့၍ ခါနာန်ပြည်၌ တပ်ချရာ၊ ရှိလောမြို့သို့ ဆောင်ခဲ့ကြ၏။ 13 တဖန်စုဝေးသော
သူအပေါင်းတို့သည်၊ ရိမ္မုန်ကျောက်၌နေသော ဗယ်္ာမိန်လူတို့ကို နှုတ်ဆက်၍ အသင့်အတင့်ခေါ်ခြင်းငှါ လူတို့ကို စေလွှတ်ကြ၏။ 14
ထိုအခါ ဗယ်္ာမိန်လူတို့သည် လာပြန်၍၊ ဣသရေလလူတို့သည် အရှင်ချန်ထားသော ဂိလဒ်ပြည် ယာဗက်မြို့သူ မိန်းမတို့နှင့်
ပေးစားကြ၏။ သို့သော်လည်း မိန်းမတို့သည် မလောက်မကြေ။ 15 ထိုသို့ ထာဝရဘုရားသည် ဣသရေလအမျိုးအနွယ်တို့တွင်
ပြိုပျက်ရာကို ပြုတော်မူသောကြောင့်၊ ဣသရေလလူတို့သည် ဗယ်္ာမိန်အတွက် နောင်တရကြ၏။ 16 စုဝေးရာ ပရိသတ်
အသက်ကြီးသူတို့ကလည်း၊ ဗယ်္ာမိန် အမျိုးထဲက မိန်းမတို့ကို ပယ်ရှင်း သောကြောင့်၊ ကျန်ကြွင်းသော သူတို့အဘို့ မိန်းမတို့ကို
အဘယ်သို့ ရနိုင်သနည်းဟူ၍ဆို၏၊- 17 ဣသရေလအမျိုးတို့တွင် တမျိုးကို မပျောက်စေခြင်းငှါ သေဘေးမှ လွတ်သော ဗယ်္ာမိန်လူတို့
အမွေ ခံစရာမြေရှိရမည်။ 18 သို့သော်လည်း အကြင်သူသည် ဗယ်္ာမိန်လူ၌ သမီးကို ပေးစား၏။ ထိုသူသည် ကျိန်အပ်သောသူ
ဖြစ်စေဟု ဣသရေလလူတို့သည် ကျိန်ဆိုခြင်းကို ပြုသောကြောင့် ငါတို့သည် ကိုယ်သမီးတို့ကို မပေး စားရဟူ၍ဆို၏၊ 19 ဗေသလမြို့
မြောက်ဘက်၊ ဗေသလမြို့မှ ရှေခင်မြို့သို့သွားသောလမ်း အရှေ့ဘက်၊ လေဗောနမြို့တောင် ဘက်၊ ရှိလောမြို့နယ်တွင်
ထာဝရဘုရားအဘို့ နှစ်စဉ် ပွဲခံတတ်သည်ဟူ၍ဆို၏၊ တိုင်ပင်ကြသည်နှင့် အညီ၊- 20 ဗယ်္ာမိန်လူတို့ကို ခေါ်၍ သင်တို့သည်
သွားကြလော့။ စပျစ်ဥယျာဉ်တို့၌ ချောင်းမြောင်းလျက်နေ ကြလော့။ ရှိလောမြို့သမီးတို့သည် ပွဲခံအံ့သောငှါ
ကလျက်လာကြသောအခါ၊- 21 စပျစ်ဥယျာဉ်ထဲက ထွက်ပြီးလျှင်၊ ထိုမြို့သမီးတို့ကို အသီးအသီး ကိုယ်မယားဖြစ်စေဘို့ ဘမ်းဆီး၍
ဗယ်္ာမိန်ပြည်သို့ ဆောင်သွားကြလော့။ 22 သူတို့အဘနှင့်မောင်တို့သည် ငါတို့ထံသို့လာ၍ အမှုလုပ်သောအခါ၊ ငါတို့က ငါတို့မျက်နှာကို
ထောက်၍ သူတို့ကို သနားကြပါ။ စစ်တိုက်ရာတွင် သူတို့ အသီးအသီးဆိုင်သော မယားတို့ကို သူတို့ အဘို့ ငါတို့သည် မချန်မထားမိပါ။
သင်တို့၌ အပြစ်ရောက်စေခြင်းငှါ ယခုပေးစားကြသည် မဟုတ်ဟု သူတို့အား ပြန်ပြောမည်ဟု မှာထားကြသည်အတိုင်း၊- 23
ဗယ်္ာမိန်လူတို့သည်ပြု၍ ပွဲခံလျက်ကသော မိန်းမတို့ကို ကိုယ်အရေအတွက်အတိုင်း မယားဖြစ်ဘို့ ရာ ဘမ်းဆီး၍ ယူသွားကြ၏။
ကိုယ်အမွေခံရာမြေသို့ ပြန်ရောက်ပြီးလျှင်၊ မြို့တို့ကို အသစ်ပြင်ဆင်၍ နေကြ၏။ 24 ထိုအခါ ဣသရေလလူအပေါင်းတို့သည်လည်း
ကိုယ်အမျိုး၊ ကိုယ်အဆွေနေရာ ကိုယ်အမွေခံရာမြေ သို့ ပြန်သွားကြ၏။ 25 ထိုကာလ၌ ဣသရေလရှင်ဘုရင်မရှိ၊ လူတိုင်း
မိမိစိတ်အလိုရှိသည်အတိုင်း ပြုသတည်း။


generated on Sun Jun 30 02:37:40 2024

# Ruth

## Chapter 1

1 တရားသူကြီးအုပ်စိုးသောကာလ၊ တရံရောအခါဣသရေလပြည်၌ အစာအာဟာရခေါင်းပါး၍ယုဒပြည် ဗက်လင် မြို့သား
တယောက်သည်၊ မယားနှင့်သားနှစ်ယောက်ပါလျက် မောဘပြည်၌ တည်းခိုခြင်းငှါ သွား၏။ 2 ထိုသူ၏အမည်ကား ဧလိမလက်။
မယားအမည်ကား နောမိ။ သားနှစ်ယောက်အမည်ကား မဟာလုန်နှင့် ခိလျုန်တည်း။ သူတို့သည်ယုဒပြည်၊ ဗက်လင်မြို့၊
ဧဖရတ်အရပ်သားဖြစ်လျက်၊ မောဘပြည်သို့သွား ၍နေကြ၏။ 3
နောမိ၏ခင်ပွန်းဧလိမလက်သည်သေ၍မယားနှင့်သားနှစ်ယောက်တို့သည် ကျန်ရစ်ကြ၏။ 4
သားတို့သည်မောဘပြည်သူဩရပနှင့်ရုသအမည်ရှိသော မိန်းမ နှစ်ယောက် တို့နှင့် စုံဘက်ခြင်းကိုပြု၍၊ ထိုပြည်မှာ ဆယ်နှစ်ခန့်မျှ
နေပြီးမှ၊ 5 ထိုသားနှစ်ယောက် မဟာလုန်နှင့်ခိလျုန်တို့သည် သေ၍ နောမိသည်သားမရှိ၊ ခင်ပွန်းလည်းမရှိ ကျန်ရစ်လေ၏။ 6
တဖန်ထာဝရဘုရားသည်မိမိလူတို့ကိုအကြည့်အရှုကြွ၍ မုန့်ကိုပေးသနားတော်မူကြောင်းကို ထိုမိန်းမသည်
မောဘပြည်၌ကြားသောအခါ၊ မောဘပြည်မှပြန်သွားမည်ဟု ချွေးမနှစ်ယောက်နှင့်အတူထ၍၊ 7 တည်းခိုရာအရပ်က ထွက်ပြီးလျှင်
ယုဒပြည်သို့ရောက်လိုသောငှါသွားကြ၏။ 8 သို့ရာတွင် ချွေးမနှစ်ယောက်တို့အား၊ သင်တို့သည် ကိုယ်အမိအိမ်သို့ပြန်ကြလော့။
သေလွန်သောသူ၌ ၎င်း၊ ငါ၌၎င်း၊ ကျေးဇူးပြုသည်နှင့်အညီ၊ ထာဝရဘုရားသည် သင်တို့၌ ကျေးဇူးပြုတော်မူပါစေသော။ 9
သင်တို့နှစ်ယောက်သည် နောက်ရသောလင်အိမ်၌ချမ်းသာစွာနေရမည်အကြောင်း ထာဝရဘုရား
ကယ်မသနားတော်မူပါစေသောဟုဆိုလျက်သူတို့ကို နမ်းလေ၏။ သူတို့သည်လည်း၊ အသံကိုလွှင့်၍ငိုကြွေး လျက်၊ 10
အကယ်စင်စစ်အကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်၏ အမျိုးထံသို့ လိုက်သွားပါမည်ဟု ဆိုကြ၏။ 11 နောမိကလည်း၊
ငါ့သမီးတို့ပြန်သွားကြလော့။ ငါနှင့်အတူအဘယ်ကြောင့် လိုက်ရမည်နည်း။ သင်တို့လင် လျှာဘို့ငါ၏ဝမ်း၌ သားရှိသေး သလော။ 12
ငါ့သမီးတို့ပြန်သွားကြလော့။ ငါသည်အသက်အရွယ်လွန်၍လင်နှင့်မနေသင့်။ သို့မဟုတ်မျော်လင့်စရာရှိ သေးသည်ဟုငါဆိုလျှင်၎င်း၊
ယနေ့ညမှာလင်နေလျှင်၎င်း၊ သားတို့ကိုလည်းဘွားမြင်လျှင်၎င်း၊ 13 ထိုသားတို့သည်ကြီးပွားသည်တိုင်အောင်ငံ့နေလိမ့်မည်လော။
လင်မနေဘဲသူတို့ကို မျော်လင့်လိမ့်မည် လော။ ငါ့သမီးတို့ထိုသို့မဖြစ်ရ။ ထာဝရဘုရား လက်တော်သည် ငါ၌ ကန့်လန့်ရှိသည်ကို
သင်တို့အတွက် ငါအလွန်ကြင်နာသော စိတ်ရှိသည်ဟုဆိုလေသော်၊ 14 သူတို့သည်တဖန်အသံကိုလွှင့်၍ငိုကြွေးကြ၏။
ထိုအခါဩရပသည်ယောက္ခမကိုနမ်း၍မိမိအမျိုးသား တို့ထံသွားသို့ပြန်သွား၏။ ရုသမူကား၊
ယောက္ခမ၌မှီဝဲဆည်းကပ်လျက်နေသေး၏။ 15 နောမိကလည်း၊ သင့်အစ်မသည်အမျိုးသားရင်းဘုရားရင်းတို့ထံသို့ပြန်သွားပြီ။
အစ်မနောက်သို့ လိုက်သွားပါဟုဆိုသော်၊ 16 ရုသက၊ ကျွန်မသည် ကိုယ်တော်ကိုမစွန့်ပါရစေနှင့်။ နောက်တော်သို့မလိုက်ဘဲ
ပြန်သွားစေခြင်းငှါ မပြုပါနှင့်။ ကိုယ်တော်သွားလေရာရာသို့ကျွန်မလိုက်ပါမည်။ ကိုယ်တော်အိပ်လေရာရာ၌ကျွန်မအိပ်ပါမည်။
ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည်ကျွန်မဘုရားဖြစ်ပါစေ။ 17 ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍
သင်္ဂြိုဟ်ခံပါမည်။ သေခြင်းမှတပါး၊ အခြားသောအမှုကြောင့် ကိုယ်တော်နှင့်ကျွန်မကွာလျှင်၊ ထာဝရဘုရားသည်
ကျွန်မ၌ထိုမျှမကပြုတော် မူပါစေသောဟုပြန်ဆို၏။ 18
ရုသသည်လိုက်ခြင်းငှါခိုင်ခံ့သောစိတ်ရှိသည်ကိုနောမိသည်သိမြင်သော်တိတ်ဆိတ်စွာနေလေ၏။ 19
ထိုသူနှစ်ယောက်တို့သည်ခရီးသွား၍ဗက်လင်မြို့သို့ရောက်သောအခါ၊ တမြို့လုံးအုတ်အုတ်ကျက်ကျက် ဖြစ်၍၊ ဤသူကားနောမိ
ဟုတ်သလောဟုမေးကြ၏။ 20 သူကလည်းနောမိဟူ၍ မခေါ်ပါနှင့်။ မာရဟူ၍ခေါ်ပါ။ အနန္တတန်ခိုးရှင်သည် ငါ့အားအလွန်
ခါးသောအရာကိုပေးတော်မူပြီ။ 21 ငါသည်ကြွယ်ဝပြည့်စုံလျက်ထွက်သွား၏။ ယခုမူကားဆင်းရဲလျက် တကိုယ်တည်းရှိမှ၊
ထာဝရဘုရား သည် ငါ့ကိုပို့ပြန်တော်မူပြီ။ ထာဝရဘုရားသည်ငါ့ကိုနှိမ့်ချ၍အနန္တတန်ခိုးရှင်သည် ငါ့ကိုဆင်းရဲစေတော်မူသည် ဖြစ်၍၊
နောမိအမည်ဖြင့်အဘယ်ကြောင့် ငါ့ကိုခေါ် ကြသနည်းဟု ပြန်ပြော၏။ 22 ထိုသို့မောဘပြည်မှ လိုက်လာသော
မောဘပြည်သူချွေးမရုသနှင့်အတူနောမိသည်ပြန်လာ၍၊ မုယော စပါးကိုရိတ်စကာလ၌ဗက်လင်မြို့သို့ရောက်ကြ၏။

---

Ruth 01

တရံရောအခါဣသရေလပြည်၌ အစာအာဟာရခေါင်းပါးချိန်
ဝတ္ထုသမိုင်း၏ အစပိုင်း အဖြစ်အပျက်ကို ဖေါ်ပြခြင်းဖြစ်သည်။

တရားသူကြီးအုပ်စိုးသောကာလ
ဣသရေလပြည်၌
တရားသူကြီးအုပ်စိုးသောအချိန်တွင်ဖြစ်သည်။

ဣသရေလပြည်
အစာဟာရခေါင်းပါးသော ဣသရေလဒေသ


generated on Sun Jun 30 02:37:40 2024

ယုဒပြည် ဗက်လင် မြို့သား တစ်ယောက်
ဝတ္ထု၏ ဇာတ်ကောင်ထဲမှ
အမျိုးသားတစ်ယောက်ကိုဆိုလိုခြင်းဖြစ်သည်။

သူတို့သည် ယုဒပြည်၊ ဗက်လင်မြို့၊ ဧဖရတ်အရပ်သားဖြစ်သည်။
ဧဖရတ်အမျိုးသားတို့သည် ယုဒပြည်၊ ဗက်လင်မြို့တွင် အခြေချ နေထိုင်ကြသူများဖြစ်ကြောင်း ဆိုလိုသည်။

Ruth 03

နောမိ၏ ခင်ပွန်းဧလိမလက်သည် သေ၍မယားနှင့်သားနှစ်ယောက်တို့သည် ကျန်ရစ်ကြ၏။
နောမိတွင် သူမနှင့်အတူ သားနှစ်ယောက်ကျန်ခဲ့သည်။

မိန်းမ နှစ်ယောက်တို့နှင့် စုံဘက်ခြင်းကိုပြု၍
အိမ်ထောင်ပြုပြီးသော အမျိုးသမီးများ

သားတို့သည် မောဘပြည်သူ ဩရပနှင့် ရုသအမည်ရှိသော မိန်းမ နှစ်ယောက်တို့နှင့် စုံဘက်ခြင်းကိုပြု၍၊ ထိုပြည်မှာ ဆယ်နှစ်ခန့်မျှ နေပြီးမှ၊
နောမိ၏သားများသည် မောဘအမျိုးသမီးနှင့်စုံဘက်ပြီး မောဘပြည်၌နေကြသည်။ မောဘသားတို့သည် အခြားသော ဘုရားများကို ကိုးကွယ်ကြသည်။

တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်းမရှိပါ။ N/ A
အမျိုးသမီးများထဲမှ တစ်ဦး၏ အမည်မှာ

တိုက်ရိုက်ဘာသာပြန်ဆိုခြင်းမရှိပါ
အခြားသော အမျိုးတစ်ဦး၏ အမည်မှာ

ထိုပြည်မှာ ဆယ်နှစ်ခန့်မျှ နေပြီးမှ
မောဘပြည်တွင် နောမိနှင့် ဧလိမလက် တို့သည် ဆယ်နှစ်နေပြီးနောက် သူမ၏ ခင်ပွန်းနှင့်သားများ သေဆုံးခဲ့သည်။

နောမိသည် သားမရှိ၊ ခင်ပွန်းလည်းမရှိ ကျန်ရစ်လေ၏။
နောမိသည် မုဆိုးမ ဖြစ်သွားခဲ့သည်။

Ruth 06

ထိုမိန်းမသည် မောဘပြည်၌ ကြားသောအခါ
နောမိသည် မောဘပြည်၌နေစဉ် ထာဝရဘုရားသည် မိမိလူတို့အား အစားအစာများကို ပေးတော်မူကြောင်း ဣသရေလပြည်မှ သတင်းကို ကြားခဲ့ရကြောင်း ရည်ညွှန်းပါသည်။

ထာဝရဘုရား
ဓမ္မဟောင်းခေတ်တွင် ဣသရေလလူမျိုးများ ထာဝရဘုရားကို ခေါ်သောနာမည် (ယာဝေ)

မိမိလူတို့ကို အကြည့်အရှုကြွ၍
ထာဝရဘုရားသည် မိမိလူတို့၏ လိုအပ်ချက်နှင့်ကောင်းသောအစားအစာများကို သူတို့အတွက် ပေးရန်ကြွလာကြောင်း ရည်ညွှန်းပါသည်။

ချွေးမများ
နောမိ၏ သားများနှင့် လက်ထပ်ထားသော မိန်းမများ

တည်းခိုရာအရပ်က ထွက်ပြီးလျှင် ယုဒပြည်သို့ရောက်လိုသောငှါသွားကြ၏။
သူတို့သည် လမ်းအတိုင်းလျှောက်၍ သွားကြသည်ကို ဆိုလိုပါသည်။

Ruth 08

ချွေးမနှစ်ယောက်
သားများ၏ ဇနီးများ သို့မဟုတ် မုဆိုးမများ

သင်တို့သည်
နောမိသည် ချွေးမများအား တပြိုင်နက်ပြောခြင်းကိုရည်ညွှန်းသည်။

ကိုယ်အမိအိမ်
မိမိတို့၏ မိခင်အိမ်ကို ဆိုလိုခြင်းဖြစ်သည်။

ကျေးဇူးပြုသည်နှင့်အညီ
သင်သစ္စာရှိခြင်းကို ဖေါ်ပြသည့်အတိုင်း ထာဝရဘုရား ကျေးဇူးပြုပါစေ ဟု ဆိုလိုခြင်းဖြစ်သည်။

နမ်းလေ၏
ကြင်နာခြင်း၊ မေတ္တာထားခြင်းကို အနမ်းအားဖြင့်ဖေါ်ပြသည်ကို ဆိုလိုသည်။

သေလွန်သောသူ၌
နောမိ၏ သေဆုံးသောသားနှစ်ယောက်ကို ရည်ညွှန်းသည်။

ကယ်မသနားပါစေသော်
သင့်ကိုခွင့်ပြုပေးပါသည် ဟု ရည်ညွှန်းပါသည်။

ချမ်းသာခြင်း
အိမ်ထောင်ပြု၍ အေးချမ်းစွာနေခြင်းဆိုလိုခြင်းဖြစ်သည်။

နောက်ရသောလင်အိမ်၌
မိမိတို့နောက်အိမ်ထောင်အသစ်ပြုသောလင်၏အိမ် ဟုဆိုလိုခြင်းဖြစ်သည်။

အသံကိုလွှင့်၍ ငိုကြွေးလျက်
ချွေးမများ ဝမ်းနည်းပူဆွေးစွာ၊အော်ဟစ်ငိုကြွေးခြင်းကို ရည်ညွှန်းပါသည်။

အကျွန်ုပ်တို့သည်-----------ကိုယ်တော်၏အမျိုးထံသို့ လိုက်သွားပါမည်။
ဤတွင် "အကျွန်ုပ်တို့" ဟူသောစကားလုံးသည် နောမိမပါဘဲ ချွေးမနှစ်ဦးက မိမိတို့ ကိုယ်တိုင်ကို ရည်ညွှန်းခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

ကိုယ်တော်နှင့်အတူ
ဤတွင် နောမိနှင့်အတူ လိုက်ရန် ဆိုလိုခြင်းဖြစ်ပါသည်။

Ruth 11

ငါနှင့်အတူအဘယ်ကြောင့် လိုက်ရမည်နည်း
ဤမေးခွန်းသည် အဖြေမလိုသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ငါနှင့်အတူမလိုက်သင့်ပါ" ဟုဆိုလိုခြင်းဖြစ်သည်။

သင်တို့လင် ရှာဘို့ ငါ၏ဝမ်း၌ သားရှိသေး သလော။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့တွက် လင်ရရန် နောမိက သားများမွေးရန် မဖြစ်နိုင်တော့ကြောင်း သိသာရှင်းလင်းစွာ ပြန်မေးခြင်းကိုရည်ညွှန်းပါသည်"

ငါသည် အသက်အရွယ်လွန်၍ လင်နှင့် မနေသင့်။
အခြားသောဘာသာပြန်ဆိုချက်၊ " နောက်ထပ်လက်ထပ်ရန်အသက်ကြီးပြီဖြစ်သဖြင့် ကလေးများ မမွေးလိုတော့ကြောင်းကို ဆိုလိုပါသည်"

သားတို့ကိုလည်း ဘွားမြင်လျှင်ရင်း
ကလေးများ မွေးဖွားခြင်းကို ဆိုလိုသည်။

ထိုသားတို့သည် ကြီးပွားသည့်တိုင်အောင် ငံ့နေလိမ့်မည်လော။ လင်မနေဘဲသူတို့ကို မျှော်လင့်လိမ့်မည် လော။
အဖြေမလိုသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဤကလေးများကြီးပြင်း၍ လက်ထပ် ရန်အထိ မစောင့်သင့်ပဲ၊ ယခု ယောကျာ်းများနှင့် လက်ထပ်သင့်ကြောင်းကိုဆိုလိုသည်"

ထိုသို့မဖြစ်ရ။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၌ လင်မရှိလျှင် ကျွန်ုပ်ကိုကြီးမားစွာဝမ်းနည်းစေလိမ့်မည်ဟုဆိုလိုပါသည်"

ထာဝရဘုရား လက်တော်သည် ငါ၌ ကန့်လန့်ရှိသည်
ထာဝရဘုရား၏ တန်ခိုးတော်သည် ကျွန်ုပ်အပေါ်၌ ဆိုးရွားသောအရာများဖြစ်ပျက်စေခြင်းကို ရည်ညွှန်းပါသည်။

Ruth 14

အသံကိုလွှင့်၍ငိုကြွေးကြ၏
သူတို့သည်ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးကြသည်။

(နားထောင်လော့) N/A
ဤတွင် နောမိကရုသအား ပြန်လိုက်သွားရန် သတိပေးခြင်းကို ရည်ညွှန်းပါသည်။

ရုသမူကား၊ ယောက္ခမ၌ မှီဝဲဆည်းကပ်လျက် နေသေး၏။
အခြားသောဘာသာပြန်ဆိုချက်တွင် ရုသသည်နောမိထံမှထွက်ခွာရန် ငြင်းဆိုခဲ့သည်။

သင့် အစ်မသည်
ဩရပကို ရည်ညွှန်းခြင်းဖြစ်သည်။

သူမ၏ ဘုရားရင်းတို့
သူတို့သည် နောမိသားများနှင့် လက်မထပ်ခင်က မောဘဘုရားများကို ကိုးကွယ်ခဲ့ပြီး၊ လက်ထပ်ပြီးချိန်တွင်သာထာဝရဘုရားကို စတင်ဝတ်ပြုခြင်းကို ဆိုလိုပါသည်။

Ruth 16

ကိုယ်တော်အိပ်လေရာရာ၌
နောမိနေသော နေရာတွင် နေမည်ကို ဆိုလိုပါသည်။

ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊
နောမိ၏လူများ ဣသရေလများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရုသက နောမိ၏ အမျိုးသည်လည်း မိမိ၏ အမျိုးအဖြစ်ခံယူသည်"

ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍ သင်္ဂြိုဟ်ခံပါမည်။
ရုသ၏ ကျန်ရှိသော အသက်တာကို နောမိနှင့်သာလျှင်အတူနေ၊ အတူသေရန် ဆန္ဒရှိခြင်းကို ရည်ညွှန်းပါသည်။

ထာဝရဘုရားသည် ကျွန်မ၌ ထိုမျှမက ပြုတော်မူပါစေသော
ရုသသည် သူမပြောသကဲ့သို့ မလုပ်ဖြစ်လျှင်ဘုရားသခင်သည် သူမအားအပြစ်ပေးရန် တောင်းဆိုခြင်းကို ရည်ညွှန်းပါသည်။

နောမိသည် သိမြင်သော် တိတ်ဆိတ်စွာနေလေ၏။
နောမိသည် ရုသနှင့် ငြင်းခုံခြင်းကို ရပ်လိုက်သည် ဟုဆိုလိုခြင်းဖြစ်ပါသည်။

Ruth 19

ခရီးသွား၍ ဗက်လင်မြို့သို့ရောက်သောအခါ၊
ဗက်လင်မြို့သို့ ပြန်ရောက်လာခြင်း အဖြစ်အပျက်ကို ဆိုလိုခြင်းဖြစ်သည်။

တစ်မြို့လုံး
မြို့၌ ရှိသော လူအားလုံး

ဤသူကား နောမိ ဟုတ်သလောဟု မေးကြ၏။
နှစ်ပေါင်းများစွာ ကတည်းက ဗက်လင်မြို့တွင် နေခဲ့သောခင်ပွန်းရှိပြီး သားနှစ်ဦး၏ မိခင်နောမိသည် ယခုရောက်လာသော မိန်းမနှင့် အတူတူလား ဆိုသည့်သံသယဝင်ကာ မေးလိုက်ခြင်းဖြစ်ပါသည်။

နောမိဟူ၍ မခေါ်ပါနှင့်။
နောမိ၏ ဝမ်းမြောက်ပျော်ရွှင်ခြင်း ဖြစ်သောကြောင့် ယခုဆင်းရဲလျက် ရှိချိန်တွင် ဤနာမည်ကို မခေါ်ရန် ဆိုလိုခြင်းဖြစ်ပါသည်။


generated on Sun Jun 30 02:37:40 2024

အလွန် ခါးသောအရာ
ဘာသာပြန်ဆိုထားသည့် စကားလုံးမှာ မာရ ဖြစ်ပြီး၊ခါးသောဟု အဓိပ္ပါယ်ရသည်။

ငါသည် ကြွယ်ဝပြည့်စုံလျက် ထွက်သွား၏။ ယခုမူကားဆင်းရဲလျက် တကိုယ်တည်းရှိမှ၊ ထာဝရဘုရားသည် ငါ့ကို ပို့ပြန်တော်မူပြီ။
နောမိသည် ခင်ပွန်း၊ သားများနှင့်အတူ ဗက်လင်မြို့မှထွက်သွားစဉ် ပျော်ရွှင်ပြီး၊ ပြန်လာချိန်တွင် ခင်ပွန်းနှင့်သားများ သေဆုံးသွားပြီဖြစ်သောကြောင့် ခါးသီးသောအရာများနှင့် မပျော်ရွှင်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

ငါ့ကို နှိမ့်ချ၍
အပြစ်စီရင်ခြင်းကို ဆိုလိုသည်။

ငါ့ကို ဆင်းရဲစေတော်မူသည်။
ကျွန်ုပ်ကို ဘေးဒုက္ခ ရောက်စေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

Ruth 22

ထိုသို့..... မောဘပြည်သူချွေးမ ရုသနှင့်အတူ နောမိသည်
ဤသို့ဖြင့် ချွေးမရုသနှင့် နောမိသည်ဟု ဇာတ်လမ်း တစ်ခန်းကို အဆုံးသတ်ခြင်း ဖြစ်သည်။

မုယော စပါးကို ရိတ်စကာလ၌
လယ်သမားများ ကောက်ပဲသီးနှံ ရိတ်သိမ်းစပြုရန်အချိန်ကာလကို ဆိုလိုခြင်းဖြစ်သည်။

---

## Translation Questions

### Ruth 1:1

ယုဒသမိုင်းတွင်ဘယ်ခေတ်ကာလချိန်လောက်မှာ ရုသ ဝတ္ထုဖြစ်ပေါ်လာသနည်း။
တရားသူကြီးအုပ်ချုပ်သောကာလတွင် ရုသ ဝတ္ထုဖြစ်ပေါ်ခဲ့ပါသည်။

ဧလိမက်သည် သူ့ရဲ့မိသားစုနှင့်အတူ ဘာကြောင့်မောဘပြည်ကို ပြောင်းရွှေ့ခဲ့သနည်း။
ဧလိမက်သည် ယုဒပြည်၌ ငတ်မွတ်ခေါင်းပါးမှုကြောင့် မောဘပြည်သို့ ပြောင်းရွှေ့ခဲ့သည်။

### Ruth 1:3

မောဘပြည်၌ နောမိ မိသားစု ဘာဖြစ်ခဲ့သနည်း။
သူမယောကျ်ားနှင့်သား နှစ်ယောက်သေ၍ ချွေးမနှစ်ယောက်ကျန်ရစ်ခဲ့သည်။

### Ruth 1:6

နောမိသည် အဘယ်ကြောင့် ယုဒပြည်ကို ပြန်လာဖို့ဆုံးဖြတ်ခဲ့သနည်း။
ထာဝရဘုရားသခင်သည် ယုဒလူတွေကို အစားအစာပေးသော သတင်းကို သူမ ကြားခဲ့သောကြောင့်ဖြစ်သည်။

### Ruth 1:8

နောမိသည် သူ၏ချွေးမနှစ်ယောက်ကို ဘာလုပ်စေချင်ခဲ့သနည်း။
နောမိသည် သူ၏ ချွေးမတို့ကို သူတို့၏ မိခင်အိမ်ကို ပြန်ပြီး နောက် ယောကျ်ားယူစေချင်ခဲ့သည်။

### Ruth 1:11

သူမ၏ ဒုက္ခပြဿနာသည် ဘယ်သူ့ကြောင့်ဖြစ်သည်ဟု နောမိထင်ခဲ့သနည်း။
သူမ၏ ဒုက္ခပြဿနာသည် ထာဝရဘုရားကြောင့် ဖြစ်သည်ဟု နောမိထင်ခဲ့သည်။

### Ruth 1:16

ရုသသည် နောမိနှင့် အတူနေသောအချိန်တွင် နောမိကို ရုသက ဘာကတိသစ္စာဆိုခဲ့သနည်း။
ရုသသည် ကိုယ်တော်သွားလေရာရာသို့ ကျွန်မလိုက်ပါမည်။ ကိုယ်တော်နေသောအရပ်သို့ ကျွန်မလည်းနေမည်။ ကိုယ်တော်အအမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရားဖြစ်ပါစေ။ ကိုယ်တော်သေရာအရပ်၌ ကျွန်မသေမည်ဟု ကတိသစ္စာဆိုခဲ့သည်။

### Ruth 1:19

နောမိသည် ဘယ်မြို့ကို ပြန်သွားခဲ့သနည်း။
နောမိသည် ဗက်လင်မြို့ကို ပြန်သွားခဲ့သည်။

နောမိခေါ်စေချင်သည့် နာမည်ကဘာလဲ၊ ဘာကြောင့်ထိုနာမည်ကို ခေါ်စေချင်ခဲ့သနည်း။
မာရ (ခါးသီးခြင်း) ဟူ၍ အမည်မှည့်ခေါ်ရန်၊ ထာဝရဘုရားသည် သူမအား ခါးသီးမှုကို ခံစေသည်ဟု သူမယုံကြည်သောကြောင့်ဖြစ်သည်။

### Ruth 1:22

နောမိနှင့် ရုသသည် ဗက်လင်မြို့ကို ပြန်ရောက်ခဲ့သည့် နှစ်သည် မည့်သည့်အချိန်ဖြစ်မည်နည်း။
နောမိနှင့် ရုသသည် မုယောစပါးရိတ်သိမ်းချိန်ကာလ အစပိုင်း အချိန်တွင် ရောက်ရှိခဲ့ကြသည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 2

1 နောမိ၏လင်ဧလိမလက်၏ အဆွေအမျိုးတွင်အလွန်ရတတ်သောပေါက်ဘော်တယောက်ရှိ၏။ သူ၏အမည်ကား ဗောဇတည်း။ 2
မောဘပြည်သူရုသက၊ ကျွန်မသည် လယ်ပြင်သို့သွား၍ စိတ်နှင့်တွေ့သောသူနောက်မှာစပါးကျန်ကို ကောက်ပါရစေဟု
နောမိ၌အခွင့်ပန်လျှင်၊ နောမိက၊ သွားတော့ငါ့သမီးဟုဆို၏။ 3 ရုသသည်သွား၍စပါးရိတ်သောသူတို့နောက်မှာ၊ စပါးကျန်ကို
ကောက်သည်တွင်၊ ဧလိမလက်၏ အဆွေအမျိုး ဗောဇပိုင်သောလယ်၌ အမှတ်တမဲ့ နေရာကျ၏။ 4 ထိုအခါဗောဇသည် ဗက်လင်မြို့က
လာ၍၊ ထာဝရဘုရားသည်သင်တို့နှင့်အတူရှိတော်မူပါစေသောဟု ရိတ်သောသူတို့အားဆိုလျှင်၊ သူတို့က၊
ကိုယ်တော်ကိုထာဝရဘုရားကောင်းကြီးပေးတော်မူပါစေသောဟု ပြန်ပြောကြ၏။ 5 ဗောဇကလည်း၊ ထိုမိန်းမငယ်သည်
အဘယ်သူနှင့်ဆိုင်သနည်းဟု လယ်ခေါင်းအားမေးသော်၊ 6 လယ်ခေါင်းက၊ မောဘပြည်မှနောမိနှင့်အတူလိုက်လာသော
မောဘအမျိုးသမီးဖြစ်ပါ၏။ 7 သူကလည်း၊ ကျွန်မသည် စပါးရိတ်သောသူတို့နောက်၌ ကောက်လှိုင်းစုထဲမှာ ကျန်သော စပါးကို
ကောက်သိမ်းပါရစေဟု အခွင့်တောင်းလျက်ဝင်သဖြင့်၊ နံနက်မှစ၍ ယခုခဏတဲ၌နေသောအချိန် တိုင်အောင်
လုပ်နေပါပြီဟုပြောဆိုလျှင်၊ 8 ဗောဇသည် ရုသကိုခေါ်၍၊ နားထောင်ပါ၊ ငါ့သမီး။ အခြားသောလယ်သို့သွား၍စပါးကျန်ကို
မကောက်နှင့်။ ဤအရပ်ကမထွက်ဘဲ၊ ငါ့ကျွန်မတို့၌ မှီဝဲလျက်နေတော့။ 9 သူတို့ရိတ်သောလယ်ကွက်ကိုကြည့်မှတ်၍ သူတို့နောက်၌
လိုက်လော့။ လုလင်တို့သည်သင့်ကို မနှောင့်ရှက်ရမည်အကြောင်း ငါမှာထားပြီ။ ရေငတ်သောအခါ၊
အိုးထားရာသို့သွား၍လုလင်ခပ်သောရေကို သောက်တော့ဟုဆိုလေသော်၊ 10 ရုသသည်မြေပေါ်မှာဦးချပြပ်ဝပ်လျက်၊
ကျွန်မသည်တပါးအမျိုးသားဖြစ်၍ ကိုယ်တော်သည် ကျွန်မကို သိမှတ်မည်အကြောင်း၊
အဘယ်သို့စိတ်တော်နှင့်တွေ့ရပါသနည်းဟုလျှောက်လေ၏။ 11 ဗောဇကလည်း၊ သင်၏လင်သေသွားနောက်၊
သင်သည်ယောက္ခမအားပြုစုသမျှကိုငင်း၊ သင်သည်မိဘနှင့်မွေးဘွားရာဌာနပြည်ကိုစွန့်၍အထက်က
မသိဘူးသောပြည်သို့လာကြောင်းကိုငင်း၊ ငါ့အားသေချာစွာပြောကြပြီ။ 12 သင့်အမှု၏အကျိုးကိုထာဝရဘုရားပေးတော်မူပါစေသော။
သင်သည်အတောင်တော်အောက်၌ ခိုလှုံ ခြင်းငှါ ချဉ်းကပ်သော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည်
စုံလင်သောဆုကို ချတော်မူပါစေသောဟု ဆိုသော်၊ 13 ရုသကလည်း သခင်ကျွန်မသည် ရှေ့တော်၌မျက်နှာရပါစေ။
ကျွန်မသည်ကိုယ်တော်ကျွန်မတို့နှင့် မတူသော်လည်း၊ ကိုယ်တော်သည် လောကဝတ် စကားကို ပြော၍ကျွန်မကို နှစ်သိမ့်စေပါပြီဟု
လျှောက်လေ၏။ 14 ဗောဇကလည်း၊ စားသောက်သောအချိန်ရှိပြီ။ လာ၍မုန့်ကို စားလော့။ ပုံးရည်၌ စားစရာကို နှစ်လော့ ဟု
ခေါ်ဆိုသည်အတိုင်း၊ ရုသသည် စပါးရိတ်သော သူတို့နှင့်အတူ ထိုင်လျှင်၊ ဗောဇသည် ပေါက်ပေါက်ကိုလှမ်း၍ ပေးသဖြင့်၊ သူသည်
ဝစွာစားပြီးမှချန်ထားသေး၏။ 15 စပါးကျန်ကို ကောက်ခြင်းငှါထသွားသောအခါ၊ ဗောဇသည်လုလင်တို့အား၊ ထိုမိန်းမသည်
ကောက်လှိုင်း စုထဲမှာကျန်သောစပါးကိုကောက်သိမ်း ပါစေ၊ အရှက်မခွဲကြနှင့်။ 16 ရိတ်ပြီးသောစပါးအချို့ကိုလည်း
သူအဘို့ချထားလော့။ ကောက်ယူပါစေ။ အပြစ်မတင်ကြနှင့်ဟု မှာထား၏။ 17 ရုသသည်ထိုလယ်၌ ညဦးတိုင်အောင်
စပါးကျန်ကိုကောက်၍ ရသောစပါးကိုနယ်ပြီးလျှင် မုယောဆန်တဧဖာခန့်မျှရှိ၏။ 18 ထိုဆန်ကိုယူ၍မြို့ထဲသို့ ဝင်သဖြင့်၊
ကောက်၍ရသောဆန်ကိုလည်း ယောက္ခမအားပြ၏။ ဝစွာစားပြီးမှ ချန်ထားသော အစာကိုလည်း ထုတ်၍ ပေးသေး၏။ 19
ယောက္ခမကလည်း၊ ယနေ့အဘယ်မှာလုပ်သနည်း။ သင်သိမှတ် သောသူသည်မင်္ဂလာရှိပါစေသော ဟုမြွက်ဆိုလျှင်၊ ရုသက
ယနေ့ကျွန်မလုပ်သောသူ၏အမည်ကား၊ ဗောဇဖြစ်ပါသည်ဟုယောက္ခမအား ကြားပြောသော်။ 20 ယောက္ခမက၊ အသက်ရှင်သောသူ၊
သေသော သူတို့၌ ကျေးဇူးမပြတ် ပြုတော်မူသေးသောထာဝရဘုရား သည်သူ့ကိုကောင်းကြီးပေးတော်မူပါစေသောဟူ၍ငင်း၊
ထိုသူသည်ငါတို့နှင့်ပေါက်ဘော်တော်သောသူ၊ နီးစပ်သော အမျိုးသားချင်း အဝင် ဖြစ်သည်ဟူ၍ငင်း၊ ချွေးမအားပြောဆို၏။ 21
ထိုသူက၊ ငါ့စပါးရိတ်ခြင်းအမှု မပြီးမှီတိုင်အောင်၊ ငါ့လူတို့၌မှီဝဲလျက်နေတော့ဟု ဆိုကြောင်းကိုလည်း မောဘအမျိုးသမီး ရုသသည်
ကြားပြောသော်၊ 22 နောမိက၊ ငါ့သမီး၊ သင်သည် သူ၏ကျွန်မတို့နှင့်ပေါင်းဘော်ကောင်း၏။ အခြားသောလယ်၌သူတို့သည်
သင့်ကိုမတွေ့စေကောင်းဟု၊ ချွေးမရုသအားပြောသည်အတိုင်း၊ 23 သူသည် မုယောစပါး၊ ဂျုံစပါးရိတ်ခြင်းအမှု
ပြီးသည်တိုင်အောင်ဗောဇ၏ ကျွန်မတို့၌ မှီဝဲလျက်၊ စပါးကျင်ကိုကောက်၍ ယောက္ခမထံမှာနေလေ၏။

---

Ruth 01

နောမိ၏ လင်

ယခုတွင် နောမိ၏ လင်ဟူ၌ အခြားပြန်ဆိုမှုများတွင် တွေ့ရသည်။ ထို့အပြင်အခြားသော ပြန်ဆိုမှုများတွင် လည်း ကွဲပြားနိုင်သည်။

အလွန်ရတတ်သော ပေါက်ဘော်တယောက်ရှိ၏။ သူ၏အမည်ကား ဗောဇတည်း။

အလွန်ချမ်းသာကြွယ်ဝပြီး ဩဇာရှိသော၊ လူသိများသော၊ ကောင်းသောယောကျ်ားတစ်ဦးမှာ ဗောဇဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

မောဘပြည်သူရုသ
မောဘပြည်သူရုသကလည်း

မောဘပြည်သူ
မောဘအနွယ်ဝင် မောဘအမျိုးသမီး

လယ်ပြင်သို့သွား၍ စိတ်နှင့်တွေ့သော သူနောက်မှာစပါးကျန်ကို ကောက်ပါရစေ
ကောက်ရိတ်သိမ်းရာတွင် ကျန်ခဲ့သော ကောက်သင်း၊ ကောက်နှံများ

စပါးကျန်
စပါးသီးနှံများမှ စပါးစေ့အပိုင်းအစများ

စိတ်နှင့်တွေ့သောသူ
အခြားသော ဘာသာပြန်ဆိုချက်၊ "သူမကိုသဘောတွေ့၍ စပါးကျန်ကောက်ရန် ခွင့်ပေးသူဟု ရည်ညွှန်းခြင်းဖြစ်ပါသည်"

သမီး
သမီးချွေးမ (သား၏ ဇနီး)

Ruth 03

ရုသသည်...... ဗောဇပိုင်သောလယ်၌ အမှတ်တမဲ့ နေရာကျ၏
ရုသသည် နောမိ၏ အမျိုး ဗောဇလယ်တွင် အမှတ်တမဲ့ကောက်သင်းကောက်ရန် ရောက်သွားသည်။

ထိုအခါဗောဇသည်
ထိုအချိန်တွင် ဗောဇသည်

ဗက်လင်မြို့က လာ၍၊
ဗက်လင်မြို့၏ အပြင်ဘက်တွင် ရှိသောလယ်များသို့ ဗောဇရောက်လာခြင်းကို ဆိုလိုပါသည်။

ထာဝရဘုရား ကောင်းကြီးပေးတော်မူပါစေ
ကျန်းမာ ချမ်းသာပါစေ

Ruth 05

ထိုမိန်းမငယ်သည် အဘယ်သူနှင့်ဆိုင်သနည်း
ဗောဇသည် မိန်းမငယ်၏ (၁) ခင်ပွန်းအကြောင်း သို့မဟုတ် (၂) သူမ၏ အုပ်ထိန်းသူတို့ကို သိလို၍ မေးခြင်းဖြစ်ပါသည်။

လယ်ခေါင်း
စီမံခန့်ခွဲသူ သို့မဟုတ် တာဝန်ရှိသူ

တဲ
လယ်များတွင် ခေတ္တနားရန် ဆောက်ထားသောအိမ်အသေးကို ဆိုလိုပါသည်။

Ruth 08

နားထောင်ပါ၊ ငါ့သမီး။
အမိန့်ဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇက ရုသအား သတိပြုစေရန် ပြောလိုက်သည်"

ငါ့သမီး
ရုသသည် ဗောဇ၏ သမီးမဟုတ်သော်လည်း၊ မိန်းမငယ် ရုသကို ရည်ညွှန်း၍ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

သူတို့ရိတ်သော လယ်ကွက်ကို ကြည့်မှတ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ လယ်၌သာလျှင် လုပ်ဆောင်သည်။

လုလင်တို့သည် သင့်ကို မနှောင့်ရှက်ရမည်အကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇသည် ရုသအား ကူညီလိုသဖြင့် သူ့လူများကို မနှောင့်ရှက်ရန် မှာထား သည်"

သူတို့နောက်၌ လိုက်လော့
သူတို့ဆိုသည်မှာ လယ်လုပ်သားများကို ဆိုလိုပါသည်။

သင့်ကို မနှောင့်ရှက်ရမည်အကြောင်း
ရုသအား လယ်လုပ်သားယောကျ်ားများက နှောင့်ရှက်ရန်စိုးရိမ်သဖြင့် မှာထားခြင်းကို ဆိုလိုသည်။

လုလင်ခပ်သော ရေကို သောက်တော့ဟု
လူငယ်များ ရေတွင်းမှ ရေကိုခပ်၍ ရေအိုးတွင်ဖြည့်ထားသောသောက်ရေကို သောက်ရန် ဆိုလိုခြင်းဖြစ်ပါသည်။

Ruth 10

ရုသသည် မြေပေါ်မှာ ဦးချပြပ်ဝပ်လျက်
သူမသည် ဗောဇအား အရိုအသေပြုရန် နှိမ့်ချစွာဦးချပြပ်ဝပ်ခြင်းကို ဆိုလိုပါသည်။

အဘယ်သို့ စိတ်တော်နှင့်တွေ့ရပါသနည်း
ရုသက မိမိအား အဘယ်ကြောင့် မျက်နှာသာပေးရကြောင်းကို မေးလိုက်ခြင်းဖြစ်ပါသည်။

တပါးအမျိုးသားဖြစ်၍
ရုသသည် ဣသရေလပြည်တွင် နေထိုင်သော်လည်း၊ မောဘပြည်သူဖြစ်ကြောင်းကို ဆိုလိုပါသည်။

ငါ့အားသေချာစွာပြောကြပြီ။
ပြုခြင်းပြုဝါကျအဖြစ် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇအား လူများက ပြောပြထားသဖြင့် သူမအကြောင်းသိထားခြင်းကိုဆိုလိုပါသည်။

မသိဘူးသောပြည်သို့လာကြောင်း
ဗောဇက ရုသသည် နောမိနှင့်အတူ သူမ မသိသောလူများထံလိုက်လာကြောင်းကို ရည်ညွှန်းပါသည်။

ပေးတော်မူပါစေသော
အကျိုးရလဒ်ကို ပြန်လည်ပေးခြင်း ကိုဆိုလိုသည်။

သင့်အမှု
ဗက်လင်မြို့တွင်နေစဉ် ရုသ၏ လုပ်ဆောင်ချက်များကိုဆိုလိုခြင်းဖြစ်ပါသည်။

ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည် စုံလင်သောဆုကို ချတော်မူပါစေသောဟု
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်သင်ပေးသောအရာထက်သာ၍ စုံလင်သောဆုကိုပေးတော်မူပါစေဟု ဆိုလိုက်သည်"

သင်သည် အတောင်တော်အောက်၌ ခိုလှုံခြင်းငှါ ချဉ်းကပ်သော
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် လုံခြုံရန် သူ၏အကွယ်အကာကိုရယူသည်"

Ruth 13

သခင်ကျွန်မသည် ရှေ့တော်၌မျက်နှာရပါစေ။
ကောင်းကြီးတောင်းခံခြင်းကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကိုကျေးဇူးပြု၍ လက်ခံပေးတော်မူပါ"

ကျွန်မသည် ကိုယ်တော်ကျွန်မတို့နှင့် မတူသော်လည်း၊
ရုသသည် ဗောဇ၏ ကျွန်မများထဲမှ မဟုတ်ကြောင်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

Ruth 14

စားသောက်သောအချိန်ရှိပြီ။
နေ့လည်စာစားချိန်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

ပုံးရည်၌ စားစရာကို နှစ်လော့
ပန်းကန်ပြားရှိ ပေါင်မုန့်ကဲ့သို့ စားစရာကို ခွက်တွင်ထည့်ထားသော ပုံးရည်တွင် နှစ်၍စားရန်ကို ပြောခြင်းဖြစ်ပါသည်။

ပုံးရည်
ဣသရေလလူမျိုးများသည် စပျစ်ရည်အချို့ကိုအချဉ်ပေါက်စေပြီး ရှာလကာရည် ပြုလုပ်ကြသည်။ ပုံးရည်မှာ စပျစ်ရည်ကို ပြင်းအောင် ကဇော်ဖေါက်ကာလုပ်ထားခြင်းကို ဆိုလိုပါသည်။

Ruth 15

စပါးကျန်ကို ကောက်ခြင်းငှါ ထသွားသောအခါ၊ ဗောဇသည်လုလင်တို့အား၊ ထိုမိန်းမသည် ကောက်လှိုင်း စုထဲမှာကျန်သောစပါးကိုကောက်သိမ်း ပါစေ၊
အခြားသော ဘာသာပြန်ဆိုချက်တွင် ရုသက စပါးကျန်ကိုကောက်ရန် သွားချိန်တွင် ဗောဇသည် သူ့လုလင်များကို ကောက်ခွင့်ပေးရန် မိန့်ကြားသည်ကို ဆိုလိုပါသည်။

ထသွားသောအခါ
မတ်တပ်ရပ်သည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ကောက်လှိုင်း စုထဲမှာ
လူများသည် ကောက်ရိတ်သိမ်းပြီး ပုံမှန်ထက်သာ၍ ကောက်လှိုင်းစုများမှ ကျန်သောစပါးနှံကို ဆိုလိုခြင်းဖြစ်ပါသည်။

ရိတ်ပြီးသော စပါးအချို့ကိုလည်း သူအဘို့ချထားလော့။ ကောက်ယူပါစေ။
သူမအတွက် ကောက်ရန် စပါးအချို့ကို ချန်ထားပါဟုဆိုလိုခြင်းဖြစ်သည်။

အပြစ်မတင်ကြနှင့်
သူမအား အရှက်ရအောင်မလုပ်ပါနှင့်ဟု ဆိုလိုပါသည်။

Ruth 17

စပါးကိုနယ်ပြီးလျှင်
စပါးကိုနယ်၍ ခွေ လှေ့ပြီးသောအခါကို ဆိုလိုခြင်းဖြစ်သည်။

မုယောဆန်
စားရန်အသင့်ဖြစ်သော ဆန်ကို ရည်ညွှန်းပါသည်။

တဧဖာခန့်မျှ ရှိ၏။
မုယောဆန် တဧဖာသည် ၁၃ ကီလိုခန့် ရှိပါသည်။

ထိုဆန်ကိုယူ၍ မြို့ထဲသို့ ဝင်သဖြင့်၊
ရုသသည် ဆန်ကို သယ်၍ အိမ်သို့ပြန်ခြင်းကို ဖေါ်ပြပါသည်။

ယောက္ခမအား ပြ၏။
ယောက္ခမနောမိ မြင်ခဲ့သည်။

Ruth 19

ယနေ့ အဘယ်မှာလုပ်သနည်း။
နောမိသည် ရုသ မည်သည့်နေရာတွင် သွားရောက်အလုပ်လုပ်သည်ကို သိလို၍ စိတ်ဝင်စားကာမေးမြန်းခြင်းဖြစ်သည်။

ထာဝရဘုရားသည် သူ့ကိုကောင်းကြီးပေးတော်မူပါစေသော
ရုသကို ကူညီသော ဗောဇကိုထာဝရ ဘုရားကောင်းကြီးပေးရန် နောမိက ပြောခြင်းဖြစ်ပါသည်။

ကျေးဇူးမပြတ် ပြုတော်မူသေးသော

ဗောဇသည် မိသားစုဝင်များကို တာဝန်သိရှိခြင်း၊ နောမိသည် ထာဝရဘုရားကိုရည်ညွှန်းခြင်း၊ အသက်သေသူ၊ ရှင်သူတို့၌အစဉ်သစ္စာရှိခြင်းကို ဆိုလိုပါသည်။

အသက်ရှင်သောသူတို့

အသက်ရှင်လျှက်ရှိ သူတို့တွင် နောမိနှင့် ရုသပါဝင်ခြင်းကို ဆိုလိုသည်။

သေသော သူတို့

သေသော သူတို့တွင် နောမိခင်ပွန်းနှင့်သားများ ပါသည်ကိုဆိုလိုပါသည်။

ထိုသူသည် ငါတို့နှင့်ပေါက်ဘော်တော်သောသူ၊ နီးစပ်သော အမျိုးသားချင်း အဝင် ဖြစ်သည်

အမျိုးတော်စပ်ခြင်းကို နှစ်ခါဖော်ပြထားခြင်းကို တွေ့ရပါသည်။ ဟေဗြဲစာရေးသားနည်းဖြစ်သည်။

နီးစပ်သော အမျိုးသားချင်း အဝင်

နီးစပ်သော အမျိုးသားချင်းများတွင်ကလေးမရှိသောမုဆိုးမ၊ ကလေးရှိသော်လည်း ငွေကြေးချို့တဲ့သူ၊ ဆင်းရဲသူ၊ ကျွန်အဖြစ်ရောင်းစားခံရသူ မိသားစုဝင်များပါဝင်ခြင်းကို ဆိုလိုသည်။

Ruth 21

ထိုသူက၊ ငါ့စပါးရိတ်ခြင်းအမှု မပြီးမှီတိုင်အောင်၊ ငါ့လူတို့၌မှီဝဲလျက်နေတော့ဟု ဆိုကြောင်းကိုလည်း မောဘအမျိုးသမီး ရုသသည် ကြားပြောသော်၊

ရုသကိုပြောသော ဗောဇ၏ စကားသည် အလွန်အရေးကြီးကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။

ငါ့လူတို့၌ မှီဝဲလျက်နေတော့

ဗောဇက သူ၏ လူများ သူမအား ကြည့်ရှုစောင့်ရှောက် ကာကွယ်ပေးနိုင်ကြောင်းကို ရည်ညွှန်းပါသည်။

သူ၏ ကျွန်မတို့နှင့် ပေါင်းဘော်ကောင်း၏။

အလုပ် အတူတူလုပ်ခြင်းကို ဆိုလိုပါသည်။

သင့်ကို မတွေ့စေကောင်း

အခြားသော အလုပ်သမားများက စော်ကားခြင်း၊ အခြားလယ်မှ လယ်ပိုင်ရှင်က ကြားဝင်နှောက်ယှက်ခြင်း တို့ကိုဆိုလိုပါသည်။

Ruth 23

သူသည် မုယောစပါး၊ ဂျုံစပါးရိတ်ခြင်းအမှုပြီးသည်တိုင်အောင်... ကျွန်မတို့၌ မှီဝဲလျက်၊

ရုသသည် ဗောဇ၏ လယ်တွင် သူ၏ ကျွန်မတို့နှင့် အတူအလုပ်လုပ် ခြင်းကို ဆိုလိုပါသည်။

ယောက္ခမထံမှာ နေလေ၏။

ရုသသည် ယောက္ခမနောမိ၏ အိမ်၌ အိပ်ရန် ညအချိန်တွင် သွားလေသည်။

---

## Translation Questions

### Ruth 2:1

ဗောဇနှင့် သေဆုံးခဲ့သောနောမိ ယောကျ်ား၏ဆက်နွယ်မှုက မည်သို့ဖြစ်မည်နည်း။

သူတို့သည် ဆွေမျိုးရင်းများဖြစ်ကြသည်။

ရုသ ပထမဆုံးကောက်သိမ်းဖို့ထွက်သည့်ချိန် သူမ စပါးကောက်သိမ်းနေစဉ် လိုက်ဖို့ပြောသောသူသည် အဘယ်သူနည်း။

သူမ၏မျက်နှာသာကို တွေ့သောသူ တစ်စုံတစ် ယောက်နောက်သို့လိုက်ခဲ့သည်။

### Ruth 2:3

ဗောဇနှင့်သေဆုံးသွားသောနောမိ ယောကျ်ား ၏ဆက်နွယ်မှုက မည်သို့ဖြစ်မည်နည်း။

သူတို့သည် ဆွေမျိုးရင်းများဖြစ်ကြသည်။

ဗောဇသည် သူ၏အလုပ်သမားများကို မည်သို့နှုတ်ဆက်ခဲ့သနည်း။

ဗောဇက ထာဝရဘုရားသည် သင်တို့နှင့် အတူရှိတော်မူပါစေ ဟုနုတ်ဆက်ခဲ့သည်။

### Ruth 2:5

ဗောဇသိချင်ခဲ့သောရုသ အကြောင်း ကအဘယ်နည်း။

သူမသည် ဘယ်လိုလူမျိုးနှင့်သက်ဆိုင်ခဲ့ကြောင်း ဗောဇသိချင်ခဲ့သည်။

### Ruth 2:8

ဗောဇသည် ကောက်ရိတ်သိမ်းခြင်းနှင့် ပတ်သက်ပြီး ဘာသင်ကြားပေးခဲ့သနည်း။

ငါ့ကျွန်မတို့နှင့်အတူ လယ်ကွင်းထဲမှာနေပြီး အလုပ်လုပ်ပါ ဟုပြောခဲ့သည်။

Ruth 2:10

ဗောဇသင်ကြားပေးခြင်းကို လက်ခံပြီးနောက် ဗောဇကို ရုသ ဘာမေးခဲ့သနည်း။
ကိုယ်စိတ်တော်နှင့် ကျွန်မကို မျက်နှာသာပေးဖို့ အဘယ်ကြောင့် တွေ့ရပါသနည်းဟုလျှောက်လေ၏။

ဗောဇကြားခဲ့သော ရုသ၏ ကောင်းသောအပြုအမူက ဘာဖြစ်မည်နည်း။
ဗောဇကြားခဲ့သော ရုသ၏ ကောင်းသောအပြုအမူမှာ နောမိနောက်ကို လိုက်ဖို့ သူမ အိမ်ကနေထွက်ခွာခဲ့ခြင်းဖြစ်သည်။

အတောင်တော်အောက်မှာ ရုသသည်အကာအကွယ် တွေ့ရှိခဲ့ပြီလို့ ဗောဇ ပြောခဲ့တာ ဘယ်သူနည်း။
ထာဝရဘုရား၏ အတောင်တော်အောက်၌ အကာအကွယ် ကို ရုသ တွေ့ရှိခဲ့သည်။

Ruth 2:15

သူတို့သည် ထမင်းစားချိန်ပြီးနောက် အလုပ်ထဲသို့ ပြန်လာသောအခါ ဗောဇသည် ရုသကို ထပ်ပြီး ဘာမျက်နှာသာ ပေးခဲ့သနည်း။
ဗောဇသည် ရုသကို ကောက်လှိုင်းစည်းများဆက်ကောက်ဖို့ရန် ခွင့်ပေးခဲ့၍၊ သူမအတွက် ကောက်လှိုင်းစည်းများကို ဆွဲချပေးဖို့ရန် ကောက်ရိတ်သိမ်းသူများကို မိန့်ကြားခဲ့သည်။

Ruth 2:19

ရုသသည် ဂျုံစပါး ယူဆောင်လာသည်ကို နောမိမြင်သောအခါ သူမသည် ရုသကို မေးသည့် မေးခွန်းက ဘာဖြစ်မည်နည်း။
နောမိ မေးခဲ့သည့်အရာမှာ သင်ဒီနေ့ဘယ်နေရာမှာ စပါးကျန်ကို သင်ကောက်ခဲ့သနည်း ဟု ဆိုခဲ့သည်။

ဗောဇနှင့် ဆိုးပါးသွားသော နောမိယောကျ်ား ၏ဆက်နွယ်မှုက မည်သို့ဖြစ်မည်နည်း။
သူတို့သည် ဆွေမျိုးရင်းများဖြစ်ကြသည်။

နောမိသည် ဗောဇက ရုသကို ကူညီခဲ့တာကို သူမကြားသောအခါ ဗောဇအတွက် နောမိ ဘာဆန္ဒရှိခဲ့သနည်း။
ထာဝရဘုရားသည် ဗောဇအပေါ် ကောင်းကြီးပေးပါစေဟု နောမိ ပြောခဲ့သည်။

ယခုချိန်မှာ သူမကို ကောင်းသောအရာများကို ဖြစ်ပေါ်စေသောသူဟု နောမိ မှတ်ယူခဲ့သောသူက အဘယ်သူနည်း။
သူတို့ကိုကောင်းသော အရာများဖြစ်ပေါ်စေခဲ့သောသူသည် ထာဝရဘုရားဖြစ်ကြောင်း သူမမှတ်ယူခဲ့သည်။

Ruth 2:21

ဗောဇ၏ကျွန်မတို့နှင့်အတူ ရုသ အလုပ်လုပ်ဖို့ရန် အတွက် ကောင်းသောအရာဖြစ်ကြောင်းကို နောမိစဉ်းစားခဲ့ခြင်းမှာ အဘယ်ကြောင့်နည်း။
သူတို့နှင့်အတူလုပ်ခြင်းဖြင့် ရုသသည် အခြားသော လယ်ကွင်းထဲမှာ သွားရောက်အနစ်နာခံပြီး လုပ်စရာ မလိုသောကြောင့် ဖြစ်သည်။

Ruth 2:23

ရုသသည် မုယောစပါးသီးနှံများပြီးဆုံးသည့်တိုင်အောင်ရိတ်သိမ်းဖို့ရန်အတွက် ဘာလုပ်ခဲ့သနည်း။
သူမသည် ဗောဇ၏ကျွန်တို့နှင့် စပါးကျန်ကောက်ခဲ့ပြီး နောမိနှင့် အတူနေထိုင်ခဲ့သည်။

## Chapter 3

[1] တဖန်ယောက္ခမနောမိက၊ ငါ့သမီး၊ သင့်ကိုချမ်းသာစေခြင်းငှါ ငြိမ်ဝပ်ရာအရပ်ကို သင့်အဘို့ငါမရှာရသ လော။ [2]
သင်ပေါင်းဘော်သော ကျွန်မတို့၏သခင်ဗောဇသည် ငါတို့ပေါက်ဘော်ဖြစ်သည်မဟုတ်လော။ ယနေ့ညမှာ ကောက်နယ်တလင်း၌
မုယောစပါးကိုလှေ့လျက်နေ၏။ [3] သင်သည်ရေချိုးခြင်း၊ ဆီလိမ်းခြင်း၊ အဝတ်တန်ဆာ ဆင်ခြင်းကိုပြုပြီးလျှင်
ကောက်နယ်တလင်းသို့ သွားတော့။ သူသည်စားသောက်ခြင်း အမှုကိုမပြီးမှီကိုယ်ကို မပြနှင့်။ [4] သူအိပ်သောအခါ၊
အိပ်ရာအရပ်ကိုမှတ်ပြီးမှဝင်၍ သူ့ခြေ၌ဖုံးသော အဝတ်ကိုဖွင့်ပြီးလျှင် အိပ်တော့။ သင်သည် အဘယ်သို့ပြုရမည်ကို
သူပြောလိမ့်မည်ဟုဆိုသော်၊ [5] ရုသက၊ မိခင်မှာထားသမျှတို့ကို ပြုပါမည်ဟု ဝန်ခံလျက်၊ [6] ကောက်နယ်တလင်းသို့သွား၍
ယောက္ခမမှာထားသမျှ အတိုင်းပြုလေ၏။ [7] ဗောဇသည်စားသောက်၍ ရွှင်လန်းလျက်၊ စပါးပုံအနားသို့သွား၍ အိပ်သောအခါ၊
ရုသသည်တိတ်ဆိတ် စွာချဉ်းကပ်၍သူ့ခြေ၌ဖုံးသောအဝတ်ကိုဖွင့်ပြီးလျှင် အိပ်လေ၏။ [8] သန်းခေါင်အချိန်၌ ယောကျ်ားသည်လန့်၍
လှည့်သဖြင့်၊ မိန်းမသည်ခြေရင်း၌ရှိသည်ကိုသိလျက်၊ [9] သင်သည်အဘယ်သူနည်းဟုမေးလျှင်၊ ကျွန်မသည်ကိုယ်တော်၏
ကျွန်မရုသဖြစ်ပါ၏။ ကိုယ်တော်သည်ရွေးပိုင်သော အမျိုးသားချင်းဖြစ်သော ကြောင့်၊ ကိုယ်တော်၏ ကျွန်မကိုအဝတ်တော်စွန်းနှင့်
ဖုံးပါတော့ဟုဆိုသော်၊ [10] သူက၊ ငါ့သမီး၊ ထာဝရဘုရားကောင်းကြီးပေးတော်မူပါစေသော။ သင်သည်ငွေရ တတ်သောလူပျို၊
ဆင်းရဲသောလူပျို တစုံတယောက်ကို မမှီဝဲဘဲနေ၍၊ အရင်ပြုသောကျေးဇူးထက် နောက်ပြုသောကျေးဇူး သာ၍ကြီး၏။ [11]
မစိုးရိမ်နှင့်ငါ့သမီး။ တောင်းသမျှကို ငါပြုမည်။ သင်သည်သီလနှင့်ပြည့်စုံသောမိန်းမဖြစ်ကြောင်းကို ငါ့လူမျိုးနေသော
တမြို့လုံးသိ၏။ [12] ငါသည်ရွေးပိုင်သော အမျိုးသားချင်းမှန်ပေ၏။ သို့သော်လည်းငါ့ထက်သာ၍ ရွေးပိုင်သော
အမျိုးသားချင်းတယောက်ရှိသေး၏။ [13] ယနေ့ညမှာနေဦးတော့၊ ထိုသူသည်ရွေးပိုင်သော အမျိုးသားချင်း
ဝတ်ကိုပြုလိုလျှင်ပြုပါလေစေ။ ကောင်း၏။ မပြုလျှင်ထာဝရဘုရားအသက်ရှင်တော်မူသည်အတိုင်း ငါပြုမည်။ နံနက်တိုင်အောင်
အိပ်ဦးတော့ ဟုဆို၏။ [14] ရုသသည်နံနက်တိုင်အောင်သူ့ခြေရင်းနားမှာအိပ်ပြီးမှ၊ တယောက်ကို တယောက် သိနိုင်သော
အချိန်မရောက်မှီထလေ၏။ ယောကျ်ားကလည်း၊ မိန်းမသည် ဤကောက်နယ် တလင်းသို့လာသည်ကို
အဘယ်သူမျှမသိစေနှင့်ဟုဆို၏။ [15] တဖန်သင်၌ပါသော တင်းတိမ်ကိုယူခဲ့၍ဖြန့်ခင်းတော့ဟုဆိုသည်အတိုင်း၊ ရုသဖြန့်လျက်
မုယောစပါးခြောက်ဩမဲကိုခြင်၍ သူ့အပေါ်မှာတင်သဖြင့်၊ သူသည်မြို့ထဲသို့ သွားလေ၏။ [16] ယောက္ခမထံသို့ ရောက်သောအခါ၊
ယောက္ခမကအဘယ်သို့နည်းဟု မေးလျှင်၊ မိမိ၌ထိုသူပြုသမျှကိုရင်း၊ [17] သူက၊
သင်သည်ယောက္ခမထံသို့လက်ချည်းမသွားနှင့်ဟုဆိုလျက် မုယောစပါးခြောက်ဩမဲပေးကြောင်း ကိုရင်း ကြားပြောလေ၏။ [18]
ယောက္ခမာလည်း၊ ငါ့သမီး၊ ဤအမှုသည်အဘယ်သို့ပြီးလိမ့်မည်ကိုမသိမှီတိုင်အောင် ထိုင်နေလော့။ ယောကျ်ားသည် ယနေ့
ဤအမှုကိုမပြီးစီးမှီငြိမ်ဝင်စွာမနေဟုပြောဆို၏။

---

Ruth 01

ယောက္ခမ
ရုသက နောမိ၏ သားကို လက်ထပ်သဖြင့် နောမိကိုယောက္ခမတော်သည်။

ငါ့သမီး
နောမိ၏ သားက ရုသကို လက်ထပ်သဖြင့် နောမိက သမီးချွေးမတော်သည်။

သင့်ကို ချမ်းသာစေခြင်းငှါ ...သင့်အဘို့ငါမရှာရသ လော။
ဤမေးခွန်းဖြင့် နောမိက သူမ၏ရည်ရွယ်ချက်ကို ရုသအားပြောပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အတွက်နေရာရှာပေးမည်" သို့မဟုတ် "သင့်အတွက်ယောကျ်ားရှာပေးမည်"

ငြိမ်ဝပ်ရာအရပ်
နေထိုင်ရန်အိမ်၊ နောက်အိမ်ထောင်ရှာရန်စသည်တို့အတွက် ရည်ညွှန်းခြင်းဖြစ်ပါသည်။

သင် ပေါင်းဘော်သော ကျွန်မတို့
အလုပ်အတူတူလုပ်ကြသော အမျိုးသမီးများကိုဆိုလိုသည်။

ငါတို့ ပေါက်ဘော်ဖြစ်သည် မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇသည် နောမိနှင့်ဆွေမျိုးတော်ကြောင်း ရုသအားပြန်ပြောခြင်းကိုဆိုလိုသည်။

ယနေ့ညမှာ
ကြည့်ပါ ဆိုသည့် စကားလုံးသည် နောက်မှစကားစုများကို ရည်ညွှန်းသည်။

လှေ့လျက် နေ၏။
ကြိတ်ထားသော စပါးကို လေထဲတွင် လှေ့သောအခါစပါးဖျင်း၊ အခွံများ လေထဲ၌ ပါသွား၍ သီးခြားဖြစ်ကာဆန်ရလာသည်ကို ဆိုလိုခြင်းဖြစ်ပါသည်။



generated on Sun Jun 30 02:37:40 2024

Ruth 03

သင်သည် ရေချိုးခြင်း၊ ဆီလိမ်းခြင်း.... ကိုပြုပြီးလျှင်
ကိုယ်တိုင်အလှဆင်ခြင်း၊
ဆီမွှေးလိမ်းခြင်းများပြုရန်ကိုဆိုလိုသည်၊ ယခုခေတ်၌
ရေမွှေးသုံးဖျန်း သကဲ့သို့ဖြစ်သည်။

ကောက်နယ်တလင်းသို့ သွားတော့
မြို့မှထွက်၍ ကောက်နယ်သောနေရာသို့ သွားခြင်းကို
ရည်ညွှန်းသည်။

သူ့ခြေ၌ဖုံးသော အဝတ်ကိုဖွင့်ပြီး
ခြေ၌ဖုံးထားသော စောင်ကို ဖယ်လိုက်ခြင်းကို ဆိုလိုပါသည်။

အိပ်တော့။
သူ၏ ခြေရင်း၌ အိပ်ပါ ဟုဆိုလိုသည်။

သင်သည် အဘယ်သို့ပြုရမည်ကို သူပြောလိမ့်မည်။
ထိုအချိန်က ယဉ်ကျေးမှုကို သေချာမသိသော်လည်း
လက်ခံထားသည်မှာ အမျိုးသားကအမျိုးသမီး၏
တောင်းဆိုမှုကိုလက်ခံလျှင် သူမနှင့် လက်ထပ်ရန်
သဘောတူခြင်းဟု ဆိုလိုပါသည်။ ဗောဇသည်
ထိုယဉ်ကျေးမှုကိုနားလည်သဖြင့် လက်ခံခြင်း သို့မဟုတ်
ငြင်းဆိုခြင်းကိုပြုနိုင်ပါသည်။

သူပြောလိမ့်မည်
ဗောဇနိုးလာသောအခါ ပြောလိမ့်မည်။

Ruth 06

ဗောဇသည် စားသောက်၍ ရွှင်လန်းလျက်
ဗောဇသည် စိတ်ကျေနပ်ကာ ပျော်ရွှင်လျက်ရှိကြောင်း
ဆိုလိုသည်။

ရုသသည် တိတ်ဆိတ်စွာ ချဉ်းကပ်၍
သူမသည် အခြားသူများ မသိအောင်ဝင်လာခြင်းကို
ဆိုလိုပါသည်။

သူ့ခြေ၌ ဖုံးသောအဝတ်ကို ဖွင့်ပြီးလျှင်
သူ၏ ခြေမှ သူ့စောင် ဖယ်လိုက်ခြင်းကို ဆိုလိုပါသည်။

အိပ်လေ၏။
သူ့ခြေရင်း၌ အိပ်ခြင်းကို ဆိုလိုပါသည်။

Ruth 08

အချိန်၌
ထိုအချိန်အခါတွင်

သန်းခေါင်
ည သန်းခေါင်အချိန်

လန့်၍
ဗောဇ အိပ်နေခြင်းမှ လန့်နိုးခြင်းကို ဆိုလိုပါသည်။

လှည့်သဖြင့်
လန့်သဖြင့် လှည့်ကြည့်လိုက်ခြင်းကို ဆိုလိုပါသည်။

မိန်းမသည် ခြေရင်း၌ ရှိသည်
မိန်းမတစ်ဦးသည် သူ၏ခြေရင်း၌ အိပ်နေသည်ကို ဆိုလိုပါသည်။

ကျွန်မသည် ကိုယ်တော်၏ ကျွန်မ
ရုသက ကိုယ်တော်၏ ကျွန်မဟု နှိမ့်ချစွာ ဗောဇကို
ပြောလိုက်ခြင်းဖြစ်သည်။

ကိုယ်တော်၏ ကျွန်မကို အဝတ်တော်စွန်းနှင့် ဖုံးပါတော့
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို လက်ထပ်ပါ"

အမျိုးသားချင်း
တာဝန်ယူမှုရှိသော ဆွေမျိုးသားချင်း ဗောဇကိုရည်ညွှန်းပါသည်။

Ruth 10

ငါ့သမီး
ဗောဇက ငယ်ရွယ်သော ရုသကို လေးစားသမှုခြင်းဖြင့်
ခေါ်ခြင်းဖြစ်ပါသည်။

အရင်ပြုသော ကျေးဇူးထက် နောက်ပြုသောကျေးဇူး သာ၍ကြီး၏။
ယခုပြုခြင်းသည် လွန်ခဲ့သောအရာက ထက်ပို၍
ကောင်းမြတ်သည်ကို ဆိုလိုပါသည်။

နောက်ပြုသောကျေးဇူး
ရုသကဗောဇသည် မိမိကိုလက်ထပ်ရန်
တောင်းဆိုပြီးချိန်အခြေအနေကို ဆိုလိုပါသည်။

အရင်ပြုသောကျေးဇူး
ရုသသည် ယောက္ခမနောမိနှင့်အတူ
ဝမ်းရေးအတွက်ကောက်သင်းကောက်ခဲ့သော အချိန်ကို
ဆိုလိုပါသည်။

သင်သည် ငွေရတတ်သောလူပျို၊ ဆင်းရဲသောလူပျို တစုံတယောက်ကို
မမှီဝဲဘဲနေ၍
ရုသသည် ချမ်းသာသော၊ ဆင်းရဲသော
လူပျိုနှင့်နောက်အိမ်ထောင်မပြုခဲ့ခြင်းကို ဆိုလိုပါသည်။

Ruth 12

ငါ့ထက်သာ၍ ရွေးပိုင်သော အမျိုးသားချင်းတယောက်ရှိသေး၏။
မုဆိုးမကို ကူညီရန် ဝတ္တရားကို အမျိုးထဲတွင်
သူ့ထက်သာ၍နီးသော ဆွေမျိုးတစ်ယောက်
ရှိသေးကြောင်းကိုဗောဇက ဖေါ်ပြခြင်းဖြစ်သည်။

အမျိုးသားချင်း ဝတ်ကို... မပြုလျှင်
အကယ်၍ ထိုသူသည် ဆွေမျိုးသားချင်း ဝတ်ကိုမပြုပဲ လက်မထပ်လိုလျှင်ဟု ဆိုလိုပါသည်။

ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း
ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်းဟု ပြောခြင်းသည် ဟေဗြဲလူအများပြောသော ကတိသစ္စာဖြစ်သည်။

Ruth 14

ရုသသည်... သူ့ခြေရင်းနားမှာ အိပ်ပြီးမှ
ရုသသည် ဗောဇ၏ ခြေရင်း၌အိပ်သော်လည်း မှားယွင်းခြင်း မရှိခဲ့ဟု ဆိုလိုသည်။

တယောက်ကို တယောက် သိနိုင်သော အချိန်မရောက်မှီ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့စကားပြောချိန်သည် မှောင်နေသေးသဖြင့် တယောက်ကိုတယောက်မမြင်ရပေဟု ဆိုလိုပါသည်။

တင်းတိမ်
ပုခုံး၌ ခြုံသောပုဝါကို ဆိုလိုပါသည်။

မုယောစပါး ခြောက်သြမဲကို ခြင်၍
တိကျသော ပမာဏကို မသိနိုင်သော်လည်း ရုသ သယ်နိုင်သမျှအားဖြင့် ခန့်မှန်းလျှင် ၃၀ ကီလိုဂရမ် ခန့် ရှိပါသည်။

သူ့အပေါ်မှာ တင်သဖြင့်၊
မုယောစပါးသည် များသဖြင့် ရုသ၏ ပုခုံးပေါ်တွင် တင်ပေးရခြင်းကို ဆိုလိုပါသည်။

သူသည် မြို့ထဲသို့ သွားလေ၏။
ရှေးစကားတွင် "သူသွားခဲ့သည်"၊ တချို့တွင် "သူမ,သွားခဲ့သည် "ကို အင်္ဂလိပ်အရေးအသားတွင် နှစ်ခုလုံးတွေ့ရသည်။ သူသွားခဲ့သည်ကို ရေးရာတွင် ရုသကို ဆိုလိုခြင်းဖြစ်ပါသည်။

Ruth 16

ယောက္ခမက အဘယ်သို့နည်း
ပိုရှင်းလင်းအောင် ဤမေးခွန်းကို ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာတွေဖြစ်ပျက်ခဲ့သလဲ သမီး" သို့မဟုတ် "ဗောဇက သင့်အပေါ်ဘာလုပ်ခဲ့သနည်း" ရှု၊

မိမိ၌ ထိုသူပြုသမျှကိုရင်း
ဗောဇပြုလုပ်ခဲ့သမျှအားလုံးဟု ဆိုလိုပါသည်။

လက်ချည်းမသွားနှင့်
ဘာမျှမပါဘဲ မသွားနှင့်ဟု ဆိုလိုပါသည်။

ဤအမှုကို မပြီးစီးမှီ
နောမိ၏ ပိုင်ဆိုင်မှုကို ဝယ်ရန်နှင့် ရုသကို လက်ထပ်ရန်မပြီးစီးမှီကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

---

## Translation Questions

Ruth 3:1

ရုသအတွက် နောမိဖြစ်စေချင်သည့် ဆန္ဒက အဘယ်နည်း။
နောမိသည် ရုသအတွက်အကောင်းဆုံးဖြစ်လာစေပြီး၊ သူမအတွက် ငြိမ်းချမ်းခြင်းရှိသော နေရာတစ်ခုကို ရရှိဖို့ရန် ဆန္ဒရှိခဲ့သည်။

Ruth 3:3

ရုသသည် ကောက်နယ်တလင်းသို့ မသွားခင် နောမိ ဘာပြောခဲ့သနည်း။
သင်သည်ရေချိုးခြင်း၊ ဆီလိမ်းခြင်း၊ အဝတ်တန်ဆာ ဆင်ခြင်းကိုပြုလောဟု ပြောဆိုခဲ့သည်။

ဗောဇ အိပ်သောအရပ်ကိုသွားပြီး ရုသ ဘာလုပ်ခဲ့သနည်း။
ရုသသည် ဗောဇ၏ခြေ၌ဖုံးသော အဝတ်ကိုဖွင့်ပြီးလျှင် သူ့ခြေရင်းမှာအိပ်လေသည်။

နောမိမှာထားတော်မူသည်အတိုင်းလုပ်ဆောင်ခဲ့သော ရုသ၏ စိတ်နေသဘောထားက အဘယ်နည်း။
သူမသည် နောမိ၏ မှာထားတော်မူသည်ချက်များကို နာခံဖို့ရန် အဆင်သင့်ဖြစ်သည်။

Ruth 3:8

သန်းခေါင်ယံအချိန်မှာ ဗောဇ ရုတ်တရက် ထိတ်လန့်ခြင်းကို တွေ့ခဲ့တာ ဘာဖြစ်မည်နည်း။
မိန်းမတစ်ယောက်သည် သူ့ခြေရင်းမှာ အိပ်နေတာကို တွေ့ပြီး ရုတ်တရက်ထိတ်လန့်သွားခဲ့ခြင်းဖြစ်သည်။

ရုသ ဗောဇကို မည်သည့်အရာ တောင်းဆိုခဲ့သနည်း။
သင်သည် အလွန်နီးစပ်သော ဆွေမျိုးရင်း တစ်ယောက်အတွက် သင့်ရဲ့ဝတ်ရုံကို သင့်ရဲ့ကျွန်ပေါ်ကို ဖုံးလွှမ်းပါ ဟု ပြောခဲ့သည်။

Ruth 3:10

ဗောဇသည် ရုသအတွက် ထာဝရဘုရားထံ ကောင်းကြီး မင်္ဂလာကို ဘာကြောင့် တောင်ပေးခဲ့သနည်း။
ရုသသည် ငယ်ရွယ်သောလူပျိုတွေနောက်မလိုက်ဘဲ ဗောဇနောက်ကို လိုက်သောကြောင့်ဖြစ်သည်။

ရုသ၏ တောင်းဆိုချက်များအတိုင်း လုပ်ပေးဖို့ရန် ဗောဇ ဘာပြောခဲ့သနည်း။
ရုသ မေးသမျှအတိုင်း အားလုံးကို သူလုပ်ပေးမည်ဟု ပြောခဲ့သည်။

Ruth 3:12

ရုသအတွက် အမျိုးသားချင်းတော်စပ်သူတစ်ယောက် အဖြစ်အလျှင်အမြန် ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိရန် ဗောဇအား မည်သည့် အတားအဆီးက ဟန့်တားထားသနည်း။

ဗောဇထက် သာ၍ ရုသနှင့် အမျိုးသားချင်းတော်စပ်သူ တစ်ယောက်ရှိနေခြင်း ကြောင့်ဖြစ်သည်။

ရုသအား ပိုင်ထိုက်သော အမျိုးသားချင်းအဖြစ်ပြုလုပ်ရန် ကိစ္စကို ဗောဇသည်မည်သို့ ဆုံးဖြတ်သွားမည်နည်း။

အမျိုးချင်းနီးစပ်သူသည် ဆန္ဒရှိပါက လုပ်ပိုင်ခွင့်ရှိသည့်အတိုင်း လုပ်ဆောင်လိမ့်မည်။ အကယ်၍ ထိုသူဆန္ဒမရှိပါက ဗောဇအနေဖြင့် ရုသကို သိမ်းယူလိမ့်မည်။

Ruth 3:14

ရုသသည် သူမကို တစ်ယောက်ယောက် က မမှတ်မိခင် ကောက်နယ်တလင်းပြင်ကနေ စောစော ထွက်ခွာခဲ့တာ ဘာကြောင့်ဖြစ်မည်နည်း။

ဗောဇက သူမကောက်နယ်တလင်းပြင်သို့ လာသည်ကို မသိစေချင်သောကြောင်း ဖြစ်သည်။

ရုသ ကောက်နယ်တလင်းပြင်ကနေ မထွက်သွားခင် ဗောဇ ပေးခဲ့သည့်လက်ဆောင်သည် မည်သည့်အရာဖြစ်သနည်း။

သူမကို ကြီးမားသော ပမာဏရှိ မုယောစပါးခြောက်စေ့ကို ပေးခဲ့သည်။

Ruth 3:16

နောမိက ဗောဇသည် ဤကိစ္စကို ဘယ်အချိန်တွင် ဖြေရှင်းခဲ့ လိမ့်မည် ဟုထင်ခဲ့သနည်း။

သူသည် ဤကိစ္စကို တစ်ချိန်တည်းမှာ ပြီးဆုံးသွားအောင်ဖြေရှင်းပေးလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 4

1 ထိုအခါဗောဇသည်မြို့တံခါးဝသို့ သွား၍ထိုင်သဖြင့်၊ မနေ့ကပြောသော အမျိုးသားချင်းရှောက်သွား သည်ကိုမြင်လျှင်၊
အိုမည်သူလှည့်၍ ထိုင်ပါတော့ဟုခေါ်သည်အတိုင်း သူသည် လှည့်၍ထိုင်လေ၏။ 2 တဖန်မြို့သားအသက်ကြီးသူ တကျိပ်တို့ကိုခေါ်၍၊
သည်မှာထိုင်ပါတော့ဟု ဆိုသည် အတိုင်းသူတို့သည် လည်းထိုင်ကြ၏။ 3 အမျိုးသားချင်းကိုလည်း၊
မောဘပြည်မှပြန်လာသောနောမိသည် ငါတို့အစ်ကို ဧလိမလက်ပိုင်သော မြေ အကွက်ကိုရောင်းမည်ဖြစ်၍၊ 4
သင့်ကိုငါတိုင်ကြားလျက်၊ ပြည်သားများ၊ ငါတို့အမျိုး၌ အသက်ကြီးသူ များရှေ့မှာဝယ်ပါတော့ဟု ပြောမည်အကြံရှိပါ၏။ သင်သည်
ရွေးလိုလျှင် ရွေးပါတော့၊ မရွေးလိုလျှင် ကျွန်ုပ် အားကြားပြောပါတော့။ သင်မှ တပါးရွေးပိုင်သောသူမရှိ။ သင့်နောက်မှာ
ကျွန်ုပ်နေရာကျသည်ဟုဆိုသော်၊ အမျိုးသားချင်းက၊ ကျွန်ုပ်ရွေးမည်ဟု ပြန်ပြော၏။ 5 ဗောဇကလည်း၊
ထိုလယ်ကွက်ကိုနောမိလက်မှဝယ်သောနေ့ရက်တွင်၊ သေသောသူ၏ အမွေဥစ္စာအားဖြင့် သူ၏နာမည်ကိုထောက်မခြင်းငှါ၊
သူ၏မယားမောဘအမျိုးသမီးရုသကိုလည်း ဝယ်ရသေး သည်ဟု ဆိုသော်၊ 6 အမျိုးသားချင်းက၊ ကျွန်ုပ်သည် ကိုယ်အဘို့မရွေးနိုင်ပါ။
ရွေးလျှင် ကိုယ်အမွေဥစ္စာကိုဖျက်မည် စိုးရိမ်စရာရှိ၏။ ကျွန်ုပ်မရွေးနိုင်သောကြောင့်၊ ကျွန်ုပ်ရွေးပိုင်သောအရာကိုကိုယ်အဘို့
ရွေးပါတော့ဟုပြန်ပြော၏။ 7 ဣသရေလရှေးထုံးစံ ဟူမူကား၊ ရွေးခြင်းအမှု၊ ဥစ္စာလဲခြင်းအမှုကိုမြဲမြံစေခြင်းငှါ
တယောက်သောသူသည် မိမိ ခြေနင်းကိုချွတ်၍ တယောက်သောသူအားအပ်လေ့ရှိ၏။ ထိုသို့ပြုသောအားဖြင့်
ဣသရေလအမျိုးသားတို့တွင် သက်သေတည်ရ၏။ 8 သို့ဖြစ်၍အမျိုးသားချင်းက၊ ကိုယ်အဘို့ဝယ်ပါတော့ဟု ဗောဇအားဆို၍
မိမိခြေနင်းကိုချွတ်၏။ 9 ဗောဇကလည်း၊ ဧလိမလက်ဥစ္စာ၊ ခိလျုန်ဥစ္စာ၊ မဟာလုန်ဥစ္စာ ဟူသမျှကိုနောမိလက်မှငါဝယ်၍၊ 10
သေသောသူ၏နာမည်ကို သူ၏ညီအစ်ကို စုထဲကငင်း၊ သူနေရာမြို့တံခါးထဲကငင်းမပြတ်စေခြင်းငှါ၊ သူ၏အမွေအားဖြင့်
သူ၏နာမည်ကို ထောက်မမည် အကြောင်း၊ မဟာလုန်၏ မယားမောဘအမျိုးသမီး ရုသကို ငါ၏မယားဖြစ်စေခြင်းငှါ
ငါဝယ်သည်ကိုသင်တို့သည် ယနေ့သက်သေဖြစ်ကြပါ၏ဟု အသက်ကြီးသူများ၊ လူများအပေါင်းတို့အားပြောဆို၏။ 11
တံခါးဝ၌ရှိသောအသက်ကြီးသူများ၊ လူများအပေါင်းတို့ကလည်း၊ ငါတို့သည်သက်သေဖြစ်ကြ၏။ သင့်အိမ်သို့ရောက်သော
ဤမိန်းမသည်၊ ဣသရေလအမျိုးကိုတည်ထောင်သောမိန်းမနှစ်ယောက်၊ ရာခေလနှင့် လေအာကဲ့သို့ဖြစ်မည်အကြောင်း ထာဝရဘုရား
ပြုတော် မူပါစေသော။ သင်သည်လည်း ဧဖရတ်အရပ်၌ အစွမ်းသတ္တိနှင့်ပြည့်စုံ၍ ဗက်လင်မြို့၌အသရေကျော်စောခြင်းရှိပါစေသော။
12 အသက်ပျိုသော ဤမိန်းမတွင်၊ ထာဝရဘုရားပေးတော်မူလတ့ံသောမျိုးစေ့အားဖြင့်သင်၏ အမျိုးအနွယ် သည် ယုဒမယားတာမာ
ဘွားမြင်သော ဖာရက် အမျိုးအနွယ်ကဲ့သို့ ဖြစ်ပါစေသောဟုပြောဆိုကြ၏။ 13 ဗောဇသည် ရုသကိုသိမ်း၍
စုံဘက်လျက်ဆက်ဆံသောအခါ၊ ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့်ရုသ သည်ပဋိသန္ဓေယူ၍ သားယောက်ျားကိုဘွားမြင်လေ၏။
14 မိန်းမတို့သည်လည်း နောမိအား၊ သင့်ကိုပြုစုသော အမျိုးသားချင်းကို ယနေ့ဖြတ်တော်မမူသော ထာဝရဘုရားသည်
မင်္ဂလာရှိတော်မူပါစေသော။ ယခုရသော အမျိုးသားချင်းသည်လည်း ဣသရေလအမျိုး၌ အသရေကျော်စောပါစေသော။ 15
သူသည်သင်၏အသက်ကိုပြုပြင်သောသူ၊ သင်အသက်ကြီးသောအခါ သင့်ကိုကောင်းမွန်စွာ ပြုစုသောသူဖြစ်ပါစေသော။
သင့်ကိုချစ်၍ သားခုနစ်ယောက်ထက်သင့်အဘို့ သာ၍ကောင်းသောသင်၏ ချွေးမသည်သားယောက်ျားကိုဘွားမြင်ပြီဟုပြောဆိုကြ၏။
16 နောမိသည်ထိုသူငယ်ကိုယူ၍ပိုက်ချီလျက်ထိန်းလေ၏။ 17 အိမ်နီးချင်းမိန်းမတို့ကလည်း၊ နောမိသည်
သားယောက်ျားကိုရပြီဟုဆိုလျက်၊ ထိုသူငယ်ကိုဩဗက် အမည်ဖြင့်မှည့်ကြ၏။ ဩဗက် သားကားယေရှဲ။ ယေရှဲသားကား
ဒါဝိဒ်တည်း။ 18 ဖာရက်၏သားစဉ်မြေးဆက်ဟူမူကား၊ ဖာရက်သားဟေဇရုံ၊ 19 ဟေဇရုံသားအာရံ၊ အာရံသား အမိနဒပ်၊ 20
အမိနဒပ်သားနာရှုန်၊ နာရှုန်သား စာလမုန်၊ 21 စာလမုန်သားဗောဇ၊ ဗောဇသားဩဗက်၊ 22 ဩဗက်သားယေရှဲ၊ ယေရှဲသားဒါဝိဒ်တည်း။

---

Ruth 01

မြို့တံခါးဝ
ဗက်လင်မြို့၏ တံခါးပေါက်၊ ယင်းသည် ဗက်လင်မြို့တံတိုင်း၏ အဓိက ဝင်ပေါက်ဖြစ်သည်။ တံခါးပေါက်ဖွင့်ထားသည့် ဧရိယာတွင် အဖွဲ့အစည်း ကိစ္စများဆွေးနွေးရန် စည်းဝေးကြခြင်းကို ဆိုလိုသည်။

မနေ့ကပြောသော အမျိုးသားချင်း
ဧလိမလက်နှင့် ဆွေမျိုးရင်းသော အမျိုးသားချင်းကို ဆိုပါလိုပါသည်။

မြို့သား အသက်ကြီးသူတကျိပ်
မြို့၌ အသက်ကြီးသော ခေါင်းဆောင်များကို ဆိုလိုပါသည်

Ruth 03

နောမိသည် ... မြေအကွက်ကို ရောင်းမည်
တိုအရာမှာဆွေမျိုးသားချင်း တစ်ဦးက တာဝန်ယူမှုအဖြစ် ဆွေမျိုး၏ မြေကိုဝယ်ယူ၍ မိသားစုဝင်များကိုလည်းစောင့်ရှောက်ရန် ဆိုလိုပါသည်။ ဤအမှုတွင်အမျိုးသားချင်းတစ်ဦးက နောမိ၏မြေကွက်ကို ဝယ်၍ ရုသကို လက်ထပ်ကာ သူတို့ကို စောင့်ရှောက်ရမည်။

 generated on Sun Jun 30 02:37:40 2024

ငါတို့အမျိုးများ...ရှေ့မှာ
အများရှေ့၌ တရားဝင်လုပ်ငန်း၊
စာချုပ်ချုပ်ဆိုခြင်းကိုဆိုလိုပါသည်။

ရွေးပါတော့
မြေကို ဝယ်ရန်နှင့်မိသားစုအတွင်း နေ၍ စောင့်ရှောက်ရန်ကို
ဆိုလိုပါသည်။

သင့်နောက်မှာ ကျွန်ုပ်နေရာကျသည်
ဗောဇသည် လယ်ကို ပြန်ရွေးရန်အလှည့်ကျသည့် လူဖြစ်သည်။

Ruth 05

ထိုလယ်ကွက်ကိုနောမိလက်မှဝယ်သောနေ့ရက်တွင်...ဝယ်ရသေး သည်
ဗောဇက ထိုလယ်ကို ဝယ်သောနေ့မှစ၍ တာဝန်ဝတ္တရားများကို
ထပ်၍ဖော်ပြခြင်းကို ဆိုလိုပါသည်။

နောမိလက်မှ
ပိုင်ရှင်ဖြစ်သူ နောမိထံမှဟု ဆိုလိုပါသည်။

ရုသကိုလည်း ဝယ်ရသေး သည်
ရုသကိုလည်း လက်ထပ်ရမည်ကို ဆိုလိုခြင်းဖြစ်သည်။

သေသောသူ၏...မယား
ရုသ...ဧလိမလက်၏ သားခင်ပွန်းသေ၍ မုဆိုးမ ဖြစ်ခြင်းကို
ဆိုလိုသည်။

သေသော သူ၏ အမွေဥစ္စာအားဖြင့် သူ၏နာမည်ကိုထောက်မခြင်းငှါ၊
အမွေဆက်ခံရန်သား၏ ပိုင်ဆိုင်အရာများနှင့်
လူသေလွန်သော်လည်း နာမည်မှာ ဆက်၍ ရှင်ခြင်းငှာ
ဟုဆိုလိုပါသည်။

ကိုယ်အမွေဥစ္စာကိုဖျက်မည်
မိမိ၏ ဥစ္စာအမွေများကို ရုသမွေးလာမည့် ကလေးများအား
ပေးရန်ရှိခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်ုပ်ရွေးပိုင်သောအရာကိုကိုယ်အဘို့ ရွေးပါတော့
ကျွန်ုပ်အစား သင်ကိုယ်တိုင် ထိုအရာကိုရွေးပါဟု
ဆိုလိုခြင်းဖြစ်ပါသည်။

Ruth 07

ဣသရေလရှေးထုံးစံ
စာရေးသူ ရှင်းပြရာတွင် ရုသအချိန်အတွင်း
ဤထုံးစံဓလေ့ပြောင်းလဲခြင်းဟု ဆိုလိုပါသည်။

ရှေး
"ယခင်ကအချိန်" ဤဓလေ့သည်
ရုသဝတ္ထုရေးသည့်နောက်ပိုင်းတွင် ပြောင်းသွားသဖြင့် ရှေးကဟု
ဆိုလိုခြင်းဖြစ်ပါသည်။

ခြေနင်း
ကြိုးသိုင်းဖိနပ်

တယောက်သော သူအား
သဘောတူသော သူတစ်ဦးအား ရည်ညွှန်းခြင်းဖြစ်သည်။
ဤအနေအထားတွင် အမျိုးသားချင်းက သူ၏ ဖိနပ်ကိုဗောဇအား
ပေးခြင်းကို ဆိုလိုပါသည်။

Ruth 09

အသက်ကြီးသူများ၊ လူများအပေါင်းတို့
မြို့မှလူများကို မဟုတ်ဘဲ အစည်းအဝေးတွင် ရှိနေကြသော
လူကြီးများကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

ဧလိမလက်ဥစ္စာ၊ ခိလျုန်ဥစ္စာ၊ မဟာလုန်ဥစ္စာ ဟူသမျှကို
နောမိ၏ ခင်ပွန်းနှင့်သားများ သေဆုံး၍ ကျန်ခဲ့သော လယ်နှင့်
ဥစ္စာများကို ရည်ညွှန်းပါသည်။

နောမိလက်မှ
နောမိ၏လက်မှသည် နောမိကို ကိုယ်စားပြုသည်။ သူမသည်
ငွေလွှဲလှယ်ရာတွင် တာဝန်ရှိသူဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နောမိထံမှ"

သေသော သူ၏ နာမည်ကို ...သူ၏အမွေအားဖြင့် သူ၏နာမည်ကို
ထောက်မမည်
ရုသကမွေးသည့်ပထမဆုံးသားသည် မာလွန်၏သား၊
နောမိထံမှဗောဇပြန်ဝယ်သည့်မြေကို
အမွေခံထိုက်သောသူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သေဆုံးသူ၏ နာမည်ကို ထောက်၍ ဗောဇက သားကြီးမဟာလုန်
၏ အမွေများ ရုသအားပေးရန်ကို ဆိုလိုခြင်းဖြစ်သည်။

သေသော သူ၏နာမည်ကို သူ၏ ညီအစ်ကို စုထဲကရင်း၊
သူနေရာမြို့တံခါးထဲကရင်းမပြုတ်စေခြင်းငှါ၊
အခြားသောဘာသာပြန်ဆိုချက်တွင် သူ၏ သားစဉ်မြေးဆက်တို့
မမေ့ရန် သူ၏ နာမည်စာရင်းကို နေရာမှ မပယ်ရန်
ဆိုလိုခြင်းဖြစ်ပါသည်။

သူနေရာမြို့တံခါး
သူ၏ ကိုယ်ပိုင်လယ်ကွက်သည် မြို့တံခါးတွင် အရေးကြီးသည့်
တရားဝင် ဆုံးဖြတ်ထားသော နေရာဟု ဆိုလိုပါသည်။

Ruth 11

တံခါးဝ၌ ရှိသောအသက်ကြီးသူများ၊ လူများအပေါင်းတို့
တံခါးဝတွင် အတူတကွ စည်းဝေးနေကြသော
လူများကိုဆိုလိုပါသည်။

သင့်အိမ်သို့ရောက်သော
ဗောဇ၏ အိမ်ကို ဆိုလိုပါသည်။

မိန်းမနှစ်ယောက်၊ ရာခေလနှင့် လေအာကဲ့သို့ဖြစ်မည်အကြောင်း
ယာကုပ်၏ မယားနှစ်ဦးဖြစ်ပြီး၊ ဣသရေလ အမည်ကို ရခဲ့သူများ ဖြစ်သည်။

ဣသရေလ အမျိုးကို တည်ထောင်သော
သူတို့ထံမှ မွေးလာကြသော သားသမီးများအားဖြင့် ဣသရေလတိုင်းပြည် ဖြစ်လာခြင်းကို ဆိုလိုပါသည်။

သင်သည်လည်း ဧဖရတ်အရပ်၌
ဧဖရတ်သည် ဗေဇပိုင်သော ဗက်လင်မြို့၏ ဆွေမျိုးစု နေရာအရပ်ဖြစ်သည်။

ဖာရက် အမျိုးအနွယ်ကဲ့သို့
ယုဒ၏ သားဖာရက် အမျိုးအနွယ်ကို ဘုရားသခင် ကြွယ်ဝစွာ ကောင်းကြီးပေးသကဲ့သို့ ဗောဇနှင့်ရုသ၏ သားသမီးများကိုလည်း ကောင်းကြီးပေးရန် လူများကထာဝရဘုရားထံ တောင်းလျှောက်ခြင်းကို ဆိုလိုပါသည်။

တာမာ ဘွားမြင်သော
တာမာသည် ယုဒဖြင့်ရသော သားကို မိသားစုအမည်အဖြစ် ယုဒမျိုးနွယ်စုဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထာဝရဘုရားပေးတော်မူလတံ့သော
ထာဝရဘုရားသည် ဗောဇနှင့် ရုသတို့မှ မွေးဘွားလာကြသော သားသမီးများကိုလည်း ကောင်းကြီးပေးပါစေဟုဆိုလိုပါသည်။

Ruth 13

ဗောဇသည် ရုသကို သိမ်း၍ စုံဘက်လျက်
ဗောဇသည် ရုသနှင့် လက်ထပ်ထိမ်းမြားသည်ကို ဆိုလိုပါသည်။

ဆက်ဆံသောအခါ၊
သူသည် သူမနှင့်လိင်ဆက်ဆံခြင်းကို ပြုသည်ဟု ဆိုလိုပါသည်။

သင့်ကိုပြုစုသော အမျိုးသားချင်းကိုယနေ့ဖြတ်တော်မမူသော
နောမိအား ထောက်ပံ့ပေးနေသော ကောင်းသောဆွေမျိုးသားချင်းကို ဆိုလိုပါသည်။

ဣသရေလအမျိုး၌ အသရေကျော်စောပါစေသော။
နောမိ၏ မြေးသည် ဂုဏ်အသရေကျော်ဇောပါစေဟုရည်ညွှန်းပါသည်။

သင်၏ အသက်ကိုပြုပြင်သောသူ၊
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်ဝမ်းမြောက်ခြင်းကို တဖန်ယူဆောင်လာသူဟု ဆိုလိုပါသည်။(UDB)

အသက်ကြီးသောအခါ သင့်ကိုကောင်းမွန်စွာ ပြုစုသောသူ
သူသည် သင်အိုလာသောအခါ ကောင်းမွန်စွာပြုစုစောင့်ရှောက်မည်သူ ဟုဆိုလိုပါသည်။(UDB)

သင့်ကိုချစ်၍ သားခုနစ်ယောက်ထက်သင့်အတို့ သာ၍ကောင်းသော
အခြားသောဘာသာပြန်ဆိုချက်၊ "ဤသားသည် တခြားသောသားများထက်သာ၍ သင့်ကိုကောင်းသည်ဟုဆိုလိုပါသည်။

Ruth 16

နောမိသည် ထိုသူငယ်ကိုယူ၍
နောမိကလေးငယ်ကို မိခင်ထံမှအဝေးကိုယူသွားခြင်းမဟုတ်ပဲ ကလေးထိန်းပေးခြင်းကို ရည်ညွှန်းပါသည်။

ပိုက်ချီလျက်
ကလေးငယ်ကို ရင်ခွင်တွင် ပွေ့ချီခြင်းကို ဆိုလိုပါသည်။

နောမိသည် သားယောကျ်ားကိုရပြီဟု
နောမိမှ မွေးသောသား မဟုတ်သော်လည်း မိမိသားကဲ့သို့ထိန်းသောကြောင့်ခေါ်ခြင်းကို ဆိုလိုပါသည်။

ယေရှဲ့သားကား ဒါဝိဒ်တည်း။
ဒါဝိဒ်ဟုပြောလျှင် ဒါဝိဒ်မင်းသာဖြစ်ပါသည်။ ဘုရင်မင်းဟုအမြဲ ရေးသားဖေါ်ပြခြင်းမရှိသော်လည်း မူလပရိသတ်များက သိရှိသည်။

Ruth 18

ဖာရက်၏ သားစဉ်မြေးဆက်ဟူမူကား
ယုဒ၏ သား ဖာရက်မှစ၍ ဆင်းသက်သောဆွေစဉ်မျိုးဆက်စရင်းများဟု ဆိုလိုသည်။

ဟေဇရုံ..... အာရံ
မျိုးနွယ်အစဉ်အဆက် နာမည်များ

---

## Translation Questions

Ruth 4:1

ရုသအတွက် ဆွေမျိုးချင်းဖြစ်သူ၏ ကိစ္စကို ဖြေရှင်းဖို့ရန်ဗောဇ သွားတာ ဘယ်နေရာဖြစ်သနည်း။
သူသည် မြို့၏ အဝင်တံခါးပေါက်ကို သွားခဲ့သည်။

ဗောဇသည် သက်သေများအဖြစ် ထိုင်ပေးဖို့ရန် ဘယ်သူတွေကို မေးခဲ့သနည်း။
ဗောဇသည် မြို့ရဲ့ ခေါင်းဆောင်လူကြီး ဆယ်ယောက်ကို မေးခဲ့သည်။



generated on Sun Jun 30 02:37:40 2024

Ruth 4:3

အခြားအမျိုးသားချင်းက ပြန်ရွေးဖို့ရန် ဆန္ဒရှိခဲ့လျှင်ဆိုတာကို ဗောဇအရင်ဆုံး ဘာလို့မေးခဲ့သနည်း။
ဧလိမလက်အားဖြင့် ပိုင်ဆိုင်ခဲ့သော မြေကွက်ကို သူပြန်ရွေးဖို့ရန် ဗောဇကသူ့ကို မေးခဲ့သည်။

အခြားသောအမျိုးသားချင်း၏ အဖြေက ဘာဖြစ်မည်နည်း။
ကျွန်တော်ရွေးမည်ဟု ပြန်ဖြေခဲ့သည်။

Ruth 4:5

ဗောဇသည် အခြားမည်သည့် လိုအပ်သေးသောအရာကိုအခြားသောအမျိုးသားချင်းအား ဘာပြောခဲ့သနည်း။
ဗောဇကပြောသည်မှာ ရုသကို ရွေးယူရာ၌ ဧလိမလက်၏ အမျိုးအနွယ်နာမည်အား အမွေခံဖြင့် ဆက်လက်ဆက်ခံရမည်ဟူ၍ ပြောဆိုခဲ့သည်။

ဤကိစ္စပြီးနောက်အခြားသောအမျိုးသားချင်း၏ အဖြေက အဘယ်နည်း။
ကျွန်တော်ပြန်မရွေးနိုင်တော့ဘူးဟု သူပြောခဲ့သည်။

သူပြန်ရွေးနိုင်မည့်သူ မဖြစ်နိုင်တော့ကြောင့် အခြားသောအမျိုးသာချင်းက ဘာကြောင့်ပြောခဲ့သနည်း။
သူ၏ အမွေကို ထိခိုက်စေသောကြောင့်ဖြစ်သည်။

Ruth 4:7

ဗောဇသည် ရွေးပြန်သောသူဖြစ်သင့်ကြောင့် ထင်ရှားစေဖို့ အခြားသောအမျိုးသားချင်းက ဘာလုပ်ခဲ့သနည်း။
သူ၏ ရှူးဖိနပ်ကို ချွတ်ပြီး ဗောဇကို ပေးခဲ့သည်။

Ruth 4:9

သက်သေအားဖြင့် အသက်ကြီးသူများကို ဗောဇသတိပေးခဲ့သည့် သဘောတူညီချက်နှစ်ခုက အဘယ်နည်း။
ဗောဇသည် ဧလိမလက်ပိုင်ဆိုင်သော အရာအားလုံးနှင့် ရုသကို သူ၏ မယားအားဖြင့် ဝယ်ခဲ့သည်ကို သက်ကြီးသူတို့သည် သက်သေအဖြစ် ရှိခဲ့သည်။

Ruth 4:11

ဗောဇအတွက် လူတွေရဲ့ လိုအင်ဆန္ဒကောင်းကြီးမင်္ဂလာက အဘယ်နည်း။
ရုသအားဖြင့် သူ့အားအကျိုးရရှိဖို့ သူတို့ ဆန္ဒရှိခဲ့သည်။

Ruth 4:13

သားခုနှစ်ယောက်ထက် နောမိအတွက် ရုသပိုကောင်းကြောင်းကို မိန်းမတို့ ဘာကြောင့်ပြောသနည်း။
ရုသ၏ အချစ်က နောမိအတွက်ဖြစ်သောကြောင့်၊ နောမိအတွက် ရုသသည်
မြေးလေးတစ်ယောက်မွေးပေးခဲ့သောကြောင့်ဖြစ်သည်။

Ruth 4:16

ရုသ၏သားနှင့် နောမိသည် မည်သို့ဆက်နွယ်မှုရှိသနည်း။
နောမိသည် သူ၏ အုပ်ထိန်းသူဖြစ်လာခဲ့သည်။

နောမိ၏သားနာမည်က ဘယ်သူနည်း။
သူ့နာမည်က ဩဗက်ဖြစ်သည်။

ဩဗက်သည် ဘယ်သူအဘိုး၏အဖေ ဖြစ်သနည်း။
ဩဗက်သည် ဒါဝိဒ်၏အဘိုး ယေရှဲ၏ အဖေဖြစ်ပါသည်။


generated on Sun Jun 30 02:37:40 2024

# 1 Samuel

## Chapter 1

1 ဧဖရတ်မြို့သားဇုဖ၊ တောဟူ၊ ဧလိဟူ၊ ယေရောဟံမှ ဆင်းသက်၍ ဧဖရိမ်တောင်ပေါ်မှာ ရာမသိမ် ဇုဖိမ်မြို့၌နေသော
ဧလကာနအမည်ရှိသော သူတယောက်ရှိ၏။ 2 ထိုသူသည် မယားနှစ်ယောက်ရှိ၏။ တယောက်ကား၊ ဟန္န၊ တယောက်ကား
ပေနိန္နအမည် ရှိ၏။ ပေနိန္န၌ သားသမီးရှိ၏။ 3 ဧလကာနသည် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားကို ကိုးကွယ်၍
ယဇ်ပူဇော်ခြင်းငှါ၊ မိမိနေရာ မြို့မှ ရှိလောမြို့သို့ နှစ်တိုင်းသွားမြဲ၏။ ထာဝရဘုရား၏ ယဇ်ပုရောဟိတ် ဧလိ၏သား ဟောဖနိနှင့်
ဖိနဟတ်သည် ရှိလောမြို့၌ နေသတည်း။ 4 ဧလကာနသည် ယဇ်ပူဇော်အချိန် ရောက်သောအခါ၊ မယားပေနိန္နနှင့် သူ၏
သားသမီးအပေါင်းတို့ အား ဝေမျှ၏။ 5 ဟန္နကိုချစ်သောကြောင့် နှစ်ဆသောအဘို့ကို ပေး၏။ သို့ရာတွင် ထာဝရဘုရားသည် ဟန္နအား
သားဘွားသော အခွင့်ကို ပေးတော်မမူ။ 6 ထိုသို့ ထာဝရဘုရားသည် အခွင့်ကို ပေးတော်မမူသောကြောင့်၊ ဟန္န စိတ်ဆိုးညစ်အောင်
ရန်သူသည် အလွန်နှောင့်ယှက်တတ်၏။ 7 နှစ်စဉ်မပြတ် ထာဝရဘုရား၏ အိမ်တော်သို့ သွားသောအခါ၊ ရန်သူနှောင့်ရှက်သဖြင့်
ဟန္နသည် အစာမစားနိုင်၊ ငိုလျက် နေတတ်၏။ 8 သူ၏ ခင်ပွန်း ဧလကာနက၊ ဟန္န အဘယ်ကြောင့် ငိုသနည်း။ အဘယ်ကြောင့်
မစားဘဲနေသနည်း။ အဘယ်ကြောင့် စိတ်ညှိုးငယ်သနည်း။ သားတကျိပ်ထက် သင်၌ ငါသာ၍ ကောင်းသည် မဟုတ် လောဟုဆို၏။ 9
ရှိလောမြို့၌ စားသောက်ကြသောနောက်၊ ယဇ်ပုရောဟိတ် ဧလိသည် ထာဝရဘုရား၏ အိမ်တော် တိုင်နားမှာ ထိုင်စဉ်၊- 10 ဟန္နသည်
ညှိုးငယ်သောစိတ်နှင့် ထ၍၊ မျက်ရည်များစွာကျလျက် ထာဝရဘုရားကို ဆုတောင်းသည် ကား၊- 11 အိုကောင်းကင်
ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော်၏ ကျွန်မကို မေ့လျော့တော်မမူဘဲ၊ ကိုယ်တော် ကျွန်မ၏ ဆင်းရဲခြင်းကို
ကြည့်ရှုအောက်မေ့သဖြင့်၊ သားယောကျ်ားကို ပေးသနားတော်မူလျှင်၊ သူ၏ ဆံပင်ရိတ်ခြင်းကို အလျှင်းမပြု။ တသက်လုံး
ထာဝရဘုရား၏ ကျွန်ဖြစ်စေခြင်းငှါ ကျွန်မအပ်ပါ မည်ဟု သစ္စာဂတိပြုလေ၏။ 12 ဟန္နသည် ထာဝရဘုရားရှေ့တော်၌ ကြာမြင့်စွာ
ဆုတောင်းစဉ်၊ ဧလိသည် သူ၏ နှုတ်ကို ကြည့်မှတ် လေ၏။ 13 စိတ်နှလုံးနှင့် ဆုတောင်း၍ နှုတ်ခမ်းလှုပ်သော်လည်း၊
စကားသံမထွက်သောကြောင့်၊ ယစ်မူးသည်ဟု ဧလိထင်လျက်၊ 14 သင်သည် အဘယ်မျှ ကာလပတ်လုံး ယစ်မူးလိမ့်မည်နည်း။ သင်၏
စပျစ်ရည်ကို ပယ်ရှောင်လော့ ဟု ဆို၏။ 15 ဟန္နကလည်း၊ မဟုတ်ပါအရှင်။ ကျွန်မသည် ညှိုးငယ်သော မိန်းမဖြစ်ပါ၏။ စပျစ်ရည်ကို
မသောက် ပါ၊ သေရည်သေရက်ကို မသောက်ပါ၊ ထာဝရဘုရားရှေ့တော်၌ စိတ်နှလုံးကို သွန်းလောင်းလျက် နေပါ၏။ 16 ကိုယ်တော်၏
ကျွန်မကို အဓမ္မ မိန်းမဟူ၍ မမှတ်ပါနှင့်။ မြည်တမ်းစရာ အကြောင်း၊ ဝမ်းနည်းစရာ အကြောင်းများသည်ဖြစ်၍၊ ယခုတိုင်အောင်
လျှောက်နေပါသည်ဟု ပြန်ပြောသော်၊ ဧလိက၊ ငြိမ် ဝပ်စွာသွားလော့။ 17 ယခု ဆုတောင်းသည်အတိုင်း၊ ဣသရေလအမျိုး၏
ဘုရားသခင် ပေးသနားတော် မူပါစေသောဟု မြွက်ဆို၏။ 18 ဟန္နကလည်း၊ ကိုယ်တော်၏ ကျွန်မသည် ရှေ့တော်၌
မျက်နှာရပါစေသောဟု လျှောက်ပြီးမှ၊ ခြားနား သော မျက်နှာနှင့် သွား၍ အစာစားလေ၏။ 19 ထိုသူတို့သည် နံနက်စောစောထ၍
ထာဝရဘုရားရှေ့တော်၌ ကိုးကွယ်ပြီးလျှင်၊ ရာမမြို့မှာရှိသော မိမိတို့အိမ်သို့ ပြန်သွားကြ၏။ ထိုအခါ ဧလကာနသည် မယားဟန္နနှင့်
ဆက်ဆံ၍ ထာဝရဘုရား အောက်မေ့တော်မူသဖြင့်၊- 20 ဟန္နသည် ပဋိသန္ဓေယူ၍ ကာလအချိန်စေ့သောအခါ၊ သားယောကျ်ားကို
ဘွားမြင်ပြီးလျှင်၊ ထိုသားကို ထာဝရဘုရားထံ၌ ဆုတောင်းသောကြောင့်၊ ရှမွေလအမည်ဖြင့် မှည့်လေ၏။ 21 ဧလကာနသည်
အိမ်သူအိမ်သားအပေါင်းတို့နှင့်အတူ နှစ်စဉ် ပြုရသော ယဇ်ကိုဧင်း၊ သစ္စာဂတိ နှင့်ဆိုင်သော ပူဇော်သက္ကာကိုဧင်း၊ ထာဝရဘုရားအား
ပူဇော်ခြင်းငှါ တက်သွားသောအခါ၊- 22 ဟန္နက၊ နို့နှင့်ကွာပြီးမှ သူငယ်ကို ဆောင်သွားပါမည်။ ထိုအခါ သူသည်
ထာဝရဘုရားရှေ့တော်သို့ ရောက်၍ အမြဲနေရလိမ့်မည်ဟုဆိုလျှင်၊- 23 ခင်ပွန်းဧလကာနက၊ စိတ်ရှိသည် အတိုင်းပြုလော့။
နို့နှင့်မကွာမှီတိုင်အောင် နေလော့။ ထာဝရဘုရား ၏ ဂတိတော်သာ တည်ပါစေသောဟု ဝန်ခံ၍၊ မယားသည် သူငယ်ကို နို့တိုက်လျက်
နို့မကွာမှီတိုင် အောင် မသွားဘဲနေ၏။ 24 နို့ကွာပြီးမှ၊ အသက်သုံးနှစ်ရှိသော နွားတကောင်၊ မုန့်ညက် တဧဖာ၊ စပျစ်ရည်တဘူးနှင့်တကွ
သူငယ်ကို ဆောင်သွား၍၊ ရှိလောမြို့၌ ထာဝရဘုရား၏ အိမ်တော်သို့ ရောက်လေ၏။ ထိုအခါ သူငယ်သည် အသက်နုသေး၏။ 25
နွားကိုသတ်၍ သူငယ်ကို ဧလိထံသို့ သွင်းလျက်၊ ဟန္နက၊ ကျွန်မ၏သခင်၊- 26 ကိုယ်တော် အသက်ရှင်သည်အတိုင်း၊ ကျွန်မသည်
ယမန်တခါ ဤအရပ်၌ ကိုယ်တော်အနားမှာ ရပ်လျက် ဆုတောင်းသော မိန်းမဖြစ်ပါ၏။ 27 ထိုအခါ ဤသူငယ်ကို ရမည်အကြောင်း
ဆုတောင်းပါ၏။ တောင်းသည်အတိုင်း ထာဝရဘုရားသည် ပေးသနားတော်မူပြီ။ 28 ထိုကြောင့် ကျွန်မသည် သူ့ကို ထာဝရဘုရားအား
ငှါးပါပြီ။ သူသည် တသက်လုံး ထာဝရဘုရားထံ တော်၌ အငှါးခံ၍ နေရပါမည်သခင်ဟု လျှောက်ပြီးမှ၊ ထိုအရပ်၌ ထာဝရဘုရားကို
ကိုးကွယ်ကြ၏။

1 Samuel 01

ဇုဖ၊ တောဟူ၊ ဧလိဟူ၊ ယေရောဟံ၊ ဧလကာန၊
အမျိုးသားတို့၏ အမည်များဖြစ်သည်။

ရာမသိမ်
ယေရုရှလင်မြို့ အနောက်မြောက်ဘက် ရှစ်ကီလိုမီတာအကွာခန့်တွင် တည်ရှိသော ရွာငယ်။

ဇုဖိမ်
ဇုဖိမ်အမျိုးမှ ဆင်းသက်လာကြသော လူမျိုးအုပ်စုနွယ်အမည်။

ပေနိန္န
အမျိုးသမီးအမည် ( ဧလကာန၏ ဒုတိယဇနီးအမည်)

1 Samuel 03

ဧလကာနသည်
ဧလကာနကို ရည်ညွှန်းသည်။

ထာဝရဘုရား
ဘုရားသခင်က ဓမ္မဟောင်းတွင် သူ့နာမကို ခေါ်ဆိုရန် ပေးထားသောအမည်။

ဧလိ၏သား ဟောဖနိနှင့် ဖိနဟတ်
အမျိုးသားတို့၏ အမည်များဖြစ်သည်။

1 Samuel 05

ဟန္န
အမျိုးသမီးအမည်။

သားဘွားသော အခွင့်ကို ပေးတော်မမူ။
ကိုယ်ဝန်လွယ်၍ မရနိုင်အောင်တားဆီးခြင်းခံရသည်။ (အမြုံမ)

ဟန္န စိတ်ဆိုးညစ်အောင် ရန်သူသည် အလွန်နှောင့်ယှက်တတ်၏။
အခြားမိန်းမ၏ ရန်စခြင်း၊ ဒုက္ခပေးခြင်းနှင့် အရှက်ရစေခြင်းကို မကြာခဏ ဟန္န ပြင်းထန်စွာ ခံရသည်။

1 Samuel 07

ရန်သူ
ပေနိန္နကို ဆိုလိုပြီး ဧလကာန၏ နောက်ဇနီးတစ်ဦးဖြစ်သည်။ ဟန္န၏ ပြိုင်ဘက်ဖြစ်သည်။ အကြောင်းမှာ ဧလကာနက ဟန္နထက် မိမိ ကို ပိုချစ်စေလိုသောကြောင့်ဖြစ်သည်။

ဟန္န အဘယ်ကြောင့် ငိုသနည်း။အဘယ်ကြောင့် မစားဘဲနေသနည်း။ အဘယ်ကြောင့် စိတ်ညှိုးငယ်သနည်း။ သားတကျိပ်ထက် သင်၌ ငါသာ၍ ကောင်းသည် မဟုတ် လော။
ဤဖော်ပြချက်သည် မေးခွန်းထက် နားထောင်ကောင်းအောင်ပြောခြင်းသာဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်။ "ဟန္န မငိုပါနဲ့၊ စားပါ၊ သင့်စိတ်ဝမ်းမြောက်ပါ၊ ဘာကြောင့်လဲဆိုရင် ကျွန်ုပ်က သင့်အတွက် သားဆယ်ဦးထက် ပိုကောင်းပါတယ်"သို့မဟုတ် "ကျွန်ုပ်သင့်ကို ကျေနပ်အောင် မျက်နှာသာပေးပါတယ်၊ သိပ်လဲ ဝမ်းမနည်းပါနဲ့။"

သားတကျိပ်ထက်
ဧလကာနအတွက် ဟန္နက မည်မျှ အရေးကြီးကြောင်းကိုဖော်ပြလို၍ ဤစကားကို သုံးထားခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်။"အခြားသားများထက်ပို၍"

1 Samuel 09

ယေဘုယျအချက်အလက်
ဟန္နသည် ထာဝရဘုရားထံ ဆုတောင်းသည်ကို ဧလိကစောင့်ကြည့်သည်။

ယဇ်ပုရောဟိတ် ဧလိသည်
စာရေးသူက ပုံပြင်တွင် လူသစ်ကိုဖော်ပြလို၍ ယခု ဟူသောစကားလုံးကို သုံးထားပါသည်။ ဤပုဂ္ဂိုလ်မှာ ယဇ်ပုရောဟိတ်ဧလိဖြစ်ပါသည်။

ထာဝရဘုရား၏ အိမ်တော်
"အိမ်တော်"မှာ တဲတော်ပင် ဖြစ်သည်။ သို့သော်လူများ ဝတ်ပြုသောနေရာ ဖြစ်သောကြောင့် အိမ်တော်ဟု အကောင်းဆုံး ပြန်ဆိုထားပါသည်။

ဟန္နသည် ညှိုးငယ်သောစိတ်နှင့်
ဟန္နသည် အလွန်ပင်ဒုက္ခပူဆွေးသောက များခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမသည် ကလေး မမွေးဖွားနိုင်သဖြင့် ခင်ပွန်း၏ တခြားဇနီးဖြစ်သော ပေနိန္နမှ လှောင်ပြောင်ကဲ့ရဲ့ခြင်းကိုခံရသော ကြောင့်ဖြစ်သည်။

1 Samuel 11

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ ဟန္န၏ဆုတောင်းသံကို ဆက်လက်ဖော်ပြသည်။

ကိုယ်တော်၏ ကျွန်မကို မေ့လျော့တော် မမူ
ဤစကားစုသည် " အောက်မေ့တော်မူပါ။" စကားနှင့်အတူတူဖြစ်ပါသည်။

ကျွန်မ၏ ဆင်းရဲခြင်း
ဤရည်ညွှန်းချက်မှာ

ကြည့်ရှုအောက်မေ့
ဤအရာသည် ဟန္န၏ အကျိုးကို လုပ်ဆောင်ပေးရန် ထာဝရဘုရားထံ အရေးတကြီး အသနားခံခြင်းဖြစ်သည်။ ထာဝရဘုရားသည် သူမထံဘာဖြစ်ပျက်နေသည်ကို သိပါသည်။ သူမမေ့ပါ။

1 Samuel 12

ဧလိသည်..... ကြည့်မှတ် လေ၏။
ဧလိသည် ယဇ်ပုရောဟိတ် အကြီးအကဲဖြစ်သည်။ ထိုကြောင့် ဘုရားသခင်၏ ဝတ်ပြုရာအိမ်တော်တွင် ရှိနေပြီး၊ တာဝန်ရှိသူလည်းဖြစ်သည်။

1 Samuel 15

ကျွန်မသည် ညှိုးငယ်သော မိန်းမဖြစ်ပါ၏။
ကျွန်မသည် အလွန်ဝမ်းနည်းကြေကွဲနေသော မိန်းမတစ်ဦးဖြစ်ပါသည်။

ထာဝရဘုရားရှေ့တော်၌ စိတ်နှလုံးကို သွန်းလောင်းလျက် နေပါ၏။
သူမ၏ ရင်နင့်ကြေကွဲစရာ စိတ်ခံစားချက်များကို ဘုရားသခင်ထံ ရင်ဖွင့်ပြောပြခြင်းကို ဆိုလိုသည်။

ကိုယ်တော်၏ ကျွန်မကို အဓမ္မမိန်းမဟူ ၍ မမှတ်ပါနှင့်။
ဟန္နသည် သူမ၏ နှိမ့်ချမှုကိုဖေါ်ပြလို၍ ဒုတိယလူအဖြစ်ကိုယ့်ကိုယ်ကိုပြောခြင်းဖြစ်သည်။ ထိုအကြောင်းသည် ပထမလူအခြေအနေဖြစ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ ကျွန်မကို အရှက်မရှိသောမိန်းမဟု မထင်မှတ်ပါနှင့်" သို့မဟုတ် "ကျွန်ုပ်ကို မထင်မှတ်ပါနှင့်။"

မြည်တမ်းစရာ အကြောင်း၊ ဝမ်းနည်းစရာ အကြောင်းများသည်ဖြစ်၍၊ ယခုတိုင်အောင် လျှောက်နေပါသည်။
တနည်းအားဖြင့် "ပူပန်သောကရောက်သော စိတ်ခံစားချက်" သူမ၌ရှိကြောင်းကို ပြောခြင်းဖြစ်သည်။

မြည်တမ်းစရာအကြောင်း၊ ဝမ်းနည်းစရာအကြောင်း
ဤစကားနှစ်ခုစလုံး၏အဓိပ္ပါယ်မှာ ဟန္န ဝမ်းနည်းသည်၊ စိတ်အနှောက်အယှက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမပြိုင်ဘက်ကသူမကို ရန်စသောကြောင့်ဖြစ်သည်။

1 Samuel 17

ဧလိသည် မြွတ်ဆို၏။
ဧလိသည် ယဇ်ပုရောဟိတ်အကြီးအကဲဖြစ်ပြီး ဘုရားဝတ်ပြုရာ အိမ်တော်၌ နေထိုင်လျက်ရှိသည်။

ရှေ့တော်၌
တစ်စုံတစ်ခု၏တန်ဖိုးထားမှုကို တရားစီရင်ခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်းကို ကိုယ်စားပြုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ တရားစီရင် ချက်၌"

ကိုယ်တော်၏ ကျွန်မသည် မျက်နှာရပါစေသော
ဟန္နသည်ဒုတိယလူအဖြစ်သူမကိုယ်တိုင် ဧလိကို ရိုသေစွာပြောခြင်းဖြစ်သည်။ ပထမလူအဖြစ် တိုက်ရိုက်ပြောနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို သင်၏ ကျွန်မကို မျက်နှာသာပေးပါ"၊ သို့မဟုတ် "ကျွန်ုပ်ကို မျက်နှာသာပေးပါ"။

ခြားနားသော မျက်နှာနှင့် သွား၍ အစာစားသည်။
ဤတွင်" သူမ၏မျက်နှာ" ဆိုရာတွင် ဟန္န ကိုယ်တိုင်ကို ကိုယ်စားပြုသည်။ အကယ်၍လိုအပ်လျှင် သင် ဝါကျကိုခွဲထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စားခဲ့သည်။ သူမဖြစ်ခဲ့သည်" သို့မဟုတ် "သူမမျက်နှာထားပြောင်းကာ အစာစားသည်ကို လူများမြင်တွေ့နိုင်သည်"။

1 Samuel 19

ထာဝရဘုရား အောက်မေ့တော်မူသဖြင့်
ထာဝရဘုရားက ဟန္န၏ အဖြစ်အပျက်ကို သိပါသည်။ သူသည် မမေ့လျော့ပါ။ (၁:၁၁ တွင် ဖေါ်ပြသည်အတိုင်း)

ဟန္နသည် ပဋိသန္ဓေယူ၍
ဟန္နသည် ကိုယ်ဝန် ရရှိလာခဲ့သည်။

1 Samuel 21

အိမ်သူအိမ်သားအပေါင်း
"အိမ်"စကားလုံးမှာ အိမ်တွင် နေထိုင်ကြသော လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ မိသားစု"

နို့နှင့်ကွာပြီးမှ
နို့သောက်ခြင်းကို ဖြတ်ပြီး အစာကိုသာ စကျွေးခြင်း။

ထိုအခါ သူသည် ထာဝရဘုရားရှေ့တော်သို့ ရောက်၍ အမြဲနေရလိမ့်မည်
ဟန္နသည် ထာဝရဘုရားကို ကတိပေးခဲ့သည့်အတိုင်း သားရှမွေလအား ဗိမာန်တော်တွင် ယဇ်ပုရောဟိတ်ဧလိထံ၌နေ၍ အလုပ်လုပ်စေရန်ဖြစ်ပါသည်။ (၁:၁၁)

သူငယ်ကို နို့တိုက်လျက်
သူမ၏ သားငယ်ကို နို့တိုက်သည်။

1 Samuel 24

တဧဖာ
တဧဖာလျှင်မုန့်ညက်

တစ်ဘူး
စပျစ်ရည်ထည့်သော တိရစ္ဆာန် သားရေဘူး၊ ဖန်ပုလင်းမဟုတ်ပါ။

1 Samuel 26

ကိုယ်တော် အသက်ရှင်သည်အတိုင်း၊
ဤစကားစုများမှာ ဟန္န သည် ရိုးသားသော၊ မှန်ကန်သောအားဖြင့် ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " အရှင်၊ ကျွန်ုပ် သင့်ကို ပြောပြသည့်အရာသည် ဧကန်အမှန် ဖြစ်ပါသည်။"


generated on Sun Jun 30 02:37:40 2024

တောင်းသည့်အတိုင်း ထာဝရဘုရားသည် ပေးသနားတော်မူပြီ။
" အသနားခံခြင်း" တစ်စုံတစ်ခု ပြုလုပ်ပေးရန် တောင်းခံခြင်းကို ရည်ညွှန်းသည်။

သူ့ကို ထာဝရဘုရားအား ငှါးပါပြီ။
အခြားသောဘာသာပြန်ဆိုချက်၊" ကျွန်ုပ်သည် သူ့ကို ထာဝရဘုရား ထံ ငှါးထားသည်။"

ထာဝရဘုရားကို ကိုးကွယ်ကြ၏။
"သူ"စာလုံးသည် ဧလကာနကို ရည်ညွှန်းသည်။ သို့သော် နှင့် အခြားသောဘာသာပြန်ဆိုချက်များတွင် ဧလကာနနှင့်သူ၏ မိသားစုကို ဆိုလိုသည်။

---

## Translation Questions

### 1 Samuel 1:1

ဧလကာန၏ မိန်းမနှစ်ယောက်သည် မည်သူများနည်း?
ဧလကာန၏ မိန်းမနှစ်ယောက်သည် ဟန္နနှင့် ပေနိန္န တို့ဖြစ်သည်။

ဟန္နမှာ ကလေးမည်မျှရှိသနည်း။
ဟန္နသည် ကလေးမရှိပါ။

### 1 Samuel 1:5

ဧလကာနသည် အဘယ်ကြောင့် ဟန္နအား နှစ်ဆသောအဘို့ ပေးခဲ့သနည်း။
သူသည် သူမကို ချစ်သောကြောင့် နှစ်ဆသော အဘို့ပေးခဲ့သည်။

ဟန္န၏ ရန်သူသည် အဘယ်ကြောင့် သူမအား ရန်စသနည်း။
ထာဝရဘုရားသည် ဟန္န၏ ဝမ်းကို ပိတ်တော်မူသဖြင့် သူမကို ဒေါသထွက်စေဖို့ရန် စိတ်နှိုးဆွသည်။

### 1 Samuel 1:9

ဟန္နသည် ကလေးမရှိခဲ့ခြင်းနှင့် ပတ်သက်၍ အလွန်ပူပင်သောက ဖြစ်သောကြောင့် သူမသည် အဘယ်သို့ပြုခဲ့သနည်း။
သူမသည် ထာဝရဘုရား၏ အိမ်တော်သို့သွား၍ ခါးသီးစွာ ငိုကြွေးလျက်ဆုတောင်းခဲ့သည်။

### 1 Samuel 1:11

ဟန္နသည် ထာဝရဘုရားကို ဘာကတိသစ္စာဆိုခဲ့သနည်း။
ဟန္န ကတိသစ္စာဆိုခဲ့သည်မှာ ထာဝရဘုရားသည် သူမကို သားတစ်ယောက်ပေးခဲ့လျှင် သူ၏ ဦးခေါင်းကို သင်တုန်းဓားမျှမထိဘဲ ထာဝရဘုရားအဖို့ ပြန်ပေးမည်ဟု ကတိသစ္စာဆိုခဲ့သည်။

### 1 Samuel 1:12

ဟန္နသည် သူမ၏ နှလုံးသားထဲမှ ထာဝရဘုရားကို စကားပြောနေသောကြောင့် ယဇ်ပုရောဟိတ်မင်း ဧလိသည် သူမ၏ လှုပ်ရှားခြင်းနှင့် ပတ်သက်၍ အဘယ်သို့စဉ်းစားခဲ့သနည်း။
ဧလိသည် ဟန္န၏ နှုတ်ခမ်းရွေ့လျားခြင်းကို မြင်ခဲ့သည်။ သို့သော် သူမ၏ အသံကို မကြားရသောကြောင့် သူမသည် ယဇ်မူးသောဝိုင်သောက်ထားသည်ဟု သူသည် ထင်ခဲ့သည်။

### 1 Samuel 1:15

မိမိသည် မည်သည့်အရာလုပ်နေသည်ဟု ဟန္နသည် ဧလိအား အခိုင်အမာပြောခဲ့သနည်း။
သူမသည် အရက်မမူးပါ၊ သို့သော် သူမနှလုံးသားထဲမှ ထာဝရဘုရားကို စကားပြောနေခြင်းဖြစ်သည် ဟု ဧလိအား ဟန္နအခိုင်အမာ ပြောခဲ့သည်။

### 1 Samuel 1:17

ဝမ်းနည်းခြင်းရှိတော်မမူဘဲ ပြန်သွားလျက်စားသောက်ရမည်အကြောင်း ဧလိသည် ဟန္နကို အဘယ်သို့ပြောခဲ့သနည်း။
သူမသည် ဣသရေလလူမျိုးများ၏ ထာဝရဘုရားသခင်ထံ၌ တောင်းသောဆု ပြည့်ပြီးဖြစ်၍ ငြိမ်ဝပ်စွာ ပြန်စေခြင်းငှာ ဧလိပြောခဲ့သည်။

### 1 Samuel 1:19

ဟန္နသည် ပဋိသန္ဓေယူ၍ သားယောကျ်ားကို ဘွားမြင်ခဲ့သော အချိန် သူမသည် သူ့ကို ဘာနာမည်ပေးခဲ့သနည်း။
ဟန္နသည် သူ့သားကို ထာဝရဘုရားထံ၌ တောင်းခဲ့သောကြောင့် သူမသားကို ရှမွေလ ဟု အမည်ပေးခဲ့သည်။

### 1 Samuel 1:21

ဟန္နသည် နှစ်စဉ်ပူဇော်သော ယဇ်အဘို့ သူမ၏ ခင်ပွန်းနှင့်အတူ အဘယ်ကြောင့် မသွားခဲ့သနည်း။
အဘယ်ကြောင့်ဆိုသော် သူမ၏ သားကို ပြုစုနေသေးဆဲဖြစ်သည်။

### 1 Samuel 1:24

ဟန္နသည် ယဇ်ပုရောဟိတ်မင်း ဧလိအားပေးဖို့ရန် ထာဝရဘုရား၏ အိမ်တော်သို့ သူမ၏ သားနှင့်အတူ ဘာကို ယူဆောင်ခဲ့သနည်း။
ဟန္နသည် ယဇ်ပုရောဟိတ်မင်းကို ပေးဖို့ရန် သုံးနှစ်ရှိသော နွားတစ်ကောင်၊ မုန့်ညက်တဧဖာ၊ နှင့် စပျစ်ဝိုင်တစ်ပုလင်းကို ယူဆောင်ခဲ့သည်။



generated on Sun Jun 30 02:37:40 2024

1 Samuel 1:26

ဟန္နသည် ထာဝရဘုရားကို ဘာပေးခဲ့သနည်း။
ဟန္နသည် သူအသက်ရှင်နေထိုင်သည့် ကာလပတ်လုံး
နေထိုင်ဖို့ရန်အတွက် သူမ၏ သားကို ထာဝရဘုရားအား
ပေးခဲ့သည်။

---

## Chapter 2

1 တဖန် ဟန္နသည် ပဌနာစကားကို မြွက်ဆိုသည်ကား၊ ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းလျက်၊
ထာဝရဘုရားကြောင့် ငါ့ဦးချိုမြင့်လျက် ရှိ၏။ ကယ်တင်ခြင်း ကျေးဇူးတော်ကြောင့် ဝမ်းမြောက်၍၊ ရန်သူတို့အား
ဝါကြွားသောစကားကို ပြောရ၏။ 2 ထာဝရဘုရား သန့်ရှင်းတော်မူသကဲ့သို့ အဘယ်သူမျှမသန့်ရှင်း။ ကိုယ်တော်မှတပါး အခြားသော
ဘုရားမရှိ။ 3 ငါတို့ ဘုရားသခင်ကဲ့သို့သော ခိုလှုံစရာမရှိ။ ကိုယ့်ကိုကိုယ် မချီးမြှောက်ကြနှင့်။ ဝါကြွားစော်ကားသော
စကားကိုမပြောကြနှင့်။ အဓမ္မစကားကို နှုတ်ထဲက မထွက်စေကြနှင့်။ အကြောင်းမူကား၊ ထာဝရဘုရားသည် သဗ္ဗညုတဘုရား
ဖြစ်တော်မူ၏။ အမှုအရာတို့ကို ညှိညွှတ်တော်မူ၏။ 4 သူရဲတို့ ကိုင်သောလေးများ ကျိုးလျက်၊ လဲတတ်သော သူတို့သည် ခွန်အားနှင့်
ပြည့်စုံလျက် ရှိကြ၏။ 5 ဝစွာစားသောသူတို့သည် စားစရာကို ရခြင်းငှါ၊ သူငှါး လုပ်ကြရပြီ။ ငတ်မွတ်သော သူတို့မူကား၊ တဖန်
ဝကြပြီ။ မြုံသောသူသည် ခုနှစ်ကြိမ်တိုင်အောင် ဘွားမြင်ပြီ။ သားများသောသူမူကား၊ တဖန် အားလျော့ပြီ။ 6 ထာဝရဘုရားသည်
သေစေသော အခွင့်၊ အသက်ရှင်စေသောအခွင့်၊ မရဏာနိုင်ငံသို့ နှိမ့်ချသောအခွင့်၊ ထမြောက်စေသောအခွင့် ရှိတော်မူ၏။ 7
ဆင်းရဲစေခြင်းငှါရင်း၊ ရတတ်စေခြင်းငှါရင်း၊ ထာဝရဘုရားပြု၍၊ နှိမ့်ချသောအခွင့်၊ ချီးမြှောက်သော အခွင့်ရှိတော်မူ၏။ 8
ဆင်းရဲသောသူကို မြေမှုန့်ထဲကရင်း၊ ငတ်မွတ်သောသူကို နောက်ချေးပုံထဲကရင်း ချီးမြှောက်၍၊ မင်းသားတို့နှင့် ထိုင်ရသောအခွင့်၊
ဘုန်းကြီးသောပလ္လင်ကို အမွေခံရသောအခွင့်ကို ပေးတော်မူ၏။ အကြောင်းမူကား၊ မြေကြီးတိုင်တို့ကို ထာဝရဘုရားပိုင်၍
ထိုတိုင်တို့အပေါ်မှာ လောကဓာတ်ကို တည်တော်မူပြီ။ 9 မိမိသန့်ရှင်းသူတို့ခြေကို စောင့်မတော်မူလိမ့်မည်။ မတရားသောသူတို့သည်
မှောင်မိုက်၌ တိတ်ဆိတ် စွာ နေရကြလိမ့်မည်။ ကိုယ်အစွမ်းသတ္တိအားဖြင့် အဘယ်သူမျှ မနိုင်ရာ။ 10 ထာဝရဘုရားသည် ရန်သူတို့ကို
ချိုးဖဲ့တော်မူမည်။ သူတို့အပေါ်၌ မိုဃ်းကောင်းကင်မှ မိုဃ်းချုန်း စေတော်မူမည်။ ထာဝရဘုရားသည် မြေကြီးစွန်းတိုင်အောင်
တရားစီရင်သဖြင့်၊ ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိက်ခံသောသူကို
ချီးမြှောက်တော်မူမည်ဟု မြွက်ဆို၏။ 11 ထိုနောက်မှ၊ ဧလကာနသည် ရာမမြို့၌ရှိသော မိမိအိမ်သို့သွား၍၊ သူငယ်သည်
ယဇ်ပုရောဟိတ် ဧလိရှေ့တွင် အမှုတော်ကို ဆောင်ရွက်လေ၏။ 12 ဧလိ၏သားတို့သည် ထာဝရဘုရားကို မသိ၊ အဓမ္မလူဖြစ်ကြ၏။ 13
လူများတို့တွင် ယဇ်ပုရောဟိတ်ပြုသော ထုံးစံဟူမူကား၊ ယဇ်ပူဇော်၍ အမဲသားကို ပြုတ်စဉ်အခါ၊ ယဇ်ပုရောဟိတ်၏
အစေအပါတယောက်သည်လာ၍ သုံးချောင်းရှိသော အမဲချိတ်ကို ကိုင်လျက်၊- 14 အိုးအစရှိသည်တို့၌ ထိုးခပ်၍၊ အမဲချိတ်တွင်
ပါသမျှကို ယဇ်ပုရောဟိတ်သည် သိမ်းယူတတ်၏။ ရှိလောမြို့သို့ ရောက်လာသော ဣသရေလလူအပေါင်းတို့အား ထိုသို့ပြုကြ၏။ 15
ဆီဥကို မီးမရှို့မှီ၊ ယဇ်ပုရောဟိတ်၏ အစေအပါသည်လာ၍၊ ယဇ်ပုရောဟိတ်ဘို့ ကင်စရာအမဲသား ကို ပေးပါ။ ပြုတ်သော အမဲသားကို
မယူ။ စိမ်းသော အမဲသားကိုသာ ယူမည်ဟု ယဇ်ပူဇော်သော သူအား ဆိုတတ်၏။ 16 ထိုသူက၊ ဆီဥကိုအရင် မီးရှို့ပါရစေ။ နောက်မှ
ယူချင်တိုင်းယူပါဟုဆိုလျှင်၊ မဟုတ်ဘူး ယခုပေးရမည်။ သို့မဟုတ် အနိုင်ယူမည်ဟု ပြောဆိုတတ်၏။ 17 ထိုယဇ်ပုရောဟိတ်
ပျိုတို့သည်၊ ထာဝရဘုရားဝတ်ကို လူများ ရွံစရာပြုသောကြောင့်၊ ရှေ့တော်၌ အလွန်အပြစ်ကြီးသောသူ ဖြစ်ကြ၏။ 18 သူငယ်
ရှမွေလသည် ပိတ်သင်တိုင်းကို ဝတ်စည်းလျက်၊ ထာဝရဘုရားရှေ့၌ အမှုတော်ကို ဆောင်ရွက် လေ၏။ - 19 နှစ်စဉ်ပြုရသော ယဇ်ကို
ပူဇော်ခြင်းငှါ၊ သူ၏ မိဘသည် ရောက်လာသောအခါ၊ အမိသည် တနှစ် မပြတ်သားအဘို့ အင်္ကျီငယ်ကို ချုပ်၍ ဆောင်ခဲ့တတ်၏။ 20
တရံရောအခါ၊ ဧလိက၊ သင်သည် ထာဝရဘုရား၌ ငှါးထားသော သားအတွက်၊ ဤမိန်းမတွင် အမျိုး အနွယ်ကို
ပေးတော်မူပါစေသောဟု ဧလကာနလင်မယားကို ကောင်းကြီးပေး၏။ ထိုသူတို့သည် နေရာ အိမ်သို့ ပြန်သွားသောနောက်၊ 21
ထာဝရဘုရားသည် ဟန္နကို အကြည့်အရှုကြွတော်မူသဖြင့်၊ သူသည် ပဋိသန္ဓေယူ၍၊ သားသုံးယောက်၊ သမီးနှစ်ယောက်တို့ကို
ဘွားမြင်လေ၏။ သူငယ်ရှမွေလသည် ထာဝရဘုရားရှေ့တော်၌ ကြီးပွား သတည်း။ 22 ဧလိသည် အသက်အရွယ်လွန်သောအခါ၊
သူ၏သားတို့သည် ဣသရေလလူအပေါင်းတို့၌ ပြုသမျှ ကိုရင်း၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ စည်းဝေးသောမိန်းမနှင့်
မှားယွင်းကြောင်းကို ရင်း ကြားသိလျှင်၊ 23 သင်တို့သည် အဘယ်ကြောင့် ဤသို့ပြုကြသနည်း။ သင်တို့ပြုသော ဒုစရိုက်တို့ကို
လူအပေါင်းတို့ သည် ပြော၍ ငါကြားရ၏။ 24 မကောင်းဘူးငါ့သားတို့။ ငါကြားသော သိတင်းသည် ကောင်းသော သိတင်းမဟုတ်။
ထာဝရဘုရား ၏ လူတို့သည် ပြစ်မှားရမည်အကြောင်း၊ သင်တို့ပြုကြသည် တကား။ 25 လူချင်းတယောက်ကို တယောက်ပြစ်မှားလျှင်၊
တရားသူကြီး စစ်ကြောစီရင်ရ၏။ လူသည် ထာဝရ ဘုရားကို ပြစ်မှားလျှင်၊ သူ့အတွက် အဘယ်သူ တောင်းပန်လိမ့်မည်နည်းဟု
ဆုံးမသော်လည်း၊ သူ တို့သည် အဘ၏ စကားကို နားမထောင်ကြ။ အကြောင်းမူကား၊ ထာဝရဘုရားသည် ကွပ်မျက်ခြင်း ငှါ
အလိုရှိတော်မူ၏။ 26 သူငယ်ရှမွေလသည် ကြီးပွား၍၊ ထာဝရဘုရားရှေ့၊ လူတို့ရှေ့၌ မျက်နှာရလေ၏။ 27 ဘုရားသခင်၏
လူတယောက်သည် ဧလိထံသို့လာ၍ ထာဝရဘုရား မိန့်တော်မူသည်ကား၊ အဲဂုတ္တု ပြည်၊ ဖာရောဘုရင်ထံ၌နေရသော သင့်အဘ၏
အမျိုးအား ငါ ထင်ရှားသည် မဟုတ်လော။ - 28 ငါ၏ ယဇ်ပလ္လင်ပေါ်မှာ ပူဇော်ခြင်း၊ နံ့သာပေါင်းကို မီးရှို့ခြင်း၊ ငါ့ရှေ့မှာ သင်တိုင်းကို
ဝတ်ခြင်း အမှုကို စောင့်ရသော ငါ၏ ယဇ်ပုရောဟိတ် ဖြစ်စေခြင်းငှါ၊ သူ့ကို ဣသရေလအမျိုးအပေါင်းတို့ အထဲက
ငါရွေးကောက်သည် မဟုတ်လော။ ဣသရေလအမျိုးသားတို့သည် မီးဖြင့်ပြုသော ပူဇော်သက္ကာ ရှိသမျှတို့ကို၊ သင့်အဘ၏ အမျိုးအား
ငါပေးသည်မဟုတ်လော။- 29 ငါ့အိမ်၌ ငါစီရင်သောယဇ်၊ ငါ့ပူဇော်သက္ကာကို အဘယ်ကြောင့် ခြေနှင့်ကန်သနည်း။ ငါ၏လူ ဣ

သရေလအမျိုးသား တင်လှူသော ပူဇော်သက္ကာရှိသမျှတို့တွင်၊ အမြတ်ဆုံးသော အရာကို ဝစွာစား စေ၍၊ သင်၏သားတို့ကို ငါ့အပေါ်မှာ
အဘယ်ကြောင့် ချီးမြှောက်သနည်း။ 30 ထိုသို့ပြုသောကြောင့်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊
သင့် အမျိုး၊ သင့်အဘ၏အမျိုးသည် ငါ့ရှေ့မှာအစဉ် သွားလာရလိမ့်မည်ဟု ငါဆိုမိသော်လည်း၊ တဖန် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ထိုဂတိသည် ငါနှင့်ဝေးပါစေ။ ငါ့ကို ချီးမြှောက်သော သူတို့ ကို ငါချီးမြှောက်မည်။ ငါ့ကို မထီမဲ့မြင်ပြုသော
သူတို့သည် ဂုဏ်သရေ ပျက်ကြလိမ့်မည်။- 31 သင်၏ အမျိုးတွင် အိုသောသူတယောက်မျှ မရှိစေခြင်းငှါ၊ သင်၏ လက်ရုံးနှင့်
သင့်အဆွေအမျိုး ၏ လက်ရုံးကို ငါဖြတ်သော အချိန်ကာလရောက်လိမ့်မည်။- 32 ဣသရေလအမျိုးအား ငါပေးသော စည်းစိမ်ရှိရာ
အိမ်ပေါ်မှာ ဘေးဥပဒ်ရောက်ကြောင်းကို သင် မြင်ရလိမ့်မည်။ သင်၏ အမျိုးတွင် အိုသောသူတယောက်မျှ အစဉ်မရှိရ။- 33
ငါ၏ယဇ်ပလ္လင်မှ ငါမပယ်မဖြတ်သော သင်၏အမျိုးသားသည်၊ သင့်မျက်စိပျက်၍ စိတ်ကြင်နာဘို့ ရာဖြစ်လိမ့်မည်။ သင်၏
သားစဉ်မြေးဆက်တို့သည် အသက်ပျိုစဉ်ပင် သေရကြလိမ့်မည်။- 34 သင်၏သား ဟောဖနိနှင့် ဖိနဟတ်နှစ်ယောက်တို့၌ ဖြစ်စေ၍၊
သင့်အား ငါပေးသော ပုပ္ပနိမိတ် ဟူမူကား၊ ထိုသူနှစ်ယောက်တို့သည် တနေ့ခြင်းတွင် သေလိမ့်မည်။ - 35 တဖန် ငါ့စိတ်နှလုံးအလိုသို့
လိုက်၍ သစ္စာစောင့်သော ယဇ်ပုရောဟိတ်ကို ငါပေါ်ထွန်းစေမည်။ မြဲသောအိမ်ကို သူ့အဘို့ ငါဆောက်ပေးသဖြင့်၊ သူသည် ငါ့ထံ၌
ဘိသိက်ခံသောသူရှေ့မှာ အစဉ် သွားလာရလိမ့်မည်။ 36 သင်၏ အမျိုး၌ ကျန်ကြွင်းသော သူတိုင်းသူ့ထံသို့လာ၍၊ ကျွန်တော်သည်
မုန့်အနည်းငယ်ကို စားရ မည်အကြောင်း၊ ယဇ်ပုရောဟိတ်အရာနှင့်ဆိုင်သော အမှုတစုံတခု၌ ကျွန်တော်ကို စေခိုင်းပါလော့ ဟု ငွေစ၊
မုန့်စကို ရလိုသောငှါ၊ ရှိခိုးလျက် တောင်းပန်လိမ့်မည်ဟု အမိန့်တော်ကို ပြန်လေ၏။

---

1 Samuel 01

ယေဘုယျအချက်အလက်
ဟန္နသည် ထာဝရဘုရားထံသီချင်းဆိုသည်။

ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းလျက်၊
ကျွန်ုပ် အလွန်ဝမ်းမြောက်ခြင်းရှိသည်။

ထာဝရဘုရားကြောင့်
"ထာဝရဘုရားအားဖြင့်သာ" သို့မဟုတ် " "ထာဝရဘုရားသည်
အလွန်ကြီးမြတ်သောကြောင့်"

ငါ့ဦးချိုမြင့်လျက် ရှိ၏
ဦးချိုမှာ ခွန်အားကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ကျွန်ုပ် ယခု အားအင်ရှိသည်"။

1 Samuel 02

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ သီချင်းကို ဟန္နဆက်ဆိုသည်။

ကိုယ်တော်မှတပါး အခြားသော ဘုရားမရှိ
ဘုရားသခင်သည် ခွန်အားကြီးသည်၊ သစ္စာရှိသည်ကို
အခြားနည်းဖြင့်ပြောခြင်းဖြစ်သည်။

1 Samuel 03

ဝါကြွားစော်ကားသော စကားကိုမပြောကြနှင့်။
"မောက်မာစော်ကားသော စကားလုံးများ မပြောရန်"

ထာဝရဘုရားသည် သဗ္ဗညုတဘုရား ဖြစ်တော်မူ၏။ အမှုအရာတို့ကို
ညှိညွှတ်တော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊ " သူသည် လူများ၏
အပြုအမူများကို ချိန်ဆပေးသည်" သို့မဟုတ် " သူသည်
လူများအဘယ် ကြောင့် ဤကဲ့သို့ပြုလုပ်ခြင်းကို
နားလည်ပေးသည်။

သူရဲတို့ ကိုင်သောလေးများ ကျိုးလျက်၊
ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ (၁) လေးများ သူတို့ကိုယ်တိုင်
ကျိုးသွားသည်၊ သို့မဟုတ် (၂) လေးကို သယ်လာသောလူများ
လုပ်ဆောင်နေခြင်းမှ ကာကွယ်ခြင်းခံရသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "
လေးကိုင်သောသူရဲကောင်းများ လုပ် ဆောင်နေခြင်းမှ
စောင့်ထိန်းခံရသည်။

?
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
သူရဲကောင်းတို့၏လေးများကိုကျိုးစေသည်"။ သို့မဟုတ်
"ထာဝရဘုရားသည် အားနည်းသော လူကိုပင်
အားအကြီးဆုံးပြုလုပ်နိုင်သည်။"

လဲတတ်သော သူတို့သည် ခွန်အားနှင့် ပြည့်စုံလျက် ရှိကြ၏။
ဤတင်စားချက်အဓိပ္ပါယ်မှာ
သူတို့သည်ကြာမြင့်စွာယိုင်လဲလိမ့်မည်မဟုတ်ပေ။
သို့သော်သူတို့၏ အားအင်များသည် တင်းကြပ်စွာခါးပတ်ကဲ့သို့
သူတိုနှင့်အတူကျန်ရှိနေလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ " သူသည် အားနည်းသူများကို
သန်စွမ်းစေရန်ပြုလုပ်လိမ့်မည်။

1 Samuel 05

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ သီချင်းကို ဟန္နဆက်ဆိုသည်။

ခုနှစ်ကြိမ်တိုင်အောင် ဘွားမြင်ပြီ
"သားခုနှစ်ယောက် မွေးသည်"။


generated on Sun Jun 30 02:37:40 2024

အားလျော့ပြီ။
နွမ်းနယ်ခြင်း၊ ဝမ်းနည်းခြင်းနှင့် အထီးကျန်ခြင်းများ ဖြစ်ပေါ်လာသည်။

1 Samuel 06

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ သီချင်းကို ဟန့်ဆက်ဆိုသည်။

ထာဝရဘုရားသည် သေစေသော ... ရှင်စေသော...နှိမ့်ချသော...ထမြောက်သော.... ဆင်းရဲခြင်း...ရတတ်ခြင်း...နှိမ့်ချသော...ချီးမြှောက်သောအခွင့်ရှိတော်မူ၏။
ထာဝရဘုရားသည် အရာခပ်သိမ်းကို ထိန်းချုပ်သည်။

1 Samuel 08

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ သီချင်းကို ဟန့်ဆက်ဆိုသည်။

ငတ်မွတ်သောသူ
လိုအပ်သည့်အရာများ ဘာတစ်ခုမျှ မရသော လူဖြစ်သည်။

မြေမှုန့်ထဲကငင်း၊ ... နောက်ချေးပုံထဲကငင်း
ဤအသုံးအနှုန်းများသည် လူ့အဖွဲ့အစည်းတွင် အနိမ့်ကျဆုံး အနေအထားကိုတင်စားသည်။

1 Samuel 09

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ သီချင်းကို ဟန့်ဆက်ဆိုသည်။

မိမိသန့်ရှင်းသူတို့ခြေကို စောင့်မတော်မူလိမ့်မည်။
ဤတွင်"ခြေ"သည်လူတစ်ဦးလျှောက်သည့်လမ်းဟု သဘောသက်ရောက်သည်။
ထိုအရာမှာလူတစ်ဦးသည်သူ၏ဘဝတွင် မည်သို့အသက်ရှင်ရန် ဆုံးဖြတ်သည့်နည်းလမ်း ဟုတင်စားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ သစ္စာရှိသောလူများ မစဉ်းစားမဆင်ခြင် မိုက်ရူးရဲသောလုပ်ရပ်မှစောင့်ထိန်းသည်" သို့မဟုတ် "သူ၏သစ္စာရှိသောလူများ ပညာရှိသောဆုံးဖြတ်ချက်များကိုလုပ်ဆောင်ရန် ထောက်ကူသည်။"

မတရားသောသူတို့သည် မှောင်မိုက်၌ တိတ်ဆိတ် စွာ နေရကြလိမ့်မည်။
ဤစကားသည် ယဉ်ကျေးစွာပြောထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကောက်ကျစ်သောသူများကို ထာဝရဘုရားသတ်လိမ့်မည်ဟု ပြုလုပ်ခြင်းဝါကျဖြင့်ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မတရားသောသူကို မှောင်မိုက်ထဲ၌တိတ်ဆိတ်စွာထားလိမ့်မည်" သို့မဟုတ်" ထာဝရဘုရားသည် မတရားသောသူကိုမှောင်မိုက်ပြီး၊ သေခြင်း၏ တိတ်ဆိတ်သောနေရာတွင် ထားလိမ့်မည်။" (ရှု၊ )

?
"တိတ်ဆိတ်စွာနေရန်" စကားစုသည် " တိတ်ဆိတ်ခြင်းကိုပြုလုပ်ခံရမည်" ဟု ပြောဆိုရေးသားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူတို့ကို တိတ်ဆိတ်စွာ နေစေလိမ့်မည်။"

အစွမ်းသတ္တိ
သူသည် ခွန်အားရှိသောကြောင့်

1 Samuel 10

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားထံ သီချင်းကို ဟန့်ဆက်ဆိုသည်။

ထာဝရဘုရားသည် ရန်သူတို့ကို ချိုးဖဲ့တော်မူမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ့အား ဆန့်ကျင်သူများကို ဖျက်ဆီးလိမ့်မည်။"

ချိုးဖဲ့
ဤစကားစုအဓိပ္ပါယ်မှာ " ရှုံးနိမ့်ခဲ့ခြင်း"

မြေကြီးစွန်းတိုင်အောင်၊
ဤစကားစုအဓိပ္ပါယ်မှာ နေရာတိုင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးတစ်ပြင်လုံး"

ဘိသိက်ခံသောသူ
ဤပုဂ္ဂိုလ်မှာထာဝရဘုရားရွေးချယ်ပြီးသူ၏ ရည်ရွယ်ချက်အတွက် အခွင့်အာဏာရရှိသူ ဖြစ်သည်သာမက ဆီနှင့်ဘိသိက်ခံရခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘိသိက် ခံရသူတစ်ဦး" သို့မဟုတ် " ရွေးချယ်ခံရသူတစ်ဦး"

အထံတော်၌ ဘိသိက်ခံသောသူကို ချီးမြှောက်တော်မူမည်
ဦးချို မှာခွန်အားကို ကိုယ်စားပြုသောသင်္ကေတဖြစ်သည်။ ၂:၁ တွင် သင်ပြန်ဆိုထားသောစကားလုံးများနှင့်တူညီသည်ကို မြင်တွေ့ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူ၏ ရန်သူများထက် ခွန်အားကြီးသူကိုရွေးချယ်၍ ခေါင်းဆောင်ပြုလုပ်စေမည်။"

1 Samuel 12

ယေဘုယျအချက်အလက်
လူများ သည်တိရ စ္ဆာန်များကို ယဇ်ပူဇော်သောအခါ၊ပထမ တိရ စ္ဆာန်ဆီဥကိုမီးရှို့သင့်ပြီး၊ ထို့နောက် အသားကိုပြုတ်ကာ စားသည်။

ထာဝရဘုရားကို မသိ
"ထာဝရဘုရားကို နားမထောင်" သို့မဟုတ် " ထာဝရဘုရား စကားကို မလိုက်နာ"

ထုံးစံ
လူများပုံမှန်ပြုလုပ်နေကျဓလေ့တစ်ခုဖြစ်သည်။

အမဲချိတ်...အိုးအစရှိသည်တို့
အစားအစာချက်ရာတွင်ပါဝင်သော ပစ္စည်းများဖြစ်သည်။ အိုး၊ ဇွန်း၊ ပုဂံ၊ ခွက်...စသဖြင့်၊ အခြားသောဘာသာပြန်ဆိုချက်၊ "အသား၊ ငါးချက်ရာတွင် လိုအပ်သည့်ပစ္စည်းဘယ်အရာမဆို"

1 Samuel 15

ယေဘုယျအချက်အလက်
လူများသည်တိရစ္ဆာန်များကိုယဇ်ပူဇော်သောအခါ၊ ပထမတိရစ္ဆာန်၏ဆီဥကိုမီးရှို့သည်။ထိုနောက် အသားကိုပြုတ်ကာ ဟဇ်ပုရောဟိတ်ကိုတချို့ပေးပြီး ကျန်သောအရာကိုစားကြသည်။

မီးရှို့သည်။
လူသည် အမှန်တကယ် မီးရှို့ခြင်းကို ပြုလုပ်ရန် ရှင်းလင်းစွာ သတ်မှတ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျိုးသားတစ်ဦးသည် ယဇ်ပူဇော်ရန် သူ၏ ယဇ်ကောင်ကို ယဇ်ပုရောဟိတ်ထံပေးပြီး ယဇ်ပုရောဟိတ်ကမီးရှို့ပေးရသည်။"

ယဇ်ပုရောဟိတ်ဘို့ ကင်စရာအမဲသား ကို ပေးပါ။
အသားအချို့ကို ကျွန်ုပ်ကိုပေးပါ၊ ကျွန်ုပ်သည်ယဇ်ပုရောဟိတ်ကို ပေးမည်။ သူကင်ပေးနိုင်သည်။

ကင်စရာ
မီးနှင့်ကင်သည်။

ပြုတ်သော
ရေတွင် ပြုတ်သည်။

စိမ်းသောအမဲသား
မချက်ရသေးသော

ရွံ့စရာပြုသောကြောင့်
သူတို့သည်မီးရှို့ရာယဇ်ကိုမပြုခင်၊ ဆိုးသောအမှုပြုကို ကြသည်။

1 Samuel 20

ထာဝရဘုရား၌ ငှါးထားသော
ဟန္နသည် ထာဝရဘုရားအား ကလေးရရန် ဆုတောင်းခဲ့ပြီး၊ ထိုကလေးကို ဗိမန်တော်တွင် အစေခံစေရန် ကတိထားခဲ့သည်။

ထာဝရဘုရားရှေ့တော်၌
ဤအဓိပ္ပါယ်မှာ ထာဝရဘုရားသည် ရှမွေလကို ကြည့်ရှုသလို သူသည်လည်း ထာဝရဘုရားအကြောင်းကို သင်ယူသည်။

1 Samuel 22

သားတို့သည်... မိန်းမနှင့် မှားယွင်းကြောင်းကို ၎င်း
စကားကိုယဉ်ကျေးစွာ သုံးနှုန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် မိန်းမများနှင့်လိင်ဆက်ဆံကြသည်"

သင်တို့သည် အဘယ်ကြောင့် ဤသို့ပြုကြသနည်း။
ဤပြဉာသားပါသောအမေးစကားကို ဤသို့ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သင်တို့ ပြုလုပ်သော ဤကဲ့သို့အရာများသည် အလွန်စက်ဆုပ်ရွံရှာစရာ ကောင်းသည်။"

1 Samuel 25

သူ့အတွက် အဘယ်သူ တောင်းပန်လိမ့်မည်နည်း
ဤပြဉာသားပါသောအမေးစကားကို ဤသို့ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အတွက်မည်သူတစ်ဦးမှ သေချာစွာ မပြောနိုင်ပါ။"

သူ့အတွက်...တောင်းပန်
သူ့အပေါ် ကရုဏာထားရန် ထာဝရဘုရားကို တောင်းပါ

အဘ၏ စကား
ဤစကား မှာ လူတစ်ယောက်၏အသံကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ဖခင်" သို့မဟုတ် "သူတို့၏ ဖခင်ပြောသောအကြောင်းအရာ"

1 Samuel 27

ဘုရားသခင်၏ လူ
ဤစကားစုအဓိပ္ပါယ်မှာ ဘုရားသခင်၏ ပရောဖက်တစ်ပါးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ထံမှ ကြားရသောစကားများကို ပြောပြသောလူ"

သင့်အဘ၏ အမျိုးအား
မြန်မာကျမ်းစာတွင် "အိမ်" စကားလုံးမပါသော်လည်း ဖခင်၏အမျိုးဟုသုံးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဆွေစဉ်မျိုးဆက် မိသားစု"

အမျိုး
အာရုန်

ငါ ထင်ရှားသည် မဟုတ်လော။
ဤပြဉာသားပါသော အမေးစကားကို ဤသို့ဖော်ပြနိုင် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါကိုယ်တိုင် ဖွင့်ဆိုပြသည်ကို သင်တို့အိမ်သားများ သိသင့်သည်။"

ငါ၏ ယဇ်ပလ္လင်ပေါ်မှာ ပူဇော်ခြင်း၊ နံ့သာပေါင်းကို မီးရှို့ခြင်း၊
ထာရဘုရားအား ယဇ်ပူဇော်ရန်ပြုလုပ်ခြင်းကို ရည်ညွှန်းပါသည်။

ငါ့ရှေ့မှာ သင်တိုင်းကို ဝတ်ခြင်း
" သင်တိုင်း ဝတ်ခြင်း" စကားမှာ ယဇ်ပုရောဟိတ်များ အလုပ်လုပ်ရာတွင် ဝတ်ဆင်ရသည့်အဝတ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်များကို ဘုရားသခင် ထိုသို့လုပ်ဆောင်ရန် ပညတ်ထားခြင်း" ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

1 Samuel 29

ဆက်စပ်မှု ဖော်ပြချက်
ဘုရားသခင်၏ လူသည် ဧလိကို ဆက်ပြောနေခြင်း

ငါ့အိမ်၌ ... ငါ့ပူဇော်သက္ကာကို အဘယ်ကြောင့် ခြေနှင့်ကန်သနည်း။
ဤမေးခွန်းသည် ပြစ်တင်ကြိမ်းမောင်း၍ ပြောခြင်းဖြစ် သည်။ ထိုစကားကို ဤသို့ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ငါ၏ပူဇော်သက္ကာကို ငါ့အိမ်၌ မထီလေးစားမပြုလုပ်သင့်ပေ"။

ငါ့အိမ်၌
ငါ၏လူများ ငါ့ထံယူဆောင်လာသော ပူဇော်သက္ကာများထားသည့်နေရာ

ပူဇော်သက္ကာရှိသမျှတို့တွင်၊ အမြတ်ဆုံးသော အရာကို ဝစွာစား စေ၍၊
အကောင်းဆုံးသောအရာများကို ထာဝရဘုရားထံမီးရှို့ပူဇော်ကြသည်၊ သို့သော် ထိုအရာကို ယဇ်ပုရောဟိတ်များ စားကြသည်။

သင့်အဘ၏အမျိုး
" အိမ်" စာလုံးသည် မြန်မာကျမ်းစာတွင် မပါသော်လည်း ဖခင်၏အမျိုးဟု သုံးထားပါသည်။

ငါ့ရှေ့မှာအစဉ် သွားလာရလိမ့်မည်
ဤစကားသည် "ငါ့ကိုနာခံလိုက်လျှောက်ကာနေမည်" ဟုအဓိပ္ပါယ်ဖြစ်သည်။

ငါနှင့်ဝေးပါစေ။
သင်တို့၏မိသားစုသည် ငါ့ကိုတသက်လုံးအစေခံရန် ငါကျိန်းသေခွင့်မပြုနိုင်ပါ။

ငါ့ကို မထီမဲ့မြင်ပြုသော သူတို့သည် ဂုဏ်သရေ ပျက်ကြလိမ့်မည်။
" ဂုဏ်သရေပျက်" စကားလုံးသည် "အလွန်စက်ဆုပ်၊ အထင်သေးသည်"စကားကို ယဉ်ကျေးစွာပြောခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုမထီလေးစားပြုသူတို့ကို ငါသည် အလွန်စက်ဆုပ်လိမ့်မည်။"

1 Samuel 31

သင်၏ လက်ရုံးနှင့် သင့်အဆွေအမျိုး ၏ လက်ရုံးကို ငါဖြတ်သော...ရောက်လိမ့်မည်။
"ဖြတ်၊ ခွန်အား" စကားလုံးတို့သည် သန်မာငယ်ရွယ်သောလူများ၊ သေစေမည် ဟုစကားကို သွယ်ဝိုက်ပြောခြင်းဖြစ်နိုင်သည်။ " သင့်အဆွေအမျိုး" စကားလုံးများလည်း "သင့်မိသားစု" ဟူ၍အနီးစပ်ဆုံး ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်မိသားစု၏ အသက်ငယ်သော ခွန်အားရှိသောယောကျ်ား မျိုးဆက်များကို သတ်ဖြတ်လိမ့်မည်။"

အိုသောသူတယောက်မျှ မရှိစေခြင်းငှါ
"အိုသောအမျိုးသားများမရှိ" သို့မဟုတ် "အမျိုးသားများ မအိုကြ"

သင့်မျက်စိပျက်၍
"သင်၏ မျက်လုံးအမြင် ဆုံးရှုံးစေရန် ဖြစ်စေသည်" သို့မ ဟုတ် " မျက်မမြင် ဖြစ်စေရန်ဖြစ်သည်"

သစ္စာစောင့်သော ယဇ်ပုရောဟိတ်ကို ငါပေါ်ထွန်းစေမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ဦးကို ယဇ်ပု ရောဟိတ် ဖြစ်လာစေရန် ငါပြုလိမ့်မည်"

ငါ့စိတ်နှလုံးအလိုသို့ လိုက်၍
ကျွန်ုပ်သူ့ကိုလုပ်ဆောင်ရန် အလိုရှိသည့်အရာ နှင့် ကျွန်ုပ်သူ့ကိုလုပ်ဆောင်ရန် ပြောသည့်အရာ

မြဲသောအိမ်ကို သူ့အဘို့ ငါဆောက်ပေးသဖြင့်၊
"အိမ်" ကို " သားစဉ်မြေးဆက်" ဟုတင်စား၍သုံးထား သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၌ သားစဉ် မြေးဆက် အမှုထမ်းသည့် ယဇ်ပုရောဟိတ် ရှိစေရန် ကျွန်ုပ်သေချာအောင် လုပ်မည်။"

1 Samuel 34

ငါပေါ်ထွန်းစေမည်....သစ္စာစောင့်သော ယဇ်ပုရောဟိတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ့ကို ယဇ်ပုရောဟိတ်ဖြစ်စေမည်။"

ငါ့စိတ်နှလုံးအလို
"သူ့ကို ငါလုပ်စေချင်သည့်အရာနှင့် သူ့ကို ငါပြောစေချင်သည့်အရာ"

မြဲသောအိမ်ကိုဆောက်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်အကြီးကို အမှုဆောင်ပေးသော မျိုးနွယ်"

1 Samuel 36

သူ့ထံ
ဘုရားသခင် ချီးမြောက်မည့် သစ္စာရှိသာ ယဇ်ပုရောဟိတ်

ကျွန်တော်သည် မုန့်အနည်းငယ်ကို စားရ မည်အကြောင်း၊
ဤတွင် " မုန့်အနည်းငယ်" မှာ "အစားအစာ" ကိုဆို လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ကျွန်ုပ်၌ စားစရာ အချို့ရှိနိုင်သည်"

# Translation Questions

1 Samuel 2:1

ဟန္နသည် သူ၏ ရန်သူများအပေါ် အဘယ်ကြောင့် ရဲ့ရင့်စွာ ပြောခဲ့သနည်း။
ဟန္နသည် ထာဝရဘုရား၏ ကယ်တင်ခြင်းထဲ၌ ဝမ်းမြောက်ပျော်ရွှင်သောကြောင့် သူမ ရဲရင့်စွာ ပြောခဲ့သည်။

1 Samuel 2:3

အဘယ်ကြောင့် ကျွန်ုပ်တို့သည် မဝါကြွားသင့်၊ မောက်မာစွာစကား မပြောသင့်ဟု ဟန္န ပြောသနည်း?
ကျွန်ုပ်တို့သည် မဝါကြွားသင့်၊ မောက်မာစွာစကား မပြောသင့်ပါ၊ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသည် ဉာဏ်ပညာ၏သခင်ဖြစ်၍ အရာအားလုံးသည် သူ့အားဖြင့်ချိန်တွယ်လျက်ရှိသည်။

1 Samuel 2:5

ဟန္န၏ သီချင်းထဲ၌ ဝမ်းနည်းခြင်းနှင့် ပြည့်နေသော သူတစ်ယောက်သည် အဘယ်သူဖြစ်မည်နည်း။
ကလေးများရှိသော မိန်းမတစ်ဦးသည် ဝမ်းနည်းခြင်းနှင့် ပြည့်နေသော သူဖြစ်သည်။

1 Samuel 2:6

တစ်ယောက်သောသူ မရဏာနိုင်ငံသို့ နှိမ့်ချသောအခွင့် (သို့) ထမြောက်ရသောအခွင့် ၎င်း၏ သေခြင်းအခွင့်နှင့် ရှင်ခြင်းအခွင့်ကို ဆုံးဖြတ်သောသူသည် အဘယ်သူနည်း။
တစ်ယောက်သောသူ သေခြင်းအခွင့်၊ ရှင်ခြင်းအခွင့်ကို ၎င်း၏ မရဏာနိုင်ငံသို့ နှိမ့်ချသော အခွင့် (သို့) ထမြောက်စေသောအခွင့်ဆုံးဖြတ်သောသူသည် ထာဝရဘုရားဖြစ်သည်။

ချမ်းသာသောသူ၊ ဆင်းရဲသောသူကို အဘယ်သူဖန်ဆင်းသနည်း။
ထာဝရဘုရားသည် ချမ်းသာသောသူ၊ ဆင်းရဲသောသူကို အဘယ်သူဖန်ဆင်းတော်မူသည်။

1 Samuel 2:8

ချို့တဲ့သောသူကို ဂုဏ်အသရေရှိသောထိုင်ခုံ၌ ထိုင်ရဖို့ မစသောသူ ဆင်းရဲခြင်းမှ ချီးမြောက်သောသူသည် အဘယ်သူနည်း။
ထာဝရဘုရားသည် ဂုဏ်အသရေ၏ထိုင်ခုံမှာ ထိုင်ဖို့ရန် သူတို့ကို ချီးမြောက်လိမ့်မည်။

1 Samuel 2:9

မည်သူသည် သစ္စာရှိသောသူ့လူများ၏ခြေကို စောင့်မ၍၊ မတရားသောသူများကို မှောင်မိုက်၌ နှုတ်ပိတ်လိမ့်မည်ဟု ဟန္န ပြောသနည်း။
ထာဝရဘုရားသည် မတရားသောသူတို့ နှုတ်ကိုပိတ်၍ သူတို့၏ခြေကို စောင့်မတော်မူလိမ့်မည်။

1 Samuel 2:10

မည်သူသည် ကမ္ဘာမြေကြီးအဆုံးကို စီရင်၍ သူ့ရှင်ဘုရင်ကို ခွန်အားပေးသနည်း?
ထာဝရဘုရားသည် ကမ္ဘာကြီးအဆုံးကို စီရင်၍ သူခန့်ထားသောရှင်ဘုရင်ကို ခွန်အားနှင့်ပြည့်စုံစေသောသူဖြစ်သည်။

1 Samuel 2:11

အဘယ်ကလေးငယ်သည် ယဇ်ပုရောဟိတ်ဧလိရှေ့ ၌ ထာဝရဘုရားကို အစေခံခဲ့သနည်း။
ယဇ်ပုရောဟိတ် ဧလိရှေ့၌ ရှမွေလသည် ထာဝရဘုရားကို အစေခံခဲ့သည်။

1 Samuel 2:12

အဘယ်သူ၏ သားတို့သည် အဓမ္မလူဖြစ်ကြသနည်း။
ယဇ်ပုရောဟိတ်မင်း ဧလိသားတို့သည် အဓမ္မလူဖြစ်ကြသည်။

ယဇ်ပူဇော်သည့်ကာလတွင် လူတို့နှင့် ယဇ်ပုရောဟိတ်တို့၏ ထုံးတမ်းစဉ်လာသည် အဘယ်သို့နည်း?
သူတို့၏ထုံးတမ်းစဉ်လာမှာ ယဇ်ပုရောဟိတ်တို့၏ အစေအပါးတစ်ယောက်သည် သုံးချောင်းရှိသော ချိတ်ကို ကိုင်လျက်လာ၍ ယဇ်ပုရောဟိတ်အဘို့ အသားကိုယူရန်ဖြစ်သည်။

1 Samuel 2:15

ယဇ်ပုရောဟိတ်၏ သားတို့သည် သူတို့အစေခံကျွန်များကို မည်သို့ သွန်သင်ခဲ့သနည်း။
ပြုတ်သောအမဲသားကိုစားရမည်မှာ သူတို့အစေခံကျွန်များသည် သာလျှင် မကျက်သေးသော အမဲသားစိမ်းကို စားသည်ဟု လူတွေကို ဧလိ၏ သားတို့သည် ပြောဆိုသွန်သင်ခဲ့သည်။

ဧလိ၏ သားတို့သည် အဘယ်ကြောင့် အပြစ်ကြီးကြသနည်း။
သူတို့သည် ထာဝရဘုရား၏ ယဇ်ပူဇော်ခြင်းကို စက်ဆုပ်ရွံရှာစေသောကြောင့် သူတို့၏ အပြစ်သည် ထာဝရဘုရားရှေ့တော်၌ အလွန်ကြီးကြသည်။

1 Samuel 2:18

ရှမွေလ၏ မိခင်သည် နှစ်စဉ်နှစ်တိုင်း သူ့သားအဘို့ အဝတ်ကို အဘယ်သို့လုပ်သနည်း။
သူမသည် သူ့သားအဘို့ ပိတ်ချောသည် အတိုင်း အဝတ်ကို ပြုလုပ်ပေးသည်။

1 Samuel 2:20

ဧလကာနနှင့် သူ၏ မိန်းမကို ဧလိသည် ဘယ်လိုကောင်းကြီးပေးသနည်း။
ဟန္နအားဖြင့် များစွာသော ကလေးရှိဖို့ရန် ဧလိသည် သူတို့ကို ဆုတောင်းခြင်းဖြင့် ကောင်းကြီးပေးခဲ့သည်။

ရှမွေလအတွက် မိဘများ များစွာသော ကလေးရှိဖို့ ဧလိ၏ ဆုတောင်းခြင်းကို ထာဝရဘုရား၏ အဖြေမှာ အဘယ်သို့ဖြစ်မည်နည်း။
ထာဝရဘုရားသည် တစ်ဦးထက်ပို၍ ဟန္နကို ကူညီခဲ့သည်၊ သူမသည် များစွာသော သားသုံးယောက်၊ သမီးနှစ်ယောက် ဘွားမြင်ခဲ့သည်။

1 Samuel 2:22

ဧလိက သူသည် အလွန်အိုမင်းပြီဖြစ်၍ သူ၏ သားတို့ကို အဘယ်သို့ ပြောခဲ့သနည်း။
သူတို့သည် မကောင်းသောအရာများနှင့် ထာဝရဘုရား၏ လူတို့ကို နာမခံသောအမှုတို့ကို ပြုကြသည်ဟု ဧလိသည် သူ၏သားတို့ကို ပြောခဲ့သည်။

1 Samuel 2:25

ဧလိ၏သားတို့သည် အဘယ်ကြောင့် သူ့စကားကို နားမထောင်ခဲ့သနည်း။
ဧလိ၏သားတို့သည် သူ့စကားကို နားမထောင်ခဲ့သည်မှာ ထာဝရဘုရားသည် သူတို့ကို သတ်ဖို့ရန် ရည်ရွယ်ထားသောကြောင့်ဖြစ်သည်။

အဘယ်သူသည် တိုးတက်ကြီးပွား၍ ထာဝရဘုရားရှေ့ လူတို့ရှေ့ ၌ မျက်နှာသာရမည်နည်း။
ရှမွေလသည် တိုးတက်ကြီးပွား၍ ထာဝရဘုရားရှေ့ လူတို့ရှေ့ ၌ မျက်နှာသာရသည်။

1 Samuel 2:27

ဣသရေလ၏ အမျိုးအနွယ်အပေါင်းတို့ထဲက ထာဝရဘုရား၏ ယဇ်ပုရောဟိတ်ဖြစ်ဖို့ ဧလိ၏ ဘိုးဘေးများကို ထာဝရဘုရားရွေးကောက်သည်ဟု ဧလိအား အဘယ်သူပြောသနည်း။
ဧလိ၏ ဘိုးဘေးတို့ကို ထာဝရဘုရားရွေးသည်ဟု ဘုရားသခင်၏ လူတစ်ယောက်သည် ဧလိကို ပြောခဲ့သည်။

1 Samuel 2:29

ဧလိသည် ထာဝရဘုရား၏ ယဇ်နှင့်ပူဇော်သက္ကာကို ဘယ်လို မထီမဲ့မြင်ပြုခဲ့သနည်း။
သူသည် မိမိသားတို့ကို ထာဝရဘုရားထက်၌ ထားခြင်းဖြင့် ယဇ်နှင့်ပူဇော်သက္ကာများကို မထီမဲ့မြင်ပြုခဲ့သည်။

1 Samuel 2:31

ဧလိက သူ၏ မိသားစုထဲ၌ လူတို့သည်အဘယ်သို့ ဖြစ်လိမ့်မည်ဟု ထာဝရဘုရား ပြောခဲ့သနည်း။
ထာဝရဘုရားသည် ဧလိ၏ မိသားစုထဲ၌ ဘွားမြင်သော လူတို့သည် သေရကြလိမ့်မည်ဟု ဧလိအားပြောခဲ့သည်။

1 Samuel 2:34

ဧလိ၏မိသားစုထဲ၌ လူအပေါင်းတို့သည် သေရကြလိမ့်မည်ဟု ထာဝရဘုရားပြောသော ပုပ္ပနိမိတ်သည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။
ဧလိ၏ သားနှစ်ယောက်တို့သည် တစ်နေ့ခြင်းတွင် သေကြလိမ့်မည်။

အဘယ်သူသည် ထာဝရဘုရား၏ ဘိတ်သိက်ခံသောရှင်ဘုရင်ရှေ့မှာ အစဉ်အမြဲသွားလာရလိမ့်မည်နည်း။
သစ္စာရှိသောယဇ်ပုရောဟိတ်ကို ထာဝရဘုရားသည် ချီးမြှောက်၍ ထာဝရဘုရား ဘိတ်သိက်ခံသော ရှင်ဘုရင်ရှေ့ ၌ အစဉ်အမြဲ သွားလာရလိမ့်မည်။

ဧလိ၏ မိသားစုအယောက်တိုင်းသည် သစ္စာရှိသော ယဇ်ပုရောဟိတ်ထံသို့ အဘယ်ကြောင့် ခံစားလာရောက်ရမည်နည်း။
ဧလိ၏ အမျိုး၌ ကျန်ကြွင်းသောသူတိုင်းသူ့ထံသို့လာ၍ မုန့်အနည်းငယ်ကို စားရမည်အကြောင်း တောင်းခံရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 3

1 သူငယ်ရှမွေလသည်၊ ဧလိရှေ့တွင် ထာဝရဘုရား၏ အမှုတော်ကို ဆောင်ရွက်လေ၏။ ထိုကာလ၌ ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် နည်းပါး၏။ ထင်ရှားသော ရူပါရုံမရှိ။ 2 တရံရောအခါ ဧလိသည် မိမိနေရာ၌ အိပ်လျက်၊ သူ၏
မျက်စိမှုန်သောကြောင့် မမြင်နိုင်သည်ကာလ၊- 3 ဘုရားသခင်၏ သေတ္တာတော်ရှိရာ ထာဝရဘုရားအိမ်တော်၌ မီးခွက်မသေမှီ၊
ရှမွေလသည်လည်း အိပ်လျက်ရှိသောအခါ၊- 4 ထာဝရဘုရားသည် ရှမွေလကို ခေါ်တော်မူ၍၊ ရှမွေလက အကျွန်ုပ်ရှိပါသည်ဟု
ထူးသဖြင့်၊- 5 ဧလိထံသို့ ပြေး၍၊ ကိုယ်တော်ခေါ်သောကြောင့် အကျွန်ုပ်လာပါသည်ဟု ဆိုလျှင်၊ ဧလိက ငါမခေါ်၊ အိပ်တော့ဟု
ဆိုသည်အတိုင်း၊ ရှမွေလသွား၍ အိပ်ပြန်လေ၏။ 6 တဖန် ထာဝရဘုရားက၊ ရှမွေလဟု ခေါ်တော်မူလျှင်၊ ရှမွေလသည် ထပြီးလျှင်၊
ဧလိထံသို့ သွား၍၊ ကိုယ်တော်ခေါ်သောကြောင့် အကျွန်ုပ်လာပါသည်ဟု ဆိုသော်၊ ဧလိက ငါမခေါ် ငါ့သား၊ အိပ်တော့ဟု ဆို၏။ - 7
ရှမွေလသည် ထာဝရဘုရားကို မသိသေး။ ဗျာဒိတ်တော်ကို မခံရသေး။ 8 တတိယအကြိမ် ထာဝရဘုရားက၊ ရှမွေလဟု
ခေါ်တော်မူလျှင်၊ ရှမွေလ ထပြီးလျှင် ဧလိထံသို့ သွား၍ ကိုယ်တော်ခေါ်သောကြောင့် အကျွန်ုပ်လာပါသည်ဟုဆိုသော်၊
ထာဝရဘုရားသည် ထိုသူ ငယ်ကို ခေါ်တော်မူကြောင်းကို ဧလိသည် ရိပ်မိလျှင်၊- 9 သင်သွား၍ အိပ်ဦးတော့၊ နောက်တဖန်ခေါ်လျှင်၊
အိုထာဝရဘုရား အမိန့်ရှိတော်မူပါ။ ကိုယ်တော် ကျွန်ကြားပါသည်ဟု လျှောက်ရမည်အကြောင်း ရှမွေလကို မှာထားသည်အတိုင်း၊
ရှမွေလသွား၍ မိမိ နေရာ၌ အိပ်လေ၏။- 10 ထာဝရဘုရားသည်လည်း ရှေ့နည်းတူ လာရပ်လျက်၊ ရှမွေလ၊ ရှမွေလဟု
ခေါ်တော်မူလျှင်၊ ရှမွေလက၊ အိုထာဝရဘုရား အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန်ကြားပါသည်ဟု လျှောက်လေသော်၊- 11
ထာဝရဘုရားက၊ သိတင်းကြားသောသူတိုင်း နားနှစ်ဘက်ခါးစေခြင်းငှါ၊ ငါသည် ဣသရေလ အမျိုး၌ တစုံတခုကိုပြုမည်။ 12
ဧလိအိမ်သားတို့တဘက်၌ ငါပြောသမျှအတိုင်း ထိုနေ့တွင် ငါပြုမည်။ ပြုစရှိပြီးမှ လက်စသတ်မည်။- 13 ထိုသူ၏သားတို့သည်
ကိုယ်ယုတ်မာသည်တိုင်အောင်၊ ကိုယ်ပြုသော ဒုစရိုက်အပြစ်ကို သူသိသော် လည်း ကျပ်တည်းစွာ မဆုံးမဘဲနေသောကြောင့်၊ သူ၏
အိမ်သားတို့၌ ငါသည် အစဉ်အမြဲ ဒဏ်ပေး မည်ဟု ငါပြောပြီ။- 14 ထို့ကြောင့် ဧလိ၏အိမ်သားတို့ အပြစ်သည်
ယဇ်နှင့်ပူဇော်သက္ကာအားဖြင့် မပြေ၊ အစဉ်အမြဲ တည်ရ မည်အကြောင်း သူတို့အား ငါ ကျိန်ဆိုပြီဟု မိန့်တော်မူ၏။ 15 ရှမွေလသည်
နံနက်တိုင်အောင် အိပ်ပြီးမှ၊ ထာဝရဘုရား၏ အိမ်တော်တံခါးတို့ကို ဖွင့်လေ၏။ မြင်ရ သော ရူပါရုံကို ဧလိအား မကြားမပြောဝံ့။ 16
ဧလိက၊ ငါ့သားရှမွေလဟုခေါ်လျှင်၊ ရှမွေလက အကျွန်ုပ်ရှိပါသည်ဟု ထူးလေ၏။ 17 ဧလိကလည်း၊ အဘယ်သို့ မိန့်တော်မူသနည်း။
ငါ့အား ဝှက်မထားပါနှင့်။ မိန့်တော်မူသမျှ တစုံတခု ကို ငါ့အား ဝှက်ထားလျှင်၊ မိန့်တော်မူသည်အတိုင်းမက
သင်၌ပြုတော်မူပါစေသောဟု ဆိုလေသော်၊- 18 ရှမွေလသည် တစုံတခုကိုမျှ ဝှက်မထား အလုံးစုံတို့ကို ပြန်ကြား၏။ ဧလိကလည်း၊
ထာဝရဘုရားဖြစ် လျှင် အလိုတော်ရှိသည်အတိုင်း ပြုတော်မူပါစေသောဟု ဝန်ခံလေ၏။ 19 ရှမွေလသည် အစဉ်အတိုင်း ကြီး၍၊
ထာဝရဘုရားသည် သူနှင့်အတူ ရှိတော်မူသဖြင့်၊ သူ၏ စကား တခွန်းမျှ ပျက်စေခြင်းငှါ အခွင့်ပေးတော်မမူ။- 20 သူသည်
ထာဝရဘုရား၏ ပရောဖက်စစ် ဖြစ်ကြောင်းကို ဣသရေလ အမျိုးသားအပေါင်းတို့သည်၊ ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်
သိကြ၏။ 21 ထာဝရဘုရားသည် ရှိလောမြို့၌ အထပ်ထပ် ထင်ရှားတော်မူ၍၊ ထာဝရဘုရား၏ နှုတ်ကပတ်တော် အားဖြင့်
ရှမွေလအား ဗျာဒိတ်ပေးတော်မူ၏။ ရှမွေလ စကားသည်လည်း၊ ဣသရေလအမျိုးတရှောက် လုံးကို နှံ့ပြားလေ၏။

---

1 Samuel 01

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် နည်းပါး၏။
ထာဝရဘုရားသည် လူကို မကြာခဏ စကားပြောလေ့မရှိပါ။

ထာဝရဘုရားအိမ်တော်၌ မီးခွက်
ဘုရားဝတ်ပြုရာနေရာ၏ သန့်ရှင်းသောနေရာတွင် မီးတိုင်ခုနစ်တိုင်ရှိပြီးနေ့တိုင်း မီးထွန်းညှိထားကာ မကုန်မှီတိုင်အောင် တစ်ညလုံးလင်းနေသည်။

ထာဝရဘုရားအိမ်တော်
" အိမ်တော်" မှာ အမှန်မှာ တဲတော်ဖြစ်သည်။ သို့သော် ထိုနေရာသည် လူများ ဘုရားဝတ်ပြုသဖြင့် " အိမ်တော်"ဟုအကောင်းဆုံးပြန်ဆိုထားပါသည်။ ( ၁:၉ တွင် ကြည့်ပါ)

ရှမွေလ
ဧလိသည် ရှမွေလ၏ ဖခင်အရင်းမဟုတ်ပါ။ ရှမွေလ၏ ဖခင်တစ်ဦးကဲ့သို့ ပြောဆိုသွန်သင်သဖြင့် ရှမွေလသည်စိတ်မဆိုးပဲ သူ့စကားကို နားထောင်ရန် လိုအပ်ပါသည်။

1 Samuel 05

ငါ့သား
ဧလိသည် ရှမွေလ၏ ဖခင်ရင်းမဟုတ်ပေ။ ဧလိသည် ရှမွေလအပေါ် စိတ်မဆိုးသည်ကို ပြရန် ရှမွေလက သူ့ကိုနားထောင်ရန် လိုအပ်သည်ဟု သုံးနှုန်းခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

1 Samuel 07

ထာဝရဘုရားကို မသိသေး။ ဗျာဒိတ်တော်ကို မခံရသေး။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ရှမွေလကို သတင်းအချို့နှင့် ထုတ်ဖော်ပြခဲ့ခြင်း မရှိခဲ့ပါ" သို့မဟုတ် "ထာဝရဘုရားသည် သူ့ထံ သတင်းနှင့် ထုတ်ဖော်ပြခဲ့ခြင်းလုံးဝမရှိခဲ့ပါ။"

1 Samuel 09

ကိုယ်တော်ကျွန်
ဧလိသည် ရှမွေလအား ထာဝရဘုရားသခင်ကို စကား ပြောရန် ပြောပြသည်မှာ ရှမွေလအများထဲမှ အခြားတစ်ဦးဖြစ်ခဲ့လျှင် သူသည် ထာဝရဘုရားကို ရိုသေမှုပြသင့်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ရှိသည်"

1 Samuel 10

ထာဝရဘုရားသည်လည်း .... လာရပ်လျက်
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ထာဝရဘုရားသည်ကျိန်းသေ ရှမွေလရှေ့၌ ရပ်လျှက်ပေါ်လာခဲ့သည်၊ သို့မဟုတ် (၂) ထာဝရဘုရားသည် ရှမွေလကို သူ၏ အမှန်ရှိသောအရာကို သိရှိရန်ပြုလုပ်ပေးခဲ့သည်။

ကိုယ်တော်ကျွန်
ရှမွေလသည် ထာဝရဘုရားကိုစကားပြောရန် အများထဲမှတစ်ဦးဖြစ်ခဲ့လျှင် သူသည်ထာဝရဘုရားကိုရိုသေစွာပြောရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ရှိသည်"

သိတင်းကြားသောသူတိုင်း နားနှစ်ဘက်ခါးစေခြင်းငှါ၊
" နားများ...ခါးခြင်းငှါ" သည်စကားစုဖြစ်သည်၊ ထိုအဓိပ္ပါယ်မှာသူတို့ကြားရသော လူတိုင်း စိတ်ချောက်ချားတုန်လှုပ်စေလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာကို ကြားရသူတိုင်း တုန်လှုပ်ချောက်ချားလိမ့် မည်။"

ခါးစေခြင်း
ဤအဓိပ္ပါယ်မှာ သေးသော၊ ချွန်သောအရာနှင့်ညင်သာစွာ ထိုးသဖြင့် တစစ်စစ်ခံစားရခြင်း၊ သို့မဟုတ် တစ်ဦးဦးမှလက်ဝါးဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို ရိုက်သည့်အခါ စပ်ဖျဉ်းဖျဉ်း ခံစားရခြင်း။

1 Samuel 12

ပြုစရှိပြီးမှ လက်စသတ်မည်။
အစမှအဆုံးအရာတစ်ခုလုံး ပြီးပြည့်စုံခြင်းကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ " အရာခပ်သိမ်းတစ်ခုလုံး အပြည့်အဝ"

ကိုယ်ယုတ်မာသည့်တိုင်အောင်၊ ကိုယ်ပြုသော ဒုစရိုက်အပြစ်
မကောင်းသောအရာများ ပြုလုပ်သောသူတို့ကို ဘုရားသခင်သည် အပြစ်ပေးခံရမည်ဟု မိန့်တော်မူခဲ့သည်။

ဧလိ၏အိမ်သားတို့ အပြစ်သည် ယဇ်နှင့်ပူဇော်သက္ကာအားဖြင့် မဖြေ၊
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အိမ်သားတို့အပြစ်အတွက် မည်သူတစ်ဦးမျှ ပူဇော်သက္ကာနှင့်အပြစ်မလွတ်။ ယဇ်ပူဇော်ခြင်းနှင့်ပူဇော်သက္ကာများ မရှိ။"

အိမ်သားတို့အပြစ်
သူ၏ မိသားစုရှိ လူများ ကျူးလွန်ခဲ့သည့် အပြစ်များ

1 Samuel 15

ထာဝရဘုရား၏ အိမ်တော်
" အိမ်တော်"သည်အမှန်မှာ တဲတော် တစ်ခုဖြစ်သည်၊ သို့သော် ဤတွင် " အိမ်တော်"ဟု ပြန်ဆိုရန် အကောင်းဆုံးဖြစ်ပါသည်။

ငါ့သား
ဧလိသည်ရှမွေလ၏ဖခင်အရင်းမဟုတ်ပေ။
သူစကားပြောရာတွင်ဖခင်တစ်ဦးကဲ့သို့ပြောသဖြင့် ရှမွေလစိတ်မဆိုးပါ၊ သို့သော်ဧလိခေါ်သည်ကိုသူ ထူးရန်လိုပါသည်

1 Samuel 17

အဘယ်သို့ မိန့်တော်မူသနည်း။
ထာဝရဘုရားသခင်ပေးခဲ့သည့် သတင်းစကား

မိန့်တော်မူသည်အတိုင်းမက သင်၌ပြုတော်မူပါစေ
ဤစကားစုသည်ဧလိအလွန်အလေးအနက်ထားခြင်းကိုဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက် "သင်ပြောခဲ့သည့်နည်းတူ ထာဝရဘုရား သင့်ကို အပြစ်ပေးသလို ကျွန်ုပ်ကိုလည်း အပြစ်ပေးလိမ့်မည်။"

1 Samuel 19

သူ၏ စကား တခွန်းမျှ ပျက်စေခြင်းငှါ အခွင့်ပေးတော်မမူ။
အကယ်၍သူတို့မြေပေါ်သို့ လဲကျခဲ့လျှင်၊ ပြောခဲ့သောသတင်းစကားများမှန်လာမည်မဟုတ်ပေ။
ဤသည်ကိုအပြုသဘောဖြင့် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သူပရောဖက်ပြုခဲ့သမျှအရာအားလုံး၊ သူပြုလုပ်ခဲ့သည်။"

ဣသရေလ အမျိုးသားအပေါင်း
ဣသရေလပြည်တွင်ရှိသော လူအားလုံး

ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်
" တိုင်းပြည်၏နေရာတိုင်းတွင်" အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးအဆုံးတစ်နေရာမှ အခြားတစ်နေရာသို့"

 generated on Sun Jun 30 02:37:40 2024

ရှမွေလ စကားသည်လည်း၊ ဣသရေလအမျိုးတရှောက် လုံးကို နှံ့ပြားလေ ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်
ခန့်အပ်ခဲ့သည်။"

---

## Translation Questions

1 Samuel 3:1

အိပ်ယာ၌ လဲလျောင်းနေစဉ် ထာဝရဘုရား သူ့ကို ခေါ်သည်ကို
သူကြားသောအခါ ရှမွေလ မည်သို့ပြန်ထူးသနည်း။
ရှမွေလသည် အကျွန်ုပ်သည် မှာရှိသည် ဟု ပြန်ထူးခဲ့သည်။

1 Samuel 3:5

ရှမွေလသည် ဧလိထံသို့ ပြေးသောအခါ ဧလိသည် ရှမွေလအား အဘယ်သို့
ပြုရန်ပြောခဲ့သနည်း။
ဧလိပြောခဲ့သည်မှာ ရှမွေလအား သင့်ကို ငါမခေါ်၊ ပြန်သွားအိပ်ပါ
ဟုပြောခဲ့သည်။

1 Samuel 3:7

အဘယ်အရာသည် ရှမွေလထံသို့ မထင်ရှားဘူးသနည်း။
ထာဝရဘုရားထံမှ သတင်းစကားသည် ရှမွေလထံသို့
မထင်ရှားဘူးပါ။

ရှမွေလသည် သူ့ထံသို့ တတိယကြိမ်လာပြီးနောက် ဧလိသည်
အဘယ်သို့နားလည်ခဲ့သနည်း။
ထာဝရဘုရားသည် သူငယ်ကို ခေါ်သည်ကို ဧလိနားလည်ခဲ့သည်။

1 Samuel 3:9

ထာဝရဘုရားသည် သူ့အားပြန်ခေါ်ခဲ့လျှင် ဧလိသည် ရှမွေလကို အဘယ်သို့
ပြောဖို့ရန် မှာထားခဲ့သနည်း။
ဧလိသည် ရှမွေလအား "ပြောတော်မူပါ၊ ကိုယ်တော်ကျွန်သည်
နားထောင်နေပါသည်" ဟု ပြန်ပြေဖို့ ပြောခဲ့သည်။

1 Samuel 3:10

ထာဝရဘုရားပြုတော်မူမည့်အရာကို ကြားရသမျှသော သူတို့၏ နားတို့၌
မည်ကဲ့သို့ ဖြစ်ပျက်လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူသနည်း။
ထာဝရဘုရားပြုတော်မူမည့်အရာကို ကြားရသမျှသော သူတို့၏
နားတို့၌ တုန်လှုပ်ကြလိမ့်မည်။

1 Samuel 3:12

ဧလိ၏သားတို့သည် သူတို့ကိုယ်အပေါ်၌ အဘယ်အရာကို တည်စေသနည်း။
ဧလိ၏ သားတို့သည် သူတို့ကိုယ်ပေါ်၌ ကျိန်ခြင်းကို
တည်စေသည်။

ယဇ်ပူဇော်တကာ အားဖြင့် ဘယ်သောအခါမှ အပြစ်မဖြေလိမ့်မည်နည်း။
ဧလိအိမ်သားတို့၏ ဘယ်သောအခါမှ အပြစ်ဖြေလိမ့်မည်မဟုတ်။

1 Samuel 3:15

ရှမွေလသည် မနက်ခင်း၌ ထာဝရဘုရား၏ အိမ်တော်တံခါးများကို
ဖွင့်ပြီးနောက် အဘယ်သို့ ပြုလုပ်ဖို့ရန် ကြောက်သနည်း။
သူသည် ထာဝရဘုရားထံမှ ရူပါရုံကို ဧလိအား ပြောဖို့ရန်
ကြောက်သည်။

1 Samuel 3:17

ဧလိသည် ရှမွေလအား ထာဝရဘုရားပြောခဲ့သော စကားလုံးများကို
ဝှက်မထားဖို့ရန် ပြောပြီးနောက် ရှမွေလအဘယ်သို့ ပြုခဲ့သနည်း။
ရှမွေလသည် ဧလိထံမှ အဘယ်အရာမျှဝှက်မထားဘဲ
အရာအားလုံး သူ့အားပြောခဲ့သည်။

1 Samuel 3:19

ရှမွေလအကြောင်းကို ဣသရေလအပေါင်းတို့သည် ဒန်မြို့မှ
ဗေရရှေဘမြို့တိုင်အောင် အဘယ်သို့ သိခဲ့ကြသနည်း။
ရှမွေလသည် ထာဝရဘုရား၏ ပရောဖက်ဖြစ်ဖို့ ခန့်အပ်ခဲ့သည်ကို
ဣသရေလအပေါင်းတို့ သိခဲ့ကြသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 4

[1] တဖန် ဣသရေလ အမျိုးသားတို့သည် ဖိလိတ္တိလူတို့ကို တိုက်ခြင်းငှါ ချီသွား၍၊ ဧဗနေဇာမြို့နားမှာ တပ်ချလျက်၊ ဖိလိတ္တိလူတို့သည်
အာဖက်မြို့၌ တပ်ချလျက်နေကြ၏။ [2] ဖိလိတ္တိလူတို့သည် ဣသရေလအမျိုးကို စစ်ခင်းကျင်း၍ တိုက်ကြသောအခါ၊
ဣသရေလအမျိုးသည် စစ်ရှုံး၍ ရန်သူလက်တွင် သူရဲလေးထောင်ခန့်မျှ သေကြ၏။ [3] လူများတို့သည် တပ်ထဲသို့ ရောက်သောအခါ၊
ဣသရေလအမျိုး အသက်ကြီးသူတို့က၊ ယနေ့ ထာဝရ ဘုရားသည် ငါတို့ကို ဖိလိတ္တိလူတို့ရှေ့မှာ အဘယ်ကြောင့်
ရှုံးစေတော်မူသနည်း။ ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်သည် လာ၍၊ ငါတို့ကို ရန်သူလက်မှ ကယ်တင်စေခြင်းငှါ၊ ရှိလောမြို့မှ
ဆောင်ခဲ့ ကြကုန်အံ့ဟု ဆိုကြသည်အတိုင်း၊ [4] လူများတို့သည် ရှိလောမြို့သို့ လူကို စေလွှတ်၍၊ ခေရုဗိမ်စပ်ကြားမှာနေသော
ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို ဆောင်ခဲ့သဖြင့်၊ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာ
တော်နှင့်အတူ ဧလိ၏ သားဟောဖနိနှင့်ဖိနဟတ်နှစ်ယောက်တို့သည် ပါကြ၏။ [5] ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်သည်
တပ်ထဲသို့ ရောက်သောအခါ၊ မြေကြီး အသံမြည် သည်တိုင်အောင် တပ်သားအပေါင်းတို့သည် ကြွေးကြော်ကြ၏။ [6] ကြွေးကြော်သံကို
ဖိလိတ္တိလူတို့သည် ကြားလျှင်၊ ဟေဗြဲတပ်၌ ပြုသော ကြွေးကြော်သံကြီးကား အဘယ်သို့နည်းဟု မေးလျက်၊ ထာဝရဘုရား၏
သေတ္တာတော်သည် ထိုတပ်ထဲသို့ ရောက်ကြောင်း ကို သိကြ၏။ [7] ဖိလိတ္တိလူတို့သည် ကြောက်၍၊ ဘုရားသခင်သည် ဟေဗြဲတပ်ထဲသို့
ရောက်လေပြီ တကား။ ငါတို့ သည် အမင်္ဂလာရှိကြ၏။ တခါမျှ ဤသို့ မဖြစ်စဖူး။ [8] ငါတို့သည် အမင်္ဂလာရှိကြ၏။ တန်ခိုးကြီးသော
ဤဘုရားသခင်၏လက်မှ ငါတို့ကို အဘယ်သူ ကယ် တင်လိမ့်မည်နည်း။ တော၌ အဲဂုတ္တုလူတို့ကို ဘေးအပေါင်းနှင့် ဒဏ်ခတ်သော
ဘုရားကား၊ အခြား မဟုတ် ဤဘုရားပေတည်း။ [9] အို ဖိလိတ္တိလူတို့၊ ဣသရေလလူတို့သည် သင်တို့ထံ၌ ကျွန်ခံရသကဲ့သို့၊ သူတို့ထံ၌
ငါတို့သည် ကျွန် မခံရမည်အကြောင်း၊ အားယူ၍ ယောကျ်ားပြုကြလော့။ ယောကျ်ားပြု၍ တိုက်ကြလော့ဟု ပြောဆို ကြ၏။ [10]
ဖိလိတ္တိလူတို့သည် စစ်တိုက်သဖြင့်၊ ဣသရေလအမျိုး ရှုံးပြန်၍၊ လူတိုင်း မိမိနေရာသို့ ပြေးလေ၏။ ကြီးစွာသော လုပ်ကြံခြင်းဖြစ်၍၊
ဣသရေလခြေသည် သူရဲ သုံးသောင်းတို့သည် သေကြ၏။ [11] ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူလက်သို့ ရောက်၍၊
ဧလိ၏သား ဟောဖနိနှင့် ဖိနဟတ် နှစ်ယောက်တို့သည် အသက်ဆုံးလေ၏။ [12] ဗင်္ယာမိန် အမျိုးသားတယောက်သည်၊ စစ်တိုက်ရာထဲက
ပြေးလာ၍၊ မိမိအဝတ်ကို ဆုတ်လျက်၊ မိမိခေါင်းပေါ်မှာ မြေမှုန့်ကိုတင်လျက်၊ ထိုနေ့ခြင်းတွင် ရှိလောမြို့သို့ ရောက်လေ၏။ [13]
ရောက်သောအခါ၊ ဧလိသည် လမ်းနား၌ ခုံပေါ်မှာထိုင်၍၊ ဘုရားသခင်၏ သေတ္တာတော်အတွက် စိတ်နှလုံးတုန်လှုပ်လျက် စောင့်နေ၏။
ပြေးသောသူသည် မြို့ထဲသို့ရောက်၍ သိတင်းပြောသဖြင့်၊ တမြို့လုံး အော်ဟစ်ကြ၏။ [14] အော်ဟစ်သံကို ဧလိကြားသော်၊
အုတ်အုတ်ကျက်ကျက်သော အသံကား၊ အဘယ်သို့နည်းဟုမေးလျှင်၊ ထိုသူသည် အလျင်အမြန်လာ၍ ဧလိအား လျှောက်လေ၏။ [15]
ထိုအခါ ဧလိသည် အသက် ကိုးဆယ်ရှစ်နှစ်ရှိ၍ မျက်စိမမြင်နိုင်အောင် မျက်ကြောသေနှင့်ပြီ။ [16] ပြေးသောသူက၊ အကျွန်ုပ်သည်
စစ်တိုက်ရာမှ ရောက်လာသောသူ ဖြစ်ပါ၏။ စစ်တိုက်ရာထဲက ယနေ့ အကျွန်ုပ်ပြေး၍ လာပါ၏ဟု လျှောက်လျှင်၊ ဧလိက၊ ငါ့သား၊
အမှုကားအဘယ်သို့နည်းဟု မေးလေသော်၊ [17] တမန်က၊ ဣသရေလအမျိုးသည် ဖိလိတ္တိလူတို့ရှေ့မှာပြေး၍ ကြီးစွာသော
လုပ်ကြံခြင်းကို ခံရကြပါပြီ။ ကိုယ်တော်၏သား၊ ဟောဖနိနှင့် ဖိနဟတ်နှစ်ယောက်တို့သည် သေပါပြီ။ ဘုရားသခင်၏ သေတ္တာတော်
သည်လည်း ရန်သူလက်သို့ ရောက်ပါပြီဟု ပြန်လျှောက်လေ၏။ [18] ဘုရားသခင်၏ သေတ္တာတော် သိတင်းကိုကြားသောအခါ၊
ဧလိသည် တံခါးနားမှာ ထိုင်သောခုံပေါ်က နောက်သို့လန်ကျသဖြင့်၊ လည်ပင်းကျိုး၍သေလေ၏။ အသက်ကြီး၍ ကိုယ်လေးသောသူ
ဖြစ်၏။ ထိုသူသည် ဣသရေလအမျိုးကို အနှစ်လေးဆယ် အုပ်စိုးသတည်း။ [19] သူ၏ ချွေးမဖိနဟတ်၏ မယားသည်
ပဋိသန္ဓေအရင့်အမာရှိ၍ အချိန်နီးလျက်၊ ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူလက်သို့ ရောက်ကြောင်း၊ ယောက္ခမနှင့်
လင်သေကြောင်းကို ကြားသောအခါ၊ ကျောကုန်း၍ သားဘွားခြင်း ဝေဒနာကို ချက်ခြင်းခံရ၏။ [20] သေလုသောအခါ အနားမှာရှိသော
မိန်းမတို့က၊ မစိုးရိမ်နှင့်။ သားယောကျ်ားကို ဘွားမြင်ပြီဟု ဆိုသော်လည်း ပြန်မပြော၊ အမှုမထားဘဲနေ၏။ [21] တဖန် ဘုရားသခင်၏
သေတ္တာတော်သည် ရန်သူလက်သို့ ရောက်သောကြောင့်၎င်း၊ မိမိယောက္ခမ နှင့် လင်အမှုကြောင့်၎င်း၊ ဣသရေလဘုန်းအသရေ
ပျောက်ခဲ့ပြီဟုဆိုလျက်၊ ထိုသူငယ်ကို ဣခဗုဒ် အမည်ဖြင့် မှည့်၍၊- [22] ဣသရေလအမျိုး၏ ဘုရားသခင့် သေတ္တာတော်သည်
ရန်သူလက်သို့ ရောက်သောကြောင့်၊ ဣသရေလ ဘုန်းအသရေ ပျောက်ခဲ့ပြီဟု ဆိုလေ၏။

---

1 Samuel 01

ဣသရေလအမျိုးသည် စစ်ရှုံး၍ ...သေကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ " ဖိလိတ္တိလူတို့သည် ဣသရေလလူတို့ကို စစ်အောင်ခဲ့ပြီး သတ်ခဲ့ကြသည်"

ဧဗနေဇာမြို့... အာဖက်မြို့
တပ်စခန်းချသော နေရာအမည်များ ဖြစ်ကြသည်။

သူရဲလေးထောင်ခန့်မျှ
အရေအတွက်အားဖြင့် လေးထောင်ခန့်မျှဖြစ်သည်။ ဆိုလိုသည်မှာ အနည်းငယ်ပိုနိုင်သည် သို့မဟုတ်

 generated on Sun Jun 30 02:37:40 2024

အနည်းငယ်လျှော့နိုင်သဖြင့် အတိအကျ မဖော်ပြဘဲ "ခန့်မှု" စကားလုံးကို သုံးထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊" ၄၀၀၀ ခန့်မျှ"

1 Samuel 03

လူများတို့
စစ်ပွဲတွင် စစ်တိုက်နေကြသော စစ်သားများ

ထာဝရဘုရားသည် ငါတို့ကို ဖိလိတ္တိလူတို့ရှေ့မှာ အဘယ်ကြောင့် ရှုံးစေတော်မူသနည်း။...ဆောင်ခဲ့ ကြကုန်အံ့
အသက်ကြီးသူတို့သည် အဘယ်ကြောင့် စစ်ရှုံးရသည်ကို မသိကြပေ။ သို့သော် သူတို့ထပ်၍ ထိုသို့မဖြစ်ပွားရန်၊ ပဋိညာဉ်သေတ္တာတော်ကို သူတို့နှင့်အတူ သယ်ဆောင်ရန် မှားယွင်းစွာ တွေးခဲ့ကြသည်။

ခေရုဗိမ်စပ်ကြားမှာနေသော ကောင်း ကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား
ပဋိညာဉ်သေတ္တာတော်ကို ခေရုဗိမ်၏ မည်သည့်နေရာ၌ထားသည်ကို သင်ရှင်းရှင်းလင်းလင်း ဖော်ပြရန်လိုသည်။ ကျမ်းစာရေးသူများက ပဋိညာဉ်သေတ္တာတော်သည် ထာဝရဘုရား၏ ခြေတင်ခုံဖြစ်လျှင် သူသည်ကောင်း ကင်ဘုံပလ္လင်ပေါ်တွင် ထိုင်နေသည်ဟု တခါတလေပြောဆိုခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊" ပဋိညာဉ်သေတ္တာတော်ပေါ်တွင် ခေရုဗိမ်ရှိ၍၊ ထိုအပေါ်ရှိ ပလ္လင်တွင်ထိုင်နေသူ" (ရှု၊figs-explicit)

ဖိနဟတ်
ဤဖိနဟတ်သည် ထွက်မြောက်ရာကျမ်းနှင့် တော်လည်ရာကျမ်းတွင်ရှိသော အာရုန်၏မြေးနှင့် မတူညီပါ။

1 Samuel 05

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်သည် တပ်ထဲသို့ ရောက်သော အခါ၊
ဤစကားကို အချို့သော ဘာသာစကားတွင် နားလည်ပြီးသား အချက်အလက်ထပ်ဖြည့်ရန်၊ အဓိပ္ပါယ်ရှင်းအောင်ပြုလုပ်ရန်တို့ လိုအပ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊" လူများထဲတွင်ဟောဖနိနှင့် ဖိနဟတ်လဲပါပြီးထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကိုသယ်ဆောင်ခဲ့ကြသဖြင့် တပ်သို့ရောက်သည်"

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်သည် တပ်ထဲသို့ ရောက်။
ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို တပ်စခန်းထဲသို့ လူများသယ် ဆောင်ခဲ့ကြသည်။

1 Samuel 07

ဘုရားသခင်သည် ... ရောက်လေပြီ
ဖိလိတ္တိလူတို့သည် မြောက်များစွာသောဘုရားကို ကိုးကွယ်ကြသည်။ ဖြစ်နိုင်ခြေတစ်ခုမှာ ဤဘုရားများထဲမှတစ်ပါးကို ယုံကြည်သည် သို့မဟုတ် စခန်းသို့ရောက်လာသော ဘုရားကို သူတို့မကိုးကွယ်ကြပါ။ အခြားဖြစ်နိုင်သောအဓိပ္ပါယ်မှာသူတို့က ဣသရေလ၏ဘုရားသခင် "ထာဝရဘုရား ရောက်လာပြီး" ကိုဆိုလိုသည်။

တန်ခိုးကြီးသော ဤဘုရားသခင် ၏လက်မှ ငါတို့ကို အဘယ်သူ ကယ်တင်လိမ့်မည်နည်း
ဤအမေးစကားသည် အလွန်ကြောက် လန့်စိုးရိမ်ခြင်းကိုပေါ် လွင်စေ သည်။အခြားသောဘာသာပြန်ဆိုချက်၊ "ဤတန်ခိုးကြီးသောဘုရားသ ခင်ထံမှ ကျွန်ုပ်တို့ကို မည်သူတစ်ဦးမျှမကာကွယ်နိုင်ပါ"

အဲဂုတ္တုလူတို့ကို ဘေးအပေါင်းနှင့် ဒဏ်ခတ်သော ဘုရားကား၊... ဤဘုရားပေတည်း။
၄:၇ တွင် "ထာဝရဘုရား" သည် တစ်ပါးသာဖြစ်သည်၊ ဘာသာပြန်ဆိုမှုတွင်အများအားဖြင့် "တန်ခိုးကြီးသောဘုရား... တိုက်ခိုက်ကာကွယ်ပေးသော ဘုရား" ဟု ဖတ်ရသည်။ ဘုရားများစွာထဲမှတစ်ပါးကို ရည်ညွှန်းသည်။ သို့မဟုတ် " တန်ခိုးကြီးသောထာဝရဘုရား...တိုက်ခိုက်ပေးသောဘုရားသခင်" စသဖြင့် ဣသရေလတို့နှင့် ဆိုင်သောအမည်ကို အသုံးပြုခြင်းဖြစ်သည်။

ယောကျာ်းပြုကြလော့။
တင်စား၍ ပြောသောစကားစုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အားယူ၍ တိုက်ပါ။"

1 Samuel 10

ဣသရေလအမျိုး ရှုံးပြန်၍၊
"ဣသရေလ" မှာ ဣသရေလစစ်တပ်ကို ဆိုလိုသည်။ ပြုလုပ်၊ " သူတို့သည် ဣသရေလစစ်တပ်ကို အောင်နိုင်ခဲ့ကြသည်"

ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူလက်သို့ ရောက်၍
အခြားသောဘာသာပြန်ဆိုချက်၊" ဖိလိတ္တိလူတို့သည် ဘုရား သခင်၏ သေတ္တာတော်ကိုလည်း ယူဆောင်သွားခဲ့ကြသည်"

1 Samuel 12

မိမိအဝတ်ကို ဆုတ်လျက်၊ မိမိခေါင်းပေါ်မှာ မြေမှုန့်ကိုတင်လျက်၊
ဤအပြုအမူမှာ အလွန်ဝမ်းနည်းပူဆွေးမှုကို ကြုံတွေ့လျှင်ဖော်ပြသော ဣသရေလလူမျိုးတို့၏ ဓလေ့ထုံးစံတစ်ခုဖြစ်သည်။

စိတ်နှလုံးတုန်လှုပ်လျက် စောင့်နေ၏။
ဤစကားစု၏အဓိပ္ပါယ်မှာ သူအလွန်ကြောက်ရွံ့နေသည်၊ သို့မဟုတ် တစ်စုံ တစ်ရာအကြောင်းကို ထိတ်လန့်စိုးရိမ်နေသည်။

တမြို့လုံး
" မြို့တွင်ရှိသော လူများအားလုံး" ကို ဆိုလိုသည်။

1 Samuel 14

ထိုသူသည်
ဗင်္ယာမိန်လူကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

1 Samuel 16

ငါ့သား၊

ဧလိသည် ထိုလူ၏ ဖခင်အရင်းမဟုတ်ပါ။ ဖခင်တစ်ဦးကဲ့သို့တင်စားပြောခြင်းကို ထိုလူသည်စိတ်မဆိုးသော်လည်း သူ့ကိုပြန်ဖြေရန်လိုအပ်သည်။

ဣသရေလအမျိုးသည် ဖိလိတ္တိလူတို့ရှေ့မှာပြေး၍

ဖြစ်ပျက်ခဲ့သော အကြောင်းအရာကို ယေဘုယျဖော်ပြခြင်းဖြစ်သည်။ ကျန်ရစ်ခဲ့သော လူ၏ စကားများမှာ အသေးစိတ်အဖြစ်ပြောသည်။

ဘုရားသခင်၏ သေတ္တာတော် သည်လည်း ရန်သူလက်သို့ ရောက်ပါပြီ

အခြားသောဘာသာပြန်ဆိုချက်၊ " ဖိလိတ္တိလူတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို ယူသွားခဲ့ကြသည်။"

1 Samuel 18

သိတင်းကို ကြားသောအခါ

ပြောစကား

လည်ပင်းကျိုး၍

"သူ လဲကျသောကြောင့် သူ၏လည်ပင်း ကျိုးသွားခဲ့သည်" သို့မဟုတ်" သူလဲကျသောအခါ သူဇက်ကျိုးသွားသည်"

1 Samuel 19

သူ၏ ချွေးမ

ဧလိ၏ ချွေးမ

ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူလက်သို့ ရောက်ကြောင်း၊

အခြားသောဘာသာပြန်ချက်၊ " ဖိလိတ္တိလူတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို သိမ်းပိုက်ခဲ့သည်"

ပြန်မပြော၊ အမှုမထားဘဲနေ၏။

"သူတို့ဘာပြောသည်ကို ဘာမျှမတုန့်ပြန်ပေ" သို့မဟုတ် "သူမကိုယ်တိုင် ပို၍ ကောင်းသောခံစားမှုသို့ဖြစ်ပေါ်ခွင့်ပေးသည်။"

1 Samuel 21

ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူလက်သို့ ရောက်သောကြောင့် ၎င်း

အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိလူများသည် ဘုရားသခင် ၏ သေတ္တာတော်ကို သိမ်းပိုက်ခဲ့ကြသည့်အတွက်"

ဣခဗုဒ်

နာမည်တစ်ခုဖြစ်ပြီး အဓိပ္ပါယ်မှာ " ဘုန်းအသရေမရှိခြင်း"၊ လူတစ်ဦး၏ နာမည်သည် တစ်ခါတစ်လေ ထိုလူအကြောင်းအချက်အလက်၊ နေရာကိုဖွင့်ပြသည် သို့မဟုတ် အရာဝတ္ထုကိုလည်းကောင်း ရည်ညွှန်းသည်။ (ရှု၊translate-names )

---

## Translation Questions

1 Samuel 4:1

ဣသရေလနှင့် ဖိလိတ္တိလူတို့ကြား စစ်ပွဲ၏ အဖြေသည် အဘယ်သို့ဖြစ်သနည်း။

ဣသရေလတို့သည် ဖိလိတ္တိလူတို့ကို စစ်ရှုံးခဲ့သည်။

1 Samuel 4:3

ဣသရေလ၏ အသက်ကြီးသူတို့သည် သူတို့ရန်သူများ၏ တန်ခိုးမှ လုံခြုံဖို့ရန် အဘယ်သို့ ဆုံးဖြတ်ခဲ့ကြသနည်း။

ဣသရေလ၏ အသက်ကြီးသူတို့သည် ထာဝရဘုရား၏ သက်သေပဋိညာဉ်သေတ္တာကို သူတို့နှင့် အတူ ဆောင်ယူသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ သက်သေပဋိညာဉ်သေတ္တာတော်နှင့်အတူ အဘယ်သူရှိသနည်း။

ဧလိ၏သားနှစ်ယောက်ဖြစ်သော ဟောဖနိနှင့် ဖိနဟတ်တို့သည် ပဋိညာဉ်တ္တောနှင့်အတူ ရှိနေသည်။

1 Samuel 4:5

ဣသရေလလူတို့၏ကြီးသော အော်သံကို ဖိလိတ္တိလူတို့သည် ကြားသောအခါ အဘယ်သို့အံ့ဩခဲ့ကြသနည်း။

ဟေဗြဲတပ်၌ ကျယ်သောအော်သံသည် အဘယ်သို့နည်း ဟု ဖိလိတ္တိလူတို့သည် အံ့ဩခဲ့ကြသည်။

1 Samuel 4:7

ဟေဗြဲတပ်ထဲသို့ ရောက်လာပြီဟု ဖိလိတ္တိလူတို့ ပြောသောသူသည် အဘယ်သူဖြစ်မည်နည်း။

ဘုရားသခင်သည် ဟေဗြဲ တပ်ထဲသို့ ရောက်လာပြီဟု ဖိလိတ္တိလူတို့ပြောခဲ့သည်။

တောဥ္စ အဲဂုတ္တု လူမျိုးတို့ကို ဘုရားသခင်သည် အဘယ်အရာများနှင့် တိုက်ခိုက်ခဲ့သည်ဟု ဖိလိတ္တိလူတို့ပြောခဲ့ကြသနည်း။

ဘုရားသခင်သည် အဲဂုတ္တုလူတို့ကို အမျိုးမျိုးသော ဘေးဒုက္ခများနှင့် တိုက်ခိုက်ခဲ့သည်ဟု ဖိလိတ္တိလူတို့ ပြောခဲ့ကြသည်။

1 Samuel 4:10

ဖိလိတ္တိလူတို့သည် ပြန်တိုက်ခိုက်၍ ဣသရေလသည် စစ်ရှုံးသောအခါ ဧလိသားနှစ်ယောက်တို့သည် အဘယ်သို့ ဖြစ်ပျက်ခဲ့သနည်း။
ဧလိ၏ သားနှစ်ယောက်ဖြစ်သော ဟောဖနိနှင့် ဖိနဟတ်တို့သည် အသက်ဆုံးခဲ့သည်။

1 Samuel 4:12

အမျိုးသားတစ်ယောက်သည် စစ်ပွဲမှ မြို့ထဲသို့ ဝင်လာ၍ သတင်းများပြောသောအခါ တစ်မြို့လုံးသည် အဘယ်သို့ ပြုလုပ်ကြသနည်း။
အမျိုးသားတစ်ယောက်သည် သတင်းများပြောသောအခါ တစ်မြို့လုံးငိုခဲ့ကြသည်။

1 Samuel 4:14

ဧလိသည် မြို့၏ မြည်တမ်းဆူညံသောအသံကို သူကြားသောအခါ အဘယ်သို့ မေးခွန်းမေးခဲ့သနည်း။
ဧလိက အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း၏ အဓိပ္ပာယ်သည် အဘယ်သို့နည်းဟု မေးခဲ့သည်။

1 Samuel 4:16

ဣသရေလသည် ဖိလိတ္တိလူမျိုးများအား စစ်ရှုံးသောအခါ သူ၏ သားတို့နှင့် ဘုရားသခင်၏ သေတ္တာတော်သည် အဘယ်သို့ဖြစ်ခဲ့သည်ကို အမျိုးသားသည် ဧလိအားအဘယ်သို့ ပြောခဲ့သနည်း။
အမျိုးသားက ကိုယ်တော်၏ ဤသားနှစ်ယောက်သည် သေပါပြီ၊ ဘုရားသခင်၏ သေတ္တာတော်ကိုလည်း ယူဆောင်သွားကြပါပြီဟု ဧလိအား လျှောက်လေသည်။

1 Samuel 4:18

ဧလိသည် တခါနားမှာထိုင်သော ခုံပေါ်မှ နောက်သို့ လန်ကျသွားသောအခါ သူ၏ ဘဝကို ယူဆောင်သောဒဏ်ရာမှာ အဘယ်သို့ ဖြစ်သနည်း။
ဧလိသည် လည်ပင်းကျိုး၍ သေလေသည်။

1 Samuel 4:19

ဖိနဟတ်၏ မယားသည် ပဋိသန္ဓေရှိ၍ ဘုရားသခင်၏ သေတ္တာတော်သည် ရန်သူလက်သို့ ရောက်ကြောင်းသူမ၏ ယောက်ျားနှင့် ယောက္ခမ သည်လည်းသေခဲ့ကြောင်းကို ကြားသောအခါ အဘယ်သို့ဖြစ်ပျက်ခဲ့သနည်း။
ဖိနဟတ်၏ မယားသည် ဒူးထောက်၍ သားဖွား၏။ သို့သော် သူမနာကျင်မှုသည် သူမကိုစိုးမိုးသည်။

1 Samuel 4:21

ဖိနဟတ်၏ မယားသည် ကလေးကို အဘယ်သို့နာမည်ပေးခဲ့သနည်း။ အဘယ်ကြောင့်သူမသည် ထိုနာမည်ကို ပေးခဲ့သနည်း။
သူမသည် ဣသရေလဘုန်းအသရေသည် ကွယ်ပျောက်သွားပြီဟု ဆိုသော်ကြောင့် သူငယ်အား ဣခဗုဒ် ဟု အမည်ပေးခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 5

1 ဖိလိတ္တိလူတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို ယူ၍ ဧဗနေဇာမြို့မှ အာဇုတ်မြို့သို့ ဆောင်သွား ကြ၏။ 2 ဘုရားသခင်၏
သေတ္တာတော်ကို ဒါဂုန်ကျောင်းထဲသို့ သွင်း၍ ဒါဂုန်အနားမှာ ထားကြ၏။ 3 အာဇုတ်မြို့သားတို့သည် နံနက်စောစော ထကြသောအခါ၊
ဒါဂုန်သည် ထာဝရဘုရား၏ သေတ္တာ တော်ရှေ့၌ မြေပေါ်မှာလဲ၍ ပြပ်ဝပ်လျက်ရှိသည်ကို တွေ့သဖြင့်၊ သူ့ကိုယူ၍ သူ၏နေရာ၌
တင်ထား ပြန်ကြ၏။ 4 တဖန် နက်ဖြန်နံနက် စောစောထကြသောအခါ၊ ဒါဂုန်သည် ထာဝရဘုရား၏ သေတ္တာတော်ရှေ့၌ မြေပေါ်မှာ
လဲ၍ ပြပ်ဝပ်လျက်၊ ခေါင်းနှင့် လက်ဝါးနှစ်ဘက် ပြတ်၍ တံခါးခုံပေါ်မှာတင်လျက်၊ ဒါဂုန်၌ ကိုယ်တိတိရှိသည်ကို တွေ့ကြ၏။ 5
ထိုကြောင့် ဒါဂုန်၏ ယဇ်ပုရောဟိတ်များ၊ ဒါဂုန်ကျောင်းသို့ ဝင်သောသူများတို့သည်၊ အာဇုတ်မြို့၌ ရှိသော ဒါဂုန်ကျောင်းတံခါးခုံကို
ယနေ့တိုင်အောင် ကျော်နင်းလေ့မရှိကြ။ 6 အာဇုတ်မြို့နှင့်မြို့နယ်၌နေသော သူတို့အပေါ်မှာ၊ ထာဝရဘုရားသည်
လေးသောလက်တော်နှင့် ဖျက်တော်မူ၏။ မြင်းသရိုက် အနာနှင့်လည်း ဒဏ်ခတ်တော်မူ၏။ 7 အာဇုတ်မြို့သားတို့သည် ထိုအမှုကို
မြင်လျှင်၊ ဣသရေလအမျိုး၏ ဘုရားသခင်သည် ငါတို့နှင့် ငါတို့ဘုရား ဒါဂုန်အပေါ်မှာ လေးသောလက်တော်ကို
တင်တော်မူသည်ဖြစ်၍၊ ထိုဘုရားသခင်၏ သေတ္တာတော်ကို ငါတို့တွင် မရှိစေရဟု ဆိုလျက်၊ 8 လူကိုစေလွှတ်၍
ဖိလိတ္တိမင်းအပေါင်းတို့ကို စုဝေးစေပြီးလျှင်၊ ဣသရေလအမျိုး၏ ဘုရားသခင့် သေတ္တာတော်ကို အဘယ်သို့ ပြုရပါမည်နည်းဟု
မေးကြ၏။ မင်းများကလည်း၊ ဣသရေလအမျိုး၏ ဘုရားသခင့်သေတ္တာတော်ကို ဂါသမြို့သို့ ဆောင်သွားစေဟု စီရင်သည်အတိုင်း
ဆောင်သွားကြ၏။ 9 ထိုမြို့သို့ ဆောင်သွားသောနောက်၊ ထာဝရဘုရား၏ လက်တော်သည် ထိုမြို့၌ ကြီးစွာသော ဖျက်ဆီးခြင်းကို
ပြု၍၊ မြို့သူမြို့သား အကြီးအငယ်တို့ကို ဒဏ်ခတ်တော်မူသဖြင့်၊ ကိုယ်အတွင်း၌ မြင်းသရိုက်အနာကို ခံရကြ၏။ 10 တဖန်
ဘုရားသခင်၏ သေတ္တာတော်ကို ဧကြုန်မြို့သို့ ပို့လိုက်သဖြင့်၊ ထိုမြို့သို့ ရောက်သောအခါ၊ မြို့သူမြို့သားတို့က၊ ငါတို့နှင့်
ငါတို့လူများကို သတ်စေခြင်းငှါ၊ ဣသရေလအမျိုး၏ ဘုရားသခင့် သေတ္တာတော်ကို ဆောင်ခဲ့ပါသည်တကားဟု ဟစ်ကြော်လျက်၊ 11
လူကိုစေလွှတ်၍ ဖိလိတ္တိမင်းအပေါင်းတို့ကို စုဝေးစေပြီးလျှင်၊ ဣသရေလအမျိုး၏ ဘုရားသခင့် သေတ္တာတော်သည်
ငါတို့နှင့်ငါတို့လူများကို မသတ်စေခြင်းငှါ လွှတ်လိုက်ကြကုန်အံ့၊ မိမိနေရင်း အရပ်သို့ သွားပါလေစေဟု ဆိုကြ၏။ အကြောင်းမူကား၊
ဘုရားသခင်သည် အလွန်လေးသော လက်တော်ကို တင်တော်မူသဖြင့်၊ တမြို့လုံးသေစေတတ်သော အနာရောဂါ နှံ့ပြားလေ၏။ 12
သေဘေးနှင့်လွတ်သော်လည်း မြင်းသရိုက်နာဖြင့် ဒဏ်ခတ်ခြင်းကိုခံရ၍၊ ထိုမြို့အော်ဟစ်သော အသံ သည် မိုဃ်းကောင်းကင်သို့
တက်လေ၏။

---

---

1 Samuel 01

ဘုရားသခင်၏သေတ္တာတော်
(၁ရာ ၃:၃)တွင်ကြည့်ပါ။ ( ၁ရာ ၄:၃) တွင်
ပြန်ဆိုထားသော"ဘုရားသခင်၏ ပဋိညာဉ်
သေတ္တာတော်"နှင့်အတူတူဖြစ်ပါသည်။

ဒါဂုန်ကျောင်းထဲသို့
ဖိလိတ္တိတို့၏ ဒါဂုန်ဘုရားထားသော၊ ဒါဂုန်ကျောင်းတော်ကို
ဆိုလိုသည်။

ဒါဂုန်သည် ထာဝရဘုရား၏ သေတ္တာ တော်ရှေ့၌ မြေပေါ်မှာလဲ၍
စာဖတ်သူ နားလည်သင့်သည်မှာ ဘုရားသခင်သည်
ဒါဂုန်ရုပ်တုကို ညချိန်တွင် သူ့ရှေ့၌မြေပေါ်မှာ မှောက်လဲရန်
ဖြစ်စေခဲ့သည်။

1 Samuel 04

ဒါဂုန်သည် ... မြေပေါ်မှာ လဲ၍
စာဖတ် သူနားလည်သင့်သည်မှာ ထာဝရဘုရားသည် ဒါဂုန်ကို
လဲကျစေရန်ဖြစ်စေခဲ့သည်။

ခေါင်းနှင့် လက်ဝါးနှစ်ဘက် ပြတ်၍
ထာဝရဘုရားက
တိုက်ပွဲတွင်စစ်သားတစ်ဦးတိုက်ခိုက်ခြင်းခံရသကဲ့သို့
ရန်သူ၏ခြေလက်များကို ပြတ်စေသည့်ပုံကို ဒါဂုန်
၌ဖြစ်စေခဲ့သည်။

ထိုကြောင့်...ယနေ့တိုင်အောင်
စာရေးသူကအဓိကပုံပြင်အကြောင်းမှ သမိုင်းအချို့ကို
သီးခြားဖော်ပြခြင်းဖြစ်သည်။

ယနေ့တိုင်
ဤစာစောင်ကို စာရေးသူရေးခဲ့စဉ်က ဖော်ပြသည့် "ယနေ့တိုင်"
အဓိပ္ပါယ်ဖြစ်သည်။

1 Samuel 06

အာဇုတ်မြို့နှင့်မြို့နယ်၌
မြို့တွင်နေထိုင်ကြသောလူများနှင့်မြို့ ၏အမည်ဖြစ်သည်။ "
အာဇုတ်မြို့ရှိလူများနှင့် ထိုမြို့၏အနားတဝိုက်နယ်မြေရှိလူများ"

ထာဝရဘုရားသည် လေးသောလက်တော်နှင့်
ဤစကားစုမှာတင်စားသောစကားဖြစ်သည်။ "ထာဝရဘုရားသည်
ပြင်းထန်စွာ တရားစီရင်ခဲ့သည်။"

 generated on Sun Jun 30 02:37:40 2024

မြင်းသရိုက် အနာ
ဖြစ်နိုင်ခြေများမှာ (၁) အရေပြားအောက်၌ ဖောင်း၍ ပေါက်သောအနာ၊ သို့မဟုတ် (၂) သွေးလိပ်ခေါင်းရောဂါ ဖြစ်သည်။

ထိုဘုရားသခင်၏ သေတ္တာတော်
(၁ရာ ၃:၃)တွင်ကြည့်ပါ။ (၁ရာ ၄:၃) တွင်ပြန်ဆိုထားသည့်" ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်" နှင့်အတူတူဖြစ်ပါသည်။

ဘုရားသခင်သည်...လေးသောလက်တော်ကို တင်တော်မူသည်ဖြစ်၍၊
ဤစကားစုသည် တင်စားဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က အပြစ်ပေးခဲ့သည်။"

1 Samuel 08

ထာဝရဘုရား၏လက်တော် ..... ဖျက်ဆီးခြင်းကို ပြု၍
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ပြစ်ဒဏ်ပေးသည်။"

အကြီးအငယ်တို့ကို
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

မြင်းသရိုက်အနာ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) အရေပြားအောက်၌ လွန်စွာနာကျင်သည်။(၂) သွေးလိပ်ခေါင်းရောဂါ ဖြစ်သည်။ ၅း၆ အတိုင်းဘာသာပြန်ရန်ဖြစ်သည်။

1 Samuel 10

ဟစ်ကြော်လျက်၊
သူတို့အဘယ်ကြောင့်အော်ဟစ်ငိုကြွေးကြသည်ကိုရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြောက်ရွံ့ထိတ်လန့်ကာ အော်ငိုခဲ့ကြသည်။"

1 Samuel 11

ဣသရေလအမျိုး၏ ဘုရားသခင်
ဖြစ်နိုင်ချေအဓိပ္ပါယ်များမှာ (၁) သူတို့ကိုယ်ပိုင်အမည်ဖြစ်သော ဣသရေလလူမျိုး၏ဘုရားသခင်၊ သို့မဟုတ် (၂) သူတို့ ယုံကြည်ကိုးကွယ်သော တစ်ဆူတည်းသောဘုရား "ဣသရေလ၏ ဘုရားသခင်" (၁ရာ ၅:၇) တွင်ကြည့်ပါ။

ဘုရားသခင့် သေတ္တာတော်
(၁ရာ ၃:၃၊ ၄:၃) ပြန်ဆိုသည့်အတိုင်းအတူတူဖြစ်ပါသည်။

ဘုရားသခင်သည် အလွန်လေးသော လက်တော်ကို တင်တော်မူသဖြင့်
လက်တော်မှာလူတို့ကို ဘုရားသခင် အပြစ်ပေးခြင်းကိုဆိုလိုသည်။ "ဘုရားသခင်သည် လူတို့ကို ပြင်းထန်စွာအပြစ်ပေးနေခဲ့သည်။"

တမြို့လုံးသေစေတတ်သော အနာရောဂါ
မြို့တွင်ရှိသော လူအားလုံးသေရန် ကြောက်လန့်ခဲ့ကြသည်။

သေဘေးနှင့်လွတ်သော်လည်း
ဤစကားမှာ သွယ်ဝိုက်ပြောသော်လည်း အမှန်တကယ်လူအများသေခဲ့သည်။

မြင်းသရိုက်နာ
(၁ရာ ၅:၆) တွင် ကြည့်ပါ။

ထိုမြို့အော်ဟစ်သော အသံသည် မိုဃ်းကောင်းကင်သို့ တက်လေ၏။
" မြို့"မှာ မြို့၏ လူများကို ကိုယ်စားပြုသည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) "မိုဃ်းကောင်းကင်သို့ တက်" စကားစုမှာ "အလွန်ကြီးမားသည်" ကို တင်စားသည်၊ သို့မဟုတ် (၂) " ကောင်းကင်" စကားလုံးမှာ လူတို့၏ ဘုရားများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရှိလူများတို့သည် သူတို့၏ ဘုရားများကို အော်ဟစ်ငိုကြွေးကြသည်။"

---

## Translation Questions

1 Samuel 5:1

ဖိလိတ္တိလူတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို ယူ၍ ဒါဂုန်ကျောင်းထဲသို့သွင်းပြီးနောက်၊ နောက်တစ်နေ့တွင် ဒါဂုန်ရုပ်တုသည် အဘယ်အနေအထား၌ ရှိနေသည်ကို လူတို့ တွေ့ခဲ့ကြသနည်း။
ဒါဂုန်ရုပ်တုသည် ထာဝရဘုရား၏ သေတ္တာတော်ရှေ့ မြေပေါ်၌ လဲ၍ ပြပ်ဝပ်လျက် ရှိနေသည်ကို တွေ့ခဲ့သည်။

1 Samuel 5:4

သူတို့သည် သေတ္တာတော်ရှေ့ သူ့နေရာ၌ ပြန်ထားပြီးနောက် တစ်ဖန်နံနက်မိုးလင်းချိန် ဒါဂုန် ရုပ်တုသည် အဘယ်သို့ ပြန်ရှိနေသနည်း။
သူ၏ဦးခေါင်းနှင့် လက်ဝါးနှစ်ဖက်ပြတ်၍ တံခါးခုံပေါ်မှာ တင်လျက် ဒါဂုန်၌ ကိုယ်တိတိသာလျှင် ကျန်ရှိနေသည်။

1 Samuel 5:6

သေတ္တာတော်သည် သူတို့နှင့်အတူ မရှိစေရဟု အာဇုတ်အမျိုးသားသည် အဘယ်ကြောင့် ပြောခဲ့သနည်း။
ဣသရေလ၏ ဘုရားသခင်လက်တော်သည် သူတို့နှင့် သူတို့၏ဘုရားဒါဂုန်အပေါ်မှာ လေးသော လက်တော်နှင့် ဖျက်ဆီးတော်မူသောကြောင့်ဖြစ်သည်။

1 Samuel 5:8

ဣသရေလအမျိုး ဘုရားသခင်၏သေတ္တာတော်ကို ဖိလိတ္တိလူတို့သည် အဘယ်နေရာသို့ ဆောင်သွားခဲ့သနည်း။
ဖိလိတ္တိလူတို့သည် သေတ္တာတော်ကို ဂါသမြို့သို့ဆောင်သွားခဲ့သည်။

ဂါသမြို့သားတို့ကို ထာဝရဘုရားသည် အဘယ်အရာနှင့် ညှဥ်းဆဲသနည်း။
ထာဝရဘုရားသည် မြင်းသရိုက်အနာများနှင့် သူတို့ကို ညှဥ်းဆဲသည်။

1 Samuel 5:10

သေတ္တာတော်သည် သူတို့၏ မြို့သို့ ပို့ဆောင်သောကြောင့် ဣသရေလ ဘုရားသခင်သည် သူတို့ကို အဘယ်သို့ ပြုလိမ့်မည်ဟု ဧကြုန်လူတို့ပြောခဲ့ကြသနည်း။
ဣသရေလဘုရားသခင်သည် သူတို့နှင့်အတူသူတို့၏ လူတို့ကို သတ်ဖြတ်လိမ့်မည်ဟု ပြောခဲ့ကြသည်။

1 Samuel 5:11

သေတ္တာတော်ကို ပို့ဆောင်သော သူတို့ကို အဘယ်နေရာသို့ ပို့ဆောင်ရန် ဧကြုန်လူတို့ တောင်းဆိုခဲ့သနည်း။
သေတ္တာတော်ကို ၎င်း၏ နဂိုနေရာသို့ ပို့ဆောင်ပေးဖို့ရန် သူတို့တောင်းဆိုခဲ့ကြသည်။

မြို့နေလူတို့၏ ငိုကြွေးသံသည် အဘယ်နေရာသို့ တက်သွားသနည်း။
မြို့နေလူတို့၏ ငိုကြွေးသံသည် ကောင်းကင်သို့ တက်သွားလေသည်။

## Chapter 6

1 ထာဝရဘုရား၏ သေတ္တာတော်သည် ဖိလိတ္တိပြည်၌ ခုနစ်လနေပြီးမှ၊ 2 ဖိလိတ္တိလူတို့သည် ယဇ်ပုရောဟိတ်များ၊
ပရောဖက်လုပ်သူများတို့ကို ခေါ်၍ ထာဝရဘုရား၏ သေတ္တာ တော်ကို အဘယ်သို့ ပြုရပါမည်နည်း။ သူနေရင်းအရပ်သို့
အဘယ်သို့သော ပူဇော်သက္ကာနှင့် လွှတ် လိုက်ရပါမည်နည်းဟု မေးမြန်းကြ၏။ 3 သူတို့ကလည်း၊ ဣသရေလအမျိုး၏
ဘုရားသခင့်သေတ္တာတော်ကို လွှတ်လိုက်လျှင် ကိုယ်ချည်း မလွှတ် လိုက်ကြနှင့်။ ဒုစရိုက်ပူဇော်သက္ကာကို ဆက်ဆက် ပေးလိုက်ရမည်။
သို့ပြုလျှင် ရောဂါငြိမ်းလိမ့်မည်။ အဘယ်ကြောင့် လက်တော်မရွေ့သေးသည်ကို သိကြလိမ့်မည်ဟု ဆိုကြ၏။ 4 အဘယ်အရာကို
ဒုစရိုက်ဖြေရာ ပူဇော်သက္ကာဘို့ ပြန်ပေးလိုက်ရပါမည်နည်းဟု မေးလျှင်၊ ဖိလိတ္တိမင်း အရေအတွက်အတိုင်း ရွှေမြင်းသရိုက်ပုံငါးခုနှင့်
ရွှေကြွက်ငါးကောင်ကို ပေးလိုက်ရမည်။ သင်တို့ နှင့် သင်တို့မင်းများ၌ ရောဂါတပါးတည်း စွဲလျက်ရှိ၏။ 5 ထိုကြောင့် မြင်းသရိုက်ပုံ၊
မြေကို ဖျက်တတ်သော ကြွက်ပုံတို့ကို လုပ်၍ ဣသရေလအမျိုး၏ ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းရကြမည်။ လက်တော်သည်
သင်တို့နှင့် သင်တို့ဘုရားအပေါ်၊ သင်တို့မြေအပေါ်မှာ ပေါ့ကောင်းပေါ့လိမ့်မည်။ 6 သို့ဖြစ်၍ ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့သည်
ခိုင်မာသော စိတ်နှလုံးရှိသကဲ့သို့ အဘယ်ကြောင့် ခိုင်မာသော စိတ်နှလုံးရှိကြသနည်း။ သူတို့တွင် အထူးသဖြင့် ပြုတော်မူသောအခါ၊
သူတို့သည် လွှတ် လိုက်၍ ဣသရေလလူတို့သည် သွားကြ၏။ 7 ယခုမှာ လှည်းသစ်ကိုလုပ်ပြီးမှ ထမ်းပိုးမတင်၊ သားငယ်ရှိသော
နွားမနှစ်ကောင်ကို လှည်း၌ ကချ၍၊ နွားသငယ်တို့ကို သူ့နေရာသို့ ပို့ကြလော့။ 8 ထာဝရဘုရား၏ သေတ္တာတော်ကို လှည်းပေါ်မှာ တင်၍
ပြန်ပေးလိုက်သော ဒုစရိုက်ဖြေရာ ပူဇော် သက္ကာတည်းဟူသော ရွှေတန်ဆာတို့ကို သေတ္တာတော်နားမှာ အခြားသောသေတ္တာ၌
ထားပြီးလျှင် လွှတ်လိုက်၍ သွားပါလေစေ။ 9 သေတ္တာတော်သည် မိမိပြည်သို့ သွားသောလမ်း ဗက်ရှေမက်မြို့သို့လိုက်လျှင်၊
ထိုဘုရားသခင်သည် ဤဘေးကြီးကို ငါတို့၌ ဖြစ်စေပြီ။ သို့မဟုတ် ဒဏ်ခတ်တော်မူသောကြောင့် ငါတို့မခံ၊ အလိုလို ခံရ သည်ကို
သိရကြမည်ဟု စီရင်သည်အတိုင်း၊- 10 လူများတို့သည် ပြုသဖြင့်၊ သားငယ်ရှိသော နွားမနှစ်ကောင်ကို လှည်း၌ ကချ၍၊ နွားသငယ်တို့ကို
သူ့ နေရာ၌ ချုပ်ထားကြ၏။ 11 ထာဝရဘုရား၏ သေတ္တာတော်နှင့်တကွ ရွှေကြွက်များ၊ မင်းသရိုက်ပုံများပါသော သေတ္တာတော်ကို
လှည်းပေါ်မှာ တင်ကြ၏။ 12 နွားမတို့သည် ဗက်ရှေမက်လမ်းသို့ တည့်တည့်လိုက်၍ မြည်တွန်လျက် သွားကြ၏။ လက်ျာဘက်
လက်ဝဲဘက်သို့မလွှဲ လမ်းမသို့သာ လိုက်ကြ၏။ ဖိလိတ္တိမင်းတို့သည် ဗက်ရှေမက်မြို့နယ်တိုင်အောင် လိုက်ကြ၏။ 13
ဗက်ရှေမက်မြို့သားတို့သည် ချိုင့်၌ ဂျုံ စပါးကိုရိတ်လျက် မျော်ကြည့်၍ သေတ္တာတော်ကို မြင်သော အခါ ဝမ်းမြောက်ကြ၏။ 14
လှည်းသည် ဗက်ရှေမက်မြို့သား ယောရှု၏ လယ်ကွက်ထဲသို့ ဝင်၍ ကျောက်ကြီးအနားမှာ ရပ်နေ၏။ ထိုသူတို့သည် လှည်းကို
ချိုးခွဲပြီးလျှင် နွားမတို့ကို ထာဝရဘုရားအား မီးရှို့ရာယဇ်ပြု၍ ပူဇော်ကြ၏။ 15 ထိုအခါ လေဝိသားတို့သည် ထာဝရဘုရား၏
သေတ္တာတော်နှင့် ရွှေတန်ဆာပါသောသေတ္တာကိုချ၍ ကျောက်ကြီးပေါ်မှာ တင်ထားပြီးလျှင်၊ ဗက်ရှေမက်မြို့သားတို့သည်
ထိုနေ့ခြင်းတွင် မီးရှို့ရာယဇ်မှ စ၍ ယဇ်မျိုးကို ထာဝရဘုရားအား ပူဇော်ကြ၏။ 16 ထိုအမှုကို ဖိလိတ္တိမင်းငါးယောက်တို့သည် မြင်ပြီးမှ၊
ထိုနေ့ခြင်းတွင် ဧကြုန်မြို့သို့ ပြန်သွားကြ၏။ 17 ထာဝရဘုရားအား ပြန်ပေးသော ဒုစရိုက်ဖြေရာ ပူဇော်သက္ကာတည်းဟူသော
ရွှေမြင်းသရိုက်ပုံတို့ကား၊ အာဇုတ်မြို့ဘို့တခု၊ ဂါဇမြို့ဘို့တခု၊ အာရှကေလုန်မြို့ဘို့တခု၊ ဂါသမြို့ဘို့တခု၊ ဧကြုန်မြို့ဘို့တခု
ဖြစ်သတည်း။ 18 ရွှေကြွက်တို့ကား၊ ထာဝရဘုရား၏ သေတ္တာတော်ကို တင်ထားသော ကျောက်ကြီးတိုင်အောင် ခိုင်ခံ့သော မြို့ဖြစ်စေ၊
တောရွာဖြစ်စေ၊ ဖိလိတ္တိမင်းငါးပါးဆိုင်သမျှသော မြို့ရွာအရေအတွက်အတိုင်း ဖြစ်သတည်း။ ထိုကျောက်ကား ယနေ့တိုင်အောင်
ဗက်ရှေမက်မြို့သား ယောရှု၏ လယ်ကွက်၌ရှိ၏။ 19 ဗက်ရှေမက်မြို့သားတို့သည် ထာဝရဘုရား၏ သေတ္တာတော်ထဲသို့
ကြည့်ရှုမိသောကြောင့်၊ လူခုနစ်ဆယ်နှင့်လူငါးသောင်းတို့သည် ဒဏ်ခတ်တော်မူခြင်းကို ခံရကြ၏။ ထိုသို့ ထာဝရဘုရားသည်
ကြီးစွာသော လုပ်ကြံခြင်းအားဖြင့် ဒဏ်ပေးတော်မူသောကြောင့်၊ လူများတို့သည် ငိုကြွေးမြည်တမ်း ကြ၏။ 20
ဗက်ရှေမက်မြို့သားတို့က၊ သန့်ရှင်းတော်မူသော ဤဘုရားသခင် ထာဝရဘုရားရှေ့တော်၌ အဘယ်သူ ရပ်နေနိုင်သနည်း။
ငါတို့အရပ်က၊ အဘယ်သူရှိရာသို့ ကြွသွားတော်မူမည်နည်းဟု ဆိုသဖြင့်၊- 21 ကိရယတ် ယာရိမ်မြို့သားတို့ထံသို့ လူကိုစေလွှတ်၍
ဖိလိတ္တိလူတို့သည် ထာဝရဘုရား၏ သေတ္တာ တော်ကို တဖန်ပို့ကြပြီ။ သင်တို့လာ၍ ဆောင်သွားကြပါတော့ဟု မှာလိုက်ကြ၏။

---

1 Samuel 01

ယဇ်ပုရောဟိတ်များနှင့် ပရောဖက်လုပ်သူများ
ဒါဂုန်ဘုရားကိုကိုးကွယ်ကြသည့် ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များဖြစ်သည်။

ငါတို့ အဘယ်သို့ပြုရမည်နည်း
ဖိလိတ္တိလူတို့က ထာဝရဘုရားကို ဒေါသမထွက်ဘဲသေတ္တာတော်ကို မည်သို့ဖယ်ရှားမည်ကို သိချင်ကြသည်။

1 Samuel 03

ဣသရေလအမျိုး၏ ဘုရားသခင်
(၁ရာ ၅:၇) တွင် ပြန်ဆိုထားသည်ကို ကြည့်ပါ။

ဒုစရိုက်ပူဇော်သက္ကာကို ဆက်ဆက် ပေးလိုက်ရမည်။
"ဆက်ဆက်ပေး" ဆိုသည်မှာ ဖိအားပေး၍
ပြောဆိုလုပ်ဆောင်စေခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဒုစရိုက်ပူဇော်သက္ကာကို
ပို့ပေးရမည်"

ရောဂါငြိမ်းလိမ့်မည်
သင်တို့ မကြာမီ နေပြန်ကောင်းလိမ့်မည်။

အဘယ်ကြောင့် လက်တော်မရွေ့သေးသည်ကို
"လက်တော်"မှာဘုရားသခင်၏ တန်ခိုးတော်၊ ရောဂါဘေး၊
နည်းဥပဒေသ တို့ကို ကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ သူသည်သင်တို့၏
ဘေးဒုက္ခတို့ကိုအဘယ် ကြောင့်မသက်သာစေသနည်း။"

မြင်းသရိုက်
(၁ရာ ၅:၆)တွင် ဘာသာပြန်ထားသည့် အတိုင်းဖြစ်ပါသည်။

ကြွက်များ
ကြွက် ၁ ကောင်ထက်ပိုသော အရေအတွက်

သင်တို့
"သင်တို့"ဆိုသည်မှာ ဖိလိတ္တိလူများ အားလုံးကိုရည်ညွှန်းသော
နမ်စားဖြစ်သည်။

1 Samuel 05

မြင်းသရိုက်
(၁ရာ ၅:၆)တွင် ကြည့်ပါ။

ပုံ
အရာဝတ္ထုအစစ်နှင့်သဏ္ဍာန်တူ သောအရာတစ်ခု

ဖျက်တတ်သော
ဖျက်ဆီးနေသည်။

ဣသရေလအမျိုး၏ ဘုရားသခင်
(၁ရာ ၅:၇)တွင် ပြန်ဆိုထားသည်ကို ကြည့်ပါ။

လက်တော်သည် သင်တို့နှင့် သင်တို့ဘုရားအပေါ်၊ သင်တို့မြေအပေါ်မှာ
"လက်တော်"မှာဘုရားသခင်၏ တန်ခိုးတော်၊ ရောဂါဘေး၊
နည်းဥပဒေသ တို့ကို ကိုယ်စားပြုသည်။

ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့ သည် ခိုင်မာသော စိတ်နှလုံးရှိသကဲ့ သို့
အဘယ်ကြောင့် ခိုင်မာသော စိတ်နှလုံးရှိကြသနည်း။
ခေါင်းမာခြင်း၊ ဘုရားသခင်ကိုနာမခံခြင်းကို ဆိုလိုသည့်
အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားသခင်ကို နာခံရန် ငြင်းဆိုသည်"

ခိုင်မာသော စိတ်နှလုံး
တင်စားခြင်းဖြစ်၍ ဆိုလိုသည့် အဓိပ္ပါယ်မှာ ပြောရခက်သည်
သို့မဟုတ် ဘုရားစကားလိုက်နာရန် စိတ်ဆန္ဒမရှိပေ။
အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားစကားနားထောင်ရန်ငြင်းပယ်သည်"

1 Samuel 07

သားငယ်ရှိသော နွားမနှစ်ကောင်
နို့စို့နေသေးသော နွားငယ်ကလေးရှိသည့် နွားမနှစ်ကောင်

လွှတ်လိုက်၍ သွားပါလေစေ
ပုံမှန်အားဖြင့် နွားမနှစ်ကောင်သည် သူတို့၏ သားငယ်များရှိရာ
အိမ်ဘက်သို့ ပြန်သွားမည်။

မိမိပြည်သို့ သွားသောလမ်း ဗက်ရှေမက်မြို့သို့လိုက်လျှင်၊ ထိုဘုရားသခင်သည်
နွားများသည် ဖိလိတ္တိဇရိယာတွင် ရှိသောသူတို့၏
သားငယ်များထံ ပြန်သွားသော အခါ ဗက်ရှေမက်မြို့သို့
လှည့်လည်သွားလာရန် ရွေးသည်။

1 Samuel 10

သားငယ်ရှိသော နွားမနှစ်ကောင်
နို့စို့နေကြသေးသော နွားငယ်လေးများရှိသော နွားမနှစ်ကောင်၊
(ရှု၊ ၁ရာ ၆:၇)

ကြွက်များ
(၁ရာ ၆:၄)တွင် ပြန်ဆိုသည့်အတိုင်း

မြင်းသရိုက်ပုံများ
မြင်းသရိုက် အစစ်များကဲ့သို့လုပ်ထားသည့် ပုံများ

မြင်းသရိုက်
(၁ရာ ၅:၆)တွင် ပြန်ဆိုသည့်အတိုင်း

နွားမတို့သည် ဗက်ရှေမက်လမ်းသို့ တည့်တည့်လိုက်၍
ပုံမှန်အားဖြင့် မွေးမြူထားသော နွားမများသည် သူတို့၏
သားငယ်များရှိရာသို့ ပြန်လာတတ်သော်လည်း၊ ဤနွားများသည်
ဗက်ရှေမက်သို့သာ သွားခဲ့ကြသည်။

မြည်တွန်လျက် သွားကြ၏။
နွားများတို့၏ အသံများနှင့်ဆူညံစွာသွားခြင်းကို ဆိုလိုပါသည်။

လက်ျာဘက် လက်ဝဲဘက်သို့မလွှဲ
နွားများသည် လမ်းမကြီး၏ သွားချင်ရာကိုမသွားပါ။
အခြားသောဘာသာပြန် ဆိုချက်၊


generated on Sun Jun 30 02:37:40 2024

"သူတို့လမ်းမကြီးပေါ်၌သာရှိသည်" သို့မဟုတ် " သူတို့လမ်းမကြီး တည့်တည့်အတိုင်းသွားသည်။"

1 Samuel 13

ဗက်ရှေမက်မြို့သားတို့
ဤလူတို့သည် ဣသရေလလူမျိုးများ ဖြစ်ကြသည်။

မြော်ကြည့်၍
အခြားသောဘာသာပြန်ဆိုချက်၊" အပေါ်သို့ကြည့်သည်"

1 Samuel 14

ကျောက်ကြီးအနားမှာ
သူတို့နွားများကို ယဇ်ပူဇော်သောအခါ ယဇ်ပလ္လင်အဖြစ်အသုံးပြုသောကျောက်တုံးကြီးဖြစ်သည်။

လေဝိသားတို့သည် ထာဝရဘုရား၏ သေတ္တာတော်...ကိုချ၍
အမှန်တကယ်မှာ သူတို့သည် လှည်းကိုထင်းလုပ်ရန်ပိုင်းဖြတ်၍ နွားကို ယဇ်ကောင်အဖြစ်သုံး၍ ဘုရားသခင်ထံပူဇော်ရန် ရှေ့ကဤသို့ ဖြစ်ပျက်ထားခဲ့ပါသည်။

လေဝိသားတို့သည်...သေတ္တာတော်ကိုချ၍
မောရှေ၏ ပညတ်ချက်အရ လေဝိသားများသာ သေတ္တာတော်ကို ကိုင်ဆောင်ခွင့်ပြုထားသည်။

ရွှေတန်ဆာပါသောသေတ္တာကိုချ၍
ရွှေဖြင့်လုပ်ထားသော မြင်းသရိုက်ပုံနှင့်ကြွက်ပုံများ ထည့်ထားသော သေတ္တာ

1 Samuel 16

ဖိလိတ္တိမင်းငါးယောက်
ဖိလိတ္တိလူတို့ကို အုပ်ချုပ်သော ဘုရင်ငါးပါး

1 Samuel 17

မြင်းသရိုက်
(၁ရာ ၅:၆) တွင် ပြန်ဆိုသည့်အတိုင်း

ကြွက်
(၁ရာ ၆:၄) တွင် ပြန်ဆိုသည့်အတိုင်း

ခိုင်ခံ့သော မြို့
ရန်သူများတိုက်ခိုက်ခြင်းမှ ကာကွယ်ရန် တံတိုင်းများဖြင့်ဝန်းရံထားသော မြို့ရွာများဖြစ်သည်။

ကျောက်ကြီး...ထိုကျောက်ကား ယနေ့တိုင်အောင်...ရှိ၏
ထိုကျောက်ကို လူတိုင်းမြင်နိုင်ကြောင်း ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ကြီးမားသောကျောက်သည် နေဆဲဖြစ်ပြီး၊ လူများကဖြစ်ပျက်ခဲ့သောအရာကို သတိရစေသည်"

ယနေ့တိုင်အောင်
စာရေးသူ ဤစာရေးခဲ့သော အချိန်ထိ

ဗက်ရှေမက်မြို့သား
လူတစ်ဦးသည် ဗက်ရှေမက်မြို့မှဖြစ်သောကြောင့် ဤသို့ခေါ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗက်ရှေမက်မှ"

ယောရှု
ယောကျ်ားတစ်ဦး၏ အမည်ဖြစ်သည်။

1 Samuel 19

ထာဝရဘုရား၏ သေတ္တာတော်ထဲသို့ ကြည့်ရှုမိသောကြောင့်
သေတ္တာတော်သည် အလွန်သန့်ရှင်းသည်။ မည်သူတစ်ဦးမျှအခွင့်မရဘဲအထဲသို့ကြည့်ရန် မရပေ။ ခွင့်ပြုခြင်းခံရသော ယဇ်ပုရောဟိတ်များသာလျှင် ကြည့်ရသည်။

လူခုနစ်ဆယ်နှင့်လူငါးသောင်း (၅၀,၀၇၀)
လူငါးသောင်းနှင့် ခုနစ်ဆယ်

သန့်ရှင်းတော်မူသော ဤဘုရား သခင် ထာဝရဘုရားရှေ့တော်၌ အဘယ်သူ ရပ်နေနိုင်သနည်း။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

ငါတို့အရပ်က၊ အဘယ်သူရှိရာသို့ ကြွသွားတော်မူမည်နည်း
အကျိုးအကြောင်းအတွက် မေးခွန်းတစ်ခုဖြစ်သည်။ လူတို့ထာဝရဘုရားကို အလိုရှိပြီး သူတို့ကိုထပ်၍ အပြစ်မပေးနိုင်ရန် သေတ္တာတော်ကို တစ်နေရာရာသို့ ထွက်သွားစေရန် သွယ်ဝိုက်ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ ဤသေတ္တာတော်ကို အခြားနေရာသို့ ပို့နိုင်ပါက ဘုရားသခင်နောက်ထပ် ကျွန်ုပ်တို့ကို အပြစ်မပေးနိုင်မည်လား။"

1 Samuel 21

ကိရယတ် ယာရိမ်မြို့
ဣသရေလရှိ မြို့တစ်မြို့ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

1 Samuel 6:1

ထာဝရဘုရား၏ သေတ္တာတော်သည် ဖိလိတ္တိပြည်၌ မည်သည့်အချိန်ကာလ အဖို့ ဖြစ်သနည်း။
သေတ္တာတော်သည် ဖိလိတ္တိလူတို့၏ နိုင်ငံ၌ ခုနလ အဖို့ဖြစ်သည်။

ဖိလိတ္တိပြည်သူများသည် ထာဝရဘုရား၏ သေတ္တာတော်ကို မူလအရပ်သို့ မည်ကဲ့သို့ ပို့ဆောင်ရမည်ကို မည်သူ့ထံ အကြံဉာဏ်တောင်းခံခဲ့သနည်း။
ထာဝရဘုရား၏ သေတ္တာတော်ကို မူလအရပ်သို့ ပို့ဆောင်ရန် ယဇ်ပုရောဟိတ်မင်းများနှင့် ဝိဉာဏ်သမားများအား မေးမြန်းခဲ့ပါသည်။

1 Samuel 6:3

ယဇ်ပုရောဟိတ်များနှင့် ဝိဉာဏ်သမားများသည် ဣသရေလ ဘုရားသခင်ကို ဒုစရိုက်ယဇ်ပူဇော်သက္ကာကို လက်ဆောင်ကဲ့သို့ ပို့ပေးဖို့ရန် ဖိလိတ္တိလူတို့ကို အဘယ်သို့ပြောခဲ့သနည်း။
သူတို့သည် ရွှေမြင်းသရိုက်ပုံငါးခုနှင့် ရွှေကြွက်ငါးကောင်ကို ပို့ဖို့ရန် ဖိလိတ္တိလူတို့အား ပြောခဲ့သည်။

1 Samuel 6:5

ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့နှင့်အတူ ဘုရားသခင်သည် ပြင်းထန်စွာ ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို အဘယ်ကြောင့် ယဇ်ပုရောဟိတ်များနှင့် ဝိဉာဏ်သမားများသည် အဘယ်သို့ပြောခဲ့ကြသနည်း။
အဘယ်ကြောင့်ဆိုသော် သူတို့၏ စိတ်နှလုံးသားများသည်လည်း ခိုင်မာသောကြောင့် ဘုရားသခင်သည် ဖာရောဘုရင်နှင့်အဲဂုတ္တု လူတို့နှင့်အတူ ပြင်းထန်စွာကိုင်တွယ် ဖြေရှင်းခဲ့သည်။

1 Samuel 6:7

ယဇ်ပုရောဟိတ်မင်းများနှင့် ဝိဉာဏ်သမားများသည် ထာဝရဘုရား၏ သေတ္တာတော်ကို အဘယ်တိရိစ္ဆာန်များကို လှည်း၌ ချည်၍ သူတို့နေရာသို့ ပို့ဖို့ရန် ဖိလိတ္တိလူတို့ကို ပြောခဲ့သနည်း။
ယဇ်ပုရောဟိတ်မင်းများနှင့် ဝိဉာဏ်သမားများသည် လှည်းပေါ်သို့ နွားမနှစ်ကောင်သည် ကို ချည်ဖို့ရန် ဖိလိတ္တိလူတို့အားပြောခဲ့သည်။

ထာဝရဘုရားသည် သူတို့အပေါ်၌ ကြီးမားသော ဘေးဒဏ်ကို ဖြစ်စေပြီဟု ဖိလိတ္တိလူတို့သည် ဘယ်လိုသိရလိမ့်မည်နည်း။
နွားမများ ချည်ထားသော လှည်းသည် မိမိပြည် ဗက်ရှေမက် မြို့လမ်းသို့သွားခဲ့လျှင် ဖိလိတ္တိလူတို့သည် သိရကြလိမ့်မည်။

1 Samuel 6:10

နွားမတို့သည် ရွှေကြွက်များနှင့် မြင်းသရိုက်ပုံများပါသော သေတ္တာတော်များ ဘုရားသခင်၏ သေတ္တာတော်တင်ထားသော နွားလှည်းနှင့်အတူ အဘယ်နေရာသို့ ဦးတည်သွားသနည်း။
နွားမတို့သည် ဗက်ရှေမက်လမ်းသို့ ဖြောင့်ဖြောင့်ဦးတည်သွားသည်။

1 Samuel 6:13

ဗက်ရှေမက်လူတို့သည် မည်သည့်အလုပ်လုပ်နေစဉ် သူတို့၏ မျက်စိများဖြင့် မျှော်ကြည့်၍ သေတ္တာတော်ကို မြင်ကြသနည်း။
သူတို့သည် သူတို့၏ ချိုင့်၌ ဂျုံစပါးကို ရိတ်သိမ်းနေခဲ့ကြသည်။

1 Samuel 6:14

ဗက်ရှေမက်လူတို့သည် လှည်းဆွဲသော နွားမတို့ကို အဘယ်သို့ပြုလုပ်ခဲ့သနည်း။
သူတို့သည် ထာဝရဘုရားယဇ်အဖို့ နွားမတို့ကို မီးရှို့ပူဇော်ခဲ့သည်။

အဘယ်သူသည် ထာဝရဘုရာ၏ သေတ္တာတော်နှင့်အတူ ပါသောသေတ္တာကို အောက်ချခဲ့သနည်း။
လေဝိသားတို့သည် ထာဝရဘုရား၏ သေတ္တာတော်နှင့်အတူ ပါသောသေတ္တာကို အောက်ချခဲ့သည်။

1 Samuel 6:16

ဗက်ရှေမက် လူတို့အောက်ချနေသည်ကို မြင်သောအခါ ဖိလိတ္တိမင်းငါးယောက်တို့သည် အဘယ်သို့ပြုခဲ့ကြသနည်း။
သူတို့သည် ထိုနေ့ချင်း ဧကြုန်မြို့သို့ ပြန်သွားခဲ့သည်။

1 Samuel 6:17

ရွှေကြွက်ငါးခု အရေအတွက်နှင့် မြင်းသရိုက်ပုံငါးခု အရေအတွက်၏ ရည်ရွယ်ချက်သည် အဘယ်သို့ ဖြစ်သနည်း။
ရွှေကြွက်ငါးခုအရေအတွက်နှင့် မြင်းသရိုက်ပုံငါးခု အရေအတွက်သည် ဖိလိတ္တိမင်းငါးပါးနှင့်ဆိုင်သမျှသော မြို့အားလုံး၏ အရေအတွက်အတိုင်းဖြစ်သည်။

1 Samuel 6:19

ထာဝရဘုရားသည် ဗက်ရှေမက်၏ လူခုနှဆယ်ကို အဘယ်ကြောင့်သတ်ခဲ့သနည်း။
သူတို့သည် ထာဝဘုရား၏ သေတ္တာတော်ကို ကြည့်ခဲ့သောကြောင့် ထာဝရဘုရားသည် သူတို့ကို သတ်ခဲ့သည်။

1 Samuel 6:21

သေတ္တာတော်နှင့်ပတ်သက်၍ ဖိလိတ္တိလူတို့ပြန်သယ်ဆောင်ဖို့ရန် ကိရယတ် ယာရိမ်မြို့ထံသို့ စေလွှတ်သောသူသည် အဘယ်သို့တောင်းခံခဲ့သနည်း။
စေလွှတ်သောသူသည် ကိရယတ်နှင့် ယာရိမ်မြို့ထံသို့ သူတို့နှင့်အတူ သေတ္တာတော်ကို ပြန်ယူဆောင်သွားဖို့ရန် တောင်းခံခဲ့သည်။

## Chapter 7

1 ကိရယတ်ယာရိမ်မြို့သားတို့သည် လာ၍ ထာဝရဘုရား၏ သေတ္တာတော်ကို ဆောင်သွားသဖြင့်၊ တောင်ပေါ်မှာရှိသော အမိနဒပ်အိမ်၌
ထား၍ သေတ္တာတော်ကို စောင့်စေခြင်းငှါ၊ သူ၏သား ဧလာဇာကို သန့်ရှင်းစေကြ၏။ 2 သေတ္တာတော်သည် အနှစ်နှစ်ဆယ်ပတ်လုံး
ကြာမြင့်စွာ ကိရယတ်ယာရိမ်မြို့၌ ရှိစဉ်အခါ၊ ဣသရေလ အမျိုးသား အပေါင်းတို့သည် ထာဝရဘုရားကို အောက်မေ့၍
မြည်တမ်းကြ၏။ 3 တဖန် ရှမွေလက၊ သင်တို့သည် အခြားတပါးသော ဘုရားတည်းဟူသော ဗာလဘုရား၊ အာရှတရက် ဘုရားတို့ကို
ပယ်၍ ထာဝရဘုရားအဘို့ သင်တို့စိတ်နှလုံးကို ပြင်ဆင်လျက်၊ ထာဝရဘုရားထံတော်သို့ စိတ်နှလုံး အကြွင်းမဲ့ပြန်လာသဖြင့်၊
ထိုဘုရားကိုသာ ဝတ်ပြုကြလျှင်၊ ဖိလိတ္တိလူတို့လက်မှ ကယ်တင် တော်မူမည်ဟု ဣသရေလအမျိုးသားအပေါင်းတို့အား
ဆုံးမသည်အတိုင်း၊- 4 ဣသရေလအမျိုးသားတို့သည် ဗာလဘုရား၊ အာရှတရက်ဘုရားတို့ကို ပယ်၍ ထာဝရဘုရားကိုသာ
ဝတ်ပြုကြ၏။ 5 ရှမွေလကလည်း ဣသရေလအမျိုးသားအပေါင်းတို့ကို မိဇပါမြို့၌ စုဝေးစေကြလော့။ သင်တို့အဘို့ ထာဝရဘုရားကို
ငါဆုတောင်းမည်ဟု မှာခဲ့သည်အတိုင်း၊ 6 သူတို့သည် မိဇပါမြို့၌ စည်းဝေးသဖြင့်၊ ရေကို ခပ်၍ ထာဝရဘုရားရှေ့တော်၌
သွန်းလောင်းခြင်း၊ အစာရှောင်ခြင်း အကျင့်တို့ကို ကျင့်လျက်၊ အကျွန်ုပ်တို့သည် ထာဝရဘုရားကို ပြစ်မှားပါပြီဟု ဝန်ခံ ကြ၏။
ရှမွေလသည် မိဇပါမြို့၌ ဣသရေလအမျိုးသားတရားမှုတို့ကို စစ်ကြောစီရင်လေ၏။ 7 ဣသရေလအမျိုးသားတို့သည် မိဇပါမြို့၌
စည်းဝေးကြောင်းကို ဖိလိတ္တိလူတို့သည် ကြားလျှင်၊ ဖိလိတ္တိမင်းတို့သည် ဣသရေလအမျိုးရှိရာသို့ စစ်ချီကြ၏။ ထိုသိတင်းကို
ဣသရေလလူတို့သည် ကြားလျှင်၊ ဖိလိတ္တိလူတို့ကို ကြောက်၍၊ 8 ရှမွေလအား၊ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားသည်
အကျွန်ုပ်တို့ကို ဖိလိတ္တိလူတို့လက်မှ ကယ်တင်တော်မူမည်အကြောင်း အကျွန်ုပ်တို့အဘို့ အစဉ်မပြတ် ဆုတောင်းပါလော့ဟု ဆိုကြ၏။
9 ရှမွေလသည်လည်း နို့စို့သိုးသငယ်ကိုယူ၍ ထာဝရဘုရားအား တကောင်လုံး မီးရှို့ရာယဇ်ပူဇော်လျက်၊ ဣသရေလအမျိုးအဘို့
ဆုတောင်း၍ ထာဝရဘုရား နားထောင်တော်မူ၏။ 10 ရှမွေလသည် မီးရှို့ရာယဇ်ကို ပူဇော်စဉ်အခါ၊ ဖိလိတ္တိလူတို့သည်
ဣသရေလအမျိုးကို တိုက်ခြင်းငှါ ချဉ်းလာကြ၏။ ထာဝရဘုရားသည်လည်း၊ ထိုနေ့၌ ဖိလိတ္တိလူတို့အပေါ်မှာ ပြင်းစွာ မိုဃ်းချုန်းစေ၍၊
သူတို့တပ်ကို ဖျက်တော်မူသဖြင့်၊ ဣသရေလအမျိုးရှေ့မှာ ရှုံးကြ၏။ 11 ဣသရေလလူတို့သည် မိဇပါမြို့မှထွက်၍ ဖိလိတ္တိလူတို့ကို
လုပ်ကြံလျက်၊ ဗက်ကာမြို့တိုင်အောင် လိုက်ကြ၏။ 12 ထိုအခါ ရှမွေလသည် ကျောက်ကို ယူ၍ မိဇပါမြို့နှင့်ရှင်မြို့စပ်ကြားမှာ
ထူထောင်သဖြင့်၊ ထာဝရ ဘုရားသည် ငါတို့ကို ယခုတိုင်အောင် မစတော်မူပြီဟုဆိုလျက်၊ ထိုကျောက်ကို ဧဗနေဇာအမည်ဖြင့်
မှည့်လေ၏။ 13 ထိုသို့ ဖိလိတ္တိလူတို့သည် ရှုံးသဖြင့်၊ နောက်တဖန် ဣသရေလအမျိုးနေရာအရပ်သို့ မလာကြ။ ရှမွေလလက်ထက်
ကာလပတ်လုံး ထာဝရဘုရား၏ လက်တော်သည် ဖိလိတ္တိလူတို့ကို ဆီးတား တော်မူ၏။ 14 ဖိလိတ္တိလူတို့သည် သိမ်းယူသော
ဣသရေလမြို့ရွာတို့ကို ဧကြုန်မြို့မှစ၍ ဂါသမြို့တိုင်အောင် ပြန်ပေးရကြ၏။ မြို့နယ်တို့ကိုလည်း ဣသရေလလူတို့သည်
ဖိလိတ္တိလူတို့လက်မှ နှုတ်ယူကြ၏။ ဣသရေလလူနှင့် အာမောရိလူတို့သည်လည်း စစ်မရှိ အသင့်အတင့် နေကြ၏။ 15 ရှမွေလသည်
တသက်လုံး ဣသရေလအမျိုးကို အုပ်စိုးလေ၏။ 16 ဗေသလမြို့၊ ဂိလဂါလမြို့၊ မိဇပါမြို့တို့ကို နှစ်တိုင်းလှည့်ပတ်၍ အရပ်ရပ်တွင်
ဣသရေလအမျိုး၌ စီရင်ရန် အမှုတို့ကို စစ်ကြောစီရင်လေ့ရှိ၏။ 17 ပြန်လာသောအခါ၊ မိမိအိမ်ရှိသော ရာမမြို့သို့ ပြန်လာ၍
ထိုမြို့မှာလည်း ဣသရေလအမျိုး၌ စီရင် ရန် အမှုတို့ကို စစ်ကြောစီရင်လျက်၊ ထာဝရဘုရားဘို့ ယဇ်ပလ္လင်ကိုတည်လျက် နေလေ၏။

---

1 Samuel 01

ကိရယတ်ယာရိမ်မြို့
နေရာတစ်ခု၏ အမည်ဖြစ်သည်။

အမိနဒပ်...ဧလာဇာ
အမျိုးသားတို့၏ အမည်များဖြစ်ကြသည်။

အနှစ်နှစ်ဆယ်ပတ်လုံး
နှစ်ပေါင်း ၂၀

1 Samuel 03

ထာဝရဘုရားထံတော်သို့ စိတ်နှလုံး အကြွင်းမဲ့ပြန်လာသဖြင့်၊
ဤတွင်" စိတ်နှလုံးအကြွင်းမဲ့" မှာ တင်စားသည့်
စကားစုဖြစ်သည်။ အဓိပ္ပါယ်မှာ တစ်စုံတစ်ရာကို လုံးလုံး
လျားလျား ကိုးကွယ်ဆည်းကပ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဝတ်ပြုကိုးကွယ်ရန်
လုံးဝအလေးအနက်ဆည်းကပ်မှု ဖြစ်လာသည်၊
ထာဝရဘုရားတစ်ပါးတည်းကိုသာ လုံးလုံးလျားလျား နာခံသည်။"

ဣသရေလအမျိုးသားအပေါင်းတို့
မြန်မာကျမ်းတွင် "အိမ်" ဟုမသုံးထားသော်လည်း၊
"ဣသရေလအမျိုးသားအပေါင်း" ဟု တိုက်ရိုက်သုံးထား သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ၏ ဆွေစဉ်မျိုး
ဆက်အားလုံး" သို့မဟုတ် "ဣသရေလလူမျိုးများ အားလုံး"

1 Samuel 05

ဣသရေလအမျိုးသားအပေါင်းတို့
ဣသရေလနိုင်ငံ၏လူများ သို့မဟုတ် "
ဣသရေလလူမျိုးများအားလုံး"


generated on Sun Jun 30 02:37:40 2024

ရေကို ခပ်၍ ထာဝရဘုရားရှေ့တော်၌ သွန်းလောင်းခြင်း၊
ဖြစ်နိုင်သော အဓိပ္ပါယ်များမှာ

1 Samuel 07

ဖိလိတ္တိမင်းတို့သည် ဣသရေလအမျိုးရှိရာသို့ စစ်ချီကြ၏။
ဤတွင်ဖိလိတ္တိမင်းများကိုယ်တိုင်
ဣသရေလလူမျိုးတို့ကိုတိုက်ခိုက်ခဲ့သည်မဟုတ်ဘဲ၊
စစ်တပ်တစ်ခုလုံးကိုပေါ်လွင်စေရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိမင်းတို့သည် သူတို့၏
တပ်တစ်ခုလုံးကိုဦးဆောင်ပြီး၊ ဣသရေလလူတို့ကို
တိုက်ခိုက်ခဲ့ကြသည်။"

အကျွန်ုပ်တို့ကို ဖိလိတ္တိလူတို့လက်မှ ကယ်တင်တော်မူမည်အကြောင်း
"လက်" မှာပုဂ္ဂိုလ်တစ်ဦး၏ တန်ခိုးကို ကိုယ်စားပြုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ဖိလိတ္တိတပ်မှ ကျွန်ုပ်တို့ကို
ကယ်ပါ" သို့မဟုတ် " ဖိလိတ္တိတပ်၏ အန္တရာယ်ပြုခြင်းမှ
ကျွန်ုပ်တို့ကို စောင့်ရှောက်ပေးပါ။"

1 Samuel 09

နို့စို့သိုးသငယ်
မိခင်နို့ကို သောက်နေသေးသော သိုးငယ်လေး

ဆုတောင်း၍
ကူညီပေးရန် အော်ဟစ်ခဲ့သည်။

ထာဝရဘုရား နားထောင်တော်မူ၏။
ထာဝရဘုရားသည် ရှမွေလက
သူ့ကိုပြုလုပ်ပေးရန်တောင်းဆိုသမျှအတိုင်း လုပ်ပေးခဲ့သည်။

1 Samuel 10

ရှမွေလသည်… ဗက်ကာမြို့တိုင်အောင် လိုက်ကြ၏။
( ၁ရာ ၇:၉) တွင် စာရေးသူအစတွင်ရှင်းပြသည့် အဓိပ္ပါယ်မှာ
"ထာဝရဘုရားသည် သူ့ကို နားထောင်ပေးခဲ့သည်။"

သူတို့တပ်ကို ဖျက်တော်မူသဖြင့်၊
ဖိလိတ္တိတပ်သည်အမှတ်မထင်လမ်းကြောင်းကိုရှင်းလင်းစွာတွေးရန်
မဖြစ်နိုင်တော့"စိတ်ရှုပ်ထွေး" ဟူသည့် စကားလုံးသုံးထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ရှင်းလင်းစွာ
တွေးရန်မဖြစ်အောင်လုပ်ခဲ့သည်။"

ဣသရေလအမျိုးရှေ့မှာ ရှုံးကြ၏။
ဖြစ်နိုင်ချေအဓိပ္ပါယ်များမှာ

ရှုံးကြ၏
သူတို့ကို စစ်နိုင်ရန် ဆုညံသံ၊ နှောက်ယှက်ခြင်းအချို့ကို
သူတို့ရှေ့၌ဖြစ်ပေါ်စေသည်။

ဗက်ကာမြို့
နေရာတစ်ခု၏ အမည်ဖြစ်သည်။

1 Samuel 12

ကျောက်ကို ယူ၍
ဣသရေလလူမျိုးများနှင့်
အခြားသောလူမျိုးများတို့နယ်မြေကြားတွင် အလွန်ကြီးမားသော
ကျောက်တုံးကိုတည် ထားရခြင်းမှာ ဘုရားသခင်၏ ကူညီမှုကို
သတိရစေသော အရေးကြီးသည့်အဖြစ်အပျက်ကို
ပြန်လည်အမှတ်ရစေရန်ဖြစ်သည်။

မိဇပါမြို့နှင့်ရှင်မြို့
နေရာများ၏ အမည်များဖြစ်ပါသည်။

1 Samuel 13

ထိုသို့ ဖိလိတ္တိလူတို့သည် ရှုံးသဖြင့်
ဖိလိတ္တိလူတို့ နှိမ်နင်းခြင်းခံရသည်ကို
စာရေးသူကအဆုံးသတ်ဖော်ပြသည်။

ဖိလိတ္တိလူတို့သည် ရှုံးသဖြင့်၊
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
ဖိလိတ္တိလူတို့ကို ရှုံးစေသည်။"

နောက်တဖန် ဣသရေလအမျိုးနေရာအရပ်သို့ မလာကြ
ဖိလိတ္တိလူတို့သည် ဣသရေလတို့ကို တိုက်ခိုက်ရန် နောက်တဖန်
နယ်စပ်ကို မဝင်ရကြ။

ထာဝရဘုရား၏ လက်တော်သည် ဖိလိတ္တိလူတို့ကို ဆီးတား တော်မူ၏။
"လက်" သည် တန်ခိုးအတွက်ရပ်တည်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
ဖိလိတ္တိလူတို့ကို သူ့တန်ခိုးဖြင့် တိုက်ခိုက်သည်"

ဖိလိတ္တိလူတို့သည် သိမ်းယူသော ဣသရေလမြို့ရွာတို့ကို…ပြန်ပေးရကြ၏။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

1 Samuel 15

လှည့်ပတ်၍
တစ်နေရာမှ တစ်နေရာသို့လှည့်ပတ်၍ ခရီးသွားသည်။

စီရင်ရန် အမှုတို့ကို စစ်ကြောစီရင်လေ့ရှိ၏။
အမှုတို့သည် လူနှစ်ဦးကြား၊ အဖွဲ့နှစ်ဖွဲ့ကြား ငြင်းခုံမှု၊
သဘောကွဲလွဲချက်များဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

## Translation Questions

1 Samuel 7:1

ကိရယတ် ယာရိမ်မြို့သားတို့သည် ထာဝရဘုရား၏ သေတ္တာတော်ကို စောင့်ရှောက်ဖို့ရန် အမိနဒပ်၏သား ဧလောဇာကို အဘယ်သို့ပြုစေကြသနည်း။
သူတို့သည် ထာဝရဘုရား၏ သေတ္တာတော်ကို စောင့်ရှောက်ဖို့ရန် ဧလောဇာအား ပွဲသဘင်ဖြင့်သန့်ရှင်းစေ၍ ခန့်အပ်ကြသည်။

သေတ္တာတော်သည် အနှစ်နှစ်ဆယ်ပတ်လုံး ကိရယတ်၊ ယာရိမ်မြို့၌ ရှိခဲ့စဉ်အတွင်း ဣသရေလလူအပေါင်းတို့သည် အဘယ်သို့ပြုကြခဲ့သနည်း။
ထိုချိန်၌ သူတို့သည် ထာဝရဘုရားဆီသို့ ပြန်လှည့်လာဖို့ရန် ဆန္ဒရှိ၍ မြည်တမ်းကြသည်။

1 Samuel 7:3

ထာဝရဘုရားသည် ဣသရေလလူတို့ကို ဖိလိတ္တိလူတို့ လက်မှ ကယ်တင်ဖို့ရန်အတွက် သူတို့ထဲမှ အဘယ်ရာကို ဖယ်ရှားလိုအပ်ခဲ့သနည်း။
သူတို့သည် သူတို့ထဲမှ အာရှတရက်ဘုရားနှင့် တိုင်းတပါး ဘုရားများကို ပယ်၍ ထာဝရဘုရားကိုသာ ကိုးကွယ်ဖို့ရန် လိုအပ်ခဲ့သည်။

1 Samuel 7:5

သူတို့သည် မိဇပါမြို့မှာ အတူတကွစုဝေးခဲ့ကြပြီး ထာဝရဘုရားရှေ့တော်၌ ရေသွန်းလောင်းခြင်းကို ခံခဲ့ကြသောအခါ ဣသရေလလူတို့က မိမိတို့ မည်သည့်အရာပြုလုပ်ပြီဟု ဝန်ခံခဲ့ကြသနည်း။
သူတို့သည် ထာဝရဘုရားရှေ့တော်၌ အပြစ်ပြုခဲ့ကြောင်း ဝန်ခံခဲ့ကြသည်။

1 Samuel 7:7

ဣသရေလလူတို့သည် ဖိလိတ္တိလူများအကြောင်းကို မည်သို့ကြားပြီးလျှင် ကြောက်ရွံ့၍ သူတို့အဖို့ ထာဝရဘုရားကို မေးလျှောက်ပေးဖို့ရန် ရှမွေလအားတောင်းခံခဲ့ကြသနည်း။
ဖိလိတ္တိမင်းတို့သည် ဣသရေလလူတို့ကို တိုက်ခိုက်ခဲ့သည်ကို သူတို့ကြားခဲ့သည်။

1 Samuel 7:9

ရှမွေလသည် သိုးသငယ်လေးကို ယူ၍ တစ်ကောင်လုံးကို ထာဝရဘုရားအဘို့ ယဇ်ပူဇော်ပြီး ငိုကြွေးလျက်ဆုတောင်းသောအခါ ထာဝရဘုရားသည် အဘယ်သို့ ပြုခဲ့သနည်း။
သူသည်ရှမွေလကို အဖြေပေးခဲ့သည်။

1 Samuel 7:10

ဖိလိတ္တိလူတို့သည် ဣသရေလလူတို့ကို တိုက်ခိုက်ဖို့ရန် အနီးသို့ ချဉ်းကပ်လာသဖြင့် ထာဝရဘုရားပစ်ခဲ့သောအရာ ဘာဖြစ်မည်နည်း။
ထာဝရဘုရားသည် ထိုနေ့၌ ဖိလိတ္တိလူတို့ကို ကျယ်လောင်သောအသံတစ်ခုနှင့်အတူ မိုးထစ်ချုန်းရွာစေပြီး ပျက်စီးစေသည်။

1 Samuel 7:12

ထာဝရဘုရားသည် သူတို့ကို ကူညီခဲ့သည်ကို ပြန်သတိရစေဖို့ရန် ရှမွေလသည် မိဇပါနှင့်ရှင်မြို့စပ်ကြားမှာ အဘယ်အရာကို ထူထောင်သနည်း။
ရှမွေလသည် ကျောက်တုံးတစ်တုံးကို ယူ၍ ၎င်း၌ ထူထောင်သည်။

1 Samuel 7:13

ဖိလိတ္တိလူတို့သည် ဣသရေလလူထံမှ သိမ်းယူခဲ့သော မြို့များသည် အဘယ်သို့ဖြစ်ခဲ့သနည်း။
ဣသရေလလူတို့ကို သူတို့ ပြန်ပေးခဲ့ရသည်။

1 Samuel 7:15

ရှမွေလသည် ဗေလသမြို့၊ ဂိလဂါလမြို့၊ မိဇပါမြို့တို့မှ ရာမမြို့ကို နှစ်တိုင်းလှည့်ပတ်၍ အဘယ်သို့ပြုခဲ့သနည်း?
ရှမွေလသည် ထိုနေရာများရှိ ဣသရေလလူတို့၏ အငြင်းပွားမှုများကို ဆုံးဖြတ်ပေးခဲ့သည်။

## Chapter 8

1 ရှမွေလသည် အသက်ကြီးသောအခါ၊ မိမိသားတို့ကို ဣသရေလအမျိုး၌ အုပ်စိုးရသော အခွင့်နှင့် ခန့်ထား၏။ 2 သားဦးအမည်ကား
ယောလ၊ ဒုတိယသားအမည်ကား အဘိရတည်း။ ထိုသူတို့သည် ဗေရရှေဗမြို့၌ တရားသူကြီးလုပ်ကြ၏။ 3 သို့ရာတွင်
အဘလမ်းသို့မလိုက်။ ငွေကို တပ်မက်သော စိတ်နှင့် လွဲသွား၍ တံစိုးစားလျက် တရားကို ဖျက်ကြ၏။ 4 ထိုအခါ ဣသရေလအမျိုး
အသက်ကြီးသူအပေါင်းတို့သည် စည်းဝေး၍၊ ရှမွေလရှိရာ အရပ် ရာမမြို့သို့လာပြီးလျှင်၊ 5 ကိုယ်တော်သည် အသက်ကြီးပါ၏။
ကိုယ်တော်၏သားတို့သည် ကိုယ်တော်လမ်းသို့ မလိုက်ကြပါ။ လူမျိုးအပေါင်းတို့၏ ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကို
အုပ်စိုးရသော ရှင်ဘုရင်ကို ချီးမြှောက်ပါ လော့ဟု လျှောက်ကြ၏။ 6 ထိုသို့ အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ပေးပါလော့ဟု
လျှောက်သောအမှုကို ရှမွေလသည် မနှစ်သက်သောကြောင့် ထာဝရဘုရားအား ဆုတောင်းလေ၏။ 7 ထာဝရဘုရားကလည်း၊ သင့်အား
လူများတို့ ပြောဆိုသမျှသော စကားကို နားထောင်လော့။ သူတို့ သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှါ
ငါ့ကိုလည်းပယ်ကြပြီ။ 8 သူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သောနေ့မှစ၍ ယနေ့တိုင်အောင် ငါ့ကိုစွန့်၍ အခြားတပါးသော
ဘုရားတို့ကို ဝတ်ပြုသဖြင့် ကျင့်မိသမျှသော အကျင့်အတိုင်း သင်၌လည်း ပြုကြ၏။ 9 ယခုမှာ သူတို့စကားကို နားထောင်လော့။
သို့ရာတွင် သတိပေး၍ သူတို့ကို အုပ်စိုးသော ရှင်ဘုရင် ၏ ထုံးစံကို ပြလော့ဟု မိန့်တော်မူ၏။ 10 ရှမွေလသည်လည်း၊ ရှင်ဘုရင်ကို
တောင်းသောသူတို့အား ထာဝရဘုရား အမိန့်တော်ရှိသမျှကို ပြန်ပြော၍၊- 11 သင်တို့ကို အုပ်စိုးသော ရှင်ဘုရင်၏ ထုံးစံဟူမူကား၊
သင်တို့သားများကိုယူ၍ မိမိရထားထိန်း၊ မြင်း ထိန်းအရာ၌ ခန့်ထား၍၊ အချို့တို့သည်လည်း သူ၏ရထားရှေ့မှာ ပြေးရကြမည်။ 12
လူတထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ ခန့်ထား၍၊ လယ်လုပ်ခြင်း၊ စပါး ရိတ်ခြင်း၊ စစ်တိုက်တန်ဆာ၊
ရထားတန်ဆာကိုလုပ်ခြင်း အမှုများကို ဝေဖန်လိမ့်မည်။ 13 သင်တို့သမီးများကိုလည်း ယူ၍၊ ခဲဘွယ်စားဘွယ်တို့ကို
ပြင်ဆင်စေခြင်းငှါ၎င်း၊ စားတော်ကဲ၊ မုန့်သည် ဖြစ်စေခြင်းငှါ၎င်း ခန့်ထားလိမ့်မည်။ 14 သင်တို့လယ်ကွက်၊ စပျစ်ဥယျာဉ်၊
သံလွင်ဥယျာဉ် အကောင်းဆုံးတို့ကို ယူ၍ မိမိကျွန်တို့အား ပေးလိမ့် မည်။ 15 သင်တို့မျိုးစေ့ စပျစ်သီးဆယ်ဘို့တဘို့ကို ယူ၍
သူ၏အရာရှိ အမှုထမ်းတို့အား ပေးလိမ့်မည်။ 16 သင်တို့ကျွန်၊ ကျွန်မ၊ အကောင်းဆုံးသော လုလင်၊ မြည်းများကို ယူ၍ သူ၏ အမှုကို
လုပ်ကိုင်စေ လိမ့်မည်။ 17 သင်တို့သိုးစုဆယ်ဘို့ တဘို့ကိုလည်းယူ၍ သင်တို့သည် သူ၏ ကျွန်ခံရကြမည်။ 18 သင်တို့ ရွေးယူသော
ရှင်ဘုရင်ကြောင့်၊ ထိုနေ့၌ သင်တို့ အော်ဟစ်သော်လည်း၊ ထာဝရဘုရားသည် နားထောင်တော်မမူဟု သတိပေးလေ၏။ 19
သို့သော်လည်း လူများတို့က၊ မဟုတ်ပါ။ အုပ်စိုးသော ရှင်ဘုရင်ကို လိုချင်ပါ၏။ 20 အကျွန်ုပ်တို့သည် တပါးအမျိုးသားအပေါင်းတို့နှင့်
တူမည်အကြောင်း အကျွန်ုပ်တို့ကို အုပ်စိုးသော ရှင်ဘုရင်ရှိရမည်။ အကျွန်ုပ်တို့ရှေ့မှာ ထွက်ကြွ၍ စစ်တိုက်ရမည်ဟု ရှမွေလ၏
စကားကို နားမထောင် ဘဲ ဆိုကြ၏။ 21 ထိုသူတို့၏ စကားများကို ရှမွေလသည် ကြားလျှင်၊ ထာဝရဘုရားရှေ့တော်၌ လျှောက်လေ၏။
22 ထာဝရဘုရားကလည်း၊ သူတို့စကားကို နားထောင်၍ သူတို့အဘို့ ရှင်ဘုရင်ကို ချီးမြှောက်လော့ဟု မိန့်တော်မူသဖြင့်၊ ရှမွေလက၊
သင်တို့အသီးအသီး နေရာ မြို့ရွာသို့ ပြန်သွားကြလော့ဟု ဣသရေလ လူတို့အား ပြောဆိုလေ၏။

---

1 Samuel 01

ငွေကိုတပ်မက်သောစိတ်နှင့်လွဲသွား၍
ရှမွေလ၏ သားတို့အား
လူတို့ပေးသည့်ငွေများကိုပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မရိုးသားမှုဖြင့် သူတို့သည်
ငွေကိုရရန် အလွန်ကြိုးစားကြသည်။"

တံစိုးစားလျက်တရားကိုဖျက်သည်
"အပြစ်လုပ်သူဘက်သို့ မျက်နှာလိုက်သည်။"

1 Samuel 04

ကိုယ်တော်လမ်းသို့ မလိုက်ကြပါ။
လူအသက်ရှင်သည့်နည်းလမ်းကို သူလျှောက်သည့်လမ်းအဖြစ်
ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊

"သင်လုပ်သည့် အရာများကို မလုပ်ပါနှင့်" သို့မဟုတ်
"တရားသောအမှုတို့ကို မလုပ်ပါနှင့်။"

လူမျိုးအပေါင်းတို့၏ ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကို အုပ်စိုးရသော
ရှင်ဘုရင်ကို ချီးမြှောက်ပါ လော့
ငါတို့ကို တရားစီရင်နိုင်ရန် တခြားသောနိုင်ငံများနည်းတူ
ငါတို့ကိုလည်း ရှင်ဘုရင်ပေးတော်မူပါ။

အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ချီးမြှောက်ပါ လော့
ခေါင်းဆောင်များက ရှင်ဘုရင်နှင့် သူ့သားများက တရားမျှတစွာ
အုပ်ချုပ်ကြလိမ့်မည်ဟု ထင်ကြသည်။

1 Samuel 06

ရှမွေလသည် မနှစ်သက်သောကြောင့် .....အကျွန်ုပ်တို့ကို အုပ်စိုးရသော
ရှင်ဘုရင်ကို ပေးပါ
လူတို့က ရှမွေလ၏ သားများကို ဖယ်ရှားပြီး
တရားသည့်တရားသူကြီးများကို ခန့်ပေးရန်ကို မလိုချင်ကြသည်


generated on Sun Jun 30 02:37:40 2024

သာမက တခြားနိုင်ငံများနည်းတူ သူတို့ကို အုပ်ချုပ်မည့်ရှင်ဘုရင်ကိုပေးရန် လိုချင်ကြသည့်အတွက် ရှမွေလ စိတ်မကောင်းပေ။

လူများတို့ ပြောဆိုသမျှသော စကားကို နားထောင်လော့။
"စကား" သည် လူတို့၏ ဆန္ဒအတွက်ရပ်တည်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ပြောသည့်အတိုင်းလုပ်ပါ။"

ငါ့ကိုလည်းပယ်ကြပြီ။
လူတို့သည် အကျင့်ပျက်သည့် တရားသူကြီးများကို ငြင်းဆိုကြသည်သာမက၊ ထာဝရဘုရားကို သူတို့၏ဘုရားအဖြစ်လည်း ငြင်းဆိုနေကြသည်။

1 Samuel 08

သူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့
နှစ်ပေါင်းများစွာ၌ ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှ ထာဝရဘုရား လွတ်မြောက်စေသည်ကို ဆိုလိုသည်။

ယခုမှာ သူတို့စကားကို နားထောင်လော့။
"သူတို့က လုပ်စေချင်သည့်အရာကို ယခုလုပ်ရန်" (UDB)

သို့ရာတွင် သတိပေး၍ သူတို့ကို
"သူတို့ကို သတိပေးသည့်အတိုင်း အမှန်ဖြစ်လာမည်။"

1 Samuel 10

သင်တို့ကို အုပ်စိုးသော ရှင်ဘုရင်၏ ထုံးစံဟူမူကား
"ထုံးစံ" စိတ္တဇနာမ်ကို ကြိယာဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို အုပ်ချုပ်သည့်ရှင်ဘုရင်က ဤကဲ့သို့ အုပ်ချုပ်မည်ဖြစ်သည်။"

ထုံးစံဟူမူကား.....
ရှင်ဘုရင်၏ ထုံးစံကို လုပ်ဆောင်ရန်ဖြစ်သည်။ သူလုပ်ဆောင်ရမည့်အရာများဖြင့် အစပြုသည်။

မိမိရထားထိန်း၊ မြင်း ထိန်းအရာ၌ ခန့်ထား၍၊
"မြင်းရထားများကို စစ်ပွဲ၌ မောင်းနှင်ကြသည်။"

စစ်တိုက်တန်ဆာ
သူတို့သည် စစ်ပွဲ၌ မြင်းများကို စီးကြမည်။

1 Samuel 13

ဆက်စပ်မှုဖော်ပြချက်
ရှင်ဘုရင်လုပ်မည့်အရာများကို ရှမွေလက ဆက်ပြောနေသည်။

သံလွင်ဥယျာဉ်
"သံလွင်သစ်ပင်များရှိသည့် လယ်ကွင်းများ"

မျိုးစေ့ စပျစ်သီးဆယ်ဘို့တဘို့
သူတို့ဥယျာဉ်မှ ထုတ်သည့် စပျစ်ဝိုင်ကို ဆယ်ပိုင်း ပိုင်းပြီး တစ်ပိုင်းကို ရှင်ဘုရင်၏ အမှုဆောင်များနှင့် ကျွန်များအားပေးရသည်။

စပျစ်သီးဆယ်ဘို့တဘို့
သူတို့ဥယျာဉ်မှ ထုတ်သည့် စပျစ်ဝိုင်ကို ဆယ်ပိုင်း ပိုင်းပြီး တစ်ပိုင်းကို ရှင်ဘုရင်၏ အမှုဆောင်များနှင့်ကျွန်များအားပေးရသည်။

အရာရှိ အမှုထမ်းတို့အား
ရှင်ဘုရင်၏ စစ်တပ်ခေါင်းဆောင်များဖြစ်သည်။

1 Samuel 16

ဆက်စပ်မှုဖော်ပြချက်
ရှင်ဘုရင် လုပ်မည့်အရာများကို ရှမွေလကဆက်ပြောနေသည်။

သင်တို့သိုးစုဆယ်ဘို့ တဘို့
သူတို့သိုးတို့ကို ဆယ်စုခွဲပြီး၊ တစ်စုကို ရှင်ဘုရင်၏ အမှုဆောင်များနှင့် ကျွန်များအားပေးရန်ဖြစ်သည်။ 8:13 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ရန်။

သူ၏ ကျွန်ခံရကြမည်။
"သူ့ကျွန်ကဲ့သို့ သင်ခံစားမည်"

သင်တို့ အော်ဟစ်သော်လည်း
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) ရှင်ဘုရင်လက်ထဲမှ လူတို့ကို ထာဝရဘုရားက သူတို့ကိုကယ်တင်ရန်အလိုရှိကြသည်၊ သို့မဟုတ် (၂) လူတို့က ရှင်ဘုရင်ကို ဆိုးရွားစွာဆက်ဆံခြင်းကိုရပ်တန့်ရန် တောင်းဆိုကြသည်။ (UDB)

1 Samuel 21

ထာဝရဘုရားရှေ့တော်၌ လျှောက်လေ၏။
ဤတွင် "ထာဝရဘုရားရှေ့တော်" မှာ ထာဝရဘုရားကိုရည်ညွှန်းသည်။ ရှမွေလသည် လူတို့၏ ပြောပြသမျှအားလုံးကို ထာဝရဘုရားထံသို့ ဆုတောင်း ၍ ပြန်ပြောပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ ထာဝရဘုရားထံသို့ ပြန်ပြောပြခဲ့သည်။"

သူတို့စကားကို နားထောင်၍
" သူတို့၏စကားသံ" ဟူသည်မှာလူတို့၏ဆန္ဒကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ကိုနားထောင်ပါ။"

သူတို့အဘို့ ရှင်ဘုရင်ကို ချီးမြှောက်လော့
သူတို့ကို အုပ်ချုပ်ရန် ဘုရင်တစ်ပါးကို ရွေးပါ။ ဘုရင်တစ်ပါးကို တောင်းဆိုခြင်းဖြစ်သည်။

သင်တို့အသီးအသီး နေရာ မြို့ရွာသို့ ပြန်သွားကြလော့
အိမ်ကို သွားပါ။

# Translation Questions

## 1 Samuel 8:1

ရှမွေလ၏ သားနှစ်ယောက်တို့သည် တရားသူကြီးဖြစ်၍ သူတို့၏ ဖခင်နည်းလမ်းများအတိုင်းမလိုက်ဘဲ အဘယ်နည်းလမ်းအတိုင်းပြုခဲ့ကြသနည်း။

သူတို့သည် ငွေကိုတပ်မက်သော စိတ်နှင့် လာဘ်စားခြင်းလမ်းလွဲစေသောတရားလမ်းနောက်လိုက်ခဲ့ကြသည်။

## 1 Samuel 8:4

ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည် ရှမွေလအား အဘယ်သို့လုပ်ဆောင်ပေးရန် တောင်းဆိုခဲ့သနည်း။

သူသည် အသက်ကြီးပြီဖြစ်၍ သူ့သားတို့သည်လည်း သူ၏ လမ်းသို့မလိုက်သောကြောင့် လူမျိုးအပေါင်းတို့၏ ထုံးစံရှိသည့်အတိုင်း သူတို့ကို အုပ်စိုးသော ရှင်ဘုရင်အား ချီးမြှောက်ပေးဖို့ ရှမွေလအား ဣသရေလအသက်ကြီးသူတို့သည် တောင်းဆိုခဲ့သည်။

## 1 Samuel 8:6

သူတို့ကို အုပ်စိုးမည့် ရှင်ဘုရင်ကိုပေးပါဟု ဣသရေလ၏ အသက်ကြီးသူများထံမှ တောင်းဆိုမှုကို သူသည် မနှစ်သက်သောအခါ ရှမွေလသည် အဘယ်သို့ လုပ်ဆောင်ခဲ့သနည်း။

ရှမွေလသည် ထာဝရဘုရားအား ဆုတောင်းခဲ့သည်။

လူတို့သည် သင့်အားပြောဆိုသမျှသောအသံကို နားထောင်ဖို့ရန် ထာဝရဘုရားသည် ရှမွေလအားပြောခဲ့သည်မှာ အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် သူတို့သည် ရှမွေလကိုသာ ပယ်သည်မဟုတ် သူတို့မအုပ်စိုးစေခြင်းငှါ ထာဝရဘုရားကိုလည်း ငြင်းပယ်သည်ဖြစ်၍ သူတို့၏ အသံကိုနားထောင်ဖို့ရန် ရှမွေလအား ထာဝရဘုရားပြောခဲ့သည်။

## 1 Samuel 8:8

ထာဝရဘုရားသည် ဣသရေလလူတို့ကို သတိပေးဖို့ရန် ရှမွေလအား မည်သို့ပြောခဲ့သနည်း။

သူတို့ကို အုပ်စိုးသောရှင်ဘုရင်၏ နည်းလမ်းနှင့် ပတ်သက်၍ ထာဝရဘုရားသည် ရှမွေလအား တည်ကြည်လေးနက်စွာ ပြောဖို့ရန် ပြောခဲ့သည်။

## 1 Samuel 8:10

ရှင်ဘုရင်၏ ထုံးစံသည် သူတို့ဆီမှ သူတို့၏ သားများကို ယူဆောင်လိမ့်မည်အကြောင်းနှင့် ပတ်သက်၍ ရှမွေလသည် ဣသရေလလူတို့ကို သတိပေးခဲ့သည်မှာ ဘာဖြစ်မည်နည်း။

ရှင်ဘုရင်သည် သူတို့၏ သားများကို မြင်းစီးသူရဲနှင့်စစ်သားများဖြစ်စေဖို့ရန်ငှင်း၊ သူတို့ကို လယ်ထွန်စေဖို့နှင့် သီးနှံရိတ်သိမ်းဖို့ရန်ငှင်း၊ အခြားသောသူများကို စစ်ပွဲ၏ လက်နက်သုံးကိရိယာများဖြစ်ကြောင်း ရှမွေလသည် လူတို့အား သတိပေးခဲ့သည်။

## 1 Samuel 8:13

ရှင်ဘုရင်သည် သူတို့၏ သမီးများနှင့်အတူ အဘယ်သို့ပြုလိမ့်မည်ဟု ရှမွေလသည် ဣသရေလလူတို့ကို သတိပေးခဲ့သနည်း။

ရှင်ဘုရင်သည် သူတို့၏သမီးများကိုယူ၍ ခဲဘွယ်စားဘွယ်တို့ကို ပြင်ဆင်စေခြင်းငှါငှင်း၊ ချက်ပြုတ်စေခြင်းငှါငှင်း၊ မုန့်ဖုတ်သောသူများဖြစ်လိမ့်မည်ဟု ရှမွေလသတိပေးခဲ့သည်။

## 1 Samuel 8:16

ရှင်ဘုရင်သည် သူတို့၏ ကျွန်များ လုလင်များနှင့် တိရိစ္ဆာန်များကိုလည်း ယူ၍ အဘယ်သို့ပြုလိမ့်မည်ဟု ဣသရေလလူတို့ကို ရှမွေလသတိပေးခဲ့သနည်း။

ရှင်ဘုရင်သည် သူတို့၏ ကျွန်များကိုငှင်း၊ အကောင်းဆုံးသော လုလင်နှင့်မြည်းများကိုယူ၍ငှင်း၊ သူတို့သိုးစုများ၏ ဆယ်ဘို့တစ်ဘို့ကိုလည်း သူတို့ကို ကျွန်ခံစေလိမ့်မည်ဟု ရှမွေလသည် သူတို့ကို သတိပေးခဲ့သည်။

သူတို့အဘို့ သူတို့ကို သူတို့ရွေးချယ်သော ရှင်ဘုရင်ကြောင့် အော်ဟစ်ငိုကြွေးကြသော်လည်း ဣသရေလလူတို့သည် အဘယ်သို့ဖြစ်လိမ့်မည်ဟု ရှမွေလသတိပေးခဲ့သနည်း။

သူတို့သည် အော်ဟစ်ငိုကြွေးကြသော်လည်း ထာဝရဘုရားသည် သူတို့ကို နားထောင်တော်မူလိမ့်မည်မဟုတ်ဟု ရှမွေလပြောခဲ့သည်။

## 1 Samuel 8:19

ရှမွေလ၏ သတိပေးခြင်းများကို ဣသရေလလူတို့သည် ဘယ်လိုတုန့်ပြန်ခဲ့ကြသနည်း။

သူတို့သည် သူတို့ကိုအုပ်စိုးသောရှင်ဘုရင်ကို လိုချင်သေးကြောင်း သူတို့သည် တပါးအမျိုးသားတို့နှင့်တူ နိုင်မည်အကြောင်းသူတို့ကို အုပ်စိုးသောရှင်ဘုရင်ရှိရမည်၊ သူတို့၏ စစ်ပွဲများကို တိုက်ရမည်ဟု လူတို့သည် အခိုင်အမာ ပြောဆိုခဲ့ကြသည်။

## 1 Samuel 8:21

လူတို့၏စကားများကို ထပ်ခါတလဲလဲ ရှမွေလပြောသောအခါ ထာဝရဘုရား၏ တုန့်ပြန်မှုသည် အဘယ်သို့နည်း။

ထာဝဘုရားသည် ရှမွေလအား လူတို့၏အသံကို ဆက်နားထောင်၍ သူတို့အဘို့ ရှင်ဘုရင်တစ်ပါးကို ပေးဖို့ရန် ပြောခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 9

1 ??????????????????? ????? ????????? ??????? ??????? ???????? ?????????????? ?????????? ??????????????? ????? ?????????? ????????????
2 ?????? ???????????????? ?????????????? ????????? ???????? ?????????? ???????? ?????????????????????? ??????????? ?????????? ?????????
3 ????????????? ???????????? ????????????????? ?????? ?????? ??????????????? ????? ???????????? ???????????? ??????????? ??????? ??????
4 ????????? ???????????????????? ?????????????????????? ???? ??????????? ???? ??????? ????????? ?????????????????? ???????????? ??????
5 ??????????? ???????????? ???????? ??????????? ????????? ????? ???????????????? ?????????? ????????????? ?????????????????? ?????????
6 ???????? ??????? ???? ?????????? ?????????? ????????????? ????????????? ??????? ????????? ????????????? ????????? ??????????? ?????? ?
7 ???????????? ????????? ?????????? ???????????? ???????????? ????????????? ????? ????? ????? ?????? ?????????????? ????? ??????? ??????
8 ???????? ????????????? ?????????????? ????????? ?????????????? ?????????? ????? ?????????? ????????? ?????????? 9 ???????? ?????????
10 ???????????? ????????????????????? ????????? ???????? ?????????? ???????????????? ???????? 11 ?????????????????????? ???????????? ?
12 ??????? ????????????? ??????? ?????????????????? ???????????? ?????????? ?????????? ?????? ??????? ????????????? ????????????? ???
13 ?????? ????????????? ????????? ???????????? ??????? ?????????? ?????????????????? ????????? ????????????? ?????????? ????????????
14 ????????? ??????????????? ????????? ???????????????? ??????????? ????????? ???? ???????? 15 ??????????????? ????? ??????????? ??????
16 ???????? ???????????????? ??????????? ???????????? ????????????? ?????? ???????? ????? ???????????? ???????? ???????? ??????????????
17 ????????? ????????? ??????????? ??????????? ??????????????? ?????????? ??? ??? ??? ????????? ??????????????????? ??????????????
18 ?????? ????????? ??????????? ?????????? ?????????????? ????????????????? ?????????? ??????????????- 19 ???????? ????? ????????? ?????
20 ????????? ????????? ???? ???????????? ?????????????? ??????????????? ??????????? ??? ????????? ????????????? ???????? ???? ?????????
21 ???????????? ???????????? ?????????????????? ?????????????????? ?????????? ?????? ???????????? ????????? ????????????????????? ??
22 ?????? ????????? ??????????? ????????????????? ?????????????? ??????????????? ??????????? ?? ??????????????? ???????????? ????? ????
23 ???????????????????????????????? ???? ????????? ?????????????????????? ??????????????????? ??????????? ???????????????
24 ???????????? ?????????? ???????????? ???????????????? ??????????????????? ??????? ????? ???????????????? ??? ???????? ?????????? ?
25 ???????????? ??????????????????? ???????????????????????? ???????????????????????? ???????????? ??? ???????????? ??????
26 ????????????? ????????????????? ???????? ?????? ??????? ????????????????? ???? ????? ??????????????? ?????????????? ????????? ?? ???
27 ?????????????? ??????????? ???????? ???? ????????? ?????????????????????? ?????????? ?????????????????? ????????? ????????????????

---

1 Samuel 01

ယေဘုယျအချက်အလက်
စာရေးသူက ဤနေရာတွင် နောက်ခံအကြောင်းအရာကို စာဖတ်သူများအား ပြောပြသည်။

ကိရှ...အာဗျေလ...ဇေရော်...ဗေခေါရက်...အာဖိ
ရှောလုအမျိုးအနွယ်တို့၏ နာမည်များဖြစ်ကြသည်။

ဗင်္ယာမိန်အမျိုးသား
ဗင်္ယာမိန်အမျိုးမှ ဖြစ်သော လူ

အလွန်ခွန်အားကြီးသော
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) သူသည် သူဌေးဖြစ်နိုင်သည်။ သို့မဟုတ် (၂) သူသည် မြင့်မြတ်သောလူဖြစ်နိုင်သည်။ သို့မဟုတ် (၃) သူသည် ခွန်အားကြီးပြီး သတ္တိရှိသူဖြစ်နိုင်သည်။

အဆင်းလှသည်
ကြည့်ကောင်းသည်

သူသည်အခြားသောသူထက် ပခုံးအထက်မှာ အရပ်သာ၍မြင့်သည်
တခြားသော ဣသရေလလူရှည်တို့ကလည်း သူ့ပခုံးကိုပင် မမှီကြပါ။

1 Samuel 03

ဧဖရိမ်တောင်အရပ်နှင့် ရှလိရှအရပ်...ရှာလိမ်အရပ်... ဗင်္ယာမိန်အရပ်
ဣသရေလပြည်ရှိ နေရာနာမည်များဖြစ်သည်။

သူတို့ကိုမတွေ့..သူတို့မရှိ...သူတို့ကိုမတွေ့
"သူတို့ကို" နှင့် "သူတို့" သည် မြည်းများကို ဆိုလိုသည်။

1 Samuel 05

ဇုဖအရပ်
ယေရုရှလင်မြို့၏ မြောက်ဘက်ရှိ အရပ်ဖြစ်သည်။

ဘုရား၏လူ
2:27 အတိုင်းဘာသာပြန်ရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ဆီမှ စကားများကိုကြားပြီး ပြောပြသူ"


generated on Sun Jun 30 02:37:40 2024

မည်သည့်လမ်းဖြင့် သွားရမည်နည်း
"မြည်းတို့ကို မည်သည့် လမ်းဖြင့်သွားပြီး ရှာရမည်နည်း။"

1 Samuel 07

အဘယ်အရာကိုလှူမည်နည်း
ဘုရား၏ လူအားလက်ဆောင်ပေးခြင်းသည် လေးစားမှု၏ လက္ခဏာဖြစ်သည်။

ဘုရား၏လူ
2:27 အတိုင်းဘာသာပြန်ရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ဆီမှ စကားများကိုကြားပြီး ပြောပြသူ"

ငွေတမတ်
ရှေခေတစ်ခု၏ လေးပုံထဲမှ တပုံ

1 Samuel 09

ဣသရေလ ရှေးကာလ၌…မြင်သောသူ
စာရေးသူက ဟေဗြဲယဉ်ကျေးမှု အချက်လက်ကို ချပြသည်။

ပရောဖက်ကို ရှေးကာလ၌ မြင်သောသူဟုခေါ်ကြလေ့ရှိသတည်း။
"ယနေ့အခေါ် ပရောဖက်များကို ရှေးကာလ၌ မြင်သောသူဟု ခေါ်ကြလေ့ရှိသည်။"

1 Samuel 12

လူတို့သည် ယဇ်ကိုပူဇော်ကြသည်
ပွဲတော် သို့မဟုတ် အဦးသီးသီးနှံ ပူဇော်ခြင်းဖြစ်သည်။ တဲတော်၌ ကျင်းပကြလေ့ရှိသည်။

1 Samuel 14

မြင့်သောအရပ်သို့သွားလျက်
ထာဝရဘုရားထံသို့ သန့်ရှင်းသည့်အရာများ ပူဇော်သည့်နေရာဖြစ်သည်။ ထိုနေရာသည် မြို့ပြင်ဖြစ်ကြောင်း စာရေးသူက ဖော်ပြသည်။

1 Samuel 15

ယေဘုယျအချက်အလက်
ဖြစ်ပျက်သည့်အရာကို စာဖတ်သူများနားလည်နိုင်ကြရန် စာရေးသူက ဇာတ်သိမ်းထားသည်။

ဗယ်္ယာမိန်နယ်မြေ
"ဗယ်္ယာမိန်အနွယ်တို့ နေထိုင်ကြသည့်နေရာ"

သူ့ကိုမင်းသားအဖြစ် သင်ဘိသိပ်ပေးမည်
ရှင်ဘုရင်အစား မင်းသားကို သုံးထားသည်။ ဤလူသည် ဣသရေလတို့၏ ရှင်ဘုရင်အဖြစ် ဘုရားသခင် ရွေးချယ်ထားသည်။

ဖိလိတ္တိလူတို့လက်မှ
"လက်" သည် ထိန်းချုပ်မှုအတွက် ရပ်တည်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိလူတို့၏ထိန်းချုပ်မှု"

ငါသည် သူတို့အော်ဟစ်သံကိုကြား၍
"ငါ့ လူတို့သည် ဝေဒနာကိုခံစားကြသည့်အတွက် သူတို့ကိုကူညီရန် ငါအလိုရှိသည်။"

1 Samuel 17

မြင်သူ
"ထာဝရဘုရား၏ ပရောဖက်"

ထာဝရဘုရားက သူ့ကိုပြောသည်
"ထာဝရဘုရားက ရှမွေလကို ပြောသည်"

1 Samuel 20

ဣသရေလလူတို့သည် အဘယ်သူကိုအလိုရှိသနည်း။ သင်နှင့် သင်၏အဆွေအမျိုးအပေါင်းကို အလိုရှိသည် မဟုတ်လော။
ဤမေးခွန်းများက ဣသရေလများ စောင့်မျှော်နေကြသည့်ရှင်ဘုရင်ကို ထာဝရဘုရားက ရွေးကောက်သောသူမှာ ရှောလုဖြစ်သည်ကို ဖော်ပြသည်။ မေးခွန်းကို အဆိုဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ဣသရေလတို့၏ ဆန္ဒမှာ သင်ဖြစ်ကြောင်း သင်သိသင့်သည်။ သူတို့သည် သင်နှင့် သင့်အဖေမိသားစုကိုသာ မျှော်လင့်ကြသည်။"

အကျွန်ုပ်သည် ဣသရေလအမျိုးတို့တွင် ဗယ်္ယာမိန်အမျိုးသားမဟုတ်သလော။ ငါ့အဆွေအမျိုးသည် ဗယ်္ယာမိန်အမျိုးမဟုတ်သလော။ အဘယ့်ကြောင့် ဤသို့ငါ့အားဆိုကြသနည်း။
ဗယ်္ယာမိန်အမျိုးသည် ဣသရေလအမျိုးထဲမှ အရေးမပါသူအဖြစ် တခြားဣသရေလတို့ထင်သည့်အတွက် ရှောလုက မေးခြင်းဖြစ်သည်။ မေးခွန်းကို အဆိုဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဗယ်္ယာမိန်အမျိုး၊ အရေးမကြီးဆုံးသောအနွယ်မှဖြစ်သည်။ ငါတို့အမျိုး၌ ငါ့အမျိုးသည် အငယ်ဆုံးသောအမျိုးဖြစ်သည်။ အဘယ့်ကြောင့် ဣသရေလလူတို့က ငါနှင့်ငါ့မိသားစုအား အရေးကြီးသည့်အရာကို လုပ်စေချင်ကြသနည်း။"

1 Samuel 22

အိမ်ခန်း
လူတို့စားသောက်ကြသည့် ကြီးမားသောအဆောက်အဦး ရှိသည်။

အမြတ်ဆုံးသောအရပ်
လေးစားမှုရှိသော ထိုင်ခုံဖြစ်သည်။

သုံးဆယ်
"၃၀"

1 Samuel 23

ရှမွေလကလည်း

မူရင်း၌ မည်သူကပြောသည်ကို သိပ်မရေရာပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ပွဲကြီးသူ ပြောသည်။"

1 Samuel 25

ရှမွေလသည် ရှောလုကို အိမ်မိုးပေါ်မှခေါ်ပြီးလျှင်

အခြားသောဘာသာပြန်ဆိုချက်၊ "ရှောလုသည် အိမ်ခေါင်မိုးပေါ်မှာအိပ်စက်နေစဉ်၊ ရှမွေလကသူ့ကိုခေါ်ပြီးပြောသည်။"

အိမ်ခေါင်မိုး၌

မိသားစုဝင်များစားသောက်၊ အလည် နှင့်အိပ်ပျော်နေကြသည့် သာမန်နေရာဖြစ်သည်။

1 Samuel 27

ရှေ့သို့သွားစေပါ

အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ရှေ့၌ သူသွားနင့်ပြီး သင်နေခဲ့ရမည်။"

ဘုရားသခင်၏အမိန့်တော်ကို ငါပြန်မည်

"ဘုရားသခင်၏ သတင်းစကားကို သင့်အား ငါပြောမည်။"

---

## Translation Questions

1 Samuel 9:1

ကိရှ၏သား ရှောလု၏ထင်ရှားသော ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်များသည် မည်သို့နည်း။

ရှောလုသည် ငယ်ရွယ်ခန့်ညားသော လူငယ်တစ်ယောက်ဖြစ်၍ အခြားသောသူများထက် ခေါင်းတစ်လုံးသာအောင် အရပ်ရှည်သောသူဖြစ်သည်။

1 Samuel 9:3

ကိရှသည် သူ၏သားရှောလုအား သူတို့၏ ပျောက်သောမြည်းများကို သွားရှာဖို့ရန် တောင်းလျှောက်သောအခါ အဘယ်သို့ဖြစ်လာသနည်း။

ရှောလုသည် အစေခံတစ်ယောက်ကို ခေါ်၍ ပျောက်သောမြည်းများကို နေရာအနှံ့အပြားလိုက်ရှာသော်လည်း မတွေ့ခဲ့ပေ။

1 Samuel 9:5

သူတို့သည် ဇုဖသို့ ပြန်လာသောအခါ ရှောလုသည် သူ၏အစေခံကို ဘာလုပ်သင့်ကြောင်း ပြောခဲ့သနည်း။

ရှောလုသည် ပျောက်သောမြည်းများထက်သူ၏အဘသည် သူတို့ကို ပို၍ စိုးရိမ်လိမ့်မည်ဖြစ်၍ သူတို့ပြန်သင့်ကြောင်း သူ၏ အစေခံကျွန်အားပြောခဲ့သည်။

အဘယ်သို့ ခြားနားသော အကြံအဉာဏ်ကို အစေခံကျွန်သည် ရှောလုအား တင်ပြခဲ့သနည်း။

အစေခံကျွန်သည် သူတို့၏ ခရီးစဉ်သည် ဘယ်ရှေ့ဆက်သွားရမည်ကို ပြောပြပေးနိုင်သော ဘုရားသခင်၏ လူတစ်ယောက်ကို ဤမြို့၌ ရှာသင့်ကြောင်း ပြောခဲ့သည်။

1 Samuel 9:7

သူတို့ ဘယ်လမ်းကို သွားရမည်ကို ပြောပြမည့် ဘုရားသခင်၏ လူအား ပေးဖို့ရန် အစေခံကျွန်၌ လက်ဝယ်ပိုင်ဆိုင်ခြင်း ဘာရှိခဲ့သနည်း။

အစေခံကျွန်သည် ဘုရားသခင်၏ လူအား ပေးဖို့ရန်သူ့အား ငွေတမတ်ရှိခဲ့သည်။

1 Samuel 9:9

ရှေခပ်လာသော အမျိုးသမီးအား ရှောလုနှင့် သူ၏အစေခံသည် အဘယ်သို့မေးမြန်းခဲ့သနည်း။

ရှောလုနှင့်သူ၏ အစေခံကျွန်သည် သူတို့သည် ဘုရားသခင်၏ အလိုတော်ကို သိမြင်ခြင်းငှါ မြင်သောသူဖြစ်သည်၊ ဤမြို့ ၌ ရှိသလော့ဟု မေးခဲ့သည်။

1 Samuel 9:12

ထိုနေ့၌ မြင်သောသူသည် အဘယ်ကြောင့် မြို့ကို လာခြင်းဖြစ်သနည်း။

အဘယ်ကြောင့်ဆိုသော် လူတို့သည် မြင့်သောအရပ်၌ ယဇ်ပူဇော်ခြင်းဖြင့် ပရောဖက်တို့သည် ယဇ်ကိုကောင်းကြီးပေးလိမ့်မည်ဖြစ်၍ ထိုနေ့၌ မြင်သောသူသည် မြို့သို့လာခြင်းဖြစ်သည်။

1 Samuel 9:15

ဣသရေလ၌ ရှောလု၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ထာဝရဘုရားသည် ရှမွေလကို အဘယ်သို့ဖော်ပြခဲ့သနည်း။

ထာဝရဘုရားသည် ရှမွေလအား သူသည် ထာဝရဘုရား၏ လူများကို ဖိလိတ္တိလူမျိုးတို့လက်မှ ကယ်တင်ရလိမ့်မည်နှင့် ဣသရေလလူမျိုး၏ မင်းအရာ၌ ခန့်ထား၍ ဆီလောင်းဘိတ်သိက်ကို ခံရလိမ့်မည်ဟု ပြောခဲ့သည်။



generated on Sun Jun 30 02:37:40 2024

1 Samuel 9:17

သူသည် ရှောလုရှာနေသော ယဇ်ပုရောဟိတ်ဖြစ်သည်ကို ဖော်ပြခဲ့ပြီးနောက် ရှမွေလသည် ရှောလုအား အဘယ်သို့ ဖိတ်ခေါ်သနည်း။

ရှမွေလသည် ရှောလုအားမြင့်သောအရပ်သို့တက်၍ သူနှင့်အတူ စားဖို့ရန် ဖိတ်ခေါ်ခဲ့သည်။

1 Samuel 9:20

ရှောလုသည် ရှမွေလကသူ့ကို ပြောသောစကားအားဖြင့် ရှမွေလသည် ရှောလုအား အဘယ်သို့ အံ့အားသင့်စေခဲ့သနည်း။

ရှောလုသည် သူနှင့်သူ့အဘ၏ အိမ်၌ ရှိသော ဣသရေလအမျိုးသားအပေါင်းတို့အလိုဆန္ဒများ၌ရှင်း၊ ဗယာ်မိန်အမျိုးအနွယ်စုသည် အနည်းဆုံးသော လူမျိုးစု ဖြစ်သည်။

1 Samuel 9:23

ယဇ်ပူဇော်မှုတွင်မြင့်စေရသော ပေါင်နှင့်ပတ်သက်၍ ရှမွေလသည် ရှောလုအား အဘယ်သို့ပြောခဲ့သနည်း။

ရှမွေလသည် သူ့အဘို့ ချိန်းချက်သောအချိန်ကာလတိုင်အောင်သိုထားခဲ့ကြောင်းကို ရှောလုအားပြောခဲ့သည်။

1 Samuel 9:25

သူတို့သည် မြင့်သောအရပ်ထဲမှ ဆင်း၍ မြို့ထဲသို့ဝင်ပြီးနောက် ရှမွေလသည် ရှောလုအား အဘယ်သို့ပြောခဲ့သနည်း။

သူသည် သူ၏စသွားရာလမ်းအပေါ် ပို့ဆောင်ပေးနိုင်လိမ့်မည်ဖြစ်သောကြောင့် ရှမွေလသည် ရှောလုအား ထသွားဖို့ရန် ပြောခဲ့သည်။

1 Samuel 9:27

ခေတ္တမြို့၏ အစွန်းအဖျား၌ ရပ်နေဖို့ရန် ရှမွေလသည် ရှောလုအား အဘယ်ကြောင့်ပြောခဲ့သနည်း။

ရှမွေလသည် ဘုရားသခင်၏ သတင်းစကားကို ပြန်ကြေပြာနိုင်ဖို့ ရှောလုအား ရပ်နေဖို့ပြောခဲ့သည်။

## Chapter 10

1 ဆီဘူးကိုယူ၍ ရှောလု၏ခေါင်းပေါ်မှာ လောင်းလေ၏။ တဖန် သူ့ကိုနမ်းသဖြင့်၊ ထာဝရဘုရားသည် သင့်ကို အမွေတော်လူမျိုး၏
မင်းအရာ၌ ခန့်ထား၍ ဆီလောင်းခြင်း ဘိသိက်ကိုပေးတော်မူ၏။ 2 ယနေ့ ငါနှင့်ကွာ၍ သွားသောအခါ၊ ဗင်္ယာမိန်ခရိုင်စွန်း၊ ဇေလဇရွာ၊
ရာခေလသင်္ချိုင်းအနားမှာ လူနှစ်ယောက်ကို တွေ့လိမ့်မည်။ သူတို့က၊ သင်သွား၍ ရှာသောမြည်းတို့ကို တွေ့ပြီ။ သင်၏ အဘသည်
မြည်းတို့ကို အမှုမထား၊ ငါ့သားအဘို့ အဘယ်သို့ ပြုရပါမည်နည်းဟု ဆိုလျက် စိုးရိမ်ကြောင်းကို ပြောကြလိမ့်မည်။ 3 ထိုအရပ်မှ
လွန်၍ တာဗော်လွင်ပြင်သို့ ရောက်လျှင်၊ ဆိတ်သငယ်သုံးကောင်ကို ဆောင်သောသူ တယောက်၊ မုန့်သုံးလုံးကို ဆောင်သော
သူတယောက်၊ စပျစ်ရည်ဘူးကိုဆောင်သောသူ တယောက်တည်းဟူသော ဗေသလမြို့ ဘုရားသခင့် ထံတော်သို့
သွားသောသူသုံးယောက်တို့နှင့် သင်သည် တွေ့ကြုံလိမ့်မည်။ 4 ထိုသူတို့သည် နှုတ်ဆက်ပြီးလျှင် မုန့်နှစ်လုံးကို ပေး၍၊ သင်သည်
သူတို့လက်မှ ခံယူရလိမ့်မည်။ 5 ထိုနောက်မှ ဖိလိတ္တိတပ်ရှိရာ ဘုရားသခင်၏ တောင်သို့ ရောက်၍ မြို့သို့ ချဉ်းကပ်သောအခါ၊
ပရောဖက် အပေါင်းအသင်းသည် တယော၊ ပတ်သာ၊ ပုလွေ၊ စောင်းပါလျက် ပရောဖက်ပြုလျက်၊ မြင့်သောအရပ်မှ
ဆင်းလာကြသည်ကို တွေ့လိမ့်မည်။ 6 ထိုအခါ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သင့်အပေါ်မှာ သက်ရောက်သဖြင့်၊ သင်သည်
သူတို့နှင့် အတူ ပရောဖက်ပြု၍ ခြားနားသောသူ ဖြစ်လိမ့်မည်။ 7 ဤနိမိတ်လက္ခဏာတို့သည် သင်၌ ဖြစ်သောအခါ၊
အဆင်သင့်သည်အတိုင်း ပြုလော့။ ဘုရားသခင် သည် သင်နှင့်အတူ ရှိတော်မူ၏။ 8 သင်သည်လည်း ငါ့ရှေ့မှာ ဂိလဂါလမြို့သို့
သွားရမည်။ ငါသည်လည်း မီးရှို့ရာယဇ်၊ မိဿဟာယယဇ် တို့ကို ပူဇော်ခြင်းငှါ သင်ရှိရာသို့ လာမည်။ ငါလာ၍ သင်ပြုရသော အမှုကို
မပြမှီတိုင်အောင် သင်သည် ငံ့နေရမည်ဟု ဆို၏။ 9 ရှောလုသည် ရှမွေလထံမှ ထွက်သွားမည်ဟု လှည့်သောအခါ၊ ခြားနားသော
စိတ်နှလုံးကို ဘုရားသခင် ပေးတော်မူ၍၊ ထိုနိမိတ်လက္ခဏာ အလုံးစုံတို့သည် ထိုနေ့ခြင်းတွင် ဖြစ်လေ၏။ 10
တောင်တော်သို့ရောက်သောအခါ၊ ပရောဖက် အပေါင်းအသင်းတို့သည် ဆီး၍ ကြိုကြစဉ်တွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည်
ရှောလုအပေါ်သို့ သက်ရောက်တော်မူသဖြင့်၊ သူတို့နှင့်အတူ ပရောဖက် ပြုလေ၏။ 11 ရှောလုသည် ပရောဖက်တို့နှင့်အတူ
ပရောဖက်ပြုသည်ကို အထက်က သိကျွမ်းသောသူတို့သည် မြင်သောအခါ၊ ကိရှ၏သား၌ အဘယ်သို့ ဖြစ်သနည်း။ ရှောလုသည်လည်း
ပရောဖက်တို့၌ ပါသလော ဟု တယောက်ကိုတယောက် မေးမြန်းကြ၏။ 12 ထိုအရပ်သား တယောက်က၊ သူတို့အဘကား
အဘယ်သူနည်းဟုဆို၍၊ ရှောလုသည်လည်း ပရော ဖက်တို့၌ ပါသလောဟူသော စကားသည် ပုံစကားဖြစ်လေ၏။ 13 ရှောလုသည်
ပရောဖက်ပြုပြီးမှ မြင့်သောအရပ်သို့ သွား၏။ 14 ရှောလု၏ ဘထွေးက၊ သင်တို့သည် အဘယ်အရပ်သို့ သွားသနည်းဟု ရှောလုနှင့်
ငယ်သားကို မေးလျှင်၊ ရှောလုက၊ မြည်းတို့ကို ရှာရအောင် သွား၏။ မတွေ့သောအခါ ရှမွေလထံသို့ ရောက်သည်ဟု ပြန်ပြော၏။ 15
ဘထွေးကလည်း၊ ရှမွေလသည် အဘယ်သို့ ပြောသနည်း။ ငါ့အား ပြန်ပြောပါဟု တောင်းပန်သော်၊ 16 မြည်းတို့ကို တွေ့ပြီဟု
ရှမွေလသည် အတပ်ပြောကြောင်းကိုသာ ရှောလုသည် ဘထွေးအာ ပြန်ပြော ၍၊ ရှမွေလပြောသော နိုင်ငံအမှုအရေးကို ဘထွေးအား
မကြားမပြောဘဲနေ၏။ 17 တဖန် ရှမွေလသည် လူများတို့ကို မိဇပါမြို့ ထာဝရဘုရားထံတော်သို့ခေါ်၍ စည်းဝေးစေပြီးလျှင်၊ 18
ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဣသရေလအမျိုးဖြစ်သော သင်တို့ကို အဲဂုတ္တုပြည်မှ
ငါဆောင်ခဲ့၍၊ အဲဂုတ္တုမင်းအစရှိသော သင်တို့ကို ညှဉ်းဆဲသော မင်းအပေါင်း တို့ လက်မှ ကယ်နှုတ်သော်လည်း၊ 19 သင်တို့ကို
ဒုက္ခဆင်းရဲဘေးဥပဒ် ရှိသမျှတို့အထဲက ကယ်တင်သော သင်တို့၏ ဘုရားသခင်ကို ယနေ့ သင်တို့သည် ပယ်ကြပြီ။
အကျွန်ုပ်တို့အပေါ်မှာ ရှင်ဘုရင်ရှိစေခြင်းငှါ ချီးမြှောက်တော်မူပါဟု လျှောက်ကြ ပြီ။ သို့ဖြစ်၍ အမျိုးအသီးအသီး၊
အဆွေအသီးအသီးအလိုက် ထာဝရဘုရားရှေ့တော်သို့ ချဉ်းကပ် ကြလော့ဟု ဣသရေလ အမျိုးသားတို့အား ဆိုသဖြင့်၊ 20
အမျိုးအနွယ်အပေါင်းတို့ကို ချဉ်းကပ်စေပြီးမှ၊ ဗင်္ယာမိန်အမျိုးကို မှတ်တော်မူ၏။ 21 ဗင်္ယာမိန်အဆွေအမျိုးအလိုက်
ချဉ်းကပ်စေပြီးမှ၊ မာတရိ အဆွေအမျိုးကိုငင်း၊ ကိရှ၏သား ရှောလု ကိုငင်း မှတ်တော်မူသဖြင့် သူ့ကိုရှာ၍ မတွေ့ကြ။ 22 ထိုသူသည်
လာရပါမည်လောဟု ထာဝရဘုရားအား မေးလျှောက်လျှင်၊ ထာဝရဘုရားက၊ လှည်းများ အစရှိသည်တို့၌ ပုန်း၍နေသည်ဟု
မိန့်တော်မူ၏။ 23 သူတို့သည် ပြေး၍ ခေါ်ခဲ့ကြ၏။ ရှောလုသည် လူများတို့တွင် ရပ်သောအခါ၊ ပခုံးအထက်မှာ အခြား သောသူထက်
အရပ်သာ၍မြင့်၏။ 24 ရှမွေလကလည်း၊ ထာဝရဘုရား ရွေးချယ်တော်မူသောသူကို ကြည့်ကြလော့။ လူခပ်သိမ်းတို့တွင်
သူနှင့်တူသော သူတစုံတယောက်မျှမရှိဟု လူအပေါင်းတို့အား ပြောဆိုလျှင်၊ လူအပေါင်းတို့က၊ ရှင်ဘုရင် အသက်တော်မြဲပါစေဟု
ကြွေးကြော်ကြ၏။ 25 ရှမွေလသည်လည်း မင်းကျင့်တရားကို လူများတို့အား ဟောပြော၍ စာ၌ ရေးမှတ်သဖြင့်၊ ထာဝရ
ဘုရားရှေ့တော်၌ ထားပြီးမှ၊ လူအပေါင်းတို့ကို အသီးအသီး မိမိတို့အိမ်သို့ လွှတ်လိုက်လေ၏။ 26 ရှောလုသည်လည်း ဂိဗာမြို့
မိမိအိမ်သို့သွား၍၊ ဘုရားသခင် သွေးဆောင်တော်မူသော လူအပေါင်း အသင်းသည် သူနှင့်အတူ လိုက်သွားကြ၏။ 27 အဓမ္မလူတို့က၊
ဤသူသည် ငါတို့ကို အဘယ်သို့ ကယ်တင်လိမ့်မည်နည်းဟု ဆိုလျက်၊ လက်ဆောင်ကို မဆက်ဘဲ မထီမဲ့မြင်ပြုသော်လည်း၊
ရှောလုသည် အမှုမထားဘဲနေ၏။


generated on Sun Jun 30 02:37:40 2024

1 Samuel 01

ဆီဘူးကိုယူ၍ ရှောလု၏ခေါင်းပေါ်မှာ လောင်းလေ၏။
ဣသရေလယဉ်ကျေးမှုတွင် ပုရောဖက်တစ်ပါးက တစ်ဦးဦး၏ ခေါင်းပေါ်သို့ ဆီလောင်းသောအခါ ထိုသူသည်ထာဝရဘုရားထံမှ ကောင်းကြီးရရှိပါသည်။

ဘူး
ရွှံ့ကိုဖုတ်၍ လုပ်ထားသော ထည့်စရာ ဘူးအသေး

ထာဝရဘုရားသည် သင့်ကို အမွေတော်လူမျိုး၏မင်းအရာ၌ ခန့်ထား၍ ဆီလောင်းခြင်း ဘိသိက်ကိုပေးတော်မူ၏။
ရှမွေလပြောသောစကားဖြစ်သည်၊ မြန်မာလိုတွင်မေးခွန်းမပါပေ။ ထာဝရ ဘုရားသည် ရှောလုကို ဣသရေလ ၏
ရှင်ဘုရင်အဖြစ်ရွေးချယ်ခန့်ထားသည်ကို
ရှမွေလကသတိပေးနေခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ထာဝရဘုရားသည် သင့်ကို သူ၏ အမွေခံလူများအပေါ် အုပ်ချုပ်ရန်မင်းအဖြစ်ခန့်၍ ဆီဖြင့် ဘိသိက်ပေးတော်မူ၏"

ဇေလဇ
နေရာတစ်ခု၏အမည်ဖြစ်သည်။

ငါ့သားအတွက် အဘယ်သို့ ပြုရပါမည်နည်း
ရှောလု၏ ဖခင်သည် သူ့သား အကြောင်းနှင့် သူ့ကို မည်သို့ပြုရန် ယခု အလေးထားလာသည်။

1 Samuel 03

တာဗော်
နေရာတစ်ခု၏အမည်ဖြစ်သည်။

သူတို့လက်မှ ခံယူရလိမ့်မည်။
ဤတွင် လက်များ မှာ
လူတစ်ဦးလုံးထံမှအစိတ်အပိုင်းတစ်ခုကိုကိုယ်စားပြုသောအမည်ဖြစ်သည်။
"သူတို့ထံမှယူပါ" သို့မဟုတ် "လက်ခံပါ။"

1 Samuel 05

ပတ်သာ
ဗုံနှင့်တူသော တူရိယာတစ်မျိုးဖြစ်သည်။
ဘေးတွင်သတ္တုအဝိုင်းကလေးများပါပြီး၊ မျက်နှာပြင်ကို ရိုက်ကာလှုပ်လျှင် အသံထွက်လာသည်။

ထာဝရဘုရား၏ ဝိညာဉ်တော်သည် သင့်အပေါ်မှာ သက်ရောက်သဖြင့်
" သက်ရောက်" စကားစု အဓိပ္ပာယ်မှာ ထာဝရဘုရား၏ ဝိညာဉ်တော်သည် ရှောလုအပေါ်လွှမ်းမိုးလိမ့်မည်ဖြစ်သည်။
ဆိုလိုသည်မှာ သူသည် ရှောလုအား ပရောဖက်ပြုပြီး ထူးခြားစွာ ပြုမူသူတစ်ဦးဖြစ်လာလိမ့်မည်။

1 Samuel 07

အဆင်သင့်သည်အတိုင်း ပြုလော့။
ရှမွေလက ရှောလုအား သင့်လက်ဖြင့် လုပ်လိုသောအရာကို လုပ်ရန်ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တွေးသော မှန်သည့်အရာဟူသမျှကို လုပ်ပါ"

1 Samuel 09

ခြားနားသော စိတ်နှလုံးကို ဘုရားသခင် ပေးတော်မူ၍
ဘုရားသခင်သည် ရှောလု လှည့်ထွက်သောအခါ သူ့ကိုထူးခြားသော စိတ် ဖြစ်စေသည်။

ဘုရားသခင်၏ ဝိညာဉ်တော်သည် ရှောလုအပေါ်သို့ သက်ရောက်တော်မူသဖြင့်၊

1 Samuel 11

ကိရှ၏သား၌ အဘယ်သို့ ဖြစ်သနည်း။
ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ

ကိရှ၏သား
ရှောလုသည် ကိရှ၏ သား ဖြစ်သည်။

သူတို့အဘကား အဘယ်သူနည်း
ဤလူက သူတို့မိဘများတွင် ပရောဖက်တစ်ပါးမျှမရှိခဲ့သည်ကို လူများအားသတိရစေရန် ယဉ်ကျေးသော
အမေးဖြင့်သုံးနှုန်းထားသည်။ ထုတ်ပြန်ချက်ကဲ့သို့လည်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"
အခြားသောပရောဖက်များတို့၏ မိဘများ မည်သူဖြစ်ကြောင်း ကိစ္စမရှိပေ။ ရှောလုသည် ထာဝရဘုရားထံမှ သတင်းများကို အံ့သြစွာပြောနေခြင်း ကိစ္စသာဖြစ်သည်။"

ရှောလုသည်လည်း ပရော ဖက်တို့၌ ပါသလောဟူသော စကားသည် ပုံစကားဖြစ်လေ၏။
ဤစကားသည် ဣသရေလလူမျိုးတွင် ဆိုရိုးတစ်ခုဖြစ်လာသည်။
လူတစ်ဦးသည်ရှေ့တွင်လုပ်ဆောင်နိုင်သောအရာမရှိသော်လည်း မမျှော်လင့်ဘဲဖြစ်မြောက်သွားသည်ကိုအံ့သြထင်ရှားစွာတွေ့ရသောအခါ ဤပုံစကားကိုဆိုကြသည်။ ဤအမေး၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာဖော်ပြနိုင် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် မယုံနိုင်အောင် သတင်းအချို့ သိရသောအခါ သူတို့ရှောလုအဖြစ်အပျက်ကို တွေးမိပြီး 'ပရောဖက်များတွင်ရှောလုသည်တစ်ဦးပါဝင်သလား' ဟုပြောလေ့ရှိသည်။"

1 Samuel 14

ရှောလု၏ ဘထွေးက၊
ရှောလုဖခင်၏ အစ်ကိုတော်သူက ရှောလုကို မေးခြင်း


generated on Sun Jun 30 02:37:40 2024

ရှမွေလပြောသော နိုင်ငံအမှုအရေးကို ဘထွေးအား မကြားမပြောဘဲနေ၏။

ရှမွေလသည် သူ၏ ဘထွေးအား ဘုရားသခင်သည် သူ့ကိုဣသရေလ၏ ဘုရင်အဖြစ် ရွေးခန့်ထားကြောင်း မပြောပြခဲ့ပေ။

1 Samuel 17

အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သည်

"ဣသရေလ" သည် ဣသရေလနိုင်ငံ၌ နေထိုင်သည့်လူများအတွက် ရပ်တည်သည်။ "ငါသည် ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သည်"

ယနေ့

"ယခု"

အဲဂုတ္တုတို့လက်ထဲမှ...မင်းအပေါင်းတို့လက်မှ

"လက်" သည် တန်ခိုးအတွက် ရပ်တည်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုတို့၏ တန်ခိုး...မင်းအပေါင်းတို့၏ တန်ခိုး"

အကျွန်ုပ်တို့အပေါ်မှာ ရှင်ဘုရင်ရှိစေမူပါ

"ငါတို့ကိုအုပ်ချုပ်ဖို့ ရှင်ဘုရင် ပေးတော်မူပါ"

အမျိုးအသီးသီး၊ အဆွေအသီးသီးဖြင့် ထာဝရဘုရားရှေ့တော်၌ ချဉ်းကပ်ကြလော့

"အမျိုးအသီးသီး၊ အဆွေအလိုက် စုရုံးကြပြီး ထာဝရဘုရား ရှေ့တော်၌ ရပ်ကြပါ။"

1 Samuel 20

ဗယ်္ယာမိန်အမျိုးကို မှတ်တော်မူ၏....မာတရိ အဆွေအမျိုးကိုငင်း၊ ကိရှ၏သား ရှောလုကိုငင်း မှတ်တော်မူသဖြင့်

အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ဗယ်္ယာမိန်အမျိုး.....မာတရအမျိုးနှင့် ကိရှအမျိုးတို့ကိုရွေးချယ်သည်။"

1 Samuel 22

ရှောလုသည် လူများတို့တွင် ရပ်သောအခါ ပခုံးအထက်မှာ အခြားသူထက် အရပ်သာ၍မြင့်သည်

ဣသရေလနိုင်ငံရှိ လူရှည်များသည်လည်း ရှောလု၏ပခုံးကို မမှီကြပါ။ 9:1 အတိုင်းဘာသာပြန်ရန်

1 Samuel 25

မင်းကျင့်တရားကို

"မင်းကျင့်တရား" မှာ စိတ္တဇနာမ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အုပ်ချုပ်သူ ဘုရင်တစ်ပါးစောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ။"

1 Samuel 26

ဘုရားသခင် သွေးဆောင်တော်မူသော လူအပေါင်း အသင်းသည်

ဘုရားသခင် တို့ထိခြင်းခံရသော လူ၏နှလုံးသားကိုတင်စားသည်၊ ဆိုလိုသောအဓိပ္ပါယ်မှာ ဘုရားသခင်သည်သူတို့၏ စိတ်ကိုတစ်စုံတစ်ခုထားစေသည် သို့မဟုတ် တစ်စုံတစ်ခုလုပ်ရန် လှုပ်ရှားပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူတို့၏ အတွေးများကိုပြောင်းခြင်းကြောင့် သူတို့ရှောလုနှင့်အတူ သွားလိုခဲ့ကြသည်။"

ဤသူသည် ငါတို့ကို အဘယ်သို့ ကယ်တင်လိမ့်မည်နည်း

ဤစကားသည် ငေါ့၍ဖော်ပြခြင်းကို နားထောင်ကောင်းရုံမေးခွန်းဖြင့် သုံးနှုန်းထားသည်။ အခြားသောဘာ သာပြန်ဆိုချက်၊" ကျွန်ုပ်တို့ကို ကယ်ရန် ဤလူ၌ စွမ်းအားမရှိပါ။"

မထီမဲ့မြင်ပြုသော်လည်း

လွှန်စွာမှ မနှစ်သက်ပေ သို့မဟုတ် မုန်းတီးသည်။

## Translation Questions

1 Samuel 10:1

အဘယ်ကြောင့် ရှမွေလသည် ရှောလု၏ ခေါင်းပေါ်မှာ ဆီတစ်ဗူးကိုလောင်း၍ နမ်းခဲ့သနည်း။

ထာဝရဘုရားသည် သူ့ကို သူ၏အမွေဥစ္စာကို အုပ်စိုးသော မင်းအရာဖြစ်စေဖို့ ဘိတ်သိက်ပေးခဲ့သောကြောင့် ရှမွေလသည် ရှောလု၏ ခေါင်းပေါ်သို့ ဆီလောင်းခြင်းဖြစ်သည်။

ရှမွေလသည် ရှောလုနှင့် အနာဂါတ်အဖြစ်အပျက်ကို အဘယ်သို့ဝေငှခဲ့သနည်း။

ရှမွေလသည် ရှောလုအား သင်သည်ရာခေလသင်္ချိုင်းအနားမှာ လူနှစ်ယောက်ကို တွေ့လိမ့်မည်၊ သူတို့သည် မြည်းများကိုတွေ့ပြီ ပြောလိမ့်မည်ဟု ပြောခဲ့သည်။

1 Samuel 10:3

ရှမွေလသည် ရှောလုအား တာဗော်လွင်ပြင်သို့ရောက်လာသောအခါ အဘယ်သို့ဖြစ်လိမ့်မည်ဟု ပြောခဲ့သနည်း။

ဆိတ်သူငယ်သုံးကောင်ကို ဆောင်သောသူ မုန့်သုံးလုံးကို ဆောင်သောသူနှင့် စပျစ်ရည်ဗူးကို ဆောင်သောသူ သုံးဦးနှင့်တွေ့ဆုံလိမ့်မည်၊ သူတို့သင့်အား မုန့်နှစ်လုံးကို ပေး၍ သင်သည် ယူရလိမ့်မည် ဟုပြောခဲ့သည်။

1 Samuel 10:5

ရှမွေလသည် ရှောလုအား သင်သည် ဖိလိတ္တိတပ်သို့ရောက်လာသောအခါ အဘယ်သို့ဖြစ်လိမ့်မည်ဟု ပြောခဲ့သနည်း။

ထာဝရဘုရား၏ ဝိညာဉ်သည် သင့်အပေါ်မှာ သက်ရောက်လိမ့်မည်။ ထိုကြောင့် သင်သည် မြို့မှ ပရောဖက်များနှင့်အတူ ပရောဖက်ပြု၍ ထူးခြားသောသူဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။

1 Samuel 10:7

ရှမွေလသည် ရှောလုအား အဘယ်သို့ ညွှန်ကြားပေးခဲ့သနည်း။

ရှမွေလသည် ရှောလုအား ဂိလဂါလမြို့သို့ တက်သွားရလိမ့်မည်။ ငါသည်လည်း မီးရှို့ရာယဇ်နှင့် မိတ်သဟာယ ယဇ်ကို ပူဇော်ခြင်းငှါ လာရလိမ့်မည်ဟု ပြောခဲ့သည်။

1 Samuel 10:9

ရှောလုသည် ရှမွေလဆီမှ ထွက်ခွာသွားမည်ဟူ၍ လှည့်သောအခါ အဘယ်သို့ဖြစ်ပျက်ခဲ့သနည်း။

ရှောလုသည် ထွက်ခွာဖို့ရန် လှည့်သောအခါ ဘုရားသခင်သည် သူ့အား ခြားနားသောနှလုံးသားကိုပေးခဲ့သည်။

1 Samuel 10:11

ရှောလုသည် ပရောဖက်တစ်ဦးဖြစ်သည်ကို လူတို့သည် အဘယ်ကြောင့် အံ့အားသင့်ခဲ့ကြသနည်း။

အဘယ်ကြောင့်ဆိုသော် သူတို့သည် သူ့ကို ပရောဖက်တစ်ဦးနှင့်အတူ ပရောဖက်ပြုနေသည်ကို တွေ့ခဲ့သောကြောင့် သူသည် ယခုမှာ ပရောဖက်တစ်ဦးဖြစ်သည်ဟု လူတို့သည် အံ့အားသင့်ခဲ့ကြသည်။

1 Samuel 10:14

သင်သည် အဘယ်သို့သွားသည်ဟု သူ၏ဦးလေးကမေးသောအခါ ရှောလုသည် အဘယ်သို့ပြောခဲ့သနည်း။

ရှောလုသည် သူ၏အစေခံကျွန်နှင့်အတူ မြည်းများကို ရှာမတွေ့နိုင်သောအခါ သူတို့သည် ရှမွေလအား ကြည့်ဖို့ရန် သွားခဲ့သည်ဟု သူ၏ဦးလေးကို ပြောခဲ့သည်။

ရှောလုသည် ရှမွေလသူ့ကို ပြောခဲ့သည့် အကြောင်းနှင့်ပတ်သက်ပြီး မည်သည့်အရာကို သူ့ဦးလေးအားမပြောပြခဲ့သနည်း?

ရှောလုသည် ရှမွေလပြောသောကောင်းကင်နိုင်ငံ၏ အရေးကိစ္စနှင့်ပတ်သက်သည့် အကြောင်းကို သူ့ဦးလေးအားမပြောပြခဲ့ပေ။

1 Samuel 10:17

ထာဝရဘုရားသည် ဣသရေလအမျိုးသူ့ကိုငြင်းခဲ့သည်ဟု အဘယ်ကြောင့်ပြောခဲ့သနည်း။

သူတို့ကို အုပ်စိုးမည့် ရှင်ဘုရင်ကို သူတို့သည် ဖျက်ဆီးခဲ့သောကြောင့် ဣသရေလတို့သည် ထာဝရဘုရားကို ငြင်းခဲ့ကြသည်။

1 Samuel 10:20

ရှောလုသည် နောင်ဖြစ်လာမည့် ရှင်ဘုရင်ကို ရွေးချယ်သောအခါ အဘယ်သို့ဖြစ်ခဲ့သနည်း။

သူတို့သည် ရှောလုကို မြော်လင့်သော်လည်း သူ့ကို ရှာမတွေ့နိုင်ခဲ့ပေ။

1 Samuel 10:22

သူသည် နောင်ဖြစ်လာမည့်ရှင်ဘုရင်ကို ရွေးသောအခါ သူတို့သည် ရှောလုအား အဘယ်ကြောင့် ရှာမတွေ့နိုင်ခဲ့သနည်း။

ရှောလုသည် အိတ်ကြားတွင် မိမိကိုယ်မိမိ ဝှက်ထားခဲ့သည်။

1 Samuel 10:24

ထာဝရဘုရားရွေးတော်မူသော လူအကြောင်းနှင့် ပတ်သက်ပြီး ရှမွေလသည် မည်သို့ခံစားခဲ့ရသနည်း။

ရှမွေလသည် ထိုနေရာ၌ လူအားလုံးကြားတွင် သူနှင့်တူသော သူတစ်ယောက်မျှမရှိဟု ပြောခဲ့သည်။

1 Samuel 10:25

မင်းကျင့်တရားများနှင့် အကောက်ခွန်များကို ဘယ်လို ရေးဆွဲ၍ ထိန်းသိမ်းခဲ့သနည်း။

ရှမွေလသည် မင်းကျင့်တရားများကို လူများတို့အား ဟောပြောပြီးလျှင် သူတို့ကို စာ၌ ရေးမှတ်၍ ထာဝရဘုရားရှေ့တော်၌ ထားတော်မူ၏။

1 Samuel 10:26

အချို့သော အချည်းနှီးယောကျ်ားတို့သည် ရှောလုကို သူတို့မနှစ်သက်ကြောင်း မည်သို့ပြသခဲ့သနည်း။

အချို့သော အချည်းနှီးယောကျ်ားတို့သည် ဤသူသည် ငါတို့ကို အဘယ်သို့ ကယ်တင်နိုင်မည်နည်း ဟူ၍၎င်း၊ လက်ဆောင်များကို မယူဆောင်လာခြင်းအားဖြင့်၎င်း၊ ရှောလုအား အထင်အမြင်သေးခဲ့ကြသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 11

1 ထိုနောက်မှ အမ္မုန်အမျိုးသား နာဟတ်သည်လာ၍ ဂိလဒ်ပြည်ယာဗက်မြို့အနားမှာ တပ်ချလျှင်၊ မြို့သားအပေါင်းတို့က
အကျွန်ုပ်တို့နှင့် မိဿဟာယဖွဲ့တော်မူပါ။ ကိုယ်တော်ထံ၌ ကျွန်ခံပါမည်ဟု နာဟတ်မင်းအားလျှောက်သော်လည်း၊ 2 အမ္မုန်အမျိုးသား
နာဟတ်က၊ သင်တို့၌ လက်ျာမျက်စိရှိသမျှကို ဖောက်၍ ဣသရေလအမျိုးတမျိုး လုံး၌ ငါကဲ့ရဲ့ရသော အခွင့်ကို ပေးမှသာ
မိဿဟာယဖွဲ့မည်ဟု ပြန်ပြောသော်၊ 3 ယာဗက်မြို့သား အသက်ကြီးသူတို့က၊ အကျွန်ုပ်တို့သည် ဣသရေလပြည်တရှောက်လုံးသို့
တမန် တို့ကို စေလွှတ်ခြင်းငှါ ခုနှစ်ရက်မျှ ငံ့လင့်ပါ။ ထိုအခါ ကယ်တင်သောသူ မပေါ်မရှိလျှင် မင်းကြီးထံ သို့ ထွက်ပါမည်ဟု
ဆိုကြ၏။ 4 တမန်တို့သည် ရှောလုနေရာ ဂိဗာမြို့သို့လာ၍ လူများတို့အား သိတင်းကြားပြောသော်၊ လူအပေါင်းတို့သည် အသံကို
လွှင့်၍ ငိုကြွေးကြ၏။ 5 ရှောလုသည် နွားစုနောက်သို့ လိုက်လျက် လယ်လုပ်ရာမှ ရောက်လာသောအခါ၊ လူတို့သည် အဘယ်ကြောင့်
ငိုကြွေးကြသနည်းဟု မေးလျှင်၊ ယာဗက်မြို့သားတို့၏ သိတင်းကို ပြောကြ၏။ 6 ထိုသိတင်းကို ရှောလုကြားသောအခါ၊
ဘုရားသခင်၏ ဝိညာဉ်တော် သက်ရောက်၍ ထိုသူသည် ပြင်းစွာ အမျက်ထွက်လျက်၊ 7 နွားတရှဉ်းကို ယူ၍ ခုတ်ဖြတ်ပြီးမှ၊
သံတမန်တို့လက်တွင် ဣသရေလပြည် တရှောက်လုံးသို့ ပေးလိုက် ၍၊ ရှောလုနှင့်ရှမွေလနောက်သို့ ထွက်၍မလိုက်သောသူ၏ နွားတို့ကို
ဤကဲ့သို့ပြုမည်ဟု ကြော်ငြာစေသ ဖြင့်၊ လူတို့သည် ထာဝရဘုရားကို ကြောက်၍ တညီတညွတ်တည်း ထွက်လာကြ၏။ 8
ဗေဇက်မြို့၌ တပ်စာရင်းယူသောအခါ၊ ဣသရေလအမျိုးသား သုံးသိန်း၊ ယုဒအမျိုးသား သုံးသောင်း ရှိကြ၏။ 9
ဂိလဒ်ပြည်ယာဗက်မြို့မှ လာသော တမန်တို့အား နက်ဖြန်နေ့ နေပူချိန် ရောက်သောအခါ ချမ်းသာ ရမည် အကြောင်းကို၊
မြို့သားတို့အား ကြားပြောလော့ဟု မှာလိုက်သည်အတိုင်း၊ တမန်တို့သည် သွား၍ သိတင်းကြားပြောသဖြင့် ယာဗက်မြို့သားတို့သည်
ဝမ်းမြောက်ကြ၏။ 10 အကျွန်ုပ်တို့သည် နက်ဖြန်နေ့၌ ကိုယ်တော်ထံသို့ ထွက်ပါမည်။ ကိုယ်တော်အလိုရှိသမျှအတိုင်း ပြုတော် မူပါဟု
နာဟတ်မင်းအား လျှောက်ကြ၏။ 11 နက်ဖြန်နေ့၌ ရှောလုသည် လူတို့ကို သုံးတပ်ခွဲပြီးမှ၊ နံနက်ယံအချိန်၌ ရန်သူအလုံးအရင်းထဲသို့
ဝင်၍ နေပူချိန်တိုင်အောင် အမ္မုန်အမျိုးသားတို့ကို လုပ်ကြံသဖြင့်၊ ကျန်ကြွင်းသောသူတယောက်နှင့် တယောက်ပေါင်း၍
မနေရသည်တိုင်အောင် လူအပေါင်းတို့သည် ကွဲပြားလျက် ရှိကြ၏။ 12 ဣသရေလလူတို့ကလည်း၊ ရှောလုသည် ငါတို့ကို
အုပ်စိုးရမည်လောဟု ဆိုမိသောသူကား အဘယ် သူနည်း။ ထိုသို့ဆိုမိသောသူတို့ကိုခေါ်၍ သတ်ကြကုန်အံ့ဟု ရှမွေလအားဆိုကြသော်၊
13 ရှောလုက၊ လူတယောက်ကိုမျှ ယနေ့မသတ်ရ၊ ထာဝရဘုရားသည် ယနေ့ဣသရေလအမျိုးကို ကယ်တင်တော်မူပြီဟု ဆို၏။ 14
ရှမွေလကလည်း၊ ဂိလဂါလမြို့သို့သွား၍ နိုင်ငံတော်ကို ပြုပြင်ကြကုန်အံ့ဟု လူများတို့အား ပြောဆိုသည်အတိုင်း၊ 15
လူအပေါင်းတို့သည် ဂိလဂါလမြို့သို့ သွား၍၊ ထိုမြို့၌ ထာဝရဘုရားရှေ့တော်မှာ ရှောလုကို ရှင်ဘုရင် အရာ၌ ချီးမြှောက်ကြ၏။
ထိုမြို့၌လည်း၊ ထာဝရဘုရားရှေ့တော်မှာ မိဿဟာယယဇ်ကို ပူဇော်သဖြင့်၊ ရှောလုနှင့် ဣသရေလအမျိုးသားအပေါင်းတို့သည်
အလွန်ပျော်မွေ့ခြင်းကို ပြုကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 12

1 ရှမွေလကလည်း၊ သင်တို့ပြောသမျှသော စကားကို ငါနားထောင်၍၊ သင်တို့အပေါ်မှာ ရှင်ဘုရင်ကို ငါချီးမြှောက်လေပြီ။ 2 ယခုမှာ
ရှင်ဘုရင်သည် သင်တို့ရှေ့၌ ကြွနေတော်မူ၏။ ငါသည် အသက်ကြီး၍ ဆံပင်ဖြူပြီ။ ငါ့သားတို့ သည် သင်တို့၌ ရှိကြ၏။ ငါသည်
ငယ်သော အရွယ်မှ စ၍ ယနေ့တိုင်အောင် သင်တို့ရှေ့၌ သွားပြီ။ 3 ဤအရပ်၌ ယခု ငါရှိ၏။ အဘယ်သူ၏ နွားကို ငါယူဘူးပြီနည်း။
အဘယ်သူ၏ မြည်းကို ယူဘူးပြီ နည်း။ အဘယ်သူကို လုည့်စားဘူးပြီနည်း။ အဘယ်သူကို ညှဉ်းဆဲဘူးပြီနည်း။ ကိုယ်မျက်စိကို ကွယ်
စေခြင်းငှါ အဘယ်သူလက်မှ တံစိုးကို ခံဘူးပြီနည်း။ ထာဝရဘုရားရှေ့၊ ဘိသိက်တော်ကို ခံသော သူရှေ့မှာ ငါ့တဘက်၌
သက်သေခံကြလော့။ သူ့ဥစ္စာကို ငါယူမိလျှင် ပြန်ပေးပါမည်ဟု ဣသရေလ လူအပေါင်းတို့အား ပြောဆိုသော်၊ 4 သူတို့က၊
ကိုယ်တော်သည် အကျွန်ုပ်တို့ကို မလုည့်စားပါ။ မညှဉ်းဆဲပါ။ အဘယ်သူ၏ ဥစ္စာကိုမျှ မယူပါဟု ပြောဆိုကြ၏။ 5 ရှမွေလကလည်း၊
သင်တို့သည် ငါ့လက်၌ သူတပါး၏ ဥစ္စာကို ရှာ၍ မတွေ့ကြောင်းကို ထာဝရဘုရား သည် သင်တို့တဘက်၌ သက်သေဖြစ်တော်မူ၏။
ဘိသိက်တော်ကို ခံသောသူလည်း သက်သေဖြစ်၏ ဟု ဆိုလျှင်၊ သူတို့က၊ သက်သေဖြစ်ပါသည်ဟု ဝန်ခံကြ၏။ 6 တဖန် ရှမွေလက၊
ထာဝရဘုရားသည် မောရှေနှင့် အာရုန်ကို ချီးမြှောက်၍၊ သင်တို့ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ဆောင်ခဲ့တော်မူ၏။ 7 ယခုတွင်
တိတ်ဆိတ်စွာနေကြလော့။ ထာဝရဘုရားသည် သင်တို့နှင့် သင်တို့ဘိုးဘေးများ၌ တရား သဖြင့် ပြုတော်မူသောအမှုတို့ကို
ထာဝရဘုရား ရှေ့တော်မှာ သင်တို့အား ငါဆွေးနွေး ဟောပြောမည်။ 8 ယာကုပ်သည် အဲဂုတ္တုပြည်သို့ ရောက်၍၊
သင်တို့ဘိုးဘေးတို့သည် ထာဝရဘုရားအား အော်ဟစ်သော အခါ၊ မောရှေနှင့် အာရုန်ကို စေလွှတ်သဖြင့် ဘိုးဘေးတို့ကို အဲဂုတ္တုပြည်မှ
နှုတ်ဆောင်၍ ဤပြည်၌ နေရာချတော်မူ၏။ 9 သူတို့၏ ဘုရားသခင် ထာဝရဘုရားကို မေ့လျော့သောအခါ၊ ဟာဇော် ဗိုလ်ချုပ်မင်း
သိသရလက်သို့ ၎င်း၊ ဖိလိတ္တိလူတို့ လက်သို့၎င်း၊ မောဘရှင် ဘုရင်လက်သို့၎င်း ရောက်စေတော်မူသဖြင့်၊ ထိုရန်သူတို့၏
တိုက်ဖျက်ခြင်းကို ခံရကြ၏။ 10 တဖန်သူတို့သည် ထာဝရဘုရားအား အော်ဟစ်လျက်၊ အကျွန်ုပ်တို့သည် ကိုယ်တော်ကို စွန့်၍၊ ဗာလ
ဘုရားနှင့် အာရှတရက်ဘုရားတို့ကို ဝတ်ပြုသဖြင့် ပြစ်မှားပါပြီ။ သို့ရာတွင် ရန်သူလက်မှ ကယ်ချွတ် တော်မူပါ။ ကိုယ်တော်ကို
ဝတ်ပြုပါမည်ဟု လျှောက်ကြသောအခါ၊- 11 ထာဝရဘုရားသည် ယေရုဗ္ဗာလ၊ ဗာရက်၊ ယေဖသ၊ ရှမွေလတို့ကို စေလွှတ်၍၊
ပတ်ဝန်းကျင် ရန်သူတို့ လက်မှ ကယ်နှုတ်တော်မူသဖြင့် သင်တို့သည် ဘေးလွတ်ရကြ၏။ 12 နောက်တဖန် အမ္မုန်အမျိုးသားရှင်ဘုရင်
နာဟတ်သည် စစ်ချီမည်အကြောင်းကို သိသောအခါ၊ အကျွန်ုပ်တို့သည် အရင်ကဲ့သို့မဟုတ်၊ ရှင်ဘုရင်သည် အကျွန်ုပ်တို့ကို
အုပ်စိုးရမည်ဟု သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ရှင်ဘုရင် လုပ်လျက်ပင် ငါ့အား လျှောက်ထားကြ၏။ 13 ယခုမှာ
သင်တို့လိုချင်၍ ရွေးချယ်သော ရှင်ဘုရင်ကို ကြည့်ရှုကြလော့။ ထာဝရဘုရားသည် သင်တို့ အပေါ်မှာ ရှင်ဘုရင်ဖြစ်စေခြင်းငှါ
ချီးမြှောက်တော်မူပြီ။- 14 သင်တို့သည် ထာဝရဘုရားကို ကြောက်ရွံ့၍ ဝတ်ပြုခြင်းနှင့်တကွ အာဏာတော်ကို မဆန်၊ စကား တော်ကို
နားထောင်လျှင် သင်တို့နှင့် သင်တို့ကို အုပ်စိုးသော ရှင်ဘုရင်သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားနောက်တော်သို့
အမြဲလိုက်ကြလိမ့်မည်။ 15 သို့မဟုတ် ထာဝရဘုရား၏ စကားတော်ကို နားမထောင်၊ အာဏာတော်ကို ဆန်လျှင်၊ ထာဝရ ဘုရား၏
လက်တော်သည် ဘိုးဘေးတို့ကို ဆီးတားသကဲ့သို့ သင်တို့ကို ဆီးတားတော်မူလိမ့်မည်။ 16 ယခုမှာ သင်တို့ မျက်မှောက်၌
ထာဝရဘုရားပြုတော်မူ လတံ့သော အမှုကြီးကို ငြိမ်ဝပ်စွာ နေ၍ ကြည့်ရှုလော့။ 17 ယနေ့ ဂျုံစပါးရိတ်ရာ ကာလဖြစ်သည်
မဟုတ်လော။ သို့သော်လည်း ထာဝရဘုရားကို ငါဆုတောင်း ၍ မိုဃ်းချုန်းခြင်းနှင့်တကွ မိုဃ်းရွာစေတော်မူမည်။ သို့ဖြစ်၍
သင်တို့သည် ရှင်ဘုရင်ကို တောင်း သောအားဖြင့် ထာဝရဘုရားရှေ့တော်၌ ပြစ်မှားမိသောအပြစ်သည် ကြီးကြောင်းကို ရိပ်မိသိမြင်ရ
ကြမည်ဟု လူများတို့အား ပြောဆိုပြီးလျှင်၊- 18 ထာဝရဘုရားကို ဆုတောင်း၍၊ ထိုနေ့၌ ထာဝရဘုရားသည် မိုဃ်းချုန်းခြင်းနှင့်တကွ
မိုဃ်းရွာစေ တော်မူ၍၊ လူအပေါင်းတို့သည် ထာဝရဘုရားနှင့်ရှမွေလကို အလွန်ကြောက်ရွံ့ကြ၏။ 19 လူအပေါင်းတို့က၊ ကိုယ်တော်၏
ကျွန်တို့သည် မသေရမည်ကြောင်း၊ ကိုယ်တော်၏ ဘုရားသခင် ထာဝရ ဘုရားအား ကိုယ်တော်ကျွန်တို့အဘို့ ဆုတောင်းတော်မူပါ။
အကျွန်ုပ်တို့သည် ရှင်ဘုရင်ကို တောင်း သောအားဖြင့် အထက်အပြစ်များတို့အပေါ်မှာ ထပ်၍ ဒုစရိုက်ကို ပြုမိပါပြီဟု ရှမွေလအား
တောင်း ပန်ကြ၏။ 20 ရှမွေလကလည်း မစိုးရိမ်ကြနှင့်။ ဤဒုစရိုက်အပေါင်းကို ပြုမိသော်လည်း၊ ထာဝရဘုရားနောက် တော်သို့
လိုက်ရာမှ မလွှဲကြနှင့်။ ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ဝတ်ပြုကြလော့။ 21 ကျေးဇူးမပြု မကယ်တင်နိုင်၊ အချည်းနှီးဖြစ်သော
အရာတို့နောက်သို့ လမ်းလွှဲ၍ မလိုက်ကြနှင့်။ ထိုသို့သောအရာသည် အချည်းနှီး သက်သက်ဖြစ်၏။ 22 ထာဝရဘုရားသည်
မဟာနာမတော်ကို ထောက်၍ မိမိလူတို့ကို စွန့်တော်မမူ။ ထာဝရဘုရားသည် သင်တို့ကို မိမိလူအရာ၌ ခန့်ထားခြင်းငှါ အလိုရှိတော်မူပြီ။
23 ငါမူကား သင်တို့အဘို့ ဆုမတောင်းဘဲ နေသဖြင့်၊ ထာဝရဘုရားကို ပြစ်မှားခြင်းအမှုသည် ငါနှင့် ဝေးပါစေသော။
ကောင်းမွန်ဖြောင့်မတ်သော လမ်းကိုလည်း သင်တို့အား ငါပြသဦးမည်။ 24 သို့ရာတွင် ထာဝရဘုရားကို ကြောက်ရွံ့၍ သစ္စာနှင့်တကွ
စိတ်နှလုံးအကြွင်းမဲ့ ဝတ်ပြုကြလော့။ သင်တို့အဘို့ အဘယ်မျှလောက် ပြုတော်မူပြီးသည်ကို အောက်မေ့ကြလော့။ 25 သို့မဟုတ်
သင်တို့သည် ဒုစရိုက် ပြုမြဲပြုလျှင်၊ ရှင်ဘုရင်နှင့်တကွ ပျက်စီးခြင်းသို့ ရောက်ရကြလိမ့် မည်ဟု လူများတို့အား ပြောဆိုလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 13

1-2 ရှောလုသည် တနှစ်ကျော် နှစ်နှစ်ခန့်လောက် ဣသရေလအမျိုး၌ မင်းပြုပြီးမှ၊ ဣသရေလအမျိုးသား သုံးထောင်တို့ကို
ရွေးကောက်ပြီးလျှင်၊ ကိုယ်တိုင်နေသော မိတ်မတ်မြို့နှင့် ဗေသလတောင်ပေါ်မှာ လူနှစ်ထောင်၊ ဗယ်္ယာမိန်ခရိုင်၊ ဂိဗာမြို့၊
ယောနသန်ထံမှာ တထောင်ကိုထား၍၊ အခြားသော သူတို့ကို မိမိတို့ အသီးအသီးရောအရပ်သို့ လွှတ်လိုက်လေ၏။ 3 ယောနသန်သည်
ဂိဗာမြို့၌ ရှိသော ဖိလိတ္တိတပ်ကို လုပ်ကြံသဖြင့် ဖိလိတ္တိလူတို့သည် သိတင်းကြား ၏။ ရှောလုကလည်း မြစ်တဘက်၌
နေသောသူတို့သည် ကြားသိစေဟု တပြည်လုံး တံပိုးမှုတ်စေ၏။ 4 ရှောလုသည် ဖိလိတ္တိတပ်ကို လုပ်ကြံကြောင်းနှင့် ဖိလိတ္တိလူတို့သည်
ဣသရေလလူတို့ကို ရွံ့ရှာကြောင်း ကို ဣသရေလအမျိုးသား အပေါင်းတို့သည် ကြားသိ၍၊ လူများတို့သည် ရှောလုနောက် ဂိလဂါလ
မြို့၌ စည်းဝေးကြ၏။ 5 ဖိလိတ္တိလူတို့သည်လည်း၊ ဣသရေလအမျိုးသားတို့ကို စစ်တိုက်ခြင်းငှါ၊ ရထားသုံးထောင်နှင့် မြင်း
ခြောက်ထောင်ကိုငင်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ရှိသောလူများကိုငင်း စုဝေးစေပြီးလျှင်၊ စစ်ချီဗေသဝင် မြို့အရှေ့၊ မိတ်မတ်မြို့၌
တပ်ချကြ၏။ 6 ဣသရေလအမျိုးသားတို့သည် အလွန် ဆင်းရဲခံရသဖြင့်၊ မိမိတို့ ကျဉ်းမြောင်းလျက်ရှိသည်ကို သိမြင်သောအခါ၊
ဥမင်၊ တောအုံ၊ ကျောက်ကြား၊ တောင်ထိပ်၊ မြေတွင်းတို့၌ ပုန်းရှောင်၍ နေကြ၏။ 7 ယော်ဒန်မြစ်တဘက်၌ နေသောသူအချို့တို့သည်
ကူးပြန်၍၊ ဂဒ်ပြည်၊ ဂိလဒ်ပြည်သို့ သွားကြ၏။ ရှောလုသည် ဂိလဂါလမြို့၌ နေသေး၍၊ လူအပေါင်းတို့သည် သူ့နောက်၌
တုန်လှုပ်လျက်ရှိကြ၏။ 8 ရှမွေလ ချိန်းချက်သည်အတွင်း ရှောလုသည် ခုနစ်ရက် ငံ့လင့်၍၊ ရှမွေလသည် ဂိလဂါလမြို့သို့ မရောက်၊
လူများတို့လည်း ထွက်ပြေးကြ၏။ 9 ရှောလုကလည်း၊ မီးရှို့ရာယဇ်နှင့် မိဿဟာယ ပူဇော်သက္ကာတို့ကို ငါ့ထံသို့ ယူခဲ့ကြဟုဆိုသဖြင့်၊
မီးရှို့ရာယဇ်ကို ပူဇော်လေ၏။ 10 မီးရှို့ရာယဇ်ပူဇော်ခြင်းအမှု ပြီးသည်အဆုံး၌ ရှမွေလသည် လာ၏။ ရှောလုသည် ကောင်းကြီးပေး၍
ခရီးဦးကြို ပြုခြင်းငှါ ထွက်သွားလျှင်၊ 11 ရှမွေလက၊ သင်သည် အဘယ်သို့ ပြုသနည်းဟု မေးသော်၊ ရှောလုက၊ လူများတို့သည်
အကျွန်ုပ်ထံ မှ ထွက်ပြေးကြောင်း၊ ကိုယ်တော်သည် ချိန်းချက်သော အချိန်၌ မရောက်ကြောင်း၊ ဖိလိတ္တိလူတို့ သည် မိတ်မတ်မြို့၌
စုဝေးကြောင်းများကို သိမြင်သောအခါ၊ - 12 ဖိလိတ္တိလူတို့သည် ငါရှိရာ ဂိလဂါလမြို့သို့ စစ်ချီကြလိမ့်မည်။ ထာဝရဘုရားကို
ငါမတောင်းပန်သေး ဟု အကျွန်ုပ်အောက်မေ့သဖြင့်၊ ကိုယ်ကို အနိုင်ပြု၍ မီးရှို့ရာယဇ်ကို ပူဇော်မိပြီဟု ပြန်ပြော၏။ 13
ရှမွေလကလည်း သင်သည် မှားပြီ။ သင်၏ ဘုရားသခင် ထာဝရဘုရား ထားတော်မူသော ပညတ်တရားကို မစောင့်ပါတကား။
စောင့်မိလျှင်၊ ထာဝရဘုရားသည် ဣသရေလအမျိုး၌ သင်၏ အာဏာကို ယခုမှစ၍ အစဉ်အမြဲ တည်စေတော်မူပြီ။ 14 ယခုမူကား
သင်၏ အာဏာမတည်ရ။ ထာဝရဘုရားသည် စိတ်နှလုံးတော်နှင့် ညီညွတ်သော သူကို ရှာတော်မူ၏။ ထိုသူသည် လူမျိုးတော်အပေါ်မှာ
မင်းဖြစ်စေခြင်းငှါ ထာဝရဘုရား မိန့်တော်မူပြီ။ အကြောင်းမူကား၊ သင်သည် ထာဝရဘုရား မှာထားတော်မူသည်အတိုင်း မကျင့်ဟု
ရှောလုအား ဆိုပြီးလျှင်၊ 15 ထ၍ ဂိလဂါလမြို့မှ ဗယ်္ယာမိန်ခရိုင်၊ ဂိဗာမြို့သို့ သွား၏။ ရှောလုသည် မိမိ၌ ရှိသောလူတို့ကို ရေတွက်၍
ခြောက်ရာခန့်မျှ ရှိ၏။ 16 သူနှင့် သားတော် ယောနသန်၊ သူတို့၌ ရှိသော လူအပေါင်းတို့သည် ဗယ်္ယာမိန်ခရိုင်၊ ဂိဗာမြို့တွင် နေကြ၏။
ဖိလိတ္တိလူတို့သည် မိတ်မတ်မြို့တွင် တပ်ချကြ၏။ 17 လုယူသော တပ်သုံးတပ်တို့သည်၊ ဖိလိတ္တိတပ်မထဲကထွက်၍ တတပ်သည်
ရှုလပြည် ဩဖရမြို့ လမ်းသို့လိုက်၏။ 18 တတပ်သည် ဗေသောရုန်မြို့လမ်းသို့ လိုက်၏။ တတပ်သည် တောဘက်မှာ ဇေဘိုင်ချိုင့်ကို
မျက်နှာပြုသော ပြည်စွန်းလမ်းသို့ လိုက်၏။ 19 ဖိလိတ္တိလူတို့က၊ ဟေဗြဲလူတို့သည် ထားလှံတို့ကို မလုပ်စေနှင့်ဟု
စီရင်မြဲရှိသောကြောင့်၊ ဣသရေလ ပြည်တရှောက်လုံးတွင် ပန်းပဲတယောက်မျှမရှိ။ 20 ဣသရေလလူအပေါင်းတို့သည် ထွန်သွား၊
ပေါက်တူး၊ ပုဆိန်၊ တူးရွင်းကို ထက်စေခြင်းငှါ၊ ဖိလိတ္တိ လူတို့ရှိရာသို့ သွားရကြ၏။ 21 နောက်တဖန် ထွန်သွား၊ ပေါက်တူး၊
သုံးခွခက်ရင်း၊ ပုဆိန်၊ ထိုးတံချွန် တုံးလျက်ရှိကြ၏။ 22 သို့ဖြစ်၍ စစ်တိုက်ရာကာလ ရှောလုနှင့်သားတော် ယောနသန်မှတပါး
အဘယ်သူ၌မျှ ထားလှံမရှိ။ 23 တဖန် ဖိလိတ္တိတပ်သားတို့သည် မိတ်မတ်မြို့ လမ်းဝသို့ ထွက်၍ နေကြစဉ်တွင်၊


generated on Sun Jun 30 02:37:40 2024

## Chapter 14

1 တနေ့သ၌ ရှောလု၏ သားယောနသန်သည် ခမည်းတော်ထံ၌ အခွင့်မပန်ဘဲ၊ လက်နက်ဆောင် လုလင်ကို ခေါ်၍၊ တဘက်၌ နေသော
ဖိလိတ္တိတပ်သို့ သွားကြကုန်အံ့ဟု ဆိုလေ၏။ 2 ရှောလုသည် ဂိဗာမြို့စွန်း၊ မိဂြုန်ရွာ၊ ရိမ္မုန်ကျောက်ဆောင်နားမှာ နေ၍၊ အထံတော်၌
လူခြောက် ရာခန့်မျှရှိ၏။ 3 သင်တိုင်းဝတ်၍ ရှိလောမြို့၌ ထာဝရဘုရား၏ ယဇ်ပုရောဟိတ်ဖြစ်သောသူ ဧလိနှင့် ဖိနဟတ်တို့ မှ
ဆင်းသက်သော ဣခဗုဒ်၏အစ်ကို အဟိတုပ်၏သား အဟိယလည်း ရှိ၏။ ယောနသန်သွားကြောင်း ကို လူများ မသိကြ။ 4
ယောနသန်သည် ဖိလိတ္တိတပ်သို့ သွားစမ်းသော လမ်းကြားမှာ၊ တဘက်တချက်၌ ကျောက်ငူရှိ၏။ ကျောက်ငူတခုသည် ဗောဇက်၊
တခုသည် သေနအမည်ရှိ၏။ 5 တခုကား မြောက်ဘက်၌ မိတ်မတ်မြို့သို့ငင်း၊ တခုကား တောင်ဘက်၌ ဂိဗာမြို့သို့ငင်း မျက်နှာပြု
သတည်း။ 6 ယောနသန်က၊ အရေဖျားလျီးခြင်းကို မခံသော တပ်သားတို့ဆီသို့ သွားကြကုန်အံ့။ ထာဝရဘုရား သည် ငါတို့အမှုကို
စောင့်ကောင်း စောင့်တော်မူလိမ့်မည်။ လူများသော်ငင်း၊ နည်းသော်ငင်း၊ ထာဝရ ဘုရား ကယ်တင်တော်မူခြင်းကို အဆီးအတား
မရှိနိုင်ဟု လက်နက်ဆောင် လုလင်အား ပြောဆိုလျှင်၊ 7 လုလင်က၊ စိတ်တော်ရှိသည်အတိုင်း ပြုပါ။ လှည့်သွားပါ။
အလိုတော်ရှိသည်အတိုင်း ကျွန်တော်လိုက် ပါမည်ဟု ပြန်ပြောသော်၊ - 8 ယောနသန်က၊ ထိုလူတို့ဆီသို့ သွား၍ ကိုယ်ကို ပြကြကုန်အံ့။ 9
သူတို့ကနေကြ။ ငါတို့လာမည်ဟုဆိုလျှင် သူတို့ဆီသို့မသွားဘဲ နေကြမည်။ 10 သို့မဟုတ်၊ လာကြဟုဆိုလျှင် သွားကြမည်။
ထာဝရဘုရားသည် သူတို့ကို ငါတို့လက်သို့ အပ်တော် မူ၏။ ထိုသို့သော ပုပ္ပနိမိတ်ရှိရ၏ဟု ဆိုသည်နှင့်အညီ၊ 11 နှစ်ယောက်တို့သည်
ဖိလိတ္တိတပ်သားတို့အား ကိုယ်ကိုပြသော အခါ၊ ဖိလိတ္တိလူတို့က၊ ဟေဗြဲလူတို့ သည် ပုန်းရှောင်ရာတွင်းထဲက ထွက်လာပါသည်တကား
ဟုဆိုလျက်၊ 12 တပ်သားတို့က၊ လာကြ။ တစုံတခုကို ပြမည်ဟု ယောနသန်နှင့် လက်နက်ဆောင်လုလင်အားဆိုလျှင်၊ ယောနသန်က၊
ငါ့နောက်သို့ လိုက်လော့။ ထာဝရဘုရားသည် သူတို့ကို ဣသရေလလူတို့ လက်သို့ အပ်တော်မူပြီဟု လုအင်အား ဆိုသဖြင့်၊ 13
လေးဘက်တွားလျက် တက်၍၊ လုလင်လည်းလိုက်၏။ ယောနသန်ရှေ့မှာ ဖိလိတ္တိလူတို့သည် လဲ၍ လုလင်သည် သူ့သခင့် နောက်မှာ
လုပ်ကြံလေ၏။ 14 ယောနသန်နှင့်လုလင်ပြုသော ပဌမ လုပ်ကြံခြင်းအားဖြင့် နွားတရှဉ်းထွန်နိုင်သော မြေကွက် အတွင်း တွင်
လူနှစ်ဆယ်ခန့်မျှ သေကြ၏။ 15 စစ်သူရဲများ၊ လယ်လုပ်သူများ၊ အခြားသူများအပေါင်းတို့သည် တပ်သားများ၊ လုယူသောသူများနှင့်
တကွ တုန်လှုပ်ကြ၍၊ မြေကြီးလည်း လှုပ်သဖြင့်၊ အလွန်ကြီးသော တုန်လှုပ်ခြင်းရှိ၏။ 16 ဗယ်္ဂာမိန်ခရိုင် ဂိဗာမြို့၌ ရှောလု၏
ကင်းစောင့်တို့သည် ကြည့်ရှုသောအခါ၊ ဖိလိတ္တိလူအလုံးအရင်း သည် လျော့၍ တယောက်ကိုတယောက် ထိုးရိုက်လျက်သွားကြ၏။ 17
ရှောလုကလည်း၊ အဘယ်သူ ထွက်သွားသည်ကို သိခြင်းငှါ လူများကို ရေတွက်ကြလော့ဟု အထံတော်၌ ရှိသောသူတို့အား
စီရင်သည်အတိုင်း ရေတွက်၍၊ ယောနသန်နှင့် သူ၏လက်နက်ဆောင် လုလင် မရှိ။ 18 ထိုကာလအခါ ဘုရားသခင်၏
သေတ္တာတော်သည် ဣသရေလအမျိုးသားတို့၌ ရှိသည်ဖြစ်၍၊ ရှော လုက၊ ဘုရားသခင်၏ သေတ္တာတော်ကိုယူခဲ့ပါဟု အဟိယအား
ဆို၏။ 19 ရှောလုသည် ယဇ်ပုရောဟိတ်နှင့် စကားပြောစဉ်တွင်၊ ဖိလိတ္တိတပ်၌ အုတ်အုတ်ကျက်ကျက်သော အသံတိုးပွားသောကြောင့်၊
ရှောလုက နေဦးတော့ဟု ယဇ်ပုရောဟိတ်အား ဆိုသဖြင့်၊ 20 မိမိနှင့်လူအပေါင်းတို့သည် တယောက်ကိုတယောက် နှိုးဆော်လျက်
စစ်ချီ၍ ရောက်သောအခါ၊ ဖိလိတ္တိလူတို့သည် တယောက်ကိုတယောက် ခုတ်သဖြင့် အလွန် တပ်ပျက်လေ၏။ 21 အထက်ကာလ၌
ဖိလိတ္တိလူတို့ဘက်မှာနေ၍ အရပ်ရပ်တို့က တပ်သို့ လိုက်လာသော ဟေဗြဲလူတို့ သည်လည်း ရှောလုနှင့် ယောနသန်၌
ပါသောဣသရေလလူတို့ဘက်သို့ ဝင်ကြ၏။ 22 ဧဖရိမ်တောင်၌ ပုန်းရှောင်၍ နေသော ဣသရေလလူအပေါင်းတို့သည်လည်း၊
ဖိလိတ္တိလူ ပြေးကြောင်း ကို ကြားသောအခါ စစ်ချီ၍ ကျပ်ကျပ်လိုက်ကြ၏။ 23 ထိုသို့ ထာဝရဘုရားသည် ဣသရေလအမျိုးကို
ထိုနေ့၌ ကယ်တင်တော်မူသဖြင့်၊ စစ်မှုသည် ဗေသ ဝင်မြို့သို့ လွန်သွားလေ၏။ 24 ထိုနေ့၌ ဣသရေလလူတို့သည် ဆင်းရဲခံရကြ၏။
အကြောင်းမူကား၊ ရှောလုက၊ ငါသည် ငါ့ရန်သူတို့၌ ငါ့စိတ်ပြေမည်အကြောင်း၊ ညဦးချိန်မရောက်မှီ အစာစားသောသူတိုင်း
ကျိန်ဆဲအပ်စေဟု လူတို့ အား အကျိန်ပေးသောကြောင့် အဘယ်သူမျှ အစာမစားရ။ 25 လူအပေါင်းတို့သည် မြေပေါ်၌
ပျားရည်ရှိရာတောသို့ ရောက်သဖြင့်၊ 26 တောထဲသို့ ဝင်သောအခါ ပျားရည်စက်စက်ကျလျက်ရှိသော်လည်း၊ အကျိန်တော်ကို
ကြောက်သော ကြောင့်၊ အဘယ်သူမျှ မိမိလက်ကို မိမိ ပါးစပ်၌ မထည့်။ 27 သို့ရာတွင် ခမည်းတော်သည် လူများတို့အား
အကျိန်ပေးသည်ကို ယောနသန်မကြားသောကြောင့်၊ မိမိကိုင်သော လှံတံဖျားကို ပျားလပို့၌နှစ်၍ မိမိလက်နှင့် ယူစားသဖြင့်
မျက်စိကြည်လင်လေ၏။ 28 ခမည်းတော်က၊ ယနေ့ အစာစားသောသူတိုင်း ကျိန်ဆဲအပ်စေဟု လူများတို့အား ကျပ်ကျပ် အကျိန်
ပေးတော်မူပြီဟု လူတယောက်ကြားလျှောက်၏။ လူတို့သည်လည်း မောလျက်နေကြ၏။ 29 ယောနသန်ကလည်း၊ ငါ့အဘသည်
ပြည်သားတို့ကို နှောင့်ရှက်လေပြီ။ ဤပျားရည် အနည်းငယ်ကို ငါစားသောကြောင့် ငါ့မျက်စိ ကြည်လင်သည်ကို ကြည့်ပါတော့။ 30
လူများတို့သည် ယနေ့ တွေ့မိသော ရန်သူ၏ ဥစ္စာကို စားချင်တိုင်းစားလျှင်၊ အဘယ်မျှလောက် အကျိုးကြီးလိမ့်မည်တကား။
ဖိလိတ္တိလူတို့ကို သာ၍ လုပ်ကြံကြလိမ့်မည်တကားဟု ဆိုလေ၏။ 31 ထိုနေ့၌ ဖိလိတ္တိလူတို့ကို မိတ်မတ်မြို့မှ အာဇလုန်မြို့တိုင်အောင်
လုပ်ကြံကြ၏။ ဣသရေလလူတို့ သည် အလွန်ပင်ပန်းသဖြင့်၊- 32 ရန်သူ၏ ဥစ္စာကို လုယူ၍၊ သိုး၊ နွား၊ နွားသငယ်တို့ကို မြေပေါ်မှာ
သတ်ပြီးလျှင် အသွေးနှင့်တကွ စားကြ၏။ 33 ထိုသို့ လူများတို့သည် အသွေးနှင့်တကွစား၍ ထာဝရဘုရားကို ပြစ်မှားသည်ဟု
ရှောလုအား ကြား လျှောက်လျှင်၊ သင်တို့သည် သစ္စာပျက်ကြပြီ။ ကြီးစွာသော ကျောက်ကို ငါ့ထံသို့ ယနေ့ လှိမ့်ခဲ့။ 34 လူများတို့တွင်

 generated on Sun Jun 30 02:37:40 2024

အရပ်ရပ်သွား၍ လူအသီးအသီး မိမိတို့ သိုးနွားကို ဤအရပ်သို့ ယူခဲ့ပြီးလျှင်၊ ဤ အရပ်၌ သတ်စားကြစေ။ အသွေးနှင့်တကွစား၍
ထာဝရဘုရားကို မပြစ်မှားစေနှင့်ဟု မိန့်တော် မူသည်အတိုင်း၊ လူများတို့သည် အသီးအသီး မိမိတို့ သိုးနွားကို ထိုညဥ့်၌ ယူခဲ့၍
ထိုအရပ်၌ သတ် ကြ၏။ 35 ရှောလုသည်လည်း ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်လေ၏။ ထိုပလ္လင်ကား ထာဝရ ဘုရားအဘို့
တည်သော ပဌမပလ္လင် ဖြစ်သတည်း။ 36 တဖန်ရှောလုက၊ ညဥ့်အခါ ငါတို့သည် ဖိလိတ္တိ လူတို့ကို လိုက်၍ တယောက်ကိုမျှ
မကျန်ကြွင်းစေ ဘဲ၊ မိုဃ်းလင်းသည်တိုင်အောင် ဖျက်ဆီးကြကုန်အံ့ဟု စီရင်၍၊ လူများတို့က စိတ်တော်ရှိသည် အတိုင်း ပြုတော်မူပါဟု
ဝန်ခံကြသော်၊ ယဇ်ပုရောဟိတ်က၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြကုန်အံ့ ဟု ဆိုလေ၏။ 37 ရှောလုကလည်း၊ အကျွန်ုပ်သည်
ဖိလိတ္တိလူတို့ကို လိုက်ရပါမည်လော။ သူတို့ကို ဣသရေလလူတို့ လက်သို့ အပ်တော်မူမည်လောဟု ဘုရားသခင့်ထံ
အခွင့်ပန်သော်လည်း၊ ထိုနေ့တွင် ပြန်တော်မမူ။ 38 ရှောလုကလည်း၊ လူတို့တွင် အရာရှိအပေါင်းတို့၊ ယနေ့ အဘယ်သူ
ပြစ်မှားမိသည်ကို သိမြင်အံ့သော ငှါ ချဉ်း၍ လာကြလော့။ 39 ဣသရေလအမျိုးကို ကယ်တင်သော ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း၊ ငါ့သား ယော နသန် ဖြစ်သော်လည်း၊ ဆက်ဆက် သေရမည်ဟုဆိုသော်၊ အဘယ်သူမျှ
ပြန်၍မလျှောက်ဝံ့။ 40 ရှောလုကလည်း၊ သင်တို့သည် တဘက်၊ ငါနှင့်ငါ့သား ယောနသန်သည် တဘက်နေရကြမည်ဟု ဆိုလျှင်၊
လူများတို့က စိတ်တော်ရှိသည်အတိုင်း ပြုတော်မူပါဟု လျှောက်ကြသော်၊ 41 ရှောလုက၊ ဖြောင့်မတ်စွာ စီရင်တော်မူပါဟု
ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအား ဆုတောင်းသဖြင့်၊ လူများတို့သည် လွတ်ကြ၍၊ ရှောလုနှင့် ယောနသန်ကို
မှတ်တော်မူ၏။ 42 ရှောလုကလည်း၊ ငါနှင့် ငါ့သား ယောနသန်အဘို့ စာရေးတံပြုလော့ဟု ဆိုသဖြင့်၊ ယောနသန်ကို မှတ်တော်မူ၏။ - 43
ရှောလုကလည်း၊ သင်ပြုသော အမှုကို ပြောလော့ဟု ယောနသန်အားဆိုလျှင်၊ ယောနသန်က၊ အကျွန်ုပ်ကိုင်သော လှံဖျားနှင့်
ပျားရည်အနည်းငယ်ကို ယူ၍ မြည်းစမ်းမိပါပြီ။ ထိုအမှုကြောင့်သာ သေရပါမည်ဟု ပြန်ပြော၏။ 44 ရှောလုကလည်း၊ ယောနသန်၊
သင်သည် ဆက်ဆက်မသေလျှင်၊ ဘုရားသခင်သည် ထိုမျှမက ငါ၌ ပြုတော်မူပါစေသောဟု ဆိုသော်လည်း၊- 45 လူများတို့က၊
ဣသရေလအမျိုး၌ ဤကယ်တင်ခြင်း ကျေးဇူးကို ပြုပြီးသော ယောနသန်သည် သေရမည်လော။ ထိုသို့ မဖြစ်ပါစေနှင့်။ ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း သူ၏ ဆံခြည်တပင်မျှ မြေပေါ်မှာ မကျရ။ သူသည် ဘုရားသခင်နှင့်အတူ ယနေ့ ဝိုင်း၍ ပြုပါပြီဟု
ဆိုသဖြင့်၊ အသက်ချမ်းသာစေခြင်းငှါ ယောနသန်ကို ကယ်နှုတ်ကြ၏။ 46 ထိုနောက် ရှောလုသည် ဖိလိတ္တိလူတို့ကို မလိုက်။
သူတို့သည် နေရင်းအရပ်သို့ ပြန်သွားကြ၏။ 47 ထိုသို့ ရှောလုသည် ဣသရေလအမျိုးကို စိုးစံ၍ ပတ်ဝန်းကျင် ရန်သူ၊
မောဘပြည်သား၊ အမ္မုန်ပြည် သား၊ ဧဒုံပြည်သား၊ ဇောဘမင်းများ၊ ဖိလိတ္တိလူများတို့ကို စစ်တိုက်၍ စစ်ချီလေရာရာ၌ သူတို့ကို
အောင်လေ၏။ 48 ဗိုလ်ခြေများကို နှိုးဆော်၍ အာမလက်အမျိုးသားတို့ကို လုပ်ကြံသဖြင့်၊ ဣသရေလအမျိုးသားတို့ကို
လုယက်ဖျက်ဆီးသော သူတို့လက်မှ ကယ်နှုတ်လေ၏။ 49 သားတော် ကားယောနသန်၊ ဣရှိ၊ မေလခိရှုတည်း။
သမီးတော်နှစ်ယောက်တွင် အကြီးကားမေရပ်။ အငယ်ကား၊ မိခါလတည်း။ 50 မြောက်သားတော်ကား အဟိမတ်၏
သမီးအဟိနောင်တည်း။ ဗိုလ်ချုပ်မင်းကား၊ ဘထွေးတော် နေရသား အာဗနာတည်း။ 51 ခမည်းတော် ကိရှနှင့် အာဗနာ၏
အဘနေရသည် အဗျေလ၏ သား ဖြစ်၏။ 52 ရှောလုလက်ထက် ကာလပတ်လုံး၊ ဖိလိတ္တိလူတို့ကို ကျပ်ကျပ်စစ်တိုက်ရကြ၏။
ခွန်အားကြီးသော သူ၊ ရဲရင့်သောသူ တွေ့သမျှတို့ကို ရှောလုသည် ရွေးကောက်ခန့်ထားလေ့ရှိ၏။

## Chapter 15

1 တဖန်ရှမွေလက၊ ထာဝရဘုရား၏လူ ဣသရေလအမျိုးကို အုပ်စိုးစေခြင်းငှါ သင့်ကို ဘိသိက်ပေးမည် အကြောင်း၊ ငါ့ကို
အထက်စေလွှတ်တော်မူသည်ဖြစ်၍၊ ယခုမှာ ထာဝရဘုရား၏ စကားတော်ကို နားထောင်လော့။ 2
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုး၌၊
အာမလက်အမျိုးပြုသော ဆီးတားခြင်းအမှုကို ငါမှတ်လျက်ရှိ၏။- 3 ယခုသွား၍ ထိုအမျိုးကို လုပ်ကြံလော့။ နှမြောခြင်းမရှိဘဲ၊
ရှင်းရှင်းဖျက်ဆီး၍၊ ယောကျ်ား၊ မိန်းမ၊ သူငယ်၊ နို့စို့မှစ၍၊ သိုး၊ နွား၊ ကုလားအုပ်၊ မြည်းတို့ကို သတ်လော့ဟု ရှောလုအား ဆင့်ဆိုသည်
အတိုင်း၊ 4 ရှောလုသည် လူတို့ကို စုဝေးစေ၍ တေလိမ်မြို့မှာ စာရင်းယူသဖြင့်၊ ခြေသည်သူရဲနှစ်သိန်း၊ ယုဒ စစ်သူရဲတသောင်း
ရှိကြ၏။ 5 ရှောလုသည်လည်း အာမလက်မြို့သို့ စစ်ချီ၍ ချိုင့်၌ တပ်ချပြီးမှ၊ 6 ကေနိလူတို့ရှိရာသို့ စေလွှတ်လျက်၊ သင်တို့ကို
အာမလက်လူတို့နှင့်အတူ ငါဖျက်ဆီးမည်ဟု စိုးရိမ် စရာရှိသောကြောင့်၊ သူတို့အထဲက ထွက်သွား၍ နေရာ ပြောင်းကြလော့။
ဣသရေလအမျိုးသား တို့သည် အဲဂုတ္တုပြည်မှ ထွက်လာသောအခါ သင်တို့သည် ကျေးဇူးပြုကြပြီဟု မှာလိုက်သည် အတိုင်း၊
ကေနိလူတို့သည် အာမလက်လူတို့အထဲက ထွက်သွားကြ၏။ 7 ရှောလုသည် ဟဝိလမြို့မှစ၍ အဲဂုတ္တုပြည် တဘက်တချက်၌နေသော
ရှုရမြို့တိုင်အောင် အာမလက် လူတို့ကို လုပ်ကြံလေ၏။ 8 အာမလက်ရှင်ဘုရင်အာဂတ်ကို အရှင်ဘမ်းမိ၏။ လူအပေါင်းတို့ကို
ထားဖြင့် ရှင်းရှင်းဖျက်ဆီးလေ၏။ 9 သို့ရာတွင် ရှောလုနှင့် လူများတို့သည် အာဂတ်မင်းနှင့်တကွ၊ သိုး နွားအမြတ်အလတ်၊ ဆူသော
သိုးသငယ်၊ ကောင်းသော ဥစ္စာရှိသမျှကို နှမြော၍ ရှင်းရှင်း မဖျက်ဆီးကြ။ အသုံးမဝင် ယုတ်မာ သော ဥစ္စာရှိသမျှကိုသာ
ရှင်းရှင်းဖျက်ဆီးကြ၏။ 10 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ရှမွေလသို့ ရောက်လာ၍၊ - 11 ငါသည် ရှောလုကို
ရှင်ဘုရင်အရာ၌ ခန့်ထားသည်အမှုကြောင့် နောင်တရ၏။ သူသည် ငါ၏ ပညတ်တို့ကို မကျင့်၊ ငါ့နောက်သို့မလိုက်၊ လမ်းလွှဲပြီဟု
မိန့်တော်မူ၏။ ရှမွေလသည် ဝမ်းနည်း၍ တညဥ့်လုံး ထာဝရဘုရားအား ဟစ်ကြော်ပြီးလျှင်၊ 12 နံနက်စောစောထ၍ ရှောလုကို
ကြိုဆိုခြင်းငှါ သွားသောအခါ၊ ရှောလုသည် ကရမေလမြို့သို့ ရောက်၍ အောင်တိုင်ကို စိုက်ပြီးမှ၊ လှည့်လည်သဖြင့် ဂိလဂါလမြို့သို့
လွှန်သွားကြောင်းကို ကြားသောကြောင့်၊ ရှောလုရှိရာသို့ သွားလေ၏။ 13 ရှောလုကလည်း၊ ထာဝရဘုရားသည် ကိုယ်တော်ကို
ကောင်းကြီးပေးတော်မူပါစေသော။ အကျွန်ုပ် သည် ထာဝရဘုရားအမိန့်တော်အတိုင်း ပြုပါပြီဟု ဆို၏။ 14 ရှမွေလကလည်း၊
သို့ဖြစ်လျှင် ငါကြားရသော သိုးမြည်သံ၊ နွားမြည်သံကား အဘယ်သို့နည်းဟု မေးသော်၊ 15 ရှောလုက၊ အာမလက်ပြည်မှ
ဆောင်ခဲ့ပါပြီ။ လူများတို့သည် ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရား အား ယဇ်ပူဇော်လိုသောငှါ အကောင်းဆုံးသော သိုးနွားတို့ကို
နှမြော၍၊ ကြွင်းသော အရာရှိသမျှ တို့ကို ရှင်းရှင်းဖျက်ဆီးပါပြီဟု ဆို၏။ 16 ရှမွေလကလည်း၊ နေပါဦးလော့။ မနေ့ညမှာ
ထာဝရဘုရား မိန့်တော်မူသောစကားကို ပြန်ပြောပါ မည်ဟု ရှောလုအားဆိုလျှင်၊ ရှောလုက ပြောပါတော့ဟုဆို၏။ 17 ရှမွေလကလည်း၊
သင်သည် ကိုယ်အထင်အတိုင်း ငယ်သောသူဖြစ်လျက်ပင်၊ ဣသရေလအမျိုးတို့ ၏ အထွဋ်သို့ ရောက်၍၊
ဣသရေလရှင်ဘုရင်အရာနှင့် ထာဝရဘုရား ဘိသိက် ပေးတော်မူသည် မဟုတ်လော။ 18 ထာဝရဘုရားက၊ သွားလော့။
အပြစ်များသော အာမလက်အမျိုးသားတို့ကို ရှင်းရှင်း ဖျက်ဆီးလော့။ မဖျက်ဆီးမှီ တိုင်အောင် စစ်တိုက်လော့ဟု သင့်ကို ဝေးသော
အရပ်သို့ စေလွှတ်တော်မူ၏။ 19 သို့ဖြစ်၍ သင်သည် ထာဝရဘုရား၏အမိန့်တော်ကို နားမထောင်ဘဲ၊ ရန်သူ၏ ဥစ္စာကို လုယူ၍
ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို အဘယ်ကြောင့် ပြုဘိသနည်းဟု ပြောဆိုသော်၊ 20 ရှောလုက၊ အကျွန်ုပ်သည် ထာဝရဘုရား၏
အမိန့်တော်ကို ဧကန်အမှန် နားထောင်ပါပြီ။ ထာဝရ ဘုရား စေခိုင်းတော်မူသော လမ်းသို့ လိုက်ပါပြီ။ အာမလက်ရှင်ဘုရင် အာဂတ်ကို
ဆောင်ခဲ့၍၊ အာမလက် အမျိုးသားတို့ကို ရှင်းရှင်း ဖျက်ဆီးပါပြီ။ 21 သို့ရာတွင် လူများတို့သည် ဂိလဂါလမြို့၌ ကိုယ်တော်၏
ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော် လိုသောငှါ လုယူသော သိုး နွား၊ ရှင်းရှင်းဖျက်ဆီးအပ်သောအရာ အကောင်းဆုံးတို့ကို
သိမ်းယူ ကြပါပြီဟု ပြောဆိုပြန်၏။ 22 ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊
မီးရှို့ရာ ယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍
ကောင်း၏။ နားထောင်ခြင်းသည် သိုးဆီဥထက်သာ၍ ကောင်း၏။ 23 ငြင်းဆန်သော သဘောသည်
နတ်ဆိုးနှင့်ပေါင်းခြင်းကဲ့သို့၎င်း၊ ခိုင်မာသော သဘောသည် ဗေဒင်တန် ဆာကို သုံးခြင်းကဲ့သို့၎င်း အပြစ်ကြီး၏။ သင်သည်
ထာဝရဘုရား၏ စကားတော်ကို ပယ်သောကြောင့်၊ ထာဝရဘုရားသည် ရှင်ဘုရင်အရာကို နှုတ်၍ သင့်ကို ပယ်တော်မူပြီဟု ဆို၏။ 24
ရှောလုကလည်း၊ အကျွန်ုပ်သည် ပြစ်မှားပါပြီ။ လူများကို ကြောက်၍ သူတို့စကားကို နားထောင်သော ကြောင့်၊ ထာဝရဘုရား၏
အမိန့်တော်ကို၎င်း၊ ကိုယ်တော်၏ စကားကို၎င်း လွန်ကျူးပါပြီ။ 25 အကျွန်ုပ်အပြစ်ကို သည်းခံတော်မူပါ။ အကျွန်ုပ်သည်
ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်မည်အကြောင်း၊ အကျွန်ုပ်နှင့်အတူ ပြန်လာပါဟု တောင်းပန်သော်လည်း၊ 26
ရှမွေလက၊ သင်နှင့်အတူ ငါမပြန်။ သင်သည် ထာဝရဘုရား၏ အမိန့်တော်ကို ပယ်သောကြောင့်၊ ထာဝရဘုရားသည် ဣသရေလ
ရှင်ဘုရင်အရာကို နှုတ်၍ သင့်ကို ပယ်တော်မူပြီဟု ရှောလုအား ဆိုပြီးမှ၊ 27 လှည့်သွားသောအခါ ရှောလုသည် ရှမွေလ၏
ဝတ်လုံစွန်းကို ကိုင်ဆွဲ၍ ဝတ်လုံစုတ်လေ၏။ 28 ရှမွေလကလည်း၊ ယနေ့ထာဝရဘုရားသည် ဣသရေလနိုင်ငံကို သင်မှ ဆုတ်ယူ၍၊
သင့်ထက်ကောင်း သော သင်၏ အိမ်နီးချင်းအား ပေးတော်မူပြီ။ 29 ထိုမှတပါး ဣသရေလအမျိုး၏ အစွမ်းသတ္တိဖြစ်သော

 generated on Sun Jun 30 02:37:40 2024

ဘုရားသည် မှသာသုံးခြင်း၊ နောင်တရခြင်း နှင့် ကင်းလွတ်တော်မူ၏။ နောင်တရအံ့သောငှါ လူဖြစ်တော်မမူဟုဆိုသော်၊ [30] ရှောလုက
အကျွန်ုပ်ပြစ်မှားပါပြီ။ သို့သော်လည်း အကျွန်ုပ်အမျိုးသားချင်း အသက်ကြီးသူတို့ ရှေ့၌၎င်း၊ ဣသရေလအမျိုးရှေ့၌၎င်း၊
အကျွန်ုပ်၏ ဂုဏ်အသရေကို မဖျက်ပါနှင့်။ အကျွန်ုပ်သည် ကိုယ်တော် ၏ ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်အကြောင်း၊
အကျွန်ုပ်နှင့်အတူ ပြန်လာပါဟု တောင်းပန်သည်အတိုင်း၊ [31] ရှမွေလသည် ရှောလုနောက်သို့ လိုက်၍၊ ရှောလုသည် ထာဝရဘုရားကို
ကိုးကွယ်လေ၏။ [32] ထိုအခါ ရှမွေလက၊ အာမလက်ရှင်ဘုရင် အာဂတ်ကို ငါ့ထံသို့ခေါ်ခဲ့ကြဟု ဆိုသည်အတိုင်း၊ အာဂတ် က
သေဘေးသည် စင်စစ်လွန်သွားပြီဟု ဆိုလျက် ရွှင်လန်းစွာလာ၏။ [33] ရှမွေလက၊ မိန်းမများတို့သည် သင်၏ထားကြောင့်
သားဆုံးသကဲ့သို့၊ သင်၏ အမိသည် သားဆုံး သော မိန်းမဖြစ်ရမည်ဟုဆိုလျက်၊ ဂိလဂါလမြို့မှာ ထာဝရဘုရားရှေ့တော်၌ အာဂတ်ကို
အပိုင်းပိုင်း ဖြတ်စေ၏။ [34] ထိုနောက် ရှမွေလသည် ရာမမြို့သို့သွား၍ ရှောလုသည် မိမိနေရာ ဂိဗာမြို့၊ နန်းတော်သို့ ပြန်သွား လေ၏။
[35] ရှောလု အနိစ္စမရောက်မှီတိုင်အောင်၊ ရှမွေလသည် နောက်တဖန် အကြည့်အရှုမလာ။ သို့ရာတွင် ရှမွေလသည် ရှောလုအတွက်
စိတ်မသာ ညည်းတွားလျက်နေ၏။ ထာဝရဘုရားသည် ရှောလုကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထားသော အမှုကို
နောင်တရတော်မူ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 16

1 တဖန် ထာဝရဘုရားက၊ ရှောလုကို ဣသရေလရှင်ဘုရင်အရာမှ ငါပယ်သောကြောင့်၊ သင်သည် အဘယ်မျှ ကာလပတ်လုံး စိတ်မသာ
ညည်းတွားလျက် နေလိမ့်မည်နည်း။ သင်၏ဘူးကို ဆီနှင့် ပြည့်စေလော့။ ဗက်လင်မြို့သား ယေရှဲရှိရာသို့ ငါစေလွှတ်မည်။
သူ၏သားတို့တွင် ငါ့အဘို့ ရှင်ဘုရင် တပါးကို ငါပြင်ဆင်ပြီဟု ရှမွေလအား မိန့်တော်မူ၏။ 2 ရှမွေလက၊ အကျွန်ုပ်သည် အဘယ်သို့
သွားနိုင်ပါမည်နည်း။ ရှောလုကြားလျှင် သတ်ပါလိမ့်မည်ဟု လျှောက်သော်၊ ထာဝရဘုရားက၊ နွားမတန်းကိုယူ၍ ငါသည်
ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ လာပြီဟု ပြောလော့။ 3 ယေရှဲကိုလည်း ယဇ်ပွဲသို့ ခေါ်ဘိတ်လော့။ ထိုအခါ သင်သည် အဘယ်သို့
ပြုရမည်ကို ငါပြမည်။ ငါသည် နာမဖြင့် ထုတ်ပြသောသူကို ငါ့အဘို့ ဘိသိက်ပေးရမည်ဟု မိန့်တော်မူသည်အတိုင်း၊- 4 ရှမွေလပြု၍
ဗက်လင်မြို့သို့ သွားလေ၏။ ဗက်လင်မြို့ သားအသက်ကြီးသူတို့သည် ရှမွေလနှင့် တွေ့သောအခါ တုန်လှုပ်၍၊ ကိုယ်တော်သည်
စီရင်တော်မူပါစေသော။ ကျွန်တော်အား ပြစ်မှားသောအပြစ်ကို ထာဝရဘုရား ဆပ်ပေးတော်မူပါစေသော။ သို့ရာတွင်
ကျွန်တော်လက်သည် ကိုယ်တော်အပေါ်သို့ မရောက်ပါစေနှင့်။ 13 ရှေးပုံစကားလာသည်အတိုင်း၊ ဆိုးသောသူလက်မှ
ဆိုးသောအမှုထွက်တတ်၏။ သို့ရာတွင် ကျွန်တော်လက်သည် ကိုယ်တော်အပေါ်သို့ မရောက်ပါစေနှင့်။ 14 ဣသရေလရှင်ဘုရင်သည်
အဘယ်သူ၏အတွက်ကြောင့် ကြွလာတော်မူသနည်း။ ကိုယ်တော်သည် အဘယ်သူကို လိုက်၍ ရှာတော်မူသနည်း။ ခွေးသေကောင်ကို
လိုက်၍ ရှာတော်မူသလော။ ခွေးလှေးကို လိုက်၍ရှာတော်မူသလော။ 15 သို့ဖြစ်၍ ထာဝရဘုရားသည်
တရားသူကြီးလုပ်တော်မူပါစေသော။ ကျွန်တော်နှင့် ကိုယ်တော် စပ်ကြားမှာ စီရင်တော်မူပါစေသော။ ကြည့်ရှု၍ ကျွန်တော်အမှုကို
စောင့်သဖြင့်၊ ကျွန်တော်ကို ကိုယ်တော်လက်မှ ကယ်လွှတ်တော်မူပါစေသောဟု ရှောလုအား လျှောက်ဆို၏။ 16 ထိုသို့ဒါဝိဒ်သည်
ရှောလုအား အကုန်အစင် လျှောက်ဆိုပြီးမှ၊ ရှောလုက ငါ့သားဒါဝိဒ်၊ ငါကြားသော စကားသံသည် သင့်စကားသံလောဟုမေးလျှင်
အသံကို လွှင့်၍ ငိုကြွေးလေ၏။ 17 တဖန်လည်း၊ သင်သည် ငါ့ထက်သာ၍ တရားစောင့်၏။ သင့်အကျိုးကို ငါဖျက်သော်လည်း၊
သင်သည် ငါ၌ အကျိုးကျေးဇူးပြုပြီ။ 18 ငါ၌ အဘယ်သို့ကျေးဇူးပြုသည်ကို သင်သည် ယနေ့ပြပြီ။ အကြောင်းမူကား၊
ထာဝရဘုရားသည် ငါ့ကို သင့်လက်၌ အပ်တော်မူသော်လည်း၊ သင်သည် မသတ်ဘဲနေပါသည်တကား။ 19 လူသည် ရန်သူကို တွေ့လျှင်
ချမ်းသာစွာ လွှတ်လိမ့်မည်လော။ သို့ဖြစ်၍ သင်သည် ငါ၌ယနေ့ပြုသော ကျေးဇူးကို ထာဝရဘုရား ဆပ်တော်မူပါစေသော။ 20 ယခုမှာ
သင်သည် စင်စစ်ရှင်ဘုရင်ဖြစ်လိမ့်မည်ဟူ၍၎င်း၊ ဣသရေလ နိုင်ငံသည် သင့်လက်၌ တည်လိမ့်မည်ဟူ၍၎င်း၊ ငါအမှန်သိ၏။ 21
သို့ဖြစ်၍ သင်သည် ငါ၏သားစဉ်မြေးဆက်တို့ကို မသုတ်သင်၊ ငါ့အဆွေအမျိုးထဲက ငါ၏နာမကို မပယ်ရှင်းမည်အကြောင်း
ထာဝရဘုရားကို တိုင်တည်၍ ငါ့အားကျိန်ဆိုခြင်းကို ပြုလော့ဟု ဒါဝိဒ်အားဆိုပြီးမှ၊ 22 ဒါဝိဒ်သည် ရှောလုအား ကျိန်ဆိုခြင်းကိုပြု၍
ရှောလုသည် မိမိနေရာသို့ သွား၏။ ဒါဝိဒ်နှင့် သူ၏လူတို့သည်လည်း ခိုင်ခံ့သောအရပ်သို့ သွားကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 ထိုနောက် ရှမွေလသေသောအခါ၊ ဣသရေလအမျိုးသားအပေါင်းတို့သည် စည်းဝေး၍ ငိုကြွေး မြည်တမ်းခြင်းကို ပြုသဖြင့်၊
ရာမမြို့တွင် သူ၏အိမ်၌ သင်္ဂြိုဟ်ကြ၏။ ဒါဝိဒ်သည် ထ၍ ပါရန်တောသို့ သွားလေ၏။ 2 ထိုအခါ မောနအရပ်၌ နေ၍ ကရမေလမြို့၌
ဥစ္စာများသော သူတဦးရှိ၏။ ထိုသူသည် လူကြီးဖြစ်၍၊ သိုးသုံးထောင်၊ ဆိတ်တထောင်ကို ရတတ်၏။ ကရမေလမြို့မှာ သိုးမွေးကို
ညှပ်၍နေ၏။ 3 ထိုသူ၏အမည်ကား နာဗလ၊ သူ၏မယားအမည်ကား အဘိဂဲလတည်း။ ထိုမိန်းမသည် ဉာဏ်ကောင်း၍
အဆင်းလည်းလှ၏။ ယောကျ်ားမူကား ခက်ထန်သော သဘောရှိ၏။ ဆိုးသော အမှုကိုလည်း ပြုတတ်၏။
ကာလက်အဆွေအမျိုးဖြစ်၏။ 4 နာဗလသည် သိုးမွေးညှပ်၍ နေကြောင်းကို ဒါဝိဒ်သည် တော၌ ကြားလျှင်၊ 5 လုလင်တကျိပ်တို့ကို
ခေါ်၍ နာဗလရှိရာ ကရမေလမြို့သို့ သွားကြတော့။ 6 စည်းစိမ်ကြီးသော ထိုသူကို ငါ့ကိုယ်စား နှုတ်ဆက်၍ပြောရမည်မှာ၊
ကိုယ်တော်မှစ၍ ကိုယ်တော်၏အိမ်၊ ကိုယ်တော်နှင့် ဆိုင်သမျှတို့၌ ချမ်းသာရှိပါစေသော။ 7 ကိုယ်တော်၌ သိုးမွေးညှပ်သော
သူများရှိကြောင်းကို အကျွန်ုပ်ကြားပါ၏။ အကျွန်ုပ်တို့နှင့် အတူနေသော ကိုယ်တော်၏ သိုးထိန်းတို့ကို အကျွန်ုပ်တို့သည် မပြစ်မှားပါ။
သူတို့သည် ကရမေလမြို့မှာ နေသော ကာလပတ်လုံး၊ သူတို့ဥစ္စာ တစုံတခုမျှ မပျောက်ပါ။ 8 ကိုယ်တော်၏ လုလင်တို့ကို
မေးမြန်းပါတော့။ သူတို့သည် ပြောကြလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်၏ လုလင်တို့သည် ရှေ့တော်၌ မျက်နှာရကြပါစေ။
အကျွန်ုပ်တို့သည် မင်္ဂလာနေ့၌ ရောက်ပါ၏။ လက်တော်၌ ရှိသမျှကို ကိုယ်တော်ကျွန်များ၊ ကိုယ်တော်၏သား ဒါဝိဒ်အား
သနားတော်မူပါဟု နှုတ်ဆက်ရမည်အကြောင်းမှာထား၍ လွှတ်လိုက်၏။ 9 ဒါဝိဒ်၏ လုလင်တို့သည် နာဗလထံသို့ ရောက်သောအခါ၊
ဒါဝိဒ်မှာထားသမျှသော စကားတို့ကို ပြန်ပြောပြီးလျှင် တိတ်ဆိတ်စွာ နေကြ၏။ 10 နာဗလကလည်း၊ ဒါဝိဒ်ကား အဘယ်သူနည်း။
ယေရှဲ၏သားကား အဘယ်သူနည်း။ ယခုကာလ သခင်ကို ပုန်ကန်သော ကျွန်များပါတကား။ 11 ငါသည် ငါ့သိုးမွေးကို
ညှပ်သောသူတို့အဘို့ ပြင်ဆင်သော ငါ့မုန့်၊ ငါ့ရေ၊ ငါ့အမဲသားကို ယူ၍ ငါမသိသော လူတို့အားပေးရမည်လောဟု ဒါဝိဒ်၏
လုလင်တို့အားပြောဆို၏။ 12 ဒါဝိဒ်၏ လုလင်တို့သည် လှည့်သွား၍ ထိုစကားအလုံးစုံတို့ကို ဒါဝိဒ်အားပြန်လျှောက်ကြ၏။ 13
ဒါဝိဒ်ကလည်း လူတိုင်း မိမိထားကို ခါး၌စည်းစေဟု မိမိလူတို့အားဆိုလျက် မိမိထားကို စည်းလေ၏။ လူလေးရာတို့သည် ဒါဝိဒ်
နောက်သို့လိုက်ကြ၏။ နှစ်ရာတို့သည် ဥစ္စာ ပစ္စည်းများကို စောင့်၍ နေကြ၏။ 14 လုလင်တယောက်သည် နာဗလမယား
အဘိဂဲလထံသို့သွား၍၊ ဒါဝိဒ်သည် အကျွန်ုပ်တို့သခင်ကို နှုတ်ဆက်အံ့သောငှါ တမန်တို့ကို တောမှစေလွှတ်၍၊ အကျွန်ုပ်တို့သခင်သည်
သူတို့ကို ဆဲပါ၏။ 15 ထိုသူတို့သည် ကျွန်တော်တို့၌ အလွန်ကျေးဇူးပြုပါပြီ။ ကျွန်တော်တို့သည် တောမှာ နေ၍
သူတို့နှင့်ပေါင်းဘော်သော ကာလပတ်လုံးအရှုံးမခံ၊ ဥစ္စာတစုံတခုမျှ မပျောက်ပါ။ 16 ကျွန်တော်တို့သည် သိုးထိန်း၍ သူတို့နှင့်
ပေါင်းဘော်သော ကာလပတ်လုံး၊ သူတို့သည် နေ့ညဥ့်အစဉ်ကွယ်ကာလျက် နေကြပါ၏။ 17 သို့ဖြစ်၍ သခင်မသည်
အဘယ်သို့ပြုသင့်သည်ကို ကြည့်ရှုဆင်ခြင်ပါတော့။ အကျွန်ုပ်တို့ သခင်နှင့် အိမ်သူအိမ်သား အပေါင်းတို့၌ ဘေးပြုမည်ဟု စီရင်ပါပြီ။
သခင်သည် အဓမ္မလူဖြစ်သောကြောင့်၊ အဘယ်သူမှ၊ မပြောမလျှောက်ဝံ့ပါဟု ဆိုလေသော်၊ 18 အဘိဂဲလသည် မုန့်လုံးနှစ်ရာ၊
စပျစ်ရည်ဘူးနှစ်လုံး၊ ချက်ပြီးသော သိုးငါးကောင်၊ ပေါက်ပေါက်ငါးဖော၊ စပျစ်သီးခြောက် အပြွတ်တရာ၊ သင်္ဘောသဖန်းသီး
ပျဉ်အပြားနှစ်ရာတို့ကို အလျင်အမြန် ယူ၍ မြည်းတို့အပေါ်၌တင်ပြီးလျှင်၊ 19 ငါ့ရှေ့မှာ သွားကြ။ ငါလိုက်မည်ဟု ကျွန်တို့အား ဆို၏။
လင်နာဗလကို အလျှင်းမပြော။ 20 မြည်းကို စီးလျက်သွား၍ တောင်ခြေရင်း၌ ဆင်းလှည့်စဉ်တွင်၊ ဒါဝိဒ်နှင့် သူ၏လူတို့သည် တဘက်
တချက် ဆင်းလာ၍ တယောက်နှင့် တယောက် တွေ့ကြုံကြ၏။ 21 ထိုသို့မတွေ့မှီ ဒါဝိဒ်က၊ အကယ်စင်စစ် ထိုသူ၏ ဥစ္စာ တစုံတခုကိုမျှ
မပျောက်စေခြင်းငှါ၊ တော၌ သူပိုင်သမျှတို့ကို ငါသည် အချည်းနှီးစောင့် ပါပြီတကား။ ငါကောင်းသော အမှုအတွက်၊ မကောင်း သော
အမှုကို သူပြုပါပြီတကား။ 22 နက်ဖြန် မိုဃ်းလင်းသောအခါ၊ နာဗလနှင့် ဆိုင်သော သူအပေါင်းတို့တွင် ယောကျ်ားတစုံတယောက်ကို
ငါချန်ထားလျှင်၊ ထိုမျှမက ထာဝရဘုရားသည် ဒါဝိဒ်၏ ရန်သူတို့အား ပြုတော်မူစေသတည်းဟု ဆိုနှင့်ပြီ။ 23 အဘိဂဲလသည် ဒါဝိဒ်ကို
မြင်သောအခါ၊ မြည်းပေါ်က အလျင်အမြန်ဆင်းပြီးလျှင် ဒါဝိဒ်ရှေ့တွင် မြေပေါ်မှာ ဦးညွှတ်ချ၍၊ 24 သူ၏ ခြေရင်း၌ ဝပ်တွားလျက်၊
ကျွန်မသခင်၊ အပြစ်ရှိသမျှကို ကျွန်မခံပါမည်။ ကိုယ်တော်၏ ကျွန်မသည် နားတော်လျှောက်ရသော အခွင့်ကို ပေးတော်မူပါ။ 25
ကိုယ်တော်၏ ကျွန်မစကားကို နားညောင်းတော်မူပါ။ ထိုအဓမ္မလူ နာဗလကို ကျွန်မသခင် မှတ်တော်မမူပါနှင့်။ သူ၏အမည်သည်
သူ၏သဘောနှင့် ညီညွတ်ပါ၏။ သူ၏အမည်ကား နာဗလ။ သူ၏ သဘောကား မိုက်ခြင်းဖြစ်သတည်း။ သခင်စေလွှတ်တော်မူသော
လုလင်တို့ကို ကိုယ်တော် ကျွန်မသည် မမြင်ရပါ။ 26 ယခုမှာ ကျွန်မသခင်၊ ကိုယ်တော်သည် လူအသက်ကို သတ်ခြင်းငှါ
မသွားမည်အကြောင်း ကိုယ်လက်နှင့် ကိုယ်အမှုကို စောင့်၍ အပြစ်ဒဏ်မပေးမည်အကြောင်း၊ ထာဝရဘုရား
ဆီးတားတော်မူသည်ဖြစ်၍၊ ထာဝရဘုရား အသက်တော် ကိုယ်တော်အသက်လည်း ရှင်တော်မူသည်အတိုင်း၊ အကျိုးတော်ကို
ဖျက်ဆီးလိုသော ကိုယ်တော်၏ ရန်သူတို့သည် နာဗလကဲ့သို့ ဖြစ်ကြပါစေသော။ 27 ယခုမှာ ကိုယ်တော်၏ ကျွန်မသည် သခင့်ထံသို့
ဆောင်ခဲ့သော လက်ဆောင်ကို ကျွန်မသခင်နောက်တော်သို့ လိုက်သော လုလင်တို့ အားပေးစေတော်မူပါ။ 28 ကိုယ်တော်၏
ကျွန်မအပြစ်ကိုသည်းခံတော်မူပါ။ ကျွန်မသခင်သည် ထာဝရဘုရားဘက်မှာ စစ်တိုက်သောကြောင့်၎င်း၊
တသက်လုံးကိုယ်တော်၌အပြစ်တင်စရာ အခွင့်မရှိသောကြောင့်၎င်း၊ ထာဝရဘုရားသည် ကျွန်မ၏သခင်အဘို့ ခိုင်ခံ့ မြဲမြံသော အိမ်ကို

တည်ဆောက်တော်မူလိမ့်မည်။ [29] ကိုယ်တော်၏ အသက်ကို သတ်အံ့သောငှါ လူအချို့တို့သည် ထ၍ ရှာသော်လည်း၊ ကိုယ်တော်၏
ဘုရားသခင် ထာဝရဘုရားသည် ကျွန်မသခင်၏ အသက်ကို အသက်ထုပ်၌ နှောင်ဖွဲ့တော်မူလိမ့်မည်။ ကိုယ်တော်၏
ရန်သူတို့အသက်ကိုမူကား၊ လောက်လွှဲထဲက ပစ်သကဲ့သို့ ပစ်တော်မူလိမ့်မည်။ [30] ထာဝရဘုရား ဂတိထားတော်မူသည်အတိုင်း၊
ကိုယ်တော်၌ ကျေးဇူးပြု၍ ဣသရေလအမျိုးကို အုပ်စိုးစေခြင်းငှါ ခန့်ထားတော်မူသောအခါ၊ [31] ကျွန်မ၏ သခင်ကိုယ်တော်သည်
အကြောင်းမရှိဘဲ လူအသက်ကို သတ်မိသောကြောင့်၎င်း၊ ကိုယ်အမှုကို စောင့်၍၊ အပြစ်ဒဏ်ပေးမိသောကြောင့်၎င်း၊ ကျွန်မ၏
သခင်ကိုယ်တော်သည် စိတ်ညှိုးငယ်ခြင်း၊ ကိုယ်တိုင်ကိုယ်အပြစ်တင်ခြင်းနှင့် ကင်းလွတ်တော်မူပါစေသော။ ထာဝရဘုရား သည်
ကျွန်မ၏ သခင်၌ ကျေးဇူးပြုတော်မူပြီးမှ၊ ကိုယ်တော်၏ ကျွန်မကို အောက်မေ့တော်မူပါဟု လျှောက်လေ၏။ [32] ဒါဝိဒ်ကလည်း၊
ယနေ့ငါနှင့် တွေ့စေခြင်းငှါ၊ သင့်ကို စေလွှတ်တော်မူသော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည်
မင်္ဂလာရှိတော်မူစေသတည်း။ [33] သင်ပေးသောအကြံလည်း မင်္ဂလာရှိစေသတည်း။ ယနေ့ငါသည် လူအသက်ကို သတ်အံ့သောငှါ၊
မသွားရမည်အကြောင်း၊ ကိုယ်လက်နှင့် ကိုယ်အမှုကို စောင့်၍ အပြစ်ဒဏ်မပေးရမည်အကြောင်း ဆီးတားသောသင်သည်လည်း
မင်္ဂလာရှိစေသတည်း။ [34] အကယ်စင်စစ် သင့်ကို ငါမညှဉ်းဆဲရမည်အကြောင်း၊ ဆီးတားတော်မူသော ဣသရေလအမျိုး၏
ဘုရားသခင်ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊ သင်သည်ငါနှင့် တွေ့ခြင်းငှါ အလျင်အမြန်မလာလျှင်၊ အကယ်စင်စစ်
နက်ဖြန်မိုဃ်းလင်းသောအခါ၊ နာဗလ၏ လူယောက်ျား တစုံတယောက်ကိုမျှ ငါချန်၍မထားဟု အဘိဂဲလအား ပြောဆိုလျက်၊ [35]
သူဆောင်ခဲ့သော လက်ဆောင်ကို သူ၏လက်မှခံယူ၍၊ သင်သည် နေရာအိမ်သို့ ငြိမ်ဝပ်စွာသွားလော့။ သင်၏စကားကို ငါနားထောင်ပြီ။
သင်၏ မျက်နှာကိုလည်း ထောက်၍ နေမည်ဟုဆိုလေ၏။ [36] အဘိဂဲလသည်လည်း နာဗလထံသို့ ပြန်သွား၍၊ သူသည် ရှင်ဘုရင်၏
ပွဲကဲ့သို့သော ပွဲကို မိမိအိမ်၌ ခံသဖြင့်၊ ယစ်မူး၍ စိတ်ရွှင်လန်းလျက်နေသောကြောင့်၊ မိုဃ်းမလင်းမှီ မယားသည် အလျှင်းမပြော။ [37]
မိုဃ်းလင်း၍ နာဗလသောက်သော စပျစ်ရည်အရှိန်ကုန်သောအခါ၊ ထိုအမှုများကို မယားပြောသဖြင့် သူသည်နှလုံးသေ၍
ကျောက်ကဲ့သို့ဖြစ်၏။ [38] ဆယ်ရက်လောက်လွန်မှ ထာဝရဘုရားသည် ဒဏ်ခတ်တော်မူသဖြင့် နာဗလသေ၏။ [39]
နာဗလသေကြောင်းကို ဒါဝိဒ်ကြားသောအခါ၊ ငါခံရသော ကဲ့ရဲ့ခြင်းအမှုကို စောင့်၍ နာဗလလက်မှ နှုတ်တော်မူ၍၊ ကိုယ်တော်ကျွန်ကို
ဒုစရိုက်နှင့် ကင်းလွတ်စေတော်မူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ ထာဝရဘုရားသည် နာဗလပြုသော
ဒုစရိုက်ကို သူ့ခေါင်းပေါ်သို့ ပြန်ရောက်စေတော်မူပြီဟု ဆို၏။ တဖန်လူကို စေလွှတ်၍ အဘိဂဲလနှင့် လက်ထပ်ခြင်းငှါ
နှုတ်ဆက်လေ၏။ [40] ဒါဝိဒ်၏ ကျွန်တို့သည် အဘိဂဲလရှိရာ ကရမေလမြို့သို့ ရောက်သောအခါ၊ ဒါဝိဒ်သည် သခင်မနှင့်
လက်ထပ်ခြင်းငှါ ကျွန်တော်တို့ကို စေလွှတ်ပါပြီဟု ပြောဆိုလျှင်၊ [41] အဘိဂဲလသည် ထ၍ မြေပေါ်မှာ ပြပ်ဝပ်လျက်၊ ကျွန်မသည်
ကျွန်မသခင်၏ ကျွန်တို့ ခြေကို ဆေးသော ကျွန်မိန်းမဖြစ်စေသောဟု ဆိုပြီးမှ၊ [42] အလျင်အမြန်ထ၍ မိမိနောက်လိုက်
ကျွန်မငါးယောက်ပါလျက် မြည်းစီးသဖြင့်၊ ဒါဝိဒ်စေလွှတ်သော လူတို့နှင့် တကွလိုက်၍ ဒါဝိဒ်၏ခင်ပွန်း ဖြစ်လေ၏။ [43] ဒါဝိဒ်သည်
ယေဇရေလမြို့သူ အဟိနောင်ကိုလည်း သိမ်း၍ ထိုမိန်းမနှစ်ယောက်တို့သည် သူ၏ ခင်ပွန်းဖြစ်ကြ၏။ [44] ရှောလုသည်
မိမိသမီးဖြစ်သော ဒါဝိဒ်၏ မယားမိခါလကို၊ ဂလ္လိမ်မြို့သားဖြစ်သော လဲရှ၏သား ဖလတိအားပေးစားနှင့်ပြီ။

 generated on Sun Jun 30 02:37:40 2024

## Chapter 26

1 တဖန်ဇိဖသားတို့သည် ရှောလုရှိရာ ဂိဗာမြို့သို့လာ၍၊ ဒါဝိဒ်သည် ယေရှိမုန်မြို့ရှေ့မှာ ဟခိလတောင်၌ ပုန်းရှောင်၍
နေပါသည်မဟုတ်လောဟု လျှောက်လျှင်၊ 2 ရှောလုသည် ထ၍ ရွေးကောက်သော ဣသရေလလူသုံးထောင်ပါလျက်၊ ဇိဖတော၌
ဒါဝိဒ်ကို ရှာခြင်းငှါသွားလေ၏။ 3 ရှောလုသည် ယေရှိမုန်မြို့ရှေ့၊ ဟခိလတောင်ပေါ်လမ်းနားမှာ တပ်ချ၏။ ဒါဝိဒ်သည် တော၌နေ၍
ရှောလုလိုက်ရှာကြောင်းကို သိမြင်သောအခါ၊ 4 သူလျှိုတို့ကို စေလွှတ်၍ ရှောလုရောက်ကြောင်းကို အတပ်သိ၏။ 5 ထိုအခါ ဒါဝိဒ်သည်
ထသွား၍၊ ရှောလု တပ်ချရာအရပ်သို့ရောက်သဖြင့်၊ ရှောလုနှင့် ဗိုလ်ချုပ်မင်း နေရ၏သား အာဗနာ အိပ်ရာအရပ်ကို ကြည့်ရှုလေ၏။
ရှောလုသည် ရထားတပ်အလယ်၌ အိပ်လျက်၊ တပ်သားတို့သည် ပတ်လည်၌ နေရာကျကြ၏။ 6 ဒါဝိဒ်ကလည်း၊ ရှောလုရှိရာ တပ်သို့
ငါနှင့် အတူ အဘယ်သူလိုက်မည်နည်းဟု ဟိတ္တိအမျိုးသား အဟိမလက်နှင့် ဇေရုယာ၏သား ယွာဘညီ အဘိရှဲတို့ကို မေးလျှင်၊
အဘိရှဲက ကျွန်တော် လိုက်ပါမည်ဟု လျှောက်သည်အတိုင်း၊ 7 ဒါဝိဒ်နှင့် အဘိရှဲတို့သည် ညဥ့်အခါ တပ်သားများရှိရာသို့ သွား၍
ရှောလုသည် ရထားတပ်အလယ်၌ အိပ်ပျော်လျက်၊ လှံတော်သည် ခေါင်းရင်းအနား မြေ၌ စိုက်လျက်၊ အာဗနာနှင့်
တပ်သားများတို့သည် ပတ်လည်၌အိပ်လျက်ရှိကြ၏။ 8 အဘိရှဲကလည်း၊ ဘုရားသခင်သည် ကိုယ်တော်၏ ရန်သူကို
ကိုယ်တော်လက်၌ ယနေ့အပ်တော်မူပြီ။ ထိုကြောင့် ကျွန်တော်သည် မြေတိုင်အောင်လှံနှင့် တချက်တည်းထိုးပါရစေဟု ကျွန်တော်
တောင်းပန်ပါ၏။ နှစ်ချက်တိုင်အောင် မထိုးပါဟု ဒါဝိဒ်ကို လျှောက်သော်လည်း၊ 9 ဒါဝိဒ်ကသူ့ကို မပြုနှင့်။ ထာဝရဘုရားအခွင့်နှင့်
ဘိသိက်ခံသော သူကို အဘယ်သူ အပြစ်လွတ်လျက် ထိခိုက်နိုင်သနည်းဟု အဘိရှဲအား ပြန်ဆို၏။ 10 တဖန်ဒါဝိဒ်က၊
ထာဝရဘုရားအသက် ရှင်တော်မူသည်အတိုင်း၊ ဒဏ်ခတ်တော်မူမည်။ သို့မဟုတ် သူသေချိန်ရောက်လိမ့်မည်။ သို့မဟုတ် စစ်တိုက်ရာ၌
အသက်ဆုံးလိမ့်မည်။ 11 ထာဝရဘုရား ပေးတော်မူသော ဘိသိက်ခံသူကို ငါမထိခိုက်မည်အကြောင်း ထာဝရဘုရား
ဆီးတားတော်မူပါစေသော။ သို့ရာတွင် ခေါင်းရင်းတော်နားမှာရှိသော လှံတော်နှင့် ရေဘူးကို ယူ၍ သွားကြကုန်အံ့ဟု ဆိုလျက်၊ 12
လှံတော်နှင့် ရေဘူးကို ရှောလုခေါင်းရင်းနားက ယူ၍ သွားကြ၏။ အဘယ်သူမျှ မသိမမြင်၊ အဘယ်သူမျှ မနိုး၊ ကြီးစွာသော
အိပ်ခြင်းဖြင့် ထာဝရဘုရား အိပ်စေတော်မူသောကြောင့်၊ ထိုသူအပေါင်းတို့သည် အိပ်ပျော်ကြ၏။ 13 ထိုအခါ ဒါဝိဒ်သည်
ကျယ်သောချိုင့် တဘက်သို့ကူး၍၊ ဝေးသော တောင်ထိပ် အပေါ်မှာရပ်လျက်၊ 14 အိုအာဗနာ၊ သင်သည် မထူးသလောဟု လူများနှင့်
နေရသား အာဗနာကို ဟစ်လေ၏။ အာဗနာက၊ ရှင်ဘုရင်ကို ဟစ်သောသင်ကား အဘယ်သူနည်းဟု ပြန်၍မေးလျှင်၊ 15 ဒါဝိဒ်က၊
သင်သည်ယောကျ်ားမဟုတ်လော။ ဣသရေလအမျိုး၌ သင်နှင့်အဘယ်သူ တူသနည်း။ သို့ဖြစ်၍ သင်၏သခင် ရှင်ဘုရင်ကို
အဘယ်ကြောင့်မစောင့်သနည်း။ သင်၏သခင်ရှင်ဘုရင်ကို သတ်အံ့သောငှါ လူတယောက်ဝင်လေပြီ။ 16 သင်ပြုသောအမှုသည်
မလျောက်ပတ်။ ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသော သင်၏သခင်ကို မစောင့်သောကြောင့်၊ ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း သင်သည် အသေခံထိုက်ပေ၏။ ခေါင်းရင်းတော်နားမှာ ထားသော ရှင်ဘုရင်၏ လှံတော်နှင့်
ရေဘူးတော်ရှိသည် မရှိသည်ကို ကြည့်ရှုလော့ဟု အာဗနာအားပြောဆို၏။ 17 ရှောလုသည် ဒါဝိဒ်စကားသံကို သိ၍ ငါ့သားဒါဝိဒ်၊
ငါကြားသော စကားသံသည် သင့်စကားသံလောဟု မေးလျှင် ဒါဝိဒ်က ကျွန်တော်စကားသံမှန်ပါ၏။ ကျွန်တော်သခင်အရှင်မင်းကြီးဟု
လျှောက်လေ၏။ 18 တဖန်ဒါဝိဒ်က၊ သခင်သည် ကိုယ်တော်ကျွန်ကို အဘယ်ကြောင့် ဤသို့လိုက်၍ရှာတော်မူသနည်း။ ကျွန်တော်သည်
အဘယ်သို့ပြုပါသနည်း။ ကျွန်တော်အဘယ်အပြစ် ရှိပါသနည်း။ 19 ယခုမှာ ကျွန်တော်သခင်ရှင်ဘုရင်၊ ကိုယ်တော်ကျွန်တော်စကားကို
နားညောင်းတော်မူပါ။ ထာဝရဘုရားသည် ကိုယ်တော်ကို ကျွန်တော်တဘက်၌ နှိုးဆော်တော်မူသည် မှန်လျှင်၊ ယဇ်ပူဇော်ခြင်းကို
လက်ခံတော်မူပါစေသော။ သို့မဟုတ် လူသားတို့ နှိုးဆော်သည် မှန်လျှင်၊ ထာဝရဘုရား ရှေ့တော်၌ ကျိန်ခြင်းကို ခံကြပါစေသော။
အကြောင်းမူကား၊ သူတို့က သွားတော့။ အခြားတပါးသော ဘုရားတို့ကို ဝတ်ပြုတော့ဟု ဆိုလျက် ကျွန်တော်ကို ထာဝရဘုရား၏
အမွေတော်မြေ၌ မနေစေခြင်းငှါ ယနေ့ပင် နှင်ထုတ်ကြပါသည်တကား။ 20 သို့ဖြစ်၍ ကျွန်တော်အသွေးသည် ထာဝရဘုရားရှေ့တော်၌
မြေသို့ မကျပါစေနှင့်။ အကြောင်းမူကား၊ လူသည် ငုံးကို တောင်ပေါ်မှာလိုက်၍ ရှာသကဲ့သို့ ဣသရေလရှင်ဘုရင်သည် ခွေးလှေးကို
ရှာခြင်းငှါ ထွက်တော်မူပါပြီတကားဟု လျှောက်ဆို၏။ 21 ရှောလုကလည်း ငါပြစ်မှားပါပြီ။ ငါ့သားဒါဝိဒ် ပြန်လာပါ။ သင်သည်
ယနေ့ငါ့အသက်ကို နှမြောသောကြောင့်၊ နောက်တဖန် သင့်ကို ငါမညှဉ်းဆဲ။ ငါသည် လူမိုက်ဖြစ်၏။ အလွန် မှားယွင်းပြီဟု ဆိုသော်၊ 22
ဒါဝိဒ်က၊ ရှင်ဘုရင်လှံတော်ရှိပါ၏။ လုလင်တယောက်လာ၍ ယူစေတော်မူပါ။ 23 လူအသီးအသီးတို့သည် ဖြောင့်မတ်ခြင်း၊
သစ္စာစောင့်ခြင်းရှိသည်အတိုင်း၊ ထာဝရဘုရားသည် အကျိုးကို ဆပ်ပေးတော်မူပါစေသော။ ထာဝရဘုရားသည် ယနေ့ ကိုယ်တော်ကို
ကျွန်တော်လက်၌ အပ်တော်မူသော်လည်း ထာဝရဘုရားပေးတော်မူသော ဘိသိက်ခံသူကို ကျွန်တော်မထိခိုက်ပါ။ 24 ယနေ့
ကိုယ်တော်အသက်ကို ကျွန်တော် နှမြောသည် နည်းတူ ကျွန်တော်အသက်ကို ထာဝရဘုရားနှမြော၍ ကျွန်တော်ကို ခပ်သိမ်းသော
ဒုက္ခထဲက ကယ်နှုတ်တော်မူပါစေသောဟု ပြန်လျှောက်လျှင်၊ 25 ရှောလုက၊ ငါ့သားဒါဝိဒ်၊ သင်သည် မင်္ဂလာရှိပါစေသော။
ပြုလေရာရာ၌ အောင်မြင်ပါစေသောဟု ဒါဝိဒ်အားဆိုပြီးမှ ဒါဝိဒ်သည် ထွက်သွား၍ ရှောလုသည်လည်း မိမိနေရာသို့ ပြန်လေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 27

[1] တဖန်ဒါဝိဒ်က၊ ငါသည် ရှောလုလက်ဖြင့် ဆုံးရှုံးရသော အချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍ ဖိလိတ္တိပြည်သို့ အလျင်အမြန်
ပြေးကောင်း၏။ သည်ထက်ကောင်းသော အရာမရှိ။ သို့ပြုလျှင် ရှောလုသည် ဣသရေလပြည်နယ်တွင် ငါ့ကို
ရှာ၍မတွေ့နိုင်ကြောင်းကို သိလျက်၊ အားလျော့၍ သူ့လက်မှ ငါလွတ်လိမ့်မည်ဟု အကြံရှိသည်အတိုင်း၊ [2] မိမိ၌ ပါသော
လူခြောက်ရာနှင့်တကွ ထ၍ ဂါသမင်းမောခသားအာခိတ် ထံသို့ကူးသွားကြ၏။ [3] ဒါဝိဒ်နှင့် သူ၏လူများတို့သည် အသီးအသီး
မိမိသားမယားပါလျက် ဂါသမြို့၊ အာခိတ်မင်းထံမှာ နေကြ၏။ ဒါဝိဒ်မယားနှစ်ယောက်၊ ယေဇရေလမြို့သူ အဟိနောင်နှင့်
နာဗလမယား၊ ကရမေလမြို့သူ အဘိဂဲလပါသတည်း။ [4] ဒါဝိဒ်သည် ဂါသမြို့သို့ ပြေးသွားကြောင်းကို ရှောလုသည် ကြား၍
နောက်တဖန်မလိုက်မရှာဘဲ နေ၏။ [5] ဒါဝိဒ်သည် အာခိတ်မင်းထံသို့ဝင်၍၊ ကျွန်တော်သည် ရှေ့တော်၌မျက်နှာရသည်မှန်လျှင်
ကျွန်တော်နေစရာ တောရွာတရွာကို သနားတော်မူပါ။ ကိုယ်တော် ကျွန်သည် မြို့တော်၌ ကိုယ်တော် နှင့်အတူ အဘယ်ကြောင့်
နေရပါသနည်းဟု လျှောက်လေသော်၊ [6] ထိုနေ့၌ အာခိတ်မင်းသည် ဇိကလတ်မြို့ကို ပေး၏။ ထို့ကြောင့် ယနေ့တိုင်အောင်
ယုဒရှင်ဘုရင်တို့သည် ဇိကလတ်မြို့ကို ပိုင်ကြ၏။ [7] ဒါဝိဒ်သည် ဖိလိတ္တိပြည်၌ နေသော နေ့ရက်ပေါင်းကား တနှစ်နှင့်
လေးလစေ့သတည်း။ [8] တရံရောအခါ ဒါဝိဒ်နှင့် သူ၏လူတို့သည် သွား၍ ဂေရှုရိလူ၊ ဂေရဇိလူ၊ အာမလက်လူတို့ကို တိုက်ကြ၏။
ထိုလူမျိုးတို့သည် ရှေးကာလ၌ ရှုရမြို့လမ်းမှစ၍ အဲဂုတ္တုပြည်တိုင်အောင် အမြဲနေသောသူ ဖြစ်သတည်း။ [9] ထိုပြည်ကို ဒါဝိဒ်သည်
လုပ်ကြံ၍ ယောကျ်ားမိန်းမ တစုံတယောက်ကိုမျှ အသက်ချမ်းသာမပေး။ သိုး၊ နွား၊ မြည်း၊ ကုလားအုပ်၊ အဝတ်တန်ဆာတို့ကို
သိမ်းယူ၍ အာခိတ်မင်းထံသို့ ပြန်သွားလေ၏။ [10] အာခိတ်မင်းက၊ သင်တို့သည် ယနေ့အဘယ်အရပ်သို့ သွား၍ တိုက်သနည်းဟု
မေးသော်၊ ဒါဝိဒ်က၊ ယုဒပြည်တောင်ဘက်၊ ယေရမေလပြည်တောင်ဘက်၊ ကေနိပြည်တောင်ဘက်သို့ သွား၍ တိုက်ပါသည်ဟု
လျှောက်၏။ [11] ထိုသို့ ဒါဝိဒ်ပြုပြီဟု ဂါသမြို့သို့လာ၍ သိတင်းကြားပြောမည့်သူမရှိစေခြင်းငှါ ယောကျ်ားမိန်းမ တစုံတယောက်ကိုမျှ
အသက်ချမ်းသာ မပေး။ ဒါဝိဒ်သည် ဖိလိတ္တိပြည်၌နေသော ကာလပတ်လုံး ထိုသို့ပြုလေ့ရှိ၏။ [12] အာခိတ်မင်းက၊ ဒါဝိဒ်သည် မိမိကို
မိမိလူမျိုး အလွန်စက်ဆုပ်ရွံရှာသည်တိုင်အောင် ပြုပြီ။ သို့ဖြစ်၍ ငါ့ထံ၌ အစဉ်ကျွန်ခံလိမ့်မည်ဟု ဒါဝိတ်စကားကို ယုံလျက်ဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 28

1 ထိုကာလ၌ ဖိလိတ္တိလူတို့သည်၊ ဣသရေလ အမျိုးကို စစ်တိုက်အံ့သောငှါ ဗိုလ်ခြေများကို စုဝေးကြ၏။ အာခိတ်မင်းကလည်း၊
သင်သည် လူများပါလျက် ငါနှင့် လိုက်၍စစ်တိုက်သွားရမည်ကို ဆက်ဆက် သဘောကျလော့ဟု ဒါဝိဒ်အားဆိုလျှင်၊ 2 ဒါဝိဒ်က၊
အကယ်စင်စစ် ကိုယ်တော်ကျွန်သည် အဘယ်သို့ပြုနိုင်သည်ကို ကိုယ်တော်သည် သိတော်မူလိမ့်မည်ဟု လျှောက်သော်၊
အာခိတ်မင်းက၊ သို့ဖြစ်၍သင့်ကို ငါ့အသက်စောင့် ဗိုလ်ချုပ် အရာ၌ ငါခန့်မည်ဟုပြန်ပြော၏။ 3 ထိုကာလ၌ ရှမွေလမရှိသေလွန်ပြီ။
ဣသရေလအမျိုးသားပေါင်းတို့သည် ငိုကြွေးမြည်တမ်းခြင်းကို ပြုလျက်၊ သူ့ကိုသူနေရင်း ရာမမြို့၌ သင်္ဂြိုဟ်ကြပြီ။ ရှောလုသည်
စုန်းနှင့် နတ်ဝင်ပေါင်းတို့ကို တပြည်လုံးတွင် သုတ်သင်ပယ်ရှင်းနှင့်ပြီ။ 4 ထိုအခါ ဖိလိတ္တိလူတို့သည် စုဝေး၍ ရှုနင်မြို့မှာ တပ်ချကြ၏။
ရှောလုသည်လည်း ဣသရေလ အမျိုးသားအပေါင်းတို့ကို စုဝေးစေ၍ သူတို့သည် ဂိလဗောမြို့မှာ တပ်ချကြ၏။ 5 ရှောလုသည်
ဖိလိတ္တိလူအလုံးအရင်းကို မြင်သောအခါ ကြောက်၍ အလွန်တုန်လှုပ်သော စိတ်နှလုံး ရှိ၏။ 6 ထာဝရဘုရားကို
မေးလျှောက်သော်လည်း ထာဝရဘုရားသည် ထူးတော်မမူ။ အိပ်မက်အားဖြင့်၎င်း၊ ဥရိမ်အားဖြင့်၎င်း၊ ပရောဖက်အားဖြင့်၎င်း
ထူးတော်မမူ။ 7 ထိုအခါရှောလုက၊ နတ်ဝင်မိန်းမကို ရှာကြလော့။ ငါသွား၍ မေးမြန်းမည်ဟု ကျွန်တို့အား ဆိုသည်အတိုင်း၊ ကျွန်တို့က
အဒေါရမြို့မှာ နတ်ဝင်မိန်းမတယောက်ရှိပါ၏ဟု လျှောက်သော်၊ 8 ရှောလုသည် အဝတ်လဲ၍ ထူးခြားသော အယောင်ကို
ဆောင်လျက်၊ ညဉ့်အခါ လူနှစ်ယောက်နှင့်တကွ ထိုမိန်းမဆီသို့သွား၍ ရောက်ပြီးလျှင်၊ သင်ပေါင်းသော နတ်ကို အမှီပြု၍
သင့်အားငါပြောမည့်သူကို ဘော်ပါလော့ဟု တောင်းပန်လေ၏။ 9 မိန်းမကလည်း၊ ရှောလုပြုသောအမှု၊ စုန်းနှင့် နတ်ဝင်တို့ကို
တပြည်လုံးတွင် သုတ်သင်ဖယ်ရှင်းသော အမှုကို သင်သည် သိလျက်နှင့် ငါ့ကို သေစေခြင်းငှါ အဘယ်ကြောင့် ငါ့အသက်ကို
ကျော့စမ်းသနည်းဟု ပြန်ပြောသော်၊ 10 ရှောလုက၊ ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊ ဤအမှုကြောင့် အဘယ်အပြစ်မျှ
မရောက်ရဟု ထာဝရဘုရားကို တိုင်တည်၍ ကျိန်ဆိုလေ၏။ 11 မိန်းမကလည်း၊ အဘယ်သူကို ငါဘော်ရမည်နည်းဟု မေးလျှင်၊
ရှောလုက၊ ရှမွေလကို ဘော်ပါဟု ဆို၏။ 12 မိန်းမသည် ရှမွေလကို မြင်သောအခါ ကြီးသောအသံနှင့် အော်ဟစ်၍၊ ကိုယ်တော်သည်
ကျွန်မကို အဘယ်ကြောင့် လှည့်စားသနည်း။ ကိုယ်တော်သည် ရှောလုဖြစ်ပါ၏ဟု ရှောလုအားဆိုလျှင်၊ 13 ရှင်ဘုရင်က မစိုးရိမ်နှင့်။
အဘယ်အရာကို မြင်သနည်းဟု မေးသော်၊ မိန်းမက၊ မြေကြီးထဲက ဘုရားတက်လာသည်ကို ကျွန်မမြင်ပါသည်ဟု လျှောက်၏။ 14
အဘယ်သို့သော အယောင်ဆောင်သနည်းဟု မေးပြန်သော်၊ လူအိုတက်လာပါ၏။ ဝတ်လုံခြုံလျက် ရှိပါ၏ဟု လျှောက်ပြန်လျှင်၊
ရှမွေလဖြစ်ကြောင်းကို ရှောလုသည် ရိပ်မိလျှင် မြေပေါ်၌ ဦးညွှတ်ပြပ်ဝပ် လျက်နေ၏။ 15 ရှမွေလကလည်း၊ သင်သည် ငါ့ကို
နှောက်ရှက်လျက် အဘယ်ကြောင့် ဘော်သနည်းဟု ရှောလုကို မေးသော်၊ ရှောလုက၊ အကျွန်ုပ်သည် အလွန်ဆင်းရဲခြင်းသို့ရောက်ပါပြီ။
ဖိလိတ္တိလူတို့သည် စစ်တိုက် ကြပါ၏။ ဘုရားသခင်သည် အကျွန်ုပ်ကို စွန့်တော်မူပြီ။ ပရောဖက်အားဖြင့် ထူးတော်မမူ။
အိပ်မက်အားဖြင့် ထူးတော်မမူ။ အကျွန်ုပ် သည် အဘယ်သို့ပြုရမည်ကို၊ ကိုယ်တော်ပြစေခြင်းငှါ ကိုယ်တော်ကို အကျွန်ုပ်ခေါ်ပါပြီဟု
ပြောဆို၏။ 16 ရှမွေလကလည်း၊ ထာဝရဘုရားသည် သင့်ကို စွန့်၍ သင့်ရန်ဘက် ဖြစ်တော်မူသည် မှန်လျှင်၊ ငါ့ကို အဘယ်ကြောင့်
မေးမြန်းသေးသနည်း။ 17 ထာဝရဘုရားသည် ငါ့အားဖြင့် မိန့်တော်မူသည်အတိုင်း သင်၌ပြုတော်မူပြီ။ ထာဝရဘုရားသည် ဤနိုင်ငံကို
သင့်လက်မှနှုတ်၍၊ သင့်အိမ်နီးချင်း ဒါဝိဒ်အားပေးတော်မူပြီ။ 18 အကြောင်းမူကား၊ သင်သည် ထာဝရဘုရား၏ စကားတော်ကို
နားမထောင်။ ပြင်းစွာသော အမျက်ကို အာမလက်အမျိုး၌ မစီရင်သောကြောင့်၊ ထာဝရဘုရားသည် ဤအမှုကို ယနေ့ သင်၌
ရောက်စေတော် မူပြီ။ 19 ထိုမှတပါးသင်နှင့် ဣသရေလအမျိုးကို ဖိလိတ္တိလူတို့ လက်၌ အပ်တော်မူမည်။ နက်ဖြန်နေ့ သင်နှင့်
သင်၏သားတို့သည် ငါနှင့်အတူရှိလိမ့်မည်။ ထာဝရဘုရားသည် ဣသရေလလူ အလုံးအရင်းကို ဖိလိတ္တိလူတို့လက်၌
အပ်တော်မူမည်ဟု ဆို၏။ 20 ထိုအခါ ရှောလုသည် မြေပေါ်မှာ အလျားပြပ်ဝပ်လဲနေ၍၊ ရှမွေလစကားကြောင့် အလွန် ကြောက်ရွံ့၏။
တနေ့နှင့် တညဉ့်လုံး အဘယ်အစာကိုမျှ မစားဘဲနေသောကြောင့် အားကုန်ပြီ။ 21 ထိုမိန်းမသည်လာ၍ ရှောလု အလွန်စိတ်ညစ်သည်ကို
မြင်လျှင်၊ ကိုယ်တော်ကျွန်မသည် ကိုယ်တော်စကားကို နားထောင်ပါပြီ။ ကိုယ်အသက်ကို မနှမြောဘဲ ကိုယ်တော်မိန့်တော်မူသော
စကားကို နားထောင်ပါပြီ။ 22 သို့ဖြစ်၍ ယခုကိုယ်တော် ကျွန်မ၏ စကားကို နားထောင်တော်မူပါ။ စားစရာအနည်းငယ်ကို ရှေ့တော်၌
တင်ပါရစေ။ ကိုယ်တော်ကြွသွားသောအခါ အားပြည့်စေခြင်းငှါ စားတော်ခေါ်ပါဟု လျှောက် သော်လည်း၊ 23 ရှောလုက ငါမစားဟု
ငြင်းပယ်လေ၏။ သို့ရာတွင် ကျွန်တို့သည် မိန်းမနှင့် ဝိုင်း၍ အနိုင်ပြုကြသဖြင့်၊ ရှောလုသည် သူတို့စကားကို နားထောင်၍
မြေပေါ်ကထပြီးလျှင် ခုတင်ပေါ်မှာ ထိုင်လေ၏။ 24 ထိုမိန်းမသည် မိမိအိမ်၌ ဆူအောင်ကျွေးသော နွားကလေးတကောင်ရှိသည်ဖြစ်၍
အလျင်အမြန် သတ်လေ၏။ မုန့်ညက်ကိုလည်း ယူ၍ နယ်သဖြင့်၊ တဆေးမဲ့မုန့်ကို ဖုတ်ပြီးမှ၊ 25 ရှောလုနှင့် ကျွန်များတို့ ရှေ့၌
တင်လေ၏။ သူတို့သည် စား၍ ထိုညဉ့်တွင် ထသွားကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 29

[1] ဖိလိတ္တိလူတို့သည် ဗိုလ်ခြေအပေါင်းတို့ကို အာဖက်မြို့မှာ စုဝေးစေကြ၏။ ဣသရေလ လူတို့သည် ယေဇရေလမြို့မှာ ရှိသော
စမ်းရေတွင်းအနား၌ တပ်ချကြ၏။ [2] ဖိလိတ္တိမင်းတို့သည် လူတရာတပ်၊ တထောင်တပ်အစဉ်အတိုင်း ချီသွားသဖြင့်၊ ဒါဝိဒ်နှင့် သူ၏
လူတို့သည် နောက်တပ်၌ အာခိတ်မင်းနှင့်အတူ လိုက်ကြ၏။ [3] ဖိလိတ္တိမင်းတို့ကလည်း၊ သင်နှင့်လိုက်သော ထိုသူတို့သည်
အဘယ်သူနည်းဟုမေးလျှင်၊ အာခိတ်မင်းက၊ ဤသူသည် ဣသရေလရှင်ဘုရင် ရှောလု၏ကျွန် ဒါဝိဒ် ဖြစ်သည်မဟုတ်လော။
ကြာမြင့်စွာ ငါ့ထံမှာနေပြီ။ ငါ့ထံသို့ ရောက်သောနေ့မှစ၍ ယနေ့တိုင်အောင် သူ၌အပြစ်တင်စရာ တစုံတခုကိုမျှ မတွေ့ဟု
ဖိလိတ္တိမင်းတို့အား ပြောဆိုသော်လည်း၊ [4] ဖိလိတ္တိမင်းတို့သည် စိတ်ဆိုးလျက် ဤသူ ပြန်ပါစေ။ မင်းနေရာချသော အရပ်သို့
သွား၍နေပါစေ။ ငါတို့နှင့်အတူ စစ်တိုက်မလိုက်စေနှင့်။ စစ်တိုက်ရာတွင် ငါတို့ ရန်ဘက်၌ နေမည်ကို စိုးရိမ်စရာရှိ၏။ သူသည်
သူ့သခင်၏ စိတ်ကို ပြေစေခြင်းငှါ အဘယ်သို့ပြုနိုင်သနည်း။ ငါတို့လူများ၏ အသက်ကို အပ်၍ ပြုနိုင်သည်မဟုတ်လော။ [5]
ရှောလုအထောင်ထောင်၊ ဒါဝိဒ် အသောင်းသောင်း သတ်လေစွတကားဟု အလှည့်လှည့်ကလျက် သီချင်းဆိုကြသောအခါ၊ ဤဒါဝိဒ်ကို
ရည်ဆောင်၍ သီချင်းဆိုကြသည်မဟုတ်လောဟု အပြစ်တင်သောကြောင့်၊ [6] အာခိတ်မင်းသည် ဒါဝိဒ်ကို ခေါ်၍၊ အကယ်စင်စစ်
ထာဝရဘုရား အသက်ရှင်တော်မူသည့်အတိုင်း သင်သည် ဖြောင့်မတ်စွာ ပြုပြီ။ ငါနှင့်အတူ တပ်မှုတပ်ရင်း၌ သင်သွားလာပြုမူခြင်းကို
ငါအားရပြီ။ သင်သည် ငါ့ထံသို့ရောက်သော နေ့မှစ၍ ယနေ့တိုင်အောင် သင်၌ အပြစ်ကို မတွေ့။ သို့သော် ဖိလိတ္တိမင်းတို့သည် သင့်ကို
အလိုမရှိကြ။ [7] သို့ဖြစ်၍ ယခုငြိမ်ဝပ်စွာ ပြန်သွားတော့။ ဖိလိတ္တိမင်းတို့ကို စိတ်ဆိုးစေခြင်းငှါ မပြုပါနှင့်ဟုဆိုသော်၊ [8] ဒါဝိဒ်က
ကျွန်တော်သည် ကျွန်တော်သခင် ရှင်ဘုရင်၏ ရန်သူတို့ကို စစ်တိုက်မသွားစေခြင်းငှါ အဘယ်သို့ ပြုဘိသနည်း။ ကိုယ်တော်ထံမှာ
နေသမျှ ကာလပတ်လုံး ယနေ့တိုင်အောင် အဘယ်အပြစ်ကို တွေ့တော်မူသနည်းဟု အာခိတ်မင်းအား မေးလျှောက်သော်၊ [9]
အာခိတ်မင်းက၊ သင်သည် ငါ့ရှေ့မှာ ဘုရားသခင်၏ ကောင်းကင်တမန်ကဲ့သို့ ကောင်းသည်ကို ငါသိ၏။ သို့သော်လည်း ငါတို့နှင့်အတူ
စစ်တိုက်မလိုက်စေနှင့်ဟု ဖိလိတ္တိမင်းတို့သည် စီရင်ကြပြီ။ [10] သို့ဖြစ်၍ သင်နှင့်လိုက်လာသော သင့်သခင်၏ ကျွန်တို့နှင့်အတူ
နံနက်စောစောထ၍ မိုဃ်းလင်းသောအခါ ပြန်သွားတော့ဟု ဒါဝိဒ်အား ဆိုသည်အတိုင်း၊ [11] ဒါဝိဒနှင့် သူ၏ လူတို့သည်
နံနက်စောစောထ၍ ဖိလိတ္တိပြည်သို့ ပြန်သွားကြ၏။ ဖိလိတ္တိ လူတို့သည်လည်း၊ ယေဇရေလမြို့သို့ ချီသွားကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 30

1 သုံးရက်လွန်၍ ဒါဝိဒ်နှင့် သူ၏ လူတို့သည် ဇိကလတ်မြို့သို့ရောက်သောအခါ၊ အာမလတ် လူတို့သည် တောင်ပြည်နှင့်
ဇိကလတ်မြို့ကို တိုက်သဖြင့်၊ ဇိကလတ်မြို့ကို လုပ်ကြံ၍ မီးရှို့နှင့်ကြပြီ။ 2 မြို့၌ ရှိသော မိန်းမအကြီးအငယ် တယောက်ကိုမျှမသတ်၊
ရှိသမျှတို့ကို သိမ်းသွားနှင့်ကြပြီ။ 3 သို့ဖြစ်၍ ဒါဝိဒ်နှင့် သူ၏လူတို့သည် မြို့သို့ရောက်သောအခါ၊ မြို့ကို မီးရှို့၍
မယားသားသမီးများကို သိမ်းသွားကြောင်းကို တွေ့သဖြင့်၊ 4 ငိုသံကို လွှင့်၍ အားကုန်သည် တိုင်အောင် ငိုကြွေးကြ၏။ 5
ဒါဝိဒ်မယားနှစ်ယောက် ယေဇရေလမြို့သူ အဟိနောင်နှင့် နာဗလ မယားက ရေမေလမြို့သူ အဘိဂဲလတို့သည်လည်း ပါသွားကြပြီ။ 6
ဒါဝိဒ်သည် အလွန်စိတ်ငြိုငြင်ဆင်းရဲ၏။ လူများတို့သည် မိမိတို့ သားသမီးများကြောင့် စိတ်ညှိုးငယ်သဖြင့်၊ ဒါဝိဒ်ကို ကျောက်ခဲနှင့်
ပစ်ကြမည်ဟု ဆိုကြ၏။ ဒါဝိဒ်မူကား မိမိထာဝရဘုရားကို ကိုးစားလျက်နေ၍၊ 7 သင်တိုင်းတော်ကို ငါ့ထံသို့ဆောင်ခဲ့ပါလော့ဟု
အဟိမလက်၏သား အဗျာသာကို ဆိုလျှင်၊ အဗျာသာသည် သင်တိုင်းတော်ကို ဒါဝိဒ်ထံသို့ ဆောင်ခဲ့လေ၏။ 8 ဒါဝိဒ်ကလည်း၊
အကျွန်ုပ်သည် ထိုအလုံးအရင်းကို လိုက်ရပါမည်လော။ လိုက်လျှင် မှီနိုင်ပါမည်လောဟု ထာဝရဘုရားကို မေးလျှောက်သော်၊
လိုက်လော့။ ဆက်ဆက်မှီ၍ အလုံးစုံတို့ကို ရပြန်မည်ဟု မိန့်တော်မူသည်အတိုင်း၊ 9 ဒါဝိဒ်နှင့် သူ၌ ပါသော လူခြောက်ရာတို့သည်
သွား၍ ဗေသော်ချောင်းသို့ ရောက်သောအခါ၊ အချို့တို့သည် ထိုချောင်းနားမှာ နေရစ်ကြ၏။ 10 ဒါဝိဒ်နှင့် လူလေးရာတို့သည်
လိုက်ကြ၏။ 11 လွင်ပြင်၌ အဲဂုတ္တု လူတယောက်ကို တွေ့၍ ဒါဝိဒ်ထံသို့ ဆောင်ခဲ့သဖြင့်၊ မုန့်ကိုပေး၍ ထိုသူသည် စား၏။
ရေကိုလည်းသောက်စေကြ၏။ 12 သင်္ဘောသဖန်းသီး ပျဉ်တဖဲ့၊ စပျစ်သီးနှစ်ပြွတ်ကိုလည်း ပေး၍ သူသည် စားသဖြင့်
အားပြည့်ပြန်၏။ သုံးရက်ပတ်လုံး မစားမသောက်ဘဲ ငတ်မွတ်ခဲ့ပြီ။ 13 ဒါဝိဒ်ကလည်း၊ သင်သည် အဘယ်သူနှင့် ဆိုင်သနည်း။
အဘယ်အရပ်က လာသနည်းဟု မေးလျှင်၊ ကျွန်တော်သည် အာမလက်လူထံ၌ ကျွန်ခံရသော အဲဂုတ္တုလူကလေးဖြစ်ပါ၏။
သုံးရက်အထက်က အနာရောက်သောကြောင့် သခင်သည် ပစ်ထားပါ၏။ 14 ခေရသိပြည်တောင်ပိုင်း၊ ယုဒပြည်နှင့်
ကာလက်ပြည်တောင်ပိုင်းကို တိုက်၍ ဇိကလတ်မြို့ကို မီးရှို့ပါပြီဟုပြောဆို၏။ 15 ဒါဝိဒ်ကလည်း၊ ထိုအလုံးအရင်း ရှိရာသို့
လမ်းပြနိုင်သလောဟု မေးလျှင် သူက၊ ကိုယ်တော်သည် ကျွန်တော့်ကို မသတ်၊ သခင့်လက်သို့ မအပ်မည်အကြောင်း ဘုရားသခင်ကို
တိုင်တည်၍ ကျိန်ဆိုပါတော့။သို့ဖြစ်လျှင် ထိုအလုံးအရင်းရှိရာသို့ လမ်းပြပါမည်ဟု ဆိုသည်အတိုင်း၊ ဒါဝိဒ်သည် ကျိန်ဆိုခြင်းကို
ပြုလေ၏။ 16 လူကလေးသည်လမ်းပြ၍ ဒါဝိဒ်ရောက်သောအခါ၊ ထိုလူများတို့သည် ဖိလိတ္တိပြည်နှင့် ယုဒပြည်ထဲက သိမ်းယူသော
ဥစ္စာ ပစ္စည်းများအပေါင်းတို့ကြောင့် စားသောက်လျက်၊ ကခုန်လျက် မြေတပြင်လုံး၌ အနှံ့အပြားရှိကြ၏။ 17 ဒါဝိဒ်သည်လည်း
ညဦးမှစ၍ နက်ဖြန်ညဦးတိုင်အောင် သူတို့ကို လုပ်ကြံသဖြင့်၊ ကုလားအုပ်ကို စီး၍ပြေးသော လုလင်လေးရာမှ တပါးလူတယောက်မှ
မလွတ်။ 18 အာမလက်လူတို့သည် သိမ်းသွင်းသမျှတို့ကို ဒါဝိဒ်သည် ရပြန်၍၊ မိမိမယားနှစ်ယောက်ကိုလည်း ကယ်နှုတ်လေ၏။ 19
လူအကြီးအငယ်၊ သားသမီး၊ ဥစ္စာပစ္စည်း၊ လုယူသိမ်းသွားသမျှတို့တွင် တစုံတခုမျှမကျန်၊ အလုံးစုံတို့ကို ဒါဝိဒ်သည် ရပြန်လေ၏။ 20
ဒါဝိဒ်သည်လည်း ထိုသိုးနွားများရှေ့မှာ အရင်နှင်သော သိုးနွားအပေါင်းတို့ကိုလည်း ယူ၍၊ ဤဥစ္စာသည် ဒါဝိဒ်ပိုင်သော လက်ရဥစ္စာ
ဖြစ်သည်ဟုဆို၏။ 21 မော၍ ဒါဝိဒ်နောက်သို့ မလိုက်နိုင်၊ ဗေသော်ချောင်းနားမှာ နေရစ်သော လူနှစ်ရာရှိရာသို့ ဒါဝိဒ်ရောက်၍၊
သူတို့သည် ဒါဝိဒ်နှင့်သူ့၌ ပါသောလူတို့ကို ခရီးဦးကြိုပြုလိုသောငှါ ထွက်လာသဖြင့်၊ ဒါဝိဒ်သည် အနီးသို့ရောက်သောအခါ သူတို့ကို
နှုတ်ဆက်လေ၏။ 22 ဒါဝိဒ်နှင့် လိုက်သွားသောသူတို့တွင် အဓမ္မလူဆိုးများတို့က၊ ဤသူတို့သည် ငါတို့နှင့်မလိုက်သောကြောင့်၊
ငါတို့ရသော ဥစ္စာတို့တွင် သူတို့သားမယားမှတပါး အခြားသော ဥစ္စာကို သူတို့အားမပေးရ။ ကိုယ်သားမယားကို ယူ၍
ထွက်သွားကြစေဟု ဆိုကြ၏။ 23 ဒါဝိဒ်ကလည်း၊ ငါ့ညီအစ်ကိုတို့ ငါတို့ကို စောင့်မ၍ ငါတို့ကို တိုက်လာသော အလုံးအရင်းကို
ငါတို့လက်သို့ အပ်တော်မူသော ထာဝရဘုရားပေးသနားတော်မူသော ဥစ္စာကို ထိုသို့ မပြုရ။ 24 ဤအမှု၌ သင်တို့စကားကို အဘယ်သူ
နားထောင်လိမ့်မည်နည်း။ စစ်တိုက်သွားသော သူရသည်အတိုင်း၊ ဥစ္စာကို စောင့်လျက် နေရစ်သောသူရစေ။ နှစ်ပါးစလုံးတို့သည်
အညီအမျှခံစေဟု စီရင်၏။ 25 ထိုနေ့မှစ၍ ယနေ့တိုင်အောင် ဣသရေလအမျိုး၌ ထိုသို့သော ထုံးစံဖြစ်စေခြင်းငှါ စီရင်ထုံးဖွဲ့သတည်း။
26 ဒါဝိဒ်သည် ဇိကလတ်မြို့သို့ ရောက်သောအခါ၊ လက်ရဥစ္စာ အချို့ကို မိမိအဆွေခင်ပွန်း၊ ယုဒအမျိုး အသက်ကြီးသူတို့ထံသို့
ပေးလိုက်၍၊ ထာဝရဘုရား၏ ရန်သူလက်မှရခဲ့သော ဥစ္စာထဲက သင်တို့ အဘို့ လက်ဆောင်ကို ကြည့်လော့ဟုမှာလိုက်၏။ 27
ဗေသလမြို့၊ တောင်ရာမုတ်မြို့၊ 28 အာရော်မြို့၊ ရှိဖမုတ်မြို့၊ ဧရှတမောမြို့၊ 29 ရာခလမြို့၊ ယေရမေလလူ နေရာမြို့များ၊ ကေနိလူ
နေရာမြို့များ၊ 30 ဟောမာမြို့များ၊ ခေါရာရှန်မြို့၊ အာသက်မြို့၊ 31 ဟေဗြုန်မြို့မှစ၍ ဒါဝိဒ်နှင့် သူ၏လူတို့သည် တည်းခိုတတ်သော
မြို့ရွာအရပ်ရပ်သို့ ပေးလိုက်သတည်း။

 generated on Sun Jun 30 02:37:40 2024

1 Samuel 01

ဇိကလတ်
ဇိကလတ်သည် ယုဒပြည်တောင်ပိုင်းရှိ မြို့ ၏အမည်ဖြစ်သည်။ ဤမြို့တွင် ဒါဝိဒ်နှင့် သူ၏ လူများ နေထိုင်ကြသည်။

အကြီးအငယ်
ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ (၁) "အရေးမကြီးသော ပုဂ္ဂိုလ်နှင့် အရေးကြီးသော ပုဂ္ဂိုလ်" သို့မဟုတ် (၂) "သေးငယ်သည့် အရွယ်အစားနှင့် ကြီးမားသည့် အရွယ်အစား။"

1 Samuel 03

မယားသားသမီးများ
ဒါဝိဒ်နှင့် သူ၏ လူများ ပိုင်ဆိုင်သော

မြို့ကို မီးရှို့၍ မယားသားသမီးများကို သိမ်းသွားကြောင်းကို တွေ့သဖြင့် ...
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သူတို့သည် ထိုနေရာများ မီးလောင်ထားသောကြောင့်၊ မိမိတို့ အိမ်ထောင်မိသားစုဝင်များ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရကြောင်းကို သိသောအခါ

1 Samuel 05

ယေဘုယျ အချက်အလက်
ဒါဝိဒ်သည် ထာဝရဘုရားထံ၌သာ ခွန်အားယူသည်။

ယေဇရေလမြို့သူ အဟိနောင်...
အမျိုးသမီး၏ အမည်

နာဗလ မယားက ရေမေလ...
ကာမေလမှ နာဗလ ဖြစ်သည်

စိတ်ပြိုငြင်ဆင်းရဲ
ဆင်းရဲဒုက္ခ

လူများတို့သည် မိမိတို့ သားသမီးများကြောင့် စိတ်ညှိုးငယ်သဖြင့်
"ညှိုးငယ်ခြင်း" ဟူသည် ပုန်ကန်ရန် အရိပ်အမြွက်တစ်ခု ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်မှာ၊ "လူများတို့သည် ဒါဝိဒ်ကို ပုန်ကန်ရန် အသင့်ရှိနေကြသည်" သို့မဟုတ် "လူတို့သည် အလွန် ဝမ်းနည်းကြသည်"

ဒါဝိဒ်မူကား မိမိထာဝရဘုရားကို ကိုးစားလျက်နေ
ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ (၁) ဒါဝိဒ်က ထာဝရဘုရားသည် သူ့ကို ကူညီမစမည်ဟု သိရှိသည် သို့မဟုတ် (၂) ထာဝရဘုရားသည် ဒါဝိဒ်ကို အားကြီးစေသည်။

1 Samuel 07

ယေဘုယျအချက်အလက်
ဒါဝိဒ်သည် ထာဝရဘုရား၏ စကားတော်ကို နာခံပြီးမှ တိုက်သင့်သော စစ်ပွဲများကို တိုက်သည်။

မှီနိုင်ပါမည်လောဟု ထာဝရဘုရားကို မေးလျှောက်သော်
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ဒါဝိဒ်သည် ထာဝရဘုရား စေခိုင်းသည့်အတိုင်း လုပ်ဆောင်ရန် ဆက်ကပ်သည်။"

လိုက်လျှင် ...
"နောက်ကလိုက်သည်" သို့မဟုတ် "နောက်လိုက်"

1 Samuel 09

လူခြောက်ရာ
လူပေါင်း ၆၀၀

ချောင်း
အသေးစား 'ချောင်းကလေး'

လိုက်
"နောက်ကလိုက်" သို့မဟုတ် "နောက်သို့လိုက်"

လူလေးရာ
လူ ၄၀၀

1 Samuel 11

လွင်ပြင်၌ အဲဂုတ္တု လူတယောက်
အာမလက်စစ်သားများ၏ နှင်းချေခြင်း ခံရန် စွန့်ပစ်ခြင်း ခံရသည်။

စပျစ်သီးနှစ်ပြွတ်
"အခြောက်ခံထားသော စပျစ်သီး"

1 Samuel 13

ဒါဝိဒ်ကလည်း၊ သင်သည်
ဒါဝိဒ်သည် အဲဂုတ္တု ကျွန်အား မေးခွန်းမေးသည်။

သုံးရက်အထက်
"လွန်ခဲ့သော သုံးရက်"

သုံးရက်
၃ ရက်

တိုက်၍
ပစ္စည်းလုယူရန်အတွက် တိုက်ခိုက်ခြင်း

1 Samuel 15

ထိုအလုံးအရင်းရှိရာ
အသင့်တိုက်ခိုက်ရန် ပြင်ဆင်ထားသော စစ်သားများ


generated on Sun Jun 30 02:37:40 2024

သခင့်လက်သို့ မအပ်မည်အကြောင်း ဘုရားသခင်ကို တိုင်တည်၍ ကျိန်ဆိုပါတော့
"လက်" ဟူ သည် ထိန်းချုပ်ခြင်း သဘောကိုဆောင်သည်။ ပြန်ဆိုချက်မှာ၊ "သင်သည်... သင့်အကျိုးကို အလွဲသုံးစား မလုပ်ပါနှင့်။ ငါ့ကို ပြန်၍ မထိန်းချုပ်ပါမည်အကြောင်း"

1 Samuel 16

သိမ်းယူသော ဥစ္စာ
အလုံးအရင်းဖြင့် သိမ်းပိုက်ချိန်တွင် လုယူသော ပစ္စည်း

ညဦး
နေဝင်ပြီးကာစအချိန် ၌ ကောင်းကင်သည် မည်းနက်လာခြင်း မဖြစ်မီကာလအတောအတွင်း

လေးရာ
၄၀၀

1 Samuel 18

ကယ်နှုတ်
"ကယ်တင်သည်" သို့မဟုတ် "လွတ်မြောက်စေ"

တစုံတခုမျှမကျန်
"အာမလက်လူမျိုးများ လုယူသော ပစ္စည်းများသည် ပျောက်ခြင်း မရှိ"

လူအကြီးအငယ်
ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ (၁) အရေးကြီးသည့် သို့မဟုတ် အရေးမကြီးသည့် လူများ၊ သို့မဟုတ် (၂) ခန္ဓာရေးရာတွင် ကြီးသူ၊ ငယ်သူ။

လက်ရဥစ္စာ
အာမလက်လူမျိုးများ လုယူသွားသော ပစ္စည်းများ။

1 Samuel 21

နှစ်ရာ
၂၀၀

ချောင်း
အသေးစား 'ချောင်းကလေး သို့မဟုတ် စမ်းချောင်း'

ဗေသော်
ချောင်း၏ အမည်

ခရီးဦးကြိုပြု
"ကြိုဆိုနှုတ်ဆက်သည်" သို့မဟုတ် "မိတ်ဆွေဖွဲ့ရန် စကား ဆိုသည်။"

ဥစ္စာ
အလုံးအရင်းဖြင့် သိမ်းပိုက်ချိန်တွင် လုယူသော ပစ္စည်း

1 Samuel 23

ဤအမှု၌ သင်တို့စကားကို အဘယ်သူ နားထောင်လိမ့်မည်နည်း
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ဤကိစ္စတွင် မည်သူမျှ လိုက်နာမည်မဟုတ်ပါ။"

စစ်တိုက်သွားသော သူ ရသည်အတိုင်း
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "စစ်တိုက်သောသူ အားလုံး ရသင့်သည့်အရာများကို ရကြပြီး။"

စစ်တိုက်သွားသော သူ
စစ်ပွဲ၌ ကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်သောသူ

နှစ်ပါးစလုံးတို့သည် အညီအမျှခံစေ
"တန်းတူညီမျှ ခံစားစေသည်"

ဥစ္စာကို စောင့်လျက် နေရစ်သောသူ
ရိက္ခာပို့ခြင်းနှင့် အခြားကိစ္စများတွင် စီမံရေးတပ်ဖွဲ့

1 Samuel 26

ဆက်စပ်အကြောင်းအရာ
စာရေးသူသည် ဒါဝိဒ်၏ အပေါင်းအပါများ သိမ်းယူသော မြို့များ၏အမည်ဖြင့် အစပြုထားသည်။

ဗေကလတ် ... ဗေသလ..... တောင်ရာမုတ် .... အာရော် ... ရှိဖမုတ် ... ဧရှတမော
မြို့၏အမည်များ

ဥစ္စာ
အလုံးအရင်းဖြင့် သိမ်းပိုက်ချိန်တွင် လုယူသော ပစ္စည်း

လက်ဆောင်
ဆုလာဘ်

1 Samuel 29

ဆက်စပ်အကြောင်းအရာ
စာရေးသူသည် အထက်တွင် ဖော်ပြထားသော မြို့များ (၃၀:၂၆) အပြင် အခြားမြို့များကို ထပ်၍ ပေါင်းရန်

ရာခလ... ဟောမာ... ခေါရာရှန်... အာသက်
မြို့၏အမည်များ။

ယေရမေလ ... ကေနိ
လူမျိုးစု၏ အမည်များ



generated on Sun Jun 30 02:37:40 2024

# Translation Questions

1 Samuel 30:1

ဒါဝိဒ်နှင့်သူ၏ လူတို့သည် အဝေးသို့ရောက်ခဲ့စဉ် ဇိကလတ်မြို့ အဘယ်သို့ဖြစ်ပျက်နေသည်ကို မြင်ခဲ့ကြသနည်း။
အာမလတ်လူတို့သည် ဇိကလတ်မြို့ကို မီးရှို့လုပ်ကြံတိုက်ခိုက်၍ အခြားအရာများနှင့် မိန်းမအားလုံးကို ဖမ်းဆီး၍ သူတို့အား အဝေးသို့ ခေါ်ဆောင်သွားခဲ့သည်။

1 Samuel 30:3

ဒါဝိဒ်နှင့်သူ၏ လူတို့သည် ဇိကလတ်မြို့၌ တွေ့ခဲ့သောအရာကို မည်သို့ တုံ့ပြန်ခဲ့ကြသနည်း။
သူတို့သည် အသံများကို လွှင့်၍ အားကုန်သည်တိုင်အောင် ငိုကြွေးကြသည်။

1 Samuel 30:5

အဘယ်ကြောင့် ဒါဝိဒ်သည် စိတ်သောက ရောက်ခဲ့ရသနည်း။
သူ၏မိန်းမနှစ်ယောက်သည် ဖမ်းဆီးခြင်းသို့ ပါသွား၍ မကျေနပ်သော လူတို့သည်လည်း သူ့အား ကျောက်ခဲပစ်ရန် ပြောနေကြသည်။

1 Samuel 30:7

ဒါဝိဒ်သည် ယဇ်ပုရောဟိတ်အား ဆုတောင်းသောအခါ အဘယ်အရာကို သိချင်ခဲ့သနည်း။
အာမလတ် လူတို့နောက်သို့လိုက်လျှင် သူတို့အားလုံးကို ရလိမ့်မည်လော့ဟု ဒါဝိဒ်သည် သိချင်ခဲ့သည်။

ယဇ်ပုရောဟိတ်သည် ဒါဝိဒ်အား မည်သည့်အဖြေပေးခဲ့သနည်း။
ယဇ်ပုရောဟိတ်သည် သူ့ကို တပ်နှင့်အတူလိုက်၍ အောင်မြင်ခြင်းကို ရမည့်အကြောင်းနှင့် သူတို့ယူဆောင်သည့်အရာအားလုံးကို ပြန်ယူဆောင်လာဖို့ရန် အဖြေပေးခဲ့သည်။

1 Samuel 30:9

ဒါဝိဒ်၏ လူနှစ်ရာတို့သည် ဗေသော် ချောင်း၌ အဘယ်သို့ဖြစ်ခဲ့ကြသနည်း။
သူတို့သည် အလွန်အားနည်းသောကြောင့် သူတို့နောက် နေခဲ့ကြသည်။

1 Samuel 30:11

ဒါဝိဒ်၏ လူတို့သည် အာမလတ် လူတို့နောက်လိုက်နေစဉ် တွေ့ခဲ့သော အဲဂုတ္တုလူ၌ အဘယ်သို့ မှားယွင်းနေသနည်း။
သူသည် သုံးရက်၊သုံးည ပတ်လုံး ရေမသောက်မုန့်မစားဘဲ ငတ်မွတ်ခဲ့သည်။

1 Samuel 30:13

အဲဂုတ္တု၏ သခင်သည် သူ့အား အဘယ်ကြောင့် ပစ်ထားခဲ့သနည်း။
သူက သုံးရက်ကြာ နေမကောင်းဖြစ်သည်ဟု ပြောခဲ့သည်။

1 Samuel 30:15

အဲဂုတ္တုလူသည် စီးနင်းတိုက်ခိုက်သူ ရှိရာသို့ ဒါဝိဒ်အား မပြောပြခင် အဘယ်တောင်းဆိုချက်ပြုခဲ့သနည်း။
သူက ဒါဝိဒ်သည် သူ့အား သတ်လိမ့်မည်မဟုတ်သည်ကိုငင်း၊ သူ့သခင်၏ လက်သို့မအပ်ဖို့ရန်ငင်း၊ ဒါဝိဒ်အား ကျိန်ဆိုဖို့ရန် ပြောခဲ့သည်။

1 Samuel 30:16

ဒါဝိဒ်သည် သူတို့ကို တိုက်ခိုက်ခဲ့သောအခါ လုယူသူတို့သည် အဘယ်သို့ လုပ်နေကြသနည်း။
သူတို့သည် ယုဒပြည်နှင့်ဖိလိတ္တိပြည်တို့မှ ယူဆောင်ခဲ့သော ပစ္စည်းဥစ္စာအပေါင်းတို့ကြောင့် အောင်ပွဲခံနေကြသည်။

1 Samuel 30:18

ဒါဝိဒ်သည် လုယူသူတို့ကို တိုက်ခိုက်ခဲ့ပြီးနောက် အဘယ်သို့ ပြန်ရှိခဲ့သနည်း။
ဒါဝိဒ်သည် အာမလတ်လူတို့ လုယူသွားသမျှ အရာအားလုံးကို ပြန်ရရှိခဲ့သည်။

1 Samuel 30:21

အဘယ်ကြောင့် လူမိုက်တို့သည် ပြန်လည်ရှိခဲ့သော ပစ္စည်းဥစ္စာတို့အား ကျန်ရစ်ခဲ့သောသူတို့အား မျှဝေပေးဖို့ရန် မစဉ်စားကြသနည်း။
သူတို့သည် သူတို့နှင့်အတူ တိုက်ခိုက်ဖို့ရန် မလိုက်ခဲ့သည်ဟု ကျန်ရစ်သူတို့အား ပြောခဲ့သည်။

1 Samuel 30:23

ဒါဝိဒ်သည် ကောက်ကျစ်သောသူတို့အား သူတို့ရသည့်အတိုင်း အားလုံးမျှဝေပေးဖို့ရန် အဘယ်ကြောင့် ပြောခဲ့သနည်း။
ဒါဝိဒ်က ငါတို့ကို တိုက်ခိုက်သောသူတို့ကို အောင်နိုင်ခွင့်ကို ယဇ်ပုရောဟိတ်ပေးသည်ဟု ပြောခဲ့သည်။

1 Samuel 30:26

ဒါဝိဒ်သည် ဇိကလတ်မြို့သို့ ပြန်ရောက်သောအခါ ယဇ်ပုရောဟိတ်၏ ရန်သူများထံရယူခဲ့သော ပစ္စည်းဥစ္စာတို့အား အဘယ်သူပြုလုပ်ခဲ့သနည်း။
ဒါဝိဒ်သည် ပစ္စည်းဥစ္စာများကို ယုဒပြည်၏ အသက်ကြီးသူတို့အားငင်း၊ သူနှင့်သူ့လူတို့မကြာခဏ တည်းခဲ့သောနေရာများတို့ကိုငင်း မျှဝေပေးခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 31

[1] ဖိလိတ္တိလူတို့သည် ဣသရေလလူတို့ကို စစ်တိုက်၍၊ ဣသရေလလူတို့သည် ရန်သူရှေ့မှာ ပြေးသဖြင့်၊ ဂိလဗောတောင်ပေါ်မှာ
အထိအခိုက်နှင့် လဲ၍သေကြ၏။ [2] ဖိလိတ္တိလူတို့သည် ရှောလုမင်းနှင့် သူ၏သားတို့ကို ပြင်းထန်စွာ လိုက်၍၊ ရှောလု၏သား ယုနသန်၊
အဘိနဒပ်၊ မေလခိရှု တို့ကို သတ်ကြ၏။ [3] စစ်တိုက်ရာတွင် ရှောလုသည် အလွန်ခံရ၏။ လေးသမားတို့ ပစ်သော မြှားမှန်၍
အလွန်နာသောကြောင့်၊ [4] လက်နက်ဆောင်လုလင်ကို ခေါ်ပြီးလျှင် သင့်ထားကို ထုတ်၍ ငါ့ကို ထိုးလော့။ သို့မဟုတ်
အရေဖျားလှီးခြင်းကို မခံသောလူတို့သည်လာ၍ ငါ့ကိုထိုးပြီးမှ မရိုမသေ ညှဉ်းဆဲကြလိမ့်မည်ဟု ဆိုသော်လည်း၊
လက်နက်ဆောင်လုလင်သည် အလွန်ကြောက်၍ မပြုဘဲနေသောကြောင့်၊ ရှောလုသည် ထိုထားကို ယူ၍ ထောင်ပြီးလျှင်၊
ထားဖျားပေါ်မှာ လှဲ၍ သေလေ၏။ [5] ရှောလု သေသည်ကို လက်နက်ဆောင်လုလင် မြင်လျှင်၊ သူသည်လည်း ထိုထားကိုထောင်၍
ရှောလုနှင့်အတူ ထားဖျားပေါ်မှာ လှဲ၍ သေ၏။ [6] ထိုသို့ရှောလုမှစ၍ သူ၏ သားသုံးယောက်၊ သူ၏ လက်နက်ဆောင်လုလင်၊ သူ၏
လူအပေါင်းတို့သည် ထိုနေ့ခြင်းတွင် အတူသေကြ၏။ [7] ဣသရေလလူ ပြေးကြောင်း၊ ရှောလုနှင့် သူ၏သားသေကြောင်းကို
ချိုင့်တဘက်၊ ယော်ဒန်မြစ်တဘက်၌ နေသော ဣသရေလလူတို့သည် သိမြင်လျှင်၊ မြို့ရွာတို့ကို စွန့်ပြေးသဖြင့်၊ ဖိလိတ္တိလူတို့သည်
လာ၍ နေကြ၏။ [8] နက်ဖြန်နေ့၌ ဖိလိတ္တိလူတို့သည် အသေကောင်တို့၌ အဝတ်တန်ဆာကို ချွတ်ခြင်းငှါလာသောအခါ၊
ဂိလဗောတောင်ပေါ်မှာ၊ ရှောလုနှင့် သူ၏သားသုံးယောက်တို့သည် လဲသေလျက် ရှိသည်ကို တွေ့မြင်ကြ၏။ [9] ရှောလု၏ ခေါင်းကို
ဖြတ်၍ လက်နက်တော်ကို ချွတ်ပြီးမှ သူတို့ ရုပ်တုကျောင်းများ၌၎င်း၊ လူများတို့၌၎င်း၊ သိတင်းကျော်စောစေခြင်းငှါ ဖိလိတ္တိပြည်
အရပ်ရပ်သို့ ပေးလိုက်ကြ၏။ [10] လက်နက်တော်ကိုလည်း အာရှတရက်ကျောင်း၌ ထား၍ အလောင်းတော်ကို ဗက်ရှန်မြို့ရိုး၌
ဆွဲထားကြ၏။ [11] ရှောလု၌ ဖိလိတ္တိလူတို့ ပြုသောအမှုကို ဂိလဒ်ပြည် ယာဗက်မြို့သားများကြားလျှင်၊ [12] သူရဲအပေါင်းတို့သည်
ညဥ့်အခါ ထသွား၍၊ ရှောလု၏အလောင်းနှင့် သူ၏သားအလောင်းတို့ကို ဗက်ရှန်မြို့ရိုးမှ ချပြီး လျှင်၊ ယာဗက်မြို့သို့ဆောင်ခဲ့၍
မီးရှို့ကြ၏။ [13] အရိုးတို့ကို လည်းယူ၍ ယာဗက်မြို့မှာ သစ်ပင်အောက်၌ သင်္ဂြိုဟ်ပြီးမှ ခုနစ်ရက်ပတ်လုံး အစာရှောင်ကြသည်

# 2 Samuel

## Chapter 1

1 ရှောလုသေသောနောက်၊ ဒါဝိဒ်သည် အာမလတ်လူတို့ကို လုပ်ကြံရာမှပြန်လာ၍၊ ဇိကလတ်မြို့၌ နှစ်ရက်နေပြီးလျှင်၊ 2
သုံးရက်မြောက်သောနေ့တွင် လူတယောက်သည် မိမိအဝတ်ကိုဆုတ်လျက်၊ မိမိခေါင်းပေါ်မှာ မြေမှုန့်ကို တင်လျက်၊
ရှောလုတပ်ကလာ၍၊ ဒါဝိဒ်ထံသို့ရောက်သော်၊ မြေပေါ်မှာ ပြပ်ဝပ်လျက်ရှိခိုး၏။ 3 ဒါဝိဒ်ကလည်း၊ အဘယ်အရပ်ကလာသနည်းဟု
မေးလျှင်၊ ထိုသူက ကျွန်တော်သည် ဣသရေလတပ်က ပြေး၍လာပါသည်ဟု လျှောက်လေ၏။ 4 ဒါဝိဒ်ကလည်း၊
အမှုကားအဘယ်သို့နည်း။ ငါ့အားပြောပါလော့ဟုမေးလျှင်၊ သူက ဣသရေလလူတို့ သည် စစ်တိုက်ရာတွင် ပြေး၍အများတို့သည်
လဲလျက်သေပါပြီ။ ရှောလုနှင့် သားတော်ယောနသန်လည်း သေပါပြီဟု ပြန်လျှောက်လေ၏။ 5
ထိုသိတင်းကိုကြားပြောသောလုလင်အား ဒါဝိဒ်က၊ ရှောလုနှင့် သားတော်ယောနသန် သေကြောင်းကို သင်သည်အဘယ်သို့
သိသနည်းဟုမေးပြန်လျှင်၊ 6 ထိုလုလင်က၊ ကျွန်တော်သည် ဂိလဗောတောင်ပေါ်သို့ အလိုလိုရောက်သောအခါ၊ ရှောလုသည်
လှံတော်ကို ထောင်၍နေပါ၏။ ရထားစီးသူရဲ မြင်းစီးသူရဲတို့သည် ပြင်းထန်စွာလိုက်ကြ၏။ 7 ရှောလုသည် နောက်တော်သို့
ကြည့်သဖြင့် ကျွန်တော်ကိုမြင်၍ခေါ်ပါ၏။ 8 ကျွန်တော်ရှိပါသည်ဟု လျှောက်သောအခါ၊ သင်သည် အဘယ်သူနည်းဟုမေးလျှင်၊
ကျွန်တော်သည် အာမလက်လူဖြစ်ပါသည်ဟု ပြန်လျှောက်ပါ၏။ 9 ရှောလုကလည်း၊ ငါ့ထံသို့လာ၍ ငါ့ကိုသတ်ပါတော့။
ငါ့အသက်မသေနိုင်သောကြောင့် ပြင်းစွာသော ဝေဒနာကို ခံရ၏ဟုဆိုသည်အတိုင်း၊ 10 လဲသောနောက် အသက်မရှင်နိုင်သည်ကို
ကျွန်တော်သိလျှင် သူ့ထံသို့သွား၍သတ်ပါ၏။ ခေါင်းတော် ၌ဆောင်းသောဦးရစ်နှင့်လက်ရုံးတော်၌ဝတ်သောလက်ကောက်ကို
ချွတ်ယူပြီးလျှင်၊ ကျွန်တော်သခင့်ထံတော်သို့ ဆောင်ခဲ့ပါသည်ဟု လျှောက်လေ၏။ 11 ထိုအခါ ဒါဝိဒ်သည် မိမိအဝတ်ကိုဆွဲဆုတ်၍၊
သူ၏လူအပေါင်းတို့သည် ထိုနည်းတူပြုကြ၏။ 12 ရှောလုမှစ၍ သားတော်ယောနသန်၊ ထာဝရဘုရား၏လူများ၊
ဣသရေလအမျိုးသားတို့သည် ထားဖြင့် လဲသေသောကြောင့်၊ သူတို့အတွက် ညဦးတိုင်အောင် ငိုကြွေးမြည်တမ်း၍
အစာကိုရှောင်ကြ၏။ 13 ထိုသိတင်းကိုကြားပြောသော လုလင်အား ဒါဝိဒ်က၊ သင်သည် အဘယ်အရပ်ကလာသနည်းဟုမေးလျှင်၊
ထိုသူက ကျွန်တော်သည် တပါးအမျိုးသား အာမလက်လူ ဖြစ်ပါ၏ဟုပြန်လျှောက်သော်၊ 14 ဒါဝိဒ်က၊ ထာဝရဘုရားအခွင့်နှင့်
ဘိသိက်ခံသောသူကို သတ်ခြင်းငှါ သင့်လက်ကိုအဘယ်သို့ ဆန့်ဝံ့ သနည်းဟုဆိုလျက်၊ 15 လုလင်တယောက်ကိုခေါ်၍၊ သူ့ကို
သွားသတ်တော့ဟုဆိုသည်အတိုင်း၊ လုလင်သည် လုပ်ကြံ၍ သတ် လေ၏။ 16 ဒါဝိဒ်ကလည်း၊ သင်၏အသွေးသည်
သင့်ခေါင်းပေါ်မှာတည်စေ။ ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသောသူကို ကျွန်တော်သတ်ပါပြီဟု သင့်နှုတ်သည် သင့်ဘက်၌
သက်သေခံလေပြီဟုဆို၏။ 17 ဒါဝိဒ်သည် ရှောလုနှင့်သားတော် ယောနသန်ကြောင့် ငိုကြွေးမည်တမ်း၍၊ 18 ယုဒအမျိုးသားတို့အား
သင်စေသော လေး သီချင်းတည်းဟူသော ယာရှာစာ၌ပါသော သီချင်းစကား ဟူမူကား၊ 19 အိုဣသရေလဂုဏ်အသရေ၊
သင်၏မြင့်သောအရပ်တို့၌ သင်သည် အသေခံလေပြီ။ သူရဲတို့သည် လဲသေကြပြီတကား။ 20 ထိုသိတင်းကို ဂါသမြို့၌မပြောကြနှင့်။
အာရှကေလုန်မြို့လမ်းတို့၌ မကြားမပြောကြနှင့်။ ဖိလိတ္တိအမျိုး သမီးတို့သည် ဝမ်းမြောက်၍ အရေဖျားလှီးခြင်းကို မခံသော
အမျိုးသမီးတို့သည် ရွှင်လန်းကြလိမ့်မည်ဟု စိုးရိမ် စရာရှိ၏။ 21 အိုဂိလဗောတောင်တို့၊ သင်တို့အပေါ်မှာ နှင်းမကျစေနှင့်။
မိုဃ်းမရွာစေနှင့်။ ပူဇော်စရာအသီးကိုသီးသော လယ်ကွက်မရှိစေနှင့်။ အကြောင်းမူကား၊ ထိုအရပ်၌ သူရဲဆောင်သော
ဒိုင်းတည်းဟူသောရှောလု ဆောင်သောဒိုင်းလွှား၊ ဆီနှင့်လိမ်းပြီးသော လက်နက်တော်ကို ရွတ်ချလေပြီတကား။ 22 သူရဲတို့၏အသွေး၊
ခွန်အားကြီးသော သူတို့၏ ဆီဥမှ ယောနသန်၏လေးသည် နောက်သို့မလှန်။ ရှောလု ၏ထားတော်သည် ကိုယ်ချည်းပြန်၍ မလာတတ်။
23 ရှောလုနှင့်ယောနသန်သည် ချစ်တတ်သောသဘောရှိ၍ အသက်ရှင်စဉ်အခါ မိတ်ဆွေဖြစ်လျက်၊ အသက်သေသောအခါ
တယောက်နှင့် တယောက်မကွာ ဘဲလျက်နေကြ၏။ သူတို့သည် ရွှေလင်းတထက်မြန်၍ ခြင်္သေ့ထက် ခွန်အားကြီးကြ၏။ 24
အိုဣသရေလအမျိုးသမီးတို့၊ ရှောလုကို ငိုကြွေးကြလော့။ သင်တို့ကို လှသော ကမ္ဗလာနီနှင့် ဝတ်စေ၍၊ သင်တို့အဝတ်၌လည်း
ရွှေတန်ဆာနှင့် ဆင်စေတော် မူ၏။ 25 စစ်တိုက်ပွဲ၌ သူရဲတို့သည် လဲသေကြပြီ။ အို ယောနသန်၊ သင်၏ မြင့်သောအရပ်တို့၌သင်သည်
အသေခံ လေပြီတကား။ 26 ငါ့ညီယောနသန်၊ သင့်ကြောင့် ငါညှိုးငယ်ခြင်းရှိ၏။ သင်သည် ငါ့မိတ်ဆွေကြီးဖြစ်၍၊ ငါ့ကိုချစ်သော
မေတ္တာသည် အံ့ဩဘွယ်သောမေတ္တာ၊ မိန်းမကို ချစ်တတ်သော မေတ္တာထက်သာ၍၊ အားကြီးသောမေတ္တာဖြစ်၏။ 27
သူရဲတို့သည်းသေကြပြီတကား။ စစ်တိုက် လက်နက်တို့သည် ဆုံးကြပြီးတကားဟု ပါသတည်း။

2 Samuel 01

ဇိကလတ်
ယုဒပြည်၏ တောင်ဖက်ရှိ မြို့တစ်မြို့၏ အမည် ဖြစ်သည်။

သုံးရက်မြောက်သောနေ့တွင်
သုံးရက်ကြာပြီးနောက်

မိမိအဝတ်ကိုဆုတ်လျက်၊ မိမိခေါင်းပေါ်မှာ မြေမှုန့်ကို တင်လျက်
ဤဓလေ့ထုံးစံတွင် မိမိ၏အဝတ်ကို ဆုတ်ဖြဲခြင်းနှင့် မိမိ၏ခေါင်းပေါ်တွင် မြေမှုန့်တင်ခြင်းမှာ ဝမ်းနည်းပူဆွေးသောက ရောက်နေသောအပြုအမူကို ပြုလုပ်လေ့ရှိသည်။

မြေပေါ်မှာ ပြပ်ဝပ်လျက်ရှိခိုး၏
ဤသည်မှာ ဣသရေလ တိုင်းပြည်၏ ရှင်ဘုရင် ဖြစ်သော ဒါဝိဒ်မင်းကြီး အား မိမိကိုယ်ကို အပ်နှံသော အပြုအမူ ဖြစ်သည်။

2 Samuel 03

အများတို့သည် လဲလျက်သေပါပြီ
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်များမှာ - (၁) "လူအများတို့မှာ ဒဏ်ရာရ၍ အများတို့မှာ သေကြသည်။" သို့မဟုတ် (၂) "လူအများတို့သည် ဒဏ်ရာရ၍ သေကြသည်။"

2 Samuel 06

အလိုလိုရောက်သောအခါ
ဤစာကြောင်းတွင် "ထိုသူသည် ရှောလုအား မဆုံတွေ့ရန် ကြံစည်သည်" ကို အလေးအနက်ထား ဖော်ပြပါသည်။

ရှောလုသည် လှံတော်ကို ထောင်၍နေပါ၏
ဖြစ်နိုင်ခြေရှိသောအဓိပ္ပါယ်များမှာ -

2 Samuel 08

သင်သည် အဘယ်သူနည်းဟုမေးလျှင်၊ ကျွန်တော်သည် အာမလက်လူဖြစ်ပါသည်
ဤတိုက်ရိုက်ကိုးကားချက်မှာ သွယ်ဝိုက်ပြောစကား ကဲ့သို့ ဖော်ပြခြင်း ဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ကျွန်တော့်အား မည်သူနည်းဟု မေးသောအခါ ကျွန်တော့်က အာမလက်လူ ဖြစ်ပါသည် ဟု ပြန်ပြောခဲ့သည်။

ကျွန်တော်သည် အာမလက်လူဖြစ်ပါသည်
သူတို့သည် ၁:၁ တွင် ဒါဝိဒ်မင်း တိုက်ခိုက်ပြီးခဲ့သော လူမျိုး ဖြစ်သည်။

ပြင်းစွာသော ဝေဒနာကို ခံရ၏
ရှောလု၏ နာကျင်ခံစားရခြင်းကို အလွန်ဆိုးဝါးသော အရာတစ်ခုက သူအား ကိုင်ဆွဲသည့် ပုံစံဖြင့် ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လွန်စွာမှ ခံစားနာကျင် ရသည်။

ငါ့အသက်မသေနိုင်သောကြောင့်
ဤစကားထူး၏ အဓိပ္ပါယ်မှာ သူသည် အသက်မသေ၊ ရှင်နေသေးသည် ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ အသက်ရှင်နေသေးသည်။"

လဲသောနောက် အသက်မရှင်နိုင်သည်
သူသည် ဘယ်လိုဘဲဖြစ်ဖြစ် သေလိမ့်မည်

2 Samuel 11

ဒါဝိဒ်သည် မိမိအဝတ်ကိုဆွဲဆုတ်၍၊ သူ၏လူအပေါင်းတို့သည် ထိုနည်းတူပြုကြ၏
ဒါဝိဒ်နှင့် သူ့အပေါင်းအပါတို့သည် ရှောလုမင်းသေဆုံးခြင်းကြောင့် ဝမ်းနည်းပူဆွေးသောအနေဖြင့် မိမိတို့၏ အဝတ်တို့အား ဆုပ်၍ ဝမ်းနည်းကြသည်။

ထာဝရဘုရား၏လူများ၊ ဣသရေလအမျိုးသားတို့
ဤစကားစုနှစ်ခုစလုံးသည် တူညီသောအရာကို ရည်ညွှန်းသည်။ အင်္ဂလိပ်ကျမ်းစာတွင် "အမျိုးသားတို့" အစား "အိမ်" ဟူသော စကားလုံးဖြင့် အစားထိုးအသုံးပြုထားသော်လည်း "ဣသရေလလူမျိုးတို့၏ နောင်လာနောက်သား" တို့အား ရည်ညွှန်းသည်။ သို့သော်လည်း ဤစကားစု နှစ်စလုံးသည် "ဣသရေလ စစ်တပ်" ကို ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလ စစ်တပ်အတွက်"

ထာဝရဘုရား
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ " ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျင်းသင့်သလို ပြန်ဆိုနိုင်သည်။

ဣသရေလအမျိုးသားတို့သည် ထားဖြင့် လဲသေသောကြောင့်
ဤတွင် "လဲ" ဟူသော စကားလုံးသည် သေဆုံးပုံကို နားလည်လွယ်အောင် အသုံးပြုထားခြင်း ဖြစ်သည်။ "ထား" ဟူသော စကားလုံးသည်လဲ "တိုက်ပွဲ ဖြစ်ခဲ့ကြောင်း" ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် တိုက်ပွဲကျသည်။" သို့မဟုတ် "ရန်သူတို့သည် သူတို့ကို တိုက်ပွဲ၌ သတ်ကြပြီ။" ဤသည်တွင် တွင် "သတ်ခြင်း ခံရသည်" ဟု အဓိပ္ပါယ်ရသည်။

သင်သည် အဘယ်အရပ်ကလာသနည်း
ဤသူသည် အာမလတ်လူဖြစ်သည်ကို ၁:၈ တွင် ဖော်ပြထားပြီးသားဖြစ်သည်။ ဒါဝိဒ်မင်း ဤသူအား စီရင်ချက် ချရန် ရှိသောကြောင့် ပို၍သေချာအောင် ထပ်၍မေးခြင်းဖြစ်သည်။

2 Samuel 14

ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသောသူကို သတ်ခြင်းငှါ သင့်လက်ကိုအဘယ်သို့ ဆန့်ဝံ့ သနည်း
ဤမေးခွန်းသည် ထိုသူအား ပြင်းထန်စွာ ပြစ်တင်ရှုတ်ချသော မေးခွန်းဖြစ်သည်။ ဤမေးခွန်းကိုလည်း ထုတ်ပြန်ချက် အနေဖြင့်


generated on Sun Jun 30 02:37:40 2024

ဘာသာပြန်ဆိုနိုင်သည်။ အခြား သောဘာသာပြန်ဆိုချက်၊ "သင်သည် ထာဝရဘုရားကို ကြောက်သင့်သကဲ့သို့ သူ ရွေးချယ်တင်မြှောက်ထားသူကို လည်း မသတ်သင့်ပါ။"

ထာဝရဘုရား၏အခွင့်နှင့် ဘိသိက်ခံသောသူ
ရှောလုမင်းသည် ထာဝရဘုရားမှ ရွေးချယ်၍ ဘိသိက်ပေးခန့်အပ်ထားသော ဘုရင် ဖြစ်သည်ကို ဖော်ပြသော စကားစု ဖြစ်သည်။

သင်၏အသွေးသည် သင့်ခေါင်းပေါ်မှာတည်စေ
ဤသည်တွင် "အသွေး" သည် "သွန်းခဲ့သော အသွေး" ကို ရည်ညွှန်းသလို "သေဆုံးခြင်း" နှင့်လည်း ဆက်စပ်မှု ရှိသည်။ "ဤတွင် "သင့်ခေါင်း" သည် ထိုသူကိုယ်၌အား ရည်ညွှန်းပြီး သူယူရမည့် တာဝန် သို့မဟုတ် ပြစ်ဒဏ် ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအမှုအတွက် သင်၏ အသေပေးခြင်းဖြင့် တာဝန် ယူရမည်။" သို့မဟုတ် "ဤအမှုအတွက် သင့်သေတွင်း သင်တူးလေပြီ။"

သင့်နှုတ်သည် သင့်ဘက်၌ သက်သေခံလေပြီ
ဤသည်တွင် "သင့်နှုတ်" သည် ထိုသူအား ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် သင့်ကိုယ်ကို ဆန့်ကျင်၍ သက်သေခံလေ၏"

2 Samuel 17

ယေဘုယျ အချက်အလက်
ဒါဝိဒ်သည် ရှောလုမင်းနှင့် ယောနသန်တို့သေဆုံးခြင်းကြောင့် ဝမ်းနည်းပူဆွေးသော သီချင်းကို ဆိုသည်။

သင်စေသော လေး သီချင်းတည်း
ဤသည်မှာ သီချင်း၏ အမည် ဖြစ်သည်။

ယာရှာစာ၌ပါသော သီချင်းစကား ဟူမူကား
ဤသည်မှာ သီချင်း၏နောက်ခံသမိုင်းကြောင်းကို ဖြည့်စွက်ဖော်ပြထားပြီး စာဖတ်သူအား နောင်တွင် ဤသီချင်းသည် မည်ကဲ့သို့ ဆက်ဖြစ်မည်ကို ဖော်ပြထားသည်။

ယာရှာစာ
"ယာရှာ" ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ "ဖြောင့်မတ်မှန်ကန်ခြင်း" ဟူ၍ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်မှန်ကန်သောစာ"

အိုဣသရေလဂုဏ်အသရေ၊ ... သင်သည် အသေခံလေပြီ
"အို ... ဂုဏ်အသရေ" သည် ရှောလုမင်း အား ရည်ညွှန်းသည်။

သူရဲတို့
ဤစကားစုသည် "ရှောလုမင်း" နှင့် "ယောနသန်" တို့ နှစ်ဦးစလုံးကို ရည်ညွှန်းသည်။ ဒုတိယဝါကျကို ပြန်ဆိုရန် မလိုအပ်ပါ။

လဲသေကြပြီတကား
ဤတွင် "လဲ" ဟူသော စကားလုံးသည် "သေခြင်း" ကို ဖော်ညွှန်းသည်။

ထိုသတင်းကို ဂါသမြို့၌မပြောကြနှင့်။ အာရှကေလုန်မြို့လမ်းတို့၌ မကြားမပြောကြနှင့်။
ဤစာကြောင်း နှစ်ခုစလုံးသည် တစ်ခုတည်းကိုသာ ပြောခြင်း ဖြစ်ပြီး သီချင်းရှိ ကဗျာ သဖွယ် အစိတ်အပိုင်း အဖြစ် ထပ်မံဖော်ပြခြင်း သာ ဖြစ်သည်။

ဂါသမြို့ ... အာရှကေလုန်မြို့
ထိုမြို့ နှစ်ခု စလုံးသည် ဖိလိတ္တိပြည်၏ အဓိက မြို့ နှစ်မြို့ ဖြစ်သည်။ ဖိလိတ္တိပြည်သားတို့သည် ရှောလုမင်းနှင် ယောနသန် တို့အား သတ်ခဲ့ကြသည်။

ဖိလိတ္တိအမျိုး သမီးတို့သည် ဝမ်းမြောက်၍ အရေဖျားလှီးခြင်းကို မခံသော အမျိုးသမီးတို့သည် ရွှင်လန်းကြလိမ့်မည်ဟု စိုးရိမ် စရာရှိ၏။
ဤစာကြောင်း နှစ်ခုစလုံးသည် တစ်ခုတည်းကိုသာ ပြောခြင်း ဖြစ်ပြီး သီချင်းရှိ ကဗျာ သဖွယ် အစိတ်အပိုင်း အဖြစ် ထပ်မံဖော်ပြခြင်း သာ ဖြစ်သည်။

အရေဖျားလှီးခြင်းကို မခံသော အမျိုးသမီးတို့
ဤစကားစုသည် ယာဝေ ထာဝရဘုရားအား မကိုးကွယ်သောသူ (ဥပမာ - ဖိလိတ္တိပြည်သား) တို့ကို ရည်ညွှန်းသည်။

2 Samuel 21

အိုဂိလဗောတောင်တို့
ဒါဝိဒ်သည် ထိုတောင်ကို တိုက်ရိုက်ပြောနေပုံမှာ သူ့သီချင်းအား ထိုတောင်တွင် ရှိသော သူတို့ နားထောင်နေသကဲ့သို့ ဖြစ်သည်။

သင်တို့အပေါ်မှာ နှင်းမကျစေနှင့်။ မိုဃ်းမရွာစေနှင့်
ဒါဝိဒ်သည် ရှောလုမင်း တိုက်ပွဲကျသည့် ထိုအရပ်ကို ကျိန်လိုက်သည်။ ဤသည်မှာ ရှောလု အား လူတစ်ယောက် အနေဖြင့် မဟုတ်ဘဲ ဘုရား ရွေးချယ်ခန့်အပ်ထားခြင်း ခံရသူ အနေဖြင့် ဖြစ်သည်။

သူရဲဆောင်သော ဒိုင်းတည်း ... ကို ရှုတ်ချလေပြီတကား
ဤတွင် "သူရဲ" သည် ရှောလုမင်း အား ရည်ညွှန်းသည်။ ဒိုင်းသည် ရှုတ်ချခြင်းခံရသည်မှာ မြေပေါ်သို့ ကျရှုံးသာမက ဘုရင်၏ သွေးစွန်းနေသောကြောင့် ဖြစ်သည်။

ရှောလု ဆောင်သောဒိုင်းလွှား၊ ဆီနှင့်လိမ်းပြီးသော လက်နက်တော်ကို ရှုတ်ချလေပြီတကား
ရှောလု၏ ဒိုင်းသည် သားရေဖြင့် ပြုလုပ်သည်။ ထိုဒိုင်းကို ထိန်းသိမ်းရန်အတွက် ဆီဖြင့် သုတ်လိမ်းရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မည်သူမျှ ရှောလု၏ ဒိုင်းအား ထိန်းသိမ်းမှု မလုပ်ကြတော့ပါ"


generated on Sun Jun 30 02:37:40 2024

သူရဲတို့၏အသွေး၊ ခွန်အားကြီးသော သူတို့၏ ဆီဥမှ ယောနသန်၏လေးသည် နောက်သို့မလှန်။ ရှောလု ၏ထားတော်သည် ကိုယ်ချည်းပြန်၍ မလာတတ်။
ဤတွင် ရှောလုမင်းနှင့် ယောနသန်သည် အလွန် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော စစ်သူရဲများ အနေဖြင့် ဖော်ပြထားသည်။

ရှောလု ၏ထားတော်သည် ကိုယ်ချည်းပြန်၍ မလာတတ်။
ရှောလုမင်း၏ထားတော် ကို သခင်ထံပြန်တတ်သော သက်ရှိ သဖွယ် အနေဖြင့် ဖော်ပြထားသည်။ ထိုထားသည် ဗလာ သက်သက် ပြန်မလာတတ်ဘဲ ရန်သူတို့၏ သွေးစွန်းပြီးမှသာ ပြန်လာတတ်သည်။

2 Samuel 23

အသက်သေသောအခါ တယောက်နှင့် တယောက်မကွာ ဘဲလျက်နေကြ၏
"မကွာ ဘဲလျက်နေကြ၏" ဟူသော စကားစုသည် ထိုသူတို့ အစဉ်အမြဲ အတူရှိနေခဲ့သည် ကို အထူးရည်ညွှန်း ဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်သေသောအခါ၌လည်း အတူတူ သေကြသည်။"

သူတို့သည် ရွှေလင်းတထက်မြန်၍ ခြင်္သေ့ထက် ခွန်အားကြီးကြ၏
ရှောလုမင်းနှင့် ယောနသန်တို့အား ရွှေလင်းတထက်မြန်ပြီး ခြင်္သေ့ထက် ခွန်အားကြီးသည့် ပုံစံဖြင့် ပုံဖော်ထားပါသည်။

သင်တို့ကို လှသော ကမ္ဗလာနီနှင့် ဝတ်စေ၍၊ သင်တို့အဝတ်၌လည်း ရွှေတန်ဆာနှင့် ဆင်စေတော် မူ၏
"သင်တို့အား ကောင်းသောအဝတ်နှင့် လက်ဝတ်လက်စားတို့ဖြင့် တန်ဆာဆင်ပေးသောသူ"။ ထိုစကားစု နှစ်ခုစလုံးသည် အမျိုးသမီးတို့အား တန်ဖိုးကြီးပြီး ဆွဲဆောင်မှု ရှိသော အရာများဖြင့် တန်ဆာဆင်သည် ဟူသော အဓိပ္ပါယ် ကို တူညီစွာ ဖော်ပြသည်။

2 Samuel 25

စစ်တိုက်ပွဲ၌ သူရဲတို့သည် လဲသေကြပြီ
ဤစကားစုသည် ဣသရေလ၏ အကောင်းဆုံးသော စစ်သူရဲတို့ သေသည် ကို အထူးဖော်ပြလိုပြီး အပိုဒ်ငယ် ၂၇ တွင်လည်း ထပ်မံဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စစ်သူရဲတို့သည် တိုက်ပွဲ၌ သေကြပြီ။"

သူရဲတို့
ဤတွင် "သူရဲတို့" သည် အများပြစကားလုံး ဖြစ်ပြီး ရှောလုမင်းနှင့် ယောနသန်ကိုသာ ရည်ညွှန်းခြင်း ဖြစ်နိုင်သကဲ့သို့ ဣသရေလစစ်သူရဲအားလုံးကိုလည်း ရည်ညွှန်းကောင်း ရည်ညွှန်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စစ်သူရဲများ။"

လဲသေကြပြီ
ဤတွင် "သေသည်" ကို အင်္ဂလိပ်လိုတွင် "လဲလျှောင်းလေပြီ" ဟူ၍ ယဉ်ကျေးသော အသုံးအနှုန်းကို သုံးထားသည်။

အို ယောနသန်၊ ... သည် အသေခံ လေပြီတကား
အခြားသောဘာသာပြန်ဆိုချက်၊ "ယောနသန်သည် တိုက်ပွဲ၌ သေလေပြီ" သို့မဟုတ် "ရန်သူတို့သည် ယောနသန်အား သတ်ကြပြီ။"

သင်၏ မြင့်သောအရပ်တို့၌
ဒါဝိဒ်သည် သီချင်းထဲရှိ ဤအပိုင်းကို ဂိလဗောတောင်အား ၁း၂၁ တွင် ဖော်ပြထားသည့်အတိုင်း ဆက်လက်ပြီး ရည်ညွှန်း ဖော်ကြူးနေသည်။

ငါ့ညီယောနသန်
ဤတွင် "ညီ" ဟူသော စကားလုံးသည် အလွန် ရင်းနှီးကျွမ်းဝင်ရှိသော သူငယ်ချင်း အဖြစ် ဖော်ပြထားသည်။

ငါ့ကိုချစ်သော မေတ္တာသည် အံ့ဩဘွယ်သောမေတ္တာ၊ မိန်းမကို ချစ်တတ်သော မေတ္တာထက်သာ၍၊ အားကြီးသောမေတ္တာဖြစ်၏
ဤတွင် "မေတ္တာ" သည် မိတ်ဆွေစစ်မိတ်ဆွေမှန် သစ္စာရှိသည် ဟူသော အရာကို ဖော်ညွှန်းသည်။ ဒါဝိဒ် ၌ ထားသော ယောနသန်၏ သစ္စာသည် ဇနီးသည် တစ်ဦးမှ ခင်ပွန်းနှင့် သားသမီးအပေါ် ထားသည့် သစ္စာ ထက် ပို၍ သာလွန်သည်။

---

## Translation Questions

2 Samuel 1:1

ရှောလုသေပြီးနောက် ဒါဝိဒ်သည် ဘာလုပ်သနည်း။
ရှောလုသေပြီးနောက် ဒါဝိဒ်သည် အာမလတ်လူတို့ကို လုပ်ကြံရာမှပြန်လာ၍ ဇိကလတ်မြို့၌ နှစ်ရက်နေလေသည်။

သုံးရက်မြောက်သောနေ့တွင် ရှောလုတပ်ထဲမှ မည်သူသည်ဒါဝိဒ်ထံသို့လာခဲ့သနည်း။
သုံးရက်မြောက်သောနေ့တွင် ရှောလုတပ်ထဲမှ လူတယောက်သည် မိမိအဝတ်ကိုဆုတ်လျက်နှင့် မိမိခေါင်းပေါ်မှာ မြေမှုန့်ကို တင်၍ဒါဝိဒ်ထံသို့လာခဲ့သည်။

2 Samuel 1:3

ရှောလုနှင့် ယောနသန်အကြောင်းကို လူငယ်လေးသည် မည်သို့ပြောသနည်း။
ရှောလုနှင့်သူ့သား ယောနသန်သည် သေပါပြီဟု လူငယ်လေးကပြောခဲ့သည်။

2 Samuel 1:6

လူငယ်လေးသည် ရှောလုကို ဘယ်နေရာမှာတွေ့ခဲ့သည်ဟု ပြောသနည်း။
လူငယ်လေးသည် ရှောလုကို ဂိလဗောတောင်မှာ သူ၏ လှံတော်ပေါ်တွင်မှီ၍နေသည်ဟုပြောခဲ့သည်။

2 Samuel 1:8

ရှောလုသည် လူငယ်လေးအား သူ့ကိုဘာလုပ်ပေးရန် တောင်းဆိုခဲ့သည်ဟုပြောသနည်း။
ရှောလုသည် လူငယ်လေးအား သူ့ထံသို့လာ၍ သူ့အားသတ်ရန်တောင်းဆိုခဲ့သည်ဟုပြောသည်။

ဘာကြောင့်ရှောလုသည် သူ့ကိုသတ်ရန် အာမလက်လူငယ်ကို တောင်းဆိုသနည်း။
'ငါသည် အသက်မသေသေး၍ ပြင်းစွာသော ဝေဒနာကို ငါခံစားနေရသောကြောင့်' ဟုဆို၍ ရှောလုသည် သူ့ကိုသတ်ရန် အာမလက်လူငယ်ကို တောင်းဆိုခြင်းဖြစ်သည်။

လူငယ်လေးသည် ရှောလုကိုသတ်ခဲ့ပြီးနောက် ရှောလုထံမှဘယ်အရာကို ယူဆောင်ခဲ့သနည်း။
လူငယ်လေးသည် ခေါင်းတော်၌ဆောင်းသောဦးရစ်နှင့်လက်ရုံးတော်၌ဝတ်သောလက်ကောက်ကို ချွတ်၍ယူဆောင်ခဲ့သည်။

2 Samuel 1:11

ဒါဝိဒ်နှင့်သူ၏လူများသည် ရှောလုနှင့်ယောနသန်တို့သေသည်ကိုကြားသောအခါ ဘာလုပ်ကြသနည်း။
ဒါဝိဒ်နှင့်သူ၏လူများသည် သူတို့၏အဝတ်ကိုဆွဲဆုတ်ပြီး သူတို့အတွက် ညဦးတိုင်အောင် ငိုကြွေးမြည်တမ်း၍ အစာကိုရှောင်ကြလေသည်။

အခြားမည်သူများအတွက် ဒါဝိဒ်နှင့်သူ၏လူများသည် ငိုကြွေးမြည်တမ်း၍ အစာကိုရှောင်ကြသနည်း။
ထာဝရဘုရား၏လူများ နှင့် ဣသရေလအမျိုးသားတို့သည် ထားဖြင့် လဲသေသောကြောင့် သူတို့အတွက် ညဦးတိုင်အောင် ငိုကြွေးမြည်တမ်း၍ အစာကိုရှောင်ကြသည်။

2 Samuel 1:14

အဘယ်ကြောင့် ဒါဝိဒ်သည် အာမလက်လူငယ်လေးကို သေစေခဲ့သနည်း။
ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသောသူကို သတ်သောကြောင့် ဒါဝိဒ်သည် အာမလက်လူငယ်လေးကို သေစေခဲ့သည်။

2 Samuel 1:17

ဒါဝိဒ်သည် ရှောလုနှင့်သားတော် ယောနသန်ကြောင့် ငိုကြွေးမြည်တမ်း၍ရေးထားသောသီချင်းသည် အဘယ်စာ၌ပါသနည်း။
ဒါဝိဒ်သည် ရှောလုနှင့်သားတော် ယောနသန်ကြောင့် ငိုကြွေးမြည်တမ်း၍ ရေးထားသောသီချင်းသည် ယာရှာစာ၌ ပါဝင်သည်။

မည်သည့်အရာ သေသနည်း? ဣသရေလ၏ တောင်များတွင် မည်သည့်အရာ အသေသတ်ခြင်းခံရသနည်း။
ဣသရေလ၏ဂုဏ်အသရေသည် သေသည်။

ဒါဝိဒ်က ဣသရေလ၏ဂုဏ်အသရေသည် သေပြီဟု ဂါသမြို့နှင့်အာရှကေလုန်မြို့လမ်းတို့တွင် အဘယ်ကြောင့် မကြွေးကြော်စေသနည်း။
ဒါဝိဒ်သည်ဂါသမြို့နှင့်အာရှကေလုန်မြို့လမ်းတို့တွင် မကြွေးကြော်စေခြင်းသည် ဖိလိတ္တိအမျိုး သမီးတို့သည် ဝမ်းမြောက်၍ အရေဖျားလှီးခြင်းကို မခံသော အမျိုးသမီးတို့သည် ရွှင်လန်းကြလိမ့်မည်ဟု စိုးရိမ်သောကြောင့်ဖြစ်သည်။

2 Samuel 1:21

မည်သည့်နေရာသည် သူရဲဆောင်သော ဒိုင်းလွှားကို ရှုတ်ချသောနေရာဖြစ်သနည်း။
ဂိလဗောတောင်သည် သူရဲဆောင်သော ဒိုင်းလွှားကို ရှုတ်ချသောနေရာဖြစ်သည်။

2 Samuel 1:23

ဣသရေလအမျိုးသမီးတို့အတွက် ရှောလုသည် ဘာပြုလုပ်ပေးသနည်း။
ဣသရေလအမျိုးသမီးတို့အတွက် ရှောလုသည် လှသော ကမ္ဗလာနီကို ဝတ်စေ၍ သူတို့အဝတ်၌လည်း ရွှေတန်ဆာနှင့် ဆင်စေတော်မူသည်။

2 Samuel 1:25

ဒါဝိဒ်ကိုချစ်သော ယောနသန်၏ မေတ္တာသည် ဘယ်လောက်ကြီးမြတ်သနည်း။
ဒါဝိဒ်က ယောနသန်၏မေတ္တာသည် အံ့ဩဘွယ်သောမေတ္တာ၊ မိန်းမကို ချစ်တတ်သော မေတ္တာထက်သာ၍ အားကြီးသောမေတ္တာဖြစ်သည်ဟု ဆိုသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 2

1 ထိုနောက် ဒါဝိဒ်က၊ အကျွန်ုပ်သည် ယုဒမြို့ တစုံတမြို့သို့ သွားရပါမည်လောဟု ထာဝရဘုရား ထံတော်၌ မေးလျှောက်လျှင်၊
ထာဝရဘုရားက သွားလော့ဟုမိန့်တော်မူ၏။ ဒါဝိဒ်ကလည်း အဘယ်မြို့သို့ သွားရပါမည်နည်းဟုမေးလျှောက်သော်၊ ဟေဗြုန်မြို့သို့
သွားလော့ဟု မိန့်တော်မူသည်အတိုင်း၊ 2 ဒါဝိဒ်သည် မယားနှစ်ယောက်၊ ယေဇရေလမြို့သူအဟိနောင်၊ နာဗလမယား ကရမေလမြို့သူ
အဘိဂဲလတို့နှင့်တကွ သွားလေ၏။ 3 မိမိ၌ပါသောလူများ၊ အိမ်ထောင်များတို့ကိုလည်း ဒါဝိဒ်သည် ခေါ်ခဲ့၍သူတို့သည်
ဟေဗြုန်မြို့ရွာတို့၌ နေကြ၏။ 4 တဖန်ယုဒလူတို့သည် လာ၍ဘိသိက်ပေးသဖြင့် ဒါဝိဒ်ကို ယုဒရှင်ဘုရင်အရာ၌ ချီးမြှောက်ကြ၏။ 5
ဣသရေလအမျိုးအသက်ကြီးသူတို့သည် ဟေဗြုန်မြို့သို့ လာ၍ ဒါဝိဒ်နှင့်မိဿဟာယဖွဲ့ပြီး၊ ဒါဝိဒ်ကို ဘိတ်သိတ်ပေး၍ ဣသရေလရှင်ဘုရင်အရာ၌ ချီးမြှောက်ကြသည်။

ဒါဝိဒ်သည် ယေရုရှလင်မြို့၌နေ၍ ယုဒပြည်နှင့် ဣသရေလပြည်တရှောက်လုံးကို မည်မျှကြာ မင်းပြုသနည်း။
ဒါဝိဒ်သည် ယေရုရှလင်မြို့၌နေ၍ ယုဒပြည်နှင့် ဣသရေလပြည်တရှောက်လုံးကို အနှစ်သုံးဆယ်သုံးနှစ် မင်းပြုလေသည်။

2 Samuel 5:6

ယေရုရှလင်မြို့ကို တခြားအမည်ဖြင့် မည်သို့ခေါ်ကြသနည်း။
ယေရုရှလင်မြို့ကို ဒါဝိဒ်မြို့တည်းဟူသော ဇိအုန်ရဲတိုက် ဟုခေါ်ကြသည်။

ဒါဝိဒ်သည် ဇိအုန်ရဲတိုက်ကို မည်သူ့ဆီမှတိုက်ယူခဲ့သနည်း။
ဒါဝိဒ်သည် ဇိအုန်ရဲတိုက်ကို ယေဗုသိလူများထံမှတိုက်ယူလေသည်၊

2 Samuel 5:8

ဒါဝိဒ်သည် ဘာကြောင့် ပို၍ ပို၍ အားကြီးလာသနည်း။
ဒါဝိဒ်သည်ပို၍ ပို၍ အားကြီးလာခြင်းသည် ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင် ထာဝရဘုရားသည်သူနှင့်အတူ ရှိတော်မူသောကြောင့်ဖြစ်သည်။

2 Samuel 5:11

တုရုမင်းကြီးဟိရံသည် ဒါဝိဒ်ထံသို့ ဘာကို စေလွှတ်သနည်း။
တုရုမင်းကြီးဟိရံသည် ဒါဝိဒ်ထံသို့သံတမန်နှင့်တကွ အာရဇ်သစ်သား၊ လက်သမား၊ ပန်းရန်သမားတို့ကိုစေလွှတ်ခဲ့သည်။

2 Samuel 5:13

ယေရုရှလင်မြို့၌ ဒါဝိဒ်သည် သားသမီးဘယ်နှယောက် ကို မြင်သနည်း။
ယေရုရှလင်မြို့၌ ဒါဝိဒ်သည် သားသမီး ဆယ့်တစ်ယောက်ကိုမြင်လေသည်။

2 Samuel 5:17

ဒါဝိဒ်ကို ဘိသိက်ပေး၍ ဣသရေလရှင်ဘုရင် အရာ၌ခန့်ထား ကြောင်းကို ဖိလိတ္တိလူတို့သည် ကြားလျှင်မည်သို့ ပြုလုပ်ကြသနည်း။
ဒါဝိဒ်ကို ဘိသိက်ပေး၍ ဣသရေလရှင်ဘုရင် အရာ၌ခန့်ထားကြောင်းကို ဖိလိတ္တိလူတို့သည် ကြားလျှင် သူတို့သည် ဒါဝိဒ်ကို ရှာဖွေရန်လာကြလာသည်။

2 Samuel 5:19

'အကျွန်ုပ်သည် ဖိလိတ္တိလူတို့ ရှိရာသို့ သွားရပါမည်လော။ အကျွန်ုပ်လက်၌ အပ်တော် မူမည်လော' ဟု ဒါဝိဒ်သည် ထာဝရဘုရားကို မေးလျှောက်လျှင် ထာဝရဘုရားကမည်သို့ ပြန်လည်တုံ့ပြန်သနည်း။
ထာဝရဘုရားက ဖိလိတ္တိလူတို့ကို ဒါဝိဒ်၏ လက်သို့ ဆက်ဆက်အပ်မည် ဟု ပြန်လည်ပြောခဲ့သည်။

ဖိလိတ္တိလူတို့ကို ဒါဝိဒ်သည် ဘယ်နေရာတွင်တိုက်ခိုက်၍ မည်သည့်အကျိုးရရှိခဲ့သနည်း။
ဒါဝိဒ်သည် ဗာလပေရဇိမ်မြို့ကိုတိုက်ခိုက်ခဲ့၍ ဖိလိတ္တိလူတို့ကို အောင်ခဲ့သည်။

2 Samuel 5:22

ဖိလိတ္တိလူတို့သည် ဘယ်အချိန်တွင်ဒုတိယအကြိမ်လာခဲ့၍ ထာဝရဘုရားသည် ဒါဝိဒ်အားမည်သို့ သူတို့ကိုတိုက်ခိုက်ရမည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားက ဒါဝိဒ်အား ဖိလိတ္တိလူတို့ကို တည့်တည့်မတက်ရန် နှင့် သူတို့နောက်သို့ဝိုင်း၍ ပိုးစာတောတဘက်၌ တိုက်ရမည်ဟု ပြောခဲ့သည်။

2 Samuel 5:24

ထာဝရဘုရားက ဒါဝိဒ်အား မည်သည့်အသံကိုကြားလျှင် ဖိလိတ္တိတပ် ကို လုပ်ကြံခြင်းငှါကြွသွားရမည်ဟုပြောသနည်း။
ထာဝရဘုရားက ဒါဝိဒ်အား ပိုးစာပင်ဖျား၌ စစ်ချီသံကိုကြားသောအခါ ဖိလိတ္တိတပ်ကို လုပ်ကြံခြင်းငှါသူ့ရှေ့မှ ကြွသွားမည်ပြောခဲ့သည်။

ထာဝရဘုရား၏အမိန်တော်အား ဒါဝိဒ် မည်သို့တုံ့ပြန်သနည်း။
ဒါဝိဒ်သည် ထာဝရဘုရား၏ အမိန့်တော်အတိုင်း ပြုလုပ်ခဲ့သည်။

ဖိလိတ္တိလူတို့ကိုလုပ်ကြံသောစစ်ပွဲ၏ အကျိုးရလဒ်သည် ဘယ်အရာနည်း။
ဖိလိတ္တိလူတို့ကိုလုပ်ကြံသောစစ်ပွဲ၏ အကျိုးရလဒ်မှာ ဖိလိတ္တိလူတို့ကိုဂေဗမြို့မှဂါဇေရမြို့တိုင်အောင် လုပ်ကြံခြင်းဖြစ်သည်။

## Chapter 6

1 တဖန်ဒါဝိဒ်သည် ရွေးချယ်သောဣသရေလ လူသုံးသောင်းတို့ကို စုဝေးစေပြီးလျှင်၊ 2 ခေရုဗိမ်ကြားမှာကျိန်းဝပ်တော်မူသော
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ နာမတော်နှင့် ဆိုင်သော ဘုရားသခင်၏သေတ္တာတော်ကို ယုဒပြည်
ဗာလာမြို့မှဆောင်ခဲ့ခြင်းငှါ၊ မိမိ၌ပါသော သူအပေါင်းတို့ နှင့်တကွ ထသွားလေ၏။ 3 ဘုရားသခင်၏ သေတ္တာတော်ကို လှည်းသစ်
ပေါ်မှာတင်၍ တောင်ပေါ်အဘိနဒပ်အိမ်ထဲက ထုတ်ကြ ၏။ အဘိနဒပ်၏သား ဩဇနှင့်အဟိဩတို့သည် လှည်းသစ်ကိုနှင်ရကြ၏။ 4
ဩဇသည်ဘုရားသခင်၏ သေတ္တာတော်အနားခွ၌ရှင်း၊ အဟိဩသည် သေတ္တာတော်ရှေ့၌ရှင်း သွားကြ၏။ 5 ဒါဝိဒ်နှင့်
ဣသရေလအမျိုးသားအပေါင်းတို့သည် စောင်း၊ တယော၊ ပတ်သာ၊ နှဲခရာ၊ ခွက်ကွင်းတို့ကို ကိုင်လျက်၊ ထာဝရဘုရားရှေ့တော်၌
အားထုတ်၍ တီးမှုတ်ကြ၏။ 6 နာခုန်ကောက်နယ်သလင်းသို့ ရောက်သောအခါ၊ နွားတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို
လှုပ်ရှားသောကြောင့်၊ ဩဇသည် လက်ကိုဆန့်၍ သေတ္တာတော်ကို ကိုင်၏။ 7 ထာဝရဘုရားသည် ဩဇကိုအမျက်ထွက်၍
သူ၏အပြစ်ကြောင့် ဘုရားသခင်ဒဏ်ခတ်တော်မူသဖြင့်၊ သူသည် သေတ္တာတော်နားမှာ သေလေ၏။ 8 ဩဇကို ထာဝရဘုရား
ဒဏ်ခတ်တော်မူသောကြောင့်၊ ဒါဝိဒ်သည် ညှိုးငယ်သောစိတ်ရှိ၏။ ထိုအရပ် သည် ယနေ့တိုင်အောင် ပေရဇာဇအမည်ဖြင့်တွင်
သတည်း။ 9 ထိုနေ့၌ ဒါဝိဒ်သည် ထာဝရဘုရားကိုကြောက်၍၊ ထာဝရဘုရား၏ သေတ္တာတော်သည် အဘယ်သို့ ငါ့ထံသို့
ရောက်ရမည်နည်းဟု ဆိုလျက်၊ 10 မိမိနေရာဒါဝိဒ်မြို့ထဲသို့ သေတ္တာတော်ကို မဆောင်ဘဲ ဂိတ္တိလူဩဗဒေဒုံအိမ်သို့ လမ်းလွှဲ၍ ဆောင်
သွားလေ၏။ 11 ထာဝရဘုရား၏သေတ္တာတော်သည် သုံးလပတ်လုံး ဂိတိလူဩဗဒေဒုံအိမ်၌ရှိ၏။ ထာဝရဘုရားသည် လည်း၊
ဩဗဒေဒုံနှင့် အိမ်သူအိမ်သားအပေါင်းတို့ကို ကောင်းကြီးပေးတော်မူ၏။ 12 ထာဝရဘုရားသည် သေတ္တာတော်ကြောင့် ဩဗဒေဒုံနှင့်
သူ၌ရှိသမျှကို ကောင်းကြီးပေးတော်မူကြောင်း ကို ဒါဝိဒ်မင်းကြီးကြားသောအခါ၊ တဖန်သွား၍ ဘုရားသခင်၏
သေတ္တာတော်ကိုဩဗဒေဒုံအိမ်မှ ဒါဝိဒ်မြို့သို့ ဝမ်းမြောက်သောစိတ်နှင့် ဆောင်ခဲ့လေ၏။ 13 ထာဝရဘုရား၏ သေတ္တာတော်ကို
ထမ်းသောသူတို့သည်ခြောက်လှမ်းသွားပြီးမှ၊ နွားနှင့်ဆူဖြိုးသော အကောင်တို့ကို ယဇ်ပူဇော်လေ၏။ 14 ဒါဝိဒ်သည်လည်း
ပိတ်သင်တိုင်းကိုဝတ်လျက်၊ ထာဝရဘုရားရှေ့တော်၌ အားထုတ်၍ကလေ၏။ 15 ထိုသို့ဒါဝိဒ်နှင့်
ဣသရေလအမျိုးသားအပေါင်းတို့သည် ကြွေးကြော်လျက်၊ တံပိုးမှုတ်လျက်၊ ထာဝရ ဘုရား၏သေတ္တာတော်ကို ဆောင်ခဲ့ကြ၏။ 16
ထာဝရဘုရား၏သေတ္တာတော်သည် ဒါဝိဒ်မြို့ထဲသို့ရောက်သောအခါ၊ ရှောလု၏သမီးမိခါလသည် ပြတင်းပေါက်ဖြင့် ကြည့်၍၊
ဒါဝိဒ်မင်းကြီးသည် ထာဝရဘုရားရှေ့တော်၌ ကလျက်ခုန်လျက်လာသည်ကိုမြင်၍ စိတ်နှလုံးထဲ၌ မထီမဲ့မြင်ပြု၏။ 17 ထာဝရဘုရား၏
သေတ္တာတော်ကိုသွင်း၍ ဒါဝိဒ် ဆောက်နှင့်သောတဲအလယ်တွင် သူ့နေရာ၌ ထားကြပြီးမှ၊ ဒါဝိဒ်သည်မီးရှို့ရာယဇ်နှင့်
မိဿဟာယယဇ်တို့ကို ထာဝရဘုရားရှေ့တော်၌ ပူဇော်လေ၏။ 18 မီးရှို့ရာယဇ်နှင့်မိဿဟာယ ယဇ်ပူဇော်ခြင်း အမှုကို
ပြီးစီးသောအခါ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား၏ နာမတော်ကိုမြွက်၍ ပရိသတ်တို့ကို ကောင်းကြီးပေးလေ၏။ 19
ဣသရေလပရိသတ် ယောကျ်ားမိန်းမအပေါင်းတို့အား မုန့်တပြား၊ အမဲသားတတစ်၊ စပျစ်သီး ပျဉ် တပြားစီ ဝေငှပြီးမှ၊
လူအပေါင်းတို့သည် မိမိတို့နေရာသို့ ပြန်သွားကြ၏။ 20 ထိုနောက် ဒါဝိဒ်သည် နန်းတော်သားတို့ကို ကောင်းကြီးပေးခြင်းငှါ
သွား၍ရောက်သောအခါ၊ ရှောလု ၏သမီး မိခါလသည် ဆီး၍ကြိုလျက်၊ လျှပ်ပေါ်သောသူသည် အရှက်မရှိဘဲ
ကိုယ်အဝတ်ကိုချွတ်သကဲ့သို့၊ ယနေ့ ကျွန်ယောကျ်ား ကျွန်မိန်းမများရှေ့တွင် အဝတ်တော်ကိုချွတ်သော ဣသရေလရှင်ဘုရင်သည်၊
ယနေ့ အဘယ်မျှလောက် ဘုန်းကြီးတော်မူပါသည်တကားဟုဆို၏။ 21 ဒါဝိဒ်ကလည်း၊ သင့်အဘနှင့်သူ၏ အဆွေအမျိုး
အပေါင်းတို့၏ကိုယ်စား၊ ငါ့ကိုရွေးကောက်၍ ထာဝရ ဘုရား၏လူ၊ ဣသရေလအမျိုးကို အုပ်စိုးသော မင်းအရာ၌
ခန့်ထားတော်မူသော ထာဝရဘုရားရှေ့တော်တွင် ပြုသည်မဟုတ်လော။ ထာဝရဘုရားရှေ့တော်တွင် ငါ ကခုန်မည်။ 22 ထိုမျှမက၊
ငါသာ၍ယုတ်မာမည်။ ကိုယ် အထင်အတိုင်းကိုယ်ကိုသာ၍ နှိမ့်ချမည်၊ သင်ပြောသော ကျွန်မများမူကား၊ ငါ့ကိုချီးမွမ်းကြလိမ့်မည်ဟု
မိခါလကို ပြန်ပြော၏။ 23 ရှောလု၏သမီးမိခါလသည် တသက်လုံးသားကို မဘွားမမြင်ရ။

---

2 Samuel 01

တဖန်
ဤသည်မှာ ပုံပြင်၏နောက်အခန်းဆက်ကို ကူးသောနေရာအမှတ်အသား ဖြစ်သည်။

ရွေးချယ်သောဣသရေလ
ဤသည်မှာ ဣသရေလစစ်တပ်ကို ကိုယ်စားပြုသည်။

သုံးသောင်း
"၃၀,၀၀၀"

ဘုရားသခင်၏သေတ္တာတော်ကို ယုဒပြည် ဗာလာမြို့မှဆောင်ခဲ့ခြင်းငှါ
ဤသည်မှာ ဘုရားသခင်၏သေတ္တာတော်အား ဆောင်ယူခြင်းအမှုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏


generated on Sun Jun 30 02:37:40 2024

သေတ္တာတော်ကို ယုဒပြည်ရှိဗာလာမြို့မှ ယေရုရှလင်မြို့သို့ ဆောင်ကျဉ်းလာသည်။"

ဘုရားသခင်၏သေတ္တာတော်ကို ... ဆောင်ခဲ့ခြင်းငှါ၊
ယေရုရှလင်မြို့သည် အခြားအရပ်များထက် ပထဝီမြေအနေအထားအရ မြင့်သောအရပ်၌ ရှိသောကြောင့် အခြားနေရာများသို့သွားသောအခါ အောက်အရပ်သို့ ဆင်းသွားသည်ဟု ပြောလေ့ရှိသည်။

ဆောင်ခဲ့ခြင်း
ဤသည်မှာ "ဆောင်ခဲ့ခြင်း" သည် "သယ်ဆောင်လာသည်" ဟု အဓိပ္ပါယ် ပြန်ဆိုနိုင်သည်။

ဗာလာမြို့
ဤသည်မှာ နေရာ တစ်ခု၏ အမည် ဖြစ်သည်။

ထာဝရဘုရား၏ နာမတော်နှင့် ဆိုင်သော
သေတ္တာတော်တွင် ထာဝရဘုရား၏ နာမတော်ကို ရေးထိုးထားသည်။

ခေရုဗိမ်ကြားမှာကျိန်းဝပ်တော်မူသော
ခေရုဗိမ်ကြားတွင် အခွင့်အာဏာ ရှိသောနေရာ၌ ထိုင်သောသူ

ကျိန်းဝပ်တော်မူသော
အရိုက်အရာဆက်ခံသော သို့မဟုတ် အခွင့်အာဏာရှိသော

2 Samuel 03

ယေဘုယျအချက်အလက်
ဒါဝိဒ်နှင့် ဣသရေလ စစ်သူရဲအပေါင်းတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို ရွှေ့ကြပြီ။

အဘိနဒပ် ... ဩဇ ... အဟိဩ
ဤသည်မှာ အမျိုးသားတို့၏ အမည်များဖြစ်ကြသည်။

ဣသရေလအမျိုးသားအပေါင်းတို့
ဤသည်မှာ ဣသရေလလူမျိုး ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့်အတူ ဣသရေလလူအားလုံးတို့သည်"

ပတ်သာ
အဝိုင်းပုံစံရှိ၍ မျက်နှာပြင် သို့မဟုတ် ဘေးဘောင်ကို ရိုက်၍ အသံထွက်သော သို့မဟုတ် လုပ်ခါသောအခါ ဘေးဘောင်၌ တက်ထားသော သံကွင်းများမှ အသံထွက်သော တူရိယာ တစ်မျိုး။

နှဲခရာ
အတွင်း၌ မာကျောသေးငယ်သောအရာများ ထည့်သွင်းထားပြီး လုပ်ခါလိုက်သောအခါ သံစဉ်ထွက်သော တူရိယာ

ခွက်ကွင်းတို့
အသံကျယ်လောင်စွာ ထွက်သည့် တီးလက်ခုပ်တီးသလို ခတ်ရသော ဝိုင်းစက်ပြီးပါးလွှာသော သံပြား

2 Samuel 06

နာခုန်
ဤသည်မှာ အမျိုးသားတစ်ဦး၏ အမည် ဖြစ်သည်။

ထာဝရဘုရားသည် ... အမျက်ထွက်၍ ... ဒဏ်ခတ်တော်မူသဖြင့်
အင်္ဂလိပ်ကျမ်းစာတွင် "ဘုရားသခင်၏အမျက်ဒေါသ" ကို မီးနှင့် ခိုင်းနှိုင်းထားသည်။

သူ၏အပြစ်ကြောင့်
ထာဝရဘုရားသည် ထိုသေတ္တာတော်ကို မထိရန် မှာထားသော်လည်း ဩဇသည် ထိမိသောကြောင့် အပြစ်ရှိသည်။

2 Samuel 08

ပေရဇဩဇ
ဤသည်မှာ နေရာ၏အမည် ဖြစ်ပြီး ဘုရားသခင်က ဩဇာ အား စီရင်ခဲ့သောနေရာ ဖြစ်သည်။

ယနေ့တိုင်အောင်
ဤသည်မှာ လက်ရှိ ၂၁ ရာစုအချိန်ကို မဆိုလိုဘဲ ထိုခေတ်ထိုအခါ ဆက်လက်သွားနေသည့် အချိန်၊ စာရေးသားနေသည့်အချိန်ကို ဆိုလိုသည်။

ထာဝရဘုရား၏ သေတ္တာတော်သည် အဘယ်သို့ ငါ့ထံသို့ ရောက်ရမည်နည်း
ဤသည်မှာ ဒါဝိဒ်သည် သေတ္တာတော်ကို ယေရုရှလင်မြို့သို့ သယ်ဆောင်ရန် ကြောက်လန့်သောကြောင့် မေးသော မေးခွန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သည် ထာဝရဘုရား၏ သေတ္တာတော်ကို ယေရုရှလင်မြို့သို့ သယ်ဆောင်ရန် မဝံ့မရဲပါ။"

2 Samuel 10

ဂိတိလူဩဗဒေဒုံ
ဤသည်မှာ အမျိုးသားတစ်ဦး၏ အမည် ဖြစ်သည်။

blessed him
n/a

2 Samuel 12

တဖန်
ဤသည်မှာ ပုံပြင်၏ နောက်အခန်းဆက် စခြင်းကို ရည်ညွှန်းသည်။

ဒါဝိဒ်မင်းကြီးကြားသောအခါ
ဤသည်မှာ အပြုသဘောဆောင်သော စကားအသုံးနှုန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ဒါဝိဒ်မင်းအား ပြောကြားသည်။"


generated on Sun Jun 30 02:37:40 2024

ဩဗဒေဒုံအိမ်
ဤတွင် "အိမ်" သည် မိသားစုကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဩဗဒေဒုံနှင့် သူ၏ မိသားစု"

ဘုရားသခင်၏ သေတ္တာတော်ကို ... ဆောင်ခဲ့လေ၏
ယေရုရှလင်မြို့သည် အခြားအရပ်ဒေသများထက် မြေအနေအထားမြင့်သောကြောင့် ပြောဆိုသောအခါ "တက်သွားမည်" "ဆင်းလာမည်" ဟူ၍ ပြောလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ သေတ္တာတော်ကို ရွှေ့လိုက်သည်" သို့မဟုတ် "ထာဝရဘုရား၏ သေတ္တာတော်ကို သယ်ဆောင်သွားသည်။"

ဆောင်ခဲ့လေ၏
ဤတွင် "ဆောင်ခဲ့လေ၏" ဆိုသည်မှာ "ယူဆောင်/ သယ်ဆောင်လာသည်" ဟု ဘာသာပြန်ဆိုနိုင်သည်။

2 Samuel 14

ဒါဝိဒ်သည်လည်း ... ထာဝရဘုရားရှေ့တော်၌ အားထုတ်၍ ကလေ၏။
ဤသည်တွင် ကခြင်းသည် ထာဝရဘုရားအား အလွန်အမင်း ပျော်ရွှင်ဝမ်းမြောက်စွာ ချီးမွမ်းဝတ်ပြုနေခြင်း ဖြစ်သည်။

ပိတ်သင်တိုင်း
နှမ်းကြတ်ပင်၏ အစေ့မှ ရက်လုပ်ထားသည့် ချည်ဖြင့် ချုပ်ထားသော သင်တိုင်း

ဣသရေလအမျိုးသားအပေါင်းတို့
အင်္ဂလိပ်ကျမ်းစာတွင် "ဣသရေလအမျိုးသားအပေါင်းတို့" ကို "အိမ်" ဟူ၍ သွယ်ဝိုက်ရေးသားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့်အတူ ဣသရေလလူအားလုံးတို့သည်"

2 Samuel 16

Now ... in her heart
n/a

မိခါလ
သူမသည် ရှောလု၏သမီး၊ ဒါဝိဒ်၏ ပထမ မယားဖြစ်သည်။

စိတ်နှလုံးထဲ၌ မထီမဲ့မြင်ပြု၏
ဤသည်တွင် "စိတ်နှလုံး" သည် "စဉ်းစားမိခြင်း" သို့မဟုတ် "စိတ်ခံစားချက်" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက် - "မိခါလသည် ဒါဝိဒ်အား မထီမဲ့မြင်စိတ်ဖြင့် ကြည့်သည်။" သို့မဟုတ် "သူမသည် သူ့အား ယုတ်သောစိတ်ဖြင့် ကြည့်သည်။"

ထာဝရဘုရားရှေ့တော်၌
ထာဝရဘုရားထံတော်သို့

2 Samuel 18

ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား၏ နာမတော်ကိုမြွက်၍ ပရိသတ်တို့ကို ကောင်းကြီးပေးလေ ၏။
ထာဝရဘုရား၏အမည်နာမတော်ကို သုံး၍ ကောင်းကြီးပေးခြင်းသည် ထိုသူ၌ ထာဝရဘုရား၏ အခွင့်နှင့် အာဏာ အပ်နှင်းခြင်း ခံထားရသည် သို့မဟုတ် ထာဝရဘုရားသခင်၏ ကိုယ်စားလှယ် ဖြစ်သည်။

စပျစ်သီး မုန့်
အခြောက်လှန်းထားသော စပျစ်သီးဖြင့် ပြုလုပ်ထားသည့် မုန့်။

2 Samuel 20

ဆီး၍ကြိုလျက်
ဤတွင် "ဆီး၍ကြို" သည် "ထွက်လာသည်" ဟူ၍လည်း ပြန်ဆိုနိုင်ပါသည်။

ဣသရေလရှင်ဘုရင်သည်၊ ယနေ့ အဘယ်မျှလောက် ဘုန်းကြီးတော်မူပါသည်တကား။
ဤသည်မှာသင့် လျော်သော စကားအသုံးအနှုန်းဖြစ်သည်။ ဒါဝိဒ်၏အပြုအမူသည် ဘုန်းကြီးသည်ဟု မိခါလ၏ ပြောသော စကားနှင့် စိတ်ဆန္ဒ သည် တထပ်တည်း မကျပါ။ မိခါလသည် ဒါဝိဒ်၏ ကခုန်ခြင်းအပြုအမူနှင့် အဝတ်အစားတို့အပေါ် မထီလေးစားလုပ် ပြောသော စကားဖြစ်သည်။

ကျွန်မိန်းမများရှေ့တွင်
အင်္ဂလိပ်ကျမ်းစာတွင် "ကျွန်မိန်းမများရှေ့"ကို "ကျွန်မိန်းမများ၏မျက်စိ ရှေ့တွင်" ဟူ၍ ရေးသားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်မိန်းမတို့၏အရှေ့တွင်"

လျှပ်ပေါ်သောသူ
မိခါလသည် ဒါဝိဒ်အား အရှက်မရှိသော၊ ဉာဏ်နည်းသောသူနှင့်နှိုင်း ယှဉ် ပြောဆိုသည်။

2 Samuel 21

သင့်အဘ ... ငါ့ကိုရွေးကောက်၍
ဤတွင် "သင်" သည် "မိခါလ" အား ရည်ညွှန်းသည်။

ထာဝရ ဘုရား၏လူ၊ ဣသရေလအမျိုး
ဤတွင် ထာဝရ ဘုရား၏လူ နှင့် ဣသရေလအမျိုး သည် လူမျိုးတစ်စုတည်း ဖြစ်သည်။

ထိုမျှမက၊ ငါသာ၍ယုတ်မာမည်
ဒါဝိဒ်သည် မိခါလအား သလျော့၍ စိတ်ထဲစဉ်းစားသည်၏ ဆန့်ကျင်ဘက် စကားကို ပြောသည်။ သူ့၏အပြုအမူသည် သူ့အားမနိမ့်ချစေပါ သို့မဟုတ် ရှေ့လျောက် သူ၏အပြုအမူတို့သည် သူ့အား အသ ရေမပျက်စေပါ။


generated on Sun Jun 30 02:37:40 2024

ကိုယ် အထင်အတိုင်းကိုယ်ကိုသာ၍ နိမ့်ချမည်
ဤတွင် "အထင်အတိုင်း" သည် လူတစ်ဦးက တစ်စုံတစ်ခုအပေါ် စဉ်းစားဆုံးဖြတ်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုယ်ငါ အစော်ကားခံရသည်ဟု သက်မှတ်သည်။" သို့မဟုတ် "ငါ့ကိုယ်ငါ အရူးတစ်ယောက်ကဲ့သို့ သတ်မှတ်သည်။"

သင်ပြောသော ကျွန်မများမူကား၊ ငါ့ကိုချီးမွမ်းကြလိမ့်မည်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း ထိုကျွန်မိန်းမတို့သည် ငါ့အား ချီးမွမ်းကြလိမ့်မည်။"

တသက်လုံးသားကို မဘွားမမြင်ရ
"ကလေး လုံးဝ မရ နိုင်တော့ပါ။"

## Translation Questions

2 Samuel 6:1

ဒါဝိဒ်သည် ဘာကြောင့် တဖန်ဣသရေလလူများကို စုဝေးစေသနည်း။
ဒါဝိဒ်သည်တဖန်ဣသရေလလူများကို စုဝေးစေခြင်းသည် ဘုရားသခင်၏ သေတ္တာတော်ကိုပြန်လည်ဆောင်ရန်ဖြစ်သည်။

2 Samuel 6:3

ဘုရားသခင်၏ သေတ္တာတော်ကို ဘယ်ပေါ်တွင် တင်ခဲ့သနည်း။
ဘုရားသခင်၏ သေတ္တာတော်ကို လှည်းသစ်ပေါ်တွင် တင်ခဲ့သည်။

လှည်းသစ်ကို မည်သူသည် နှင်ရကြသနည်း။
အဘိနဒပ်၏သား ဩဇနှင့်အဟိဩတို့သည် လှည်းသစ်ကို နှင်ရကြသည်။

2 Samuel 6:6

နာခုန်ကောက်နယ်သလင်းသို့ သူတို့ရောက်သောအခါ ဘာဖြစ်ခဲ့သနည်း။
သူတို့သည် နာခုန်ကောက်နယ်သလင်းသို့ရောက်သောအခါ နွားတို့လဲ၍၊ လှုပ်ရှားသောကြောင့်၊ ဩဇသည် လက်ကိုဆန့်၍ ဘုရားသခင်၏ သေတ္တာတော်ကို ကိုင်လေသည်။

ဩဇ၏အပြုအမူကို ထာဝရဘုရားသည် မည်သို့တုံ့ပြန်ခဲ့သနည်း။
ဩဇ၏အပြုအမူကို ထာဝရဘုရားသည်အမျက်ထွက်၍ သူ၏အပြစ်ကြောင့် ဘုရားသခင်ဒဏ်ခတ်တော်မူသဖြင့်၊ သူသည် သေတ္တာတော်နားမှာ သေလေသည်။

2 Samuel 6:8

ဩဇကို ထာဝရဘုရား ဒဏ်ခတ်တော်မူသည် ကို ဒါဝိဒ်သည် မည်သို့ခံစားရသနည်း။
ဩဇကို ထာဝရဘုရား ဒဏ်ခတ်တော်မူသည်ကိုဒါဝိဒ်သည် ညှိုးငယ်သောစိတ်ရှိ၍ ထိုနေ့၌ ဒါဝိဒ်သည် ထာဝရဘုရားကိုကြောက်လေသည်။

2 Samuel 6:10

ဩဇသေပြီးနောက် ဒါဝိဒ်သည် ထာဝရဘုရား၏သေတ္တာတော်ကိုမည်သို့ပြုလုပ်ခဲ့သနည်း။
ဩဇသေပြီးနောက် ဒါဝိဒ်သည် ထာဝရဘုရား၏သေတ္တာတော်ကို ဂိတ္တိလူဩဗဒေဒုံအိမ်သို့ ဆောင်ခဲ့လေသည်။

2 Samuel 6:12

အဘယ်ကြောင့် ဒါဝိဒ်သည် ထာဝရဘုရား၏သေတ္တာတော်ကို ဩဗဒေဒုံ၏အိမ်မှ ဒါဝိဒ်မြို့သို့ဆောင်ခဲ့သနည်း။
ထာဝရဘုရားသည် သေတ္တာတော်ကြောင့် ဩဗဒေဒုံနှင့် သူ၌ရှိသမျှကို ကောင်းကြီးပေးတော်မူကြောင်းကို ဒါဝိဒ်မင်းကြီးကြားသောကြောင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

2 Samuel 6:14

ထာဝရ ဘုရား၏သေတ္တာတော်ကို ဆောင်ခဲ့ကြချိန်တွင် ဒါဝိဒ်သည် မည်သို့ပြုလုပ်သနည်း။
ထာဝရ ဘုရား၏သေတ္တာတော်ကို ဆောင်ခဲ့ကြချိန်တွင် ဒါဝိဒ်သည် ပိတ်သင်တိုင်းကိုဝတ်လျက် ထာဝရဘုရားရှေ့တော်၌ အားထုတ်၍ကလေသည်။

2 Samuel 6:16

ဒါဝိဒ်မင်းကြီးသည် ထာဝရဘုရားရှေ့တော်၌ ကခုန်လျက်လာသည်ကိုမြင်သောအခါ မိခါလသည် ဘယ်လိုတုံ့ပြန်သနည်း။
ဒါဝိဒ်မင်းကြီးသည် ထာဝရဘုရားရှေ့တော်၌ ကခုန်လျက်လာသည်ကိုမြင်သောအခါ မိခါလသည်စိတ်နှလုံးထဲ၌ မထီမဲ့မြင်ပြုလေသည်။

ထာဝရဘုရား၏ သေတ္တာတော်ကိုသူ့နေရာ၌ ထားပြီးနောက် ဒါဝိဒ်သည် ထာဝရဘုရားအတွက် မည်သည့်ယဇ်ကို ပူဇော်သနည်း။
ဒါဝိဒ်သည်မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ်တို့ကို ထာဝရဘုရားရှေ့တော်၌ ပူဇော်လေသည်။

2 Samuel 6:18

ဒါဝိဒ်သည် မည်သည့်အရာကို ထာဝရဘုရားအမည်တော်ဖြင့် ယောက်ျားမိန်းမအပေါင်းတို့အား မျှဝေသနည်း။
ဒါဝိဒ်သည် မုန့်တပြား၊ အမဲသားတတစ်၊ စပြစ်သီးမုန့်တပြားစီကို ထာဝရဘုရားပရိသတ် ယောက်ျားမိန်းမအပေါင်းတို့အား မျှဝေလေသည်။

2 Samuel 6:20

ရှောလု၏သမီးမိခါလသည် ဒါဝိဒ်အားမည်သို့ပြောသနည်း။
ရှောလု ၏သမီး မိခါလက ဒါဝိဒ်ကို ဆီးကြို၍ 'လျှပ်ပေါ်သောသူသည် အရှက်မရှိဘဲ ကိုယ်အဝတ်ကိုချွတ်သကဲ့သို့၊ ယနေ့ ကျွန်ယောက်ျား ကျွန်မိန်းမများရှေ့တွင် အဝတ်တော်ကိုချွတ်သော ဣသရေလရှင်ဘုရင်သည်၊ ယနေ့ အဘယ်မျှလောက် ဘုန်းကြီးတော်မူပါသည်တကား' ဟု ဆိုလေသည်။

2 Samuel 6:21

မိခါလ၏ပြစ်တင်မှုကို ဒါဝိဒ်သည် မည်သို့တုံ့ပြန်သနည်း။
ဒါဝိဒ်က သူသည်ထာဝရဘုရားရှေ့တော်၌ ကခုန်လျက်ခြင်းသည် ထာဝရဘုရား အတွက်ဝမ်းမြောက်စရာဖြစ်ပြီး ထိုအရာသည် ထာဝရဘုရား၏ မျက်မှောက်တွင်သာ၍ နှိမ့်ချပြီး ၊ ကျွန်မများမူကား၊ ငါ့ကိုချီးမွမ်းကြလိမ့်မည်ဟု မိခါလကို ပြန်ပြောလေသည်။

## Chapter 7

[1] ထာဝရဘုရားသည် အရပ်ရပ်တို့၌ရှိသော ရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်တော်မူသော ကျေးဇူးကို ရှင်ဘုရင်သည် ခံရ၍၊
နန်းတော်၌ငြိမ်ဝပ်စွာ နေရသောအခါ။ [2] ပရောဖက်နာသန်ကို ခေါ်၍၊ ကြည့်ရှုလော့။ ငါသည် အာရဇ်သစ်သားအိမ်နှင့်နေ၏။
ဘုရားသခင်၏ သေတ္တာတော်မူကား၊ ကုလားကာဖြင့်သာ ကွယ်ကာလျက် နေရသည်ဟုဆိုသော်၊ [3] နာသန်က၊ အကြံတော်ရှိသမျှ
အတွင်းပြုတော် မူပါ။ ထာဝရဘုရားသည် ကိုယ်တော်နှင့် အတူရှိတော်မူ သည်ဟု ပြန်လျှောက်၏။ [4] ထိုညဉ့်တွင် ထာဝရဘုရား၏
နှုတ်ကပတ်တော် သည် နာသန်သို့ ရောက်၍၊ [5] ငါ့ကျွန်ဒါဝိဒ်ထံသို့ သွားလော့။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည်
ငါနေစရာဘို့ အိမ်ကို ဆောက်ရမည်လော။ [6] ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောနေ့ကစ၍ယနေ့တိုင်အောင်
အိမ်နှင့်ငါ မနေ။ တဲအမျိုးမျိုးနှင့်ငါလှည့်လည်ပြီ။ [7] ဣသရေလအမျိုးသားတို့နှင့် ငါလှည့်လည်ရာ အရပ်ရပ်တို့၌၊
ငါ၏လူဣသရေလအမျိုးကို ကျွေးမွေးစေ ခြင်းငှါ၊ ငါစေခိုင်းသော ဣသရေလတရားသူကြီး တစုံတယောက်အား၊ သင်သည်
ငါ့အဘို့အာရဇ် သစ်သားအိမ် ကို အဘယ်ကြောင့် မဆောက်သနည်းဟု ငါဆိုဘူးသလော။ [8] ယခုမှာ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သိုးထိန်းရာသိုးခြံထဲက သင့်ကိုငါနှုတ်ယူ၍၊ ငါ၏လူဣသရေလအမျိုးသားတို့ကို
အုပ်စိုးသောမင်းအရာ၌ ငါခန့်ထားပြီ။ [9] သင်သွားလေရာရာ၌ ငါလိုက်၍သင်၏ ရန်သူအပေါင်းတို့ကို သင့်ရှေ့မှ ပယ်ရှားသဖြင့်၊
မြေကြီးသား တို့တွင် လူကြီး၏ဂုဏ်အသရေကဲ့သို့ သင်၌ကြီးစွာသော ဂုဏ်အသရေကို ငါပေးပြီ။ [10] ထိုမှတပါး ငါ၏လူ
ဣသရေလအမျိုးနေရာ အရပ်ကို ငါပြင်ဆင်ပြီ။ သူတို့သည် နောက်တဖန် မပြောင်းမလဲ မိမိတို့နေရာ၌ နေစေခြင်းငှါ ငါမြဲမြံစေမည်။
မတရားသောသူတို့သည် ရှေးကာလ၌၎င်း၊ [11] ငါ၏လူဣသရေလအမျိုးတွင် တရားသူကြီး တို့ကို ခန့်ထားသောကာလ၌၎င်း၊
ညှဉ်းဆဲသကဲ့သို့ နောက် တဖန်မညှဉ်းဆဲရ။ သင့်ကိုလည်း ရန်သူအပေါင်းတို့ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးပြီ။ သင်၏အမျိုး
အနွယ်ကိုလည်း ငါတည်စေမည်ဟု ထာဝရဘုရား မိန့်တော်မူပြီ။ [12] သင်သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ
အိပ်ပျော်သောအခါ သင်၏ရင်သွေး၊ သင်မှ ဆင်းသက်သော သားကိုငါချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင်မည်။ [13] ထိုသားသည်
ငါ၏နာမအဘို့ အိမ်ကို ဆောက်လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲ ငါတည်စေမည်။ [14] ငါသည် သူ၏အဘဖြစ်မည်။
သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။ သူသည် ဒုစရိုက်ကိုပြုလျှင် လူသုံးတတ်သော ကြိမ်လုံးနှင့် ငါဆုံးမမည်။ [15] သို့ရာတွင်
သင့်ရှေ့မှာ ငါပယ်ရှားသော ရှောလု၌ ငါ၏ကရုဏာကို နှုတ်သကဲ့သို့ သင်၏သား၌ ငါမနှုတ်။ [16] သင်၏အမျိုးအနွယ်နှင့်၊
သင်၏နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ရာဇပလ္လင် သည်လည်း အစဉ်အမြဲတည်လိမ့်မည်ဟု ငါ့ကျွန်ဒါဝိဒ်အား
ပြောလော့ဟု မိန့်တော်မူ၏။ [17] ထိုဗျာဒိတ်တော်စကားအလုံးစုံတို့ကို နာသန် သည် ဒါဝိဒ်အား ပြန်ပြောလေ၏။ [18]
ထိုအခါဒါဝိဒ်မင်းကြီးသည် အထဲသို့ဝင်၍ ထာဝရဘုရားရှေ့တော်၌ ထိုင်နေလျက်၊ အိုအရှင် ထာဝရဘုရား၊ အကျွန်ုပ်ကို
ဤမျှလောက်ချီးမြှောက်တော် မူမည်အကြောင်း၊ အကျွန်ုပ်သည် အဘယ်သို့သော သူဖြစ်ပါသနည်း။ အကျွန်ုပ်အမျိုးသည်
အဘယ်သို့သော အမျိုး ဖြစ်ပါသနည်း။ [19] သို့ရာတွင် အိုအရှင်ထာဝရဘုရား၊ ထိုကျေးဇူးတော်ကို သာမည့ကျေးဇူးဟု
ထင်မှတ်တော်မူသော ကြောင့်၊ ကိုယ်တော်ကျွန်၏ အမျိုးအနွယ်ကို ကြာမြင့်စွာသောကာလနှင့် ယှဉ်လျက်မိန့်တော်မူပါသည်တကား။
အိုအရှင်ထာဝရဘုရား၊ လူတို့သည် ထိုသို့စီရင်လေ့ရှိပါ သလော။ [20] ဒါဝိဒ်သည် အဘယ်သို့တိုးတက်၍ လျှောက်ရပါမည်နည်း။
အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ကိုယ်တော်၏ ကျွန်ကို သိတော်မူ၏။ [21] နှုတ်ကပတ်တော်ကို ထောက်၍၊
အလိုတော်ရှိသည်အတိုင်း ကိုယ်တော်၏ ကျွန်သိရမည်အကြောင်း၊ ဤကြီးစွာသော အမှုအလုံးစုံတို့ ကိုပြုတော်မူပြီ။ [22] သို့ဖြစ်၍
အိုထာဝရအရှင် ဘုရားသခင်၊ ကိုယ်တော်သည် ကြီးမြတ်တော်မူ၏။ အကျွန်ုပ်တို့ ကြားသမျှအတိုင်း ကိုယ်တော်နှင့်တူသောဘုရား၊
ကိုယ်တော်မှတပါး အခြားသော ဘုရားမည်မျှမရှိပါ။ [23] နာမတော်ကို ထင်ရှားစေ၍ အဲဂုတ္တုပြည်အစ ရှိသော အခြားသောပြည်များ၊
သူတို့ဘုရားများတို့မှ ရွေးနှုတ်တော်မူသော ကိုယ်တော်၏ လူမျိုးရှေ့တွင် လူမျိုးတော်အဘို့နှင့်ပြည်တော်အဘို့ ကြောက်မက်ဘွယ်
သော အမှုကြီးတို့ကို ပြုခြင်းငှါ၊ ဘုရားသခင်ကြွ၍ ကိုယ်တော်အဘို့ရွေး နှုတ်တော်မူသော ကိုယ်တော်၏လူ
ဣသရေလအမျိုးနှင့်တူသော လူမျိုးတစုံတမျိုးသည် မြေကြီးပေါ်မှာ ရှိပါသလော။ [24] အကြောင်းမူကား၊ ကိုယ်တော်၏
လူဣသရေလအမျိုးကို အစဉ်အမြဲ ကိုယ်တော်၏လူ ဖြစ်စေခြင်းငှါ၊ သူတို့ကို ကိုယ်တော်အဘို့ ခိုင်ခံ့မြဲမြံစေ၍၊ ကိုယ်တော်
ထာဝရဘုရားသည် သူတို့၏ဘုရားသခင်ဖြစ်တော်မူ၏။ [25] ယခုမှာအိုထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်ကျွန်၌၎င်း၊
ကိုယ်တော်ကျွန်၏အမျိုးအနွယ်၌၎င်း၊ မိန့်တော်မူသော စကားတော်ကို အစဉ်အမြဲ တည်စေတော်မူပါ။ မိန့်တော်မူသည်အတိုင်း
ပြုတော်မူပါ။ [26] ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ဣသရေလအမျိုးကို အစိုးရသောဘုရားသခင် ဖြစ်တော်မူ သည်ဟူ၍
နာမတော်သည် အစဉ်အမြဲချီးမြှောက်ခြင်းရှိပါစေသော။ ကိုယ်တော်ကျွန်ဒါဝိဒ်၏ အမျိုးအနွယ် သည် ရှေ့တော်၌တည်ပါစေသော။ [27]
အကြောင်းမူကား၊ ဣသရေလအမျိုး၏ ဘုရားသခင် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော်က၊ သင်၏အမျိုးအနွယ်ကို
ငါတည်စေမည်ဟု ကိုယ်တော်ကျွန်အား ဗျာဒိတ်ပေးတော်မူသောကြောင့်၊ ကိုယ်တော်ကျွန်သည် ဤပဌနာကို ရှေ့တော်၌ ပြုချင်
သောစိတ်ရှိပါ၏။ [28] ယခုလည်းအိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ဘုရားသခင် မှန်တော်မူ၏။ စကားတော်လည်း မှန်ပါ၏။
ဤကျေးဇူးကိုကိုယ်တော်ကျွန်၌ ဂတိထားတော်မူပြီ။ [29] သို့ဖြစ်၍ ကိုယ်တော်ကျွန်၏အမျိုးအနွယ်သည် ရှေ့တော်၌

 generated on Sun Jun 30 02:37:40 2024

အစဉ်အမြဲတည်ပါမည်အကြောင်း၊ ကောင်း ကြီးပေးခြင်းငှါ နှုးညွတ်သောစိတ်ရှိတော်မူပါ။ အိုအရှင် ထာဝရဘုရား၊ အမိန့်တော်ရှိသည်အတိုင်းကောင်းကြီးပေး တော်မူသောမင်္ဂလာကို၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ်သည် အစဉ်အမြဲခံရပါစေသောဟု ဆုတောင်းသတည်း။

---

---

2 Samuel 01

It happened
n/a

ရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်တော်မူသော ကျေးဇူးကို ရှင်ဘုရင်သည် ခံရ၍၊ နန်းတော်၌ငြိမ်ဝပ်စွာ နေရသောအခါ
"ဘေးပတ်ပတ်လည်ရှိ ရန်သူအပေါင်းတို့၏ တိုက်ခိုက်မှု မှ အကာအကွယ် ရှိသည်။" အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတပ်ဖွဲ့တို့မှ ဣသရေလလူမျိုးတို့အား တိုက်ခိုက်မှု ရပ်ဆိုင်းသည်။"

ငါသည် အာရဇ်သစ်သားအိမ်နှင့်နေ၏
အာရဇ်သစ်သည် မာကျောသော သစ်သားအဖြစ် အသိများကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အလွန်ခိုင်ခံ့သော အိမ်တွင် နေထိုင်သည်။"

ဘုရားသခင်၏ သေတ္တာတော်မူကား၊ ကုလားကာဖြင့်သာ ကွယ်ကာလျက် နေရသည်
ကုလားကာဖြင့် တဲပုံစံကာထားခြင်းမှာ ယာယီထားထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ သေတ္တာတော်ကို ယာယီတဲ၌ ထားထားသည်။"

2 Samuel 03

အကြံတော်ရှိသမျှ
အင်္ဂလိပ်ကျမ်းစာတွင် စိတ်၌စဉ်းစားသည့်အကြံ ကို "စိတ်နှလုံးအတွင်း၌ရှိသည့်အတိုင်း" ဟု ရေးသားပြန်ဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်လုပ်သင့်သည် ထင်သည့်အတိုင်း ပြုလော့။"

ထာဝရဘုရားသည် ကိုယ်တော်နှင့် အတူရှိတော်မူ သည်
ဤတွင် "ကိုယ်တော်နှင့် အတူ" သည် ထာဝရဘုရားက ဒါဝိဒ်အား ကူညီဆောင်မနေသည်ကို ဆိုလိုသည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ... ရောက်၍
ဤသည်မှာ ထာဝရဘုရား မိန့်မှာသည်ကို သွယ်ဝိုက်ပြောသော အသုံးအနှုန်း ဖြစ်သည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်
ဤတွင် "နှုတ်ကပတ်တော်" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ မိန့်မှာချက်"

ငါ့ကျွန်ဒါဝိဒ်ထံသို့ သွားလော့။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ငါနေစရာဘို့ အိမ်ကို ဆောက်ရမည်လော။
ဤသည်မှာ ပြောခဲ့သောစကားတစ်ခု ကို ပြန်၍ ကိုးကား ပြောဆိုခြင်း ဖြစ်သည်။ ဤသည်ကို သွယ်ဝိုက် ကိုးကားသော စကားအနေဖြင့် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်ထံ သွား၍ သူသည် ငါ့အဖို့ နေစရာအိမ် ဆောက်မည့်သူအဖြစ် မိမိ ကိုယ်ကို ထင်မှတ်ထားသလား ဟု မေးလော့။"

သင်သည် ငါနေစရာဘို့ အိမ်ကို ဆောက်ရမည်လော။
ထာဝရဘုရားသည် ဒါဝိဒ်က သူ့အဖို့ အိမ် ဆောက်ပေးမည့်သူ မဟုတ်ကြောင်းကို မီးမောင်းထိုးပြသော မေးခွန်း ဖြစ်သည်။ ဤမေးခွန်းသည်ဖော်ပြချက် အနေဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့အဖို့ အိမ် မဆောက်ရပါ။"

ငါနေစရာဘို့ အိမ်ကို ဆောက်ရမည်လော။
ဤတွင် "အိမ်" သည် "ဗိမ္မာန်တော်" ကို ဆိုလိုသည်။ ၇:၁၁ တွင် ထာဝရဘုရားက ဒါဝိဒ်အား သူ့အတွက် အိမ် ဆောက်ပေးမည် ဟုပြောလိမ့်မည်။ ဤတွင် "အိမ်" တွင် "မိသားစု" ကို ရည်ညွှန်းသည်။

2 Samuel 06

ငါ၏လူဣသရေလအမျိုးကို ကျွေးမွေးစေ ခြင်းငှါ၊ ငါစေခိုင်းသော ဣသရေလတရားသူကြီး တစ်စုံတယောက်အား၊ သင်သည် ငါ့အဘို့အာရဇ် သစ်သားအိမ် ကို အဘယ်ကြောင့် မဆောက်သနည်းဟု ငါဆိုဘူးသလော။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ခေါင်းဆောင်အဖြစ် ခန့်အပ်ထားသူ တစုံတစ်ဦးကိုမှ ငါအဖို့ အာရဇ်သစ်သားအိမ်ကို ဆောက်ရန် မစေခိုင်းမိပါ။"

ငါစေခိုင်းသော ဣသရေလတရားသူကြီး တစုံတယောက်အား ... ငါဆိုဘူးသလော။
ဤသည်မှာ ထာဝရဘုရားသည် ဣသရေလ ခေါင်းဆောင်တို့အား သူ့အဖို့ အိမ်ဆောက်ပေးရန် မတောင်းဆိုကြောင်း ထောက်ပြသော မေးခွန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဣသရေလခေါင်းဆောင်တို့အား မည်သည့်အရာမျှ မတောင်းဆိုခဲ့ဘူးပါ။"

သင်သည် ငါ့အဘို့အာရဇ် သစ်သားအိမ် ကို အဘယ်ကြောင့် မဆောက်သနည်း။
အကယ်၍ ထာဝရဘုရားက ဣသရေလ ခေါင်းဆောင်တို့အား ဤကဲ့သို့ မေးရခြင်း မှာ သူတို့သည် ထာဝရဘုရားအတွက် အိမ်တော် မဆောက်ပေးရသေးသောကြောင့် ဆူသော မေးခွန်းမျိုး ဖြစ်သည်။ သို့သော်လည်း အစောပိုင်းတွင် ဤမေးခွန်းကို သူ မမေးခဲ့ဘူးပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့အဘို့အာရဇ် သစ်သားအိမ်ကို ဆောက်သင့် သည်။"


generated on Sun Jun 30 02:37:40 2024

ငါစေခိုင်းသော ဣသရေလတရားသူကြီး တစုံတယောက်
အင်္ဂလိပ်ကျမ်းစာတွင် "ဣသရေလလူမျိုးအား စီရင်ခန့်အပ်ထားသော ခေါင်းဆောင်များ" ကို "သိုးထိန်းများ" ဟုခေါ်ပြီး "လူမျိုး" ကို "သိုးတို့" ဟု ခေါ်ကြသည်။

2 Samuel 08

ယေဘုယျအချက်အလက်
ထာဝရဘုရားက ပရောဖက်နေသန် အားဖြင့် ဒါဝိဒ်မင်းအား ကတိတော်တို့ကို ဖော်ပြသည်။

ယခုမှာ
ဤစကားစုမှာ "ထိုအချိန်ကာလ" ကို မီးမောင်းထိုးပြခြင်း မဟုတ်ဘဲ နောက်ဆက်လာမည့် အရေးကြီးသော အရာများကို သတိပြုမည့်စေလိုသောကြောင့် သုံးထားခြင်း ဖြစ်သည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သိုးထိန်းရာသိုးခြံထဲက သင့်ကိုငါနှုတ်ယူ၍၊ ... လူကြီး၏ဂုဏ်အသရေကဲ့သို့ သင်၌ကြီးစွာသော ဂုဏ်အသရေကို ငါပေးပြီ
ဤသည်မှာ ကိုးကားချက်ထဲမှ ကိုးကားချက် ဖြစ်သည်။ ဤ တိုက်ရိုက် ကိုးကားချက် ကို သွယ်ဝိုက်ကိုးကားချက် အနေဖြင့် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကျွန်ဒါဝိဒ်အား ပြောလော့။ ငါသည် သင့်အားရွေးနုတ်ခဲ့သည် ... သင့်အား ကမ္ဘာပေါ်ရှိ ကြီးမြတ်သူတို့ထဲ တစ်ဦးဖြစ်စေမည်။"

သင်သွားလေရာရာ၌ ငါလိုက်၍
ဤသည်မှာ ထာဝရဘုရားသည် ဒါဝိဒ်နှင့်အတူ အစဉ်ရှိနေပြီး ကောင်းကြီး အစဉ်အမြဲ ပေးနေသည်ဟု ဆိုလိုသည်။

သင်၏ ရန်သူအပေါင်းတို့ကို သင့်ရှေ့မှ ပယ်ရှား
ထာဝရဘုရားသည် ဒါဝိဒ်၏ ရန်သူအပေါင်းတို့ကို အဝတ်အား ဆွဲဆုတ်သကဲ့သို့ ဟူ၍ လည်းကောင်း၊ အပင်မှ အကိုင်းအခတ်အား ဖြတ်တောက်သကဲ့သို့ ဟူ၍ လည်းကောင်း ပယ်ရှားခဲ့သည် ဟူ၍ ဖြစ်သည်။

သင်၌ကြီးစွာသော ဂုဏ်အသရေကို ငါပေးပြီ
အင်္ဂလိပ်ကျမ်းစာတွင် "အမည်" ဟူသော စကားလုံးကို သုံးထားပြီး သူ့အား ကြီးမြတ်စေမည် ကို ဆိုလိုသည်။

လူကြီး၏ဂုဏ်အသရေ
ဤသည်မှာ အထင်ကရပုဂ္ဂိုလ်၏ ဂုဏ်အသရေကို ဆိုလိုသည်။

2 Samuel 10

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဆက်လက်ပြီး သူ၏ ကတိစကားကို ပရောဖက်နေသန်အားဖြင့် ဒါဝိဒ်မင်းကြီးအား ဖော်ပြသည်။

... နေရာ အရပ်ကို ငါပြင်ဆင်ပြီ
ငါ နေရာ ရွေးချယ်ထားသည်။

မိမိတို့နေရာ၌ နေစေခြင်းငှါ ငါမြဲမြံစေမည်
ထာဝရဘုရားသည် သူ၏ လူမျိုးဣသရေလလူတို့ကို ထိုပြည်၌ အတည်တကျနှင့် ဘေးကင်းလုံခြုံစွာ နေစေခြင်းကို ထိုပြည်၌ အပင်စိုက်ထားသကဲ့သို့ ပြောခြင်း ဖြစ်သည်။

နောက်တဖန် မပြောင်းမလဲ မိမိတို့နေရာ၌ နေစေခြင်းငှါ ငါမြဲမြံစေမည်
အခြား သောဘာသာပြန်ဆိုချက်၊ "နောက်ထပ် ဘယ်သူမှ သူတို့အား ပြဿနာ လာမရှာတော့ပါ။"

ကာလ၌
ဤတွင် "ကာလ" သည် "ရှည်ကြာသော အချိန်အတိုင်း အတာ" ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအချိန်ကာလမှ"

တရားသူကြီး တို့ကို ခန့်ထားသော
ဣသရေလလူတို့ ခါနန်ပြည်အတွင်းသို့ ဝင်ရောက်ပြီးနောက် နှင့် ဘုရင်အုပ်ချုပ်သူ ဘုရင်များကို မရွေးချယ်မတင်မြှောက်ရသေးခင်တွင် တရားသူကြီးများကို ထာဝရဘုရားက အခက်အခဲရှိသည့် အချိန်များအတွက် ခန့်အပ်ထားခြင်း ဖြစ်သည်။

သင့်ကိုလည်း ရန်သူအပေါင်းတို့ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးပြီ။ သင်၏အမျိုး အနွယ်ကိုလည်း ငါတည်စေမည်ဟု ထာဝရဘုရား မိန့်တော်မူပြီ
အကယ်၍ ၇:၈ တွင် တိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက် အနေဖြင့် ပြန်ဆိုခဲ့ပါက ဤတွင်လည်း "သင်" ကို "သူ" သို့မဟုတ် "သူ၏" ဟု ပြန်ဆိုရလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် ငါသည် သင့်ရန်သူတို့၏ တိုက်ခိုက်မှုမှ ကွယ်ကာဆောင်မပေးမည် ... ငါသည် သင်၏ အမျိုးအနွယ်ကို တည်တံ့စေမည်။"

သင့်ကိုလည်း ရန်သူအပေါင်းတို့ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးပြီ
"သင်အား ရန်သူအပေါင်းတို့၏ရန်မှကွယ်ကာမှု ငါပေးမည်။ ဤတွင် "ချမ်းသာပေးမည်" မှာ "ငြိမ်မှဲ့နာမ်" ပုဒ် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ရန်သူတို့ သင့်အား တိုက်ခိုက်မှုတို့ကို ငါ ရပ်တန့်စေမည်။"

သင်၏အမျိုး အနွယ်ကိုလည်း ငါတည်စေမည်
ဤတွင် "အမျိုးအနွယ်" ကို အင်္ဂလိပ် တွင် "အိမ်" အဖြစ် သုံးနှုန်းထားပြီး သူ့အမျိုးအနွယ်အား ဣသရေလလူမျိုးတို့ကို အုပ်ချုပ်သူဖြစ်မည်။ ၇:၃ တွင် ထာဝရဘုရားက ဒါဝိဒ်အား သူ့အဖို့ အိမ်တော် ဆောက်ပေးမည့်သူ ဖြစ်မည်လော ဟု မေးခြင်းဖြစ်သည်။ "အိမ်" သည် "ဗိမာန်တော်" ကို ဆိုလိုခြင်း ဖြစ်သည်။ သင်ဘာသာစကားတွင် ထိုအရာနှစ်ခုစလုံးကို ရည်ညွှန်းနိုင်သော စကားလုံး ရှိပါက ၇:၄ နှင့် ဤနေရာတွင် အသုံးပြုနိုင်သည်။

2 Samuel 12

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်ဆက်လက်ပြီး သူ၏ကတိစကားကို ပရောဖက်နေသန်အားဖြင့် ဒါဝိဒ်မင်းကြီးအား ဖော်ပြသည်။


generated on Sun Jun 30 02:37:40 2024

သင်သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ အိပ်ပျော်သောအခါ
ဤစကားစုနှစ်ခုသည် တူညီသောအဓိပ္ပါယ်ရှိပြီး အကြောင်းအရာတစ်ခုကို အထူးပြုဖော်ပြလိုသောကြောင့် ပေါင်း၍ ရေးထားခြင်း ဖြစ်သည်။ သေခြင်းနှင့် သေသည်ကို ယဉ်ကျေးသော အသုံးအနှုန်းဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

သင်မှ ဆင်းသက်သော သားကိုငါချီးမြှောက်၍
ထာဝရဘုရားက ဒါဝိဒ်မှ ဆင်းသက်မည့်သူကို ထာဝရဘုရားက ကြီးထွားစေမည့်ပုံစံဖြင့် ပြောဆိုနေခြင်း ဖြစ်သည်။

သင်မှ ဆင်းသက်သော သား
ဤသည်မှာ "ဒါဝိဒ်၏ သွေးသားရင်းချာထဲမှ ထွက်ပေါ်လာမည့်သူ" ကို သွယ်ဝိုက် ဖော်ပြခြင်း ဖြစ်သည်။

သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲ ငါတည်စေမည်
ဤတွင် "ရာဇပလ္လင်" သည် ထိုသူ၏ ဘုန်းတန်ခိုးအာဏာ ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ၏အုပ်ချုပ်မှု ကို ဣသရေလ အမျိုးတို့အပေါ်၌ ထာဝရ တည်တံ့စေမည်။"

ငါသည် သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်
၇:၁၂-၁၄ တွင် အနာဂတ္တိ (ရှေ့ဖြစ်အရာ) ဖော်ပြထားသည်မှာ ဒါဝိဒ်၏ ရှောလမုန် ကို ရည်ညွှန်းသည်။ သို့သော်လည်း ယေရှု အားဖြင့် သာလျှင် ထို အနာဂတ္တိ သည် ပြည့်စုံစေမည်။ ထို့ကြောင့် ဤတွင် သွေးသားရင်းချာ ဖြစ်သော "အဖေ" နှင့် "သား" ကဲ့သို့ ဘာသာပြန်ဆိုရန် ပို၍ သင့်တော်သည်။

2 Samuel 15

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် သူ၏ ကတိစကား အဆုံးသတ်ကို ပရောဖက် နေသန်အားဖြင့် ဒါဝိဒ်မင်းကြီးအား ဖော်ပြသည်။

သို့ရာတွင် သင့်ရှေ့မှာ ငါပယ်ရှားသော ရှောလု၌ ငါ၏ကရုဏာကို နှုတ်သကဲ့သို့ သင်၏သား၌ ငါမနှုတ်
ဤတွင် "ကရုဏာ" ဟူသောစကားလုံးသည် "ယုံကြည်စိတ်ချရမှု" ဟူသော ဒြပ်မဲ့နာမ် အဖြစ် သုံးနှုန်းနိုင်သည်။ အကောင်းသဘောဆောင်သောပုံစံအဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့ပေမယ့် ငါသည် သူအပေါ်တွင် ရှောလု ကဲ့သို့မဟုတ်ဘဲ ကတိသစ္စာအစဉ်အမြဲ တည်နေမည်။"

သင့်ရှေ့မှာ ... သင်၏အမျိုးအနွယ် ... ငါ့ရှေ့မှာ ... သင်၏ရာဇပလ္လင်
အကယ်၍ ၇:၈ တွင် တိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက် အနေဖြင့် ပြန်ဆိုထားပါက ဤတွင် "သင်" ကို "ဒါဝိဒ်" သို့မဟုတ် "သူ" သို့မဟုတ် "သူ၏" ဟု ပြန်ဆိုရလိမ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ ရှေ့မှ ... ဒါဝိဒ်၏ အမျိုးအနွယ် ... ဒါဝိဒ်၏ ရှေ့မှ ... သူ၏ရာဇပလ္လင်"

သင်၏အမျိုးအနွယ်နှင့်၊ သင်၏နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ရာဇပလ္လင် သည်လည်း အစဉ်အမြဲတည်လိမ့်မည်
ဤစာကြောင်းနှစ်ခုမှာ တူညီသော အဓိပ္ပါယ် ရှိပြီး ဒါဝိဒ်၏ မင်းဆက် အစဉ်အမြဲ တည်နေမည် ကို အထူးပြုလိုသောကြောင့် ဖြစ်သည်။

သင်၏အမျိုးအနွယ်နှင့်၊ သင်၏နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်
ဤတွင် ဒါဝိဒ်၏အမျိုးအနွယ် ကို "အိမ်" ဟု အင်္ဂလိပ်ကျမ်းစာတွင် ဘာသာပြန်ဆိုထားပြီး ဘုရင်အဖြစ် ရှိစေမည်ကို ကိုယ်စားပြုသည်။ ဤတွင် "နိုင်ငံ" သည် အင်္ဂလိပ်ကျမ်းစာတွင် "အိမ်" ဟူ၍ သုံးနှုန်းထားသည်။ အခြား သောဘာသာပြန်ဆိုချက်၊ "သင်သည် အသက်ရှင်၍ ငါသည် သင်၏အမျိုးအနွယ်ကို တည်တံ့စေပြီး သူတို့၏ အာဏာဇာဏ်ကို ဣသရေလလူတို့အပေါ်၌ အစဉ်အမြဲ တည်တံ့စေမည်။"

သင်၏ရာဇပလ္လင် သည်လည်း အစဉ်အမြဲတည်လိမ့်မည်
ဤတွင် "ရာဇပလ္လင်" သည် ထိုသူ၏ ဘုန်းတန်ခိုးအာဏာ ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ၏အုပ်ချုပ်မှု ကို ဣသရေလ အမျိုးတို့အပေါ်၌ ထာဝရ တည်တံ့စေမည်။"

ဗျာဒိတ်တော်စကားအလုံးစုံ
ဤသည်မှာ ထာဝရဘုရား မိန့်မှာသောစကား ဖြစ်သည်။

ထိုဗျာဒိတ်တော်စကားအလုံးစုံတို့ကို နာသန် သည် ဒါဝိဒ်အား ပြန်ပြောလေ၏
"ပရောဖက်နာသန်က ဒါဝိဒ်အား ထာဝရဘုရား ဖွင့်ပြသည့် အလုံးစုံတို့ကို ပြောခဲ့သည်။"

2 Samuel 18

အိုအရှင် ထာဝရဘုရား၊ အကျွန်ုပ်ကို ဤမျှလောက်ချီးမြှောက်တော်မူမည်အကြောင်း၊ အကျွန်ုပ်သည် အဘယ်သို့သော သူဖြစ်ပါသနည်း။ အကျွန်ုပ်အမျိုးသည် အဘယ်သို့သော အမျိုး ဖြစ်ပါသနည်း။
ဒါဝိဒ်သည် ထာဝရဘုရား၏ ပြောကြားချက် ကို ခံစားနားလည်ပြီး ပြန်လည်မေးထားသော မေးခွန်းဖြစ်သည်။ ဤမေးခွန်းကို တင်ပြချက် တစ်ခုအနေဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၊ ကျွန်ုပ်နှင့် အကျွန်ုပ်မိသားစုသည် ဤမျှလောက်ဂုဏ်အာဏာနှင့် မထိုက်တန်ပါ။"

ထိုကျေးဇူးတော်ကို သာမညကျေးဇူးဟု ထင်မှတ်တော်မူသော ကြောင့်
ဤတွင် "ထင်မှတ်တော်မူသောကြောင့်" ကို အင်္ဂလိပ်ကျမ်းစာ၌ "သင့်အမြင်တွင်" ဟူ၍ သုံးနှုန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤသည်မှာ သင့်အဖို့ သေးငယ်သောအမှု ကဲ့သို့ ဖြစ်နေလိမ့်မည်။"

အကျွန်ုပ်အမျိုး
ဤတွင် ဒါဝိဒ်သည် မိမိကိုယ်ကို အစေခံ ဟူ၍ ရည်ညွှန်းပြောဆိုနေခြင်း ဖြစ်သည်။ ဤသည်မှာ ပြသူ အနေဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်၏မိသားစု"

ကြာမြင့်စွာသောကာလနှင့် ယှဉ်လျက်
ဤသည်မှာ အချိန်ကာလ ကို ကူးလူးသွားနေပြီး တစ်နေရာရာတွင် ရောက်ရှိနေသော အရာဝတ္ထု ကဲ့သို့ ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးနောက် သူတို့၌ နောင်အနာဂတ်တွင် မည်သို့ဖြစ်မည်။"

ဒါဝိဒ်သည် အဘယ်သို့တိုးတက်၍ လျှောက်ရပါမည်နည်း
ဒါဝိဒ်သည် သူ့ထံ၌ ထာဝရဘုရားအား ပြောစရာ မကျန်တော့သဖြင့် ဤကဲ့သို့မေးရခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ထံ၌ သင်အား ပြောရန် တစ်စုံတစ်ခုမျှ မရှိတော့ပါ။"

ကိုယ်တော်၏ ကျွန်
ဤတွင် ဒါဝိဒ်သည် မိမိကိုယ်ကို "အစေခံ" အဖြစ် ရည်ညွှန်းဖော်ပြသည်။ ဤသည်ကို ပြသူအနေဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်"

2 Samuel 21

နှုတ်ကပတ်တော်ကို ထောက်၍
ဤတွင် "နှုတ်ကပတ်တော်" သည် ထာဝရဘုရား ပြုမည်ဟု ပေးထားသော ကတိတော်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ပြုမည်ဟု ကတိတော်ရှိသောကြောင့်"

ကိုယ်တော်၏ ကျွန်
ဤတွင် ဒါဝိဒ်သည် မိမိကိုယ်ကို "အစေခံ" အဖြစ် ရည်ညွှန်းဖော်ပြသည်။ ဤသည်ကို ပြသူအနေဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်"

as we have heard with our own ears
n/a

အကျွန်ုပ်တို့ ကြားသမျှအတိုင်း
ဤသည် "အကျွန်ုပ်တို့" သည် ဒါဝိဒ်နှင့် ဣသရေလလူမျိုး၏တိုင်းပြည်ကို ရည်ညွှန်းသည်။

အခြားသောပြည်များ၊ သူတို့ဘုရားများတို့မှ ရွေးနှုတ်တော်မူသော ကိုယ်တော်၏ လူမျိုးရှေ့တွင် လူမျိုးတော်အဘို့နှင့်ပြည်တော်အဘို့ ကြောက်မက်ဘွယ် သော အမှုကြီးတို့ကို ပြုခြင်းငှါ၊ ဘုရားသခင်ကြွ၍ ကိုယ်တော်အဘို့ရွေး နှုတ်တော်မူသော ကိုယ်တော်၏လူ ဣသရေလအမျိုးနှင့်တူသော လူမျိုးတစုံတမျိုးသည် မြေကြီးပေါ်မှာ ရှိပါသလော
ဒါဝိဒ်သည် ဣသရေလလူမျိုးတို့ရှိရာ ပြည်တော်ကဲ့သို့ မည်သည့် ပြည်တော်မှ မရှိကြောင်းကို အထူးပြုလိုသောကြောင့်မေးထားသော မေးခွန်းမျိုး ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ကိုယ်တော်တိုင် ကယ်နှုတ်ဆောင်မ တော်မူသော ဣသရေလ လူမျိုးတို့၏ ပြည်ကဲ့သို့ မည်သည့် ပြည်မျှ မရှိပါ။"

နာမတော်ကို ထင်ရှားစေ၍
ဤတွင် "နာမတော်" သည် "ထာဝရဘုရား၏ဂုဏ်သတင်း(ဂုဏ်အသရေ)" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားအားလုံးအား သင့်ကို သိစေခြင်းအလို့ငှါ"

ပြည်တော်အဘို့
ဤတွင် "ပြည်တော်" သည် "လူမျိုးတော်" တို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်၏လူမျိုးတော်အဘို့"

2 Samuel 24

ယေဘုယျအချက်အလက်
ဒါဝိဒ်သည် ထာဝရဘုရားနှင့် ဆက်လက်ပြောသည်။

ယခုမှာ
ဤသည် "ယခု" သည် "ထိုအချိန်ကာလ" ကို ပြောနေခြင်း မဟုတ်ဘဲ စာဖတ်သူ၏ အာရုံကို အရေးကြီးသောအချက်အား ဂရုပြုမိစေရန် သုံးခြင်း ဖြစ်သည်။

အိုထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်ကျွန်၌၎င်း၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ်၌၎င်း၊ မိန့်တော်မူသော စကားတော်ကို အစဉ်အမြဲ တည်စေတော်မူပါ။ မိန့်တော်မူသည်အတိုင်း ပြုတော်မူပါ။
အခြား သောဘာသာပြန်ဆိုချက်၊ "သင်ကတိရှိသည့်အတိုင်း အကျွန်ုပ်နှင့် အကျွန်ုပ်မိသားစု အား ပြုပြီး သင့်ကတိ လုံးဝ မပြောင်းလဲပါစေနှင့်"

ကိုယ်တော်ကျွန်၌၎င်း၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ်၌၎င်း
ဤတွင် ဒါဝိဒ်သည် တတိယလူ

နာမတော်သည် အစဉ်အမြဲချီးမြှောက်ခြင်းရှိပါစေသော
ဤတွင် "နာမတော်" သည် "ထာဝရဘုရား၏ ဂုဏ်သတင်း

ကိုယ်တော်ကျွန်ဒါဝိဒ်၏ အမျိုးအနွယ်
ဤတွင် "အမျိုးအနွယ်" ကို "အိမ်" ဟူ၍ အင်္ဂလိပ် ကျမ်းစာတွင် ဘာသာပြန်ဆိုထားသည်။ အခြား သောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်၏ မိသားစု"

ရှေ့တော်၌တည်ပါစေသော။
ဤသည်မှာ အပြုသဘောဆောင်သောပုံစံဖြင့် ရေးသားတင်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကြောင့် လုံခြုံစိတ်ချရသည်။" သို့မဟုတ် "သင့်ကြောင့် ဆက်လက်လုပ်ဆောင်နိုင်သည်။"

2 Samuel 27

ကိုယ်တော်က၊ သင်၏အမျိုးအနွယ်ကို ငါတည်စေမည်ဟု ကိုယ်တော်ကျွန်အား
ဤတွင် ဒါဝိဒ်သည် မိမိကိုယ်ကို အစေခံကျွန် အဖြစ် ရည်ညွှန်းပြောဆိုသည်။

သင်၏အမျိုးအနွယ်ကို ငါတည်စေမည်ဟု

ဤတွင် "အမျိုးအနွယ်" သည် ဒါဝိဒ်၏သွေးသားများ ဆက်လက်ပြီး ဣသရေလလူမျိုးတို့ကို အုပ်စိုးရစေမည် ဟု ရည်ညွှန်းပြောဆိုနေခြင်း ဖြစ်သည်။ ၇:၃ တွင် ထာဝရဘုရားက ဒါဝိဒ်အား သူသည် ထာဝရဘုရားအဘို့ အိမ်တော်ဆောက်မည်လော ဟု မေးခဲ့သည်။ ဤတွင် "အိမ်တော်" သည် ဗိန်တော် ကို ရည်ညွှန်းသည်။ သင်၏ဘာသာစကားတွင် နှစ်မျိုးစလုံးကို ရည်ညွှန်းသော စကားလုံးရှိပါက ဤနေရာနှင့် ၇:၄ တွင် သုံးပါ။

ယခုလည်း

ဤသည် "ယခု" သည် "ထိုအချိန်ကာလ" ကို ပြောနေခြင်း မဟုတ်ဘဲ စာဖတ်သူ၏ အာရုံကို အရေးကြီးသောအချက်အား ဂရုပြုမိစေရန် သုံးခြင်း ဖြစ်သည်။

စကားတော်လည်း မှန်ပါ၏

ဤတွင် "စကားတော်" သည် ထာဝရဘုရားပြောသော စကား ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ပြောသမျှကို အကျွန်ုပ် ယုံကြည်ပါ၏"

ကောင်းကြီးပေး တော်မူသောမင်္ဂလာကို၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ်သည် အစဉ်အမြဲခံရပါစေသောဟု ဆုတောင်းသတည်း

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးနောက် သင်သည် အကျွန်ုပ်၏ မိသားစုအပေါ် ကာလအစဉ်အမြဲ ကောင်း ကြီးပေးပါစေ။"

ကိုယ်တော်ကျွန်၏အမျိုးအနွယ်

ဤတွင် ဒါဝိဒ်သည် မိမိကိုယ်ကို အစေခံကျွန် အဖြစ် ရည်ညွှန်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်၏အိမ်" သို့မဟုတ် "အကျွန်ုပ်၏မိသားစု"

အမျိုးအနွယ်

ဤတွင် "အမျိုးအနွယ်" ကို "အိမ်" ဟူ၍ အင်္ဂလိပ် ကျမ်းစာတွင် ပြန်ဆိုထားသည်။

---

## Translation Questions

2 Samuel 7:1

ထာဝရဘုရားသည် ဒါဝိဒ်အား မည်သည့်အရာကိုပေးခဲ့သနည်း။

ထာဝရဘုရားသည် ဒါဝိဒ်အား ရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်တော်မူသော ကျေးဇူးကိုပေးခဲ့သည်။

ပရောဖက်နာသန်ကို ရှင်ဘုရင်သည် ဘယ်အရာကိုပြောခဲ့သနည်း။

ရှင်ဘုရင်သည် ပရောဖက်နာသန်ကို 'ကြည့်ရှုပါ၊ ငါသည် အာရဇ်သစ်သားအိမ်နှင့်နေ၍ ဘုရားသခင်၏ သေတ္တာတော်မူကား၊ ကုလားကာဖြင့်သာ ကွယ်ကာလျက် နေရသည်' ဟုပြောခဲ့သည်။

2 Samuel 7:3

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် နာသန်ထံသို့ မရောက်မီ နာသန်သည် ဒါဝိဒ်အား မည်သည်ကို ပြောခဲ့သနည်း။

နာသန်သည် ဒါဝိဒ်အား 'ထာဝရဘုရားသည် ကိုယ်တော်နှင့် အတူရှိတော်မူသည်ဖြစ်၍၊ သွား၍အကြံတော်ရှိသမျှအတိုင်း ပြုတော်မူပါ' ဟု ပြောခဲ့သည်။

2 Samuel 7:6

ထာဝရဘုရားသည် ဒါဝိဒ်အား ဣသရေလတရားသူကြီး တစုံတယောက်နှင့်ပတ်သတ်ပြီးထိုအချိန်၌ မည်သည့်မေးခွန်းကိုမေးသနည်း။

ထာဝရဘုရားသည် ဒါဝိဒ်အား 'ထာဝရဘုရားခန့်ထားသော ဣသရေလခေါင်းဆောင်များအဖို့ အဘယ်ကြောင့် အာရဇ်အိမ်ကို မဆောက်သနည်း' ငါထာဝရဘုရား မေးဘူးသလောဟု ဒါဝိဒ်ကို မေးသည်။

2 Samuel 7:8

ထာဝရဘုရားက ဒါဝိဒ်အတွက် မည်သည့်အရာများကို ပြုခဲ့သည်ဟု ပြောသနည်း။

ထာဝရဘုရားသည်ဒါဝိဒ်အား ဣသရေလအမျိုးသားတို့ကို အုပ်စိုးသောမင်းအရာ၌ခန့်ထားပြီး၊ သွားလေရာရာ၌ ဒါဝိဒ်၏ ရန်သူအပေါင်းတို့ကို ပယ်ရှားခဲ့သည်ဟုပြောခဲ့သည်။

2 Samuel 7:10

ထာဝရဘုရားက သူသည် ဣသရေလအမျိုးတို့အတွက် မည်သည့်အရာကိုပြုလုပ်မည်ဟုပြောသနည်း။

ထာဝရဘုရားက ဣသရေလအမျိုးအဖို့ နေရာကိုစီမံ၍၊ သူတို့သည် မိမိတို့ကိုယ်ပိုင်မြေတွင်နေ၍၊ အရင်ကဲ့သို့ မတရားသောသူများ၏ ညှင်းဆဲခြင်းမရှိအောင် သူတို့ကိုထိုနေရာ၌ မြဲမြံစွာနေစေမည်ဟု ပြောခဲ့သည်။

2 Samuel 7:12

ထာဝရဘုရားက သူ့အတွက်အိမ်ကို ဘယ်သူ့အားတည်ဆောက်စေသနည်း။

ထာဝရဘုရားက သူသည် ဒါဝိဒ်မှဆင်းသက်သောသားကိုချီးမြှောက်၍ သူ၏နာမအဖို့ အိမ်ကို တည်ဆောက်စေသည်။



generated on Sun Jun 30 02:37:40 2024

2 Samuel 7:15

ထာဝရဘုရားသည် ဒါဝိဒ်၏အမျိုးအနွယ်နှင့်နိုင်ငံ အကြောင်းပတ်သတ်ပြီး မည်သို့ပြောသနည်း။
ထာဝရဘုရားသည် ဒါဝိဒ်၏အမျိုးအနွယ်နှင့်နိုင်ငံသည် ထာဝရဘုရား ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည် ဟုပြောခဲ့သည်။

2 Samuel 7:18

နာသန်သည် ထာဝရဘုရားပြောသော ဗျာဒိတ်တော်စကားအလုံးစုံတို့ကိုဒါဝိဒ်အားပြောပြီးနောက် ဒါဝိဒ်သည် ဘယ်အရာကိုပြုလုပ်သနည်း။
ဒါဝိဒ်မင်းကြီးသည် အထဲသို့ဝင်၍ ထာဝရဘုရားရှေ့တော်၌ ထိုင်နေလေသည်။

ဒါဝိဒ်နှင့်သူ၏မိသားစုနှင့်ပတ်သတ်၍ ပရောဖက်ပြုချက်ကို ကြားသောအခါဒါဝိဒ်သည် ထာဝရဘုရားအား သူ့အတွက်ပြုပေးခဲ့သောအရာများအပေါ်မည်သို့ပြောသနည်း။
ဒါဝိဒ်သည် ထာဝရဘုရားအားကိုယ်တော်သည် ကိုယ်တော်၏ ကျွန်ကို သိတော်မူသည်ဟုပြောခဲ့သည်။

2 Samuel 7:21

ဒါဝိဒ်က ထာဝရဘုရားသည် သူ့အပေါ်တွင်ပြုခဲ့သောကြီးစွာသောအမှုအရာအလုံးစုံတို့ကို အဘယ်ကြောင့်ပြုခဲ့သည်ဟုဆိုသနည်း။
ဒါဝိဒ်က ထာဝရဘုရားသည် နှုတ်ကပတ်တော်ကို ထောက်၍၊ အလိုတော်ရှိသည်အတိုင်း ကိုယ်တော်၏ ကျွန်သိရန်ပြုခဲ့သည်ဟုဆိုသည်။

ဒါဝိဒ်က ဘုရားသခင်သည် အဘယ်အကြောင်းကြောင့် ဣသရေလအမျိုးတို့ကို ရွေးနှုတ်ခဲ့သည်ဟုဆိုနည်း။
ဒါဝိဒ်က ထာဝရဘုရားသည် ဣသရေလအမျိုးတို့ကို ရွေးနှုတ်ခဲ့ခြင်းမှာ နာမတော်ကို ထင်ရှားစေ၍ အဲဂုတ္တုပြည်အစ ရှိသော အခြားသောပြည်များ၊ သူတို့ဘုရားများတို့မှ ရွေးနှုတ်တော်မူသော ကိုယ်တော်၏ လူမျိုးရှေ့တွင် လူမျိုးတော်အဘို့နှင့်ပြည်တော်အဘို့ ကြောက်မက်ဘွယ် သော အမှုကြီးတို့ကို ပြုခြင်းငှါ ရွေးခဲ့သည်ဟုဆိုသည်။

2 Samuel 7:27

ဒါဝိဒ်က သူသည်ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၌ ပဌနာပြုချင်သောစိတ်ရှိသည်ဟု ဘာကြောင့်ပြောသနည်း။
ဣသရေလအမျိုး၏ ဘုရားသခင် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားက ဒါဝိဒ်၏အမျိုးအနွယ်ကိုတည်စေမည်ဟု ထာဝရဘုရား၏ ကျွန်အား ဗျာဒိတ်ပေးတော်မူသောကြောင့် ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရား၌ ပဌနာ ပြုချင် သောစိတ်ရှိခြင်းဖြစ်သည်။

ဒါဝိဒ်သည် ထာဝရဘုရား၏စကားတော်ကို မည်သို့ စဉ်းစားဆင်ခြင်သနည်း။
ဒါဝိဒ်သည် ထာဝရဘုရား၏စကားတော်ကို မှန်သည် ဟု စဉ်းစားဆင်ခြင်လေသည်။

ဒါဝိဒ်သည် ထာဝရဘုရားဆီမှ ဘာကိုအလိုရှိသနည်း။
ဒါဝိဒ်သည် ထာဝရဘုရားဆီမှ ကောင်းကြီးမင်္ဂလာကို ကိုယ်တော်ကျွန်၏ အမျိုးအနွယ်များ အပေါ်ပေးရန်အလိုရှိသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 8

1 ထိုနောက်ဒါဝိဒ်သည် ဖိလိတ္တိလူတို့ကို လုပ်ကြံ၍ အောင်မြင်သဖြင့်၊ မေသေဂမ္မာမြို့ကို သိမ်းယူလေ၏။ 2
မောဘပြည်ကိုလည်းလုပ်ကြံ၍ ပြည်သားတို့ကို မြေပေါ်မှာ လှဲချသဖြင့်၊ ကြိုးနှင့်တိုင်းလျက် သုံးစုတွင် နှစ်စုကိုသတ်၏။
တစုကိုချမ်းသာပေး၏။ ထိုသို့မောဘ အမျိုးသားတို့သည် ဒါဝိဒ်၌ ကျွန်ခံ၍ အခွန်ဆက်ရကြ၏။ 3 ဇောဘမင်းကြီးရဟောဘ၏
သားဟာဒဒေဇာသည် ဥဖရတ်မြစ်နားမြေကိုသိမ်းယူခြင်းငှါ သွားသော အခါ၊ ဒါဝိဒ်သည် တိုက်ဖျက်၍၊ 4 ရထားတထောင်၊
မြင်းစီးသူရဲခုနစ်ထောင်၊ ခြေသည် သူရဲနှစ်သောင်းကို ဘမ်းဆီး၍ ရထားတရာတို့ကိုသိမ်းထားပြီးမှ၊
အခြားသောမြင်းရထားရှိသမျှတို့ကို ဖျက်ဆီးလေ၏။ 5 ဒမာသက်မြို့နေ ရှုရိလူတို့သည် ဇောဘမင်းကြီး ဟာဒဒေဇာကို
စစ်ကူသောအခါ၊ ဒါဝိဒ်သည် ရှုရိလူ နှစ်သောင်းနှစ်ထောင်တို့ကို သတ်ပြီးမှ၊ 6 ရှုရိပြည် ဒမာသက်မြို့၌ မြို့စောင့်တပ်ကို ထားသဖြင့်၊
ရှုရိလူတို့သည်ဒါဝိဒ်၌ ကျွန်ခံ၍ အခွန်ဆက်ရကြ၏။ ဒါဝိဒ်သွားလေရာရာ၌ ထာဝရဘုရား စောင့်မ တော်မူ၏။ 7 ဟာဒဒေဇာ၏
ကျွန်တို့စွဲကိုင်သော ရွှေဒိုင်းလွှားများကို ဒါဝိဒ်သည်သိမ်း၍ ယေရုရှလင်မြို့သို့ ဆောင် သွား၏။ 8 ဟာဒဒေဇာအစိုးရသော
ဘေတမြို့နှင့် ဗေရောသဲမြို့မှ ဒါဝိဒ်မင်းကြီးသည် များစွာသောကြေးဝါကို သိမ်းသွား၏။ 9 ဟာဒဒေဇာ၏ တပ်အလုံးအရင်းကို ဒါဝိဒ်
လုပ်ကြံကြောင်းကို၊ ဟာမတ်မင်းကြီးတောဣသည် ကြားလျှင်၊ 10 မိမိရန်သူဟာဒဒေဇာကို ဒါဝိဒ်သည် စစ်တိုက်၍
လုပ်ကြံသောကြောင့်၊ မိဿဟာယဖွဲ့၍ ကောင်းကြီး ပေးစေခြင်းငှါ၊ မိမိသားယောရံကို ဒါဝိဒ်မင်းကြီးထံသို့ စေလွှတ်၍၊ ယောရံသည်
ငွေဖလား၊ ရွှေဖလား၊ ကြေးဝါ ဖလားတို့ကို ဆောင်လျက်လာ၏။ 11 ထိုဖလားတို့ကို ဒါဝိဒ်မင်းကြီးသည် ထာဝရဘုရားအား ပူဇော်၏။
ထိုအတူအောင်မြင်သောရှုရိပြည်၊ မောဘပြည်၊ အမ္မုန်ပြည်၊ ဖိလိတ္တိပြည်၊ အာမလက်ပြည်၌ သိမ်းယူသော ရွှေငွေကိုင်း၊ 12
ဇောဘမင်းကြီး ရဟောဘသား ဟာဒဒေဇာ၏ ဘဏ္ဍာကို လုယူ၍ ရသောရွှေငွေကိုင်း၊ ထာဝရဘုရား အား ပူဇော်၏။ 13 ဆားချိုင့်တွင်
ဧဒုံလူတသောင်းရှစ်ထောင်တို့ကို လုပ်ကြံရာမှ၊ ဒါဝိဒ်သည် ပြန်လာသောအခါ ဂုဏ်အသရေ ကြီး၏။ 14 ဧဒုံပြည်အရပ်ရပ်၌
မြို့စောင့်တပ်တို့ကိုထား၍၊ ဧဒုံပြည်သားအပေါင်းတို့သည် ဒါဝိဒ်၌ ကျွန်ခံကြ၏။ ဒါဝိဒ်သွားလေရာရာ၌ ထာဝရဘုရား
စောင့်မတော်မူ၏။ 15 ထိုသို့ ဒါဝိဒ်သည် ဣသရေလနိုင်ငံလုံးကို စိုးစံ၍၊ နိုင်ငံတော်သားတို့တွင် တရားမှုကို စီရင်ဆုံးဖြတ် တော်မူ၏။ 16
ဇေရုယာ၏သားယွာဘသည် ဗိုလ်ချုပ်မင်း ဖြစ်၏။ အဟိလုပ်၏ သားယောရှဖတ်သည် အတွင်းဝန် ဖြစ်၏။ 17 အဟိတုပ်သား
ဇာဒုတ်နှင့် အဗျာသာ၏သား အဟိမလက်သည် ယဇ်ပုရောဟိတ်ဖြစ်၏။ စရာယသည် စာရေးတော်ကြီးဖြစ်၏။ 18 ယောယဒ၏သား
ဗေနာယသည် ခေရသိလူနှင့် ပေလသိ လူတို့ကိုအုပ်ရ၏။ ဒါဝိဒ်၏သားတော်တို့ သည်လည်း မင်းသားအရာနှင့် နေကြ၏။

---

### 2 Samuel 01

ဒါဝိဒ်သည် ... လုပ်ကြံ၍
ဤတွင် "ဒါဝိဒ်" သည် "သူ့တပ်သားများ" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့် သူ့လူတို့သည် တိုက်ခိုက်ကြသည်။

### 2 Samuel 02

ကြိုးနှင့်တိုင်းလျက် သုံးစုတွင် နှစ်စုကိုသတ်၏။ တစ်စုကိုချမ်းသာပေး၏။
ဤတွင် "ကြိုး" ကို အင်္ဂလိပ် ကျမ်းစာတွင် "စည်း" ဟူ၍ ပြန်ဆိုထားပြီး အဖွဲ့ ၃ စု ကွဲစေခြင်းငှါ ဒါဝိဒ်က သူ့လူတို့အား စည်း ဆွဲစေသည်။ ဤ ၃ စုတွင် ၂ စုကို သတ်၍ ကျန်တစ်စုကို အသက် ချမ်းသာပေးခဲ့သည်။

### 2 Samuel 03

ဟာဒဒေဇာသည် ဥဖရတ်မြစ်နားမြေကိုသိမ်းယူခြင်းငှါ သွားသော အခါ၊ ဒါဝိဒ်သည် တိုက်ဖျက်၍
ဤတွင် "ဟာဒဒေဇာ" နှင့် "ဒါဝိဒ်" တို့သည် မိမိတို့၏သက်ဆိုင်ရာ စစ်တပ်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့် သူ၏စစ်တပ်သည် ဟာဒဒေဇာ၏ စစ်တပ်ကို အနိုင်ယူ တိုက်ခိုက်ခဲ့ကြသည်။"

ရဟောဘ ... ဟာဒဒေဇာ
ဤသည်မှာ အမျိုးသားများ၏ အမည်များဖြစ်သည်။

ဇောဘ
ဤသည်မှာ ရှုရိပြည်တွင် ရှိသောပြည်နယ်တစ်ခု၏ အမည် ဖြစ်သည်။

သိမ်းယူခြင်းငှါ သွားသော အခါ
"ထိုဒေသ၌ ထိန်းချုပ်မှု ပြန်လည်ရယူရန်" သို့မဟုတ် "ပြန်လည်သိမ်းပိုက်ရန်"

ခြေသည် သူရဲနှစ်သောင်း
ခြေလျင်တပ်သား ၂၀,၀၀၀

သိမ်းထားပြီးမှ
"လုံလောက်ထိမ်ချန်ထားခြင်း" သို့မဟုတ် "သိမ်းထားခြင်း"

ရထားတစ်ရာ
မြင်းရထားလုံး ၁၀၀


generated on Sun Jun 30 02:37:40 2024

2 Samuel 05

ဒါဝိဒ်သည် ... သတ်ပြီးမှ
ဤတွင် "ဒါဝိဒ်" သည် "သူ၏တပ်သားများ" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့် သူ့တပ်သားတို့သည် ... သတ်ခဲ့သည်။"

ရှုရိလူ နှစ်သောင်းနှစ်ထောင်
ရှုရိတပ်သား ၂၂,၀၀၀

ရှုရိပြည် ... ၌ မြို့စောင့်တပ်ကို ထားသဖြင့်
"သူ၏ တပ်သားအများစုကို ရှုရိပြည်၌ စောင့်နေစေရန် အမိန့်ပေးခဲ့သည်။"

2 Samuel 07

ဒါဝိဒ်သည်သိမ်း၍ ... ဒါဝိဒ်မင်းကြီး ... သိမ်းသွား၏
ဤတွင် "ဒါဝိဒ်" သည် "သူ၏စစ်တပ်" ကို ကိုယ်စားပြုသည်။

ဘေတမြို့နှင့် ဗေရောသဲမြို့
ဤသည်မှာ နေရာများ၏ အမည်များ ဖြစ်သည်။

2 Samuel 09

တောက္က ... ဟာဒဒေဇာ
ဤသည်မှာ အမျိုးသားတို့၏အမည် ဖြစ်ကြသည်။

ဟာမတ်
ဤသည်မှာမင်းကြီး ၏အမည် ဖြစ်သည်။

ဒါဝိဒ် လုပ်ကြံ
ဤတွင် "ဒါဝိဒ်" သည် "သူ၏စစ်တပ်" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ စစ်တပ်သည် ဟာဒဒေဇာ ကို အနိုင်တိုက်ခဲ့သည်။"

2 Samuel 11

အာမလက်ပြည်
"နှင့် အာမလက်လူတို့"

သိမ်းယူသော ရွှေငွေ
ဤသည်မှာ တပ်သားတို့သည် သူတို့အနိုင်တိုက်ယူခဲ့သော ရန်သူတို့ထံမှ တန်ဖိုးရှိသောအရာများကို သိမ်းယူသည်။

ဇောဘမင်းကြီး ရဟောဘသား ဟာဒဒေဇာ
ဤသည်မှာ အမျိုးသားများ၏အမည် ဖြစ်သည်။

2 Samuel 13

ဒါဝိဒ်သည် ... ဂုဏ်အသရေ ကြီး၏
ဤတွင် "ဒါဝိဒ်၏ ဂုဏ်သရေ" ကို "အမည်နာမ" ဟု အင်္ဂလိပ်ကျမ်းစာတွင် ပြန်ဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည် ဂုဏ်သတင်းကျော်ဇောသည်။"

ဆားချိုင့်တွင်
ဤသည်မှာ နေရာတစ်ခု၏ အမည် ဖြစ်သည်။ ထိုနေရာအတိအကျကို မသိသေးပါ။

တသောင်းရှစ်ထောင်
တပ်သား ၁၈,၀၀၀

ဧဒုံပြည်အရပ်ရပ်၌ မြို့စောင့်တပ်တို့ကိုထား၍
"ဒါဝိဒ်က သူ့မြို့စောင့်တပ်ဖွဲ့ကို ဧဒုံပြည်အနှံ့တွင် တပ်ချထားသည်။"

2 Samuel 15

ဇေရုယာ၏သားယွာဘ
ဤသည်မှာ အမျိုးသားများ၏ အမည် ဖြစ်သည်။

အဟိလုပ် ... အဟိတုပ် ... အဟိမလက် ... စရာယ ... ဗေနာယ
ဤသည်မှာ အမျိုးသားများ၏ အမည်များ ဖြစ်ကြသည်။

အဟိလုပ်၏ သားယောရှဖတ်သည် အတွင်းဝန် ဖြစ်၏
အတွင်းဝန်သည် ဘုရင်၏အမိန့်စကားကို အခြားသူများအား တဆင့်ပြောကြားခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဟိလုပ်သည် ဝန်မင်း ဖြစ်ခဲ့သည်။"

ခေရသိလူနှင့် ပေလသိ လူတို့
ဤသည်မှာ လူမျိုးနွယ်စုတို့၏ အမည်ဖြစ်သည်။ ထိုသူတို့သည် ဒါဝိဒ်၏ ကိုယ်စောင့်တပ်သားများ ဖြစ်ကြသည်။

# Translation Questions

2 Samuel 8:1

ဒါဝိဒ်သည် ဖိလိတ္တိလူတို့ကို လုပ်ကြံ၍ အောင်မြင်သဖြင့်သူသည် မည်သည်ကို သိမ်းယူခဲ့သနည်း။
ဒါဝိဒ်သည် ဖိလိတ္တိလူတို့ကို လုပ်ကြံ၍ အောင်မြင်သဖြင့် မေသေဂမ္မာမြို့ကို သိမ်းယူလေသည်။

2 Samuel 8:2

ဒါဝိဒ်သည် မောဘပြည်ကိုလုပ်ကြံပြီးနောက် သူသည် မောဘလူများကိုမည်သူသည် အသက်ရှင်၍ မည်သူသည် သေမည်ဟုဆုံးဖြတ်ခဲ့သနည်း။
ဒါဝိဒ်သည် မောဘပြည်ကိုလုပ်ကြံပြီးနောက် ပြည်သားတို့ကို မြေပေါ်မှာ လှဲချပြီး ကြိုးနှင့်တိုင်းကာ သုံးစုတွင် နှစ်စုကိုသတ်၍ တစုကိုချမ်းသာပေးရန် ဆုံးဖြတ်ခဲ့သည်။

အသက်ရှင်ကျန်ခဲ့သော မောဘလူများသည် မည်သို့ဖြစ်မည်နည်း။
အသက်ရှင်ကျန်ခဲ့သော မောဘလူများသည် ဒါဝိဒ်၌ ကျွန်ခံ၍ အခွန်ဆက်ရကြသည်။

2 Samuel 8:3

ဇောဘမင်းကြီးရဟောဘ၏ သားဟာဒဒေဇာထံမှ ဒါဝိဒ်သည် မည်သည့်အရာများကို ဖမ်းဆီးခဲ့သနည်း။
ဇောဘမင်းကြီးရဟောဘ၏ သားဟာဒဒေဇာထံမှ ဒါဝိဒ်သည် ရထားတထောင်၊ မြင်းစီးသူရဲခုနစ်ထောင်၊ ခြေသည် သူရဲနှစ်သောင်းကိုဖမ်းဆီးခဲ့သည်။

2 Samuel 8:5

ဒမာသက်မြို့နေ ရှုရိလူတို့သည် ဇောဘမင်းကြီးဟာဒဒေဇာကို စစ်ကူသောအခါ ဒါဝိဒ်သည် မည်သို့ပြုလုပ်ခဲ့သနည်း။
ဒါဝိဒ်သည် ရှုရိလူ နှစ်သောင်းနှစ်ထောင်တို့ကို သတ်ခဲ့သည်။

ဒါဝိဒ်သည် ဘာကြောင့်အောင်မြင်ခဲ့သနည်း။
ထာဝရဘုရားသည်သွားလေရာရာ၌ စောင့်မတော်မူသောကြောင့် အောင်မြင်ခြင်းဖြစ်သည်။

2 Samuel 8:9

ဟာဒဒေဇာ၏ တပ်အလုံးအရင်းကို ဒါဝိဒ်လုပ်ကြံကြောင်းကို ဟာမတ်မင်းကြီးတောက္ကသည် ကြားလျှင် ဒါဝိဒ်အတွက်မည်သည်ကိုပြုလုပ်သနည်း။
တောက္ကသည်သူ၏သားယောရံကိုစေလွှတ်၍ ဒါဝိဒ်နှင့် မိဿဟာယဖွဲ့ပြီးကောင်းကြီး ပေးစေခြင်းငှါ၊ ယောရံသည် ငွေဖလား၊ ရွှေဖလား၊ ကြေးဝါ ဖလားတို့ကို ဆောင်ခဲ့လေသည်။

2 Samuel 8:11

ဒါဝိဒ်သည် သူအနိုင်ရခဲ့သောနိုင်ငံများမှရွှေငွေများကို မည်သို့ပြုလုပ်သနည်း။
ဒါဝိဒ်သည် သူအနိုင်ရခဲ့သောနိုင်ငံများမှရွှေငွေများကို ထာဝရဘုရားအား ပူဇော်လေသည်။

2 Samuel 8:13

ဒါဝိဒ်သည် ရှုရိပြည်ကို မည်သည့်နေရာတွင် အောင်နိုင်ခဲ့သနည်း။
ဒါဝိဒ်သည် ရှုရိပြည်ကို ဆားချိုင့်တွင် အောင်နိုင်ခဲ့သည်။

2 Samuel 8:15

ဒါဝိဒ်သည် မိမိလူများအားလုံးကို မည်သို့စိုးစံသနည်း။
ဒါဝိဒ်သည် တရားမှုနှင့်ဖြောင့်မတ်မှုတို့ကို မိမိလူများအားလုံးအဖို့ စီရင်ရသည်။

မည်သူသည် ဒါဝိဒ်မင်းကြီး၏ မင်းသားအရာ၌နေသနည်း။
ဒါဝိဒ်၏သားတော်တို့ သည် မင်းသားအရာ၌ နေကျသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 9

1 တဖန်ဒါဝိဒ်က၊ ငါသည် ယောနသန်အတွက် ကျေးဇူးပြုစရာ အခွင့်ရှိစေခြင်းငှါ၊ ရှောလုအဆွေအမျိုး တစုံတယောက်
ကျန်ကြွင်းသေးသလောဟု မေးသော်၊ 2 ဇိဘအမည်ရှိသော ရှောလု၏ အဆွေအမျိုးနှင့်ဆိုင်သော ကျွန်တယောက်ကို
အထံတော်သို့သွင်း၍ ရှင်ဘုရင်က၊ သင်သည် ဇိဘမှန်သလောဟုမေးလျှင်၊ ကိုယ်တော်ကျွန်မှန်ပါသည်ဟု ပြန်လျှောက်လေ၏။ 3
ရှင်ဘုရင်ကလည်း၊ ဘုရားသခင့်အလိုတော်အတိုင်း ငါကျေးဇူးပြုစရာ အခွင့်ရှိစေခြင်းငှါ၊ ရှောလုအဆွေအမျိုးတစုံ
တယောက်မျှမရှိသလောဟု မေးလျှင် ဇိဘက၊ ယောနသန်၌ ခြေဆွံ့သောသားတယောက် ရှိပါသေး၏ဟု လျှောက်သော်၊ 4 ရှင်ဘုရင်က၊
သူသည်အဘယ်မှာရှိသနည်းဟု မေးပြန်လျှင်၊ ဇိဘက၊ လောဒေဗာရွာ၊ အမျေလသား မာခိရအိမ်၌ ရှိပါသည်ဟု လျှောက်၏။ 5 ထိုအခါ
ဒါဝိဒ်သည် စေလွှတ်၍ ရှောလု၏သားဖြစ်သော ယောနသန်၏သား မေဖိဗောရှက်ကို၊ လောဒေဗာရွာ၊ အမျေလသားမာခိရ
အိမ်မှခေါ်ခဲ့၍၊ 6 သူသည် အထံတော်သို့ ရောက်သောအခါ ပြပ်ဝပ်လျက် ရှိခိုးလေ၏။ ဒါဝိဒ်ကလည်း၊ မေဖိဗောရှက်ဟုခေါ်လျှင်၊
ကိုယ်တော်ကျွန်ရှိပါသည်ဟုလျှောက်လေ၏။ 7 ဒါဝိဒ်ကလည်း မစိုးရိမ်နှင့်။ သင်၏အဘ ယောနသန်အတွက် ငါသည်သင်၌
ဆက်ဆက်ကျေးဇူးပြုမည်။ သင့်အဘိုးရှောလုပိုင်သမျှသော မြေကို ငါပြန်ပေးမည်။ သင်သည် နေ့တိုင်းအစဉ်ငါ့စားပွဲ၌
စားရမည်ဟုဆိုသော်၊ 8 မေဖိဗောရှက်က၊ ကျွန်တော်ကဲ့သို့ဖြစ်ရသော ခွေးသေကောင်ကို ကိုယ်တော်ကြည့်ရှုရမည်အကြောင်း၊
ကိုယ်တော်ကျွန်သည် အဘယ်သို့သောသူဖြစ်ပါသနည်း ဟု ဦးချ၍ပြန်လျှောက်၏။ 9 ထိုအခါရှင်ဘုရင်သည် ရှောလု၏ကျွန်ဇိဘကို
ခေါ်၍၊ ရှောလုနှင့် သူ၏အဆွေအမျိုးများ ပိုင်ထိုက်သမျှ တို့ကို သင့်သခင်၏သားအား ငါပေးပြီ။ 10
သင်သည်သင်၏သားကျွန်တို့နှင့်တကွ လယ်လုပ်၍ သင့်သခင်၏သားစားစရာဘို့ အသီးအနှံကို သွင်းရမည်။ သို့ရာတွင်
သင့်သခင်၏သား မေဖိဗောရှက်သည် နေ့တိုင်းအစဉ် ငါ့စားပွဲ၌ အစာစားရမည်ဟု မိန့်တော်မူ၏။ ဇိဘ၌ သားတဆယ်ငါးယောက်နှင့်
ကျွန်နှစ်ဆယ်ရှိ၏။ 11 ဇိဘကလည်း၊ ကျွန်တော်သခင်အရှင်မင်းကြီးသည် ကိုယ်တော်ကျွန်ကို မှာထားတော်မူသမျှအတိုင်း၊
ကိုယ်တော်ကျွန်ပြုပါမည်ဟု နားတော်လျှောက်၏။ ထိုနောက်၊ မေဖိဗောရှက်သည် ရှင်ဘုရင်၏သားရင်းကဲ့သို့ စားပွဲတော်၌
အစာစားရ၏။ 12 မေဖိဗောရှက်၌ မိက္ခာအမည်ရှိသော သားငယ်တယောက်ရှိ၏။ ဇိဘအိမ်၌ နေသောသူအပေါင်း တို့သည်လည်း
မေဖိဗောရှက်၏ ကျွန်ဖြစ်ကြ၏။ 13 ထိုသို့ မေဖိဗောရှက်သည် ယေရုရှလင်မြို့၌နေ၍ ရှင်ဘုရင်၏စားပွဲတော်၌
နေ့တိုင်းအစဉ်စားရ၏။ ခြေနှစ်ဘက်ဆွံ့သောသူဖြစ်၏။

---

2 Samuel 01

ယောနသန်အတွက် ကျေးဇူးပြုစရာ
"ယောနသန် အပေါ်ထားသည့် ငါရဲ့ ချစ်ခြင်းမေတ္တာကြောင့်"

ယောနသန်အတွက်
ယောနသန်သည် ရှောလု၏ သားဖြစ်သလို ဒါဝိဒ်၏
အရင်းနှီးဆုံးသူငယ်ချင်း ဖြစ်သည်။

ဇိဘ
ဤသည်မှာ အမျိုးသားအမည် ဖြစ်သည်။

ကိုယ်တော်၏ကျွန်မှန်ပါသည်၏။
ဇိဘ သည် ဒါဝိဒ်အား အလွန်လေးစားသောအားဖြင့် သူ့ကိုယ်သူ
"သင်၏ အစေခံကျွန်" ဟု ခေါ်တွင်သည်။

2 Samuel 03

ဘုရားသခင့်အလိုတော်အတိုင်း ငါကျေးဇူးပြုစရာ အခွင့်ရှိစေခြင်းငှါ
ဤတွင် "ကျေးဇူးပြုစရာ" သည် ဒြပ်မဲ့နာမ် ဖြစ်ပြီး
ကောင်းမှုပြုခြင်း ဟုလည်း ဖွင့်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၌
ငါကတိရှိသည့်အတိုင်း ကျေးဇူးပြုစရာများ ငါ ပြုမည်။"

ခြေဆွံ့သောသူ
"ခြေထောက်မကောင်းသောသူ" ဤတွင် "ခြေ" သည်
သွားလာနိုင်ခြင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လမ်းလျှောက်နိုင်သောသူ"

အမျေလ ... မာခိရ
ဤသည်မှာ အမျိုးသားတို့၏ အမည် ဖြစ်သည်။

လောဒေဗာရွာ
ဤသည်မှာ နေရာ၏ အမည် ဖြစ်သည်။

2 Samuel 05

ဒါဝိဒ်သည် စေလွှတ်၍
ဤသည်တွင် ဒါဝိဒ်သည် သတင်းကြားပြောသူများကို
စေလွှတ်သည်ဟု နားလည်နိုင်သည်။

မေဖိဗောရှက်
ဤသည်မှာ အမျိုးသားတစ်ဦး၏အမည် ဖြစ်သည်။

အထံတော်သို့ ရောက်သောအခါ
ဤသည်တွင် "ရောက်သောအခါ" သည် "သွားခဲ့သည်" ဟု
ပြန်ဆိုနိုင်သည်။

 

ကိုယ်တော်ကျွန်ရှိပါသည်
မေဖိဗောရှက်သည် ဒါဝိဒ်အား အလွန်လေးစားသောအားဖြင့် သူ့ကိုယ်သူ "သင်၏အစေခံကျွန်" ဟု ခေါ်တွင်သည်။

2 Samuel 07

သင်၏အဘ ယောနသန်အတွက်
"သင့်ဖခင်ကို ကျွန်ုပ် ချစ်ခဲ့သောကြောင့်"

သင်သည် နေ့တိုင်းအစဉ်ငါ့စားပွဲ၌ စားရမည်
ဤတွင် "ငါ့စားပွဲ" သည် ဒါဝိဒ်နှင့် အတူရှိနေရခြင်းအခွင့် ကို ကိုယ်စားပြုသည်။ ဘုရင်နှင့် စားပွဲဝင်ခွင့်ခြင်းမှာ အမြင့်ဆုံးသော ချီးမြှောက်ခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါနှင့် အတူ စားပွဲ ဝင်ရမည်။"

ကျွန်တော်ကဲ့သို့ဖြစ်ရသော ခွေးသေကောင်ကို ကိုယ်တော်ကြည့်ရှုရမည်အကြောင်း၊ ကိုယ်တော်ကျွန်သည် အဘယ်သို့သောသူဖြစ်ပါသနည်း
ဤမေးခွန်းမှာ မေဖိဗောရှက်က မိမိသည် ဘုရင်က ဂရုပြုရလောက်သည်အထိ တန်ဖိုးမရှိသည်ကို သိ၍ မေးသောမေးခွန်းမျိုး ဖြစ်သည်။ ဤသည်မှာ တင်ပြချက်အဖြစ် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သည် ခွေးအသေကောင် ကဲ့သို့ ဖြစ်သည်။ သင်၏သနားကြင်နာမှု သည် အကျွန်ုပ်အဖို့ မထိုက်တန်ပါ။"

... ကဲ့သို့ဖြစ်ရသော ခွေးသေကောင်
ဤတွင် မေဖိဗောရှက် သည် ရှောလု၏အမျိုး ဖြစ်သောကြောင့် သူ့ကိုယ်သူ ခွေးသေကောင်နှင့် ယှဉ်၍ ဖော်ပြနေခြင်း ဖြစ်သည်။ ခွေးသည် အရိုင်းကောင်အဖြစ် သတ်မှတ်ထားပြီး အရေးမကြီးသောတိရစ္ဆာန်အဖြစ် သတ်မှတ်ထားသည်။ ခွေးသေကောင်ကို ပို၍ တန်ဖိုးမရှိဟု သတ်မှတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခွေးသေကောင်ကဲ့သို့ တန်ဖိုးမရှိသော အကျွန်ုပ်"

2 Samuel 09

နေ့တိုင်းအစဉ် ငါ့စားပွဲ၌ အစာစားရမည်
ဤတွင် "ငါ့စားပွဲ" သည် ဒါဝိဒ်နှင့်အတူရှိနေခွင့်ရှိခြင်းကို ကိုယ်စားပြုသည်။ ဘုရင်နှင့်အတူ စားတော်ပွဲဝင်ခြင်းမှာ အလွန်ဂုဏ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါနှင့်အတူ စားပွဲဝင်ရမည်။"

ထိုအခါ ... ဇိဘ ... ကျွန်တို့
ဤတွင် "ထိုအခါ" သည် ပုံပြင် တစ်ခန်း ရပ်သွားသည့်နေရာကို ဖော်ပြနေခြင်းဖြစ်သည်။ ပုံပြောသူမှ ဇိဘနှင့် ပတ်သက်သော အချက်အလက်ကို ပေးနေခြင်း ဖြစ်သည်။

သားတစ်ဆယ်ငါးယောက်နှင့် ကျွန်နှစ်ဆယ်
သား

2 Samuel 11

ကျွန်တော်သခင်အရှင်မင်းကြီးသည် ကိုယ်တော်ကျွန်ကို မှာထားတော်မူသမျှအတိုင်း၊ ကိုယ်တော်ကျွန်ပြုပါမည်
"ဇိဘ"သည် မိမိကိုယ်ကို မိမိအား သင်၏ကျွန် ဟု ခေါ်ပြီး ဒါဝိဒ်အား "အကျွန်ုပ်၏ သခင်" ဟု ရည်ညွှန်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ကျွန် ဇိဘ သည် သင်စေခိုင်းသည့်အတိုင်း လုပ်ဆောင်ပါမည်။"

မိက္ခာ
ဤသည်မှာ မေဖိဗောရှက်၏ သားအမည် ဖြစ်သည်။

ဇိဘအိမ်၌ နေသောသူအပေါင်း တို့
ဤတွင် "အိမ်" သည် ဇိဘ၏ မိသားစု ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇိဘ၏မိသားစုအားလုံး"

ရှင်ဘုရင်၏စားပွဲတော်၌ နေ့တိုင်းအစဉ်စားရ၏
ဤတွင် "ငါ့စားပွဲ" သည် ဒါဝိဒ်နှင့်အတူရှိနေခွင့်ရှိခြင်းကို ကိုယ်စားပြုသည်။ ဘုရင်နှင့်အတူ စားတော်ပွဲဝင်ခြင်းမှာ အလွန်ဂုဏ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊"ငါနှင့်အတူ စားပွဲဝင်ရမည်။"

ခြေနှစ်ဘက်ဆွံ့သောသူဖြစ်၏
"သူ၏ခြေ နှစ်ဖက်စလုံး မကောင်းသော်လည်း။" ဤတွင် "ခြေ" သည် လမ်းလျှောက်နိုင်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူလမ်းမလျှောက်နိုင်သော်လည်း"

---

## Translation Questions

2 Samuel 9:1

ကျန်ကြွင်းသော ရှောလုအဆွေအမျိုး တစုံတယောက်အား ဒါဝိဒ်သည် ဘာကြောင့် ကျေးဇူးပြုချင်သနည်း။
ယောနသန်အတွက်ကြောင့်ကျန်ကြွင်းသော ရှောလုအဆွေအမျိုး တစုံတယောက်အား ဒါဝိဒ်သည် ကျေးဇူးပြုလိုခြင်းဖြစ်သည်။

2 Samuel 9:3

ကျန်ကြွင်းသော ရှောလုအဆွေအမျိုး တစုံတယောက်အား ဒါဝိဒ်သည်ကျေးဇူးပြုချင်သည်ဟုမေးလျှင် ဇိဘသည် မည်သို့ပြန်ဖြေခဲ့သနည်း။
ဇိဘသည် ရှင်ဘုရင်အား ယောနသန်၌ ခြေဆွံ့သောသားတယောက် ရှိပါသေး၏ဟု ပြန်ဖြေခဲ့သည်။


generated on Sun Jun 30 02:37:40 2024

2 Samuel 9:5

ရှောလုမ္ဘာ၏အဆွေအမျိုးထဲတွင် ဘယ်သူသည် ကျန်ရစ်ခဲ့သနည်း။
ရှောလု၏သားဖြစ်သော ယောနသန်၏သား မေဖိဗောရှက်သည် ကျန်ရစ်ခဲ့သည်။

2 Samuel 9:7

ယောနသန်အတွက်မေဖိဗောရှက်အပေါ် ဒါဝိဒ်သည် မည်သို့ကျေးဇူးပြုခြင်းကိုပြခဲ့သနည်း။
ဒါဝိဒ်သည် မေဖိဗောရှက်အတွက်ရှောလုပိုင်သမျှသော မြေကိုပြန်ပေး၍နေ့တိုင်းအစဉ်သူ၏စားပွဲ၌ စားစေသည်။

2 Samuel 9:9

ဒါဝိဒ်သည် မေဖိဗောရှက်အတွက် မည်သည့်အရာကိုပြုလုပ်ပေးရန် ဇိဘအားပြောသနည်း။
ဒါဝိဒ်က မေဖိဗောရှက်နှင့်သူ့သားများ၊ သူ့ကျွန်များအဖို့ မေဖိဗောရှက်၏ လယ်ကိုလုပ်၍ အသီးအနှံများကို သူ့အဖို့ရိပ်သိမ်းရမည်ဟု ဇိဘကို ပြောခဲ့သည်။

2 Samuel 9:11

ဒါဝိဒ်သည် မေဖိဗောရှက်အား ကျေးဇူးပြုပြီးနောက်သူသည် ဘယ်နေရာတွင်နေထိုင်သနည်း။
မေဖိဗောရှက်သည် ယေရုရှလင်မြို့တွင်နေထိုင်လေသည်။

မေဖိဗောရှက်တွင် မည်သည့် ခန္ဓာပိုင်းဆိုင်ရာ ပြဿနာရှိသနည်း။
မေဖိဗောရှက်သည် ခြေနှစ်ဘက်ဆွံ့သောသူဖြစ်သည်။

## Chapter 10

1 ထိုနောက် အမ္မုန်ရှင်ဘုရင်သည် သေ၍ သားတော်ဟာနုန်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 2 ဒါဝိဒ်ကလည်း၊
ဟာနုန်အဘနာဟတ်သည် ငါ့အား ကျေးဇူးပြုသောကြောင့်၊ သူ၏သား၌ ကျေးဇူးပြုမည်ဟုဆိုလျက်၊ သူ၏အဘသေရာတွင်
နှစ်သိမ့်စေခြင်းငှါ ကျွန်တို့ကို စေလွှတ်၍၊ ဒါဝိဒ်၏ကျွန်တို့သည် အမ္မုန်ပြည်သို့ရောက်ကြ၏။ 3 အမ္မုန်အမျိုး မှူးမတ်တို့သည်
မိမိတို့အရှင် ဟာနုန်ထံသို့ဝင်၍၊ ဒါဝိဒ်သည် စိတ်တော်ကို နှစ်သိမ့်စေ သော သူတို့ကိုစေလွှတ်ရာတွင် ခမည်းတော်ကို
ရိုသေစွာပြုသည်ဟု ထင်မှတ်တော်မူသလော။ မြို့တော်ကိုစစ်ဆေးစူစမ်း၍ ဖျက်ဆီးခြင်း ငှါသာသူ၏ကျွန်တို့ကိုစေလွှတ်သည်
မဟုတ်လောဟု လျှောက်ကြ သော်။ 4 ဟာနုန်သည် ဒါဝိဒ်၏ကျွန်တို့ကို ယူပြီးလျှင်၊ မုတ်ဆိတ်တခြမ်းကိုရိတ်၍
အဝတ်ကိုတင်ပါးတိုင်အောင် ဖြတ်ပြီးမှ လွှတ်လိုက်လေ၏။ 5 ထိုသိတင်းကို ဒါဝိဒ်သည်ကြားသောအခါ၊ ထိုလူတို့သည်
အလွန်ရှက်သောကြောင့် သူတို့ကို ဆီးကြိုစေခြင်းငှါ စေလွှတ်၍၊ သင်တို့သည် မုတ်ဆိတ်မရှည်မှီတိုင်အောင် ယေရိခေါမြို့မှာ
နေကြလော့။ ထိုနောက်မှပြန်လာကြလော့ဟု မှာထားတော်မူ၏။ 6 အမ္မုန်အမျိုးသားတို့က၊ ငါတို့သည်ဒါဝိဒ်ရှေ့မှာ စက်ဆုပ်ရွံရှာဘွယ်
ဖြစ်လိမ့်မည်ဟု သိလျှင်၊ လူကို စေလွှတ်၍ ဗက်ရဟောဘမြို့နှင့် ဇောဘမြို့၌နေသော ရှုရိလူခြေသည် သူရဲနှစ်သောင်း၊
မာခမင်းကြီး၏ လူ တထောင်၊ တောဘမြို့သား တသောင်းနှစ်ထောင်တို့ကို ငှားကြ၏။ 7 ထိုသိတင်းကို ဒါဝိဒ်သည်ကြားလျှင်
ယွာဘနှင့် ခွန်အားကြီးသောသူရဲအလုံးအရင်းအပေါင်းကို စေလွှတ် ၏။ 8 အမ္မုန်အမျိုးသားတို့သည် ထွက်၍မြို့တံခါးဝမှာ
စစ်ခင်းကျင်းကြ၏။ ဇောဘမြို့၊ ရဟောဘမြို့၊ တောဘ မြို့မှလာသော ရှုရိလူနှင့် မာခါမင်းကြီး၏ လူတို့သည် လွင်ပြင်၌
တခြားစီနေကြ၏။ 9 ယွာဘသည်လည်း၊ ရှေ့၌၎င်း၊ နောက်၌၎င်း စစ်မျက်နှာနှစ်ဘက်ရှိသည်ကိုမြင်လျှင်၊ ဣသရေလလူတို့ တွင်
သန်မြန်သောသူရှိသမျှတို့ကို ရွေးကောက်၍ ရှုရိလူ တို့ တဘက်၌စစ်ခင်းကျင်း၏။ 10 ကြွင်းသောသူတို့ကို
အမ္မုန်အမျိုးသားတို့တဘက်၌ စစ်ခင်းကျင်း စေခြင်းငှါ၊ ညီအဘိရှဲလက်သို့ အပ်လျက်၊ 11 ရှုရိလူတို့သည် ငါ့ကိုနိုင်လျှင်
ငါ့အားကူရမည်။ အမ္မုန်အမျိုးသားတို့သည် သင့်ကိုနိုင်လျှင် သင့်အား ငါကူမည်။ 12 ရဲရင့်သောစိတ်ရှိ၍ ငါတို့လူမျိုး၊
ငါတို့ဘုရားသခင့်မြို့ရွာတို့အဘို့ အားထုတ်၍ တိုက်ကြကုန်အံ့။ ထာဝရဘုရားသည် အလိုတော်ရှိသည် အတိုင်းစီရင်တော်
မူစေသတည်းဟု ဆိုပြီးမှ၊ 13 သူ၌ပါသောလူများနှင့်တကွ ရှုရိလူတို့ကို စစ်တိုက်ခြင်းငှါ ချဉ်းသွားသောအခါ၊ ရှုရိလူတို့သည်
ပြေးကြ၏။ 14 ရှုရိလူတို့ပြေးသည်ကို အမ္မုန်အမျိုးသားတို့သည် မြင်လျှင်၊ သူတို့သည်လည်း အဘိရှဲရှေ့မှာပြေး၍ မြို့ထဲသို့
ဝင်ကြ၏။ ယွာဘသည်လည်း အမ္မုန်ပြည်မှ ထွက်၍ ယေရုရှလင်မြို့သို့ ပြန်သွားလေ၏။ 15 ရှုရိလူတို့သည်
ဣသရေလအမျိုးသားရှေ့မှာ မိမိတို့ရှုံးသည်ကို သိမြင်လျှင် တဖန်စည်းဝေးကြ၏။ 16 ဟာဒဒေဇာမင်းသည်လည်း စေလွှတ်၍၊
မြစ်တဘက်၌နေသော ရှုရိလူတို့ကိုခေါ်သဖြင့်၊ သူတို့သည် ဟေလံမြို့သို့ရောက်လာကြ၏။ ဟာဒဒေဇာခန့်ထားသော
ဗိုလ်ချုပ်မင်းရှောဗက်သည်လည်း အုပ်ရ၏။ 17 ထိုသိတင်းကိုကြားလျှင်၊ ဒါဝိဒ်သည် ဣသရေလအမျိုးသားအပေါင်းတို့ကို
စုဝေးစေ၍၊ ယော်ဒန်မြစ် ကို ကူးသဖြင့် ဟေလံမြို့သို့ ရောက်လေ၏။ ရှုရိလူတို့သည် ဒါဝိဒ်တဘက်၌ စစ်ခင်းကျင်း၍
တိုက်သောအခါ၊ 18 ဣသရေလအမျိုးသားရှေ့မှာ ပြေးကြ၏။ ဒါဝိဒ်သည်လည်း ရှုရိမြင်းရထားစီးသူရဲခုနစ်ထောင်၊ မြင်းသည်
သူရဲလေးသောင်းတို့ကို သတ်၍၊ ဗိုလ်ချုပ်မင်းရှောဗက် ကိုလည်း ထိခိုက်သဖြင့် သူသည် ထိုအရပ်၌ သေ၏။ 19 ဟာဒဒေဇာ၌
ကျွန်ခံသောမင်းကြီးအပေါင်းတို့သည် ဣသရေလအမျိုးနှင့် မိဿဟာယဖွဲ့၍ ကျွန်ခံ ကြ၏။ ထိုသို့ ရှုရိလူတို့သည် နောက်တဖန်
အမ္မုန်အမျိုးသားတို့ကို စစ်မကူဝံ့ကြ။

---

2 Samuel 01

ဟာနုန် ... နာဟတ်
ဤသည်မှာ အမျိုးသားတို့၏ အမည် ဖြစ်သည်။

ထင်မှတ်တော်မူသလော
ခေါင်းဆောင်များက အမ္မုန်ဘုရင်ကို ဒါဝိဒ်အား မယုံကြည်ရန် အကြံပြုသော မေးခွန်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သင့်အပေါ် ကောင်းသည်ဟု သင် အထင်မှားနေသည်။"

စစ်ဆေးစူစမ်း၍
တစ်ပါးသူ၏ အချက်အလက်ကို တိတ်တဆိတ် စုံစမ်းသည်။

မြို့တော်ကိုစစ်ဆေးစူစမ်း၍ ဖျက်ဆီးခြင်း ငှါသာသူ
ခေါင်းဆောင်များက အမ္မုန်ဘုရင်ကို ဒါဝိဒ်အား မယုံကြည်ရန် အကြံပြုသော မေးခွန်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည် သင့်မြို့တော်အား ပျက်ဆီးမည် သင်သိရန် လိုသည်။"

မြို့တော်ကို ... ဖျက်ဆီးခြင်း ငှါသာ
ဤတွင် "မြို့တော်" သည် အမ္မုန်လူမျိုးတို့ နေထိုင်သော မြို့တော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အား တိုက်ယူခြင်း အလိုငှါ"

 generated on Sun Jun 30 02:37:40 2024

မြို့တော်
ဤတွင် "မြို့တော်" သည် အမ္မုန်ပြည်၏ မြို့တော် ရဗ္ဗာမြို့ ကို ရည်ညွှန်းသည်။

2 Samuel 04

မုတ်ဆိတ်တခြမ်းကိုရိတ်၍
ဤသည်မှာ "အရှက်ကွဲ၊ နှိမ်ချလိုခြင်း အလို့ငှါ ပြုခြင်း ဖြစ်သည်။

အလွန်ရှက်သောကြောင့်
ဤတွင် "အလွန်" ကို အင်္ဂလိပ်ကျမ်းစာတွင် "နက်နက်နဲနဲ" ဟူ၍ သွယ်ဝိုက် သုံးနှုန်းထားသည်။

နောက်မှပြန်လာကြလော့
ဤတွင် သူတို့အား ယေရုရှလင်သို့ ပြန်လာသင့်သည်ကို နားလည်ရသည်။

2 Samuel 06

ငါတို့သည်ဒါဝိဒ်ရှေ့မှာ ဖြစ်လိမ့်မည်
"စက်ဆုပ်ရွံရှာဘွယ်" ဟူသော အသုံးအနှုန်းသည် "သူတို့သည် အတိုက်အခံ ဖြစ်လာကြသည်" ကို သွယ်ဝိုက် ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဒါဝိဒ်အဖို့ အနံ့ဆိုးကဲ့သို့ အတိုက်အခံ ဖြစ်လာသည်။"

ဗက်ရဟောဘ ... ဇောဘ ... မာခ ... တောဘ
ဤသည်မှာ မြို့များ၏ အမည်များ ဖြစ်ကြသည်။

နှစ်သောင်း၊ ... တထောင်၊ ... တသောင်းနှစ်ထောင်တို့
"၂၀,၀၀၀ ... ၁,၀၀၀ ... ၁၂,၀၀၀"

မြို့တံခါးဝမှာ
ဤတွင် "မြို့" သည် အမ္မုန်ပြည်၏ မြို့တော် ရဗ္ဗာမြို့ ကို ရည်ညွှန်းသည်။

2 Samuel 09

ယေဘုယျအချက်အလက်
ရှုရိလူတို့နှင့် အမ္မုန်လူတို့ တိုက်ပွဲ ဆက်လက် ဖြစ်ပွားနေသည်။

ကြွင်းသောသူတို့ကို အမ္မုန်အမျိုးသားတို့တစ်ဘက်၌ စစ်ခင်းကျင်း စေခြင်းငှါ၊ ညီအဘိရှဲလက်သို့ အပ်လျက်
ဒါဝိဒ်သည် ကျန်ကြွင်းသော စစ်တပ်ကို သူ့ ညီ အဘိရှဲအား ဦးဆောင်စေသည်။

2 Samuel 11

ယေဘုယျအချက်အလက်
ယွာဘသည် တိုက်ပွဲအတွက် စစ်တပ် အဆင်သင့်ပြင်သည်။

ငါ့ကိုနိုင်လျှင် အားကူရမည်။ ... သင့်ကိုနိုင်လျှင် သင့်အား ငါကူမည်။
ဤတွင် "ငါ" သည် ယွာဘ ကို ရည်ညွှန်းပြီး သူ၏ စစ်တပ်တို့အား ကိုယ်စားပြုသည်။ အဘိရှဲသည်လည်း မိမိ၏ စစ်တပ်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့တို့မနိုင်လျှင် သင်နှင့် သင်တပ်သည် ငါ့အား ကူရမည်။"

2 Samuel 13

အဘိရှဲရှေ့မှာ
ဤတွင် "အဘိရှဲ" သည် မိမိ၏ စစ်တပ်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဘိရှဲနှင့် သူ၏တပ်သားများထံမှ"

မြို့ထဲသို့
ဤတွင် "မြို့" သည် အမ္မုန်ပြည်၏မြို့တော် ရဗ္ဗာမြို့ ကို ရည်ညွှန်းသည်။

ယေရုရှလင်မြို့သို့ ပြန်သွားလေ၏
ယေရုရှလင်မြို့သို့ ပြန်လာသည်။

2 Samuel 15

ရှုရိလူတို့သည် ဣသရေလအမျိုးသားရှေ့မှာ မိမိတို့ရှုံးသည်ကို သိမြင်လျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "ရှုရိလူတို့သည် ဣသရေလတို့ထံ၌ စစ်ရှုံးသည်ကို သိမြင်သောအခါ"

ဟာဒဒေဇာ ... ရှောဗက်
ဤသည်မှာ အမျိုးသားတို့၏ အမည်များ ဖြစ်သည်။

မြစ်တစ်ဘက်၌
ဤသည်မှာ ဥဖရတ်မြစ်၏ အရှေ့ဘက်ခြမ်းကို ဆိုလိုသည်။

သူတို့သည် ဟေလံမြို့သို့ရောက်လာကြ၏
ဤတွင် "ရောက်လာကြ၏" သည် "လာကြသည်" သို့မဟုတ် "စုဝေးကြသည်" ဟု ပြန်ဆိုနိုင်သည်။

ဟေလံ
ဤသည်မှာ မြို့တစ်မြို့၏ အမည်ဖြစ်သည်။

အုပ်ရ၏
ဤသည်မှာ အုပ်ချုပ်ခွင့်ရ ရာထူး ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား ဦးဆောင်သည်။"

2 Samuel 17

ထိုသတင်းကိုကြားလျှင်
ဤသည်မှာ အပြုသဘော ဆောင်သော စာကြောင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည် ဤသတင်းကို ကြားသောအခါ"


generated on Sun Jun 30 02:37:40 2024

ဣလသရေလအမျိုးသားအပေါင်းတို့ကို စုဝေးစေ၍

ဤတွင် "ဣလသရေလ" သည် "ဣလသရေလစစ်တပ်" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလ စစ်သူရဲ အားလုံးကို စုစည်း၍"

ဟေလံ

ဤသည်မှာ မြို့တစ်မြို့၏ အမည် ဖြစ်သည်။

ဒါဝိဒ်တဘက်၌ စစ်ခင်းကျင်း၍ တိုက်သောအခါ

ဤတွင် "ဒါဝိဒ်" သည် ဣလသရေလ စစ်တပ်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့် သူ့စစ်တပ်၏ ရန်သူဖက်၌ နေ၍ တိုက်ခိုက်သည်။"

ဒါဝိဒ်သည်လည်း … သတ်၍

ဤတွင် "ဒါဝိဒ်" သည် ဣလသရေလစစ်အင်အားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့် သူစစ်သူရဲတို့သည် … သတ်သည်။"

ခုနစ်ထောင်၊ … လေးသောင်း

၇,၀၀၀ … ၄၀,၀၀၀

ဗိုလ်ချုပ်မင်းရှောဗက် ကိုလည်း ထိခိုက်သဖြင့် သူသည် ထိုအရပ်၌ သေ၏

ဤသည်ကို အပြုသဘောအနေဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလအမျိုးသားတို့သည် ဗိုလ်ချုပ်မင်းရှောဗက် အား ထိခိုက်သဖြင့် သူသည် ထိုအရပ်၌ သေ၏။"

ရှောဗက် … ဟာဒဒေဇာ

ဤသည်မှာ အမျိုးသားများ၏ အမည် ဖြစ်သည်။

saw that they were defeated by Israel

n/a

---

## Translation Questions

### 2 Samuel 10:1

ယခင်ဘုရင်သေပြီးနောက် ဘယ်သူသည် အမ္မုန်လူများ၏ရှင်ဘုရင်ဖြစ်လာသနည်း။

ယခင်ဘုရင်သေပြီးနောက် ဟာနုန်သည် အမ္မုန်လူများ၏ရှင်ဘုရင်ဖြစ်လာသည်။

ဒါဝိဒ်သည် ဟာနုန်အားကျေးဇူးပြုခြင်းကိုပြရန် မည်သို့ပြုလုပ်သနည်း။

ဒါဝိဒ်သည် ဟာနုန်အားကျေးဇူးပြုခြင်းကိုပြရန်သူ၏ကျွန်တို့ကို စေလွှတ်၍ နှစ်သိမ့်စေသည်။

ဒါဝိဒ်၏ဟာနုန်အပေါ်ကျေးဇူးပြုခြင်းကို အမ္မုန်အမျိုး မှူးမတ်တို့သည် မည်သို့ပြောသနည်း။

ဒါဝိဒ်၏ဟာနုန်အပေါ်ကျေးဇူးပြုခြင်းကို အမ္မုန်အမျိုး မှူးမတ်တို့သည်မြို့တော်ကိုစစ်ဆေးစူစမ်း၍ ဖျက်ဆီးခြင်း ငှာသာ သူ၏ကျွန်တို့ကိုစေလွှတ်သည်ဟုဆိုလေသည်။

### 2 Samuel 10:4

ဟာနုန်သည် သူ့ဆီသို့စေလွှတ်လိုက်သောဒါဝိဒ်၏ကျွန်များကို မည်သို့ပြုလုပ်သနည်း။

ဟာနုန်သည် သူ့ဆီသို့စေလွှတ်သော ဒါဝိဒ်၏ကျွန်များကို ယူပြီးမုတ်ဆိတ်တခြမ်းကိုရိတ်၍ အဝတ်ကိုတင်ပါးတိုင်အောင် ဖြတ်ပြီးမှ လွှတ်လိုက်လေသည်။

### 2 Samuel 10:6

အမ္မုန်အမျိုးသားတို့သည် ဘာကြောင့် ရှုရိလူခြေသည် သူရဲနှစ်သောင်း၊ မာခမင်းကြီး၏ လူ တထောင်၊ တောဘမြို့သား တသောင်းနှစ်ထောင်တို့ကို ငှားသနည်း။

အမ္မုန်အမျိုးသားတို့သည်ဒါဝိဒ်ရှေ့မှာ စက်ဆုပ်ရွံရှာဘွယ် ဖြစ်လိမ့်မည်ဟု သိသောကြောင့် ငှားခြင်းဖြစ်သည်။

အမ္မုန်အမျိုးသားတို့နှင့် ငှားထားသော စစ်သည်များ၏ နေရာသည် ဘယ်နေရာနည်း။

အမ္မုန်အမျိုးသားတို့သည်မြို့တံခါးဝမှာ စစ်ခင်းကျင်းကြ၍ ဇောဘမြို့၊ ရဟောဘမြို့၊ တောဘ မြို့မှလာသော ရှုရိလူနှင့် မာခါမင်းကြီး၏ လူတို့သည် လွင်ပြင်၌ တခြားစီနေရကြသည်။

အမ္မုန်အမျိုးသားတို့သည်စစ်သည်များကို ငှားထားသည် ကို ဒါဝိဒ်ကြားသောအခါ မည်သို့ပြုလုပ်သနည်း။

ဒါဝိဒ်သည်ကြားသောအခါယွာဘနှင့် ခွန်အားကြီးသောသူရဲအလုံးအရင်းအပေါင်းကို စေလွှတ်ခဲ့သည်။

### 2 Samuel 10:9

ယွာဘသည်စစ်ပွဲအတွက် ဘာကိုပြင်ဆင်ခဲ့သနည်း။

ယွာဘသည် စစ်ပွဲအတွက် ဣလသရေလလူတို့တွင် သန်မြန်သောသူရဲသမ္ဘတို့ကို ရွေးကောက်၍ ရှုရိလူတို့ တဘက်၌စစ်ခင်းကျင်းစေပြီး ကျန်သောသူများကို အမ္မုန်အမျိုးသားတို့တဘက်၌ စစ်ခင်းကျင်း စေရန် ညီအဘိရှဲလက်သို့ အပ်လေသည်။



generated on Sun Jun 30 02:37:40 2024

2 Samuel 10:13

ယွာဘထံမှ ရှုရိလူတို့နှင့်သူ၌ပါသောလူများ ပြေးသည်ကို အမ္မုန်အမျိုးသားတို့သည်မြင်သောအခါ ဘာလုပ်သနည်း။
ရှုရိလူတို့ပြေးသည်ကို အမ္မုန်အမျိုးသားတို့သည်မြင်သောအခါ သူတို့သည်လည်း အဘိရှဲထံမှပြေး၍ ယေရုရှလင်မြို့သို့ပြန်သွားလေသည်။

2 Samuel 10:15

ရှုရိလူတို့သည် ဣသရေလအမျိုးသားရှေ့မှာ ရှုံးသည်ကို သိမြင်သောအခါ မည်သို့ပြုကြသနည်း။
ရှုရိလူတို့သည် သူတို့အချင်းချင်းစည်းဝေးကြပြီး ဟာဒဒေဇာမင်းသည်လည်း စေလွှတ်၍၊ မြစ်တဘက်၌နေသော ရှုရိလူတို့ကိုခေါ်လေသည်။

2 Samuel 10:17

ရှုရိလူတို့သည် သူတို့အချင်းချင်းစည်းဝေးကြပြီး မြစ်တဘက်၌နေသော ရှုရိလူတို့ကိုခေါ်သည်ဟု ဒါဝိဒ်သည် ကြားသောအခါ မည်သို့ပြုလုပ်သနည်း။
ဒါဝိဒ်သည်သတင်းကိုကြားသောအခါ ဣသရေလအမျိုးသားအပေါင်းတို့ကို စုဝေးစေ၍၊ ယော်ဒန်မြစ်ကို ကူးပြီး ဟေလံမြို့သို့ ရောက်၍ ရှုရိလူတို့ကိုတိုက်လေသည်။

ဟာဒဒေဇာ၌ ကျွန်ခံသောမင်းကြီးအပေါင်းတို့သည် ဣသရေလအမျိုးများရှေ့မှာရှုံးသည်ကိုမြင်သောအခါ သူတို့သည် မည်သို့ပြုကြသနည်း။
ဟာဒဒေဇာ၌ ကျွန်ခံသောမင်းကြီးအပေါင်းတို့သည် ဣသရေလအမျိုးနှင့် မိဿဟာယဖွဲ့၍ ကျွန်ခံ ကြလေသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 11

1 အခါလည်၍ ရှင်ဘုရင်တို့သည် စစ်တိုက်ချိန် ရောက်သောအခါ၊ ဒါဝိဒ်သည် ယွာဘနှင့်ကျွန်များ၊ ဣသရေလ
အမျိုးသားများအပေါင်းတို့ကို စေလွှတ်သဖြင့်၊ သူတို့သည် အမ္မုန်အမျိုးသားတို့ကို တိုက်ဖျက်၍ ရဗ္ဗာ မြို့ကို ဝိုင်းထားကြ၏။
ဒါဝိဒ်သည် ကိုယ်တိုင်ယေရုရှလင်မြို့၌ နေလေ၏။ 2 နောက်တနေ့ညဦးယံ၌ ဒါဝိဒ်သည် လျောင်းစက်ရာမှထ၍ နန်းတော်မိုးပေါ်မှာ
စင်္ကြံသွာစဉ်တွင်၊ အလွန်အဆင်းလှသောမိန်းမတယောက် ရေချိုးသည်ကို မြင်တော်မူ၏။ 3 ထိုမိန်းမကား
အဘယ်သူနည်းဟုစေလွှတ်၍ မေးမြန်းလျှင်၊ ဧလျံသမီး၊ ဟိတ္တိလူဥရိယ၏မယား ဗာသ ရှေဘဖြစ်ပါသည်ဟု လျှောက်လေ၏။ 4
တဖန်လူကိုစေလွှတ်သဖြင့်၊ ထိုမိန်းမကို အထံတော်သို့ ခေါ်ခဲ့၍ ရှက်တင်လေ၏။ ထိုမိန်းမသည် မိမိအညစ်အကြေးနှင့်
စင်ကြယ်အောင်ပြု၍ မိမိအိမ်သို့ ပြန်ပြီးမှ၊ 5 ပဋိသန္ဓေရှိသဖြင့် ဒါဝိတ်ထံသို့လူကိုစေလွှတ်၍၊ကျွန်မ၌ ပဋိသန္ဓေရှိပါ၏ဟု
လျှောက်စေသော်၊ 6 ဒါဝိဒ်သည် ယွာဘဆီသို့ လူကိုစေလွှတ်၍ ဟိတ္တိလူ ဥရိယကို ငါ့ထံသို့ စေလွှတ်ရမည်ဟု မှာလိုက်သည် အတိုင်း၊
ယွာဘသည်စေလွှတ်၍၊ 7 ဥရိယရောက်လာသောအခါ ဒါဝိဒ်က၊ ယွာဘ ကျန်းမာ၏လော။ လူများကျန်းမာ၏လော။ စစ်တိုက်၍
အောင်မြင်သလောဟုမေးမြန်းပြီးမှ၊ 8 သင့်အိမ်သို့သွား၍ ခြေဆေးလော့ဟု မိန့်တော်မူသည်အတိုင်း၊ ဥရိယသည် နန်းတော်မှထွက်၍
သူ နောက်မှ ခဲဘွယ်စားဘွယ်ကို ရှင်ဘုရင် ပေးလိုက်လေ၏။ 9 သို့ရာတွင် ဥရိယသည် မိမိအိမ်သို့မသွားဘဲ၊
မိမိအရှင်၏ကျွန်အပေါင်းတို့နှင့်အတူ နန်းတော်တံခါးဝ၌ အိပ်လေ၏။ 10 ဥရိယသည် မိမိအိမ်သို့ မသွားကြောင်းကို
နားတော်လျှောက်လျှင် ဒါဝိဒ်က၊ သင်သည်ခရီးသွားရာမှ ရောက်လာသည်မဟုတ်လော။ သင့်အိမ်သို့ အဘယ်ကြောင့်
မသွားဘဲနေသနည်းဟု ဥရိယကိုမေးသော်၊ 11 ဥရိယက၊ သေတ္တာတော်နှင့်ဣသရေလအမျိုး၊ ယုဒအမျိုးသားတို့သည် တဲ၌နေကြပါ၏။
သခင်ယွာဘနှင့် သခင်၏ကျွန်များတို့သည် လွင်ပြင်၌တည်းရကြပါ၏။ ကျွန်တော်သည် ကိုယ်အိမ်သို့သွား၍ စားသောက်လျက်
မယားနှင့် ပျော်မွေ့လျက်နေသင့်ပါမည်လော။ ကိုယ်တော် အသက်ရှင်တော်မူသည်အတိုင်း၊ ထိုသို့ကျွန်တော် မပြုပါဟု ဒါဝိဒ်အား
လျှောက်လေ၏။ 12 ဒါဝိဒ်ကလည်း၊ ဤမြို့၌ ယနေ့နေဦးလော့။ နက်ဖြန်နေ့ ငါလွှတ်လိုက်မည်ဟုမိန့်တော်မူသည်အတိုင်း၊
ဥရိယသည်ထိုနေ့၊ နက်ဖြန်နေ့၊ ယေရုရှလင်မြို့၌နေ၏။ 13 ဒါဝိဒ်သည်လည်း ဥရိယကိုခေါ်၍ ရှေ့တော်၌ စားသောက်လျက်
ယစ်မူးသည်တိုင်အောင်သောက်ရ၏။ သို့သော်လည်း ညဦးမှာမိမိအိမ်သို့ မသွားဘဲ၊ အရှင်၏ ကျွန်တို့နှင့်အတူ အိပ်ခြင်းငှါ
ထွက်သွားလေ၏။ 14 နံနက်မှာ ဒါဝိဒ်သည် မှာစာကိုရေး၍ ဥရိယ လက်တွင် ယွာဘသို့ ပေးလိုက်၏။ 15 မှာစာချက်ဟူမူကား၊
ကျပ်တည်းစွာစစ်တိုက်ရာ တပ်ဦး၌ ဥရိယကို ခန့်ထားပြီးမှ၊ သူသည် ရန်သူလက်သို့ ရောက်၍ သေစေခြင်းငှါ တပ်များကို
ရုပ်သိမ်းလော့ဟု ပါသတည်း။ 16 အမိန့်တော်အတိုင်း ယွာဘသည်မြို့ကို ကြည့်ရှုပြီးမှ၊ ခွန်အားကြီးသော သူရဲရှိရာအရပ်၌ ဥရိယကို
ခန့်ထားလေ၏။ 17 မြို့သားတို့သည် ထွက်၍ယွာဘနှင့် စစ်ပြိုင်သောအခါ၊ ဒါဝိဒ်၏ကျွန်အချို့တို့သည် သေကြ၏။
ဟိတ္တိလူဥရိယသည်လည်း သေ၏။ 18 ထိုနောက်ယွာဘသည် စစ်သိတင်းအလုံးစုံကို ဒါဝိဒ်အားကြား လျှောက်စေခြင်းငှါ လူကိုခေါ်၍၊
19 သင်သည်ရှင်ဘုရင်ထံတော်၌ စစ်သိတင်းကို အကုန်အစင်ကြား လျှောက်ပြီးလျှင်၊ 20 ရှင်ဘုရင်သည် အမျက်တော်ထွက်၍၊
သင်တို့သည် စစ်ပြိုင်သောအခါ၊ မြို့အနီးသို့ အဘယ်ကြောင့် ချဉ်းကပ်ကြသနည်း။ မြို့ရိုးပေါ်က ပစ်မည်ကို မသိလော။ 21
ယေရုဗ္ဗေရှက်သား အဘိမလက်ကို အဘယ်သူ လုပ်ကြံသနည်း။ သေဗက်မြို့မှာ မိန်းမတယောက်သည် ကြိတ်ဆုံကျောက်တဖဲ့ကို
မြို့ရိုးပေါ်ကပစ်ချ၍ အဘိမ လက်သေသည်မဟုတ်လော။ မြို့ရိုးအနီးသို့ အဘယ် ကြောင့် ချဉ်းကပ်ကြသနည်းဟု မိန့်တော်မူလျှင်၊
ကိုယ်တော်၏ ကျွန်ဟိတ္တိလူ၊ ဥရိယသေကြောင်းကို လျှောက်ရ မည်ဟု မှာထား၍ စေလွှတ်လေ၏။ 22 ယွာဘမှာထားသည်အတိုင်း
ထိုတမန်သည် သွား၍ ဒါဝိဒ်အား ကြားလျှောက်သည်ကား၊ 23 ရန်သူတို့သည် အမှန်စင်စစ် ကျွန်တော်တို့ကို နိုင်သဖြင့်၊
လွင်ပြင်တိုင်အောင်လိုက်၍ တိုက်ကြပါ၏။ ကျွန်တော်တို့သည်လည်း မြို့တံခါးဝတိုင်အောင် လှန်၍ တိုက်ကြပါ၏။ 24
လေးသမားတို့သည် မြို့ရိုးပေါ်က ကိုယ်တော် ကျွန်တို့ကို ပစ်၍ ကိုယ်တော်ကျွန်အချို့သေကြပါ၏။ ကိုယ်တော်ကျွန်ဟိတ္တိလူ၊
ဥရိယသည်လည်း သေပါ၏ဟု လျှောက်လျှင်၊ 25 ဒါဝိဒ်ကလည်း၊ ဤအမှုကြောင့် စိတ်မပျက်နှင့်။ စစ်တိုက်ပွဲတွင်
တယောက်တလှည့်သေတတ်၏။ အားယူ ၍ မြို့ကိုကျပ်တည်းစွာ တိုက်လျက်လုပ်ကြံတိုက်ဖျက် ကြလော့ဟု တမန်အားဖြင့် ယွာဘကို
မှာလိုက်လေ၏။ 26 ဥရိယသေကြောင်းကို သူ၏မယားကြားသောအခါ၊ ခင်ပွန်းကြောင့် ငိုကြွေးမြည်တမ်းလျက် နေ၏။ 27
ငိုကြွေးမြည်တမ်းချိန် လွန်မှ၊ ဒါဝိဒ်သည် လူကို စေလွှတ၍ ထိုမိန်းမကို နန်းတော်သို့ခေါ်စေသဖြင့်၊ သူသည် မိဖုရားအဖြစ်သို့ ရောက်၍
သားယောကျ်ားကို ဘွားမြင်လေ၏။ သို့ရာတွင် ဒါဝိဒ်ပြုသောအမှုသည် ထာဝရဘုရားရှေ့တော်၌ ဆိုးသောအမှုဖြစ်သတည်း။



generated on Sun Jun 30 02:37:40 2024

## Chapter 12

1 နောက်တဖန် ထာဝရဘုရားသည် ပရောဖက် နာသန်ကို ဒါဝိဒ်ထံသို့ စေလွှတ်တော်မူသဖြင့်၊ နာသန် သည်ဝင်၍၊ အရှင်မင်းကြီး၊
ဤမည်သောမြို့တွင် သူဌေးတဦး၊ ဆင်းရဲသားတဦးရှိပါ၏။ 2 သူဌေးသည် အလွန်များစွာသော သိုးနွားမှ စသည်တို့နှင့်
ကြွယ်ဝပြည့်စုံပါ၏။ 3 ဆင်းရဲသားမူကား၊ မိမိဝယ်၍ မွေးစားသော သိုးမကလေးတကောင်တည်းမှ တပါးတခြားသော ဥစ္စာ မရှိပါ။
ထိုသိုးမကလေးသည် အရှင်နှင့်၎င်း၊ အရှင်၏ သားသမီးတို့နှင့်၎င်း ပေါင်း၍ ကြီးပွား၏။ အရှင်၏ အစာကို စားတတ်၏။
အရှင်၏ရေခွက်၌သောက်တတ်၏။ အရှင်၏ ရင်ခွင်၌ အိပ်၍ သမီးကဲ့သို့ ဖြစ်၏။ 4 သူဌေးအိမ်သို့ ဧည့်သည်တဦးရောက်၍
သူဌေးသည် ဧည့်သည်ကို လုပ်ကျွေးဘို့ မိမိသိုးနွားများကို နှမြော သောကြောင့် မယူ၊ ဆင်းရဲသား၏သိုးမကလေးကိုယူ၍ ဧည့်သည်ကို
လုပ်ကျွေးဘို့ ချက်ပါသည်ဟု လျှောက်လေသော်၊ 5 ဒါဝိဒ်သည် ထိုသူဌေးကိုပြင်းစွာအမျက်ထွက်၍၊ ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း ထိုသို့ ပြုသောသူသည် အမှန်သေရမည်။ 6 ကရုဏာစိတ်မရှိဘဲထိုအမှုကိုပြုသောကြောင့်၊
ထိုသိုးမကလေးအတွက် လေးဆပြန်ပေးရမည်ဟု မိန့် တော်မူ၏။ 7 နာသန်ကလည်း၊ ထိုသူသည်ကား အခြားသူမဟုတ်။ ကိုယ်တော်ပင်
ဖြစ်ပါ၏။ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် ဘိသိက်ပေး၍ သင့်ကို
ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထားပြီ။ ရှောလုလက်မှလည်း ကယ်လွှတ်ပြီ။ 8 သင့်သခင်၏ အဆွေအမျိုးကို၎င်း၊ သင့်သခင်၏
မယားတို့ကို၎င်း၊ သင်၏ရင်ခွင်၌ ငါအပ်ပေးပြီ။ ဣသ ရေလအမျိုးနှင့် ယုဒအမျိုးကို ငါပေးပြီ။ ထိုအရာများ မလောက်လျှင်
အခြားတပါးသောအရာရာတို့ကို ပေးခြင်း ငှါ ငါအလိုရှိ၏။ 9 သင်သည်ထာဝရဘုရား၏ ပညတ်တရားတော်ကို မထီမဲ့မြင်ပြု၍
ရှေ့တော်၌ဒုစရိုက်ကို အဘယ်ကြောင့် ပြုဘိသနည်း။ ဟိတ္တိလူ၊ ဥရိယ၏အသက်ကို ထားဖြင့်သတ်၍ သူ၏မယားကို
သိမ်းလေပြီတကား။ ထိုသူကို အမ္မုန်အမျိုးသား ထားနှင့်သတ်လေပြီတကား။ 10 ယခုမှာသင်သည် ငါ့ကို မထီမဲ့မြင်ပြု၍ ဟိတ္တိလူ၊
ဥရိယ၏မယားကို သိမ်းသောကြောင့်၊ သင့်အဆွေအမျိုးတို့သည် ထားဘေးနှင့်အစဉ် တွေ့ကြုံရကြလိမ့်မည်။ 11
ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်၌ ရန်ဘက်ပြုသော သူကို သင်၏အဆွေအမျိုးတို့အထဲက ငါပေါ်စေမည်။
သင့်မျက်မှောက်တွင် သင်၏မယားတို့ကို ငါယူ၍ သင့်အိမ်နီးချင်း၌အပ်သဖြင့်၊ သူသည် နေရှေ့မှာ သင်၏မယားတို့နှင့်
ပေါင်းဘော်လိမ့်မည်။ 12 သင်သည် ဤအမှုကိုမထင်မရှားပြုသော်လည်း၊ နေရှေ့မှာ ငါလုန်ပြမည်ဟု ထာဝရဘုရားမိန့်တော် မူသော
စကားကိုပြန်ကြားလေ၏။ 13 ဒါဝိဒ်ကလည်း၊ ငါသည် ထာဝရဘုရားကို ပြစ်မှားပါပြီဟု နာသန်အား ဝန်ချ၍ နာသန်က၊ အသက်
တော်ကို ချမ်းသာစေခြင်းငှါ၊ ထာဝရဘုရားသည် ကိုယ်တော်အပြစ်ကို ပယ်တော်မူပြီ။ 14 သို့သော်လည်း ကိုယ်တော်သည်
ထိုသို့ပြစ်မှား သောအားဖြင့်၊ ကဲ့ရဲ့စရာအခွင့်ကြီးကို ထာဝရဘုရား၏ ရန်သူတို့အားပေးသောကြောင့်၊ ယခုမြင်သောသားသည်
ဆက်ဆက်သေရမည်ဟု ဒါဝိဒ်အားလျှောက် ဆိုပြီးလျှင်၊ 15 နန်းတော်မှ ထွက်သွားသောနောက်၊ ထာဝရဘုရားသည်
ဒဏ်ခတ်တော်မူသဖြင့်၊ ဥရိယမယားတွင် ဘွားမြင်သော ဒါဝိဒ်၏သားသည် ပြင်းစွာသော ဝေဒနာကို ခံရ၏။ 16 ဒါဝိဒ်သည်
သူငယ်အတွက် ထာဝရဘုရားအား တောင်းပန်လေ၏။ အစာကိုရှောင်လျက်၊ အထဲသို့ဝင်၍ တညဉ့်လုံးမြေပေါ်မှာ အိပ်လျက်နေ၏။ 17
နန်းတော်သား အသက်ကြီးသူတို့သည်ထ၍ ကိုယ်တော်ကို ချီကြွအံ့သောငှါ ချဉ်းကပ်ကြသော်လည်း၊ ဒါဝိဒ်သည် ငြင်းပယ်၍
သူတို့နှင့်အတူ အစာမစားဘဲနေ၏။ 18 ခုနစ်ရက်စေ့သော် သူငယ်သေ၏။ ဒါဝိဒ်၏ ကျွန်တို့ကလည်း၊ သူငယ်အသက်ရှင်စဉ်အခါ ငါတို့
လျှောက်သော စကားကိုနားထောင်တော်မမူသည်ဖြစ်၍၊ သူငယ်သေကြောင်းကို လျှောက်လျှင် အလွန်ကိုယ်ကို
ကိုယ်ညှဉ်းဆဲတော်မူလိမ့်မည်ဟုဆိုလျက် သူငယ် သေကြောင်းကို မလျှောက်ဝံ့ကြ။ 19 သို့ရာတွင် ကျွန်တို့သည်
တိုးတိုးပြောသောစကားကို ဒါဝိဒ်သည် ကြားလျှင်၊ သူငယ်သေကြောင်းကို ရိပ်မိသဖြင့်၊ သူငယ်သေပြီလောဟု ကျွန်တို့ကို
မေးတော်မူ၏။ သူတို့ကလည်းသေပါပြီဟု လျှောက်ကြ၏။ 20 ထိုအခါ ဒါဝိဒ်သည် မြေမှထ၍ ရေချိုးခြင်း၊ ဆီလိမ်းခြင်း၊
အဝတ်လဲခြင်းကို ပြုပြီးလျှင်၊ ထာဝရဘုရား ၏ အိမ်တော်သို့သွား၍ ကိုးကွယ်၏။ ထိုနောက် နန်းတော်သို့ ပြန်လာ၍
စားစရာကိုတောင်းသောအခါ၊ ကျွန်တို့ သည် စားပွဲတော်ကိုပြင်၍ မင်းကြီးသည် စားတော်မူ၏။ 21 ကျွန်တို့ကလည်း၊ ကိုယ်တော်သည်
အဘယ်သို့ ပြုတော်မူသနည်း။ သူငယ်အသက်ရှင်စဉ်အခါ၊ သူငယ် အတွက် အစာရှောင်လျက် ငိုကြွေးလျက် နေတော်မူ၏။
သူငယ်သေသောအခါထ၍ စားတော်ခေါ်ပါသည်တကားဟု လျှောက်လျှင်၊ 22 ဒါဝိဒ်က၊ သူငယ်အသက်ရှင်စဉ်အခါ ဘုရားသခင်သည်
ငါ့ကို သနားတော်မူ၍၊ သူငယ်အသက်ကို ချမ်းသာပေးတော်မမူမည်ကို အဘယ်သူ ဆိုနိုင်သနည်းဟု အောက်မေ့လျက် ငါသည်
အစာရှောင်၍ ငိုကြွေး လျက်နေ၏။ 23 ယခုမှာသူငယ်သေပြီ။ အဘယ်ကြောင့် အစာရှောင်ရမည်နည်း။ သူငယ်ကိုပြန်၍
ဆောင်ခဲ့နိုင်သလော။ သူရှိရာသို့ ငါသွားရမည်။ သူသည် ငါရှိရာသို့ မပြန်မလာ ရဟု မိန့်တော်မူ၏။ 24 တဖန်ဒါဝိဒ်သည်
ခင်ပွန်းဗာသရှေဘကို နှစ်သိမ့်စေသဖြင့်၊ သူ့ထံသို့ဝင်၍ ဆက်ဆံလေ၏။ သူ သည်လည်း သားယောကျ်ားကို ဘွားမြင်၍
ရှောလမုန်အမည်ဖြင့် အဘမှည့်လေ၏။ 25 ထာဝရဘုရားသည် ထိုသူငယ်ကိုချစ်၍ ကျေးဇူးပြုတော်မူသဖြင့်၊ ပရောဖက်နာသန်ကို
စေခိုင်း၍ ယေဒိဒိ အမည်ဖြင့် မှည့်တော်မူ၏။ 26 ယွာဘသည်လည်း အမ္မုန်ပြည်၊ ရဗ္ဗာမြို့ကို တိုက်၍ မြို့တော်ကို ရပြီးမှ၊ 27
ဒါဝိဒ်ထံတော်သို့လူကို စေလွှတ်၍၊ ကျွန်တော်သည် ရဗ္ဗာမြို့ကို တိုက်၍ ကန်တော်ရှိရာမြို့ကိုရပါပြီ။ 28 ယခုမှာကြွင်းသော လူတို့ကို
စုဝေးစေသဖြင့်၊ မြို့နားမှာ တပ်တော်ချ၍ တိုက်ယူတော်မူပါ။ သို့မဟုတ် ကျွန်တော်ယူ၍ ကျွန်တော်အမည်ဖြင့် မြို့ကို သမုတ်ကြ

 generated on Sun Jun 30 02:37:40 2024

လိမ့်မည်ဟု လျှောက်လျှင်၊ 29 ဒါဝိဒ်သည် လူအပေါင်းတို့ကို စုဝေးစေသဖြင့်၊ ရဗ္ဗာမြို့သို့ ချီသွား၍ တိုက်ယူလေ၏။ 30
မင်းကြီး၏သရဖူကို ချွတ်ယူ၍ ခေါင်းတော်ပေါ် မှာတင်ကြ၏။ သရဖူအချိန်ကား ကျောက်မြတ်ကို မဆိုဘဲ
ရွှေအခွက်တဆယ်ရှိသတည်း။ မြို့၌လုယူသော ဥစ္စာ အများကိုလည်း ထုတ်လေ၏။ 31 မြို့သားတို့ကိုလည်း ထုတ်ဆောင်၍
လွှတိုက်မှု၊ သံထွန်၊ သံပုဆိန်နှင့်အလုပ်မှုကို လုပ်စေ၍ အုတ်ဖို၌ လည်း ကျင်လည်စေ၏။ ထိုသို့ ဒါဝိဒ်သည် အမ္မုန်မြို့သူ
ရွာသားအပေါင်းတို့၌ ပြုပြီးမှ၊ လူအပေါင်းတို့နှင့်အတူ ယေရုရှင်လင်မြို့သို့ ပြန်လေ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 13

1 ဒါဝိဒ်၏သား အဗရှလုံ၌ တာမာအမည်ရှိသော အဆင်းလှသော နှမတယောက်ရှိ၏။ ဒါဝိဒ်၏သား အာမနုန်သည် ထိုနှမကို
ချစ်လေ၏။ 2 ချစ်အားကြီးသောကြောင့် နာ၍နေ၏။ နှမတော်သည် အပျိုကညာဖြစ်၏။ သူ၌အဘယ်သို့ အလို ပြည့်စုံမည်ကို
အာမနုန်သည် ကြံ၍မရနိုင်။ 3 ဒါဝိဒ်အစ်ကို ရှိမာသား ယောနဒပ်သည် အာမနုန်၏ အဆွေခင်ပွန်းဖြစ်၏။ ထိုယောနဒပ်သည်
လိမ္မာသောသူဖြစ်၏။ 4 ကိုယ်တော်သည် ရှင်ဘုရင်၏ သားတော်ဖြစ်လျက် အဘယ်ကြောင့် တနေ့ထက်တနေ့ ပိန်ချုံးတော်မူ သနည်း။
ကျွန်တော်ကို မပြောချင်သလောဟု မေးလျှင်၊ အာမနုန်က၊ ငါ့ညီအဗရှလုံ၏ နှမတာမာကို တပ်သော စိတ်ရှိသည်ဟု ပြန်ပြော၏။ 5
ယောနဒပ်ကလည်း၊ ခုတင်ပေါ်မှာ တုံးလုံးနေ၍ နာဟန်ဆောင်ပါ။ ခမည်းတော်သည် အကြည့်အရှု ကြွလာတော်မူသောအခါ၊
အကျွန်ုပ်နှမတာမာလာ၍ ကျွေးမွေးပါစေ။ သူချက်သော စားစရာကို အကျွန်ုပ်သည် မြင်၍ သူလက်၌စားရမည်အကြောင်း၊
အကျွန်ုပ်ရှေ့မှာ ချက်ပါစေဟု အခွင့်တောင်းရမည်ဟု အကြံပေးသည် အတိုင်း၊ 6 အာမနုန်သည် တုံးလုံးနေ၍ နာဟန်ပြု၏။
ရှင်ဘုရင်သည် အကြည့်အရှုကြွလာတော်မူသောအခါ၊ အာမနုန်က၊ အကျွန်ုပ်နှမတာမာလာပါစေ။ သူလက်၌ အကျွန်ုပ်သည်
စားရမည်အကြောင်း၊ အကျွန်ုပ်ရှေ့မှာ မုန့်ပြားနှစ်ပြားကို လုပ်ပါစေဟု ရှင်ဘုရင်အား အခွင့်တောင်းလေ၏။ 7 ဒါဝိဒ်သည်လည်း
တာမာအိမ်သို့ လူကို စေလွှတ်၍၊ သင်၏မောင် အာမနုန်အိမ်သို့ သွားပြီးလျှင် စားစရာကို ချက်ပေးပါဟု မှာလိုက်သည်အတိုင်း၊ 8
တာမာသည် မောင်အာမနုန်အိမ်သို့ သွား၍ အာမနုန်သည် တုံးလုံးနေ၏။ တာမာသည် မုန့်ညက်ကို ယူ၍ နယ်ပြီးမှ၊ မောင်ရှေ့မှာ
မုန့်ပြားတို့ကို လုပ်၍ ဖုတ် လေ၏။ 9 ပုကန်ပြားကိုလည်းယူ၍ အာမနုန်ရှေ့မှာ လောင်းထားသော်လည်း သူသည်မစားဘဲ လူအပေါင်း
တို့ကို ငါ့ထံမှ ထွက်သွားစေဟုဆိုသဖြင့်၊ လူအပေါင်းတို့သည် ထွက်သွားကြ၏။ 10 တာမာအားလည်း၊ သင့်လက်၌ ငါစားရအောင်
အခန်းထဲသို့ ယူခဲ့လော့ဟုဆိုသည်အတိုင်း၊ တာမာသည် မိမိလုပ်သော မုန့်ပြားတို့ကို ယူ၍ မောင်အာမနုန်ရှိရာ အခန်းထဲသို့ဝင်လေ၏။
11 ထိုသို့အာမနုန်စားစရာဘို့ ယူခဲ့သောအခါ၊ သူသည် နှမလက်ကို ဆွဲ၍၊ ငါ့နှမ၊ ငါနှင့်အိပ်ပါဟု ဆို၏။ 12 တာမာကလည်းမပြုပါနှင့်
ငါ့မောင်။ ငါ့ကိုမရှုတ်ချပါနှင့်။ ဣသရေလအမျိုး၌ ဤသို့သောအမှုကို မပြု သင့်၊ ဤအမှုဆိုးကို မပြုပါနှင့်။ 13 ပြုလျှင်ငါသည်
ရှက်ခြင်းနှင့် အဘယ်သို့ ကင်းလွတ်မည်နည်း။ သင်သည်လည်း ဣသရေလအမျိုး၌ လူမိုက်ကဲ့သို့ဖြစ်လိမ့်မည်။ သို့ဖြစ်၍ ရှင်ဘုရင်ကို
လျှောက်ပါလော့။ လျှောက်လျှင်မပေးစားဘဲ နေတော် မမူပါဟု ပြောဆိုသော်လည်း၊ 14 အာမနုန်သည် နားမထောင်။
နှမထက်အားကြီးသဖြင့် အနိုင်ပြု၍ အိပ်လေ၏။ 15 တဖန်အာမနုန်သည် နှမကိုအလွန်မုန်းပြန်၏။ အရင်ချစ်အား ကြီးသည်ထက်
မုန်းအားသာ၍ကြီးသဖြင့်၊ သင်ထ၍သွားတော့ဟုဆို၏။ 16 နှမကလည်း အကြောင်းမရှိပါ။ ငါ၌ပြုဘူးသောအပြစ်ထက်
ယခုနှင်ထုတ်သော အပြစ်သာ၍ ကြီးသည် ဟု ဆိုသော်လည်း၊ အာမနုန်သည် နားမထောင်။ 17 အစေခံကျွန်တယောက်ကို ခေါ်၍
ဤမိန်းမကို နှင်ထုတ်လော့။ သူနောက်မှာ တံခါးကျင်ထိုးလော့ဟု စီရင်၏။ 18 အပျိုကညာဖြစ်သော ရှင်ဘုရင်၏ သမီးတော်
ဝတ်တတ်သည်အတိုင်း၊ အဆင်းအရောင်ထူးခြားသော အဝတ်ကိုဝတ်လျက်ရှိသော တာမာကို အစေခံကျွန်သည် နှင်ထုတ်၍
သူနောက်မှာ တံခါးကျင်ထိုးလေ၏။ 19 တာမာသည်လည်း ခေါင်းပေါ်မှာ ပြာကိုတင်၍ အဆင်းအရောင်ထူးခြားသော
အဝတ်ကိုဆုတ်ပြီးမှ၊ ခေါင်းပေါ်၌ လက်တင်၍ ငိုကြွေးလျက် ပြန်သွား၏။ 20 မောင်ရင်းအဗရှလုံကလည်း၊ ငါ့အစ်ကိုအာမနုန်သည်
သင်နှင့်အတူရှိပြီလော။ သို့သော်လည်း ငါ့နှမ တိတ်ဆိတ်စွာ နေလော့။ သူသည် သင်၏မောင်ဖြစ်၏။ ဤအမှုကိုမမှတ်နှင့်ဟုဆိုသော်၊
တာမာသည် မိမိမောင် အဗရှလုံအိမ်၌ ဆိတ်ညံ့စွာနေ၏။ 21 ဒါဝိဒ်မင်းကြီးသည် ထိုအမှုအလုံးစုံကို ကြားသိသောအခါ၊
အလွန်အမျက်ထွက်၏။ 22 အဗရှလုံသည် အစ်ကိုအာမနုန်အား ကောင်းသောစကား၊ မကောင်းသောစကားကိုမပြော။ သို့ရာတွင်
နှမတာမာကို ရှုတ်ချသောကြောင့် အငြိုးထား၏။ 23 ထိုနောက် နှစ်နှစ်စေ့သောအခါ အဗရှလုံသည် ဧဖရိမ်မြို့အနား၊
ဗာလဟာဇော်ရွာမှာ သိုးမွေးညှပ်ပွဲကို ခံ၍ ရှင်ဘုရင်၏သားတော်အပေါင်းတို့ကို ခေါ်ဘိတ်လေ၏။ 24 အဗရှလုံသည်လည်း
ရှင်ဘုရင်ထံတော်သို့သွား၍၊ ကိုယ်တော်ကျွန်သည် သိုးမွေးညှပ်ပွဲကို ခံပါ၏။ ကျွန်များ တို့ကို ခေါ်၍ကိုယ်တော်ကျွန်နှင့်အတူ
ကိုယ်တော်တိုင် ကြွတော်မူပါဟု လျှောက်လျှင်၊ 25 ရှင်ဘုရင်ကမသွားသင့်ငါ့သား၊ လူအပေါင်းတို့ကို မသွားစေနှင့်။ စရိတ်များမည်ကို
စိုးရိမ်စရာရှိသည်ဟု ဆိုသဖြင့်၊ အဗရှလုံသွေးဆောင်သော်လည်း ကိုယ်တော်တိုင် မလိုက်ဘဲ ကောင်းကြီးပေး၏။ 26
အဗရှလုံကလည်း၊ လိုက်တော်မမူလျှင်၊ နောင်တော်အာမနုန် လိုက်ရသောအခွင့်ကို ပေးတော်မူပါဟု လျှောက်ပြန်သော်၊ ရှင်ဘုရင်က
အဘယ်ကြောင့် လိုက်စေရမည်နည်းဟု ဆိုသော်လည်း၊ 27 အဗရှလုံ ပူဆာသောကြောင့် အာမနုန်မှစ၍ သားတော်ရှိသမျှ
လိုက်ရသောအခွင့်ကို ပေးတော်မူ၏။ 28 အဗရှလုံကလည်း၊ အာမနုန်သည် စပျစ်ရည်ကို သောက်၍ ရွှင်လန်းသောအခါ စောင့်နေကြ။
အာမနုန် ကို ထိုးခုတ်ကြဟု ငါဆိုသောအခါ၊ သေအောင်လုပ်ကြံကြ။ မစိုးရိမ်ကြနှင့်။ ငါစီရင်သည်မဟုတ်လော။ အားယူ၍
ရဲရင့်ခြင်းရှိကြလော့ဟု မိမိကျွန်တို့အား မှာထားနှင့်သည် အတိုင်း၊ 29 သူတို့သည် အာမနုန်ကို ပြုကြ၏။ ထိုအခါ ရှင်ဘုရင်၏
သားတော်အပေါင်းတို့သည် ထ၍ လားကို စီးလျက် ပြေးသွားကြ၏။ 30 သူတို့မရောက်မှီအခြားသူလာ၍၊ အဗရှလုံသည်
အရှင်မင်းကြီး၏သားတော်အပေါင်းတို့ကို သတ်ပါပြီ။ တယောက်မျှမကျန်ကြွင်းပါဟု နားတော်လျှောက်လေ၏။ 31
ရှင်ဘုရင်သည်ထ၍ အဝတ်တော်ကို ဆုတ်လျက် မြေပေါ်မှာ တုံးလုံးနေ၏။ ကျွန်တော်အပေါင်းတို့ သည်လည်း၊ မိမိတို့အဝတ်ကို
ဆုတ်လျက် အနားတော်၌ နေကြ၏။ 32 ဒါဝိဒ်အစ်ကိုရှိမာ၏ သားယောနဒပ်က၊ အရှင်မင်းကြီး၏ သားတော်အပေါင်းတို့ကို

သတ်လေပြီဟူသော စကားကို ယုံတော်မမူပါနှင့်။ အာမနုန်တယောက်တည်းသာ သေပါပြီ။ အဗရှလုံနှမတာမာကို အာမနုန်သည်
ရှုတ်ချသောနေ့မှစ၍ ဤအမှုကိုသူ၏ မောင်စီရင်ပါပြီ။ [33] ယခုမှာ ကျွန်တော်သခင်အရှင်မင်းကြီး၏ သားတော်အပေါင်းတို့သည်
သေကြပြီဟုထင်လျက် စိတ် ညှိုးငယ်တော် မမူပါနှင့်။ အာမနုန်တယောက်တည်းသာ သေ၍ အဗရှလုံလည်း ပြေးပါလိမ့်မည်ဟု
လျှောက်လေ ၏။ [34] ထိုအခါကင်းစောင့်လုလင်သည် မျှော်ကြည့်၍၊ မိမိ နောက်၌ တောင်ခြေရင်းလမ်းမှာ လူများလာသည်ကို မြင်၏။
[35] ယောနဒပ်ကလည်း၊ အရှင်မင်းကြီး၏သားတော်တို့သည် လာကြပါပြီ။ ကိုယ်တော်ကျွန်ပြောသောစကား မှန်ပါ၏ဟု လျှောက်သည်
အဆုံး၌၊ [36] ရှင်ဘုရင်၏သားတော်တို့သည် ရောက်လာ၍ အသံကိုလွှင့်လျက် ငိုကြွေးကြ၏။ ရှင်ဘုရင်နှင့် ကျွန်တော် အပေါင်းတို့သည်
ပြင်းစွာ ငိုကြွေးကြ၏။ [37] အဗရှလုံသည် ပြေး၍ ဂေရှုရမင်းကြီးအမိ ဟုဒ်သားတာလမဲထံသို့ သွား၏။ ဒါဝိဒ်သည် မိမိသား ကြောင့်
နေ့တိုင်းငိုကြွေးမြည်တမ်းလေ၏။ [38] အဗရှလုံသည် ဂေရှုရမြို့သို့ ပြေးပြီးမှ သုံးနှစ် နေ၏။ [39] တဖန်ဒါဝိဒ်မင်းကြီးသည်
အာမနုန်သေသောကြောင့်၊ ထိုသူကို အောက်မေ့သောစိတ်အား လျော့သဖြင့် အဗရှလုံကိုလွမ်းဆွတ်လျက်နေ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 14

1 ????????????????? ????????????? ??????????? ???????????????? ???????????????? ????????? ???? 2 ?????????????? ???????? ?????????????
3 ??????????????????????? ?????????????????? ??????????? 4 ???????????????????????? ??????????? ???? ?????????? ?????????????????? ??
5 ??????????????? ????????????????? ?????????????? ???????? ????????????? ????? ??? ???????????????? 6 ??????????????????????????????
7 ?????? ????????????????????????? ???????????????????????? ????????? ??? ???????????????????????? ???????? ????????????? ???????????
8 ?????????? ??????????? ????????????? ??????????? ??????????? ????????? ????????????? 9 ??????????????????????? ?????????????????
10 ??????????? ???????????????????? ????????????????????? ???????????????? ??????????????? ???????????????? 11 ???????? ?????????????
12 ???? ??????????? ????????????????? ???????????????? ???????????????????? ?????? ??? ????????????? ?????????????? ?????????????
13 ??????????? ????????????? ??????????? ?????????? ??????????? ??????????? ?????? ??????????? ?????????????????????? ????? ?????
14 ????????? ???????? ?????????? ??????? ????????????????? ??????????????? ????????????????? ???????? ??????????? ??????????? ?????
15 ????????? ????????????? ??????????? ???????????????? ????????????????????????? ?????????????????????? ????????????????????? ????????
16 ????????????????????????? ???????????????? ?????????????????? ???????? ?????? ?????????????? ??????????????????????? ???????
17 ????????? ??????????? ???????????????????? ????????????????? ??????????? ????????? ???????????????????? ?????????????????????
18 ????????????????? ???????????????????? ????????????????? ???????????????? ??????? ????? ??????????????????????????? ???????????
19 ?????????????? ?????? ??????? ????????????????????????????????????? ?????? ? ????????????????? ????????????????????????????????? ?
20 ??????????? ?????????????????????????? ????????????????????? ????????? ????????? ??????? ?????????????? ?????????????? ?????????? ?
21 ????????????????? ???????? ?????????? ???????? ??? ??????????????? ?????????????? ??????? ????????????? 22 ??????????? ?????????? ??
23 ???????? ????????? ?????????????????????? ?????????? ?????????????????????????????? 24 ??????????????? ??????????? ??????? ???????
25 ??????????? ?????????????? ?????????????? ???????? ????????????? ???????????????? ??????????? ???????????????? ?????????????????
26 ?????????????????? ??????????????? ?????????? ???????????????? ?????????????????? 27 ?????????? ???????????????? ?????????????? ?
28 ?????????? ?????????? ?????????????? ??????????????????????? ??????????????? ????????? 29 ????????????????????????? ?????????????
30 ??????????????????????? ???? ?????????? ????????????? ????? ?????? ?????????? ??????????? ????????????? ????????????? ???? ???????
31 ?????? ??????? ?????????????????????? ?????????? ???????????? ??????????????? ???? ??????? ????????????????? ????????
32 ????????? ????? ????????????????????????? ????????? ????????? ???????????? ???????????? ????????????????? ??????? ??????????????
33 ??????? ?????????????????? ????? ?????????????? ?????????? ??????????? ??????? ?????? ????????????????? ???????????? ??????????


generated on Sun Jun 30 02:37:40 2024

## Chapter 15

[1] ထိုနောက်မှအဗရှလုံသည် ရထားများနှင့်မြင်းများကိုင်၎င်း၊ မိမိရှေ့မှာ ပြေးရသောလူငါးဆယ်ကိုင်၎င်း ပြင်ဆင်လေ၏။ [2] အဗရှလုံသည်
စောစောထ၍ တံခါးဝမှာ ရပ်နေတတ်၏။ အမှုရှိသောသူသည် စီရင်တော်မူခြင်းကို ခံအံ့သောငှါ၊ ရှင်ဘုရင်ထံတော်သို့ လာသောအခါ
အဗရှလုံက၊ သင်သည်အဘယ်မြို့သားဖြစ်သနည်းဟု မေးလျှင်၊ ထိုသူက ကိုယ်တော်ကျွန်သည် ဤမည်သော
ဣသရေလအမျိုးအနွယ်သားဖြစ်ပါ၏ဟု ပြန်လျှောက်သော်၊ [3] အဗရှလုံက၊ သင့်အမှုသည် ဟုတ်မှန်လျောက် ပတ်ပေ၏။
သို့သော်လည်း သင့်အမှုကို ရှင်ဘုရင်မှစ၍ အဘယ်သူမျှ နားမထောင်ဟု ပြောဆိုတတ်၏။ [4] တဖန်တုံ၊ ငါသည်ဤပြည်၌
တရားစီရင်သော မင်းဖြစ်ပါစေသော။ သို့ဖြစ်လျှင် တရားမှုရှိသော အမှုသည် အပေါင်းတို့သည် ငါ့ထံသို့ လာ၍ ငါသည် တရားသဖြင့်
စီရင်မည်ဟုဆိုတတ်၏။ [5] လူတစုံတယောက်သည် ရှိသေစွာပြု၍ ချဉ်းကပ်သောအခါ၊ အဗရှလုံသည် လက်ကိုဆန့်၍ ထိုသူကို
ကိုင်လျက် နမ်းလေ့ရှိ၏။ [6] ထိုသို့စီရင်တော်မူခြင်းကို ခံအံ့သောငှါ၊ ရှင်ဘုရင်ထံတော်သို့လာသော ဣသရေလအမျိုးသား
အပေါင်းတို့အား အဗရှလုံပြု၍ သူတို့စိတ်နှလုံးကို ခိုးလေ၏။ [7] လေးနှစ်လွန်သောအခါ အဗရှလုံသည် ရှင်ဘုရင်ထံတော်သို့ ဝင်၍၊ [8]
ထာဝရဘုရားသည် အကျွန်ုပ်ကို တဖန်ယေရုရှလင်မြို့သို့ ဆောင်တော်မူလျှင်၊ ထာဝရဘုရားဝတ်ကို အကျွန်ုပ်ပြုပါမည်ဟု
ကိုယ်တော်ကျွန်သည် ရှုရိပြည် ဂေရှုရမြို့၌နေသောအခါ သစ္စာဂတိပြုပါပြီ။ သို့ဖြစ်၍ ကျွန်တော်သည် ထာဝရဘုရားအား
သစ္စာဂတိပြုသည်အတိုင်း၊ ဟေဗြုန်မြို့သို့သွား၍ သစ္စာဝတ်ကိုဖြေရမည် အကြောင်း အခွင့်ပေးတော်မူပါဟု လျှောက်လျှင်၊ [9]
ရှင်ဘုရင်က၊ ငြိမ်ဝပ်စွာသွားလော့ဟု မိန့်တော်မူ၏။ ထိုအခါ အဗရှလုံသည်ထ၍ ဟေဗြုန်မြို့သို့သွား၏။ [10] သို့ရာတွင်
လျှို့ဝှက်သောသူတို့ကို ဣသရေလအမျိုးအနွယ်ရှိသမျှသို့ အနှံ့အပြားစေလွှတ်သဖြင့်၊ သင်တို့ သည် တံပိုးမှုတ်သံကို ကြားသောအခါ
အဗရှလုံသည် ဟေဗြုန်မြို့၌ နန်းထိုင်တော်မူပြီဟု ပြောဆိုကြလော့ဟု မှာထားလေ၏။ [11] အဗရှလုံခေါ်သော လူနှစ်ရာတို့သည်
ယေရုရှလင်မြို့ထဲက ထွက်သွားကြ၏။ သူတို့သည် အဘယ် အမှုကိုမျှ မသိဘဲကောင်းသော စိတ်နှင့်လိုက်ကြ၏။ [12]
ဒါဝိဒ်၏တိုင်ပင်မတ်၊ ဂိလောမြို့သားအဟိသော ဖေလသည် မိမိနေရာဂိလောမြို့၌ ယဇ်ပူဇော်လျက်ရှိ၍ အဗရှလုံခေါ်လေ၏။
အဗရှလုံနောက်သို့ လိုက်သော သူတို့သည် တိုးပွားများပြားသဖြင့် ပုန်ကန်ခြင်းအမှု အားကြီးလေ၏။ [13]
သိတင်းပြောသောသူတယောက်သည် ဒါဝိဒ်ထံ သို့လာ၍၊ ဣသရေလအမျိုးသားတို့၏ စိတ်နှလုံးသည် အဗရှလုံဘက်သို့
ပါသွားပါပြီဟု ကြားလျှောက်လေ၏။ [14] ဒါဝိဒ်ကလည်း၊ ငါတို့သည် ထ၍ပြေးကြကုန်အံ့၊ မပြေးလျှင် အဗရှလုံလက်နှင့်မလွတ်၊
အလျင်အမြန် ထွက်ကြကုန်အံ့။ သို့မဟုတ်လျှင် သူသည် ချက်ခြင်းတိုက်လာသဖြင့်၊ ငါတို့ကို ဘေးပြု၍ မြို့ကိုလည်း ထားနှင့်
လုပ်ကြံလိမ့်မည်ဟု ယေရုရှလင်မြို့တွင် အထံတော်၌ရှိသော ကျွန်အပေါင်းတို့အား မိန့်တော်မူ၏။ [15] ရှင်ဘုရင်၏ ကျွန်တို့ကလည်း၊
အရှင်မင်းကြီး စီရင်တော်မူသမျှတို့ကို ကိုယ်တော်ကျွန်တို့သည် ပြုပါမည် ဟုလျှောက်ကြလျှင်၊ [16] ရှင်ဘုရင်သည်
နန်းတော်သားအပေါင်း တို့နှင့်တကွ ထွက်သွား၏။ သို့ရာတွင် နန်းတော်ကို စောင့်စေခြင်းငှါ၊ ကိုယ်လုပ်တော် မိန်းမတကျိပ်တို့ကို
ထားခဲ့လေ၏။ [17] ထိုသို့ရှင်ဘုရင်နှင့် ကိုယ်တော်၌ပါသောသူ အပေါင်းတို့သည် ထွက်သွား၍ ဗေသာမေရက်ရွာမှာ စားခန်းချကြ၏။ [18]
ကျွန်တော်မျိုးအပေါင်းတို့သည် ခြံရံလျက် လိုက်ကြ၏။ ဂါသမြို့မှ လိုက်လာသော သူခြောက်ရာ တည်းဟူသော ဂိတ္တိလူအပေါင်းနှင့်
ခေရသိလူ၊ ပေလသိ လူအပေါင်းသည် ရှေ့တော်၌ ချီသွားကြ၏။ [19] ထိုအခါ ရှင်ဘုရင်သည် ဂိတ္တိလူအိတ္တဲအားလည်း၊ ငါတို့နှင့်
အဘယ်ကြောင့် လိုက်သနည်း။ ရှင်ဘုရင်ထံသို့ ပြန်၍နေလော့။ သင်သည် တပါးအမျိုးသား၊ နေရာမကျ သော ဧည့်သည်ဖြစ်၏။ [20]
မနေ့ကသာရောက်လာသည်ဖြစ်၍၊ ယနေ့ငါတို့ နှင့်အတူ အရပ်ရပ်လှည့်လည်ရမည်လော။ ငါသည် သွားရသော အခွင့်ရှိသည်အတိုင်း
သွားရသောကြောင့်၊ သင်သည် အမျိုးသားချင်းတို့ကို ခေါ်၍ ပြန်လော့။ကရုဏာနှင့် သစ္စာရှိပါစေသောဟု မိန့်တော်မူ၏။ [21]
အိတ္တဲကလည်း၊ ထာဝရဘုရားအသက်၊ အရှင် မင်းကြီးအသက် ရှင်တော်မူသည်အတိုင်း၊ အကယ်၍ အရှင်မင်းကြီး
အသကတော်ဆုံးသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရှိတော်မူရာအရပ်၌ ကိုယ်တော်ကျွန်ရှိပါ လိမ့်မည်ဟု ရှင်ဘုရင်အား
ပြန်လျှောက်သော်၊ [22] ဒါဝိဒ်က၊ ချီသွားလော့ဟု အိတ္တဲအား မိန့်တော်မူသဖြင့်၊ ဂိတ္တိလူအိတ္တဲသည် မိမိ၌ပါသော လူကြီးလူငယ်
အပေါင်းတို့နှင့်တကွ ချီသွားလေ၏။ [23] ပြည်သူပြည်သားအပေါင်းတို့သည် ပြင်းစွာငိုကြွေးကြ၏။ နောက်တော်၌
လိုက်သောသူအပေါင်းတို့ သည် ချီးသွား၍၊ ရှင်ဘုရင်သည် ကိုယ်တော်တိုင် ကေဒြုန်ချောင်းကိုကူးလျှင်၊ လူအပေါင်းတို့သည်
ကူ၍တောလမ်း သို့ လိုက်သွားကြ၏။ [24] ဇာဒုတ်နှင့် လေဝိလူအပေါင်းတို့သည်လည်း ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်ကို
ထမ်းလျက် ရောက်လာ၍ သေတ္တာတော်ကို ချထားကြ၏။ လူအပေါင်းတို့သည် မြို့ထဲကထွက်၍ မကုန်မှီတိုင်အောင် အဗျာသာသည်
ယဇ်ပူဇော်လျက် နေ၏။ [25] ရှင်ဘုရင်သည် ဇာဒုတ်ကိုခေါ်၍၊ ဘုရားသခင်၏ သေတ္တာတော်ကို မြို့ထဲသို့ ပြန်ပို့လော့။ ထာဝရ
ဘုရားသည် ငါ့ကို စိတ်တော်နှင့်တွေ့လျှင် ငါ့ကိုပို့ပြန်၍ သေတ္တာတော်ကိုင်၎င်း၊ ကျိန်းဝပ်တော်မူရာ အရပ်ကိုင်၎င်း ပြတော်မူမည်။ [26]
သို့မဟုတ် သင့်ကိုငါအလိုမရှိဟု ငါ့အားမိန့်တော်မူလျှင် ငါရှိပါ၏။ အလိုတော်ရှိသည်အတိုင်း ပြုတော်မူစေသတည်းဟူ၍၎င်း၊ [27]
ယဇ်ပုရောဟိတ် ဇာဒုတ်အားလည်း သင်သည် ပရောဖက်ဖြစ်သည်မဟုတ်လော။ သင်၏သား အဟိမတ် နှင့် အဗျာသာ၏သား
ယောနသန်၊ ထိုသားနှစ်ယောက်ကို ခေါ်၍ မြို့သို့ငြိမ်ဝပ်စွာ ပြန်သွားလော့။ [28] သင်တို့ကြားလျှောက်စေသော စကားမရောက်မှီ
ငါသည်တော လွင်ပြင်၌ ဆိုင်းလင့်၍နေမည်ဟု မိန့်တော် မူသည်အတိုင်း၊ [29] ဇာဒုတ်နှင့် အဗျာသာတို့သည် ဘုရားသခင်၏

သေတ္တာတော်ကို ယေရုရှလင်မြို့သို့ ပြန်ပို့၍ ထိုမြို့၌ နေကြ၏။ [30] ဒါဝိဒ်သည်လည်း ငိုလျက်၊ ဦးခေါင်းကို ခြုံလျက်၊
ခြေနင်းကိုချွတ်လျက် သံလွင်တောင်ပေါ်သို့ တက်လေ ၏။ နောက်တော်၌ လိုက်သောသူအပေါင်းတို့သည်လည်း ဦးခေါင်းကိုခြုံလျက်
ငိုကြွေးလျက် တတ်ကြ၏။ [31] အဗရှလုံနှင့်ဝိုင်း၍ ပုန်ကန်သော လူစုထဲမှာ၊ အဟိသောဖေလလည်း ပါကြောင်းကို ဒါဝိဒ်သည် ကြား
လျှင်၊ အိုထာဝရဘုရား၊ အဟိသော ဖေလပေးသောအကြံကို မိုက်သောအကြံဖြစ်စေတော်မူပါဟု ဆုတောင်းလေ၏။ [32] တောင်ပေါ်သို့
ရောက်သောအခါ ဒါဝိဒ်သည် ဘုရားသခင်ကို ကိုးကွယ်၏။ အာခိမြို့သားဟုရှဲသည် လည်း အင်္ကျီကိုဆုတ်လျက် ခေါင်းပေါ်မှာ
မြေမှုန့်ကို တင်လျက် ခရီးဦးကြိုပြုအံ့သောငှါ လာ၏။ [33] ဒါဝိဒ်ကလည်း၊ သင်သည်ငါနှင့်အတူ လိုက်လျှင် ငါ့ကို နှောက်ရှက်လိမ့်မည်။
[34] မြို့သို့ပြန်၍ အဗရှလုံအား၊ အရှင်မင်းကြီး၊ ကျွန်တော်သည် ခမည်းတော်ထံ၌ ကျွန်ခံဘူးသည်နည်းတူ ကိုယ်တော်ထံ၌
ကျွန်ခံပါမည်ဟု လျှောက်လျှင်၊ အဟိသောဖေလ ပေး သော အကြံကို ငါ့ဘက်မှာနေ၍ ဖျက်နိုင်လိမ့်မည်။ [35] မြို့တွင်သင်နှင့်အတူ
ယဇ်ပုရောဟိတ်ဇာဒုတ် နှင့် အဗျာသာတို့သည် ရှိကြသည်မဟုတ်လော။ သို့ဖြစ်၍ နန်းတော်၌ ကြားသမျှကို ယဇ်ပုရောဟိတ်တို့အား
ပြန် ပြောရမည်။ [36] သူတို့၌ ဇာဒုတ်၏သား အဟိမတ်နှင့် အဗျာသာ၏သား ယောနသန်သားနှစ်ယောက်ရှိကြ၏။ ကြားနိုင်သမျှကို
ထိုသားတို့တွင် ငါ့ထံသို့ ပေးလိုက်ရမည်ဟု မိန့်တော်မူ သည်အတိုင်း၊ [37] ဒါဝိဒ်၏ အဆွေခင်ပွန်းဟုရှဲသည် မြို့သို့ပြန်သွား၏။
အဗေရှလုံသည်လည်း ယေရုရှလင်မြို့သို့ ဝင်လေ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 16

[1] ဒါဝိဒ်သည် တောင်ထိပ်ကို အနည်းငယ်လွန်သောအခါ၊ မေဖိဗောရှက်၏ ကျွန်ဇိဘသည် ကုန်းနှီး တင်သောမြည်းနှစ်စီးနှင့်တကွ၊
မုန့်လုံးနှစ်ရာ၊ စပျစ်သီး ခြောက်အပြွတ်တရာ၊ သဘော်သဖန်းသီးပျဉ်အပြားတရာ စပျစ်ရည်ဘူးတလုံးကို မြည်းပေါ်မှာ
တင်ဆောင်လျက် ခရီးဦးကြိုပြုအံ့သောငှါ လာ၏။ [2] ရှင်ဘုရင်ကလည်း၊ အဘယ်သို့ပြုခြင်းငှါ ဤဥစ္စာ ကို ဆောင်ခဲ့သနည်းဟု
ဇိဘအားမေးလျှင်၊ ဇိဘက၊ မြည်း တို့သည် နန်းတော်သားများ စီးဘို့၊ မုန့်နှင့်သစ်သီးတို့သည် လုလင်များစားဘို့၊ စပျစ်ရည်သည်လည်း
တော၌မော သောသူများသောက်ဘို့ ဖြစ်ပါသည်ဟု လျှောက်၏။ [3] ရှင်ဘုရင်ကလည်း၊ သင့်သခင်၏ သားသည်
အဘယ်မှာရှိသနည်းဟုမေးလျှင် ဇိဘက၊ ယေရုရှလင်မြို့ ၌ နေရစ်ပါ၏။ ယနေ့မှာ ဣသရေလအမျိုးသည် ငါ့အဘ၏ နိုင်ငံကိုငါ့အား
ပြန်ပေးလိမ့်မည်ဟု ဆိုကြောင်းကို လျှောက်လေသော်၊ [4] ရှင်ဘုရင်က၊ မေဖိဗောရှက်နှင့် ဆိုင်သမျှသော ဥစ္စာသည် သင့်ဥစ္စာဖြစ်စေဟု
ဇိဘအား မိန့်တော်မူ၏။ ဇိဘကလည်း၊ အရှင်မင်းကြီး ကျွန်တော်သည်ရှေ့တော်၌ မျက်နှာရပါမည်အကြောင်း ရှိခိုးအသနားတော်
ခံပါသည်ဟု ပြန်လျှောက်လေ၏။ [5] ဒါဝိဒ်မင်းကြီးသည် ဗာဟုရိမ်မြို့သို့ ရောက်သောအခါ၊ ရှောလု၏အဆွေအမျိုး ဂေရသား
ရှိမိအမည်ရှိသောသူသည် ကျိန်ဆဲလျက် ထွက်လာ၏။ [6] ဒါဝိဒ်မင်းကြီးနှင့် ကျွန်တော်မျိုးအပေါင်းတို့ကို ကျောက်ခဲနှင့် ပစ်လေ၏။
လူများအပေါင်းနှင့် မှူးတော် မတ်တော်အပေါင်းတို့သည် လက်ျာတော်ဘက်၊ လက်ဝဲတော်ဘက်၌ ရှိကြ၏။ [7]
ရှိမိကျိန်ဆဲသောစကားဟူမူကား၊ သွားဟဲ့၊ သွားဟဲ့။ လူ့အသက်ကို သတ်သောအဓမ္မလူ၊ [8] ရှောလု၏နိုင်ငံကို လုယူ၍
သူ၏အဆွေအမျိုးကို သတ်သောအပြစ်အလုံးစုံကို သင့်ခေါင်းပေါ်မှာ ထာဝရ သက်ရောက်စေ၍၊ နိုင်ငံတော်ကို သင်၏သား
အဗရှလုံလက်၌အပ်တော်မူပြီ။ သင်သည်လူအသက်ကို သတ် သောသူဖြစ်သောကြောင့်ကြည့်ပါ။ အမှုကြီးရောက်လေပြီဟုဆို၏။ [9]
ဇေရုယာသား အဘိရှဲကလည်း၊ ထိုခွေးသေကောင်သည် အရှင်မင်းကြီးကို ကျိန်ဆဲရမည်လော။ ကျွန်တော်သွား၍ သူ၏လည်ပင်းကို
ဖြတ်ပါရစေဟု နားတော်လျှောက်လျှင်၊ [10] ရှင်ဘုရင်က အိုဇေရုယာသားတို့၊ သင်တို့သည်ငါနှင့်အဘယ်သို့ဆိုင်သနည်း။ ထိုသူသည်
ကျိန်ဆဲပါလေ စေ။ ဒါဝိဒ်ကို ကျိန်ဆဲလော့ဟု ထာဝရဘုရား မှာထားတော်မူပြီ။ သို့ဖြစ်၍ သင်သည် အဘယ်ကြောင့် ဤသို့
ပြုသနည်းဟု အဘယ်သူဆိုရမည်နည်းဟူ၍၎င်း၊ [11] ကြည့်ပါ။ ငါ့ကိုယ်ထဲကထွက်သော ငါ့သားရင်းသည် ငါ့အသက်ကို ရှာ၏။
ထိုဗယ်ာမိန်အမျိုးသားသည် ထိုမျှမက အခွင့်ရှိလိမ့်မည်။ သူ့ကို ရှိပါလေစေ။ ကျိန်ဆဲပါလေစေ။ ထာဝရဘုရားမှာထားတော်မူပြီ။ [12]
ထာဝရဘုရားသည် ငါ၏ဒုက္ခကို ကြည့်ရှု၍ ယနေ့ထိုသူကျိန်ဆဲသည်အတွက် ကောင်းသောအကျိုး ကို ပြန်ပေးကောင်း
ပေးတော်မူလိမ့်မည်ဟူ၍၎င်း၊ အဘိရှဲနှင့် ကျွန်တော်မျိုးအပေါင်းတို့အား မိန့်တော်မူ၏။ [13] ဒါဝိဒ်သည် နောက်တော်လိုက်သူတို့နှင့်တကွ
လမ်း၌သွားစဉ်တွင်၊ ရှိမိသည် ဒါဝိဒ်တဘက်တချက်၊ တောင်ခါးပန်းနားမှာ ရှောက်သွားသဖြင့်၊ ကျိန်ဆဲလျက် ကျောက်ခဲနှင့် ပစ်၍
မြေမှုန့်ကိုလည်း ပက်လေ၏။ [14] ရှင်ဘုရင်မှစ၍ နောက်တော်သို့ လိုက်သောသူအပေါင်းတို့သည် မောလျက်၊ ဗာဟုရိမ်မြို့သို့ရောက်၍
အမောအပန်းဖြေကြ၏။ [15] အဗရှလုံနှင့် လူအပေါင်းတို့သည် ယေရုရှလင်မြို့သို့ ရောက်၍ အဟိသောဖေလလည်း ပါ၏။ [16] ဒါဝိဒ်၏
အဆွေခင်ပွန်းအာခိလူဟုရှဲသည်လည်း အဗရှလုံထံသို့ ရောက်လာ၍၊ ရှင်ဘုရင် အသက် တော်ရှင်စေသတည်း၊
ရှင်ဘုရင်အသက်တော်ရှင်စေသတည်းဟု ကောင်းကြီးပေး၏။ [17] အဗရှလုံကလည်း၊ သင်၏အဆွေခင်ပွန်း၌
ဤသို့ကျေးဇူးပြုသလော။ သင်၏အဆွေခင်ပွန်းနှင့်အတူ အဘယ်ကြောင့် မလိုက်သနည်းဟု ဟုရှဲအားဆိုလျှင်၊ [18] ဟုရှဲက၊
ထိုသို့မိန့်တော်မမူပါနှင့်။ ထာဝရဘုရားမှစ၍ ဤလူများနှင့် ဣသရေလလူများအပေါင်းတို့သည် ရွေးချယ်သောသူထံမှာ
ကျွန်တော်ကျွန်ခံပါမည်။ ထိုသူထံမှာ နေပါမည်ဟူ၍၎င်း၊ [19] တဖန်အကြင်သူထံ၌ ကျွန်ခံရ၏။ ထိုသူ၏သားထံ၌ ကျွန်ခံရသည်
မဟုတ်ပါလော။ ကျွန်တော်သည် ခမည်းတော်ထံ၌ ကျွန်ခံရတူနည်းတူ ကိုယ်တော်ထံ၌လည်း ကျွန်ခံပါမည်ဟူ၍၎င်း၊ အဗရှလုံအား
လျှောက်ဆို၏။ [20] အဗရှလုံကလည်း၊ ငါတို့သည်အဘယ်သို့ပြုရမည်ကို အကြံပေးပါဟု အဟိသောဖေလအား ဆိုလျှင်၊ [21]
အဟိသောဖေလက၊ နန်းတော်ကို စောင့်စေခြင်းငှါ ခမည်းတော်ထားခဲ့သော ကိုယ်လုပ်တော်တို့ရှိရာသို့ ဝင်တော်မူပါ။
ခမည်းတော်သည်ကိုယ်တော်အား စက်ဆုပ်ရွံရှာကြောင်းကို ဣသရေလအမျိုးသားအပေါင်း တို့သည်ကြား၍၊
ကိုယ်တော်ဘက်၌နေသော သူအပေါင်းတို့သည် လက်အားကြီးကြပါလိမ့်မည်ဟု လျှောက်သည် အတိုင်း၊ [22] နန်းတော်ပေါ်မှာ
အဗရှလုံအဘို့ မျက်နှာကြက်ကိုမိုး၍၊ သူသည် ဣသရေလအမျိုးသားအပေါင်းတို့ ရှေ့မှာ ခမည်းတော်၏ ကိုယ်လုပ်တော်တို့ ရှိရာသို့
ဝင်လေ၏။ [23] ထိုကာလ၌ အဟိသောဖေလ ပေးသောအကြံသည် ဘုရားသခင့်ထံတော်၌ မေးလျှောက်၍ခံရသော ဗျာဒိတ်တော်ကဲ့သို့
ဖြစ်၏။ သူပေးသမျှသောအကြံကို ဒါဝိဒ်နှင့် အဗရှလုံသည် ဗျာဒိတ်တော်ကဲ့သို့ မှတ်တတ် သတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 17

1 တဖန်အဟိသောဖေလက၊ ကျွန်တော်သည် လူတသောင်းနှစ်ထောင်တို့ကို ရွေးကောက်ပါရစေ။ ယနေ့ညဉ့်ပင် ကျွန်တော်ထ၍
ဒါဝိဒ်ကိုလိုက်ပါမည်။ 2 သူသည်မောလျက် လက်အားနည်းလျက် နေစဉ်အခါ ကျွန်တော်တိုက်၍ သူ့ကိုထိတ်လန့်စေမည်။ သူ၌ ပါသော
လူအပေါင်းတို့သည် ပြေးကြ၍၊ ရှင်ဘုရင်ကိုသာ ကျွန်တော်လုပ်ကြံပါမည်။ 3 လူအပေါင်းတို့ကို ကိုယ်တော်ထံသို့ ဆောင်ခဲ့ပါမည်။
ကိုယ်တော်ရှာသောသူတယောက်တည်းကိုရလျှင်၊ လူအပေါင်းတို့သည် ပြန်လာ၍ ငြိမ်ဝပ်ကြပါလိမ့်မည်ဟု လျှောက်လျှင်၊ 4
ထိုစကားကိုအဗရှလံနှင့် ဣသရေလအမျိုး အသက်ကြီးသူတို့သည် နှစ်သက်ကြ၏။ 5 ထိုအခါ အဗရှလံက၊ အာခိလူရှဲကိုလည်းခေါ်ခဲ့။
ငါတို့သည် သူ၏စကားကိုနားကြားကြကုန်အံ့ဟုဆိုသည် အတိုင်း၊ 6 ဟုရှဲသည်လာ၍ အဗရှလံက၊ အဟိသောဖေလသည်
ဤမည်သောအကြံကိုပေးပြီ။ သူ၏စကားကို နားထောင် သင့်သလော။ သို့မဟုတ် သင်ပြောလော့ဟုဆိုလျှင်၊ 7 ဟုရှဲက
အဟိသောဖေလပေးသော အကြံသည် ယခုကာလ၌ မလျော်ပါ။ 8 ခမည်းတော်နှင့် သူ၏လူတို့သည်
ခွန်အားကြီးသောသူဖြစ်ကြောင်းကိုငှင်း၊ ယခုမူကား တော၌ သားငယ်ပျောက်သော ဝံမကဲ့သို့ ပြင်းထန်သောစိတ်ရှိကြောင်းကိုငှင်း၊
ကိုယ်တော်သိတော်မူ၏။ ခမည်းတော် သည်လည်း စစ်သူရဲဖြစ်၍ လူများတို့နှင့်အတူ မအိပ်တတ်။ 9 ယခုမှာသူသည်
မြေတွင်းတစုံတခု၌ ပုန်းလျက်နေပါလိမ့်မည်။ သို့မဟုတ်အခြားသောအရပ်၌ ပုန်းလျက် နေပါလိမ့်မည်။ လူအချို့တို့သည်
အဦးလဲ၍သေလျှင် ထိုသိတင်းကိုကြားသောသူက၊ အဗရှလံနောက်သို့ လိုက်သောသူသည် ဆုံးရှုံးကြပြီဟု ကြားပြောကြပါလိမ့်မည်။
10 ထိုအခါ ရဲရင့်သောသူ၊ ခြင်္သေ့နှလုံးကဲ့သို့ နှလုံးရှိသောသူသည် စိတ်ပျက်ပါလိမ့်မည်။ ခမည်းတော်သည်
ခွန်အားကြီးသောသူဖြစ်ကြောင်းကိုငှင်း၊ သူ၌ပါသော သူတို့သည် ရဲရင့်ခြင်းသတ္တိရှိသောသူဖြစ်ကြောင်းကိုငှင်း၊
ဣသရေလအမျိုးသားအပေါင်းတို့သည် သိကြပါ၏။ 11 သို့ဖြစ်၍ ကျွန်တော်သည် အကြံပေးပါမည်။ ဒန်မြို့မှစ၍
ဗေရရှေဘမြို့တိုင်အောင် ဣသရေလ အမျိုးသားအပေါင်းတို့သည် အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှ ကိုယ်တော်ထံ၌
စည်းဝေး၍ ကိုယ်တော်တိုင် စစ်ချီတော်မူရမည်။ 12 ထိုသို့ခမည်းတော်ကိုတွေ့သော အရပ်တစုံတခု၌ သူ့ထံသို့ရောက်လျှင်၊ မြေပေါ်မှာ
နှင်းကျကဲ့သို့ သူ့ကိုလွှမ်းမိုး၍ သူနှင့်သူ၌ရှိသောသူတယောက်မျှ မကျန်ကြွင်းရ။ 13 ငှင်းနည်းခမည်းတော်သည် မြို့တမြို့ထဲသို့
ဝင်လျှင်၊ ဣသရေလအမျိုးသားအပေါင်းတို့သည် ကြိုးများကို ယူခဲ့၍ ထိုမြို့၌ ကျောက်စရစ်တခုကိုမျှ မကျန်စေခြင်းငှါ ချိုင့်ထဲသို့
ဆွဲချရကြမည်ဟု လျှောက်လေသော်၊ 14 အဗရှလံနှင့် ဣသရေလအမျိုးသားအပေါင်းတို့က၊ အာခိလူဟုရှဲပေးသော
အကြံထက်သာ၍ကောင်း သည်ဟု ပြောဆိုကြ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည် အဗရှလံ၌ ဘေးရောက်စေခြင်းငှါ၊
အဟိသော ဖေလပေးသော အကြံကောင်းကို ဖျက်စေမည်အကြောင်း စီရင်တော်မူ၏။ 15 ထိုအခါ ဟုရှဲသည်
ယဇ်ပုရောဟိတ်ဇာဒုတ်နှင့် အဗျာသာတို့အား၊ အဟိသောဖေလသည် ဤမည်သော အကြံကို အဗရှလံနှင့်
ဣသရေလအမျိုးအသက်ကြီးသူတို့ အားပေးပြီ။ ကျွန်ုပ်သည်လည်း ဤမည်သောအကြံကို ပေးပြီ။ 16 သို့ဖြစ်၍
ဒါဝိဒ်ထံသို့အလျင်အမြန်စေလွှတ်၍ ယနေ့ညမှာ တောလွင်ပြင်၌ မနေပါနှင့်။ အလျင်အမြန် ကူးသွားပါ။ သို့မဟုတ်လျှင်
ရှင်ဘုရင်နှင့်လူအပေါင်းတို့ သည် ဆုံးရှုံးခြင်းသို့ ရောက်ကြလိမ့်မည်ဟု ကြားလျှောက် မည်အကြောင်း မှာလိုက်သဖြင့်၊ 17
ယောနသန်နှင့် အဟိမတ်သည် မြို့ထဲသို့ဝင်လျှင် သူတပါးမြင်မည်စိုးသောကြောင့်၊ အင်္ရောဂေလရွာ နားမှာ နေရစဉ်တွင်၊
မိန်းမကလေးတယောက်သွား၍ ပြောသည်အတိုင်းသူတို့သည် ဒါဝိဒ်မင်းကြီးထံသို့ သွား၍ လျှောက်ကြ၏။ 18 သို့ရာတွင်
လူကလေးတယောက်သည် ထိုသူတို့ကိုမြင်၍ အဗရှလံအား လျှောက်လေ၏။ သူတို့သည် အလျင်အမြန်သွား၍ ဗာဟုရိမ်မြို့တွင်
အိမ်တအိမ်သို့ဝင်သဖြင့် ထိုအိမ်ဝင်းထဲမှာရှိသော ရေတွင်းသို့ ဆင်း၍၊ 19 မိန်းမသည်ရေတွင်းဝကို ဖုံးပြီးမှ ဆန်ကိုလှန်း၍
ထားသောကြောင့် ထိုအမှုသည် မထင်ရှား။ 20 အဗရှလံ၏ ကျွန်တို့သည်ထိုအိမ်သို့ရောက်၍ အဟိမတ်နှင့်ယောနသန်တို့သည်
အဘယ်မှာရှိသနည်းဟု မိန်းမအားမေးလျှင်၊ မိန်းမက၊ ချောင်းတဘက်သို့ ကူးကြပြီဟု ပြောသဖြင့် သူတို့သည် ရှာ၍မတွေ့သောအခါ
ယေရုရှလင်မြို့သို့ပြန်သွားကြ၏။ 21 ပြန်သွားသောနောက် အဟိမတ်နှင့် ယောနသန်သည် ရေတွင်းထဲကတက်၍ ဒါဝိဒ်မင်းကြီးထံသို့
သွားပြီးလျှင်၊ မြစ်တဘက်သို့ အလျင်အမြန်ထ၍ ကြွတော်မူပါ။ အဟိသောဖေလသည် ကိုယ်တော်တဘက်၌ ဤမည်သော
အကြံကိုပေးပါပြီဟု လျှောက်သော်၊ 22 ဒါဝိဒ်နှင့် လူအပေါင်းတို့သည် ထ၍ ယော်ဒန်မြစ်ကိုကူးကြ၏။ မိုယ်းလင်းသောအခါ
မကူးသောသူတယောက် မျှမရှိ။ 23 အဟသောဖေလသည် မိမိပေးသောအကြံသို့ မလိုက်ကြသည်အကြောင်းကို သိမြင်သောအခါ၊
မြည်းကို ကုန်းနှီးတင်စေပြီးလျှင်ထ၍ မိမိနေရင်းမြို့ မိမိအိမ်သို့ သွားသဖြင့် အိမ်မှုအိမ်ရေးများကို စီရင်ပြီးမှ လည်ကြိုး တပ်၍
သေလေ၏။ ဘိုးဘေးတို့သင်္ချိုင်း၌ သင်္ဂြိုဟ်ကြ၏။ 24 ဒါဝိဒ်သည် မဟာနိမ်မြို့သို့ ရောက်လေ၏။ အဗရှလံသည်လည်း
ဣသရေလလူအပေါင်းတို့နှင့်အတူ ယော်ဒန်မြစ်ကို ကူးလေ၏။ 25 အဗရှလံသည် ဗိုလ်ချုပ်မင်းယွာဘ အရာ၌ အာမသကို ခန့်ထား၏။
အာမသကား၊ ယွာဘ အမိ ဇေရုယာ၏ ညီမနာဟတ်သမီးအဘိဂဲလနှင့် စုံဘက်သော ဣရှမေလအမျိုး ယေသာ၏သား ဖြစ်သတည်း။
26 ဣသရေလအမျိုးတို့နှင့် အဗရှလံသည် ဂိလဒ်ပြည်၌ တပ်ချကြ၏။ 27 ဒါဝိဒ်သည် မဟာနိမ်မြို့သို့ ရောက်သောအခါ၊ အမ္မုန်ပြည်
ရဗ္ဗာမြို့သားနာဟတ်၏သား ရှောဘိ၊ လော ဒေဗာမြို့သား အမျေလ၏သား မာခိရ၊ ဂိလဒ်အမျိုး ရောဂေလိမ်မြို့သား ဗာဇိလဲတို့က၊ 28
ထိုလူတို့သည် တော၌ရေစာ ငတ်မွတ်လျက် ပင်ပန်းလျက် နေရပါသည်တကားဟုဆို၍၊ ဒါဝိဒ်နှင့် သူ၏လူများ စားစရာဘို့ ဂျုံဆန်၊

 generated on Sun Jun 30 02:37:40 2024

မုယောဆန်၊ မုန့်ညက်၊ ပေါက်ပေါက်မျိုး၊ ပဲမျိုး၊ [29] ပျားရည်၊ နို့ဓမ်း၊ သိုး၊ ဒိန်ခဲနှင့်တကွ အိပ်ရာ၊ လင်ပန်း၊ မြေခွက်များကို ဆောင်ခဲ့ကြသည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 18

1 ဒါဝိဒ်သည် မိမိ၌ပါသော လူတို့ကိုရေတွက်၍ တထောင်အုပ်၊ တရာအုပ်တို့ကို ခန့်ထား၏။ 2 လူသုံးစုတစုကို ယွာဘ၌၎င်း၊ တစုကို
ဇေရုယာ သား ယွာဘညီ အဘိရှဲ၌၎င်း၊ တစုကိုဂိတ္တိလူ အိတ္တဲ၌၎င်း အပ်၍၊ ငါ့ကိုယ်တိုင်ချီသွားမည်ဟု လူများတို့အား မိန့်တော် မူ၏။ 3
လူများတို့ကလည်း၊ ကိုယ်တိုင်ကြွတော်မမူပါနှင့်။ ကျွန်တော်တို့ပြေးသော်လည်း သူတို့သည်အမှုမထား ကြပါ။ ကျွန်တော်တို့
တဝက်သေသော်လည်း သူတို့သည်အမှုမထားကြပါ။ ကိုယ်တော်မူကား၊ ကျွန်တော်တို့ တသောင်းထက် မြတ်တော်မူ၏။ သို့ဖြစ်၍
ကျွန်တော် တို့ကို မြို့ထဲက မစတော်မူလျှင်သာ၍ ကောင်းပါလိမ့်မည် ဟု လျှောက်ကြ၏။ 4 ရှင်ဘုရင်ကလည်း၊ ငါသည်သင်တို့အလိုသို့
လိုက်မည်ဟု မိန့်တော်မူ၍ တံခါးဝနားမှာ ရပ်တော်မူ လျှင်၊ လူအပေါင်းတို့သည် တရာတပ်၊ တထောင်တပ်အား ဖြင့် ချီသွားကြ၏။ 5
ရှင်ဘုရင်ကလည်း၊ ငါ့မျက်နှာကို ထောက်၍ ငါ့သားအဗရှလုံကို ဖြည်းညှင်းစွာ ပြုကြလော့ဟု ယွာဘ၊ အဘိရှဲ၊ အိတ္တဲတို့ကို
မှာထားတော်မူ၏။ ထိုသို့ ရှင်ဘုရင် သည် အဗရှလုံအတွက် ဗိုလ်မင်းအပေါင်းတို့ကို မှာထား တော်မူသောအခါ၊ လူအပေါင်းတို့သည်
ကြားကြ၏။ 6 ထိုသို့ လူများတို့သည် ဣသရေလလူတို့ကို စစ်တိုက်အံ့သောငှါ မြို့ပြင်သို့ထွက်၍ ဧဖရိမ်တော၌ စစ်ပြိုင်ကြ၏။ 7
ဣသရေလလူတို့သည် ဒါဝိဒ်၏ကျွန်တို့ ရှေ့မှာ ရှုံး၍ ထိုနေ့ခြင်းတွင် ကြီးစွာသောလုပ်ကြံခြင်းအားဖြင့် လူနှစ်သောင်းသေကြ၏။ 8
မြေတပြင်လုံးအနှံ့အပြား တိုက်ကြသဖြင့် ထိုနေ့၌ လူချင်းသတ်၍ သေသည်ထက် တော၌ ဆုံးရှုံးသော သူသာ၍ များကြ၏။ 9
ဒါဝိဒ်၏ ကျွန်တို့သည် အဗရှလုံကိုတွေ့ကြ၏။ သူသည်မြည်းကို စီးလျက်ပင် မြည်းသည် ကြီးသော
သပိတ်ပင်အကိုင်းအခက်အောက်သို့ဝင်၍၊ အဗရှလုံ၏ ခေါင်းသည်သပိတ်ပင်၌ ငြိသဖြင့်၊ မိုဃ်းနှင့်မြေကြီး စပ်ကြားမှာ
တွဲလွဲဆွဲလျက်နေ၍၊ မြည်းသည် အလို အလျောက် သွားလေ၏။ 10 မြင်သော သူတယောက်သည် ယွာဘထံသို့ သွား၍၊ သပိတ်ပင်၌
အဗရှလုံဆွဲနေသည်ကို ကျွန်တော် မြင်ခဲ့သည်ဟု ကြားပြောလျှင်၊ 11 ယွာဘက၊ သင်သည် မြင်ခဲ့သည်မှန်လျှင် အဘယ်ကြောင့် သူ့ကို
ထိုး၍ မြေကြီးပေါ်သို့ မချခဲ့ သနည်း။ ထိုသို့ပြုလျှင် ငွေကျပ်တဆယ်နှင့်ခါးစည်းကို ငါပေးပြီဟု ပြောဆိုသော်၊ 12 ထိုသူက
ကျွန်တော်သည် ကိုယ်လက်၌ ငွေ အခွက်တဆယ်ကို ပင်ခံရသော်လည်း ရှင်ဘုရင်၏သားကို မပြုနိုင်ပါ။ အကြောင်းမူကား၊
ကျွန်တော်တို့ကြားသည့် အတိုင်း ရှင်ဘုရင်က၊ ငါ့မျက်နှာကိုထောက်၍ ငါ့သား အဗရှလုံကို စောင့်မကြလော့ဟု ကိုယ်တော်နှင့်အဘိရှဲ၊
အိတ္တဲတို့ကို မှာထားတော်မူပြီ။ 13 ကျွန်တော်ပြုမိလျှင် ကိုယ်ကိုလှည့်စား၍ ကိုယ် အသက်ရှုံးပါပြီ။ ရှင်ဘုရင်မသိသော
အမှုတစုံတခုမျှမရှိ။ ကိုယ်တော်သည်လည်း ကျွန်တော်တဘက်၌ နေပါလိမ့် မည်ဟု ပြောဆိုသော်၊ 14 ယွာဘက၊ သင်နှင့်အတူ
ငါမနေအားဟု ဆိုလျက်လှံယဉ်သုံးစင်း ကိုကိုင်ယူ၍ သပိတ်ပင်အလယ်၌ အသက်ရှင်လျက်ရှိသော အဗရှလုံ၏ နှလုံးကို ထုတ်ချင်း
ခပ်ထိုးလေ၏။ 15 လက်နက်ဆောင်လုလင် တကျိပ်တို့သည်လည်း ဝိုင်း၍ အဗရှလုံကို အသေသတ်ကြ၏။ 16 ယွာဘသည်လည်း
တံပိုးမှုတ်၍ လူတို့ကို ဆီး တားသဖြင့် ဣသရေလလူတို့ကို လိုက်ရာမှပြန်လာကြ၏။ 17 အဗရှလုံကိုလည်း ယူ၍ တော၌နက်သော
မြေတွင်းထဲသို့ ချပြီးမှ ကျောက်ပုံကြီးကို ပုံထားကြ၏။ ဣသရေလလူအပေါင်းတို့သည် အသီးအသီး မိမိတို့ အိမ်သို့ပြေးကြ၏။ 18
အဗရှလုံသည် အသက်ရှင်စဉ်အခါ၊ ငါ၏နာမ သည် မပျောက်အမြဲတည်မည်အကြောင်း၊ သားမရှိဟု ဆိုလျက် ရှင်ဘုရင်ချိုင့်တွင်
ကိုယ်အဘို့ ကျောက်တိုင်ကို စိုက်၍ မိမိနာမဖြင့်သမုတ်သောကြောင့်၊ ယနေ့တိုင် အောင် အဗရှလုံအောင်တိုင်ဟူ၍ တွင်သတည်း၊ 19
ထိုအခါ ဇာဒုတ်၏သား အဟိမတ်က၊ ထာဝရ ဘုရားသည် ရှင်ဘုရင်၏ ရန်သူတို့ကို အပြစ်အလျောက် စီရင်တော်မူကြောင်းကို
ကျွန်တော်ပြေး၍ သိတင်း ကြားလျှောက်ပါရစေဟု အခွင့်တောင်းလျှင်၊ 20 ယွာဘက၊ ယနေ့သင်သည် သိတင်းမကြား မလျှောက်ရ။
အခြားသောနေ့၌ ကြားလျှောက်ရမည်။ ရှင်ဘုရင်၏ သားတော်သေသောကြောင့် ယနေ့သင်သည် သိတင်းမကြားမလျှောက်ရဟု
ဆိုပြီးမှ၊ 21 ကုရှိအား သင်မြင်သမျှကိုသွား၍ ရှင်ဘုရင် အား ကြားလျှောက်လော့ဟုဆိုသည်အတိုင်း၊ ကုရှိသည် ယွာဘအား ဦးညွတ်၍
ပြေးလေ၏။ 22 တဖန် ဇာဒုတ်သားအဟိမတ်က၊ သို့သော်လည်း ကျွန်တော်သည် ကုရှိနောက်မှာ ပြေးပါရစေဟု ခွင်း တောင်းပြန်လျှင်၊
ယွာဘက ငါ့သား ဝမ်းမြောက်စရာ သိတင်းမဟုတ်သည်ဖြစ်၍ အဘယ်ကြောင့်ပြေးသွားချင် သနည်းဟု ဆိုသော်လည်း၊ 23
ပြေးပါရစေဟု တဖန် အခွင့်တောင်းသောကြောင့် ပြေးလော့ဟုအခွင့်ပေး၏။ ထိုအခါ အဟိမတ်သည် လွင်ပြင်လမ်း၌ပြေး၍
ကုရှိကိုလွန်လေ၏။ 24 ဒါဝိဒ်သည် မြို့တံခါးနှစ်ထပ်ကြား မှာထိုင်၍နေ၏။ ကင်းစောင့်တယောက်သည် မြို့ရိုးတံခါးအပေါ်
ပြအိုးမိုးအောက်သို့ တက်၍ မျှော်ကြည့်သဖြင့် လူ တယောက်တည်းပြေးလာသည်ကို မြင်သောအခါ၊ 25 ရှင်ဘုရင်အား ဟစ်၍
လျှောက်လေ၏။ ရှင်ဘုရင်ကလည်း၊ တယောက်တည်းဖြစ်လျှင် သိတင်း ပါလိမ့်မည်ဟု အမိန့်ရှိ၏။ ထိုသူသည် ပြေးလာ၍ အနီးသို့
ရောက်သောအခါ၊ 26 ကင်းစောင့်သည်လည်း အခြားသော သူပြေးလာသည်ကိုမြင်၍၊ အခြားသောသူတယောက်တည်း
ပြေးလာပါသည်ဟု တံခါးသို့လှည့်၍ ဟစ်လျှင်၊ ရှင်ဘုရင်က ထိုသူ၌လည်း သိတင်းပါလိမ့်မည်ဟု အမိန့်ရှိ၏။ 27 ကင်းစောင့်ကလည်း၊
ရှေ့လာသော သူ၏ပြေးခြင်းသည် ဇာဒုတ်သား အဟိမတ်ပြေးခြင်းနှင့် တူသည် ကို ကျွန်တော်ထင်ပါသည်ဟု လျှောက်သော်၊
ရှင်ဘုရင်က သူသည် လူကောင်းဖြစ်၏။ ကောင်းသော သိတင်းပါလိမ့် မည်ဟု အမိန့်ရှိပြန်၏။ 28 အဟိမတ်ကလည်း၊
ချမ်းသာရပါ၏ဟုဟစ်လျက် ရှင်ဘုရင်ရှေ့မြေပေါ်မှာ ပြပ်ဝပ်လျက်၊ အရှင်မင်းကြီး ကို ပုန်ကန်သောလူတို့ကို
အပ်တော်မူသောကိုယ်တော်၏ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာ ရှိတော်မူစေသတည်းဟု လျှောက်လေ၏။ 29
ရှင်ဘုရင်ကလည်း၊ ငါ့သား အဗရှလုံသည် ဘေးလွတ်၏လောဟု မေးတော်မူလျှင် အဟိမတ်က၊ အရှင်မင်းကြီး၏ ကျွန်ယွာဘသည်

 generated on Sun Jun 30 02:37:40 2024

ကိုယ်တော်ကျွန် ကိုစေလွှတ်သောအခါ ရုန်းရင်းခတ်ခြင်းအမှုကို ကျွန် တော်မြင်သော်လည်း သေချာစွာမသိရပါဟု လျှောက် သော်၊ [30]
ရှင်ဘုရင်က၊ ဤအနားမှာ ရှေ့၍နေလော့ဟု မိန့်တော်မူသည်အတိုင်း သူသည်ရှေ့၍ နေလေ၏။ [31] တဖန် ကုရှိရောက်လာ၍
အရှင်မင်းကြီး၊ သိတင်းပါပါ၏။ ကိုယ်တော်ကို ပုန်ကန်သော သူအပေါင်း တို့ကို ထာဝရဘုရားသည် ထိုသူ၏ အပြစ်အလျောက်
ယနေ့စီရင်တော်မူပြီဟု လျှောက်လျှင်၊ [32] ရှင်ဘုရင်က၊ ငါ့သားအဗရှလုံသည် ဘေးလွတ် ၏လောဟု မေးတော်မူသော်၊ ကုရှိက
အရှင်မင်းကြီး၏ ရန်သူများ၊ ကိုယ်တော်ကို ညှဉ်းဆဲခြင်းငှါ ပုန်ကန်သောသူများအပေါင်းတို့သည် ထိုလုလင်ကဲ့သို့ဖြစ်ကြပါ
စေသောဟု ပြန်လျှောက်လေ၏။ [33] ရှင်ဘုရင်သည် အလွန်ကြင်နာသောစိတ် ရှိသဖြင့် မြို့တံခါးအပေါ်၌ရှိသော တဲသို့တက်၍ တက်စဉ်
တွင်၊ အိုငါ့သားအဗရှလုံ၊ ငါ့သား၊ ငါ့သားအဗရှလုံ၊ သင့်ကိုယ်စား ငါမသေပါလေတကား။ အိုအဗရှလုံ၊ ငါ့သား၊ ငါ့သားဟု
ငိုကြွေးလေ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 ရှင်ဘုရင်သည် အဗရှလုံကြောင့် ငိုကြွေးမြည် တမ်းတော်မူသည်ဟု ယွာဘအား ကြားပြောလေ၏။ 2 ထိုနေ့၌အောင်ပွဲသည်
လူအပေါင်းတို့တွင် ဝမ်းနည်းစရာအကြောင်းဖြစ်ပြန်၏။ ရှင်ဘုရင်သည် သားတော်ကြောင့် စိတ်ကြင်နာတော်မူသည်ကို
လူအပေါင်းတို့သည် ထိုနေ့၌ ကြား၍၊ 3 စစ်တိုက်ရာမှပြေးသော သူတို့သည် ရှက်၍ တိတ်ဆိတ်စွာ ပြေးတတ်သကဲ့သို့ မြို့ထဲသို့
တိတ်ဆိတ်စွာ ပြေးဝင်ကြ၏။ 4 ရှင်ဘုရင်သည်လည်း မျက်နှာကိုဖုံး၍၊ အိုငါ့သား အဗရှလုံ၊ အိုအဗ ရှလုံ၊ ငါ့သား၊ ငါ့သားဟု
ကြီးသောအသံ နှင့် ငိုကြွေးတော်မူ၏။ 5 ယွာဘသည် ရှင်ဘုရင်ထံ အိမ်ထဲသို့ဝင်၍၊ ကိုယ်တော်၏ အသက်မှစ၍ သားတော် သမီးတော်၊
မိဖုရားမောင်းမမိသံတို့၏ အသက်ကို ကယ်တင်သော ကိုယ်တော်ကျွန်တို့ကို ယနေ့အရှက်ကွဲစေတော်မူပြီ။ 6 ရန်သူတို့ကိုချစ်၍
အဆွေခင်ပွန်းတို့ကို မုန်းတော်မူ၏။ မှူးမတ်များ၊ ကျွန်များတို့ကို ပမာဏပြုတော် မမူကြောင်းကို ယနေ့ထင်ရှားစွာပြတော်မူပြီ။
အဗရှလုံသည် အသက်ရှင်၍ ကျွန်တော်မျိုးအပေါင်းတို့သည် ယနေ့သေလျှင် အားရတော်မူလိမ့်မည်ဟု ယနေ့ ကျွန်တော်သိမြင်ပါ၏။
7 ယခုမှာထတော်မူပါ။ ကြွ၍ကိုယ်တော်ကျွန် တို့အား နှစ်သိမ့်စကားကို ပြောတော်မူပါ။ ကြွတော်မမူ လျှင် ယနေ့ညမှာ အထံတော်၌
လူတယောက်မျှမနေပါ။ ထိုအမှုသည် ငယ်သောအရွယ်မှစ၍ ယခုတိုင်အောင် ကိုယ်တော်၌ ဖြစ်လေသမျှသော အမှုထက်သာ၍
ဆိုးပါလိမ့်မည်ဟု ထာဝရဘုရားကို တိုင်တည်၍ ကျွန်တော်ကျိန်ဆိုပါသည်ဟု လျှောက်သော်၊ 8 ရှင်ဘုရင်သည်
ထ၍တံခါးဝ၌ထိုင်တော်မူ၏။ ရှင်ဘုရင်သည် တံခါးဝ၌ထိုင်တော်မူသည်ကို လူအပေါင်း တို့သည် ကြားသောအခါ အထံတော်သို့
ချဉ်းကပ်ကြ၏။ ဣသရေလလူများမူကား မိမိတို့နေရာသို့ ပြေးသွားကြပြီ။ 9 ထိုနောက်၊ ဣသရေလအမျိုးအနွယ်အပေါင်းတို့က၊
ရှင်ဘုရင်သည် ဖိလိတ္တိလူအစရှိသော ရန်သူ တို့လက်မှ ငါတို့ကိုကယ်နှုတ်တော်မူပြီ။ယခုမှာ အဗရှလုံကြောင့် နိုင်ငံတော်မှ
ထွက်ပြေးတော်မူရ၏။ 10 ငါတို့ ဘိသိက်ပေး၍ ချီးမြှောက်သော အဗရှလုံ သည် စစ်တိုက်ပွဲ၌သေပြီ။ ယခုမှာ ရှင်ဘုရင်ကို တဖန်
ဆောင်ခဲ့ရမည်ဟုမဆို၊ အဘယ်ကြောင့် တိတ်ဆိတ်စွာ နေကြသနည်းဟု အချင်းချင်းအပြစ်တင်ကြ၏။ 11 ဒါဝိဒ်မင်းကြီးသည်လည်း
ယဇ်ပုရောဟိတ် ဇာဒုတ်နှင့် အဗျာသာတို့ထံသို့ လူကိုစေလွှတ်၍၊ ယုဒ အမျိုးသက်ကြီးသူတို့ထံသို့ သွား၍ပြောရမည်ကား၊ ရှင်ဘုရင်ကို
အလျှင်းသတ်ခြင်းမရှိစေဘဲ အသက်ရှင်သောကလေးငယ်ကို ပထမအမျိုးသမီးအား ပေးရန် မိန့်တော်မူခဲ့သည်။

ထိုကဲ့သို့သော ရှောလမုန်၏စီရင်ခြင်းသီတင်းကိုကြားခြင်းအားဖြင့် ဣသရေလတစ်မျိုးလုံးက မည်သည့်ကို ပြုခဲ့ကြသနည်း။
ရှင်ဘုရင်စီရင်တော်မူသည် အရာကို ဣသရေလအမျိုးသားအပေါင်းတို့သည် ကြားသိကြသော အခါ၊ ရှင်ဘုရင်သည် တရားစီရင်စေခြင်းငှါ ဘုရားသခင်ပေးတော်မူသောဉာဏ်နှင့် ပြည့်စုံကြောင်းကို သိမြင်၍ ရှောလမုန်မင်းကြီးအား ကြောက်ရွံ့ကြသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 4

[1] ရှောလမုန်မင်းကြီးသည် ဣသရေလနိုင်ငံလုံးကို စိုးစံလျက် နေတော်မူ၏။ [2] မှူးတော်မတ်တော်ဟူမူကား၊ ယဇ်ပုရောဟိတ်
ဇာဒုတ်သားအာဇရိ၊ [3] ရှိရှာသားဧလိဟောရပ်နှင့် အဟိယတို့သည် စာရေးတော်ကြီးဖြစ်၏။ အဟိလုပ်သား ယောရှဖတ်သည်
အတွင်းဝန်ဖြစ်၏။ [4] ယောယဒသား ဗေနာယသည် ဗိုလ်ချုပ်မင်း ဖြစ်၏။ ဇာဒုတ်နှင့် အဗျာသာတို့သည် ယဇ်ပုရောဟိတ် ဖြစ်၏။ [5]
နာသန်သားအာဇရိသည် ဝန်စာရေးအုပ်ဖြစ် ၏။ နာသန်သားဇာဗုဒ်သည် မင်းသားအရာနှင့် တိုင်ပင် မတ်ဖြစ်၏။ [6] အဟိရှာသည်
နန်းတော်အုပ်ဖြစ်၏။ အာဗဒသားအဒေါနိရံသည် အခွန်တော်ဝန်ဖြစ်၏။ [7] ရှောလမုန်သည် ဣသရေလနိုင်ငံအရပ်ရပ်၌ ခန့်ထားသော
ဝန်စာရေးတကျိပ်နှစ်ယောက်တို့သည် တယောက်တလစီ ရှင်ဘုရင်နှင့်နန်းတော်သားတို့ အဘို့ စားစရာကို ပြင်ဆင်ရကြ၏။ [8]
သူတို့အမည်ဟူမူကား၊ ဧဖရိမ်တောင်ရပ်မှာ ဟုရ၏သား၊ [9] မာကတ်မြို့၊ ရှာလဗိမ်မြို့၊ ဗက်ရှေမက်မြို့၊ ဧလုန္ဗေသနန်မြို့မှာ
ဒေကာ၏သား၊ [10] စောခေါ်မြို့၊ ဟေဖာပြည်လုံးနှင့်တကွ အရုဗုတ် မြို့မှာ ဟေသက်၏သား၊ [11] ဒေါရပြည်လုံးကိုစီရင်သောသူ
ရှောလမုန်၏ သမီးတော်တာဖတ် နှင့်စုံဘက်သော အဘိနဒပ်၏သား၊ [12] တာနက်မြို့၊ မေဂိဒ္ဒေါမြို့နှင့် တကွဗက်ရှန်မြို့မှ
အာဗေလမဟောလမြို့တိုင်အောင်မက၊ ယုတ်နန်မြို့ အလွန်၊ ယေဇရေလမြို့ အောက်ဇာတနမြို့နှင့်နီးစပ် သော ဗက်ရှန်မြို့နယ်လုံးကို
စီရင်သော အဟိလုပ်၏သား ဗာန၊ [13] ဂိလဒ်ပြည်၌ မနာရှေ၏သားယာ ဣရပိုင်သော မြို့များ၊ ဗာရှန်ပြည်၊ အာဂေါဘအရပ်၌မြို့ရိုး၊
ကြေးဝါ တံခါးကျင်နှင့်ပြည့်စုံသော မြို့ကြီးခြောက်ဆယ်ကို စီရင် သော ဂိလဒ်ပြည်ရာမုတ်မြို့မှ ဂေဗာ၏သား၊ [14] မဟာနိမ်မြို့မှာ
ဣဒေါ၏သားအဟိနဒပ်၊ [15] နဿလိခရိုင်ကိုစီရင်သောသူ၊ ရှောလမုန်၏ သမီးတော် ဗာသမတ်နှင့်စုံဘက်သောအဟိမတ်၊ [16]
အာရှာခရိုင်နှင့် အာလုပ်မြို့မှာ ဟုရှဲ၏သား ဗာနာ၊ [17] ဣသခါခရိုင်မှာပါရွာ၏သားယောရှဖတ်၊ [18] ဗယ်္ာမိန်ခရိုင်မှာ ဧလာ၏သားရှိမိ၊ [19]
အာမောရိရှင်ဘုရင်ရှိဟုန်၏နိုင်ငံ၊ ဗာရှန် ရှင်ဘုရင်ဩဃ၏နိုင်ငံ၊ ဂိလဒ်ပြည်မှာအခြားသောမင်း မရှိ။ တပါးတည်းစီရင်သော
ဥရိ၏သားဂေဗတည်း။ [20] ထိုကာလ၌၊ ယုဒအမျိုးနှင့် ဣသရေလ အမျိုးသားတို့သည် အရေအတွက်အားဖြင့် သမုဒ္ဒရာ
သဲလုံးနှင့်အမျှများပြား၍ စားသောက်ပျော်မွေ့လျက် နေကြ၏။ [21] ရှောလမုန်သည်လည်း မြစ်ကြီးမှ စ၍ဖိလိတ္တိ ပြည်၊
အဲဂုတ္တုပြည်တိုင်အောင် တိုင်းနိုင်ငံလုံးကို အစိုးရ သဖြင့်၊ အရပ်ရပ်သားတို့သည် လက်ဆောင်ပဏ္ဏာတို့ကို ဆက်၍၊
ရှောလမုန်လက်ထက်ကာလပတ်လုံး မင်းမှုကို ဆောင်ရွက်ရကြ၏။ [22] တနေ့တနေ့လျှင် နန်းတော်၌ ကုန်သောရိက္ခာ ဟူမူကား၊
ဂျုံမုန့်ညက်ကောရသုံးဆယ်၊ မုယော မုန့်ညက်ကောရခြောက်ဆယ်၊ [23] ဆူဖြိုးအောင်ကျွေးသောနွားတဆယ်၊ ကျက်စား ရာထဲက
နွားနှစ်ဆယ်၊ ဆတ်သမင်ဒရယ်အမျိုးမျိုးကို မဆိုဘဲသိုးတရာ၊ ဆူဖြိုးအောင် ကျွေးသောငှက်မျိုး တည်း။ [24] ရှောလမုန်သည်
မြစ်ကြီးအနောက်ဘက်၊ တိဖသမြို့မှအဇ္ဇာမြို့တိုင်အောင် ရှင်ဘုရင်အပေါင်းတို့ကို အစိုးရသဖြင့် ပတ်ဝန်းကျင်အရပ်တို့၌
စစ်မှုစစ်ရေးမရှိ။ [25] လက်ထက်တော်ကာလပတ်လုံး၊ ယုဒအမျိုးနှင့် ဣသရေလအမျိုးသားတို့သည်ဒန်မြို့မှစ၍ ဗေရရှေဘမြို့
တိုင်အောင် အသီးအသီးမိမိစပျစ်ပင်၊ မိမိသင်္ဘောသဖန်း ပင်အောက်မှာ ငြိမ်ဝပ်စွာ နေရကြ၏။ [26] ရှောလမုန်သည်လည်း၊
ရထားတော်များနှင့် ဆိုင်သော မြင်းတင်းကုပ်လေးထောင်၊ မြင်းစီးသူရဲ တသောင်းနှစ်ထောင်ရှိ၏။ [27] ဝန်စာရေးတို့သည်လည်း
ရှောလမုန်မင်းကြီးနှင့် စားပွဲတော်သို့ ဝင်သောသူအပေါင်းတို့အဘို့ တယောက် တလစီစုံလင်စွာ ပြင်ဆင်ရကြ ၏။ [28]
မုယောစပါးကိုငင်း၊ မြင်းတော်များ၊ လားတော် များဘို့ မြက်ခြောက်ကိုငင်း၊ အလှည့်သင့်သည်အတိုင်း နေရာအရပ်သို့
ဆောင်ခဲ့ရကြ၏။ [29] ဘုရားသခင်သည် များစွာသော ဥာဏ်ပညာကို ငင်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသော နှလုံးကိုငင်း
ပေးတော်မူသည်ဖြစ်၍၊ [30] ပညာတော်သည် အရှေ့ပြည်သားပညာနှင့် အဲဂုတ္တုပြည်သား ပညာကို လွန်ကဲ၏။ [31] ရှောလမုန်သည်
ဧဇရဟိတ်အမျိုးသေန်၊ မဟောလသားဟေမန်၊ ခါလကောလ၊ ဒါရဒအစရှိသော လူအပေါင်းတို့ထက်သာ၍ ပညာရှိသဖြင့်၊
ခပ်သိမ်းသော တိုင်းနိုင်ငံအရပ်ရပ်၌ ကျော်စောလေ၏။ [32] စီရင်တော်မူသော သုတ္တံစကားသုံးထောင်နှင့် သီချင်းတထောင် ငါးခုရှိ၏။
[33] လေဗနုန်အာရဇ်ပင်မှစ၍ အုတ်ရိုးနားမှာ ပေါက်တတ်သောဟုဿုပ်ပင်တိုင်အောင် မြွက်ဆို၏။ သားမျိုး၊ ငှက်မျိုး၊ ပိုးကောင်မျိုး၊
ငါးမျိုးတို့၏ အကြောင်းကိုလည်း မြွက်ဆို၏။ [34] ရှောလမုန်မင်း၏ ပညာသိတင်းကို ကြားသော ရှင်ဘုရင်အမျိုးမျိုးစေလွှတ်သော
သူတို့သည် ပညာစကား တော်ကို နားထောင်ခြင်းငှါ လာကြ၏။

---

1 Kings 01

ယေဘုယျ အချက်အလက်

ရှောလမုန်၏ ရာထူး အာဏာရှိသော အမှုထမ်းများ၏ စာရင်း
အစအဦးဖြစ်သည်။

အာဇရိ၊ ဇာဒုတ်၊ ဧလိဟောရပ်၊ အဟိယ၊ ရှိရှ၊ ယောရှဖတ် အဟိလုပ်၊ ဗေနာယ၊ ယောယဒ၊ အဗျာသာ

အမျိုးသားများ၏ အမည်ဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

1 Kings 05

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသော အမှုထမ်းများ၏ စာရင်းအဆက် ဖြစ်သည်။

အာဇရိ၊ နာသန်၊ ဇာဗုဒ်၊ အဟိရှာ၊ အဒေါနိရံ၊ အာဗ
အမျိုးသားများ၏အမည် ဖြစ်သည်။

အခွန်တော်ဝန်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်အတွက် တာဝန်ထမ်းဆောင်ရန် အတင်းအကြပ် ဖိအားပေးခံရသောသူ"

1 Kings 07

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းအဆက်

ဟုရ၏သား၊ ဒေကာ၏သား၊ ဟေသက်၏သား
အမျိုးသား၏ အမည်များဖြစ်သည်။ မှတ်သားရန်မှာ အမည်နာမ၏ အရှေ့တွင်ရှိသော "Ben" သည် "၏ သား" ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "Ben Hur" ဆိုသည်မှာ "ဟုရ၏ သား" ဟု ဆိုလိုခြင်းဖြစ်သည်။

တောင်ရပ်မှာ၊ မာကတ်မြို့၊ အရုဗုတ် မြို့
"တောင်ပေါ်အရပ်တွင် တရားဝင် တာဝန်ရှိသောသူ၊ မာကတ်မြို့၏ တရားဝင် တာဝန်ရှိသောသူ၊ အရုဗုတ် မြို့၏ တရားဝင် တာဝန်ရှိသောသူ"

ဧဖရိမ်တောင်ရပ်၊ မာကတ်မြို့၊ ရှာလဗိမ်မြို့၊ ဗက်ရှေမက်မြို့၊ လေုမ္ဗောသနန်မြို့၊ အရုဗုတ် မြို့၊ စောခေါမြို့၊ ဟေဖာပြည်
နေရာ အရပ်ဒေသများ၏ အမည်များဖြစ်သည်။

1 Kings 11

ဆက်စပ်ဖော်ပြချက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းအဆက်များ နှင့် ၎င်းတို့ စတင်တာဝန်ယူရသော နယ်မြေဒေသများ၏ စာရင်း

ဒေါရပြည်လုံးကိုစီရင်သောသူ၊ တာနက်မြို့၊ ဂိလဒ်ပြည်ရာမုတ်မြို့၊ မဟာနိမ်မြို့
"ဒေါရပြည်၏ တရားဝင် တာဝန်ရှိသောသူ၊ တာနက်မြို့၏ တရားဝင် တာဝန်ရှိသောသူ၊ ဂိလဒ်ပြည်ရာမုတ်မြို့၏ တရားဝင် တာဝန်ရှိသောသူ၊ မဟာနိမ်မြို့၏ တရားဝင် တာဝန်ရှိသောသူ"

တာဖတ်
အမျိုးသမီး၏ အမည်ဖြစ်သည်။

အဘိနဒပ်၏သား၊ ဂေဗာ၏သား၊ ယာ ဣရ၊ မနာရှေ၊ အဟိနဒပ်၊ ဣဒေါ
အမျိုးသားများ၏အမည်များ ဖြစ်သည်။

ဒေါရပြည်၊ ဗက်ရှန်မြို့၊ ဇာတနမြို့၊ ယေဇရေလမြို့၊ ဗက်ရှန်မြို့မှ အာဗေလမဟောလမြို့၊ ယုတ်နန်မြို့၊ ဂိလဒ်ပြည်ရာမုတ်မြို့၊ အာဂေါဘအရပ်၌မြို့၊ဗာရှန်ပြည်၊ မဟာနိမ်မြို့
နေရာဒေသများ၏ အမည်များဖြစ်သည်။

1 Kings 15

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းများ နှင့် ၎င်းတို့ တာဝန်ယူရသော နယ်မြေဒေသများ၏ စာရင်းအဆက်များ

အဟိမတ်၊ ဗာနာ၊ ဟုရှဲ၊ ယောရှဖတ်၊ ပါရွာ
အမျိုးသားများ၏ အမည်များဖြစ်သည်။

ဗာသမတ်
အမျိုးသမီး၏ အမည်။

နဿလိခရိုင်၊ အာရှာခရိုင်၊ ဣသခါခရိုင်
နဿလိခရိုင်၏ တရားဝင် တာဝန်ရှိသောသူ၊ အာရှာခရိုင်၏ တရားဝင် တာဝန်ရှိသောသူ၊ ဣသခါခရိုင်၏ တရားဝင် တာဝန်ရှိသောသူ၊

နဿလိ၊ အာရှာ၊ ဣသခါ
ဣသရေလ၏သားများ အမည်ပေးထားသော လူမျိုးစုနှင့်ဆိုင်သော နယ်မြေများ။

အာလုပ်မြို့
နယ်မြေ တစ်စိတ်တစ်ဒေသ၏ အမည်။

1 Kings 18

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းများ နှင့် ၎င်းတို့ တာဝန်ယူရသော နယ်မြေဒေသများ၏ စာရင်းအဆက်များ

ရှိမိ၊ ဧလာ၊ ဂေဗ၊ ဥရိ၊ ရှင်ဘုရင်ရှိဟုန်၊ ရှင်ဘုရင်ဩဃ၊
အမျိုးသားများ၏ အမည်များ ဖြစ်သည်။

ဗယ်္ကမိန်ခရိုင်
ဣသရေလ၏သားများ အမည်ပေးထားသော လူမျိုးစုနှင့်ဆိုင်သော နယ်မြေများ။

ဂိလဒ်ပြည်၊ ဗာရှန်
နယ်မြေ တစ်စိတ်တစ်ဒေသ၏ အမည်။

အာမောရိ
လူတစ်စု၏ အမည်နာမ။

ရှိဟုန်၏နိုင်ငံ
"အစောပိုင်းကာလများတွင် ရှိဟုန်နိုင်ငံအတွင်းပါဝင်သော မြေနေရာ"

ပြည်
ဤတွင် "ပြည်" ဟူသော အသုံးသည် ယုဒပြည်အား ရည်ညွှန်းခြင်း ဖြစ်သည်၊ ယခင် အာဏာရှိသော အမှုထမ်းများသည် ဣသရေလနိုင်ငံ၏ မတူညီသော အပိုင်းများကို ဦးဆောင်ကြသည်။

1 Kings 20

ယုဒအမျိုးနှင့် ဣသရေလ အမျိုးသားတို့သည် အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှ
စကားပြောသူသည်ဤနေရာတွင် အကုန်အစင် ရေတွက်ရန် မဖြစ်နိုင်သောလူအမြောက်အမြားရှိသည်ကို ပြောပြရန် ပုံကြီးချဲ့၍ သုံးနှုန်းထားသည်။ "ယုဒ" နှင့် "ဣသရေလ" ဟူသော စကားလုံးများသည် ယုဒနိုင်ငံနှင့် ဣသရေလနိုင်ငံတွင် နေထိုင်သော လူများကို ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ယုဒနိုင်ငံနှင့် ဣသရေလနိုင်ငံတွင် ပင်လယ်ရှိ သဲပွင့်များကဲ့သို့ လူအများရှိကြသည်။"

မြစ်
"ဥဖရတ်မြစ်" (UDB)

ကောရသုံးဆယ်
ကောရသည် မုန့်ညက်ကို တိုင်းတာသော ယူနစ်ဖြစ်သည်။

ဆတ်သမင်ဒရယ်အမျိုးမျိုး
အပြေးမြန်ပြီး ခြေလေးချောင်းရှိသော တိရစ္ဆာန်များ။

သမင်
တစ်မျိုးထက်ပိုသော တိရစ္ဆာန်များ

ဆူဖြိုးအောင် ကျွေးသောငှက်မျိုး
"လူများက ကျွေးမွေးသောကြောင့် ဝဖြိုးလာသော ငှက်များ"

1 Kings 24

တိဖသမြို့
နယ်မြေ တစ်စိတ်တစ်ဒေသ၏ အမည်။

ယုဒနှင့် ဣသရေလ
"ယုဒ" နှင့် "ဣသရေလ" ဟူသော စကားလုံးသည် ယုဒအမျိုးနှင့် ဣသရေလအမျိုးကို ဆိုလိုခြင်းဖြစ်သည်။

ဒန်မြို့မှစ၍ ဗေရရှေဘမြို့ တိုင်အောင်
ဣသရေလနိုင်ငံ တစ်နိုင်ငံလုံး မြောက်ပိုင်း ဒန်မြို့မှစ၍ တောင်ပိုင်း ဗေရရှေဘမြို့ တိုင်အောင် ကိုယ်စားပြုသည်။

အသီးအသီးမိမိစပျစ်ပင်၊ မိမိသင်္ဘောသဖန်း ပင်အောက်မှာ
မိသားစုတိုင်းတွင် မိမိကိုယ်ပိုင် စပျစ်ပင်နှင့် သင်္ဘောသဖန်းပင် ဥယျာဉ်ရှိသည်။ ထိုအရာသည် စစ်မရှိတော့သော အချိန်ကာလမှစ၍ မိမိတို့၏ ဥယျာဉ်အား ပြုစုပျိုးထောင်ရန် အချိန်များရှိလာသောကြောင့် လူများသည် လုံခြုံငြိမ်းချမ်းစွာ နေထိုင်ရခြင်းကို ပြသသည်။

1 Kings 26

မြင်းတင်းကုပ်
မြင်းကဲ့သို့သော တိရစ္ဆာန်ကို စောင့်ရှောက် ထိန်းသိမ်းသော နေရာ ဖြစ်သည်။

ရှောလမုန်မင်းကြီးနှင့် စားပွဲတော်သို့ ဝင်သောသူအပေါင်း
" ရှောလမုန်မင်းကြီး နှင့်အတူ စားသောက်သောသူ" သို့မဟုတ် "ရှောလမုန်မင်းကြီးမှ သူနှင့်အတူ စားသောက်ရန် ဖိတ်ခေါ်ခြင်း ခံရသောသူ"

တယောက် တလစီ
ရှောလမုန်သည် (၄:၇) တွင် ဖော်ပြထားသော ဝန်စာရေး ၁၂ဦးအား အစားသောက်များကို ယူလာရန် လ တစ်လစီ သတ်မှတ်ပေးကာ တာဝန်ပေးခဲ့သည်။

စုံလင်စွာ
အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူတို့သည် ရှောလမုန် လိုအပ်သမျှကို ထောက်ပံ့ ဖြည့်ဆည်းပေးသည်။"

1 Kings 29

ဘုရားသခင်သည် များစွာသော ဉာဏ်ပညာကို ငင်း
ထာဝရဘုရားသည် များစွာသောအရာများကို နားလည်နိုင်ရန်နှင့် ပညာရှိရန် စွမ်းဆောင်နိုင်သည် ဆိုသည်မှာ ထာဝရဘုရားသည် ရှောလမုန်အား မြင်ရသော ရုပ်ဝတ္တုပစ္စည်းများကို ပေးသကဲ့သို့ဟု ဆိုလိုခြင်းဖြစ်သည်။ စိတ္တဇနာမ် ဖြစ်သော "ဉာဏ်ပညာ" နှင့် "နားလည်ခြင်း" အား ကြိယာအဖြစ် ဘာသာပြန်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ရှောလမုန်အား အရာများစွာကို နားလည်ရန်နှင့် ပညာရှိလာစေရန် ပြုလုပ်သည်။

သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသော နှလုံး
ရှောလမုန်သည် မတူကွဲပြားသော အကြောင်းအရာများစွာကို နားလည်နိုင်သည်။ စိတ္တဇနာမ် ဖြစ်သော "ကျယ်ဝန်းသော" စကားလုံးအား နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် ကြီးမားကျယ်ပြန့်သော အကြောင်းအရာများစွာအား နားလည်နိုင်စွမ်းရှိသည်။


generated on Sun Jun 30 02:37:40 2024

အရှေ့ပြည်သား
ဣသရေလတိုင်းပြည် အရှေ့ပိုင်းရှိ အာရေဗျ နှင့် မက်ဆိုပိုတေးမီးယား ကဲ့သို့ သော နိုင်ငံများမှ လူများကို ရည်ညွှန်းသည်။

ပညာကို လွန်ကဲ၏
ရှောလမုန်သည် ပညာရှိသောသူများထက် သာ၍ ပညာရှိသည်။

ဧသန်၊ ဟေမန်၊ ခါလကောလ၊ ဒါရဒ၊ မဟောလ
အမျိုးသားများ၏ အမည်ဖြစ်သည်။

1 Kings 32

လေဗနုန်အာရဇ်ပင်မှစ၍ အုတ်ရိုးနားမှာ ပေါက်တတ်သောဟုဿုပ်ပင်
ထို အစွန်းနှစ်ဖက်ရောက်သောစကားလုံးပုံစံမှာ အပင်အားလုံး ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အာရဇ်ပင်.....ဟုဿုပ်ခြုံ" သို့မဟုတ် "အပင်များ၏ ကြီးကျယ်မှု...... ခြုံများ၏ အရေးမပါမှု"

---

## Translation Questions

1 Kings 4:1

ရှောလမုန်သည် ဣသရေလလူမျိုးအားလုံး၏ ဘုရင်ဖြစ်ပါသလား။
အမှန်တကယ်ပင် ရှောလမုန်သည် ဣသရေလတို့၏ ဘုရင်ဖြစ်ပါသည်။

1 Kings 4:5

ရှောလမုန်မင်းကြီး၌ အရာရှိနှင့် အရာခံများ ရှိပါသလား။
ရှောလမုန်မင်းကြီး၌ မြောက်မြားစွာသော အရာရှိ၊ အရာခံများရှိပါသည်။

1 Kings 4:7

ရှောလမုန်မင်းကြီး၏ အမှုဆောင်တစ်ဦးချင်းစီသည် အိမ်တော်အတွက် အစားအစာကို မည်မျှကြာ ထောက်ပံ့ပေးခဲ့ရသနည်း။
အမှုဆောင်တစ်ဦးတိုင်း အိမ်တော်အတွက် တစ်လစီထောက်ပံ့ခြင်းကို ပြုကြရသည်။

1 Kings 4:20

ယုဒနှင့် ဣသရေလတို့သည် အရည်အတွက်အားဖြင့် မည်မျှရှိသနည်း။
ယုဒနှင့် ဣသရေလတို့သည် အရည်အတွက်အားဖြင့် သမုဒ္ဒရာ သဲလုံးနှင့်အမျှများပြားကြသည်။

ရှောလမုန်၏အာဏာတော်သည် မည်မျှတိုင်အောင်အဒွန့်ရှည်ကျယ်ပြန့် ခဲ့သနည်း။
ရှောလမုန်၏အာဏာတော်သည် မြစ်ကြီးမှ စ၍ဖိလိတ္တိ ပြည်၊ အဲဂုတ္တုပြည်တိုင်အောင် တိုင်းနိုင်ငံလုံးကို အစိုးရသည်။

တနေ့တနေ့ရှောလမုန်မင်းကြီး၏ထောက်ပံ့ခံရမှု မည်မျှရှိသနည်း။
တနေ့တနေ့လျှင် နန်းတော်၌ ကုန်သောရိက္ခာ ဟူမူကား၊ ဂျုံမုန့်ညက်ကောရသုံးဆယ်၊ မုယော မုန့်ညက်ကောရခြောက်ဆယ်၊ ဆူဖြိုးအောင်ကျွေးသောနွားတဆယ်၊ ကျက်စား ရာထဲက နွားနှစ်ဆယ်၊ ဆတ်သမင်ဒရယ်အမျိုးမျိုးကို မဆိုဘဲသိုးတရာ၊ ဆူဖြိုးအောင် ကျွေးသောငှက်မျိုး စသည်တို့ဖြစ်သည်။

1 Kings 4:24

ရှောလမုန်လက်ထက် တစ်လျှောက်လုံးတွင် ယုဒနှင့်ဣသရေလတို့ မည်သို့နေထိုင်ကြရသနည်း။
ယုဒအမျိုးနှင့် ဣသရေလအမျိုးသားတို့သည်ဒန်မြို့မှစ၍ ဗေရရှေဘမြို့ တိုင်အောင် အသီးအသီးမိမိစပျစ်ပင်၊ မိမိသင်္ဘောသဖန်း ပင်အောက်မှာ ငြိမ်ဝပ်စွာ နေရကြသည်။

1 Kings 4:26

ရှောလမုန်မင်းကြီးတွင် မြင်းတပ်နဲ့စပ်ဆိုင်သော မြင်းတင်းကုပ် မည်မျှရှိသနည်း။
ရှောလမုန်မင်းကြီးတွင် မြင်းတပ်နဲ့စပ်ဆိုင်သော မြင်းတင်းကုပ် လေးထောင်ရှိပါသည်။

ရှောလမုန်မင်းကြီး၏မြင်းများအတွက် မည်သည့်အရာများကို ယူ ဆောင်ရသနည်း။
မုယောစပါးကိုငင်း မြက်ခြောက်ကိုငင်း မြင်းများ၊ လားများအတွက် သယ်ဆောင်ရသည်။

1 Kings 4:29

ရှောလမုန်မင်းကြီးအား ဘုရားသခင်က မည်သည့်အရာကို ပေးအပ်သနည်း။
ဘုရားသခင်သည် များစွာသော ဉာဏ်ပညာကို ၎င်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသော နှလုံးကိုငင်း ရှောလမုန်အား ပေးတော်မူသည်။

ရှောလမုန်မင်းကြီး၏ပညာတော်သည် မည်သည့်အရပ်တို့ထိ ကျော်စော်ခဲ့သနည်း။
ရှောလမုန်မင်းကြီး၏ပညာတော်သည် များစွာသော ပြည်နယ်နဲ့နိုင်ငံများထိ ကျော်စော်ခဲ့သည်။

1 Kings 4:32

ရှောလမုန်မင်းကြီးတွင် သုတ္တံစကားနှင့် သီချင်းမည်မျှ ရှိသနည်း။
ရှောလမုန်မင်းကြီးတွင် သုတ္တံစကားသုံးထောင်နှင့် သီချင်းတထောင် ငါးခုရှိ ပါသည်။

ပညာရှိအပေါင်းတို့သည် ရှောလမုန်၏ပညာတော်ကို စူးစမ်းရန် မည်သည့်အရပ်တို့မှ လာခဲ့ကြသနည်း။

ပညာရှိအပေါင်းတို့သည် ရှောလမုန်၏ပညာတော်ကို စူးစမ်းရန် တိုင်းနိုင်ငံအရပ်ရပ်မှ လာရောက်ကြသည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 5

1 ရှောလမုန်ကို ခမည်းတော်အရာ၌ ဘိသိက်ပေး ကြောင်းကို တုရုမင်းကြီးဟိရံသည် ကြားလျှင်၊ ဒါဝိဒ်နှင့် အစဉ်မိတ်ဆွေဖွဲ့သော
သူဖြစ်၍၊ မိမိကျွန်တို့ကို စေလွှတ် လေ၏။ 2 တဖန်ရှောလမုန်သည်လည်း၊ ဟိရံထံသို့ စေ လွှတ်လျက်၊ 3 ငါ့အဘဒါဝိဒ်သည် အရပ်ရပ်၌
စစ်တိုက်ရ သောကြောင့်၊ ထာဝရဘုရားသည် ရန်သူတို့ကို အဘခြေ ဘဝါးတော်အောက်သို့ နှိမ့်ချတော်မမူမှီတိုင်အောင်၊
မိမိဘုရားသခင်ထာဝရဘုရား၏ နာမတော်အဘို့ အိမ်တော်ကို မတည်မဆောက်ရဟု မင်းကြီးသိ၏။ 4 ယခုမူကား၊
ငါ၏ဘုရားသခင်ထာဝရဘုရား သည် အရပ်ရပ်၌ ငြိမ်ဝပ်မည်အကြောင်း စီရင်တော်မူ သဖြင့်၊ ရန်ဘက်ပြုသောသူ၊ ဆီးတားသောသူ
မရှိသည် ဖြစ်၍၊ 5 ထာဝရဘုရားက၊ ငါ့အဘဒါဝိဒ်အား သင့် ကိုယ်စား သင်၏ရာဇပလ္လင်ပေါ်မှာ ငါတင်သော သင်၏ သားသည်
ငါ့နာမအဘို့ အိမ်ကို တည်ဆောက်ရမည်ဟု မိန့်တော်မူသည်အတိုင်း၊ ငါ၏ဘုရားသခင် ထာဝရဘုရား ၏ နာမတော်အဘို့ အိမ်တော်ကို
တည်ဆောက်မည်ဟု ငါအကြံရှိ၏။ 6 မင်းကြီး၏ ကျွန်တို့သည် ငါ့အဘို့ လေဗနုန် တောင်ပေါ်မှာ အာရဇ်ပင်တို့ကို ခုတ်လှဲစေခြင်းငှါ
စီရင် ပါ။ ငါ့ကျွန်တို့သည် မင်းကြီးကျွန်တို့နှင့်ဝိုင်း၍ လုပ်ကိုင် ကြလိမ့်မည်။ မင်းကြီးစီရင်သည်အတိုင်း၊ မင်းကြီး၏ ကျွန်တို့အား
အခကိုပေးပါမည်။ ဇိဒုန်အမျိုးသားတို့သည် သစ်ခုတ်တတ်သကဲ့သို့ ငါ့တို့တွင် အဘယ်သူမျှ ခုတ်တတ် သည်ကို မင်းကြီးသိသည်ဟု
မှာလိုက်လေ၏။ 7 ရှောလမုန်မင်း၏စကားကို ဟိရံမင်းသည် ကြား လျှင် အလွန်ဝမ်းမြောက်၍၊ ထိုလူမျိုးကြီးကို အစိုးရသော သားကို
ဒါဝိဒ်အားပေးတော်မူသော ထာဝရဘုရားသည် ယနေ့မင်္ဂလာရှိတော်မူစေသတည်းဟု ဆိုလျက်၊ 8 မင်းကြီးမှာလိုက်သော အမှုကို
ငါဆင်ခြင်ပြီ။ အာရဇ်သစ်သား၊ ထင်ရှူးသစ်သားလိုသမျှကို ပေးပါမည်။ 9 ငါ့ကျွန်တို့သည် လေဗနုန်တောင်မှ ပင်လယ်သို့ ချပြီးလျှင်၊
ဘောင်လုပ်၍ မင်းကြီးစီရင်သောအရပ်သို့ ပင်လယ်လမ်းဖြင့် ဆောင်ခဲ့၍၊ ထိုအရပ်၌အပ်သဖြင့် မင်းကြီးခံယူရမည်။
မင်းကြီးသည်လည်း၊ ငါ၏နန်းတော် သားစားစရာရိက္ခာကိုပေး၍ ငါ့အလိုကိုလည်း ပြည့်စုံ စေရမည်ဟု ရှောလမုန်ထံသို့
လူကိုစေလွှတ်၍ ပြန်ပြော ၏။ 10 ထိုသို့ဟိရံသည် ရှောလမုန် အလိုရှိသမျှသော အာရဇ်သစ်သား၊ ထင်းရှူးသစ်သားကို ပေး၏။ 11
ရှောလမုန်သည်လည်း၊ ဟိရံ၏နန်းတော်သား များ စားစရာဘို့ တနှစ်တနှစ်လျှင် ဂျုံဆန်ကောရ နှစ်သောင်း၊ စစ်ပြီးသော
ဆီကောရနှစ်ဆယ်ကို ပေး၏။ 12 ထာဝရဘုရားသည်လည်း၊ ဂတိတော်ရှိသည် အတိုင်း၊ ရှောလမုန်အား ပညာကိုပေးတော်မူ၏။
ဟိရံမင်းနှင့်ရှောလမုန်မင်းနှစ်ပါးတို့သည် စစ်တိုက်ခြင်း မရှိ။ မိဿဟာယဖွဲ့ကြ၏။ 13 ရှောလမုန်မင်းကြီးသည်လည်း၊ ဣသရေလလူ
အပေါင်းတို့တွင် လူသုံးသောင်းတို့ကို ခွဲခန့်၍၊ 14 အလှည့်အလှည့်တလလျှင်တသောင်းစီ၊ လေဗနုန် တောင်သို့ စေလွှတ်သဖြင့်၊
ထိုလူတို့သည် လေဗနုန်တောင် ပေါ်မှာတလ၊ ကိုယ်နေရာအရပ်၌ နှစ်လနေရကြ၏။ ထိုလူ တို့ကို အဒေါနိရံအုပ်ရ၏။ 15
ထမ်းရွက်သောသူခုနစ်သောင်း၊ တောင်ရိုးပေါ် မှာ သစ်ခုတ်သောသူရှစ်သောင်းတို့ကိုလည်း စေခိုင်းတော် မူ၍၊ 16
အုပ်ချုပ်သောမင်းအရာရှိမှတပါး လုပ်ဆောင်သော သူတို့ကို စီရင်သောသူ သုံးထောင်သုံးရာရှိ၏။ 17 ရှင်ဘုရင်၏ အမိန့်တော်အတိုင်း
အိမ်တော် တိုက်မြစ်အဘို့ ကြီးသောကျောက်၊ အဘိုးထိုက်သော ကျောက်၊ ဆစ်ပြီးသောကျောက်တို့ကို ဆောင်ခဲ့ကြ၏။ 18
ထိုသို့ရှောလမုန်မင်း၏ လက်သမားတို့နှင့် ဟိရံမင်း၏လက်သမားတို့သည် ဂေဗာလအမျိုးသားတို့ နှင့်တကွ၊ အိမ်တော်ကို
တည်ဆောက်စရာဘို့ သစ်သား များ၊ ကျောက်များတို့ကို ပြင်ဆင်ကြ၏။

---

---

1 Kings 01

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဘုရင်ဟိရံနှင့် ဗိမာန်တော် အဆောက်အဦးအကြောင်း ပြောသည်။

ဒါဝိဒ်နှင့် အစဉ်မိတ်ဆွေဖွဲ့သော သူ
"ဟိရံသည် ဘုရင် ဒါဝိဒ်၏ အရင်းနှီးဆုံးသော မိတ်ဆွေ ဖြစ်ခဲ့သည်။" (UDB)

ထာဝရဘုရားသည် ရန်သူတို့ကို အဘခြေ ဘဝါးတော်အောက်သို့ နှိမ့်ချတော်မမူမှီတိုင်အောင်
တစ်စုံတစ်ဦး၏ ခြေဘဝါးအောက်တွင် ရန်သူကိုထားသည် ဆိုသည်မှာ သူတို့အား အောင်နိုင်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဒါဝိဒ်သည် သူ၏ ရန်သူများအား ခုခံနိုင်ရန် ထာဝရဘုရားသည် ကူညီသည်။" သို့မဟုတ် "ထာဝရဘုရားသည် ဒါဝိဒ်အား သူ၏ ရန်သူများကို အောင်နိုင်ခြင်း ပေးပြီးသောအချိန်မှစ၍ ဒါဝိဒ် အလုပ်များခဲ့သည်။"

ငါ့အဘဒါဝိဒ်သည် အရပ်ရပ်၌ စစ်တိုက်ရ သောကြောင့်
အခြားဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်မှာ "သူ၏ရန်သူများမှ သူ့အား စစ်ကြောင့်ဝိုင်းထားသည်။" သို့မဟုတ် "သူသည် အဖက်ဖက်မှ ရန်သူများနှင့် တိုက်ခိုက်ရသောကြောင့်"

ဘုရားသခင်ထာဝရဘုရား၏ နာမတော်
"အမည်" ဟူသော စကားလုံးသည် လူကို ကိုယ်စားပြုခြင်း ဖြစ်ပြီး "နာမတော်" သည်

ထာဝရဘုရားသည် ရန်သူတို့ကို အဘခြေ ဘဝါးတော်အောက်သို့ နှိမ့်ချတော်မမူမှီတိုင်အောင်
ခြေဘဝါးများသည် လူတစ်ယောက်အပေါ်ပြည့်စုံသော ထိန်းချုပ်မှု အတွက် သုံးနှုန်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဒါဝိဒ်သည် သူ၏ ရန်သူများကို


generated on Sun Jun 30 02:37:40 2024

အပြည့်အဝ ကာကွယ်နိုင်ရန် ထာဝရဘုရားသည် တတ်စွမ်းနိုင်သည်။"

1 Kings 04

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဘုရင်ဟိရံနှင့် ဗိမာန်တော် အဆောက်အဦးအကြောင်း ဆက်ပြောသည်။

အရပ်ရပ်၌ ငြိမ်ဝပ်မည်အကြောင်း စီရင်တော်မူ သဖြင့်
ရှောလမုန် ရှင်ဘုရင် မဖြစ်ခင် ဒါဝိဒ်မင်းကြီးနှင့် ဣသရေလ လူမျိုးများသည် စစ်အတွင်းတွင် ကျင်လည်ခဲ့ရသော်လည်း ယခုတွင် ရှောလမုန်မင်းကြီး နှင့် သူ၏ကို လူများသည် စစ်အေးသောကာလတွင် ငြိမ်ဝပ်စွာ နေကြရသည်။

ရန်ဘက်ပြုသောသူ
ရန်သူ

ဆီးတားသောသူ
လူ နှင့် သူတို့၏ ပိုင်ဆိုင်မှုများကို ထိခိုက်မှုဖြစ်စေသော အကြောင်းအရင်း

ရန်ဘက်ပြုသောသူ၊ ဆီးတားသောသူ မရှိသည် ဖြစ်၍
ထိခိုက် ပျက်စီးစေသောသူများ၊ ထိခိုက် ပျက်စီးခြင်းကို ဖြစ်ပေါ်စေသော သဘာဝ အကြောင်းတရားများ နှစ်ခုစလုံး မဟုတ်။ အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရန်သူများနှင့် သဘာဝ ဘေးအန္တရာယ်များမှ လုံခြုံသည်။"

So
စကားလုံး၏နောက်ဆက်တွဲအား အလေးထားရန် ဖြစ်သည်။ " နားထောင်ပါ။ ကျွန်ုပ်လုပ်ရမည့်အရာ ဖြစ်သည်။" သို့မဟုတ် "ထာဝရဘုရားသည် ကျွန်ုပ်အပေါ်၌ ပြုသောအရာများကြောင့် ထိုအရာသည် ကျွန်ုပ်လုပ်ရမည့်အရာ ဖြစ်သည်။"

သင်၏ရာဇပလ္လင်ပေါ်မှာ ငါတင်သော
ဤနေရာတွင် " ရာဇပလ္လင်" သည် ဘုရင်ကဲ့သို့ စိုးစံရန် ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင့်နောက်တွင် ဘုရင်ဖြစ်စေရန် ပြုလုပ်သည်။"

ငါ့နာမအဘို့ ........ ငါ၏ဘုရားသခင် ထာဝရဘုရား ၏ နာမတော်အဘို့
"နာမ" ဟူသော စကားလုံးသည် လူအတွက် ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား နေသော နေရာ ...... ကျွန်ုပ်နေသော နေရာ"

1 Kings 06

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဘုရင်ဟိရံနှင့် ဗိမာန်တော် အဆောက်အဦးအကြောင်း ဆက် ပြောသည်။

ဇိဒုန်အမျိုးသား
ဇိဒုန်လူများ

ဇိဒုန်အမျိုးသားတို့သည် သစ်ခုတ်တတ်သကဲ့သို့ ငါ့တို့တွင် အဘယ်သူမျှ ခုတ်တတ်
"သစ်ကို မည်ကဲ့သို့ ခုတ်ရမည်ကို သင်၏ အလုပ်သမားများသည် ကျွန်ုပ်၏လူများထက် သာ၍ သိသည်။"

1 Kings 07

ယေဘုယျ အချက်အလက်
ရှင်ဘုရင် ဟိရံသည် ရှောလမုန်အား ဖြေကြားသည်။

ရှောလမုန်မင်း၏စကား
"ရှောလမုန် ပြောသောစကား"

ထာဝရဘုရားသည် ယနေ့မင်္ဂလာရှိတော်မူစေသတည်း
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်သည် ယနေ့ ထာဝရဘုရားအား ချီးမွမ်းသည်။"

အာရဇ်သစ်သား
အာရဇ်သစ်သားသည် ဗိမာန်တော် ဆောက်လုပ်ရာတွင် အသုံးပြုရန် သင့်တော်သော အဖိုးတန် သစ်အမျိုးအစား တစ်မျိုးဖြစ်သည်။

1 Kings 09

ယေဘုယျ အချက်အလက်
ဘုရင် ဟိရံသည် ရှောလမုန်အား ဆက်လက် ဖြေကြားသည်။

ဘောင်လုပ်၍
"အစုလိုက် မျောနေစေရန် အတူအတွ စည်းနှောင်သည်။"

ထိုအရပ်၌အပ်သဖြင့်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်၏ အလုပ်သမားများသည် အချင်းချင်း သစ်လုံးများကို မစည်းနှောင်ပါ။"

ငါ့အလိုကိုလည်း ပြည့်စုံ စေရမည်
"ကျွန်ုပ်လိုချင်သမျှကို သင် လုပ်ပေးရမည်" သို့မဟုတ် "ပေးရမည်။"

1 Kings 10

အာရဇ်သစ်သား
"အာရဇ်သစ်သား" ဟူသော စကားလုံးသည် အာရဇ်ပင်များ အပါအဝင် အပင်အမျိုးအစားများစွာအား ရည်ညွှန်းသည်။

ဂျုံဆန်ကောရ နှစ်သောင်း
ခြောက်သွေ့သောအရာအား တိုင်းတာသော အတိုင်းအတာ ရှိသကဲ့သို့ ဆီကဲ့သို့သော အရည်များအား တိုင်းတာသော


generated on Sun Jun 30 02:37:40 2024

အတိုင်းအတာ ရှိသည်။ ဤတွင် မည်သည့် အတိုင်းအတာအား ဆိုလိုကြောင်း မရှင်းလင်းပါ။

တနှစ်တနှစ်
"နှစ်တိုင်း"

1 Kings 13

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ရန် သူ၏ လူများအား တိုက်တွန်းသည်။

ဣသရေလလူ အပေါင်း
ဣသရေလပြည်တစ်လျှောက်မှ အလုပ်လုပ်မည့် လူများ

အလှည့်အလှည့်
အဖွဲ့သုံးဖွဲ့သည် လေဗနုန်တောင်တွင် တစ်လ နှင့် မိမိအရပ်နေရာတွင် နှစ်လ အလှည့်ကျ အချိန်ကို အသုံးပြုရန် ဖြစ်သည်။

လေဗနုန်တောင် ပေါ်မှာတလ၊ ကိုယ်နေရာအရပ်၌ နှစ်လ
အဖွဲ့ သုံးဖွဲ့မှ တစ်ဖွဲ့စီသည် လေဗနုန်တောင်တွင် တစ်လ နှင့် မိမိနေရပ် ဣသရေလပြည်တွင် နှစ်လ အလုပ်လုပ်ရန် ဖြစ်သည်။

ထိုလူ တို့ကို အဒေါနိရံအုပ်ရ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် မိမိအတွက် အလုပ်လုပ်ပေးရန် ခိုင်းစေခံရသောသူ"

1 Kings 15

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ရန် သူ၏ လူများအား ဆက်၍ တိုက်တွန်းသည်။

ထမ်းရွက်
လေးလံသောအရာများ

သစ်ခုတ်သောသူ
"မြေကြီးထဲမှ ကျောက်များကို တူးကာ ဖြတ်သောသူ"

1 Kings 17

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ရန် သူ၏ လူများအား ဆက်၍ တိုက်တွန်းသည်။

ကြီးသောကျောက်၊ အဘိုးထိုက်သော ကျောက်၊ ဆစ်ပြီးသောကျောက်တို့ကို ဆောင်ခဲ့ကြ၏
တောင်ပေါ်မှ ကြီးမားသော ကျောက်များကို တူးကာ လိုချင်သော ပုံစံရအောင် ဖြတ်သည်။

ဂေဗာလ
ဂေဗာလမြို့မှ လူများ။

## Translation Questions

1 Kings 5:1

မည်သူသည် ရှောလမုန်ထံသို့ ကျွန်တော်များကို စေလွှတ်ခဲ့သနည်း။
တုရုမင်းကြီးဟိရံသည် ရှောလမုန်ထံသို့ သူ၏ကျွန်တော်များကို စေလွှတ်ခဲ့သည်။

ထာဝရဘုရားသခင်၏အိမ်တော်ကို မည့်သည့်အတွက်ကြောင့် ဒါဝိဒ်မင်းကြီးက တည်ဆောက်ခွင့်မရရှိခဲ့သနည်း။
ထာဝရဘုရားသခင်၏အိမ်တော်ကို ဒါဝိဒ်မင်းကြီးက တည်ဆောက်ခွင့်မရရှိခဲ့ခြင်းမှာ သူ၏စစ်တိုက်ရခြင်းကြောင့်ဖြစ်သည်။

1 Kings 5:4

ဒါဝိဒ်မင်းကြီးအား ထာဝရဘုရားက မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားသခင်က ဒါဝိဒ်အား သင်၏ရာဇပလ္လင်ပေါ်မှာ ငါတင်သော သင်၏ သားသည် ငါ့နာမအဘို့ အိမ်ကို တည်ဆောက်ရမည်ဟု မိန့်တော်မူခဲ့သည်။

1 Kings 5:6

ရှောလမုန်မင်းကြီးက ဟိရံမင်းကြီးထံတွင် မည်သည့်အရာကို မေးမြန်းတောင်းဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးက ဟိရံမင်းကြီးထံတွင် ကျွန်တို့သည် သူ့အဘို့ လေဗနုန် တောင်ပေါ်မှာ အာရဇ်ပင်တို့ကို ခုတ်လှဲစေခြင်းငှါ စီရင်ရန်တောင်းဆိုခဲ့ပါသည်။

1 Kings 5:7

ရှောလမုန်မင်းကြီး၏စကားတော်ကို ကြားသော ဟိရံမင်းကြီးက မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
ရှောလမုန်မင်း၏စကားကို ဟိရံမင်းသည် ကြားလျှင် အလွန်ဝမ်းမြောက်၍ ထာဝရဘုရားသည် ယနေ့မင်္ဂလာရှိတော်မူစေသတည်းဟု ဆိုခဲ့ပါသည်။

ရှောလမုန်တောင်းဆိုသည်အရာကို ဟိရံမင်းကြီးက လုပ်ဆောင်ခဲ့ပါသလား။
အမှန်ပင် ဟိရံမင်းကြီးက လုပ်ဆောင်ရန် စာလွှာကို ပေးပို့ကာ အာရဇ်သစ်သား၊ ထင်ရှူးသစ်သားလိုသမျှကို ပေးပါမည်ဟု လျှောက်တင်ခဲ့သည်။


generated on Sun Jun 30 02:37:40 2024

1 Kings 5:9

ဟိရံမင်းကြီး၏ ကျွန်တို့သည် သစ်ပင်များဖြင့် မည်သည့်အရာကို ပြုကြသနည်း။
မင်းကြီး၏ကျွန်တို့သည် လေဗနုန်တောင်မှ ပင်လယ်သို့ ချပြီးလျှင်၊ ဘောင်လုပ်၍ မင်းကြီးစီရင်သောအရပ်သို့ ပင်လယ်လမ်းဖြင့် ဆောင်ခဲ့ကြသည်။

ဟိရံမင်းကြီး၏ စိတ်ဆန္ဒကားအဘယ်နည်း။
ဟိရံမင်းကြီး၏ စိတ်ဆန္ဒကား စားစရာရိက္ခာကိုပေး၍ အလိုကိုလည်း ပြည့်စုံစေရမည်ဟု ရှောလမုန်ထံသို့ လူကိုစေလွှတ်၍ ပြန်ပြောစေခဲ့သည်။

1 Kings 5:10

ရှောလမုန်က မည်သည့် ရိက္ခာမျိုးကို ဟိရံမင်းကြီးထံသို့ ပေးသနည်း။
ရှောလမုန်သည်လည်း၊ ဟိရံ၏နန်းတော်သားများ စားစရာဘို့ တနှစ်တနှစ်လျှင် ဂျုံဆန်ကောရ နှစ်သောင်း၊ စစ်ပြီးသော ဆီကောရနှစ်ဆယ်ကို ပေးခဲ့သည်။

ရှောလမုန်နှင့် ဟိရံတို့ကြားတွင် ငြိမ်သက်ခြင်းရှိပါသလား။
အမှန်ပင် သူတို့နှစ်ဦးကြားတွင် ငြိမ်သက်ခြင်းရှိကာ မိဿဟာယဖွဲ့ကြသည်။

1 Kings 5:13

ဣသရေလလူအပေါင်းတို့တွင် ရှောလမုန်မင်းကြီးက အင်အားမည်မျှထားရှိသနည်း။
ရှောလမုန်မင်းကြီးသည်လည်း၊ ဣသရေလလူ အပေါင်းတို့တွင် လူသုံးသောင်းတို့ကို ခွဲခန့်ထားသည်။

ဣသရေလလုပ်သားအပေါင်းကို အုပ်ချုပ်ရန် ရှောလမုန်က မည်သူကို ခန့်ထားသနည်း။
ဣသရေလလုပ်သားအပေါင်းကို အုပ်ချုပ်ရန် ရှောလမုန်က အဒေါနိရံအားခန့်ထားသည်။

1 Kings 5:15

ရှောလမုန်မင်းကြီးက လုပ်သားများကို ကြည့်ရှုရန် လုပ်သားအုပ်ချုပ်ကွက်ကဲသူများကို ခန့်ထားပါသလား။
အမှန်ပင် အုပ်ချုပ်သောမင်းအရာရှိမှတပါး လုပ်ဆောင်သော သူတို့ကို စီရင်သောသူ သုံးထောင်သုံးရာကို ခွဲခန့်ထားပါသည်။

1 Kings 5:17

ထာဝရဘုရား၏အိမ်တော်တိုက်မြစ်အဖို့ လုပ်သားတို့က မည်သည့်ကျောက်မျိုးကို လုပ်ဆောင်ရသနည်း။
ထာဝရဘုရား၏အိမ်တော်တိုက်မြစ်အဖို့ လုပ်သားတို့က ကြီးသောကျောက်၊ အဘိုးထိုက်သော ကျောက်၊ ဆစ်ပြီးသောကျောက်တို့ကို ဆောင်ခဲ့ကြရသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 6

[1] ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သော သက္ကရာဇ်လေးရာရှစ်ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံလေးနှစ်၊
ဇိဖအမည်ရှိသော ဒုတိယလတွင်၊ ထာဝရဘုရား၏အိမ်တော်ကို တည်စပြုတော်မူ၏။ [2] ထိုအိမ်တော်အလျားသည် အတောင်ခြောက်
ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်အတောင်သုံးဆယ် ရှိ၏။ [3] အိမ်တော်ဦးသည်လည်း အိမ်တော်အနံနှင့် ညီ၍အလျား
အတောင်နှစ်ဆယ်၊ အနံဆယ်တောင်ရှိ၏။ [4] အိမ်တော်လင်းစရာဘို့ ကျဉ်းသော ပြတင်း ပေါက်တို့ကို လုပ်လေ၏။ [5]
အိမ်တော်ပြင်ထရံနှင့်ဗျာဒိတ်ဌာနတော်ပြင် ထရံပတ်လည်၌ အခန်းတို့ကိုလည်း လုပ်လေ၏။ [6] အောက်အခန်းသည် အနံငါးတောင်၊
အလယ် အခန်း အနံခြောက်တောင်၊ အထက်အခန်းအနံခုနစ် တောင်ရှိ၏။ အကြောင်းမူကား၊ အခန်းတို့သည် အိမ်တော်ထရံကိုယ်ထဲသို့
မဝင်။ ထရံဆုတ်လျက် ဆုတ်လျက် တက်၏။ [7] ထိုအိမ်တော်ကို တည်လုပ်သောအခါ၊ ထိုအရပ် သို့မဆောင်ခဲ့မှီ ဆစ်ပြီးသော
ကျောက်တို့ဖြင့်သာ တည်လုပ်သောကြောင့်၊ သံတူ၊ ပုဆိန်၊ သံတန်ဆာနှင့် လုပ်သော အသံမမြည်ရ။ [8] အောက်အခန်းထဲသို့ဝင်သော
တံခါးဝသည် အိမ်တော်လက်ျာဘက်မှာရှိ၏။ လိမ်သော လှေကားဖြင့် အလယ်အခန်းသို့၎င်း၊ အလယ်အခန်းမှ အထက်အခန်း သို့၎င်း၊
တက်ရ၏။ [9] အိမ်တော်ကို တည်ပြီးမှ ထုပ်များတိုင်များကို အာရဇ်ပျဉ်ပြားနှင့် ဖုံးအုပ်လေ၏။ [10] ထရံအခန်းတို့သည်လည်း
အမြင့်ငါးတောင်စီ ရှိ၏။ အာရဇ်ရက်မတို့သည်အိမ်တော်ကိုမှီလျက် ရှိကြ၏။ [11] ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
ရှောလမုန်သို့ ရောက်လာသည်ကား၊ [12] ယခုတည်ဆောက်သောအိမ်တော်အရာမှာ၊ သင်သည် ငါသွန်သင်သော လမ်းသို့ လိုက်လျက်၊
ငါစီရင် ချက်အတိုင်းစီရင်၍၊ ငါပညတ်သမျှတို့ကို စောင့်ရှောက် လျှင်၊ သင်၏အဘဒါဝိဒ်အား ငါဂတိထားသည်အတိုင်း
သင်၌ငါပြုမည်။ [13] ငါ၏လူဣသရေလအမျိုးကို ငါမစွန့်။ သူတို့ အလယ်၌ နေမည်ဟု မိန့်တော်မူ၏။ [14] ထိုသို့ရှောလမုန်သည်
အိမ်တော်ကို တည်၍ ပြီးလေ၏။ [15] ကြမ်းမှသည်အမိုးတိုင်အောင်အတွင်းထရံကို အာရဇ်ပျဉ်ပြားနှင့် ဖုံးအုပ်၍၊ ကြမ်းကိုလည်း
ဒုကြီးသော ထင်းရှူးပျဉ်ပြားဖြင့် ပြီးစေ၏။ [16] အလွန်သန့်ရှင်းရာဌာန၊ ဗျာဒိတ်ဌာနတော် အဘို့
အလျားအနံအတောင်နှစ်ဆယ်စီကျယ်သော အိမ်တော်တပိုင်းကို အခန်းကာ၍ ကြမ်းနှင့်ထရံကို အာရဇ်ပျဉ်ပြားဖြင့် ပြီးစေ၏။ [17]
ထိုအခန်းရှေ့မှာတည်သော ဗိမာန်တော် အလျားသည် အတောင်လေးဆယ်ရှိ၏။ [18] အိမ်တော်အတွင်း၌ အာရဇ်ပျဉ်ပြားတို့သည်
ဘူးသီးအပြောက်၊ ပန်းပွင့်အပြောက်နှင့်ပြည့်စုံကြ၏။ ကျောက်မပေါ်စေခြင်းငှါ အာရဇ်သား နှင့်ဖုံးအုပ်လျက် သာရှိ၏။ [19] ထိုသို့
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော် ကို တင်ထားရန်၊ အိမ်တော်အတွင်း၌ ဗျာဒိတ်ဌာနတော် ကို ပြင်ဆင်လေ၏။ [20]
ဗျာဒိတ်ဌာနတော်အခန်းသည် အလျား အတောင်နှစ်ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့် အတောင်နှစ်ဆယ်ရှိ၏။ ထိုအခန်းကို၎င်း၊
အာရဇ် သစ်သားနှင့်လုပ်သော ယဇ်ပလ္လင်ကို၎င်း၊ ရွှေစင်နှင့် မွမ်းမံလေ၏။ [21] ထိုသို့အိမ်တော်အတွင်းကို ရွှေစင်နှင့်မွမ်းမံပြီးမှ၊
ဗျာဒိတ်ဌာနတော်ရှေ့မှာ ရွှေကြိုးဖြင့် အကွယ်အကာကို ဆွဲထား၍၊ ရွှေနှင့်မွမ်းမံလေ၏။ [22] အိမ်တော်တအိမ်လုံးကို၎င်း၊
ဗျာဒိတ်ဌာနတော် နားမှာရှိသော ယဇ်ပလ္လင်ကို၎င်း၊ ရွှေနှင့် အကုန်အစင် မွမ်းမံလေ၏။ [23] ဗျာဒိတ်ဌာနတော်ထဲမှာ အမြင့်ဆယ်တောင်
ရှိသော ခေရုဗိမ်နှစ်ပါးကို သံလွင်သားနှင့်လုပ်လေ၏။ [24] ခေရုဗိမ်အတောင်တို့သည် တဘက်တချက် အလျားငါးတောင်စီရှိ၍၊
အတောင်ဖျားတခုမှတခု တိုင်အောင် ဆယ်တောင်ရှိ၏။ [25] အမြင့်ဆယ်တောင်ရှိသည်ဖြစ်၍၊ ခေရုဗိမ် နှစ်ပါးသည်
အလုံးအရပ်ပမာဏတူ၏။ [26] ထိုခေရုဗိမ်တို့ကို အတွင်းအိမ်တော်ထဲမှာ တင်ထားသဖြင့်၊ ခေရုဗိမ်အတောင်တို့သည် ဖြန့်လျက်၊ [27]
အတောင်ဖျားတဘက်တချက်၌ ထရံကိုမှီလျက်၊ အလယ်မှာ အတောင်ဖျားတခုနှင့်တခုထိလျက် ရှိကြ၏။ [28] ခေရုဗိမ်တို့ကိုလည်း
ရွှေနှင့်မွမ်းမံလေ၏။ [29] အိမ်တော်ထရံအတွင်းဘက်နှင့် ပြင်ဘက်၌ ထုသော ခေရုဗိမ်အရုပ်နှင့်အပွင့်ပွင့်သော စွန်ပလွံပင်
အရုပ်များရှိကြ၏။ [30] အိမ်တော်အတွင်း ကြမ်းနှင့်ပြင်ကြမ်းကိုလည်း ရွှေနှင့်မွမ်းမံလေ၏။ [31] ဗျာဒိတ်ဌာနတော် ဝင်ဝဘို့သံလွင်သား
တံခါး ရွက်နှစ်ရွက်ကို လုပ်၍၊ တံခါးထုပ်နှင့်တံခါးတိုင်တို့သည် ထရံငါးစုတစုကိုစားကြ၏။ [32] သံလွင်သားတံခါးရွက်တို့၌
ခေရုဗိမ်အရုပ်၊ အပွင့်ပွင့်သော စွန်ပလွံပင်အရုပ်များကို ထုလုပ်၍၊ တံခါးရွက်နှင့်ခေရုဗိမ်အရုပ်၊ စွန်ပလွံပင်အရုပ်တို့ကို
ရွှေနှင့်မွမ်းမံလေ၏။ [33] ထိုအတူ အိမ်တော်ပြင်ထရံလေးစုတစု ကျယ်သောဝင်ဝဘို့ သံလွင်တံခါးတိုင်တို့ကို၎င်း၊ [34]
တံခါးရွက်တရွက်လျှင် ပတ္တာနှစ်ခုစီဖြင့် လည်တတ်သော ထင်ရှူးသား တံခါးရွက်နှစ်ရွက်တို့ကို၎င်း လုပ်လေ၏။ [35] တံခါးရွက်၌
ခေရုဗိမ်အရုပ်နှင့် အပွင့်ပွင့်သော စွန်ပလွံပင်အရုပ်များကို ထုလုပ်၍ အပြောက်ကို ရွှေနှင့် မွမ်းမံလေ၏။ [36] အတွင်းတန်တိုင်းကိုလည်း
ဆပ်သော ကျောက် တန်းသုံးဆင့်၊ အာရဇ်သစ်သားတန်းတဆင့်နှင့် အထပ် ထပ်တည်လေ၏။ [37] နန်းစံလေးနှစ်၊
ဇိဖလတွင်ထာဝရဘုရား၏ အိမ်တော်တိုက်မြစ်ကို ချကြ၍၊ [38] နန်းစံဆယ်တနှစ်၊ ဗုလအမည်ရှိသော အဋ္ဌမလ တွင်
အိမ်တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ကို လက်စသတ်၍ ခုနစ်နှစ်ပတ်လုံးအိမ်တော်ကို တည်ဆောက်သတည်း။


generated on Sun Jun 30 02:37:40 2024

1 Kings 01

ယေဘုယျ အချက်အလက်
နောက်ကြောင်းပြောသူသည် ဗိမာန်တော်၏ အတိုင်းအတာများကို စာရင်းပြုစုသည်။

တည်စပြုတော်မူ၏
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

သက္ကရာဇ်လေးရာရှစ်ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံလေးနှစ်
ၔင်းသည် ၄၈၀ နှင့် ၄၏ အစဉ်အတိုင်းပြသည့် ကိန်းပုံစံများဖြစ်သည်။

ဇိဖအမည်ရှိသော ဒုတိယလ
"ဇိဖ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် ဒုတိယလ၏ အမည်ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်များတွင် ဧပြီလ၏ နောက်ဆုံးအပတ်နှင့် မေလ၏ ပထမဆုံးအပတ်အတွင်း ဖြစ်သည်။

အလျားသည် အတောင်ခြောက် ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်အတောင်သုံးဆယ်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၇.၆ မီတာ ရှည်၍ ၉.၂ မီတာ ကျယ်ပြီး ၁၃.၈ မီတာ မြင့်သည်။"

1 Kings 03

ယေဘုယျ အချက်အလက်
နောက်ကြောင်းပြောသူသည် ဗိမာန်တော်၏ အတိုင်းအတာများကို ဆက်လက် စာရင်းပြုစုသည်။

အိမ်တော်ဦး
အဆောက်အဦး၏ ဝင်ပေါက် တံခါးနှင့် ဆက်သွယ်ထားပြီး တိုင်နှင့် အမိုးတို့ဖြင့် ပြုလုပ်ထားသော အဆောက်အဦး မြေနေရာ ဖြစ်သည်။ ၎င်းစင်ဝင်ပေါက်သည် နံရံ၏ အရှေ့ဘက်တွင် တွဲထားသဖွယ်ဖြစ်ပြီး ဗိမာန်တော်အား ဝန်းရံထားသည်။

အလျား အတောင်နှစ်ဆယ်၊ အနံဆယ်တောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၉.၂ မီတာ ....... ၄.၆ မီတာ"

1 Kings 05

ယေဘုယျ အချက်အလက်
နောက်ကြောင်းပြောသူသည် ဗိမာန်တော်၏ အတိုင်းအတာများကို ဆက်လက် စာရင်းပြုစုသည်။

ထရံပတ်လည်၌ အခန်းတို့ကိုလည်း လုပ်လေ၏
အဓိကအခန်းပတ်လည် အပြင်ဖက်နံရံ၏ အပြင်တွင် အခန်းများကို တည်ဆောက်ခဲ့သည်။

အောက်အခန်း ..... အလယ် အခန်း ... အထက်အခန်း
အဆောက်အဦး၏ အထပ်တိုင်းတွင်ရှိသော အခန်းများကို ရည်ညွှန်းသည်။

အနံငါးတောင်၊ အနံခြောက်တောင်၊အနံခုနစ် တောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂.၃ မီတာခန့်၊ ၂.၈ မီတာခန့်၊ ၃.၂ မီတာခန့်"

အခန်းတို့သည် အိမ်တော်ထရံကိုယ်ထဲသို့ မဝင်
အခန်းငယ်လေးများ၏ ရက်မများကို ထောက်မရန် အဓိက အဆောက်အဦး ပတ်လည်တွင် နံရံကပ်စင်များ ပြုလုပ်သည်။

အခန်းတို့သည်
အဆောက်အဦးအား ထောက်မရာတွင် သုံးသော ကြီးမား၍ ရှည်လျားသည့် သစ်သားဖြစ်သည်။

1 Kings 07

အိမ်တော်
"အိမ်တော်"သည် ဘုရားသခင်၏အိမ်၊ ဗိမာန်တော်ကို ရည်ညွှန်းသည်။

ဆစ်ပြီးသော ကျောက်တို့ဖြင့်သာ တည်လုပ်သောကြောင့်
လူများသည် တောင်ပေါ်မှ ကြီးမားသော ကျောက်များကို ဖြတ်ပြီး ချောမွေ့အောင် ကိရိယာများနှင့် ပုံသွင်းသည့်ကျောက်များကို ဆစ်ပြီးသောကျောက် ဟု ခေါ်ဆိုသည်။ ကျောက်များကို ဆစ်ပြီးသောအခါ ဗိမာန်တော်သို့ သယ်ဆောင်ခဲ့ကြသည်။

အောက်အခန်း..... အလယ် အခန်း ... အထက်အခန်း
စုစုပေါင်း အထပ်သုံးထပ်ရှိသည်။ အခြားသော ဘာသာစကားများမှ " မြေညီထပ်၊ ပထမထပ် နှင့် ဒုတိယထပ်" ဟု ခေါ်ကြသည်။

1 Kings 09

အိမ်တော်ကို တည်ပြီးမှ
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

ထုပ်များတိုင်များ
"ထုပ်" သည်အဆောက်အဦးအား ထောက်မရန် ကြီးမား၍ ရှည်လျားသော သစ်သားဖြစ်သည်။ (၆:၅) တွင် ဘာသာပြန်ထားပြီးသကဲ့သို့ ဖြစ်သည်။

အာရဇ်ပျဉ်ပြား
"ပျဉ်ပြား" သည် နံရံများနှင့် ကြမ်းပြင်များအတွက် အသုံးပြုသော သစ်သား အပြား ဖြစ်သည်။

အခန်း
(၆:၅)တွင် ရည်ညွှန်းဖော်ပြထားသော အခန်းများနှင့် တူညီသည်။

ထရံ
ဤစကားစုသည် ထရံများကို ပတ်လည် ကာထားသော နံရံများကို ဆိုလိုခြင်းဖြစ်သည်။

ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂.၃ မီတာ"

အာရဇ်ရက်မ
"ရက်မ" ဟူသော စကားလုံးသည် ထုပ်များ တိုင်များကဲ့သို့အဆောက်အဦးတွင် အသုံးပြုသော သစ်သားများကို ရည်ညွှန်းသည့် ယေဘုယျ အသုံးအနှုန်းဖြစ်သည်။

1 Kings 11

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ရှောလမုန်သို့ ရောက်လာသည်ကား
ထာဝရဘုရားသည် သူ၏လူများ သို့မဟုတ် သူ၏ ပရောဖက်များအား တစ်စုံတစ်ခုအား ပြောကြားရန် စတင် မိတ်ဆက်သောအခါတွင် သုံးသော ဥပစာ စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ဤစာအား ပြောခဲ့သည်။" သို့မဟုတ် "ထာဝရဘုရားသည် ထိုစကားများအား ပြောသည်။"

ငါသွန်သင်သော လမ်းသို့ လိုက်လျက်
"လမ်းသို့ လိုက်သည်" ဟူသော စကားလုံးသည် "နာခံခြင်း" သို့မဟုတ် "ရှင်သန်ခြင်း" ကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါသွန်သင်သော အရာအားလုံးကို ဆက်လက် နာခံသည်။"

ငါစီရင် ချက်အတိုင်းစီရင်၍
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ ငါ၏ ပညတ်ချက်တို့အား သယ်ဆောင်ပါ။ သို့မဟုတ် ၂။ လူများအား တရားမျှတစွာ စီရင်ချက်ချသည်။

ငါပညတ်သမျှတို့ကို စောင့်ရှောက် လျှင်၊
ဤစကားစု နှစ်စုသည် အခြေခံအားဖြင့် တူညီသောအရာများနှင့် ထာဝရဘုရား၏ ပညတ်တော်များကို နာခံခြင်း ဟူသော အရေးကြီးသောအရာအား အလေးထားခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - " သင်လုပ်ရန် ငါပြောထားသောအရာများအား ဂရုတစိုက် နာခံပါ။"

သင်၏အဘဒါဝိဒ်အား ငါဂတိထားသည်အတိုင်း သင်၌ငါပြုမည်
သင်၏ ဖခင် ဒါဝိဒ်အား ငါသည် အရာအားလုံးကို လုပ်ပေးမည်ဟု ကတိ ပေးထားသည့်အတိုင်း သင့်အတွက် ငါလုပ်ပေးမည်။

1 Kings 14

ရှောလမုန်....တည်၍....ဖုံးအုပ်၍... ပြီးစေ၏။
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

အတွင်း
အတွင်းပိုင်း

ထင်းရှူး
ထင်းရှူးသည် ဗိမာန်တော် တည်ဆောက်ရာတွင် အသုံးပြုသော သစ်အမျိုးအစား တစ်မျိုးဖြစ်သည်။

1 Kings 16

အတောင်နှစ်ဆယ်
အတောင်နှစ်ဆယ် အရှည်ရှိသော အခန်းတစ်ခန်းကို တည်ဆောက်ခဲ့သည်။

အတောင်နှစ်ဆယ်.....အတောင်လေးဆယ်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၉.၂ မီတာ......၁၈.၄ မီတာ"

အိမ်တော်တပိုင်း
အဓိကအခန်း

ဘူးသီး
မြေပြင်မှ နွယ်တက်ပြီး ကြီးထွားသော မာကျော လုံးဝန်းသည့် စားပင် သီးပင် အမျိုးအစား ဖြစ်သည်။

ပန်းပွင့်အပြောက်
"ပန်းများ ပွင့်ခြင်း" သို့မဟုတ် "ပွင့်နေသော ပန်းများ"

1 Kings 19

အတောင်နှစ်ဆယ်
"၉.၂ မီတာ"

အာရဇ် သစ်သားနှင့်လုပ်သော ယဇ်ပလ္လင်
ထိုပလ္လင်သည် မီးရှို့ရာယဇ်ပူဇော်ရာတွင် အသုံးပြုသည်။

1 Kings 21

မွမ်းမံ
"ဖုံးအုပ်သည်" (UDB)

ဗျာဒိတ်ဌာနတော် နားမှာရှိသော ယဇ်ပလ္လင်
"အတွင်းခန်းဆီသို့ သွားရာ အဝင်ပေါက်ရှိ မီးရှို့ရာယဇ်ပလ္လင်"

1 Kings 23

သံလွင်သား
"သံလွင်ပင်မှ ရသော သစ်သား"

ဆယ်တောင်....ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၄.၆ မီတာ.....၂.၃ မီတာ"

အတောင်ဖျား
အတောင် တစ်ခု၏ အစမှ အခြားအတောင် တစ်ခု၏ အဆုံးအထိ အကွာအဝေး

ပမာဏ
အရွယ်အစား

1 Kings 27

အတွင်းအိမ်တော်
အသန့်ရှင်းဆုံးသော နေရာ၏ အခြားအမည် ဖြစ်သည်။

Solomon placed.....Solomon overlaid
N/A

မွမ်းမံ
"ဖုံးအုပ်သည်။" (UDB)

1 Kings 29

He.....Solomon
N/A

အရုပ်
ပုံသဏ္ဌာန်

မွမ်းမံ
"ဖုံးအုပ်သည်။"

1 Kings 31

Solomon made...he made...he made...he overlaid...he spread
N/A

တံခါးထုပ်
တံခါးဘောင်၏ ထိပ်ပိုင်းကို ဖြတ်သွားသော ထုပ်တန်း။

ထရံငါးစုတစုကိုစားကြ၏
အပိုင်း ငါးခုတွင် တစ်ခုစီ၌ သွား ပုံသဏ္ဌာန် ခုတ်ထစ်သည်။

မွမ်းမံ
ဖုံးအုပ်သည်။

1 Kings 33

ထိုအတူ အိမ်တော်ပြင်ထရံလေးစုတစု ကျယ်သောဝင်ဝဘို့ သံလွင်တံခါးတိုင်တို့ကိုငင်း၊ 34တံခါးရွက်တရွက်လျှင် ပတ္တာနှစ်ခုစီဖြင့် လည်တတ်သော ထင်းရှူးသား တံခါးရွက်နှစ်ရွက်တို့ကိုငင်း လုပ်လေ၏
ရှောလမုန်သည် ဗိမာန်တော် အဝင်ဝအတွက် သံလွင်သားဖြင့် ပြုလုပ်သော သွား ပုံသဏ္ဌာန် ပုံဖော်ထားသော တံခါးတိုင်များ နှင့် ထင်းရှူးသားဖြင့် ပြုလုပ်ထားသော တံခါးနှစ်ချပ် တို့ကို ထိုနည်းတူ ပြုလုပ်သည်။

indented sections
သွား ပုံသဏ္ဌာန် ခုတ်ထစ် ပုံဖော်သည်။

တံခါးရွက်တရွက်လျှင် ပတ္တာနှစ်ခုစီဖြင့်
တံခါးတစ်ခုစီတွင် အတူတကွ ချိတ်ဆက်နိုင်ရန် ပတ္တာနှစ်ခုဖြင့် တွဲဆက်ထားသည်။

1 Kings 36

အတွင်းတန်တိုင်း
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

အာရဇ်သစ်သား
အဆောက်အဦးအား ထောက်မရာတွင် သုံးသော ကြီးမား၍ ရှည်လျားသည့် သစ်သားဖြစ်သည်။ (၆:၅)တွင် ဘာသာပြန်ထားပြီးသည့်အတိုင်း ဖြစ်သည်။

1 Kings 37

နန်းစံလေးနှစ်၊ ..... နန်းစံဆယ်တနှစ်၊
"လေးကြိမ်" နှင့် "ဆယ့်တစ်ကြိမ်" သည် "လေး" နှင့် "တစ်ဆယ့်တစ်" ၏ အစဉ်လိုက်ပြသော ကိန်းပုံစံ ဖြစ်သည်။ စာရေးသူသည် နှစ်များအား မည်သည့်မှ စတင်ရေတွက်သည်ကို နားလည်ရ လွယ်ကူစေရန် ပြုလုပ်သင့်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန် ဘုရင်ဖြစ်ပြီး လေးနှစ်......ရှောလမုန် ဘုရင်ဖြစ်ပြီး တစ်ဆယ့်တစ်နှစ်"

ထာဝရဘုရား၏ အိမ်တော်
"ဗိမာန်တော်" (UDB)

ဇိဖလ
"ဇိဖလ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် ဒုတိယလ၏ အမည်ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်များတွင် ဧပြီလ၏ နောက်ဆုံးအပတ်နှင့် မေလ၏ ပထမဆုံးအပတ်အတွင်း ဖြစ်သည်။

ဗုလအမည်ရှိသော အဋ္ဌမလ
"ဗုလ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် အဋ္ဌမလ၏ အမည်ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်များတွင်


generated on Sun Jun 30 02:37:40 2024

အောက်တိုဘာလ၏ နောက်ဆုံးအပတ်နှင့် နိုဝင်ဘာလ၏ ပထမဆုံးအပတ်အတွင်း ဖြစ်သည်။

အိမ်တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ကို လက်စသတ်၍
အခြားသော ဘာသာပြန်ဆိုချက် - " ဗိမာန်တော်အဆောက်အဦး၏ အစိတ်အပိုင်း တစ်ခုစီ ပြီးစီးသည်။ ရှောလမုန် ညွှန်ကြားသည့်အတိုင်း တိကျစွာ ဆောက်လုပ်သည်။

Solomon took
N/A

---

## Translation Questions

1 Kings 6:1

ရှောလမုန်မင်းကြီးက ထာဝရဘုရား၏အိမ်တော်ကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ခဲ့သနည်း။
ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သော သက္ကရာဇ်လေးရာရှစ်ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံလေးနှစ်၊ ဇိဖအမည်ရှိသောa ဒုတိယလတွင်၊ ထာဝရဘုရား၏အိမ်တော်ကို စတင်တည်ဆောက်ခဲ့သည်။

ထာဝရဘုရား၏အိမ်တော်အဖို့ ရှောလမုန်မင်းကြီးက မည်ကဲ့သို့ တိုင်းထွာခဲ့သနည်း။
အိမ်တော်အလျားသည် အတောင်ခြောက် ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်အတောင်သုံးဆယ် စသည်ဖြင့် တိုင်းထွာခဲ့သည်။

1 Kings 6:3

ရှောလမုန်မင်းကြီးသည် အိမ်တော်အဖို့ ပြတင်းပေါက်ကို ထားရှိခဲ့ပါသလား။
အမှန်ပင် အိမ်တော်လင်းစရာဘို့ ကျဉ်းသော ပြတင်း ပေါက်တို့ကို ထားရှိခဲ့ပါသည်။

1 Kings 6:7

အိမ်တော်အဖို့ မည်သည့်အရပ်တွင် ပြင်ဆင်ကြသနည်း။
အိမ်တော်အဖို့ကျောက်များကို ကျောက်ကျင်းအရပ်တွင် ပြင်ဆင်ကြရသည်။

1 Kings 6:9

အိမ်တော်ကို ကာကွယ်ဖို့ရန် ရှောလမုန်က မည်သည့်အရာကို အသုံးပြုခဲ့သနည်း။
အိမ်တော်ကို ကာကွယ်ဖို့ရန် ရှောလမုန်က ထုပ်များတိုင်များကို အာရဇ်ပျဉ်ပြားနှင့် ဖုံးအုပ်ခဲ့သည်။

အိမ်တော်သည် တစ်ဖက်ရှိအခန်းနှင့် မည်ကဲ့သို့ ချိတ်ဆက်နေသနည်း။
ထရံအခန်းတို့သည်လည်း အမြင့်ငါးတောင်စီ ရှိ၍။ အာရဇ်ရက်မတို့သည်အိမ်တော်ကိုမှီလျက် ချိတ်ဆက်နေပါသည်။

1 Kings 6:11

ထာဝရဘုရားသခင်က ဣသရေလလူမျိုးတို့ကို ကတိပေးခဲ့ပါသလား။
အမှန်ပင် ဣသရေလအမျိုးကို ငါမစွန့်၊ သူတို့ အလယ်၌ နေမည်ဟု ကတိတော်ထားရှိခဲ့ပါသည်။

1 Kings 6:14

အိမ်တော်အတွင်းဖက်နံရံကို မည်ကဲ့သို့ တည်ဆောက်ရန် ရှောလမုန် ဆောက်လုပ်ခဲ့သနည်း။
အိမ်တော်အတွင်းနံရံများကို အာရဇ်သစ်ပြားများဖြင့် ပြုလုပ်ခဲ့သည်။

1 Kings 6:16

အိမ်တော်၏အဓိကခန်းမတော်၏ အရှည်ကို ဖော်ပြပါ။
အခန်းရှေ့မှာတည်သော ဗိမာန်တော် အလျားသည် အတောင်လေးဆယ်ရှိသည်။

1 Kings 6:19

ရှောလမုန်က မည်သည့်အတွက်ကြောင့် အိမ်တော်ထဲတွင် အသန့်ရှင်းဆုံးအရပ်ကို ပြင်ဆင်ခဲ့ရသနည်း။
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော် ကို တင်ထားရန်၊ အိမ်တော်အတွင်း၌ ဗျာဒိတ်ဌာနတော် ကို ပြင်ဆင်ခဲ့သည်။

1 Kings 6:21

ရှောလမုန်သည် အိမ်တော်၏အတွင်းဖက် အသန့်ရှင်းဆုံးအရပ်ကို မည်သည်တို့ဖြင့်မွမ်းမံခဲ့ပါသနည်း။
ဗျာဒိတ်ဌာနတော်ရှေ့မှာ ရွှေကြိုးဖြင့် အကွယ်အကာကို ဆွဲထား၍၊ ရွှေနှင့်မွမ်းမံကာ ဗျာဒိတ်ဌာနတော် နားမှာရှိသော ယဇ်ပလ္လင်ကိုငင်း၊ ရွှေနှင့် အကုန်အစင် မွမ်းမံခဲ့သည်။

1 Kings 6:23

ရှောလမုန်မင်းကြီးက အသန့်ရှင်းဆုံးသော အရပ်ရှိ ခေရုဗိမ်နှစ်ပါးကို မည်သည့်အရာဖြင့် ပြုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးက အသန့်ရှင်းဆုံးသော အရပ်ရှိ ခေရုဗိမ်နှစ်ပါးကို အမြင့်ဆယ်တောင်ရှိအောင် ပြုလုပ်ခဲ့သည်။



generated on Sun Jun 30 02:37:40 2024

1 Kings 6:27

ပြုလုပ်ထားသော ခေရုဗိမ်နှစ်ပါးကို ရှောလမုန်က မည်သည့်နေရာတွင် ထားရှိသနည်း။
ပြုလုပ်ထားသော ခေရုဗိမ်နှစ်ပါးကို ရှောလမုန်က အသန့်ရှင်းဆုံးအရပ်ရှိ အတွင်းဖက်တွင် ထားရှိထားသည်။

1 Kings 6:29

အိမ်တော်၏ နံရံများကို ရှောလမုန်က မည်သည့်အရာဖြင့် မွမ်းမံသနည်း။
အိမ်တော်ထရံအတွင်းဘက်နှင့် ပြင်ဘက်၌ ထုသော ခေရုဗိမ်အရုပ်နှင့်အပွင့်ပွင့်သော စွန်ပလွံပင် အရုပ်များရှိကာ ကြမ်းနှင့်ပြင်ကြမ်းကိုလည်း ရွှေနှင့်မွမ်းမံထားသည်။

1 Kings 6:31

ရှောလမုန်မင်းကြီးက အသန့်ရှင်းဆုံးသောအခန်းသို့ ဝင်ရန် တံခါးများထားရှိပါသလား။
အမှန်ပင်၊ ဗျာဒိတ်ဌာနတော် ဝင်ဝဘို့သံလွင်သား တံခါး ရွက်နှစ်ရွက်ကို လည်း ပြုလုပ်ခဲ့ပါသည်။

1 Kings 6:37

အိမ်တော်ကို တည်ဆောက်ရန် ရှောလမုန် အချိန် မည်မျှကြာ အသုံးပြုခဲ့သနည်း။
အိမ်တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ကို လက်စသတ်၍ ခုနစ်နှစ်ပတ်လုံးအိမ်တော်ကို တည်ဆောက်ခဲ့သည်။

---

## Chapter 7

1 တဖန်ရှောလမုန်သည် တဆယ်သုံးနှစ်ပတ်လုံး နန်းတော်ကို တည်ဆောက်၍ လက်စသတ်လေ၏။ 2 နန်းတော်ကို
လေဗနုန်တောသစ်သားဖြင့် ဆောက်၍၊ အလျားအတောင်တရာ၊ အနံအတောင် ငါးဆယ်၊ အမြင့်အတောင်သုံးဆယ်ရှိ၏။ အာရဇ်တိုင်
လေးစဉ်၊ အာရဇ်ရက်မများနှင့် ဆောက်၏။ 3 တိုင်တစဉ်လျှင် ဆယ်ငါးတိုင်စီရှိ၍ တိုင် ပေါင်းခြောက်ဆယ်အပေါ်မှာ အခြင်တို့ကို
တင်လျက်၊ အာရဇ်ပျဉ်ပြားနှင့်မိုးလေ၏။ 4 အလင်းဝင်စရာပြတင်းပေါက်သုံးတန်စီ အဆင့် ဆင့်မျက်နှာချင်းဆိုင်လျက်
တဘက်တချက်၌ ရှိကြ၏။ 5 တံခါးပေါက်ရှိသမျှတံခါးတိုင်ရှိသမျှတို့သည် စတုရန်း လေးထောင့်ဖြစ်ကြ၏။ 6 တိုင်များ၊
ထုပ်ကြီးများနှင့်ပြည့်စုံ၍ အလျား အတောင်ငါးဆယ်၊ အနံအတောင်သုံးဆယ်ရှိသော ကနားပြင်ကိုလည်း လုပ်လေ၏။ 7 တရားစီရင်ရာ
ကနားပြင်တည်းဟူသော တရား ပလ္လင်တည်ရာ ကနားပြင်ကိုလည်းလုပ်၍၊ ကြမ်းတဘက် မှ တဘက်တိုင်အောင်
အာရဇ်ပျဉ်ပြားတို့နှင့်မိုးလေ၏။ 8 နန်းတော်နှင့်ဆိုင်သော ထိုကနားပြင်နှစ်ဆောင် စပ်ကြားမှာ တန်တိုင်းလည်းရှိ၏။
ရှောလမုန်စုံဘက်သော ဖာရောဘုရင်၏ သမီးစံနန်းကိုလည်း တရားစီရင်ရာ ကနားပြင်နှင့်တူအောင် ဆောက်လေ၏။ 9 တန်တိုင်းကြီး
ပြင်ဘက်တိုင်အောင်ငှင်း၊ အမြစ်မှစ၍ ထိပ်တိုင်အောင်ငှင်း၊ ကျောက်ဆစ်ပမာဏနှင့်အညီ၊ နှစ်ဘက်စလုံးလွှနှင့်တိုက်သော ကျောက်၊
ထူးဆန်းသော ကျောက်တို့ဖြင့် ပြီးကြ၏။ အမြစ်သည်လည်း အလျား ရှစ်တောင်၊ ဆယ်တောင်ရှိသော ကျောက်၊ ထူးဆန်းသော
ကျောက်တို့ဖြင့် ပြီးကြ၏။ 10 အမြစ်သည်လည်း အလျားရှစ်တောင်၊ ဆယ် တောင်ရှိသော ကျောက်၊ ထူးဆန်းသောကျောက်ကြီးတို့
ဖြင့် ပြီး၏။ 11 အမြစ်ပေါ်မှာလည်း ကျောက်ဆစ်ပမာဏနှင့် အညီ လုပ်သော ကျောက်၊ ထူးဆန်းသော ကျောက်နှင့်
အာရဇ်သစ်သားရှိ၏။ 12 တန်တိုင်းကြီးသည် ဆစ်သောကျောက်သုံးတန်း၊ အာရဇ်သစ်ကြီးတတန်းဖြင့်ပြီး၏။ ဗိမာန်တော်အတွင်း
တန်တိုင်း၊ နန်းတော်ကနားပြင်တန်တိုင်းတို့သည် ထိုအတူ ပြီးကြ၏။ 13 ရှောလမုန်သည်လည်း၊ လူကိုစေလွှတ်၍ တုရုမြို့ မှ ဟိရံကို
ခေါ်လေ၏။ 14 ထိုဟိရံကား၊ နဿလိအမျိုးမုတ်ဆိုးမသား ဖြစ်၏။ သူ၏အဘကား၊ တုရုအမျိုးသားပန်းတဉ်းသမား ဖြစ်၏။
သားသည်လည်း ကြေးဝါအလုပ်ခပ်သိမ်းကို လုပ်တတ်သော ဉာဏ်ပညာနှင့်ပြည့်စုံသဖြင့်၊ ရှောလမုန် မင်းကြီးထံသို့လာ၍
အလုပ်ရှိသမျှကို ပြီးစီးစေ၏။ 15 ထိုသူသည်အမြင့်တဆယ်ရှစ်တောင်၊ လုံးပတ် တဆယ်နှစ်တောင်ရှိသော ကြေးဝါတိုင်နှစ်တိုင်ကို
သွန်းလေ၏။ 16 တိုင်အပေါ်မှာ တင်စရာဘို့ အမြင့်ငါးတောင်ရှိ သော ကြေးဝါတိုင်ထိပ်နှစ်ခုကိုလည်း သွန်းလေ၏။ 17
ကြေးဝါကွန်ရွက်နှင့်ကြေးဝါကြိုးတို့ကိုလည်း လုပ်၍၊ တိုင်တတိုင်လျှင် ကွန်ရွက်ခုနစ်ခုစီဖြင့် တိုင်ထိပ် ပေါ်မှာ ဖုံးလွှမ်းလေ၏။ 18
ကြေးဝါသလဲသီးတို့ကိုလည်း လုပ်၍၊ တိုင်ထိပ် ကွန်ရွက်အပေါ်မှာ ထိပ်တခုလျှင် သလဲသီးနှစ်တန်းစီဖြင့် တန်ဆာဆင်လေ၏။ 19
ကနားပြင်ထဲမှာ စိုက်ထားသော ထိုတိုင်ထိပ်တို့ သည် ကြာပွင့်နှင့် ပုံတူ၍ အချင်းလေးတောင်ရှိ၏။ 20 တိုင်ထိပ်နှစ်ခုတို့သည်
ကွန်ရွက်နှင့် နီးစပ်သော ထုပိကာအပေါ်မှာ တည်လျက်၊ တိုင်ထိပ်တခု၌သလဲသီး နှစ်တန်းစီနှင့် အလုံးနှစ်ရာစီရှိကြ၏။ 21 ထိုတိုင်တို့ကို
ဗိမာန်တော်ကနားပြင်ထဲမှာ စိုက် ထား၍ လက်ျာတိုင်ကိုယာခိန်၊ လက်ဝဲတိုင်ကို ဗောဇ အမည်ဖြင့် မှည့်လေ၏။ 22 တိုင်ထိပ်အပေါ်မှာ
ကြာပွင့်အပြောက်ရှိသည် ဖြစ်၍ တိုင်တို့သည် စေ့စုံကြ၏။ 23 အချင်းဆယ်တောင်၊ အဝန်းအတောင်သုံးဆယ်၊
အစောက်ငါးတောင်ရှိသော ကြေးဝါရေကန်ကိုလည်း လုပ်လေ၏။ 24 ရေကန်အနားပတ် အောက်ပတ်လည်၌ အတောင်တတောင်လျှင်
ဘူးသီးဆယ်လုံးစီစေ့အောင် ဘူးသီးနှစ်ပတ်ကို ရေကန်နှင့်တစပ်တည်း သွန်းလေ၏။ 25 ထိုရေကန်သည် နွားတဆယ်နှစ်ခုအပေါ်မှာ
တည်လျက်ရှိ၏။ နွားတို့သည် အတွင်းသို့နောက်ခိုင်း၍ အရှေ့အနောက်တောင်မြောက်အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် သုံးခုစီ
မျက်နှာပြုကြ၏။ 26 ရေကန်သည် ဒုလက်တဝါးရှိ၏။ အပေါ်အနား ပတ်လည်ဖလား အနားပတ်ကဲ့သို့ ကြာပွင့်အပြောက်နှင့် ပြည့်စုံ၏။
ရေဗတ်နှစ်ထောင်ဝင်၏။ 27 တဖန်အလျားလေးတောင်၊ အနံလေးတောင် အမြင့်သုံးတောင် ပမာဏရှိသော ကြေးဝါခုံတဆယ်ကို
လုပ်လေ၏။ 28 ထိုခုံပုံသဏ္ဌာန်ဟူမူကား၊ ခုံပတ်လည်၌ အနား ရစ်အဆင့်ဆင့်ရှိ၍ အနားရစ်ကြားမှာ၊ 29 ခြသေ့်၊ နွား၊
ခေရုဗိမ်အပြောက်ရှိ၏။ အနားရစ် အပေါ်မှာ ခုံတခုတင်လျက် ရှိ၏။ ခြသေ့်နှင့်နွားအောက် ၌လည်း အပြောက်မျိုးရှိ၏။ 30
ခုံတခု၌ကြေးဝါလှည်းဘီးလေးခုစီ၊ ကြေးဝါဝင်ရိုး နှင့်တကွရှိ၏။ အင်တုံတင်စရာဘို့ ခုံလေးထောင့်၌ပခုံး တို့ကို ခုံနှင့်တစပ်တည်း
သွန်းလေ၏။ 31 အင်တုံဝ၌ပါသော အကွပ်သည် အကျယ်တတောင်ရှိ၏။ အဝသည် ဝိုင်း၍ အချင်းတတောင်ထွာ ရှိ၏။
စတုရန်းလေးထောင့်၌ အပြောက်နှင့်ပြည့်စုံ၏။ 32 ဘီးလေးခုတို့သည် ခုံမျက်နှာအောက်မှာနေရာ ကျလျက်၊ ဝင်ရိုးတို့သည်
ခုံနှင့်စပ်လျက်၊ ဘီးအမြင့် တတောင်ထွာရှိ၏။ 33 ဘီးပုံကား ရထားဘီးနှင့်တူ၏။ ဝင်ရိုး၊ ဝင်ရိုး အိမ်၊ အကန့်၊ အကွပ်များကို
သွန်းလေ၏။ 34 ခုံလေးထောင့်၌ တစပ်တည်းသွန်းသော ပခုံး လေးခုရှိသဖြင့်၊ 35 ထိုပခုံးပေါ်မှာလုံးပတ်တထွာရှိသော ကွင်းကို တပ်၍၊
ခုံပေါ်မှာ အနားရစ်နှင့် ကိုင်စရာများတို့ကို ခုံနှင့် တစပ်တည်း သွန်းလေ၏။ 36 ကိုင်စရာမျက်နှာနှင့် ခုံမျက်နှာပြင်၌ ခေရုဗိမ်၊ ခြသေ့်၊
စွန်ပလွံပင်အစရှိသော အပြောက်မျိုး အသီး အသီးထင်ပေါ်လျက်ရှိ၏။ 37 ထိုသို့ပုံသဏ္ဌာန်အလုံးအရပ်တူအောင်၊ အင်တုံ
တင်ရာခုံတဆယ်ကို သွန်း၍ပြီးလေ၏။ 38 အဝန်းလေးတောင်ကျယ်၍၊ ရေဗတ်လေးဆယ် ဝင်နိုင်သော
ကြေးဝါအင်တုံတဆယ်ကိုလည်း လုပ်၍၊ ခုံတခုပေါ်မှာ အင်တုံတလုံးစီ တင်ထားလေ၏။ 39 အိမ်တော်လက်ျာဘက်၌ ခုံငါးခု၊
လက်ဝဲဘက်၌ ငါးခုကိုထား၍ ရေကန်ကိုကား၊ အိမ်တော်လက်ျာဘက် အရှေ့တောင်ထောင့်၌ နေရာချ၏။ 40 ဟိရံသည်အိုးများ၊

ရေမှုတ်များ၊ အင်တုံငယ်များ ကိုလည်း လုပ်သဖြင့်၊ ရှောလမုန် မင်းကြီးအဘို့ ထာဝရ ဘုရား၏အိမ်တော်၌
လက်စသတ်သောအရာများဟူမူ ကား၊ [41] တိုင်နှစ်တိုင်၊ တိုင်ထိပ်အထွဋ်နှစ်ခု၊ တိုင်ထိပ် အထွဋ်ကို ဖုံးလွှမ်းစရာကွန်ရွက်နှစ်ရွက်၊ [42]
ဖုံးလွှမ်းစရာကွန်ရွက် တရွက်အဘို့သလဲသီး နှစ်တန်းစီ၊ သလဲသီးပေါင်းလေးရာ၊ [43-44] ခုံဆယ်ခု၊ ခုံပေါ်မှာ တင်ထားသော အင်တုံ
ဆယ်လုံး၊ ရေကန်တကန်၊ ရေကန်ကို ထောက်သော နွားတဆယ်နှစ်ခု၊ အိုးများ၊ ရေမှုတ်များ၊ အင်တုံငယ်များ တည်း။ [45]
ရှောလမုန်မင်းကြီးအဘို့ ဟိရုံလုပ်သမျှသော ထာဝရဘုရား၏ အိမ်တော်တန်ဆာတို့သည် ပြောင် ပြောင်တောက်သော ကြေးဝါဖြင့်
ပြီးကြ၏။ [46] ယော်ဒန်ချိုင့်၊ သကုတ်မြို့နှင့် ဇာသန်မြို့ စပ်ကြားတွင် သရွတ်လုပ်စရာကောင်းသော မြေ၌ ရှင်ဘုရင်သွန်းလေ၏။ [47]
ထိုတန်ဆာတို့သည် အလွန်များသောကြောင့်၊ ရှောလမုန်သည် မချိန်ဘဲသွန်းထား၏။ ကြေးဝါအချိန်ကို အဘယ်သူမျှမသိ။ [48]
ရှောလမုန်သည်လည်း ထာဝရဘုရား၏ အိမ်တော်နှင့် ဆိုင်သမျှသော တန်ဆာများတည်းဟူသော ရွှေယဇ်ပလ္လင်၊ ရှေ့တော်မုန့်တင်စရာ
ရွှေစားပွဲ၊ [49] ဗျာဒိတ်ဌာနတော်ရှေ့၊ လက်ျာဘက်၌ ရွှေစင် မီးခုံငါးခု၊ လက်ဝဲဘက်၌ငါးခု၊ ရွှေပန်းပွင့်၊ ရွှေမီးခွက်၊ မီးကိုင်တန်ဆာ၊ [50]
ရွှေစင်ဖြင့်ပြီးသောခွက်များ၊ မီးညှပ်၊ လင်ပန်း၊ ဇွန်း၊ ပြာခံစရာအိုးများ၊ အလွန်သန့်ရှင်းရာဌာနတော် အတွင်းခန်းတံခါးနှင့်
ဗိမာန်တော်ပြင်ခန်းတံခါး ဆွဲထား သော ရွှေပတ္တာများတို့ကို လုပ်လေ၏။ [51] ထိုသို့ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏
အိမ်တော်အဘို့ ပြုလုပ်စီရင်သမျှအလုံးစုံတို့ကို လက် စသတ်ပြီးမှ၊ ခမည်းတော် ဒါဝိဒ်လှူသော ရွှေငွေ တန်ဆာများကို ဆောင်ခဲ့၍၊
ထာဝရဘုရား၏အိမ်တော် ဘဏ္ဍာစုထဲမှာ သွင်းထားလေ၏။

---

1 Kings 01

ယေဘုယျ အချက်အလက်
စာရေးသူသည် ရှောလမုန်နန်းတော် အကြောင်း ရေးသားသည်။

ရှောလမုန်သည် တဆယ်သုံးနှစ်ပတ်လုံး နန်းတော်ကို တည်ဆောက်၍
ရှောလမုန်သည် ဘုရင်ဖြစ်သောကြောင့် အခြားသောသူများသည် သူ့အတွက် အလုပ်လုပ်ပေးရသည်။

နန်းတော်
သင်၏ ဘာသာစကားတွင် "နန်းတော်" ဟူသော ဝေါဟာရ မရှိပါက "အိမ်"သို့မဟုတ် "ကြီးမားသောအိမ်" ဟု ဘာသာပြန်နိုင်သည်။

နန်းတော်ကို လေဗနုန်တောသစ်သားဖြင့် ဆောက်၍၊
"အိမ်တော်ကို လေဗနုန်သစ်သားဖြင့် ဆောက်သောအိမ် ဟုခေါ်သည်"

အလျားအတောင်တရာ၊ အနံအတောင် ငါးဆယ်၊ အမြင့်အတောင်သုံးဆယ်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၄၆မီတာ.....၂၃မီတာ.....၁၃.၈ မီတာ"

အာရဇ်ရက်မ
အာရဇ်ရက်မသည် နံရံနှင့် ခေါင်မိုးများကို ထောက်ပင့်ရာတွင် သုံးသော ရှည်လျားပြီး ခိုင်ခံ့သော သစ်သား ဖြစ်သည်။

1 Kings 03

ယေဘုယျ အချက်အလက်
အချို့သော အချက်အလက်များသည် လေဗနုန်သားဖြင့် ပြုလုပ်သော နန်းတော်၏ တည်ဆောက်ပုံများ ဖြစ်သည်။

အာရဇ်ပျဉ်ပြားနှင့်မိုးလေ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "လက်သမားသည် ခေါင်မိုးအား အာရဇ်ပျဉ်ပြားနှင့်မိုးပြီး အာရဇ်ရက်မနှင့် တွဲထားသည်။

တံခါးထုတ်
ခေါင်မိုးကို ထောက်ပေးသည့် ရှည်လျားသောတိုင်များဖြစ်ည်။

စတုရန်း လေးထောင့်ဖြစ်ကြ၏။
"စတုရန်းပုံဖြစ်သော ဘောင်များ" (UDB)

1 Kings 06

ယေဘုယျ အချက်အလက်
စာရေးသူသည် ကနားပြင်၏ တည်ဆောက်ပုံကို ရေးသည်။

တိုင်များ၊ ထုပ်ကြီးများ
တိုင်များ၏ အရေအတွက်၊ အားလုံးသည် အကွာအဝေး တူညီသည်။

အလျား အတောင်ငါးဆယ်၊ အနံအတောင်သုံးဆယ်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၃ မီတာ.....၁၃.၈ မီတာ"

ကနားပြင်
အဆောက်အဦး၏ ဝင်ပေါက် တံခါးနှင့် ဆက်သွယ်ထားပြီး တိုင်နှင့် အမိုးတို့ဖြင့် ပြုလုပ်ထားသော အဆောက်အဦး မြေနေရာ ဖြစ်သည်။ (၆:၃) တွင် မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်ပါ။

1 Kings 07

ယေဘုယျ အချက်အလက်
စာရေးသူသည် တရားပလ္လင်တည်ရာ ကနားပြင်အကြောင်း ရေးသည်။

တရား ပလ္လင်တည်ရာ ကနားပြင်ကိုလည်းလုပ်၍
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ "ရှောလမုန်သည် သူ၏ ပလ္လင်ထားရန် အိမ်တော်ကို တည်ဆောက်ခဲ့သည်။" ၂။ "ရှောလမုန်သည် သူ၏ အလုပ်သမားများအား ဘုရင့်အိမ်တော် ပလ္လင် ဟုခေါ်သော အိမ်တော်ကို ဆောက်လုပ်စေသည်။"

ကြမ်းတဘက် မှ တဘက်တိုင်အောင်
ကြမ်းပြင် တစ်။ အခြားသော ဘာသာပြန်ဆိုချက် - "နံရံတစ်ဖက်မှ အခြားတစ်ဖက်သို့"

အာရဇ်ပျဉ်ပြားတို့နှင့်မိုးလေ၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အလုပ်သမားများသည် ကြမ်းပြင်အား အာရဇ်ပျဉ်ပြားများဖြင့် ဖုံးအုပ်ခဲ့သည်။

1 Kings 08

ယေဘုယျ အချက်အလက်
စာရေးသူသည် နန်းတော် ဧရိယာအကြောင်း ဆက်ရေးသည်။

နန်းတော်နှင့်ဆိုင်သော ထိုကနားပြင်နှစ်ဆောင် စပ်ကြားမှာ တန်တိုင်းလည်းရှိ၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် နန်းတော်မြေပြင်အတွင်း အခြားသောမြေကွက်တွင် သူနေထိုင်ရာ အိမ်တော် ပုံစံနှင့်တူသော အိမ်တော်အား ထိုနည်းတူ တစ်စုံတစ်ဦးအတွက် တည်ဆောက်သည်။"

1 Kings 09

ယေဘုယျ အချက်အလက်
စာရေးသူသည် ဗိမာန်တော်အတွက် အသုံးပြုသော ကျောက် အကြောင်းကို ရေးသည်။

တန်တိုင်းကြီး ပြင်ဘက်တိုင်အောင်ငင်း၊ အမြစ်မှစ၍ ထိပ်တိုင်အောင်ငင်း၊
အလုပ်သမားများသည် အဆောက်အဦးတစ်ခုလုံး၏ အခြေခံအုတ်မြစ်အတွက် တန်ဖိုးကြီးသော ကျောက်များကို အသုံးပြုကြောင်း စာရေးသူမှ အထူးပြုဖော်ပြထားသည်။

ကျောက်ဆစ်ပမာဏနှင့်အညီ၊
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အလုပ်သမားများသည် အဆောက်အဦးအား ဆစ်ပြီးသော ကျောက်များဖြင့် လှအောင် ပြုလုပ်သည်။

ကျောက်တို့ဖြင့် ပြီး
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုပ်သမားတို့သည် ကျောက်များကို အသုံးပြု၍"

ကျောက်ဆစ်ပမာဏနှင့်အညီ၊ နှစ်ဘက်စလုံးလွှနှင့်တိုက်သော ကျောက်၊ ထူးဆန်းသော ကျောက်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " တိကျသော အတိုင်းအတာများနှင့် ဖြတ်ပြီး ချောအောင်ပြုလုပ်ထားသော ကျောက် (ဆစ်ပြီးသောကျောက်)"

အမြစ်သည်... ပြီး၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အလုပ်သမားတို့သည် ဗိမာန်တော်၏ အမြစ်ကို ဆောက်လုပ်ပြီးစီးသည်"

အလျားရှစ်တောင်၊ ဆယ် တောင်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၃.၇ မီတာ နှင့် ၄.၆ မီတာခန့်"

1 Kings 11

အာရဇ်သစ်သား
အဆောက်အဦး တည်ဆောက်ပုံကို ထောက်ပင့်ရန်အတွက် သုံးသော ရှည်လျားသော သစ်သားဖြစ်သည်။

ဆစ်သောကျောက်သုံးတန်း၊ အာရဇ်သစ်ကြီးတတန်း
(၆:၃၆) တွင် ဘာသာပြန်ထားပြီး ဖြစ်သည်။

1 Kings 13

လူကိုစေလွှတ်၍ တုရုမြို့ မှ ဟိရံကို ခေါ်လေ၏
ဟိရံသည် ဂျေရုရှလင်မြို့သို့ ရှောလမုန်၏ ဖိတ်ကြားခြင်းအား လက်ခံခဲ့သည်။

ထိုဟိရံကား၊ နဿလိအမျိုးမုတ်ဆိုးမသား ဖြစ်၏။ သူ၏အဘကား၊ တုရုအမျိုးသား ပန်းတဉ်းသမား ဖြစ်၏။
ယောကျာ်းသေဆုံးသော မိန်းမကို မုဆိုးမ ဟုခေါ်သည်။ ထို့ကြောင့် ဖခင် သေဆုံးကြောင်း သိရသည်။

သားသည်လည်း ကြေးဝါအလုပ်ခပ်သိမ်းကို လုပ်တတ်သော ဉာဏ်ပညာနှင့်ပြည့်စုံသဖြင့်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "ဉာဏ်ပညာ" သည် အခြေခံအားဖြင့် တူညီသောအရာများ နှင့် အထူးပြုရာတွင် အသုံးပြုသည်။ ထာဝရဘုရားသည် ထည့်စရာခွက်ထဲသို့ အရည်လောင်းထည့်သကဲ့သို့ ဉာဏ်ပညာကဲ့သို့သော အရာအားပေးသည်။ ဟိရံသည် ထိုထည့်စရာခွက်ကဲ့သို့ မိမိကိုယ်ကို ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ဟိရံအား ဉာဏ်ပညာ နှင့် ကျွမ်းကျင်မှုကို ပေးသည်။

1 Kings 15

အမြင့်တဆယ်ရှစ်တောင်၊ လုံးပတ် တဆယ်နှစ်တောင်....အမြင့်ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၈.၃ မီတာ....၅.၅မီတာ....၂.၃ တောင်"


generated on Sun Jun 30 02:37:40 2024

လုံးပတ်
စက်ဝိုင်း၏ ဧရိယာ အကွာအဝေး သို့မဟုတ် အတိုင်းအတာကို လုံးပတ် ဟုခေါ်သည်။

တိုင်ထိပ်နှစ်ခု
တိုင်တစ်ခုစီ၏ ထိပ်ပေါ်တွင် အလှဆင်ထားခြင်း။

သွန်းလေ၏
ကြေးကို အရောင်ပြန်စေရန် သွန်းသည်။ " အရောင်ဖျော့စွာလင်းသော ကြေး" (UDB)

ကြေးဝါကွန်ရွက်နှင့်ကြေးဝါကြိုး
သတ္တုချောင်းရှည်များ အတူအကွ ယှက်သည်၊ သတ္တုကြိုးများကို အတူတကွ ကွေးကောက်သည်။

1 Kings 18

သလဲသီးနှစ်တန်းစီ
သလဲသီးသည် အခွံမာပြီး အတွင်းတွင် အရည်ရွှမ်းသော အစေ့များစွာ ရှိသော အသီးမျိုးဖြစ်သည်။ ဟိရံသည် တိုင်ထိပ်ကွန်ရွက်ကို အလှဆင်ရန် သလဲသီး အစစ်အား အသုံးမပြုခဲ့ဘဲ ကြေးဝါဖြင့် လုပ်သော သလဲသီးတို့ကိုသာ အသုံးပြုခဲ့ပါသည်။

ကနားပြင်ထဲမှာ စိုက်ထားသော ထိုတိုင်ထိပ်တို့ သည် ကြာပွင့်နှင့် ပုံတူ၍ အချင်းလေးတောင်ရှိ၏
အစွန်းတစ်ဖက်သည် ကျယ်ပြီး ကျန်အစွန်းတစ်ဖက်သည် သေးသောပန်းများပွင့်သည့် လီလီပန်းပင်ဖြစ်သည်။ ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် လေးတောင် အမြင့်ရှိသော တိုင်ထိပ်တို့ကို ကြေးဝါလီလီပန်းများဖြင့် အလှဆင်ခဲ့သည်။

လေးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၁.၈ မီတာခန့်"

1 Kings 20

သလဲသီး နှစ်တန်းစီနှင့် အလုံးနှစ်ရာ
"သလဲသီး အလုံးနှစ်ရာ" သလဲသီးသည် အခွံမာပြီး အတွင်းတွင် အရည်ရွှမ်းသော အစေ့များစွာ ရှိသော အသီးမျိုးဖြစ်သည်။ (၇:၁၈) တွင် ဘာသာပြန်ထားပြီးဖြစ်သည်။

ထိုတိုင်တို့ကို ဗိမာန်တော်ကနားပြင်ထဲမှာ စိုက် ထား၍
ဟိရံ လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

လက်ျာတိုင်ကိုယာခိန်
ဗိမာန်တော် ကနားပြင် ညာဘက်တွင်ရှိသော တိုင်အား ယာခိန် ဟုခေါ်သည်။

လက်ဝဲတိုင်ကို ဗောဇ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဗိမာန်တော် ကနားပြင် ဘယ်ဘက်တွင်ရှိသော တိုင်အား ဗောဇ ဟုခေါ်သည်။

တိုင်တို့သည် စေ့စုံကြ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် တိုင်များကို ပုံသွင်းသည်" သို့မဟုတ် "ဟိရံ၏ လူများသည် တိုင်များအား ပုံသွင်းသည်။"

1 Kings 23

ကြေးဝါရေကန်
ရေသိုလှောင်နိုင်သော ကြေးဝါ တိုင်ကီ သို့မဟုတ် ဇလုံကို ရည်ညွှန်းသည်။

1 Kings 03

ဆုတောင်းပဋ္ဌနာ
"ဆုတောင်း" နှင့် "ပဋ္ဌနာ" ဟူသော ဝေါဟာရနှစ်လုံးမှာ အဓိပ္ပာယ်ဆင်တူသည်။ ရှောလမုန်၏ စိတ်နှလုံးပါလျက် ဆုတောင်းလျှောက်ခြင်းကို အထူးပြုရန် အသုံးပြုထားခြင်း ဖြစ်သည်။ ၈:၂၇ တွင်လည်း အလားတူ စကားလုံးကို တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "တောင်းလျှောက်ခြင်း"

ငါ့နာမကို အစဉ်တည်စေ မည်
နာမဆိုရာတွင် လူပုဂ္ဂိုလ်လည်း ပါဝင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုနေရာကို ထာဝရ ပိုင်ဆိုင်လျက် နေထိုင်သည်"

ငါကြည့်ရှုလျက် နှလုံးစွဲလမ်းလျက် နေမည်
မျက်လုံးနှင့် နှလုံးသည် လူတစ်ယောက်လုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ချက် - "ငါကာကွယ်၍ ထိန်းသိမ်းဂရုစိုက်မည်။"

1 Kings 04

သင့်အဘဒါဝိဒ်ကဲ့သို့ ဖြောင့်မတ်စုံလင်သော စိတ်သဘောနှင့် ငါ့ရှေ့မှာ ကျင့်နေလျှင်
အသက်ရှင်မှု ပုံစံအား လမ်းလျှောက်ထွက်ခြင်းဖြင့် ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်မှာ - "စီရင်တော်မူချက်တို့ကို အမြဲနာခံ နှလုံးသွင်းလျက်"

ဖြောင့်မတ်စုံလင်သော စိတ်သဘော
ဤစကားလုံးများ

ဣသရေလနိုင်ငံ၏ ရာဇပလ္လင်
ဤ "ရာဇပလ္လင်" သည် သူ၏စိုးစံမှုကို ဖော်ပြသည်။ အခြားသော ဘာသာပြန်ချက် - "အရှင့်နန်းဆက်" သို့မဟုတ် "အရှင့်လက်ထက်"

ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော သင်၏အမျိုးမင်းရိုးမပြတ်ရ
တိုင်းနိုင်ငံကို အုပ်ချုပ်ခြင်းကို ပြောဆိုရာတွင် သက်ရှိသူတစ်ယောက်မှ ပလ္လင်တွင် ထိုင်နေသကဲ့သို့ ဖော်ပြလေ့ရှိသည်။ အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလကို အစဉ်အုပ်စိုးလိမ့်မည်"

1 Kings 06

ငါမှာထားသော စီရင် ထုံးဖွဲ့ချက်
"ပညတ်တော်" နှင့် "နည်းဥပဒေသ" တို့၏ အနက်အဓိပ္ပာယ်တူသည်။ ထာဝရဘုရား မိန့်မှာခဲ့သော ပညတ်တော်တို့ကို အထူးပြုရန်အတွက် အသုံးပြုသည်။

အခြားတပါးသော ဘုရားထံသို့ သွား၍ ဝတ်ပြုကိုးကွယ်
ဤစကားစုနှစ်ရပ်မှာ အဓိပ္ပာယ်တူညီလျက် အထူးပြုရန်အတွက် စကားစုများကို စုပေါင်းရေးသားခြင်း ဖြစ်သည်။

ငါ့နာမဘို့ ငါသန့်ရှင်းစေသော
"နာမ" ဟုဆိုရာတွင် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသော လူပုဂ္ဂိုလ်ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါ့အတွက် သီးသန့်ဖယ်ထားသော"

ငါ့မျက်မှောက်မှ ပယ်ရှားမည်
စိတ္တဇနာမ်ဖြစ်သော "မျက်မှောက်" ကို ကြိယာဖြစ်သော "မြင်သည်" ဟူသော အသုံးနှုန်းဖြင့် အသုံးပြုနိုင်သည်။ တစ်စုံတစ်ခုကို အကာအကွယ်ပေးခြင်းကို ကြည့်ရှုခြင်း ဆိုသော စကားလုံးဖြင့် တင်စားသုံးနှုန်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါမမြင်နိုင်သော နေရာတွင် ဘေးဖယ်ထားမည်" သို့မဟုတ် "ကာကွယ်စရာမလိုတော့အောင် ငါ့ရှေ့မှ ဖယ်ရှားမည်"

1 Kings 08

This temple will become a heap of ruins
"ဤဗိမာန်တော်ကို ဖျက်ဆီး၍ အကျန်အကြွင်းတို့သည် တောင်ပုံရာပုံ စုပုံလိမ့်မည်"

အံ့ဩ၍၊ ...... ကဲ့ရဲ့သံကိုပြုလျက်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အံ့ဩခြင်း အမူအရာကို ဖော်ပြပြီး ကဲ့ရဲ့သံကိုလည်း ပြုလိမ့်မည်"

အခြားတပါးသောဘုရားကို မှီဝဲလျက် ဝတ်ပြုကိုးကွယ်
ဤစကားစုနှစ်ရပ်သည် အဓိပ္ပာယ်တူသည်။ "သူတို့အား ပြပ်ဝပ်" ဆိုသည်မှာ ကိုးကွယ်ချိန်တွင် ပြုလုပ်လေ့ရှိသော ပြပ်ဝပ်သည့် အနေအထားကို ဖော်ပြသည်။


generated on Sun Jun 30 02:37:40 2024

1 Kings 10

ရှောလမုန်သည် ဗိမာန်တော်နှင့် နန်းတော်တည်းဟူသော အိမ်တော်နှစ်ဆောင်ကို တည်ဆောက်၍
ဤအိမ်တော်နှစ်ဆောင်ကို တည်ဆောက်ရာတွင် အခြားသူများ၏ အကူအညီကို ရယူခဲ့ကြောင်းပေါ်လွင်စေရန် ဘာသာပြန်ပါက အသင့်တော်ဆုံးဖြစ်သည်။

အနှစ်နှစ်ဆယ်စေ့သောအခါ၊
"အနှစ်နှစ်ဆယ်ကြာပြီးနောက်"

သောအခါ
ဤစကားစုကို အကြောင်းအရာအသစ်တစ်ခုကို စတင်မိတ်ဆက်ရာတွင် အသုံးပြုသည်။ မိမိဘာသာပြန်ဆိုသော စကားတွင် ဖြစ်ရပ်အသစ်ကို စတင်မိတ်ဆက်သော စကားလုံးရှိပါက အသုံးပြုနိုင်သည်။

1 Kings 12

ငါ့ညီ၊ ငါ့အားပေးသော မြို့တို့သည် အဘယ်သို့သောမြို့နည်း
ဟီရံသည် ရှောလမုန်ကို ပြစ်တင်မောင်းမဲနေခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင် ငါ့အား ပေးသော မြို့များသည် နည်းနည်းမျှမကောင်းပါ"

ယနေ့တိုင်အောင် သမုတ်သတည်း
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ပြီးနောက် ယနေ့တိုင်အောင် ထိုနာမည်ဖြင့်သာ ခေါ်ဝေါ်ကြသည်"

ရွှေ အခွက်တရာနှစ်ဆယ်
အလေးချိန် အခွက်တစ်ခွက်သည် ၃၄ ကီလိုဂရမ်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကီလို ၄၀၀၀ ခန့်တန်ချိန်ရှိသော ရွှေ"

1 Kings 15

ရှောလမုန်မင်းကြီးသည် ငွေခွဲရသောအကြောင်းဟူမူကား
"ရှောလမုန်မင်းကြီးသည် အလုပ်များကို ဝေခွဲရသော အကြောင်းရင်းမှာ"

မိလ္လောမြို့၊ ..... တည်ဆောက်ခြင်းငှါ
ဖြစ်နိုင်သော ဆိုလိုရင်းများမှာ - ၁) "တိုက်တန်းကို တည်ဆောက်ရန်" သို့မဟုတ် ၂) "မြေဖို့ရန်" (UDB)

အဲဂုတ္တုဖာရောဘုရင်သည် စစ်ချီ၍
ဘုရင်စစ်ချီသည့်အနေဖြင့် အသုံးပြုထားသော်လည်း ဘုရင့်အမိန့်ကို နာခံရသည့် စစ်တပ်ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "အဲဂုတ္တု၏ ဘုရင်၊ ဖာရော၏ တပ်သည် စစ်ချီ၍"

1 Kings 17

ဂေဇာမြို့ကို ရှောလမုန်တည်လေ၏
ဤမြို့ကို တည်ဆောက်ရာတွင် အခြားသူများ၏ အကူအညီကို ရယူခဲ့ကြောင်းပေါ်လွင်စေရန် ဘာသာပြန်ပါက အသင့်တော်ဆုံးဖြစ်သည်။

1 Kings 20

လူ
"လူ၊ လူအုပ်စု" တို့သည်ဘာသာစကားတစ်ခု၊ ယဉ်ကျေးမှုတစ်ခုကိုသုံးကြသည့် လူစုတို့ကို ရည်ညွှန်းသည်။

အာမောရိ
အာမောရိလူတို့သည် နောဧ၏မြေးမှဆင်းသက်လာသည့် အင်အားကြီးသောလူတစ်စုဖြစ်ကြသည်။

ဟိတ္တိလူမျိုး
ဟိတ္တိလူမျိုးသည် ဟာမ်မှဆင်းသက်လာသည့် လူတစ်စုဖြစ်သည်။ သူတို့သည် ယခု တူရကီနှင့် ပါလက်စ်တိုင်းမြောက်ပိုင်းတွင်တည်ရှိသည့် အင်ပါယာအကြီးကြီးဖြစ်လာကြသည်။

ဖေရဇိ
ဖေရဇိလူမျိုးသည် ခါနန်ပြည်ရှိ အဓိကမျိုးနွယ်စု (၇) ခုထဲက လူတစ်စုဖြစ်သည်။

ဟိဝိလူမျိုး
ဟိဝိလူမျိုးသည် ခါနန်ပြည်ရှိ အဓိကမျိုးနွယ်စု (၇) ခုထဲက လူတစ်စုဖြစ်သည်။

ယေဗုသိလူမျိုး
ခါနန်ပြည်တွင်နေထိုင်သည့် လူတစ်စုဖြစ်သည်။ ဟာမ်၏သား ခါနန်မှ ဆင်းသက်လာသည့် မျိုးနွယ်များဖြစ်သည်။

- ယေဗုသိလူများသည် ယေဗုသိမြို့တွင် နေထိုင်သူများဖြစ်သည်။ ယေဗုသိမြို့သည် ယခု ယေရုရှလင်မြို့ဟုခေါ်သည့် မြို့ဖြစ်သည်။
- ရှလမ်ရှင်ဘုရင် မာခိရှဒိတ်သည် ယေဗုသိမှ ဆင်းသက်လာသူဖြစ်သည်။

ဣသရေလ၊ ဣသရေလနိုင်ငံ
"ဣသရေလ" သည် ဘုရားသခင်က ယာကုပ်အားပေးသည့် နာမည်ဖြစ်သည်။ "ဘုရားသခင်နှင့်လုံးထွေးသည်" ဟုဆိုလိုသည်။

အမျိုးအနွယ်
"အမျိုးအနွယ်" သည် အတိတ်ကာလ၌ တိုက်ရိုက်ဖြင့်သွေးနီးစပ်သူများကိုဆိုလိုသည်။

ကျွန်
"ကျွန်" သည် ကြမ်းတမ်းသည့်မည်သည့်အလုပ်မျိုးမဆို လုပ်သူများကို ဆိုလိုသည်။

1 Kings 22

ဣသရေလအမျိုးသားတို့ကိုကား၊ ရှောလမုန်သည် ကျွန်မခံစေ
"ရှောလမုန်သည် ဣသရေလ လူမျိုးများကို အလုပ်ကြမ်းလုပ်ကိုင်ရန် အတင်းအကျပ် မစေခိုင်းခဲ့ပေ။

1 Kings 23

ငါးရာငါးဆယ်
"ငါးရာနှင့် ငါးဆယ်"

1 Kings 24

မိလ္လောမြို့ကို ပြုပြင်လေ၏
ဖြစ်နိုင်သော ဆိုလိုရင်းများမှာ - ၁) "တိုက်တန်းကို တည်ဆောက်ရန်" သို့မဟုတ် ၂) "မြေဖို့ရန်" (UDB)။ ၉:၁၅ တွင် ပြန်ဆိုထားသော "မိလ္လောမြို့" ကို ရှုပါ။

1 Kings 25

ထာဝရဘုရားရှေ့တော်၌ရှိသော ယဇ်ပလ္လင်
၈:၆၄ တွင် တွေ့ရသည့်အတိုင်း ဘာသာပြန်ရန်။

အိမ်တော်ကို လက်စသတ်လေ၏
ရှောလမုန် ဆိုရာတွင် အလုပ်လုပ်ရန် ဌားရမ်းထားသော အလုပ်သမားများ ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "မင်းကြီး၏ အလုပ်သမားများသည် အိမ်တော်ကို လက်စသတ်သည်"

1 Kings 26

ရှောလမုန် မင်းကြီး ... တည်လုပ်၏
စာဖတ်သူများ နားလည်လွယ်ရန် အခြားသူများက ရှောလမုန်အား ကူညီကာ တည်ဆောက်ခဲ့သည် ဟုဘာသာပြန်လျှင် အသင့်တော်ဆုံး ဖြစ်သည်။

သင်္ဘောတို့
"သင်္ဘောယာဉ်စုကြီး"

ရွှေအခွက်လေးရာနှစ်ဆယ်
အလေးချိန် အခွက်တစ်ခွက်သည် ၃၄ ကီလိုဂရမ်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၁၄၀၀၀ ကီလို တန်ချိန်ခန့်ရှိသော ရွှေ"

---

## Translation Questions

1 Kings 9:1

ရှောလမုန် ဗိမာန်တော်တည်ဆောက်ခြင်းအပြီးတွင် ထာဝရဘုရားသခင်က မည်သည့်အရာကို ပြုခဲ့သနည်း။
ရှောလမုန် ဗိမာန်တော်တည်ဆောက်ခြင်းအပြီးတွင် ထာဝရဘုရားက ရှောလမုန်ရှေ့တွင် ထပ်၍ထင်ရှားတော်မူခဲ့သည်။

1 Kings 9:3

ရှောလမုန်အား ထာဝရဘုရားက မည်ကဲ့သို့မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားမိန့်တော်မူခဲ့သည်မှာ ငါ့ရှေ့မှာဆုတောင်းပဌနာပြုသော စကားကို ငါကြားခဲ့ပြီဟု မိန့်တော်မူခဲ့သည်။

1 Kings 9:4

ထာဝရဘုရားသခင်က ရှောလမုန်အား မည်ကဲ့သို့ နာခံစေလိုခဲ့သနည်း။
မှာထားသမျှကိုပြု၍၊ စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ခြင်းငှါ အလိုရှိခဲ့သည်။

ရှောလမုန်၏ဖခင် ဒါဝိဒ်မင်းကြီးအား ထာဝရဘုရားက မည်ကဲ့သို့ ကတိထားခဲ့သနည်း။
ဂတိရှိသည်အတိုင်း သင်ထိုင်ရသော ဣသရေလ နိုင်ငံ၏ရာဇပလ္လင်ကို အစဉ်တည်စေမည်ဟူ၍ဖြစ်သည်။

1 Kings 9:6

ရှောလမုန်သည် စီရင်ထုံးဖွဲ့ခြင်းများကို နာမခံလျှင် ထာဝရဘုရားက မည်ကဲ့သို့ပြုမည်ကို မိန့်တော်မူခဲ့သနည်း။
ဣသရေလအမျိုးကို ငါပေးသောပြည်မှ ငါပယ်ဖြတ်မည်ဟု ရှောလုမုန်ကို ထာဝရဘုရားမိန့်တော်မူခဲ့သည်။

1 Kings 9:8

ထာဝရဘုရား၏အိမ်တော်ကို လျစ်လျူရှုကြသော် လူတို့က မည်ကဲ့သို့ မေးမြန်းလာမည်နည်း။
လူတို့က ထာဝရဘုရား သည် ဤအမှုအလုံးစုံကို ရောက်စေတော်မူကြောင်းကို ပြန်ပြောကြလိမ့်မည်။

ထာဝရဘုရားသည် အဘယ်ကြောင့် ဘေးအန္တရာယ်ကို ကျရောက်စေမည်နည်း။
ယင်းတို့၏ နာမခံမှု၊ ဆန့်ကျင်မှုများကြောင့် ထာဝရဘုရားက ဘေးအန္တရာယ်ကို ကျရောက်စေရခြင်းဖြစ်သည်။

1 Kings 9:10

အနှစ်နှစ်ဆယ်ပြည့်ပြီးနောက် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
အနှစ်နှစ်ဆယ်စေ့သောအခါ ရှောလမုန်သည် ဗိမာန်တော်နှင့် နန်းတော်တည်းဟူသော အိမ်တော်နှစ်ဆောင်ကို တည်ဆောက်၍ ပြီးစီးစေခဲ့သည်။

တုရုမင်းကြီးဟိရံသည် ရှောလမုန်လိုချင်သမျှအတိုင်း မည်သည့်အရာကို ပေးခဲ့သနည်း။
တုရုမင်းကြီးဟိရံသည် ရှောလမုန်လိုချင်သမျှအတိုင်း အာရဇ်သစ်သား၊ ထင်းရှူးသစ်သားနှင့် ရွှေ အခွက်တရာနှစ်ဆယ်ကို ပေးခဲ့သည်။

1 Kings 9:12

ဟိရံမင်းကြီး တုရုမြို့မှလာ၍ မည်သည့်အရာကို မြင်ခဲ့သနည်း။
ဟိရံမင်းကြီး တုရုမြို့မှ လာ၍ ရှောလမုန်အားပေးသောပြည်ကို မြင်စေခြင်းငှာလာခဲ့သည်။

ရှောလမုန်အား ဟိရံမင်းကြီးပေးသော ပြည်ကားအဘယ်နည်း။
ရှောလမုန်အား ဟိရံမင်းကြီးပေးသော ပြည်ကား တာဗုလဟူ၍ ယခုတိုင်အောင်ထင်ရှားသည်။

ရွှေအချိန်မည်မျှ ဟိရံမင်းကြီးထံမှ ရှောလမုန်အားပေးအပ်ခဲ့သနည်း။
ဟိရံမင်းကြီးထံမှ ရှောလမုန်အား ရွှေအချိန် ၁၂၀ ကို ပေးအပ်ခဲ့သည်။

1 Kings 9:15

ဟာဇော်မြို့၊ မေဂိဒ္ဒေါမြို့ ဂေဇာမြို့တို့တွင် ရှောလမုန်သည် မည်သည်ကို တည်ဆောက်ခဲ့သနည်း။
ရှောလမုန်က ဟာဇော်မြို့၊ မေဂိဒ္ဒေါမြို့ ဂေဇာမြို့တို့တွင် ခံတပ်ကို တည်ဆောက်ခဲ့ပါသည်။

အဲဂုတ္တုရှင် ဖာရောက ဂေဇာမြို့တွင် မည်သည့်အရာကို ပြုခဲ့သနည်း။
အဲဂုတ္တုရှင် ဖာရောက ဂေဇာမြို့တွင် စစ်ချီ၍ တိုက်ယူ မီးရှို့သဖြင့်၊ မြို့သားခါနာနိလူတို့ကို လုပ်ကြံခဲ့သည်။

1 Kings 9:17

ဂေဇာမြို့နှင့် အောက်ဗေသောရုန်မြို့တွင် ရှောလမုန်က မည်သည့်အရာကိုပြုခဲ့သနည်း။
ဂေဇာမြို့နှင့် အောက်ဗေသောရုန်မြို့ ရှောလမုန်မင်းကြီးက ပြန်၍တည်ထောင်ခဲ့သည်။

1 Kings 9:20

ဣသရေလနိုင်ငံမဟုတ်သောနယ်မြေတွင် သူ၏လူများနှင့် ရှောလမုန်သည် မည်သည့်အရာကို ပြုခဲ့ကြသနည်း။
ဣသရေလအမျိုးသား အကုန်အစင် မဖျက်ဆီးနိုင်သောကြောင့် ပြည်တော်၌ကျန်ကြွင်းသော တပါးအမျိုးသားတို့အား သားစဉ်မြေးဆက်အပေါင်းတို့ကို ရှောလမုန်သည် ယနေ့တိုင်အောင် လူခွဲ၍ ကျွန်ခံစေခဲ့သည်။

1 Kings 9:22

ရှောလမုန်သည်သူ၏လူများနှင့်အတူ မည်သည့်အရာကို ပြုခဲ့ကြသနည်း။
ရှောလမုန်သည်သူ၏လူများနှင့်အတူ ကျွန်မခံစေပဲ စစ်သူရဲ၊ အမှုတော်စောင့်၊ မှူးမတ်၊ စစ်ကဲ၊ ရထားတော်အုပ်၊ မြင်းတော်အုပ်အရာ၌ ခန့်ထား တော်မူ ခဲ့သည်။

1 Kings 9:23

ရှောလမုန်တွင် အရာရှိဝန်ထမ်းများ မည်မျှရှိခဲ့သနည်း။
ရှောလမုန်တွင် တည်ဆောက်ခြင်းအမှုတော်ကို စီရင်သောသူ အရာရှိဝန်ထမ်းများ ငါးရာငါးဆယ်ရှိသည်။

1 Kings 9:25

တစ်နှစ်တွင် သုံးကြိမ် ရှောလမုန်က မည်သည့်အရာအဖို့ ပူဇော်သနည်း။
ရှောလမုန်က ထာဝရဘုရားရှေ့တော်၌ရှိသော ယဇ်ပလ္လင်ပေါ်တွင် တစ်နှစ်လျှင်သုံးကြိမ် နံ့သာပေါင်းကို မီးရှို့ပူဇော်ခဲ့သည်။

1 Kings 9:26

ဧဇယုန်ဂါဗာမြို့တွင် ရှောလမုန်မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
ဧဇယုန်ဂါဗာမြို့တွင် ရှောလမုန်သည် သင်္ဘောတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်စေခဲ့သည်။

ရှောလမုန်က အဘယ်ကြောင့် ကျွန်များကို ဩဖိရမြို့သို့ စေလွှတ်ခဲ့သနည်း။
ရှောလမုန်က ကျွန်များကို ဩဖိရမြို့သို့ စေလွှတ်ခဲ့ခြင်းမှာ ရွှေများကို ပြန်သယ်လာရန်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 10

1 ရှေဘပြည်ကို အစိုးရသော မိဖုရားသည် ရှောလမုန်၏ ဂုဏ်အသရေနှင့် ထာဝရဘုရား၏ နာမတော် သိတင်းကိုကြားလျှင်၊
နက်နဲခက်ခဲသော ပြဿနာအားဖြင့် သူ့ကို စုံစမ်းခြင်းငှါ လာ၏။ 2 နံ့သာမျိုးနှင့် များစွာသောရွှေ၊ အဘိုးထိုက်သော
ကျောက်တို့ကိုဆောင်သော ကုလားအုပ်များ၊ လိုက်သော သူများနှင့်တကွ ယေရုရှလင်မြို့သို့ရောက်၍၊ ရှောလမုန်မင်းကြီးထံတော်သို့
ဝင်သောအခါ၊ မိမိအလိုဆန္ဒရှိသမျှကို ဆွေးနွေးမေးမြန်းလေ၏။ 3 သူမေးမြန်းသော ပြဿနာရှိသမျှတို့ကို ရှောလမုန်မင်းကြီးသည်
ဖြေလေ၏။ နားမလည်၍ မဖြေနိုင် သောအရာ တစုံတခုမျှမရှိ။ 4 ရှေဘမိဖုရားသည် ရှောလမုန်၏ ပညာအလုံးစုံကိုငှင်း၊
တည်ဆောက်သောအိမ်တော်ကိုငှင်း၊ 5 စားပွဲတော်တန်ဆာကိုငှင်း၊ အမှုတော်စောင့်တို့နေရာထိုင်ရာကိုငှင်း၊ လုလင်တို့ ခစားသည်
အခြင်းအရာ ကိုငှင်း၊ သူတို့ဝတ်သောအဝတ်တန်ဆာကိုငှင်း၊ ဝန်စာရေးများကိုငှင်း၊ ထာဝရဘုရား၏ အိမ်တော်၌ မီးရှို့ရာ
ယဇ်ပူဇော်ခြင်းကိုငှင်း မြင်သောအခါ မိန်းမောတွေဝေလျက်ရှိ၍၊ 6 ကိုယ်တော်၏ အခြင်းအရာနှင့်ကိုယ်တော်၏ပညာကို
အကျွန်ုပ်သည် ကိုယ်ပြည်၌ကြားရသော သိတင်းစကားမှန်ပါ၏။ 7 သို့သော်လည်း၊ ကိုယ်တိုင်ရောက်၍မမြင်မှီ ထိုစကားကိုမယုံ။
ယခုမူကား၊ အရင်ကြားသော စကား သည် တဝက်ကိုမျှမမှီ။ ကိုယ်တော်၏ ပညာနှင့်ကိုယ်တော်၏စည်းစိမ်သည် အကျွန်ုပ်ကြားရသော
သိတင်းကို လွန်ကဲ ပါ၏။ 8 ရှေ့တော်၌ အစဉ်နေ၍ ပညာတော်ကိုကြားရသော ကိုယ်တော်၏လူ၊ ကိုယ်တော်၏ကျွန်တို့သည်
မင်္ဂလာရှိကြပါ၏။ 9 ကိုယ်တော်ကို နှစ်သက်၍၊ ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ တင်တော်မူသော ကိုယ်တော်၏
ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ ထာဝရဘုရားသည် ဣသရေလအမျိုးကို အစဉ်ချစ်သောကြောင့်၊
ဖြောင့်မတ်စွာတရားစီရင်စေခြင်းငှါ ကိုယ်တော်ကို ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူ ပြီဟု ရှင်ဘုရင်အား ပြောဆို၍၊ 10
ရွှေအခွက်တရာနှစ်ဆယ်၊ နံ့သာမျိုးအများ၊ ကျောက်မြတ်တို့ကို ဆက်လေ၏။ ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီးအား ဆက်သော
နံ့သာမျိုးအများ၊ ကျောက်မြတ်တို့ကို ဆက်လေ၏။ ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီးအား ဆက်သောနံ့သာမျိုးနှင့်အမျှ
များပြားသော နံ့သာမျိုးသည် နောက်တဖန်မရောက်။ 11 ဩဖိရမြို့မှ ရွှေကိုဆောင်ခဲ့သော ဟိရုံသင်္ဘောတို့သည် အာလဂုံသစ်သားများ၊
ကျောက်မြတ်များကို လည်း ဆောင်ခဲ့ကြ၏။ 12 ထိုအာလဂုံသစ်သားဖြင့် ရှင်ဘုရင်သည် ဗိမာန်တော်ပွတ်လုံးတန်းနှင့်
နန်းတော်ပွတ်လုံးတန်းကိုငှင်း၊ သီချင်းဆိုသော သူတို့စောင်းနှင့် တယောတို့ကိုငှင်း လုပ်လေ၏။ ထိုသို့သော
အာလဂုံသစ်သားသည်နောက် တဖန်မရောက်၊ ယနေ့တိုင်အောင် မပေါ်လာ။ 13 ရှောလမုန်မင်းကြီးသည် အလိုလိုပေးသော
လက်ဆောင်မှတပါး၊ ရှေဘမိဖုရား၏ အလိုဆန္ဒပြည့်စုံစေ ခြင်းငှါ၊ သူတောင်းသမျှကိုလည်း ပေးတော်မူ၏။ ထိုနောက်မှ မိဖုရားသည်
မိမိကျွန်တို့နှင့်တကွ မိမိပြည်သို့ ပြန်သွားလေ၏။ 14 ရှောလမုန်ထံသို့ တနှစ်တနှစ်လျှင် ရောက်သော ရွှေအချိန်ကား
အခွက်ခြောက်ရာခြောက်ဆယ်ခြောက် ပိဿာဖြစ်သတည်း။ 15 ထိုမှတပါးကုန်သည်များ၊ လှည်းသမားများ၊ အာရပ်မင်းကြီးရှိသမျှ၊
မြို့ဝန်များဆက်သော ရွှေရှိသေး ၏။ 16-17 ရှောလမုန်မင်းကြီးသည် ရွှေခြောက်ပိဿာစီဖြင့် ဒိုင်းကြီးနှစ်ရာ၊ သုံးပိဿာစီဖြင့်
ဒိုင်းငယ်သုံးရာတို့ကို ထုတ်လုပ်၍ လေဗနုန်တောသစ်သားနှင့် တည်ဆောက်သောနန်းတော်၌ ထားတော်မူ၏။ 18 ရှင်ဘုရင်သည်လည်း၊
ဆင်စွယ်ရာဇပလ္လင်ကြီး ကို လုပ်၍ရွှေစင်နှင့်မွမ်းမံလေ၏။ 19 ရာဇပလ္လင်တော်သည် လှေကားခြောက်ထစ် ရှိ၏။ နောက်ဖေးဝိုင်း၏။
ထိုင်ရာတဘက်တချက်၌ မှီစရာလက်ရုံးတန်းနှင့်ပြည့်စုံ၍၊ လက်ရုံးတန်းအနားမှာ ခြင်္သေ့နှစ်ကောင်ရပ်နေ၏။ 20
လှေကားခြောက်ထစ်အပေါ်တွင် တဘက်တချက်၌လည်း ခြင်္သေ့တဆယ်နှစ်ကောင်ရပ်နေ၏။ ထိုသို့သော ရာဇပလ္လင်သည်
အဘယ်တိုင်းနိုင်ငံ၌မျှမရှိ။ 21 ရှောလမုန်မင်းကြီးသောက်သော ဖလားတော် ရှိသမျှနှင့် လေဗနုန်နန်းတော်၌ သုံးသောဖလားတော်
ရှိသမျှတို့သည် ငွေဖလားမဟုတ် ရွှေဖလားသက်သက် ဖြစ်၏။ ရှောလမုန်လက်ထက်၌ ငွေကို အလျှင်းပမာဏ မပြုတတ်ကြ။ 22
ရှင်ဘုရင်သည် တာရှုသင်္ဘောကို ဟိရုံမင်း သင်္ဘောနှင့်အတူ စေလွှတ်သဖြင့်၊ သုံးနှစ်တခါ တာရှု သင်္ဘောသည် ပြန်လာ၍ ရွှေ၊ ငွေ၊
ဆင်စွယ်၊ မျောက်များ၊ ဒေါင်းများကို ဆောင်ခဲ့တတ်၏။ 23 ထိုသို့ရှောလမုန်သည် မြေကြီးပေါ်မှာ ရှိသမျှသော ရှင်ဘုရင်တို့ထက်
ပညာနှင့် စည်းစိမ်အားဖြင့် လွန်ကဲ၏။ 24 ရှောလမုန်၏ နှလုံး၌ ဘုရားသခင် သွင်းပေးတော်မူသော ပညာကို
မြေကြီးသားအပေါင်းတို့သည် ကြားရအံ့သောငှါ၊ မျက်နှာတော်ကို ဖူးလာကြ၏။ 25 လာသောသူအသီးအသီးတို့သည် ရွှေဖလား၊
ငွေဖလား၊ အဝတ်တန်ဆာ၊ စစ်တိုက်လက်နက်၊ နံ့သာမျိုး၊ မြင်း၊ လားတို့ကို နှစ်တိုင်းအခွန် ဆက်ရကြ၏။ 26 ရှောလမုန်သည်လည်း၊
ရထားများ၊ မြင်းစီးသူရဲ များကို ဆည်းဖူး၍၊ ရထားတထောင်နှင့် လေးရာ၊ မြင်းစီးသူရဲတသောင်းနှစ်ထောင်ရှိ၏။ ရထားထိန်း မြို့တို့၌
ငှင်း၊ ယေရုရှလင်မြို့ အထံတော်၌ငှင်းထား၏။ 27 ရှင်ဘုရင်သည် ယေရုရှလင်မြို့၌ ငွေကို ကျောက်ခဲကဲ့သို့ငှင်း၊ အာရဇ်ပင်တို့ကို
လွင်ပြင်၌ ပေါက် သော သဖန်းပင်ကဲ့သို့ငှင်း များပြားစေ၏။ 28 ရှောလမုန်ထံသို့ မြင်းများကို အဲဂုတ္တုပြည်၊ ကောမြို့မှဆောင်ခဲ့ရ၏။
ရှင်ဘုရင်၏ ကုန်သည်တို့သည် အဘိုးပေးလျက် ကောမြို့၌ ခံယူရကြ၏။ 29 အဲဂုတ္တုပြည်မှ ရထားတခုကို ငွေခြောက်ပိဿာ နှင့်ငှင်း၊
မြင်းတစီးကို တပိဿာငါးဆယ်နှင့်ငှင်း ရောင်းမြဲ ရှိ၏။ ထိုသို့ဟိတ္တိမင်းကြီးနှင့် ရှုရိမင်းကြီးအပေါင်းတို့သည် အဲဂုတ္တုရထားနှင့်
မြင်းတို့ကို ရတတ်ကြ၏။


generated on Sun Jun 30 02:37:40 2024

1 Kings 01

ရှောလမုန်၏ ဂုဏ်အသရေနှင့် ထာဝရဘုရား၏ နာမတော် သိတင်း
ဖြစ်နိုင်ချေရှိသော အဓိပါယ်များမှာ ၁) "ထာဝရဘုရား၏ ဂုဏ်တော်ကို ကျော်ကြားစေသော ရှောလမုန်၏ နာမည်ကျော်ကြားမှု" သို့မဟုတ် ၂) "ထာဝရဘုရား၏ ကျေးဇူးကြောင့် ကျော်ကြားသော ရှောလမုန်၏သတင်း"

မိမိအလိုဆန္ဒရှိသမျှ
ယေဘုယျ ခြုံပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူမ သိလိုသည်မှန်သမျှ"

1 Kings 03

အမှုတော်စောင့်တို့နေရာထိုင်ရာ
ဖြစ်နိုင်ချေရှိသော အဓိပါယ်များမှာ ၁) "စားပွဲပတ်လည်တွင် အစေခံများထိုင်သည့်ပုံစံ" သို့မဟုတ် ၂) "အစေခံများ နေထိုင်ရာနေရာ"

မိန်းမောတွေဝေလျက်
ဥပစာစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "လုံးဝ အံ့ဩမိန်းမောသည်။"

1 Kings 06

ကိုယ်တော်၏ အခြင်းအရာနှင့်ကိုယ်တော်၏ပညာ
ဤအကြောင်းအရာတွင် "ပညာ" သည် "စကားလုံးများ" ကို ဖော်ပြနေသည်။ အခြားသော ဘာသာပြန်ဆိုချက်များ - "သင်၏ ဉာဏ်ပညာနှင့်ပြည့်ဝသော စကားများ"

ကိုယ်ပြည်၌ကြား
"ငါ့တိုင်းပြည်၌ နေစဉ်အခါ ကြားခဲ့ရသည်"

my eyes have seen it ကိုယ်တိုင်ရောက်၍မမြင်မှီ
မျက်စိဖြင့် မြင်ပြီဆိုရာတွင် မျက်စိတစ်မျိုးတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦး၏ မြင်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါမြင်တွေ့ခဲ့ပြီ"

တဝက်ကိုမျှမမှီ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "လူတို့သည် ငါ့အား အနည်းငယ်သာ ပြောပြကြပြီ"

1 Kings 08

ရှေ့တော်၌ အစဉ်နေ၍
ဥပစာစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သခင့်အား အစေခံရန် ရှေ့တော်၌ အစဉ်စောင့်ဆိုင်းလျက်ရှိသောသူများ"

ကိုယ်တော်၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏ ဘုရားသခင် ထာဝရဘုရားအား လူများ ချီးမွမ်းကြစေ"

ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ တင်တော်မူသော
ရာဇပလ္လင်ဟုဆိုရာတွင် ပလ္လင်ပေါ်တွင် ထိုင်သောဘုရင်ကိုလည်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလ၏ ဘုရင်အဖြစ် သင့်ကို တင်မြှောက်သောသူ"

1 Kings 10

ရွှေအခွက်တရာနှစ်ဆယ်
အလေးချိန် အခွက်တစ်ခွက်သည် ၃၄ ကီလိုဂရမ်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၄၀၀၀ ကီလို တန်ချိန်ခန့်ရှိသော ရွှေ"

ရှောလမုန်မင်းကြီးအား ဆက်သောနံ့သာမျိုးနှင့်အမျှ များပြားသော နံ့သာမျိုးသည် နောက်တဖန်မရောက်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှေဘမိဖုရားပေးသော နံ့သာထက် သာလွန်များပြားသော နံ့သာကို ရှောလမုန်ဘုရင်အား မည်သူမျှ မဆက်သတော့ပါ။"

1 Kings 11

အာလဂုံသစ်သား
မွှေးကြိုင်သော ရနံ့ရှိသော သစ်သားတစ်မျိုး

ရှင်ဘုရင်သည် ..... လုပ်လေ၏
အခြားသူများက ရှောလမုန်အား ကူညီကာ တည်ဆောက်ခဲ့သည်ဟု စာဖတ်သူများ နားလည်လွယ်ရန်ဘာသာပြန်လျှင် အသင့်တော်ဆုံး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘုရင်သည် သူ၏ အစေခံများအား ပြုလုပ်ရန် မိန့်ကြားခဲ့သည်"

နောက်တဖန်မရောက်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထိုမျှလောက် ကြီးမားသော အရေအတွက်ကို မည်သူမျှ နောက်တဖန် မမြင်ကြ"

ယနေ့တိုင်အောင်
စာရေးသူ ဤစာကိုရေးသားသော နေ့တိုင်အောင် ဆိုလိုသည်။

1 Kings 13

ရှောလမုန်မင်းကြီးသည် အလိုလိုပေးသော လက်ဆောင်
"ဘုရင်ကြီးသည် မြောက်များစွာ ပိုင်ဆိုင်သောကြောင့်"

ရှေဘမိဖုရား၏ အလိုဆန္ဒ၊ သူမ တောင်းဆိုသမျှ
ဤစကားစုများ၏ အနက်အဓိပ္ပာယ်တူသည်။ အထူးပြုခြင်းကို ပြသရန်အတွက် ယှဉ်တွဲအသုံးပြုခြင်း ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

1 Kings 14

တနှစ်တနှစ်လျှင်
"နှစ်တိုင်း" (UDB)။ ရှောလမုန်ဘုရင် နန်းစံသမျှနှစ်တိုင်းကို ဆိုလိုသည်၊ တစ်ကြိမ်တစ်ခါကိုသာ ဆိုလိုသည်မဟုတ်ပါ။

အခွက်ခြောက်ရာခြောက်ဆယ်ခြောက်
အလေးချိန် အခွက်တစ်ခွက်သည် ၃၄ ကီလိုဂရမ်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၃၀၀၀ ကီလို တန်ချိန်ခန့်ရှိသော ရွှေ"

1 Kings 16

ရှောလမုန်မင်းကြီးသည်...ထုတ်လုပ်၍
အခြားသူများက ရှောလမုန်အား ကူညီကာ ပြုလုပ်ခဲ့သည် ဟု စာဖတ်သူများ နားလည်လွယ်ရန် ဘာသာပြန်လျှင် အသင့်တော်ဆုံး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်မင်းကြီး၏ လူများ ထုတ်လုပ်ခဲ့ကြသည်"

ရွှေခြောက်ပိဿာ
အလေးချိန် တစ်ပိဿာသည် ၁၁ ဂရမ်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၆.၆ ကီလိုဂရမ်ခန့်ရှိသော ရွှေ"

ခြောက်ပိဿာ
ဟေဗြဲစကားလုံးတွင် "ပိဿာ" ဟူသော အသုံးကို မတွေ့ရသဖြင့် အချို့သော ခေတ်သစ် ဘာသာပြန်ဆိုချက်များတွင် ပိဿာဝက် (bekah) ဟုသာ ဘာသာပြန်ကြသည်။ ပိဿာဝက် ဟု ဘာသာပြန်ပါက ၃ ကီလိုဂရမ်နှင့်သာ ညီမျှသည်။

ဒိုင်းကြီးနှစ်ရာ
"ကြီးမားသော ဒိုင်းလွှား နှစ်ရာ"

Three minas of gold ရွှေ...သုံးပိဿာ
အလေးချိန် mina သည် ၆၀၀ ဂရမ်ခန့်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၁.၈ ကီလိုဂရမ်ခန့် အလေးချိန်ရှိသော ရွှေ"

ဒိုင်းငယ်သုံးရာ
"ဒိုင်းလွှား အခု သုံးရာ"

He also made
အခြားသူများက ရှောလမုန်အား ကူညီကာ ပြုလုပ်ခဲ့သည် ဟု စာဖတ်သူများ နားလည်လွယ်ရန် ဘာသာပြန်လျှင် အသင့်တော်ဆုံး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘုရင်လူများလည်း ပြုလုပ်ခဲ့ကြသည်။"

the Palace of the Forest of Lebanon လေဗနုန်တောသစ်သားနှင့် တည်ဆောက်သောနန်းတော်
"လေဗနုန်နန်းတော် ဟုခေါ်တွင်သော အိမ်တော်" ၇း၁ တွင် ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်။

1 Kings 18

ရှင်ဘုရင်...မွမ်းမံ
အခြားသူများက ရှောလမုန်အား ကူညီကာ တည်ဆောက်ခဲ့သည် ဟု စာဖတ်သူများ နားလည်လွယ်စေရန် ဘာသာပြန်လျှင် အသင့်တော်ဆုံး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘုရင့်အမှုထမ်းများ ပြုလုပ်ခဲ့ကြသည်"

ဆင်စွယ်ရာဇပလ္လင်ကြီး
ကြီးမားသော သတ္တဝါ၏သွားများ သို့မဟုတ် အစွယ်မှ ရရှိလာသော အဖြူရောင်ရှိ၍ မာကြောသော ဆင်စွယ်ဖြစ်သည်။

1 Kings 21

လေဗနုန်နန်းတော်
"လေဗနုန်နန်းတော် ဟုခေါ်တွင်သော အိမ်တော်" ၇း၁ တွင် ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်။

ဆင်စွယ်
ကြီးမားသော သတ္တဝါ၏ သွားများ သို့မဟုတ် အစွယ်မှ ရရှိလာသော အဖြူရောင်ရှိ၍ မာကြောသော ဆင်စွယ်ဖြစ်သည်။ ၁၀း၁၈ တွင် ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်။

မျောက်များ
ဤမျောက်များသည် အာဖရိတွင် နေထိုင်လေ့ရှိကြသည်။ ခြေလက်အင်္ဂါများအဆုံးသည် လူတို့၏ ခြေလက်များနှင့် ဆင်တူပြီး အမြီးရှည်များလည်း ရှိကြသည်။ အချို့သော သူများက ဘာဘွန်းမျောက်ကို မျောက်ဝံတစ်မျိုးဟုလည်း သတ်မှတ်ကြသည်။

1 Kings 23

ရှောလမုန်၏...မျက်နှာတော်ကို ဖူးလာကြ၏
မျက်နှာတော်ဟု သုံးနှုန်းရာတွင် ထိုသူနှင့် စကားလက်ဆုံကျခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်ပြောဆိုသော စကားကို နားထောင်ရန် ကြိုးပမ်းသည်" သို့မဟုတ် "ရှောလမုန်ထံသို့ အလည်အပတ်သွားချင်သည်"

နှလုံး၌ ဘုရားသခင် သွင်းပေးတော်မူသော ပညာကို..... ကြားရအံ့သောငှါ
နှလုံးဆိုရာတွင် ကုန်သေတ္တာတစ်လုံးကဲ့သို့ လူတစ်ဦး၏ အထဲမှ ထွက်ပေါ်လာသော အတွေးအခေါ်နှင့် ထိုသူပြောသော စကားများကို ဆိုလိုသည်။ စိတ္တဇနာမ်ဖြစ်သည့် "ပညာ" ကို ကုန်သေတ္တာထဲတွင် ထည့်၍ ရသကဲ့သို့ တင်စားပြောဆိုထားခြင်းဖြစ်ပြီး နာမဝိသေသန အနေဖြင့်လည်း ဘာသာပြန်ဆိုနိုင်သည်။
ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ထိုသူပြောဆိုသော စကားအနေဖြင့်သော်လည်းကောင်း ဆိုလိုအဓိပ္ပာယ်ရသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘုရားသခင် ပေးထားသော သူ၏ ဉာဏ်ပညာစကားကို ကြားနာရန်အတွက်" သို့မဟုတ် "ဘုရားသခင်အားဖြင့် မည်မျှ ပညာရှိသည်ကို

နားထောင်ရန်အတွက်" သို့မဟုတ် "ဘုရားသခင် ပြောဆိုစေသည့် ဉာဏ်ပညာနှင့် ပြည့်ဝသော စကားများကို နားထောင်ရန်အတွက်"

မြေကြီးသားအပေါင်းတို့

ယေဘုယျချဲ့ပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "နေရာဒေသအစုံမှ လူများ" သို့မဟုတ် "ကွဲပြားသော အရပ်ရပ်မှ လူများ"

1 Kings 26

ရထားတထောင်နှင့် လေးရာ၊ မြင်းစီးသူရဲတသောင်းနှစ်ထောင်

"မြင်းရထား တစ်ထောင့်လေးရာနှင့် မြင်းစီးစစ်သည် တစ်သောင်းနှစ်ထောင်"

ယေရုရှလင်မြို့၌ ငွေကို ကျောက်ခဲကဲ့သို့

ယေရုရှလင်မြို့၌ရှိသော ငွေအရေအတွက်ကိုအထူးပြုတင်စားပြောဆိုရန်အတွက် အသုံးပြုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ယေရုရှလင်မြို့ ၌ ငွေအမြောက်အမြားရှိသည်၊ မြေပေါ်တွင် တွေ့ရသော ကျောက်စရစ်ခဲများ များပြားသကဲ့သို့ ငွေအမြောက်အများကို ပိုင်ဆိုင်သည်"

1 Kings 28

အဲဂုတ္တုပြည်...မှဆောင်ခဲ့ရ၏

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အဲဂုတ္တုလူများထံမှ ရှောလမုန်၏ ကုန်သည်များက ဝယ်ယူခဲ့သည်"

ရထားတခုကို...ရောင်းမြဲ ရှိ၏

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘုရင့်အမှုထမ်းများမှ ရထားလုံးများကို ဝယ်ယူခဲ့သည်"

ငွေခြောက်ပိဿာ....တပိဿာငါးဆယ်

အလေးချိန် တစ်ပိဿာသည် ၁၁ ဂရမ်နှင့် ညီမျှသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၆.၆ ကီလိုဂရမ်ခန့် ...၁.၇ ကီလိုဂရမ်ခန့်"

ငွေခြောက်ပိဿာ

"ငွေ ခြောက်ပိဿာ"

ရောင်းမြဲ ရှိ၏

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှင်ဘုရင်၏ ကုန်သည်တို့သည် ထိုအရာများစွာကို ရောင်းချခဲ့ကြသည်"

---

## Translation Questions

1 Kings 10:1

ရှေဘပြည်၏မိဖုရားသည် အဘယ်ကြောင့် ရှောလမုန်ထံသို့ လာခဲ့သနည်း။

ရှေဘပြည်၏မိဖုရားသည် ရှောလမုန်အား နက်နဲခက်ခဲသော ပြဿနာအားဖြင့် သူ့ကို စုံစမ်းခြင်းငှာလာခဲ့သည်။

ရှေဘပြည်၏မိဖုရားသည် ယေရုရှလင်မြို့သို့ မည်သည့်အရာကို သယ်ဆောင်လာခဲ့သနည်း။

ရှေဘပြည်၏မိဖုရားသည် နံ့သာမျိုးနှင့် များစွာသောရွှေ၊ အဘိုးထိုက်သော ကျောက်တို့ကိုဆောင်သော ကုလားအုပ်များအား သယ်ဆောင်လာခဲ့သည်။

1 Kings 10:3

ရှေဘပြည်၏မိဖုရား၏ မေးခွန်းများမှ မည်မျှကို ရှောလမုန်ဖြေခဲ့သနည်း။

ရှောလမုန်သည် ရှေဘပြည်၏မိဖုရား မေးသမျှသော အရာအားလုံးကို ဖြေကြားခဲ့သည်။

ရှောလမုန်၏ပညာတော်အားလုံးကို တွေ့မြင်သောအခါ ရှေဘပြည်၏မိဖုရာက မည်သို့ဖြစ်ခဲ့သနည်း။

ရှောလမုန်၏ပညာတော်အားလုံးကို တွေ့မြင်သွားသောအခါ ရှေဘပြည်၏မိဖုရားသည် စိတ်ဝိညာဉ်ပါလွင့်သည်။

1 Kings 10:6

ရှေဘပြည်၏မိဖုရားက ရှောလမုန်အား မည်ကဲ့သို့ ပြောကြားခဲ့သနည်း။

ရှေဘပြည်၏မိဖုရား ပြောခဲ့သောစကားမှာ ကိုယ်တော်၏ ပညာနှင့်ကိုယ်တော်၏စည်းစိမ်သည် အကျွန်ုပ်ကြားရသော သိတင်းကို သာလွန်ပါသည်ဟူ၍ ဖြစ်သည်။

1 Kings 10:8

ရှေဘပြည်၏မိဖုရားက ရှောလမုန်၏ကျွန်တော်များအား အဘယ်ကြောင့် ကောင်းကြီးပေးခဲ့သနည်း။

ရှေဘပြည်၏မိဖုရားက ရှောလမုန်၏ ရှေ့တော်၌ အစဉ်နေ၍ ပညာတော်ကိုကြားရသောသူတို့သည် မင်္ဂလာရှိကြသောသူများဖြစ်ကြပါသည် ဟုပြောခဲ့သည်။

ထာဝရဘုရားသခင်က ဣသရေလလူတို့အား သူ၏ချစ်ခြင်းကို မည်ကဲ့သို့ပြသခဲ့သနည်း။

ထာဝရဘုရားသခင်က ဣသရေလလူတို့အား သူ၏ချစ်ခြင်းကို ယင်းတို့အတွက် ရှောလမုန်ဘုရင်ကိုပြင်ဆင်ပေးခြင်းအားဖြင့် ပြသခဲ့သည်။

1 Kings 10:10

ရှေဘပြည်၏မိဖုရားက ရှောလမုန်အား မည်သည့်အရာကို ပေးခဲ့သနည်း။
ရှေဘပြည်၏မိဖုရားက ရှောလမုန်အား ရွှေအခွက်တရာနှစ်ဆယ်၊ နံ့သာမျိုးအများ၊ ကျောက်မြတ်တို့ကို ပေးအပ်ခဲ့သည်။

1 Kings 10:11

ဟိရံ၏သင်္ဘောတို့သည် ဩဖိရမြို့မှ မည်သည့်အရာကို သယ်ဆောင်ခဲ့သနည်း။
ဩဖိရမြို့မှ ရွှေကိုဆောင်ခဲ့၍ ဟိရံသင်္ဘောတို့ကို သယ်ခဲ့ကြသည်။

ထာဝရဘုရား၏အိမ်တော်အဖို့ ရှင်ဘုရင်က မည်သည့်အရာပြုခဲ့သနည်း။
အာလဂုံသစ်သားဖြင့် ရှင်ဘုရင်သည် ဗိမာန်တော်ပွတ်လုံးတန်းနှင့် နန်းတော်ပွတ်လုံးတန်းကိုငင်းလုပ်ခဲ့သည်။

1 Kings 10:13

ရှေဘမိဖုရားကြီးအား ရှောလမုန်က မည်သည့်အရာပေးခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် အလိုလိုပေးသော လက်ဆောင်မှတပါး၊ ရှေဘမိဖုရား၏ အလိုဆန္ဒပြည့်စုံစေ ခြင်းငှါ၊ သူတောင်းသမျှကိုလည်း ပေးတော်မူခဲ့သည်။

1 Kings 10:14

တစ်နှစ်အတွင်းတွင် ရှောလမုန်မင်းကြီးဆီသို့ ရွှေတန်ချိန်ပေါင်းမည်မျှ ရရှိခဲ့သနည်း။
ရှောလမုန်ထံသို့ တနှစ်တနှစ်လျှင် ရောက်သော ရွှေအချိန်ကား အခွက်ခြောက်ရာခြောက်ဆယ်ခြောက် ပိဿာဖြစ်သည်။

မည်သူက ရှောလမုန်ထံသို့ ရွှေ ငွေတို့ကို သယ်ဆောင်လာခဲ့သနည်း။
ကုန်သည်များ၊ လှည်းသမားများ၊ အာရပ်မင်းကြီးရှိသမျှ၊ မြို့ဝန်များမှ ဆက်သသော ရွှေ ငွေများလည်းရှိသေးသည်။

1 Kings 10:16

ရှောလမုန်မင်းကြီးက ရွှေဖြင့်ကြီးမားသော ဒိုင်းကြီးကို မည်မျှ ပြုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးက ရွှေဖြင့်ကြီးမားသော ဒိုင်းကြီး နှစ်ရာကို ပြုလုပ်ခဲ့သည်။

ရှောလမုန်မင်းကြီးက ဒိုင်းငယ်သုံးရာကို မည်သည့်နေရာတွင် ထားသနည်း။
ရှောလမုန်မင်းကြီးက ဒိုင်းငယ်သုံးရာကို လေဗနုန်တောသစ်သားနှင့် တည်ဆောက်သောနန်းတော်၌ ထားလေသည်။

1 Kings 10:18

ရွှေစင်နဲ့ ဆင်စွယ်ကို အသုံးပြုကာ မင်းကြီးက မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ရွှေစင်နဲ့ ဆင်စွယ်ကို အသုံးပြုကာ မင်းကြီးက ရာဇပလ္လင်ကြီးကို ပြုလုပ်ခဲ့ပါသည်။

ရှင်ဘုရင်ပြုလုပ်ထားသော ပလ္လင်တော်၏ လက်ရုံးတန်းဘေးတွင် မည်သည့်အရာကို ရပ်နေစေသနည်း။
ရှင်ဘုရင်ပြုလုပ်ထားသော ပလ္လင်တော်၏ လက်ရုံးတန်းဘေးတွင် ခြင်္သေ့နှစ်ကောင်ကို ရပ်နေစေသည်။

ပလ္လင်တော်ရှိ လှေကားခြောက်ထစ်တွင် မည်သည့်အရာကို ရပ်စေခဲ့သနည်း။
ပလ္လင်တော်ရှိ လှေကားခြောက်ထစ်တွင် ခြင်္သေ့တဆယ်နှစ်ကောင်ရပ်နေစေခဲ့သည်။

1 Kings 10:21

လေဗနုန်နန်းတော်ရှိ ဖလားတော်များကို မည်သည့်အမျိုးအစားဖြင့်သွန်းလုပ်ထားသနည်း။
လေဗနုန်နန်းတော်၌ သုံးသောဖလားတော် ရှိသမျှတို့သည် ငွေဖလားမဟုတ် ရွှေဖလားဖြင့်သွန်းလုပ်ထားပါသည်။

ရှင်ဘုရင်၏သင်္ဘောတို့သည် သုံးနှစ်တိုင်းတွင် မည်သည့်အရာကို သယ်ဆောင်ရကြသနည်း။
ရှင်ဘုရင်၏သင်္ဘောတို့သည် သုံးနှစ်တခါ တာရှု သင်္ဘောသည် ပြန်လာ၍ ရွှေ၊ ငွေ၊ ဆင်စွယ်၊ မျောက်များ၊ ဒေါင်းများကို ဆောင်ခဲ့ရသည်။

1 Kings 10:23

မြေကြီးပေါ်မှာရှိသမျှသောသူတို့က မည်သည့်အတွက်ကြောင့် ရှောလမုန်မင်းကြီးအား ရှာဖွေခဲ့ကြသနည်း။
မြေကြီးပေါ်မှာရှိသမျှသောသူတို့က ရှောလမုန်မင်းကြီးအား ရှာဖွေခဲ့ရခြင်းမှာ သူ၏နှလုံး၌ ဘုရားသခင် သွင်းပေးတော်မူသော ပညာကို မြေကြီးသားအပေါင်းတို့သည် ကြားလိုသောကြောင့်ဖြစ်သည်။

ရှောလမုန်ထံလာရောက်သော၍ချီးကျူးဂုဏ်ပြုသောသူအပေါင်းတို့က သူထံသို့မည်သည့်အရာများသယ်ဆောင်လာလေ့ရှိသနည်း။
လာသောသူအသီးအသီးတို့သည် ရွှေဖလား၊ ငွေဖလား၊ အဝတ်တန်ဆာ၊ စစ်တိုက်လက်နက်၊ နံ့သာမျိုး၊ မြင်း၊ လားတို့ကို ဆက်သလေ့ရှိသည်။

1 Kings 10:26

ရှောလမုန်မင်းကြီးက သူ၏မြင်းစီးသူရဲများနှင့် မြင်းများကို မည်သည့်နေရာတွင် ထားသနည်း။
ရှောလမုန်မင်းကြီးက သူ၏မြင်းစီးသူရဲများနှင့် မြင်းများကို ရထားထိန်း မြို့တို့၌ ၎င်း၊ ယေရုရှလင်မြို့ အထံတော်၌၎င်းထားထားသည်။

ရှင်ဘုရင်က အာရဇ်ပင်တို့ဖြင့်မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
အာရဇ်ပင်တို့ကို လွင်ပြင်၌ ပေါက် သော သဖန်းပင်ကဲ့သို့၎င်း များပြားစေခဲ့သည်။


generated on Sun Jun 30 02:37:40 2024

1 Kings 10:28

ရှောလမုန်မင်းကြီး၏ စီးတော်မြင်းကို မည်သည့်အရပ်မှ သယ်ဆောင်ခဲ့ကြသနည်း။
ရှောလမုန်မင်းကြီး၏ စီးတော်မြင်းကို အဲဂုတ္တုပြည်၊ ကောမြို့မှဆောင်ခဲ့ကြသည်။

ရှောလမုန်မင်းကြီးပိုင်ဆိုင်သော မြင်းရထားတို့၏ တန်ဖိုးကိုဖော်ပြပါ။
အဲဂုတ္တုပြည်မှ ရထားတခုကို ငွေခြောက်ပိသာ နှင့်ရင်း၊ မြင်းတစီးကို တပိသာငါးဆယ် ရှိလေသည်။

# Chapter 11

1 ရှောလမုန်မင်းကြီးသည် ဖာရောဘုရင်၏ သမီးမှတပါး၊ ဣသရေလအမျိုးသားမဟုတ်သော မောဘအမျိုး၊ အမ္မုန်အမျိုး၊ ဧဒုံအမျိုး၊
ဇိဒုန်အမျိုး၊ ဟိတ္တိအမျိုးသား မိန်းမအများတို့ကို ချစ်တတ်၏။ 2 ထာဝရဘုရားက၊ သင်တို့သည်
တပါးအမျိုးသားတို့နှင့်စုံဘက်ခြင်းကိုမပြုရ။ အကယ်စင်စစ်သူတို့သည် မိမိတို့ဘုရားများနောက်သို့ သင်တို့၏ စိတ်နှလုံးကို
လွှဲစေကြလိမ့်မည်ဟု ဣသရေလအမျိုးသားတို့အား မိန့်တော် မူသော်လည်း၊ ရှောလမုန်သည် တပါးအမျိုးသား မိန်းမတို့ကို
တပ်မက်သောစိတ်ရှိ၏။ 3 မင်းသမီးဖြစ်သော ခင်ပွန်းခုနစ်ရာ၊ မောင်းမ မိဿံသုံးရာရှိ၍၊ သူတို့သည် စိတ်နှလုံးတော်ကို လွှဲစေ ကြ၏။
4 ရှောလမုန်သည် အသက်ကြီးသောအခါ၊ မိန်းမများတို့သည် စိတ်နှလုံးတော်ကို အခြားတပါးသော ဘုရား နောက်သို့ လွှဲစေသဖြင့်၊
စိတ်နှလုံးတော်သည် ခမည်းတော် ဒါဝိဒ်၏ စိတ်နှလုံးကဲ့သို့ မိမိဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ စုံလင်ခြင်းမရှိ။ 5
ဇိဒုန်နတ်သမီးအာရှတရက်၊ ရွံရှာဘွယ်သော အမ္မုန်ဘုရား မိလကုံနောက်သို့ လိုက်၍၊ 6 ခမည်းတော်ဒါဝိဒ်ကဲ့သို့ ထာဝရဘုရား၌ လုံးလုံး
မဆည်းကပ်၊ ရှေ့တော်၌ဒုစရိုက်ကိုပြုလေ၏။ 7 ထိုအခါရှောလမုန်သည် ရွံရှာဘွယ်သောမောဘဘုရားခေမုရှနှင့် ရွံရှာဘွယ်သော
အမ္မုန်ဘုရားမောလုတ်အဘို့၊ ယေရုရှလင်မြို့ ရှေ့တော်၌ရှိသော တောင်ပေါ်တွင် ကုန်းတို့ကို တည်လေ၏။ 8 မိမိတို့ဘုရားအား
နံ့သာပေါင်းကိုမီးရှို့၍၊ ယဇ် ပူဇော်သော တပါးအမျိုးသားခင်ပွန်းအပေါင်းတို့အဘို့ ထိုသို့ပြု၏။ 9 အခြားတပါးသော ဘုရားနောက်သို့
မလိုက်ရ မည်အကြောင်း ပညတ်တော်မူသောဘုရား၊နှစ်ကြိမ် ထင်ရှားတော်မူသော ဣသရေလအမျိုး၏
ဘုရားသခင်ထာဝရဘုရားထံတော်မှ၊ 10 ရှောလမုန်သည် စိတ်နှလုံးလွှဲသွား၍၊ မှာထားတော်မူသော စကားကိုနားမထောင်သောကြောင့်၊
ထာဝရ ဘုရားအမျက်ထွက်တော်မူလျက်၊ 11 သင်သည်ဤသို့ပြု၍ ငါဖွဲ့သော ပဋိညာဉ်နှင့် ငါမှာထားသော
တရားကိုမစောင့်ဘဲနေသောကြောင့်၊ နိုင်ငံတော်ကို သင့်လက်မှ ငါဆက်ဆက်နှုတ်၍ သင့်ကျွန် အား ပေးမည်။ 12 သို့ရာတွင်
သင့်အဘဒါဝိဒ်၏မျက်နှာကို ထောက်၍၊ သင့်လက်ထက်၌ ငါသည်းခံဦးမည်။ သင်၏ သားလက်မှ နိုင်ငံတော်ကို နှုတ်မည်။ 13
သို့သော်လည်း တနိုင်ငံလုံးကိုမနှုတ်။ ငါ့ကျွန် ဒါဝိဒ်နှင့်ငါ ရွေးကောက်သော ယေရုရှလင်မြို့ကို ထောက်၍၊ သင့်သားအား
ခရိုင်တခရိုင်ကို ငါပေးမည်ဟု ရှောလမုန်အား မိန့်တော်မူ၏။ 14 ထိုနောက် ထာဝရဘုရားသည် ရှောလမုန်၌ ရန်ဘက်ပြုသောသူ
ဧဒုံအမျိုးသားဟာဒဒ်ကို နှိုးဆော် တော်မူ၏။ ထိုသူသည် ဧဒုံရှင်ဘုရင်အမျိုးဖြစ်၏။ 15-16 အထက်က ဒါဝိဒ်သည် ဧဒုံပြည်၌ ရှိ၍၊ ဗိုလ်
ချုပ်ယွာဘသည် ဧဒုံအမျိုးသားယောက်ျားအပေါင်းတို့ကို ပယ်ဖြတ်မည်ဟု ဣသရေလလူအပေါင်းတို့နှင့် ဧဒုံပြည်၌
ခြောက်လနေပြီးမှ၊ အသေကောင်များကို မြေ၌မြှုပ်စေ ခြင်းငှါ သွားစဉ်အခါ၊ 17 ဟာဒဒ်သည် အသက်ငယ်လျက်ပင်
အဘ၏ကျွန်ဧဒုံအမျိုးသားအချို့တို့နှင့်အတူ အဲဂုတ္တုပြည်သို့ ရောက်အောင်ပြေး၏။ 18 မိဒျန်ပြည်မှထွက်၍ ပါရန်ပြည်သို့
ရောက်လေ၏။ တဖန်ပါရန်ပြည်သားအချို့တို့ကို ခေါ်၍ အဲဂုတ္တုပြည်၊ အဲဂုတ္တုဖာရောဘုရင်ထံသို့ ရောက်လေသော်၊ ထိုမင်း သည်
အိမ်နှင့်မြေကိုပေး၍ ကျွေးမွေးလေ၏။ 19 ဖာရောဘုရင်သည် ဟာဒဒ်ကို အလွန်ချစ်၍ မိမိခင်ပွန်းမိဖုရားတာပနက်၏ညီမကို
ပေးစား၏။ 20 တာပနက်၏ ညီမသည်သား ဂေနုဗက်ကို ဘွားမြင်၍၊ တာပနက်သည်နန်းတော်၌နို့ခွါသဖြင့်၊ ဂေနုဗတ်သည် နန်းတော်၌
ဖာရောဘုရင်၏ သားများနှင့်အတူနေ၏။ 21 ဒါဝိဒ်သည် ဘိုးဘေးတို့နှင့်အိပ်ပျော်ကြောင်းနှင့် ဗိုလ်ချုပ်မင်းယွာဘသေကြောင်းကို
ဟာဒဒ်သည် အဲဂုတ္တုပြည်၌ ကြားသောအခါ၊ အကျွန်ုပ်သည် ကိုယ်ပြည်သို့ပြန်သွားရသော အခွင့်ကို ပေးတော်မူပါဟု
ဖာရောဘုရင်အား တောင်းပန်လေ၏။ 22 ဖာရောဘုရင်က၊ သင်သည်ကိုယ်ပြည်သို့ ပြန်ချင်သောစိတ်ရှိမည်အကြောင်း
ငါ့ထံမှာအဘယ်အရာ လိုသေးသနည်းဟုမေးသော်၊ အဘယ်အရာမျှမလိုပါ။ သို့သော်လည်း သွားရသောအခွင့်ကို ပေးတော်မူပါဟု
လျှောက်ပြန်လေ၏။ 23 ရှောလမုန်၌ ရန်ဘက်ပြုသောသူတခြား၊ ဧလျာဒသားရေဇုန်ကို ဘုရားသခင် နှိုးဆော်တော်မူ၏။ ထိုသူ သည်
မိမိသခင်ဇောဘမင်းကြီး ဟာဒဒေဇာထံမှပြေး၍၊ 24 လူများကိုစုဝေးစေသဖြင့်၊ ဒါဝိဒ်မင်းလုပ်ကြံ သောအခါ ဗိုလ်ချုပ် လုပ်လေ၏။ 25
ဟာဒဒ်နှောင့်ရှက်သောအမှုမှတပါး ထိုသူသည် ရှောလမုန်လက်ထက်ကာလပတ်လုံး ဣသရေလအမျိုးကို ရန်ဘက်ပြု၏။ ရှုရိပြည်ကို
အစိုးရ၍ ဣသရေလအမျိုးကို စက်ဆုပ်ရွံရှာ၏။ 26 ထိုမှတပါးရှောလမုန်၏ ကျွန်တယောက်၊ ဧဖရိမ်အမျိုး၊ ဇေရဒရွာသား၊
နေဗတ်၏သား ယေရောဗောင် သည်လည်း ရှင်ဘုရင်ကို ပုန်ကန်၏။ သူ၏အမိကား၊ ဇေရွာအမည်ရှိသော မုတ်ဆိုးမတည်း။ 27
ရှင်ဘုရင်ကို ပုန်ကန်သော အကြောင်းဟူမူကား၊ ရှောလမုန်သည် မိလ္လောမြို့ကိုတည်၍၊ ခမည်းတော်ဒါဝိဒ် ၏မြို့ရိုးပျက်ကို
ပြုပြင်သောအခါ၊ 28 ယေရောဗောင်သည် ခွန်အားကြီးသော သူရဲ ဖြစ်၏။ ကြိုးစားအားထုတ်တတ်သော လုလင်ဖြစ်ကြောင်း ကို
ရှောလမုန်သည်မြင်လျှင်၊ ယောသပ်အမျိုးဆောင်ရွက် ရသောအမှုရှိသမျှကို အုပ်စေခြင်းငှါ ခန့်ထားတော်မူ၏။ 29 တရံရောအခါ
ယေရောဗောင်သည် ယေရုရှလင်မြို့ပြင်သို့ ထွက်သွားသည်ရှိသော်၊ ရှိလောမြို့သား အဟိယသည် ဝတ်လုံသစ်နှင့် ကိုယ်ကိုခြုံလျက်၊
ယေရော ဗောင်ကိုကြုံဆို၍ လယ်ပြင်၌ ထိုသူနှစ်ယောက်တည်း ရှိစဉ်အခါ၊ 30 အဟိယသည် မိမိဝတ်သော ဝတ်လုံသစ်ကို ကိုင်၍
ဆယ်နှစ်ပိုင်းဆုတ်ဖြတ်ပြီးလျှင်၊ 31 ယေရောဗောင်အား၊ ဤဆယ်ပိုင်းကိုယူလော့။ ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ နိုင်ငံတော်ကို ရှောလမုန်လက်မှ ငါနှုတ်၍ ခရိုင်ဆယ်ခရိုင်ကို သင့်အားပေးမည်။ 32 ငါ့ကျွန်ဒါဝိဒ်အတွက်
ဣသရေလခရိုင်များတို့တွင်၊ ငါရွေးကောက်သော ယေရုရှလင်မြို့အတွက် ရှောလမုန်သည် တခရိုင်ကို ယူရ၏။ 33 ဆယ်ခရိုင်ကို
နှုတ်ရသော အကြောင်းဟူမူကား၊ ငါ့ကိုစွန့်၍ ဇိဒုန်နတ်သမီး အာရှတရက်၊ မောဘဘုရား ခေမုရှ၊ အမ္မုန်ဘုရားမိလကုံတို့ကို


generated on Sun Jun 30 02:37:40 2024

ကိုးကွယ်သဖြင့်၊ အဘ ဒါဝိဒ်ကဲ့သို့ ငါ့ရှေ့၌ မှန်သောတရား၊ ငါစီရင်ထုံးဖွဲ့ချက် တို့ကို စောင့်ရှောက်ခြင်းငှါ ငါ့လမ်းတို့သို့ မလိုက်။ [34]
သို့ရာတွင် နိုင်ငံတော်ကို သူ၏လက်မှ ငါမနှုတ်သေး။ ငါရွေးကောက်၍ ငါ့ပညတ်တရားတို့ကို စောင့် ရှောက်သော
ငါ့ကျွန်ဒါဝိဒ်အတွက်၊ သားရှောလမုန်သည် တသက်လုံးစိုးစံစေခြင်းငှါ ငါအခွင့်ပေး၏။ [35] ရှောလမုန်၏သားလက်မှ နိုင်ငံတော်ကို
နှုတ်၍ ဆယ်ခရိုင်ကို သင့်အား ငါပေးမည်။ [36] ငါ့နာမတည်ရာဘို့ ငါရွေးကောက်သော ယေရုရှလင်မြို့တွင်၊ ငါ့ရှေ့မှာ ငါ့ကျွန်ဒါဝိဒ်၏
မီးခွက်သည် အစဉ်ထွန်းလင်းလျက်ရှိစေခြင်းငှါ၊ ရှောလမုန်သားအား တခရိုင်ကို ငါပေး၏။ [37] သင့်ကိုငါရွေးယူ၍၊ သင်သည်
ကိုယ်အလိုဆန္ဒ ပြည့်စုံစေခြင်းငှါ၊ စိုးစံလျက်ဣသရေလအမျိုးတွင် မင်းပြု ရ၏။ [38] သင်သည် ငါမှာထားသမျှကို နားထောင်၍၊
ငါ့ကျွန်ဒါဝိဒ်ပြုသကဲ့သို့ ငါ၏လမ်းတို့သို့ လိုက်လျက်၊ ငါ့ရှေ့၌ မှန်သောတရား၊ ငါစီရင်ချက်ပညတ်များကို စောင့်ရှောက်လျှင်၊
သင်နှင့်အတူငါရှိ၍ ဒါဝိဒ်အဘို့ မြဲမြံ သောအိမ်ကို ဆောက်သည်နည်းတူ၊ သင့်အဘို့ဆောက်၍ ဣသရေလနိုင်ငံကို ငါပေးမည်။ [39]
ဤအကြောင်းကြောင့် ဒါဝိဒ်မင်းမျိုးကို ငါနှောင့်ရှက်မည်။ သို့ရာတွင် အစဉ်နှောင့်ရှက်မည်မဟုတ်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။
[40] ရှောလမုန်သည် ယေရောဗောင်ကိုသတ်မည်ဟု အားထုတ်သည်ရှိသော်၊ ယေရောဗောင်သည် ထ၍ အဲဂုတ္တုပြည်၊ အဲဂုတ္တုရှင်ဘုရင်
ရှိရက်ထံသို့ပြေးသဖြင့်၊ ရှောလမုန်သေသည်တိုင်အောင် အဲဂုတ္တုပြည်၌ နေလေ ၏။ [41] ရှောလမုန်ပြုမူသော
အမှုအရာကြွင်းလေသမျှနှင့်၊ သူ၏ပညာစကားသည် ရှောလမုန်ဝတ္ထုု၌ ရေးထား လျက်ရှိ၏။ [42] ရှောလမုန်သည်
ယေရုရှလင်မြို့၌နေ၍ ဣသရေလနိုင်ငံလုံးကို အနှစ်လေးဆယ်စိုးစံပြီးမှ၊ [43] ဘိုးဘေးတို့နှင့် အိပ်ပျော်၍ ခမည်းတော်
ဒါဝိဒ်မြို့၌သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်ရောဗောင် သည် ခမည်းတော်အရာ၌ နန်းထိုင်၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 12

1 ဣသရေလအမျိုးသားအပေါင်းတို့သည် ရောဗောင်ကို ရှင်ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ၊ ရှေခင်မြို့သို့သွားကြ၍ သူသည်လည်း
သွား၏။ 2 ရှောလမုန်မင်းကြီးထံမှ အဲဂုတ္တုပြည်သို့ ပြေးသော နေဗတ်၏သား ယေရောဗောင်သည် ထိုသိတင်း ကိုကြား၍
အဲဂုတ္တုပြည်မှ ပြန်လာ၏။ 3 ဣသရေလလူတို့သည် သူ့ထံသို့လူကိုစေလွှတ်၍ ခေါ်သဖြင့်၊ စည်းဝေးသော ပရိသတ်အပေါင်းတို့သည်
သူနှင့်အတူ ရောဗောင်ထံသို့ ဝင်လျက်၊ 4 ခမည်းတော်သည် ကျွန်တော်တို့၌ လေးသောထမ်းဘိုးကိုတင်ပါပြီ။ ခမည်းတော်ထံမှာ
ပင်ပန်းစွာ ဆောင်ရွက်ရသောအမှု၊ တင်တော်မူသော ထမ်းဘိုးလေး ကို ပေါ့စေတော်မူပါ။ ထိုသို့ပြုတော်မူလျှင်၊ ကျွန်တော် တို့သည်
အမှုတော်ကို ထမ်းပါမည်ဟု လျှောက်ဆိုကြ၏။ 5 ရောဗောင်ကလည်း၊ သင်တို့သွားကြဦးလော့။ သုံးရက်လွန်မှ
တဖန်လာကြဦးလော့ဟု မိန့်တော်မူလျှင်၊ သူတို့သည် သွားကြ၏။ 6 ထိုအခါ ရောဗောင်မင်းကြီးသည် ခမည်းတော်ရှောလမုန်
အသက်ရှင်စဉ်အခါ၊ အထံတော်၌ ခစားသော အသက်ကြီးသူတို့နှင့် တိုင်ပင်၍၊ ဤသူတို့အား ငါပြန်ပြောရမည်အကြောင်း
အဘယ်သို့အကြံပေး ကြမည်နည်းဟု မေးသော်၊ 7 သူတို့က၊ ကိုယ်တော်သည် ယနေ့ဤသူတို့၏ ကျွန်ခံလျက်၊ သူတို့အမှုကို စောင့်၍
ကောင်းသော စကား နှင့်ပြန်ပြောတော်မူလျှင်၊ သူတို့သည် အစဉ်ကိုယ်တော်၏ ကျွန်ခံကြပါလိမ့်မည်ဟု လျှောက်ထားကြ၏။ 8
အသက်ကြီးသူတို့ပေးသော အကြံကို ရောဗောင်သည်မလိုက်။ ခစားမြဲခစားသော မိမိသူငယ်ချင်း တို့နှင့် တိုင်ပင်လျက်၊ 9
ပြည်သားတို့က၊ ခမည်းတော်တင်သောထမ်းဘိုးကို ပေါ့စေတော်မူပါဟု လျှောက်ဆိုကြသည်ဖြစ်၍၊ သူတို့ အား
ငါပြန်ပြောရမည်အကြောင်း အဘယ်သို့ အကြံပေး ကြမည်နည်းဟု မေးသော်၊ 10 ထိုသူငယ်ချင်းလုလင်တို့က၊ ခမည်းတော်သည်
ကျွန်တော်တို့၌ ထမ်းဘိုးကို လေးစေပါပြီ။ ပေါ့စေတော် မူပါဟု လျှောက်သောပြည်သားတို့အား၊ ကိုယ်တော်က၊ ငါ့လက်သန်းသည်
ငါ့ခမည်းတော်ခါးထက်သာ၍ ကြီးလိမ့် မည်။ 11 ငါ့ခမည်းတော်သည် သင်တို့အပေါ်မှာ လေးသောထမ်းဘိုးကိုတင်လေပြီ။
ငါသည်လည်းထပ်၍ တင်ဦးမည်။ ငါ့ခမည်းတော်သည် သင်တို့ကို ကြိမ်လုံးနှင့် ရိုက်လေပြီ။ ငါသည်လည်း ကင်းမြီးကောက်နှင့် ရိုက်ဦး
မည်ဟု ပြန်ပြောတော်မူပါဟု လျှောက်ထားကြ၏။ 12 ရှင်ဘုရင်က၊ သုံးရက်မြောက်သောနေ့၌ တဖန် လာကြဦးလော့ဟု နေ့ရက်ကို
ချိန်းချက်သည်အတိုင်း၊ သုံးရက်မြောက်သောနေ့၌ ယေရောဗောင်နှင့် လူအပေါင်းတို့သည် ရောဗောင်ထံသို့ ရောက်လာကြ၏။ 13
ရှင်ဘုရင်သည် အသက်ကြီးသူတို့ပေးသော အကြံကိုမလိုက်။ လုလင်တို့ပေးသောအကြံကို လိုက်လျက်၊ 14 ငါ့ခမည်းတော်သည်
သင်တို့အပေါ်မှာ လေးသော ထမ်းဘိုးကိုတင်လေပြီ။ ငါသည်လည်းထပ်၍ တင်ဦးမည်။ ငါ့ခမည်းတော်သည် သင်တို့ကို ကြိမ်လုံးနှင့်
ရိုက်လေပြီ။ ငါသည်လည်း ကင်းမြီးကောက်နှင့် ရိုက်ဦးမည်ဟု ကြမ်းတမ်းစွာ ပြန်ပြောတော်မူ၏။ 15 ရှင်ဘုရင်သည် ပြည်သားတို့၏
စကားကိုနားမထောင်ရသည်အကြောင်းကား၊ ထာဝရဘုရားသည် ရှိလောမြို့သား အဟိယအားဖြင့် နေဗတ်၏သား ယေရောဗောင်အား
မိန့်တော်မူသောစကားကို ပြည့်စုံစေ တော်မူမည်အကြောင်းတည်း။ 16 ဣသရေလအမျိုးသားအပေါင်းတို့သည် ရှင်ဘုရင်
နားမထောင်ကြောင်းကို သိမြင်လျှင်၊ ငါတို့သည် ဒါဝိဒ်နှင့်အဘယ်သို့ဆက်ဆံသနည်း။ ယေရှဲ၏သားနှင့် အဘယ်သို့
အမွေခံရသေးသနည်း။ အိုဣသ ရေလအမျိုး၊ သင်တို့နေရာသို့ သွားကြ။ အိုဒါဝိဒ်၊ သင်၏ အိမ်ကို ကြည့်ရှုလော့ဟု
ရှင်ဘုရင်အားပြန်ပြောလျက်၊ ဣသရေလလူတို့သည် မိမိတို့နေရာသို့ပြန်သွားကြ၏။ 17 သို့ရာတွင် ယုဒမြို့ရွာတို့၌နေသော ဣသရေလ
လူတို့ကို ရောဗောင်သည် အုပ်စိုးရသေး၏။ 18 ထိုအခါ ရောဗောင်မင်းကြီးသည် အခွန်တော်ဝန် အဒေါနိရံကို စေလွှတ်၍
ဣသရေလလူအပေါင်းတို့ သည် သူ့ကိုသေအောင် ကျောက်ခဲနှင့် ပစ်ကြ၏။ 19 ရောဗောင်မင်းကြီးသည် ရထားတော်ကို
အလျင်အမြန်တက်၍ ယေရုရှလင်မြို့သို့ ပြေးလေ၏။ ထိုသို့ ဣသရေလအမျိုးသည် ယနေ့တိုင်အောင် ဒါဝိဒ် မင်းမျိုးကို
ပုန်ကန်ကြ၏။ 20 ယေရောဗောင်ပြန်လာကြောင်းကို ဣသရေလ အမျိုးသားအပေါင်းတို့သည် ကြားသောအခါ၊ လူကို စေလွှတ်၍၊
ယေရောဗောင်ကို စည်းဝေးရာ ပရိသတ်ထံသို့ ခေါ်ပြီးလျှင်၊ ဣသရေလအမျိုးကို အုပ်စိုးသော ရှင်ဘုရင်အရာ၌ ချီးမြှောက်ကြ၏။
ယုဒအမျိုးမှတပါး အဘယ်အမျိုးမျှ ဒါဝိဒ်မင်းမျိုးသို့ မဆည်းကပ်။ 21 ရောဗောင်သည် ယေရုရှလင်မြို့သို့ ရောက်သောအခါ၊
ဣသရေလအမျိုးကို စစ်တိုက်၍ နိုင်ငံတော်ကို ရှောလမုန်သား ရောဗောင်လက်သို့ရောက်ပြန်စေခြင်းငှါ၊ ဗယ်မိန်အမျိုးနှင့်တကွ
ယုဒအမျိုးသားအပေါင်းတို့နှင့် ရွေးချယ်သော စစ်သူရဲတသိန်းရှစ်သောင်းတို့ကို စုဝေး စေ၏။ 22 သို့ရာတွင် ဘုရားသခင်၏
နှုတ်ကပတ်တော်သည် ဘုရားသခင်၏လူရှေမာယသို့ ရောက်၍၊ 23 သင်သည် ရှောလမုန်သား၊ ယုဒရှင်ဘုရင် ရောဗောင်နှင့်
ယုဒအမျိုး၊ ဗယ်မိန်အမျိုးသားများ၊ ကျန်ကြွင်းသော သူများတို့အား ထာဝရဘုရား၏ အမိန့် တော်ကို ဆင့်ဆိုရမည်မှာ၊ 24
သင်တို့ညီအစ်ကိုဖြစ်သော ဣသရေလ အမျိုးသားတို့ကို စစ်တိုက်ခြင်းငှါ ချီ၍မသွားကြနှင့်။ လူအပေါင်းတို့၊ ကိုယ်နေရာသို့
ပြန်သွားကြလော့။ ဤအမှုသည် ငါအခွင့်ပေးကြောင့် ဖြစ်၏ဟု မိန့်တော်မူသော ထာဝရဘုရား၏စကားတော်ကို နားထောင်၍ စကား
တော်အတိုင်း ပြန်သွားကြ၏။ 25 ထိုနောက် ယေရောဗောင်သည် ဧဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့ကို တည်၍ နေရာချ၏။
ထိုမြို့မှသွား၍ ပေနွေလမြို့ကိုလည်း တည်၏။ 26 ယေရောဗောင်က၊ ဤနိုင်ငံသည် ဒါဝိဒ်မင်းမျိုး လက်သို့ ပြန်ကောင်းပြန်လိမ့်မည်။
27 ပြည်သားတို့သည် ထာဝရဘုရား၏ ဗိမာန်တော်၌ ယဇ်ပူဇော်ခြင်းငှါ ယေရုရှလင်မြို့သို့သွားလျှင်၊ သူတို့ စိတ်နှလုံးသည်
မိမိတို့သခင် ယုဒရှင်ဘုရင် ရောဗောင်ဘက်သို့ပြောင်းလဲ၍၊ ငါ့ကိုသတ်ပြီးမှ ယုဒရှင်ဘုရင် ရောဗောင်ဘက်သို့ တဖန်
ဝင်စားကြလိမ့်မည်ဟု အောက် မေ့သောကြောင့်၊ 28 သူတပါးနှင့်တိုင်ပင်၍ ရွှေနွားသငယ်နှစ်ကောင် ကို လုပ်ပြီးလျှင်၊ သင်တို့သည်

 generated on Sun Jun 30 02:37:40 2024

ယေရုရှလင်မြို့သို့ သွားရ သော အမှုခက်လှ၏။ အို ဣသရေလအမျိုး၊ သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော ဘုရားတို့ကို ကြည့်ရှုကြ လော့ဟု ဆိုလျက်၊ [29] ဗေသလမြို့၌တကောင်၊ ဒန်မြို့၌တကောင်ကို ထားသဖြင့်၊ [30] ပြစ်မှားစရာအကြောင်းကို ပြုလေ၏။ ပြည်သားတို့သည် နွားသငယ်ကို ကိုးကွယ်ခြင်းငှါ၊ ဒန်မြို့တိုင်အောင် သွားတတ်ကြ၏။ [31] ယေရောဗောင်သည်လည်း၊ မြင့်သောအရပ်ပေါ်မှာ အိမ်ကိုဆောက်၍၊ လေဝိသားမဟုတ်သော သာမညလူတို့ကို ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားလေ၏။ [32] ယုဒပြည်၌ခံသော ပွဲကဲ့သို့ အဋ္ဌမလတဆယ် ငါးရက်နေ့တွင် ပွဲကိုစီရင်၍၊ ယဇ်ပလ္လင်ပေါ်မှာ ပူဇော်၏။ ထိုသို့ဗေသလမြို့၌စီရင်၍၊ မိမိလုပ်သောနွားသငယ်တို့အား ယဇ်ပူဇော်၏။ မြင့်သောအရပ်၌ ခန့်ထားသော ယဇ်ပုရောဟိတ်တို့ကိုလည်း ဗေသလမြို့မှာနေရာချ၏။ [33] ထိုသို့ကိုယ်အလိုအလျောက် ချိန်းချက်သော အဋ္ဌမလတဆယ်ငါးရက်နေ့တွင် ဗေသလမြို့၌ မိမိလုပ် သော ယဇ်ပလ္လင်ပေါ်မှာပူဇော်၏ ဣသရေလအမျိုးသားတို့အား ပွဲကိုလည်းစီရင်၏ ယဇ်ပလ္လင်ပေါ်မှာ ယဇ်ပူဇော်၍ နံ့သာပေါင်းကို မီးရှို့၏။


generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ထိုအခါ ယေရောဗောင်သည် နံ့သာပေါင်းကို မီးရှို့ခြင်းငှါ ယဇ်ပလ္လင်နားမှာရပ်နေစဉ်တွင်၊ ဘုရား သခင်၏ လူတယောက်သည်
ထာဝရဘုရား၏ နှုတ်ကပတ်တော်အတိုင်း၊ ယုဒပြည်မှ ဗေသလမြို့သို့ ရောက် လာ၍၊ 2 ထာဝရဘုရား၏ နှုတ်ကပတ်တော်အတိုင်း
ယဇ်ပလ္လင်တဘက်၌ ကြွေးကြော်လျက်၊ အိုယဇ်ပလ္လင်၊ ယဇ်ပလ္လင်၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဒါဝိဒ်မင်း မျိုး၌
ယောရှိအမည်ရှိသော သူကို ဘွားမြင်လိမ့်မည်။ သင့်အပေါ်မှာ နံ့သာပေါင်းကို မီးရှို့၍၊ မြင့်သောအရပ်၌
ယဇ်ပုရောဟိတ်လုပ်သောသူတို့ကို ထိုသူသည် သင့် အပေါ်မှာပူဇော်၍၊ လူသေအရိုးတို့ကို မီးရှို့လိမ့်မည်ဟု မိန့်တော်မူကြောင်းကို
ဆင့်ဆို၏။ 3 ထိုနေ့ခြင်းတွင် ပုပ္ပနိမိတ်ကိုလည်း ပေး၍ ထာဝရဘုရားမိန့်တော်မူသော ပုပ္ပနိမိတ်ဟူမူကား၊ ယဇ် ပလ္လင်သည်
ကွဲ၍ပလ္လင်ပေါ်မှာရှိသော ပြာလည်း ယိုကျလိမ့်မည်ဟု ဟောလေ၏။ 4 ထိုသို့ ဘုရားသခင်၏ လူသည် ဗေသလမြို့
ယဇ်ပလ္လင်တဘက်၌ ကြွေးကြော်သော စကားကို ယေရောဗောင်မင်းကြီးသည် ကြားလျှင်၊ ယဇ်ပလ္လင်ပေါ်မှာရှိသော မိမိလက်ကိုဆန့်၍
ထိုသူကို ဘမ်းဆီးကြဟုဆို လျက်၊ ဆန့်သောလက်သည် သွေ့ခြောက်၍ နောက်တဖန် မရုပ်နိုင်။ 5 ဘုရားသခင်၏
လူသည်ထာဝရဘုရား၏ နှုတ်ကပတ်တော်အတိုင်း ပေးသောပုပ္ပနိမိတ်နှင့်အညီ ယဇ် ပလ္လင်ကွဲ၍၊ ပြာသည်လည်း ပလ္လင်ပေါ်က
ယိုကျလေ၏။ 6 ရှင်ဘုရင်ကလည်း၊ ငါ့လက်၌ ရောက်သောရောဂါကို ပျောက်စေမည်အကြောင်း၊ ငါ့အတွက် ပဌနာ ပြု၍
သင်၏ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ တောင်းပန်ပါလော့ဟုဘုရားသခင်၏ လူကိုပြောဆို၏။ ဘုရားသခင်၏လူသည်
ထာဝရဘုရားကို တောင်းပန်သဖြင့်၊ ရှင်ဘုရင်လက်သည် ရောဂါပျောက်၍ ပကတိ အတိုင်း ဖြစ်လေ၏။ 7 ရှင်ဘုရင်ကလည်း၊
ငါနှင့်အတူ လိုက်၍ အားဖြည့်လော့။ လက်ဆောင်ပေးမည်ဟု ဘုရားသခင်၏ လူအား ဆိုလျှင်၊ 8 ဘုရားသခင်၏လူက၊
နန်းတော်တဝက်ကို ပေးသော်လည်း သင်နှင့်အတူ ငါမလိုက်။ ဤအရပ်၌ မုန့်ကိုမစား၊ ရေကိုလည်းမသောက်ရ။ 9 ထာဝရဘုရား၏
နှုတ်ကပတ်တော်က၊ မုန့်ကို မစားနှင့်။ ရေကို မသောက်နှင့်။ လာသောလမ်းဖြင့် မပြန်နှင့်ဟု ငါ့အား ပညတ်တော်မူပြီဟု ရှင်ဘုရင်အား
ပြောဆို၏။ 10 ထိုနောက် ဗေသလမြို့သို့ လာသောလမ်းကို ရှောင်၍ အခြားသောလမ်းဖြင့် ပြန်သွား၏။ 11 ထိုကာလ၌
ဗေသလမြို့တွင် အသက်ကြီးသော ပရောဖက် တယောက်ရှိ၏။ သူ၏သားတို့သည်လာ၍ ဘုရားသခင်၏လူသည် ထိုနေ့၌
ဗေသလမြို့မှာ ပြုသောအမှုရှိသမျှနှင့် ရှင်ဘုရင်အားပြောသော စကားများကို အဘအား ပြန်ကြားလျှင်၊ 12 ယုဒပြည်မှ
လာသောဘုရားသခင်၏ လူသည် အဘယ်လမ်းဖြင့် ပြန်သွားသည်ကို မြင်ကြသောကြောင့်၊ အဘက ထိုသူသည် အဘယ်လမ်း
ဖြင့်ပြန်သွားသနည်းဟု မေးပြီးလျှင်၊ 13 မြည်းကို ကုန်းနှီးတင်ကြလော့ဟု ဆိုသည် အတိုင်း၊ သားတို့သည် မြည်းကိုကုန်းနှီးတင်၍
အဘသည် စီးသွားလျက်၊ 14 ဘုရားသခင်၏ လူကိုလိုက်လေ၏။ သပိတ်ပင် အောက်မှာထိုင်လျက် ရှိသည်ကိုတွေ့လျှင်၊ သင်သည်
ယုဒပြည်မှလာသော ဘုရားသခင်၏ လူမှန်သလောဟု မေးသော်၊ ငါမှန်သည်ဟု ပြန်ဆို၏။ 15 ပရောဖက်ကလည်း၊ ငါနှင့်အတူ
ငါ့အိမ်သို့ လိုက်၍ မုန့်ကို စားပါလော့ဟု ခေါ်ပင့်လျှင်၊ 16 ငါသည် သင်နှင့်အတူ မလိုက်ရ၊ သင့်အိမ်သို့မဝင်ရ။ ဤအရပ်၌ မုန့်ကိုမစား၊
ရေကိုလည်း မသောက်ရ။ 17 ထာဝရဘုရားက၊ ထိုအရပ်၌ မုန့်ကိုမစားနှင့်။ ရေကိုမသောက်နှင့်။ လာသောလမ်းဖြင့်မပြန်နှင့်ဟု ငါ့အား
မိန့်တော်မူကြောင်းကို ပြောဆို၏။ 18 ပရောဖက်ကလည်း၊ ငါသည် သင်ကဲ့သို့ ပရောဖက်ဖြစ်၏။ သင်သည်မုန့်ကိုစား၍
ရေကိုသောက်စေ ခြင်းငှါ သင့်ကိုငါ့အိမ်သို့ ခေါ်ရမည်အကြောင်း၊ ကောင်းကင်တမန်သည် ထာဝရဘုရား၏ နှုတ်ကပတ်တော် အားဖြင့်
မှာထားပြီဟု မုသာသုံး၍ ပြောဆို၏။ 19 ထိုကြောင့် ဘုရားသခင်၏လူသည် ပရောဖက် နှင့်အတူ ပြန်လာ၍၊ သူ၏အိမ်မှာ
မုန့်ကိုစား၏။ ရေကို လည်း သောက်၏။ 20 ထိုသူနှစ်ပါးတို့သည် စားပွဲနားမှာ ထိုင်စဉ်တွင်၊ ခေါ်ခဲ့သော ပရောဖက်သို့ ထာဝရဘုရား၏
နှုတ်ကပတ် တော်သည် ရောက်၍၊ 21 ယုဒပြည်မှ လာသောဘုရားသခင်၏လူအား၊ သင်သည် ထာဝရဘုရား၏နှုတ်တော်ထွက်ကို နား
မထောင်၊ သင်၏ဘုရားသခင် ထာဝရဘုရားထားတော်မူ သော ပညတ်တော်ကို မစောင့်၊ 22 ဤမည်သော အရပ်၌ မုန့်ကိုမစားနှင့်။
ရေကို မသောက်နှင့်ဟု ပညတ်တော်မူသော အရပ်သို့ပြန်လာ၍ မုန့်နှင့်ရေကိုစားသောက်သောကြောင့်၊ သင်၏အလောင်းသည်
ဘိုးဘေးတို့၏ သင်္ချိုင်းသို့မရောက်ရဟု ထာဝရ ဘုရားမိန့်တော်မူကြောင်းကို အော်ဟစ်၍ ဆင့်ဆို၏။ 23 မုန့်နှင့်ရေကို စားသောက်ပြီးမှ၊
ထိုပရောဖက်သည် ပြန်လာသော ပရောဖက်အဘို့ မိမိမြည်းကို ကုန်းနှီး တင်၍ လွှတ်လိုက်လေ၏။ 24 လမ်းမှာခြင်္သေ့တွေ့၍ သတ်၏။
အသေကောင်သည် လမ်း၌ လဲ၍၊ မြည်းနှင့်ခြင်္သေ့သည် အနားမှာ ရပ်နေ၏။ 25 အသေကောင်သည် လမ်း၌လဲ၍ မည်းနှင့်ခြင်္သေ့သည်
အနားမှာ ရပ်နေသည်ကို ခရီးသွားသော သူတို့သည် မြင်လျှင်၊ အသက်ကြီးသော ပရောဖက်နေသော မြို့သို့လာ၍ သိတင်းပြောကြ၏။
26 ခေါ်ခဲ့သောပရောဖက်သည် ထိုသိတင်းကိုကြားလျှင်၊ ထာဝရဘုရား၏ အမိန့်တော်ကို နားမထောင်သော ဘုရားသခင်၏
လူဖြစ်လိမ့်မည်။ ထာဝရဘုရားသည် ထိုသူအား မိန့်တော်မူသော စကားအတိုင်း၊ သူ့ကိုခြင်္သေ့၌ အပ်တော်မူသဖြင့်၊ ခြင်္သေ့သည်
ကိုက်သတ်လေပြီတကား ဟု ဆိုလျက်၊ 27 မြည်းပေါ်မှာ ကုန်းနှီးကို တင်ကြလော့ဟု သားတို့အား ဆိုသည်အတိုင်း သူတို့သည်
ကုန်းနှီးတင်ကြ၏။ 28 ပရောဖက်သွား၍ အသေကောင်သည် လမ်း၌ လဲလျက်၊ မြည်းနှင့် ခြင်္သေ့သည် အနားမှာ ရပ်နေလျက်
ရှိသည်ကိုတွေ့၏။ ခြင်္သေ့သည် အသေကောင်ကိုမစား၊ မြည်းကိုလည်း မကိုက်။ 29 အသက်ကြီးသော ပရောဖက်သည်
ဘုရားသခင်၏လူအလောင်းကောင်ကို မြည်းပေါ်သို့ ချီ၍ တင်ပြီးလျှင် ငိုကြွေးမြည်တမ်းခြင်းကို ပြု၍၊ သင်္ဂြိုဟ်ခြင်း ငှါ မိမိမြို့သို့
ဆောင်သွား၏။ 30 အလောင်းကောင်ကို မိမိသင်္ချိုင်းတွင်း၌ ထားလျက်၊ အိုငါ့ညီဟူ၍ ငိုကြွေးမြည်တမ်းခြင်းကို ပြု၏။ 31

 generated on Sun Jun 30 02:37:40 2024

သင်္ဂြိုဟ်ပြီးမှ သားတို့ကိုခေါ်၍၊ ငါသေသောအခါ ဘုရားသခင်၏ လူသင်္ချိုင်းတွင်း၌ သင်္ဂြိုဟ်ကြလော့။ ငါ့အရိုးတို့ကို သူ့အရိုးတို့အနားမှာ ထားကြလော့။ [32] ဗေသလမြို့ ယဇ်ပလ္လင်တဘက်ရှမာရိမြို့ရွာတွင်၊ မြင့်သောအရပ်ပေါ်မှာ ဆောက်သောအိမ်များ တဘက်၊ ထာဝရဘုရား၏နှုတ်ကပတ်တော်အတိုင်း ကြွေးကြော်သောစကားသည် စင်စစ်ပြည့်စုံလိမ့်မည်ဟု မှာထားလေ၏။ [33] ထိုနောက်မှ ယေရောဗောင်သည် မိမိအဓမ္မလမ်းကို မရှောင်။ သာမညလူတို့ကို မြင့်သောအရပ်တွင် ယဇ်ပုရောဟိတ်အရာ၌ ထပ်၍ ခန့်ထား၏။ ယဇ်ပုရောဟိတ်လုပ်ချင်သောသူ ရှိသမျှကို ချီးမြှောက်သဖြင့်၊ သူတို့သည် မြင့်သောအရပ်တွင် ယဇ်ပုရောဟိတ် ဖြစ်ကြ၏။ [34] ထိုသို့ပြုသောကြောင့် ယေရောဗောင်အမျိုးကို မြေကြီးပြင်မှ သုတ်သင်ပယ်ရှင်းစေသော အပြစ်ရောက် သတည်း။

## Chapter 14

1 ထိုအခါ ယေရောဗောင်၏သား အဘိယသည် နာသောကြောင့်၊ 2 ယေရောဗောင်သည် မိမိမယားကိုခေါ်၍၊ သင်သည်
ယေရောဗောင်၏ မယားဖြစ်သည်ကို အဘယ်သူမျှ မသိစေခြင်းငှါ ခြားနားသော အဆင်းအရောင်ကို ဆောင်ပြီးလျှင်၊ ရှိလောမြို့သို့
ထသွားပါလော့။ ငါသည် ဤလူမျိုးကို စိုးစံရမည်အကြောင်းကို ပြသော ပရောဖက် အဟိယသည် ထိုမြို့၌ရှိ၏။ 3 မုန့်ဆယ်လုံး၊
မုန့်ပြားအချို့၊ ပျားရည်ဘူးကို ဆောင်လျက် ပရောဖက်ထံသို့ သွားပါလော့။ သူငယ်၌ အဘယ်သို့ဖြစ်မည်ကို သူဟောလိမ့်မည်ဟု
မှာထားသည် အတိုင်း၊ 4 ယေရောဗောင်မယားသည် ထ၍ ရှိလောမြို့၌ အဟိယအိမ်သို့ သွားလေ၏။ ထိုအခါ အဟိယသည်
အသက်ကြီးသောကြောင့် မျက်စိမမြင်၊ မှုန်လျက်ရှိ၏။ 5 ထာဝရဘုရားကလည်း၊ ယေရောဗောင်မယားသည် သားနာသောကြောင့်၊
သားအတွက်တစုံတခုကို တောင်းအံ့သောငှါ သင့်ဆီသို့ ယခုလာ၏။ ဤမည်သော စကားဖြင့် ပြန်ပြောရမည်။ သူသည် လာသောအခါ
အခြားသော မိန်းမဖြစ်ယောင်ဆောင်လိမ့်မည်ဟု အဟိယအား မိန့်တော်မူ၏။ 6 ထိုမိန်းမသည် တံခါးအထဲသို့ ဝင်၍၊ နင်းသံကို
အဟိယသည် ကြားလျှင်၊ အိုယေရောဗောင်မယား ဝင်လော့။ အဘယ်ကြောင့် အခြားသော သူ၏အယောင်ကို ဆောင်သနည်း။
ဝမ်းနည်းစရာသိတင်းကို ကြား ပြောစေခြင်းငှါ သင့်ဆီသို့ ငါ့ကိုစေလွှတ်တော်မူ၏။ 7 သင်သည် ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရား၏အမိန့်တော်ကို၊ ယေရောဗောင်ထံသို့ သွား၍ ဆင့်ဆိုရမည်မှာ၊ သင့်ကိုလူစုထဲက ငါရွေး၍ ငါ၏လူဣသရေလအမျိုးကို
အုပ်စိုးစေခြင်းငှါ ချီးမြှောက် လျက်၊ 8 နိုင်ငံတော်ကို ဒါဝိဒ်မင်းမျိုးလက်မှနှုတ်၍ သင့်အားပေးသော်လည်း၊ သင်သည်
ငါ့ကျွန်ဒါဝိဒ်ကဲ့သို့ မဟုတ်။ သူသည် ငါ့ပညတ်တို့ကို စောင့်ရှောက်၏။ ငါ့ရှေ့မှာ ကောင်းသောအကျင့်ကိုသာ ကျင့်မည်ဟု စိတ်နှလုံး
အကြွင်းမဲ့ ငါ့ကို ဆည်းကပ်၏။ 9 သင်မူကား သင့်ရှေ့မှာ ဖြစ်ဘူးသောသူ အပေါင်းတို့ကို လွန်၍ ဒုစရိုက်ကိုပြုလေပြီ။ ငါ့အမျက်ကို
နှိုးဆော်ခြင်းငှါ အခြားတပါးသော ဘုရားနှင့်သွန်းသော ရုပ်တုတို့ကိုလုပ်၍ ငါ့ကိုသင့်ကျောနောက်သို့ ပစ်ထားပြီ။ 10 ထိုကြောင့်
ယေရောဗောင်အမျိုးအပေါ်သို့ ဘေးဥပဒ်ရောက်စေမည်။ ဣသရေလမြို့ရွာ၌ အချုပ် ခံသောသူဖြစ်စေ၊ အလွတ်ပြေးသောသူဖြစ်စေ၊
ယေရောဗောင်အမျိုးယောကျာ်းများကို ပယ်ဖြတ်မည်။ လူသည် နောက်ချေးကို အကုန်အစင်ကျုံးသွားသကဲ့သို့၊ ကျန်ကြွင်းသော
ယေရောဗောင်အမျိုးသားကို ပယ်သွားမည်။ 11 ယေရောဗောင်အမျိုးသားသည် မြို့ထဲမှာ သေလျှင်အသေကောင်ကို ခွေးစားလိမ့်မည်။
မြို့ပြင်မှာ သေလျှင် မိုယ်းကောင်းကင်ငှက်စားလိမ့်မည်အကြောင်း ထာဝရဘုရားမိန့်တော်မူပြီ။ 12 သင်ထ၍ ကိုယ်အိမ်သို့ သွားလော့။
မြို့တံခါး အထဲသို့ ဝင်သောအခါ သူငယ်သေလိမ့်မည်။ 13 ဣသရေလအမျိုးသားအပေါင်းတို့သည် ငိုကြွေး မြည်တမ်းခြင်းကို ပြု၍
သင်္ဂြိုဟ်ကြလိမ့်မည်။ ယေရော ဗောင်အမျိုးသားစုတွင်၊ ထိုသူငယ်တယောက်တည်းသာ သင်္ဂြိုဟ်ခြင်းကို ခံရလိမ့်မည်။
အကြောင်းမူကား၊ ယေရော ဗောင်အမျိုးသားစုတွင် ထိုသူငယ်တယောက်သည် ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား၌
ကြည်ညို သော စိတ်ရှိ၏။ 14 အချိန်ရောက်မှ ယေရောဗောင်အမျိုးကို ပယ်ဖြတ်လတံ့သော ဣသရေလရှင်ဘုရင်တပါးကို ထာဝရ
ဘုရားသည် မိမိတို့အဘို့ ပေါ်ထွန်းစေတော်မူမည်။ အဘယ်အချိန်နည်းဟုမေးသော်၊ ယခုပင်ဖြစ်လိမ့်မည်။ 15 အာရှရပင်တို့ကို ပြုစု၍
ထာဝရဘုရား၏ အမျက်တော်ကိုနှိုးဆော်ကြသောကြောင့်၊ ကျူပင်ကို ရေ၌လှုပ်ရှားသကဲ့သို့ ထာဝရဘုရားသည် ဣသရေလ အမျိုးကို
ဒဏ်ခတ်၍၊ ဘိုးဘေးတို့အား ပေးတော်မူသော ဤပြည်ကောင်းမှ နှုတ်ပယ်ပြီးလျှင်၊ မြစ်ကြီးတဘက်၌ အရပ်ရပ်သို့
ကွဲပြားစေတော်မူမည်။ 16 ကိုယ်တိုင်ပြစ်မှား၍ ဣသရေလအမျိုးကိုလည်း ပြစ်မှားစေသော ယေရောဗောင်၏ အပြစ်တို့ကြောင့်
ဣသရေလအမျိုးကို စွန့်ပစ်တော်မူမည်ဟု ဆင့်ဆိုလေ ၏။ 17 ယေရောဗောင် မယားသည် ထသွား၍၊
တိရဇမြို့တံခါးခုံသို့ရောက်သောအခါ သူငယ်သေ၏။ 18 ထာဝရဘုရားသည် မိမိကျွန် ပရောဖက် အဟိယအားဖြင့်
မိန့်တော်မူသည်အတိုင်း၊ ထိုသူငယ်ကို သင်္ဂြိုဟ်၍ ဣသရေလအမျိုးသားအပေါင်းတို့သည် ငိုကြွေးမြည်တမ်းခြင်းကို ပြုကြ၏။ 19
ယေရောဗောင်ပြုမူသော အမှုအရာကြွင်းသမျှ၊ စစ်တိုက်ခြင်း အမှု၊ မင်းပြုခြင်းအမှုတို့သည် ဣသရေလ ရာဇဝင်၌ ရေးထားလျက်
ရှိ၏။ 20 ယေရောဗောင်သည် အနှစ်နှစ်ဆယ်နှစ်နှစ် စိုးစံပြီးမှ ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ သားတော်နာဒဒ် သည် ခမည်းတော်အရာ၌
နန်းထိုင်၏။ 21 ရှောလမုန်သားရောဗောင်သည် ယုဒပြည်ကို စိုးစံလေ၏။ နန်းထိုင်သောအခါ အသက်လေးဆယ် တနှစ်ရှိ၏။
ထာဝရဘုရားသည် နာမတော်တည်စေရာဘို့ ဣသရေလခရိုင်များတို့အထဲက ရွေးကောက်သော ယေရု ရှလင်မြို့၌
ဆယ်ခုနစ်နှစ်စိုးစံလေ၏။ မယ်တော်ကား အမ္မုန်အမျိုးသား၊ နေမအမည်ရှိ၏။ 22 ယုဒအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌
ဒုစရိုက်ကိုပြု၍၊ ဘိုးဘေးတို့ပြစ်မှားသမျှထက် ပြစ်မှား သော အပြစ်များအားဖြင့် အမျက်တော်ကိုနှိုးဆော်ကြ၏။ 23
မြင့်သောတောင်ရှိသမျှတို့အပေါ်၌၎င်း၊ စိမ်း သော သစ်ပင်ရှိသမျှတို့အောက်၌၎င်း၊ ကုန်းများ၊ ရုပ်တု များ၊ အာရှရပင်များကို
တည်ကြ၏။ 24 ယုဒပြည်၌ ယောကျာ်းအလိုသို့ လိုက်တတ်သော မိန်းမလျာများရှိ၍၊ ထာဝရဘုရားသည် ဣသရေလ အမျိုးရှေ့မှ
နှင်ထုတ်တော်မူသော ပြည်သားမျိုးပြုသော စက်ဆုပ်ရွံရှာဘွယ်ရာ အမှုအလုံးစုံတို့ကို ပြုကြသည် တကား။ 25
ရောဗောင်မင်းကြီးနန်းစံငါးနှစ်တွင်၊ အဲဂုတ္တု ရှင်ဘုရင်ရှိရှက်သည် ယေရုရှလင်မြို့သို့ စစ်ချီ၍၊ 26 ဗိမာန်တော်
ဘဏ္ဍာနှင့်နန်းတော်ဘဏ္ဍာရှိသမျှကို သိမ်းသွား၏။ ရှောလမုန်လုပ်သော ရွှေဒိုင်းရှိသမျှကို လည်း ယူသွား၏။ ရှောလမုန်လုပ်သော
ရွှေဒိုင်းရှိသမျှကို လည်း ယူသွား၏။ 27 ရောဗောင်မင်းကြီးသည် ရွှေဒိုင်းအစား ကြေးဝါ ဒိုင်းတို့ကိုလုပ်၍ နန်းတော်တံခါးစောင့်
ကိုယ်ရံတော်မှူး၌ အပ်လေ၏။ 28 ရှင်ဘုရင်သည် ဗိမာန်တော်သို့သွားသောအခါ၊ ကိုယ်ရံတော် သားတို့သည် ဒိုင်းတို့ကိုထား၍ နောက်

 

တဖန်မိမိတို့စောင့်ရာအခန်းမှာ ပြန်ထားကြ၏။ [29] ရောဗောင်ပြုမူသော အမှုအရာ ကြွင်းသမျှတို့ သည် ယုဒရာဇဝင်၌
ရေးထားလျက်ရှိ၏။ [30] ရောဗောင်နှင့်ယေရောဗောင်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံးရန်ဘက်ပြုကြ၏။ [31]
ရောဗောင်သည်လည်း ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ ဒါဝိဒ်မြို့၌ သူတို့နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အဘိယသည်
ခမည်းတော်အရာ၌ နန်းထိုင်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 15

[1-2] နေဗတ်၏သား ယေရောဗောင်မင်းကြီး နန်းစံ တဆယ်ရှစ်နှစ်တွင်၊ အဘိယသည် ယေရုရှလင်မြို့၌ မင်းပြု၍၊ ယုဒပြည်ကို
သုံးနှစ်စိုးစံ၏။ မယ်တော်ကား၊ အဘရှလုံ၏ သမီးမာခါ အမည်ရှိ၏။ [3] ခမည်းတော်ပြုသော ဒုစရိုက်ကို ပြုမြဲပြု၍၊
ဘေးတော်ဒါဝိဒ်ကဲ့သို့ မိမိဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ စိတ်နှလုံးစုံလင်သည်မဟုတ်။ [4] သို့သော်လည်း
ဒါဝိဒ်၏မျက်နှာကိုထောက်၍၊ သူ၏ဘုရားသခင် ထာဝရဘုရားသည် ဆွေတော်မျိုးတော် ကို ချီးမြှောက်၍၊ ယေရုရှလင်မြို့ကို
တည်စေသဖြင့်၊ ထိုမြို့ ၌ ဒါဝိဒ်၏မီးခွက်ကို ထွန်းလင်းစေတော်မူ၏။ [5] အကြောင်းမူကား၊ ဒါဝိဒ်သည် ဟိတ္တိအမျိုး
ဥရိယအမှုကိုထားလျှင်၊ တသက်လုံးထာဝရဘုရားမှာ ထားတော်မူသော အမှုတစုံတခုကိုမျှ မရှောင်၊ ရှေ့တော်၌ တရားသဖြင့်
ကျင့်သောအကြောင်းတည်း။ [6] ရောဗောင်သား အဘိယနှင့် ယေရောဗောင်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး
ရန်ဘက်ပြုကြ၏။ [7] အဘိယပြုမူသောအမှုအရာ ကြွင်းသမျှတို့သည် ယုဒရာဇဝင် ၌ ရေးထားလျက်ရှိ၏။ [8]
အဘိယသည်ဘိုးဘေးတို့နှင့် အိပ်ပျော်၍ ဒါဝိဒ် မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အာသသည် ခမည်းတော်အရာ၌
နန်းထိုင်၏။ [9] ဣသရေလရှင်ဘုရင် ယေရောဗောင် နန်းစံ နှစ်ဆယ်တွင်၊ အာသသည် ယေရုရှလင်မြို့၌ လေးဆယ် တနှစ်မင်းပြု၍
ယုဒပြည်ကို စိုးစံလေ၏။ [10] အဘွားတော်ကား၊ အဘရှလုံ၏သမီး မာခါ ဖြစ်၏။ [11] အာသသည် အဘိတော်ဒါဝိဒ်ပြုသကဲ့သို့
ထာဝရဘုရားရှေ့တော်၌ တရားသဖြင့်ပြု၏။ [12] ယောကျ်ားအလိုသို့ လိုက်တတ်သောမိန်းမလျှာ တို့ကိုင်း၊
ဘိုးတော်ဘေးတော်လုပ်သော ရုပ်တုရှိသမျှ တို့ကိုင်း၊ ပြည်တော်ထဲက ပယ်ရှားတော်မူ၏။ [13] အဘွားတော်မာခါသည်
အာရှရပင်အဘို့ ရုပ်တုကိုလုပ်သောကြောင့်၊ မိဖုရားအရာကိုနှုတ်၍၊ ရုပ်တုကို ဖျက်ဆီးပြီးလျှင်၊ ကေဒြုန်ချောင်းနားမှာ
မီးရှို့တော်မူ၏။ [14] မြင့်သောအရပ်တို့ကို မပယ်ရှားသော်လည်း၊ လက်ထက်တော် ကာလပတ်လုံး၊ အာသစိတ်နှလုံးသည်
ထာဝရဘုရားရှေ့တော်၌ စုံလင်ခြင်းရှိ၏။ [15] ခမည်းတော်လှူသောဥစ္စာ၊ ကိုယ်တိုင်လှူသော ဥစ္စာ၊ ရွှေ၊ ငွေတန်ဆာများကို
ဗိမာန်တော်ထဲသို့ သွင်းတော်မူ၏။ [16] အာသနှင့် ဣသရေလရှင်ဘုရင် ဗာရှာတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး
ရန်ဘက်ပြုကြ၏။ [17] ဣသရေလရှင်ဘုရင် ဗာရှာသည် ယုဒပြည်သို့ စစ်ချီ၍၊ ယုဒရှင်ဘုရင်အာသထံသို့ အဘယ်သူမျှ မထွက်
မဝင်စေခြင်းငှါ ရာမမြို့ကို တည်၏။ [18] ထိုအခါ ကျန်ကြွင်းသော ဗိမာန်တော်ဘဏ္ဍာနှင့် နန်းတော်ဘဏ္ဍာတည်းဟူသော
ရွှေငွေရှိသမျှကို အာသ သည်ယူ၍ မိမိကျွန်တို့၌ အပ်သဖြင့်၊ ဒမာသက်မြို့မှာ နေသောရှုရိရှင်ဘုရင် ရေဇုန်သား တာဗရိမုန်၏သား
ဗဟာဒဒ်ထံသို့ပေးလိုက်၍၊ [19] ငါသည်သင်နှင့်၎င်း၊ ငါ့ခမည်းတော်သည် သင့် ခမည်းတော်နှင့်၎င်း၊ မိဿဟာယဖွဲ့ခြင်းရှိသည်ဖြစ်၍၊
ရွှေငွေကို ငါလက်ဆောင်ပေးလိုက်၏။ ဣသရေလ ရှင်ဘုရင် ဗာရှာသည် ငါ့ထံမှ ထွက်သွားစေခြင်းငှါ၊ သူနှင့် ဖွဲ့သော မိဿဟာယကို
ဖျက်၍လာပါဟု မှာလိုက်လေ၏။ [20] အာသမင်းကြီး၏ စကားကို ဗဟာဒဒ်သည် နားထောင်၍၊ ဣသရေလမြို့ရွာတို့ကို စစ်ချီစေခြင်းငှါ
မိမိဗိုလ်များကို စေလွှတ်သဖြင့်၊ သူတို့သည် ဣယုန်မြို့၊ ဒန်မြို့၊ အာဗေလဗက်မာခါမြို့မှစ၍ဂနေသရက်ပြည်လုံး၊ နဿလိပြည်လုံးကို
လုပ်ကြံကြ၏။ [21] ထိုသိတင်းကို ဗာရှာသည် ကြားသောအခါ၊ ရာမမြို့ကို လက်စမသတ်ဘဲ တိရဇမြို့၌ နေရ၏။ [22] ထိုအခါ
အာသမင်းကြီးသည် ယုဒပြည် တရှောက်လုံးတွင် အမိန့်တော်ကို ကြော်ငြာစေသဖြင့်၊ ပြည်သားတယောက်မျှ မလွတ်၊ ရှိသမျှတို့သည်
ရာမမြို့၌ ဗာရှာမင်းသွင်းသော ကျောက်နှင့် သစ်သားကိုယူသွား ကြ၍၊ အာသမင်းကြီးသည် ဗယ်မိန်ခရိုင်၌ ဂေဘမြို့နှင့် မိဇပါမြို့ကို
တည်၏။ [23] အာသမင်းပြုမူသောအမှုအရာကြွင်းသမျှနှင့် တန်ခိုးကြီးခြင်း၊ မြို့များကိုတည်ခြင်းအရာတို့သည် ယုဒ ရာဇဝင်၌
ရေးထားလျက်ရှိ၏။ သို့ရာတွင် အသက်ကြီး သောအခါ ခြေတော်၌ အနာရောဂါစွဲသဖြင့်၊ [24] ဘိုးဘေးတို့နှင့်အိပ်ပျော်၍
အဘိတော်ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကိုခံလေ၏။ သားတော်ယောရှဖတ်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။ [25] ယုဒရှင်ဘုရင်
အာသနန်းစံနှစ်နှစ်တွင်၊ ယေရောဗောင်သား နာဒဒ်သည် ဣသရေလနိုင်ငံ၌ မင်းပြု၍ နှစ်နှစ်စိုးစံ၏။ [26] ထိုမင်းသည်
ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊ ခမည်းတော်လိုက်သောလမ်း၊ ဣသရေလ အမျိုးကို ပြစ်မှားစေသော လမ်းသို့ လိုက်လေ၏။
[27] ဣသခါအမျိုး၊ အဟိယသားဗာရှာသည် သင်းဖွဲ့၍၊ နာဒဒ်မင်းနှင့် ဣသရေလအမျိုးသားအပေါင်း တို့သည် ဖိလိတ္တိပြည်
ဂိဗေသုန်မြို့ကို ဝိုင်းထားကြစဉ်၊ [28] ယုဒရှင်ဘုရင်အာသ နန်းစံသုံးနှစ်တွင်၊ ဗာရှာသည် နာဒဒ်မင်းကို လုပ်ကြံ၍ နန်းထိုင်လေ၏။ [29]
နန်းထိုင်သောအခါ ယေရောဗောင်အမျိုးရှိသမျှကိုလည်း လုပ်ကြံ၏။ ထာဝရဘုရားသည် မိမိကျွန် ရှိလောမြို့သား အဟိယအားဖြင့်
မိန့်တော်မူသည် အတိုင်း၊ ယေရောဗောင်အမျိုးကို မဖျက်မှီတိုင်အောင်၊ အသက်ရှူသောသူတယောက်ကိုမျှ မချန်မထား။ [30]
အကြောင်းမူကား၊ ယေရောဗောင်သည် ကိုယ်တိုင်ပြစ်မှားသော အပြစ်နှင့်ဣသရေလအမျိုးကို လည်းပြစ်မှား စေသော အပြစ်အားဖြင့်၊
ဣသရေလအမျိုး ၏ ဘုရားသခင်ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော် သောအကြောင်းတည်း။ [31] နာဒဒ်မင်းပြုမူသော
အမှုအရာကြွင်းသမျှတို့ သည် ဣသရေလရာဇဝင်၌ရေးထားလျက် ရှိ၏။ [32] အာသနှင့်ဣသရေလရှင်ဘုရင်ဗာရှာတို့သည်
အသက်ရှည်သမျှ ကာလပတ်လုံး ရန်ဘက်ပြုကြ၏။ [33] ယုဒရှင်ဘုရင် အာသနန်းစံသုံးနှစ်တွင်၊ အဟိယသားဗာရှာသည်
တိရဇမြို့မှာမင်းပြု၍၊ ဣသရေလနိုင်ငံ ကို နှစ်ဆယ်လေးနှစ်စိုးစံ၏။ [34] ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊
ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလ အမျိုးကိုပြစ်မှားစေသောလမ်းသို့ လိုက်လေ၏။

## Chapter 16

1 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဟာရှာကို အကြောင်းပြု၍၊ ဟာနန်၏သားယေဟုသို့ ရောက်လာ သည်ကား၊ 2 သင့်ကို
မြေမှုန့်ထဲကငါကြွ၍၊ ငါ၏လူဣသရေလအမျိုးကို အုပ်စိုးစေခြင်းငှါ ချီးမြှောက်သော်လည်း၊ သင်သည်
ယေရောဗောင်၏လမ်းသို့လိုက်လျက်၊ ဣသရေလအမျိုးသည် ပြစ်မှား၍၊ ငါ့အမျက်ကို နှိုးဆော်စေခြင်းငှါ ပြုသောကြောင့်၊ 3
သင်၏အမျိုးအနွယ်သားစဉ် မြေးဆက်တို့ကို ငါပယ်ရှား၍၊ သင်၏အမျိုးကို နေဗတ်၏သား ယေရော ဗောင်၏ အမျိုးကဲ့သို့
ငါဖြစ်စေမည်။ 4 ဗာရှာ၏အမျိုးသားသည် မြို့ထဲမှာသေလျှင်၊ အသေကောင်ကို ခွေးစားလိမ့်မည်။ မြို့ပြင်မှာသေလျှင်
မိုယ်းကောင်းကင်ငှက် စားလိမ့်မည် ဟုမိန့်တော်မူ၏။ 5 ဗာရှာပြုမူသော အမှုအရာကြွင်းသမျှတို့နှင့် သူ၏တန်ခိုးကြီးခြင်းအရာသည်
ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 6 ဗာရှာသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍ တိရဇမြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။
သားတော်ဧလာသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 7 ဗာရှာသည် ယေရောဗောင်အမျိုးနှင့်တူ၍ ထိုအမျိုးကို လုပ်ကြံသောအပြစ်၊
မိမိပြုမူသောအားဖြင့်၊ ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်၍၊ ရှေ့တော်၌ ပြစ်မှားသမျှသော အပြစ်ကြောင့် ထာဝရဘုရား၏
နှုတ် ကပတ်တော်သည် ဗာရှာကိုအကြောင်းပြု၍၊ ဟာနန်၏ သားယေဟုအားဖြင့် ရောက်လာသည်နှင့်အညီ၊ 8 ယုဒရှင်ဘုရင်အာသ
နန်းစံနှစ်ဆယ်ခြောက်နှစ်တွင်၊ ဗာရှာသားဧလာသည် တိရဇမြို့၌နေ၍ ဣသရေလ နိုင်ငံကို နှစ်နှစ်စိုးစံသည်ရှိသော်၊ 9
ရထားစီးသူရဲတဝက်ကိုအုပ်သောသူ၊ မိမိကျွန် ဇိမရိသည်သင်းဖွဲ့၍၊ ဧလာသည် တိရဇမြို့တွင် နန်းတော် အုပ်အာဇ၏
အိမ်၌ယစ်မူးအောင် သောက်လျက်နေစဉ် အခါ၊ 10 ဇိမရိသည်ဝင်၍ ယုဒရှင်ဘုရင် အာသနန်းစံ နှစ်ဆယ်ခုနစ်နှစ်တွင်၊ ဧလာကို
သေစေခြင်းငှါလုပ်ကြံ၍ နန်းထိုင်လေ၏။ 11 နန်းထိုင်စက၊ ဗာရှာအမျိုးသားအပေါင်းတို့ကိုသတ်၏။ ဗာရှာနှင့် ပေါက်ဘော်တော်သော
ယောက်ျား၊ အဆွေဖွဲ့သော ယောက်ျားတယောက်ကိုမျှမချန်မထား။ 12 ထာဝရဘုရားသည် ဗာရှာကို အကြောင်းပြု၍
ပရောဖက်ယေဟုအားဖြင့် မိန့်တော်မူသော စကားတော် နှင့်အညီ၊ ဇိမရိသည် ဗာရှာအမျိုးသားအပေါင်းတို့ကို ဖျက်ဆီး၏။ 13
အကြောင်းမူကား၊ ဗာရှာနှင့်သား ဧလာတို့သည် ကိုယ်တိုင်ပြစ်မှားသော အပြစ်နှင့် ဣသရေလ အမျိုးကိုလည်း ပြစ်မှားစေသော
အပြစ်အားဖြင့်၎င်း၊ မိစ္ဆာဒိဋ္ဌိအားဖြင့်၎င်း၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်သော
အကြောင်းတည်း။ 14 ဧလာပြုမူသော အမှုအရာကြွင်းသမျှတို့သည် ဣသရေလရာဇဝင်၌ရေးထားလျက် ရှိ၏။ 15
ယုဒရှင်ဘုရင်အာသနန်းစံနှစ်ဆယ် ခုနစ်နှစ် တွင်၊ ဇိမရိသည် တိရဇမြို့၌ ခုနစ်ရက်စိုးစံ၏။ 16 ထိုသို့ ဇိမရိသည် သင်းဖွဲ့၍ ရှင်ဘုရင်ကို
သတ်သည်ဟု ဖိလိတ္တိပြည်ဂိဗေသုန်မြို့ရှေ့မှာ တပ်ချသော သူအပေါင်းတို့သည် သိတင်းကြားလျှင်၊ ထိုနေ့ခြင်းတွင်
ဗိုလ်ချုပ်မင်းဩမရိကို ဣသရေလရှင်ဘုရင်အရာ၌ တပ်ထဲမှာ ချီးမြှောက်ကြ၏။ 17 ဩမရိသည် ဣသရေလအမျိုးသားအပေါင်းတို့
နှင့်တကွ ဂိဗေသုန်မြို့မှထွက်၍၊ တိရဇမြို့ကို ဝိုင်းထား ကြ၏။ 18 မြို့ကိုတိုက်၍ ရမည်ဟုဇိမရိသည် သိသောအခါ၊
နန်းတော်ထဲသို့ဝင်၍ မိမိအပေါ်မှာ နန်းတော်ကို မီးရှို့ သဖြင့် ကိုယ်တိုင်သေလေ၏။ 19 အကြောင်းမူကား၊
ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလအမျိုးကို ပြစ်မှားစေသော လမ်းသို့ လိုက်၍ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသော
အကြောင်းတည်း။ 20 ဇိမရိပြုမူသောအမှုအရာ ကြွင်းသမျှတို့နှင့် ပုန်ကန်ခြင်းအရာသည် ဣသရေလရာဇဝင်၌ ရေးထား လျက် ရှိ၏။
21 ထိုအခါ ပြည်သားတို့သည် ကွဲပြား၍၊ အချို့တို့သည် ဂိနတ်၏သားတိဗနိကို ရှင်ဘုရင်အရာ၌ ချီးမြှောက် ခြင်းငှါ သူ့နောက်သို့
လိုက်ကြ၏။ အချို့တို့သည် ဩမရိ နောက်သို့လိုက်ကြ၏။ 22 ဩမရိနောက်သို့လိုက်သော သူတို့သည် ဂိနတ်၏ သားတိဗနိနောက်သို့
လိုက်သောသူတို့ကို နိုင်သဖြင့်၊ တိဗနိသေ၍ ဩမရိသည် နန်းထိုင်လေ၏။ 23 ယုဒရှင်ဘုရင် အာသနန်းစံသုံးဆယ်တနှစ်တွင်၊
ဩမရိသည် နန်းထိုင်၍ ဣသရေလနိုင်ငံကို တဆယ်နှစ် နှစ်စိုးစံ၏။ တိရဇမြို့၌ ခြောက်နှစ်စိုးစံပြီးမှ၊ 24 ရှမာရိတောင်ကို
တောင်ရှင်ရှမေရ၌ ငွေအခွက် နှစ်ဆယ်နှင့် ဝယ်၍ တောင်ပေါ်မှာ မြို့ကိုတည်၏။ ထိုမြို့ ကို တောင်ရှင်ရှမေရအမည်ကို အစွဲပြုသဖြင့်၊
ရှမာရိမြို့ ဟူ၍ သမုတ်လေ၏။ 25 ဩမရိသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသဖြင့်၊ မိမိရှေ့မှာ ဖြစ်ဘူးသောသူအပေါင်း
ထက်သာ၍ ဆိုးညစ်၏။ 26 နေဗတ်၏သား ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလအမျိုးသည် မိစ္ဆာဒိဋ္ဌိအားဖြင့် မိမိတို့ဘုရား
သခင် ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်၍၊ ပြစ်မှားစေသော ဒုစရိုက်အပြစ်လမ်းသို့ လိုက်လေ၏။ 27 ဩမရိပြုမူသော
အမှုအရာကြွင်းသမျှတို့နှင့် တန်ခိုးကြီးခြင်းအရာသည် ဣသရေလရာဇဝင်၌ ရေးထားလျက် ရှိ၏။ 28 ဩမရိသည်
ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ ရှမာရိမြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အာဟပ်သည် ခမည်းတော်အရာ၌နန်းထိုင်၏။ 29
ယုဒရှင်ဘုရင်အာသနန်းစံ သုံးဆယ်ရှစ်နှစ်တွင်၊ ဩမရိသားအာဟပ်သည် ရှမာရိမြို့၌ ဣသရေလမင်း ပြု၍၊ ဣသရေလနိုင်ငံကို
နှစ်ဆယ်နှစ်နှစ် စိုးစံ၏။ 30 ဩမရိသားအာဟပ်သည် မိမိရှေ့မှာ ဖြစ်ဘူးသောသူအပေါင်းတို့ထက် ထာဝရဘုရားရှေ့တော်၌သာ၍
ဒုစရိုက်ကိုပြု၏။ 31 နေဗတ်၏သားယေရောဗောင်ပြုသော ဒုစရိုက် အပြစ်လမ်းသို့သာလိုက်လျှင်၊ သာမညအပြစ်ရောက်မည် ဟု
ထင်မှတ်လျက်၊ ဇိဒုန်မင်းကြီး ဧသဗာလသမီး ယေဇဗေလနှင့်စုံဘက်၍၊ ဗာလဘုရားကို ဝတ်ပြုကိုးကွယ်၏။ 32 ရှမာရိမြို့တွင်
ဗာလဘုရား၏ ဗိမာန်၌ ဗာလဘုရားအဘို့ ယဇ်ပလ္လင်ကိုတည်၏။ 33 အာရှရပင်ကိုလည်းပြုစု၍၊ မိမိရှေ့မှာ ဖြစ်ဘူးသော ဣသရေလ
ရှင်ဘုရင်အပေါင်းတို့ထက် ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်ခြင်းငှါ သာ၍ပြု၏။ 34
အာဟပ်လက်ထပ်၌ ဗေသလမြို့သားဟိလေသည် ယေရိခေါမြို့ကို တည်၏။ ထာဝရဘုရားသည် နုန်၏သားယောရှုအားဖြင့်

မိန့်တော်မူသော စကားနှင့် အညီ၊ သားဦးအဘိရံလက်ထက်၌ မြို့ရိုးအမြစ်ကိုတည်၍၊ သားထွေး စေရပ်လက်ထက်၌ မြို့တံခါးတို့ကို ထောင်၏။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 17

1 ဂိလဒ်ပြည် တိရှဘိမြို့သားဧလိယက၊ ငါကိုးကွယ်သော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရား
အသက်ရှင်တော်မူသည်အတိုင်း၊ ငါ့အခွင့်မရှိဘဲ အင်တန်ကာလပတ်လုံးမိုဃ်းမရွာ၊ နှင်းမကျရဟု အာဟပ် မင်းအားမြွက်ဆို၏။ 2
ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဧလိယသို့ ရောက်လာသည်ကား၊ 3 သင်သည် ဤအရပ်မှ ထွက်သွားလော့။
အရှေ့သို့ပြောင်း၍ ယော်ဒန်မြစ်တဘက်၊ ခေရိတ်ချောင်းနားမှာ ပုန်းရှောင်၍နေလော့။ 4 ထိုချောင်းရေကို သောက်ရမည်။
ကျီးအတို့သည် သင့်ကို ကျွေးမွေးမည်အကြောင်း ငါမှာထားပြီဟု မိန့် တော်မူသည်အတိုင်း၊ 5 ဧလိယသည်သွား၍
ယော်ဒန်မြစ်တဘက်၊ ခေရိတ်ချောင်းနားမှာ နေလေ၏။ 6 ကျီးအတို့သည် နေ့တိုင်းနံနက်တခါ၊ ညဦးတခါ မုန့်နှင့်အမဲသားကို
ဆောင်ခဲ့ကြ၏။ ချောင်းရေကိုလည်း သောက်ရ၏။ 7 နောက်တဖန် မိုဃ်းမရွာသောကြောင့် ချောင်းရေခန်းခြောက်လေ၏။ 8 ထိုအခါ
ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ရောက်လာသည်ကား၊ 9 သင်ထလော့။ ဇိဒုန်ပြည်၊ ဇရတ္တမြို့သို့ သွား၍ နေလော့။ ထိုမြို့၌
နေသောမုတ်ဆိုးမတယောက်သည် သင့်ကို ကျွေးမွေးမည်အကြောင်း ငါမှာထားပြီဟု မိန့်တော်မူသည်အတိုင်း၊ 10 ဧလိယသည်ထ၍
ဇရတ္တမြို့သို့သွား၏။ မြို့တံခါး သို့ရောက်သောအခါ၊ မုတ်ဆိုးမသည် ထင်းခွေလျက်ရှိ၏။ ဧလိယက၊ ငါသောက်စရာ
ရေအနည်းငယ်ကို ခွက်နှင့် ယူခဲ့ပါလော့ဟု ဟစ်၍ဆို၏။ 11 မိန်းမသည်ရေကိုယူခြင်းငှါ သွားစဉ်တွင်၊ တဖန်ဟစ်၍ မုန့်တဖဲ့ကိုလည်း
သင့်လက်၌ ယူခဲ့ပါလော့ဟု ဆိုပြန်လျှင်၊ 12 မိန်းမက၊ သင်၏ဘုရားသခင် ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊
မုန့်ပြားတပြားမျှမရှိ။ အိုးထဲမှာ မုန့်ညက်တလက်ဆုပ်၊ ဘူး၌ ဆီအနည်းငယ်သာရှိ၏။ ကျွန်မနှင့်သားငယ်အဘို့ဖုတ်၍ စားလိုသော
ငှါဒင်း၊ စားပြီးမှ သေလိုသောငှါဒင်း၊ ထင်းစနှစ်ခုကို ယခုခွေပါ၏ဟု ပြန်ပြော၏။ 13 ဧလိယကလည်းမစိုးရိမ်နှင့်။
သင်ဆိုသည်အတိုင်းသွား၍ ပြုလော့။ သို့ရာတွင် ငါ့အဘို့ မုန့်ပြားငယ် တပြားကို အရင်လုပ်၍ ယူခဲ့လော့။ နောက်မှ သင်နှင့်
သင်၏သားငယ်အဘို့လုပ်လော့။ 14 ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရားသည်
မြေပေါ်မှာ မိုဃ်းရွာစေတော်မမူမှီတိုင်အောင်၊ အိုး၌ရှိသောမုန့်ညက်မကုန်။ ဘူး၌ရှိသော ဆီမလျော့ရဟု မိန့်တော်မူကြောင်း ကို
ဆင့်ဆို၏။ 15 ထိုမုတ်ဆိုးမသည်သွား၍ ဧလိယစကားအတိုင်း ပြုသဖြင့်၊ ဧလိယနှင့်တကွ ကိုယ်တိုင်မှစ၍၊ အိမ်သားတို့ သည်
အင်တန်ကာလပတ်လုံး စားရကြ၏။ 16 ထာဝရဘုရားသည် ဧလိယအားဖြင့် မိန့်တော် မူသောစကားအတိုင်း၊ အိုး၌ရှိသော
မုန့်ညက်မကုန်၊ ဘူး၌ရှိသော ဆီမလျော့။ 17 ထိုနောက်မှ အိမ်ရှင်မ၏သားသည် ပြင်းပြစွာ သော အနာရောဂါစွဲသောကြောင့်
အသက်ချုပ်၏။ 18 မိန်းမကလည်း၊ အို ဘုရားသခင်၏လူ၊ ကိုယ် တော်သည် ကျွန်မနှင့် အဘယ်သို့ဆိုင်သနည်း။ ကျွန်မ အပြစ်တို့ကို
အောက်မေ့စေ၍၊ ကျွန်မသားကို သတ်အံ့ သောငှါ ကျွန်မဆီသို့ ကြွလာတော်မူသလောဟု ဧလိယ အားဆိုသော်၊ 19
သင်၏သားကိုငါ့အားပေးလော့ဟုဆိုလျက်၊ မိန်းမရင်ခွင်ထဲက ယူ၍မိမိနေရာအထက်အခန်းသို့ ဆောင် သွားသဖြင့်၊ မိမိအိပ်ရာပေါ်မှာ
ထားပြီးလျှင်၊ 20 အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တည်းခိုသော ဤမုတ်ဆိုးမ၌ ဘေးဥပဒ်ပြု၍၊ သူ၏သားကို
သေစေတော်မူမည်လောဟု ထာဝရဘုရား ကို ကြွေးကြော်လေ၏။ 21 တဖန်သူငယ်အပေါ်မှာ မိမိကိုယ်ကို သုံးကြိမ် လှန်လျက်၊
အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ဤသူငယ်၏ဝိညာဉ်ကို တဖန် ဝင်စေတော်မူပါဟု ထာဝရ ဘုရားကို ကြွေးကြော်ပြန်၏။ 22
ဧလိယ စကားကို ထာဝရဘုရားကြားတော်မူ၍၊ သူငယ်၏ ဝိညာဉ်သည်ဝင်သဖြင့်၊ သူသည် အသက် ရှင်ပြန်၏။ 23 ဧလိယသည်
သူငယ်ကိုအထက်အခန်းမှ အောက် သို့ယူသွား၍ ကြည့်လော့။ သင်၏သားအသက်ရှင်ပြီဟု ဆိုလျက်အမိ၌အပ်လေ၏။ 24
မိန်းမကလည်း၊ ဤအမှုကိုထောက်၍ ကိုယ်တော်သည် ဘုရားသခင်၏ လူဖြစ်ကြောင်းကိုဒင်း၊ ကိုယ်တော်ဆင့်ဆိုသော
ထာဝရဘုရား၏ စကားတော် ဟုတ်မှန်ကြောင်းကိုဒင်း၊ ကျွန်မသိပါသည်ဟု ဧလိယ အား ဆို၏။


generated on Sun Jun 30 02:37:40 2024

# Chapter 18

1 ကာလအင်တန်ကြာ၍ သုံးနှစ်စေ့သောအခါ၊ ဧလိယသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ် တော်က၊ သင်သည်
အာဟပ်မင်းအားသွား၍ ကိုယ်ကို ပြလော့။ ငါသည်လည်း မြေပေါ်မှာ မိုဃ်းရွာစေမည်ဟု မိန့်တော်မူသည်အတိုင်း၊ 2 ဧလိယသည်
အာဟပ်မင်းအား ကိုယ်ကိုပြအံ့ သောငှါသွား၏။ ထိုအခါ ရှမာရိမြို့၌ပြင်းစွာသော အစာအာဟာရခေါင်းပါးခြင်းဘေးရှိ၍၊ 3
အာဟပ်မင်းသည် နန်းတော်အုပ်သြဗဒိကိုခေါ်၏။ ထိုသြဗဒိသည် ထာဝရဘုရားကို အလွန် ရိုသေသောသူ ဖြစ်၏။ 4 ယေဇဗေလသည်
ထာဝရဘုရား၏ပရောဖက်တို့ကိုပယ်ဖြတ်သောအခါ၊ သြဗဒိသည် ပရောဖက်တရာကို မြေတွင်းထဲမှာ ငါးဆယ်စီဝှက်ထားပြီးလျှင်၊
မုန့်နှင့်ရေကိုပေး၍ ကျွေးလေ၏။ 5 အာဟပ်ကလည်း၊ တပြည်လုံးသို့လှည့်လည်၍ စမ်းရေတွင်းများ၊ ချောင်းများရှိရာအရပ်ရပ်သို့
သွားလော့။ တိရစ္ဆာန်အပေါင်းတို့သည် မသေ၊ မြင်းနှင့်လားတို့သည် အသက်လွတ်မည်အကြောင်း၊ မြက်ပင်ကို
တွေ့ကောင်းတွေ့လိမ့်မည်ဟု သြဗဒိအားဆိုလျက်၊ 6 သူတို့သည် တပြည်လုံးကို နှံ့ပြားအောင် ဝေဖန်၍၊ အာဟပ်နှင့် သြဗဒိသည်
လမ်းတခြားစီ ထွက်သွား ကြ၏။ 7 သြဗဒိသည်သွားစဉ်အခါ၊ ဧလိယသည် ဆီး၍ကြို၏။ သြဗဒိသည် ဧလိယကိုသိ၍ ပြပ်ဝပ်လျက်၊
ကိုယ်တော်သည် အကျွန်ုပ်သခင် ဧလိယမှန်ပါသလောဟု မေးလျှင်၊ 8 ဧလိယက ငါမှန်၏။ ဧလိယသည် ဤမည်သောအရပ်၌ရှိပါ၏ဟု
သင့်သခင်ထံသို့သွား၍ လျှောက်လော့ ဟု ပြောဆိုသော်၊ 9 သြဗဒိကလည်း၊ ကိုယ်တော်ကျွန်၏ အသက်ကို သတ်စေခြင်းငှါ အာဟပ်၌
အပ်ရမည်အကြောင်း၊ ကိုယ် တော်ကျွန်သည် အဘယ်သို့ ပြစ်မှားဘိသနည်း။ 10 ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော်ကို ရှာစေ ခြင်းငှါ အကျွန်ုပ်သခင်မစေလွှတ်သော တိုင်းနိုင်ငံတခုမျှ မရှိပါ။
တကျွန်းတနိုင်ငံသားက၊ ဧလိယမရှိပါဟု လျှောက်သောအခါ၊ ကိုယ်တော်ကို ရှာ၍မတွေ့နိုင်ဟု ထိုတိုင်းနိုင်ငံသားတို့သည်
အကျိန်ကိုခံရကြပါ၏။ 11 ယခုမူကား၊ ဧလိယသည် ဤမည်သောအရပ်၌ ရှိပါ၏ဟု သင့်သခင်ထံသို့သွား၍ လျှောက်လော့ဟု မိန့်
တော်မူပါသည်တကား။ 12 အကျွန်ုပ်သည် ကိုယ်တော်ထံမှ ထွက်သွား၍ အာဟပ်မင်းထံမှာ လျှောက်စဉ်တွင်၊ ထာဝရဘုရား၏
ဝိညာဉ်တော်သည် အကျွန်ုပ်မသိသောအရပ်သို့ ကိုယ်တော်ကို ဆောင်သွားတော်မူလျှင်၊ အာဟပ်မင်းသည် ကိုယ်တော်ကို
မတွေ့နိုင်သောအခါ အကျွန်ုပ်ကို သတ်ပါလိမ့်မည်။ ကိုယ်တော်ကျွန်မူကား၊ အသက်ငယ်စဉ်ကာလ မှစ၍ ထာဝရဘုရားကို ရိုသေပါပြီ။
13 ယေဇဗေလသည် ထာဝရဘုရား၏ ပရောဖက် တို့ကို သတ်သောအခါ၊ အကျွန်ုပ်ပြုသောအမှုတည်း ဟူသော
ထာဝရဘုရား၏ပရောဖက်တရာကို မြေတွင်းထဲမှာ ငါးဆယ်စီ ဝှက်ထားပြီးလျှင်၊ မုန့်နှင့်ရေကိုပေး၍ ကျွေးကြောင်းကို
အကျွန်ုပ်သခင်ကြားတော်မမူသလော။ 14 ယခုမူကား၊ ဧလိယသည် ဤမည်သောအရပ်၌ ရှိပါ၏ဟု သင့်သခင်ထံသို့သွား၍
လျှောက်လော့ဟု ကိုယ်တော်မိန့်တော်မူသည်ဖြစ်၍၊ အာဟပ်သည် အကျွန်ုပ်ကို သတ်ပါလိမ့်မည်ဟု ပြန်ဆို၏။ 15 ဧလိယကလည်း၊
ငါကိုးကွယ်သော ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားအသက် ရှင်တော်မူသည် အတိုင်း၊ ငါသည် ယနေ့အာဟပ်မင်းအား ကိုယ်ကို
အမှန်ပြမည်ဟု ဆိုပြန်သော်၊ 16 သြဗဒိသည် အာဟပ်မင်းထံသို့သွား၍ လျှောက်သဖြင့်၊ အာဟပ်သည် ဧလိယကို ကြိုဆိုအံ့သောငှါ
သွား၍၊ 17 တွေ့မြင်သောအခါ၊ သင်သည် ဣသရေလ အမျိုးကို နှောင့်ရှက်သောသူမှန်သလောဟု မေးလျှင်၊ 18 ဧလိယက၊
ငါသည်ဣသရေလအမျိုးကို မနှောင့်ရှက်၊ သင်နှင့် သင့်အဆွေအမျိုးတို့သည် ထာဝရဘုရား၏ ပညတ်တရားကိုစွန့်၍
ဗာလဘုရားတို့ကိုဆည်းကပ်သဖြင့်၊ ဣသရေလအမျိုးကို နှောင့်ရှက်ကြပြီ။ 19 သို့ရာတွင်လူကို ယခုစေလွှတ်၍ ဣသရေလ
အမျိုးသားအပေါင်းတို့ကိုငှင်း၊ ဗာလပရောဖက်လေးရာ ငါးဆယ်ကိုငှင်း၊ ယေဇဗေလစားပွဲ၌
စားသောအာရှရပရောဖက်လေးရာကိုငှင်း၊ ကရမေလတောင်၊ ငါ့ထံသို့ စုဝေးစေလော့ဟုဆိုသည်အတိုင်း၊ 20 အာဟပ်သည်
ဣသရေလအမျိုးသားအပေါင်း တို့ရှိရာသို့ စေလွှတ်၍၊ ပရောဖက်တို့ကို ရမေလတောင် ပေါ်မှ စုဝေးစေ၏။ 21 ဧလိယသည်
လူများရှိရာသို့ လာ၍၊ သင်တို့ သည် ဘာသာနှစ်ပါးစပ်ကြားမှာ အဘယ်မျှကာလ ပတ်လုံး ယုံမှားသောစိတ်နှင့် နေကြလိမ့်မည်နည်း။
ထာဝရဘုရားသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကို ဆည်းကပ်ကြလော့။ ဗာလသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကို
ဆည်းကပ်ကြလော့ဟုဆိုလျှင်၊ လူများတို့ သည် တိတ်ဆိတ်စွာ နေကြ၏။ 22 တဖန် ဧလိယက၊ ထာဝရဘုရား၏ ပရောဖက်ကား
ငါတယောက်တည်း ကျန်ရစ်၏။ ဗာလ၏ပရော ဖက်ကား လေးရာငါးဆယ် ရှိကြ၏။ 23 နွားနှစ်ကောင်ကို ပေးကြလော့။ သူတို့သည်
တကောင်ကိုရွေး၍ အပိုင်းပိုင်းဖြတ်ပြီးလျှင် ထင်းပေါ်မှာ တင်ပါလေစေ။ မီးမထည့်စေနှင့်။ ငါလည်း နွားတကောင်ကို
လုပ်၍ထင်းပေါ်မှာ တင်မည်။ မီးကိုမထည့်။ 24 သင်တို့သည် သင်တို့ဘုရားများ၏ နာမကို ဟစ်ခေါ်ကြလော့။ ငါလည်း
ထာဝရဘုရား၏ နာမတော် ကို ဟစ်ခေါ်မည်။ မီးဖြင့် ထူးတော်မူသောဘုရားသည် ဘုရားသခင်မှန်ပါစေဟု လူများတို့အား
ပြောဆိုလျှင်၊ လူအပေါင်းတို့က၊ ဧလိယ၏စကားသည် လျောက်ပတ်ပေသည်ဟု ဆိုကြ၏။ 25 တဖန်ဧလိယက၊ သင်တို့သည်
များသောကြောင့် နွားတကောင်ကို အရင်ရွေး၍ လုပ်ကြလော့။ မီးမထည့်ဘဲ သင်တို့ဘုရားများ၏နာမကို ဟစ်ခေါ်ကြလော့ဟု
ဗာလ၏ပရောဖက်တို့အားဆိုသည်အတိုင်း၊ 26 သူတို့သည် လူများပေးသော နွားကိုယူ၍ လုပ်ပြီးလျှင်၊ အိုဗာလဘုရား၊
အကျွန်ုပ်တို့အား ထူးတော်မူပါဟု နံနက်အချိန်မှစ၍ မွန်းတည့်အချိန်တိုင်အောင် ဗာလ၏ နာမကို ဟစ်ခေါ်ကြ၏။ သို့ရာတွင်
ဗျာဒိတ်သံမရှိ။ ထူးသောသူလည်းမရှိ။ သူတို့သည် ကိုယ်တည်သော ယဇ်ပလ္လင်ရှေ့မှာ ကခုန်ကြ၏။ သို့ရာတွင် ဗျာဒိတ်သံမရှိ။
ထူးသောသူလည်းမရှိ။ သူတို့သည် ကိုယ်တည်သော ယဇ်ပလ္လင်ရှေ့မှာ ကခုန်ကြ၏။ 27 မွန်းတည့်အချိန်၌ ဧလိယက၊ ကျယ်သောအသံ
နှင့် ဟစ်ကြလော့။ ဗာလသည် ဘုရားဖြစ်တော်မူ၏။ ဆင်ခြင်လျက် နေတော်မူ၏။ သို့မဟုတ် တစုံတခုကို လိုက်၍ရှာတော်မူ၏။

 generated on Sun Jun 30 02:37:40 2024

သို့မဟုတ် ခရီးသွားတော်မူ၏။ သို့မဟုတ် ကျိန်းစက်တော်မူသောကြောင့်၊ တစုံတယောက် သောသူသည် နှိုးရမည်ဟု
ပြက်ယယ်ပြု၍ဆို၏။ 28 သူတို့သည်လည်း ကျယ်သောအသံနှင့် ဟစ်၍ ထုံးစံရှိသည်အတိုင်း၊ ကိုယ်အသွေးနှင့် ကိုယ်ကိုလှီးခြင်းငှါ
ထား၊ သံစူးနှင့်ကိုယ်ကို ရှစေကြ၏။ 29 မွန်းလွဲ၍ ညဦးယံယဇ်ပူဇော်ချိန်တိုင်အောင် ပရောဖက်ပြုကြသော်လည်း၊ ဗျာဒိတ်သံမရှိ။
ထူးသောသူ၊ အမှုထားသောသူလည်း မရှိသောအခါ၊ 30 ဧလိယက၊ ငါ့အနီးသို့လာကြလော့ဟု လူများတို့ကိုခေါ်သည်အတိုင်း၊
လူအပေါင်းတို့သည် အနီးသို့လာကြ၏။ ထိုအခါဧလိယသည် ပြိုပျက်သော ထာဝရဘုရား၏ယဇ်ပလ္လင်ကို ရှင်းလင်းပြီးမှ၊ 31
သင်၏အမည်ကား ဣသရေလဖြစ်ရမည်ဟူသော ထာဝရဘုရား၏ဗျာဒိတ်တော်ကိုခံရသော ယာကုပ်သား အမျိုးအနွယ်
အရေအတွက်အတိုင်း၊ ကျောက်တဆယ်နှစ်လုံးကိုယူ၍၊ 32 ထာဝရဘုရား၏ နာမတော်အဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ၊
မျိုးစေ့နှစ်တင်းလောက်ဝင်နိုင်သော ကျုံးကို ယဇ်ပလ္လင်ပတ်လည်၌ တူးလေ၏။ 33 ထင်းကိုစီ၍နွားကိုလည်း အပိုင်းပိုင်းဖြတ်ပြီးလျှင်
ထင်းပေါ်မှာ တင်လေ၏။ 34 အိုးလေးလုံးကိုရေနှင့် အပြည့်ထည့်၍၊ မီးရှို့စရာ ယဇ်နှင့်ထင်းပေါ်မှာလောင်းကြလော့ဟု ဆိုသည်အတိုင်း
သူတို့သည် လောင်းပြီးမှ၊ တဖန်လောင်းကြဦးလော့ဟု ဆိုသည်အတိုင်း သူတို့သည်လောင်းပြီးမှ၊ သုံးကြိမ် တိုင်အောင်
လောင်းကြလော့ဟုဆိုသည်အတိုင်း၊ သူတို့သည် သုံးကြိမ်တိုင်အောင် လောင်းကြ၏။ 35 ရေသည် ယဇ်ပလ္လင်ပတ်လည်၌
စီး၍ကျုံးသည်လည်း ရေနှင့်ပြည့် လေ၏။ 36 ညဦးယံ ယဇ်ပူဇော်ချိန်ရောက်သောအခါ၊ ပရောဖက်ဧလိယသည် ချဉ်းလာ၍၊ အာဗြဟံ၊
ဣဇာက်၊ ဣသရေလတို့၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် ဣသရေလအမျိုး၏ဘုရားသခင် ဖြစ်တော်မူ ကြောင်းကိုငင်၊
အကျွန်ုပ်သည် ကိုယ်တော်ကျွန်ဖြစ်၍ အမိန့်တော်အတိုင်း ဤအမှုအလုံးစုံတို့ကို ပြုကြောင်းကို ငင်၊ ယနေ့သိကြပါစေသော။ 37
အိုထာဝရဘုရား၊ ကိုယ်တော်သည် ထာဝရအရှင်ဘုရားသခင်ဖြစ်တော်မူကြောင်းကိုငင်၊ ဤလူတို့ စိတ်သဘောကို
ပြောင်းလဲစေတော်မူကြောင်းကိုငင်၊ သူတို့သည် သိစေခြင်းငှါ အကျွန်ုပ်စကားကိုနားထောင် တော်မူပါ။ နားထောင်တော်မူပါဟု
ဆုတောင်းလေ၏။ 38 ထိုအခါ ထာဝရဘုရား၏မီးသည် ကျသဖြင့်၊ မီးရှို့ရာယဇ်အစရှိသော ထင်း၊ ကျောက်၊ မြေမှုန့်ကို
လောင်၍ကျုံး၌ရှိသော ရေကိုလည်း ခန်းခြောက်စေ၏။ 39 လူအပေါင်းတို့သည် မြင်လျှင် ပြပ်ဝပ်၍၊ ထာဝရဘုရားသည်
ဘုရားသခင်ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ဘုရားသခင်ဖြစ်တော်မူ၏ဟု ဝန်ခံကြ၏။ 40 ဧလိယကလည်း၊
ဗာလ၏ပရောဖက်တို့ကို ဘမ်းဆီးကြလော့။ တယောက်ကိုမျှ မလွတ်စေနှင့်ဟုစီရင် သည်အတိုင်း၊ သူတို့ကို ဘမ်းဆီး၍ ဧလိယသည်
ကိရှုန်ချောင်းသို့ ယူသွားပြီးလျှင် ကွပ်မျက်လေ၏။ 41 ထိုနောက်မှ ဧလိယက၊ မင်းကြီးသည် စား သောက်ခြင်းငှါ တက်သွားပါလော့။
များစွာသော မိုဃ်းရွာ မည့်အသံရှိသည်ဟု အာဟပ်အား ပြောဆိုလျှင်၊ 42 အာဟပ်သည်စားသောက်ခြင်းငှါ တက်သွား၏။ ဧလိယသည်
ကရမေလတောင်ပေါ်သို့ တက်၍၊ မြေ၌ ပြပ်ဝပ်လျက်မျက်နှာကို ဒူးကြားမှာ ထားလျက်၊ 43 မိမိကျွန်အားသင်တက်၍ ပင်လယ်သို့
ကြည့်ရှုလော့ဟုဆိုသည်အတိုင်း၊ ကျွန်သည်တက်၍ ကြည့်ရှုလျှင်၊ အဘယ်အရာမျှ မရှိပါဟု ပြောဆို၏။ ဧလိယက၊ ခုနစ်
ကြိမ်တိုင်အောင်သွား၍ ကြည့်ရှုဦးလော့ဟု ဆို၏။ 44 ခုနစ်ကြိမ်မြောက်သောအခါ၊ လူလက်နှင့် တူသော မိုဃ်းတိမ်ငယ်တခုသည်
ပင်လယ်ထဲက တက်ပါ ၏ဟုဆိုသော်၊ အာဟပ်မင်းထံသို့ သွားလော့။ မိုဃ်းရွာ၍ ဆီးတားမည်ကိုစိုးရိမ်စရာရှိသောကြောင့်၊ မင်းကြီး
ပြင်ဆင်၍ ပြန်သွားမည်အကြောင်း လျှောက်ထားလော့ ဟု မှာလိုက်လေ၏။ 45 မကြာမမြင့်မှီ မိုဃ်းကောင်းကင်သည်
မိုဃ်းသက်မုန်တိုင်းနှင့် မည်း၍ ပြင်းစွာမိုဃ်းရွာ၏။ အာဟပ် သည် ရထားစီး၍ ယေဇရေလမြို့သို့ သွား၏။ 46
ထာဝရဘုရား၏လက်တော်သည် ဧလိယအပေါ်မှာရှိ၍၊ သူသည် ခါးပန်းကိုစည်းလျက် အာဟပ်မင်း အရင် ယေဇရေလမြို့ တံခါးဝသို့
ပြေးလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 ဧလိယပြုသော အမှုနှင့် ပရောဖက်အပေါင်းတို့ကို ထားနှင့် ကွပ်မျက်သောအမှုကို၊ အာဟပ်သည် ယေဇဗေလအား
အကုန်အစင်ကြားပြော၏။ 2 ယေဇဗေလက၊ နက်ဖြန်နေ့ယခုအချိန်ရောက်မှ၊ သင့်အသက်သည် ထိုပရောဖက်တို့၏ အသက်ကဲ့သို့
ငါမဖြစ်စေလျှင်၊ ဘုရားတို့သည် ငါ၌ထိုမျှမကပြုပါစေ သောဟု တမန်ကို ဧလိယထံသို့စေလွှတ်၍ ကြား လိုက်၏။ 3 ထိုအခါ
ဧလိယသည်ကြောက်သဖြင့်၊ ထ၍ အသက်လွတ်အောင် ယုဒခရိုင် ဗေရရှေဘမြို့သို့သွား၏။ ထိုမြို့၌ ကျွန်ကို ထားခဲ့၍၊ 4
သူကိုယ်တိုင်သည် တောသို့ တနေ့ခရီးသွားပြီးလျှင်၊ ရသမ်ပင်အောက်သို့ရောက်၍ ထိုင်လေ၏။ ထိုအခါကိုယ်အသက်
သေရမည်အကြောင်း ဆုတောင်းလျက်၊ အိုထာဝရဘုရား၊ ယခုတန်ပါ၏။ အကျွန်ုပ် အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည်
ဘိုးဘေးတို့ ထက်သာ၍ မကောင်းပါဟု မြည်တမ်းပြီးလျှင်၊ 5 ရသမ်ပင်အောက်မှာ အိပ်ပျော်၏။ ထိုအခါ ကောင်းကင်တမန်က၊
ထ၍စားလော့ဟု သူ့ကို တို့လျက် ဆို၏။ 6 ဧလိယသည် မျှော်ကြည့်သောအခါ၊ မီးနှင့်ဖုတ်သော မုန့်ပြားနှင့် ခေါင်းရင်း၌
ရေဘူးရှိသည်ကို မြင်၍ စားသောက်ပြီးမှ တဖန်အိပ်ပျော်၏။ 7 ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဒုတိယအကြိမ်လာ၍
သူ့ကိုတို့လျက်၊ သွားရမည့်ခရီးသည် အလွန်ဝေးသောကြောင့်၊ ထ၍စားဦးလော့ဟုဆိုသည် အတိုင်း၊ 8 ဧလိယသည်ထ၍
စားသောက်ပြန်၏။ ထိုအစာအာဟာရကို အမှီပြုလျက်၊ အရက်လေးဆယ်ခရီးသွား၍ ဘုရားသခင်နှင့်ဆိုင်သော ဟောရပ်တောင်သို့
ရောက် သဖြင့်၊ 9 ဥမင်ထဲသို့ဝင်၍ နေ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဧလိယ၊ သင်သည် ဤအရပ်၌
အဘယ်သို့ပြုလျက်နေသနည်းဟု မေးတော်မူ၏။ 10 ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင် ဗိုလ်ခြေအရှင်
ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန် စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည်
ကိုယ်တော်၏ပဋိညာဉ်တရားကို စွန့်ပြီးလျှင်၊ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍ ကိုယ်တော်၏ပရောဖက်များကို
ထားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တယောက်တည်း ကျန်ရစ်၍၊ အကျွန်ုပ်တယောက်တည်းကျန်ရစ်၍၊ အကျွန်ုပ်အသက်ကို
ပင်သတ်ခြင်းငှါ ရှာကြပါသည်ဟု လျှောက်လေ၏။ 11 နှုတ်ကပတ်တော်ကလည်း ထွက်လော့။ ထာဝရဘုရား
ရှေ့တောင်ပေါ်မှာရပ်နေလော့။ ထာဝရဘုရား ရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီးသော လေပြင်းသည်
တောင်ထိပ်တို့ကိုခွဲ၍၊ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင်ထာဝရဘုရားသည် လေ၌ရှိတော်မမူ။
လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရား သည် မြေလှုပ်ရှားခြင်း၌လည်းရှိတော်မမူ။ 12
မြေလှုပ်ခြင်းနောက်မှာမီးရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ။ မီးနောက်မှာ ဖြည်းညှင်းသော အသံရှိ၏။ 13
ထိုအသံကို ဧလိယသည်ကြားလျှင်၊ မျက်နှာကို ဝတ်လုံနှင့် ဖုံးအုပ်လျက် ထွက်၍ဥမင်ဝ၌ရပ်နေ၏။ ထိုအခါ ဧလိယ၊
သင်သည်ဤအရပ်၌ အဘယ်သို့ပြုလျက် နေသနည်းဟု အသံလာ၏။ 14 ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင် ဗိုလ်ခြေအရှင်
ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန် စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည်
ကိုယ်တော်၏ပဋိညာဉ်တရားကို စွန့်ပြီးလျှင်၊ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍၊ ကိုယ်တော်၏ ပရောဖက် များကို
ထားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တယောက် တည်းကျန်ရစ်၍၊ အကျွန်ုပ်အသက်ကိုပင် သတ်ခြင်းငှါ ရှာကြပါသည်ဟု
လျှောက်လေသော်၊ 15 ထာဝရဘုရားက၊ ဒမာသက်တောသို့ ပြန်၍ ခရီးသွားလော့။ ရောက်သောအခါ ဟာဇေလကို ရှုရိရှင်ဘုရင်အရာ၌
ခန့်ထား၍ ဘိသိက်ပေးလော့။ 16 နိမ်ရှိသား ယေဟုကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ အာဗေလ
မဟောလမြို့နေ၊ ရှာဖတ်သားဧလိရှဲကို သင့်ကိုယ်စား ပရောဖက်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ 17 သို့ဖြစ်၍
ဟာဇေလထားနှင့်လွတ်သောသူကို ယေဟုသတ်လိမ့်မည်။ ယေဟုထားနှင့်လွတ်သောသူကို ဧလိရှဲသတ်လိမ့်မည်။ 18 သို့ရာတွင်
ဗာလရှေ့၌ ဒူးထောက်ခြင်း၊ နမ်းခြင်း ကို မပြုသောသူအပေါင်းတည်းဟူသော ဣသရေလ အမျိုးသားခုနစ်ထောင်တို့ကို ငါ့အဘို့
ငါကျန်ကြွင်းစေပြီ ဟု မိန့်တော်မူ၏။ 19 ထိုအရပ်မှ ဧလိယသည် သွားပြီးလျှင်၊ နွား ငါးယှဉ်းနှင့်လယ်ထွန်လျက်၊ နောက်ဆုံးနွားယှဉ်း၌
ကိုယ်တိုင်လိုက်သော ရှာဖတ်သားဧလိရှဲကို တွေ့၍အနား၌ ရှောက်စဉ်တွင်၊ မိမိဝတ်လုံကို သူ့အပေါ်မှာ တင်လေ၏။ 20 ဧလိရှဲသည်
နွားတို့ကို ပစ်ထား၍ ဧလိယ နောက်သို့လိုက်လျက်၊ အကျွန်ုပ်သည်မိဘကိုနမ်ပါးရစေ။ သို့ပြီးမှ ကိုယ်တော်နောက်သို့ လိုက်ပါမည်ဟု
အခွင့် တောင်းလျှင်၊ ဧလိယကပြန်သွားလော့။ ငါသည် သင်၌ အဘယ်သို့ပြုဘိသနည်းဟုဆိုသော်၊ 21 ဧလိရှဲသည်ပြန်သွား၍
နွားယှဉ်းကိုသတ်ပြီးမှ၊ နွားသားကို လယ်ထွန်သော တန်ဆာနှင့် ပြုတ်၍ လူများ တို့အား ကျွေးလေ၏။ သို့ပြီးမှထ၍ ဧလိယနောက်သို့
လိုက်လျက် လက်ထောက်ဖြစ်လေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 20

[1] ရှုရိရှင်ဘုရင် ဗဟာဒဒ်သည် မိမိဗိုလ်ခြေ အပေါင်းတို့ကို စုဝေးစေ၍၊ မင်းကြီးသုံးကျိပ်နှစ်ပါးနှင့် တကွ မြင်းစီးသူရဲ၊
ရထားစီးသူရဲများပါလျက် စစ်ချီပြီး လျှင် ရှမာရိမြို့ကို ဝိုင်းထား၍ တိုက်လေ၏။ [2] သံတမန်တို့ကို ဣသရေလရှင်ဘုရင် အာဟပ် ထံ၊
မြို့ထဲသို့ စေလွှတ်၍၊ ဗဟာဒဒ်၏အမိန့်တော်ကား၊ [3] သင့်ရွှေငွေသည် ငါ့ဥစ္စာဖြစ်၏။ သင့်သားမယား အကောင်းဆုံးတို့ကိုလည်း
ငါပိုင်၏ဟု မှာလိုက်သတည်း။ [4] ဣသရေလရှင်ဘုရင်က အရှင်မင်းကြီး၊ အမိန့်တော်အတိုင်း ငါနှင့်ငါ့ဥစ္စာရှိသမျှသည် ကိုယ်တော်၏
ဥစ္စာဖြစ်ပါသည်ဟု ပြန်ပြော၏။ [5] သံတမန်တို့သည် တဖန်လာ၍ ဗဟာဒဒ်၏ အမိန့်တော်ကား၊ သင်ပိုင်သော ရွှေငွေသားမယားတို့ကို
ငါ၌အပ်ရမည်ဟု ငါမှာလိုက်သည် အမှုမှာ၊ [6] နက်ဖြန်နေ့ယခုအချိန်ရောက်သောအခါ ငါ့ကျွန်တို့ကို ငါစေလွှတ်မည်။ သူတို့သည်
သင်နေသော အိမ်နှင့် သင့်ကျွန်နေသော အိမ်တို့ကိုစစ်၍ အလိုရှိသမျှ တို့ကို ယူစေရမည်ဟု မှာလိုက်သတည်း။ [7] ထိုအခါ
ဣသရေလရှင်ဘုရင်သည် ပြည်သား အသက်ကြီးသူအပေါင်းတို့ကို ခေါ်၍၊ ဤသူသည် အဘယ်မျှလောက် ရန်ရှာချင်သည်ကို
ကြည့်မှတ်ကြပါ လော့။ ငါ့ရွှေငွေသားမယားတို့ကို တောင်း၍ မှာလိုက် သော အခါ ငါမငြင်းပါတကားဟု ကြားပြော၏။ [8]
အသက်ကြီးသူအပေါင်းတို့နှင့် ပြည်သား အပေါင်းတို့က၊ ထိုသူ၏ စကားကိုနားထောင်တော်မမူပါ နှင့်။ ဝန်ခံတော်မမူပါနှင့်ဟု
ပြန်လျှောက်ကြ၏။ [9] သို့ဖြစ်၍ ရှင်ဘုရင်က၊ ကိုယ်တော်သည် အထက်မိန့်တော်မူသမျှအတိုင်း ကိုယ်တော်ကျွန်ပြုပါမည်။ နောက်
မိန့်တော်မူသည်အတိုင်း မပြုသင့်ဟု ငါအရှင်မင်းကြီးအား ပြန်လျှောက်ကြလော့ဟု ဗဟာဒဒ်၏သံတမန်တို့ အား မှာလိုက်လျှင်၊
ထိုသူတို့သည် သွား၍လျှောက်ကြ၏။ [10] တဖန်ဗဟာဒဒ်သည် စေလွှတ်၍၊ ရှမာရိမြို့၌ ရှိသော မြေမှုန့်သည် ငါ့နောက်သို့
လိုက်သောသူအပေါင်း တို့တွင်၊ တယောက်တလက်ဆုပ်စီစေ့ငလောက်လျှင်၊ ဘုရားတို့သည် ငါ၌ ထိုမျှမကပြုပါစေသောဟု မှာလိုက်
လေသော်၊ [11] ဣသရေလရှင်ဘုရင်က၊ လက်နက်စုံကို ချွတ်သောသူသည် ဝါကြွားသကဲ့သို့ ဝတ်ဆင်သောသူသည် မဝါကြွားစေနှင့်ဟု
ပြန်ပြော၏။ [12] ဗဟာဒဒ်သည် မင်းကြီးတို့နှင့်တကွ တဲတော်၌ သောက်စဉ်၊ ထိုစကားကိုကြားလျှင် စစ်ခင်းကျင်းကြဟု မိမိကျွန်တို့အား
မိန့်တော်မူသည်အတိုင်း၊ သူတို့သည် မြို့ရှေ့မှာစစ်ခင်းကျင်းကြ၏။ [13] ထိုအခါ ပရောဖက်တပါးသည် ဣသရေလ
ရှင်ဘုရင်အာဟပ်ထံသို့လာ၍၊ ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို မြင်ပြီလော။ သင့်လက်၌
ယနေ့ငါအပ်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်သိရလိမ့်မည်ဟု အမိန့်တော်ကို ဆင့်ဆို၏။ [14] အာဟပ်ကလည်း၊
အဘယ်သူအားဖြင့် အပ်တော်မူမည်နည်းဟု မေးလျှင်၊ မြို့ဝန်များ၏လုလင်တို့ အားဖြင့် အပ်မည်ဟု
ထာဝရဘုရားမိန့်တော်မူကြောင်းကို ဆင့်ဆို၏။ စစ်မှုကိုအဘယ်သူစီရင်ရမည်နည်းဟု မေးပြန်သော်၊ မင်းကြီးကိုယ်တိုင်စီရင်ရမည်ဟု
ဆို၏။ [15] အာဟပ်မင်းသည်မြို့ဝန်များ၏ လုလင်တို့ကို ရေတွက်၍ နှစ်ရာသုံးဆယ်နှစ်ယောက်ရှိ၏။ ဣသရေလ
အမျိုးသားအပေါင်းတို့ကို ရေတွက်ပြန်သော် ခုနစ်ထောင် ရှိ၏။ [16] မွန်းတည့်အချိန်၌ ထွက်ကြ၏။ ဗဟာဒဒ်မင်းမူကား၊ ဝိုင်းသော
မင်းကြီးသုံးဆယ်နှစ်ပါးတို့နှင့်တကွ တဲတော်၌ ယစ်မူးအောင် သောက်လျက် နေကြ၏။ [17] မြို့ဝန်များ၏ လုလင်တို့သည်
အရင်ထွက်ကြ၏။ ရှမာရိမြို့ထဲက လူထွက်ပါသည်ဟု ဗဟာဒဒ်မင်းထံသို့ စေလွှတ်၍ ကြားလျှောက်လျှင်၊ [18] စစ်ငြိမ်းစေခြင်းငှါ
ထွက်သည်ဖြစ်စေ၊ စစ်တိုက် ခြင်းငှါ ထွက်သည်ဖြစ်စေ၊ အရှင်ဘမ်းဆီးကြဟု မိန့်တော် မူ၏။ [19] ထိုသို့မြို့ဝန်များ၏ လုလင်တို့သည်
လိုက်သော ဗိုလ်ခြေနှင့်တကွ မြို့ထဲကထွက်၍၊ [20] ရန်သူတို့ကို လူတိုင်းတယောက်စီ သတ်ကြသဖြင့် ရှုရိလူတို့သည် ပြေးကြ၏။
ဣသရေလလူတို့သည် လိုက်ကြသဖြင့် ရှုရိရှင်ဘုရင်ဗဟာဒဒ်သည် မြင်းစီး၍ မြင်းစီးသူရဲတို့နှင့်အတူ အလွတ်ပြေး၏။ [21]
ဣသရေလရှင်ဘုရင်သည်လည်း ထွက်၍ မြင်းတပ်၊ ရထားတပ်များကို ဖျက်၍ ရှုရိလူတို့ကို ကြီးစွာသော လုပ်ကြံခြင်းအားဖြင့်
သတ်လေ၏။ [22] တဖန်ပရောဖက်သည် ဣသရေလရှင်ဘုရင်ထံသို့လာ၍၊ ကိုယ်ကိုခိုင်ခံ့စေလော့။ အဘယ်သို့ပြုရမည်ကို
သတိနှင့်ဆင်ခြင်လော့။ နှစ်လည်သောအခါ ရှုရိ ရှင်ဘုရင်သည် စစ်ချီ၍ လာလေဦးမည်ဟုဆို၏။ [23] ရှုရိရှင်ဘုရင်၏
ကျွန်တို့ကလည်း၊ သူတို့၏ဘုရား သည် တောင်ကိုသာ အစိုးရသော ဘုရားဖြစ်၏။ ထိုကြောင့် သူတို့သည် ငါတို့ကို နိုင်ပါ၏။ ငါတို့သည်
လွင်ပြင်၌ တခါတိုက်ကြကုန်အံ့။ ထိုသို့တိုက်လျှင် စင်စစ် နိုင်ကြလိမ့်မည်။ [24] မင်းကြီးအပေါင်းတို့ကိုလည်း ပယ်၍ သူတို့ အရာ၌
ဗိုလ်ချုပ်တို့ကို ခန့်ထားတော်မူပါ။ [25] ရှုံးသောမြင်းတပ်၊ ရထားတပ်နှင့်အမျှ များသော တပ်ကို ခင်းကျင်းတော်မူပါ။ လွင်ပြင်၌ တိုက်၍
ဆက်ဆက်နိုင်ကြပါလိမ့်မည်ဟု လျှောက်ထားသော စကားကိုရှင်ဘုရင်သည် နားထောင်၍ စီရင်လေ၏။ [26] နှစ်လည်သောအခါ
ဗဟာဒဒ်မင်းသည် ရှုရိလူတို့ကို ရေတွက်၍ ဣသရေလပြည်သားတို့ကို စစ်တိုက်အံ့သော ငှါ၊ အာဖက်မြို့သို့ ချီသွား၏။ [27]
ဣသရေလအမျိုးသားတို့သည် စာရင်းဝင်၍ ရိက္ခာကို ပြင်ဆင်ပြီးမှစစ်ချီကြ၏။ ရှုရိလူတို့သည် တပြည် လုံးအနှံ့ အပြားနေလျက်၊
သူတို့ရှေ့မှာ ဣသရေလ လူတို့သည် ငယ်သောဆိတ်သငယ်နှစ်စုကဲ့သို့တပ်ချကြ ၏။ [28] ဘုရားသခင်၏ လူတယောက်သည်
ဣသရေလ ရှင်ဘုရင်ထံသို့ လာ၍ ထာဝရဘုရားမိန့်တော်မူသည် ကား၊ ရှုရိလူတို့က ထာဝရဘုရားသည် တောင်ကိုသာအစိုးရသော
ဘုရားဖြစ်၏။ လွင်ပြင်ကိုအစိုးရသော ဘုရားမဟုတ်ဟု ဆိုမိသောကြောင့်၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို သင့်လက်သို့
ငါအပ်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့် မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ [29] ထိုသူတို့သည်
ခုနစ်ရက်ပတ်လုံးတဘက်တချက်တွင် တပ်ချလျက် နေပြီးမှ၊ သတ္တမနေ့၌ စစ်ပြိုင်၍ ဣသရေလလူတို့သည် တနေ့ခြင်းတွင်
ရှုရိခြေသည် သူရဲတသိန်းကို သတ်ကြ၏။ [30] ကျန်သောသူတို့သည် အာဖက်မြို့သို့ ပြေး၍ မြို့ရိုးလဲသဖြင့် နှစ်သောင်းခုနစ်ထောင်ကို

 generated on Sun Jun 30 02:37:40 2024

ဖိလေ၏။ ဗဟာဒဒ်သည် ပြေး၍မြို့ထဲအတွင်း အခန်း၌ ပုန်းလျက် နေ၏။ 31 ဗဟာဒဒ်၏ ကျွန်တို့ကလည်း၊ ဣသရေလ
အမျိုးသားရှင်ဘုရင်တို့သည် သနားတတ်သောမင်းဖြစ် ကြောင်းကို ကျွန်တော်တို့ ကြားပါပြီ။ ကျွန်တော်တို့သည် လျှော်တေအဝတ်ကို
ဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကို ရွက်လျက်၊ ဣသရေလရှင်ဘုရင်ထံသို့ ထွက်ရသောအခွင့် ကို ပေးတော်မူ ပါ။ အသက်တော်ကို
ချမ်းသာပေးကောင်း ပေးပါလိမ့်မည်ဟု လျှောက်သည်အတိုင်း၊ 32 လျှော်တေအဝတ်ကိုဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကိုရွက်လျက်၊
ဣသရေလရှင်ဘုရင်ထံသို့ ရောက် လျှင်၊ ကိုယ်တော်ကျွန်ဗဟာဒဒ်က၊ ကျွန်တော်အသက်ကို ချမ်းသာပေးတော်မူပါဟု
တောင်းပန်ကြောင်းကို လျှောက်ကြသော်၊ အာဟပ်မင်းက၊ ငါ့အစ်ကိုသည် အသက်ရှင်သေးသလောဟုမေး၏။ 33 ထိုသူတို့သည်
အာဟပ်မင်း၏ စကားကို စေ့စေ့ နားထောင်၍၊ ချက်ခြင်းစကားအရိပ်ကို ဘမ်းလျက်၊ ကိုယ်တော်အစ်ကိုဟူ၍ မိမိတို့သခင်ကို
ခေါ်ကြ၏။ အာဟပ်ကလည်းသွား၍ ခေါ်ကြလော့ဟု စေလွှတ်သည် အတိုင်း ဗဟာဒဒ်သည် ထွက်လာ၍၊ အာဟပ်မင်းအခွင့် နှင့်
ရထားတော်ပေါ်သို့ တက်ရ၏။ 34 ဗဟာဒဒ်ကလည်း၊ ငါ့အဘသည် ကိုယ်တော် အဘ၏ လက်မှ လုယူသော မြို့တို့ကို
ငါပြန်ပေးပါမည်။ ငါ့အဘသည် ရှမာရိမြို့၌ ရှုရိတန်းကို လုပ်သကဲ့သို့ ကိုယ်တော်သည် ဒမာသက်မြို့၌ ဣသရေလတန်းကို
လုပ်ရပါသည်ဟုဆိုလျက်၊ အာဟပ်ကထိုသို့ မိဿဟာယ ဖွဲ့လျက်၊ သင့်ကို ငါလွှတ်လိုက်မည်ဟုဆို၍ မိဿဟာယ ဖွဲ့လျက်
လွှတ်လိုက်လေ၏။ 35 ပရောဖက်အမျိုးသားတယောက်က၊ ငါ့ကို ရိုက်ပါလော့ဟု ထာဝရဘုရား၏ နှုတ်ကပတ်တော် အတိုင်း
အိမ်နီးချင်းအားဆို၏။ ထိုသူက ငါမရိုက်ပါဟု ငြင်းပယ်၏။ 36 ပရောဖက်ကလည်း၊ ထာဝရဘုရား၏ အမိန့် တော်ကို
နားမထောင်သောကြောင့် ငါ့ထံမှသွားစဉ်တွင်၊ ခြင်္သေ့သတ်လိမ့်မည်ဟုဆိုသည်အတိုင်း၊ ထိုသူသွားစဉ် တွင် ခြင်္သေ့တွေ့၍ သတ်၏။ 37
အခြားသောသူကိုတွေ့၍ ငါ့ကိုရိုက်ပါလော့ဟု ဆိုပြန်လျှင်၊ ထိုသူသည် နာကျင်စွာရိုက်လေ၏။ 38 ထိုပရောဖက်သည်သွား၍
မိမိမျက်နှာကို ပုဝါ နှင့် ဖုံးအုပ်လျက် ရှင်ဘုရင်ကို ငံ့လင့်၏။ 39 ရှင်ဘုရင်သည် ရှောက်သွားသောအခါ ထိုသူက၊ ကိုယ်တော်ကျွန်သည်
စစ်တိုက်သွားပါ၏။ လူတယောက် သည် စစ်ပွဲထဲက ထွက်လာ၍ ကျွန်တော်၌ လူတယောက် ကို အပ်သဖြင့် ဤလူကိုစောင့်လော့။
တစုံတခုအားဖြင့် ပျောက်လျှင်သူ့အသက်အတွက် သင့်အသက်သေရမည်။ သို့မဟုတ်ငွေအခွက်တဆယ် လျော်ရမည်ဟု မှာထား
သော်လည်း၊ 40 ကိုယ်တော်ကျွန်သည် အရပ်ရပ်၌ အမှုများသောအခါ၊ ထိုသူ ပျောက်ပါသည်ဟု လျှောက်လျှင်၊
ဣသရေလရှင်ဘုရင်က၊ သင့်အမှုကို ထိုသို့ပင် စီရင်ရ မည်။ သင့်ကိုယ်တိုင်လည်း စီရင်ပြီးဖြစ်သည်ဟု မိန့်တော် မူ၏။ 41
ထိုပရောဖက်သည်မျက်နှာဖုံးပုဝါကို ချက်ခြင်းပယ်သဖြင့်၊ ပရောဖက်တစုံတပါးဖြစ်ကြောင်းကို ဣသ ရေလရှင်ဘုရင်သိ၏။ 42
ပရောဖက်ကလည်း၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါကျိန်သောသူကို သင်လွှတ်သောကြောင့်၊ သင့်အသက်သည်
သူ့အသက်အတွက်၊ သင့်လူတို့သည် သူ့လူတို့အတွက် အရှုံးခံရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 43 ဣသရေလရှင်ဘုရင်သည်
ညစ်ညူးသော စိတ်နှင့်ညှိုးငယ်လျက် ရှမာရိမြို့၊ နန်းတော်သို့သွား၏။

---

1 Kings 01

ဗဟာဒဒ်
ဤသည်မှာ အမျိုးသားတစ်ဦး၏ အမည် ဖြစ်သည်။

မင်းကြီးသုံးကျိပ်နှစ်ပါး
မင်းကြီး ၃၂ ပါး

မင်းကြီး
"လူအနည်းစုကို အုပ်ချုပ်ရသော ဘုရင်"

1 Kings 04

အမိန့်တော်အတိုင်း
ဤသည်မှာ သဘောတူညီမှု ရှိသည် ကို သွယ်ဝိုက်ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်နှင့် ငါ သဘောတူသည်။"

နက်ဖြန်နေ့ယခုအချိန်ရောက်သောအခါ
"နောက်တစ်နေ့ ဒီလိုအချိန် ရောက်သောအခါ"

အလိုရှိသမျှ တို့
ဤသည်မှာ လိုအင်ဆန္ဒ ရှိသမျှကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဆန္ဒရှိသည့်အတိုင်း"

1 Kings 07

ပြည်သား
"ပြည်သား" သည် ထိုအရပ်၌ နေသော သူတို့ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလ ပြည်သူပြည်သားတို့"

ကြည့်မှတ်ကြပါ လော့။
"ကြည့်မှတ်" သည် သေသေချာချာ ကြည့်ရှုမှတ်သားသည် ကို သွယ်ဝိုက်ရေးထားခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သေသေချာချာ ဂရုတစိုက် စောင့်ကြည့်သည်"

ငါမငြင်းပါတကား
ဤသည်ကို "ငါလက်ခံသည်" ဟူ၍ မှတ်ယူနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သင့် တောင်းဆိုသမျှကို ငါ လက်ခံသည်။"


generated on Sun Jun 30 02:37:40 2024

1 Kings 09

ဘုရားတို့သည် ငါ၌ ထိုမျှမကပြုပါစေသော
ဤသည်မှာ ပြင်းထန်သောကျိန်ဆိုခြင်း ဖြစ်သည်။

ရှမာရိမြို့၌ ရှိသော မြေမှုန့်သည် ငါ့နောက်သို့ လိုက်သောသူအပေါင်း တို့တွင်၊ တယောက်တလက်ဆုပ်စီစေ့လောက်လျှင်
ဗဟာဒဒ်သည် သူ့စစ်သူရဲတို့က ရှမာရိမြို့၏ ရှိရှိသမျှကို ဖျက်ဆီးမည်ဟု ခြိမ်းခြောက်နေခြင်း ဖြစ်သည်။

1 Kings 11

လက်နက်စုံကို ချွတ်သောသူသည် ဝါကြွားသကဲ့သို့ ဝတ်ဆင်သောသူသည် မဝါကြွားစေနှင့်ဟု ပြန်ပြော၏။
ဤသည်မှာ အကြံပေးသောစကား ဖြစ်သည်။ "လက်နက်စုံ ဝတ်ဆင်သည်" မှာ တိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းကို သွယ်ဝိုက်ပြောနေခြင်း ဖြစ်သည်။ ဗဟာဒဒ်အား "တိုက်ပွဲနိုင်ပြီးသည့် ပုံစံဖြင့် ကြွားဝါပြီး မနေပါနှင့်" ဟု မှာကြားလိုက်သည်။

1 Kings 13

Then behold
N/A

ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို မြင်ပြီလော။
ထာဝရဘုရားက ဗဟာဒဒ်၏စစ်အင်အားကို အထူးပြုလို၍ မေးသော မေးခွန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုကြီးမားလှသော စစ်တပ်ကို ကြည့်လော့။"

Look, I will place it into your hand today
N/A

သင့်လက်၌ ... ငါအပ်မည်။
ဤတွင် "လက်" သည် တန်ခိုးအာဏာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့်အား ထိုစစ်အင်အားကို အောင်နိုင်ခွင့် ပေးမည်"

အဘယ်သူအားဖြင့် အပ်တော်မူမည်နည်း
အာဟပ်မင်းသည် နှုတ်ဖျားမှ "သင်ဤအမှုကို ပြုမည်လော" ဟု လွှတ်ထွက်သည်။ အခြားသောဘာသာပြန်ဆိုချက် - "မည်သူ့အားဖြင့် ဤအမှုကို ပြုမည်နည်း"

အာဟပ်မင်းသည်မြို့ဝန်များ၏ လုလင်တို့ကို ရေတွက်၍
"အာဟပ်သည် အရာရှိငယ်များကို ခေါ်ယူ စုစည်းသည်။"

နှစ်ရာသုံးဆယ်နှစ်ယောက်
"၂၃၂"

ဣသရေလ အမျိုးသားအပေါင်းတို့
ဤသည်မှာ ဣသရေလ စစ်သူရဲတို့ကို ရည်ညွှန်းပြီး အင်္ဂလိပ်ကျမ်းစာတွင် နှစ်ခေါက် တစ်ဆက်တည်း ဖော်ပြကာ အထူးပြုဖော်ပြသည်။

ခုနစ်ထောင်
"၇၀၀၀"

1 Kings 16

They went out
N/A

မင်းကြီးသုံးဆယ်နှစ်ပါး
မင်းကြီး ၃၂ ပါး

ဗဟာဒဒ်မင်းထံသို့ စေလွှတ်၍ ကြားလျှောက်လျှင်၊
ဤသည်ကို အပြုသဘောဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဗဟာဒဒ် စေလွှတ်ထားသော လွတ်ဝှက်စောင့်ကြည့်သူတို့ သူ့အား အကြောင်း ပြန်သည်။"

scouts
N/A

1 Kings 18

... မိန့်တော် မူ၏။
ဤသည်မှာ ဗဟာဒဒ် ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဗဟာဒဒ်မှ အမိန့်ပေးသည်။"

ထွက်သည်ဖြစ်စေ၊ ... ထွက်သည်ဖြစ်စေ၊ အရှင်ဘမ်းဆီးကြ
ဤအမှုတို့ကို ဣသရေလအမျိုးတို့အား ပြုလုပ်ရန် ရည်ညွှန်းသည်။

မြို့ဝန်များ၏ လုလင်တို့သည် လိုက်သော ဗိုလ်ခြေနှင့်တကွ မြို့ထဲကထွက်၍၊
ဣသရေလ အရာရှိငယ်တို့ ... ဣသရေလ စစ်တပ် လိုက်ကြသည်။

1 Kings 20

ဣသရေလလူတို့သည် လိုက်ကြသဖြင့်
ဤတွင် "ဣသရေလ" သည် ဣသရေလစစ်သူရဲတို့ကို ကိုယ်စားပြုသော အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလ စစ်သူရဲတို့သည် သူတို့ကို လိုက်ဖမ်းကြသည်။"

ဣသရေလရှင်ဘုရင်သည်လည်း ထွက်၍ ... သတ်လေ၏။
"ရှင်ဘုရင်" သည် ဘုရင်ကိုယ်တိုင်နှင့် သူ့လက်အောက်ရှိ စစ်သူရဲအားလုံးကို ကိုယ်စားပြု သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလဘုရင်နှင့် သူ့စစ်သူရဲတို့သည် ထွက်၍ တိုက်ခိုက်ကြသည်။"


generated on Sun Jun 30 02:37:40 2024

1 Kings 22

ကိုယ်ကိုခိုင်ခံ့စေလော့။
"ကိုယ်" သည် ဘုရင်၏ စစ်တပ်ကို ကိုယ်စား ပြု သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့်စစ်အင်အားကို အင်အားဖြည့်လော့"

အဘယ်သို့ပြုရမည်ကို သတိနှင့်ဆင်ခြင်လော့။
ဤသည်မှာ သတိရှိပြီး ဆုံးဖြတ်ရမည်ကို အထူးပြုဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သုံးသပ်ဆုံးဖြတ်သည်"

နှစ်လည်သောအခါ
ဖြစ်နိုင်ချေ အဓိပ္ပာယ်များမှာ - ၁) "နောက်နှစ် နွေဦးအချိန်" သို့မဟုတ် "နောက်နှစ် ဒီအချိန်"

ငါတို့သည် ... တိုက်ကြကုန်အံ့။ ထိုသို့တိုက်လျှင် စင်စစ် နိုင်ကြလိမ့်မည်။
"ငါတို့" သည် ဘုရင်မှ အစ သူ၏အစေခံ၊ စစ်သူရဲအားလုံးကို တပေါင်းတစည်းထဲ ရည်ညွှန်းသည်။

1 Kings 24

မင်းကြီးအပေါင်းတို့ကိုလည်း ပယ်၍
"သင့်တပ်ကို ဦးဆောင်နေသောမင်းကြီး ၃၂ ပါးကို သင ဖယ်ထုတ်ရမည်။"

1 Kings 26

အာဖက်
ဤသည်မှာ မြို့တစ်မြို့၏ အမည် ဖြစ်သည်။

ဣသရေလပြည်သားတို့ကို စစ်တိုက်အံ့သော ငှါ
"ဣသရေလပြည်သားတို့" သည် ဣသရေလစစ်တပ် ကို ကိုယ်စားပြု သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလစစ်တပ်ကို တိုက်ခိုက်ရန်"

ဣသရေလအမျိုးသားတို့သည် စာရင်းဝင်၍ ရိက္ခာကို ပြင်ဆင်ပြီး
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလ စစ်သူရဲတို့သည် အတူတကွ စုစည်းပြီး စစ်ဦးစီးမှူးတို့သည် သူတို့ လိုအပ်သမျှ လက်နက်ကို ပေးသည်။"

ငယ်သောဆိတ်သငယ်နှစ်စုကဲ့သို့
ဤသည်မှာ ဣသရေလ စစ်တပ်ကို အကောင်ရေနည်းသော ဆိတ်သငယ်နှစ်စု နှင့် ခိုင်းနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလစစ်တပ်သည် အကောင်ရေနည်းသော ဆိတ်သငယ်နှစ်စုကဲ့သို့ ပုံစံပေါ်နေသည်။"

1 Kings 28

ဘုရားသခင်၏ လူတယောက်
ဤသည်မှာ ပရောဖက် အခြားနာမတစ်ခုဖြင့် ခေါ်တွင် သည်။ အခြားသောဘာသာပြန်ဆိုချက် - "ပရောဖက်တစ်ဦး"

ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို သင့်လက်သို့ ငါအပ်မည်။
ဤတွင် "လက်" သည် ထိန်းချုပ်ခွင့် အာဏာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုကြီးလှသော စစ်တပ်ကို သင့်အား အနိုင်ရခွင့် ပေးမည်"

1 Kings 29

ခုနစ်ရက်ပတ်လုံး
"၇ ရက်"

တသိန်း
"၁၀၀၀၀၀"

ခြေသည် သူရဲ
ဤသည်မှာ ခြေလျင်တပ် ကို ဆိုလိုသည်။

ကျန်သောသူတို့သည် အာဖက်မြို့သို့ ပြေး၍
"ကျန်သောသူတို့" သည် "ရှုရိခြေသည် သူရဲတို့"အဖြစ် မှတ်ယူနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကျန်ကြွင်းသော ရှုရိခြေသည် သူရဲတို့"

အာဖက်
ဤသည်မှာ မြို့တစ်မြို့၏ အမည် ဖြစ်သည်။

နှစ်သောင်းခုနစ်ထောင်
"၂၇၀၀၀"

1 Kings 31

Look now
N/A

လျှော်တေအဝတ်ကိုဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကိုရွက်လျက်
ဤသည်မှာ အရှုံးပေးသည့် အမှတ်အသား ဖြစ်သည်။

အသက်ရှင်သေးသလော
အာဟပ်သည် သူ့အံ့အားသင့်သည့် ခံစားချက် ကို ဤမေးခွန်း မေးခြင်းဖြင့် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူအသက်ရှင်ခြင်း ငါအား အံ့သားသင့်စေသည်။"

ငါ့အစ်ကို
ဤသည်မှာ အရင်းနှီးဆုံးမိတ်ဆွေ ကို ရည်ညွှန်းသုံးနှုန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် ငါ၏ညီရင်းအကို ကဲ့သို့ ဖြစ်သည်။" သို့မဟုတ် "သူသည် ငါ့မိသားစုဝင်ကဲ့သို့ ဖြစ်သည်။"


generated on Sun Jun 30 02:37:40 2024

1 Kings 33

Now the men
N/A

အာဟပ်မင်း၏ စကားကို စေ့စေ့ နားထောင်၍၊ ချက်ခြင်းကို ဘမ်းလျက်၊
"စကားအရိပ်"သည် စကားများကြားတွင် ထိန်ဝှက်ထားသော စကားတို့ကို သွယ်ဝိုက်ဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အာဟပ်မှ သူ့အား လွတ်ငြိမ်းချမ်းသာစေမည့် အမူအရာတို့အတွက်"

1 Kings 35

ပရောဖက်အမျိုးသားတယောက်
"ပရောဖက်တို့ထဲမှ တစ်ဦး"

ထာဝရဘုရား၏ နှုတ်ကပတ်တော် အတိုင်း
"နှုတ်ကပတ်တော်" သည် မိန့်ကြားသည်ကို သွယ်ဝိုက်ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ့အား ထာဝရဘုရား လုပ်ခိုင်းသည့်အတိုင်း"

ထာဝရဘုရား၏ အမိန့် တော်ကို နားမထောင်သောကြောင့်
"အမိန့်တော်" သည် ထာဝရဘုရားမိန့်ကြားတော်မူသည်ကို သွယ်ဝိုက်ဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရား၏ အမိန့်တော်ကို သင် မနာခံပါ"

1 Kings 37

ရှင်ဘုရင်
မြို့၊ တိုင်းနှင့် နိုင်ငံတို့ကို အုပ်ချုပ်သည့် "ရှင်ဘုရင်" ကိုဆိုလိုသည်။

- ရှင်ဘုရင်ကို သူ့အမျိုးများက ဘုရင်လုပ်ခဲ့ကြသည့်အတွက် သူ့ကိုရွေးချယ်လေ့ရှိသည်။
- ရှင်ဘုရင်ကွယ်လွန်သွားလျှင် သူ၏အကြီးဆုံးသောသားက အလိုအလျောက် ဘုရင်ဖြစ်လာသည်။
- ရှေးခေတ်တွင် ရှင်ဘုရင်သည် သူ့နိုင်ငံရှိလူများအပေါ် အာဏာအပြည့်အဝရှိသည်။
- ကျမ်းစာ၌ ဘုရားသခင်ကို ရှင်ဘုရင်ဟုခေါ်ဝေါ်သုံးနှုန်းထားသည်။

1 Kings 39

ကိုယ်တော်ကျွန်သည် စစ်တိုက်သွားပါ၏
ပရောဖက်သည် ဘုရင်ကို ရိုသေသောအားဖြင့် မိမိကိုယ်ကို အပြောခံသူအနေဖြင့် ရည်ညွှန်းဖော်ပြထားခြင်း ဖြစ်သည်။

စစ်ပွဲထဲက
အင်္ဂလိပ်ကျမ်းစာတွင် ထိုစစ်ပွဲကို အလွန်ပြင်းထန်သည့်ပုံစံဖြင့် ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "တိုက်ပွဲအပြင်းထန်ဆုံးနေရာ"

သူ့အသက်အတွက် သင့်အသက်သေရမည်။
"သူ့အစား သင် သေရလိမ့်မည်"

ငွေအခွက်တဆယ်
ဤသည်မှာ ၃၄ ကီလိုဂရမ် နီးပါးလေးသော အလေးချိန် နှင့် တူညီသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငွေ ၃၄ ကီလိုဂရမ်"

အရပ်ရပ်၌ အမှုများသောအခါ
ဤသည်မှာ အလုပ်အရမ်းများပြီး ဟိုနေရာလွတ်ဒီနေရာလွတ်ဖြစ်သည်ကို ကိုယ်စားပြုဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အခြားသောအရာတို့ကို လုပ်သည်" သို့မဟုတ် "ဟိုဟာလုပ်လိုက်၊ ဒီဟာလုပ်လိုက်"

1 Kings 41

သင်လွှတ်သောကြောင့်
ဤတွင် အင်္ဂလိပ်ကျမ်းစာ၌ "လက်" ဟူသော အသုံးအနှုန်း သုံးထားပြီး အုပ်စိုးပိုင်ခွင့် အာဏာကို သွယ်ဝိုက် ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လွှတ်လိုက်သည်" သို့မဟုတ် "...၏ အသက်ချမ်းသာ ပေးသည်။"

သင့်အသက်သည် သူ့အသက်အတွက်၊ သင့်လူတို့သည် သူ့လူတို့အတွက် အရှုံးခံရမည်
"သင်သည် သူ့အစား အသေခံရမည် ဖြစ်သလို သင့်လူတို့သည်လည်း သူ့လူတို့အစား အသတ်ပေးရမည်"


generated on Sun Jun 30 02:37:40 2024

# Translation Questions

1 Kings 20:1

ရှမာရိပြည်သည်ရန်သူတို့၏လက်အောက်တွင်ကျရောက်သောအချိန်တွင် ဗဟာဒဒ်ထံမှ အာဟပ်သည် မည်သည့်သတင်းစကားတော်ကို ရရှိခဲ့သနည်း။
ဗဟာဒဒ်က အာဟပ်၏ ငွေ၊ ရွှေ၊ မယားများ နှင့် သူ့သားသမီးများ များသည် ယခုတွင် ဗဟာဒဒ်၏အပိုင်များဖြစ်ကြောင်း အာဟပ်ကိုပြောသည်။

1 Kings 20:4

ဗဟာဒဒ်၏တုန့်ပြန်ချက်ကို အာဟပ်က မည်ကဲ့သို့ ဆုံးဖြတ်ခဲ့သနည်း။
ဗဟာဒဒ်က နောက်နေ့တွင် မိမိကျွန်များကို စေလွှတ်၍ သူတို့သည် မိမိတို့မျက်စိကျသမျှတို့ကို သိမ်းပိုက်မည်ဖြစ်ကြောင်း အာဟပ်ကို သတင်းပို့သည်။

1 Kings 20:7

ဣသရေလရှင်ဘုရင်သည် အသက်ကြီးသူပေါင်းတို့ကို ခေါ်၍ ထိုအမှုအရာကို မည်ကဲ့သို့ လက်ခံခဲ့ကြသနည်း။
အသက်ကြီးသူအပေါင်းတို့နှင့် ပြည်သား အပေါင်းတို့က၊ ထိုသူ၏ စကားကိုနားထောင်တော်မမူပါ နှင့်။ ဝန်ခံတော်မမူပါနှင့်ဟု ပြန်လျှောက်ကြသည်။

1 Kings 20:9

အာဟပ်မင်းက မည်ကဲ့သို့သောသတင်းစကားကို ဗဟာဒဒ်ဆီသို့ ပြန်ပို့ခဲ့သနည်း။
အာဟပ်က ပထမတောင်းဆိုမှုကို ပြုပါမည်၊ သို့သော်လည်း ဒုတိယတောင်းဆိုချက်ကို လက်မခံကြောင်း ဗဟာဒဒ်ကို ပြန်ပြောခဲ့သည်။

ဗဟာဒဒ်သည် အာဟပ်၏တုန့်ပြန်မှုကို မည်သို့ပြန်ပြောသနည်း?
ဗဟာဒဒ်က ရှမာရိမြို့ကို ပြာကျစေမည်ဟု ကျိန်ဆိုခဲ့သည်။

1 Kings 20:11

ဣသရေလရှင်ဘုရင်က စစ်ပွဲပြီးဆုံးသည့်အလား မဝါကြွားဖို့ရန် ပြောသောအခါ ဗဟာဒဒ်က မည်သို့ပြန်ပြောသနည်း?
ဗဟာဒဒ်က စစ်ခင်းကျင်းဖို့ အဆင်သင့်ပြင်ရန် မိမိစစ်သားများကို ပြောသည်။

1 Kings 20:13

ထာဝရဘုရားသခင်က ဣသရေလလူမျိုးတို့အဖို့စစ်တိုက်ပေးသောသူသည် အောင်မြင်လိမ့်မည်ဟု မည်သူ့အားမိန့်တော်မူခဲ့သနည်း။
ပရောဖက်တပါးသည် ဣသရေလ ရှင်ဘုရင်အာဟပ်ထံသို့လာ၍၊ ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို မြင်ပြီလော။ သင့်လက်၌ ယနေ့ငါအပ်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်သိရလိမ့်မည်ဟု အမိန့်တော်မူခဲ့သည်။

1 Kings 20:16

မြို့ဝန်များ၏လုလင်တို့သည် မည်သည့်အချိန်တွင် အရင်ထွက်ကြ၍ ဗဟာဒဒ်နှင့်သူ၏လူတို့သည် မည်သည်ကို ပြုနေကြသနည်း။
ဗဟာဒဒ်မင်းမူကား၊ ဝိုင်းသော မင်းကြီးသုံးဆယ်နှစ်ပါးတို့နှင့်တကွ တဲတော်၌ ယစ်မူးအောင် သောက်လျက် နေကြသည်။

1 Kings 20:20

ဗဟာဒဒ်နှင့် ရှုရိလူတို့သည် မည်သည့်အဖြစ်မျိုးကို ကြုံခဲ့ရသနည်း။
ရန်သူတို့ကို လူတိုင်းတယောက်စီ သတ်ကြသဖြင့် ရှုရိလူတို့သည် ပြေးကြ၏။ ဣသရေလလူတို့သည် လိုက်ကြသဖြင့် ရှုရိရှင်ဘုရင်ဗဟာဒဒ်သည် မြင်းစီး၍ မြင်းစီးသူရဲတို့နှင့်အတူ အလွတ်ပြေးကြသည်။

1 Kings 20:22

ဣသရေလအမျိုးထံသို့ ပရောဖက်က မည်သည့်သီတင်းစကားကို သယ်ဆောင်ခဲ့သနည်း။
ပရောဖက်သည် ဣသရေလရှင်ဘုရင်ထံသို့လာ၍၊ ကိုယ်ကိုခိုင်ခံ့စေလော့။ အဘယ်သို့ပြုရမည်ကို သတိနှင့်ဆင်ခြင်လော့။ နှစ်လည်သောအခါ ရှုရိ ရှင်ဘုရင်သည် စစ်ချီ၍ လာလေဦးမည်ဟုမိန့်တော်မူခဲ့သည်။

ရှုရိစစ်တပ်ထက်သာ၍အင်းအားကြီးသောအကြောင်းအရာရှိကြောင်းကို ရှုရိရှင်ဘုရင်၏ကျွန်တို့က မည်ကဲ့သို့ ကြားလျှောက်ကြသနည်း။
ရှုရိရှင်ဘုရင်၏ ကျွန်တို့ကလည်း၊ သူတို့၏ဘုရားသည် တောင်ကိုသာ အစိုးရသော ဘုရားဖြစ်၏။ ထိုကြောင့် သူတို့သည် ငါတို့ကို နိုင်ပါသည်ဟု ကြားလျှောက်ကြသည်။

1 Kings 20:26

နှစ်ဦးအစပိုင်းပြီးသည့်နောက်တွင် ဗဟာဒဒ်သည် မည်သည့်ကို ပြုခဲ့သနည်း။
နှစ်လည်သောအခါ ဗဟာဒဒ်မင်းသည် ရှုရိလူတို့ကို ရေတွက်၍ ဣသရေလပြည်သားတို့ကို စစ်တိုက်အံ့သော ငှါ၊ အာဖက်မြို့သို့ ချီသွားခဲ့သည်။

1 Kings 20:28

ရှုရိစစ်တပ်တို့၏အကြောင်းအရာများကို ဣသရေလရှင်ဘုရင်အား ထာဝရဘုရား၏လူက မည်ကဲ့သို့ ကြားလျှောက်သနည်း။
ဘုရားသခင်၏ လူတယောက်သည် ဣသရေလ ရှင်ဘုရင်ထံသို့ လာ၍ ထာဝရဘုရားမိန့်တော်မူသည် ကား၊ ရှုရိလူတို့က ထာဝရဘုရားသည် တောင်ကိုသာအစိုးရသော ဘုရားဖြစ်၏။ လွင်ပြင်ကိုအစိုးရသော ဘုရားမဟုတ်ဟု ဆိုမိသောကြောင့်၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို သင့်လက်သို့ ငါအပ်မည်ဟု မိန့်တော်မူခဲ့သည်။

1 Kings 20:29

စစ်တပ်များ၏စစ်တိုက်မှု ရလဒ်က မည်သို့နည်း?

သတ္တမနေ့၌ စစ်ပြိုင်၍ ဣသရေလလူတို့သည် တနေ့ခြင်းတွင် ရှုရိခြေသည် သူရဲတသိန်းကို သတ်ကြ၏။ ကျန်သောသူတို့သည် အာဖက်မြို့သို့ ပြေး၍ မြို့ရိုးလဲသဖြင့် နှစ်သောင်းခုနစ်ထောင်ကို ဖိလေ၏။ ဗင်္ဟာဒဒ်သည် ပြေး၍မြို့ထဲအတွင်း အခန်း၌ ပုန်းလျက် နေခဲ့သည်။

1 Kings 20:31

ဗင်္ဟာဒဒ်၏ကျွန်တို့က ဗင်္ဟာဒဒ်အတွက်မည်သည်ကို ပြုလုပ်ပေးခဲ့ကြသနည်း။

လျှော်တေအဝတ်ကိုဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကိုရွက်လျက်၊ ဣသရေလရှင်ဘုရင်ထံသို့ ရောက် လျှင်၊ ကိုယ်တော်ကျွန်ဗင်္ဟာဒဒ်က၊ ကျွန်တော်အသက်ကို ချမ်းသာပေးတော်မူပါဟု တောင်းပန်ကြောင်းကို လျှောက်ကြလေသည်။

1 Kings 20:33

ဗင်္ဟာဒဒ်ကသူ၏ မြင်းရထားအားဖြင့် အာဟပ်ဘုရင်ကို တွေ့ဆုံရန် ဆင့်ခေါ်သောအခါ ဗင်္ဟာဒဒ်က မည်သည့်အဆိုပြုချက်ကို ပြုခဲ့သနည်း။

ဗင်္ဟာဒဒ်ကလည်း၊ ငါ့အဘသည် ကိုယ်တော် အဘ၏ လက်မှ လုယူသော မြို့တို့ကို ငါပြန်ပေးပါမည်။ ငါ့အဘသည် ရှမာရိမြို့၌ ရှုရိတန်းကို လုပ်သကဲ့သို့ ကိုယ်တော်သည် ဒမာသက်မြို့၌ ဣသရေလတန်းကို လုပ်ရပါသည်ဟုဆိုလျက်၊ အာဟပ်ကထိုသို့ မိဿဟာယ ဖွဲ့လျက်၊ သင့်ကို ငါလွှတ်လိုက်မည်ဟုဆို၍ မိဿဟာယ ဖွဲ့လျက် လွှတ်လိုက်လေသည်။

1 Kings 20:35

ပရောဖက်တစ်ဦးသည် မည်သည့်အတွက်ကြောင့် ခြင်္သေ့၏သတ်ဖြတ်ခြင်းကို ခံခဲ့ရသနည်း။

ပရောဖက်ကလည်း ထာဝရဘုရား၏ အမိန့် တော်ကို နားမထောင်သောကြောင့် သူသွားစဉ်တွင် ခြင်္သေ့တွေ့၍ သတ်လိုက်သည်။

1 Kings 20:37

ထိုသူသည်အရိုက်ခံရပြီးနောက် ရှင်ဘုရင်ထံမှ ထိုပရောဖက်သည် မည်ကဲ့သို့ ဖုံးကွယ်ထားသနည်း။

ထိုပရောဖက်သည်သွား၍ မိမိမျက်နှာကို ပုဝါ နှင့် ဖုံးအုပ်လျက် ရှင်ဘုရင်ကို စောင့်ဆိုင်းလေသည်။

1 Kings 20:39

ပရောဖက်က မည်သည့်အတွက်ကြောင့် ဣသရေလဘုရင်ထံ ထိုဖြစ်စဉ်ကို ပြောပြခဲ့သနည်း။

ကိုယ်တော်ကျွန်သည် အရပ်ရပ်၌ အမှုများသောအခါ၊ ထိုသူ ပျောက်ပါသည်ဟု လျှောက်လျှင်၊ ဣသရေလရှင်ဘုရင်က၊ သင့်အမှုကို ထိုသို့ပင် စီရင်ရ မည်။ သင့်ကိုယ်တိုင်လည်း စီရင်ပြီးဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။

1 Kings 20:41

ပရောဖက်သည် မည်ကဲ့သို့သောရဲရင့်ခြင်းမျိုးဖြင့် ရှင်ဘုရင်ကို ထိုစကားကို ဆင့်ဆိုခဲ့သနည်း။

ပရောဖက်ကလည်း၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါကျိန်သောသူကို သင်လွှတ်သောကြောင့်၊ သင့်အသက်သည် သူ့အသက်အတွက်၊ သင့်လူတို့သည် သူ့လူတို့အတွက် အစားခံရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 21

[1] ထိုနောက်မှ ယေဇရေလမြို့သား နာဗုတ်ပိုင်သော စပျစ်ဥယျာဉ်သည် ယေဇရေလမြို့တွင်၊ ရှမာရိ မင်းကြီးအာဟပ်၏နန်းတော်နားမှာ
ရှိသည်ဖြစ်၍၊ [2] အာဟပ်မင်းက၊ သင့်စပျစ်ဥယျာဉ်သည် နန်းတော်နားမှာရှိသောကြောင့် ယာလုပ်စရာဘို့ပေးပါ။ သာ၍ကောင်းသော
ဥယျာဉ်ကို ငါပေးမည်။ သို့မဟုတ် သင်အလိုရှိလျှင် အဘိုးကိုပေးမည်ဟု နာဗုတ်အား ဆိုလျှင်၊ [3] နာဗုတ်က၊ ဘိုးဘေးလက်မှ
အမွေခံသောမြေကို ကိုယ်တော်အား ပေးရသောအမှုကို ထာဝရဘုရား ဆီးတားတော်မူပါစေသောဟု ပြန်လျှောက်၏။ [4] ဘိုးဘေးမှ
အမွေခံသော မြေကို မပေးရဟု ယေဇရေလမြို့သား နာဗုတ်လျှောက်သော စကား ကြောင့် အာဟပ်မင်းသည် ညစ်ညူးသော စိတ်နှင့်
ညှိုးငယ်လျက်၊ နန်းတော်သို့သွား၍ အစာကိုမစား၊ မျက်နှာကို လွှဲ၍သာလွန်ပေါ်မှာ အိပ်လျက်နေ၏။ [5] ခင်ပွန်းယေဇဗေလသည်လာ၍၊
အစာကို မစားနိုင်အောင် စိတ်တော်သည် အဘယ်ကြောင့် ညှိုးငယ် တော်မူသနည်းဟုမေးလျှင်၊ [6] မင်းကြီးက၊
ယေဇရေလမြို့သားနာဗုတ်ကို ငါခေါ်၍ သင့်စပျစ်ဥယျာဉ်ကို ရောင်းပါ။ သို့မဟုတ် သင်အလို ရှိလျှင် အခြားသောဥယျာဉ်ကို
ငါပေးမည်ဟုဆိုသော်၊ ထိုဥယျာဉ်ကို ကိုယ်တော်အားမပေးရဟု ပြန်ပြော သောကြောင့် စိတ်ညှိုးငယ်သည်ဟုဆို၏။ [7]
ခင်ပွန်းယေဇဗေလက၊ ကိုယ်တော်သည် ဣသ ရေလနိုင်ငံကို အစိုးရတော်မူသည် မဟုတ်လော။ ထ၍ ရွှင်လန်းသော စိတ်နှင့်
စားတော်ခေါ်ပါ။ ကျွန်မသည် ယေဇရေလမြို့သားနာဗုတ်၏ စပျစ်ဥယျာဉ်ကို ဆက်ပါ မည်ဟုဆိုသည်အတိုင်း၊ [8] အာဟပ်မင်း၏
အခွင့်နှင့်စာရေး၍ တံဆိပ် တော်နှင့် ခတ်ပြီးမှ၊ နာဗုတ်နေရာမြို့၌ သူနှင့်အတူ နေသော အသက်ကြီးသူနှင့်မှူးမတ်များထံသို့ ပေးလိုက်
လေ၏။ [9] စာချက်ဟူမူကား၊ အစာရှောင်ရာအချိန်ကို ကြွေးကြော်၍၊ နာဗုတ်ကို လူများရှေ့မှာ မြှောက်ထား ကြလော့။ [10] သူ့ရှေ့မှာ
အဓမ္မလူနှစ်ယောက်ကိုထား၍၊ သင်သည် ဘုရားသခင်နှင့် ရှင်ဘုရင်ကိုစွန့်ပယ်ပြီဟု သက်သေခံပါလေစေ။ သို့ပြီးမှ သူ့ကို ထုတ်၍
သေစေခြင်း ငှါ ကျောက်ခဲနှင့်ပစ်ကြလော့ဟု ပါသတည်း။ [11] ယေဇဗေလပေးလိုက်သော စာ၌ ပါသည် အတိုင်း၊
နာဗုတ်နေသောမြို့သား အသက်ကြီးသူနှင့် မှူးမတ်တို့သည် ပြုလျက်၊ [12] အစာရှောင်ရာအချိန်ကို ကြွေးကြော်၍ နာဗုတ် ကို
လူများရှေ့မှာ မြှောက်ထားကြ၏။ [13] အဓမ္မလူနှစ်ယောက်သည် လာ၍သူ့ရှေ့မှာ ထိုင်လျက်၊ နာဗုတ်သည် ဘုရားသခင်နှင့်ရှင်ဘုရင်ကို
စွန့်ပယ်ပြီဟု လူများရှေ့တွင် နာဗုတ်တဘက်၌ သက်သေ ခံကြလျှင်၊ နာဗုတ်ကို မြို့ပြင်သို့ ထုတ်၍ သေအောင်
ကျောက်ခဲနှင့်ပစ်ကြ၏။ [14] ထိုအခါ နာဗုတ်သည် ကျောက်ခဲနှင့် ပစ်ခြင်း ကိုခံရ၍ သေပါပြီဟု ယေဇဗေလထံသို့ စေလွှတ်၍
ကြားလျှောက်ကြ၏။ [15] ထိုအကြောင်းကို ယေဇဗေလသည် ကြားလျှင်၊ ယေဇရေလမြို့ သားနာဗုတ် မရောင်းလိုသော စပျစ်
ဥယျာဉ်ကို ထ၍ သိမ်းယူတော်မူပါ။ နာဗုတ်အသက်မရှိ၊ သေပါပြီဟု ဆို၏။ [16] နာဗုတ်သေကြောင်းကို အာဟပ်သည် ကြားလျှင်၊
ယေဇရေလမြို့ သားနာဗုတ်၏ စပျစ်ဥယျာဉ်ကို သိမ်းယူခြင်းငှါ ထသွား၏။ [17] ထိုအခါတိရှဘိမြို့သား ဧလိယသို့ ရောက်လာသော
ထာဝရဘုရား၏နှုတ်ကပတ်တော်က၊ [18] သင်သည်ရှမာရိမြို့၌နေသော ဣသရေလ ရှင်ဘုရင်အာဟပ်ကို ကြိုဆိုအံ့သောငှါ
ထသွားလော့။ သူသည်နာဗုတ်၏ စပျစ်ဥယျာဉ်ကို သိမ်းယူခြင်းငှါ သွား၍ ယခုဥယျာဉ်၌ရှိ၏။ [19] ထာဝရဘုရားမိန့်တော်မူသည်ကား၊
သင်သည် လူအသက်ကို သတ်၍သူ့ဥစ္စာကို သိမ်းယူပြီလော။ တဖန် မိန့်တော်မူသည်ကား၊ ခွေးတို့သည် နာဗုတ်အသွေးကို
လျက်သောအရပ်၌ သင့်အသွေးကိုပင် လျက်ကြလိမ့် မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မှာထား တော်မူ၏။ [20]
အာဟပ်ကလည်း၊ အချင်းရန်သူ၊ ငါနှင့်တွေ့ပြီ လောဟု ဧလိယအားဆိုလျှင်၊ ဧလိယကသင်သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို
ပြုလို၍ ကိုယ်ကို ရောင်းသောကြောင့် သင်နှင့်ငါတွေ့ပြီ။ [21] ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင့်အပေါ်သို့
ဘေးဥပဒ်ရောက်စေမည်။ ဣသရေလမြို့ရွာ၌ ချုပ်ထားသောသူဖြစ်စေ၊ အလွတ်ပြေးသောသူဖြစ်စေ၊ အာဟပ်အမျိုး
ယောကျ်ားများကိုပယ်ဖြတ်မည်။ [22] ငါ့အမျက်ကို နှိုးဆော်သောအပြစ်နှင့် ဣသ ရေလအမျိုးကို ပြစ်မှားစေသောအပြစ်ကြောင့်၊
သင့်အမျိုး ကို နေဗတ်၏သား ယေရောဗောင်အမျိုးနှင့် အဟိယ၏ သားဗာရှာအမျိုးကဲ့သို့ ငါဖြစ်စေမည်။ [23] ယေဇဗေလအမှုမှာ
ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ယေဇရေလမြို့ရိုးနားမှာ ခွေးတို့သည် ယေဇ ဗေလကို စားကြလိမ့်မည်။ [24] အာဟပ်အမျိုးသည်
မြို့ထဲမှာ သေလျှင်ခွေးစား လိမ့်မည်။ မြို့ပြင်မှာသေလျှင် မိုဃ်းကောင်းကင်ငှက် စားလိမ့်မည်ဟု မိန့်တော်မူကြောင်းကို အာဟပ်အား
ဆင့်ဆို၏။ [25] အာဟပ်နှင့်တူသော သူတယောက်မျှမရှိ။ ခင်ပွန်းယေဇဗေလသည် တိုက်တွန်းသဖြင့်၊ ထာဝရ ဘုရားရှေ့တော်၌
ဒုစရိုက်ကို ပြုလို၍ ကိုယ်ကို ရောင်း သောသူဖြစ်၏။ [26] ထာဝရဘုရားသည် ဣသရေလအမျိုးရှေ့မှ နှင်ထုတ်တော်မူသောအာမောရိ
အမျိုးသားပြုသမျှ အတိုင်း၊ ရုပ်တုဆင်းတုကို ဆည်းကပ်၍ စက်ဆုပ်ရွံရှာ ဘွယ် အမှုကိုပြု၏။ [27] သို့ရာတွင် ဧလိယဆင့်ဆိုသော
စကားတော်ကို ကြားလျှင်၊ မိမိအဝတ်ကို ဆုတ်၍လျှော်တေအဝတ်ကို ဝတ်၏။ အစာရှောင်ခြင်း၊ လျှော်တေအဝတ်၌ အိပ်ခြင်း ကို ပြု၍
ဖြည်းဖြည်းသွားလာ၏။ [28] ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် တိရှဘိမြို့သား ဧလိယသို့ ရောက်လာသည်ကား၊ [29]
အာဟပ်သည် ငါ့ရှေ့မှာနှိမ့်ချသည်ကို မြင်ပြီ လော။ ထိုသို့ငါ့ရှေ့ မှာနှိမ့်ချသောကြောင့်၊ သူ့လက်ထက်၌ ထိုဘေးဥပဒ်ကို
ငါမရောက်စေ။ သူ့သားလက်ထက်၌ အမျိုးအပေါ်သို့ရောက်စေမည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 22

1 ရှုရိပြည်နှင့် ဣသရေလပြည်သည် စစ်မတိုက် ဘဲ သုံးနှစ်နေပြီးမှ၊ 2 တတိယနှစ်တွင်၊ ယုဒရှင်ဘုရင်ယောရှဖတ်သည်
ဣသရေလရှင်ဘုရင်ထံသို့ လာ၏။ 3 ဣသရေလရှင်ဘုရင်ကလည်း၊ ဂိလဒ်ပြည် ရာမုတ်မြို့သည် ငါတို့ နိုင်ငံအဝင်ဖြစ်သည်ကို သင်တို့
မသိလော။ ငါတို့သည် ရှုရိရှင်ဘုရင်လက်မှ မနှုတ်မယူဘဲ ငြိမ်သက်စွာ နေကြပြီတကားဟု မိမိကျွန်တို့အားဆို၏။ 4
ယောရှဖတ်မင်းအားလည်း၊ ဂိလဒ်ပြည် ရာမုတ်မြို့သို့ ငါနှင့်အတူ စစ်ချီမည်လောဟုမေးလျှင်၊ ယောရှဖတ်က၊
ငါသည်မင်းကြီးကဲ့သို့ဖြစ်၏။ ငါ့လူတို့သည် မင်းကြီး၏လူကဲ့သို့၎င်း၊ ငါ့မြင်းတို့သည် မင်းကြီး၏ မြင်းကဲ့ သို့၎င်းဖြစ်ကြသည်ဟု
ဣသရေလရှင်ဘုရင်အား ပြန် ပြော၏။ 5 တဖန်ယောရှဖတ်က၊ ထာဝရဘုရား၏ နှုတ် ကပတ်တော်ကို ယနေ့မေးမြန်းပါလော့ဟု
ဣသရေလ ရှင်ဘုရင်အားဆိုသော်၊ 6 ဣသရေလရှင်ဘုရင်သည် ပရောဖက်လေးရာ တို့ကို စုဝေးစေပြီးလျှင်၊ ငါသည်ဂိလဒ်ပြည်
ရာမုတ်မြို့သို့ စစ်ချီကောင်းသလော။ မချီဘဲ နေကောင်းသလောဟု မေးသော်၊ သူတို့ကချီတော်မူပါ။ ထာဝရဘုရားသည်
အရှင်မင်းကြီး၏လက်တော်သို့ အပ်တော်မူမည်ဟု လျှောက်ကြ၏။ 7 ယောရှဖတ်ကလည်း၊ ငါတို့မေးမြန်းစရာ ထာဝရဘုရား၏
ပရောဖက် တစုံ တပါးမျှမရှိသလောဟု မေးသော်၊ 8 ဣသရေလရှင်ဘုရင်က၊ ထာဝရဘုရားကို မေးမြန်းရသော
သူတယောက်ဣမလသား မိက္ခာရှိသေး ၏။ သို့ရာတွင် ထိုသူကို ငါမုန်း၏။ ငါ၌ မင်္ဂလာစကားကို မဟော။ အမင်္ဂလာစကားကိုသာ
ဟောတတ်သည်ဟု ယောရှဖတ်အားဆိုလျှင်၊ ယောရှဖတ်က ထိုသို့မင်းကြီး မပြောပါနှင့်ဟု ပြန်ဆို၏။ 9 ထိုအခါ
ဣသရေလရှင်ဘုရင်သည် အရာရှိ တယောက်ကိုခေါ်၍၊ ဣမလသားမိက္ခာကို အလျင်အမြန် ခေါ်ခဲ့ဟုမိန့်တော်မူ၏။ 10
ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် ယောရှ ဖတ်တို့သည် မင်းမြောက်တန်ဆာကို ဝတ်ဆင်လျက် ရှမာရိမြို့တံခါးဝရှေ့၊
ဟင်းလင်းသော အရပ်၌ ရာဇ ပလ္လင်တို့အပေါ်မှာထိုင်၍၊ ပရောဖက်အပေါင်းတို့သည် ရှေ့တော်၌ ဟောပြောကြ၏။ 11
ခေနာနာသားဇေဒကိသည် သံဦးချိုတို့ကို လုပ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကိုယ်တော် သည် ရှုရိလူတို့ကို မဖျက်ဆီးမှီ
တိုင်အောင် ဤဦးချိုတို့နှင့် တိုးရမည်ဟုမိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 12 ပရောဖက်အပေါင်းတို့ကလည်း၊ ဂိလဒ်ပြည်
ရာမုတ်မြို့သို့ စစ်ချီ၍ အောင်တော်မူပါ။ ထာဝရဘုရား သည် အရှင်မင်းကြီး၏ လက်တော်သို့ အပ်တော်မူမည်ဟု ပရောဖက်ပြု၍
ဟောကြ၏။ 13 မိက္ခာကိုခေါ်သောတမန်က၊ ပရောဖက် အပေါင်းတို့သည် မင်္ဂလာစကားကိုသာ ရှင်ဘုရင်အား
တညီတညွတ်တည်းဟောကြ၏။ ကိုယ်တော်လည်း သူတို့ ဟောကြသည်နည်းတူ မင်္ဂလာစကားကိုသာ ဟောတော် မူပါဟုဆိုလျှင်၊ 14
မိက္ခာက၊ ထာဝရဘုရားအသက်ရှင်တော်မူ သည်အတိုင်း ထာဝရဘုရားမိန့်တော်မူသော စကားကို သာ ငါပြန်ပြောရမည်ဟုဆို၏။ 15
ရှင်ဘုရင်ထံသို့ ရောက်သောအခါ ရှင်ဘုရင်က၊ အချင်းမိက္ခာ၊ ငါတို့သည် ဂိလဒ်ပြည်ရာမုတ်မြို့သို့ စစ်ချီ ကောင်းသလော။
မချီဘဲနေကောင်းသလောဟုမေးလျှင်၊ မိက္ခာက၊ စစ်ချီ၍ အောင်တော်မူပါ။ ထာဝရဘုရားသည် အရှင်မင်းကြီး၏ လက်တော်သို့
အပ်တော်မူမည်ဟု ပြန်လျှောက်၏။ 16 ရှင်ဘုရင်ကလည်း၊ မှန်သောစကားမှတပါး အခြားသောစကားကို ထာဝရဘုရားအခွင့်နှင့်
သင်သည် ငါ့အားမဟောမည်အကြောင်း၊ ငါသည် ဘယ်နှစ်ကြိမ် တိုင်အောင် သင့်အား အကျိန်ပေးရမည်နည်းဟု မေးသော်၊ 17
မိက္ခာက၊ ဣသရေလအမျိုးသားအပေါင်းတို့ သည် သိုးထိန်းမရှိ သောသိုးကဲ့သို့၊ တောင်များအပေါ်မှာ အရပ်ရပ်ကွဲပြားလျက်
ရှိကြသည်ကို ငါမြင်ပြီ။ ထာဝရ ဘုရားကလည်း၊ ဤသူအပေါင်းတို့သည် အရှင်မရှိသော ကြောင့် အသီးအသီးကိုယ်နေရာသို့
ပြန်ကြပါလေစေဟု မိန့်တော်မူကြောင်းကို လျှောက်ဆို၏။ 18 ဣသရေလရှင်ဘုရင်ကလည်း၊ သူသည်ငါ၌ မင်္ဂလာစကားကိုမဟော၊
အမင်္ဂလာစကားကိုသာ ဟောတတ်သည်ဟု မင်းကြီးအား ငါမပြောသလောဟု ယောရှဖတ်အားဆို၏။ 19 မိက္ခာကလည်း၊ သို့ဖြစ်၍
ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ပါ။ ထာဝရဘုရားသည် ပလ္လင် တော်ပေါ်မှာ ထိုင်တော်မူသည်ကို၎င်း၊ ကောင်းကင်
ဗိုလ်ခြေအပေါင်းတို့သည် လက်ျာတော်ဘက် လက်ဝဲ တော်ဘက်၌ ရပ်နေကြသည်ကို၎င်း ငါမြင်ပြီ။ 20 ထာဝရဘုရားကလည်း၊
အာဟပ်သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ၍ ဆုံးစေခြင်းငှါ အဘယ်သူ သွေးဆောင်မည်နည်းဟု မေးတော်မူလျှင်၊ အခြံအရံ
တော်တို့သည် တယောက်တနည်းစီ ပြန်လျှောက်ကြ၏။ 21 တဖန်ဝိညာဉ်တပါးသည် လာ၍ ထာဝရဘုရား ရှေ့တော်၌ ရပ်လျက်၊
အကျွန်ုပ်သွေးဆောင်ပါမည်ဟု လျှောက် လျှင်၊ 22 ထာဝရဘုရားက အဘယ်သို့သွေးဆောင်မည် နည်းဟု မေးတော်မူသော်၊
အကျွန်ုပ်သွား၍ ထိုမင်းကြီး၏ ပရောဖက်အပေါင်းတို့ထဲမှာ မုသာစကားကို ပြောတတ် သော စိတ်ဝိညာဉ်ဖြစ်ပါမည်ဟု
ပြန်လျှောက်သော်၊ သင်သည် သွေးဆောင်၍ နိုင်လိမ့်မည်။ ထိုသို့သွား၍ ပြုလော့ဟု မိန့်တော်မူ၏။ 23 သို့ဖြစ်၍ ထာဝရဘုရားသည်
မုသာစကားကို ပြောတတ်သော စိတ်ဝိညာဉ်ကို မင်းကြီး၏ ပရောဖက် အပေါင်းတို့၌ သွင်းတော်မူပြီ။ မင်းကြီး၏အမှုမှာ
အမင်္ဂလာစကားကို ပြောတော်မူပြီဟု ဟောလေ၏။ 24 ထိုအခါခေနာနာ၏ သားဇေဒကိသည် ချဉ်းလာ ၍ မိက္ခာ၏ ပါးကိုပုတ်လျက်၊
ထာဝရဘုရား၏ ဝိညာဉ် တော်သည် သင်နှင့်နှုတ်ဆက်ခြင်းငှါ အဘယ်လမ်းဖြင့် ငါ့မှထွက်တော်မူသနည်းဟု မေးလျှင်၊ 25 မိက္ခာက၊
သင်သည် ပုန်းရှောင်၍ နေခြင်းငှါ အတွင်းခန်းထဲသို့ ဝင်သောနေ့၌ သင်မြင်လိမ့်မည်ဟု ဆို၏။ 26 ဣသရေလရှင်ဘုရင်က၊ မိက္ခာကို
မြို့ဝန်မင်း အာမုန်ထံ၊ သားတော်ယောရှထံသို့ ယူသွား၍၊ 27 ဤသူကိုထောင်ထဲမှာ လှောင်ထားကြ။ ငါသည် ငြိမ်ဝပ်စွာ ပြန်၍
မလာမှီတိုင်အောင် ဆင်းရဲစွာ စား သောက်စေဟု အမိန့်တော်ရှိကြောင်းကို ဆင့်ဆိုလော့ဟု စီရင်၏။ 28 မိက္ခာကလည်း၊ မင်းကြီးသည်
ငြိမ်ဝပ်စွာ ပြန်လာရလျှင် ထာဝရဘုရားသည်ငါ့အားဖြင့် မိန့်တော် မမူ၊ အိုလူများအပေါင်းတို့၊ နားထောင်ကြလော့ဟုဆို၏။ 29 ထိုသို့

ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် ယောရှဖတ်တို့သည် ဂိလဒ်ပြည်ရာမုတ်မြို့သို့ စစ်ချီကြ၏။ [30] ဣသရေလရှင်ဘုရင်က၊
ငါသည်ခြားနားသော အယောင်ကို ဆောင်၍စစ်ပွဲထဲသို့ ဝင်မည်။ မင်းကြီး မူကား မင်းမြောက်တန်ဆာကို ဝတ်ဆင်ပါလော့ဟု
ယောရှဖတ်အားဆိုပြီးမှ၊ ဣသရေလရှင်ဘုရင်သည် ခြားနားသော အယောင်ကို ဆောင်လျက် စစ်ပွဲထဲသို့ ဝင်၏။ [31] ရှုရိရှင်ဘုရင်က၊
ဣသရေလရှင်ဘုရင်မှတပါး အခြားသော လူကြီးလူငယ်ကို မတိုက်နှင့်ဟု ရထားစီး သူရဲများကို အုပ်သော
ဗိုလ်သုံးကျိပ်နှစ်ယောက်တို့ကိုမှာ ထားနှင့်သောကြောင့်၊ [32] ရထားစီးသူရဲအုပ်ဗိုလ်မင်းတို့သည် ယောရှဖတ် ကိုမြင်သောအခါ၊
အကယ်စင်စစ်ထိုသူသည် ဣသရေလ ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု ဆိုလျက်သူ့ကို တိုက်အံ့သောငှါ လမ်းလွှဲကြ၍၊ ယောရှဖတ်လည်း
ကြွေးကြော်လေ၏။ [33] ဣသရေလရှင်ဘုရင် မဟုတ်ကြောင်းကို ရထား စီးသူရဲအုပ်ဗိုလ်မင်းတို့သည် ရိပ်မိသောအခါ၊ မလိုက်ဘဲ
အခြားသို့ ရှောင်သွားကြ၏။ [34] လူတယောက်သည် မရွယ်ဘဲလေးနှင့်ပစ်၍၊ ဣသရေလရှင်ဘုရင်ကို သံချပ်အင်္ကျီအဆစ်ကြားမှာ
မှန်လေသော်၊ ငါ့ကိုစစ်ပွဲထဲက လှည့်၍ ထုတ်ဆောင် လော့။ ငါနာသည်ဟု မိမိရထားတော်ထိန်းကို ဆို၏။ [35] ထိုနေ့၌တိုး၍ တိုက်ကြ၏။
ရှင်ဘုရင်သည် ရှုရိလူတဘက်တချက်၌ရထားတော်ထဲမှာ လူကိုမှီ၍ ထိုင်နေ၏။ ညဦးယံ၌ အသက်တော်ကုန်၏။ ထိခိုက်ရာ အနာမှ
အသွေးသည်ရထားထဲသို့ယို၏။ [36] လူအပေါင်းတို့၊ ကိုယ်နေသော မြို့ပြည်သို့ ပြန်သွားကြဟု နေဝင်သောအခါ တတပ်လုံးကို ကြွေး
ကြော်လေ၏။ [37] ထိုသို့ရှင်ဘုရင်သေ၍ ရှမာရိမြို့သို့ ရောက် သဖြင့် သင်္ဂြိုဟ်ခြင်းကို ခံရ၏။ [38] ရထားတော်နှင့် လက်နက်တော်ကို
ရှမာရိမြို့ ရေကန်၌ ဆေးသဖြင့်၊ ထာဝရဘုရားမိန့်တော်မူသော စကားနှင့်အညီခွေးတို့သည် အသွေးကို လျက်ကြ၏။ [39]
အာဟပ်ပြုမူသော အမှုအရာကြွင်းလေသမျှ တို့နှင့် တည်ဆောက်သော ဆင်စွယ်နန်း၊ ပြုစုသောမြို့တို့ သည် ဣသရေလရာဇဝင်၌
ရေးထားလျက်ရှိ၏။ [40] အာဟပ်သည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ သားတော်အာခဇိသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ [41]
ဣသရေလရှင်ဘုရင် အာဟပ်နန်းစံလေးနှစ် တွင် အာသသား ယောရှဖတ်သည် အသက်သုံးဆယ် ငါးနှစ်ရှိသော် ယုဒနိုင်ငံကို အစိုးရ၍၊
[42] ယေရုရှလင်မြို့၌ နှစ်ဆယ်ငါးနှစ်စိုးစံလေ၏။ မယ်တော်ကား ရှိလဟိသမီးအဇုဘာအမည်ရှိ၏။ [43] ထိုမင်းသည်ခမည်းတော်
အာသလိုက်သော လမ်းကိုမလွှဲ၊ အကုန်အစင်လိုက်၍ ထာဝရဘုရား ရှေ့တော်၌ ဖြောင့်မတ်သော အကျင့်ကိုသာ ကျင့်၏။ သို့ရာတွင်
မြင့်သောအရပ်တို့ကို မပယ်ရှားသောကြောင့်၊ လူတို့သည် ထိုအရပ်တို့၌ ယဇ်ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ကြ၏။ [44]
ယောရှဖတ်မင်းသည် ဣသရေလရှင်ဘုရင်နှင့် စစ်မတိုက် မိဿဟာယဖွဲ့လေ၏။ [45] ယောရှဖတ်ပြုမူသော အမှုအရာကြွင်းလေသမျှ
တို့နှင့် တန်ခိုးကြီးခြင်း၊ စစ်တိုက်ခြင်းအရာတို့သည် ယုဒရာဇဝင်၌ ရေးထားလျက် ရှိ၏။ [46] ခမည်းတော်အာသလက်ထက်၌
ကျန်ကြွင်းသေး သော ယောကျ်ားအလိုသို့ လိုက်တတ်သော မိန်းမလျှာ တို့ကို ပြည်တော်မှ သုတ်သင်ပယ်ရှင်းလေ၏။ [47] ထိုကာလ၊
ဧဒုံပြည်၌ ရှင်ဘုရင်မရှိ။ ယုဒ ရှင်ဘုရင်ခန့်ထားသော မြို့ဝန်မင်း စီရင်ရ၏။ [48] ယောရှဖတ်သည် သြဖိရပြည်သို့ စေလွှတ်၍၊ ရွှေကို
ယူစေခြင်းငှါ တာရှုသင်္ဘောတို့ကို ဧဇယုန်ဂါဗာမြို့ မှာ တည်၏။ [49] အာဟပ်သား အာခဇိက၊ ငါ့ကျွန်တို့သည် မင်းကြီးကျွန်တို့နှင့်
သင်္ဘောစီးဝါစေဟု ယောရှဖတ်၌ အခွင့်တောင်း၍ ယောရှဖတ်သည် အခွင့်ပေး၏။ သို့သော် လည်း သင်္ဘောတို့သည်
ဧဇယုန်ဂါဗာမြို့မှာ ကျိုးပဲ့သော ကြောင့်၊ သြဖိရမြို့သို့ မသွားရ။ [50] ယောရှဖတ်သည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍ သူတို့နှင့်အတူ
အဘဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကိုခံလေ၏။ သားတော်ယဟောရံသည် ခမည်းတော်အရာ၌ နန်းထိုင် ၏။ [51]
ယုဒရှင်ဘုရင်ယောရှဖတ်နန်းစံ ဆယ်ခုနစ်နှစ် တွင်၊ အာဟပ်သားအာခဇိသည် ရှမာရိမြို့၌ မင်းပြု၍ ဣသရေလနိုင်ငံကို နှစ်နှစ်စိုးစံ၏။
[52] ထိုမင်းသည်ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၍၊ မိဘလိုက်သောလမ်း၊ ဣသရေအမျိုးကို ပြစ်မှား စေသော နေဗတ်၏သား
ယေရောဗောင်လိုက်သောလမ်းသို့ လိုက်လေ၏။ [53] ဗာလဘုရားကို ဝတ်ပြုကိုးကွယ်၍၊ အဘကျင့်လေသမျှအတိုင်း
ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်သတည်း။


generated on Sun Jun 30 02:37:40 2024

# 2 Kings

## Chapter 1

1 အာဟပ်မင်း သေသောနောက်၊ မောဘပြည် သည် ဣသရေလရှင်ဘုရင်ကို ပုန်ကန်လေ၏။ 2 အာခဇိမင်းသည် ရှမာရိမြို့၌
အထက်အခန်း ပြတင်းပေါက်မှ ကျ၍နာနေသောကြောင့်၊ ငါသည် ဤအနာမှာ ထမြောက်မည်လောဟု ဧကြုန်မြို့၏ ဘုရား
ဗာလဇေဗုပ်သို့ သွား၍ မေးမြန်းကြဟု မှာထား၍ သံတမန်တို့ကို စေလွှတ်လေ၏။ 3 ထာဝရဘုရား၏ ကောင်းကင်တမန်သည်
တိရှဘိမြို့သား ဧလိယအားလည်း၊ ရှမာရိရှင်ဘုရင် စေလွှတ်သော သံတမန်တို့ကို ကြိုဆိုခြင်းငှါ ထသွားလော့။ ဣသရေလပြည်၌
ဘုရားသခင်မရှိသောကြောင့်၊ ဧကြုန် မြို့၏ဘုရားဗာလဇေဗုပ်သို့သွား၍ မေးမြန်းရသလော။ 4
ထိုကြောင့်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် ယခု တက်သောသာလွန်ပေါ်က နောက်တဖန် မဆင်းရ၊ စင်စစ်သေရမည်ဟု
သူတို့အားဆင့်ဆိုရမည် အကြောင်းမိန့်တော်မူသည်အတိုင်း၊ ဧလိယသွားလေ၏။ 5 သံတမန်တို့သည် ပြန်လာသောအခါ ရှင်ဘုရင်က၊
အဘယ်ကြောင့်ယခုပြန်လာကြသနည်းဟု မေးလျှင်၊ 6 သူတို့က၊ လူတယောက်သည် ကျွန်တော်တို့ကို ကြိုဆိုခြင်းငှါ လာ၍
သင်တို့ကိုစေလွှတ်သော ရှင်ဘုရင် ထံသို့ ပြန်ကြ။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရလပြည်၌ ဘုရားသခင် မရှိသောကြောင့်၊
ဧကြုန် မြို့၏ ဘုရားဗာလဇေဗုပ်သို့သွား၍ မေးမြန်းရသလော။ ထိုကြောင့် သင်သည်ယခုတတ်သော သာလွန်ပေါ်က
နောက်တဖန်မဆင်းရ။ စင်စစ်သေရမည်ဟု ပြောရမည် အကြောင်း မှာထားပါသည်ဟု လျှောက်ကြ၏။ 7 ရှင်ဘုရင်ကလည်း၊
သင်တို့ကိုကြိုဆိုခြင်းငှါ လာ၍ ဤသို့ပြောသောသူကား အဘယ်သို့သော သူနည်းဟု မေးလျှင်၊ 8 သူတို့က၊ ထိုသူသည်
ကိုယ်၌အမွေးများ၍ သားရေခါးပန်းကို စည်းသောသူ ဖြစ်ပါသည်ဟု လျှောက် ကြသော်၊ ထိုသူသည် တိရှဘိမြို့သား
ဧလိယဖြစ်လိမ့်မည် ဟု ရှင်ဘုရင်ဆိုလျက်၊ 9 လူငါးကျိပ်အုပ်သော တပ်မှူးကိုစေလွှတ်၍၊ တပ်မှူးသည် တောင်ပေါ်မှာထိုင်သော
ဧလိယထံသို့ ရောက်ပြီးလျှင်၊ အိုဘုရားသခင်၏လူ၊ သင်သည် ဆင်းရ မည်အကြောင်း၊ ရှင်ဘုရင်အမိန့်တော်ရှိသည်ဟုဆို၏။ 10
ဧလိယကလည်း၊ ငါသည် ဘုရားသခင်၏လူမှန်လျှင်၊ ကောင်းကင်ကမီးကျ၍ သင်နှင့်သင်၏လူ ငါးကျိပ် တို့ကို လောင်ပါစေဟု
လူငါးကျိပ်အုပ်သော တပ်မှူးအားဆိုသည်အတိုင်း၊ ကောင်းကင်က မီးကျ၍ သူနှင့်သူ၌ ပါသောလူငါးကျိပ်တို့ကို လောင်လေ၏။ 11
တဖန်လူငါးကျိပ်အုပ်သော တပ်မှူးတယောက်ကို ရှင်ဘုရင်စေလွှတ်၍၊ ထိုတပ်မှူးက၊ အိုဘုရားသခင်၏ လူ၊ သင်သည် အလျင်အမြန်
ဆင်းရမည်အကြောင်း ရှင်ဘုရင် အမိန့်တော်ရှိသည်ဟုဆို၏။ 12 ဧလိယကလည်း၊ ငါသည်ဘုရားသခင်၏ လူမှန်လျှင် ကောင်းကင်က
မီးကျ၍ သင်နှင့်သင်၏လူငါးကျိပ် တို့ကို လောင်ပါစေဟု သူတို့အား ဆိုသည်အတိုင်း၊ ဘုရားသခင်၏မီးသည် ကောင်းကင်ကကျ၍
သူနှင့်သူ၌ ပါသောလူငါးကျိပ်တို့ကို လောင်လေ၏။ 13 တဖန်လူငါးကျိပ်အုပ်သော တတိယတပ်မှူးကို ရှင်ဘုရင်စေလွှတ်သဖြင့်၊
ထိုတပ်မှူးသည် တက်၍ ဧလိယရှေ့မှာဒူးထောက်လျက်၊ အိုဘုရားသခင်၏လူ၊ ကျွန်တော်အသက်နှင့် ကိုယ်တော် ကျွန်
ဤလူငါးကျိပ်တို့၏ အသက်ကို နှမြောတော်မူပါ။ 14 ကောင်းကင်က မီးကျ၍ အခြားသော တပ်မှူး နှစ်ယောက်နှင့် သူတို့၌
ပါသောလူတရာကို လောင် သော်လည်း၊ ကျွန်တော်အသက်ကို နှမြောတော်မူပါဟု တောင်းပန်လေ၏။ 15 ထာဝရဘုရား၏
ကောင်းကင်တမန်ကလည်း၊ သူနှင့်အတူ ဆင်းသွားလော့။ သူ့ကို မကြောက်နှင့်ဟု ဧလိယအားဆိုသည်အတိုင်း၊ ဧလိယသည်ထ၍
ရှင်ဘုရင် ထံသို့ ရောက်လျှင်၊ 16 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ဧကြုန်မြို့၏ ဘုရားဗလဇေဗုပ်၌ မေးမြန်းခြင်းငှါ
အဘယ်ကြောင့် သံတမန်တို့ကိုစေလွှတ်သနည်း။ မေးမြန်းစရာဘို့ ဣသရေလပြည်၌ ဘုရားသခင်မရှိ သောကြောင့် ထိုသို့ပြုသလော။
သို့ဖြစ်၍ သင်သည် ယခုတက်သော သာလွန်ပေါ်က နောက်တဖန်မဆင်းရ။ စင်စစ်သေရ မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 17
ဧလိယ ဆင့်ဆိုသောထာဝရဘုရား၏ စကားတော်အတိုင်း ရှင်ဘုရင်သေ၍၊ သားတော်မရှိသော ကြောင့် ညီတော်ယောရံသည်
ယုဒရှင်ဘုရင်ယောရှဖတ်သား ယဟောရံနန်းစံနှစ်နှစ်တွင် နန်းထိုင်လေ၏။ 18 အာဇခိပြုမူသော အမှုအရာကြွင်းလေသမျှတို့သည်၊
ဣသရေလ ရာဇဝင်၌ ရေးထားလျက်ရှိ၏။

---

2 Kings 01

မောဘပြည်
"မောဘနိုင်ငံ"

အထက်အခန်းပြတင်းပေါက်မှ
အထက်အခန်းသည် နန်းတော်၏ ခေါင်မိုးတွင် ဆောက်လေ့ရှိသည်။ ထိုအခန်းကို ပါးလွှာသောသစ်သားများဖြင့်ကာထားပြီး ပြတင်းပေါက် သို့မဟုတ် လသာဆောင်ကိုတစ်ဖက်၌တွဲဆောက်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နန်းတော်၏ ခေါင်မိုးပေါ်၌ သစ်သားပြားများဖြင့် ပတ်လည်တွင် ဝိုင်းထားသည့်အခရာ"

 generated on Sun Jun 30 02:37:40 2024

ဗာလဇေဗုပ်

2 Kings 03

ထာဝရဘုရား
ဓမ္မဟောင်းခေတ်တွင် သူ့လူများဆီသို့ ဗျာဒိတ်တော်ပေးသည့်အခါတွင်သုံးသည့် ဘုရား၏နာမည်ဖြစ်သည်။

တိရှဘိမြို့
တစ်စုံတစ်ယောက်သည် တိရှဘိမြို့မှလာသည်ကို ဆိုလိုသည်။

ဣသရေ၌ ဘုရားမရှိသောကြောင့် ဧကြုန်မြို့၏ဘုရား ဗာလဇေဗုပ်ကို သွား၍မေးမြန်းရသလော။
ဗာလဇေဗုပ်ကို တိုင်ပင်သည့်အတွက် ပုတ်ခတ်သည့်အနေဖြင့် ဤမေးခွန်းကို မေးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ ဣသရေလဘုရားအကြောင်းနားလည်လာကြဖို့ သတိပေးသည့် အထစ်အငေါ့ စကားမျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အရှူးများ၊ ဣသရေလဘုရားရှိသည်ကို သင်တို့သိသည်။ သို့သော်လည်း ဧကြုန်မြို့၏ဘုရား ဗာလဇေဗုပ်ကို သွားရောက်တိုင်ပင်ရန် လူများစေလွှတ်သည်မှာ သင်တို့မသိရှိသည့်အတိုင်း ပြုမူခြင်းဖြစ်သည်"

ဗာလဇေဗုပ်ကို မေးမြန်းပါ
"တိုင်ပင်ပါ" သည် မေးခွန်းတစ်ခုနှင့်သက်ဆိုင်ပြီး တစ်စုံတစ်ယောက်၏ အမြင်အာဘော်ကို ဆိုလိုသည်။

ထို့ကြောင့် ထာဝရဘုရားပြောသည်မှာ
ဤဟာသည် အာခဇိရှင်ဘုရင်ထံသို့ ထာဝရဘုရား၏ သတင်းစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ထာဝရဘုရားက ရှင်ဘုရင်အာခဇိကိုပြောသည်မှာ"

သင်တက်သွားသော ကုတင်ပေါ်မှ သင်သည်နောက်ထပ် ပြန်မဆင်းရ
အာခဇိမင်း ဒဏ်ရာရသောအခါ ကုတင်ပေါ်တွင် လဲလောင်းနေသည်. ထာဝရဘုရားက သူသည်နောက်ထပ်မကျန်းမာလာဘဲ ကုတင်ပေါ်မှအပြင်သို့မထွက်ရဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပြန်၍ နေမကောင်းဘဲ သင်လဲလျောင်းသည့် ကုတင်မှ ထနိုင်မည်မဟုတ်ပါ"

2 Kings 05

သတင်းပို့သူများ အာခဇိထံသို့ ပြန်လာကြသည့်အခါ
ဧလိယနှင့်တွေ့ပြီးနောက် သတင်းပို့သူများသည် ရှင်ဘုရင်ထံသွားရမည့်အစား ဧကြုန်မြို့သို့ သွားကြခြင်းကို ဆိုလိုသည်။

ဣသရေ၌ ဘုရားမရှိသောကြောင့် ဧကြုန်မြို့၏ဘုရား ဗာလဇေဗုပ်ကို သွား၍မေးမြန်းရသလော။
ဗာလဇေဗုပ်ကို တိုင်ပင်သည့်အတွက် ပုတ်ခတ်သည့်အနေဖြင့် ဤမေးခွန်းကို မေးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ ဣသရေလဘုရားအကြောင်းနားလည်လာကြဖို့ သတိပေးသည့် အထစ်အငေါ့ စကားမျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အရှူးများ၊ ဣသရေလဘုရားရှိသည်ကို သင်တို့သိသည်။ သို့သော်လည်း ဧကြုန်မြို့၏ ဘုရား ဗာလဇေဗုပ်ကို သွားရောက်တိုင်ပင်ရန် လူများစေလွှတ်သည်မှာ သင်တို့မသိရှိသည့်အတိုင်း ပြုမူခြင်းဖြစ်သည်"

သင်တက်သွားသော ကုတင်ပေါ်မှ သင်သည်နောက်ထပ် ပြန်မဆင်းရ
အာခဇိမင်း ဒဏ်ရာရသောအခါ ကုတင်ပေါ်တွင် လဲလျောင်းနေသည်။ ထာဝရဘုရားက သူသည်နောက်ထပ်မကျန်းမာလာဘဲ ကုတင်ပေါ်မှအပြင်သို့မထွက်ရဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပြန်၍ နေမကောင်းဘဲ သင် လဲလျောင်းသည် ကုတင်မှ ထနိုင်မည် မဟုတ်ပါ"

2 Kings 07

ဆံပင်များဖြင့် ပြုလုပ်သည့် အဝတ်ကို သူဝတ်သည်
ဖြစ်နိုင်သည့် အဓိပ္ပါယ်

2 Kings 09

ရှင်ဘုရင်က တပ်မှူးကို စစ်သားငါးဆယ်နှင့် ဧလိယထံပို့လိုက်သည်။
ရှင်ဘုရင်က စစ်သားခေါင်းဆောင်ကို လူငါးဆယ်နှင့်အတူ ဧလိယထံသို့ ပြန်ပို့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက် ရှင်ဘုရင်က တပ်မှူးကို စစ်သားငါးဆယ်နှင့်အတူ ဧလိယကို ဖမ်းရန် လွှတ်လိုက်သည်"

လူ ငါးကျိပ်
"စစ်သား ငါးဆယ်"

ငါဘုရား၏လူလာသည့်အခါ ကောင်းကင်မှ မီးကျလာပါစေ
တပ်မှူးက ဘုရား၏ လူ ဧလိယကို ခေါ်ဆိုသည်၊ သို့သော်လည်း တပ်မှူးနှင့်ရှင်ဘုရင်က ဧလိယကို မည်သည့် လေးစားမှုမျိုးမှ မပြကြပါ။ ထို့ကြောင့် ဧလိယက ကောင်းကင်မှ မီးကျလာမည်။ ထိုမီးက ငါသည် ဘုရား၏ လူအစစ်အမှန်ဖြစ်သည် လေးစားမှု ခံထိုက်သောသူဖြစ်ကြောင်း သက်သေပြမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်ဘုရား၏လူဖြစ်သည့်အတွက် ကောင်းကင်မှ မီးကျလာပါစေ" သို့မဟုတ် "သင်တို့ပြောသည့်အရာ ငါသည် ဘုရား၏ လူဖြစ်ပါက ကောင်းကင်မှ မီးကျလာပါစေ"

ကောင်းကင်
"မိုးကောင်းကင်" (UDB)


generated on Sun Jun 30 02:37:40 2024

2 Kings 11

လူ ငါးဆယ်
"စစ်သား ငါးဆယ်"

ငါဘုရား၏လူလာသည့်အခါ ကောင်းကင်မှ မီးကျလာပါစေ
တပ်မှူးက ဘုရား၏လူ ဧလိယကို ခေါ်ဆိုသည်၊ သို့သော်လည်း တပ်မှူးနှင့် ရှင်ဘုရင်က ဧလိယကို မည်သည့် လေးစားမှုမျိုးမှ မပြကြပါ။ ထို့ကြောင့် ဧလိယက ကောင်းကင်မှ မီးကျလာမည်။ ထိုမီးက ငါသည် ဘုရား၏ လူအစစ်အမှန်ဖြစ်သည် လေးစားမှုခံထိုက်သောသူဖြစ်ကြောင်း သက်သေပြမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဘုရား၏ လူဖြစ်သည့်အတွက် ကောင်းကင်မှ မီးကျလာပါစေ" သို့မဟုတ် "သင်တို့ ပြောသည့်အရာ ငါသည် ဘုရား၏ လူဖြစ်ပါက ကောင်းကင်မှ မီးကျလာပါစေ"

ဘုရားသခင်၏မီး
ဘုရားသခင်မှလာသော မီးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားထံမှ မီး"

2 Kings 13

လူ ငါးဆယ်
"စစ်သည်ငါးဆယ်" သို့မဟုတ် "စစ်သား ငါးဆယ်"

သူ့ကို အသနားခံသည်
"သူ့ကို တောင်းဆိုသည်"

သင်၏အစေခံ ဤလူငါးဆယ်
တပ်မှူးက သူ၏ အစေခံများသည် ဧလိယကို လေးစားကြရမည့် ဧလိယ၏ အစေခံများဖြစ်ကြောင်း ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ငါးဆယ်သော စစ်သားများ"

သင်၏ရှေ့၌... ငါ၏အသက်သည် တန်ဖိုးရှိပါစေ
"သင်၏ ရှေ့၌" စကားလုံးသည် ဧလိယ၏ အထင်အမြင်ကို ဆိုလိုသည်။ တပ်မှူးက ဧလိယအား သူတို့ကို အသက်ရှင်ခွင့်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ အသက်ကို စဉ်းစားပေးပါ...သင့်ရှေ့၌ တန်ဖိုးရှိသည့်အနေဖြင့်" သို့မဟုတ် "ငါ၏ အသက်ကို စဉ်းစားပေးပါ...သင်ထံ၌တန်ဖိုးရှိ၍ ငါတို့ကို မသတ်ပါနှင့်"

သင်၏ရှေ့၌ ငါ၏အသက်သည် တန်ဖိုးရှိပါစေ
ဧလိယမှ သူ့ရဲ့သနားကြင်နာမှုပြသပြီး အသက်ချမ်းသာပေးရန် သူ၏ တောင်းဆိုချက်ကို တပ်မှူးက နောက်ထပ်ပြန်ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျေးဇူးပြု၍ သနားတော်မူပါ"

2 Kings 15

သင်တို့သည် အကျိုးအကြောင်းမေးမြန်းရန် ဣသရေ၌ ဘုရားမရှိသောကြောင့်လော။
ဗာလဇေဗုပ်ကို တိုင်ပင်အတွက် ပုတ်ခတ်သည့်အနေဖြင့် ဤမေးခွန်းကို မေးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ ဣသရေလဘုရားအကြောင်းနားလည်လာကြဖို့ သတိပေးသည့် အထစ်ငေါ့ စကားမျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အကျိုးအကြောင်း မေးမြန်းဖို့ ဣသရေလနိုင်ငံ၌ ဘုရားမရှိဟု သင်တို့ ထင်ရမည်" သို့မဟုတ် "သင်တို့ အရှူးများ၊ ဣသရေလဘုရားရှိသည်ကို သင်တို့သိသည်။ သို့သော်လည်း ဧကြုန်မြို့၏ဘုရား ဗာလဇေဗုပ်ကို သွားရောက်တိုင်ပင်ရန် လူများစေလွှတ်သည်မှာ သင်တို့မသိရှိသည့်အတိုင်း ပြုမူခြင်းဖြစ်သည်"

သင်တက်သွားသော ကုတင်ပေါ်မှ သင်သည်နောက်ထပ် ပြန်မဆင်းရ
အာခဇိမင်း ဒဏ်ရာရသောအခါ ကုတင်ပေါ်တွင် လဲလောင်းနေသည်။ ထာဝရဘုရားက သူသည် နောက်ထပ်မကျန်းမာလာဘဲ ကုတင်ပေါ်မှ အပြင်သို့ မထွက်ရဟု ပြောဆိုခြင်းဖြစ်သည်။ 1:3 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပြန်၍ နေမကောင်းဘဲ သင်လဲလျောင်းသည့် ကုတင်မှ ထနိုင်မည်မဟုတ်ပါ"

2 Kings 17

ဧလိယပြောသော ထာဝရဘုရား၏စကားတော်
"ထာဝရဘုရားက ဧလိယကိုပြောပြီး၊ ဧလိယက ပြန်ပြောသည့်စကား"

နှစ်နှစ်မြောက်
"ဒုတိယနှစ်မြောက်"

ယုဒရှင်ဘုရင် ယောရှဖတ်သား ယဟောရံ နန်းစံသည့်နှစ် နှစ်နှစ်မြောက်တွင်
ယခုလက်ရှိ ယုဒရှင်ဘုရင် ယဟောရံက နိုင်ငံအုပ်ချုပ်ခဲ့သည်မှာ မည်မျှကြာခဲ့ပြီကို ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောရှဖတ်၏ သား ယုဒရှင်ဘုရင် ယဟောရံ နန်းစံသည့်နှစ် နှစ်နှစ်မြောက်တွင်"

သူတို့မရေးထားသလော....ဣသရေလ၊
ဤအဖြေမလိုသောမေးခွန်းကို ရိုးရိုးမေးခွန်းအဖြစ် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ရေးထားလျက်ရှိသည်....ဣသရေလ။"


generated on Sun Jun 30 02:37:40 2024

# Translation Questions

## 2 Kings 1:1

အာခဇိမင်းသည် မည်သို့ ဒဏ်ရာရရှိခဲ့သနည်း။
အာခဇိမင်းသည် ရှမာရိမြို့၌ အထက်အခန်း ပြတင်းပေါက်မှ ပြုတ်ကျသဖြင့် ဒဏ်ရာရသည်။

## 2 Kings 1:3

အဘယ်ကြောင့် အာခဇိမင်းသည် စင်စစ်သေရမည်နည်း။
အာခဇိမင်းသည် ဧကြုန်မြို့၏ဘုရားဗာလဇေဗုပ်ဘုရားသို့ မေးမြန်း အကြံယူရန် သွားခဲ့သောကြောင့် စင်စစ် သေခဲ့ရသည်။

## 2 Kings 1:7

ဧလိယ သည် ဘာကို ဝတ်ဆင်ခဲ့သနည်း။
ဧလိယသည် အမွေးများနှင့် ပြုလုပ်သော အဝတ်အစား နှင့် သားရေခါးပန်းကို စည်းသောသောသူဖြစ်သည်။

## 2 Kings 1:9

ဘယ်အရာက တပ်မှူးများနှင့် သူ၏လူငါးကျပ်တို့ကို လောင်ကျွမ်းစေသနည်း။
ကောင်းကင်မှ ကျလာသောမီးသည် တပ်မှူးနှင့် သူ၏လူငါးကျိပ်တို့ကို လောင်ကျွမ်းစေသည်။

## 2 Kings 1:13

တတိယတပ်မှူးသည် မည်ကဲ့သို့ ဧလိယထံသို့ ချဉ်းကပ်ခဲ့သနည်း။
တတိယတပ်မှူးသည် ဧလိယထံသို့ သွား၍ ဒူးထောက် တောင်းပန်ခဲ့သည်။

## 2 Kings 1:17

ယောရံသည် အဘယ်ကြောင့် အာခဇိမင်းနေရာ၌ စတင်အုပ်ချုပ်ခဲ့သနည်း။
အာခဇိမင်းတွင် သားမရှိသောကြောင့် ယောရံသည် စတင်အုပ်ချုပ်ခဲ့သည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 2

[1] ထာဝရဘုရားသည် ဧလိယကို လေဘွေအားဖြင့် ကောင်းကင်သို့ ချီတော်မူချိန်နီးသောအခါ၊ ဧလိယသည် ဧလိရှဲနှင့်အတူ
ဂိလဂါလမြို့သို့ သွား၏။ [2] ဧလိယကလည်း၊ ဤအရပ်၌ နေရစ်ပါလော့။ ထာဝရဘုရားသည် ငါ့ကို ဗေသလမြို့သို့ စေလွှတ်တော်မူ
သည်ဟု ဧလိရှဲအားဆိုလျှင်၊ ဧလိရှဲက ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော်နှင့်
အကျွန်ုပ်မကွာရပါဟု ပြန်ပြောလျက်၊ ထိုသူနှစ်ယောက်တို့ သည် ဗေသလမြို့သို့သွားကြ၏။ [3]
ထိုမြို့၌ရှိသောပရောဖက်အမျိုးသားတို့သည် ဧလိရှဲကို ခရီးဦးကြိုပြုအံ့သောငှါထွက်လာ၍၊ ထာဝရ ဘုရားသည် ကိုယ်တော်သခင်ကို
ကိုယ်တော်ခေါင်းမှ ယနေ့နှုတ်သွားတော်မူမည်ကို သိတော်မူသလောဟု မေးလျှင်၊ ဟုတ်ကဲ့ငါသိ၏။ တိတ်ဆိတ်စွာ
နေကြပါဟုပြောဆို၏။ [4] ဧလိယကလည်း၊ အိုဧလိရှဲ၊ ဤအရပ်၌ နေရစ်ပါလော့။ ထာဝရဘုရားသည် ငါ့ကိုယေရိခေါမြို့သို့
စေလွှတ်တော်မူသည်ဟုဆိုလျှင်၊ ဧလိရှဲက၊ ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော်နှင့်
အကျွန်ုပ်မကွာရပါဟု ပြန်ပြော လျက်၊ ထိုသူနှစ်ယောက်တို့သည် ယေရိခေါမြို့သို့ သွားကြ ၏။ [5] ထိုမြို့၌ရှိသော
ပရောဖက်အမျိုးသားတို့သည် ဧလိရှဲထံသို့လာ၍ ထာဝရဘုရားသည် ကိုယ်တော်သခင် ကို ကိုယ်တော်ခေါင်းမှ၊
ယနေ့နှုတ်သွားတော်မူမည်ကို သိတော်မူသလောဟုမေးလျှင်၊ ဟုတ်ကဲ့ငါသိ၏။ တိတ်ဆိတ်စွာ နေကြပါဟု ပြောဆို၏။ [6]
ဧလိယကလည်း ဤအရပ်၌ နေရစ်ပါလော့။ ထာဝရဘုရားသည် ငါ့ကိုယော်ဒန်မြစ်သို့ စေလွှတ်တော် မူသည်ဟုဆိုလျှင်၊ ဧလိရှဲက၊
ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော် နှင့်အကျွန်ုပ်မကွာရပါဟု ပြန်ပြောလျက်၊ ထိုသူ
နှစ်ယောက်တို့သည် အတူသွားကြ၏။ [7] ပရောဖက်အမျိုးသားငါးကျိပ်တို့သည် အဝေးကကြည့်ရှုခြင်းငှါ သွား၍ရပ်နေကြ၏။
ထိုသူနှစ်ယောက်တို့ သည် ယော်ဒန်မြစ်နားမှာ ရပ်နေကြ၏။ [8] ဧလိယသည် မိမိဝတ်လုံကိုယူ၍ လိပ်ပြီးမှ၊ ရေကိုရိုက်သဖြင့် ရေသည်
တဘက်တချက်ကွဲ၍ ၊ ထိုသူ နှစ်ယောက်တို့သည် မြေပေါ်မှာ ရှောက်သွားကြ၏။ [9] မြစ်တဘက်သို့ ရောက်သောအခါ ၊ ဧလိယက၊
သင်နှင့်ငါမကွာမှီ ငါ၌တစုံတခုသော ဆုကို တောင်းလော့ဟု ဧလိရှဲအားဆိုလျှင်၊ ဧလိရှဲက၊ ကိုယ်တော်ဝိညာဉ်နှစ်ဆ သောအဘို့ကို
အကျွန်ုပ်အပေါ်မှာ ရှိပါစေသောဟု တောင်းသော်၊ [10] ဧလိယကသင်သည်ရခဲသောဆုကို တောင်း၏ သင်နှင့်ငါကွာသည်ကို
မြင်လျှင်ရမည်။ သို့မဟုတ် မရဟု ပြောဆို၏။ [11] ထိုသို့နှုတ်ဆက်လျက်သွားကြစဉ်တွင်၊ မီးရထား နှင့် မီးမြင်းတို့သည် ပေါ်လာ၍
ထိုသူနှစ်ယောက်တို့ကို ခွဲခွါသဖြင့်၊ ဧလိယသည် လေတွေအားဖြင့် ကောင်းကင်သို့ တက်လေ၏။ [12] ဧလိရှဲသည် ကြည့်မြင်လျှင်
ငါ့အဘ၊ ငါ့အဘ၊ ဣသရေလရထား၊ ဣသရေလမြင်းပါတကားဟု ဟစ် သော်လည်း၊ နောက်တဖန် ဧလိယကိုမမြင်ရ။ မိမိအဝတ်ကို
ကိုင်၍ နှစ်ပိုင်းဆုတ်လေ၏။ [13] အောက်သို့ကျသော ဧလိယဝတ်လုံကို ကောက်၍ ပြန်လေ၏။ ယော်ဒန်မြစ်နားမှာ ရပ်၍၊ [14] ရေကို
ဝတ်လုံနှင့် ရိုက်လျက်၊ ဧလိယ ကိုးကွယ် သော ဘုရားသခင် ထာဝရဘုရားသည် အဘယ်မှာ ရှိတော်မူသနည်းဟူ၍ တဖန်
ရိုက်သောအခါ၊ ရေသည် တဘက်တချက်ကွဲသဖြင့် ဧလိရှဲသည် ကူးသွား၏။ [15] ယေရိခေါမြို့မှာ ကြည့်ရှုသော ပရောဖက်
အမျိုးသားတို့သည် ဧလိရှဲကို မြင်လျှင်၊ ဧလိယ၏ ဝိညာဉ် သည် ဧလိရှဲအပေါ်မှာ ကျိန်းဝပ်သည်ဟုဆိုလျက်
ခရီးဦးကြိုပြုအံ့သောငှါသွား၍ သူ့ရှေ့၌ မြေပေါ်မှာ ပြပ်ဝပ်ကြ၏။ [16] သူတို့ကလည်း၊ ကိုယ်တော်ကျွန်တို့၌ ခွန်အားကြီးသောသူ
ငါးကျိပ်ရှိပါ၏။ သူတို့သည်သွား၍ ကိုယ်တော်၏ သခင်ကိုရှာမည်အကြောင်း၊ အခွင့် ပေးတော်မူပါ။ ထာဝရဘုရား၏
ဝိညာဉ်တော်သည်သူ့ကို ချီယူ၍ တစုံတခုသော တောင်ပေါ်၌ဖြစ်စေ၊ ချိုင့်ထဲသို့ ဖြစ်စေ ချကောင်းချတော်မူလိမ့်မည်ဟု အခွင့်တောင်း
လျှင်၊ မစေလွှတ်ကြနှင့်ဟု ဧလိရှဲသည် မြစ်တားသော် လည်း၊ [17] သူတို့သည် ဧလိရှဲ စိတ်အားလျော့သည် တိုင်အောင်
အလွန်တောင်းပန်သောအခါ၊ စေလွှတ်ကြဟု ဆို၏။ သူတို့သည် လူငါးကျိပ်ကို စေလွှတ်သဖြင့်၊ သုံးရက် ပတ်လုံးရှာ၍ မတွေ့နိုင်ကြ။
[18] ဧလိရှဲသည် ယေရိခေါမြို့မှာ နေသေးသည် ဖြစ်၍၊ လူတို့သည် ပြန်လာသောအခါ၊ မသွားကြနှင့်ဟု ငါမြစ်ထားသည် မဟုတ်လောဟု
ဆို၏။ [19] ထိုမြို့သားတို့က၊ ကိုယ်တော်မြင်တော်မူသည်အတိုင်း၊ ဤမြို့တည်ရာ အရပ်သည်သာယာပါ၏။ သို့ရာတွင် ရေမကောင်း၊
မြေလည်းကိုယ်ဝန်ပျက်စေတတ် ပါသည်ဟု ဧလိရှဲအား လျှောက်ကြလျှင်၊ [20] ဧလိရှဲက၊ ဘူးသစ်တလုံးကို ဆားထည့်၍ ယူခဲ့
ကြလော့ဟုဆိုသည်အတိုင်း ယူခဲ့ကြ၏။ [21] ဧလိရှဲသည် စမ်းရေတွင်းသို့သွား၍ ဆားကိုခတ် လျက်၊ ထာဝရဘုရားမိန့်တော်မူသည်ကား
ဤရေကို ငါချိုစေ၏။ နောက်တဖန် သေစေမည်အကြောင်း၊ ကိုယ်ဝန်ပျက်စေမည်အကြောင်းကို မပြုရဟု၊ [22] ဧလိရှဲဆင့်ဆိုသော
အမိန့်တော်အတိုင်း ထိုရေ သည် ယနေ့တိုင်အောင် ချိုလေ၏။ [23] ထိုမြို့မှ ဗေသလမြို့သို့ပြန်၍ ခရီးသွားစဉ်တွင်၊ လုလင်ပျိုတို့သည်
မြို့ထဲကထွက်၍၊ ဟေဦးပြည်း၊ တက်ဦး လော့။ ဟေဦးပြည်း၊ တက်ဦးလော့ဟု ကဲ့ရဲ့ကြ၏။ [24] ဧလိရှဲသည် လှည့်ကြည့်ပြီးလျှင်၊
ထာဝရဘုရား၏ အခွင့်နှင့် ကျိန်ဆိုသဖြင့်၊ ဝံမနှစ်ကောင်တို့သည် တောထဲကထွက်၍ လုလင်ပျို လေးကျိပ်နှစ်ယောက်တို့ကို
ကိုက်သတ်လေ၏။ [25] ထိုမြို့မှ ကရမေလတောင်သို့၎င်း၊ ထိုတောင်မှ ရှမာရိမြို့သို့၎င်း အစဉ်အတိုင်းသွား၏။

2 Kings 01

ဖြစ်ပျက်လာသည့်အတိုင်း
"ဖြစ်ပျက်လာသည်" ဇာတ်လမ်းတစ်ခုမှ အခြားဇာတ်လမ်း၏ အကြောင်းကို နိဒါန်းပျိုးပေးခြင်း ဖြစ်သည်။

လေဘွေ
ဝိုင်းပြီး တိုက်ခိုက်သည့် မုန်တိုင်း

ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်သည့်အတိုင်း
"ထာဝရဘုရားနှင့် သင် အသက်ရှင်သည့်အတိုင်း" ဤနေရာ၌ ဧလိရှဲက သူပြောဆိုသည့် အရာသည် မှန်ကန်တိကျပြီး ထာဝရဘုရားနှင့်ဧလိယအသက်ရှင်ကြောင်း နှိုင်းယှဉ်ပြောခြင်းဖြစ်သည်။ လေးနက်သော ကတိပြုခြင်းမျိုး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ကို လေးနက်စွာ ကတိပြုပါသည်"

2 Kings 03

ပရောဖက်အမျိုးသားများ
သူတို့သည် ပရောဖက်၏ သားများဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် သူတို့သည် ပရောဖက် အုပ်စုအပါအဝင်များဖြစ်ကြောင်းကို ပြောလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များ ဖြစ်သည့် လူအုပ်"

ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်သည့်အလျောက် ငါသည် သင်တို့ကို မစွန့်လွှတ်
"ထာဝရဘုရားနှင့်သင် အသက်ရှင်သည့်အတိုင်း ငါသည်သင်တို့ကို မစွန့်လွှတ်" ဤနေရာ၌ ဧလိရှဲကသူပြောဆိုသည့်အရာသည် မှန်ကန်တိကျပြီး ထာဝရဘုရားနှင့် ဧလိယ အသက်ရှင်ကြောင်း နှိုင်းယှဉ်ပြောခြင်း ဖြစ်သည်။ လေးနက်သော ကတိပြုခြင်းမျိုးဖြစ်သည်။ 2:1 ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်သည် အသက်ရှင်သော ဘုရားဖြစ်သောကြောင့်သင်တို့ကို မစွန့်လွှတ်ပါဟု လေးနက်စွာ ကတိပြုပါသည်"

2 Kings 05

ယေရိခေါမြို့၌နေသော ပရောဖက်အုပ်စုဝင်တို့သည် ဧလိရှဲထံသို့ လာကြသည်
"ဧလိယနှင့် ဧလိရှဲတို့ ယေရိခေါမြို့နားသို့ လာကြစဉ် ထိုမြို့က ပရောဖက် အုပ်စုဝင်တို့သည် ဧလိရှဲကို ပြောကြသည်"

ပရောဖက်အမျိုးသားများ
သူတို့သည် ပရောဖက်၏သားများဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် သူတို့သည် ပရောဖက်အုပ်စု အပါအဝင်များဖြစ်ကြောင်းကို ပြောလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များ ဖြစ်သည့် လူအုပ်"

ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်သည့်အလျောက် ငါသည် သင်တို့ကို မစွန့်လွှတ်
"ထာဝရဘုရားနှင့်သင် အသက်ရှင်သည့်အတိုင်း ငါသည်သင်တို့ကို မစွန့်လွှတ်" ဤနေရာ၌ ဧလိရှဲကသူပြောဆိုသည့်အရာသည် မှန်ကန်တိကျပြီး ထာဝရဘုရားနှင့် ဧလိယ အသက်ရှင်ကြောင်း နှိုင်းယှဉ်ပြောခြင်းဖြစ်သည်။ လေးနက်သော ကတိပြုခြင်းမျိုးဖြစ်သည်။ 2:1 ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ကို မစွန့်လွှတ်ပါဟု လေးနက်စွာ ကတိပြုပါသည်"

2 Kings 07

ပရောဖက်အမျိုးသား ငါးဆယ်
"ပရောဖက်အမျိုးသား ငါးဆယ်"

ပရောဖက်တို့၏သားများ
သူတို့သည် ပရောဖက်၏ သားများဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် သူတို့သည် ပရောဖက်အုပ်စု အပါအဝင်များဖြစ်ကြောင်းကို ပြောလိုခြင်းဖြစ်သည်။ 2:3 ၌ မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များ ဖြစ်သည့် လူအုပ်"

သူတို့၏ ဆန့်ကျင်ဖက်တွင်ရပ်နေကြသည်
သူတို့ကို မျက်နှာမူပြီး သူတို့ ရပ်နေကြခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို မျက်နှာမူပြီး ရပ်နေကြသည်" သို့မဟုတ် "သူတို့ကို ကြည့်ပြီး အခြားတစ်ဖက်မှ ရပ်နေကြသည်"

ဝတ်လုံ
အဖုံးအဖြစ် အသုံးပြုသည့် အဝတ်အစား

မြစ်သည် နှစ်ခြမ်းကွဲ၍ ထိုသူနှစ်ယောက်တို့သည် ခြောက်သွေ့သော မြေပေါ်သို့ လမ်းလျှောက်ကြသည်
"ယော်ဒန်မြစ်သည် နှစ်ခြမ်းကွဲလျက် ခြောက်သွေ့သည့်မြေပေါ်၌ ဧလိယနှင့် ဧလိရှဲတို့ နှစ်ယောက်တို့သည် မြစ်၏ အခြားတစ်ဖက်တို့ ကူးသွားကြ၏"

အနားနှစ်ဖက်စလုံး၌
"လက်ယာဖက်နှင့် လက်ဝဲဖက်သို့" ရေကို ရိုက်သည့် ဧလိယ၏ လက်ဝဲနှင့် လက်ယာဖက်ကို ဆိုလိုသည်။

2 Kings 09

ဖြစ်လာသည်
ဖြစ်ပျက်လာခဲ့သည် ။

ဖြတ်သွားသည်
ယော်ဒန်မြစ်ဖြတ်သွားခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယော်ဒန်မြစ်ဖြတ်ကူးသွားခြင်း"

သင့်ဆီမှ ငါမကွာမှီ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ဆီမှ ထာဝရဘုရားစွန့်ခွာမသွားမှီ"

သင့်ဝိညာဉ်၏ နှစ်ဆ
ဧလိယ၏ ဝိညာဉ်က သူ၏ ဝိညာဉ်ဆိုင်ရာ တန်ခိုးကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ဝိဉာဉ်တန်ခိုး၏ နှစ်ဆ"

2 Kings 11

ကြည့်ပါ
"ကြည့်ပါ" စကားလုံးသည် ပြောချင်သည့် အချက်အလက်ကို အာရုံစိုက်ရန် နှိုးဆော်ခြင်းဖြစ်သည်။

မီးရထားနှင့် မီးမြင်းရထား
"မီးရထားနှင့်မီးမြင်း" တို့သည် မီးလောင်နေသော မြင်းနှင့် မီးလောင်နေသောရထား ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးမြင်းတို့ဆွဲသည့် မီးလောင်နေသောရထား"

လေဘွေဖြင့် ကောင်းကင်သို့တက်သွားလေသည်
"လေဘွေဖြင့် ကောင်းကင်သို့သယ်သွားလေသည်" "လေဘွေ" ကို 2:1. ၌ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရမည်။

ငါ့အဘ၊ ငါ့အဘ
သူလေးစားသည့် ခေါင်းဆောင်ဧလိယကို ဧလိရှဲက ခေါ်ခြင်းဖြစ်သည်။

နှစ်ပိုင်းအဖြစ် ဆုတ်ဖြဲလေ၏
လူတို့သည် ကြီးမားသည့် ဝမ်းနည်းမှုအနေဖြင့် သူတို့၏အဝတ်အစားများကိုဆုတ်ဖြဲကြလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ဝမ်းနည်းမှုကိုပြသည့်အနေဖြင့် သူဆိုအဝတ်ကို နှစ်ပိုင်းသို့ ဆုတ်ဖြဲလေ၏"

2 Kings 13

ဝတ်လုံ
အဖုံးအဖြစ်အသုံးပြုသည့် အပြင်ပိုင်းအဝတ်အစား။ သူ၏ အလုပ်ဂုဏ်ကို တင်စားခြင်းလည်း ဖြစ်သည်။ ဧလိရှဲသည် ဧလိယ၏ ဝတ်လုံကို ယူခြင်း ဆိုသည်မှာ ဧလိယ၏ ပရောဖက်အလုပ်ကို ဆက်ခံခြင်း သဘောဖြစ်သည်။

ဧလိယ၏ ဘုရား ထာဝရဘုရားသည် အဘယ်မှာနည်း။
ဧလိရှဲက ဧလိယနှင့်အတူရှိသော ထာဝရဘုရားသည် သူနှင့်အတူရှိရန် တောင်းလျှောက်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၊ ဧလိယ၏ ဘုရား ငါနှင့်အတူရှိ သလော။ အဘယ်မှာနည်း"

အခြားနှစ်ဖက်သို့ ပိုင်းသွားပြီး ဧလိရှဲက ဖြတ်သွားလေသည်
မြစ်သည်နှစ်ပိုင်းဖြစ်သွားပြီး ဧလိယနှင့်ရှိစဉ်အခါ ပြုသည့်နည်းတူ ဧလိရှဲက မြစ်ကို ဖြတ်သွားခြင်းဖြစ်သည်။

အနားနှစ်ဖက်စလုံး၌
"လက်ယာဖက်နှင့် လက်ဝဲဖက်သို့" ဧလိယရေကို ရိုက်သည့် လက်ဝဲနှင့် လက်ယာဖက်ကို ဆိုလိုသည်။

2 Kings 15

ပရောဖက် အမျိုးသားတို့
သူတို့သည် ပရောဖက်၏သားများဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် သူတို့သည် ပရောဖက်အုပ်စုအပါအဝင်များဖြစ်ကြောင်းကို ပြောလိုခြင်းဖြစ်သည်။ 2:3 ၌ မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များဖြစ်သည့် လူအုပ်"

သူ့ရှေ့၌ သူတို့ကို သူတို့ပြပ်ဝပ်လျက်ရှိကြသည်
လေးနက်သည့်လေးစားမှုနှင့် သူတို့ခေါင်းဆောင်အသစ်အဖြစ် အသိအမှတ်ပြုခြင်းကို ပြသည့်အနေဖြင့် သူတို့ပြုခြင်းဖြစ်သည်။

ဧလိယ၏ ဝိညာဉ်သည် ဧလိရှဲပေါ်၌ နားလေသည်
ဧလိယ၏ "ဝိညာဉ်" သည် ဝိညာဉ်တန်ခိုးကို ဆိုလိုသည်။ ဧလိရှဲက သူ ပိုင်ဆိုင်ထားသည့် ဝိညာဉ်တန်ခိုးကို သူ့အပေါ်သို့ ရောက်ရှိသည်ဟုပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိယ၌ ရှိသည့်ဝိညာဉ်တန်ခိုးနည်းတူ ဧလိရှဲ၌လည်းရှိသည်" သို့မဟုတ် "ဧလိယ၌ရှိသော ဝိညာဉ်တန်ခိုးသည် ယခုဧလိရှဲပေါ်၌ ရှိသည်"

သင်၏ကျွန်များထဲ၌ ခွန်အားကြီးသော လူငါးဆယ်ကို စေလွှတ်ပါ
"ခွန်အားကြီးသော လူငါးဆယ်" ဟု သူတို့ပြောသည်မှာ သူတို့ကို သူတို့ ပြန်ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြည့်ပါ၊ ငါတို့ ခွန်အားကြီးသော လူငါးဆယ်သည် သင်၏ကျွန်များဖြစ်ပါသည်၊ သွားခွင့်ပြုပါ"

ခွန်အားကြီးသော လူငါးဆယ်
"သန်မာ၍ခွန်အားကြီးသော လူငါးဆယ်"

2 Kings 17

သူတို့သည် ဧလိရှဲ အရှက်ရသည်တိုင်အောင် တိုက်တွန်းကြသောအခါ
ပရောဖက်သားများက "မဟုတ်" ဟု ဧလိရှဲမှ အဆိုးဖြင့်ပြောဆိုခြင်းကို ဆက်ပြီး တောင်းပန်ကြခြင်းဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ တောင်းဆိုချက်ကို ဧလိရှဲ ငြင်းဆိုခြင်းသည် မှားယွင်းသည်ဟု ခံစားလာသည့်တိုင်အောင်"

"မသွားနှင့်" ဟုငါပြောသည် မဟုတ်လော။
မည်သို့ဖြစ်ပျက်လာမည်ကို ရှေ့၌ ပြောဆိုခဲ့ပြီးသည်ကို အလေးအနက် ပေးချင်သည့်အတွက် ဤမေးခွန်းကို သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သင်မရှာသင့်သောကြောင့်၊ သင်မသွားသင့်ကြောင်း ငါပြောထားသည် မဟုတ်လော"

2 Kings 19

မြို့သားလူများ
"မြို့ခေါင်းဆောင်များ"

ဤမြို့၏အခြေအနေသည် စိတ်ချမ်းသာစရာဖြစ်သည်
မြို့သည် ကောင်းသောနေရာတွင် တည်ရှိသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမြို့သည် ကောင်းသောနေရာတွင် တည်ရှိသည်" သို့မဟုတ် "ဤမြို့၏တည်နေရာသည် ကောင်းသည့်တည်နေရာဖြစ်သည်"

ကိုယ်တော်မြင်တော်မူသည့်အတိုင်း
"ငါ၏ကိုယ်တော်" ဟု လူတစ်ယောက်က ဧလိရှဲကို လေးစားသည့်အနေဖြင့် ပြောဆိုခြင်းဖြစ်သည်။

အသီးသီးသော
"အသီးများစွာသီးသော"

2 Kings 21

ဤရေများကို ကုသလျက်
ထာဝရဘုရားက ရေဆိုးများကို သန့်စင်လာအောင်ကုသခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေများကို သန့်စင်စေသည်"

ထိုနေရာ၌ သေခြင်းမရှိတော့ပေ၊ မြေမြုံခြင်းလည်း မရှိတော့ပေ
ရေဆိုးကြောင့် ဖြစ်ပျက်သွားသည့်အရာကို ဆိုလိုသည်။ အငြင်းမပါအောင် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာ၌ သေခြင်းမရှိတော့ပါ၊ ဤရေကြောင့် သီးနှံ၌ ပြဿနာ မရှိတော့ပါ" သို့မဟုတ် "ယခုမှစ၍ ဤရေသည် အသက်ကိုယူလာပြီး မြေကိုလည်း သီးနှံသီးစေရန် ကူညီမည်"

ရေတို့သည် ကုသခြင်းကို ခံရကြ၏
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေတို့သည် သန့်စင်လျက် တည်နေကြသည်"

ယနေ့တိုင်အောင်.....ပြောသည်
တစ်စုံတစ်ခုသည် အခြေအနေတစ်ခုအထိ ယနေ့တိုင်အောင်တည်ရှိနေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိရှဲပြောသည့် စကားအရ ယနေ့ထိတိုင်အောင် တည်ရှိနေခြင်း"

2 Kings 23

ထိုနေရာမှ ဗေသလမြို့သို့ တက်သွားသည်
"တက်သွားသည်" စကားလုံးကို ယေရိခေါမြို့သည် ဗေသလမြို့ထက် ပင်လယ်ရေမျက်နှာပြင် ပိုမြင့်သည့်အတွက် ပြောဆိုခြင်းဖြစ်သည်။

တက်ဦးလော့
လုလင်ပျိုတို့သည် သူတို့ထံမှ ဧလိရှဲထွက်သွားစေကြလိုခြင်းကို "တက်သွား" သည်ဟု သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထွက်သွားပါ"

ထိပ်ပြောင်သည့်ခေါင်း
ထိပ်ပြောင်သည့်လူ၏ခေါင်းပေါ်တွင် မည်သည့်ဆံပင်မျှမရှိပါ။ လုလင်ပျိုတို့သည် ဧလိရှဲကို ထိပ်ပြောင်ဟု ပြက်ရယ်ပြုကြ၏။

ယောကျာ်းလေး လေးဆယ့်နှစ်ယောက်
ယောကျာ်းလေး လေးဆယ့်နှစ်ယောက်- "ယောကျာ်းလေး ၄၂ ယောက်"

## Translation Questions

2 Kings 2:1

ဧလိယနှင့်ဧလိရှဲတို့သည် ဂိလဂါလမြို့မှ မည်သည့်အချိန်တွင် ထွက်ခွာခဲ့သနည်း။
ထာဝရဘုရားသည် ဧလိယကို လေဘွေအားဖြင့် ကောင်းကင်သို့ ချီတော်မူချိန်နီးလာသောအခါ ဧလိယနှင့်ဧလိရှဲတို့သည် ဂိလဂါလမြို့မှ ထွက်ခွာခဲ့သည်။

2 Kings 2:3

ထာဝရဘုရားသည် သူ၏သခင်ကို သူ့ထံမှနှုတ်ယူမည်ဟု ပရောဖက်၏သားများပြောသောအခါ ဧလိရှဲမည်ကဲ့သို့ ပြန်ဖြေကြားခဲ့သနည်း။
ဧလိရှဲသည် ဟုတ်ကဲ့ငါသိ၏။ တိတ်ဆိတ်စွာ နေကြပါဟု ဖြေကြားခဲ့ပါသည်။


generated on Sun Jun 30 02:37:40 2024

2 Kings 2:7

မြစ်သည် အဘယ်ကြောင့် တဘက်တချက်ကွဲခဲ့သနည်း။
ဧလိယသည် မိမိဝတ်လုံကိုယူ၍ လိပ်ပြီးမှရေကိုရိုက်သောကြောင့် မြစ်သည် တဘက်တချက်ကွဲခဲ့သည်။

2 Kings 2:9

ဧလိရှဲသည် ဘာကို တောင်းဆိုခဲ့သနည်း။
ဧလိရှဲသည် ဧလိယ၏ဝိညာဉ်နှစ်ဆ သူ့အပေါ်သို့ ရောက်ရှိရန်အတွက် တောင်းဆိုခဲ့သည်။

2 Kings 2:11

မည်ကဲ့သို့ ဧလိယသည် ကောင်းကင်သို့ တက်ခဲ့သနည်း။
ဧလိယသည် လေဇွေတွေအားဖြင့် ကောင်းကင်သို့ တက်ခဲ့သည်။

2 Kings 2:13

ဧလိရှဲသည် ရေကို ဧလိယ၏ဝတ်လုံဖြင့်ရိုက်သောအခါ ဘာဖြစ်ပေါ်ခဲ့သနည်း။
ဧလိရှဲသည် ရေကို ဧလိယ၏ဝတ်လုံဖြင့် ရိုက်သောအခါ ရေသည် တဘက်တချက်ကွဲ၍ ဧလိရှဲသည် ကူးသွားသည်။

2 Kings 2:15

ပရောဖက် အမျိုးသားတို့သည် ခွန်အားကြီးသောသူ ငါးကျိပ် တို့ကို ဘာလုပ်စေချင်ခဲ့သနည်း။
ထိုသူတို့သည် ခွန်အားကြီးသောသူ ငါးကျိပ်တို့အား ထာဝရဘုရား၏ဝိညာဉ်တော်သည် ဧလိရှဲ၏သခင်ကိုချီယူ၍ တစ်စုံတစ်ခုသော တောင်ပေါ်၌ဖြစ်စေ၊ ချိုင့်ထဲ၌ဖြစ်စေ ချကောင်းချတော်မူမည်ဖြစ်၍ ဧလိရှဲ၏သခင်ကို ရှာစေချင်ကြပါသည်။

2 Kings 2:17

လူငါးကျိပ်တို့သည် ဘယ်လောက်ကြာကြာ ဧလိယကို ရှာဖွေခဲ့သနည်း။
လူငါးကျိပ်တို့သည် သုံးရက်ကြာကြာ ရှာဖွေခဲ့ပါသည်။

2 Kings 2:19

ယေရိခေါမြို့၌ မည်သည့်ပြဿနာ ရှိခဲ့သနည်း။
ရေမကောင်း၊ မြေလည်း ကိုယ်ဝန်ပျက်စေတတ်ပါသည်။

2 Kings 2:21

ရေကို မည်သို့ ပြုပြင်ခဲ့သနည်း။
ဧလိရှဲသည် စမ်းရေတွင်းသို့သွား၍ ဆားကို ခတ်ခဲ့ပါသည်။

2 Kings 2:23

လုလင်ပျိုတို့သည် ဧလိရှဲကိုကဲ့ရဲ့သောအခါ သူတို့အပေါ်သို့ မည်သည့်ကျိန်ခြင်း သက်ရောက်ခဲ့သနည်း။
လုလင်ပျိုတို့သည် ဧလိရှဲကိုကဲ့ရဲ့သောအခါ၊ ဝံမနှစ်ကောင်တို့သည် တောထဲကထွက်၍လုလင်ပျို လေးကျိပ်နှစ်ယောက်ကို ကိုက်သတ်လေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 3

1 ယုဒရှင်ဘုရင်ယောရှဖတ်နန်းစံဆယ်ရှစ်နှစ် တွင်၊ အာဟပ်သား ယောရံသည်ရှမာရိမြို့၌ မင်းပြု၍ ဣသရေလနိုင်ငံကို စိုးစံ၏။ 2
ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကို ပြု၏။ သို့ရာတွင် မိဘကဲ့သို့မပြု။ ခမည်းတော်လုပ် သော ဗာလရုပ်တုကို
ပယ်ရှား၏။ 3 သို့သော်လည်း ဣသရေလအမျိုးကို ပြစ်မှားစေ သော နေဗတ်၏သား ယေရောဗောင်ပြုသော ဒုစရိုက် အပြစ်ကို
မရှောင်မှီဝဲ၏။ 4 မောဘမင်းကြီး မေရှာသည် သိုးထိန်းကြီး ဖြစ်၍၊ ဣသရေလရှင်ဘုရင်အား သိုးသငယ်တသိန်းနှင့် အမွေး ပါသော
သိုးထီးတသိန်းကို ဆက်ရ၏။ 5 အာဟပ်သေသောအခါ၊ မောဘမင်းကြီးသည် ဣသရေလရှင်ဘုရင်ကို ပုန်ကန်လေ၏။ 6 ထိုအခါ
ယောရံမင်းကြီးသည် ရှမာရိမြို့ထဲက ထွက်၍ ဣသရေလအမျိုးသားအပေါင်းတို့ကို စာရင်း ယူ၏။ 7 ယုဒရှင်ဘုရင် ယောရှဖတ်ထံသို့
လူကိုစေလွှတ် ၍၊ မောဘမင်း ကြီးသည် ငါ့ကိုပုန်ကန်ပြီ။ မောဘပြည်ကို စစ်တိုက်ခြင်းငှါ ငါနှင့်အတူ လိုက်မည်လောဟု မေးလျှင်၊
ယောရှဖတ်က ငါလိုက်မည်။ ငါသည် မင်းကြီး ကဲ့သို့ ဖြစ်၏။ ငါ့လူတို့သည် မင်းကြီး၏ လူကဲ့သို့၎င်း၊ ငါ့မြင်းတို့သည် မင်းကြီး၏
မြင်းကဲ့သို့၎င်း ဖြစ်ကြသည်ဟု ပြန်ပြော၏။ 8 အဘယ်လမ်းဖြင့် စစ်ချီရမည်နည်းဟုမေးသော်၊ ဧဒုံတောလမ်းဖြင့်
ချီရမည်ဟုပြန်ပြော၏။ 9 ထိုသို့ဣသရေလရှင်ဘုရင်၊ ယုဒရှင်ဘုရင်၊ ဧဒုံ ရှင်ဘုရင်တို့သည် ဝိုင်း၍ခုနှစ်ရက် ခရီးသွားကြ၏။
ဗိုလ်ခြေများ သောက်စရာ၊ ပါသော တိရစ္ဆာန် များသောက်စရာ ရေမရှိ။ 10 ဣသရေလရှင်ဘုရင်က၊ ခက်လှပြီ။ ထာဝရ ဘုရားသည်
ဤရှင် ဘုရင်သုံးပါးတို့ကို မောဘလူတို့ လက်သို့အပ်ခြင်းငှါ စုဝေးစေတော်မူသည်တကားဟု ဆို၏။ 11 ယောရှဖတ်ကလည်း၊
ထာဝရဘုရား၌ မေး လျှောက်မည်အကြောင်း၊ ထာဝရဘုရား၏ ပရောဖက် တယောက်မျှမရှိသလောဟုမေးလျှင်၊ ဣသရေလ
ရှင်ဘုရင်၏ ကျွန်တယောက်က၊ ဧလိယလက်ထောက် ရှာဖတ်သားဧလိရှဲရှိပါ၏ဟု လျှောက်သော်၊ 12 ယောရှဖတ်က၊
ထာဝရဘုရား၏နှုတ်ကပတ် တော်သည် သူ၌ရှိတော်မူသည်ဟုဆိုလျက်၊ ရှင်ဘုရင် သုံးပါးတို့သည် ဧလိရှဲထံသို့သွားကြ၏။ 13
ဧလိရှဲသည် ဣသရေလရှင်ဘုရင်အားလည်း၊ ငါသည်သင်နှင့် အဘယ်သို့ ဆိုင်သနည်း။ သင့်အဘ၏ ပရောဖက်၊ သင့်အမိ၏
ပရောဖက်တို့ထံသို့ သွားလော့ဟု ဆိုလျှင်၊ ဣသရေလရှင်ဘုရင်က၊ မဆိုပါနှင့်။ ထာဝရ ဘုရားသည် ဤရှင်ဘုရင်သုံးပါးတို့ကို
မောဘလူတို့ လက်သို့ အပ်ခြင်းငှါ စုဝေးစေတော်မူသည်တကားဟု ဆိုသော်၊ 14 ဧလိရှဲက၊ ငါကိုးကွယ်သော ကောင်းကင်ဗိုလ် ခြေအရှင်
ထာဝရဘုရား အသက်ရှင်တော်မူသည် အတိုင်း၊ အကယ်၍ ယုဒရှင်ဘုရင်ယောရှဖတ်၏ မျက်နှာ ကို ငါမထောက်လျှင်၊ သင့်ကို
ငါမကြည့်မမြင်လို။ 15 စောင်းသမားကို ခေါ်ခဲ့ဟုဆို၍ စောင်းသမား သည် တီးသော အခါ၊ ထာဝရဘုရား၏ လက်တော်သည်
ဧလိရှဲအပေါ်သို့ ရောက်၍၊ 16 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤချိုင့်ပတ် လည်၌ ဆယ်ပေါင်းတို့ကို လုပ်ကြလော့။ 17
အကြောင်းမူကား၊ သင်တို့နှင့်တိရစ္ဆာန်တို့သည် သောက်စရာဘို့ လေမလာ၊ မိုဃ်းမရွာဘဲ ဤချိုင့်သည် ရေနှင့်ပြည့်လိမ့်မည်။ 18
ထိုအမှုသည် ထာဝရဘုရားရှေ့တော်၌ သာမည အမှုဖြစ်သေး၏။ မောဘလူတို့ကိုလည်း သင်တို့လက်သို့ အပ်တော်မူမည်။ 19
သင်တို့သည် ခိုင်ခံ့ထူးဆန်းသော မြို့ရှိသမျှတို့ကို လုပ်ကြံကြလိမ့်မည်။ အသုံးဝင်သော သစ်ပင်ရှိသမျှတို့ကို ခုတ်လှဲကြလိမ့်မည်။
ရေတွင်းရှိသမျှတို့ကို မြေဖို့ကြလိမ့်မည်။ ကောင်း သော မြေကွက် ရှိသမျှတို့ကို ကျောက်ခဲနှင့် ဖျက်ကြလိမ့် မည်ဟု မိန့်တော်မူ၏။ 20
နံနက်အချိန် ဘောဇဉ်ပူဇော်သက္ကာကို ပူဇော် သောအခါ၊ ရေသည် ဧဒုံလမ်းဖြင့်လာ၍ တပြည်လုံးကို လွှမ်းလေ၏။ 21 ရှင်ဘုရင်တို့သည်
စစ်ချီ၍ လာကြောင်းကို မောဘပြည်သားအပေါင်းတို့သည် ကြားသောအခါ၊ လက်နက်ဆောင်သောသူ အကြီးအငယ်ရှိသမျှတို့ကို
စုဝေးစေ၍၊ ပြည်စွန်းနားမှာ တပ်ချကြ၏။ 22 နံနက်စောစောထသောအခါ၊ ရေပေါ်မှာ နေရောင်ထင်၍၊ ပြည် တဘက်၌
ရေသည်အသွေးကဲ့သို့ နီသည်ကို မောဘပြည်သားတို့သည် မြင်ကြလျှင်၊ 23 အသွေးဖြစ်၏။ စင်စစ်ရှင်ဘုရင်တို့သည်
တယောက်ကိုတယောက်လုပ်ကြံ၍ သေကြပြီ။ သို့ဖြစ်၍ မောဘပြည်သားတို့၊ လုယူကြလော့ဟု ဆိုကြ၏။ 24 ဣသရေလတပ်သို့
ရောက်သောအခါ၊ ဣသ ရေလလူတို့သည် ထ၍ မောဘပြည်သားတို့ကို လိုက် သဖြင့် သူတို့သည် ပြေးကြ၏။ ဣသရေလလူတို့သည်
မောဘပြည်ထဲသို့တိုင်အောင် လိုက်၍ လုပ်ကြံကြ၏။ 25 မြို့တို့ကိုဖြိုဖျက်ကြ၏။ ကောင်းသော မြေကွက် ရှိသမျှတို့အပေါ်မှာ
လူအပေါင်းတို့သည် ကျောက်ခဲ ပစ်ချ၍ ဖုံးလွှမ်းကြ၏။ ရေတွင်းရှိသမျှတို့ကိုလည်း မြေဖို့ ၍၊ အသုံးဝင်သော သစ်ပင်ရှိသမျှတို့ကို
ခုတ်လှဲကြ၏။ ကိရဟရက်မြို့၌သာ မြို့ရိုးကို ချန်ထားရာတွင်၊လောက်လွှဲ သမားတို့သည် ဝိုင်း၍ ပစ်ကြ၏။ 26 မောဘမင်းကြီးသည်
အတိုက်မခံနိုင်သည်ကို သိသောအခါ၊ ထားကိုင်သောသူခုနစ်ရာကို ခေါ်၍ ဧဒုံရှင်ဘုရင်၏ တပ်ကိုဖျက်မည်ဟု အားထုတ်သော် လည်း
မဖျက်နိုင်။ 27 နောက်မှမိမိကိုယ်စား နန်းထိုင်ထိုက်သော သားဦးကို ယူ၍ မြို့ရိုးပေါ်မှာ မီးရှို့ရာယဇ်ပြုလေ၏။
ဣသရေလအမျိုးသားတို့သည် သူတပါးအမျက်ထွက်ခြင်း ကို ခံရသောကြောင့်၊ ထိုပြည်ကို ထား၍ ကိုယ်ပြည်သို့ ပြန်သွားကြ၏။

2 Kings 01

ယုဒရှင်ဘုရင် ယောရှဖတ် နန်းစံနှစ် ဆယ့်ရှစ်နှစ်
ယခုလက်ရှိ ယုဒရှင်ဘုရင် ယဟောရံက နိုင်ငံ အုပ်ချုပ်ခဲ့သည်မှာ မည်မျှကြာခဲ့ပြီကို ဖော်ပြလိုခြင်း ဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ယုဒရှင်ဘုရင် ယောရှဖတ် နန်းစံနှစ် ဆယ့်ရှစ်နှစ်မြောက်တွင်"

ဆယ်ရှစ်နှစ်
"၁၈ နှစ်"

အာဟပ်၏သား ယောရံ
ဤလူကို တခါတရံ "ယဟောရံ" ဟုခေါ်ကြသည်။ 1:17၌ဖော်ပြသည့် "ယဟောရံ" ကို ဆိုလိုခြင်း မဟုတ်ပါ။

ထာဝရဘုရားအမြင်၌ အပြစ်ဖြစ်သောအရာကို သူပြုလုပ်ခဲ့သည်
"အပြစ်ဖြစ်သော" နာမဝိသေသနအသုံးကို ဆက်သွယ်ပြပုဒ်အဖြစ် ဘာသာပြန်နိုင်ပါက ပို၍ကောင်းသည်။ ထာဝရဘုရား၏ "အမြင်" သည် သူ၏ သဘောထားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား အပြစ်ဟု ပြောသည့်အရာများကို သူပြုလုပ်သည်" သို့မဟုတ် "ထာဝရဘုရားက အပြစ်ဟု ထင်သည့်အရာကို သူလုပ်သည်"

သို့သော် သူ၏ဖခင်နှင့် မိခင်ကဲ့သို့မပြု
သူ့ မိဘများထက် နည်းအောင်လုပ်ဆောင်သည်ကို နှိုင်းယှဉ်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမိဘများ လုပ်ဆောင်သည့် အပြစ်များလောက် သူမပြုခဲ့ပါ"

သန့်ရှင်းသော ဗာလကျောက်တိုင်
ကျောက်တိုင်ကို ဗာလဘုရားကိုးကွယ်ရာတွင် အသုံးပြုသည်၊ သို့သော် ကျောက်တိုင်သည် မည်သည့်ပုံစံဖြစ်သည်မှာ မည်သူမျှ မသိရှိကြပေ။ အခြားသောဘာသာပြန်ဆို ချက်၊ "ဗာလဘုရားကို ကိုးကွယ်ရန်အတွက် သန့်ရှင်းသော ကျောက်တိုင်"

ဒုစရိုက်အပြစ်ကို ပြုလေ၏
အပြစ်ဆက်လက် လုပ်ဆောင်နေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အပြစ်များကို ဆက်လက်ကျူးလွန်နေသည်"

နေဗတ်
လူ၏နာမည်ဖြစ်သည်။

သူတို့ဆီမှ သူသည် လှည့်သွားလေသည်
တစ်စုံတစ်ခုမှ "လှည့်သွားသည်" သည် လုပ်ဆောင်ခြင်း ရပ်တန့်မှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအပြစ်များလုပ်ခြင်းကို သူသည် မရပ်တန့်ပေ"

2 Kings 04

သူသည် ဣသရေလရှင်ဘုရင်ကို သိုးသငယ် တစ်သိန်း၊ သိုးထီး တစ်သိန်းပေးရန်ဖြစ်သည်။
ဣသရေလရှင်ဘုရင်က သူ၏နိုင်ငံတော်ကို ထိန်းချုပ်သည့်အတွက် မေရှာက ဤအရာများကို ပေးရမည်ဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏နိုင်ငံတော်ကို ဣသရေရှင်ကထိန်းချုပ်သည့်အတွက် နှစ်တိုင်း သိုးသငယ်တစ်သိန်းနှင့် သိုးထီးတစ်သိန်းကို အခွန်ခအဖြစ်ဆက်သရသည်"

စစ်တိုက်ဖို့ ဣသရေလတို့ကို စာရင်းယူလေသည်
"စစ်တိုက်ဖို့ရန် ဣသရေလလူအားလုံးကို ပြင်ဆင်စေသည်" "ဣသရေလလူအားလုံး" ဣသရေလစစ်သားအားလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်တိုက်ရန် ဣသရေလစစ်သားအားလုံးကို ပြင်ဆင်စေသည်"

2 Kings 07

ယေဘုယျအချက်အလက်
ရှင်ဘုရင်ယောရံသည် ရှင်ဘုရင်ယောရှဖတ်ကို ဆက်လက်စကားပြောနေသည်။

ငါနှင့်အတူ မောဘပြည်ကိုတိုက်ရန် သင် သွားမည်လော
"သင်" စကားလုံးသည် ယောရှဖတ်ကို ဆိုလိုပြီး သူနှင့် သူ၏ စစ်တပ်နှစ်ခုစလုံးကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။ "မောဘ" စကားလုံးသည် "မောဘစစ်သားများ" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောဘစစ်တပ်များကို တိုက်ခိုက်ရန် သင်နှင့်သင်၏ စစ်သားများ ငါနှင့်အတူ သွားမည်လော"

ငါသွားလိမ့်မည်
ယောရှဖတ်က သူနှင့်သူ၏စစ်တပ်တစ်ခုလုံးက ယောရံနှင့်အတူ မောဘပြည် တိုက်ခိုက်ရန်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် သင်တို့နှင့်အတူ သွားကြမည်"

ငါသည် သင်ကဲ့သို့ဖြစ်သည်။ ငါ့လူတို့သည် မင်းကြီး၏လူကဲ့သို့ရှင်း၊ ငါ့မြင်းတို့သည်လည်း မင်းကြီးမြင်းကဲ့သို့ရှင်း
ယောရှဖတ် က သူလူတွေ၊ သူမြင်းတွေကို သူ၏ရည်ရွယ်ချက်အတွက် ယောရံအား အသုံးပြုခွင့်ပေးသည်။ ယောရံပိုင်ဆိုင်သည့်အလား ပြောဆိုခြင်းဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အား မည်သည့်အရာလုပ်စေချင်သည်ဖြစ်စေ အဆင်သင့်ဖြစ်ကြပါသည်။ ငါ၏ စစ်သားများနှင့် မြင်းများလည်း သင့်ကိုကူညီရန် အဆင်သင့်ရှိကြပါသည်။"

ဧဒုံတောလမ်းဖြင့်
"ဧဒုံတောလမ်းဖြင့်သွား၍"

2 Kings 09

ဣလသရေလရှင်ဘုရင်၊ ယုဒရှင်ဘုရင်နှင့် ဧဒုံရှင်ဘုရင်
ရှင်ဘုရင်များနှင့် သူတို့နှင့်ပါလာကြမည့် သူတို့၏ စစ်သားများကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလရှင်ဘုရင်၊ ယုဒရှင်ဘုရင်နှင့် ဧဒုံရှင်ဘုရင် နှင့်သူတို့၏ စစ်သားများ"

စက်ဝိုင်း၏ထက်ဝက်သို့တက်ကြသည်
3:7 ၌ ဖော်ပြထားသည့်အတိုင်း သူတို့ခရီးသွားခြင်းကို သွယ်ဝိုက်နည်းဖြင့် ဖော်ပြခြင်းဖြစ်သည်။

စက်ဝိုင်းခြမ်း
စက်ဝိုင်းပုံတစ်ခု၏ တစ်ဝက်။

ထိုနေရာ၌ ရေမရှိ
ပြသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က ရေကို မတွေ့ကြပါ" သို့မဟုတ် "ရေတစ်စုံတစ်ခုမျှ သူတို့မတွေ့ကြပါ"

ဤအရာသည် မည်သည့်နည်း။ မောဘသို့လက်ထဲသို့ ရှင်ဘုရင်သုံးပါးစလုံးကို ပေးရန် ထာဝရဘုရားသည် ခေါ်ပြီလော။
ရှင်ဘုရင်က သူတို့၏ အခြေအနေသည် မည်မျှကြောက်စရာကောင်းသည်၊ မည်မျှပြက်ရယ်ပြုစရာကောင်းသည်ကို အလေးအနက်ပေးချင်သည့်အတွက် ဤအဖြေမလိုသော မေးခွန်းကို သုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ သုံးပါးစလုံးကို မောဘတို့က ဖမ်းဆီးရန် ထာဝရဘုရား ခွင့်ပြုပြီးသားနဲ့တူသည်"

သူတို့ကို မောဘပြည်သူများလက်ထံသို့ ပေးရန်
"မောဘ" စကားလုံးသည် သူ၏စစ်တပ်ကို ဆိုလိုသည်။ "မောဘ၏လက်ထဲသို့" သည် မောဘပြည်၏ ထိန်းချုပ်မှုအောက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို မောဘ၏ ထိန်းချုပ်မှုအောက်သို့ပေးရန်" သို့မဟုတ် "ထို့ကြောင့် မောဘစစ်တပ်က ငါတို့ကို အောင်နိုင်ဖို့ရန်" )

2 Kings 11

သူ့အားဖြင့် ထာဝရဘုရားကို မေးမြန်းဖို့ရန် ဤနေရာ၌ထာဝရဘုရား၏ ပရောဖက်မရှိသလော။
ထိုနေရာ၌ ထာဝရဘုရား၏ ပရောဖက်ရှိသည်၊ သူ့ကို မည်သို့ရှာဖွေရမည်ကို ဖော်ပြချင်သည့်အတွက် ဤအဖြေမလိုသောမေးခွန်းကို ရှင်ဘုရင်ယောရှဖတ်က သုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်မှာ၊ "ဤနေရာ၌ ထာဝရဘုရား၏ ပရောဖက်ရှိသည် သေချာသည်။ သူမှတဆင့် ထာဝရဘုရားကို တိုင်ပင်ဖို့ရန် သူအဘယ်မှာရှိသည်ကို ငါ့ကို ပြောပြပါ"

ရှာဖတ်
လူ၏ နာမည်ဖြစ်သည်။

ဧလိယ၏လက်ပေါ်၌ ရေလောင်းသောသူ
ဤအီဒီယမ်အသုံးအနှုန်းက သူသည် ဧလိယကို ကူညီသူဟု ဆိုလိုခြင်းဖြစ်သည်။ "လက်ပေါ်၌ ရေလောင်းသည်" ဟူသည့်စကားစုသည် ဧလိယ၏အမှုကို ဆောင်ရွက်သည့်နည်းလမ်းကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိယကို ကူညီသောသူ"

ထာဝရဘုရား၏စကားတော်သည် သူနှင့်အတူရှိသည်
သူသည် ပရောဖက်တစ်ပါးဖြစ်ပြီး ဘာပြောရမည်ကို ထာဝရဘုရားက ပြောပြသည်ဟု ဆိုလိုရင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို ထာဝရဘုရားက ပြောသည့်အရာကိုသာ သူပြောသည်"

သူ့ဆီကို ဆင်းသွားကြသည်
သူတို့ ဘာလုပ်သင့်သည်ကို သွားတိုင်ပင်ဖို့ရန် သူတို့သည် ဧလိယဆီသို့ သွားကြသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ဘာလုပ်သင့်သည်ကို မေးမြန်းဖို့ရန် ဧလိရှဲထံသို့ဆင်းသွားကြသည်"

2 Kings 13

ငါသည် သင်တို့နှင့် ဘာလုပ်ရမည်နည်း။
ဧလိရှဲက သူနှင့် ရှင်ဘုရင်တို့က အတူတကွလုပ်ဆောင်ရန် မရှိသည်ကို ဤမေးခွန်းမျိုးဖြင့် အလေးအနက်ပေးခြင်းဖြစ်သည်။ ရိုးရိုးမေးခွန်းအဖြစ် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့်အတူ အဘယ်အရာကို လုပ်ဆောင်ရမည်နည်း "သို့မဟုတ် "သင်နှင့် အဘယ်အရာကိုစုပေါင်း လုပ်ဆောင်ရမည်နည်း"

သူတို့ကို မောဘပြည်သူများလက်ထံသို့ ပေးရန်
"မောဘ၏လက်ထဲသို့" သည် မောဘပြည်၏ထိန်းချုပ်မှုအောက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို မောဘစစ်တပ် သိမ်းပိုက်ခွင့်ပြုရန်"

ငါသူ့အမှုကို ဆောင်သော ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား
"ငါသည် သူ့အမှုကိုဆောင်သော ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို သိသည်အတိုင်း" ဧလိရှဲက ထာဝရဘုရားသည် အမှန်တကယ် အသက်ရှင်သည်၊ ထိုနေရာ၌ ရှိခြင်းသည် ယောရှဖတ်အတွက် မဟုတ်လျှင် ယောရံကို အလေးထားမည်မဟုတ်ကြောင်း နှိုင်းယှဥ်ခြင်းဖြစ်သည်။ လေးနက်သော ကတိကဝတ်ပြုမှုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား ငါကိုးကွယ်သောအရှင်၏ မျက်မှောက်၌ ငါ ကတိပြုပါသည်"


generated on Sun Jun 30 02:37:40 2024

သူ့ရှေ့၌ ငါရပ်လျက်
ထာဝရဘုရား၏အမှုဆောင်ရွက်ခြင်းကို သူ့ရှေ့၌ ရပ်သည်ဟု သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါဆောင်သော သူ၏အမှု"

အကယ်၍ ယုဒရှင်ဘုရင် ယောရှဖတ်၏မျက်မှောက်ကို မထောက်လျှင် ငါသည် သင့်ကို မကြည့်မမြင်လို။
အငြင်းမပါအောင် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒရှင်ဘုရင် ယောရှဖတ်၏ မျက်မှောက်ကို ငါသည် လေးစားသည့်အတွက် သင့်ကိုသာ အလေးထားသည်"

ယောရှဖတ်၏ မျက်မှောက်တော်ကို ငါသည်လေးစားပါ၏
ယောရှဖတ်ကို သူ၏မျက်မှောက်တော်ဟု ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ယောရှဖတ်ကို လေးစားပါသည်"

ငါသည် သင့်ကို မည်သည့်အလေးမှ မထား၊ သင့်ကိုလည်း မကြည့်ရပါ။
ယောရံကို မည်သည့် အလေးမှ မထားသည်ကို ဖော်ပြချင်သည့်အတွက် ဤဆိုလိုရင်း တူညီသော စကားစုကိုအတူတူ သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့်အတူ လုပ်ဆောင်ရန် ဘာမှမရှိပါ"

2 Kings 15

ဖြစ်ပျက်လာခဲ့သည်
"ထိုအရာဖြစ်ပျက်လာခဲ့သည်"

စောင်းသမား
စောင်းတီးသူ

ဧလိရှဲအပေါ်၌ ထာဝရဘုရား၏လက်တော် ကျရောက်တော်မူသည်။
ထာဝရဘုရား၏ "လက်တော်" သည် သူ၏ "တန်ခိုး" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိရှဲအပေါ်၌ ထာဝရဘုရား၏ တန်ခိုးတော် ကျရောက်တော်မူသည်"

ဆယ်ပေါင်း
ဆယ်ပေါင်းသည် ရှည်လျား၍ နက်သောတွင်း ရေရယူနိုင်ရန် အလုပ်သမားများက တူးသည့် တွင်းဖြစ်သည်။

ဤမြစ်ချိုင့်ဝှမ်းကို ရေဖြင့်ပြည့်စေမည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဤမြစ်ချိုင့်ဝှမ်းကို ရေဖြင့် ငါပြည့်စေမည်"

သင်တို့သောက်ရလိမ့်မည်
ထာဝရဘုရား ပြင်ဆင်ပေးသောရေကို သောက်ရန်ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ရေကို သောက်ရကြမည်"

2 Kings 18

ထာဝရဘုရား၏အမြင်၌ လွယ်ကူသောအရာဖြစ်၏
ထာဝရဘုရား၏ "အမြင်သည် ထင်မြင်ချက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ဤအရာကို လုပ်ဆောင်ရန် လွယ်ကူသောအရာဖြစ်သည်" သို့မဟုတ် "ထာဝရဘုရားက လုပ်ဆောင်ရန် လွယ်ကူသော အရာ"

ခိုင်ခံ့သော မြို့
မြင့်မားသော နံရံများဖြင့် ရန်သူတို့၏ ရန်ကို ကောင်းစွာကာကွယ်ထားသည့် မြို့ကို ဆိုလိုသည်။

ကောင်းသောမြေကွက်ရှိသမျှတို့ကို ကျောက်ခဲနှင့် ဖျက်ကြလိမ့်မည်
မြေဩဇာကောင်းသောနေရာတွင် အသုံးပြု၍ မရအောင် ကျောက်ခဲများ ထားခြင်းကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းသောမြေကွက်များ အပေါ်တွင် ကျောက်ခဲများဖြင့် ဖုံးအုပ်ခြင်းဖြင့် ဖျက်ဆီးကြပါ"

2 Kings 20

ရေသည် လာသည်
"ရေသည် လျှံလျက်ရှိလာသည်"

တိုင်းနိုင်ငံကို ရေဖြင့် ပြည့်စေသည်
"တိုင်းနိုင်ငံသည် မကြာခင် ရေဖြင့်ပြည့်လာသည်"

တိုင်းနိုင်ငံ
"တိုင်းပြည် (သို့) နိုင်ငံ

2 Kings 21

ယခု
အဓိက ဇာတ်လမ်းမှ အခြားအကြောင်းအရာကို စပြောသည့်နေရာဖြစ်သည်။ စာရေးသူက မောဘစစ်သားများက ရှင်ဘုရင်သုံးပါးနှင့် သူတို့၏ စစ်သားများသွားရောက်တွေ့ဆုံရန် မည်ကဲ့သို့ပြင်ဆင်ကြပုံကို ပြောပြသည်။

စစ်ဝတ်တန်ဆာဝတ်ဆင်နိုင်သောသူ
"စစ်ဝတ်တန်ဆာ" သည် စစ်တိုက်နိုင်သည့် အရည်အချင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်တိုက်နိုင်သော ယောကျ်ားအားလုံး"

ရှင်ဘုရင်များ ကြွလာပြီး
"ရှင်ဘုရင်များ" စကားလုံးသည် ရှင်ဘုရင်နှစ်ပါးစလုံးနှင့် သူတို့၏စစ်သားများအပါအဝင် ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်တို့သည် သူတို့၏ စစ်တပ်များနှင့်အတူ လာကြသည်" သို့မဟုတ် "ရှင်ဘုရင်များနှင့် သူတို့၏ စစ်သားများသည် လာကြသည်"

သွေးကဲ့သို့နီရဲ၏
ရေ၏နီရဲသော အသွင်အပြင်ကို သွေးကဲ့သို့အရောင်ရှိသည်ဟု ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သွေးကဲ့သို့ နီရဲသည်"

ထို့ကြောင့် ယခု၊ မောဘစစ်သားများ
စစ်သားများက သူတို့ကိုသူတို့ "မောဘ" ဟုသုံးနှုန်းကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောဘစစ်သားများ"

သူတို့ကို လုယူကြလော့
"သူတို့ ဥစ္စာများကို ခိုးကြလော့" တပ်မတော်သည် သူတို့၏ ရန်သူများအနိုင်ယူကြပြီးနောက် ချန်ခဲ့ကြသည့်တန်ဖိုးရှိသော မည်သည့်အရာမဆိုကိုသူတို့က လုယူကြလေ့ရှိသည်။

2 Kings 24

ကလ္လသရေလတို့၏ စခန်း
"ဣသရေလ" သည် ဣသရေလအားလုံးမဟုတ်ဘဲ ဣသရေလစစ်သားများကို သာ ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလစစ်သားများ၏ စခန်းချသည့် နေရာများ"

ဣသရေလလူမျိုးတို့သည် အံ့သြကြ၏
"ဣသရေလများ" သည် ဣသရေလအားလုံးမဟုတ်ဘဲ ဣသရေလစစ်သားများကိုသာ ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလစစ်သားများသည် အံ့သြကြ၏"

သူတို့၏ရှေ့၌ထွက်ပြေးကြ၏
"သူတို့ထံမှ ထွက်ပြေးကြသည်"

ကိရဟရက်မြို့
မောဘပြည်၏ မြို့တော်ဖြစ်သည်။

မြို့ရိုးကို ချန်ထားကြ၏
မြို့၏နံရံအဆောက်အဦးများကို ကျောက်များဖြင့် လုပ်ထားသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျောက်နံရံနှင့်အဆောက်အဦးများကို ထိုနေရာတွင် ချန်ထားကြသည်"

လောက်လွှဲများနှင့်တကွ
"လောက်လွှဲ" သည် ကြိုးနှစ်ခု၏ အဆုံး၌ တိရိစ္ဆာန်၏ သားရေစလေးထားပြီး တစ်စုံတစ်ယောက်က ကျောက်ခဲ သို့မဟုတ် မာကျောသည့်အရာ တစ်ခုခုထားပြီး အဝေးသို့ပစ်နိုင်သည့် အရာတစ်မျိုးဖြစ်သည်။

2 Kings 26

ရှင်ဘုရင် မေရှာ
3:4. ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

စစ်ရှုံးသည်
"သူ၏စစ်သားများစစ်ရှုံးခြင်း"

ဓားကိုင် ခုနစ်ရာ
"ဓားကိုင်စစ်သည် အယောက်၇၀၀ ယောက်"

ဓားကိုင်များ
ဓားများဖြင့် စစ်တိုက်သောစစ်သားများ

ထိုးဖောက်ဖျက်ဆီးမည်
"သူတို့ဖြစ်ချင်သည့်အရာကို အတင်းခိုင်းသည်" စစ်မြေပြင်၌ စစ်တိုက်ပြီး ရှေ့တိုးရန်အလွန်ခက်ခဲသည့် စစ်သားများ များစွာရှိကြသည်။

မီးရှို့ရာပူဇော်သက္ကာအဖြစ် သူ့ကို ဆက်သပါ
ရှင်ဘုရင် မေရှာက သူ့သားကို သေသည့်တိုင်အောင် မီးဖြင့်ရှို့သည်။ မောဘတို့၏ မှားယွင်းသောဘုရား ချဲမွတ်ဘုရားကို ဆက်သသည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ဆိုလိုရင်းကို ပြည့်စုံစွာဖော်ပြရန် လိုသည်။

ဣသရေလများအပေါ်ပြင်းထန်သောအမျက်ထွက်ခြင်း ဖြစ်စေသည်
"အမျက်" ကို ကြိယာဖြင့် ပြန်ရေးနိုင်သည်။ မည်သူကအမျက်ထွက်သည်ဆိုသည်ကို ဖြစ်နိုင်သည့် ပုဂ္ဂိုလ်နှစ်ဦးရှိသည်

---

## Translation Questions

2 Kings 3:1

ယောရံပြုသော ဒုစရိုက်သည် သူ၏ ဖခင်နှင့် မိခင်ပြုသော ဒုစရိုက်နှင့် အဘယ်သို့ ကွာခြားသနည်း။
ယောရံပြုသော ဒုစရိုက်သည် သူ၏ ဖခင်နှင့်မိခင်ပြုသော ဒုစရိုက်ကဲ့သို့မဟုတ် သူ့ဖခင်ပြုလုပ်သော ဗာလရုပ်တုကို ပယ်ရှား၏။

2 Kings 3:4

ယောရံမင်းကြီးသည် အဘယ်ကြောင့် ရှမာရိမြို့မှ ထွက်သွားခဲ့သနည်း။
ယောရံမင်းကြီးသည် ဣသရေလအမျိုးသားအပေါင်းတို့ကို စစ်ပွဲအတွက် စာရင်းယူရန် ရှမာရိမြို့မှ ထွက်သွားခဲ့သည်။


generated on Sun Jun 30 02:37:40 2024

2 Kings 3:9

မည်သည့်ဖိုလ်ခြေ သုံးခုတို့သည် ခုနစ်ရက်တိုင်အောင် ဝိုင်းရံ ချီတက်ခဲ့သနည်း။
ဣသရေလရှင်ဘုရင်၊ ယုဒရှင်ဘုရင်နှင့် ဧဒုံရှင်ဘုရင်တို့သည် ဝိုင်း၍ ခုနစ်ရက် ခရီးသွားကြသည်။

2 Kings 3:11

ဧလိရှဲသည် ဧလိယအတွက် ဘာကို ပြုလုပ်ပြီးခဲ့သနည်း။
ဧလိရှဲသည် လက်ထောက်ဖြစ်သောဧလိယ၏ လက်ပေါ်တွင် ရေလောင်းခဲ့ပြီးဖြစ်သည်။

2 Kings 3:13

ဧလိရှဲသည် အဘယ်ကြောင့် ဣသရေလရှင်ဘုရင်အား အာရုံစိုက်ခဲ့သနည်း။
ဧလိရှဲသည် ယုဒရှင်ဘုရင် ယောရှဖက်၏မျက်နှာကို ထောက်သောကြောင့်ဖြစ်သည်။

2 Kings 3:15

ထာဝရဘုရား၏လက်တော်သည် မည်သည့်အချိန်တွင် ဧလိရှဲပေါ်သို့ တက်ရောက်သနည်း။
စောင်းတီးသမားသည် စောင်းကိုတီးသောအခါ ထာဝရဘုရား၏လက်တော်သည် ဧလိရှဲ အပေါ်သို့ သက်ရောက်သည်။

2 Kings 3:20

တပြည်လုံးကို မည်သည့်အချိန်တွင် ရေလွှမ်းမိုးခဲ့သနည်း။
နံနက်အချိန် ဘောဇဉ်သက္ကာကို ပူဇော်သောအခါ၊ ရေသည် ဧဒုံလမ်းဖြင့်လာ၍ တပြည်လုံးကို လွှမ်းလေ၏။

2 Kings 3:21

မောဘပြည်သားတို့သည် မည်သူများကို စစ်တိုက်ရန် စုဝေးလာကြသနည်း။
လက်နက်ဆောင်နိုင်သောသူ အားလုံးတို့ကို မိမိတို့အလိုအလျောက် စုဝေးခဲ့ကြသည်။

မောဘပြည်သားတို့သည် ရေကို မြင်သောအခါ မည်သို့ထင်မြင်ခဲ့ကြသနည်း။
မောဘပြည်သားတို့သည် ရေကိုမြင်သောအခါ၊ စင်စစ်ဘုရင်သုံးပါးတို့သည် တယောက်ကို တယောက်လုပ်ကြံ၍ သေကြပြီဟု ထင်မှတ်ခဲ့ကြပါသည်။

2 Kings 3:26

မောဘမင်းကြီးသည် သားဦးအပေါ် ဘာကို ပြုလုပ်ခဲ့သနည်း။
မောဘမင်းကြီးသည် သားဦးကိုယူခဲ့၍ မြို့ရိုးပေါ်မှာ မီးရှို့ရာယဇ်ပြုခဲ့သည်။

## Chapter 4

1 ပရောဖက်အမျိုးသား၏ မယားတယောက် သည် ဧလိရှဲထံသို့လာ၍၊ ကိုယ်တော်ကျွန်၊ ကျွန်မ၏ ခင်ပွန်းသေပါပြီ၊
ကိုယ်တော်ကျွန်သည် ထာဝရဘုရားကို ရိုသေသောသူဖြစ်သည်ကို ကိုယ်တော်သိတော်မူ၏။ ယခုမှာ ကြွေးရှင်သည်
ကျွန်မ၏သားနှစ်ယောက်ကို ကျွန်ခံစေခြင်းငှါ လာပါပြီဟု ကြွေးကြော်လေ၏။ 2 ဧလိရှဲကလည်း၊ သင့်အဘို့အဘယ်သို့ ငါပြုရ
မည်နည်း။ သင့်အိမ်၌ အဘယ်ဥစ္စာရှိသနည်းဟု မေးလျှင်၊ ကိုယ်တော်ကျွန်မအိမ်၌ ဆီအိုးတလုံးမှတပါး အဘယ်ဥစ္စာမျှ မရှိပါဟု
ပြောဆိုသော်၊ 3 ဧလိရှဲက သွားလော့။ အိမ်နီးချင်းရှိသမျှတို့တွင် လပ်သောအိုးတို့ကို ငှါးယူလော့။ များစွာသော အိုးတို့ကို ငှားယူလော့။ 4
ကိုယ်အိမ်သို့ ရောက်သောအခါ၊ သားတို့ကို ခေါ်၍ တံခါးကို ပိတ်ပြီးမှ ငှါးယူသော အိုးများအထဲသို့ ဆီကို အပြည့်လောင်း၍ ထားလော့
ဟုစီရင်သည်အတိုင်း၊ 5 ထိုမိန်းမသည် သွား၍သားတို့သည် အိုးများကို ယူခဲ့ပြီးမှ၊ မိန်းမသည် သားတို့နှင့်အတူ အိမ်ထဲသို့ဝင်၍
တံခါးကိုပိတ်လျက် ဆီကို လောင်းလေ၏။ 6 အိုးများ၌ ဆီပြည့်သောအခါ၊ အိုးတလုံးကို ယူခဲ့ဦးဟုသားအားဆိုလျှင်၊ အိုးလပ်မရှိပါဟု
ပြန်ပြောသော်၊ ဆီသည် တန့်လျက် နေ၏။ 7 ထိုမိန်းမသည်လာ၍ ဘုရားသခင်၏ လူကို ကြားပြောလျှင်၊ သူက ထိုဆီကိုသွား၍
ရောင်းပြီးလျှင် ကြွေးကို ဆပ်လော့။ ကြွင်းသောဆီကို အမှီပြု၍ သင်နှင့် သားတို့သည် အသက်မွေးကြလော့ဟု ဆို၏။ 8 တနေ့သ၌
ဧလိရှဲသည်ရှုနင်မြို့သို့ သွားရာတွင်၊ ထိုမြို့၌ ထင်ရှားသောမိန်းမတယောက်သည် ဧလိရှဲကို ကျွေးခြင်းငှါ ခေါ်ပင့်လေ၏။
နောက်မှထိုလမ်းသို့ သွား သောအခါ၊ ကျွေးခြင်းကို ခံအံ့သောငှါ ထိုအိမ်သို့ ဝင်တတ်၏။ 9 မိန်းမကလည်း၊ ငါတို့နေရာလမ်းဖြင့် အစဉ်
သွားလာသော ဤသူသည် ဘုရားသခင်၏ သန့်ရှင်းသူ ဖြစ်သည်ကို ကျွန်ုပ်ရိပ်မိ၏။ 10 ဝင်ရိုးအပေါ်မှာ အခန်းငယ်တခုကို လုပ်ကြ
ကုန်အံ့။ သူ့အဘို့ ခုတင်၊ စားပွဲ၊ ထိုင်ခုံ၊ မီးခုံတို့ကို ထားကြ ကုန်အံ့။ သို့ဖြစ်၍၊ သူသည် ငါတို့ ဆီသို့ရောက်သောအခါ၊ ထိုအခန်းထဲသို့
ဝင်လိမ့်မည်ဟု မိမိခင်ပွန်းအား ဆို၏။ 11 တနေ့သ၌ ဧလိရှဲသည် ရောက်သဖြင့်၊ ထိုအခန်း ထဲသို့ဝင်၍ အိပ်နေ၏။ 12
ထိုရှုနင်မြို့သူမိန်းမကို ခေါ်လော့ဟု မိမိကျွန် ဂေဟာဇိအားဆိုသည်အတိုင်းခေါ်၍၊ မိန်းမသည် ဧလိရှဲ ရှေ့မှာ ရပ်နေ၏။ 13 ဧလိရှဲက၊
သင်သည်ငါတို့အဘို့ ဤမျှလောက် လုပ်ကြွေးပြုစုသည်အတွက်၊ သင့်အဘို့အဘယ်သို့ ပြုရ မည်နည်း။ သင့်အဘို့ ရှင်ဘုရင်ထံ၊
ဗိုလ်ချုပ်မင်းထံ၌ ငါပြောရမည်လောဟု ဂေဟာဇိမေးမည်အကြောင်း စီရင် သော်၊ မိန်းမက၊ ကျွန်မသည် ကိုယ်အဆွေအမျိုးတို့တွင်
နေပါဦးမည်ဟု ပြန်ပြော၏။ 14 ဧလိရှဲကလည်း၊ ဤမိန်းမအဘို့ အဘယ်သို့ ပြုစရာရှိသနည်းဟု မေးပြန်လျှင်၊ ဂေဟာဇိက၊ ဤမိန်းမ ၌
သားသမီးမရှိပါ။ သူ့ခင်ပွန်းလည်း အိုလှပြီဟု ဆိုသော်၊ 15 တဖန်ခေါ် ဦးလော့ဟုဆိုသည်အတိုင်း ခေါ်၍၊ မိန်းမသည်
တံခါးဝမှာရပ်နေ၏။ 16 ဧလိရှဲကလည်း၊ သင်သည် နောင်နှစ်အချိန် အရွယ်စေ့သောအခါ သားကို ဘက်ယမ်းရလိမ့်မည်ဟု ဆိုလျှင်၊
မိန်းမက အိုအရှင်၊ဘုရားသခင်၏လူ၊ ကိုယ်တော် ကျွန်မကို မုသာမသုံးပါနှင့်ဟု ပြန်ပြော၏။ 17 ထိုနောက်မိန်းမသည် ပဋိသန္ဓေယူ၍
ဧလိရှဲ ချိန်းချက်သော အချိန်အရွယ်စေ့သောအခါ သားကို ဘွားမြင်လေ၏။ 18 ထိုသားသည် နို့ကွာပြီးမှ၊ တနေ့သ၌ စပါးရိတ်
သောသူတို့ရှိရာ မိမိအဘထံသို့သွား၍၊ 19 ငါသည်ခေါင်းနာ၏။ ခေါင်းနာ၏ဟု အဘအား ပြောဆိုလျှင်၊ အဘက၊ သူငယ်ကို အမိထံသို့
ယူသွားဟု လုလင်အားပြော၏။ 20 လုလင်သည်အမိထံသို့ယူသွား၍၊ သူငယ်သည် အမိရင်ခွင်၌ ထိုင်၍မွန်းတည့်အချိန်ရှိပြီးမှ သေ၏။
21 အမိသည် မြို့ရိုးပေါ်သို့တက်၍ အလောင်းကို ဘုရားသခင့် လူ၏ခုတင်ပေါ်မှာ ထားပြီးလျှင်၊ တံခါးကို ပိတ်ခဲ့၍ သွားလေ၏။ 22
ခင်ပွန်းကိုလည်းခေါ်၍၊ ကျွန်ုပ်သည် ဘုရား သခင်၏လူထံသို့ ပြေး၍ တဖန်ပြန်လာဦးမည်။ လုလင် တယောက်နှင့်မြည်းတစီးကိုထည့်
လိုက်ပါဟုဆိုလျှင်၊ 23 ခင်ပွန်းက၊ အဘယ်ကြောင့် ယနေ့သွားချင် သနည်း။ လဆန်းနေ့မဟုတ်၊ ဥပုသ်နေ့လည်းမဟုတ်ဟု ဆိုသော်၊
မိန်းမက၊ ကောင်းပါလိမ့်မည်ဟု ပြန်ပြော၏။ 24 မြည်းကို ကုန်းနှီးတင်ပြီးမှ ကျွန်ကိုခေါ်၍ နှင်သွားလော့။ ငါမပြောလျှင်
ငါ့ကြောင့်အသွား မနှေးစေ နှင့်ဟု ကျွန်အား မှာထားသဖြင့်၊ 25 ခရီးသွား၍ ဘုရားသခင်၏ လူရှိရာ၊ ကရမေလ တောင်ပေါ်သို့
ရောက်သည်ကို ဘုရားသခင်၏ လူသည် အဝေးကမြင်သောအခါ၊ မိမိကျွန် ဂေဟာဇိကိုခေါ်၍၊ ရှုနင်မြို့သူမိန်းမလာ၏။ 26 သင်ပြေး၍
ခရီးဦးကြိုပြုပြီးလျှင်၊ ကိုယ်တိုင်မာ ၏လော။ ခင်ပွန်းမာ၏လော။ သူငယ်မာ၏လောဟု စေလွှတ်၍ မေးစေသော်၊ မိန်းမ ကမာပါ၏
ဟုဆို၏။ 27 ဘုရားသခင်၏ လူရှိရာတောင်ပေါ်သို့ ရောက် သောအခါ၊ သူ၏ ခြေတို့ကို ဘက်လေ၏။ ဂေဟာဇိသည် ဆီးတားခြင်းငှါ
ချဉ်းလာလျှင်၊ ဘုရားသခင်၏ လူကသူ့ကို မဆီးတားနှင့်။ သူသည် စိတ်ညှိုးငယ်ခြင်းရှိ၏။ ထို အကြောင်းကို ထာဝရဘုရားသည်
ငါ့အားမပြ၊ ဝှက်ထား တော်မူပြီဟုဆို၏။ 28 မိန်းမကလည်း၊ ကျွန်မသည် ကျွန်မသခင်ထံမှာ သားဆုကို တောင်းပါသလော။
ကျွန်မကိုမုသာမသုံးပါ နှင့်ဟု လျှောက်ဆိုသည်မဟုတ်လောဟု ဆို၏။ 29 ဧလိရှဲသည် ဂေဟာဇိကို ခေါ်၍သင်၏ခါးကို စည်းလော့။
ငါ့တောင်ဝေးကို ကိုင်၍ သွားလော့။ လမ်းမှာ သူတပါးတွေ့လျှင် နှုတ်မဆက်နှင့်။ သင့်ကို သူတပါး နှုတ်ဆက်လျှင် ပြန်၍ မပြောနှင့်။
ငါ့တောင်ဝေးကို သူငယ် ၏မျက်နှာပေါ်မှာ တင်လော့ဟု မှာထားလေ၏။ 30 အမိကလည်း၊ ထာဝရဘုရားအသက်၊ကိုယ်တော်
အသက်ရှင်တော်မူသည်အတိုင်း၊ ကျွန်မသည် ကိုယ်တော် နှင့်ကွာ၍ မသွားနိုင်ပါဟု ဆိုလျှင်၊ ဧလိရှဲသည် ထ၍ လိုက် လေ၏။ 31
ဂေဟာဇိသည်အရင်သွား၍၊ တောင်ဝေးကို သူငယ်၏မျက်နှာပေါ်မှာတင်သော်လည်း၊ သူငယ်သည် အသံမပြုအမှုမထား။ ထိုကြောင့်
ဂေဟာဇိသည်ဧလိရှဲကို ခရီးဦးကြိုပြု၍၊ သူငယ်သည် မနိုးပါဟု ပြန်ပြော၏။ 32 ဧလိရှဲသည် အိမ်သို့ရောက်သောအခါ၊ သူငယ်
သေလျက်၊ မိမိခုတင်ပေါ်မှာ တင်ထားလျက်ရှိသည်ကို တွေ့သဖြင့်၊ 33 အထဲသို့ဝင်၍ နှစ်ယောက်တည်းရှိစေခြင်းငှါ တံခါးကိုပိတ်လျက်
ထာဝရဘုရားကို ဆုတောင်းလေ၏။ 34 သူငယ်၏အနီးအပါးသို့ ချဉ်း၍၊ သူ့အပေါ်မှာအိပ်လျက်နှုတ်ချင်း၊ မျက်လုံးချင်း၊

လက်ချင်းထပ်လျက်၊ သူငယ်အပေါ်မှာ ကိုယ်ကိုလှန်သဖြင့် သူငယ် အသားသည် နွေးစရှိ၏။ 35 တဖန်ဆင်း၍
အခန်းထဲမှာစကြံသွားပြီးလျှင်၊ ချဉ်းပြန်၍ သူငယ်အပေါ်မှာ ကိုယ်ကို လှသဖြင့်၊ သူငယ် သည် ခုနစ်ကြိမ် ချောဆေး၍ မျက်စိကိုဖွင့်၏။
36 ဧလိရှဲသည် ဂေဟာဇိကိုခေါ်၍၊ ရှုနင်မြို့သူ မိန်းမကို ခေါ်လိုက်ဟုဆိုသည်အတိုင်းခေါ်၍ သူသည် ရောက်လာသောအခါ၊ ဧလိရှဲက
သင်၏သားကို ချီယူ လော့ဟု ဆို၏။ 37 မိန်းမသည်အထဲသို့ဝင်၍၊ မြေပေါ်မှာ ပြပ်ဝပ် ဦးချပြီးလျှင် သားကိုချီယူ၍ထွက်သွား၏။ 38
တဖန်ဧလိရှဲသည် ဂိလဂါလမြို့သို့သွား၍၊ ထိုပြည်၌ အစာခေါင်းပါး၏။ ပရောဖက်အမျိုးသားတို့ သည် ဧလိရှဲရှေ့မှာထိုင်ကြစဉ်၊
ပရောဖက်အမျိုးသားတို့ အဘို့ကြီးသော အိုးကင်းကိုပြင်၍ ဟင်းချက်လော့ဟု မိမိ ကျွန်အားဆို၏။ 39 တစုံတယောက်သော သူသည်
ဟင်းသီး ဟင်းရွက်ကို ဆွတ်ခြင်းငှါ လယ်ပြင်သို့သွား၍ တောနွယ် ပင်ကို တွေ့လျှင်၊ တောဘူးသီးပိုက်နိုင်သမျှကို ဆွတ်ယူ ပြီးမှ၊ 40
ထိုဘူးမျိုးကို မသိဘဲဟင်းအိုးထဲသို့ ခတ်လေ၏။ ဟင်းအိုးစားအံ့ဟု လောင်းပြီးမှ ဝိုင်း၍စားကြစဉ်တွင်၊ အိုဘုရားသခင်၏လူ၊
အိုးထဲ၌သေဘေးရှိပါသည်ဟု အော်ဟစ်၍ မစားနိုင်ဘဲ နေကြ၏။ 41 ဧလိရှဲကလည်း၊ မုန့်ညက်ကို ယူခဲ့ဟုဆို၍ အိုးထဲ မှာ ခတ်ပြီးလျှင်၊
လူများစားစရာဘို့လောင်းဦးလော့ဟု ဆိုပြန်သော်၊ အိုး၌ဘေးမရှိ။ 42 တဖန်ဗာလရှလိရှမြို့မှ လူတယောက်သည် လာ၍၊ အဦးသီးသော
မုယောဆန်ဖြင့် လုပ်သော မုန့်လုံး နှစ်ဆယ်နှင့် အိတ်၌ထည့်သော အသီးအနှံများကို ဘုရား သခင်၏ လူထံသို့ ဆောင်ခဲ့၏။
ဧလိရှဲကလည်း၊ ဤလူများ ကို ကျွေးလော့ဟုဆိုလျှင်၊ 43 ကျွန်ကအဘယ်သို့နည်း။ ကျွန်တော်သည် လူတရာကို ဤမျှနှင့်
ကျွေးနိုင်ပါမည်လောဟုမေးလျှင်၊ ဧလိရှဲက ဤလူများကို ကျွေးလော့။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုသူတို့သည် ဝစွာ
စားကြသော် လည်း စားစရာကျန်ကြွင်းလိမ့်မည်ဟု မိန့်တော်မူကြောင်း ကို ပြောဆိုသော်၊ 44 ကျွန်သည်လူများရှေ့မှာထည့်၍
ထာဝရဘုရား ၏ စကားတော်နှင့်အညီ ထိုသူတို့သည် ဝစွာစားကြ၍၊ စားစရာကျန်ကြွင်းလျက်ရှိ၏။

---

2 Kings 01

ပရောဖက်၏သားများ
ပရောဖက်၏သားများဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ ပရောဖက်အုပ်စုဝင်များဟု ဆိုလိုခြင်းဖြစ်သည်။ 2:3. ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပရောဖက်များ"

သင်၏ကျွန်ဖြစ်သော ငါ၏ယောက်ျား
"သင်၏ ကျွန်ဖြစ်သော ငါ၏ ခင်ပွန်း"

ကြွေးရှင်
အခြားသူများကို ငွေချေးငှားသူဖြစ်သည်။

သင်၏ကျွန်၌ ဘာမှမရှိပါ
မိန်းမက ဧလိရှဲကိုလေးစားသည့် အနေဖြင့် ဧလိရှဲ၏ ကျွန်ဟု သုံးနှုန်းထားပါသည်။

ဆီအိုးတစ်လုံးမှတပါး အဘယ်ဥစ္စာမျှ မရှိပါ
သူမ၌ ရှိသော တန်ဖိုးရှိသောအရာမှာ ဆီအိုးသာဖြစ်သည်။

2 Kings 03

သင်သည် အထဲသို့ဝင်ရမည်
သူတို့၏အိမ်ထဲသို့ ဝင်သွားရန်ကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန် လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အိမ်ထဲသို့ သင် ဝင်ရမည်"

2 Kings 05

အိုးများ
"အိုးများ"

2 Kings 07

ဘုရားသခင်၏လူ
ဧလိရှဲကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရား၏ လူ ဧလိရှဲ"

ကြွင်းသောဆီကို အမှီပြု၍ သင်နှင့် သားတို့သည် အသက်မွေးကြလော့
သူတို့ လိုအပ်သည့် အဝတ်အစားနှင့်အစားအသောက်များဝယ်ယူရန်အတွက် ကျန်သောဆီများကိုရောင်းချ၍ ရလာသောပိုက်ဆံကို အသုံးပြုရန် ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့် သင့်သားများ အသက်ရှင်ရန်အတွက် လိုအပ်သောအရာကို ဝယ်ဖို့ ကျန်သောပိုက်ဆံကို အသုံးပြုရန်ဖြစ်သည်"

2 Kings 08

ရှုနင်မြို့
မြို့၏ နာမည်ဖြစ်သည်။

သူမနှင့်အတူအစာစားဖို့ တိုက်တွန်းသည်
ရပ်၍ သူမအိမ်၌ သူမနှင့်အတူ ထမင်းစားဖို့ တောင်းလျှောက်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူက သူမ အိမ်ကိုလာပြီး ထမင်းစားဖို့ သူ့ကိုတောင်းလျှောက်သည်"

ဖြတ်သန်း၍
"ရှုနင်မြို့ကို ဖြတ်သန်း၍"

ကြည့်ပါ၊ ယခုငါသတိထားမိပြီ
"ယခု ငါ နားလည်သဘောပေါက်ပြီ"

အမြဲတမ်းဖြတ်သန်းသူများ
"ပုံမှန် ခရီးသွားသူများ"

2 Kings 10

ယေဘုယျအချက်အလက်
အမျိုးသမီးသည် ဧလိရှဲအကြောင်းကို သူမ၏အမျိုးသားအား ပြောပြသည် ။

ကုန်အုံ
"ငါတို့" စကားလုံးသည် အမျိုးသမီးနှင့် သူမ၏ ယောကျာ်းကို ဆိုလိုသည်။

2 Kings 12

ဂေဟာဇိ
လူနာမည်ဖြစ်သည်။

ရှုနင်မြို့သူမိန်းမကို ခေါ်လော့
"ရှုနင်အမျိုးသမီးများကို ခေါ်လော့" ရှုနင်မြို့သူ ဧလိရှဲနှင့်အတူ နေထိုင်သည့်အမျိုးသမီးကို ဆိုလိုသည်။

သင်သည် ငါတို့အဖို့ ဤမျှလောက် လုပ်ကြွေးသည့်အတွက်
"ဒုက္ခအားလုံး" သည် ဧလိရှဲအတွက် သူမလုပ်ပေးသည့်အရာများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို လွန်စွာဂရုစိုက်ပြီး ကြင်နာမှုတရားပြပြီတကား"

သင့်အတို့အဘယ်သို့ ပြုရ မည်နည်း
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အတွက် ငါ ဘာလုပ်ပေးရမည်နည်း"

သင့်အတွက် ငါတို့ပြောပေးပါရစေ
ဧလိရှဲက သူမအတွက် ရှင်ဘုရင် သို့မဟုတ် တပ်မှူးထံသို့စကားပြောပေးဖို့ လိုလားခြင်း ရှိမရှိကို မေးမြန်းခြင်းဖြစ်သည်။ မြှပ်ထားသည့်အရာကို ဖော်ပြနိုင်ပါက ပိုကောင်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အတွက် ငါတို့က တောင်းလျှောက်ပေးရမည်လော"

ငါ့လူများကြား၌ ငါနေသည်
အမျိုးသမီးက သူမလိုအပ်ချက်များကို သူမအမျိုးများက ကူညီနေကြသည့်အတွက် မည်သည့်အရာမျှ မလိုကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အမျိုးများနှင့်အတူနေထိုင်သည်။ သူတို့က ငါ့ကို ဂရုစိုက်ကြသည့်အတွက် မည်သည့်အရာမျှ မလိုအပ်ပါ"

2 Kings 14

သူမကို ခေါ်သည်
"ငါ့ကိုလာတွေ့ဖို့ရန် သူမကို ခေါ်ပါ"

သူမကို သူကခေါ်သည့်အခါ
"သူမကို ဂေဟာဇိက ခေါ်သည့်အခါ"

တံခါး
တံခါးဝကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တံခါးဝ"

သားတစ်ယောက်
"သင်၏ သား"

ငါ၏သခင်နှင့် ဘုရား၏လူ
ဧလိရှဲကို ရည်ညွှန်းရာ၌ ဤနာမည်နှစ်ခုစလုံးကို အမျိုးသမီးက သုံးသည်။

သင်၏ကျွန်
ဧလိရှဲကို လေးစားမှုပြသည့်အနေဖြင့် အမျိုးသမီးက သူမကိုယ်သူမ ပြန်ရည်ညွှန်းခြင်းဖြစ်သည်။

2 Kings 17

ချိန်းချက်သော အချိန်အရွယ်စေ့သောအခါ
"လာမည့်နှစ်၏ တူညီသောရာသီအတွင်း"

ထိုသားသည် နို့ကွာပြီးမှ
"ကလေးကြီးပြင်း လာသည့်အခါ"

ငါသည် ခေါင်းနာ၏။ ခေါင်းနာ၏
ကလေးက သူ့ခေါင်းနာသည်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ခေါင်းနာသည်၊ ငါ၏ ခေါင်းနာသည်"

သူငယ်သည် အမိရင်ခွင်၌ ထိုင်၍မွန်းတည့်အချိန်ရှိပြီးမှ သေ၏
သူမ၏ သားကို သေသည့်တိုင် သူမ၏ ရင်ခွင်၌ ပိုက်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေမွန်းတည့်သည့်တိုင် သူမ၏ သားကို သူမ၏ ရင်ခွင်၌ ပိုက်ထားပြီးနောက် သေဆုံးလေ၏"

2 Kings 21

ဘုရားသခင့် လူ၏ခုတင်ပေါ်မှာ
ဧလိရှဲ ရှုနင်မြို့သို့ ခရီးသွားလာသည့်အခါ သူမ ပြင်ဆင်ပေးသည့် အခန်းထဲက ကုတင်ကို ဆိုလိုသည်။

ဘုရားသခင်၏လူ
"ဘုရားသခင်၏လူ ဧလိရှဲ"


generated on Sun Jun 30 02:37:40 2024

ဘုရားသခင်၏လူထံသို့ လျှင်မြန်စွာသွားပြီး ငါပြန်လာမည်

အမျိုးသမီးက သူမယောကျာ်းကို ဧလိရှဲသွားတွေ့ဖို့ရန်သာ ပြောပြီး သူမ၏ သားသေဆုံးသည့်အတွက် သွားလိုခြင်းကို မပြောပြခဲ့ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ လူထံသို့ ငါသည်အလျှင်အမြန်သွားပြီး ပြန်လာမည်" သို့သော် သူမ၏ ယောကျာ်းကို သူတို့၏ သား သေဆုံးကြောင်းကို မပြောပြခဲ့ပါ"

2 Kings 23

ကောင်းပါလိမ့်မည်

သူမ၏ ယောကျာ်းက သူမ တောင်းဆိုချက်ကို လုပ်မည်ဆိုလျှင် ဖြစ်လာမည့်အရာကို သူမက သိရှိခြင်းဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်လိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၏ တောင်းဆိုချက်ကို သင်လုပ်လျှင် အရာအားလုံးအဆင်ပြေပါလိမ့်မည်"

မြည်းကို ကုန်းနှီးတင်ပြီး

အမျိုးသမီးက မြည်းကို မောင်းနှင်တာမဟုတ်ဘဲ၊ သူမအတွက် ကျွန်ကသာ မောင်းနှင်ပေးမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမကို ကူညီရန် သူမ၌ ကျွန်ရှိသည်"

2 Kings 25

သူမသည် ဘုရား၏လူထံ ကရမေလတောင်၌ လာလေသည်

"ထိုအခါ သူမသည် ဘုရား၏လူ ဧလိရှဲရှိသည့်အရပ် ကရမေလတောင်သို့ ခရီးသွားလေသည်"

ဘုရား၏လူသည် သူမကို အဝေးကနေမြင်သည့်အခါ

"သူမသည် အဝေး၌ ရှိနေစဉ်တွင် သူမလာသည်ကို ဧလိရှဲက တွေ့ခဲ့သည်"

မာပါ၏

"ကောင်းသည်" သို့မဟုတ် "ဟုတ်ကဲ့၊ အရာအားလုံးအဆင်ပြေသည်" (UDB)

2 Kings 27

တောင်

"ကရမေလတောင်"

သူမက သူ၏ ခြေတို့ကို ဖမ်းထားလေ၏

သူ၏ ရှေ့ ၌ သူမ ဒူးထောက်လျက် သို့မဟုတ် လဲလျောင်းလျက် သူ၏ခြေထောက်ကို ဖမ်းချုပ်ထားသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် သူ၏ ရှေ့တွင် ဒူးထောက်လျက် သူမ၏ လက်များကို သူ၏ ခြေထောက်နားမှာ ချလျက်"

ထာဝရဘုရားသည် ငါ့အားမပြ၊ ဝှက်ထား တော်မူပြီ

ဧလိရှဲက အမျိုးသမီး ဝမ်းနည်းသည်ကို မြင်သော်လည်း ထာဝရဘုရားက သူမပြဿနာအကြောင်းကို မည်သည့်အရာမျှ မဖွင့်ပြခဲ့ပါ။

2 Kings 28

သခင် သားတစ်ယောက်ကို ငါတောင်းခဲ့သလော။ 'ငါ့ကို မလှည့်စားပါနှင့်' ဟု ငါပြောသည်မဟုတ်လော။

မည်သည့်အရာဖြစ်ပျက်ခဲ့သည့်အကြောင်း သူမဝမ်းနည်းသည်ကို ပြသည့်အနေဖြင့် ဤအဖြေမလိုသော မေးခွန်းကို အမျိုးသမီးက သုံးခြင်းဖြစ်သည်။ သူမ သားတစ်ယောက်ဖွားမြင်မည်ဟု ပြောသည့်အခါ ဧလိရှဲနှင့်အတူ စကားပြောခန်းအကြောင်းကို သူမက ပြန်ပြောခြင်းဖြစ်သည်။ ဤမေးခွန်းမျိုးကို ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သားတစ်ယောက်ပေးရန် ငါသည် သင့်ကို မတောင်းလျှောက်ခဲ့ပါ၊ သို့သော် ငါ့ကို မလှည့်ဖြားဖို့ရန်သာ တောင်းလျှောက်ခဲ့သည်"

ခရီးသွားရန်အတွက် ဝတ်စားသည်

"ခရီးသွားရန် အဆင်သင့်ဖြစ်သည်။"

လူတစ်ဦးဦးတွေ့လျှင် နှုတ်မဆက်နှင့်၊ တစ်ဦးဦးက နှုတ်ဆက်လျှင်လည်း ပြန်မထူးနှင့်။

ဧလိရှဲက ဂေဟာဇိကို မည်သူ့ကိုမျှ စကားပြောပြီး မရပ်ဘဲ မြန်နိုင်သမျှ အမြန်ဆုံးဖြင့် ခရီးသွားရန် အလိုရှိသည်။

2 Kings 30

ထာဝရဘုရားအသက်ရှင်တော်မူသည်ဖြစ်၍ သင်လည်း အသက်ရှင်သည်

"ထာဝရဘုရား အသက်ရှင်တော်မူသကဲ့သို့ သင်လည်း အသက်ရှင်သည်" အမျိုးသမီးက ထာဝရဘုရားနှင့် ဧလိယ အမှန်တကယ် အသက်ရှင်သည့်နည်းတူ၊ သူပြောသည့်အရာလည်း အမှန်ဖြစ်ကြောင်းကို နှိုင်းယှဉ်လိုခြင်းဖြစ်သည်။ လေးနက်သော ကတိပြုခြင်းလည်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လေးနက်စွာကတိပြုပါသည်"

ကလေးက စကားမပြော၊ အသံမကြား

ကလေးသည် အသက်မရှင်တော့သည်ကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန် လိုအပ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ရှင်သည့် လက္ခဏာ မည်သည့်အရာကမျှ မပြပါ"

မနိုးပါ

သေဆုံးသည်ကို အိပ်ပျော်သည်ဟု သုံးနှုန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေနေသည်"

2 Kings 32

ထို့ကြောင့် ဧလိရှဲက ဝင်သွားပြီး နှစ်ယောက်တည်းရှိစေခြင်းငှာ တံခါးကို ပိတ်လေသည်။
"ထို့ကြောင့် ဧလိရှဲက ကလေးရှိသည့် အခန်းသို့ ဝင်သွားပြီးနောက် တံခါးကို ပိတ်လေသည်"

2 Kings 35

ကလေးကို လှမ်းယူသည်
"ကလေးကို လှမ်းယူလိုက်သည်"

ရှုနင်လူမျိုးများ
"ရှုနင် အမျိုး၊ အမျိုးသမီးများ"

သူမသည် မြေပေါ်မှာ ပြပ်ဝပ်ဦးချပြီးလျှင်
ကြီးမားသောလေးစားမှု၊ အသိအမှတ်ပြုမှု အနေဖြင့် အမျိုးသမီးက ဧလိရှဲ၏ရှေ့တွင် ဦးညွှန်လေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမက သူ့ကို လေးစားသည့်အနေဖြင့် ဧလိရှဲ၏ ရှေ့တွင် သူမ၏ မျက်နှာကို မြေသို့ဦးညွှတ်လျက် ရှိသည်"

2 Kings 38

ပရောဖက်အမျိုးသားတို့
ပရောဖက်များ၏သားများဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ ပရောဖက်အုပ်စုများသာဖြစ်သည်။ 2:3 ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်အုပ်စုဝင်များ"

အိုးကင်း ဟင်းလျာ
အသားများနှင့် ဟင်းသီးဟင်းရွက်များကို အရည်လေးနှင့် အိုးထဲမှာချက်ထားသည့် ဟင်းလျာမျိုးဖြစ်သည်။

တောဘူးသီး
ဤအသီးများသည် အရိုင်းပင်များဖြစ်သည်၊ မည်သူကမျှ စိုက်ပျိုးခြင်းမရှိသည့် အပင်များဖြစ်သည်။

သူ၏တောနွယ်ပင်ကို ခေါက်၍
သူ၏ လက်များဖြင့် ထမ်းနိုင်သည့်ထက် ပိုများသော ဘူးသီးများကို ထမ်းနိုင်ရန် ကြိုး၏ အောက်ခြေကို ခါးထိမတင်ပြီး ထမ်းသည်။

မည်သည့်အမျိုးအစားမှန်း သူတို့မသိရှိခဲ့ကြပေ
ဘူးသီးများ စားရန်သင့်၊ မသင့်ကို သူတို့မသိရှိခဲ့ကြသည့်အတွက် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စားသုံးရန် ကောင်းသလော၊ ဆိုးသလောကို သူတို့မသိရှိကြပေ"

2 Kings 40

အိုးကင်းဟင်းလျာကို သူတို့လောင်းထည့်လိုက်ကြသည်
"ဇလုံများထဲသို့ အိုးကင်းဟင်းလျာကို သူတို့ထည့်ကြသည်"

အိုးထဲ၌ သေခြင်းရှိသည်။
အိုးထဲ၌ အသေကောင်ရှိသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ အိုးထဲ၌သူတို့ကို သေစေနိုင်သည့်အရာတစ်ခုခုရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို သေစေနိုင်သည့်အရာ အိုးထဲ၌ တစ်ခုခုရှိသည်"

အိုးထဲမှာ ခတ်သည်
"အိုးထဲရှိ အိုးကင်းဟင်းလျာ ထဲသို့ ထည့်လိုက်သည်"

လူများအတွက် လောင်းထည့်လော့
"ငင်းဖြင့် လူများကို ဧည့်ခံလော့ (သို့) ကျွေးမွေးလော့"

2 Kings 42

ဗာလရှာလိရှမြို့
မြို့၏ နာမည်ဖြစ်သည်။

မုန့်နှစ်ဆယ်
"မုန့် ၂၀ လုံး"

အသစ်သော ကောက်ရိတ်သိမ်းခြင်းမှ
"ကောက်ရိတ်သိမ်းခြင်းမှ သီးနှံ"

အဦးသီးသော မုယောဆန်
"အဦးသီးသော မုယောဆန်" ကောက်ရိတ်သိမ်း၍ အဦးဆုံးရသော သီးနှံကို ဆိုလိုသည်။

ဘာလဲ၊ လူတစ်ရာကို ကျွေးနိုင်မည်လော
လူတစ်ရာအတွက် လုံလောက်သောမုန့်မဟုတ်ကြောင်းကို ဤမေးခွန်းမျိုးဖြင့် မေးထားသည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ရာကို လုံလောက်စွာ ကျွေးနိုင်ရန် လုံလောက်မည်မဟုတ်"

လူတစ်ရာ
"လူ ၁၀၀ ယောက်"

ထာဝရဘုရား၏စကားတော်
ထာဝရဘုရားက သူပြောထားသည့်အရာအား ရည်ညွှန်းထားသည်။ ထာဝရဘုရား သူကိုယ်တိုင်ကို ရည်ညွှန်းသည့် အသုံးနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား"

# Translation Questions

2 Kings 4:1

ပရောဖက်အမျိုးသား၏ မယားတယောက်၏ သားတို့တွင် မည်သို့ဖြစ်ပွားနေခဲ့သနည်း။
ကြွေးရှင်သည် သူမ၏သားနှစ်ယောက်ကို ကျွန်ခံစေခြင်းငှါ လာနေခဲ့သည်။

2 Kings 4:3

မိန်းမသည် မည်သည့်နေရာမှ အိုးများကို ငှားယူရမည်နည်း။
မိန်းမသည် သူမ၏အိမ်နီးချင်းများမှ အိုးများကို ငှားယူရပါမည်။

2 Kings 4:5

ဆီသည် မည်သည့်အချိန်တွင် တန့်သွားသနည်း။
သူမ၏သားတို့သည် အိုးလပ်မရှိပါဟု ပြန်ပြောသောအခါ ဆီသည် တန့်သွားခဲ့သည်။

2 Kings 4:10

ရှုနင် အမျိုးသမီးနှင့် သူ၏ခင်ပွန်းတို့သည် ဧလိရှဲအတွက် ဘာကိုအဓိက ပြုလုပ်ခဲ့သနည်း။
သူတို့သည် ဧလိရှဲအတွက် ဝင်ရိုးအပေါ်တွင် အခန်းငယ်တစ်ခု၊ ခုတင်၊ စားပွဲ၊ ထိုင်ခုံ နှင့် မီးခုံတို့ကို ပြုလုပ်ပေးခဲ့ပါသည်။

2 Kings 4:14

မိန်းမသည် တစ်နှစ်အတွင်းတွင် ဘာကို ချီပွေ့ရမည်နည်း။
မိန်းမသည် တစ်နှစ်အတွင်းတွင် သားကို ချီပွေ့ရပါမည်။

2 Kings 4:17

ကလေးသည် မည်သည့်အချိန်တွင် မိမိခေါင်းကိုနာကျင်စေခဲ့သနည်း။
ကလေးသည် တနေ့သ၌ စပါးရိတ်သိမ်းသူများနှင့်အတူနေသော ဖခင်ထံသို့ သွားသောအခါ မိမိခေါင်းကိုနာကျင်စေခဲ့သည်။

ကလေးသည် မည်သည့်နေရာတွင် သေသည်အထိထိုင်ခဲ့သနည်း?
ကလေးသည် သေသည်အထိ မိခင်၏ဒူးပေါ်တွင် ထိုင်ခဲ့သည်။

2 Kings 4:25

ဘုရားသခင်၏လူသည် မည်သည့်နေရာတွင် ရှိခဲ့သနည်း။
ဘုရားသခင်၏လူသည် ကရမေလတောင်ပေါ်တွင် ရှိခဲ့ပါသည်။

ဂေဟာဇိသည် အမျိုးသမီးအား အားလုံးကောင်းသလောဟု မေးသောအချိန်တွင် အမျိုးသမီးသည် မည်သို့ ပြန်ဖြေခဲ့သနည်း။
ဂေဟာဇိသည် အမျိုးသမီးအား အားလုံးကောင်းသလောဟု မေးသောအချိန်တွင် အမျိုးသမီးသည် "အားလုံးကောင်းပါသည်" ဟု ပြန်ဖြေခဲ့သည်။

2 Kings 4:27

အမျိုးသမီးသည် ဘုရားသခင်၏လူရှိရာ တောင်ပေါ်သို့ ရောက်ခဲ့စဉ်တွင် အမျိုးသမီးသည် ဘာလုပ်ခဲ့သနည်း။
အမျိုးသမီးသည် ဘုရားသခင်၏လူရှိရာ တောင်ပေါ်သို့ ရောက်ခဲ့စဉ်တွင် အမျိုးသမီးသည် သူ၏ခြေတို့ကို ဘက်လေ၏။

2 Kings 4:28

ဂေဟာဇိသည် သူတပါးကတွေ့လျှင် သို့မဟုတ် တစုံတယောက်က နှုတ်ဆက်လျှင် ဘာလုပ်သင့်သနည်း။
သူတပါးသည် ဂေဟာဇိကို တွေ့လျှင် သို့မဟုတ် နှုတ်ဆတ်ခဲ့လျှင်၊ ဂေဟာဇိသည် ထိုသူတို့ကို ပြန်မဖြေဘဲ နေရပါမည်။

2 Kings 4:30

ဂေဟာဇိသည် ဘာကို သူငယ်၏မျက်နှာပေါ်တွင် တင်ထားခဲ့သနည်း။
ဂေဟာဇိသည် တောင်ဝှေးကို သူငယ်၏မျက်နှာပေါ်တွင် တင်ထားခဲ့ပါသည်။

2 Kings 4:32

သူငယ်၏အသားသည် မည်သို့ နွေးစပြုခဲ့သနည်း။
ဧလိရှဲသည် သူငယ်အပေါ်မှာ ကိုယ်ကိုလှန်သဖြင့် သူငယ်၏အသားသည် နွေးစပြုခဲ့သည်။

2 Kings 4:35

သူငယ်သည် မိမိမျက်စိမဖွင့်ခင် ဘာလုပ်ခဲ့သနည်း။
သူငယ်သည် ခုနစ်ကြိမ် နှာချေပြီးမှ မိမိမျက်စိကို ဖွင့်ခဲ့သည်။

2 Kings 4:38

တောဘူးသီးများကို မည်သူသည် စုဆောင်းခဲ့သနည်း။
ပရောဖက်အမျိုးသားတို့သည် တောဘူးသီးများကို စုဆောင်းခဲ့သည်။

2 Kings 4:40

ဧလိရှဲသည် အိုးထဲရှိသေဘေးကို မည်သို့ ဖယ်ရှားခဲ့သနည်း။
ဧလိရှဲသည် ဂျုံမှုန့်အနည်းငယ်ကို အိုးထဲသို့ လောင်းထည့်ခဲ့သည်။

2 Kings 4:42

မုယောဆန်ဖြင့်ပြုလုပ်သော မုန့်လုံး နှစ်ဆယ်ကို လူဘယ်လောက်များများက စားသုံးခဲ့သနည်း။
မုယောဆန်ဖြင့်ပြုလုပ်သော မုန့်လုံးနှစ်ဆယ်ကို လူအယောက်တစ်ရာက စားသုံးခဲ့ပါသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 5

1 ရှုရိရှင်ဘုရင်၏ ဗိုလ်ချုပ်မင်းနေမန်သည် မိမိ သခင်ထံမှာ မျက်နှာရသောသူ၊ ဘုန်းကြီးသောသူဖြစ်၏။ အကြောင်းမူကား၊
ရှုရိပြည်သည် ထိုသူအားဖြင့် အောင်ရ သောအခွင့်ကို ထာဝရဘုရား ပေးတော်မူပြီ။ ထိုသူသည် ခွန်အားကြီးသော စစ်သူရဲဖြစ်၏။
သို့ရာတွင် နူနာစွဲ၏။ 2 ရှုရိလူတို့သည် အလိုအလျောက်တပ်ဖွဲ့၍ ချီသွား စဉ်တွင်၊ ဣသရေလပြည်မှ ဘမ်းခဲ့သော မိန်းမငယ်
တယောက်သည် နေမန်၏မယားထံ၌ ကျွန်ခံရ၏။ 3 ထိုကျွန်မကလည်း၊ ကျွန်မသခင်သည် ရှမာရိမြို့ ၌ရှိသော ပရောဖက်ထံသို့
ရောက်ပါစေသော။ ထိုပရော ဖက်သည် သခင်၌ စွဲသော နူနာကို ပျောက်စေလိမ့်မည်ဟု မိမိသခင်မအားဆို၏။ 4 နေမန်သည်
မိမိအရှင်ထံသို့ ဝင်၍ဣသရေလ အမျိုးမိန်းမငယ်စကားကို ပြန်လျှောက်၏။ 5 ရှုရိရှင်ဘုရင်ကလည်း သွားလော့။ သွားလော့။
ဣသရေလရှင်ဘုရင်ထံသို့ စာပေးလိုက်မည်ဟု အမိန့် တော်အတိုင်း၊ နေမန်သည် ငွေအခွက်တရာ၊ ရွှေအခွက် ခြောက်ဆယ်၊
အဝတ်ဆယ်စုံကို ယူသွား၍၊ 6 ဣသရေလရှင်ဘုရင်ထံသို့ မိမိအရှင်၏စာကို သွင်းလေ၏။ စာ၌ပါသော အချက်ဟူမူကား၊ ကိုယ်တော်
သည် ငါ့ကျွန်နေမန်၏နူနာကို ပျောက်စေခြင်းငှါ သူ့ကို ဤစာနှင့် အတူငါစေလွှတ်သည်ဟု ပါသတည်း။ 7 ဣသရေလရှင်ဘုရင်သည်
ထိုစာကိုကြည့်ပြီးမှ၊ မိမိအဝတ်ကို ဆုတ်၍၊ ငါသည်အသက်ပေးပိုင်၊ နှုတ်ပိုင် သော ဘုရားဖြစ်သောကြောင့်၊ ဤသူသည်
လူနူကိုချမ်းသာပေးစေခြင်းငှါ ငါ့ထံသို့စေလွှတ်သလော။ ကြည့်ကြလော။ ဤသူသည် ငါ့ကို အဘယ် မျှလောက်ရန်ရှာချင်သည်ကို
ကြည့်ကြလော့ဟု ဆို၏။ 8 ဣသရေလရှင်ဘုရင်သည် မိမိအဝတ်ကို ဆုတ် သည်ဟု ဘုရားသခင်၏ လူဧလိရှဲသည်ကြားလျှင်၊
ကိုယ်တော်သည် အဘယ်ကြောင့် အဝတ်ကို ဆုတ် သနည်း။ ထိုသူသည် ငါ့ထံသို့ လာပါလေစေ။ ဣသရေလ ပြည်၌
ပရောဖက်ရှိသည်ကိုသိလိမ့်မည်ဟု ရှင်ဘုရင်ကို မှာလိုက်လေ၏။ 9 ထိုကြောင့်၊ နေမန်သည် မြင်းရထားကို စီးသွား၍ ဧလိရှဲအိမ်ရှေ့ မှာ
ရပ်နေ၏။ 10 ဧလိရှဲက၊ သင်သည်သွား၍ ယော်ဒန်မြစ်၌ ခုနစ်ကြိမ်တိုင် အောင်ရေချိုးလော့။ အသားပြောင်း၍ သန့်ရှင်းလိမ့်မည်ဟု
လူကိုစေလွှတ် ၍ ပြောစေ၏။ 11 နေမန်ကလည်း၊ အကယ်၍ ပရောဖက်သည် ထွက်လာမည်။ ငါ့အနားမှာ ရပ်လျက် မိမိဘုရားသခင်
ထာဝရဘုရား၏နာမကို ခေါ်၍ မိမိလက်နှင့်သုံးသပ် သဖြင့် နူနာကို ပျောက်စေမည်ဟု ငါထင်၏။ 12 ဒမာသက်ပြည်၌အာဗနမြစ်၊
ဖာဖာမြစ်တို့သည် ဣသရေလမြစ်အလုံးစုံထက်သာ၍ ကောင်းသည် မဟုတ် လော။ ထိုမြစ်၌ ငါရေချိုး၍ မသန့်ရှင်းရသလောဟု
ဆိုလျက် အမျက်ထွက်၍ ပြန်သွား၏။ 13 ကျွန်တို့သည် ချဉ်းလာ၍ အဘ၊ ခက်သောအမှု ကို ပြုရမည်ဟု ပရောဖက်စီရင်လျှင်
ပြုတော်မူမည် မဟုတ်လော။ ရေချိုး၍သာ သန့်ရှင်းခြင်းသို့ ရောက် လော့ဟု စီရင်လျှင် အဘယ်မျှလောက်သာ၍ ပြုတော်မူ
သင့်ပါသည်တကားဟု လျှောက်ကြသော်၊ 14 နေမန်သည် သွား၍ ဘုရားသခင်၏ လူစီရင် သည်အတိုင်း၊ ယော်ဒန်မြစ်၌
ကိုယ်ကိုခုနစ်ကြိမ်နှစ် သဖြင့်၊ သူ၏အသားသည် သူငယ်၏အသားကဲ့သို့ ပြောင်း၍ သန့်ရှင်းခြင်းသို့ ရောက်၏။ 15 သို့ပြီးမှ လိုက်သော
သူအပေါင်းတို့နှင့်တကွ ဘုရားသခင်၏ လူထံသို့ပြန်လာ၍ သူ့ရှေ့၌ရပ်လျက်၊ ဣသရေလပြည်မှတပါး အဘယ်ပြည်၌မျှ ဘုရားသခင်
မရှိသည်ကို ယခုအကျွန်ုပ်သိပါ၏။ သို့ဖြစ်၍ ကိုယ်တော် ၏ကျွန်လှူသော အလှူလက်ဆောင်ကို ခံယူတော်မူပါဟု
တောင်းလျှောက်လေ၏။ 16 ဧလိရှဲကလည်း၊ ငါကိုးကွယ်သော ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း မခံမယူရဟုဆိုလျှင်၊
ခံယူစေခြင်းငှါ တဖန် တိုက်တွန်းသော်လည်း ငြင်းပယ် လျက်နေ၏။ 17 နေမန်ကလည်း၊ သို့ဖြစ်လျှင် ကိုယ်တော်ကျွန် သည်
မြည်းနှစ်စီးနှင့် တင်၍မြေအနည်းငယ်ကို ယူပါရ စေ။ ကိုယ်တော်ကျွန်သည် မီးရှို့ရာ ယဇ်အစရှိသော အဘယ်ယဇ်ကိုမျှ
ထာဝရဘုရားမှ တပါးအခြားသော ဘုရားအား နောက်တဖန် မပူဇော်ပါ။ 18 သို့သော်လည်း အကျွန်ုပ်သခင်သည် ကိုးကွယ် အံ့ဟု
ရိမ္မုန်ဘုရား၏ကျောင်းသို့သွား၍ အကျွန်ုပ်ကို မှီလျက်ရိမ္မုန်ကျောင်း၌ ကိုယ်ကို ညွတ်သောအခါ၊
အကျွန်ုပ်ကိုယ်သည်လည်းညွတ်လျှင်၊ ထာဝရဘုရားသည် ကိုယ်တော်ကျွန်ကို အပြစ်လွှတ်တော်မူပါစေသောဟု ဆိုလျှင်၊ 19 ဧလိရှဲက၊
ငြိမ်ဝပ်စွာသွားလော့ဟု ဆို၏။ နေမန် သည် သွား၍ အဝေးသို့မရောက်မှီ၊ 20 ဘုရားသခင်၏လူဧလိရှဲ၏ကျွန်ဂေဟာဇိက၊
ဤရှုရိလူနေမန်ဆောင်ခဲ့သော ဥစ္စာကို ငါ့သခင်သည် မခံမယူ။ သူ့ကို အလွန်သနားပြီ။ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊
သူ့နောက်သို့ ငါလိုက်၍ တစုံတခုကို ယူမည်ဟု အကြံရှိလျက်၊ 21 နေမန်နောက်သို့ လိုက်လေ၏။ လိုက်ကြောင်း ကို နေမန်သည်
မြင်လျှင်၊ ကြိုဆိုအံ့သောငှါ ရထားမှ ဆင်း၍၊ ရှိသမျှကောင်းသလောဟုမေးသော်၊ 22 ဂေဟာဇိကကောင်းပါ၏။ ယခုတွင် ပရောဖက်
အမျိုးသားလုလင်နှစ်ယောက်သည် ဧဖရိမ်တောင်မှ ရောက်လာပြီ။ ငွေအခွက်တဆယ်နှင့်အဝတ်နှစ်စုံကို သူတို့အဘို့ပေးပါလော့ဟု
တောင်းစေခြင်းငှါ၊ ကျွန်တော် သခင်သည် ကျွန်တော်ကိုစေလွှတ်ပါပြီဟု ဆိုလျှင်၊ 23 နေမန်က၊ အခွက်နှစ်ဆယ်ကို မငြင်းယူပါလော့
ဟု တိုက်တွန်းလျက်၊ ငွေအခွက်နှစ်ဆယ်ကို အိတ်နှစ်လုံး၌ အဝတ်နှစ်စုံနှင့်တကွ စည်း၍ မိမိကျွန်နှစ်ယောက်အပေါ် မှာ တင်သဖြင့်၊
သူတို့သည်ဂေဟာဇိရှေ့၌ ထမ်းသွားရ၏။ 24 မြို့ရိုးသို့ ရောက်သောအခါ၊ ထိုဥစ္စာကို ဂေဟာဇိ သည် ယူ၍ အိမ်၌သိုထားသဖြင့်၊
ထမ်းသောသူတို့ကို လွှတ်လိုက်ပြီးမှ၊ 25 ကိုယ်တိုင်ဝင်၍ မိမိသခင့်ရှေ့၌ ရပ်နေ၏။လေိရှဲကလည်း၊ ဂေဟာဇိ၊ အဘယ်အရပ်သို့ သွားဘိ
သနည်းဟု မေးလျှင်၊ ကိုယ်တော်ကျွန်သည် အဘယ်အရပ် ကိုမျှ မသွားပါဟုပြန်ပြောသော်၊ 26 ဧလိရှဲက၊ ထိုလူသည်သင့်ကို
ကြိုဆိုအံ့သောငှါ၊ ရထားပေါ်မှ လှည့်သောအခါ၊ ငါ့စိတ်ဝိညာဉ်သည် သင်နှင့်အတူ မလိုက်သလော။ ငွေကိုခံယူချိန်ရှိသလော။ အဝတ်၊
သံလွင်ဥယျာဉ်၊ စပျစ်ဥယျာဉ်၊ သိုးနွား၊ ကျွန် ယောက်ျား၊ ကျွန်မိန်းမကို သိမ်းယူချိန်ရှိသလော။ 27 သို့ဖြစ်၍နေမန်၏

 generated on Sun Jun 30 02:37:40 2024

နူနာသည်သင်၌ငှင်း၊ သင်၏ သားမြေး၌ငှင်း၊ အစဉ်အမြဲစွဲစေဟု ဆိုသည်အတိုင်း၊ ဂေဟာဇိသည် နူနာစွဲ၍ မိုဃ်းပွင့်ကဲ့သို့ဖြူလျက်၊ သခင်ထံ မှ ထွက်သွား၏။

---

---

2 Kings 01

သူ့သခင်၏အမြင်အရ
ရှင်ဘုရင်၏ "အမြင်" သည် သူ၏အယူအဆကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်၏ အယူအဆအရ"

ရှုရိပြည်သည် ထိုသူအားဖြင့် အောင်ရ သောအခွင့်ကို ထာဝရဘုရား ပေးတော်မူပြီ
"အာရံ" သည် ရှုရိစစ်တပ်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေမန်အားဖြင့် ထာဝရဘုရားသည် အာရှုရိလူများကို အောင်မြင်ခြင်းပေးတော်မူသည်"

ရှုရိလူတို့သည် သွားစဉ်တွင်
"ရှုရိလူတို့" စကားလုံးက ရှုရိစစ်သားများကို ဆိုလိုသည်။

တပ်ဖွဲ့၍ ချီသွားစဉ်
"အုပ်စုငယ်ဖြင့် တိုက်ခိုက်သည်" အုပ်စုငယ်များဖြင့် ရန်သူသွားရောက်တိုက်ခိုက်ခြင်းကို ဆိုလိုသည်။

2 Kings 03

ကျွန်မက သူ့သခင်မဆီကို ပြောထားသည်
အာရှုရိစစ်သားများက ဖမ်းသွားကြသည့် ဣသရေလနိုင်ငံမှ မိန်းကလေးက နေမန်၏ မိန်းမထံသို့ စကားပြောနေသည်။

ငါ၏သခင်
"ငါ၏သခင်" သည် နေမန်ကို ဆိုလိုသည်။

2 Kings 05

ငါ စာပေးလိုက်မည်
ဣသရေလရှင်ဘုရင်ထံသို့ ယူသွားမည့် စာကို နေမန်အား ရှင်ဘုရင်က ပေးမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့်အတူ စာတစ်စောင်ကို ငါပေးလိုက်မည်"

ငွေအခွက်တရာ၊ ရွှေအခွက် ခြောက်ဆယ်
"ငွေအခွက် ၁၀၀၊ ရွှေအခွက် ၆၀၀" ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငွေ ၃၄၀ ကီလိုဂရမ်၊ ရွှေ စ ၆၀၀၀"

အဝတ်ဆယ်စုံကို ယူသွား၍
ဣသရေလရှင်ဘုရင်အတွက် ရှုရိရှင်ဘုရင်က လက်ဆောင်ပေးသည့် အရာများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလရှင်ဘုရင်အတွက်ပေးသော လက်ဆောင်များ အဝတ်ဆယ်စုံကို ယူ၍"

2 Kings 07

သူ၏အဝတ်အစားများကို ဆုတ်ဖြဲသည်
ကြီးမားသောဝမ်းနည်းမှုဖြင့်ကြုံလာလျှင် သူတို့၏ အဝတ်အစားများကို ဆုတ်ဖြဲလေ့ရှိကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ဝမ်းနည်းမှုကို ပြသည့်အနေဖြင့် သူ၏ အဝတ်အစားများကို ဆုတ်ဖြဲသည်"

ငါသည် အသက်ပေးနိုင် သတ်နိုင်သောဘုရားဖြစ်သောကြောင့် ဤသူသည် လူနူကိုချမ်းသာပေးစေခြင်းငှာ ငါ့ကို လိုအပ်သလော။
အာရံရှင်ဘုရင်၏ တောင်းဆိုချက်သည် အလွန်အကျွံဖြစ်ပြီး သူမလုပ်နိုင်သည့်အရာ ဖြစ်သည့်အတွက် ရှင်ဘုရင်က ဤမေးခွန်းဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရံရှင်ဘုရင်က ငါ့ကို သေခြင်းနှင့် ရှင်ခြင်းအပေါ် ဩဇာရှိသော ဘုရားစရိုက်ရှိသည်ဟု ထင်သည်။ သူက ထိုနူနာစွဲသူကို ပြန်ကုသဖို့ ငါ့ကိုအလိုရှိသည်။ သို့သော် ငါမလုပ်နိုင်သည့်အရာ ဖြစ်သည်။

ငါ့ကို ရန်ရှာချင်သည့်ပုံပေါ်သည်
ဣသရေလရှင်ဘုရင်က နာမန်ကို အနာငြိမ်းစေရန် စာရေးသား တောင်းဆိုမည်မဟုတ်ကြောင်း နားလည်ခဲ့သည်။ သူထင်သည်မှာ ရန်ပွဲစတင်ဖို့ရန်သာ ဟုထင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူနှင့် ရန်ပွဲစတင်နိုင်ရန် အကြောင်းပြချက် ရှာဖွေနေပုံပေါ်သည်"

2 Kings 08

ယေဘုယျအချက်အလက်
နေမန်အကြောင်းကို ဧလိရှဲက ရှင်ဘုရင်အား ပြောပြနေသည်။

သင်၏အဝတ်အစားများကို အဘယ့်ကြောင့် ဆုတ်ဖြဲသနည်း။
ရှင်ဘုရင်က ဝမ်းနည်းပြီး သူ့အဝတ်များ ဆုတ်ဖြဲစရာမလိုအပ်သည်ကို အလေးနက်ပေးချင်သည့်အတွက် ဧလိရှဲက ဤမေးခွန်းကိုသုံးပြီး မေးခြင်းဖြစ်သည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "ဝမ်းနည်းပက်လက်ဖြစ်ပြီး သူ၏အဝတ်များ ဆုတ်ဖြဲစရာမလိုအပ်ပါ"

သင်၏အသား ပြောင်းလဲလာမည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အသားအရေ ပြန်ကောင်းလာမည်"

သင်သည် သန့်ရှင်းလိမ့်မည်
သူ သန့်ရှင်းမှုမရှိခြင်းမှ သန့်ရှင်းခြင်းရှိလာတော့မည်ကိုဆိုလိုသည်။ ဘုရားသခင်အမြင်၌ ဝိညာဉ်ပိုင်းအရလက်မခံနိုင်သောသူ၊ ညစ်ညူးသောသူကို


generated on Sun Jun 30 02:37:40 2024

ခန္ဓာပိုင်းအရ ညစ်ညူးသူအဖြစ်မှ ဘုရားသခင်လက်ခံသောသူ ဖြစ်လာတော့မည်ကို သုံးနှုန်းထားခြင်းဖြစ်သည်။ နူနာစွဲသောသူကို ဘုရားသခင်က မသန့်ရှင်းသောသူ ညစ်ညူးသောသူဟု သတ်မှတ်ထားသည်။

2 Kings 11

Look
N/A

ထာဝရဘုရား၏နာမ
ထာဝရဘုရားကို သူ၏နာမည်ဖြင့် ပြန်၍ ရည်ညွှန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား"

အနာအပေါ်၌
"အရေပြားပေါ်ရှိ ရောဂါဖြစ်သည့် နေရာပေါ်၌" သို့မဟုတ် "ငါ၏ နူနာပေါ်၌"

ဒမာသက်ပြည်၌ အာဗနမြစ်နှင့် ဖာဖာမြစ်တို့သည် ဣသရေလမြစ်အားလုံးထက် ပိုကောင်းကြသည် မဟုတ်လော။
အာဗနမြစ်နှင့် ဖာဖာမြစ်တို့သည် ယော်ဒန်မြစ်ထက် ပိုကောင်းသည်ကို အလေးနက်ပေးချင်သည့်အတွက် နေမန်က ဤမေးခွန်းကို သုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ နိုင်ငံ အာရံတိုင်းပြည်ရှိ အာဗနမြစ်နှင့် ဖာဖာမြစ်တို့သည် ဣသရေလနိုင်ငံရှိ မြစ်များထက် ပိုကောင်းသည်"

အာဗနမြစ်နှင့် ဖာဖာမြစ်
မြစ်များ၏ နာမည်များဖြစ်သည်။

ထိုမြစ်၌ ရေချိုး၍ ငါသည် မသန့်ရှင်းရသလော။
တခြားမြစ်၌ လွယ်ကူစွာ ရေချိုးနိုင်သည်ကို အလေးနက်ပေးသည့်အနေဖြင့် နေမန်က သုံးခြင်းဖြစ်သည်။ ထိုမြစ်၌ရေချိုးခြင်းသည် ယော်ဒန်မြစ်၌ရေချိုးသကဲ့သို့ သူ၏အနာကို သက်သာစေမည်ဟု ယုံကြည်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုမြစ်၌ ရေချိုးပြီး ငါသည် သန့်ရှင်းသင့်သည်" သို့မဟုတ် "ထိုမြစ်၌ လွယ်ကူစွာ ရေချိုလျှင် ငါ၏အနာသက်သာမည်"

အမျက်ထွက်လျက် သွား၏
"အမျက်ထွက်လျက် အဝေးကို သူ ထွက်သွားသည်"

2 Kings 13

ငါ့အဘ
ကျွန်များက နေမန်ကို လေးစားကြသည့်အနေဖြင့် "ငါတို့အဘ" သို့မဟုတ် "သခင်" ဟု သုံးစွဲကြခြင်းဖြစ်သည်။

သင်မလုပ်ရမည်လော
ကျွန်က နေမန်ကို ပုတ်ခတ်သည့်အနေဖြင့် ဤမေးခွန်းကို သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်လုပ်သင့်ပါသည်"

အဘယ်မျှလောက်ပြုတော်မူသင့်ပါသနည်း
ခက်ခဲသည့်အရာကို နာခံရန်ပြင်ဆင်နေသည်ထက် ရိုးရှင်းသောအမိန့်တော်ကို နေမန်က လိုက်နာရန်မှာ မည်မျှလောက်သင့်တော်သည်ကို ကျွန်က နှိုင်းယှဉ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်လိုက်နာရန် မည်မျှလောက် သင့်တော်သနည်း" သို့မဟုတ် "သင်သည် လိုက်နာရန် မသင့်တော်သလော"

'ရေချိုး၍ကိုယ့်ကိုသန့်ရှင်းစေပါ' အဘယ်မျှလောက် သာ၍ပြုတော်မူသင့်ပါသည်တကားဟုလျှောက်သည်
ဧလိရှဲ၏စကားကို နေမန်က နာခံရန်ကို ကျွန်က ဤမေးခွန်းသုံးပြီး ပြောဆိုခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " 'သင့်ကိုယ်တိုင် ရေနှစ်ပြီး သန့်ရှင်းစေပါ' ဟု ရိုးရိုးလေးပြောသည့်အရာကို သင်သည် လိုက်နာသင့်သည်"

ဘုရား၏လူ
"ဘုရား၏လူ ဧလိရှဲ"

သူ၏အသားသည် ကလေး၏အသားကဲ့သို့ ပြန်ဖြစ်သည်
နေမန်၏ အသားသည် ကုသခြင်းခံရပြီးနောက် ကလေး၏အသားအရေကဲ့သို့ ချောမွတ်နေသည်ကို နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အသားသည် ပြန်ကုသခြင်းခံရပြီး၊ ကလေး၏ အသားအရေကဲ့သို့ ပျော့ပျောင်းလျက်ရှိသည်" သို့မဟုတ် "သူ၏ အရေပြားသည် ပြန်ကောင်းလျက် ကလေး၏ အရေပြားကဲ့သို့ ပြန်ချောမွတ်လျက်ရှိသည်"

သူ့အသား
"သူ၏ အရေပြား"

ကုသခြင်းကို ခံရပြီ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ နူနာသည် ပျောက်လေ၏"

2 Kings 15

ဣသရေလပြည်မှတပါး အဘယ်ပြည်၌မျှ ဘုရားသခင်မရှိ
အငြင်းဝါကျမပါအောင် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလတို့၏ ဘုရားသည်သာ မှန်ကန်သော တပါးတည်းသော ဘုရားဖြစ်သည်"

ငါကိုးကွယ်သောထာဝရဘုရား၊ အသက်ရှင်တော်မူသည့်အတိုင်း
"ငါ ကိုးကွယ်သောဘုရား အသက်ရှင်သည်ကို ငါ သိသည်အတိုင်း" ထာဝရဘုရားအသက်ရှင်သည့်အတိုင်း ဧလိရှဲက နေမန်ထံမှ မည်သည့်လက်ဆောင်မှ လက်မခံမည်ကို နှိုင်းယှဉ်ခြင်းဖြစ်သည်။ လေးနက်သော ကတိပြုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ကိုးကွယ်သော ထာဝရဘုရား အသက်ရှင်သည့်အတွက် သင့်ကို ငါကတိပြုပါသည်"


generated on Sun Jun 30 02:37:40 2024

ငါရပ်နေသောသူ၏ရှေ့၌
ထာဝရဘုရား၏ အမှုဆောင်ခြင်းကို သူ၏ ရှေ့၌ ရပ်နေသည်ဟု သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ အမှုဆောင် ပေးသောသူ"

ငါသည် မည်သည့်အရာမျှ လက်မခံပါ
သူက မည်သည့်လက်ဆောင်မှ လက်ခံမည်မဟုတ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်လက်ဆောင်မှ ယူမည် မဟုတ်ပါ"

2 Kings 17

မဟုတ်လျှင်
မြှုပ်ထားသည်စာလုံးကို ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အတွက် ယူလာသော လက်ဆောင်များကို သင မယူလျှင်"

သင်၏ ကျွန်ကို ပေးပါရစေ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အခွင့်ပေးပါ"

မြည်းနှစ်စီးနှင့်တင်၍ မြေအနည်းငယ်ကို တင်ပါရစေ
ဣသရေလမှ မြေဆီလွှာကို ယူပြီး မြည်းနှစ်ကောင်ဖြင့် အိမ်သို့ သယ်ရန် နေမန်က ပြောခြင်းဖြစ်သည်။ ထိုမြေဆီလွှာပေါ်၌ ယဇ်ပလ္လင်ကို တည်ဆောက်ရန် ရည်ရွယ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေဆီလွှာကို မြည်းနှစ်ကောင် သယ်လောက်သည့် ပမာဏကို ဣသရေလနိုင်ငံမှ ယူ၍ ထာဝရဘုရားအဖို့ ယဇ်ပလ္လင်တည်ဆောက်နိုင်ရန် ရည်ရွယ်သည်"

သင်၏ကျွန်
နေမန်က သူသည် ဧလိရှဲ၏ ကျွန်ဖြစ်သည်ဟု သူ့ကိုယ်သူ ပြန်ရည်ညွှန်းခြင်းဖြစ်သည်။

ထာဝရဘုရားမှတပါး မည်သည့်ဘုရားကိုမျှ မီးရှို့ရာပူဇော်သက္ကာနှင့် အခြားယဇ်မျိုးကိုမဆို မဆက်သပါ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားမှတပါး အခြားဘုရားကို မီးရှို့ရာပူဇော်သက္ကာနှင့် အခြားယဇ်မျိုး မဆက်သပါ" သို့မဟုတ် "ထာဝရဘုရားကိုသာ မီးရှို့ရာပူဇော်သက္ကာနှင့် အခြားယဇ်မျိုးကို ဆက်သပါမည်"

ငါ၏ဘုရင်
နေမန်က အမှုဆောင်ပေးသော အာရံ (ရှုရိ) ရှင်ဘုရင်ကိုဆိုလိုသည်။

ငါ၏လက်ကို မှီလျက်
"ငါ၏ လက်ပေါ်၌ သူ့ကိုယ်သူ မှီသည်" ရှင်ဘုရင်သည် အသက်အိုလာသည် သို့မဟုတ် နေမကောင်းသည့်အတွက် ရိမ္မုန်၏ အိမ်၌ ဦးညွတ်ပြီး ဘုရင်ကို နေမန်က ကူညီပေးသည်"

ငြိမ်ဝပ်စွာသွားလော့
"အိမ်ပြန်ပြီး စိုးရိမ်ခြင်း မရှိနှင့်" သို့မဟုတ် "ကြောက်ရွံ့ခြင်းမရှိဘဲ ထွက်သွားပါ"

2 Kings 20

သူ ခရီးသွားသည်
"နေမန်ခရီးသွားသည်"

ဂေဟာဇိ
4:12.၌ ဘာသာပြန်ထားသည့်အတိုင်း ဤလူ၏ နာမည်ကို ဘာသာပြန်ရန် လိုအပ်သည်။

ကြည့်ပါ
နောက်ထပ်ဘာပြောမည့်ကို အာရုံစိုက်စေချင်သည့်အတွက် သူတပါး၏ အာရုံကို ဆွဲခေါ်သည့်စကားလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်ပါ"

ရှုရိလူ နေမန်ကို သနား၍
"ရှုရိလူ နေမန်ကို လွယ်ကူစွာ လွှတ်ထားပါစေ"

လက်မခံခြင်းအားဖြင့်
"လက်မခံခြင်း အားဖြင့်"

သူ၏လက်များမှ
ပေးဆောင်သည်ကို အလေးနက် ပြုချင်သည့်အတွက် သူ၏ လက်များက နေမန်ကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ထံမှ"

ထာဝရဘုရားအသက်ရှင်သည့်အတိုင်း
"ထာဝရဘုရား အသက်ရှင်သည့်အတိုင်း" ထာဝရဘုရားအမှန်တကယ် အသက်ရှင်ခြင်းနှင့် သူလုပ်ရန် ဆုံးဖြတ်သည့်အရာသည် အမှန်ဖြစ်ကြောင်းကို နှိုင်းယှဉ်ပြခြင်းဖြစ်သည်။ လေးနက်သော ကတိပြုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအသက်ရှင်သည့်အတွက် ငါသည် ကတိပြုပါသည်။"

ပရောဖက်၏သားများ
ပရောဖက်၏သားများဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ ပရောဖက်အုပ်စုဝင်များဟု ဆိုလိုခြင်းဖြစ်သည်။ 2:3. ၌ မည်သို့ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာမှ ပရောဖက်များ"

ကျေးဇူးပြု၍ ငွေအခွက်နှစ်ဆယ်နှင့် အဝတ်နှစ်စုံကို သူတို့အားပေးပါ
နေမန်က ဤအရာများကိုပေးပြီး ဂေဟာဇိက ယူသွားပြီး ပရောဖက်များကို ပေးဖို့ရန် တောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျေးဇူးပြု၍ ငါ့အား ငွေအခွက်နှစ်ဆယ်နှင့် အဝတ်နှစ်စုံကို သူတို့အားပေးရန်ငါ့ကိုပေးပါ"


generated on Sun Jun 30 02:37:40 2024

ယခုတွင်
နောက်ထပ်ဘာပြောမည့်ကို အာရုံစိုက်စေချင်သည့်အတွက် သူတပါး၏ အာရုံကို ဆွဲခေါ်သည့်စကားလုံးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်ပါ"

ငွေအခွက်နှစ်ဆယ်
ခေတ်သုံး အချိန်အတွယ်ကို သုံးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငွေ ၃၄ ကီလိုဂရမ်"

2 Kings 23

အခွက်နှစ်ဆယ်
ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။
ဤအခွက်နှစ်ဆယ်သည် ငွေအချိန်များဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငွေအခွက်နှစ်ဆယ်" သို့မဟုတ် "ငွေ ၆၈ ကီလိုဂရမ်"

နှစ်ယောက်အပေါ်မှာ
"သူတို့ကို ပေးပါ"

နေမန်က ဂေဟာဇိကို တောင်းဆိုသည်
လက်ဆောင်များကို ယူရန် နေမန်က သူ့ကိုတိုက်တွန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လက်ဆောင်များကို ယူရန် နေမန်က ဂေဟာဇိကို တိုက်တွန်းသည်"

သင်၏ကျွန်
ဂေဟာဇိက သူ့ကိုယ်သူ ဧလိရှဲ၏ ကျွန်ဟု ပြန်လည်ရည်ညွှန်းသည်။

2 Kings 26

ထိုလူသည် သင့်ကိုကြိုဆိုအံ့သောငှာ ရထားပေါ်မှ လှည့်သောအခါ ငါ့ဝိညာဉ်သည် သင်နှင့်အတူ မလိုက်
ဂေဟာဇိလုပ်ဆောင်သည့်အရာ သွားကြည့်ဖို့ရန် ထာဝရဘုရားက သူ့ကို ခွင့်ပြုထားသည်ကို ဤမေးခွန်းသုံးပြီး ဧလိရှဲက အလေးအနက်ပေးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နေမန်သည် သူ့ရထားကို ရပ်ပြီး သင့်ကို စကားလာပြောသည့်အခါ ငါ့ဝိညာဉ်သည် သင့်ကို မြင်နိုင်ကြောင်းကို သင်သတိပြုသင့်သည်"

ငွေလက်ခံရန်....အမျိုးသမီးကျွန်များ.လက်ခံရန်အချိန်လော။
ဤချိန်သည် လက်ဆောင်များကို ယူရန် အချိန်မဟုတ်ကြောင်းကို ဤအဖြေမလိုသော မေးခွန်းဖြင့် ဧလိရှဲက သုံးနှုန်းခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"အမျိုးသမီး ကျွန်နှင့် ငွေများကို လက်ခံရန် အချိန်မဟုတ်ပေ"

နေမန်၏ နူနာရောဂါသည် သင်နှင့်သင်၏ မျိုးဆက်များအပေါ်သို့ ကျရောက်မည်
နေမန်၏ နူနာကို ယူပြီး ဂေဟာဇိနှင့် သူ၏ မျိုးဆက်များကို ပေးရန်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေမန် နူနာစွဲသကဲ့သို့ သင်နှင့်သင်၏ မျိုးဆက်များလည်း နူနာရောဂါ စွဲကြလိမ့်မည်"

ဂေဟာဇိသည် သူ၏မျက်မှောက်တော်မှ ထွက်သွားလျက်
"သူ၏မျက်မှောက်" စကားစုသည် ဧလိရှဲက သူ့ကိုတွေ့နိုင်သည့်နေရာကို ဆိုလိုသည်။ ဧလိရှဲရှိသည့် အခန်းမှ ထွက်သွားခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူရှိသောအခန်းမှ ဂေဟာဇိ ထွက်သွားသည့်အခါ"

နှင်းကဲ့သို့ဖြူလျက်
နူနာရောဂါသည် အရေပြားကို ဖြူစေသည်။ ဂေဟာဇိ၏ နူနာရောဂါကို နှင်းအရောင်နှင့် နှိုင်းယှဉ်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နှင်းပွင့်ကဲ့သို့ ဖြူသော အရေပြားနှင့်"

---

## Translation Questions

2 Kings 5:1

ထာဝရဘုရားသခင်သည် ဗိုလ်ချုပ်ကြီးနေမန်အားဖြင့် ရှုရိပြည်အား ဘာပေးတော်မူခဲ့သနည်း။
ထာဝရဘုရားသည် ဗိုလ်ချုပ်ကြီးနေမန်အားဖြင့် ရှုရိပြည်အား အောင်ရသောအခွင့်ကို ပေးတော်မူခဲ့သည်။

2 Kings 5:3

ကျွန်မက မည်သူသည် သခင်ကိုကျန်းမာစေလိမ့်မည်ဟု ပြောခဲ့သနည်း။
ကျွန်မက ရှမာရိမြို့၌ရှိသော ပရောဖက်သည် သခင်ကို ကျန်းမာစေလိမ့်မည်ဟု ပြောခဲ့ကြသည်။

2 Kings 5:5

ဗိုလ်မှူးကြီး နေမန်သည် ရှုရိရှင်ဘုရင်ထံမှရသော စာကိုမည်သူ့ထံသို့ ယူသွားခဲ့သနည်း။
ဗိုလ်မှူးကြီးနေမန်သည် စာကိုဣသရေလရှင်ဘုရင်ထံသို့ ယူသွားခဲ့ပါသည်။

2 Kings 5:7

ဗိုလ်မှူးကြီးနေမန်သည် ကုသမှုခံယူရန်လာခြင်းအမှုကို ဣသရေလရှင်ဘုရင်သည် အဘယ်သို့ ထင်မှတ်ခဲ့သနည်း။
ဣသရေလရှင်ဘုရင်က ဗိုလ်မှူးကြီးနေမန်သည် သူနှင့် ရန်ရှာချင်နေသည်ဟု ထင်မှတ်ခဲ့သည်။

2 Kings 5:8

ဗိုလ်မှူးကြီးနေမန်အား သန့်ရှင်းဖို့ရန် ဘာလုပ်စေခဲ့သနည်း။
ဗိုလ်မှူးကြီးနေမန်အား သန့်ရှင်းဖို့ရန် ယော်ဒန်မြစ်သို့သွား၍ ခုနစ်ကြိမ်တိုင်အောင် ရေချိုးစေခဲ့သည်။

2 Kings 5:11

ဧလိရှဲသည် ဗိုလ်မှူးကြီးနေမန်အား မည်သို့ ကျန်းမာစေမည်ဟု ထင်ခဲ့သနည်း။
ဗိုလ်မှူးကြီးနေမန်ထင်ခဲ့သည်မှာ ဧလိရှဲသည် သူ့ဆီသို့ ထွက်လာ၍ ထာဝရဘုရား၏နာမတော်ကိုခေါ်၍ သူ၏လက်ကို မိမိအပေါ်မှာ တင်ပြီး ကျန်းမာစေလိမ့်မည်။

2 Kings 5:13

ဗိုလ်မှူးကြီးနေမန်၏အသားသည် မည်ကဲ့သို့ ပြောင်းခဲ့သနည်း။
ဗိုလ်မှူးကြီးနေမန်၏အသားသည် သူငယ်၏အသားကဲ့သို့ ပြောင်း၍ သန့်ရှင်းခြင်းသို့ရောက်၏။

2 Kings 5:15

ဗိုလ်မှူးကြီးနေမန် ကျန်းမာပြီးနောက် သူသည် ဘာကို သိခဲ့သနည်း။
ဗိုလ်မှူးကြီးနေမန် ကျန်းမာပြီးနောက် ဣသရေလပြည်မှတပါး အဘယ်ပြည်၌မျှ ဘုရားသခင် မရှိသည်ကို သူသည် သိခဲ့ရသည်။

2 Kings 5:17

ဗိုလ်မှူးကြီးနေမန်က ထာဝရဘုရားသည် သူ့ကို ဘာအတွက် အပြစ်လွှတ်ရန် တောင်းဆိုခဲ့သနည်း။
ဗိုလ်မှူးကြီးနေမန်သည် ရိမ္မုန်ကျောင်း၌ကိုယ်ကို ဦးညွှတ်သောအခါ ထာဝရဘုရားသည် သူ့ကို အပြစ်လွှတ်ရန်တောင်းဆိုခဲ့သည်။

2 Kings 5:20

ဂေဟာဇိအားဖြင့် မည်သူသည် ဧဖရိမ်တောင်မှ ရာက်လာခဲ့သနည်း။
ဂေဟာဇိအားဖြင့် ပရောဖက် အမျိုးသားလုလင်နှစ်ယောက်သည် ဧဖရိမ်တောင်မှ ရောက်လာခဲ့သည်။

2 Kings 5:23

ဂေဟာဇိသည် အိမ်ထဲတွင် ဘာကို ဖွက်ထားခဲ့သနည်း။
ဂေဟာဇိသည် ငွေအိတ်များကို အိမ်ထဲတွင် ဖွက်ထားခဲ့ပါသည်။

2 Kings 5:26

ဂေဟာဇိသည် လိမ်လည်သောကြောင့် ဘာတွေဖြစ်ပွားခဲ့သနည်း။
ဂေဟာဇိသည် လိမ်လည်သောကြောင့် နူနာဖြစ်လာခဲ့သည်။

## Chapter 6

1 ပရောဇက်အမျိုးသားတို့က၊ ကိုယ်တော်နှင့်အတူ ယခုနေသော အရပ်သည် ကျဉ်းမြောင်းပါ၏။ 2 အကျွန်ုပ်တို့သည်
ယော်ဒန်မြစ်နားသို့ သွားပါ ရစေ။ ထိုအရပ်၌ဝိုင်း၍ သစ်သားကိုခုတ်ပြီးလျှင်၊ ကိုယ်နေစရာဘို့ လုပ်ပါရစေဟု ဧလိရှဲထံ၌ အခွင့်တောင်း
လျှင်၊ သွားကြလော့ဟု အခွင့်ပေး၏။ 3 အချို့ကလည်း မငြင်းပါနှင့်။ ကိုယ်တော် ကျွန် တို့နှင့် ကြွတော်မူပါဟု တောင်းပန်လျှင်၊
ငါသွားမည်ဟု ဝန်ခံသည်အတိုင်း၊ 4 သူတို့နှင့်အတူ လိုက်လေ၏။ ယော်ဒန်မြစ်နား သို့ ရောက်သောအခါ သစ်သားကိုခုတ်ကြ၏။ 5
တယောက်သောသူသည် ခုတ်စဉ်တွင်၊ ရေထဲသို့ ပုဆိန်ကျ၏။ ခုတ်သောသူကလည်း၊ ခက်လှပြီသခင်။ ထိုပုဆိန်သည် ငှါးခဲ့သောဥစ္စာ
ဖြစ်ပါ၏ဟု အော်ဟစ် လျှင်၊ 6 ဘုရားသခင်၏လူက၊ အဘယ်မှာ ကျသနည်းဟု မေးသော်၊ ကျရာအရပ်ကိုပြပြီးမှ၊ ဒုတ်ကိုခုတ်၍
ထိုအရပ်၌ချသဖြင့် ပုဆိန်သည် ပေါ်လောနေ၏။ 7 ဆယ်ယူလော့ဟု ဧလိရှဲဆိုသည်အတိုင်း၊ တပည့် သည် လက်ကို ဆန့်၍
ဆယ်ယူ၏။ 8 တဖန် ရှုရိရှင်ဘုရင်သည် ဣသရေလပြည်ကို စစ်တိုက်၍၊ ဤမည်သောအရပ်၊ ဤမည်သောအရပ်၌ ငါတို့သည်
တပ်ချကြ ကုန်အံ့ဟု ကျွန်တို့နှင့် တိုင်ပင်သောအခါ၊ 9 ဘုရားသခင်၏လူသည် ဣသရေလရှင်ဘုရင် ထံသို့ လူကိုစေလွှတ်၍၊
ဤမည်သောအရပ်ကို သတိပြုပါ။ ထိုအရပ်သို့ ရှုရိလူတို့သည် လာကြပြီဟု၊ 10 သတိပေးသောအရပ်သို့ ဣသရေလရှင်ဘုရင် သည်
လူကိုစေလွှတ်၍ တကြိမ်နှစ်ကြိမ်မက ရန်သူတို့ကို ရှောင်လေ၏။ 11 ထိုအကြောင်းကြောင့် ရှုရိရှင်ဘုရင်သည် စိတ် ပူပန်၍ ကျွန်တို့ကို
ခေါ်ပြီးလျှင်၊ ငါတို့တွင် အဘယ်သူ သည် ဣသရေလရှင်ဘုရင်ဘက်၌ နေသည်ကို ငါ့အား မပြဘဲနေကြသနည်းဟုမေးသော်၊ 12
ကျွန်တယောက်က၊ ထိုသို့မဟုတ်ပါ အရှင် မင်းကြီး၊ ကိုယ်တော်စက်တော်မူခန်းထဲ၌ မိန့်တော်မူသော စကားကိုပင်၊
ဣသရေလပြည်၌ရှိသော ပရောဖက်ဧလိရှဲ သည်၊ ဣသရေလရှင်ဘုရင်အား ပြန်ပြောတတ်ပါသည် ဟု လျှောက်လေ၏။ 13
ရှင်ဘုရင်ကလည်း၊ သူသည်အဘယ်အရပ်၌ ရှိသည်ကို သွား၍ ချောင်းကြည့်လော့။ သူ့ကို ဘမ်းဆီး စေခြင်းငှါ ငါစေလွှတ်မည်ဟု
မိန့်တော်မူပြီးမှ၊ ဒေါသန်မြို့ ၌ ရှိပါသည်ဟု လျှောက်လေ၏။ 14 ထိုမြို့သို့မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ဗိုလ်ခြေများ ကို စေလွှတ်သဖြင့်၊
ညဥ့်အခါရောက်၍ မြို့ကိုဝိုင်းကြ၏။ 15 နံနက် စောစောဘုရားသခင့်လူ၏ ကျွန်သည် ထ၍ ပြင်သို့ ထွက်သောအခါ၊ မြင်းစီးသူရဲ၊
ရထားစီးသူရဲ၊ ဗိုလ်ခြေတို့သည် မြို့ကို ဝိုင်းလျက်ရှိကြသည်ဖြစ်၍၊ အိုသခင်၊ အဘယ်သို့ ပြုရပါမည်နည်းဟု မိမိသခင်အား ဆို၏။ 16
ဧလိရှဲကမစိုးရိမ်နှင့်။ ငါတို့ဘက်၌ နေသော သူတို့သည် ရန်သူတို့ဘက်၌ နေသောသူတို့ထက်သာ၍ များကြသည်ဟု ဆိုလျက်၊ 17
အိုထာဝရဘုရား၊ ဤသူသည် မြင်နိုင်မည် အကြောင်း သူ၏မျက်စိကို ဖွင့်တော်မူပါဟု ဆုတောင်း သည်အတိုင်း။ ထာဝရဘုရားသည်
ထိုလုလင်၏ မျက်စိကို ဖွင့်တော်မူသဖြင့်၊ ဧလိရှဲပတ်လည်၌ တတောင်လုံး သည်မီးမြင်း၊ မီးရထားနှင့်ပြည့်သည်ကို မြင်လေ၏။ 18
ရှုရိလူတို့သည် ရောက်လာသောအခါ၊ ဧလိရှဲက၊ အိုထာဝရ ဘုရား၊ ဤသူတို့၏ မျက်စိမမြင်စေခြင်းငှါ၊ ဒဏ်ခတ်တော်မူပါဟု
ဆုတောင်းသည်အတိုင်း၊ ဒဏ်ခတ် တော်မူ၏။ 19 ဧလိရှဲကလည်း၊ ဤလမ်းမဟုတ်။ ဤမြို့လည်း မဟုတ်။ ငါ့နောက်သို့လိုက်ကြ။
သင်တို့ရှာသောသူရှိရာသို့ ငါပို့မည်ဟု ဆိုလျက်ရှမာရိမြို့သို့ ပို့လေ၏။ 20 မြို့ထဲသို့ရောက်ပြီးမှ ဧလိရှဲက၊ အိုထာဝရဘုရား၊
ဤသူတို့သည် မြင်နိုင်မည်အကြောင်း သူတို့၏ မျက်စိကို ဖွင့်တော်မူပါဟု ဆုတောင်းသည်အတိုင်း၊ သူတို့၏မျက်စိ ကို
ဖွင့်တော်မူသဖြင့်၊ သူတို့သည် မြင်၍ ရှမာရိ မြို့ထဲမှာ ရှိသည်ဟု သိကြ၏။ 21 ဣသရေလရှင်ဘုရင်ကလည်း၊ အဘ၊
ထိုသူတို့ကိုထားနှင့် သတ်ရပါမည်လောဟု ဧလိရှဲအားမေးလျှင်၊ 22 မသတ်ပါနှင့်။ ထားနှင့်ခုတ်လျက်၊ လေးနှင့် ပစ်လျက်စစ်တိုက်၍
ဘမ်းမိသောသူတို့ကို သတ်ရမည် လော။ သူတို့ရှေ့မှာ မုန့်နှင့်ရေကိုထည့် ၍သူတို့သည် စားသောက်ပြီးမှ၊ မိမိတို့သခင်ထံသို့
သွားပါစေဟု ဆိုလျှင်၊ 23 များစွာသော စားစရာကို ပြင်ဆင်၍ စား သောက်စေပြီးမှ လွှတ်လိုက်သဖြင့်၊ သူတို့သည် မိမိတို့ သခင်ထံသို့
ပြန်သွားကြ၏။ ထိုနောက်မှ ရှုရိလူတို့သည် အလိုအလျောက်တပ်ဖွဲ့၍ ဣသရေလပြည်သို့ မလာကြ။ 24 နောက်တဖန်ရှုရိရှင်ဘုရင်
ဗင်္ဟာဒဒ်သည် ဗိုလ်ခြေအပေါင်းကို စုဝေးစေသဖြင့် စစ်ချီ၍ ရှမာရိမြို့ကို ဝိုင်းထား၏။ 25 ကြာမြင့်စွာဝိုင်းထားသောကြောင့်၊
ရှမာရိမြို့၌ အလွန်အစာခေါင်းပါး၍၊ မြည်းခေါင်းတလုံးကို ငွေ ရှစ်ဆယ်နှင့်ငှင်း၊ ပဲကြမ်းတပြည်ကို ငွေငါးကျပ်နှင့်ငှင်း ရောင်းရ၏။ 26
ဣသရေလရှင်ဘုရင်သည် မြို့ရိုးပေါ်မှာ ရှောက်သွားစဉ်၊ မိန်းမတယောက်ကအရှင်မင်းကြီး၊ ကယ်မတော်မူပါဟု အော်ဟစ်၏။ 27
ရှင်ဘုရင်က၊ ထာဝရဘုရားကယ်မတော်မမူ လျှင်၊ ငါသည် အဘယ်သို့ ကယ်မနိုင်မည်နည်း။ စပါးနယ်ရာတလင်း၊ စပျစ်သီးနယ်ရာ
ကျင်းထဲက ကယ်မနိုင်မည်လောဟူ၍ငှင်း၊ 28 သင်၌ အဘယ်သို့ ဖြစ်သနည်းဟူ၍ငှင်း မေးလျှင်၊ မိန်းမက၊
ဤမိန်းမသည်ကျွန်မဆီသို့လာ၍၊ သင့်သားကို ယနေ့ငါတို့စားဘို့အပ်ပါ။ နက်ဖြန်နေ့၌ ငါ့သားကို စားရမည်ဟုဆိုသည်အတိုင်း၊ 29
ကျွန်မ၏သားကို ပြုတ်၍စားကြပါ၏။ နက်ဖြန် နေ့၌ ကျွန်မက၊ သင်၏သားကို ငါတို့စားဘို့ အပ်ပါဟု တောင်းသော်၊ သူသည်
မိမိသားကို ဝှက်ထားပါသည်ဟု လျှောက်လေ၏။ 30 ရှင်ဘုရင်သည် ထိုမိန်းမ၏စကားကို ကြားလျှင်၊ မိမိအဝတ်ကို ဆုတ်လေ၏။
မြို့ရိုးပေါ်မှာ ရှောက်သွားစဉ် လူတို့သည်ကြည့်၍၊ အတွင်း၌ လျှော်တေအဝတ်ဖြင့် ဝတ်တော်မူကြောင်းကိုသိမြင်ရကြ၏။ 31
ရှင်ဘုရင်ကလည်း၊ ရှာဖတ်သားဧလိရှဲ၏ ဦးခေါင်းသည် ယနေ့ သူ့ကိုယ်နှင့် မကွာဘဲနေလျှင်၊ ထာဝရဘုရားသည် ထိုမျှမက၊
ငါ၌ပြုတော်မူပါစေသော ဟု ဆို၏။ 32 ဧလိရှဲသည် မိမိအိမ်၌ထိုင်၍ အသက်ကြီးသူတို့ သည် သူနှင့်အတူ ထိုင်ကြစဉ်၊ ရှင်ဘုရင်သည်
မိမိရှေ့မှာ လူတယောက်ကို စေလွှတ်၏။ ထိုတမန်မရောက်မှီ ဧလိရှဲက၊ လူသတ်၏သားသည် ငါ့လည်ပင်းကို ဖြတ်စေ ခြင်းငှါ၊
စေလွှတ်သည်ကို သိမြင်ကြသလော။ ထိုတမန် ရောက်သောအခါ၊ တံခါးကိုပိတ်၍၊ တံခါးနားမှာသူ့ကို ဆီးတားကြလော့။

 generated on Sun Jun 30 02:37:40 2024

သူ့နောက်မှာသူ့သခင် ခြေသံမမြည် သလောဟု၊ [33] အသက်ကြီးသူတို့အား ပြောစဉ်တွင်၊ ထိုတမန် သည် ရောက်လာ၏။ ရှင်ဘုရင်ကိုယ်တိုင် ရောက်လျှင်၊ ဤအမှုသည် ထာဝရဘုရားစီရင်သော အမှုဖြစ်၏။ ထာဝရဘုရားကျေးဇူးကို အဘယ်ကြောင့် မြော်လင့် ရသေးသနည်းဟုဆိုသော်၊

---

---

2 Kings 01

ပရောဖက်၏သားများ
ပရောဖက်၏ သားများဟု ဆိုလိုခြင်းမဟုတ်ဘဲ ပရောဖက်အုပ်စုဝင်များကိုသာ ဆိုလိုသည်။ 2:3. ၌မည်သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်အုပ်စုများ"

ယော်ဒန်မြစ်သို့ သွားကြစို့
ယော်ဒန်မြစ်၏ နီးနားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယော်ဒန်မြစ်ကမ်းသို့ သွားကြစို့"

သင်၏ကျွန်
ပရောဖက်တပါးကို ဧလိရှဲ၏ ကျွန်ကဲ့သို့ လေးစားသည့်အနေဖြင့် ရည်ညွှန်းထားခြင်းဖြစ်သည်။

2 Kings 04

ယေဘုယျအချက်အလက်
ဧလိရှဲက ပရောဖက်များနှင့်တကွ သစ်ပင်ခုတ်ရန် သွားကြသည်။

ပုဆိန်၏ခေါင်းသည် ရေထဲသို့ကျလေ၏
ပုဆိန်၏ ခေါင်းသည် ပုဆိန်သွားကို ဆိုလိုသည်။ ပုဆိန်ရိုးမှ ပုဆိန်သွားသည် ချောင်လာပြီး ရေထဲသို့ကျခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပုဆိန်သွားသည် အရိုးမှ ကွာ၍ ရေထဲသို့ ကျလေသည်"

အိုး၊ မဟုတ်ဘူး
သူသည် ဝမ်းနည်းမှုဖြစ်သည်ကို ပြခြင်းဖြစ်သည်။ ဤကဲ့သို့ ဝမ်းနည်းမှုကိုပြသည့် စကားလုံးအသုံးနှုန်း သင့်ဘာသာစကား၌ရှိပါက သုံးနိုင်သည်။

ငှားခဲ့သောအရာ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ၎င်းကို ငှားခဲ့သည်"

2 Kings 06

ဘုရားသခင်၏ လူ မေးသည်မှာ
"ဘုရားသခင်၏လူ ဧလိရှဲ မေးသည့်မေးခွန်းမှာ"

ဒုတ်ကို ခုတ်၍ ထိုအရပ်၌ချသဖြင့် ပုဆိန်သည် ပေါလောပေါ်နေ၏
ဘုရားသခင်က ဧလိရှဲကို နိမိတ်လက္ခဏာပြုလုပ်ဖို့ရန် အသုံးပြုသည်။ ပုဆိန်ခေါင်းသည် ရေမျက်နှာပြင်သို့ ပေါ်လာပြီး ပရောဖက်က ကောက်ယူနိုင်ရန် ထိုနေရာ၌ ရှိနေသည်"

သံကို ပေါလောပေါ်နေ၏
"သံ ရေပေါ်တွင်ပေါလောပေါ် နေခြင်း"

သံ
"ပုဆိန်ခေါင်း" ပုဆိန်၏ ခေါင်းကို သံနှင့် ပြုလုပ်ထားပါသည်။

2 Kings 08

ယခုတွင် ရှုရိဘုရင်သည် ဣသရေလကို စစ်တိုက်သည်
"ရှုရိရှင်ဘုရင်သည် ဣသရေလများနှင့် စစ်တိုက်သည့်အခါ"

ယခု
အဓိက ဇာတ်လမ်းမှ အခြားအကြောင်းအရာကို စပြောသည့်နေရာဖြစ်သည်။ စာရေးသူက အခြားသောအကြောင်းအရာကို စတင်ပြောပြခြင်းဖြစ်သည်။

ငါ၏စခန်းသည် ဤမည်သောအရပ်၊ ဤမည်သောနေရာ ဟု ပြော၍
အာရံရှင်ဘုရင်က မည်သည့်နေရာ၌စခန်းချကြရမည်ကို သူ၏တိုင်ပင်ဖက်များအား ပြောပြသည်။ "ကဲ့သို့၊ ကဲ့သို့" စကားစုသည် ရေသွင်းစရာမလိုဘဲ စခန်းချမည့်တည်နေရာကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းကို သင်၏ ဘာသာစကားတွင် ကောင်းစွာ မဖော်ပြနိုင်ပါက သွယ်ဝိုက်ပြောစကားဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်နေရာ၌ စခန်းချရမည်ကို သူတို့အား ပြောပြပါ"

ဘုရားသခင်၏လူ
"ဘုရားသခင်၏လူ ဧလိရှဲ"

ရှုရိလူတို့သည် ဆင်းလာကြပြီ၊ ဤအရပ်ကို မဖြတ်သန်းဖို့ရန် သတိပြုကြပါ
ရှုရိလူများက သူတို့ စခန်းချမည့်နေရာ အသေးစိတ်ကို ဧလိရှဲက သိသည့်အတွက် ဣသရေလရှင်ဘုရင်၏ စစ်သားများက ထိုနေရာကို ရှောင်ကြဉ်ကြဖို့ရန် အကြံပေးခြင်းဖြစ်သည်။

2 Kings 10

သတိပေးသောအရပ်သို့ ဣသရေလရှင်ဘုရင် သည်
၆း၈ ၌ ဧလိရှဲသည် ဘုရင်ကို သတိပေးသည့်နေရာ

တကြိမ်နှစ်ကြိမ်မက ရန်သူတို့ကို ရှောင်လေ၏
ရှုရိစစ်တပ်တို့ မတိုက်ခင် ဧလိရှဲသည် ဣသရေလဘုရင်အား အကြောင်းအရာ အလုံးစုံကို ပြောပြပြီး ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိရှဲသည် ဣသရေလရှင်ဘုရင်ကို အကြိမ်ကြိမ် သတိပေးသဖြင့် လွတ်မြောက်ခဲ့ကြသည်"


generated on Sun Jun 30 02:37:40 2024

တို့တွင် အဘယ်သူ သည် ဣလသရေလရှင်ဘုရင်ဘက်၌ နေသည်ကို ငါ့အား မပြဘဲနေကြသနည်း
ရှုရိဘုရင်သည် သူ့စစ်တပ်ထဲတွင် သစ္စာဖောက်သည့် တပ်သားတစ်စုံတစ်ယောက်ရှိကြောင်း သံသယရှိနေသည်။ မည်သူမည်ဝါဖြစ်ကြောင်းကို စစ်ဆေးရန် မေးခွန်းမေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣလသရေလရှင်ဘုရင် ဘက်၌ ဘယ်သူသည် ရပ်တည်နေသနည်း" သို့မဟုတ် "ငါတို့၏ နည်းဗျူဟာကို ရန်သူများအား ပြောပြသော သူလျှိုက မည်သူနည်း"

ဣလသရေလရှင်ဘုရင်ဘက်၌ နေသည်
"သူ့ဘက်ပါနေသည့် လူ" လူယုံတော်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣလသရေလ ရှင်ဘုရင်ကို ကူညီသောသူ" သို့မဟုတ် "ဣလသရေလ ရှင်ဘုရင်ထံတွင် သစ္စာခံသူ"

2 Kings 12

မဟုတ်ပါ
ရှင်ဘုရင်၏စစ်သားများမှ မည်သူကမျှ ဣလသရေလရှင်ဘုရင်ကို သတင်းပေးကြမည်မဟုတ်ကြောင်း ကျွန်က ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ထဲမှ မည်သူမျှ မဟုတ်ပါ"

အရှင် မင်းကြီး
ရှုရိရှင်ဘုရင်ကို ဆိုလိုသည်။

သင်၏အိပ်ခန်း၌ သင်ပြောသောစကား
"သင်၏ ကိုယ်ပိုင်အခန်း၌ သင်ပြောခဲ့သောစကား"

ငါသည် လူများကိုစေလွှတ်ပြီး သူ့ကိုဖမ်းခိုင်းမည်
ရှင်ဘုရင်က လူများကိုစေလွှတ်ပြီး သူ့အတွက် ဧလိရှဲကို ဖမ်းခိုင်းရန် ရည်ရွယ်သည်။ ရှင်ဘုရင်က သူ့ကို သူကိုယ်တိုင်သွားဖမ်းဖို့ ရည်ရွယ်ခြင်း မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို ဖမ်းဖို့ရန် ငါသည်လူများကို စေလွှတ်မည်"

ကြည့်ပါ
နောက်ထပ်မည်သည့်အရာပြောလာမည်ကို နားထောင်စေချင်သည့်အတွက် ရှင်ဘုရင်၏အာရုံကို ဆွဲဆောင်သည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်ပါ"

သူသည် ဒေါသန်မြို့၌ရှိသည်
"ဧလိရှဲသည် ဒေါသန်မြို့၌ ရှိသည်"

ဒေါသန်မြို့
မြို့၏ နာမည်ဖြစ်သည်။

2 Kings 14

ထို့ကြောင့် ရှင်ဘုရင်
ရှုရိရှင်ဘုရင်ကို ဆိုလိုသည်။

ဘုရားသခင်၏လူ
"ဧလိရှဲ" သို့မဟုတ် "ဘုရားသခင်၏ လူ ဧလိရှဲ"

ကြည့်ပါ
"ကြည့်ပါ" စကားလုံးသည် ကျွန်က သူမြင်သည့်အရာကြောင့် ထိန့်လန့်နေသည်ကို ပြသည့်စကားလုံးဖြစ်သည်။

နံနက်စောစောထ၍ အပြင်သို့ထွက်သွားသည်
"နံနက်စောစောထ၍ အပြင်သို့ သွားသည်ကို သူမြင်သည်"

သူ၏ကျွန်က သူ့ကိုပြောသည်
ကျွန်က ဘာမြင်သည်ကို ဧလိယအားပြောပြရန် အိမ်ထဲသို့ ပြန်ဝင်သွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်က အထဲသို့ပြန်ဝင်ပြီး ဧလိရှဲကို ပြောသည်"

ငါတို့နှင့်အတူရှိသောသူများသည် သူတို့နှင့်ရှိသောသူများထက် ပိုများသည်
စစ်ပွဲ၌ "တစ်စုံတစ်ယောက်နှင့်အတူရှိခြင်း" သည် သူတို့ဖက်၌နေ၍ စစ်တိုက်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ဖက်၌ရှိသောသူများသည် သူတို့ဖက်၌ ရှိသော သူများထက် ပိုများသည်"

2 Kings 17

သူမြင်နိုင်ဖို့အလို့ငှာ သူ့မျက်စိဖွင့်ပါ
တခြားလူများမမြင်နိုင်ကြသည့်အရာ သူတို့ဘေးပတ်လည်၌ရှိသည့် ရထားများနှင့်မြင်းများကို မြင်နိုင်ရန် ကျွန်ကို ဧလိရှဲက ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို မြင်စေမူပါ"

သူမြင်ခဲ့ပြီ၊ ကြည့်ပါ
"သူမြင်နိုင်ပြီ။ သူတွေ့ခဲ့သည့်အရာသည် ထိုအရာဖြစ်သည်"

ကြည့်ပါ
"ကြည့်ပါ" စကားလုံးသည် ကျွန်က သူမြင်သည့်အရာကြောင့် ထိတ်လန့်နေသည်ကို ပြသည့်စကားလုံးဖြစ်သည်။

တောင်သည် မြင်းများဖြင့် ပြည့်နေ၏
"မြင်းများက တောင်ကို ဖုံးလွှမ်းနေကြသည်"

ဧလိရှဲ၏ ပတ်လည်၌
ဧလိရှဲရှိသည့် မြို့ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိရှဲရှိသည့် မြို့ပတ်လည်၌"

ဤလူများ
ရှုရိ စစ်သားများကို ဆိုလိုသည်။

ထိုလူများမျက်စိကန်းကြရန် တိုက်ခိုက်ပါ
"ဤလူများကို မျက်စိကန်းစေပါ" ထာဝရဘုရားက သူတို့ကို ရှင်းလင်းစွာ မမြင်နိုင်ကြရန် ဖြစ်စေခြင်းကို ဆိုလိုသည်။

ဤလမ်းလည်းမဟုတ်၊ ဤမြို့လည်းမဟုတ်
သူတို့ရှာဖွေသည့်အရာသည် ဤမြို့၌မရှိဟု ဧလိရှဲက ရှုရိလူတို့အား ပြောပြပြီးသူတို့၏ စိတ်ကို ရှုပ်ထွေးစေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ရှာဖွေသောအရာသည် ဤလမ်း၌လည်းမရှိ၊ ဤမြို့၌လည်း မရှိ"

2 Kings 20

ဖြစ်ပျက်လာသည်
"ဖြစ်ပျက်လာသည်" သို့မဟုတ် "ထို့နောက်"

သူတို့မြင်နိုင်ဖို့အလို့ငှာ ဤလူများ၏မျက်စိကို ပွင့်စေတော်မူပါ
ထာဝရဘုရားက လူတို့၏ အမြင် ရှင်းလင်းစွာပြန်မြင်စေရန် ဧလိရှဲက တောင်းဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို မြင်ခွင့်ပြုတော်မူပါ"

ထာဝရဘုရားက သူတို့မျက်စိများကို ဖွင့်သည့်အခါ သူတို့မြင်ကြသည်
ထာဝရဘုရားက လူများကရှင်းလင်းစွာမြင်နိုင်ခွင့်ကို ခွင့်ပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက သူတို့မျက်စိကန်းခြင်းကို ယူပစ်လိုက်သည်" သို့မဟုတ် "သူတို့သည်ရှင်းလင်းစွာမြင်နိုင်ခွင့်ကို ထာဝရဘုရား ခွင့်ပြုလေသည်"

ကြည့်ပါ
"ကြည့်ပါ" စကားလုံးသည် ရှုရိလူများက သူတို့မြင်ခဲ့ကြသည့်အရာအားဖြင့် အံ့သြခြင်းဖြစ်နေကြသည်ကို ပြသည့်စကားလုံးဖြစ်သည်။

သူတို့ကို သူကတွေ့သည့်အခါ
"ရှုရိစစ်သားများကို သူကတွေ့သည့်အခါ"

ငါ့အဘ
ရှင်ဘုရင်က ပရောဖက်ဧလိယကို လေးစားသည့်အနေဖြင့် "အဘ" ဟုခေါ်ခြင်းဖြစ်သည်။

သူတို့ကို သတ်ရပါမည်လော၊ သူတို့ကို သတ်ရပါမည်လော
ဣသရေလရှင်ဘုရင်က သူ၏စစ်တပ်ကို သူကိုယ်တိုင်ဟု ပြန်ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤရန်သူစစ်သားများကို သတ်ဖို့ရန် ငါ၏ စစ်တပ်ကို အမိန့်ပေးရမည်လော"

2 Kings 22

ဧလိရှဲက ပြန်ဖြေလျက်
ဣသရေလရှင်ဘုရင်၏ မေးခွန်းကို ဧလိရှဲက ပြန်ဖြေခြင်းဖြစ်သည်။

သင်၏လေးမြှားများနှင့်တကွ ဖမ်းထားသောသူများကို သင်သတ်မည်လော။
ရှင်ဘုရင်က ထိုလူများအားမသတ်သင့်သည်ကို အလေးနက်ပေးသည့်အနေဖြင့် ဤအဖြေမလိုသောမေးခွန်းဖြင့် ဧလိရှဲက မေးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သုံ့ပန်းများအဖြစ်ဖမ်းထားသောသူများကို သင်မသတ်သင့်ပေ" သို့မဟုတ် "စစ်၌ ဖမ်းထားသောသူများကို သင်သတ်လိမ့်မည် မဟုတ်၊ ထို့ကြောင့် ဤလူများကို သင်မသတ်သင့်ပေ၊"

သင်၏လေးနှင့်မြှားနှင့်တကွ ဖမ်းမိလာသောသူများ
လူများကို ရှင်ဘုရင်၏ စစ်သားများက ဖမ်းကြခြင်းကို ရှင်ဘုရင်ကိုယ်တိုင် ဖမ်းသည့်ပုံဟန်ဖြင့် ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စစ်သားများက သူတို့၏ လေးမြှားများနှင့်တကွ ဖမ်းကြပြီ"

သင်၏လေးမြှားနှင့်အတူ
စစ်ပွဲ၌ အသုံးပြုသည့် လက်နက်များဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်ပွဲ၌သင်၏ လေး၊ မြှားနှင့်တကွ"

သူတို့ရှေ့မှာ မုန့်နှင့်ရေကိုထည့်၍ သူတို့သည် စားသောက်ကြပြီးမှ
"မုန့်" သည် ယေဘုယျ အစားအစာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စားဖို့ရန် အစာနှင့်သောက်ရန် ရေကို သူတို့အား ပေးကြပါ"

သူတို့သခင်များဆီသို့ သွားကြသည်
ရှုရိရှင်ဘုရင်ကို ဆိုလိုသည်။

ရှင်ဘုရင်က သူတို့အတွက် အစာပြင်ဆင်ပေးလျက်ရှိသည်။
ရှင်ဘုရင်က အစာပြင်ဆင်ကြဖို့ရန် သူ့ကျွန်များကိုအမိန့်ပေးခြင်းဖြစ်သည်။ သူကိုယ်တိုင် အစာကိုပြင်ဆင်မည်မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အတွက် များစွာသော အစားအစာကို ပြင်ဆင်ကြရန် ရှင်ဘုရင်က သူ့ကျွန်များကို ခိုင်းလေသည်"

ထိုအုပ်စုများ
"ထိုအဖွဲ့များ"

ဣသရေလမြေသို့ အချိန်အကြာကြီး မပြန်ကြပါ
အချိန်အကြာကြီး ဣသရေလများ မတိုက်ခိုက်သည်ကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ဣသရေလမြေ တိုက်ခိုက်ခြင်းကို ရပ်တန့်ပါ"

2 Kings 24

ဗဟ်ာဒဒ်
ရှုရိရှင်ဘုရင်၏ နာမည်ဖြစ်သည်။ သူ၏ နာမည်သည် "ဟာဒဒ်၏ သား" ဟု အဓိပ္ပါယ်ရသည်။

ရှမာရိကို တိုက်ခိုက်ပါ
ရှင်ဘုရင်နှင့် သူ၏ စစ်တပ်က ရှမာရိကို တိုက်ခိုက်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က ရှမာရိကို တိုက်ခိုက်ကြသည်"

ကြည့်ပါ
"ကြည့်ပါ" စကားလုံးသည် နောက်မှ လိုက်လာသည့် သတင်းအပေါ် အာရုံစိုက်ရန် နှိုးဆော်သည့်အချက်ဖြစ်သည်။

မြည်းခေါင်းတစ်လုံးကို ရောင်းသည်
ပြသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြည်းခေါင်းတစ်လုံး၏ ကုန်ကျစရိတ်"

ငွေရှစ်ဆယ်
"ငွေရှစ်ဆယ်"

ပဲကြမ်း၏ လေးပိုင်းတစ်ပိုင်းကို
ခေတ်သုံးအချိန်အတွယ်ကို သုံးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်လီတာ၏ လေးပုံတစ်ပုံ"

လေးပိုင်းမြောက်
"၄ ခုမြောက်" အညီအမျှပိုင်း၍ လေးပိုင်းမှ တစ်ပိုင်းကိုဆိုလိုသည်။

ပဲကြမ်းတပြည်
မြှုပ်ထားသည့်စကားလုံးကို ပြန်ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပဲကြမ်းကို ရောင်းလိုက်သည်" သို့မဟုတ် "ပဲကြမ်း၏ ကုန်ကျစရိတ်"

မြို့ရိုးပေါ်သို့ လျှောက်သွားကြသည်
"မြို့ရိုးပေါ်သို့ လမ်းလျှောက် သွားကြသည်"

ငါ၏သခင်
အမျိုးသမီးက ရှင်ဘုရင်ကို လေးစားသည့်အနေဖြင့် ဤကဲ့သို့ ခေါ်ဆိုခြင်းဖြစ်သည်။

2 Kings 27

သူက ပြောသည်
"ဣသရေလရှင်ဘုရင်က အမျိုးသမီးကို အဖြေပေးသည်"

ထာဝရဘုရားက မကူညီလျှင်၊ အဘယ်သို့ငါက ကူညီနိုင်မည်နည်း။
ရှင်ဘုရင်က အမျိုးသမီးကို မကူညီနိုင်သည့်အကြောင်း ဤမေးခွန်းမျိုးဖြင့် ပြောပြခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက သင့်ကို မကူညီလျှင်၊ ငါသည်လည်း ကူညီနိုင်မည် မဟုတ်"

စပါးနယ်ရာတလင်း၊ စပျစ်သီးနယ်ရာကျင်းထဲမှ ထွက်လာမည်လော။
စားစရာမရှိသည်ကို အလေးနက်ပေးချင်သည့်အတွက် ရှင်ဘုရင်က ဤအဖြေမလိုသော မေးခွန်းကို သုံးခြင်းဖြစ်သည်။
စပါးနယ်ရာတလင်းသည် သီးနှံကို ရည်ညွှန်းပြီး၊
စပျစ်သီးနယ်ရာကျင်းက စပျစ်သီးကို ရည်ညွှန်းသည်။
ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စပါးနယ်ရာတလင်း၊ စပျစ်သီးနယ်ရာ ကျင်းထဲမှ မည်သည့်အရာမျှ ထွက်မလာပေ" သို့မဟုတ် "စားစရာအဖို့ ရိတ်သိမ်းရန် မရှိ၊ သောက်စရာအဖို့ ဝိုင်ပြုလုပ်ရန် စပျစ်သီးမရှိပါ"

ရှင်ဘုရင်က ဆက်လက်၍
"ရှင်ဘုရင်က ပြောသည်" သူတို့ ဆက်၍ စကားပြောနေကြသည်ကို ဆိုလိုသည်။

ရေလုံပြုတ်ကြသည်
"ငါတို့က ချက်ပြုတ်ကြသည်"

2 Kings 30

အမျိုးသမီးပြောစကားများကို ကြားသည်
"သူနှင့်အခြားသော အမျိုးသမီးများ ဘာလုပ်ကြသည်ကို အမျိုးသမီးက ကြားသည်"

သူ၏အဝတ်အစားများကို ဆုတ်ဖြဲလေသည်
ရှင်ဘုရင်က သူ၏ ဝမ်းနည်းမှုကို ပြသည့်အနေဖြင့် သူ၏အပြင်ဝတ်များကို ဆုတ်ဖြဲသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဝမ်းနည်းမှုဖြင့် သူ၏ အဝတ်အစားများကို ဆုတ်ဖြဲသည်"

မြို့ရိုးပေါ်သို့ သူသည်ဖြတ်သန်းသွားလေသည်
အမျိုးသမီးက သူ့ကိုခေါ်သည့်အခါ သူသည်မြို့ရိုးပေါ်သို့လျှောက်သွားလေသည် [2KI 6:24](2KI 6:24) ။ ယခုတွင် ၎င်းပေါ်သို့ လျှောက်သွားလေသည်။

အတွင်း၌ လျှော်တေအဝတ်ဖြင့် ဝတ်တော်မူကြောင်းကို
အတွင်းအဝတ်အစားအဖြစ် လျှော်တေအဝတ်ကို ဝတ်ခြင်းဖြင့် ရှင်ဘုရင်က သူသည်အလွန်ဝမ်းနည်းပက်လက်ဖြစ်သည်ကို ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အရေပြားပေါ်၌ အတွင်းအဝတ်အစားအဖြစ် လျှော်တေအဝတ်ကို သူဝတ်သည်" သို့မဟုတ် "သူသည်အလွန်ဝမ်းနည်းသည့်အတွက် လျှော်တေအဝတ်ကို သူဝတ်သည်"

ထာဝရဘုရားသည် ထိုမျှမက ငါ၌ပြုတော်မူပါစေသော်
ရှမာရိမြို့၌ ဖြစ်ပျက်သည့် အရာများကြောင့် ဧလိရှဲသည် မသေဆုံးလျှင် သူ့ကို ဘုရားသခင်က ဒဏ်ခတ်ပြီး သတ်ရန် သူ၏ မျှော်လင့်ချက်ကို ရှင်ဘုရင်က ပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ငါ့ကို ဒဏ်ခတ်၍ သတ်ပါစေသော်"

ရှာဖတ်၏သား ဧလိရှဲ၏ဦးခေါင်းသည် ယနေ့သူနှံ့မကွာလျှင်
ဧလိရှဲသေဆုံးသည်ကို ဆိုလိုပြီး အထူးသဖြင့် ခေါင်းဖြတ်ခံရသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှာဖတ်၏သား ဧလိရှဲ၏ ဦးခေါင်းသည် ယနေ့တွင် ခေါင်းဖြတ်ခြင်းမခံရလျှင်" သို့မဟုတ် "ရှာဖတ်၏ သား ဧလိရှဲကိုငါ၏စစ်သားတို့က ယနေ့ခေါင်းမဖြတ်ကြလျှင်"


generated on Sun Jun 30 02:37:40 2024

2 Kings 32

ရှင်ဘုရင်က သူ့ရှေ့၌ လူတစ်ယောက်ကို လွှတ်လိုက်သည်
"ရှင်ဘုရင်၏ ရှေ့၌" သည် သူ၏ကျွန်များမှ တစ်ယောက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧလိရှဲကရှင်ဘုရင်က သူ့ကျွန်တစ်ယောက်ကို စေတမန်အဖြစ်လွှတ်လိုက်သည်"

တမန်သည် ဧလိရှဲထံသို့လာသည့်အခါ သက်ကြီးသူများကို ပြောသည်
ရှင်ဘုရင်၏ စေတမန်ရောက်လာသည့်နှင့် ဧလိရှဲက သက်ကြီးသူများကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စေတမန်များ ရောက်လာသည့်အခါ ဧလိရှဲက သက်ကြီးသူများကို ပြောသည်"

ဤလူသတ်၏သားက ငါ၏ ခေါင်းကိုယူရန် ပို့လိုက်သည်ကို ကြည့်ကြပါ
တမန်၏ အာရုံကိုဆွဲဆောင်ပြီး ရှင်ဘုရင်ကို စော်ကားသည့်အနေဖြင့် ဤအဖြေမလိုသော မေးခွန်းကို ဧလိရှဲက သုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသတ်၏ သားသည် ငါ့ခေါင်းကိုဖယ်ရှားရန်အတွက် လူတစ်ယောက်လွှတ်လိုက်သည်ကို ကြည့်ကြပါ"

လူသတ်၏သား
ဧလိရှဲရှင်ဘုရင်သည် လူသတ်သည့်အကျင့်ရှိသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသတ်သမားနှင့် တူသည့် ဤလူ" သို့မဟုတ် "ထိုလူသတ်သမား"

ပို့လိုက်ပြီ
မြှုပ်ထားသည့် စကားလုံးကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်ကို ပို့သည်"

ငါ၏ခေါင်းကို ယူသွားကြပါ
သူ့ကို ခေါင်းဖြတ်ရန်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ခေါင်းကိုဖြတ်ရန်" သို့မဟုတ် "ငါ့ခေါင်းကိုဖြတ်ရန်"

ကြည့်ပါ
သူ နောက်ထပ်ပြောချင်သည့် အရာကြောင့် သက်ကြီးများ၏အာရုံကို ဆွဲခေါ်သည့်အနေဖြင့် ဧလိရှဲက ဤစကားလုံးကို သုံးခြင်းဖြစ်သည်။

တံခါးကို သူ့နားမှာ ပိတ်ကြလော့
တစ်စုံတစ်ယောက်အတွက် တံခါးပိတ်ခြင်းသည် ထိုတံခါးမှ မဝင်ရန် တံခါးပိတ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမဝင်လာနိုင်အောင် တံခါးကို ပိတ်ထားပါ"

သူ့နောက်၌ သူ့သခင်၏ခြေသံမမြည်သလော။
ရှင်ဘုရင်သည် သူနှင့် မနီးမဝေးတွင်လာသည်ကို သက်ကြီးများအား ဟုတ်မှန်သည့်အကြောင်းဖြင့် ဤမေးခွန်းကို ဧလိရှဲကသုံးခြင်းဖြစ်သည်။ ဤအဖြေမလိုသော မေးခွန်းမျိုးကို ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူ့သခင်၏ ခြေသံသည် သူ၏ နောက်တွင်ဖြစ်သည်" သို့မဟုတ် "သူရောက်ပြီး မကြာခင် ဘုရင်သည် လာလိမ့်မည်"

တမန်ကို ကြည့်ပါ
"ကြည့်ပါ" စကားလုံးသည် စေတမန်ရောက်လာကြောင်းကို ငါတို့အား အသိပေးသည့်အချက်ဖြစ်သည်။

တမန်သည် သူ့ဆီသို့ရောက်လာကြသည်
တမန်သည် ရောက်လာပြီး ရှင်ဘုရင်က ဧလိရှဲပြောသည့်အတိုင်း လုပ်လေသည်။ "သူ့ဆီသို့လာသည်" စကားစုသည် သူရှိသည့်နေရာတွင် သူတို့ရောက်ရှိလာကြသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စေတမန်နှင့်ရှင်ဘုရင်သည် ရောက်လာကြသည်"

ကြည့်ပါ ဤအမှု
"အမှန်တကယ်၊ ဤအမှု" "ကြည့်ပါ" စကားလုံးသည် နောက်လိုက်လာသည့်အကြောင်းကို အလေးနက်ပေးချင်သည့်အတွက်ဖြစ်သည်။ "ဤအမှု" စကားစုသည် ရှမာရိ၌ကျရောက်သည့် အစာခေါင်းပါးမှုကို ဆိုလိုသည်။

ထာဝရဘုရားကို အဘယ့်ကြောင့် စောင့်ရမည်နည်း
ထာဝရဘုရားက သူတို့ကို ကူညီနိုင်သည်ဟု မယုံကြည်ခြင်းကို အလေးနက်ပေးချင်သည့်အတွက် ဘုရင်က ဤမေးခွန်းမျိုးကို သုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို ထာဝရဘုရားက ကူညီလာရန်ကို အဘယ့်ကြောင့် ငါသည်စောင့်ရမည်နည်း" သို့မဟုတ် "ထာဝရဘုရားမှ အကူအညီကို ငါမစောင့်နိုင်ပါ"

# Translation Questions

2 Kings 6:1

ပရောဖက်သားအမျိုးသားတို့သည် အဘယ်ကြောင့် နေစရာဖို့ ဆောက်လုပ်ချင်ကြသနည်း။
ဧလိရှဲနှင့်အတူ နေသော အရပ်သည်အလွန် ကျဉ်းမြောင်းသည် ဖြစ်၍ သူတို့သည် နေစရာဖို့ ဆောက်လုပ်ချင်ကြပါသည်။

2 Kings 6:4

ပုဆိန်ဆုံးရှုံးသောသူသည် အဘယ်ကြောင့် စိတ်ပူပန်ခြင်းသို့ရောက်သနည်း။
သူသည် ပုဆိန်ငှားထားခြင်းဖြစ်သောကြောင့် ပုဆိန်ပျောက်ခြင်းအမှုမှာ စိတ်ပူပန်ခြင်းရောက်ခဲ့သည်။

2 Kings 6:6

ဧလိရှဲသည် အဘယ်သို့ သံကို ရေပေါ်တွင် ပေါ်လာအောင် ပြုလုပ်သနည်း။
ဧလိရှဲသည် ဒုတ်ကိုခုတ်၍ ပုဆိန်ကျသည့်နေရာတွင်ချသဖြင့် သံသည် ရေပေါ်တွင် ပေါ်လာသည်။

2 Kings 6:12

ရှုရိရှင်ဘုရင်၏စကားများကို အဘယ်သူသည် ဣသရေလရှင်ဘုရင်ထံသို့ ပြန်ပြောခဲ့သနည်း။
ဧလိရှဲသည် ရှုရိရှင်ဘုရင်၏စကားများကို ဣသရေလရှင်ဘုရင်ထံသို့ပြန်ပြောခဲ့သည်။

2 Kings 6:14

ဧလိရှဲ၏ကျွန်သည် အဘယ်ကြောင့် စိုးရိမ်ပူပန်ခြင်းသို့ ရောက်ခဲ့သနည်း။
ဧလိရှဲ၏ကျွန်သည် မြင်းစီးသူရဲ၊ ရထားစီးသူရဲနှင့် ဗိုလ်ခြေတို့သည် မြို့ကို ဝိုင်းလျက်ရှိနေသည်ကို မြင်သောအခါ စိုးရိမ်ပူပန်ခြင်းသို့ ရောက်ခဲ့သည်။

2 Kings 6:17

ဧလိရှဲသည် မည်ကဲ့သို့ ရှုရိလူတို့အား ရှာမာရိမြို့သို့ ဦးဆောင်ခဲ့သနည်း။
ဧလိရှဲသည် ထာဝရဘုရားအား ထိုသူတို့ မျက်စိကွယ်ရန် ဆုတောင်းပြီးနောက် သူ့နောက်သို့ လိုက်ရန်ပြောကြားခဲ့သည်။

2 Kings 6:20

ထာဝရဘုရားသည် ရှုရိလူတို့၏ မျက်စိကို ဖွင့်ပေးသောအခါ သူတို့သည် မည်သည့်နေရာတွင် ရောက်ရှိခဲ့သနည်း။
ထာဝရဘုရားသည် ရှုရိလူတို့၏ မျက်စိကို ဖွင့်ပေးသောအခါ သူတို့သည် ရှမာရိ၏ မြို့ထဲတွင်ရောက်ရှိခဲ့ပါသည်။

2 Kings 6:22

ဣသရေလရှင်ဘုရင်သည် ရှုရိလူတို့ကို မည်သို့ ပြုလုပ်ခဲ့သနည်း။
2 Chronicles 18

ယုဒပြည်သူ
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒပြည်ရှိလူများအားလုံး။"

ကောဟတ်အနွယ်သားနှင့် ကောရအနွယ်သားတို့

2 Chronicles 20

တေကော
ယေရုရှလင် တောင်ဘက်ရှိ မြို့ဖြစ်သည်။

တည်ကြည်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မစတော်မူလိမ့်မည်။"

ပရောဖက်တော်တို့ကို ယုံကြည်ကြလော့၊ သို့ပြုလျှင်အောင်မြင်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ ပရောဖက်များကို ယုံကြည်လျှင် သင်သည် အောင်မြင်လိမ့်မည်။"

2 Chronicles 22

စီရတောင်
အခန်း ၂၀:၁၀ တွင် မည်သို့ ဘာသာပြန်သည်ကို ကြည့်ပါ။

ချောင်းမြောင်းစေတော်မူသဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ရုတ်တရက် တိုက်ခိုက်မှုကို ပြင်ဆင်ကြသည်။"

စိရတောင်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှါ
'သုတ်သင်' နှင့် 'ပယ်ရှင်း' သည် အဓိပ္ပါယ်အတူတူဖြစ်သည်။ ပယ်ရှင်းသည် ရှေ့ကစကားကိုပို၍ ပြင်းထန်စေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကိုအမြစ်ဖြတ်ချေမှုန်းဖို့။"

2 Chronicles 24

အလုံးအရင်းကို ကြည့်ရှုသောအခါ ... အသေကောင်ဖြစ်ကြ၏။
အံ့သြစရာဖြစ်သည်။ သူတို့၏ ရန်သူများသည် အချင်းချင်း သတ်ဖြတ်ပျက်စီးကြသည်။

မြေပေါ်မှာလဲသော အသေကောင်ဖြစ်ကြ၏
'မြေပေါ်မှာလဲသော' ဟူသည့် စကားစုသည် 'သူတို့ သေသည်' ဟုသွယ်ဝိုက်ပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် မြေပေါ်တွင် သေကြသည်။"

2 Chronicles 25

ယနေ့တိုင်အောင်
အခန်း ၅:၉ ဘာသာပြန်ကို ကြည့်ပါ။

2 Chronicles 27

ယုဒပြည်သူ ယေရုရှလင်မြို့သားအပေါင်းတို့
စစ်တိုက်သူများအားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ (ရှု၊

ယောရှဖတ်သည် ရှေ့ဦးစွာကွ၍
သူတို့ ယေရုရှလင်မြို့သို့ ပြန်သွားသောအခါ ဘုရင်ယောရှဖတ်သည် ရှေ့ ၌ သွားသည်။

2 Chronicles 29

ထာဝရဘုရားသည် ဣသရေလအမျိုး၏ရန်သူတို့ကို တိုက်တော်မူကြောင်းကို၊ အခြားတိုင်းနိုင်ငံသားရှိသမျှတို့သည်ကြား၍ ဘုရားသခင်ကို ကြောက်ရွံ့ကြ၏။
တိုင်းနိုင်ငံ ဘုရင်များအားလုံးသည် ဘုရားသခင်ကို အလွန်ကြောက်ရွံ့ကြ၏။

အခြားတိုင်းနိုင်ငံသားများ
အုပ်ချုပ်သူတစ်ဦးတည်းရှိသည့် အစိုးရများကို ရည်ညွှန်းသည်။

2 Chronicles 31

ရှိလဟိသမီး အဇုဘ

လမ်းကိုမလွဲ၊ အကုန်အစင်လိုက်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ခမည်းတော်၏
လမ်းတော်များကို လိုက်၏။"

ရှေ့တော်၌ဖြောင့်မတ်သောအကျင့်ကိုသာ ကျင့်၏
အခန်း ၁၄:၁ ဘာသာပြန်ကို ကြည့်ပါ။

2 Chronicles 34

ဟာနန်သား

ဣသရေလရာဇဝင်
အခန်း ၁၆:၁၁ ဘာသာပြန်ကို ကြည့်ပါ။

2 Chronicles 35

သင်္ဘောတို့ ကို
ရေထုကြီးမားသော နေရာ၌ ခရီးသွားလာနိုင်သော
သင်္ဘောများဖြစ်သည်။

ဧဇယုန်ဂါဗာ
အခန်း ၈:၁၇ ဘာသာပြန်ကို ကြည့်ပါ။

မရေရှ
အခန်း ၁၁:၅ ဘာသာပြန်ကို ကြည့်ပါ။

ဧလျေဇ
အခန်း ၇:၈ တွင် မည်သို့ ဘာသာပြန်ဆိုသည်ကို ကြည့်ပါ။

ဒေါဒေဝ
အမျိုးသား အမည်ဖြစ်သည်။

---

## Translation Questions

2 Chronicles 20:1

မောဘအမျိုးသား၊ အမ္မုန် အမျိုးသားနှင့် ဧဒုံအမျိုးသားတို့သည်
ယောရှဖတ်တစ်ဘက်၌ ဘာအကြောင်းကြောင့် ချီလာကြသနည်း။
သူတို့သည် ယောရှဖတ်တစ်ဘက်၌ စစ်တိုက်ရန်
ချီလာခဲ့ကြသည်။

2 Chronicles 20:3

ယုဒလူအပေါင်းတို့သည် မည်သည့်နေရာမှ ထာဝရဘုရားသခင်ကို ရှာရန်
ထွက်လာခဲ့ကြသနည်း။
လူအပေါင်းတို့သည် ယုဒပြည်တစ်ပြည်လုံးမှ
ထာဝရဘုရားသခင်ကို ရှာရန် ထွက်လာခဲ့ကြသည်။

2 Chronicles 20:5

ယောရှဖတ်သည် ပရိသတ်အလယ်မည်သည့်နေရာတွင် ရပ်နေခဲ့သနည်း။
ယောရှဖတ်သည် ဗိမာန်တော် တန်တိုင်း သစ်ရှေ့တွင်
ရပ်နေခဲ့သည်။

2 Chronicles 20:8

လူအပေါင်းတို့သည် ဆင်းရဲ ဒုက္ခကြောင့် အော်ဟစ်ကြသောအခါ၊
ထာဝရဘုရားသခင်သည် မည်သို့ ကတိပြုသနည်း။
လူအပေါင်းတို့သည် ဆင်းရဲ ဒုက္ခကြောင့် အော်ဟစ်ကြသောအခါ၊
ယောရှဖတ်က ထာဝရဘုရားသခင်သည် နားထောင်၍
ကယ်မတော်မူလိမ့်မည်ဟု ပြောခဲ့ပါသည်။

2 Chronicles 20:10

ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှထွက်လာသောအခါ
ထာဝရဘုရားသခင်သည် အမ္မုန်အမျိုးသား၊ မောဘအမျိုးသား၊
စိရတောင်သားတို့အား ဘာကို အခွင့်မပေးသနည်း။
ထာဝရဘုရားသခင်သည် အမ္မုန်အမျိုးသား၊ မောဘအမျိုးသား၊
စိရတောင်သားတို့အား ဣသရေလအမျိုးသားတို့ကို တိုက်ရသော
အခွင့် ပေးတော်မမူခဲ့ပေ။

2 Chronicles 20:12

မည်သူတို့သည် ထာဝရဘုရားသခင်ရှေ့တော်၌ ရပ်နေခဲ့ကြသနည်း။
ယုဒလူအပေါင်းတို့သည် သားမယားသူငယ်တို့ နှင့်တကွ၊
ထာဝရဘုရားရှေ့တော်၌ ရပ်နေခဲ့ကြသည်။

2 Chronicles 20:14

ထာဝရဘုရားသခင်သည် သူတို့အား ဆန့်ကျင်သော ထို အလုံးအရင်းကြီး
ကြောင့် မကြောက်ရန်နှင့်စိတ်မပျက်ရန် အဘယ်ကြောင့်ပြောခဲ့သနည်း။
ထာဝရဘုရားသခင်သည် သူတို့အား ဆန့်ကျင်သော ထို
အလုံးအရင်းကြီး ကြောင့် မကြောက်ရန်နှင့်စိတ်မပျက်ရန်
ပြောခဲ့ရခြင်းမှာ စစ်မှုသည် သူတို့တာမဟုတ်၊
ဘုရားသခင့်တာဖြစ်သောကြောင့် ဖြစ်သည်။

2 Chronicles 20:16

ထာဝရဘုရားသခင်သည်၊ လူအပေါင်းတို့အား တည်ကြည်စွာ မတ်တတ်နေလျက်ရှိစဉ် သူတို့သည် ဘာကိုမြင်လိမ့်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသခင်သည် သူတို့ကို တည်ကြည်စွာ မတ်တတ်နေလျက်၊ ထာဝရဘုရားကယ်တင်တော်မူခြင်း ကျေးဇူးကိုကြည့်ရန် ပြောခဲ့ပါသည်။

2 Chronicles 20:18

ယုဒပြည်သူယေရုရှလင်မြို့သားအပေါင်းတို့သည် ထာဝရဘုရား ရှေ့တော်၌ မည်ကဲ့သို့ ကိုးကွယ်ခဲ့ကြသနည်း။
ယုဒပြည်သူယေရုရှလင်မြို့သားအပေါင်းတို့သည် ထာဝရဘုရား ရှေ့တော်၌ ပြပ်ဝပ်လျက်၊ ထာဝရဘုရားကို ကိုးကွယ်ခဲ့ကြသည်။

2 Chronicles 20:20

စစ်တပ်တို့သည် ထွက်သွားကြသောကြောင့်ယောရှဖတ်သည် ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရန် အဘယ်ကြောင့် ပြောခဲ့သနည်း။
သူတို့သည် စစ်တပ်တို့ရှေ့တွင် ထွက်သွားကြသောကြောင့် ယောရှဖတ်သည် "ထာဝရဘုရား၏ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့" ဟု ပြောခဲ့ပါသည်။

2 Chronicles 20:22

ယုဒလူအပေါင်းတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြ သောအခါ၊ ထာဝရဘုရားသခင်သည် ဘာအမှုပြုခဲ့သနည်း။
သူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြ သောအခါ၊ ထာဝရဘုရားသခင်သည် သူတို့ ရန်သူတစ်ဘက်၌ ချောင်းမြောင်းတိုက်စေတော်မူခဲ့သည်။

2 Chronicles 20:24

ယုဒလူတို့သည် ထိုအလုံးအရင်းကို ကြည့်ရှုသောအခါ ဘာကို မြင်ခဲ့ကြသနည်း။
ယုဒလူတို့သည် ထိုအလုံးအရင်းကို ကြည့်ရှုသောအခါ မြေပေါ်မှာ လဲသော အသေကောင်ကိုသာ မြင်ခဲ့ကြသည်။

2 Chronicles 20:25

လူတို့သည် ရန်သူ့ဥစ္စာကို ဘယ်နှစ်ရက် ကောက်ယူသိမ်းဆည်း ခဲ့သနည်း။
လူတို့သည် လက်ရ ဥစ္စာအလွန်များသောကြောင့်၊ သုံးရက်ပတ်လုံး လုယူသိမ်းဆည်းခဲ့ကြသည်။

2 Chronicles 20:27

ယောရှဖတ်နှင့်အတူ သူ၏လူတို့သည် ဝမ်းမြောက်သော စိတ်နှင့် ယေရုရှလင်မြို့သို့ အဘယ်ကြောင့်ပြန်သွားကြသနည်း။
ယောရှဖတ်နှင့်အတူ သူ၏လူတို့သည်ရန်သူတို့အပေါ်၊ ဝမ်းမြောက်သောအခွင့်ကို၊ ထာဝရဘုရားပေးတော်မူသော ကြောင့်ဝမ်းမြောက်သော စိတ်နှင့် ယေရုရှလင်မြို့သို့ ပြန်သွားခဲ့ကြသည်။

2 Chronicles 20:29

ထာဝရဘုရားသခင်သည် ယောရှဖတ်၏ နိုင်ငံသာယာရန် ဘာကို ပေးခဲ့သနည်း။
ထာဝရဘုရားသခင်သည် အရပ်ရပ်၌ ငြိမ်ဝပ် သော အခွင့်ကိုပေး တော်မူသောကြောင့်ယောရှဖတ်၏ နိုင်ငံသာယာခဲ့သည်။

2 Chronicles 20:31

ယောရှဖတ်သည် ထာဝရဘုရား၏ ရှေ့တော်၌ ဘာလုပ်ခဲ့ပြီးသနည်း။
ယောရှဖက်သည် ထာဝရဘုရား၏ ရှေ့တော်၌ ဖြောင့်မတ်သောအကျင့်ကိုကျင့်ခဲ့သည်။

2 Chronicles 20:35

ယောရှဖတ်သည် အာခဇိနှင့် ပေါင်းဘော်သောကြောင့်၊ ပရောဖက်များက မည်သို့ ဟောခဲ့သနည်း။
ယောရှဖတ်သည် အာခဇိနှင့် ပေါင်းဘော်၍ မိမိကိုယ်ကိုလိမ်လည်သောကြောင့် ထာဝရဘုရားသည် သူ၏ အမှုကိုဖျက်တော် မူပြီးဟု ယောရှဖတ်တဘက်၌ ဟောခဲ့သည်။

## Chapter 21

1 ယောရှဖတ်သည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ သူတို့နှင့်အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သား တော်ယဟောရံသည်
ခမည်းတော်အရာ၌ နန်းထိုင်၏။ 2 ယုဒရှင်ဘုရင်ယောရှဖတ်သား၊ ယဟောရံညီဟူ မူကား၊ အာဇရိ၊ ယေယလေ၊ ဇာခရိ၊ အာဇရိ၊
မိက္ခေလ၊ ရှေဖတိတည်း။ 3 ခမည်းတော်သည်များစွာသော ရွှေငွေဥစ္စာ ရတနာနှင့်တကွ ယုဒပြည်၌ ခိုင်ခံ့သောမြို့တို့ကို သူတို့ အား
ပေး၏။ နိုင်ငံကိုကား၊ သားဦး ယဟောရံအား ပေး၏။ 4 ယဟောရံသည် ခမည်းတော်နိုင်ငံ၌ တည်သော အခါ၊ ကိုယ်ကို ခိုင်ခံ့စေ၍၊
ညီတော်အပေါင်းတို့ကိုင်၎င်း၊ ဣသရေလမှူးတော် မယ်တော်တချို့တို့ကိုင်၎င်း၊ ထားနှင့် သတ်လေ၏။ 5 ယဟောရံသည်
အသက်သုံးဆယ်နှစ်နှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ ရှစ်နှစ်စိုးစံလေ၏။ 6 အာဟပ်သမီးနှင့်စုံဘက်သဖြင့်၊ ဣသရေလ
ရှင်ဘုရင်တို့လိုက်ရာ လမ်းသို့ အာဟပ်အမျိုးကဲ့သို့ လိုက်၍၊ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၏။ 7 သို့ရာတွင်
ထာဝရဘုရားသည် ဒါဝိဒ်အစရှိသော သားမြေးတို့၏ မီးခွက်ကို အစဉ်ထွန်းလင်းစေမည်ဟု ဂတိတော်ရှိ၍၊ ဒါဝိဒ်နှင့်ပဋိညာဉ်
ဖွဲ့တော်မူသောကြောင့်၊ သူ၏အမျိုးကို မဖျက်ဆီးဘဲ ထားတော်မူ၏။ 8 ထိုမင်းလက်ထက်၌၊ ဧဒုံပြည်သားတို့သည် ယုဒ ရှင်ဘုရင်ကို
ပုန်ကန်၍၊ ကိုယ်အမျိုးသားကို ရှင်ဘုရင် အရာ၌ ချီးမြှောက်ကြ၏။ 9 ယဟောရံမင်းသည် မှူးမတ်များ၊
ရထားစီးသူရဲများအပေါင်းတို့နှင့်တကွ စစ်ချီ၍၊ ညဉ့်အခါ ဝိုင်းသော ဧဒုံလူများ၊ ရထားအုပ်များကို လုပ်ကြံလေ၏။ 10 သို့သော်လည်း၊
ဧဒုံပြည်သားတို့သည် ယနေ့ တိုင်အောင် ယုဒရှင်ဘုရင်ကိုပုန်ကန်ကြ၏။ ထိုကာလ၌၊ လိဗနပြည်သည်လည်း
ပုန်ကန်၏အကြောင်းမူကား၊ ယဟောရံသည် ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရား ကို စွန့်၍၊ 11 ယုဒတောင်တို့ အပေါ်မှာ၊
မြင့်သောအရပ်တို့ကို တည်လုပ်သဖြင့်၊ ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့ သည် တပါးအမျိုးသားတို့၏ ဘုရားနှင့် မှားယွင်းရမည်
အကြောင်း၊ အနိုင်အထက်ပြုသတည်း။ 12 ပရောဖက်ဧလိယ ပေးလိုက်သောစာသည် ထိုမင်းထံသို့ ရောက်သဖြင့်၊ သင့်အဘဒါဝိဒ်၏
ဘုရား သခင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် ခမည်းတော်ယောရှဖတ်လမ်းနှင့် ယုဒရှင်ဘုရင်အာသ လမ်းသို့ မလိုက်၊ 13
ဣသရေလရှင်ဘုရင်တို့ လမ်းသို့လိုက်သော ကြောင့်၎င်း၊ အာဟပ်အမျိုး မှားယွင်းသည်နည်းတူ ယုဒ ပြည်သူ၊
ယေရုရှလင်မြို့သားတို့သည်၊ တပါးအမျိုးသားတို့ ၏ ဘုရားနှင့်မှားယွင်းရမည် အကြောင်းပြုသောကြောင့်၎င်း၊
ကိုယ်ထက်သာ၍ကောင်းသော ညီရင်းတို့ကို သတ် သောကြောင့်၎င်း၊ 14 ထာဝရဘုရားသည် သင်၏လူများ၊ သင်၏သား မယားများ၊
သင်၏ဥစ္စာရှိသမျှကို ကြီးစွာသောဘေးဖြင့် ဒဏ်ခတ်တော်မူမည်။ 15 သင့်အူသည် တနေ့ထက်တနေ့ထွက်အောင်၊ ဝမ်းထဲ၌ ပြင်းစွာ
သောအနာရောဂါစွဲလိမ့်မည်ဟု စာ၌ပါသတည်း။ 16 ထိုနောက်မှ၊ ထာဝရဘုရားသည် ဖိလိတ္တိလူ၊ ကုရှပြည်နှင့်နီးသော အာရပ်လူတို့ကို၊
ယဟောရံမင်း တဘက် နှိုးဆော်တော်မူသဖြင့်၊ 17 သူတို့သည် ယုဒပြည်သို့ချီလာ၍ လုပ်ကြံကြ၏။ နန်းတော်၌တွေ့သမျှသော
ဥစ္စာများနှင့် ရှင်ဘုရင်၏ သားမယားများတို့ကို သိမ်းသွားကြသဖြင့်၊ အထွေးဆုံး သောသား အာခဇိမှတပါး၊
တယောက်မျှမကျန်ကြွင်း။ 18 နောက်တဖန် မပျောက်နိုင်သောဝမ်းနာဖြင့် ထာဝရဘုရားသည် ဒဏ်ခတ်တော်မူ၏။ 19 ရှင်ဘုရင်သည်
တာရှည်စွာနာ၍၊ နှစ်နှစ်စေ့ သောအခါ၊ အနာပြင်းထန်သောကြောင့်၊ အူထွက်၍ အသက်ချုပ်လေ၏။ ပြည်သားတို့ သည်ဘိုးတော်
ဘေးတော်တို့အဘို့ မီးရှို့ခြင်းကိုပြုသကဲ့သို့၊ ထိုမင်း အဘို့မပြု။ 20 ယဟောရံသည် အသက်သုံးဆယ်နှစ်နှစ်ရှိသော်၊ နန်းထိုင်၍
ယေရုရှလင်မြို့၌ ရှစ်နှစ်စိုးစံပြီးမှ၊ အဘယ် သူမျှ မနှမြောဘဲသေသွား၏။ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်သော် လည်း၊ ရှင်ဘုရင်တို့
သင်္ချိုင်း၌မသင်္ဂြိုဟ်ကြ။


generated on Sun Jun 30 02:37:40 2024

## Chapter 22

[1] အာရပ်လူတို့နှင့်လိုက်လာသော တပ်သားတို့ သည် တပ်ထဲသို့ဝင်၍၊ ယုဒရှင်ဘုရင် ယဟောရံ၏ သားတော်အကြီး ရှိသမျှတို့ကို
သတ်သောကြောင့်၊ ယေရု ရှလင်မြို့သားတို့သည် သားထွေးအာခဇိကို ခမည်းတော် အရာ၌ချီးမြှောက်၍၊ [2] အာခဇိသည်
အသက်နှစ်ဆယ်နှစ်နှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ တနှစ် စိုးစံလေ၏။ မယ်တော်ကား၊ ဩမရိမြေးအာသလိ အမည်ရှိ၏။ [3]
မယ်တော်သည် မကောင်းသောအကြံကို ပေး သောကြောင့်၊ ထိုမင်းသည် အာဟပ်အမျိုးလိုက်ရာ လမ်းသို့လိုက်၍၊ [4]
အာဟပ်အမျိုးကဲ့သို့ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၏။ ခမည်းတော်သေသောနောက်၊ အာဟပ် အမျိုးသားတို့သည် အာခဇိကို
အကျိုးနည်းစေခြင်းငှါ မကောင်းသောအကြံကို ပေးကြ၏။ [5] အာခဇိသည် သူတို့စကားကိုနားထောင်သဖြင့်၊ ဣသရေလရှင်
ဘုရင်အာဟပ်သား ယောရံနှင့်ဝိုင်းလျက်၊ ဂိလဒ်ပြည်ရာမုတ်မြို့သို့စစ်ချီ၍၊ ရှုရိရှင်ဘုရင် ဟာဇေလ ကို တိုက်ရာတွင်၊
ရှုရိလူတို့သည်ယောရံကို ထိခိုက် ကြ၏။ [6] ထိုသို့ရာမုတ်မြို့၌ ရှုရိရှင်ဘုရင် ဟာဇေလကို တိုက်၍၊ ရှုရိလူထိခိုက်သော
အနာပျောက်စေခြင်းငှါ၊ ယောရံသည် ယေဇရေလမြို့သို့ ပြန်သွား၍ နာလျက် နေစဉ်တွင်၊ ယုဒရှင်ဘုရင် ယယောရံသားအာခဇိသည်
လည်း၊ အာဟပ်သားယောရံကို ကြည့်ရှုခြင်းငှါ ထိုမြို့သို့ ဆင်းသွားလေ၏။ [7] ဘုရားသခင် စီရင်တော်မူသည်အတိုင်း၊ အာခဇိ သည်
ယောရံ ထံသို့ရောက်သောအားဖြင့်၊ ဆုံးရှုံးလေသည် အကြောင်းအရာဟူမူကား၊ အဟပ်အမျိုးကို သုတ်သင် ပယ်ရှင်းစေခြင်းငှါ၊
ထာဝရဘုရား ဘိသိတ်ပေးတော်မူ သောနိမ်ရှိသားယေဟုကို ဆီးကြိုခြင်းငှါ၊ ယောရံနှင့် အာခဇိတို့သည် ထွက်သွား၏။ [8] ယေဟုသည်
အာဟပ်အမျိုးကို တရားစီရင် သောအခါ၊ ယုဒမှူးမတ်တို့ကိုငှင်း၊ အာခဇိမင်း၌ ခစား သော နောင်တော်၏သားတို့ကိုငှင်း၊
တွေ့၍သတ်လေ၏။ [9] ရှမာရိပြည်၌ ပုန်လျက်နေသော အာခဇိကို ရှာ၍ ဘမ်မိသောအခါ၊ ယေဘုထံသို့ ဆောင်ခဲ့ပြီးမှ သတ်၍
သင်္ဂြိုဟ်ကြ၏။ အကြောင်းမူကား၊ သူသည် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ရှာသော ယောရှ ဖတ်၏ အမျိုးဖြစ်သည်ဟု
ဆိုကြ၏။ ထိုသို့အာခဇိအမျိုး သည် နိုင်ငံကိုအုပ်စိုးခြင်းငှါ မတတ်နိုင်။ [10] အာခဇိ၏မယ်တော် အာသလိသည် မိမိသား
သေကြောင်းကို သိမြင်သော်၊ ထ၍ယုဒပြည်၏ဆွေတော် မျိုးတော်အပေါင်းတို့ကို သုတ်သင်ပယ်ရှင်းလေ၏။ [11] သို့ရာတွင်၊
ရှင်ဘုရင်သမီး ယောရှေဘသည်၊ အာခဇိ၏သား ယောရှိကု အသေခံရသော ဆွေတော် မျိုးတော်ထဲက ခိုးယူ၍၊ သူနှင့်သူ၏ နို့ထိန်းကို
အိပ်ခန်း ထဲ၌ ဝှက်ထား၏။ ထိုသို့ယဟောရံမင်းကြီးသမီး၊ ယဇ် ပုရောဟိတ်ယောဒ၏မယားဖြစ်သော အာခဇိ၏နှမ ယောရှေဘသည်၊
အာသလိလက်မှ ယောရှ၏အသက် လွတ်စေခြင်းငှါ ဝှက်ထားသဖြင့်၊ [12] ခြောက်နှစ်ပတ်လုံး ယောရှသည် သူတို့နှင့်အတူ၊ ဗိမာန်တော်၌
ပုန်းရှောင်လျက်နေ၍ အာသလိသည် စိုးစံလေ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 23

1 ခုနစ်နှစ်မြောက်သောအခါ၊ ယောယဒသည် ကိုယ်ကိုခိုင်ခံ့စေ၍ တပ်မှူးများ၊ ယေရောဟံသား အာဇရိ၊ ယောဟနန်သား ဣရှမေလ၊
ဩဗက်သားအာဇရိ၊ အဒါ ယသား မာသေယ၊ ဇိခရိသား ဧလိရှဖတ်တို့နှင့် သင်းဖွဲ့ လေ၏။ 2 ထိုသူတို့သည် ယုဒပြည်၌
လှည့်လည်သဖြင့်၊ ယုဒမြို့အရပ်ရပ်ထဲက လေဝိသားများနှင့် ဣသရေလ အဆွေအမျိုး သူကြီးများကို စုဝေးစေ၍၊ ယေရုရှလင်မြို့ သို့
ပြန်လာကြ၏။ 3 စည်းဝေးသောသူ အပေါင်းတို့သည် ဗိမာန် တော်၌ ရှင်ဘုရင်နှင့် ပဋိညာဉ်ဖွဲ့ကြ၏။ ယောယဒ ကလည်း၊
ရှင်ဘုရင်သားတော်ကို ကြည့်ရှုကြလော့။ ထာဝရဘုရားသည် ဒါဝိဒ်အမျိုးကို မိန့်တော်မူသည် အတိုင်း၊ ရှင်ဘုရင်သားတော်
စိုးစံရမည်။ 4 သင်တို့ပြုရသော အမှုဟူမူကား၊ ဥပုသ်နေ့၌ ဝင်သောယဇ်ပုရောဟိတ် လေဝိသားသုံးစုတစုသည်
တံခါးစောင့်လုပ်ရမည်။ 5 တစုသည် နန်းတော်ကို စောင့်ရမည်။ တစု သည် သုရတံခါးကို စောင့်ရမည်။ လူအပေါင်းတို့သည်
ဗိမာန်တော်တန်တိုင်းတို့အတွင်း၌ နေရကြမည်။ 6 ယဇ်ပုရောဟိတ်များနှင့် အမှုတော်စောင့် လေဝိသားများမှတပါး၊ အဘယ်သူမျှ
ဗိမာန်တော်ထဲသို့ မဝင်စေနှင့်။ သူတို့သည်သန့်ရှင်းသောကြောင့် ဝင်ရကြ မည်။ အခြားသောသူအပေါင်းတို့သည် ထာဝရဘုရား
ဘက်၌စောင့်နေရကြမည်။ 7 လေဝိသားတိုင်း မိမိလက်နက်ကိုကိုင်လျက်၊ ကိုယ် တော်မြတ်ကို ဝိုင်း၍ အိမ်တော်ထဲသို့ ဝင်သမျှသော
သူတို့ကို သတ်ရမည်။ ရှင်ဘုရင်ထွက်ဝင်တော်မူသော အခါ၊ နောက်တော်သို့လိုက်ရမည်ဟု မှာထားလေ၏။ 8
ထိုသို့ယဇ်ပုရောဟိတ်ယောယဒမှာ ထားသမျှ အတိုင်း၊ လေဝိသားများနှင့် ယုဒအမျိုးသားအပေါင်းတို့ သည်ပြု၍၊
ယဇ်ပုရောဟိတ်ယောဒသည် ဖွဲ့မြဲဖွဲ့သော အသင်းတို့ကို မဖျက်သောကြောင့်၊ ဥပုသ်နေ့၌ ထွက်ရ သောသူနှင့် ဝင်ရသော
သူအသီးအသီးတို့ကို ခေါ်ထား ကြ၏။ 9 ဗိမာန်တော်၌ရှိသောဒါဝိဒ်မင်းကြီး၏ လှံများနှင့် ဒိုင်းလွှားများကို၊
ယဇ်ပုရောဟိတ်ယောယဒသည် ထုတ်၍၊ လူတရာအုပ်တို့အား အပ်လေ၏။ 10 အသီးအသီးလက်နက်ကိုင်သော သူအပေါင်းတို့ကို
ရှင်ဘုရင်ပတ်လည်၊ ယဇ်ပလ္လင်အနားနှင့် ဗိမာန်တော် အနား၌၊ လက်ျာထောင့်မှစ၍ လက်ဝဲထောင့်တိုင်အောင် နေရာချထားလေ၏။ 11
ထိုအခါ ရှင်ဘုရင်သားတော်ကို ပြင်သို့ထုတ်၍၊ ရာဇသရဖူနှင့် ပညတ္တိကျမ်းစာကိုတင်လျက်၊ ရှင်ဘုရင် အရာ၌ ချီးမြှောက်ကြ၏။
ယောယဒနှင့် သူ၏သားတို့ သည် ဘိသိက်ပေး၍၊ ရှင်ဘုရင်အသက်တော်ရှင်စေသ တည်းဟု ကြွေးကြော်ကြ၏။ 12 အာသလိသည်
လူများပြေး၍၊ ရှင်ဘုရင်ထံ၌ ချီးမွမ်းသံကိုကြားလျှင်၊ လူများရှိရာ ဗိမာန်တော်သို့ သွား၍၊ 13 ရှင်ဘုရင်သည် ဗိမာန်တော်ဝင်ဝ၊
တိုင်နားမှာ ရပ်လျက်၊ မှူးတော်မတ်တော်များနှင့် တံပိုးမှုတ်သော သူများတို့သည် ရှင်ဘုရင်အနားတော်၌ ရပ်လျက်၊
ပြည်သူပြည်သားများတို့သည် ဝမ်းမြောက်၍၊ တံပိုးမှုတ် လျက် သီချင်းသည်တို့သည် တုရိယာအမျိုးမျိုးကိုကိုင်၍၊
ထောမနာသီချင်းကို ဆိုလျက်ရှိကြသည်ကိုမြင်လျှင်၊ မိမိအဝတ်ကိုဆုတ်၍ ပုန်ကုန်မှုပါတကား၊ ပုန်ကန်မှုပါ တကားဟု
အော်ဟစ်လေ၏။ 14 ယဇ်ပုရောဟိတ်ယောယဒကလည်း။ ဗိမာန်တော် ထဲမှာ မသေစေနှင့်။ တပ်ပြင်သို့ ထုတ်ကြ။ သူ့ဘက်မှာ
နေသောသူကိုထားနှင့် သတ်ကြ ဟုလူတရာအုပ်တပ်မှူး တို့ကို မှာထားနှင့်သည်အတိုင်း၊ 15 အာသလိကို ဘမ်းဆီးလျက်၊ နန်းတော်သို့
သွားသော မြင်းလမ်းဝသို့ ရောက်သောအခါ သတ်ကြ၏။ 16 ရှင်ဘုရင်နှင့် လူအပေါင်းတို့သည် ထာဝရ
ဘုရား၏လူဖြစ်ရမည်အကြောင်း၊ ယောယဒသည် မိမိထံ၌ ပဋိညာဉ်ဖွဲ့စေ၏။ 17 လူအပေါင်းတို့သည် ဗာလကျောင်းသို့သွား၍
ဖြိုဖျက်ကြ၏။ ယဇ်ပလ္လင်များနှင့် ရုပ်တုများကိုချိုးဖွဲ့၍၊ ယဇ်ပလ္လင်တို့ရှေ့မှာ ဗာလယဇ်ပုရော ဟိတ်မဿန်ကို သတ်ကြ၏။ 18
မောရှေပညတ္တိကျမ်း၌ ပါသည်အတိုင်း၊ ထာဝရ ဘုရားအား မီးရှို့ရာယဇ်တို့ကို ပူဇော်ခြင်း၊ ဒါဝိဒ်စီရင် သည်အတိုင်း၊
ရွှင်လန်းစွာသီချင်းဆိုခြင်းအမှုကို ပြုစေ ခြင်းငှါ၊ ဗိမာန်တော်၌ ဒါဝိဒ်ခွဲထားသော ယဇ်ပုရောဟိတ် လေဝိသားတို့သည်
ဗိမာန်တော်မှုများကို ဆောင်ရွက်မည် အကြောင်း၊ ယောယဒစီရင်လေ၏။ 19 မသန့်ရှင်းသော လက္ခဏာတစုံတခုရှိသော သူကို
မဝင်စေခြင်းငှါ။ ဗိမာန်တော်တံခါးစောင့်တို့ကိုလည်း ခန့်ထားလေ၏။ 20 လူတရာအုပ်၊ မှူးမတ်၊ အကြီးအကဲ၊ ပြည်သူ
ပြည်သားအပေါင်းတို့ကို ခေါ်လျက်၊ မြင့်သော တံခါးလမ်း ဖြင့်၊ ရှင်ဘုရင်ကို ဗိမာန်တော်မှ နန်းတော်သို့ပို့ဆောင်၍၊
ရာဇပလ္လင်တော်ပေါ်မှာ တင်ကြ၏။ 21 နန်းတော်နားမှာ အာသလိကို သတ်ပြီးမှ၊ ပြည်သူပြည်သားအပေါင်းတို့သည် ဝမ်းမြောက်၍၊
တမြို့လုံး၌လည်း ငြိမ်ဝပ်ခြင်းရှိ၏။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 24

1 ယောရှသည် အသက်ခုနစ်နှစ်ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင်မြို့၌ အနှစ်လေးဆယ်စိုးစံ၏။ မယ်တော် ကား၊ ဗေရရှေဘမြို့သူ
ဇိဗိအမည်ရှိ၏။ 2 ယဇ်ပုရောဟိတ်ယောယဒလက်ထက် ကာလပတ် လုံး၊ ယောရှသည် ထာဝရဘုရားရှေ့တော်၌ တရားသော အမှုကို
ပြု၏။ 3 ယောယဒပေးစားသော မိန်းမနှစ်ယောက်နှင့် စုံဘက်၍ သားသမီးတို့ကို မြင်ရ၏။ 4 ထိုနောက်မှ၊ ယောရှသည် ဗိမာန်တော်ကို
ပြုပြင်မည် အကြံရှိလျက်၊ 5 ယဇ်ပုရောဟိတ် လေဝိသားတို့ကို စုဝေးစေ၍၊ သင်တို့ဘုရား သခင်၏အိမ်တော်ကို ပြုပြင်ခြင်းငှါ၊ ယုဒမြို့
တို့ကို လှည့်လည်သဖြင့်၊ နှစ်တိုင်းအစဉ် ဣသရေလ လူအပေါင်းတို့မှ ငွေကိုခံယူ၍၊ အမှုပြီးအောင် ကြိုးစား
အားထုတ်ကြလော့ဟုမိန့်တော်မူ၏။ သို့သော်လည်း၊ လေဝိသားတို့သည် မကြိုးစားဘဲနေကြ၏။ 6 တဖန်ရှင်သည်
ယဇ်ပုရောဟိတ်အကြီး ယောဒ ကို ခေါ်၍၊ သက်သေခံတော်မူချက် တဲတော်အဘို့၊ ထာဝရဘုရား၏ကျွန် မောရှေနှင့် စည်းဝေးရာ ဣသ
ရေလပရိတ်သတ်ပြုသည်နည်းတူ၊ လေဝိသားတို့သည် ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ်တို့မှ ငွေကို
ခံယူ၍ဆောင်ခဲ့မည်အကြောင်း၊ အဘယ်ကြောင့် မမှာ ထားဘဲနေသနည်းဟု မေးတော်မူ၏။ 7 အဓမ္မမိန်းမအာသလိ၏သားတို့သည်
ဗိမာန် တော်ကို ဖြိုဖျက်၍၊ ဗိမာန်တော်၌ ပူဇော်သော ဘဏ္ဍာ ရှိသမျှတို့ကိုလည်း ဗာလဘုရားတို့အား ပူဇော်ကြ၏။ 8
ရှင်ဘုရင်အမိန့်တော်အတိုင်း သေတ္တာကိုလုပ်၍၊ ဗိမာန်တော်ပြင်၊ တံခါးနားမှာ ထားကြ၏။ 9 ဘုရားသခင်၏ကျွန် မောရှေသည်တောမှာ
ဣသရေလအမျိုး၌ ငွေခွဲသည်အတိုင်း၊ ထာဝရဘုရား ထံတော်သို့ ဆောင်ခဲ့ရမည်ဟု ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ်၌
ကြော်ငြာကြ၏။ 10 မင်းများနှင့်ပြည်သူပြည်သားများ အပေါင်းတို့ သည်၊ ဝမ်းမြောက်သောစိတ်နှင့် ဆောင်ခဲ့၍၊ လက်
စသတ်သည်တိုင်အောင် သေတ္တာထဲသို့ သွင်းထားကြ၏။ 11 ထိုသေတ္တာကို လေဝိသားတို့သည် ဘဏ္ဍာတော် တိုက်ထဲသို့သွင်း၍၊
ငွေများသည်ကို သိမြင်လျှင်၊ ရှင်ဘုရင် ၏စာရေးတော်ကြီးနှင့် ယဇ်ပုရောဟိတ်မင်း၏စာရေး သည်လာ၍၊ ငွေကိုထုတ်ယူပြီးမှ၊
သေတ္တာကို သူ့နေရာ၌ ထားပြန်၏။ ထိုသို့နေ့တိုင်းပြု၍ များစွာသောငွေကို စုထားကြ၏။ 12 ရှင်ဘုရင်နှင့်ယောယဒသည် ဗိမာန်တော်၏
အမှုတော်စောင့်တို့၌ ထိုငွေကိုအပ်၍ ဗိမာန်တော်ကို ပြုပြင်စေခြင်းငှါ၊ ပန်းရန်သမား၊ လက်သမား၊ ပန်းပဲသမား၊ ပန်းတဉ်းသမား
တို့အား ပေးဝေကြ၏။ 13 အလုပ်လုပ်သော သူတို့သည် ကြိုးစား၍ ပြုပြင် သဖြင့်၊ ဗိမာန်တော်ကို ပကတိအဖြစ်၌ ခိုင်ခံ့စေကြ၏။ 14
လက်စသတ်သောအခါ၊ ကျန်ကြွင်းသောငွေကို ရှင်ဘုရင်နှင့် ယောယဒထံသို့ ယူခဲ့၍၊ ထိုငွေနှင့် ဗိမာန် တော်၌ အမှုတော်ကို
ဆောင်ရွက်ပူဇော်ရန် တန်ဆာ၊ ရွှေဖလား၊ ငွေဖလား၊ ဇွန်းများကိုလုပ်ကြ၏။ ယောယဒ လက်ထက်ကာလပတ်လုံး၊ ဗိမာန်တော်၌
မီးရှို့ရာယဇ်ကို အစဉ်ပူဇော်ကြ၏။ 15 ယောယဒသည် အို၍ကာလပြည့်စုံရာရောက် လျက်၊ အသက်တရာသုံးဆယ်ရှိသော်သေ၍၊ 16
ဒါဝိဒ်မြို့မှာ ရှင်ဘုရင်တို့တွင် သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ အကြောင်းမူကား၊ ဣသရေလအမျိုးတွင် ဘုရားသခင်၌၎င်း၊
အိမ်တော်၌၎င်း၊ ကျေးဇူးပြုသောသူ ဖြစ်သတည်း။ 17 ယောယဒသေသောနောက်၊ ယုဒမင်းတို့သည် ရှင်ဘုရင်ထံတော်သို့
လာ၍ရှိခိုးကြ၏။ သူတို့စကားကို ရှင်ဘုရင်နားထောင်သဖြင့်၊ 18 သူတို့သည် ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရား၏
အိမ်တော်ကိုစွန့်၍၊ အာရှရပင်နှင့် ရုပ်တုတို့ကို ဝတ်ပြုကြ၏။ ထိုအပြစ်ကြောင့် အမျက်တော် သည် ယုဒပြည်နှင့်
ယေရုရှလင်မြို့အပေါ်မှာ သက်ရောက် လေ၏။ 19 သူတို့ကို ထာဝရဘုရားထံတော်သို့ သွေးဆောင် စေခြင်းငှါ၊ ပရောဖက်တို့ကို
စေလွှတ်တော်မူ၍၊ ပရော ဖက်တို့သည် သက်သေခံသော်လည်း၊ သူတို့သည် နားမထောင်ကြ။ 20 တဖန်ဘုရားသခင်၏
ဝိညာဉ်တော်သည် ယဇ် ပုရောဟိတ်ယောယဒသား ဇာခရိအပေါ်မှာ သက် ရောက်၍၊ သူသည် ပရိသတ်အလယ်၊ မြင့်သောအရပ်၌
ရပ်လျက်၊ ဘုရားသခင်မိန့်တော်မူသည်ကား၊ သင်တို့ သည် ကိုယ်အကျိုးကို ပျက်ဆီးစေခြင်းငှါ၊ ထာဝရ ဘုရား၏ပညတ်တော်တို့ကို
အဘယ်ကြောင့် လွန်ကျူးကြ သနည်း။ သင်တို့သည် ထာဝရဘုရားကို စွန့်သောကြောင့်၊ သင်တို့ကိုလည်း စွန့်တော်မူပြီဟု မြွက်ဆို၏။
21 လူများတို့သည် သူ့ကိုမကောင်းသော အကြံနှင့် တိုင်ပင်၍၊ ရှင်ဘုရင်အမိန့်တော်နှင့် ဗိမာန်တော်အတွင်း ၌ ကျောက်ခဲနှင့်ပစ်၍
သတ်ကြ၏။ 22 ထိုသို့သောရှမင်းကြီးသည် ဇာခရိအဘ ယော ယဒပြုသော ကျေးဇူးကို မအောက်မေ့၊ သားကို သတ်လေ
သည်တကား။ ဇာခရိသေသောအခါ၊ ဤအမှုကို ထာဝရ ဘုရားသည် ကြည့်ရှုစစ်ကြောတော်မူမည်ဟုဆို၏။ 23 ထိုနှစ်အဆုံး၌၊
ရှုရိတပ်သားတို့သည် စစ်ချီ၍ လာကြသဖြင့်၊ ယုဒပြည် ယေရုရှလင်မြို့သို့ရောက်မှ၊ မှူးမတ်အရာရှိအပေါင်းတို့ကို သုတ်သင်
ပယ်ရှင်း၍၊ လက်ရဥစ္စာရှိသမျှတို့ကို ဒမာသက်ရှင်ဘုရင်ထံသို့ ပေးလိုက်ကြ၏။ 24 ယုဒလူတို့သည် ဘိုးဘေးတို့၏ ဘုရားသခင်
ထာဝရဘုရားကို စွန့်သောကြောင့်၊ များပြားသော အလုံး အရင်းဖြစ်သော်လည်း၊ နည်းသောရှုရိတပ် အလုံးအရင်လက်သို့ ထာဝရဘုရား
အပ်တော်မူ၍၊ ရှုရိလူတို့သည် ယောရှကို တရားစီရင်ကြ၏။ 25 ရန်သူထွက်သွားသောအခါ၊ ယောရှသည် ကြီး စွာသော ဒုက္ခကို
ခံရလျက်နေရစ်သည်ဖြစ်၍၊ ယဇ်ပုရော ဟိတ်ယောယဒသားတို့ကို သတ်သောအပြစ်ကြောင့်၊ မိမိကျွန်တို့သည် သင်းဖွဲ့၍၊
သာလွန်ပေါ်မှာ သေအောင် လုပ်ကြံကြ၏။ ထိုမင်းကို ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်သော်လည်း၊ ရှင်ဘုရင်တို့တွင် မသင်္ဂြိုဟ်။ 26
လုပ်ကြံသောသူကား၊ အမ္မုန်အမျိုးသမီး ရှိမတ်သား ယောဇဗဒ်နှင့် မောဘအမျိုးသမီးရှိမရိတ်သား ယဟောဇဗဒ်တည်း။ 27
ယောရှသည် သားရှိခြင်းအရာ လေးသောအမှု ကို ထမ်းခြင်းအရာ၊ ဗိမာန်တော်ကို ပြုပြင်ခြင်း အရာတို့ သည်
ရာဇဝင်နှင့်ဆက်သောစာ၌ ရေးထားလျက်ရှိ၏။ သားတော်အာမဇိသည် ခမည်းတော်အရာ၌ နန်းထိုင်၏။

## Chapter 25

1 အာမဇိသည် သက်နှစ်ဆယ်ငါးနှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ နှစ်ဆယ်ကိုးနှစ်စိုးစံ၏။ မယ်တော်ကား၊ ယေရုရှလင်မြို့သူ
ယုဒ္ဒန်အမည်ရှိ၏။ 2 ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ တရား သောအမှုကို ပြုသော်လည်း၊ စိတ်နှလုံးမစုံလင်။ 3 အာမဇိသည်
မင်းအာဏာတည်သောအခါ၊ ခမည်းတော်မင်းကြီးကို သတ်သောကျွန်တို့ကို သတ်လေ ၏။ 4 သားအတွက်အဘသည် အသေမခံရ။
အဘ အတွက် သားသည် အသေမခံရ။ လူတိုင်း မိမိအပြစ် ကြောင့် အသေခံရ၏ဟု မောရှေပညတ္တိကျမ်းစာ၌ ရေး ထားလျက်ရှိသော
ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက်၍၊ ထိုကျွန်တို့၏သားများကို မသတ်ဘဲ နေ၏။ 5 အာမဇိမင်းသည် ယုဒလူတို့ကို
စုဝေးစေ၍ ယုဒ လူနှင့် ဗယ်္ာမိန်လူတို့တွင်၊ အဆွေအမျိုးအလိုက် လူ တထောင်အုပ်၊ တရာအုပ်တို့ကို ခန့်ထား၏။ အသက်
နှစ်ဆယ်လွန်၍၊ လှံနှင့်ဒိုင်းကို ကိုင်တတ်သောစစ်သူရဲ ကောင်းတို့သည်၊ စာရင်းဝင်သည်အတိုင်း သုံးသိန်းရှိကြ ၏။ 6 ခွန်အားကြီးသော
ဣသရေလသူရဲတသိန်းကို လည်း ငွေအခွက်တထောင်နှင့်ငှါး၏။ 7 သို့ရာတွင် ဘုရားသခင်၏လူတယောက်သည် လာ၍ အိုမင်းကြီး၊
ဣသရေလတပ်ကိုမလိုက်စေနှင့်။ ထာဝရဘုရားသည် ဣသရေလလူတည်း ဟူသောဖေရိမ် အမျိုးသား အပေါင်းတို့နှင့်အတူ
ရှိတော်မမူ။ 8 မင်းကြီးသွားလိုလျှင်သွား၍ စစ်တိုက်ခြင်းငှါ ခိုင်ခံ့သော်လည်း၊ ရန်သူရှေ့မှာ ဘုရားသခင်ရှုံးစေတော် မူမည်။
ဘုရားသခင်သည် မစခြင်းငှါငှင်း၊ နှိမ့်ချခြင်းငှါ ငှင်း တတ်နိုင်တော်မူ၏ဟု ပြောဆိုလျှင်၊ 9 အာမဇိက၊ ဣသရေလတပ်ကိုငှါး၍
ငွေအခွက် တထောင်ကို ပေးမိသောကြောင့်၊ အဘယ်သို့ပြုရမည် နည်းဟု ဘုရားသခင်၏လူကို မေးမြန်းသော်၊ ဘုရား သခင်၏လူက၊
ထိုမျှမက ထာဝရဘုရားသည် သာ၍ ပေးနိုင်တော်မူသည်ဟု ပြန်ပြော၏။ 10 ထိုအခါ အာမဇိသည် ဖေရိမ်ပြည်မှရောက်လာ သော
စစ်သူရဲတို့ ကိုခွဲထား၍၊ မိမိတို့နေရာသို့ ပြန်သွား စေခြင်းငှါ လွှတ်လိုက်သဖြင့်၊ သူတို့သည် အလွန် အမျက်တွက်၍ ယုဒ ပြည်သားတို့၌
အငြိုးထားလျက်၊မိမိတို့ နေရာ သို့ပြန်သွားကြ၏။ 11 အာမဇိသည်လည်း ကိုယ်ကိုခိုင်ခံ့စေ၍ ဆားချိုင့် ကို တပ်ချီသဖြင့်၊
စိရတောင်သားတသောင်းကို လုပ်ကြံ လေ၏။ 12 ယုဒအမျိုးသားတို့သည် လူတသောင်းကို အရှင် ဘမ်းပြီးလျှင်၊
ကျောက်တောင်ထိပ်သို့ ဆောင်သွား၍၊ ကျိုးပဲ့စေခြင်းငှါ အောက်သို့ တွန်းချကြ၏။ 13 ဝိုင်း၍တိုက်ရသောအခွင့်ကို အာမဇိမပေး၊
လွှတ်လိုက်သော စစ်သူရဲတို့မူကား၊ ရှမာရိမြို့မှစ၍ ဗေသောရုန်မြို့တိုင်အောင်၊ ယုဒမြို့တို့ကို တိုက်သဖြင့်၊ လူသုံးထောင်ကိုသတ်၍၊
လက်ရဥစ္စာအများကို သိမ်းသွား ကြ၏။ 14 အာမဇိသည် ဧဒုံအမျိုးသားတို့ကို လုပ်ကြံရာမှ ပြန်လာသောအခါ၊
စိရတောင်သားကိုးကွယ်သော ဘုရား တို့ကိုဆောင်ခဲ့၍၊ ကိုယ်တိုင်ကိုးကွယ်ရာ ဘုရားဖြစ်စေ ခြင်းငှါ၊ တည်ထောင်လျက်သူတို့ရှေ့မှာ
ဦးညွှတ်ချ၍ နံ့သာ ပေါင်းကို မီးရှို့လေ၏။ 15 ထာဝရဘုရားသည် အာမဇိကို အမျက်ထွက်၍၊ ပရောဖက်ကို စေလွှတ်တော်မူသည်ကား၊
မိမိလူတို့ကို ရန်သူလက်မှ မကယ်နိုင်သော တပါးအမျိုးသား ဘုရား တို့ကို အဘယ်ကြောင့်ဆည်းကပ်သနည်းဟုပြောဆိုလျှင်၊ 16
ရှင်ဘုရင်က၊ သင်သည်တိုင်ပင် မှူးမတ်ဖြစ် သလော။ တိတ်ဆိတ်စွာနေလော့။ အဘယ်ကြောင့် ရာဇဝတ်ခံချင်သနည်းဟုဆိုသော်၊
ပရောဖက်က၊ မင်းကြီး သည် ငါပေးသောသတိစကားကို နားမထောင်၊ ဤအမှု ကို ပြုမိသောကြောင့်၊ ဘုရားသခင်သည် မင်းကြီးကို
ဖျက်ဆီးမည် ကြံတော်မူသည်ကို ငါသိမြင်သည်ဟု ပြောဆိုပြီးလျှင် တိတ်ဆိတ်စွာ နေလေ၏။ 17 ထိုနောက်၊ အာမဇိသည်တိုင်ပင်ပြီးမှ၊
ဣသာ ရေလရှင်ဘုရင်ယေဟု သားဖြစ်သော ယောခတ်၏သား ယဟောရှထံသို့ သံတမန်ကို စေလွှတ်၍၊ ငါတို့သည်
မျက်နှာချင်းဆိုင်မိကြကုန်အံ့ဟု မှာလိုက်လျှင်၊ 18 ဣသရေလရှင်ဘုရင်ယဟောရှက၊ လေဗနုန် ဆူးပင်သည် လေဗနုန်အာရဇ်ပင်ထံသို့
စေလွှတ်၍၊ သင့်သမီးကို ငါ့သားနှင့်ပေးစားပါဟု ဆိုစဉ်တွင်၊ လေဗ နုန်သားရဲတကောင်သည် ရှောက်သွား၍ ဆူးပင်ကို နင်းမိ၏။ 19
သင်ကငါသည် ဧဒုံလူတို့ကို လုပ်ကြံပြီဟု ဆိုလျက်၊ ဝါကြွားချင်သော စိတ်မြင့်လှ၏။ သို့ရာတွင် ကိုယ်နေရာ၌နေလော့။
သင့်ကိုယ်တိုင်နှင့် ယုဒပြည်သည် ဘေးရောက်၍ ဆုံးရှုံးစေခြင်းငှါ၊ အဘယ်ကြောင့် အမှု ရှာသနည်းဟု ယုဒရှင်ဘုရင်အာမဇိကို
ပြန်၍မှာလိုက် လေ၏။ 20 ထိုစကားကို အာမဇိသည် နားမထောင်။ အကြောင်းမူကား၊ ဧဒုံပြည်ဘုရားတို့ကို ဆည်းကပ်သော ကြောင့်၊
ရန်သူလက်သို့ အပ်ခြင်းငှါ၊ ဘုရားသခင် စီရင်တော်မူ၏။ 21 ဣသရေလရှင်ဘုရင်သည် စစ်ချီ၍၊ ရှင်ဘုရင် နှစ်ပါးတို့သည်
ယုဒပြည်ဗက်ရှေမက်မြို့၌ မျက်နှာချင်း ဆိုင်မိကြသဖြင့်၊ 22 ဣသရေလအမျိုးသားရှေ့မှာ ယုဒအမျိုးသား ရှုံး၍၊ အသီးအသီးတို့သည်
မိမိတို့နေရာသို့ ပြေးကြ၏။ 23 ဣသရေလရှင်ဘုရင် ယဟောရှသည် ယုဒ ရှင်ဘုရင်အာခဇိသားဖြစ်သော ယောရှ၏သားအာမဇိ ကို
ဗက်ရှေမက်မြို့မှာ ဘမ်းမိ၍၊ ယေရုရှလင်မြို့သို့ သွားပြီး လျှင်၊ ယေရုရှလင်မြို့ရိုးအတောင်လေးရာကို၊ ဖေရိမ်တံ ခါးမှသည်
ထောင့်တံခါးတိုင်အောင် ဖြိုဖျက်လေ၏။ 24 ဩဗဒေဒုံလက်တွင်၊ ဗိမာန်တော်၌ ရှိသမျှသော ရွှေငွေမှစ၍၊ တန်ဆာအလုံးစုံနှင့်
နန်းတော်ဘဏ္ဍာ အလုံးစုံကိုငှင်း၊ အာမခံသော သူအချို့တို့ကိုငှင်း၊ ယူ၍ ရှမာရိမြို့သို့ပြန်သွား၏။ 25 ဣသရေလရှင်ဘုရင်
ယောခတ်သားယဟောရှ သေသောနောက်၊ ယုဒရှင်ဘုရင်ယောရှသားအာ မဇိ သည် တဆယ်ငါးနှစ် အသက်ရှင်သေး၏။ 26
အာမဇိပြုမူသော အမှုအရာကြွင်းသမျှ အစ အဆုံးတို့သည်၊ ယုဒရာဇဝင်နှင့် ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 27
အာမဇိသည် ထာဝရဘုရားနောက်တော်သို့ လိုက်ရာမှလွှဲသွားသောနောက်၊ သူ၏တဘက်၊ ယေရု ရှလင်မြို့၌ သင်းဖွဲ့ကြ၍၊ သူသည်
လာခိရှမြို့သို့ ပြေးသည်တွင်၊ ထိုမြို့သို့စေလွှတ်၍ သတ်စေပြီးမှ၊ 28 မြင်းပေါ်၌ တင်လျက်၊ ယေရုရှလင်မြို့သို့ ဆောင်ခဲ့၍၊
ဘိုးဘေးတို့နှင့်အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ် ကြ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 26

1 ယုဒပြည်သူပြည်သားအပေါင်းတို့သည်၊ အသက်တဆယ်ခြောက်နှစ်ရှိသော သားတော်သြဇိကို ယူ၍ ခမည်းတော် အာမဇိအရာ၌
နန်းတင်ကြ၏။ 2 ထိုမင်းသည် ခမည်းတော်သေသောနောက်၊ ဧလုတ်မြို့ကို ပြုစု၍ ယုဒနိုင်ငံထဲသို့ သွင်းပြန်၏။ 3 သြဇိသည်
အသက်တဆယ်ခြောက်နှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ ငါးဆယ်နှစ်နှစ်စိုးစံလေ၏။ မယ်တော်ကား၊ ယေရုရှလင်မြို့သူ
ယေခေါလိ အမည် ရှိ၏။ 4 ထိုမင်းသည် ခမည်းတော် အာမဇိပြုသမျှ အတိုင်း၊ ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကို ပြု၏။ 5
ဘုရားသခင်၏ ဗျာဒိတ်ရူပါရုံကို နားလည် သော ဇာခရိလက်ထက်၌၊ သြဇိမင်းသည် ဘုရားသခင်ကို ဆည်းကပ်၏။ ထာဝရဘုရားကို
ဆည်းကပ်သော ကာလပတ်လုံး၊ ဘုရားသခင်သည် အကြံထမြောက် ရသော အခွင့်ကို ပေးတော်မူ၏။ 6 ထိုမင်းသည် စစ်ချီ၍
ဖိလိတ္တိလူတို့ကို တိုက် သဖြင့်၊ ဂါသမြို့ရိုး၊ ယာဗနေမြို့ရိုး၊ အာဇုတ်မြို့ရိုးတို့ကို ဖြိုဖျက်ပြီးမှ၊ အာဇုတ်မြို့ပတ်လည်၊
ဖိလိတ္တိပြည်အရပ် ရပ်၌ မြို့သစ်တို့ကို တည်ထောင်လေ၏။ 7 ဘုရားသခင်သည် ဖိလိတ္တိလူ၊ ဂုရဗာလမြို့မှာ နေသောအာရပ်လူ၊
မဟုနိမ်လူတို့တဘက်၌ သူ့ကို မစတော် မူ၏။ 8 အမ္မုန်အမျိုးသားတို့သည်လည်း၊ သြဇိမင်းအား လက်ဆောင်ပဏ္ဏာတို့ကို ဆက်ကြ၏။
သူသည် အလွန် ကိုယ်ကိုယ်ခိုင်ခံ့စေသဖြင့်၊ သိတင်းတော်သည် အဲဂုတ္တု ပြည်တိုင်အောင် ကျော်စောလေ၏။ 9 သြဇိမင်းသည်
ယေရုရှလင်မြို့ ထောင့်တံခါး၊ ချိုင့်တံခါး၊ မြို့ရိုးကွေ့တံခါး၌ ရဲတိုက်တို့ကို တည်၍ ခိုင်ခံ့စေ၏။ 10 တော၌လည်းရဲတိုက်တို့ကို
တည်၏။ ရေတွင်း များကိုလည်း တူး၏။ ချိုင့်ဝှမ်းရာ အရပ်နှင့်မြေညီရာ အရပ်၌ များစွာသော သိုးနွားတို့ကို ဆည်းဖူး၍ တောင် အရပ်၊
မြေကောင်းသောအရပ်၌ လယ်လုပ်သောသူနှင့် စပျစ်ဥယျာဉ် ပြုစုသောသူတို့ကိုလည်း စေစား၏။ ထိုသို့ သော အမှုများကို
ဝါသနာရှိ၏။ 11 သြဇိမင်း၌ တပ်စာရေးယေယေလနှင့် တပ်အုပ် မာသေယတို့သည် စာရင်းယူသည်အတိုင်း၊ ရှင်ဘုရင်၏
ဗိုလ်မင်းဟာ နနိသည် စီရင်၍၊ အသီး အသီးတပ်ဖွဲ့သော စစ်သူရဲဗိုလ်ခြေများရှိကြ၏။ 12 ထိုသို့ခွန်အားကြီးသော သူရဲအဆွေအမျိုး
အလိုက် အကြီးအကဲ လုပ်သောသူပေါင်းကား၊ နှစ်ထောင်ခြောက်ရာတည်း။ 13 ထိုသို့အကြီးအကဲလုပ်သောသူ၊ ရန်သူတဘက်၌
ရှင်ဘုရင်ကို ထောက်မခြင်းငှါ၊ ကြီးသောခွန်အားနှင့် စစ်တိုက်သောသူရဲပေါင်းကား၊ သုံးသိန်းခုနစ်ထောင် ငါးရာတည်း။ 14
သြဇိမင်းသည်လည်း၊ ဗိုလ်ခြေအပေါင်းတို့အဘို့ ဒိုင်းလွှား၊ လှံ၊ သံခမောက်လုံး၊ သံချပ်၊ လေး၊ ကျောက်နှင့် ပစ်စရာလောက်လွှဲတို့ကို
ပြင်ဆင်လေ၏။ 15 လိမ္မာသောသူတို့သည် ဉာဏ်ရှာ၍လုပ်သော ယန္တရားစက်တို့ကိုလည်း၊ ယေရှုရှလင်မြို့ရဲတိုက်၊ မြို့ပြအိုး အပေါ်က
မြှားနှင့်ကျောက်ကြီးကို ပစ်စရာဘို့ ပြင်ဆင် လေ၏။ ထိုသို့တန်ခိုးကြီးအောင် အထူးသဖြင့် မစခြင်းကို ခံရသည်ဖြစ်၍၊
သိတင်းတော်သည် အနှံ့အပြားကျော်စော ၏။ 16 သြဇိမင်းသည် တန်ခိုးကြီးသောအခါ၊ ကိုယ် အကျိုးနည်းအောင်
ထောင်လွှားသောစိတ်ထသဖြင့်၊ မိမိ ဘုရားသခင် ထာဝရဘုရားကို ပြစ်မှား၍၊ နံ့သာပေါင်းကို မီးရှို့ရာ ယဇ်ပလ္လင်ပေါ်မှာ နံ့သာပေါင်းကို
မီးရှို့ခြင်းငှါ၊ ထာဝရဘုရား၏ ဗိမာန်တော်ထဲသို့ ဝင်လေ၏။ 17 ယဇ်ပုရောဟိတ်အာဇရိသည် ရဲရင့်ခြင်းသတ္တိ ရှိသော ထာဝရဘုရား၏
အမှုတော်ထမ်းယဇ်ပုရောဟိတ် ရှစ်ကျိပ်တို့နှင့်တကွ၊ ရှင်ဘုရင်သြဇိနောက်တော်သို့ လိုက်၍၊ 18 ဆီးတားသဖြင့်၊အိုသြဇိမင်း၊
ကိုယ်တော်သည် ထာဝရဘုရားအား နံ့သာပေါင်းကို မီးရှို့ခြင်းအမှုနှင့် မဆိုင်ပါ။ နံ့သာပေါင်းကို မီးရှို့စေခြင်းငှါ၊ ခန့်ထား
သောအာရုန်သား ယဇ်ပုရောဟိတ်တို့သာ ထိုအမှုနှင့် ဆိုင်ကြပါ၏။ သန့်ရှင်းရာဌာနထဲက ထွက်သွားလော့။ ကိုယ်တော်သည် ပြစ်မှားပြီ။
ထာဝရအရှင် ဘုရားသခင့် ရှေ့တော်၌ ကိုယ်တော်အသရေပျက်လိမ့်မည်ဟု ဆိုကြ လျှင်၊ 19 သြဇိမင်းသည် ဒေါသစိတ်ရှိ၍၊
နံ့သာပေါင်းကို မီးရှို့ခြင်းငှါ၊ လင်ပန်းကိုကိုင်လျက်၊ ယဇ်ပုရောဟိတ်တို့ကို အမျက်ထွက်လျှင်၊ ဗိမာန်တော်တွင် နံ့သာပေါင်းကို မီးရှို့
ရာယဇ်ပလ္လင်၏အနား၊ ယဇ်ပုရောဟိတ်တို့ ရှေ့မှာ၊ နူနာ သည် ရှင်ဘုရင်နဖူး၌ ပေါ်လေ၏။ 20 ယဇ်ပုရောဟိတ်မင်းနှင့် ယဇ်ပုရောဟိတ်
အပေါင်းတို့သည် ကြည့်ရှု၍၊ နဖူးတော်၌ နူနာစွဲသည် ကိုမြင်လျှင်၊ ရှင်ဘုရင်ကို ပြင်သို့နှင်ထုတ်ကြ၏။ ရှင်ဘုရင် ကိုယ်တိုင်လည်း၊
ထာဝရဘုရားဒဏ်ခတ်တော်မူသော ကြောင့်၊ အလျင်အမြန်ထွက်လေ၏။ 21 ထိုသို့သြဇိမင်းကြီးသည် သေသည်တိုင်အောင် နူနာစွဲ၍၊
ခြားနားသောနန်း၌နေရ၏။ ဗိမာန်တော်သို့ ဝင်သော အခွင့်ကို မရ။ သားတော်ယောသံသည် နန်းတော်ကို အုပ်စိုး၍
နိုင်ငံတော်မှုကိုစီရင်ရ၏။ 22 သြဇိပြုမူသောအမှုအရာ ကြွင်းလေသမျှ အစ အဆုံးတို့ကို၊ အာမုတ်သား ပရောဖက်ဟေရှာယသည်
ရေးထားလေ၏။ 23 သြဇိသည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ သူတို့နှင့် အတူ သင်္ဂြိုဟ်ခြင်းကိုခံရသော်လည်း၊ လူနူဖြစ်သော ကြောင့်၊
ရှင်ဘုရင်ကို သင်္ချိုင်းနှင့်ဆိုင် သောမြေအကွက်၌ သာ သင်္ဂြိုဟ်ကြ၏။ သားတော်ယောသံသည် ခမည်း တော်အရာ၌ နန်းထိုင်၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 27

[1] ယောသံသည် အသက်နှစ်ဆယ်ငါးနှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ တဆယ်ခြောက်နှစ် စိုးစံ လေ၏။ မယ်တော်ကား၊
ဇာဒုတ်သမီးယေရုရှာအမည် ရှိ၏။ [2] ထိုမင်းသည်ခမည်းတော် ဩဇိကျင့်သမျှအတိုင်း၊ ထာဝရဘုရားရှေ့တော်၌
တရားသောအမှုကိုပြု၏။ သို့ရာတွင် ထာဝရဘုရား၏ ဗိမာန်တော်ထဲသို့မဝင်။ ပြည်သူပြည်သားတို့သည် မတရားသဖြင့်
ပြုကြသေး၏။ [3] ထိုမင်းသည် ဗိမာန်တော်အထက်တံခါးကို လုပ်၍၊ ဩဖေလမြို့ရိုးကို အလွန်ခိုင်ခံ့စေ၏။ [4] ယုဒတောင်ရိုးပေါ်မှာ
မြို့များကိုၛင်း၊ တော၌ ရဲတိုက်များနှင့် ပြအိုးများကိုၛင်း တည်ထောင်လေ၏။ [5] အမ္မုန်ရှင်ဘုရင်ကိုလည်း စစ်တိုက်၍နိုင်သဖြင့်၊
နိုင်သောနှစ်တွင် အမ္မုန်သားတို့သည် ငွေအခွက် တထောင်၊ ဂျုံကောရတသောင်း၊ မုယောတသောင်းကို ပေးရကြ၏။ ဒုတိယနှစ်နှင့်
တတိယနှစ်တွင် ထိုအတူ ပေးရကြ၏။ [6] ထိုသို့ယောသံသည် မိမိဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌ မိမိအကျင့်တို့ကို
ပြင်ဆင်သောကြောင့် တန်ခိုးတိုးပွါးသတည်း။ [7] ယောသံပြုမူသောအမှုအရာ ကြွင်းလေသမျှ၊ စစ်တိုက်ခြင်းအ
ကျင့်ကျင့်ခြင်းအမှုအရာ အလုံးစုံတို့ သည်၊ ဣသရေလရာဇဝင်နှင့် ယုဒရာဇဝင်၌ ရေးထား လျက် ရှိ၏။ [8-9] ယောသံသည်
ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အား ခတ်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 28

1 အာခတ်သည် အသက်နှစ်ဆယ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ တဆယ်ခြောက်နှစ် စိုးစံ လေ၏။ ထိုမင်းသည် အဘဒါဝိဒ်ကဲ့သို့
မကျင့်၊ ထာဝရ ဘုရားရှေ့တော်၌ တရားသောအမှုကို မပြု။ 2 ဣသရေလရှင်ဘုရင်တို့လိုက်သော လမ်းသို့ လိုက်၍၊
ဗာလဘုရားတို့အဘို့ ရုပ်တုဆင်းတုများကို သွန်းလေ၏။ 3 ထာဝရဘုရားသည် ဣသရေလအမျိုးသားရှေ့မှ
နှင်ထုတ်တော်မူသောတပါးအမျိုးသားတို့၏ ရွံရှာဘွယ် ထုံးစံအတိုင်း၊ ဟိန္နုံသားချိုင့်၌ နံ့သာပေါင်းကိုမီးရှို့၍၊ မိမိသားတို့ကိုလည်း
မီးဖြင့်ပူဇော်၏။ 4 မြင့်သောအရပ်၊ တောင်ပေါ်၊ သစ်ပင်အောက် တို့၌ ယဇ်ပူဇော်၍၊ နံ့သာပေါင်းကို မီးရှို့တတ်၏။ 5 ထိုကြောင့်၊
သူ၏ဘုရားသခင် ထာဝရဘုရား သည်၊ သူ့ကို ရှုရိရှင်ဘုရင်လက်သို့ အပ်တော်မူသဖြင့်၊ ရှုရိလူတို့သည် လုပ်ကြံလျက်၊ များစွာသော
လူတို့ကို ဘမ်းဆီး၍၊ ဒမာသက်မြို့သို့ သိမ်းသွားကြ၏။ 6 တဖန်ဣသရေလရှင်ဘုရင်လက်သို့ အပ်တော်မူ သဖြင့်၊
ထိုရှင်ဘုရင်ရေမလိသား ပေကာသည် ကြမ်း တမ်းစွာ လုပ်ကြံ၍၊ ရဲရင့်သောယုဒအမျိုးသား တသိန်း နှစ်သောင်းကို တနေ့ခြင်းတွင်
သတ်လေ၏။ အကြောင်းမူ ကား၊ သူတို့သည် ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရ ဘုရားကို စွန့်ကြသတည်း။ 7 ခွန်အားကြီးသော
ဧဖရိမ်သား ဇိခရိသည်၊ ရှင်ဘုရင်သားမာသေယ၊ နန်းတော်အုပ်အာဇရိကံ၊ ရှင်ဘုရင်နောက်ဒုတိယမင်း ဧလကာနကို သတ်၏။ 8
ဣသရေလအမျိုးသားတို့သည်လည်း၊ မိမိတို့နှင့် ပေါက်ဘော်တော်သော ယောကျ်ား၊ မိန်းမ၊ သား၊ သမီး ပေါင်းနှစ်သိန်းကို
ဘမ်းဆီးသိမ်းသွားကြ၏။ များစွာသော ဥစ္စာကိုလည်း လုယူ၍ ရှာမာရိမြို့သို့ ဆောင်သွားကြ၏။ 9 ဩဒက်အမည်ရှိသော
ထာဝရဘုရား၏ ပရော ဖက်တပါးရှိ၍၊ ရှမာရိမြို့သို့ ပြန်လာသောတပ်ကို ဆီးကြို လျက်၊ ဘိုးဘေးတို့၏ ဘုရားသခင်
ထာဝရဘုရားသည် ယုဒပြည်ကို အမျက်တော်ထွက်သောကြောင့်၊ သင်တို့ လက်၌ အပ်တော်မူသဖြင့်၊ သင်တို့သည် မိုဃ်းကောင်း
ကင်သို့ ထိသော ဒေါသအဟုန်နှင့် သူတို့ကို သတ်ကြပြီ တကား။ 10 ယခုတွင်လည်း၊ ယုဒပြည်သူ၊ ယေရုရှလင် မြို့သား ယောကျ်ား၊
မိန်းမတို့ကို အစေခံကျွန်လုပ်၍၊ နှိပ်စက်မည့်အကြံရှိကြသည်တကား။ သို့ပြုလျှင် သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို
ပြစ်မှားရာသို့ ရောက်သည် မဟုတ်လော။ 11 ငါ့စကားကိုနားထောင်ကြလော့။ သင်တို့သည် ယခုဘမ်းဆီး၍ သိမ်းယူခဲ့သော သင်တို့၏
ညီအစ်ကို များကို လွှတ်လိုက်ကြလော့။ သို့မဟုတ် ထာဝရဘုရား၏ ပြင်းစွာသောအမျက်တော်သည် သင်တို့အပေါ်မှာ
သက်ရောက်လိမ့်မည်ဟု သတိပေး၏။ 12 ထိုအခါ ဧဖရိမ်အမျိုးသားအကြီးအကဲ၊ ယောဟ နန်သားအာဇရိ၊ မေရှိလေမုတ်သား ဗေရခိ၊
ရှလ္လုံသား ယေဇကိ၊ ဟာဒလဲသား အာမသာတို့သည် စစ်တိုက်ရာမှ လာသော သူတို့ကို ဆီးတား၍၊ 13 သင်တို့သိမ်းယူခဲ့သော သူတို့ကို
ဤမြို့ထဲသို့ မသွင်းရ။ ငါတို့သည် ထာဝရဘုရားကို ပြစ်မှားပြီ။ အပြစ် ရင်းအပေါ်မှာထပ်၍ ပြစ်မှားစေဦးမည်ဟု သင်တို့
ကြံစည်ကြသည်ကား။ ယခုတွင် ငါတို့အပြစ်ကြီးလှ၏။ ဣသရေအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်ရှိသည်ဟု ဆိုသောကြောင့်၊ 14
စစ်သူရဲတို့သည် သိမ်းယူခဲ့သောလူများနှင့် လုယူခဲ့သောဥစ္စာများကို မင်းတို့ရှေ့၊ ပရိသတ်တို့ရှေ့မှာ ထားကြ၏။ 15
အထက်ဆိုခဲ့ပြီးသောသူတို့သည် ထလျက်၊ သိမ်းယူခဲ့သော သူတို့ကိုခေါ်၍၊ အဝတ်မရှိသော သူတို့ကို လက်ရဥစ္စာဖြင့်
ဝတ်ဆင်စေကြ၏။ ခြေနင်းကို စီးစေ ကြ၏။ စားသောက်စရာဘို့ ပေးကြ၏။ ဆီနှင့်လိမ်း စေကြ၏။ အားမရှိသောသူအပေါင်းတို့ကို
မြည်းပေါ်မှာ တင်၍၊ သူတို့ ပေါက်ဘော်ရှိရာ ယေရိခေါမြို့တည်း ဟူသော စွန်ပလွံပင်မြို့သို့ ပို့ပြီးမှ၊ ရှမာရိမြို့သို့ ပြန်သွား ကြ၏။ 16
ထိုအခါ အာရှုရိရှင်ဘုရင်လာ၍ ကူမစေခြင်းငှါ၊ အာခတ်မင်းကြီးသည် သံတမန်ကို စေလွှတ်လေ၏။ 17 အကြောင်းမူကား၊
ဧဒုံလူတို့သည် လာပြန် သဖြင့်၊ ယုဒပြည်ကို လုပ်ကြံ၍၊ လူများကိုဘမ်းဆီး သိမ်း သွားကြပြီ။ 18 ဖိလိတ္တိလူတို့သည်လည်း၊
နိုင်ငံအောက်ပိုင်းနှင့် ယုဒပြည်တောင်ပိုင်း၌ ရှိသောမြို့တို့ကိုတိုက်၍၊ ဗက်ရှေ မက်မြို့၊ အာဇလုန်မြို့၊ ဂေဒရုတ်မြို့၊ ရှောခေါမြို့ရွာ၊
တိမနာမြို့ရွာ၊ ဂိမဇောမြို့ရွာများကို ယူ၍နေရာ ချကြ၏။ 19 ယုဒရှင်ဘုရင်အာခတ်ကြောင့် ထာဝရဘုရား သည် ယုဒပြည်ကို
အလွန်နှိမ့်ချ၏။ ထိုမင်းသည် ယုဒ ပြည်၏အဝတ်တန်ဆာကိုချွတ်၍၊ ထာဝရဘုရားကို ကြမ်း တမ်းစွာ ပြစ်မှား၏။ 20 အာရှုရိရှင်ဘုရင်
တိဂလတ်ပိလေသာလာသော် လည်း၊ အားကိုမပေး၊ သာ၍ဆင်းရဲစေ၏။ 21 အကြောင်းမူကား၊ အာခတ်သည် ဗိမာန်တော် ဘဏ္ဍာနှင့်
နန်းတော်ဘဏ္ဍာမှစ၍၊ မှူးမတ်အိမ်တို့၌ ရှိသော ဥစ္စာများကိုခွဲပြီးလျှင်၊ အာရှုရိရှင်ဘုရင်အား ပေးသော်လည်း၊ ထိုရှင်ဘုရင်သည်
ကျေးဇူးပြုန်၍မပြု။ 22 အာခတ်မင်းကြီးသည် ဆင်းရဲဒုက္ခခံရသော အခါ၊ ထာဝရဘုရားကို သာ၍ပြစ်မှား၏။ 23 ငါ့ကိုဒဏ်ပေးသော
ဒမာသက်မြို့၏ ဘုရား တို့ကို ငါဆည်းကပ်မည်ဟူ၍ရင်း၊ ရှုရိရှင်ဘုရင် ကိုးကွယ် သောဘုရားတို့သည် ကျေးဇူးပြုတတ်သောကြောင့်၊
ငါ၌လည်း ကျေးဇူးပြုစေခြင်းငှါ၊ ထိုဘုရားတို့အား ယဇ် ပူဇော်မည်ဟူ၍ရင်း ဆိုသော်လည်း၊ ထိုဘုရားတို့သည် အာခတ်မင်းနှင့်
ဣသရေလအမျိုးအကျိုးနည်းစရာ အကြောင်း ဖြစ်သတည်း။ 24 တဖန်အာခတ်သည် ဗိမာန်တော်တန်ဆာတို့ကို စုထား၍အပိုင်းပိုင်း
ချိုးဖြတ်၏။ ဗိမာန်တော်တံခါးတို့ကို လည်း ပိတ်ထား၏။ ယေရုရှလင်မြို့ထောင့်များ၌ ယဇ် ပလ္လင်တို့ကို တည်၏။ 25
အခြားတပါးသော ဘုရားတို့အား နံ့သာပေါင်း ကို မီးရှို့စရာဘို့။ ယုဒမြို့အသီးသီးတို့၌ မြင့်သောအရပ် တို့ကို တည်၍ ဘိုးဘေးတို့၏
ဘုရားသခင် ထာဝရ ဘုရား၏ အမျက်တော်ကို နှိုးဆော်လေ၏။ 26 အာခတ်ကျင့်ကြံပြုမူသော အမှုအရာကြွင်းလေ မှု
အစအဆုံးတို့သည် ယုဒရာဇဝင်နှင့် ဣသရေလ ရာဇဝင်၌ ရေးထားလျက် ရှိ၏။ 27 အာခတ်သည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊
ယေရုရှလင်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံရသော်လည်း၊ ဣသ ရေလရှင်ဘုရင်တို့ သင်္ချိုင်း၌ မသင်္ဂြိုဟ်ကြ။ သားတော် ဟေဇကိသည်
ခမည်းတော်အရာ၌ နန်းထိုင်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 29

1 ဟေဇကိသည် အသက်နှစ်ဆယ်ငါးနှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ နှစ်ဆယ်ကိုးနှစ်စိုးစံလေ၏။ မယ်တော်ကား၊ ဇာခရိသမီး
အာဘိအမည်ရှိ၏။ 2 ထိုမင်းသည် အဘဒါဝိဒ်ကျင့်သမျှအတိုင်း ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကိုပြု၏။ 3 နန်းစံပဌမနှစ်၊
ပဌမလတွင် ဗိမာန်တော်တံခါး တို့ကို ဖွင့်၍ ပြုပြင်တော်မူ၏။ 4 ယဇ်ပုရောဟိတ်လေဝိသားတို့ကို ခေါ်၍၊ အရှေ့ လမ်းမှာ
စုဝေးစေလျက်၊ 5 အိုလေဝိသားတို့၊ နားထောင်ကြလော့။ ကိုယ်ကိုငှင်း၊ ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရား၏ အိမ်တော်ကိုငှင်း၊
သန့်ရှင်းစေ၍၊ သန့်ရှင်းရာဌာနထဲက အမှိုက်ကို သုတ်သင်ပယ်ရှင်းကြလော့။ 6 ငါတို့အဘများသည် ပြစ်မှား၍၊ ငါတို့၏ ဘုရား သခင်
ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြုကြပြီ။ ထာဝရဘုရားကိုစွန့်၍၊ ကျိန်းဝပ်တော်မူရာအရပ်မှ မျက်နှာလွှဲလျက်
ကျောခိုင်းကြပြီတကား။ 7 ဗိမာန်တော်ဦးတံခါးကို ပိတ်လျက်၊ မီးခွက်တို့ကို သတ်လျက်၊ သန့်ရှင်းရာဌာန၌ ဣသရေအမျိုး၏ ဘုရား
သခင်အား နံ့သာပေါင်းကို မီးမရှို့။ မီးရှို့ရာယဇ်ကို မပူဇော်ဘဲနေကြပြီ။ 8 ထိုကြောင့် ထာဝရဘုရားသည် ယုဒပြည် ယေရု ရှလင်မြို့ကို
အမျက်တော်ထွက်၍၊ သင်တို့မြင်သည် အတိုင်း ဆင်းရဲခံခြင်း၊ မိန်းမောတွေဝေခြင်း၊ ကဲရဲ့သံကို ကြားခြင်း အမှု၌အပ်တော်မူပြီ။ 9
သို့ဖြစ်၍၊ ငါတို့အဘများသည် ထားဖြင့်လဲ သေကြပြီ။ သားသမီး၊ မယားတို့သည် သိမ်းသွားခြင်းကို ခံရကြပြီ။ 10 ယခုမူကား၊
ပြင်းစွာသောအမြတ်တော်သည် ငါတို့မှလွှဲသွားမည်အကြောင်း၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားနှင့် ပဋိညာဉ်ဖွဲ့မည်ဟု
ငါအကြံရှိ၏။ 11 ငါ့သားတို့၊ မဖင့်နွှဲကြနှင့်။ ထာဝရဘုရား ရှေ့တော်၌ ရပ်၍ဝတ်ပြုခြင်း၊ အမှုတော်ကို စောင့်ခြင်း၊ နံ့သာပေါင်းကို
မီးရှို့ခြင်းအမှုကို ပြုစေခြင်းငှါ၊ သင်တို့ကို ရွေးထားတော်မူပြီဟု မိန့်တော်မူလျှင်၊ 12 လေဝိအမျိုး၊ ကောဟတ်အနွယ်၊ အာမသဲသား
မာသတ်၊ အာဇရိသား ယောလ၊ မေရာရိအနွယ် အာဗဒိ သားကိရှ၊ ယေဟလေလသားအာဇရိ၊ ဂေရရှုံအနွယ် ဇိမ္မ သားယောအာ၊
ယောအာသား ဧဒင်၊ 13 ဧလိဇဖန်အမျိုးသား ရှိမရိနှင့် ယေယေလ၊ အာသပ်အမျိုးသားဇာခရိနှင့် မတ္တနိ၊ 14
ဟေမန်အမျိုးသားယေဟေလနှင့်ရှိမိ၊ ယေဒုသုန် အမျိုးသား ရှေမာယနှင့် ဩဇေလတို့သည်၊ 15 အမျိုးသားချင်းတို့ကို ခေါ်၍၊ ကိုယ်ကို
သန့်ရှင်း စေပြီးမှ၊ ထာဝရဘုရားအမိန့်တော်နှင့်အညီ ရှင်ဘုရင် စီရင်သည်အတိုင်း၊ ဗိမာန်တော်ကို သန့်ရှင်းစေခြင်းငှါ လာကြ၏။ 16
ယဇ်ပုရောဟိတ်တို့သည် ဗိမာန်တော်ကို သန့် ရှင်းစေခြင်းငှါ၊ အတွင်းခန်းထဲသို့ဝင်၍၊ တွေ့သမျှသော အမှိုက်ကို
တန်တိုင်းသို့ထုတ်ပြီးလျှင်၊ လေဝိသားတို့သည် ကေဒြုန်ချောင်းသို့ယူသွားကြ၏။ 17 ပဌမလတရက်နေ့တွင် သန့်ရှင်းစပြု၍၊ ရှစ်ရက်
နေ့တွင် ဗိမာန်တော်ဦးသို့ ရောက်ကြ၏။ ထိုနောက် ရှစ်ရက်ပတ်လုံး၊ ဗိမာန်တော်ကို သန့်ရှင်းစေ၍ ပဌမလတဆယ်ခြောက်ရက်နေ့တွင်
လက်စသတ်ကြ၏။ 18 ထိုအခါ ဟေဇကိမင်းကြီးထံသို့ဝင်၍၊ အကျွန်ုပ် တို့သည် ဗိမာန်တော်တဆောင်လုံး၊ မီးရှို့ရာယဇ်ပလ္လင်နှင့်
တန်ဆာရှိသမျှ၊ ရှေ့တော်မုန့်တင်သော စားပွဲနှင့် တန်ဆာ ရှိသမျှတို့ကို သန့်ရှင်းစေပါပြီ။ 19 ထိုမှတပါး၊ အာခတ်မင်းကြီးလက်ထက်
အဓမ္မ ပြု၍ ပစ်ထားသောတန်ဆာရှိသမျှတို့ကို အကျွန်ုပ်တို့ သည် ပြင်ဆင်၍ သန့်ရှင်းစေသဖြင့်၊ ထာဝရဘုရား၏
ယဇ်ပလ္လင်တော်ရှေ့မှာ တင်ထားပါပြီဟု လျှောက်ဆိုကြ ၏။ 20 ထိုအခါ ဟေဇကိမင်းကြီးသည် စောစောထ၍၊ မြို့သူကြီးတို့ကို
စုဝေးစေပြီးလျှင်၊ ဗိမာန်တော်သို့ တက် သွား၏။ 21 နန်းတော်အပြစ်၊ သန့်ရှင်းရာဌာနတော်အပြစ်၊ ယုဒပြည်အပြစ်ဖြေရာ
ယဇ်ပူဇော်စရာဘို့ နွားခုနစ် ကောင်၊ သိုးခုနစ်ကောင်၊ သိုးသငယ်ခုနစ်ကောင်၊ ဆိတ် ခုနစ်ကောင်တို့ကို ဆောင်ခဲ့ကြ၏။ အာရုန်သား
ယဇ် ပုရောဟိတ်တို့သည် ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ ပူဇော်စေခြင်းငှါ မိန့်တော်မူသည်အတိုင်း၊ 22 နွားတို့ကိုသတ်၍
ယဇ်ပုရောဟိတ်တို့သည် အသွေးကိုခံလျက်၊ ယဇ်ပလ္လင်ပေါ်မှာ ဖြန်ကြ၏။ သိုးတို့ကို လည်း သတ်၍၊ အသွေးကို ယဇ်ပလ္လင်ပေါ်မှာ
ဖြန်းကြ၏။ သိုးသငယ်တို့ကိုလည်း သတ်၍အသွေးကို ယဇ်ပလ္လင်ပေါ် မှာ ဖြန်းကြ၏။ 23 အပြစ်ဖြေရာယဇ်ပူဇော်စရာဘို့ ဆိတ်တို့ကို
လည်း ရှင်ဘုရင်ရှေ့၊ ပရိသတ်ရှေ့သို့ထုတ်၍၊ မိမိတို့ လက်ကိုတင်ပြီးမှ၊ 24 ယဇ်ပုရောဟိတ်တို့သည် သတ်၍၊ ဣသရေလ
အမျိုးသားအပေါင်းတို့၏ အပြစ်ကိုပြေစေခြင်းငှါ၊ ယဇ် ပလ္လင်ပေါ်မှာ အသွေးအားဖြင့် အပြစ်ဖြေခြင်း မင်္ဂလာကို ပြုကြ၏။
ထိုသို့မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာ ယဇ်ကို ဣသရေလအမျိုးသားအပေါင်းတို့အဘို့ ပူဇော်မည် အကြောင်း၊ ရှင်ဘုရင်အမိန့်တော်ရှိပြီ။
25 ဒါဝိဒ်မင်းကြီးနှင့်သူ၏ပရောဖက်ဂဒ်၊ ပရော ဖက်နာသန်တို့ စီရင်သည်အတိုင်းခွက်ကွင်း၊ စောင်း၊ တယောနှင့်တီးမှုတ်သော
လေဝိသားတို့ကို၊ ဗိမာန်တော်၌ ခန့်ထားတော်မူ၏။ ထိုသို့ထာဝရဘုရားသည် ပရောဖက် တို့အားဖြင့် စီရင်တော်မူသတည်း။ 26
သို့ဖြစ်၍ လေဝိသားတို့သည် ဒါဝိဒ်စီရင်သော တုရိယာမျိုးများကိုငှင်း၊ ယဇ်ပုရောဟိတ်တို့သည် တံပိုးများကိုငှင်း ကိုင်လျက် ရှိကြ၏။
27 ဟေဇကိသည် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ် ကို ပူဇော်စေခြင်းငှါ၊ အမိန့်တော်ရှိ၍ မီးရှို့ရာယဇ်ကို ပူဇော်စပြုသောအခါ၊
တံပိုးများနှင့် ဣသရေလရှင်ဘုရင် ဒါဝိဒ်စီရင်သော တုရိယာမျိုးများကို တီးမှုတ်လျက်၊ ထာဝရဘုရားအား သီချင်းကို ဆိုစပြုကြ၏။
28 မီးရှို့ရာယဇ်ပူဇော်ခြင်းအမှု လက်စမသတ်မှီ တိုင် အောင် ပရိသတ်အပေါင်းတို့သည် ကိုးကွယ်လျက်၊ သီချင်း ဆိုလျက်၊
တံပိုးမှုတ်လျက် နေကြ၏။ 29 လက်စသတ်ပြီးမှ၊ ရှင်ဘုရင်နှင့်စည်းဝေးသော သူအပေါင်းတို့သည် ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏။ 30
တဖန်ဟေဇကိမင်းကြီးနှင့် မှူးမတ်တို့သည် စီရင်၍၊ လေဝိသားတို့သည် ဒါဝိဒ်စကား၊ ပရောဖက် အာသပ်စကားအားဖြင့်၊
ထာဝရဘုရားအား ထောမနာ သီချင်းဆိုကြ၏။ ရွှင်လန်းသောစိတ်နှင့် ထောမနာ သီချင်းကိုဆိုလျက်၊ ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏။ 31
ထိုနောက်ဟေဇကိက၊ သင်တို့သည် ယခု ထာဝရဘုရားအား ကိုယ်ကိုပူဇော်ကြပြီ။ ဗိမာန်တော်သို့ ချဉ်းကပ်၍၊
ယဇ်မျိုးများနှင့်ကျေးဇူးတော်ဝန်ခံရာ ပူဇော် သက္ကာများကို ဆောင်ခဲ့ကြလော့ဟု ပြန်၍ မိန့်တော်မူ သည်အတိုင်း၊


generated on Sun Jun 30 02:37:40 2024

စည်းဝေးသောသူတို့သည် ယဇ်မျိုးများနှင့် ကျေးဇူးတော်ဝန်ခံရာ ပူဇော်သက္ကာများကို ဆောင်ခဲ့ကြ ၏။ စေတနာရှိသမျှသော
သူတို့သည် မီးရှို့ရာယဇ်တို့ကို ဆောင်ခဲ့ကြ၏။ [32] စည်းဝေးသောသူတို့သည် ထာဝရဘုရားအား မီးရှို့ရာ ယဇ်ပူဇော်စရာဘို့
ဆောင်ခဲ့သော ယဇ်ပေါင်း ကား၊ နွားခုနစ်ဆယ်၊ သိုးတရာ၊ သိုးသငယ်နှစ်ရာတည်း။ [33] ပူဇော်သောဥစ္စာပေါင်းကား၊ နွားခြောက်ရာ၊
သိုးသုံးထောင်တည်း၊ [34] ယဇ်ပုရောဟိတ်တို့သည် နည်းသောကြောင့်၊ မီးရှို့ရာယဇ်ကောင်ရှိသမျှကို မသတ်နိုင်သည်ဖြစ်၍၊
အခြားသော ယဇ်ပုရောဟိတ်တို့သည် ကိုယ်ကိုမသန့်ရှင်း စေမှီ၊ အမှုတော်လက်စမသတ်မှီတိုင်အောင်၊ ညီအစ်ကို လေဝိသားတို့သည်
ထောက်မကြ၏။ ကိုယ်ကို သန့်ရှင်း စေခြင်း၌၊ ယဇ်ပုရောဟိတ်များထက် လေဝိသားတို့သည် သာ၍ စိတ်သဘောဖြောင့်ကြ၏။ [35]
မီးရှို့ရာယဇ်များတို့နှင့်၊ မီးရှို့ရာယဇ်အသီးသီး ဆိုင်သောမိဿဟာယ ယဇ်ဆီဥ၊ သွန်လောင်းရာ ပူဇော် သက္ကာအများရှိကြ၏။
ထိုသို့ဗိမာန်တော်ဝတ်ပြုခြင်းကို စီရင်သတည်း။ [36] ထိုအမှုလျင်မြန်သော်လည်း၊ ဘုရားသခင်သည် လူများကို
ပြင်ဆင်တော်မူသောကြောင့်၊ ဟေဇကိနှင့် လူအပေါင်းတို့သည် ဝမ်းမြောက်အားရကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 30

1 တဖန်ဧဖရိမ်အမျိုး၊ မနာရှေအမျိုးနှင့်တကွ ဣသရေလအမျိုး၊ ယုဒအမျိုးသားအပေါင်းတို့သည် ယေရု ရှလင်မြို့၊
ဗိမာန်တော်သို့လာ၍၊ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားအား၊ ပသခါပွဲကို ခံစေခြင်းငှါ၊ ဟေဇကိသည်
စာရေး၍ပေးလိုက်လေ၏။ 2 ဒုတိယလတွင်၊ ပသခါပွဲကိုခံခြင်းငှါ ရှင်ဘုရင် သည် တိုင်ပင်၍၊ မှူးတော်မတ်တော်တို့နှင့် ယေရုရှလင်
မြို့၌ စည်းဝေးသော သူအပေါင်းတို့သည် စီရင်ကြပြီ။ 3 ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင် ရွက်နိုင်မည်အကြောင်း၊
ကိုယ်ကိုသန့်ရှင်းစွာမပြုကြသေး။ ပြည်သူပြည်သားတို့သည် ယေရုရှလင်မြို့၌ မစည်းဝေး သောကြောင့် လွန်ခဲ့သောလတွင် ထိုပွဲကို
မခံနိုင်ကြ။ 4 ရှင်ဘုရင်နှင့်စည်းဝေးသော သူအပေါင်းတို့ သည် ထိုအမှုကို နှစ်သက်သောကြောင့်၎င်း၊ ကျမ်းစာ၌ လာသည်အတိုင်း၊
ကြာမြင့်စွာသော ကာလပတ်လုံး၊ ပသခါပွဲကို မခံသောကြောင့်၎င်း၊ 5 အရပ်ရပ်တို့ကလာ၍၊ ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရားအား၊ ယေရုရှလင်မြို့၌ ပသခါ ပွဲကိုခံစေခြင်းငှါ၊ ဣသရေ လပြည်တရှောက်လုံး၊ ဗေရ ရှေဘမြို့မှစ၍ ဒန်မြို့တိုင်အောင်၊
ကြော်ငြာစေမည် အကြောင်း အမိန့်တော်နှင့်စီရင်ကြ၏။ 6 ရှင်ဘုရင်နှင့်မှူးမတ်တို့ပေးလိုက်သောစာကို စာပို့လုလင်တို့သည် ယူ၍၊
အမိန့်တော်အတိုင်း ဣသ ရေလပြည်နှင့် ယုဒပြည်တရှောက်လုံးသို့ ပြေးကြ၏။ စာ၌ ပါသောစကားဟူမူကား၊
အိုဣသရေလအမျိုးသားတို့၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ဘုရားသခင် ထာဝရ ဘုရားထံသို့ပြန်လာကြလော့။
အာရှုရိရှင်ဘုရင်တို့လက်မှ လွတ်၍၊ ကျန်ကြွင်းသေးသောသူတို့ ရှိရာသို့ ပြန်လာ တော်မူမည်။ 7 ဘိုးဘေးတို့၏ ဘုရားသခင်
ထာဝရဘုရားကို ပြစ်မှားသော သင်တို့၏အဘများ၊ ညီအစ်ကိုများကဲ့သို့ မပြုကြနှင့်။ ပြစ်မှားသော ထိုသူတို့ကို သင်တို့မြင်သည်
အတိုင်း၊ သုတ်သင်ပယ်ရှင်းခြင်းသို့ အပ်တော်မူပြီ။ 8 သင်တို့အဘများကဲ့သို့ ခိုင်မာသောသဘော မရှိကြနှင့်။ ထာဝရဘုရား၌
ကိုယ်ကိုအပ်နှံကြလော့။ အစဉ်သန့်ရှင်းစေတော်မူသော သန့်ရှင်းရာဌာနတော်သို့ လာကြလော့။ ပြင်းစွာသော အမျက်တော်သည်
သင်တို့မှ လွှဲသွားမည်အကြောင်း၊ သင်တို့၏ဘုရားသခင် ထာဝရ ဘုရား၏အမှုတော်ကို စောင့်ကြလော့။ 9 သင်တို့သည်
ထာဝရဘုရားထံတော်သို့ ပြန်လာ လျှင်၊ သင်တို့၏ညီအစ်ကို သားသမီးတို့သည် သိမ်းသွား သော သူတို့ထံမှာ၊
ကရုဏာစိတ်နှင့်တွေ့ကြုံ၍၊ ဤပြည်သို့ တဖန် ပြန်လာကြလိမ့်မည်။ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်
ကျေးဇူးပြုချင်သောသဘော၊ သနား တတ်သောသဘောရှိသောကြောင့်၊ သင်တို့သည် အထံ တော်သို့ပြန်လာလျှင်၊ မျက်နှာတော်ကို
သင်တို့မှ လွှဲတော် မမူဟု စာ၌ပါသတည်း။ 10 စာပို့လုလင်တို့သည် ဧဖရိမ်ခရိုင်၊ မနာရှေခရိုင် တရှောက်လုံး၊ ဇာဗုလုန်ခရိုင်တိုင်အောင်
တမြို့မှ တမြို့သို့ ပြေးကြ၏။ ပြည်သားတို့သည် ပြက်ယယ်ပြု၍ ကဲ့ရဲ့ကြ၏။ 11 သို့ရာတွင် အာရှာခရိုင်သား၊ မနာရှေခရိုင်သား၊
ဇာဗုလုန်ခရိုင်သား အချို့တို့သည် ကိုယ်ကိုနှိမ့်ချ၍ ယေရုရှလင်မြို့သို့ လာကြ၏။ 12 ယုဒပြည်သားတို့သည် ထာဝရဘုရားမိန့်တော်မူ
သည်အတိုင်း၊ ရှင်ဘုရင်နှင့်မှူးမတ်တို့ စီရင်သည်အတိုင်း၊ တညီညွတ်တည်း ပြုချင်သော စေတနာစိတ်ကို၊ ဘုရား
သခင်တန်ခိုးတော်ကြောင့် ရကြ၏။ 13 ဒုတိယလတွင် အဇုမပွဲကို ခံလိုသောငှါ၊ များစွာ သောလူတို့သည် ယေရုရှလင်မြို့၌
စည်းဝေးကြ၍၊ အလွန် ကြီးသောပရိသတ် ဖြစ်လေ၏။ 14 သူတို့သည်ထ၍၊ ယေရုရှလင်မြို့၌ရှိသော ယဇ်ပလ္လင်တို့ကို၎င်း၊
နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင် ရှိသမျှတို့ကို၎င်းပယ်ရှင်း၍၊ ကေဒြုန်ချောင်းထဲသို့ ပစ်ချကြ၏။ 15 ဒုတိယလ
တဆယ်လေးရက်နေ့တွင်၊ ပသခါ သိုးသငယ်ကို သတ်ကြ၏။ ယဇ်ပုရောဟိတ်၊ လေဝိသားတို့ သည် သတိရ၍
ကိုယ်ကိုသန့်ရှင်းစေလျက်၊ မီးရှို့ရာယဇ် တို့ကို ဗိမာန်တော်ထဲသို့ သွင်းကြ၏။ 16 ဘုရားသခင်၏လူ မောရှေပညတ်တရား၌ စီရင်သော
ထုံးစံအတိုင်း၊ မိမိတို့နေရာ၌ ရပ်နေလျက်၊ ယဇ် ပုရောဟိတ်တို့သည် လေဝိသားတို့ လက်မှ အသွေးကို ယူ၍ ဖြန်းကြ၏။ 17
မသန့်ရှင်းသောသူအများတို့သည် ပရိသတ်၌ ပါသောကြောင့်၊ ထိုမသန့်ရှင်းသော သူရှိသမျှတို့ကို၊ ထာဝရဘုရားအဘို့
သန့်ရှင်းစေခြင်းငှါ၊ ပသခါသိုးသငယ် သတ်ခြင်းအမှုကို၊ လေဝိသားတို့သည် စောင့်ရကြ၏။ 18 များစွာသောလူတည်းဟူသော၊
ဧဖရိမ်အမျိုး၊ မနာရှေအမျိုး၊ ဣသခါအမျိုး၊ ဇာဗုလုန်အမျိုးသား အများတို့သည် ကျမ်းစာ၌ပါသော တရားသို့မလိုက်၊
ကိုယ်ကိုမသန့်ရှင်းစေဘဲ၊ ပသခါ သိုးသငယ်ကိုစားကြ ၏။ 19 သို့ရာတွင်၊ ဟေဇကိက၊ သန့်ရှင်းရာဌာနထုံးစံ အတိုင်း၊
သန့်ရှင်းခြင်းမရှိသော်လည်း၊ ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားကို ဆည်းကပ်ခြင်းငှါ၊ သဘော ကျသောသူအပေါင်းတို့၏
အပြစ်ကို ကောင်းမြတ်သော ထာဝရဘုရားသည် လွှတ်တော်မူပါစေသောဟု ထိုသူတို့ အဘို့ ဆုတောင်းသဖြင့်၊ 20 ထာဝရဘုရားသည်
ဟေဇကိစကားကို နား ထောင်တော်မူ၍၊ ဌျမြားတို့ကို ချမ်းသာပေးတော်မူ၏။ 21 ယေရုရှလင်မြို့၌ စည်းဝေးသောဣသရေလအမျိုး
တို့သည်၊ ခုနစ်ရက်ပတ်လုံး အလွန်ရွှင်လန်းသောစိတ်နှင့် အဇုမပွဲကိုခံကြ၏။ ယဇ်ပုရောဟိတ်လေဝိသားတို့သည်
အသံကျယ်သောတူရိယာမျိုးကို တီးမှုတ်လျက်၊ နေ့ညဉ့် မပြတ် ထာဝရဘုရားအား ထောမနာသီချင်းဆိုကြ၏။ 22 ထာဝရဘုရား၏
တရားတော်မြတ်ကို သွန်သင်သော လေဝိသားအပေါင်းတို့ကို၊ ဟေဇကိသည် အားပေး တော်မူသောစကား နှင့်နှုတ်ဆက်သဖြင့်၊
သူတို့သည် ခုနစ်ရက်ပတ်လုံးပွဲခံစဉ်အခါ၊ စားသောက်လျက်မိဿ ဟာယပူဇော်သက္ကာကိုပြုလျက်၊ ဘိုးဘေးတို့၏ ဘုရား သခင်
ထာဝရဘုရားအား တောင်းပန်လျက်နေကြ၏။ 23 စည်းဝေးသောသူအပေါင်းတို့သည် ခုနစ်ရက် ထပ်၍ပွဲခံခြင်းငှါ တိုင်ပင်ပြီးမှ၊
ရွှင်လန်းသောစိတ်နှင့် ခုနစ်ရက်ထပ်၍ပွဲခံကြ၏။ 24 ယုဒရှင်ဘုရင်ဟေဇကိသည် နွားတထောင်နှင့် သိုးခုနစ်ထောင်တို့ကို၎င်း၊
မှူးမတ်တို့သည် နွားတထောင်နှင့် သိုးတသောင်းကို၎င်း၊ စည်းဝေးသောသူတို့အား ပေးကြ ၏။ များစွာသောယဇ် ပုရောဟိတ်တို့သည်
ကိုယ်ကို သန့်ရှင်းစေကြ၏။ 25 ယဇ်ပုရောဟိတ်၊ လေဝိသားတို့နှင့်တကွ ယုဒ ပရိတ်သတ်များ၊ ဣသရေလပြည်မှလာသော ပရိသတ်

များ၊ ယုဒပြည်၌နေသော တပါးအမျိုးသား၊ ဣသရေလပြည်မှလာသော တပါးအမျိုးသား တို့သည် ဝမ်းမြောက်ဝမ်းသာကြ၏။ 26 ထိုသို့ယေရုရှလင်မြို့၌ ကြီးစွာသောဝမ်းမြောက် ခြင်းရှိ၏။ ဣသရေလရှင်ဘုရင် ဒါဝိဒ်သား ရှောလမုန် လက်ထက်မှသည်၊ နောက်တဖန်ယေရုရှလင်မြို့၌ ထိုမျှ လောက်ကြီးစွာသော ဝမ်းမြောက်ခြင်းမရှိ။ 27 ထိုအခါ ယဇ်ပုရောဟိတ်၊ လေဝိသားတို့သည် ထ၍လူများတို့ကို ကောင်းပေးကြ၏။ ထိုသူတို့စကားသံကို ဘုရားသခင်ကြားတော်မူ၏။ သန့်ရှင်းသော ကျိန်းဝပ် တော်မူရာ၊ ကောင်းကင်ဘုံသို့ ပဌနာစကားတက်လေ၏။

---

---

2 Chronicles 01

ဒုတိယလတွင်၊ ပသခါပွဲကိုခံခြင်းငှါ ရှင်ဘုရင်သည် တိုင်ပင်၍

ဣသရေလလူမျိုးများသည် ပသခါပွဲကို ဟေဗြဲပြက္ခဒိန်၏ ပထမလတွင် ကျင်းပလေ့ရှိသည်။ ပထမလသည် အနောက်တိုင်းပြက္ခဒိန်များတွင် မတ်လ လကုန်ပိုင်း နှင့် ဧပြီလ လဆန်းပိုင်းဝန်းကျင် ဖြစ်သည်။

ဒုတိယလ

ဟေဗြဲပြက္ခဒိန်၏ ဒုတိယလဖြစ်သည်။ အနောက်တိုင်းပြက္ခဒိန်များတွင် ဧပြီလ လကုန်ပိုင်း နှင့် မေလ လဆန်းပိုင်းဝန်းကျင်ဖြစ်သည်။

2 Chronicles 04

ဗေရရှေဘမြို့မှစ၍ ဒန်မြို့တိုင်အောင်

အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအားလုံး။"

2 Chronicles 06

စာပို့လုလင်

သတင်းသယ်ဆောင်သော ပုဂ္ဂိုလ်ဖြစ်သည်။

2 Chronicles 07

သုတ်သင်ပယ်ရှင်းခြင်းသို့ အပ်တော်မူပြီ။

အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ပျက်စီးဆုံးရှုံးစေတော်မူသည်။"

ထာဝရဘုရား၌ ကိုယ်ကိုအပ်နှံကြလော့။

အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကိုနာခံလော့" သို့မဟုတ် "ကိုယ်ကို ထာဝရဘုရားထံသို့ ဆက်ကပ်လော့။"

2 Chronicles 13

ဒုတိယလ

ဤလသည် ဟေဗြဲပြက္ခဒိန်၏ ဒုတိယလဖြစ်သည်။ အနောက်တိုင်းပြက္ခဒိန်များတွင် ဧပြီလကုန်ပိုင်းနှင့် မေလလဆန်းပိုင်းအချိန်ကာလဖြစ်သည်။

ကေဒြုန်ချောင်း

ကေဒြုန်ချိုင့်တွင်ရှိသော ချောင်းငယ်လေးဖြစ်သည်။

ဒုတိယလ တဆယ်လေးရက်နေ့တွင်

အနောက်တိုင်းပြက္ခဒိန်များတွင် မေလဆန်းပိုင်း ဝန်းကျင်ဖြစ်သည်။

2 Chronicles 16

စီရင်သောထုံးစံအတိုင်၊ မိမိတို့နေရာ၌ ရပ်နေလျက်

အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သတ်မှတ်ထားသော နေရာများတွင် ရပ်နေကြသည်။"

ပသခါသိုးသငယ်သတ်ခြင်းအမှု

အခြားသောဘာသာပြန်ဆိုချက်၊ "ထုံးစံအတိုင်း သိုးများကို ပသခါပွဲအတွက် သတ်ကြသည်။"

2 Chronicles 21

အသံကျယ်သောတူရိယာ

တေးဂီတ တူရိယာများကို ရည်ညွှန်းခြင်းဖြစ်သည်။

---

## Translation Questions

2 Chronicles 30:1

ဟေဇကိမင်းသည် မည်သူတို့ထံသို့ စာရေး၍ မည်သည့်နေရာတွင် ပေးလိုက်သနည်း။

ဟေဇကိမင်းသည် ဧဖရိမ်အမျိုး၊ မနာရှေအမျိုးတို့နှင့်တကွ ဣသရေလအမျိုး၊ ယုဒအမျိုးသားအပေါင်းတို့အား စာရေး၍ပေးလိုက်လေသည်။

ဟေဇကိမင်း၏ စာ၌ ဘာများ ရေးသားခဲ့သနည်း။

ယေရုရှလင်မြို့၊ ဗိမာန်တော်သို့လာ၍၊ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားအား၊ ပသခါပွဲကို ခံစေခြင်းငှါ လာပါရန် စာ၌ သူတို့ကိုရေးခဲ့ပါသည်။



generated on Sun Jun 30 02:37:40 2024

ဒုတိယလတွင်၊ ပသခါပွဲကိုခံခြင်ငှါမည်သူတို့သည် အတူတကွ တိုင်ပင်ကြသနည်း။
ရှင်ဘုရင်၊ မှူးတော်မတ်တော်တို့နှင့် ယေရုရှလင် မြို့၌ စည်းဝေးသော သူအပေါင်းတို့ ဖြစ်ကြသည်။

လွန်ခဲ့သောလတွင် ပသခါပွဲကိုပွဲကို အဘယ်ကြောင့် မခံနိုင်ကြသနည်း။
ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင် ရွက်နိုင်မည်အကြောင်း၊ ကိုယ်ကိုသန့်ရှင်းစွာမပြုကြသေး၍ ပြည်သူပြည်သားတို့သည် ယေရုရှလင်မြို့၌ မစည်းဝေး သောကြောင့် လွန်ခဲ့သောလတွင် ပသခါပွဲကိုပွဲကို မခံနိုင်ကြသည်။

2 Chronicles 30:4

ရှင်ဘုရင်နှင့်စည်းဝေးသော သူအပေါင်းတို့၌ မည်ကဲ့သို့ အစီအစဉ် ပေါ်ပေါက်ခဲ့သနည်း။
ထိုအမှုကို နှစ်သက်သောကြောင့် အစီအစဉ် ပေါ်ပေါက်ခဲ့သည်။

ရှင်ဘုရင်နှင့်စည်းဝေးသော သူအပေါင်းတို့သည် ဘာကို အခိုင်အမာလုပ်ခဲ့သနည်း။
သူတို့သည် ကြော်ငြာစေမည် အကြောင်း အခိုင်အမာလုပ်ခဲ့သည်။

မည်သည့်နေရာသို့ ကြော်ငြာစေမည်နည်း။
ဗေရ ရှေဘမြို့မှစ၍ ဒန်မြို့တိုင်အောင်၊ ကြော်ငြာစေမည်။

ကြောငြာစာ၌ ဘာသတင်းစကား ပါခဲ့သနည်း။
လူတို့သည် ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအား ယေရုရှလင်မြို့၌ ပသခါ ပွဲကိုခံစေခြင်းငှါ လာရန် ရေးထားခဲ့သည်။

2 Chronicles 30:6

ကြောငြာစာသည် မည်သည့်နည်းလမ်းဖြင့် သွားသနည်း။
ရှင်ဘုရင်နှင့်မှူးမတ်တို့ပေးလိုက်သောစာကို စာပို့လုလင်တို့သည် ယူ၍၊ ဣသရေလပြည်နှင့် ယုဒပြည်တစ်လျှောက်လုံးသို့ ပြေးသွားခြင်းဖြင့် ကြောငြာသည်။

2 Chronicles 30:7

ကြောငြာစာ၌ လူအပေါင်းတို့သည် ထာဝရဘုရားထံတော်သို့ ပြန်လာ လျှင် ဘာဖြစ်ပျက်မည်ဟု ပြောခဲ့သနည်း။
ညီအစ်ကို သားသမီးတို့သည် သိမ်းသွား သော သူတို့ထံမှာ၊ ကရုဏာစိတ်နှင့်တွေ့ကြုံ၍၊ ဣသရေလပြည်သို့ တဖန် ပြန်လာကြလိမ့်မည်။

2 Chronicles 30:10

စာပို့လုလင်တို့သည် မည်သည့်မြို့သို့ ပြေး၍ ပြည်သားတို့သည် ဘယ်လို တုံ့ပြန်ခဲ့သနည်း။
စာပို့လုလင်တို့သည် ဧဖရိမ်ခရိုင်၊ မနာရှေခရိုင် တရှောက်လုံး၊ ဇာဗုလုန်ခရိုင်တိုင်အောင် တမြို့မှ တမြို့သို့ ပြေးသော်လည်း ပြည်သားတို့သည် ပြက်ယယ်ပြု၍ ကဲ့ရဲ့ကြသည်။

မည်သူတို့သည် ကိုယ်ကိုနှိမ့်ချ၍ ဘာလုပ်ခဲ့ကြသနည်း။
အာရှာခရိုင်သား၊ မနာရှေခရိုင်သား နှင့် ဇာဗုလုန်ခရိုင်သား အချို့တို့သည် ကိုယ်ကိုနှိမ့်ချ၍ ယေရုရှလင်မြို့သို့ လာကြသည်။

ထာဝရဘုရား၏လက်တော်သည် ဘာလုပ်၍ ဘာဖြစ်ပျက်ခဲ့သနည်း။
ထာဝရဘုရား၏လက်တော်သည် ယုဒပြည်သားအပေါ်သို့ သက်ရောက်၍ တညီညွတ်တည်း ပြုချင်သော စေတနာစိတ် ဖြစ်ပွားခဲ့သည်။

2 Chronicles 30:13

မည်မျှသောလူတို့သည် ဒုတိယလတွင် အဇုမပွဲကို ခံလိုသောငှါယေရုရှလင်မြို့၌ စည်းဝေးကြသနည်း။
များစွာ သောလူ၊ အလွန် ကြီးသောပရိသတ်တို့သည် ယေရုရှလင်မြို့၌ စည်းဝေးကြသည်။

ယေရုရှလင်မြို့၌ စည်းဝေးသောသူတို့သည် ဘာလုပ်ခဲ့ကြသနည်း။
ထိုသူတို့သည် ယေရုရှလင်မြို့၌ရှိသော ယဇ်ပလ္လင်တို့ကို ပယ်ရှား၍ ကေဒြုန်ချောင်းထဲသို့ ပစ်ချကြပြီးနောက်ဒုတိယလ တဆယ်လေးရက်နေ့တွင်၊ ပသခါ သိုးသငယ်ကို သတ်ကြသည်။

ယဇ်ပုရောဟိတ်၊ လေဝိသားတို့ သည် သတိရ၍ ဘာလုပ်ခဲ့ကြသနည်း။
ယဇ်ပုရောဟိတ်၊ လေဝိသားတို့ သည် သတိရ၍ ကိုယ်ကိုသန့်ရှင်းစေလျက်၊ မီးရှို့ရာယဇ် တို့ကို ဗိမာန်တော်ထဲသို့ သွင်းကြသည်။

2 Chronicles 30:16

ထိုသူတို့သည် မည်ကဲ့သို့ ရပ်၍ ယဇ်ပုရောဟိတ်တို့သည် ဘာလုပ်ခဲ့ကြသနည်း။
ထိုသူတို့သည် မောရှေပညတ်တရား၌ စီရင်သော ထုံးစံအတိုင်း မိမိတို့နေရာ၌ ရပ်နေလျက်၊ ယဇ် ပုရောဟိတ်တို့သည် အသွေးကို ယူ၍ ဖြန်းကြသည်။

ယဇ် ပုရောဟိတ်တို့သည် လေဝိသားတို့ လက်မှ အဘယ်ကြောင့် အသွေးကို ယူ၍ ဖြန်းကြသနည်း။
မသန့်ရှင်းသောသူအများတို့သည် ပရိသတ်၌ ပါသောကြောင့်၊ ပသခါသိုးသငယ် သတ်ခြင်းအမှုကို စောင့်ရသော လေဝိသားတို့လက်မှ ယဇ် ပုရောဟိတ်တို့သည်အသွေးကို ယူ၍ ဖြန်းရခြင်းဖြစ်သည်။

2 Chronicles 30:18

ဟေဇကိမင်းသည် ဧဖရိမ်အမျိုး၊ မနာရှေအမျိုး၊ ဣသခါအမျိုး၊ ဇာဗုလုန်အမျိုးသားတို့အတွက် ဘာကြောင့် ဆုတောင်း၍ ဘာတွက် တောင်းခဲ့သနည်း။
များစွာသောလူတို့သည် ကျမ်းစာ၌ပါသော တရားသို့မလိုက်၊ ကိုယ်ကိုမသန့်ရှင်းစေဘဲ၊ ပသခါ သိုးသငယ်ကိုစားကြသည်။ ဟေဇကိမင်းသည် သန့်ရှင်းခြင်းမရှိသော်လည်း၊ ထာဝရဘုရားကို ဆည်းကပ်ခြင်းငှါ၊ သဘော ကျသောသူအပေါင်းတို့၏ ထာဝရဘုရားသည် လွှတ်တော်မူရန် ထိုသူတို့ အဘို့ ဆုတောင်းခဲ့သည်။

ထာဝရဘုရားသည် ဟေဇကိ၏ ဆုတောင်းစကားကို ဘယ်သို့တုံ့ပြန်ခဲ့သနည်း။
ထာဝရဘုရားသည် ဟေဇကိစကားကို နား ထောင်တော်မူ၍ လူများတို့ကို ချမ်းသာပေးတော်မူသည်။

2 Chronicles 30:21

ဣသရေလအမျိုး ယဇ်ပုရောဟိတ်၊ လေဝိသားတို့သည် ဘာလုပ်ခဲ့ကြသနည်း။
လူအပေါင်းတို့သည် ခုနစ်ရက်ပတ်လုံး အလွန်ရွှင်လန်းသောစိတ်နှင့် အဇုမပွဲကိုခံကြသည်။ ယဇ်ပုရောဟိတ်လေဝိသားတို့သည် အသံကျယ်သောတူရိယာမျိုးကို တီးမှုတ်လျက်၊ ထာဝရဘုရားအား ထောမနာသီချင်းဆိုကြသည်။

ထာဝရဘုရား၏ တရားတော်မြတ်ကို သွန်သင်သော လေဝိသားအပေါင်းတို့သည် ဟေဇကိ၏ စကားအတိုင်း ဘာလုပ်ခဲ့ကြသနည်း။
ဟေဇကိသည် သူတို့ကို အားပေး တော်မူသောစကားကို ဆိုလျက် ခုနစ်ရက်ပတ်လုံးပွဲခံစဉ်အခါ၊ စားသောက်လျက်မိဿဟာယပူဇော်သက္ကာကိုပြုလျက်၊ ဘုရားသခင် ထာဝရဘုရားအား တောင်းပန်လျက်နေကြသည်။

2 Chronicles 30:23

ဟေဇကိမင်းသည် နွားတထောင်နှင့် သိုးခုနစ်ထောင်တို့ကိုလည်းကောင်း၊ မှူးမတ်တို့သည် နွားတထောင်၊ သိုးနှင့်ဆိတ်တသောင်းတို့ကို ပေးသဖြင့်စည်းဝေးသောသူအပေါင်းတို့သည် ဘာလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့သနည်း။
စည်းဝေးသောသူအပေါင်းတို့သည် ရွှင်လန်းသောစိတ်နှင့် ခုနစ်ရက်ထပ်၍ ပွဲခံကြရန် ဆုံးဖြတ်ချက် ချခဲ့သည်။

2 Chronicles 30:25

မည်သူတို့သည် ပွဲခံခြင်း၌ ဝမ်းမြောက်ဝမ်းသာရှိကြသနည်း။
ယဇ်ပုရောဟိတ်၊ လေဝိသားတို့နှင့်တကွ ယုဒ ပရိသတ်များ၊ ဣသရေလပြည်မှလာသော ပရိသတ် များ၊ ယုဒပြည်၌နေသော တပါးအမျိုးသား၊ ဣသရေလပြည်မှလာသော တပါးအမျိုးသား တို့သည် ဝမ်းမြောက်ဝမ်းသာကြသည်။

ပွဲခံခြင်းကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
ယေရုရှလင်မြို့၌ ကြီးစွာသောဝမ်းမြောက် ခြင်းရှိသည်။ ဣသရေလရှင်ဘုရင် ရှောလမုန် လက်ထက်မှသည်၊ နောက်တဖန်ယေရုရှလင်မြို့၌ ထိုမျှလောက် မရှိပါ။

ယဇ်ပုရောဟိတ်၊ လေဝိသားတို့သည် ပွဲခံရာ၌ ဘာဆက်လုပ်ကြသနည်း။
သူတို့သည် လူများတို့ကို ကောင်းပေးကြ၍ သူတို့စကားသံကို ဘုရားသခင်ကြားတော်မူ၍ သူတို့ပဋ္ဌနာစကားသည် ကောင်းကင်ဘုံသို့ တက်လေသည်။

## Chapter 31

[1] ထိုအမှုလက်စသတ်သောအခါ၊ စည်းဝေးသော ဣသရေလလူအပေါင်းတို့သည်၊ ယုဒမြို့များသို့ ထွက်သွား ၍ ယုဒပြည်၊
ဗယ်္ယာမိန်ပြည်၊ ဧဖရိမ်ပြည်၊ မနာရှေပြည် အရပ်ရပ်၌ရှိသော ရုပ်တုဆင်းတု၊ အာရှရပင်၊ မြင့်သော အရပ်၊ ယဇ်ပလ္လင်ရှိသမျှတို့ကို
ရှင်းရှင်းမဖျက်ဆီးမှီ တိုင်အောင် ချိုးဖဲ့၊ ခုတ်လှဲဖြိုချကြ၏။ ထိုနောက်မှ၊ ဣသရေလအမျိုးသားအပေါင်းတို့သည်၊ အသီးသီးပိုင်
ထိုက်သောနေရာ မြို့ရွာတို့သို့ ပြန်သွားကြ၏။ [2] ယဇ်ပုရောဟိတ်လေဝိသားတို့သည်၊ အသီး အသီးစောင့်ရသောအမှုကို
အလှည့်သင့်သည်အတိုင်း စောင့်လျက်၊ ထာဝရဘုရား၏ကျိန်းဝပ်တော်မူသော ဌာနတော်တံခါးအတွင်း၌၊ မီးရှို့ရာယဇ်နှင့် မိဿဟာယ
ယဇ်ကိုပူဇော်ခြင်း၊ အမှုတော်မျိုးကိုစောင့်ခြင်း၊ ကျေးဇူး တော်ကို ဝန်ခံခြင်း၊ ထောမနာသီချင်း ဆိုခြင်းအမှုကို ပြုစေခြင်းငှါ၊ ဟေဇကိ
ခန့်ထားတော်မူ၏။ [3] ထာဝရဘုရား၏ ပညတ္တိကျမ်း၌ ရေးထားသည် အတိုင်း၊ နေ့ရက်အစဉ် နံနက်အချိန်၊ ညဦးချိန်၊ ဥပုသ်နေ့၊
လဆန်းနေ့၊ ဓမ္မပွဲနေ့တွင် မီးရှို့ရာယဇ်ပူဇော်စရာဘို့၊ ဘဏ္ဍာတော်ထဲက ဥစ္စာတဘို့ကို ထုတ်၍လှူတော်မူ၏။ [4] ယဇ်ပုရောဟိတ်၊
လေဝိသားတို့သည် ထာဝရ ဘုရား၏ တရားကိုကြိုးစား၍ သွန်သင်စေခြင်းငှါ၊ ယေရု ရှလင်မြို့၌နေသော သူတို့သည် ဥစ္စာတဘို့ကို
လှူရမည် အကြောင်း မိန့်တော်မူ၏။ [5] ထိုအမိန့်တော်ကို ဣသရေလအမျိုးသားတို့ သည် အနှံ့အပြား ကြားသိကြသောအခါ၊
အဦးသီးသော စပါး၊ စပျစ်ရည်၊ ဆီ၊ ပျားရည်အစရှိ သော မြေအသီးအနှံ ကိုင်ငင်း၊ အခြားသောဥစ္စာရှိသမျှ ဆယ်ဘို့တဘို့ကိုင်ငင်း၊
များစွာဆောင်ခဲ့ကြ၏။ [6] ယုဒမြို့တို့၌နေသောဣသရေလအမျိုးနှင့် ယုဒ အမျိုးသားတို့သည်လည်း၊ သိုးနွားဆယ်ဘို့တဘို့ကိုင်ငင်း၊
သူတို့၏ဘုရားသခင် ထာဝရဘုရားအား ပူဇော်၍ သန့်ရှင်းသော ဥစ္စာဆယ်ဘို့တဘို့ကိုင်ငင်း ဆောင်ခဲ့၍ အသီးအသီးပုံထားကြ၏။ [7]
တတိယလတွင် ပုံထားစပြု၍၊ သတ္တမလတွင် လက်စသတ်ကြ၏။ [8] ပုံထားသောဥစ္စာကို၊ ဟေဇကိနှင့် မှူးမတ်တို့ သည်
လာ၍မြင်သောအခါ၊ ထာဝရဘုရားနှင့် ဘုရား သခင်၏ လူဣသရေလအမျိုးကို ကောင်းကြီးပေးကြ၏။ [9] ထိုပုံထားသော
ဥစ္စာအကြောင်းကို ဟေဇကိ သည် ယဇ်ပုရောဟိတ်၊ လေဝိသားတို့၌ မေးမြန်းလျှင်၊ [10] ဇာဒုတ်အမျိုး၊ ယဇ်ပုရောဟိတ်အကြီး အာဇရိ
က၊ ပူဇော်သက္ကာတို့ကို၊ ဗိမာန်တော်သို့ဆောင်ခဲ့စပြုသော နောက်၊ အကျွန်ုပ်တို့ စားလောက်အောင်ရှိသည်သာမက များစွာ
ကျန်ကြွင်းတတ်ပါ၏။ ထာဝရဘုရားသည် မိမိလူတို့ကို ကောင်းကြီးပေးတော်မူသောကြောင့်၊ ပုံထား သောဤဥစ္စာများသည်
ကျန်ကြွင်းလျက်ရှိပါသည်ဟု လျှောက်ကြ၏။ [11] ထိုအခါ ဗိမာန်တော်၌ ဘဏ္ဍာတိုက်တို့ကို ပြင်ဆင်စေမည်အကြောင်း၊
ဟေဇကိမိန့်တော်မူသည် အတိုင်း ပြင်ဆင်၍၊ [12] လှူသောဥစ္စာ၊ ဆယ်ဘို့တဘို့ဥစ္စာ၊ ပူဇော်သော ဥစ္စာများကို တရားနှင့်အညီ
သွင်းထားကြ၏။ လေဝိသားကောနနိသည်တိုက်အုပ်၊ သူ၏ညီရှိမိသည် တိုက်စာရေးဖြစ်၏။ [13] ယေဟေလ၊ အာဇဇိ၊ နာဟတ်၊
အာသဟေလ၊ ယေရိမုတ်၊ ယောဇဗတ်၊ ဧလျေလ၊ ဣသမခိ၊ မာဟတ်၊ ဗေနာယတို့သည်လည်း ဟေဇကိမင်းကြီးနှင့် ဗိမာန်တော်
အုပ်အာဇရိစီရင်သည်အတိုင်း၊ ကောနနိနှင့် သူ၏ညီရှိမိ တို့သည် အစေခံ၍ ကြည့်ရှုပြုစုရကြ၏။ [14] အရှေ့တံခါးမှူး၊
လေဝိသားဣမနသားကောရ သည်၊ ထာဝရအရှင်ဘုရားသခင်အား လှူဒါန်း ပူဇော်သောဥစ္စာ၊ အလွန်သန့်ရှင်းသောဥစ္စာ များကို
ဝေဖန်ရသောအမှုအုပ်ဖြစ်၏။ [15] ကောရလက်ထောက်၊ ဧဒင်၊ ဗယ်္ယာမိန်၊ ယောရှု၊ ရှေမာယ၊ အာမရိ၊ ရှေကနိတို့သည်လည်း
ယဇ်ပုရောဟိတ် နေရာမြို့တို့၌ အရာခံသည်အတိုင်း၊ သင်းဖွဲ့သော ညီအစ်ကို အကြီးအငယ်တို့အား ပေးဝေရကြ၏။ [16]
သင်းဖွဲ့သည်အတိုင်း၊ ဗိမာန်တော်သို့ဝင်၍ အမှု တော်ကိုစောင့်သောသူ၊ စာရင်းဝင်သည်အတိုင်း၊ အသက် သုံးနှစ်လွန်သော
ယောက်ျားအ ပေါင်းတို့အားငင်း၊ [17] အဆွေအမျိုးအလိုက် စာရင်းဝင်၍၊ အသက် နှစ်ဆယ်လွန်သဖြင့်၊ သင်းဖွဲ့သည်အတိုင်း၊ အမှုတော်
စောင့်သော ယဇ်ပုရောဟိတ်လေဝိသားတို့ အားငင်း၊ [18] သစ္စာစောင့်၍ ကိုယ်ကိုသန့်ရှင်းစေသော ထိုသူတို့၏သားမယားသူငယ်မှစ၍၊
ပရိသတ်အနှံ့အပြား စာရင်းဝင်သမျှသော သူတို့အားငင်း၊ နေ့ရက်အစဉ် အတိုင်းပေးဝေရကြ၏။ [19] ထိုအတူ၊ အထက်ဆိုခဲ့ပြီးသော
သူတို့သည် ယဇ်ပုရောဟိတ်၊ လေဝိသားနေစရာဘို့ ခွဲထားသော မြို့နယ်တို့၌ နေသောအာရုန်သား ယဇ်ပုရောဟိတ် ယောက်ျား၊
စာရင်းဝင်သော လေဝိသားအပေါင်းတို့အား လည်း ပေးဝေရကြ၏။ [20] ထိုသို့ဟေဇကိသည် ယုဒပြည်တရှောက်လုံးတွင် စီရင်၍၊
မိမိဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကောင်းသောအမှု၊ ဖြောင့်မတ်သောအမှု၊ သမ္မာတရား အမှုတို့ကို ပြုတော်မူ၏။ [21]
မိမိဘုရားသခင်ကို ဆည်းကပ်လျက်၊ ဗိမာန် တော်၊ တရားတော်၊ ပညတ်တော်တို့အဘို့ အမှုစောင့်စ ပြုလေရာရာ၌
စိတ်နှလုံးအကြွင်းမဲ့ပြု၍ အကြံထမြောက် တတ်၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 32

1 ထိုအမှုများတို့ကို လက်စသတ်သည်နောက်၊ အာရှုရိရှင်ဘုရင် သနာခရိပ်သည်၊ ယုဒပြည်သို့စစ်ချီ၍ ခိုင်ခံ့သောမြို့တို့ကို
ဝိုင်းထားလျက် တိုက်ယူခြင်းငှါ အားထုတ်လေ၏။ 2 ထိုသို့ သနာခရိပ်သည်လာ၍၊ ယေရုရှလင်မြို့ကို တိုက်မည့်အကြံရှိကြောင်းကို၊
ဟေဇကိသည်သိမြင်လျှင်၊ 3 မြို့ပြင်၌ရှိသော စမ်းရေကိုဖြတ်ခြင်းငှါ မှူးမတ်၊ စစ်သူကြီးတို့နှင့် တိုင်ပင်၍။ သူတို့သည် ဝိုင်းလုပ်ကြ၏။
4 အာရှုရိရှင်ဘုရင်တို့သည် လာ၍၊ များစွာသော ရေကို အဘယ်ကြောင့်တွေ့ရမည်နည်းဟု လူများတို့သည် ဆိုလျက်၊ စုဝေး၍
စမ်းရေတွင်းရှိသမျှကို ပိတ်ကြ၏။ ပြည်အလယ်၌ စီးသောချောင်းရေကိုလည်း ဖြတ်ကြ၏။ 5 ဟေဇကိသည်လည်း ကိုယ်ကို
ခိုင်ခံ့စေ၏။ ပြိုသောမြို့ရိုးရှိသမျှကို ပြုပြင်၍၊ ရဲတိုက်တို့နှင့် တညီတည်း တည်၏။ ပြင်မြို့ရိုးကိုလည်း တည်၏။ ဒါဝိဒ်မြို့၌ မိလ္လော
ရဲတိုက်ကိုလည်း ပြုပြင်၍၊များစွာသော လှံလက်နက်ဒိုင်း လွှားတို့ကိုလည်း လုပ်လေ၏။ 6 လူများတို့တွင် တပ်မှူးတို့ကိုခန့်ထား၍၊ မြို့
လမ်းမ၌ စုဝေးစေသဖြင့်၊ အားပေးသော စကားကို ပြောလျက်၊ 7 ခွန်အားယူ၍ ရဲရင့်ခြင်းရှိကြလော့။ အာရှုရိ ရှင်ဘုရင်နှင့်
သူ၌ပါသောအလုံးအရင်း အပေါင်းတို့ ကြောင့် မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ ငါတို့ ဘက်၌နေသော သူတို့သည်၊ သူ့ဘက်၌
နေသောသူတို့ထက်သာ၍ များကြ၏။ 8 သူ့ဘက်၌ လူလက်ရုံးရှိ၏။ ငါတို့ဘက်၌ ထောက်မ၍၊ စစ်ကူတော်မူသော
ငါတို့၏ဘုရားသခင် ထာဝရဘုရားရှိတော်မူသည်ဟု မိန့်တော်မူ၏။ လူများတို့ သည် ယုဒရှင်ဘုရင်ဟေဇကိ၏ စကားကိုကိုးစား
ကြ၏။ 9 ထိုနောက် အာရှုရိရှင်ဘုရင်သနာခရိပ်သည် ဗိုလ်ခြေအပေါင်းတို့နှင့်တကွ၊ လာခိရှမြို့ကိုဝိုင်ထားစဉ် တွင်၊ မိမိကျွန်အချို့ကို
ယေရုရှလင်မြို့၊ ယုဒရှင်ဘုရင် ဟေဇကိထံသို့၎င်း၊ ယေရုရှလင်မြို့၌ရှိသော ယုဒ လူအပေါင်းတို့ရှိရာသို့၎င်း စေလွှတ်၍၊ 10
အာရှုရိရှင်ဘုရင်သနာခရိပ် မိန့်တော်မူသည် ကား၊ သင်တို့သည် ယေရုရှလင်မြို့၌ ဝိုင်းထားခြင်းကို ခံခြင်းငှါ၊
အဘယ်သို့ခိုလှုံကြသနည်း။ 11 ဟေဇကိက၊ ငါတို့၏ဘုရားသခင် ထာဝရ ဘုရားသည် ငါတို့ကို အာရှုရိရှင်ဘုရင်လက်မှ ကယ်လွှတ်
တော်မူမည်ဟုဆိုလျက်၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း အားဖြင့် အသေခံရသည်တိုင်အောင်၊ ကိုယ်ကိုစွန့်ပစ်စေ ခြင်းငှါ၊ သင်တို့ကို
ဖြားယောင်းသည်မဟုတ်လော။ 12 ထိုဟေဇကိသည် ထာဝရဘုရား၏ မြင့်သော အရပ်ဌာနနှင့် ယဇ်ပလ္လင်တို့ကို ပယ်၍၊ သင်တို့သည်
တခုတည်းသော ယဇ်ပလ္လင် ရှေ့မှာကိုးကွယ်ရမည်။ ထိုယဇ် ပလ္လင်ပေါ်မှာ နံ့သာပေါင်းကို မီးရှို့ရမည်ဟု ယုဒပြည်သူ ယေရုရှလင်မြို့
သားတို့ကို မိန့်တော်မူပြီမဟုတ်လော။ 13 ငါနှင့် ငါ့ဘိုးဘေးတို့သည် အတိုင်းတိုင်းအပြည် ပြည်တို့၌ အဘယ်သို့ပြုသည်ကို
သင်တို့မသိကြသလော။ အတိုင်းတိုင်းအပြည်ပြည် ဘုရားတို့သည် မိမိတို့ပြည် များကို ငါ့လက်မှ ကယ်လွှတ်ခြင်းငှါ တတ်စွမ်းနိုင်
သလော။ 14 ငါ့ဘိုးဘေးအကုန်အစင်ဖျက်ဆီးသော တိုင်း နိုင်ငံတို့၏ ဘုရားတို့တွင်၊ အဘယ်မည်သောဘုရားသည် မိမိပြည်ကို
ငါ့လက်မှ ကယ်လွှတ်ဘူးသနည်း။ သင်တို့၏ ဘုရားသည် သင်တို့ကိုငါ့လက်မှ အဘယ်သို့ကယ်လွှတ် မည်နည်း။ 15 သို့ဖြစ်၍၊
ဟေဇကိသည် သင်တို့ကိုမလှည့်စား စေနှင့်။ ထိုသို့ မဖြားယောင်းစေနှင့်။ သူ့စကားကို မယုံကြ နှင့်။ အခြားသော တိုင်းနိုင်ငံ၌
ကိုးကွယ်သော ဘုရား မည်မျှသည်၊ မိမိပြည်ကိုငါ့လက်မှ၎င်း၊ ငါ့ဘိုးဘေး လက်မှ၎င်း မကယ်မလွှတ်နိုင်။ ထိုမျှမက၊
သင်တို့၏ဘုရားသည် သင်တို့ကို ငါ့လက်မှ မကယ်မလွှတ်နိုင်ဟု မှာလိုက်လေ၏။ 16 သူ့ကျွန်တို့သည် ထာဝရအရှင်ဘုရားသခင်
တဘက်၊ ဘုရားသခင်၏ကျွန်ဟေဇကိတဘက်၌ သာ၍ ပြောဆိုကြ၏။ 17 ထိုမှတပါး အခြားသော တိုင်းနိုင်ငံဘုရားတို့ သည်၊
မိမိလူများကို ငါ့လက်မှ မကယ်မလွှတ်နိုင်သည် နည်းတူ၊ ဟေဇကိကိုးကွယ်သော ဘုရားသည်၊ သူ၏ လူများကို ငါ့လက်မှ
မကယ်မလွှတ်ရဟုဣသရေလအမျိုး ၏ ဘုရားသခင်ထာဝရဘုရားကို ကဲ့ရဲ့ပြစ်တင်သော စာကို ရေး၍ ပေးလိုက်သေး၏။ 18
တဖန်မြို့ရိုးပေါ်မှာရှိသော ယေရုရှလင်မြို့သား တို့ကို ခြိမ်းချောက်နှောက်ရှက်၍၊ မြို့ကိုတိုက်ယူနိုင်အောင်၊ ယုဒဘာသာစကားအားဖြင့်
ကျယ်သော အသံနှင့် ကြွေး ကြော်ကြ၏။ 19 လူတို့လက်ဖြင့် လုပ်သောဘုရား၊ မြေကြီးသား များ ကိုးကွယ်သော ဘုရားတို့နှင့်
ယေရုရှလင်မြို့ ဘုရား သခင်ကို ရော၍ ကဲ့ရဲ့ကြ၏။ 20 ထိုအကြောင်းကြောင့်၊ ဟေဇကိမင်းကြီးနှင့် အာမုတ်သား
ပရောဖက်ဟေရှာယသည် ဆုတောင်း၍၊ ကောင်းကင်ဘုံသို့ ဟစ်ခေါ်သဖြင့်၊ 21 ထာဝရဘုရားစေလွှတ်တော်မူသော ကောင်းကင်
တမန်သည်၊ အာရှုရိရှင်ဘုရင်တပ်၌ ခွန်အားကြီးသော သူရဲများ၊ တပ်မှူး၊ စစ်ကဲများအပေါင်းတို့ကို သုတ်သင် ပယ်ရှင်းလေ၏။
ရှင်ဘုရင်သည် မျက်နှာပျက်လျက်၊ မိမိ ပြည်သို့ပြန်သွား၏။ မိမိဘုရား၏ ဗိမာန်သို့ရောက်သော အခါ၊ မိမိသားရင်းတို့သည်
ထားနှင့်သတ်ကြ၏။ 22 ထိုသို့ထာဝရဘုရားသည် ဟေဇကိနှင့် ယေရုရှလင်မြို့သားတို့ကို၊ အာရှုရိရှင်ဘုရင်လက်မှ၎င်း၊
အခြားသောရန်သူလက်မှ၎င်း ကယ်လွှတ်၍၊ အရပ်ရပ်၌ စောင့်မတော်မူ၏။ 23 အများသောသူတို့သည် ယေရုရှလင်မြို့သို့
ထာဝဘုရားအဘို့ ပူဇော်သက္ကာကို၎င်း၊ ယုဒရှင်ဘုရင် ဟေဇကိထံသို့ လက်ဆောင်ပဏ္ဏာကို၎င်း ဆောင်ခဲ့ကြ သဖြင့်၊ ဟေဇကိသည်
ထိုကာလမှစ၍ ခပ်သိမ်းသောလူ မျိုး ရှေ့မှာဘုန်းကြီးတော်မူ၏။ 24 ထိုကာလအခါ ဟေဇကိမင်းသည် သေနာစွဲ၍ ထာဝရဘုရားအား
ဆုတောင်းသဖြင့်၊ ဗျာဒိတ်တော်နှင့် ထူးဆန်းသော တန်ခိုးတော်ကို ခံရ၏။ 25 သို့ရာတွင် ဟေဇကိသည် မိမိခံရသော ကျေးဇူးတော်နှင့်
အထိုက်အလျောက်မကျင့်၊ ထောင်လွှား သော စိတ်ရှိ၏။ ထိုကြောင့် သူ၌၎င်း၊ ယုဒပြည်နှင့် ယေရုရှလင်မြို့၌၎င်း၊
အမျက်တော်ထွက်လေ၏။ 26 သို့ရာတွင် ဟေဇကိသည် မိမိစိတ်ထောင်လွှား သော အပြစ်ကြောင့်၊ ယေရုရှလင်မြို့သားတို့နှင့်တကွ
ကိုယ်တိုင်ကိုယ်ကို နှိမ့်ချသောကြောင့်၊ လက်ထက်တော် ကာလတွင်၊ ထာဝရဘုရား၏ အမျက်တော်မသက် ရောက်။ 27 ဟေဇကိသည်
များစွာသော စည်းစိမ်ဥစ္စာ ဂုဏ် အသရေရှိ ၏။ ရွှေ၊ ငွေ၊ ကျောက်မြတ်၊ နံ့သာမျိုး၊ ဒိုင်းလွှား၊ နှမြောဘွယ်သော တန်ဆာ

သိုထားရာဘဏ္ဍာ တိုက်များကို တည်လေ၏။ [28] စပါးကျီများ၊ ဆီ၊ စပျစ်ရည်သိုထားရာ တိုက်များ၊ တိရစ္ဆာန်မျိုး တင်းကုပ်များ၊
သိုးခြံများကိုလည်း လုပ်လေ ၏။ [29] ကိုယ်အဘို့ မြို့တို့ကိုတည်၍၊ များစွာသော သိုးနွား တို့ကိုလည်း ဆည်းဖူးလေ၏။
ဘုရားသခင်သည် များစွာ သောဥစ္စာကို ပေးသနားတော်မူ၏။ [30] ထိုမှတပါး၊ ဟေဇကိသည် ဂိဟုတ်အထက် ချောင်းရေကို ပိတ်၍၊
ဒါဝိဒ်မြို့အနောက်သို့ တည့်တည့် စီးစေ၏။ ထိုသို့ ဟေဇက်သည် ပြုလေရာရာ၌ အကြံ ထမြောက်၏။ [31] သို့ရာတွင်၊ နိုင်ငံတော်၌
ဖြစ်သောအံ့ဘွယ်သော အမှုကို မေးမြန်းစေခြင်းငှါ၊ ဗာဗုလုန်မင်းတို့သည် သံတမန်ကို စေလွှတ်သော အမှုမှာ၊ ဟေဇကိမင်း၏
သဘောကို အကုန်အစင်သိခြင်းငှါ၊ ဘုရားသခင်သည် စုံစမ်း၍အလွတ်ထားတော်မူ၏။ [32] ဟေဇကိပြုမူသော
အမှုအရာကြွင်းလေသမျှ တို့နှင့် ကျေးဇူးပြုခြင်းအရာသည် အာမုတ်သား ပရော ဖက်ဟေရှာယ၏ ရူပါရုံကျမ်း၊ ယုဒရာဇဝင်၊
ဣသရေလ ရာဇဝင်၌ ရေးထားလျက် ရှိ၏။ [33] ဟေဇကိသည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ ဒါဝိဒ် ၏သားတော် မြေးတော်တို့
သင်္ချိုင်းတွင် အမြတ်ဆုံးသော သင်္ချိုင်း၌ သင်္ဂြိုဟ်ခြင်းကို ပြုလေ၏။ ယုဒပြည်သူ ယေရုရှလင်မြို့သားအပေါင်းတို့သည်၊ ဟေဇကိ
အနိစ္စ ရောက်သောအခါ၊ ဂုဏ်အသရေတော်ကို ချီးမြှောက်ကြ ၏။ သားတော်မနာရှေသည် ခမည်းတော်အရာ၌ နန်းထိုင်၏။

## Chapter 33

1 ????????? ????????????????????????? ?????????? ??????????????? ????????????? ?????????? 2 ?????????? ?????????????? ???????? ?????????
3 ????????????????????????? ???????????? ????????? ????????????????? ???????????????? ????? ?????????????????? ??????? ??????????????
4 ??????????????? ????????????? ??????? ????? ????????? ??????????????????? ??????????? ?????????????????? 5 ????????????????????????
6 ?????????????? ?????????????????? ???????????????? ??????????? ?????????? ?????????????? ??????????????? ??????????? ?????????????
7 ????????????? ??????????????????????? ?????????????? ??????????????????? ????????? ???????? ???????????? ???????????? ???????????
8 ???????????????????? ????????????? ????? ??????????????? ??????????? ?????????????????? ??? ????????????? ????????????????? ??????
9 ????????? ????????? ???????????????? ??????? ??????????? ????????????????????????? ???????????????????????? ???????????????? ???
10 ???????????? ?????????????? ????????? ??????????????? ????? ????????? ??????????? ????????????? 11 ????????????????? ??????????????
12 ???????????????? ?????????????? ?????? ???? ????????????? ???????????? ??????????? ???????????? ???????????????? ???????? ????? ???
13 ???????????? ????????????? ????? ???? ?????????????? ??????????????????????? ?????????????????? ????????????????????? ?????? ??????
14 ????????? ??????????????? ??????????? ?????? ???? ???????????? ????????????????????? ???? ?????????????????? ????????????? ????
15 ??????????????? ?????????????? ???????? ????????????? ????????????? ?????? ?????????? ?????????? ????????????????? ?????????? ???
16 ?????????? ?????????????????????? ??? ??????????? ????????????????? ?????????????????? ????????????????? ???????????? ????????? ??
17 ?????????? ?????????????? ???????????? ??????? ???????????????? ????????????????? ???? ?????????? ???????????? 18 ????????????????
19 ???????????????? ????????????????????????????? ????????????? ??????????????????????? ???????????? ??????? ????????? ???????????? ?
20 ????????? ??????????????? ??????????? ????????? ?????????????????? ?????? ?????????????? ??? ????????????? ???????????
21 ????????? ???????????????????????????? ?????????? ??????????????? ?????????????????? 22 ?????????? ???????????????????????? ??????
23 ???????????? ????????????????? ???????????????????? ???? ?????????????????????? ?????????? 24 ???????????????? ????????? ?????????
25 ??????????????? ?????????????????? ??????????????? ???????????????????? ?????????? ???????????????? ????????????????????????


generated on Sun Jun 30 02:37:40 2024

## Chapter 34

1 ယောရှိသည် အသက်ရှစ်နှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ သုံးဆယ်တနှစ် စိုးစံလေ၏။ 2 ထိုမင်းသည်
ထာဝရဘုရားရှေ့တော်၌ တရား သောအမှုကိုပြု၍၊ လက်ျာဘက်လက်ဝဲဘက်သို့ မလွှဲ၊ အဘဒါဝိဒ်လိုက်သောလမ်းသို့ လိုက်လေ၏။ 3
အသက်တော်ငယ်စဉ်၊ နန်းစံရှစ်နှစ်တွင်၊ အဘ ဒါဝိဒ်၏ ဘုရားသခင်ကို ဆည်းကပ်စပြု၏။ တဆယ်နှစ် နှစ်တွင် ယုဒပြည်၊
ယေရုရှလင်မြို့၌ရှိသောကုန်း၊ အာရှရ ပင်၊ ထုသောရုပ်တု၊ သွန်းသောရုပ်တုတို့ကို သုတ်သင် ပယ်ရှင်းစပြု၏။ 4 ဗာလဘုရားတို့
ယဇ်ပလ္လင်များကို ရှေ့တော်၌ ဖြိုချ၍၊ ယဇ်ပလ္လင်ပေါ်တွင် အမြင့်တင်ထားသော ရုပ်တု တို့ကို ခုတ်လှဲကြ၏။
အာရှရပင်များနှင့်ထုသောရုပ်တု၊ သွန်းသောရုပ်တုများကိုချိုးဖဲ့၍ ညက်ညက်ချေပြီးလျှင်၊ ယဇ်ပူဇော်သောသူတို့၏ သင်္ချိုင်းပေါ်မှာ
ဖြန့်ဖြူးတော် မူ၏။ 5 ယဇ်ပုရောဟိတ်တို့အရိုးကို ထိုယဇ်ပလ္လင်တည်ရာအပေါ် မှာ မီးရှို့၍၊ ယုဒပြည်နှင့် ယေရုရှလင်မြို့ကို စင်ကြယ်
စေတော်မူ၏။ 6 ထိုအတူ မနာရှေခရိုင်၊ ဧဖရိမ်ခရိုင်၊ ရှိမောင် ခရိုင်၊ နဿလိခရိုင် တိုင်အောင်၊ အရပ်ရပ်မြို့များတို့၌
ပေါက်တူးနှင့်လုပ်လျက်၊ 7 ယဇ်ပလ္လင်နှင့် အာရှရပင်တို့ကို ချိုးဖဲ့၍၊ ဣသ ရေလပြည်တလျှောက်လုံး၌ ရှိသမျှသောရုပ်တု ဆင်းတု
တို့ကို ခုတ်လှဲ၍ ညက်ညက်ချေပြီးမှယေရှုရှလင်မြို့သို့ ပြန်တော်မူ၏။ 8 နန်းစံဆယ်ရှစ်နှစ်တွင်၊ နိုင်ငံတော်နှင့် ဗိမာန် တော်ကို
စင်ကြယ်စေပြီးမှ၊ မိမိဘုရားသခင် ထာဝရ ဘုရား၏ အိမ်တော်ကို ပြုပြင်လိုသောငှါ၊ အာဇလိ၏ သားရှာဖန်၊ မြို့ဝန်မာသေယ၊
ယောခတ်သားအတွင်းဝန် ယောအာတို့ကို စေလွှတ်တော်မူ၏။ 9 ထိုသူတို့သည် ယဇ်ပုရောဟိတ်မင်း ဟိလခိထံသို့ သွား၍၊
ဗိမာန်တော်သို့ လူများဆောင်ခဲ့သောငွေ၊ မနာရှေအမျိုးသား၊ ဧဖရိမ်အမျိုးသား၊ ကျန်ကြွင်းသော ဣသရေလအမျိုးသားရှိသမျှ၊
ယုဒအမျိုးသား၊ ဗယ်္ယာမိန် အမျိုးသား၊ ယေရုရှလင်မြို့သူမြို့သားအပေါင်းတို့လက်မှ တံခါးစောင့် လေဝိသားတို့ခံသော ငွေကိုယူ၍၊ 10
ဗိမာန်တော်ကိုကြည့်ရှုပြုစုသော သူတို့၌ အပ်သဖြင့်၊ သူတို့သည် ဗိမာန်တော်ကို ပြုပြင်ခြင်းငှါ လုပ်ဆောင်သောသူ၊ 11 ဗိသုကာနှင့်
လက်သမားလုပ်သည့်အတွက်၊ ယုဒရှင်ဘုရင် ဖျက်ဆီးသောအဆောင်တို့ကို ပြင်စရာ ဘို့ ဆစ်သောကျောက်များနှင့်
ထုပ်လျောက်ရနယ်များကို ဝယ်သည်အတွက် ပေးကြ၏။ 12 လုပ်ဆောင်သူတို့သည် သစ္စာစောင့်ကြ၏။ လေဝိအမျိုး၊ မေရာရိအနွယ်၊
ယာဟတ်နှင့်ဩဗဒိ၊ ကောဟတ်အနွယ်၊ ဇာခရိနှင့် မေရှုလံအစရှိသော တူရိယာမျိုးကို တီးမှုတ်လျက်၊ သီချင်းဆိုတတ်သော
လေဝိသာအပေါင်းတို့သည် ကြည့်ရှုနိုးဆော်ကြ၏။ 13 ထိုသူတို့သည် ဝန်ထမ်းသောသူမှစ၍၊ အလုပ် မျိုးကို လုပ်ဆောင်သော
သူအပေါင်းတို့ကို ကြည့်ရှု အုပ်ချုပ်ကြ၏။ လေဝိသားအချို့တို့သည်လည်း စာရေး၊ တရားသူကြီး၊ တံခါးစောင့်လုပ်ကြ၏။ 14
ဗိမာန်တော်သို့ ဆောင်ခဲ့သောငွေကို ထုတ်သောအခါ၊ ယဇ်ပုရောဟိတ်ဟိလခိသည် မောရှေ ရေးထားသော ထာဝရဘုရား၏
ပညတ္တိကျမ်းစာစောင် ကို တွေ့၍၊ 15 တွေ့ကြောင်းကို စာရေးတော်ရှာဖန်အား ပြောလျက် ထိုကျမ်းစာကို အပ်ပေး၏။ 16 ရှာဖန်သည်
ရှင်ဘုရင်ထံသို့ ယူသွား၍၊ ကိုယ် တော်ကျွန်တို့သည် မှာထားတော်မူသမျှအတိုင်း ပြုကြ ပါ၏။ 17 ဗိမာန်တော်၌ တွေ့သောငွေကို
မှုတ်၍၊ အုပ်ချုပ် သောသူနှင့် လုပ်ဆောင်သောသူတို့၌ အပ်ပါပြီဟူ၍၎င်း၊ 18 ယဇ်ပုရောဟိတ်ဟိလခိသည် ကျွန်တော်၌ စာစောင်ကို
အပ်ပါပြီဟူ၍၎င်း ကြားလျှောက်လျက်၊ ရှင်ဘုရင်ရှေ့တော်၌ ဘတ်ရွတ်လေ၏။ 19 ရှင်ဘုရင်သည် တရားစကားကိုကြားလျှင်၊
မိမိအဝတ်ကိုဆုတ်၍၊ 20 ယဇ်ပုရောဟိတ် ဟိလခိ၊ ရှာဖန်သားအဟိကံ၊ မိက္ခာသား အာဗဒုန်၊ စာရေးတော်ရှာဖန်၊ မိမိကျွန်အာ သာယကို
ခေါ်၍၊ 21 ယခုတွေ့သော ကျမ်းစကားကြောင့် ငါ့အတွက် ဣသရေလပြည်နှင့်ယုဒပြည်၌ ကျန်ကြွင်းသေးသော သူတို့အတွက်
ထာဝရဘုရား၌ မေးလျှောက်ကြပါ။ ဘိုးဘေးတို့သည် ထာဝရဘုရား၏ အမိန့်တော်ကို နား မထောင်၊ ဤကျမ်းစာ၌ရေးထားသမျှ
အတိုင်းမကျင့်ဘဲ နေသောကြောင့်၊ ထာဝရဘုရားသည် ငါတို့၌ပြင်းစွာ အမျက်ထွက်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏။ 22
ထိုကာလတွင်၊ ဟရဟတ်သားဖြစ်သော တိကဝ ၏သားအချုပ် ဝန်ရှုလ္လုံ၏မယား၊ ပရောဖက်မဟုလဒ သည် ယေရုရှလင်မြို့၌
နေသည်ဖြစ်၍၊ ဟိလခိနှင့် ရှင်ဘုရင်၏လူတို့သည် ထိုမိန်းမထံသို့သွား၍ ပြောဆို ကြ၏။ 23 မိန်းမကလည်း၊
ငါ့ထံသို့စေလွှတ်သောသူထံသို့ သင်တို့ပြန်၍ ဆင့်ဆိုရသော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၏ အမိန့်တော်ဟူမူကား၊
24 ယုဒရှင်ဘုရင်ရှေ့မှာ ဘတ်ရသောကျမ်းစာ၌ ရေးထားသမျှသော အကျိန်စကားပြည့်စုံစေခြင်းငှါ၊ ငါသည်ဤအရပ်၌၎င်း၊
ဤအရပ်သားတို့၌၎င်း၊ ဘေးရောက်စေမည်။ 25 အကြောင်းမူကား၊ သူတို့သည် ငါ့ကိုစွန့်ကြပြီ။ မိမိလုပ်သော အရာတို့ဖြင့်
ငါ့အမျက်ကိုနိုးဆော်ခြင်းငှါ၊ အခြားတပါးသော ဘုရားတို့ရှေ့မှာ နံ့သာပေါင်းကို မီးရှို့ကြပြီ။ ထိုကြောင့် ဤအရပ်၌ ငါ့အမျက်မီးသည်
မငြိမ်းဘဲလောင်ရလိမ့်မည်ဟု မိန့်တော်မူ၏။ 26 ထာဝရဘုရားကို မေးလျှောက်စေခြင်းငှါ၊ သင်တို့ကိုစေလွှတ်သော
ယုဒရှင်ဘုရင်ကြားသော ကျမ်းစကားကို ရည်ဆောင်၍၊ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူကြောင်းကို
ထိုရှင်ဘုရင်အား တဖန်ပြန်လျှောက်ရမည်ကား၊ 27 ဤအရပ်ကို၎င်း၊ ဤအရပ်သားတို့ကို၎င်း၊ ငါခြိမ်းချောက်သော စကားကို
သင်သည်ကြားသောအခါ၊ နူးညံ့သောစိတ်ရှိ၍၊ ဘုရားသခင့်ရှေ့တော်၌ ကိုယ်ကို နှိမ့်ချခြင်း၊ ကိုယ်အဝတ်ကိုဆုတ်ခြင်း၊ ငါ့ရှေ့မှာ
ငိုကြွေး ခြင်းကိုပြုသောကြောင့်၊ သင့်စကားကို ငါနားထောင်၏။ 28 ငါသည် သင်ကို ဘိုးဘေးစုဝေးရာသို့ ပို့ဆောင် ၍၊ သင်သည်
ငြိမ်ဝပ်စွာ သင်္ချိုင်းသို့ရောက်ရလိမ့်မည်။ ဤအရပ်၌၎င်း၊ ဤအရပ်သားတို့၌၎င်း၊ ဤအရပ်သားတို့ ၌၎င်း၊
ငါရောက်စေအံ့သောဘေးကို သင့်ကိုယ်တိုင် မတွေ့မမြင်ရဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုသည် အတိုင်း၊ သူတို့သည် ရှင်ဘုရင်အား
ပြန်လျှောက်ကြ၏။ 29 ထိုအခါ ရှင်ဘုရင်သည် ယုဒပြည်သူ၊ ယေရု ရှလင်မြို့သား အသက်ကြီးသူအပေါင်းတို့ကို ခေါ်၍၊ 30

 generated on Sun Jun 30 02:37:40 2024

ယုဒပြည်သူ ယေရုရှလင်မြို့သား၊ ယဇ်ပုရော ဟိတ်၊ လေဝိသား၊ လူအကြီးအငယ်အပေါင်းတို့နှင့်တကွ၊ ဗိမာန်တော်သို့ တက်၍ ဗိမာန်တော်၌တွေ့သော ပဋိညာဉ်ကျမ်းစာရှိသမျှကို သူတို့ရှေ့မှာ ဘတ်တော်မူ၏။ [31] ရှင်ဘုရင်ကလည်း၊ ထာဝရဘုရားကို ဆည်းကပ်ပါမည်။ စီရင်ထုံးဖွဲ့ချက်ပညတ်တရားကို စိတ်နှလုံး အကြွင်းမဲ့ စောင့်ရှောက်ပါမည်။ ဤကျမ်းစာ၌ ပါသော ပဋိညာဉ်စကားအတိုင်း ကျင့်ပါမည်ဟု မိမိနေရာ၌ရပ်၍ အဓိဋ္ဌာန်ပြု၏။ [32] စည်းဝေးသော ယုဒအမျိုးနှင့် ဗင်္ယာမိန် အမျိုး သားအပေါင်းတို့သည်၊ ထိုအဓိဋ္ဌာန်ကို ဝန်ခံရမည် အကြောင်း စီရင်တော်မူ၏။ ယေရုရှလင် မြို့သားတို့ သည်လည်း၊ ဘိုးဘေးတို့ကိုးကွယ်သော ဘုရားသခင်၏ ပဋိညာဉ်တရားအတိုင်း ကျင့်ကြ၏။ [33] ယောရှိမင်းသည်လည်း၊ ရွံရှာဘွယ်သောအရာ ရှိသမျှတို့ကို ဣသရေလအမျိုးသားပိုင်သော ပြည်အရပ် ရပ်တို့မှ ပယ်ရှား၍၊ ဣသရေလအမျိုးသားပိုင်သော ပြည်အရပ်ရပ်တို့မှ ပယ်ရှား၍၊ ဣသရေလပြည်၌ နေသော သူအပေါင်းတို့သည်၊ မိမိတို့ဘုရားသခင် ထာဝရ ဘုရားကို ဝတ်ပြုရမည်အကြောင်း၊ စီရင်တော်မူသဖြင့်၊ လက်ထက်တော်ကာလပတ်လုံး သူတို့သည် မဖောက်ပြန်၊ ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားနောက်တော်သို့ လိုက်လျက်နေကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 35

1 တဖန်ယောရှိမင်းသည် ယေရုရှလင်မြို့၌ ထာဝရဘုရားအဘို့ ပသခါပွဲကို ခံတော်မူ၍ ပဌမလ တဆယ်လေးရက်နေ့တွင်၊ ပသခါ
သိုးသငယ်ကို သတ်ကြ၏။ 2 ယဇ်ပုရောဟိတ်တို့ကို မိမိတို့အရာ၌ခန့်ထား၍၊ ဗိမာန်တော်အမှု ကို စောင့်စေခြင်းငှါ နှိုးဆော်တော်မူ၏။
3 ဣသရေလအမျိုးရှိသမျှကို သွန်သင်၍၊ ထာဝရ ဘုရားအဘို့ သန့်ရှင်းသောလေဝိသားတို့ကိုခေါ်၍၊ ဣသ ရေလရှင်ဘုရင် ဒါဝိဒ်သား
ရှောလမုန် တည်ဆောက် သော အိမ်၌သန့်ရှင်းသော သေတ္တာတော်ကို သွင်းထား ကြလော့။ နောက်တဖန် သေတ္တာတော်ကို မထမ်းဘဲ၊
သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏အမှု၊ ဘုရား သခင်၏လူ ဣသရေလအမျိုး၏ အမှုကို ထမ်းကြ လော့။ 4 ဣသရေလ
ရှင်ဘုရင်ဒါဝိဒ်မှတ်စာ၊ သားတော် ရှောလမုန်မှတ်စာနှင့်အညီ သင်းဖွဲ့သည်အတိုင်း၊ အဆွေ အမျိုးအလိုက် ကိုယ်ကိုပြင်ဆင်၍၊ 5
ပြည်သူပြည်သားဖြစ်သော သင်တို့ညီအစ်ကို အဘတို့ အဆွေအမျိုးနှင့် လေဝိသား အဆွေအမျိုး အသီးအသီးနေရာရှိသည်အတိုင်း၊
သန့်ရှင်းရာဌာနတော်၌ ရပ်နေကြလော့။ 6 ထိုသို့ပသခါ သိုးသငယ်ကိုသတ်၍ ကိုယ်ကို သန့်ရှင်းစေကြလော့။ သင်တို့ညီအစ်ကိုတို့သည်
မောရှေ အားဖြင့် ထာဝရဘုရားမှာထားတော်မူသည် အတိုင်းပြုစေ ခြင်းငှါ၊ သူတို့ကိုလည်း ပြင်ဆင်ကြလော့ဟု မိန့်တော်မူ၏။ 7
စည်းဝေးသောသူအပေါင်းတို့သည် ပသခါပွဲ ခံစရာဘို့၊ ယောရှိမင်းသည် မိမိဥစ္စာ၊ သိုးသငယ်၊ ဆိတ် သငယ်သုံးသောင်းနှင့်
နွားသုံးထောင်ကို ပေးတော်မူ၏။ 8 မှူးမတ်တို့သည်လည်း၊ စေတနာစိတ်ရှိ၍လူများ၊ ယဇ်ပုရောဟိတ်၊ လေဝိသားတို့အား ပေးကြ၏။
ဗိမာန် တော်မှူးဟိလခိ၊ ဇာခရိ၊ ယေဟေလသည်လည်း၊ ပသခါပွဲ ခံစရာဘို့ သိုးဆိတ်နှစ်ထောင်ခြောက်ရာနှင့် နွားသုံးရာကို
ယဇ်ပုရောဟိတ်တို့အား ပေးကြ၏။ 9 လေဝိသားအကြီးအကဲ၊ ကောနနိ၊ ရှေမာယ၊ ဟာရှဘိ၊ ယေယေလ၊ ယောဇဗဒ်၊ နာသနေလနှင့်
သူ၏ညီများတို့သည်လည်း၊ ပသခါပွဲခံစရာဘို့ သိုးဆိတ် ငါးထောင်နှင့် နွားငါးရာကို လေဝိသားတို့အား ပေးကြ၏။ 10 ထိုသို့
ရှင်ဘုရင်အမိန့်တော်အတိုင်း၊ ဝတ်ပြုစရာ ပြင်ဆင်၍ ယဇ်ပုရောဟိတ်တို့သည် မိမိတို့နေရာ၌ရပ်၍၊ လေဝိသားတို့သည် မိမိတို့ အမှုကို
ဆောင်ရွက်ကြ၏။ 11 ပသခါသိုးသငယ်ကိုသတ်၍၊ ယဇ်ပုရောဟိတ်တို့ သည် အသွေးကို လက်နှင့်ဖြန်းလျက်၊ လေဝိသားတို့သည်
အရေကိုခွာလျက် ပြုကြ၏။ 12 မောရှေကျမ်းစာ၌ ရေးထားသည်အတိုင်း၊ ထာဝရဘုရားအား ပူဇော်စရာဘို့ လူများအဆွေအမျိုး
အလိုက် အသီးအသီးတို့အားပေးဝေခြင်းငှါ၊ မီးရှို့ရာယဇ်များ နှင့် နွားများကို ခွဲထားကြ၏။ 13 ထုံးဖွဲ့တော်မူသည်အတိုင်း၊
ပသခါသိုးသငယ်ကို မီးနှင့်ကင်ကြ၏။ သန့်ရှင်းသော ပူဇောသက္ကာအခြား တို့ကို မြေအိုး၊ သံအိုး၊ သံကရာ၌ ပြုတ်၍ လူအပေါင်း
တို့အား အလျင်အမြန် ဝေဖန်ကြ၏။ 14 ထိုနောက်မှ ကိုယ်အဘို့နှင့် ယဇ်ပုရောဟိတ် အဘို့ကို ပြင်ဆင်ကြ၏။ အာရုန်သား
ယဇ်ပုရောဟိတ်တို့ သည် ညဦးတိုင်အောင် မီးရှို့ရာယဇ်နှင့် ဆီဥကိုပူဇော် လျက်နေရသောကြောင့်၊ လေဝိသားတို့သည် ကိုယ်အဘို့
ကိုငှင်း၊ အာရုန်သား ယဇ်ပုရောဟိတ် အဘို့ကိုငှင်း ပြင်ဆင်ကြ၏။ 15 ဒါဝိဒ်နှင့် ရှင်ဘုရင်၏ ပရောဖက်အာသပ်၊ ဟေမန်၊
ယေဒုသုန်တို့စီရင်သည်အတိုင်း၊ အာသပ် အမျိုးသား သီချင်းသည်တို့သည် မိမိတို့နေရာ၌ရှိကြ၏။ တံခါးစောင့်တို့သည်
မိမိတို့အမှုကိုမရှောင်၊ တံခါးရှိသမျှ တို့ ကိုစောင့်ကြ၏။ သူတို့ညီအစ်ကို လေဝိသားတို့သည် သူတို့အဘို့ ပြင်ဆင်ကြ၏။ 16 ထိုသို့
ယောရှိမင်းကြီး မိန့်တော်မူသည်အတိုင်း ပသခါပွဲကိုခံ၍ ထာဝရဘုရား၏ယဇ်ပုလင်ပေါ်မှာ မီးရှို့ ရာယဇ်တို့ကို ပူဇော်ခြင်းငှါ၊
ထာဝရဘုရားအား ပြုရ သော ဝတ်အလုံးစုံကို၊ ထိုနေ့ခြင်းတွင် ပြင်ဆင်ကြ၏။ 17 စည်းဝေးသောဣသရေလအမျိုးသားတို့သည်၊
ထိုအခါပသခါပွဲကိုငှင်း၊ အဇုမပွဲကိုငှင်း၊ ခုနစ်ရက်ပတ်လုံး ခံကြ၏။ 18 ယောရှိမင်းနှင့် ယဇ်ပုရောဟိတ်၊ လေဝိသား၊
စည်းဝေးသောယုဒပြည်၊ ဣသရေလပြည်သား၊ ယေရု ရှလင်မြို့သားအပေါင်းတို့ခံသော ထိုပသခါပွဲကဲ့သို့သော ပွဲကို
ပရောဖက်ရှာမွေလလက်ထက်မှစ၍ ဣသရေလ နိုင်ငံ၌မခံ။ ထိုသို့သောပသခါပွဲကို ဣသရေလရှင်ဘုရင် တယောက်မျှ မခံ။ 19
ယောရှိမင်းနန်းစံဆယ်ရှစ်နှစ်တွင်၊ ထိုပသခါပွဲ ကို ခံကြ၏။ 20 ထိုနောက်မှ၊ ယောရှိသည် ဗိမာန်တော်ကို ပြင် ဆင်ပြီးမှ၊
အဲဂုတ္တုရှင်ဘုရင်နေခေါသည် ဥဖရတ်မြစ်နား၊ ခါခေမိတ်မြို့သို့ စစ်ချီသည်တွင်၊ ယောရှိမင်းသည် ဆီးတားခြင်းငှါ ထွက်လေ၏။ 21
အဲဂုတ္တုရှင်ဘုရင်က၊ အိုယုဒရှင်ဘုရင်၊ သင် သည် ငါနှင့်အဘယ်သို့ဆိုင်သနည်း။ သင့်ကို ယနေ့ ငါစစ်ချီသည်မဟုတ်။
ငါနှင့်စစ်တိုက်ဘက် ဖြစ်သော အမျိုးကိုစစ်ချီ၏။ ငါအလျင်အမြန်ပြုမည်အကြောင်း ဘုရားသခင်မှာထားတော်မူပြီ။ ငါ့ဘက်၌
ရှိသောဘုရား သခင်ကို ဆန့်ကျင်ဘက်မပြုဘဲနေလော့။ သို့မဟုတ် သင့်ကိုဖျက်ဆီးတော်မူမည်ဟု သံတမန်ကိုစေလွှတ်၍
မှာလိုက်လေ၏။ 22 သို့ရာတွင် ယောရှိသည် မလွှဲမရှောင်၊ နေခေါ ဆင့်ဆိုသော ဘုရားသခင်၏ အမိန့်တော်ကို နား မထောင်၊
စစ်တိုက်ခြင်းငှါ ခြားနားသော အယောင်ကို ဆောင်လျက်၊ မေဂိဒ္ဒေါချိုင့်၌ စစ်ပွဲထဲသို့ ဝင်လေ၏။ 23 လေးသူရဲတို့သည်
ယောရှိမင်းကြီးကိုပစ်၍ မှန် သဖြင့်၊ မင်းကြီးက ငါ့ကိုဆောင်သွားလော့။ ပြင်းစွာ အထိအခိုက်ခံရသည်ဟု ကျွန်တို့အား ဆိုလျှင်၊ 24
ကျွန်တို့သည် ရထားတော်ပေါ်ကချ၍၊ ဒုတိယ ရထားတော်ပေါ်၌ တင်ပြီးလျှင်၊ ယေရုရှလင်မြို့သို့ ဆောင်သွားသောအခါ၊
အနိစ္စရောက်၍ ဘိုးဘေးတို့ သင်္ချိုင်း သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ ယုဒပြည်သူ၊ ယေရု ရှလင်မြို့ သားအပေါင်းတို့သည်၊
ယောရှိမင်းအနိစ္စ ရောက်သောကြောင့် ငိုကြွေးမြည်တမ်းခြင်းကို ပြုကြ၏။ 25 ယေရမိသည်လည်း မြည်တမ်းသောစကားကို စီရင်၍
သီချင်းသည်ယောကျာ်းမိန်းမရှိသမျှတို့သည်၊ ယနေ့တိုင်အောင် ယောရှိမင်းကို အောက်မေ့လျက်၊ ထိုမြည်တမ်းသောစကားကို
သုံးဆောင်သဖြင့်၊ ဣသရေ လထုံးစံ ဖြစ်လေ၏။ ထိုစကားသည် မြည်တမ်းစာ၌ ရေးထားလျက်ရှိသတည်း။ 26 ယောရှိပြုမူသော

 generated on Sun Jun 30 02:37:40 2024

အမှုအရာကြွင်းလေသမျှ တို့နှင့် ထာဝရဘုရား၏ ပညတ္တိကျမ်း၌ ရေးထားသည် အတိုင်း ကျေးဇူးပြုခြင်း၊ [27]
အကျင့်ကျင့်ခြင်းအရာအစ အဆုံးတို့သည်၊ ဣသရေလရာဇဝင်နှင့် ယုဒရာဇဝင်၌ ရေးထားလျက် ရှိ၏။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 36

1 ပြည်သူပြည်သားတို့သည် ယောရှိသား ယော ခတ်ကို ယူ၍၊ ယေရုရှလင်မြို့မှာ ခမည်းတော်အရာ၌ နန်းတင်ကြ၏။ 2 ယောခတ်သည်
အသက်နှစ်ဆယ်သုံးနှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ သုံးလစိုးစံလေ၏။ 3 ထိုမင်းကို အဲဂုတ္တုရှင်ဘုရင်သည် ယေရုရှလင်
မြို့မှာ နန်းချ၍၊ ယုဒပြည်၌ ငွေအခွက်တထောင်နှင့် ရွှေအခွက်တဆယ်ကို အခွန်တောင်းလေ၏။ 4 အဲဂုတ္တုရှင်ဘုရင်
နေခေါသည်လည်း၊ ယောခတ် ၏ နောင်တော်ဧလျာကိမ်ကို ယုဒပြည်ယေရုရှလင်မြို့ နန်းတော်ပေါ်မှာ တင်၍။
ယောယကိမ်အမည်သစ်ကို ပေးပြီးလျှင်၊ ညီတော်ယောခတ်ကို အဲဂုတ္တုပြည်သို့ ယူသွား၏။ 5 ယောယကိမ်သည်
အသက်နှစ်ဆယ်ငါးနှစ် ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ တဆယ်တနှစ်စိုးစံ လေ၏။ ထိုမင်းသည် မိမိဘုရားသခင် ထာဝရဘုရား
ရှေ့တော်၌ ဒုစရိုက်ကိုပြု၏။ 6 ထိုကြောင့်၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ချီလာ၍၊ ဗာဗုလုန်မြို့သို့ယူသွားခြင်းငှါ၊ သံကြိုးဖြင့်
ချည်နှောင်လေ၏။ 7 ဗိမာန်တော်တန်ဆာ အချို့တို့ကိုလည်း ယူသွား ၍၊ ဗာဗုလုန်မြို့ ဗိမာန်၌ ထားလေ၏။ 8 ယောယကိမ်ပြုမူသော
အမှုအရာ ကြွင်းလေ သမျှတို့နှင့် ပြုမိသော ရွံရှာဘွယ်အမှု၊ ထင်ရှာသော စိတ်သဘောသည်၊ ဣသရေလရာဇဝင်နှင့် ယုဒရာဇဝင်၌
ရေးထားလျက်ရှိ၏။ သားတော်ယေခေါနိသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 9 ယေခေါနိသည် အသက်တဆယ်ရှစ်နှစ်ရှိသော်
နန်းထိုင်၍ ယေရုရှလင်မြို့၌ သုံးလနှင့် ဆယ်ရက်စိုးစံ လေ၏။ ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကိုပြု၏။ 10
နှစ်လည်သောအခါ၊ နေဗုခဒ်နေဇာမင်းကြီး သည် စစ်ချီစေ၍၊ ထိုမင်းနှင့်တကွ ကောင်းမွန်သော ဗိမာန်တော်တန်ဆာတို့ကို
ဗာဗုလုန်မြို့သို့ ယူသွား၍၊ ဘထွေးတော် ဇေဒကိကို၊ ယုဒပြည် ယေရုရှလင်မြို့ နန်းတော်ပေါ်မှာ တင်လေ၏။ 11 ဇေဒကိသည်
အသက်နှစ်ဆယ်တနှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ တဆယ်တနှစ်စိုးစံလေ၏။ 12 ထိုမင်းသည်လည်း၊ မိမိဘုရားသခင်
ထာဝရ ဘုရားရှေ့တော်၌ ဒုစရိုက်ပြု၏။ ထာဝရဘုရား၏ အမိန့် တော်ကို ဆင့်ဆိုသော ပရောဖက်ယေရမိရှေ့မှာ ကိုယ်ကို မနှိမ့်ချ။ 13
ဘုရားသခင် အကျိန်တိုက်ပြီးသော နေဗုခဒ် နေဇာမင်းကြီးကို ပုန်ကန်လေ၏။ ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရားထံတော်သို့ မပြန်မည် အကြောင်း၊ မိမိလည်ပင်းကိုင်၊ မိမိနှလုံးကိုင်၊ ခိုင်မာစေ၏။ 14 ထိုမှတပါး၊
ယဇ်ပုရောဟိတ်အကြီးများနှင့် ပြည်သူပြည်သား ရှိသမျှတို့သည်၊ တပါးအမျိုးသား ရွံရှာဘွယ်ပြုသည်အတိုင်း၊ အလွန်ပြစ်မှားကြ၏။
ယေရုရှလင်မြို့၌ ထာဝရဘုရား သန့်ရှင်းစေတော်မူသော ဗိမာန်တော်ကို ညစ်ညူးစေကြ၏။ 15 ဘိုးဘေးတို့၏ ဘုရားသခင်
ထာဝရဘုရား သည်၊ မိမိလူမျိုးနှင့် မိမိနေတော်မူရာ အရပ်ကိုသနား သောကြောင့်၊ စောစောထ၍ အထပ်ထပ် စေလွှတ်သော
တမန်တို့အားဖြင့် မှာလိုက်တော်မူသော်လည်း၊ 16 ဘုရားသခင်၏ တမန်တို့ကို ပြက်ယယ်ပြု၍ အမိန့်တော်ကို နားမထောင်၊
ပရောဖက်တို့ကို ညှဥ်းဆဲ သောကြောင့်၊ ထာဝရဘုရား၏အမျက်တော် မငြိမ်း နိုင်အောင်၊ မိမိလူမျိုးကို တွက်သဖြင့်၊ 17
ခါလဒဲရှင်ဘုရင်ကို စစ်ချီစေတော်မူ၏။ ထိုရှင်ဘုရင်သည် သန့်ရှင်းရာဌာန အိမ်တော်၌ လူပျိုတို့ ကို ထားနှင့်သတ်၏။ ယောက်ျားပျို၊
မိန်းမပျို၊ လူအို၊ အသက်ကြီး၍ ကျောကုန်းသော သူတို့ကိုပင် မသနား၊ ရှိသမျှတို့ကို ထိုရှင်ဘုရင် လက်သို့အပ်တော်မူ၏။ 18
ဗိမာန်တော်တန်ဆာ အကြီးအငယ်ရှိသမျှတို့ကိုင်၊ ဗိမာန်တော်ဘဏ္ဍာ၊ နန်းတော်ဘဏ္ဍာ၊ မှူးမတ် ဘဏ္ဍာရှိသမျှတို့ကိုင်၊
ဗာဗုလုန်မြို့သို့ ယူသွား၏။ 19 ဗိမာန်တော်ကိုလည်း မီးရှို့၍ ယေရုရှလင်မြို့ရိုး ကို ဖြိုဖျက်ကြ၏။ မင်းအိမ်ရှိသမျှတို့ကိုလည်း မီးရှို့၍
မြို့တန်ဆာအကောင်းအမြတ်ရှိသမျှတို့ကို ဖျက်ဆီးကြ၏။ 20 ထားဘေးနှင့် လွတ်သောသူတို့ကို၊ ဗာဗုလုန်မြို့ သို့ သိမ်းသွား၍၊
သူတို့သည် ပေရသိနိုင်ငံ မတည်မှီ တိုင်အောင် ရှင်ဘုရင်ထံ၊ သားတော် မြေးတော်ထံ၌ ကျွန်ခံလျက်နေရကြ၏။ 21 ထိုသို့
ဣသရေလမြေသည် ဥပုသ်နေ့တို့ကို မွေ့လျော်စေခြင်းငှါ၊ ယေရမိဆင့်ဆိုသော ထာဝရ ဘုရား၏ အမိန့်တော်သည် ပြည့်စုံရ၏။
ထိုပြည်သည် လူဆိတ်ညံလျက်နေသော ကာလ၊ အနှစ်ခုနစ်ဆယ် စေ့အောင် ဥပုသ်နေ့တို့ကို စောင့်သောအခွင့်ရှိသတည်း။

# Ezra

## Chapter 1

1 ယေရမိဆင့်ဆိုသော ထာဝရဘုရား၏ အမိန့် တော်ကို ပြည့်စုံ စေခြင်းငှါ၊ ပေရသိရှင်ဘုရင် ကုရုနန်းစံ ပဌမနှစ်တွင်၊ ထာဝရဘုရား
နှိုးဆော်တော်မူသော အားဖြင့်၊ ထိုရှင်ဘုရင်သည် အမိန့်တော်စာကို ထုတ်ပြီး လျှင်၊ ပေရသိနိုင်ငံအရပ်ရပ်တို့၌ ကြော်ငြာစေ၍၊ 2
ပေရသိရှင်ဘုရင် ကုရုမင်းမိန့်တော်မူသည် ကား၊ ကောင်းကင်ဘုံ၏အရှင် ဘုရားသခင် ထာဝရ ဘုရားသည်၊ မြေကြီးပေါ်မှာ
တိုင်းနိုင်ငံရှိသမျှတို့ကို ငါ့အားပေးတော်မူသည်ဖြစ်၍၊ ယုဒပြည်ယေရုရှလင်မြို့၌ အိမ်တော်ကို ငါတည်ဆောက်ရမည်အကြောင်း
မှာထား တော်မူပြီ။ 3 သင်တို့တွင် အဘယ်သူသည် ဘုရားသခင်၏ လူဖြစ်သနည်း။ ထိုသူနှင့်အတူ ဘုရားသခင်ရှိတော်မူ ပါစေသော။
ယုဒပြည်ယေရုရှလင်မြို့သို့ သွား၍ ဣသ ရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ အိမ်တော် ကို တည်ဆောက်စေ။
ယေရုရှလင်မြို့၌ ရှိတော်မူသော ဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။ 4 ဘုရားသခင်၏လူ တည်းခိုရာ အရပ်ရပ်၌
နေသောသူတို့သည်၊ ယေရုရှလင်မြို့မှာ ရှိတော်မူသော ဘုရားသခင်၏ အိမ်တော်အဘို့ အလိုလိုလှူသော အလှူမှတပါး၊ ရွှေ၊ ငွေ၊ ဥစ္စာ၊
တိရစ္ဆာန်နှင့် မစစေဟု မိန့်တော်မူ၏။ 5 ထိုအခါ ယုဒအဆွေအမျိုးနှင့် ဗင်္ယာမိန် အဆွေ အမျိုး သူကြီးများ၊ ယဇ်ပုရောဟိတ်၊
လေဝိသားများနှင့် တကွ၊ ဘုရားသခင် နှိုးဆော်တော်မူသောသူ အပေါင်းတို့ သည်၊ ယေရုရှလင်မြို့၌ ရှိတော်မူသော ထာဝရဘုရား၏
အိမ်တော်ကို တည်ဆောက်ခြင်းငှါ ထကြ၏။ 6 အိမ်နီးချင်း ရှိသမျှတို့သည်၊ အလိုလိုလှူသော အလှူမှတပါး၊ ငွေတန်ဆာနှင့်ရွှေ
အစရှိသော ဥစ္စာများ၊ တိရစ္ဆာန်များ၊ အဘိုးထိုက်သော အရာတို့နှင့် မစကြ၏။ 7 ထိုမှတပါး၊ ယေရုရှလင်မြို့မှ နေဗုခဒ်နေဇာ
သိမ်းသွား၍၊ မိမိဘုရားတို့ဗိမာန်၌ သွင်းထားသော ဗိမာန် တော်တန်ဆာတို့ကို၊ 8 ပေရသိရှင်ဘုရင် ကုရုသည် ရွှေတိုက်စိုး မိသရေ
ဒတ်လက်ဖြင့် ထုတ်၍၊ ယုဒမင်းရှေရှဗာဇာ၌ ရေတွက် လျက် အပ်တော်မူ၏။ 9 ဗိမာန်တော် တန်ဆာစာရင်းဟူမူကား၊ ရွှေ
ဖလားသုံးဆယ်၊ ငွေဖလားတထောင်၊ ထားနှစ်ဆယ် ကိုးစင်း၊ 10 ရွှေအိုးသုံးဆယ်၊ ခြားနားသောငွေအိုး လေးရာ တဆယ်၊
အခြားသောတန်ဆာတထောင်၊ 11 ရွှေတန်ဆာ၊ ငွေတန်ဆာအရေအတွက် ပေါင်း ကား၊ ငါးထောင်လေးရာတည်း။ ထိုတန်ဆာများကို
ရှေရှ ဗာဇာသည် ယူ၍၊ အချုပ်ခံရသော လူစုထဲက၊ ဗာဗုလုန် မြို့မှ ယေရုရှလင်မြို့သို့ ခေါ်သွားသော သူတို့နှင့်အတူ ဆောင်ခဲ့၏။

---

---

Ezra 01

ယေရမိ ဆင့်ဆိုခဲ့သော အရာ
"ယေရမိနှုတ်မှ ဆင့်ဆိုခဲ့သော အရာ" သို့မဟုတ်
"ရေးသားဖော်ပြသောအရာ"

ထာဝရဘုရား
ဘုရားအမည်နာမဖြစ်ပြီး အထူးသဖြင့်
ဓမ္မဟောင်းကျမ်းတွင်ဖော်ပြပါရှိသည်။

ထာဝရဘုရားက အမိန့်တော်ကိုပြည့်စုံစေသည်
"ထာဝရဘုရား ကိုယ်တော်တိုင် မိန့်မှာသည့်အတိုင်း
ပြုလုပ်ပါသည်။"

ပဌမနှစ်
ပေရသိရှင်ဘုရင် ကုရုနန်းစံသည့်နှစ်ကို ညွှန်းပါသည်။

ထာဝရဘုရား နှိုးဆော်တော်မူခြင်း
ထာဝရဘုရား နှိုးဆော်တော်မူသော အားဖြင့်၊ ပေရသိရှင်ဘုရင်
ကုရုမင်းကို အလုပ်လုပ်စေသည်။

ပေရသိတိုင်းနိုင်ငံရှိသမျှတို့ကို ကုရုမင်းမိန့်တော်မူခြင်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကိုယ်စား
ပေရသိတိုင်းနိုင်ငံရှိ သမျှတို့ကို ကုရုမင်းမိန့်တော်မူသည်။"

မည်သည့်အရာများကို ရေးသားပြုစု၊ မိန့်ဆိုထားသနည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကိုယ်စား
ပေရသိတိုင်းနိုင်ငံရှိသမျှတို့ အားကုရုမင်းမိန့်တော်မူချက်ကို
လူထုတစ်ရပ်လုံး ကြားသိနိုင်သော အမိန့်စာများကို
ဖော်ပြပါရှိသည်။

တိုင်းနိုင်ငံရှိသမျှ
ကုရုမင်း အုပ်ချုပ်သည့် လက်ရှိတိုင်းနိုင်ငံထက်ပိုသော
တိုင်းပြည်များကို ပုံကြီးချဲ့ကားခြင်း ဖြစ်ပါသည်။

ယုဒပြည် ယေရုရှလင်မြို့၌ရှိသောအိမ်တော်
ယုဒပြည် ယေရုရှလင်မြို့၌ရှိသော အိမ်တော်တွင်
လူတိုင်းဝတ်ပြုနိုင်သော နေရာ

Ezra 03

ဘုရားသခင်၏ လူ
ဘုရားသခင်နှင့်ဆိုင်သော လူမျိုးတော်

ထိုယုဒပြည်တွင် ထာဝရဘုရား၏ အိမ်တော် ကို
တည်ဆောက်သောသူများအတွက် ဘဝရှင်သန်ရေးအတွက် ပြင်ဆင်ပေးခြင်း
ယေရုရှလင်မြို့သို့ သွား၍ ထာဝရဘုရား၏ အိမ်တော်ကို
တည်ဆောက်သောသူများအား ဘဝရှင်သန်ရေးအတွက်

ခန္ဓာပိုင်းဆိုင်ရာ၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ တိရစ္ဆာန်နှင့် မစကူညီမှုပေးပါသည်။

Ezra 05

သူတို့၏ အလုပ်
အထက် ဖေါ်ပြပါအတိုင်း ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်ခြင်းဖြစ်ပါသည်။

ဘုရားသခင် နှိုးဆော်တော်မူသောသူ အပေါင်းတို့ သည် အိမ်တော်ကို တည်ဆောက်ရန်ထသွားခြင်း
နှိုးဆော်ခြင်းသည် အလုပ်လုပ်ရန် ဆွပေးသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူတို့ စိတ်တွင် လုပ်ဆောင်လိုသော ဆန္ဒထည့်ပေးသော မည်သူမဆို"

Ezra 07

မိသရေဒတ် ... ရှေရှဗာဇာ
အမျိုးသား အမည်နာမ

ဗိမာန်တော်တန်ဆာတို့ကို ရွှေတိုက်စိုး မိသရေဒတ် လက်၌ အပ်နှံခြင်း
ပေရသိရှင်ဘုရင် ကုရုသည် ဗိမာန်တော်တန်ဆာတို့ကို၊ ရွှေတိုက်စိုး၊ စီမံခန့်ခွဲသူ မိသရေဒတ်လက်၌ ရေတွက် လျက် အပ်တော်မူ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိသရေဒတ်အား ဘဏ္ဍာတို့ကို အုပ်စိုးစေပြီး" သို့မဟုတ် "မိသရေဒတ်အား ထိုဘဏ္ဍာရှိသမျှကို စောင့်ထိန်းရန် တာဝန်ပေးလျှက်"

ရွှေတိုက်စိုး
ဘဏ္ဍာတော်ကို အုပ်စိုးသောသူ

ယုဒမင်းရှေရှဗာဇာ၌ ရေတွက်ခြင်း
ယုဒမင်းရှေရှဗာဇာ၌ ရေတွက်ရခြင်းမှာ ယုဒမင်းရှေရှဗာဇာ ကိုယ်တော်တိုင် အသေးစိပ် သိရှိရန်ဖြစ်ပါသည်။

Ezra 09

ယေဘုယျ အချက်အလက်
ဗိမာန်တော် တန်ဆာစာရင်းဖြစ်ပါသည်။

ရွှေ ဖလားသုံးဆယ်၊ ငွေဖလားတထောင်၊ ....
၃၀... ၁၀၀၀...

ဖလား.... အိုး
ရေကို ထည့်ရန် အသုံးပြုသော တန်ဆာများ ဖြစ်သည်။

အရေအတွက်ပေါင်းကား ငါးထောင်လေးရာ
အထက်တွင် ဖော်ပြသော အရာတစ်ခုချင်းစီကို ဗာဗုလုန်မှ ယေရုရှလင်မြို့သို့ ပြန်လည် သယ်ဆောင်သွားကြသည်

---

## Translation Questions

Ezra 1:1

ယုဒပြည် ယေရုရှလင်မြို့၌ အိမ်တော်ကို ပြန်လည် တည်ဆောက်ဖို့ရန် ထာဝရဘုရားသည် မည်သူ့ကို စေခိုင်းခဲ့သနည်း။
ထာဝရဘုရားသခင်က ယုဒပြည် ယေရုရှလင်မြို့၌ အိမ်တော်ကို ပြန်လည် တည်ဆောက်ဖို့ရန် ပေရသိရှင်ဘုရင်အား စေခိုင်းခဲ့သည်။

Ezra 1:3

အသက်ရှင်ကျန်သောလူတို့အတွက် မည်သူက ရွှေငွေ စသည်တို့ကို ထောက်ပံ့လိမ့်မည်နည်း။
ဘုရားသခင်၏လူ တည်းခိုရာ အရပ်ရပ်၌ နေသောသူတို့သည်၊ ယေရုရှလင်မြို့မှာ ရှိတော်မူသော ဘုရားသခင်၏ အိမ်တော်အဘို့ အလိုလိုလှူသော အလှူမှတပါး၊ ရွှေ၊ ငွေ၊ ဥစ္စာ စသည်တို့ကို ထောက်ပံ့ရသည်။

Ezra 1:7

ထာဝရဘုရားဗိမာန်တော်ရှိ သွင်းထားသော တန်ဆာများကို နေဗုခဒ်နေဇာက မည်သည့်နေရာတွင် ထားရှိခဲ့သနည်း။
ယေရုရှလင်မြို့မှ နေဗုခဒ်နေဇာ သိမ်းသွား၍၊ မိမိဘုရားတို့ဗိမာန်၌ ထားရှိခဲ့သည်။

Ezra 1:9

ဗာဗုလုန်မြို့မှ ယေရုရှလင်မြို့သို့ သိမ်းသွားခြင်းကို ခံကြသောအခါ ရှေရှဗာဇာက ရွှေ၊ ငွေ များကို မည်မျှယူဆောင်သွားခဲ့သနည်း။
ရှေရှ ဗာဇာသည် ရွှေတန်ဆာ၊ ငွေတန်ဆာအရေအတွက် ပေါင်းကား၊ ငါးထောင်လေးရာကို ဗာဗုလုန်မြို့မှ ယေရုရှလင်မြို့သို့ သယ်ဆောင်သွားခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 2

1 ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာသည်၊ 2 ဗာဗုလုန်မြို့သို့ သိမ်းသွားသော လူစုထဲက ထွက်၍ဇေရုဗဗေလ၊ ယောရှု၊ နေဟမိ၊ သရာယ၊
ရေလာ ယ၊ မော်ဒကဲ၊ ဗိလရှန်၊ မိဇပါ၊ ဗိဂဝဲ၊ ရေဟုံ၊ ဗာနာတို့နှင့် အတူလိုက် လာ၍၊ ယေရုရှလင်မြို့ အစရှိသော ယုဒပြည် ၌
အသီးသီးဆိုင်သော မြို့ရွာသို့ ရောက်သောနိုင်ငံသား ဣသရေလလူ စာရင်းဟူမူကား၊ 3 ပါရုတ်အမျိုးသား နှစ်ထောင်တရာခုနစ်ဆယ်
နှစ်ယောက်၊ 4 ရှေဖတိအမျိုးသားသုံးရာခုနစ်ဆယ်နှစ်ယောက်၊ 5 အာရာအမျိုးသား ခုနစ်ရာခုနစ်ဆယ်ငါးယောက်၊ 6
ပါဟတ်မောဘအမျိုး၊ ယောရှုယွာဘ အမျိုးသား နှစ်ထောင်ရှစ် ရာတဆယ်နှစ်ယောက်၊ 7 ဧလံအမျိုးသား တထောင်နှစ်ရာငါးဆယ်
လေးယောက်၊ 8 ဇတ္တု အမျိုးသားကိုးရာလေးဆယ်ငါးယောက်၊ 9 ဇက္ခဲ အမျိုးသားခုနစ်ရာ ခြောက်ဆယ်၊ 10
ဗာနိအမျိုးသားခြောက်ရာလေးဆယ်နှစ်ယောက်၊ 11 ဗေဗဲအမျိုးသား ခြောက်ရာနှစ်ဆယ်သုံး ယောက်၊ 12 အာဇဂဒ်
အမျိုးသားတထောင်နှစ်ရာ နှစ်ဆယ် နှစ်ယောက်၊ 13 အဒေါနိကံအမျိုးသား ခြောက်ရာခြောက်ဆယ် ခြောက်ယောက်၊ 14
ဗိဂဝဲအမျိုးသား နှစ်ထောင်ငါးဆယ် ခြောက် ယောက်၊ 15 အာဒိန်အမျိုးသား လေးရာငါးဆယ်လေး ယောက်၊ 16 ဟေဇကိနှင့်
အာတာအမျိုးသား ကိုးဆယ်ရှစ် ယောက်၊ 17 ဗေဇဲ အမျိုးသား သုံးရာနှစ်ဆယ်သုံးယောက်၊ 18 ယောရအမျိုးသား
တရာတဆယ်နှစ်ယောက်၊ 19 ဟာရှုံအမျိုးသား နှစ်ရာနှစ်ဆယ်သုံးယောက်၊ 20 ဂိဗ္ဗာ အမျိုးသား ကိုးဆယ်ငါးယောက်၊ 21
ဗက်လင်မြို့သား တရာနှစ်ဆယ်သုံးယောက်၊ 22 နေတောဖမြို့သား ငါးဆယ်ခြောက်ယောက်၊ 23 အာနသုတ်မြို့သား
တရာနှစ်ဆယ်ရှစ်ယောက်၊ 24 အာဇမာဝက်မြို့သား လေးဆယ်နှစ်ယောက်၊ 25 ကိရယသာရိမ်မြို့၊ ခေဖိရမြို့၊ ဗေရုတ်မြို့သား ခုနစ်ရာ
လေးဆယ်သုံးယောက်၊ 26 ရာမမြို့၊ ဂါဘမြို့သားခြောက်ရာနှစ်ဆယ်တယောက်၊ 27 မိတ်မတ်မြို့သား တရားနှစ်ဆယ်နှစ်ယောက်၊ 28
ဗေသလမြို့၊ အာဣမြို့သားနှစ်ရာ နှစ်ဆယ် သုံးယောက်၊ 29 နေဗောမြို့သား ငါးဆယ်နှစ်ယောက်၊ 30 မာဂဗိတ် မြို့သား
တရာငါးဆယ်ခြောက်ယောက်၊ 31 အခြားသော ဧလံမြို့သား တထောင်နှစ်ရာ ငါးဆယ်လေးယောက်၊ 32 ဟာရိမ်မြို့သား
သုံးရာနှစ်ဆယ်၊ 33 လောဒမြို့၊ ဟာဒိဒ်မြို့၊ ဩနောမြို့သား ခုနစ်ဆယ်ငါးယောက်၊ 34 ယေရိခေါမြို့သား သုံးရာလေးဆယ်ငါးယောက်၊
35 သေနာမြို့သားသုံးထောင် ခြောက်ရာသုံးဆယ် တည်း။ 36 ယဇ်ပုရောဟိတ်စာရင်းဟူမူကား၊ ယောရှုအမျိုး ထဲက၊
ယေဒါယအမျိုးသားကိုးရာ ခုနစ်ဆယ်သုံးယောက်၊ 37 ဣမေရ အမျိုးသားတထောင်ငါးဆယ် နှစ်ယောက်၊ 38 ပါရှုရ
အမျိုးသားတထောင်နှစ်ရာ လေးဆယ် ခုနစ်ယောက်၊ 39 ဟာရိမ်အမျိုးသား တထောင်တဆယ်ခုနစ် ယောက်တည်း။ 40
လေဝိသားစာရင်းဟူမူကား၊ ဟောဒဝိအမျိုးထဲက ယောရှုအမျိုးနှင့် ကာဒမေလအမျိုးသား ခုနစ်ဆယ်လေး ယောက်၊ 41 သီချင်းသည်
အာသပ်အမျိုးသား တရာနှစ်ဆယ် ရှစ်ယောက်၊ 42 တံခါးစောင့်အမျိုးသားတည်းဟူသော ရှလ္လုံအမျိုးသား၊ အာတာအမျိုးသား၊
တာလမုန်အမျိုးသား၊ အက္ကုပ်အမျိုးသား၊ ဟတိတအမျိုးသား၊ ရှောဗဲအမျိုးသား အပေါင်း တရာသုံးဆယ်ကိုးယောက်တည်း။ 43
ဘုရားကျွန်ခံသူ၊ ဇိဟအမျိုးသား၊ ဟသုဖ အမျိုးသား၊ တဗ္ဗောက်အမျိုးသား၊ 44 ကေရုတ်အမျိုးသား၊ သာယာဟအမျိုးသား၊
ပါဒုန်အမျိုးသား၊ 45 လေဗနအမျိုးသား၊ ဟာဂဘအမျိုးသား၊ အက္ကုပ် အမျိုးသား၊ 46 ဟာဂပ်အမျိုးသား၊ ရှာလမဲအမျိုးသား၊ ဟာနန်
အမျိုးသား၊ 47 ဂိဒ္ဒေလအမျိုးသား၊ ဂါဟာအမျိုးသား၊ ရာယ အမျိုးသား၊ 48 ရေဇိန်အမျိုးသား၊ နေကောဒအမျိုးသား၊
ဂဇ္ဇမ်အမျိုးသား၊ 49 ဩဇအမျိုးသား၊ ပါသာအမျိုးသား၊ ဗေသဲ အမျိုးသား၊ 50 အာသနာအမျိုးသား၊ မဟုနိမ်အမျိုးသား၊
နဖုသိမ်အမျိုးသား၊ 51 ဗာကဗုတ်အမျိုးသား၊ ဟကုဖအမျိုးသား၊ ဟာရဟုရအမျိုးသား၊ 52 ဗာဇလုပ်အမျိုးသား၊ မဟိဒအမျိုးသား၊
ဟရရှအမျိုးသား၊ 53 ဗာကုတ်အမျိုးသား၊ သိသရအမျိုးသား၊ သာမ အမျိုးသား၊ 54 နေဇိအမျိုးသား၊ ဟတိဖအမျိုးသားတည်း။ 55
ရှောလမုန်၏ အစေခံကျွန်၊ သောတဲအမျိုးသား၊ သောဖရက်အမျိုးသား၊ ပေရုဒအမျိုးသား၊ 56 ယာလအမျိုးသား၊ ဒါကုန်အမျိုးသား၊
ဂိဒ္ဒေလ အမျိုးသား၊ 57 ရှေဖတိအမျိုးသား၊ ဟတ္တိလအမျိုးသား၊ ပေါခရက်အမျိုးသား၊ ဇေဗိမ်အမျိုးသား၊ အာမိအမျိုးသား တည်း။ 58
ဘုရားကျွန်နှင့် ရှောလမုန် ကျွန်ပေါင်းကား၊ သုံးရာကိုးဆယ်နှစ်ယောက်တည်း။ 59 ထိုမှတပါး၊ ဣသရေလအမျိုး
မှန်သည်မမှန်သည်ကိုငင်း၊ မိမိတို့ အဆွေအမျိုးကိုငင်း၊ မပြနိုင်ဘဲ တေလမေလမြို့၊ တေလဟာသမြို့၊ ခေရုပ် မြို့၊ အဒ္ဒန်မြို့၊
ဣမေရမြို့မှ ထွက်သွားသောသူဟူမူကား၊ 60 ဒေလာယ အမျိုးသား၊ တောဘိအမျိုးသား၊ နေကောဒအမျိုးသားပေါင်း
ခြောက်ရာငါးဆယ် နှစ်ယောက်တည်း။ 61 ယဇ်ပုရောဟိတ်အမျိုးထဲက ဟဗာယအမျိုးသား၊ ကောဇအမျိုးသား၊
ဂိလဒ်ပြည်သားဗာဇိလဲသမီး တယောက်နှင့် စုံဘက်၍၊ ယောက္ခမအမည်ကိုရသော ဗာဇိလဲအမျိုးသားတို့သည်၊ 62
စာရင်းဝင်သောလူစုတွင် မိမိတို့စာရင်းကို ရှာ၍မတွေ့သောကြောင့်၊ အမျိုးမစစ်၊ ယဇ်ပုရောဟိတ် အရာကိုမခံရကြ။ 63 ဥရိမ်နှင့်
သုမိမ်ပါသော ယဇ်ပုရောဟိတ်မပေါ်မှီတိုင်အောင် သူတို့သည်အလွန်သန့်ရှင်းသောအရာတို့ကို မစားရဟု ပြည်အုပ်မင်းစီရင်၏။ 64
ပရိသတ်ပေါင်းကား လေးသောင်းနှစ်ထောင် သုံးရာခြောက်ဆယ်တည်း။ 65 ထိုမှတပါး၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမပေါင်း
ခုနစ်ထောင်သုံးရာသုံးဆယ်ခုနစ်ယောက်၊ သီးချင်းသည် ယောကျ်ား မိန်းမပေါင်းနှစ်ရာ၊ 66 မြင်းပေါင်း ခုနစ်ရာသုံးဆယ်ခြောက်စီး၊
လားပေါင်း နှစ်ရာလေးဆယ်ငါးစီး၊ 67 ကုလားအုပ်ပေါင်းလေးရာသုံးဆယ်ငါးစီး၊ မြည်း ပေါင်းခြောက်ထောင်ခုနစ်ရာနှစ်ဆယ်တည်း။
68 အဆွေအမျိုးသူကြီးအချို့တို့သည် ယေရုရှလင်မြို့ ဗိမာန်တော်သို့ ရောက်သောအခါ၊ ဗိမာန်တော် ကို မိမိနေရာ၌

 generated on Sun Jun 30 02:37:40 2024

တည်ဆောက်ခြင်းငှါ၊ [69] တတ်နိုင်သမျှအတိုင်း အလိုလိုလှူ၍၊ ရွှေဒင်္ဂါးခြောက်သောင်းတထောင်၊ ငွေအခွက်ငါးသောင်း၊ ယဇ်ပုရောဟိတ်အဝတ် အစုံတရာကို ဘဏ္ဍာတော်ထဲသို့ သွင်းကြ၏။ [70] ထိုသို့ ယဇ်ပုရောဟိတ်၊ လေဝိသား၊ သာမည လူအချို့၊ သီချင်းသည်၊ တံခါးစောင့်၊ ဘုရားကျွန်တို့သည် မိမိတို့နေရာမြို့ရွာတို့၌၄င်း၊ ဣသရေလပြည်သူပြည်သားအပေါင်းတို့သည် မိမိတို့နေရာမြို့ရွာတို့၌၄င်းနေရာကျ ကြ၏။

---

Ezra 01

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရာပြည်မှ ပြည်တော်သို့ ပြန်လာသော လူဦးရေစာရင်း ဖြစ်သည်။

လိုက် လာ၍
ယေရုရှလင်မြို့သို့ ပြန်လာခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြန်လာသည်" သို့မဟုတ် "အိမ်ပြန်သည်"

ဇေရုဗဗေလ၊ ယောရှု၊ နေဟမိ၊ သရာယ၊ ရေလာယ၊ မော်ဒကဲ၊ ဗိလရှန်၊ မိဇပါ၊ ဗိဂဝဲ၊ ရေဟုံ၊ ဗာနာတို့ဖြစ်ပါသည်။
လူပုဂ္ဂိုလ်များ အမည်

Ezra 03

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရာပြည်မှ ပြည်တော်သို့ ပြန်လာသော လူဦးရေစာရင်း ဖြစ်သည်။

ပါရုတ်အမျိုးသား နှစ်ထောင်တရာခုနစ်ဆယ် နှစ်ယောက်၊ ရှေဖတိအမျိုးသားသုံးရာခုနစ်ဆယ်နှစ်ယောက်၊ အာရာအမျိုးသား ခုနစ်ရာခုနစ်ဆယ်ငါးယောက်၊ ပါဟတ်မောဘအမျိုး၊ ယောရှုယွာဘ အမျိုးသား နှစ်ထောင်ရှစ် ရာတဆယ်နှစ်ယောက်၊
အမျိုးသားများ၏ အမည်ဖြစ်သည်။

Ezra 07

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရာပြည်မှ ပြည်တော်သို့ ပြန်လာသော လူဦးရေစာရင်းကို ဆက်လက်ဖော်ပြခြင်းဖြစ်ပါသည်။

ဇတ္တု ... ဇက္ခဲ ...ဗာနိ
အမျိုးသားများ အမည်

Ezra 11

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရာပြည်မှ ပြည်တော်သို့ ပြန်လာသော လူဦးရေစာရင်းကို ဆက်လက်ဖော်ပြခြင်းဖြစ်ပါသည်။

ဗေဗဲ... အာဇဂဒ် ... အဒေါနိကံ
အမျိုးသားများ အမည်

ဗိဂဝဲ
လူပုဂ္ဂိုလ်အမည် (၂:၁)

Ezra 15

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရာပြည်မှ ပြည်တော်သို့ ပြန်လာသော လူဦးရေစာရင်းကို ဆက်လက်ဖော်ပြခြင်းဖြစ်ပါသည်။

အာဒိန်... အာတာ ... ဗေဇဲ
လူများ အမည်

ကိုးဆယ်ရှစ်
၉၈

Ezra 19

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းကို ဖော်ပြပြီး ထိုသူတို့၏နေရင်းဒေသ ကိုဖော်ပြထားပါသည်။

ဟာရှုံ ... ဂိဗ္ဗာ
လူများ အမည်

ကိုးဆယ်ငါးယောက် ... ငါးဆယ်ခြောက်ယောက်
၉၅... ၅၆

ဗက်လင်မြို့သား
ယုဒပြည်ရှိ မြို့များတွင် သူတို့ ဘိုးဘေးများ နေထိုင်ခဲ့ကြသည့် လူများ အမည်စာရင်း

နေတောဖ
ယုဒပြည်ရှိ မြို့အမည် တစ်ခု

Ezra 23

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းကို ဖော်ပြပြီး ထိုသူတို့၏ဘိုးဘေးများနှင့် နေရင်းမြို့ရွာကို ဖော်ပြထားပါသည်။

အာနသုတ်... အာဇမာဝက်... ကိရယသာရိမ်... ခေဖိရ... ဗေရုတ်... ဂါဘ
နေရာဒေသ အမည်

လေးဆယ်နှစ်ယောက်
၄၂


generated on Sun Jun 30 02:37:40 2024

Ezra 27

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းကို ဖော်ပြပြီး ထိုသူတို့၏ ဘိုးဘေးများနှင့် နေရင်းမြို့ရွာကို ဖော်ပြထားပါသည်။

မိတ်မတ် ... နေဗော... မာဂဗိတ်...
နေရာဒေသ အမည်များ

ငါးဆယ်နှစ်
၅၂

Ezra 31

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းကို ဖော်ပြပြီး ထိုသူတို့၏ဘိုးဘေးများနှင့် နေရင်းမြို့ရွာကို ဖော်ပြထားပါသည်။

ဟာရိမ်... လောဒ... ဟာဒိဒ်... ဩနော
နေရာဒေသ အမည်များ

Ezra 34

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းကို ဖော်ပြပြီး ထိုသူတို့၏ ဘိုးဘေးများနှင့် နေရင်းမြို့ရွာကို ဖော်ပြထားပါသည်။

သေနာ
နေရာဒေသအမည်

Ezra 36

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းများထဲတွင် ယဇ်ပုရောဟိတ်အမျိုးများစာရင်းကို ဖော်ပြထားပါသည်။

ယေဒါယ... ဣမေရ... ပါရှုရ ... ဟာရိမ်..
လူယောကျာ်းများ အမည်

ယောရှု
လူယောကျာ်းအမည် (၂:၃ တွင် ရှု)

ဟာရိမ်
၂:၃၁ တွင် နေရာဒေသအမည် ဖြစ်ပြီး၊ ဤနေရာတွင် လူယောကျာ်းအမည် ဖြစ်သည်။

Ezra 40

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းများထဲတွင် လေဝိအမျိုးများစာရင်းကို ဖော်ပြထားပါသည်။

ခုနစ်ဆယ်လေး
"၇၄"

တံခါးစောင့်
ဗိမာန်တော် တံခါးတွင် ဝင်ထွက်သွားလာသော လူတို့အား စောင့်ကြပ် ကြည့်ရှုသူ။

အာတာ
၂:၁၅ တွင် ပြန်ဆိုသည့်အတိုင်း။

Ezra 43

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းများထဲတွင် လေဝိအမျိုးများစာရင်းကို ဆက်လက် ဖော်ပြထားပါသည်။

ဇိဟအမျိုးသား၊ ဟသုဖ အမျိုးသား၊ တဗ္ဗောက်အမျိုးသား၊ ကေရုတ်အမျိုးသား၊ သာယာဟအမျိုးသား၊ ပါဒုန်အမျိုးသား၊ လေဗနအမျိုးသား၊ ဟာဂဘအမျိုးသား၊ အက္ကုပ် အမျိုးသား၊ ဟာဂဘအမျိုးသား၊ အက္ကုပ် အမျိုးသား၊
လူယောကျာ်းများ၏ နာမည်များဖြစ်သည်။

အက္ကုပ်
၂:၄၀ တွင် ပြန်ဆိုထားသည့်အတိုင်း။

Ezra 47

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းများထဲတွင် လေဝိအမျိုးများ စာရင်းကို ဆက်လက် ဖော်ပြထားပါသည်။

Ezra 51

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းများထဲတွင် လေဝိအမျိုးများစာရင်းကို ဆက်လက် ဖော်ပြထားပါသည်။

Ezra 55

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းများထဲတွင် လေဝိအမျိုးများစာရင်းကို ဆက်လက်ဖေါ်ပြထားပါသည်။

သုံးရာကိုးဆယ်နှစ်ယောက်တည်း
သိမ်းသွားခြင်း ခံရသော ပြည်မှ ပြန်လာသော လူတစ်စု၏ အရေအတွက် ဖြစ်သည်

Ezra 59

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ပြန်ထွက်လာသော လူစာရင်းတွင် ထိုသူတို့၏ ဘိုးဘေးများနှင့် နေရင်းမြို့ရွာကို အတိအကျမဖေါ်ပြနိုင်သည့် လူစာရင်းများရှိပါသည်။

တေလမေလမြို့၊ တေလဟာသမြို့၊ ခေရုပ် မြို့၊ အဒ္ဒန်မြို့၊ ဣမေရမြို့...
ယခုခေတ်တွင် မရှိတော့သည် ဗာဗုလုန်ရှိ မြို့များ အမည်

ဒေလာယ အမျိုးသား၊ တောဘိအမျိုးသား၊ နေကောဒအမျိုးသား
လူ ယောကျ်ားများ အမည်

Ezra 61

အမျိုးသားများစာရင်း
သူတို့၏ ဘိုးဘေးများ မည်သူမည်ဝါဖြစ်ကြောင်း သိဖို့အလို့ငှာ စာရင်းများ

ရှာ၍မတွေ့သောကြောင့်
"ယဇ်ပုရောဟိတ် အမျိုးအနွယ်တွင် သူတို့၏ ဘိုးဘေးများ မပါဝင်သောကြောင့်"

ယဇ်ပုရောဟိတ် အရာကိုမခံရကြ
အခြားသော ဘာသာပြန်ဆိုချက်၊ "အခြားသော ယဇ်ပုရောဟိတ်တို့သည် သူတို့အား မစစ်မှန်ကြောင်း သဘောထားလျှက် ယဇ်ပုရောဟိတ်အလုပ်ကို မလုပ်စေကြပါ"

အမျိုးမစစ်
ယဇ်ပုရောဟိတ်အမှု မထမ်းရွက်နိုင်

ဥရိမ်နှင့် သုမိမ်
အံစာတုံးကဲ့သို့ လိမ့်ရ၍ ဘုရားသခင်၏ အလိုတော်ကို ရှာရာတွင် ယဇ်ပုရောဟိတ်များ အသုံးပြုသည့် အရာနှစ်ခု။

Ezra 64

လူစုများအားလုံး
သိမ်းသွားခြင်းခံရသော လူစုထဲက ယုဒပြည်သို့ ပြန်လာသော လူစာရင်းအားလုံးဖြစ်ပါသည်။

ကျွန်မိန်းမ
"သူတို့၏ ကျွန် မိန်းမများ"

နှစ်ရာ
၂၀၀

Ezra 66

ယေဘုယျ အချက်အလက်
သိမ်းသွားခြင်းခံရသော လူစုထဲက ယုဒပြည်သို့ ပြန်လာသော လူများနှင့်အတူ ပါလာသော တိရစ္ဆာန်စာများ စာရင်းကိုဖေါ်ပြထားပါသည်။

Ezra 68

ခြောက်သောင်းတထောင်... ငါးသောင်း ... တစ်ရာ
၆၁၀၀၀.... ၅၀၀၀၀ ... ၁၀၀

ဒါရိရွှေပြား
ပါရှားအင်ပါယာ တွင် အသုံးပြု ခဲ့သော ရွှေဒင်္ဂါးပြား ဖြစ်ပါသည်။

မိနာ
ငွေ ကို အလေးချိန်ချိန်ရာတွင်သုံးပါသည်။ ၁ မိနာသည် ၅၅၀ ဂရမ် ရှိပါသည်။

တိုနစ်
ယဇ်ပုရောဟိတ်၏ အတွင်းခံအဝတ်

Ezra 70

ဣသရေလပြည်သူပြည်သားအပေါင်းတို့သည် မိမိတို့နေရာမြို့ရွာတို့၌ဌင်းနေရာကျ ကြ၏။
လူတိုင်း ယုဒပြည်ရှိ မိမိတို့နေရာမြို့ရွာသို့ ပြန်လာခဲ့ကြ သည်။ လူတိုင်း ယေရုရှလင်မြို့တွင် ပြန်လည်နေရာချကြသောသူများ မဟုတ်ကြပါ။


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Ezra 2:1

ဗာဗုလုန်မြို့သို့ လူများအား မည်သူက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သနည်း။

နေဗုခဒ်နေဇာမင်းက လူများအား ဗာဗုလုန်မြို့သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

## Ezra 2:61

အချို့ယဇ်ပရောဟိတ်များသည် မျိုးရိုးစာရင်းထဲတွင် ယင်းတို့၏ မျိုးရိုးကို အဘယ်ကြောင့် မတွေ့နိုင်ခဲ့ကြသနည်း။

ရှာမတွေ့နိုင်သည့်အကြောင်းမှာ သူတို့သည် မိမိတို့၏ ယဇ်ပုရောဟိတ် အရာ ညစ်ညူးစေကြသောကြောင့်ဖြစ်သည်။

အချို့သန့်ရှင်းသောယဇ်ကောင်တို့ကို ယဇ်ပုရောဟိတ်အမျိုးတို့က မည်သည့်အခါတွင် စားရကြသနည်း။

ဥရိမ်နှင့် သုမိမ်ပါသော ယဇ်ပုရောဟိတ်တို့ခွင့်အပြုလျှင် သူတို့သည် သန့်ရှင်းသောဥယဇ်ကောင်သားကို စားသောက်နိုင်သည်။

## Ezra 2:70

ယေရုရှလင်မြို့ရှိ လူတို့သည် မည်သည့်နေရာတွင် ရှိကြသနည်း။

ဣသရေလပြည်သူပြည်သားအပေါင်းတို့သည် မိမိတို့မြို့ရွာများတွင်နေကြသည်။

# Chapter 3

1 သတ္တမလရောက်မှ မြို့ရွာအရပ်ရပ်၌ နေသော ဣသရေလအမျိုးသားလူအပေါင်းတို့သည်၊ ယေရုရှလင် မြို့သို့
တညီတညွတ်တည်းလာ၍ စုဝေးကြ၏။ 2 ထိုအခါ ယောဇဒက်သားယောရှုနှင့် သူ၏ညီအစ်ကို ယဇ်ပုရောဟိတ်များ၊ ရှာလသေလသား
ဇေရုဗ ဗေလနှင့် သူ၏ညီအစ်ကိုများတို့သည်ထ၍ ဘုရားသခင် ၏လူ မောရှေရေးထားသော ပညတ္တိကျမ်းစာ၌ ပါသည် အတိုင်း၊
မီးရှို့ရာ ယဇ်တို့ကိုပူဇော်လိုသောငှါ၊ ဣသရေလ အမျိုး၏ ဘုရားသခင့်ယဇ်ပလ္လင်ကိုတည်ကြ၏။ 3 ထိုပြည်အရပ်ရပ်၌
နေသောသူတို့ကို ကြောက်သော်လည်း၊ ယဇ်ပလ္လင်ကို မိမိဘိနပ်ပေါ်မှာ တည်ထား ၍၊ နံနက်ညဦးမပြတ်မီးရှို့ရာယဇ်တို့ကို ထာဝရဘုရား
အား ပူဇော်ကြ၏။ 4 ကျမ်းစာလာသည်အတိုင်း၊ သကေနေပွဲကိုလည်းခံ၍ တရားနှင့်အညီ နေ့တိုင်းပြုသင့်သော ဝတ်ကိုပြုလျက်၊
နေ့တိုင်းမီးရှို့ရာယဇ်တို့ကို အရေအတွက်နှင့် ပူဇော်ကြ၏။ 5 ထိုနောက်မှ အမြဲပူဇော်ရသောယဇ်၊ လဆန်းနေ့၌ဇှင်း၊ ထာဝရဘုရားအဘို့
သန့်ရှင်းစေသော ဓမ္မပွဲနေ့၌ဇှင်း၊ ပူဇော်ရသောယဇ်၊ ထာဝရဘုရားအား အလိုလိုပူဇော်သက္ကာကို ဆောင်ခဲ့သောသူ အသီးအသီးအဘို့
ပူဇော်ရသော ယဇ်တို့ကို ပူဇော်လျက်နေကြ၏။ 6 ဗိမာန်တော် တိုက်မြစ်ကိုမချသေးသော်လည်း၊ သတ္တမလတရက်နေ့မှစ၍
မီးရှို့ရာယဇ်တို့ကို ထာဝရ ဘုရားအား ပူဇော်ကြ၏။ 7 ပန်ရန်သမားနှင့် လက်သမားတို့အားလည်း ငွေကိုပေးကြ၏။
ပေရသိရှင်ဘုရင်ကုရု အခွင့်ပေးတော်မူ သည်အတိုင်း၊ အာရဇ်သစ်သားကို လေဗနုန်တောင်မှ ယုပ္ပေဆိပ်သို့ ဆောင်စေခြင်းငှါ၊
ဇိဒုန်မြို့သားနှင့် တုရု မြို့သားတို့အား၊ စားစရိတ်နှင့် ဆီများကိုပေးကြ၏။ 8 ယေရုရှလင်မြို့ ဗိမာန်တော်သို့ရောက်သော ဒုတိယနှစ်၊
ဒုတိယလတွင် ရှာလသေလသား ဇေရုဗ ဗေလ၊ ယောဇဒတ်သားယောရှု၊ ကျန်ကြွင်းသော ညီ အစ်ကို၊ ယဇ်ပုရောဟိတ်၊ လေဝိသားများ၊
အချုပ်ခံရ သော လူစုထဲကထွက်၍၊ ယေရုရှလင်မြို့သို့လာသော လူများအပေါင်းတို့သည် ထ၍ ဗိမာန်တော်တည်ဆောက် ခြင်းအမှုကို
နိုးဆော်စိမ့်သောငှါ လေဝိသားတို့ကို ခန့်ထားကြ၏။ 9 ထိုအခါယုဒအမျိုး၊ ယောရှုနှင့်သူ၏သားညီများ၊ ကပ်မျေလနှင့်သူ၏သားများ၊
လေဝိအမျိုးဟေနဒဒ်သား များ၊ သူတို့သားနှင့် ညီများတို့သည်၊ ဗိမာန်တော်ကို တည်ဆောက်လုပ်ဆောင်သော သူတို့ကိုနိုးဆော်ခြင်းငှါ
ထကြ၏။ 10 လုပ်ဆောင်သောသူတို့သည် ထာဝရဘုရား၏ ဗိမာန်တော်တိုက်မြစ်ကိုချသောအခါ၊ ဣသရေလ ရှင်ဘုရင်
ဒါဝိဒ်စီရင်သည်အတိုင်း၊ ထာဝရဘုရား၏ ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှါ၊ တံပိုးကိုင်သော ယဇ် ပုရောဟိတ်များ၊
ခွက်ကွင်းကိုင်သောလေဝိအမျိုး၊ အာသပ်သားများတို့ကို ခန့်ထားကြ၏။ 11 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။
ဣသရေလအမျိုး၌ ပြတော်မူသော ကရုဏာတော် အစဉ်အမြဲ တည်ပါသည်ဟူ၍ ဂုဏ်တော်ကို ချီးမွမ်းလျက်၊ ကျေးဇူးတော်ကို
ဝန်ခံလျက်၊ အသံပြိုင်၍ အလှည့်လှည့်သီ ချင်းဆိုကြ၏။ ဗိမာန်တော်တိုက်မြစ်ကို ချရသောကြောင့်၊ လူအပေါင်းတို့သည်
ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းလျက်၊ ကြီးသောအသံနှင့် ကြွေးကြော်ကြ၏။ 12 သို့ရာတွင်အသက်ကြီး၍ အရင်ဗိမာန်တော်ကို
မြင်ဘူးသော ယဇ်ပုရောဟိတ်၊ လေဝိသား၊ အဆွေအမျိုး သူကြီးအများတို့သည်၊ နောက်ဗိမာန်တော်တိုက်မြစ်ကျ လျက်ရှိသည်ကို
မြင်သောအခါ၊ ကြီးစွာသော အသံနှင့် ငိုကြွေးကြ၏။ လူအများတို့သည်လည်း ဝမ်းမြောက်သော စိတ်နှင့် ကြွေးကြော်ကြ၏။ 13
ထိုသို့ပြုသော ကြွေးကြော်သံနှင့်ငိုကြွေးသံကို ကြားသော သူတို့သည် ပိုင်းခြား၍ မသိနိုင်ကြ။ လူများ တို့သည် ကြီးစွာသောအသံနှင့်
ကြွေးကြော်သောကြောင့်၊ ဝေးသောအရပ်၌ ကြားရလေ၏။

---

Ezra 01

သတ္တမလ
ဟေဗြဲ ပြက္ခဒိန်၏ သတ္တမလဖြစ်ပါသည်။ ခြောက်သွေ့ရာသီအကုန် မိုးဦးကျကာလဖြစ်ပါသည်။ အနောက်တိုင်းပြက္ခဒိန်တွင် စက်တင်ဘာလအကုန် အောက်တိုဘာလ အကူး အချိန်အတွင်းဖြစ်ပါသည်။

လူတစ်ဦးအနေဖြင့်
တစ်နေရာတည်း ရည်ရွယ်ချက်တစ်ခုတည်း အတွက်

ယောရှု
၂:၃၆ အတိုင်း ပြန်ဆိုရန်။

ရှာလသေလ
လူယောကျာ်း အမည်

ထ၍တည်
လုပ်ငန်း စတင်ခြင်းကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လုပ်ငန်းအစပြု၍ တည်ဆောက်သည်"

ဘုရားသခင်၏လူ မောရှေရေးထားသော ပညတ္တိကျမ်းစာ၌ ပါသည်အတိုင်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ခိုင်းစေသည့်အတိုင်း မောရှေရေးထားသော ပညတ္တိကျမ်း။"

Ezra 03

ယဇ်ပလ္လင်ကို မိမိဘိနပ်ပေါ်မှာ တည်ထား ၍၊
"ယဇ်ပလ္လင်ကို ယဇ်ပလ္လင်တင်ရာခုံဘိနပ်ပေါ်မှာ တည်ထားသည်"

ကြောက်ကြ
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ အလွန်ကြောက်ကြသည်"



generated on Sun Jun 30 02:37:40 2024

ထိုပြည်အရပ်ရပ်၌ နေသောသူတို့ကြောင့်
ယုဒလူတို့ ကြောက်သည့် လူများအကြောင်းကို ဖော်ပြပေးရန် လိုအပ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုပြည်၌ နေသော လူတို့က သူတို့ကို တိုက်ခိုက်ချင်ကြသည်ဟု ထင်မှတ်သောကြောင့်"

နံနက်ညဦးမပြတ်မီးရှို့ရာယဇ်တို့ကို ထာဝရဘုရား အား ပူဇော်ကြ၏။
လူတို့သည် ဦးစွာလုပ်ရမည့်အလုပ်မှာ ယဇ်ပူဇော်ရန် ဖြစ်သည်။ ဗိမာန်တော်ကို ပြန်၍ မတည်ဆောက်ခင် လုပ်ရမည်ဖြစ်သည်။

သန့်ရှင်းစေသော ဓမ္မပွဲနေ့
ဟေဗြဲပြက္ခဒိန် ခုနစ်လပိုင်းတွင် ရှစ်ရက်ကြာ လုပ်သော ပွဲဖြစ်သည်။ ထွက်မြောက်ရာကျမ်းတွင် တွေ့ရသည့် တဲတော်နှင့် နီးစပ်မှု ရှိသည်။

Ezra 06

သတ္တမလတရက်နေ့
သတ္တမလတရက်နေ့ သည် ဟေဗြဲ ပြက္ခဒိန်၏ သတ္တမလဖြစ်ပြီး အနောက်တိုင်းပြက္ခဒိန်တွင် စက်တင်ဘာလလယ်ဖြစ်ပါသည်။

ဗိမာန်တော် မတည်ရှိသေး
ဗိမာန်တော် တိုက်မြစ်ကို မချသေးသော်လည်း၊ သတ္တမလတရက်နေ့မှစ၍ မီးရှို့ရာယဇ်တို့ကို ထာဝရ ဘုရားအား ပူဇော်ကြ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် ဗိမာန်တော် ဆောက်လုပ်ရန် အုတ်မြစ်ကိုပင် မချသေးပါ"

ဗိမာန်တော် တည်ရန် ပစ္စည်းစုဆောင်း
ပေရသိရှင်ဘုရင်ကုရု အခွင့်ပေးတော်မူသည်အတိုင်း ယုဒလူတို့သည် ဗိမာန်တော် ဆောက်လုပ်ရန်အတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူ ပိုင်ခွင့်ရှိသည်။

Ezra 08

ဒုတိယနှစ်
ကျွန်ခံရာမှ ပြန်လာသည့် နှစ်မှစ၍ ရေတွက်ခြင်း ဖြစ်သည်

ဒုတိယလ
ဟေဗြဲ ပြက္ခဒိန်၏ ဒုတိယလ ဖြစ်ပါသည်။ ခြောက်သွေ့ ရာသီဖြစ်ပြီး ကောက်ပဲသီးနှံများ ရိတ်သိမ်းရာ ကာလဖြစ်ပါသည်။ အနောက်တိုင်းပြက္ခဒိန်တွင် ဧပြီလ အကုန် မေလ အကူး အချိန်အတွင်း ဖြစ်ပါသည်။

ဗိမာန်တော်သို့
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ အိမ်တော် ရှိသည့် နေရာသို့" သို့မဟုတ် "ဘုရားသခင်၏ အိမ်တော် တည်ဆောက်ရမည့် နေရာသို့"

ယောရှု၊ ကပ်မျေလ၊ ဟေနဒဒ်၊
အမျိုးသား အမည်နာမများဖြစ်ပါသည်။

Ezra 10

ဗိမာန်တော်တိုက်မြစ်ချခြင်း
ဗိမာန်တော်တိုက်မြစ်ချရာ၌ ဗိမာန်တော် အဆောက်အဦးပိုင်း ခိုင်ခံ့ရန်သာမက ဗိမာန်တော် ရင်ပြင်တော် သန့်ရှင်းစေရန်အတွက်ပါ အုတ်မြစ်ချကြပါသည်။ ဗိမာန်တော်သို့ ဘုရားဝတ်ပြုရန်လာသောသူများ၏ ဝတ်လုံရှည်များ သန့်ရှင်းစွာ ရှိနေစေရန် စီစဉ်ဆောက်လုပ်ပါသည်။

ဝတ်လုံရှည်များ
ရှည်လျားသော အဝတ်အစားကောင်းများ

လင်းကွင်း၊ ခွက်ကွင်း
ကြေးလင်းကွင်းအပြားဝိုင်းနှစ်ခုအတူတူ ပြိုင်တူရိုက်ခတ် လျှင် အသံကျယ်လောင်စွာ ထွက်ပေါ်သည်။

ရှင်ဘုရင် ဒါဝိဒ်စီရင်သည်၊ အမိန့်တော်ထုတ်ပြန်ခဲ့သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည်.. မိန့်မှာ သကဲ့သို့"

ဂုဏ်တော်ချီးမွမ်းခြင်း
ကျေနပ်မှုရှိခြင်း၊ ကျေးဇူးတင်ခြင်း စသည်တို့ကို ရင်နှင့်အမျှ ဖော်ကျူးခြင်း။

Ezra 12

ကနဦးဗိမာန်တော်
ရှောလမုန်မင်းကြီး တည်ဆောက်သော ဗိမာန်တော်ကို ညွှန်းဆိုသည်။

သူတို့၏မျက်စိရှေ့
မျက်စိသည် တွေ့မြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ မြင်ရသည်" သို့မဟုတ် "သူတို့၏ ရှေ့မှောက်တွင်"

ငိုကြွေး
ကြီးစွာသော အသံနှင့် ငိုကြွေးကြ၏။


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Ezra 3:1

ယောဇဒက်သားယောရှုနှင့် သူ၏ညီအစ်ကို ယဇ်ပုရောဟိတ်များ၊ ရှာလသေလသား ဇေရုဗ ဗေလနှင့် သူ၏ညီအစ်ကိုများတို့သည် အဘယ်ကြောင့် ထ၍ ထာဝရဘုရား၏ယဇ်ပုလ္လင်ကို တည်ခဲ့ကြသနည်း။

ဘုရားသခင် ၏လူ မောရှေရေးထားသော ပညတ္တိကျမ်းစာ၌ ပါသည် အတိုင်း၊ မီးရှို့ရာ ယဇ်တို့ကိုပူဇော်လိုသောကြောင့် သူတို့သည် ထ၍ ယဇ်ပုလ္လင်ကို တည်ခဲ့ကြသည်။

## Ezra 3:3

ယောရှုနှင့် သူ၏ညီအစ်ကို ယဇ်ပုရောဟိတ်များ၊ ရှာလသေလသား ဇေရုဗ ဗေလနှင့် သူ၏ညီအစ်ကိုများတို့သည် မည်မျှ ယဇ်ပူဇော်ခြင်းအမှုကိုပြုကြသနည်း။

သူတို့သည် နံနက်နှင့်ညဦးချိန်များတွင် ထာဝရဘုရားအားယဇ်ပူဇော်ကြသည်။

## Ezra 3:6

အာရဇ်သစ်သားကို လေဗနုန်တောင်မှ ယုပ္ပေဆိပ်သို့ ဆောင်စေရန် မည်သူ့ထံတွင် အခွင့်အာဏာရှိသနည်း။

အာရဇ်သစ်သားကို လေဗနုန်တောင်မှ ယုပ္ပေဆိပ်သို့ ဆောင်စေရန် ပေရသိရှင်ဘုရင်ကုရု၌ အခွင့်အာဏာရှိသည်။

## Ezra 3:8

မည်သည့်အချိန်တွင် လုပ်ငန်းကို စတင်ကြသနည်း။

ဣသရေလလူများ ဘုရားသခင်၏ဗိမာန်တော်သို့ရောက်သော ဒုတိယနှစ်၊ ဒုတိယလတွင် လုပ်ငန်းကို စတင်ခဲ့ကြသည်။

## Ezra 3:10

ဗိမာန်တော်တိုက်မြစ်ကို ချသောအခါ လူတို့က မည်ကဲ့သို့ တုံ့ပြန်ခဲ့ကြသနည်း။

ထာဝရဘုရား၏ ဗိမာန်တော်တိုက်မြစ်ကိုချသောအခါ လူအပေါင်းတို့သည် ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းလျက်၊ ကြီးသောအသံနှင့် ကြွေးကြော်ကြသည်။

## Ezra 3:12

ဗိမာန်တော်၏အုတ်မြစ်ကို ချသောအခါ ယခင်ဗိမာန်တော်ကိုမြင်သောသူတို့က မည်ကဲ့သို့ တုံ့ပြန်ခဲ့ကြသနည်း။

အသက်ကြီး၍ အရင်ဗိမာန်တော်ကို မြင်ဘူးသော ယဇ်ပုရောဟိတ်၊ လေဝိသား၊ အဆွေအမျိုး သူကြီးအများတို့သည်၊ နောက်ဗိမာန်တော်တိုက်မြစ်ချလျက်ရှိသည်ကို မြင်သောအခါ၊ ကြီးစွာသော အသံနှင့် ငိုကြွေးကြသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 4

[1] သိမ်းသွားခြင်းကိုခံရသော အမျိုးသားတို့သည်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအဘို့ ဗိမာန်တော်ကို
တည်ကြသည်ဟု ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုး၏ ရန်သူတို့သည် ကြားလျှင်၊ [2] ဇေရုဗဗေလနှင့် အဆွေအမျိုး သူကြီးတို့ထံသို့ လာ၍၊
ငါတို့သည် သင်တို့ထံ၌ တည်းခိုပါရစေ။ သင်တို့၏ ဘုရားသခင်ကို သင်တို့ရှာသကဲ့သို့ ငါတို့လည်း ရှာကြ၏။ ငါတို့ကို
ဤပြည်သို့ဆောင်ခဲ့သော အာရှုရိရှင်ဘုရင် ဧသရဟဒ္ဒုန်လက်ထက်မှ၍ ထိုဘုရားသခင်အား ယဇ် ပူဇော်ကြသည်ဟု ဆိုကြသော်၊ [3]
ဇေရုဗဗေလနှင့် ယောရှုအစရှိသော ဣသ ရေလအဆွေအမျိုး သူကြီးတို့က၊ ငါတို့၏ဘုရားသခင် အဘို့ ဗိမာန်တော်တည်ခြင်းအမှုကို၊
သင်တို့သည် ငါတို့နှင့် ဝိုင်း၍ မလုပ်ရ။ ပေရသိရှင်ဘုရင်ကုရုမင်းကြီး အမိန့် တော်အတိုင်း၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ
ဘုရားအဘို့ ငါတို့သည် ကိုယ်တိုင်တည်ရမည်ဟု ပြန်ပြော ကြ၏။ [4] ထိုအခါ ပြည်သားတို့သည် ယုဒအမျိုးတို့ကို
လက်အားလျော့စေ၍၊ တည်ဆောက်ခြင်းအမှုကို နှောင့်ရှက်ကြ၏။ [5] ယုဒအမျိုးသားတို့၏ အကြံကိုဖျက်ဆီးခြင်းငှါ၊ ပေရသိရှင်ဘုရင်
ကုရုလက်ထက်ကာလပတ်လုံးမှသည်၊ ပေရသိရှင်ဘုရင် ဒါရိလက်ထက်တိုင် အောင်၊ ရှေ့နေ တို့ကို ငှါး၍ထားကြ၏။ [6]
အာရွေရုနန်းထိုင်စက ယုဒပြည်သူ၊ ယေရုရှလင် မြို့သားတို့၌ အပြစ်တင်သောလွှာစာကို ပေးလိုက်ကြ၏။ [7] အာတဇေရဇ်လက်ထက်၌
ဗိရှလံ၊ မိသရေဒတ်၊ တဗေလနှင့် အခြားသောအပေါင်းအဘော်တို့သည်၊ ရှုရိဘာသာစကားနှင့် ရေးသော လွှာစာကို၊ ပေရသိ
ရှင်ဘုရင် အာတဇေရဇ်ထံသို့ ပေးလိုက်ကြ၏။ [8] စာတိုက်စိုးရေဟုံနှင့် မြို့စာရေးရှိမရှဲတို့သည်၊ ယေရုရှလင်မြို့ကို ရန်ဘက်ပြုလျက်၊
အာတဇေရဇ် မင်းကြီးထံသို့ စာပေးလိုက်၍၊ [9] စာတိုက်စိုးရေဟုံ၊ မြို့စာရေးရှိမရှဲနှင့် အခြားသော အပေါင်းအဘော်၊ ဒိနဲပြည်သား၊
အဖာသသက်ပြည်သား၊ တာပေလပြည်သား၊ အဖာရသပြည်သား၊ အာခေဝပြည် သား၊ ဗာဗုလုန်ပြည်သား၊ ရှုရှနက်ပြည်သား၊ ဒေဟာဝ
ပြည်သား၊ ဧလံပြည်သား အစရှိသော၊ [10] ကြီးမြတ်သောမင်း အာသနပ္ပါးဆောင်ခဲ့၍၊ ရှမာရိမြို့ရွာတို့၌ နေရာချသော သူများနှင့်၊
မြစ်နောက် ဘက်၌နေသော အခြားသူများတို့သည်၊ ဤမည်သော နေ့ရက်ကာလတွင်၊ [11] အာတဇေရဇ် မင်းကြီးထံသို့ပေးလိုက်သော
စာဟူမူကား၊ မြစ်အနောက်ဘက်၌နေသော ကိုယ်တော် ကျွန်တို့သည်၊ ဤမည်သောနေ့ ရက်ကာလတွင် လျှောက် ပါ၏။ [12] အထံတော်မှ
ကျွန်တော်တို့ရှိရာသို့ ရောက်လာသော ယုဒလူတို့သည် ဆိုးညစ်၍၊ ပုန်ကန်တတ်သော ယေရု ရှလင်မြို့ကို တည်လျက်၊
မြို့ရိုးအမြစ်ကိုချ၍ လက်စသတ် လုသည်ကို သိမှတ်တော်မူပါ။ [13] ထိုမြို့ကိုတည်ပြန်၍ မြို့ရိုးကိုလက်စသတ်လျှင်၊
ငွေတော်ခွဲခြင်းကိုမခံ၊ အခွန်တော်အကောက်တော်ကို မပေးဘဲနေ၍၊ နိုင်ငံတော်အကျိုးနည်းပါလိမ့်မည်ကို သိမှတ်တော်မူပါ။ [14]
ကျွန်တော်တို့သည် ကျေးဇူးတော်အားဖြင့် အသက်မွေးရသော သူဖြစ်သည်နှင့်အညီ၊ ကိုယ်တော်၌ ဘုန်းတော်လျော့ကြောင်းကို
ကြည့်၍မ နေသင့်သော ကြောင့်၊ ဘိုးတော်ဘေးတော်တို့၏မှတ်စာကို စစ်ကြော တော်မူမည်အကြောင်း ဤလျှောက်စာကို
ပေးလိုက်ပါ၏။ [15] ယေရုရှလင်မြို့သည် ပုန်ကန်တတ်သောမြို့၊ ရှင်ဘုရင်အကျိုးနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဖျက်ဆီး
တတ်သောမြို့ဖြစ်ဘူး၍၊ ရှေးကာလ၌ မြို့ထဲမှာ ပုန်ကန် သောအကြံကို အစဉ်ပြုစုသောကြောင့်၊ အတိုက်အဖျက်ခံ ရပါသည်
အကြောင်းအရာများကို ထိုမှတ်စာ၌ တွေ့၍ သိတော်မူပါလိမ့်မည်။ [16] ထိုမြို့ကိုတည်ပြန်၍ မြို့ရိုးကို လက်စသတ်လျှင်၊
ကိုယ်တော်သည် မြစ်အနောက်ဘက်၌ အစိုးရတော်မမူ ကြောင်းကို ကျွန်တော်တို့ လျှောက်ထားပါသည်ဟု စာ၌ ပါသတည်း။ [17]
ရှင်ဘုရင်သည် စာတိုက်စိုးရေဟုံနှင့်မြို့စာရေး ရှိမရှဲမှစ၍၊ ရှမာရိမြို့၌နေသော ထိုသူတို့၏ အပေါင်း အဘော်များ၊
မြစ်အနောက်ဘက်၌နေသော အခြား သူများတို့ ရှိရာသို့ ပြန်ပေးလိုက်သော စာဟူမူကား၊ [18] ဤမည်သောနေ့ရက်ကာလတွင်၊ ငါရေး၍
သင်တို့ချမ်းသာပါစေ။ ငါ့ထံသို့သင်တို့ ပေးလိုက်သောစာကို ငါ့ရှေ့မှာ အနက်ပြန်၍ဘတ်ပြီ။ [19] ငါမှာထားသည့်အတိုင်း
စစ်ကြောကြသောအခါ၊ ထိုမြို့သည် ရှေးကာလ၌ ရှင်ဘုရင်တို့ကို ပုန်ကန်ကြောင်း၊ မကောင်းသောအကြံကို ကြံတတ်သောမြို့၊
ပုန်ကန်တတ် သော မြို့ဖြစ်ကြောင်း၊ [20] ငွေတော်ကိုခွဲလျက်၊ အခွန်တော်အကောက် တော်ကိုခံလျက်၊ မြစ်အနောက်ဘက်
တရှောက်လုံးကို အစိုးရ၍ တန်ခိုးကြီးသော ရှင်ဘုရင်တို့သည် ယေရုရှလင် မြို့၌နေဘူးကြောင်းများကို သိရ၏။ [21] သို့ဖြစ်၍
ငါသည်အခွင့်မပေးမှီတိုင်အောင်၊ ထိုသူတို့သည် မြို့ကို မတည်ဘဲနေစေမည်အကြောင်း အမိန့်တော်ကိုဆင့်ဆိုကြလော့။ [22]
နိုင်ငံတော်အကျိုးမပျက်စီးစေခြင်းငှါ သတိပြု၍ ဤအမှုကို စေ့စေ့ကြည့်ရှုကြလော့ဟု မိန့်တော်မူ၏။ [23] အာတဇေရဇ်မင်းကြီးစာကို
ရေဟုံနှင့်မြို့စာရေး ရှိမရှဲ အစရှိသော သူတို့အပေါင်းအဘော်ရှေ့မှာ ဘတ်ပြီး လျှင်၊ သူတို့သည် ယေရုရှလင်မြို့၊ ယုဒလူတို့ရှိရာသို့
အလျင်အမြန်သွား၍ ယုဒလူတို့၏ အလုပ်အကိုင်ကို အနိုင်အထက်ဆီးတားကြ၏။ [24] ထိုသို့ ယေရုရှလင်မြို့၏ ဗိမာန်တော် တည်ခြင်း
အမှုပြတ်၍၊ ပေရသိရှင်ဘုရင် ဒါရိနန်းစံ နှစ်နှစ်တိုင် အောင် လက်စမသတ်ဘဲနေလေ၏။

---


generated on Sun Jun 30 02:37:40 2024

Ezra 01

ယေဘုယျ အချက်အလက်
ယုဒလူမျိုး မဟုတ်သော တပါးအမျိုးသားတို့ကလည်း ဗိမာန်တော် တည်ဆောက်ရာတွင် ပါဝင်ကူညီရန် ကမ်းလှမ်းကြသည်။

သိမ်းသွားခြင်းကိုခံရသော အမျိုးသားများ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "ဗါဗုလုန်လူမျိုးက ယုဒလူမျိုးကို စစ်သုံ့ပန်းအဖြစ် သိမ်းသွားသည်။"

ဇေရုဗဗေလ
အမျိုးသား အမည်နာမ

အာရှုရိရှင်ဘုရင် ဧသရဟဒ္ဒုန်
အာရှုရိရှင်ဘုရင် ဧသရဟဒ္ဒုန်သည် ပေရသိ ရှင်ဘုရင် ကုရုမင်း မအုပ်စိုးမှီ အာရှုရိပြည်ကို စိုးစံခဲ့သည်။

Ezra 03

ယောရှု
အမျိုးသားအမည် (2:3 တွင် ဖော်ပြသည်အတိုင်း)

မည်သူတို့က ဗိမာန်တော်တည်ခြင်းအမှုကို ပြုမည်နည်း။
ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ (၁) ဣသရေလ အဆွေအမျိုး သူကြီးတို့က ကုရုမင်းသည်သာ ဗိမာန်တော် တည်ဆောက်ရာတွင် အခွင့်အာဏာအရှိဆုံးဟု ထင်မြင်ကြသည်၊ သို့မဟုတ် (၂) ဗိမာန်တော် တည်ဆောက်ရာတွင် ယုဒလူတို့သာ တာဝန်ရှိပြီး၊ တစ်ပါးအမျိုးသားတို့အား ကူညီခွင့် မပြုကြချေ။

Ezra 04

တိုင်းပြည်ရှိ ပြည်သားတို့
"ထိုအချိန်တွင် ထိုပြည်၌ နေထိုင်ကြသော လူများ"။ ၎င်းတွင် ယုဒလူများနှင့် ယုဒမဟုတ်သော လူများ၊ ဗာဗုလုန်ပြည်သို့ သိမ်းသွင်းခြင်း မခံရသောလူများ ဖြစ်သည်။

ယုဒအမျိုးတို့ကို လက်အားပျော့စေခြင်း
ယုဒအမျိုးသားတို့ကို စိတ်ဓါတ်ကျစေသည်

ယုဒအမျိုး
ဗာဗုလုန်မှ ပြန်လာကာ ယုဒပြည်၌ အခြေချ နေထိုင်သော လူများ။

အကြံကို ဖျက်ဆီးခြင်း
"ယုဒလူတို့ ကြံစည်သည့်အတိုင်း ဗိမာန်တော်ကို မတည်ဆောက်နိုင်စေခြင်းငှာ"

အပြစ်တင်သောစာလွှာ
အခြားသော ဘာသာပြန်ဆိုချက်၊ "ယုဒပြည်နှင့် ယေရုရှလင်မြို့တွင် နေထိုင်သော လူတို့သည် ဘုရင်၏ အာဏာတော် ဖီဆန်ကြောင်း စာရေး၍ အကြောင်းကြားသည်"

Ezra 07

ဇိရှလံ၊ မိသရေဒတ်၊ တဗေလ၊ ရှိမရှဲ
အမျိုးသားများ အမည်နာမ

စာလွှာ
၄:၄ တွင် ဖော်ပြသော ပေးစာ ဖြစ်သည်။

အာရမိ
ထိုခေတ် ထိုအချိန်က ထိုဒေသတွင် စီးပွားရေးအရ အသုံးပြုရသည့် ဘာသာစကား ဖြစ်သည်။

ဘာသာပြန်ဆို
ပေရသိ ဘာသာစကားသို့

ရေဟုံ
အမျိုးသားအမည်နာမ

Ezra 09

အဖာရသ၊ အာခေဝ၊ ရှုရှနက်၊
မြို့ အမည်များ

ဧလံ
ကျယ်ပြန့်သောဒေသ အမည်

အာသနပ္ပါး
အမျိုးသားအမည်နာမ

မြစ်နောက်ဘက်ရှိနယ်မြေ
ယူဖရိတမြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်

Ezra 11

ပေးလိုက်သော စာဟူမူကား
ဧဇရသည် အာတဇေရဇ် မင်းကြီးထံ ပေးသော စာကို ဖော်ပြလိုခြင်း ဖြစ်သည်။

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတမြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်

ပုန်ကန်တတ်သောမြို့
မြို့သည် နေထိုင်သော လူတို့ကိုလည်း ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို ပုန်ကန်ရန် သူတို့ နေထိုင်သည် မြို့ဖြစ်သည် "

မြို့ရိုးအုပ်မြစ်ကိုပြန်လည်ပြုပြင်ခဲ့သည်။
"မြို့ရိုးအုတ်မြစ်ကို ကောင်းမွန်ခိုင်ခန့်အောင် ပြုပြင်သည်"

Ezra 13

မြို့ရိုးကိုလက်စသတ်လျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြို့ကိုပြီးစီးအောင်တည်ဆောက်၍ မြို့ရိုးကို လက်စသတ်လျှင်"

နိုင်ငံတော်အကျိုးနည်းပါလိမ့်မည်
ဆိုလိုသည်မှာ ဘုရင့်ထံသို့ ငွေတော်ခွဲခြင်းကိုမခံ၊ အခွန်တော်အကောက်တော်ကို မပေးဘဲနေခြင်း ဖြစ်သည်။

Ezra 14

ကျေးဇူးတော်အားဖြင့် အသက်မွေးရသောသူ
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်များမှာ

ပုန်ကန်တတ်သောမြို့
မြို့သည် နေထိုင်သော လူတို့ကိုလည်း ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို ပုန်ကန်ရန် သူတို့ နေထိုင်သည် မြို့ဖြစ်သည် "

မြို့ အတိုက်အဖျက်ခံ ရပါသည်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဗာဗုလုန်တို့က ဤမြို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်"

မြို့ရိုးကိုလက်စသတ်လျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကိုပြီးစီးအောင်တည်ဆောက်၍ မြို့ရိုးကိုလက်စသတ်လျှင်"

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတမြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်

ကိုယ်တော်သည် မြစ်အနောက်ဘက်၌ အစိုးရတော်မမူ ကြောင်း
ဆိုလိုသည်မှာ ဘုရင့်ထံသို့ ငွေတော်ခွဲခြင်းကိုမခံ၊ အခွန်တော်အကောက်တော်ကို မပေးဘဲနေခြင်း ဖြစ်သည်။

Ezra 17

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတမြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်။

ပေးလိုက်သောစာကို ငါ့ရှေ့မှာ အနက်ပြန်၍ဖတ်ပြီ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ပေးသော စာကို ငါ့ကျွန်များအား ဖတ်ရွတ်စေ၍ အနက်ပြန်စေသည်"

ရေဟုံ၊ ရှိမရှဲ
အမျိုးသား အမည်နာမ

မြစ်
ဥဖရတ်မြစ်

Ezra 20

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတမြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်

ငွေတော်၊ အခွန်တော် အကောက်တော်၊
ယေရုရှလင်မြို့သားများထံမှ ငွေတော်ကိုခွဲလျက်၊ အခွန်တော်အကောက်တော်ကိုခံလျက်၊ မြစ်အနောက်ဘက် တရှောက်လုံးကို အစိုးရ၍ တန်ခိုးကြီးသော ရှင်ဘုရင် ဖြစ်ကြသည်။

အခွင့်၊ အမိန့်ဒီဂရီ
ဥပဒေပြုသည်

သတိပြု၍
"အမိန့်ကို မကျူးလွန်မိရန် သတိပြုခြင်း"

နိုင်ငံတော်အကျိုးမပျက်စီးစေခြင်းငှါ သတိပြု၍ ဤအမှုကို စေ့စေ့ကြည့်ရှုကြလော့ဟု
အာတဇေရဇ်မင်းကြီးသည် ထိုမြို့ကို သူတို့တည်ဆောက်ပါက အခွန်ကို ဆုံးရှုံးမည့်အပြင် ဂုဏ်ရှိန်လည်း ကျဆင်းနိုင်ကြောင်း သိသောကြောင့် ဤသို့ ဆိုရခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ဤအမှုကို မကြီးထွားလာအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်လျှက်၊ ဘုရင့်အာဏာတည်မြဲအောင် အစဉ်ကြိုးစားကြပါ"

အကျိုးမပျက်စီးစေခြင်း
အန္တရာယ်ကို ဆိုလိုခြင်း ဖြစ်သည်။ "ခြိမ်းခြောက်မှုသည် ဆိုးရွားမလာခင်"

နိုင်ငံတော်အကျိုး မထိပါးမည်အကြောင်း
ဘုရင့်အာဏာကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိုင်းပြည်အတွက် ဆိုးကျိုးများ ဖြစ်ပေါ်လာစေသော"

Ezra 23

အာတဇေရဇ်မင်းကြီးစာ
မည်သူတို့သည် ဘုရင်နှင့် အမှုထမ်းများအတွက် ဘာသာပြန်ပေးသည်ကို ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်လိမ့်မည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာတဇေရဇ်မင်းကြီး စေလွှတ်သောသူတို့သည် အမိန့်တော်ကို ဖတ်ကြားခဲ့သည်"

ရေဟုံ ၊ ရှိမရှဲ
အမျိုးသား အမည်နာမ


generated on Sun Jun 30 02:37:40 2024

ယေရုရှလင်မြို့၏ ဗိမာန်တော် တည်ခြင်း အမှုပြတ်၍၊ ပေရသိရှင်ဘုရင် ဒါရိနန်းစံ နှစ်နှစ်တိုင် အောင် လက်စမသတ်ဘဲနေလေ၏
ကြာမြင့်သည့် အချိန်သည် ၁၆ နှစ် ဖြစ်သည်။

---

## Translation Questions

Ezra 4:1

ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုး၏ ရန်သူတို့သည် မည်သည့်အရာကို ကြား၍ လုပ်ဆောင်ခဲ့ကြသနည်း။
ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအဘို့ ဗိမာန်တော်ကို တည်ကြသည်ဟု ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုး၏ ရန်သူတို့သည် ကြားခဲ့ကြသည်။

Ezra 4:4

ယုဒအမျိုးတို့ကို လက်အားလျော့စေရန် ရန်သူတို့သည် အချိန်မည်မျှကြာ နှောက်ယှက်ခဲ့ကြသနည်း။
ယုဒအမျိုးသားတို့၏ အကြံကိုဖျက်ဆီးခြင်းငှါ၊ ပေရသိရှင်ဘုရင် ကုရုလက်ထက်ကာလပတ်လုံးမှသည်၊ ပေရသိရှင်ဘုရင် ဒါရိလက်ထက်တိုင် အောင် ယုဒအမျိုးတို့ကို လက်အားလျော့စေကြသည်။

အာရွှေရုနန်းထိုင်သည့်အချိန်မှစ၍ ရန်သူတို့က မည်သည့်အရာကို ရေးခဲ့ကြသနည်း။
အာရွှေရုနန်းထိုင်စက ယုဒပြည်သူ၊ ယေရုရှလင် မြို့သားတို့၌ အပြစ်တင်သော စာလွှာကို ရေးခဲ့ကြသည်။

Ezra 4:11

ယုဒမြို့အကြောင်းကို ရှင်ဘုရင်အား ရန်သူတို့က မည်ကဲ့သို့ ပြောခဲ့ကြသနည်း။
ယုဒလူတို့သည် ပုန်ကန်တတ်သောမြို့ကို တည်ကြသည်ဟု ပြောခဲ့ကြသည်။

Ezra 4:14

ရှင်ဘုရင်အား မရိုမသေပြုခြင်းကို ရန်သူတို့ကမြင်တွေ့ဖို့ရန် အဘယ့်ကြောင့် မသင့်လျော်သနည်း။
သူတို့သည် (နန်းတော်ဆားကိုစား) နန်းတော်၏အကျိုးစီးပွားအားဖြင့် အသက်မွေးရသောကြောင့် သူတို့သည် ရှင်ဘုရင်အား မရိုမသေပြုခြင်းကို မမြင်တွေ့အပ်ခြင်းဖြစ်သည်။

Ezra 4:17

ထိုစာလွှာကို ရန်သူတို့သည် ရှင်ဘုရင်ကို ပေးပို့ကာအနက်ပြန်၍ဖတ်ပြီးနောက်တွင် သူကမည်သို့ပြုခဲ့သနည်း။
ထိုစာလွှာကို ရန်သူတို့သည် ရှင်ဘုရင်ကို ပေးပို့ကာအနက်ပြန်၍ဖတ်ပြီးနောက်တွင် သူသည် စုံးစမ်းမေးမြန်းစေခဲ့သည်။

Ezra 4:23

ထာဝရဘုရား၏ဗိမာန်တော်အလုပ်သည် မည်မျှကြာ ရပ်တန့်နေခဲ့သနည်း။
ထာဝရဘုရား၏ဗိမာန်တော်အလုပ်သည် ပေရသိရှင်ဘုရင် ဒါရိနန်းစံ နှစ်နှစ်တိုင် အောင်ပင် ရပ်တန့်နေခဲ့သည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 5

1 ထိုအခါ ပရောဖက်ဟဂ္ဂဲနှင့် ဣဒ္ဒေါသားပရော ဖက် ဇာခရိလူတို့ သည် ယုဒပြည်သူ၊ ယေရုရှလင်မြို့သား၊ ယုဒလူတို့အား
ထာဝရဘုရားအခွင့်နှင့် ဟောကြ၏။ 2 ထိုဘုရားသခင်၏ ပရောဖက်တို့သည် ဝိုင်း သဖြင့်၊ ရှာလသေလသား ဇေရုဗဗေလနှင့်
ယောဇဒက် သား ယောရှုသည်ထ၍ ယေရုရှလင်မြို့၏ ဗိမာန်တော်ကို တည်စပြုပြန်ကြ၏ 3 ထိုအခါ မြစ်အနောက်ဘက်
မြို့ဝန်တာတနဲနှင့် ရှေသာဗောဇနဲမှစ၍ သူတို့အပေါင်းအဘော်တို့သည် လာ၍၊ ဤအိမ်ကိုတည်ဆောက်ရမည်၊ ဤမြို့ရိုးကို ပြုပြင်
ရမည်အကြောင်း အဘယ်သူမှာထားသနည်းဟူ၍ငင်း၊ 4 ဤအိမ်ကိုတည်ဆောက်သော သူတို့၏အမည် ကား အဘယ်သို့
နည်းဟူ၍ငင်း၊ မေးစစ်ကြသော်လည်း၊ 5 ဒါရိမင်း အမိန့်တော်မရောက်မှီတိုင် အလုပ် အကိုင် မပြတ်စေခြင်းငှါ၊ ဘုရားသခင်သည် ယုဒ
အမျိုးသား အသက်ကြီးသူတို့ကို ထောက်ရှုတော်မူ၏။ သို့ဖြစ်၍ အထံတော်သို့ လျှောက်စာကိုပေးလိုက်ကြ၏။ 6 မြစ်အနောက်ဘက်
မြို့ဝန်တာတနဲနှင့် ရှေသာ ဗောဇနဲမှစ၍ သူတို့အပေါင်းအဘော်၊ 7 မြစ်အနောက်ဘက်၌နေသော အဖာသသက် လူတို့သည်၊
ဒါရိမင်းကြီးထံသို့ပေးလိုက်သော စာချက်ဟူ မူကား၊ ဒါရိမင်းကြီး၌ အစဉ်ချမ်းသာရှိပါစေသော။ 8 ကျွန်တော်တို့သည် ယုဒပြည်တွင်
ကြီးမြတ်သော ဘုရားသခင်၏ အိမ်တော်သို့ရောက်၍၊ ထိုအရပ်သား တို့သည် အိမ်တော်ကို ကျောက်ကြီးနှင့်တည်လျက်၊
ကျောက်ထရံပေါ်မှာ သစ်သားကို တင်လျက်၊ အလျင် အမြန် လုပ်ဆောင်၍ အကြံထမြောက်ကြောင်းကို သိမှတ် တော်မူပါ။ 9
ဤအိမ်ကိုတည်ဆောက်ရမည်၊ ဤမြို့ရိုးကို ပြုပြင်ရမည်အကြောင်း အဘယ်သူမှာထားသနည်း ဟူ၍ငင်း၊ 10 သူကြီးတို့၏
အမည်များကို စာရင်းယူ၍ အထံ တော်သို့ပေးလိုက်ခြင်းငှါ၊ သူကြီးတို့၏အမည်များကိုငင်း၊ အသက်ကြီးသူတို့၌မေးမြန်းသော အခါ။
11 သူတို့က၊ ငါတို့သည် ကောင်းကင်နှင့်မြေကြီး အရှင် ဘုရားသခင်၏ ကျွန်တော်ဖြစ်ကြ၏။ ရှေးကာလ၌ ကြီးမြတ်သော
ဣသရေလရှင်ဘုရင် တည်ထောင်တော်မူ သော အိမ်တော်ကို ယခုပြုပြင်ကြ၏။ 12 ငါတို့ဘိုးဘေးတို့သည် ကောင်းကင်ဘုံ၏ အရှင်
ဘုရားသခင်၏ အမျက်တော်ကိုနှိုးဆော်သောကြောင့်၊ သူတို့ကိုခါလဒဲမင်း၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ လက်သို့
အပ်တော်မူသဖြင့်၊ ထိုရှင်ဘုရင်သည် ဤအိမ် တော်ကို ဖျက်ဆီး၍၊ ပြည်သားတို့ကို ဗာဗုလုန်မြို့သို့ သိမ်း သွား၏။ 13
ဗာဗုလုန်ရှင်ဘုရင်ကုရုသည်၊ နန်းစံပဌမနှစ် တွင် ဤဗိမာန်တော်ကို ပြုပြင်ရမည်အကြောင်း မိန့်တော် မူ၏။ 14 နေဗုခဒ်နေဇာသည်
ယေရုရှလင်မြို့၏ ဗိမာန် တော်ထဲကထုတ်၍၊ ဘုရားသခင်၏အိမ်တော်နှင့် ဆိုင် သော်လည်း၊ ဗာဗုလုန်မြို့၏ ဗိမာန်သို့
ဆောင်သွားသော ရွှေတန်ဆာ၊ ငွေတန်ဆာတို့ကို ကုရုမင်းကြီးသည် ဗာဗု လုန်မြို့၏ဗိမာန်ထဲက တဖန်ထုတ်၍၊ ရှေရှဗာဇာအမည် နှင့်
မြို့ဝန်အရာ၌ ခန့်ထားသောသူလက်သို့ အပ်တော် မူလျက်၊ 15 ဤတန်ဆာတို့ကိုယူ၍ ယေရုရှလင်မြို့၏ ဗိမာန် တော်သို့
ဆောင်သွားလော့။ ဘုရားသခင်၏ အိမ်တော် ကိုမိမိနေရာ၌ တည်ပြန်စေဟု မိန့်တော်မူသည်အတိုင်း၊ 16 ထိုရှေရှဗာဇာသည် လာ၍
ယေရုရှလင်မြို့၏ ဘုရားအိမ်တော်အမြစ်ကို ချထားသဖြင့်၊ ထိုအချိန်မှစ၍ ယခုတိုင်အောင် ငါတို့သည် တည်လုပ်လျက် လက်စ
မသတ်သေးဟု ပြန်ပြောကြ၏။ 17 သို့ဖြစ်၍၊ ယေရုရှလင်မြို့၌ ဘုရား၏အိမ်တော် ကို တည်ရမည်အကြောင်း၊
ကုရုမင်းကြီးအမိန့်တော် ရှိသည် မရှိသည်ကိုသိလိုသဖြင့်၊ ဗာဗုလုန်မြို့ ဘဏ္ဍာ တော်တိုက်၌ ရှာဖွေစေခြင်းငှါ၊ အလိုတော်ရှိလျှင်၊ ရှာဖွေ
စေတော်မူပါ။ နောက်တဖန် ဤအမှု၌ အလိုတော်ရှိသည် အတိုင်း ကျွန်တော်တို့ဆီသို့ အမိန့်တော်စာကို ပေးလိုက် တော်မူပါဟု
လျှောက်စာ၌ ပါသတည်း။

---

Ezra 01

ဣဒ္ဒေါ ၊ ယောရှု ၊ ယောဇဒက် ၊ ရှာလသေလ
အမျိုးသားအမည်နာမများ

ရှာလသေလ
အမျိုးသား အမည်

ယေရုရှလင်မြို့၏ ဗိမာန်တော်ကို တည်ဆောက်အစပြုပြန်ကြ၏
ထာဝရဘုရား၏ ဗိမာန်တော်ကို ရည်ညွှန်းသည်။

Ezra 03

တာတနဲ ၊ ရှေသာ ၊ ဗောဇနဲ
အမျိုးသားအမည်နာမများ

မြစ်နောက်ဘက်ရှိဒေသ
ရှုရှနက်ပြည်ကို ကျော်ဖြတ်ကာ ရောက်ရှိသွားသော
ဥဖရတ်မြစ်အနောက်ဘက်ရှိဒေသ (၄:၉)

ဘုရားသခင်၏မျက်စိတော်သည် ကြည့်ရှုလျက်ရှိသည်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ယုဒ
အမျိုးသား အသက်ကြီးသူတို့ကို စောင့်ရှောက်သည်။"

ဒါရိမင်း အထံတော်သို့ လျှောက်စာကိုပေးလိုက်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ဒါရိမင်း အထံတော်သို့
လျှောက်စာကိုပေးခြင်းမှာ မင်းကြီးက ပြန်စာ အမိန့်ဒီဂရီကို
ပြန်ရေးပေးရန်ဖြစ်သည်။"


generated on Sun Jun 30 02:37:40 2024

Ezra 06

ဤစာသည် မိတ္တူကူးထားသောစာ တစ်စောင်ဖြစ်သည်။
ဇေရက ဒါရိမင်းကြီးထံသို့ ပေးလိုက်သောစာတွင် ဗိမာန်တော်ကို တည်စပြုကြောင်း ရေးသားထားပါသည်။

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတမြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်

Ezra 08

ယေဘုယျ အချက်အလက်
မင်းကြီးထံ မြို့ဝန် တာတနဲ ရေးသောစာ (၅:၆) ကို ဆက်လက်ဖော်ပြသည်။

သစ်သားများ
အဆောက်အဦးအတွက် သစ်သား

အဘယ်သူမှာထားသနည်း။
ဆောက်လုပ်ရန် ခွင့်ပြုချက် ပေးသူသည် မည်သူနည်း။

Ezra 11

ယေဘုယျ အချက်အလက်
မင်းကြီးထံ မြို့ဝန် တာတနဲ ရေးသောစာ (၅:၆) ကို ဆက်လက်ဖော်ပြသည်။

ငါတို့သည် ကျွန်ဖြစ်ကြ၏။
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်မှာ၊ (၁) ယုဒလူမျိုးအားလုံးကို ဘုရားသခင်၏ ကျွန်များဟု သူတို့ ခေါ်ဆိုကြသည်၊ သို့မဟုတ် (၂) ပြန်ကြားသောသူတို့သည် လေဝိအမျိုးနှင့် အာရုန်အမျိုးမှ လူများဖြစ်သည့်အတွက် ဗိမာန်တော်ရှိ ဝတ်ပြုခြင်း၊ ယဇ်ပူဇော်ခြင်းဆိုင်ရာ အလုပ်များတွင် တာဝန်ရှိသူများဖြစ်သည်။

ရှေးကာလ၌ ကြီးမြတ်သော ဣသရေလရှင်ဘုရင် တည်ထောင်တော်မူသော အိမ်တော်ကို ယခုပြုပြင်ကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့ ဘုရင်မင်းကြီးတည်ဆောက်ခဲ့သော အဆောက်အဦး၊ လိုလေသမျှ ဖြည့်ဆည်းခဲ့သော အိမ်တော်"

ပြီးမြောက်စေသည်
လိုအပ်သည့် အရာမှန်သမျှကို အကုန်အစင်ပြီးမြောက်ရန် ပံ့ပိုးထည့်ဝင် ပြုပြင်ကြသည်။

Ezra 12

ယေဘုယျ အချက်အလက်
မင်းကြီးထံ မြို့ဝန် တာတနဲ ရေးသောစာကို ဆက်လက်ရေးသားဖော်ပြသည်။ တာတနဲသည် ယုဒလူမျိုးက သူ့အားပြောပြချက်များ (၅:၁၁) ကို မင်းကြီးအား ပြန်ပြောပါသည်။

ကောင်းကင်ဘုံအရှင် ထာဝရဘုရားသခင်၏ အမျက်တော်ကိုနှိုးဆော်သည်။
"ကောင်းကင်ဘုံအရှင် ဘုရားသခင်က ကျွန်ုပ်တို့အပေါ် ပြင်းစွာသော အမျက်တော် ထွက်သည်။"

နေဗုခဒ်နေဇာ လက်သို့ အပ်တော်မူသဖြင့်၊ ထိုရှင်ဘုရင်သည် ဤအိမ် တော်ကို ဖျက်ဆီး၍၊ ပြည်သားတို့ကို ဗာဗုလုန်မြို့သို့ သိမ်းသွား၏။
လက်သို့အပ်တော်မူသဖြင့် ဟုဆိုရာတွင် အထူးအုပ်ချုပ်ခွင့်အာဏာရှိသူ လက်သို့အပ်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နေဗုခဒ်နေဇာ နှင့် သူ့စစ်တပ်သည်လည်း ကောင်းကင်ဘုံအရှင် ဘုရားသခင်၏ စစ်တပ် ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ "

အိမ်တော်ကို ဖျက်ဆီး၍
အပိုင်းပိုင်း ချိုးဖွဲ့ ဖျက်ဆီးသည်။

ဗာဗုလုန်ရှင်ဘုရင်ကုရုသည်၊ ဤဗိမာန်တော်ကို ပြုပြင်ရမည်အကြောင်း မိန့်တော်မူ၏။
ကုရုသည် ဘုရားသခင်၏ ဗိမာန်တော်ကို ပြုပြင်ရမည်အကြောင်း အမိန့်တော်ထုတ်ပြန်သည်။

Ezra 14

ယေဘုယျ အချက်အလက်
မင်းကြီးထံ မြို့ဝန် တာတနဲ ရေးသောစာကို ဆက်လက်ရေးသားဖော်ပြသည်။ တာတနဲသည် ယုဒလူမျိုးက ဗိမာန်တော်ကို စတင်တည်ဆောက်နေကြောင်းကို မင်းကြီးအားလျှောက်ထားပါသည်။ (၅:၁၁)

ရှေရှဗာဇာ
အမျိုးသား အမည်နာမ (ရှု၊ EZR 1:7)

ကုရုမင်းကြီးသည် ဗိမာန်တော်တန်ဆာတို့ကို ပြန်သွင်းထားသည်။
ရွှေတန်ဆာ၊ ငွေတန်ဆာတို့ကို ကုရုမင်းကြီးသည် ယေရုရှလင်မြို့၏ ဗိမာန်တော်သို့ တဖန်ပြန်သွင်းထားစေသည်။

ဘုရားသခင်၏ အိမ်တော် ကိုမိမိနေရာ၌ တည်ပြန်စေ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် ယုဒလူတို့ကဘုရားသခင်၏ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန် အလိုရှိသည်။"

Ezra 16

ယေဘုယျ အချက်အလက်
မင်းကြီးထံ မြို့ဝန် တာတနဲ ရေးသောစာကို ဆက်လက်ရေးသားဖော်ပြသည်။ တာတနဲသည် ယုဒလူမျိုးက ဗိမာန်တော်ကို စတင်တည်ဆောက်နေကြောင်းကို မင်းကြီးအားလျှောက်ထားပါသည်။


generated on Sun Jun 30 02:37:40 2024

ဘုရားအိမ်တော်အမြစ်ကို ချထားသဖြင့်၊ ထိုအချိန်မှစ၍ ယခုတိုင်အောင် ငါတို့သည် တည်လုပ်လျက် လက်စ မသတ်သေးဟု ပြန်ပြောကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြည်သားတို့က ဘုရားသခင်၏ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်နေသော်လည်း မပြီးစီးသေးပါ။"

တည်လုပ်လျက်
ဆောက်လုပ်ဆဲ

Ezra 17

ယေဘုယျ အချက်အလက်
မင်းကြီးထံ မြို့ဝန် တာတန ရေးသောစာကို (၅:၆) တွင်တွေ့ရပြီး ဆက်လက်ဖေါ်ပြသည်မှာ ဘုရား၏ အိမ်တော် ကို တည်ရမည်အကြောင်း၊ ကုရုမင်းကြီး အမိန့်တော် ရှိသည် မရှိသည်ကို သိလိုကြောင်း ဖေါ်ပြပါရှိသည်။

အမိန့်တော်ရှိသည် မရှိသည်ကို ရှာဖွေစေသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ဦးက အမိန့်တော်ရှိသည် မရှိသည်ကို ရှာဖွေစေလိုသည်။"

ကုရုမင်းကြီးအမိန့်တော် ရှိခဲ့လျှင်၊
"ကုရုမင်းကြီး အမိန့်တော် ရှိခဲ့ကြောင်း မှတ်တမ်း ရှိခဲ့လျှင်"

---

## Translation Questions

Ezra 5:3

ယုဒအမျိုးသား အသက်ကြီးသူတို့က မည်သည့်အတွက် စောင့်ဆိုင်းနေခဲ့ကြသနည်း။
ဒါရိမင်း အမိန့်တော်မရောက်မှီတိုင် ယုဒ အမျိုးသား အသက်ကြီးသူတို့က စောင့်ဆိုင်းနေခဲ့ကြသည်။

Ezra 5:8

တာတနဲနှင့် ရှေသာ ဗောဇနဲမှစ၍ သူတို့အပေါင်းအဘော် တို့က ထာဝရဘုရား၏ အိမ်တော်အလုပ်ကို မည်ကဲ့သို့ ဖော်ပြခဲ့ကြသနည်း။
သူတို့က ထိုစာလွှာတွင် ထာဝရဘုရား၏ အိမ်တော်အလုပ်သည် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယုဒလူတို့၏လက်ဖြင့် ဆက်လက်၍ပြုပြင်နေဆဲဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

Ezra 5:12

ကောင်းကင်အဖသည် ယုဒလူမျိုးများကို အဘယ်ကြောင့် ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ၏လက်သို့ ပေးအပ်ခဲ့သနည်း။
သူတို့၏ ဘိုးဘေးများသည် သူ့ကိုအမျက်ထွက်စေခဲ့ကြသောကြောင့် ကောင်းကင်အဖသည် ယုဒလူမျိုးများကို ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ၏လက်သို့ ပေးအပ်ခဲ့သည်။

Ezra 5:14

ကုရုမင်းကြီးက မည်သည့်ပစ္စည်းများဖြင့် ရှေရှဗာဇာသို့ ပြန်လာခဲ့သနည်း။
ရွှေတန်ဆာ၊ ငွေတန်ဆာတို့ကို ကုရုမင်းကြီးသည် ဗာဗုလုန်မြို့၏ဗိမာန်ထဲက ပြန်၍ ယူဆောင်လာခဲ့သည်။

Ezra 5:17

ယုဒလူမျိုးတို့က ရှင်ဘုရင်ထံတွင် မည်သည့်အရာကို တောင်းဆိုခဲ့ကြသနည်း။
ဘုရား၏အိမ်တော်ကို ယေရုရှလင်မြို့၌ တည်ရမည်အကြောင်း၊ ကုရုမင်းကြီးအမိန့်တော် ရှိသည် မရှိသည်ကိုသိလိုသဖြင့်၊ ဗာဗုလုန်မြို့ ဘဏ္ဍာ တော်တိုက်၌ ရှာဖွေစေခြင်းငှါ တောင်းဆိုခဲ့ကြသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 6

[1] ထိုအခါ ဒါရိမင်းကြီးအမိန့်တော်နှင့် ဗာဗုလုန် မြို့ ဘဏ္ဍာတော်ထားရာစာတိုက်၌ ရှာဖွေကြ၏။ [2] မေဒိပြည်၊ အာခမေသမြို့၊
နန်းတော်၌စာလိပ် ကို တွေ့၍၊ စာလိပ်၌ပါသော စကားဟူမူကား၊ [3] ယဇ်ပူဇော်ရာ အိမ်တော်ကိုတည်စေ။ တိုက်မြစ် ကို
ခိုင်ခံ့စွာချထားစေ။ အမြင့်အတောင်ခြောက်ဆယ်၊ အနံအတောင်ခြောက်ဆယ်ရှိ၍၊ [4] ကြီးသောကျောက်တန်းသုံးဆင့်၊ အသစ်သော
သစ်သားတန်းတဆင့်နှင့် အထပ်ထပ်တည်စေ။ စရိတ်များ ကိုလည်း ဘဏ္ဍာတော်ထဲက ထုတ်၍ပေးစေ။ [5] ယေရုရှလင်မြို့၏
ဗိမာန်တော်ထဲကနေဗုခဒ် နေဇာထုတ်၍ ဘုရားသခင်၏အိမ်တော်နှင့် ဆိုင်သော် လည်း၊ ဗာဗုလုန်မြို့သို့ဆောင်ခဲ့သော ရွှေတန်ဆာ
ငွေတန်ဆာတို့ကို ပြန်ပေးစေ။ ယေရုရှလင်မြို့၏ ဗိမာန် တော်သို့ ပို့၍ အလုံးစုံတို့ကို ဘုရားအိမ်တော်ထဲတွင် မိမိတို့နေရာ၌ ထားစေဟု
ကုရုမင်းကြီးသည် နန်းစံ ပဌမနှစ်တွင်၊ ယေရုရှလင်မြို့၏ ဘုရားအိမ်တော်အမှု မှာ အမိန့်တော်ရှိ၏။ [6] သို့ဖြစ်၍၊ မြစ်အနောက်ဘက်
မြို့ဝန်တာတနဲ၊ ရှေသာဗောဇနဲနှင့် သင်တို့အပေါင်းအဘော်တည်း ဟူသော မြစ်အနောက်ဘက်၌နေသော အဖာသသက် လူတို့၊
ထွက်သွားကြ။ [7] ထိုဘုရား၏အိမ်တော်တည်ခြင်း အမှုကိုမဆီးမတားကြနှင့်။ ယုဒမြို့ဝန်နှင့် ယုဒအမျိုး အသက်ကြီး သူတို့ သည်
ထိုအိမ်တော်ကို မိမိနေရာ၌ တည်ပါလေစေ၊ [8] ထိုမှတပါး၊ သင်တို့သည် ထိုဘုရား၏ အိမ်တော် တည်ခြင်းအမှုကို
ယုဒအမျိုးအသက်ကြီးသူတို့နှင့် ကူညီ ရမည်အကြောင်း၊ သူတို့သည် အဆီးအတားမရှိစေခြင်းငှါ၊ မြစ်အနောက်ဘက်၌
ခံသောအခွန်တော်တည်း ဟူသော ဘဏ္ဍာတော်ထဲက အိမ်တော်တည်စရာစရိတ်ကို ချက် ခြင်းထုတ်ပေးရမည်အကြောင်း
ငါအမိန့်တော်ရှိ၏။ [9] ထိုမှတပါး၊ သူတို့သည် မွေးကြိုင်သောယဇ်တို့ကို ကောင်းကင်ဘုံ၏အရှင် ဘုရားသခင်အား ပူဇော်၍၊ [10]
ရှင်ဘုရင်အသက်၊ ဆွေတော်မျိုးတော်တို့၏ အသက်အဘို့ ဆုတောင်းစေခြင်းငှါ၊ သူတို့လိုချင်သမျှ ယေရုရှလင်မြို့ ယဇ်ပုရောဟိတ်တို့
စီရင်သည်အတိုင်း၊ ကောင်းကင်ဘုံ၏အရှင် ဘုရားသခင်အား မီးရှို့ရာယဇ် ပူဇော်စရာဘို့နွား၊ သိုးထီး၊ သိုးသငယ်၊ စပါး၊ ဆား၊ စပျစ်
ရည်၊ ဆီတို့ကိုနေ့တိုင်း အစဉ်အပြတ်ပေးစေ။ [11] ဤနည်း အကြင်သူသည် ဤအမိန့်တော်ကို ငြင်းဆန်လျှင်၊ ထိုသူ၏အိမ်မှ
သစ်တိုင်ကို နှုတ်ယူ၍ စိုက်ပြီးမှ သူ့ကိုလည်း ဆွဲချစေ။ သူ့အိမ်ကိုလည်း နောက် ချေးပုံဖြစ်စေဟု ငါအမိန့်တော်ရှိ၏။ [12]
ယေရုရှလင်မြို့၏ ဘုရားအိမ်တော်ကို ကျိုးပဲ့ ပျက်စီးစေခြင်းငှါ ပြုသောရှင်ဘုရင်နှင့် ဆင်းရဲသား အပေါင်းတို့ကို၊ ထိုအရပ်၌
နာမတော်တည်စေသော ဘုရားသခင်သည် ဖျက်ဆီးတော်မူပါစေသော။ ငါဒါရိ သည် အမိန့်တော်ကိုပေး၏။ အမိန့်တော်အတိုင်း
အလျင် အမြန်ပြုစေဟု ပေးလိုက်သတည်း။ [13] ထိုအခါ ဒါရိမင်းကြီးပေးလိုက်သော အမိန့်တော် အတိုင်း၊ မြစ်အနောက်ဘက်
မြို့ဝန်တာတနဲ၊ ရှေသာ ဗောဇနဲနှင့် သူတို့အပေါင်းအဘော်တို့သည် အလျင် အမြန်ပြုကြ၏။ [14] ယုဒအမျိုးအသက်ကြီးသူတို့သည်
တည်ဆောက် ၍၊ ပရောဖက်ဟဂ္ဂဲနှင့် ဣဒေါသားဇာခရိဟောသော အားဖြင့်၊ အကြံထမြောက်ကြ၏။ ဣသရေအမျိုး၏ ဘုရား
သခင်အမိန့်တော်နှင့် ပေရသိရှင်ဘုရင်ကုရုမင်း၊ ဒါရိမင်း အမိန့်တော်အတိုင်း တည်ဆောက်၍ လက်စသတ်ကြ၏။ [15]
ဒါရိမင်းကြီးနန်းစံခြောက်နှစ်၊ အာဒါလသုံးရက် နေ့တွင် အိမ်တော်သည် ပြီးပြည့်စုံ၏။ [16] ဣသရေလအမျိုးသား၊ ယဇ်ပုရောဟိတ်၊
လေဝိသားအစရှိသော သိမ်းသွားခြင်းကို ခံဘူးသော အမျိုးသားချင်းရှိသမျှတို့သည် ဘုရားသခင်၏ အိမ်တော်
ကိုဝမ်းမြောက်သောစိတ်နှင့် အနုမောဒနာပွဲခံကြ၏။ [17] ထိုအိမ်တော်၏ အနုမောဒနာပွဲတွင် နွားတရာ၊ သိုးထီးနှစ်ရာ၊
သိုးသငယ်လေးရာကိုဋ်၊ ဣသရေလအမျိုး တဆယ်နှစ်မျိုးအလိုက် အမျိုးသားအပေါင်းတို့၏ အပြစ် ဖြေရာ ယဇ်တည်းဟူသော
ဆိတ်ထီးတဆယ် နှစ်ကောင် ကိုဋ်၊ ယဇ်ပူဇော်ကြ၏။ [18] မောရှေကျမ်းစာ၌ ပါသည်အတိုင်း၊ ယေရု ရှလင်မြို့၌ ဘုရားဝတ်ကို
ပြုစေခြင်းငှါ၊ ယဇ်ပုရောဟိတ် အသီးအသီးတို့ကိုဋ်၊ သင်းဖွဲ့သော လေဝိသားတို့ကိုဋ် ခန့်ထားကြ၏။ [19] သိမ်းသွားခြင်းကို
ခံရသောအမျိုးသားတို့သည် ပဌမလတဆယ်လေးရက်နေ့တွင် ပသခါပွဲကိုလည်း ခံကြ ၏။ [20] ယဇ်ပုရောဟိတ်နှင့် လေဝိသားတို့သည်
တညီ တညွတ်တည်း ကိုယ်ကိုသန့်ရှင်းစေ၍၊ အလုံးစုံတို့သည် သန့်ရှင်းသဖြင့်၊ မိမိတို့အဘို့မှစ၍ ပေါက်ဘော်ချင်း
ယဇ်ပုရောဟိတ်တို့အဘို့နှင့် သိမ်းသွားခြင်းကိုခံရသော အမျိုးသားအပေါင်းတို့အဘို့ ပသခါသိုးသငယ်ကို သတ်ကြ ၏။ [21]
သိမ်းသွားခြင်းကိုခံသော လူစုထဲက ထွက်လာ သော ဣသရေလအမျိုးသားများ၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားကို
ရှာလိုသောငှါ၊ တပါး အမျိုးသား နေရာအရပ် အညစ်အကြေးကို ပယ်ရှားသော သူများအပေါင်းတို့သည် ပသခါပွဲကိုစား၍၊ [22]
ခုနစ်ရက်ပတ်လုံး ဝမ်းမြောက်သော စိတ်နှင့် အဇုမပွဲကိုလည်း ခံကြ၏အကြောင်းမူကား၊ ထာဝရ ဘုရားသည်
ဝမ်းမြောက်သောအခွင့်ကို ပေးတော်မူ၏။ ဣသရေလအမျိုး၏ ဘုရားသခင်ဗိမာန်တော် တည် ဆောက်ခြင်းအမှုမှာ၊ အာရှုရိရှင်ဘုရင်
မစမည် အကြောင်း၊ စိတ်နှလုံးတော်ကို သူတို့ဘက်သို့ ကူးစေ တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Ezra 01

စာတိုက်၌ ရှာဖွေကြ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ ငယ်သားများအား ရှာဖွေစုံစမ်းခြင်း ပြုလုပ်ရန် အမိန့်တော်ရှိသည်" သို့မဟုတ် "ရှာဖွေမှု ပြုရန် အမိန့်ထုတ်ပြန်သည်"

စာတိုက်၌ ရှာဖွေကြ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့၌ ဘုရား၏အိမ်တော်ကို တည်ရမည့်အကြောင်း၊ ကုရုမင်းကြီးအမိန့်တော် ရှိသည် မရှိသည်ကို သိလိုသဖြင့်၊ ဗာဗုလုန်မြို့ ဘဏ္ဍာ တော်တိုက်၌ ရှာဖွေစေခြင်းငှါ၊ အလိုတော်ရှိလျှင် ရှာဖွေ စေတော်မူပါ။

ဗာဗုလုန်မြို့ ဘဏ္ဍာတော်တိုက်
မင်ကြီး၏ အရေးကြီးသော တရားဝင်ပြန်တမ်းစာ မှတ်တမ်းများ သိမ်းဆည်းထားသည့် အဆောက်အဦး။

အာခမေသ
မြို့အမည်

စာလိပ်ကို တွေ့
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် စာလိပ်ကို တွေ့ရှိသည်" သို့မဟုတ် "သူတို့သည် ဒါရိမင်းနှင့် ယေရုရှလင်မြို့အကြောင်း ပါသော စာလိပ်ကို တွေ့ရှိသည်"

## Ezra 03

ယေဘုယျ အချက်အလက်
ဒါရိမင်းကြီး အမိန့်တော်ဖြင့် ယုဒလူမျိုးက ယေရုရှလင်မြို့၌ ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်နေခြင်းအကြောင်း ဆက်လက်ဖော်ပြသည်။

ကုရုမင်းကြီး နန်းစံ ပဌမနှစ်
ကုရုမင်းကြီး အုပ်စိုးသော နန်းသက် ပထမနှစ်တွင်

အိမ်တော်ကိုတည်စေ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယုဒလူမျိုးများက ယေရုရှလင်မြို့၌ ဘုရား၏ အိမ်တော်ကို တည်ဆောက်စေ" သို့မဟုတ် "ယုဒလူမျိုးတို့သည် အိမ်တော်ကို တည်ဆောက်ရမည်"

အမြင့်အတောင်ခြောက်ဆယ်
အမြင့်အတောင်ခြောက်ဆယ် သည်

ကြီးသောကျောက်တန်းသုံးဆင့်၊ အသစ်သော သစ်သားတန်းတဆင့်
ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ၊ (၁) အုတ်မြစ်ကို မည်သို့ စတင်မည်အကြောင်း ပြောဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျောက်ကို သုံးဆင့်စီပြီး ၎င်းအပေါ်တွင် သစ်သားဖြင့် အုပ်မိုးထားရန်" သို့မဟုတ် (၂) မြို့ရိုးကို မည်သို့ တည်ဆောက်မည်အကြောင်း ပြောဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြို့ရိုးတွင် ကျောက်တုံးကြီးများဖြင့် သုံးဆင့်စီထားပြီ ကြားတွင် သစ်သားဖြင့် ကန့်လန့်ထားရန်။"

စရိတ်များ ကိုလည်း ဘဏ္ဍာတော်ထဲက ထုတ်၍ပေးစေ
စရိတ်များ ကိုလည်း ကုရုမင်းကြီးနန်းတော်ပိုင် ဘဏ္ဍာတော်ထဲက ထုတ်၍ပေးစေခဲ့ပါသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် နန်းတော် ဘဏ္ဍာထဲမှ ငွေဖြင့် ပေးချေပါမည်"

## Ezra 06

ယေဘုယျ အချက်အလက်
ဒါရိမင်းကြီးအမိန့်တော်နှင့် ယုဒလူမျိုးက ယေရုရှလင်မြို့၌ ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်နေခြင်းအကြောင်း၊ (6:3) က အကြောင်းအရာကို ဆက်လက် ဖေါ်ပြသည်။

တာတနဲ၊ .....ရှေသာ၊ ဗောဇနဲ
ဒါရိမင်းကြီးသည် ဤလူများထံသို့ တိုက်ရိုက် စာရေး ဆက်သွယ်သည်။

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတ‌မြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်။

## Ezra 08

ယေဘုယျ အချက်အလက်
ဒါရိမင်းကြီး အမိန့်တော်ဖြင့် ယုဒလူမျိုးက ယေရုရှလင်မြို့၌ ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်နေခြင်းအကြောင်း၊ (6:3)က အကြောင်းအရာကို ဆက်လက်ဖေါ်ပြသည်။

မြစ်အနောက်ဘက်၌ ခံသောအခွန်တော်တည်း ဟူသော ဘဏ္ဍာတော်ထဲက အိမ်တော်တည်စရာစရိတ်ကို ချက် ခြင်းထုတ်ပေးရမည်အကြောင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြစ်တစ်ဘက်ကမ်းရှိ ဤလူတို့ကို ပေးဖို့ရန် ဘုရင့်ဘဏ္ဍာတော်တိုက်ထဲက ငွေကို အသုံးပြုပါ။"

မြစ်အနောက်ဘက်၌ ခံသောအခွန်တော်တည်း
"အခွန်တော်" သည် လူတို့ ပေးရသော အခကြေးငွေများ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြစ်တစ်ဘက်ကမ်းရှိ လူတို့ထံမှ ရရှိသော အခွန်များထဲမှ ငွေ"

လိုအပ်သည့်အရာမှန်သမျှ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ လိုအပ်သမျှကို"

## Ezra 11

ယေဘုယျ အချက်အလက်
ဒါရိမင်းကြီးအမိန့်တော်နှင့် ယုဒလူမျိုးက ယေရုရှလင်မြို့၌ ဘုရား၏ အိမ်တော်ကို တည်ဆောက်နေခြင်းအကြောင်း၊ (6:3)က အကြောင်းအရာကို ဆက်လက်ဖော်ပြသည်။

ထိုသူ၏အိမ်မှ သစ်တိုင်ကို နုတ်ယူ၍ စိုက်ပြီးမှ သူ့ကိုလည်း ဆွဲချစေ။ သူ့အိမ်ကိုလည်း နောက် ချေးပုံဖြစ်စေ၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူ၏ အိမ်ကို ဖြိုချ၍ သူ့အား စီရင်မည်။ ထိုသူ၏ အိမ်ကို အမှိုက်ပုံး ဖြစ်စေမည်။"

ထိုသူ၏အိမ်မှသစ်တိုင်၊
အိမ်ကို ထောက်ပင့်၍ အခံအားအဖြစ် စိုက်ထားသောသစ်တိုင်။

စိုက်ပြီး
ရင်ကို ခွင်း၍

ဘုရားအိမ်တော်ကို ကျိုးပဲ့ ပျက်စီးစေခြင်းငှါ ပြုသောသူ
အခြားသော ဘာသာပြန်ဆိုချက်၊ "အသစ်လုပ်ချင်သောသူ... သို့မဟုတ် ဖျက်ဆီးချင်သူ" သို့မဟုတ် " အသစ်ပြောင်းလုပ်ရဲသူ ... သို့မဟုတ် ဖျက်ဆီးသောသူ"

အမိန့်တော်ကိုပေး၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အမိန့်တော်ကို ပြန်ပြောင်းရန်" သို့မဟုတ် "ငါသည် အခြားသော အမိန့်တော်ကို ပြောဆိုရန်"

Ezra 13

တာတနဲ၊ ရှေသာ၊ ဗောဇနဲ
အမျိုးသားများ အမည်နာမ

တည်ဆောက်ခြင်းပြီးမြောက်သည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ မည်သည့်အိမ်တည်ဆောက်ပြီးစီးသည်ကို ဖော်ပြရန်လိုအပ်နိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အိမ်တော်ကို ပြီးစီး၍" သို့မဟုတ် "ဗိမာန်တော် တည်ဆောက်ခြင်းကို လက်စသတ်သည်"

အာဒါလသုံးရက် နေ့တွင်
အာဒါသည် ဟေဗြဲပြက္ခဒိန်တွင် ၁၂ လမြောက်ဖြစ်သည်။ အေးသော ရာသီဖြစ်သည်။ သုံးရက်သည် အနောက်တိုင်းပြက္ခဒိန်တွင် ဖေဖော်ဝါရီလလယ်တွင် ကျသည်။

နန်းစံခြောက်နှစ်၊
ဒါရိမင်းကြီးနန်းစံသောနှစ်

Ezra 16

သိမ်းသွားခြင်းကို ခံဘူးသော အမျိုးသားချင်းရှိသမျှတို့သည်
ဣသရေလအမျိုးသား၊ ယဇ်ပုရောဟိတ်၊ လေဝိသားအစရှိသော သိမ်းသွားခြင်းကို ခံဘူးသော အမျိုးသားချင်းရှိသမျှအားလုံး။

နွားတစ်ရာ၊ သိုးသငယ်လေးရာ
နွားအထီးအကောင်

ယဇ်ပုရောဟိတ် အသီးအသီးတို့ကိုငှး၊ သင်းဖွဲ့သော လေဝိသားတို့ကိုငှး ခန့်ထားကြ၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်နှင့် လေဝိသားတို့အတွက် အလုပ်ကိုယ်စီ တာဝန်ခွဲပေးကြသည်။"

ခန့်ထားကြ၏။
လုပ်ဆောင်ရမည့် အလုပ်များကို အသင်းအဖွဲ့အလိုက် စီမံခန့်ခွဲထားသည်။

Ezra 19

ပဌမလတစ်ဆယ်လေးရက်နေ့
ဟေဗြဲ ပြက္ခဒိန် ရှိ ပဌမလတစ်ဆယ်လေးရက်နေ့ဖြစ်ပါသည်။ ဤနေ့ရက်သည် အနောက်တိုင်းပြက္ခဒိန်အရ ဧပြီလဆန်းပိုင်း ဖြစ်ပါသည်။

ကိုယ်ကိုသန့်ရှင်းစေခြင်း
ကိုယ်ကိုသန့်ရှင်းစေခြင်းသည် ဘုရားသခင် လက်ခံသည့် သန့်ရှင်းခြင်း အခြေအနေမျိုးဖြစ်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကိုယ်သူတို့ ဘုရားသခင် လက်ခံနိုင်ဘွယ်ဖြစ်ရန် အပ်နှံကြသည်"

Ezra 21

တပါးအမျိုးသား နေရာအရပ် အညစ်အကြေးကို ပယ်ရှားသော သူများ
လူတို့ကို ညစ်ညူးစေသော သူတို့အား ငြင်းပယ်ခြင်းသဘောကို ဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုပြည်တွင် နေထိုင်ကြသော သူတို့ပြုသည့်အတိုင်း တိုင်းပြည်ကို ညစ်ပတ်စေသော သူတို့၏ အမူအကျင့်အားလုံးကို ငြင်းပယ်သည်။"

တပါးအမျိုးသား နေရာအရပ် လူကိုညစ်ညူးစေသော အရာများ
လူကိုညစ်ညူးစေသော အရာများသည် ဘုရားသခင် လက်မခံနိုင်သည့် အမှုအရာဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုပြည်ရှိ လူတို့ ပြုကျင့်သည် ဘုရားသခင် မနှစ်သက်သော အရာများ"

ထာဝရဘုရားကို ရှာလိုသောငှါ၊
ဘုရားသခင် ထာဝရဘုရားကို ဝတ်ပြုရန်၊ ပညတ်တော် တို့ကို လိုက်လျှောက်ရန်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို လိုက်နာရန် ရွေးချယ်သော"

အာရှုရိရှင်ဘုရင် မစမည့် အကြောင်း၊ စိတ်နှလုံးတော်ကို သူတို့ဘက်သို့ ကူးစေတော်မူ၏။
ဘုရားသခင်ဗိမာန်တော် တည်ဆောက်ခြင်းအမှုမှာ၊ လိုအပ်သော ငွေကြေး ပစ္စည်းများကို မစကူညီစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာရှုရိဘုရင်၏ စိတ်နလုံးကို ပြောင်းလဲစေသည်" သို့မဟုတ် "အာရှုရိဘုရင်၏ စိတ်တော်ကို နှိုးဆော်၍"

ဘုရားသခင်ဗိမာန်တော် တည်ဆောက်ခြင်းအမှုမှာ
ဗိမာန်တော် တည်ဆောက်ရာတွင် သူတို့ကို ကူညီစေသည့် သဘောကို ဆိုလိုသည်။ အာရှုရိဘုရင်သည် လူတို့ လုပ်ဆောင်ရမည့်တာဝန်များနှင့် လိုအပ်သော ငွေကြေးများ ထောက်ပံ့သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်တော်အမှုတွင် ပါဝင်ကူညီကြရန်" သို့မဟုတ် "ဗိမာန်တော်အမှုကို ထမ်းဆောင်ရာတွင် လွယ်ကူစေမည်အကြောင်း"

ဘုရားသခင်ဗိမာန်တော် တည်ဆောက်ခြင်းအမှုမှာ
ဘုရားသခင်ဗိမာန်တော် တည်ဆောက်ခြင်းဖြစ်သည်။

---

## Translation Questions

### Ezra 6:1

ဒါရိမင်းကြီးအမိန့်တော်နှင့် ဗာဗုလုန်မြို့ ဘဏ္ဍာတော်တိုက်၌ ရှာဖွေကြသောအခါ မည်သည့်အရာကို တွေ့ရှိခဲ့ကြသနည်း။
ဒါရိမင်းကြီးအမိန့်တော်နှင့် ဗာဗုလုန်မြို့ဘဏ္ဍာတော်တိုက်၌ ရှာဖွေကြသောအခါ မေဒိပြည်၊ အာခမေသမြို့၊ နန်းတော်၌စာလိပ်ကို တွေ့ရှိခဲ့ကြသည်။

### Ezra 6:3

ကုရုမင်းကြီး၏အမိန့်စာထဲတွင် အိမ်တော်အတွက် ယဇ်ပူဇော်ရန် ကျသင့်သမျှ အတွက်မည်သူ့ကို စေခိုင်းထားသနည်း။
ယေရုရှလင်မြို့၏ ဗိမာန်တော်ထဲကနေဗုခဒ် နေဇာထုတ်၍ ဘုရားသခင်၏အိမ်တော်နှင့် ဆိုင်သော် လည်း၊ ဗာဗုလုန်မြို့သို့ဆောင်ခဲ့သော ရွှေတန်ဆာ ငွေတန်ဆာတို့ကို ပြန်ပေးစေခဲ့သည်။

ကုရုမင်းကြီး၏အမိန့်တော်အတိုင်း ထာဝရဘုရား၏အိမ်တော်သို့ မည်သည့်အရာကို ပြန်လည်ယူဆောင်လာရန်ဖြစ်သနည်း။
ယေရုရှလင်မြို့၏ ဗိမာန်တော်ထဲကနေဗုခဒ် နေဇာထုတ်၍ ဘုရားသခင်၏အိမ်တော်နှင့် ဆိုင်သော် လည်း၊ ဗာဗုလုန်မြို့သို့ဆောင်ခဲ့သော ရွှေတန်ဆာ ငွေတန်ဆာတို့ကိုပြန်ပေးစေ။ ယေရုရှလင်မြို့၏ ဗိမာန် တော်သို့ ပို့၍ အလုံးစုံတို့ကို ဘုရားအိမ်တော်ထဲတွင် မိမိတို့နေရာ၌ ထားစေဟု ကုရုမင်းကြီးက မိန့်တော်မူခဲ့သည်။

### Ezra 6:6

ထာဝရဘုရား၏အိမ်တော်ကို ဆောက်ရန် ကုရုမင်းကြီးက မည်သူ့အား အမိန့်ပေးခဲ့သနည်း။
ယုဒမြို့ဝန်နှင့် ယုဒအမျိုး အသက်ကြီးသူတို့သည် ထိုအိမ်တော်ကို ဆောက်ရန် ကုရုမင်းကြီးက မိန့်တော်မူခဲ့သည်။

### Ezra 6:8

ထာဝရဘုရား၏အိမ်တော်အဖို့ ယင်းတို့လိုအပ်သောအရာများကို ကုရုမင်းကြီးက ဂျူးလူမျိုးများထံသို့ မည်သည့်အတွက်ကြောင့်ပေးလိုခဲ့သနည်း။
ရှင်ဘုရင်အသက်၊ ဆွေတော်မျိုးတော်တို့၏ အသက်အဘို့ ဆုတောင်းစေလို၍ ထာဝရဘုရား၏အိမ်တော်အဖို့ ယင်းတို့လိုအပ်သောအရာများကို ကုရုမင်းကြီးက ဂျူးလူမျိုးများထံသို့ ပေးခဲ့သည်။

### Ezra 6:11

တစ်စုံတစ်ယောက်သောသူက ယုဒလူတို့အား ကူညီခြင်းအမှုတွင် ချိုးဖောက်မှုရှိပါက မည်သည့်အရာဖြစ်ပျက်ရမည်နည်း။
တစ်စုံတစ်ယောက်သောသူက ယုဒလူတို့အား ကူညီခြင်းအမှု့တွင် ချိုးဖောက်မှု့ရှိပါက အိမ်မှ သစ်တိုင်ကို နှုတ်ယူ၍ စိုက်ပြီးမှ သူ့ကိုလည်း ဆွဲချစေ။ သူ့အိမ်ကိုလည်း နောက် ချေးပုံဖြစ်စေရန် အမိန့်တော်ရှိသည်။

### Ezra 6:13

ဟဂ္ဂဲနှင့် ဇာခရိတို့က ယုဒခေါင်းဆောင်တို့ကို မည်ကဲ့သို့ တည်ဆောက်ရန် အချက်အလက်ပေးသနည်း။
ဟဂ္ဂဲနှင့် ဇာခရိတို့က ယုဒခေါင်းဆောင်တို့အား မိန့်တော်မူချက်အတိုင်းတည်ဆောက်စေခဲ့သည်။

### Ezra 6:19

ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးတို့က မည်သူ့အတွက် ပသခါသိုးသူငယ်များကို ပူဇော်ခဲ့ကြသနည်း။
ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးတို့က ပသခါသိုးသူငယ်များကို ပေါက်ဘော်ချင်း ယဇ်ပုရောဟိတ်တို့အဘို့နှင့် သိမ်းသွားခြင်းကိုခံရသော အမျိုးသားအပေါင်းတို့အဘို့ ပူဇော်ခဲ့ကြသည်။

### Ezra 6:21

အဘယ်ကြောင့် ယုဒလူတို့က အဇုမပွဲကို ပျော်ရွှင်စွာဆင်နွဲခဲ့ကြသနည်း။
ဘုရားသခင်ဗိမာန်တော်တည်ဆောက်ခြင်းအမှုတွင် အာရှုရိရှင်ဘုရင်သည် သူတို့ကိုမစဖို့ရန် သူ၏စိတ်နှလုံးကိုပြောင်းလဲစေခဲ့၍ သူတို့ကို ဝမ်းမြောက်ခြင်း ယူဆောင်ပေးခဲ့သောကြောင့် ယုဒလူတို့က အဇုမပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

# Chapter 7

[1-5] ထိုနောက်၊ ပေရသိရှင်ဘုရင် အာတဇေရဇ် လက်ထက်၌၊ ယဇ်ပုရောဟိတ်အကြီးအာရုန်၊ ဧလာဇာ၊ ဖိနဟတ်၊ အဘိရှု၊ ဗုက္ကိ၊ ဩဇိ၊
ဇေရဟိ၊ စရာယတို့မှ ဆင်းသက်သောသူ၊ [6] ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ ဘုရားပေးတော်မူသော
မောရှေ၏ပညတ္တိကျမ်းစာကို လေ့ကျက်သောစရာဖြစ်သော သူဧဇရသည် ဗာဗုလုန်မြို့ မှ ထွက်သွား၏။ ထိုသူတောင်းသမျှကို
သူ၏ဘုရားသခင် ထာဝရဘုရားတန်ခိုးတော်ကြောင့် ရှင်ဘုရင် ပေးသနား တော်မူ၏။ [7] အာတဇေရဇ်မင်းကြီး နန်းစံခုနစ်နှစ်တွင်၊
အချို့ သော ဣသရေလအမျိုးသား ယဇ်ပုရောဟိတ်၊ လေဝိ သား၊ သီချင်းသည်၊ တံခါးစောင့်၊ ဘုရားကျွန်တို့သည် လည်း၊
ယေရုရှလင်မြို့သို့ လိုက်သွားကြ၏။ [8] ရှင်ဘုရင် နန်းစံခုနစ်နှစ်၊ ပဥ္စမလတွင် ဧဇရ သည် ယေရုရှလင်မြို့သို့ ရောက်လေ၏။ [9]
ပဌမလတရက်နေ့တွင်၊ ဗာဗုလုန်မြို့မှထွက်၍၊ ပဥ္စမလတရက်နေ့တွင်၊ မိမိဘုရားသခင် တန်ခိုးကျေးဇူး တော်ကြောင့်၊
ယေရုရှလင်မြို့သို့ရောက်လေ၏။ [10] အကြောင်းမူကား၊ ဧဇရသည် ထာဝရဘုရား ၏ တရားတော်ကို စစ်ဆေးစောင့်ရှောက်ခြင်းငှါ၎င်း၊
စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ဣသရေလအမျိုး၌ သွန်သင် ခြင်းငှါ၎င်း သဘောကျသောသူဖြစ်၏။ [11]
ထာဝရဘုရား၏ပညတ်စကားနှင့် ဣသရေလ အမျိုး၌ ထုံးဖွဲ့တော်မူချက်တို့ကို လေ့ကျက်သော ဆရာ ယဇ်ပုရောဟိတ် ဧဇရအား၊
အာတဇေရဇ်မင်းကြီး ပေးတော်မူသော အမိန့်တော်စာချက်ဟူမူကား၊ [12] ဘုရင်တို့၏ဘုရင်အာတဇေရဇ်သည် ကောင်း ကင်ဘုံ၏
အရှင်ဘုရားသခင့် တရားကျမ်းတတ်ဆရာ၊ ယဇ်ပုရောဟိတ်ဧဇရ၌ခပ်သိမ်းသော မင်္ဂလာဖြစ်စေ သောဟူ၍ ဤမည်သောကာလတွင်
မှာလိုက်၏။ [13] ငါ့နိုင်ငံ၌ရှိသော ဣသရေလအမျိုးသား၊ ယဇ် ပုရောဟိတ်၊ လေဝိသားတို့တွင် ယေရုရှလင်မြို့သို့ ကိုယ်
အလိုအလျောက်သွားချင်သော သူရှိသမျှတို့သည် သင်နှင့် အတူ လိုက်သွားရမည်အကြောင်း ငါအမိန့်တော်ရှိ၏။ [14] အကြောင်းမူကား၊
သင်၏ဘုရားသခင့်တရားကို သင်လေ့ကျက်သည်အတိုင်း၊ ယုဒပြည်ယေရုရှလင်မြို့၌ တရားအမှုများကို
မေးမြန်းစစ်ဆေးစေခြင်းငှါ၎င်း၊ [15] ယေရုရှလင်မြို့မှာ ကျိန်းဝပ်တော်မူသော ဣသ ရေလအမျိုး၏ ဘုရားသခင်အား၊ ရှင်ဘုရင်နှင့်
အတွင်း ဝန်တို့သည် ကြည်ညိုသောစိတ်နှင့် ပူဇော်သောရွှေငွေနှင့် တကွ၊ [16] ဣသရေလအမျိုးသား၊ ယဇ်ပုရောဟိတ်တို့သည်
ယေရုရှလင်မြို့၏ဘုရားအိမ်တော်အဘို့ အလိုလိုလှူ၍ ဗာဗုလုန်ပြည်၌ သင်ရနိုင်သမျှသော ရွှေငွေကို ဆောင် သွားစေခြင်းငှါ၎င်း၊
ရှင်ဘုရင်နှင့် အတွင်းဝန်ခုနစ်ပါး စေလွှတ်၏။ [17] ထိုငွေကိုယူပြီးလျှင်နွား၊ သိုးထီး၊ သိုးသငယ်နှင့် တကွ၊ ဘောဇဉ်ပူဇော်သက္ကာ၊
သွန်းလောင်းရာပူဇော်သက္ကာတို့ကို အလျင်အမြန်ဝယ်၍၊ ယေရုရှလင်မြို့၌ရှိသော သင်တို့၏ ဘုရားအိမ်တော် ယဇ် ပလ္လင်ပေါ်မှာ
ပူဇော်ရမည်။ [18] ကျန်ကြွင်းသော ရွှေငွေကို သင်နှင့်သင့်ညီ အစ်ကိုတို့ ပြုချင်သမျှအတိုင်း၊ သင်တို့၏ ဘုရားသခင်
အလိုတော်နှင့်အညီပြုလော့။ [19] သင်၏ဘုရား အိမ်တော်ဝတ်ပြုစရာဘို့ သင်၌ အပ်ပေးသော တန်ဆာများကိုလည်း၊ ယေရုရှလင်မြို့၏
ဘုရားသခင့်ရှေ့တော်တွင် သိုထားလော့။ [20] သင်၏ဘုရားသခင့် အိမ်တော်အဘို့ လိုသေး သောအရာ၊ ဝယ်သင့်သမျှတို့ကို
ဘဏ္ဍာတော်ထဲက ထုတ်၍ဝယ်လော့။ [21] ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင့် တရားကို လေ့ကျက်သော ဆရာ၊
ယဇ်ပုရောဟိတ်ဧဇရတောင်းသမျှ အတိုင်း၊ [22] ငွေအခွက်တထောင်၊ ဂျုံဆန်ကောရတရာ၊ စပျစ်ရည်ဗတ်တရာ၊ ဆီဗတ်တရာနှင့်တကွ
ဆားမည်မျှ မဆို၊ မြစ်အနောက်ဘက်၌နေသော အခွန်ဝန်အပေါင်းတို့ သည် အလျင်အမြန်ပေးရမည်အကြောင်း၊ ငါရှင်ဘုရင်
အာတဇေရဇ်အမိန့်တော်ရှိ၏။ [23] ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်မှာ ထားတော်မူသမျှအတိုင်း၊ ထိုဘုရားသခင်၏ အိမ်တော်
အဘို့ ကြိုးစား၍လုပ်ဆောင်စေ။ ရှင်ဘုရင်နှင့် ဆွေတော်မျိုးတော်အပေါ်သို့ အဘယ်ကြောင့် အမျက် တော် သက်ရောက်ရမည်နည်း။
[24] ထိုမှတပါး၊ ယဇ်ပုရောဟိတ် လေဝိသား၊ သီချင်း သည်၊ တံခါး စောင့်၊ ဘုရားကျွန်၊ ဘုရားသခင်၏ အိမ်တော်အမှုစောင့်
တစုံတယောက်၌ မျှငွေတော်ကို မခွဲစေနှင့်။ အခွန်တော်အကောက်တော်ကို မခံမယူစေနှင့် ဟုငါမှာလိုက်၏။ [25] သင်ဧဇရသည်လည်း၊
သင်၏ဘုရားသခင် တရားကို နားလည်သော၊ မြစ်အနောက်ဘက်သား အပေါင်းတို့တွင်၊ တရားမှုကို စီရင်စေခြင်းငှါ၎င်း၊
မသိသောသူတို့ကို သွန်သင်ခြင်းငှာ၎င်း၊ မင်း များ၊ တရားသူကြီးများကို သင်၏ဘုရားသင့် ဥာဏ်နှင့် သင်ပြည့်စုံသည်အတိုင်း
ခန့်ထားလော့။ [26] သင်၏ဘုရားသခင့်တရားနှင့် ရှင်ဘုရင်အမိန့် တော်ကို ငြင်းဆန်သောသူ မည်သည်ကား၊ အသေသတ် ခြင်း၊
နှင်ထုတ်ခြင်း၊ ဥစ္စာသိမ်းယူခြင်း၊ ထောင်ထဲမှာ လှောင်ထားခြင်းတည်းဟူသော ရာဇဝတ်တစုံတခုကို အလျင် အမြန်ခံစေဟု
အမိန့်တော်စာ၌ပါသတည်း။ [27] ယေရုရှလင်မြို့၏ ဗိမာန်တော်ကို တင့်တယ် စေမည်အကြံကို ရှင်ဘုရင်စိတ်နှလုံးထဲသို့
သွင်းပေးတော်မူထသော၊ ရှင်ဘုရင်ရှေ့၊ အတွင်းဝန်များ၊ ဗိုလ်မင်များရှေ့မှာ ငါ့အား အခွင့်ပေးတော်မူသော ဘိုးဘေးတို့၏
ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာရှိ တော်မူစေသတည်း။ [28] ထိုသို့ ငါ၏ဘုရားသခင် ထားဝရဘုရား ဘုန်း တော်ကြောင့်၊
ငါသည် ခွန်အားရှိ၍ ငါနှင့်အတူ လိုက် သွားရသော ဣသရေလအမျိုး အကြီးအကဲတို့ကို စုဝေး စေ၏။


generated on Sun Jun 30 02:37:40 2024

## Ezra 01

ယေဘုယျ အချက်အလက်
ဧဇရ၏ ဆွေစဉ်မျိုးဆက်သည် ပထမဆုံး
ယဇ်ပုရောဟိတ်ဖြစ်သည့် အာရုန်မှ
ဆင်းသက်လာကြောင်းဖော်ပြသည်။

ဧဇရသည် ဗာဗုလုန်မြို့ မှ ထွက်လာသည်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဧဇရသည် ဗာဗုလုန်မြို့ မှ
ယေရုရှလင်မြို့သို့ ရောက်လာသည်။"

စရာယ
၂း၁ တွင် ဖော်ပြသည်အတိုင်း

ဧလာဇာ၊ ဖိနဟတ်၊ အဘိရှု၊ ဗုက္ကိ၊ ဩဇိ၊ ဇေရဟိ၊ စရာယ
အမျိုးသား အမည်နာမများ

## Ezra 06

ထိုသူတောင်းသမျှကို ရှင်ဘုရင် ပေးသနား တော်မူ၏။
"ဧဇရ တောင်းသမျှကို ရှင်ဘုရင် ပေးသနားတော်မူ၏။"

သူ၏ဘုရားသခင် ထာဝရဘုရားတန်ခိုးတော်ကြောင့်
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏
ကောင်းချီးသည် ဧဇရ နှင့် အတူရှိသည်" သို့မဟုတ်
"ထာဝရဘုရားသည် ဧဇရကို ကောင်းချီးပေးသည်"

အာတဇေရဇ်မင်းကြီး နန်းစံခုနစ်နှစ်တွင်
အခြားသော ဘာသာပြန်ဆိုချက်၊ "အာတဇေရဇ်မင်းကြီး
အုပ်စိုးသော နန်းစံခုနစ်နှစ်တွင်"

## Ezra 08

ပဉ္စမလ
ဟေဗြဲ ပြက္ခဒိန် ရှိ ပဉ္စမလဖြစ်ပါသည်။ ဤနေ့ရက်သည်
အနောက်တိုင်းပြက္ခဒိန်အရ ဇူလိုင်လကုန်ပိုင်း နှင့်
ဩဂုတ်လဆန်းပိုင်း အတောအတွင်းဖြစ်ပါသည်။

ပဌမလတရက်နေ့
အနောက်တိုင်းပြက္ခဒိန်အရ မတ်လအလယ်ကာလ ဖြစ်သည်။

ပဉ္စမလတရက်နေ့
အနောက်တိုင်းပြက္ခဒိန်အရ ဇူလိုင်လ လယ်ကာလ ဖြစ်သည်။

ဘုရားသခင်၏ လက်တော်ဖြင့်
"လက်" သည် တန်ခိုး သို့မဟုတ် ထိန်းချုပ်ခြင်းကို ရည်ညွှန်းပြီး
ဘုရားသခင်က ကောင်းသည့် ရည်ရွယ်ချက်ဖြင့် ပြုသောအမှုကို
ဆိုလိုသည်။

ဧဇရသည် ထာဝရဘုရား၏ တရားတော်ကို စစ်ဆေးစောင့်ရှောက်ခြင်း
ဧဇရသည် ထာဝရဘုရား၏ တရားတော်ကို လိုက်ရှောက်ရန်
ဆက်ကပ်အပ်နှံခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"မိမိအသက်တာကို ဆက်ကပ်၍ တရားတော်ကို လေ့လာသည်။"

သဘောကျသော
"နှစ်သက် လိုက်နာသည်"

တရားတော်နှင့် စီရင်ထုံးဖွဲ့တော်မူချက်
ဣသရေလအမျိုးတို့အတွက် မောရှေအားဖြင့် ထာဝရဘုရား
ပေးခဲ့သော ပညတ်တော်များကို ရည်ညွှန်းသည်။

## Ezra 11

အာတဇေရဇ်မင်းကြီး ပေးတော်မူသော အမိန့်တော်စာချက်
အာတဇေရဇ်မင်းကြီး ပေးတော်မူသော အမိန့်တော်ကို
ရည်ညွှန်းသည်။

ဘုရင်တို့၏ဘုရင်အာတဇေရဇ်
အခြားဘုရင်တို့ နာခံ ဦးညွှတ်ရသော
ကြီးမြတ်သောဘုရင်အာတဇေရဇ် ဖြစ်ပါသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ကေရာဇ်မင်း အာတဇေရာဇ်" သို့မဟုတ်
"အကြီးမြတ်ဆုံးသော အာတဇေရာဇ်"

ငါ့နိုင်ငံ၌ရှိသော ဣသရေလအမျိုးသား၊ ယဇ် ပုရောဟိတ်၊ လေဝိသားတို့တွင်
ယေရုရှလင်မြို့သို့ ကိုယ် အလိုအလျောက်သွားချင်သော သူရှိသမျှတို့သည်
သင်နှင့် အတူ လိုက်သွားရမည်အကြောင်း ငါအမိန့်တော်ရှိ၏။
ထိုခေတ် ထိုအခါက ပြည်သားတို့သည် ရှင်ဘုရင်၏ ခွင့်ပြုချက်
အမိန့်ရမှသာ အခြေချနေထိုင်ခြင်းပြုရပါသည်။
အဆောက်အဦးဆောက်ရပါသည်။ ဖြိုချဖျက်ဆီးရပါသည်။

သင်နှင့် အတူ လိုက်သွားရမည်အကြောင်း
ဧဇရ နှင့်အတူ လိုက်သွားရမည်အကြောင်း

## Ezra 14

ဆက်စပ်မှု ဖော်ပြချက်
ဧဇရအား အာတဇေရဇ်မင်းကြီးပေးသော ထုတ်ပြန်ချက်များကို
ဆက်လက်၍ ဖော်ပြသည်။

ရှင်ဘုရင်နှင့် အတွင်းဝန်ခုနစ်ပါး
စာရေးသားသောသူသည် ရှင်ဘုရင်ကိုယ်တိုင် ဖြစ်ကြောင်း
သိစေချင်ကြောင်း ဖော်ပြခြင်း ဖြစ်သည်။

ယုဒပြည်ယေရုရှလင်မြို့၌ တရားအမှုများကို မေးမြန်းစစ်ဆေးစေခြင်းငှါ
အခြားသော ဘာသာပြန်ဆိုချက်၊ "ယုဒပြည် ယေရုရှလင်မြို့၌
ဘုရားသခင်၏ တရားတော်ကို လိုက်လျှောက်
ကျင့်ဆောင်ခြင်းရှိမရှိ စုံစမ်းမေးမြန်းရန်"

ရွှေငွေကို ဆောင် သွားစေခြင်းငှါ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ယေရုရှလင်သို့
ရွှေနှင့် ငွေကို ယူသွားရမည်။"

ကြည်ညိုသောစိတ်နှင့် ပူဇော်သောရွှေငွေ၊
အတင်းအကြပ် ပေးလှူခိုင်းသော အရာမဟုတ်ကြောင်း သိသာသည်။ သူတို့သည် ပေးချင်သောကြောင့် ပေးကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ ရက်ရောစွာ ပေးကမ်းသော ရွှေနှင့် ငွေတို့"

ဘုရားအိမ်တော်အဘို့ အလိုလိုလှူ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့နှင့် ယဇ်ပုရောဟိတ်တို့ ရက်ရောစွာ ပေးကမ်းသော အရာများ"

Ezra 17

ဆက်စပ်မှု ဖော်ပြချက်
ဧဇရအား အာတဇေရဇ်မင်းကြီးပေးသော ထုတ်ပြန်ချက်များကို ဆက်လက်၍ ဖော်ပြသည်။

ထိုငွေကိုယူပြီးလျှင် ပူဇော်သက္ကာတို့ကို အလျင်အမြန်ဝယ်၍၊
အခြားသော ဘာသာပြန်ဆိုချက်၊ "ပူဇော်ရာ၌ လိုအပ်မည့် နွား၊ သိုး၊ ဆိတ်၊ အသီးအနှံများနှင့် သောက်စရာတို့ကို ဝယ်လော့"၊

သင်နှင့်သင့်ညီ အစ်ကိုတို့ ပြုချင်သမျှအတိုင်း၊
ဧဇရနှင့်အတူ လုပ်ကိုင်ကြသော သူအားလုံးကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့် လုပ်ဖော်ဆောင်ဖက်များ" သို့မဟုတ် "သင့် အပေါင်းအဖော်များ"

Ezra 19

ဆက်စပ်မှု ဖော်ပြချက်
ဧဇရအား အာတဇေရဇ်မင်းကြီးပေးသော ထုတ်ပြန်ချက်များကို ဆက်လက်၍ ဖော်ပြသည်။

သင်၌ အပ်ပေးသော တန်ဆာများ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၌ အဖိုးအခမယူဘဲ အပ်ပေးသော တန်ဆာများ"

ဘုရားသခင့်ရှေ့တော်တွင် သိုထားလော့၊
အိမ်တော်ဝတ်ပြုစရာဘို့ သင်၌ အပ်ပေးသော တန်ဆာများကို ယေရုရှလင်မြို့၏ ဘုရားသခင့်ရှေ့တော်တွင် သိုထားလော့။

သင်၏ဘုရားသခင့် အိမ်တော်အဘို့
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အိမ်တော်၌ အသုံးပြုရန်" သို့မဟုတ် "ဘုရားသခင်၏ အိမ်တော် အမှု၌ အသုံးပြုရန်"

ဘဏ္ဍာတော်ထဲက
လုံခြုံစွာ သိမ်းထားသော ဘဏ္ဍာတော် တိုက်။

Ezra 21

ဆက်စပ်မှု ဖော်ပြချက်
ဧဇရအား အာတဇေရဇ်မင်းကြီးပေးသော ထုတ်ပြန်ချက်များကို ဆက်လက်၍ ဖော်ပြသည်။

မြစ်နောက်ဘက်ရှိဒေသ
ယူဖရိတ်မြစ်၏ အနောက်ဘက်ရှိ နယ်မြေအမည် ဖြစ်သည်။ ရှုရှနက်မြို့ တစ်ဘက်ကမ်းကို ဆိုလိုသည်။

ဧဇရတောင်းသမျှ အတိုင်း၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "သင့်ကို ယဇ်ပုရောဟိတ် ဧဇရတောင်းသမျှ အတိုင်း အလုံးစုံ အပြည့်အဝ ပေးရန်"

ငွေအခွက်တစ်ထောင်၊
ငွေ မက်ထရိတ်တန်ချိန် ၃တန်ခွဲ

ဂျုံဆန် ကောရ တရာ၊
ဂျုံဆန် ၂၂၀၀၀ လီတာ

ဆီဗတ် တရာ
ဆီ ၂၂၀၀၀ လီတာ

အိမ်တော်
ဘုရားသခင်၏ ဗိမာန်တော်

ရှင်ဘုရင်နှင့် ဆွေတော်မျိုးတော်အပေါ်သို့ အဘယ်ကြောင့် အမျက် တော် သက်ရောက်ရမည်နည်း။
ရှင်ဘုရင်သည် ဘုရားသခင်၏ အမျက်တော်ကို မထွက်စေချင်ကြောင်း ပြောသောစကားဖြစ်သည်။ အကြောင်းမှာ ဧဇရ လိုအပ်သော ပစ္စည်းများကို မထောက်ပံ့ခဲ့ပါက ဘုရားသခင်သည် အပြစ်ပေးမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့တိုင်းပြည်နှင့် ငါ့မိသားစုတွင် ဘုရားသခင်၏ အမျက်တော်ကို မလိုလားသောကြောင့်" သို့မဟုတ် "ဤအရာများကို မလုပ်ခဲ့ပါက ဘုရားသခင်၏ အမျက်တော်သည် နိုင်ငံတော်နှင့် မိသားစုတွင် ကျရောက်မည်"။

ရှင်ဘုရင်နှင့် ဆွေတော်မျိုးတော်အပေါ်သို့ အဘယ်ကြောင့် အမျက် တော် သက်ရောက်ရမည်နည်း။
"အမျက်တော်" သည် ဘုရားသခင်၏ အပြစ်စီရင်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့တိုင်းပြည်နှင့် ငါ့မိသားစုကို ဘုရားသခင်သည် အဘယ်ကြောင့် အပြစ်ပေးမည်နည်း" သို့မဟုတ် "ဤအရာများကို မလုပ်ခဲ့ပါက ဘုရားသခင်သည် ငါတို့အား ပြစ်ဒဏ်ပေးမည်"။

Ezra 24

ဆက်စပ်မှုဖော်ပြချက်
ဧဇရအား အာတဇေရဇ်မင်းကြီးပေးသော ထုတ်ပြန်ချက်များကို ဆက်လက်၍ ဖော်ပြသည်။


generated on Sun Jun 30 02:37:40 2024

တစုံတယောက်၌ မျှငွေတော်ကို မခွဲစေနှင့်။ အခွန်တော်အကောက်တော်ကို
မခံမယူစေနှင့် ဟုငါမှာလိုက်၏။
"ငွေတော် သို့မဟုတ် အခွန်တော်တို့ကို အတင်းအကြပ်
မကောက်ရန် ညွှန်ကြားခြင်း ခံရသည်"

သီချင်းသည်၊
ဂီတတူရိယာကို တီးမှုတ်၊ တီးခတ်သူများ၊

Ezra 25

ဆက်စပ်မှု ဖော်ပြချက်
ဧဇရအား အာတဇေရဇ်မင်းကြီးပေးသော ထုတ်ပြန်ချက်များကို
ဆက်လက်၍ ဖော်ပြသည်။

မင်း များ၊ တရားသူကြီးများကို သင်၏ဘုရား သင့် ဉာဏ်နှင့်
သင်ပြည့်စုံသည်အတိုင်း ခန့်ထားလော့။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သင့်ကို
ပညာရှိစေသဖြင့် သင်သည် တရားသူကြီးနှင့်
ထက်မြက်သောလူတို့ကို လိမ္မာစွာ ရွေးချယ် ခန့်ထားလော့။"

အသေသတ်ခြင်း၊ နှင်ထုတ်ခြင်း၊ ဥစ္စာသိမ်းယူခြင်း၊ ထောင်ထဲမှာ
လှောင်ထားခြင်း၊
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကို အသေသတ်ခြင်း၊
ပြည်နှင်ခြင်း၊ သူတို့ ဥစ္စာများကို သိမ်းယူခြင်း၊
ထောင်သွင်းခြင်းတို့ဖြင့်" သို့မဟုတ် "သင်သည် သူတို့ကို
အသေသတ်၍၊ အဝေးသို့ ပို့ခြင်း၊ အပိုင်ပစ္စည်းများ သိမ်းခြင်း၊
အကျဉ်းချခြင်းများ ပြုနိုင်သည်။"

Ezra 27

ဆက်စပ်မှု ဖော်ပြချက်
ဧဇရသည် လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက်
အာတဇေရဇ်မင်းကြီးက အမိန့်ထုတ်ပြန်ပေးသောကြောင့်
ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းသည်။

ယေရုရှလင်မြို့၏ ဗိမာန်တော်ကို တင့်တယ် စေမည်အကြံကို
ရှင်ဘုရင်စိတ်နှလုံးထဲသို့ သွင်းပေးတော်မူထသော၊
ရှင်ဘုရင်၏ စိတ်နှလုံးထဲ၌ ဗိမာန်တော်ကို တင့်တယ်
စေမည့်အကြံ၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေခြင်းအလို့ငှါ
ဘုရားသခင်ပြုတော်မူသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ရှင်ဘုရင်အား ထာဝရဘုရား၏ အိမ်တော်အတွက်
တင့်တယ်သည့်အမှုကို ပြုစေသည်"။

ထာဝရဘုရား၏ အိမ်တော်
ထာဝရဘုရား၏ ဗိမာန်တော်ကို ရည်ညွှန်းသည်။

ငါ့ကို ခွန်အားပေးသည်။
ငါ့ကို ခွန်အားပေးသည် တချိန်တည်းမှာ ငါကိုအားတက်စေရန်
အားပေးအားမြှောက်ပြုသည်။

ငါ၏ဘုရားသခင် ထာဝရဘုရား ဘုန်းတော်ကြောင့်၊
ငါ၏ ဘုရားသခင် ထာဝရဘုရားက ငါ့ကို ကူညီမစသည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

Ezra 7:6

ဧဇရ ၏လုပ်ငန်းမှာ အဘယ်နည်း။
သူသည် ဘုရားပေးတော်မူသော မောရှေ၏ပညတ္တိကျမ်းစာ၌ လေ့ကျက်သောသူဖြစ်သည်။

Ezra 7:8

ဧဇရသည် ပဥ္စမလ ပထမနေ့တွင် ယေရုရှလင်မြို့သို့ အဘယ်ကြောင့်ရောက်ခဲ့သနည်း။
ပဥ္စမလတရက်နေ့တွင်၊ မိမိဘုရားသခင် တန်ခိုးကျေးဇူး တော်ကြောင့်၊ ယေရုရှလင်မြို့သို့ရောက်ခဲ့သည်။

Ezra 7:11

ဧဇရနှင့်အတူ ယေရုရှလင်မြို့သို့ သွားရန် မည်သူသည်အခွင့်ရခဲ့သနည်း။
အာတဇေရဇ်မင်းကြီး ပေးတော်မူသော အမိန့်တော်အတိုင်း၊ ဣသရေလအမျိုးသား၊ ယဇ်ပုရောဟိတ်၊ လေဝိသားတို့တွင် ယေရုရှလင်မြို့သို့ ကိုယ် အလိုအလျောက်သွားချင်သော သူရှိသမျှတို့သည် သူနှင့် အတူ လိုက်သွားခွင့် ရကြသည်။

Ezra 7:14

အဘယ်ကြောင့် ရှင်ဘုရင်နှင့် သူ၏အတွင်းဝန်တို့သည် ဣသရေလလူတို့ကို ဣသရေလနိုင်ငံသို့ ပြန်ပို့ကြသနည်း။
ဘုရားသခင်၏ပညတ်တော်ကို မိမိနားလည်သည့်အတိုင်း သူတို့ကို ယေရုရှလင်မြို့သို့ပြန်ပို့၍၊ ယေရုရှလင်မြို့ရှိ ဣသရေလလူတို့၏ဘုရားသခင်ထံ မိမိတို့အလိုအတိုင်း လှူခဲ့သော ရွှေငွေများကို မိမိတို့ထံသို့ပြန်လည်ယူဆောင်လာခဲ့သည်။

Ezra 7:19

ထာဝရဘုရားသခင်၏အိမ်တော်အဖို့ လိုအပ်သောအရာတို့ကို ယုဒလူတို့က မည်သည့်နေရာမှ ယူရမည်နည်း?
ဘုရားသခင့် အိမ်တော်အဘို့ လိုသေးသောအရာ၊ ဝယ်သင့်သမျှတို့ကို ဘဏ္ဍာတော်ထဲက ထုတ်ယူရမည်။

Ezra 7:21

အဘယ်ကြောင့် ဘဏ္ဍာထိန်းတို့သည် ကောင်းကင်ဘုံရှင် ဘုရားသခင်၏အမိန့်တော်မှလာသည့်ံအရာတိုင်းကို မိမိတို့အိမ်အဖို့ပင် တိုင်တည်၍ လုပ်သင့်သနည်း။
ဘုရားသခင်၏အမျက်တော်သည် ရှင်ဘုရင်နှင့် သူ့သားများ၏နိုင်ငံတော်ပေါ်တွင် မသက်ရောက်ဖို့ရန် ဘဏ္ဍာထိန်းတို့သည် ကောင်းကင်ဘုံရှင် ဘုရားသခင်၏အမိန့်တော်မှလာသည့်ံအရာတိုင်းကို မိမိတို့အိမ်အဖို့ပင် တိုင်တည်၍ လုပ်သင့်သည်။

Ezra 7:25

ထာဝရဘုရား၏စကားတော်နှင့် ရှင်ဘုရင်၏ အမိန့်တော်ကို နာမခံသောသူ ရှိသမျှကို ဧဇရက မည်ကဲ့သို့ အပြစ်ပေးနိုင်သနည်း။
ဘုရားသခင့်တရားနှင့် ရှင်ဘုရင်အမိန့် တော်ကို ငြင်းဆန်သောသူ မည်သည်ကား၊ အသေသတ် ခြင်း၊ နှင်ထုတ်ခြင်း၊ ဥစ္စာသိမ်းယူခြင်း၊ ထောင်ထဲမှာ လှောင်ထားခြင်းတည်းဟူသော ရာဇဝတ်တစုံတခုကို အလျင် အမြန်ခံစေဟု အမိန့်တော်၌ပါရှိသည်။

Ezra 7:27

ဧဇရသည် မည်ကဲ့သို့ အားပြည့်စေခြင်းခံရသနည်း။
သူ၏ဘုရားသခင် ထာဝရဘုရား၏လက်တော်သည် ဧဇရကို အားအင်ပေးသည်။

## Chapter 8

1 အာတဇေရဇ်မင်းကြီးလက်ထက်၌၊ ငါနှင့်အတူ ဗာဗုလုန်မြို့မှ ထွက်သွားသောသူ အဆွေအမျိုးသူကြီးတို့ ၏
သားစဉ်မြေးဆက်စာရင်းဟူမူကား။ 2 ဖိနဟတ်မျိုး ဂေရရှုံ၊ ဣသမာအမျိုး ဒံယေလ၊ ဒါဝိဒ်အမျိုး ဟတ္တုတ်၊ 3 ရှေခနိအမျိုး
ဖာရုတ်အနွယ်ထဲက ဇာခရိနှင့် စာရင်းဝင်သူ ယောကျ်ားပေါင်းတရာငါးကျိပ်။ 4 ပါဟတ်မောဘအမျိုး၊ ဇေရာယသားဧလျော့နဲ နှင့်
ယောကျ်ားပေါင်းနှစ်ရာ၊ 5 ရှေခနိအမျိုး ယဟာဇေလသားနှင့် ယောကျ်ား ပေါင်းသုံးရာ၊ 6 အာဒိန်အမျိုး ယောနသန်သား ဧဗက်နှင့်
ယောကျ်ားပေါင်းငါးကျိပ်၊ 7 ဧလံအမျိုး၊ အာသလိသား ယေရှာယနှင့် ယောကျ်ားပေါင်းခုနစ်ကျိပ် 8 ရှေဖတိအမျိုး မိက္ခေလသား
ဇေဗဒိနှင့် ယောကျ်ားပေါင်းရှစ်ကျိပ်၊ 9 ယွာဘအမျိုး ယေဟေလသား ဩဗဒိနှင့် ယောကျ်ားပေါင်းနှစ်ရာတကျိပ်ရှစ်ယောက်၊ 10
ရှေလောမိတ်အမျိုး၊ ယောသိဖိသားနှင့် ယောကျ်ားပေါင်းတရာခြောက်ကျိပ်၊ 11 ဗေဗဲအမျိုး၊ ဗေဗဲသားဇာခရိနှင့် ယောကျ်ား
ပေါင်းနှစ်ကျိပ် ရှစ်ယောက်၊ 12 အာဇဂဒ်အမျိုး၊ ဟက္ကတန်သား ယောဟနန်နှင့် ယောကျ်ားပေါင်းတရာတကျိပ်၊ 13
အဒေါနိကံအမျိုးသားတို့တွင်၊ နောက်ကျသော သူ၊ ဧလိဖလက်၊ ယေယေလ၊ ရှေမာယနှင့် ယောကျ်ား ပေါင်းခြောက်ကျိပ်၊ 14
ဗိဂဝဲအမျိုးသားဥသဲ၊ ဇဗ္ဗုဒ်နှင့် ယောကျ်ား ပေါင်းခုနစ်ကျိပ်တည်း။ 15 ထိုလူများတို့ကို အဟာဝမြို့သို့စီးသော မြစ်နား မှာ
ငါစုဝေးစေ၍၊ သုံးရက်ပတ်လုံးတဲ၌ နေကြ၏။ လူများ နှင့် ယဇ်ပုရောဟိတ်များတို့ကို ငါစစ်ဆေး၍၊ လေဝိသား တယောက်ကိုမျှ
မတွေ့သောအခါ၊ 16 လူကြီးဧလျေဇာ၊ အရေလ၊ ရှေမာယ၊ နာသန်၊ ဇာခရိ၊ မေရှုလံ၊ ပညာရှိယာရိပ်၊ ဧလနာသန်တို့ကို ခေါ်၍၊ 17
ကသိဖိမြို့သူကြီး ဣဒေါထံသို့ မှာစာနှင့် စေ လွှတ်လျက်၊ ဣဒေါနှင့် ကသိဖိမြို့မှာ နေသောသူ၏ ညီအစ်ကိုဘုရားကျွန်တို့သည်၊
ငါတို့ဘုရား သခင့် အိမ်တော်အမှုစောင့်များကို ပေးစေခြင်းငှါ၊ သူတို့အား အဘယ်သို့ ပြောဆိုရမည်ကို ငါမှာလိုက်၏။ 18 ထိုသူတို့သည်
ငါတို့၏ဘုရားသခင့်တန်ခိုး ကျေးဇူးတော်ကြောင့်၊ ဣသရေလသားလေဝိ၏သား မဟာလိအမျိုးသား၊ ပညာရှိတယောက်၊ ရှေရဘိနှင့်
သူ၏ပေါက်ဘော်တကျိပ်ရှစ်ယောက်၊ 19 ဟာရှဘိနှင့် မေရာရိအမျိုး ယေရှာယနှင့်သူ၏ ပေါက်ဘော်နှစ်ကျိပ်၊ 20
လေဝိသားအမှုကိုဆောင်ရွက်စေခြင်းငှါ၊ ဒါဝိဒ် နှင့်မှူးတော်မတ် တော်ခန့်ထားသော ဘုရားကျွန်များ၊ စာရင်းဝင်သည်အတိုင်း၊
နှစ်ရာနှစ်ကျိပ်တို့ကို ခေါ်ခဲ့ ကြ၏။ 21 ထိုအခါ ဥစ္စာများမှစ၍ သူငယ်များနှင့်တကွ၊ ငါတို့သွားစရာ မှန်သောလမ်းကို
ဘုရားသခင်၌ရှာ၍၊ ရှေ့တော်မှာခြိုးခြံစွာ ကျင့်ခြင်းငှါ၊ အဟာဝမြစ်နားတွင်၊ အစာရှောင်ရာအချိန်ကို ငါကြော်ငြာ၏။ 22
အကြောင်းမူကား၊ ကျွန်တော်တို့ ဘုရားသခင် ကို ရှာသောသူအပေါင်းတို့သည်၊ တန်ခိုးကျေးဇူးတော်ကို ခံရကြလိမ့်မည်။ ကိုယ်တော်ကို
စွန့်သောသူအပေါင်း တို့ကို၊ တန်ခိုးတော်ဆီးတား၍ အမျက်တော်သက်ရောက် လိမ့်မည်ဟု ငါတို့သည်ရှင်ဘုရင်အား
လျှောက်ထားသော ကြောင့်၊ လမ်းတွင် ရန်သူလက်နှင့်လွတ်စေခြင်းငှါ၊ လိုက်ပို့ ရသောစစ်သူရဲ၊ မြင်းစီးသူရဲ၊ တတပ်ကိုရှင်ဘုရင်၌
မတောင်းဝံ့၊ ရှက်ကြ၏။ 23 ထိုအမှုကြောင့်၊ ငါတို့သည်အစာရှောင်၍၊ ငါတို့ ဘုရားသခင်ကို ဆုတောင်းလျက်နေကြ၏။ ဘုရားသခင်
လည်း နားထောင်တော်မူ၏။ 24 ထိုအခါ ယဇ်ပုရောဟိတ်အကြီး တကျိပ်နှစ်ပါး၊ ရှေရဘိ၊ ဟာရှဘိနှင့် သူတို့ညီအစ်ကို တကျိပ်ကို
ငါရွေး ထားပြီးလျှင်၊ 25 ရှင်ဘုရင်မှစ၍ အတွင်းဝန်၊ မှူးတော်မတ်တော်၊ စည်းဝေးသော ဣသရေလအမျိုးသားအပေါင်းတို့သည်၊
ငါတို့၏ဘုရားသခင့် အိမ်တော်အဘို့ လှူသောပူဇော် သက္ကာ၊ ရွှေ၊ ငွေ၊ တန်ဆာတည်းဟူသော၊ 26 ငွေအခွက်ခြောက်ထောင်ငါးပိသာ၊
ငွေတန်ဆာအခွက်တတေထောင်၊ ရွှေအခွက်တထောင်။ 27 ရွှေဒင်္ဂါးတထောင်အချိန်ရှိသော ရွှေအင်တုံ နှစ်ဆယ်၊ ရွှေနှင့်အမျှမြတ်သော
ရွှေကြေးဝါစစ် ဖလား နှစ်လုံးတို့ကို ငါချိန်၍အပ်လျက်၊ 28 သင်တို့သည် ထာဝရဘုရားအဘို့ သန့်ရှင်း ကြ၏။
ဤတန်ဆာတို့သည်လည်း သန့်ရှင်းသောတန်ဆာ ဖြစ်ကြ၏။ ဤငွေနှင့် ဤရွှေသည်လည်း၊ ဘိုးဘေးတို့၏ ဘုရားသခင်
ထာဝရဘုရားအား ကြည်ညိုသော စိတ်နှင့် လှူသောရွှေငွေဖြစ်၏။ 29 ယေရုရှလင်မြို့၊ ထာဝရဘုရား၏အိမ်တော် အခန်းတို့တွင်
ယဇ်ပုရောဟိတ်အကြီး၊ လေဝိသား၊ ဣသ ရေလအဆွေအမျိုး သူကြီးတို့ရှေ့မှာ မချိန်မီတိုင်အောင် ကြည့်ရှုစောင့်ရှောက်ကြလော့ဟု
မှာထား၏။ 30 ထိုအချိန်သော ရွှေ၊ ငွေတန်ဆာတို့ကို ယေရု ရှလင်မြို့။ ငါတို့ 31 ပဌမလတဆယ်နှစ်ရက်နေ့တွင်၊ ငါတို့သည်
အဟာငမြစ်မှ ထွက်၍၊ ယေရုရှလင်မြို့သို့ ခရီးသွားကြ၏။ လမ်းနား၌ ချောင်း၍နေသော ရန်သူလက်မှ၊ ငါတို့၏ ဘုရားသခင့်
တန်ခိုးတော်ကြောင့် လွတ်လျက်၊ 32 ယေရုရှလင်မြို့သို့ ရောက်၍ သုံးရက်နေကြ၏။ 33 စတုတ္ထနေ့တွင် ငါတို့ ဘုရားသခင်၏
အိမ်တော်၌၊ ဖိနဟတ်သားဧလာဇာနှင့် လေဝိအမျိုးယောရှုသား ယောဇ ဗဒ်၊ ဗိန္နွိသားနောဒိတို့သည် ဝိုင်း၍ကြည့်ရှုလျက်၊ 34 ဥရိသား
ယဇ်ပုရောဟိတ် မေရမုတ်သည် ထိုရွှေငွေတန်ဆာရှိသမျှတို့ကို ရေတွက်ချိန်တွယ်၍ တနေ့ခြင်း တွင် အချိန်ပေါင်းကို မှတ်သားလေ၏။
35 သိမ်းသွားခြင်းကိုခံရသော လူစုထဲက ထွက်လာ သော သူတို့သည်လည်း၊ ဣသရေလအမျိုးများတို့အဘို့ နွားတဆယ်နှစ်ကောင်၊
သိုးထီးကိုးဆယ်ခြောက်ကောင်၊ သိုးသငယ်ခုနစ်ဆယ်ခုနစ်ကောင်၊ အပြစ်ဖြေရာယဇ်ဘို့ ဆိတ် တဆယ်နှစ်ကောင်တို့ကို၊
ဣသရေလအမျိုး၏ ဘုရား သခင်ထာဝရဘုရားအား မီးရှို့ရာယဇ်ကို ပူဇော်ကြ၏။ 36 ရှင်ဘုရင် အမိန့်တော်အမှာတော်တို့ကို ကိုယ်စား
တော်မင်း၊ မြစ်အနောက်ဘက် မြို့ဝန်တို့၌အပ်၍၊ သူတို့ သည် ဣသရေလအမျိုးနှင့် ဘုရားသခင့် အိမ်တော်ကို ပြုစုကြ၏။
ဘုရားသခင်အိမ်တော်သို့ ပို့တောင်ခြင်းငှါ ယဇ်ပုရောဟိတ်နှင့်လေဝိသားတို့သည် ခံယူကြ၏။


generated on Sun Jun 30 02:37:40 2024

Ezra 01

ယေဘုယျ အချက်အလက်
ကျမ်းပြုဆရာ၏ ပေါ်လွင်သော ရေးသားပြောဆိုချက်ကို ဤစာမျက်နှာတို့တွင်တွေ့ရသည်။ အခန်းကြီး (၁-၇) သည် အခြားကျမ်းပြုဆရာက ဧဇရ အကြောင်းကို ရေးသားထားသည်။ အခန်းကြီး (၈)ကို ရေးသားသူ ကျမ်းပြုဆရာက ဧဇရကိုယ်တိုင်ဖြစ်သည်ကို ဖော်ပြနေပါသည်။

ယေဘုယျ အချက်အလက်
အပိုဒ်ငယ်

ဖိနဟတ်မျိုး ဂေရရှုံ၊
ဖိနဟတ်မျိုး ဂေရရှုံ၊ သည် အမျိုးစာရင်းတွင် ပထမဦးဆုံးဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖိနဟတ်မျိုးအမျိုးမှ ဆင်းသက်လာသောအမျိုးသည် ဂေရရှုံဖြစ်သည်။"

ဣသမာအမျိုး ဒံယေလ၊
အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသမာ အမျိုးမှ ဆင်းသက်လာသောအမျိုးသည် ဒံယေလ ဖြစ်သည်" သို့မဟုတ် "ဒံယေလသည် ဣသမာအမျိုး၏ ခေါင်းဆောင် ဖြစ်သည်"။

ပါရုတ်
၂:၃ တွင် ဘာသာပြန်ဆိုမှုကို ကြည့်ရန်။

ဒါဝိဒ်အမျိုး ဟတ္တုတ်၊ ရှေခနိအမျိုး ဖာရုတ်အနွယ်ထဲက ဇာခရိ
အခြားသော ဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်အမျိုးမှ ဆင်းသက်လာသောအမျိုးများသည် ဖာရုတ်အနွယ်ဖြစ်သည့် ဟတ္တုတ်နှင့် ဇာခရိဖြစ်သည်။" သို့မဟုတ် "ဒါဝိဒ်အမျိုးမှ ဆင်းသက်လာသောအမျိုးများသည် ဟတ္တုတ်နှင့် ဇာခရိဖြစ်သည်။ ဟတ္တုတ် သည် ဖာရုတ်အမျိုးအနွယ်ထဲမှ ဆင်းသက်လာပါသည်။"

နှင့် စာရင်းဝင်သူ ယောကျ်ားပေါင်းတရာငါးကျိပ်။
ဇာခရိ မှ ဆင်းသက်လာသော အမျိုးအနွယ် ပေါင်းသည် ယောကျ်ားပေါင်းတရာငါးကျိပ် (၁၅၀)ဖြစ်သည်ဟု အမျိုးအနွယ်စာရင်းတွင် ထည့်သွင်းထားပါသည်။

Ezra 04

ယေဘုယျ အချက်အလက်
အမျိုးအနွယ်စာရင်း ဆက်လက်ဖော်ပြသည်။

ပါဟတ်မောဘအမျိုး၊ ဇေရာယ သား ဧလျောနဲ
ခြိမ်းချောက်သော ပရောဖက်တို့ကိုငှင်း မှတ်တော်မူပါ။ 15 အရက် ငါးဆယ်နှစ်ရက်ကြာမှ ဧလုလလ နှစ်ဆယ်ငါးရက်နေ့တွင် မြို့ရိုးကို
လက်စသတ်ကြ၏။ 16 ထိုသိတင်းကို ရန်သူတို့သည်ကြား၍၊ ပတ်လည် ဝန်းကျင်၌နေသော တပါးအမျိုးသားအပေါင်းတို့သည်
မြို့ရိုးကို မြင်သောအခါ၊ ရှက်ကြောက်ခြင်းသို့ ရောက်ကြ ၏။ အကြောင်းမူကား၊ ထိုအမှုသည် ငါတို့၏ ဘုရားသခင့်
အခွင့်နှင့်ပြီးကြောင်းကို ရိပ်မိကြ၏။ 17 ထိုကာလတွင်၊ ယုဒမှူးမတ်တို့သည် များစွာ သော မေတ္တာစာကို တောဘိထံသို့ ပေးလိုက်၍၊
တောဘိ ပြန်ပေးသော စာအများကိုလည်း ရကြ၏။ 18 တောဘိသည် အာရာသားရှေကနိ၏ သမက် ဖြစ်သောကြောင့်ငှင်း၊ သူ၏သား
ယောဟနန်သည် ဗေရ ခိသား မေရှုလံသမီးနှင့် စုံဘက်သောကြောင့်ငှင်း၊ ယုဒလူ အများတို့သည် တောဘိထံ၌ သစ္စာကိုခံကြပြီ။ 19
သူတို့သည် တောဘိပြုသောအမှုကောင်းတို့ကို ငါ့အား ပြန်ပြောကြ၏။ ငါ့စကားကိုလည်း သူ့အား ပြန်ပြောကြ၏။ သူသည်လည်း
ငါကြောက်စေခြင်းငှါ စာပေးလိုက်လေ၏။

---

Nehemiah 01

ထိုအခါ မြို့တံခါးတို့ကို မထူထောင်သေးသော် လည်း၊ မြို့ရိုးတည်၍ လုံကြောင်းကို

နေဟေမိသည် မြို့ရိုးတည်ဆောက်ခြင်းတွင် ကြီးကြပ်ခဲ့သည်။ သူကိုယ်တိုင် တည်ဆောက်ခဲ့ခြင်း မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအခါ မြို့တံခါးတို့ကို မထူထောင်သေးသော် လည်း၊ မြို့ရိုးတည်၍ လုံကြောင်းကို" ဟုဆိုလိုသည်။

သမ္ဘာလတ် --- တောဘိ --- ဂေရှင်

ဤသူတို့သည် အမျိုးသားများ၏ အမည်များဖြစ်ကြသည်။ (၂:၉) တွင် ဘာသာပြန်ထားသည်။

ထိုအခါ မြို့တံခါးတို့ကို

ဤအရာသည် မြို့ရိုးတံခါးများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရိုးတံခါးတို့ကို မတူထောင်သေးသောကြောင့် ပွင့်နေသေးသော်လည်း" သို့မဟုတ် "မြို့ရိုးတံခါးတို့၏ အပေါက်များ"

ဩနော

နေရာဒေသတစ်ခု၏ အမည်ဖြစ်သည်။

ငါ့ကို မှာလိုက်ကြ၏

ဤအရာက သူတို့သည် အမှာစာ ပေးပို့ရန်သတင်းပေးပို့သူတစ်ဦးကို စေလွှတ်ခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါထံသို့ သတင်းပေးပို့သူ တစ်ဦးကိုစေလွှတ်ခဲ့သည်။"



generated on Sun Jun 30 02:37:40 2024

Nehemiah 03

ငါသည်ကြီးသောအမှုကို ဆောင် ရွက်ရသောကြောင့်
နေဟေမိသည် မြို့ရိုးတည်ဆောက်ခြင်းတွင် ကြီးကြပ်သူဖြစ်ခဲ့သည်။ သူကိုယ်တိုင် တည်ဆောက်ခြင်းမဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ကြီးသော အမှုတစ်ခုကို ကြီးကြပ်ရသည်။"

ထိုအမှုကို မဆောင် ရွက်ဘဲ သင်တို့ရှိရာသို့ ဆင်းသွား၍၊ အဘယ်ကြောင့် အမှုပြတ်ရမည်နည်း
ဤအရာသည် စကားဟောနည်းအတတ်နှင့်ဆိုင်သော မေးခွန်းသည် သမ္ဘာလတ်၏ တောင်းဆိုမှုကို စိန်ခေါ်သော မေးခွန်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လုပ်ဆောင်လျက်ရှိသော အလုပ်ကို ရပ်တန့်ပြီး သင်တို့ရှိရာသို့ မဆင်းလာနိုင်ပါ။"

သင်တို့ရှိရာသို့ ဆင်းသွား၍
"ဆင်းသွား၍" ဟူသောစကားကို ဤနေရာတွင်အသုံးပြုထားသည်။ အဘယ်ကြောင့်ဆိုသော် နေဟေမိအား သူတို့တောင်းဆိုသော ဩနောချိုင့်ဝှမ်းသည် ယေရုရှလင်ထက်နိမ့်သော လွင်ပြင်ဒေသတွင် တည်ရှိသောကြောင့်ဖြစ်သည်။

Nehemiah 05

နောက်ပဉ္စမအကြိမ်၌ သမ္ဘာလတ်သည် ယခင် ကဲ့သို့ မိမိကျွန်ကို စေလွှတ်၍၊
"သမ္ဘာလတ်သည် ယခင်ကကဲ့သို့ မိမိထံသို့ သူ၏ကျွန်ကို ငါးကြိမ်မြောက်စေလွှတ်ခဲ့သည်။" ဤတကြိမ်ပေးပို့သောစာကို ခွဲခြားဖော်ပြထားခြင်းမှာ ယခင်လေးကြိမ်ပေးပို့ခဲ့ဖူးသော စာနှင့် ကွဲပြားခြားနားသောကြောင့် ဖြစ်သည်။

ပဉ္စမအကြိမ်
"ငါးကြိမ်မြောက်"

တံဆိပ်မခတ် သောစာ
ဤစာသည် နိုင်ငံ အချင်းချင်းဆက်သွယ်ရာတွင် တံဆိပ်မခတ်ထားသောစာဖြစ်သည်။ ဤစာသည် လက်ခံသောသူကို စော်ကားမော်ကားပြုသော စာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာပို့သူသည် ထိုစာကို ဖတ်ပြီး ဒေသတွင် နေထိုင်ကြသောသူများကို ပျံ့နှံ့စေရန် ဖြန့်ဝေစေနိုင်သောကြောင့်ဖြစ်သည်။

စာပါ၏
ဤအရာသည် စာပို့သူတွင် စာရှိသော်လည်း တချိန်လုံး သူ၏ လက်ထဲတွင် ယူဆောင်ထားရန် မလိုအပ်ပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ပိုင်ဆိုင်မှုတွင်"

အကြံရှိသည်ဟု လူအမျိုးမျိုး ပြောဆိုကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ "ထိုဒေသတွင် ထွက်ပေါ်နေသော ကောလဟာလ သတင်းသာဖြစ်သည်။"

ပုန်ကန်မည်အကြံရှိသည်ဟု
ဤစာကြောင်းသည် သူတို့သည် ယုဒလူမျိုးများကို လတ်တလော ဖိနှိပ်လျက်ရှိသော ပါရှားဘုရင် အာတဇေရဇ်ကို တော်လှန်ပုန်ကန်ရန် အစီအစဉ်ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာတဇေရဇ်ကို တော်လှန်ပုန်ကန်ရန် အစီအစဉ်"

Nehemiah 07

ရှင်ဘုရင်အားကြားလျှောက်ရမည်
"ဘုရင် အာတဇေရဇ်သည် ကြားလိမ့်မည်"

သို့ဖြစ်၍ လာပါ
"ထို့ကြောင့် လာ၍ ငါတို့နှင့်တွေ့ဆုံကြ ကုန်အံ့"

Nehemiah 08

ငါကလည်း ကိုယ်စိတ်ထဲမှာ အချည်းနှီးထင်တတ်သည်ချည်းဟု စေလွှတ်၍
"ငါ" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။

သင်ပြောသောစကားတခွန်းမျှ မမှန်
"သင်ပြောဆိုသော စကားတစ်ခွန်းမျှ မှန်ကန်ခြင်း မရှိပါ။"

ကိုယ်စိတ်ထဲ မှာ အချည်းနှီးထင်တတ်သည်ချည်းဟု
"ကိုယ်စိတ်" ဟူသောစကားလုံးသည် "စိတ်" ကို ရည်ညွှန်းသည်။ ထိုအရာသည် လူတစ်ဦး၏ အလိုဆန္ဒနှင့် အတွေးကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စိတ်နှလုံးတွင် ကြံစည်တတ်သည်" သို့မဟုတ် "သင်၏ စိတ်နှလုံးတွင် စိတ်ကူးကြံစည် တတ်ကြသည်။"

သူတို့က ငါတို့ကို ခြိမ်းချောက်ကြ၏
"သူတို့က" ဟူသောစကားလုံးသည် နေဟေမိ၏ ရန်သူဖြစ်သော သမ္ဘာလတ်၊ တောဘိ၊ ဂေရှန် နှင့် သူတို့၏ နောက်လိုက်များကို ရည်ညွှန်းသည်။ "ငါတို့ကို" ဟူသောစကားလုံးသည် ယုဒလူမျိုးများကို ရည်ညွှန်းသည်။

ထိုအလုပ်ကို လက်စမသတ်နိုင်အောင် သူတို့သည် အားလျော့ကြ လိမ့်မည်
ဤအရာသည် ဖော်ပြချက်စကားစုဖြစ်ပြီး၊ သူတို့သည် မြို့ရိုးတည်ဆောက်ခြင်းကို ရပ်တန့်ကြလိမ့်မည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရိုးကို တည်ဆောက်သောသူများသည် သူတို့လုပ်ဆောင်လျက်ရှိသောအလုပ်ကို ရပ်တန့်လိမ့်မည်။"

ထိုစကားကြောင့် ငါသာ၍အားရှိ၏
ဤနေရာတွင် နေဟေမိသည် ဘုရားသခင်အား သူ၏ "လက်များ" ကို အားဖြည့်ပေးပါရန် တောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့ကို အားရှိစေပါ" သို့မဟုတ် "အကျွန်ုပ်တို့ကို သတိပေးပါ။"

Nehemiah 10

ရှေမာယ --- ဒေလာ ယ --- မဟေတဗေလ
ဤသူတို့သည် အမျိုးသားများ၏ အမည်ဖြစ်သည်။

ပုန်းရှောင်လျက်နေသော အိမ်သို့ ငါသွားလျှင်
စာရေးသူသည် သူ့ကို အိမ်၌ ပုန်းရှောင်နေသည်ဟု ဆင်ခြင်မပေးလိုပါ။ ထို့ကြောင့် သူသည် အိမ်၌နေ၍ ပုံမှန်လုပ်နေကြအလုပ်ကို လုပ်နေခြင်းဖြစ်သည်ဟု ပြောခြင်းသည် အကောင်းဆုံးဖြစ်မည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်၌နေရန် အခွင့်ပေးနိုင်သော အာဏာရှိသူသည် မည်သူဖြစ်သနည်း။"

ငါကဲ့သို့သောသူသည် ပြေးရ မည်လော။ ငါနှင့်တူသောသူသည် အသက်ချမ်းသာခြင်း ငှါ ဗိမာန်တော်ထဲသို့ ဝင်ရမည်လော။ ငါမဝင်ဟု ပြန်ပြော၏။
နေဟေမိသည် စကားဟောပြောအတတ်နှင့်ဆိုင်သောမေးခွန်းကို မေးရခြင်းသည် ရှေမာယပေးသော အကြံအတိုင်း သူလုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်းကို ဦးစားပေးဖော်ပြလိုသောကြောင့်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါကဲ့သို့သော လူသည် အဝေးသို့ပြေးလိမ့်မည်မဟုတ်။ ငါကဲ့သို့သောသူသည် ဗိမာန်တော်ထဲသို့ ဝင်၍ အသက်ရှင်ဖို့ရန် ပုန်းရှောင်နေမည်မဟုတ်ပါ။"

Nehemiah 12

ထိုသို့ ငါ့တဘက်၌ ဟောပြောသည်ကို ငါရိပ်မိ၏။
"အဘယ်ကြောင့်ဆိုသော် သူသည် ဟောပြောခဲ့သည်။

ပြစ်မှားစေခြင်းငှါ
ဗိမာန်တော်ကို ပုန်းရှောင်ရာနေရာအဖြစ် အသုံးပြုခြင်းသည် အပြစ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗိမာန်တော်အား အလွဲသုံးစားပြုခြင်း"

နောဒိ
မိန်းမတစ်ဦး၏ အမည်ဖြစ်သည်။

မှတ်တော်မူပါ
ဤအရာသည် ဒေသသုံးစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သတိရပါ" ဟုဆိုလိုသည်။

Nehemiah 15

ငါးဆယ်နှစ်ရက်ကြာမှ
"ငါးဆယ်နှစ်ရက်ကြာ"

ဧလုလလ နှစ်ဆယ်ငါးရက်နေ့တွင်
ဧလုလလ၏ နှစ်ဆယ်ငါးရက်နေ့ - "ဧလုလလ၏ နှစ်ဆယ်ငါးရက်မြောက်နေ့။" "ဧလုလ" သည် ဟေဗြဲပြက္ခဒိန်တွင် ခြောက်လမြောက်သော ဖြစ်သည်။

မြို့ရိုးကို လက်စသတ်ကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် မြို့ရိုးကို အပြီးတည်ဆောက်ကြသည်။"

အမျိုးသားအပေါင်းတို့သည် ရှက်ကြောက်ခြင်းသို့ ရောက်ကြ ၏
"သူတို့သည် အသုံးမကျကြောင်းကို သူတို့ကိုယ်တိုင်သိသွားကြသည်" သို့မဟုတ် "သူတို့သည် သူတို့၏ ယုံကြည်မှု ပျောက်ဆုံးသွားကြသည်။"

ထိုအမှုသည် ငါတို့၏ ဘုရားသခင့် အခွင့်နှင့်ပြီးကြောင်းကို ရိပ်မိကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ ကူညီမစခြင်းကြောင့် ဤလုပ်ငန်းသည် ပြီးစီးခြင်းအခွင့်ကို ရသည်။"

Nehemiah 17

တောဘိ

. . . ထံသို့ ပေးလိုက်၍
တောဘိထံ ဆက်သားများဖြင့် စာကို ပို့ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ ". . . ထံသို့ ဆက်သားဖြင့် ပို့၍"

တောဘိ ပြန်ပေးသော စာအများကိုလည်း ရကြ၏
ဤနေရာတွင် တောဘိဟု ဆိုရာတွင် စာပို့လုလင်များ ပေးသောစာကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တောဘိသည် ပြန်စာကို ရေးလိုက်သည်" သို့မဟုတ် "တောဘိသည် လုလင်များကို ပေးစာ ပို့လိုက်သည်"

ရှေကနိ၏ သမက်
ရှေကနိ၏ သမီးနှင့် လက်ထပ်ကြောင်း ဆိုလိုသည်။ ၃:၂၈ ရှိ "ရှေကနိ" ပြန်ဆိုချက်ကို ရှု။

တောဘိထံ၌ သစ္စာကိုခံကြပြီ
အခြားသော ဘာသာပြန်ဆိုချက်၊ "တောဘိထံ သစ္စာဆိုခဲ့ကြပြီ" သို့မဟုတ် "တောဘိထံ၌ သစ္စာကတိပြုကြပြီ"

အာရာ . . . ယောဟနန်
ယောက်ျားများ၏ အမည်ဖြစ်သည်။

ဗေရခိ . . . မေရှုလံ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၃:၃ မှ ပြန်ဆိုချက်ကို ရှု။

သူတို့သည် တောဘိပြုသော အမှုကောင်းတို့ကို ငါ့အား ပြန်ပြောကြ၏။ ငါ့စကားကိုလည်း သူ့အား ပြန်ပြောကြ၏
"ယုဒ မင်းမျိုးတို့က တောဘိ၏ ကောင်းမှုတို့ကို ငါ့ထံ ပြောဆိုကြ၏။ ငါ့ဝေဖန်စကားကိုလည်း သူ့ထံ ကြားပြောကြ၏"

စာပေးလိုက်လေ၏
နေဟေမိထံ ဆက်သားမှ တဆင့် စာကိုပို့သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူလွှတ်၍ စာပို့လေ၏"

 generated on Sun Jun 30 02:37:40 2024

# Translation Questions

Nehemiah 6:1

သမ္ဘာလတ်၊ တောဘိ၊ ဂေရှင်တို့က ယေယမိကို ဩနောလွင်ပြင်တွင် တွေ့ဆုံဖို့မေးလျှောက်ကြရာတွင် သူတို့၏ ရည်ရွယ်ချက်က မည်သို့နည်း?
သမ္ဘာလတ်၊ တောဘိ၊ ဂေရှင်တို့သည် ယေယမိကို အန္တရာယ်ပြုဖို့ ရည်ရွယ်ကြသည်။

Nehemiah 6:3

နေဟမိသည် ရန်သူများ၏တောင်းလျှောက်ချက်ကို မည်သို့ တုန့်ပြန်ခဲ့သနည်း?
နေဟမိသည် တမန်ကိုလွှတ်၍ 'ငါသည်ကြီးမြတ်သောအမှုကိုပြုလုပ်၏၊ ငါမဆင်းလာနိုင်၊ အဘယ်ကြောင့် ငါသည်ဆင်းလာ၍ ဤအလုပ်ကို ရပ်ရမည်နည်း' ဟုပြောစေ၏။

Nehemiah 6:5

သမ္ဘာလတ်သည် သူ၏ငါးကြိမ်မြောက်သတင်းတွင် မည်သို့ပြောသနည်း?
နေဟမိနှင့်ယုဒလူများသည် ပုန်ကန်ရန်ပြင်ဆင်နေသည်ကို တိုင်းတပါးနိုင်ငံတို့သည် သတင်းပေး၍ ရှင်ဘုရင်သည် ထိုသတင်းများကို စင်စစ်ကြားတော်မူမည်ဟု ပြောသည်။

နေဟမိသည် သမ္ဘာလတ်၏သတင်းစကားကို မည်သို့တုန့်ပြန်ခဲ့သနည်း?
သမ္ဘာလတ်သည် ထိုသတင်းများကို မိမိစိတ်ထဲမှကြံစည်ထားပြီဟု နေဟမိ ပြောဆိုသည်။

Nehemiah 6:8

နေဟမိသည် သမ္ဘာလတ်၏သတင်းစကားကို မည်သို့တုန့်ပြန်ခဲ့သနည်း?
သမ္ဘာလတ်သည် ထိုသတင်းများကို မိမိစိတ်ထဲမှကြံစည်ထားပြီဟု ယေယမိ ပြောဆိုသည်။

သမ္ဘာလတ်နှင့် ယုဒလူများ၏ရန်သူများသည် အလုပ်ကိုရပ်တန့်ရန်နှင့် ယုဒလူများကိုကြောက်ရွံ့စေရန် ကြိုးစားကြသည်ကိုသိသောအခါ ယေယမိ မည်သို့လုပ်သနည်း?
ဘုရားသခင်သည် သူ့လက်ကိုခွန်အားရှိစေမည်အကြောင်း နေဟမိ ဆုတောင်းသည်။

Nehemiah 6:10

အဘယ်ကြောင့် နေဟမိသည် မဟေတဗေလသားဖြစ်သော ဒေလာယ၏သားရှေမာယကို ဗိမာန်တော်၌ တွေ့ဆုံဖို့ရန် ငြင်းခဲ့သနည်း?
မိမိကဲ့သို့သောလူသည် မိမအသက်အဖို့ မထွက်ပြေးသင့် ဟု ထင်မြင်သောကြောင့် နေဟမိ ငြင်းခဲ့ခြင်းဖြစ်သည်။

Nehemiah 6:12

နေဟမိသည် ဗိမန်တော်သို့သွားခဲ့ပါက မည်သို့ဖြစ်နိုင်သနည်း?
သူသွားခဲ့ပါက အပြစ်ရှိလိမ့်မည်၊ တောဘိ နှင့် သမ္ဘာလတ်တို့သည် သူ့ကိုအရှက်ခွဲဖို့ရန် နာမည်ဆိုးပေးကြလိမ့်မည်ဖြစ်သည်။

နေဟမိသည် ဒုတိယအကြိမ်တွင် မည်သို့ဆုတောင်းသနည်း?
သူ့ကိုကြောက်ရွံ့အောင်ပြုလုပ်နေကြသော တောဘိ၊ သမ္ဘာလတ်၊ ပုရောဖက်မနောဒိနှင့် ကျန်ပရောဖက်များကို အောက်မေ့ရန် ဆုတောင်းခဲ့သည်။

Nehemiah 6:15

အဘယ်ကြောင့် နေဟမိ၏ရန်သူများသည် မြို့ရိုးပြီးစီးသောအခါ ကြောက်ရွံ့၍ ပြန်လည်ကြည့်ညိုကြသနည်း?
အလုပ်သည် ယုဒလူများ၏ဘုရားသခင်ကူညီ၍ ပြီးစီးကြောင်းသူတို့သိသောအခါ ကြောက်ရွံ့လာကြသည်။

## Chapter 7

1 မြို့ရိုးကို လက်စသတ်သောအခါ၊ ငါသည် တံခါး တို့ကို ထူထောင်၍ တံခါးစောင့်၊ သီချင်းသည်၊ လေဝိသား တို့ကို ခန့်ထားပြီးမှ၊ 2
သစ္စာရှိ၍ ဘုရားသခင်ကို အထူးသဖြင့် ရိုသေ သော ရဲတိုက်မှူးဟာနနိနှင့် ငါ့ညီဟာနန်တို့၌ ယေရု ရှလင်မြို့ကို အပ်လျက်၊ 3
နေမထွက်မှီ ယေရုရှလင်မြို့တံခါးတို့ကို မဖွင့်စေ နှင့်။ တံခါးစောင့်ရှိစဉ်၊ တံခါးတို့ကို ပိတ်၍ ကန့်လန့်ကျင် ထိုးစေ။
မြို့သူမြို့သားတို့သည် အသီးအသီး မိမိတို့အရပ် မိမိတို့အိမ်တဘက်တချက်၌ ကင်းစောင့်စေဟု စီရင်၏။ 4 အကြောင်းမူကား၊
မြို့သည် ကျယ်ဝန်းသော် လည်း နေသောသူနည်း၍ အိမ်များတို့ကို မတည် မဆောက်ကြသေး 5 ထိုအခါမှူးမတ်၊ မင်းအရာရှိ၊
ဆင်းရဲသားတို့ကို အဆွေအမျိုးအလိုက် စာရင်းယူခြင်းငှါ စုဝေးစေမည် အကြံကို ငါ၏ဘုရားသခင်သည် ငါ့စိတ်နှလုံးထဲသို့
သွင်းပေးတော်မူ၏။ 6 တဖန်ငါတွေ့သောစာရင်းတည်းဟူသော၊ 7 ရှေ့ဦးစွာ ရောက်လာသောသူတို့၏ အဆွေ
အမျိုးစာရင်းချက်ဟူမူကား၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ် နေဇာသည် ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို ခံရသော လူစုထဲက ထွက်၍
ဇေရုဗဗေလ၊ ယောရှု၊ နေဟမိ၊ အာဇရိ၊ ရာမိ၊ နာဟမာနိ၊ မော်ဒကဲ၊ ဗိလရှန်၊ မိဇပေရက်၊ ဗိဂဝဲ၊ နေဟုံ၊ ဗာနာတို့နှင့်အတူ လိုက်လာ၍
ယေရုရှလင် မြို့အစရှိသော ယုဒပြည်၌ အသီးအသီးဆိုင်သော မြို့ရွာ သို့ရောက်သော နိုင်ငံတော်သား၊ ဣသရေလလူစာရင်း ဟူမူကား၊
8 ပါရုတ်အမျိုးသားနှစ်ထောင်တရာ ခုနစ်ဆယ် နှစ်ယောက်၊ 9 ရှေဖတိအမျိုးသားသုံးရာခုနစ်ဆယ်နှစ်ယောက်၊ 10 အာရာအမျိုးသား
ခြောက်ရာငါးဆယ်နှစ် ယောက်၊ 11 ပါဟတ်မောဘအမျိုး၊ ယောရှုနှင့် ယွာဘ အမျိုး သားနှစ်ထောင်ရှစ်ရာ တဆယ်ရှစ်ယောက်၊ 12
ဧလံအမျိုးသား တထောင်နှစ်ရာ ငါးဆယ်လေး ယောက်၊ 13 ဇတ္တုအမျိုးသားရှစ်ရာလေးဆယ်ငါးယောက်၊ 14 ဇက္ခဲအမျိုးသား
ခုနစ်ရာခြောက်ဆယ်၊ 15 ဗိန္နွိအမျိုးသား ခြောက်ရာလေးဆယ်ရှစ် ယောက်၊ 16 ဗေဗဲအမျိုးသား ခြောက်ရာနှစ်ဆယ်သုံးယောက်၊ 17
အာဇဂဒ်အမျိုးသား တထောင်သုံးရာနှစ်ဆယ် နှစ်ယောက်၊ 18 အဒေါနိကံအမျိုးသား ခြောက်ရာခြောက်ဆယ် ခုနစ်ယောက်၊ 19
ဗိဂဝဲအမျိုးသား နှစ်ထောင်ငါးဆယ်ခုနစ် ယောက်၊ 20 အာဒိန်အမျိုးသား ခြောက်ရာငါးဆယ်ငါး ယောက်၊ 21 ဟေဇကိနှင့်
အာတာအမျိုးသား ကိုးဆယ်ရှစ် ယောက်၊ 22 ဟာရှုံအမျိုးသား သုံးရာနှစ်ဆယ်ရှစ်ယောက်၊ 23 ဗေဇဲအမျိုးသား
သုံးရာနှစ်ဆယ်လေးယောက်၊ 24 ဟာရိပ်အမျိုးသား တရာတဆယ်နှစ်ယောက်၊ 25 ဂိဗောင်အမျိုးသား ကိုးဆယ်ငါးယောက်၊ 26
ဗက်လင်မြို့၊ နေတောဖမြို့သား တရာရှစ်ဆယ် ရှစ်ယောက်၊ 27 အာနသုတ်မြို့သား တရာနှစ်ဆယ်ရှစ်ယောက်၊ 28
ဗေသာဇမာဝက်မြို့သား လေးဆယ်နှစ်ယောက်၊ 29 ကိရယတ်ယာရိမ်မြို့၊ ခေဖိရမြို့၊ ဗေရုတ်မြို့သား ခုနစ်ရာလေးဆယ်သုံးယောက်၊
30 ရာမမြို့၊ ဂါဗမြို့သား ခြောက်ရာနှစ်ဆယ် တယောက်၊ 31 မိတ်မတ်မြို့သား တရာနှစ်ဆယ်နှစ်ယောက်၊ 32 ဗေသလမြို့၊
အာဣမြို့သားတရာနှစ်ဆယ်သုံး ယောက်၊ 33 အခြားသော နေဗောမြို့သား ငါးဆယ်နှစ် ယောက်၊ 34 အခြားသော ဧလံမြို့သား
တထောင်နှစ်ရာ ငါးဆယ် လေးယောက်၊ 35 ဟာရိမ်မြို့သား သုံးရာနှစ်ဆယ်၊ 36 ယေရိခေါမြို့သား သုံးရာလေးဆယ်ငါးယောက်၊ 37
လောဒမြို့၊ ဟာဒိဒ်မြို့၊ ဩနောမြို့သား ခုနစ်ရာ နှစ်ဆယ်တယောက်၊ 38 သေနာမြို့သား သုံးထောင်ကိုးရာ သုံးဆယ် တည်း။ 39
ယဇ်ပုရောဟိတ်စာရင်းဟူမူကား၊ ယောရှုအမျိုး ထဲက ယေဒါယအမျိုးသားကိုးရာ ခုနစ်ဆယ်သုံးယောက်၊ 40 ဣမေရအမျိုးသား
တထောင်ငါးဆယ်နှစ် ယောက်၊ 41 ပါရှုရအမျိုးသား တထောင်နှစ်ရာ လေးဆယ် ခုနစ်ယောက်၊ 42 ဟာရိမ်အမျိုးသားတထောင်
တဆယ်ခုနစ် ယောက်တည်း။ 43 လေဝိသားစာရင်းဟူမူကား၊ ဟောဒေဝအမျိုးထဲ က ယောရှုအမျိုးနှင့်
ကာဒမေလအမျိုးသားခုနစ်ဆယ် လေးယောက်၊ 44 သီချင်းသည်၊ အာသပ်အမျိုးသား တရာလေး ဆယ်ရှစ်ယောက်၊ 45 တံခါးစောင့်
ရှလ္လုံအမျိုးသား၊ အာတာအမျိုး သား၊ တာလမုန်အမျိုးသား၊ အက္ကုပ်အမျိုးသား၊ ဟတိတ အမျိုးသား၊ ရှောဗဲအမျိုးသားပေါင်း
တရာသုံးဆယ်ရှစ် ယောက်တည်း။ 46 ဘုရားကျွန်ခံသူ၊ ဇိဟအမျိုးသား၊ ဟသုဖအမျိုး သား၊ တဗ္ဗောက်အမျိုးသား၊ 47
ကေရုတ်အမျိုးသား၊ သယအမျိုးသား၊ ပါဒုန် အမျိုးသား၊ 48 လေဗနအမျိုးသား၊ ဟာဂဗအမျိုးသား၊ ရှာလမဲ အမျိုးသား၊ 49
ဟာနန်အမျိုးသား၊ ဂိဒ္ဒေလအမျိုးသား၊ ဂါဟာ အမျိုးသား၊ 50 ရာယအမျိုးသား၊ ရေဇိန်အမျိုးသား၊ နေကောဒ အမျိုးသား၊ 51
ဂဇ္ဇမ်အမျိုးသား၊ ဩဇအမျိုးသား၊ ပါသာ အမျိုးသား၊ 52 ဗေသဲအမျိုးသား၊ မုနိမ်အမျိုးသား၊ နေဖိရှေသိမ် အမျိုးသား၊ 53
ဗာကဗုတ်အမျိုးသား၊ ဟာကုဖအမျိုးသား၊ ဟာရဟုရအမျိုးသား၊ 54 ဗာဇလိတ်အမျိုးသား၊ မေဟိဒအမျိုးသား၊ ဟာရရှအမျိုးသား၊ 55
ဗာရကုတ်အမျိုးသား၊ သိသရအမျိုးသား၊ တာမ အမျိုးသား၊ 56 နေဇိအမျိုးသား၊ ဟတိဖအမျိုးသားတည်း။ 57 ရှောလမုန်၏
အစေခံကျွန်၊ သောတဲအမျိုးသား၊ သောဖရက်အမျိုးသား၊ ပေရိဒအမျိုးသား 58 ယာလအမျိုးသား၊ ဒါကုန်အမျိုးသား၊ ဂိဒ္ဒေလ
အမျိုးသား၊ 59 ရှေဖတိအမျိုးသား၊ ဟတ္တိလအမျိုးသား၊ ပေါခ ရက်အမျိုးသား၊ ဇေဗိမ်အမျိုးသား၊ အာမုန်အမျိုးသား တည်း။ 60
ဘုရားကျွန်နှင့် ရှောလမုန်၏ ကျွန်ပေါင်းကား၊ သုံးရာကိုးဆယ်နှစ်ယောက်တည်း။ 61 ထိုမှတပါး၊ ဣသရေလအမျိုးမှန်သည် မမှန်
သည်ကိုငှင်း၊ မိမိတို့အဆွေအမျိုးကိုငှင်း မပြနိုင်ဘဲ တေလမေလမြို့၊ တေလဟာရရှမြို့၊ ခေရုပ်မြို့၊ အဒ္ဒုန်မြို့၊ ဣမေရမြို့မှ
ထွက်သွားသော သူဟူမူကား၊ 62 ဒေလာယအမျိုးသား၊ ပေါင်းခြောက်ရာ လေးဆယ်နှစ်ယောက်တည်း။ 63 ယဇ်ပုရောဟိတ်အမျိုးထဲက
ဟဗာယ အမျိုး သား၊ ကောဇအမျိုးသား၊ ဂိလဒ်ပြည်သား၊ ဗာဇိလဲ သမီးတယောက်နှင့် စုံဘက်၍ ယောက္ခမအမည်ကို ရသော
ဗာဇိလဲအမျိုးသားတို့သည်၊ 64 စာရင်းဝင်သောလူစုတွင် မိမိတို့စာရင်းကိုရှာ၍ မတွေ့သောကြောင့်၊ အမျိုးမစစ်၊ ယဇ်ပုရောဟိတ်အရာ

 generated on Sun Jun 30 02:37:40 2024

ကို မခံရကြ။ [65] ဥရိမ်နှင့် သုမိမ်ပါသော ယဇ်ပုရောဟိတ်မပေါ်မီ တိုင်အောင် သူတို့သည် အလွန်သန့်ရှင်းသောအရာတို့ကို မစားရဟု
ပြည်အုပ်မင်းစီရင်၏။ [66] ပရိသတ်ပေါင်းကား၊ လေးသောင်းနှစ်ထောင် သုံးရာခြောက်ဆယ်တည်း။ [67] ထိုမှတပါး၊ ကျွန်ယောကျ်ား၊
ကျွန်မိန်းမပေါင်း ခုနစ်ထောင်သုံးရာသုံးဆယ်ခုနစ်ယောက်၊ သီချင်းသည် ယောကျ်ား မိန်းမပေါင်းနှစ်ရာ လေးဆယ်ငါးယောက်၊ [68]
မြင်းပေါင်းခုနစ်ရာသုံးဆယ်ခြောက်စီး၊ လား ပေါင်းနှစ်ရာ လေးဆယ်ငါးစီး၊ [69] ကုလားအုပ်ပေါင်း လေးရာသုံးဆယ်ငါးစီး၊ မြည်း
ပေါင်း ခြောက်ထောင်ခုနစ်ရာနှစ်ဆယ်တည်း။ [70] အဆွေအမျိုးသူကြီးအချို့တို့သည် အမှုတော်ကို ဆောင်ရွက်စရာ လှူကြ၏။
ပြည်အုပ်မင်းသည်လည်း ရွှေဒင်္ဂါးတထောင်၊ အင်တုံငါးဆယ်၊ ယဇ်ပုရောဟိတ် အဝတ်စုံ ငါးရာသုံးဆယ်ကို ဘဏ္ဍာတော်ထဲသို့
သွင်းလေ ၏။ [71] အဆွေအမျိုးသူကြီးသွင်းသော ရွှေငွေပေါင်းကား၊ ရွှေဒင်္ဂါးနှစ်သောင်း၊ ငွေအခွက်နှစ်သောင်းနှစ်ထောင် တည်း။ [72]
ကြွင်းသော သူတို့သည်လည်း ရွှေဒင်္ဂါးနှစ် သောင်း၊ ငွေအခွက်နှစ်သောင်း၊ ယဇ်ပုရောဟိတ် အဝတ်စုံခြောက်ဆယ်ခုနစ်စုံကို
သွင်းကြ၏။ [73] ထိုသို့ ယဇ်ပုရောဟိတ်၊ လေဝိသား၊ တံခါးစောင့်၊ သီချင်းသည်၊ သာမညလူအချို့၊ ဗိမာန်ကျွန်အစရှိသော
ဣသရေလပြည်သူပြည်သားအပေါင်းတို့သည်၊ မိမိတို့ နေရာ မြို့ရွာတို့၌ နေရာကျကြ၏။

---

Nehemiah 01

မြို့ရိုးကို လက်စသတ်သောအခါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြို့ရိုးကို ပြီးစီးသောအခါ"

ငါသည် တံခါးတို့ကို ထူထောင်၍
တဦးတည်းမဟုတ်ဘဲ အကူအညီ ယူခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့သည် တံခါးများကို တပ်ဆင်၍"

တံခါးစောင့်၊ သီချင်းသည်၊ လေဝိသား တို့ကို ခန့်ထားပြီးမှ
နေဟေမိ သို့မဟုတ် တစုံတဦး ခန့်ထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တံခါးစောင့်၊ သီချင်းသည်၊ လေဝိသား တို့ကို အသီးသီး ခန့်ထားပြီးမှ"

တံခါးစောင့်
မြို့ သို့မဟုတ် ဗိမာန်တွင် ဝင်ထွက်နိုင်ရန်၊ မြို့တံခါးများကို ဖွင့်၍ပိတ်ရန် လုပ်ပိုင်ခွင့် ရထားသောသူများ

သီချင်းသည်
ကိုးကွယ်မှု၊ ပွဲလမ်းသဘင်တို့၌ သီချင်း ဦးဆောင်၍ သက်ဆိုင်ရာနှင့်လိုက်ဖက်မည့် တေးသီချင်းကို သီကုံးဖွဲ့နွဲ့သူများ

ဟာနနိ . . . ဟာနန်
ယောကျ်ားများ၏ အမည်ဖြစ်သည်။

ငါ့ညီ ဟာနန်တို့၌ ယေရုရှလင်မြို့ကို အပ်လျက်
"ငါ့ညီ ဟာနနိတို့၌ ယေရုရှလင်မြို့ကို အပ်လျက်"

ရဲတိုက်မှူး
"ခံတပ်မှူး"

ရဲတိုက်
"ခံတပ်"

ဘုရားသခင်ကို အထူးသဖြင့် ရိုသေသော
"သူတပါးထက် ဘုရားသခင်ကို ရိုသေသော"

Nehemiah 03

နေမထွက်မှီ ယေရုရှလင်မြို့တံခါးတို့ကို မဖွင့်စေနှင့်။ တံခါးစောင့်ရှိစဉ်၊ တံခါးတို့ကိုပိတ်၍ ကန့်လန့်ကျင် ထိုးစေ
ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ၊ (၁) ဟာနနိနှင့် ဟာနန်တို့ ပြုရမည့်အမှု ဖြစ်သည်။ သို့မဟုတ် (၂) ဟာနနိနှင့် ဟာနန်တို့နှင့်အတူ တံခါးစောင့်တို့ ပြုရမည့်အမှု ဖြစ်သည်။ သို့မဟုတ် (၃) ဟာနနိနှင့် ဟာနန်တို့၏ အမိန့်ဖြင့် ပြုရမည်အမှု ဖြစ်သည်။

နေမထွက်မှီ
"နေ့လည် မရောက်မီ"

. . . ဟု စီရင်၏
ဟာနနိနှင့် ဟာနန်တို့ထံ မိန့်မှာသည်။

တံခါးစောင့်ရှိစဉ်၊ တံခါးတို့ကို ပိတ်၍ ကန့်လန့်ကျင် ထိုးစေ။
"အစောင့်များ ရှိနေပင်လျှင် တံခါးများကို ပိတ်၍ ကန့်လန့်ကျင်များဖြင့် ထိုးထားကြလော့"

တံခါးစောင့်
၇:၁ မှ ပြန်ဆိုချက်ကို ရှု။

တံခါးတို့ကိုပိတ်၍ ကန့်လန့်ကျင် ထိုးစေ
"တံခါးတို့ကိုပိတ်၍ ကန့်လန့်ထိုးစေ"

မြို့သူမြို့သားတို့သည် အသီးအသီး . . . ကင်းစောင့်စေ
"မြို့တွင် နေထိုင်သူများမှ ရွေးချယ်၍ ... ကင်းစောင့်စေ"

မိမိတို့အရပ်
"မျှော်စင်"

အိမ်များတို့ကို မတည်မဆောက်ကြသေး
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်များကို တည်ဆောက်ခြင်း မပြုကြသေး"

Nehemiah 05

အဆွေအမျိုးအလိုက် စာရင်း
နေ ၇:၇ ရှိ "အဆွေအမျိုးစာရင်းချက်" ကို ရှု။

စာရင်းယူခြင်းငှါ
"စာရင်းပြုခြင်းငှါ"

ငါ့စိတ်နှလုံးထဲသို့ သွင်းပေးတော်မူ၏
"စိတ်နှလုံး" မှာ အတွေးကို ညွှန်းသည်။ ၂:၁၁ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အား နှိုးဆော်တော်မူ၏" သို့မဟုတ် "ငါ့အား ဖွင့်ပြတော်မူ၏"

Nehemiah 06

တဖန်ငါတွေ့သောစာရင်းတည်းဟူသော
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတွေ့သော စာရင်းတည်းဟူသော။"

အဆွေအမျိုး စာရင်းချက်
ယခု မရှိတော့သော စာရင်းစာအုပ် ဖြစ်သည်။

ရှေ့ဦးစွာ ရောက်လာသောသူတို့၏ အဆွေအမျိုး စာရင်းချက် ဟူမူကား
"ဆွေစဉ်မျိုးဆက်စာရင်း ဟူမူကား"

လူစုထဲက ထွက်၍
"လူစုထဲမှ ထွက်၍"

ထွက်၍
ပြန်နှင်ဒဏ် ခံရာမှ ယေရုရှင်လင်မြို့သို့ ပြန်လာသည်။

ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို ခံရသော
"ဗာဗုလုန်မြို့သို့ နေဗုခဒ်နေဇာမင်းကြီး ဖမ်းခေါ်သွားသော။" နေဗုခဒ်နေဇာမင်း၏ အမိန့်ဖြင့် ဗာဗုန်လုန်စစ်တပ်တို့ ဆောင်ရွက်ခြင်း ဖြစ်သည်။

ဇေရုဗဗေလ၊ ယောရှု၊ နေဟမိ၊ အာဇရိ၊ ရာမိ၊ နာဟမာနိ၊ မော်ဒကဲ၊ ဗိလရှန်၊ မိဇပေရက်၊ ဗိဂဝဲ၊ နေဟုံ၊ ဗာနာ
ယောက်ျားများ၏ အမည်ဖြစ်သည်။ .

ဣသရေလလူစာရင်း ဟူမူကား
ပြည်နှင်ဒဏ် ခံရပြီးနောက် ယေရုရှလင်မြို့သို့ ပြန်လာသော ပထမအဖွဲ့၏ အမည်စာရင်း ဖြစ်သည်။ ထိုစာရင်းကို နိဒါန်း ဖွင့်ထားသည်။

Nehemiah 08

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။ ဘိုးဘေးတို့၏ မျိုးနွယ်စုအလိုက် စာရင်းပြုထားသည်။ အိမ်ထောင်တခု၏ အမျိုးသားများ စာရင်းဖြစ်သည်။

ပါရုတ် . . . ရှေဖတိ . . . အာရာ
ယောက်ျားများ၏ အမည်ဖြစ်သည်။

Nehemiah 11

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ယောရှုနှင့်ယွာဘ အမျိုးသား
"ယောရှုနှင့်ယွာဘတို့ အနွယ်"

ပါဟတ်မောဘ . . . ယောရှု . . . ယွာဘ . . . ဧလံ . . . ဇတ္တု . . . ဇက္ခဲ
ယောက်ျားများ၏ အမည်ဖြစ်သည်။

Nehemiah 15

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ဗိန္နွီ . . . ဗေဗဲ . . . အာဇဂဒ် . . . အဒေါနိကံ
ယောက်ျားများ၏ အမည်ဖြစ်သည်။

Nehemiah 19

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ဗိဂဝဲ . . . အာဒိန် . . . အာတာ . . . ဟာရှုံ
ယောက်ျားများ၏ အမည်ဖြစ်သည်။

ဟေဇကိနှင့် အာတာအမျိုးသား
စာကြောင်းရှည်ကို အတိုချုံ့ထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေဇကိမျိုးဆက် အာတာအနွယ်"

Nehemiah 23

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ဗေဇဲ . . . ဟာရိပ် . . . ဂိဗောင်
ယောက်ျားများ၏ အမည်ဖြစ်သည်။

ဗက်လင်မြို့၊ နေတောဖမြို့
ယုဒပြည် အရပ်ဒေသများ၏ အမည်ဖြစ်သည်။

Nehemiah 27

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

အာနသုတ်မြို့ . . . ဗေသာဇမာဝက်မြို့ . . . ကိရယတ်ယာရိမ်မြို့၊ ခေဖိရမြို့၊ ဗေရုတ်မြို့ . . . ရာမမြို့၊ ဂါဗမြို့
အရပ်ဒေသများ၏ အမည်ဖြစ်သည်။

Nehemiah 31

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

မိတ်မတ်မြို့ . . . ဗေသလမြို့၊ အာဣမြို့ . . . နေဗောမြို့ . . . ဧလံမြို့
အရပ်ဒေသများ၏ အမည်ဖြစ်သည်။

Nehemiah 35

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ဟာရိမ်မြို့ . . . ယေရိခေါမြို့ . . . လောဒမြို့၊ ဟာဒိဒ်မြို့၊ ဩနောမြို့ . . . သောနာမြို့
အရပ်ဒေသများ၏ အမည်ဖြစ်သည်။

Nehemiah 39

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ယောရှုအမျိုးထဲက
"အမျိုး" ဟူရာတွင် မျိုးနွယ်စုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောရှု အနွယ်ထဲက"

ယောရှု . . . ယေဒါယ . . . ဣမေရ . . . ပါရှုရ . . . ဟာရိမ်
ယောက်ျားများ၏ အမည်ဖြစ်သည်။

Nehemiah 43

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ဟောဒေဝ . . . ယောရှု . . . ကာဒမေလ . . . အာသပ် . . . ရှလ္လုံ . . . အာတာ . . . တာလမုန် . . . အက္ကုပ် . . . ဟတိတ . . . ရှောဗဲ
ယောက်ျားများ၏ အမည်ဖြစ်သည်။

သီချင်းသည်
၇:၁ မှ ပြန်ဆိုချက်ကို ရှု။

တံခါးစောင့်
၇:၁ မှ ပြန်ဆိုချက်ကို ရှု။

Nehemiah 46

ယေဘုယျ အချက်အလက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများကို စာရင်းပြုထားသည်။

ဇိဟ . . . ဟသုဖ . . . တဗ္ဗောက် . . . ကေရုတ် . . . သယ . . . ပါဒုန် . . . လေဗန . . . ဟာဂဗ . . . ရှာလမဲ . . . ဟာနန် . . . ဂိဒ္ဒေလ . . . ဂါဟာ
ယောက်ျားများ၏ အမည်ဖြစ်သည်။

သယ
ဧဇ ၂:၄၄ ရှိ "သယာဟ" နှင့် တဦးတည်း ဖြစ်သည်။

Nehemiah 50

ယေဘုယျ အချက်အလက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများကို စာရင်းပြုထားသည်။

ရာယ . . . ရေဇိန် . . . နေကောဒ . . . ဂဇ္ဇမ် . . . ဩဇ . . . ပါသာ . . . ဗေသဲ . . . မုနိမ် . . . နေဖိရှေသိမ်
ယောက်ျားများ၏ အမည်ဖြစ်သည်။

Nehemiah 53

ယေဘုယျ အချက်အလက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများကို စာရင်းပြုထားသည်။

ဗာကဗုတ် . . . ဟာကုဖ . . . ဟာရဟုရ . . . ဗာဇလိတ် . . . မေဟိဒ . . . ဟာရရှ . . . ဗာရကုတ် . . . သိသရ . . . တာမ . . . နေဇိ . . . ဟတိဖ
ယောက်ျားများ၏ အမည်ဖြစ်သည်။

ဗာဇလိတ်
ဧဇ ၂:၅၂ ရှိ "ဗာဇလုတ်" နှင့် တဦးတည်းဖြစ်သည်။

Nehemiah 57

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

သောတဲ . . . သောဖရက် . . . ပေရိဒ . . . ယာလ . . . ဒါကုန် . . . ဂိဒ္ဒေလ . . . ရှေဖတိ . . . ဟတ္တိလ . . . ပေါခရက် . . . ဇေဗိမ် . . . အာမုန်
ယောက်ျားများ၏ အမည်ဖြစ်သည်။

သောဖရက်
ဧဇ ၂:၅၅ ရှိ "သောဖရက်" နှင့် တဦးတည်းဖြစ်သည်။

ပေရိဒ
၉၄ ၂:၅၅ ရှိ "ပေရုဒ" နှင့် တဦးတည်းဖြစ်သည်။

Nehemiah 61

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

. . . မှ ထွက်သွားသော
ယေရုရှင်လင်မြို့သို့ တက်လာသည်။

တေလမေလမြို့၊ တေလဟာရရှမြို့၊ ခေရုပ်မြို့၊ အဒ္ဒုန်မြို့၊ ဣမေရမြို့
အရပ်ဒေသများ၏ အမည်ဖြစ်သည်။

ဒေလာယ . . . တောဘိ . . . နေကောဒ . . . ဟဗာယ . . . ကောဇ . . . ဗာဇိလဲ
ယောကျာ်းများ၏ အမည်ဖြစ်သည်။

Nehemiah 64

စာရင်းဝင်သောလူစုတွင် မိမိတို့စာရင်းကိုရှာ၍
"စာရင်းထဲတွင် မိမိတို့ဘိုးဘေးကို ရှာ၍" သို့မဟုတ် "စာရင်းထဲတွင် မိမိတို့ မျိုးစဉ်ဆက်စာရင်းကို ရှာ၍"

မိမိတို့
ဟဗာယ၊ ကောဇနှင့် ဗာဇိလဲတို့၏ အနွယ်ကို ညွှန်းသည်။ (၇:၆၁ ကို ရှု)

မတွေ့သောကြောင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မတွေ့သဖြင့်"

အမျိုးမစစ်၊ ယဇ်ပုရောဟိတ် အရာကို မခံရကြ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ စိတ္တဇနာမ် "ယဇ်ပုရောဟိတ်အရာ" ကို "ယဇ်ပုရောဟိတ်" ဟု ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမျိုးမစစ်ဟူ၍ ယဇ်ပုရောဟိတ် မဖြစ်ရကြ"

ဥရိမ်နှင့်သုမိမ် ပါသော ယဇ်ပုရောဟိတ် မပေါ်မီတိုင်အောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဥရိမ်နှင့်သုမိမ်ကို ဝတ်သော ယဇ်ပုရောဟိတ် မပေါ်မီတိုင်အောင်"

ဥရိမ်နှင့်သုမိမ်
ဘုရားသခင်၏ အလိုတော်ကို မေးမြန်းရာတွင် ယဇ်ပုရောဟိတ် ဝတ်ရုံပေါ်၌ တပ်ဆင်ရသော ကျောက်မြတ် ဖြစ်သည်။

Nehemiah 66

ဆက်စပ်မှု ဖော်ပြချက်
ပြည်နှင်ဒဏ်မှ ပြန်လာသူများ၏ လူဦးရေကို စာရင်းပြုထားသည်။

ပရိသတ်ပေါင်းကား
"ဤ သူအပေါင်းကား"

လေးသောင်းနှစ်ထောင် သုံးရာခြောက်ဆယ်
"၄၂ ၃၆၀"

သီချင်းသည် ယောကျာ်း မိန်းမပေါင်း
"အဆိုတော် ယောကျာ်း မိန်းမပေါင်း"

Nehemiah 68

ခုနစ်ရာသုံးဆယ်ခြောက် . . . နှစ်ရာလေးဆယ်ငါး . . . လေးရာသုံးဆယ်ငါး . . . ခြောက်ထောင်ခုနစ်ရာနှစ်ဆယ်
ပြန်ခေါ်လာသော တိရစ္ဆာန်များ အရေအတွက် ဖြစ်သည်။

Nehemiah 70

အဆွေအမျိုးသူကြီး
"မျိုးနွယ်စု အကြီးအကဲ" သို့မဟုတ် "မျိုးနွယ်စု ခေါင်းဆောင်" (UDB)

ရွှေဒင်္ဂါး
"ရွှေဒါရစ်" ဟူခေါ်ပြီး ပါသီ ဧကရာဇ်ပြည်အတွင်း အသုံးပြုသော ရွှေဒင်္ဂါးဖြစ်သည်။

ဒင်္ဂါးတထောင်
"ဒါရစ် ၁၀၀၀"

အင်တုံ
ခွက်ဖလားကြီး

အဝတ်စုံ
အဝတ်အထည်

ဘဏ္ဍာတော်ထဲသို့ သွင်းလေ၏
"ဘဏ္ဍာတော်ထဲသို့ လှူဒါန်းလေ၏"

ဒင်္ဂါးနှစ်သောင်း
"ဒါရစ် ၂၀ ၀၀၀"

ငွေအခွက်
"ငွေမီန" ၌ တစ် "မီန" ၏ အလေးချိန်မှာ တစ်ကီလို၏ တဝက်ဖြစ်သည်။

အခွက်နှစ်သောင်း
"မီန ၂၀၀၀"

အဝတ်စုံ ခြောက်ဆယ်ခုနစ်စုံ
"ဝတ်စုံ ၆၇ စုံ"


generated on Sun Jun 30 02:37:40 2024

Nehemiah 73

တံခါးစောင့်

၇:၁ မှ ပြန်ဆိုချက်ကို ရှု။

သီချင်းသည်

၇:၁ မှ ပြန်ဆိုချက်ကို ရှု။

သာမညလူအချို့

ယဇ်ပုရောဟိတ် သို့မဟုတ် ဗိမာန်တွင် အစေခံသောသူများ မဟုတ်သည့် ဣသရေလ လူတို့ကို ညွှန်းသည်။

ဣသရေလ ပြည်သူပြည်သားအပေါင်းတို့

ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ၊ (၁) ဤကျမ်းပိုဒ်တွင် ဖော်ပြထားသော သူအပေါင်း။ သို့မဟုတ် (၂) ဗိမာန်တော်လုပ်သား မဟုတ်သောသူ အားလုံး။

မိမိတို့နေရာ မြို့ရွာတို့၌ နေရာကျကြ၏

"မိမိမြို့ရွာတို့၌ နေထိုင်ကြ၏"

## Translation Questions

Nehemiah 7:1

နေဟမိသည် ညီအစ်ကို ဟာနနိကို မည်သည့်အချိန်တွင် မြို့ရိုးကို အုပ်ချုပ်စောင့်ကြည့်ရန် အပ်ခဲ့သနည်း?

သူသည် မြို့ရိုးပြီးစီး၍ တံခါးများကိုတပ်ဆင်ခြင်း၊ တံခါးစောင့်များ၊ သီဆိုသူများ၊ လေဝိသားများကို ခန့်ပြီးနောက်တွင် ဟာနနိကို အုပ်ချုပ်စောင့်ကြည့်ရန် တာဝန်ပေးခဲ့သည်။

အဘယ်ကြောင့် နေဟမိသည် ဟာနနိကို ခန့်ခဲ့သနည်း?

ဟာနနိသည် သစ္စာရှိ၍လအခြားသူများထက် ဘုရားသခင်ကိုကြောက်ရွံ့သောလူဖြစ်သောကြောင့် နေဟမိသည် သူ့ကို ခန့်အပ်ခဲ့သည်။

Nehemiah 7:3

မည်သည့်အချိန်တွင် ယေရုရှလင်တံခါးများကို ဖွင့်ရန်ဖြစ်သနည်း?

တံခါးများကို နေပူလာသောအချိန်တွင် ဖွင့်ရန်ဖြစ်သည်။

မြို့သည်ကြီးများ၍ကျယ်ပြန့်သော်လည်း အထဲတွင် လူများနှင့်အိမ်များ ရှိပါသလား?

မြို့ထဲတွင် လူအနည်းငယ်သာရှိ၍ အိမ်မရှိပါ။

Nehemiah 7:5

ဘုရားသခင်သည် မည်သည့်အရာပြုလုပ်ဖို့ရန် နေဟမိ၏စိတ်တွင် သွင်းထားသနည်း?

ဂုဏ်ရှိန်ရှိသူများ၊ အရာရှိများနှင့် လူများကို မိသားစုအလိုက်စာရင်းသွင်းဖို့ရန် ဘုရားသခင်သည် နေဟမိ၏စိတ်ထဲတွင် သွင်းထားသည်။

Nehemiah 7:64

မိမိမျိုးရိုးစာရင်းကိုမတွေ့နိုင်သော ယဇ်ပုရောဟိတ်များကို မည်သို့လုပ်ရမည်နည်း? အုပ်ချုပ်သူသည် သူတို့အား မည်သည့်အရာများမလုပ်ရန် ကန့်သတ်ထားသနည်း?

မိမိမျိုးရိုးစာရင်းကိုမတွေ့နိုင်သော ယဇ်ပုရောဟိတ်များကို ယဇ်ပုရောဟိတ်အရာကိုနုတ်၍ သူတို့သည် ယဇ်ပူဇော်ခြင်းများမှ ယဇ်ပုရောဟိတ်အစာကို မစားရဟု ကန့်သတ်ထားသည်။

မိမိမျိုးရိုးကို သက်သေမရှာနိုင်သော ယဇ်ပုရောဟိတ်များသည် မည်သည့်အချိန်တွင် ယဇ်ပုရောဟိတ်အရာကို ပြန်ရကြမည်နည်း?

ဥရိမ်နှင့် သုမိမ်ပါသော ယဇ်ပုရောဟိတ် ပေါ်သောအခါ သူတို့၏ ယဇ်ပုရောဟိတ်အရာကို ပြန်ရကြလိမ့်မည်။

Nehemiah 7:66

ပရိသတ်တွင် လူမည်မျှ စာရင်းဝင်သနည်း?

ပရိသတ်အားလုံးသည် ၄၂,၃၆၀ ယောက်ရှိသည်။

Nehemiah 7:70

မည်သူသည် အလုပ်အတွက် လက်ဆောင်ကိုပေးသနည်း?

လူများတို့ပေးသည်အတိုင်း၊ ဘိုးဘေးတို့၏မိသားစုခေါင်းဆောင်အချို့တို့သည် လက်ဆောင်ပေးကြသည်။

Nehemiah 7:73

မည်သည့်အချိန်တွင် ယဇ်ပုရောဟိတ်များ၊ လေဝိသားများ၊ တံခါးစောင့်များ၊ သီဆိုသူများ၊ ဗိမာန်တော်အစေခံများနှင် လူများသည် သူတို့၏မြို့များတွင်နေကြသနည်း?

ခုနှစ်လတွင် သူတို့သည် မိမိတို့မြို့များတွင်နေကြသည်။

## Chapter 8

1 သတ္တမလရောက်မှ၊ မြို့ရွာအရပ်ရပ်၌နေသော ဣသရေလ အမျိုးသားလူအပေါင်းတို့သည် လာ၍ ရေတံခါးလမ်းတွင်
စည်းဝေးကြ၏။ ဣသရေလအမျိုး၌ ထာဝရဘုရားထားတော်မူသော မောရှေပညတ္တိကျမ်း စာကို ဆောင်ခဲ့ပါဟု ကျမ်းတတ်ဆရာ
ဧဇရကို တောင်း သည့်အတိုင်း၊ 2 နားထောင်နားလည်နိုင်သမျှသော ပရိသတ် ယောကျ်ား မိန်းမတို့ ရှေ့သို့ သတ္တမလ ပဌမနေ့ရက်တွင်၊
ပညတ္တိကျမ်းစာကို ယဇ်ပုရောဟိတ် ဧဇရသည် ဆောင်ခဲ့ ၍၊ 3 နားလည်နိုင်သောသူ၊ ယောကျ်ားမိန်းမတို့ ရှေ့မှာ နံနက်အချိန်မှ စ၍
မွန်းတည့်အချိန်တိုင်အောင် ရေတံခါးလမ်းတွင် ဘတ်ရွတ်လေ၏။ လူအပေါင်းတို့သည် ပညတ္တိကျမ်းစကားကို
စေ့စေ့နားထောင်ကြ၏။ 4 သူတို့လုပ်ကြသော တရားဟောရာသစ်သား ပလ္လင်ပေါ်မှာ၊ ကျမ်းတတ်ဆရာဧဇရသည် ရပ်၍ မတ္တိသ၊ ရှေမ၊
အနာယ၊ ဥရိယ၊ ဟိလခိ၊ မာသေယတို့သည် လက်ျာဘက်၌ဝှင်း၊ ပေဒါယ၊ မိရှေလ၊ မာလခိ၊ ဟာရှုံ၊ ဟာရှဗဒါန၊ ဇာခရိ၊ မေရှုလံတို့သည်
လက်ဝဲဘက်၌ဝှင်း ရပ်နေကြ၏။ 5 ထိုသို့ ဧဇရသည် လူအပေါင်းတို့ထက်သာ၍ မြင့်လျက်၊ လူအပေါင်းတို့ရှေ့မှာ ကျမ်းစာကို
ဖွင့်သောအခါ၊ ဋ္ဌူအပေါင်းတို့သည် ထကြ၏။ 6 ဧဇရသည် မြတ်စွာဘုရားသခင် ထာဝရဘုရား ကို ကောင်းကြီးပေး၏။
လူအပေါင်းတို့က အာမင်၊ အာမင်ဟု လက်တို့ကို ချီလျက်၊ ဝန်ခံ၍ ဦးချပြပ်ဝပ်လျက် ထာဝရဘုရားကို ကိုးကွယ်ကြ၏။ 7 ယောရှု၊
ဗာနိ၊ ရှေရဘိ၊ ယာမိန်၊ အက္ကုပ်၊ ရှဗ္ဗေသဲ၊ ဟောဒိယ၊ မာသေယ၊ ကေလိတ၊ အာဇရိ၊ ယောဇဗဒ်၊ ဟာနန်၊ ပေလာယအစ ရှိသော
လေဝိသားတို့သည်လည်း လူများတို့အား ပညတ္တိကျမ်းစာအနက်ကို ပြန်ကြားကြ၏။ လူများတို့သည်လည်း မိမိတို့နေရာ၌ နေကြ၏။ 8
ထိုသို့ဘုရားသခင်၏ ပညတ္တိကျမ်းစာကို သေချာစွာ ဘတ်ရွတ်၍ အနက်ကိုပြန်သဖြင့်၊ လူများ နားလည်စေခြင်းငှါ ပြုကြ၏။ 9
လူအပေါင်းတို့သည် ပညတ္တိကျမ်းစကားကို ကြားသောအခါ ငိုကြွေးကြသည်ဖြစ်၍၊ ပြည်အုပ်မင်း နေဟမိ၊ ကျမ်းတတ်ဆရာ
ယဇ်ပုရောဟိတ် ဧဇရ၊ လူများ တို့အား သွန်သင်သော လေဝိသားတို့က၊ ဤသည်နေ့ရက် သည် သင်တို့၏ ဘုရားသခင်
ထာဝရဘုရားအဘို့ သန့်ရှင်းသော နေ့ဖြစ်၏။ ငိုကြွေးမြည်တမ်းခြင်းကို မပြုကြနှင့်။ 10 သွားကြလော့၊ မြိန်စွာသော အစာကိုစားကြ
လော့။ ချိုသော အရည်ကိုသောက်ကြလော့။ ဆင်းရဲသော သူတို့အား ဝေမျှကြလော့။ ဤသည်နေ့ရက်သည် ငါတို့ ဘုရားရှင်အဘို့
သန့်ရှင်း၏။ ဝမ်းမနည်းကြနှင့်၊ ထာဝရ ဘုရားပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက် ကြလော့ဟု လူအပေါင်းတို့အား
ဆိုကြ၏။ 11 ထိုသို့ လေဝိသားတို့က၊ ဤသည်နေ့ရက်သည် သန့်ရှင်းသော နေ့ဖြစ်သောကြောင့် တိတ်ဆိတ်စွာ နေကြ လော့။
ဝမ်းနည်းမနေကြနှင့်ဟု ဆို၍ လူအပေါင်းတို့ကို ငြိမ်းစေကြ၏။ 12 လူအပေါင်းတို့သည် ဟောပြောသော စကား များကို
နားလည်သောကြောင့်၊ စားသောက်ခြင်း၊ သူတပါး တို့အား ဝေမျှခြင်း၊ အလွန်ပျော်မွေ့ခြင်းကို ပြုအံ့သောငှါ သွားကြ၏။ 13
ဒုတိယနေ့ရက်တွင်၊ အဆွေအမျိုးသူကြီးများတို့ နှင့်တကွ ယဇ်ပုရောဟိတ် လေဝိသားတို့သည် ပညတ္တိ ကျမ်းစကားကို
နားလည်အံ့သောငှါ၊ ကျမ်းတတ်ဆရာ ဧဇရထံ၌ စည်းဝေးကြ၏။ 14 သတ္တမလပွဲကိုခံကြစဉ်၊ ဣသရေအမျိုးသား အပေါင်းတို့သည်
သစ်ခက်တဲ၌ နေရကြမည်ဟု မောရှေ အားဖြင့် ထာဝရဘုရားထားတော်မူသော ပညတ္တိ ကျမ်းစာ၌ ရေးထားကြောင်းကို တွေ့ကြ၏။ 15
ထိုစကားကို ကြားသောအခါ၊ ကျမ်းစာ၌ ပါသည်အတိုင်း သစ်ခက်တဲတို့ကိုလုပ်ခြင်းငှါ တောင်သို့ သွားကြ။ သံလွင်ခက်၊ ထင်းရှူးခက်၊
မုရတုခက်၊ စွန်ပလွံ ခက် အစရှိသော ထူထပ်သောအခက် အလက်မျိုးတို့ကို ဆောင်ခဲ့ကြဟု ယေရုရှလင်မြို့မှစ၍ ခပ်သိမ်းသော
မြို့ရွာတို့၌ ကြော်ငြာကြ၏။ 16 လူများတို့သည် ထွက်သွား၍၊ သစ်ခက်တို့ကို ဆောင်ခဲ့ပြီးလျှင် အိမ်မိုးပေါ်မှာဝှင်း၊ မိမိဝင်းထဲ၊ ဗိမာန်
တော်တန်တိုင်းထဲမှာဝှင်း၊ ရေတံခါးလမ်းနှင့် ဧဖရိမ်တံခါး လမ်းမှာဝှင်း သစ်ခက်တဲများကို လုပ်ကြ၏။ 17 ထိုသို့သိမ်းသွားခြင်းကို
ခံရရာထဲကထွက်လာ သော ပရိသတ်အပေါင်းတို့သည် သစ်ခက်တဲတို့ကို လုပ်၍ ထိုင်နေကြ၏။ နုန်သား ယောရှုလက်ထက်မှစ၍ ဣသ
ရေလအမျိုးသားတို့သည် တခါမျှ ထိုသို့မပြုကြ။ အလွန် ဝမ်းမြောက်လျက်နေကြ၏။ 18 ပဌမနေ့မှစ၍ နောက်ဘုရားသခင်၏ ပညတ္တိ
ကျမ်းစာကို ဘတ်ရွတ်ကြ၏။ ထိုပွဲကို ခုနစ်ရက်ပတ်လုံး ခံကြ၏။ ရှစ်ရက်မြောက်သောနေ့၌ တရားတော်အတိုင်း
ဓမ္မပွဲကိုလည်းခံကြ၏။

---

Nehemiah 01

သတ္တမလ

"ခုနှစ်လပိုင်း။" ဟေဗြဲ ပြက္ခဒိန်ကို အခြေပြုထားသည်။ အနောက်တိုင်း ပြက္ခဒိန်အရ စက်တင်ဘာလလယ်မှ အောက်တိုဘာလလယ်ထိ ဖြစ်သည်။

မြို့ရွာအရပ်ရပ်၌နေသော ဣသရေလ အမျိုးသားလူအပေါင်းတို့သည် လာ၍ . . . စည်းဝေးကြ၏

လူသူ အပေါင်းတို့ကို ခြုံပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလ လူအပေါင်းတို့သည် လာ၍ ... စည်းဝေးကြ၏"

ရေတံခါး

မြို့ဝင်ပေါက် သို့မဟုတ် မြို့တံခါး တစ်ခု၏ အမည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

မောရှေ ပညတ္တိကျမ်းစာ
ဓမ္မဟောင်းကျမ်း၏ ပထမ ငါးအုပ်ကို ညွှန်းသည်။

သတ္တမလ ပဌမနေ့ရက်တွင်
ဟေဗြဲ ပြက္ခဒိန်ကို အခြေပြုထားသည်။ ထိုလ၏ ပထမရက်မှာ အနောက်တိုင်းပြက္ခဒိန်အရ စက်တင်ဘာ လလယ်လောက် ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "၇ လပိုင်း ၁ ရက်နေ့တွင်"

ပညတ္တိကျမ်းစာကို . . . ဆောင်ခဲ့၍
"ပညတ္တိကျမ်းကို ... ဆောင်ခဲ့၍"

နားထောင် နားလည်နိုင်သမျှသော
စဉ်းစားတွေးခေါ်တတ်သော ကလေးများလည်း ပါဝင်သည်။

ဘတ်ရွတ်လေ၏
မောရှေ၏ ပညတ္တိကျမ်းကို ဖတ်သည်။

Nehemiah 04

မတ္တိသ၊ ရှေမ၊ အနာယ၊ ဥရိယ၊ ဟိလခိ၊ မာသေယ . . . ပေဒါယ၊ မိရှေလ၊ မာလခိ၊ ဟာရှုံ၊ ဟာရုဗဒါန၊ ဇာခရိ၊ မေရှုလံ
ယောက်ျားများ၏ အမည်ဖြစ်သည်။

လူအပေါင်းတို့ရှေ့မှာ ကျမ်းစာကို ဖွင့်သောအခါ
"ရှေ့" ကို "တွေ့" ဟုလည်း ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူအပေါင်းတို့သည် ကျမ်းစာဖွင့်သည်ကို တွေ့သောအခါ"

ထိုသို့ ဧဇရသည် လူအပေါင်းတို့ထက် သာ၍မြင့်လျက်
"ဧဇရသည် လူတို့ထက် မြင့်ရာ၌ ရပ်လျက်"

ကျမ်းစာ
"ပညတ္တိကျမ်း"

လူအပေါင်းတို့သည် ထကြ၏
ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရိုသေကြောင်း ပြသရန် မတ်တပ်ထကြသည်။

Nehemiah 06

ဧဇရသည် မြတ်စွာဘုရားသခင် ထာဝရဘုရားကို ကောင်းကြီးပေး၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ဧဇရသည် မြတ်စွာဘုရားသခင် ထာဝရဘုရားကို ထောမနာပြု၏"

ယောရှု၊ ဗာနိ၊ ရှေရဘိ၊ ယာမိန်၊ အက္ကုပ်၊ ရှဗ္ဗေသဲ၊ ဟောဒိယ၊ မာသေယ၊ ကေလိတ၊ အာဇရိ၊ ယောဇဗဒ်၊ ဟာနန်၊ ပေလာယ
ယောက်ျားများ၏ အမည်ဖြစ်သည်။

ကျမ်းစာကို သေချာစွာ ဘတ်ရွတ်၍
လေဝိအမျိုးတို့ ဖတ်ရွတ်သည်။

ဘတ်ရွတ်၍
"ကြားနာရန် ဖတ်ရွတ်သော"

အနက်ကိုပြန်သဖြင့်၊ လူများ နားလည်စေခြင်းငှါ ပြုကြ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "လူများ နားလည်စေခြင်းငှါ အနက်ပြန်၍ ရှင်းပြကြ၏"

Nehemiah 09

လူအပေါင်းတို့သည် . . . ငိုကြွေးကြသည်ဖြစ်၍
အခြားသော ဘာသာပြန်ဆိုချက်၊ "လူအပေါင်းတို့သည် . . . ကြီးစွာ ငိုကြွေးသဖြင့်"

မြိန်စွာသောအစာကို စားကြလော့။ ချိုသောအရည်ကို သောက်ကြလော့
အခြားသော ဘာသာပြန်ဆိုချက်၊ "မြိန်သောအစာနှင့် ချိုသောအရည်ကို စားသောက်ကြလော့"

ဝမ်းမနည်းကြနှင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဝမ်းနည်း မနေကြနှင့်"

ထာဝရဘုရား ပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက်ကြလော့
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၌ ဝမ်းမြောက်ခြင်းဖြင့် အားယူကြလော့" သို့မဟုတ် "ထာဝဝရဘုရား၌ ဝမ်းမြောက်ခြင်းသည် သင်တို့အဖို့ ခွန်အားဖြစ်စေမည်"

Nehemiah 11

တိတ်ဆိတ်စွာ နေကြလော့
"ငြိမ်နေကြလော့"

ဝမ်းနည်းမနေကြနှင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သောက မရောက်ကြနှင့်"

ဟောပြောသော စကားများကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟောသော စကားကို"

အလွန်ပျော်မွေ့ခြင်းကို ပြုအံ့သောငှါ
အခြားသော ဘာသာပြန်ဆိုချက်၊ "အလွန်ဝမ်းမြောက်ခြင်းငှါ"

Nehemiah 13

ဒုတိယနေ့ရက်တွင်
"၂ ရက်နေ့တွင်" သို့မဟုတ် "နောက်နေ့တွင်"

. . . ကို နားလည်အံ့သောငှါ
အခြားသော ဘာသာပြန်ဆိုချက်၊ "... ကို သိမြင်အံ့သောငှါ"


generated on Sun Jun 30 02:37:40 2024

သတ္တမလ
"၇ လပိုင်း။" ဟေဗြဲ ပြက္ခဒိန်ကို အခြေပြုထားသည်။ အနောက်တိုင်း ပြက္ခဒိန်တွင် စက်တင်ဘာ လလယ်မှ အောက်တိုဘာ လလယ်ထိ ဖြစ်သည်။

ကြော်ငြာကြ၏
"ကြေညာကြ၏"

မုရတုခက်
ရောင်စုံပန်းများပွင့်သော ချုံပင်တစ်မျိုး

ထူထပ်သော
"အရိပ်ပင်၏"

သစ်ခက်တဲတို့ကို လုပ်ခြင်းငှါ
"ယာယီတဲတို့ကို လုပ်ခြင်းငှါ"

ကျမ်းစာ၌ ပါသည်အတိုင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျမ်းစာလာသည် အတိုင်း"

Nehemiah 16

သစ်ခက်တဲများကို လုပ်ကြ၏
"တဲများကို အသီးသီး လုပ်ကြ၏"

ရေတံခါး . . . ဧဖရိမ်တံခါး
မြို့တံတိုင်းဝင်ပေါက် သို့မဟုတ် မြို့တံခါးပေါက် တို့၏ အမည်ဖြစ်သည်။

ဧဖရိမ်တံခါး လမ်းမှာ
"ဧဖရိမ်တံခါးရှေ့ လဟာပြင်တွင်"

ယောရှုလက်ထက်မှစ၍
"ယောရှုခေတ် မှစ၍"

နုန်သား
"နုန်" မှာ ယောကျ်ားအမည် ဖြစ်သည်။

အလွန် ဝမ်းမြောက်လျက်နေကြ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့သည် အလွန်ဝမ်းမြောက်ကြ၏"

Nehemiah 18

day by day
N/A

ပဌမနေ့မှစ၍ နောက်
တပတ်လုံးကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရက်သတ္တာ ပထမနေ့မှ နောက်ဆုံးနေ့အထိ"

ထိုပွဲကို ခုနစ်ရက်ပတ်လုံး ခံကြ၏
"ထိုပွဲကို ရက်သတ္တပတ်လုံး ခံကြ၏"

ရှစ်ရက်မြောက်သောနေ့၌
"၈ ရက်နေ့၌"

ဓမ္မပွဲ
ဘာသာရေး ညီလာခံ ဖြစ်သည်။

တရားတော်အတိုင်း
ဓမ္မပွဲ ကျင်းပရမည်အကြောင်း ထာဝရဘုရား၏ မိန့်မှာချက်ကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆို၊ "ဘုရားသခင်၏ မိန့်မှာချက်အတိုင်း"

---

## Translation Questions

Nehemiah 8:1

မည်သူတို့သည် ပညတ်ကျမ်းကိုနားထောင်ရန် စုဝေးကြသနည်း?
လူယောကျ်ား၊ လူမိန်းမတို့နှင့် နားလည်နိုင်သောသူအပေါင်းတို့သည် နားထောင်ခြင်းငှါ စုရုံးကြသည်။

Nehemiah 8:4

ည်သူတို့သည် ပညတ်ကျမ်းကိုဖတ်သနည်း?
ဧဇရ၊ သူ့ဘေးနားရှိအခြားသူများ နှင့် လေဝိလူများသည် ဖတ်ကြသည်။

Nehemiah 8:6

အဘယ်ကြောင့် ဧဇရ၊ သူ့ဘေးနားရှိအခြားသူများ နှင့် လေဝိလူများသည် ကျမ်းကိုဖတ်၍ အနက်ပြန်ပေးရသနည်း?
လူများသည် သူတို့ဖတ်သည့်အရာကို နားလည်ဖို့ရန် သူတို့က ဖတ်ရွတ်၍အနက်ပြန်ပေးခြင်းဖြစ်သည်။

Nehemiah 8:9

အဘယ်ကြောင့် နေဟမိ၊ ဧဇရ နှင့် လေဝိလူများ အမိန့်ပေးသောသူများသည် ကြီးစွာသောဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်၍ ငိုကြွေးမြည်တမ်းခြင်းမရှိကြသနည်း?
အဘယ်ကြောင့်ဆိုသော် ထိုနေ့သည် သူတို့ဘုရားသခင်အဖို့ သန့်ရှင်း၍၊ ထာဝရဘုရား၌ဝမ်းမြောက်ခြင်းသည်

သူတို့၏ခွန်အားဖြစ်သောကြောင့် ငိုကြွေးမြည်တမ်းခြင်းမရှိဘဲ ဝမ်းမြောက်ဖို့ရန် သူတို့ကို အမိန့်ပေးကြသောကြောင့်ဖြစ်သည်။

Nehemiah 8:13

ဘိုးဘေးများ၏မိသားစုခေါင်းဆောင်များ၊ ယဇ်ပုရောဟိတ်များ နှင့် လေဝိလူများသည် ဧဇရထံသင်ယူဖို့လာကြသောအခါ မည်သည့်အရာများကို သင်ယူရရှိကြသနည်း?

ခုနှစ်လပွဲတွင် သူတို့သည် တဲများ၌နေဖို့ရန် ဣသရေလလူများကို ထာဝရဘုရားမိန့်တော်မူကြောင်းကို သူတို့သင်ယူကြသောကြောင့်ဖြစ်သည်။

Nehemiah 8:16

ပွဲခံဖို့ရန် လူများတို့သည် မိမိတဲများကို မည်သည့်နေရာတွင် ဆောက်ကြသနည်း?

လူများတို့သည် မိမိအိမ်မိုးပေါ်မှာရင်း၊ မိမိဝင်းထဲ၊ ဗိမာန်တော်တန်တိုင်းထဲမှာရင်း၊ ရေတံခါးလမ်းနှင့် ဖေရိမ်တံခါးလမ်းမှာရင်း မိမိတဲများကို လုပ်ကြ၏။

ဣသရေလလူများသည် ထိုပွဲကိုပြုလုပ်ဖို့ရန် ထာဝရဘုရားကို မည်သည့်အချိန်တွင် နောက်ဆုံးအကြိမ် နာခံခဲ့ကြသနည်း?

ဣသရေလလူများ ထိုပွဲပြုလုပ်ရန် ထာဝရဘုရားကို နောက်ဆုံးနာခံခဲ့သောအချိန်မှာ နုန်၏သားယောရှုလက်ထက်၌ဖြစ်သည်။

Nehemiah 8:18

အဘယ်ကြောင့် လူများသည် ခုနှစ်လ ပထမနေ့မှစ၍ ဆယ်လတိုင်အောင် စုရုံးခဲ့ကြသနည်း?

လူများတို့သည် ပညတ်တိကျမ်းကို ကြားနာဖို့ရန် စုရုံးကြသည်။

# Chapter 9

1 ထိုလနှစ်ဆယ်လေးရက်နေ့တွင်၊ ဣသရေလ အမျိုးသားတို့သည် အစာရှောင်လျက်၊ လျှော်တေအဝတ် ကိုဝတ်လျက်၊ ကိုယ်၌
မြေမှုန့်ကို တင်လျက် စည်းဝေး ကြ၏။ 2 ထိုအခါ ဣသရေလအမျိုးစစ်ဖြစ်သောသူတို့ သည် တပါးအမျိုးသားရှိသမျှတို့နှင့် ကွာ၍၊
ကိုယ်အပြစ် နှင့် ဘိုးဘေးတို့၏ အပြစ်များကို ဘော်ပြတောင်းပန် ကြ၏။ 3 မိမိတို့နေရာ၌ ရပ်နေ၍၊ မိမိတို့ဘုရားသခင်
ထာဝရဘုရား၏ ပညတ္တိကျမ်းစာကို နေ့လေးစုတစု ဘတ်ကြ၏။ အပြစ်ကို ဘော်ပြတောင်းပန်၍၊ မိမိတို့ ဘုရားသခင် ထာဝရဘုရားကို
နေ့လေးစုတစုကို ကိုးကွယ်ကြ၏။ 4 ထိုအခါ လေဝိသားယောရှု၊ ဗာနိ၊ ကပ်မျေလ၊ ရှေဗနိ၊ ဗုန္နိ၊ ရှေရဘိ၊ ဗာနိ၊ ခေနနိတို့သည် ပလ္လင်
ပေါ်မှာရပ်၍၊ သူတို့၏ ဘုရားသခင် ထာဝရဘုရားအား ကြီးစွာသောအသံနှင့် ကြွေးကြော်ကြ၏။ 5 တဖန်လေဝိသားယောရှု၊
ကပ်မျေလ၊ ဗာနိ၊ ဟာရှဗနိ၊ ရှေရဘိ၊ ဟောဒိယ၊ ရှေဗနိ၊ ပေသဟိတို့က ထကြလော့၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်
အစဉ်အမြဲ မင်္ဂလာရှိတော်မူစေသတည်းဟု ကောင်း ကြီးပေးကြလော့။ ကောင်းကြီးပေးခြင်း၊ ချီးမွမ်းခြင်း အမျိုးမျိုးထက် ကြီးမြင့်၍
ဘုန်းကြီးသော ကိုယ်တော်၏ နာမသည် မင်္ဂလာရှိပါစေသတည်း။ 6 ကိုယ်တော်သာလျှင် ထာဝရဘုရား ဖြစ်တော် မူ၏။
အမြင့်ဆုံးသော ကောင်းကင်နှင့် ကောင်းကင် ဗိုလ်ခြေအပေါင်းတို့ကိုငှင်း၊ မြေကြီးနှင့်မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုငှင်း၊
ပင်လယ်နှင့်ပင်လယ်၌ပါသမျှတို့ကို ငှင်း ဖန်ဆင်းတော်မူ၏။ အလုံးစုံတို့ကို စောင့်မတော် မူ၏။ ကောင်းကင်ဗိုလ်ခြေတို့သည်
ကိုယ်တော်ကို ကိုးကွယ်ကြပါ၏။ 7 အိုထာဝရ အရှင်ဘုရားသခင်၊ ကိုယ် တော်သည် အာဗြံကို ရွေးချယ်၍ ခါလဒဲပြည်၊ ဥရမြို့မှ
ခေါ်ခဲ့ပြီးလျှင် အာဗြဟံဟူသော အမည်ကို ပေးတော် မူ၏။ 8 ရှေ့တော်၌ သူ့သဘောဖြောင့်သည်ကို တွေ့ သောကြောင့်၊ ခါနနိပြည်၊
ဟိတ္တိပြည်၊ အာမောရိပြည်၊ ဖေရဇိပြည်၊ ယေဗုသိပြည်၊ ဂိရဂါရှိပြည်တို့ကို အာဗြဟံအမျိုးအနွယ်အား ငါပေးမည်ဟု ဝန်ခံသည်
အတိုင်း သစ္စာတော်မပျက်ပြုတော်မူ၏။ 9 အဲဂုတ္တုပြည်၌ အကျွန်ုပ်တို့၏ ဘိုးဘေးများ ခံရသောညှဉ်းဆဲခြင်းကိုမြင်၍၊
ဧဒုံပင်လယ်နားမှာ သူတို့ အော်ဟစ်သောအသံကို ကြားတော်မူ၏။ 10 ဖာရောဘုရင်နှင့် သူ၏ကျွန်များ၊ ပြည်သူ
ပြည်သားအပေါင်းတို့သည် အကျွန်ုပ်တို့၏ ဘိုးဘေးတို့ကို စော်ကားစွာပြုသောကြောင့်၊ ကိုယ်တော်သည် ကြည့်ရှု၍ နေတော်မမူ။
ထိုပြည်သားတို့၌ နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို ပြတော်မူ၍၊ သိတင်းတော်သည် ယနေ့တိုင်အောင်
ကျော်စောလျက်ရှိပါ၏။ 11 သူတို့သည် ပင်လယ်အလယ်၌ မြေပေါ်မှာ ရှောက်သွားမည်အကြောင်း သူတို့ရှေ့မှာ ပင်လယ်ကို
ခွဲတော်မူ၏။ ညှဉ်းဆဲသော သူတို့ကိုကား၊ နက်သောရေထဲ သို့ ကျောက်ကိုပစ်သကဲ့သို့ ပစ်တော်မူ၏။ 12 ထိုမှတပါး၊ နေ့အချိန်၌
မိုဃ်းတိမ်တိုင်အားဖြင့်ငှင်း၊ ညဉ့်အချိန် ၌ သူတို့သွားရာလမ်းကို လင်းစေသော မီးတိုင်အားဖြင့်ငှင်း၊ သူတို့ကို ပို့ဆောင်တော်မူ၏။ 13
ကိုယ်တော်တိုင်လည်း၊ သိနာတောင်ပေါ်သို့ ဆင်းသက်၍ မိုဃ်းကောင်းကင်ထဲက ဗျာဒိတ်သံကို လွှတ် သဖြင့်၊ ဟုတ်မှန်ဖြောင့်မတ်သော
စီရင်ထုံးဖွဲ့ချက်ပညတ် တရားတို့ကို အပ်ပေးတော်မူ၏။ 14 သန့်ရှင်းသော ဥပုသ်နေ့ရက်တော်ကို ဘော်ပြ ၍၊ ကိုယ်တော်
ကျွန်မောရှေအားဖြင့် နည်းနာဥပဒေသ ပညတ်တရားတို့ကိုလည်း ထားတော်မူ၏။ 15 သူတို့မွတ်သိပ်ခြင်းနှင့် ရေငတ်ခြင်းကို ပြေစေ
ခြင်းငှါ၊ မိုဃ်းကောင်းကင်မုန့်နှင့် ကျောက်ထဲကထုတ်သော ရေကို ပေးတော်မူ၏။ သူတို့ပိုင်ဘို့ကျိန်ဆိုတော်မူသော ပြည်ထဲသို့ဝင်၍
သိမ်းယူမည်အကြောင်း မိန့်တော်မူ၏။ 16 သို့ရာတွင် အကျွန်ုပ်တို့ဘိုးဘေးတို့သည် မာန ထောင်လွှား၍၊ ခိုင်မာသော လည်ပင်းနှင့်
ပညတ်တော်ကို နားမထောင်ကြ။ 17 သူတို့တွင် ပြုတော်မူသော အံ့ဘွယ်သောအမှု တို့ကို မအောက်မေ့။ အာဏာတော်ကို
ငြင်းဆန်လျက်၊ လည်ပင်းခိုင်မာသည် ဖြစ်၍၊ ကျွန်ခံရာ အဲဂုတ္တုပြည်သို့ ပြန်လိုသောငှါ၊ လူကြီးတဦးကိုချီးမြှောက်ကြ၏။ သို့ရာ တွင်
ကိုယ်တော်သည် အပြစ်ကိုဖြေတတ်သောဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည် ခြင်း၊ ကျေးဇူးပြုခြင်းနှင့်
ကြွယ်ဝသော ဘုရားဖြစ်တော်မူ သောကြောင့် သူတို့ကို စွန့်ပစ်တော်မမူ။ 18 ထိုမျှမက သူတို့သည် နွားသငယ်အရုပ်ကို သွန်း ၍၊
အိုဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်၏ ဘုရားဖြစ်တော်မူ၏ဟု ဆိုလျက်၊
အလွန်ပြစ်မှားသော်လည်း၊ 19 ကိုယ်တော်သည် အထူးသဖြင့် သနားတတ် သော ဘုရားဖြစ်တော်မူ၍၊ တော၌သူတို့ကို စွန့်ပစ်တော် မမူ။
နေ့အချိန်၌ လမ်းပြသော မိုဃ်းတိမ်တိုင်မပျောက်၊ ညဉ့်အချိန်၌ သူတို့သွားရာလမ်းကို လင်းစေသော မီးတိုင် လည်း မကွယ်။ 20
သူတို့အား သွန်သင်စရာဘို့ ကောင်းသော ဝိညာဉ်တော်ကို ပေးတော်မူ၏။ သူတို့စားရသော ကိုယ် တော်၏ မန္နကိုရုပ်သိမ်းတော်မမူ။
သူတို့ အငတ်ပြေစေ ခြင်းငှါ၊ ရေကိုလည်း ပေးတော်မူ၏။ 21 အနှစ်လေးဆယ်ပတ်လုံး သူတို့ကို အလျှင်း မဆင်းရဲစေခြင်းငှါ
ကျွေးမွေးတော်မူ၏။ သူတို့အဝတ် မဟောင်းမနွမ်းရ။ သူတို့ခြေသည်လည်း မပွန်းမရောင်ရ။ 22 နောက်မှတပါးအမျိုးသားတို့၏
တိုင်းနိုင်ငံများ ကို သူတို့အား အကုန်အစင်ဝေဖန်၍ ပေးသနားတော် မူသဖြင့်၊ သူတို့သည် ဟေရှဘုန် ရှင်ဘုရင်ရှိဟုန်နှင့် ဗာရှန်ရှင်ဘုရင်
ဩဃအစိုးရသောပြည်တို့ကို သိမ်းယူ ကြ၏။ 23 သူတို့သားမြေးတို့ကို မိုဃ်းကောင်းကင်ကြယ် ကဲ့သို့ များပြားစေတော်မူ၏။
အကြင်ပြည်ထဲသို့ သူတို့ ဝင်၍ သိမ်းယူမည်အကြောင်း၊ သူတို့၏ ဘိုးဘေးတို့အား ဂတိထားတော်မူ၏။
ထိုပြည်ထဲသို့သွင်းတော်မူသဖြင့်၊ 24 သားမြေးတို့သည်ဝင်၍ သိမ်းယူကြ၏။ သူတို့ ရှေ့မှာ ထိုပြည်သား ခါနာနိလူတို့ကို
နှိပ်စက်တော်မူ၍၊ ရှင်ဘုရင်အစရှိသော ပြည်သူပြည်သားတို့ကို ပြုချင်သမျှ ပြုရသောအခွင့်နှင့် သူတို့လက်သို့ အပ်တော်မူ၏။ 25
ထိုသို့သူတို့သည် ခိုင်ခံ့သောမြို့များ၊ မြေကောင်း သောပြည်၊ ဥစ္စာနှင့် ပြည့်သောအိမ်၊ တူးပြီးသောရေတွင်း၊ များပြားသော
စပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ်၊ အသီးသီး သော အပင်တို့ကိုသိမ်းယူ၍၊ ဝစွာစားသောက်လျက် အသားဆူဖြိုး၍
ကျေးဇူးတော်ကြွယ်ဝခြင်း၌ မွေ့လျော် ကြ၏။ 26 သို့ရာတွင် အမိန့်တော်ကို နားမထောင်၊ ပုန်ကန် လျက် တရားတော်ကို ကျောနောက်သို့

ပစ်ထားကြ၏။ အထံတော်သို့ ပြန်လာစေခြင်းငှါ၊ ဆုံးမသော ကိုယ်တော် ၏ ပရောဖက်တို့ကို သတ်၍ အလွန်ပြစ်မှားခြင်းကို ပြုကြ
၏။ 27 ထိုကြောင့်၊ သူတို့ကို နှောင့်ရှက်သော ရန်သူ လက်သို့ အပ်လိုက် တော်မူ၏။ ဆင်းရဲခံရ၍ ကိုယ်တော်ကို
အော်ဟစ်ကြသောအခါ၊ ကောင်းကင်ဘုံကနားထောင်၍၊ ကရုဏာကျေးဇူးတော် ကြွယ်ဝသည်အတိုင်း၊ ရန်သူလက် မှ ကယ်လွှတ်သော
ကျေးဇူးရှင်တို့ကို ပေါ်ထွန်းစေတော်မူ၏။ 28 တဖန်ချမ်းသာရသောအခါ၊ ရှေ့တော်၌ ဒုစရိုက် ကို ပြုပြန်ကြသောကြောင့်၊
ရန်သူအစိုးရမည်အကြောင်း တဖန်အပ်တော်မူ၏။ သူတို့သည်ပြန်လာ၍ ကိုယ်တော်ကို အော်ဟစ်ကြသောအခါ၊ ကောင်းကင်ဘုံ
ကနားထောင်၍၊ ကရုဏာတော်ရှိသည်အတိုင်း အထပ်ထပ် ကယ်တင် တော်မူ၏။ 29 တရားတော်ကိုကျင့်ပြန်စေခြင်းငှါ ဆုံးမတော်မူ
သော်လည်း၊ သူတို့သည် နားမထောင်၊ မာနထောင်လွှား ကြ၏။ ကျင့်သောသူ၌ အသက်ရှင်စရာ အကြောင်းဖြစ် သော
စီရင်တော်မူချက်တို့ကို လွန်ကျူးကြ၏။ ခိုင်မာသော လည်ပင်းနှင့် ရုန်းလျက်နားမထောင်ဘဲ နေကြ၏။ 30 နှစ်ပေါင်းများစွာ
သူတို့ကိုသည်းခံ၍၊ ကိုယ်တော် ၏ ပရောဖက်တို့၌ရှိသော ကိုယ်တော်၏ ဝိညာဉ်အားဖြင့် ဆုံးမတော်မူသော်လည်း သူတို့သည်
နားမထောင်သော ကြောင့်၊ ဤပြည်သူပြည်သားတို့လက်သို့ အပ်တော်မူ၏။ 31 သို့ရာတွင် ကိုယ်တော်သည် ချစ်သနားခြင်း
မေတ္တာကရုဏာနှင့် ပြည့်စုံသောဘုရားဖြစ်၍၊ ကရုဏာ တော် ကြွယ်ဝသောကြောင့်၊ သူတို့ကို ရှင်းရှင်းဖျက်ဆီး တော်မမူ။
စွန့်ပစ်တော်မမူ။ 32 သို့ဖြစ်၍၊ အို အကျွန်ုပ်တို့၏ဘုရား၊ ကြီးမြတ်၍ မဟာတန်ခိုးနှင့် ပြည့်စုံလျက် ကြောက်မက်ဘွယ်သော ဘုရား၊
ကရုဏာပဋိညာဉ်တော်ကို စောင့်တော်မူသော ဘုရား၊ အာရှုရိရှင်ဘုရင်လက်ထက်မှစ၍ ယနေ့တိုင် အောင်၊ အကျွန်ုပ်တို့ ရှင်ဘုရင်၊
မှူးမတ်၊ ယဇ်ပုရောဟိတ်၊ ပရောဖက်၊ အဆွေအမျိုးသူကြီး၊ ကိုယ်တော်၏ လူ အပေါင်းတို့အပေါ်သို့ ရောက်သော ဘေးဒဏ်ရှိသမျှကို
ပမာဏမပြုဘဲ နေတော်မမူပါနှင့်။ 33 ကိုယ်တော်မူကား အကျွန်ုပ်တို့အပေါ်သို့ရောက် စေသမျှသော အမှု၌တရားတော်မူ၏။
အကျွန်ုပ်တို့သည် မတရားသဖြင့် ပြုကြပါပြီ။ ကိုယ်တော်သည် တရား သဖြင့်သာ စီရင်တော်မူပြီ။ 34 အကျွန်ုပ်တို့ရှင်ဘုရင်၊ မှူးမတ်၊
ယဇ်ပုရောဟိတ်၊ အဆွေအမျိုးသူကြီးတို့သည် တရားတော်ကိုမစောင့်။ ပေးထားတော်မူသော ပညတ်များနှင့် သက်သေခံချက်
များတို့ကို နားမထောင်ကြ။ 35 ကြီးသောကျေးဇူးကို ပြုလျက်အပ်ပေးတော်မူ၍၊ သူတို့ပိုင်သော နိုင်ငံ၊ သနားတော်မူသောပြည်ကြီး၊
ပြည် ကောင်း၌နေရသော်လည်း၊ အမှုတော်ကိုမဆောင်မရွက်၊ မိမိတို့ပြုသော ဒုစရိုက်ကို မရှောင်ဘဲနေကြပါ၏။ 36 ဘိုးဘေးတို့သည်
အလွန်မြတ်သော အသီးအနှံ ကို စားရသော အခွင့်နှင့်သူတို့အား ပေးသနားတော် မူသော ပြည်၌ အကျွန်ုပ်တို့သည် ယနေ့အစေခံကျွန်
ဖြစ်ကြပါ၏။ သူ့ကျွန်ခံရကြပါ၏။ 37 အကျွန်ုပ်တို့အပြစ်ကြောင့်၊ အကျွန်ုပ်တို့အပေါ် မှာ ခန့်ထားတော်မူသော ရှင်ဘုရင်တို့သည်
ဤပြည်၌ ကြွယ်ဝစွာဖြစ်သော အသီးအနှံကို သိမ်းစားမြဲရှိကြပါ၏။ အကျွန်ုပ်တို့၏ ကိုယ်နှင့် တိရစ္ဆာန်များကို သူတို့သည်
ကိုယ်အလိုအလျောက် အစိုးပိုင်၍၊ အကျွန်ုပ်တို့သည် အလွန်ဆင်းရဲခံလျက်နေရပါသည်ဟု မြွက်ဆိုကြ၏။ 38
ထိုအကြောင်းအရာများကို ငါတို့သည် ဆင်ခြင် ပြီးမှ၊ သစ္စာပြု၍ စာချုပ်ကိုလည်း ရေးထားလျက်၊ ငါတို့ အကြီးအကဲ၊
ယဇ်ပုရောဟိတ်၊ လေဝိသားတို့သည် တံဆိပ် ခတ်ကြ၏။

---

Nehemiah 01

ထိုလ နှစ်ဆယ်လေးရက်နေ့

"သတ္တမလ နှစ်ဆယ့်လေးရက်နေ့။" အနောက်တိုင်း ပြက္ခဒိန်တွင် အောက်တိုဘာ လလယ်လောက် ဖြစ်နိုင်သည်။

ဣသရေလ အမျိုးသားတို့သည် . . . စည်းဝေးကြ၏

"ဣသရေလ လူတို့သည် ... စည်းဝေးကြ၏"

လျှော်တေအဝတ်ကို ဝတ်လျက်၊ ကိုယ်၌ မြေမှုန့်ကို တင်လျက်

မိမိနှင့် မိမိဘိုးဘေးတို့၏ ပြစ်မှားမှုအတွက် နောင်တရကြောင်း ဖော်ပြခြင်းဖြစ်သည်။

ဣသရေလ အမျိုးစစ် ဖြစ်သောသူတို့

"ဣသရေလ လူမျိုးစစ်တို့"

တပါးအမျိုးသား ရှိသမျှတို့နှင့် ကွာ၍

"တပါးအမျိုးတို့ထံမှ ခွာ၍"

ကိုယ်အပြစ်နှင့် ဘိုးဘေးတို့၏ အပြစ်များကို ဘော်ပြတောင်းပန်ကြ၏

"ကိုယ်အပြစ်နှင့် ဘိုးဘေးတို့၏ အပြစ်များကို ဝန်ချတောင်းပန်ကြ၏"

Nehemiah 03

ရပ်နေ၍

ဣသရေလ လူတို့ ရပ်နေ၍

အပြစ်ကို ဘော်ပြတောင်းပန်၍

"အပြစ်ကို ဝန်ချတောင်းပန်၍"

ကိုးကွယ်ကြ၏

"ဝတ်ပြုကြ၏" သို့မဟုတ် "ချီးမွမ်းကြ၏"

လေဝိသား ယောရှု၊ ဗာနိ . . . တို့သည် ပလ္လင် ပေါ်မှာရပ်၍

အချို့မူပြန်ကျမ်းတွင်၊ "ယောရှု၊ ဗာနိ ... တို့သည် လေဝိ အမျိုးအတွက် လုပ်ထားသော လှေကားပေါ်မှာ ရပ်၍"

ယောရှု၊ ဗာနိ၊ ကပ်မျေလ၊ ရှေဗနိ၊ ဗုန္နိ၊ ရှေရဘိ၊ ဗာနိ၊ ခေနနိ

ယောက်ျားများ၏ အမည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Nehemiah 05

ဖန်လေဝိသား . . . တို့က ထကြလော့ . . . ဟု ကောင်းကြီးပေးကြလော့
ဣသရေလ အမျိုးတို့ထံ လေဝိသားတို့ ကြွေးကြော်သောစကား ဖြစ်သည်။

သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် . . . ဟု ကောင်းကြီးပေးကြလော့
"သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ... ဟု ကောင်းကြီးပေးကြလော့"

ယောရှု၊ ကပ်မျေလ၊ ဗာနိ . . . ရှေရဘိ . . . ရှေဗ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၉:၃ မှ ပြန်ဆိုချက်ကို ရှု။

ဟာရှဗနိ . . . ဟောဒိယ . . . ပေသဟိ
ယောက်ျားများ၏ အမည်ဖြစ်သည်။

ကိုယ်တော်၏နာမသည် မင်္ဂလာရှိပါစေသတည်း
လေဝိသားတို့က ထာဝရဘုရားထံ ဆုတောင်းသောစကား ဖြစ်သည်။ "ယုဒလူ အပေါင်းတို့သည် ကိုယ်တော်၏နာမကို ကောင်းကြီးပေးပါစေသတည်း"

အမြင့်ဆုံးသော ကောင်းကင်နှင့် ကောင်းကင် ဗိုလ်ခြေအပေါင်းတို့ကိုဂှင်း . . . ကောင်းကင်ဗိုလ်ခြေတို့သည် ကိုယ်တော်ကို ကိုးကွယ်ကြပါ၏
ဗိုလ်ခြေမှာ စစ်တပ်ဖြစ်သည်။ "ကောင်းကင်ဗိုလ်ခြေ" မှာ စစ်တပ်ကဲ့သို့ များပြားသော ကြယ်များကို တင်စားထားခြင်း ဖြစ်သည်။ ကြယ်များမှာ ကောင်းကင်တမန်တို့ကို တင်စားခြင်းဖြစ်သည်။ ကြယ်များက ထာဝရဘုရားကို ကိုးကွယ်ခြင်း ဟူရာတွင် ကောင်းကင်တမန်တို့က ထာဝရဘုရားကို ကိုးကွယ်ခြင်းအား ညွှန်းဆိုသည်။

Nehemiah 07

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများ ဆက်လက် ဆုတောင်းသည်။

ခါလဒဲပြည်၊ ဥရမြို့
"ခါလဒဲလူတို့နေရာ ဥရမြို့"

ရှေ့တော်၌ သူ့သဘော ဖြောင့်သည်ကို တွေ့သောကြောင့်
"သဘော" ဟူရာတွင် အတွင်းလူကို ညွှန်းပြီး လူတယောက်လုံးကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှေ့တော်၌ ဖြောင့်မတ်သည်ကို တွေ့သောကြောင့်"

ခါနန်ပြည်၊ ဟိတ္တိပြည်၊ အာမောရိပြည်၊ ဖေရဇိပြည်၊ ယေဗုသိပြည်၊ ဂိရဂါရှိပြည်
လူမျိုးစုတို့၏ အမည်ဖြစ်သည်။

Nehemiah 09

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

မြင်၍
ထာဝရဘုရား မြင်၍

သူတို့ အော်ဟစ်သောအသံကို ကြားတော်မူ၏
ဣသရေလတို့၏ ငိုကြွေးသံကြောင့် ဘုရားသခင် စတင်လှုပ်ရှားကြောင်း ထင်ရှားစေသည်။

ထိုပြည်သားတို့၌ နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို ပြတော်မူ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်း၏ စိတ်ခိုင်မှုကို နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ဖြင့် ပြတော်မူ၍"

ပြည်သူပြည်သား အပေါင်းတို့
"အဲဂုတ္တုပြည်သား အပေါင်းတို့"

အကျွန်ုပ်တို့၏ ဘိုးဘေးတို့ကို စော်ကားစွာ ပြုသောကြောင့်
"ဣသရေလ အမျိုးတို့အား မထီမဲ့မြင်ပြုသောကြောင့်" သို့မဟုတ် "ရွေးကောက်ခံ လူစုတို့ကို မှားယွင်းစွာ ဆက်ဆံသောကြောင့်"

သိတင်းတော်သည်
"နာမတော်သည်" သို့မဟုတ် "ဘုန်း အသရေတော်သည်"

ယနေ့တိုင်အောင် ကျော်စောလျက်ရှိပါ၏
"ယနေ့တိုင်အောင် အမှတ်ရကြပါ၏"

Nehemiah 11

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

ပင်လယ်ကို ခွဲတော်မူ၏
ဘုရားသခင် ခွဲတော်မူ၏ ။

ညှဉ်းဆဲသော သူတို့ကိုကား၊ နက်သောရေထဲသို့ ကျောက်ကိုပစ်သကဲ့သို့ ပစ်တော်မူ၏
အဲဂုတ္တု လူတို့ကို ပင်လယ်ထဲသို့ နှစ်စေခြင်းအား ရေထဲသို့ ကျောက်ပစ်သကဲ့သို့ ခိုင်းနှိုင်းထားသည်။

Nehemiah 12

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

သူတို့ကို ပို့ဆောင်တော်မူ၏
ထာဝရဘုရား ပြုတော်မူသည်။


generated on Sun Jun 30 02:37:40 2024

ဆင်းသက်၍
မိမိလူတို့ထံ စကားပြောသောအခါ ကောင်းကင်မှ "ဆင်းသက်" သည်ဟု ခေါ်ဝေါ်လေ့ရှိသည်။ ကိုယ် ထင်ရှားသောအခါ၌လည်း ထိုဝေါဟာရကို သုံးသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထင်ရှားပြ၍" သို့မဟုတ် "ဆင်းကြွ၍"

ဟုတ်မှန်ဖြောင့်မတ်သော စီရင်ထုံးဖွဲ့ချက်ပညတ်တရားတို့
မောရှေ၏ ပညတ္တိကျမ်းကို ညွှန်းသည်။

Nehemiah 14

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

နည်းနာဥပဒေသ ပညတ်တရားတို့
မောရှေ၏ ပညတ္တိကျမ်းကို ညွှန်းသည်။

Nehemiah 16

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများကထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

အကျွန်ုပ်တို့ ဘိုးဘေးတို့
မောရှေလက်ထက်နှင့် မောရှေလွန်ပြီး ဣသရေလ အမျိုးများ

ခိုင်မာသော လည်ပင်းနှင့် . . . လည်ပင်းခိုင်မာသည် ဖြစ်၍
"ခိုင်မာသော လည်ပင်း" ဟု တိုက်ရိုက် ပြန်ဆိုနိုင်သည်။ သို့ရာတွင်၊ ပြန်ဆိုမည့် ဘာသာစကား၌ ခေါင်းမာမှုနှင့် သက်ဆိုင်သည့် အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သူတို့တွင် ပြုတော်မူသော အံ့ဘွယ်သောအမှုတို့
"သူတို့၌ ပြုတော်မူသော အံ့ဘွယ်အမှုတို့"

ကျွန်ခံရာ အဲဂုတ္တုပြည်သို့ ပြန်လိုသောငှါ၊ လူကြီးတဦးကို ချီးမြှောက်ကြ၏
"ကျွန်ဘဝသို့ ပြန်လည် ခေါ်ဆောင်မည့် ခေါင်းဆောင်တဦးကို ချီးမြှောက်ကြ၏"

အပြစ်ကို ဖြေတတ်သောဘုရား
အခြားသော ဘာသာပြန်ဆိုချက်၊ "ခွင့်လွှတ်ခြင်းနှင့် ပြည့်သောဘုရား"

ကျေးဇူးပြုခြင်းနှင့် ကြွယ်ဝသောဘုရား
အခြားသော ဘာသာပြန်ဆိုချက်၊ "ချစ်ခြင်းမေတ္တာ၌ ကြွယ်သောဘုရား"

Nehemiah 18

နွားသငယ်အရုပ်ကို သွန်း၍
သတ္တုအရည်ဖြင့် နွားရုပ်တုကို သွန်းလုပ်သည်။

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

ကိုယ်တော်သည် . . . သူတို့ကို စွန့်ပစ်တော်မမူ
ထာဝရဘုရားက ဣသရေလ လူတို့ကို မစွန့်ခဲ့ပါ။

မိုဃ်းတိမ်တိုင် . . . မီးတိုင်
၉:၁၂ မှ ပြန်ဆိုချက်ကို ရှု။

Nehemiah 20

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

ကောင်းသော ဝိညာဉ်တော် . . . ကိုယ် တော်၏မန္န . . . ရေ
မိမိလူတို့အတွက် ထာဝရဘုရား ပြုတော်မူသော အရာများဖြစ်သည်။

သွန်သင်စရာဘို့
"မစရန်"

သူတို့စားရသော ကိုယ်တော်၏မန္နကို ရုပ်သိမ်းတော်မမူ
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့စားစရာဘို့ ကိုယ်တော်သည် မန္နကို ပေးတော်မူ၏"

သူတို့စားရသော
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ထံမှ"

Nehemiah 22

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

တိုင်းနိုင်ငံများကို . . . ပေးသနားတော်မူသဖြင့်
ဣသရေလ လူတို့အတွက် တိုင်းပြည်များကို ထာဝရဘုရား ပေးတော်မူသည်။

နောက်မှ တပါးအမျိုးသားတို့၏ တိုင်းနိုင်ငံများကို . . . ပေးသနားတော်မူသဖြင့်
"တပါးသူတို့၏ တိုင်းနိုင်ငံများကို ... ပေးသနားတော်မူသဖြင့်"

သူတို့အား အကုန်အစင်ဝေဖန်၍
"အကုန်အစင် ပိုင်ဆိုင်စေခြင်းငှါ"

ရှိဟုန် . . . ဩဃ
ဘုရင်များ၏ အမည်ဖြစ်သည်။

ဟေရှဘုန် . . . ဗာရှန်
အရပ်ဒေသများ၏ အမည်ဖြစ်သည်။

Nehemiah 23

ဆက်စပ်မှု ဖော်ပြချက်
ဣလသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

သူတို့သားမြေးတို့ကို
မောရှေလက်ထက် ဣလသရေလ အမျိုးနွယ်ကို ညွှန်းသည်။

ပြုရသောအခွင့်နှင့် သူတို့လက်သို့ အပ်တော်မူ၏
ခါနန်လူမျိုးများကို တပါးသူများလက်ထဲသို့ အရာဝတ္ထုနည်းတူပေးနိုင်သည့်ဟန်ဖြင့် ပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြုနိုင်ရန် ဣလသရေလတို့အား အပိုင်ပေးတော်မူ၏"

Nehemiah 25

ဆက်စပ်မှု ဖော်ပြချက်
ဣလသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

သိမ်းယူ၍
မောရှေလက်ထက် ဣလသရေလတို့ သိမ်းယူသည်။

မြေကောင်းသောပြည်
"ဘူမိနက်သန်ရာမြေ"

ရေတွင်း
ရေကို စုဆောင်းသော မြေတွင်း

အသားဆူဖြိုး၍
ထာဝရဘုရားကို မေ့လျော့ကြောင်း ဆိုလိုသည်။

Nehemiah 26

ဆက်စပ်မှု ဖော်ပြချက်
ဣလသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

တရားတော်ကို ကျောနောက်သို့ ပစ်ထားကြ၏
တရားတော်ကို လွှင့်ပစ်၍ရသော အရာကဲ့သို့ ညွှန်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တရားတော်ကို မထီမဲ့မြင် ပြုကြ၏"

တရားတော်ကို . . . ပစ်ထားကြ၏
ထာဝရဘုရား၏ ပညတ်တော်ကို စွန့်ပစ်ကြသည်။

သူတို့ကို . . . ရန်သူလက်သို့ အပ်လိုက်တော်မူ၏
"လက်" မှာ "ရန်သူ" တယောက်လုံးကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကို ... ရန်သူတို့ထံ အပ်တော်မူ၏"

ရန်သူလက်မှ ကယ်လွှတ်သော ကျေးဇူးရှင်တို့ကို ပေါ်ထွန်းစေတော်မူ၏
"လက်" မှာ "ရန်သူ" ၏ခွန်အားကိုဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူထံမှ ကယ်တင်မည့်သူများကို စေလွှတ်တော်မူ၏"

Nehemiah 28

ဆက်စပ်မှု ဖော်ပြချက်
ဣလသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

တဖန်ချမ်းသာရသောအခါ၊ ရှေ့တော်၌ ဒုစရိုက် ကို ပြုပြန်ကြသောကြောင့်
ဣလသရေလလူတို့အား ရည်ညွှန်းခြင်း ဖြစ်သည်။

ရန်သူအစိုးရမည်အကြောင်း တဖန်အပ်တော်မူ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် သူတို့၏ ရန်သူတို့ကို နှိပ်စက်စေရန် အခွင့်ပေးသည်"

သူတို့သည် နားမထောင်
"နားမထောင်" ကို "မလိုက်နာ" ဟုလည်း ဆိုနိုင်သည်။

ကျင့်သောသူ၌ အသက်ရှင်စရာ အကြောင်းဖြစ် သော စီရင်တော်မူချက်တို့
ထာဝရဘုရားကို စီရင်တော်မူချက်ကဲ့သို့ ပုံဖော်ထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တော်တိုင်သည် သင့်စီရင်တော်မူချက်တို့ကို လိုက်လျောက်သောသူအား အသက်ပေးခဲ့သည်"

Nehemiah 30

ဆက်စပ်မှု ဖော်ပြချက်
ဣလသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

ဤပြည်သူပြည်သားတို့ လက်သို့ အပ်တော်မူ၏
"လက်" မှာ "ရန်သူ" တယောက်လုံးကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိုင်းတပါးသားတို့ထံ အပ်တော်မူ၏။" ၉:၂၆ မှ ပြန်ဆိုချက်ကို ရှု။

အပ်တော်မူ၏
ထာဝရဘုရား အပ်တော်မူသည်။

သူတို့ကို ရှင်းရှင်း ဖျက်ဆီးတော်မမူ
"သူတို့ကို ဖျက်ဆီးခြင်းမပြု"

Nehemiah 32

ဆက်စပ်မှု ဖော်ပြချက်
ဣလသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။


generated on Sun Jun 30 02:37:40 2024

ယနေ့တိုင်အောင် . . . ကိုယ်တော်၏လူ အပေါင်းတို့ အပေါ်သို့ရောက်သော ဘေးဒဏ်ရှိသမျှကို ပမာဏမပြုဘဲ နေတော်မမူပါနှင့်

ဤကျမ်းပိုဒ်ကို စာနှစ်ကြောင်းဖြင့် ခွဲနိုင်သည်။ "ယနေ့တိုင် ... ကိုယ်တော်၏လူ အပေါင်းတို့အပေါ် ဘေးဒဏ်သက်ရောက်ပါ၏။ ၎င်းကို ပမာဏမပြုဘဲ နေတော်မမူပါနှင့်"

ကိုယ်တော်၏ လူအပေါင်းတို့ အပေါ်သို့ရောက်သော ဘေးဒဏ် . . . အကျွန်ုပ်တို့အပေါ်သို့ ရောက်စေသမျှသောအမှု

"အပေါ်သို့ရောက်သော" ဟူရာတွင် တစုံတဦးထံ ဖြစ်ပျက်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ လူအပေါင်းတို့ ခံရသောဘေးဒဏ် ... အကျွန်ုပ်တို့ ခံစားသမျှသောအမှု"

Nehemiah 35

ဆက်စပ်မှု ဖော်ပြချက်

ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

ကြီးသောကျေးဇူးကိုပြုလျက် အပ်ပေးတော်မူ၍၊ သူတို့ပိုင်သော . . . သနားတော်မူသော ပြည်ကြီး

"ကြီးသောကျေးဇူးဖြင့် အပ်၍ ပေးသနားတောမူသဖြင့်၊ သူတို့ပိုင်ရသော"

အမှုတော်ကို မဆောင်မရွက်

"တရားတော်ကို မလိုက်မနာ"

Nehemiah 36

ဆက်စပ်မှု ဖော်ပြချက်

ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

အသီးအနှံ

"အသီးအပွင့်"

ရှင်ဘုရင်တို့သည် ဤပြည်၌ ကြွယ်ဝစွာဖြစ်သော အသီးအနှံကို သိမ်းစားမြဲ ရှိကြပါ၏

"ကိုယ်ပိုင်သော အသီးအနှံအတွက် ရှင်ဘုရင်တို့ထံ အခွန်ပေးကြရပါ၏"

အစိုးပိုင်၍

ဘုရင်များ အုပ်စိုးသည်။

Nehemiah 38

ဆက်စပ်မှု ဖော်ပြချက်

ဣသရေလ အမျိုးတို့ရှေ့၌ လေဝိသားများက ထာဝရဘုရားကို ဆက်လက် ချီးမွမ်းသည်။

ထိုအကြောင်းအရာများကို

ထာဝရဘုရားအပေါ် သစ္စာမဲ့သောကြောင့် ထိုသို့ ခံရသည်။

---

## Translation Questions

Nehemiah 9:1

ထိုလနှစ်ဆယ်လေးရက်နေ့တွင် စုရုံးကြသောအခါ ဣသရေလအမျိုးသားတို့သည် မည်သည့်အရာကိုလုပ်နေကြသနည်း?

ဣသရေလ အမျိုးသားတို့သည် အစာရှောင်လျက်၊ လျှော်တေအဝတ် ကိုဝတ်လျက်၊ ကိုယ်၌မြေမှုန့်ကိုတင်လျက် နေကြ၏။ ဣသရေလလူအမျိုးသားတို့သည် မိမိတို့ကိုတပါးအမျိုးသားများမှ ကင်းကွာစေ၍ မိမိတို့အပြစ်များနှင့် ဘိုးဘေးတို့အပြစ်များကို ဝန်ချ၍ မတ်တပ်ရပ်နေကြသည်။

Nehemiah 9:5

လူများတို့သည် ထာဝရဘုရားကို မည်သို့ဆိုကြသနည်း?

လူများတို့က ထာဝရဘုရားသည် တပါးတည်းဖြစ်၍၊ ကောင်းကင်၊ မြေကြီး၊ ပင်လယ်များနှင့်သူတို့အထဲ၌ရှိသောအရာအားလုံးကိုဖန်ဆင်း၍ သူတို့ကိုအသက်ပေးသည်ဟု ဆိုကြသည်။

Nehemiah 9:7

အာဗြံနှင့်ပါတ်သက်၍ လူတို့သည် ဘုရားသခင်အကြောင်းမည်သို့ဆိုကြသနည်း?

ထာဝရဘုရားသည် အာဗြံကိုရွေးကောက်တော်မူ၍ သူ့အမည်ကို အာဗြဟံ ဟုပြောင်းပေးသည်၊ သူနှလုံးသည် သစ္စာရှိကြောင်းတွေ့၍ ပြည်တော်ကိုသူ့မျိုးနွယ်များအားပေးရန် သူနှင့်ပဋိညာဉ်ဖွဲ့တော်မူပြီ ဟုဆိုကြ၏။

Nehemiah 9:9

ထာဝရဘုရားသည် ကတိတော်တည်သည်ဟု လူများက မည်သို့ဆိုကြသနည်း?

လူများက သူတို့ဘိုးဘေးများကို အဲဂုတ္တုပြည်မှကယ်တင်ခြင်း၊ ဖာရောဘုရင်နှင့်သူ့လူများတဘက်၌ နိမိတ်လက္ခဏာများနှင့်အံ့ဘွယ်ရာများ နှင့် သူတို့ဘိုးဘေးများကို ပင်လယ်နီတွင် မည်သို့ ကယ်တင်ခဲ့သည် များကို ထာဝရဘုရားထံသို့ ပြောကြသည်။

Nehemiah 9:11

ထာဝရဘုရားသည် ပင်လယ်နီတွင် ဣသရေလလူများအတွက် မည်သည့်အရာလုပ်ပေးသည်ဟု လူများပြောသနည်း?
ထာဝရဘုရားသည် ပင်လယ်ကိုကွဲစေ၍ သူတို့သည် မြေပေါ်၌သွားကြရ၍ သူတို့နောက်လိုက်သောသူများ၌ မြစ်ကိုပြန်ခေါ်သည် ဟုဆိုကြသည်။

Nehemiah 9:12

ထာဝရဘုရားသည် ဣသရေလလူများကို အခြားမည်သည့်နည်းလမ်းဖြင့် စောင့်ရှောက်သည်ဟု ပြောဆိုကြသနည်း?
ထာဝရဘုရားသည် နေ့ဘက်တွင် တိမ်တိုက်နှင့် ညဘက်တွင် မီးတိုင်ဖြင့် ဦးဆောင်၍၊ တိနာတောင်တွင် သူတို့ကို ပညတ်တော်ပေးသည်။

Nehemiah 9:14

လူများက မည်သည့်အခြားအရာကို ထာဝရဘုရားသည် သူတို့ဘိုးဘေးများအား ပေးခဲ့သည်ဟု ဆိုကြသနည်း?
ထာဝရဘုရားသည် သူ၏သန့်ရှင်းသော ဥပုဒ်နေ့ကို လူများအားသိစေ၍၊ ကောင်းကင်မှမုန့်ကိုပေးသည်၊ ကျောက်မှရေကိုထွက်စေသည်၊ ကတိတော်ထားရာပြည်ကို ပိုင်ဆိုင်ဖို့ရန် ပြောတော်မူပြီ ဟုဆိုကြသည်။

Nehemiah 9:16

ဣသရေလလူများနှင့် သူတို့ဘိုးဘေးများသည် ဘုရားသခင်ထံ မည်သို့ပြုမူကြသနည်း?
ဣသရေလလူများသည် ရိုသေခြင်းမရှိ၊ ခေါင်းမာ၍၊ နားထောင်ဖို့ငြင်းဆန်၍ပုန်ကန်ကြသည်၊ သူတို့ကို ကျွန်အဖြစ်ပြန်ရောင်းမည့် ခေါင်းဆောင်ကို ခန့်ကြသည်။

ဣသရေလလူများသည် ရိုသေခြင်းမရှိ၊ ခေါင်းမာ၊ ပုန်ကန်၍ နာခံခြင်းမရှိကြသော်လည်း အဘယ်ကြောင့် ဘုရားသခင်သည် သူတို့ကို မစွန့်လွှတ်သနည်း?
ဘုရားသခင်သည် ခွင့်လွှတ်ခြင်းနှင့်ပြည့်သောဘုရား၊ ကျေးဇူးကြီး၍ ကရုဏာရှိသော၊ အမျက်ထွက်ရာ၌နှေး၍ ချစ်ခြင်းမေတ္တာ၌ ကြီးမားသောဘုရားဖြစ်သောကြောင့် ဣသရေလလူများကို မစွန့်လွှတ်ခြင်းဖြစ်သည်။

Nehemiah 9:20

ဘုရားသခင်သည် သူတို့ဘိုးဘေးများအား တောနက်ထဲတွင် နှစ်လေးဆယ်လုံးလုံးမည်သို့ထောက်ပံ့ခဲ့သည်ဟု လူများပြောသနည်း?
ထာဝရဘုရားသည် သူတို့ကိုသွန်သင်ဖို့ရန် သူ့ဝိညာဉ်ကိုငင်း၊ အစားအစာနှင့်ရေကိုငင်းပေး၍၊
သူတို့အဝတ်အစားများမစုတ်ပြတ်စေ၊ သူတို့ခြေသည်လည် မရောင်စေခဲ့ပါ။

Nehemiah 9:23

သူတို့ဘိုးဘေးများသည် တောထဲတွင်နေပြီးနောက် မည်သို့ဖြစ်ပျက်သည်ဟု လူများပြောသနည်း?
ထာဝရဘုရားသည် သူတို့မိသားစုများကို များပြားစေ၍၊ သွား၍ကတိတော်ထားရာပြည်ကိုပိုင်ဆိုင်ကြဖို့ ခါနန်လူများကို နှိမ်နင်းစေခဲ့သည်ဟု လူများက ပြောကြသည်။

Nehemiah 9:25

ဘုရားသခင် ကတိတော်ထားရာပြည်ကို အပိုင်ရပြီးနောက် ဣသရေလလူများသည် မည်သို့ပြုလုပ်ကြသနည်း?
ဣသရေလလူများသည် ထိုပြည်နှင့်ငင်းအထဲရှိအရာအားလုံးကို မိမိတို့အဖို့ သိမ်းပိုက်၍ ဘုရားသခင်၏ကောင်းမြတ်ခြင်း၌ ပျော်မွေ့ကြသည်။

Nehemiah 9:26

သူတို့ဘိုးဘေးများသည် နာခံမှုမရှိ၊ ပုန်ကန်လာကြသောအခါ ထာဝရဘုရားသည် မည်သို့ပြုလုပ်သည်ဟု လူများပြောသနည်း?
ထာဝရဘုရားသည် သူတို့ကို ရန်သူများလက်သို့အပ်၍ ရန်သူတို့သည် သူတို့ကို နာကျင်စေကြသည်။

ဣသရေလလူများသည် ဘုရားသခင်ထံ အော်ဟစ်၍ ဘုရားသခင်သည် ကရုဏာတော်ကြီးမားသောကြောင့် မည်သို့ပြုလုပ်သနည်း?
ဘုရားသခင်သည် သူတို့ရန်သူများလက်မှ သူတို့ကို ကယ်နှုတ်ခဲ့သည်။

Nehemiah 9:36

အဘယ်ကြောင့် ပြည်တော်မှကောင်းသောသီးနှံများသည် ဘုရားသခင်က သူတို့အပေါ်ခန့်ထားသော ဘုရင်များထံရောက်သနည်း?
ဣသရေလလူများ၏အပြစ်များကြောင့် ပြည်တော်မှကောင်းသောသီးနှံများသည် ဘုရင်များထံရောက်သည်။

အဘယ်ကြောင့် ဣသရေလလူများသည် အလွန်ပူပင်ကြသနည်း?
သူတို့၏ဘုရင်များသည် သူတို့နှင့် သူတို့တိရ စ္ဆာန်များကို သူတို့အလိုရှိသည်အတိုင်း အုပ်ချုပ်ကြသောကြောင့် ဣသရေလလူများသည် အလွန်ပူပင်ကြခြင်းဖြစ်သည်။

Nehemiah 9:38

ဣသရေလလူတို့သည်အလွန်ပူပင်၍ မည်သည့်အရာကို ပြုလုပ်ကြသနည်း?
ဣသရေလလူတို့သည် ခိုင်မာသောပဋိညာဉ်ကို ရေး၍ ထာဝရဘုရားနှင့်ပဋိညာဉ် ပြုလုပ်ကြသည်။

တံဆိပ်ခပ်ထားသော ပဋိညာဉ်တွင် မည်သူ၏အမည်များရေးထားသနည်း?
ဣသရေလ မင်းသားများ၊ လေဝိလူများ နှင့် ယဇ်ပုရောဟိတ်များ၏ အမည်များကို ထိုတံဆိပ်ခပ်ထားသော ပဋိညာဉ်ပေါ်တွင် ရေးထားသည်။

## Chapter 10

[1] တံဆိပ်ခတ်သောသူ ဟူမုကား၊ ဟာခလိသား ပြည်အုပ်မင်း နေဟမိ၊ ယဇ်ပုရောဟိတ် ဇိဒကိယ၊ [2] စရာယ၊ အာဇရိ၊ ယေရမိ၊ [3] ပါရှုရ၊
အာမရိ၊ မာလခိယ၊ [4] ဟတ္တုတ်၊ ရှေဗနိ၊ မလ္လုတ်၊ [5] ဟာရိမ်၊ မေရမုတ်၊ ဩဗဒိ၊ [6] ဒံယေလ၊ ဂိန္နေသုန်၊ ဗာရုတ်၊ [7] မေရှုလံ၊ အဘိယ၊
မိယာမိန်၊ [8] မာဇိ၊ ဗိလဂဲ၊ ရှေမာယ၊ [9] လေဝိသားအာဇနိသား ယောရှုတပါး၊ ဟေနဒဒ် သား ဗိန္နိတပါး၊ ကပ်မျေလတပါး၊ [10]
သူတို့ညီရှေဗနိ၊ ဟောဒိယ၊ ကေလိတ၊ ပေလာ ယ၊ ဟာနန်၊ [11] မိက္ခာ၊ ရေဟုပ်၊ ဟာရှဘိ- [12] ဇက္ကုရ၊ ရှေရဘိ၊ ရှေဗနိ၊ [13] ဟောဒိယ၊ ဗာနိ၊
ဗေနိနု- [14] လူတို့တွင် အကြီး အကဲဖြစ်သော ပါရုတ်၊ ပါဟတ်မောဘ၊ ဧလံ၊ ဇဿု၊ ဗာနိ၊ [15] ဗုန္နိ၊ အာဇဂဒ်၊ ဗေဗဲ၊ [16] အဒေါနိယ၊ ဗိဂဝဲ၊
အာဒိန်၊ [17] အာတာ၊ ဟိဇကိယ၊ အဇ္ဇုရ၊ [18] ဟောဒိယ၊ ဟာရှုံ၊ ဗေဇဲ၊ [19] ဟာရိပ်၊ အာနသုတ်၊ နေဗဲ၊ [20] မာဂပျာရှ၊ မေရှုလံ၊ ဟေဇိရ၊ [21]
မေရှဇဗေလ၊ ဇာဒုတ်၊ ယာဒွ၊ [22] ပေလတိ၊ ဟာနန်၊ အနာယ၊ [23] ဟောရှေ၊ ဟာနနိ၊ ဟာရှုပ်၊ [24] ဟာလောဟက်၊ ပိလဟ၊ ရှောဗက်၊ [25]
ရေဟုံ၊ ဟာရှဗန၊ မာသေယ၊ [26] အဟိယ၊ ဟာနန်၊ အာနန်- [27] မလ္လုတ်၊ ဟာရိမ်၊ ဗာနာတည်း။ [28] ကြွင်းသောသူ၊ ယဇ်ပုရောဟိတ်၊
လေဝိသား၊ တံခါးစောင့်၊ သီချင်းသည်၊ ဘုရားကျွန် အစရှိသော ဘုရားသခင်၏ တရားကိုစောင့်အံ့သောငှါ၊ ထိုပြည်သား
တို့နှင့်ကွာသော သူအပေါင်းတို့သည် မယားသားသမီး တို့နှင့်တကွ အကျိုးအကြောင်းကို နားလည်သောသူဖြစ်၍၊ [29]
ညီအစ်ကိုမှူးမတ်တို့၌ မှီဝဲလျက်၊ ဘုရားသခင်၏ ကျွန်မောရှေအားဖြင့် ထားတော်မူသော ဘုရားသခင်၏ တရားတော်အတိုင်း
ကျင့်ပါမည်ဟူ၍၎င်း၊ ငါတို့အရှင် ထာဝရဘုရား၏ ပညတ်တော်များ၊ စီရင်ထုံး ဖွဲ့တော် မူချက်ရှိသမျှတို့ကို
စောင့်ရှောက်ပါမည်ဟူ၍၎င်း၊ [30] ကိုယ်သမီးတို့ကို ပြည်သားတို့အား မပေး စား၊ ပြည်သားသမီးတို့ကို ကိုယ်သားတို့အဘို့ မသိမ်း
မယူဘဲနေပါမည်ဟူ၍၎င်း၊ [31] ပြည်သားတို့သည် ဥပုသ်နေ့၌ ဥစ္စာ၊ စားစရာ ကိုရောင်းခြင်းငှါ ယူခဲ့လျှင်၊ ဥပုသ်နေ့ဖြစ်စေ၊ အခြား သော
ဓမ္မနေ့ဖြစ်စေ မဝယ်၊ သတ္တမနှစ်တွင် လယ်လုပ် ခြင်းအမှုကိုမပြု၊ ကြွေးကိုအနိုင်မတောင်းဘဲနေပါ မည်ဟူ၍၎င်း၊ ကျိန်ဆိုလျက်
သစ္စာဂတိထားကြ၏။ [32] ထိုမှတပါး၊ ငါတို့ဘုရားသခင်၏ အိမ်တော်အမှု တည်းဟူသော ဥပုသ်နေ့နှင့် လဆန်းနေ့တွင် ရှေ့တော် မုန့်၊ [33]
မြဲသောမီးရှို့ရာယဇ်၊ဓမ္မပွဲ၊ သန့်ရှင်းသောအသုံး အဆောင်၊ ဣသရေလအမျိုး၏ အပြစ်ဖြေရာ ယဇ် အစရှိသော ငါတို့၏ဘုရားသခင်
အိမ်တော်အမှုအား လုံးစုံကို ဆောင်ရွက်စရာဘို့၊ လူတိုင်းတနှစ်လျှင် ငွေ တကျပ်သုံးစုတစုစီ ပေးရမည်အကြောင်း ကိုယ်အဘို့
စီရင်ထုံးဖွဲ့ကြ၏။ [34] ပညတ္တိကျမ်းစာ၌ ရေးထားသည်အတိုင်း၊ ငါတို့ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ မီးမွေးစရာထင်း
ပူဇော်သက္ကာကို၊ တနှစ်တနှစ်လျှင် ချိန်းချက်သော အချိန်တို့၌၊ အဆွေအမျိုးအလိုက် ငါတို့ ဘုရားသခင်၏ အိမ်တော်သို့ဆောင်ခဲ့ရမည်
အကြောင်း၊ ယဇ်ပုရောဟိတ် လေဝိသားပြည်သူပြည်သားတို့သည် စာရေးတံပြုကြ၏။ [35] အဦးသီးသော မြေအသီးအနှံနှင့်
အဦးသီးသော သစ်သီးအမျိုးမျိုး ကို ဗိမာန်တော်သို့ နှစ်တိုင်း ဆောင်ခဲ့ရမည်အကြောင်း၊ [36] ပညတ္တိကျမ်းစာ၌ရေးထားသည်အတိုင်း၊
အဦး ဘွားသော သားယောကျ်ားနှင့် အဦးဘွားသော သိုးနွား အစရှိသည်တို့ကို၊ ဗိမာန်တော်၌ အမှုစောင့်သော ယဇ် ပုရောဟိတ်တို့ရှိရာ
ဗိမာန်တော်သို့ ဆောင်ခဲ့ရမည် အကြောင်း၊ [37] အဦးလုပ်သော မုန့်စိမ်း၊ ပူဇော်သက္ကာ၊ သစ်သီး အမျိုးမျိုး၊ စပျစ်ရည်၊
ဆီကိုယဇ်ပုရောဟိတ်တို့ရှိရာ ဗိမာန်တော် အခန်းသို့၎င်း၊ လယ်လုပ်သော မြို့ရွာရှိသမျှ တို့၌ မြေအသီးအနှံဆယ်ဘို့တဘို့ကို လေဝိ
သားတို့ထံသို့ ၎င်း၊ ဆောင်ခဲ့ရမည်အကြောင်း စီရင်ထုံးဖွဲ့ကြ၏။ [38] လေဝိသားတို့သည် ဆယ်ဘို့တဘို့ကို ခံယူသော အခါ၊
အာရုန်အမျိုး ယဇ်ပုရောဟိတ်ရှိရမည်။ လေဝိသား တို့သည်လည်း ဆယ်ဘို့တဘို့ထဲက ဆယ်ဘို့တဘို့ကို နှုတ် ယူ၍ ဗိမာန်တော်အခန်း
ဘဏ္ဍာတိုက်ထဲသို့ သွင်းရကြ မည်။ [39] လေဝိသားအစရှိသော ဣသရေလအမျိုးသား တို့သည် ဆန်စပါး၊ စပျစ်ရည်၊
ဆီပူဇော်သက္ကာတို့ကို သန့်ရှင်းရာဌာနတော်တန်ဆာ၊ အမှုစောင့်ယဇ်ပုရော ဟိတ်၊ တံခါးစောင့်၊ သီချင်းသည်တို့ရှိရာ အခန်းသို့
ဆောင်ခဲ့ရကြမည်။ ငါတို့ ဘုရားသခင်၏ အိမ်တော်ကို ငါတို့သည် စွန့်ပစ်၍ မထားရကြ။

---

Nehemiah 01

တံဆိပ်ခတ်သောသူ ဟူမုကား
"တံဆိပ်ခတ်သော စာချုပ်တွင် ပါဝင်သော အမည်စာရင်း ဟူမုကား"

တံဆိပ်ခတ်သောသူ
လက်မှတ် ရေထိုးပြီးနောက် ထိုစာချုပ်ကို တံဆိပ်ခတ်လိုက်ခြင်း ဖြစ်သည်။

နေဟမိ
ဤကျမ်းအုပ်ကို ပြုစုသူမှာ နေဟမိ ဖြစ်သည်ဟု အများက ခံယူကြသည် ။

ဟာခလိ
ယောကျ်ားအမည် ဖြစ်သည်။ ၁:၁ မှ ပြန်ဆိုချက်ကို ရှု။

ယဇ်ပုရောဟိတ်
စာရင်းတွင် ဖော်ပြမည့် သူများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်များဖြစ်သော"

 generated on Sun Jun 30 02:37:40 2024

ဇိဒကိယ၊ စရာယ . . . ယေရမိ၊ ပါရှုရ၊ အာမရိ
ယောက်ျားများ၏ အမည်ဖြစ်သည်။

အာဇရိ
ယောက်ျားအမည် ဖြစ်သည်။ ၃:၂၂ မှ ပြန်ဆိုချက်ကို ရှု။

မာလခိယ
ယောက်ျားအမည် ဖြစ်သည်။ ၃:၁၁ မှ ပြန်ဆိုချက်ကို ရှု။

Nehemiah 04

ယေဘုယျ အချက်အလက်
တံဆိပ်ပါစာချုပ်ထဲတွင် လက်မှတ်ရေးထိုးသူများကို စာရင်းပြုထားသည်။ (၁၀:၁ ကို ရှု)

ဟတ္တုတ်
ယောက်ျားအမည် ဖြစ်သည်။ ၃:၈ မှ ပြန်ဆိုချက်ကို ရှု။

ရှေဗနိ . . . မေရှုလံ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၉:၃ မှ ပြန်ဆိုချက်ကို ရှု။

မလ္လုတ် . . . ဩဗဒိ၊ ဒံယေလ၊ ဂိန္နေသုန် . . . ဘိယ၊ မိယာမိန်၊ မာဇိ၊ ဗိလဂဲ
ယောက်ျားများ၏ အမည်ဖြစ်သည်။

ဟာရိမ်
ယောက်ျားအမည် ဖြစ်သည်။ ၃:၁၁ မှ ပြန်ဆိုချက်ကို ရှု။

မေရမုတ်
ယောက်ျားအမည် ဖြစ်သည်။ ၃:၃ မှ ပြန်ဆိုချက်ကို ရှု။

ဗာရုတ်
ယောက်ျားအမည် ဖြစ်သည်။ ၃:၂၀ မှ ပြန်ဆိုချက်ကို ရှု။

ရှေမာယ
ယောက်ျားအမည် ဖြစ်သည်။ ၃:၂၈ မှ ပြန်ဆိုချက်ကို ရှု။

These were the priests
နေ ၁၀:၁ ရှိ "ယဇ်ပုရောဟိတ်" ကို ရှု။

Nehemiah 09

ယေဘုယျ အချက်အလက်
တံဆိပ်ပါစာချုပ်ထဲတွင် လက်မှတ်ရေးထိုးသူများ စာရင်းကို ပြုစုထားသည်။

လေဝိသား
တံဆိပ်ပါစာချုပ်ထဲတွင် လက်မှတ်ရေးထိုးသော လေဝိအမျိုးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမည်ရေးထိုးသော လေဝိအမျိုးမှာ"

ယောရှု . . . ဟေနဒဒ်
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၃:၁၈ မှ ပြန်ဆိုချက်ကို ရှု။

အာဇနိ . . . ရေဟုပ် . . . ဗေနိနု
ယောက်ျားများ၏ အမည်ဖြစ်သည်။

မိန္ခ
ယောက်ျားအမည် ဖြစ်သည်။ ၃:၂၂ မှ ပြန်ဆိုချက်ကို ရှု။

ကပ်မျေလ
ယောက်ျားအမည် ဖြစ်သည်။ ၇:၄၃ မှ ပြန်ဆိုချက်ကို ရှု။

ရှေဗနိ
ယောက်ျားအမည် ဖြစ်သည်။ ၉:၃ မှ ပြန်ဆိုချက်ကို ရှု။

ဟောဒိယ၊ ကေလိတ၊ ပေလာယ . . . ရှေရဘိ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၈:၆ မှ ပြန်ဆိုချက်ကို ရှု။

ဟာနန်
ယောက်ျားအမည် ဖြစ်သည်။ ၇:၄၆ မှ ပြန်ဆိုချက်ကို ရှု။

မိက္ခာ
ယောက်ျားအမည် ဖြစ်သည်။ ၁၀:၉ မှ ပြန်ဆိုချက်ကို ရှု။

ဟာရှဘိ . . . ဗာနိ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၃:၁၆ မှ ပြန်ဆိုချက်ကို ရှု။

ဇက္ကုရ
ယောက်ျားအမည် ဖြစ်သည်။ ၃:၁ မှ ပြန်ဆိုချက်ကို ရှု။

လူတို့တွင် အကြီးအကဲဖြစ်သော
တံဆိပ်ပါစာချုပ်ထဲတွင် လက်မှတ်ရေးထိုးသော မှူးမတ်များကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမည်ရေးထိုးသော မှူးမတ်များ"

ပါရုတ်
ယောက်ျားအမည် ဖြစ်သည်။ ၃:၂၅ မှ ပြန်ဆိုချက်ကို ရှု။

ပါဟတ်မောဘ
ယောက်ျားအမည် ဖြစ်သည်။ ၃:၁၁ မှ ပြန်ဆိုချက်ကို ရှု။

ဧလံ၊ ဇသ္သု
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၇:၁၁ မှ ပြန်ဆိုချက်ကို ရှု။

Nehemiah 15

ယေဘုယျ အချက်အလက်
တံဆိပ်ပါစာချုပ်ထဲတွင် လက်မှတ်ရေးထိုးသူများ စာရင်းကို ပြုစုထားသည်။

ဗုန္နိ
ယောက်ျားအမည် ဖြစ်သည်။ ၉:၃ မှ ပြန်ဆိုချက်ကို ရှု။

အာဇဂဒ်၊ ဗေဗဲ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၇:၁၅ မှ ပြန်ဆိုချက်ကို ရှု။

အဒေါနိယ . . . အဇ္ဇုရ . . . နေဗဲ၊ မာဂပျာရှ . . . ဟေဇိရ . . . ယာဒွါ
ယောက်ျားများ၏ အမည်ဖြစ်သည်။

မိဂဝဲ
ယောက်ျားအမည် ဖြစ်သည်။ ၇:၆ မှ ပြန်ဆိုချက်ကို ရှု။

အာဒိန်၊ အာတာ၊ ဟိဇကိယ . . . ဟရှုံ
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၇:၁၉ မှ ပြန်ဆိုချက်ကို ရှု။

ယောဒိယ
ယောက်ျားအမည် ဖြစ်သည်။ ၈:၆ မှ ပြန်ဆိုချက်ကို ရှု။

ဗေဇဲ၊ ဟာရိပ်
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၇:၂၃ မှ ပြန်ဆိုချက်ကို ရှု။

အာနသုတ်
ယောက်ျားအမည် ဖြစ်သည်။ ၇:၂၇ မှ ပြန်ဆိုချက်ကို ရှု။

မေရှုလံ . . . မေရှဇဗေလ၊ ဇာဒုတ်
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၃:၃ မှ ပြန်ဆိုချက်ကို ရှု။

Nehemiah 22

ယေဘုယျ အချက်အလက်
တံဆိပ်ပါစာချုပ်ထဲတွင် လက်မှတ်ရေးထိုးသူများ စာရင်းကို ပြုစုထားသည်။

ပေလတိ . . . ဟောရှေ . . . ပိလဟ၊ ရှောဗက် . . . ဟာရှဗန . . . အဟိယ . . . အာနန် . . . ဟာရိမ်၊ ဗာနာ
ယောက်ျားများ၏ အမည်ဖြစ်သည်။

ဟာနန်
ယောက်ျားအမည် ဖြစ်သည်။ ၇:၄၆ မှ ပြန်ဆိုချက်ကို ရှု။

အနာယ
ယောက်ျားအမည် ဖြစ်သည်။ ၈:၄ မှ ပြန်ဆိုချက်ကို ရှု။

ဟာနနိ
ယောက်ျားအမည် ဖြစ်သည်။ ၃:၈ မှ ပြန်ဆိုချက်ကို ရှု။

ဟာရှုပ်၊ ဟာလောဟက်
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၃:၁၁ မှ ပြန်ဆိုချက်ကို ရှု။

ရေဟုံ
ယောက်ျားအမည် ဖြစ်သည်။ ၃:၁၆ မှ ပြန်ဆိုချက်ကို ရှု။

မာသေယ
ယောက်ျားအမည် ဖြစ်သည်။ ၃:၂၂ မှ ပြန်ဆိုချက်ကို ရှု။

မလ္လုတ်၊ ဟာရိမ်
ယောက်ျားများ၏ အမည်ဖြစ်သည်။ ၁၀:၄ မှ ပြန်ဆိုချက်ကို ရှု။

ဗာနာ
ယောက်ျားအမည် ဖြစ်သည်။ ၇:၆ မှ ပြန်ဆိုချက်ကို ရှု။

Nehemiah 28

တံခါးစောင့်
မြို့ သို့မဟုတ် ဗိမာန်တွင် ဝင်ထွက်နိုင်ရန်၊ မြို့တံခါးများကို ဖွင့်၍ပိတ်ရန် လုပ်ပိုင်ခွင့် ရထားသောသူများကို ညွှန်းသည်။ ၇:၁ မှ ပြန်ဆိုချက်ကို ရှု။

သီချင်းသည်
"ဗိမာန်တော် သီချင်းသည်"

အကျိုးအကြောင်းကို နားလည်သောသူဖြစ်၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်အပေါ် သစ္စာပြုခြင်းအကြောင်းကို နားလည်သောသူဖြစ်၍"

ညီအစ်ကို မှူးမတ်တို့
"ညီအစ်ကို အကြီးအကဲတို့။" ရှေ့နှင့်နောက် တခုတည်းကို ညွှန်းသည်။

bound themselves with both a curse and an oath
နေ ၁၀:၃၁ ရှိ "ကျိန်ဆိုလျက် သစ္စာဂတိထားကြ၏" ကို ရှု။

ဘုရားသခင်၏ တရားတော်အတိုင်း ကျင့်ပါမည် ဟူ၍ရှင်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ပညတ်တော်အတိုင်း အသက်ရှင်ပါမည် ဟူ၍လည်းကောင်း" သို့မဟုတ် "ပညတ်တော်ကို လိုက်နာပါမည် ဟူ၍လည်းကောင်း"

ဘုရားသခင်၏ ကျွန်မောရှေအားဖြင့် ထားတော်မူသော
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ ကျွန် မောရှေအားဖြင့် ပေးတော်မူသော

စောင့်ရှောက်ပါမည် ဟူ၍ရှင်း
"လိုက်နာပါမည် ဟူ၍လည်းကောင်း"

Nehemiah 30

ယေဘုယျ အချက်အလက်
၁၀:၂၈ တွင် သစ္စာဂတိပြုခဲ့သော အကြောင်းအရာကို အကျယ်ချဲ့ထားသည်။

ကိုယ်သမီးတို့ကို ပြည်သားတို့အား မပေးစား၊ ပြည်သားသမီးတို့ကို ကိုယ်သားတို့အဘို့ မသိမ်းမယူဘဲ နေပါမည် ဟူ၍ရှင်း
မိမိသားသမီးနှင့် လူမျိုးခြား၏ သားသမီးကို ထိမ်းမြားခွင့် ပိတ်ပင်မည်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်သမီးတို့ကို တပါးသူတို့ထံ မပေးစား၊ တပါးသူတို့ကို ကိုယ်သားအဘို့ မယူဘဲနေပါမည် ဟူ၍လည်းကောင်း"

ပြည်သားတို့
ထာဝရဘုရားကို မကိုးကွယ်သော တပါးသူတို့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို မကိုးကွယ်သော တပါးသူတို့"

မပေးစား . . . မသိမ်းမယူဘဲ နေပါမည် ဟူ၍ငင်း . . . မဝယ် . . . မပြု . . . မတောင်းဘဲ နေပါမည် ဟူ၍ငင်း
နေဟမိနှင့် ယုဒလူတို့ ပါဝင်ပြီး၊ စာရှုသူများကို မညွှန်းပါ။

သတ္တမနှစ်
"၇ နှစ်မြောက်"

လယ်လုပ်ခြင်းအမှုကို မပြု
အခြားသော ဘာသာပြန်ဆိုချက်၊ "လယ်ကို မလုပ်" သို့မဟုတ် "ကိုယ်လယ်ကို အနားပေး၍"

ကြွေးကို အနိုင်မတောင်းဘဲ နေပါမည်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဆွေမျိုးတို့ အကြွေးအားလုံး ဖြေလွှတ်ပါမည်" သို့မဟုတ် "အမျိုးသားချင်း၏ အကြွေးရှိသမျှကို ဖြေလွှတ်ပါမည်"

ကျိန်ဆိုလျက် သစ္စာဂတိထားကြ၏
သစ္စာပြုခြင်းနှင့် ကျိန်ခြင်းကို ကြိုး၏ အဆုံးတဖက်တချက်၌ ရှိသကဲ့သို့ ညွှန်းဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုကျက်၊ "ကျိန်ဆို၍ သစ္စာဂတိပြုကြ၏"

Nehemiah 32

ယေဘုယျ အချက်အလက်
NEH 10:28 တွင် သစ္စာဂတိပြုခဲ့သော အကြောင်းအရာကို အကျယ်ချဲ့ထားသည်။

ကိုယ်အဘို့ စီရင်ထုံးဖွဲ့ကြ၏
"မိန့်မှာချက်ကို ဝန်ခံကြ၏"

ငွေတကျပ် သုံးစုတစုစီ
"တကျပ်၏ ၁/၃။" "သုံးပုံတပုံ" ဟုလည်း ဆိုနိုင်သည်။ ခေတ်ပေါ် အလေးချိန်ဖြင့် ဖော်ပြနိုင်သည်။ "ငွေ ၅ ဂရမ်စီ"

အိမ်တော်အမှု အလုံးစုံကို ဆောင်ရွက်စရာဘို့
"အိမ်တော်ကို ထိန်းသိမ်းပြုစုခြင်းငှါ"

လဆန်းနေ့
လဆန်းနေ့တွင် "လဆန်းပွဲ" ကို ကျင်းပသည်။

ရှေ့တော်မုန့်
ဗိမာန်တော်တွင် ရှိသည့် ဘုရားသခင်၏ မျက်မှောက်တော်နှင့် လူစုတော်တို့ကို ပုံဆောင်သော တံဆေးမဲ့ မုန့် ၁၂ လုံးကို ညွှန်းသည်။

Nehemiah 34

ယေဘုယျ အချက်အလက်
၁၀:၂၈ တွင် သစ္စာဂတိပြုခဲ့သော အကြောင်းအရာကို အကျယ်ချဲ့ထားသည်။

မီးမွှေးစရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လေဝိတို့ မီးမွှေးရန်"

ရေးထားသည်အတိုင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖော်ပြထားသည်အတိုင်း"

မြေ
"ငါတို့ မြေပေါ်တွင်" သို့မဟုတ် "ငါတို့ လယ်တွင်"

Nehemiah 37

ယေဘုယျ အချက်အလက်
NEH 10:28 တွင် သစ္စာဂတိပြုခဲ့သော အကြောင်းအရာကို အကျယ်ချဲ့ထားသည်။

ဆောင်ခဲ့ရမည်အကြောင်း
ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးသား၊ စာဖတ်သူတို့ မပါသည့် နေဟမိနှင့် ဣသရေလ အမျိုးသားတို့ လုပ်ဆောင်ရမည့်အရာ ဖြစ်သည်

အဦးလုပ်သော မုန့်စိမ်း
"အဦးလုပ်သော မုန့်ကြမ်း"

စပျစ်ရည်၊ ဆီ
အခြားသော ဘာသာပြန်ဆိုချက်၊ "အဦးရသော စပျစ်ရည်နှင့်ဆီ" သို့မဟုတ် "အကောင်းဆုံး စပျစ်ရည်နှင့်ဆီ"

ဗိမာန်တော် အခန်း
"ဗိမာန်တော် သိုလှောင်ခန်း"

မြေအသီးအနှံ ဆယ်ဘို့တဘို့
အခြားသော ဘာသာပြန်ဆိုချက်၊ "မြေမှထွက်သမျှ၏ ဆယ်ဘို့တဘို့"

. . . သည်လည်း ဆယ်ဘို့တဘို့ကို ခံယူသောအခါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ထံ ဆယ်ဘို့တဘို့ ပေးကမ်းသောအခါ"

ဆယ်ဘို့တဘို့
ဆယ်ပုံတစ်ပုံကို ညွှန်းသည်။

ဗိမာန်တော်အခန်း ဘဏ္ဍာတိုက်
"ဗိမာန်တော် သိုလှောင်ခန်း"


generated on Sun Jun 30 02:37:40 2024

Nehemiah 39

ယေဘုယျ အချက်အလက်

NEH 10:28 တွင် သစ္စာဂတိပြုခဲ့သော အကြောင်းအရာကို အကျယ်ချဲ့ထားသည်။

သန့်ရှင်းရာဌာနတော် တန်ဆာ . . . တို့ရှိရာ အခန်း

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သန့်ရှင်းရာဌာနတော် တန်ဆာ ... တို့ကို ထားရှိရာအခန်"

ငါတို့ ဘုရားသခင်၏ အိမ်တော်ကို ငါတို့သည် စွန့်ပစ်၍ မထားရကြ

အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ ဘုရားသခင်၏ အိမ်တော်ကို ထိန်းသိမ်း စောင့်ရှောက်ကြမည်"

ငါတို့

ကျမ်းပြုသူ နေဟမိနှင့် ဣသရေလ အမျိုးအားလုံးကို ညွှန်းသော်လည်း စာရှုသူကို ညွှန်းခြင်းမဟုတ်ပါ။

---

## Translation Questions

Nehemiah 10:28

မောရှေအားဖြင့်ပေးသော ဘုရားသခင်၏ ပညတ်တော်ကို ဘယ်သူတွေက ကျင့်ရန်ဂတိပြုသနည်း။

မောရှေအားဖြင့်ပေးသော ဘုရားသခင်၏ ပညတ်တော်ကို ကြွင်းသောသူ၊ ယဇ်ပုရောဟိတ်၊ လေဝိသား၊ တံခါးစောင့်၊ သီချင်းသည်၊ ဘုရားကျွန်များ သည်ပညတ်တော်ကို ကျင့်ရန်ဂတိပြုခဲ့သည်။

Nehemiah 10:30

ဘုရားသခင်ကို သူတို့သည် ဘယ်လိုဂတိမျိုးပြုလုပ်ခဲ့သနည်း။

သူတို့သမီးများအားပြည်သားတို့အားမပေးရန် သို့ သူတို့သားများကို ပြည်သားသမီးတို့အားမသိမ်းယူရန်၊ ပြည်သားတို့သည် ဥပုသ်နေ့တွင် ဥစ္စာ၊ စားစရာ ကိုရောင်းခြင်းလျှင်၊ ဥပုသ်နေ့ဖြစ်စေ၊ အခြား သော ဓမ္မနေ့ဖြစ်စေ မဝယ်ရန်၊ သတ္တမနှစ်တွင် လယ်လုပ် ခြင်းအမှုကိုမပြု ရန် ဂတိပြုခဲ့သည်။

Nehemiah 10:32

မည်သည့်ပညတ်ချက်များကို သူတို့သည် လက်ခံခဲ့သနည်း။

သူတို့သည် ဘုရားသခင်၏ အိမ်တော်တွင် ငွေ၊ မုန့်၊ နံ့ပြောင်းစသည်နှင့် နှစ်စဉ်နှစ်စဉ်ပြုလုပ်သော ပွဲများတွင်လိုအပ်သည်များအားလုံးကို ပေးရန်ဖြစ်သည်။

Nehemiah 10:34

ယဇ်ပရောဟိတ်များ၊ လေဝိသားများနှင့် လူများတို့သည် အဘယ်ကြောင့် ထင်းဖြင့်ပူဇော်ရန် စာရေးတံချ(မဲနှိုက်) ကြသနည်း။

မည်သည့်မိသားစုသည် ရွေးချယ်ထားသောနှစ်တွင် ထာဝရဘုရားအိမ်တော်သို့ ထင်းယူဆောင်ရမည်ကို သူတို့ရွေးချယ်ကြသောကြောင့်ဖြစ်သည်။

သူတို့သည် ထာဝရဘုရား၏အိမ်တော်သို့ ဘာယူဆောင်သွားရန် ဂတိရှိသနည်း။

သူတို့သည် ထာဝရဘုရား၏အိမ်တော်သို့ အဦးသီးသော မြေအသီးအနှံနှင့် အဦးသီးသော သစ်သီးအမျိုးမျိုး၊ အဦး ဘွားသော သားယောက်ျားနှင့် အဦးဘွားသော သိုးနွား တို့ကို ယူဆောင်သွားရန်ဂတိရှိပါသည်။

Nehemiah 10:37

ဘယ်သူသည် လေဝိသားတို့နှင့်အတူ ဆယ်ဖို့တဖို့ကို လက်ခံသနည်း။

အာရုန်အမျိုးမှယဇ်ပရောဟိတ် သည် လေဝိသားတို့နှင့်အတူ ဆယ်ဖို့တဖို့ကို လက်ခံရသည်။

Nehemiah 10:39

ဣသရေလလူများနှင့်လေဝိမှဆင်းသက်လာသောသူများသည် ရိတ်သိမ်းပြီးသောပူဇော်ရာများကို ဘယ်နေရာသို့ ယူဆောင်သွားသနည်း။

ဣသရေလလူများနှင့်လေဝိမှဆင်းသက်လာသောသူများသည် ဆန်စပါး၊ စပျစ်ရည်၊ ဆီပူဇော်သက္ကာတို့ကို သန့်ရှင်းရာဌာနတော်တန်ဆာ၊ အမှုစောင့်ယဇ်ပုရော ဟိတ်၊ တံခါးစောင့်၊ သီချင်းသည်တို့ရှိရာ အခန်းသို့ယူ ဆောင်သွားရသည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 11

1 ထိုအခါလူများတို့တွင် မင်းလုပ်သော သူတို့သည် ယေရုရှလင်မြို့၌ နေကြ၏။ ကြွင်းသောသူတို့သည် သန့်ရှင်းသောအရပ်၊
ယေရုရှလင်မြို့၌ တကျိပ်တွင် တယောက်၊ အခြားသောမြို့တို့၌ ကိုးယောက် နေရမည် အကြောင်း စာရေးတံပြုကြ၏။ 2
ယေရုရှလင်မြို့၌နေခြင်းငှါ အလိုလို ဝန်ခံသော သူအပေါင်းတို့ကို၊ လူများတို့သည် ကောင်းကြီးပေးကြ၏။ 3 ယုဒမြို့ရွာတို့တွင်
ဣသရေလလူ၊ ယဇ်ပုရောဟိတ်၊ လေဝိသား၊ ဘုရားကျွန်၊ ရှောလမုန်၏ ကျွန် အမျိုးသားအသီးအသီးတို့သည် မိမိတို့ ဆိုင်ရာအရပ်၌
နေကြ၏။ ယေရုရှလင်မြို့၌နေသော ပြည်သူပြည်သား အကြီးအကဲ၊ မင်းအရာရှိဟူမူကား၊ 4 ယုဒအမျိုး၊ ဖာရက်၊ မဟာလေလ၊
ရှေဖတိ၊ အာမရိ၊ ဇာခရိ၊ သြဇိတို့မှ ဆင်းသက်သော အသာယ တပါး၊ 5 ရှိလောနိ၊ ဇာခရိ၊ ယောယရိပ်၊ အဒါယ၊ ဟဇာယ၊
ကောလဟောဇ၊ ဗာရုတ်တို့မှ ဆင်းသက်သော မာသေယတပါးနှင့်တကွ၊ 6 ယေရုရှလင်မြို့၌နေသော ဖာရက်အမျိုးသား၊
သူရဲလေးရာခြောက်ဆယ်ရှစ်ယောက်တည်း။ 7 ဗယ်္ာမိန်အမျိုး၊ ယေရှာယ၊ ဣသေလ၊ မာသေယ၊ ကောလာယ၊ ပေဒါယ၊ ယောဒ၊
မေရှုလံတို့မှ ဆင်းသက်သော သလ္လု၊ 8 သုနောက်၊ ဂဗ္ဗဲနှင့်သလ္လဲအစရှိသော ကိုးရာ နှစ်ဆယ်ရှစ်ယောက်တည်း။ 9 ဇိခရိသား
ယောလသည် ဗယ်္ာမိန် အမျိုးအုပ် ဖြစ်၏။ သေနွာသားယုဒသည် ပြင်မြို့ကိုအုပ်ရ၏။ 10 ယဇ်ပုရောဟိတ်မူကား ယေဒါယ၊
ယောယရိပ်၊ ယာခိန်နှင့်တကွ၊ 11 အဟိတုပ်၊ မရာယုတ်၊ ဇာဒုတ်၊ မေရှုလံ၊ ဟိလခိ တို့မှ ဆင်းသက်သော ဘုရားသခင်၏
အိမ်တော်အုပ်စရာ ယ အစရှိသော၊ 12 အိမ်တော်အမှုကို ဆောင်ရွက်သော အမျိုးသား ချင်း ရှစ်ရာနှစ်ဆယ်နှစ်ယောက်တည်း။
ထိုမှတပါး၊ မာလခိ၊ ပါရှုရ၊ ဇာခရိ၊ အာမဇိ၊ ပေလလိ၊ ယေရောဟံ တို့မှ ဆင်းသက်သော အဒါယအစရှိသော၊ 13 အဆွေအမျိုး
သူကြီးအမျိုးသားချင်း နှစ်ရာလေး ဆယ်နှစ်ယောက်တည်း။ ဣမေရ၊ မေရှိလမုတ်၊ အဟာသဲ၊ အာဇရေလတို့မှ ဆင်းသက်သော
အာမရှဲအစရှိသော၊ 14 ခွန်အားကြီးသော သူရဲအမျိုးသားချင်း တရာ နှစ်ဆယ်ရှစ်ယောက်တည်း။ ဟဂဒေါလိမ်သား ဇာဗ ဒေလသည်
သူတို့ကို အုပ်ရ၏။ 15 လေဝိသားမူကား၊ ဗုန္နိ၊ ဟာရှဘိ၊ အာဇရိကံ၊ ဟာရှုပ်တို့မှ ဆင်းသက်သော ရှေမာယတပါး၊ 16 လေဝိသားအကြီး
ရှဗ္ဗေသဲနှင့် ယောဇဗဒ်တို့ သည် ဘုရားသခင်၏အိမ်တော်၌ ပြင်အမှုကို ကြည့်ရှု စီရင်ရကြ၏။ 17 အာသပ်၊ ဇာဗဒိ၊ မိက္ခာတို့မှ
ဆင်းသက်သော မဿနိသည် ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် ဆုတောင်း ခြင်းအမှုမှာ အကြီးလုပ်သော သူဖြစ်၏။ ဗာကဗုကိသည်
အပေါင်းအဘော်တို့တွင် ဒုတိယသူဖြစ်၏။ ထိုမှတပါး၊ ယေဒုသုန်၊ ဂလာလ၊ ရှမ္မွာတို့မှ ဆင်းသက်သော သြဗဒိ ရှိ၏။ 18
သန့်ရှင်းသောမြို့၌နေသော လေဝိသားပေါင်း ကား နှစ်ရာနှစ်ဆယ်လေးယောက်တည်း။ 19 တံခါးစောင့်အက္ကုပ်၊ တာလမုန်အစရှိသော
တံခါးကို စောင့်သော အမျိုးသားချင်း ပေါင်းကားတရာ ခုနစ်ဆယ်နှစ်ယောက်တည်း။ 20 ကြွင်းသော ဣသရေလအမျိုးသား၊
ယဇ်ပုရောဟိတ်၊ လေဝိသားတို့သည် ယုဒမြို့ရွာတို့တွင်၊ မိမိတို့ ပိုင်ရင်းအရပ်၌နေကြ၏။ 21 ဘုရားကျွန်တို့သည်
သြဖေလအရပ်၌နေ၍၊ ဇိဟနှင့် ဂိသပတို့ သည် ဘုရားကျွန်အုပ် ဖြစ်ကြ၏။ 22 မိက္ခာ၊ မဿနိ၊ ဟာရှဘိ၊ ဗာနိတို့မှ ဆင်းသက် သော
သြဇိသည် ယေရုရှလင်မြို့၌နေသော လေဝိသားတို့ ကို အုပ်ရ၏။ အာသပ်အမျိုးသား သီချင်းသည်တို့သည် လည်း ဘုရားသခင်၏
အိမ်တော်အမှုကို ကြည့်ရှုစီရင် ရကြ၏။ 23 အကြောင်းမူကား၊ သီချင်းသည်တို့သည် နေ့ရက် အစဉ်အတိုင်း စားစရာရိက္ခာကို
ခံရမည်အကြောင်း ရှင်ဘုရင် အမိန့်တော်ရှိ၏။ 24 ယုဒအမျိုး ဇာရအနွယ်မေရှဇ ဗေလသား ပေသဟိသည်လည်း ရှင်ဘုရင်အခွင့်နှင့်
ပြည်သားတို့ကို အုပ်၍ အရေးတော်ပိုင်မင်းဖြစ်၏။ 25 ယုဒလူအချို့တို့သည် မြို့ရွာကျေးလက်တည်း ဟူသော ကိရယသာဘမြို့ရွာ၊
ဒိဘုန်မြို့ရွာ၊ ယေကပ် ဇေလမြို့ရွာ၊ 26 ယေရှု၊ မောလဒ၊ ဗက်ပါလက်၊ 27 ဟာဇာရွာလ၊ ဗေရရှေဘ မြို့ရွာများ၊ 28 ဇိကလတ်၊
မေကောနမြို့ရွာများ၊ 29 အင်ရိမ္မုန်၊ ဇာရ၊ ယာမုတ်၊ 30 ဇာနော၊ အဒုလံ မြို့ရွာများ၊ လာခိရှမြို့နှင့် ကျေးလက်များ၊
အဇေကာမြို့ရွာများ၊ ဗေရရှေဘ မြို့မှ စ၍ ဟိန္နုံချိုင့်တိုင်အောင် အနှံ့အပြားနေကြ၏။ 31 ဗယ်္ာမိန် အမျိုးသားတို့သည်လည်း ဂေဗ၊
မိတ်မတ်၊ အာဣ၊ ဗေသလမြို့ရွာတို့၌ရင်း၊ 32 အာနသုတ်၊ နောဗ၊ အာနနိ၊ 33 ဟာဇော်၊ ရာမ၊ ဂိတ္တိမ်၊ 34 ဟာဒိဒ်၊ ဇေဘိုင်၊ နေဗလ္လတ်၊ 35
လေဒ၊ သြနောမြို့များ၌ရင်း၊ ဆရာသမားချိုင့်၌ရင်း နေကြ၏။ 36 လေဝိသား အသင်းအပေါင်းအချို့တို့သည် ယုဒပြည်၊
အချို့တို့သည် ဗယ်္ာမိန်ပြည်၌နေကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 12

1 ရှာလသေလသား ဇေရုဗဗေလနှင့် ယောရှု နောက်သို့ လိုက်လာ သောယဇ်ပုရောဟိတ်၊ လေဝိသား ဟူမူကား၊ စရာယ၊ ယေရမိ၊ ဧဇရ၊
2 အာမရိ၊ မလ္လုတ်၊ ဟတ္တုတ်၊ 3 ရှေခနိ၊ ရေတုံ၊ မေရမုတ်၊ 4 ဣဒ္ဒေါ၊ ဂိန္နေသုန်၊ အဘိယ၊ 5 မိညာမိန်၊ မာဒျာ၊ ဗိလဂ၊ 6 ရှေမာယ၊
ယောယရိပ်၊ ယေဒါယ၊ 7 သလ္လု၊ အာမောက်၊ ဟိလခိ၊ ယေဒါယတည်း ဟူသော ယောရှုလက်ထက်၌ အမျိုးသားချင်း ယဇ်
ပုရောဟိတ်တို့တွင် အကြီးအကဲ ဖြစ်ကြ၏။ 8 လေဝိသားမူကား ယောရှု၊ ဗိန္နွိ၊ ကပ်မျေလ၊ ရှေရဘိ၊ ယုဒ၊ ကျေးဇူးတော်
ချီးမွမ်းခြင်းအမှုကို ညီအစ်ကို တို့နှင့်အတူ အုပ်သော မဿနိတည်း။ 9 သူတို့ညီအစ်ကို ဗာကဗုကိနှင့် ဥန္နိတို့သည် ကင်းစောင့်အမှုကို
အုပ်ရကြ၏။ 10 ယောရှုသား ယောယကိမ်၊ ယောယကိမ်သား ဧလျာရှိပ်၊ ဧလျာရှိပ်သား ယောယဒ၊ 11 ယောယဒသား ယောနသန်၊
ယောနသန်သား ယာဒွါတည်း။ 12 ယောယကိန် လက်ထက်၌ အဆွေအမျိုးသူကြီး ယဇ်ပုရောဟိတ် များဟူမူကား၊ စရာယသား
မေရာယ၊ ယေရမိသား ဟာနနိ၊ 13 ဧဇရသား မေရှုလံ၊ အာမရိသား ယောဟနန်၊ 14 မလ္လုတ်သားယောနသန်၊ ရှေခနိသားယောသပ်၊ 15
ဟာရိမသား အာဒန၊ မေရာယုတ်သား ဟေလကဲ၊ 16 ဣဒ္ဒေါသား ဇာခရိ၊ ဂိန္နေသုန်သား မေရှုလံ၊ 17 အဘိယသား ဇိခရိ၊ မိညာမိန်သား၊
မာဒျာသား ပိလတဲ၊ 18 ဗိလဂသား ရှမွာ၊ ရှေမာယသား ယေဟော နသန်၊ 19 ယောယရိပ်သား မတ္တေနဲ၊ ယေဒါယသားဩဇိ၊ 20
သလ္လုသား ကာလဲ၊ အာမောက်သား ဧဗာ၊ 21 ဟိလခိသား ဟာရှဘိ၊ ယေဒါယသား နာသ နေလတည်း။ 22 ဧလျာရှိပ်၊ ယောယဒ၊
ယောဟနန်၊ ယာဒွါတို့ လက်ထက်၌ လေဝိသား အဆွေအမျိုးသူကြီးတို့ကိုဂုင်း၊ ပေရလိမင်း ဒါရိလက်ထက်တိုင်အောင် ယဇ်ပုရောဟိတ်
တို့ကိုဂုင်း၊ မှတ်သားသော စာရင်းရှိ၏။ 23 ဧလျာရှိပ်သား ယောဟနန်လက်ထက် တိုင် အောင် လေဝိသား အဆွေအမျိုးသူကြီးတို့ကို
စာရင်းယူ၍ ရာဇဝင်မှတ်စာ၌ သွင်းသတည်း။ 24 လေဝိသားအကြီးအကဲ၊ ဟာရှဘိ၊ ရှေရဘိ၊ ကပ်မျေလသား ယောရှုတို့သည်
ညီအစ်ကိုများနှင့် ဝိုင်း၍ ဘုရားသခင်၏ လူဒါဝိဒ်စီရင်သည်အတိုင်း ဂုဏ်ကျေးဇူး တော်ကို ဘော်ပြချီးမွမ်းခြင်းအမှုကို အလှည့်လှည့်
စောင့်ရကြ၏။ 25 မဿနိ၊ ဗာကဗုကိ၊ ဩဗဒိ၊ မေရှုလံ၊ တာလမုန်၊ အက္ကုပ်တို့သည်လည်း တံခါးဝနားမှာ စောင့်ရသော
တံခါးစောင့်ဖြစ်ကြ၏။ 26 ထိုသူတို့သည် ယောဇဒက်သား ယောရှု၏သား ယောယကိန်လက်ထက်၊ မြို့ဝန်နေဟမိလက်ထက်၊ ကျမ်း
တတ်ယဇ်ပုရောဟိတ် ဧဇရလက်ထက်၌ရှိကြ၏။ 27 ယေရုရှလင်မြို့ရိုးကို အနုမောဒနာပြုသော အခါ၊ ခွက်ကွင်း၊ စောင်း၊ တယောနှင့်
တီးမှုတ်လျက် သီချင်းဆိုလျက် ဝမ်းမြောက်ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ အနုမောဒနာ ပြုအံ့သောငှါ
လေဝိသားတို့ကိုရှာ၍ သူတို့နေရာ အရပ်ရပ်တို့က ယေရုရှလင်မြို့သို့ ခေါ်ကြ၏။ 28 ဓမ္မသီချင်းကို ဆိုတတ်သောအမျိုးသားတို့သည်၊
29 ယေရုရှလင်မြို့ပတ်ဝန်းကျင်ရွာတို့၌ နေရာကျ လျက်ရှိ၍၊ ယေရုရှလင်မြို့ ပတ်ဝန်းကျင်၊ လွင်ပြင်အရပ် များ၊
နေတောဖာသိရွာများ၊ ဂိလဂါလမြို့နယ်၊ ဂေဗနှင့် အာဇမာဝက်ကျေးလက်ထဲက လာ၍ စည်းဝေးကြ၏။ 30 ယဇ်ပုရောဟိတ်နှင့်
လေဝိသားတို့သည်လည်း၊ ကိုယ်ကိုဂုင်း၊ လူများ၊ မြို့တံခါး၊ မြို့ရိုးကိုဂုင်း စင်ကြယ်စေ ကြ၏။ 31 ထိုအခါ ယုဒမင်းတို့ကို
မြို့ရိုးပေါ်သို့ငါခေါ်၍၊ ချီးမွမ်းရာသီချင်းဆိုရသော လူစုကြီးနှစ်စုကို ခန့်ထား၏။ တစုကားလက်ျာရစ်လှည့်၍ နောက်ချေးတံခါးသို့
မြို့ရိုး ပေါ်မှာ ရှောက်သွားကြ၏။ 32 သူတို့နောက်မှာ ဟောရှာယနှင့် ယုဒမင်း တဝက်၊ 33 အာဇရိ၊ ဧဇရ၊ မေရှုလံ၊ 34 ယုဒ၊ ဗယာ်မိန်၊
ရှေမာယ၊ ယေရမိ၊ 35 တံပိုးကိုင်သော ယဇ်ပုရောဟိတ် အမျိုးသား အချို့၊ အာသပ်၊ ဇက္ကုရ၊ မိက္ခာယ၊ မဿနိ၊ ရှေမာယ၊
ယောနသန်တို့မှ ဆင်းသက်သော ဇာခရိ အစရှိသော၊ 36 သူ၏ညီရှေမာယ၊ အာဇရေလ၊ မိလလဲ၊ ဂိလလဲ၊ မာဣ၊ နာသလေ၊ ယုဒ၊
ဟာနနိတို့သည် ဘုရားသခင်၏ လူဒါဝိဒ်၏ တုရိယာမျိုးကို ကိုင်လျက်လိုက်ကြ၏။ ကျမ်း တတ်ဆရာ ဧဇရသည် သူတို့ရှေ့မှာ
သွား၏။ 37 သူတို့တဘက်တချက်၌ ရှိသောစမ်းရေတွင်း တံခါးသို့ရောက်မှ မြို့ရိုးတက်ရာ၊ ဒါဝိဒ်မြို့လှေကားဖြင့် တက်၍၊
ဒါဝိဒ်အိမ်တော်အထက် အရှေ့မျက်နှာ၌ ရေတံခါးတိုင်အောင် သွားကြ၏။ 38 သီချင်းသည် တစုကား၊ လက်ဝဲဘက်သို့လှည့်၍၊
ငါနှင့်တဝက် သောလူများတို့သည် မြို့ရိုးပေါ်၊ မီးဖိုပြအိုးမှ ကျယ်သောမြို့ရိုးတိုင်အောင် လိုက်ကြ၏။ 39 ဧဖရိမ်တံခါး၊
ဟောင်းသောတံခါး၊ ငါးတံခါး၊ ဟာနနေလပြအိုး၊ မေအာပြအိုးအထက်မှစ၍ သိုးတံခါး တိုင်အောင် လိုက်သဖြင့်၊ ထောင်တံခါးဝတွင်
ရပ်နေ ကြ၏။ 40 တဖန် သီချင်းသည်နှစ်စုသည် ဘုရားသခင် အိမ်တော်တွင် ရပ်၍၊ တဝက်သော မင်းအရာရှိတို့သည် ငါနှင့်အတူ၊ 41
တံပိုးကိုင်သောယဇ်ပုရောဟိတ် ဧလျာကိမ်၊ မာသေယ၊ မိညာမိန်၊ မိက္ခာယ၊ ဧလိဩနဲ၊ ဇာခရိ၊ ဟာနနိ နှင့်တကွ၊ 42 မာသေယ၊ ရှေမာယ၊
ဧလာဇာ၊ ဩဇိ၊ ယောဟ နန်၊ မာလခိယ၊ ဧလံ၊ ဧဇာ တို့သည်ရှိကြ၏။ သီချင်းသည် တို့သည် ဆရာယေဇရာဟိနှင့်တကွ အသံကိုလွှင့်၍
ဆိုကြ၏။ 43 ထိုနေ့၌ များစွာသော ယဇ်တို့ကို ပူဇော်ကြ၏။ အလွန် ဝမ်းမြောက်သောအခွင့်ကို ဘုရားသခင်ပေးတော် မူသောကြောင့်၊
သားမယားနှင့်တကွ ဝမ်းမြောက်ခြင်းကို ပြု၍ ယေရုရှလင်မြို့ ဝမ်းမြောက်သံကို ဝေးသောအရပ်၌ ကြားရကြ၏။ 44 ထိုအခါ
ယဇ်ပုရောဟိတ်နှင့် လေဝိသားတို့သည် အမှုတော်ကို စောင့်လျက်နေသောကြောင့်၊ ယုဒအမျိုး သားတို့သည်
အားရဝမ်းမြောက်ကြသည်ဖြစ်၍၊ ယဇ် ပုရောဟိတ်နှင့် လေဝိသားခံအပ်သော ပူဇော်သက္ကာ၊ အဦးသီးသောအသီး၊ ဆယ်ဘို့တဘို့ကို
မြို့နယ်ကျေးလက် ထဲက သိမ်းယူ၍၊ သိုထားစရာဘဏ္ဍာတိုက်များကို အုပ်ရသောတိုက်စိုးတို့ကို ခန့်ထားကြ၏။ 45 သီချင်းသည်နှင့်
တံခါးစောင့်တို့သည်လည်း၊ ဒါဝိဒ်နှင့် သားတော် ရှောလမုန်စီရင်သည်အတိုင်း၊ သူတို့ ဘုရားသခင်အမှုနှင့် စင်ကြယ်ခြင်းအမှုကို
စောင့်ရှောက် လျက် နေကြ၏။ 46 ရှေးကာလ၊ ဒါဝိဒ်နှင့် အာသပ်လက်ထက်၌၊ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ချီးမွမ်းရာ သီချင်းကို
ဆိုရသောသူ အကြီးအကဲရှိကြ၏။ 47 ဇေရုဗဗေလနှင့် နေဟမိလက်ထက်၌လည်း၊ ဣသရေလလူ အပေါင်းတို့သည်


generated on Sun Jun 30 02:37:40 2024

နေ့ရက်အစဉ်အတိုင်း သီချင်းသည်၊ တံခါးစောင့်ခံအပ်သော စားစရာရိက္ခာကိုငှင်း၊ လေဝိသားတို့အား သန့်ရှင်းသော အရာတို့ကိုငှင်း လှူကြ၏။ လေဝိသားတို့သည်လည်း ယဇ်ပုရောဟိတ် တို့အားလှူကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ထိုနေ့ရက်ကာလ၌ မောရှေ၏ပညတ္တိကျမ်းစာကို လူများရှေ့မှာ ဘတ်ရွတ်သောအခါ၊ အမ္မုန်အမျိုးသားနှင့် မောဘအမျိုးသားသည်
ဘုရားသခင်၏ ပရိသတ်တော်ထဲ သို့ ဝင်ရသောအခွင့် အစဉ်မရှိဟု တွေ့ကြ၏။ 2 အကြောင်းမူကား၊ သူတို့သည် ဣသရေလ
အမျိုးသားတို့ကို လုပ်ကျွေးခြင်းငှါမကြိုဆို၊ ကျိန်ဆဲစေ ခြင်းငှါ ဗာလံကိုငှါးကြ၏။ သို့ရာတွင် ငါတို့၏ ဘုရား သခင်သည်
ကျိန်ဆဲသော စကားကို ကောင်းကြီးပေး သော စကားဖြစ်စေတော်မူ၏။ 3 ထိုတရားကို ကြားသောအခါ၊ အမျိုးမစစ်သော သူ
ရှိသမျှတို့ကို ဣသရေလအမျိုးမှ ပယ်ရှားကြ၏။ 4 အရင်တခါ ငါတို့ဘုရားသခင်၏ အိမ်တော်ပြင် ခန်းကို အုပ်သော
ယဇ်ပုရောဟိတ်ဧလျာရှိပ်သည် တောဘိနှင့် ပေါက်ဘော်တော်သည် ဖြစ်၍၊ 5 ဘောဇဉ်ပူဇော်သက္ကာ၊ နံ့သာပေါင်း၊ တန်ဆာ မျိုးကိုင်း၊
ပညတ်တော်အတိုင်း လေဝိသား၊ သီချင်းသည်၊ တံခါးစောင့်တို့အား ပေးရသော ဆန်စပါး၊ စပျစ်ရည်၊ ဆီဆယ်ဘို့တဘို့ကိုင်း၊
ယဇ်ပုရောဟိတ်တို့အား လှူရ သော အလှူတို့ကိုင်း၊ သိုထားမြဲရှိသော အခန်းကြီးကို တောဘိအဘို့ ပြင်ဆင်၏။ 6 ထိုကာလပတ်လုံး
ငါသည် ယေရုရှလင်မြို့၌မရှိ။ ဗာဗုလုန် ရှင်ဘုရင် အာတဇေရဇ် နန်းစံ သုံးဆယ်နှစ် နှစ်တွင် အထံတော်သို့ သွားရ၏။ အင်တန်ကာလ
ကြာပြီးမှ၊ ရှင်ဘုရင်ထံတော်၌ အခွင့်ရ၍၊ 7 ယေရုရှလင်မြို့သို့ရောက်သောအခါ၊ ဧလျာရှိပ် သည် ဘုရားသခင်၏
အိမ်တော်တန်တိုင်းထဲမှာ အခန်းကို တောဘိအဘို့ ပြင်ဆင်၍ ဒုစရိုက်ပြုကြောင်းကို ငါကြားသိရ၏။ 8 ထိုအခါ ငါသည်
အလွန်နာကြင်သောစိတ်ရှိ၍ တောဘိဥစ္စာ ပရိက္ခံရှိသမျှကို အခန်းထဲက ထုတ်ပစ်ပြီးမှ၊ 9 အခန်းများကို စင်ကြယ်စေခြင်းငှါစီရင်၍၊
တဖန်ဘုရားသခင်၏ အိမ်တော်တန်ဆာများ၊ ဘောဇဉ် ပူဇော်သက္ကာ၊ နံ့သာပေါင်းကို ဆောင်ခဲ့၍ သိုထား၏။ 10 အမှုတော်စောင့်၊
လေဝိသား၊ သီချင်းသည် တို့သည် အသီးအသီး မိမိတို့လယ်ယာသို့ ပြေးသွားကြ သည်ကို ငါထောက်၍၊ သူတို့ခံအပ်သော စားစရာ
ရိက္ခာကို မခံမရကြောင်းကို ငါရိပ်မိလျက်၊ 11 ဘုရားသခင်၏ အိမ်တော်ကို အဘယ်ကြောင့် စွန့်ပစ်ကြသနည်းဟု မင်းတို့ကို
အပြစ်တင်၍၊ လေဝိသား တို့ကို စုဝေးစေပြီးမှ၊ သူတို့နေရာ၌ ခန့်ထားပြန်၏။ 12 ထိုအခါ ယုဒလူအပေါင်းတို့သည် ဆန်စပါး၊
စပျစ်ရည်၊ ဆီဆယ်ဘို့တဘို့ကို ဘဏ္ဍာတော်တိုက်သို့ ဆောင်ခဲ့ပြန်ကြ၏။ 13 ယဇ်ပုရောဟိတ် ရှေလမိ၊ ကျမ်းတတ်ဇာဒုတ်၊ လေဝိသား
ပေဒါယ၊ သူ့နောက်မဿနိသားဖြစ်သော ဇက္ကုရ၏သား ဟာနန်တို့ကို ဘဏ္ဍာတော်တိုက်စိုးအရာ၌ ငါခန့်ထား၏။ ထိုသူတို့သည်
သစ္စာစောင့်ခြင်း အသရေ ရှိသည်ဖြစ်၍၊ အမျိုးသားချင်းတို့အား ဝေဖန်ရကြ၏။ 14 အို အကျွန်ုပ်၏ ဘုရားသခင်၊ ထိုအမှုကြောင့်
အကျွန်ုပ်ကို အောက်မေ့တော်မူပါ။ အကျွန်ုပ်၏ ဘုရား သခင့် အိမ်တော်အဘို့၊ အိမ်တော်အမှုစောင့်ခြင်းအဘို့ အကျွန်ုပ်ပြုသော
ကျေးဇူးကို ချေတော်မမူပါနှင့်။ 15 ထိုကာလ၊ ယုဒပြည်မှာ အချို့တို့သည် ဥပုသ်နေ့၌ စပျစ်သီးကို နယ်လျက်၊
ကောက်လှိုင်းကိုသွင်းလျက်၊ မြည်းပေါ်မှာ ဝန်ကိုတင်လျက် လုပ်ဆောင်ကြသည်ကိုင်း၊ ဥပုသ်နေ့၌စပျစ်ရည်၊ စပျစ်သီး၊ သင်္ဘော
သဖန်းသီး အစရှိသည်တို့ကိုတင်၍ ယေရုရှလင်မြို့သို့ ဆောင်ခဲ့ကြ သည်ကိုင်း ငါမြင်၍၊ ဤမည်သော နေ့ရက်၌သာ စားစရာများကို
ရောင်းအပ်သည်ဟု သူတို့အကြား ပြော၏။ 16 ထိုအရပ်၌နေသော တုရုမြို့သားတို့သည်လည်း၊ ငါးအစရှိသည်တို့ကို
ယေရုရှလင်မြို့သို့ဆောင်ခဲ့၍၊ ဥပုသ် နေ့၌ ယုဒအမျိုးသားတို့အား ရောင်းတတ်ကြ၏။ 17 ထိုအခါငါက၊ သင်တို့သည် ဥပုသ်နေ့ကို
ဖျက်၍ ပြုသော ဒုစရိုက်ကား အဘယ်သို့နည်း။ 18 ဘိုးဘေးတို့သည် ထိုသို့ပြုသောကြောင့်၊ ဤမျှ လောက်ကြီးစွာသော ဆင်းရဲခြင်းကို
ငါတို့၌၎င်း၊ ဤမြို့၌ ၎င်း ဘုရားသခင် ရောက်စေတော်မူသည်မဟုတ်လော။ သင်တို့သည် ဥပုသ်နေ့ကို ဖျက်သောအားဖြင့် သာ၍
ပြင်းစွာသော အမျက်တော်ကို ဣသရေလအမျိုး၌ ရောက်စေဦးမည်လောဟု ယုဒမှူးမတ်တို့ကို အပြစ် တင်လျက်၊ 19 အဘိတ်နေ့တွင်
နေရောင်ကွယ်၍ ဥပုသ်နေ့ လွန်သည်တိုင်အောင်၊ ယေရုရှလင်မြို့တံခါးတို့ကို ပိတ် ထားရမည်အကြောင်း စီရင်၍၊
ဥပုသ်နေ့၌ဝန်များကို မြို့ထဲသို့ မသွင်းစေခြင်းငှါ မိမိကျွန်အချို့တို့ကို တံခါးတို့၌ ခန့်ထား၏။ 20 ထိုနောက် ကုန်သည်များ၊ ဥစ္စာမျိုးကို
ရောင်း သောသူများတို့သည်၊ ယေရုရှလင်မြို့ပြင်မှာ တခါနှစ်ခါ အိပ်ကြ၏။ 21 ငါကလည်း၊ မြို့ရိုးပတ်လည်၌အဘယ်ကြောင့်
အိပ်ကြသနည်း။ နောက်တဖန်လာ၍ အိပ်လျှင် ဘမ်းဆီး မည်ဟု သူတို့အား သတိပေး၏။ ထိုအခါမှစ၍ ဥပုသ်နေ့ တွင်
မလာဘဲနေကြ၏။ 22 လေဝိသားတို့သည်လည်း၊ ဥပုသ်နေ့ကို သန့်ရှင်း စေခြင်းငှါ၊ စင်ကြယ်သောကိုယ်နှင့်လာ၍ တံခါးတို့ကို
စောင့်ရမည်အကြောင်း ငါမှာထား၏။ အို အကျွန်ုပ်၏ ဘုရားသခင်၊ ထိုအမှုကြောင့် အကျွန်ုပ်ကို အောက်မေ့ တော်မူပါ။
ကရုဏာတော်များပြားသည်အတိုင်း အကျွန်ုပ် ကို ကယ်မသနားတော်မူပါ။ 23 ထိုကာလ၊ အာဇုတ်အမျိုး၊ အမ္မုန်အမျိုး၊ မောဘ
အမျိုးသမီးနှင့် စုံဘက်သော ယုဒလူအချို့တို့ကို ငါမြင်၏။ 24 သူတို့သားသမီးတို့သည် ယုဒစကားကို မပြောတတ်။ အာဇုတ်
စကားတဝက် အစရှိသော အသီးအသီး ဘာသာစကားကို ပြောတတ်ကြ၏။ 25 သူတို့ကို ငါအပြစ်တင်၍ ကဲ့ရဲ့၏။ အချို့တို့ကို
ရိုက်လျက်၊ ဆံပင်နှုတ်လျက် ဒဏ်ပေး၍၊ သင်တို့သည် ကိုယ်သမီးတို့ကို ပြည်သားတို့အား မပေးစားရ။ ပြည်သား သမီးတို့ကို
ကိုယ်သားတို့အဘို့ မသိမ်းမယူရ။ 26 ဣသရေလရှင်ဘုရင် ရှောလမုန်သည် ထိုသို့ ပြု၍ ပြစ်မှားရာရောက်သည်မဟုတ်လော။
အတိုင်းတိုင်း အပြည်ပြည်၌ သူနှင့်တူသောရှင်ဘုရင်မရှိ။ ဣသရေလ ရှင်ဘုရင်အရာ၌ ဘုရားသခင် ခန့်ထားသည်တိုင်အောင်
စိတ်တော်နှင့်တွေ့သောသူဖြစ်သော်လည်း၊ တပါးအမျိုး သားမိန်းမတို့သည် ပြစ်မှားစေသည်တကား။ 27 ငါတို့သည် သင်တို့စကားကို
နားထောင်၍ တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်သဖြင့်၊ ဤမျှလောက် ကြီးသော ဒုစရိုက်ကို ပြုလျက်၊ ငါတို့၏ ဘုရားသခင်ကို
ပြစ်မှားရမည်လောဟု ဘုရားသခင်ကို တိုင်တည်၍ သူတို့ကိုကျိန်ဆိုစေ၏။ 28 ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်သားယောယဒ၏


generated on Sun Jun 30 02:37:40 2024

သားတယောက်သည်၊ ဟောရနိလူ သမ္ဘာလတ် သမက်ဖြစ်သောကြောင့်၊ သူ့ကိုငါနှင်ထုတ်၏။ [29] အို အကျွန်ုပ်၏ ဘုရားသခင်၊
သူတို့သည် ယဇ် ပုရောဟိတ်အရာကိုငှင်း၊ ယဇ်ပုရောဟိတ်၊ လေဝိသားတို့ နှင့် ဖွဲ့သောပဋိညာဉ်တော်ကိုငှင်း ရှုတ်ချသောကြောင့်၊
သူတို့ကို မှတ်တော်မူပါ။ [30] ထိုသို့ ယုဒအမျိုးသားတို့ကို တပါးအမျိုးသား အပေါင်းတို့နှင့် ကင်းစင်စေပြီးမှ၊ ယဇ်ပုရောဟိတ်နှင့်
လေဝိသားတို့ကို အသီးအသီး မိမိတို့ အမှုစောင့်ရသည် အတိုင်း ငါခန့်ထား၍၊ [31] ချိန်းချက်သောအချိန်၌ ထင်းပူဇော်သက္ကာနှင့်
အဦးသီးသော အသီးကို ပူဇော်စေခြင်းငှါ စီရင်၏။ အို အကျွန်ုပ်၏ ဘုရားသခင်၊ ကျေးဇူးပြုပါမည်အကြောင်း၊ အကျွန်ုပ်ကို
အောက်မေ့တော်မူပါ။

---

# Esther

## Chapter 1

1 အိန္ဒိယပြည်မှစ၍ ကုရှပြည်တိုင်အောင် တိုင်းပြည်တရာနှစ်ဆယ်ခုနစ်ပြည်တို့ကို အစိုးရသော ရှင်ဘုရင် အာရှေရုသည်၊ 2
ရှုရှန်နန်းတော် ရာဇပလ္လင်ပေါ်မှာ ထိုင်၍ နန်းစံသုံးနှစ်တွင်၊ 3 ပေရသိဗိုလ်၊ မေဒိဗိုလ်များ၊ အပြည်ပြည်သော မှူးမတ်ဝန်မင်းများတို့ကို
ခေါ်၍၊ မှူးတော် မတ်တော် ကျွန်တော်အပေါင်းတို့အဘို့ ပွဲလုပ်တော်မူ၏။ 4 ထိုအခါနိုင်ငံတော်စည်းစိမ်၊ ဘုန်းအာနုဘော် တော်ကို
အရက်တရာရှစ်ဆယ်ပတ်လုံး ပြတော်မူ၏။ 5 ထိုကာလလွန်ပြီးမှ၊ ရှင်ဘုရင်သည် ရှုရှန် နန်းတော်၌ စည်းဝေးသောသူ
အကြီးအငယ်အပေါင်းတို့ အဘို့ နန်းတော်အနားဥယျာဉ်တော်ဝင်းထဲမှာ ခုနစ်ရက် ပတ်လုံးပွဲခံတော်မူ၏။ 6 ငွေကွင်းတပ်သော
ကျောက်ဖြူတိုင်တို့၌ မောင်း သော ပိတ်ချောကြိုးဖြင့် ဆွဲကာသော ပိတ်ချောကုလား အဖြူ အစိမ်းအပြာတို့နှင့်ငင်း၊
ခင်းသောကျောက်ပြား အနီအပြာအဖြူအနက်တို့အပေါ်မှာ ထားသော ရွှေငွေ အနေအထိုင်တို့နှင့်ငင်း ဥယျာဉ်တော်သည် ပြည့်စုံ၏။ 7
ရှင်ဘုရင်စည်းစိမ်နှင့် လျော်စွာ ထူးခြားသော ရွှေဖလားတို့နှင့် များစွာသော စပျစ်ရည်ကို သောက်ကြ ၏။ 8 စပျစ်ရည်
သောက်ခြင်းအမှုသည် တရား အတိုင်း ဖြစ်၏။ အဘယ်သူကိုမျှ အနိုင်မသောက်စေ၊ လူအပေါင်းတို့သည် ကိုယ်အလို
အလျောက်ပြုကြမည် အကြောင်း၊ နန်းတော်အရာရှိအပေါင်းတို့ကို ရှင်ဘုရင် မိန့်တော်မူ၏။ 9 မိဖုရားဝါရှတိသည်လည်း၊ ရှင်ဘုရင်
အာရှေရု နန်းတော်သား မိန်းမတို့အဘို့ ပွဲလုပ်လေ၏။ 10 မိဖုရားဝါရှတိသည် အဆင်းလှသောကြောင့်၊ 11 ခုနစ်ရက်မြောက်သော နေ့၌
ရှင်ဘုရင်သည် စပျစ်ရည် သောက်၍ ရွှင်လန်းသော စိတ်ရှိသောအခါ၊ ဖိဖုရား အဆင်းလှခြင်း အသရေကို မင်းများနှင့် လူများတို့အား
ပြလိုသောငှါ၊ မိဖုရားဝါရှတိကို ရာဇသရဖူဆောင်းစေ၍၊ အထံတော်သို့ ဆောင်ခဲ့ရမည်အကြောင်း၊ မဟုမန်၊ ဗိဇသ၊ ဟာဗောန၊ ဗိဂသ၊
အဗာဂသ၊ ဇေသာ၊ ကာကတ် တည်းဟူသော အမှုတော်ထမ်း မိန်းမစိုးခုနစ်ယောက် တို့ကို မိန့်တော်မူ၏။ 12 သို့ရာတွင်
မိန်းမစိုးဆင့်ဆိုသော အမိန့်တော်ကို၊ မိဖုရားသည် ငြင်းဆန်၍ မလာဘဲနေ၏။ ထိုကြောင့် ရှင်ဘုရင်သည် အမျက်ထွက်၍၊
ဒေါသမီးလောင်လျက် နေတော်မူ၏။ 13 ထိုအခါကာရှေန၊ ရှေသာ၊ အာဒမာသ၊ တာရှိရှ၊ 14 မေရက်၊ မာသေန၊ မမုကန်တည်းဟူသော
ရှင်ဘုရင်၏ မျက်နှာတော်ကို အစဉ်ဖူးမြင်၍၊ နိုင်ငံတော် တွင် အမြတ်ဆုံးသော ပေရသိ၊ မေဒိအတွင်းဝန်မင်း ခုနစ်ပါးတို့သည်
အနားတော်၌ထိုင်လျက်ရှိ၍၊ တရားစီရင် ရာလမ်းကို လေ့ကျက်သောသူအပေါင်းတို့နှင့် ရှင်ဘုရင် တိုင်ပင်သော ထုံးစံရှိသည်အတိုင်း၊
အကျိုးအကြောင်းကို နားလည်သောထိုပညာရှိတို့ကိုခေါ်၍၊ 15 မိန်းမစိုးဆင့်ဆိုသော ငါရှင်ဘုရင် အာရှေရု အမိန့်တော်ကို၊
မိဖုရားဝါရှတိသည် နားမထောင်သော ကြောင့်၊ ဓမ္မသတ်အတိုင်းသူ့၌ အဘယ်သို့ စီရင်ရမည် နည်းဟု မေးတော်မူလျှင်၊ 16 မမုကန်က၊
မိဖုရားဝါရှတိသည် အရှင်မင်းကြီး ကိုသာပစ်မှားသည် မဟုတ်ပါ။ အရှင်မင်းကြီး အာရှေရု အစိုးရတော်မူသော တိုင်းပြည်အရပ်ရပ်၌
ရှိသော မင်းများနှင့် ဆင်းရဲသားများ အပေါင်းတို့ကို ပြစ်မှားပါပြီ။ 17 ရှင်ဘုရင် အာရှေရုသည် မိဖုရားဝါရှတိကို ခေါ်၍၊ မိဖုရားမလာဟု
အနှံ့အပြားပြောကြသဖြင့်၊ မိဖုရားပြုသော ဤအမှုကိုခပ်သိမ်းသော မိန်းမတို့သည် ကြား၍ မိမိတို့ခင်ပွန်းကို
မထီမဲ့မြင်ပြုကြပါလိမ့်မည်။ 18 မိဖုရားပြုသော ဤအမှုကို ပေရသိ၊ မေဒိ မင်းကတော်တို့သည် ကြားသိကြလျှင်၊ မှူးတော်မတ်တော်
အပေါင်းတို့အား ထိုနည်းတူ ပြန်ပြောသဖြင့်၊ အားမနာ တတ်သောစိတ်၊ ဒေါသစိတ် တိုးပွားစရာအကြောင်းရှိပါ လိမ့်မည်။ 19
ဝါရှတိသည် အရှင်မင်းကြီး အာရှေရုထံတော်သို့ နောက်တဖန် မဝင်စေခြင်းငှါ အလိုတော်ရှိလျှင် မဝင်စေ နှင့်ဟု မိန့်တော်မူပါ။
မပြောင်းလဲနိုင်သော အမိန့်တော် ရှိစေခြင်းငှါ ပေရသိ၊ မေဒိဓမ္မသတ်၌သွင်း၍ ရေးစေ တော်မူပါ။ ဝါရှတိထက် ကောင်းသော
မိန်းမကိုလည်း မိဖုရားအရာ၌ ချီးမြှောက်တော်မူပါ။ 20 သို့ပြုလျှင် ရှင်ဘုရင် ပေးတော်မူသော အမိန့် တော်ကို ကျယ်ဝန်းသော
နိုင်ငံတော်တရှောက်လုံး ကြော်ငြာသောအခါ၊ မိန်းမအပေါင်းတို့သည် ကိုယ်ခင်ပွန်း အယုတ်အမြတ်တို့ကို ရိုသေကြပါလိမ့်မည်ဟု
ရှင်ဘုရင် နှင့် မှူးမတ်တို့ရှေ့မှာ လျှောက်ထား၏။ 21 ထိုစကားကို ရှင်ဘုရင်နှင့် မှူးမတ်တို့သည် နှစ်သက်၍
မမုကန်လျှောက်သည်အတိုင်း ရှင်ဘုရင် ပြုလျက်၊ 22 လူတိုင်း မိမိအိမ်ကို အုပ်စိုးရမည်အကြောင်း၊ မိမိလူမျိုးစကားကို
ပြောရမည်အကြောင်း၊ အတိုင်းတိုင်း အပြည်ပြည် ဘာသာစကား အသီးအသီးကို အနက်ပြန် ၍ နိုင်ငံတော်အရပ်ရပ်သို့
အမိန့်တော်စာကို ပေးလိုက် တော်မူ၏။

---

Esther 01

အာရှေရုသည် ရာဇပလ္လင်ပေါ်မှာ ထိုင်၍
ရှင်ဘုရင် အာရှေရု၏ အချိန်ကာလ သို့မဟုတ် အာရှေရု ရှင်ဘုရင် အဖြစ်အုပ်ချုပ်စဉ်အချိန်ကာလ

အိန္ဒိယပြည်မှစ၍ ကုရှပြည်တိုင်အောင် တိုင်းပြည်တရာနှစ်ဆယ်ခုနစ်ပြည်တို့ကို အစိုးရသော ရှင်ဘုရင် အာရှေရု
စာဖတ်သူများသည် နောက်ခံ အချက်အလက်များကို သိရှိနိုင်ရန် ဖော်ပြထားခြင်း ဖြစ်ပါသည်။

၁၂၇
တိုင်းပြည် တရာနှစ်ဆယ်ခုနစ်ပြည် (ရှု၊ )


generated on Sun Jun 30 02:37:40 2024

တိုင်းပြည်နယ်
အချို့သော နိုင်ငံများတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး ရည်ရွယ်ချက်ဖြင့် ခွဲခြမ်းထားသော ကြီးမားကျယ်ပြန့်သော မြေဧရိယာ၊ တိုင်း၊ ပြည်နယ်။

ရာဇပလ္လင်ပေါ်မှာ ထိုင်၍
"ရာဇပလ္လင်" ဟု ဆိုရာတွင် ရှင်ဘုရင် အုပ်ချုပ်သော နိုင်ငံတော်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် "အင်ပါယာကို အုပ်ချုပ်သည်" ။

နန်းတော်
ရဲတိုက်၊ ခိုင်ခံ့လုံခြုံစွာ တည်ဆောက်ထားသော မြို့တော်။

ရှုရှန်
ပါရှားဘုရင်၏ တော်ဝင်မြို့။

Esther 03

နန်းစံသုံးနှစ်တွင်
" နှစ် နှစ်အုပ်ချုပ်ပြီးနောက်"

ဗိုလ်
ပြည်နယ် အသီးသီး၏ ခေါင်းဆောင်ဗိုလ်များ။ အခြားသော ဘာသာပြန်ဆိုချက်၊ "တပ်မတော် ၏ အကြီးအကဲများ"

နိုင်ငံတော်စည်းစိမ်
ဤစကားလုံးသည် ရှင်ဘုရင်၏ အင်ပါယာ နိုင်ငံတော်ကြီး မည်မျှ ကြီးကျယ်ခမ်းနားကြောင်း ဖော်ညွှန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " အလွန်ကြွယ်ဝချမ်းသာသော ဘုရင့်အင်ပါယာ နိုင်ငံတော်"

ဘုန်းအာနုဘော်
ဤစကားလုံးသည် ရှင်ဘုရင်၏ အင်ပါယာ နိုင်ငံတော်ကြီး မည်မျှ ကြီးကျယ်ခန်းနား ကြောင်းဖော်ညွှန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " နာမည်ဂုဏ်သတင်းကြီးမားသော "

အရက် တရာရှစ်ဆယ်ပတ်လုံး
ရက်ပေါင်း တစ်ရာ့ရှစ်ဆယ်

Esther 05

ထိုကာလလွန်ပြီးမှ
ပွဲတော်ကာလ ပြီးမြောက်ပြီးနောက်

ခုနစ်ရက် ပတ်လုံးပွဲခံတော်မူ၏
ပါရှားဘုရင် ၏ တော်ဝင် နန်းတော် ရှုရှန် တွင် စည်းဝေနေသော အရာရှိ များအတွက် ဒုတိယအကြိမ် ပြုလုပ် ပေးသော ပွဲတော်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခုနှစ်ရက်ကြာပြုလုပ် သော ပွဲတော်နောက်တခု"

ခုနစ်ရက်
"၇"

နန်းတော်
၁;၁ ကဲ့သို့ဘာသာပြန်ရန်

ရှုရှန်
ပါရှားဘုရင်၏ တော်ဝင် မြို့တော် ကြီး။

ခင်းသောကျောက်ပြား
ရောင်စုံကျောက်၊ ဖန်၊ မှန် စသည်ဖြင့် မွမ်းမံထားသော ကျောက်ပြားလျှောက်လမ်း

ကျောက်
ပုံဆောင်ခဲပါဝင်ပြီး အနီနှင့် ခရမ်းရောင် အဆင်းရှိသော ကျောက်အမျိုးအစား

Esther 07

ရွှေဖလားတို့နှင့် များစွာသော စပျစ်ရည်ကို သောက်ကြ ၏
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန် ဆိုချက်။ "ဧည့်သည်များသည် ရွှေခွက်ဖြင့် စပျစ်ရည်ကို သောက်သုံးကြသည်"

ရှင်ဘုရင်စည်းစိမ်နှင့် လျော်စွာ ထူးခြားသော ရွှေဖလားတို့နှင့် များစွာသော စပျစ်ရည်
ရှင်ဘုရင်သည် တော်ဝင်စပျစ်ရည်များကို ရက်ရက်ရောရော ပေးကမ်းသည်။

သဘောထားကြီးခြင်း
ရက်ရောစွာဖြင့် ပေးကမ်းခြင်း

အဘယ်သူကိုမျှ အနိုင်မသောက်စေ
မည်သူ့ကိုမျှ အတင်းအကျပ် မသောက်သုံးစေရ

ကိုယ်အလို အလျောက်ပြုကြမည် အကြောင်း၊ နန်းတော်အရာရှိ အပေါင်းတို့ကို ရှင်ဘုရင် မိန့်တော်မူ၏
ဤအကြောင်းအရာ၏ ဆိုလိုရင်းမှာ ရှင်ဘုရင်သည် ကြွရောက်လာသော ဧည့်သည်များအား ၎င်းတို့သဘောဆန္ဒအတိုင်း စပျစ်ရည်များကိုပေးရန် နန်းတွင်း အစေခံများကို မိန့်တော်မူသည်

Esther 09

ခုနစ်ရက်မြောက်သော နေ့
၆ ရက်နေ့ ပြီးနောက်

ရှင်ဘုရင်သည် စပျစ်ရည်သောက်၍ ရွှင်လန်းသော စိတ်ရှိသောအခါ
ဤတွင် "စိတ်" သည် ရှင်ဘုရင်ကို ရည်ညွှန်းသည်။ "ရွှင်လန်းသောစိတ်" ဆိုသည်မှာ အသက်သေစာကို လွန်စွာနှစ်ချိုက်သောသူ ဖြစ်ကြောင်းကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်။ "ရှင်ဘုရင်သည် စပျစ်ရည်သောက်၍ ယစ်မူးနေသည်"

မဟုမန်၊ ဗိဇသ၊ ဟာဗောန၊ ဗိဂသ၊ အဗာဂသ၊ ဇေသာ၊ ကာကတ်

အမှုတော်ထမ်း မိန်းမစိုးခုနစ်ယောက်

ဖိဖုရား အဆင်းလှခြင်း
သူမသည် အလွန်လှပသော အမျိုးသမီးဖြစ်သည်။

Esther 12

မိန်းမစိုးဆင့်ဆိုသော အမိန့်တော်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "ဘုရင်၏ အမှုထမ်းအရာရှိများက ရှင်ဘုရင်၏ အမိန့်တော်ကို မိဖုရားအားပြောကြားသောအခါ"

အမိန့်တော်
ဤနေရာတွင် "အမိန့်တော်" သည် ရှင်ဘုရင်၏ အမိန့်အားလုံးကို ဆိုလိုသည်။

ရှင်ဘုရင်သည် အမျက်ထွက်၍၊ ဒေါသမီးလောင်လျက် နေတော်မူ၏
ရှင်ဘုရင်သည် လွန်စွာအမျက်ဒေါသထွက်နေကြောင်းကို စိတ်နှလုံးထဲတွင် ဒေါသမီးလောင်နေသည်ဟု သုံးနှုန်းထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်။ "ရှင်ဘုရင်၏ ဒေါသသည် မီးကဲ့သို့ ရင်ထဲတွင် လောင်မြိုက်နေသည်"

Esther 13

အကျိုးအကြောင်းကို နားလည်သော
နန်းတွင်းရေးရာ စီရင်ထုံးတရားများကို သိကျွမ်းနားလည်သောသူ

အနားတော်၌ထိုင်လျက်ရှိ၍၊ တရားစီရင်ရာလမ်းကို လေ့ကျက်သော သူအပေါင်းတို့နှင့် ရှင်ဘုရင် တိုင်ပင်သော ထုံးစံရှိသည်အတိုင်း
ဘုရင်သည် သူ၏ လူများကို ဆင့်ခေါ်ရသည့်အကြောင်းကို နောက်ကြောင်း ပြောဆိုခြင်း ဖြစ်သည်။

ကာရှေန၊ ရှေသာ၊ အာဒမာသ၊ တာရှိရှ၊ မေရက်၊ မာသေန၊ မမုကန်
ဝန်မင်း ခုနစ်ပါး၏ အမည်နာမဖြစ်သည်။

ခုနစ်
"၇"

ဓမ္မသတ်အတိုင်းသူ၌ အဘယ်သို့ စီရင်ရမည် နည်း
ဤစကားသည် ဘုရင်ကြီးမှ ဝန်မင်းများအား ပြောကြားသော စကားဖြစ်သည်။

ဓမ္မသတ်အတိုင်း
ဥပဒေသကို နာခံလိုက်နာခြင်း

Esther 16

မမုကန်
၁:၁၃ တွင် သူ၏ အမည်အား ဖော်ပြထားပါသည်။

အရှင်မင်းကြီး အာရွှေရု အစိုးရတော်မူသော တိုင်းပြည်အရပ်ရပ်၌ ရှိသော မင်းများနှင့် ဆင်းရဲသားများ အပေါင်း ...ခပ်သိမ်းသော မိန်းမ
မိဖုရားကြီး၏ ငြင်းဆိုမှုကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲ ဆိုကျိုးများအား ချဲ့ကားပြောဆိုခြင်းဖြစ်သည်။

တိုင်းပြည်အရပ်ရပ်
၁:၁ တွင် ဘာသာပြန်ဆိုထားပါသည်။

အားမနာ တတ်သောစိတ်၊ ဒေါသစိတ် တိုးပွားစရာအကြောင်းရှိပါ လိမ့်မည်
သူတို့၏ အမျိုးသားများအား အမျက်ထွက်ပြီး အထင်သေးစွာ ပြုမူလာလိမ့်မည်။

Esther 19

ဆက်စပ်ဖော်ပြချက်
မမုကန်မှ ဘုရင်မင်းကြီး၏ မေးခွန်းအား ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

မပြောင်းလဲနိုင်သော အမိန့်တော်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှ ပြင်ဆင်၍မရနိုင်သော ဘုရင့်အမိန့်တော်"

ရှင်ဘုရင် ပေးတော်မူသော အမိန့် တော်ကို ကျယ်ဝန်းသော နိုင်ငံတော်တရှောက်လုံး ကြော်ငြာသောအခါ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏ အမိန့်တော်ကို ကြားသောအခါ"

ကျယ်ဝန်းသော
ကြီးကျယ်သော သို့မဟုတ် အလွန်ကြီးမားသော

အယုတ်အမြတ်တို့ကို
ဤစကားလုံးသည် ခင်ပွန်းများကို ရည်ညွှန်းခြင်း သို့မဟုတ် မိန်းမများကို ရည်ညွှန်းခြင်းဖြစ်သည်။

Esther 21

မမုကန်
၁:၁၃ တွင် ဘာသာပြန်ဆိုထားသည်။

အတိုင်းတိုင်း အပြည်ပြည်
၁:၁ တွင် ဘာသာပြန်ဆိုထားပါသည်။

လူတိုင်း မိမိအိမ်ကို အုပ်စိုးရမည်အကြောင်း
ခင်ပွန်းတိုင်းသည် မိမိ၏ ဇနီးမယားနှင့် သားသမီးများအပေါ် အပြည့်အဝ အုပ်စိုးရမည်။


generated on Sun Jun 30 02:37:40 2024

အမိန့်တော်စာကို ပေးလိုက် တော်မူ၏
ပြန်သူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမိန့်တော်စာကို ထုတ်ပြန်ပေးလိုက်သည်"

---

## Translation Questions

### Esther 1:1

ရှင်ဘုရင်အာရွှေယုသည် မည်သည့်နေရာများကို အုပ်ချုပ်ခဲ့သနည်း။
ရှင်ဘုရင်အာရွှေယုသည် အိန္ဒိယပြည်မှစ၍ ကုရှုပြည်တိုင်အောင် ပြည်နယ်တရာနှစ်ဆယ်ကျော်တို့ကို အစိုးရသောမင်းဖြစ်သည်။

### Esther 1:3

ရှင်ဘုရင်နှင့်အတူမည်သူတို့သည် အမှုထမ်းကြသနည်း။
ပေရသိဗိုလ်၊ မေဒိဗိုလ်များ၊ အပြည်ပြည်သောမှူးမတ်ဝန်မင်းတို့သည် ရှင်ဘုရင်နှင့်အတူ အမှုထမ်းကြသောသူများဖြစ်သည်။

### Esther 1:5

မည်သူသည် ခုနစ်ရက်တိုင်အောင် မည်သည့်အတွက် စားသောက်ပွဲကို ကျင်းပသနည်း။
ရှင်ဘုရင်သည် ရှုရှန် နန်းတော်၌ စည်းဝေးသောသူ အကြီးအငယ်အပေါင်းတို့ အဘို့ နန်းတော်အနားဥယျာဉ်တော်ဝင်းထဲမှာ ခုနစ်ရက် ပတ်လုံးပွဲခံတော်မူခဲ့သည်။

မည်သူတို့အတွက်ရှင်ဘုရင်သည် ပွဲတော်ကို ကျင်းပရသနည်း။
ရှင်ဘုရင်သည် ရှုရှန်နန်းတော်၌ စည်းဝေးသောသူ အကြီးအငယ်အပေါင်းတို့အဘို့ နန်းတော်အနားဥယျာဉ်တော်ဝင်းထဲမှာ ပွဲခံတော်မူခဲ့ခြင်းဖြစ်သည်။

### Esther 1:7

အဘယ်ကြောင့် နန်းတော်စပျစ်ရည်များစွာ ရှိသနည်း။
ရှင်ဘုရင်၏ရက်ရောခြင်းကြောင့် နန်းတော်စပျစ်ရည်များစွာရှိခြင်းဖြစ်သည်။

သူ၏နန်းတော်အမှုထမ်းအပေါင်းကို ရှင်ဘုရင်ကမည်သည့်ညွှန်ကြားချက်ပေးသနည်း။
လာရောက်သည့်ဧည့်သည်များပြုလိုသမျှကို ပြုစေကြဖို့ နန်းတော်အမှုထမ်းအပေါင်းကို ရှင်ဘုရင် မိန့်တော်မူခဲ့သည်။

### Esther 1:9

ရှင်ဘုရင်အားခစားသော နန်းတော်မှူးမတ်ခုနှစ်ဦးအား မည်သည့်အရာကို ပြောကြားခဲ့သနည်း။
ရှင်ဘုရင်အားခစားသော နန်းတော်မှူးမတ်ခုနှစ်ဦးအား ရာဇသရဖူကိုဆောင်းစေ၍မိဖုရားဝါရှတိကို ခေါ်ဆောင်လာခဲ့ရန် မိန့်ကြားခဲ့သည်။

### Esther 1:12

မည်သည့်အကြောင်းကြောင့် ရှင်ဘုရင် အမျက်ထွက်ခဲ့ရသနည်း။
ရှင်ဘုရင် အမျက်ထွက်ခဲ့ရခြင်းမှာ မိဖုရား ဝါရှတိက ရှင်ဘုရင်၏စကားတော်ကို ငြင်းဆိုခဲ့ခြင်းကြောင့်ဖြစ်သည်။

### Esther 1:13

မည်သူများနှင့်အတူ ရှင်ဘုရင်က ထိုအမှုကိစ္စကို အပ်နှင်းခဲ့သနည်း။
ရှင်ဘုရင်က ပညာအမျှော်အမြင်ရှိသောသူများနှင့် အချိန်အခါအလေ့အထကို နားလည်သူများထံသို့ အမှုကိစ္စများကို အပ်နှင်းခဲ့သည်။

### Esther 1:16

မမုကန်၏ပြောကြားချက်အရ မိဖုရား ဝါရှတိ၏ အမှားသည် မည်သူများကိုပါ ဆန့်ကျင်ခဲ့သနည်း။
မမုကန်၏ပြောကြားချက်အရ မိဖုရားဝါရှတိသည် ရှင်ဘုရင်ကိုသာ ဆန့်ကျင်ခြင်းမဟုတ်ဘဲ တိုင်းပြည်အရပ်ရပ်၌ရှိသော မင်းများနှင့် တိုင်းသူပြည်သားများကိုပါ ဆန့်ကျင်ခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။

ထိုနေ့မကုန်မှီပင် ပေရသိနှင့် မေဒိမင်းကတော်များက မည်သည့်အရာလုပ်လိမ့်မည်ဟု မမုကန် ပြောခဲ့သနည်း?
ထိုနေ့မကုန်မှီပင် မင်းကတော်တို့သည် ရှင်ဘုရင်၏အမှုထမ်းမင်းများကို ဆန့်ကျင်ကြလိမ့်မည်ဟု ပြောခဲ့သည်။

### Esther 1:19

ဝါရှတိ၏မိဖုရားအရာကို မည်သူ့အား ပေးအပ်ကြလိမ့်မည်နည်း။
ရှင်ဘုရင်က ဝါရှတိ၏မိဖုရားအရာကို သူ့ထက်သာလွန်သော အခြားသောသူအား ပေးအပ်ရန်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Esther 1:21

ရှင်ဘုရင်ကမည်သည့်အမိန့်တော်ကို ချမှတ်ခဲ့သနည်း။

ရှင်ဘုရင်က အမျိုးသားမှန်သမျှသည် အိမ်တော်၏ခေါင်းဖြစ်ရမည်ဟု အမိန့်တော်ချမှတ်ခဲ့သည်။

---

## Chapter 2

[1] တဖန်ရှင်ဘုရင် အာရွှေရုသည် စိတ်တော်ပြေ သောအခါ၊ ဝါရှိတိကိုင်၊ သူပြုသောအမှုနှင့် သူ့တဘက် ၌စီရင်သော အမှုကိုင်၊
အောက်မေ့တော်မူ၏။ [2] အထံတော်၌ ခစားသော ကျွန်တော်တို့ကလည်း၊ အဆင်းလှသော သမီးကညာတို့ကို အရှင်မင်းကြီးအဘို့
ရှာရပါမည်အကြောင်း အခွင့်ပေးတော်မူပါ။ [3] အဆင်းလှသော သမီးကညာအပေါင်းတို့ကို ရှုရှန်နန်းတော်တွင် အပျိုတော်နေရာသို့
စုဝေးစေ၍၊ နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ်ဟေဂဲ၌ အပ်စေခြင်းငှါ၊ နိုင်ငံတော်အတိုင်းတိုင်း အပြည်ပြည် မင်းအရာရှိတို့ကို
ခန့်ထားတော်မူပါ။ စင်ကြယ်စေခြင်းငှါ ဆေးမျိုးကို အပ်ပေးတော်မူပါ။ [4] နှစ်သက်တော်မူသော သမီးကညာကို မိဖုရား ဝါရှတိအရာ၌
ခန့်ထားတော်မူပါဟု လျှောက်သော စကားကို ရှင်ဘုရင်နှစ်သက်၍ ထိုသို့ စီရင်တော်မူ၏။ [5] ထိုကာလတွင် ရှုရှန်မြို့တော်၌၊
ဗင်္ယာမိန်အမျိုး ကိရှ၊ ရှိမိ၊ ယာဣရတို့မှ ဆင်းသက်သော မော်ဒကဲအမည် ရှိသော ယုဒလူတယောက်ရှိ၏။ [6] ထိုသူသည်
ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ သိမ်းသွားသော ယုဒရှင်ဘုရင် ယေခေါနိမှစ၍၊ ဘမ်းဆီး သိမ်းသွားခြင်းကို ခံရသောလူစု၌
ပါသတည်း။ [7] ထိုသူသည် အထွေးသမီး ဟဒဿတည်းဟူ သော ဧသတာကို မွေးမြူ၏။ ထိုသတို့သမီးသည် မိဘမရှိ၊
ပုံပြင်ယဉ်ကျေး၍ အသွေးအဆင်းလည်း လှ၏။ မိဘ သေသောအခါ၊ မော်ဒကဲသည် ယူ၍ ကိုယ်သမီးကဲ့သို့ မှတ်သတည်း။ [8] ရှင်ဘုရင်
အမိန့်တော်ကိုထုတ်၍ ကျော်သော အခါ၊ အပျိုများတို့ကို ရှုရှန်နန်းတော်သို့ စုဝေးစေ၍၊ မိန်းမစိုး ဟေဂဲ၌အပ်ရာတွင်၊ ဧသတာကိုလည်း
နန်း တော်သို့ ခေါ်ဆောင်၍ ဟေဂဲ၌ အပ်ကြ၏။ [9] ဧသတာသည် ဟေဂဲစိတ်နှင့်တွေ့၍ မျက်နှာ ရသဖြင့်၊ ဟေဂဲသည် စင်ကြယ်စေသော
ဆေးမျိုးနှင့် ပေးရသော အဝတ်အစားကို အလျင်အမြန်ပေး၏။ နန်းတော်၌ ရွေးကောက်သော ကျွန်မခုနစ်ယောက် တို့ကိုလည်းပေး၍၊
ဧသတာနှင့် သူ၏ကျွန်မတို့ကို အပျိုတော်နန်းတွင် အမြတ်ဆုံးသောနေရာ၌ ချီးမြှောက် လေ၏။ [10] ဧသတာသည် မိမိအမျိုးနှင့်
မိမိဆွေညာ တကာကို မဘော်မပြမည်အကြောင်း၊ မော်ဒကဲ သတိပေး သည်အတိုင်း မဘော်မပြဘဲ နေ၏။ [11] ဧသတာသည်
အဘယ်သို့ရှိသည်ကိုင်၊ သူ၌ အဘယ်သို့ ပြုကြလိမ့်မည်ကိုင်၊ မော်ဒကဲသည် သိခြင်း ငှါ အပျိုတော်နန်းဝင်းရှေ့မှာ
နေ့တိုင်းသွားလာ၏။ [12] ထိုအပျိုတော်တို့ ထုံးစံအတိုင်း၊ တနှစ်စေ့သော အခါ တယောက်နောက်တယောက် အလှည့်သင့်သည် အတိုင်း၊
ရှင်ဘုရင်အာရွှေရုထံသို့ ဝင်ရ၏။ ခြောက်လ ပတ်လုံးမုရန်ဆီ၊ ခြောက်လပတ်လုံး နံ့သာမျိုးအစရှိ သော
စင်ကြယ်စေသောဆေးမျိုးကိုသုံး၍၊ စင်ကြယ်ခြင်းအမှု သည် ပြီးသည်တိုင်အောင် ထိုမျှကာလကိုလွန်စေရ၏။ [13] ထိုနောက်မှ
အပျိုတော်သည် ရှင်ဘုရင်ထံသို့ ဝင်ချိန်ရောက်သောအခါ၊ အလိုရှိသမျှတို့ကို တောင်း၍၊ အပျိုတော်နန်းမှ ရှင်ဘုရင်နန်းတော်သို့
ယူသွားရ၏။ [14] ညဦးအချိန်၌ဝင်၍ နံနက်အချိန်၌ နန်းတော် မိန်းမစိုး၊ မောင်းမမိဿံအုပ်၊ ရှာရဂါဇစောင့် ဒုတိယ မိန်းမနန်းသို့ပြန်ရ၏။
ရှင်ဘုရင်ချစ်၍ နာမည်အားဖြင့် ခေါ်တော်မမူလျှင် နောက်တဖန် အထံတော်သို့မဝင်ရ။ [15] မိမိသမီးကဲ့သို့ မော်ဒကဲမွေးမြူသော ဘထွေး
အဘိဟဲလသမီး ဧသတာသည် အလှည့်သင့်၍၊ ရှင်ဘုရင် ထံသို့ဝင်ရသောအခါ၊ နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ် ဟေဂဲစီရင်သော
အရာမှတပါး အဘယ်အရာကိုမျှ မတောင်း၊ ဧသတာကို တွေ့မြင်သမျှသော သူတို့သည် ချစ်တတ်ကြ၏။ [16] ထိုသို့ ရှင်ဘုရင်
အာရွှေရုသည် နန်းစံ ခုနစ်နှစ်၊ တေဗက်အမည်ရှိသော ဒသမလတွင်၊ ဧသတာကို နန်းတော်၌ သိမ်းတော်မူပြီးလျှင်၊ [17] အခြားသော
သမီးကညာအပေါင်းတို့ထက် ဧသတာသည် စိတ်တော်ကိုနူးညွတ်စေ၍၊ အထံတော်၌ မျက်နှာရသဖြင့်၊ ရှင်ဘုရင်သည် အခြားသော
မိန်းမ တကာတို့ကို ချစ်သည်ထက် ဧသတာကိုသာ၍ ချစ်သော ကြောင့်၊ သူ့ခေါင်းပေါ်မှာ ရာဇသရဖူကိုတင်၍မိဖုရား ဝါရှတိအရာ၌
ချီးမြှောက်တော်မူ၏။ [18] ထိုအခါ ရှင်ဘုရင်သည် ဧသတာပွဲဟူ၍ ကြီး သောပွဲကို မှူးတော်မတ်တော် ကျွန်တော်တို့အဘို့ လုပ်သဖြင့်၊
နိုင်ငံတော်တိုင်းပြည်တို့ကို မင်းမှုလွှတ်၍၊ စည်းစိမ်တော်နှင့် လျော်စွာ ဆုချတော်မူ၏။ [19] သမီးကညာတို့သည် ဒုတိယအချိန်၌ စုဝေး
သောအခါ၊ မော်ဒကဲ သည် နန်းတော်၌ တံခါးမှူးဖြစ်၏။ [20] ဧသတာသည် မော်ဒကဲထံမွေးမြူခြင်းကို ခံ၍ နေစဉ်အခါ၊ သူ၏စကားကို
နားထောင်သည်နည်းတူ နား ထောင်သေးသည်ဖြစ်၍၊ မော်ဒကဲသတိပေးသည်အတိုင်း၊ မိမိအမျိုး၊ မိမိဆွေညာတကာတို့ကို
မဘော်မပြဘဲနေ သတည်း။ [21] ထိုကာလတွင်၊ မော်ဒကဲသည် နန်းတော်၌ တံခါးမှူးဖြစ်စဉ်၊ ဗိဂသန်နှင့် တေရက်တည်းဟူသော
နန်းတော်မိန်းမစိုး၊ တံခါးစောင့် နှစ်ယောက်တို့သည် ဒေါသစိတ်ရှိ၍ ရှင်ဘုရင် အာရွှေရုကို လုပ်ကြံမည်ဟု အားထုတ်ကြ၏။ [22]
ထိုအမှုကို မော်ဒကဲသိ၍ မိဖုရားဧသတာအား ဘော်ပြ၏။ ထိုသို့ မော်ဒကဲဘော်ပြကြောင်းကို ဧသတာ သည် ရှင်ဘုရင်အား
လျှောက်လေ၏။ [23] ထိုအမှုကို စစ်ကြော၍ အမှန်သိသောအခါ၊ ထိုသူနှစ်ယောက်တို့ကို သစ်ပင်၌ လည်ဆွဲချပြီးမှ၊ ရှင်ဘုရင်ရှေ့၊
နန်းတော်မှတ်စာ၌ ရေးမှတ်သတည်း။


generated on Sun Jun 30 02:37:40 2024

Esther 01

တဖန်
ဤအရာသည် ရှင်ဘုရင်အမိန့်တော် ထုတ်ပြန်ပြီး ခဏအကြာတွင် ဖြစ်ပေါ်လာသော အဖြစ်အပျက် အသစ်ကိုဖော်ပြလိုခြင်းဖြစ်သည်။

အာရှေရုသည် စိတ်တော်ပြေသောအခါ
ဘုရင့်အမျက်တော် သို့မဟုတ် ဒေါသစိတ် ပြေသွားသည်။

သူပြုသောအမှုနှင့် သူ့တဘက်၌ စီရင်သော အမှု
၁:၁၉ တွင် ဖော်ပြထားပြီးဖြစ်သည်။

အရှင်မင်းကြီးအဘို့ ရှာရပါမည်အကြောင်း
ပြဲသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင့်မင်းမှုထမ်းအား အပျိုကညာရှာထွက်စေရန် မိန့်ကြားစေခြင်းဖြစ်သည်"

အရှင်မင်းကြီးအဘို့
အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်၏ကိုယ်စား"

Esther 03

ဆက်စပ်မှုဖော်ပြချက်
မင်းမှုထမ်းများမှ ဘုရင်အား ဆက်လက်၍ လျှောက်တင်သော စကားဖြစ်သည်။

နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ်ဟေဂဲ....နှစ်သက်တော်မူသော သမီးကညာ
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်...အရှင်၏ နန်းတော်မိန်းမစိုး.... အရှင့်ကို ကျေနပ်စေနိုင်သောသူ"

အတိုင်းတိုင်း အပြည်ပြည်
၁း၁ တွင် ဖော်ပြထားသည့်အတိုင်းပြန်ဆိုရန်။

အပျိုတော်နေရာ
ဘုရင်ကြီး၏ မိဖုရားများ ထားရာ နေရာ

နန်းတော်
၁:၅ တွင် ဖော်ပြထားသည့်အတိုင်း ဘာသာပြန်ဆိုရန်။

ရှုရှန်
၁:၁ တွင် ဖော်ပြထားသည့်အတိုင်း ဘာသာပြန်ဆိုရန်။

နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ်ဟေဂဲ၌ အပ်စေခြင်းငှါ
ပြဲသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင့်နန်းတော်မိန်းမစိုးဖြစ်သော ဟေဂဲအား အပျိုတော်များကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းဖြစ်သည်"

ဟေဂဲ
နန်းတော်မိန်းမစိုး၏ နာမည်။

စင်ကြယ်စေခြင်းငှါ ဆေးမျိုး
ဤတွင် ယောဘ မွေးသောညကို တစ်စုံတစ်ယောက်အဖို့ရွှင်လန်းစရာ ဖြစ်စေနိုင်သေးသောအချိန်အခါကိုပြောထားသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မွေးဖွားသော သားယောကျ်ား၏ ငိုသံကို မည်သူကမျှ မကြားပါစေနှင့်" (ရှု၊

ရွှင်လန်းသောအသံ
ဤတွင် အသံဟူသည်မှာ ရွှင်လန်းသော ပုဂ္ဂိုလ်အတွက် ရပ်တည်ထားပါသည်။ အခြားသောဘာသာပြန်ချက်၊ "မည်သူကမှ ထပ်ပြီး မရွှင်လန်းပါစေနှင့်" (ရှု၊

Job 08

မိကျောင်းကို ထစေတတ်သောသူတို့သည်
ယောဘသည် ပရမ်းပတာဖြစ်စေသော မိကျောင်းကိုပင် ဆုံးမနိုင်စွမ်းရှိသည်ဟု ယုံကြည်သော မျက်လှည့်ဆရာများနှင့် မှော်ဆရာများကို ရည်ညွှန်းသည်။ ၎င်းမိကျောင်းကို အရှေ့အလယ်ပိုင်းဒေသများတွင် ဒဏ္ဍာရီကဲ့သို့ ကောင်းစွာ သိကြပြီး ထိုအကောင်သည် ကစဥ့်ကလျားဖြစ်ခြင်း နှင့် ဖရိုဖရဲဖြစ်စေရန် ဖျက်ဆီးတတ်သည်ဟု သိရှိရသည်။

ညဦးယံကြယ်တို့သည် မိုက်ပါစေ
ဤအရာ၏ ဆိုလိုရင်းမှာ ကြယ်တာရာတို့သည် မမှောင်ခင်၌ မကြာခဏ တွေ့မြင်နိုင်သော အရာဖြစ်ကြောင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုကြယ်များသည် ပထမအလင်း မရခင်တွင် ပေါ်လာပါစေ"

ထိုည၌သည် အလင်းကိုတောင့်တ၍ မရပါစေနှင့်။
ယောဘ၏ မွေးဖွားသော နေ့ရက်သည် လူတစ်ယောက်တစ်စုံတစ်ခုကို ရှာဖွေနေသောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေ့ရက်သည် အလင်းကို မျှော်လင့်ပြီး မမြင်ပါစေနှင့်" (ရှု၊

နံနက်မိုဃ်းလင်း ကို မမြင်ပါစေနှင့်။
နံနက်မိုဃ်းလင်းဟူသည်မှာ လူတစ်ယောက်၌ရှိသော မျက်စိအလင်းကဲ့သို့ ပြောဆိုထားပါသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်၊ "နံနက်၏ ပထမဆုံးအလင်းကို မမြင်ပါစေနှင့်။"

အကြောင်းမူကား၊ ငါ့အမိ၏ဝမ်းကို ပိတ်မထား
မိန်းမ၏ ဝမ်းကို တံခါးများနှင့် ပြည့်နေသောအရာကဲ့သို့ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကြောင်းမူကား ထိုနေ့ရက်သည် ငါ့အမိ၏ ဝမ်းကို မပိတ်ထားပါ"

ဒုက္ခဆင်းရဲကို ငါမမြင်စေခြင်းငှါ မကွယ်မကာ။
ယောဘ၏ မွေးဖွားသောနေ့ရက်ကို ဤနေရာတွင် တစ်စုံတစ်ခုကို ကွယ်ကာထားနိုင်သော လူတစ်ယောက်ကဲ့သို့ ပြောဆိုထားပါသည်။

ငါမမြင်စေခြင်းငှါ
ဤတွင် "မျက်စိ" ဟူသည်မှာ ထိုအရာများကိုမြင်သောလူကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ထံမှ"

Job 11

ယေဘုယျအချက်အလက်
ဤအခန်းတွင် ယောဘသည် အချက်လေးချက်ကို မေးခွန်းများဖြင့် မေးမြန်းကာ၊ အဆိုပြုချက်များကို တစ်ခုပြီးတစ်ခု ပြောဆိုသွားသည်။

ငါသည်မွေးစက အဘယ်ကြောင့်မသေသနည်း
"ငါသည်အဘယ်ကြောင့် မွေးဖွားစဉ်က မသေသနည်း။" ယောဘသည် သူ့မွေးဖွားခြင်းနေ့ရက်ကို ကျိန်ဆိုရန်နှင့် ပတ်သက်ပြီး ဝေဒနာပြင်းပြမှုများကို ဖော်ပြရန် ဤမေးခွန်းကို ဖြစ်ပေါ်စေသနည်း။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မွေးဖွားနေ့ရက်၌ပင် သေဆုံး ချင်ပါသည်။"

အမိဝမ်းထဲမှ ထွက်စက အဘယ်ကြောင့် အသက်မချုပ် သနည်း။
ယောဘ ဆိုလိုသည်မှာ သူသည်မမွေးဘဲနေလျှင်သာ၍ကောင်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အမိဝမ်းထဲမှ ထွက်မလာခင် သေရန် ဆန္ဒရှိခဲ့သည်"

အဘယ်ကြောင့် အသက်မချုပ် သနည်း
သေခြင်းတရားကို ရည်ညွှန်းသည်။

ငါ့ကိုအဘယ်ကြောင့် ပိုက်ပွေ့ရသနည်း
ဤအရာက ယုယစွာ မွေးသော ယောဘ၏ မိခင်ကို ရည်ညွှန်းသည်။ သူ့အမေ၏ ဒူးများသည် လူတွေက အသစ်သောကလေးကို ပိုက်ပွေ့ရသောအရာကဲ့သို့ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား ယုယစွာ လက်ခံမယ့်သူ မရှိခြင်းကို ငါလိုလားခဲ့သည်"။

အဘယ်ကြောင့် နို့တိုက်ရသနည်း။
ယောဘ အမေ၏ နို့ကို လူများသည် အသစ်သော ကလေးကို လက်ခံကြိုဆိုသကဲ့သို့ ပြောဆိုထားပါသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အတွက် နို့တိုက်ရန် မရှိခြင်းကို ငါလိုလားခဲ့သည်"

Job 13

ထိုသို့မပြုလျှင် ငါသည်အိပ်၍ငြိမ်းပြီ။ ပျော်လျက်နေရပြီ
ယောဘသည် မွေးဖွားစဉ်ကသေခဲ့လျှင် သို့မဟုတ် မမွေးဖွားဘဲ နေခဲ့လျှင် မည်ကဲ့သို့ဖြစ်မည်ကို စဉ်းစားစေရန် ဝါကျ နှစ်ခုကို အသုံးပြုထားပါသည်။ (ရှု၊ and

ငါသည်အိပ်၍ငြိမ်းပြီ
ယောဘ အနေဖြင့် အတိတ်၌ဖြစ်ပျက်မှု ရှိခဲ့သော်လည်း အထက်၌ ဖော်ပြခဲ့သည်အတိုင်းဖြစ်ပျက်မှု မရှိခဲ့သောအရာကို စိတ်ကူးခဲ့ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် တိတ်ဆိတ်စွာ လဲလျောင်းသင့်ပါသည်"

အိပ်၍ငြိမ်းပြီ
အိပ်စက်ခြင်း၊ ငြိမ်းချမ်းစွာ အနားယူသည်။

ပျော်လျက်နေရပြီ။
ဤတွင် "အနားယူသည်" ဟူသောစကားလုံးသည် ငြိမ်းချမ်းစွာ အိပ်စက်ခြင်းကို ဆိုလိုပြီး သူ မကြုံတွေ့ခဲ့သော နာကျင်မှုကိုလည်း ခံစားခဲ့သည်။

မြို့ပျက်တို့ကို ပြင်ဆင်ပြုစုသော လောကီရှင်ဘုရင်
ရှင်ဘုရင်များနှင့် သူတို့၏ အကြံပေးပုဂ္ဂိုလ်များ။

Job 15

ယေဘုယျအချက်အလက်
ယောဘက မမွေးဖွားခင် သေဆုံးခြင်း အကြောင်းတရားကို ဆက်လက် ဖော်ပြသည်။

ငါငြိမ်းရပြီ
ဤအရာသည် တစ်စုံတစ်ခု ဖြစ်ပျက်နိုင်ပေမယ့် မဖြစ်ပျက်သောအရာကို ဖော်ပြထားပါသည်။ (ရှု၊

မင်းတို့နှင့်ငင်း ငါငြိမ်းရပြီ
"ငါသည် မင်းကြီးတို့နှင့် အတူအနားယူမည်။"

ရွှေကိုရတတ်၍ ဘဏ္ဍာတိုက်၌ ငွေကိုအပြည့်သိုထားသောမင်းတို့နှင့်ငင်း
ယောဘသည် သူပြောထားသောအရာကို အထူးပြုစေရန်အပြိုင်အဆိုင် အသုံးပြုထားပါသည်။

အချိန်နေ့လမစေ့မှီ မွေးသောသူငယ်
"ငါသည် အမိဝမ်း၌ နေစဉ်ကတည်းက သေဆုံးခဲ့လျှင်"

အလင်းကို မမြင်ရသောသူငယ်ကဲ့သို့
မမွေးခဲ့ဖူးသော ကလေးကဲ့သို့

## Job 17

ယောဘုယျအချက်အလက်
ယောဘသည် သေဆုံးခြင်း အကြောင်း မပြောတော့ဘဲ သေပြီး နောက်ဘဝအကြောင်းကို ပြန်၍ ဆင်ခြင်သည်။

ထိုအရပ်၌ လူဆိုးတို့သည် နောက်တဖန်မနှောင့်ရှက်ရ
ယောဘက အောက်တန်းစားလူများသည် သူတို့ကို နာကျင်စေရန်အကြောင်း ဖြစ်စေခြင်းကို အထူးပြုစေရန် အပြိုင်အဆိုင် အသုံးပြုထားပါသည်။

နောက်တဖန်မနှောင့်ရှက်ရ။
ယောဘက လူတို့သည် အသက်ရှင်မှုကို ရပ်တန့်ပြီး သူတို့ရှိသောနေရာ၌ ရှိကြောင်းကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာ၌ ဆိုးသွမ်းသောသူတို့သည် ဒုက္ခပေးခြင်းကို ရပ်တန့်ပြီ"

ညှဥ်းဆဲသောသူ၏စကားသံကိုမကြားရကြ
ဤတွင် "အသံ" ဟူသည်မှာ ညှဥ်းဆဲသူများက ညှဥ်းဆဲခြင်းခံသောသူများအပေါ်တန်ခိုးအတွက် အစားထိုးနာမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ညှဥ်းဆဲသော သူတို့၏ လက်အောက်၌ မရှိတော့ပါ"

ကြီးသောသူနှင့် ငယ်သောသူ
ဤအရာ၏ ဆိုလိုရင်းမှာ ဆင်းရဲသောသူ၊ ချမ်းသာသောသူများ အားလုံးကို တင်စားထားသောအနေဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

ကျွန်သည်လည်း သခင်လက်နှင့်လွတ်ရ၏။
ကျွန်သည် သူ့သခင်၏ လက်မှ လွတ်မြောက်ခွင့် ရရှိသည်။

## Job 20

ဒုက္ခဆင်းရဲခံရသောသူအား အဘယ်ကြောင့်အလင်းကိုပေးသနည်း၊ စိတ်နှလုံးခါးသောသူအား အဘယ်ကြောင့် အသက်ကိုပေးသနည်း
ဆိုလိုရင်းမေးခွန်းနှစ်ခုမှာ အခြေခံအားဖြင့် အတူတူဖြစ်သည်။ ခက်ခဲကြုံတွေ့သော သူများအဘယ်ကြောင့် ဆက်လက်ပြီး အသက်ရှင်ကြရသနည်း။

ဒုက္ခဆင်းရဲခံရသောသူအား အဘယ်ကြောင့်အလင်းကိုပေးသနည်း
ဤတွင် ယောဘက လူများသည် အဘယ်ကြောင့် အသက်ရှင်ပြီး ဒုက္ခခံစားရမည်ကို အံ့ဩနေသည်။ အခြားသောသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ဒုက္ခခံသော သူကို အသက်ပေးသည်ကို ငါ နားမလည်ပါ"

အလင်း
ဤတွင် အသက်ကို ကိုယ်စားပြုသည်။

စိတ်နှလုံးခါးသောသူအား အဘယ်ကြောင့် အသက်ကိုပေးသနည်း။
ဘုရားသခင်က စိတ်မသက်မသာ ရှိသောသူကို အဘယ်ကြောင့် အသက်ရှင်ခွင့်ပေးသနည်း။ အခြားသောဘာသာပြန်ဆိုချက်၊ အသက်ရှင်ဖို့ရန် မပျော်ရွှင်တော့တဲ့သူကို အဘယ်ကြောင့် အသက်ရှင်ခွင့် ပေးသည်ကို ငါနားမလည်ပါ။ ဝှက်ထားသောချမ်းသာမှု။

သူတို့သည် သေခြင်းကို တောင့်တ၍မရနိုင်
ဤတွင် သေခြင်းဟူသည် တစ်စုံတစ်ယောက်ဆီသို့ကျရောက်လာသောအရာကဲ့သို့ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆက်ပြီးအသက်ရှင်ရန် မလိုချင်တော့သောသူ သို့သော်အသက်ရှင်သေးသောသူ"

ဝှက်ထားသော ဥစ္စာကိုဘော်ခြင်းငှါ တူးသည် ထက်သေ ခြင်းအကြောင်းကို ဘော်ခြင်းငှါ သာ၍ထူးကြ၏။
သေဆုံးရန်မျှော်လင့်သောလူကို ဝှက်ထားသော ရတနာကိုတူးဖော်ခြင်းကဲ့သို့ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်, "ဝှက်ထားသောချမ်းသာမှုထက် အသက်ရှင်ရန် ရပ်တန့်ချင်သော ပုဂ္ဂိုလ်ဆီသို့" (ရှု၊

သူတို့သည်သင်္ချိုင်းတွင်းကို တွေ့သောအခါ အလွန်ဝမ်းမြောက်၍ အထူးသဖြင့် ရွှင်လန်းကြ၏။
ဤတွင် ယောဘသည် စကားပြောကို ဖော်ပြရန် မေးခွန်းကို အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသည် အဘယ်ကြောင့်လူကို မြေပေါ်၌ ရွှင်လန်းစွာအသက်ရှင်ရန် အသက်ဆက်ပြီး ပေးထားသည်ကို ငါနားမလည်ပါ"။

အလွန်ဝမ်းမြောက်၍ အထူးသဖြင့် ရွှင်လန်းကြ၏။
"အလွန်ဝမ်းမြောက်၏" ဟူသော စကားစု၏ ဆိုလိုရင်းမှာ အခြေခံအားဖြင့် "ဝမ်းသာခြင်း" နှင့်အတူတူပင်ဖြစ်သည်။ စကားစု နှစ်ခုစလုံးတို့သည် ဝမ်းသာခြင်း၏ ပြင်းထန်မှုကို အထူးပြုစေသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လွန်ကြူးစွာ ဝမ်းသာသောသူ" (ရှု၊

သင်္ချိုင်းတွင်းကို တွေ့သောအခါ
ဤအရာသည် သေခြင်းကို ရည်ညွှန်းထားသော ယဉ်ကျေးသော နည်းလမ်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသေပြီး သင်္ဂြိုလ်သောအခါ" ( ရှု၊

သင်္ချိုင်းတွင်း
ဤတွင် သင်္ချိုင်းဟူသည် သေခြင်းကို ပုံဆောင်ထားပါသည်။

## Job 23

ဘုရားသခင်ဆီးကာ ချုပ်ထားသောသူအား အလင်းနှင့် အသက်ကို အဘယ်ကြောင့် ပေးသနည်း
ယောဘက စကားပြောကိုဖော်ပြရန်အတွက် ဤမေးခွန်းကိုမေးမြန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည်လူအားအသက်ကိုမပေးပဲ သူ့အနာဂတ်နှင့် သူ့ကိုကန့်သတ်သင့်ပါသည်"

 generated on Sun Jun 30 02:37:40 2024

အသက်ကို အဘယ်ကြောင့် ပေးသနည်း။
ဤတွင် အလင်းသည် အသက်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ်ကြောင့်ဘုရားသခင်သည် လူကိုဆက်ပြီး စောင့်ရှောက်သနည်း"

မိသွားသောလမ်း ကွယ်ပျောက်သောသူ၊
ဤတွင် ယောဘသည် ဘုရားသခင်က သူ့ထံမှ ဝှက်ထားလျှင် အနာဂတ်ကို ကြိုတင်မသိနိုင်ခြင်းကဲ့သို့ ပြောဆိုထားပါသည်။

ဘုရားသခင်ဆီးကာ ချုပ်ထားသောသူ
ခက်ခဲခြင်းနှင့် အန္တရာယ်များအကြားမှာ ကန့်သတ်သောအရာကဲ့သို့ ပြောဆိုထားပါသည်။

အစာစားခြင်းအရာ၌ ငါညည်းတွားခြင်းရှိ၏
ယောဘသည် သူ၏ ဝေဒနာပြင်းပြမှု နည်းလမ်းနှစ်ခုကို ဖော်ပြထားပါသည်။

အစာစားခြင်းအရာ၌ ငါညည်းတွားခြင်းရှိ၏
စားသောက်ရမည့်အစား ငါသည် ညည်းတွားခဲ့ရသည်။

ငိုကြွေးမြည်တမ်းခြင်း မျက်ရည်သည်လည်း ရေစီးသကဲ့သို့ ဖြစ်၏
အကျင့်နှင့်ဆိုင်သော အရည်အချင်းနှင့် စိတ်ခံစားချက်များသည် စီးသောချောင်းရေကဲ့သို့ဖြစ်ကြောင်း ပြောဆိုထားပါသည်။

Job 25

ငါကြောက်သော အမှုသည် ငါ၌ရောက်လာပြီ။
ငါအလွန်ကြောက်သောဘေးသည် ငါ့ကိုတွေ့မိပြီ
ဤစကားစုနှစ်ခုသည် အတူတူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါအကြောက်ဆုံးသော အရာသည် ငါ့ထံ၌ ရောက်လာသည်" သို့မဟုတ် "ငါအကြောက်ရွံ့ဆုံးသောအရာသည် အမှန်ဖြစ်လာသည်"။

ငါသည်ငြိမ်ဝပ်ခြင်းမရှိ။ ချမ်းသြေင်းမရှိ။ သက်သာခြင်းမရှိ
ယောဘက သူခံစားရသော ပြင်းပြမှု ဝေဒနာကို စကားစု ၃ ခုဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် စိုးရိမ်ပူပန်သည်" သို့မဟုတ် "ငါသည် ခန္ဓာကိုယ်နှင့်စိတ် ထိုးနှက်ခြင်း ခံစားရသည်"။ ( ရှု၊

---

## Translation Questions

Job 3:1

ယောဘသည် သူ၏ ဘွားသောနေ့ရက်ကို မည်ကဲ့သို့ ပြောခဲ့သနည်း။
ယောဘသည် သူ၏ ဘွားသောနေ့ရက်ကို ကျိန်ဆဲလျက် သူဘွားသောနေ့ရက် ပျက်စီးပါစေဟု ပြောခဲ့သည်။

Job 3:4

ယောဘသည် သူ၏ ဘွားသောနေ့ရက်ကို အခိုင်အမာ မည်ကဲ့သို့ ဖြစ်စေချင်သနည်း။
ယောဘသည် သူ၏ ဘွားသောနေ့ရက်ကို မှောင်မိုက်နှင့် သေမင်းအရိပ်က ပိုင်ဆိုင်ဖို့ရန် အလိုရှိသည်။

Job 3:6

မည်သည့်အရာသည် မိမိအားကိုယ်ဝန်စရရှိခဲ့သောညကို သိမ်းပိုက်ဖို့ရန် ယောဘ အလိုရှိသနည်း။
ထိုည၌ကို မှောင်မိုက်သည် ထိုည၌ကို သိမ်းပိုက်ရန် ယောဘ အလိုရှိသည်။

Job 3:11

ယောဘသည် အမိဝမ်းထဲမှ ထွက်သောအချိန်တွင် မည်သို့ဖြစ်ပျက်ရန် အလိုရှိခဲ့သနည်း။
သူသည် သေ၍ သူ့ဝိညာဉ်ကိုအထက်သို့တက်စေဖို့ရန် ဆန္ဒရှိသည်။

Job 3:13

ယောဘက သူသည်မွေးခါစတွင် သေခဲ့ပါက ယခုတွင် မည်သို့ဖြစ်လိမ့်မည်ဟု ပြောခဲ့သနည်း။
လောကီရှင်ဘုရင်၊ မှူးမတ်တို့နှင့်အတူ အိပ်၍ ပျော်လျက်နေရမည်ဟု ပြောခဲ့သည်။

Job 3:17

အချုပ်ခံရသောသူများနှင့် ကျွန်များသည် သေခြင်းမှ မည်ကဲ့သို့ လွတ်မြောက်ကြသနည်း။
အချုပ်ခံရသောသူများသည် ညှဉ်းဆဲသောသူ၏ စကားသံမှငင်း၊ ကျွန်များသည် သခင်လက်မှငင်း လွတ်မြောက်ကြသည်။

Job 3:20

ယောဘက သေခြင်းတရားသည် လာလိမ့်မည်မဟုတ်ဟု အဘယ်သူအား ပြောသနည်း။
သေခြင်းကို တောင့်တသောသူများ၌မလာ၊ ဝှက်ထားသောရတနာကို ရှာသောသူတို့ထက်ပင် သေခြင်းတရားကို ရှာဖွေခြင်းသောသူများ၌ သေခြင်းတရားသည် မလာပါ။

Job 3:23

ယောဘသည် သူ၏ ညည်းတွားခြင်းကို မည်ကဲ့သို့ ဖော်ပြထားသနည်း။
ယောဘသည် သူ၏ ညည်းတွားခြင်း မျက်ရည်သည် ရေစီးသကဲ့သို့ ဖြစ်သည်ဟုဖော်ပြထားသည်။

Job 3:25

ယောဘက ကြောက်ရွံ့၍ သူ့အပေါ်သို့ရောက်လာသောအရာသည် မည်သည့်အရာနည်း?

ယောဘသည် မလွယ်၊ ဆိတ်ငြိမ်ခြင်းမရှိ၊ အနားယူခြင်းမရှိ။

---



generated on Sun Jun 30 02:37:40 2024

## Chapter 4

1 ထိုအခါ တေမန်အမျိုးသား ဧလိဖတ်မြွက်ဆိုသည်ကား၊ 2 ငါတို့သည် သင်နှင့် နှုတ်ဆက်စမ်းလျှင်၊ သင်သည်
စိတ်ပျက်ကောင်းပျက်လိမ့်မည်။ သို့သော်လည်း၊ အဘယ်သူသည် စကားမပြောဘဲ နေနိုင်မည်နည်း။ 3 သင်သည် လူအများတို့ကို
ဆုံးမပြီ။ လက်မစွမ်းသောသူတို့ကို ခိုင်ခံ့စေပြီ။ 4 သင်၏စကားသည် လဲလုသောသူကို ထောက်မပြီ။ နုန့်နဲ့သောဒူးတို့ကိုလည်း
တည့်စေပြီ။ 5 ယခုမူကား၊ ကိုယ်တိုင်အမှုတွေ့၍ စိတ်ပျက်၏။ အထိအခိုက်ခံရသော ကြောင့် မိန်းမောတွေဝေလျက် နေ၏။ 6
သင်၏ရိုသေသောသဘော၊ ယုံကြည်ကိုးစားသောသဘော၊ မြော်လင့်သောသဘော၊ တည်ကြည်သော သဘော၊ တရားသဖြင့်
ကျင့်တတ်သောသဘောသည် အဘယ်မှာရှိသနည်း။ 7 အပြစ်နှင့်ကင်းလွတ်လျက်ပင် ပျက်စီးခြင်းသို့ အဘယ်သူရောက်သနည်း။
ဖြောင့်မတ်သောသူသည် အဘယ်အရပ်၌ ဆုံးသနည်းဟု ဆင်ခြင်ပါလော့။ 8 ငါသိမြင်သည်အတိုင်း၊ မတရားသော လယ်ထွန်ခြင်းကို
ပြုသောသူနှင့် အဓမ္မမျိုးစေ့ကို ကြဲသောသူတို့ သည် ထိုသို့နှင့်အညီ စပါးရိတ်တတ်ကြ၏။ 9 ဘုရားသခင်မှုတ်တော်မူသဖြင့်၊
ထိုသူတို့သည် ပျက်စီး၍၊ ရှုတော်မူသောအသက်ဖြင့်လည်း ဆုံးရှုံးရကြ ၏။ 10 ခြင်္သေ့ဟောက်ခြင်း၊ ကြမ်းတမ်းသော
ခြင်္သေ့အသံမြည်ခြင်း၊ ခြင်္သေ့ကလေးကိုက်ဝါးခြင်း ငြိမ်းရ၏။ 11 ဘမ်း၍ စားစရာမရှိသောကြောင့်၊ ကြမ်းတမ်းသော
ခြင်္သေ့သည်သေ၍၊ ခြင်္သေ့မ၏သားငယ်တို့သည် အရပ်ရပ် ကွဲပြားရကြ၏။ 12 တရံရောအခါ ငါသည် တိတ်ဆိတ်စွာ ဗျာဒိတ်တော်ကို
ရ၍ တိုသောအသံကိုကြားရ၏။ 13 လူတို့သည်ကြီးစွာသော အိပ်ပျော်ခြင်းသို့ရောက်၍၊ ထူးဆန်းသောရူပါရုံထင်ရှားရာ
ကာလညဉ့်အချိန်၌ ငါအောက်မေ့စဉ်တွင်၊ 14 ငါ့အရိုးများ တုန်လှုပ်သည်တိုင်အောင်၊ ငါ အလွန်ကြောက်အားကြီး၍
ထိတ်လန့်လျက်နေ၏။ 15 ဝိညာဉ်တပါးသည် ငါ့ရှေ့၌ ကန့်လန့်ရှောက် သွား၍၊ ငါသည် ကြက်သီးမွေးညှင်းထလေ၏။ 16
ထိုဝိညာဉ်သည်ရပ်နေ၍၊ ပုံသဏ္ဌာန်လည်း သေချာစွာ မထင်မရှားအရိပ်ကိုသာ ငါမြင်ရ၏။ ငြင်းသော အသံရှိ၍
ငါကြားသောစကားသံဟူမူကား၊ 17 သေတတ်သောလူသည် ဘုရားသခင့်ရှေ့မှာ ဖြောင့်မတ်ခြင်းရှိရသလော။ လူသတ္တဝါသည်
ဖန်ဆင်း တော်မူသော အရှင်ရှေ့မှာ သန့်ရှင်းခြင်း ရှိရသလော။ 18 အမှုတော်ထမ်းတို့ကို ယုံတော်မမူ၊ ကောင်းကင်တမန်တော်တို့၌
စုံလင်ခြင်းမရှိဟု ထင်တော်မူ၏။ 19 သို့ဖြစ်လျှင် မြေမှုန့်၌တည်၍ မြေထဲတွင် နေတတ်သောသူတို့ကို အဘယ်ဆိုဘွယ်ရှိအံ့နည်း။
ထိုသူတို့ကို ပိုးရွပင်နိုင်တတ်၏။ 20 တနေ့ခြင်းတွင် ပျက်စီးတတ်ကြ၏။ အဘယ်သူမျှပမာဏမပြုဘဲ အစဉ်ဆုံးရှုံးခြင်းသို့
ရောက်တတ်ကြ၏။ 21 သူတို့၏ဂုဏ်အသရေကွယ်ပျောက်၍ သူတို့သည် ပညာမရှိဘဲ သေသွားတတ်ကြ၏။

---

Job 01

ဧလိဖတ်
လူတစ်ယောက်၏ နာမည်ဖြစ်သည်။

တေမန်အမျိုးသား
တေမန်အမျိုးသားသည် တေမန်လူမျိုးဖြစ်သည်။

အဘယ်သူသည် စကားမပြောဘဲ နေနိုင်မည်နည်း။
ဧလိဖတ်သည် ဖော်ပြချက်တစ်ခုပြုရန်အတွက် ဤမေးခွန်းကို မေးမြန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အမှန်တကယ် သည်းခံနိုင်မည်လော။" (ရှု၊

သင်သည် စိတ်ပျက်ကောင်းပျက်လိမ့်မည်။
ထိုအရာက သင့်ကို စိတ်ပျက်စေမည်လော။

သို့သော်လည်း၊ အဘယ်သူသည် စကားမပြောဘဲ နေနိုင်မည်နည်း။
ဧလိဖတ်က
ဘယ်သူမဆိုကိုယ့်သူငယ်ချင်းဝေဒနာခံစားတာကိုမြင်ပြီး တိတ်ဆိတ်စွာ မနေကြောင်း ပြောဆိုစေရန်ဤမေးခွန်းကို မေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ သူ့ကိုယ်သူ စကားပြောခြင်းကို ထိန်းချုပ်နိုင်သောသူမရှိကြောင်း (သင့်ကိုယ်သင် တွေ့သကဲ့သို့ သူငယ်ချင်း၌ အလားတူဖြစ်သည်)" သို့မဟုတ် " သင့်ကိုစကားပြောရမည်။" (သင်၏ ဝမ်းနည်းခြင်းကို မြင်ခြင်းအားဖြင့်)" (ရှု၊

သင်သည် လူအများတို့ကို ဆုံးမပြီ။ လက်မစွမ်းသောသူတို့ကို ခိုင်ခံ့စေပြီ။
ဤအပိုဒ်သည် ခြားနားသော နည်းလမ်း နှစ်ခုကို ဖော်ပြပေးသော တစ်ခုသော အတွေးအမြင် ဖြစ်သည်။ (ရှု၊

လက်မစွမ်းသောသူတို့ကို ခိုင်ခံ့စေပြီ။
ဤတွင် "လက်မစွမ်းသော သူတို့" ဟူသည်မှာ အကူအညီလိုအပ်သောလူများကို ပုံဆောင်ထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ အကူအညီ လိုအပ်နေချိန်၌ သင်သည် ကူညီခဲ့ပြီ။" (ရှု၊

Job 04

ယေဘုယျအချက်အလက်
စာရေးသူက ကွဲပြားသော ဖော်ပြချက်နှစ်ခုအား အသုံးပြုလျှက် စိတ်ကူးတစ်ခုဖန်တီးသည့် ဤအပိုဒ်ငယ်တိုင်း၏ နှိုင်းယှဉ်ချက်ကိုအသုံးပြုထားပါသည်။

ထောက်မပြီ။
တစ်စုံတစ်ယောက် ထောက်မမှု ခံခြင်းကို ကျဆုံးခြင်းမှ ထိန်းသိမ်းပေးခြင်းကဲ့သို့ပြောဆိုထားပါသည်။ (ရှု၊


generated on Sun Jun 30 02:37:40 2024

လဲလှသောသူကို
စိတ်ဓါတ်ကျစရာ ဖြစ်လာသောအရာကို လိမ့်ကျသောအရာကဲ့သို့ ပြောဆိုထားပါသည်။ ( ရှု၊

နုန့်နဲ့သောဒူးတို့ကိုလည်း တည့်စေပြီ။
ဤနေရာတွင် 'စိတ်ဓါတ်ကျခြင်း' ကို အားနည်းပြီး နန့်နဲ့သော ဒူးများအား ပြန်မတည့်စေနိုင်သော လူအဖြစ်ပြောဆိုထားပါသည်။

ယခုမူကား၊ ကိုယ်တိုင်အမှုတွေ့၍ စိတ်ပျက်၏။
ဤနေရာ၌ 'ဒုက္ခ' ကိုလူတစ်ယောက်ထံသို့ ရောက်လာနိုင်သည့်အရာ၊ ယခုသူခံရသောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော် ယခုတွင် ကပ်ဆိုးဘေးများကို ခံစားနေရသည်။" (ရှု၊

စိတ်ပျက်၏။
သင်သည် စိတ်ဓါတ်ကျ နေသည်။

မိန်းမောတွေဝေလျက် နေ၏။
ဘုရားသခင်ကို ရိုသေရသော အချက်

ယုံကြည်ကိုးစားသောသဘော၊ မျှော်လင့်သောသဘောသည် အဘယ်မှာရှိသနည်း။။
ဧလိဖတ်က ယောဘသည် သူ့အပြစ်ကြောင့် ဝေဒနာခံစားနေရခြင်းဖြစ်ကြောင်းကို ပြောပြရန် ဤမေးခွန်းများကိုမေးမြန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်းက သင်သည် ဘုရားသခင်ကို ရိုသေသောသူဖြစ်ကြောင်း၊ သင်သည် ရိုးသားသောသူဖြစ်ကြောင်းကို ထင်မြင်ကြပါသည်။ သို့သော် ဤအရာများတို့သည် မမှန်ကန်ပါ။ အဘယ်ကြောင့်ဆိုသော် သင်သည် ဘုရားသခင်ကို ဆက်ပြီး မကိုးစားတော့သောကြောင့်ဖြစ်သည်။"

သင်၏ရိုသေသောသဘော
ဧလိဖတ် ဆိုလိုသည်မှာ ယောဘသည် ဘုရားသခင်ကို ကြောက်ရွံ့သော သူ ဖြစ်သည်ဟူ၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်။ " ( ရှု၊

တရားသဖြင့် ကျင့်တတ်သောသဘော
ဤတွင် "သင်၏ နည်းလမ်း" ဟူသည်မှာ "သင်၏ အပြုအမူ" သို့မဟုတ် "မည်သို့ ကျင့်ကြံသည်ကို" ပုံဆောင်ထားပါသည်။ (ရှု၊

Job 07

အပြစ်နှင့်ကင်းလွတ်လျက်ပင် ပျက်စီးခြင်းသို့ အဘယ်သူရောက်သနည်း။
ယောဘသည် သူ့ဘဝအသက်တာကိုဆန်းစစ်ပြီး မိမိအပြစ်ရှာဖွေနိုင်ရန် ဧလိဖတ်ကဤမေးခွန်းကို အသုံးပြုထားပါသည်။ ဘုရားသခင်၏ "တရားစီရင်ခြင်း" ကို ဆုံးရှုံးခြင်းကဲ့သို့ ဖြစ်စေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ မည်သူကမှ အပြစ်ကင်းလွတ်လျက်ပင် ပျက်စီးခြင်းသို့မရောက်ပါ။"

ဖြောင့်မတ်သောသူသည် အဘယ်အရပ်၌ ဆုံးသနည်းဟု ဆင်ခြင်ပါလော့။
ဤမေးခွန်းသည် ထုတ်ဖော်မှုတစ်ခုပြုလုပ်ရန် နှင့် အပြုသဘောဆောင်ပုံစံဖြင့် ထားရှိရန်ဟုဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူကို မည်သူကမျှ ခုတ်ဖြတ်ခြင်း မရှိနိုင်ပါ။" ( ရှု၊ and

အဘယ်အရပ်၌ ဆုံးသနည်းဟု
ဤတွင် 'ဆုံး' ဟူသည်မှာ ဖျက်ဆီးခြင်းခံသော အရာကို ပုံဆောင်ထားပါသည်။ ( ရှု၊

ငါသိမြင်သည်အတိုင်း၊ မတရားသော လယ်ထွန်ခြင်းကို ပြုသောသူနှင့် အဓမ္မမျိုးစေ့ကို ကြဲသောသူတို့ သည် ထိုသို့နှင့်အညီ စပါးရိတ်တတ်ကြ၏။
ဤတွင် လယ်ထွန်ခြင်းနှင့် မျိုးစေ့ကြဲခြင်းဟူသည်မှာ သူတစ်ပါးအတွက် ဒုက္ခဖြစ်စေသောအကြောင်းကို ပုံဆောင်ထားပါသည်။ ရိတ်သိမ်းခြင်း၏ အပြုအမူမှာ တစ်စုံတစ်ယောက်သည် သူ့ကိုယ်သူ ဒုက္ခဖြစ်စေပြီး ဝေဒနာခံစားခြင်းကို ပုံဆောင်ပါသည်။ (ရှု၊

ဘုရားသခင်မှုတ်တော်မူသဖြင့်၊ ထိုသူတို့သည် ပျက်စီး၍၊ ရှုတော်မူသောအသက်ဖြင့်လည်း ဆုံးရှုံးရကြ ၏။
စာရေးသူသည် ခြားနားသောဖော်ပြချက်နှစ်ခုကိုအသုံးပြု၍အမြင်တစ်ခုကို ရှင်းပြထားပါသည်။ ဤအရာသည် အထူးပြုခြင်း၊ ကြည်လင်ပြတ်သားခြင်း၊ သွန်သင်ခြင်း သို့မဟုတ် သုံးခုလုံးကို ဟေဗြဲကဗျာတွင်အသုံးပြုသောပုံစံဖြစ်ပါသည်။

ရှုတော်မူသောအသက်
ဤအရာသည်လည်း ဘုရားက အမိန့်ပေးထားသောအပြုအမူကို ပုံဆောင်ထားပါသည်။

ရှုတော်မူသောအသက်ဖြင့်လည်း
ဒုတိယအချက်သည် ပထမအချက်ပေါ် တည်ဆောက်သည်။ သူတို့သည် အကျိုးရလဒ်ကို တိုးပွားစေသော တူညီသောအချက်ကို ဖန်တီးထားသည်။ ဘုရားသခင်၏ နှုတ်သည် လေကို မှုတ်သောအားဖြင့်သူတို့သေကြ၏။ အမျက်တော်လေအားဖြင့်ညက်ညက်ချေတော်မူ၏။

ထိုသူတို့သည် ပျက်စီး၍
ဒုတိယ စကားစုသည် ပထမစကားစုအပေါ် တွင်တည်ဆောက်ထားသည်။ သူတို့သည် တူညီသောအချက်ကိုဖန်တီးထားသည်။ ဘုရားသခင်၏ အသက်ရှူခြင်းကို မှုတ်ထုတ်ခြင်းအားဖြင့် သူတို့သည် သေပြီး တိုက်ခတ်လာသောဒေါသလေသည် သူတို့ကို မွှေနှောက် ဖျက်ဆီးခဲ့သည်။" (ရှု၊

အသက်ဖြင့်လည်း ဆုံးရှုံးရကြ၏။
ဤတွင် ဆုံးရှုံးခြင်း သို့မဟုတ် စားသောက်ပြီးပြီ ဟူသောအရာသည် အသတ်ခံပြီးသောအရာကိုပုံဆောင်ထားပါသည်။

 generated on Sun Jun 30 02:37:40 2024

## Job 10

ယောဘုယျအချက်အလက်
ဆိုးသွမ်းသောသူများအပေါ် ဘုရားသခင်၏ ဖျက်ဆီးခြင်းကို အထူးပြုစေရန်
ခြားနားသောဖော်ပြချက်များကိုအသုံးပြု၍အတွေးတစ်ခုယူလာပေး[illegible]
(ရှု၊

ခြင်္သေ့ဟောက်ခြင်း၊ ကြမ်းတမ်းသော ခြင်္သေ့အသံမြည်ခြင်း၊ ခြင်္သေ့ကလေးကိုက်ဝါးခြင်း ငြိမ်းရ၏။
ဤတွင် ခြင်္သေ့ဟောက်ခြင်း၊ ကြမ်းတမ်းသော ခြင်္သေ့၏ အသံမြည်ခြင်း၊ ခြင်္သေ့သူငယ် ကိုက်ဝါးခြင်းများသည် ဆိုးသွမ်းသောသူများ ဖျက်ဆီးခံခြင်း၏ ပုံရိပ်ဖြစ်သည်။

ကွဲပြားရကြ၏။
ဤအရာကို အပြုသဘောဆောင်အနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ခုက ထိုအရာများကို ပြိုကွဲစေသည်။" (ရှု၊

ကြမ်းတမ်းသော ခြင်္သေ့သည်သေ၍၊ ခြင်္သေ့မ၏သားငယ်တို့သည် အရပ်ရပ် ကွဲပြားရကြ၏။
ဧလိဖတ်က ဆာလောင်ပြီး သေနေသော ခြင်္သေ့အို၏ ပုံရိပ်နှင့် ခြင်္သေ့တစ်စု၏ ကွဲပြားခြင်းကို၊ ဆိုးသွမ်းသောသူများ ဖျက်ဆီးခြင်းခံသောအရာအဖြစ် တင်စားထားရန် အသုံးပြုထားပါသည်။

သားငယ်တို့သည် အရပ်ရပ် ကွဲပြားရကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ခြင်္သေ့မတို့၏ သားငယ်တို့ ကွဲပြားသောအရာ" (ရှု၊

## Job 12

တရံရောအခါ ငါသည် တိတ်ဆိတ်စွာ ဗျာဒိတ်တော်ကို ရ၍ တိုးသောအသံကိုကြားရ၏။
ဤစကားစုများသည် ခြားနားသောနည်းအားဖြင့် အမြင်အတူတူဖြစ်ကြောင်းကို ဖော်ပြထားပါသည်။ သူတို့တွေ့ရှိသော အမြင်မှာ ဧလိဖတ်သည် သူ့ကို တီးတိုးပြောသော သတင်းစကားကို ကြားခဲ့သည်ဟူ၍ ဖြစ်သည်။ ဤသို့ ထပ်ခါတလဲလဲ ဖော်ပြချက်သည် သပ်ရပ်မှု၊ သွန်သင်မှုနှင့် အထူးပြုခြင်းအတွက် မကြာခဏအသုံးပြုသော ဟေဗြဲကဗျာပုံစံဖြစ်သည်။

တိတ်ဆိတ်စွာ ဗျာဒိတ်တော်ကိုရ၍
တစ်စုံတစ်ခုကို ငါ့ထံသို့လျှို့ဝှက်စွာ ဆောင်ခဲ့ကြ၏။

ရူပါရုံထင်ရှားရာ ကာလည၌အချိန်၌
အိမ်မက်များ

လူတို့သည်ကြီးစွာသော အိပ်ပျော်ခြင်းသို့ရောက်၍၊
လူတို့သည် နှစ်ခြိုက်စွာ အိပ်ပျော်သောအခါ

## Job 14

ယောဘုယျအချက်အလက်
စာရေးသူက ဤအပိုင်းတွင် ဧလိဖတ်၏ ကြောက်ရွံ့မှုကို အထူးပြုစေရန် မတူညီသော အကြောင်းအရာနှစ်ခုကို
[illegible]ကစာရေးသူကအသုံးပြုသည်။

ငါ အလွန်ကြောက်အားကြီး၍ ထိတ်လန့်လျက်နေ၏။
ဤနေရာတွင် ကြောက်ရွံ့တုန်လှုပ်သည် ဟူသည်မှာ သူတို့သည် လူပုဂ္ဂိုလ်ထံသို့ လာနိုင်သောအရာများကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ကြောက်ရွံ့ပြီး တုန်လှုပ်ရန် အစပြုလာသည်။"

ငါသည် ကြက်သီးမွေးညှင်းထလေ၏။
ကြီးမားသော ကြောက်ရွံ့မှုကို ရည်ညွှန်းသည်။

ငါသည် ကြက်သီးမွေးညှင်းထလေ၏။
ငါ့ခန္ဓာကိုယ်၌ ရှိသော အမွေးအမှင်များ

## Job 16

ယောဘုယျ အချက်အလက်
စာရေးသူက ဘုရားသခင်၏ ရှေ့မှောက်၌ လူသား၏ သန့်ရှင်းခြင်းနှင့် ပတ်သက်သောမေးခွန်းအကြောင်းကို အထူးပြုစေရန်
စိတ်ကူးတစ်ခုသို့ခေါ်ဆောင်သည့်ခြားနားသောဖော်ပြချက်နှစ်ခုအား အသုံးပြုလျှက်အခန်းငယ် ၁၇ မှနိုင်းယှဉ်မှုကို အသုံးပြုထားပါသည်။ (ရှု၊

ပုံသဏ္ဍာန်လည်း သေချာစွာ မထင်မရှားအရိပ်ကိုသာ ငါမြင်ရ၏။
"ငါ့မျက်လုံး၌ ရှိသောအရာတစ်ခု၊" "တစ်စုံတစ်ခုကို ငါမြင်၏။"

ငါကြားသောစကားသံဟူမူကား
"ထို့နောက် ငါကြား၏။"

သေတတ်သောလူသည် ဘုရားသခင်ရှေ့မှာ ဖြောင့်မတ်ခြင်းရှိရသလော။
ဧလိဖတ်က ယောဘအနေဖြင့် ဆင်ခြင်ရန်အလို့ငှာ ဤမေးခွန်းကို ထုတ်ထားပါသည်။ "ဘုရားသခင်ထက် ငါသည်ပို၍ဖြောင့်မတ်သည်ဟု ကိုယ့်ကိုယ်ကို ယူဆသလော။" သို့မဟုတ် "ဘုရားသခင်ရှေ့၌ ငါသည် မှန်ကန်သောသူ ဖြစ်သလော။" အခြားသောဘာသာပြန်ဆိုချက်၊ "သေတတ်သောသူသည် ဘုရားသခင်ထက် မဖြောင့်မတ်နိုင်ပါ။"

လူသတ္တဝါသည် ဖန်ဆင်း တော်မူသော အရှင်ရှေ့မှာ သန့်ရှင်းခြင်း ရှိရသလော။
ဤမေးခွန်းသည် ပြီးခဲ့သောမေးခွန်း၏ ရည်ရွယ်ချက်နှင့်အတူတူပင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လူသည် သူ့ကို ဖန်ဆင်းသောသူထက် မသန့်ရှင်းနိုင်ပါ။" သို့မဟုတ် "လူသည် သူ၏ ဖန်ဆင်းရှင်ထက် မသန့်ရှင်းနိုင်ပါ။"

သူ၏ဖန်ဆင်းရှင်
"ဖန်ဆင်းရှင်"

ပုံသဏ္ဌာန်လည်း သေချာစွာ မထင်မရှားအရိပ်ကိုသာ ငါမြင်ရ၏။
ဤအရာက လောက၌မြေမှုန့်အားဖြင့်ဖန်ဆင်းသော သူများနှင့်သူတို့၏ ခန္ဓာကိုယ်များသည် အိမ်ကဲ့သို့လည်းကောင်း၊ ထိုအရာများသည် မြေသားဖြင့်ပြုလုပ်ပြီး ညစ်ပတ်သောသဘောရှိသည့် လူသားများဖြစ်ခြင်းကို တင်စားသောအားဖြင့် ဖော်ပြထားပါသည်။ (ရှု၊

ထိုဝိညာဉ်သည်ရပ်နေ၍၊ ပုံသဏ္ဌာန်လည်း သေချာစွာ မထင်မရှားအရိပ်ကိုသာ ငါမြင်ရ၏။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

Job 18

မြေမှုန့်၌တည်၍ မြေထဲတွင် နေတတ်သောသူတို့
လူ့ဘဝကို ပုံဖော်သော သာဓက ဖြစ်သည်။ လူကို မြေမှုန့်မှ ဖန်ဆင်း၍ ကိုယ်ခန္ဓာသည် ဆောက်ထားသော အိမ်ကဲ့သို့ဖြစ်ကာ ရွှံ့ဖြင့် ဖန်ဆင်းခံရပြီး ရွှံ့မြေနှင့်သာ အခြေခံထားသည်။

ပိုးရွပင်နိုင်တတ်၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ပိုးရွ မလာခင် ပျက်စီးနှင့်ပြီ။" သို့မဟုတ် "ပိုးရွဖြင့် ဖျက်ဆီးခြင်းခံရပြီ။"

နိုင်တတ်
"သေအောင် သတ်သည်။" "တစ်စုံတစ်ခုသည် အနိုင်အထက် ပြုသည်။"

Job 20

ယေဘုယျအချက်အလက်
လူတို့သည် ဉာဏ်မပြည့်စုံမီ အခြားသူတို့အတွက် မစဉ်းစားတတ်ခင်တွင် ရုတ်တရက် သေဆုံးတတ်သည့် သဘောကို ဆင်ခြင်လာသည်။ (ရှု၊

တနေ့ခြင်းတွင် ပျက်စီးတတ်ကြ၏။
ဤအရာသည် လျင်မြန်စွာ ဖြစ်ပျက်သောအရာတစ်စုံတစ်ခုကို ရည်ညွှန်းသည်။

ပျက်စီးတတ်ကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သေကြသည်။"

သူတို့၏ဂုဏ်အသရေကွယ်ပျောက်၍ သူတို့သည် ပညာမရှိဘဲ သေသွားတတ်ကြ၏။
အခြားသောဘာသာပြန်ဆိုချက်။ "သူတို့၏ ရန်သူတို့သည် သူတို့၏ တဲများကို နုတ်ယူသည် မဟုတ်လော။" ( ရှု၊

---

## Translation Questions

Job 4:1

အခြားသူများအတွက်ယောဘ မည်သည့်အရာလုပ်ခဲ့သည်ဟု ဧလိဖတ် ပြောဆိုသနည်း။
ဧလိဖတ် မြွက်ဆိုသည်မှာ ယောဘသည် လူအများကို ဆုံးမခဲ့ပြီ၊ လက်မစွမ်းသောသူတို့ကို ခိုင်ခံစေပြီ။

Job 4:4

ဒုက္ခရောက်ရာကာလ၌ ယောဘ၏ စိတ်ချမှုနှင့် မျှော်လင့်ခြင်းသည် အဘယ်အရာဖြစ်သည်ဟု ဧလိဖတ်ပြောဆိုသနည်း။
ယောဘ၏ ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် သူ၏ စိတ်ချမှုဖြစ်ပြီး၊ တရားသဖြင့် ပြုတတ်သော သဘောသည် သူ၏ မျှော်လင့်ရာဖြစ်သည်။

Job 4:7

ဘုရားသခင်၏ အမျက်တော်နှင့် ရှုထုတ်တော်မူသော အသက်တော်အားဖြင့် မည်သူတို့သည် ပျက်စီး၍ အသက်ရှုံးကြသနည်း။
မတရားသော လယ်ထွန်ခြင်းကို ပြုသောသူနှင့် အဓမ္မမျိုးစေ့ကို ကြဲသောသူတို့သည် ပျက်စီး၍ အသက်ရှုံးကြသည်။

Job 4:10

မည်သည့်အရာများ ကျိုးပျက်သွားသည်ဟု ဧလိဖတ် ပြောသနည်း။
ခြင်္သေ့ဟောက်ခြင်းနှင့် ခြင်္သေ့ပျိုတို့၏ ကိုက်ဝါးခြင်းတို့သည် ကျိုးပျက်သည်။

Job 4:12

ဧလိဖတ်သည် ဗျာဒိတ်တော်ကို မည်ကဲ့သို့ တိတ်ဆိတ်စွာကြားရသနည်း။
သူ၏ နား၌ တီးတိုးသံကို ကြား၍ ညဥ့်အချိန်၌ ရူပါရုံများကို မြင်ရသည်။

Job 4:14

ဗျာဒိတ်တော်ကို ခံရစဉ်တွင် ဧလိဖတ်အပေါ်သို့ မည်သည့် အရာသက်ရောက်လာသနည်း။
ထိတ်လန့်ခြင်းနှင့် တုန်လှုပ်ခြင်းသည် သူ့အပေါ် သက်ရောက်လာသည်။

Job 4:16

အသံတော်သည် သေတတ်သောသူအား မည်သို့မေးမြန်းသနည်း။

သေတတ်သောသူသည် ဘုရားသခင်ထက်သာ၍ ဖြောင့်မတ်နိုင်သလော၊ ဖန်ဆင်းသောသူထက်သာ၍ သန့်ရှင်းနိုင်ပါမည်လော ဟု မေးသည်။

Job 4:18

သေတတ်သောလူအား ဧလိဖတ်သည် မည်သို့ ဖော်ပြသနည်း။

မြေမှုန့်၌ တည်၍ မြေထဲတွင် နေတတ်ပြီး ပိုးရွထက် လျင်မြန်စွာပျက်စီးတတ်သည်။

## Chapter 5

1 ယခုဟစ်ခေါ်ပါ။ အဘယ်သူ ထူးလိမ့်မည်နည်း။ သန့်ရှင်းသူတို့တွင် အဘယ်သူကို ကြည့်မျှော်မည်နည်း။ 2 ဒေါသသည်
လူမိုက်ကိုဖျက်ဆီးတတ်၏။ ပညာမရှိသော သူသည်လည်းငြူစူသောသဘောအားဖြင့် သေခြင်းသို့ ရောက်တတ်၏။ 3
မိုက်သောသူအမြစ်စွဲသည်ကို ငါမြင်သောအခါ၊ သူ၏နေရာကို ချက်ခြင်းကျိန်ဆဲ၏။ 4 သူ၏သားသမီးတို့သည် ဘေးလွတ်ရာအရပ်နှင့်
ဝေးကြ၏။ ရုံးတော်ရှေ့၌ ညှဥ်းဆဲခြင်းကို ခံရသောအခါ ကယ်နှုတ်သောသူ တယောက်မျှမရှိ။ 5 သူရိတ်သောစပါးကို
မွတ်သိပ်သောသူသည်၊ ဆူးပင်ကာသောခြံ အထဲကယူသွား၍ စားတတ်၏။ သူ၏ ပစ္စည်းဥစ္စာကိုလည်း ရေငတ်သော သူသည်
မျိုတတ်၏။ 6 မြေမှုန့်ထဲကအမှုရောက်သည်မဟုတ်။ ဒုက္ခသည် မြေပေါ်မှာ မပေါက်တတ်။ 7 မီးပွါးတို့သည်
အထက်သို့ပျံတက်သည်နည်းတူ၊ လူသည်ဒုက္ခ၌ ကျင်လည်ခြင်းငှါ မွေးဘွား၏။ 8 ငါမူကား ဘုရားသခင်ကို မျှော်လင့်မည်။
ကိုယ်အမှုကို ဘုရားသခင်၌ အပ်မည်။ 9 ဘုရားသခင်သည် ကြီးသောအမှု၊ စစ်၍မကုန်နိုင်သောအမှု၊ ရေတွက်၍မဆုံး၊
အံ့ဩဘွယ်သော အမှု တို့ကို ပြုတော်မူ၏။ 10 မြေပေါ်မှာမိုဃ်းရွာစေသဖြင့် လယ်တို့၌ ရေကိုပေးတော်မူ၏။ 11
ထိုသို့နှိမ့်ချလျက်ရှိသောသူတို့ကို ချီးမြှောက်တော်မူ၏။ ငိုကြွေးသောသူတို့ကိုလည်း ဝမ်းသာစေတော် မူ၏။ 12
ပရိယာယ်ပြုသောသူတို့၏ အမှုကိုမအောင်စေခြင်းငှါ သူတို့အကြံကို ဖျက်တော်မူ၏။ 13 ပညာရှိတို့ကို သူတို့၏ပရိယာယ်အားဖြင့်
ဘမ်းဆီးတော်မူ၏။ လှည့်စားတတ်သောသူတို့၏ တိုင်ပင်ခြင်း ကို အချည်းနှီးဖြစ်စေတော်မူ၏။ 14 ထိုသူတို့သည် နေ့အချိန်၌
မှောင်မိုက်ကိုတွေ့၍၊ ညဥ့်အချိန်၌ကဲ့သို့ မွန်းတည့်အချိန်၌ စမ်းသပ်လျက် သွားလာကြ၏။ 15 ထိုသူတို့စီရင်သောထားဘေးမှငင်း၊
အားကြီးသောသူတို့၏ လက်မှငင်း၊ ဆင်းရဲသားတို့ကို ကယ်နှုတ် တော်မူ၏။ 16 ထိုသို့ ဆင်းရဲသားတို့သည် မြော်လင့်ရာအခွင့်
ရှိကြ၏။ အဓမ္မသည်လည်း မိမိနှုတ်ကို ပိတ်ထားရ၏။ 17 အပြစ်နှင့်အလျောက် ဘုရားသခင် စစ်ဆေး တော်မူခြင်းကို
ခံရသောသူသည် မင်္ဂလာရှိ၏။ ထိုကြောင့် အနန္တတန်ခိုးရှင် ဆုံးမတော်မူခြင်းကို မထီမဲ့မြင်မပြုပါနှင့်။ 18 ထိုအရှင်သည်
အနာကိုဖြစ်စေ၍၊ ထိုအနာကိုလည်း စည်းစေတော်မူ၏။ ဒဏ်ခတ်တော်မူ၍ လက်တော်နှင့် သက်သာစေတော်မူ၏။ 19
သင့်ကိုအမှုခြောက်ပါးထဲက နှုတ်ယူတော်မူ သည်သာမက၊ ခုနစ်ပါးသောအမှု၌လည်း ဘေးတစုံတခုမျှ မထိမခိုက်ရ။ 20
အစာခေါင်းပါးသောအခါ သေဘေးမှငင်း၊ စစ်တိုက်သောအခါ ထားဘေးမှငင်း၊ သင့်ကို ရွေးနှုတ် တော်မူလိမ့်မည်။ 21
သင်သည်ကဲ့ရဲ့ခြင်းဘေးနှင့် ကင်းလွတ်၍ ပျက်စီးခြင်းဘေးရောက်သော်လည်း မကြောက်ရ။ 22 ပျက်စီးခြင်းဘေးနှင့်
အစာခေါင်းပါးခြင်းဘေးကို ရယ်မော၍ တောသားရဲတို့ကိုလည်း မကြောက်ရ။ 23 အကြောင်းမူကား၊ လယ်၌ကျောက်ခဲတို့သည်
သင်နှင့်ပဋိညာဉ်ပြု၍ တောသားရဲတို့သည် သင်နှင့် မိဿဟာယဖွဲ့ကြလိမ့်မည်။ 24 သင်သည်ကိုယ်အိမ်၌ ငြိမ်သက်ခြင်းရှိကြောင်းကို
တွေ့၍ ကိုယ်နေရာအရပ်သို့ပြန်ရောက်သောအခါ စိတ်ပျက်စရာအကြောင်းမရှိရ။ 25 သင်၌သားသမီးများပြား၍၊
သင့်အမျိုးအနွယ်သည် မြေပေါ်မှာ မြက်ပင်နှင့်အမျှ ဖြစ်ကြောင်းကို တွေ့မြင်ရလိမ့်မည်။ 26 အချိန်တန်လျှင်
သိမ်းယူသောကောက်လှိုင်းကဲ့သို့၊ သင်သည် အသက်ကြီးရင့်၍ သင်္ချိုင်းသို့ ရောက်ရ လိမ့်မည်။ 27 ဤအမှုကို ငါတို့သည် စစ်ဆေး၍
ယခုပြောသည်အတိုင်း မှန်ပါ၏။ နားထောင်ပါ။ အသင့်နှလုံးသွင်း ထားပါဟု မြွက်ဆို၏။

---

Job 01

သန့်ရှင်းသူတို့တွင် အဘယ်သူကို ကြည့်မျှော်မည်နည်း။
ဧလိဖတ်က ယောဘအနေဖြင့် အကူအညီ
ရနိုင်သောသူတစ်ယောက်မျှ မရှိဟူသောအချက်ကို ဖော်ပြရန်
ဤမေးခွန်းကို ဖော်ထုတ်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့် အနေဖြင့်
မျှော်လင့်နိုင်သော သန့်ရှင်းသူ ရှိသလော။" သို့မဟုတ် "သင့်
အနေဖြင့် အကူအညီရနိုင်ရန် သန့်ရှင်းသောသူ တစ်ယောက်မှ
မရှိပါ။" ( ရှု၊

သန့်ရှင်းသူ
ဤအရာသည် ကောင်းကင်တမန်ဖြစ်စေ သို့မဟုတ် အခြားသော
ဝိညာဉ်များ ကဲ့သို့သော သဘာဝထက် လွန်ကဲသောအရာကို
ရည်ညွှန်းထားပါသည်။

ဒေါသသည် လူမိုက်ကိုဖျက်ဆီးတတ်၏။
ဒေါသသည် ပညာမဲ့စွာ ကျင့်ကြံပြုမူခြင်း နှင့် စိတ်လိုက်မာန်ပါ
လုပ်တတ်သော သူကို သတ်နိုင်သည်။

လူမိုက်
မိုက်မဲသောသူ ( ရှု၊

ပညာမရှိသော သူ
ပညာမဲ့သူ ( ရှု၊

မိုက်သောသူအမြစ်စွဲသည်ကို ငါမြင်သောအခါ၊
ဤနေရာတွင် လူတစ်ယောက်က သူသည် အပင်ဖြစ်ခဲ့လျှင်
အချိန်တိုင်း ပညာမရှိသောသူကဲ့သို့
ဖြစ်လာနိုင်ကြောင်းပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပညာမရှိသောသူသည်
မိုက်မဲခြင်းကြောင့် ဖြစ်လာသည်" ( ရှု၊


generated on Sun Jun 30 02:37:40 2024

သူ၏နေရာ
ဤအရာသည် လူတစ်ယောက်၏ မိသားစုနှင့် သူ၏ ဥစ္စာကို ဆိုလိုပါသည်။

Job 04

ယေဘုယျအချက်အလက်
ဤကျမ်းပိုဒ်များသည် အထက်တွင်အသုံးပြုထားသော အပြိုင်အဆိုင်ကို ဆက်လက်လုပ်ဆောင်ပြီး မိုက်မဲသောသူတို့၏ ကလေးများသည် ဘယ်တော့မှ လုံခြုံမှုမရှိဟူသော အမြင်ကို ခြားနားသောနည်းလမ်းအားဖြင့် အထူးပြုထားပါသည်။ (ရှု၊

သူ၏သားသမီးတို့သည် ဘေးလွတ်ရာအရပ်နှင့် ဝေးကြ၏။
"သူ၏" ဟူသည် မိုက်မဲသောသူ သို့မဟုတ် ပညာမရှိသောသူများကို ရည်ညွှန်းထားပါသည် ယောဘ ၅း ၂. အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ သားသမီးတို့သည် မည်သောအခါမှ လုံခြုံမှု မရှိကြပါ။"

ညှဉ်းဆဲခြင်းကို ခံရသောအခါ
ဤတွင် "ညှဉ်းဆဲခြင်း" ဟူသည်မှာ နှိပ်စက်ခြင်း ခံနေသောသူများကို ပုံဆောင်ထားကာ၊ တရားရုံးမှ အကျိုးဆက်ကိုခံရခြင်းဖြစ်သည်။ ဤအမြင်ကို အပြုသဘောဆောင် ဝါကျဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "တစ်စုံတစ်ယောက်က သူတို့ကို ညှဉ်းဆဲခဲ့သည်။" (ရှု၊ and

ဆူးပင်ကာသောခြံ
တရားရုံး ကဲ့သို့သော ကာရံသောခြံသည် ငြင်းခုံခြင်းကို ဖြေရှင်းပေးသော နေရာနှင့် တရားစီရင်ခြင်း ခံရသောနေရာဖြစ်သည်။

ကယ်နှုတ်သောသူ တယောက်မျှမရှိ
မိုက်မဲသောသူတို့၏ သားသမီးများကြုံတွေ့ရသော အခက်အခဲများကို ကူညီ မည့်သူတစ်ယောက်မှ မရှိပါ။

ဆူးပင်ကာသောခြံ အထဲကယူသွား၍ စားတတ်၏။
ဤအရာသည် လက်ရှိအပင်များကြောင့် အဆိုးဆုံးသီးနှံပင်များ ကြီးထွားသော လယ်မြေအပိုင်းကို ရည်ညွှန်းထားပါသည်။

သူ၏ ပစ္စည်းဥစ္စာကိုလည်း ရေငတ်သော သူသည် မျိုတတ်၏။
ဤတွင် လောဘကြီးသောသူကို ရေငတ်သောသူများကဲ့သို့ လည်းကောင်း၊ ပညာမရှိသောသူ၏ ချမ်းသာခြင်းသည် သူတို့ သောက်နိုင်သောအရာ တစ်စုံတစ်ခုကဲ့သို့ငှင်း ပြောဆိုထားပါသည်။

Job 06

မြေမှုန့်ထဲကအမှုရောက်သည်မဟုတ်။ ဒုက္ခသည် မြေပေါ်မှာ မပေါက်တတ်။
ဤနေရာတွင် အခက်အခဲများနှင့် ဒုက္ခများသည် သူတို့စိုက်သော အပင်များကဲ့သို့ ပြောဆိုထားပါသည်။" (ရှု၊

မီးပွါးတို့သည် အထက်သို့ပျံတက်သည်နည်းတူ၊ လူသည်ဒုက္ခ၌ ကျင်လည်ခြင်းငှါ မွေးဘွား၏။
လူများသည် တခါမွေးဖွားပြီး ဒုက္ခရှိခြင်းကို မီးပွားများပျံသကဲ့သို့ အထက်သို့ ပျံတက်သည် နည်းတူဖြစ်ကြောင်း ဖော်ပြသည်။ (ရှု၊

Job 08

ဘုရားသခင်သည် ကြီးသောအမှု၊ စစ်၍မကုန်နိုင်သောအမှု၊ ရေတွက်၍မဆုံး၊ အံ့သြဘွယ်သော အမှု တို့ကို ပြုတော်မူ၏
"ကြီးမားပြီး နားမလည်နိုင်သော အရာများ၊ မရေတွက်နိုင်သော အံ့သြဘွယ်ရာများ"

ယေဘုယျအချက်အလက်
ဧလိဖတ်သည် ယောဘအား သူ၏အမှုကို ဘုရားသခင်ထံ အသနားခံကာ လျှောက်ထားသင့်ကြောင်းကို နှိုင်းယှဉ် ဖော်ပြချက်များဖြင့် ပြောဆိုသွားခြင်း ဖြစ်သည်။

စစ်၍မကုန်နိုင်သောအမှု
ဤအရာသည် လူသားများအနေဖြင့် နားမလည်နိုင်သော အရာများကို ရည်ညွှန်းထားပါသည်။ (ရှု၊

ကြီးသောအမှု၊ စစ်၍မကုန်နိုင်သောအမှု၊
ဤတွင် စာရေးသူက သီးခြားဖြစ်သောစကားလုံး နှစ်လုံးကို ဆက်နွယ်စေခြင်း "နှင့်" ဘုရားသခင်က အမှုပြုသော အရာများ၏ ကြီးမားမှုကို အထူးပြုစေရန် အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြီးမားစွာ လေးနက်သော အမှုများ" (ရှု၊

အံ့သြဘွယ်သော အမှုတို့ ကို
အံ့သြဘွယ်သောအမှု သို့မဟုတ် အံ့ဖွယ်သောအမှုများ

Job 11

ယေဘုယျအချက်အလက်
စာရေး သူက အပိုဒ်ငယ်တိုင်း၌ အပြိုင်အဆိုင် စကားလုံးကို အသုံးပြုရန် ဆက်လက်လုပ်ဆောင်ကာ လိမ္မာပါးနပ်သော အဆင့်အတန်းနှင့်
နှိမ့်ကျသောသူများအားဘုရားသခင်သည်မည်သို့ အလေးထားသည်ကို ဖော်ပြရန် ခြားနားချက် နှစ်ခုကို အသုံးပြုခြင်းအား သိရှိစေသည်။

ထိုသို့နှိမ့်ချလျက်ရှိသောသူတို့ကို ချီးမြှောက်တော်မူ၏။
ဒုက္ခရောက်နေသောသူ၊
နှိမ့်ချသောသူများကိုသူတို့သည်အဆင့်နိမ့်သောနေရာ၌ နေခြင်းကဲ့သို့ ပြောဆိုထားပါသည်။ သို့သော် သေပြီး ရာထူးအမြင့်သို့ရောက်သောသူများကဲ့သို့ ပြောဆိုထားပါသည်။ ဘုရားသခင်က သူတို့ကို ပြန်ရွေးနုတ်သောအခါ သူတို့သည် ရှိသေခံရကြသည်။ ဤသို့ဖြစ်ပျက်သောအခါ သူတို့သည် ချီးမြှောက်ခြင်းခံရကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲဒုက္ခရောက်နေသော နှိမ့်ချသူများအား သူ့ကို ရှိသေရန်နှင့် ရွေးနုတ်ရန်အလို့ငှာ ဘုရားသခင်လုပ်ဆောင်သည်။"

ပရိယာယ်ပြုသောသူတို့၏ အမှုကိုမအောင်စေခြင်းငှါ သူတို့အကြံကို ဖျက်တော်မူ၏။
ဤတွင် ကောက်ကျစ်သော သူတို့၏ အစီအစဉ်များကို ရပ်တန့်စေခြင်းငှါ ကိုယ်ခန္ဓာအားဖြင့် ကျိုးပဲ့နိုင်သောအရာများကဲ့သို့ ပြောဆိုထားပါသည်။ (ရှု၊

ပညာရှိတို့ကို သူတို့၏ပရိယာယ်အားဖြင့် ဘမ်းဆီးတော်မူ၏။
ဤနေရာတွင် ပညာရှိသော သူတို့သည် သူတို့၏ ပရိယာယ်အားဖြင့် ခံစားရသောအရာကို ထောင်ချောက်တွင် ဘမ်းဆီးထားသောအရာများကဲ့သို့ ပြောဆိုထားပါသည်။ သူတို့၏ အပြုအမူများကို သူတို့ကိုယ်တိုင်၏ထောင်ချောက်များကဲ့သို့ ပြောဆိုထားပါသည်။

လှည့်စားတတ်သောသူတို့၏ တိုင်ပင်ခြင်း ကို အချည်းနှီးဖြစ်စေတော်မူ၏။
ဤတွင် လိမ္မာပါးနပ်သောနည်းဖြင့် မကောင်းမှုပြုခြင်းကို လှည့်စားခြင်းကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လိမ္မာပါးနပ်သောသူ" သို့မဟုတ် "မရိုးသားသောသူများ" သို့မဟုတ် "အပေါက်ဆိုးသော သူများ"

## Job 14

ယေဘုယျအချက်အလက်
စာရေးသူက အပိုဒ်ငယ်တစ်ခုစီတိုင်းတွင် ဆင်းရဲသောသူများကို ကယ်တင်ရန်နှင့် ပါးနပ်သောသူများကို ဘုရားသခင်သည် မည်သို့ လျှော့ချသည်ကို အထူးပြုစေရန် ခြားနားချက် နှစ်ခုကို အသုံးပြုခြင်းဟူသောအမြင်ကို ပုံဆောင်သည်။ (ရှု၊

ထိုသူတို့သည် နေ့အချိန်၌ မှောင်မိုက်ကိုတွေ့၍
ဤနေရာတွင် ပါးနပ်ခြင်း၊ ဘုရားသခင်ကို ရှုပ်ထွေးစေသော ဆိုးသွမ်းသောသူများသည် မမျှော်လင့်ဘဲ နေမင်းသည် ကောင်းကင်အမြင့်၌ ရှိနေစဉ်အခါပင် အမှောင်ထဲတွင် နေရသူများကဲ့သို့ဖော်ပြပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နေ့အချိန်ပင် အမှောင်ထဲတွင် နေသောသူများ"

စမ်းသပ်လျက် သွားလာကြ၏။
မျက်ကန်းတစ်ယောက်ကဲ့သို့ ခံစားရသည်။

မွန်းတည့်အချိန်၌
နေမင်း၏ အမြင့်ဆုံးနှင့် အတောက်ပဆုံးအချိန် ဖြစ်သော "နေ့ခင်းအချိန်"

အားကြီးသောသူတို့၏ လက်မှငှင်း၊ ဆင်းရဲသားတို့ကို ကယ်နှုတ် တော်မူ၏။
ဤတွင် လူများပြောဆိုသော စော်ကားခြင်းနှင့်မတန်မရာဆက်ဆံခြင်းများကို သူတို့၏ နှုတ်၌ ရှိသောဓါးကဲ့သို့ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဆင်းရဲသောသူများကို အားကြီးသောသူ၏ လက်မှ ကယ်နှုတ်သည်။" သို့မဟုတ် "သူသည် ဆင်းရဲသောသူများနှင့် စော်ကားခြင်း ခံရသောသူများကို အားကြီးသော လက်မှ ကယ်နှုတ်သည်။"

အဓမ္မသည်လည်း မိမိနှုတ်ကို ပိတ်ထားရ၏။
မတရားသဖြင့်ပြောတတ်သောသူများသည် သူတို့ကိုယ်တိုင် မတရားသောသူများ ဖြစ်သောကြောင့်ထိုသို့ပြောဆိုခြင်းများ ရပ်တန့်ရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာသည် တရားမျှတမှု မရှိသောသူများ မိမိတို့နှုတ်၌ ပိတ်ထားသောအရာကဲ့သို့ဖြစ်သည်။"

## Job 17

ယေဘုယျအချက်အလက်
စာရေးသူသည် အပိုဒ်ငယ် ၁၈ နှင့် ၁၉ တွင် အသုံးပြုသည့်နှိုင်းယှဉ်မှုကို ဆက်လက်လုပ်ဆောင်ပြီး ဘုရားသခင်လုပ်ဆောင်သော ဆုံးမခြင်းနှင့် အနာငြိမ်းခြင်းများကို အထူးပြုစေရန် အသုံးပြုထားသော စကားပြော နှစ်ခုအား အသုံးပြုထားပါသည်။ ( ရှု၊

အပြစ်နှင့်အလျောက် ဘုရားသခင် စစ်ဆေး တော်မူခြင်း
ဘုရားသခင်သည် မိဘက ကလေးကိုဆုံးမသကဲ့သို့ သို့မဟုတ် သွန်သင်သကဲ့သို့ ပုံဖော်ထားပါသည်။

ဘုရားသခင် စစ်ဆေး တော်မူခြင်းကို ခံရသောသူသည် မင်္ဂလာရှိ၏။
"ဘုရားသခင်က ဆုံးမတော်မူသော သူသည် အမှန်တကယ်မျက်နှာသာ ရသောသူဖြစ်သည်။"

မထီမဲ့မြင်မပြုပါနှင့်။
"မငြင်းပယ်ပါနဲ့။" သို့မဟုတ် "အချည်းအနှီး မတွေးတောပါနဲ့။"

ဆုံးမတော်မူခြင်း
"သွန်သင်ခြင်း" သို့မဟုတ် "ပြုပြင်ပေးခြင်း" သို့မဟုတ် "စည်းကမ်း ချမှတ်ခြင်း"

ထိုအရှင်သည် အနာကိုဖြစ်စေ၍၊ ထိုအနာကိုလည်း စည်းစေတော်မူ၏။
အကြောင်းမူကား သူသည် အနာကိုစည်း၍၊ နင်းချေကာ သူ့လက်တော်အားဖြင့် အနာကို ပျောက်စေတော်မူ၏။

လက်တော်နှင့် သက်သာစေတော်မူ၏။
ဤတွင် "သူ့လက်တော်" ဟူသည်မှာ ဘုရားသခင်ကို ရည်ညွှန်းသည်။

သင့်ကိုအမှုခြောက်ပါးထဲက နှုတ်ယူတော်မူ သည်သာမက၊ ခုနစ်ပါးသောအမှု၌လည်း ဘေးတစုံတခုမျှ မထိမခိုက်ရ။
တိုးတက်မှုပမာဏအတွက် သုံးနှုန်းထားသော နံပါတ် "၆" နှင့် "၇" တို့သည် အများနှင့် အကြိမ်ပေါင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်သင့်ကို ဒုက္ခများထဲမှ အကြိမ်ကြိမ်၊ တစ်ချိန်ပြီး တစ်ချိန် ကယ်နှုတ်ပြီး ဘယ်နတ်ဆိုးမှ သင့်ကို ထိခိုက်မည်မဟုတ်ပါ။" ( ရှု၊

Job 20

ယောဘုယျအချက်အလက်
နာမ်စားထဲတွင် ပြောင်းထားသော "သူ" မှ "သင်" ဖြစ်ပြီး Job 5:19 မှ ဆက်လက် စတင်ပြီး ဇောဖတ်၏ စကားပြောအဆုံးထိ ဆက်ပြီး ဖြစ်ပေါ်သည်။ ယောဘ ၅း ၂၇.

အစာခေါင်းပါးသောအခါ သေဘေးမှရှင်း
ဤတွင် ကယ်ဆယ်ခြင်းကို ပြန်ရွေးခြင်း၊ ပြန်ဝယ်ခြင်းကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစာခေါင်းပါးသည့် ကာလ၌ ဘုရားသခင်သည် ဒုက္ခထဲက သင့်ကို ပြန်လည် ကယ်ဆယ်မည်။"

စစ်တိုက်သောအခါ ထားဘေးမှရှင်း
ဤတွင်လည်း "စစ်တိုက်သောအခါ" ဟူသည်မှာ လက်နက်ဖြင့်တိုက်ခိုက်သောသူများ၊ စကားလုံးဖြင့်သော်လည်းကောင်း တိုက်ခိုက်သူများကို ပုံဆောင်ထားခြင်းဖြစ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျက်ပြင်းထန်သောသူများ" သို့မဟုတ် "သင့်အားတိုက်ခိုက်သောသူများ" (ရှု၊

ပျက်စီးခြင်းဘေးရောက်သော်လည်း
ဤတွင် "ပျက်စီးခြင်း" ဟူသည်မှာ ရန်သူများအားဖြင့်ဖျက်ဆီးခြင်းခံသော အန္တရာယ်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ဖျက်ဆီးမည့်ရန်သူ" ( ရှု၊

ပျက်စီးခြင်းဘေးနှင့် အစာခေါင်းပါးခြင်းဘေးကို ရယ်မော၍
ဤတွင်လည်း "ရည်မော၍" ဟူသောအရာသည် မကြောက်ရွံ့တတ်သော သူကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပျက်စီးခြင်းဘေးအန္တရာယ်" သို့မဟုတ် "အစာခေါင်းပါးခြင်းကိုလည်း ကြောက်ရွံ့မည် မဟုတ်ပါ။" ( ရှု၊

တောသားရဲတို့ကိုလည်း မကြောက်ရ။
ဤအရာသည် တိရိစ္ဆာန်များကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောရိုင်းတိရိစ္ဆာန်များ"

Job 23

ယောဘုယျအချက်အလက်
စာရေးသူက အပိုဒ်တိုင်းတွင် အပြိုင်အဆိုင်အသုံးပြုရန်ဆက်လက်လုပ်ဆောင်ပြီး လူတစ်မျိုး၏ ဆွေစဉ်မျိုးဆက်၊ အိမ်ရာခြံမြေနှင့် သဘာဝကမ္ဘာမြေနှင့် ပတ်သက်သော လုံခြုံမှု အထူးပြုစေရန် အသုံးပြုထားသော စကားပြောနှစ်ခု အမြင်ကို သယ်ဆောင်ပေးသည်။

လယ်၌ကျောက်ခဲတို့သည် သင်နှင့်ပဋိညာဉ်ပြု၍
ဤတွင် လယ်သမား၏ မြေကွက်၌ရှိသော ကျောက်ခဲတို့ကို တစ်စုံတစ်ယောက်သည် ပဋိညာဉ်ပြုသောအရာကဲ့သို့ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ လယ်၌ရှိသော ကျောက်ခဲတို့သည် သင့်ကို ကတိပြုပြီး သင့်ကို ဒုက္ခပေးမည့် သူများကဲ့သို့ ဖြစ်သည်။"

တောသားရဲတို့သည်
ဤအရာသည် အန္တရာယ်ရှိသော တိရိစ္ဆာန်များကို ရည်ညွှန်းထားပါသည်။

သင်သည်ကိုယ်အိမ်၌ ငြိမ်သက်ခြင်းရှိကြောင်းကို တွေ့၍
ဤတွင် "အိမ်" ဟူသည်မှာ လူတစ်ယောက်၏ မိသားစု၊ တစ်အိမ်ထောင်လုံး နှင့် သူ၏ ပိုင်ဆိုင်မှုအားလုံးကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ မိသားစု၊ အစေခံများ နှင့် သင် ပိုင်ဆိုင်သောအရာမှန်သမျှတို့သည် ငြိမ်သက်ခြင်းရှိကြလိမ့်မည်။" ( ရှု၊

ကိုယ်နေရာအရပ်သို့ပြန်ရောက်သောအခါ စိတ်ပျက်စရာအကြောင်းမရှိရ။
သင်၏ အိမ်မွေးတိရိစ္ဆာန်များရှိရာ သင့်နေရာသို့ပြန်လာသောအခါ သင်ပိုင်ဆိုင်သောအရာအားလုံး တွေ့ရမည် ဖြစ်သည်။

သင်၌သားသမီးများပြား၍၊
ဤတွင် "သားသမီး" ဟူသည်မှာ လူတစ်ယောက်၏ ဆွေမျိုးကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဆွေစဉ်မျိုးဆက်များသည် များပြားလိမ့်မည်။"

သင့်အမျိုးအနွယ်သည် မြေပေါ်မှာ မြက်ပင်နှင့်အမျှ ဖြစ်ကြောင်းကို တွေ့မြင်ရလိမ့်မည်။
ဤတွင် "အမျိုးအနွယ်" ကို မြေပေါ်မှာရှိသော မြက်ပင်ကဲ့သို့ ကြီးပွားချမ်းသာသောအရာကဲ့သို့ဖော်ပြ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အမျိုးအနွယ်များသည် မြက်ပင်များ ကြီးထွားသကဲ့သို့ များပြားကြလိမ့်မည် ဖြစ်သည်။" (ရှု၊

Job 26

အချိန်တန်လျှင် သိမ်းယူသောကောက်လှိုင်းကဲ့သို့၊ သင်သည် အသက်ကြီးရင့်၍ သင်္ချိုင်းသို့ ရောက်ရ လိမ့်မည်။
သင်သည် အသက်ကြီးရင့်သောအခါ သေသွားမည်။

အချိန်တန်လျှင် သိမ်းယူသောကောက်လှိုင်းကဲ့သို့၊
ဇောဖတ်သည် ယောဘ သေဖို့အချိန်တန်ပါက သေမည်ဖြစ်ကြောင်းကို ၎င်းဥပမာနှင့် ပြောခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူသည် အသက်ငယ်စဉ်၌ သေမည်ကို လည်းကောင်း၊ အသက်ကြီး၍ပင် လည်းကောင်း အားနည်းမည်ဖြစ်သည်။"

ဤအမှုကို ငါတို့သည် စစ်ဆေး၍ ယခုပြောသည်အတိုင်း မှန်ပါ၏။ နားထောင်ပါ။ အသင့်နှလုံးသွင်း ထားပါဟု မြွက်ဆို၏။
"ငါတို့" ဟူသောစကားလုံးသည် ယောဘ မပုတ်ဘဲ သူ၏ မိတ်ဆွေများကို ရည်ညွှန်းထားပါသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်၊ "ကြည့်ပါ ဤအကြောင်းကို
ငါတို့သည် စဉ်းစားခဲ့ပြီးကြပြီ ဖြစ်သည်။ ငါပြောသောအရာကို
နားထောင်ပြီး သိရှိခြင်းသည် မှန်ကန်သောအရာဖြစ်သည်။"

---

## Translation Questions

Job 5:1

လူမိုက်နှင့် ပညာမရှိသောသူတို့၌ မည်သို့ဖြစ်မည်ဟု ဧလိဖတ် ပြောသနည်း။
ဒေါသသည် လူမိုက်ကို ဖျက်ဆီးတတ်၍
ပညာမရှိသောသူသည်လည်း ငြူစူသောစိတ်ဖြင့် သေခြင်းသို့
ရောက်တတ်၏။

Job 5:4

လူမိုက်၏ သားသမီးတို့သည် မြို့တံခါးတို့၌ မည်သို့ ဖြစ်လိမ့်မည်နည်း။
သူတို့သည် မြို့တံခါးတို့၌ နင်းခြေခံရ၍ ကြေမွကြလိမ့်မည်။

Job 5:6

ဒုက္ခဆင်းရဲသည် အမှန်အားဖြင့် အဘယ်အရပ်မှ လာသနည်း။
လူတို့သည် မိမိဒုက္ခဆင်းရဲကို ကိုယ်တိုင်ပြုလုပ်ကြသည်။

Job 5:8

ဘုရားသခင်သည် မည်သည့်အရာကို မြေကြီးနှင့် လယ်ယာများအား
ပေးသနည်း။
ဘုရားသခင်သည် မြေပေါ်မှာ မိုးကို ရွာစေတော်မူ၍ လယ်တို့ကို
ရေပေးတော်မူ၏။

Job 5:11

ဘုရားသခင်သည် ပရိယာယ်ပြုသောသူတို့၏ အကြံကို မည်သို့
ပြုတော်မူသနည်း။
ကိုယ်တော်သည် ထိုသူတို့၏ အကြံကို ဖျက်ဆီးတော်မူသဖြင့်
သူတို့သည် မိမိတို့အကြံကိုမဆောင်ရွက်နိုင်ကြ။

Job 5:14

အားနည်းသောသူနှင့် ဆင်းရဲသားတို့ကို ဘုရားသခင်သည် အဘယ်အရာမှ
ကယ်နုတ်တော်မူသနည်း။
ဘုရားသခင်သည် ဆင်းရဲသားတို့ကို ထားဘေးမှရင်း၊
အားနည်းသောသူတို့အား အားကြီးသောသူတို့လက်မှရင်း
ကယ်တင်တော်မူ၏။

Job 5:17

ဘုရားသခင်ဆုံးမ ပဲ့ပြင်တော်မူသောသူသည် အဘယ်ကြောင့်
ပျော်ရွှင်ရသနည်း။
အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အနာကို
ဖြစ်စေတော်မူသော်လည်း၊ ထိုအနာကိုစည်းတော်မူ၏။
ဒဏ်ခတ်တော်မူ၍ လက်တော်နှင့် သက်သာစေတော်မူ၏။

Job 5:20

ဘုရားသခင်တည့်မတ်ပြုပြင်သောသူသည် အဘယ်အရာ၌
ရယ်မောလိမ့်မည်နည်း။
သူသည် ပျက်စီးခြင်း ဘေးနှင့် အစာခေါင်းပါးခြင်းဘေးကို
ရယ်မောလိမ့်မည်။

Job 5:23

ဘုရားသခင်ပြန်လည်တည့်မတ်စေသောသူသည် သူ၏ နေရပ်သို့
ရောက်သောအခါ အဘယ်အရာကို ရှာတွေ့လိမ့်မည်နည်း။
သူသည် စိတ်ပျက်စရာ အကြောင်းကို လုံးဝမတွေ့ရပါ။

Job 5:26

ဘုရားသခင် စစ်ဆေးပြုပြင်တော်မူသောသူသည် မည်မျှ
အသက်ရှည်လိမ့်မည်နည်း။
သူသည် အသက်ကြီးရင့်သော အခါမှသာ သင်္ချိုင်းသို့
ရောက်ရလိမ့်မည်။

---

## Chapter 6

1 တဖန်ယောဘမြွက်ဆိုသည်ကား၊ 2 ငါဝမ်းနည်းခြင်းအကြောင်းကို သေချာစွာ ချိန်တွယ်ပါစေ။ ငါခံရသောဒုက္ခများကိုလည်း ချိန်ခွင်၌
စုထားပါစေ။ 3 သို့ဖြစ်လျှင် သမုဒ္ဒရာသဲထက်သာ၍ လေးလိမ့်မည်။ ထိုကြောင့် ငါ့စကားလွန်မိပြီ။ 4 အနန္တတန်ခိုးရှင်ပစ်တော်မူသော
မြှားတို့သည် ငါ၌စွဲ၍၊ အဆိပ်အတောက်ဖြင့် ငါ့ဝိညာဉ်ကိုမွန်းစေ၏။ ဘုရားသခင်ပြတော်မူသော ကြောက်မက်ဘွယ်အရာတို့သည်
ငါ့ရှေ့မှာ စီလျက်ရှိကြ၏။ 5 တောမြည်းသည် မြက်ပင်ပေါ်သောအခါ မြည်တတ်သလော။ နွားသည်စားစရာရှိသောအခါ အော်
တတ်သလော။ 6 မမြိန်သောအရာကို ဆားမပါဘဲ စားနိုင် သလော။ ကြက်ဥအကာသည် ဆိမ့်သောအရသာ ရှိသလော။ 7
လက်နှင့်မျှမတို့နိုင်၊ ငါမနှစ်သက်နိုင်သောအရာကို ရွံလျက်နှင့် ငါစားရ၏။ 8 ငါတောင်းသောအရာကို ရပါစေ။
ငါတောင့်တသောအရာကို ဘုရားသခင်ပေးသနားတော်မူပါစေ။ 9 တောင့်တသောအရာဟူမူကား၊ ဘုရားသခင်သည်
ငါ့ကိုဖျက်ဆီးတော်မူပါစေ။ လက်တော်ကိုဆန့်၍ ငါ့ကိုဆုံးစေတော်မူပါစေ။ 10 ထိုသို့ဖြစ်လျှင်ငါသည် သက်သာရ၏။
ငြိုငြင်သော်လည်း သည်းခံမည်။ ငါ့ကိုနှမြောတော်မမူပါစေနှင့်။ သန့်ရှင်တော်မူသောသူ၏စကားကို ငါမငြင်းမဆန်ပြီ။ 11
ငါမြော်လင့်စရာအခွင့်ရှိရမည်အကြောင်း၊ ငါ့ခွန်အားကားအဘယ်သို့နည်း။ ငါသည်ကိုယ်အသက်ကို စောင့်ရမည်အကြောင်း၊
နောက်ဆုံးခံရသော အကျိုးကား အဘယ်သို့နည်း။ 12 ငါ့ခွန်အားသည် ကျောက်ခွန်အားဖြစ်သလော။ ငါ့အသားသည်
ကြေးဝါဖြစ်သလော။ 13 ငါသည်ကိုယ်ကိုမမစနိုင်။ ငါ့ဉာဏ်လည်းကုန်ပြီ။ 14 ဆင်းရဲခြင်းသို့ရောက်သောသူ၏ အဆွေခင်ပွန်းသည်
သနားအပ်၏။ မသနားလျှင် အနန္တတန်ခိုးရှင်ကို ကြောက်ရွံ့သောသဘောနှင့် ကင်းလွတ်၏။ 15 ငါ့ညီအစ်ကိုတို့သည် ချောင်းရေကဲ့သို့
လှည့်စား၍၊ ချိုင့်၌စီးသောရေကဲ့သို့ရွေ့သွား ကွယ်ပျောက် တတ်ကြ၏။ 16 ထိုချောင်းရေသည် ရေခဲကြောင့်ငင်း၊ မထင်ရှားသော
မိုဃ်းပွင့်ကြောင့်ငင်း၊ 17 အလွန်စီးတတ်သော်လည်း၊ နွေးသောအခါ ကွယ်ပျောက်တတ်၏။ နေပူသောအခါ မိမိနေရာ၌ ခန်း
ခြောက်တတ်၏။ 18 ထိုရေစီးသောချောင်းတို့သည် လွဲသွား၍ တရွေ့တရွေ့ ကွယ်ပျောက်တတ်ကြ၏။ 19
တေမန်အမျိုးသားအစုအဝေးတို့သည် ရှာကြ၏။ ရှေဘပြည်မှ ခရီးသွားသောသူအစုအဝေးတို့သည် မြော်လင့်လျက် လာကြ၏။ 20
မြော်လင့်၍စိတ်ပျက်ကြ၏။ ထိုအရပ်သို့ ရောက်သောအခါ ရှက်ကြောက်လျက် နေကြ၏။ 21 ထိုအတူ
သင်တို့သည်အချည်းနှီးသက်သက် ဖြစ်ကြ၏။ ငါနှိမ့်ချခြင်းကိုမြင်လျှင် ဆုတ်၍နေကြ၏။ 22 ငါ့ထံသို့လက်ဆောင်ကို ယူခဲ့ကြပါ။
သင်တို့ ပစ္စည်းဥစ္စာထဲကထုတ်၍ ငါ့ကိုပေးကြပါ။ 23 ရန်သူလက်မှငါ့ကိုကယ်ယူကြပါ။ သူရဲလက်မှ ရွေးနှုတ်ကြပါဟု ငါပြောသလော။
24 ငါ့ကိုဆုံးမကြပါ။ တိတ်ဆိတ်လျက်နေပါမည်။ ငါမှားသောအရာကို ငါ့အားဘော်ပြကြပါ။ 25 မှန်သောစကားသည် တန်ခိုးကြီး၏။
သင်တို့ ကဲ့ရဲ့သောစကားသည် အဘယ်မှာနေရာကျသနည်း။ 26 ငါစကားပြောရုံကာမျှကို အပြစ်တင်မည်ကြံစည်ကြသလော။
မြော်လင့်စရာမရှိသောသူ ပြောသော စကားသည် လေသက်သက်ဖြစ်၏။ 27 အကယ်၍သင်တို့သည် မိဘမရှိသောသူငယ်ကို
နှိပ်စက်ကြ၏။ အဆွေခင်ပွန်းဘို့ တွင်းကိုတူးကြ၏။ 28 ငါ့ကိုစိတ်မရှိဘဲကြည့်ရှုကြပါလော့။ သင်တို့ရှေ့ မှာ ငါလှည့်စားသလော။ 29
ပြန်၍ဆင်ခြင်ကြပါ။ မတရားသဖြင့်မပြုကြပါ နှင့်။ ပြန်၍ဆင်ခြင်ကြပါ။ ဤအမှု၌ ငါသည် ဖြောင့်မတ် ပါ၏။ 30 ငါ့လျှာ၌
ကောက်သောသဘောရှိသလော။ ငါသည် မြည်းစမ်း၍ အပြစ်ပါသောအရာကို ပိုင်းခြား မသိနိုင်သလော။

---

### Job 01

ငါဝမ်းနည်းခြင်းအကြောင်းကို သေချာစွာ ချိန်တွယ်ပါစေ။
ငါခံရသောဒုက္ခများကိုလည်း ချိန်ခွင်၌ စုထားပါစေ။
ဤတွင် စာရေးသူသည် ယောဘ၏ ဆင်းရဲဒုက္ခတစ်ခုတည်းကို ဖော်ပြရန် ကွဲပြားသော ဖော်ပြချက် နှစ်ခုကို အသုံးပြုသည်။

ချိန်တွယ်ပါစေ။
"အချိုးအဆညီညီ"

သမုဒ္ဒရာသဲထက်သာ၍ လေးလိမ့်မည်။
ယောဘသည် သူ၏ ဒုက္ခကို စိုစွတ်နေသော သဲများနှင့် ပမာပြုသည်။ "ငါ၏ စိတ်ဆင်းရဲခြင်းနှင့် ဒုက္ခများအားလုံးသည် ကမ်းခြေရှိ သဲလုံးများထက်တောင် လေးမည်မှာ အမှန်ဖြစ်သည်။"

### Job 04

ယေဘုယျအချက်အလက်
စာရေးသူက လောကကြီးအပေါ် ယောဘ၏ မကျေနပ်ချက်များ အထူးပြုစေရန် အသုံးပြုထားသော ခြားနားချက် စကားပြောနှစ်ခု အမြင်ကို ပံ့ဆောင်ပေးနေသော အပြိုင်အဆိုင်ကို အသုံးပြုရန် ဆက်လက်ပြီး လုပ်ဆောင်သည်။

အနန္တတန်ခိုးရှင်ပစ်တော်မူသော မြှားတို့သည် ငါ၌စွဲ၍
ဤအရာသည် ယောဘ၏ ခံစားသော ဝေဒနာအတွက် တင်စားချက်ဖြစ်သည်။ သူ၏ ဒုက္ခများကို သူ့ခန္ဓာကိုယ်၌ ပစ်သော မြှား နှင့် နှိုင်းယှဉ်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငင်းသည် ဘုရားသခင်က ငါ့ကိုယ်ခန္ဓာ၌ မြှားဖြင့် ပစ်သကဲ့သို့ ဖြစ်သည်။"


generated on Sun Jun 30 02:37:40 2024

အဆိပ်အတောက်ဖြင့် ငါ့ဝိညာဉ်ကိုမွန်းစေ၏။
ငါ့ဝိညာဉ်သည် မြှား၏အဆိပ်ဖြင့် မွန်းစေပါသည်။ ဤအရာသည် သူတို့သည် အဆိပ်ဖြင့်လူးပြီး ယောဘသည် သူ့ဝိညာဉ် ထိတိုင် နာကြင်စွာ ခံစားစေခြင်းအားဖြင့် မြှား၏ တင်စားချက်ကို ဆက်လက်ပြီးပြောဆိုထားပါသည်။ သူခံစားရသော နာကြင်မှုကို အဆိပ်ကို သောက်ထားသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သူတို့၏ အဆိပ်ကို ငါ့အထဲ၌ နာကျင်စွာ ခံစားရသည်။"

ဘုရားသခင်ပြတော်မူသော ကြောက်မက်ဘွယ်အရာတို့သည် ငါ့ရှေ့မှာ စီလျက်ရှိကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ကြောက်ရွံ့ဖွယ်ကောင်းသောအရာများကို တချိန်တည်းမှာပင် ဖြစ်ပျက်စေရန် အကြောင်းဖြစ်စေသည်။"

တောမြည်းသည် မြက်ပင်ပေါသောအခါ မြည်တတ်သလော။ နွားသည်စားစရာရှိသောအခါ အော် တတ်သလော။
ယောဘအနေဖြင့် သူ၌ မကျေမနပ် ပြောဆိုရန် အကြောင်းရှိသည်ကို အထူးပြုစေရန် အလင်္ကာမေးခွန်းများကို ထုတ်ခဲ့သည်။ ဤမေးခွန်းများသည် စကားပြောအနေဖြင့်ရေးသားနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောမြည်းသည် မြက်ပင်ပေါသောအခါ မြည်တတ်ပြီး နွားသည်လည်း စားစရာမရှိသောအခါ အော်တတ်သကဲ့သို့ ငါသည် အကြောင်းမရှိလျှင် မကျေမနပ် ပြုလုပ်မည် မဟုတ်ပါ။"

မြည်တတ်သလော။
တောမြည်း ပြုလုပ်တတ်သောအသံ

အော် တတ်သလော။
နွားက ပြုလုပ်တတ်သောအသံ

စားစရာ
တိရိစ္ဆာန် အစာ

မမြိန်သောအရာကို ဆားမပါဘဲ စားနိုင် သလော။ ကြက်ဥအကာသည် ဆိမ့်သောအရသာ ရှိသလော။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ယောဘသည် အရသာမရှိသည့် အစာကို လူများမကြိုက်သော အခြေအနေအတွက် သူ၏ မပျော်ရွှင်မှုများကို နှိုင်းယှဥ်ထားပါသည်။ သို့မဟုတ် (၂) ယောဘက အရသာမရှိသောအစာအတွက်လူများ မကြိုက်သောအရာကို သူ့မိတ်ဆွေများ၏အကြံများအတွက် မပျော်ရွှင်မှုများကို နှိုင်းယှဥ်ထားပါသည်။

မမြိန်သောအရာကို ဆားမပါဘဲ စားနိုင် သလော။ ကြက်ဥအကာသည် ဆိမ့်သောအရသာ ရှိသလော။
ယောဘက သူ၏ မပျော်ရွှင်မှုများကို အထူးပြုစေရန် အလင်္ကာမေးခွန်းများကို အသုံးပြုထားပါသည်။ ဤမေးခွန်းများသည် စကားပြောအနေဖြင့် ရေးသားနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြက်ဥ အဖြူသက်သက်သည် အရသာမရှိသကဲ့သို့ ဆားမပါသော အစာကို မြိန်ယှက်စွာ မစားနိုင်ပါ။"

မမြိန်သောအရာကို ဆားမပါဘဲ စားနိုင် သလော။
အခြားသောဘာသာပြန်ဆိုချက်၊ "အရသာမရှိသောအစာကို သင်စားနိုင်သလော။"

Job 07

ယောဘုယျအချက်အလက်
ယောဘသည် သေခြင်းအတွက် သူ့ လိုအင်ဆန္ဒ နှင့် ခံစားမှုများအကြောင်းကို ပြောဆိုထားသကဲ့သို့ ဤအပိုဒ်ငယ်များတွင် အပြိုင်အဆိုင်နှင့် ပတ်သက်သောအရာကို ဆက်လက် အသုံးပြုထားသည်။

လက်နှင့်မျှမတို့နိုင်။
"သူတို့" ဟူသည်မှာ ဆိုးသောအစားအစာများကို ရည်ညွှန်းထားပါသည်။ ဤတွင် သူ၏ မနှစ်မြို့ဖွယ် အခြေအနေများအတွက် မကောင်းသော အစာ၏ ပုံသဏ္ဍာန်ကို ပုံဥပမာအဖြစ် ဆက်လက် အသုံးပြုခဲ့သည်။

ငါတောင်းသောအရာကို ရပါစေ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ချေပြီး သေပါရစေ။"

လက်တော်ကိုဆန့်၍ ငါ့ကိုဆုံးစေတော်မူပါစေ။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် လျင်မြန်စွာ လုပ်ဆောင်ပြီး ငါ့အသက်ကို ဆုံးရှုံးစေသည်။" သို့မဟုတ် "သူသည် လျင်မြန်စွာ လုပ်ဆောင်ပြီး ငါ့အသက်ဆုံးစေသည်။" (ရှု၊ and

Job 10

ထိုသို့ဖြစ်လျှင်ငါသည် သက်သာရ၏။
ငါသည် မဆုံးနိုင်သော နာကျင်မှုတွင် ဝမ်းမြောက်ခြင်းအတွက် ကခုန်မည် သို့မဟုတ် လျော့နည်းခြင်း မရှိသော နာကျင်မှုအတွက် ငါသည် သည်းခံမည်။"

သက်သာရ၏။
ဝမ်းမြောက်သည်။

နမြောတော်မမူပါစေနှင့်။
လျော့နည်းသွားခြင်း မရှိသော

သန့်ရှင်းတော်မူသောသူ၏စကားကို ငါမငြင်းမဆန်ပြီ။
ငါသည် ဘုရားသခင်ကို မစွန့်လွှတ်ပါ။ ၎င်းသည် အပြုသဘောပုံစံဖြင့် ရေးသားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သန့်ရှင်းသောသူကို အမြဲနာခံခဲ့ပြီ။"


generated on Sun Jun 30 02:37:40 2024

ငါမြော်လင့်စရာအခွင့်ရှိရမည်အကြောင်း၊ ငါ့ခွန်အားကားအဘယ်သို့နည်း။ ငါသည်ကိုယ်အသက်ကို စောင့်ရမည်အကြောင်း၊ နောက်ဆုံးခံရသော အကျိုးကား အဘယ်သို့နည်း။
ယောဘက သူသည် ဆက်လက်ပြီး အသက်ရှင်စရာ အကြောင်းမရှိသည်ကို အထူးပြုစေရန် ဤမေးခွန်းများကို ထုတ်ထားပါသည်။ ဤမေးခွန်းများသည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ ထိုအရာများသည် စကားပြောကဲ့သို့ ရေးသားထားနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အသက်ရှင်ရန် လုံလောက်သော ခွန်အားမရှိပါ၊ ငါ့အသက်ကို ငါရှည်စေရန် အကြောင်းမရှိပါ။"

Job 12

ယောဘုယျအချက်အလက်
စာရေးသူက ခံစားရသောအရာများကို သည်းခံနိုင်ရန် ယောဘအနေဖြင့် အစွမ်းအစ ကင်းမဲ့ခြင်းကို အထူးပြုစေရန် အပိုဒ်ငယ်တိုင်း၌ မေးခွန်းများကို အသုံးပြုထားပါသည်။

ငါ့ခွန်အားသည် ကျောက်ခွန်အားဖြစ်သလော။ ငါ့အသားသည် ကြေးဝါဖြစ်သလော။
ယောဘက သူ၏ အစွမ်းခွန်အား မရှိခြင်းကို အထူးပြုစေရန် ကျောက်နှင့် သံကဲ့သို့ သန်မာခြင်း မရှိဟူ၍ ပြောဆိုခြင်းအားဖြင့် လူ့ကိုယ်ခန္ဓာ၏ အားနည်းခြင်းကို ဖော်ပြထားပါသည်။ ဤအလင်္ကာဆန်သော မေးခွန်းကို စကားပြောများကဲ့သို့ ရေးသားနိုင်သောအရာ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ကျောက်များကဲ့သို့ မမာကြောပါ။ ငါ့ ကိုယ်ခန္ဓာသည်လည်း ကြေးဝါကဲ့သို့ မသန်မာပါ။"

ငါသည်ကိုယ်ကိုမမစနိုင်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၌ ကျန်သော ခွန်အားမရှိသည်မှာ အမှန်ဖြစ်သည်။"

ငါ့ဥာဏ်လည်း ကုန်ပြီ။
"ငါ၏ အောင်မြင်ခြင်းသည် ကုန်သွားပြီဖြစ်သည်။" ဤအရာသည်လည်း အပြုသဘောဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ ဉာဏ်ပညာသည် ကုန်ဆုံးပြီ။"

Job 14

ဆင်းရဲခြင်းသို့ရောက်သောသူ၏ အဆွေခင်ပွန်းသည် သနားအပ်၏။
ဤအရာကိုလည်း အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲခြင်းသို့ ရောက်မည်ဟု ခံစားသောသူကို သူ၏ မိတ်ဆွေသည် သစ္စာရှိရမည်။"

မသနားလျှင် အနန္တတန်ခိုးရှင်ကို ကြောက်ရွံ့သောသဘောနှင့် ကင်းလွတ်၏။
ဘုရားသခင်အား ကြောက်ရွံ့ခြင်း ရပ်တန့်သွားသည့်တိုင်။ ဖြစ်နိုင်သော အဓိပ္ပာယ်များမှာ၊ (၁ ) ဆင်းရဲသော သူသည် ဘုရားသခင်ကို မကြောက်ရွံ့တော့ပါ။ (သို့မဟုတ်) (၂) သူ့မိတ်ဆွေသည်လည်း ဘုရားသခင်ကို မကြောက်ပါ။"

ငါ့ညီအစ်ကိုတို့သည် ချောင်းရေကဲ့သို့ လှည့်စား၍၊ ချိုင့်၌စီးသောရေကဲ့သို့ရွေ့သွား ကွယ်ပျောက် တတ်ကြ၏။
ယောဘက သူ့မိတ်ဆွေများသည် ရုတ်တရက် ခမ်းခြောက်တတ်သော ချောင်း သို့မဟုတ် သဲချောင်းကဲ့သို့ သူ့အပေါ် သစ္စာမရှိခြင်းကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့မိတ်ဆွေများသည် ငါ့ကိုသစ္စာမရှိကြပါ၊ သူတို့သည် သဲချောင်းကဲ့သို့သာ ဖြစ်သည်။" (ရှု၊ and

ချိုင့်၌စီးသောရေကဲ့သို့ရွေ့သွား ကွယ်ပျောက် တတ်ကြ၏။
ချောင်းရေ ခမ်းခြောက်သကဲ့သို့ဖြစ်သည်။ ( ရှု၊ )

ထိုချောင်းရေသည် ရေခဲကြောင့်ငုင်၊ မထင်ရှားသော မိုဃ်းပွင့်ကြောင့်ငုင်း
"ရေခဲ ဖုံးလွှမ်းထားသောကြောင့် ဆောင်းရာသီတွင် ဆီးနှင်းများ ပြည့်နေခြင်းကို အမှောင်ကဲ့သို့ ဖော်ပြနေပါသည်။" ( ရှု၊ and

မထင်ရှားသော မိုဃ်းပွင့်ကြောင့်ငုင်း၊
ဤအရာက မိုးပွင့်သည်အရည်ပျော်ပြီး ရေသည် ချောင်း၌ စီးသကဲ့သို့ ဆီးနှင်းသည် ရေထဲတွင် ပျော်ဝင်ခြင်းကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုးပွင့်ကြောင့် အရည်ပျော်ပြီး ထိုအထဲ၌ စီးဝင်သွားသည်။"

ဆင်းရဲခြင်းသို့ရောက်သောသူ၏
ဤအရာက လူတစ်ယောက်သည် မျှော်လင့်ချက်ကင်းမဲ့သကဲ့သို့ခံစားသောသူသည် ခံန္ဓာကိုယ်အားဖြင့် ဒုက္ခကြောင့် ဆင်းရဲခြင်းသို့ရောက်သောသူကဲ့သို့ပြောဆိုထားပါသည်" အခြားသောဘာသာပြန်ဆိုချက်၊ " မျှော်လင့်ချက် ကင်းမဲ့သကဲ့သို့ ခံစားသော" ( ရှု၊

နွေးသောအခါ ကွယ်ပျောက်တတ်၏။ နေပူသောအခါ မိမိနေရာ၌ ခန်း ခြောက်တတ်၏။
"ပူသော အချိန်တွင် ရေခဲသည် အရည်ပျော်ပြီး ချောင်းရေသည်လည်း ခမ်းခြောက်သွားတတ်ပါသည်။"

Job 18

တေမန်အမျိုးသားအစုအဝေးတို့သည် ရှာကြ၏။
တေမန်အမျိုးသားတို့သည် ရေကိုတွေ့ရှိရန် ရှာဖွေကြသည် (သို့ ) "တေမန်အမျိုးသားတို့သည် ရေရှာဖွေခြင်းကို ပြောင်းလဲကြသည်။"

တေမန်အမျိုးသား
တေမန်ဟူသည်မှာ သဲကန္တာရတွင် ကုလားအုတ်များစီးပြီး ခရီးသွားကြသော များပြားသောအုပ်စုဖြစ်သည်။

ထိုအရပ်
"မြေလွတ်မြေရိုင်း" သို့မဟုတ် "ဘာမှ မရှိသော နယ်မြေ"

တေမန်........ရှောဘ
ဤအရာများသည် နေရာများ၏ နာမည်ဖြစ်သည်။ ဤအရပ်ဒေသတွင် နေထိုင်သော တေမန်အမျိုးသားတို့သည် အခြားသော နယ်မြေများသို့ ကုန်သွယ်ရာ၌ အသုံးပြုခဲ့သည်။"

ရှောဘပြည်မှ ခရီးသွားသောသူအစုအဝေးတို့သည်
ရှောဘပြည်မှ တေမန်အမျိုးသား ခရီးသွားများ

မြော်လင့်လျက် လာကြ၏။
"သူတို့အတွက် မျှော်လင့်ကြ၏။" သို့မဟုတ် "သူတို့၏ မျှော်လင့်ချက်ကို ချမှတ်ထားသည်။"

စိတ်ပျက်ကြ၏။
အပြုသဘောဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် စိတ်ပျက်အားငယ်ကြသည်။" သို့မဟုတ် "သူတို့သည် မကျေမနပ်ဖြစ်ကြသည်။"

Job 21

ယောဘုယျအချက်အလက်
ဤအခန်းတွင် ယောဘသည် မည်သူဆီကမှ အကူအညီမတောင်းခဲ့ကြောင်းကို အထူးပြုစေရန်နှင့် သူ့မိတ်ဆွေများကို အပြစ်ဖော်ပြရန် မေးခွန်းလေးခုကို ထုတ်ထားသည်။

ယခုတွင်
ယောဘသည် သူပြောဆိုနေသော အရာများ၏ အရေးကြီးသောအပိုင်းကို မိတ်ဆက်ရန် ဤစကားစုကို အသုံးပြုထားပါသည်။

ထိုအတူ သင်တို့သည်အချည်းနှီးသက်သက် ဖြစ်ကြ၏။
သင်တို့သည် ငါ့ကို ဘာမှ မကူညီခဲ့ကြဘူး။

ဆုတ်၍နေကြ၏။
ဤအရာ၏ ဆိုလိုရင်းမှာ ယောဘသည် ဒုက္ခနှင့် ပြည့်ပြီး ထိုအခြေအနေကို ရင်ဆိုင်ရန် ကြောက်ရွံ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားကို ကြောက်ရွံ့ခြင်းသည် အလားတူဖြစ်သည်။" (ရှု၊

သင်တို့ ပစ္စည်းဥစ္စာထဲကထုတ်၍ ငါ့ကိုပေးကြပါ။
ရန်သူလက်မှငါ့ကိုကယ်ယူကြပါ။ သူရဲလက်မှ ရွေးနှုတ်ကြပါဟု ငါပြောသလော။
"ငါသည် သင့်အား ငါ့ကို ပေးပါဟူ၍မပြောဆိုခဲ့ဖူးပါ။" သို့မဟုတ် "ဥစ္စာကို ပေးကမ်းပါ။ သို့မဟုတ် "မစပါ။" သို့မဟုတ် "ဖိနှိပ်ခံသော သူများကို ပြန်ပေးပါ။" (ရှု၊

သင်တို့ ပစ္စည်းဥစ္စာထဲကထုတ်၍ ငါ့ကိုပေးကြပါ။
ရန်သူလက်မှငါ့ကိုကယ်ယူကြပါ။
"လက်တော်" ဟူသော စကားလုံးသည် တန်ခိုး သို့မဟုတ် ထိန်းချုပ်မှုကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိချက်၊ "ငါ့ရန်သူက ငါ့ကို ထိန်းချုပ်ထားသည်.......ငါ့ကို ဖိနှိပ်သောသူများက ထိန်းချုပ်ကြသည်။" သို့မဟုတ် "ငါ့ရန်သူ၏ တန်ခိုး......ငါ့ကို ထိန်းချုပ်သောသူ၏ တန်ခိုး"

ငါ့ကိုကယ်ယူကြပါ။
ငါ့ကို ပြန်ရွေး ဝယ်သည်။

Job 24

ငါ့ကိုဆုံးမကြပါ။
ဤ "သင်ကြားသည်" နှင့် "ပြုလုပ်သည်" ဟူသော ကြိယာများသည် ဒုတိယပုဂ္ဂိုလ်အများဖြစ်ပြီး သူ့မိတ်ဆွေများကို ပြောဆိုထားပါသည်။" (ရှု၊

တိတ်ဆိတ်လျက်နေပါမည်။
ဤအရာသည် ဒေသအသုံးစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် တိတ်ဆိတ်စွာ နေမည်။"

ငါမှားသော အရာကို ငါ့အားဘော်ပြကြပါ။
အခြားသော ဘာသာပြန်ဆိုချက် - "ငါ့ကို နားလည်စေသည်။" ကြိယာသည် ဒုတိယပုဂ္ဂိုလ်အများကိန်းဖြစ်သည်။

သင်တို့ ကဲ့ရဲ့သောစကားသည် အဘယ်မှာနေရာကျသနည်း။
ယောဘက သူ့မိတ်ဆွေများ ပြောဆိုသော စကားသည် ခံယူလိုက်နာရန် မဖြစ်နိုင်ကြောင်းကို အထူးပြုစေရန်နှင့် သူ့မိတ်ဆွေများကို အပြစ်ဖော်ပြရန် ဤမေးခွန်းကို အသုံးပြုထားပါသည်။ ၎င်းကို စကားပြောအဖြစ် ရေးသားနိုင်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါ့အားမျက်နှာထား တင်းတင်းဖြင့် ပြုပြင်သော်လည်း သင်တို့၏ အပြစ်ဖော်ပြခြင်း အကြောင်းရင်းများသည် ငါ့အတွက် လိုက်လျှောက်စရာ မရှိပါ။"

သင်တို့ ကဲ့ရဲ့သောစကား
"သင်၏ အကြောင်းရင်း" သို့မဟုတ် "သင်၏ ကြေညာချက်များ"

Job 26

ငါစကားပြောရုံကာမျှကို အပြစ်တင်မည်ကြံစည်ကြသလော။
မြော်လင့်စရာမရှိသောသူ ပြောသော စကားသည် လေသက်သက်ဖြစ်၏။
သို့ဖြစ်လျှင်၊ ငါသည်မကြောက်ဘဲပြောရသော အခွင့်ရှိလိမ့်မည်
စိတ္တဇနာမ်ဖြစ်သော "ကြောက်ရသောအရာ" ဟူသည်မှာ
ကြောက်လန့်စရာကောင်းသည်ဟူသည့် ကြိယာစကားလုံး
အဖြစ်လည်း ဘာသာပြန်နိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား
ကြောက်လန့်စေသောအရာ နှင့် ကြောက်ရွံ့စေသောအမှုမှ
ကာကွယ်တော်မူပါ"

ငါသည်မကြောက်ဘဲပြောရသော အခွင့်ရှိလိမ့်မည်
"ထို့နောက် ငါပြောမည်"

ယခုမူကား၊ ပြောရသောအခွင့်ကိုမရ။
"အကြောင်းမူကား ယခုတွင် ဤအရာမည်သို့ ဖြစ်ပေါ်လာသည်။"

---

## Translation Questions

Job 9:1

လူသည် ဘုရားသခင်နှင့် ငြင်းခုံဖို့ကြိုးစားပါက မည်သို့ဖြစ်မည်နည်း?
လူသည် အကြိမ်တစ်ထောင်တွင် တစ်ကြိမ်မှ ဘုရားသခင်ကို
မဖြေနိုင်ပါ။

Job 9:4

ဘရားသခင်သည် အမျက်ထွက်လျှင် တောင်များကို မည်သို့လုပ်သနည်း?
သူသည် တောင်များကို ကြိုတင်သိစေခြင်းမရှိဘဲ
ဖယ်ရှားတော်မူသည်၊ မှောက်လှန်တော်မူသည်။

Job 9:7

ဘုရားသခင်သည် မည်သည့်အရာကို နင်းချေတော်မူသနည်း?
ဘုရားသခင်သည် ပင်လယ်လှိုင်းများကို ဆိတ်ငြိမ်စေ၍
နင်းချေတော်မူသည်။

Job 9:10

ဘုရားသခင်ဖြတ်သွားသောအခါ ယောဘက မြင်ရသလား?
ဘုရားသခင်ဖြတ်သွား၍ ယောဘသည် မမြင်၊
သတိပင်မထားလိုက်မိပါ။

Job 9:13

ယောဘသည် ဖြောင့်မတ်ခဲ့လျှင်ပင်၊ သူသည် ဘုရားသခင်ကို မည်သို့ခေါ်ရမည်နည်း?

ယောဘသည် ဘုရားသခင်ကို မဖြေနိုင်၊ ကရုဏာအတွက်သာ တောင်းလျှောက်နိုင်သည်။

Job 9:16

အဘယ်ကြောင့် ဘုရားသခင်သည် သူ့ဒဏ်ရာများကို တိုးပွားစေသည်ဟု ယောဘထင်သနည်း?

ဘုရားသခင်သည် သူ့ဒဏ်ရာများကို တိုးပွားစေသည်ဟု အကြောင်းမရှိဘဲ ယောဘ ယုံကြည်သည်။

Job 9:19

လူများသည် ဖြောင့်မတ်၊ ပြည့်စုံနိုင်သလော?

မဟုတ်ပါ၊ ထိုသို့ဖြစ်ခဲ့လျှင်ပင် သူ့နှုတ်သည် ပြစ်တင်၍ အပြစ်ရှိကြောင်း ထင်ရှားစေလိမ့်မည်။

Job 9:21

ဘုရားသခင်သည် ဖြောင့်မတ်သောသူများနှင့် မိုက်မဲသောသူများကို မတူအောင်ဆက်ဆံသည်ဟု ယောဘထင်သလော?

ဘုရားသခင်သည် ပြည့်စုံသောသူနှင့် မိုက်မဲသောသူနှစ်မျိုးစလုံးကို ဖျက်ဆီးတော်မူသည်ဟု သူပြောသည်။

Job 9:25

ယောဘသည် မိမိနေ့ရက်များကို မည်သည့်အရာနှင့် နှိုင်းယှဉ်သနည်း?

နေ့ရက်များသည် ပြေးသောတမန်ထက်ပင် မြန်ဆန်သည်၊ လှေကဲ့သို့လျှင်မြန်၍၊ ထိုးဆင်းသော လင်းယုန်ကဲ့သို့မြန်သည်။

Job 9:27

အဘယ်ကြောင့် ယောဘက သူ့မကျေနပ်ချက်များကို မေ့လျော့လျှင် အလကားဖြစ်မည်ဟု ပြောသနည်း?

ဘုရားသခင်သည် သူ့ကိုဖြောင့်မတ်သည်ဟု သတ်မှတ်မည်မဟုတ်၊ ယောဘကို ပြစ်တင်ရှုတ်ချမည်။

Job 9:32

မည်သည့်အရာကို တရားသူကြီးမလုပ်နိုင်ဟု ယောဘပြောသနည်း?

မည်သည့်တရားသူကြီးမျှ ဘုရားသခင်နှင့်ယောဘပေါ်တွင် လက်မတင်နိုင်။

Job 9:34

မည်သည့်အရာကို အရေးတရားသူကြီးက မလုပ်နိုင်ဟု ယောဘပြောသနည်း?

ယောဘထံမှ ဘုရားသခင်၏လှံတံကိုယူနိုင်သောတရားသူကြီးမရှိ၊ ယောဘအဖို့ ဘုရားသခင်၏ကြောက်မက်ဘွယ်ကြောက်လန့်စေမှုကို တရားသူကြီးမရှိ။

## Chapter 10

1 ငါ့ဝိညာဉ်သည် အသက်ကိုငြီးငွေ့၏။ မြည်တမ်း သောအပြစ်ကို ခံရမည်။ စိတ်အလွန်ညှိုးငယ်၍ ပြောရ မည်။ 2 ဘုရားသခင်ကို
လျှောက်ရသောစကားဟူမူကား၊ အကျွန်ုပ်ကို အပြစ်စီရင်တော် မမူပါနှင့်။ အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူမည်အကြောင်းကို
ပြတော်မူပါ။ 3 ကိုယ်တော်သည်ညှဉ်းဆဲတော်မူသင့်သလော။ ကိုယ်တိုင်ဖန်ဆင်းသောအရာကို ရွံရှာ၍၊ လူဆိုးတို့၏ အကြံအစည်ကို
ကောင်းကြီးပေးတော်မူသင့်သလော။ 4 ကိုယ်တော်သည် ရုပ်မျက်စိရှိတော်မူသလော။ လူမြင်သည်နည်း တူမြင်တော်မူသလော။ 5
ကိုယ်တော်၏နေ့ရက်တို့သည် လူနေ့ရက်ကဲ့သို့ ဖြစ်ပါသလော။ ကိုယ်တော်၏နှစ်တို့သည် လူယောက်ျား နေ့ရက်ကဲ့သို့ ဖြစ်ပါသလော။
6 အကျွန်ုပ်ပြုသော ဒုစရိုက်ကိုစစ်၍ အပြစ်ကို တွေ့ခြင်းငှါ အဘယ်ကြောင့် ရှာတော်မူသနည်း။ 7 အကျွန်ုပ်သည်
လူဆိုးမဟုတ်ကြောင်းနှင့် လက်တော်မှ အဘယ်သူမျှမကယ်မနုတ်နိုင်ကြောင်းကို သိတော်မူ၏။ 8 အကျွန်ုပ်တကိုယ်လုံးကို
လက်တော်နှင့်စေ့စပ်စွာ ဖန်ဆင်းတော်မူသည်ဖြစ်၍၊ ယခုဖျက်ဆီးတော်မူမည် လော။ 9 သရွတ်ကိုလုပ်သကဲ့သို့
အကျွန်ုပ်ကိုလုပ်တော်မူကြောင်းကို အောက်မေ့တော်မူပါ။ တဖန်မြေမှုန့် ဖြစ်စေတော်မူမည်လော။ 10 အကျွန်ုပ်ကိုနို့ကဲ့သို့
သွန်းလောင်း၍၊ ဒိန်ခဲကဲ့သို့ ခဲစေတော်မူပြီ မဟုတ်လော။ 11 အရေအသားဖြင့်ဖုံးလွှမ်း၍၊ အရိုးနှင့်အကြော တို့ဖြင့် ခိုင်ခံ့စေတော်မူပြီ။
12 အသက်ရှင်ရသောအကြောင်းနှင့်တကွ ကျေးဇူးများကိုပြုတော်မူပြီ။ ကြည့်ရှုပြုစုခြင်း ကျေးဇူးတော်သည် လည်း
အကျွန်ုပ်၏ဝိညာဉ်ကိုမစပါပြီ။ 13 ယခုရောက်သောအမှုတို့ကိုလည်း၊ နှလုံးတော်၌သိုထား၍ ကြံစည်တော်မူသည်နှင့်အညီ
ရောက်ကြောင်း ကို အကျွန်ုပ်သိပါ၏။ 14 အကျွန်ုပ်သည် ပြစ်မှားလျှင်၊ ကိုယ်တော် မှတ်တော်မူ၏။ အကျွန်ုပ်အပြစ်ကို
လွှတ်တော်မူမည် မဟုတ်။ 15 အကျွန်ုပ်သည်ဆိုးညစ်လျှင် အမင်္ဂလာရှိပါ၏။ ဖြောင့်မတ်သော်လည်း ကိုယ်မျက်နှာကိုမပြရ။
ကိုယ်ခံရသော ဒုက္ခဆင်းရဲကို ဆင်ခြင်၍ မိန်းမောတွေဝေလျက် နေရ ပါ၏။ 16 အကျွန်ုပ်ထလျှင် ကိုယ်တော်သည် ခြင်္သေ့ကဲ့သို့
အကျွန်ုပ်အပေါ်သို့ ခုန်၍ ကြောက်မက်ဘွယ်သော အခြင်းအရာတို့ကို ပြတော်မူ၏။ 17 အကျွန်ုပ်တဘက်၌ သက်သေခံတော်မူချက်
များပြား၍၊ အမျက်တော်ကို တိုးပွါးစေခြင်းငှါ ပြုတော် မူသဖြင့်၊ အကျွန်ုပ်တဘက်၌ ရန်စစ်တို့သည် အထပ် ထပ်ထကြွပါ၏။ 18
အကျွန်ုပ်ကို အမိဝမ်းထဲက အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။ ထိုသို့ပြုတော်မမူလျှင် အကျွန်ုပ် သည်အသက်မရှိ၊
အဘယ်သူမျှ အကျွန်ုပ်ကိုမမြင်ရပါ။ 19 ထိုသို့ အကျွန်ုပ်သည် မဖြစ်သကဲ့သို့ဖြစ်၍၊ အကျွန်ုပ်ကိုအမိဝမ်းထဲမှ သင်္ချိုင်းသို့
ဆောင်ပို့ရကြ၏။ 20 အကျွန်ုပ် နေ့ရက်တို့သည် နည်းပါးသည် မဟုတ် လော။ 21 မှောင်မိုက်နှင့်သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်၊ 22
သေခြင်းအရပ်ဖြစ်စေသော ညဉ့်ကဲ့သို့တခဲနက်မိုက်သဖြင့်၊ အလင်းပင်မှောင်မိုက်သက်သက်ဖြစ်၍၊ ရှင်းလင်းခြင်းအလျှင်၊
မရှိသောပြည်၊ အကျွန်ုပ်တခါရောက်ပြီးမှ တဖန်ပြန်၍ မလာရသောပြည်သို့ အကျွန်ုပ် သွား၍မရောက်မှီ၊ သက်သာခြင်း
အနည်းငယ်ရှိပါမည် အကြောင်းနေတော်မူပါ။ အကျွန်ုပ်ကို တတ်တိုင်းရှိစေ တော်မူပါဟု မြွတ်ဆို၏။

---

---

### Job 01

ငါ့ဝိညာဉ်သည် အသက်ကိုငြီးငွေ့၏
ငါသည် အသက်ရှင်ခြင်းကို မောပန်းသည်။

မြည်တမ်း သောအပြစ်ကို ခံရမည်
စိတ္တဇနာမ်များဖြစ်သော "ဖော်ပြခြင်း" နှင့် "မြည်တမ်းခြင်း" ကို "ဖော်ပြသည်" နှင့် "မြည်တမ်းသည်" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြည်တမ်းရမည့်အရာကို ငါသည် လွတ်လပ်စွာ ဖော်ပြမည်" သို့မဟုတ် "ငါသည် လွတ်လပ်စွာ ငြင်းခုံမည်"

စိတ်အလွန်ညှိုးငယ်၍ ပြောရ မည်။
ယောဘက ဝေဒနာ ခံစားသောအရာကို ခါးသီးခြင်းအရသာကဲ့သို့ နှိုင်းယှဉ်ထားပါသည်။ စိတ္တဇ နာမ်ဖြစ်သော "ခါးသီးခြင်း" ကို "ခါးသီးစွာ" ဟူသော ကြိယာဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်" အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အထဲ၌ ရှိသောအရာသည် ခါးသီးစွာ ပြောဆိုမည်" သို့မဟုတ် "ငါသည် ခါးသီးစွာ စကားပြောမည်"

ဘုရားသခင်ကို လျှောက်ရသောစကားဟူမူကား၊ အကျွန်ုပ်ကို အပြစ်စီရင်တော် မမူပါနှင့်။ အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူမည်အကြောင်းကို ပြတော်မူပါ။ ကိုယ်တော်သည်ညှဉ်းဆဲတော်မူသင့်သလော
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို အပြစ်စီရင်တော် မမူပါနှင့်။ အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူမည် အကြောင်းကို ပြတော်မူပါ။ ကိုယ်တော်သည် ညှဉ်းဆဲတော်မူ သင့်သလော။"

ကိုယ်တိုင်ဖန်ဆင်းသောအရာကို ရွံရှာ၍
အခြားသောဘာသာပြန်ဆိုချက်၊ "သင် ဖန်ဆင်းထားသော အရာ"

လူဆိုးတို့၏ အကြံအစည်ကို ကောင်းကြီးပေးတော်မူ သင့်သလော။
အကြံအစည်ကို ကောင်းကြီးပေးသည်ဟူသော ဒေသသုံးစကားသည် ဘုရားသခင်၏ အသိအမှတ်ပြုခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုးများ၏ အကြံအစည်ကို အသိအမှတ်ပြုသည်"

## Job 04

ကိုယ်တော်သည် ရုပ်မျက်စိရှိတော်မူသလော။ လူမြင်သည်နည်း တူမြင်တော်မူသလော
ဤမေးခွန်းနှစ်ခုသည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ ဤမေးခွန်းများက ဘုရားသခင်သည် လူမြင်သကဲ့သို့ သို့မဟုတ် နားလည်သကဲ့သို့ မမြင်နိုင်၊ နားမလည်နိုင်ကြောင်းကို အထူးပြုစေရန် ဖြစ်သည်။ ထိုအရာများကို စကားပြောအဖြစ်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် မျက်စိ မရှိပါ။ လူများ မြင်သကဲ့သို့ မမြင်ပါ"

ကိုယ်တော်၏နေ့ရက်တို့သည် လူနေ့ရက်ကဲ့သို့ ဖြစ်ပါသလော။ ကိုယ်တော်၏နှစ်တို့သည် လူယောက်ျား နေ့ရက်ကဲ့သို့ ဖြစ်ပါသလော
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပါယ် အတူတူလောက်သာဖြစ်သည်။

ကိုယ်တော်၏နေ့ရက်တို့သည်
သင်၏ နေ့ရက် အရေအတွက်များ

ကိုယ်တော်၏နှစ်တို့သည်
သင်၏ နှစ်ပေါင်း အရေအတွက်များ

အကျွန်ုပ်ပြုသော ဒုစရိုက်ကိုစစ်၊ အပြစ်ကို တွေ့ခြင်း
ဤစကားစုနှစ်ခုသည် အဓိပ္ပာယ်တူနီးပါးရှိသည်။

ဆက်စပ်ဖော်ပြချက်
အပိုဒ်ငယ် ၅ တွင် အစပြုထားသည့် စကားလုံးဖြစ်သော "သင်၏ နေ့ရက်များလော" ဟူသော မေးခွန်းကို အဆုံးသတ် စေပါသည်။

လက်တော်
ဤတွင် "ကိုယ်တော့် လက်တော်" ဟူသည်မှာ ဘုရားသခင်၏ တန်ခိုးကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ တန်ခိုးတော်မှ"

## Job 08

လက်တော်
ဤတွင် "လက်တော်" ဟူသည်မှာ ဘုရားသခင်နှင့် သူ၏ အပြုအမူများကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်"

ကျွန်ုပ်တကိုယ်လုံးကို လက်တော်နှင့်စေ့စပ်စွာ ဖန်ဆင်းတော်မူသည်ဖြစ်၍
ယောဘက ဘုရားသခင်သည် သူ့ကို မည်သို့ ဖန်ဆင်းထားသည်ကို အိုးသမားက ရွှံ့ဖြင့် ပြုလုပ်ထားသည့် အရာဖြင့် တင်စား ထားသည်။

သရွတ်ကိုလုပ်သကဲ့သို့ အကျွန်ုပ်ကိုလုပ်တော်မူကြောင်းကို အောက်မေ့တော်မူပါ
ငါ့ကို ပုံသွင်းပေးပြီး ပုံဖော်ပေးသည်။ "ဘောင်သွင်းသည်" ဟူသော စကားလုံးနှင့် "ခေတ်အလိုက် ဆင်ယင်သည်" ဟူသောအရာမှာ အတူတူပင်ဖြစ်သည်။

အောက်မေ့တော်မူပါ
"မှတ်ထားပါ"

တဖန်မြေမှုန့် ဖြစ်စေတော်မူမည်လော။
"ငါ့ကို မြေမှုန့်သို့ တဖန် ပြောင်းစေတော်မူပါ။"

## Job 10

ယေဘုယျအချက်အလက်
ဤအပိုဒ်များတွင် ယောဘက ဘုရားသခင်သည် သူ့ကို ဝမ်း၌ ရှိစဉ်ပင် မည်သို့ ပုံသွင်းထားသည်ကို ဖော်ပြရန် ကဗျာဆန်သော ဘာသာစကားများကို အသုံးပြုထားပါသည်။

အကျွန်ုပ်ကိုနို့ကဲ့သို့ သွန်းလောင်း၍၊ ဒိန်ခဲကဲ့သို့ ခဲစေတော်မူပြီ မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ငါ့ကို နို့ရည်ကဲ့သို့ သွန်းလောင်းခဲ့ရာ ဒိန်ခဲ ကဲ့သို့ သိပ်ထားသည်" သို့မဟုတ် "ကိုယ်တော်သည် ငါ့အား နို့ရည်မှ ဒိန်ခဲဖြစ်လာအောင် ဖန်ဆင်းထားသည်"

ကိုယ်တော်သည်
ဤတွင် "သင်" ဟူသည်မှာ ဘုရားသခင်ကို ရည်ညွှန်းထားပါသည်။

အကျွန်ုပ်ကို
ဤတွင် "အကျွန်ုပ်ကို" ဟူသည်မှာ ယောဘ ကိုယ်တိုင်ဖြစ်သည်။

အရေအသားဖြင့်ဖုံးလွှမ်း၍
ဘုရားသခင်က ယောဘ၏အသက်တာ၌ ဖုံးပေးသော အရေနှင့် အသားတို့ သည် သူ့အပေါ်သို့ ဖုံးပေးသော အဝတ်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အရေနှင့်အသားကို ငါ့အပေါ်၌ ဖုံးပေးတော်မူပြီ"

အရိုးနှင့်အကြော တို့ဖြင့် ခိုင်ခံ့စေတော်မူပြီ။
"ငါ့အား အတူတကွ ခိုင်ခန့်စေပြီ။" ဘုရားသခင်က ယောဘအားဝမ်းတွင်းကပင် အသားဖြင့်ဖုံးလွှမ်းထားခြင်းကို ဘုရားသခင်သည် အပ်ချုပ်သကဲ့သို့ သို့မဟုတ် အပ်ထိုးသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို အတူတကွထားစေပါသည်"

အကြော တို့ဖြင့်
အရိုးများသို့ ကြွက်သားများ ဆက်နွယ်သော ခန္ဓာကိုယ် အစိတ်အပိုင်း သို့မဟုတ် ခိုင်ခန့်သော အရာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း၊ အဖြူရောင် ကြိုးစ ကဲ့သို့ဖြစ်သည်။

## Job 12

အသက်ရှင်ရသောအကြောင်းနှင့်တကွ ကျေးဇူးများကိုပြုတော်မူပြီ။
စိတ္တဇ နာမ်ဖြစ်သော "အသက်" နှင့် "သစ္စာရှိခြင်း" ဟူသော အရာများသည် "အသက်ရှင်သည်" နှင့် "သစ္စာရှိမှု" ဟူ၍လည်း


generated on Sun Jun 30 02:37:40 2024

ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သစ္စာရှိပြီး သင်၏ ပဋိညာဉ်တရားနှင့် ငါ့ကို အခွင့်ပေးထားသည်"

ကြည့်ရှုပြုစုခြင်း ကျေးဇူးတော်
ဂရုစိုက်သည်

အကျွန်ုပ်၏ဝိညာဉ်ကိုမစပါပြီ
ဤတွင် ယောဘ၏အသက်သာကိုကို "ဝိညာဉ်" ဟူသောအရာဖြင့် ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် "ငါ့ကို ကွယ်ကာစောင့်ရှောက်သည်" သို့မဟုတ် "ငါ့အားသေချာစွာ စောင့်ကြည့်သည်" သို့မဟုတ် "ငါ့ကို လုံခြုံစွာ ထိန်းသိမ်းပေးသည်"

နှလုံးတော်၌သိုထား၍
သင်သည် ငါ့ကို စောင့်ကြည့်နေမည်

Job 15

အကျွန်ုပ်သည်ဆိုးညစ်လျှင်
ဆိုးသောအရာများကို ငါလုပ်လျှင်

အမင်္ဂလာရှိပါ၏
မည်မျှလောက် ငါ့အတွက် ကြောက်စရာကောင်းသနည်း။

ကိုယ်မျက်နှာကိုမပြရ
ဤဒေသသုံးစကားများသည် လုံခြုံမှုအတွက် ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ခေါင်းကို မြှောက်သည်" သို့မဟုတ် "စိတ်ချမှုရှိသည်" သို့မဟုတ် "ငါ့ကိုယ်ငါ သေချာမှုရှိသည်"

ကိုယ်ခံရသော ဒုက္ခဆင်းရဲကို ဆင်ခြင်၍ မိန်းမောတွေဝေလျက် နေရ ပါ၏
အခြားဖြစ်နိုင်သော အဓိပ္ပယ်များမှာ - တချို့သော အပိုင်းများဖြင့် နောက်လိုက်သည်၊ "ငါသည် ဒုက္ခဆင်းရဲနှင့် ဝေဒနာကိုခံ၍ ကျေးဇူးတရား မရှိသောအရာသည် ဝေဒနာများထက် သာ၍ ဆိုးရွားပါသည်။

ကိုယ်ခံရသော ဒုက္ခဆင်းရဲကို ဆင်ခြင်၍
ငါသည် လုံးလုံးအရှက်ကွဲသည် သို့မဟုတ် ငါ့ကို မည်သူကမျှ မရိုသေတော့ပါ"

အမင်္ဂလာ
အရှက်တရား

ကိုယ်ခံရသော ဒုက္ခဆင်းရဲ
ဤ စိတ္တဇ နာမ်ဖြစ်သော "ဆင်းရဲခြင်း" ကို "ဒုက္ခရောက်သည်" ဟူသော ကြိယာအဖြစ်လည်း အသုံးပြုဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား ဘုရားသခင် မည်သို့ ဒုက္ခရောက်စေသည်"

အခြင်းအရာတို့ကို ပြတော်မူ၏။
ပျောက်ဆုံးနေသော စကားလုံးကို ထောက်ပံ့ပေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါ ရှာနေသည်"

အကျွန်ုပ်ထလျှင်
ဤဒေသသုံးစကားသည် သူ့ကိုယ်သူ စိတ်ချခြင်း သို့မဟုတ် ဝါကြွားခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဝါကြွားသောသူ ဖြစ်လာသည်"

ကိုယ်တော်သည် ခြင်္သေ့ကဲ့သို့ အကျွန်ုပ်အပေါ်သို့ ခုန်၍
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ

ကြောက်မက်ဘွယ်သော အခြင်းအရာတို့ကို ပြတော်မူ၏။
ဤစကားစုက ဘုရားသခင်သည် သူ၏ ကြီးမားသောတန်ခိုးအားဖြင့် ယောဘအား မည်သို့ နာကျင်စေကြောင်း ကို ပြောင်းပြန်စကားဖြင့် ဖော်ပြထားပါသည်။

Job 17

အကျွန်ုပ်တဘက်၌ သက်သေခံတော်မူချက် များပြား၍
ဘုရားသခင်ထံမှ လာသော ယောဘ၏ ပြဿနာများသည် လူသားများသည် သူ့ကို ဆန့်ကျင့်ပြီး သက်သေထူသော အရာကဲ့သို့ ပြောဆိုထားပါသည်။

အမျက်တော်ကို တိုးပွါးစေခြင်းငှါ ပြုတော် မူသဖြင့်၊
စိတ္တဇ နာမ်ဖြစ်သော "ဒေါသ" သည် နာမဝိသေသန တည်းဟူသော "ဒေါသထွက်သော" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သာ၍ ဒေါသထွက်လာသည်"

အကျွန်ုပ်တဘက်၌ ရန်စစ်တို့သည် အထပ် ထပ်ထကြွပါ၏။
ယောဘအားဆန့်ကျင်သော ပြဿနာများကို ဘုရားသခင်စေလွှတ်ခြင်းသည် ဘုရားသခင်သည် သူ့ကို ဆန့်ကျင်သော ရန်သူ့သစ်များကို စဥ်ဆက်မပြတ် စေလွှတ်သကဲ့သို့ ပြောဆိုထားပါသည်။

Job 18

အကျွန်ုပ်ကို အမိဝမ်းထဲက အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။
ဤတွင် အမိဝမ်းထဲက ဆောင်ခဲ့ခြင်းဟူသောအရာကို ဤလောက၌ မွေးဖွားခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား အမိဝမ်းထဲက ဆောင်ခဲ့သည်" သို့မဟုတ် "ငါ့ကို ဤလောကသို့ ပို့ဆောင်ပေးသည်"

ထိုသို့ပြုတော်မမူလျှင် အကျွန်ုပ် သည်အသက်မရှိ၊
ဝိညာဉ်တစ်ပါးကို အရှုံးပေးခြင်းဟူသည်မှာ သေခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသည်"

အဘယ်သူမျှ အကျွန်ုပ်ကိုမမြင်ရပါ
ယောဘက "မျက်စိ" ဟူ၍ သုံးထားသောအရာသည် လူတစ်ယောက်လုံးကို ရည်ညွှန်းထားပါသည်။ သူသည် မည်သူမျှ သူ့ကို မမြင်တွေ့မှီ သေလျှင်သာ၍ ကောင်းသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ ငါ့ကို မမြင်ခင်" သို့မဟုတ် "ငါမမွေးခင်"

ထိုသို့ အကျွန်ုပ်သည် မဖြစ်သကဲ့သို့ဖြစ်၍
ငါသည် ဘယ်တော့မှ အသက်မရှင်ပါ

အကျွန်ုပ်ကိုအမိဝမ်းထဲမှ သင်္ချိုင်းသို့ ဆောင်ပို့ရကြ၏။
ငါ့ ကိုယ်ခန္ဓာသည် ပို့ဆောင်ခြင်း ခံရသည်။

Job 20

အကျွန်ုပ် နေ့ရက်တို့သည် နည်းပါးသည် မဟုတ် လော
ဤတွင် "ငါ၏ နေ့ရက်များ" ဟူသည်မှာ ယောဘ၏ အသက်တာ ရှည်လျားမှုကို ပုံဆောင်ထားပါသည်။ မေးခွန်းက ယောဘသည် နောက်ထပ်ရက် အနည်းငယ်သာ အသက်ရှင်ရန် မျှော်လင့်ထားသောအရာကို အထူးပြုစေရန်အတွက် အပြုသဘောဆောင်အဖြေကို ရရှိထားပါသည်။ ၎င်းကို စကားပြောအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အသက်ရှင်ရန် ရက်အနည်းငယ်သာ ကျန်ပါတော့သည်" သို့မဟုတ် "ငါ့ အသက်သည် မကြာခင် ကုန်ဆုံးမည်ဖြစ်သည်"

ပြည်
ဤတွင် သေသော ဝိညာဥ်များ သွားသောနေရာကို ပြည်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေရာ"

မှောင်မိုက်နှင့်သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်
"သေမင်း၏ အရိပ်လွှမ်းမိုးသောပြည်" ဟူသောစကားစုသည် မှောင်မိုက်ခြင်းဟူသော အမြင်ကို အရှိန်မြင့်စေသည်။" စကားစုနှစ်ခုတို့သည် သေသော ဝိညာဥ်များသွားသောနေရာကို ဖော်ပြထားပါသည်။

သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်
(ယောဘ ၃း ၅) တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ(../03/05.md).

ညဥ့်ကဲ့သို့တခဲနက်မိုက်သဖြင့်
သေသောဝိညာဥ်များ သွားသောနေရာကို မှောင်မိုက်သော ညဥ့်ကဲ့သို့ နှိုင်းယှဥ် ပြောဆိုထားပါသည်။

အလင်းပင်မှောင်မိုက်သက်သက်ဖြစ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ရှုပ်ထွေးမှုများနှင့် ပြည့်နှက်နေသည်" သို့မဟုတ် "ရှုပ်ထွေးမှုများ ရှိသောနေရာ"

အလင်းပင်မှောင်မိုက်သက်သက်ဖြစ်၍၊ ရှင်းလင်းခြင်းအလျှင်၊ မရှိသောပြည်
သေသော ဝိညာဥ်များသွားသော နေရာကို ညဥ့် အချိန်နှင့် နှိုင်းယှဥ်ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလင်းမရှိသောနေရာ"

---

## Translation Questions

Job 10:1

ယောဘသည် ဘုရားသခင်က သူ့ကို အပြစ်စီရင်မည် အစား မည်သည့်အရာကို ပြသရန် အလိုရှိသနည်း။
သူ့ကို အဘယ်ကြောင့် ပြစ်တင်သည်ကို ယောဘသည် ဘုရားသခင်အား ပြသစေလိုသည်။

Job 10:4

ဘုရားသခင်တွင် မည်သည့် မျက်စိအမျိုးအစားရှိသနည်းဟု ယောဘက မေးသနည်း။
ဘုရားသခင်တွင် ရုပမျက်စိရှိ၍ လူမြင်သည့်အတိုင်းမြင်တော်မူသလောဟု မေးခဲ့သည်။

ဘုရားသခင်သည် အဘယ်အရာကို စစ်၍ ရှာဖွေသည်ဟု ယောဘက ပြောသနည်း။
ဘုရားသခင်သည် ယောဘပြုသော ဒုစရိုက်ကို စစ်၍ အပြစ်ကို တွေ့ခြင်းငှာ ရှာသည်ဟု ယောဘက ပြောခဲ့သည်။

Job 10:8

ဘုရားသခင်၏ လက်တော်သည် ယောဘအတွက် မည်သည့်အရာကို လုပ်ပေးသနည်း။
ဘုရားသခင်သည် သူ၏ လက်တော်နှင့် ယောဘတကိုယ်လုံးကို စေ့စပ်စွာ ဖန်ဆင်းတော်မူခဲ့သည်။

Job 10:10

ဘုရားသခင်သည် ယောဘကို မည်သည့်အရာနှင့် ဖုံးလွှမ်းပေးခဲ့သနည်း။
ဘုရားသခင်သည် ယောဘကို အရေခွံနှင့်အသားဖြင့် ဖုံးလွှမ်းပေးခဲ့သည်။

Job 10:12

ဘုရားသခင်က ယောဘကို အဘယ်အရာအား အာမခံချက်ပေးခဲ့သနည်း။
ဘုရားသခင်က ယောဘကို သူ၏ အသက်နှင့် ဖြောင့်မတ်ခြင်းကို အာမခံချက်ပေးခဲ့သည်။

အကယ်၍ ယောဘသည် အပြစ်ပြုမိလျှင် ဘုရားသခင်က ဘာလုပ်မည်နည်း။
ယောဘသည် အပြစ်ပြုမိလျှင် ဘုရားသခင်က မှတ်တော်မူ၍ အပြစ်ကို လွှတ်ပေးမည်မဟုတ်ပါ။


generated on Sun Jun 30 02:37:40 2024

Job 10:15

ယောဘသည် ထလျှင် ဘုရားသခင်က မည်သို့ ပြုလုပ်မည်နည်း။
ဘုရားသခင်သည် ခြင်္သေ့ကဲ့သို့ သူ့အပေါ်တွင် ခုန်၍ ကြောက်မက်ဖွယ်သော အခြင်းအရာတို့ကို ပြခဲ့သည်။

Job 10:17

ဘုရားသခင်သည် ယောဘတဘက်၌ မည်သူများကို ခေါ်လာသနည်း။
ဘုရားသခင်သည် ယောဘတဘက်၌ သက်သေများစွာကို ခေါ်လာသည်။

Job 10:18

ယောဘသည် သူ၌ မည်သို့ဖြစ်ပျက်ရန် အလိုရှိသနည်း?
သူသည်ဝိညာဉ်ဆုံး၍၊ အဘယ်သူမျှ သူ့ကိုမမြင်ရဖို့ သူစိတ်ဆန္ဒရှိခဲ့သည်။

Job 10:20

ယောဘသည် မည်သည့်နေရာသို့သွား၍ ပြန်မလာခဲ့သနည်း။
သူသည် မှောင်မိုက်နှင့် သေခြင်းအရိပ် ဖုံးလွှမ်းသောပြည်သို့ သွားခဲ့သည်။

## Chapter 11

1 နေမတ်အမျိုးသား ဇောဖာမြွက်ဆိုသည်ကား၊ 2 စကားများ၍ အကျိုးရှိသည်မဟုတ်။ နှုတ်သီး ကောင်းသောသူသည် မိမိအပြစ်နှင့်
လွတ်ရမည်လော။ 3 သင်ပြောသောမုသာစကားကြောင့် သူတပါးတို့သည် တိတ်ဆိတ်စွာနေရမည်လော။ သင်ကဲ့ရဲ့သောအခါ
အဘယ်သူသည် အရှက်မကွဲနေရမည်နည်း။ 4 သင်က၊ ငါ့စကားဖြောင့်၏။ ဘုရားသခင့်ရှေ့တော်၌ ငါသန့်ရှင်း၏ဟု ဆိုမိပြီ။ 5
ဘုရားသခင်မိန့်တော်မူပါစေ။ သင့်တဘက်၌ နှုတ်တော်ကို ဖွင့်တော်မူပါစေ။ 6 နက်နဲသော ပညာအရာတည်းဟူသော
သင်နားလည်နိုင်သည်ထက်၊ နှစ်ဆသာသောအရာတို့ကို သင့်အားပြတော်မူပါစေ။ ထိုသို့ပြတော်မူလျှင် သင်သည်
အပြစ်ခံထိုက်သည်အတိုင်း အပြစ်ပေးတော်မမူကြောင်း ကိုသိရလိမ့်မည်။ 7 သင်သည် ဘုရားသခင်၏ ဇာတိတော်ကို စစ်၍
တွေ့နိုင်သလော။ အနန္တတန်ခိုးရှင်၏ ဇာတိကို စစ်၍ အကုန်အစင် နားလည်နိုင်သလော။ 8 မိုဃ်းကောင်းကင်ကိုမှီသည်ဖြစ်၍
သင်သည်အဘယ်သို့ပြုနိုင်သနည်း။ မရဏာနိုင်ငံထက် နက်သည် ဖြစ်၍ သင်သည်အဘယ်သို့ သိနိုင်သနည်း။ 9 အတိုင်းအရှည်သည်
မြေကြီးကိုလွန်လျက် သမုဒ္ဒရာထက်သာ၍ ကျယ်ဝန်းလျက်ရှိ၏။ 10 ဘုရားသခင်သည် ဘမ်းဆီးချုပ်ထား၍ စစ်ကြောတော်မူလျှင်
အဘယ်သူဆီးတားနိုင်သနည်း။ 11 ဘုရားသခင်သည် ဆိုးသောသူတို့၏ သဘောကို သိတော်မူ၏။ သူတို့အမှတ်တမဲ့ပြုသော
ဒုစရိုက်ကို သိမြင်တော်မူ၏။ 12 သို့သော်လည်း ရိုင်းသောမြည်းကလေးသည် လူအဖြစ်သို့ရောက်သောအခါ၊ လူမိုက်သည် ပညာ
သတိရလိမ့်မည်။ 13 သင်သည် စိတ်နှလုံးကို ပြင်ဆင်၍ လက်တို့ကို ဘုရားသခင်ထံတော်သို့ ဆန့်လျှင်ငင်း၊ 14 သင်ပြုသော
ဒုစရိုက်ကိုပယ်၍ သင့်အိမ်၌ ဆိုးညစ်သောအမှုကို လက်မခံလျှင်ငင်း၊ 15 အညစ်အကြေးနှင့်ကင်းလွတ်သော မျက်နှာကို ပြရလိမ့်မည်။
စိုးရိမ်စရာအကြောင်းမရှိ၊ တည်ကြည် လိမ့်မည်။ 16 ခံပြီးသောဒုက္ခဆင်းရဲကို မေ့လျော့လိမ့်မည်။ လွန်သွားပြီးသော ရေကိုကဲ့သို့
အောက်မေ့လိမ့်မည်။ 17 သင်၏အသက်သည်မွန်းတည့်အရောင်ထက် ထွန်းလင်းလိမ့်မည်။ ယခုမှောင်မိုက်သော်လည်း နံနက် ကဲ့သို့
လင်းလိမ့်မည်။ 18 မြော်လင့်စရာရှိသောကြောင့် မစိုးရိမ်ဘဲနေလိမ့်မည်။ ယခုအရှုံးခံရသော်လည်း လုံခြုံစွာ ငြိမ်ဝပ်လိမ့်မည်။ 19
အိပ်သောအခါ အဘယ်သူမျှ မချောက်မလှန့်ရ။ လူများတို့သည် သင့်ကိုတောင်းပန်ကြလိမ့်မည်။ 20 ဆိုးသော သူတို့၏မျက်စိသည်
အားလျော့လိမ့်မည်။ သူတို့သည် ပြေး၍မလွတ်ရကြ။ သူတို့မြော်လင့် စရာအကြောင်းသည် အခိုးအငွေ့သက်သက်ဖြစ်သည်ဟု
မြွက်ဆို၏။

---



generated on Sun Jun 30 02:37:40 2024

## Chapter 12

1 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ 2 သင်တို့သာလျှင် လူဖြစ်၍၊ သင်တို့နှင့်အတူ ဉာဏ်ပညာသေလိမ့်မည်ဟု ယုံမှားစရာမရှိရ။ 3
သို့သော်လည်း ငါသည် သင်တို့ကဲ့သို့ဉာဏ်ရှိ၏။ သင်တို့ထက် ငါယုတ်ညံ့သည်မဟုတ်။ ဤကဲ့သို့သော အရာများကို အဘယ်သူသည်
နားမလည်းဘဲနေသနည်း။ 4 ငါသည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံရအံ့သောငှါဆုတောင်းပဌနာပြုစဉ်တွင်၊ အိမ်နီးချင်း
ပြက်ယယ်ပြုသည်ကို ခံရသောသူဖြစ်၏။ အပြစ်မရှိ ဖြောင့်မတ်သောသူသည် ပြက်ယယ်ပြုခြင်းကို ခံရပါသည် တကား။ 5
ချော်လဲလုသောသူကို ပစ်လိုက်သောမီးခွက် ကဲ့သို့ ကောင်းစားသောသူသည် မှတ်တတ်၏။ 6 ထားပြလုပ်သောသူတို့၏နေရာသည်
ကောင်း စားတတ်၏။ ဘုရားသခင်၏ အာဏာတော်ကိုဆန်သော သူတို့သည် လုံခြုံစွာနေ၍၊ ဘုရားသခင်ပေးတော်မူသော စည်းစိမ်ကို
ခံစားတတ်ကြ၏။ 7 သားမျိုးနှင့်မိုဃ်းကောင်းကင်ငှက်တို့ကို မေးမြန်း လော့။ သူတို့သည် ဟောပြောသွန်သင်ကြလိမ့်မည်။ 8
မြေကြီးနှင့် ပင်လယ်ငါးတို့ကို မေးမြန်းလော့။ သူတို့သည် ပြသ၍ ဥပဒေသပေးကြလိမ့်မည်။ 9 ဤအမှုတို့ကို
ထာဝရဘုရားစီရင်တော်မူ ကြောင်းကို၊ ထိုတိရ စ္ဆာန်တကောင်မျှ မသိဘဲနေသလော။ 10 အသက်ရှင်သောသတ္တဝါအပေါင်းတို့၏ ဇီဝ
အသက်နှင့် လူသတ္တဝါခပ်သိမ်းတို့၏ ထွက်သက်ဝင်သက် သည် ဘုရားသခင့်လက်တော်၌ ရှိ၏။ 11
ခံတွင်းသည်အစာကိုမြည်းစမ်းသကဲ့သို့၊ နားသည် စကားကို စုံစမ်းသည် မဟုတ်လော။ 12 အသက်အရွယ်ကြီးသော သူတို့သည်
ဉာဏ်ပညာနှင့် ပြည့်စုံကြ၏။ 13 ဘုရားသခင်မူကား၊ ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံတော်မူ၏။ ပညာသတ္တိကို ပေးနိုင်သော
အခွင့်ရှိတော်မူ၏။ 14 ဖြိုဖျက်တော်မူလျှင် အဘယ်သူမျှ တည်ဆောက်ရသော အခွင့်မရှိ။ လူကို ချုပ်ထားသော်မူလျှင် အဘယ်သူမျှ
လွှတ်ရသောအခွင့်မရှိ။ 15 ရေများကို ဆီးတားပိတ်ပင်တော်မူလျှင် ခန်းခြောက်ရ၏။ တဖန် လွှတ်တော်မူ၍ မြေကြီးကို လွှမ်းမိုး ကြ၏။
16 တန်ခိုးတော်၊ ဉာဏ်တော်နှင့်ပြည့်စုံ၍၊ မှားသောသူနှင့် မှားစေသောသူတို့ကို ပိုင်တော်မူ၏။ 17 တိုင်ပင်မှူးမတ်တို့ကို
ဘမ်းဆီးသိမ်းသွားတော်မူ၏။ တရားသူကြီးတို့ကို ရူးသွပ်စေတော်မူ၏။ 18 ရှင်ဘုရင်တို့ကို အရာမှချ၍ ခါးကြိုးနှင့် ချည်တော်မူ၏။ 19
ယဇ်ပုရောဟိတ်တို့ကို ဘမ်းဆီးသိမ်းသွား၍၊ သူရဲတို့ကိုလည်း ရှုံးစေတော်မူ၏။ 20 နှုတ်သတ္တိရှိသော သူတို့ကို စကားအစေ၍၊
အသက်ကြီးသော သူတို့မှပညာကို နှုတ်တော်မူ၏။ 21 မင်းသားတို့ကို အရှက်ခွဲ၍၊ အားကြီးသော သူတို့ကို ရှုတ်ချတော်မူ၏။ 22
မှောင်မိုက်ထဲ၌ နက်နဲသောအရာတို့ကို ထင်ရှားစေ၍၊ သေခြင်းအရိပ်ကိုအလင်းထဲသို့ ထုတ်ဘော်တော် မူ၏။ 23
တိုင်းနိုင်ငံတို့ကိုချီးမြှောက်၍ တဖန်ဖျက်ဆီးတော်မူ၏။ တိုင်းနိုင်ငံတို့ကို ကျယ်စေခြင်းငှါ၎င်း ကျဉ်းစေ ခြင်းငှါ၎င်း၊ ပြုတော်မူ၏။ 24
မြေသားတို့တွင် အကြီးလုပ်သောသူတို့မှ ဉာဏ်ကိုနှုတ်၍၊ လမ်းမရှိသော တော၌လှည့်လည်စေတော် မူ၏။ 25 သူတို့သည်အလင်းမရှိ။
မှောင်မိုက်၌ စမ်းသပ်လျက်သွားရကြ၏။ ယစ်မူးသောသူကဲ့သို့ တိမ်းယိမ်းလျက် သွားစေတော်မူ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ထိုအမှုအလုံးစုံတို့ကို ငါ့မျက်စိသည် မြင်ပြီ။ ငါ့နားသည်လည်း ကြား၍နားလည်ပြီ။ 2 သင်တို့သိသမျှကို ငါသိ၏။ သင်တို့ထက်
ငါယုတ် ညံ့သည်မဟုတ်။ 3 အနန္တတန်ခိုးရှင်အား ငါလျှောက်ရသောအခွင့်၊ ဘုရားသခင်နှင့် ငါဆွေးနွေးရသောအခွင့်ရှိပါစေသော။ 4
သင်တို့သည် တယောက်မျှမကြွင်း၊ မုသာကို ပြုပြင်သောသူ၊ အသုံးမရသောဆေးသမား ဖြစ်ကြ၏။ 5 သင်တို့သည် စကားတခွန်းကိုမျှ
မပြောဘဲတိတ်ဆိတ်စွာနေကြပါစေ။ ထိုသို့နေလျှင် စင်စစ်ပညာရှိကဲ့သို့ ဖြစ်ကြလိမ့်မည်။ 6 ငါပြောမည်အကျိုးအကြောင်းစကားကို
နားထောင်ကြပါလော့။ ငါ့နှုတ်နှင့် ဆွေးနွေးနှီးနှောမည့် စကားကို နှလုံးသွင်းကြပါလော့။ 7 သင်တို့သည် လျစ်လျူသောစိတ်မရှိဘဲ
ဘုရားသခင့်ဘက်၌ ပြောချင်သလော။ ဘုရားသခင့်ဘက်၌နေ၍ မုသာကိုသုံးချင်သလော။ 8 မျက်နှာတော်ကိုထောက်လျက်သာ၊
ဘုရားသခင့်တဘက်၌နေ၍ ငြင်းခုံစစ်တိုက်ချင်သလော။ 9 သင်တို့ကိုကျပ်တည်းစွာ စစ်တော်မူလျှင်၊ သင်တို့၌
ကျေးဇူးရှိလိမ့်မည်လော။ လူကိုလှည့်စားသကဲ့သို့ ဘုရားသခင်ကို လှည့်စားနိုင်သလော။ 10 သင်တို့သည် လျှို့ဝှက်၍ သူ့မျက်နှာကို
ထောက်လျှင်၊ စင်စစ်သင်တို့ကို ဆုံးမတော်မူမည်။ 11 သင်တို့သည် တန်ခိုးအာနုဘော်တော်ကြောင့် မကြောက်ကြသလော။
ကြောက်မက်ဘွယ်သော ဂုဏ် တော်ကြောင့် မထိတ်လန့်ကြသလော။ 12 သင်တို့၏နည်းဥပဒေသစကားသည် မြေမှုန့်
ထက်သာ၍ပေါ့၏။ သင်တို့ ခိုလှုံသောမြို့ရိုးသည်လည်း သရွတ်မြို့ရိုးကဲ့သို့ ဖြစ်၏။ 13 တိတ်ဆိတ်စွာနေ၍ ငါပြောပါရစေ။ သို့ပြီးမှ
အမှုရောက်ချင်တိုင်း ရောက်ပါလေစေ။ 14 သို့သော်လည်း ငါသည် ကိုယ်အသားကို ပစပ် နှင့်ကိုက်ချီလျက်၊ ကိုယ်အသက်ကိုလည်း
လက်နှင့်ကိုင် လျက် ဆောင်သွားမည်။ 15 ငါ့ကိုသတ်တော်မူ၍၊ ငါမြော်လင့်စရာမရှိသော်လည်း၊ ရှေ့တော်၌
ကိုယ်အပြစ်ဖြေရာစကားကို ငါလျှောက်ထားမည်။ 16 ထိုသို့ပြုလျှင် ငါ၏ကယ်တင်ရာအကြောင်း ဖြစ်လိမ့်မည်။ အဓမ္မလူသည်
အထံတော်သို့မဝင်ရ။ 17 ငါ့စကားကို စေ့စေ့မှတ်ကြလော့။ ငါ့လျှောက် ထားချက်ကို နားထောင်ကြလော့။ 18 ယခုငါ့အမှုကို
ငါပြင်ဆင်ပြီ။ ငါ၌အပြစ်လွတ်ခြင်း ထင်ရှားမည်ဟု ငါသိ၏။ 19 ငါ့အပြစ်ကို ဘော်ပြမည့်သူကား၊ အဘယ်သူနည်း။ ထိုသို့ဘော်ပြလျှင်
ငါသည် တိတ်ဆိတ်စွာနေ၍ အသေခံပါမည်။ 20 ဒဏ်ခတ်ခြင်းနှစ်ပါးကိုသာ လျှော့တော်မူပါ။ ထိုသို့လျှော့လျှင် ကိုယ်တော်ကို
မရှောင်ပါ။ 21 လက်တော်ကိုသိမ်းတော်မူပါ။ ကြောက်မက်ဘွယ်သော အခြင်းအရာတော်အားဖြင့် အကျွန်ုပ်ကို ချောက် တော်မမူပါနှင့်။
22 ထိုအခါခေါ်တော်မူပါ။ အကျွန်ုပ်ပြန်လျှောက်ပါမည်။ သို့မဟုတ် အကျွန်ုပ်သည် အရင်လျှောက်ပါမည်။
ကိုယ်တော်အမိန့်ရှိတော်မူပါ။ 23 အကျွန်ုပ်ပြုမိသော ဒုစရိုက်အပြစ်တို့သည် အဘယ်မျှလောက်များပါသနည်း။ အကျွန်ုပ်ပြစ်မှား
ကျူးလွန်ခြင်းအပြစ်တို့ကို အကျွန်ုပ်အား ပြတော်မူပါ။ 24 ကိုယ်တော်သည် မျက်နှာတော်ကိုလွှဲ၍ အဘယ်ကြောင့် အကျွန်ုပ်ကို
ရန်သူကဲ့သို့ မှတ်တော်မူသနည်း။ 25 လေတိုက်သော သစ်ရွက်ကို ချောက်လှန့်တော်မူ မည်လော။ မြက်ခြောက်ကို
မှီအောင်လိုက်တော်မူမည် လော။ 26 အကျွန်ုပ်၌ ပြင်းစွာသောအပြစ်တင်သော စကားကိုမှတ်ထားတော်မူ၏။ အကျွန်ုပ်အသက်ငယ်စဉ်
တွင် ပြုမိသောအပြစ်ကြောင့် ယခုခံစေတော်မူ၏။ 27 အကျွန်ုပ်ကိုထိတ်ခတ်လျက်၊ အကျွန်ုပ်ထွက်ရာ လမ်းရှိသမျှကို
စောင့်လျက်နေ၍၊ အကျွန်ုပ်ပတ်လည်၌ စည်းလုပ်တော်မူ၏။ 28 ထိုသို့ခံရသောသူသည် ဆွေးမြေ့သောအရာကဲ့သို့၎င်း၊
ပိုးရွကိုက်စားသောအဝတ်ကဲ့သို့၎င်း အားလျော့ ပျက်ရပါ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 14

1 လူသည် မိန်းမဘွားသောသူဖြစ်သဖြင့်၊ အသက်တို၍ ဒုက္ခနှင့် ပြည့်စုံပါ၏။ 2 ပန်းပွင့်ကဲ့သို့ပွင့်၍ ရိတ်ဖြတ်ခြင်းကိုခံရပါ၏။
မတည်မရပ်ဘဲ အရိပ်ကဲ့သို့ ရွေ့သွားတတ်ပါ၏။ 3 ထိုသို့သောသူကို ကိုယ်တော်ကြည့်မှတ်တော်မူ သလော။
အကျွန်ုပ်နှင့်ဘက်၍တရားတွေ့တော်မူမည် လော။ 4 မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကို အဘယ်သူ
ထုတ်ဘော်နိုင်သနည်း။ အဘယ်သူမျှ မထုတ်မဘော်နိုင်ပါ။ 5 လူ၏နေ့ရက်တို့ကို မှတ်သား၍၊ သူနေရသော လအရေအတွက်ကို
ကိုယ်တော်သည်သိသဖြင့်၊ သူ မလွန်နိုင်သော အပိုင်းအခြားကို ထားတော်မူသော ကြောင့်၊ 6 မျက်စိတော်ကို လွှဲ၍ လူသည်သူငှါးကဲ့သို့
မိမိ နေ့ရက်ကို လွန်စေသည်တိုင်အောင် ငြိမ်ဝပ်ရသောအခွင့် ကို ပေးတော်မူပါ။ 7 သစ်ပင်ကိုခုတ်သော်လည်း၊ အငုတ်အချည်း
စည်းမရှိဘဲ အတက်ပေါက်လေဦးမည်ဟု မြော်လင့်စရာ ရှိ၏။ 8 မြေထဲမှာ အမြစ်ဟောင်း၍၊ မြေပေါ်မှာ အငုတ်သေသော်လည်း၊ 9
ရေငွေ့ကြောင့် အတက်ပေါက်၍၊ ပျိုးပင်ကဲ့သို့ အညွန့်တို့နှင့် ပြည့်စုံလိမ့်မည်။ 10 လူမူကားသေ၍ ဆွေးမြေ့တတ်၏။ လူသည်
အသက်ချုပ်ပြီးလျှင် အဘယ်မှာရှိသနည်း။ 11 အိုင်ရေပြတ်သကဲ့သို့၎င်း၊ မြစ်ရေခန်းခြောက် သကဲ့သို့၎င်း၊ 12 လူသည်အိပ်ပြီးမှ
နောက်တဖန်မထရ။ မိုဃ်း ကောင်းကင်မကုန် မဆုံးမှီတိုင်အောင် မနိုးရ။ အအိပ် အပျော်မပျက်ရ။ 13 ကိုယ်တော်သည် အကျွန်ုပ်ကို
သင်္ချိုင်းတွင်း၌ ဝှက်ထားတော်မူပါစေ။ အမျက်တော်မလွန်မှီတိုင်အောင် ကွယ်ကာတော်မူပါစေ။ အကျွန်ုပ် ကိုအောက်မေ့စရာ
အချိန်ကို ချိန်းချက်တော်မူပါစေ။ 14 လူသည် သေလျှင်အသက်ရှင်ပြန်ပါလိမ့်မည်လော။ အကျွန်ုပ် ပြောင်းလဲချိန်မရောက်မှီ၊
ပင်ပန်းစွာ အမှုထမ်းရသော နေ့ရက်ကာလပတ်လုံးသည်းခံလျက်နေ ပါမည်။ 15 အကျွန်ုပ်ကို ခေါ်တော်မူပါ။ အကျွန်ုပ်ပြန်
လျှောက်ပါမည်။ ကိုယ်တိုင်ဖန်ဆင်းတော်မူသော အရာကို သနားခြင်း စိတ်ရှိတော်မူပါ။ 16 ယခုမှာ အကျွန်ုပ်ခြေရာတို့ကို
ကိုယ်တော်သည် ရေတွက်၍၊ အကျွန်ုပ်အပြစ်တို့ကို စောင့်တော်မူ၏။ 17 အကျွန်ုပ်သည် မှားခြင်းအကြောင်းအရာကို
အိတ်၌တံဆိပ်ခတ်၍၊ အကျွန်ုပ်ဒုစရိုက်အပြစ်အပေါ်မှာ အထပ်ထပ်အပြစ်တင်တော်မူ၏။ 18 ပြိုသောတောင်သည်
ကွယ်ပျောက်တတ်ပါ၏။ ကျောက်သည်လည်း မိမိနေရာမှ ရွေ့လျော့တတ်ပါ၏။ ရေတိုက်သောကျောက်ခဲသည်လည်း
ပွန်းတတ်ပါ၏။ 19 လွှမ်းမိုးသောရေနှင့်အတူ မြေမှုန့်ပါသွားတတ်ပါ၏။ ထိုအတူ ကိုယ်တော်သည် လူမြော်လင့်စရာ အကြောင်းကို
ဖျက်တော်မူ၏။ 20 ကိုယ်တော်သည် လူကို အစဉ်နိုင်တော်မူ၍၊ လူသည်ကွယ်ပျောက်တတ်ပါ၏။ ထူးခြားသောမျက်နှာ ကို ပေး၍
အခြားသို့ လွှတ်လိုက်တော်မူ၏။ 21 သူ၏သားတို့သည် ချီးမြှောက်ခြင်းသို့ ရောက်သော်လည်း သူသည်မသိရပါ။ နှိမ့်ချခြင်းသို့
ရောက်သော် လည်း ထိုအမှုကိုပင် မရိပ်မိပါ။ 22 သို့ရာတွင် သူ၏ကိုယ်သည်ကိုက်ခဲလျက်၊
သူ၏ဝိညာဉ်သည်ညည်းတွားလျက်နေရပါသည်ဟု မြွတ်ဆို၏။

---



generated on Sun Jun 30 02:37:40 2024

## Chapter 15

1 တဖန်တေမန် အမျိုးသားဧလိဖတ်မြွက်ဆိုသည် ကား၊ 2 ပညာရှိသောသူသည် လေနှင့်တူသော အချည်း နှီးစကားကို
ပြောသင့်သလော။ မိမိဝမ်းကို အရှေ့လေ နှင့်ပြည့်စေသင့်သလော။ 3 အကျိုးမဲ့သောစကား၊ ကျေးဇူးမပြုနိုင်သော စကားနှင့်
ဆွေးနွေးသင့်သလော။ 4 သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအကျင့်၌ အကျိုးမရှိဟု ဆိုလို၏။ ဆိုတောင်းပဌနာပြုရာ ဝတ်ကို
ဆီးတားတတ်၏။ 5 သင်သည်ကိုယ်နှုတ်ဖြင့် ကိုယ်အပြစ်ကို ဘော်ပြ၏။ ပရိယာယ်ပြုသော သူ၏စကားကို သုံးတတ်၏။ 6 ငါသည်
သင့်ကိုအပြစ်မတင်၊ သင့်နှုတ်သည် သင့်ကိုအပြစ်တင်၏။ သင့်နှုတ်ခမ်းတို့သည် သင့်တဘက် ၌ သက်သေခံ၏။ 7 သင်သည်
အဦးဆုံးဘွားသောလူ ဖြစ်သလော။ တောင်များကို မဖန်ဆင်းမှီ သင့်ကိုဖန်ဆင်းသလော။ 8 ဘုရားသခင်နှင့် တိတ်ဆိတ်စွာတိုင်ပင်ဘူး
သလော။ ပညာကို ကိုယ်၌အကုန်အစင် သိမ်းထားပြီ လော။ 9 ငါတို့မသိ၊ သင်သိသောအရာမည်မျှရှိသနည်း။ ငါတို့၌မပါ၊
သင်နားလည်သောအရာမည်မျှရှိသနည်း။ 10 သင့်အဘထက်အသက်ကြီးသောသူ၊ ဆံပင်ဖြူ သောသူတို့သည် ငါတို့တွင်ရှိကြ၏။ 11
သင်၌ ဘုရားသခင်ပေးတော်မူသော သက်သာခြင်းအကြောင်း နည်းသလော။ သင်၌ဝှက်ထားသောအမှု တစုံတခုရှိသလော။ 12
ကိုယ်အလိုသို့လိုက်၍ အဘယ်ကြောင့် လွှဲသွားသနည်း။ အဘယ်ကြောင့် မျက်စောင်းထိုးသနည်း။ 13 သင်၏စိတ်သဘောသည်
ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၍၊ နှုတ်နှင့်ပြစ်မှားပေ၏။ 14 လူသည်အဘယ်သို့သော သူဖြစ်၍ သန့်ရှင်းနိုင်သနည်း။
မိန်းမဘွားသောသူသည် အဘယ်သို့သော သူဖြစ်၍ ဖြောင့်မတ်နိုင်သနည်း။ 15 ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့ကိုပင် ယုံတော်မမူ။
ကောင်းကင်ဘုံသော်လည်းရှေ့တော်၌ မစင်ကြယ်။ 16 သို့ဖြစ်လျှင်၊ ရေကိုသောက်သကဲ့သို့ ဒုစရိုက်အပြစ်ကို သောက်လျက်၊
ဆိုးညစ်ရွံ့ရှာဘွယ်သော လူသတ္တဝါ၌ အဘယ်ဆိုဘွယ် ရှိသနည်း။ 17-19 ငါ့စကားကို နားထောင်လော့။ တပါးအမျိုးသားနှင့် မရောနှော၊
ကိုယ်အမျိုးတမျိုးတည်းလျှင် မြေကို ပိုင်သော ပညာရှိတို့သည်၊ ဘိုးဘေးလက်ထက်မှစ၍ မထိမ်မဝှက်၊ ပြောဘူးသော အရာ၊
ငါ့ကိုယ်တိုင်မြင်သော အရာကို ငါပြသမည်။ 20 ဆိုးသောသူသည် တသက်လုံး ဒုက္ခဆင်းရဲကို ခံရ၏။ ညှဉ်းဆဲဘတ်သော သူသည်
မိမိအသက်အပိုင်း အခြားကို မသိရ။ 21 သူသည် ကြောက်မက်ဘွယ်သောအသံကို ကြားလျက်နေရ၏။ စည်းစိမ်ကို ခံစားစဉ်တွင်၊
ဖျက်ဆီး သော သူသည် လာတတ်၏။ 22 မှောင်မိုက်ထဲမှာ ဘေးလွတ်မည်ဟု မျှော်လင့် စရာမရှိ။ ထားသည့်သူ့ကို
ချောင်းမြောင်းလျက်ရှိ၏။ 23 စားစရာကို ရှာ၍လှည့်လည်ရ၏။ မိမိအဘို့ မှောင်မိုက်ကာလသည် အသင့်ရှိသည်ကို သိ၏။ 24
ဆင်းရဲခြင်းဒုက္ခနှင့် နာကြဉ်းခြင်းဝေဒနာတို့သည် ထိုသူကို ချောက်တတ်၏။ စစ်တိုက်ခြင်းငှါ အသင့် နေသော ရှင်ဘုရင်ကဲ့သို့ သူ့ကို
နိုင်တတ်၏။ 25 အကြောင်းမူကား၊ ထိုသူသည် ဘုရားသခင်၏ အာဏာတော်ကို ဆန်လျက်၊ အနန္တတန်ခိုးရှင်တဘက် ကနေ၍
ကိုယ်ကိုခိုင်ခံ့စေ၏။ 26 လည်ပင်းကို ဆန့်လျက်၊ ထူသောဒိုင်းပုနှင့် ဆီးကာလျက်၊ ဘုရားသခင်ကို တိုက်အံ့သောငှါ ပြေး၏။ 27
မိမိမျက်နှာကို ဆူဖြိုးခြင်းနှင့် ဖုံးအုပ်၍၊ ဝမ်းပျဉ်း အသားသည်လည်း ဆူဖြိုးလျက် အတွန့်တွန့်နေ၏။ 28 သို့သော်လည်း
လူဆိတ်ညံသောမြို့၊ အဘယ်သူ မျှမနေ။ လဲလုသော အိမ်တို့၌ သူသည်နေရ၏။ 29 ငွေမရတတ်ရ၊ သူ၏စည်းစိမ်မတည်ရ။ သူ၏
ဥစ္စာပစ္စည်းသည် မြေကြီးပေါ်မှာ မပြန့်ပွါးရ။ 30 သူသည် မှောင်မိုက်ဘေးနှင့်မလွတ်ရ။ မီးလျှံသည်သူ၏အခက်အလက်တို့ကို
လောင်လိမ့်မည်။ ဘုရားသခင်၏ နှုတ်တော်အသက်အားဖြင့် သုတ်သင် ပယ်ရှင်းခြင်းကို ခံရ၏။ 31 အဘယ်သူမျှလှည့်စားခြင်းကိုခံ၍
အနတ္တကို မခိုလှုံစေနှင့်။ သို့မဟုတ် အနတ္တအကျိုးကို ခံရလိမ့်မည်။ 32 အချိန်မစေ့မှီဆုံးခြင်းသို့ ရောက်လိမ့်မည်။ သူ၏
အခက်အလက်သည် မစိမ်းရာ။ 33 စပျစ်နွယ်ပင်ကဲ့သို့ မိမိ၌ မမှည့်သော အသီးကို ၎င်း၊ သံလွင်ပင်ကဲ့သို့ မိမိအပွင့်ကို၎င်း
ချွေရလိမ့်မည်။ 34 အဓမ္မလူ၏အသင်းသည် ဆိတ်ညံလိမ့်မည်။ တံစိုးစားသောသူတို့၏နေရာသည် မီးလောင်လိမ့်မည်။ 35
ထိုသူတို့သည်မကောင်းသောအကြံကို ပဋိသန္ဓေယူ၍ အနတ္တကိုဘွားတတ်ကြ၏။ သူတို့ဝမ်းထဲ၌မုသာကို ကိုယ်ဝန်ဆောင်တတ်သည်ဟု
မြွက်ဆို၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 16

1 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ 2 ထိုသို့သောစကားများတို့ကို ငါကြားဘူးပြီ။ သင်တို့ရှိသမျှသည် နှစ်သိမ့်စေခြင်းငှါ
ပြုသော်လည်း၊ ပင်ပန်းစေသော သူဖြစ်ကြပါသည်တကား။ 3 အချည်းနှီးသော စကားမကုန်နိုင်သလော။
သင်သည်စကားတုံ့ပြန်ပြောခြင်းငှါ အဘယ်ကြောင့် ရဲရင့်သနည်း။ 4 သင်တို့ပြောသကဲ့သို့ ငါသည်လည်းပြောနိုင်၏။ သင်တို့သည်
ငါကဲ့သို့ဖြစ်လျှင်၊ ငါသည်သင်တို့ တဘက်က စကားများကို ပုံ၍ထားနိုင်၏။ ခေါင်းကိုလည်း ခါနိုင်၏။ 5 ထိုသို့ငါသည်မပြုဘဲ၊
သင်တို့ကို ငါ့စကားနှင့် မစမည်။ အချည်းနှီးသောစကားကို ငါချုပ်တည်းမည်။ 6 ယခုမှာငါသည် ပြောသော်လည်းမသက်သာ၊
မပြောဘဲနေလျှင်လည်း ခြားနားခြင်းမရှိ။ 7 ဘုရားသခင်သည် ငါ့ကိုပင်ပန်းစေတော်မူပြီ။ငါ့အိမ်ကို သုတ်သင်ပယ်ရှင်းတော်မူပြီ။ 8
ငါ့ကိုခြေချင်းခတ်တော်မူ၍၊ ထိုခြေချင်းသည်ငါ့ တဘက်က သက်သေခံ၏။ ငါပိန်ကြုံခြင်းအရာသည် လည်း ငါ့တဘက်ကထ၍
မျက်နှာချင်းဆိုင်လျက် သက် သေခံ၏။ 9 အမျက်တော်သည် ငါ့ကိုအပိုင်းပိုင်းဆွဲဖြတ်၍ ညှဉ်းဆဲတတ်၏။ ငါ့အပေါ်မှာ
အံသွားခဲကြိတ်ခြင်းကို ပြုတော်မူ၏။ ငါ့ရန်သူသည်ငါ့ကို မျက်စောင်းထိုး၏။ 10 သူတပါးတို့သည် ငါ့ကိုပစပ်ဟကြ၏။ အရှက်ခွဲ ၍
ပါးကိုပုတ်ကြ၏။ ငါ့တဘက်က တညီတညွတ်တည်း စုဝေးကြ၏။ 11 ဘုရားသခင်သည်ငါ့ကို မတရားသောသူတို့တွင်
ချုပ်ထားတော်မူပြီ။ လူဆိုးတို့၏ လက်သို့အပ်တော်မူပြီ။ 12 ငါသည်ငြိမ်ဝပ်လျက်နေသောအခါ ငါ့အရိုးတို့ကို ချိုးတော်မူ၏။
လည်ပင်းကိုကိုင်၍ အပိုင်းပိုင်းပြတ်စေ ခြင်းငှါ လှုပ်တော်မူ၏။ ငါ့ကို ပစ်စရာစက်သွင်းတော် မူ၏။ 13 မြားတော်တို့သည် ငါ့ကိုဝိုင်း၍
ကရုဏာတော် မရှိဘဲ၊ ငါ့ကျောက်ကပ်ကို စူးစေတော်မူ၏။ ငါ့သည်းခြေအရည်ကိုမြေပေါ်၌ သွန်းတော်မူ၏။ 14
ငါ့ကိုအထပ်ထပ်ဆွဲဖြတ်၍၊ သူရဲကဲ့သို့ငါ့ကို ဟုန်းဟုန်းတိုက်လာတော်မူ၏။ 15 ငါသည်ကိုယ်အရေပေါ်မှာ လျှော်တေအဝတ်ကို ချုပ်၍
ကိုယ်ဦးချိုကို ရွှံ့နှင့်လူးပြီ။ 16 ငိုခြင်းအားဖြင့် ငါ့မျက်နှာပျက်လျက်၊ ငါ့မျက် ခမ်းအပေါ်မှာ သေခြင်းအရိပ်လွှမ်းမိုးလျက် ရှိ၏။ 17
သို့သော်လည်းငါ့လက်၌မတရားသော အမှုမရှိ။ ငါပြုသော ပဌနာသည် သန့်ရှင်း၏။ 18 အိုမြေကြီး၊ ငါ့အသွေးကိုဖုံး၍ မထားပါနှင့်။
ငါအော်ဟစ်ခြင်းအသံကို သင်၌မနေစေနှင့်။ 19 ဤအမှု၌ ငါ့သက်သေသည် ကောင်းကင်ပေါ် မှာ ရှိ၏။ 20 ငါ့သဘောကို
သိသောသူသည် မြင့်သောအရပ်၌ ရှိ၏။ ငါ့အဆွေခင်ပွန်းတို့သည် ငါ့ကိုကဲ့ရဲ့၍၊ ငါသည် ဘုရားသခင့်ရှေ့တော်၌
မျက်ရည်ကျလျက်နေ၏။ 21 လူသည် မိမိအသိအကျွမ်းနှင့်ဆွေးနွေးသကဲ့သို့ ဘုရားသခင်နှင့် ဆွေးနွေးရသောအခွင့်ရှိပါစေသော။ 22
နှစ်ပေါင်းမကြာမမြင့်မှီ တဖန်ပြန်၍ မလာရ သောလမ်းသို့ ငါလိုက်သွားရတော့မည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 17

[1] ငါ့အသက်ကုန်ပြီ။ ငါနေရသော ကာလလွန်ပြီ။ သင်္ချိုင်းသည် ငါ့အဘို့ဖြစ်၏။ [2] ကဲ့ရဲ့တတ်သော သူတို့သည်
ငါ့ရှေ့မှာရှိကြသည်မဟုတ်လော။ သူတို့နှောင့်ရှက်သော အခြင်းအရာတို့ကို အစဉ် ငါကြည့်မြင်ရသည်မဟုတ်လော။ [3]
အပေါင်ထားပါတော့။ အာမခံပေးပါတော့။ အဘယ်သူသည် ငါနှင့်ဂတိသစ္စာထားမည်နည်း။ [4] ကိုယ်တော်သည် သူတို့ဥာဏ်
ကိုကွယ်စေတော် မူသည်ဖြစ်၍၊ သူတို့ကို ချီးမြှောက်တော်မမူရ။ [5] အကြင်သူသည် ဥစ္စာကိုလုယူအံ့သောငှါ အဆွေခင်ပွန်းကို အပ်၏။
ထိုသူ၏သားတို့သည် မျှော်လင့်၍ စိတ်ပျက်ရကြလိမ့်မည်။ [6] ငါ့ကို သူတပါးကဲ့ရဲ့စရာ အကြောင်းဖြစ်စေတော်မူ၍၊ သူတို့သည်
ငါ့ကိုရွံ့ကြ၏။ [7] ဝမ်းနည်းခြင်းအားကြီးသောကြောင့် ငါ့မျက်စိ မှုန်၏။ ကိုယ်အင်္ဂါများတို့သည် အရိပ်ကဲ့သို့ ဖြစ်ကြ၏။ [8]
ဖြောင့်မတ်သော သူတို့သည် ဤအမှုကြောင့် မိန်းမောတွေဝေကြလိမ့်မည်။ အပြစ်ကင်းလွတ်သော သူတို့သည် အဓမ္မလူများတဘက်က
ကိုယ်ကိုကိုယ်နှိုးဆော် ကြလိမ့်မည်။ [9] ဖြောင့်မတ်သော သူတို့သည်လည်း တည်ကြည်ခြင်း၊ လက်စင်ကြယ်သောသူတို့သည်
ခွန်အားတိုးပွါးခြင်း ရှိကြလိမ့်မည်။ [10] သင်တို့မူကား တယောက်မျှမကြွင်း၊ ပြန်သွားကြ ပါတော့။ သင်တို့တွင်
ပညာရှိတစုံတယောက်ကိုမျှ ငါ မတွေ့နိုင်။ [11] ငါ့နေ့ရက်လွန်ပြီ။ ငါနှလုံးသွင်းမိသော အကြံ အစည်တို့သည် ပျက်စီးခြင်းသို့
ရောက်ကြပြီ။ [12] ညဉ့်သည် ငါ၌ နေကဲ့သို့ဖြစ်၍၊ ငါ့အလင်းသည် မှောင်မိုက်နှင့် နီးစပ်၏။ [13] သင်္ချိုင်းသည် ငါ့နေရာဖြစ်သည်ကို
ငါမြော်လင့် ၏။ ငါ့အိပ်ရာသည် မှောင်မိုက်၌ ခင်းလျက်ရှိ၏။ [14] ပုပ်စပ်ခြင်းအား၊ သင်သည် ငါ့အဘဖြစ်၏ဟူ၍၎င်း၊ တီကောင်အား
သင်သည်ငါ့အမိ၊ ငါ့နှမဖြစ် သည်ဟူ၍၎င်း ငါဆိုရ၏။ [15] သို့ဖြစ်၍ အဘယ်သို့ ငါမြော်လင့်ရသနည်း။ ငါမြော်လင့်စရာအကြောင်းကို
အဘယ်သူမြင်ရသနည်း။ [16] ထိုအကြောင်းသည် မရဏာနိုင်ငံအထဲသို့ဝင်၍၊ ငါနှင့်အတူ မြေမှုန့်၌ နိမ့်ချလျက်နေရမည်ဟု မြွက်ဆို၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 18

1 တဖန်ရှုအာအမျိုးသား ဗိလဒဒ်မြွက်ဆိုသည် ကား၊ 2 ဤစကားသည် အဘယ်အခါမှ ပြတ်လိမ့်မည် နည်း။ သတိပြုကြ။
သို့မှသာငါတို့သည် စကားပြောကြ မည်။ 3 သင်သည်ငါတို့ကို တိရစ္ဆာန်ကဲ့သို့ အဘယ်ကြောင့် မှတ်သနည်း။ အဘယ်ကြောင့်
မထီမဲ့မြင်ပြု သနည်း။ 4 အမျက်ထွက်၍ မိမိကိုယ်ကို ကိုက်ဖြတ်သောသူ၊ သင့်အတွက် မြေကြီးကိုစွန့်ပစ်ရမည်လော။ ကျောက်သည်
မိမိနေရာမှ ရွေ့ရမည်လော။ 5 အကယ်စင်စစ်ဆိုးသောသူ၏ အလင်းသည် ကွယ်လိမ့်မည်။ သူ၏မီးလျှံမတောက်ရ။ 6
သူ၏နေရာအလင်းလည်း မှောင်မိုက်ဖြစ်လိမ့် မည်။ သူ၏ဆီမီးလည်း သေလိမ့်မည်။ 7 ခိုင်ခံ့စွာသွားသောအခါ ကျဉ်းမြောင်းရာသို့
ရောက်လိမ့်မည်။ မိမိအကြံအစည်အားဖြင့် ရှုံးရလိမ့်မည်။ 8 ပိုက်ထဲသို့ အလိုလိုဝင်တတ်၏။ ကျော့ကွင်းပေါ်မှာ နင်းတတ်၏။ 9
ဂိုင်းပြုတ်၍ ခြေကို မိသဖြင့် ကျော့ကွင်းနှင့် မကျွတ်နိုင်ဘဲ နေရ၏။ 10 မြေ၌ဂျမ်းကြိုးကို သူ့အဘို့ ဝှက်ထားလျက်၊ သူသွားရာလမ်း၌
ထောင်ချောက်ကို ပြင်လျက်ရှိ၏။ 11 ကြောက်မက်ဘွယ်သော အခြင်းအရာတို့သည် ဝိုင်း၍ ကျပ်တည်းစွာ လိုက်နှင့်ကြလိမ့်မည်။ 12
သူသည် ငတ်မွတ်သောအားဖြင့် အားလျော့လျက်၊ ပျက်စီးခြင်း ဘေးနှင့် တွေ့လုလျက်ရှိ၏။ 13 ထိုဘေးသည် သူ၏အရိုးတို့ကို
ကိုက်ခဲ၍၊ သေမင်း၏သားဦးသည် သူ၏ခွန်အားကို မျိုလိမ့်မည်။ 14 သူခိုလှုံရာအကြောင်းကို သူ၏နေရာမှ ပယ်ရှင်း၍၊ သူ့ကိုယ်ကို
ဘေးဒဏ်တို့၏ ရှင်ဘုရင်ထံသို့ ဆောင် သွားရ၏။ 15 သူ၏နေရာ၌ အရှင်မရှိ။ ပျက်စီးခြင်းဘေးနေ၍ အမိုးပေါ်မှာ
ကန့်ဖြူးလျက်ရှိလိမ့်မည်။ 16 သူ၏အမြစ်တို့သည် သွေ့ခြောက်လျက်၊ အခက်အလက်တို့လည်း သေလျက်ရှိကြလိမ့်မည်။ 17
မြေပေါ်မှာသူ့ကို အောက်မေ့စရာအမှတ် ပျောက်ပျက်၍၊ ပွဲသဘင်၌ သူ၏နာမကို အဘယ်သူမျှ မခေါ်မပြော။ 18 သူ့ကိုအလင်းထဲက
မှောင်မိုက်ထဲသို့ မောင်း၍ လူ့ပြည်မှ နှင်ထုတ်ရ၏။ 19 သူ့အမျိုးတွင် သူ့သားမြေးမရှိ။ သူ၏အိမ်သူ အိမ်သားတယောက်မျှ
မကျန်ရစ်ရ။ 20 သူ၏လက်ထက်၌ရှိသော သူတို့သည် ထိတ်လန့်သကဲ့သို့၊ သူ့နောက်၌ဖြစ်သော သူတို့သည် သူ၏အမှု ကြောင့်
မိန်းမောတွေဝေကြလိမ့်မည်။ 21 အကယ်စင်စစ်ဆိုးသော သူ၏နေရာသည် ထိုသို့သော လက္ခဏာရှိ၏။ ဘုရားသခင်ကိုမသိသောသူ
သည် ထိုသို့သော နေရာသို့ ရောက်လိမ့်မည်ဟု မြွက်ဆိ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 19

[1-2] ယောဘပြန်၍ မြွက်ဆိုသည်ကား၊ သင်တို့သည် ငါ့စိတ်ဝိညာဉ်ကို နှောင့်ရှက်၍ အဘယ်မျှကာလပတ်လုံး သင်တို့စကားဖြင့်
ငါ့ကိုချိုးဖဲ့ကြလိမ့်မည်နည်း။ [3] ဆယ်ကြိမ်မြောက်အောင်ငါ့ကို ကဲ့ရဲ့ကြပြီ။ ငါ့ကိုမိန်းမောတွေ ဝေစေခြင်းငှါ အရှက်မရှိဘဲပြုကြပြီ။ [4]
ငါပြစ်မှားပြီ မှန်စေတော့။ ငါ့အပြစ်နှင့်ငါသာဆိုင်၏။ [5] သင်တို့သည်ငါ့အပေါ်၌ ဝါကြွား၍၊ ငါအရှက် ခံရသောကြောင့်၊
ငါ၌အပြစ်တင်ကြသော်လည်း၊ [6] ဘုရားသခင်သည်ငါ့ကိုလှဲ၍ မိမိကျော့ကွင်း၌ ကျော့မိတော်မူကြောင်းကို သိမှတ်ကြလော့။ [7]
ငါသည်ကိုယ်ခံရသော ညှဉ်းဆဲခြင်းကိုအကြောင်းပြု၍ မြည်တမ်းသော်လည်း၊ အဘယ်သူမျှ နားမထောင်။ အော်ဟစ်သော်လည်း
တရားသဖြင့် စီရင်သောသူမရှိ။ [8] ငါမသွားနိုင်အောင် ငါ့ရှေ့မှာအဆီးအကာပြု၍၊ ငါသွားရာလမ်း၌ မှောင်မိုက်ကိုထားတော်မူပြီ။ [9]
ငါ့ဂုဏ်အသရေကိုချွတ်၍၊ ငါ့ခေါင်းက ပေါင်းသရဖူကိုချတော်မူပြီ။ [10] ငါ့ကိုဝိုင်း၍ ဖျက်ဆီးတော်မူသဖြင့် ငါပျောက် ကုန်ပြီ။
သစ်ပင်ကို နှုတ်သကဲ့သို့၊ ငါမြော်လင့်ရသော အခွင့်ကို နှုတ်တော်မူပြီ။ [11] ငါ၌အမျက်တော်ကိုနှိုးဆော်၍၊ ငါ့ကိုရန်သူကဲ့သို့
မှတ်တော်မူ၏။ [12] စစ်ချီလာ၍၊ စစ်သူရဲတော်တို့သည် ငါ့ရှေ့သို့ ရောက်ခြင်းငှါ၊ ကျုံးတူး၍ ငါ့ပတ်လည်၌ တပ်ချကြ၏။ [13]
ငါ့ညီအစ်ကိုတို့ကို ငါနှင့် ကွာဝေးစေတော်မူ၏။ ငါ့အသိအကျွမ်းတို့သည် ငါ့ကိုမသိ၊ ရိုင်းသောသူဖြစ် ကြ၏။ [14] ငါ့ပေါက်ဘော်တို့သည်
ငါ့ကိုစွန့်၍၊ ငါ့သူငယ် ချင်းတို့သည် မေ့လျော့ကြ၏။ [15] ငါ့ကျွန်မများ၊ ငါ့အိမ်သူအိမ်သားများတို့သည် ငါ့ကိုဧည့်သည်ကဲ့သို့၎င်း၊
တကျွန်းတနိုင်ငံသားကဲ့သို့၎င်း မှတ်ကြ၏။ [16] ငါ့ကျွန်ကိုငါခေါ်သောအခါသူသည် မထူး၊ သူ့ကို နှုတ်ဆက်၍ တောင်းပန်ရ၏။ [17]
ငါ့မယားသည် ငါ့အသက်လေကို၎င်း၊ ငါ့သား သမီးတို့သည် ငါမြည်တမ်းခြင်းအသံကို၎င်း ရွံ့ကြ၏။ [18] သူငယ်တို့သည်လည်း
ငါ့ကိုမထီမဲ့မြင်ပြု၍ ငါထ သောအခါ ကဲ့ရဲ့ကြ၏။ [19] ငါ့မိတ်ဆွေတို့သည် ငါ့ကိုရွံ၍၊ ငါချစ်သော သူတို့ သည် ငါ့ရန်သူဖြစ်ကြ၏။ [20]
ငါ့အရေသားသည်ငါ့အရိုးတို့၌ ကပ်လျက်ရှိ၏။ သွားဖုံးတခုသာပါလျက်ငါပြေးလွတ်ရ၏။ [21] အိုအဆွေခင်ပွန်းတို့၊ ငါ့ကိုသနားကြပါ။
ငါ့ကိုသနားကြပါ။ ဘုရားသခင်၏ လက်တော်သည် ငါ့ကိုထိခိုက်ပါပြီ။ [22] ဘုရားသခင်ညှဉ်းဆဲတော်မူသည်နည်းတူ အဘယ်ကြောင့်
သင်တို့သည် ညှဉ်းဆဲကြသနည်း။ အဘယ်ကြောင့် ငါ့အသားကို စား၍ မရောင့်ရဲ့ဘဲနေကြသနည်း။ [23]
ငါ့စကားကိုယခုရေးမှတ်ပါစေသော။ စာရင်း၌သွင်းထားပါစေသော။ [24] ခဲပြားပေါ်မှာကညစ်နှင့်အက္ခရာတင်လျက်၊ ကျောက်စာထိုး
လျက်မြဲပါစေသော။ [25] ငါ့ကို ရွေးနှုတ်သောသခင်သည် အသက်ရှင်၍၊ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည် ဟူ၍၎င်း၊
[26] ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း၊ ငါသည်ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင်မည်ဟူ၍ ၎င်း ငါသိ၏။ [27]
ငါ့ဘက်၌ နေတော်မူသောဘုရားသခင်ကို ငါမြင်မည်။ သူတပါးမြင်သည်သာမက၊ ငါသည် ကိုယ် မျက်စိနှင့်ဖူးမြင်မည်။
ထိုသို့မြော်လင့်၍ ငါ့ကျောက်ကပ် သည် ပျက်လျက်ရှိ၏။ [28] ယခုမှာသင်တို့က၊ ငါတို့သည် သူ့ကိုအဘယ်သို့ ညှဉ်းဆဲရမည်နည်း။
သူ၌အပြစ်တင်သောအခွင့်ကို အဘယ်သို့ တွေ့ရမည်နည်းဟု ဆိုကြသည်ဖြစ်၍၊ [29] ထားဘေးကိုကြောက်ကြလော့။ အကြောင်းမူကား၊
အမျက်တော်သည်ထားဘေးဖြင့် အပြစ်ပေးတတ် ၏။ အပြစ်စီရင်ရသောအချိန်ရှိကြောင်းကို သိမှတ်ကြလော့ဟု မြွက်ဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 20

1 တဖန်နေမတ်အမျိုးသားဇောဖာမြွက်ဆိုသည်ကား၊ 2 ငါပြန်ပြောရမည်အကြောင်း၊ ငါ့စိတ်နှလုံးသည် နှိုးဆော်သောကြောင့်၊
ပြောချင်သောစိတ်အားကြီး၏။ 3 ငါသည်ကိုယ်ခံရသော ကဲ့ရဲ့ပြစ်တင်ခြင်း စကား ကိုကြား၍၊ ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့်
ငါပြန်ပြော ရ၏။ 4 ရှေ့ဦးစွာသောကာလ၊ လူကို မြေကြီးပေါ်မှာ နေရာချစကာလမှစ၍၊ 5 ဆိုးသောသူသည်ကြာမြင့်စွာကာလ
မဝါကြွားရ ကြောင်းကိုငင်း၊ အဓမ္မလူသည် ခဏသာဝမ်းမြောက် ကြောင်းကိုငင်း မသိသလော။ 6 သူ၏ ဘုန်းသည်
မိုဃ်းပေါ်သို့တက်၍၊ သူ၏ ခေါင်းသည် မိုဃ်းတိမ်တိုင်အောင် မှီသော်လည်း၊ 7 မိမိမစင်ကဲ့သို့အစဉ်ပျက်ရလိမ့်မည်။ သူ့ကို
မြင်ဘူးသော သူတို့က၊ ထိုသူသည် အဘယ်မှာရှိသနည်းဟု မေးကြလိမ့်မည်။ 8 သူသည်အိပ်မက်ကဲ့သို့ လွင့်ပြား၍ နောက်တဖန်
မတွေ့ရ။ ညဉ့်ရူပါရုံကဲ့သို့ ကွယ်ပျောက်ရလိမ့်မည်။ 9 သူ့ကိုမြင်ဘူးသော မျက်စိသည် နောက်တဖန် သူ့ကို မကြည့်မရှုရ။
သူ၏နေရာအရပ်သည် နောက် တဖန်သူ့ကိုမမြင်ရ။ 10 သူ၏သားတို့သည် ဆင်းရဲသားတို့ကို ဖျောင်းဖျ ရကြ၏။ သိုထားသောဥစ္စာကို
ကိုယ်လက်နှင့် ပြန်ပေး ရကြ၏။ 11 သူ၏အရိုးတို့သည် ပျိုသောအရွယ်၏ အရှိန် နှင့်ပြည့်စုံသော်လည်း၊ သူနှင့်တကွ မြေမှုန့်၌ အိပ်ရ
ကြလိမ့်မည်။ 12 သူသည်မိမိပစပ်၌ ဒုစရိုက်ကိုချိုနိုးထင်၍၊ မိမိလျှာအောက်မှာ ဝှက်ထားလျက်၊ 13 နှမြောသဖြင့် မစွန့်ရက်ဘဲ၊
မိမိပစပ်၌ ငုံသော် လည်း၊ 14 စားပြီးလျှင်သူ၏ ဝမ်းထဲမှာ သဘောပြောင်း၍ မြွေဆိုးအဆိပ်အတောက်ဖြစ်လိမ့်မည်။ 15
သူမျိုသောစည်းစိမ်ဥစ္စာကို တဖန်အန်ရလိမ့် မည်။ ဘုရားသခင်လည်း သူ့ကို ဝမ်းနှုတ်တော်မူမည်။ 16 သူသည်
မြွေဆိုးအဆိပ်အတောက်ကို စို့၍ မြွေဟောက်ကိုက်သဖြင့် သေရလိမ့်မည်။ 17 အသွယ်သွယ်သောမြစ်၊ နို့နှင့်ပျားရည်စီးသော မြစ်တို့ကို
မမြင်ရ။ 18 မိမိလုပ်၍ရသောဥစ္စာကို မိမိမသုံးဘဲ ပြန်ပေး ရ၏။ ပြန်ပေးရသော ဥစ္စာဖြစ်သောကြောင့် အားရခြင်း မရှိရ။ 19
ဆင်းရဲသားတို့ကို ညှဉ်းဆဲစွန့်ပစ်၍၊ မိမိ မဆောက်သော အိမ်ကို လုယူသောကြောင့်ငင်း၊ 20 လောဘမပြေနိုင်သောကြောင့်ငင်း၊ အလိုရှိ
သော ဥစ္စာတစုံတခုမျှမကြွင်း ဆုံးရှုံးရလိမ့်မည်။ 21 သူလုယူချင်သော လောဘလက်နှင့် အဘယ် အရာမျှ မလွတ်သောကြောင့်၊
သူ၏စည်းစိမ်မတည်ရ။ 22 ဥစ္စာကြွယ်ဝစဉ်တွင်ပင် ဆင်းရဲခြင်းနှင့်တွေ့၍၊ အမျိုးမျိုးသော အမှုတို့သည် ရောက်ကြလိမ့်မည်။ 23
သို့သော်လည်း သူသည်ဝစွာစားရ၏။ ဘုရားသခင်သည် အမျက်တော်အရှိန်ကို လွှတ်၍သူစားစရာဘို့ အမျက်တော် မိုဃ်းကို
ရွာစေတော်မူမည်။ 24 သံလက်နက်ကိုရှောင်၍ ပြေးသော်လည်း၊ ကြေးဝါလေးဖြင့် ထုတ်ချင်းခွင်းလိမ့်မည်။ 25 မြှားကိုနှုတ်လျှင်
မိမိကိုယ်ထဲက ထွက်လာ၏။ အရောင်တောက် သောထားသည်သူ၏ သည်းခြေထဲက ထွက်လာ၍၊ သူသည် မိန်းမောတွေဝေလျက်
နေရ၏။ 26 ခပ်သိမ်းသောဘေးတို့သည် သူ့အဘို့ သိုထား လျက်ရှိကြ၏။ လူမမွေးသောမီးသည် သူ့ကိုလောင်လိမ့် မည်။ သူ၏နေရာ၌
ကြွင်းသမျှသော အရာတို့ကို လောင် လိမ့်မည်။ 27 မိုဃ်းကောင်းကင်သည် သူ၏အပြစ်ကို ဘော်ပြ ၍၊ မြေကြီးသည်လည်း
သူ့တဘက်၌ ထလိမ့်မည်။ 28 သူ၏အိမ်၌ရှိသော ဥစ္စာသည်ကွယ်ပျောက်၍၊ အမျက်တော် ထွက်သာနေ့၌ ရေကဲ့သို့စီးသွားလိမ့်မည်။ 29
ထိုသို့သောဆုလပ်ကို ဘုရားသခင်သည် လူဆိုး အားပေးတော်မူ၏။ ထိုသို့သောအမွေဥစ္စာကို ဘုရား သခင် ခွဲဝေစီရင်တော်မူသည်ဟု
မြွက်ဆို၏။

---

Job 01

ယေဘုယျအချက်အလက်

ဇောဖာက ယောဘကို တုံ့ပြန်ခဲ့သည်။

တဖန်နေမတ်အမျိုးသားဇောဖာမြွက်ဆိုသည်ကား၊

[ယောဘ ၂း ၁၁] တွင်မည်သို့ ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ (../02/11.md). နောက်ပြီး ဤအရာက ဇောဖာအနေဖြင့် ဒုတိယအကြိမ် စကားပြောဆိုခြင်းဖြစ်ပြီး တစ်ခါတရံမှာ "နေမတ်အမျိုးသား" ဟူသော စကားလုံးမှာ ချန်လှပ်ထားတတ်သည်"

ငါပြန်ပြောရမည်အကြောင်း၊

ဤ ဇောဖာ၏ အတွေ့အခေါ်များသည် တစ်စုံတစ်ခုကို လုပ်ဆောင်ချင်သော စိတ်ဆန္ဒ ပြင်းထန်ခြင်းကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကို အမြန် အဖြေပေးစေလိုသည်"

ငါ့စိတ်နှလုံးသည် နှိုးဆော်သောကြောင့်၊ ပြောချင်သောစိတ်အားကြီး၏။

စိတ္တဇ နာမ်ဖြစ်သော "စိုးရိမ်ခြင်း" ဟူသည် "စိုးရိမ်သော" ဟူသည့် နာမဝိသေသနအဖြစ်လည်း ဖော်ပြနိုင်ပါသည်။ စိုးရိမ်မှုဟူသောအကြောင်းရင်းကို သေချာစွာ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကြောင့် စိုးရိမ်သည်" သို့မဟုတ် "သင်ပြောသော စကားကြောင့် ငါသည် စိုးရိမ်မိပါသည်"

ငါသည်ကိုယ်ခံရသော ကဲ့ရဲ့ပြစ်တင်ခြင်း စကား ကိုကြား၍၊

စိတ္တဇနာမ် ဖြစ်သော "ကဲ့ရဲ့ပြစ်တင်ခြင်း" ဟူသည်မှာ "အပြစ်ဖော်ပြသည်" ဟူသော ကြိယာအဖြစ်လည်း ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ကဲ့ရဲ့သောအသံကို ငါကြားရသည်။ သင်ပြောသောစကားသည် ငါ့ကို မရိုမသေ ဖြစ်စေသည်" သို့မဟုတ် "သင်ကဲ့ရဲ့သောစကားသည် ငါ့ကို စော်ကားခဲ့သည်"


generated on Sun Jun 30 02:37:40 2024

ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့် ငါပြန်ပြော ရ၏။
ဤတွင် "ဝိညာဉ်" ဟူသည်မှာ အတွေးအခေါ် သို့မဟုတ် အယူအဆကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါနားလည်သော အတွေးတစ်ခုက အဖြေပေးသည်"

ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့် ငါပြန်ပြော ရ၏။
ဤ"ဝိညာဉ်" သို့မဟုတ် အတွေးဟူသည် ဇောဖာအား အဖြေပေးသော လူတစ်ယောက်ကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ဉာဏ်မှီသလောက် တွေးကြည့်သည်။ ယခုတွင် ငါသိချင်သောအရာကို ငါသိသည်။"

ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့် ငါပြန်ပြော ရ၏။
စိတ္တဇ နာမ်ဖြစ်သော "ဝိညာဉ်" နှင့် "နားလည်ခြင်း" ဟူသောအရာသည် "စဉ်းစားသည်" နှင့် "နားလည်သည်" ဟူသော ကြိယာအနေဖြင့် ဖော်ပြနိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာများကို ငါသည်နားလည်သောကြောင့်၊ ငါ့ အတွေးအခေါ် ဖြင့် သင့်အားတုံ့ပြန်မည်။"

Job 04

ယေဘုယျအချက်အလက်
ဇောဖာသည် ဆက်ပြီး ယောဘအား စကားပြောသည်။

ရှေ့ဦးစွာသောကာလ၊ လူကို မြေကြီးပေါ်မှာ နေရာချစကာလမှစ၍၊
ဇောဖာက သူသည် ယခုတွင် မည်သို့ ပြောဆိုမည်ကို လေးနက်စွာ စဉ်းစားရန် ယောဘအားအကြောင်းဖြစ်စေသော အလင်္ကာမေးခွန်းဖြင့် အစပြုထားပါသည်။

ဆက်စပ်ဖော်ပြချက်
ဇောဖာက အပိုဒ်ငယ် ၄ တွင် သူအစပြုထားသော အလင်္ကာမေးခွန်းကို ပြီးမြောက်စေသည်။

ခဏသာဝမ်းမြောက် ကြောင်းကိုငှင်း
ဇောဖာက ယခုတွင် သူမည်သို့ ပြောဆိုမည်ဟူသောအကြောင်းကို စဉ်းစားစေရန် အကြောင့်ဖြစ်စေသော အလင်္ကာမေးခွန်းအဖြစ် အသုံးပြုထားပါသည်။ ဤအရာကို စကားပြောအဖြစ် ဖော်ပြနိုင်ပါသည်။ "သင်သည် လောက၌ ရှိသော လူသည် ခဏတာ အတွက်သာ ဖြစ်သည်ကို သင်လည်း သိသည်"

အဓမ္မလူသည် ခဏသာဝမ်းမြောက် ကြောင်းကိုငှင်း
အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် ခဏတာအတွက်သာ အောင်မြင်မှုရကြောင်း" သို့မဟုတ် "အဓမ္မလူတို့သည် ခဏသာ ဝမ်းမြောက်မှု ရသည်"

အဓမ္မလူသည် ခဏသာဝမ်းမြောက် ကြောင်းကိုငှင်း မသိသလော။
စိတ္တဇနာမ်ဖြစ်သော "ဝမ်းမြောက်ခြင်း" ဟူသည် "ဝမ်းမြောက်ပါ။" ဟူသော ကြိယာနှင့် သို့မဟုတ် "ပျော်ရွှင်သော" ဟူသည့် နာမဝိသေသန အဖြစ်လည်း ဖော်ပြနိုင်ပါသည်။ "ခဏသာ" ဟူသော စကားလုံးသည် အချိန်ကာလသည် တိုတောင်းကြောင်းကို အထူးပြုစေရန် တိုးချဲ့ထားသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားမဲ့သော သူတို့သည် ခဏတာအတွက် ဝမ်းမြောက်မှုရကြသည်။" သို့မဟုတ် "အဓမ္မလူတို့သည် ခဏတာအတွက် ပျော်ရွှင်မှု ရရှိကြသည်။"

Job 06

ယေဘုယျအချက်အလက်
ဇောဖာက ဆက်ပြီး ယောဘအား စကားပြောသည်။

သူ၏ ဘုန်းသည် မိုယ်းပေါ်သို့တက်၍၊
အဓမ္မလူတို့၏ ဘုန်းသည် မိုယ်းပေါ်သို့ တက်သော်လည်း။
စိတ္တဇနာမ်ဖြစ်သော "အမြင့်" ဟူသော စကားလုံးသည် "မြင့်သော" ဟူသည့် နာမဝိသေသန အဖြစ်ဖော်ပြနိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် မိုယ်းကောင်းကင်ထိ မှီအောင် အရပ်ရှည်သော်လည်း"

သူ၏ ဘုန်းသည် မိုယ်းပေါ်သို့တက်၍၊ သူ၏ ခေါင်းသည် မိုယ်းတိမ်တိုင်အောင် မှီသော်လည်း၊
အဓမ္မ လူဟူသည် "သူ့ ဂုဏ်" သို့မဟုတ် "မာန" ကို ပုံဆောင်ထားပါသည်။ နောက်ပြီး "မိုယ်းကောင်းကင်တိုင်အောင် မှီသည်" ဟူသော စကားလုံးသည်လည်း ကြီးမားမှုကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ဂုဏ်အသရေသည် ကြီးမြတ်သော်လည်း" သို့မဟုတ် "သူ့မာန်မာနသည် ကြီးသော်လည်း"

သူ၏ ခေါင်းသည် မိုယ်းတိမ်တိုင်အောင် မှီသော်လည်း၊
ထို့နောက် သူ့ခေါင်းသည် မိုယ်းတိမ်တိုင်အောင် မြင့်သော်လည်း။
ဤအရာသည် သူ၏ ဂုဏ်အသရေ သို့မဟုတ် ကြီးမားမှုကို ပုံဆောင်ထားပါသည်။ ထိုအရာ၏ ဆိုလိုရင်းမှာ အထက်က ဖော်ပြပြီးခဲ့သော စကားစုကဲ့သို့ ဖြစ်သည်။

မိမိမစင်ကဲ့သို့အစဉ်ပျက်ရလိမ့်မည်။
မစင်ဟူသည်မှာ မြေကြီးနှင့် ရောပြီး မပေါ်လာတော့ပါ။ ရည်ညွှန်းထားသောအရာမှာ အဓမ္မလူ၏ အကျိုးမရှိမှုကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့မစင်သည် မြေကြီး ပေါ်တွင် ကွယ်ပျောက်တတ်သကဲ့သို့ အစဉ်ပျက်စီးသွားမည်ဖြစ်သည်။"

မိမိမစင်ကဲ့သို့အစဉ်ပျက်ရလိမ့်မည်။
မစင်ဟူသော စကားလုံးသည် မသင့်တော်လျှင် သာသာပြန်သူအနေဖြင့် တစ်စုံတစ်ခုကို ကွယ်ပျောက်စေသည်ဟူသောအရာဖြင့် အစားထိုး နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လေတိုက်ရာတွင် လွင့်ပါးသွားသော မြေမှုန့်ကဲ့သို့ အစဉ် ကွယ်ပျောက်သွားမည်ဖြစ်သည်။"

Job 08

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအားဆက်ပြီး စကားပြောသည်။


generated on Sun Jun 30 02:37:40 2024

သူသည်အိပ်မက်ကဲ့သို့
အဓမ္မလူသည် လွင့်ပါးလိမ့်မည်။

သူသည်အိပ်မက်ကဲ့သို့ လွင့်ပြား၍ နောက်တဖန် မတွေ့ရ။ ညဥ့်ရူပါရုံကဲ့သို့ ကွယ်ပျောက်ရလိမ့်မည်။
ဤတွင် "လွင့်ပြားသည်" ဟူသောအရာနှင့် ကွယ်ပျောက်သည် ဟူသော စကားလုံးသည် ပြန်မပေါ်တော့ခြင်းကို ပုံဆောင်ထားပါသည်။ ထိုအရာများသည် လူများက မေ့ပျောက်သောအခါ ရူပါရုံနှင့် သူ့အိပ်မက်များ ပျောက်ကွယ်ပြီး မေ့ပျောက်တတ်ခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အိပ်မက်ကဲ့သို့ ကွယ်ပျောက်လိမ့်မည်" သို့မဟုတ် .... သူသည် ညက မြင်မက်သော အရာကဲ့သို့ မေ့ပျောက်သွားမည်။"

နောက်တဖန် မတွေ့ရ။
ဤအရာကို အပြုသဘောဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ သူ့ကို တွေ့နိုင်မည်မဟုတ်ပါ။"

သူ့ကိုမြင်ဘူးသော မျက်စိသည်
မျက်စိဟူသည် လူတစ်ယောက်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို တွေ့သောသူတိုင်း" သို့မဟုတ် "သူ့ကို တွေ့သောသူများ"

သူ၏နေရာအရပ်သည်
"သူ့၏နေရာ" ဟူသော စကားစုသည် သူ့နေရာအရပ်တွင် နေထိုင်သော သူများကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့နေရာ၌ နေထိုင်သောသူများ" သို့မဟုတ် "သူ့မိသားစု"

Job 10

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအား ဆက်ပြီး စကားပြောသည်။

သူ၏သားတို့သည်
အဓမ္မလူ၏ သားများသည်။

သိုထားသောဥစ္စာကို ကိုယ်လက်နှင့် ပြန်ပေး ရကြ၏။
ဤတွင် "လက်" ဟူသည်မှာ အဓမ္မလူ၏ သားများကို ရည်ညွှန်းသည်။ သူသေသောအခါ၊ သူ့တပါးထံမှ သူယူထားသော အရာအားလုံးကို သူ့သားသမီးများသည် ပြန်လည် ပေးအပ်ရမည်ဖြစ်သည်။

သူ၏အရိုးတို့သည် ပျိုသောအရွယ်၏ အရှိန် နှင့်ပြည့်စုံသော်လည်း၊
"အရိုးများ" ဟူသော စကားလုံးသည် သူ့ ကိုယ်ခန္ဓာကိုပုံဆောင်ထားပါသည်။ ပျိုသောအရွယ်၏ အရှိန်နှင့် ပြည့်စုံခြင်းဟူသည်မှာလည်း သန်မာသော လူပျိုကို ပုံဆောင်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ခန္ဓာကိုယ်သည် ပျိုသောသူ၏ ခန္ဓာကိုယ်ကဲ့သို့ သန်မာပါသည်။"

သူနှင့်တကွ မြေမှုန့်၌ အိပ်ရ ကြလိမ့်မည်။
"ထို" ဟူသော စကားလုံးသည် လူပျို၏ ခွန်အားကို ရည်ညွှန်းထားပါသည်။ " မြေမှုန့်၌ လဲလျောင်းသည် ဟူသော အစားထိုးစကားလုံးသည် သေခြင်းကို ပုံဆောင်ထားပါသည်။ သေဆုံးသော ခွန်အားဟူသည် ကွယ်ပျောက်သောအရာအတွက် တင်စားချက်တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း သူ၏ လူပျိုဖြစ်ခြင်း ခွန်အားသည် သူနှင့်အတူ သေဆုံးမည်" သို့မဟုတ် "သူသေဆုံးသောအခါ သူ၏ လူပျိုဖြစ်ခြင်း ခွန်အား ကွယ်ပျောက်သွားမည်။"

Job 12

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအားဆက်ပြီး စကားပြောပါသည်။

သူသည်မိမိပစပ်၌ ဒုစရိုက်ကိုချိုနိုးထင်၍၊
ဤတွင် "ဒုစရိုက်ကို ချိုနိုးထင်၍" ဟူသောစကားလုံးမှာ မကောင်းသောအမှုများနှင့် ပျော်မွေ့တတ်သော လူကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မအမှုကို လုပ်နေသော်လည်း ပါးစပ်ထဲတွင် ချိုမြိန်သောအစာကို မြည်းစမ်းသကဲ့သို့ ပျော်ရွှင်ကျေနပ်စေသည်။"

မိမိလျှာအောက်မှာ ဝှက်ထားလျက်၊
ဇောဖာက လူတစ်ယောက်သည် သူ့ပါးစပ်တွင် အစာကို ထည့်ထားပြီး အချိန်ကြာကြာ အရသာကြာရှည်ခံစေရန် ချိုမြိန်သော အစာထည့်ပေးသကဲ့သို့ အဓမ္မအမှုအကြောင်းကို ပြောဆိုထားပါသည်။

နှမြောသဖြင့် မစွန့်ရက်ဘဲ၊ မိမိပစပ်၌ ငုံသော် လည်း၊
ဇောဖာက အဓမ္မအမှုသည် တစ်စုံတစ်ယောက်က ချိုမြိန်သောအစာကို သူ့ လျှာတွင် ထည့်ပြီး အချိန် ကြာကြာ အရသာမြည်းစမ်းသကဲ့သို့ ပြေဆိုထားပါသည်။ ( ရှု၊ rc://*/ta/man/translate/figs-metaphor)

စားပြီးလျှင်သူ၏ ဝမ်းထဲမှာ သဘောပြောင်း၍
အစာသည် ဗိုက်ထဲ၌ သဘောပြောင်းလာသောအခါ၊ ထိုအရာသည် နာကျင်စေပြီး ခါးသီးစေပါသည်။ ဤအမှုသည် လူတစ်ယောက် အဓမ္မအမှုကို လုပ်ခြင်းကြောင့် အကျိုးဆက်ရလာသော နာကျင်မှုကို ကြုံတွေ့ခံစားရခြင်းကို တင်စားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မအမှုသည်" အစာအိမ်တွင် ခါးသည်းစွာ သဘောပြောင်း၍" သို့မဟုတ် "အစာအိမ်တွင် နာကျင်ခံစားနေရသော အစာကဲ့သို့သော အကျိုးဆက်များ"

သူ၏ ဝမ်းထဲမှာ သဘောပြောင်း၍ မြွေဆိုးအဆိပ်အတောက်ဖြစ်လိမ့်မည်။
အဓမ္မအမှုကို လုပ်ဆောင်ခြင်းမှ ရရှိလာသော ကြောက်စရာကောင်းသော အကျိုးဆက်များကို တွေ့ကြုံခံစားသည်။ အခြားသောဘာသာပြန်ဆိုချက်၊

 generated on Sun Jun 30 02:37:40 2024

"အဓမ္မအမှုကို လုပ်ဆောင်ခြင်း၏ အကျိုးဆက်များမှာ သူ့အထဲ၌ မြွေဆိုးကဲ့သို့ အဆိပ်အတောက်ဖြစ်စေမည်။" (ရှု၊

မြွေဆိုးအဆိပ်အတောက်
အဆိပ်ရှိသော မြွေဆိုးများ။

Job 15

ယေဘုယျအချက်အလက်
ဇောဖာက ယောဘကို ဆက်ပြီး စကားပြောသည်။

သူမျိုသောစည်းစိမ်ဥစ္စာကို တဖန်အန်ရလိမ့် မည်။
ဇောဖာက ကြွယ်ဝခြင်းနှင့် ဥစ္စာ ဆုံးရှုံးခြင်းသည် လူတစ်ယောက်က အစာစားပြီး တဖန် ပြန်အန်သောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် အလွန်ချမ်းသော်လည်း လူတစ်ယောက် အစာကို စားပြီး ပြန်အန်သကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည် သူ့ကို ဆုံးရှုံးရန် အကြောင်းဖြစ်စေသည်။"

ဘုရားသခင်လည်း သူ့ကို ဝမ်းနှုတ်တော်မူမည်။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ "ဝမ်းကို နှုတ်တော်မူသည်" ဟူသောအရာက ချမ်းသာမှုကို စုဆောင်းထားပြီး တစ်ကိုယ်ကောင်းဆန်စွာ သိုလှောင်ထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် ကြွယ်ဝမှုကို ရရှိပြီး သူ့အတွက်သာ စုဆောင်းထားသည်။" သို့မဟုတ် (၂) ချမ်းသာမှုကို မတရားနည်းလမ်းဖြင့် စုဆောင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် ချမ်းသာ ကြွယ်ဝမှုကို ခိုးယူသွားသည်။"

ဘုရားသခင်လည်း သူ့ကို ဝမ်းနှုတ်တော်မူမည်။
ဤတွင် "ဝမ်းကို နှုတ်တော်မူမည်။" ဟူသော အရာသည် လူတစ်ယောက်ကို အန်ထုတ်ရန် အကြောင်းဖြစ်စေသော အရာဖြစ်သည်။ ၎င်း၏ ဆိုလိုရင်းမှာ လူတစ်ယောက်ကို သူ့ချမ်းသာခြင်းများ ဆုံးရှုံးစေရန် တင်စားထားသောအရာဖြစ်သည်။

နှုတ်တော်မူမည်
လွှင့်ပစ်သည်။

သူသည် မြွေဆိုးအဆိပ်အတောက်ကို စို့၍
ဤတွင် "မြွေဆိုးအဆိပ်အတောက်ကို စို့၍" ဟူသည်မှာ မကောင်းသောအမှုများ လုပ်ဆောင်ခြင်းဖြစ်သည်။ နှစ်ခုစလုံးတို့သည် အန္တရာယ်ရှိသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသောအမှုကို လုပ်ခြင်းသည် အဆိပ်ကို စို့သကဲ့သို့ ဖြစ်သည်" သို့မဟုတ် "သူသည် လူတစ်ယောက်က မြွေဆိုးအဆိပ်ကို စို့သကဲ့သို့ သူသည် မကောင်းသောအမှုကို လုပ်လိမ့်မည် သို့မဟုတ် အန္တရာယ်ရှိစေမည်။"

စို့၍
အဆိပ်ရှိသော မြွေဆိုး။

မြွေဟောက်ကိုက်သဖြင့်
မြွေပွေးသည် အဆိပ်ရှိသော မြွေဖြစ်သည်။ ၎င်း၏ လျှာသည် မြွေ၏ ကိုက်ထားသော အဆိပ်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဆိပ်ရှိသောမြွေပွေးသည် သင့်ကို ကိုက်လိမ့်မည်။" သို့မဟုတ် "မြွေပွေးသည် သူ့ကို ကိုက်၍ သေလိမ့်မည်။"

မြွေဟောက်ကိုက်သဖြင့် သေရလိမ့်မည်။
မြွေပွေးသည် လူ၏ ဆိုးသွမ်းခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ဆိုးသွင်းခြင်းသည် မြွေပွေးကိုက်သကဲ့သို့ သူ့ကို သေစေမည်ဖြစ်သည်။"

Job 17

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအား ဆက်ပြီး စကားပြောသည်။

အသွယ်သွယ်သောမြစ်၊ နို့နှင့်ပျားရည်စီးသော မြစ်တို့ကို
မြစ်များနှင့် အသွယ်သွယ်စီးသော မြစ်တို့သည် ကြွယ်ဝခြင်းကို တင်စားထားပါသည်။ "နို့နှင့် ပျားရည်" ဟူသည်မှာ ကောင်းသောအရာများကို ဘုရားသခင်သည် လူတို့အားပေးကြောင်းကို ပုံဆောင်ထားသည့်အစားထိုးစကားလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းမွန်ပြီး ကြွယ်ဝသောအရာများကို ဘုရားသခင်သည် သူ့လူများကို ပေးထားပါသည်။ "

မိမိလုပ်၍ရသောဥစ္စာကို
ပုံမှန်အားဖြင့် "မိမိလုပ်၍ ရသော ဥစ္စာ" ဟူသည်မှာ လုပ်ဆောင်ရခြင်း၏ အကျိုးရလဒ်ဖြစ်သည်။ ဤအချက်သည် အဓမ္မလူက ခိုးယူခဲ့သောအရာများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရရှိရန် လုပ်ဆောင်သော အရာများ" သို့မဟုတ် "သူခိုးယူခဲ့သော အရာများ"

မိမိမသုံးဘဲ ပြန်ပေး ရ၏။
ဤတွင် "စားသုံးရန်" သူလုပ်ဆောင်သောအသီး ဟူသည်မှာ သူခိုးယူခဲ့ပြီးသော အရာများကို ခံစားရခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာများကို ခံစား၍ ရနိုင်မည် မဟုတ်ပါ။"

ပြန်ပေးရသော ဥစ္စာဖြစ်သောကြောင့် အားရခြင်း မရှိရ။
ဤအရာက အပျက်သဘောများကို တစ်ခုတည်းသာ ပြန်ပေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်အရာရာကို ရှုံ့ရှာပြီး ဘာမှ မကျန်ရစ်ပါ။" သို့မဟုတ် "သူသည် ရှုံ့ရှာသောကြောင့် ဘာမှ မကျန်တော့ပါ။"

ပြန်ပေးရသော ဥစ္စာဖြစ်သောကြောင့် အားရခြင်း မရှိရ။
ဤတွင် "ဝါးမျိုသည်" ဟူသော စကားလုံးမှာ သူ့ကိုယ်သူ ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အတွက် သူ မလုပ်ဆောင်သောအရာ ဘာမျှ မကျန်ပါ"

သို့မဟုတ် "အရာရာကို သူ့အတွက်သူ ယူသွားပြီး ဘာမှ မကျန်တော့ပါ။"

ညှဉ်းဆဲစွန့်ပစ်၍
သူသည် ရုတ်တရက် ဒုက္ခကို ကြုံတွေ့မည် ဖြစ်သည်။

ဆင်းရဲသားတို့ကို ညှဉ်းဆဲစွန့်ပစ်၍၊ မိမိ မဆောက်သော အိမ်ကို လုယူသောကြောင့်ရင်း
ဤတွင် "လက်" ဟူသောအရာသည် တန်ခိုးကို ပုံဆောင်ပြီး သူ့ကို ဆန့်ကျင်ရန် လာသော "လက်" ဟူသောအရာသည် လူများက သူ့ကို တိုက်ခိုက်ခြင်းကို ပုံဆောင်ထားသည်။ စိတ္တဇနာမ်ဖြစ်သော "ဆင်းရဲခြင်း" သည် "ဆင်းရဲသော" ဟူသည့် နာမဝိသေသနအဖြစ် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲခြင်းကို ခံသော လူတိုင်းက သူ့ကို တိုက်ခိုက်ကြလိမ့်မည်။" သို့မဟုတ် "ဆင်းရဲသော လူတိုင်းသည် သူ့ကို တိုက်ခိုက်ကြလိမ့်မည်။"

Job 20

သူလုယူချင်သော လောဘလက်နှင့် အဘယ် အရာမျှ မလွတ်သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အကုန်လုံးကို ကိုက်စားခဲ့သဖြင့် မည်သည့်အရာမျှ မကျန်တော့ပါ။" သို့မဟုတ် "သူသည် ဘာမျှ မကျန်တော့လောက်အောင် အကုန် ကိုက်စားခဲ့ပြီ။"

သူလုယူချင်သော လောဘလက်နှင့် အဘယ် အရာမျှ မလွတ်သောကြောင့်၊
"လုယူ" ဟူသည် သူ့အတွက် သက်သက် ယူခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့အတွက် ယူထားသဖြင့် မည်မျှ မကျန်တော့ပေ။" သို့မဟုတ် "သူသည် သူ့အတွက် အကုန် ယူထားသည် ဖြစ်ရာ အကျန်မရှိတော့ပါ။"

ဆင်းရဲခြင်းနှင့်တွေ့၍
"ရုတ်တရက် သူသည် ဒုက္ခတွေ့လိမ့်မည်။"

အမျိုးမျိုးသော အမှုတို့သည် ရောက်ကြလိမ့်မည်။
လူတို့သည် သူ့ကို တိုက်ခိုက်ကြမည်ဟူ၍ အဓိပ္ပါယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကြောင့် ဆင်းရဲသောသူတို့သည် သူ့ကို တိုက်ခိုက်ကြလိမ့်မည်။" သို့မဟုတ် "ဆင်းရဲသော သူတို့သည် သူ့ကို တိုက်ခိုက်လာကြလိမ့်မည်။"

Job 23

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအား ဆက်ပြီး စကားပြောသည်။

သို့သော်လည်း သူသည်ဝစွာစားရ၏။
ဤတွင် "သူ့အစာကို ဖြည့်ပေးသည်" ဟူသည်မှာ လွန်ကြူးစွာ စားသောက်ခြင်း ဟူသော အဓိပ္ပါယ်ရှိသည်။

ဘုရားသခင်သည် အမျက်တော်အရှိန်ကို လွှတ်၍သူစားစရာဘို့ အမျက်တော် မိုးယံးကို ရွာစေတော်မူမည်။
"အမျက်တော်အရှိန်" ဟူသည်မှာ ဘုရားသခင်၏ ဒေါသနှင့် အပြစ်ပေးခြင်း ကို ပုံဆောင်ထားပါသည်။ သူ့အပေါ်၌ အပြစ်ဒဏ်ကို လွှတ်ပေးခြင်း ဟူသည်မှာ သူ့ကို ကြပ်တည်းစွာ အပြစ်ပေးခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် အမျက်ထွက်ပြီး သူ့အပေါ်၌ အပြစ်ပေးခြင်းကို လွှတ်ချလိုက်သည်။" သို့မဟုတ် "ဘုရားသခင်သည် အမျက်ထွက်သောကြောင့် သူ့ကို ကြပ်တည်းစွာ အပြစ်ဒဏ်ပေးမည်ဖြစ်သည်။"

အမျက်တော် မိုယံးကို ရွာစေတော်မူမည်။
ဘုရားသခင်သည် သူ့အပေါ်၌ မိုးကို ရွာစေတော်မူမည်။ ဤတွင် "သူ့အပေါ်၌ ရွာသော မိုး" ဟူသည်မှာ လူ၌ အပြစ်ပေးခြင်းကို ဖြစ်ပျက်စေရန် အကြောင်း ဖြစ်စေခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ့ကို ကျပ်တည်းစွာ အပြစ်ဒဏ်ပေးမည်ဖြစ်သည်။"

သံလက်နက်ကိုရှောင်၍ ပြေးသော်လည်း၊
သံလက်နက် ဟူသည်မှာ ၎င်းကို သယ်ဆောင်လာသော လူကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သံလက်နက်ကို သယ်ဆောင်လာသော လူထံမှ ထွက်ပြေးသွားမည်။"

ကြေးဝါလေးဖြင့် ထုတ်ချင်းခွင်းလိမ့်မည်။
ကြေးဝါလေး ဟူသည်မှာ မြားနှင့် ပစ်သော လူပုဂ္ဂိုလ်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "'ကြေးဝါလေး ကိုင်ဆောင်သောသူသည် သူ့ကို ပစ်ခွင်းမည်။"

သည်းခြေထဲက
ဤအရာက ကျယ်ပြန့်ပြီး အရေးပါသော ခန္ဓာကိုယ်၏ အစိတ်အပိုင်းဖြစ်သည်။ တစ်စုံတစ်ယောက်သည် မြားဖြင့် ပစ်ခွင်းလျှင် ၎င်းမြားထိမှန်သောသူသည် သေလိမ့်မည်ဖြစ်သည်။

သူသည် မိန်းမောတွေဝေလျက် နေရ၏။
သူသည် ရုတ်တရက် ကြောက်ရွံ့ လာသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ကြောက်၍ မိန်းမောတွေဝေလာသည်။"

Job 26

ခပ်သိမ်းသောဘေးတို့သည် သူ့အဘို့ သိုထား လျက်ရှိကြ၏။
ခပ်သိမ်းသောဘေးဟူသည်မှာ ပျက်စီးခြင်းအသွင် တင်စားထားသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖျက်ဆီးခြင်း ဟူသည်မှာ သူ့ရတနာများအတွက် သီးသန့်ထားသောအရာဖြစ်သည်" သို့မဟုတ် "သူ့ ရတနာများသည် ပျက်စီးသွားမည်ဖြစ်သည်။"

လူမမွေးသောမီးသည် သူ့ကိုလောင်လိမ့် မည်။
ဤတွင် "ဝါးမျိုသည်" ဟူသည်မှာ ဖျက်ဆီးခြင်းကို တင်စားထားသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမမွေးသောမီးသည် သူ့ကို ဖျက်ဆီးလိမ့်မည်။"


generated on Sun Jun 30 02:37:40 2024

သူ၏နေရာ၌ ကြွင်းသမျှသော အရာတို့ကို လောင် လိမ့်မည်။
"လူမမွေးသော" ဟူသည်မှာ လူများက အစပြုခြင်းမရှိသော အရာကို ရည်ညွှန်းထားပါသည်။ ထိုအစား၊ ဘုရားသခင်သည် မီးကို ဖြစ်စေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများ မမွေးသော မီးသည် သူ့ကို ဖျက်ဆီးလိမ့်မည်။" သို့မဟုတ် "ဘုရားသခင်သည် သူ့ကို ဖျက်ဆီးရန် မီးကို အကြောင်းရင်းဖြစ်စေမည်။"

လောင် လိမ့်မည်။
ဤတွင် "လောင်သည်။" ဟူသောအရာမှာ ဖျက်ဆီးခြင်းကို တင်စားထားသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မီးသည် ဖျက်ဆီးလိမ့်မည်။"

မိုဃ်းကောင်းကင်........မြေကြီးသည်လည်း သူ့တဘက်၌ ထလိမ့်မည်။
ဖြစ်နိုင်သော အဓိပ္ပယ်များမှာ၊

Job 28

ယေဘုယျအချက်အလက်
ဤတွင် ယောဘထံ၌ ပြောသော ဇောဖာ၏ စကားဖြင့် အဆုံးသတ်သည်။

ကွယ်ပျောက်၍
ကွယ်ပျောက်သည်။

သူ၏အိမ်၌ရှိသော ဥစ္စာသည်ကွယ်ပျောက်၍၊
ဤတွင် "ကွယ်ပျောက်သည်" ဟူသောအရာမှာ သူ့ထံမှ ယူဆောင်သွားသော အရာကို ပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ဥစ္စာများသည် ရေကဲ့သို့ စီးသွားပြီး သူ့ထံမှ ယူဆောင်သွားမည်.။"

သူ၏အိမ်၌ရှိသော ဥစ္စာ
သူ၏ ပိုင်ဆိုင်မှုများ။

အမျက်တော် ထွက်သာနေ့၌
ဤတွင် "အမျက်တော်" ဟူသည်မှာ အပြစ်ဒဏ်ပေးခြင်းကို ဆိုလိုပါသည်။ စိတ္တဇ နာမ်ဖြစ်သော "အမျက်တော်" ကို အပြစ်ပေးသည်ဟူသော ကြိယာအဖြစ်လည်း ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က လူသားများကို အပြစ်ပေးသောနေ့ရက်၌"

ထိုသို့သောဆုလပ်ကို ဘုရားသခင်သည် လူဆိုး အားပေးတော်မူ၏။
ဤတွင် "ဘုရားသခင်ထံမှ ဆုလာဘ်" ဟူသည်မှာ ဘုရားသခင်သည် တစ်စုံတစ်ယောက်ဆီ၌ ဖြစ်ပျက်စေရန် ဆုံးဖြတ်ပြီးသားကို ပုံဖော်ထားပါသည်။ ၎င်းသည် ဘုရားသခင်က သူ့ကို တစ်ခုခုပေးနေသောအရာ ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် အဓမ္မလူဆီ၌ ဖြစ်ပျက်စေရန် ဘုရားသခင် စီမံသောအရာဖြစ်သည်။"

ထိုသို့သောအမွေဥစ္စာကို ဘုရား သခင် ခွဲဝေစီရင်တော်မူသည်ဟု မြွက်ဆို၏။
ဤအရာသည် တစ်စုံတစ်ယောက်ဆီသို့ ဖြစ်ပျက်စေရန် ဘုရားသခင်စီမံသော အရာကိုပုံဆောင်ထားပါသည်။ ၎င်းမှာ ဘုရားသခင်က အမွေအဖြစ် ပေးမည့်အရာကဲ့သို့ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူ့ကို ပေးရန်စီစဥ်သောအရာ" သို့မဟုတ် "ဘုရားသခင်က သူ့ကို ဖြစ်ပျက်စေရန် စီစဥ်ထားပြီးဖြစ်သည်။"

---

## Translation Questions

Job 20:1

အဘယ်ကြောင့် ဇောဖာသည် ယောဘကို လျင်မြန်စွာ ဖြေကြားခဲ့သနည်း?
သူ၏စိုးရိမ်မှုနှင့် သူနားလည်နိုင်သည်ထက် အဖြေနိုင်သောဝိညာဥ်ရှိသည်ကို ယုံကြည်သောကြောင့်ဖြစ်သည်။ သူသည် ယောဘ၏ပြစ်တင်မှုကိုကြားခဲ့ပြီး၊ ၎င်းသည် သူ့ကိုအရှက်ရစေသည်ဟု ပြောသည်။

Job 20:4

ဘုရားမဲ့သောသူ၏ပျော်ရွှင်မှုသည် မည်မျှကြာသနည်း?
ဘုရားမဲ့သောသူ၏ပျော်ရွှင်မှုသည် ခဏမျှသာ ဖြစ်သည်။

Job 20:6

မိုက်မဲသောသူသည် မည်သို့ပျက်စီးလိမ့်မည်နည်း?
သူသည် မိမိမစင်ကဲ့သို့ ထာဝရပျက်စီးလိမ့်မည်။

Job 20:8

မိုက်မဲသောသူသည် မည်သို့ပျောက်ကွယ်လိမ့်မည်နည်း?
သူသည် အိပ်မက်ကဲ့သို့ ပျံလွန့်လိမ့်မည်၊
ညတွင်မြင်သောရူပါရုံကဲ့သို့ ပျောက်လိမ့်မည်။

Job 20:10

မိုက်မဲသောသူ၏သားသမီးများသည် ဘာလုပ်ကြလိမ့်မည်နည်း?
သူ့သားသမီးများသည် ဆင်းရဲသောသူများကို တောင်းပန်ရကြလိမ့်မည်။

Job 20:12

မိုက်မဲသောသူအထဲရှိ မိုက်မဲခြင်းသည် မည်သို့ဖြစ်ပျက်သနည်း?
သူ့အူထဲရှိအစာများကို ခါးစေပြီး၊
သူ့အထဲရှိမြွေ၏များ၏အဆိပ်ကဲ့သို့ဖြစ်လာလိမ့်မည်။

Job 20:15

မိုက်မဲသူဝါးမျိုသော ကြွယ်ဝမှုများသည် မည်သည့် ဖြစ်လိမ့်မည်နည်း?
သူသည် သူတို့ကို တဖန်ပြန်ဝါးမျိုမည်။

Job 20:17

မိုက်မဲသောသူသည် အသက်ရှင်၍ ဘာကိုမခံစားရမည်နည်း?
သူသည် မြစ်များနှင့်၊ ပျားရည်နှင့် ထောပတ်စီးသောရေများ ကိုခံစားဖို့ရန် အသက်ရှင်မည်မဟုတ်ပါ။

မိုက်မဲသောသူသည် အဘယ်ကြောင့် မဝမ်းမြောက်ရလိမ့်မည်နည်း?
သူသည် ဆင်းရဲသောသူများကို ဖိနှိပ်၍ လျစ်လျူရှုသည်၊ မိမိမဆောက်သောအိမ်များကို ကြမ်းတမ်းစွာလုယူပြီ။

Job 20:20

မိုက်မဲသောသူ၏ ကြွယ်ဝမှုသည် အဘယ်ကြောင့် ထာဝရမတည်မြဲမည်နည်း?
အဘယ်ကြောင့်ဆိုသော် ဘာမှမကျန်အောင် အကုန်သုံးဖြုန်းဝါးမျိုသောကြောင့်ဖြစ်သည်။

Job 20:23

မိမိဝမ်းဗိုက်ကိုဖြည့်တော့မည့် မိုက်မဲသောသူအား ဘုရားသခင်မည်သို့လုပ်မည်နည်း?
သူသည် စားနေစဉ်တွင် ဘုရားသခင်သည် ပြင်းထန်သောအမျက်ကို ရွာသွန်းစေတော်မူလိမ့်မည်။

မိုက်မဲသောသူသည် သံလက်နက်ကို ရှောက်၍ထွက်ပြေးသောအခါ မည်သို့ဖြစ်မည်နည်း?
ကြေးဖြင့်ပြုလုပ်သော လေးသည် သူ့ကိုပစ်လိမ့်မည်။

Job 20:26

ကောင်းကင်နှင့်မြေကြီးသည် မိုက်မဲသောသူတဘက်၌ မည်သို့လုပ်ကြလိမ့်မည်နည်း?
ကောင်းကင်တို့သည် သူ့အပြစ်ကိုဖွင့်ပြ၍ မြေကြီးသည် သူ့တဘက်၌ သက်သေဖြစ်လိမ့်မည်။

Job 20:28

ဘုရားသခင်၏အမျက်တော်နေ့တွင် မိုက်မဲသောသူများသည် မည်သို့ဖြစ်လိမ့်မည်နည်း?
သူ့အိမ်၏စည်းစိမ်များသည် ပျောက်ကွယ်၍ သူ့ပစ္စည်းများသည် စီးမျောသွားလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 21

1 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ 2 ငါ့စကားကိုစေ့စေ့နားထောင်၍ ငါ့အားနှစ်သိမ့် ခြင်းကို ပြုကြလော့။ 3
ငါပြောရသောအခွင့်ရှိစေခြင်းငှါ သည်းခံကြ လော့။ ငါပြောပြီးမှ ပြက်ယယ်ပြုချင်လျှင် ပြုကြလော့။ 4 ငါမြည်တမ်းသောအရာနှင့်
လူဆိုင်သလော။ အဘယ်ကြောင့် စိတ်မတိုသင့်သနည်း။ 5 ငါ့ကိုကြည့်ရှုလျက် မိန်းမောတွေဝေ၍၊ သင်တို့ပစပ်ကို သင်တို့ လက်နှင့်
ဖုံးအုပ် ကြလော။ 6 ငါသည်အောက်မေ့သောအခါ။ မိန်းမောတွေဝေ၍၊ ကိုယ်အသားသည် တုန်လှုပ်လျက်ရှိ၏။ 7 လူဆိုးတို့သည်
အသက်ရှင်ရုံမျှမက၊ အဘယ်ကြောင့် အသက်ကြီး၍ ဘုန်းစည်းစိမ်နှင့် ပြည့်စုံကြ သနည်း။ 8 သူတို့သားသမီးတို့သည်
သူတို့ပတ်ဝန်းကျင် အရပ်၌ငှင်း၊ သူတို့အမျိုးအနွယ်သည် သူတို့ရှေ့မှောက် ၌ငှင်း နေရာကျကြ၏။ 9 သူတို့အိမ်များသည်လည်း
ဘေးနှင့်လွတ်၍ ငြိမ်ဝပ်ကြ၏။ ဘုရားသခင်ဒဏ်ခတ်တော်မူခြင်းနှင့် ကင်းလွတ်ကြ၏။ 10 သူတို့နွားလားသည် မချွတ်မလွဲ
အရှယ်လိုက်တတ်၏။ နွားမသည်လည်း ဝမ်းပိုးမပျက်ဘွားတတ်၏။ 11 သူတို့သူငယ်များကို သိုးစုကဲ့သို့လွှတ်၍၊ သားသမီးတို့သည်
ကခုန်တတ်ကြ၏။ 12 သူတို့သည် ပတ်တာနှင့်စောင်းကို တီးလျက်၊ သီချင်းဆို၍ နှဲခရာမှုတ်သံနှင့် ဝမ်းမြောက်တတ်ကြ၏။ 13
ပျော်မွေ့လျက် အသက်ကာလကို လွန်စေ၍၊ ချက်ခြင်းသေမင်းနိုင်ငံသို့ ဆင်းသက်တတ်ကြ၏။ 14 ဘုရားသခင်အားလည်း၊ ငါတို့ထံမှ
ထွက်သွားလော့။ ကိုယ်တော်၏တရားကို ငါတို့မသိလိုဟူ၍ငှင်း၊ 15 အနန္တတန်ခိုးရှင်သည် အဘယ်သို့သောသူဖြစ်၍ ငါတို့သည်
ဝတ်ပြုရမည်နည်း။သူ့ကိုဆုတောင်းလျှင် အဘယ်ကျေးဇူးရှိလိမ့်မည်နည်းဟူ၍ငှင်း ဆိုတတ်ကြ၏။ 16 သို့သော်လည်း သူတို့သည်
ကိုယ်စည်းစိမ်ကို ကိုယ်မပိုင်ကြ။ မတရားသောသူတို့၏ အကြံအစည်ကို ငါသည် ဝန်မခံ။ 17 မတရားသောသူတို့၏ မီးခွက်သည်
သေ၍၊ သူတို့ကို ဖျက်ဆီးခြင်းငှါ ဘုရားသခင်သည် အမျက်တော် ထွက်သဖြင့်၊ ဘယ်နှစ်ကြိမ်ဘေးဥပဒ်တို့ကို စီရင်တော်မူ
ဘူးသည်ကိုငှင်း၊ 18 သူတို့သည် လေရှေ့မှာအမှိုက်နှင့် မုန်တိုင်းတိုက် သွားသော ဖွဲကဲ့သို့ ဘယ်နှစ်ကြိမ်ဖြစ်ဘူးသည်ကိုငှင်း၊ 19
ဘုရားသခင်သည် သူ၏အပြစ်ကို သူ၏သားသမီးတို့အဘို့ ဘယ်နှစ်ကြိမ် သိုထားတော်မူဘူးသည်ကို ငှင်း၊ သူသည်ကိုယ်တိုင်သိ၍၊ 20
ကိုယ်ပျက်စီးခြင်းကိုကိုယ် မျက်စိနှင့် မြင်လျက်၊ အနန္တတန်ခိုးရှင်၏အမျက်တော်ကို သောက်စိမ့်သောငှါ၊ သူ၏အပြစ်ကို
ဘယ်နှစ်ကြိမ်ဆပ်ပေးတော်မူဘူးသည်ကို ငှင်းသိမှတ်ကြလော့။ 21 သူနေရသောနှစ်လစေ့သောအခါ၊ သူ့သားသမီးတို့၌
ရောက်သောအမှုနှင့် သူသည် အဘယ်သို့ ဆိုင်သနည်း။ 22 မြင့်သောအရပ်၌နေသောသူတို့ကို အစိုးရတော်မူသော
ဘုရားသခင်ကိုအဘယ်သူ သွန်သင်လိမ့်မည် နည်း။ 23 တယောက်သောသူကား ခွန်အားနှင့် ပြည့်စုံ လျက်၊ ငြိမ်ဝပ်ချမ်းသာစွာ
သေတတ်၏။ 24 သူ၏နံဖေးတို့သည် ဆူဖြိုး၍၊ အရိုးတို့လည်း ခြင်ဆီနှင့် စိုစွတ်ကြ၏။ 25 တယောက်သောသူကား တခါမျှမပျော်မွေ့၊
စိတ်ညှိုးငယ်လျက် သေတတ်၏။ 26 နှစ်ယောက်လုံးတို့သည် မခြားမနား၊ မြေမှုန့်၌ အိပ်၍ တီကောင်များ ဖုံးလွှမ်းခြင်းကို ခံရကြ၏။ 27
သင်တို့သည် အောက်မေ့သောအရာ၊ ငါ့ကို မနာလိုသော စိတ်နှင့်ဆင်ခြင်သောအရာတို့ကို ငါသိ၏။ 28 အာဏာထားတတ်သော
သူ၏အိမ်သည် အဘယ်မှာရှိသနည်း။ မတရားသောသူတို့၏ ဘုံဗိမာန်တို့ သည် အဘယ်မှာရှိသနည်းဟု သင်တို့သည် ဆိုကြလိမ့် မည်။
29 ခရီးသွားသောသူတို့ကို မမေးကြဘူးသလော။ 30 ဖျက်ဆီးရာနေ့ရက်ကာလဘို့ မတရားသော သူတို့သည်
ယခုဘေးလွတ်လိမ့်မည်အကြောင်း၊ ဒေါသ အမျက်ခံရာနေ့ရက်ကာလဘို့ယခုထွက်မြောက်လိမ့်မည်
အကြောင်းတည်းဟူသောသူတို့လက္ခဏာသက်သေများကို မသိကြသလော။ 31 သူပြုသောအမှုကို သူ့ရှေ့မှာ
အဘယ်သူဘော်ပြလိမ့်မည်နည်း။ သူ၏အပြစ်နှင့်အလျောက် အဘယ်သူ ဆပ်ပေးလိမ့်မည်နည်း။ 32 သူသည်
သင်္ချိုင်းသို့ရောက်၍၊ သူ၏သင်္ချိုင်းပုံကို အစောင့်ထားကြလိမ့်မည်။ 33 သူသည် ချိုင့်မြေစိုင်တို့ကို ချိုနိုးထင်လိမ့်မည်။
မရေတွက်နိုင်အောင်များစွာသောသူတို့သည် သူ့ရှေ့၌ သွားနှင့်သကဲ့သို့၊ သူသည် လူခပ်သိမ်းတို့ကို မိမိနောက်၌ သွေးဆောင်လိမ့်မည်။
34 သို့ဖြစ်၍ သင်တို့ပြန်ပြောသော စကား၌ မုသာပါသောကြောင့်၊ အဘယ်သို့ငါ့ကို အချည်းနှီးနှစ်သိမ့်စေ ကြလိမ့်မည်နည်းဟု
မြွက်ဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 22

1 တဖန် တေမန်အမျိုးသား ဧလိဖတ်မြွက်ဆိုသည် ကား၊ 2 လူသည် မိမိပညာအားဖြင့် မိမိအကျိုးကို ပြုစုသကဲ့သို့ ဘုရားသခင်၌
ကျေးဇူးပြုနိုင်သလော။ 3 သင်၏ဖြောင့်မတ်ခြင်းအားဖြင့်၊ အနန္တတန်ခိုး ရှင်သည် ကျေးဇူးရှိတော်မူသလော။ သင်၏အကျင့်၌
အပြစ်မပါကြောင်းကို ထင်ရှားစေသောအားဖြင့် အကျိုး စီးပွါးရှိတော်မူသလော။ 4 သင့်ကိုကြောက်ရွံ့သောကြောင့် ဆုံးမပေးတော်
မူမည်လော။ သင်နှင့်တရားတွေ့တော်မူမည်လော။ 5 သင်ပြုသော ဒုစရိုက်သည် အလွန်ကြီးသည် မဟုတ်လော။ သင့်အပြစ်တို့သည်
မရေတွက်နိုင်အောင် များပြားသည်မဟုတ်လော။ 6 သင်သည်ညီအစ်ကိုပေါင်ထားသော ဥစ္စာကို မတရားသဖြင့် ခံယူပြီ။
ဆင်းရဲသောသူတို့၏ အဝတ်ကို လည်း ချွတ်ယူပြီ။ 7 မောသောသူသောက်ဘို့ ရေကိုမပေး။ ငတ်မွတ်သောသူကိုမကျွေး။ 8
အားကြီးသောသူမူကားမြေကို ပိုင်ရ၏။ ဂုဏ်အသရေရှိသော သူသည် နေရသောအခွင့်ကိုရ၏။ 9 သင်သည် မုတ်ဆိုးမတို့ကို
လက်ချည်းလွှတ်လိုက်၍၊ မိဘမရှိသော သူငယ်တို့၏လက်ကိုချိုးပြီ။ 10 ထိုကြောင့် ကျော့ကွင်းနှင့် ကျော့မိပြီ၊ ထိတ်လန့်သောစိတ်နှင့်
ပင်ပန်းရ၏။ 11 မမြင်နိုင်သောမှောင်မိုက်သည် ညှဉ်းဆဲ၍၊ ပြင်းစွာစီးသောရေသည် လွှမ်းမိုးရ၏။ 12 ဘုရားသခင်သည်
ကောင်းကင်ဘဝဂ်ပေါ်မှာ ရှိတော်မူသည်မဟုတ်လော။ ကြယ်တို့သည် အဘယ်မျှ လောက်မြင့်ကြသည်တကား။ 13 သို့ဖြစ်၍သင်က၊
ဘုရားသခင်သည် အဘယ်သို့ သိတော်မူမည်နည်း။ ထူသောတိမ်တိုက်ကွယ်လျက်နှင့် စီရင်တော်မူနိုင်မည်လော။ 14 မမြင်နိုင်အောင်
ထူထပ်သောတိမ်တို့သည် ကိုယ်တော်ကို လွှမ်းမိုးကြ၏။ ကောင်းကင်စကြဝဠာ ထိပ်ပေါ်မှာ လှည့်လည်တော်မူသည်ဟု ဆိုတတ်၏။ 15
ကာလအချိန်မစေ့မှီ ဖျက်ဆီးခြင်း၊ ရေလွှမ်းမိုး၍၊ 16 အခြေအမြစ်ပယ်ရှင်းခြင်းကို ခံရသောသူတည်းဟူသော ဘုရားသခင်အား
ငါတို့ထံမှ ထွက်သွားလော့ဟူ ၍၎င်း၊ အနန္တတန်ခိုးရှင်သည် ငါ့တို့အဘို့အဘယ်သို့ ပြုနိုင်သနည်းဟူ၍၎င်း၊ 17 ဆိုတတ်သော အဓမ္မ
လူတို့လိုက်ဘူး သောလမ်းဟောင်းကို သင်သည်လိုက်ဦးမည်လော။ 18 သို့ရာတွင် ဘုရားသခင်သည် သူတို့အိမ်ကို
ကောင်းသောအရာနှင့် ပြည့်စေတော်မူ၏။ မတရားသော သူတို့၏ အကြံအစည်ကို ငါသည် ဝန်မခံ။ 19 ဖြောင့်မတ်သောသူတို့သည်
ကြည့်မြင်၍ ဝမ်းမြောက်ကြ၏။ အပြစ်ကင်းသောသူတို့သည် ထိုအဓမ္မလူ တို့ကို ကဲ့ရဲ့တတ်ကြ၏။ 20 အကယ်စင်စစ်ငါတို့ရန်သူသည်
ပျက်စီးလေပြီ။ သူ၏စည်းစိမ်ကို မီးလောင်လေပြီဟု ဆိုရကြ၏။ 21 ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိဿဟာယဖွဲ့လော့။ ထိုသို့ပြုမှ
ကောင်းစားခြင်းသို့ ရောက်ရလိမ့်မည်။ 22 နှုတ်တော်ထွက်တရားကို ခံယူ၍ စကားတော်ကို နှလုံး၌သွင်းပါလော့။ 23
အနန္တတန်ခိုးရှင်ထံတော်သို့ ပြန်လာလျှင်၊ တည်ဆောက်ခြင်းရှိလိမ့်မည်။ သင့်အိမ်မှဒုစရိုက်ကို ပယ်ရှား လျှင်၊ 24
ရွှေကိုမြေမှုန့်ကဲ့သို့၎င်း၊ ဩဖိရရွှေကို မြစ်၌ ရှိသောကျောက်စရစ် ကဲ့သို့၎င်းသိုထားရလိမ့်မည်။ 25 ထိုအခါအနန္တတန်ခိုးရှင်သည်
သင်၌ရွှေရတနာ၊ သင်သုံးရသော ငွေဘဏ္ဍာဖြစ်တော်မူလိမ့်မည်။ 26 သင်သည်အနန္တတန်ခိုးရှင်၌ မွေ့လျော်၍၊ ဘုရားသခင်ကို
ဖူးမြော်ရသောအခွင့်ရှိလိမ့်မည်။ 27 သင်ဆုတောင်းသောအခါ နားထောင်တော်မူ မည်။ သစ္စာဂတိထားသည်အတိုင်း၊
သစ္စာဝတ်ဖြေရသော အခွင့်ရှိလိမ့်မည်။ 28 သင်ကြံစည်သောအကြံအစည်သည် ထမြောက် ၍၊ သင်သွားသောလမ်း၌
ရောင်ခြည်ထွန်းလိမ့်မည်။ 29 သူတပါးတို့သည် နှိမ့်ချခြင်းကိုခံရသောအခါ၊ သင်ကချီးမြှောက်သောအခွင့်ရှိသည်ဟု ဆိုရလိမ့်မည်။
စိတ်နှိမ့်ချသောသူကို ကယ်တင်တော်မူလိမ့်မည်။ 30 အပြစ်မကင်းသောသူကိုပင် ကယ်နှုတ်တော်မူလိမ့်မည်။ သင်ပြုသောအမှု
သန့်ရှင်းသောအားဖြင့် သူသည်ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်ဟုမြွက်ဆို၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 23

[1-2] ယောဘပြန်၍ မြွက်ဆိုသည်ကား၊ ယခု ငါပြင်းစွာ မြည်တမ်းသော်လည်း၊ ငါခံရသောဒဏ်သည်သာ၍ ပြင်းပါ၏။ [3]
ဘုရားသခင်ကိုတွေ့နိုင်သော အရပ်ကို ငါသိပါစေသော။ ပလ္လင်တော်ရှေ့သို့ ရောက်ပါစေသော။ [4] ရှေ့တော်သို့ရောက်မှ ငါသည်
ကိုယ်အမှုကိုပြင်ဆင်၍၊ များစွာသောအကျိုးအကြောင်းတို့ကို လျှောက်ထားရ၏။ [5] ငါ့အားပြန်ပြောမိန့်မြွက်တော်မူသော
စကားတော်ကို ငါသိနားလည်ရ၏။ [6] မဟာတန်ခိုးတော်အားဖြင့် ငါနှင့်တရား တွေ့တော်မူမည်လော။ တွေ့တော်မမူ။ ငါ့စကားကို
နားထောင် တော်မူမည်။ [7] ဖြောင့်မတ်သောသူသည် ရှေ့တော်၌ဆွေးနွေးသော အခွင့်ရှိ၍၊ တရားရှင်သည် ငါ့အမှုကို အစဉ်
ရှင်းလင်းစေတော်မူမည်။ [8] ယခုမူကား၊ ငါတက်လျှင် ဘုရားသခင်ရှိတော်မမူ။ ဆုတ်လျှင် ကိုယ်တော်ကို မရိပ်မိ၊ [9] လုပ်တော်မူရာ
လက်ဝဲဘက်သို့သွားလျှင် ကိုယ်တော်ကို မဖူးမတွေ့ရ။ လက်ျာဘက်၌ ပုန်းရှောင် လျက် နေတော်မူသောကြောင့်၊ ကိုယ်တော်ကိုမမြင်ရ။
[10] သို့သော်လည်းငါသွားသောလမ်းကို သိတော်မူ၏။ စစ်တော်မူခြင်းကို ခံပြီးမှ၊ ရွှေကဲ့သို့ငါပေါ်လိမ့်မည်။ [11]
ခြေတော်ရာကိုအစဉ်တစိုက် ငါရှောက်သွား၍၊ ကြွတော်မူရာလမ်းကို မလွှဲမရှောင်လိုက်ပါ၏။ [12] ထားတော်မူသော ပညတ်တို့ကို
ငါမပယ်။ နှုတ်တော်ထွက် စကားတို့ကို ငါရင်ခွင်၌ သိုထားပါ၏။ [13] သို့ရာတွင် သဘောတညီတည်းရှိတော်မူသော ဘုရားသခင်ကို
အဘယ်သူသည် ပြောင်းလဲစေနိုင်မည် နည်း။ အလိုတော်ရှိသည်အတိုင်း ပြုတော်မူလိမ့်မည်။ [14] ငါ့အငန်းအတာကို စီရင်တော်မူ၏။
ထိုသို့သော အကြံအစည်တော်အများရှိကြ၏။ [15] ထိုကြောင့်ရှေ့တော်၌ ငါထိတ်လန့်လျက်နေ၍ ဆင်ခြင်သောအခါ၊
ကိုယ်တော်ကိုကြောက်ရွံ့ရ၏။ [16] ဘုရားသခင်သည် ငါ့စိတ်ပျက်စေခြင်းငှါငင်း၊ အနန္တတန်ခိုးရှင်သည် ငါကြောက်ရွံ့စေခြင်းငှါ
ပြုတော် မူ၏။ [17] အကြောင်းမူကား၊ မှောင်မိုက်မရောက်မှီ ငါ့ကို ပယ်ရှင်းတော်မမူ၊ ဝစူထပ်သောမှောင်မိုက်မှ ငါ့ကို
ကွယ်ကာတော်မမူပါတကား။


generated on Sun Jun 30 02:37:40 2024

## Chapter 24

[1] အနန္တတန်ခိုးရှင်သည် အဘယ်ကြောင့် ကာလအချိန်တို့ကို သိုထားတော်မမူသနည်း။ နားလည်သော သူတို့သည် တရားစီရင်တော်မူရာ
နေ့ရက်ကိုအဘယ်ကြောင့် မမြင်ရသနည်း။ [2] အချို့သောသူတို့သည် မြေမှတ်တိုင်တို့ကို ရွှေ့တတ်ကြ၏။ သူတပါး၏ သိုးဆိတ်တို့ကို
လုယူ၍ ကိုယ်အဘို့ ထိန်းကျောင်းကြ၏။ [3] မိဘမရှိသောသူငယ်၏မြည်းကို မောင်းသွား၍၊ မုတ်ဆိုးမ၏နွား ကိုအပေါင်ယူကြ၏။ [4]
ငတ်မွတ်သော သူတို့ကို လမ်းလွဲစေကြ၏။ ဆင်းရဲသောပြည်သားတို့သည် စုဝေး၍ ပုန်းရှောင်လျက် နေရကြ၏။ [5]
သူတို့သည်အလုပ်လုပ်ခြင်းငှါ တော၌ရိုင်းသော မြည်းကဲ့သို့ ထွက်ရကြ၏။ စားစရာကိုရှာခြင်းငှါ နံနက် စောစောသွား၍၊ ကိုယ်အဘို့နှင့်
သားသမီးတို့အဘို့ကို တော၌တွေ့ရကြ၏။ [6] လယ်ပြင်၌ကား၊ ညှဉ်းဆဲသောသူ၏ စပါးကို ရိတ်၍၊ သူ၏စပျစ်သီးကို သိမ်းရကြ၏။ [7]
ချမ်းသောကာလ၌ ကိုယ်ကိုဖုံးလွှမ်းစရာ အဝတ်မရှိ။ အချည်းစည်းအိပ်ရကြ၏။ [8] တည်းခိုစရာတဲမရှိသောကြောင့်၊ တောင်ပေါ်၌
မိုဃ်းရေ စိုစွတ်လျက် ကျောက်ကြားမှာ ခိုရကြ၏။ [9] အဘမရှိသောသူငယ်သည် အမိနို့နှင့်ကွာရ၏။ ဆင်းရဲသားသည် မိမိဥစ္စာကို
ပေါင်ထားရ၏။ [10] အဝတ်မရှိအချည်းစည်းလှည့်လည်၍ မွတ်သိပ်လျက်၊ သူတပါး ကောက်လှိုင်းကို ထမ်းရ၏။ [11] သူတပါးအိမ်မှာ
ဆီကိုကြိတ်လျက်၊ စပျစ်သီးကို နင်းနယ်လျက် အငတ်ခံရ၏။ [12] လူတို့သည်မြို့ထဲမှာ ညည်းတွားကြ၏။ နာသောသူတို့သည်
အော်ဟစ်ကြ၏။ နာသောသူတို့သည် အော်ဟစ်ကြ၏။ သို့သော်လည်း သူတို့ဆုတောင်းသော စကားကိုဘုရားသခင်သည်
ပမာဏပြုတော်မမူ။ [13] အချို့သောသူတို့သည် အလင်းကို ဆန့်ကျင်ဘက်ပြု၍ အလင်းသဘောကိုမသိ။ လင်းသောလမ်းသို့
မလိုက်တတ်ကြ။ [14] လူသတ်သည် စောစောထ၍ ဆင်းရဲငတ်မွတ် သော သူတို့ကို သတ်တတ်၏။ ညဉ့်အခါ သူခိုးလုပ်တတ် ၏။ [15]
သူ့မယားကို ခိုးသောသူသည် ညဦးယံအချိန်ကို မြော်လင့်၍၊ မိမိမျက်နှာကိုဖုံးလျက် အဘယ်သူမျှ မမြင်ရ ဟု ဆိုတတ်၏။ [16]
လူဆိုးတို့သည် ညဉ့်အချိန်၌ သူတပါး၏အိမ်ကို ဖောက်ထွင်းတတ်ကြ၏။ နေ့အချိန်၌ ပုန်းလျက်နေ၍ အလင်းကိုရှောင်တတ်ကြ၏။ [17]
နံနက်ယံကို သေမင်းအရိပ်ကဲ့သို့ ထင်မှတ်၍၊ သေမင်းအရိပ်ကြောက်မက်ဘွယ်သောဘေးတို့ကို သိရကြ၏။ [18]
ရေပေါ်မှာပေါ့ပါးကြ၏။ မြေပေါ်မှာ ကျိန်ဆဲ သောအဘို့ကို ခံရ၍၊ စပျစ်ဥယျာဉ်အနီးသို့ မချဉ်းရကြ။ [19] မိုဃ်းရေသည်
ခန်းခြောက်ခြင်းအားဖြင့်၎င်း၊ နေပူအရှိန်အားဖြင့်၎င်း၊ ကွယ်ပျောက်တတ်သကဲ့သို့၊ မတရားသောသူသည် သေမင်းနိုင်ငံ၌
ကွယ်ပျောက်တတ် ၏။ [20] သူ၏အမိသည် သူ့ကိုမေ့လျော့၍၊ တီကောင်တို့သည် မြိန်စွာ စားလိမ့်မည်။ နောက်တဖန် အဘယ်သူမျှ
မအောက်မေ့ရ။ မတရားသော သူသည်သစ်ပင်ကဲ့သို့ ကျိုးရလိမ့်မည်။ [21] မတရားသောသူသည် သားမဘွားသောမိန်းမကို
ညှဉ်းဆဲတတ်၏။ မုတ်ဆိုးမကိုလည်း ကျေးဇူး မပြုတတ်။ [22] အားကြီးသောသူကိုပင် မိမိတန်ခိုးကြောင့် ပယ်ရှင်းတတ်၏။
ထသောအခါလူတိုင်းကိုယ် အသက် အဘို့ စိုးရိမ်တတ်၏။ [23] သို့ရာတွင်ရဲရင့်စွာ ခိုလှုံရာအခွင့်ကို သူ့အားပေး၍၊ ထိုသို့သော သူတို့၏
အမှုများကို ပမာဏပြုတော် မူ၏။ [24] ခဏချီးမြှောက်ခြင်းသို့ ရောက်၍ တဖန် ကွယ်ပျောက်ကြ၏။ နှိမ့်ချခြင်းသို့ရောက်သဖြင့်၊
အခြားသော သူကဲ့သို့ အသက်ချုပ်ခြင်းကို၎င်း၊ စပါးနှံအဖျားကဲ့သို့ ရိတ်ဖြတ်ခြင်းကို၎င်း ခံရကြ၏။ [25] သို့မဟုတ်လျှင်၊
ငါ၏မုသာအပြစ်ကို အဘယ်သူ ပြမည်နည်း။ ငါ၏စကားကို အဘယ်သူချေမည်နည်းဟု မြွက်ဆို၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

[1] တဖန် ရှုအာအမျိုးသား ဗိလဒဒ်မြွက်ဆိုသည် ကား၊ [2] ဘုရားသခင်သည် အာဏာတော်နှင့်၎င်း၊ ကြောက်ရွံ့ရိုသေဘွယ်သော
ဂုဏ်တော်နှင့်၎င်း ပြည့်စုံ၍၊ မြင့်သောဌာနတော်၌ ငြိမ်သက်ခြင်းကို ပြုစုတော်မူ၏။ [3] ဗိုလ်ခြေတော်တို့ကို ရေတွက်နိုင်သလော။
အလင်းတော်သည် အဘယ်သူကိုမလင်းဘဲ နေသနည်း။ [4] သို့ဖြစ်၍ လူသည် ဘုရားသခင်ရှေ့တော်၌ ကုသိုလ်ကို
အဘယ်သို့ရနိုင်သနည်း။ လူမိန်းမဘွားမြင် သောသူသည် အဘယ်သို့ သန့်ရှင်းနိုင်သနည်း။ [5] လသော်လည်း အလင်းမရှိ။
ကြယ်သော်လည်း ရှေ့တော်၌ မဖြူစင်။ [6] ထိုမျှမက၊ တီကောင်ဖြစ်သောလူ၊ ပိုးရွဖြစ်သောလူသားကို အဘယ်ဆိုဘွယ်ရာ ရှိသနည်းဟု
မြွက်ဆို၏။



generated on Sun Jun 30 02:37:40 2024

## Chapter 26

[1] ယောဘပြန်၍ မြွက်ဆိုသည်ကား၊ [2] သင်သည်အားနည်းသောသူကို အဘယ်သို့မစသနည်း။ လက်ကျသောသူကို အဘယ်သို့
ထောက်ပင့်သနည်း။ [3] မိုက်သောသူကို အဘယ်သို့ အကြံပေးသနည်း။ ထူးဆန်းသော ပညာကို အဘယ်သို့ပြသနည်း။ [4] ဤစကားကို
အဘယ်သူအားမြွက်ဆိုသနည်း။ အဘယ်သူ၏ ဝိညာဉ်အားဖြင့် ဟောပြောသနည်း။ [5] အောက်အရပ်၌ သင်္ချိုင်းသားတို့နှင့်တကွ ရေ
များနှင့်ရေ၌ နေသောသူများတို့သည် တုန်လှုပ်ကြ၏။ [6] မရဏာနိုင်ငံသည် ရှေ့တော်၌ လှန်လျက်ရှိ၏။ အဗဒ္ဒုန်နိုင်ငံကို
ဖုံးအုပ်ခြင်းမရှိရာ။ [7] မိုဃ်းကောင်းကင်ကို လွတ်လပ်လဟာ၌ ကြက် တော်မူ၏။ မြေကြီးကိုအခုအခံမရှိ ဆွဲထားတော်မူ၏။ [8]
ထူထပ်သော မိုဃ်းတိမ်တော်နှင့် ရေကို ထုပ်တော်မူ၍၊ မိုဃ်းတိမ်သည် မစုတ်မပြတ်နေ၏။ [9] မိုဃ်းတိမ်တော်ကို ဖြန့်၍
ပလ္လင်တော်မျက်နှာကို ဖုံးအုပ်တော်မူ၏။ [10] အလင်းနှင့်အမိုက်ဆုံမိရာ အပိုင်းအခြား၌ စကြဝဠာကို ကန့်ကွက်တော်မူ၏။ [11]
ဆုံးမတော်မူခြင်းကြောင့်၊ မိုဃ်းကောင်းကင်တိုင် တို့သည် တုန်လှုပ်၍ မိန်းမောတွေဝေလျက်နေကြ၏။ [12] တန်ခိုးတော်အားဖြင့်
သမုဒ္ဒရာကို ဆုံးမတော် မူ၏။ ပညာတော်အားဖြင့်သူ၏ မာနကို ချိုးဖျက်တော် မူ၏။ [13] ဝိညာဉ်တော်အားဖြင့် မိုဃ်းကောင်းကင်
တန်ဆာများကိုပြင်၍၊ လျင်မြန်သောနဂါးကို ကင်တန် ဆာများကိုပြင်၍၊ လျင်မြန်သော နဂါးကိုလည်း ဖန်ဆင်း တော်မူ၏။ [14]
ဤရွေ့ကား၊ အမှုတော်အရိပ်အမြွက်သာဖြစ်၏။ စကားတော် အသံအနည်းငယ်ကိုသာ နားကြားရ၏။ တန်ခိုးတော်မိုဃ်းကြိုးသံကို
အဘယ်သူနားလည်နိုင် သနည်းဟု မြွက်ဆို၏။

## Chapter 27

[1] ယောဘသည် လက်ာစကားကိုဆက်၍ မြွက်ဆို သည်ကား၊ [2] ငါ့ကိုအမှုရှုံးစေတော်မူသော ဘုရားသခင်၊ ငါ့ဝိညာဉ်ကို
ညှဉ်းဆဲတော်မူသော အနန္တတန်ခိုးရှင်သည် အသက်ရှင်တော်မူသည် မှန်လျှင်၊ [3] ငါ့အသက်ရှင်လျက်၊ ငါ့နှာခေါင်း၌
ဘုရားသခင်ပေးတော်မူသော အသက်တည်သမျှကာလပတ်လုံး၊ [4] တခါမျှအဓမ္မစကားကို ငါ့နှုတ်မမြွက်။ လှည့်စားသော စကားကို
ငါ့လျှာဖြင့် ငါမပြောဘဲနေမည်။ [5] သင်တို့သဘောဖြောင့်သည်ဟု ဝန်ခံသောစကားသည် ငါနှင့် ဝေးပါစေသော။ ငါသည် ကိုယ်
သဘောဖြင့်သည်ကို သေသည်တိုင်အောင် မငြင်း။ [6] ငါသည် တရားကိုအကျင့်ကိုလက်မလွှတ်၊ စွဲကိုင်လျက်နေမည်။
အသက်ရှင်သမျှကာလပတ်လုံး ကိုယ်စိတ်နှလုံးသည် ကိုယ်ကိုအပြစ်မတင်ရ။ [7] ငါ့ရန်သူသည် ဆိုးသောသူကဲ့သို့၎င်း၊ ငါ့တဘက်၌
ထသောသူသည် မဖြောင့်မတ်သော သူကဲ့သို့၎င်း ဖြစ်ပါစေသော။ [8] အဓမ္မလူသည် ဆုံးခြင်းသို့ရောက်၍၊ အသက်ဝိညာဉ်ကိုဘုရား
သခင်နှုတ်တော်မူသောအခါ အဘယ် မျှော်လင့်စရာရှိသေးသနည်း။ [9] ထိုအမှုရောက်သောအခါ၊ သူအော်ဟစ်ခြင်းကို ဘုရားသခင်
နားထောင်တော်မူမည်လော။ [10] ထိုသူသည် အနန္တတန်ခိုးရှင်၌ မွေ့လျော်လိမ့်မည်လော။ ဘုရားသခင်ကို အစဉ်ပဌာနပြုလိမ့်မည် လော။
[11] ဘုရားသခင်၏အမှုတော်တို့ကို သင်တို့အား ငါပြသမည်။ အနန္တတန်ခိုးရှင် ကြံစည်တော်မူသောအရာ တို့ကို ငါထိမ်ဝှက်၍မထား။ [12]
သင်တို့သည်ကိုယ်တိုင် သိမြင်လျက်၊ ဤမျှလောက် အချည်းနှီးသောစိတ်ကို အဘယ်ကြောင့် ပြုစုကြသနည်း။ [13] လူဆိုးအား
ဘုရားသခင်ပေးတော်မူသောဆုလပ်၊ ညှဉ်းဆဲတတ်သောသူသည်အနန္တတန်ခိုးရှင်၏ လက်တော်မှ ခံရသော အမွေဥစ္စာဟူမူကား၊ [14]
သူ၏သားသမီးများပြားသော်လည်း ထားစာ ဖြစ်ကြ၏။ မွတ်သိပ်ခြင်းကိုလည်း ခံရကြ၏။ [15] သူ၌ကျန်ကြွင်းသော သူတို့ကို
သေမင်းသင်္ဂြိုဟ် လိမ့်မည်။ သူ၏မုတ်ဆိုးမတို့သည် ငိုကြွေးခြင်းကို မပြု ရကြ။ [16] သူသည်ငွေကို မြေမှုန့်ကဲ့သို့ပုံ၍၊ အဝတ်တန်ဆာကို
ရွှံ့ကဲ့သို့ ပြင်ဆင်သော်လည်း၊ [17] ထိုအဝတ်တန်ဆာကို ဖြောင့်မတ်သော်သူသည် ဝတ်ဆင်လိမ့်မည်။ ထိုငွေကို အပြစ်ကင်းသော
သူသည် ဝေငှလိမ့်မည်။ [18] သူဆောက်သော အိမ်သည်ပိုးရွအိမ်ကဲ့သို့၎င်း၊ ကင်းတဲကဲ့သို့၎င်း ဖြစ်၏။ [19] ထိုရတတ်သောသူသည်
သေသောအခါ သင်္ဂြိုဟ်ခြင်းကို မခံရ။ မျက်စိတမှိတ်၌ ဆုံးရှုံးပြီ။ [20] ထသောရေကဲ့သို့ ဘေးဥပဒ်တို့သည် သူ့ကိုလိုက်တတ်၏။
ညဥ့်အခါ မိုဃ်းသက်မုန်တိုင်း ထိုက်သွား တတ်၏။ [21] အရှေ့လေလွင့်၍ သူသည်မိမိနေရာ၌ မတည်။ လေအဟုန်ဖြင့် ပါသွားတတ်၏။
[22] ဘုရားသခင်သည် မသနားဘဲ ဒဏ်ခတ်တော်မူသဖြင့်၊ လက်တော်မှ လွတ်ခြင်းငှါ အလိုရှိလိမ့်မည်။ [23] လူတို့သည်လက်ခုတ်တီး၍
ကဲ့ရဲ့သံကိုပြုလျက်၊ သူ့ကိုမောင်း ကြလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

# Chapter 28

[1] ငွေလိုက်သောငွေကြောင်းသည် စင်စစ်ရှိ၏။ လူစစ်တတ်သော ရွှေနေရာလည်းရှိ၏။ [2] သံကိုမြေကြီးထဲက တူးယူတတ်၏။
ကျောက်ကို ချက်၍ ကြေးနီ ကိုရတတ်၏။ [3] လူသည် မှောင်မိုက်ကို ပျောက်စေတတ်၏။ အဆုံးတိုင်အောင်ငင်း မှောင်မိုက်ကျောက်၊
သေမင်း အရိပ်တိုင်အောင်ငင်း လိုက်၍ စစ်တတ်၏။ [4] တောင်ခြေရင်း၌တွင်းတူး၍၊ ခြေဖြင့် ကိုယ်ကို မထောက်ဘဲ ဆင်း၍၊
လူနေရာကို စွန့်သွားတတ်၏။ [5] မြေသည်စားစရာကို ပေးတတ်သော်လည်း၊ အောက်အရပ်၌ မီးဖြင့်ပျက်သကဲ့သို့ အပျက်ခံရ၏။ [6]
သူ၏ကျောက်တို့သည် ကျောက်နီနေရာဖြစ်၏။ မြေမှုန့်လည်း ရွှေဖြစ်၏။ [7] အဘယ်ငှက်မျှမသိ၊ လင်းတမျက်စိလည်း မမြင်
သေးသော လမ်းရှိ၏။ [8] ထိုလမ်းကိုသားရဲမနင်း၊ ခြင်္သေ့မရှောက်သေး။ [9] လူသည်ကျောက်ပေါ်မှာလက်တင်၍၊ တောင်တို့ ကို
ခြေရင်းတိုင်အောင် မှောက်တတ်၏။ [10] ကျောက်တို့တွင် ရေစီးစေတတ်၏။ သူ၏မျက်စိသည် ထူးဆန်းသောအရာရှိသမျှတို့ကို
ကြည့်မြင် တတ်၏။ [11] စီးသောရေကို တဖန်ဖြတ်၍၊ ဝှက်ထားသော အရာတို့ကို ထုတ်ဘော်တတ်၏။ [12] သို့ရာတွင်၊
ပညာကိုအဘယ်မှာ တွေ့ရလိမ့်မည် နည်း။ ဉာဏ်သည်လည်း အဘယ်အရပ်၌ နေသနည်း။ [13] ဉာဏ်ပညာအဘိုးကို လူမသိနိုင်။
အသက်ရှင် သော သူတို့၏ နေရာ၌ရှာ၍မတွေ့နိုင်။ [14] နက်နဲသော အရပ်ကငါ၌မရှိ။ ပင်လယ်က လည်း၊ ငါ၌မရှိဟုဆို တတ်၏။ [15]
ရွှေစင်ကို ပေး၍ပညာကိုမရ။ ငွေကိုချိန်၍ ပညာအဘိုးကို မမှီနိုင်။ [16] သြဖိရရွှေ၊ မြတ်သောရှဟံကျောက်၊ နီလာ ကျောက်နှင့်
ဝယ်သော်လည်း မရနိုင်။ [17] ရွှေဖြစ်စေ၊ ကျောက်သလင်းဖြစ်စေမမှီနိုင်။ ရွှေစင်တန်ဆာများနှင့်ဖယ်လှည့်၍မရနိုင်။ [18]
သန္တာနှင့်ပုလဲကိုပြောစရာမရှိ။ ပညာသည် ပတ္တမြားထက်သာ၍ အဘိုးကြီး၏။ [19] ကုရှုဥဿဘယားသည် မမှီနိုင်။ အမြတ်ဆုံးသော
ရွှေနှင့်ဝယ်၍ မရနိုင်။ [20] သို့ဖြစ်၍၊ ပညာသည် အဘယ်က လာသနည်း။ ဉာဏ်သည် အဘယ်ဆီမှာ နေရာကျသနည်း။ [21]
အသက်ရှင်သော သတ္တဝါတစုံတယောက်မျှ ကြည့်၍မမြင်နိုင်။ မိုယ်းကောင်းကင်ငှက်တို့သည် ရှာ၍ မတွေ့နိုင်။ [22]
အဗဒ္ဒုန်မင်းနှင့်သေမင်းတို့က၊ ပညာ၏သိတင်းကို နားနှင့် ကြားရုံမျှသာရှိသည်ဟု ဆိုတတ်ကြ၏။ [23] ဘုရားသခင်သာလျှင်
ပညာလမ်းကို နားလည်တော်မူ၏။ [24] ပညာနေရာအရပ်ကို သိတော်မူ၏။ [25] လေကိုချိန်လျက်၊ ရေကိုလည်းခြင်လျက်၊ မြေကြီး
စွန်းတိုင်အောင် ကြည့်ရှု၍၊ ကောင်းကင်အောက်၌ ရှိသမျှ တို့ကို မြင်တော်မူ၏။ [26] မိုယ်းရွာမှုကိုစီရင်၍၊ မိုယ်းကြိုးလျှပ်စစ်ပြက်ရာ
လမ်းကို ဖန်ဆင်းသောအခါ၊ [27] ပညာကိုမြင်၍ဘော်ပြတော်မူ၏။ ပညာတရားကို ထား၍စုံစမ်းတော်မူ၏။ [28] လူတို့အားလည်း
ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် ပညာဖြစ်ကြောင်းနှင့်၊ ဒုစရိုက်ကို ရှောင်ခြင်း သည် ဉာဏ်ဖြစ်ကြောင်းကို
မိန့်တော်မူပြီဟုမြွက်ဆို၏။

## Chapter 29

1 ယောဘသည် လင်္ကာစကားကို ဆက်၍မြွက်ဆို သည်ကား၊ 2 ငါသည် လွန်လေပြီးသောနှစ်လ၊ ဘုရားသခင် စောင့်မတော်မူသော
နေ့ရက်၌ဖြစ်သကဲ့သို့ တဖန်ဖြစ် ပါစေ။ 3 ထိုအခါ ဘုရားသခင်၏မီးခွက်သည် ငါ့ခေါင်းပေါ်မှာ ထွန်းလင်းသည်ဖြစ်၍၊ ထိုအလင်းကို
ငါအမှီပြု လျက်၊ မိုက်သောအရပ်၌ ရှောက်သွားနိုင်၏။ 4 ငါ့အသက်ပျိုသောကာလ၊ ငါ့အိမ်၌ဘုရားသခင် နှင့်
မိဿဟာယဖွဲ့ရသောအခွင့်ရှိသောကာလ၌၊ ငါဖြစ် သကဲ့သို့ တဖန်ဖြစ်ပါစေ။ 5 ထိုအခါ အနန္တတန်ခိုးရှင်သည် ငါ့ဘက်၌ရှိတော်မူ၏။
ငါ့သားသမီးတို့သည်လည်း ငါ့ကိုဝိုင်းလျက် နေကြ၏။ 6 ထိုအခါငါသွားသောလမ်း၌ နို့ရည်စီးလေ၏။ ကျောက်ခဲသည်လည်း
ငါ့အဘို့ဆီကိုသွန်းလောင်းလေ၏။ 7 ငါသည်မြို့အလယ်၌ ရှောက်၍၊ မြို့တံခါးသို့ သွားလျက်၊ လမ်း၌ ထိုင်ရာကို
ပြင်ဆင်လျက်နေစဉ်တွင်၊ 8 လုလင်ပျိုတို့သည် ငါ့ကိုမြင်သဖြင့် ပုန်းရှောင်၍ နေကြ၏။ အသက်ကြီးသူတို့သည်လည်းထ၍ မတ်တတ်
နေကြ၏။ 9 မင်းသားတို့သည် စကားမပြောဘဲနေ၍၊ မိမိတို့ နှုတ်ကို လက်နှင့် ပိတ်ကြ၏။ 10 မှူးမတ်တို့သည်လည်း
တိတ်ဆိတ်စွာနေ၍၊ သူတို့လျှာသည် အာခေါင်၌ကပ်လေ၏။ 11 လူတို့သည် ငါ့စကားသံကိုကြားသောအခါ ကောင်းကြီးပေးကြ၏။
ငါ့ကိုမြင်သောအခါ ချီးမွမ်းကြ၏။ 12 အကြောင်းမူကား၊ ငါသည်ဆင်းရဲသောသူ၊ မိဘမရှိသောသူ၊ ကိုးကွယ်ရာမရသော
သူအော်ဟစ်သော အခါ ကယ်တင်တတ်၏။ 13 ပျက်လုသောသူကောင်းကြီးပေးခြင်းကို ငါခံရ၏။ မုတ်ဆိုးမစိတ်နှလုံးကို
ရွှင်လန်းစေ၏။ 14 ဖြောင့်မတ်ခြင်းပါရမီကို အဝတ်လုပ်၍ ငါဝတ် ဆင်၏။ တရားသည် ငါ့ဝတ်လုံငါ့ပေါင်းဖြစ်၏။ 15
မျက်စိကန်းသော သူတို့အားငါသည် မျက်စိ ဖြစ်၏။ ခြေဆွံ့သော သူတို့အားခြေဖြစ်၏။ 16 ဆင်းရဲသောသူတို့၏ အဘဖြစ်၏။ အသိ
အကျွမ်းမရှိသော သူတို့၏အမှုကို ငါနားထောင်၏။ 17 မတရားသောသူ၏အစွယ်တို့ကို ငါချိုး၍၊ သူ လုယူကိုက်စားသော
အရာကိုနှုတ်၏။ 18 ငါသည် ကိုယ်အသိုက်၌ သေရသောအခွင့် ရှိလိမ့်မည်။ ငါ့အသက်ရှင်သော နေ့ရက်တို့သည် သဲလုံး နှင့်အမျှ
များပြားလိမ့်မည်ဟု အောက်မေ့၏။ 19 ငါ့အမြစ်သည် ရေနားမှာ ပြန့်ပွါး၏။ ဆီးနှင်း သည် တညဉ့်လုံး ငါ့အခက်အလက်၌ကျ၏။ 20
ငါ့ဘုန်းသည် အစဉ်ပွင့်လန်းလျက်၊ ငါလေးသည် လည်း ငါ့လက်၌ အားဖြည့်လျက်ရှိ၏။ 21 သူတပါးတို့သည် ငါ့စကားကို
နားထောင်၍၊ ငါပေးသောအကြံကို ငံ့လင့်လျက် တိတ်ဆိတ်စွာနေကြ၏။ 22 ငါပြောပြီးသည် နောက်သူတို့သည် ပြန်၍ မပြော။
ငါ့စကားသည် သူတို့အပေါ်မှာ ရေစက်ကဲ့သို့ ကျ၏။ 23 မိုဃ်းရေကိုငံ့လင့်သကဲ့သို့ငါ့ကိုငံ့လင့်လျက်၊ ဖနောက်ကျသော မိုဃ်းရေကို
ခံချင်သကဲ့သို့၊ သူတို့သည် ပစပ်ကို ကျယ်ကျယ်ဖွင့်လျက်နေကြ၏။ 24 ငါသည် ပြုံးလျက်သူတို့ကို ကြည့်ရှုသောအခါ၊ သူတို့သည်
မယုံနိုင်ကြ။ ငါ့မျက်နှာ၏အလင်းကိုလည်း မပျောက်စေကြ။ 25 ငါသည် သူတို့လမ်းကိုပဲ့ပြင်၍ အမြတ်ဆုံးသော နေရာ၌ ထိုင်၏။
ဗိုလ်ခြေအလုံးအရင်းနှင့်တကွ ရှင်ဘုရင် ကဲ့သို့၎င်း၊ ညှိုးငယ်သော သူတို့ကို နှစ်သိမ့်စေသော သူကဲ့သို့၎င်း ငါဖြစ်၏။



generated on Sun Jun 30 02:37:40 2024

## Chapter 30

1 ယခုမူကား၊ ငါ့ထက်အသက်ငယ်သောသူတို့ သည် ငါ့ကို ကဲ့ရဲ့တတ်ကြ၏။ သူတို့အဘများကို ငါသည် ရွံ့ရှာ၍၊ ငါ့သိုးစုကိုစောင့်သော
ခွေးတို့တွင်မျှနေရာမပေး။ 2 သူတို့သည် အစွမ်းသတ္တိကုန်ပြီးမှ၊ ငါ့အမှုကို အဘယ်သို့ ဆောင်ရွက်နိုင်သနည်း။ 3
ဆင်းရဲငတ်မွတ်သောကြောင့်၊ သူတပါးများနှင့် မပေါင်းဘော်။ နက်နဲသောတောအရပ်နှင့် လူဆိတ်ညံရာ အရပ်သို့ ပြေးကြ၏။ 4
စားစရာဘို့ ချုံဖုတ်နားမှာ မလွှမြက်ကိုရိတ်၍၊ ရသမ်မြစ်ကိုလည်း တူးကြ၏။ 5 လူနေရာမှနှင်ထုတ်ခြင်းကို ခံရ၍၊ သူခိုးကိုလိုက်
သကဲ့သို့ သူတပါးတို့သည်လိုက်၍ အော်ဟစ်ကြ၏။ 6 ကြောက်မက်ဘွယ်သော တောင်ကြား၊ မြေတွင်း၊ ကျောက်ခေါင်း၌ နေကြ၏။ 7
ချုံဖုတ်အောက်မှာ မြည်တမ်းလျက်၊ ဆူးပင် အောက်မှာ စုဝေးလျက် နေကြ၏။ 8 လူမိုက်သား၊ လူယုတ်သားဖြစ်၍၊ အရပ်ရပ်
နှင်ထုတ်ခြင်းကို ခံရကြ၏။ 9 ယခုမူကား၊ ငါသည်သူတို့သီချင်းဆိုရာ၊ ကဲ့ရဲ့ပုံ ခိုင်းရာ ဖြစ်ပါသည်တကား။ 10 ငါ့ကို ရွံရှာ၍
ဝေးစွာရှောင်တတ်ကြ၏။ ငါ့ မျက်နှာကို တံတွေးနှင့် မထွေးဘဲ မနေကြ။ 11 ဘုရားသခင်သည် ငါ့ကိုလေးနှင့်ပစ်၍ ညှဉ်းဆဲ
တော်မူသောကြောင့်၊ သူတို့သည် ငါ့ရှေ့မှာ ဇက်ကြိုးကို လွှတ်တတ်ကြ၏။ 12 သူငယ်တို့သည်ငါ့လက်ျာဘက်၌ထ၍၊ ငါ့ခြေကို
တွန်းကြ၏။ ငါ့ကိုဖျက်ဆီးခြင်းငှါ လမ်းဖို့ကြ၏။ 13 ငါ့လမ်းကို ဖျက်၍ ငါ့ကိုဖျက်ဆီးခြင်းငှါ ကြိုးစား ကြ၏။ သူတို့တွင်
သတိပေးသောသူမရှိ။ 14 ကျယ်သော တွင်းပေါက်၌ ဝင်သကဲ့သို့၊ ငါ့ကို တိုက်၍ ဖြိုဖျက်ရာကို ခိုလှုံလျက်၊ငါ့ထံသို့ တဟုန်တည်း
ပြေးလာကြ၏။ 15 ကြောက်မက်ဘွယ်သော အရာတို့သည် ငါ့ အပေါ်သို့ရောက်၍၊ လေတိုက်သကဲ့သို့ ငါ့ဘုန်းကို လိုက် သဖြင့်၊
ငါ့စည်းစိမ်သည် မိုဃ်းတိမ်ကဲ့သို့ လွင့်ကုန်ပြီ။ 16 ယခုမူကား၊ ငါ့နှလုံးကြေကွဲပြီ။ ဒုက္ခဆင်းရဲခံရာ ကာလသည် ငါ့ကိုမှီပြီ။ 17 ညဦးအခါ
ငါ့အရိုးတို့သည် အလွန်ကိုက်ခဲ၍၊ ငါ့အကြောတို့သည် သက်သာခြင်းမရှိရကြ။ 18 ငါ့အနာသည် ပြင်းထန်သဖြင့်၊ အဝတ်နှင့်
ဖုံးလွှမ်းသကဲ့သို့၊ ငါ့ကို ဖုံးလွှမ်း၍ အင်္ကျီလည်စွပ်ကဲ့သို့ ငါ့ကိုစည်းလျက်နေ၏။ 19 ငါ့ကိုရွှံ့ထဲသို့ တွန်းချတော်မူသဖြင့်၊ ငါသည်
မြေမှုန့်နှင့်မီးဖိုပြာကဲ့သို့ ဖြစ်လေပြီ။ 20 ကိုယ်တော်အား အကျွန်ုပ်အော်ဟစ်သော် လည်း ကြားတော်မမူ။ အကျွန်ုပ်သည်
မတ်တတ်နေသော် လည်း မှတ်တော်မမူ။ 21 အကျွန်ုပ်ကိုကြမ်းတမ်းစွာပြု၍၊ အားကြီးသော လက်တော်နှင့် ညှဉ်းဆဲတော်မူ၏။ 22
အကျွန်ုပ်ကို ချီသွား၍၊ လေကိုစီးစေသဖြင့်၊ အကျွန်ုပ်၏ ကိုယ်ခန္ဓာကို ဖြုတ်လွင့်တော်မူ၏။ 23 သေခြင်းသို့၎င်း၊
အသက်ရှင်သောသူခပ်သိမ်းတို့ အဘို့စီရင်သော နေရာသို့၎င်း၊ အကျွန်ုပ်ကို ပို့ဆောင် တော်မူမည်ဟု အကျွန်ုပ်သိပါ၏။ 24
ဘုရားသခင်သည် လက်ဆန့်တော်မူသောအခါ၊ တောင်းပန်သော်လည်းအချည်းနှီးဖြစ်၏။ ဖျက်ဆီးတော် မူသောအခါ၊
အော်ဟစ်သော်လည်း ကျေးဇူးမရှိ။ 25 အမှုရောက်သော သူအတွက် ငါငိုကြွေးဘူးပြီ မဟုတ်လော။ ဆင်းရဲသောသူအတွက်
ငါစိတ်နာကြဉ်းဘူး ပြီမဟုတ်လော။ 26 သို့သော်လည်း၊ ငါသည် ကောင်းကျိုးကိုမြော်လင့် သောအခါ ဘေးရောက်လာ၏။
အလင်းကိုတောင့်တ သောအခါ မှောင်မိုက်ဖြစ်၏။ 27 ငါ့အသည်းသည် ပူလောင်၍ ငြိမ်းခြင်းမရှိ။ ဒုက္ခဆင်းရဲခံရာကာလသည်
ငါ့ကိုတွေ့မိပြီ။ 28 နေရောင်ကွယ်၍ မှောင်မိုက်၌ လှည့်လည်ရ၏။ပရိသတ်အလယ်၌ မတ်တတ်နေ၍ ကြွေးကြော်ရ၏။ 29
မြေခွေးတို့နှင့်ညီအစ်ကိုတော်၏။ ကုလားအုပ်ငှက် တို့နှင့် ပေါင်းဘော်ရ၏။ 30-31 အဆင်းမည်းလျက် အရိုးပူလောင်လျက်ရှိ၏။
ငါ့စောင်းသည် ညည်းတွားသောအသံ၊ ငါ့ပုလွေသည် ငိုကြွေးသောအသံကိုသာပေးတတ်၏။

---

---

Job 01

သူတို့အဘများကို ငါသည် ရွံ့ရှာ၍၊ ငါ့သိုးစုကိုစောင့်သော
ခွေးတို့တွင်မျှနေရာမပေး။
ဤအရာက သူသည် ထိုသို့သော အဘများကိုမည်မျှလောက်
ရွံ့ရှာကြောင်းကို ဖော်ပြသည်။ သူတို့သည် သူတို့၏ ခွေးများနှင့်
အတူရှိရန်ပင် မကောင်းသောသူများဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါရွံ့ရှာသော အဘများနှင့် ငါ့
သိုးစုကို စောင့်သော ခွေးများတွင်ပင် နေရာမပေးပါ"။

ငါ့သိုးစုကိုစောင့်သော ခွေးတို့တွင်
သိုးစုကို စောင့်သောခွေးများ၏ ဆက်နွယ်မှုများ ရှင်းလင်းစွာ
ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့
သိုးစုကို စောင့်သောခွေးများ"

သူတို့သည် အစွမ်းသတ္တိကုန်ပြီးမှ၊ ငါ့အမှုကို အဘယ်သို့
ဆောင်ရွက်နိုင်သနည်း။
ယောဘက ဤလူများ၏ အားနည်းချက် လှောင်ပြောင်ရန်
ဤမေးခွန်းကို အသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အဘများ၏
လက်အစွမ်းများသည် ငါ့ကို မကူညီနိုင်ဘဲ.... ပျက်စီးစေပါသည်"။

သူတို့သည် အစွမ်းသတ္တိကုန်ပြီးမှ၊
သူတို့၏ အစွမ်းသတ္တိများ ပျက်စီးခြင်းဟူသည်မှာ
အစွမ်းမရှိတော့ဘဲ အားနည်းသောသူများကို
ရည်ညွှန်း၍ကိုယ်စားပြုထားသော တင်စားချက်တစ်ခုဖြစ်သည်။
"အသက်ကြီးသောအခါ" ဟူသောစကားစုသည်
အသက်ကြီးသောသူကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ကြီးသောသူနှင့် အစွမ်း

 generated on Sun Jun 30 02:37:40 2024

မရှိသောသူ" သို့မဟုတ် "အသက်ကြီးသောကြောင့် ခွန်အား နည်းသောသူ"

ဆင်းရဲငတ်မွတ်သောကြောင့်၊ သူတပါးများနှင့် မပေါင်းဘော်။
"သူတို့" ဟူသော စကားလုံးသည် လှောင်ပြောင်နေသော အသက်ပျိုသောသူတို့၏ အဘများကို ရည်ညွှန်းထားပါသည်။

ဆင်းရဲငတ်မွတ်သောကြောင့်၊ သူတပါးများနှင့် မပေါင်းဘော်။
"ဆင်းရဲခြင်း" ဟူသော စိတ္တဇနာမ်သည် "ဆင်းရဲသော" ဟူ၍လည်း ဖော်ပြနိုင်သည်။ ဤသည်မှာစိတ္တဇနာမ်ဖြစ်သော "ငတ်မွတ်ခြင်း" ဟူသည်မှာလည်း ဆာလောင်မှု" သို့မဟုတ် "အစာခေါင်းပါးခြင်း" ဟူ၍လည်း ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲငတ်မွတ်သောကြောင့် သူတို့သည် သူတပါးများနှင့် မပေါင်းဖော်ပါ"။

လူဆိတ်ညံရာ အရပ်သို့ ပြေးကြ၏။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ -

Job 04

ဆက်စပ်ဖော်ပြချက်
ယောဘက လှောင်ပြောင်သော အဘများအကြောင်းကို ဆက်ပြီး ပြောဆိုသည်။

စားစရာဘို့ ချုံဖုတ်နားမှာ မလွှမြက်ကိုရိတ်၍....ရသမ်မြစ်ကိုလည်း တူးကြ၏။
ကောင်းသောအရာမတွေ့လျှင် လူများသည် စားသုံးကြမည်ဖြစ်သော သစ်ပင်များဖြစ်သည်။

စားစရာဘို့ ချုံဖုတ်နားမှာ
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ - (၁ ) လူတို့သည် ချုံဖုတ်၏ အမြစ်များကို စားကြသည် သို့မဟုတ် (၂) လူတို့သည် ချုံဖုတ်ပင်များကို မီးရှို့ခြင်းအားဖြင့် သူတို့ကို သတ်ပေးကြသည်။

လူနေရာမှနှင်ထုတ်ခြင်းကို ခံရ၍၊ သူခိုးကိုလိုက် သကဲ့သို့ သူတပါးတို့သည်လိုက်၍ အော်ဟစ်ကြ၏
"နှင်ထုတ်ခြင်းကို ခံရ၍" ဟူသော စကားစု၏ ဆိုလိုရင်းသည် "အတင်းထွက်သွားစေခြင်း" ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် ဝေးသလောက်အော်ဟစ်ကြပြီး သူတို့ကို အတင်းထွက်သွားစေသည်"။

သူခိုးကိုလိုက် သကဲ့သို့ သူတပါးတို့သည်လိုက်၍ အော်ဟစ်ကြ၏။
သူတို့ကို သူခိုးကဲ့သို့ မှတ်ပြီး လိုက်ကာ အော်ဟစ်ကြသည်။

Job 07

ဆက်စပ်ဖော်ပြချက်
ယောဘက လှောင်ပြောင်သော အဘများအကြောင်းကို ဆက်ပြီး ပြောဆိုသည်။

ချုံဖုတ်အောက်မှာ မြည်တမ်းလျက်
လူသားများသည် ဆာလောင်နေသော အချိန်၌ ငိုကြွေးသောအရာသည် မြည်းက ကျယ်သောအသံနှင့် ပြုလုပ်နေသကဲ့သို့ဖြစ်ကြောင်း ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဆာလောင်နေသောကြောင့် မြည်းကဲ့သို့ အော်ဟစ်ကြသည်"။

ဆူးပင် အောက်မှာ စုဝေးလျက် နေကြ၏။
မာကြောသော ဆူးပင်ကဲ့သို့ဖြစ်ကြသည်။ ဤအရာသည် သူတို့ ၌ အိမ်မရှိခြင်းကို ရည်ညွှန်းထားပါသည်။

လူမိုက်သား၊
ဤတွင် "လူမိုက်သား" ဟူသည်မှာ လူမိုက်တို့၏ အကျင့်အကြံများ ရှိခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အရူးကဲ့သို့ ဖြစ်ကြသည်" ယောဘက လှောင်ပြောင်သော အဘများအကြောင်းကို ဆက်ပြီး ပြောဆိုသည်။ "သူတို့သည် အရူးများ ဖြစ်ကြသည်"။

လူယုတ်သားဖြစ်၍၊
ဤတွင် "လူယုတ်မာသားများ" ဟူသည်မှာ လူယုတ်မာတို့၏ အကျင့်အကြံများရှိခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တကယ်ဆို သူတို့သည် လူယုတ်မာများဖြစ်ကြသည်"။

လူယုတ်သား
ဤတွင် "လူယုတ်သား" ဟူသည်မှာ ရိုသေမှု သို့မဟုတ် လေးစားမှု မရှိခြင်းကို ပုံဆောင်ထားပါသည်။ ဆိုလိုသည်မှာ သူတို့သည် အကျိုးယုတ်သောသူများဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျိုးယုတ်သောသူများ"

အရပ်ရပ် ကို ခံရကြ၏။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ -

နှင်ထုတ်ခြင်းကို ခံရကြ၏။
ဤသည်မှ "နယ်မြေ" ဟူသည်မှာ သူတို့ ထွက်သွားရန် မမောင်းထုတ်ခင်က နေထိုင်ခဲ့ဖူးသော သဲကန္တာရနေရာကို ရည်ညွှန်းထားပါသည်။

Job 09

ဆက်စပ်ဖော်ပြချက်
ယောဘက လှောင်ပြောင်သော အဘများအကြောင်းကို ဆက်ပြီး ပြောဆိုသည်။

ယခုမူကား၊ ငါသည်သူတို့သီချင်းဆိုရာ၊ ကဲ့ရဲ့ပုံ ခိုင်းရာ ဖြစ်ပါသည်တကား။
"သီချင်း" ဟူသော စိတ္တဇနာမ်သည် "သီချင်းဆိုသည်" ဟူသောကြိယာအဖြစ်လည်း ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် သူတို့သည် ငါ့ကို ကဲ့ရဲ့ ပုံခိုင်းရာ သီချင်းကို သီဆိုကြသည်"။

ကဲ့ရဲ့ပုံ ခိုင်းရာ ဖြစ်ပါသည်တကား။
ဤတွင် "ကဲ့ရဲ့ ပုံခိုင်းရာ" ဟူသောအရာသည် လူများက လူတစ်ယောက်ကို ရက်စက်စွာ လှောင်ပြောင်ခြင်း ခံရသောသူကို အစားထိုးထားသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ယခုတွင် သူတို့ ကဲ့ရဲ့ ပုံခိုင်းရာ" ဖြစ်စေသော သူတစ်ယောက်ဖြစ်လာသည်" သို့မဟုတ် "သူတို့သည် ငါ့ကို လှောင်ပြောင်ပြီး ရက်စက်သောအရာများကို ငါ့အား ပြောဆိုကြသည်"။

ငါ့ မျက်နှာကို တံတွေးနှင့် မထွေးဘဲ မနေကြ။
ဤအရာသည် ကတ္တားပုံစံဖြင့် ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့မျက်နှာကိုပင် တံတွေးဖြင့် ထွေးကြပါသည်"။

ဘုရားသခင်သည် ငါ့ကိုလေးနှင့်ပစ်၍ ညှဉ်းဆဲ တော်မူသောကြောင့်၊
လေးကိုတင်၍ပစ်သောအရာသည် အသုံးမဝင်ပါ။
"ငါ့ကိုလေးနှင့်ပစ်၍" ဟူသော စကားစုသည် အစွမ်းလျော့နည်းစေခြင်းကို တင်စားထားသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ငါ့ကို ကာကွယ်ရန် ငါ့ အစွမ်းကို ယူဆောင်သွားသည်"။

ညှဉ်းဆဲ တော်မူသောကြောင့်၊
ငါ့ကို လှောင်ပြောင်သောသူ။

ငါ့ရှေ့မှာ ဇက်ကြိုးကို လွှတ်တတ်ကြ၏။
ဇက်ကြိုးကို လွှတ်သောသူသည် သူလိုချင်သောအရာများကို လုပ်ဆောင်ပြီး လွတ်လပ်စွာ ရွေ့လျားသွားပါသည်။ ဤတွင် "ဇက်ကြိုးလွှတ်သည်" ဟူသောအရာမှာ တစ်စုံတစ်ခုလုပ်ဆောင်ခြင်းမှ ပြန်ဆွဲနှုတ်ခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပြီး "ဇက်ကြိုးကို လွှတ်သည်" ဟူသည်မှာလည်း တစ်စုံတစ်ခုမှ ပြန်မဆွဲနှုတ်ခြင်းကိုလည်း ပုံဆောင်ထားပါသည်။ ဤကိစ္စတွင် လှောင်ပြောင်သောသူများသည် ယောဘအား ရက်စက်သောအရာများကို ပြန်လည် မဆွဲထုတ်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အားရက်စက်သောအရာများမှ ပြန်လည် ဆွဲထုတ်ပါ" သို့မဟုတ် "ငါ့အား ရက်စက်စွာ ပြုလုပ်လိုသောအရာများကို သူတို့ လိုချင်သည့်အတိုင်း ပြုလုပ်ကြပါ"။

Job 12

ယောဘုယျ အချက်အလက်
ယောဘက သူ့ကို ရက်စက်စွာ လှောင်ပြောင်သောသူများကို သူတို့သည် လှောင်သောသူများနှင့် စစ်တပ်များသည် သူ့ကို တိုက်ခိုက်သကဲ့သို့ ပြောဆိုသည်။

ဆက်စပ်ဖော်ပြချက်
ယောဘက သူ့ကို လှောင်ပြောင်နေသောသူများအကြောင်းကို ဆက်လက်ပြီး ပြောဆိုသည်။

ငါ့လက်ျာဘက်၌ထ၍၊ ငါ့ခြေကို တွန်းကြ၏။
ငါ့လကျာ်ဘက်၌ ထကြသည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ - (၁ ) ယောဘ၏ လကျာ်လက်ကို ထစေခြင်းဟူသည်မှာ သူ့အစွမ်းကို တိုက်ခိုက်ခြင်းအား ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောဘ လူပျိုတို့သည် ငါ့အစွမ်းကို လာတိုက်ခိုက်ကြသည်" သို့မဟုတ် (၂ ) ယောဘ၏ လကျာ်လက်ကို ထစေခြင်းဟူသည်မှာ သူ၏ ဂုဏ်အသရေကို တိုက်ခိုက်ခြင်းကို ပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောဘလူများသည် ငါ၏ ဂုဏ်အသရေကို တိုက်ခိုက်ကြသည်"။ (ရှု၊ and

ငါ့ခြေကို တွန်းကြ၏။
ငါ့ကို အတင်း ပြေးစေကြသည်။

ငါ့ကိုဖျက်ဆီးခြင်းငှါ လမ်းဖို့ကြ၏။
စစ်တပ်များသည် မြို့ရိုးကို တက်ပြီး တိုက်ခိုက်ရန် မြို့နံရံကို ညစ်ပတ်သောအရာများဖြင့် လမ်းဖို့ကြသည်။ ယောဘက သူ့ကို တိုက်ခိုက်ရန် ပြင်ဆင်နေကြသော လှောင်ပြောင်သူများကို သူတို့သည် ထိုအမှုများကို လုပ်ဆောင်နေသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်တပ်များသည် မြို့ရိုးကို တိုက်ခိုက်ရန် ပြင်ဆင်နေသကဲ့သို့ ငါ့ကို တိုက်ခိုက်ရန်ပြင်ဆင်နေကြသည်"။

ငါ့လမ်းကို ဖျက်၍
ဤအရာသည် ယောဘက သူတို့၏ တိုက်ခိုက်ခြင်းမှ ထွက်ပြေးတိမ်းရှောင်မှု ရှိခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့ကို လွှတ်မြောက်စေရန် ကာကွယ်ပေးကြသည်"။

ငါ့ကိုဖျက်ဆီးခြင်းငှါ ကြိုးစား ကြ၏။
"ငါ့ကို ဖျက်ဆီးခြင်းငှာ ကြိုးစားကြသည်" ဟူသောအရာမှာ ဆိုးရွားသော ကပ်ဘေးများကို ဖြစ်စေရန် ကြိုးစားခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ကပ်ဆိုးများ ဖြစ်စေရန် ကြိုးစားကြသည်" သို့မဟုတ် "သူတို့သည် ငါ့ကို ဖျက်ဆီးရန်ကြိုးစားကြသည်"။

သူတို့တွင် သတိပေးသောသူမရှိ။
ဤတွင် "ပြန်ပြောသောသူ" ဟူသည်မှာ သူတို့အား တစ်စုံတစ်ခုလုပ်ခြင်းမှ ရပ်တန့်စေခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို တိုက်ခိုက်နေသော သူများထံမှ ရပ်တန့်စေရန် မည်သူမျှ မရှိပါ"။


generated on Sun Jun 30 02:37:40 2024

## Job 14

ယေဘုယျအချက်အလက်
ယောဘက လောင်ပြောင်သော သူများက သူ့ကို ရက်စက်စွာ ဆက်ဆံခြင်းကို စစ်တပ်များက သူ့ကို တိုက်ခိုက်သကဲ့သို့ ပြောဆိုထားပါသည်။

ဆက်စပ်ဖော်ပြချက်
ယောဘက သူ့ကို လှောင်ပြောင်ကဲ့ရဲ့သော သူများအကြောင်းကို ဆက်လက်ပြီး ပြောဆိုထားပါသည်။

ကျယ်သော တွင်းပေါက်၌ ဝင်သကဲ့သို့၊ ငါ့ကို တိုက်၍ ဖြိုဖျက်ရာကို ခိုလှုံလျက်၊
ဤအရာသည် ယောဘအား အတင်းအဓမ္မ တိုက်ခိုက်ခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။

ငါ့ထံသို့ တဟုန်တည်း ပြေးလာကြ၏။
ဤအရာက သူ့ကို တိုက်ခိုက်ရန် အများကြီး ရောက်လာခြင်းကို ပုံဆောင်ထားပြီး၊ ပင်လယ်ပြင်ရှိ ကြီးမားသော လှိုင်းလုံးကြီးများ လိမ့်ကျသကဲ့သို့ ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။

ကြောက်မက်ဘွယ်သော အရာတို့သည် ငါ့ အပေါ်သို့ရောက်၍၊
ဖြစ်နိုင်သော အဓိပ္ပါယ်များမှာ - (၁ ) ယောဘသည် ကြောက်စရာကောင်းသော သူဖြစ်လာသည်။ သို့မဟုတ် (၂) ယောဘ၌ ဖြစ်ပျက်နေသော အရာများတို့သည် သူ့ကို ကြောက်ရွံ့စေသည်။

လေတိုက်သကဲ့သို့ ငါ့ဘုန်းကို လိုက် သဖြင့်၊
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှ ငါ့ကို မရိုသေကြပါ" သို့မဟုတ် "ယခုတွင် ငါသည် လူတွေက ရိုသေမှု မရှိ ကြပါ"။

ငါ့စည်းစိမ်သည် မိုယ်းတိမ်ကဲ့သို့ လွင့်ကုန်ပြီ။
ယောဘက သူ့ ပိုင်ဆိုင်မှု ကုန်ဆုံးခြင်းကို မိုယ်းတိမ်များသည် ရွေ့လွင့် ကွယ်ပျောက်သကဲ့သို့ ဖြစ်ကြောင်းပြောဆိုထားပါသည်။ ဤတွင် "ကြွယ်ဝခြင်း" ဟူသည်မှာ ကောင်းမွန်ခြင်း သို့မဟုတ် လုံခြုံခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လုံ့ဝ မကြီးပွားတော့ပါ" သို့မဟုတ် "ငါသည် မလုံခြုံတော့ပါ"။

## Job 16

ယခုမူကား၊ ငါ့နှလုံးကြေကွဲပြီ။
ယောဘသည် သူ့ဘဝသည် အရည်ကဲ့သို့ဖြစ်ပြီး သူ့ခန္ဓာကိုယ်သည် စုပုံသောအရာကဲ့သို့ ဖြစ်ကြောင်း ပြောဆိုထားပါသည်။ သူသည် သေဆုံးတော့မည် အတိုင်းခံစားသည်" အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် ငါသည် သေဆုံးနေသည်"။

ဒုက္ခဆင်းရဲခံရာ ကာလသည် ငါ့ကိုမှီပြီ။
ယောဘသည် သူ၏ ဒုက္ခဆက်လက်ပြီး ခံစားခြင်းကို ဒုက္ခခံစားရသော နေ့ရက်များသည် သူ့ကို ဖမ်းဆုပ်ထားသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် နေ့ရက်များစွာ ဝေဒနာခံစားရပြီး ဝေဒနာများသည် အဆုံးမရှိပါ"။

ငါ့အရိုးတို့သည် အလွန်ကိုက်ခဲ၍၊
ယောဘသည် သူ့အရိုး နာကျင်ခြင်းကို သူ့ အရိုးကျိုးပဲ့ခြင်းကဲ့သို့ ဖြစ်ကြောင်း ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အရိုးတို့သည် ဆိုးရွားစွာ ကိုက်ခဲနေပါသည်" သို့မဟုတ် "ငါ့အရိုး၌ ထိခိုက်နာကျင်စွာ ခံစားရသည်"။

ငါ့အကြောတို့သည် သက်သာခြင်းမရှိရကြ။
ယောဘသည် သူ့အကြောင်းများ အဆက်မပြတ် နာကျင်ခြင်းကို သူ့ကို အသက်ရှင်လျက်ပင် ကိုက်စားပြီး အနားယူချိန်မရှိသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါခံစားရသော နာကျင်မှုသည် အဆုံးမရှိပါ" သို့မဟုတ် "ငါသည် အဆက်မပြတ် နာကျင်ခံစားရသည်"။

## Job 18

ငါ့အနာသည် ပြင်းထန်သဖြင့်၊
ယောဘက ပြင်းထန်စွာ နာကျင်ခြင်းကို ဘုရားသခင်သည် တစ်စုံတစ်ခုကို ပြင်းထန်စွာ လုပ်ဆောင်ခြင်းကဲ့သို့ ပြောဆိုထားပါသည်။ ဤတွင် "ပြင်းထန်စွာ" ဟူသည်မှာ ဘုရားသခင်အဖြစ် ရပ်တည်ထားပါသည်" အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ကြီးမား ပြင်းထန်သောအရာဖြင့် ငါ့အဝတ်ကို စည်းစေပါသည်။"

အဝတ်နှင့် ဖုံးလွှမ်းသကဲ့သို့၊ ငါ့ကို ဖုံးလွှမ်း၍ အင်္ကျီလည်စွပ်ကဲ့သို့ ငါ့ကိုစည်းလျက်နေ၏။
ယောဘအား ဘုရားသခင်၏ အဝတ်ဖြင့် စည်းခြင်းဟူသည်မှာ တင်စားချက်တစ်ခုဖြစ်သည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ -

အဝတ်နှင့် ဖုံးလွှမ်းသကဲ့သို့၊ ငါ့ကို ဖုံးလွှမ်း၍ အင်္ကျီလည်စွပ်ကဲ့သို့ ငါ့ကိုစည်းလျက်နေ၏။
ယောဘ၏ ဝန်းကျင်၌ အဝတ်နှင့် ဖုံးလွှမ်းသော ဘုရားသခင်၏ ပုံရိပ်ဟူသည်မှာ တင်စားထားသောအရာဖြစ်သည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ -

ငါ့ကို ရွှံ့ထဲသို့ တွန်းချတော်မူသဖြင့်၊
ယောဘက ဘုရားသခင်သည် သူ့ကို နှိမ့်ချစေသည်ကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းက ငါ့ကို ရွှံ့ထဲသို့ ပစ်ချသကဲ့သို့ ထင်မှတ်သည်" သို့မဟုတ် "ကိုယ်တော်သည် လူတစ်ယောက်အား ရွှံ့ထဲသို့ တွန်းချထားသကဲ့သို့ ငါ့ကို နှိမ့်ချစေသည်"။

ငါသည် မြေမှုန့်နှင့်မီးဖိုပြာကဲ့သို့ ဖြစ်လေပြီ။
ဤအရာက ယောဘ၏ ခံစားရသောအရာတို့သည် အချည်းနှီးသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မြေမှုန့်နှင့် ပြာကဲ့သို့ အချည်းနှီးဖြစ်လာသည်"။

ရက်စက်မှု
"ဤစကားလုံးသည် မယဉ်ကျေးသော စကားလုံးဖြစ်သည်။"


generated on Sun Jun 30 02:37:40 2024

ငါ့အနာသည် ပြင်းထန်သဖြင့်၊ အဝတ်နှင့် ဖုံးလွှမ်းသကဲ့သို့၊ ငါ့ကို ဖုံးလွှမ်း၍ အင်္ကျီလည်စွပ်ကဲ့သို့ ငါ့ကိုစည်းလျက်နေ၏။
"လက်" ဟူသော စကားလုံးသည် ဘုရားသခင်၏ တန်ခိုးကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် တန်ခိုးအားဖြင့် ငါ့ကို နှိပ်စက်ပါသည်"။

Job 20

ကြမ်းတမ်းစွာ
"အလွန် ရက်စက်စွာ"

အားကြီးသော လက်တော်နှင့် ညှဥ်းဆဲတော်မူ၏။
'လက်တော်' သည် ထာဝရဘုရား၏ တန်ခိုးတော်ကိုရည်ညွှန်း၍ကိုယ်စားပြုသည်။

Job 22

ဆက်စပ်ဖော်ပြချက်
"ယောဘက ဘုရားသခင်အား ဆက်လက် စကားပြောသည်။"

အကျွန်ုပ်ကို ချီသွား၍၊ လေကိုစီးစေသဖြင့်၊
ဤဖော်ပြချက်များသည် ဘုရားသခင်က ယောဘအား ဆိုးရွားစွာ ဝေဒနာခံစားခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။

အကျွန်ုပ်၏ ကိုယ်ခန္ဓာကို ဖြုတ်လွင့်တော်မူ၏။
"အကျွန်ုပ်ကို ဖြုတ်လွင့်စေရန် အကြောင်း ဖြစ်စေတော်မူသည်။"

သေခြင်းသို့၎င်း၊
ဤတွင် "သေခြင်းသို့ ၎င်း" ဟူသော အရာသည် ယောဘ၏ သေခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ငါ့ကို သေစေရန် အကြောင်းဖြစ်စေသည်"။

အသက်ရှင်သောသူခပ်သိမ်းတို့ အဘို့စီရင်သော နေရာသို့၎င်း၊
ယောဘက သေဆုံးသောသူတို့၏ ကမ္ဘာသည် အသက်ရှင်သောသူများ သွားစရာဖို့ ဘုရားသခင်က ခန့်ထားသောအိမ်ကဲ့သို့ ဖြစ်ကြောင်း ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သေဆုံးသော သူတို့၏ ကမ္ဘာ၊ ဖြစ်သော အသက်ရှင်သောသူများသွားလို့ရသောနေရာ"

အသက်ရှင်သောသူခပ်သိမ်းတို့
"ထိုအရာသည် ယခုတွင် အသက်ရှင်ပြီး၊ တနေ့ သေဆုံးသွားမည်။"

Job 24

ဆက်စပ်ဖော်ပြချက်
"ယောဘက ဘုရားသခင်အား ဆက်လက် စကားပြောသည်။"

ဘုရားသခင်သည် လက်ဆန့်တော်မူသောအခါ၊ တောင်းပန်သော်လည်းအချည်းနှီးဖြစ်၏။ ဖျက်ဆီးတော် မူသောအခါ၊ အော်ဟစ်သော်လည်း ကျေးဇူးမရှိ။
ယောဘက သူသည် အကူအညီအတွက် ဘုရားသခင်အား ငိုကြွေးခြင်းအား သူ့ကိုသူ ဖြောင့်မတ်ကြောင်းကို သက်သေထူရန် ဤမေးခွန်းကို အသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်းသည် လဲကျသောအခါ၌ အကူအညီတောင်းခံရန် သူ့လက်ဖြင့် သက်ရောက်သည်။ ဒုက္ခ တွေ့ကြုံရသောသူတိုင်းသည် အကူအညီအတွက် ခေါ်ဖိတ်ကြသည်။" သို့မဟုတ် "ငါသည် ကျဆုံးပြီး၊ ထိုသို့ လဲကျသောအချိန်၌ ဘုရားသခင်သည် မှားယွင်းသောအရာများပြုလုပ်ကြောင်းကို မထင်သင့်ပါ။ ငါသည် ဒုက္ခထဲ၌ နေသောကြောင့် အကူအညီအတွက် တောင်းလျှောက်ပါသည်"။

အမှုရောက်သော သူအတွက် ငါငိုကြွေးဘူးပြီ မဟုတ်လော။ ဆင်းရဲသောသူအတွက် ငါစိတ်နာကြဥ်းဘူး ပြီမဟုတ်လော။
တစ်ချို့သော ရှုပါရုံများက ယောဘသည် အကူအညီအတွက် ဒုက္ခ ရောက်နေချိန်၌ ဘုရားသခင်သည် သူ့လက်တော်ဖြင့် ယောဘအားနာကြင်စေသည်ကို မကျေနပ်ပြောဆိုခြင်းအဖြစ် ဤမေးခွန်းများကို ဘာသာပြန်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သည် လဲကျသောအချိန်၌ အကူအညီအတွက် ခေါ်ဖိတ်မှုကို မည်သူမျှ လက်လှမ်း မမှီနိုင်ပါ"။

အမှုရောက်သော သူအတွက် ငါငိုကြွေးဘူးပြီ မဟုတ်လော။ ဆင်းရဲသောသူအတွက် ငါစိတ်နာကြဥ်းဘူး ပြီမဟုတ်လော။
ယောဘက သူသည် သူတစ်ပါးအပေါ် ၌ မည်သို့ကောင်းမြတ်ကြောင်းကို ဘုရားသခင်အား ပြန်အသိပေးရန် ဤမေးခွန်းများကို အသုံးပြုထားပါသည်။
"ဒုက္ခကြောင့်......ငါငိုကြွေးခဲ့ရပြီး သူတပါးအတွက် စိတ်နာခဲ့ဖူးပြီ"။

ငါသည် ကောင်းကျိုးကိုမြော်လင့် သောအခါ ဘေးရောက်လာ၏။
ကောင်းသောအရာကို ရှာဖွေခြင်းဟူသည်မှာ ကောင်းသောအရာကို မျှော်လင့်ခြင်းနှင့် ဘေးရောက်လာခြင်းဟူသည်မှာ မကောင်းသောအရာများ ဖြစ်ပျက်ခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။

အလင်းကိုတောင့်တ သောအခါ မှောင်မိုက်ဖြစ်၏။
ဤတွင် "အလင်း" ဟူသောအရာသည် ဘုရားသခင်၏ ကောင်းကြီးနှင့် မျက်နှာသာ၊ "မှောင်မိုက်" ဟူသည်မှာ ဒုက္ခနှင့် ဝေဒနာခံစားခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်"။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဘုရားသခင်၏ အလင်းကို မျှော်လင့်သော်လည်း မှောင်မိုက်ဖြစ်သော ဝေဒနာကိုသာ တွေ့ကြုံခံစားစေပါသည်"။


generated on Sun Jun 30 02:37:40 2024

Job 27

ငါ့အသည်းသည် ပူလောင်၍ ငြိမ်းခြင်းမရှိ။
ယောဘက သူ၏ စိတ်ကို လူပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "'ငါသည် ငါ့နှလုံး၌ ဒုက္ခခံစားပြီး ထိုခံစားမှု ဝေဒနာများသည် အဆုံးမရှိတော့ပါ"။

ဒုက္ခဆင်းရဲခံရာကာလသည် ငါ့ကိုတွေ့မိပြီ။
ဒုက္ခဆင်းရဲခံရာ ကာလရောက်ရှိလာခြင်း ဟူသည်မှာ ယောဘသည် ထိုသို့ ဆင်းရဲခံရသော ကာလကို နေ့ရက်များစွာ ခံစားရကြောင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဒုက္ခဆင်းရဲကို နေ့ရက်များစွာ ကြုံတွေ့ ခံစားရသည်" သို့မဟုတ် "ငါသည် နေ့တိုင်း ခံစားရသည်"။

နေရောင်ကွယ်၍ မှောင်မိုက်၌
"လှည့်လည်ရ၏ " ဟူသည်မှာ အသက်ရှင်ခြင်းကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အသက်ရှင်ပြီး" သို့မဟုတ် "အသက်ရှင်သည်"။

နေရောင်ကွယ်၍ မှောင်မိုက်၌ လှည့်လည်ရ၏
ဤတွင် "မှောင်မိုက်၌ လှည့်လည်ရ၏" ဟူသည်မှာ လွန်ကဲစွာ ဝမ်းနည်းခြင်းကိုရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။ "နေရောင်ခြည်ကြောင့် မဟုတ်ပါ" ဟူသော စကားစုသည် မှောင်မိုက်၌ နေသော သူကို တင်စားထားချက်ဖြစ်ကြောင်း ဖော်ပြစေရန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြောက်စရာကောင်းသော သူကဲ့သို့ဖြစ်သည်"။

မြေခွေးတို့နှင့်ညီအစ်ကိုတော်၏။ ကုလားအုပ်ငှက် တို့နှင့် ပေါင်းဘော်ရ၏
တိရိစ္ဆာန်များ၌ ညီအစ်ကို ဖြစ်ခြင်းဟူသည်မှာ သူတို့ကဲ့သို့ ဖြစ်ကြောင်းကို တင်စားထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မြေခွေးကဲ့သို့ဖြစ်ပြီး ကုလားအုပ်ငှက်တို့သည် တော၌ အော်သကဲ့သို့ ဖြစ်သည်"။

Job 30

အဆင်းမည်းလျက် အရိုးပူလောင်လျက်ရှိ၏။
ဤတွင် "အရိုးများ" ဟူသည်မှာ ခန္ဓာကိုယ်တစ်ခုလုံးကို ရည်ညွှန်းထားပြီး ကိုယ်ပူခြင်းအား ကိုယ်စားပြုထားပါသည်။

ငါ့စောင်းသည် ညည်းတွားသောအသံ
ဤတွင် "ငါစောင့်" ဟူသည်မှာ ယောဘကိုယ်တိုင်ကို ပုံဆောင်ထားပြီး ညည်းတွားသော သီချင်းများကိုသာ သီဆိုရန် သူ့စိတ်ဆန္ဒများကို ရည်ညွှန်း၍ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါ့စောင်း၌ ညည်တွားသော သီချင်းများကိုသာ တီးခတ်ရသည်"။

ငါ့ပုလွေသည် ငိုကြွေးသောအသံကိုသာပေးတတ်၏။
ဤတွင် "ငါ့ပုလွေ" ဟူသည်မှာ ယောဘက သူ့ကိုသူ ပုံဆောင်ပြီး သူ့စိတ်ဆန္ဒများကိုသာ သီဆိုရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါပုလွေ၌ လွမ်းဆွတ်တမ်းတစေသော သီချင်းများကိုသာ တီးခတ်ပေးသည်"။

ငိုကြွေးသောအသံ
အော်မြည်သောအသံ ဟူသည်မှာ ကြောက်စရာကောင်းသော ဝမ်းနည်းမှုနှင့် နာကျင်ခြင်းတွေကို အလွန် ကျယ်လောင်စွာ ငိုကြွေးခြင်းဖြစ်သည်။

---

## Translation Questions

Job 30:1

မည်သူသည် ယောဘကို ပြက်ရယ်ပြုဖို့မျှသာ သိသနည်း?
သူ့ထက်ငယ်သောသူတို့သည် ယောဘကို ပြက်ရယ်ပြုရန်သာ သိကြသည်။

မည်သည့်အရာသည် လူငယ်များ၏အဖေများကို ပိန်စေသနည်း?
သူတို့သည် ဆင်းရဲခြင်းနှင့် ငတ်မွတ်ခြင်းတို့ဖြင့် ပိန်ချုံးကြသည်။

Job 30:4

လူငယ်များ၏ဖခင်များသည် မည်သည့်အရပ်မှ မောင်းထုတ်ခြင်းခံရသနည်း?
သူတို့သည် လူများတို့ထဲမှ မောင်းထုတ်ခြင်းခံရကြသည်။

Job 30:7

လူငယ်များ၏ဖခင်များသည် မည်သူ၏မျိုးဆက်များဖြစ်သည်ဟု ယောဘပြောသနည်း?
သူတို့သည် အရူးများ၊ အသုံးမကျသူများ၏ မျိုးဆက်များဖြစ်သည်ဟု ယောဘ ပြောသည်။

Job 30:9

ထိုအသုံးမကျသောသူ၏သားများအတွက် ယောဘသည် မည်ကဲ့သို့ဖြစ်လာသနည်း?
ယောဘသည် သီချင်းဖြင့် သူတို့ပြက်ယယ်ပြုသောသူ ဖြစ်လာသည်။

ယောဘ၏ရှေ့တွင် လူများသည် ဘာကိုဆုံးရှုံးကြသနည်း?
ဤလူများသည် သူ့ရှေ့တွင် မိမိကိုယ်ကို မထိန်းချုပ်နိုင်ကြ။

Job 30:12

အဘယ်ကြောင့် လူများသည် ယောဘအဖို့ ဘေးကိုတွန်းပို့ပေးနိုင်ကြသနည်း?
သူတို့ကို ထိန်းမည့်သူမည်သူမျှ မရှိသောကြောင့် သူတို့သည် ဘေးကို သူ့အတွက်တွန်းပို့နိုင်ကြသည်။

Job 30:14

မည်သည့်အရာသည် လေဖြင့်လွင့်ပါသွားသည်ဟု ယောဘပြောသနည်း?
သူ၏ရိုသေခြင်းဂုဏ်သည် လေဖြင့်လွင့်သကဲ့သို့ ပါသွားသည်။

Job 30:16

သူ့အသက်သည် မိမိအထဲသို့လောင်းချသကဲ့သို့ မည်သည့်အရာသည် ယောဘကို ထိန်းထားသနည်း?
ရက်ပေါင်းများစွာသော နာကျင်ခံစားခြင်းသည် သူ့ကိုထိန်းသိမ်းထားသည်။

Job 30:18

မည်သည့်အရာသည် သူ့ဝတ်စားခြင်းကို ဖမ်းချုပ်သည်ဟု ယောဘပြောသနည်း?
ဘုရားသခင်၏ကြီးမားသောတွန်းအားသည် ငါ့အဝတ်အစားကို ဖမ်းချုပ်ထားသည်။

Job 30:20

ဘုရားသခင်သည် ပြောင်းလဲ၍ ရက်စက်လာသဖြင့် သူ့ကို မည်သို့နှိပ်စက်သည်ဟု ယောဘပြောသနည်း?
ဘုရားသခင်သည် ပြောင်းလဲ၍ သူ့ထံသို့ ရက်စက်လာသည်၊ သူ့လက်တော်တန်ခိုးဖြင့် သူ့ကို နှိပ်စက်သည်။

Job 30:22

အသက်ရှင်သောအရာအားလုံးအတွက် မည်သည့်အရာကို ခွဲခန့်မှတ်သားထားသည်ကို ယောဘသိသနည်း?
ဘုရားသခင်သည် အသက်ရှင်သောသူအားလုံးအတွက် ခွဲခန့်ထားသောအိမ်ဖြစ်သော သေခြင်းသို့သူ့ကိုပို့မည်ဟု သူသိသည်။

Job 30:24

ယောဘသည် အလင်းကိုစောင့်သောအခါ မည်သည့်အရာလာသနည်း?
သူသည်အလင်းကိုစောင့်သောအခါ၊ ၎င်းအစား အမှောင်လာသည်။

Job 30:27

ယောဘသည် အကူအညီအတွက် မည်သည့်အရပ်တွင် ရပ်ခဲ့သနည်း?
လူအစုအဝေးကြားက မတ်တပ်ရပ်၍ အကူအညီ အော်ဟစ်တောင်းခံသည်။

Job 30:30

ယောဘသည် မည်ကဲ့သို့သောသံစဥ်အဖို့ သူ့စောင်းကိုပြင်ထားသည်ဟု ပြောသနည်း?
သူ့စောင်းသည် ငိုကြွေးမြည်တမ်းခြင်းအဖို့ ပြင်ထားသည်ဟု ယောဘပြောသည်။

## Chapter 31

1 ငါသည်အပျိုကိုမျှမကြည့်ရှုမည်အကြောင်း၊ ကိုယ်မျက်စိနှင့် ပဋိညာဉ်ဝန်ခံခြင်းကို ပြုပြီ။ 2 သို့မဟုတ် အထက်အရပ်က
ဘုရားသခင်သည်အဘယ်ကျေးဇူးကိုငှင်း၊ မြင့်ရာအရပ်က အနန္တတန်ခိုးရှင် သည် အဘယ်သို့သော အမွေဥစ္စာကိုငှင်း ပေးတော်မူ
မည်နည်း။ 3 ဆိုးသော သူတို့သည် ပျက်စီးခြင်းသို့ငှင်း၊ မတရားသဖြင့် ကျင့်သောသူတို့သည် ဆုံးရှုံးခြင်းသို့ငှင်း ရောက်ရကြမည်
မဟုတ်လော။ 4 ဘုရားသခင်သည် ငါသွားရာလမ်းတို့ကို မြင် တော်မူသည်မဟုတ်လော။ ငါ့ခြေရာရှိသမျှတို့ကို
ရေတွက်တော်မူသည်မဟုတ်လော။ 5 မုသာလမ်းသို့ ငါလိုက်မိသော်ငှင်း၊ လှည့်စားခြင်းငှါ ငါပြေးမိသော်ငှင်း၊ လှည့်စားခြင်းငှါ ငါပြေးမိ
သော်ငှင်း၊ 6 မှန်သောချိန်ခွင်၌ ငါ့ကိုချိန်ပါစေ။ ဘုရားသခင်သည် ငါဖြောင့်မတ်ခြင်းကို သိတော်မူပါစေ။ 7 ငါသည်လမ်းလွှဲမိသော်ငှင်း၊
ငါ့စိတ်နှလုံးသည် ငါ့မျက်စိအလိုသို့လိုက်မိသော်ငှင်း၊ ငါ့လက်၌ အညစ် အကြေးကပ်မိသော်ငှင်း၊ 8 ငါကြဲသောမျိုးစေ့၏ အသီးအနှံကို
သူတပါး စားပါစေ။ ငါ့ပျိုးပင်များကို သူတပါးနှုတ်ပါစေ။ 9 သူ့မယားကို ငါတပ်မက်မိသော်ငှင်း၊ အိမ်နီးချင်း တံခါးနားမှာ
ငါချောင်းမိသော်ငှင်း၊ 10 ငါ့မယားသည် သူတပါးထံ၌ ကြိတ်ဆုံကြိတ်ရ ပါစေ။ သူတပါးသည် ငါ့မယားကိုရှုတ်ချပါစေ။ 11
ငါသည်ထိုသို့ပြုမိလျှင် အပြစ်ကြီး၏။ ရာဇဝတ် ခံထိုက်သော အပြစ်ရှိ၏။ 12 ထိုအပြစ်သည် အကုန်အစင်လောင်သောမီး၊
ငါ့စည်းစိမ်ရှိသမျှ ကိုသုတ်သင်ပယ်ရှင်းသောမီးဖြစ်၏။ 13 ငါ့ကျွန်နှင့်ငါ့ကျွန်မသည် ငါနှင့်တရားတွေ့စရာ အမှုရှိသောအခါ၊
ငါနားမထောင်ဘဲနေမိလျှင်၊ 14 ဘုရားသခင်ထတော်မူသောအခါ အဘယ်သို့ ငါ့ပြုရမည်နည်း။ စစ်ကြောတော်မူသောအခါ အဘယ်သို့
ပြန်လျှောက်ရမည်နည်း။ 15 ငါ့ကို ဖန်ဆင်းတော်မူသောဘုရားသည် သူ့ကို လည်း ဖန်ဆင်းတော်မူသည်မဟုတ်လော။ တပါးတည်း
သောဘုရားသည် ငါတို့နှစ်ယောက်ကို အမိဝမ်းထဲ၌ ဖန်ဆင်းတော်မူသည်မဟုတ်လော။ 16 ငါသည် ဆင်းရဲသားတောင့်တသော
အရာကို မပေးဘဲနေဘူးသလော။ မုတ်ဆိုးမမျက်စိကို ပျက်စေ ခြင်းငှါ ပြုဘူးသလော။ 17 မိဘမရှိသောသူတို့အား စားစရာကိုမမျှဘဲ ၊
ငါတယောက်တည်း စားဘူးသလော။ 18 ဆင်းရဲသားသည် အဘထံမှာ နေသကဲ့သို့၊ ငါ့အသက်ငယ်စဉ်ကာလမှစ၍ ငါနှင့်အတူ
ကျွေးမွေးခြင်း ကို ခံပြီ။ ငါသည် ဘွားမြင်သော နေ့မှစ၍ မုတ်ဆိုးမကို မစပြီ။ 19 အဝတ်မရှိသောကြောင့် သေခြင်းသို့ ရောက် သော
သူတစုံတယောက်နှင့်၊ ခြုံစရာမရှိဘဲ ဆင်းရဲစွာ နေသောသူ တစုံတယောက်ကို ငါမြင်၍၊ 20 သူ၏ခါးသည် ငါ့ကို ကောင်းကြီးမပေး။ ငါ့
သိုးမွေးအားဖြင့် မနွေးဘဲနေသော်ငှင်း၊ 21 ရုံးတော်တွင် ငါ့ဘက်၌ နေသောမင်းကို ငါသည် မြင်၍၊ မိဘမရှိသောသူကို
ညှဉ်းဆဲမိသော်ငှင်း၊ 22 ငါ့လက်မောင်းသည် ပခုံးကကျပါစေ။ ငါ့လက်ရိုး ကျိုးပါစေ။ 23 ငါသည်
ဘုရားသခင်ဖျက်ဆီးတော်မူခြင်းဘေး ကို ကြောက်ရွံ့၍၊ တန်ခိုးအာနုဘော်တော်ကြောင့် မပြစ် မှားဝံ့ဘဲနေပါပြီ။ 24
ငါသည်ရွှေကိုကိုးစား၍ ရွှေစင်အား၊ သင်သည် ငါခိုလှုံရာဖြစ်၏ဟုဆိုမိသော်ငှင်း၊ 25 ငါ၌စည်းစိမ်ကြီး၍ များစွာသော ဥစ္စာရတတ်
သောကြောင့်၊ ငါဝါကြွားဝမ်းမြောက်မိသော်ငှင်း၊ 26 ရောင်ခြည်ထွက်သောနေ၊ ထွန်းလင်းလျက် သွားသောလကို ငါကြည့်ရှုသောအခါ၊
27 ငါ့စိတ်နှလုံးသည် တိတ်ဆိတ်စွာ နူးညွတ်၍ ငါ့လက်ကို ငါနမ်းမိသော်ငှင်း၊ 28 ရာဇဝတ်ခံထိုက်သော အပြစ်ရှိ၏။ အထက်အရပ်၌
ရှိတော်မူသောဘုရားသခင်ကို ငြင်းပယ်ရာ ရောက်၏။ 29 ငါ့ကိုမုန်းသောသူသည် ပျက်စီးသောအခါ ငါဝမ်းမြောက်သလော။
သူ၌ဘေးရောက်သောအခါ၊ ငါဝါကြွားသလော။ 30 ငါသည်သူ့အသက်ကို ကျိန်ဆဲ၍၊ ကိုယ်နှုတ်၌ အပြစ်ရောက်စေခြင်းငှါ
အခွင့်မပေး။ 31 ငါ့အိမ်သူအိမ်သားတို့က၊ အဘယ်သူသည် ငါတို့သခင်၏ အမဲသားကိုတောင့်တ၍ မဝဘဲနေရ သနည်းဟု
မဆိုတတ်သလော။ 32 ဧည့်သည်သည် လမ်း၌ညဉ့်ကို မလွန်ရမည်အကြောင်း၊ ငါသည် ခရီးသွားသော သူတို့အား ကိုယ် တံခါးကို
ဖွင့်ထားပြီ။ 33 ငါသည်လူပြုတတ်သကဲ့သို့၊ ကိုယ်ဒုစရိုက်ကိုဖုံး၍၊ ကိုယ်ရင်ထဲ၌ ကိုယ်အပြစ်ကိုဝှက်ထားဘူးသဘော။ 34
ထိုသို့ပြုမိလျှင်၊ ကြီးသော ပရိတ်သတ်ရှေ့မှာ ငါ့မျက်နှာပျက်ပါစေ။ လူအမျိုးမျိုးတို့သည် ကဲ့ရဲ့၍ ငါ့အရှက်ကွဲပါစေ။
အိမ်ပြင်သို့မထွက်ဘဲ တိတ်ဆိတ်စွာ နေရပါစေ။ 35 တစုံတယောက်သောသူသည် ငါ့စကားကို နားထောင်ပါစေသော။
ငါ့လက်မှတ်ကိုငါပေးမည်။ အနန္တတန်ခိုးရှင်သည် ငါ့ကိုစစ်ကြောတော်မူပါစေ။ ငါ့တရားတွေ့ဘက်သည် စာထားပါစေ။ 36
အကယ်စင်စစ်ထိုစာကို ပခုံးပေါ်မှာ ငါတင် ထားပါမည်။ ဖေါင်းကဲ့သို့ ဆောင်းပါမည်။ 37 ငါသည် ကိုယ်အပြုအမူအလုံးစုံတို့ကို ဘော်ပြ
ပါမည်။ မင်းကဲ့သို့ အထံတော်သို့ ချဉ်းကပ်ပါမည်။ 38 ငါ့မြေသည် ငါ့ကိုအပြစ်တင်သဖြင့်၊ အော်ဟစ်၍ လည်ချောင်းတို့သည်
တညီတည်းမြည်တမ်းသော်ငှင်း၊ 39 စရိတ်မကုန်ဘဲမြေအသီးအနှံကို ငါစား၍ မြေဆိုင်သောသူတို့ကို ညှဉ်းဆဲမိသော်ငှင်း၊ 40
စပါးပင်အတွက် ဆူးပင်ပေါက်ပါစေ။ မုယော ပင်အတွက် ဖော့ရှပင်ပေါက်ပါစေဟု မြွက်ဆို၏။ ယောဘမြွက်ဆိုသောစကားပြီး၏။


generated on Sun Jun 30 02:37:40 2024

## Chapter 32

1 ထိုသို့ယောဘသည် မိမိဖြောင့်မတ်သည်ဟု ထင်သောကြောင့်၊ ထိုသူသုံးယောက်တို့သည် ပြန်၍ မပြောဘဲနေကြ၏။ 2 ထိုအခါ
ဗုဇအမျိုးအာရအန္ဒယ်ဖြစ်သော ဗာရ ခေလသားဧလိဟု သည်အမျက်ထွက်၏။ ယောဘသည်
ဘုရားသခင်ထက်မိမိဖြောင့်မတ်ကြောင်းကို ပြသော ကြောင့်၊ ယောဘကို အမျက်ထွက်၏။ 3 ယောဘ၏
အဆွေခင်ပွန်းသုံးယောက်တို့သည် ပြန်၍မပြောနိုင်သော်လည်း၊ ယောဘ၌ အပြစ်ရှိသည်ဟု စီရင်ကြသောကြောင့်၊ သူတို့ကိုလည်း
အမျက်ထွက်၏။ 4 ဧလိဟုသည် သူတို့ထက်အသက်ငယ်သော ကြောင့်၊ ယောဘပြောသော စကားမကုန်မှီတိုင်အောင်
ဆိုင်းလင့်လျက်နေ၏။ 5 ထိုသူသုံးယောက်တို့သည် ပြန်၍ ပြောစရာ စကားမရှိကြောင်းကို သိမြင်သောအခါ အမျက်ထွက်လေ ၏။ 6
ထိုအခါ ဗုဇအမျိုးဗာရခေလသားဧလိဟု မြွက် ဆိုသည်ကား၊ ငါသည်အသက်ငယ်ပါ၏။ သင်တို့သည် အလွန်အသက်ကြီးပါ၏။
ထိုကြောင့် ငါသည်ကြောက်၍ ကိုယ်သဘောကို မပြဝံ့ဘဲ နေပါပြီ။ 7 နေ့ရက်ကာလတာရှည်သောသူသည် စကား ပြောအပ်၏။
နှစ်ပေါင်းများစွာလွန်သောသူသည် ပညာကို သွန်သင်အပ်၏။ 8 သို့ရာတွင် လူထဲ၌ဝိညာဉ်ရှိ၏။ ဘုရားသခင်
အသက်ရှင်စေတော်မူသဖြင့် ဉာဏ်ရှိ၏။ 9 လူကြီးတို့သည် အစဉ်ပညာရှိသည်မဟုတ်။ အသက်ကြီးသော သူအပေါင်းတို့သည်
မှန်သောတရားကို နားလည်သည်မဟုတ်။ 10 သို့ဖြစ်၍ ငါ့စကားကို နားထောင်ကြလော့။ ငါသည် ကိုယ်သဘောကို ပြပါမည်။ 11
သင်တို့စကားကို ကြားရအံ့သောငှါ ငါဆိုင်း လင့်ပြီ။ သင်တို့သည် ပြောစရာကို ရှာဖွေ၍ ဆွေးနွေး သောစကားကို ငါနားထောင်ပြီ။ 12
စေ့စေ့နားထောင်စဉ်တွင်၊ ယောဘကို အဘယ် သူမျှမနိုင်။ သူ၏စကားကို အဘယ်သူမျှမချေ။ 13 သို့ဖြစ်၍ ငါတို့သည် ပညာကိုရှာ၍
တွေ့ပြီဟု သင်တို့ဆိုစရာမရှိ။ ယောဘကို နှိမ့်ချသောသူကား လူမဟုတ်၊ ဘုရားသခင်ပေတည်း။ 14 ယောဘသည် ငါ့ကိုရည်ဆောင်၍
ပြောပြီ မဟုတ်။ သင်တို့ပြန်ပြောသည်အတိုင်း ငါပြန်ပြောမည် မဟုတ်။ 15 ဤသူတို့သည် မိန်းမောတွေဝေလျက်ပြန်၍ မပြောဘဲ
တိတ်ဆိတ်စွာ နေကြ၏။ 16 ငါဆိုင်းလင့်သည်တွင်သူတို့သည် နှုတ်မမြွက်၊ ပြန်၍မပြောဘဲ ငြိမ်ငြိမ်နေကြ၏။ 17
သို့ဖြစ်၍ငါသည်ကိုယ်အတွက်ပြန်ပြောမည်။ ကိုယ်သဘောကို ပြမည်။ 18 ငါသည် ပြောစရာစကားနှင့် ပြည့်ဝ၏။ အတွင်း
ဝိညာဉ်နှိုးဆော်ခြင်းကို ခံရ၏။ 19 ငါ့ဝမ်းသည် ပိတ်ဆို့သောစပျစ်ရည်နှင့်တူ၏။ အသစ်သော သားရေဘူးကွဲလုသကဲ့သို့ဖြစ်၏။ 20
ငါသည် သက်သာခြင်းငှါ မြွက်ဆိုရမည်။ နှုတ်ကို ဖွင့်၍ ပြန်ပြောရမည်။ 21 အဘယ်သူ၏မျက်နှာကိုမျှမထောက်၊ အဘယ် သူကိုမျှ
ချီးမွမ်းသော စကားနှင့်မချော့မော့။ 22 သူတပါးကို ချီးမွမ်းသောစကားနှင့် မချော့မော့ တတ်။ ထိုသို့ပြုလျှင်၊ ငါ့ကိုဖန်ဆင်းတော်မူသော
ဘုရား သည် ငါ့ကို ချက်ခြင်းပယ်ရှားတော်မူမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 33

1 သို့ဖြစ်၍ အိုယောဘ၊ ငါမြွက်ဆိုသောစကား အလုံးစုံတို့ကို နားထောင်နာယူပါလော့။ 2 ငါသည် ယခုနှုတ်ကိုဖွင့်၍
လျှာနှင့်မြွက်ဆိုသော အခါ၊ 3 ငါသဘောဖြောင့်သည်နှင့်အညီ ငါ့စကား ဖြောင့်လိမ့်မည်။ ငါ့နှုတ်သည်ရှင်းလင်းသော ပညာစကား ကို
မြွက်ဆိုလိမ့်မည်။ 4 ဘုရားသခင်၏ဝိညာဉ်တော်သည် ငါ့ကို ဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော် သည် ငါ့ကို
အသက်ရှင်စေတော်မူပြီ။ 5 သင်သည်တတ်နိုင်လျှင် ငါ့ကို ပြန်ပြောလော့။ ကိုယ်စကားကို ပြင်ဆင်လော့။ ကြိုးစားလော့။ 6
ဘုရားသခင့်ရှေ့မှာ ငါသည်သင်နှင့်တူ၏။ ငါသည်လည်း မြေမှုန့်ဖြင့် ဖန်ဆင်းတော်မူရာဖြစ်၏။ 7 သင်သည်
ကြောက်ရွံ့ရမည်အကြောင်း ငါ၌ ကြောက်မက်ဘွယ်သော အရာမရှိ။ သင့်အပေါ်မှာ ငါသည် လေးသောလက်ကိုမတင်။ 8
အကယ်စင်စစ်သင့်စကားသံကို ငါကြားသည် အတိုင်း သင်မြွက်ဆိုသောစကားဟူမူကား၊ 9 ငါသည် စင်ကြယ်သောသဘောရှိ၏။
ပြစ်မှား ခြင်းကို မပြုတတ်။ ငါ၌အပြစ်မရှိ။ သန့်ရှင်းခြင်းရှိ၏။ 10 ဘုရားသခင်သည် ငါ၌ အပြစ်တင်ခွင့်ကို ရှာတော်မူ၏။ ငါ့ကို
ရန်သူကဲ့သို့ မှတ်တော်မူ၏။ 11 ငါ့ကို ထိတ်ခတ်တော်မူ၏။ ငါထွက်ရာလမ်းရှိ သမျှတို့ကို စောင့်တော်မူ၏ဟု ဆိုမိပြီ။ 12
ထိုသို့ဆိုသော်မှားပြီ။ ငါပြန်ပြောသောစကားဟူ မူကား၊ အကယ်စင်စစ် ဘုရားသခင်သည် လူထက် ကြီးမြတ်တော်မူ၏။ 13
ဘုရားသခင်နှင့်အဘယ်ကြောင့် ဆန့်ကျင်ဘက် ပြုသနည်း။ ပြုတော်မူသော အမှုတို့၏အကြောင်းကို ပြတော်မမူ။ 14
ဘုရားသခင်သည် တကြိမ်မိန့်မြွက်တော်မူ၏။ လူမရိပ်မိလျှင် နှစ်ကြိမ်တိုင်အောင် မိန့်မြွက်တော်မူ၏။ 15
လူသည်အိပ်ရာပေါ်မှာငိုက်လျက် အိပ်ပျော် လျက်နေသောအခါ အိပ်မက်မြင်၍၊ ညဉ့်ရူပါရုံကို ခံရသောအားဖြင့်၊ 16 ဘုရားသခင်သည်
လူ၏နားကို ဖွင့်၍ ဆုံးမပေး တော်မူတတ်၏။ 17 ထိုသို့လူသည် မိမိအကြံကိုစွန့်စေခြင်းငှါ၎င်း၊ မာန်မာနနှင့် ကင်းလွတ်စေခြင်းငှါ၎င်း
ပြုတော်မူ၏။ 18 သူ၏အသက်ကို သင်္ချိုင်းတွင်းမှကွယ်ကာ၍၊ ထားဘေးဖြင့် မသေစေခြင်းငှါ စောင့်မတော်မူ၏။ 19 လူသည်
အိပ်ရာပေါ်မှာနာခြင်းဝေဒနာကို ခံရ ၍၊ အရိုးရှိသမျှတို့သည် ပြင်းထန်စွာ ကိုက်ခဲသဖြင့်၊ 20 မုန့်နှင့်မြိန်သော ခဲဘွယ်စားဘွယ်တို့ကို
သူ၏ စိတ်ဝိညာဉ်သည် ရွံရှာ၏။ 21 အသားအရေပိန်လျော့ ကွယ်ပျောက်၍၊ မထင် ရှားဘူးသော အရိုးတို့လည်း ပေါ်ကြ၏။ 22
အသက်ဝိညာဉ်သည် သင်္ချိုင်းတွင်းနားသို့၎င်း၊ ဖျက်ဆီးသော တမန်လက်သို့၎င်း ရောက်လုပြီ။ 23 သို့ရာတွင်လူတို့အားတရားလမ်းကို
ပြစေခြင်းငှါ၊ တထောင်တွင် အထွဋ်ဖြစ်၍၊ တရားစကားကို ပြန်တတ် သော တမန်ရှိလျှင်၊ 24 ဘုရားသခင်က၊
သင်္ချိုင်းတွင်းထဲသို့ထိုသူကို မဆင်းစေဘဲ ကယ်တင်လော့။ ရွေးရာအကြောင်းကို ငါတွေ့ပြီဟု ကရုဏာစိတ်ရှိ၍
မိန့်တော်မူသောအားဖြင့်၊ 25 ထိုသူသည် သူငယ်ထက်အသားအရေနုထွား၍ ပျိုသောအသက်နှင့်တဖန်ပြည့်စုံလိမ့်မည်။ 26
ဘုရားသခင်ကို ဆုတောင်း၍ကျေးဇူးတော်ကို ခံရသဖြင့်၊ ဝမ်းမြောက်သောစိတ်နှင့် မျက်နှာတော်ကို ဖူးမြင်ရလိမ့်မည်။
ဖြောင့်မတ်ခြင်းအကျိုးကို လူတို့အား ဘုရားသခင်ပေးတော်မူတတ်၏။ 27 သူကလည်း၊ ငါသည် ပြစ်မှားပါပြီ။ မှန်သော
တရားကိုမှောက် ပါပြီ။ သို့သော်လည်း ကိုယ်ခံထိုက်သော အပြစ်ကိုမခံရဘဲ၊ 28 သင်္ချိုင်းတွင်းထဲသို့ ငါ့ကိုမဆင်းစေဘဲ ကယ်တင်
တော်မူသဖြင့်၊ ငါ့အသက်သည် မှောင်မိုက်နှင့် လွတ် လျက်ရှိ၏ဟု လူတို့တွင် သီချင်းဆိုရလိမ့်မည်။ 29 ထိုသို့ဘုရားသခင်သည်
လူတို့၌ ရံခါရံခါစီရင် တော်မူသဖြင့်၊ 30 သင်္ချိုင်းတွင်းမှနှုတ်ယူ၍၊ အသက်ရှင်သော သူတို့၏အလင်းနှင့် လင်းစေတော်မူ၏။ 31
အိုယောဘ၊ ငါ့စကားကို သတိနှင့်နားထောင် လော့။ တိတ်ဆိတ်စွာနေလော့။ ငါပြောပါမည်။ 32 သို့သော်လည်း ပြောစရာရှိလျှင်
ပြန်ပြောလော့။ သင့်ကို အပြစ်လွတ်စေခြင်းငှါ၊ ငါအလိုရှိသောကြောင့် စကားပြောလော့။ 33 ပြောစရာမရှိလျှင်၊ တိတ်ဆိတ်စွာနေ၍
ငါ့စကားကို နားထောင်လော့။ ပညာကိုငါသွန်သင်ပါမည် ဟု မြွက်ဆို၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 34

1 တဖန်ဧလိဟုဆက်၍ မြွက်ဆိုသည်ကား၊ 2 အကြားအမြင်များသော ပညာရှိတို့၊ ငါ့စကားကို နားထောင်နာယူကြလော့။ 3 ခံတွင်းသည်
အစာကို မြည်းစမ်းသကဲ့သို့၊ နားသည် စကားကို စုံစမ်းတတ်၏။ 4 ငါတို့သည် ကိုယ်အဘို့အလိုငှါ စစ်၍တရား သဖြင့် စီရင်ကြကုန်အံ့။
ကောင်းသောအရာကို ကိုယ်တိုင် အားဖြင့် သိမှတ်ကြကုန်အံ့။ 5 ယောဘက၊ ငါဖြောင့်မတ်၏။ ဘုရားသခင် သည် ငါ့ကို
အမှုရှုံးစေတော်မူ၏။ 6 ငါသည် ကိုယ်အကျိုးကို ပျက်စီးစေခြင်းငှါ မုသာပြောရမည်လော။ ငါမပြစ်မှားသော်လည်း၊
မပျောက်နိုင်သောအနာရောဂါစွဲပါသည်တကားဟု ဆိုမိပြီ။ 7 ယောဘနှင့်တူသော သူတစုံတယောက်ရှိလိမ့်မည်လော။ ရေကို
သောက်သကဲ့သို့ ကဲ့ရဲ့ခြင်းကို မျိုတတ်၏။ 8 မတရားသဖြင့်ကျင့်သော သူတို့နှင့်ပေါင်းဘော် ၍၊ လူဆိုးတို့နှင့် သွားလာတတ်၏။ 9
လူသည်ဘုရားသခင်၌ မွေ့လျော်၍၊ အကျိုး မရှိဟု ယောဘသည် ဆိုမိပြီ။ 10 သို့ဖြစ်၍ ဉာဏ်ကောင်းသောသူတို့၊
ငါ့စကားကိုနားထောင်ကြလော့။ ဒုစရိုက်သည် ဘုရားသခင်နှင့်ဝေး၊ အပြစ်သည် အနန္တတန်ခိုးရှင်နှင့်ဝေး ဝေးပါစေ။ 11 လူပြုသော
အမှု၏အကျိုးအပြစ်ကို ပေးတော်မူ မည်။ လူတိုင်း ကိုယ်ကျင့်သောအကျင့်နှင့်အထိုက် အလျောက် ခံစေတော်မူမည်။ 12
အကယ်စင်စစ် ဘုရားသခင်သည် ဒုစရိုက်ကို ပြုတော်မမူ။ အနန္တတန်ခိုးရှင်သည် မတရားသဖြင့် စီရင် တော်မမူ။ 13 မြေကြီးကို
ဘုရားသခင်၌ အဘယ်သူအပ်သနည်း။ လောကဓာတ်လုံးကို အဘယ်သူ စီရင်ပြုပြင် သနည်း။ 14 ဘုရားသခင်သည်
လူကိုအလိုတော်မရှိ၍၊ လူ၏အသက်ဝိညာဉ်ကို ရုပ်သိမ်းတော်မူလျှင်၊ 15 ခပ်သိမ်းသော လူသတ္တဝါတို့သည် ချက်ခြင်း သေပျောက်၍
မြေမှုန့်သို့ တဖန်ရောက်ရကြလိမ့်မည်။ 16 ယခုမှာသင်သည် ဉာဏ်ရှိသည်ဖြစ်၍ ဆင်ခြင် ဦးလော့။ ငါ့စကားသံကို နားထောင်ဦးလော့။
17 တရားကို မုန်းသောသူသည် အစိုးရရမည်လော။ တရားသဖြင့် စီရင်၍ တန်ခိုးကြီးသောသူကို အပြစ်တင်သင့်သလော။ 18
သင်သည်လူဆိုးဖြစ်၏ဟု ရှင်ဘုရင်ကိုငှင်း၊ သင်တို့သည် အဓမ္မလူဖြစ်ကြ၏ဟုမင်းတို့ကိုငှင်း ဆိုသင့် သလော။ 19 ထိုမျှမက၊
မင်းတို့၏မျက်နှာကို ထောက်တော်မမူ။ ဆင်းရဲသောသူကို အားနာသည်ထက်၊ ရတတ် သောသူကိုသာ၍
အားနာတော်မမူသောဘုရားသခင်ကို မဆိုသင့်သည်မဟုတ်လော။ ဘုရားသခင်သည် ခပ်သိမ်း သောသတ္တဝါတို့ကို ဖန်ဆင်းတော်မူပြီ။
20 တခဏခြင်းတွင် သတ္တဝါတို့သည် သေတတ်ကြ၏။ သန်းခေါင်အချိန်၌ လူမျိုးတစုံတမျိုး တုန်လှုပ် ကွယ်ပျောက်၍၊
အားကြီးသောသူသော်လည်း အဘယ်သူ မျှမပြုဘဲ သုတ်သင်ပယ်ရှင်းခြင်းသို့ ရောက်တတ်၏။ 21 အကြောင်းမူကား၊
လူသွားရာလမ်းတို့ကို ဘုရား သခင်ကြည့်ရှု၍၊ လူခြေရာရှိသမျှတို့ကို မြင်တော်မူ၏။ 22 မတရားသဖြင့် ကျင့်သောသူ၏ ပုန်းရှောင်ရာ
မှောင်မိုက်၊ သေမင်းအရိပ်တစုံတခုမျှမရှိ။ 23 ဘုရားသခင့်ရှေ့တော်၌ လူသည် တရားတွေ့ သောအခါ၊ အထပ်ထပ်စစ်ကြောတော်မူစရာ
အကြောင်း မရှိ။ 24 အားကြီးသောသူတို့ကိုပင် မစစ်ကြောဘဲ ချိုးဖျက်၍၊ သူတို့အရာ၌ အခြားသောသူကို ခန့်ထားတော်မူ ၏။ 25
သို့ဖြစ်၍ သူတို့ပြုသမျှကို သိတော်မူသဖြင့်၊ ညဉ့်မှောင်မိုက်ကို ရောက်စေ၍ ဖျက်ဆီးတော်မူ၏။ 26 သူတို့အပြစ်ကြောင့်
ပရိသတ်ရှေ့မှာ ဒဏ်ခတ် တော်မူ၏။ 27 အကြောင်းမူကား၊ သူတို့သည် ဘုရားသခင်ကိုငြင်းပယ်ကြ၏။ ပြုတော်မူသော အမှုတို့ကို
အလျှင်းမဆင် ခြင်ကြ။ 28 ထိုသို့ပြုသောကြောင့် ဆင်းရဲသားငိုကြွေးသံသည် ရှေ့တော်သို့ တက်၍၊ ညှဉ်းဆဲခံရသောသူ၏ ငိုကြွေး
သံကိုကြားတော်မူရ၏။ 29 ဘုရားသခင်သည်ချမ်းသာပေးတော်မူလျှင် အဘယ်သူနှောင့်ရှက်နိုင်သနည်း။ မျက်နှာလွှဲတော်မူလျှင်
လူတမျိုးလုံးဖြစ်စေ၊ တယောက် တည်းဖြစ်စေ၊ အဘယ်သူသည် မျက်နှာတော်ကို ဖူးမြင် နိုင်သနည်း။ 30 ထိုသို့ဆင်းရဲသားတို့ကို
မမှားယွင်းစေမည်အကြောင်း အဓမ္မမင်းတို့ကို နှိမ့်ချတော်မူ၏။ 31 အကျွန်ုပ်သည် ဆုံးမတော်မူခြင်းကို ခံရပါပြီ။ နောက်တဖန်
မပြစ်မှားပါ။ 32 အကျွန်ုပ်နားမလည်သောအရာကိုသွန်သင် တော်မူပါ။ ဒုစရိုက်ကို ပြုမိသည်ဖြစ်၍၊ နောက်တဖန် မပြုဘဲ နေပါမည်ဟု
ဘုရားသခင်အား လျှောက်သင့် သည် မဟုတ်လော။ 33 သင်သည် ငြင်းပယ်သည်ဖြစ်စေ၊ ရွေးယူသည် ဖြစ်စေ၊ သင်၏အလိုသို့သာ
ဘုရားသခင်လိုက်၍၊ အလို တော်သို့မလိုက်ဘဲ အကျိုးအပြစ်ကို ပေးတော်မူရမည် လော။ သို့ဖြစ်လျှင် နားလည်သည်အတိုင်း ပြောပါ။
34 ဉာဏ်ကောင်းသော သူတို့သည် စကားပြောပါ စေ။ ပညာရှိသော သူတို့သည် ငါ့စကားကို နားထောင် ပါစေ။ 35 ယောဘသည်
နားမလည်ဘဲပြောမိပြီ။ သူပြော သောစကားသည် ပညာစကားမဟုတ်။ 36 ယောဘသည် မတရားသော သူကဲ့သို့ ပြန်ပြော
တတ်သောကြောင့်၊ အဆုံးတိုင်အောင် စုံစမ်းစေခြင်းငှါ ငါအလိုရှိ၏။ 37 ဒုစရိုက်ကိုပြုသည်သာမက၊ ပုန်ကန်သော အပြစ်ရှိသေး၏။
ငါတို့တွင် အောင်ပွဲကိုခံ၍၊ ဘုရားသခင် ကို ပြစ်မှားသောစကားနှင့် များစွာပြော တတ်သည်ဟု မြွက်ဆို၏။

## Chapter 35

1-2 တဖန်ဧလိဟုဆက်၍ မြွက်ဆိုသည်ကား၊ ငါသည်ဘုရားသခင်ထက်သာ၍ ဖြောင့်မတ်၏ဟု သင်ပြောသောစကားမှန်သည်
ထင်သလော။ 3 သင်က၊ ငါသည်အဘယ်အကျိုးကိုရသနည်း။ ဒုစရိုက်ကို မပြုဘဲနေလျှင် အဘယ်ကျေးဇူးရှိသနည်းဟု ဆိုလို၏။ 4
သင်နှင့်သင်၏အပေါင်းအဘော်တို့စကားကို ငါချေပါမည်။ 5 မိုဃ်းကောင်းကင်ကိုမျှော်၍၊ သင့်ထက်မြင့်သော မိုဃ်းတိမ်တို့ကို
ကြည့်ရှုလော့။ 6 သင်သည် ဒုစရိုက်ကိုပြုသော်လည်း၊ ဘုရား သခင်ကို အဘယ်သို့ ထိခိုက်နိုင်သနည်း။ ပြစ်မှားသော
အပြစ်များသော်လည်း၊ အကျိုးတော်ကို အဘယ်သို့ ဖျက်နိုင်သနည်း။ 7 သင်သည် ဖြောင့်မတ်သော်လည်း၊ ဘုရားသခင်၏
အကျိုးတော်ကို အဘယ်သို့ပြုစုနိုင်သနည်း။ သင့်လက် မှ အဘယ်ကျေးဇူးကို ခံတော်မူမည်နည်း။ 8 သင်ပြုသော ဒုစရိုက်သည်
သင်နှင့်တူသော လူသတ္တဝါကိုသာ ထိခိုက်နိုင်၏။ သင်ပြုသော သုစရိုက် သည်လည်း လူသားတို့၌သာ ကျေးဇူးပြုနိုင်၏။ 9
များပြားသော ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် အော်ဟစ်တတ်ကြ၏။ အားကြီးသောသူ နှိပ်စက် သောကြောင့်၊ ပြင်းစွာ
အော်ဟစ်တတ်ကြ၏။ 10 သို့သော်လည်းငါ့ကို ဖန်ဆင်းတော်မူထသော၊ ညဥ့်အချိန်၌ သီချင်းဆိုရသောအခွင့်ကို ပေးတော်မူထ သော၊
11 မြေတိရစ္ဆာန်နားလည်သည်ထက်သာ၍ နားလည်သောဉာဏ်နှင့်ငင်း၊ မိုဃ်းကောင်းကင် ငှက်မရ၊ ထူးဆန်းသောပညာနှင့်ငင်း၊
ငါတို့ကို ပြည့်စုံ စေတော်မူသော ဘုရားသခင်သည် အဘယ်မှာရှိတော် မူသနည်းဟု အဘယ်သူမျှမမေးမြန်းတတ်။ 12
ထိုကြောင့်အဓမ္မလူ၊ ထောင်လွှားစော်ကားခြင်းကိုခံရ၍ အော်ဟစ်သော်လည်း၊ ဘုရားသခင်သည် ထူးတော်မမူ။ 13
အကယ်စင်စစ်ဘုရားသခင်သည် အချည်းနှီး သောစကားကို နားထောင်တော်မမူ။ အနန္တတန်ခိုးရှင် သည် ထိုသို့သောစကားကို မမှတ်ဘဲ
နေတော်မူ၏။ 14 ဘုရားသခင်ကို မတွေ့မမြင်ရဟု သင်ဆိုသော်လည်း၊ တရားသဖြင့် စီရင်တော်မူသောကြောင့် မြော်လင့်
လျက်နေလော့။ 15 ယခုမူကား၊ အမျက်ထွက်၍ ဆုံးမတော်မမူ။ ပြစ်မှားသောအပြစ်ကို ကျပ်တည်းစွာ မှတ်တော်မမူ သောကြောင့်၊ 16
ယောဘသည်အချည်းနှီးသော စကားကို မြွက်ဆိုတတ်၏။ ပညာမရှိဘဲ များစွာပြောတတ်သည်ဟု မြွက်ဆို၏။

---



generated on Sun Jun 30 02:37:40 2024

## Chapter 36

1 တဖန်ဧလိဟု ဆက်၍မြွက်ဆိုသည်ကား၊ 2 ငါ့ကိုသည်းခံပါလော့။ အကျိုးအကြောင်းကို ငါပြဦးမည်။ ဘုရားသခင့်အဘို့
ပြောစရာရှိသေး၏။ 3 ငါသည်ဝေးသော အရပ်က ကိုယ်ပညာကို ဆောင်ခဲ့မည်။ ငါ့ကို ဖန်ဆင်းတော်မူသောဘုရားသခင်
သည်ဖြောင့်မတ်တော်မူကြောင်းကို ငါပြမည်။ 4 အကယ်စင်စစ်မမှန်သောစကားကို ငါမပြော။ ပညာ အတတ် စုံလင်သောသူသည်
သင်၌ရှိ၏။ 5 ဘုရားသခင်သည် တန်ခိုးကြီးတော်မူ၏။ သို့သော်လည်းမထီမဲ့ မြင်ပြုတော်မမူတတ်။ အစွမ်းသတ္တိ၊
ဥာဏ်သတ္တိနှင့်ပြည့်စုံတော်မူ၏။ 6 မတရားသောသူတို့၏ အသက်ကို စောင့်တော်မမူ။ ဆင်းရဲခံရသောသူတို့ဘက်၌
တရားစီရင်တော်မူ၏။ 7 ဖြောင့်မတ်သောသူတို့ကို ပမာဏမပြုဘဲ နေ တော်မမူ။ ရှင်ဘုရင်နှင့်အတူ ရာဇပလ္လင်ပေါ်မှာ ထာဝရ
နေရာချ၍ ချီးမြှောက်တော်မူ၏။ 8 သူတို့သည်အကျဉ်းနေ၍ ဒုက္ခကြိုးနှင့် ချည် နှောင်ခြင်းကို ခံရလျှင်၊ 9 သူတို့ပြုမိသောအမှုနှင့်
ပြစ်မှားလွန်ကျူးမိသော အပြစ်များတို့ကို ပြတော်မူ၏။ 10 ဆုံးမသောစကားကို နားထောင်ချင်သော သဘောကိုသွင်းပေး၍၊
ဒုစရိုက်ကိုစွန့်စေမည်အကြောင်း ပညတ်တော်မူ၏။ 11 စကားတော်ကိုနားထောင်၍ အမှုတော်ကိုဆောင်ရွက်လျှင်၊
စည်းစိမ်ချမ်းသာနှင့်ပျော်မွေ့လျက်၊ နှစ်လနေ့ရက်ကာလကို လွန်စေတတ်ကြ၏။ 12 နားမထောင်လျှင် ထားဘေးဖြင့် ဆုံး၍၊ ပညာ
အတတ်မရှိဘဲ သေတတ်ကြ၏။ 13 အဓမ္မသဘောရှိသောသူတို့သည် အမျက် တော်ကို သိုထားတတ်ကြ၏။ ချည်နှောင်တော်မူသော
အခါ မအော်ဟစ်တတ်ကြ။ 14 အသက်ငယ်စဉ်ကပင်သေ၍၊ ဆိုးညစ်သော သူတို့နှင့်အတူ ဆုံးတတ်ကြ၏။ 15
အမှုရောက်သောဆင်းရဲသားတို့ကို ကယ်တင် တော်မူ၏။ ညှဉ်းဆဲခြင်းကိုခံရသောအခါ၊ နားထောင်စေ ခြင်းငှါ ပြုတော်မူ၏။ 16
ထိုသို့သင့်ကိုလည်း ကျဉ်းမြောင်းသောအရပ်မှ ကျယ်ဝန်းရှင်း လင်းသောအရပ်သို့ပြောင်းစေ၍၊ သင်၏ စားပွဲပေါ်မှာ ကောင်းသော
အရသာနှင့်ပြည့်စုံသော ခဲဘွယ်စားဘွယ်ကို တင်ထားတော်မူလိမ့်မည်။ 17 သို့မဟုတ် မတရားသော သူကဲ့သို့ အပြစ်နှင့် ပြည့်စုံလျှင်၊
အပြစ်နှင့် ယှဉ်သောဒဏ်ကိုခံရမည်။ 18 အမျက်တော်ထွက်တတ်သည်ဖြစ်၍၊ ဒဏ်ခတ် တော်မူမည်ဟု စိုးရိမ်စရာရှိ၏။
အမှုရောက်မှများသော အဘိုးကိုပေးသော်လည်း ကိုယ်ကို မရွေးမနှုတ်နိုင်။ 19 သင်၏ဥစ္စာကို ပမာဏပြုတော်မူမည်လော။ ရွှေကိုဖင်း၊
များစွာသော စည်းစိမ်ကိုဖင်း ပေးချင်သော် လည်း၊ ပမာဏပြုတော်မမူ။ 20 ညဉ့်ကိုမတောင့်တနှင့်။ ညဉ့်အခါလူတို့သည်
ပယ်ရှင်းခြင်းကို ခံရတတ်ကြ၏။ 21 သတိပြုပါ။ မတရားသောအမှုကို မငဲ့ကွက်နှင့်။ ထိုသို့သော အမှုကိုဆင်းရဲခြင်းထက် သင်သည်
အလို ရှိလေပြီတကား။ 22 ဘုရားသခင်သည် တန်ခိုးတော်အားဖြင့် ချီးမြှောက်ခြင်းရှိတော်မူ၏။ ဘုရားသခင်ကဲ့သို့ အဘယ်သူ
အုပ်ချုပ်နိုင်သနည်း။ 23 ကြွတော်မူရသောလမ်းကို အဘယ်သူ စီရင်သနည်း။ ကိုယ်တော်သည် မတရားသောအမှုကို ပြုမိပြီဟု
အဘယ်သူဆိုရာသနည်း။ 24 လူတို့သည် ချီးမွမ်းအပ်သော အမှုတော်ကို ချီးမြှောက်ခြင်းငှါ သတိပြုလော့။ 25 လူခပ်သိမ်းတို့သည်
အမှုတော်ကို မြင်ကြ၏။ အဝေးက ကြည့်ရှုတတ်ကြ၏။ 26 ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ ငါတို့ သည် ဘုရားသခင်ကို
မသိနိုင်။ အသက်တော်နှစ်ပေါင်း ကို စစ်၍မကုန်နိုင်ကြ။ 27 ရေကိုသုန်ဖျင်းစေ၍၊ အထက်သို့ဆွဲယူတော် မူသဖြင့်၊
ရေငွေ့ရှိသည်အတိုင်း မိုယ်းရွာတတ်၏။ 28 မိုယ်းတိမ်မှ လူတို့အပေါ်သို့ မိုယ်းပေါက်ကျ၍၊ များစွာသော မိုယ်းရွာတတ်၏။ 29
မိုယ်းတိမ်တော်နှံ့ပြားခြင်း၊ တဲတော်အသံမြည် ခြင်းကို အဘယ်သူ နားလည်သနည်း။ 30 တဲတော်အပေါ်မှာ အလင်းတော်ကို
ဖြန့်တော်မူ၏။ သမုဒ္ဒရာ၌ အနက်ဆုံးသောအရပ်ကိုလည်း ဖုံးလွှမ်း တော်မူ၏။ 31 ထိုသို့သောအားဖြင့် လူမျိုးတို့ကို
တရားစီရင်တော်မူ၏။ များစွာသော အစာအာဟာရကိုလည်း ပေးတော်မူ၏။ 32 အလင်းကိုလက်တော်နှင့် ကွယ်ကာ၍၊ တဖန်
ရန်သူရှိရာသို့ လွှတ်တော်မူ၏။ 33 ထိုသူမှစသော တိရစ္ဆာန်များနှင့် အပင်များကို အလိုတော်မရှိကြောင်း ထင်ရှား၏။


generated on Sun Jun 30 02:37:40 2024

## Chapter 37

1 ဤအမှုကြောင့် ငါ့နှလုံးသည် တုန်လှုပ်၍ မိမိ နေရာမှ ရွေ့သွား၏။ 2 မြွက်တော်မူသောအသံနှင့် နှုတ်တော်မှထွက် သောအသံကို
စေ့စေ့နားထောင်ကြလော့။ 3 မိုဃ်းကောင်းကင်အောက်၌ အနှံ့အပြားလွှတ်၍၊ မြေကြီးစွန်းတိုင်အောင် လျှပ်စစ်ပြက်စေတော်မူ၏။ 4
လျှပ်စစ်ပြက်ပြီးမှ အသံတော်ထွက်၏။ ဘုန်းအာနုဘော်တော်အသံနှင့်မိုဃ်းချုန်းတော်မူ၏။ အသံ တော်မြည်သောအခါ
မိုဃ်းသက်မုန်တိုင်းကို ချုပ်တည်း တော်မမူ။ 5 အံ့သြဘွယ်သော အခြင်းအရာပါလျက်၊ ဘုရားသခင်သည်
အသံတော်နှင့်မိုဃ်းချုန်းတော်မူ၏။ ကြီး သောအမှု ငါတို့နားမလည်နိုင်သော အမှုတို့ကို ပြုတော်မူ၏။ 6 မြေပေါ်မှာဖြစ်စေဟု
မိုဃ်းပွင့်ကိုငှင်း၊ သုန်ဖျင်းသောမိုဃ်းရေနှင့် တန်ခိုးတော်ကြောင့် ပြင်းထန်သော မိုဃ်းရေ ကိုငှင်း မိန့်တော်မူ၏။ 7 ဖန်ဆင်းတော်မူသော
လူအပေါင်းတို့သည် ကိုယ်တော်ကို သိမည်အကြောင်း လူတိုင်းလုပ်သော အလုပ်ကို ဆီးတားတော်မူ၏။ 8 ထိုအခါသားရဲတို့သည်
မြေတွင်းထဲသို့ဝင်၍၊ သူတို့နေရာ၌ နေတတ်ကြ၏။ 9 လေဘွေသည် တောင်မျက်နှာမှငှင်း၊ အချမ်း သည် မြောက်မျက်နှာမှငှင်း
ထွက်လာတတ်၏။ 10 ဘုရားသခင်မှုတ်တော်မူသဖြင့်၊ ရေခဲဖြစ်၍ ရေမျက်နှာသည် ခဲလျက်ရှိ၏။ 11 မိုဃ်းတိမ်မှမိုဃ်းရေကို
သက်ရောက်စေ၍၊ ရောင်ခြည်တော်အားဖြင့် မိုဃ်းတိမ်ကို ပျောက်လွင့် စေတော်မူ၏။ 12 လောကဓာတ်မြေကြီးတရှောက်လုံးကို
မှာထား တော်မူသမျှအတိုင်း ပြုစေခြင်းငှါ ပညာတော်အားဖြင့် လှည့်လည်စေတော်မူ၏။ 13 ဒဏ်ခတ်သော်ငှင်း၊ မြေတော်
ကိုပြုစုသော်ငှင်း၊ ချမ်းသာပေးသော်ငှင်း လာစေတော် မူ၏။ 14 အိုယောဘ၊ ဤစကားကိုနားထောင်လော့။ ဘုရားသခင်၏
အံ့ဘွယ်သောအမှုတော်တို့ကို ငြိမ်သက် စွာနေ၍ ဆင်ခြင်လော့။ 15 ထိုအမှုတို့ကို ဘုရားသခင်စီရင်၍၊ မိုဃ်းတိမ်တော်အလင်းကို
ထွန်းလင်းစေတော်မူသောအခါ၊ သင်သည် သိသလော။ 16 ပညာစုံလင်သောဘုရား၏ အံ့ဘွယ်သောအမှုတော်တည်းဟူသော
မိုဃ်းတိမ်တို့သည် မပေါ့မလေး မှန်မှန်မိုးမည်အကြောင်း၊ ပြုတော်မူသောအမှုကိုငှင်း၊ 17 မြေပေါ်မှာ တောင်လေဖြင့်အချမ်းပျောက်စေ
တော်မူသောအခါ၊ သင်၏အဝတ်သည် အဘယ်သို့သော အားဖြင့် နွေးသည်ကိုငှင်း နားလည်သလော။ 18 သွန်းသော ကြေးမုံကဲ့သို့
တည်လျက်ရှိသော မိုဃ်းကောင်းကင်ကို သင်သည် ဘုရားသခင်နှင့် ဝိုင်းညီ၍ ကြက်သလော။ 19 ငါတို့သည်
အဘယ်သို့လျှောက်ရမည်ကို သွန်သင်ပါ။ ငါတို့သည် မိုက်သောကြောင့်၊ အလိုအလျောက် မလျှောက်တတ်ကြ။ 20 ငါပြောသော
စကားကို ဘုရားသခင်အား ကြားလျှောက်လိမ့်မည်လော။ အကယ်၍ လူသည် ဘုရားသခင်ကို လျှောက်ဝံ့လျှင် ပျက်စီးခြင်းသို့ ရောက်
လိမ့်မည်။ 21 လေသည် လာ၍မိုဃ်းကောင်းကင်ကို ရှင်းလင်းစေသောအခါ၊ လူသည် ထွန်းလင်းသောရောင်ခြည်ကို မကြည့်နိုင်။ 22
မြောက်မျက်နှာမှ ရွှေရောင်ခြည်ထွက်တတ်၏။ ဘုရားသခင်သည် ကြောက်မက်ဘွယ်သော ဘုန်းအာနု ဘော်နှင့် ပြည့်စုံတော်မူ၏။ 23
အနန္တတန်ခိုးရှင်ကို ငါတို့သည် စစ်၍မကုန်နိုင်ကြ။ အစွမ်းသတ္တိအားဖြင့်ငှင်း၊ တရားစီရင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအားဖြင့်ငှင်း
ထူးဆန်းတော်မူ၏။ အဘယ် သူကိုမျှ ညှဉ်းဆဲတော်မမူ။ 24 သို့ဖြစ်၍လူတို့သည် ကြောက်ရွံ့စရာအကြောင်းရှိကြ၏။
ဉာဏ်ကောင်းသောသူ တစုံတယောက်မျှ ဘုရားသခင်ကို မဖူးမကြည့်နိုင်ဟု မြွက်ဆို၏။



generated on Sun Jun 30 02:37:40 2024

## Chapter 38

1 ထိုအခါ ထာဝရဘုရားသည် ယောဘစကားကို လှန်ပြန်၍၊ မိုဃ်းသက်မုန်တိုင်းထဲက မိန့်တော်မူသည် ကား၊ 2
ပညာမရှိဘဲစကားပြောကာမျှနှင့် ငါ့အကြံကို မိုက်စေသော ဤ သူကား အဘယ်သူနည်း။ 3 လူယောကျ်ားကဲ့သို့ သင့်ခါးကို စီးလော့။
ငါမေးမြန်းသော ပြဿနာတို့ကို ဖြေလော့။ 4 မြေကြီးအမြစ်ကို ငါတည်သောအခါ၊ သင်သည် အဘယ်မှာရှိသနည်း။ နားလည်လျှင်
ဘော်ပြလော့။ 5 မြေကြီးအတိုင်းအရှည်ပမာဏကို အဘယ်သူ စီရင်သနည်း။ နားလည်လျှင်ပြောလော့။ မျဉ်းကြိုးကို
အဘယ်သူတန်း၍ချသနည်း။ 6 မြေကြီးတိုက်မြစ်ကို အဘယ်အရပ်၌ စွဲစေ သနည်း။ 7 နံနက်ကြယ်တို့သည် တညီတညွတ်တည်း
သီချင်းဆို၍၊ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်း မြောက်သဖြင့်၊ ကြွေးကြော်ကြစဉ်၊ တိုက်ထောင့်အထွဋ် ကျောက်ကို
အဘယ်သူတင်ထားသနည်း။ 8 သမုဒ္ဒရာသည်အမိဝမ်းထဲက ဘွား၍ ထွက်လာ သောအခါ၊ အဘယ်သူသည် တံခါးပိတ်နှင့် ပိတ်ထား
သနည်း။ 9 သမုဒ္ဒရာကို မိုဃ်းတိမ်နှင့် ငါခြုံ၍ ထူထပ်သော မှောင်မိုက်နှင့် ထုပ်ရစ်သည်ကာလ၌၎င်း၊ 10
သင်သည်ဤအရပ်တိုင်အောင်လာရ၏။ 11 တိုး၍မလွန်ရ၊ ဤအရပ်၌သင်၏ ထောင်လွှားသောလှိုင်းတံပိုးဆုံးရ၏ဟု ပညက်လျက်၊
သမုဒ္ဒရာအပိုင်း အခြားကို ငါစီရင်၍၊ တံခါးပိတ်နှင့်ကန့်လန့်ကျင်တို့ကို ထားသည်ကာလ၌၎င်း၊ အဘယ်သူသည် ဝိုင်း၍ ကူညီ သနည်း။
12 သင်သည်တသက်လုံးတွင် တခါမျှ နံနက်ကို မှာထားဘူးသလော။ မိုဃ်းသောက်လင်းကို နေရာချဘူး သလော။ 13
နံနက်အလင်းသည် မြေကြီးစွန်းကိုကိုင်လျက်၊ လူဆိုးတို့ကိုခါ၍ ပစ်စေခြင်းငှါ စီရင်ဘူးသလော။ 14 မြေကြီးသည်
တံဆိပ်ခတ်သကဲ့သို့ပုံပေါ်၍ အဝတ်တန်ဆာဆင်သကဲ့သို့ ရှိ၏။ 15 လူဆိုးတို့၏ အလင်းသည်ကွယ်၍ ချီကြွသော လက်လည်း
ကျိုးတတ်၏။ 16 သင်သည်သမုဒ္ဒရာ စမ်းရေပေါက်ထဲသို့ ဝင်ဘူးသလော။ နက်နဲသော အောက်ဆုံးအရပ်၌ လှည့်လည်ဘူး သလော။ 17
သေခြင်းတံခါးတို့ကို သင့်အားဖွင့်ဘူးသလော။ သေမင်းအရိပ်ထဲသို့ဝင်သော လမ်းဝတို့ကို မြင်ဘူး သလော။ 18
မြေကြီးမျက်နှာတပြင်လုံးကို ကြည့်ရှုဘူး သလော။ အလုံးစုံကို သိမြင်လျှင်ဘော်ပြလော့။ 19 အလင်းနေရာသို့ အဘယ်မည်သော
လမ်းဖြင့် ရောက်ရသနည်း။ မှောင်မိုက်နေရာလည်း အဘယ်မှာ ရှိသနည်း။ 20 အကယ်စင်စစ်သင်သည် အလင်းအမိုက်အပိုင်း
အခြားသို့ ငါတို့ ကိုပို့ဆောင်နိုင်၏။ သူတို့နေရာအိမ်သို့ ရောက်သောလမ်းတို့ကို သိလိမ့်မည်။ 21 သင်သည်ရှေးကာလ၌ ဘွားမြင်၍
အလွန် အသက်ကြီးသောကြောင့် သိလိမ့်မည်။ 22 သင်သည် မိုဃ်းပွင့်ဘဏ္ဍာတိုက်ထဲသို့ ဝင်ဘူး သလော။ 23
ဘေးရောက်ရာအချိန်ကာလနှင့် စစ်ပြိုင်၍ တိုက်ရာအချိန်ကာလဘို့၊ ငါသိုထားသော မိုဃ်းသီးဘဏ္ဍာ များကို မြင်ဘူးသလော။ 24
အလင်းသည် အဘယ်သို့သောလမ်းဖြင့် နှံ့ပြားသနည်း။ အရှေ့လေသည်မြေကြီးပေါ်မှာ အဘယ်ကြောင့် လွင့်သနည်း။ 25
လူမရှိသောမြေနှင့် လူမနေသောတော၌ မိုဃ်း ရွာစေခြင်းငှါ၎င်း၊ 26 လွတ်လပ်သောလွင်ပြင်ကို ရေနှင့်ဝစေ၍၊
နုသောမြက်ပင်အညှောက်ကို ထွက်စေခြင်းငှါ၎င်း၊ 27 လျှံသောမိုဃ်းရေစီးရာလမ်း၊ မိုဃ်းကြိုးနှင့် ဆိုင်သော လျှပ်စစ်ပြက်ရာလမ်းကို
အဘယ်သူဖွင့်သနည်း။ 28 မိုဃ်းရေ၏အဘကား အဘယ်သူနည်း။ နှင်း ပေါက်တို့ကို အဘယ်သူဖြစ်ဘွားစေသနည်း။ 29
ရေခဲသည်အဘယ်သူ၏ ဝမ်းထဲက ထွက်လာ သနည်း။ မိုဃ်းကောင်းကင်နှင်းခဲကို အဘယ်သူသည် ပဋိသန္ဓေပေးသနည်း။ 30 ရေသည်
ကျောက်ခဲကဲ့သို့ဖြစ်၍ ပင်လယ် မျက်နှာတင်းမာလျက် ရှိ၏။ 31 သင်သည် ခိမကြယ်စု၏သာယာစွာ ပြုပြင်ခြင်း ကို
ချုပ်တည်းနိုင်သလော။ ကသိလကြယ်၏ ချည်နှောင် ခြင်းကို ဖြည်နိုင်သလော။ 32 မာဇရုတ်ကြယ်တို့ကို အချိန်ရောက်လျှင် ထုတ်
ဘော်နိုင်သလော။ အာရှကြယ်နှင့်သူ၏သားတို့ကို ပဲ့ပြင် နိုင်သလော။ 33 မိုဃ်းကောင်းကင်တရားတို့ကို နားလည် သလော။
ထိုတရားတို့သည် မြေကြီးကို အုပ်စိုးမည် အကြောင်း အခွင့်ပေးနိုင်သလော။ 34 များစွာသော မိုဃ်းရေသည် သင့်ကို လွှမ်းမိုး စေခြင်းငှါ
မိုဃ်းတိမ်တို့ကို အသံလွှင့်နိုင်သလော။ 35 လျှပ်စစ်တို့ကို လွှတ်နိုင်သလော။ သူတို့က ကျွန်တော်တို့ရှိပါ၏ဟု သင့်ကိုလျှောက်လျက်
သွားကြ လိမ့်မည်လော။ 36 ကိုယ်ခန္ဓာထဲသို့ ပညာကို အဘယ်သူသွင်း သနည်း။ နားလည်နိုင်သောဥာဏ်ကို အဘယ်သူပေး သနည်း။
ပညာရှိ၍ မိုဃ်းတိမ်တို့ကို အဘယ်သူရေတွက် နိုင်သနည်း။ 37 မြေမှုန့်သည် လုံးထွေး၍ မြေစိုင်တို့သည် ကပ်လျက်နေသောအခါ၊ 38
မိုဃ်းကောင်းကင်၏ရေဘူးတို့ကို အဘယ်သူသွန်းချသနည်း။ 39 သင်သည်ခြင်္သေ့မအဘို့ စားစရာအကောင်ကို လိုက်ရှာနိုင်သလော။ 40
ခြင်္သေ့ပျိုတို့သည် ခိုလှုံရာ၌ဝပ်၍၊ ချုံဖုတ် အောက်၌ ချောင်းကြည့်လျက်နေသောအခါ၊ သူတို့ကို ဝစွာကျွေးနိုင်သလော။ 41
ကျီးအသငယ်တို့သည် စားစရာမရှိကြောင့်လှည့်လည်၍ ဘုရားသခင်ကိုအော်ဟစ်သောအခါ၊ စားစရာကိုအဘယ်သူပေးသနည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 39

1 သင်သည် တောဆိတ်မွေးရသောကာလကို သိသလော။ သမင်ဒရယ်မ သားဘွားခြင်းဝေဒနာခံရ သောအချိန်ကို မှတ်နိုင်သလော။ 2
ကိုယ်ဝန်ဆောင်ရသောနေ့လတို့ကို ရေတွက်၍၊ ဘွားရသော အချိန်ကာလကို သိသလော။ 3 သူတို့သည် ကျောကိုင်း၍သားငယ်ကို
မွေးဘွား သဖြင့် ဝေဒနာငြိမ်းကြ၏။ 4 သားငယ်တို့သည် ကျန်းမာ၍၊ လွင်ပြင်၌ ကြီးပွါး တတ်ကြ၏။ အခြားသို့သွား၍
အမိထံသို့ပြန်မလာဘဲ နေတတ်ကြ၏။ 5 တောမြည်းကိုအဆီးအတားမရှိစေခြင်းငှါ အဘယ်သူလွှတ်သနည်း။
တောမြင်း၌ချည်နှောင်ခြင်းကို အဘယ်သူဖြေသနည်း။ 6 တောကို သူ့အိမ်ဘို့၎င်း၊ လွင်ပြင်ကိုသူ့နေရာဘို့ ၎င်း ငါခန့်ထားပြီ။ 7
မြို့၌ဖြစ်သောလူတို့၏ အသံဗလံကို သူသည် မထီမဲ့မြင်ပြုတတ်၏။ နှင်သောသူအော်ဟစ်နှိုးဆော်သံကို မမှတ်တတ်။ 8 တောင်ရိုး၌
ကျက်စား၍၊ စိမ်းသော အပင် အမျိုးမျိုးကို ရှာတတ်၏။ 9 ကြံ့သည် သင်၏အမှုကိုဆောင်ရွက်၍၊ သင်၏ တင်းကုပ်၌ နေခြင်းငှါ
အလိုရှိလိမ့်မည်လော။ 10 ကြံ့ကိုထွန်ကြောင်းသို့ လိုက်စေခြင်းငှါ ကြိုးနှင့် ချည်နိုင်သလော။ သို့မဟုတ်သင့်နောက်သို့ လိုက်၍ချိုင့်၌
လယ်ထွန်လိမ့်မည်လော။ 11 ကြံ့သည် အားကြီးသောကြောင့် သူ့ကိုယုံမည် လော။ သင်လုပ်ရသော အလုပ်ကိုသူ၌ အပ်မည်လော။ 12
သင်၏စပါးကို ဆောင်ခဲ့၍ စပါးကျီ၌ စုသိမ်းလိမ့်မည်ဟု ယုံသလော။ 13 ကုလားအုပ်ငှက်သည် အတောင်ခတ်လျက် နေတတ်၏။
တောင်နှင့်သည် အမွေးအတောင်နှင့် ပြည့်စုံ၏။ 14 သို့သော်လည်း မြေ၌ဥ၍ အဥတို့ကို မြေမှုန့်၌ နွေးစေတတ်၏။ 15
သူ့ခြေသည်အဥတို့ကို နင်းမိမည်၊ သားရဲခွဲလိမ့် မည်ဟု မစိုးရိမ်။ 16 သားငယ်တို့ကို ကိုယ်သားကဲ့သို့မမှတ် ကြမ်းတမ်းစွာ ပြုတတ်၏။
စိုးရိမ်ခြင်းမရှိ။ သားဘွားခြင်း ဝေဒနာကို အချည်းနှီးခံတတ်၏။ 17 အကြောင်းမူကား၊ ဘုရားသခင်သည် ပညာမဲ့ စေခြင်းငှါ
ဖန်ဆင်းတော်မူ၏။ ဉာဏ်ကိုပေးတော်မမူ။ 18 သို့သော်လည်း ကိုယ်ကို ချီကြွသောအခါ၊ မြင်းနှင့်မြင်းစီးသော သူကိုပင် ရယ်တတ်၏။
19 သင်သည် မြင်းကိုခွန်အားနှင့် ပြည့်စုံစေသလော။ သူ၏လည်ပင်း၌ မိုယံကြိုးလက္ခဏာကို သွင်းသလော။ 20 ကျိုင်းကောင်
ခုန်သကဲ့သို့ ခုန်တတ်စေသလော။ သူ၏နှာခေါင်းမြည်သံသည် ကြောက်မက်ဘွယ်ဖြစ်၏။ 21 လွင်ပြင်ကိုယက်၍၊ မိမိခွန်အား၌
ဝါကြွားလျက်၊ သူရဲများကို တွေ့အံ့သောငှါ သွားတတ်၏။ 22 ကြောက်စရာအကြောင်းကို ကဲ့ရဲ့၍၊ ကြောက် လန့်သောသဘောနှင့်
ကင်းလွတ်သဖြင့်၊ ထားဘေးကို မရှောင်တတ်။ 23 သူ့တဘက်၌ မြားတောင့်လှုပ်သံမြည်၍၊ လှံနှင့် ဒိုင်းလွှားသည်
ပြောင်လက်လျက်ရှိ၏။ 24 မာနကြီး၍ပြင်းထန်သော စိတ်နှင့် မြေကို မျိုတတ်၏။ တံပိုးသံကို ကြားသောအခါ၊ ငြိမ်ဝပ်စွာ မနေနိုင်။ 25
တံပိုးများ အလယ်သို့ရောက်၍ အေ့ဟေ၊ အေ့ဟေဟုဆိုတတ်၏။ ဗိုလ်မြေအော်ဟစ်၍ အသံဗလံ ပြုခြင်းနှင့်တကွ၊ စစ်တိုက်ပွဲကို
အဝေးက အနံ့ခံတတ်၏။ 26 သင်ပေးသော ဉာဏ်အားဖြင့် သိမ်းငှက်သည် အတောင်ကို ဖြန့်၍ တောင်မျက်နှာသို့ ပျံသွားတတ်
သလော။ 27 သင်စီရင်သောကြောင့် ရွှေလင်းတသည် အထက်သို့တက်၍၊ မြင့်သောအရပ်၌ အသိုက်ကို လုပ်တတ်သလော။ 28 သူသည်
ကျောက်ပေါ်မှာနေ၍ တောင်ထိပ်နှင့် ကျောက်ငူပေါ်မှာ နေရာကျတတ်၏။ 29 ထိုအရပ်ကကြည့်၍ ကိုက်စားစရာအကောင်ကို
အဝေးကပင် မြင်တတ်၏။ 30 သူ၏သားငယ်တို့သည် အသွေးကို သောက်တတ်၏။ အသေကောင်ရှိရာအရပ်၌ ထိုငှက်ရှိသည်ဟု
မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 40

[1] တဖန်ထာဝရဘုရားက၊ အနန္တတန်ခိုးရှင်ကို ဆုံးမသော သူသည် ဆန့်ကျင်ဘက်ပြုဦးမလော။ [2] ဘုရားသခင်ကို အပြစ်တင်သော
သူသည် ပြန်ပြောစေတော့ဟု ယောဘအား မိန့်တော်မူလျှင်၊ [3] ယောဘက အကျွန်ုပ်သည် ဆိုးယုတ်ပါ၏။ [4] ကိုယ်တော်အား အဘယ်သို့
ပြန်လျှောက်ရပါမည်နည်း။ အကျွန်ုပ်သည် ကိုယ်နှုတ်ကို ကိုယ်လက်နှင့် ပိတ်ပါမည်။ [5] တကြိမ်ပြောမိပါပြီ။ တဖန်မပြောဝံ့ပါ။
နှစ်ကြိမ်တိုင်အောင် ပြောမိပါပြီ။ သို့ရာတွင် ထပ်၍မပြောဝံ့ပါဟု ထာဝရဘုရားအား ပြန်၍ လျှောက်လေ၏။ [6]
တဖန်ထာဝရဘုရားသည် မိုဃ်းသက်မုန်တိုင်း ထဲက ယောဘအား မိန့်တော်မူသည်ကား၊ [7] လူယောက်ျားကဲ့သို့ သင်၏ခါးကိုစည်းလော့။
ငါမေးမြန်း သောပြဿနာတို့ကို ဖြေလော့။ [8] သင်သည် ငါတရားစီရင်ချက်ကို ပယ်မည်လော။ သင်သည်
ကိုယ်တိုင်ဖြောင့်မတ်ဟန်ရှိစေခြင်းငှါ၊ ငါကိုအပြစ်ရှိသည်ဟု စီရင်မည်လော။ [9] သင်သည်ဘုရားသခင်၏ လက်ရုံးကဲ့သို့သော
လက်ရုံးရှိသလော။ ဘုရားသခင်၏ အသံကဲ့သို့သော အသံနှင့် မိုဃ်းချုန်းနိုင်သလော။ [10] ထူးဆန်းသော ဘုန်းတန်ခိုးအာနုဘော်ကို
ဝတ်ဆောင်လော့။ တင့်တယ်သော ဂုဏ်အသရေနှင့် တန်ဆာဆင်လော့။ [11] သင်၏အမျက်အရှိန်ကို လွှတ်လော့။ မာန
ထောင်လွှားသောသူအပေါင်းတို့ကို ကြည့်ရှု၍ နှိမ့်ချ လော့။ [12] မာနထောင်လွှားသော သူအပေါင်းတို့ကို ကြည့်ရှု၍ ရှုတ်ချလော့။
အဓမ္မလူတို့ကို နှိပ်နင်း၍၊ [13] သူတို့ကိုမြေမှုန့်၌ တစုတည်း ဝှက်ထားလော့။ သူတို့မျက်နှာများကို မှောင်မိုက်၌ ဖုံးအုပ်လော့။ [14]
သို့ပြုလျှင် သင်၏လက်ျာလက်ရုံးသည် သင့်ကို ကယ်တင်နိုင်သည်ဟု ငါဝန်ခံမည်။ [15] သင်နှင့်အတူ ငါဖန်ဆင်းသော ဗေဟမုတ်ခြင်း
ကို ကြည့်ရှုလော့။ နွားကဲ့သို့ မြက်ကို စားတတ်၏။ [16] သူ၏တန်ခိုးသည် ခါး၌၎င်း၊ သူ၏ခွန်အားသည် ဝမ်းကြော၌၎င်း
တည်လျက်ရှိ၏။ [17] သူ့အမြီးသည် အာရဇ်ပင်ကဲ့သို့ လှုပ်တတ်၏။ ပေါင်ကြောတို့သည် အထပ်ထပ်ရှိကြ၏။ [18] အရိုးငယ်တို့သည်
ကြေးဝါချောင်း၊ အရိုးကြီး တို့သည် သံတိုးကဲ့သို့ဖြစ်ကြ၏။ [19] ဘုရားသခင်ဖန်ဆင်းသော သတ္တဝါတို့တွင် ထူးဆန်းသော
သတ္တဝါဖြစ်၏။ သူ့ကိုဖန်ဆင်းသော ဘုရားသာလျှင် သူ၏တံစဉ်ကို ပေးပြီ။ [20] မြေတိရစ္ဆာန်အပေါင်းတို့ ကစားရာတောင်ရိုး သည်
သူ၏ကျက်စားရာအရပ်ဖြစ်၏။ [21] အရိပ်ကောင်းသော အပင်အောက်၊ ကျူပြင် ချုံဖုတ်အောက်၊ ရေများသောအရပ်၌ နေတတ်၏။ [22]
ထိုအပင်တို့သည် အရိပ်နှင့်လွှမ်းမိုး၍ ချောင်း နားမိုဃ်းမခပင်တို့သည် ဝိုင်းကြ၏။ [23] မြစ်ရေထသော်လည်း သူသည်မပြေးတတ်။
သူ၏ခံတွင်းကို ယော်ဒန်မြစ်ရေ ဝှေ့တိုက်သော်လည်း မတုန်မလှုပ်ဘဲ နေတတ်၏။ [24] ထိုမြင်းကို ထင်ရှားစွာ ဘမ်းယူမည်လော။
သူ၏နှာခေါင်းကို သံချိတ်နှင့် ဖောက်မည်လော။

---

---

Job 01

ဆက်စပ်ဖော်ပြချက်
ဘုရားသခင်သည် ဆက်ပြီး ယောဘကို စိန်ခေါ်ထားပါသည်။

တဖန်ထာဝရဘုရားက၊ အနန္တတန်ခိုးရှင်ကို ဆုံးမသော သူသည် ဆန့်ကျင်ဘက်ပြုဦးမည်လော။
ဘုရားသခင်က ယောဘကို ဆုံးမသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါနှင့် ငြင်းခုံရန် ငါ့ကို အပြစ်ရှာသောသူ တစ်ယောက်မျှ မရှိပါ။ အဘယ်ကြောင့်ဆိုသော် ငါသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့် ဖြစ်သည်" သို့မဟုတ် "သင်တို့သည် ဘုရားသခင်ဖြစ်သော ငါ့ကို အပြစ်ရှာချင်သော်လည်း သင်တို့သည် ငါ့ကို ပြုပြင်ရန် မကြိုးစားသင့်ပါ"

ဘုရားသခင်ကို အပြစ်တင်သော သူသည် ပြန်ပြောစေတော့ဟု
ဘုရားသခင်က ယောဘနှင့် သူကိုယ်တိုင်ကို မည်သည့်နေရာ၌မဆို အငြင်းအခုံ မလုပ်သင့်ကြောင်းကို ယောဘအား အသိပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါနှင့် ငြင်းခုံချင်လျှင်၊ ငါ့ကို ပြန်ပြောပါ"

ငါဖြစ်သည်ကို ကြည့်ပါ၊
သင်သည် မှန်ကန်ကြောင်းကို ပြောဆိုသောအခါ ငါဖြစ်သည်။ "ငါ့ကို ကြည့်ပြီး ငါဖြစ်သည့်အတိုင်းကို မြင်ကြလိမ့်မည်"

Job 03

အကျွန်ုပ်သည် ဆိုးယုတ်ပါ၏
"ကျွန်ုပ်သည် အရေးပါသောသူ မဟုတ်ပါ"

အဘယ်သို့ ပြန်လျှောက်ရပါမည်နည်း
ယောဘသည် သူ၏ မေးခွန်းများအတွက် ဘုရားသခင်အား တောင်းပန်သော စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် သင့်ကို ပြန်မဆိုဝံ့ပါ။"

Job 06

လူယောက်ျားကဲ့သို့ သင်၏ ခါးကိုစည်းလော့
ခါးစည်းခြင်းသည် ခက်ခဲသော အလုပ်ကို လုပ်ရန် အသင့်ပြင်ဆင်နေခြင်း ဖြစ်သည်။ ယောဘသည် ဘုရားသခင် ပေးမည့် ခက်ခဲသောအဖြေအတွက် ပြင်ဆင်နေခြင်းကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

Job 08

ဆက်စပ်ဖော်ပြချက်
ဘုရားသခင်သည် ဆက်ပြီးယောဘကို စိန်ခေါ်ထားပါသည်။

ငါကိုအပြစ်ရှိသည်ဟု စီရင်မည်လော။
ယောဘက ဘုရားသခင်သည် မတရားသောသူ နှင့် ယောဘအနေဖြင့် သူပြောချင်သောအရာများကို ပြောဆိုရန် သေချာမှု ပြုလုပ်သင့်သည်ကို ဘုရားသခင်သည် အံ့သြနေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မတရားသောသူ ဖြစ်သည်ကို ပြောဆိုသောကြောင့် ငါသည် အံ့သြနေပါသည်" သို့မဟုတ် "သင့်အနေဖြင့် ငါသည် ဖြောင့်မတ်သောသူ ဖြစ်သည်ကို ပြောချင်လျှင် သေချာအောင် ပြောသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် သင်ပြောဆိုထားသောအရာဖြစ်သည်"

သင်သည် ကိုယ်တိုင်ဖြောင့်မတ်ဟန်ရှိစေခြင်းငှါ၊ ငါကိုအပြစ်ရှိသည်ဟု စီရင်မည်လော
ဤအရာကို စကားပြောတစ်ခုလို ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အပြစ်မရှိသောသူဟု ဆိုရလောက်အောင် သင်သည် ငါ့ကို ပြစ်တင်ရှုတ်ချနေပါသည်"

ဘုရားသခင်၏ လက်ရုံးကဲ့သို့
လက်ဟူသည်မှာ လက်ထဲ၌ ရှိသော ခွန်အားကို အစားထိုးထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ ခွန်အားကဲ့သို့သော"

ဘုရားသခင်၏ အသံကဲ့သို့သော အသံနှင့် မိုဃ်းချုန်းနိုင်သလော။
ဤအရာကို စကားပြောတစ်ခုအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ့အသံအားဖြင့် မိုးချုန်းစေနိုင်သကဲ့သို့ သင်သည် တကယ် လုပ်ဆောင်နိုင်မည် မဟုတ်ပါ"

ဘုရားသခင်၏ အသံကဲ့သို့သော
"သူလုပ်သော အသံကဲ့သို့" သို့မဟုတ် "ဤအသံကဲ့သို့သော"

Job 10

ထူးဆန်းသော ဘုန်းတန်ခိုးအာနုဘော်ကို ဝတ်ဆောင်လော့။ တင့်တယ်သော ဂုဏ်အသရေနှင့် တန်ဆာဆင်လော့။
စိတ္တဇနာမ်များဖြစ်ကြသော "ဘုန်းတန်ခိုးအာနုဘော်" "ဂုဏ်အသရေ" "တင့်တယ်ခြင်း" နှင့် ဂုဏ်တို့ကို လူတစ်ယောက် အဝတ်တန်ဆာဆင်သကဲ့သို့ ထိုအရာများသည်လည်း တန်ဆာဆင်ရန်ဖြစ်ကြောင်းကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် ဘုန်းကြီးသောသူဖြစ်အောင် လုပ်ဆောင်ပါ" ကြီးမြတ်သောအရာများကို လုပ်ဆောင်ပါ။ သို့ပြုလျှင် လူများသည် သင့်ကို လေးစားပြီး ဂုဏ်ပြုကြမည်ဖြစ်သည်။ သင်သည် ကြီးမြတ်သော ဘုရင်တစ်ပါးအလား လူများက ထင်မြင်စေရန် လုပ်ဆောင်ပါ"

သင်၏အမျက်အရှိန်ကို လွှတ်လော့။
ဤစိတ္တဇနာမ်ဖြစ်သော "ဒေါသ" ဟူသည်မှာ ပုံမှန်အားဖြင့် တစ်ခုခုကို စုဆောင်းထားနိုင်သောပုံးကဲ့သို့ ဖြစ်သည်။ သို့သော် ဤသို့သော အခြေအနေတွင် ကျယ်ပြန့်စေရန် မလိုအပ်သောအရာများစွာ ရှိသည်။ ၎င်းသည် သူက စိတ်ဆိုးသောအချိန်၌ ကျင့်ကြံ ပြုမူတတ်သသော အရာအတွက် အစားထိုးထားသောအရာဖြစ်သည်။ သင့်အနေဖြင့် တစ်စုံတစ်ယောက် စိတ်ဆိုးဒေါသထွက်သောအခါ တိကျမှုပြုလုပ်ရန် လိုအပ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် ဝါကြွားပြီး သူတို့ကို အပြစ်ပေးသောကြောင့် စိတ်ဆိုးသောသူဖြစ်လာသည်"

နှိမ့်ချ လော့။
သူဝါကြွားထားသောအရာအတွက် အားလုံး ယူဆောင်သွားပါ။

အပေါင်းတို့ကို ကြည့်ရှု၍
"မျက်နှာ" ဟူသည်မှာ လူတစ်ယောက်လုံးကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို"

ဝှက်ထားလော့
လူများသေဆုံးသောအခါ လူများ၏ ဝိညာဉ်များ သွားသောနေရာအတွက် အသုံးပြုသောစကား တစ်ခုဖြစ်သည်။

Job 12

သူတို့မျက်နှာများ
လူပုဂ္ဂိုလ်တစ်ခုလုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့"

မှောင်မိုက်၌
သေဆုံးသော လူများ၏ ဝိညာဉ်များ သွားရာအရပ် ဖြစ်သည်

Job 15

ဗေဟမုတ်ခြင်း
ကျယ်ပြန့်သောရေတိရိစ္ဆာန်၊ ဖြစ်နိုင်သည်မှာ ရေမြင်းဖြစ်သည်။

စားတတ်၏။
ဗေဟမုတ်ခြင်းကို စားသည်။

နွားကဲ့သို့ မြက်ကို စားတတ်၏။
ဗေဟမုတ်ခြင်းနှင့် နွားကဲ့သို့ မြက်ပင်ကို စားသည်။

ခါး၌၎င်း......ခွန်အားသည် ဝမ်းကြော၌၎င်း တည်လျက်ရှိ၏။
ဤစကားစုနှစ်ခုတို့သည် ခန္ဓာကိုယ်တစ်ခုတည်းကိုသာ ရည်ညွှန်းထားသောအရာဖြစ်သည်။

Job 17

အာရဗ်ပင်ကဲ့သို့
အာရဗ်ပင်သည် ခက်ထန်သော သစ်သားဖြစ်ပြီး သူ့အမြီးပိုင်းသည် မာကျောသည်။

ကြေးဝါချောင်း၊ အရိုးကြီး
သူ့အရိုးများတွင် ကြေးဝါချောင်းရှိသော တိရိစ္ဆာန်သည် မည်မျှ ခိုင်ခံ့သည်ကို ပြသရန် နှိုင်းယှဉ်ထားပါသည်။

အရိုးကြီး တို့သည် သံတုံးကဲ့သို့
ကြီးမားသော တိရိစ္ဆာန်များ၏ ခွန်အားကို ဖော်ပြထားပါသည်။

Job 19

သတ္တဝါတို့တွင် ထူးဆန်းသော သတ္တဝါဖြစ်၏
"ဖန်ဆင်းခံသောသူများ၏ အရေးကြီးဆုံးသောအရာ" သို့မဟုတ် "' ဖန်ဆင်းခံသူများ"

သူ့ကိုဖန်ဆင်းသော ဘုရားသာလျှင်
ဘုရားသခင်ကို လူတစ်ယောက်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါဖန်ဆင်းထားသောအရာများ။ ငါ ဘုရားသခင်သာလျှင် ဖြစ်သည်"

တောင်ရိုးသည် သူ၏ကျက်စားရာအရပ်ဖြစ်၏။
တောင်ရိုးများကို အစာများ ပေးကမ်းနိုင်သော လူများကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ရိုးမှ အစားအစာများကို ပေါက်ရောက်စေသည်"

အရိပ်ကောင်းသော အပင်အောက်၊
ကျူပင် ချုံပုတ်အောက် အရပ်တွင် ပေါ်ပေါက်လာသော အပင်များ။

ကျူပင်
ရှည်လျားပြီး ချုံပုတ်များ သို့မဟုတ် ရွှံ့စေးမြေများတွင် တွေ့ရသောအပင်ဖြစ်သည်။

Job 22

အရိပ်နှင့်လွှမ်းမိုး၍
ရွှံ့စေးရှိသော ရေအောက်တွင် ပေါက်ရောက်လာသော အပင်များ။ [ယောဘ ၄၀: ၁၉]တွင် မည်သို့ ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ (../40/19.md).

ချောင်း နားမိုဃ်းမခပင်တို့သည် ဝိုင်းကြ၏။
မိုယ်းမခပင်များသည် စိုထိုင်းသော အရပ်များတွင် ကြီးထွားသော အပင်များဖြစ်သည်။ ထိုအရာများကို သင့်အနေဖြင့် မသိခဲ့လျှင် သင်သည် ယေဘုယျအားဖြင့် ရေနားမှာ စိုက်ပျိုးသောအရာများအတွက် အသုံးပြုနိုင်ပါသည်။

မြစ်ရေ
မြစ်၏ ဘေးဖက်ခြမ်း၌။

သူ၏ခံတွင်းကို ယော်ဒန်မြစ်ရေ ဝှေ့တိုက်သော်လည်း မတုန်မလှုပ်ဘဲ နေတတ်၏
ယော်ဒန်မြစ်မှ သူ့ပါးစပ်သို့ စီးဆင်းလာပေးသင့်သည်။

ထိုမြင်းကို ထင်ရှားစွာ ဘမ်းယူမည်လော။ သူ၏နှာခေါင်းကို သံချိတ်နှင့် ဖောက်မည်လော။
ဤအရာကို စကားပြောတစ်ခုအဖြစ် ဘာသာပြန်ဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်သူကမျှ နှခေါင်းကို သံချိတ်နှင့်ဖောက်ထားသကဲ့သို့ သို့မဟုတ် မည်သူကမျှ မဖမ်းဆုပ်နိုင်ပါ"

 generated on Sun Jun 30 02:37:40 2024

# Translation Questions

Job 40:3

ယောဘက မိမိသည် ထာဝရဘုရားကို ဖြေဖို့ရန် မထိုက်တန်ကြောင်းကို မည်သို့ ဖော်ပြသနည်း?

ယောဘသည် မိမိလက်ကို နှုတ်ခမ်းတွင် တင်သည်။

Job 40:6

မည်သည့်နေရာမှ ထာဝရဘုရားသည် ယောဘကို ဖြေတော်မူသနည်း?

ပြင်းထန်သောမုန်တိုင်းမှ ထာဝရဘုရားသည် ယောဘကို ဖြေတော်မူသည်။

ထာဝရဘုရားက ယောဘသည် သူ့ကိုဖြေဖို့ရန် မည်သည့်အရာကိုပြင်ဆင်ဖို့ရန် သူ့ကို ပြောသနည်း?

သူသည် ယောကျာ်းပီပီ သူ့အကြောများကို ခိုင်မာစေရန်ပြောသည်။

Job 40:8

ယောဘသည် ထာဝရဘုရားကို ပြစ်တင်သည်ဟု အဘယ်ကြောင့် ထာဝရဘုရား ပြောသနည်း?

ယောဘသည် မိမိဖြောင့်မတ်ကြောင်း ပြောဖို့ရန် သူသည် ထာဝရဘုရားကိုပြစ်တင်သည်ဟု ပြောခြင်းဖြစ်သည်။

Job 40:10

ယောဘကို သူ့ကိုယ်သူ ဘာနှင့်ဖုံးဖို့ရန် ထာဝရဘုရား စိန်ခေါ်သနည်း?

ယောဘက မိမိကိုယ်ကို ဘုန်း၊ ဂုဏ်သိက္ခာ၊ ရိုသေခြင်း နှင့် ဘုန်းတော်တို့ဖြင့် ဖုံးရန် ထာဝရဘုရား စိန်ခေါ်သည်။

Job 40:12

မိုက်မဲသူများကို မည်သို့လုပ်ဖို့ ထာဝရဘုရားသည် ယောဘကို ပြောသနည်း?

သူတို့ရပ်သည့်နေရာတွင် သူတို့ကို နင်းချေဖို့ရန် ထာဝရဘုရားက ယောဘကိုပြောသည်။

Job 40:15

ဗေဟမုတ်သည် ဘာကိုစားသနည်း?

သူသည် နွားထီးကဲ့သို့ မြက်ကိုစားသည်။

Job 40:17

ဗေဟမုတ်၏အမြီးသည် ဘာနှင့်တူသနည်း?

သူ့အမြီးသည် အာရဇ်ပင်နှင့်တူသည်။

Job 40:19

မည်သူသည် ဗေဟမုတ်ကို နိုင်မည်နည်း?

ဘုရားသခင်တစ်ပါးတည်းသာ ဗေဟမုတ်ကို နိုင်သည်။

ဗေဟမုတ်သည် ဘယ်မှာ လဲလျောင်းသနည်း?

သူသည် ကျူပင်များအောက်ရှိ ကြာပင်များအောင်တွင် လဲလျောင်းသည်။

Job 40:22

မြစ်သည်ကြီး၍ ယော်ဒန်သည်တိုးလာသောအခါ ဗေဟမုတ်သည် ဘာစဥ်းစားသနည်း?

သူသည် မပူပင်၊ စိတ်ချလျက်နေသည်။

## Chapter 41

1 လဝိသန်ကိုငါးမျှားနှင့် ဆွဲယူ၍၊ သူ၏လျှာကို ကြိုးနှင့်နှိပ်နင်းမည်လော။ 2 သူ့ကို နှာရှုတ်တပ်၍၊ ပါးရိုး၌သံကွင်းလျှိုမည် လော။ 3
သူသည်သင့်ကိုများစွာ တောင်းပန်လိမ့်မည် လော။ ချော့မော့သောစကားကို ပြောလိမ့်မည်လော။ 4 သင်နှင့်ဝန်ခံခြင်း ပဋိညာဉ်ကို
ပြုလိမ့်မည် လော။ သင်၏အမှုကို အစဉ်ဆောင်ရွက်စေခြင်းငှါ သူ့ကို ခန့်ထားမည်လော။ 5 ငှက်နှင့်ကစားသကဲ့သို့
သူနှင့်ကစားမည်လော။ သင်၏မိန်းမကလေးတို့အဘို့ သူ့ကိုချည်နှောင်မည်လော။ 6 သင်၏အပေါင်းအဘော်တို့သည် သူ့ကိုဝိုင်း၍
စားသောက်ပွဲခံကြလိမ့်မည်လော။ ကုန်သည်တို့တွင် ဝေကြလိမ့်မည်လော။ 7 သူ၏အရေကို မှိန်းနှင့်ငှင်း၊ သူ၏ခေါင်းကို
ငါးထိုးသောလှံနှင့်ငှင်း၊ အနှံ့အပြားထိုးဖောက်နိုင် သလော။ 8 သူ့အပေါ်မှာ လက်တင်ရုံမျှသာ ပြုပါ။ သူ့ကို တိုက်မည်အကြံကို
နောက်တဖန်မအောက်မေ့ရ။ 9 တိုက်သောသူသည်နိုင်မည်ဟု အချည်းနှီး ထင်၏။ မြင်ကာမျှနှင့် စိတ်မပျက်သလော။ 10
သူ့ကိုနှိုးဆော်ခြင်းငှါ အဘယ်သူမျှမရဲရင့်။ သို့ဖြစ်၍ ငါ့ရှေ့မှာ အဘယ်သူရပ်နိုင်သနည်း။ 11 ငါသည် ကျေးဇူးတုံ့ပြုရမည်အကြောင်း
အဘယ် သူသည် ငါ၌ ကျေးဇူးပြုဘူးသနည်း။ မိုဃ်းကောင်းကင် အောက်၌ ရှိသမျှတို့သည် ငါ၏ ဥစ္စာဖြစ်ကြ၏။ 12
လဝိသန်၏အင်္ဂါများ၊ ခွန်အား၊ တင့်တယ်သော တန်ဆာတို့ကို ငါသည် ဝှက်၍မထား။ 13 သူ၏အဝတ်ကို အဘယ်သူလှန်နိုင်သနည်း။
နှစ်ထပ်ရှိသော ပါးရိုးကို အဘယ်သူချဉ်းကပ်လိမ့်မည် နည်း။ 14 သူ၏မျက်နှာတံခါးကို အဘယ်သူဖွင့်လိမ့်မည်နည်း။ သူ၏
သွားတန်းတို့သည် ကြောက်မက်ဘွယ် ဖြစ်ကြ၏။ 15 လုံခြုံစွာ တံဆိပ်ခတ်သကဲ့သို့ တချပ်နှင့် တချပ် ပူးကပ်သောအကြေးများနှင့်
ဝါကြွားတတ်၏။ 16 လေမျှမဝင်နိုင်အောင် တချပ်နှင့်တချပ် ပူးကပ် လျက်ရှိကြ၏။ 17 တချပ်နှင့်တချပ် မခွါနိုင်အောင် တခဲနက်
ရှက်တင်လျက်ရှိကြ၏။ 18 သူချေဆတ်သောအခါ အလင်းတောက်တတ်၏။ သူ့မျက်စိသည် နံနက်မျက်တောင်ခတ်သကဲ့သို့ ဖြစ်၏။
19 ပစပ်ထဲက မီးရှူးထွက်၍ မီးပွါးတို့လည်း လွင့်ကြ၏။ 20 ကြွက်ကြွက်ဆူသော အိုးကင်းထဲက အခိုးအငွေ့ တတ်သကဲ့သို့
သူ့နှာခေါင်းထဲက အခိုးအငွေ့တက်တတ် ၏။ 21 အသက်ရှူသောအခါ မီးခဲတောက်၍ ပစပ်ထဲက မီးလျှံထွက်တတ်၏။ 22 လည်ပင်း၌
တန်ခိုးနေတတ်၏။ သူ့ရှေ့မှာ ကြောက်လန့်ခြင်းသည် ကခုန်တတ်၏။ 23 အသားအကြောတို့သည် တခဲနက်ဖြစ်၍ မရွေ့နိုင်အောင်
ခိုင်မာလျက် ရှိကြ၏။ 24 နှလုံးသည် ကျောက်ကဲ့သို့မာ၏။ အောက်ကြိတ် ဆုံကျောက်ကဲ့သို့ မာ၏။ 25 သူထသောအခါ
ခွန်အားကြီးသောသူတို့သည် ကြောက်လန့်ကြ၏။ ကြောက်လန့်အားကြီးသောကြောင့် အရူးကဲ့သို့ ဖြစ်ကြ၏။ 26
သူ့ကိုတိုက်လျှင်ထားမခိုင်တတ်။ လှံ၊ မြှား၊ သံချပ်မခိုင်တတ်။ 27 သံကို ကောက်ရိုးကဲ့သို့၎င်း၊ ကြေးဝါကို သစ်ဆွေး ကဲ့သို့၎င်း
မှတ်တတ်၏။ 28 လေးနှင့်ပစ်၍ သူ့ကိုမပြေးစေနိုင်။ လောက်လွှဲ နှင့်ပစ်သောကျောက်ခဲတို့သည် သူ၌ အမှိုက်ကဲ့သို့ ဖြစ်ကြ၏။ 29
ဒုတ်ကြီးကို ဖွဲကဲ့သို့မှတ်၍၊ လှံနှင့်ရွယ်သောအခါ ရယ်တတ်၏။ 30 သူ့အောက်မှာ ထက်သောအိုးစောင်းခြမ်းများရှိ၏။ ရွှံ့ပေါ်မှာ
ထွန်သွားများကို ဖြန့်တတ်၏။ 31 အိုးကင်းဆူသကဲ့သို့ ပင်လယ်ကိုဆူစေတတ်၏။ သမုဒ္ဒရာကို ဘယောင်းချက်ကဲ့သို့ ဖြစ်စေတတ်၏။
32 သူလွန်သွားသောလမ်းသည် ထွန်းတောက် သဖြင့်၊ ပင်လယ်သည် ဆံပင်ဖြူယောင်ဆောင်တတ်၏။ 33
မြေပေါ်မှာသူနှင့်ခိုင်းနိုင်သော တိရစ္ဆာန်မရှိ။ ပကတိအားဖြင့် ကြောက်တတ်သောသဘောနှင့် ကင်းလွတ်၏။ 34
ကြီးမြင့်သောအရာရှိသမျှတို့ကို မထီမဲ့မြင်ပြု တတ်၏။ မာနထောင်လွှားသောသူအပေါင်းတို့အပေါ်၌ မင်းဖြစ်သည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 42

1 ယောဘသည်ထာဝရဘုရားအား ပြန်လျှောက်သည်ကား၊ 2 ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူ ကြောင်းကိုင်၊
အကြံအစည်တော်ကို အဘယ်သူမျှ မဆီးတားနိုင်ကြောင်းကိုင် အကျွန်ုပ်သိပါ၏။ 3 ပညာမရှိဘဲ အကြံအစည်တော်ကိုမိုက်စေသော
သူကားအဘယ်သူနည်း။ သို့ရာတွင် အကျွန်ုပ်သည် နားမလည်သောအရာတို့ကိုင်၊ ကိုယ်တိုင်မသိ၊ အံ့သြ၍ မကုန်နိုင်သော
အရာတို့ကိုင် ပြောမိပါပြီ။ 4 နားထောင်တော်မူပါ။ အကျွန်ုပ်လျှောက်ပါမည်။ အကျွန်ုပ်မေးလျှောက်သော အရာတို့ကို သွန်သင်
တော်မူပါ။ 5 သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဘူး ပါပြီ။ ယခုမူကား၊ ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏။ 6
ထိုကြောင့်အကျွန်ုပ်သည် ကိုယ်ကိုရွံ့ရှာပါ၏။ မြေမှုန့်နှင့်မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏ဟု လျှောက် လေ၏။ 7
ထိုသို့ထာဝရဘုရားသည် ယောဘအား မိန့်တော်မူပြီးမှ၊ တေမန်အမျိုးသား ဧလိဖတ်အားလည်း သင်နှင့်သင်၏
အဆွေခင်ပွန်းနှစ်ယောက် ကိုငါအမျက် ထွက်၏။ အကြောင်းမူကား၊ ငါ့ကျွန်ယောဘသည် ငါ့အ ကြောင်းအရာတို့ကို ဟုတ်မှန်စွာ
ပြောသကဲ့သို့ သင်တို့သည် မပြော။ 8 သို့ဖြစ်၍ နွားထီးခုနစ်ကောင်နှင့် သိုးထီးခုနစ် ကောင်တို့ကိုယူ ပြီးလျှင်၊ ငါ့ကျွန်ယောဘ
ထံသို့သွား၍၊ မိမိတို့မီးရှို့ရာယဇ်ကို ပူဇော်ကြလော့။ ငါ့ကျွန်ယောဘသည် သင်တို့အဘို့ ဆုတောင်းရမည်။ သူ၏မျက်နှာကို
ငါထောက်မည်။ သို့မဟုတ်ငါ့ကျွန်ယောဘသည် ငါ့ အကြောင်းအရာတို့ကို ဟုတ်မှန်စွာပြောသကဲ့သို့၊ သင်တို့ သည်
မပြောသောအပြစ်နှင့် အလျောက်ငါစီရင်မည်ဟု မိန့်တော်မူ၏။ 9 ထိုသို့ထာဝရဘုရားမှာ ထားတော်မူသည် အတိုင်း
တေမန်အမျိုးသားဧလိဖတ်၊ ရှုအာအမျိုးသား ဗိလဒဒ်၊ နေမတ်အမျိုးသားဇောဖာတို့သည် သွား၍ ပြုကြ၏။ ထာဝရဘုရားသည်လည်း
ယောဘ၏မျက်နှာ ကို ထောက်တော်မူ၏။ 10 ယောဘသည် အဆွေခင်ပွန်းတို့အဘို့ ဆုတောင်းပြီးမှ၊ သူခံရသောဒုက္ခအကြောင်းကို
ထာဝရ ဘုရားသည် ပယ်ရှင်း၍၊ အရင်ထက် နှစ်ဆသောဥစ္စာကို ပေးတော်မူ၏။ 11 ထိုအခါ သူ၏ညီအစ်ကိုနှမများ၊ အရင်သိကျွမ်း
သောသူများ၊ အပေါင်းတို့သည် သူ့ထံသို့လာ၍ သူ၏ အိမ်၌ သူနှင့်အတူစားသောက်ကြ၏။ အပေါ်မှာ
ထာဝရဘုရားရောက်စေတော်မူသော ဒုက္ခဆင်းရဲရှိသမျှကို အောက်မေ့၍ သူနှင့်အတူ ညည်းတွားခြင်းနှင့် နှစ်သိမ့် စေခြင်းကို
ပြုကြ၏။ ထိုသူအပေါင်းတို့သည်လည်း၊ ငွေ တပြားစီနှင့် ရွှေနားတောင်းတဘက်စီပေးကြ၏။ 12 ထိုသို့ထာဝရဘုရားသည် ယောဘ၏
ရှေ့ဖြစ်ဟန်ကို ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် သိုး တသောင်းလေးထောင်၊ ကုလားအုပ်ခြောက်ထောင်၊ နွားယှဉ်တထောင်၊
မြည်းမတထောင်ကို ရတတ်၏။ 13 သားခုနစ်ယောက်နှင့် သမီးသုံးယောက်ကို လည်း ရပြန်၏။ 14 သမီးကြီးကား၊ ယေမိမ၊
သမီးလပ်ကား ကေဇိ၊ သမီးငယ်ကား ကေရဟပ္ပုတ်အမည်ရှိသတည်း။ 15 တပြည်လုံး၌ယောဘ၏ သမီးကဲ့သို့
လှသောမိန်းမတစုံတယောက်မျှမရှိ။ သူတို့၏အဘသည်သူတို့ မောင်များနှင့်အညီအမျှ သူတို့အားအမွေဥစ္စာကို ဝေပေး လေ၏။ 16
ထိုနောက် ယောဘသည် အနှစ်တရာလေးဆယ် အသက်ရှင်၍ မိမိသား၊ မြေး၊ မြစ်တို့ကိုပင် မြင်ရပြီးမှ၊ 17 အသက်ကြီးရင့်၍
နေ့ရက်ကာလနှင့် ကြွယ်ဝ သော်၊ အနိစ္စ ရောက်လေ၏။


generated on Sun Jun 30 02:37:40 2024

# Psalms

## Chapter 1

1 မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊ 2 လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသော သူတို့၏
အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည်
မင်္ဂလာရှိ၏။ 3 အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာ စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍၊ အရွက်မညှိုး နွမ်းတတ်သော
အပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။ 4 မတရားသော သူတို့မူကား ထိုကဲ့သို့မဟုတ်။ လေတိုက်၍
လွင့်သောဖွဲ့နှင့်တူကြ၏။ 5 ထိုကြောင့် တရားဆုံးဖြတ်တော်မူရာကာလ၌၊ မတရားသောသူတို့သည် မတည်မနေရကြ။ ဖြောင့်မတ် သော
သူတို့၏အပေါင်းအသင်းထဲသို့ လူဆိုးတို့သည် မဝင်ရကြ။ 6 အကြောင်းမူကား၊ ဖြောင့်မတ်သောသူတို့၏ လမ်းကို
ထာဝရဘုရားကျွမ်းတော်မူ၏။ မတရားသော သူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း။

---

Psalms 001

ယေဘုယျအချက်အလက်
နှိုင်းယှဉ်ခြင်း သည် ဟေဗြဲကဗျာစာပေ၌ ခဏခဏ တွေ့ရသည်။

မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊
"မတရားသောသူတို့၏ တိုက်တွန်းခြင်း" ဆိုသည့် စကားလုံးသည် လိုက်နာရမည့် ခိုင်းစေခြင်း စကားကဲ့သို့ သုံးသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ကောက်ကျစ်/ယုတ်မာသော သူများ၏ အကြံပေးချက်ကို မလိုက်နာသူ"

လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊
ဤနေရာ၌ "လမ်း" ဆိုသည့် စကားလုံးသည် လူသားများ၏ အသက်ရှင်သည့် နည်းလမ်း ကိုဖော်ပြခြင်းဖြစ်သည်။ "ရပ်နေ" ဆိုသည့်စကားလုံးသည် "လျှောက်လှမ်းခြင်း" နှင့် တွဲသုံးလေ့ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "အပြစ်သားများ၏ အကျင့်များ လိုက်တုခြင်း" ။

မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌မထိုင်
ဘုရားကို မထီမဲ့မြင်ပြုုသူ/သရော်သူ များနှင့်ထိုင်ခြင်း သည် ဘုရားကို မထီမဲ့မြင်ပြုသူ/သရော်သူများနှင့် ပေါင်းခြင်း/ သဟာယပြုခြင်း ကိုခေါ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဘုရားကို သရော်သူများနှင့် အဖော်ပြုခြင်း" သို့မဟုတ် "ဘုရားကို သရော်သူများနှင့် ပူးပေါင်းပြီး ပမာမခန့် ပြုခြင်း"

မွေ့လျော်
"ကျေနပ်ခြင်း" သို့မဟုတ် "ဝမ်းမြောက်ခြင်း"

ထာဝရဘုရား
ဓမ္မဟောင်းကျမ်းထဲ၌ ဘုရားသခင်သည် သူ့လူမျိုး အပေါ် ဖော်ပြထားသော အမည်ဖြစ်သည်။ (ရှု- Translation Word page about Yahweh concerning how to translate this)

Psalms 003

ယေဘုယျအချက်အလက်
ဤကျမ်းပိုဒ်သည် သမာဓိရှိသောလူ တစ်ယောက်၏ ပုံသဏ္ဍာန်ကို အသီးသီးသောသစ်ပင် နှင့် နှိုင်းယှဉ်ဖော်ပြထားသည်။

မိမိအချိန်တန်မှ အသီးကိုသီး၍၊ အရွက်မညှိုး နွမ်းတတ်သော အပင်နှင့်တူ၏
သမ္မာကျမ်းစာထဲ၌ လူသားများကို သစ်ပင်နှင့် နှိုင်းလေ့ရှိသည်။ ထာဝရဘုရား၏ လမ်းစဉ်အတိုင်းလိုက်လျှောက်သောသူ၊ အလိုတော်အတိုင်းလိုက်နာသော သူသည် မြစ်နားမှာ စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီးသော အပင်နှင့် နှိုင်းထားပါသည်။

မြစ်နားမှာ စိုက်
မြစ်နားမှာ စိုက်သော သစ်ပင်းများသည် ကျန်းမာစွာ ကြီးထွားနိုင်ရန် လုံလောက်သောရေ ရရှိသည်။

အချိန်တန်မှ အသီးကိုသီး
ကျန်းမာသောသစ်ပင်သည် အချိန်တန်သောအခါ အသီးသီးသည်။

အရွက်မညှိုး နွမ်း
သစ်ပင်များသည် ရေလုံလောက်စွာ ရရှိပါက အရွက်များမခြောက်၊ အပင် မသေပါ။

ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။
"လုပ်လေသမျှ၌ အောင်မြင်လိမ့်မည်"

Psalms 004

မတရားသော သူတို့မူကား
မတရားသောသူ တို့၏ အသက်တာ၌ ကွဲပြားမှု ရှင်းလင်းစွာတွေ့မြင်နိုင်သည်။ "မတရားသော သူတို့သည် မကြီးပွား၊ မချမ်းသာ" သို့မဟုတ် "မတရားသောသူ မချမ်းသာ"။

လေတိုက်၍ လွင့်သောဖွဲ့နှင့်တူကြ၏
ဖွဲ့ ကဲ့သို့သော အသက်တာကို ရှင်းလင်းစွာဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထိုသို့မဟုတ်၊ သူတို့၏ အသက်တာသည် ဖွဲ့ကဲ့သို့လွင့်စင် ပျောက်ကွယ်သွားသည်"

တရားဆုံးဖြတ်တော်မူရာကာလ၌၊ မတရားသောသူတို့သည် မတည်မနေရကြ
ဘုရားသခင်၏ တရားစီရင်ခြင်းမှ ကင်းလွတ်ခြင်းကို "အတည်နေခြင်း" ဟုဖေါ်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဘုရားသခင်မှ အပြစ်စီရင်သော အခါ အတည်မနေကြရ" သို့မဟုတ် "ဘုရားသခင်မှ အပြစ်စီရင်သောအခါ အပြစ်ပေးခြင်း ခံရမည်"။

အပေါင်းအသင်းထဲသို့ လူဆိုးတို့သည် မဝင်ရကြ
ဘာသာပြန်သူများမှ ကြိုယာ "ရပ်တည်နေခြင်း" ကို ထပ်ဖြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူဆိုးတို့သည် အစုအဝေးထဲသို့ မဝင်ရကြ"

ဖြောင့်မတ်သောသူတို့၏ အပေါင်းအသင်းထဲသို့ လူဆိုးတို့သည် မဝင်ရကြ
ဘုရားသခင်မှ ဖြောင့်မတ်သောသူ ဟု လက်ခံထားသောသူတို့သည် ဖြောင့်မတ်သောသူ တို့၏ အပေါင်းအသင်းထဲ၌ အတည်နေရခြင်း/ရပ်တည်နေရခြင်း ဟုခေါ်ဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထို့ပြင် ဘုရားသခင်သည် ဖြောင့်မတ်သောသူများ နှင့်အတူ လူဆိုးများကို လက်မခံ"

Psalms 006

အကြောင်းမူကား၊ ဖြောင့်မတ်သောသူတို့၏ လမ်းကို ထာဝရဘုရားကျွမ်းတော်မူ၏။ မတရားသော သူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း။
ဤ စာစုနှစ်ခု၌ ဖြောင့်မတ်သောသူ နှင့် မတရားသောသူတို့ အပေါ်မှာ သက်ရောက်မည့် အကျိုးဆက်များကို နှိုင်းယှဉ် ဖော်ပြထားသည်။

ဖြောင့်မတ်သောသူတို့၏ လမ်း
လူ့ဘဝ၊ အသက်တာကို လိုက်လျှောက်ရမည့် "ခရီးလမ်း" သို့မဟုတ် "လမ်း" ဖြင့် ဖေါ်ပြလေ့ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဖြောင့်မတ်သောသူတို့၏ အသက်တာ"

မတရားသော သူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း
ဤနေရာ၌ "လမ်း" သည် လူဆိုးများ၏ အသက်တာကို ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူဆိုး/မတရားသောသူ တို့သည် သူတို့လျှောက်လှမ်းသော လမ်းကြောင့် ပျက်စီးကြလိမ့်မည်" သို့မဟုတ် "သူတို့၏ လျှောက်သောလမ်းကြောင့် မတရားသောသူတို့ သေရလိမ့်မည်"

## Translation Questions

Psalms 1:1

မင်္ဂလာရှိသောသည် အဘယ်အရပ်သို့ မသွားတတ်သနည်း။
မတရားသောသူတို့၏ တိုက်တွန်းခြင်းလမ်းသို့မလိုက်တတ်ပါ။

မင်္ဂလာရှိသောသူသည် အဘယ်အရပ်၌ မရပ်တတ်သနည်း။
လူဆိုးတို့၏လမ်းတွင် မရပ်နေတတ်ပါ။

မင်္ဂလာရှိသောသူသည် မည်သည့်နေရာ၌ မထိုင်တတ်သနည်း။
မထီမဲ့မြင် ပြုသောသူတို့၏ အစည်းဝေး၌မထိုင်တတ်ပါ။

မင်္ဂလာရှိသောသူသည် မည့်သည့်အရာနှင့် ပျော်မွေ့တတ်သနည်း။
ထာဝရဘုရား၏ တရားတော်၌ ပျော်မွေ့တတ်သည်။

မင်္ဂလာရှိသောသူသည် မည်သို့သောအချိန်၌ တရားတော်ကိုဆင်ခြင်တတ်သနည်း။
မင်္ဂလာရှိသောသူသည် နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့တတ်သည်။

Psalms 1:3

မင်္ဂလာရှိသောသူသည် ဘယ်အရာနှင့်တူသနည်း။
မြစ်နားမှာစိုက်လျက် ရှိသောသစ်ပင်နှင့်တူသည်။

မင်္ဂလာရှိသောသူသည် ပြုလေသမျှတို့၌ မည်ကဲ့သို့ဖြစ်လာမည်နည်း။
ပြုလေသမျှတို့၌ အောင်မြင်လိမ့်မည်။

Psalms 1:4

မတရားသောသူတို့သည် မည်သည့်အရာနှင့် တူသနည်း။
သူတို့သည် လေတိုက်၍ လွင့်သောဖွဲ့နှင့်တူသည်။

တရားဆုံးဖြတ်တော်မူရာကာလ၌ မတရားသောသူတို့သည်မည်ကဲ့သို့ ဖြစ်လာကြမည်နည်း။
သူတို့သည် ဖြောင့်မတ်သောသူတို့နှင့် အတူမရပ်မနေကြပါ။

Psalms 1:6

ဖြောင့်မတ်သောသူတို့၏ လမ်းကိုမည်သူကနှစ်သက်ကျေနပ်တော်မူသနည်း။
ထာဝရဘုရားသခင်သည် သိကျွမ်းကျေနပ်တော်မူသည်။

မတရားသောသူတို့၏လမ်းသည် မည်ကဲ့သို့ ဖြစ်လာမည်နည်း။
မတရားသောသူတို့၏ လမ်းသည် ဆုံးရှုံးခြင်းသို့ ရောက်လိမ့်မည်။

## Chapter 2

[1] လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။ [2]
လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ် အရာရှိတို့လည်း၊ ထာဝရဘုရားနှင့် ခရစ်တော်ကို ရန်ဘက်ပြုလျက်၊ [3]
သူတို့ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည် နှောင်သောကြိုးတို့ကို ဖယ်ကြကုန်အံ့ သင်းဖွဲ့ကြ၏။ [4] ကောင်းကင်ဘုံ၌
ထိုင်တော်မူသောသူသည် ပြုံးရယ်၍၊ ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူ၏။ [5] ထိုအခါအမျက်တော်ထွက်၍၊ သူတို့ကိုမိန့်တော်
မူမည်။ ပြင်းစွာသော အမျက်တော်နှင့် သူတို့ကို ပူပန် စေတော်မူမည်။ [6] ငါ၏ရှင်ဘုရင်ကို သန့်ရှင်းသော ဇိအုန်တောင် တော်ပေါ်မှာ၊
ငါ့ကိုယ်တိုင် ဘိသိတ်ပေးပြီဟု မိန့်တော် မူမည်။ [7] ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေအံ့။ ထာဝရဘုရားက သင်သည်
ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ။ [8] ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာဘို့ ငါပေးမည်။
မြေကြီးစွန်းတိုင်အောင် ပိုင် ထိုက်သော အခွင့်ကိုလည်း ငါပေးမည်။ [9] သင်သည်သူတို့ကို သံလှံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့
သို့ခွဲဖျက်လိမ့်မည်ဟု ငါ့အားမိန့်တော်မူပြီ။ [10] သို့ဖြစ်၍ ရှင်ဘုရင်တို့၊ ပညာသတိရှိကြလော့။ လောကီမင်းတို့၊ ဆုံးမခြင်းကို ခံကြလော့။
[11] ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှု တော်ကို ထမ်းရွက်၍၊ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ကြ လော့။ [12] သားတော်ကို
နမ်းကြလော့။ သို့မဟုတ်လျှင် အမျက်တော်ထွက်၍၊ သင်တို့သည်လမ်း၌ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ အမျက်တော်သည်
ချက်ခြင်းထွက်လိမ့်မည်။ သားတော်ကို ကိုးစားသောသူအပေါင်းတို့ သည် မင်္ဂလာရှိကြ၏။

---

### Psalms 001

ယေဘုယျအချက်အလက်များ
နှိုင်းယှဉ်ခြင်း သည် ဟေဗြဲကဗျာစာပေ၌ ခဏခဏ တွေ့ရသည်။

လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း... လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။
ဤ စာစုနှစ်ခု၌ အဓိပ္ပါယ်များ ဆင်တူဖြစ်ပြီး၊ "လူမျိုး" နှင့် "လူစု" တို့သည် လူစုလူဝေး တစ်ခုကို ညွှန်းထားသည်။ "လူမျိုးများ" နှင့် "လူစုများ" ဆိုသည့် စကားလုံးများသည် သူတို့၏ အုပ်ချုပ်သူများကို ညွှန်းခြင်း ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ခေါင်းဆောင်တို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြပြီး၊ အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။"

လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း
ဤမေးခွန်းများသည် လူများ၏ မှားယွင်းစွာနှင့် မိုက်မဲစွာလုပ်ဆောင်မှု အလန့်တကြားဖေဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူမျိုးတို့သည်ရုန်းရင်းခတ် ပြုနေကြပြီး၊ လူစုတို့သည် ပျက်စီးမည့်အရာကို လုပ်နေကြသည်။"

လူမျိုးတို့သည် ရုန်းရင်းခတ် ပြုကြ
ဤစကားစုသည် လူမျိုးတို့၏ ဆူညံစွာနှင့် စိတ်ဆိုးစွာ ရုတ်ရုတ်သဲသဲ ပြုလုပ်ခြင်း ကို ဖော်ပြခြင်း ဖြစ်နိုင်သည်။

အချည်းနှီး ကြံစည်ကြ
ဤစကားစုသည် ဘုရားသခင်နှင့် သူ့လူမျိုးစု ကိုဆန့်ကျင်ပြီး ကြံစည်နေခြင်းကို ဖော်ပြခြင်းလဲ ဖြစ်နိုင်သည်။

လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ် အရာရှိတို့လည်း ... သင်းဖွဲ့ကြ၏
ဤစကားစု နှစ်ခုသည် တူညီသောအဓိပ္ပာယ်များ ရှိသည်။

... သင်းဖွဲ့ကြ၏။
"တိုက်ခိုက်ဖို့ရန် စုဝေးကြ၏" သို့မဟုတ် "တော်လှန်ဖို့ရန် ပေါင်းစည်း-ပြင်ဆင်ကြ၏"

ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည်နှောင်သောကြိုးတို့ကို ဖယ်ကြကုန်အံ့
ထာဝရဘုရားနှင့် ခရစ်တော်၏ အုပ်ချုပ်မှုသည် ချည်နှောင်သော သံကြိုးနှင့် ခြေကျင်းဝတ် ဖြစ်ပါက အခြားသော လူမျိုးများက ပြောဆိုကြခြင်း ဖြစ်ပါသည်။

### Psalms 004

ထိုင်တော်မူသောသူ... ထာဝရဘုရား
ဤစကားစုသည် ထာဝရဘုရား (Yahweh) ကို ညွှန်းပါသည်။ ထာဝရဘုရားကို "သခင်"ဟု ခေါ်လေ့ရှိသော်လည်း "သခင်" နှင့် "ထာဝရဘုရား" သည် အဓိပ္ပါယ် ခြားနားပါသည်။

ကောင်းကင်ဘုံ၌ ထိုင်တော်မူသော
ဤနေရာ၌ "ထိုင်နေခြင်း" သည် အုပ်ချုပ်နေခြင်း ကို ဖော်ပြခြင်း ဖြစ်သည်။ ဘယ်အပေါ် ထိုင်နေသည် ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ကောင်းကင်ဘုံ၌ အုပ်စိုးခြင်း"

ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူ၏
"ထာဝရဘုရားသည် ပြုံးရယ်၍ သူတို့ကို ကဲ့ရဲ့တော်မူ၏"။ ဘာကြောင့်ကဲ့ရဲ့ သည်ကို ရှင်းလင်းစွာ တွေ့နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထာဝရဘုရားသည် သူတို့၏ မိုက်မဲသော အစီအစဉ်များကြောင့် ကဲ့ရဲ့တော်မူ၏။"

 generated on Sun Jun 30 02:37:40 2024

ပြင်းစွာသောအမျက်တော်နှင့်
"အမြတ်တော်" သည် ပြင်းထန်စွာ စိတ်ဆိုး၊ ဒေါသထွက်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

ပူပန်စေခြင်း
အထိတ်တလန့် ဖြစ်စေသည်။ စိုးရိမ်ပူပန်စေသည်။

Psalms 006

ငါ့ကိုယ်တိုင်
ထာဝရဘုရားသည် သူတစ်ဦးတည်းသာ ရှင်ဘုရင်ကို ဘိသိက်ပေးနိုင်ကြောင်း၊ သူကလွဲလို့ တစ်ခြားဘယ်သူမှ မလုပ်နိုင်ကြောင်း အသားပေး ဖော်ပြသည်။

ငါ၏ရှင်ဘုရင်ကို... ဘိသိတ်ပေးပြီ
"ငါ၏ရှင်ဘုရင်ကို အုပ်ချုပ်ရန် ရွေးကောက်ပြီ"

(ထာဝရဘုရား၏)ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေးအံ့
ဤစကားကိုပြောသော သူသည် ရှင်ဘုရင် ဖြစ်သည်။ ဤအချက်ကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထာဝရဘုရား၏ ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေးအံ့ ဟု ရှင်ဘုရင် မိန့်ကြား တော်မူ၏"။

... သင်သည် ငါ့သားဖြစ်၏
"ထာဝရဘုရားက ကျွန်ုပ်ကို မိန့်မှာခဲ့၏.."

သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ
ထိုခေတ်-ထိုဒေသ၌ မိမိ၏အမွေ ဆက်ခံနိုင်ရန်အတွက် အမွေစား၊ အမွေခံ ကို ယောက်ကျားများက တရားဝင် ဆုံးဖြတ် မွေးစားနိုင်သည်။ ဤနေရာ၌ ထာဝရဘုရားသည် လူတစ်ယောက်ကို မွေးစားပြီး ဣသရေလလူမျိုး၏ ရှင်ဘုရင်အဖြစ်တင်မြောက်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "သင့်ကို ငါ့သားလုပ်လိုက်ပြီ။ ငါသည် ယနေ့ပင် သင့်ဖခင် ဖြစ်၏" သို့မဟုတ် "ယခုပင် သင်သည် ငါ့သား၊ ငါသည်သင့် ဖခင်ဖြစ်၏"။

Psalms 008

ဆက် စပ်မှုကို ဖော်ပြချက်
ထာဝရဘုရားက ဣသရေလ ဘုရင်သစ်ကို ဆက်လက်စကားပြောသည်။

လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာ... မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သော အခွင့်
ဤစကားစုများသည် ဆင်တူခံယူချက် များကို ဖော်ပြထားသည်။

မြေကြီးစွန်းတိုင်
"အင်မတန်မှ ဝေးလံသော မြေကြီး"

သင်သည်သူတို့ကို သံလှံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့ သို့ခွဲဖျက်လိမ့်မည်...။
ဤစကားစုများသည် ဆင်တူခံယူချက် များကို ဖော်ပြထားသည်။

သံလှံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့သို့ ခွဲဖျက်လိမ့်မည်
လူမျိုး များကို အနိုင်ယူခြင်းကို သူတို့ကို "ခွဲဖျက်ခြင်း"နှင့် ဖော်ပြပြီး၊ စွမ်းရည်ကို သံလှံတံနှင့် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "သူတို့ကို သင်၏ စွမ်းရည်ဖြင့် ဖျက်ဆီးပစ်လိမ့်မည်"။

သူတို့ကို... ခွဲဖျက်လိမ့်မည်
လူမျိုး များကို အပြီးအပိုင်ဖျက်ဆီးခြင်းကို မြေအိုးကို အစိပ်စိပ် အမွှာမွှာ ခွဲဖျက်ခြင်းနှင့် နှိုင်းပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "သင်သည် သူတို့ကို မြေအိုးခွဲသကဲ့သို့ ဖျက်ဆီးရလိမ့်မည်။"

(အိုးထိန်းသူ၏) မြေအိုး
အိုးထိန်း/အိုးပြုလုပ်သူ သည် မြေအိုး/ခယားများ ထုတ်လုပ်သူ ကို ခေါ်သည်။ ဤထုတ်ကုန်များသည် ပျက်စီးလွယ်ပြီး အလွယ်တကူ ကွဲနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "မြေခယားတစ်ခု" သို့မဟုတ် "မြေအိုးတစ်လုံး"။

Psalms 010

သို့ဖြစ်၍ ရှင်ဘုရင်တို့၊ ပညာသတိရှိကြလော့။ လောကီမင်းတို့၊ ဆုံးမခြင်းကို ခံကြလော့။
ဤစကားစု နှစ်ခုသည် ဆင်တူ အဓိပ္ပါယ်များ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "သို့ဖြစ်၍ ရှင်ဘုရင်နှင့် လောကီမင်းတို့၊ ပညာသတိရှိပြီး ဆုံးမခြင်းကို ခံကြလော့။"

ပညာသတိရှိကြလော့-
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဤသတိပေးချက်ကို နားထောင်ကြလော့" သို့မဟုတ် "လိမ္မာပါးနပ်စွာ နေလော့။"

ဆုံးမခြင်းကို နာခံကြလော့
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဤအမှားပြင်ချက်များကို နာခံလော့" သို့မဟုတ် "ဤကဲ့သို့ပြုပြင်လော့"

Psalms 012

သားတော်ကို နမ်းကြလော့
လူများသည် သူတို့၏ ရှင်ဘုရင်အပေါ်သစ္စာရှိခြင်းကို အနမ်းဖြင့်ဖော်ပြလေ့ရှိသည်

သင်တို့သည်လမ်း၌ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။
ချက်တို့သည်သူနှင့်ဝေးမြင့်သည်ဖြစ်၍ ခပ်သိမ်းသောရန်သူတို့ကို မထီမဲ့မြင်ပြုတတ်ပါ၏။ 6 ငါသည်အစဉ်မရွေ့ရ၊ ဆင်းရဲခြင်းသို့
မရောက်ရ ဟု အောက်မေ့တတ်ပါ၏။ 7 သူ၏နှုတ်သည်ကျိန်ဆဲခြင်း၊ လှည့်စားခြင်း၊ ရှုတ်ချခြင်းနှင့် ပြည့်ဝပါ၏။ လျှာအောက်မှာ
မကောင်း သောအကြံနှင့် မတရားသော အမှုရှိပါ၏။ 8 ရွာအနားတွင် ပုန်းနေရာအရပ်မှာထိုင်၍၊ အပြစ်မရှိသော သူကို
ဆိတ်ကွယ်ရာအရပ်၌ သတ်တတ် ပါ၏။ ဆင်းရဲသောသူကို ချောင်းမြောင်းတတ်ပါ၏။ 9 ချုံထဲမှာနေသော ခြင်္သေ့ကဲ့သို့
ကွယ်ရာအရပ်၌ ပုန်း၍နေတတ်ပါ၏။ ဆင်းရဲသောသူကို ဘမ်းဆီးခြင်းငှါ ပုန်းကွယ်၍ နေပါ၏။ ဆင်းရဲသောသူကို ကွန်ရွက်ထဲသို့
ဆွဲ၍ဘမ်းဆီးတတ်ပါ၏။ 10 ထိုသို့ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံရ၍၊ ဆင်းရဲ သော သူအပေါင်းတို့ သည်သူ၏လက်သို့ ကျရောက်တတ်
ကြပါ၏။ 11 ထိုသူက၊ ဘုရားသခင်သည် မေ့လျော့တော်မူ ၏။ မျက်နှာကို လွှဲတော်မူ၏။ မြင်တော်မမူဟု အောက်မေ့ တတ်ပါ၏။ 12
အိုထာဝရဘုရား ထတော်မူပါ။ အိုဘုရားသခင် လက်တော်ကို ချီတော်မူပါ။ နှိမ့်ချလျက်ရှိသောသူတို့ကို မေ့လျော့တော်မမူပါနှင့်။ 13
မတရားသောသူသည် ဘုရားသခင်ကို အဘယ် ကြောင့် မထီမဲ့မြင်ပြုရပါအံ့နည်း။ ကိုယ်တော်သည် စစ်တော်မမူဟု အဘယ်ကြောင့်
အောက်မေ့ရပါအံ့နည်း။ 14 သို့သော်လည်း၊ ကိုယ်တော်သည် မြင်တော်မူပြီ။ အကြောင်းမူကား၊ ပင်ပန်းစေခြင်းနှင့် နှောင့်ရှက်စေခြင်း
ကို လက်ဝါးတော်၌ မှတ်သားမည်ဟု ကြည့်ရှုတော်မူ တတ်ပါ၏။ ဆင်းရဲသောသူသည် ကိုယ်တော်၌ ကိုယ်ကို အပ်တတ်ပါ၏။
ကိုယ်တော်သည် မိဘမရှိသော သူ၏ ခိုလှုံရာဖြစ်တော်မူ၏။ 15 မတရားသဖြင့် ပြု၍ဆိုးသော သူ၏လက်ရုံးကို ချိုးတော်မူပါ။
သူပြုသော အဓမ္မအမှုကို အကုန်အစင် စစ်တော်မူပါ။ 16 ထာဝရဘုရားသည် ကာလ အစဉ်အမြဲတည် သော ရှင်ဘုရင်ဖြစ်တော်မူ၍၊
တပါးအမျိုးသားတို့သည် နိုင်ငံတော်ထဲက ကွယ်ပျောက်ကြပါလိမ့်မည်။ 17 အိုထာဝရဘုရား၊ ကိုယ်တော်သည် နှိမ့်ချလျက် ရှိသော
သူတို့၏တောင့်တခြင်း အသံကိုကြားတော်မူ၏။ သူတို့၏စိတ်နှလုံးကို တည်ကြည်စေတော်မူ၏။ 18 ဆင်းရဲသားကို သူ၏မြေမှ
တဖန်မနှင်ထုတ်မည် အကြောင်း၊ မိဘမရှိသော သူနှင့်ညှဉ်းဆဲခံရသော သူတို့ကို တရားပေးခြင်းငှါ နားတော်ကို ဖွင့်တော်မူ၏။

---

Psalms 001

ယေဘုယျအချက်အလက်
"အန္ဓိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

အိုထာဝရဘုရား။ ကိုယ်တော်သည် အဘယ် ကြောင့် ဝေးဝေးရပ်၍နေတော်မူသနည်း။ ဘေးအန္တရာယ် ရောက်သည်ကာလ အဘယ်ကြောင့် ပုန်းကွယ်၍ နေတော်မူသနည်း
ဘုရားသခင်မကူညီခဲ့သည့်အဖြစ်ကိုဖော်ပြရန် ဤအမေးဝါကျကို အသုံးပြုထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အိုထာဝရဘုရား ကိုယ်တော်သည် အဝေး၌ ရှိနေသကဲ့သို့ထင်ရပါ၏။ ဒုက္ခရောက်စဉ်အခါ အဘယ့်ကြောင့် ပုန်းရှောင်၍ နေတော်မူသနည်း"

မတရားသောသူ
လူဆိုးအားလုံးကို ယေဘုယျ ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "လူဆိုးတို့သည်"

ပရိယာယ်
"လျှို့ဝှက်အကြံစည်" (သို့) "ဉာဏ်နီဉာဏ်နက်"

မိမိစိတ်အလို၌
ပြင်းပြသောဆန္ဒကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ပြင်းပြသောဆန္ဒ၌"

လောဘကြီးသောသူသည်
"လောဘကြီးသောလူများ"

Psalms 004

မတရားသောသူ
လူဆိုးအားလုံးကို ယေဘုယျ ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "လူဆိုးတို့သည်"

အစဉ်ခိုင်မာစွာ ကျင့်ကြံပြုမူတတ်ပါ၏
"အစဉ်ခိုင်မာသောသူများဖြစ်ကြပါ၏" သို့သော်လည်း လက်တွေ့ဘဝတွင် သူတို့ထင်သလို ခိုင်မာခြင်းမရှိပေ။

တရားစီရင်တော်မူချက်တို့သည် သူနှင့်ဝေးမြင့်သည်ဖြစ်၍
မသိနားမလည်သူသောသူတို့ကို


generated on Sun Jun 30 02:37:40 2024

ခပ်သိမ်းသောရန်သူတို့ကို မထီမဲ့မြင်ပြုတတ်ပါ၏
လူတို့သည် တစုံတယောက်အား အထင်သေးသည့် အပြုအမူကို ပြသောအခါ မျက်စိမျက်နှာရှုံ့ပြကြ၏။ ထိုကဲ့သို့ပင် ဤနေရာ၌ မထင်မဲ့မြင်ပြုခြင်းသည် မျက်စိမျက်နှာ ရှုံ့ပြခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ရန်သူတို့ကို အထင်သေး၍ မျက်စိမျက်နှာ ရှုံ့ပြလေ၏"

မထီမဲ့မြင်ပြုတတ်ပါ၏
"အထင်သေးခြင်း" (သို့) "မလေးမစားပြုခြင်း"

Psalms 006

ငါသည် ... အောက်မေ့တတ်ပါ၏
"လူဆိုးက သူ့ကိုသူ အောက်မေ့ခြင်းကိုဆိုလိုသည်"

အစဉ်မရွေ့ရ
"အစဉ်မပျက်စီးရ"

ဆင်းရဲခြင်းသို့ မရောက်ရ
အခြားဘာသာပြန်ဆိုချက် "ဒုက္ခမရောက်ရ"

သူ၏နှုတ်သည်ကျိန်ဆဲခြင်း၊ လှည့်စားခြင်း၊ ရှုတ်ချခြင်း နှင့် ပြည့်ဝပါ၏
နှုတ်၌ရှိခြင်းသည် နှုတ်ဖြင့်ပြောဆိုခြင်းကို ရည်ညွှန်းသည်။ အခြားဘာသာပြန်ဆိုချက် "သူသည် လူကို ကျိန်ဆဲ၍ မုသားစကား၊ သူတပါးထိခိုက်စေသောစကား များကိုသာ ပြောဆိုတတ်ပါ၏"

လျှာအောက်မှာ မကောင်း သောအကြံနှင့် မတရားသော အမှုရှိပါ၏
လျှာသည် စကားပြောဆိုခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "သူပြောသောစကားသည် လူကို ထိခိုက်နာကျင်စေပါ၏"

Psalms 008

ချုံထဲမှာနေသော ခြင်္သေ့ကဲ့သို့ ကွယ်ရာအရပ်၌ ပုန်း၍နေတတ်ပါ၏
လူဆိုးကို ခြင်္သေ့တစ်ကောင်နှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ခြင်္သေ့သည် သားကောင်ဖမ်းရန် ချုံ၌ဝပ်တွားနေသည်နည်းတူ လူဆိုးသည် အားနည်းသူကို သတ်ရန် ပုန်းကွယ်ချောင်းမြောင်းနေလျက်သည်"

ဆင်းရဲသောသူကို ကွန်ရှက်ထဲသို့ ဆွဲ၍ဘမ်းဆီးတတ်ပါ၏
ဆင်းရဲသားကို ဖမ်းတတ်သော လူဆိုးကို သားကောင်ကို ကွန်နှင့် ဖမ်းတတ်သော မုဆိုးနှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "မုဆိုးသည် ပိုက်ကွန်ဖြင့် သားကောင်ဖမ်းသကဲ့သို့ လူဆိုးသည် ဆင်းရဲသားကို ဖမ်းတတ်ပါ၏"

ဆင်းရဲသော သူအပေါင်းတို့သည် သူ၏လက်သို့ ကျရောက်တတ် ကြပါ၏
ဆင်းရဲသားကို ဖမ်းတတ်သော လူဆိုးကို သားကောင်ကို ကွန်နှင့် ဖမ်းတတ်သော မုဆိုးနှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "သားကောင်သည် မုဆိုး၏ ကျော့ကွင်းထဲကျရောက်သွားသကဲ့သို့ ဆင်းရဲသားသည်လည်း လူဆိုး၏ မကောင်းသော အကြံစည်ထဲ၌ ကျရောက်ကုန်ကြ၏"

Psalms 011

ထိုသူက
"သူ" သည် လူဆိုးအားလုံးကို ယေဘုယျ ရည်ညွှန်းခြင်းဖြစ်သည်။

ဘုရားသခင်သည် မေ့လျော့တော်မူ ၏
တစုံတဦး၏ အပြုအမူအား ဂရုမစိုက်သည်ကို မေ့လျော့သွားသည်ဟု ပြောစမှတ်ပြုကြသည်။ အခြားဘာသာပြန်ဆိုချက် "ဘုရားသခင်သည် ဂရုစိုက်တော်မမူ"

မျက်နှာကို လွှဲတော်မူ၏
လျစ်လျူရှုသည်ကို မျက်နှာလွှဲသည်ဟု ပြောစမှတ်ပြုကြသည်။ အခြားဘာသာပြန်ဆိုချက် "ဖြစ်ပျက်နေသမျှကို ဘုရားသခင်သည် လျစ်လျူရှုတော်မူ၏"

မြင်တော်မမူဟု အောက်မေ့ တတ်ပါ၏
တစုံတဦးအား ဂရုပြုမိသည်ကို မြင်သည် ဟုဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "သူသည် ဂရုပြုတော်မမူ"

ထတော်မူပါ
"ထခြင်း" သည် တစုံတခု စတင်လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "တခုခု ပြုတော်မူပါ"

လက်တော်ကို ချီတော်မူပါ
လက်ကိုချီမြှောက်၍ တစုံတဦးကို ရိုက်နှက်ခြင်းသည် ထိုတစုံတဦးအား အပြစ်ပေးနေခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "သူ့အား နာနာရိုက်တော်ပါ"

Psalms 013

မတရားသောသူသည် ဘုရားသခင်ကို အဘယ် ကြောင့် မထီမဲ့မြင်ပြုရပါအံ့နည်း။ ကိုယ်တော်သည် စစ်တော်မမူဟု အဘယ်ကြောင့် အောက်မေ့ရပါအံ့နည်း
လူဆိုး၏ ဆိုးသွမ်းသောအမှုကြောင့် သူသည် အလွန်ဝမ်းနည်းရကြောင်း ဖော်ပြလိုသောငှါ စာရေးသူသည် ဤအမေးဝါကျကို သုံးထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်အပြစ်များကို စီရင်တော်မူမည်မဟုတ် ဟုဆို၍ လူဆိုးသည် ဘုရားသခင်ကို အစဉ်ငြင်းပယ်တတ်ပါ၏"

ကိုယ်တော်သည် စစ်တော်မမူ
"အကျွန်ုပ်သည် ဤဆိုးသွမ်းသောအမှုများကို အဘယ့်ကြောင့် ပြုလုပ်နေရသည်ကို ကိုယ်တော်သည် အကျွန်ုပ်အား မေးမြန်းတော်မူလိမ့်မည်မဟုတ်"။ ဤနေရာ၌ "စစ်တော်မူခြင်း" ဟူသည် အပြစ်ပေးခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်ကို အပြစ်ပေးတော်မူမည်မဟုတ်"


generated on Sun Jun 30 02:37:40 2024

Psalms 015

တရားသဖြင့် ပြု၍ဆိုးသော သူ၏လက်ရုံးကို ချိုးတော်မူပါ
"လက်ရုံး" သည် လုပ်နိုင်သောစွမ်းအားကို ရည်ညွှန်းသည်။ အခြားဘာသာပြန်ဆိုချက် "လူဆိုးတို့၏ အပြစ်ပြု နိုင်သော စွမ်းအားကို ဖျက်ဆီးတော်မူပါ"

မတရားသဖြင့် ပြု၍ဆိုးသော
"မတရားသော" နှင့် "ဆိုးသော" ဟူသည့် စကားလုံး နှစ်လုံးသည် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။ ဤစကားလုံး နှစ်လုံးအနက် တစ်လုံးတည်းကိုလည်း အသုံးပြု၍ရသည်။

သူပြုသော အဓမ္မအမှုကို အကုန်အစင် စစ်တော်မူပါ
အမှုစစ်ခြင်းသည် အပြစ်ဖော်၍ ဒဏ်ခတ်ခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "သူပြုသော အဓမ္မအမှုအတွက် သူ့အား ဒဏ်ခတ်တော်မူပါ"

တပါးအမျိုးသားတို့သည် နိုင်ငံတော်ထဲက ကွယ်ပျောက်ကြပါလိမ့်မည်
"ထာဝရဘုရားသည် တပါးအမျိုးသားတို့ကို နိုင်ငံတော်ထဲမှ နှင်ထုတ်တော်မူလိမ့်မည်"

Psalms 017

ကိုယ်တော်သည် နှိမ့်ချလျက်ရှိသော သူတို့၏တောင့်တခြင်း အသံကိုကြားတော်မူ၏
ငိုကြွေးခြင်းကို သွယ်ဝိုက် ဖော်ပြထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ဖိနှိပ်ခံရသော သူတို့သည် ကိုယ်တော့်အား ငိုကြွေးသောအခါ ကိုယ်တော်သည် ကြားတော်မူ၏"

သူတို့၏စိတ်နှလုံးကို တည်ကြည်စေတော်မူ၏
သူတို့အား နှစ်သိမ့်ခွန်အားပေးခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် သူတို့အား ခွန်အားပေးတော်မူ၏"

ဆင်းရဲသားကို သူ၏မြေမှ တဖန်မနှင်ထုတ်မည် အကြောင်း
"အဖိနှိပ်ခံရသောသူတို့ကို အဘယ်သူမျှ နောက်တဖန် မခြိမ်းခြောက်ရ"

---

## Translation Questions

Psalms 10:1

ကျမ်းရေးသူသည် မိမိအား ထာဝရဘုရားသခင် မည်ကဲ့သို့ ပြုမူသည်ဟု ခံစားရသနည်း။
ထာဝရဘုရားသည် သူနှင့် ဝေးဝေးရပ်၍ ပုန်းကွယ်နေသည်ဟု ခံစားသည်။

ဆိုးညစ်သောသူများအား အဘယ်သို့ပြုရန် ထာဝရဘုရားအား ကျမ်းရေးသူက တောင်းလျှောက်သနည်း။
ဆိုးညစ်သောသူတို့သည် မိမိတို့၏ ပရိယာယ်ဖြင့် မိမိဖမ်းမိပါမည့်အကြောင်း တောင်းလျှောက်သည်။

Psalms 10:4

ဆိုးညစ်သူများသည် ဘုရားသခင်အား အဘယ်ကြောင့် မရှာကြသနည်း။
သူတို့သည် မာနထောင်လွှားသောကြောင့် ဘုရားသခင်ကို မရှာကြခြင်းဖြစ်သည်။

Psalms 10:6

မတရားသောသူသည် သူ၏ စိတ်နှလုံး၌ အဘယ်သို့ ပြောတတ်သနည်း။
ငါသည် အစဉ်မရွေ့မကျ၊ အဘယ်ခါမှ ဆင်းရဲဒုက္ခမရောက်ရဟု ထင်မှတ်ပြောဆိုတတ်ပါသည်။

ဆိုးညစ်သူ၏ နှုတ်၌ အဘယ်အရာနှင့် ပြည့်သနည်း။
ဆိုးညစ်သူ၏ နှုတ်၌ ကျိန်ဆဲခြင်း၊ လှည့်စားခြင်းနှင့် ရှုတ်ချခြင်းနှင့် ပြည့်ပါသည်။

Psalms 10:8

ဆိုးညစ်သောသူသည် မည်သည့် တိရစ္ဆာန်နှင့် တူသနည်း။
ခြုံထဲမှာနေသော ခြင်္သေ့ကဲ့သို့ ဆင်းရဲသော သူကို ဖမ်းဆီးခြင်းငှါ ပုန်းကွယ်၍ နေပါ၏။

Psalms 10:11

ဆိုးညစ်သောသူ၏ စိတ်ထဲ၌ ထာဝရဘုရားကို မည်ကဲ့သို့ ပြောသနည်း။
သူသည်ထာဝရဘုရားကိုမေ့လျော့တော်မူ၏။ မျက်နှာလွှဲတော်မူ၏။ မြင်တော်မမူဟု ထင်မှတ်ပါသည်။

ထာဝရဘုရားသည် ဆိုးညစ်သောသူတို့ကို မည်ကဲ့သို့ တုန့်ပြန်ရန်ကျမ်းရေးသူက အလိုရှိသနည်း။
ထာဝရဘုရား၏ တရားစီရင်ရာ လက်ကို ဆင်းရဲသော သူတို့ကို မေ့လျော့တော်မမူပါရန် ကျမ်းရေးသူက အလိုရှိသည်။

Psalms 10:13

ဆိုးညစ်သူ၏ စိတ်ထဲ၌ ထာဝရဘုရားကို မည်သို့ပြောသနည်း။
ကိုယ်တော်သည် အကျွန်ုပ်ကို စစ်တော်မမူဟု ပြောတတ်ပါသည်။

Psalms 10:15

မတရားသောသူနှင့် ဆိုးသောသူတို့သည် မိမိတို့အပြုအမူကို မည်ကဲ့သို့ ထင်မှတ်သနည်း။
သူတို့ကို ထာဝရဘုရားသိမြင်သောမမူဟု ထင်မှတ်ကြပါသည်။

ဆင်းရဲခံရသော သူတို့အဖို့ထာဝရဘုရားသည် မည်သို့ ပြုမည်နည်း။

သူတို့နှလုံးကို အားဖြည့်လိမ့်မည်။ သူတို့ဆုတောင်းသံကို နားထောင်း၍ ကွယ်ကာစောင့်မတော်မူလိမ့်မည်။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 11

[1] မတရားသော သူတို့သည် သဘောဖြောင့်သော သူတို့ကို မထင်မရှားပစ်အံ့သောငှါ လေးကို တင်၍၊ လေးညှို့ပေါ်မှာ
မြှားကိုပြင်ကြ၏။ [2] အမြိုတကဲတို့သည် ပျက်လျှင် ဖြောင့်မတ်သောသူသည် အဘယ်သို့ ပြုနိုင် သနည်း။ [3] ငှါဝိညာဉ်အား
သင်သည်ငှက်သကဲ့သို့ ကိုယ် နေရာ တောင်ပေါ်သို့ ပြေးချေဟု အဘယ်ကြောင့် ပြောကြသနည်း။ ထာဝရဘုရားသည်
ငါခိုလှုံရာဖြစ်တော် မူ၏။ [4] ထာဝရဘုရားသည် သန့်ရှင်းသော ဗိမာန် တော်၌ ရှိတော်မူ၏။ ထာဝရဘုရား၏ ပလ္လင်တော်သည်
ကောင်းကင်ပေါ်မှာတည်၏။ မျက်စိတော်သည် ကြည့်ရှု ၍ မျက်ခမ်းတော်သည် လူသားတို့ကို စစ်တော်မူ၏။ [5] ထာဝရဘုရားသည်
ဖြောင့်မတ်သော သူကို စုံစမ်းတော်မူ၏။ မတရားသောသူနှင့် လုယူဖျက်ဆီးလို သော သူကိုဝိညာဉ်တော်သည် မုန်းတော်မူ၏။ [6]
မတရားသောသူတို့အပေါ်မှာ တောက်သော မီးခဲ၊ ကန့်နှင့်ရောသောမီးလျှံ၊ ပူလောင်သော မုန်တိုင်းကို သက်ရောက်စေ၍၊
သူတို့သောက်စရာဘို့ စီရင်တော် မူမည်။ [7] တရားသဖြင့် ပြုတော်မူသောထာဝရဘုရား သည် တရားသောအမှုကို နှစ်သက်၍
သဘောဖြောင့် သောသူကို မျက်နှာပြုတော်မူ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင်
အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူး အသုံးပြု
ရန်အတွက်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထား
သောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

မတရားသော သူတို့သည် သဘောဖြောင့်သော သူတို့ကို
မထင်မရှားပစ်အံ့သောငှါ လေးကို တင်၍၊ လေးညှို့ပေါ်မှာ မြှားကိုပြင်ကြ၏
"ကြည့်ရှုကြ။ လူဆိုးတို့သည် လူဖြောင့်တို့ကို တိုက်ခိုက် ခြင်းငှါ
ပြင်ဆင်ကြပြီ"

အမြိုတကဲတို့သည် ပျက်လျှင် ဖြောင့်မတ်သောသူသည် အဘယ်သို့ ပြုနိုင်
သနည်း
ဤနေရာ၌ "အမြိုတကဲ"သည် တရားဥပဒေကို
ရည်ညွှန်းခြင်းဖြစ်သည်။ အဖြေမရှိသောဤအမေးဝါကျသည်
လေးနက်မှုကို ဖော်ပြလိုခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက် "တရားဥပဒေချိုးဖောက်မှုအတွက်
လူဆိုးတို့ကို တရားစီရင်တော်မမူလျှင်
ဖြောင့်မတ်သောသူတို့သည် မည်သည့်အရာကိုမျှ
လုပ်ဆောင်၍မရတော့ပြီ"

Psalms 003

ငှါဝိညာဉ်အား သင်သည်ငှက်သကဲ့သို့ ကိုယ် နေရာ တောင်ပေါ်သို့ ပြေးချေဟု
အဘယ်ကြောင့် ပြောကြသနည်း
ဤအမေးဝါကျသည် လေးနက်မှုကို ဖော်ပြလိုသည်။
အခြားဘာသာပြန်ဆိုချက် "ထွက်ပြေးဖို့ ငါ့ကိုလာမပြောကြနှင့်"

မျက်စိတော်သည် ကြည့်ရှု ၍ မျက်ခမ်းတော်သည် လူသားတို့ကို စစ်တော်မူ၏
ထာဝရဘုရားသည် ဖြစ်ပျက်သမျှကို သိတော်မူ၏။
အခြားဘာသာပြန်ဆိုချက် "လူသားပြုသမျှကို ကိုယ်တော်သည်
စစ်ဆေးတော်မူ၏"

Psalms 005

စုံစမ်းတော်မူ၏
"ဂရုတစိုက် စောင့်ကြည့်တော်မူ၏"

လုယူဖျက်ဆီးလိုသောသူ
"တပါးသူ နာကျင်အောင် ပြုလုပ်သောသူ"

မတရားသောသူတို့အပေါ်မှာ တောက်သောမီးခဲ၊ ကန့်နှင့်ရောသောမီးလျှံ၊
ပူလောင်သော မုန်တိုင်းကို သက်ရောက်စေ၍၊ သူတို့သောက်စရာဘို့
စီရင်တော်မူမည်
မီးတောင်ပေါက်ကွဲမှုမှ ထွက်လာသော မီးခဲနှင့် ကန့်များကို
ဘုရားသခင်၏ အပြစ်ပေးခြင်းအဖြစ် ဖော်ပြထားသည်။
အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် လူဆိုးတို့ကို
အပြစ်ပေးမည်ဖြစ်သောကြောင့် ထိုသူတို့သည် သက်သာရာ
ရကြမည်မဟုတ်"

မျက်နှာပြုတော်မူ၏
"အထံတော်၌ နေထိုင်ခွင့် ပေးတော်မူ၏"

---


generated on Sun Jun 30 02:37:40 2024

## Chapter 12

[1] အိုထာဝရဘုရား၊ ကယ်တင်တော်မူပါ။ သူတော် ကောင်းမျိုးသည် ပြတ်၍ သစ္စာရှိသောလူမျိုးသည် လူသားတို့တွင်
ကွယ်ပျောက်ပါ၏။ [2] အိမ်နီးချင်းတို့သည် တဦးကိုတဦး မုသာသုံး၍ ချော့မော့သော နှုတ်ခမ်း၊ နှစ်ခွသော စိတ်နှင့်ပြောတတ် ကြပါ၏။
[3] ငါတို့သည် ကိုယ်လျှာအားဖြင့် နိုင်မည်။ [4] ကိုယ်နှုတ်ခမ်းသည် ကိုယ်အမှုကို စောင့်လိမ့် မည်။ ငါတို့၏သခင်ကား အဘယ်သူနည်းဟု
ပြောဆို သော သူတို့၏ ချော့မော့သော နှုတ်ခမ်းနှင့် ဝါကြွားသော လျှာရှိသမျှတို့ကို ထာဝရဘုရားသည် ဖြတ်တော်မူမည်။ [5]
ဆင်းရဲသောသူသည် ခံရသောညှဉ်းဆဲခြင်း၊ ငတ်မွတ်သောသူ၏ ငိုကြွေးခြင်းကြောင့် ယခုငါထမည်။ ကဲ့ရဲ့ခြင်းကိုခံရသော သူအား
ချမ်းသာပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ [6] ထာဝရဘုရား မိန့်တော်မူချက်တို့သည် သန့်ရှင်း ခြင်းရှိ၍ မြေနှင့်
ကင်းစင်စေခြင်းငှါ၊ မိုက်၌ခုနစ်ကြိမ် စစ်သော ငွေကဲ့သို့ဖြစ်ကြ၏။ [7] အိုထာဝရဘုရား၊ ကိုယ်တော်သည် ထိုသူတို့ကို ဤလူမျိုးမှ
အစဉ်ကာကွယ်စောင့်မတော်မူမည်။ [8] ဆိုးယုတ်သောသူတို့သည် ချီးမြှောက်ခြင်းသို့ ရောက်သည် ကာလ၊ မတရားသောသူတို့သည်
အရပ်ရပ် လှည့်လည်ရသော အခွင့်ရှိကြ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင်
အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူး အသုံးပြု
ရန်အတွက်ဖြစ်သည်။

ရှင့်မနင့် အမျိုးအစား
သီချင်းအမျိုးအစားကို ရည်ညွှန်းခြင်းဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထား
သောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

သစ္စာရှိသောလူမျိုးသည် လူသားတို့တွင် ကွယ်ပျောက်ပါ၏
"သစ္စာရှိသောသူတို့သည် ပျက်စီးကြကုန်ပြီ"

Psalms 002

ချော့မော့သော နှုတ်ခမ်း
"မျက်နှာချိုသွေးသောစကား" (သို့) "မြှောက်ပင့်သောစကား"

နှစ်ခွသော စိတ်
"လှည့်ဖျားသောစကား"

ငါတို့သည် ကိုယ်လျှာအားဖြင့် နိုင်မည်
"ကိုယ့်လျှာ"
နိုင်မည်
"အနိုင်ယူမည်"

ငါတို့၏သခင်ကား အဘယ်သူနည်း
အဖြေမပေးသောမေးခွန်းသည် လေးနက်မှုကို
ဖော်ပြခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့်ဤသို့ပြန်ရေးနိုင်သည်
"အဘယ်သူမျှ ငါတို့ကို အုပ်စိုးနိုင်မည်မဟုတ်"

ချော့မော့သော နှုတ်ခမ်း ...ကို ထာဝရဘုရားသည် ဖြတ်တော်မူ၏
"မြှောက်ကာပင့်ကာပြောဆိုတတ်သောစကားများကို
မပြောနိုင်အောင် တားဆီးတော်မူ၏"

ဝါကြွားသော လျှာရှိသမျှတို့ကို
"လျှာ" သည် လုပသောစကားကို ရည်ညွှန်းခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက် "စကားကြီးစကားကျယ်
ပြောတတ်သောသူ ရှိသမျှတို့ကို"

Psalms 005

ငိုကြွေးခြင်း
နာကျင်သောကြောင့် ဆွေးဆွေးငင်ငင်ငိုကြွေးထွက်ပေါ်
လာသောအသံ။

Psalms 006

မိုက်၌ခုနစ်ကြိမ် စစ်သော ငွေကဲ့သို့
သန့်စင်ထားသောငွေ နှင့် ထာဝရဘုရား၏ စကားတော်ကို
ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက်
"ကိုယ်တော့်စကားတော်များသည် အပြစ်အနာဆာကင်း ပါ၏"

အရပ်ရပ် လှည့်လည်ရသော အခွင့်
"နေရာတကာ" (သို့) "ကျွန်ုပ်တို့ပတ်ပတ်လည်တွင်
သွားလာရသောအခွင့်"

---


generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ဣိုထာဝရဘုရား၊ အကျွန်ုပ်ကို အလျှင်းမမှတ်ဘဲ အဘယ်မျှ ကာလပတ်လုံးမေ့လျော့တော်မူမည်နည်း။ အဘယ်မျှကာလပတ်လုံး
မျက်နှာတော်ကို ကွယ်ထား တော်မူမည်နည်း။ 2 အကျွန်ုပ်သည် အစဉ်ဝမ်းနည်းလျက်၊ အဘယ် မျှ ကာလပတ်လုံး
တွေးတောသောစိတ်ရှိရပါမည်နည်း။ အကျွန်ုပ်၏ ရန်သူသည် အဘယ်မျှ ကာလပတ်လုံး အကျွန်ုပ်ကို အုပ်စိုးရပါမည်နည်း။ 3
အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်စကားကို မျက်နှာပြု၍ နားထောင်တော်မူပါ။ အကျွန်ုပ်မျက်စိကို လင်းစေတော်မူပါ။
သို့မဟုတ်လျှင် အသေအိပ်ပျော်ခြင်းသို့ ရောက်ရပါမည်။ 4 အကျွန်ုပ်၏ရန်သူက၊ ငါနိုင်ပြီဟုဆို၍၊ အကျွန်ုပ် ကို နှောင့်ရှက်သော
သူတို့သည် အကျွန်ုပ်လှုပ်ရှားသည် ကို ဝမ်းမြောက်ကြပါလိမ့်မည်။ 5 အကျွန်ုပ်သည် ကရုဏာတော်ကို ယုံကြည်ပါ၏။
ကယ်တင်တော်မူခြင်းအရာ၌ နှလုံး ရွှင်လန်းပါလိမ့်မည်။ 6 အကျွန်ုပ်၌ ကျေးဇူးပြုတော်မူသောကြောင့် ထာဝရဘုရားကို
ထောမနာသီချင်းဆိုပါမည်။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူး အသုံးပြုရန်အတွက်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထားသောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ဣိုထာဝရဘုရား၊ အကျွန်ုပ်ကို အလျှင်းမမှတ်ဘဲ အဘယ်မျှ ကာလပတ်လုံးမေ့လျော့တော်မူမည်နည်း
လေးနက်နက်ဖော်ပြလိုသောကြောင့် အမေးဝါကျကို အသုံးပြုထားခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေး၍ ရသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် ကျွန်ုပ်ကို မေ့လျော့သွားပြီဟု ထင်မှတ်ရပါ၏ ထာဝရဘုရား"

အဘယ်မျှကာလပတ်လုံး မျက်နှာတော်ကို ကွယ်ထား တော်မူမည်နည်း
"မျက်နှာတော်" သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ လေးနက်မှုကို ဖော်ပြရန် အဖြေမဲ့မေးခွန်းကို အသုံးပြုထားသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်ထံမှ ပုန်းရှောင်၍ နေတော်မူသကဲ့သို့ ထင်မှတ်ရပါ၏"

အကျွန်ုပ်၏ ရန်သူသည် အဘယ်မျှ ကာလပတ်လုံး အကျွန်ုပ်ကို အုပ်စိုးရပါမည်နည်း
လေးလေးနက်နက်ဖော်ပြလိုသောကြောင့် အဖြေမဲ့မေးခွန်းကို အသုံးပြုထားသည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "သေချာသည့်အရာတစ်ခုမှာ ရန်သူတို့သည် အကျွန်ုပ်ကို အမြဲအနိုင်ယူနိုင်လိမ့်မည် မဟုတ်"

Psalms 003

အကျွန်ုပ်စကားကို မျက်နှာပြု၍ နားထောင်တော်မူပါ
"အာရုံစိုက်၍ အကျွန်ုပ်စကားကို နားထောင်တော်မူပါ"

ကျွန်ုပ်မျက်စိကို လင်းစေတော်မူပါ
အားအင်တောင်းခံခြင်း နည်းလမ်းတစ်မျိုးဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်ကို ခွန်အားနှင့် တဖန်ပြည့်ဝစေတော်မူပါ"

သို့မဟုတ်လျှင် အသေအိပ်ပျော်ခြင်းသို့ ရောက်ရပါမည်
"အသေအိပ်ပျော်ခြင်း" သည် သေခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

Psalms 005

အကျွန်ုပ်သည် ကရုဏာတော်ကို ယုံကြည်ပါ၏
အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်အား သစ္စာရှိရှိ ချစ်တော်မူသည်ကို အကျွန်ုပ် ယုံကြည်ပါ၏"

ကယ်တင်တော်မူခြင်းအရာ၌ နှလုံး ရွှင်လန်းပါလိမ့်မည်
ဤနေရာ၌ "နှလုံး" သည် လူတစ်ယောက်လုံးကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ဝမ်းမြောက်ရွှင်လန်းပါမည်"


generated on Sun Jun 30 02:37:40 2024

## Chapter 14

[1] ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ် ၏။ ထိုသို့သော သူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ် ဘွယ်သော အမှုကို
ပြုတတ်ကြ၏။ ကောင်းသောအမှုကို ပြုသော သူတယောက်မျှမရှိ။ [2] နားလည်သောသူ၊ ဘုရားသခင်ကိုရှာသော သူတစုံတယောက်ရှိ
သည်မရှိသည်ကို သိမြင်ခြင်းငှါ ထာဝရဘုရားသည် ကောင်းကင်ပေါ်က လူသားတို့ကို ငုံ့၍ကြည့်ရှုတော်မူ၏။ [3] လူအပေါင်းတို့သည်
လမ်းလွှဲကြပြီ။ တညီ တညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏။ ကောင်း သော အကျင့်ကို ကျင့်သော သူမရှိ။ တယောက်မျှမရှိ။ [4]
မုန့်ကိုစားသကဲ့သို့ ငါ၏လူတို့ကို ကိုက်စား၍၊ ထာဝရဘုရားကို ပဌနာမပြုသော အဓမ္မလူအပေါင်းတို့ သည် မသိဘဲ နေရကြသလော။ [5]
သို့ဖြစ်၍ အလွန်ကြောက်လန့်ကြလိမ့်မည်။ အကြောင်းမူကား၊ ဘုရားသခင်သည် ဖြောင့်မတ်သော လူမျိုးဘက်၌ရှိတော်မူ၏။ [6]
နှိမ့်ချလျက်ရှိသော သူသည် ထာဝရဘုရားကို ခိုလှုံသောကြောင့်၊ သင်တို့သည် သူ၏အကြံအစည်ကို အရှက်ကွဲစေတတ်ကြ၏။ [7]
ဣသရေလအမျိုးကို ကယ်တင်ခြင်း ကျေးဇူး တော်သည်၊ ဇိအုန်တောင်ပေါ်မှာ ပေါ်ထွန်းပါစေသော။ သိမ်းသွားခြင်းကို ခံရသော
လူမျိုးတော်ကို တဖန်ထာဝ ဘုရားသည် ဆောင်ခဲ့တော်မူသောအခါ၊ ယာကုပ်သည် ဝမ်းမြောက်ခြင်း၊ ဣသရေလသည်လည်း
ရွှင်လန်းခြင်း ရှိလိမ့်မည်။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဂီတမှုး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှုး အသုံးပြုရန်အတွက်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထားသောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ် ၏
တစုံတယောက်က ကိုယ့်ကိုကို ထင်ကြီးသောစကားဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ပညာမဲ့သောသူသည် ဘုရားသခင်မရှိဟု ကိုယ့်ကိုထင်တတ်၏"

သူတို့သည် ဆွေးမြေ့ယိုယွင်း၍
"သူတို့"သည် ဘုရားသခင်မရှိဟုပြောသည့် ပညာမဲ့သောသူ (မိုက်မဲသောသူ) ကို ရည်ညွှန်းခြင်းဖြစ်သည်။

Psalms 002

ဘုရားသခင်ကိုရှာသောသူ
ဘုရားသခင်ကို သိလိုသောသူအား လမ်းတလျှောက်သူ့နောက်လိုက်၍ ရှာသောသူနှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ဘုရားသခင်ကို သိလိုသောသူ"

လူအပေါင်းတို့သည် လမ်းလွှဲကြပြီ
ဘုရားသခင်အားငြင်းပယ်သောသူကို လမ်းမှန်သို့လျှောက်နေရာမှ လမ်းလွှဲသို့ပြောင်းလျှောက်သောသူနှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "သူတို့သည် ဘုရားသခင်ထံတော်ပါးမှ လမ်းလွှဲလျက် ထွက်ခွာသွားကြပြီ"

Psalms 004

ငါ၏လူတို့ကို ကိုက်စား၍
အပြစ်ပြု၍ ဘုရားသခင်၏လူတို့အား ဖျက်ဆီးသောသူတို့ကို အစားစားသောသူတို့နှင့် ခိုင်းနှိုင်းဖော်ပြထားသည်။

ထာဝရဘုရားကို ပဌနာမပြုသော အဓမ္မလူအပေါင်းတို့ သည် မသိဘဲ နေရကြသလော
လေးလေးနက်နက်ဖော်ပြရန် အဖြေမဲ့မေးခွန်းကို အသုံးပြုထားခြင်းဖြစ်သည်။ ရိုးရိုးမေးခွန်းဖြင့်လည်း ပြန်ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားကို ပဌနာမပြုသော အဓမ္မလူတို့သည် ဘာမှမသိသကဲ့သို့ ဟန်ဆောင်နေကြ၏"

အဓမ္မလူအပေါင်းတို့သည်
အခြားဘာသာပြန်ဆိုချက် "မကောင်းသောအမှုကို ပြုသောသူအပေါင်းတို့သည်"

Psalms 005

ဘုရားသခင်သည် ဖြောင့်မတ်သော လူမျိုးဘက်၌ရှိတော်မူ၏
"ဖြောင့်မတ်သောသူဘက်၌ရှိတော်မူခြင်း" သည် သူတို့အားကူညီမစခြင်းကို ဆိုလိုသည်။ ရှင်းရှင်းလင်းလင်းဘာသာပြန်ဆိုခြင်း "ဖြောင့်မတ်စွာကျင့်ကြံသောသူတို့ကို ဘုရားသခင်မစတော်မူ၏"

နှိမ့်ချလျက်ရှိသောသူကို ... အရှက်ကွဲစေတတ်ကြ၏
"ဆင်းရဲသောသူကို နှိမ်၍ အရှက်ခွဲကြ၏"

သူသည် ထာဝရဘုရားကို ခိုလှုံသောကြောင့်
ထာဝရဘုရား၌ အကာအကွယ်ယူခြင်းကို အရိပ်ခိုခြင်းနှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသည် သူ၏ အကာအကွယ်ဖြစ်တော်မူ၏"


generated on Sun Jun 30 02:37:40 2024

## Psalms 007

ဣသရေလအမျိုးကို ကယ်တင်ခြင်း ကျေးဇူး တော်သည်၊ ဇိအုန်တောင်ပေါ်မှာ ပေါ်ထွန်းပါစေသော

ယေရုရှလင်မြို့သို့လာ၍ ဣသရေလလူတို့ကို ကယ်မပါ ဟုဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသည် ယေရုရှလင်မြို့သို့လာ၍ သူ၏လူတို့ကို ကယ်မသနားရန် ငါသည်အလွန်တောင့်တနေမိ၏"(ရှု၊

ယာကုပ်သည် ဝမ်းမြောက်ခြင်း၊ ဣသရေလသည်လည်း ရွှင်လန်းခြင်း ရှိလိမ့်မည်

ဤဝါကျနှစ်ကြောင်းသည် အဓိပ္ပာယ်ချင်းတူညီသည်။ ဤနေရာ၌ "ယာကုပ်" နှင့် "ဣသရေလ" သည် ဣသရေလလူမျိုးကို ရည်ညွှန်းခြင်းဖြစ်သည်။ အဓိပ္ပာယ်တူဝါကျ နှစ်ကြောင်းကို တစ်ကြောင်းတည်း ဘာသာပြန်ဆိုမှု "ဣသရေလလူမျိုးအပေါင်းတို့သည် အလွန်ဝမ်းမြောက်ခြင်း ရှိလိမ့်မည်"



generated on Sun Jun 30 02:37:40 2024

## Chapter 15

1 အိုထာဝရဘုရား၊ တဲတော်၌ အဘယ်သူသည် တည်းရပါမည်နည်း။ သန့်ရှင်းသောတောင်တော်ပေါ်မှာ အဘယ်သူသည်
နေရပါမည်နည်းဟူမူကား၊ 2 ဖြောင့်မတ်သောအကျင့်၊ တရားသောအမှုကို ပြုကျင့်၍၊ သစ္စာစကားကို စိတ်နှလုံးပါလျက်ပြောထသော၊
3 သူတပါး၏အသရေကို ပျက်စေခြင်းငှါ ပြောဆို ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကိုပြစ်မှားခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သော
သူကိုလည်း ကဲ့ရဲ့ခြင်းကို ရှောင်ထ သော၊ 4 ဆိုးယုတ်သောသူကို အယုတ်ဟူ၍ ထင်မှတ် လျက်၊ ထာဝရဘုရားအား
ကြောက်ရွံ့သောသူကို ရိုသေ ထသော၊ ကိုယ်အကျိုးပျက်ရသော်လည်း ကိုယ်ကျိန်ဆို သော သစ္စာဂတိကိုမဖျက်၊ 5 ကိုယ်ငွေကို ချေး၍
အတိုးမယူ၊ အပြစ်မရှိသော သူ၏တဘက်မှ တံစိုးကို မခံဘဲကျင့်သောသူသည် လှုပ် ရှားခြင်းနှင့် အစဉ်အမြဲ
ကင်းလွတ်လိမ့်မည်သတည်း။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထားသောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

သန့်ရှင်းသောတောင်တော်ပေါ်မှာ အဘယ်သူသည် နေရပါမည်နည်း
"သန့်ရှင်းသောတောင်" သည် ဘုရားသခင်၏ ဗိမာန်တော်တည်ရှိရာ ဇိအုန်တောင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အဘယ်သူသည် သန့်ရှင်းရာ ဌာန၌ နေရမည်နည်း"

သစ္စာစကားကို စိတ်နှလုံးပါလျက်ပြောထသော
"မှန်မှန်ကန်ကန် ရိုးရိုးသားသား ပြောတတ်သောသူ"

Psalms 003

အကျိုးကိုပြစ်မှားခြင်း
"အကျိုးကိုဖျက်ဆီးခြင်း"

Psalms 004

ဆိုးယုတ်သောသူကို အယုတ်ဟူ၍ ထင်မှတ် လျက်၊ ထာဝရဘုရားအား ကြောက်ရွံ့သောသူကို ရိုသေ ထသော
"ဖြောင့်မတ်သောသူတို့သည် ထာဝရဘုရားအား ငြင်းပယ်သောသူတို့ကို မုန်း၍ ထာဝရဘုရားအား ရိုသေသောသူတို့ကိုမူကား လေးစားကြ၏"

ဆိုးယုတ်သောသူ
"လူဆိုး" (သို့) "ထာဝရဘုရားကို ငြင်းပယ်သောသူ"

လှုပ်ရှားခြင်းနှင့် အစဉ်အမြဲ ကင်းလွတ်လိမ့်မည်သတည်း
"လှုပ်ရှားခြင်း

---


generated on Sun Jun 30 02:37:40 2024

## Chapter 16

1 အကျွန်ုပ်ကို စောင့်မတော်မူပါဘုရား။ ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏။ 2 ကိုယ်တော်သည် အကျွန်ုပ်၏သခင်ဖြစ်တော်မူ သည်ဟု
ထာဝရဘုရားကို အကျွန်ုပ်လျှောက်ဆိုပါပြီ။ ကျေးဇူးတော်မှတပါး အခြားသောမင်္ဂလာသည်အကျွန်ုပ် ၌ မရှိပါ။ 3 ပြည်တော်၌နေသော
သန့်ရှင်းသူနှင့် ထူးဆန်း သောသူတို့ကိုသာ နှစ်သက်ပါ၏။ 4 အခြားသောလမ်းသို့ လိုက်ပြေးသော သူတို့သည် များစွာသော
ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ ငါသည် သူတို့သွန်းလောင်းရာ ပူဇော်သက္ကာအသွေးကို မလှူ မဆက်လို။ သူတို့ဘုရား၏နာမကို
မမြွက်လို။ 5 ထာဝရဘုရားသည် ငါအမွေခံရာအဘို့၊ ငါ စားသောက်ရာအဘို့ ဖြစ်တော်မူ၏။ ကိုယ်တော်သည် အကျွန်ုပ်အမွေအနှစ်ကို
စောင့်ရှောက်တော်မူ၏။ 6 ငါပိုင်ထိုက်သောနယ်နိမိတ်သည် သာယာသော အရပ်တွင်ကျ၍၊ ကောင်းမွန်သော အမွေကို ငါခံရပြီ။ 7 ငါ့ကို
ပြုစုတော်မူသော ထာဝရဘုရားကို ကောင်းကြီးပေးမည်။ ညဥ့်အချိန်၌ပင် ငါ့နှလုံးသည် ငါ့ကို နှိုးဆော်တတ်၏။ 8 ငါသည်
ထာဝရဘုရားကို အစဉ်မပြတ် မျက် မှောက်ပြု၏။ အကြောင်းမူကား၊ ငါလက်ျာဘက်၌ တည်ရှိတော်မူသည်ဖြစ်၍၊
ငါသည်လှုပ်ရှားခြင်း မရှိရ။ ထိုကြောင့် ငါ့စိတ်နှလုံးသည် သာယာခြင်း၊ 9 ငါ့ဝိညာဉ်သည်လည်း ရွှင်လန်းခြင်းရှိ၏။ ထိုမှ တပါး၊
ငါ့အသားသည် မြော်လင့်လျက် ကျိန်းဝပ်လိမ့်မည်။ 10 အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ၌
ပစ်ထားတော်မမူ။ ကိုယ်တော်၏ သန့်ရှင်းသော သူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော် မမူဘဲလျက်၊ 11 အသက်ရှင်ခြင်း လမ်းကို
ပြည့်ွှန်တော်မူလိမ့် မည်။ အထံတော်၌ စုံလင်သော ဝမ်းမြောက်ခြင်းအခွင့် နှင့် လက်ျာတော်နားမှာ အစဉ်အမြဲ ပျော်မွေ့ခြင်းအခွင့်
ရှိပါ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ပေမြဲကဗျာတွင် အများဆုံး တွေ့ရသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ မိတန်
"မိတန်" ၏ အဓိပ္ပာယ်ကို အတိအကျ မသိရှိရပေ။ ဤစကားလုံးနေရာတွင် "ဆာလံ" ဟု အစားထိုးရေးသားနိုင်သည်။ "ဒါဝိဒ်ရေးသားခဲ့သော ဆာလံတစ်ပုဒ်"

ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏
ထာဝရဘုရား၌ အကာအကွယ်ယူခြင်းကို အရိပ်ကိုခိုလှုံခြင်းနှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသည် အကျွန်ုပ်၏ အကာအကွယ်ဖြစ်တော်မူ၏"

ပြည်တော်၌နေသော သန့်ရှင်းသူ
"သန့်ရှင်းသူ" သည် ထာဝရဘုရားကို ကိုးစားသော ထာဝရဘုရား၏လူတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ပြည်တော်၌နေသော ကိုယ်တော်၏လူတို့"

Psalms 004

အခြားသောလမ်းသို့ လိုက်ပြေးသော သူတို့သည် များစွာသော ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "အခြားဘုရားနောက်လိုက်သောသူတို့သည် ဒုက္ခကြီးစွာ ခံစားရလိမ့်မည်။

သွန်းလောင်းရာ ပူဇော်သက္ကာအသွေးကို မလှူ မဆက်လို
"အခြားနတ်ဘုရားများအား ယဇ်မပူဇော်လို"

သူတို့ဘုရား၏နာမတော်ကို မမြွက်လို
"နာမကိုမြွက်ဆိုခြင်း" သည် သူတို့ကို ချီးမွမ်းခြင်းကို ဆိုလိုသည်။

Psalms 005

ငါအမွေခံရာအဘို့
ဒါဝိဒ်က အမွေခွဲဝေ၍ရသော မြေကဲ့သို့ ထာဝရဘုရားကို ဖော်ပြထားသည်။

ငါ စားသောက်ရာအဘို့ ဖြစ်တော်မူ၏
ဒါဝိဒ်က စား၍ရသာအစားအသောက်ကဲ့သို့ ထာဝရဘုရားကို ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ငါ့ကို ကောင်းချီးပေးတော်မူသောဘုရား"

ငါပိုင်ထိုက်သောနယ်နိမိတ်သည် သာယာသော အရပ်တွင်ကျ၍
ဒါဝိဒ်ခံရသော ကောင်းချီးကို နယ်နိမိတ်တိုင်းတာ၍ မြေပိုင်ဆိုင်မှု ပေးထားသကဲ့သို့ ဖော်ပြထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်ချပေးသောနေရာသည် အကျွန်ုပ်အတွက် အလွန်သာယာပါ၏"

ကောင်းမွန်သော အမွေကို ငါခံရပြီ
ဒါဝိဒ်က ဘုရားသခင့်ထံတော်မှရသော ကောင်းချီးမင်္ဂလာကို အမွေဥစ္စာရသည့်သဖွယ် ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်ပေးသောအရာအားလုံးကို အကျွန်ုပ် နှစ်သက်သဘောကျပါ၏"

Psalms 007

ငါသည် ထာဝရဘုရားကို အစဉ်မပြတ် မျက်မှောက်ပြု၏
"ငါသည် ထာဝရဘုရားကို အစဉ်မပြတ် အောက်မေ့သတိရ၏"


generated on Sun Jun 30 02:37:40 2024

ငါသည်လှုပ်ရှားခြင်း မရှိရ
"အဘယ်အရာမျှ ငါ့ကို ဘုရားသခင့်ထံတော်မှ ဝေးသွားအောင် လုပ်၍မရပေ"

Psalms 009

ယေဘုယျအချက်အလက်
ဘုရားသခင်အား ဒါဝိဒ်ဆက်လက် ပြောဆိုနေသည်။

ငါ့စိတ်နှလုံးသည် သာယာခြင်း၊ ငါ့ဝိညာဉ်သည်လည်း ရွှင်လန်းခြင်းရှိ၏
ဘုရားသခင်ကို ချီးမွမ်းရသည်မှာ အင်မတန် ဂုဏ်ယူဖွယ် ကောင်းကြောင်း ဖော်ပြထားသည်။ ဤဝါကျနှစ်ကြောင်းသည် အဓိပ္ပာယ်ဆင်တူသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့်ကိုချီးမွမ်းရသည်မှာ ကျွန်ုပ်အတွက် ရွှင်လန်းခြင်းဖြစ်၏"

ငါ့စိတ်နှလုံး
"စိတ်နှလုံး" သည် လူတစ်ယောက်၏ တွေးခေါ်မှု နှင့် ခံစားမှု ကို ရည်ညွှန်းခြင်းဖြစ်သည်။

ငါ့ဝိညာဉ်
"ဝိညာဉ်" သည် ထာဝရဘုရားကို ချီးမွမ်းခြင်း၌ ဂုဏ်ယူတတ်သော ဆာလံဆရာ၏ နှလုံးသားကို ရည်ညွှန်းခြင်း ဖြစ်သည်။

Psalms 011

စုံလင်သော
"ပြည့်ဝစုံလင်သော"

လက်ျာတော်နားမှာ
"လက်ျာတော်နား" သည် ဘုရားသခင်၏ မျက်မှောက်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့်အနားမှာ"


generated on Sun Jun 30 02:37:40 2024

## Chapter 17

1 အိုထာဝရဘုရား၊ တရားသော ဘက်မှာနေ၍ အကျွန်ုပ်အော်ဟစ်ခြင်းကို မှတ်တော်မူပါ။ မလှည့်စား တတ်သော နှုတ်နှင့်
ဆုတောင်းသော ပဌနာစကားကို နားထောင်တော်မူပါ။ 2 ကိုယ်တော်တိုင်အကျွန်ုပ်ကို စီရင်၍ ဖြောင့်မတ် သောအရာကို
ထောက်ရှုတော်မူပါ။ 3 အကျွန်ုပ်နှလုံးကို စစ်ဆေးတော်မူပါ။ ညဥ့်အခါ အကျွန်ုပ်ကို အကြည့်အရှု ကြွလာတော်မူပါ။ အကျွန်ုပ်ကို
စစ်ကြောသောအခါ အဘယ်အပြစ်ကိုမျှ တွေ့တော်မမူ ရာ။ အကျွန်ုပ်အကြံအစည်သည် အကျွန်ုပ်စကားနှင့် မခြားမနားပါ။ 4
လူပြုတတ်သော အမှုများမှာ၊ ဖျက်ဆီးတတ် သော သူ၏လမ်းတို့ကို နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်ရှောင်ပါပြီ။ 5
လမ်းခရီးတော်၌ အကျွန်ုပ်သွားစဉ်တွင် ခြေ မချော်စေခြင်းငှါ ထောက်မတော်မူပါ။ 6 အိုဘုရားသခင်၊ ကိုယ်တော်သည် နားထောင်
တော်မူတတ်သောကြောင့် အကျွန်ုပ်သည် တောင်း လျှောက်ပါ၏။ နားတော်ကို လှည့်၍ အကျွန်ုပ်စကားကို နာယူတော်မူပါ။ 7
ကိုယ်တော်ကို ခိုလှုံသောသူတို့ကို သူပုန်တို့လက် မှ၊ လက်ျာလက်တော်အားဖြင့် ကယ်နှုတ်တော်မူသော ဘုရား၊ ထူးဆန်းသော
မေတ္တာကျေးဇူးတော်ကို ပြတော် မူပါ။ 8-9 အကျွန်ုပ်ကို ညှဉ်းဆဲသောလူဆိုးတည်းဟူသော အကျွန်ုပ်ကို ဝိုင်း၍သတ်လိုသော ရန်သူတို့
လက်မှ အကျွန်ုပ်ကို လွတ်စေခြင်းငှါ၊ မျက်ဆန်ကဲ့သို့ အကျွန်ုပ်ကို စောင့်မတော်မူပါ။ အတောင်တော်အရိပ်ထဲမှာ ဖုံးအုပ် တော်မူပါ။ 10
သူတို့သည် မိမိတို့ဆူဝခြင်းကို ကိုးစား၍ ထောင် လွှားစော်ကားစွာ ပြောဆိုကြပါ၏။ 11 အကျွန်ုပ်တို့ သွားသောလမ်းကို ယခုဝိုင်းမိကြ
ပါပြီ။ အကျွန်ုပ်တို့ကို မြေပေါ်မှာ လှဲခြင်းငှါ မျက်စိနှင့် ရှုယ်ကြပါ၏။ 12 ဘမ်းမိသောအကောင်ကို စားချင်အားကြီး သော
ခြင်္သေ့ကဲ့သို့၎င်း၊ ဆိတ်ကွယ်ရာအရပ်၌ ချောင်း၍ နေသောခြင်္သေ့ပျိုကဲ့သို့ ၎င်းဖြစ်ကြပါ၏။ 13 အိုထာဝရဘုရား၊ ထတော်မူပါ။
သူတို့ကို ဆီးတား၍ လှဲချတော်မူပါ။မတရားသောသူတို့လက်မှ အကျွန်ုပ်အသက်ကို ထားတော်ဖြင့် ကယ်လွှတ်တော်မူပါ။ 14
အိုထာဝရဘုရား၊ လောကီသားဖြစ်သော ထိုလူ တို့လက်မှ အကျွန်ုပ်အသက်ကို လက်တော်ဖြင့် ကယ်လွှတ် တော်မူပါ။ ထိုသူတို့သည်
ယခုဘဝမှာ မိမိတို့အဘို့ကို ခံရကြပါ၏။ သူတို့အလိုကို ဘဏ္ဍာတော်နှင့် ပြည့်စုံစေ တော်မူ၏။ သူတို့သားသမီးတို့သည်လည်း
ကြွယ်ဝ၍၊ မြေးမြစ်စသည်တို့၌ မိမိတို့ဥစ္စာကို ချန်ထားကြပါ၏။ 15 အကျွန်ုပ်မူကား ဖြောင့်မတ်၍ မျက်နှာတော်ကို
ဖူးမြင်ရပါလိမ့်မည်။ နိုးသောအခါ ပုံသဏ္ဌာန်တော် အားဖြင့် အကျွန်ုပ်ကို ပြည့်စုံရပါလိမ့်မည်။

---

---

### Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး တွေ့ရသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ ဆုတောင်း
"ဒါဝိဒ် ရေးသားထားသော ဆုတောင်းစာ"

မလှည့်စားတတ်သော နှုတ်နှင့် ဆုတောင်းသော ပဌနာစကားကို နားထောင်တော်မူပါ
"နှုတ်" သည် စကားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "မုသားမပါသောဆုတောင်းချက်ကို နားထောင်တော်မူပါ"

ကိုယ်တော်တိုင်အကျွန်ုပ်ကို စီရင်၍ ဖြောင့်မတ် သောအရာကို ထောက်ရှုတော်မူပါ
အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်အပြစ်ကင်းစင်ကြောင်း ကြေညာတော်မူပါ"

### Psalms 003

အကျွန်ုပ်နှလုံးကို စစ်ဆေးတော်မူပါ။
"နှလုံးစစ်ဆေးခြင်း" သည် အတွေးအခေါ် နှင့် ရည်ရွယ်ချက်များကို စစ်ဆေးခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ် အကြံအစည်များကို စစ်ဆေးတော်မူပါ"

### Psalms 004

လူပြုတတ်သော အမှုများမှာ၊ ဖျက်ဆီးတတ်သော သူ၏လမ်းတို့ကို နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်ရှောင်ပါပြီ
"နှုတ်ကပတ်တော်" သည် ဘုရားသခင်၏ လမ်းညွှန်သွန်သင်မှုကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့်သွန်သင်မှုကြောင့် အကျွန်ုပ်သည် မကောင်းမှုတို့ကို ရှောင်နိုင်ခဲ့ပါပြီ"

ခြေ မချော်စေခြင်းငှါ
"ခြေမချော်ခြင်း" ဘုရားသခင်၏ စကားကို နားထောင်ခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့်လမ်းသို့ လျှောက်လှမ်းခြင်းငှါ အကျွန်ုပ် ဆုံးဖြတ်ပါပြီ"

### Psalms 006

နားထောင် တော်မူတတ်သောကြောင့် အကျွန်ုပ်သည် တောင်း လျှောက်ပါ၏။ နားတော်ကို လှည့်၍ အကျွန်ုပ်စကားကို နာယူတော်မူပါ
ဤဝါကျနှစ်ကြောင်းသည် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။ "နားတော်" သည် ဘုရားသခင်၏ ဂရုတစိုက် နားထောင်ခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်တောင်းလျှောက်သံကို ဂရုစိုက်၍ အကျွန်ုပ်စကားသံကို နားထောင်တော်မူပါ"


generated on Sun Jun 30 02:37:40 2024

ကိုယ်တော်ကို ခိုလှုံသောသူတို့ကို
ထာဝရဘုရား၌ အကာအကွယ်ယူခြင်းကို အရိပ်ခိုခြင်းနှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသည် သူတို့၏ အကာအကွယ်ဖြစ်တော်မူ၏"

လက်ျာလက်တော်အားဖြင့်
"လက်ယာလက်" သည် ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

Psalms 008

မျက်ဆန်ကဲ့သို့ အကျွန်ုပ်ကို စောင့်မတော်မူပါ
"မျက်ဆန်" သည် အမြင်အာရုံအတွက် မရှိမဖြစ်လိုအပ်သလို နူးညံ့ပြီး ထိခိုက်လွယ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်အား တန်ဖိုးအရှိဆုံးအရာတစ်ခုအဖြစ် စောင်မတော်မူပါ"

အတောင်တော်အရိပ်ထဲမှာ ဖုံးအုပ် တော်မူပါ
ဒါဝိဒ်က ကြက်မသည် သားငယ်ကို အတောင်အောက်၌ ဝှက်ကာ စောင့်ရှောက်သကဲ့သို့ ဘုရားသခင်သည်လည်း ထိုနည်းတူသူ့ကို စောင့်ရှောက်ကြောင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ကြက်မသည် အတောင်အောက်၌ သားငယ်ကိုစုရုံး၍ စောင့်ရှောက်သကဲ့သို့ အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူပါ"

Psalms 011

အကျွန်ုပ်တို့ သွားသောလမ်းကို ယခုဝိုင်းမိကြ ပါပြီ
"လမ်းကို ဝိုင်းထားခြင်း" သည် ဒါဝိဒ်သွားလေရာနေရာ၌ ရန်သူများ အချိန်တိုင်း နောက်ယောင်ခံလိုက်နေကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ရန်သူတို့သည် အကျွန်ုပ်သွားလေရာရာတိုင်း၌ နောက်ယောင်ခံလိုက်ကြပြီ"

ဘမ်းမိသောအကောင်ကို စားချင်အားကြီး သော ခြင်္သေ့ကဲ့သို့၎င်း၊ ဆိတ်ကွယ်ရာအရပ်၌ ချောင်း၍ နေသောခြင်္သေ့ပျိုကဲ့သို့ ၎င်းဖြစ်ကြပါ၏
လေးနက်မှုကိုဖော်ပြလိုသောကြောင့် အနက်တူဝါကျနှစ်ကြောင်းကို အသုံးပြုထားခြင်းဖြစ်သည်။

ခြင်္သေ့ကဲ့သို့၎င်း ... ခြင်္သေ့ပျိုကဲ့သို့ ၎င်း
ခြင်္သေ့သည် သားကောင်ကို အမဲလိုက်သကဲ့သို့ သူသည်လည်းအလိုက်ခံနေရကြောင်းကို ဆာလံဆရာဖော်ပြထားခြင်းဖြစ်သည်။

Psalms 013

မတရားသောသူတို့လက်မှ အကျွန်ုပ်အသက်ကို ထားတော်ဖြင့် ကယ်လွှတ်တော်မူပါ ... လောကီသားဖြစ်သော ထိုလူ တို့လက်မှ အကျွန်ုပ်အသက်ကို လက်တော်ဖြင့် ကယ်လွှတ် တော်မူပါ
အနက်တူဝါကျနှစ်ကြောင်းဖြစ်သည်။ ဤကဲ့သို့ အနက်တူဝါကျများကို အသုံးပြုရခြင်းမှာ လေးနက်မှုကို ဖော်ပြလို၍ ဖြစ်သည်။

ထားတော်ဖြင့် ကယ်လွှတ်တော်မူပါ ... လက်တော်ဖြင့် ကယ်လွှတ် တော်မူပါ
ဤနေရာ၌ "ဓား" နှင့် "လက်" နှစ်ခုစလုံးသည် ထာဝရ ဘုရား၏ တန်ခိုးတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

သူတို့အလိုကို ဘဏ္ဍာတော်နှင့် ပြည့်စုံစေ တော်မူ၏
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ထာဝရဘုရားသည် သူ့လူတို့ကို ကြွယ်ဝစွာ ကောင်းချီးချပေးသနားတော်မူ၏" ၂) ထာဝရဘုရားသည် လူဆိုးနှင့်တကွ သူတို့၏ သား၊ မြေး၊ မြစ်များကို အပြစ်ပေးတော်မူ၏"

Psalms 015

အကျွန်ုပ်မူကား ဖြောင့်မတ်၍ မျက်နှာတော်ကို ဖူးမြင်ရပါလိမ့်မည်
"မျက်နှာတော်" သည် ဘုရားသခင်ကိုယ်တော်တိုင်ပင် ဖြစ်သည်။ ထာဝရဘုရား၏ မျက်နှာတော်ကို ဖူးမြင်ရမည်ဟု ဒါဝိဒ်သည် ကျိန်းသေတွက်ထားသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သည် မှန်ကန်သောနည်းလမ်းဖြင့်အသက်ရှင်သောကြောင့် တနေ့နေ့တွင် ကိုယ်တော်နှင့် အတူနေရပါလိမ့်မည်"

နိုးသောအခါ ပုံသဏ္ဍာန်တော် အားဖြင့် အကျွန်ုပ်ကို ပြည့်စုံရပါလိမ့်မည်
ဒါဝိဒ်သည် သေဆုံးပြီးနောက် ထာဝရဘုရားနှင့်အတူ နေရလိမ့်မည်ကို ကျိန်းသေ ယုံကြည်ထားသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သေဆုံးသွားလျှင် ကိုယ်တော့်မျက်မှောက်တော်၌ ပျော်ရွှင်စွာ နိုးထလိမ့်မည်"

## Chapter 18

1 အိုထာဝရဘုရား၊ အကျွန်ုပ်၏ ခွန်အားဗလ တည်းဟူသော ကိုယ်တော်ကို အကျွန်ုပ်ချစ်ပါ၏။ 2 ထာဝရဘုရားသည် ငါ၏ကျောက်၊
ငါ၏မြို့ရိုး၊ ငါ့ကိုကယ်လွှတ်သောသခင်၊ ငါ၏ဘုရား၊ ငါကိုးစားသော အစွမ်းသတ္တိ၊ ငါ၏ အကွယ်အကာ၊ ငါ့ကိုကယ်တင်သော ဦးချို၊
ငါ၏ရဲတိုက်ဖြစ်တော်မူ၏။ 3 ချီးမွမ်းအပ်သော ထာဝရဘုရားကို ငါတောင်း လျှောက်၍ ရန်သူတို့ လက်မှကယ်တင်ခြင်းသို့ ရောက်၏။
4 သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်းမိ၍၊ ဖျက်ဆီး တတ်သော ရေစီးခြင်းကြောင့် ငါကြောက်လန့်ရ၏။ 5 မရဏာနိုင်ငံ၏
ကြိုးတို့သည်ဝိုင်း၍၊ သေမင်း၏ ကျော့ကွင်းသည် ငါ့ကိုကျော့မိလျက် ရှိ၏။ 6 ထိုသို့ငါသည် ဆင်းရဲငြိုငြင်သောအခါ ထာဝရ
ဘုရားကိုခေါ်၍၊ ငါ၏ဘုရားသခင်ကို အော်ဟစ်လေ၏။ ခေါ်သောအသံကို ဗိမာန်တော်ထဲ မှာကြားတော်မူ၍၊
အော်ဟစ်သောအသံသည် နားတော်ထဲသို့ ဝင်လေ၏။ 7 ထိုအခါ အမျက်တော်ထွက်သောအားဖြင့် မြေကြီးတုန်လှုပ်၍၊
တောင်အမြစ်တို့သည် တရွေ့ရွေ့ လှုပ်ရှားကြ၏။ 8 နှာခေါင်းတော်ထဲက မီးခိုးထွက်၍၊ နှုတ်တော် ထဲက မီးလောင်သောအားဖြင့်၊
မီးခဲတောက်လေ၏။ 9 မိုဃ်းကောင်းကင်ကိုညွတ်သဖြင့် ဆင်းသက် တော်မူ၍၊ ခြေဘဝါးတော်အောက်၌ မှောင်မိုက်ဖြစ်လေ ၏။ 10
ခေရုဗိမ်ကိုစီးလျက် ပျံတော်မူ၏။ လေ၏ အတောင်တို့အပေါ် မှာလျင်စွာ ပျံတော်မူ၏။ 11 မှောင်မိုက်ထဲမှာ ပုန်းကွယ်တော်မူ၍၊
တခဲနက် သောရေနှင့်ထူထပ်သော မိုဃ်းတိမ်တို့သည် ကိုယ်တော် ကို ကာရံလျက်ရှိကြ၏။ 12 ရှေ့တော်၌
ရောင်ခြည်ကြောင့်တိမ်ထပ်တို့သည် မိုဃ်းသီးနှင့် မီးခဲပါလျက် လွင့်ကြ၏။ 13 ထာဝရဘုရားသည်လည်း၊ ကောင်းကင်ပေါ်မှာ
မိုဃ်းချုန်း၍၊ အမြင့်ဆုံးသော ဘုရားသည် အသံတော်ကို လွှင့်တော်မူ၏။ 14 လေးမြှားတော်တို့ကိုပစ်၍ လျှပ်စစ်ပြက်စေ သဖြင့်၊
ရန်သူတို့ကို အရပ်ရပ်သို့ခွဲ၍ ရှုံးစေတော်မူ၏။ 15 ထိုအခါ အိုထာဝရဘုရား၊ ကိုယ်တော်သည် အပြစ်တင်၍ နှာခေါင်းတော်ထဲက
အသက်ရှူတော်မူ သောအားဖြင့်၊ သမုဒ္ဒရာအောက်ပြင်နှင့် လောကတိုက် မြစ်တို့သည်ပွင့်လစ် ထင်ပေါ်လျက်ရှိကြ၏။ 16
ထာဝရဘုရားသည် အထက်အရပ်က လက် တော်ကို ဆန့်၍၊ တခဲနက်သောရေထဲက ငါ့ကို ဆယ်ယူ တော်မူ၏။ 17
ငါ့ကိုမုန်းသောသူတည်းဟူသော ငါပြိုင်၍မနိုင် နိုင်အောင် ခွန်အားကြီးသော ရန်သူတို့လက်မှ ငါ့ကို ကယ်လွှတ်တော်မူ၏။ 18
ဘေးဥပဒ်ရောက်သောကာလ၌ သူတို့သည် ဆီးတားသော်လည်း၊ ထာဝရဘုရားသည်ငါမှီခိုရာဖြစ်၍၊ 19 ငါ့ကိုကျယ်ဝန်းရာအရပ်သို့
ပို့ဆောင်တော်မူ၏။ ငါ့ကိုနှစ်သက်သောကြောင့် ကယ်လွှတ်တော်မူ၏။ 20 ငါဖြောင့်မတ်ခြင်းရှိသည်အလျောက်၊ ထာဝရ ဘုရားသည်
အကျိုးကို ပေး၍၊ ငါ့လက်စင်ကြယ်ခြင်း၏ အကျိုးကို စီရင်တော်မူ၏။ 21 အကြောင်းမူကား၊ ငါသည်ထာဝရဘုရား၏ လမ်းတော်သို့
အစဉ်လိုက်၏။ ငါ၏ဘုရားသခင့်ထံမှ ပြစ်မှား၏မသွား။ 22 စီရင်တော်မူချက်ရှိသမျှကို ငါသည် မျက်မှောက် ပြု၏။
အထုံးအဖွဲ့တော်တို့ကို မပယ်၊ 23 ရှေ့တော်မှာဖြောင့်မတ်၍၊ ကိုယ်ဒုစရိုက်ကို ကြဉ် ရှောင်၏။ 24 ထိုကြောင့် ရှေ့တော်မှာထင်ရှားသော
ငါ၏ ဖြောင့်မတ်ခြင်း၊ လက်စင်ကြယ်ခြင်းရှိသည်နှင့် အလျောက် ထာဝရဘုရားသည် ငါ၌ အကျိုးကို ပေးတော်မူပြီ။ 25
သနားတတ်သောသူအား ကိုယ်တော်သည် သနားခြင်းသဘောကိုဍင်း၊ ဖြောင့်မတ်သောသူအား ဖြောင့်မတ်ခြင်း သဘောကိုဍင်း၊ 26
သန့်ရှင်းသောသူအား သန့်ရှင်းခြင်းသဘော ကိုဍင်း၊ ဆန့်ကျင်သော သူအားဆန့်ကျင်သောသဘော ကိုဍင်း ပြတော်မူ၏။ 27
နှိမ့်ချလျက်ရှိသောသူတို့ကို ကိုယ်တော်သည် ကယ်တင်၍၊ ထောင်လွှားသော မျက်နှာကိုမူကား ရှုတ်ချ တော်မူ၏။ 28 အိုထာဝရဘုရား၊
ကိုယ်တော်သည် အကျွန်ုပ်၏ မီးခွက်ကို ထွန်း၍၊ အကျွန်ုပ်၏ဘုရားသခင်သည် အကျွန်ုပ်၏မှောင်မိုက်ကို လင်းစေတော်မူ၏။ 29
အကျွန်ုပ်သည် ကိုယ်တော်ကိုအမှီပြု၍၊ တပ်ကို ဖျက်ပါပြီ။ အကျွန်ုပ်၏ဘုရားသခင်ကို အမှီပြုလျက် မြို့ရိုးကို ကျော်၍ ဝင်ပါပြီ။ 30
ဘုရားသခင် စီရင်တော်မူသော အမှုသည် စုံလင်၏။ ထာဝရဘုရား၏သစ္စာတော်သည် အစစ်ခံ၍ တည်၏။ ခိုလှုံသော
သူအပေါင်းတို့၏ အကွယ်အကာ ဖြစ်တော်မူ၏။ 31 ထာဝရဘုရားမှတပါး အဘယ်ဘုရားသခင် ရှိသနည်း။ ငါတို့ ဘုရားသခင်မှတပါး
အဘယ်မည်သော ကျောက်ရှိသနည်း။ 32 ထိုဘုရားသခင်သည် ငါ့ကိုခွန်အား ခါးပန်းနှင့် စည်း၍ ငါသွားရာ လမ်းကို
ဖြောင့်စေတော်မူ၏။ 33 ငါ့ခြေကို သမင်ခြေကဲ့သို့ လျင်မြန်စေ၍၊ ငါ၏ မြင့်ရာအရပ်ပေါ်မှာ ငါ့ကိုတင်ထားတော်မူ၏။ 34 ငါ့လက်ကို
စစ်မှု၌လေ့ကျက်စေခြင်းငှါ သွန်သင် တော်မူ၍၊ ကြေးဝါးလေးကို ငါ့လက်ရုံးနှင့် ငါတင်နိုင်၏။ 35 ကိုယ်တော်သည်
ကယ်တင်တော်မူခြင်း ဒိုင်း လွှားကို အပ်၍၊ လကျာ်လက်တော်အားဖြင့် မစတော် မူ၏။ သည်းခံတော်မူခြင်းအားဖြင့် အကျွန်ုပ်သည်
ချီးမြှောက်ခြင်းသို့ ရောက်ပါ၏။ 36 အကျွန်ုပ်သွားသောလမ်းကို ရှင်းလင်း၍ ခြေ မချော်စေခြင်းငှါ ပြုတော်မူသောအားဖြင့်၊ 37
အကျွန်ုပ်သည် ရန်သူတို့ကို လိုက်၍မှီသဖြင့်၊ သူတို့ကို မပယ်ရှင်းမှီတိုင်အောင် မပြန်ပါ။ 38 သူတို့သည် အကျွန်ုပ်ခြေအောက်မှာ
လဲလျက် ရှိ၍ မထနိုင်အောင် အကျွန်ုပ်သည် နှိပ်နင်းပါ၏။ 39 အကြောင်းမူကား၊ စစ်တိုက်ခြင်းငှါ ကိုယ် တော်သည် အကျွန်ုပ်ကို
ခွန်အားခါးပန်းနှင့်စည်း၍၊ အကျွန်ုပ်တဘက်၌ ထသောသူတို့ကို အကျွန်ုပ်အောက်မှာ လှဲတော်မူ၏။ 40 အကျွန်ုပ်ကို
မုန်းသောရန်သူတို့၏ လည်ပင်းကို အကျွန်ုပ်၌ အပ်၍၊ ဖျက်ဆီးရသောအခွင့်ကို ပေးတော် မူ၏။ 41 သူတို့သည်
အော်ဟစ်ကြသောအခါ၊ ကယ်တင် သောသူမရှိ။ ထာဝရဘုရားကို အော်ဟစ်သော်လည်း ထူးတော်မမူ။ 42 ထိုအခါအကျွန်ုပ်သည်
သူတို့ကို လေတိုက်သော မြေမှုန့်ကိုကဲ့သို့၊ ညက်ညက်ချေပြီးမှ၊ လမ်း၌အမှိုက်ကို ကဲ့သို့ သွန်ပစ်လေ၏။ 43 လူစုတို့သည်
ဆိုင်ပြိုင်တိုက်လှန်ခြင်းမှ အကျွန်ုပ် ကို ကယ်လွှတ်၍၊ တပါးအမျိုးသားတို့၏ အကဲအမှူးအရာ ၌ ခန့်ထားတော်မူသောအားဖြင့်၊

 generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်မသိဘူးသော လူစုသည်အကျွန်ုပ်ထံ၌ ကျွန်ခံပါ၏။ 44 အကျွန်ုပ်စကားသံကို ကြားသည်ခဏခြင်းတွင် နားထောင်ပါ၏။
တပါးအမျိုးသားတို့သည် အကျွန်ုပ်ကို တောင်းပန်ကြပါ၏။ 45 ညှိုးနွမ်းသည်ဖြစ်၍ ခိုလှုံရာအရပ်ထဲက တုန် လှုပ်လျက်
ထွက်ကြပါ၏။ 46 ထာဝရဘုရားသည် အသက်ရှင်တော်မူသည် ဖြစ်၍၊ ငါ၏ကျောက်၌ မင်္ဂလာရှိပါစေသတည်း။ ငါ့ကို
ကယ်တင်တော်မူသော ဘုရားသခင်၌ ချီးမြှောက်ခြင်း ရှိပါစေသတည်း။ 47 ငါ့ဘက်၌ တရားသဖြင့်စီရင်၍၊ လူစုတို့ကို ငါ့အောက်မှာ
နှိမ့်ချသောသူကား ဘုရားသခင်ပေတည်း။ 48 ရန်သူတို့လက်မှ ငါ့ကို ကယ်လွှတ်တော်မူ၏။ အကျွန်ုပ်တဘက်၌
ထသောသူတို့အပေါ်သို့ ကိုယ်တော် သည် အကျွန်ုပ်ကိုမြှောက်တင်၍၊ လုယူဖျက်ဆီးတတ် သောသူ၏လက်မှ ကယ်လွှတ်တော်မူ၏။ 49
ထိုကြောင့် အိုထာဝရဘုရား၊ အကျွန်ုပ်သည် တပါးအမျိုးသားတို့တွင် ကျေးဇူးတော်ကို ချီးမွမ်း၍၊ နာမတော်ကို ထောမနာသီချင်း
ဆိုပါမည်။ 50 ဘုရားသခင်သည် မိမိခန့်ထားသော မင်းကြီးကို အထူးသဖြင့် ကယ်လွှတ်တော်မူ၏။ ဘိသိက်တော်ကို ခံရသော
ဒါဝိဒ်မှမစ၍ အမျိုးအနွယ်အား ကာလအစဉ် အဆက် ကရုဏာကျေးဇူးကို ပြုတော်မူ၏။ ထာဝရဘုရား၏ ကျွန်ဒါဝိဒ်သည်
ရှောလုမင်းမှစ၍ ရန်သူအပေါင်း တို့လက်မှ ကယ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရသောအခါ၊ ထာဝရဘုရား
ရှေ့တော်၌မြွက်ဆိုသောသီချင်းစကားဟူမူကား။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ပေဟဖြဲကဗျာတွင်
အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူးတွက်အသုံးပြု
ရန်အတွက်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထား
သောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ရှောလုမင်းမှစ၍ ရန်သူအပေါင်းတို့လက်မှ
"လက်" သည် ရှောလု နှင့် သူ့စစ်တပ်၏ အစွမ်းတန်ခိုးကို
ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ရှောလု၏
အစွမ်းတန်ခိုးမှ"

ကယ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရသောအခါ
"ထာဝရဘုရားသည် သူ့ကိုကယ်တင်ပြီးနောက်"

ထာဝရဘုရားရှေ့တော်၌ မြွက်ဆိုသော သီချင်းစကား ဟူမူကား
"ထာဝရဘုရားအား သီဆိုသော သီချင်း ဟူမူကား

Psalms 002

ထာဝရဘုရားသည် ငါ၏ကျောက်
ဒါဝိဒ်က ထာဝရဘုရားကို ကျောက်ဆောင်ကြီး သဖွယ်
တင်စားဖော်ပြထားသည်။ "ကျောက်ဆောင်" သည်
လုံခြုံသောနေရာကို ရည်ညွှန်းခြင်းဖြစ်သည်။

ငါ၏ကျောက်၊ ငါ၏မြို့ရိုး
"ကျောက်" နှင့် "မြို့ရိုး" သည် ရန်သူ့ဘေးရန်မှ အကာ
အကွယ်ပေးနိုင်သည့် လုံခြုံသောနေရာကို
ရည်ညွှန်းခြင်းဖြစ်သောကြောင့် ဤစကားလုံးနှစ်လုံးသည်
အဓိပ္ပာယ်တူသည်ဟုလည်း ယူဆ၍ရနိုင်သည်။

ငါကိုးစားသော အစွမ်းသတ္တိ
"လုံခြုံမှုကို ပေးနိုင်သော အစွမ်းသတ္တိ"

ငါ၏ အကွယ်အကာ၊ ငါ့ကိုကယ်တင်သော ဦးချို၊ ငါ၏ရဲတိုက်
"အကွယ်အကာ (ဒိုင်းလွှား)၊ ဦးချို နှင့် ရဲတိုက်" သည်
ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့်
အဓိပ္ပာယ်တူစကားလုံးများကို သုံးထားသည် ဟုလည်း
ယူဆနိုင်သည်။ ဤကဲ့သို့ အဓိပ္ပာယ်တူစကားလုံးများကို
ထပ်ကာထပ်ကာ သုံးရခြင်းမှာ လေးနက်မှုကို ဖော်ပြလို၍
ဖြစ်သည်။

ငါတောင်း လျှောက်၍ ရန်သူတို့ လက်မှကယ်တင်ခြင်းသို့ ရောက်၏
"ငါ့ကို ရန်သူပြုမည့် ဘေးအန္တရာယ်မှ ကယ်တင်တော်မူ၏"

Psalms 004

သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်းမိ၍
သေခြင်းသည် လူတစ်ယောက်ကဲ့သို့ လူကိုဖမ်းခြင်း၊
ကြိုးဖြင့်ချည်နှောင်ခြင်း များကိုပြုလုပ်သည့်သဖွယ်
တင်စားဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက်
"အကျွန်ုပ်သည် အသတ်ခံရနီးပြီ"

ဖျက်ဆီး တတ်သော ရေစီးခြင်းကြောင့်
ရေစီးကြောင်းထဲ မျောပါသွားလျှင် အကူအညီမဲ့သွားမည်ကို
ဖော်ပြထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်
"အကျွန်ုပ်သည် အကူအညီမဲ့လျက် နေပါ၏"

မရဏာနိုင်ငံ၏ ကြိုးတို့သည်ဝိုင်း၍၊ သေမင်း၏ ကျော့ကွင်းသည်
ငါ့ကိုကျော့မိလျက် ရှိ၏
"မရဏာနိုင်ငံ" သည် ) "လူသေတို့၏ နေရာ" ဟူ၍လည်းကောင်း၊
"သေမင်း" သည် "သေခြင်း" ဟူ၍ လည်းကောင်း အဓိပ္ပာယ်ရပြီး
ဤနေရာ၌ ကြိုးချည်နိုင်၊ ထောင်ချောက်ဆင်နိုင်သော
လူတစ်ယောက်နှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။
လေးလေးနက်နက်ဖော်ပြလိုသောကြောင့်

အဓိပ္ပာယ်ဆင်တူဝါကျကို အသုံးပြုထားသည်။
အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သည် ထောက်ချောက်မိ၍
သေရတော့မည်ဟု ထင်ရ၏"

Psalms 006

ဆင်းရဲငြိုငြင်သောအခါ
"မျှော်လင့်ချက်မဲ့သောအခါ"

အော်ဟစ်သောအသံသည် နားတော်ထဲသို့ ဝင်လေ၏
"အော်ဟစ်သံ" သည် လူတစ်ယောက် အထဲဝင်သွားသကဲ့သို့
ဝင်ရောက်သွားကြောင်း ခိုင်းနှိုင်းဖော်ပြထားသည်။
အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ် တောင်းလျှောက်သံကို
ကြားတော်မူ၏"

Psalms 007

အမျက်တော်ထွက်သောအားဖြင့် မြေကြီးတုန်လှုပ်၍၊
ဘုရားသခင်၏ အမျက် ဒေါသကို
ပြင်းထန်စွာလုပ်ခတ်သောမြေငလျင် နှင့်
ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက်
"မြေကြီးတုန်လှုပ်သကဲ့သို့ ဘုရားသခင်သည် ပြင်းစွာ
ဒေါသထွက်တော်မူ၏"

မြေကြီးတုန်လှုပ်၍၊ ...တရွေ့ရွေ့ လှုပ်ရှားကြ၏
"တုန်လှုပ်ခြင်း" နှင့် "လှုပ်ရှားခြင်း" သည် အဓိပ္ပာယ်အတူတူပင်
ဖြစ်သည်။ မြေကြီးအလွန်တုန်လှုပ်ခြင်းရှိသည်ကို ဖော်ပြရန်
ထပ်ခါထပ်ခါ အသုံးပြုထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆို
"မြေကြီးသည် ရှေ့နောက် လှုပ်ရှားကြ၏"

တောင်အမြစ်တို့သည် တရွေ့ရွေ့ လှုပ်ရှားကြ၏
အခြားဘာသာပြန်ဆိုချက် "တောင်၏ အောက်ခြေအမြစ် တို့သည်
ကြောက်ရွံ့၍ တုန်လှုပ်ကြ၏"

နှာခေါင်းတော်ထဲက မီးခိုးထွက်၍၊ ... မီးခဲတောက်လေ၏
ဒါဝိဒ်သည် ဘုရားသခင်ကို အသက်ရှူသောမီး ကဲ့သို့
ဖော်ပြထားသည်။ နှခေါင်းမှ မီးခိုးထွက်ခြင်းသည် ဘုရား
သခင်၏ အမျက်ဒေါသကို ပုံဆောင်ခြင်းဖြစ်သည်။

နှုတ်တော် ထဲက မီးလောင်သောအားဖြင့်၊ မီးခဲတောက်လေ၏
"မီး" သည် ဘုရားသခင်၏ အမျက်ဒေါသကို ပုံဆောင်သည်။

Psalms 009

ခြေဘဝါးတော်အောက်၌ မှောင်မိုက်ဖြစ်လေ၏
အမှန်မှာ ဘုရားသခင်၌ ခြေထောက်မရှိပါ။ သို့သော် လည်း
ဆာလံဆရာက ဘုရားသခင်ကို လူသားဝိသေသလက္ခဏာနှင့်

လေ၏ အတောင်တို့အပေါ်မှာ
ဆာလံဆရာက ကောင်းကင်တမန်ကဲ့သို့ လေတွင် အတောင်ပံ
သလိုလို ဖော်ပြ ထားခြင်း ဖြစ်သည်။

Psalms 011

မှောင်မိုက်ထဲမှာ ပုန်းကွယ်တော်မူ၍
အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် မှောင်မိုက်ကို
အာကာအကွယ်ယူ၍ ပုန်းရှောင်တော်မူ၏"

တိမ်ထပ်တို့
"မိုးရေဖြင့် လေးလံနေသောတိမ်" (သို့) "မည်းမှောင် ထူထပ်သော
မိုးတိမ်"

မိုယ်းသီးနှင့် မီးခဲပါလျက် လွင့်ကြ၏
ထူထပ်သော မိုးတိမ်ကြောင့် မိုးသီးများကြွေကျလျက်
လျှပ်စီးတဖျပ်ဖျပ်လျှပ်ကာ မိုးကြိုးပစ်ခြင်းကို ဆိုလိုသည်။

Psalms 013

ထာဝရဘုရားသည်လည်း၊ ကောင်းကင်ပေါ်မှာ မိုယ်းချုန်း၍
ထာဝရဘုရား၏ အသံတော်သည် မိုးချုန်းသံကဲ့သို့
မြည်ဟည်းလေ၏။

အမြင့်ဆုံးသောဘုရား
အမြင့်ဆုံးသောဘုရား နှင့် ထာဝရဘုရားသည် တစ်ဆူတည်းပင်
ဖြစ်သည်။

လေးမြှားတော်တို့ကိုပစ်၍ လျှပ်စစ်ပြက်စေ သဖြင့်၊ ရန်သူတို့ကို
အရပ်ရပ်သို့ခွဲ၍ ရှုံးစေတော်မူ၏
အဓိပ္ပာယ်တူသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားခြင်း
ဖြစ်သည်။

လေးမြှားတော်တို့ကိုပစ်၍ လျှပ်စစ်ပြက်စေ သဖြင့်
"လျှပ်စစ်ပြက်ခြင်း" ကို မြား နှင့် ခိုင်းနှိုင်း ရေးဖွဲ့ထားသည်။

အရပ်ရပ်သို့ခွဲ၍ ရှုံးစေတော်မူ၏
"အရပ်ရှစ်မျက်နှာသို့ ကွဲလွင့်စေတော်မူ၏"

Psalms 015

ယေဘုယျအချက်အလက်
စာရေးသူသည် ထာဝရဘုရား၏ ကြီးမြတ်သောတန်ခိုးကို
ဆက်လက် ပြောဆိုထားသည်မှာ

နှာခေါင်းတော်ထဲက အသက်ရှူတော်မူ သောအားဖြင့်
ဘုရားသခင်တွင် နှာခေါင်းမရှိပေ။ သို့သော်လည်း
လူတွေနားလည်နိုင်အောင် လူ့သဘောသဘာဝကို အသုံးပြု၍
ဘုရားသခင်ကို ပုံဖော်ကာာ ရှင်းပြထားသည်။
တန်ခိုးကြီးသောခွန်အားသည် နှာခေါင်းတော်မှ ထွက်လာသကဲ့သို့
ဖော်ပြထားသည်။

သမုဒ္ဒရာအောက်ပြင်နှင့် လောကတိုက် မြစ်တို့သည်ပွင့်လစ်
ထင်ပေါ်လျက်ရှိကြ၏
အဓိပ္ပာယ်တူသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားသည်။
အခြားဘာသာပြန်ဆိုချက် "ရေလမ်းကြောင်းတို့သည်

ထွက်ပေါ်လာ၍ သမုဒ္ဒရာကြမ်းပြင်တို့ကို မြင်ရ၏။ ထိုအခါ ကိုယ်တော်သည် မြေကြီးတိုက်မြစ်ကို ထုတ်ဖော်တော်မူ၏"

Psalms 016

တခဲနက်သောရေထဲက

ဆာလံဆရာက ရန်သူ၏ အန္တရာယ်ကို ကြီးမားသောရေထု နှင့် ခိုင်းနိုင်း ဖော်ပြထားသည်။ "တခဲနက်သောရေထဲက ငါ့ကိုဆယ်ယူပါ" ဟူသည် ရန်သူ၏အန္တရာယ်ထဲမှ အကျွန်ုပ်ကို ကယ်တင်ပါ ဟုဆိုလိုခြင်းဖြစ်သည်။

Psalms 018

သူတို့သည် ဆီးတားသော်လည်း

"သူတို့" သည် အခန်းငယ် ၁၇ ၌ဖော်ပြထားသည့် အင်အားကြီးသော ရန်သူများကို ရည်ညွှန်းခြင်းဖြစ်သည်။

ဘေးဥပဒ်ရောက်သောကာလ၌ သူတို့သည် ဆီးတားသော်လည်း၊ ထာဝရဘုရားသည်ငါမှီခိုရာဖြစ်၍

"ဘေးဥပဒ်" သည် ဒုက္ခအကြီးအကျယ် ရောက်နေခြင်းကို ဖော်ပြလိုခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ဒုက္ခအကြီးအကျယ်ရောက်နေသောအခါ ခွန်အားကြီးသောရန်သူများသည် အကျွန်ုပ်ကို တိုက်ခိုက်သော်လည်း ထာဝရဘုရားသည် ငါ့ကို ကွယ်ကာတော်မူ၏"

Psalms 020

ငါ့လက်စင်ကြယ်ခြင်း

"စင်ကြယ်သောလက်" သည် အပြစ်ကင်းသော လူကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကျွန်ုပ်ပြုလေသမျှသည် မှန်ကန်ခြင်း၏"

ငါသည်ထာဝရဘုရား၏ လမ်းတော်သို့ အစဉ်လိုက်၏

ထာဝရဘုရား၏ တရားတော်ကို လျှောက်၍ရသော လမ်းအဖြစ် ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ငါသည် ထာဝရဘုရား၏ တရားတော်ကို နာခံပါ၏"

ငါ၏ဘုရားသခင့်ထံမှ ပြစ်မှား၍မသွား

လမ်းမှန်သို့လျှောက်နေရာမှ လမ်းမှားသို့ လျှောက်သွားခြင်းကို ဆိုးညစ်ခြင်း အဖြစ် ခိုင်းနိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ဘုရားသခင်ထံမှဝေးစေသော ဆိုးညစ်သည့်အမှုကို ငါမပြု"

Psalms 022

စီရင်တော်မူချက်ရှိသမျှကို ငါသည် မျက်မှောက် ပြု၏။ အထုံးအဖွဲ့တော်တို့ကို မပယ်

အဓိပ္ပာယ်ကို ပို၍လေးနက်စေလိုသောကြောင့် ဆာလံဆရာသည် အဓိပ္ပာယ်တူညီသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားခြင်း ဖြစ်သည်။

ငါသည် မျက်မှောက် ပြု၏

"ငါသည် သတိရအောက်မေ့၏" (သို့) "…ရှိသမျှသည် ငါ့ကို လမ်းပြ၏"

ရှေ့တော်မှာဖြောင့်မတ်၍၊ ကိုယ်ဒုစရိုက်ကို ကြဉ် ရှောင်၏

အဓိပ္ပာယ်ကို ပို၍လေးနက်စေလိုသောကြောင့် ဆာလံဆရာသည် အဓိပ္ပာယ်တူညီသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားခြင်း ဖြစ်သည်။

ရှေ့တော်မှာဖြောင့်မတ်၍

"ရှေ့တော်၌ အပြစ်ကင်း၍"

ကိုယ်ဒုစရိုက်ကို ကြဉ် ရှောင်၏

"အပြစ်မပြုဘဲနေ၏"

လက်စင်ကြယ်ခြင်းရှိသည်နှင့်

"စင်ကြယ်သောလက်" သည် အပြစ်ကင်းသော လူကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကျွန်ုပ်ပြုလေသမျှသည် မှန်ကန်ခြင်း၏"

Psalms 025

ယေဘုယျအချက်အလက်

ဆာလံဆရာသည် ထာဝရဘုရားကို ဆက်ပြောသည်ကား

သနားတတ်သောသူအား

"သနားတတ်ခြင်း" သည် သူတပါးကို ကူညီတတ်ခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားမိန့်မှာထားသည့်အတိုင်း သူတပါးကို ကူညီတတ်သောသူအား"

ဖြောင့်မတ်သောသူအား ဖြောင့်မတ်ခြင်း သဘောကိုဒင်း

အဓိပ္ပာယ်ကို ပို၍လေးနက်စေလိုသောကြောင့် ဆာလံဆရာသည် အဓိပ္ပာယ်တူညီသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားခြင်း ဖြစ်သည်။

ဆန့်ကျင်သော သူအားဆန့်ကျင်သောသဘောကိုဒင်း ပြတော်မူ၏

"သူ့အားဆန့်ကျင်သောသူကို ပြန်လည်ဆန့်ကျင်တော်မူ၏"

Psalms 027

ထောင်လွှားသော မျက်နှာ

"မာနကြီးသောသူ"

ကိုယ်တော်သည် အကျွန်ုပ်၏ မီးခွက်ကို ထွန်း၍၊ အကျွန်ုပ်၏ဘုရားသခင်သည် အကျွန်ုပ်၏မှောင်မိုက်ကို လင်းစေတော်မူ၏

"ဘုရားသခင်၏ မျက်မှောက်တော်" ကို အလင်းအဖြစ် ဖော်ပြထားသည်။ ဤဝါကျ နှစ်ကြောင်းသည် အဓိပ္ပာယ်တူသည်။

အကျွန်ုပ်၏ဘုရားသခင်ကို အမှီပြုလျက် မြို့ရိုးကို ကျော်၍ ဝင်ပါပြီ

"ကိုယ်တော်၏ မစခြင်းကြောင့် အတားဆီးမှန်သမျှကို ကျော်ဖြတ်နိုင်ပါပြီ"

Psalms 030

ထာဝရဘုရားမှတပါး အဘယ်ဘုရားသခင် ရှိသနည်း။ ငါတို့ ဘုရားသခင်မှတပါး အဘယ်မည်သော ကျောက်ရှိသနည်း
အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသာလျှင် ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်သာလျှင် ကျောက်ဆောင်ဖြစ်သည်။

ကျောက်
ဒါဝိဒ်က ထာဝရဘုရားကို ကျောက်ဆောင်ကြီး သဖွယ် တင်စားဖော်ပြထားသည်။ "ကျောက်ဆောင်" သည် လုံခြုံသောနေရာကို ရည်ညွှန်းခြင်းဖြစ်သည်။

ငါ့ကိုခွန်အား ခါးပန်းနှင့် စည်း၍
ခါးပန်းစည်းထားသောအဝတ်အစားသည် သပ်သပ်ရပ်ရပ်နှင့် ခိုင်ခံ့ခြင်းရှိသကဲ့သို့ ထာဝရဘုရားသည်လည်း ဒါဝိဒ်အား ခိုင်ခံ့အောင် ခွန်အားပေးတော်မူ၏"

ငါသွားရာ လမ်းကို ဖြောင့်စေတော်မူ၏
ဘုရားကိုနှစ်သက်သောအသက်တာဖြင့်အသက်ရှင်ခြင်းသည် ဖြောင့်သောလမ်း၌လျှောက်နေခြင်းဖြစ်ကြောင်း ဒါဝိဒ်ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ဖြောင့်မတ်စွာအသက်ရှင်နိုင်အောင် မစတော်မူ၏"

Psalms 033

ငါ့ခြေကို လျင်မြန်စေ၍
"ငါ့ကို လျင်မြန်သောသူဖြစ်အောင် မစ၍"

သမင်ခြေကဲ့သို့ လျင်မြန်စေ၍၊ ငါ၏ မြင့်ရာအရပ်ပေါ်မှာ ငါ့ကိုတင်ထားတော်မူ၏
သမင်သည် အပြေးမြန်၍ တောင်၌ မြဲမြံစွာရပ်တည်နိုင်သော တရိစ္ဆာန်တစ်မျိုး ဖြစ်သည်။

ငါ့လက်ကို စစ်မှု၌လေ့ကျက်စေခြင်းငှါ
"လက်" သည် လူတစ်ယောက်လုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ငါ့ကို လေ့ကျင့် ပေး၍"

ငါ့လက်ရုံး
"လက်ရုံး" သည် လူတစ်ယောက်လုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ငါ့ကို"

Psalms 035

ကယ်တင်တော်မူခြင်း ဒိုင်း လွှား
ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်းကို ဒိုင်းလွှား နှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ "ကယ်တင်တော်မူခြင်း" ဟူသော နာမ်ပုဒ်ကို "ကယ်တင်သည်" ဟူသော ကြိယာဖြင့် အစားထိုးရေးသားနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်ကို ကယ်တင်၍ ကွယ်ကာစောင့်ရှောက်တော်မူ၏"

လက်ျာလက်တော်အားဖြင့် ... သည်းခံတော်မူခြင်းအားဖြင့်
ဤနေရာ၌ "လက်ျာတော်" နှင့် "သည်းခံတော်မူခြင်း" သည် ဘုရားကိုယ်စား စကားလုံးများဖြစ်၍ ရှိသေသမှုဖြင့် သုံးနှုန်းထားခြင်း ဖြစ်သည်။

အကျွန်ုပ်သွားသောလမ်းကို ရှင်းလင်း၍ ခြေ မချော်စေ ခြင်းငှါ ပြုတော်မူသောအားဖြင့်
ဘုရားသခင်ပေးသော လုံခြုံမှုကို ခြေချော်တိုက်မိစေသည့် ခလုတ်ကန်သင်းများ
ရှင်းလင်းနေသောလမ်းအဖြစ်ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "လုံခြုံသောနေရာ"
လုံခြုံသောနေရာကို ပြင်ဆင်ပေးသောအားဖြင့်"

ခြေ မချော်စေခြင်းငှါ
"ခြေ" သည် လူတစ်ယောက်လုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ် မချော်လဲ စေခြင်းငှါ"

Psalms 037

သူတို့ကို မပယ်ရှင်းမှီတိုင်အောင်
"သူတို့ကို မရိုက်ချိုးမှီတိုင်အောင်" (သို့) "သူတို့ကို အပိုင်းပိုင်း မဖြတ်မှီတိုင်အောင်"

သူတို့သည် အကျွန်ုပ်ခြေအောက်မှာ လဲလျက် ရှိ၍
ဆာလံဆရာက ရန်သူများအား ချေမှုန်းအနိုင်ယူခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သည် ရန်သူတို့ကို ချေမှုန်းအနိုင်ယူလျက်"

မထနိုင်အောင်
"ပြန်မထနိုင်အောင်"

အကျွန်ုပ်ကို ခွန်အားခါးပန်းနှင့်စည်း၍
ခါးပန်းစည်းထားသောအဝတ်အစားသည် သပ်သပ်ရပ်ရပ်နှင့် ခိုင်ခံ့ခြင်းရှိသကဲ့သို့ ထာဝရဘုရားသည်လည်း ဒါဝိဒ်အား ခိုင်ခံ့အောင် ခွန်အားပေးတော်မူ၏"

အကျွန်ုပ်တဘက်၌ ထသောသူတို့ကို
"သူတို့" သည် ဆာလံဆရာအား ဆန့်ကျင်သောသူတို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။

အကျွန်ုပ်အောက်မှာ လှဲတော်မူ၏
ဆာလံဆရာက ရန်သူများအပေါ်အနိုင်ယူခြင်းကို ရန်သူများအပေါ် မတ်တပ်ရပ်နေသကဲ့သို့ ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်အတွက် ကိုယ်တော်သည် သူတို့ကို အနိုင်ယူတော်မူ၏"

Psalms 040

အကျွန်ုပ်ကို မုန်းသောရန်သူတို့၏ လည်ပင်းကို
ရန်သူများအပေါ် အနိုင်ယူခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ရန်သူများကို အောင်မြင်ခြင်း"


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်ကို မုန်းသောရန်သူတို့၏ လည်ပင်းကို အကျွန်ုပ်၌ အပ်၍၊ ဖျက်ဆီးရသောအခွင့်ကို ပေးတော် မူ၏
"အကျွန်ုပ်ကို မုန်းသောသူတို့အား အပြီးသတ်ချေမှုန်း ဖျက်ဆီးပစ်ခွင့်ကို အကျွန်ုပ်သည် ရ၏"

ထာဝရဘုရားကို အော်ဟစ်သော်လည်း ထူးတော်မမူ
ဘုရားသခင့်ထံမှ ကူညီမစမှု မရရှိခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသည် သူတို့အား မစတော်မမူ"

အကျွန်ုပ်သည် သူတို့ကို လေတိုက်သော မြေမှုန့်ကိုကဲ့သို့ ညက်ညက်ချေပြီးမှ
ဆာလံဆရာက ရန်သူများကို မြေမှုန့်နှင့် ခိုင်းနှိုင်းရခြင်းမှာ သူတို့သည် မည်မျှရှုံးနိမ့်ကြောင်းကို ဖော်ပြရန် အတွက် ဖြစ်သည်။

လမ်း၌အမှိုက်ကို ကဲ့သို့ သွန်ပစ်လေ၏
ဆာလံဆရာက ရန်သူများကို အမှိုက်နှင့် ခိုင်းနှိုင်းရခြင်းမှာ သူတို့သည် မည်မျှရှုံးနိမ့်နေကြောင်းကို ဖော်ပြရန် ဖြစ်သည်။

Psalms 043

ဆိုင်ပြိုင်တိုက်လှန်ခြင်း
"သဘောတညီတညွတ်တည်းမဖြစ်ခြင်း"

တုန်လှုပ်လျက် ထွက်ကြပါ၏
"တုန်လှုပ်ခြင်း" သည် "ကြောက်ရွံ့ခြင်း" ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ရှင်းစွာ ပြန်ဘာသာပြန်ယူ၍လည်း ရသည်။ အခြားဘာသာပြန်ဆိုချက် "တပါးအမျိုးသားတို့သည် ကြောက်ရွံ့သောကြောင့် တုန်လှုပ်လျက် ရှိကြ၏"

Psalms 046

ငါ၏ကျောက်၌ မင်္ဂလာရှိပါစေသတည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါ၏ကျောက်ဖြစ်၍ သူ့ကို လူများချီးမွမ်းကြစေသော်"

ငါ၏ကျောက်
ဒါဝိဒ်က ထာဝရဘုရားကို ကျောက်ဆောင်ကြီး သဖွယ် တင်စားဖော်ပြထားသည်။ "ကျောက်ဆောင်" သည် လုံခြုံသောနေရာကို ရည်ညွှန်းခြင်းဖြစ်သည်။

ငါ့ဘက်၌ တရားသဖြင့်စီရင်၍၊ လူစုတို့ကို ငါ့အောက်မှာ နှိမ့်ချသောသူကား ဘုရားသခင်ပေတည်း
"တရားသဖြင့်စီရင်ခြင်း" သည် အပြစ်ပေးခြင်းကို ဆိုလို သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်ကို ပြုသောသူတို့အပြစ်အတွက် သူတို့ကို အပြစ်ပေးတော်မူ၏"

Psalms 048

I am set free
လွတ် မြောက်ခြင်း

အကျွန်ုပ်တဘက်၌ ထသောသူတို့အပေါ်သို့
"အကျွန်ုပ်ကို တိုက်ခိုက်သောသူ" (သို့) "အကျွန်ုပ်အား ဆန့်ကျင်သောသူ"

အပေါ်သို့ ကိုယ်တော်သည် အကျွန်ုပ်ကိုမြှောက်တင်၍
ရန်သူများလက်လှမ်းမမှီနိုင်သည့်အထိ အမြင့်ပေါ်ထားခြင်း နှင့် ထာဝရဘုရား၏ ကွယ်ကာစောင့်ရှောက်ခြင်းကို ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် အကျွန်ုပ်ကို လုံခြုံသော အမြင့်တစ်နေရာ၌ ထားတော်မူ၏"

လုယူဖျက်ဆီးတတ်သောသူ
"ကြမ်းကြုတ်သောသူ"

တပါးအမျိုးသားတို့တွင် ကျေးဇူးတော်ကို ချီးမွမ်း၍
လူမျိုးအသီးသီးတို့ကြားစေရန် ထာဝရဘုရား၏ ကျေးဇူး တော်ကို ချီးမွမ်းမည်အကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "လူမျိုးအသီးသီးတို့ ကြားစေရန်"

နာမတော်ကို
"နာမတော်" သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "နာမတော်ကို ဂုဏ်ပြုသောအားဖြင့်"

Psalms 050

မိမိခန့်ထားသော မင်းကြီးကို
ဒါဝိဒ်က သူ့ကိုယ်သူ "မင်းကြီး" ဟု သုံးနှုန်းထားခြင်း ဖြစ်သည်။

ဘိသိက်တော်ကို ခံရသော ဒါဝိဒ်မှစ၍ အမျိုးအနွယ်အား ကာလအစဉ်အဆက် ကရုဏာကျေးဇူးကို ပြုတော်မူ၏
"ဘိသိက်တော်ကို ခံရသော ကျွန်ုပ် နှင့် အကျွန်ုပ်၏ အမျိုးအနွယ်တို့အား ကာလအစဉ်အဆက် ကရုဏာကျေးဇူးကို ပြုတော်မူ၏"


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်း အသရေတော်ကို ကြားပြော၍၊ မိုဃ်းမျက်နှာကြက်သည်
လက်တော်နှင့်လုပ်သောအရာများကိုပြသ၏။ 2 တနေ့ကိုတနေ့မြွက်ဆို၍၊ တညဥ့်ကို တညဥ့် သွန်သင်၏။ 3 နှုတ်မြွက်ခြင်း၊
စကားပြောခြင်းမရှိ၊ သူတို့ နှုတ်ထွက်သံကို မကြားရသော်လည်း၊ 4 သူတို့၏အသံသည် မြေတပြင်လုံး၌ နှံ့ပြား၍၊ သူတို့၏စကားသည်
မြေကြီးစွန်းတိုင်အောင် ရောက် လေ၏။ 5 မိုဃ်းကောင်းကင်တွင် နေဗိမာန်ကို ထားတော် မူသဖြင့်၊ နေသည်
အိပ်ခန်းထဲကထွက်လာသော မင်္ဂလာ ဆောင်လုလင်ကဲ့သို့ဖြစ်၍၊ ခွန်အားကြီးသောသူကဲ့သို့ မိမိသွားရာလမ်းသို့ လိုက်ပြေးမည်ဟု
ဝမ်းမြောက်လျက်၊ 6 မိုဃ်းကောင်းကင် တစွန်းမှထွက်လာ၍၊ တစွန်း တိုင်အောင် လှည့်ပတ်သောအားဖြင့်၊ သူ၏အပူအရှိန်မှ
ကွယ်လွတ်သောအရာ တစုံတခုမျှမရှိ။ 7 ထာဝရဘုရား၏ တရားတော်သည် စုံလင်သည် ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။
ထာဝရဘုရား၏ သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသော သူတို့ကို လိမ္မာစေတတ်၏။ 8 ထာဝရဘုရား၏
နည်းဥပဒေသတို့သည် ဖြောင့် မတ်သည် ဖြစ်၍ စိတ်နှလုံးကို ရွှင်လန်းစေတတ်၏။ ထာဝရဘုရား၏ ပညတ်တော်သည်
စင်ကြယ်သည်ဖြစ်၍၊ မျက်စိကို ရှင်းလင်းစေတတ်၏။ 9 ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်းသည် ဖြစ်၍၊
ကာလအစဉ်အမြဲတည်၏။ ထာဝရ ဘုရား၏စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့်ညီ၍၊ တညီတညွတ်တည်း ဖြောင့်မတ်ကြ၏။
10 ရွှေထက်မက၊ များစွာသောရွှေစင်ထက် နှစ်သက်ဘွယ်ဖြစ်၍၊ ပျားရည်ထက်မက၊ ပျားလပို့ထက် ချိုကြ၏။ 11 တရားတော်အားဖြင့်
ကိုယ်တော်၏ ကျွန်သည် သတိရ၍၊ တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏။ 12 မိမိမှားယွင်းခြင်းကို အဘယ်သူသည် နားလည်
နိုင်သနည်း။ မထင်ရှားသော ဒုစရိုက်အပြစ်နှင့် အကျွန်ုပ် ကို ကင်းစင်စေ၍၊ 13 ရဲရင့်သော ဒုစရိုက်ကိုလည်း ကိုယ်တော်၏ ကျွန် သည်
မပြုရမည်အကြောင်း ဆီးတားတော်မူပါ။ ဒုစရိုက် အပြစ်သည် အကျွန်ုပ်ကို အစိုးမရပါစေနှင့်။ ထိုသို့သော အားဖြင့်
အကျွန်ုပ်သည်ဖြောင့်မတ်ခြင်းရှိ၍၊ ကြီးစွာ သောပြစ်မှားခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်။ 14 အကျွန်ုပ်ပြောသောစကားနှင့်
စိတ်နှလုံး၏ အကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဖွယ်ဖြစ်ပါစေ သော။ အိုထာဝရဘုရားအကျွန်ုပ်၏ ကျောက်၊ အကျွန်ုပ် ကို
ရွေးနှုတ်တော်မူသောဘုရား။

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင်
အများဆုံးတွေ့ရသောကဗျာအမျိုးစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူး အသုံးပြု
ရန်အတွက်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထား
သောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

မိုဃ်းကောင်းကင်သည် ... ကြားပြော၍
မိုးကောင်းကင်သည် လူကဲ့သို့ စကားပြောနိုင်သည့်နှယ်
ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက်
"မိုးကောင်းကင်သည် ... ပြသ၍" (သို့) "မိုးကောင်းကင်သည် ...
စကားပြောသကဲ့သို့ ထင်ရ၏"

မိုဃ်းမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏
မိုးမျက်နှာကြက်ကို ဆရာတစ်ယောက်ကဲ့သို့ ဖော်ပြထားသည်။
အခြားဘာသာပြန်ဆိုချက် "မိုးမျက်နှာကြက်သည်
ဘုရားသခင်၏ လက်ရာတော်ကို ထင်ရှားအောင် ပြသသကဲ့သို့
ရှိ၏"

လက်တော်နှင့်လုပ်သောအရာများ
"ဘုရားသခင်ဖန်ဆင်းထားသောအရာများ" (သို့)
"ဘုရားသခင်ပြုလုပ်ထားသော ကမ္ဘာကြီး"

တနေ့ကိုတနေ့မြွက်ဆို၍
လုပသောဖန်းဆင်းခြင်းလက်ရာများက လူတစ်ယောက်ကဲ့သို့
စကားပြောဆိုနေသည့်နှယ် ပြောပြထားသည်။
ဤစကားလုံးများသည် နေရာတကာထိ စီးဆင်းတတ်သော ရေကို
ဆိုလိုခြင်းသည်။ အခြားဘာသာပြန်ဆိုချက်
"ဖန်းထားးလက်ရာများသည် လူတိုင်းနှင့် စကားပြောဆိုနေသော
လူတစ်ဦးကဲ့သို့ ဖြစ်သည်"

နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ၊ သူတို့ နှုတ်ထွက်သံကို
မကြားရသော်လည်း
ဤဝါကျသည် အခန်းငယ် (၁) နှင့် (၂) တွင် ဖော်ပြထားသော
အရာများသည် တင်စားပြောဆိုမှုသာ ဖြစ်ကြောင်း
ဖော်ပြလိုခြင်းဖြစ်သည်။

သူတို့ နှုတ်ထွက်သံကို မကြားရသော်လည်း
"သူတို့နှုတ်ထွက်သံကို မကြားရခြင်း" သည်
ဖန်းဆင်းခြင်းလက်ရာများ နေရာတကာတွင် ရှိကြောင်း
အလေးပေးဖော်ပြလိုခြင်းဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

Psalms 004

ယေဘုယျအချက်အလက်
ဒါဝိဒ်သည် ဖန်ဆင်းခြင်းလက်ရာများက ဘုရားသခင်၏ ဘုန်းတော်ကို ပြသနေသည်ဟု ပြောနေခြင်းဖြစ်သည်။

သူတို့၏အသံ ... သူတို့၏စကား
ဘုရားသခင်၏ ဘုန်းတော်ကို ပြသသော ဖန်ဆင်းခြင်းလက်ရာများ၏ ပြောမထွက်သည့် "စကားသံများ" ဖြစ်သည်။

သူတို့၏အသံသည် မြေတပြင်လုံး၌ နှံ့ပြား၍ ... ရောက်လေ၏
"အသံ" ကို ပြန့်နှံ့စွာ သွားလာနေထိုင်နိုင်သော လူ နှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ဖန်ဆင်းခြင်းစကားများသည် လူကဲ့သို့ စကားကို ပြန့်နှံ့စွာပြော၍"

မိုယ်းကောင်းကင်တွင် နေမိမာန်ကို ထားတော်မူသဖြင့်
ဤနေရာ၌ ဘုရားသခင်သည် နေအတွက် ဗိမာန်တစ်ဆောင် ဆောက်ပေးထားသကဲ့သို့ ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "နေ၏နေရာကို ဖန်ဆင်းတော်မူဖြင့်"

နေသည် အိပ်ခန်းထဲကထွက်လာသော မင်္ဂလာ ဆောင်လုလင်ကဲ့သို့ဖြစ်၍၊
နေကို မင်္ဂလာဆောင်သတို့သား အဖြစ်ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "နေသည် သတို့သမီးဆီသို့ ဝမ်းမြောက်စွာ လျှောက်သွားနေသော သတို့သားနှင့် တူ၏"

ခွန်အားကြီးသောသူကဲ့သို့ မိမိသွားရာလမ်းသို့ လိုက်ပြေးမည်ဟု ဝမ်းမြောက်လျက်
ဤတစ်ကြိမ်တွင် နေကို အားကစားသမား တစ်ဦးနှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ နေ၏တော်ပမူ နှင့် ခွန်အားကြီးခြင်းကို အလေးပေးဖော်ပြလိုခြင်းဖြစ်သည်။

ခွန်အားကြီးသောသူကဲ့သို့
"အပြေးမြန်သောသူကဲ့သို့"

မိမိသွားရာလမ်းသို့
ကောင်းကင် နှင့် မြေကြီး ဆုံရာလမ်း (သို့) "မိုးကုပ်စက်ဝိုင်း"

တစွန်းမှထွက်လာ၍၊ တစွန်း တိုင်အောင် လှည့်ပတ်သောအားဖြင့်
အခြားဘာသာပြန်ဆိုချက် "မိုးကုပ်စက်ဝိုင်း တစ်ခုမှ တစ်ခုသို့"

သူ၏အပူအရှိန်မှ ကွယ်လွတ်သောအရာ တစုံတခုမျှမရှိ
"မဟုတ်" ဝါကျ မှ "အဟုတ်" ဝါကျသို့ ပြောင်းလဲ၍ ရေးသားနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "အရာရာတိုင်း သူ၏အပူရှိန်ကို ခံစားရ၏"

Psalms 007

စိတ်ဝိညာဉ် ... စိတ်နှလုံး ... မျက်စိ
ဤစကားလုံးသုံးလုံးသည် လူတစ်ယောက်လုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "လူတစ်ယောက်"

ဟုတ်မှန်သည်ဖြစ်၍
"မှန်ကန်သည်ဖြစ်၍" (သို့) "အမှန်တရားဖြစ်၍"

မလိမ္မာသောသူ
"ပညာမတတ်သောသူ" (သို့) "အတွေ့အကြုံမရှိသောသူ"

ရှင်းလင်းစေတတ်၏
"အသိဉာဏ် ကိုပေးတတ်၏"

Psalms 009

တညီတညွတ်တည်း ဖြောင့်မတ်ကြ၏
"အကွင်းမဲ့ ဖြောင့်မတ်မှန်ကန်၏"

ရွှေထက်မက၊ များစွာသောရွှေစင်ထက် နှစ်သက်ဘွယ်ဖြစ်၍၊ ပျားရည်ထက်မက၊ ပျားလပို့ထက် ချိုကြ၏
ထာဝရဘုရား၏ စီရင်ချက်သည် ဝယ်၍လည်းကောင်း၊ အာရသာ မြည်းစမ်း၍လည်းကောင်း ရသကဲ့သို့ ဖော်ပြထားသည်။

ရွှေထက်မက၊ များစွာသောရွှေစင်ထက် နှစ်သက်ဘွယ်ဖြစ်၍
"နှစ်သက်ဖွယ်ကောင်းခြင်း" နေရာ၌ "တန်ဖိုးကြီးသော" ကို အစားထိုးရေးသား၍ ရသည်။ အခြားဘာသာပြန်ဆိုချက် "ရွှေစင်ထက်မက သာ၍ တန်ဖိုးကြီးသည်"

ရွှေစင်
"သန့်စင်သောရွှေ" (သို့) "ဈေးကြီးသောရွှေ"

Psalms 011

တရားတော်အားဖြင့် ကိုယ်တော်၏ ကျွန်သည် သတိရ၍
အခြားဘာသာပြန်ဆိုချက် "တရားတော်သည် ကိုယ်တော့်ကျွန်ကို သတိပေး၍" (သို့)

ကိုယ်တော်၏ ကျွန်သည် သတိရ၍၊
"ဒါဝိဒ်က မိမိကိုယ်ကို "ကိုယ်တော်၏ ကျွန်" ဟု သုံးနှုန်းထားသည်။ ဘုရားသခင်နှင့် စကားပြောသောအခါ ရိုသေသမှုနှင့် သုံးသော အသုံးအနှုန်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သည် သတိရ၍"

မိမိမှားယွင်းခြင်းကို အဘယ်သူသည် နားလည် နိုင်သနည်း
လေးလေးနက်နက် ဖော်ပြလိုသောကြောင့် အမေးဝါကျကို အသုံးပြုထားခြင်း ဖြစ်သည်။ ရိုးရိုးဝါကျဖြင့်လည်း ပြန်လည်ရေးသားနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "အဘယ်သူမျှ မိမိအမှားကို အကုန်မသိနိုင်ပါ"

မထင်ရှားသော ဒုစရိုက်အပြစ်
"သူတပါးမသိစေဘဲ အကျွန်ုပ် ပြစ်မှားခဲ့သော" (သို့) "အကျွျန်ုပ်ကိုယ်တိုင် မသိဘဲ ပြစ်မှားခဲ့သော"



generated on Sun Jun 30 02:37:40 2024

Psalms 013

ရဲရင့်သော ဒုစရိုက်ကိုလည်း ကိုယ်တော်၏ ကျွန် သည် မပြုရမည်အကြောင်း ဆီးတားတော်မူပါ
လူသည် အပြစ်မလုပ်ချင်ဘဲနှင့် အပြစ်လုပ်တတ်သည်။ ထိုသို့ အပြစ် မလုပ်ချင်ဘဲနေချင်သောစိတ်အတိုင်း နေနိုင်အောင် မစဖို့ ဆာလံဆရာတောင်းဆိုနေခြင်းဖြစ်သည်။

ကိုယ်တော်၏ ကျွန်
"ဒါဝိဒ်က မိမိကိုယ်ကို "ကိုယ်တော်၏ ကျွန်" ဟု သုံးနှုန်းထားသည်။ ဘုရားသခင်နှင့် စကားပြောသောအခါ ရိုသေသမှုနှင့် သုံးသော အသုံးအနှုန်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်"

ဒုစရိုက် အပြစ်သည် အကျွန်ုပ်ကို အစိုးမရပါစေနှင့်
"ဒုစရိုက်အပြစ်" ကို လူကို အုပ်စိုးတတ်သော ရှင်ဘုရင် နှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "'ဒုစရိုက်အပြစ်သည် ရှင်ဘုရင်ကဲ့သို့ အကျွန်ုပ်ကို အစိုးမရပါ စေနှင့်"

ကြီးစွာသော ပြစ်မှားခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်
"ကိုယ်တော့်အား ပုန်ကန်သောအပြစ်နှင့် ကင်းလွတ်ပါ လိမ့်မည်" (သို့) "များစွာသော အပြစ်များနှင့် ကင်းလွတ် ပါလိမ့်မည်"

အကျွန်ုပ်ပြောသောစကားနှင့် စိတ်နှလုံး၏ အကြံအစည်သည်
လူတစ်ယောက် ပြောသောအရာ နှင့် စဥ်းစားသောအရာ ကို အတူတကွပေါင်းစည်း ဖော်ပြထားခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်ပြောသောအရာ နှင့် အကျွန်ုပ်စဥ်းစားသောအရာ"

ရှေ့တော်၌ နှစ်သက်ဖွယ်ဖြစ်ပါစေသော
"ကိုယ်တော်နှစ်သက်သောအရာ ဖြစ်ပါစေသော်" (သို့) "ကိုယ်တော်လက်ခံနိုင်သောအရာ ဖြစ်ပါစေသော်"

ရှေ့တော်၌
"ရှေ့တော်" သည် ဘုရားသခင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်"

ထာဝရဘုရားအကျွန်ုပ်၏ ကျောက်
အန္တရာယ်မှ ကာကွယ်ပေးနိုင်သော ကျောက်ဆောင် နှင့် ထာဝရဘုရားကို ခိုင်းနှိုင်း ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရား ကိုယ်တော်သည် အကျွန်ုပ်၏ ကျောက်ဆောင် ဖြစ်တော်မူ၏"


generated on Sun Jun 30 02:37:40 2024

## Chapter 20

[1] ဘေးအန္တရာယ်ရောက်သောကာလ၌၊ ထာဝရ ဘုရားသည် ကိုယ်တော်စကားကို နားထောင်၍၊ ယာကုပ် ၏
ဘုရားသခင်နာမတော်သည် ချီးမြှောက်တော်မူပါစေ သော။ [2] သန့်ရှင်းရာဌာနတော်ထဲက ကူညီ၍၊ ဇိအုန် တောင်ပေါ်က
ထောက်ပင့်တော်မူပါစေသော။ [3] ကိုယ်တော်၏ ပူဇော်သက္ကာအလုံးစုံတို့ကို အောက်မေ့၍၊ မီးရှို့သောယဇ်ကို လက်ခံတော်မူပါစေ
သော။ [4] ကိုယ်တော်၏ စိတ်အလိုရှိသည်အတိုင်း ပေး သနား၍၊ အကြံအစည်တော်ရှိသမျှတို့ကို ပြည့်စုံစေခြင်းငှါ
ပြုတော်မူပါစေသော။ [5] ကိုယ်တော်၏ ကယ်တင်ခြင်းကြောင့် အကျွန်ုပ် တို့သည် ဝမ်းမြောက်၍၊ အကျွန်ုပ်တို့ ဘုရားသခင်၏ အခွင့်နှင့်
အလံကို ထူကြလိမ့်မည်။ ထာဝရဘုရားသည် ကိုယ်တော်ဆုတောင်းသမျှအတိုင်း ကျေးဇူးပြု တော်မူပါ စေသော။ [6]
ထာဝရဘုရားပေးတော်မူ၍ ဘိသိက်ခံသောသူ အား၊ ကယ်တင်တော်မူကြောင်းကိုငင်း၊ လကျာလက်တော် ကယ်တင်ခြင်း အစွမ်းနှင့်
ထိုသူ၏ စကားကိုသန့်ရှင်း သော ကောင်းကင်ပေါ်မှာ နားထောင်တော်မူကြောင်းကိုငင်း ယခုငါသိ၏။ [7] အချို့သောသူတို့သည်
ရထားကိုငင်း၊ အချို့တို့ သည် မြင်းကိုငင်း၊ ချီးမွမ်းတတ်ကြ၏။ ငါတို့မူကား၊ ငါတို့ဘုရားသခင်တည်းဟူသော ထာဝရဘုရား၏ နာမ
တော်ကို ချီးမွမ်းကြလိမ့်မည်။ [8] သူတို့သည်နှိမ့်ချ၍ လဲလျက်ရှိကြ၏။ ငါတို့မူကား၊ ထ၍ မတ်တတ်နေကြ၏။ အိုထာဝရ ဘုရား၊
မင်းကြီးကို ကယ်တင်တော်မူပါ။ [9] အကျွန်ုပ်တို့ခေါ်သောအခါ နားထောင်တော် မူပါ။

---

---

### Psalms 001

ယေဘုယျအချက်လက်

ဣလသရေလရှင်ဘုရင်ကို ပြောဆိုနေသော လူတစ်စုဖြင့် ဤဆာလံကို အစပြုထားသည်။

ယေဘုယျအချက်အလက်

"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး တွေ့ရသော ကဗျာအမျိုးအစားဖြစ်သည်။

ဂီတမှူး

ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်းအစီစဥ်၌ ဂီတမှူး အသုံးပြုရသော သီချင်းတစ်ပုဒ်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ

ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်ရေးစပ်ထားသောဆာလံ ၂) ဒါဝိဒ်အကြောင်း စပ်ဆိုထားသော ဆာလံ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ဘေးအန္တရာယ်ရောက်သောကာလ၌

"ကာလ" သည် ကြာညောင်းသောအချိန်ကို ရည်ညွှန်းခြင်းဖြစ်သည်။

ကိုယ်တော်စကားကို နားထောင်၍ ...ထောက်ပင့်တော်မူပါစေသော

ဤနေရာ၌ "ကိုယ်တော်"သည် ဣလသရေလရှင်ဘုရင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

ယာကုပ် ၏ ဘုရားသခင်နာမတော်သည်

"နာမတော်"သည် ဘုရားသခင်ကိုယ်တော်ပင် ဖြစ်သည်။

ယာကုပ်၏ ဘုရားသခင်

ထာဝရဘုရားကိုကိုးကွယ်ခဲ့သော ဘိုးဘေး ယာကုပ်ကို ရည်ညွှန်းခြင်းဖြစ်သည်။

သန့်ရှင်းရာဌာနတော် ... ဇိအုန် တောင်

နှစ်ခုစလုံးသည် ဘုရားသခင်၏ ဗိမာန်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

### Psalms 003

ကိုယ်တော်၏ ပူဇော်သက္ကာအလုံးစုံတို့ကို အောက်မေ့၍

ဤနေရာ၌ "ကိုယ်တော်" သည် ရှင်ဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဘုရားသခင်ကို ရည်ညွှန်းသည်မဟုတ်။ "အောက်မေ့ခြင်း" သည် မေ့ပျောက်မသွားခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ဘုရားသခင်သည် ကိုယ်တော်၏ ပူဇော်သက္ကာအလုံးစုံတို့ကို သတိရ၍"

ကိုယ်တော်၏ စိတ်အလိုရှိသည်အတိုင်း

"စိတ်" သည် ပုဂ္ဂိုလ်တစ်ယောက်လုံးကို ရည်ညွှန်းသည်။ "စိတ်အလို" ဟူသော စိတ္တဇနာမ်ကို "အလိုရှိသည်" ဟူသော ကြိယာသို့ ပြောင်းလဲအသုံးပြုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်အလိုရှိသည်အတိုင်း"

အကြံအစည်တော်ရှိသမျှတို့ကို ပြည့်စုံစေခြင်းငှါ ပြုတော်မူပါစေသော

"အကြံအစည်" ဟူသော စိတ္တဇနာမ်ကို ကြိယာအဖြစ် "ကြံစည်သည်" ဟု ပြောင်းလဲအသုံးပြုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "သင်ပြုသောအရာတိုင်း ပြီးမြောက်အောင်မြင်စေရန် ကိုယ်တော်မစတော်မူပါစေသော်"

### Psalms 005

ကိုယ်တော်၏ ကယ်တင်ခြင်းကြောင့် အကျွန်ုပ် တို့သည် ဝမ်းမြောက်၍

"အကျွန်ုပ်တို့" သည် ပြည်သူလူထုကို ရည်ညွှန်းခြင်း ဖြစ်သည်။ သူတို့သည် ရှင်ဘုရင်၏ အောင်မြင်ခြင်း၌ ဝမ်းမြောက်ကြပါလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

အလံကို ထူကြလိမ့်မည်
"အလံထူခြင်း" သည် အောင်မြင်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

ဆုတောင်းသမျှအတိုင်း ကျေးဇူးပြုတော်မူပါ စေသော
"ဘုရားသခင်အား တောင်းလျှောက်သမျှကို ဘုရားသခင်ပေးသနားတော်မူပါစေသော်"

ထာဝရဘုရားပေးတော်မူ၍ ဘိသိက်ခံသောသူအား ... ထိုသူ၏ စကားကို
ရှင်ဘုရင်သည် မိမိကိုယ်ကို "သူ" ဟု သုံးနှုန်းပြောဆိုထားသည်။ အခြားဘာသာပြန်ဆိုချက် "ဘိသိက်ခံသူဖြစ်သောငါ့ကို ... ငါ့စကားကို

သန့်ရှင်းသော ကောင်းကင်ပေါ်မှာ
ဘုရားသခင်သည် ယေရုရှလင်မြို့ရှိ ဗိမာန်တော်၌ ကျိန်းဝပ်တော်မည်သည်နည်းတူ ကောင်းကင်ဘုံ၌လည်း ကျိန်းဝပ်တော်မူ၏" (ရှ၊ 20:1)

လက်ျာလက်တော် ကယ်တင်ခြင်း အစွန်းနှင့်
"လက်ျာလက်တော်" သည် ရှင်ဘုရင်ကို ကယ်တင်နိုင်သော ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကြီးစွာသောတန်ခိုးတော်အားဖြင့် ထိုသူကို ကယ်တင်တော်မူ၏"

ငါသိ၏
"ငါ"သည် ဤဆာလံအပိုဒ်၌ ပြောဆိုလျက်ရှိသော ရှင်ဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

Psalms 007

အချို့သောသူတို့သည် ရထားကိုင်း၊ အချို့တို့ သည် မြင်းကိုင်း၊ ချီးမွမ်းတတ်ကြ၏
ဤနေရာ၌ "ရထား" နှင့် "မြင်း" သည် ရှင်ဘုရင်၏ စစ်တပ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

ချီးမွမ်းတတ်ကြ၏
အခြားဘာသာပြန်ဆိုချက် "ကိုးစားတတ်ကြ၏" (သို့) "အားကိုးတတ်ကြ၏"

ငါတို့မူကား
"ငါတို့" သည် ရှင်ဘုရင်၏ နိုင်ငံသူ၊ နိုင်ငံသားများကို ရည်ညွှန်းခြင်းဖြစ်သည်။

သူတို့သည်နှိမ့်ချ၍ လဲလျက်ရှိကြ၏
"သူတို့" သည် စစ်ရထား နှင့် မြင်း များကိုကိုးစားသောသူအား ရည်ညွှန်းခြင်းဖြစ်သည်။

နှိမ့်ချ၍ လဲလျက်ရှိကြ၏
ဤနေရာ၌ "နှိမ့်ချခြင်း" နှင့် "လဲကျခြင်း" သည် အဓိပ္ပာယ် အတူတူပင် ဖြစ်သည်။ တနည်းအားဖြင့် စစ်ရှုံးခြင်းကို ဆိုလိုသည်။

ငါတို့မူကား၊ ထ၍ မတ်တတ်နေကြ၏
"ထခြင်း" နှင့် "မတ်တတ်နေခြင်း" သည် အဓိပ္ပာယ် အတူတူပင်ဖြစ်သည်။ တနည်းအားဖြင့် စစ်အောင်နိုင်ခြင်း ကိုဆိုလိုသည်။

Psalms 009

အိုထာဝရ ဘုရား၊ မင်းကြီးကို ကယ်တင်တော်မူပါ
ဖြစ်နိုင်ခြေရှိသော အနက်ဖွင့်ချက်များမှာ ၁) ပြည်သူ လူထုများက ရှင်ဘုရင်ကို ကွယ်ကာစောင့်ရှောက်ရန် ဘုရားသခင်အား တောင်းလျှောက်ကြသည်။ ၂) ရှင်ဘုရင်ကိုယ်တိုင်က မိမိကိုယ်ကို "မင်းကြီး" ဟုသုံးနှုန်းပြောဆိုနေခြင်းဖြစ်သည်။

အကျွန်ုပ်တို့ခေါ်သောအခါ နားထောင်တော် မူပါ
တစ်ချို့ ဘာသာပြန်ကျမ်းများသည် ဤနေရာ၌ သုံးနှုန်းထားသော မူရင်းဟေဗြဲစကားကို တိုက်ရိုက်နားနိုင်သည်။ သို့သော် (မြန်ဘာသာပြန်အပါအဝင်) တစ်ချို့ ဘာသာပြန်ကျမ်းများတွင် ပြည်သူလူထုများက ထာဝရဘုရားကို ပြောဆိုနေသည့်ပုံစံဖြင့် ရေးသားထားသည်။ မှန်ကန်သောဘာသာပြန်ဆိုချက်မှာ "အရှင်မင်းကြီး အကျွန်ုပ်တို့ ခေါ်သောအခါ မစတော်မူပါ" ဟူ၍ ဖြစ်သည်။ ထာဝရဘုရားအားမဟုတ်ဘဲ သူတို့၏ ရှင်ဘုရင်ကို ပြောဆိုနေခြင်းသာ ဖြစ်သည်။

---

## Translation Questions

Psalms 20:1

ဒါဝိဒ်သည် ဘုရားသခင်၏ အကူအညီကို မည်သည့်နေရာမှ ပေါ်လာစေချင်သနည်း။
သန့်ရှင်းရာဌာနတော်ထဲမှ ကူညီ၍ ဇိအုန်တောင်ပေါ်မှ ထောက်ပံ့ခြင်းကို ပေါ်လာစေချင်ပါသည်။

Psalms 20:3

ဒါဝိဒ်သည် ဘုရားသခင်အား မည်သည့်အရာကို သတိရ၍ လက်ခံစေလိုသနည်း။
ပူဇော်သက္ကာအလုံးစုံတို့ကို အောက်မေ့၍ မီးရှို့သော ယဇ်ကို လက်ခံစေလိုသည်။

Psalms 20:5

ဒါဝိဒ်သည် မည်သည့်အရာ၌ ဝမ်းမြောက်လိမ့်မည်ဟုပြောသနည်း။
ကိုယ်တော်၏ ကယ်တင်ခြင်းကို အမှီပြု၍ ဝမ်းမြောက်ရမည်ဟု ပြောသည်။

မည်သူ့ကို ထာဝရဘုရားကယ်တင်တော်မူလိမ့်မည်ဟု ပြောသနည်း။
ထာဝရဘုရားသည် ဘိသိက်ခံပေးသောသူအား ကယ်တင်တော်မူလိမ့်မည်။

Psalms 20:7

အခြားသူများသည် ဘယ်အရာကို ကိုးစားတတ်သနည်း။
အချို့သောသူတို့သည် ရထားကိုငင်း၊ မြင်းကိုငင်း၊ ကိုးစားတတ်ကြသည်။

ဒါဝိဒ်နှင့် သူ၏လူတို့သည် အောင်မြင်ခြင်းရရန် မည်သို့ လုပ်ဆောင်ကြသနည်း။
သူတို့သည် ထာဝရဘုရားကို အော်ဟစ်ကြသည်။

---

## Chapter 21

1 အိုထာဝရဘုရား၊ မင်းကြီးသည် ကိုယ်တော်၏ အစွမ်းသတ္တိကြောင့် ဝမ်းမြောက်၍၊ ကယ်တင်တော်မူ ခြင်းအားဖြင့်
အလွန်ရွှင်လန်းပါ၏။ 2 သူ၏နှုတ်နှင့် ဆုတောင်းသည်ကို ငြင်းပယ်တော် မမူ။ သူ၏စိတ်အလိုရှိသည်အတိုင်း ပေးသနားတော်မူပြီ။ 3
ကောင်းမြတ်သော မင်္ဂလာတို့ကို အဦးပြု၍ ပေး တော်မူပြီ။ ရွှေစင်သရဖူကို သူ၏ခေါင်းပေါ်မှာ တင်တော် မူပြီ။ 4 သူသည်
အသက်ကိုဆုတောင်း၍၊ ကိုယ်တော် သည်မသက်မက၊ ထာဝရဘုရားကို ပေးသနားတော်မူပြီ။ 5 ကယ်တင်တော်မူခြင်းအားဖြင့်
သူသည် ဘုန်း ကြီး၍၊ လက်တော်မှ ဂုဏ်အသရေနှင့် တန်ခိုးအာနုဘော် ကို ခံရပါ၏။ 6 ကိုယ်တော်သည် သူ့ကိုထာဝရမင်္ဂလာအရာ၌
ခန့်ထား၍၊ မျက်နှာတော်အားဖြင့် အလွန်ဝမ်းမြောက်စေ တော်မူ၏။ 7 အကြောင်းမူကား၊ မင်းကြီးသည် ထာဝရဘုရား ကို ကိုးစား၍၊
အမြင့်ဆုံးသောဘုရား၏ ကရုဏာတော် ကြောင့် တည်ကြည်တတ်ပါ၏။ 8 ကိုယ်တော်၏လက်သည် ရန်သူအပေါင်းတို့ကို တွေ့၍၊
ကိုယ်တော်ကိုမုန်းသော သူတို့ကို လက်ျာ လက်တော်သည် တွေ့တော်မူမည်။ 9 အမျက်တော်ထွက်သောကာလ၌ သူတို့ကို မီးဖိုကဲ့သို့
ဖြစ်စေတော်မူမည်။ ထာဝရဘုရားသည် အမျက်တော် အားဖြင့် သူတို့ကို မျိုတော်မူ၍၊ မီးသည်လည်း လောင် စားပါလိမ့်မည်။ 10 သူတို့
အမျိုးအနွယ်ကို မြေကြီးမှ ပယ်ရှင်း ၍၊ သားစဉ်မြေးဆက်တို့ကို လူမျိုးထဲက ဖျက်ဆီးတော်မူ မည်။ 11 အကြောင်းမူကား၊
ကိုယ်တော်တဘက်၌ မကောင်းသော အကြံကိုကြံစည်၍၊ မကောင်းသော ပရိယာယ်ကို ပြုကြပါပြီ။ သို့ရာတွင် အကြံမထမြောက်
ကြပါ။ 12 ထိုကြောင့် သူတို့မျက်နှာတဘက်၌ လေးမြှားတို့ ကိုရွယ်၍၊ သူတို့ ကျောကို လှည့်စေတော်မူမည်။ 13 အိုထာဝရဘုရား၊
ကိုယ်တော်သည် အစွမ်း တန်ခိုးအားဖြင့် ချီးမြှောက်ခြင်းရှိတော်မူစေသတည်း။ အကျွန်ုပ်တို့သည် တန်ခိုးတော်ကို ထောမနာသီချင်း
ဆိုကြပါမည်။

---

Psalms 001

ကိုယ်တော်၏အစွမ်းကြောင့်
ထာဝရဘုရားသည် ရှင်ဘုရင်အားပေးသောအစွမ်းကြောင့်
ရန်သူများကို အောင်မြင်နိုင်ပြီဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) အိုထာဝရဘုရား
ကိုယ်တော်အားဖြင့်သာ သူ၏ရန်သူများကို နှိမ်နှင်းနိုင်ရန်
လုံလောက်သောခွန်အားကိုပေးပြီ။

ရွှင်လန်း
သူသည်လွန်စွာရွှင်လန်းဝမ်းမြောက်ရပါပြီ။

ကိုယ်တော်၏အစွမ်းသတ္တိကြောင့်
ထာဝရဘုရားသည် ဘုရင်အား ရန်သူများဘေးမှ
ကယ်နှုတ်လေပြီ

သူ၏စိတ်အလိုရှိသည့်အတိုင်း
"စိတ်" သည် လူပုဂ္ဂိုလ်တယောက်လုံးကိုဆိုလိုပါသည်။

ငြင်းပယ်တော်မမူ။
သူ့အားငြင်းပယ်တော်မမူ

"နှုတ်" သည် လူတကိုယ်လုံးကို ဆိုလိုသည်။
ဤသည်မှာ "နှုတ်ခမ်း" တစ်ယောက်ချင်းစီကိုဆိုလိုသည်။

လူများမည်ကဲ့သို့ဆိုရန် (သို့) တီးခတ်ရန်
(၃:၁) ၌ ပြန်ပြီး။

Psalms 003

ကောင်းမြတ်သောမင်္ဂလာတို့ကို

ရွှေစင်သရဖူကို သူ၏ခေါင်းပေါ်မှာ
လူ၏ခေါင်းပေါ်မှာ ဘုရင်၏အမှတ်လက္ခဏာသရဖူကို တင်လေပြီ
။

ရွှေစင်သရဖူ
"ရွှေစင်" ဟူသည် ကြီးမြတ်သော ဂုဏ်ပြုခြင်း
ဘုရင်အားပေးသည့်အရာကိုယ်စားပြုသည်။

သူသည် အသက်ကိုဆုတောင်း

Psalms 005

သူသည်ဘုန်းကြီး၍
ဘုရင်၏ဂုဏ် (သို့) ဘုရင်၏အသရေ။

လက်တော်မှ ဂုဏ်အသရေနှင့် တန်ခိုးအာနုဘော်
သင်သည်သူ၏ဘုန်းအသရေနှင့် ဂုဏ်အသရေကိုခံရပါ၏
သူ့အားဖြင့််ရရှိသော ဘုန်းအသရေနှင့် ဂုဏ်အသရေသည်
ဘုရင်၏ချမ်းသာကြွယ်ဝသော စည်းစိမ်ကဲ့သို့ဖြစ်သည်ဟု
ပြောဆိုပါသည်။

သူ့ကိုထာဝရမင်္ဂလာအရာ၌သုံးထား၍
သူ့ကိုသင်သည်ခန့်အပ်ထားပြီး (သို့) သင်သူ့ကိုပေးရန်
သဘောတူညီသည်။

 generated on Sun Jun 30 02:37:40 2024

ထာဝရမင်္ဂလာအရာ၌
နောက်ဆုံးသောကောင်းကြီးမင်္ဂလာ (သို့)
ထာဝရတည်ရှိမည့်ကောင်းကြီး။

မျက်နှာတော်အားဖြင့်
သင်၏မျက်နှာတော်၌ရှိသော ဝမ်းမြောက်မှု (သို့) သင်၏
အနား၌ရှိသော သင့်ထံရောက်လာသောဝမ်းမြောက်မှု။

Psalms 007

အမြင့်ဆုံးသောဘုရား၏
အဘယ့်ကြောင့်ဆိုသော် ထာဝရဘုရား၏ တရားတော်ကြောင့်။

တည်ကြည်တတ်ပါ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) သူ့အားဘုရင်ကဲ့သို့
မည်သူတဦးတယောက်မျှ ပြောင်းရွှေ့နိုင်မည်မဟုတ်။

ကိုယ်တော်၏လက်သည်
ဤနေရာတွင် "လက်" သည် တန်ခိုးအာဏာအတွက်ဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) သူ၏တန်ခိုးတော်သည်
ဖမ်းကိုင်ဆွဲလိမ့်မည်။ (သို့) သင့်ကို တန်ခိုးကြီးစွာဖြင့်
ဖမ်းကိုင်ဆွဲလိမ့်မည်။ (ရှု၊

ကိုယ်တော်ကိုမုန်းသောသူတို့ကို
သင် နှင့် သင်ဖြစ်ပျက်မှုအားလုံး၏ ဖြစ်နိုင်ဖွယ်ရှိသော ဆိုလိုချက်
(၁) သင်နှင့်သင်၏ဟူသည် ဘုရင်ကိုရည်ညွှန်းသည်။ (သို့)
ဘုရားသခင်ကိုရည်ညွှန်းသည်။

ကိုယ်တော်၏လက်သည် ရန်သူအပေါင်းတို့ကိုတွေ့၍
ထာဝရဘုရားသည် သူ၏ရန်သူများအား ရပ်တန့်စေရန်သူ့အား
ဘုရင်၏အခွင့်အာဏာတန်ခိုးကို ပေးလိမ့်မည်။

Psalms 009

အမျက်ထွက်သောကာလ၌
သင်၏အမျက်ထွက်သောအခါ။

-

ဆိုလိုချက် (၁) သူတို့သည် ဘုရားသခင်ကို ရည်ညွှန်းသည်။ (၂)
ဘုရင်ကို ရည်ညွှန်းသည်။

မီးသည်လည်းလောင်စားပါလိမ့်မည်။
ထာဝရဘုရား

အမျက်တော်အားဖြင့်သူတို့ကို မျိုတော်မူ၍
စာကြောင်းနှစ်ခုစလုံးသည် အဓိပ္ပာယ်တူညီသည်။
ထာဝရဘုရားသည် သူ၏ရန်သူများကို လောင်ကျွမ်းသောမီးကဲ့သို့
ဖျက်ဆီးလိမ့််မည်။

မြေကြီးမှပယ်ရှင်း၍ သားစဉ်မြေးဆက်တို့ကို
နှစ်ခုစလုံးသည် အဓိပ္ပာယ်တူညီသည်။ သူတို့ကို ရန်သူများကို
လုံးလုံးရှင်းလင်းမည်ဟု အထူးပြုထားပါသည်။

Psalms 011

ကြံစဉ်၍
သူတို့အစီအစဉ်ဆွဲသည်။ "သူတို့" ဟူသည် ထာဝရဘုရားနှင့်
ဘုရင်၏ရန်သူများကိုရည်ညွှန်းသည်။

-

မကောင်းသောအရာများကိုလုပ်ဆောင်ရန်။

မကောင်းသောအကြံကိုကြံစည်၍
သူတို့ကြံစည်ပြုလုပ်သည် (သို့)
မကောင်းသောအရာကြံစည်သည်။

သူတို့မျက်နှာတဘက်၌ လေးမြားတို့ကို
ဆိုလိုချက် (၁) သင်, သင်၏ သူတို့ဟူသည် ဘုရင်ကို
ရည်ညွှန်းသည်။ (၂) သူတို့ဟူသည် ဘုရင်နှင့်
သူ၏လေးမြားတို့ကို ရည်ညွှန်းပါသည်။

လှည့်စေတော်မူ၏
ဤအရာသည် ဘုရားသခင်နှင့် ဘုရင်မှ စစ်ပွဲ၌ ရန်သူများအား
ချေမှုန်းနိုင်သည်ကို ဆိုလိုပါသည်။

-

ဤအရာသည် အမှန်ပင်သူ၏မြားကို
သူ၏ရန်သူများအားပစ်သည်ဟု မှတ်ယူသည်။

Psalms 013

ထာဝရဘုရား၊ ကိုယ်တော်သည် အစွမ်း တန်ခိုးအားဖြင့်
ချီးမြှောက်ခြင်းရှိတော်မူစေသတည်း။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "ထာဝရဘုရား
သင်သည်အလွန်သန်မာကြောင်းကို ငါတို့အားပြသပါ" (သို့) (၂)
"ထာဝရဘုရား သင်သည်ခွန်အားကြီးသောကြောင့်
ငါတို့သင့်ကိုချီးမြှောက်ကြမည်။"

အကျွန်ုပ်တို့သည် တန်ခိုးတော်ကို ထောမနာသီချင်း ဆိုကြပါမည်။
"သီဆိုသည်" နှင့် "ချီးမွမ်းသည်" တို့သည် အတူတူဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်သည်တန်ခိုးကြီးသောကြောင့် ငါတို့သည် သီချင်းဆိုပြီး
သင့်ကိုချီးမွမ်းကြမည်။"


generated on Sun Jun 30 02:37:40 2024

## Chapter 22

1 အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ် ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။ အကျွန်ုပ်ကို မကယ်တင်ဘဲ
အကျွန်ုပ်အော်ဟစ်သော စကားကို နား မထောင်ဘဲ အဘယ်ကြောင့် အဝေးမှာနေတော်မူ သနည်း။ 2 အကျွန်ုပ်ဘုရား၊
နေ့အခါအကျွန်ုပ်အော်ဟစ် သော်လည်း၊ ကိုယ်တော်သည် နားမထောင်ပါ။ ညဉ့်အခါ အော်ဟစ်သော်လည်း သက်သာခြင်းသို့
မရောက်ပါ။ 3 ကိုယ်တော်မူကား၊ ဣသရေလအမျိုးသားတို့ ချီးမွမ်းရာ၌ ကျိန်းဝပ်လျက် သန့်ရှင်းခြင်းရှိတော်မူ၏။ 4
အကျွန်ုပ်တို့ဘိုးဘေးတို့သည် ကိုယ်တော်ကို ကိုးစား ကြပါ၏။ ကိုးစားကြသည်တွင်၊ ကိုယ်တော်သည် ကယ် တင်တော်မူ၏။ 5
သူတို့သည် ကိုယ်တော်ကို အော်ဟစ်၍ ကယ် တင်ခြင်းသို့ ရောက်ပါ၏။ ကိုယ်တော်ကို ကိုးစား၍ ရှက် ကြောက်ခြင်းနှင့်
ကင်းလွတ်ကြပါ၏။ 6 အကျွန်ုပ်မူကား၊ လူမဟုတ်၊ ပိုးကောင်မျှသာ ဖြစ်ပါ၏။ လူများ ကဲ့ရဲ့စရာ၊ လူစုအရှက်ခွဲစရာဘို့ ဖြစ်ပါ၏။ 7
အကျွန်ုပ်ကိုမြင်သမျှသောသူတို့သည် ပြက်ယယ် ပြုခြင်း၊ နှုတ်ခမ်းဖြဲခြင်း၊ ခေါင်းညိတ်ခြင်းကို ပြုကြပါ၏။ 8 သူသည်
ထာဝရဘုရားကို ကိုးစားပြီ၊ သူ့ကို နှုတ်တော်မူပါလေစေ။ သူ၌အလိုရှိလျှင် ယခုပင် ကယ်တင်တော်မူပါလေစေဟု ဆိုကြပါ၏။ 9
သို့သော်လည်းကိုယ်တော်သည် အကျွန်ုပ်ကို အမိဝမ်းထဲက ဆွဲယူ၍၊ နို့စို့သည်ကာလ၌ စိုးရိမ်ခြင်း အကြောင်းကို ပယ်ရှင်းတော်မူ၏။
10 အကျွန်ုပ်သည် ဘွားကတည်းကပင် လက်တော် သို့ရောက်ပါ၏။ အမိဝမ်းထဲမှစ၍ ကိုယ်တော်သည်
အကျွန်ုပ်ဘုရားသခင်ဖြစ်တော်မူပါပြီ။ 11 အကျွန်ုပ်နှင့်ဝေးဝေးနေတော်မမူပါနှင့်။ဘေးအန္တရာယ် ရောက်လုနီးပါပြီ။ မစသောသူမရှိပါ။
12 နွားလားဥသဘတို့သည် အကျွန်ုပ်ကိုဝိုင်း၍၊ အားကြီးသော ဗာရှန်ဥသဘတို့သည် ဝန်းရံလျက် နေကြ ပါ၏။ 13 ကိုက်ဖြတ်၍
ဟောက်တတ်သော ခြင်္သေ့ကဲ့သို့ အကျွန်ုပ်ကို ပစပ်ဟကြပါ၏။ 14 အကျွန်ုပ်သည် ရေကဲ့သို့သွန်ခြင်းကို ခံရ၍၊
အရိုးအဆစ်ရှိသမျှတို့သည် ပြုတ်ကြပါ၏။ အကျွန်ုပ်နှလုံး သည် ဘယောင်းကဲ့သို့ဖြစ်၍၊ ရင်ထဲမှာ အရည်ကျိုလျက် ရှိပါ၏။ 15
အကျွန်ုပ်ခွန်အားသည် အိုးခြမ်းကဲ့သို့ ခန်း ခြောက်၍၊ လျှာလည်း ပါးရိုး၌ ကပ်လျက်ရှိပါ၏။အကျွန်ုပ် ကို သေမြေတိုင်အောင်
ချတော်မူပါပြီ။ 16 ခွေးတို့သည် အကျွန်ုပ်ကိုဝိုင်းလျက်၊ စုဝေးသော လူဆိုးတို့သည် ဝန်းရံလျက်နေ၍၊ အကျွန်ုပ်၏ ခြေလက် တို့ကို
ထိုးဖောက်ကြပါပြီ။ 17 ကိုယ်အရိုးရှိသမျှတို့ကို အကျွန်ုပ်ရေတွက်နိုင် ပါ၏။ သူတို့သည် အကျွန်ုပ်ကိုကြည့်မြင်၍ အားရလျက်
နေကြပါ၏။ 18 အကျွန်ုပ်အဝတ်ကို အချင်းချင်းဝေဖန်၍၊ အကျွန်ုပ်အင်္ကျီကို စာရေးတံချကြပါ၏။ 19 အိုထာဝရဘုရား၊
အကျွန်ုပ်နှင့်ဝေးဝေးနေတော် မမူပါနှင့်။ အကျွန်ုပ်ခွန်အားဗလ၊ အကျွန်ုပ်ကို မစခြင်းငှါ အလျင်အမြန် ကြွလာတော်မူပါ။ 20
အကျွန်ုပ်အသက်ကို ထားဘေးမှငင်း၊ အကျွန်ုပ် အချစ်ဆုံးကို ခွေးလက်မှငင်း ကယ်လွတ်တော်မူပါ။ 21 ခြင်္သေ့ခံတွင်းမှ
အကျွန်ုပ်ကိုကယ်တင်၍၊ ကြံ့ ဦးချိုထဲမှာ အကျွန်ုပ်ခေါ်သောအသံကို နားထောင်တော် မူပါ။ 22 အကျွန်ုပ်သည် သိတင်းတော်ကို
ညီအစ်ကိုတို့ အား ကြားပြောပါမည်။ ပရိသတ်အလယ်မှာ ကိုယ်တော် ကို ချီးမွမ်းပါမည်။ 23 ထာဝရဘုရားကို ကြောက်ရွံ့သော
အချင်းတို့၊ ချီးမွမ်းခြင်းကို ပြုကြလော့။ ယာကုပ်အမျိုးအပေါင်းတို့၊ ဂုဏ်ကျေးဇူးတော်ကို ဘော်ပြကြပါလော့။ ဣသရေလ
အမျိုးအပေါင်းတို့၊ ကိုယ်တော်ကို ကြောက်ရွံ့ကြလော့။ 24 အကြောင်းမူကား၊ နှိမ့်ချလျက်ရှိသောသူ၏ နှိမ့်ချသောအဖြစ်ကို
မထီမဲ့မြင်ပြုတော်မူသည်မဟုတ်။ မျက်နှာတော်ကိုမလွှဲ၊ အော်ဟစ်သောအခါ နားထောင် တော်မူပြီ။ 25 အကျွန်ုပ်သည်
မဟာပရိသတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်း၍၊ ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့ရှေ့မှာ၊ သစ္စာဂတိထားသည်အတိုင်း
သစ္စာဝတ်ကို ဖြေပါမည်။ 26 နှိမ့်ချလျက်ရှိသော သူတို့သည် ဝစွာစားရကြ လိမ့်မည်။ ထာဝရဘုရားကိုရှာသောသူတို့သည် ချီးမွမ်း
ကြလိမ့်မည်။ သင်တို့စိတ်နှလုံးသည် အစဉ်အမြဲအား ဖြည့်ရလိမ့်မည်။ 27 မြေကြီးစွန်းရှိသမျှတို့သည် သတိရ၍၊ ထာဝရ
ဘုရားထံတော်သို့ ပြောင်းလဲကြလိမ့်မည်။ လူအမျိုးအနွယ် ပေါင်းတို့သည် ရှေ့တော်၌ ကိုးကွယ်ကြလိမ့်မည်။ 28 အကြောင်းမူကား၊
ထာဝရဘုရားသည် စိုးစံ ပိုင်တော်မူ၏။ လူမျိုးတို့ကို မင်းပြုတော်မူ၏။ 29 မြေကြီးပေါ်မှာ ကြွယ်ဝသောသူအပေါင်းတို့ သည်
စား၍ကိုးကွယ်ကြလိမ့်မည်။ ကိုယ်အသက်ကိုမစောင့် နိုင်။ မြေမှုန့်သို့ဆင်းရသော သူအပေါင်းတို့သည်လည်း၊ ရှေ့တော်၌
ညွတ်ပြတ်ဝပ်တွားကြလိမ့်မည်။ 30 သူတို့အမျိုးအနွယ်သည်လည်း ဝတ်တော်ကို ပြုသဖြင့်၊ လူအစဉ်အဆက်တို့သည် ထာဝရဘုရား၏
သိတင်းတော်ကို ကြားရကြလိမ့်မည်။ 31 ဤသို့စီရင်တော်မူပြီးမှ သူတို့သည်ပေါ်လာ၍၊ တရားသောအမှုတော်ကိုဘွားသောလူမျိုးအား
ဘော်ပြ ရကြလိမ့်မည်။

---

Psalms 001

အကျွန်ုပ်ဘုရား။
စာရေးသူသည်အကျွန်ုပ်ဘုရားဟု အထပ်ထပ်ခေါ်ခြင်းမှာ
သူ၏အသံကိုဘုရားသခင်ကြားရန်
စိုးရိမ်တကြီးလိုအပ်ကြောင်းအထူးပြုသည်။

-
စာရေးသူသည် ထာဝရဘုရားမှသူ့အားစွန့်ခွာကြောင်းကို
ခံစားရသည့်အရာအား မေးခွန်းသုံး၍ အထူးပြုထားပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ် ၏ဘုရား
ကိုယ်တော်သည် ကျွန်ုပ်ကို စွန့်ခွာပြီဟု ခံစားရသည်။

 generated on Sun Jun 30 02:37:40 2024

-
သင်သည်ငါ့ကိုထားခဲ့ပြီ။

ကျွန်ုပ်ကို မကယ်တင်ဘဲကျွန်ုပ်အော်ဟစ်သော
စာရေးသူသည်ထာဝရဘုရားမှ သူနှင့် ဝေးကွာနေသည်ဟု ခံစားချက်ကို အထူးပြု၍ မေးခွန်းအသုံးပြုထားပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်စကားကို နားမထောင်ပဲအဘယ့်ကြောင့်အဝေးမှာနေသနည်း။

ကျွန်ုပ်အော်ဟစ်သောစကားကို နားမထောင်ပဲ
စာရေးသူသည် ထာဝရဘုရားမှ သူ၏စကားကို နားမထောင်ဟု ခံစားရသည်။ ဤနေရာတွင် စကားလုံးများသည် စာရေးသူပြောသောအရာများကို ဆိုလိုပါသည်။

နေ့အခါအော်ဟစ်သော်လည်း
စာရေးသူအသုံးပြုသောနေ့အချိန်၊ ညအချိန်ဆိုသည်မှာ သူသည်ထအချိန်တိုင်းဆုတောင်းခြင်းကို ဆိုလိုသည်။

-

Psalms 003

ဣသရေလအမျိုးသားတို့ ချီးမွမ်းရာ၌
ဣသရေလလူမျိုးတို့ ချီးမွမ်းသောနေရာသည် ဘုရင်၏ထိုင်သောနေရာဖြစ်သည်။ ဣသရေလလူမျိုးတို့ချီးမွမ်းသောနေရာသည် ဘုရားသခင်၏ အခွင့်အာဏာတော်တည်ရာ ပလ္လင်

ဣသရေလအမျိုးသားတို့
ဣသရေလလူများကို ပြောပါသည်။

ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်
ဤသည်မှာ ကတ္တားပုံစံဖြင့် ဖော်ပြနိုင်သည်။

-

Psalms 006

လူမဟုတ်ပိုးကောင်
စာရေးသူသည် မိမိကိုယ်ကို ပိုးကောင်ဟု ပြောဆိုပါသည်။ သူသည်တန်ဖိုးမဲ့ခြင်း

လူများကဲ့ရဲ့စရာ၊ အရှက်ခွဲစရာဖြစ်ပါ၏။
စကားစုနှစ်စုသည် အဓိပ္ပာယ်တူညီပါသည်။

ပြက်ယယ်ပြုခြင်း၊ နှုတ်ခမ်းပြဲခြင်း။
ဤစကားစုများသည် လူများစွာသူ့အား လှောင်ပြောင်ကဲ့ရဲ့ခြင်းဟု အထူးပြုပြောဆိုထားပါသည်။

ခေါင်းညိမ့်ခြင်းကိုပြုကြပါ၏။
တစုံတဦးမှ လှောင်ပြောင်ခြင်းကို အပြုအမူတခုဖြင့် ဖော်ပြသည်။

သူသည်ထာဝရဘုရားကို ကိုးစားပြီး။
လူများသည်စာရေးသူအား လှောင်ပြောင်နေသည်။ သူတို့သည်သူ့အား ထာဝရဘုရား ကယ်တင်သည်ကို ယုံကြည်ခြင်းမရှိကြပါ။

-

သူ့ကိုကယ်နှုတ်တော်မူပါ။

-

ဆိုလိုချက် (၁) သူ၌အလိုတော်ရှိလျှင်ကယ်နှုတ်တော်မူပါ။ (၂) ထာဝရဘုရား၌သူသည် ဝမ်းမြောက်သည်။

Psalms 009

-

စာရေးသူအသုံးပြုသောစကားလုံး "အတွက်" ဟူသည် အဘယ့်ကြောင့်ဘုရားသခင်သည် သူ့ထံကူညီရန် မရောက်ရှိလာကြောင်းကို ရှုပ်ထွေးခြင်းဖြစ်ကြောင်းကို ရှင်းပြထားသည်။

အမိဝမ်းထဲမှစ၍
သင်သည်ငါ့ကို မွေးဖွားစေပြီ။

-

ဤအရာသည် သူငယ်ရွယ်စဉ်ကတည်းက ထာဝရဘုရားအား ကိုးစားကြောင်း ဆိုလိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်၏ မိခင်နို့ကို သောက်သုံးသည့်အရွယ်မှစ၍

ဘွားကတည်းကပင်လက်တော်သို့
"လက်တော်သို့ရောက်ခြင်း" ဟူသည် သူ၏ကလေးအသက်၌ပင် ထာဝရဘုရား၏အမွေခံအဖြစ် မစခြင်းခံရသကဲ့သို့ဟု ပြောဆိုထားပါသည်။

ထာဝရဘုရားသည် စာရေးသူအား အမြဲဂရုစိုက်နေသည်။
(အခြားသောဘာသာပြန်ဆိုချက်) သင်သည်ငါ၏ ဘုရားငါ့ကိုကြည့်ရှုသောအရှင်။

-

မမွေးဖွားမီကတည်းကပင်

Psalms 011

ဝေးဝေးနေတော်မမူပါနဲ့။

ဘေးအန္တရာယ်ရောက်လုနီး။
စာရေးသူမှ ဘေးအန္တရာယ်သည်သူ၏အနားမှာရှိကြောင်း ဖော်ပြသည်။

-

ကူညီပေးမည့်သူမရှိပြီ။



generated on Sun Jun 30 02:37:40 2024

နွားလားဥသဘတို့သည်။
စာရေးသူသည် ရန်သူများမှာ နွားရိုင်းများကဲ့သို့ဟု ပြောပါသည်။ ဤအရာမှာ ရန်သူများ၏တန်ခိုးနှင့် စွမ်းအားမည်မျှကြီးမားကြောင်း အထူးပြုလိုပါသည်။

ကိုက်ဖြတ်၍ဟောက်တတ်သော။
စာရေးသူသည် သူ၏ရန်သူများမှာ ခြင်္သေ့များကဲ့သို့ သူ့အား ဝါးစားရန် ပါးစပ်ပွင့်ထားကြောင်းပြောပါသည်။ သူ၏ရန်သူများသည် သူ့အား ကျဆုံးစေနိုင်ပြီဟု ပြောဆိုနေပါသည်။

-
စာရေးသူမှ ရန်သူများသည် ခြင်္သေ့ကဲ့သို့ဟု ပြောပါသည်။ သူ၏ရန်သူများသည် မည်မျှအန္တရာယ်ကြီး၍ ခွန်အားကြီးကြောင်း အထူးပြုထားပါသည်။

Psalms 014

ကျွန်ုပ်သည် ရေကဲ့သို့ သွန်ခြင်းကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) တစုံတစ်ဦးသည် ကျွန်ုပ်အား ရေကဲ့သို့သွန်ပါသည်။

ကျွန်ုပ်သည် ရေကဲ့သို့ သွန်ခြင်းကို
စာရေးသူသည် ပင်ပန်းနွမ်းနယ်စွာဖြင့်သူ့အား ရေကရား၌ရှိသောရေကို သွန်သကဲ့သို့ ခံစားရကြောင်းပြောဆိုပါသည်။

အရိုးအဆစ်ရှိ .... ဖြုတ်ပါ၏။
ငါ၏အရိုးများနေရာမှ ပြုတ်ထွက်ပါပြီ စာရေးသူသည် ခန္ဓာပိုင်းနာကျင်မှုအား ဆိုလိုခြင်းဖြစ်သည်။

ကျွန်ုပ်နှလုံးသည် ဖယောင်းကဲ့သို့ဖြစ်ပြီဟု စာရေးသူပြောပါသည်။
ဤနေရာတွင် "နှလုံး" ဟူသည် ရဲရင့်ခြင်း၊ သတ္တိခွန်အားကို ဆိုလိုပါသည်။

ဖယောင်း
အပူချိန်အနည်းငယ်၌ပင်လျင် အရည်ပျော်ကျသော ပျော့ပြောင်းသည့်အရာ။

အရည်ကျိုလျက်။
ကျွန်ုပ်၏အတွင်းထဲ၌

ကျွန်ုပ်ခွန်အားသည် အိုးခြမ်းကဲ့သို့
စာရေးသူသည်သူ၏ ခံစားချက်မှာ ကွဲလွယ်သော အိုးခြမ်းကဲ့သို့ ခံစားရကြောင်းပြောပါသည်။

အိုးခြမ်း
အိမ်တွင်အသုံးပြုသော မြေအိုးဖြင့်ပြုလုပ်သည့်အပိုင်းအစ။

လျှာလည်းပါးရိုး၌
စာရေးသူမှသူသည် အလွန်ပင်ဆာလောင်လျက်ရှိကြောင်းဖော်ပြသည်။

ကျွန်ုပ်ကိုသေမြေတိုင်အောင်
ဆိုလိုချက်

မြေတိုင်အောင်ချတော်မူပြီး။
"သင်" ဟူသည် ဘုရားသခင်ကို ရည်ညွှန်းပါသည်။

Psalms 016

ခွေးတို့သည်
စာရေးသူမှ သူ၏ ရန်သူများသည် ခွေးများကဲ့သို့ဟု ပြောပါသည်။ သူ၏ရန်သူများသည် သားကောင်ကိုလိုက်သော ခွေးများကဲ့သို့ သူ့ထံချဉ်းကပ်လာပါပြီ

စုဝေးသောလူဆိုးတို့သည်။
လူမှုဆိုးများအုပ်စု (သို့) လူဆိုးဂိုဏ်း။

ဝန်းရံ
ပတ်လည်ဝန်းရံ။

လူဆိုးတို့သည် ဝန်းရံလျက် ကျွန်ုပ်၏ ခြေ၊ လက်တို့ကို ထိုးဖောက်ကြပါပြီ..။
စာရေးသူမှ သူ၏ရန်သူများသည် ခွေးများကဲ့သို့ သူ၏ခြေများ၊ လက်များတို့ကို သွားများဖြင့် ကိုက်ဖြတ်ပါပြီဟု ပြောပါသည်။

ကျွန်ုပ်အရိုးရှိသမျှတို့ကိုရေတွက်နိုင်ပါ၏။
ဆိုလိုချက် (၁) စာရေးသူသည် အလွန်ပိန်၍ အရိုးများကို မြင်နိုင်သည်။ (အခြားသောဘာသာပြန်ဆိုချက်) ငါ၏အရိုးများကို ငါမြင်နိုင်ပြီ (သို့) ငါ၏အရိုးများတစ်ခုစီကို ငါမြင်နိုင်ပြီ ဆိုလိုချက်(၂) ခွေးများကို ပုံဆောင်ချက်ထားပြီး သူ၏အသားများကို ခွေးများဆုတ်ဖြဲကြောင်း ဆက်လက်ဖော်ပြသည်။

ကျွန်ုပ်ကို ကြည့်မြင်၍
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီသည်။ လူများသည် သူ့ကိုကြည့်၍ ဝမ်းသာအားရပါသည်ဟု ပြောပါသည်။

Psalms 018

အဝတ်ကိုအချင်းချင်း။
ကျွန်ုပ်၏အဝတ်များ။

ဝေးဝေးနေတော်မမူပါနှင့်။

ကျွန်ုပ်ခွန်အားဗလ
ဤနေရာတွင် ခွန်အားဟူသည် ထာဝရဘုရားမှ ပေးသော ခွန်အားကို ပြောပါသည်။


generated on Sun Jun 30 02:37:40 2024

Psalms 020

ကျွန်ုပ်အသက်ကို
"အသက်" ဟူသည် လူတကိုယ်လုံးကို ရည်ညွှန်းသည်။

ထားဘေး
ရက်စက်သောရန်သူများကို ရည်ညွှန်းပါသည်။

ကျွန်ုပ်အချစ်ဆုံး
ကျွန်ုပ်တန်ဖိုးအထားဆုံး (သို့) ကျွန်ုပ်၌ရှိသောအရာ။

ခြသေ့်ခံတွင်းမှ ကျွန်ုပ်ကို ကယ်တင်ရန်။
စာရေးသူသည် သူ၏ရန်သူများမှာ ခွေး၊ ခြသေ့်၊ ကြွံကဲ့သို့ မည်မျှအန္တရာယ်ကြီးသောသူများဖြစ်ကြောင်းပြောဆိုသည်။ သူတို့၏ခြေသည်း၊ ပါးစပ်၊ ချိုများသည်သူတို့အစိတ်အပိုင်းအားလုံးကို ကိုယ်စားပြုသည်။ စာရေးသူသည် တိရစ္ဆာန်၏အပိုင်းများကို အထူးပြုခြင်းမှာ တစုံတဦးအားသတ်ရန်အသုံးပြုသည်ဟု အထူးပြုပါသည်။

ကြွံဦးချို
ရိုင်းစိုင်းသောဟူသောစကားလုံးသည်မည်သူဖမ်းဆီး၍ မရသောရိုင်းသည့်တိရစ္ဆာန်များကို ဆိုလိုသည်။

Psalms 022

ကိုယ့်တော်ကိုချီးမွမ်းပါမည်။
ကိုယ်တော်ကို ချီးမွမ်းမည်။ ဤနေရာတွင် "အမည်နာမ'၏ ဟူသည် ဘုရားသခင်၏ ဂုဏ်တော်ကို ရည်ညွှန်းပါသည်။

-
ညီအကိုများဟူသည် ဣသရေလလူကြီး၊ ယောကျာ်းများကို ဆိုလိုသည်။ (UDB) ထာဝရဘုရား၌ ကိုးကွယ်သူများ။

ပရိသတ်အလယ်မှာ
ကျွန်ုပ်နှင့်အတူရှိသော ဣသရေလအမျိုးသားများ (သို့) ကျွန်ုပ်ကို ထာဝရဘုရားအား ကိုးစားယုံကြည်သူများနှင့် ဝန်းရံထားသောအချိန်ဖြစ်သည်။

ထာဝရဘုရားကိုကြောက်ရွံ့သော
ဤနေရာတွင် "သင်"သည် အများဆိုင်ရာဖြစ်သည်။

ယာကုပ်အမျိုးအပေါင်းတို့။
လူတစုထဲအား ညွှန်းဆိုပါသည်။

ကိုယ့်တော်ကိုကြောက်ရွံ့ကြလော့။
သူ့အားကြောက်ရွံ့ကြလော့ (သို့) သူ၏တန်ခိုးတော်သည် အံ့သြဖွယ်ဖြစ်၏။

Psalms 024

နှိမ့်ချလျက်ရှိသော
သူသည်လေးစားမြတ်နိုး၍ ချစ်ခင်ဖွယ်ဖြစ်သည်

မျက်နာတော်ကို မလွဲအော်ဟစ်သောအခါ
ဤနေရာတွင် "ခံစားချက်" သည် လူပုဂ္ဂိုလ်၏ ခံစားမှုကို ဆိုလိုပါသည်

မျက်နာတော်မလွှဲ
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီသည်။ ဘုရားသခင်သည် စာရေးသူအားမေ့လျော့ခြင်းမဟုတ်ပါ။

-
ရှုံရှာမုန်းတီးသည်။ (သို့) မုန်းတီးသည်။

-
သဘောမကျခြင်း၊ အလိုမတူခြင်း (သို့) ငြင်းပယ်သည်။

မျက်နာတော်ကိုမလွဲ အော်ဟစ်သောအခါနားထောင်မူပြီ။
တစုံတဦး၏ခံစားမှုကို ဖော်ပြပါသည်။

မျက်နာတော်ကိုမလွဲ
အာရုံစူးစိုက်ခြင်းကိုမလွဲရှောင်ပါနှင့်

ကြောက်ရွံ့သူတို့ရှေ့
သူတို့၏ငိုကြွေးခြင်းကို သူသည်နားထောင်လေပြီ

-
"သင်" ဟူသည် ထာဝရဘုရားအားရည်ညွှန်းပါသည်။

သစ္စာဝတ်ကိုဖြေပါမည်။
စာရေးသူသည် ဘုရားသခင်အား ဂတိပေးသောအရာဖြစ်သည်။

-
"သူ၏" ဟူသည် ထာဝရဘုရားကို ရည်ညွှန်းပါသည်။

Psalms 026

နှိမ့်ချလျက်ရှိသော....ဝစွာစားရကြမည်။
စာရေးသူသည် ထာဝရဘုရားအားချီးမွမ်းခြင်းယဇ်ပူဇော်ပြီးနောက် မိသဟာယစားသုံးခြင်းကို ရည်ညွှန်းသည်။ သူယဇ်ပူဇော်ခဲ့သော တိရစ္ဆာန်၏အသားကို စားသုံးရန် ဖိတ်ကြားလိမ့်မည်။

ထာဝရဘုရားကိုရှာသောသူတို့
ထာဝရဘုရားကိုရှာသောသူများအား ထာဝရဘုရားကို ကျေနပ်စေသောသူများဖြစ်သည်။

သင်တို့စိတ်နှလုံးသည်။
စိတ်နှလုံးသည် လူတကိုယ်လုံးအားကိုယ်စားပြုသည်။

-
"သင်တို့" အများဆိုင်ရာဖြစ်ပြီး ဖိနှိပ်ခံလူများကို ရည်ညွှန်းပါသည်။


generated on Sun Jun 30 02:37:40 2024

ထာဝရဘုရားထံတော်သို့
ထာဝရဘုရားအားနာခံခြင်းသည်
ရုပ်ခန္ဓာထာဝရဘုရားထံလှည့်ပြန်ခြင်းကို ပြောပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားအားနာခံ၍
အောက်မေ့သတိရလိမ့်မည်။

လူမျိုးနွယ်အပေါင်းတို့သည်။
စာရေးသူမှ လူမျိုးတိုင်း နေရာတိုင်းမှာ ထာဝရဘုရားကို
ဝတ်ပြုနိုင်သည့်အကြောင်း အထူးပြုထားပါသည်။

ရှေ့တော်၌ကိုးကွယ်
တစုံတယောက်မှ ရှိသေလေးစားခြင်းသွင်ပြင်ကို
ဖော်ပြသောအရာဖြစ်သည်။

-
"သင်" ထာဝရဘုရားကို ရည်ညွှန်းသည်။

Psalms 028

အကြောင်းမူကားထာဝရဘုရား
နိုင်ငံတော်အားထာဝရဘုရားပိုင်သည်။ ဤနေရာတွင်
နိုင်ငံတော်ဟူသည် ဘုရားသခင်၏အုပ်စိုးခြင်းကို ဘုရင်ကဲ့သို့
ကိုယ်စားပြုသည်။

လူမျိုးကိုမင်းပြု
လူမျိုးများဟူသည် တိုင်းပြည်၌ရှိသောလူများကို
ကိုယ်စားပြုသည်။

စား၍ကိုးကွယ်
လူများအတူတကွစားသောက်မွေ့လျော်ကြလိမ့်မည်။
(အခြားသောဘာသာပြန်ဆိုချက်) အတူစားသောက်ကြလိမ့်မည်
(သို့) လူများအတူတကွ စားသောက်ကြမည်။

မြေကြီးပေါ်မှာကြွယ်ဝသောသူအပေါင်းတို့သည်။
စကားစုနှစ်ခုစလုံးသည် တူညီသောအရာကို ရည်ညွှန်းသည်။
လူများအားလုံးသေဆုံးမည်ဖြစ်သောကြောင့် လူအားလုံးကို
ရည်ညွှန်းပါသည်။

မြေမှုန့်သို့ဆင်းရသောသူ
"မြေမှုန့်" သည် အုတ်ဂူကိုကိုယ်စားပြုသည်။ မြေမှုန့်သည်
တစုံတဦးသေသွားခြင်းကို ကိုယ်စားပြုသည်။

ရှေ့တော်၌ညွှတ်ပြတ်ဝပ်တွား
မိမိကိုယ်ကို မည်သူမျှမကယ်နိုင် (သို့) သေခြင်းမှ မိမိကိုယ်ကို
မည်သူမျှမကယ်တင်နိုင်။

Psalms 030

-
မျိုးနွယ်ဟူသည် လူသားမျိုးနွယ်ကို ကိုယ်စားပြုသည်။
"လာမည့်" ဟူသော စကားလုံးသည် အနာဂတ်တွင်
တစုံတရာသည် ရောက်လာမည်ဟု ပြောဆိုပါသည်။

လူအစဉ်အဆက်တို့သည်။
မျိုးနွယ်များသည် လူများကို ကိုယ်စားပြုသည်။

-
ထာဝရဘုရားအကြောင်း (သို့) ထာဝရဘုရား၏
လုပ်ဆောင်သောအရာ။

တရားသောအမှုတော်


generated on Sun Jun 30 02:37:40 2024

## Chapter 23

[1] ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော် မူ၏။ ငါသည် ဆင်းရဲမခံရ။ [2] စိမ်းလန်းသော ကျက်စားရာအရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ သာယာသောမြစ်နားသို့ လမ်းပြ တော်မူ၏။ [3] ငါ့ဝိညာဉ်ကိုအားဖြည့်၍၊ နာမတော်အဘို့ အလိုငှါ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။ [4] အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့် ထဲသို့ ရောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊ လှံတံတော်နှင့် တောင်ဝေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။ [5] အကျွန်ုပ်၏ ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကိုခင်းတော်မူ၏။ အကျွန်ုပ်ခေါင်းကိုဆီနှင့် လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။ [6] အကယ်စင်စစ်အကျွန်ုပ်သည် ကျေးဇူးနှင့် ကရုဏာကို တသက်လုံးခံစားရ၍၊ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်။

---

Psalms 001

ယေဘုယျအချက်အလက်
စာရေးသူမှ ထာဝရဘုရားသည်သူ၏ သိုးထိန်းဟုပြောဆိုပါသည်။ ဤအရာသည် ထာဝရဘုရားမှ သူ၏လူများကို သိုးများအား သိုးထိန်းကဲ့သို့ ကြည့်ရှုခြင်းကို အထူးပြုထားပါသည်။

N/A

ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော် မူ၏။
စာရေးသူမှသူသည် သိုးတကောင်ကဲ့သို့ဖြစ်ပြီး ထာဝရဘုရားသည် သိုးထိန်းကဲ့သို့ဖြစ်ကြောင်းပြောပါသည်။

စိမ်းလန်းသော ကျက်စားရာအရပ်၌ ငါ့ကို အိပ်စေတော်မူ၏။
စာရေးသူသည် သိုးတကောင်ကဲ့သို့ဖြစ်ပြီး ထာဝရဘုရားသည် သိုးထိန်းကဲ့သို့ဖြစ်ကြောင်းပြောပါသည်။

-
ငြိမ်သက်စွာစီးဆင်းသောရေ (သို့) တည်ငြိမ်စွာစီးဆင်းသောရေ။ ဤရေသည်သောက်သုံးရန်ကောင်းမွန်၏။

Psalms 003

ယေဘုယျအချက်အလက်
ဤဆာလံသည် ထာဝရဘုရား၏ကျွန်ုပ်တို့အား ဂရုစိုက်ကြည့်ရှုခြင်းသည် သိုးထိန်းကဲ့သို့ သိုးများအား ကြည့်ရှုခြင်းကို ဆက်လက်ပြောပြနေသည်။

တရားလမ်းထဲ၌သွေးဆောင်
ဤအရာသည် ဘုရားသခင်မှ အားနည်းမောပန်းသောလူအား တဖန်အနားယူစေလျက် သန်စွမ်းကျန်းမာစေသည်။

-
သိုးထိန်းသည် သိုးအားသွားရမည့်လမ်းကို ပြည့်သွန်သကဲ့သို့ ဘုရားသခင်သည်လူအား မည်ကဲ့သို့အသက်ရှင်ရန် ပြည့်သွန်သည်။ (အခြားသောဘာသာပြန်ဆိုချက်) သူသည်ငါ့အားမည်သို့ မှန်ကန်စွာလျှောက်လှမ်းရန် ပြည့်သွန်ပြီ။

-
သူ၏နာမည်သည်သူ၏ဂုဏ်အသရေဖြစ်သည်။

Psalms 004

ယေဘုယျအချက်အလက်
၂၃:၃ ၌ ဖော်ပြပြီး။

အကယ်၍သေမင်းအရိပ်
စာရေးသူမှ လူသည်ခဲယဉ်းဆိုးယုတ်သောအရာများကို တွေ့ကြုံရသည်ကို သိုးများအန္တရာယ်ချိုင့်ဝှမ်းများ၌ သွားနေရခြင်းကဲ့သို့ဟု ဖော်ပြပါသည်။ သိုးများသည် ရိုင်းစိုင်းကြမ်းကြုတ်သော တိရစ္ဆာန်များ၏ တိုက်ခိုက်ခြင်းမှ တိုက်ခိုက်ခံရသကဲ့သို့ တွေ့ကြုံရပါသည်။

ဘေးအန္တရာယ်ကို မကြောက်ပါ။

-
"သင်" ဟူသည် ထာဝရဘုရားကို ရည်ညွှန်းပါသည်။

-
လှံတံတော်နှင့် တောင်ဝေးတော်' သည် သိုးများအား အန္တရာယ်မှ ကာကွယ်ရန်အတွက်ဖြစ်သည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်မကြောက်ရွံ့ပါ အဘယ်ကြောင့်ဆိုသော် သိုးထိန်းသည် သိုးများအား သူ၏လှံတံနှင့် တောင်ဝေးတော်ဖြင့် ကာကွယ်သကဲ့သို့ သင်သည်ငါ့အားကာကွယ်ပြီ။ (ရှု၊

Psalms 005

ယေဘုယျအချက်အလက်
ယခုတွင်စာရေးသူသည် ဘုရားသခင်မှ တစုံတဦးသည် ဧည့်သည်အားမိမိအိမ်တွင် ကောင်းမွန်စွာ ပြုစုသကဲ့သို့ ကြိုဆိုကြောင်းကို ပြောပြပါသည်။

စားပွဲကိုခင်းတော်မူ၏။
စားစရာပြည့်စုံစွာဖြင့် လူများအတွက်ပြင်ဆင်ထားသောစားပွဲကို ကိုယ်စားပြုပါသည်။


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်ခေါင်းကိုဆီနှင့် လိမ်း တော်မူ၏။
လူများသည် တခါတရံသူတို့ ဧည့်သည်၏ဦးခေါင်းများအား ဆီနှင့် လိမ်းခြင်းမှာ သူတို့အား ဂုဏ်ပြုခြင်းဖြစ်သည်။

အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။
ခွက်ပြည့်လျှံခြင်းဟူသည် ကောင်းကြီးများစွာရခြင်းကို ကိုယ်စားပြုပါသည်။

Psalms 006

ကျေးဇူးနှင့် ကရုဏာကို တသက်လုံးခံစားရ၍၊
ထာဝရဘုရား၏ကောင်းမြတ်ခြင်းနှင့် ဂရုဏာသည် လူတယောက်အတွက် ပြည့်လျှံ၍ တသက်လုံးခံစားရသကဲ့သို့ ဖြစ်ပါသည်။

-

ထာဝရဘုရား၏အိမ်
ဆိုလိုချက်(၁) ထာဝရဘုရား၏နေရာအိမ် (၂) ယေရုရှလင်၌ရှိသောထာဝရဘုရားဗိမ္မာန်တော်။

-
ဆိုလိုချက် (၁) အစဉ်အမြဲ (၂) ရှည်လျားစွာအသက်ရှင်ခြင်း။

## Chapter 24

[1] ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာ ကိုင်ရင်း၊ လောကဓာတ်နှင့်လောကသားတို့ကိုင်ရင်း၊ ပိုင်တော်မူ၏။ [2]
အကြောင်းမူကား၊ ထိုနေရာကို သမုဒ္ဒရာပေါ် မှာတည်၍၊ ရေများပေါ်မှာ မြဲမြံစေတော်မူပြီ။ [3] ထာဝရဘုရား၏ တောင်တော်ပေါ်သို့
အဘယ်သူ သည် တက်ရမည်နည်း။ သန့်ရှင်းရာဌာနတော်၌ အဘယ် သူသည် ရပ်နေရမည်နည်းဟူမူကား၊ [4] သန့်ရှင်းသောလက်နှင့်
ဖြူစင်သောနှလုံးရှိသော သူ၊ မုသာကိုမမှီဝဲ မဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကို မပြုသောသူသည်၊ [5] ထာဝရဘုရား၏
လက်တော်မှ ကောင်းကြီး မင်္ဂလာကိုင်ရင်း၊ ကယ်တင်တော်မူသော ဘုရားသခင်၏ လက်တော်မှ ဖြောင့်မတ်ခြင်းတရားကိုင်ရင်း
ခံရလိမ့်မည်။ [6] ထိုသူသည် ထာဝရဘုရားကို ရှာသောအမျိုး၊ မျက်နှာတော်ကို ရှာသောယာကုပ်အမျိုးဖြစ်သတည်း။ [7] အချင်းတံခါးတို့၊
တံခါးမုတ်ကိုကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီး သောရှင်ဘုရင် ဝင်တော်မူမည်။ [8]
ဘုန်းကြီးသောရှင်ဘုရင်ကား အဘယ်သူနည်း။ အစွမ်းတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရဘုရား၊ စစ်တိုက်ခြင်း၌
တန်ခိုးကြီးတော်မူသော ထာဝရဘုရား ပေတည်း။ [9] အချင်းတံခါးတို့၊ တံခါးမုတ်ကိုကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့၊
ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီး သောရှင်ဘုရင်ဝင်တော်မူမည်။ [10] ဘုန်းကြီးသောရှင်ဘုရင်ကား အဘယ်သူနည်း။
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားပေတည်း။ ထိုဘုရားသည် ဘုန်းကြီးသောရှင်ဘုရင် ဖြစ်တော်မူ သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်

-
သမုဒ္ဒရာပေါ်မှာတည်၍ ရေများပေါ်မှာ မြဲမြံစေပြီဟူသည်
အခြေခံအားဖြင့် အဓိပ္ပာယ်တူညီသည်။ ဟေဗြဲခေတ်ကာလ၌
သူတို့သည်သမုဒ္ဒရာများအား ပင်လယ်မှ ထောက်ပံ့ထား၍
နက်နဲသော မြေအောက်၌ မြစ်များဖြင့် ဝန်းရံထားသည်ဟု
ယုံကြည်ကြသည်။

-
စကားလုံးများသည် အဓိပ္ပာယ်တူညီ၍ မြေအောက်ဖြင့်နက်သော
ပင်လယ်သမုဒ္ဒရာကို ရည်ညွှန်းပါသည်။

-
နက်သောရေအောက်။ (VDB)

Psalms 003

ထာဝရဘုရား၏တောင်ပေါ်သို့
မေးခွန်းများသည် အဓိပ္ပာယ်တူညီပါသည်။ စာရေးသူမှ
မည်သူသည် ထာဝရဘုရားအား ကိုးကွယ်ဝတ်ပြုရန်
ခွင့်ပြုနိုင်သနည်း။

တက်သွား
တက်သည်။

ထာဝရဘုရား၏တောင်
ယေရုရှလင်၌ရှိသော ဇိအုန်တောင်ကို ရည်ညွှန်းပါသည်။

-
ထာဝရဘုရား၏ဗိမာန်တော်ကို ရည်ညွှန်းပါသည်။ ယေရုရှလင်၌
ရှိသော ဇိအုန်တောင်ပေါ်ရှိ ဗိမ္မာန်တော်ဖြစ်ပါသည်။

-
ဤနေရာတွင်ပြောသော "သူ" ဟူသည် တိကျသော
ပုဂ္ဂိုလ်မည်သူမည်ဝါကို မဆိုလိုပါ။

သန့်ရှင်းသောလက်
"လက်"များသည် လူ၏လုပ်ဆောင်မှုများကို
ကိုယ်စားပြုပါသည်။ သူ၏လက်များသည်
သူလုပ်သောအရာများ သန့်ရှင်းသည်ကို ဆိုလိုပါသည်။

ဖြူစင်သောနှလုံး
နှလုံးသည် လူ၏အတွေးများ

မမှန်သောကျိန်ဆိုခြင်းကိုမပြု။
မမှန်သောကျိန်ဆိုခြင်းဟူသော မှားယွင်းသော ရုပ်တုများကို
ကိုယ်စားပြုသည်။ ဆည်းကပ်ခြင်းသည် ကိုးကွယ်ခြင်းဖြစ်သည်။

Psalms 005

ထာဝရဘုရား၏လက်တော်မှကောင်းကြီးမင်္ဂလာ
"သူ" ဟူသော စကားလုံးသည် တိကျသောလူကို မရည်ညွှန်းပါ

ထာဝရဘုရား၏လက်တော်မှကောင်းကြီး

ထာဝရဘုရားကို ရှာသောအမျိုး
ဤနေရာတွင် "အမျိုး" ဟူသည် သာမန်လူမျိုးများကို
ကိုယ်စားပြုသည်။

မျက်နှာတော်ကိုရှာသောယာကုပ်အမျိုး
ဖော်ပြချက်နှခုစလုံးသည် အဓိပ္ပာယ်တူညီသည်။
ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန်အတွက် ဗိမ္မာန်တော်ကို
သွားကြသူများအား ရည်ညွှန်းပါသည်။



generated on Sun Jun 30 02:37:40 2024

ရှာသောအမျိုး
ဘုရားသခင်အားရှာဖွေသောသူများသည်
ဗိမာန်တော်သို့ဝတ်ပြုကိုးကွယ်ရန်သွားကြသည်။

မျက်နှာတော်ရှာသောယာကုပ်အမျိုး။
မျက်နှာတော်သည် လူတကိုယ်လုံးကိုဖော်ပြသည်။

Psalms 007

အချင်းတံခါးတို့ ..... ကြွလိုက်ကြ။
စကားစုများနှစ်ခုသည်အလွန်ပင် အဓိပ္ပာယ်တူညီသည်။
"တံခါးမုတ်" နှင့် "တံခါးဝ" သည် ဗိမာန်တော်ရှိဂိတ်များကို
ရည်ညွှန်းသည်။ စာရေးသူသည်
ဂိတ်များအားလူကဲ့သို့စကားပြောနေသည်။
ဂိတ်မှူးတယောက်သည် ဂိတ်အားတံခါးဖွင့်ပေးပါလိမ့်မည်။

တံခါးကိုကြွလိုက်ကြ။
ဂုင်းသည် ဂိတ်သည်ဦးခေါင်းဖြစ်သည့်ဟု အတိအကျ
သေချာမဟုတ်ပါ။ သို့သော်လည်း ဂိတ်သည်တခုလုံးကို
ကိုယ်စားပြုသည်။

အစွမ်းတန်ခိုးနှင့် ပြည့်စုံသော ထာဝရဘုရားစစ်တိုက်ခြင်းငှာ
စာရေးသူမှ ထာဝရဘုရားသည် စစ်မြေပြင်မှ စစ်တိုက်သော
စစ်သူရဲကဲ့သို့ဟု ပြောဆိုပါသည်။

Psalms 009

အချင်းတံခါးတို့၊ တံခါးမုတ်ကိုကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့၊
(၂၄:၇) ၌ ပြန်ဆိုပြီး

-

(၂၄:၈) ၌ ပြန်ဆိုပြီး

-



generated on Sun Jun 30 02:37:40 2024

## Chapter 25

1 အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် တသလျက်နေပါ၏။ 2 အကျွန်ုပ်၏ ဘုရားသခင်၊ ကိုယ်တော်ကို
အကျွန်ုပ်ခိုလှုံသည်ဖြစ်၍၊ ရှက်ကြောက်ခြင်းသို့ မရောက် ပါစေနှင့်။ အကျွန်ုပ်၏ ရန်သူတို့သည် အကျွန်ုပ်ကို အောင်၍
အောင်ပွဲကိုမခံပါစေနှင့်။ 3 အကယ်စင်စစ် ကိုယ်တော်ကို မြော်လင့်သော သူတို့သည် ရှက်ကြောက်ခြင်းသို့ မရောက်ရကြပါ။
အကြောင်းမရှိဘဲ သစ္စာကိုဖျက်သော သူတို့သည် ရှက်ကြောက်ခြင်းသို့ ရောက်ရကြပါလိမ့်မည်။ 4 အိုထာဝရဘုရား၊
ကိုယ်တော်၏လမ်းတို့ကို အကျွန်ုပ်အား ပြညွှန်၍၊ ခရီးတော်တို့ကို သွန်သင်တော် မူပါ။ 5 ကိုယ်တော်၏ သမ္မာတရားကိုပြ၍၊
အကျွန်ုပ်ကို သွန်သင်တော်မူပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်ကို ကယ်တင်သော ဘုရားသခင်ဖြစ်တော်မူ၏။
ကိုယ်တော်ကို အစဉ်မြော်လင့်လျက် နေပါ၏။ 6 အိုထာဝရဘုရား၊ ရှေးကာလမှစ၍၊ ပြတော်မူ သောကရုဏာနှင့် မေတ္တာသဘောကို
အောက်မေ့တော် မူပါ။ 7 အကျွန်ုပ်သည် အသက်အရွယ်ငယ်စဉ်၊ ပြစ်မှား မိသောအပြစ်တို့ကို အောက်မေ့တော်မမူပါနှင့်။ ကောင်း
မြတ်တော်မူသည်ဖြစ်၍။ ကရုဏာတော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကို အောက်မေ့တော်မူပါထာဝရဘုရား။ 8 ထာဝရဘုရားသည်
ကောင်းသောသဘော၊ ဖြောင့်မတ်သောသဘောနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ အပြစ်ရှိသောသူတို့ကို လမ်းပြတော်မူ၏။ 9
နှိမ့်ချလျက်ရှိသော သူတို့ကို တရားလမ်း၌ သွေးဆောင်တော်မူ၏။ နှိမ့်ချလျက်ရှိသောသူတို့အား ခရီးတော်တို့ကို သွန်သင်တော်မူ၏။
10 ထာဝရဘုရား၏ လမ်းခရီးရှိသမျှတို့သည် ပဋိညာဉ်တရားတော်နှင့် သက်သေခံတော်မူချက်တို့ကို စောင့်ရှောက်သော သူတို့အား
ကရုဏာနှင့် သစ္စာဖြစ်ကြ သတည်း။ 11 အိုထာဝရဘုရား၊ အကျွန်ုပ်အပြစ်များလှသော ကြောင့် နာမတော်ကိုထောက်၍
ချမ်းသာပေးတော်မူပါ။ 12 အကြင်သူသည် ထာဝရဘုရားကို ကြောက်ရွံ့ တတ်၏။ ထိုသူအား နှစ်သက်ဘွယ်သောလမ်းကို ပြညွှန်
တော်မူမည်။ 13 ထိုသူသည် ကိုယ်တိုင်ကောင်းမွန်စွာ ကျိန်းဝပ် ၍၊ သူ၏အမျိုးအနွယ်သည်လည်း ပြည်တော်ကို အမွေ ခံရလိမ့်မည်။ 14
ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိဿဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော်ကို သိရသော
အခွင့်ရှိကြ၏။ 15 အကျွန်ုပ်သည် ထာဝရဘုရားကို အစဉ်မြော် လင့်လျက် နေပါ၏။ အကြောင်းမူကား၊ အကျွန်ုပ်၏ခြေကို
ကျော့ကွင်းထဲက နှုတ်ယူတော်မူမည်။ 16 အကျွန်ုပ်သည် တယောက်တည်းကျန်ကြွင်း၍ နှိမ့်ချခြင်းကို ခံရသောကြောင့်၊ အကျွန်ုပ်ကို
မျက်နှာပြု၍ ကယ်မသနားတော်မူပါ။ 17 အကျွန်ုပ် စိတ်နှလုံးဆင်းရဲသည်ကို ချမ်းသာ ပေး၍၊ အမှုများထဲက ကယ်နှုတ်တော်မူပါ။ 18
အကျွန်ုပ်နှိမ့်ချခြင်းနှင့် ပူပန်ခြင်းကို ကြည့်ရှု၍၊ အကျွန်ုပ်အပြစ်ရှိသမျှတို့ကို လွှတ်တော်မူပါ။ 19 အကျွန်ုပ်၏ ရန်သူတို့သည်
များပြားကြောင်းနှင့် အကျွန်ုပ်ကို ပြင်းစွာမုန်းထားကြောင်းကို ဆင်ခြင်တော် မူပါ။ 20 အကျွန်ုပ်အသက်ကိုစောင့်ရှောက်၍၊ အကျွန်ုပ်
ကို ကယ်တင် တော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော်ကို ခိုလှုံပါသည်ဖြစ်၍၊ ရှက်ကြောက်ခြင်းသို့ မရောက်ပါ စေနှင့်။ 21
ကိုယ်တော်ကိုမြော်လင့်လျက် နေပါသည်ဖြစ်၍၊ အပြစ်ကင်းခြင်းနှင့် သဘောဖြောင့်ခြင်းသည် အကျွန်ုပ်ကို စောင့်ရှောက်ပစေသော။
22 အိုဘုရားသခင်၊ ဣသရေလအမျိုးကို ခပ်သိမ်း သော ဒုက္ခအထဲက ရွေးနှုတ်တော်မူပါ။

---

Psalms 001

ကျွန်ုပ်တသလျက်နေပါ၏။
ဆိုလိုချက်

ရှက်ကြောက်ခြင်းသို့မရောက်ပါစေနှင့်။

-
အရှက်ရစေခြင်း။

အောင်ပွဲမခံပါစေနှင့်။
ကျွန်ုပ်အပေါ်အောင်ပွဲမခံပါစေနှင့်။
ကျွန်ုပ်အပေါ်ဟူသောစကားစုသည်
ရန်သူများသူ့အပေါ်အောင်ပွဲမခံပါစေနှင့်ဟု ပြောဆိုပါသည်။

အကယ်စင်စစ်ကိုယ်တော်ကို မြော်လင့်သောသူသည်
သစ္စာမရှိသောသူတို့သည် မျှော်လင့်ရာမရှိပါ။
သစ္စာမရှိသောသူတို့သည် သူတို့ရန်သူများအားဖြင့်
အနိုင်ယူခြင်းခံရလိမ့်မည်။

မြော်လင့်သောသူ။
သင့်အား ကိုးစားသောသူ။

-
လိမ်ညာမှုပြုသူ (သို့) ပရိယာယ်များသည်။

အကြောင်းမရှိပဲ
အကြောင်းပြချက်မရှိပဲ။

Psalms 004

ကိုယ်တော်၏သမ္မာတရားကိုပြ၍
စာကြောင်းနှစ်ခုစလုံးအဓိပ္ပာယ်တူညီသည်။ ထာဝရဘုရားသည်
လူအားလမ်းခရီးတော်ကို ပြညွှန်၍ သမ္မာတရားကို
သွန်သင်တော်မူသည်။

သင့်ကိုမြော်လင့်လျက်
သင့်ကိုကျွန်ုပ်အမှီပြုပါပြီ (သို့)
သင့်ကိုအစဉ်မြော်လင့်စောင့်စားနေပါသည်။


generated on Sun Jun 30 02:37:40 2024

သမ္မာတရားကိုပြ၍ သွန်သင်တော်မူပါ။
ပြည့်စွန်းခြင်းနှင့် သွန်သင်ခြင်းသည် အဓိပ္ပာယ်တူညီသည်။

ကျွန်ုပ်ကိုကယ်တင်သောဘုရားသခင်

Psalms 006

-
ဘုရားသခင်မှာတစုံတရာကို မေ့လျော့သည်ဟု မဆိုလိုပါ။ စာရေးသူသည် သူ၏ပြုမူလုပ်ဆောင်ခြင်းများနှင့် မေတ္တာသဘောနှင့် သစ္စာရှိခြင်းကို ဘုရားသခင်အား စဉ်းစားရန် အောက်မေ့ပေးရန်တောင်းဆိုပါသည်။

ပြတော်မူသောဂရုဏာနှင့် မေတ္တာသဘောကို

ရှေးကာလမှစ၍
ဤနေရာတွင် သဘောထားအရည်အသွေးသည် ဘုရားသခင်၏ ဂရုဏာ နှင့် သစ္စာဖြစ်ပါသည်။

ပြစ်မှားမိသောအပြစ်တို့ကို ....

ပြစ်မှားမိသောအပြစ်
ကျွန်ုပ်သင့်အားဆန့်ကျင်ပြစ်မှားခဲ့မိသောအရာများ။

-

ကောင်းမြတ်တော်မူသည်ဖြစ်၍
(အခြားသောဘာသာပြန်ဆိုချက်) ကိုယ်တော်သည် ကောင်းမြတ်၍ ဂရုဏာတော်ရှိသောကြောင့် ကျွန်ုပ်ကို အောက်မေ့ပါပြီ။

Psalms 008

-
ထာဝရဘုရား၏ကောင်းမြတ်ခြင်းနှင့် ဖြောင့်မတ်သောသဘောသည်လူအားမည်မျှပင် ရရှိစေရန်အလိုရှိသနည်း။

နှိမ့်ချလျက်ရှိသောသူ။
နှိမ့်ချသောသူ

Psalms 010

ထာဝရဘုရား၏လမ်းခရီးရှိသမျှ

နာမတော်ကိုထောက်၍
"နာမည်" သည် ထာဝရဘုရား၏ ဂုဏ် နာမတော်ဖြစ်သည်။

ကျွန်ုပ်အပြစ်များလှသောကြောင့်။

Psalms 012

အကြင်သူသည်ထာဝရဘုရားကို
ထာဝရဘုရားကိုကြောက်ရွံ့သောလူဟူသည် ခေါင်းစဉ်အသစ်ဖြစ်သည်။

ထိုသူအားနှစ်သက်ဘွယ်သောလမ်းကို

ထိုသူသည်ကိုယ်တိုင်ကောင်းမွန်စွာ
ထာဝရဘုရားသည် လူများအား လမ်းခရီးတော်ကို ပြည့်စွန်၍ မည်ကဲ့သို့အသက်ရှင်နေထိုင်ရန် သွန်သင်သည်။

သူ
ထာဝရဘုရားသည်သူ့ကို ကောင်းကြီးပေး၍ (သို့) ဘုရားသခင်သည် သူ့အားကောင်းသောအရာကို ပြသသွန်သင်လိမ့်မည်။

Psalms 014

ကိုယ်တော်မြတ်နှင့် မိသဟာယဖွဲ့ရသောအခွင့်
ထာဝရဘုရားသည်သူတို့အား မိသဟာယဖွဲ့မည်။

-
မျက်လုံးသည် ကြည့်မြင်ခြင်းကို ကိုယ်စားပြုသည်။ ထာဝရဘုရားကိုရှာဖွေခြင်း မျှော်လင့်ခြင်းသည် ကူညီတောင်းရန်အတွက်ဖြစ်သည်။

ကျွန်ုပ်၏ခြေကို ကျော့ကွင်းထဲက
ကျော့ကွင်းသည် ထောင်ချောက်ဖြစ်သည်။ ကျော့ကွင်း၌မိနေသူသည် အန္တရာယ်နှင့် တွေ့ကြုံနေသူဖြစ်သည်။

ကယ်မသနားတော်မူပါ။
ထာဝရဘုရားအားမျက်မှောက်ပြု၍ ဆင်ခြင်နှလုံးသွင်းသူများအား ထာဝရဘုရားသည် သူတို့အားရုပ်ပိုင်းဆိုင်ရာ ကယ်မခြင်းကိုပေးလိမ့်မည်။

Psalms 017

ကျွန်ုပ်စိတ်နှလုံးဆင်းရဲသည်ကို
"စိတ်နှလုံး" သည် လူ၏ခံစားမှုကို ကိုယ်စားပြုသည်။

အမှုများထဲကကယ်နှုတ်ပါ။
အမှုများထဲမှ ကျွန်ုပ်ကို ကယ်နှုတ်ပါ။ အမှုများဆိုသည်မှာ လူအားအပြင်သို့ သယ်ဆောင်သွားနိုင်သကဲ့သို့ဟု ပြောဆိုပါသည်။

-

နှိမ့်ချခြင်းနှင့် ပူပန်ခြင်း
နှိမ့်ချခြင်းများကို ကြည့်ရှုပါ။


generated on Sun Jun 30 02:37:40 2024

ပူပန်ခြင်း

ကျွန်ုပ်၏ရန်သူတို့သည်
ကျွန်ုပ်ကိုပြင်းစွာမုန်းထားကြောင်း (သို့) ကျွန်ုပ်အားအလွန်အလွန်မုန်းတီးသောသူများ။

Psalms 020

ရှက်ကြောက်ခြင်းသို့မရောက်ပါစေနှင့်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)
ကျွန်ုပ်၏ရန်သူများရှေ့မှာရှက်ကြောက်ခြင်းမရောက်ပါစေနှင့်။

ကိုယ်တော်ကိုခိုလှုံပါသည်ဖြစ်၍
ကိုယ်တော်၌ ခိုလှုံပါသည်ဟုပြောဆိုပါသည်။

ကိုယ်တော်ကိုမျှော်လင့်လျက်
အပြစ်ကင်းခြင်းနှင့်သဘောဖြောင့်ခြင်းဟူသည်
အခြားလူတဦးကဲ့သို့ ထိန်းသိမ်းခြင်းကို ပြောဆိုပါသည်။

စောင့်ရှောက်ပါစေသော်
လုံခြုံစေမူပါ။

Psalms 022

ဣသရေလအမျိုးကို
ဣသရေလအမျိုးကိုကယ်တင်မူပါ (သို့) ကယ်မသနားတော်မူပါ။

ဒုက္ခဆင်းရဲထဲက ရွေးနှုတ်
ဣသရေလဟူသည် ဣသရေလလူမျိုးများအား
ကိုယ်စားပြုသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 26

1 အိုထာဝရဘုရား၊ အကျွန်ုပ်သည် ဖြောင့်မတ် ခြင်းလမ်းသို့ လိုက်သောကြောင့်၊ အကျွန်ုပ်ဘက်၌ တရား စီရင်တော်မူပါ။
အကျွန်ုပ်သည် ထာဝရဘုရားကို ခိုလှုံ၍၊ ရွေ့လျားခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်။ 2 အိုထာဝရဘုရား၊ အကျွန်ုပ်ကို စစ်ဆေးစုံစမ်း၍၊
နှလုံး ကျောက်ကပ်ကို ဆေးကြောတော်မူပါ။ 3 အကျွန်ုပ်သည် မေတ္တာကျေးဇူးတော်ကို မျက် မှောက်ပြု၍၊ သစ္စာတရားတော်နှင့်အညီ
ကျင့်ပါ၏။ 4 လျှပ်ပေါ်သော လူတို့နှင့်အတူ မထိုင်ပါ။ လျှို့ဝှက်သော လူစုထဲတို့ မဝင်ပါ။ 5 မတရားသောသူတို့၏ စည်းဝေးခြင်းကို
မုန်းပါ ၏။ ဆိုးသွမ်းသော သူတို့နှင့်အတူ မထိုင်ပါ။ 6 ကျေးဇူးတော်ကို ချီးမြှောက်သောအသံနှင့် မြွက်ဆို၍၊ 7 အံ့ဩဘွယ်သော
အမှုတော်အလုံးစုံတို့ကို ကြား ပြောခြင်းငှါ၊ အကျွန်ုပ်သည် ကိုယ်လက်ကို အပြစ် ကင်းခြင်းနှင့်ဆေး၍၊ ယဇ်ပလ္လင်တော်ကို ဝန်းရံလျက်
နေပါသည်၊ ထာဝရဘုရား။ 8 အိုထာဝရဘုရား၊ အိမ်တော်သည် အိမ်တော် တည်ရာကိုငင်း၊ ဘုန်းတော်ထင်ရှားသော အရပ်ဌာနကို ငင်း
အကျွန်ုပ်နှစ်သက်ပါ၏။ 9 ပြစ်မှားသောသူတို့နှင့်အတူ အကျွန်ုပ်၏ ဝိညာဉ် ကိုငင်း၊ လူအသက်ကိုသတ်သော သူတို့နှင့်အတူ အကျွန်ုပ်
အသက်ကိုငင်း ချုပ်ထားတော်မမူပါနှင့်။ 10 သူတို့လက်သည် မကောင်းသောအကြံအစည်၌ ကျင်လည်၍၊
သူတို့လက်ျာလက်သည်လည်း တံစိုးနှင့် ပြည့်ဝပါ၏။ 11 အကျွန်ုပ်မူကား၊ ဖြောင့်မတ်ခြင်း လမ်းသို့ လိုက် ပါ၏။ အကျွန်ုပ်ကို
ရွေးနှုတ်၍ ကယ်မသနားတော်မူပါ။ 12 အကျွန်ုပ်သည် ညီညွတ်သောအရပ်၌ နေရာ ကျ၍၊ ပရိသတ်အလယ်မှာ ထာဝရဘုရားကို
ကောင်းကြီး ပေးပါမည်။

---

---

Psalms 001

ယေဘုယျအချက်အလက်
လျှောက်လှမ်းခြင်းသည် အသက်ရှင်ခြင်းအပြုအမူဖြစ်သည်။

-

ရွေ့လျားခြင်းနှင့်ကင်းလွတ်

စစ်ဆေးစုံစမ်း၍
စုံစမ်းမူပါ။

နှလုံးကျောက်ကပ်ကိုဆေးကြော
ဤနေရာတွင် အတွင်းပိုင်းနှင့်နှလုံးသည် လှုပ်ရှားခြင်းကို ပုံဆောင်သည်။

မေတ္တာကျေးဇူးတော်ကိုမျက်မှောက်ပြု၍
"မျက်လုံး" သည် လူ၏အတွေးအမြင်များဖြစ်သည်။

စ္စာတရားတော်နှင့်အညီ ကျင့်ပါ၏။
"လျှောက်လှမ်းခြင်း" သည် ပြုမူခြင်းဖြစ်သည်။

Psalms 004

လျှပ်ပေါ်သောလူတို့နှင့်အတူ
အပေါင်းအဖော်များနှင့် ကျွန်ုပ်မထိုင်ပါ (သို့) ကျွန်ုပ်မထိုင်ပါ။

မတရားသောသူတို့၏
လှည့်ဖျားသောသူများနှင့်။

လျှို့ဝှက်သောလူစုထဲမဝင်ပါ။

မတရားသောသူ
လိမ်ညာသူများ (UDB) လိမ်ညာသူများ။

-
နတ်ဆိုးနှင့်အတူရှိသောသူများ။

ဆိုးသွမ်းသူ။

Psalms 006

ကိုယ်လက်ကိုအပြစ်ကင်းခြင်းနှင့် ဆေး၍
လက်ဆေးခြင်းဟူသည် အပြစ်နှင့်ညစ်ညူးခြင်းမှ လွတ်မြောက်ကြောင်းကို ပုံဆောင်သည်။

ယဇ်ပလ္လင်တော်ကို ဝန်းရံလျက်
ဣသရေလလူမျိုးများယဇ်ပူဇော်ခြင်းပြုလုပ်နေသောအရာဖြစ်သည်။

အိမ်တော်တည်ရာ
ဆိုလိုချက် (၁) ဒါဝိဒ်အချိန်ကာလပြီးနောက် စာရေးသူသည် ယေရုရှလင်ရှိဗိမ္မာန်တော်ကို ရည်ညွှန်းသည်။ (၂) ဒါဝိဒ်ရေးသားခဲ့သောအရာတွင် ဘုရားသခင်သည်သူ၏လူများအား ကိုးကွယ်ရန်နေရာကို ရည်ညွှန်းသည်။

ဘုန်းတော်ထင်ရှားသောအရပ်
ဘုန်းတော်တည်ရာသည် ထာဝရဘုရား၏အာဏာတန်းခိုးကို ကိုယ်စားပြုသည်။

Psalms 009

ပြစ်မှားသောသူတို့နှင့်အတူ
"ချုပ်ထားခြင်း" သည် ဖျက်ဆီးခြင်းပုံဆောင်သည်။


generated on Sun Jun 30 02:37:40 2024

-

လူ့အသက်ကိုသတ်သော
လူတဦးကိုသတ်ရန်အလိုရှိခြင်းကို ကိုယ်စားပြုသည်။

သူတို့လက်သည်
လက်သည်လူတကိုယ်လုံးကိုရည်ညွှန်းသည်။

တံစိုးနှင့်ပြည့်ဝ
အပြစ်နဲ့ပြည့်ဝ။

Psalms 011

ကျွန်ုပ်မူကား
စာရေးသူသည် လူဆိုးများအကြောင်းပြောနေရင်းမှ
သူ့ကိုယ်သူထံပြောင်းလဲပြောဆိုပါသည်။

ဖြောင့်မတ်ခြင်းလမ်းသို့
လျှောက်လှမ်းခြင်းသည် အပြုအမူဖြစ်သည်။

-

ခြေလှမ်းသည် လူတကိုယ်လုံးကို ပုံဆောင်သည်။

ညီညွတ်သောအရပ်၌
ဆိုလိုချက်(၁) လုံခြုံသောနေရာ (၂) မှန်သောအပြုအမူ။

ထာဝရဘုရားကိုကောင်းကြီးပေးပါမည်။
ဤလူသရေလလူများအလယ်မှာထာဝရဘုရားကိုချီးမွမ်းပါမည်။

## Chapter 27

[1] ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကို ကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ် သူကို ကြောက်ရအံ့နည်း။
ထာဝရဘုရားသည် ငါ့၏ အသက်ခိုလှုံရာဖြစ်တော်မူ၏။ ငါသည် အဘယ်သူကိုမျှ ကြောက်လန့်ရအံ့နည်း။ [2] ငါ့ကိုအငြိုးထားသော
ရန်သူလူဆိုးတို့သည်၊ ငါ့အသားကို ကိုက်စားမည်ဟု လာကြသောအခါ၊ ခြေ တိုက်မိ၍ လဲကြ၏။ [3] ငါတဘက်၌ တပ်ချကြသော်လည်း၊
ငါ့နှလုံး မကြောက်တတ်။ စစ်ချီ၍လာကြသော်လည်း၊ ထိုအမှုတွင် ပင် တည်ကြည်သော စိတ်ရှိလိမ့်မည်။ [4] ထာဝရဘုရား၏
တင့်တယ်ခြင်း အသရေတော် ကို ဖူးမြင်၍၊ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလိုငှါ၊ ထာဝရဘုရား၏ အိမ်တော်မှာ တသက်လုံးနေရမည်
အကြောင်းတည်းဟူသော အခွင့်တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ။ ထိုအခွင့်ကို ရှာရဦးမည်။ [5] အကြောင်းမူကား၊
ဘေးအန္တရာယ်ရောက်သည့် ကာလ၊ တဲတော်တွင် ငါ့ကို ကိုးကွယ်တော်မူမည်။ ဗိမာန် တော်အတွင်းအရပ်၌၊ ငါ့ကို
ဝှက်ထားတော်မူမည်။ ကျောက်ပေါ်မှာလည်း ငါ့ကိုတင်ထားတော်မူမည်။ [6] ယခုပင် ငါ့ပတ်လည်၌ရှိသော ရန်သူတို့၏ အပေါ်သို့
ငါ့၏ဦးခေါင်းကို ချီးမြှောက်တော်မူ၏။ ထိုကြောင့် ဗိမာန်တော်မှာ တံပိုးမှုတ်ခြင်းနှင့်တကွ ယဇ် ပူဇော်ပါမည်။ သီချင်းဆိုပါမည်။
ထာဝရဘုရားကို ထောမနာသီချင်းဆိုပါမည်။ [7] အိုထာဝရဘုရား၊ အကျွန်ုပ်အောဟစ်သော အသံကိုနားထောင်တော်မူပါ။ အကျွန်ုပ်ကို
သနား၍ ထူးတော်မူပါ။ [8] ငါ၏မျက်နှာကို ရှာကြလော့ဟူသော အမိန့် တော်ကို ရှေ့တော်၌ အကျွန်ုပ်သည် သတိပြုလျက်၊
အိုထာဝရဘုရား၊ ကိုယ်တော်၏ မျက်နှာကို ရှာပါမည်။ [9] အကျွန်ုပ်ကို မျက်နှာလွှဲတော်မမူပါနှင့်။ အမျက် ထွက်၍ ကိုယ်တော်၏
ကျွန်ကိုပယ်တော်မမူပါနှင့်။ အကျွန်ုပ်ကို ကယ်တင်တော်မူသောဘုရား၊ ကိုယ်တော် သည် အကျွန်ုပ်ကို မစတော်မူဘူးသည်ဖြစ်၍၊
အကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်။ [10] ကိုယ်မိဘတို့သည် အကျွန်ုပ်ကိုစွန့်သော်လည်း၊ ထာဝရဘုရားသည် အကျွန်ုပ်ကို
ချီယူတော်မူမည်။ [11] အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းကို အကျွန်ုပ်အား ပြသသွန်သင်တော်မူပါ။ အကျွန်ုပ်၏ ရန်သူတို့ကြောင့်
ဖြောင့်သောလမ်းထဲ၌ အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ။ [12] မမှန်သောသက်သေကို ခံသောသူတို့နှင့် ညှဉ်းဆဲခြင်းငှါ၊ ပြင်းစွာ
အသက်ရှူသော သူတို့သည် အကျွန်ုပ် တဘက်၌ ထကြသည်ဖြစ်၍၊ ရန်သူတို့အလိုသို့ အကျွန်ုပ် ကို အပ်နှံတော်မမူပါနှင့်။ [13]
အကယ်စင်စစ် အသက်ရှင်သောသူတို့၏ နေရာတွင်၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို ငါတွေ့မြင် ပြီဟု ယုံမှတ်စွဲလမ်းခြင်းရှိ၏။ [14]
ထာဝရဘုရားကို မြော်လင့်လော့။ အားယူ၍ ရဲရင့်သော စိတ်နှလုံးရှိလော့။ ထာဝရဘုရားကို မြော်လင့် လျက်နေလော့။

---

Psalms 001

ယေဘုယျအချက်အလက်

ဤနေရာတွင်အလင်းသည်အသက်ကို ကိုယ်စားပြုသည်။

ထာဝရဘုရားသည် ငါ၏အလင်း

"အလင်း" သည် အသက်ရှင်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ငါ့အသက်၏မူလအစဖြစ်သည်။

ငါသည်အဘယ်သူကို ကြောက်ရအံ့နည်း။

ဒါဝိဒ်ကြောက်ရွံ့ရမည့်သူမရှိဟု မေးခွန်းကဲ့သို့သုံး၍ အထူးပြုပြောဆိုထားသည်။

ထာဝရဘုရားသည် ငါ့၏ အသက်ခိုလှုံရာ

ထာဝရဘုရားသည်လူအများပြေးဝင်ခိုလှုံနိုင်သောနေရာဖြစ်သည်ဟုပြောပါသည်။

ငါသည် အဘယ်သူကိုမျှ ကြောက်လန့်ရအံ့နည်း။

ဤမေးခွန်းသည်ဒါဝိဒ်ကြောက်ရွံ့ရမည့်သူမရှိပါဟု ပြောဆိုပါသည်။

Psalms 002

ငါ့အသားကိုကိုက်စား

လူတဦး၏အသားအားကိုက်စားမည်ကဲ့သို့တဦးတယောက်မှ ဖျက်ဆီးမည်ဟုပြောပါသည်။ သူသည်သူ့ခန္ဓာကိုယ်အား ကိုက်စားမည်ဟုမဆိုလိုပါ။

ငါ့ကိုအငြိုးထားသောသောသူလူဆိုး

စကားစုများသည် အဓိပ္ပာယ်တူညီသည်။ ဤသူများသည်သူ၏အနား၌ရှိသောရန်သူများဖြစ်သည်။

ခြေတိုက်မိ၍လဲကျ၏။

စာရေးသူ၏ရန်သူများသည် သူ့အားနာကျင်စေရန်ပြုလုပ်သော်လည်း ခြေတိုက်မိ၍လဲကြပြီ

ငါတဘက်၌တပ်ချကြ၏။

ငါ၏ပတ်လည်၌တပ်ချကြပြီ (သို့) ငါ့ဝန်းကျင်၌ တပ်များချကြပြီ။

ငါ့နှလုံးမကြောက်တတ်

ဤနေရာတွင် "နှလုံး" သည် ခန္ဓာကိုယ်တခုလုံးကို ပုံဆောင်သည်။

စစ်ချီ၍လာသော်လည်း

စာရေးသူ၏ရန်သူများသည် စစ်ချီလာသည်ဟုပြောဆိုပါသည်။


generated on Sun Jun 30 02:37:40 2024

တည်ကြည်သောစိတ်ရှိမည်။
ကျွန်ုပ်အားကူညီရန်ထာဝရဘုရားကိုပဲ ကိုးစားယုံကြည်လိမ့်မည်။

Psalms 004

ထာဝရဘုရား၌ ငါဆုတောင်းပြီ။
ငါသည်ထာဝရဘုရားကို ဆုတောင်းပြီ။

-
လူတဦးသည် အမှန်တကယ်ဘုရားသခင်အား အလိုရှိ၍ ဆုတောင်းခြင်းအား တစုံတရာရှာဖွေနေသကဲ့သို့ဟု ပြောဆိုပါသည်။

-
ဘုရားသခင်၏အံ့ဖွယ်ရာ ပြုမူချက်သည် ရုပ်ဆင်းသွင်ပြင်လှပသကဲ့သို့ဟု ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) အံ့ဖွယ်သောဘုရားသခင်အားမြင်တွေ့ရန်။

အိမ်တော်မှာတသက်လုံးနေရမည့်အကြောင်း။
ဆိုလိုချက် (၁) မည်သို့လုပ်ဆောင်ရန်ကို ဘုရားသခင်အားမေး၍ (၂) သူ၏အိမ်တော်၌ ဘုရားသခင်အကြောင်းကို မွေ့လျော်ရန်။

Psalms 005

ဘေးအန္တရာယ်ရောက်သည့် ကာလ
ဤနေရာတွင် "နေ့" သည် ရှည်လျားသော အချိန်ကို ကိုယ်စားပြုသည်။

ငါ့ကို ဝှက်ထားတော်မူမည်။
ငါ့ကိုကာကွယ်တော်မူပြီ။

သူ၏တဲတော်
ထာဝရဘုရားအားဝတ်ပြုကိုးကွယ်သည့်နေရာတဲတော်။

-
ဖုံးအုပ်ပေးခြင်းဟူသည် တစုံတရာအား ကာကွယ်ပေးရန် ဖုံးအုပ်ပေးခြင်းအား ကိုယ်စားပြုသည်။

ကျောက်ပေါ်မှာလည်းငါ့ကိုတင်ထား
ဘုရားသခင်သည် စာရေးသူအား ရန်သူများသူ့အား တိုက်ခိုက်ခြင်းမပြုနိုင်သည့်နေရာ၌ ကာကွယ်ထားပေးမည်ဟု ပြောဆိုပါသည်။

ငါ့ပတ်လည်၌ရှိသောရန်သူတို့ကို
စာရေးသူ၏ ရန်သူများရှေ့တွင် သူ့အား ချီးမြှောက်တော်မူပြီ

Psalms 007

အိုထာဝရဘုရား၊ အကျွန်ုပ်အောဟစ်သော အသံကိုနားထောင်တော်မူပါ။
ကျွန်ုပ်အသံဟူသည်စာရေးသူ၏ပြောစကားများကို ကိုယ်စားပြုသည်။

ထူးတော်မူပါ။
ထာဝရဘုရားသည် စာရေးသူ၏ဆုတောင်းခြင်းကို နားညောင်း၍ သူတောင်းသမျှကို ပေးလိမ့်မည်။

-
"စိတ်နှလုံး" သည် လူ၏အတွေး၊ စိတ်ဓါတ်များကို ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်ပြောသောအရာကို နားထောင်ပါ။ (သို့) ကျွန်ုပ်ကိုပြောပါ။

-
လူတဦးသည် ဗိမာန်တော်ကိုသွားခြင်းသည် ထာဝရဘုရား၏ မျက်နှာတော်ကို ရှာခြင်းဖြစ်သည်။ ဤနေရာတွင် "မျက်နှာ" သည် ဘုရားသခင်အား ကိုယ်စားပြုသည်။

ငါ၏မျက်နှာကိုရှာကြလော့
အထက်၌ပြန်ပြီး။

Psalms 009

မျက်နှာလွှဲတော်မမူပါနှင့်။
မျက်နှာသည် ထာဝရဘုရား၏ အာရုံစူးစိုက်ခြင်းကို ကိုယ်စားပြုသည်။ "မျက်နှာမလွှဲပါနှင့်" ဟူသည် ကျွန်ုပ်အား မငြင်းပယ်ပါနှင့်ဟု ဆိုပါသည်။

အမျက်ထွက်၍
ဒါဝိဒ်မှ "သင်၏ကျွန်" ဟူသည်မှာ သူ့ကိုယ်သူနှိမ့်ချသောနည်းလမ်းနှင့် ပြောခြင်းကို ရည်ညွှန်းပါသည်။

-
"စွန့်ပစ်ခြင်း" နှင့် "ပယ်ခွာခြင်း" ဟူသည် အဓိပ္ပာယ်တူညီသည်။ စာရေးသူသည် ဘုရားသခင်သူ့အားစွန့်ခွာသွားရန် အလိုမရှိကြောင်းကို အထူးပြုပါသည်။

ကျွန်ုပ်ကို ကယ်တင်သောဘုရား

ကိုယ်မိဘတို့သည်
ကျွန်ုပ်မိဘတို့သည် ကျွန်ုပ်အားစွန့်ခွာသည်။ သူသည် အမှန်တကယ်ဖြစ်ခြင်းကို ပြောခြင်းမဟုတ်ပါ။

ထာဝရဘုရားသည်ကျွန်ုပ်ကို ..... ချီယူ ....
ထာဝရဘုရားသည် ကျွန်ုပ်ကို ချီယူတော်မူမည် (သို့) ထာဝရဘုရားသည် ကျွန်ုပ်ကို ဂရုစိုက်မည်။

Psalms 011

ပြသသွန်သင်တော်မူပါ။
လူတဦးသည်သူ၏ အပြုအမူအား သူ၏သွားလာသော လမ်းခရီးကဲ့သို့ဖြစ်သင့်သည်

 generated on Sun Jun 30 02:37:40 2024

ဖြောင့်သောလမ်းထဲသို့ ... ပို့ဆောင်ပါ။
သူ၏ရန်သူများမှ သူ့ကိုကာကွယ်ရန် ဘုရားသခင်ကာကွယ်နေသောကြောင့်သူသည်ကျရှုံးမည်မဟုတ်ပါ။

ရန်သူတို့အလိုသို့

အသက်ရှုသောသူတို့သည်

-
"ညဉ်းပန်းနှိပ်စက်ခြင်း" သည် လူအားအသက်ထွက်သွားရန်ပြုသည်။

Psalms 013

အသက်ရှင်သောသူ၏နေရာတွင်

ထာဝရဘုရား၏ကျေးဇူးတော်

အသက်ရှင်သောသူ
အသက်ရှင်သောသူများကို ရည်ညွှန်းသည်။

-
ဤစာပိုဒ်သည် (၁) စာရေးသူမှသူ့ကိုယ်သူပြောနေသည် (၂) အခြားသူအားပြောသည် (၃) တစုံတယောက်မှ စာရေးသူအားပြောသည်။

အားယူ၍...
"စိတ်နှလုံး" သည် လူပုဂ္ဂိုလ်တဦးလုံးအား ကိုယ်စားပြုသည်။

-
ဆာလံအဆုံးပိုင်းတွင်ရေးလေ့ရှိသည့်အရာဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 28

[1] အကျွန်ုပ်၏ ကျောက်ဖြစ်တော်မူသော ထာဝရ ဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်အော်ဟစ်ပါ၏။ မထူးဘဲ နေတော်မမူပါနှင့်။
မထူးဘဲနေတော်မူလျှင်၊ အကျွန်ုပ် သည် သင်္ချိုင်းတွင်းထဲသို့ ဆင်းသောသူ ကဲ့သို့ဖြစ်ရ ပါမည်။ [2] အကျွန်ုပ်သည်
သန့်ရှင်းသောဗျာဒိတ်ဌာနတော်သို့ လက်ကိုချီ၍၊ ကိုယ်တော်ကို အော်ဟစ်သောအခါ၊ အကျွန်ုပ်တောင်းလျှောက်သော အသံကို
နားထောင် တော်မူပါ။ [3] အိမ်နီးချင်း၏ အကျိုးကိုဖျက်ဆီးလိုသော စိတ်နှလုံးရှိသည်နှင့်၊ လောကဝတ်စကားကို ပြောတတ်
သောသူတည်းဟူသော ဆိုးယုတ်သောအမှု၊ မတရား သောအမှုကို ပြုတတ်သောသူတို့နှင့်အတူ အကျွန်ုပ်ကို
သွေးဆောင်တော်မမူပါနှင့်။ [4] သူတို့ကျင့်သော အကျင့်ဓလေ့ဆိုးယုတ်သည် နှင့်အညီ၊ အကျိုးအပြစ်ကို ဆပ်ပေးတော်မူပါ။ သူတို့
ပြုမူသည် အတိုင်းဆပ်ပေး၍၊ အပြစ်နှင့် အလျောက်စီရင် တော်မူပါ။ [5] သူတို့သည် ထာဝရဘုရား၏အမှုတော်ကိုဇင်း၊
လက်တော်နှင့်ပြုပြင်တော်မူရာကိုဇင်း မမှတ်ကြသော ကြောင့်၊ တည်ဆောက်တော်မမူ၊ ဖြိုဖျက်တော်မူမည်။ [6] ထာဝရဘုရားသည်
မင်္ဂလာရှိတော်မူစေသ တည်း။ [7] ငါတောင်းလျှောက်သောအသံကို နားထောင် တော်မူပြီ။ ထာဝရဘုရားသည် ငါ၏ခွန်အားဗလ၊ ငါ၏
အကွယ်အကာဖြစ်တော်မူ၏။ ငါ့နှလုံးသည် ထိုဘုရားကို ကိုးစား၍၊ ငါ့ကို စောင့်မတော်မူသောကြောင့်၊ ငါ့နှလုံး
သည်ရွှင်လန်းလျက်ရှိ၏။ သီချင်းဆိုလျက်ဂုဏ်တော်ကို ငါချီးမွမ်း မည်။ [8] ထာဝရဘုရားသည် မိမိလူစု၏ ခွန်အားဗလ ဖြစ်တော်မူ၏။
အထံတော်၌ ဘိသိတ်ခံသောသူ၏ ကယ်တင်ခြင်းအကြောင်းကို ခိုင်ခံ့မြဲမြံစေတော်မူ၏။ [9] ကိုယ်တော်၏လူစုကို ကယ်တင်၍၊
အမွေတော် ကို ကောင်းကြီးမင်္ဂလာပေးတော်မူပါ။ သူတို့ကိုအုပ်ထိန်း ၍၊ ထာဝရချီးမြှောက်ခြင်းရှိစေတော်မူပါ။

---

---

Psalms 001

ယေဘုယျအချက်အလက်
ဟေဗြဲကဗျာတွင် နှိုင်းယှဉ်မှုသည် အသုံးအများဆုံးဖြစ်သည်။

ကျွန်ုပ်အော်ဟစ်
ကျွန်ုပ်ကျယ်လောင်စွာအော်ဟစ်ပါ၏။

-

မထူးပဲနေတော်မမူပါနှင့်။
တိတ်ဆိတ်စွာမနေပါနှင့် (သို့)
ကျွန်ုပ်ကိုတယောက်ထဲပစ်မထားပါနဲ့။

သင်္ချိုင်းတွင်းသို့
သေသွားသောသူများသွားသောနေရာဖြစ်သည်။

တောင်းလျှောက်သံကို နားတောင်မူပါ။
''အသံ'' သည် သနားခံတောင်းလျှောက်သံဖြစ်သည်။

ကျွန်ုပ်သည်သန့်ရှင်းသောဌာနတော်သို့
လက်မြှောက်ခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်း
လက္ခဏာဖြစ်သည်။ စာရေးသူသည် သန့်ရှင်းသောနေရာ၌
ဝတ်မပြုပဲ ထာဝရဘုရားကိန်းဝပ်သော သန့်ရှင်းရာဌာန၌
ကိုးကွယ်ပါသည်။

-
ဆိုလိုချက် (၁) ဒါဝိဒ်ရေးခဲ့သည့် ဗျာဒိတ်ဌာနတော်သည်
သူ၏လူများ ထာဝရဘုရားအား
ဝတ်ပြုကိုးကွယ်နိုင်သောနေရာဖြစ်သည်။ (၂)
ဒါဝိဒ်၏အချိန်ကာလပြီးနောက် စာရေးသူပြောသော
ဗိမာန်တော်သည် ယေရုရှလင်၌ရှိသော ဗိမာန်တော်ဖြစ်သည်။

Psalms 003

သွေးဆောင်တော်မမူပါနှင့်။
ထာဝရဘုရားသည်
လူများအားသူတို့ခန္ဓာကိုယ်အပြင်သို့ဆွဲသွားသကဲ့သို့
အပြစ်ပေးသည်ဟု ပြောပါသည်။ ထာဝရဘုရားသည် လူများအား
ထောင်သား၊ အကျဉ်းသားများ

အိမ်နီးချင်း
ဤနေရာတွင် အိမ်နီးချင်းဟူသည် သာမန်လူများကို
ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်)
အခြားသောသူများနှင့် ငြိမ်းချမ်းစွာနေရန်ဟု ပြောပါသည်။

ဖျက်ဆီးလိုသောစိတ်နှလုံး
''နှလုံး'' သည် လူ၏စိတ်ဓါတ်နှင့် အတွေးအခေါ်များကို
ကိုယ်စားပြုသည်။

သူတို့ကျင့်သောအကျင့်
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီသည်။ သူတို့အား
ထာဝရဘုရားအပြစ်ပေးရန် ထိုက်တန်သည်ဟု
အထူးပြုထားသည်။

လက်တော်နှင့်ပြုတော်မူရာ
ဤနေရာတွင် ''လက်'' သည် လူ၏လုပ်ဆောင်ခြင်းကို
ကိုယ်စားပြုသည်။

အပြစ်နှင့်အလျောက်
သူတို့အပြစ်နှင့်အလျောက် အပြစ်ပေးတော်မူပါ။

လက်တော်နှင့် ... မမှတ်သောကြောင့်
-


generated on Sun Jun 30 02:37:40 2024

-
"နားမလည်" ဟူသည် ထာဝရဘုရား၏ လုပ်ဆောင်မှုများကို လျစ်လျူရှုသည်ဟု ဆိုလိုသည်။

လက်
လက်သည်ထာဝရဘုရား ဖန်ဆင်းသောအရာများကို ကိုယ်စားပြုသည်။

-
ဆိုးညစ်သောလူများ၏ တည်ဆောက်ထားသော မြို့များကို ဖျက်ဆီးခြင်းဖြင့် အပြစ်ပေးမည်။

Psalms 006

ငါတောင်းလျှောက်သံကို ...
အသံသည် စာရေးသူ၏ ပြောသောအရာဖြစ်သည်။

ထာဝရဘုရားသည် ငါ၏ခွန်အားဗလ

ငါ၏ အကွယ်အကာ
စာရေးသူမှ ထာဝရဘုရားသည်သူ၏အကွယ်အကာဟုဆိုသည်။

ငါ့နှလုံးသည်

-
(အခြားသောဘာသာပြန်ဆိုချက်) သူငါ့ကိုကူညီမစပြီ။

-

-

အထံတော်၌ဘိသိတ်ခံသော
ထာဝရဘုရားသည် ဘိသိတ်ခံရသောသူ၏ ကယ်တင်ခြင်းကို ခိုင်ခံ့မြဲမြံစေသည်။

-
ဘုရင်ကို ကိုယ်စားပြုသည်။

Psalms 009

-

-
စာရေးသူမှ ထာဝရဘုရားမှ သူ၏လူများကို သိုးထိန်းမှ သိုးများကိုကြည့်ရှုသကဲ့သို့ဟု ပြောပါသည်။ သိုးထိန်းသည် သိုးများအား ဂရုစိုက်ကြည့်ရှုသကဲ့သို့ ထာဝရဘုရားမှ ကြည့်ရှုသည်။

## Chapter 29

1 အိုဘုရားသခင်သားတို့၊ ထာဝရဘုရားသည် ဘုန်းတန်ခိုးကြီးတော်မူသည်ဟု ဝန်ခံကြလော့။ 2 ထာဝရဘုရား၏ နာမတော်သည်
ဘုန်းကြီး တော်မူသည်ဟု ဝန်ခံလျက်၊ သန့်ရှင်းသောတန်ဆာကို ဆင်၍၊ ထာဝရဘုရားကို ကိုးကွယ်ကြလော့။ 3 ထာဝရဘုရား၏
အသံတော်သည် သမုဒ္ဒရာ ပေါ်မှာ ရှိတော်မူ၏။ ဘုန်းကြီးတော်မူသော ဘုရား သခင်သည် မိုဃ်းချုန်းတော်မူ၏။ ထာဝရဘုရားသည်
များစွာသောရေပေါ်မှာ ရှိတော်မူ၏။ 4 ထာဝရဘုရား၏ အသံတော်သည် တန်ခိုး နှင့်ပြည့်စုံတော်မူ၏။ ထာဝရဘုရား၏
အသံတော်သည် ဘုန်းအာနုဘော်နှင့် ပြည့်စုံတော်မူ၏။ 5 ထာဝရဘုရား၏ အသံတော်သည် အာရဇ်ပင် တို့ကို ချိုးတော်မူ၏။
အကယ်စင်စစ် ထာဝရဘုရားသည် လေဗနုန်အာရဇ်တော်ကို ချိုးတော်မူ၏။ 6 တောကို နွားသငယ်ကဲ့သို့၎င်း၊ လေဗနုန်တော နှင့်
စိရုန်တောကို ကြံ့သငယ်ကဲ့သို့၎င်း ခုန်စေတော်မူ၏။ 7 ထာဝရဘုရား၏ အသံတော်သည် မီးလျှံကို ခွဲတော်မူ၏။ 8 ထာဝရဘုရား၏
အသံတော်သည် တောကို ချောက်ချားတော်မူ၏။ ထာဝရဘုရားသည် ကာဒေရှ တောကို ချောက်ချားတော်မူ၏။ 9 ထာဝရဘုရား၏
အသံတော်သည် သမင်ဒရယ် မတို့ကို မွေးဘွားစေတော်မူ၏။ တောတန်ဆာတို့ကိုလည်း ပယ်ရှင်းတော်မူ၏။ ဗိမာန်တော်၌
ခပ်သိမ်းသောသူတို့ သည် ဘုန်းတော်ကို ဘော်ပြကြစေ။ 10 ထာဝရဘုရားသည် မိုဃ်းသက်မုန်တိုင်းပေါ်မှာ ထိုင်တော်မူ၏။
အကယ်စင်စစ် ထာဝရဘုရားသည် အစဉ်အမြဲ ရှင်ဘုရင်အရာနှင့် ထိုင်တော်မူ၏။ 11 ထာဝရဘုရားသည် မိမိလူစုကို ခိုင်ခံ့စေတော်
မူမည်။ ထာဝရဘုရားသည် မိမိလူစုအား ငြိမ်သက်ခြင်း ကောင်းကြီးမင်္ဂလာကို ပေးတော်မူမည်။

---

Psalms 001

ဘုရားသခင်သားတို့
ဘုရားသားတို့ဟူသော စကားစုသည်
လူသားသွင်ပြင်လက္ခဏာရှိနေသောသူများကို ပြောပါသည်။

ထာဝရဘုရားဘုန်းကြီးတော်မူသည်ဟု

ထာဝရဘုရား၏နာမတော်သည် ဘုန်းကြီးတော်မူသည်ဟု ဝန်ခံလျက်။

သူ
သူ၏အမည်သည် ထာဝရဘုရား၏ ဂုဏ်ဘုန်းအသရေဖြစ်သည်

Psalms 003

ယေဘုယအချက်အလက်
ဆာလံသီချင်းသည် ထာဝရဘုရား၏ တန်ခိုးနှင့် ဘုန်းတော်ကို
ပြသသည်။

ထာဝရဘုရား၏ အသံတော်သည် သမုဒ္ဒရာ ပေါ်မှာ ရှိတော်မူ၏။
ထာဝရဘုရား၏အသံတော်သည် ဆူညံသံများထက်ပို၍
ကြည်လင်လျက်ကျယ်လောင်၏။ သူ၏အသံကို
ရေများအထက်တွင်ပင် ကြားနိုင်သည်။ ကတ္တားဝါကျဖြင့်
ပြန်ဆိုနိုင်သည်။

-
ပင်လယ်နှင့် သမုဒ္ဒရာများကို ရည်ညွှန်းပါသည်။
ရေသည်ရေလှိုင်းသံ စီးသံနှင့် ကျသောအသံများကို
ပြုလုပ်သည်။

-
အသံဟူသည် ထာဝရဘုရားစကားပြောနေခြင်းကို
ကိုယ်စားပြုသည်။ စာရေးသူ အထူးပြုဖော်ပြသည်မှာ
ထာဝရဘုရားစကားပြောသောအခါ ရေများထက်ပိုကျယ်၍
သူ၏တန်ခိုးတော်သည် ကြီးမားသော သစ်ပင်များကို
ဖျက်ဆီးနိုင်သည်ဟု ပြောပါသည်။

-
ဘုရားသခင်သည် မိုးချုန်းသံကဲ့သို့စကားပြောသည်။
မိုးချုန်းသံကဲ့သို့ ကျယ်လောင်သောအသံဖြစ်သည်။

-
ရေထုကဲ့သို့ကြီးမားသော။

Psalms 006

ဆက်စပ်မှုဖော်ပြချက်
စာရေးသူမှဆက်လက်၍ ထာဝရဘုရားအသံတော်ကို
ဖော်ပြနေသည်။

လေဗနုန်တော နှင့် စိရုန်တော
လေဗနုန်တောကို နွားသငယ်ကဲ့သို့ဟု ပြောပါသည်။
ထာဝရဘုရားစကားပြောသောအခါ မြေကြီးတုန်ခါသည်။

-
အရှေ့အနောက်ခုန်ပေါက်သည်။

ကြံ့သငယ်ကဲ့သို့
စိရုန်တောသည် ကြံ့သငယ်ကဲ့သို့ ခုန်စေသည်ဟု ပြောပါသည်။
ထာဝရဘုရားစကားပြောသောအခါ မြေကြီးတုန်ခါပါသည်။

-
လေဗနုန်မှတောင်ဖြစ်သည်။
ဟေရမုန်တောင်ဟုလည်းခေါ်ပါသည်။


generated on Sun Jun 30 02:37:40 2024

-
"အသံ" ဟူသမျှအားလုံးထာဝရဘုရားစကားပြောခြင်းကို
ကိုယ်စားပြုပါသည်။

မီးလျှံ
အလင်းကို ရည်ညွှန်းသည်။

Psalms 009

ထာဝရဘုရား၏အသံတော်သည်။
အသံသည်ထာဝရဘုရား၏စကားပြောခြင်းကို ကိုယ်စားပြုသည်။

တောတန်ဆာတို့ကို
ကြီးမားသောသစ်ပင်များကို လှုပ်ခတ်စေ၏။ (UDB)

တောတန်ဆာတို့ကို
သစ်ပင်များ၏အရွက်များလွင့်သွားခြင်းသည်
အဝတ်များဖယ်ရှားသကဲ့သို့ဖြစ်သည်။

ထိုင်တော်မူ၏
ထာဝရဘုရား၏အုပ်ချုပ်မှုဖြစ်သည်။

မိုးသက်မုန်တိုင်းပေါ်မှာ
"ရေလွှမ်းမိုးခြင်း" သည် မြေကြီးအား ရေဖြင့်ဖုံးလွှမ်းခြင်းကို
ရည်ညွှန်းသည်။

Psalms 011

ထာဝရဘုရားသည် .. မိမိလူစုအား

## Chapter 30

[1] အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် ချီးမွမ်းပါမည်။ အကျွန်ုပ်ကိုနှုတ်ဆက်တော်မူ၏။ ရန်သူ တို့သည်
အကျွန်ုပ်အကြောင်းကြောင့်၊ ဝမ်းမြောက်ရသော အခွင့်ကို ပေးတော်မမူ။ [2] အိုအကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်သည်
ကိုယ်တော်ကိုအောဟစ်၍၊ ကိုယ်တော် သည် ချမ်းသာပေးတော်မူ၏။ [3] အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဝိညာဉ်ကို
မရဏာနိုင်ငံထဲက နှုတ်ယူတော်မူပြီ။ သင်္ချိုင်း တွင်းထဲသို့ မဆင်းစေဘဲ၊ အကျွန်ုပ်ကို အသက်ချမ်းသာ ပေးတော်မူပြီ။ [4]
ထာဝရဘုရား၏ သန့်ရှင်းသူတို့၊ ထာဝရဘုရား ကို ထောမနာသီချင်းဆိုကြလော့။ သန့်ရှင်းသောနာမ တော်ကို ချီးမွမ်းကြလော့။ [5]
အမျက်တော်သည် ခဏထွက်၏။ ကျေးဇူးတော် မူကား၊ တသက်လုံးတည်၏။ ညဦးယံ၌ ငိုကြွေးခြင်းသည် လာ၍တည်းခို၏။
နံနက်ယံ၌ကား၊ သီချင်းဆိုသော အခွင့် ရှိ၏။ [6] ငါသည် လှုပ်ရှားခြင်းနှင့် အစဉ်ကင်းလွတ်လိမ့် မည်ဟု ကောင်းစားစဉ်အခါ
အကျွန်ုပ်အောက်မေ့ပါ၏။ [7] အိုထာဝရဘုရား၊ ကျေးဇူးတော်အားဖြင့်သာ အကျွန်ုပ်၏တောင်သည် ခိုင်ခံ့မြဲမြံပါ၏။ မျက်နှာလွှဲတော်
မူသောအခါ ဆင်းခြင်းသို့ ရောက်ပါ၏။ [8] အိုထာဝရဘုရား၊ အကျွန်ုပ်သည် အသက်ဆုံး၍၊ [9] သင်္ချိုင်းတွင်းထဲသို့ဆင်းလျှင်
အဘယ်အကျိုးရှိပါ အံ့နည်း။ [10] မြေမှုန့်သည် ကိုယ်တော်ကို ချီးမွမ်းပါမည် လော။ သစ္စာတော်ကို ဘော်ပြပါမည်လော။ အိုထာဝရ
ဘုရား၊ နားထောင်၍ ကယ်မသနားတော်မူပါ။ အိုထာဝရ ဘုရား၊ အကျွန်ုပ်ကိုစောင့်မတော်မူပါဟု ကိုယ်တော်ကို အကျွန်ုပ်အော်ဟစ်၍၊
ထာဝရဘုရားကို တောင်း လျှောက်ပါ၏။ [11] ထိုအခါ အကျွန်ုပ် ညည်းတွားမြည်တမ်းခြင်းကို ကခုန်ခြင်းဖြစ်စေတော်မူ၏။
အကျွန်ုပ်ဝတ်သော လျှော် တေအဝတ်ကိုချွတ်၍၊ ဝမ်းမြောက်ခြင်း ခါးပန်းနှင့်စည်း တော်မူ၏။ [12] သို့ဖြစ်၍
အကျွန်ုပ်၏ဝိညာဉ်တော်သည် တိတ်ဆိတ်စွာမနေ။ ကိုယ်တော်ကို သီချင်းဆိုပါမည်။ အိုအကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊
ကျေးဇူးတော် ကို အစဉ်အမြဲချီးမွမ်းပါမည်။ ဒါဝိဒ်သည် အိမ်တော်ကိုသန့်ရှင်းစေသောအခါ၊ အသံညို၍ ဆိုသောဆာလံ။

---

Psalms 001

-
စာရေးသူအား ထာဝရဘုရားမှ နက်သောတွင်းထဲမှ ဆွဲခေါ်ပြီး
သေခြင်းမှသူ့အား ကယ်နှုတ်ခဲ့ကြောင်းကို ပြောပါသည်။

မရဏာနိုင်ငံမှသယ်ဆောင်လာပြီး။
'မရဏာ' သေပြီးနောက် လူများအားထားသောနေရာ

-
ကျွန်ုပ်ဝိညာဉ်ဟူသည် စာရေးသူအားရည်ညွှန်းသည်။

သင်္ချိုင်းတွင်းသို့
သင်္ချိုင်းသည် သေခြင်းကို ကိုယ်စားပြုသည်။

Psalms 004

ထာဝရဘုရား၏ .. ထောပနာ

အမျက်တော်သည်..
သူ၏အမျက်သည်ခဏမျှသာဖြစ်၏

ခဏ
"ခဏ" ဟူသည် တိုတောင်းသောအချိန်ခဏကို ဆိုလိုပါသည်။

ကျေးဇူးတော်မူကား

ညဦးယံ၌
"ငိုကြွေးခြင်း" နှင့် "ပျော်ရွှင်ခြင်း" သည် ခရီးသွားသကဲ့သို့
ခဏတာရောက်ရှိလာသည်။

Psalms 006

ကောင်းစားစဉ်အခါ
စာရေးသူသည် ကောင်းစားစဉ်အခါ ထာဝရဘုရားကို
အောက်မေ့သတိရပါသည်။ ကျွန်ုပ်ကောင်းစားသောအခါ

လှုပ်ရှားခြင်းနှင့် အစဉ်ကင်းလွတ်
"တုန်လှုပ်ခြင်း" ဟူသည် ကြောက်ရွံ့စရာမရှိ

ကျေးဇူးတော်အားဖြင့်
ကျွန်ုပ်ကျေးဇူးတော်ခံစားရသောအခါ

ကျွန်ုပ်၏တောင်သည်
စာရေးသူ၏လုံခြုံမှုသည် ခိုင်ခံ့သောတောင်ကဲ့သို့ဖြစ်သည်။

မျက်နှာလွှဲသောအခါ

-
ကျွန်ုပ်ကြောက်ရွံ့ပါ၏

-

Psalms 009

-

သင်္ချိုင်းတွင်းထဲသို့ဆင်းလျှင်
စာရေးသူသည် သူသေလွန်သောအခါဘုရားသခင်အတွက်
ဘာမျှအကျိုးရှိမည်မဟုတ်ကြောင်းကို
မေးခွန်းကဲ့သို့အသုံးပြုထားပါသည်။


generated on Sun Jun 30 02:37:40 2024

မြေမှုန့်သည် ကိုယ်တော်ကို
စာရေးသူသည် ကိုယ်တော့်အားသူ၏ သေသွားသော ခန္ဓာသည် ကိုယ်တော်အား ချီးမွမ်းနိုင်မည်လောဟု မေးခွန်းကဲ့သို့ အသုံးပြုမေးပါသည်။

-
သေသောအခါခန္ဓာသည် မြေမှုန့်ဖြစ်လာသည်ကို စာရေးသူမှ ညွှန်းဆိုပါသည်။ "ကျွန်ုပ်၏ သက်မဲ့သောခန္ဓာ"

Psalms 011

ညည်းတွားမြည်တမ်းခြင်းကို
ယုဒလူများပျော်ရွှင်သောအခါကပွဲများ ပြုလုပ်သည့် ဓလေ့ထုံးတမ်းစဉ်လာ

လျှော်တေအဝတ်ကိုချွတ်

ဝမ်းမြောက်ခြင်းခါးပန်းနှင့်စည်း
စာရေးသူမှထာဝရဘုရားသည်သူ့အားဝမ်းမြောက်ခြင်းဝတ်လုံကို ဝတ်ဆင်စေပြီ

အိုအကျွန်ုပ်၏ ဘုရားသခင် ..... ချီးမွမ်းပါမည်။
ဤနေရာတွင် စာရေးသူ၏အတွင်းဖြစ်ခြင်း

---

## Translation Questions

Psalms 30:1

ဒါဝိဒ်သည် ထာဝရဘုရားအား အဘယ်ကြောင့် ချီးမြှောက်သနည်း။
သူ့ကို ချီးမြှောက်၍ ရန်သူတို့အား နိုင်ခွင့်ပေးတော်မမူသောကြောင့်ဖြစ်သည်။

ဒါဝိဒ်အော်ဟစ်၍ ခေါ်သောအခါ ထာဝရဘုရားမည်သို့ ပြုသနည်း။
ဒါဝိဒ်အား ကျန်းမာစေတော်မူသည်။

ထာဝရဘုရားသည် အဘယ်အရပ်မှ ဒါဝိဒ်၏ အသက်ကို ကယ်နှုတ်သနည်း။
မရဏာနိုင်ငံထဲမှ ကယ်နှုတ်တော်မူသည်။

Psalms 30:4

သစ္စာရှိသောသူသည် ထာဝရဘုရား၏ သန့်ရှင်းခြင်းကို အောက်မေ့၍ အဘယ်အရာပြုရမည်နည်း။
ကျေးဇူးတော်ကို ချီးမွမ်းလျက် ထောမနာ သီချင်းကို ဆိုရမည်။

ထာဝရဘုရား၏ ကျေးဇူးတော်နှင့် အမျက်တော်သည် မည်မျှကြာရှည်သနည်း။
အမျက်တော်သည် ခဏတာဖြစ်၍ ကျေးဇူးတော်မူကား တသက်လုံးတည်သည်။

ညဦးယံ၌ ငိုကြွေးပြီးနောက်မည်သည့်အရာလာသနည်း။
နံနက်ယံ၌ကား သီချင်းဆို၍ ရွှင်လန်းရသော အခွင့်လာ၏။

Psalms 30:6

ဒါဝိဒ်က မည်သည့်အရာကို စိတ်ချမှုရှိစွာပြောသနည်း။
"ငါသည် လှုပ်ရှားခြင်းနှင့် အစဉ်ကင်းလွတ်လိမ့်မည်" ဟု ပြောဆိုသည်။

ထာဝရဘုရား၏ မျက်နှာတော်လွှဲလျှင် ဒါဝိဒ်မည် သို့ ဖြစ်မည်နည်း။
ဒါဝိဒ်ဆင်းရဲခြင်းသို့ရောက်ရပါသည်။

ဒါဝိဒ်သည် ထာဝရဘုရားထံမှ အဘယ်အရာကို ရှာသနည်း။
ထာဝရဘုရား၏ မျက်နှာသာကို ရှာသည်။

Psalms 30:9

ထာဝရဘုရားကို မည်သို့ ပြုရန် ဒါဝိဒ်တောင်းလျှောက်သနည်း။
သူ့အား နားထောင်၍ ကယ်မသနားရန် နှင့် စောင့်မတော်မူရန် ဆုတောင်းသည်။

Psalms 30:11

ထာဝရဘုရားသည် ဒါဝိဒ်အဖို့ ဘယ်အရာပြုသနည်း။
ညည်းတွားမြည်တမ်းခြင်းကို "ကခုန်ခြင်းသို့ဖြစ်စေ၍ သူ၏ လျှော်တေအဝတ်ကို ချွတ်ကာ ဝမ်းမြောက်ခြင်းခါးပန်းနှင့် စည်းတော်မူသည်။

ဒါဝိဒ်၏ နှလုံးသားသည် အဘယ်သို့ ပြုလိမ့်မည်နည်း။
တိတ်ဆိတ်စွာမနေ၊ ထာဝရဘုရားကို ချီးမွမ်းလျက်ကျေးဇူးတော်ကို အစဉ်အမြဲချီးမွမ်းထောမနာပြုလိမ့်မည်။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 31

1 အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ ၏။ ရှက်ကြောက်ခြင်းနှင့် အစဉ်ကင်းလွတ် ပါစေသော။ တရားတော်နှင့်အညီ
အကျွန်ုပ်ကို ကယ်မတော်မူပါ။ 2 အကျွန်ုပ်ဘက်သို့ နားတော်ကို လှည့်၍ အလျင်အမြန်၊ ကယ်နှုတ်တော်မူပါ။ ကိုယ်တော်သည်
အကျွန်ုပ်၌ ခိုင်ခံ့သောကျောက်။ အကျွန်ုပ်လုံခြုံရာ ရဲတိုက်ဖြစ်တော်မူပါ။ 3 အကယ်စင်စစ် အကျွန်ုပ်၏ကျောက်၊ အကျွန်ုပ်၏
ရဲတိုက်ကား၊ ကိုယ်တော်ပေတည်း။ နာမတော်အဘို့ အလို့ငှါ အကျွန်ုပ်ကို လမ်းပြ၍ သွန်သင်ပဲ့ပြင် တော်မူပါ။ 4 ကိုယ်တော်သည်
အကျွန်ုပ်ခိုလှုံရာဖြစ်တော်မူ၏။ ထိုကြောင့် အကျွန်ုပ်အဘို့ ဝှက်ထားသော ကျော့ကွင်းထဲ က အကျွန်ုပ်ကို နှုတ်ယူတော်မူပါ။ 5
သစ္စာစောင့်တော်မူသော ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို ရွေးနှုတ်တော်မူ သည်ဖြစ်၍၊
အကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်လက်၌ အပ်ပါ၏။ 6 မုသာအနတ္တကို ဆည်းကပ်သောသူတို့ကို အကျွန်ုပ်သည်မုန်း၍ ထာဝရဘုရားကို
ခိုလှုံပါ၏။ 7 ကရုဏာတော်ကြောင့် ဝမ်းသာရွှင်လန်းခြင်း ရှိပါလိမ့်မည်။ ကိုယ်တော်သည် အကျွန်ုပ်ဆင်းရဲခြင်းကို ကြည့်ရှု၍၊
အကျွန်ုပ်၏ ဝိညာဉ်တွေ့သောအမှုကို သိမှတ် တော်မူ၏။ 8 အကျွန်ုပ်ကို ရန်သူလက်သို့မအပ်ဘဲ ကျယ်ဝန်း သောအရပ်၌
နေရာချတော်မူ၏။ 9 အိုထာဝရဘုရား၊ အကျွန်ုပ်၌ အမှုရောက်ပါပြီ။ ထိုကြောင့် အကျွန်ုပ်ကို သနားတော်မူပါ။ ပူပန်ခြင်း အားဖြင့်
အကျွန်ုပ်မျက်စိ၊ စိတ်နှလုံး၊ ဝမ်းတို့သည် ပျက်ကြပါပြီ။ 10 အကျွန်ုပ်သည် ပူပန်ခြင်းရှိ၍၊ အသက်ကာလ ကို လွန်စေရပါ၏။
နှစ်စဉ်အတိုင်း ညည်းတွားလျက် နေရပါ၏။ ကိုယ်အပြစ်ကြောင့် အကျွန်ုပ်အားလျော့၍၊ ရန်သူများကြောင့် အရိုးတို့သည်
ဆွေးမြေ့ကြပါ၏။ 11 အိမ်နီးချင်းတို့သည် အကျွန်ုပ်ကို အထူးသဖြင့် ကဲ့ရဲ့ကြပါ၏။ အကျွမ်းဝင်သော သူများတို့သည်လည်း
ရွံ့ကြပါ၏။ အိမ်ပြင်မှာ အကျွန်ုပ်ကို တွေ့မြင်သောသူတို့ သည် ရှောင်၍ ပြေးကြပါ၏။ 12 မအောက်မေ့သော အသေကောင်ကဲ့သို့၊
အကျွန်ုပ်ကို မေ့လျော့ကြပါ၏။ အိုးခြမ်းကဲ့သို့ အကျွန်ုပ် ဖြစ်ပါ၏။ 13 လူများ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြားရပါ၏။ ပတ်
ဝန်းကျင်အရပ်တို့၌ ကြောက်မက်ဘွယ်သောအကြောင်း ရှိပါ၏။ လူများတို့သည် အချင်းချင်းသင်းဖွဲ့လျက်၊ အကျွန်ုပ်အသက်ကို
သတ်မည်အကြောင်း ကြံစည်ကြပါ ၏။ 14 သို့သော်လည်း ထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်ကိုးစားပါ၏။ ကိုယ်တော်သည်
အကျွန်ုပ်၏ ဘုရားသခင်ဖြစ်တော်မူသည်ဟု အကျွန်ုပ် လျှောက်ဆို ပါ၏။ 15 အကျွန်ုပ်၌ဖြစ်လေသမျှသော အမှုအရာတို့ကို
ကိုယ်တော်စီရင်ပိုင်တော်မူ၏။ ရန်သူတို့နှင့် ညှဉ်းဆဲတတ် သောသူတို့ လက်မှအကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ 16 မျက်နှာတော်၏
အလင်းကိုကိုယ်တော်၏ ကျွန် အပေါ်၌ ထွန်းလင်းစေတော်မူပါ။ ကရုဏာတော်ကြောင့်၊ အကျွန်ုပ်ကိုကယ်တင်တော်မူပါ။ 17
အိုထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို ဆုတောင်းပဌနာပြုပါသည်ဖြစ်၍၊ ရှက်ကြောက်ခြင်းမရှိ ပါစေနှင့်။ လူဆိုးတို့မူကား၊
အရှက်ကွဲလျက်မရဏာနိုင်ငံ၌ တိတ်ဆိတ်စွာနေကြပါစေသော။ 18 မာနထောင်လွှားခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် တကွ၊
ဖြောင့်မတ်သောသူတဘက်၌ စော်ကားသော စကားကိုပြော၍၊ မုသာ၌ကျင်လည်သော နှုတ်တို့သည် တိတ်ဆိတ်စွာနေကြပါစေ။ 19
ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့အဘို့ သိုထားတော်မူ၍၊ လူသားတို့ရှေ့မှာ ကိုယ်တော်ကို ခိုလှုံ သော သူတို့အဘို့
ပြုပြင်တော်မူသော ဆုကျေးဇူးတော် သည် အလွန်ကြီးလှပါ၏။ 20 လူတို့ပြုတတ်သောပရိယာယ်နှင့် ကင်းလွတ်စေ ခြင်းငှါ၊
ကျိန်းဝပ်တော်မူရာ အတွင်းအရပ်၌ ထိုသူတို့ကို ဝှက်ထားသော်မူ၏။ ရန်တွေ့ခြင်း အသံကိုကွယ်ကာ လျက်၊ တဲတော်တွင်သူတို့ကို
စောင့်မတော်မူ၏။ 21 ထာဝရဘုရား၌ မင်္ဂလာဖြစ်စေသတည်း။ အကြောင်းမူကား၊ ခိုင်ခံသောမြို့၌ အံ့ဘွယ်သောမေတ္တာ
ကရုဏာတော်ကို အကျွန်ုပ်အား ထင်ရှားပြတော်မူပြီ။ 22 အကျွန်ုပ်သည် ကိုယ်တော်၏မျက်နှာကွယ်ရာ၌ ဆုံးရှုံးပါပြီဟု
အကျွန်ုပ်တုတ်လှုပ်လျက် ဆိုမိသော်လည်း၊ ကိုယ်တော်ကိုအော်ဟစ်သောအခါ အကျွန်ုပ်ပြုသော
ပဌနာစကားသံကိုကိုယ်တော်နားထောင်တော်မူသတည်း။ 23 ထာဝရဘုရား၏ သန့်ရှင်းသူအပေါင်းတို့၊ ထာဝရဘုရားကိုချစ်ကြလော့။
ထာဝရဘုရားသည် သစ္စာ ရှိသောသူတို့ကို စောင့်မတော်မူ၏။ မာနထောင်လွှား သောသူတို့ကိုကား၊ အပြစ်များစွာဆပ်ပေးတော်မူ
သတည်း။ 24 ထာဝရဘုရားကို ကိုးစားသောသူအပေါင်းတို့၊ အာယူ၍ ရဲရင့်သော စိတ်နှလုံးရှိကြလော့။

---

Psalms 001

အိုထာဝရဘုရား ကိုယ်တော်ကို အကျွန်ုပ် ခိုလှုံပါ၏
ကွယ်ကာမစမှုရရှိရန်အတွက် ထာဝရဘုရားထံသို့ သွားခြင်းကို ပြောဆိုထားသည်။

ရှက်ကြောက်ခြင်းနှင့် အစဉ်ကင်းလွတ်ပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) အခြားသောသူများအကျွန်ုပ်ကို အရှက်ခွဲခြင်းငှာ အခွင့်မပေးပါနှင့်

ကိုယ်တော်သည် ...... ရဲတိုက်ဖြစ်တော်မူပါ
ခိုင်ခံ့သောကျောက်ဟူမူကား ကွယ်ကာရာအတွက် တောင်းဆိုထားသည်။


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်လုံခြုံရာ
စာရေးသူသည် ထာဝရဘုရားအားအလွန်ကြီးမားသော ကျောက်ဆောင်ကဲ့သို့ လုံခြုံကွယ်ကာမှုရှိကြောင်း ခိုင်းနှိုင်းရေးထားသည်။

အကျွန်ုပ်လုံခြုံရာ ရဲတိုက်ဖြစ်တော်မူပါ
စာရေးသူသည် ထာဝရဘုရားအား ရန်သူများလက်မှ ကယ်နှုတ်ကာကွယ်သော ရဲတိုက်ကဲ့သို့ တင်စားထားသည်။

Psalms 003

အကျွန်ုပ်၏ကျောက်
စာရေးသူသည် ထာဝရဘုရားအားအလွန်ကြီးမားသော ကျောက်ဆောင်ကဲ့သို့ လုံခြုံကွယ်ကာမှုရှိကြောင်း ခိုင်းနှိုင်းရေးထားသည်။

အကျွန်ုပ်၏ရဲတိုက်
စာရေးသူသည် ထာဝရဘုရားအား ခိုင်ခံ့သောရဲတိုက်ကဲ့သို့ တင်စားထား၍သူ၏ ရန်သူများ၏ရန်မှ ကယ်နှုတ်ကွယ်ကာသောသူအဖြစ် ရေးသားထားသည်။

နာမတော်အဘို့အလို့ငှါ
"နာမတော်" သည် ထာဝရဘုရားကို ကိုယ်စားပြုထားသည်။

လမ်းပြ၍သွန်သင်ပဲ့ပြင်တော်မူပါ
ထာဝရဘုရားထံ ပြင်းပြသောတောင်းဆိုမှုဖြစ်သည်။ လမ်းပြ၍ ပဲ့ပြင်ခြင်းကို တူညီသော အဓိပ္ပာယ်ဖြင့် ဖော်ပြထားသည်။

အကျွန်ုပ်အဘို့ ..... နှုတ်ယူတော်မူပါ
စာရေးသူသည် ထာဝရဘုရားအား ရန်သူများထောင်ချောက်ဆင်ထားသော ကျော့ကွင်း၌မိသော ငှက်တစ်ကောင်ကို ကယ်ထုတ်၍ လွတ်ပေးလိုက်သော ကယ်တင်ရှင်ကဲ့သို့ ပြောဆိုထားသည်။

ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာဖြစ်တော်မူ၏
စာရေးသူသည်သူ့အား ထာဝရဘုရားသည် လူအများတိုက်ခိုက်ခြင်းများမှ ကွယ်ကာပေးတော်မူသည်ဟူ၍ ရေးထားသည် (အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်ကို အစဉ်အမြဲကွယ်ကာတော်မူ၏ (သို့) အကျွန်ုပ်၏ခိုင်မြဲသောကွယ်ကာရှင် ဖြစ်တော်မူ၏

Psalms 005

ကိုယ်တော်လက်၌
ဘုရားသခင်သည် ဝိညာဉ်ဖြစ်သော်လည်း လက်များရှိသကဲ့သို့ ပြောဆိုထားသည်။ ထာဝရဘုရား၏ လက်တော်နှင့် ဂရုပြုကွယ်ကာခြင်းကို ရည်ညွှန်းသည်။

အကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်လက်၌ အပ်ပါ၏
အကျွန်ုပ်၏ဝိညာဉ် ဆိုသည်မှာ စာရေးသူကိုယ်တိုင်ဖြစ်သည်။

သစ္စာစောင့်တော်မူသောဘုရားသခင်
ကိုယ်တော်သည်
အကျွန်ုပ်ယုံကြည်ကိုးစားသောဘုရားသခင်ဖြစ်တော်မူ၏

မုသာအနတ္တ ..... မုန်း၍
ရုပ်တုဘုရားဆင်းတုများသည် အချည်းနှီးများဖြစ်ကြသည်။ ထိုအရာများကို ဆည်းကပ်သောသူများကို အကျွန်ုပ်မုန်းသည်။

ကိုယ်တော်သည်အကျွန်ုပ်ဆင်းရဲခြင်း ..... သိမှတ်တော်မူ၏
ဤစာပိုဒ်နှစ်ခုလုံးသည် စာရေးသူ၏ ပြဿနာများ၊ ဆင်းရဲဒုက္ခများကို ဘုရားသခင်သိတော်မူသည်ဟူ၍ ဖော်ပြထားသည်။

အကျွန်ုပ်၏ဝိညာဉ်တွေ့သောအမှု
စာရေးသူ၏ ဝိညာဉ်ကို ရည်ညွှန်းပြောဆိုသည်

Psalms 008

နေရာချတော်မူ၏
စာရေးသူကိုယ်တိုင်ဖြစ်သည်

ကျယ်ဝန်းသောအရပ်၌
ဟေဗြဲလူမျိုးများ၏ ကျယ်ဝန်းသောဟူသော အဓိပ္ပာယ်၏ ခံယူချက်မှ လုံခြုံ၍ လွတ်လပ်သောနေရာများကို တင်စားဖွဲ့ဆိုထားသည်။

ပူပန်ခြင်းအားဖြင့်
အကျွန်ုပ်သည် ကြီးစွာသော ဆင်းရဲဒုက္ခဖြစ်ပါ၏

အကျွန်ုပ်စိတ်နှလုံး၊ မျက်စိ၊ ဝမ်းတို့သည်
လူပုဂ္ဂိုလ်တစ်ဦး၏ဖြစ်ခြင်းအလုံးစုံတို့ကို ဖော်ပြထားသည်။

Psalms 010

အကျွန်ုပ်သည် ပူပန်းခြင်းရှိ၍ အသက်ကာလကို လွန်စေရပါ၏
စာရေးသူကို ရည်ညွှန်းခြင်းဖြစ်သည်။

ညည်းတွားလျက်
အကျွန်ုပ်၏ပူပန်ခြင်း.... အကျွန်ုပ်၏ညည်းတွားခြင်း

အသက်ကာလကိုလွန်စေရပါ၏

အကျွန်ုပ်အားလျော့၍
စာရေးသူ၏ ခွန်အားကို ရည်ညွှန်းသည်

အရိုးတို့သည် ဆွေးမြေ့ကြပါ၏
စာရေးသူ၏ ကိုယ်ကာယ ကျန်းမာခြင်းကို ရည်ညွှန်းထားသည်

ကဲ့ရဲ့ကြပါ၏
အကျွန်ုပ်ကို လူများနှောင့်ယှက်ကြပါ၏


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်ကို တွေ့မြင်သောသူတို့သည် ရှောင်၍ ပြေးကြပါ၏
အကျွန်ုပ်၏ အခြေအနေဆိုးကြီးများကြောင့်
ကြောက်လန့်ရှောင်ပြေးကြသည်။

Psalms 012

မအောက်မေ့သော အသေကောင်ကဲ့သို့
စာရေးသူသည် လူများသူ့ကို မေ့ပျောက်သွားကြခြင်းမှာ
လူသေကဲ့သို့ ထင်မှတ်ကြကြောင်း ပြောဆိုထားသည်။ and

အိုးခြမ်းကဲ့သို့
စာရေးသူသည် သူ၏ဘဝသည် လုံးလုံးလျားလျား
အသုံးမဝင်တော့သော အိုးခြမ်းကဲ့သို့ ခိုင်းနှိုင်းထားသည်။)

ကဲ့ရဲ့ပြစ်တင်ခြင်း
လူများစွာကို ရည်ညွှန်းသည်

ပတ်ဝန်းကျင်အရပ်တို့၌ ကြောက်မက်ဘွယ်သော အကြောင်းရှိပါ၏
ထိတ်လန့်ဖွယ်ရာများသည် အကြောင်းများစွာဖြင့် ပေါ်လာသည်။

အကျွန်ုပ်အသက်ကို သတ်မည့်အကြောင်း
တစ်စုံတစ်ဦးကို သတ်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။

Psalms 014

အကျွန်ုပ်၌ဖြစ်လေသမျှသော အမှုအရာတို့ကို ကိုယ်တော်စီရင်ပိုင်တော်မူ၏။
ထာဝရဘုရား၏ တန်ခိုးတော်ကို ရည်ညွှန်းသည်

သူတို့လက်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ
အကျွန်ုပ်ကို ဖမ်းဆီးချုပ်နှောင်ဖို့ ကြံစည်သောသူများ လက်ထဲမှ

မျက်နှာတော်၏ အလင်းကိုကိုယ်တော်၏ ကျွန် အပေါ်၌
ထွန်းလင်းစေတော်မူပါ။
စာရေးသူသည် ထာဝရဘုရား၏ မျက်နှာသာပေးခြင်းခံရပုံကို
ထာဝရဘုရား၏ မျက်နှာမှ ရောင်ခြည်အလင်းသူ့အပေါ်သို့
ထွန်းလင်းခြင်းဖြင့် တင်စားဖော်ပြထားသည်။

Psalms 017

ရှက်ကြောက်ခြင်းမရှိပါစေနှင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်ကို အခြားသူများ၏
အရှက်ကွဲခြင်းကို မခံရပါစေနှင့်

လူဆိုးတို့မူကား အရှက်ကွဲလျက်
ဘုရားသခင်သည် မတရားသောသူများကို
အရှက်ရစေတော်မူမည်

လူဆိုးတို့
မတရားသောလူဆိုးများဖြစ်သည်

အရှက်ကွဲလျက်မရဏ နိုင်ငံ၌ တိတ်ဆိတ်စွာနေကြပါစေသော
စာရေးသူသည် မတရားသောသူများ၏
ဆဲဆိုပြောသောစကားများကို မကြားရတော့ပေဟူ၍
အလိုဆန္ဒဖြင့်ရေးသားထားသည်

မရဏနိုင်ငံ၌ တိတ်ဆိတ်စွာနေကြပါစေသော
သေခြင်းဖြစ်သည့် မရဏနိုင်ငံကို ဖော်ဆောင်သည်

မုသာ၌ကျင်လည်သောနှုတ်
လိမ်လည်သောသူများကို ရည်ညွှန်းသည်

ဖြောင့်မတ်သောသူ .... စကားကို ပြော၍
ဖြောင့်မတ်သောလူများကို ရည်ညွှန်းသည်
(အခြားသောဘာသာပြန်ဆိုချက်) တရားသောသူများကို
အလွန်ဆိုးရွားသော သူများအဖြစ် ပြောဆိုသည်

မာနထောင်လွှားခြင်း မထီမဲ့မြင်ပြုခြင်း
(အခြားသောဘာသာပြန်ဆိုချက်)
လုံးလုံးရိုသေလေးစားမှုမရှိခြင်း

Psalms 019

ဆုကျေးဇူးတော်

သိုထားတော်မူ၍
ထာဝရဘုရား၏ ကောင်းမြတ်ခြင်းအမှုများကို စပါးရိတ်သိမ်း၍
သိုထားသကဲ့သို့ ရေးသားထားသည်

ကိုယ်တော်ကို ကြောက်ရွံ့သောသူတို့အဘို့
ကိုယ်တော်ကို အလွန်အမင်းကြောက်ရွံ့ရိုသေသောသူများ

ကိုယ်တော်ကို ခိုလှုံသောသူအဘို့
ဟေရှာယ ၃၁:၁ ဘာသာပြန်ထားချက်နှင့် တူညီသည်။

ကျိန်းဝပ်တော်မူရာအတွင်း .......... စောင့်မတော်မူ၏
ဘုရားသခင်သည် သူတို့ကို ကွယ်ကာစောင့်မတော်မူ၏ဟူသော
အဓိပ္ပာယ်ဖြစ်သည်

ကျိန်းဝပ်တော်မူရာအတွင်းအရပ်၌
စာရေးသူသည် ထာဝရဘုရားထံ ခိုလှုံခြင်းသည် ခိုင်ခံ့သော
အဆောက်အအုံ၌ နေထိုင်ခြင်းကဲ့သို့ ပြောဆိုထားသည်

ကျိန်းဝပ်တော်မူရာအတွင်းအရပ်၌ ထိုသူတို့ကို ဝှက်ထားတော်မူ၏
လုံခြုံစိတ်ချရသော နေရာကို ကိုယ်စားပြုသည်

ရန်တွေ့ခြင်းအသံကို ကွယ်ကာလျက်
စာရေးသူကို လူများ၏ရန်တွေ့ဆဲဆိုခြင်းများဖြင့်
ဆန့်ကျင်နေကြောင်းကို ရည်ညွှန်းထားသည်

## Psalms 021

အကျွန်ုပ်သည် ကိုယ်တော် ..... ဆုံးရှုံးပါပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)
ကိုယ်တော်၏မျက်မှောက်တော်မှ အကျွန်ုပ်ကို ပယ်ရှားတော်မူပြီ

ကိုယ်တော်၏မျက်နှာ
ထာဝရဘုရား၏ မျက်မှောက်တော်၌ဟူ၍
ရည်ညွှန်းပြောဆိုထားသည်။

အကျွန်ုပ်ပြုသောပဋ္ဌနာ စကားသံကို ကိုယ်တော်နားထောင်တော်မူ သတည်း

## Psalms 023

သစ္စာရှိသော
သစ္စာရှိသောလူများကို ပြောဆိုသည်။

မာနထောင်လွှားသောသူတို့ကိုကား အပြစ်များစွာ ဆပ်ပေးတော်မူသတည်း
''ဆပ်ပေးတော်မူခြင်း'' သည် အပြစ်ဒဏ်စီရင်ခြင်းကို
ရည်ညွှန်းခြင်းဖြစ်သည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 32

[1] အပြစ်မှလွတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ် ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိ၏။ [2] ထားဝရဘုရား အပြစ်တင်တော်မမူခြင်းနှင့်
လွတ် ၍၊ လှည့်စားတတ်သော စိတ်သဘောနှင့် ကင်းစင်သော သူသည် မင်္ဂလာရှိ၏။ [3] ငါသည် အပြစ်ကိုမဘော်မပြဘဲ နေစဉ်အခါ၊
တနေ့လုံးညည်း တွားသောအားဖြင့်၊ ငါ့အရိုးတို့သည် ဆွေးမြေ့ခြင်းသို့ ရောက်ကြ၏။ [4] နေ့ညဉ့်မပြတ် ကိုယ်တော်၏လက်သည်
အကျွန်ုပ်အပေါ်မှာ လေး၍၊ အကျွန်ုပ်၏ ချွေးရည်သည် နွေကာလ၌ သွေ့ခြောက်ခြင်းကဲ့သို့ ဖြစ်ပါ၏။ [5] တဖန်အကျွန်ုပ်သည်
ကိုယ်အပြစ်ကိုရှေ့တော်၌ ဝန်ချပါ၏။ ပြု မိသောဒုစရိုက်ကို ဖုံး၍မထားပါ။ ငါလွန်ကျူးသောအရာကို ထာဝရဘုရားအား ဘော်ပြ
တောင်းပန်မည်ဟုပြောဆိုသောအခါ၊ ကိုယ်တော်သည် အကျွန်ုပ်ပြစ်မှားခြင်းအပြစ်ကို လွှတ်တော်မူ၏။ [6] ထိုကြောင့် ကိုယ်တော်ကို
တွေ့သင့်သော အချိန် ကာလ၌၊ သန့်ရှင်းသူအပေါင်းတို့သည် ရှေ့တော်၌ တောင်းလျှောက်ကြပါလိမ့်မည်။ အကယ်စင်စစ် လွှမ်းမိုး
တတ်သောရေကြီးသည် သူတို့ထံသို့ မချဉ်းရပါ။ [7] ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ ဖြစ်တော် မူ၏။ အကျွန်ုပ်ကို
ဘေးလွှတ်စေခြင်းငှါ ကွယ်ကာ စောင့်မတော်မူ၏။ ကယ်လွှတ်ကြောင်းကို ဆိုသောသီချင်း နှင့် အကျွန်ုပ်ကို ခြံရံစေတော်မူ၏။ [8]
သင့်ကိုငါသွန်သင်မည်။ သင်သွားရမည့်လမ်းကို ပြညွှန်မည်။ သင့်ကိုကြည့်ရှုပြုစုမည်။ ဉာဏ်ပညာမဲ့သော မြင်းလားကဲ့သို့ မဖြစ်နှင့်။ [9]
သူသည်သင့်ထံသို့ မချဉ်းကပ်သောကြောင့်၊ ပစပ်ကို ဇက်ခံ့၍၊ ဇက်ကြိုးနှင့်ဆွဲရမည်။ [10] မတရားသောသူသည် များစွာသောဒုက္ခကို
ခံရ၏။ ထာဝရဘုရား၌ ကိုးစားသောသူကိုကား၊ ကရုဏာ တော်သည် ဝန်းရံတတ်၏။ [11] ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရား၌ ဝမ်း
မြောက်ရွှင်လန်းကြလော့။ သဘောဖြောင့်သောသူတို့၊ ရွှင်လန်းစွာ သီချင်းဆိုကြလော့။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

အပြစ်မှလွတ်ခြင်း ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ ဤစကားစုများသည်
တူညီသောအဓိပ္ပာယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်)
ဘုရားသခင်သည် သူတို့၏ အပြစ်ဒုစရိုက်များကို
ဖုံးအုပ်ပေးတော်မူ၏

ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်း
အပြစ်များကို လွှတ်ပေး၍ ဖုံးအုပ်ပေးခြင်းဖြစ်သည်။

ထာဝရဘုရားအပြစ်တင်တော်မမူခြင်းနှင့် လွတ်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားသည် ထိုသူများကို
အပြစ်မရှိသောသူများဟူ၍ သတ်မှတ်သည်

လှည့်စားတတ်သော စိတ်သဘောနှင့် ကင်းစင်သောသူ
"စိတ်သဘော" သည် လူပုဂ္ဂိုလ်ကို ရည်ညွှန်းသည်

Psalms 003

ငါ့အရိုးတို့သည် ဆွေးမြေ့ခြင်းသို့ရောက်ကြ၏
စာရေးသူ၏ အရိုးများကို ရည်ညွှန်းခြင်းဖြစ်သည်။

တနေ့လုံး
စဉ်ဆက်မပြတ်ဟူ၍ အဓိပ္ပာယ်သက်ရောက်သည်

နေ့ညဉ့်မပြတ်

ကိုယ်တော်၏လက်သည် အကျွန်ုပ်အပေါ်မှာလေး၍
ထာဝရဘုရား၏ လက်တော်ကို ရည်ညွှန်းပြောဆိုသည်။

အကျွန်ုပ်၏ ချွေးရည်သည် နွေကာလ၌ သွေ့ခြောက်ခြင်းကဲ့သို့ဖြစ်ပါ၏
ဒါဝိဒ်သည်သူ၏ အစွမ်းခွန်အားကို သေးငယ်သော သစ်ရွက်များ
နွေကာလ၌ ခြောက်သွေ့သွားသကဲ့သို့နှင့် နှိုင်းယှဉ်
ဖော်ပြထားသည်

Psalms 005

ပြုမိသောဒုစရိုက်
သူတို့သည် ကြီးမားသော ပြဿနာများ ကြုံတွေ့ရသည်။

အကယ်စင်စစ် လွှမ်းမိုး တတ်သောရေကြီးသည် သူတို့ထံသို့ မချဉ်းရပါ။
ခက်ခဲသော ပြဿနာများသည် ရေကြီးရေလျှံလာသကဲ့သို့
ပြောဆိုထားသည်။

Psalms 007

ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာဖြစ်တော်မူ၏
စာရေးသူ၏ ရန်သူများကို ပြန်လည်တိုက်ခိုက်ပေးသော
ဘုရားသခင်၏လုံခြုံရာအရပ်ကို ပြောဆိုထားသည်

ကယ်လွှတ်ကြောင်းကို ဆိုသောသီချင်းနှင့် အကျွန်ုပ်ကို ခြံရံစေတော်မူ၏
ထာဝရဘုရား၏ကွယ်ကာခြင်းကို အောင်လံသီချင်းဖြင့်
တင်စားဖွဲ့ဆိုထားသည်

သင့်ကိုငါသွန်သင်မည် ... ပြည့်သွန်မည်
အခြေခံအစီပွာယ်သဘောတရားတူညီသည်

ပြည့်သွန်မည်
ထာဝရဘုရားသည် ဒါဝိဒ်မင်းကို ပြောဆိုသောစကားဖြစ်သည်။

သင်သွားရမည့်လမ်း
စာရေးသူသွားရမည့်လမ်းသည် ဘုရားသခင်ပြည့်သွန်ရာ ဖြောင့်မတ်သော လမ်းဖြစ်သည်။

သင့်ကိုကြည့်ရှုပြုစုမည်
ထာဝရဘုရား၏ ဂရုပြုခြင်းဖြစ်သည်

Psalms 009

ညဏ်ပညာမဲ့သောမြင်းလားကဲ့သို့
လူများသည် မြင်းများ၊ လားများ၏စကားကို နားမလည်သကဲ့သို့ ထာဝရဘုရား၏ စကားတော်ကို နားမလည်ကြောင်း နှိုင်းယှဉ်ရေးသားထားသည်။ ဖြစ်နိုင်ချေအစီပွာယ်

ဇက်ကြိုး
ဇက်ကြိုးသည် မြင်းနှင့် လားများကို သွားစေလိုသော နေရာသို့ ဦးဆောင်ခေါ်သွားနိုင်သည်။

ချဉ်းကပ်သောကြောင့်
လူတိုင်းအလိုရှိရာသို့ သွားသောနေရာ။ အနည်းကိန်းကို ဖော်ပြထားသည်။

ဝန်းရံတတ်၏
ထာဝရဘုရား၏ သစ္စာတော်သည် သူ့အားကာကွယ်ခြင်းနှင့် လမ်းပြပို့ဆောင်လေသည်။ (အခြားသောဘာသာပြန်ဆိုချက်) လမ်းပြပို့ဆောင်မည် (သို့) ကွယ်ကာလိမ့်မည်။

Psalms 011

ထာဝရဘုရား၌ ဝမ်းမြောက်ရွှင်လန်းကြလော့
ထာဝရဘုရားသူတို့အဖို့ပြုလုပ်သော အမှုတော်ကို ရည်ညွှန်းသည်။ ထာဝရဘုရားပြုတော်မူသော အရာများကြောင့် ဝမ်းမြောက်ရွှင်လန်းကြ

သဘောဖြောင့်သောသူတို့

ရွှင်လန်းစွာသီချင်းဆိုကြလော့
ရွှင်လန်းစွာကြွေးကြော်ခြင်း (သို့) ဝမ်းမြောက်ခြင်းကြောင့်သီချင်းဆို

သဘောဖြောင့်သောသူတို့ ရွှင်လန်းစွာသီချင်းဆိုကြလော့
စိတ်နှလုံးသည် လူပုဂ္ဂိုလ်ကို ကိုယ်စားပြုသည်


generated on Sun Jun 30 02:37:40 2024

## Chapter 33

1 ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရားကို အမှီပြု ၍ ရွှင်လန်းစွာ သီချင်းဆိုကြလော့။ ထောမနာပြုခြင်း အကျင့်သည်
သဘောဖြောင့်သောသူတို့နှင့် ထိုက်တန် လျောက်ပတ်ပေ၏။ 2 စောင်းတီး၍ထာဝရဘုရားကို ချီးမွမ်းကြလော့။ ကြိုးဆယ်ပင်ရှိသော
တူရိယာနှင့် ထောမနာသီချင်း ဆိုကြ လော့။ 3 ရွှေ့တော်၌အသစ်သောသီချင်းကို ဆိုကြလော့။ တံပိုးမှုတ်ခြင်းနှင့်တကွ သာယာစွာ
တီးကြလော့။ 4 အကြောင်းမူကား၊ ထာဝရဘုရား၏ နှုတ် ကပတ်တော်သည် ဖြောင့်မတ်ပေ၏။ စီရင်တော်မူသမျှ သော
အမှုတို့သည်လည်း သစ္စာတရား နှင့်ညီကြ၏။ 5 ဖြောင့်မတ်စွာကျင့်ခြင်းနှင့် တရားသဖြင့် စီရင် ခြင်းကို နှစ်သက်တော်မူ၏။
ပထဝီမြေကြီးသည် ထာဝရ ဘုရား၏ ကျေးဇူးတော်နှင့် ပြည့်ဝလျက်ရှိ၏။ 6 ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့်
မိုဃ်းကောင်းကင်ကိုငှင်း၊ နှုတ်တော်အသက်အားဖြင့် မိုဃ်းကောင်းကင်တန်ဆာများကိုငှင်း ဖန်ဆင်းတော်မူ၏။ 7 သမုဒ္ဒရာရေကို
စုပုံစုဝေးစေတော်မူ၏။ နက်နဲ သောသမုဒ္ဒရာကိုလည်း လှုံခြုံရာအရပ်တို့၌ သိုထားတော် မူ၏။ 8 ထာဝရဘုရားကို မြေကြီးတပြင်လုံး
ကြောက်ရွံ့ စေ။ လောကီနိုင်ငံသားအပေါင်းတို့သည် ရိုသေလေးမြတ် ကြစေ။ 9 အကြောင်းမူကား၊ ထာဝရဘုရားမြွက်ဆို၍၊
မြွက်ဆိုတော်မူသည့်အတိုင်း ဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည့်အတိုင်း တည်လျက်နေ၏။ 10 ထာဝရဘုရားသည်
တပါးအမျိုးသားတို့၏ တိုင်ပင်ခြင်းကို ပယ်တော်မူ၏။ လူတို့၏ကြံစည်ခြင်းကို လည်း ဖျက်ဆီးတော်မူ၏။ 11 ထာဝရဘုရား၏
ပြဋ္ဌာန်းတော်မူခြင်းသည် ကာလအနန္တနှင့်ဆိုင်၍၊ စိတ်နှလုံးတော်၏ အကြံအစည် တို့သည် သားစဉ်မြေးဆက်အဆုံးတိုင်
အောင်တည်ကြ လိမ့်မည်။ 12 ထာဝရဘုရားသည် အကြင်အမျိုး၏ ဘုရား ဖြစ်၍၊ အကြင်လူစုကို မိမိအမွေဥစ္စာဘို့ ရွေးကောက်
တော်မူ၏၊ ထိုအမျိုးနှင့် ထိုလူစုသည် မင်္ဂလာရှိ၏။ 13 ထာဝရဘုရားသည် ကောင်းကင်ဘုံက ကြည့်ရှု ၍၊ လူသားအပေါင်းတို့ကို
မြင်တော်မူ၏။ 14 ကျိန်းဝပ်တော်မူရာ အရပ်က ကြည့်ရှု၍၊ မြေကြီးပေါ်မှာနေသော သတ္တဝါအပေါင်းတို့ကို မှတ် တော်မူ၏။ 15 သူတို့၏
စိတ်နှလုံးရှိသမျှတို့ကို ဖန်ဆင်း၍၊ သူတို့ကျင့်သမျှသော အကျင့်တို့ကိုလည်း ဆင်ခြင်တော် မူ၏။ 16 ရှင်ဘုရင်မည်သည်ကား၊
များစွာသောအလုံး အရင်းအားဖြင့် ချမ်းသာမရ။ သူရဲသည်လည်း ခွန်အား ကြီးသောအားဖြင့် ကယ်လွတ်ခြင်းသို့မရောက်။ 17
မြင်းသော်လည်း ဘေးလွတ်ခြင်းအမှုကို မတတ် နိုင်။ ကြီးစွာသော ခွန်အားဗလဖြင့် မကယ်ယူနိုင်။ 18 ထာဝရဘုရားကို
ကြောက်ရွံ့သော သူတို့နှင့် ကရုဏာတော်ကို ခိုလှုံသောသူတို့သည်၊ 19 သေဘေးနှင့် ကင်းလွတ်မည်အကြောင်း၊ အစာ ခေါင်းပါးသည်
ကာလ၌ အသက်ရှင်မည်အကြောင်း၊ သူတို့ကိုကြည့်ရှုလျက် ရှိတော်မူ၏။ 20 ငါတို့၏ဝိညာဉ်သည် ထာဝရဘုရားကို မြော်လင့်
လျက်နေ၏။ ထိုဘုရားသည် ငါတို့ကို မစသောသူ၊ ကွယ် ကာသောသူဖြစ်တော်မူ၏။ 21 သန့်ရှင်းသောနာမတော်ကို ခိုလှုံသောကြောင့်၊
ငါတို့သည် ထာဝရဘုရား၌ ဝမ်းမြောက်ခြင်းရှိကြ၏။ 22 အိုထာဝရဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကို ကိုးစားသည်နှင့်အညီ၊
အကျွန်ုပ်တို့အပေါ်မှာ ကရုဏာတော် သက်ရောက်ပါစေသော။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းစွာ သီချင်းဆိုကြလော့
ထာဝရဘုရား ပြုတော်မူသောအရာများကို
ရည်ညွှန်းပြောဆိုသည်။ ထာဝရဘုရားပြုတော်မူသော
အရာများကြောင့် ရွှင်လန်းစွာသီချင်းဆိုကြလော့

ထောမနာပြုခြင်း ..... လျောက်ပတ်ပေ၏
ထာဝရဘုရားကို ချီးမွမ်း ထောမနာပြုခြင်းသည်
ဖြောင့်မတ်သောသူတို့နှင့် ထိုက်တန်ပေ၏

Psalms 004

ယေဘုယျအချက်အလက်
စာပိုဒ်တိုင်းသည် တူညီသောအဓိပ္ပာယ်ဖြင့် ဖွဲ့စည်းရေးထားသည်

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဖြောင့်မတ်ပေ၏
ဖြောင့်မတ်ခြင်း သည် စစ်မှန်ခြင်းဖြစ်ကြောင်း
တင်စားဖော်ပြထားသည်။

စီရင်တော်မူသမျှသောအမှုတို့သည် ..... ညီကြ၏

ပထဝီမြေကြီးသည် ထာဝရဘုရား၏ ကျေးဇူးတော်နှင့် ပြည့်ဝလျက်ရှိ၏
ဘုရားသခင်၏ သစ္စာနှင့် ပြည့်စုံခြင်းအမှုသည်
ကမ္ဘာမြေကြီးတစ်ခုလုံး လွှမ်းမိုးနေကြောင်း အဓိပ္ပာယ်ရသည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့် မိုဃ်းကောင်းကင်ကိုငှင်း
ဖန်ဆင်းတော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရားသည်
သူ၏နှုတ်ကပါတ်တော်အားဖြင့် ကောင်းကင်ကို
ဖန်ဆင်းတော်မူ၏"

နှုတ်ကပတ်တော်အားဖြင့်
ထာဝရဘုရား၏ နှုတ်တော်ထွက်ကို ရည်ညွှန်းသည်

Psalms 007

ယေဘုယျအချက်အလက်
စာကြောင်းနှစ်ကြောင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထား၍
အဓိပ္ပာယ်ဖွင့်ဆိုခြင်းတူညီသည်

သမုဒ္ဒရာရေကိုစုပုံ၊ စုဝေး စေတော်မူ၏
ရေလှောင်တမံ၌ သိုထားသောရေကဲ့သို့ စာရေးသူသည်
ဘုရားသခင်၏ ဖန်ဆင်းသောသမုဒ္ဒရာရေကို
စုပုံရေလှောင်ထားသကဲ့သို့ ရေးသားထားသည်။

သမုဒ္ဒရာကိုလည်းလှုံခြုံရာအရပ်တို့၌ သိုထားတော်မူ၏
စာရေးသူသည် ဘုရားသခင်ဖန်ဆင်းထားသောရေကို
သိုလှောင်ရုံကဲ့သို့ ရေးသားဖော်ပြထားသည်။

မြေကြီးတပြင်လုံး
ဤကမ္ဘာမြေရှိ လူများအားလုံးကို ရည်ညွှန်းသည်။

ရိုသေလေးမြတ်ကြစေ

အရပ်တို့၌ သိုထားတော်မူ၏
ဖန်ဆင်းထားတော်မူ၏ဟူသော အဓိပ္ပာယ်ဖြစ်သည်

Psalms 010

ယေဘုယျအချက်အလက်
စာကြောင်းနှစ်ခုကို ဖွဲ့စည်းပေါင်းစပ်ထား၍
အဓိပ္ပာယ်ဆင်တူသည်

ထာဝရဘုရားသည် ..... ပယ်တော်မူ၏
ထာဝရဘုရားဖျက်ဆီးတော်မူ၏ (သို့)
ထာဝရဘုရားပယ်ရှင်းတော်မူ၏

တပါးအမျိုးသားတို့၏တိုင်ပင်ခြင်း
တိုင်းနိုင်ငံရှိလူမျိုးများကို ရည်ညွှန်းပြောဆိုသည်

တိုင်ပင်ခြင်း
မဟာမိတ်နိုင်ငံသည် နိုင်ငံနှစ်ခု (သို့) နှစ်ခုထက်ပို၍ အချင်းချင်း
ညှိနှိုင်းတိုင်ပင်ကာ ဘုံရန်သူနိုင်ငံကို
စုပေါင်းတိုက်ခိုက်ရန်ဖြစ်သည်။

လူတို့၏ ကြံစည်ခြင်း
လူများ၏ ပြုမူလိုခြင်းရည်ရွယ်ချက်များ
(အခြားသောဘာသာပြန်ဆိုချက်) လူများ၏ မကောင်းသော
အကြံအစည်။

ကာလအနန္တ
အစွန်ရှည်စွာ တည်တံ့ခိုင်မြဲခြင်းဟူ၍ အဓိပ္ပာယ်ရသည်

စိတ်နှလုံးတော်၏ အကြံအစည်တို့သည် သားစဉ်မြေးဆက်အဆုံးတိုင်အောင်
တည်ကြလိမ့်မည်

စိတ်နှလုံးတော်၏အကြံအစည်
ထာဝရဘုရား၏ စိတ်နှလုံးတော်ဖြစ်သည်။

သားစဉ်မြေးဆက်အဆုံးတိုင်အောင်
အနာဂါတ်မျိုးဆက်သစ်များဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။

ထိုအမျိုးနှင့် လူစုသည် မင်္ဂလာရှိ၏
တိုင်းနိုင်ငံရှိ လူမျိုးများဖြစ်သည်

ထာဝရဘုရားသည် အကြင်အမျိုး၏ ဘုရားဖြစ်၍
ထာဝရဘုရားကို ကိုးကွယ်သော

အကြင်လူစုတို့ မိမိအမွေဥစ္စာဘို့
ထာဝရဘုရား၏ လူမျိုးများသည် သူ့ကိုဝတ်ပြုကိုးကွယ်ဖို့
ရွေးကောက်ထားသော လူမျိုးဖြစ်၍ အမွေခံရာဘို့
ဥစ္စာပစ္စည်းများကဲ့သို့ ဖော်ပြထားသည်

Psalms 013

ကောင်းကင်ဘုံကကြည့်ရှု၍
ထာဝရဘုရား၏ နေရာသည် ကောင်းကင်ဘုံဖြစ်၍
ကမ္ဘာမြေကြီးပေါ်ရှိလူများ၏ အထက်ကောင်းကင်၌
နေထိုင်သကဲ့သို့ ပြောဆိုထားသည်

သူတို့၏စိတ်နှလုံးရှိသမျှတို့ကို ဖန်ဆင်း၍
လူများ၏တွေးခေါ် ကြံစည်ခြင်းကိုဆိုလိုသည်။ စာရေးသူသည်
ထာဝရဘုရားအား အိုးထိန်းကဲ့သို့ တင်စားထား၍
ဖန်ဆင်းခံလူများသည် အိုးထိန်းအလိုဆန္ဒအတိုင်း
ပုံသဏ္ဍာန်အမျိုးမျိုး ပြုလုပ်ခြင်းခံရသော
မြေအိုးများဖြစ်ကြောင်း ပြောဆိုထားသည်။

Psalms 016

ရှင်ဘုရင်မည်သည်ကားများစွာသောအလုံးအရင်းအားဖြင့်ချမ်းသာမရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "အင်အားကြီးမားသော
စစ်တပ်ဖြစ်သော်လည်း ရှင်ဘုရင်ကို မကာကွယ်နိုင်

မြင်းသော်လည်း ဘေးလွတ်ခြင်းအမှုကို မတတ်နိုင်
"မြင်း" သည် စစ်အင်အားစုများမှ အရေးပါဆုံးသော
အပိုင်းဖြစ်သည်။

Psalms 018

ကြည့်ရှုလျက်
ဤစကားလုံးသည် ဆာလံသီချင်း၏ရည်ရွယ်ချက် ပုံစံအသစ်ဖြင့်
စတင်ရေးသားထားသည် (အခြားသောဘာသာပြန်ဆိုချက်)
ကြည့်လော့ (သို့) နားထောင်လော့ (သို့)
အကျွန်ုပ်ပြောသောအရာကို အာရုံစိုက်လော့


generated on Sun Jun 30 02:37:40 2024

သူတို့ကို ကြည့်ရှုလျက်
ထာဝရဘုရား၏ ဂရုပြုခြင်းကို ရည်ညွှန်းသည်

မြော်လင့်လျက်
စောင့်စားလျက် (သို့) မြော်လင့်လျက်

သေဘေးနှင့် ကင်းလွတ်မည်အကြောင်း
လူများ၏ ဘဝအသက်တာကို ပြောဆိုခြင်းဖြစ်သည်

Psalms 020

ထာဝရဘုရားကိုမြော်လင့်လျက်
ယုံကြည်ကိုးစားခြင်းကို ရည်ညွှန်းသည်

ထိုဘုရားသည် ငါတို့ကို မစသောသူ၊ ကွယ်ကာသောသူ ဖြစ်တော်မူ၏
ထာဝရဘုရားသည် စစ်ပွဲ၌ စစ်သည်များအတွက်
ကွယ်ကာလုံခြုံရာနေရာဖြစ်ကြောင်း ပြောဆိုထားသည်။

ငါတို့သည် ထာဝရဘုရား၌ ဝမ်းမြောက်ခြင်းရှိကြ၏
လူများ၏ စိတ်နှလုံးဝမ်းမြောက်ခြင်းကို ရည်ညွှန်း

သန့်ရှင်းသောနာမတော်
သန့်ရှင်းသောနာမတော် သည် ထာဝရဘုရား၏ သန့်ရှင်းခြင်းကို
ရည်ညွှန်းသည်

Psalms 022

အကျွန်ုပ်တို့အပေါ်မှာ .... သက်ရောက်ပါစေသော
အကျွန်ုပ်တို့ကို ကူညီစောင်မပါဟူ၍
အဓိပ္ပာယ်သက်ရောက်သည်။

အကျွန်ုပ်တို့သည် ကိုယ်တော်ကို ကိုးစားသည်နှင့်အညီ
ကိုယ်တော်၏ ကူညီမစခြင်းကို အကျွန်ုပ်တို့ မြော်လင့်ကြပါ၏


generated on Sun Jun 30 02:37:40 2024

## Chapter 34

1 ငါသည် ခပ်သိမ်းသောကာလတို့၌ ထာဝရ ဘုရားကို ကောင်းကြီးပေးမည်။ ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ် မြွက်ဆိုမည်။ 2
ငါ့ဝိညာဉ်သည် ထာဝရဘုရားကို အမှီပြု၍ ဝါကြွားခြင်းကို ပြုမည်။ နှိမ့်ချလျက်ရှိသော သူတို့သည် ကြားသိ၍၊
ဝမ်းမြောက်ကြပါစေသော။ 3 ငါနှင့်အတူ ထာဝရဘုရားကို ချီးမွမ်းကြလော့။ နာမတော်ကို တညီတညွတ်တည်း ချီးမြှောက်ကြကုန်အံ့။
4 ငါသည် ထာဝရဘုရားကိုရှာသောအခါ နား ထောင်တော်မူ၏။ ကြောက်မက်ဘွယ်သောအကြောင်း အလုံးစုံတို့အထဲက ငါ့ကို
ကယ်နှုတ်တော်မူ၏။ 5 ထာဝရဘုရားကို မျှော်ကြည့်ကြလော့။ အလင်း ကို ရကြလိမ့်မည်။ မျက်နှာရှက်ကြောက်ခြင်းနှင့် ကင်း
လွတ်ကြလိမ့်မည်။ 6 ဤဆင်းရဲသောသူ၏ အော်ဟစ်ခြင်းအသံကို ထာဝရဘုရားသည် နားထောင်၍၊ ခပ်သိမ်းသောဆင်းရဲ ထဲက
ကယ်လွှတ်တော်မူ၏။ 7 ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့ ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ ကယ်
လွှတ်တတ်ကြ၏။ 8 ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည် အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့။ ကိုယ်တော် ကို
ခိုလှုံသောသူသည် မင်္ဂလာရှိ၏။ 9 ထာဝရဘုရား၏ သန့်ရှင်းသူတို့၊ ထာဝရဘုရား ကို ကြောက်ရွံ့ကြလော့။ ကြောက်ရွံ့သောသူတို့၌
ဆင်းရဲ ခြင်းမရှိရာ။ 10 ခြင်္သေ့တို့သည် ဆင်းရဲ၍ ငတ်မွတ်ခြင်းကို ခံရ သော်လည်း၊ ထာဝရဘုရားကို ရှာသောသူတို့၌ ကောင်း
သောအရာတစုံတခုမျှ မလိုရာ။ 11 အချင်းသူငယ်တို့လာကြလော့။ ငါ့စကားကို နားထောင်ကြလော့။ ထာဝရဘုရားကို ကြောက်ရွံ့ခြင်း
တရားကို သင်တို့အား ငါသွန်သင်မည်။ 12 ကောင်းမွန်သောအရာကို တွေ့မြင်မည် အကြောင်း၊ အသက်ရှင်ခြင်းနှင့်တကွ
နေ့ရက်ကာလကို တောင့်တလိုချင်သော သူမည်သည်ကား၊ 13 ကိုယ်လျှာကို မကောင်းသောအရာနှင့် ကင်းစေ လော့။ နှုတ်ခမ်းလည်း
မုသာစကားကို မပြောစေနှင့်။ 14 ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကိုပြုလော့။ သူတပါးနှင့်အသင့်အတင့်နေခြင်းကို ရှာ၍မှီအောင်လိုက်
လော့။ 15 ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ အော်ဟစ်သံကိုလည်း နား ထောင်တော်မူ၏။ 16
ဒုစရိုက်ကိုပြုသောသူတို့ကား၊ မြေကြီးပေါ်မှာ အောက်မေ့စရာ အမှတ်မျှမရှိစေခြင်းငှါ ပယ်ရှင်းမည် အကြောင်း၊ ထာဝရဘုရားသည်
မျက်နှာထားတော်မူ၏။ 17 ဖြောင့်မတ်သောသူတို့သည် အော်ဟစ်သောအခါ၊ ထာဝရဘုရားသည် နားထောင်၍၊ သူတို့ကို ခပ်သိမ်းသော
ဆင်းရဲထဲက ကယ်လွှတ်တော်မူ၏။ 18 ထာဝရဘုရားသည် ကျိုးပဲ့သောစိတ်ရှိသော သူတို့နှင့် နှလုံးကြေကွဲသောသူတို့ကို နီးတော်မူ၏။
နောင်တရှိ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တင် တော်မူ၏။ 19 ဖြောင့်မတ်သောသူသည် များစွာသော ဒုက္ခ ဆင်းရဲကို
ခံရသော်လည်း၊ ထာဝရဘုရားသည် ခပ်သိမ်း သောဒုက္ခဆင်းရဲ ထဲက ကယ်လွှတ်တော်မူ၏။ 20 သူ၏အရိုးရှိသမျှတို့ကို
စောင့်ရှောက်တော်မူ သည်ဖြစ်၍၊ တချောင်းမျှမကျိုးမပဲ့ရ။ 21 မတရားသောသူမူကား၊ ဘေးဖြင့်အသက်ဆုံး ခြင်းသို့ ရောက်ရမည်။
ဖြောင့်မတ်သောသူကို မုန်းသော သူတို့သည် အပြစ်စီရင်ခြင်းကို ခံရကြမည်။ 22 ထာဝရဘုရားသည် မိမိကျွန်တို့၏ အသက် ဝိညာဉ်ကို
ရွေးနှုတ်တော်မူသည်ဖြစ်၍၊ ကိုယ်တော်ကို ခိုလှုံသောသူတစုံတယောက်မျှ အပြစ်စီရင်ခြင်းကို မခံရ။ ဒါဝိဒ်သည်
အဘိမလက်မင်းရှေ့မှာထူးခြားသောအခြင်းရာကိုပြုသဖြင့်၊ နှင့်ထုတ်ခြင်းကိုခံရ၍ ထွက်သွားသောအခါ စပ်ဆိုသောဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

- အဘိမေလက်
သမ္မာကျမ်းထဲရှိ အဘိမေလက် ကို ရည်ညွှန်းပြောဆိုထားသည်

ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ် မြွက်ဆိုမည်
ဒါဝိဒ်၏နှုတ်ဖြင့် ထာဝရဘုရားကို ပြောဆိုခြင်းဖြစ်ကြောင်း
ဖော်ပြထားသည်

Psalms 002

နှိမ့်ချလျက်
ဖိနှိပ်ခြင်းခံရသောလူများ

ငါနှင့်အတူ ထာဝရဘုရားကို ချီးမွမ်းကြလော့
ချီးမွမ်းကြလော့ ဟူ၍ သြဇာအမိန့်ဖြင့် ပြောဆိုသည်
(အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်နှင့်အတူ
အယောက်စီတိုင်းသည် ထာဝရဘုရားကို ချီးမွမ်းမည်။

နာမတော်ကို တညီတညွတ်တည်းချီးမြှောက်ကြကုန်အံ့
ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမြှောက်ခြင်းဖြစ်သည်

နာမတော်
ထာဝရဘုရား၏ ဖြစ်ခြင်းကို ရည်ညွှန်းသည်

 generated on Sun Jun 30 02:37:40 2024

Psalms 004

ငါသည်ထာဝရဘုရားကိုရှာသောအခါ
ဒါဝိဒ်သည် ကူညီမစမှုရရှိရန် ထာဝရဘုရားကို တောင်းဆိုသည်

ထာဝရဘုရားကို မျှော်ကြည့်ကြလော့
ကိုယ်တော့်ထံမှ ကူညီမစမှုကို ရယူရန် မျှော်ကြည့်ခြင်းဖြစ်သည်။

အလင်းကိုရကြလိမ့်မည်
သူတို့၏ရွှင်လန်းခြင်းသွင်ပြင် လက္ခဏာဟူ၍ ရည်ညွှန်းသည်

မျက်နှာရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်
ထာဝရဘုရားကို မျှော်ကြည့်သောလူများ၏မျက်နှာကို ရည်ညွှန်းထားသည်။

ဤဆင်းရဲသောသူ
ဒါဝိဒ်သည် သူကိုယ်တိုင် ဖိနှိပ်ခြင်းခံရသောသူဟူ၍ ဖော်ပြထားသည်

ထာဝရဘုရားသည်နားထောင်၍
နားထောင်၍ ဟူသည်မှာ ထာဝရဘုရားကူညီမစကြောင်း အဓိပ္ပာယ်ရသည်။

Psalms 007

ပတ်လည်၌
ထာဝရဘုရား၏ကောင်းကင်တမန်သည် သူတို့ပတ်လည်၌ ကွယ်ကာစောင့်မရန် စောင့်ကြည့်ပေးနေသကဲ့သို့ ပြောဆိုထားသည်

ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည် အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့
ထာဝရဘုရား၏ကောင်းမြတ်ခြင်းကို မြည်းစမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်းဖြင့် ပြောဆိုထားပါသည်

ကိုယ်တော်ကိုခိုလှုံသောသူ
ထာဝရဘုရားသည် ရန်သူများလက်မှ ကွယ်ကာလုံခြုံပေးသော ဘုရားဖြစ်ကြောင်းပြောဆိုထားသည်။

ကြောက်ရွံ့သောသူတို့၌ဆင်းရဲခြင်းမရှိရာ

Psalms 010

ကောင်းသောအရာတစုံတခုမျှမလိုရာ

အချင်းသူငယ်တို့
ထာဝရဘုရား၏ တရားကိုသင်ကြားခံယူသောလူများကို ရည်ညွှန်း၍ အချင်းသူငယ်တို့ဟူ၍ ပြောဆိုထားပါသည် (အခြားသောဘာသာပြန်ဆိုချက်) ငါ၏တပည့်တော်များ

Psalms 012

ကောင်းမွန်သောအရာ .... သူမည်သည်ကား
လူသားတိုင်းဖြစ်လေ့ဖြစ်ထရှိသောအရာများကို ဖော်ပြထားသည်

ကိုယ်လျှာကိုမကောင်းသောအရာ .... မပြောစေနှင့်
ဤစာပိုဒ်နှစ်ခုသည် ခြားနားသောပုံစံဖြင့် ဖော်ပြထားသော်လည်း ဆိုလိုရင်းရည်ရွယ်ချက်တူညီပါသည်

ကိုယ်လျှာကို မကောင်းသောအရာနှင့် ကင်းစေလော့
လျှာသည် လူပုဂ္ဂိုလ်ကို ကိုယ်စားပြုသည်

နှုတ်ခမ်းလည်းမုသာစကားကို မပြောစေနှင့်
လူပုဂ္ဂိုလ်တစ်ဦး၏ ပြောဆိုခြင်းကို ရည်ညွှန်းသည်

ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကိုပြုလော့
မကောင်းသောဒုစရိုက်မှ ရှောင်ကြဉ်၍ လှည့်ပြန်ခဲ့ခြင်း

အသင့်အတင့်နေခြင်းကိုရှာ၍
ငြိမ်သက်ခြင်းကိုရှာ၍ဟူသော အဓိပ္ပာယ်ဖြစ်သည်

Psalms 015

ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏
ထာဝရဘုရား၏ ဂရုပြုကြည့်ရှုစောင့်ရှောက်ခြင်းကို ရည်ညွှန်းပါသည်။ ဖြောင့်မတ်သောလူများကို ပြောဆိုသည်

အော်ဟစ်သောအခါ ထာဝရဘုရားသည် နားထောင်၍
ထာဝရဘုရားသည် စိတ်တော်ရှိသောသူများကို ပြန်လည်တုံ့ပြန်တော်မူသည်

မြေကြီးပေါ်မှာ အောက်မေ့စရာအမှတ်မျှ မရှိစေခြင်းငှါ ပယ်ရှင်းမည်အကြောင်း
ထာဝရဘုရားသည် ထိုလူများသေဆုံးသွားသောအခါ သူတို့၏ သမိုင်းရာဇဝင်များ ရှင်းရှင်းမေ့ပျောက်သွားအောင် ဓါးဖြင့်လှီးဖြတ်လိုက်သကဲ့သို့ ပယ်ရှင်းပစ်မည်ဟူ၍ ပြောဆိုထားသည်

ထာဝရဘုရားသည် နားထောင်၍
နားထောင်၍ ဟူသောစကားလုံးသည် ထာဝရဘုရားအလိုတော်ရှိ၍ ပြန်လည်တုန့်ပြန်ခြင်းဟူ၍ အဓိပ္ပာယ်ရှိသည်

Psalms 018

ထာဝရဘုရားသည် .... နီးတော်မူ၏
နီးတော်မူ၏ဟူသည်မှာ ကူညီမစရန် အဆင်သင့်ဖြစ်၏ဟူသော အဓိပ္ပာယ်ဖြစ်သည်

ကျိုးပဲ့သောစိတ်
ကြီးမားလှိုက်လှဲသော ဝမ်းနည်းခြင်းကို ကျိုးပဲ့သောနှလုံးဟူ၍ တင်စားထားသည်


generated on Sun Jun 30 02:37:40 2024

နှလုံးကြေကွဲသောသူ
အင်မတန် စိတ်ပျက်ဝမ်းနည်းခြင်းကို နှလုံးကြေကွဲ၊
ကြေမွသွားခြင်းကဲ့သို့ ပြောဆိုထားပါသည်

ဖြောင့်မတ်သောသူ
ဖြောင့်မတ်သောသူများကို ရည်ညွှန်းပြောဆိုသည်

သူ၏အရိုးရှိသမျှတို့ကို စောင့်ရှောက်တော် .... မကျိုးမပဲ့ရ
ထာဝရဘုရားကြည့်ရှုစောင့်ရှောက်သောလူသည်
လုံခြုံကွယ်ကာခြင်းခံရသည်

Psalms 021

မတရားသောသူမူကား၊ ဘေးဖြင့်အသက်ဆုံး ခြင်းသို့ ရောက်ရမည်။
မကောင်းမှုသည် လူကိုသတ်စေသော လူသတ်သမားကဲ့သို့
ဖော်ပြထားသည်

မတရားသော
မတရားသောသူများကို ရည်ညွှန်းပြောဆိုသည်။

ဖြောင့်မတ် .... ခံရကြမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။

ဖြောင့်မတ်သောသူ
ဖြောင့်မတ်သောသူများကို ရည်ညွှန်းပြောဆိုသည်။

ကိုယ်တော်ကို ခိုလှုံသော .... မခံရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)
ထာဝရဘုရားထံခိုလှုံဖို့ဝင်ရောက်သောသူများကို
သူတို့အပြစ်ရှိသမျှကို လွှတ်ငြိမ်းပေးတော်မူမည်။

ကိုယ်တော်ကို ခိုလှုံသောသူ
ထာဝရဘုရားထံခိုလှုံရန် ဝင်ရောက်လာသောသူ

## Chapter 35

1 အိုထာဝရဘုရား၊ အကျွန်ုပ်၌ဆန့်ကျင်ဘက်ပြု သောသူတို့ကို ဆန့်ကျင်ဘက်ပြုတော်မူပါ။ အကျွန်ုပ်ကို စစ်တိုက်သောသူတို့ကို
တိုက်တော်မူပါ။ 2 ဒိုင်းလွှားကိုကိုင်၍ အကျွန်ုပ်ကို ကူညီခြင်းငှါ ထတော်မူပါ။ 3 အကျွန်ုပ်ကို လိုက်သောသူတို့ရှေ့၌ လှံတော်ကို ရွယ်၍
ဆီးတားတော်မူပါ။ ငါသည် သင်၌ချမ်းသာပေး သော သူပေတည်းဟု အကျွန်ုပ်၏ ဝိညာဉ်အား မိန့်တော် မူပါ။ 4 အကျွန်ုပ်အသက်ကို
ရှာသောသူတို့သည် အရှက်ကွဲ၍ မျက်နှာပျက်ကြပါစေသော။ အကျွန်ုပ်ကို အန္တရာယ်ပြုမည်ဟု ကြံစည်သောသူတို့သည် လှန်ခြင်းကို
ခံရ၍ ရှက်ကြောက်ခြင်းသို့ ရောက်ကြပါစေသော။ 5 ထိုသူတို့သည် လေတိုက်သောဖွဲကဲ့သို့ ဖြစ်ကြပါ စေသော။ ထာဝရဘုရား၏
တမန်သည်လည်း သူတို့ကို လှဲပါစေသော။ 6 သူတို့သွားသောလမ်းသည် မိုက်သောလမ်း၊ ချောသောလမ်းဖြစ်ပါစေသော။ထာဝရ
ဘုရား၏ တမန်သည်လည်း သူတို့ကို လိုက်ပါစေသော။ 7 အကြောင်းမရှိဘဲ အကျွန်ုပ်အဘို့ ကျော့ကွင်းကို ဝှက်ထားကြပါပြီ။
အကြောင်းမရှိဘဲ အကျွန်ုပ်အသက်ကို သတ်စရာဘို့တွင်းကို တူးကြပါပြီ။ 8 ထိုသို့သောသူသည် အမှတ်တမဲ့ပျက်စီးခြင်းသို့
ရောက်ပါစေသော။ မိမိဝှက်ထားသောကျော့ကွင်းသည် မိမိကိုကျော့မိပါစေသော။ မိမိတွင်းထဲသို့ မိမိကျပါ စေသော။ 9 သို့ဖြစ်လျှင်၊
ငါ၏ဝိညာဉ်သည် ထာဝရဘုရားကို အမှီပြု၍ ဝမ်းမြောက်ခြင်းရှိလိမ့်မည်။ ကယ်တင်တော်မူ ခြင်းအကြောင်းကိုလည်း အမှီပြု၍
စိတ်ရွှင်လန်းမြူးထူး ခြင်းရှိလိမ့်မည်။ 10 အကျွန်ုပ်အရိုးရှိသမျှတို့ကလည်း၊ အိုထာဝရဘုရား၊ အစိုးတရပြုသောသူ၏
လက်မှဆင်းရဲသားကို နှုတ်တော်မူ၍၊ လုယူဖျက်ဆီးတတ်သော သူ၏လက်၌ ဆင်းရဲငတ်မွတ်လျက် ခံနေရသောသူကို ချမ်းသာပေး
တော်မူတတ်သော ကိုယ်တော်နှင့် အဘယ်သူတူပါ သနည်းဟု လျှောက်ဆိုကြမည်။ 11 မမှန်သောသက်သေတို့သည်ပေါ်လာ၍၊
ငါမသိသောမှုပြစ်တို့ကို ငါ့အပေါ်မှာတင်ကြ၏။ 12 ငါပြုသောကျေးဇူးအတွက် သူတို့သည် ငါ့ အသက်ကိုလုယူခြင်းတည်းဟူသော
မကောင်းသောအရာ ကို ဆပ်ပေးကြ၏။ 13 ငါမူကား၊ သူတို့၌ အနာရောဂါစွဲသောအခါ၊ လျှော်တေအဝတ်ကိုဝတ်ဆင်လျက်
အစာကိုရှောင်၍ ခြိုးခြံစွာ ကျင့်လေ၏။ ကိုယ်ရင်ခွင်ကို မျက်နှာပြုလျက် ဆုတောင်း လေ၏။ 14 သူတို့ကို ငါ၏မိတ်ဆွေ၊
ငါ၏ညီအစ်ကိုကဲ့သို့ သဘောထား၍ ငါပြု၏။ ကိုယ်အမိကိုအောက်မေ့၍၊ စိတ်မသာညည်းတွားသောသူကဲ့သို့ ကြမ်းတမ်းသော
အဝတ်ကိုဝတ်လျက် တမှိုင်မှိုင်နေလေ၏။ 15 ငါလဲသောအခါမူကား၊ သူတို့သည် ဝမ်းမြောက် ၍ စည်းဝေးကြ၏။
ရိုက်ပုတ်သောသူတို့သည် ငါ့တဘက် ၌စည်းဝေးကြ၏။ သူတို့ကိုလည်း ငါမသိရ။ မရပ်မနားဘဲ ငါ့ကို ဆွဲဖြတ်ကြ၏။ 16
ပွဲ၌ကစားတတ်သော လူဆိုးတို့နှင့်အတူ ငါ့ကို အံသွားခဲကြိတ်ကြ၏။ 17 အိုထာဝရဘုရား၊ အဘယ်မျှကာလပတ်လုံး ကြည့်ရှု၍
နေတော်မူမည်နည်း။ အကျွန်ုပ်အသက်ကို သူတို့ပြုသော ဘေးဥပဒ်မှရင်း၊ အကျွန်ုပ်အချစ်ဆုံးကို ခြင်္သေ့တို့မှရင်း
ကယ်လွှတ်တော်မူပါ။ 18 ကျေးဇူးတော်ကြီးလှပါ၏ဟု မဟာပရိသတ် အလယ်မှာ အကျွန်ုပ်ဝန်ခံပါမည်။ များစွာသောလူစုတွင်
ကိုယ်တော်ကိုချီးမွမ်းပါမည်။ 19 မဟုတ်မမှန်ဘဲ အကျွန်ုပ်ကို ရန်ဘက်ပြုသော သူတို့သည် အောင်ပွဲကို မခံကြပါစေနှင့်။ အကြောင်း
မရှိဘဲ အကျွန်ုပ်ကို မုန်းသော သူတို့လည်း မျက်စိစွေပြ ခြင်းကို မပြုကြပါစေနှင့်။ 20 အကြောင်းမူကား၊ သူတို့သည် အမှုငြိမ်းစေ သော
စကားကို မပြောကြပါ။ ငြိမ်ဝပ်စွာနေသော ပြည် သားတို့တဘက်၌ လျှို့ဝှက်သောအမှုများကို ကြံစည်ကြ ပါ၏။ 21
အကျွန်ုပ်ကိုပစပ်ဟ၍ အေ့ဟေ၊ အေ့ဟေ၊ ငါတို့သည် ကိုယ်မျက်စိနှင့်မြင်ရပြီဟု ဆိုကြပါ၏။ 22 အိုထာဝရဘုရား၊ ကိုယ်တော်သည်
သိမြင်တော် မူ၏။ အိုဘုရားရှင်၊ တိတ်ဆိတ်စွာ နေတော်မမူပါနှင့်။ အကျွန်ုပ်နှင့်ဝေးဝေးနေတော်မမူပါနှင့်။ 23 အကျွန်ုပ်၏ဘုရားသခင်၊
အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၌ရောက်သောအမှုကို စီရင်တော်မူမည် အကြောင်း ကိုယ်ကို နိုးဆော်၍ ထတော်မူပါ။ 24
အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ် တော်သည် ဖြောင့်မတ်တော်မူခြင်းနှင့်အညီ၊ အကျွန်ုပ် အမှုကို ဆုံးဖြတ်တော်မူပါ။
သူတို့သည် အကျွန်ုပ်ကို နိုင်၍ ဝမ်းမမြောက်ကြပါစေနှင့်။ 25 အဲ၊ ငါတို့အလိုပြည့်စုံပြီဟု မအောက်မေ့ကြပါစေ နှင့်။ ငါတို့သည် သူ့ကို
မျိုပြီဟု၊ မပြောကြပါစေနှင့်။ 26 အကျွန်ုပ်၌ဘေးရောက်သည်အကြောင်းကို ဝမ်း မြောက်သောသူအပေါင်းတို့သည် အရှက်ကွဲ၍
မျက်နှာ ပျက်ကြပါစေသော။ အကျွန်ုပ်တဘက်၌ ကိုယ်ကို ချီးမြှောက်တတ်သော သူတို့အပေါ်မှာ အသရေပျက်ခြင်းနှင့်
ရှက်ကြောက်ခြင်း သက်ရောက်ပါစေသော။ 27 အကျွန်ုပ်၏ ဟုတ်မှန်ခြင်းဘက်၌ နေသောသူတို့ သည် ရွှင်လန်းစွာ သီချင်းဆို၍
ဝမ်းမြောက်ကြပါစေ သော။ မိမိကျွန်၌ ချမ်းသာတိုးပွားခြင်းအကြောင်းကို နှစ်သက်တော်မူသော ထာဝရဘုရားသည် ဘုန်းကြီးတော်
မူစေသတည်းဟု၊ သူတို့သည် အစဉ်မပြတ် မြွက်ဆိုကြပါ စေသော။ 28 အကျွန်ုပ်သည်လည်း၊ ကိုယ်တော်၏ ဖြောင့်မတ် တော်မူခြင်း
အကြောင်းအရာကို မြွက်ဆို၍အစဉ်မပြတ် ကိုယ်တော်ကို ချီးမွမ်းပါမည်။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

 generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်ကိုစစ်တိုက်သော .... ကူညီခြင်းငှါထတော်မူပါ
ဤစာပိုဒ်သည် စစ်တိုက်ရန် ဘုရားသခင်သည်
မိမိကိုယ်တိုင်ပြင်ဆင်တော်မူသကဲ့သို့ ဖော်ပြထားပါသည်

ဒိုင်းလွှားကိုကိုင်၍
ခုခံကွယ်ကာသောလက်နက်များဖြစ်ပါသည်။

လှံတော်ကိုရွယ်၍
ခုခံကွယ်ကာသောလက်နက်များဖြစ်ပါသည်။

အကျွန်ုပ်ကိုလိုက်သောသူ
ဖြစ်နိုင်ချေအဓိပ္ပာယ် (၂)မျိုးရှိသည် (၁) ရန်သူများသည်
စာရေးသူကိုလိုက်ခဲ့ကြသည် (၂) စာရေးသူသည်
သူ၏ရန်သူများဖြစ်ကြောင်းကို တင်စားဖော်ပြထားပါသည်။

အကျွန်ုပ်၏ဝိညာဉ်အားမိန့်တော်မူပါ
စာရေးသူကို ရည်ညွှန်းသည်

ငါသည်သင်၌ချမ်းသာပေးသောသူပေတည်း

Psalms 004

အကျွန်ုပ်အသက် ..... မျက်နှာပျက်ကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်အသက်ကို
ရန်ရှာသောသူများကို ထာဝရဘုရားသည် အရှက်ခွဲခြင်းနှင့်
အသရေရှုံချစေတော်မူပါ။

စေသော
အကျွန်ုပ်၏အလိုဆန္ဒ

အကျွန်ုပ်အသက်ကို ရှာသောသူတို့
စာရေးသူကိုသတ်ရန် ရှာဖွေသောသူများဟူ၍ အဓိပ္ပာယ်ရှိသည်။

အကျွန်ုပ်ကို အန္တရာယ်ပြုမည်ဟု .... ရောက်ကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်ကို
အန္တရာယ်ပေးရန်ကြံစည်နေသော သူများသည်
သူတို့အကြံအစည်ပျက်ပြားကြပါစေ။

လှန်ခြင်းကိုခံရ၍
သူတို့၏ အကြံအစည်ရည်ရွယ်ချက်များကို မပြီးမြောက်စေရန်
ပြောဆိုထားသည်

လှန်ခြင်းကိုခံရ၍
စိတ်ရှုပ်ထွေးစေသည် (သို့) ဇဝေဇဝါဖြစ်စေသည်။

လေတိုက်သောဖွဲ့ကဲ့သို့
စာရေးသူ၏ရန်သူများသည် လေတိုက်လျှင် လွယ်ကူစွာ
လွင့်သွားသောဖွဲ့ကဲ့သို့ တင်စားထားသည်

သူတို့သွားသောလမ်း
သူတို့၏ဘဝအသက်တာများ

မိုက်သောလမ်း၊ ချောသောလမ်း
မမြင်ရသောလမ်းခရီးသည် အန္တရာယ်ရှိကြောင်း
ရည်ညွှန်းထားပါသည်

သူတို့ကိုလိုက်ပါစေသော
စာရေးသူ၏ ရန်သူများကို
ဘုရား၏ကောင်းကင်တမန်များလိုက်၍
တိုက်ခိုက်ကြောင်းရည်ညွှန်းထားသည်

Psalms 007

အကျွန်ုပ်အဘို့ကျော့ကွင်းကို ဝှက်ထားကြပါပြီ
စာရေးသူ၏ ရန်သူများသည် သူ့ကို အန္တရာယ်ပြုရန်
လျှို့ဝှက်ကြံစည်ကြသည်

အကျွန်ုပ်အသက်ကို သတ်စရာဘို့တွင်းကို တူးကြပါပြီ
မတရားသောသူများသည် အကျွန်ုပ်ကို ဖမ်းဆီးဘို့တွင်းကို
တူးကြပြီ

အကျွန်ုပ်အသက်
စာရေးသူကို ရည်ညွှန်းသည်

ထိုသို့သောသူသည် အမှတ်တမဲ့ပျက်စီးခြင်းသို့ ရောက်ပါစေသော
မမျှော်လင့်ဘဲ တိုက်ခိုက်ခံရသော တိရိစ္ဆာန်ကဲ့သို့
တင်စားဖော်ပြထားသည်

မိမိဝှက်ထားသောကျော့ကွင်း
စာရေးသူကို ရန်သူများသည် ကျော့ကွင်းဖြင့်
ထောင်ချောက်ဆင်ဖမ်းကြသည်

မိမိတွင်းထဲသို့မိမိကျပါစေသော

ပျက်စီးခြင်းသို့ရောက်ပါစေသော

Psalms 009

ကယ်တင်တော်မူခြင်း

အကျွန်ုပ်အရိုးရှိသမျှ
အရိုးဟု ဆိုရာတွင် လူပုဂ္ဂိုလ်တစ်ဦး၏ အတွင်းပိုင်းဖြစ်ခြင်း
တစ်ခုလုံးကို ရည်ညွှန်းသည်

အိုထာဝရဘုရား၊ အစိုးတရပြုသောသူ၏ လက်မှဆင်းရဲသားကို နှုတ်တော်မူ၍
.....ကိုယ်တော်နှင့် အဘယ်သူတူပါ သနည်း။
ထာဝရဘုရားနှင့် အဘယ်သူမျှမတူကြောင်းကို မေးဖြေပုံစံဖြင့်
ရေးသားထားသည်

ဆင်းရဲငတ်မွတ်လျက်ခံနေသောသူ
ဆင်းရဲ၍ လိုအပ်နေသော သူဆင်းရဲများသည်
ထာဝရဘုရား၏အကူအညီနှင့် ကယ်နှုတ်မစခြင်းကို

လိုအပ်သောသူများဖြစ်သည်ဟူ၍ ရည်ရွယ်၍
ဖော်ပြထားပါသည်။

Psalms 011

ပေါ်လာ၍

တရားခံသက်သေ အထောက်အထားများပေါ်လာခြင်းဟူ၍
အဓိပ္ပာယ်ရသည်

ငါမသိသောမှု ပြစ်တို့ကို ငါ့အပေါ်မှာတင်ကြ၏

သူတို့ကို ကောင်းသောအရာများပြုလုပ်ခဲ့သော်လည်း ငါ့အပေါ်၌
မကောင်းသော ဒုစရိုက်များကို သူတို့ပြုကြ၏

မကောင်းသောအရာ ..... ကျေးဇူး

မကောင်းသောအရာကို ဆပ်ပေးကြ၏

အလွန်အမင်းဝမ်းနည်းကြေကွဲ၍

Psalms 013

သူတို့၌အနာရောဂါစွဲသောအခါ

မဟုတ်မမှန်သက်သေခံသောသူများကို ရည်ညွှန်းသည် (၃၅:၁၁)

လျှော်တေအဝတ်ကို ဝတ်ဆင်လျက်

ကျွန်ုပ်ဝမ်းနည်းပူဆွေးကြောင်းပြသသည် (UDB)

ကိုယ်ရင်ခွင်ကို မျက်နှာပြုလျက်

ဆုတောင်းခြင်းဖြစ်ကြောင်းပုံဖော်ပြထားသည်
"ဦးခေါင်းညွတ်ကိုင်း၍ ဆုတောင်းလေ၏"

ငါ၏ညီအစ်ကိုကဲ့သို့သဘောထား၍

စာရေးသူ၏ဝမ်းနည်းပူဆွေးခြင်းသည် ညီအကို သေဆုံးသကဲ့သို့
ပူဆွေးရကြောင်းရေးထားသည်

ကိုယ်အမိကိုအောက်မေ့၍ စိတ်မသာညည်းတွားသောသူကဲ့သို့

စာရေးသူသည် သူ၏မိခင်သေဆုံးသွား၍
ငိုကြွေးဝမ်းနည်းသကဲ့သို့ တင်စားထားသည်

ကိုယ်ရင်ခွင်ကို မျက်နှာပြုလျက်

နာကျင်ခံစား၍ ဝမ်းနည်းကြောင်း လက္ခဏာဖြစ်သည်။

Psalms 015

စည်းဝေးကြ၏

အတူတကွစည်းဝေးကြ၏ (သို့) အတူတကွတက်ရောက်ကြ၏။

ငါ့တဘက်၌

ထိုသူများသည် စာရေးသူကို တိုက်ခိုက်ဆန့်ကျင်ခြင်းငှါ
အတူတကွတက်ရောက်ကြ၏။

ငါ့ကိုဆွဲဖြတ်ကြ၏

စာရေးသူသည် ရန်သူများသူ့ကို တိုက်ခိုက်ခြင်းကို
အကျီဆွဲဖြဲသကဲ့သို့ တင်စားထားသည်

ပွဲ၌ကစားတတ်သောလူဆိုးတို့နှင့်

အချည်းနှီးသောလူများသည် ကျွန်ုပ်ကို ကဲ့ရဲ့ကြ၏ (သို့)
ကျွန်ုပ်ကို မထီမဲ့မြင် လှောင်ပြောင်ကြ၏

ငါ့ကိုအံသွားခဲကြိတ်ကြ၏

မုန်းတီးနာကြည်းခြင်းကို ပုံဆောင်သည်။ အံသွားကြိတ်လျက်
ကျွန်ုပ်ကို မုန်းတီးရန်လိုနေကြပါသည်။

Psalms 017

အဘယ်မျှကာလပတ်လုံးကြည့်ရှု၍ နေတော်မူမည်နည်း

ဘုရားသခင်၏ ကူညီမစခြင်းကို ရယူလိုခြင်းနှင့်
စောင့်ကြည့်နေခြင်းကို အဆုံးသတ်ရန် တောင်းပန်ထားသည်

အကျွန်ုပ်အသက်ကို

စာရေးသူ၏အသက်ကို ရည်ညွှန်းသည်

ခြင်္သေ့တို့မှရင်းကယ်လွှတ်တော်မူပါ

ကျွန်ုပ်အသက်

သူ၏ဘဝကို ရည်ညွှန်းသည်။

ခြင်္သေ့တို့မှ

စာရေးသူသည် ရန်သူများကို ခြင်္သေ့နှင့် ခိုင်းနှိုင်းထားသည်

Psalms 019

မဟုတ်မမှန်ဘဲ အကျွန်ုပ်ကို ရန်ဘက်ပြုသော

အကျွန်ုပ်ကို မုသာဖြင့်ပြောသောရန်သူများကို ခွင့်မပြုပါစေနှင့်။

အကြောင်းမရှိဘဲ အကျွန်ုပ်ကို မုန်းသောသူတို့

သူတို့၏ မကောင်းကြံစည်သောအရာများ။

သူတို့သည် အမှုငြိမ်းစေသောစကားကို မပြောကြပါ

အမှုငြိမ်းစေသော စကားကို မပြောကြပါ

မုသာကို သုံးသောနည်းလမ်းကို လိုက်လျှောက်ကြ၏။

ငြိမ်ဝပ်စွာနေသောပြည်သားတို့

ပြည်၌ငြိမ်ဝပ်စွာနေသောလူများ။

ငြိမ်ဝပ်စွာနေသော

Psalms 021

အကျွန်ုပ်ကိုပစပ်ဟ၍ ........ ကိုယ်မျက်စိနှင့်မြင်ရပြီဟု ဆိုကြပါ၏

ပစပ်ဟ၍ ဆိုသည်မှာ စာရေးသူကို ပြစ်တင်စွပ်စွဲခြင်းဖြစ်သည်
(အခြားသောဘာသာပြန်ဆိုချက်) သူတို့သည် ကျွန်ုပ်ကို
အော်ဟစ်ပြစ်တင်စွပ်စွဲကြသည်။ (ရှု

အေ့ဟေ၊ အေ့ဟေ
အမေဋ္ဌိတ်အော်သံဖြစ်သည်။ အကြောင်းအရာတစ်ခုကို အမှတ်မထင်ရုတ်တရက်မြင်ရခြင်းကြောင့် အံ့သြပြီး ရေရွတ်သံထွက်ပေါ်လာခြင်းကို ဖော်ပြထားသည်။

ကိုယ်မျက်စိနှင့် မြင်ရပြီဟု ဆိုကြပါ၏
ရန်သူများ၏ မျက်လုံးကို ရည်ညွှန်းသည် စာရေးသူကိုမှားယွင်းသောအရာပြုလုပ်၍ မြင်ရကြောင်း ပြောဆိုထားသည်

ကိုယ်တော်သည် သိမြင်တော်မူ၏
ရန်သူများမတရားပြစ်တင်စွပ်စွဲခြင်းကို ရည်ညွှန်းသည်

တိတ်ဆိတ်စွာနေတော်မမူပါနှင့်
သူတို့ပြုလုပ်သည့်အရာကို မသိကျိုးကျွန်မပြုပါနှင့်

ကျွန်ုပ်နှင့် ဝေးဝေးနေတော်မမူပါနှင့်

ကိုယ်ကို နှိုးဆော်၍ ထတော်မူပါ
ဘုရားသခင်သည် အိပ်ပျော်နေ၏ဟူ၍ ပြောဆိုနေသော အဓိပ္ပာယ်မဟုတ်ပါ စာရေးသူသည် ဘုရားသခင်ကို ကြားဝင်စေလိုသော ရည်ရွယ်ချက်ဖြင့် အရေးတကြီး တောင်းလျှောက်ထားခြင်းဖြစ်သည်။

စီရင်တော်မူမည်အကြောင်း ..... ထတော်မူပါ

အကျွန်ုပ်၌ရောက်သောအမှု
စာရေးသူကို ရည်ညွှန်းသည်။

Psalms 024

သူတို့သည် အကျွန်ုပ်ကို နိုင်၍ ဝမ်းမမြောက်ကြပါစေနှင့်
သူတို့ကို ဝမ်းမမြောက်ကြပါစေနှင့် အကျွန်ုပ်သည် ဝမ်းနည်းပူဆွေးနေပါ၏။

ငါတို့အလိုပြည့်စုံပြီဟု မအောက်မေ့ကြပါစေနှင့်

အဲ
အံ့သြခြင်းကြောင့်ထွက်ပေါ်လာသောအသံဖြစ်ပါသည်

ငါတို့အလိုပြည့်စုံပြီ
ရန်သူများသည် စာရေးသူမှာအပြစ်ရှိကြောင်းကို ဖော်ပြစေချင်သည်

ငါတို့သည်သူ့ကိုမျိုပြီ
ရန်သူများသည် ရိုင်းစိုင်းသောတိရိစ္ဆာန်များကဲ့သို့ စာရေးသူကို ဝါးမျိုပြီဟူ၍ ပြောဆိုထားပါသည်

အရှက်ကွဲ၍
အရှက်ရခြင်း (သို့) သိက္ခာမဲ့ခြင်း

အကျွန်ုပ်၌ဘေးရောက် .... မျက်နှာပျက်ကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်ကို မခံချင်အောင် ပြောသောသူများသည် မျက်နှာပျက်၍ အရှက်ရကြပါစေသော။

အသရေပျက်ခြင်း
သူတပါးစိတ်ဆိုးအောင် ထိကပါးရိကပါးပြောသည်

အသရေပျက်ခြင်းနှင့် ရှက်ကြောက်ခြင်းသက်ရောက်ပါစေသော
ရှက်ကြောက်ခြင်းဝတ်ရုံကို ဝတ်ဆင်ခြင်းဟူ၍ တင်စားထားသည်

Psalms 027

အကျွန်ုပ်၏ဟုတ်မှန်ခြင်းဘက်၌ နေသောသူ
ထာဝရဘုရားသည် ဆာလံဆရာ၏ အပြစ်မရှိသောအမှုကို သက်သေထူပေးသော ဘုရားဖြစ်သည်။

အစဉ်မပြတ်မြွတ်ဆိုကြပါစေသော
အစဉ်အမြဲ ပြောဆိုကြပါစေသော

ကိုယ်တော်ကိုချီးမွမ်းပါမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားကို ချီးမွမ်းကြစို့။

နှစ်သက်တော်မူသော
ဝမ်းသာအားရတော်မူသော (သို့) ဝမ်းမြောက်တော်မူသော။

ချမ်းသာတိုးပွားခြင်း
သုခချမ်းသာ၊ ဝမ်းမြောက်ရွှင်လန်း

ကိုယ်တော်၏ ဖြောင့်မတ်တော်မူခြင်း

## Chapter 36

[1] ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်း သည် မတရားသောသူ၏ မျက်စိ၌မထင်ဟု၊ ထိုသူပြု တတ်သော ဒုစရိုက်ကို
ငါထောက်၍ သဘောကျ၏။ [2] သူ၏အပြစ်ကို တွေ့တော်မမူ၊ ရွံရှာတော်မမူဟု ကိုယ်မျက်စိရှေ့၌ ကိုယ်ကောင်းသော အယောင်ကို
ဆောင်တတ်၏။ [3] သူပြောသောစကားသည် အဓမ္မစကား၊ လှည့် စားသောစကားဖြစ်၏။ ကောင်းသောအကျင့်ကို ကျင့်စေ
တတ်သောပညာကို စွန့်လေပြီ။ [4] အိပ်ရာပေါ်မှာ မကောင်းသောအမှုကို ကြံစည် တတ်၏။ မကောင်းသော လမ်းသို့အမြဲလိုက်၍၊
ဆိုးယုတ် သောအကျင့်ကို ရွံရှာခြင်းမရှိ။ [5] အိုထာဝရဘုရား၊ ကရုဏာတော်သည် ကောင်း ကင်သို့ရှင်၊ သစ္စာတော်သည်
မိုဃ်းတိမ်သို့ရှင်း မှီပါ၏။ [6] ဖြောင့်မတ်တော်မူခြင်းတရားသည် ကြီးမားစွာ သောတောင်ရိုးနှင့် တူပါ၏။ တရားစီရင်တော်မူချက်
တို့သည် အလွန်နက်နဲရာ ဖြစ်ကြပါ၏။ အိုထာဝရာဘုရား၊ ကိုယ်တော်သည် လူမျိုးနှင့် တိရစ္ဆာန်မျိုးကို စောင့်မတော် မူ၏။ [7]
အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန် မြတ်နိုးဘွယ်ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော်အရိပ်ကို
ခိုလှုံလျက်နေရကြပါ၏။ [8] အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက် နေ၍၊ ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်း ငှါ
အခွင့်ပေးတော်မူ၏။ [9] အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက် စမ်းရေတွင်းရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့ သည်
အလင်းကို ရကြပါ၏။ [10] ကိုယ်တော်ကို သိသောသူတို့အား၊ ကရုဏာ တော်ကိုရှင်၊ သဘောဖြောင့်သောသူတို့အား ဖြောင့်မတ်
တော်မူခြင်း တရားကိုရှင်း တည်မြဲတည်စေတော်မူပါ။ [11] မာန၏ခြေသည် အကျွန်ုပ်ကို မနင်းပါစေနှင့်။ မတရားသောသူတို့သည်
အကျွန်ုပ်ကို နေရာမရွေ့ကြပါ စေနှင့်။ [12] ဒုစရိုက်ကို ပြုသောသူတို့သည် ထိုအရပ်၌ပင် လဲလျက်နေရကြပါ၏။ လှဲခြင်းကို
ခံရသောကြောင့်၊ တဖန်ထခြင်းငှါ မတတ်နိုင်ကြပါ။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

အပြစ်သည် နတ်ကောင်းကဲ့သို့ အယောင်ဆောင်ကာပြောဆိုတတ်သည်။
ပြစ်သည် မှားယွင်းသော ပရောဖက်၊ အကြားအမြင်ရသော
သူကဲ့သို့ ဖော်ပြထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)
"အပြစ်သည်မှားယွင်းစွာ ဟောပြောတတ်သော မိစ္ဆာပရောဖက်
ကဲ့သို့ဖြစ်သည်။"

မတရားသောသူ၏ ပြုတတ်သောဒုစရိုက်
စိတ်နှလုံးသည် လူပုဂ္ဂိုလ်၏ အတွင်းဖြစ်ခြင်းကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"မတရားသောသူ၏အတွင်းဖြစ်ခြင်း"

မတရားသောသူ
မတရားသောလူ အများစုကို ရည်ညွှန်းသည်။

သူ၏မျက်စိ၌
မတရား? မိုက်မဲသောသူများ၏မျက်လုံးကိုရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "သူထဲ၌"

သူ၏အပြစ်ကိုတွေ့တော်မမူ
သူကိုယ်တိုင်ယုံကြည်သည်(သို့) "စဉ်းစားလိုသည်"

သူ၏အပြစ်ကိုတွေ့တော်မမူ၊ ရွံ့ရှာတော်မမူ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)"ဘုရားသခင်သည်
သူ၏အပြစ်များကို ရှာဖွေတွေ့ရှိတော်မမူ၍ မုန်းတော်မမူ"

Psalms 003

သူပြောသောစကားသည်

ကောင်းသောအကျင့်
(အခြားသောဘာသာပြန်ဆိုချက်) "ကောင်းသောအရာများကို
လုပ်ဆောင်ခြင်း"

မကောင်းသောအမှုကို ကြံစည် တတ်၏
မကောင်းသောအပြစ်ဒုစရိုက်ပြုလုပ်ရန်
လျှောက်လှမ်းသောလမ်း။ (အခြားသောဘာသာပြန်ဆိုချက်)
"ဆိုးယုတ်သောအရာများကို ပြုလုပ်ဖို့ရန် အစပြုသည်"

ဆိုးယုတ်သော အကျင့်ကိုရွံ့ရှာခြင်းမရှိ
(အခြားသောဘာသာပြန်ဆိုချက်)"မကောင်းသော
ဒုစရိုက်မပြုလုပ်ရန် ငြင်းပယ်ခြင်းမရှိပေ"

Psalms 005

ကောင်း ကင်သို့ရှင်း---မှီပါ၏
ကြီးမြတ်လှသော ဘုရားသခင်၏ကတိတော်။
သစ္စာတော်မြတ်သည် မိုးကောင်းကင်သမျှ
မြင့်မြတ်လှကြောင်းပြောဆိုထားသည်။

မိုဃ်းတိမ်သို့ရောက်၏။
ကြီးမားလှသော ဘုရားသခင်၏ တော်ဝင်သစ္စာတော်
သည်အလွန်မြင့်မားကြောင်း ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"မိုးတိမ်သမျှမြင့်မားလှသည်(သို့)
တိုင်းတာ၍ မမှီနိုင်သောကြီးမြတ်မှု"

ဖြောင့်မတ်တော်မူခြင်းတရားသည် ကြီးမားစွာ သောတောင်ရိုးနှင့် တူပါ၏။
တရားစီရင်တော်မူချက်တို့သည် အလွန်နက်နဲရာ ဖြစ်ကြပါ၏
ဤစာပိုဒ်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့်
တရားစီရင်ခြင်းသည် အလွန်မြင့်မားနက်နဲလှကြောင်း
ဖော်ပြထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"တောင်တန်းများကဲ့သို့
မြင့်မားပြီး သမုဒ္ဒယကဲ့သို့ နက်နဲသော

စောင်မတော်မူ၏
"ကိုယ်တော်၏ ကူညီမစခြင်း" (သို့) "ကယ်နှုတ်တော်မူခြင်း"

Psalms 007

ကရုဏာတော်သည် အလွန် မြတ်နိုးဘွယ်ဖြစ်ပါ၏။
ဘုရားသခင်၏ သစ္စာတော်မြတ်သည် အဖိုးတန်သောရတနာကဲ့သို့
မြတ်နိုးဖွယ်ဖြစ်ကြောင်းပြောဆိုထားသည်။

လူသားတို့သည် ခိုလှုံလျက်နေရကြပါ၏။
လူများသည်အကွယ်အကာကို ရှာဖွေလျက်ရှိ၏။

လူသားတို့သည် အတောင်တော်အရိပ်ကို ခိုလှုံလျက်နေရကြပါ၏။
ဘုရားသခင်၏ အကွယ်အကာကို ပုံဆောင်ထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"ငှက်ကလေးများသည်
မိခင်ငှက်မကြီး၏အတောင်တော်အောက်၌ လုံခြုံခိုလှုံ သကဲ့သို့
လူသားသည်လုံခြုံကွယ်ကာမှုရှိသော ဘုရား၏အရိပ်အောက်၌
ခိုလှုံကြသည်။ "

ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက် နေ၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်) ကိုယ်တော်သည် ထိုသူများကို
ကြွယ်ဝသော ရောင့်ရဲခြင်းကို ပေးတော်မူသည်။

အိမ်တော်၏ကြွယ်ဝခြင်း
ကိုယ်တော်၏အိမ်တော်၌ရှိသောကြွယ်ဝပြည့်စုံခြင်း
အစားအသောက်ဟူ၍ တင်စားဖော်ပြထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော့်အိမ်တော်၌
သူတို့သည် ကြွယ်ဝသောအစာများစားရလိမ့်မည်"(သို့)
"ကြွယ်ဝသောကောင်းကြီးမင်္ဂလာ"

ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်း ငှါအခွင့်ပေးတော်မူ၏။
ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို အစဉ်မပြတ်စီးဆင်းသော
စမ်းရေတွင်းနှင့် မြစ်ရေကဲ့သို့ တင်စားဖော်ပြထားသည်။
ထိုကောင်းကြီးကို ရေကဲ့သို့ သောက်နိုင်ကြောင်း
ရေးသားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ကိုယ်တော်၏ အဖိုးထိုက်တန်သော ကောင်းကြီးမင်္ဂလာသည်
မြစ်ရေကဲ့သို့ စီးဆင်း၍ ကျွန်ုပ်တို့သောက်ဖို့ရန် ပေးတော်မူသည်။

စမ်းရေတွင်း
အသက်၏အရင်းအမြစ်

အလင်းတော်ထဲမှာ အကျွန်ုပ်တို့ သည် အလင်းကိုရကြပါ၏။
"အလင်း"ဟုဆိုရာတွင် စစ်မှန်သော
အသိပညာကိုဖော်ကျူးခြင်းဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်)"ကိုယ်တော် အကျွန်ုပ်တို့ကို
ညဏ်ပညာအလင်းဖွင့်ပြတော်မူလျှင်စစ်မှန်ခြင်းကို
မြင်ရမည်"(သို့) " ကိုယ်တော်အလင်းသည်
စစ်မှန်ခြင်းအကြောင်းကိုသိမြင်စေသည်"။

Psalms 010

တရားတော်ကိုရှင်း တည်မြဲစေတော်မူပါ
"ကိုယ်တော်၏ ကရုဏာတော်သစ္စာအစဉ်အမြဲတည်စေတော်မူပါ"

သဘောဖြောင့်သောသူတို့အား ဖြောင့်မတ် တော်မူခြင်း တရားကိုရှင်း
တည်မြဲတည်စေတော်မူပါ။
ကွယ်ကာမစတော်မူပါဟူ၍ဖော်ပြထားသည်။

သဘောဖြောင့်သောသူတို့
(အခြားသောဘာသာပြန်ဆိုချက်)"မှန်ကန်စိတ်ဖြောင့်သောသူများ"(သို့)
"ဖြောင့်မတ်သောအမှုကိုပြုသောလူများ"

မာန၏ခြေသည် အကျွန်ုပ်ကို မနင်းပါစေနှင့်။
မတရားသောလူများ၏
ဒုစရိုက်ပြုခြင်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။
ဆိုးယုတ်သောလူများကိုယေဘုယျပြောဆိုခြင်းဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "မာနကြီးသောသူများ------
ဆိုးယုတ်သောလူများ"

အကျွန်ုပ်ကို နေရာမရွေ့ကြပါ စေနှင့်။
"ဝေးသောနေရာသို့ ကျွန်ုပ်ကို နှင်ထုတ်ခြင်း" (သို့)
"ကျွန်ုပ်နေရာမှ ထွက်ခွာစေခြင်း"

ဒုစရိုက်ကို ပြုသောသူတို့သည် ထိုအရပ်၌ပင် လဲလျက်နေရကြပါ၏။
လှဲခြင်းကို ခံရသောကြောင့်၊ တဖန်ထခြင်းငှါ မတတ်နိုင်ကြပါ။
ဤစာပိုဒ် သုံးကြောင်းစလုံးသည် မကောင်းမှုလုပ်သော ဒုစရိုက်
လူများသည် ကျရှုံးလျက်
နောက်တဖန်ထခြင်းငှာမတတ်နိုင်ကြဟူ၍ ဖော်ပြထားသည်။

လဲလျက်နေရကြပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်သည်
ထိုသူများကိုလှဲစေတော်မူမည်"

တဖန်ထခြင်းငှါ မတတ်နိုင်ကြပါ။
တဖန်ထခြင်း၊ ပြန်ခည်ထူခြင်းငှာ မတတ်နိုင်ကြ။


generated on Sun Jun 30 02:37:40 2024

## Chapter 37

[1] လူဆိုးတို့အကြောင်းကြောင့် စိတ်မပူနှင့်။ မတရား သဖြင့် ပြုသောသူတို့ကို မငြူစူနှင့်။ [2] အကြောင်းမူကား၊ သူတို့သည် မကြာမမြင့်မှီ
မြက်ပင်ကဲ့သို့ ရိတ်ခြင်းကိုခံရ၍၊ စိမ်းသောပျိုးပင် ညှိုးနွမ်းသကဲ့သို့ ဖြစ်ရလိမ့်မည်။ [3] ထာဝရဘုရားကို ခိုလှုံ၍၊ ကောင်းသောအကျင့်
ကို ကျင့်လော့။ ပြည်တော်၌နေ၍၊ သစ္စာတရားကို ကျက်စားလော့။ [4] ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သူတို့ပြု လျှင်၊ စိတ်နှလုံး
အလိုပြည့်စုံရသောအခွင့်ကို ပေးတော် မူမည်။ [5] ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစားလော့။
သို့ပြုလျှင်စီရင်တော် မူမည်။ [6] သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်း ကဲ့သို့၄င်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်
ခြည်ကဲ့သို့၄င်း၊ ဘော်ပြတော်မူမည်။ [7] ထာဝရဘုရားရှေ့မှာ ငြိမ်ဝပ်စွာနေ၍၊ ကိုယ် တော်ကိုငံ့လင့်လော့။ မိမိအမှု၌
အောင်တတ်သောသူ၊ မကောင်းသောအကြံအစည်တို့ကို ပြီးစေသောသူ၏ အကြောင်းကြောင့် စိတ်မပူနှင့်။ [8] အမျက်မထွက်စေနှင့်။
ဒေါသစိတ်ကို စွန့်ပယ် လော့။ ပြစ်မှားစေခြင်းငှါ တိုက်တွန်းတတ်သော စိတ် မရှိစေနှင့်။ [9] ပြစ်မှားသောသူတို့သည် ပယ်ရှင်းခြင်းကို
ခံရကြ လိမ့်မည်။ ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊ ပြည်တော်ကို အမွေခံရကြလိမ့်မည်။ [10] ခဏကြာပြီးမှ၊
မတရားသောသူသည်မရှိရ။ သူ၏နေရာကိုစေ့စေ့ရှာ၍မတွေ့ရ။ [11] စိတ်နှိမ့်ချသောသူတို့မူကား၊ ပြည်တော်ကို အမွေခံ၍၊
များပြားသောငြိမ်သက်ခြင်း၌ မွေ့လျော်ကြ လိမ့်မည်။ [12] မတရားသောသူသည် ဖြောင့်မတ်သော သူတဘက်၌ ကြံစည်၍
အံသွားခဲကြိတ်တတ်၏။ [13] သို့သော်လည်း သူ၏ နေ့ရက်အချိန်ရောက်မည် ကို ဘုရားရှင်သိမြင်၍၊ သူ့ကိုပြုံးရယ်တော်မူ၏။ [14]
မတရားသောသူတို့သည် ဆင်းရဲငတ်မွတ်သော သူတို့ကို လှဲချခြင်းငှါ၄င်း၊ ဖြောင့်မတ်စွာကျင့်သော သူတို့ကိုသတ်ခြင်းငှါ၄င်း၊
ထားကိုထုတ်လျက်၊ လေးကို တင်လျက် နေတတ်ကြ၏။ [15] သို့သော်လည်း၊ သူတို့ထားသည် သူတို့နှလုံးထဲသို့ ဝင်လိမ့်မည်။
သူတို့လေးတို့သည်လည်း ကျိုးကြလိမ့်မည်။ [16] ဖြောင့်မတ်သောသူ၌ နည်းသောဥစ္စာသည် မတရားသောသူကြီးတို့၌
ကြွယ်ဝသောဥစ္စာထက် သာ၍ကျေးဇူးရှိ၏။ [17] အကြောင်းမူကား၊ မတရားသောသူ၏လက်ရုံး သည် ကျိုးရလိမ့်မည်။
ဖြောင့်မတ်သောသူကိုကား၊ ထာဝရ ဘုရားမစတော်မူ၏။ [18] ဖြောင့်မတ်သောသူတို့၏ နေ့ရက်ကာလကို
ထာဝရဘုရားသိမှတ်တော်မူ၍၊ သူတို့၏ အမွေဥစ္စာသည် အစဉ်အမြဲတည်လိမ့်မည်။ [19] သူတို့သည် ခဲယဉ်းသောကာလ၌
မျက်နှာမပျက်၊ အစာခေါင်းပါးသည်ကာလ၌ ဝစွာစားရကြ၏။ [20] မတရားသောသူတို့မူကား၊ ပျက်စီးခြင်းသို့ ရောက်ရကြမည်။
ထာဝရဘုရား၏ ရန်သူတို့သည် ကျက်စားရာအရပ်၏အသရေကဲ့သို့ဆုံး၍၊ မီးခိုးဖြစ်လျက် ကွယ်ပျောက်ကြလိမ့်မည်။ [21]
မတရားသောသူသည် ချေးငှါး၍ မဆပ်ဘဲ နေတတ်၏။ ဖြောင့်မတ်သောသူမူကား၊ သနားသော စိတ်ရှိ၍ ပေးတတ်၏။ [22]
ကောင်းကြီးပေးတော်မူခြင်းကို ခံရသောသူ သည် ပြည်တော်ကို အမွေခံရလိမ့်မည်။ ကျိန်တော်မူခြင်း ကို ခံရသော သူမူကား၊
ပယ်ရှင်းခြင်းသို့ ရောက်ရလိမ့် မည်။ [23] ကောင်းသောသူ၏ခြေရာတို့ကို ထာဝရဘုရား သည် ပဲ့ပြင်၍၊ သူသွားရာလမ်းကို
နှစ်သက်တော်မူ၏။ [24] ထိုသူသည် လဲသော်လည်း ဆုံးရာသို့မရောက်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူ၏လက်ကို
ကိုင်မတော်မူ၏။ [25] ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရ သည်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်း၍
စားရသည်အကြောင်းကို ငါသည် အသက်ပျိုသည် ကာလမှစ၍ အိုသည်တိုင်အောင် မမြင်စဖူး။ [26] သူသည်အစဉ်သနားသော
စိတ်ရှိသည်နှင့်၊ သူတပါးတို့အား ချေးငှါးတတ်သည်ဖြစ်၍၊ သူ၏သားမြေး တို့သည် ကောင်းကြီးမင်္ဂလာကိုခံ ရကြ၏။ [27]
ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကို ပြုလော့။ သို့ပြုလျှင် အစဉ်အမြဲနေရလိမ့်မည်။ [28] ထာဝရဘုရားသည် တရားကိုနှစ်သက်တော်
မူ၏။ မိမိသန့်ရှင်းသူတို့ကိုလည်း စွန့်တော်မမူ။ သူတို့သည် စောင့်မတော်မူခြင်းကို အစဉ်အမြဲခံရကြလိမ့်မည်။မတရားသောသူ၏
သားမြေးတို့မူကား၊ ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။ [29] ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကို အမွေ ခံ၍ အစဉ်အမြဲ
နေရကြလိမ့်မည်။ [30] ဖြောင့်မတ်သောသူ၏နှုတ်သည် ပညာကို မြွက်ဆိုတတ်၏။ သူ၏လျှာသည်လည်း တရားသော စကားကို
ပြောဆိုတတ်၏။ [31] ထာဝရဘုရား၏ တရားတော်သည် သူ၏ စိတ်နှလုံးထဲမှာ တည်သည်ဖြစ်၍၊ သူသွားသောအခါ မချော်မလဲရ။ [32]
မတရားသောသူသည် ဖြောင့်မတ်သောသူကို ချောင်းမြောင်း၍ သတ်ခြင်းငှါ ရှာကြံတတ်၏။ [33] သို့သော်လည်း၊ ထာဝရဘုရားသည်
ထိုသူ၏ လက်၌ ဖြောင့်မတ်သောသူကို စွန့်ပစ်တော်မူမည်မဟုတ်။ အစစ်ခံရသောအခါ အပြစ်စီရင်တော်မူမည်မဟုတ်။ [34]
ထာဝရဘုရားကို မြော်လင့်၍၊ လမ်းတော်ကို ရှောက်သွားလော့။ ပြည်တော်ကို အမွေခံရသောအခွင့်နှင့် ချီးမြှောက်တော်မူမည်။
မတရားသောသူတို့ ဆုံးရှုံးခြင်းကို သင်သည် ကြည့်မြင်ရလိမ့်မည်။ [35] မတရားသောသူသည် အစိုးတရပြု၍၊ ပေါက်ရင်
အရပ်မှာကြီးပွားသော သစ်ပင်လန်းလန်းရှိသကဲ့သို့၊ ကိုယ်ကိုကိုယ်ပြန့်ပွါးစေသည်ကို ငါမြင်ရသော်လည်း၊ [36] နောက်တဖန်သူသည်
ရွေ့သွား၍ ကွယ်ပျောက် ၏။ သူ့ကိုလည်း ငါရှာ၍မတွေ့ရ။ [37] စုံလင်ခြင်းတရားကိုစောင့်ရှောက်လော့။ ဖြောင့် မတ်ခြင်းတရားကို
ကြည့်ရှုဆင်ခြင်လော့။ ထိုသို့ပြုသော သူသည် အဆုံး၌ ငြိမ်သက်ခြင်းကို ခံစားရလိမ့်မည်။ [38] ပြစ်မှားသောသူအပေါင်းတို့သည်
ပျက်စီးခြင်းသို့ ရောက်၍၊ မတရားသောသူတို့သည် အဆုံး၌ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။ [39] ဖြောင့်မတ်သောသူတို့၏
ကယ်တင်ခြင်းအမှုကို ထာဝရဘုရားစီရင်တော်မူ၏။ ဘေးရောက်သည်ကာလ၌ သူတို့ခိုလှုံရာဖြစ်တော်မူ၏။ [40] ထာဝရဘုရားသည်
သူတို့ကို မစကယ်တင်တော် မူမည်။ ယုံကြည်ခိုလှုံသောကြောင့်၊ မတရားသောသူတို့ လက်မှ နှုတ်ယူကယ်တင်တော်မူမည်။


generated on Sun Jun 30 02:37:40 2024

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ပေမြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊ ၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

မတရား သဖြင့် ပြုသောသူတို့ကို မငြူစူနှင့်။
"လူဆိုးများကြောင့် စိတ်ပျက်ဝမ်းနည်းခြင်းမရှိနှင့်" (သို့) "လူဆိုးများ ပြုမူခြင်းကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေနှင့်" ။

မြက်ပင်ကဲ့သို့ ရိတ်ခြင်းကိုခံရ၍၊ စိမ်းသောပျိုးပင် ညှိုးနွမ်းသကဲ့သို့
မကောင်းသောသူများကို
ပူပြင်းသည့်ရာသီဥတုတွင်ခြောက်သွေ့သောမြက်ပင်များကဲ့သို့ပြောထားသည်။
ဤဥပမာနစ်ခုသည် သူတို့သေလိမ့်မည်ဟုဆိုလိုသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"သေဆုံးခြင်း"(သို့)"အဆုံးသတ်သွားခြင်း"

Psalms 003

သစ္စာတရားကို ကျက်စားလော့။
သစ္စာရှိခြင်းကို ကောင်းသောကျက်စားရာတွင် ကျွေးမွေးခြင်းဖြင့် ခွန်အားပြည့်နေသော တိရိစ္ဆာန်တစ်ကောင်ကဲ့သို့ ခိုင်းနှိုင်းပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အစာခွန်အားဖြစ်သောသစ္စာတရား"(သို့) "တိုးပွားသော သစ္စာတရား"

စိတ်နှလုံး အလိုပြည့်စုံရသောအခွင့်
ဤတွင်"စိတ်နှလုံး"သည် လူပုဂ္ဂိုလ်တစ်ဦး၏ အတွင်းဖြစ်ခြင်းတစ်ခုကို ကိုယ်စားပြုသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"သင်၏အနက်ရှိုင်းဆုံးအတွင်းပိုင်းလိုအင်ဆန္ဒများ"(သို့မဟုတ်)"သင်၏အနက်ရှိုင်းဆုံးအရာများ"

Psalms 005

ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။
ဤတွင် "သင်၏အသက်သာပေးခြင်း" သည်ကိုယ့်အသက်တာတစ်ခုလုံးကို ထာဝရဘုရားထိန်းချုပ်ဖို့ အပ်နှံလိုက်ခြင်းကို ဆိုလိုသည်။
(အခြားသောဘာသာပြန်ဆိုချက်) "သင်ဘဝ၌ ထာဝရဘုရားဦးဆောင်အစိုးရဖို့ တောင်းဆို အပ်နှံလိုက်သည်"

ကိုယ်အမှုအရာကို -----အပ်လော့
ဤတွင် အခြားသောဥပဒေများကိုဆန့်ကျင်ရန် ကိုယ်စားပြုထားပါသည်။ ဤနေရာတွင် ထာဝရဘုရားကို ယုံကြည်ကိုးစားသောအခါ သူသည်ကွယ်ကာမစခြင်းနှင့် ဖြောင့်မတ်ခြင်းလမ်းသို့ ပို့ဆောင်လိမ့်မည်။

အလင်းကဲ့သို့၎င်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည်ကဲ့သို့၎င်း၊
ဤစာပိုဒ်နှစ်ကြောင်း၏ အဓိပ္ပာယ် တူညီသည်။

မွန်းတည့်ရောင်ခြည်ကဲ့သို့၎င်း၊
မွန်းတည့်နေရောင်ခြည်ကဲ့သို့ မြင်နိုင်သောဟု အဓိပ္ပာယ်ရသည်။ "လူတိုင်း၏အမြင်အားလုံးထဲတွင်"။

Psalms 007

ငြိမ်ဝပ်စွာနေ၍
"တိတ်ဆိတ် ငြိမ်သက်စွာ"

Psalms 008

ပယ်ရှင်းခြင်းကို ခံရကြ လိမ့်မည်။
မတရားသောသူများကို အပြစ်စီရင်ခြင်းဖြင့် ဖျက်ဆီးရှင်းလင်းလိမ့်မည် ဟူသောအကြောင်းအရာကို သစ်ကိုင်ခုတ်ဖြတ်၍ အဝေးလွှင့်ပစ်လိုက်သောသစ်ကိုင်းတစ်ကိုင်းကဲ့သို့ တင်စားထားသည်။

ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား
"ထာဝရဘုရားကို ယုံကြည်ကိုးစားသူများ"

ပြည်တော်ကို အမွေခံရကြလိမ့်မည်။
အပိုင်ရသော ပြည်တော်ကို အမွေခံရသကဲ့သို့ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "သူတို့၏ အပိုင်ရသောပြည်တော်ကဲ့သို့ သိမ်းပိုက်ရယူသည်"(သို့) " ဘေးလုံခြုံစွာနဲပ ထိုပြည်တော်မှာ နေရလိမ့်မည်။"

ရှာ၍မတွေ့ရ။
မကောင်းသော လူများသေဆုံးသွားခြင်းကို ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်)"သေဆုံးသွားသောကြောင့် နောက်တစ်ဖန် မမြင်ရတော့ပေ။"

Psalms 011

စိတ်နှိမ့်ချသော
စိတ်နှိမ့်ချသောလူများကို ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) "နှိမ့်ချသောလူများ"

ပြည်တော်ကို အမွေခံ၍
ထိုမြေ၏ပိုင်ဆိုင်မှုကို အမွေအဖြင့် လက်ခံရသည်။(၃၇:၈) တွင်ဘာသာပြန်ထားချက်နှင့် တူညီသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်မှာ
"ဒီမြေကိုသူတို့ပိုင်သည့်မြေအဖို့လက်ခံလိမ့်မည်" (သို့မဟုတ်)
ထိုပြည်တွင် လုံခြုံစွာနေထိုင်လိမ့်မည်။

မတရားသောသူ
ငင်းသည် တိကျသောလူကို ရည်ညွှန်းခြင်းမဟုတ်ပါ။
လူဆိုးများကိုရည်ညွှန်းသည်။

ဖြောင့်မတ်သောသူ
ငင်းသည် တိကျသောလူကို ရည်ညွှန်းခြင်းမဟုတ်ပါ။ ဤသည်
ဖြောင့်မတ်သောသူများကိုရည်ညွှန်းသည်။

အံသွားခဲကြိတ်
မတရားသောသူများသည် ဖြောင့်မတ်သောသူများကို
အလွန်မုန်းတီးခြင်းကြောင့် သွားကြိတ်ကာ ဒေါသဖြစ်ပွား
ခြင်းဖြစ်သည်။

သူ၏ နေ့ရက်အချိန်ရောက်မည်
"သူ့နေ့" သူ၏စီရင်တော်မူသောနေ့ရက်ကို ရည်ညွှန်းသည်။

Psalms 014

မတရားသော
ဤသည် မတရားသော သူများကို ရည်ညွှန်းထားသည်။

ထားကိုထုတ်လျက်၊ လေးကို တင်လျက် နေတတ်ကြ၏
"ထား"နှင့်"လေး"နှစ်ခုလုံးသည် လူများကို တိုက်ခိုက်ရန်
လက်နက်ဖြစ်သည်။ ထိုသူများသည် လူများကို တိုက်ခိုက်ရန်
အမြဲအဆင်သင့် ပြင်ထားကြသည်။

လှံချခြင်းငှာငင်း
ဤသည် ဆင်းရဲငတ်မွတ်သောလူများကို ဖျက်ဆီးကြသော
လူများသည် မြေအိုးကိုမြေပေါ်၌ ပစ်ခွဲသကဲ့သို့
ကျိုးပဲ့ကျေမွအောင် လှံချကြသည်။
(အခြားသောဘာသာပြန်ဆိုချက်)"ဖျက်ဆီးဖို့ရန်"

ဆင်းရဲငတ်မွတ်သော သူတို့
ဤဝေါဟာရနှစ်ခုသည် သြဇာအာဏာမဲ့သော
ဆင်းရဲသားများသည် သူတို့ကိုယ်သူတို့ မကာကွယ်နိုင်ပါ။

သူတို့ထားသည် သူတို့နှလုံးထဲသို့ ဝင်လိမ့်မည်။
ဓားသည် လက်နက်ဖြစ်၍ "နှလုံး"သည်
လူများကိုကိုယ်စားပြုသည်။ နှလုံးထဲသို့
စိုက်ဝင်သွားခြင်းသည်"အသေသတ်ခြင်း"ဟူ၍
အဓိပ္ပာယ်ရသည်။

Psalms 016

ဖြောင့်မတ်သောသူ၌ နည်းသောဥစ္စာသည် မတရားသောသူကြီးတို့၌
ကြွယ်ဝသောဥစ္စာထက် သာ၍ကျေးဇူးရှိ၏။
ဤနေရာတွင် ဒုတိယစာကြောင်းသည်
ပထမစာကြောင်းနှင့်ခြားနားသည်။

(အခြားသောဘာသာပြန်ဆိုချက်)"ဖြောင့်မတ်ခြင်းပါရမီနှင့်ယှဉ်သောဥစ္စာအနည်းငယ
မတရားသဖြင့်ရစေသာဥစ္စာအများထက်သာ၍ကောင်း၏။(ရှု၊
Parallelism)

ဖြောင့်မတ်သောသူ၌ နည်းသောဥစ္စာ
"ဖြောင့်မတ်စွာပြု၍ ဥစ္စာပစ္စည်းဆင်းရဲခြင်း ကသာ၍ ကောင်း၏။
"

နည်းသော
ဤသည်မှာ ဖြောင့်မတ်သောသူ
ပိုင်ဆိုင်ဥစ္စာအနည်းငယ်သာရှိသည်ဟူ၍ ရည်ညွှန်းသည်။

ဖြောင့်မတ်သောသူ၌ နည်းသော
ဖြောင့်မတ်သောလူများကိုရည်ညွှန်းသည်။ (အခြားသော
ဘာသာပြန်ဆိုချက်)"ဖြောင့်မတ်သောလူများ၌ရှိသော"

ကြွယ်ဝသော
မတရားသောလူများ၌ ရှိသောကြွယ်ဝပေါများသော စည်းစိမ်ကို
ရည်ညွှန်းသည်။

မတရားသောသူ၏လက်ရုံး သည် ကျိုးရလိမ့်မည်။
ဤတွင်"လက်ရုံး"ဟုဆိုရာတွင် မတရားသောလူများ၏
အင်အားတောင့်တင်းခြင်းကို ကိုယ်စားပြုသည်။
သူတို့လွှမ်းမိုးသော အာဏာများကို
ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်သည်။

Psalms 018

ထာဝရဘုရားသိမှတ်တော်မူ၍
"စောင့်ကြည့်ခြင်း" တစ်စုံတစ်ဦးကို ကွယ်ကာရန် ဟူ၍
အဓိပ္ပာယ်ရသည်။ အပြစ်မရှိသောလူများဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)"အပြစ်မရှိသောလူများကို
ကွယ်ကာစောင့်ရှောက်တော်မူမည်။"

နေ့ရက်ကာလ
"နေ့ရက်အစဉ်အမြဲ" (သို့ "အစဉ်ဆက်မပြတ်"

ခဲယဉ်းသောကာလ၌
ဤစကားစုသည် အစာငတ်မွတ် ခေါင်းပါးခြင်းကို
ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဘေးဒုက္ခ၊
ကပ်ဘေးဆိုက်သောကာလ)"။

Psalms 020

ထာဝရဘုရား၏ ရန်သူတို့သည် ကျက်စားရာအရပ်၏ အသရေကဲ့သို့ဆုံး၍
စာရေးသူသည် ထာဝရဘုရား၏ရန်သူများကို
မြက်ခင်းလွင်ပြင်၌ ပေါက်သောနှင်းပင် နှင့်ခိုင်းနှိုင်းထားသည်။

မီးခိုးဖြစ်လျက် ကွယ်ပျောက်ကြလိမ့်မည်
စာရေးသူသည် မတရားသောသူများကို ဖျက်ဆီးလိမ့်မည်ဟူ၍
ပြောဆိုထားသည်။ထိုသူများသည် လယ်ပြင်၌ မီးဖြင့်
လောင်မြိုက်ခြင်းကို ခံရသောမြက်ပင်ကဲ့သို့ဖြစ်လိမ့်မည်ဟူ၍
နှိုင်းယှဉ် ထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။


generated on Sun Jun 30 02:37:40 2024

သနားသော စိတ်ရှိ၍ ပေးတတ်၏။
ဤတွင်ပေးကမ်းချင်သောစိတ်ရှိသော ဖြောင့်မတ်သောသူဟူ၍ အဓိပ္ပာယ်ရှိသည်။

Psalms 022

ကောင်းကြီးပေးတော်မူခြင်းကို ခံရသောသူ သည်
သူတို့သည်
ဘုရားသခင်အားဖြင့်ကောင်းကြီးပေးသောသူများဖြစ်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို ခံရသောသူများ"

ပြည်တော်ကို အမွေခံရလိမ့်မည်
ဤတွင် ထိုမြေ၏ ပိုင်ဆိုင်မှုကို အမွေအဖြစ်လက်ခံရသည်ဟုဆိုထားသည်။ (၃၇:၈) ဘာသာပြန်ထားချက်နှင့် တူညီသည်။
အခြားသောဘာသာပြန်ဆိုချက်
"ထိုမြေကိုသူတို့ပိုင်သောမြေအဖြစ်ခံယူရမည်" (သို့မဟုတ်) "ထိုပြည်တွင်လုံခြုံစွာနေထိုင်ခွင့်ပြုမည်"။

ကျိန်တော်မူခြင်း ကို ခံရသော သူမူကား
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)"ထာဝရဘုရား ကျိန်တော်မူခြင်း ခံရသောသူများ"

ပယ်ရှင်းခြင်းသို့ ရောက်ရလိမ့် မည်။
ဆာလံ(၃၇:၈)ဘာသာပြန်ထားချက်နှင် တူညီသည်။

ကောင်းသောသူ၏ခြေရာတို့ကို ထာဝရဘုရားသည် ပဲ့ပြင်၍၊ သူသွားရာလမ်းကို နှစ်သက်တော်မူ၏။
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရား နှစ်သက်တော်မူသော တရားလမ်းသို့အသက်ရှင်လျှောက်လှမ်းသောသူကို ထာဝရဘုရားပြုပြင်တော်မူလိမ့်မည်။"

ထိုသူသည် လဲသော်လည်း ဆုံးရာသို့မရောက်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူ၏
လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရည်ရွယ်၍ မပြောဆိုဘဲ အများနှင့်ဆိုင်သော ယေဘုယျ လူများကို ရည်ညွှန်းပြောဆိုထားသည်။

သူ၏ခြေရာ
ဤတွင် "သူ၏ခြေ" လူတစ်ဦးတစ်ယောက်၏ အသက်ရှင်လျှောက်လှမ်းသောအသက်တာကို ဖော်ဆောင်သည်။
အခြားသောဘာသာပြန်ဆိုချက်)
"လူ့အသက်တာဘဝတစ်လျှောက်လုံး"

Psalms 025

ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရ သည့်အကြောင်း
ဤတွင်ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ဖြောင့်မတ်သောလူကို ထာဝရဘုရားကျောခိုင်း စွန့်ပစ်သည်။"

ဖြောင့်မတ်သောသူ
ဤသည် တိကျသောသူတို့ကိုမဆိုလိုပါ။ လူအများကို ရည်ညွှန်းသည်။

တောင်း၍ စားရသည်။
ဤတွင် "အစားစာ" အစားအသောက်များကို ကိုယ်စားပြုထားသည်။ အခြားသေသာပြန်ဆိုချက် "အစားအသောက်များအတွက်"။

သူသည်အစဉ်
သူ့ဘဝအသက်တာတစ်လျှောက်လုံး။
(အခြားသောဘာသာပြန်ဆိုချက်) "သူသည် အစဉ်အမြဲ"

သူ၏သားမြေး တို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြ ၏။
ကောင်းကြီးခံရသော သားမြေးများသည် သူတပါးအတွက်လည်း ကောင်းကြီး ရစေသည်။

လွှဲရှောင်၍
သူတို့ပြုနေသောအမှု တစ်စုံတရာကို ရပ်တန့်လိုက်သည်။
(အခြားသောဘာသာပြန်ဆိုချက်) ပြုလုပ်သောအရာကို ရပ်တန့်လိုက်သည်။ လွှဲရှောင်သည်။

Psalms 028

သူတို့သည် စောင့်မတော်မူခြင်းကို အစဉ်အမြဲခံရကြလိမ့်မည်။
ဤသည်တွင် ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)ထာဝရဘုရားသည် ထိုသူတို့ကို ထာဝရ အစဉ်ကွယ်ကာတော်မူမည်။

ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။
ဆာလံ(၃၇:၈)တွင် ဘာသာပြန်ထားချက်ကို ကြည့်ရန်

ဖြောင်မတ်သောသူ
ဖြောင်မတ်သောလူများကိုရည်ရွယ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "ဖြောင့်မတ်သောလူများ။"

ပြည်တော်ကို အမွေ ခံ၍
ဆာလံ(၃၇:၈) တွင်ဘာသာပြန်ထားချက်ကို ကြည့်ရန်။
အခြားသောဘာသာပြန်ဆိုချက်
"ဤမြေကိုသူတို့ပိုင်သည့်မြေအဖြင့်လက်ခံလိမ့်မည်" သို့မဟုတ် "ထိုပြည်တွင်လုံခြုံစွာနေထိုင်လိမ့်မည်။

ဖြောင့်မတ်သောသူ၏နှုတ်
"နှုတ်"သည် လုပုဂ္ဂိုလ်၏ ပြောသမျှစကားများကို ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဖြောင့်မတ်သောသူ"

ပညာကိုမြွက်ဆိုတတ်၏
(အခြားသောဘာသာပြန်ဆိုချက်) အခြားသောသူများကို ပညာရှိ အကြံပေးစကားပြောဆိုတတ်သည်။

တရားစကားကို ပြောဆိုတတ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) ဖြောင့်မတ်မှန်ကန်စွာ အသက်ရှင်ရန် အခြားသောသူများကို ခွန်အားပေးတတ်သည်။

Psalms 031

ထာဝရဘုရား၏ တရားတော်သည် သူ၏ စိတ်နှလုံးထဲမှာ တည်သည်ဖြစ်၍၊
အတွင်းဆုံး နက်နဲသောအပိုင်းကို ရည်ညွှန်းသည်။

သူသွားသောအခါ မချော်မလဲရ။
ထာဝရဘုရား၏ စကားကိုနားထောင်လိုက်လျှောက်သော သူများသည် ချော်လဲခြင်းနှင့် ကျရှုံးခြင်းမှ ကွယ်ကာလုံခြုံမှုကိုရရှိမည်ဟူ၍ ပြောဆိုထားသည်။

မတရားသောသူသည် ဖြောင့်မတ်သောသူ-------
ဤသည်မှာ တိကျသည့်လူတွေကိုမဆိုလို။ သူတို့သည်ယေဘုယျ လူများကိုရည်ညွှန်း ပြောဆိုသည်။

ဖြောင့်မတ်သောသူကို ချောင်းမြောင်း၍
ဖြောင့်မတ်သောသူများကို အန္တရာယ်ပြုဖို့ အမြဲစောင့်ကြည့်နေသည်။

ထိုသူ၏ လက်၌
ထိန်းချုပ်

အစစ်ခံရသောအခါ
ထာဝရဘုရားသည် ဖြောင့်မတ်သောသူကို တရားစီရင်သောအခါ ဟူ၍ရည်ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) "ထာဝရ ဘုရားသည် သူ့ကိုတရားစီရင်သောအခါ"

Psalms 034

ပြည်တော်ကို အမွေခံရသောအခွင့်နှင့် ချီးမြှောက်တော်မူမည်။
ဤသည်မှာ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူများကို "ချီးမြှောက်တော်မူမည်"ဟူ၍ ရည်ညွှန်းထားသည်။

မတရားသောသူတို့
ဤသည်မှာ မတရားသောသူကိုရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် "မတရားသောလူ"

ဆုံးရှုံးခြင်း
ဤစကားစုကိုဆာလံ(၃၇:၈)တွင်ဘာသာပြန်ထားချက်ကို ကြည့်ရန်။

Psalms 035

မတရားသောသူ
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။ မတရားသောလူများ၊ ယေဘုယျ ကိုရည်ညွှန်းသည်။

ပေါက်ရင် အရပ်မှာကြီးပွားသော သစ်ပင်လန်းလန်းရှိသကဲ့သို့
ဤသည်မှာ မတရားသော လူများသည် ကိုယ့်နေရာအရပ်မှာ ချမ်းသာကြီးပွားခြင်းကို မြေသြဇာကောင်းသော နေရာ၌ သန်မာထွားကြိုင်းသောအပင်ကြီး၊ စိမ်းလန်းဝေဆာခြင်းနှင့် တင်စားထားသည်။

သူ့ကိုလည်း ငါရှာ၍မတွေ့ရ
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် "ငါရှာ၍ မတွေ့ရ"

Psalms 037

စုံလင်ခြင်းတရားကိုစောင့်ရှောက်သောသူ
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။ ယေဘုယျ လူများကို ရည်ညွှန်းပြောဆိုသည်။

ဖြောင့်မတ်ခြင်းတရားကို ကြည့်ရှုဆင်ခြင်လော့။
"ကောင်းသောသူများကို သေချာဂရုစိုက်သောသူ" (သို့) "ကောင်းမွန်သော လူများကို ဂရုပြုခြင်းမရှိသောသူ"။

မတရားသောသူတို့သည် အဆုံး၌ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။
ဤသည်မှာ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်)"ဘုရားသခင်သည် ထိုသူ၏အမျိုးအနွယ်ကို ပယ်ရှင်းတော်မူမည်"

အဆုံး၌
ထိုသူ၏ နောက်မွေးဖွားလာမည့် အမျိုးအနွယ်ကို ရည်ညွှန်းသည်။

မတရားသောသူတို့
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။ ယေဘုယျနှင့် ဆိုင်သောလူအများကို ရည်ညွှန်းသည်။

ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။
ဆာလံ (၃၇:၈) ဘာသာပြန်ထားချက်ကို ကြည့်ရန်

Psalms 039

ဖြောင့်မတ်သောသူတို့၏ ကယ်တင်ခြင်းအမှုကို ထာဝရဘုရားစီရင်တော်မူ၏။
"ကယ်တင်ခြင်း" နာမ် အနေဖြင့်လုပ်ဆောင်မှုတစ်ခုကိုဖော်ပြထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဖြောင့်မတ်သောသူလူများကို ထာဝရဘုရား ကယ်နှုတ်တော်မူမည်။

ဖြောင့်မတ်သောသူတို့
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။

ကယ်တင်တော် မူမည်။
ထာဝရဘုရားကို ခိုလှုံသောသူတို့ကို ကူညီမစ ကယ်တင်တော်မူမည် ဟူ၍ တူညီသောရည်ရွယ်ချက် စကားလုံးဖြစ်သည်။

သူတို့ခိုလှုံရာဖြစ်တော်မူ၏။
ကွယ်ကာမစမှု ရရှိရန် ထာဝရဘုရားထံသို့လာခြင်း။ (အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်၏ ကွယ်ကာခြင်းရရှိရန် အထံတော်သို့လာသည်။"

---


generated on Sun Jun 30 02:37:40 2024

## Chapter 38

1 အိုထာဝရဘုရား၊ အမျက်တော်ထွက်၍ အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်။ ပြင်းစွာသော စိတ်တော်ရှိ၍ ဆုံးမတော်မမူပါနှင့်။ 2
မြှားတော်တို့သည် အကျွန်ုပ်၌ စူဝေး၍၊ လက်တော်သည် အကျွန်ုပ်ကို နှိပ်လျက်ရှိပါ၏။ 3 အမျက်တော်ထွက်သောကြောင့်၊ အကျွန်ုပ်
အသားသည် ကျန်းမာခြင်းမရှိပါ။ ဒုစရိုက်အပြစ်ကြောင့် အရိုးများထဲမှာ သက်သာခြင်း မရှိပါ။ 4 အကျွန်ုပ်ပြုမိသော ဒုစရိုက်တို့သည်
အကျွန်ုပ် ခေါင်းကို လွှမ်းမိုး၍၊ လေးသောဝန်ကဲ့သို့ အကျွန်ုပ်မထမ်း နိုင်အောင် လေးကြပါ၏။ 5 အကျွန်ုပ်မိုက်သောအမှုကြောင့်
အနာတို့သည် နံစော်၍ ရိယွဲ့လျက်ရှိကြပါ၏။ 6 အကျွန်ုပ်သည် ပြင်းထန်စွာခံရ၍၊ အလွန်နှိမ့်ချ လျက်၊
ကြမ်းတမ်းသောအဝတ်ကိုဝတ်လျက် တနေ့လုံး သွားရပါ၏။ 7 အကျွန်ုပ်ခါးသည် ပူလောင်သောအနာစွဲ၍၊ အသားသည်လည်း
ကျန်းမာခြင်းမရှိပါ။ 8 နန်နဲခြင်း၊ ကြေကွဲရှိ၍၊ စိတ်နှလုံးလှုပ်ရှားသဖြင့် အော်ဟစ်ရပါသည်။ 9 အိုဘုရားရှင်၊
အကျွန်ုပ်အလိုရှိသမျှသည် ရှေ့တော်၌ ထင်ရှားပါ၏။ အကျွန်ုပ်ညည်းတွားခြင်း ကိုလည်း အကြွင်းမဲ့သိတော်မူ၏။ 10 အကျွန်ုပ်၏
နှလုံးတုန်လှုပ်၍၊ ခွန်အားလည်း ကုန်ပါပြီ။ မျက်စိအလင်းသည် ကွယ်ပျောက်ပါပြီ။ 11 အကျွန်ုပ်၏အဆွေခင်ပွန်း၊ အပေါင်းအဘော်
တို့သည် အကျွန်ုပ် အနာရောဂါကြောင့်၊ ဝေးဝေးရပ် လျက်၊ ပေါင်းဘော်တို့သည်လည်း၊ ရှောင်လျက် နေကြ ပါ၏။ 12
အကျွန်ုပ်အသက်ကို ရှာသောသူတို့သည် ကျော့ ကွင်းများကို ထောင်ထားကြပါ၏။ အကျွန်ုပ်၌ အပြစ် ပြုခြင်းအခွင့်ကို
ရှာသောသူတို့သည် တနေ့လုံးမနာလို သောစကားကိုပြော၍၊ မကောင်းသောပရိယာယ်ကို ကြံစည်ကြပါ၏။ 13 အကျွန်ုပ်မူကား၊
နားပင်းသောသူကဲ့သို့ မကြား။ နှုတ်ကို မဖွင့်တတ်လူကဲသို့ ဖြစ်ပါ၏။ 14 နားမကြား၊ ပြန်၍မငြင်းနိုင်သော သူကဲ့သို့ ဖြစ်ပါ၏။ 15
အကြောင်းမူကား၊ အိုထာဝရဘုရား၊ ကိုယ် တော်ကိုအကျွန်ုပ် ကိုးစားပါ၏။ အကျွန်ုပ်၏ အရှင် ဘုရားသခင်၊ ကိုယ်တော်သည်
ပြန်ပြောတော်မူမည်။ 16 သို့မဟုတ်၊ သူတို့သည် အကျွန်ုပ်အမှုမှာ ဝမ်း မြောက်ကြပါလိမ့်မည်။ အကျွန်ုပ်သည် ခြေချော်သော အခါ
အကျွန်ုပ်တဘက်၌ ကိုယ်ကိုချီးမြှောက်ကြပါ လိမ့်မည်ဟု လျှောက်ပါပြီ။ 17 အကျွန်ုပ်လဲလုသည်ဖြစ်၍၊ ကိုယ်ဆင်းရဲခြင်းကို
အစဉ်အောက် မေ့လျက်နေပါ၏။ 18 ကိုယ်အပြစ်ကိုဘော်ပြပါ၏။ ပြစ်မှားမိသော ကြောင့် စိတ်ပူပန်ခြင်းရှိပါ၏။ 19 အကျွန်ုပ်၏
ရန်သူတို့ကား၊ ကျန်းမာလျက်၊ ခွန်အားကြီးလျက်ရှိ ကြပါ၏။ အကျွန်ုပ်ကို မဟုတ်မမှန်ဘဲ မုန်းသောသူတို့ကား၊ များပြားကြပါ၏။ 20
အကျွန်ုပ်သည် ကျေးဇူးတရားကို ကြိုးစား၍ ကျင့်သောကြောင့် ကျေးဇူးအတွက် အပြစ်ပြုတတ်သော သူတို့သည်အကျွန်ုပ်ကို
ရန်ဘက်ပြုကြပါ၏။ 21 အိုထာဝရဘုရား၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူ ပါနှင့်။ အကျွန်ုပ်၏ ဘုရား၊ အကျွန်ုပ်နှင့်ဝေးဝေးနေတော်
မမူပါနှင့်။ 22 အကျွန်ုပ်ကို ကယ်တင်တော်မူသောဘုရားရှင်၊ အကျွန်ုပ်ကိုမစခြင်းငှါ အလျင်အမြန်ကြွလာတော်မူပါ။
အောက်မေ့စေခြင်းငှါ စပ်ဆိုသောဆာလံ။

---

---

### Psalms 001

အမျက်တော်ထွက်၍ အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်။ ပြင်းစွာသော စိတ်တော်ရှိ၍ ဆုံးမတော်မမူပါနှင့်။

ဤစာပိုဒ်သည် ဆိုလိုရင်း အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ထပ်ကာ ဖော်ပြထားသည်။

မြှားတော်တို့သည် အကျွန်ုပ်၌ စူဝေး၍

စာရေးသူသည် ထာဝရဘုရား၏ ပြစ်ဒဏ်စီရင်ခြင်းများစွာရှိသည့်အနက်မှ သူ့ကိုမြှားဖြင့်ပစ်၍ အပြစ်ပေးသကဲ့သို့ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်ကျွန်ုပ်ကိုအပြစ်ပေး စီရင်ခြင်းသည်မြှားဖြင့် ပစ်၍ စိုက်ဝင်သကဲ့သို့ နာကျင်လှပါသည်။

လက်တော်သည် အကျွန်ုပ်ကို နှိပ်လျက်ရှိပါ၏။

စာရေးသူသည် ထာဝရဘုရား၏ ပြစ်ဒဏ်ပေးခြင်းများထဲမှ သူ့အားလက်တော်ဖြင့် ထုချေရိုက်နှက်သကဲ့သို့ ပြောဆိုထားသည်။ ဤနေရာတွင် "လက်တော်" ထာဝရဘုရား၏တန်ခိုးတော်ဟုရည်ညွှန်းထားသည်။

### Psalms 003

ယေဘုယျအချက်အလက်

ဒါဝိဒ်သည် သူ၏အပြစ်များနှင့်အရှက်များသည် သူ့ခန္ဓာကိုယ်တစ်ခုလုံးအား ဖော်ပြပေးထားကြောင်းဆက်လက်ပြောဆိုသည်။ ဤသင်ခန်းစာများသည် သူ့အားအကျိုးဖြစ်စေသည့် အကြောင်းရည်ရွယ်ဖွဲ့ဆိုထားသည်။

ဒုစရိုက်အပြစ်ကြောင့် အရိုးများထဲမှာ သက်သာခြင်း မရှိပါ။

ဤသည်မှာ "ငါ့အရိုးများ" ဟု စာရေးသည် ကိုယ်စားပြုရည်ညွှန်းထားသည်။

အကျွန်ုပ် ခေါင်းကို လွှမ်းမိုး၍

ရေကြီး၍ လွှမ်းမိုးသကဲ့သို့ စာရေးသူကို ဒုစရိုက်များလွှမ်းမိုးပြီးဟု ပြောဆိုထားသည်။

လေးသောဝန်ကဲ့သို့ အကျွန်ုပ်မထမ်း နိုင်အောင် လေးကြပါ၏။

စာရေးသူ၏အပြစ်ဒုစရိုက်များသည် ဝန်ကဲ့သို့ ဖြစ်လျှင် မထမ်းနိုင်အောင် လေးလံလှပါသည်။

(အခြားသောဘာသာပြန်ဆိုချက်) "ထိုအရာများသည် လေး၍ မထမ်းနိုင်သော ဝန်ကဲ့သို့ အလွန်လေးလံလှပါသည်။

Psalms 005

ယေဘုယျအချက်အလက်

-

အနာတို့သည် နံစော်၍ ရိယွဲ့လျက်ရှိကြပါ၏။
အနေရာတွင်
အသားများပုပ်စော်နံလျက်ရှိသောအနာများကြောင့်စာရေးသူ
"အနံ့ " ဟုရည်ညွှန်းသည်။

အလွန်နှိမ့်ချ လျက်၊
စာရေးသူ၏အနာရောဂါများကြောင့် နာကျင်ခံစားရကာ
ကိုယ်ကိုကိုင်းညွတ်ကွ့်လျက် အသက်ကြီးသူကဲ့သို့ နေရပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ငါနာကျင်သောကြောင့်
ကိုယ်ကိုကိုင်း၍ ငုံထားရပါသည်။"

Psalms 007

ပူလောင်သောအနာစွဲ၍
စာရေးသူသည် အဖျားကြီး၍ နာကျင်ပူလောင်စွာ
ခံစားနေရပါသည်။ (အခြားသောဘာသာပြန်ဆိုချက်)
ကျွန်ုပ်ကိုယ်ထဲ၌ မီးလောင်သကဲ့သို့ အဖျားကြီးနေပါသည်။"

အသားသည်လည်း ကျန်းမာခြင်းမရှိပါ
ဤသည်မှာစာရေးသူသည်၏ အသားကို ရည်ညွှန်းသည်။

နန်နဲခြင်း၊ ကြေကွဲရှိ၍
စာရေးသူသည် အလွန်ဖျားနာသောကြောင့်
ကိုယ်အလေးချိန်လျော့ကျကာ ပိုလျက်သားလှဲကျသွားသကဲ့သို့
ပြောဆိုထားသည်။

စိတ်နှလုံးလှုပ်ရှားသဖြင့်
ဤသည်မှာစာရေးသူ၏ နှလုံးခုန်မြန်ခြင်းကို ရည်ညွှန်းသည်။

Psalms 009

စိတ်နှလုံးလှုပ်ရှားသဖြင့် အော်ဟစ်ရပါသည်။
"ကျွန်ုပ်နှလုံး"ကိုဤနေရာတွင်စာရေးသူသည်
ကျန်းမာစေလိုသောဆန္ဒအလွန်ပြင်းပြကာ
အကူအညီတောင်းခံနေကြောင်း ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "အကျွန်ုပ်၏
အပြင်းပြဆုံးသောအလိုဆန္ဒ" (သို့မဟုတ်)
"ကိုယ်တော်အကျွန်ုပ်ကို ပျောက်ကင်းစေလိုသောဆန္ဒ" ။

အကျွန်ုပ်ညည်းတွားခြင်း ကိုလည်း အကြွင်းမဲ့သိတော်မူ၏။
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)"အကျွန်ုပ်ဝမ်းနည်း၍
ညည်းထွားခြင်းကို ကိုယ်တော်မြင်ပါ၏။"

ခွန်အားလည်း ကုန်ပါပြီ။
"ကျွန်ုပ်သည် အလွန်အားလျော့ပါပြီ"

မျက်စိအလင်းသည် ကွယ်ပျောက်ပါပြီ။
"ကျွန်ုပ်မျက်စိသည် ကောင်းစွာ မမြင်နိုင်ပါ။"

Psalms 011

ကျော့ ကွင်းများကို ထောင်ထားကြပါ၏။
စာရေးသူ၏ ရန်သူများသည် သားကောင်များကို ဖမ်းသကဲ့သို့
သူ့ကိုရန်ရှာကာ ထောင်ချောက်သဖွယ် ကြံစည်ကြပါ၏ဟူ၍
ပြောဆိုထားသည်။

တနေ့လုံးမနာလို သောစကားကိုပြော၍၊ မကောင်းသောပရိယာယ်ကို
ကြံစည်ကြပါ၏။
ဤစာပိုဒ်နှစ်ကြောင်း စလုံးသည်
လူများ၏မကောင်းကြံစည်မှုကိုဖော်ပြထားခြင်း အဓိပ္ပာယ်
တူညီသည်။"

Psalms 013

အကျွန်ုပ်မူကား၊ နားပင်းသောသူကဲ့သို့ မကြား။ နှုတ်ကို မဖွင့်တတ်လူကဲသို့
ဖြစ်ပါ၏။
အပိုဒ်ငယ် ၁၃ နှင့် ၁၄သည် အလွန်ဖျားနာသော ဝေဒနာခံစားရ၍
နားပင်းကဲ့သို့ ဖြစ်သွားရကြောင်း အဓိပ္ပာယ်ဖြင့်
ရည်ညွှန်း၍ရေးထားသည်။

နားမကြား၊ ပြန်၍မငြင်းနိုင်သော သူကဲ့သို့ ဖြစ်ပါ၏။
ဒုတိယစာပိုဒ် အပိုဒ်ငယ် ၁၃ နှင့် ၁၄တွင်စာရေးသူသည်
အလွန်ဖျားနာသော ဝေဒနာခံစားရ၍
စကားမပြောနိုင်သောသူကဲ့သို့ ဖြစ်ရကြောင်း အဓိပ္ပာယ်ဖြင့်
ဖော်ပြထားသည်။

နှုတ်ကို မဖွင့်တတ်လူကဲသို့
စကားမပြောနိုင်သော သူ"နှုတ်ဆွံ့အ"

Psalms 015

ကိုယ်တော်သည် ပြန်ပြောတော်မူမည်။
ဖြစ်နိုင်ခြေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁) ကျွန်ုပ်ကို
ပြန်လည်ဖြေကြားလိမ့်မည်။ (၂)
ရန်သူများကိုပြန်လည်တုန့်ပြန်တော်မူမည်။

အကျွန်ုပ်အမှုမှာ ဝမ်း မြောက်ကြပါလိမ့်မည်။
"အကျွန်ုပ်၏ ဆင်ရဲဒုက္ခခံရသော ဝေဒနာကို
ကျေနပ်ကြပါလိမ့်မည်"

အကျွန်ုပ်သည် ခြေချော်သော အခါ
ဤသည်မှာ "ကျွန်ုပ်ခြေဖဝါး"စာရေးသူကို ကိုယ်စားပြုသည်။
"ခြေချော်ခြင်း"ဆိုသည်မှာ စာရေးသူ၏ ဒုက္ခပြဿနာများနှင့်
ကံဆိုးမိုးမှောင်ကျခြင်းကို တင်စားထားသည်။

(အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်အမှားပြုမိလျှင်
ကြီးစွာသော ပြသနာများရင်ဆိုင်ရလိမ့်မည်။

Psalms 017

အကျွန်ုပ်လဲလုသည်ဖြစ်၍၊
ဖြစ်နိုင်ခြေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁) "ကျွန်ုပ်သည်
အလွန်ဖျားနာသောကြောင့် သေလုမြောပါးဖြစ်ပါ၏။" (၂)
"ကျွန်ုပ်သည် မကြာမီ ပျက်စီးခြင်းသို့ ရောက်ပါပြီး"

ဆင်းရဲခြင်းကို အစဉ်အောက် မေ့လျက်နေပါ၏။
နာကျင်ခြင်းဝေဒနာကို အစဉ်ခံစားရသည်။

Psalms 019

အကျွန်ုပ်၏ ရန်သူတို့ကား၊ ကျန်းမာလျက်၊ ခွန်အားကြီးလျက်ရှိ ကြပါ၏။
ဤစာပိုဒ်နှစ်၏ အခြေခံ သဘာတရားတူညီသည်။

အကျွန်ုပ်ကို မဟုတ်မှန်ဘဲ မုန်းသောသူတို့ကား
စာရေးသူသည် သူပြုမူသောကျေးဇူးတရားများကို ရန်သူများက
ဆိုးညစ်ခြင်းများဖြင့်သာ တုန့်ပြန်ကြသည်ဟူ၍ ငွေကြေးလှဲလှယ်
သကဲ့သို့ ပြောဆိုထားသည်။

အပြစ်ပြုတတ်သော သူတို့သည်အကျွန်ုပ်ကို ရန်ဘက်ပြုကြပါ၏။
စာရေးသူသည် ရန်သူများသူကို ပြန်လည်တိုက်ခိုက်ခြင်းကို
ကျောက်ခဲဖြင့် ပေါက်ခံရသကဲ့သို့ ပြောဆိုထားသည်။

ကျေးဇူးတရားကို ကြိုးစား၍ ကျင့်သောကြောင့်
စာရေးသူသည် ကောင်းမွန်သောအရာ နောက်သို့
လိုက်ပြေးသကဲ့သို့ ကောင်းသောအရာများကို
လုပ်ဆောင်လိုသာဆန္ဒရှိသည်။

Psalms 021

အိုထာဝရဘုရား၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူ ပါနှင့်
ဤစာပိုဒ် နှစ်ကြောင်းသည် အဓိပ္ပာယ် အလွန်တူညီသည်။

အကျွန်ုပ်နှင့်ဝေးဝေးနေတော် မမူပါနှင့်။
ထာဝရဘုရားသခင်သည် စာရေးသူ၏ တောင်းဆိုမှုကို
မတုန့်ပြန်သေးပေ။ စာရေးသူနှင့် အလွန်ဝေးကွာသော နေရာ၌
ရှိနေသကဲ့သို့ ပြောဆိုထားသည်။

အကျွန်ုပ်ကိုမစခြင်းငှါ အလျင်အမြန်ကြွလာတော်မူပါ
(အခြားသောဘာသာပြန်ဆိုချက်)"အကျွန်ုပ်ကို
ကယ်တင်တော်မူသော တစ်ပါတည်းသော အရှင်"


generated on Sun Jun 30 02:37:40 2024

## Chapter 39

1 ငါသည်စကားဖြင့်မျှ မပြစ်မှားမည်အကြောင်း၊ ကိုယ်ကျင့်ကို သတိပြုမည်။ မတရားသောသူသည် ငါ့ရှေ့ မှာရှိစဉ်၊
ငါသည်ကိုယ်နှုတ်ကို ချည်နှောင်မည်ဟု ငါပြော ထား၏။ 2 စကားမပြောဘဲအလျက်နေ၏။ ကောင်းသော အရာကိုပင် မပြော။
ထိုသို့နေစဉ်၊ ငါသည် စိတ်ညစ်ညူး ခြင်းရှိ၏။ 3 ကိုယ်အထဲမှာ နှလုံးပူဆွေးခြင်းရှိ၏။ ငါညည်း တွားစဉ်၊ မီးလောင်လေ၏။
ထိုအခါငါသည် နှုတ်မြွက်၏။ 4 အိုထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်ပျက် တတ်သော သဘောကိုသိရပါမည်အကြောင်း၊ အကျွန်ုပ်
၏လမ်းဆုံးကိုငင်း၊ အကျွန်ုပ်၏ အသက်အပိုင်းအခြားကိုငင်း သိစေတော်မူပါ။ 5 အကျွန်ုပ်အသက်တာကို တမိုက်မျှသာ ခန့်ထား
တော်မူပြီ။ အကျွန်ုပ်အရွယ်သည် ရှေ့တော်၌ ဘာမျှ မဟုတ်သကဲ့သို့ဖြစ်ပါ၏။ အကယ်စင်စစ် လူမည်သည် ကား၊ လူ၏အထွဋ်သို့
ရောက်သော်လည်း၊ အနတ္တသက် သက်ဖြစ်ပါ၏။ 6 အကယ်စင်စစ်လူသည် အရိပ်၌သာ ကျင်လည် ပါ၏။ အကယ်စင်စစ် လူသည်
အရိပ်၌သာ ကျင်လည် ပါ၏။ အကယ်စင်စစ် လူတို့သည် အကျိုးမဲ့ပင်ပန်းကြ ပါ၏။ ဥစ္စာကိုဆည်းဖူးသော်လည်း
အဘယ်သူရအံ့သည် ကို မသိရပါ။ 7 ယခုမူကား၊ အကျွန်ုပ်သည် အဘယ်သို့ မြော်လင့်ရပါမည်နည်း။ အိုထာဝရဘုရား၊ ကိုယ်တော်၌
သာ မြော်လင့်စရာအကြောင်းရှိပါ၏။ 8 ပြစ်မှားမိသမျှသောအပြစ်တို့မှ အကျွန်ုပ်ကို လွှတ်တော်မူပါ။ မိုက်သော သူတို့၏ ကဲ့ရဲ့ခြင်းကို
ခံစေတော်မမူပါနှင့်။ 9 ကိုယ်တော်စီရင်တော်မူရာ ဖြစ်သောကြောင့်၊ အကျွန်ုပ်ပြောစရာမရ။ နှုတ်ကို မဖွင့်ဘဲနေရပါ၏။ 10 အကျွန်ုပ်ကို
ဒဏ်ခတ်တော်မမူပါနှင့်ဦး။ လက်တော်အောက်၌ ဆုံးမခြင်းကိုခံရ၍ အားကုန်ပါပြီ။ 11 ကိုယ်တော်သည် လူတို့အပြစ်ကြောင့် ဆုံးမ၍
ဒဏ်ခတ်တော်မူလျှင်၊ ပိုးရွဖျက်တတ်သကဲ့သို့၊ လူတို့၏ တင့်တယ်ခြင်းအသရေကို ပြယ်ပျောက်စေတော်မူ၏။
အကယ်စင်စစ်လူခပ်သိမ်းတို့သည် အနတ္တသက်သက် ဖြစ်ကြပါ၏။ 12 အိုထာဝရဘုရား၊ အကျွန်ုပ်ဆုတောင်းခြင်း ပဌနာကို
ကြားတော်မူပါ။ အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ။ အကျွန်ုပ်မျက်ရည်ကို ကြည့်၍ နေတော်မမူပါနှင့်။
ဘိုးဘေးအပေါင်းတို့သည် ဖြစ်ဘူးသကဲ့သို့၊ အကျွန်ုပ်သည် ရှေ့တော်၌ဧည့်သည် အာဂန္တုဖြစ်၏။ 13 အကျွန်ုပ်သည် ရွှေ့သွား၍
မပျောက်မှီတွင် သက်သာရမည်အကြောင်း၊ မျက်နှာလွှဲတော်မူပါ။

---

Psalms 001

ယေဒုသန်
ဒါဝိဒ်၏ ဂီတဆိုင်ရာ ပညာရှင်များအနက် တစ်ဦးဖြစ်သည်။
ဤသည်မှာထိုပုဂ္ဂိုလ်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ကိုယ်ကျင့်ကို သတိပြုမည်။
ဤတွင်အာရုံစူးစိုက် ဂရုပြုခြင်းကို ဆိုလိုသည်။

ငါသည်စကားဖြင့်မျှ မပြစ်မှားမည်အကြောင်း
စာရေးသူ၏နှုတ်မှ ထွက်သောစကားကို ရည်ညွှန်းသည်။

ကိုယ်နှုတ်ကို ချည်နှောင်မည်
နှုတ်ပိတ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ ဒါဝိဒ်သည်
မကောင်းသောသူအရှေ့မှာ မည်သည့် စကားမျှမပြောဆိုပေ။

Psalms 002

စကားမပြောဘဲအလျက်နေ၏။ ကောင်းသော အရာကိုပင် မပြော။
ဤစာကြောင်းနှစ်ခု၏ ဆိုလိုရင်းရည်ရွယ်ချက် တူညီသည်။
စာရေးသူသည် စကားတစ်ခွန်းမျှမပြောဆိုခဲ့ပါ။

(အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်သည်
လုံးလုံးစကားမပြောပဲ တိတ်ဆိတ်စွာနေသည်"

ကောင်းသော အရာကိုပင် မပြော
"ငါ့စကားလုံးများ" ဤသည်မှာစာရေးသူ၏
ပြောဆိုသောစကားကိုရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "စကားမပြောပါ"

ကိုယ်အထဲမှာ နှလုံးပူဆွေးခြင်းရှိ၏။ ငါညည်း တွားစဉ်၊ မီးလောင်လေ၏
"နှလုံး"သည် လူပုဂ္ဂိုလ်၏ ဖြစ်ခြင်းတစ်ခုလုံးကို
ကိုယ်စားပြုသည်။ စာရေးသူသည်
နှလုံးပူပန်ခြင်းအကြောင်းအရာကို တွေးတောလျှင် အတွင်း၌
မီးလောင်သကဲ့သို့ ပူလောင်ခံစားရကြောင်း ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ထိုအကြောင်းအရာများကို
စဉ်းစားလိုက်တိုင်း ကျွန်ုပ်သည် အလွန်အမင်းပူဆွေးသောက
ဝေဒနာခံစားရသည်။"

Psalms 004

အကျွန်ုပ် ၏လမ်းဆုံးကိုငင်း၊ အကျွန်ုပ်၏ အသက်အပိုင်းအခြားကိုငင်း
ဤစာကြောင်း၏ ဆိုလိုရင်းအဓိပ္ပာယ် တူညီသည်။

အကျွန်ုပ်၏ အသက်အပိုင်းအခြားကိုငင်း သိစေတော်မူပါ။
"အကျွန်ုပ်ဘဝ တိုတောင်းခြင်းကိုသိစေတော်မူပါ" (သို့)
"ကျွန်ုပ်၏အသက် မြန်ဆန်စွာ ကုန်ဆုံးခြင်းကို သိစေတော်မူပါ"


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်အသက်တာကို တမိုက်မျှသာ ခန့်ထား တော်မူပြီ။
စာရေးသူ၏ ဘဝသက်တမ်းသည် လက်အတိုင်းအရှည် ပမာဏမျှသာ ရှိကြောင်းပြောဆိုထားသည်။

အကယ်စင်စစ် လူမည်သည် ကား၊ လူ၏အထွဋ်သို့ ရောက်သော်လည်း၊ အနတ္တသက် သက်ဖြစ်ပါ၏။
လူ့ဘဝသက်တမ်းအတိုချုံးကို အချိန်ပမာဏ အတိုင်းအတာမျှသာရှိကြောင်း ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အကယ်စင်စစ် လူ၏ဘဝသက်တမ်းသည် အသက်တစ်ခါရှူရှိုက်သော အချိန်ပမာဏ မျှသာရှိသည်။

Psalms 006

အကယ်စင်စစ်လူသည် အရိပ်၌သာ ကျင်လည်ပါ၏။
လူတွေ၏ ဘဝအသက်တာသည် အရေးမပါသော အရိပ်ကဲ့သို့ သာဖြစ်ကြောင်း ပြောဆိုထားသည်။

ဥစ္စာကိုဆည်းဖူးသော်လည်း အဘယ်သူရအံ့သည် ကို မသိရပါ။
ဤသည်မှာ ဥစ္စာပစ္စည်း ချမ်းသာသောသူ အသက်ဆုံးရှုံးလျှင် သူ့အမွေများကို မည်သူရရှိသွားသည်ကို မသိလိုက်ပါ။

ယခုမူကား၊ အကျွန်ုပ်သည် အဘယ်သို့ မြော်လင့်ရပါမည်နည်း။
လူများသည် သူ့ကိုမကူညီနိုင်ကြောင်း စာရေးသူကမေးခွန်းဖြင့် ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ယခုမူကား၊ ထာဝရဘုရား၊ ကျွန်ုပ်သည် မည်သူတစ်ဦး တစ်ယောက်ဆီမျှရရှိဖို့ မမြော်လင့်နိုင်တော့ပါ။"

Psalms 008

အကျွန်ုပ်ပြောစရာမရ။ နှုတ်ကို မဖွင့်ဘဲနေရပါ၏။
ဤစာပိုဒ်အဓိပ္ပာယ်၏ ဆိုလိုရင်း အခြေခံသဘောတရား တူညီသည်။

ကိုယ်တော်စီရင်တော်မူရာ ဖြစ်သောကြောင့်
"ကိုယ်တော်ထံမှ အပြစ်စီရင်ခြင်းကို ကျွန်ုပ်ခံရပါပြီ။"

Psalms 010

ဒဏ်ခတ်တော်မမူပါနှင့်
ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းသည် လက်နက်ဖြင့် အနာတရဖြစ်စေသကဲ့သို့ ပြောဆိုထားသည်။

အားကုန်ပါပြီ။
"လုံးလုံး ပျက်စီးခြင်း သို့ရောက်ပါပြီ"

လက်တော်အောက်၌ ဆုံးမခြင်းကိုခံရ၍
စာရေးသူသည် ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းခံရပုံကို ထင်ရှားသည့်ပုံစံဖြင့် ပြောဆိုထားသည်။

ပိုးရွဖျက်တတ်သကဲ့သို့၊ လူတို့၏ တင့်တယ်ခြင်းအသရေကို ပြယ်ပျောက်စေတော်မူ၏။
ဘုရားသခင်သည် လူတွေတန်ဖိုးထားသော အရာများကို ပိုးမွှားများအဝတ်ထည် ကိုကိုက်ဖြတ်စားသောက်သကဲ့သို့ ပျက်စီးစေမည်။

အကယ်စင်စစ်လူခပ်သိမ်းတို့သည် အနတ္တသက်သက် ဖြစ်ကြပါ၏။
စာရေးသူသည် လူများ၏ ဖြစ်စဉ်တစ်လျှောက်လုံးကို နောက်ဆုံး၌ အခိုးအငွေ့လို လျင်မြန်စွာ ကွယ်ပျောက်သွားမည်ဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)"လူသားတိုင်းသည် မတည်မြဲကြပါ။"

Psalms 012

အကျွန်ုပ်ဆုတောင်းခြင်း ပဌနာကို ကြားတော်မူပါ။ အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ။
ဤစာကြောင်း သုံးကြောင်းသည် ဆိုလိုရင်းအဓိပ္ပာယ် အခြေခံသဘောတရား တူညီစွာဖော်ပြထားသည်။ စာရေးသူသည် ဘုရားသခင်၏ တုန့်ပြန်ခြင်းကို ဆန္ဒပြင်းပြကြောင်း ရေးသားထားသည်။

အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ။
ထာဝရဘုရားသည် စာရေးသူ၏ အော်ဟစ်သံကို မကြားသကဲ့သို့ ရေးဖွဲ့ထားသည်။

အကျွန်ုပ်သည် ရှေ့တော်၌ဧည့်သည် အာဂန္တုဖြစ်၏။
ထာဝရဘုရားသခင်သည် သူ့အား ဧည့်သည်ကဲ့သို့ ယူဆထားကြောင်းပြောဆိုထားသည်။

အကျွန်ုပ်ထံ မျက်နှာလွှဲတော်မူပါ။
ထာဝရဘုရား၏ ပြစ်ဒဏ် စီရင်ခြင်းကို ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အပြစ်ဒဏ်ခံခြင်းကို ရပ်တန့်တော်မူပါ။" (ရှု၊ metonymy)

အကျွန်ုပ် သက်သာရမည်အကြောင်း
ဤသည်မှာ "အပြုံး" ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ရည်ညွှန်းသည်။

## Chapter 40

[1] ငါသည် ထာဝရဘုရားကို စေ့စေ့မြော်လင့်သည် ကာလ၊ ငါ့ကို မျက်နှာပြု၍ ငါအော်ဟစ်သောအသံကို ကြားတော်မူ၏။ [2]
ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသောရွှံ့ထဲကငါ့ကို ဆယ်နှုတ်ပြီးလျှင် ငါ့ခြေတို့ကို ကျောက်ပေါ်မှာတင်၍ ငါခြေရာတို့ကို
တည်စေတော်မူ၏။ [3] ထိုသို့ငါတို့ဘုရားသခင်ကို ချီးမွမ်းရာသီချင်း သစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေးတော်မူ၏။ လူများ တို့သည်
သိမြင်၍ ကြောက်ရွံ့သောစိတ် နှင့်ထာဝရဘုရား ကို ကိုးစားကြလိမ့်မည်း။ [4] မာနထောင်လွှားသောသူနှင့် မိစ္ဆာတရားလမ်း သို့
လွှဲသွားသော သူတို့ကိုမမှီဝဲ၊ ထာဝရဘုရားကို ကိုးစား သောသူသည် မင်္ဂလာရှိ၏။ [5] အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊
အကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့သြဘွယ်အမှုတို့နှင့် ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။ ရှေ့တော်၌
အစဉ်အတိုင်းလျှောက်၍ မကုန်နိုင်ပါ။ အကျွန်ုပ်ထုတ်ဘော်ကြားပြောမည်ဟုဆိုသော်၊ ရေတွက် ၍ မကုန်နိုင်အောင် များလှပါ၏။ [6]
ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလို တော်မရှိသည် ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့်
အပြစ်ဖြေရာယဇ်များကို တောင်းတော် မမူသောအခါ၊ [7] ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေး ထားသည်နှင့်အညီ၊
အကျွန်ုပ်သည် သွားပါမည်ဟု ဝန်ခံ ပါ၏။ [8] အကျွန်ုပ်၏ ဘုရားသခင်၊ ကိုယ်တော်၏အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည်
အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာ ရှိပါ၏။ [9] ဖြောင့်မတ်ခြင်းတရားကို
ပရိသတ်ကြီးအလယ် မှာ အကျွန်ုပ် ဟောပါပြီ။ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်နှုတ်ကိုပိတ်၍ မနေကြောင်းကို
ကိုယ်တော်သိတော် မူ၏။ [10] ဖြောင့်မတ်စွာ စီရင်တော်မူခြင်းတရားကို အကျွန်ုပ်သည် ကိုယ်နှလုံးထဲမှာ ဝှက်၍မထားပါနှင့်။
သစ္စာစောင့်တော်မူခြင်းတရားနှင့် ကယ်တင်တော်မူခြင်း တရားနှင့် ကယ်တင်တော်မူခြင်းတရားကို ဟောပြော ပါပြီ။ ကရုဏာတော်နှင့်
သစ္စာတော်ကို ပရိသတ်ကြီး အလယ်မှာ မထိမ်းဝှက်ပါ။ [11] အိုထာဝရဘုရား၊ အကျွန်ုပ်၌ သနားစုံမက် တော်မူခြင်းစိတ်ကို
မချုပ်တည်းပါနှင့်။ ကရုဏာတော်နှင့် သစ္စာတော်သည် အကျွန်ုပ်ကို အစဉ်စောင့်မပါစေသော။ [12] အကြောင်းမူကား၊
အတိုင်းမသိများစွာသော ဘေးဥပဒ်တို့သည် အကျွန်ုပ်ကို ဝိုင်းကြပါပြီ။ အကျွန်ုပ်မျှော် ၍ မကြည့်နိုင်အောင်ခံရသော အပြစ်တို့သည်
အကျွန်ုပ် ကို မှီကြပါပြီ။ အကျွန်ုပ်ဆံပင်ထက်များပြားသည် ဖြစ်၍၊ အကျွန်ုပ်နှလုံးသည် အားလျော့ပါပြီ။ [13] အိုထာဝရဘုရား၊
အကျွန်ုပ်ကို နှုတ်ယူခြင်းငှါ အလိုရှိတော်မူပါ။ အိုထာဝရဘုရား၊ အကျွန်ုပ်မစခြင်းငှါ အလျင်မမြန်ပြုတော်မူပါ။ [14]
အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသော သူအပေါင်းတို့သည် အရှက်ကွဲ၍ မျက်နှာပျက်ကြပါစေ သော။ အကျွန်ုပ်၌
အန္တရယ်ပြုချင်သောသူတို့သည် လုန်ခြင်းကိုခံရ၍ ရှက်ကြောက်ခြင်းသို့ရောက်ကြပါစေ သော။ [15] အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု
ဆိုသော သူတို့သည် အရှက်ကွဲခြင်းအားဖြင့် မှိုင်တွေကြပါစေ သော။ [16] ကိုယ်တော်ကိုရှာသော သူအပေါင်းတို့သည် ကိုယ်တော်၌
ဝမ်းမြောက်ရွှင်လန်းကြပါစေသော။ ကယ်တင်တော်မူခြင်းကျေးဇူးကို နှစ်သက်သောသူတို့ သည်
ထာဝရဘုရားဘုန်းကြီးတော်မူစေသတည်းဟု အစဉ်မပြတ်ပြောကြပါစေသော။ [17] အကျွန်ုပ်မူကား၊ ဆင်းရဲငတ်မွတ်သော်လည်း၊
ထာဝရဘုရား သည် အကျွန်ုပ်ကို အောက်မေ့တော်မူ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို မစသောသူ၊ ကယ်တင် သောသူဖြစ်တော်မူ၏။
အကျွန်ုပ်၏ ဘုရားသခင်၊ ဆိုင်းလင့်တော်မမူပါနှင့်။

---

### Psalms 001

ငါသည် ထာဝရဘုရားကို စေ့စေ့မြော်လင့်သည် ကာလ
ထာဝရဘုရား၏ ကူညီမစခြင်းကို စာရေးသူ စောင့်မျှော်နေခြင်းဟူ၍ အဓိပ္ပာယ် ဖြစ်သည်။

ငါအော်ဟစ်သောအသံကို ကြားတော်မူ၏။
ဤဖော်ပြထားသော အဓိပ္ပာယ်များသည် တူညီသည်။

ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသောရွှံ့ထဲကငါ့ကို ဆယ်နှုတ်ပြီးလျှင်
ဤသည်မှာစာရေးသူ၏ ရင်ဆိုင်ရသော အန္တရာယ်များသည် ရွှံ့များဖြင့် ပြည့်နေသော သေတွင်းနှင့် ခိုင်းနှိုင်းထားသည်။

ငါ့ခြေတို့ကို ကျောက်ပေါ်မှာတင်၍
ဤသည်မှာစာရေးသူသည် လုံခြုံစိတ်ချရသော နေရာဟူ၍ ရည်ညွှန်းထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "လုံခြုံစိတ်ချစွာနဲ့ ပို့ဆောင်တော်မူသည်။"

### Psalms 003

ငါတို့ဘုရားသခင်ကို ချီးမွမ်းရာသီချင်း သစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေးတော်မူ၏။
ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁) ကျွန်ုပ်ကို သီချင်းသစ်အတွက် စကားလုံးများကို သင်ပေးတော်မူသည်။ (၂) ကျွန်ုပ်သီချင်း ချီးမွမ်းခြင်းအတွက် အကြောင်း အရာအသစ်များ ပေးထားသည်။

ငါမြွက်ဆိုစေခြင်းငှါ
"ကျွန်ုပ်နုတ်" ဤတွင် စာရေးသူ၏ နှုတ်ကို ရည်ညွှန်းသည်။

ငါတို့ဘုရားသခင်ကို ချီးမွမ်းရာ
နာမ် "ချီးမွမ်းခြင်း" ကြိယာတစ်ခုအဖြစ်ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် "ကျွန်ုပ်တို့ ဘုရားသခင်ကို ချီးမွမ်းဖို့ရန် သီချင်း"

လူများ တို့သည် သိမြင်၍
စာရေးသူသည် ဘုရားသခင်သူ့ကို ပြုတော်မူသောအမှုဒများကို သီချင်းအားဖြင့် လူသားအားလုံးကို ကြားသိစေမည်ဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)"လူအများအားလုံးသည် ကျွန်ုပ်အား ထာဝရဘုရားပြုတော်မူသော အမှုများကို ကြားသိစေမည်။"

ထာဝရဘုရားကို ကိုးစား သောသူသည် မင်္ဂလာရှိ၏။
"ထာဝရဘုရားကို ယုံကြည်ကိုးစားသောသူသည် ကောင်းကြီးမင်္ဂလာ ခံရလိမ့်မည်။' (သို့) "ကောင်းကြီးမင်္ဂလာရှိသောသူများသည် ထာဝရဘုရားကို ကိုးစားကြသည်။

မာနထောင်လွှား
ဤသည်မှာ စားရေးသူသည် မာနထောင်လွှားသော လူများကို ရည်ညွှန်းသည်။

မိစ္ဆာတရားလမ်း
ညစ်ညူးသောဟူသော ဟေဗြဲစကားလုံးဖြစ်သည်။ ဖြစ်နိုင်ခြေအဓိပ္ပာယ် (၂)မျိုးရှိသည်။ (၁) လိမ်လည်လှည့်ဖျားသောသူများ(၂) မိစ္ဆာနတ်များ။

Psalms 005

အကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့သြဘွယ်အမှုတို့နှင့် ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ကိုယတော်သည် ကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့သြဖွယ် အကြံအစည်တော်များကို အဘယ်သူမျှ မရေမတွက်နိုင်အောင်များပြားလှပါ၏။

အကျွန်ုပ်ထုတ်ဘော်ကြားပြောမည်ဟုဆိုသော်၊ ရေတွက် ၍ မကုန်နိုင်အောင် များလှပါ၏။
ဤစာပိုဒ်များ၏ အဓိပ္ပာယ် တူညီသည်။ ပထမစာကြောင်းသည် အနုတ်လက္ခဏာဆောင်၍ ဒုတိယစာကြောင်းသည် အကောင်းဘက်မြင်သော လက္ခဏာကို ဆောင်သည်။

ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလို တော်မရှိသည် ဖြစ်၍၊

အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။
ကြားနိုင်သောဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) ကိုယ်တော်၏ မိန့်တော်မူချက်များကို ကြားနိုင်အောင် ကျွန်ုပ်ကို ဖွင့်ပြတော်မူပြီး။

မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော် မမူသောအခါ၊
ယဇ်ပူဇော်သက္ကာများသည် ဘုရားသခင်အတွက် အရေးမကြီးပေ။

Psalms 007

ကျမ်းစာလိပ်၌
ထာဝရဘုရား၏ နှုတ်ကပတ်တော် ရေးသားထားသောကျမ်းစာလိပ်

ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာ ရှိပါ၏။
ဤတွင်စာရေးသူသည် အတွင်းအပြင်ဖြစ်ခြင်းကို ရည်ညွှန်းသည်။

ဖြောင့်မတ်ခြင်းတရားကို ပရိသတ်ကြီးအလယ် မှာ အကျွန်ုပ် ဟောပါပြီ။
"ပရိတ်သတ်ကြီးရှေ့မှာ ကိုယ်တော်၏ ဖြောင့်မတ်ခြင်း သတင်းကောင်းကို အကျွန်ုပ် ကြားပြောပါပြီ။"

ဖြောင့်မတ်ခြင်းတရား
ဤနေရာတွင်စာရေးသူသည် ဘုရားသခင် လူများကို ကယ်နှုတ်တော်မူသော သတင်းကောင်းကို ရည်ညွှန်းသည်။

အကျွန်ုပ်သည် ကိုယ်နှုတ်ကိုပိတ်၍ မနေကြောင်း
ဤတွင် "ငါ့နှုတ်ခမ်း" သည် စာရေးသူ၏ နှုတ်မှပြောသော စကားကို ရည်ညွှန်းသည်။

Psalms 010

ဖြောင့်မတ်စွာ စီရင်တော်မူခြင်းတရားကို အကျွန်ုပ်သည် ကိုယ်နှလုံးထဲမှာ ဝှက်၍မထားပါနှင့်။
ကိုယ်တော်၏ ဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်လျှို့ဝှက်မထားပါ။

ကိုယ်နှလုံးထဲမှာ
ဤသည်မှာ ကတ္တားပုံစံဖြင့်ဖော်ပြထားသည်။ ဤနေရာတွင် စာရေးကသူ၏ အတွင်းဖြစ်ခြင်း ကိုရည်ညွှန်းသည်။ "

သစ္စာစောင့်တော်မူခြင်းတရားနှင့် ကယ်တင်တော်မူခြင်း တရားနှင့် ကယ်တင်တော်မူခြင်းတရားကို ဟောပြော ပါပြီ။ ကရုဏာတော်နှင့် သစ္စာတော်ကို ပရိသတ်ကြီး အလယ်မှာ မထိမ်းဝှက်ပါ။

ကိုယ်တော်၏ သစ္စာစောင့်တော်မူခြင်း
ဤသည်မှာ ကြိယာအနေဖြင့်သုံးပြီးလုပ်ဆောင်ချက်ကဲ့သို့ဖော်ပြထားသည်။

သစ္စာတော်
(အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်သည် အလွန်သစ္စာရှိသော ဘုရားဖြစ်သည်။

ကရုဏာတော်နှင့် သစ္စာတော်သည် အကျွန်ုပ်ကို အစဉ်စောင့်မပါစေသော။
ဤသည်မှာစာရေးသူသည် ကိုယ်တော်၏ သစ္စာတော်နှင့် ကရုတော်သည် သူ့ကို စောင့်ရှောက်ကြောင်း လူပုဂ္ဂိုလ် ကဲ့သို့ တင်စားထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်၏ ကရုဏာတော်နှင့် သစ္စာတော်သည် ကျွန်ုပ်ကို အစဉ်အမြဲကွယ်ကာစောင့်ရှောက်ဖို့ ကျွန်ုပ်အလိုရှိ၏။

Psalms 012

အတိုင်းမသိများစွာသော ဘေးဥပဒ်တို့သည် အကျွန်ုပ်ကို ဝိုင်းကြပါပြီ။
ပြဿနာ အခက်အခဲများသည် ထောင်ချောက်ဆင်၍
ဝန်းရံထားသကဲ့သို့ ပြောဆိုထားသည်။

အတိုင်းမသိများစွာသော
ဤတွင် အနုတ်လက္ခဏာပုံစံဖြင့်ပြင်းထန်စွာဖော်ပြထားပါသည်။
ဆာလံ

အပြစ်တို့သည်
ဤသည်မှာ သူ၏အပြစ် အကျိုးဆက်များကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"မရေမတွက်အောင်များပြားလှသော အကျွန်ုပ်အပြစ်များ"

အကျွန်ုပ် ကို မှီကြပါပြီ။
ဤသည်မှာ စာရေးသူ၏ အပြစ်များသည် ရန်သူများကဲ့သို့ သူ့ကို
ဖမ်းဆီး၍ အန္တရာယ်ပေးကြသည် ဟုပြောဆိုထားသည်။

အကျွန်ုပ်မျှော် ၍ မကြည့်နိုင်အောင်ခံရသော အပြစ်တို့သည်
ဤတွင် စာရေးသူသည် အော်ဟစ်ငိုကြွေးလွန်းသောကြောင့်
သူ၏မျက်စိများသည် ရှင်းလင်းစွာမမြင်ရဘဲ
မျက်ရည်များကြောင့် မှုန်ဝါးနေသည် ဟူ၍ အဓိပ္ပာယ်ဖြင့်
ရေးသားထားသည်။

အကျွန်ုပ်နှလုံးသည် အားလျော့ပါပြီ။
ဤသည်မှာ စာရေးသူသည်အတွင်းဖြစ်ခြင်း၏
ခံစားချက်တစ်ခုလုံးကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်သည်
အလွန်အမင်းအားယုတ်လျက်ရှိ၏။

Psalms 014

အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသော သူအပေါင်းတို့သည်
ဤသည်မှာ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်အသက်ကို သတ်ခြင်းငှာ
ကြိုးစားကြသောသူများကို အရှက်ခွဲခြင်းနှင့် စိတ်ပျက်ခြင်း
ကြုံရပါစေသော"

အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသော သူ
ဤတွင် "ကျွန်ုပ်ဘဝကိုလိုက်ခဲ့" ကျွန်ုပ်ကိုသတ်ခြင်းငှာ
အလိုရှိသော သူများဟု အဓိပ္ပာယ်ရသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်ကို သတ်ခြင်းငှာ
ကြိုးပမ်းကြသောသူများ"

အကျွန်ုပ်၌ အန္တရာယ်ပြုချင်သောသူ
ဤသည်မှာ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်ကိုထိခိုက်နာကျင်အောင်
အန္တရာယ်ပြုချင်သောသူများကို ရှုတ်ချ၍ ရပ်တန့်စေပါ။

လှန်းခြင်းကို ခံရ၍
ရပ်တန့်စေရန်

အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု ဆိုသော သူတို့သည်
အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု၍ ကဲ့ရဲ့ကြသောသူများ
အရှက်ရပါစေသော"

သူတို့သည် အရှက်ကွဲခြင်းအားဖြင့် မိုင်တွေကြပါစေ သော။
သူတို့အရှက်ကွဲ၍ အံ့သြတွေဝေ ကြပါစေသော။

Psalms 016

ကိုယ်တော်၌ ဝမ်းမြောက်ရွှင်လန်းကြပါစေသော။
ဤစကားစုနှစ်ခုကိုအလွန်လေးနက်သော ဝမ်းမြောက်၊
ဝမ်းသာဖြစ်ခြင်းကို ရည်ရွယ်၍ ရေးသားထားသည်။
(အခြားသောဘာသာပြန်ချက်)"အလွန်အမင်း
ဝမ်းမြောက်ရွှင်လန်းခြင်း"

ကယ်တင်တော်မူခြင်းကျေးဇူးကို နှစ်သက်သောသူတို့
နာမ် "ကယ်တင်ခြင်း"ကို
လုပ်ဆောင်ချက်ပုံစံဖြင့်ဖော်ပြထားသည်။

ဆင်းရဲငတ်မွတ်
ဤစကားလုံးများကို ကူညီရာမဲ့နေသော သူများကို
ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်)
"အလွန်အကူအညီ လိုအပ်နေသော)"

ထာဝရဘုရား သည် အကျွန်ုပ်ကို အောက်မေ့တော်မူ၏။
"ထာဝရဘုရား သည် ကျွန်ုပ်ကို ဂရုစိုက်တော်မူသည်"

အကျွန်ုပ်ကို မစသောသူ၊ ကယ်တင် သောသူ
ဤစာကြောင်း၏ ဆိုလိုရင်းအဓိပ္ပာယ် တူညီသည်။

အကျွန်ုပ်ကို မစသောသူ
"ကိုယ်တော်သည် အကျွန်ုပ်ကိုကယ်တင်ခြင်းငှါကြွတော်မ၏"။

ဆိုင်းလင့်တော်မမူပါနှင့်။
(အခြားသောဘာသာပြန်ဆိုချက်) "လျင်မြန်စွာ
တုန့်ပြန်တော်မူပါ"။

# Translation Questions

Psalms 40:1

ဒါဝိဒ်သည် စေ့စေ့မြော်လင့်သည့်ကာလ၊ ထာဝရဘုရား မည်သို့ ပြုသနည်း။
ဒါဝိဒ်အော်ဟစ်သံကို ကြား၍ နားထောင်တော်မူ၏။

ဒါဝိဒ်အဖို့ အဘယ်အရာပြုပေးသနည်း။
ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသော ရွှံ့ထဲက ဆယ်နုတ်ပြီးလျှင် သူ၏ ခြေတို့ကို ကျောက်ပေါ်၌ တင်တော်မူ၏။

Psalms 40:3

ထာဝရဘုရားသည် ချီးမွမ်းရာသီချင်းသစ်ကို ဒါဝိဒ်အား မြွက်ဆိုခွင့်ပေးတော်မူသဖြင့် လူများတို့တွင် မည်သို့ ဖြစ်လိမ့်မည်နည်း။
ထာဝရဘုရားအား သိမြင်၍ ကြောက်ရွံ့သောစိတ်နှင့် ကိုးစားကြလိမ့်မည်။

အဘယ်သူသည် မင်္ဂလာရှိသနည်း။
မာနထောင်လွှားသောသူနှင့် မိစ္ဆာတရားလမ်းသို့ လွှဲသွားသောသူတို့ကို မမှီဝဲ၊ ထာဝရဘုရားကို ကိုးစားသောသူသည် မင်္ဂလာရှိ၏။

Psalms 40:5

ထာဝရဘုရားပြုသော အမှုနှင့် အကြံစည်တော်တို့ကို ဒါဝိဒ် မည်သို့ ဖော်ပြသနည်း။
အံ့သြဘွယ်အမှုတို့နှင့် အကြံအစည်တိုသည်များပြားလှ၍ ရေတွက်၍ကုန်နိုင်ပါ။

Psalms 40:7

ဒါဝိဒ်ကို အမှတ်ပြု၍ ကျမ်းစာလိပ်၌ အဘယ်သို့ရေးထားသနည်း။
အလိုတော်ဆောင်ရာ၌ အားရဝမ်းမြောက်၍ နှလုံးသားထဲ၌ ဘုရားသခင်၏ ပညတ်တော်ရှိပါ၏။

ပရိသတ်ကြီးအလယ်မှာ ဒါဝိဒ်သည် မည်သည့်အရာကို ဟောပြောသနည်း။
ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို ပရိသတ်အလယ်မှာ အကျွန်ုပ်ဟောပြောသည်။

Psalms 40:10

ဒါဝိဒ်သည် အဘယ်အရာကို ဝှက်၍မထားသနည်း။
ဖြောင့်မတ်စွာတရားစီရင်ခြင်း၊ သစ္စာစောင့်တော်မူခြင်းတရာနှင့် ကယ်တင်တော်မူခြင်းတရားကို မဝှက်ထားပါ။

ထာဝရဘုရားအား အဘယ်သို့ ပြုရန် ဒါဝိဒ်ဆုတောင်းသနည်း။
သနားစုံမက်တော်မူခြင်းစိတ်ကို မချုပ်တည်းရန်၊ ဂရုဏာတော်သည် အစဉ်စောင့်မပါမည်အကြောင်း ဆုတောင်း၏။

Psalms 40:12

အဘယ်ကြောင့် ဒါဝိဒ်ကြောက်ရွံ့ရသနည်း။
ဘေးဥပဒ်တို့နှင့် အပြစ်တို့များပြားလှသောကြောင့် နှလုံးသည် အားလျော့လျက်ရှိ၍ ကြောက်ရွံ့ပါသည်။

ထာဝရဘုရားအမှုပြုဖို့ရန် ကျေနပ်ပါမည်အကြောင့် ဒါဝိဒ်မည်သို့ ဆုတောင်းသနည်း။
သူ့ကို ကယ်နှုတ်ခြင်းငှါ အလိုတော်ရှိပါမည့်အကြောင်း ဆုတောင်းသည်။

Psalms 40:14

ဒါဝိဒ်အသက်ကို သတ်ခြင်းငှါ ရှာသောသူတို့အား အဘယ် သို့ပြုရန် ဆုတောင်းသနည်း။
အရှက်ကွဲ၍ မျက်နှာပျက်ကြကာ လုန်ခြင်းကို ခံရ၍ ရှက်ကြောက်ခြင်းသို့ ရောက်ပါမည်အကြောင်း ဆုတောင်း သည်။

Psalms 40:16

ထာဝရဘုရားကို ရှာ၍ ကယ်တင်ခြင်းကျေးဇူးကို ချစ်သောသူတို့အား ဒါဝိဒ် မည်သို့ ဆုတောင်းပေးသနည်း။
ဝမ်းမြောက်ရွှင်လန်းကြ၍ "ထာဝရဘုရားဘုန်းကြီးပါစေသတည်း" ဟု အစဉ်ပြောကြရန် ဆုတောင်းသည်။

ဒါဝိဒ်သည် ထာဝရဘုရားအား မည်သို့ ဖော်ပြသနည်း။
သူ့ကို မစသောသူ၊ ကယ်တင်သောသူ၊ သူ့ကို အောက်မေ့သောသူဖြစ်ကြောင်း ဖော်ပြသည်။

## Chapter 41

1 ဆင်းရဲသောသူကို အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ ခဲယဉ်းသောကာလ၌ ထိုသူကို ထာဝရ ဘုရား ကယ်နှုတ်တော်မူမည်။ 2
ထာဝရဘုရားသည် စောင့်မ၍ အသက်ချမ်း သာပေးတော်မူသဖြင့်၊ ထိုသူသည် ပြည်တော်၌ ကောင်းကြီးမင်္ဂလာကို ခံရလိမ့်မည်။
ထိုသူကို ရန်သူတို့ အလိုသို့ ကိုယ်တော်သည် အပ်တော်မမူပါ။ 3 သူသည်နာဖျား၍ တုံးလုံးနေသောအခါ၊ ထာဝရ ဘုရားသည်
ထောက်ပင့်တော်မူမည်။ နာ၍နေစဉ်ကာလ ကိုယ်တော်သည် သူ၏အိပ်ရာရှိသမျှကို လှန်ပြန်တော် မူမည်။ 4 ငါလျှောက်ဆိုရသည်ကား၊
အိုထာဝရဘုရား၊ အကျွန်ုပ်ကို သနားတော်ပါ။ အကျွန်ုပ်သည် ကိုယ်တော် ကို ပြစ်မှားမိသည်ဖြစ်၍၊ အကျွန်ုပ်၌ စိတ်ဝိညာဉ်၏
အနာကိုပျောက်စေတော်မူပါဟု လျှောက်ဆို၏။ 5 ငါ့ရန်သူတို့က၊ သူသည်သေ၍ သူ၏နာမသည် အဘယ်ကာလမှ
တိမ်မြုပ်လိမ့်မည်နည်းဟု ငါ့ကိုမနာလို၍ ဆိုတတ်ကြ၏။ 6 ငါ့ကို ကြည့်လာသောသူသည် မုသာစကားကို ပြောတတ်၏။
သူ၏နှလုံးသည်လည်း မကောင်းသော အကြံကို ဆည်းဖူးသည်နှင့်၊ ထွက်သွားသောအခါ ထုတ်ဘော်ပြောတတ်၏။ 7 ငါ့ကိုမုန်းသော
သူအပေါင်းတို့သည် ငါ့ကို ရန်ဘက်ပြု၍၊ တယောက်နှင့်တယောက် တိုးတိုးပြော လျက်၊ ငါ၌မကောင်းသောအကြံကို
ကြံစည်တတ်ကြ၏။ 8 သူ၌ အဓမ္မအမှုအရာစွဲကပ်သည်ဖြစ်၍၊ တခါလဲလျှင် နောက်တဖန်မထရဟု ဆိုကြ၏။ 9
အကယ်စင်စစ်ငါယုံ၍၊ ငါ့မုန့်ကိုစားသော အဆွေခင်ပွန်းသည် ငါ့ကို ခြေနှင့်ကျောက်သတည်း။ 10 အိုထာဝရဘုရား၊ သူတို့အပြစ်ကို
အကျွန်ုပ် ဆပ်ပေးနိုင်မည်အကြောင်း၊ အကျွန်ုပ်ကို သနား၍ ထမြောက်စေတော်မူပါ။ 11 အကျွန်ုပ်၏ ရန်သူသည် အကျွန်ုပ်အား မနိုင်
ကြောင်းကို ထောက်၍၊ ကိုယ်တော်သည် အကျွန်ုပ် မြတ်နိုးတော်မူသည်ဟု သိရပါ၏။ 12 ကိုယ်တော်သည် အကျွန်ုပ်ကို အကျွန်ုပ်စုံလင်
ခြင်းအရာ၌မစ၍၊ ကာလအစဉ်အဆက် ရှေ့တော်ထံမှာ နေရာပေးတော်မူလတံ့။ 13 ဣသရေလအမျိုး၏ဘုရားသခင်တည်းဟူ သော
ထာဝရဘုရားသည် ကမ္ဘာအဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်း။ အာမင်နှင့် အာမင်။

---

---

Psalms 001

ယေဘုယျအချက်အလက်
နာမကျန်းဖြစ်နေသူအားရည်ညွှန်းသောစကားလုံးဖြစ်ပါသည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊ ၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ဆင်းရဲသောသူ
အားနည်းသောသူ (သို့) ဆင်းရဲသောသူ

သူသည်ဖျားနာ၍ တုံးလုံးနေသောအခါ
"အိပ်ယာရှိသမျှ" ဟူသည် သူဖျားနာ၍လဲလျောင်းရခြင်းကို ရည်ညွှန်းသည်။

ထာဝရ ဘုရားသည် ထောက်ပင့်တော်မူမည်
အိပ်ယာရှိသမျှလှန်ပြန်ခြင်းသည် သူ့အားဖျားနာခြင်းမှ ပြန်သက်သာစေရန် အနားယူနေခြင်းကို ဆိုလိုသည်

Psalms 004

သူ၏နာမသည်
သူ၏နာမည်သေသည်ဆိုခြင်းမှာ သူအသက်ရှင်ခြင်းကို မေ့လျော့မည်ကို ဆိုလိုပါသည်

-
ရန်သူဟူသောစကားလုံးသည် တဦးတယောက်ချင်းကို မဆိုလိုပဲယေဘုယျကို ရည်ညွှန်းပါသည်။

မုသာစကားကိုပြောတတ်၏
ဆိုလိုချက်

သူ၏နှလုံးသည်လည်း မကောင်းသောအကြံကို
သူ၏ရန်သူများသည် သူ၏အကြောင်းမကောင်းသောအရာများကို ဆည်းပူးကြ၏ ဤနေရာတွင် စကားလုံးသည် လူပုဂ္ဂိုလ်တခုလုံးကို ရည်ညွှန်းသည်။ မကောင်းသော အခြေအနေများကို သူတို့သည် အတူတကွ လုပ်ဆောင်နိုင်သကဲ့သို့ဟု ပြောဆိုပါသည်။

Psalms 007

ငါ့ကိုမုန်းသောသူအပေါင်းတို့သည်
ဆိုလိုချက် (၁) သူတို့သည် ကျွန်ုပ်အားမကောင်းသောအရာကို ဖြစ်ပွားလာစေရန် မျှော်လင့်ကြသည် (UDB) (၂) သူတို့သည် ကျွန်ုပ်အား နာကျင်စေရန် စီစဉ်နေကြသည်

မကောင်းသောအကြံကိုကြံစည်
သူ၏ရန်သူများသည် မကောင်းသောအရာစွဲကပ်သကဲ့သို့ ချုပ်ထားသည်ဟု ပြောပါသည်

-
ဆိုလိုချက် (၁) သေစေနိုင်သောရောဂါများ (၂) မကောင်းသောအရာများ


generated on Sun Jun 30 02:37:40 2024

တခါလဲလျှင် နောက်တဖန်မထရ
ဤနေရာတွင်လဲ လျောင်းသည်ဟူသည်မှာ ဖျားနာနေသောကြောင့်ဟု ရည်ညွှန်းပါသည် "နောက်တဖန်မထရ" ဟူသည်မှာ သူသည် ဆက်လက်လဲလျောင်းလျက်ရှိပြီး သေခြင်းဟူသည်ကို လှပစွာဆိုလိုပါသည်

ငါ့ကိုခြေနှင့် ကျောက်သတည်း

Psalms 010

သူတို့အပြစ်ကို ဆပ်ပေးနိုင်မည့်အကြောင်း
ဤအရာသည် သနားခံခြင်းဖြစ်သည်။ အိုထာဝရဘုရားကိုယ်တော်သည် ကျွန်ုပ်အပေါ်ကောင်းမြတ်ပါ၍ ကျွန်ုပ်ကိုထမြောက်စေမူပါ

ထမြောက်စေတော်မူပါ
သူ၏အိပ်ယာမှ ထမြောက်စေမူပါဟုဆိုလိုသည်

သူတို့ဆပ်ပေးနိုင်မည့်အကြောင်း
စာရေးသူသည် သူ၏ရန်သူများအားတုံ့ပြန်ရန်ရှိသော အကြွေးများကို ဆိုလိုပါသည်။

ကျွန်ုပ်၏ရန်သူသည် ... သိရပါ၏
ဤစကားလုံးသည် စာရေးသူမှ နောက်ဖြစ်မည့်အရာကို ပြောပြပါသည်

ကျွန်ုပ်ကိုစုံလင်ခြင်းအရာ၌မစ၍
သင်သည်ကျွန်ုပ်၏စုံလင်ခြင်းကို မစတော်မူသည်။

ရှေ့တော်မှာနေရာပေးတော်
စာရေးသူသည်ထာဝရဘုရား၏ မျက်မှောက်တော်၌ သူသည်ထာဝရဘုရားကိုမြင်၏။ သူလည်းထာဝရဘုရားမျက်နှာတော်ကို မြင်နိုင်သည်

Psalms 013

ယေဘုယျအချက်အလက်
ဤစာပိုဒ်သည်ဆာလံကျမ်း၏အဆုံးထက်ပိုသောအရာဖြစ်သည် ဆာလံစာအုပ်၏ (အပိုင်း ၁) ၏အဆုံးပိုင်းဖြစ်၍ (ဆာလံ ၁ မှ ၄၁ ၌ ဆုံးပါသည်။

ကမ္ဘာအဆက်ဆက်
ထူးကဲစွာရည်ညွှန်းခြင်းနှစ်ခုသည် ထာဝရကို ရည်ညွှန်းပါသည်

အာမင်နှင့် အာမင်
အာမင်ဟု သက်သေပြုပြီးထပ်၍ပြောပါသည်


generated on Sun Jun 30 02:37:40 2024

## Chapter 42

1 သမင် ဒရယ်သည် ရေစီးသော ချောင်းကို တောင့်တသကဲ့သို့၊ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော်ကို တောင့်တပါသည်ဘုရား။ 2
ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားကိုငတ်လှ၏။ အဘယ် ကာလမှ ဘုရားသခင့်ထံတော်သို့
ရောက်၍မျက်နှာပြရအံ့ နည်း။ 3 သူတပါးတို့က၊ သင်၏ဘုရားသခင်သည် အဘယ်မှာရှိသနည်းဟု ငါ့ကိုအစဉ်ပြောဆိုကြသဖြင့်၊
ငါ့မျက်ရည်သည် နေ့ညဉ့်မပြတ် ငါစားစရာဖြစ်ရ၏။ 4 ထိုအခြင်းအရာကို ငါအောက်မေ့၍နေစဉ်တွင်၊ ငါ့စိတ်နှလုံးသည်
ကြေကွဲလျက်ရှိ၏။ အကြောင်းမူကား၊ ငါသည်လူစုများနှင့် ပေါင်းဘော်လျက်၊ ရွှင်လန်းခြင်း အသံ၊ ထောမနာပြုခြင်းအသံတို့ကို
ပြိုင်ဆို၍၊ ဓမ္မပွဲခံ သောလူစုများနှင့်အတူ ဘုရားသခင်၏ အိမ်တော်သို့ ဖြည်းညှင်းစွာ သွားလှလေပြီ။ 5 အိုငါ့ဝိညာဉ်၊
သင်သည်အဘယ်ကြောင့် ညှိုးငယ် သနည်း။ ငါ့အထဲမှာအဘယ်ကြောင့် မငြိမ်းမဝပ်ရှိသ နည်း။ ဘုရားသခင်ကို
မြော်လင့်လျက်နေလော့။ ငါ့ကို ကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ်သော ဘုရား သခင်၏ ကျေးဇူးတော်ကို
ငါချီးမွမ်းထောမနာပြုရလေအံ့ သတည်း။ 6 အကျွန်ုပ်စိတ်ဝိညာဉ်သည် အကျွန်ုပ်အထဲမှာ ညှိုးငယ်လျက်ရှိပါ၏။ အကြောင်းမူကား၊
ယော်ဒန်မြစ် ကမ်း၊ ဟေရမုန်တော်ရိုး၊ မိဇရကုန်းပေါ်မှာ ကိုယ်တော်ကို အကျွန်ုပ်အောက်မေ့ပါ၏။ 7
ရေဘွေတော်များအသံဗလံနှင့်တကွ ဝဲသြဃ တခုကို တခုဟစ်ခေါ်၍ လှိုင်းတံပိုးတော်အပေါင်းတို့သည် အကျွန်ုပ်ကို လွှမ်းမိုးကြပါပြီ။ 8
သို့သော်လည်း၊ ထာဝရဘုရားသည် နေ့အခါ သနားခြင်း ကျေးဇူးတော်ကို ပေးချေတော်မူ၏။ ညဉ့်အခါ ၌လည်း ဂုဏ်တော်ကို
သီချင်းဆိုလျက်၊ ငါ့၏အသက် သခင်ကို ပဌနာပြုလျက် ငါနေ၏။ 9 အကျွန်ုပ်ကိုအဘယ်ကြောင့် မေ့လျော့တော်မူ သနည်း။
ရန်သူညှဉ်းဆဲနှိပ်စက်ခြင်းကို ခံရ၍၊ အကျွန်ုပ် သည် ကြမ်းတမ်းသောအဝတ်ကို ဝတ်လျက် အဘယ် ကြောင့် နေရပါသနည်းဟု
ငါ၏ကျောက်ဖြစ်သော ဘုရား သခင်ကို ငါလျှောက်ရ၏။ 10 ငါ့ရန်သူတို့က၊ သင်၏ဘုရားသခင်သည် အဘယ်မှာရှိသနည်းဟု
ငါ့ကိုအစဉ်ပြောဆိုကြသဖြင့်၊ ငါ့အရိုးတို့ကို ချိုး၍ကဲ့ရဲ့တတ်ကြ၏။ 11 အိုငါ့ဝိညာဉ်၊ သင်သည် အဘယ်ကြောင့် ညှိုး ငယ်သနည်း။
ငါ့အထဲမှာ အဘယ်ကြောင့် မငြိမ်မဝပ်ရှိ သနည်း။ ဘုရားသခင်ကို မြော်လင့်လျက်နေလော့။ ငါ့ကိုကယ်တင်တော်မူသောအရှင်၊
ငါကိုးကွယ်သော ဘုရားသခင်၏ကျေးဇူးတော်ကို ငါချီးမွမ်းထောမနာပြုရ လေအံ့သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
(၃၂:၁) ၌ ပြန်ပြီး

သမင်ဒရယ်သည်
စာရေးသူမှ သူသည်ဘုရားသခင်အား တောင့်တခြင်းကို
သမင်ဒရယ်ရေဆာသော တောင့်တခြင်းနှင့် နှိုင်းယှဉ်ပါသည်။

တောင့်တခြင်း
တိရစ္ဆာန်ထံမှ ပြင်းပြသောအသက်ရှူခြင်း (သို့)
လူတဦးမောပန်းခြင်း (သို့) ဆာလောင်ခြင်း

ကိုယ်တော်ကို တောင့်တပါသည်
စာရေးသူ၏ထာဝရဘုရားအား ပြင်းပြစွာ တောင့်တခြင်းသည်
အလွန်ရေဆာသောသူကဲ့သို့ဖြစ်သည်ဟု ပြောပါသည်

အဘယ်ကာလမျှ .... ပြရအံ့နည်း
စာရေးသူသည် မေးခွန်းကို အဖြေရရန်အတွက်
မဟုတ်သော်လည်း သူ၏ဘုရားသခင်အား ဆာငတ်တောင့်တမှုကို
ပြသရန်အတွက်ဖြစ်သည်

Psalms 003

ငါ့မျက်ရည်သည် ...
စာရေးသူမှ သူ၏မျက်ရည်ကို သူစားစရာအဖြစ် စားရသကဲ့သို့
ရည်ညွှန်းပါသည်။ ဤအရာသည် သူအလွန်ဝမ်းနဲသောကြောင့်
အစာပင်မစားနိုင်ကြောင်းကို ဆိုလိုပါသည်။

နေ့ညမပြတ်
ဤစကားစုသည် လုံးဝနေ့တနေ့၏ အစမှအဆုံးကို
ရည်ညွှန်းပါသည်

ငါ့ကိုအစဉ်မပြတ်ပြောဆိုသဖြင့်
ဤအရာသည် ချဲ့ကား၍ပြောခြင်းဖြစ်သည်။
သူ၏ရန်သူများသည် အဆက်မပြတ်ပြောခြင်းမဟုတ်ပဲ
မကြာခဏပြောသောအရာသာဖြစ်သည်

သင်၏ဘုရားသခင်သည် အဘယ်မှာရှိသနည်း?
စာရေးသူ၏ ရန်သူများသည်
မေးခွန်းကဲ့သို့သူ့အားလှောင်ပြောင်ပြီး
သူ၏ဘုရားသခင်သည်သူ့အား ကယ်တင်သည်ကို
မမြင်ရကြောင်းဖော်ပြသည်

ငါအောက်မေ့၍နေစဉ်
တစုံတရာကိုစဉ်းစားနေသည်ကို ဆိုလိုပါသည်


generated on Sun Jun 30 02:37:40 2024

ငါစိတ်နှလုံးသည်
စိတ်နှလုံးသည် သူ၏ ခံစားချက်ကို ရည်ညွှန်းပါသည်။ စာရေးသူသည် သူ့စိတ်နှလုံးအား အရည်သွန်းလောင်းသကဲ့သို့ဟု ပြောပါသည်။ ဤစကားစုသည် သူ၏နာကျင်ခံစားချက်ကို ဖော်ပြသောအရာဖြစ်ပါသည်။

လူစုများ
လူစုလူဝေးများရှိရာ

ရွှင်လန်းခြင်းအသံ
စကားစုနှစ်မျိုးဖြစ်သော်လည်း သဘောသဘာဝတခုသာလျင်ဖြစ်သည်

Psalms 005

အိုငါ့ဝိညာဉ်သင်သည်အဘယ်မှာညိုးနွမ်းသနည်း
စာရေးသူမှ သူ၏စိတ်ဝိညာဉ်အတွင်းပိုင်းအား ရည်ညွှန်းပါသည်။ သူသည်သူ့ကိုယ်တိုင်၌ မေးခွန်းမေး၍အပြစ်တင်သည်

ညှိုးငယ်
စာရေးသူသည် စိတ်ဓါတ်ကျခြင်း

ဘုရားသခင်ကိုမြော်လင့်လော့
စာရေးသူသည် သူ့ဝိညာဉ်အားထာဝရဘုရားအားကိုးစားရန် အမိန့်ပေးနေသည်

ငါ့ကို ကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ်သော ဘုရားသခင်
စာရေးသူသည် ဘုရားသခင်အား သူစိတ်ဝိညာဉ်အကြောင်း အစပြုပြောပြသည်

ကျွန်ုပ်အောက်မေ့ပါ၏
ဤစကားစုသည် သတိရသည်

ယော်ဒန်မြစ်ကမ်း
ယော်ဒန်မြစ်အစပြုရာ မြောက်ပိုင်း ဣသရေလပြည်ကို ရည်ညွှန်းပါသည်

တောင်ကုန်း
တောင်ထိပ်များ

မိဇရကုန်း
ဟေရမုန်တောင်ခြေ၌ရှိသော တောင်ကုန်းအမည်

Psalms 007

ရေဘွဲ့တော်များအသံဗလံနှင့်တကွ
ရေဘွဲ့တော်ဟူသော စကားလုံးသည် ရေနက်ခြင်းကို ရည်ညွှန်း၍ ဟေရမုန်တောင်ပေါ်မှ အရှိန်အဟုန်နှင့် စီးဆင်းသည် စာရေးသူသည် သူတို့အားလှုများ တယောက်နှင့်တယောက် ခေါ်သကဲ့သို့ တောင်ပေါ်မှ ဆင်းလာသောအသံကဲ့သို့ကြားသည်ဟု ပြောပါသည်

လှိုင်းတံပိုးတော်အပေါင်းတို့သည်
စာရေးသူသည်သူ၌ ဝမ်းနဲခြင်းနှင့် ကြမ္မာဆိုးကျရောက်မှုများမှာ နက်သောရေ၌ လှိုင်းတံပိုးဖုံးလွှမ်းသကဲ့သို့ ဖြစ်သည်ဟု ပြောပါသည်

လှိုင်းတံပိုးတော်အပေါင်းတို့သည်
လှိုင်းတံပိုး ဟူသောစကားလုံးသည် အခြားသောစကား ရေလှိုင်း ဖြစ်ပါသည်။ စကားလုံးနှစ်ခုသည် လှိုင်းတံပိုးကြီးမားခြင်းကို အထူးပြုထားပါသည်

ငါ၏အသက်သခင်ကို
စာရေးသူမှ ထာဝရဘုရား၏သနားခြင်းဂရုဏာတရားတော်သည် သူနှင့် အစဉ်အမြဲရှိနေသည်ဟု ပြောပါသည် (အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားသည် သူ၏သနားခြင်းဂရုဏာတော်တရားကို ကျွန်ုပ်အားပြသမည်

ဂုဏ်တော်ကို သီချင်းဆိုလျက်
ဖြစ်နိုင်ချေ (၁) ကျွန်ုပ်အားပေးသော ဂုဏ်တော်သီချင်း (သို့) သူ၏သီချင်း

ငါ၏အသက်သခင်
ကျွန်ုပ်အား အသက်ပေးသောဘုရားသခင်

Psalms 009

ငါ၏ကျောက်ဖြစ်သော
စာရေးသူမှ ဘုရားသခင်သည် ကြီးမားသော ကျောက်ဆောင်ကဲ့သို့ ရန်သူများမှ ကျွန်ုပ်အား ကာကွယ်ပေးသူဟု ပြောပါသည်။

ရန်သူညဉ်းဆဲခြင်းကိုခံရ၍
ပူဆွေးမြည်တမ်းခြင်းဟူသည် ဝမ်းနဲခြင်းနဲ့ဆက်စပ်၍ ကြမ်းတမ်းသောအဝတ်ကိုဝတ်နေသည်။

ငါ့အရိုးတို့ကိုချိုးရန်
စာရေးသူသည် သေနိုင်သော ဒဏ်ရာကို ရန်သူကြောင့်ရရှိကြောင်းဖော်ပြသည်

ငါ့ကိုအစဉ်ပြောဆိုကြသဖြင့်
ဤအရာသည် ချဲ့ကား၍ ပြောခြင်းဖြစ်သည်။ သူ၏ရန်သူများသည် အဆက်မပြတ်ပြောခြင်းမဟုတ်ပဲ မကြာခဏပြောခြင်းသာဖြစ်သည်

သင်၏ဘုရားသခင်သည် အဘယ်မှာရှိသနည်း?
၄၂:၄ ၌ ပြန်ဆိုပြီး

Psalms 011

အိုငါ့ဝိညာဉ်၊ သင်သည် အဘယ်ကြောင့် ညှိုး ငယ်သနည်း။
၄၂:၅ ၌ ပြန်ဆိုပြီး

ငါ့အထဲမှာ အဘယ်ကြောင့် မငြိမ်မဝပ်ရှိ သနည်း။
၄၂:၅ ၌ ပြန်ဆိုပြီး

ဘုရားသခင်ကို မြော်လင့်လျက်နေလော့
၄၂:၅ ၌ ပြန်ဆိုပြီး

---


generated on Sun Jun 30 02:37:40 2024

## Chapter 43

[1] အိုဘုရားသခင်၊ အကျွန်ုပ်အမှု၌ တရားဆုံးဖြတ် တော်မူပါ။ ကရုဏာမရှိသော လူမျိုးတဘက်ကနေ၍ အကျွန်ုပ်အမှုကို
စောင့်တော်မူပါ။ သစ္စာမရှိ၊ မတရား သောသူ၏လက်မှ အကျွန်ုပ်ကို ကယ်လွှတ်တော်မူပါ။ [2] ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ ဘုရား
ဖြစ်တော်မူ၏။ အကျွန်ုပ်ကိုအဘယ်ကြောင့် စွန့်ပစ်တော်မူ သနည်း။ ရန်သူညှဉ်းဆဲနှိပ်စက်ခြင်းကိုခံရ၍၊ အကျွန်ုပ် သည်
ကြမ်းတမ်းသော အဝတ်ကိုဝတ်လျက် အဘယ် ကြောင့် နေရပါသနည်း။ [3] အလင်းတော်နှင့်သစ္စာတော်ကို စေလွှတ်တော်မူ ပါ။
သူတို့သည် လမ်းပြ၍ သန့်ရှင်းသောတောင်တော်သို့၎င်း၊ တဲတော်သို့၎င်း အကျွန်ုပ်ကို ပို့ဆောင်ပါစေသော။ [4] သို့ပြုလျှင်
ဘုရားသခင်၏ ယဇ်ပလ္လင်သို့၎င်း၊ အကျွန်ုပ် ဝမ်းမြောက်ရွှင်လန်းရာ ဘုရားသခင်ထံတော် သို့၎င်း အကျွန်ုပ်သည် ရောက်လာ၍၊
ကိုယ်တော်ကို စောင်းတီးလျက် ချီးမွမ်းထောမနာပြုပါမည်ဘုရား၊ အကျွန်ုပ်ဘုရား။ [5] အိုငါ့ဝိညာဉ်၊ သင်သည်အဘယ်ကြောင့် ညှိုးငယ်
သနည်း။ ငါ့အထဲမှာအဘယ်ကြောင့် မငြိမ်မဝပ်ရှိသ နည်း။ ဘုရားသခင်ကို မြော်လင့်လျက်နေလော့။ ငါ့ကို
ကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ်သောဘုရား သခင်၏ကျေးဇူးတော်ကို ငါချီးမွမ်းထောမနာ ပြုရလေအံ့ သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ပေမြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

-
ဖြစ်နိုင်ချေ (၁) ကျွန်ုပ်ကိုကာကွယ်သောဘုရား (၂)
ကျွန်ုပ်အားခွန်အားပေးသောဘုရား

အဘယ့်ကြောင့်စွန့်ပစ်တော်မူသနည်း
စာရေးသူသည် ဘုရားသခင်ထံသူအားအဖြေကို မပေး၍
သူ၏ခံစားမှုကို ဖော်ထုတ်ပြီး အပြစ်တင်ခြင်းကို မေးခွန်းကဲ့သို့
ပြောပါသည်

ရန်သူညှဉ်းဆဲနှိပ်စက်ခြင်းကို ခံရ၍
ညှဉ်းဆဲနှိပ်စက်ခြင်း ဟူသည် ဝမ်းနဲကြေကွဲခြင်းနှင့်
ဆက်နွယ်သော ဆက်နွယ်သည်။

ရန်သူနှိပ်စက်ခြင်းကြောင့်

Psalms 003

အလင်းတော်နှင့် သစ္စာတော်ကို စေလွှတ်မူပါ
စာရေးသူသည် သူမည်သို့အသက်ရှင်ရမည်ကို ဘုရားသခင်၏
အလင်းစေလွှတ်ခြင်းဖြင့် မှန်ကန်သောနည်းလမ်းကို
ပြသသွန်သင်ရန် ပြောပါသည်

သန့်ရှင်းသောတောင်
ယေရုရှလင်၌ရှိသော ဗိမာန်တော်ရှိသည့်တောင်

ဘုရားသခင်ထံတော် သို့၎င်း အကျွန်ုပ်သည် ရောက်လာ၍
သူရှိသောနေရာ

ကျွန်ုပ်ဝမ်းမြောက်ရွှင်လန်းရာ
ငါ၏ဝမ်းမြောက်ရွှင်လန်းရာ ဘုရားသခင် (သို့
ငါ့အားဝမ်းမြောက်ရွှင်လန်းခြင်းကို ပေးသောဘုရား

Psalms 005

အိုငါ့ဝိညာဉ် … သင်သည်
၄၂:၅ ၌ ပြန်ဆိုပြီး

ညှိုးငယ်
၄၂:၅ ၌ ပြန်ဆိုပြီး

ဘုရားသခင်ကို မြော်လင့်လျက်
၄၂:၅ ၌ ပြန်ဆိုပြီး

ငါ့ကိုကယ်တင်သောအရှင်
ကျွန်ုပ်၏ကယ်တင်ရှင် ဟူသည် ဘုရားသခင်အား ရည်ညွှန်းသည်


generated on Sun Jun 30 02:37:40 2024

## Chapter 44

1 အိုဘုရားသခင်၊ ရှေးလွန်လေပြီးသောကာလ တွင်၊ ဘိုးဘေးတို့လက်ထက်၌ ပြုတော်မူသောအမှုကို သူတို့ပြော၍၊ အကျွန်ုပ်တို့သည်
ကိုယ်တိုင်ကြားရကြပါပြီ။ 2 တပါးအမျိုးသားတို့ကို လက်တော်ဖြင့်နှင်ထုတ် ၍ အကျွန်ုပ်တို့၏ ဘိုးဘေးများကို နေရာချတော်မူ၏။
တပါးအမျိုးသားတို့ကို နှိပ်စက်၍ ဘိုးဘေးများကို ပြန့်ပွါး စေတော်မူ၏။ 3 သူတို့သည် ကိုယ်ထားဖြင့် ထိုမြေကိုအစိုးရကြ
သည်မဟုတ်ပါ။ ကိုယ်လက်ဖြင့် ကိုယ်ကို ကယ်တင်ကြ သည်မဟုတ်ပါ။ ကိုယ်တော်အလိုရှိသောကြောင့် လက်ျာလက်ရုံးတော်နှင့်
မျက်နှာတော်အလင်းအားဖြင့် သူတို့ကို ကယ် တင်တော်မူ၏။ 4 အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏
ရှင်ဘုရင်ဖြစ်တော်မူ၏။ ယာကုပ်အမျိုး၏ ကယ်တင်ခြင်း အကြောင်းကို စီရင်တော်မူပါ။ 5 ကိုယ်တော်အားဖြင့် အကျွန်ုပ်တို့သည်
ရန်သူ များကို တွန်းချကြပါစေသော။ ရန်ဘက်ပြုသောသူတို့ကို နာမတော်အားဖြင့်နင်းရသော အခွင့်ရှိကြပါစေသော။ 6
ကိုယ်၌ပါသောလေးကို အကျွန်ုပ်သည် မကိုး စား။ ကိုယ်ထားသည် အကျွန်ုပ်ကို မကယ်ရပါ။ 7 ကိုယ်တော်သာလျှင် အကျွန်ုပ်တို့ကို
ရန်သူလက် မှကယ်လွှတ်တော်မူ၏။ အကျွန်ုပ်တို့အား မုန်းသော သူများကိုလည်း အရှက်ကွဲစေတော်မူ၏။ 8 အကျွန်ုပ်တို့သည်
မခြားမလပ်ဘုရားသခင်၌ ဝါကြွား၍ နာမတော်ကို အစဉ်အမြဲ ချီးမွမ်းကြပါ၏။ 9 သို့သော်လည်း၊ ကိုယ်တော်သည် အကျွန်ုပ်တို့ကို
စွန့်ပစ်၍ အရှက်ကွဲစေတော်မူပြီး။ အကျွန်ုပ်တို့ ဗိုလ်ခြေ နှင့်အတူ ကြွတော်မမူပါ။ 10 အကျွန်ုပ်တို့ကို ရန်သူရှေ့မှာပြန်ပြေးစေ
တော်မူ၍၊ မုန်းသောသူတို့သည် အလိုလိုလုယူရကြ၏။ 11 ဟင်းလျာဖြစ်သောသိုးများကဲ့သို့ အကျွန်ုပ်တို့ကို အပ်လိုက်၍၊
တပါးအမျိုးသားတို့တွင် အရပ်ရပ်ကွဲပြားစေ တော်မူ၏။ 12 ကိုယ်တော်၏ လူများကိုအဘိုးမခံဘဲရောင်း၍၊ ရောင်းသောအားဖြင့်
စီးပွါးတော်ကို တိုးပွါးစေတော်မူ သည်မဟုတ်။ 13 အကျွန်ုပ်တို့ကို အိမ်နီးချင်းများကဲ့ရဲ့ရာ ပတ်ဝန်း ကျင်၌နေသော
သူများပြက်ယယ်ပြု၍၊ အရှက်ခွဲရာ ဖြစ်စေခြင်းငှါ စီရင်တော်မူ၏။ 14 တပါးအမျိုးသားတို့သည် အကျွန်ုပ်တို့ကို ပုံခိုင်း ရသောအခွင့်၊
လူစုတို့သည် ခေါင်းညိတ်ရသောအခွင့်ကို ပေးတော်မူ၏။ 15 ကဲ့ရဲ့သောသူနှင့် အသရေဖျက်သော သူ၏ စကားကြောင့်၎င်း၊ 16
ရန်ဘက်ပြုသောသူနှင့် လက်စားချေသောသူ၏ မျက်နှာများကြောင့်၎င်း၊ အကျွန်ုပ်သည် ကိုယ်အရှက် ကွဲခြင်းအကြောင်းကို
အစဉ်မျက်မှောက်ပြုရပါ၏။ မျက်နှာရှက်ခြင်းအားဖြင့် မွန်းလျက်နေရပါ၏။ 17 ထိုမျှလောက်ခံရသော်လည်း၊ အကျွန်ုပ်တို့သည်
ကိုယ်တော်ကို မမေ့မလျော့။ သစ္စာတော်ကိုမဖျက်ကြပါ။ 18 စိတ်နှလုံးသည် နောက်သို့မဆုတ်၊ တရားတော် လမ်းမှလွှဲ၍ မသွားကြပါ။
19 ကိုယ်တော်မူကား၊ မြေခွေးနေရာအရပ်မှာ အကျွန်ုပ်တို့ကို ချိုးဖဲ့နှိပ်စက်၍၊ သေခြင်းအရိပ်နှင့် ဖုံးလွှမ်း တော်မူ၏။ 20
အကျွန်ုပ်တို့သည် ကိုယ်ဘုရားသခင်၏ နာမ တော်ကိုမေ့လျော့၍၊ တပါးအမျိုး၏ ဘုရားထံသို့ လက်ကိုဆန့်သည်မှန်လျှင်၊ 21
နှလုံး၌ဝှက်ထားသော အရာများကိုဘုရားသခင် သိတော်မူသည်ဖြစ်၍၊ ထိုအမှုကိုမစစ်ဘဲနေတော်မူ မည်လော။ 22 အကယ်စင်စစ်
ကိုယ်တော်အတွက် အကျွန်ုပ်တို့ သည် အစဉ်မပြတ်အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာထားသောသိုးကဲ့သို့ အကျွန်ုပ်တို့ကို
သူတပါး မှတ်တတ်ကြပါ၏။ 23 အိုဘုရားရှင်၊ နိုးတော်မူပါ။ အဘယ်ကြောင့် ကျိန်းစက်တော်မူသနည်း။ ထတော်မူပါ။ အကျွန်ုပ်တို့ကို
အစဉ်စွန့်ပစ်တော်မမူပါနှင့်။ 24 အကျွန်ုပ်တို့ ခံရသောနှိမ့်ချခြင်းနှင့် ညှဥ်းဆဲခြင်း ကို မျက်နှာတော်လွှဲ၍ အဘယ်ကြောင့်မေ့လျော့တော်
မူသနည်း။ 25 အကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် မြေတိုင်အောင် နှိမ့်ချခြင်းကို ခံရ၍၊ ရင်ပတ်လည်းမြေ၌ကပ်လျက်ရှိပါ၏။ 26
အကျွန်ုပ်တို့ကို မစသောဘုရား၊ ထတော်မူပါ။ ကရုဏာတော်နှင့်အညီ ရွေးနှုတ်တော်မူပါ။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

အကျွန်ုပ်တို့သည် ကိုယ်တိုင်ကြားရကြပါပြီ
စာရေးသူမှ သူနားလည်ကြားနာခဲ့သောအရာများအား ဖော်ပြသည်ကို "ကြားပြီ" ဟူသော စကားလုံးဖြင့် အထူးပြုဖော်ပြပါသည်။

ရှေးဘိုးဘေးတို့လက်ထက်၌
"လက်ထက်၌/နေ့များ" ဟူသည် ဣသရေလ ဘိုးဘေးများအသက်စဉ်ကာလအချိန်ကို ရည်ညွှန်းပါသည်

တပါးအမျိုးသားတို့ကို နှိပ်စက်၍
တပါးအမျိုးသားများထွက်ခွါသွားရန် သင်လုပ်ဆောင်ခဲ့ပြီး

လက်တော်ဖြင့်
ဤနေရာတွင် "လက်"သည် ဘုရားသခင်၏ အခွင့်အာဏာကို ရည်ညွှန်းသည်

ဘိုးဘေးများကိုပြန့်ပွားစေ
စာရေးသူသည် ပြည်တော်၌ ဣသရေလလူများ ပြန့်ပွားခြင်းကို မြေဆီလွှာ၌ အပင်ကိုစိုက်ပျိုးကြီးထွားစေသကဲ့သို့ ဖြစ်ကြောင်းပြောပါသည်။


generated on Sun Jun 30 02:37:40 2024

Psalms 003

ကိုယ်ထားဖြင့်
ထားသည် စစ်ပွဲ၏အာဏာတန်ခိုးဖြစ်သည်

မျက်နှာတော်အလင်းအားဖြင့်

မျက်နှာတော်အလင်းအားဖြင့်
ဤနေရာတွင် လက်နှင့် လက်ရုန်းတော်သည် ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏ကြီးမြတ်သော တန်ခိုးတော်ကို အထူးပြုပါသည်

ယာကုပ်အမျိုး၏ကယ်တင်ခြင်း
ဣသရေလလူမျိုးအား သူတို့၏ဘိုးဘေးယာကုပ် မျိုးနွယ်ဖြင့် ရည်ညွှန်းသည်

Psalms 005

ကိုယ်တော်အားဖြင့်
သင့်အားဖြင့်

ရန်သူ များကို တွန်းချ...နာမတော်အားဖြင့်နင်းရသော အခွင့်
စာရေးသူသည်သူ၏ရန်သူများအား နင်းချခြင်းနှင့် တွန်းချ၍ ဖျက်ဆီးမည်ဟု ပြောပါသည်

နာမတော်အားဖြင့်
နာမဟူသည် ဘုရားသခင်၏တန်ခိုးနှင့် အခွင့်အာဏာကို ရည်ညွှန်းပါသည်

နင်းရသောအခွင့်
ကျွန်ုပ်၏ခြေဖဝါးအောက်၌ နင်းရသောအခွင့် (သို့) သူတို့အပေါ်၌ လမ်းလျှောက်ခြင်း

Psalms 007

ကျွန်ုပ်တို့သည် မခြားမလပ် .... ဝါကြွား၍

-
ဤနေရာတွင် "နာမ" သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ပြောပါသည်

Psalms 009

စွန့်ပစ်၍
စာရေးသူသည် ဘုရားသခင်၏ ဣသရေလလူမျိုးများအား ငြင်းပယ်ခြင်းကို
အလိုမရှိသောအဝတ်အစားစွန့်ပစ်သကဲ့သို့ဖြစ်ကြောင်း ပြောပါသည်

လုယူ
စစ်ပွဲအောင်မြင်ပြီးနောက်စစ်တပ်မှ
အဖိုးတန်ပစ္စည်းအရင်းအမြစ်များကို စုသိမ်းသည်။

ဟင်းလျာဖြစ်သောသိုးများကဲ့သို့
စာရေးသူသည် ဣသရေလလူမျိုးများအား သိုးများကိုသတ်၍ စားသကဲ့သို့ဟု နှိုင်းယှဉ်ထားပါသည်။ သိုးများသည် အသတ်မခံရမီ ကူညီမှုသကဲ့သို့ ဣသရေလလူများလည်း သူတို့ရန်သူများလက်မှ ကူညီမည်သူမရှိပါ

တပါးအမျိုးသားတို့တွင် အရပ်ရပ်
အရပ်ရပ်သို့များစွာကွဲပြားနေထိုင်ခြင်းဖြစ်သည်

Psalms 012

အဘိုးမခံဘဲရောင်း၍
စာရေးသူမှ ဘုရားသခင်သည် ဣသရေလလူမျိုးအား ရန်သူများထံသို့ အပ်လိုက်ပြီးအဖိုးမရပဲ ရောင်းလိုက်သကဲ့သို့ဟု ပြောပါသည်။

ကျွန်ုပ်တို့ကို အိမ်နီးချင်းများကဲ့ရဲ့ရာ
ဤစကားစုနှစ်ခုသည် တူညီ၍ လူများအကြားတွင် သူတို့သည် လှောင်ပြောင်ခံနေရကြောင်းကို အထူးပြုဖော်ပြခြင်းဖြစ်သည်

အိမ်နီးချင်းများကဲ့ရဲ့ရာ
အခြားသောဘာသာပြန်ဆိုချက်) သင်သည်ကျွန်ုပ်တို့အား အိမ်နီးချင်းများ ကဲ့ရဲ့ပြစ်တင်စရာအဖြစ်သို့ရောက်စေပြီ

ပတ်ဝန်းကျင်၌ နေသောသူများ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ပတ်ဝန်းကျင်၌ နေသူများမှ လှောင်ပြောင်သရော်ပြု၍

လူစုတို့သည် ခေါင်းညိတ်ရသောအခွင့်
ဤစကားစုများတွင် တပါးအမျိုးသားများ
သူတို့အားလှောင်ပြောင်ခြင်းကို အထူးပြုဖော်ပြပါသည်

လူစုတို့သည် ပုံခိုင်း ရသောအခွင့်
(အခြားသောဘာသာပြန်ဆိုချက်) လူများတို့သည်
ခေါင်းညိတ်ရသောအခွင့်ဖြစ်စေပြီ

ခေါင်းညိတ်ရသောအခွင့်
လူများသည်လက်ဟန်ခြေဟန်ဖြင့် အထင်သေးကြောင်းပြသည်

Psalms 015

သရေဖျက်သောသူ
စာရေးသူသည် သူ၏အရှက်ကွဲခြင်းအားသူ၏ရှေ့၌ အမြဲဖြစ်သောအရာကဲ့သို့ မြင်သည်ဟု ပြောပါသည်။
စကားစုသည် သူ၏အရှက်ရခြင်းအား အမြဲစဉ်းစားနေသည်ဟု ဆိုလိုပါသည်

ကျွန်ုပ်သည် ကိုယ်အရှက်ကွဲခြင်းအကြောင်းကို
စာရေးသူသည် သူ၏အရှက်ကွဲခြင်းအကြောင်းကို
သူ၏မျက်နှာအားစောင်ဖြင့်
လွှမ်းခြုံသကဲ့သို့ဖြစ်ကြောင်းပြောပါသည်

မျက်နှာရှက်ခြင်းအားဖြင့်
ကျွန်ုပ်မျက်နှာသည် အရှက်ရခြင်းဖြင့် မွန်းနေပါ၏။ သူ၏မျက်နှာ၌ အရှက်ရခြင်းများဖြစ်နေသည်ကို ရည်ညွှန်းပါသည်။

ရန်ဘက်ပြောသောသူနှင့် လက်စားချေသောသူ၏
ဤနေရာတွင် "အသံ" သည်လူများပြောသောအရာကို ရည်ညွှန်းပါသည်။

ရန်ဘက်ပြုသူနှင့် လက်စားချေသူ
စကားလုံးများသည် အဓိပ္ပာယ်တူညီ၍ လူထံမှ ပြောသောကြမ်းတမ်းရိုင်းစိုင်းသောအရာများကို အထူးပြုဖော်ပြပါသည်

Psalms 018

စိတ်နှလုံးသည် နောက်သို့မဆုတ်
စကားစုနှစ်ခုသည် တူညီကြသည်။ စာရေးသူသည် ထာဝရဘုရား၌ သစ္စာစောင့်သိ၍ သူ၏နောက်တော်လိုက်ခြင်းနှင့် သစ္စာမဲ့၍ သူ၏အထံမှ လှည့်ထွက်ခြင်းကို ပြောပါသည်

စိတ်နှလုံးသည် နောက်သို့မဆုတ်
ဤနေရာတွင် "စိတ်နှလုံး" သည် ခံစားချက် အထူးသစ္စာစောင့်သိခြင်းနှင့် ဆက်ကပ်အပ်နှံခြင်းကို ရည်ညွှန်းပါသည်

ကျွန်ုပ်ကို ချိုးဖဲ့နှိပ်စက်၍
စာရေးသူသည် ဘုရားသခင်၏ အပြစ်ပေးခြင်းမှ နုနယ်သော အရာကို ချိုးဖဲ့၍ ပြုလုပ်သည်ဟု ပြောပါသည်

မြေခွေးနေရာအရပ်မှာ
စာရေးသူမှ ထာဝရဘုရားသည် ဣသရေလလူများအား ဘုရားသခင်၏ အပြစ်ပေးခြင်းသည် ရိုင်းစိုင်းကြမ်းတမ်းသော မြေခွေးများရှိ၍ နေထိုင်ရန်မသင့်သော အရပ်၌ နေစေသကဲ့သို့ ပြုလုပ်သည်ဟု ပြောပါသည်

မြေခွေး
ရိုင်းသောခွေးအမျိုးအစား

သေခြင်းအရိပ်နှင့် ဖုံးလွှမ်းတော်မူ၏
စာရေးသူမှ သေခြင်းအရိပ်နှင့် လွှမ်းမိုးသော အရပ်ဟု ပြောပါသည်

ကျွန်ုပ်တို့သည် ကိုယ်ဘုရားသခင်၏နာမတော်ကို မေ့လျော့၍
"နာမ" သည် ထာဝရဘုရား ကိုယ်တော်တိုင်ကို ပြောပါသည်။ ဘုရားသခင်အားမေ့လျော့ခြင်းသည် ဝတ်ပြုရန်ရပ်တန့်ခြင်းဖြစ်သည်။

တပါးအမျိုး၏ဘုရားထံသို့လက်ကို ဆန့်သည်မှန်လျှင်
လက်များဆန့်၍ အခြားသောဘုရားကို ကိုးကွယ်ခြင်းဖြစ်သည်

ဘုရားသခင်သိတော်မူသည်ဖြစ်၍ .... ထိုအမှုကို
စာရေးသူမှ သူတို့သည် အခြားဘုရားကို ကိုးကွယ်ကြောင်းကို ဘုရားသခင်သိရှိကြောင်းဖော်ပြသည်ကို မေးခွန်းကဲ့သို့ အသုံးပြုထားပါသည်

နှလုံး၌ ဝှက်ထားသောအရာများကို
ဤနေရာတွင် "နှလုံး" ဟူသည် အတွေးနှင့် စိတ်ဓါတ်ကို ရည်ညွှန်းသည်

အစဉ်မပြတ်အသေသတ်ခြင်းကိုခံရကြပါ၏
"အစဉ်မပြတ် ... တနေ့လုံး" ဟူသော စကားသည် ချဲ့ကား၍ ပြောသောစကားဖြစ်ပြီး လူများမှ အသေသတ်ခြင်းကို ခံရကြောင်း ပြောပါသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) လူများသည် ကျွန်ုပ်အား အချိန်တိုင်း သတ်လျက်ရှိပါသည်။

သတ်ဘို့ရာထားသောသိုး
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) လူများသည် သိုးကိုသတ်ရန်လျာထားပါသည်

Psalms 023

ဘိုဘုရားရှင် ... နိုးတော်မူပါ
ဘုရားသခင် အမှန်တကယ်အိပ်ပျော်သည်ဟု မဆိုလိုပါ။ စာရေးသူမှ ဘုရားသခင်သည် အမှန်အိပ်ပျော်သကဲ့သို့ ပြောပါသည်။ သူသည်သူ၏ပြဿနာများအား ဘုရားသခင်မှ အလေးမထား၍ ပြစ်တင်သကဲ့သို့ မေးခွန်းသုံး၍ ပြောပါသည်။

စွန့်ပစ်တော်မမူပါနှင့်
၄၄:၉ ၌ ပြန်ဆိုပြီး

ကျွန်ုပ်ခံရသောနှိမ့်ချခြင်းနှင့် မျက်နှာလွှဲ၍
စာရေးသူမှ ဘုရားသခင်သည်သူ့အား လျစ်လျူရှုသည့်သွင်ပြင်ဖြင့် ပြစ်တင်ပြောဆိုပါသည်။

မျက်နှာတော်လွှဲ၍
စာရေးသူမှ ဘုရားသခင်သူတို့အား မျက်နှာလွှဲသည်ကို သူတို့အား မမြင်ရန်မျက်နှာလွှဲသည်ဟု ပြောပါသည်

နှိမ့်ချခြင်းနှင့် ဆင်းရဲခြင်းမှ
နှိမ့်ချခြင်းနှင့် ဆင်းရဲခြင်း သည် အဓိပ္ပာယ်တူညီ၍ ပြင်းထန်သော ဆင်းရဲခြင်းမှဟု အထူးပြုထားပါသည်။

Psalms 025

ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် မြေတိုင်အောင်နှိမ့်ချခြင်းကိုခံရ၍
စကားစုများသည်တူညီသည်။ စာရေးသူမှ သူ၏လူများသည် မြေပေါ်မှာ လဲလျောင်း၍ စိတ်သိမ်ငယ်အားလျော့ပြီဖြစ်ကြောင်းဖော်ပြပါသည်

မြေတိုင်အောင်နှိမ့်ချခြင်းကိုခံရ၍
စာရေးသူမှ သူတို့၏ ဂုဏ်သိက္ခာသည် ခန္ဓာကို မျက်နှာပြင်သည် အရည်ပျော်၍ ဖုန်မှုန့်နှင့် ကပ်လျက်ရှိသကဲ့သို့ဖြစ်နေသည်ဟု ပြောပါသည်။

ရင်ပတ်လည်းမြေ၌ကပ်လျက်ရှိ၏
စာရေးသူမှ သူ၏ခန္ဓာသည်မြေ၌ကျ၍ ပြန်မထနိုင်သကဲ့သို့ဖြစ်ကြောင်း ပြောဆိုပါသည်

မစသောဘုရား၊
ရပ်ရန်အမိန့်ပေးသည်။ ဤစကားစုသည် တစုံတရာပြုလုပ်ရန် ညွှန်ကြားပါသည်။

## Chapter 45

1 ငါ့စိတ်နှလုံးသည် မင်္ဂလာစကားနှင့်ပွက်ထ လျက်ရှိ၍၊ ငါစီရင်သောအရာကို ရှင်ဘုရင်ရှေ့တော်၌ မြွက်ဆိုပေအံ့။ ငါ့လျှာသည်လည်း
လိမ္မာကျွမ်းကျင်သော စာရေး၏ကညစ်ဖြစ်ရ၏။ 2 ကိုယ်တော်သည် လူမျိုးထက်အဆင်းလှပါ၏။ နှုတ်တော်သည် ကျေးဇူးစကားနှင့်
ပြည့်စုံပါ၏။ ထိုကြောင့်ဘုရားသခင်သည် ကိုယ်တော်ကို အစဉ်အမြဲ ကောင်းကြီးပေးတော်မူ၏။ 3 တန်ခိုးကြီးသောအရှင်၊
ဘုန်းအသရေတော် ဖြစ်သော ကိုယ်တော်၏ထားကို ပေါင်တော်၌ စည်း တော်မူပါ။ 4 သစ္စာတရား၊ နူးညံ့ခြင်းတရား၊ ဖြောင့်မတ်ခြင်း
တရားကြောင့်၊ အသရေတော်ထင်ရှားလျက်၊ အောင်မြင် ၍ စီးသွားတော်မူပါ။ လက်ျာလက်တော်လည်း ကြောက်
မက်ဘွယ်သောအရာကို ကိုယ်တော်အားပြပါလိမ့်မည်။ 5 ရှင်ဘုရင်၏ ရန်သူတို့နှလုံးထဲမှာ မြှားတော်တို့သည် ထက်သည်ဖြစ်၍၊
လူတို့သည် ခြေတော်အောက်၌ လဲကြ ပါ၏။ 6 အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။
ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့်စီရင်သော နိုင်ငံဖြစ်ပါ၏။ 7 ကိုယ်တော်သည်ဖြောင့်မတ်ခြင်းတရားကို နှစ် သက်၍
မတရားသောအမှုကို မုန်းတော်မူ၏။ ထိုကြောင့် ဘုရားသခင်၊ ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်
တော်၏အပေါင်းအဘော်တို့ထက်၊ ကိုယ်တော်ကို ချီမြှောက်၍၊ ဝမ်းမြောက်ခြင်းဆီနှင့်ဘိသိတ်ပေးတော်မူပြီ။ 8 ဆင်စွယ်ဘုံဗိမာန်ထဲက
ထုတ်သောအဝတ် တန်ဆာတော်ရှိသမျှတို့သည်မုရန်၊ အကျော်၊ သစ်ကြံပိုးအမွှေး နှင့် ပြည့်စုံ၍ နှစ်သက်တော်မူဘွယ် ဖြစ်ကြပါ၏။ 9
အပြည်ပြည်သော မင်းသမီးတို့သည် မောင်းမ မိဿံအဝင်ဖြစ်၍၊ လက်ျာတော်ဘက်မှာ ဩဖိရရွှေ တန်ဆာဆင်သော
မြောက်သားတော်နေရာဖြစ်ပါ၏။ 10 ငါ့သမီးနားထောင်လော့။ ဆင်ခြင်၍ နာယူ လော့။ ကိုယ်အမျိုးသားချင်းနှင့် ကိုယ်အဘ၏အိမ်ကို
မေ့လျော့လော့။ 11 သို့ပြုလျှင် သင်လှသောအဆင်းကို ရှင်ဘုရင် သည် နှစ်လိုစုံမက်တော်မူမည်။ သူသည် သင်၏အရှင်
ဖြစ်သောကြောင့် သူ့ကိုကိုးကွယ်လော့။ 12 တုရုမင်းသမီးမှစ၍ လူစုတွင် ဥစ္စာရတတ်သော သူတို့သည်လည်း၊
လက်ဆောင်ပဏ္ဏာပါလျက် သင့်ကို ဖျောင်းဖျရကြလိမ့်မည်။ 13 ရှင်ဘုရင်၏သမီးတော်သည် အတွင်း၌ ဂုဏ် အသရေသက်သက်ရှိ၏။
ရွှေဖြင့်ချယ်လှယ်သော အဝတ် တန်ဆာကိုဆင်၏။ 14 စျာနှင့်ကာလျက် ရှင်ဘုရင်ထံသို့ ဆောင်ခဲ့ရ၏။
နောက်လိုက်သောအပေါင်းအဘော် အပျိုတော်များကို လည်း၊ ကိုယ်တော်ထံသို့ သွင်းရလိမ့်မည်။ 15
ဝမ်းမြောက်ရွှင်လန်းသောအခြင်းအရာနှင့် ဆောင်ခဲ့၍၊ ရှင်ဘုရင်၏နန်းတော်သို့ဝင်ရကြလိမ့်မည်။ 16 ကိုယ်တော်၏အဘများ
ကိုယ်စားသားများကို ရ၍၊ မြေကြီးတပြင်လုံးတွင် မင်းအရာ၌ခန့်ထားတော် မူလိမ့်မည်။ 17 အကျွန်ုပ်သည် ကိုယ်တော်၏နာမကို
လူမျိုး အစဉ်အဆက် အောက်မေ့ကျော်စောစေသဖြင့်၊ လူမျိုးတို့ သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်ကို ချီးမွမ်းကြလတံ့ သတည်း။

---

---

### Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ငါ့စိတ်နှလုံးသည် မင်္ဂလာစကားနှင့် ---------
စာရေးသူမှ သူ၏စိတ်နှလုံးသည် မင်္ဂလာစကားနှင့် ပြည့်၍စီးဆင်းလျက်ရှိကြောင်း ပြောပါသည်။ "စိတ်နှလုံး"သည်သူ၏ ခံစားချက်ကို ကိုယ်စားပြု၍ သီချင်းဆိုခြင်းအားဖြင့် စိတ်လှုပ်ရှားခြင်းကို ကိုယ်စားပြုသည်။

မင်္ဂလာစကား
"မြင့်မြတ်သောအရာ" (သို့) "လှပသောစကားလုံး"ဤအရာသည် သူရေးသားသော သီချင်းကိုရည်ညွှန်းသည်။

စာရေးကညစ်
သီချင်းရေးစပ် သီကုံးသည်။

ငါ့လျှာသည်လည်း-------
စာရေးသူမှ သူ့လျှာသည် ကလောင်တံကဲ့သို့ ဖြစ်သည်ဟု ပြောပါသည်။ သူသည်ကျွမ်းကျင်လိမ္မာ ပါးနပ်စွာဖြင့် စာလုံးများကို ရေးသားခဲ့သည်ဟု ပြောပါသည်။

ကိုယ်တော်သည် လူမျိုးထက်အဆင်းလှပါ၏။
ဤစကားစုသည် ဘုရင်အား အခြားအရာများထက် ပိုလွန်၍ တင်စားပြောဆိုထားပါသည်။ ကိုယ်တော်၏ လူမျိုးဟူသည် လူသားအားလုံးကို ရည်ညွှန်းပါသည်။

နှုတ်တော်သည် ကျေးဇူးစကားနှင့် ပြည့်စုံပါ၏။
စာရေးသူမှ ကျေးဇူးစကားသည် ဘုရင်၏နှုတ်ခမ်း၌ သုတ်လိမ်းသောဆီကဲ့သို့ဟု ပြောပါသည်။ စကားစုသည် ဘုရင်၏စကားကြွယ်ဝခြင်းကို ဆိုလိုသည်။

### Psalms 003

ကိုယ်တော်၏ထားကို ပေါင်တော်၌ စည်း တော်မူပါ
စစ်သားများသည် သူတို့၌၏"ဓားများကို ဓားအိမ်၌ စိုက်ပြီး ခါးပတ်လည်၌ ထားကာသယ်ဆောင်သည်။ ဓားသည်သူတို့၏ ဘေး၌ရှိသည်။ ဤစာစုသည် တစ်စုံတစ်ဦးမှ စစ်ပွဲအတွက် ပြင်ဆင်နေသည် ကိုဖော်ပြသည်။


generated on Sun Jun 30 02:37:40 2024

အောင်မြင်၍ စီးသွားတော်မူပါ။
စာရေးသူမှ ဘုရင်အား အောင်မြင်မှုအတွက် သူ၏ မြင်းရထားကို စီးသွားတော်မူပါဟု ပြောပါသည်။

သစ္စာတရား၊ နူးညံ့ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားကြောင့်----
ဖြစ်နိုင်ခြေ(၁)
ဤအရာများသည်အလွန်ကောင်းသောအရည်အချင်းဖြစ်သည်။ ( အခြားသောဘာသာပြန်ဆိုချက်)
ဤအရာသည်အလွန်ကောင်းသော အရည်အချင်းဖြစ်သည်။
ဖြစ်နိုင်ခြေ

လကျာ်လက်တော်လည်း ကြောက်မက်ဖွယ်သော အရာကို ကိုယ်တော်အား ပြပါလိမ့်မည်။
စစ်သားအများစုသည် သူတို့တိုက်ခိုက်သော အခါသူတို့၏ လကျာ်တော်နှင့် သူတို့ဓားများဖြင့်တိုက်ပွဲဝင်ကြသည်။ လကျာ်လက်တော်သည် သူ၏အရည်အချင်းတိုက်စွမ်းနိုင်ခြင်းကို ရည်ညွှန်းသည်။ စာရေးသူသည် စစ်ပွဲ၌ အနိုင်ရခဲ့သောအတွေ့အကြုံများကို သွန်သင်သကဲ့သို့ပြော ပါသည်။

ကြောက်မက်ဘွယ်သောအရာများ
ကြောက်မက်ဘွယ်သောအရာများ"ဤအရာများသည် စစ်ပွဲ၏အောင်မြင်မှုများကို ရည်ညွှန်း၍ သူ၏ရန်သူများသည် သူ့အားကြောက်ရွံ့၍ ရိုသေလေးစားကြလိမ့်မည်ဟု ဆိုလိုပါသည်။

Psalms 005

ဤစကားစုတွင် ဘုရင်သည် သူ၏ရန်သူများအားတိုက်ခိုက်ခြင်းကို ရည်ညွှန်းပါသည်။
ဆိုလိုချက်(၁)- လူများသည် သင်၏ခြေထောက်၌ အရှုံးပေး၍ ကျပါပြီ။ ဆိုလိုချက်(၂) - လူများသည် သင်၏ခြေဖဝါးအောက်၌ သေဆုံးကြပြီး။

ကိုယ်တော်၏ပလ္လင်သည်နိစ္စ ထာဝရတည်ပါ၏
"ပလ္လင်"သည် ဘုရင်၏နိုင်ငံတော်နှင့် စည်းမျဉ်း ဥပဒေကို ကိုယ်စားပြုပါသည်။

ကိုယ်တော်၏ပလ္လင်
ဆိုလိုချက်(၁) "ဘုရားသခင်"ကို ကိုယ်စားပြုသည့်ဘုရင်။ ဆိုလိုချက်(၂) "ပလ္လင်" ဟူသောစကားလုံးသည်သင့်အား ဘုရားသခင်ပေးသော နိုင်ငံဟု ဆိုလိုပါသည်။(UDB)

ကိုယ်တော်၏ နိုင်ငံတော်သည် တရားသဖြင့်စီရင်သော နိုင်ငံဖြစ်ပါ၏
"ဘုရင်၏ ရာဇလှံတံ"ဟူသည် သူ၏နိုင်ငံရှိ အခွင့်အာဏာကို ကိုယ်စားပြုပါသည်။

ထိုကြောင့် ဘုရားသခင်၊ ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏အပေါင်းအဘော်တို့ထက်၊ ကိုယ်တော်ကို ချီးမြှောက်၍၊ ဝမ်းမြောက်ခြင်းဆီနှင့်ဘိသိတ်ပေးတော်မူပြီ။
စာရေးသူသည် ဘုရားသခင်၌ ဝမ်းမြောက်ခြင်းကို ဘုရင်၏ ဘိသိတ်ဆီကဲ့သို့ဟု ပြောဆိုပါသည်။ ဘုရားသခင်သည် သူ့အားဘိသိတ်ပေးခြင်းကို ဘုရားသခင်သည် သူ့အားဘုရင်အဖြစ် ရွေးချယ်ခြင်းကို ကိုယ်စားပြုပါသည်။

Psalms 008

ယေဘုယျ အချက်အလက်
ဤနေရာတွင် ဘုရင်နှင့် သူ၏သတိုသမီး၏ မင်္ဂလာအခမ်းအနားအသွင်အပြင်ကို အစပြုဖော်ပြထားပါသည်။

မုရန်၊ အကျော် -----
ဤအရာများသည် အနံ့မွှေးသော အပင်ဖြစ်၍ ရေမွှေးထုတ်လုပ်ရန် အသုံးပြုသော အရာဝတ္ထုများ

ဆင်စွယ်ဘုံ ဗိမာန်ထဲက
တိရစာန်များ၏ အစွယ်ဖြင့်ပြုလုပ်သော မာကျောသည့် အရာဖြစ်သည်။ လူတိုု့၌သည် သူတို့၏ နန်းတော်နံရံများကို ဆင်စွယ်ဖြင့် ပြုလုပ်သော စကားစုဖြစ်သည်။

အဝတ် တန်ဆာတော်ရှိသမျှတို့သည်မုရန်၊ အကျော်၊ သစ်ကြံပိုးအမွှေး နှင့် ပြည့်စုံ၍ နှစ်သက်တော်မူဘွယ် ဖြစ်ကြပါ၏။
တန်ဆာတော်ရှိသမျှဟူသောစကားလုံးသည် လူများဂီတကို တီးခတ်ခြင်းကို ရည်ညွှန်းပါသည်။

မောင်းမမိဿံဝင် ဖြစ်ရန်
သူ၏ချဉ်းကပ်မှုကို လက်ခံသောဘုရင်၏ ကြင်ယာတော်များဖြစ်သည်။ အမျိုးသမီးများဖြစ်ပါသည်။

မင်းသမီး
ဘုရင်မဖြစ်လာမည့် အမျိုးသမီးကို ဆိုလိုသည်။

သြဖိရရွှေ
ရွှေကိုရှာဖွေသော နေရာ၏ နာမည်ဖြစ်သည်။

Psalms 010

ငါ့သမီးနားထောင်လော့။
စာရေးသူသည် ဘုရင်မအားသမီးကဲ့သို့ ပြောဆိုခြင်းမှာ ငယ်ရွယ်သော မိန်းမ ဖြစ်သောကြောင့်ဖြစ်သည်။

ဆင်ခြင်၍ နာယူလော့။
စာရေးသူသည် သူမအား တစ်စုံတစ်ဦးမှ ပြောနေသော အရာကို ဂရုစိုက်စွာနားထောင်ရန် ပြောပါသည်။

ကိုယ်အမျိုးသားချင်းနှင့် ကိုယ်အဘ၏အိမ်ကို မေ့လျော့လော့။
စာရေးသူသည် ဘုရင်မအား သူမ၏ဆွေမျိုးသားချင်းများအားမေ့လျော့ရန်ပြောပါသည်။

ကိုယ့်အဘ၏ အိမ်ကို
"အိမ်"သည် မိသားစုကို ရည်ညွှန်းပါသည်။

သို့ပြုလျှင်
"နှင့်" (သို့) "သို့ပါ၍"


generated on Sun Jun 30 02:37:40 2024

ရှင်ဘုရင် သည် နှစ်လိုစုံမက်တော်မူမည်။
ဘုရင်သည် သူ၏ကြင်ယာတော်နှင့် အိပ်စက်ရန် အလိုရှိမည်ကို ယဉ်ကျေးစွာပြောဆိုခြင်း ဖြစ်သည်။

Psalms 012

ယေဘုယျ
စာရေးသူသည် ဘုရင်မထံ ဆက်လက်စကားပြောနေသည်။

တုရုမင်းသမီး
စာရေးသူသည် တုရုပြည်၌ နေသောကလေးများ အားပြောသကဲ့သို့ ပြောဆိုပါသည်။

ရှင်ဘုရင်၏သမီးတော်
ဘုရင်နှင့်လက်ထပ်မည့် အမျိုးသမီး ကိုညွှန်းပါသည်။

ဂုဏ်အသရေတော်
"အလွန်ကျက်သရေရှိသော" ...... ဤအရာသည် အမျိုးသမီး၏ ရုပ်ရည်သွင်ပြင်ကို ညွှန်းပါသည်။

ရွှေဖြင့်ချယ်လှယ်သော အဝတ် တန်ဆာ
သူမအဝတ်ကို ရွှေဖြင့်တန်ဆာဆင်ထားပါသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) သူမ အဝတ်အစားများကို ရွှေဖြင့်ချယ်လှယ် သော အဝတ်တန်ဆာ

Psalms 014

ယေဘုယျ အချက်အလက်
စာရေးသူသည် ဘုရင်မယား တဖန်ဘုရင့်ထံသို့၌ဆောင်ခဲ့ရသည့်အကြောင်းကို ဆက်လက်ပြောပါသည်။

ဇာနှင့် ကာလျက်ရှင်ဘုရင်ထံသို့ ဆောင်ခဲ့ရ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)လူများသည် သူမအားဘုရင်ထံသို့ ဇာဖြင့် ကာလျက်ခေါ်ဆောင် လာသည်။

ဇာနှင့်
အဝတ်ထဲသို့ တိုး၍ ချုပ်လုပ်သောပုံစံ

နောက်လိုက်သောအပေါင်းအဘော်အပျိုတော်များကို လည်း၊ ကိုယ်တော်ထံသို့ သွင်းရလိမ့်မည်။
"သင်"ဟူသောစကားလုံးသည် "ဘုရင်"အားရည်ညွှန်းသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) လူများသည် အပျိုတော်များကို ခေါ်ဆောင်ပြီး သူမအဖော်များသည် သူမနောက်သို့ လိုက်ကြသည်။

ဝမ်းမြောက်ရွှင်လန်းသောအခြင်းအရာနှင့် ဆောင်ခဲ့၍----
ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်းသည် လူအားအခါးပျော်ရွှင်ဖွယ်တစ်ခုဆီသို့ ဦးဆောင်နေခြင်းဖြစ်သည်ကို ဖော်ပြပါသည်။

ဝမ်းမြောက် ခြင်း၊ ရွှင်လန်းခြင်း
စကားစုနှစ်စုသည် အခြေခံအားဖြင့် အဓိပ္ပာယ် တူညီသည်။

Psalms 016

ဆက်စပ်ဖော်ပြချက်
စာရေးသူသည် ဘုရင်ထံသို့ လိပ်မူရေးသားသည်။

ကိုယ်တော်၏အဘများ ကိုယ်စားသားများကို ရ၍
ဘိုးဘေးများ ကိုယ်စားသားများကို အစားထိုး၍ ရခြင်းဟု ဆိုလိုသည်။

မြေကြီးတပြင်လုံးတွင် မင်းအရာ၌ခန့်ထားတော် မူလိမ့်မည်။
မြေကြီးတပြင်လုံးဟူသည် တိုင်းနိုင်ငံများ အားလုံးသို့ဟု လွန်ကဲစွာ အထူးပြု ပြောဆိုထားပါသည်။

အကျွန်ုပ်သည် ကိုယ်တော်၏နာမကို------
"အကျွန်ုပ်"ဟူသည် စာရေးသူကို ရည်ညွှန်းပါသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)ငါသည်လူမျိုးတကာတို့အား သင်၏မျိုးနွယ်နှင့် နာမတော်ကိုကြီးမြတ်စေလိမ့်မည်။

## Chapter 46

1 ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အား ကို ပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း
ထင်ရှားလျက်ရှိ၏။ 2 ထိုကြောင့် ပထဝီမြေကြီးသည် ရွေ့သွား၍ တောင်များတုန်လှုပ်လျက် သမုဒ္ဒရာသို့ကျသော်လည်း၊ ငါတို့သည်
ကြောက်လန့်ခြင်းမရှိ။ 3 သမုဒ္ဒရာရေသည် ဟုန်းဟုန်းမြည်၍ မွှေနှောက်ပါ လေစေ။ လှိုင်းတံပိုးထသဖြင့်၊ တောင်များတုန်လှုပ်ပါ
လေစေ။ 4 မြစ်တမြစ်ရှိသေး၏။ ထိုမြစ်ရေသည်စီး၍ ဘုရားသခင်၏ မြို့တည်းဟူသော အမြင့်ဆုံးသောဘုရား ကျိန်းဝပ်တော်မူရာ
သန့်ရှင်းသော မြို့တော်ကို ရွှင်လန်း စေတတ်၏။ 5 ထိုမြို့သည် ဘုရားသခင်ကျိန်းဝပ်တော်မူရာ ဖြစ်၍ တုန်လှုပ်ခြင်း မရှိရာ။
မိုဃ်းသောက်လင်းစ၌ ဘုရားသခင်ကူမတော်မူလိမ့်မည်။ 6 လူမျိုးတို့သည် ဟုန်းဟုန်းမြည်ကြ၏။ တိုင်းနိုင်ငံ တို့သည် လှုပ်ရှားကြ၏။
ဗျာဒိတ်သံကို လွှတ်တော်မူ၍ မြေကြီးသည် အရည်ဖြစ်လေ၏။ 7 ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည်
ငါတို့နှင့်အတူရှိတော်မူ၏။ ယာကုပ်အမျိုး၏ ဘုရားသခင် သည် ငါတို့ ခိုလှုံရာဖြစ်တော်မူ၏။ 8 ထာဝရဘုရားစီရင်ပြုပြင်၍
မြေကြီးပေါ်မှာ သုတ်သင်ပယ်ရှင်းခြင်း အမှုတော်များကို လာ၍ကြည့်ရှု ကြလော့။ 9 လေးကိုချိုးလျက်၊ လှံကိုအပိုင်းပိုင်းဖြတ်လျက်၊
ရထားကိုမီးရှို့လျက်၊ မြေကြီး စွန်းတိုင်အောင် စစ်မှုကို ငြိမ်းစေတော်မူ၏။ 10 ငြိမ်ဝပ်လျက်နေကြလော့။ ငါကား ဘုရားသခင်
ဖြစ်သည်ဟု သိမှတ်ကြလော့။ လူမျိုးတို့တွင် ငါသည် ဘုန်းပွင့်မည်။ မြေကြီးပေါ်မှာ ဘုန်းပွင့်မည်။ 11 ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူ ရှိတော်မူ၏။ ယာကုပ်၏ ဘုရားသခင် သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏။

---

### Psalms 001

ယေဘုယျ----
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

God is our refuge and strength
စာရေးသူသည် ထာဝရဘုရားသည် လူအများခိုလှုံရာ
လုံခြုံစိတ်ချနိုင်သော နေရာအဖြစ် ပြောဆိုပါသည်။

ပထဝီမြေကြီးသည် ရွေ့သွား၍ တောင်များတုန်လှုပ်လျက်
စားရေးသူသည် သမုဒ္ဒရာအနက်ရှိုင်းဆုံးဟု ပြောဆိုပါသည်။
သူသည်ငလျင်ကြောင့်တောင်များ ပြိုကျ၍
ပင်လယ်ထဲသို့ကျသကဲ့သို့ဟုဖော်ပြပါသည်။

သမုဒ္ဒရာရေသည် ဟုန်းဟုန်းမြည်၍ ---ပင်လယ်ရေများသည် မြည်ဟိန်းသည်။
ဟုန်းဟုန်းမြည်ခြင်းဟူသည် ပြင်းထန်သော မုန်တိုင်းကြောင့်
ပင်လယ်ထဲသို့ ပြိုကျခြင်းကို ဖော်ပြပါသည်။

သမုဒ္ဒရာရေသည် ဟုန်းဟုန်းမြည်၍ ----တောင်များတုန်လှုပ်ပါလေစေ
"တုန်လှုပ်ခြင်း"ဟူသော စကားစုသည်
ပင်လယ်ရေများတောင်များအားဆန့်ကျင်၍ ဖျက်ဆီးခြင်း
ဖြစ်သည်။

### Psalms 004

မြစ်တမြစ်ရှိသေး၏။ ထိုမြစ်ရေသည်စီး၍ ဘုရားသခင်၏ မြို့တည်းဟူသော
မြစ်တစ်မြစ်၏ စမ်းရေသည် ဘုရားသခင်၏ မြို့တော်ကို
ရွှင်လန်းစေသည်။ မြစ်စီးဆင်းနေသော ပုံရိပ်သွင်ပြင်သည်
ဘုရားသခင်မြို့တော်၏ ငြိမ်သက်ခြင်းနှင့် သာယာဝပြောခြင်းကို
ဖော်ဆောင်ပါသည်။

ဘုရားသခင်၏ မြို့--------ရွှင်လန်းစေတတ်၏
ဘုရားသခင်၏မြို့ဟူသည်မှာ ယေရုရှလင်ကို ရည်ညွှန်း၍
စာရေးသူမှ ပျော်ရွှင်မှုကို ပြုလုပ်ပေးနိုင်သော လူပုဂ္ဂိုလ်ကဲ့သို့
ဖော်ပြပါသည်။

ဘုရားသခင်၏ မြို့တည်း ဟူသော အမြင့်ဆုံးသောဘုရား
ဤစကားစုသည် ဘုရားသခင်၏မြို့တော်ကို ဖော်ပြသည်။
တရားဇရပ်များသည် ဘုရားသခင်ကိန်းဝပ်ရာ
သန့်ရှင်းသောနေရာ

ဘုရားသခင်ကိန်းဝပ်တော်မူရာ ဖြစ်၍တုန်လှုပ်ခြင်းမရှိရာ-----
သူမတူသောစကားစုသည် ဘုရားသခင်၏မြို့ကို ရည်ညွှန်းသည်။

တုန်လှုပ်ခြင်းမရှိရာ
၄၆:၁ ၌ပြန်ဆိုပြီး---- စာရေးသူသည် ယေရုရှလင်အား
ငလျင်လှုပ်စေသကဲ့သို့လက်နက်ဖြင့် ဖျက်ဆီးမည်ဟု
ပြောဆိုသည်။

### Psalms 006

လူမျိုးတို့သည် ဟုန်းဟုန်းမြည်ကြ၏။
၄၆:၁ ၌ပြန်ဆိုပြီး စာရေးသူသည် လူမျိုးများ၏ ကြောက်ရွံ့မှုကို
မုန်တိုင်းအတွင်း ပင်လယ်လှုပ်ရှားခြင်းကဲ့သို့ ပြောဆိုပါသည်။

တိုင်းနိုင်ငံ တို့သည် လှုပ်ရှားကြ၏။
၄၆:၁ ၌ပြန်ဆိုပြီး စာရေးသူသည် ငလျင်ကဲ့သို့ လက်နက်များဖြင့်
ကျဆုံးသကဲ့သို့ ပြောဆိုပါသည်။

ဗျာဒိတ်သံကို လွှတ်တော်မူ၍
ဘုရားသခင်သည် သူ၏အသံကို လွှတ်လေ၏။ စာရေးသူသည်
"ဗျာဒိတ်သံ" အားလေထဲ၌ ဖြစ်ပေါ်လာသော


generated on Sun Jun 30 02:37:40 2024

အရာကဲ့သို့ပြောဆိုပါသည်။ ဤအရာသည် အလွန်ကျယ်သော
အသံကို ဆိုလိုပါသည်။

မြေကြီးသည် အရည်ဖြစ်တော်လေ၏။
စာရေးသူသည် မြေကြီးအား ရေခဲကဲ့သို့ အရည်ပျော်ခြင်းကို
ပြောဆိုပါသည်။ ဤနေရာတွင် "မြေကြီး"သည်
ကြောက်ရွံ့ခြင်းကြောင့် အရည်ပျော်ခြင်းကို ကိုယ်စားပြုပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) ကမ္ဘာပေါ်ရှိ
လူများကြောက်ရွံ့တုန်လှုပ်ကြပါသည်။

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူရှိတော်မူ၏။
စာရေးသူမှ ဘုရားထံလူများ ခိုလှုံရာနေရာ တစ်ခုအဖြင့်
သွားနိုင်ကြောင်း ပြောဆိုပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) ယာကုပ်၏ဘုရားသခင်သည်
ကျွန်ုပ်တို့အား လုံခြုံစိတ်ချစေသည်။

ယာကုပ်အမျိုး၏ ဘုရားသခင်
ဖြစ်နိုင်ခြေ (၁) ယာကုပ်ကိုးကွယ်သော ဘုရား(သို့) ဖြစ်နိုင်ခြေ

Psalms 008

ထာဝရဘုရားစီရင်ပြုပြင်၍
သူသည် လူမျိုးများ၏ စစ်ပွဲများကို ရပ်တန့်ရန် ပြုလုပ်သည်။

မြေကြီးပေါ်မှာ သုတ်သင်------

လေးကိုချိုးလျက်-----လှံကိုအပိုင်းပိုင်းဖြတ်လျက်
ထာဝရဘုရားသည် စစ်ပွဲ၌ အသုံးပြုသည့် လက်နက်များကို
ဖျက်ဆီးခြင်းဖြင့် စစ်မှုကိုငြိမ်းစေလိမ့်မည်။

Psalms 010

ငြိမ်ဝပ်လျက်နေကြလော့ -----
ဤနေရာတွင် ---- ဘုရားသခင်စကားပြောသည်။

ငြိမ်ဝပ်လျက်
ဤစကားသည် တိုင်းနိုင်ငံများ စစ်ပွဲများရပ်တန့်ရန်
ပြောသောစကားဖြစ်သည်။

ငါကား ဘုရားသခင် ဖြစ်သည်ဟု သိမှတ်ကြလော့။
"သိမှတ်" ကြဟူသည် ဘုရားသခင်သည် ယာဝေ
ထာဝရဘုရားစစ်မှန်ခြင်း သက်သေအဖြစ် နားလည်ရန်ဟု
ဆိုလိုပါသည်။

လူမျိုးတို့တွင် ငါသည် ဘုန်းပွင့်မည်-----မြေကြီးပေါ်မှာ
ဒီစကားစုနှစ်စုသည် အခြေခံအားဖြင့် အဓိပ္ပာယ်တူညီ၍
မြေကြီးပေါ်ရှိ တိုင်းနိုင်ငံများကို ဆိုလိုပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) တိုင်းနိုင်ငံ အသီးအသီးမှ
လူများသည် ကျွန်ုပ်ကိုချီးမြှောက်ကြလိမ့်မည်။

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူ ရှိတော်မူ၏။
ယာကုပ်၏ ဘုရားသခင် သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏။
၄၆:၆ ၌ပြန်ဆိုပြီး။


generated on Sun Jun 30 02:37:40 2024

## Chapter 47

[1] လူများအပေါင်းတို့၊ လက်ခုပ်တီးကြလော့။ ဘုရား သခင်ထံသို့ အောင်သံကို လွှင့်၍ကြွေးကြော်ကြလော့။ [2] အကြောင်းမူကား၊
အမြင့်ဆုံးသော ထာဝရ ဘုရားသည် ကြောက်မက်ဘွယ်သောဘုရား၊ မြေကြီး တပြင်လုံးကို အစိုးရသော မဟာမင်းကြီးဖြစ်တော်မူ၏။
[3] လူစုတို့ကို ငါတို့အောက်၌၎င်း၊ လူမျိုးတို့ကို ငါတို့ခြေအောက်၌၎င်း နှိမ့်ချတော်မူ၏။ [4] ချစ်တော်မူသောယာကုပ်၏ ဘုန်းဖြစ်သော
ငါတို့အမွေကို ငါတို့အဘို့ ရွေးပေးတော်မူ၏။ [5] ကြွေးကြော်ခြင်းအသံနှင့် ဘုရားသခင် တက်တော်မူ၏။ တံပိုးမှုတ်ခြင်းအသံနှင့်
ထာဝရဘုရား တက်တော်မူ၏။ [6] ဘုရားသခင်ကို ချီးမွမ်း၍ သီချင်းဆိုကြလော့၊ သီချင်းဆိုကြလော့။ ငါတို့၏ရှင်ဘုရင်ကို ချီးမွမ်း၍
သီချင်းဆိုကြလော့၊ သီချင်းဆိုကြလော့။ [7] အကြောင်းမူကား၊ ဘုရားသခင်သည် မြေကြီး တပြင်လုံးကိုအစိုးရသော
မင်းဖြစ်တော်မူ၏။ ချီးမွမ်းခြင်း ထောမနာ သီချင်းကို ဆိုကြလော့။ [8] ဘုရားသခင်သည် လူမျိုးတို့တွင် စိုးစံတော်မူ၏။
ဘုရားသခင်သည် သန့်ရှင်းသော ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ၏။ [9] လူမျိုးတို့၏ အကြီးအကဲတို့သည် အာဗြဟံ ကိုးကွယ်သော
ဘုရားသခင်၏လူမျိုးထံမှာ စုဝေးလျက် ရှိကြ၏။ အကြောင်းမူကား၊ မြေကြီးတန်ခိုးများကို ဘုရား သခင်ပိုင်တော်မူ၏။ အထူးသဖြင့်
ချီးမြှောက်ခြင်း ရှိတော် မူ၏။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ပေဖြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

လူများအပေါင်းတို့၊ လက်ခုပ်တီးကြလော့
သင်တို့၏လက်ခုပ်တီးကြလော့ဟူသည် အောင်ပွဲခံခြင်းဖြစ်သည်။

ဘုရားသခင်ထံသို့ အောင်သံကို လွှင့်၍ကြွေးကြော်ကြလော့။
ဘုရားသခင်ထံသို့ ဝမ်းမြောက်ခြင်းနှင့် ကြွေးကြော်ကြလော့။ "ကြွေးကြော်ခြင်း" သည် အောင်မြင်ခြင်းကို ညွှန်းပါသည်။

Psalms 003

လူစုတို့ကို ငါတို့အောက်၌၎င်း၊ လူမျိုးတို့ကို ငါတို့ခြေအောက်၌၎င်း နှိမ့်ချတော်မူ၏
စကားစုနှစ်စုသည် အဓိပ္ပာယ်တူညီ၍ ဣသရေလ၏ဘုရားသခင်သည် သူ၏ရန်သူများ အားလုံးအထက်တွင် ရှိသည်ဟု ဆိုလိုပါသည်။

ခြေအောက်၌၎င်း
အခြား ြသဇာအာဏာ ရှိသူအောက်၌ ကျရောက်သည်။

ငါတို့ခြေထောက်၌ -------နှိမ့်ချ
စာရေးသူသည် ဣသရေလလူများအား ဘုရားသခင်မှ သူပေးသောအမွေဥစ္စာပိုင်ဆိုင်မှု ကိုပြောပါသည်။

ယာကုပ်၏အမွေ
ဤနေရာတွင်"အမွေ"သည် ဘုရားသခင်မှ သူ၏ရွေးချယ်ခံ လူများအားပေးသော မြေကိုရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) ယာကုပ်ရရှိသော အမွေမြေ

ချစ်တော်မူသောယာကုပ်
"ယာကုပ်"သည် ဣသရေလ လူမျိုးများကို ရည်ညွှန်းသည်။

ကြွေးကြော်ခြင်းအသံနှင့် ဘုရားသခင် တက်တော်မူ၏။
စာရေးသူမှ ဘုရားသခင်၏အောင်လူမျိုးများအပေါ် အောင်နိုင်ခြင်းသည် ဗိမာန်တော်ရှိသည့် သူ၏ပလ္လင်အထိ ကြွေးကြော်ခြင်းဖြင့် တက်လှမ်းကြောင်း ပြောဆိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဘုရားသခင်သည် လူများကဲ့သို့ကြွေးကြော်၍ သူ၏ ဗိမာန်တော်ထဲသို့ တိုင်တက်သွား၏(UDB) (သို့) ဘုရားသခင်သည် သူ၏ပလ္လင်ထဲသို့ လူများကဲ့သို့ ကြွေးကြော်တက်လှမ်းသွား၏။

တံပိုးမှုတ်ခြင်းအသံနှင့် ထာဝရဘုရား တက်တော်မူ၏။

Psalms 006

ဘုရားသခင်ကိုချီးမွမ်း၍
ချီးမွမ်းကြလော့ဟူသည် စာပိုဒ်ကို အထပ်ထပ်၍ အထူးပြုထားပါသည်။

Psalms 008

လူမျိုးတို့တွင် စိုးစံတော်မူ၏။
လူမျိုးအားလူ့အား စိုးစံခြင်း

ဘုရားသခင်၏လူမျိုးထံမှာ စုဝေးလျက် ရှိကြ၏။
ဖြစ်နိုင်ခြေ(၁)----လူအများရှေ့မှာ(UDB) (သို့) ဖြစ်နိုင်ခြေ(၂)---- လူများနှင့် အတူတကွဘုရင်ဖြစ်သောထာဝရဘုရားအား ချီးမွမ်းကိုးကွယ်ကြ၏။

မြေကြီးတန်ခိုးများကို ဘုရား သခင်ပိုင်တော်မူ၏။
ဆိုလိုချက်(၁) ----စစ်ပွဲအတွက်ကိရိယာတန်ဆာများကို ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဘုရားသခင်သည် ကမ္ဘာပေါ်ရှိဘုရင်များအားလုံးအထက် လက်နက်တန်ဆာများထက်ပို၍ တန်ခိုးရှိသည်။ (UDB) (၂) ----

လူများများအား ကာကွယ်ပေးနေသူ၊ လူမျိုးများအထက်၌
အုပ်စိုးနေသူကို ရည်ညွှန်းသည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 48

1 ထာဝရဘုရားသည် ကြီးမြတ်တော်မူ၏။ သန့်ရှင်း သော တောင်တော်ပေါ်မှာ ငါတို့ဘုရားသခင်၏ မြို့တော် တွင် အထူးသဖြင့်
ထောမနာချီးမွမ်းခြင်းကို ခံထိုက် တော်မူ၏။ 2 မြေကြီးတပြင်လုံး ရွှင်လန်းရာ ဇိအုန်တောင်ထိပ် သည် အဆင်းလှပေ၏။
မြောက်မျက်နှာဘက်၌ မဟာ မင်းကြီး၏ မြို့တော်သည် တည်၏။ 3 ထိုမြို့၏ ဘုံဗိမာန်တို့တွင် ဘုရားသခင်၌ ခိုလှုံ ရသည်ကို သိရ၏။
4 ရှင်ဘုရင်တို့သည် စည်းဝေး၍ အတူရှောက်သွား ကြ၏။ 5 မြင်သောအခါ မှိုင်တွေ၍ ထိတ်လန့်လျက် ပြေးကြ၏။ 6 ထိုအရပ်၌
သူတို့သည် ကြောက်လန့်ခြင်းသို့ ရောက်၍ သားဘွားသောမိန်းမ ခံရသကဲ့သို့ ဝေဒနာ ရှိကြ၏။ 7 တာရှုသင်္ဘောတို့ကို ချိုးဖက်သော
အရှေ့လေ နှင့်တွေ့သကဲ့သို့ ဖြစ်ကြ၏။ 8 ငါတို့သည် ကြားဘူးသည်အတိုင်း၊ ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရား၏မြို့၊
ငါတို့ဘုရားသခင်၏ မြို့တော်၌တွေ့မြင်ရကြ၏။ ဘုရားသခင်သည် မြို့တော် ကို အစဉ်အမြဲတည်စေတော်မူမည်။ 9 အိုဘုရားသခင်၊
အကျွန်ုပ်တို့သည် ဗိမာန်တော် ထဲမှာ ကရုဏာတော်ကို အောက်မေ့ကြပါ၏။ 10 အိုဘုရားသခင်၊ နာမတော်သည် မြေကြီးစွန်း
တိုင်အောင် နှံ့ပြားသည်နည်းတူ၊ ဂုဏ်အသရေတော် လည်း နှံ့ပြားလျက်ရှိ၏။ လက်ျာလက်တော်သည် ဖြောင့် မတ်ခြင်းတရားနှင့်
ပြည့်ဝလျက်ရှိပါ၏။ 11 တရားစီရင်တော်မူချက်များကြောင့် ဇိအုန် တောင်သည် ဝမ်းမြောက်၍၊ ယုဒအမျိုးသမီးတို့သည်
ရွှင်လန်းကြပါ၏။ 12 သားမြေးတို့အား ကြားပြောမည်အကြောင်း ဇိအုန်မြို့ကိုပတ်ပတ်လည်၍ ပြအိုးတို့ကို ရေတွက်ကြလော့။ 13
ရင်တားတို့ကို မှတ်၍ဘုံဗိမာန်များကိုလည်း ဆင်ခြင်ကြလော့။ 14 အကြောင်းမူကား၊ ထိုဘုရားသခင်သည် ကာလ အစဉ်အမြဲ
ငါတို့၏ဘုရားဖြစ်တော်မူ၏။ သေသည် ကာလတိုင်အောင် ငါတို့ကို ပို့ဆောင်တော်မူလတံ့ သတည်း။

---

Psalms 001

ထာဝရဘုရားသည် ကြီးမြတ်တော်မူ၏။

သန့်ရှင်း သော တောင်တော်ပေါ်မှာ------
ဤအရာသည် ဇိအုန်တောင်ပေါ်၌
တည်ရှိသောယေရုရှလင်မြို့အား ရည်ညွှန်းသည်။

ငါတို့ဘုရားသခင်၏ မြို့တော်
ဆိုလိုချက်(၁)------ ငါတို့ဘုရားသခင်နေထိုင်ရာမြို့(သို့)
ဆိုလိုချက်(၂)------ငါတို့၏ ဘုရားသခင်ရှိရာမြို့တော်

တောင်ထိပ်သည် အဆင်းလှပေ၏။
အဆင်းလှသောတောင်ထိပ် ----"အမြင့်" ဟူသောစကားလုံးသည်
ဇိအုန်တောင်၏ မြခင့်မာခြင်းကိုရည်ညွှန်းပါသည်။

မြေကြီးတပြင်လုံး ရွှင်လန်းရာ ဇိအုန်တောင်ထိပ်
"မြေကြီး"ဟူသည် မြေပြင်ပေါ်တွင် နေထိုင်သော
လူတိုင်းအားရည်ညွှန်းပါသည်။ "ရွှင်လန်းခြင်း"

မြောက်မျက်နှာဘက်၌
ဆိုလိုချက်(၁)-----မြောက်အရပ်သို့ ရည်ညွှန်းသည်။
ဆိုလိုချက်(၂)-----ဇိအုန်၏အခြားအမည်မှာ
ဘုရားသခင်၏တောင်ဟု ဆိုလိုပါသည်။

ထိုမြို့၏ ဘုံဗိမာန်တို့တွင် ဘုရားသခင်၌ ခိုလှုံ ရသည်။
စာရေးသူမှ ထာဝရဘုရားသည် လူများစိတ်ချရာ ခိုလှုံရာကို
ပေးနိုင်သောနေရာကဲ့သို့ ပြောပြပါသည်။

Psalms 004

မြင်သောအခါ
"မြင်ခြင်း" စကားလုံးသည် နောက်လိုက်များအား
အထိတ်တလန့်ဖြစ်စေရန် နှိုးဆော်သောစကားလုံးဖြစ်သည်။

စည်းဝေး၍
တပါးအမျိုးသားများ၏ ဘုရင်များနှင့် သူတို့၏
စစ်တပ်များစုဝေးကြခြင်းကို ဆိုလိုပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) သူတို့၏ စစ်တပ်များနှင့်
စုဝေးခြင်း

အတူလျှောက်သွားကြ၏။
သူတို့သည် ယေရုရှလင်သို့ အတူတကွသွားကြ၏။

မြင်သောအခါ
သူတို့သည်ယေရုရှလင်ကိုမြင်သည်။

ထိတ်လန့်လျက်
ကြီးမားသော ဒုက္ခပြဿနာ

ထိုအရပ်၌ သူတို့သည် ကြောက်လန့်ခြင်းသို့ ရောက်၍
စာရေးသူမှ ဘုရင်သည် သူတို့၏လက်နက်များမြင်သောအခါ
ထိတ်လန့်တုန်လှုပ်သည်ဟု ပြောပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) သူတို့သည်
ကြောက်ရွံ့ခြင်းနှင့်အတူ တုန်လှုပ်ကြ၏။

သားဘွားသောမိန်းမ ခံရသကဲ့သို့
စာရေးသူသည် ဘုရင်၏ကြောက်ရွံ့တုန်လှုပ်မှုအား
သားဘွားသောမိန်းမတွေ့ကြုံ ခံစားရသကဲ့သို့ဟု ခိုင်းနှိုင်း
ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်)


generated on Sun Jun 30 02:37:40 2024

အမျိုးသမီးသည် သားဘွားသောအခါနာကျင်သကဲ့သို့ (သို့) အမျိုးသမီးသည် သားဘွားခြင်း အတွေ့အကြုံခံစားရသောအခါနာကျင်သကဲ့သို့ သူတို့ကြောက်ရွံ့ကြသည်။

Psalms 007

တာရှုသင်္ဘော တို့ကို ချိုးဖက်သော အရှေ့လေ နှင့်
ဆိုလိုချက်(၁) ----ဘုရင်၏ကြောက်ရွံ့မှုကို စာရေးသူမှ ဘုရားသခင်သည် သင်္ဘောအားမုန်တိုင်းနှင့်တွေ့စေသကဲ့သို့ ဟုဖော်ပြပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သူတို့သည် တာရှသင်္ဘောအရှေ့လေကျွင့်တွေ့သကဲ့သို့ ကြောက်ရွံ့ တုန်လှုပ်ပါသည်။

အရှေ့လေ
ဆိုလိုချက်(၁)-- အရှေ့ပြည်မှလာသောလေ(သို့) တာရှုမြို့ပေါ်၌ တည်ဆောက်သည့်အရာ ဆိုလိုချက်(၂)-- ပင်လယ်ထဲသို့သွားသည့် အလွန်ကြီးမားသည့်အရာ

ငါတို့သည် ကြားဘူးသည်အတိုင်း
ဤအရာသည် အတိတ်ကာလ၌ ထာဝရဘုရားပြုခဲ့ဘူးသည့်အရာကို ဖော်ပြပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဘုရားပြုခဲ့ဘူးသည့် ကြီးမားသောအရာကို ငါတို့ြကားဘူးခဲ့သည့်အတိုင်း

တွေ့မြင်ရကြ၏
သူတို့ကြားခဲ့သောအရာ သည် အမှန်ပင်ဖြစ်ကြောင်း သက်သေဖြစ်သည့်အရာကို ဆိုလိုသည်။

ထာဝရဘုရား၏မြို့--- ဘုရားသခင်၏မြို့----တွေ့ရ၏
နှစ်ခုစလုံးသည် ယေရုရှလင်မြို့ကို ရည်ညွှန်းပါသည်။

တည်စေသော်မူမည်
လုံခြုံမှုဖြစ်စေသည်။ "တည်စေခြင်း" စကားလုံးသည် စိတ်ချလုံခြုံမှုကို ဆိုလိုသည်။

Psalms 009

ဗိမာန်တော်ထဲမှာ
သင်၏ ဗိမာန်တော်ထဲမှာ

"နာမ"သည် ဘုရားသခင်၏ ဂုဏ်သတင်းကို ကိုယ်စားပြုသည်။
စကားစုနှစ်ခုသည် ဘုရားသခင်၏ ဂုဏ်နာမကို လူများမည်မျှချီးမွမ်းကြောင်း နှိုင်းယဉ်ပြထားသည်။

မြေကြီးစွန်းတိုင်အောင်
နေရာတိုင်းမှာရှိသော အရာကိုဆိုလိုသည်။ ၄၆:၈ ၌ ပြန်ဆိုပြီး

လကျာ်လက်တော်သည် ဖြောင့်မတ်ခြင်း----
စာရေးသူသည် ဖြောင့်မတ်ခြင်းအား ဘုရားသခင်၏ လက်တော်၌ ရှိသောအရာဟု ပြောပါသည်။ ဤနေရာတွင်"လကျာ်တော်"သည် ဘုရားသခင်၏ အခွင့်အာဏာနှင့် တန်ခိုးကိုညွှန်းပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သင်၏ဖြောင့်မတ်ခြင်းတရား (သို့) သင့်ဖြောင့်မတ်ခြင်း သင်၏တရားတော်

Psalms 011

ဇိအုန် တောင်သည် ဝမ်းမြောက်၍
စာရေးသူသည် ဇိအုန် တောင်၏ ဝမ်းမြောက်ခြင်းကို လူပုဂ္ဂိုလ်တစ်ဦးဝမ်းမြောက်ကြောင်းပြောပါသည်။ ယေရုရှလင်၌ ရှိသောလူများ ကိုရည်ညွှန်းပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဇိအုန်တောင်၌ နေထိုင်သူများဝမ်းမြောက်ကြလော့။

ယုဒအမျိုးသမီးတို့သည် ရွှင်လန်းကြပါ၏။
စာရေးသူသည် ယုဒမြို့များအား ယုဒပြည်ရှိကလေးများကဲ့သို့ဟု ပြောပါသည်။ ထိုမြို့များ၌ ရှိသောလူများကို ရည်ညွှန်းပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ယုဒပြည်၌ ရှိသောသူများဝမ်းမြောက်ကြလော့။

Psalms 012

ဇိအုန်မြို့ကိုပတ်ပတ်လည်၍ ပြအိုးတို့ကို ရေတွက်ကြလော့။

ရင်တားတို့ကို မှတ်၍ဘုံဗိမာန်များကိုလည်း ဆင်ခြင်ကြလော့။
အသေးစိတ်အချက်အလက် ဆင်ခြင်လော့

Psalms 014

ကာလ အစဉ်အမြဲ ငါတို့၏ဘုရား

သေသည် ကာလတိုင်အောင်
ဆိုလိုချက်(၁)---- သေသည့်တိုင် ဆိုလိုချက်(၂)---- အစဉ်အမြဲ

## Chapter 49

[1] လူများအပေါင်းတို့၊ ကြားကြလော့။ ခပ်သိမ်း သောလောကသား၊ [2] အယုတ်အမြတ်၊ ကြွယ်ဝသောသူ၊ ဆင်းရဲသော သူ၊
တညီတညွတ်တည်း နားထောင်ကြလော့။ [3] ငါ့နှုတ်သည်ပညာကိုမြွတ်ဆိုမည်။ ငါ့နှလုံးသည် ဉာဏ်နှင့်ဆိုင်သောအရာကို ဆင်ခြင်မည်။
[4] ပုံစကားသို့ ကိုယ်နားကိုလှည့်လျက် နက်နဲသော အရာကို စောင်းတီး၍ ဖွင့်ပြပေအံ့။ [5] ခဲယဉ်းဆိုးယုတ်သော ကာလ၌ငါ၏အရာတို့
လုယူချင်သောသူတို့၏ ဒုစရိုက်အမှုသည် ငါ့ကို ဝိုင်းသော် လည်း၊ ငါသည် အဘယ်ကြောင့် ကြောက်ရမည်နည်း။ [6] ထိုသူတို့သည်
ကိုယ်ဥစ္စာကို ကိုးစား၍၊ ကိုယ် စည်းစိမ်များသောကြောင့် ဝါကြွားသော်လည်း၊ [7] မိမိညီအစ်ကိုကို အဘယ်သူမျှအလျှင်းမရွေးနိုင်။
ရွေးရန်အဘိုးကိုဘုရားသခင်၌ မပေးနိုင်။ [8] သူတို့အသက်ဝိညာဉ်၏ ရွေးရန် အဘိုးကြီးလှ ပေ၏။ သို့ဖြစ်၍ အစဉ်ရှုံးလျက်နေရမည်။ [9]
ရွေးလျှင် အစဉ်အမြဲ အသက်ရှင်ရာ၏။ ပုပ်စပ် ခြင်းသို့ မရောက်ရာ။ [10] ထင်ရှားသောအရာဟူမူကား၊ ပညာရှိသော သူတို့သည်
သေတတ်ကြ၏။ ထိုအတူမိုက်သောသူနှင့် တိရစ္ဆာန်သဘောရှိသော သူတို့သည် ပျက်စီးခြင်း သို့ရောက်၍၊ မိမိတို့ဥစ္စာကို သူတပါးတို့၌
ချန်ထားကြ၏။ [11] မိမိတို့အိမ်သည် ထာဝရဖြစ်လိမ့်မည်။ မိမိတို့ နေရာလည်း လူမျိုးအစဉ်အဆက်တည်လိမ့်မည်။ မိမိတို့ နာမသည်
မြေပေါ်မှာ ကျော်စောလိမ့်မည်ဟု သူတို့ စိတ်ထင်ရှိကြ၏။ [12] သို့ရာတွင် လူသည်ဂုဏ်အသရေ၌ မတည်မနေ တတ်။ ပျက်စီးခြင်းသို့
ရောက်တတ်သော တိရစ္ဆာန်နှင့် တူ၏။ [13] ထိုသို့ပြုမူခြင်းအရာသည် သူတို့၏ကိုးစားရာ ဖြစ်၍၊ သူတို့သားမြေးတို့သည် သူတို့စကားကို
နှစ်သက် တတ်ကြ၏။ [14] ထိုသူတို့ကို သိုးများကဲ့သို့ မရဏာနိုင်ငံ၌ ချထား ၍ သေမင်းစားလိမ့်မည်။ ကာလမကြာမမြင့်မှီ ဖြောင့်
မတ်သောသူတို့သည် အုပ်စိုးရကြလိမ့်မည်။ သူတို့၏ ကိုယ်ခန္ဓာသည် ဖောက်ပြန်ဘို့ရာဖြစ်၏။ မရဏာနိုင်ငံ သည်
သူတို့၏နေရာဖြစ်၏။ [15] ငါ့ကိုမူကား၊ ဘုရားသခင်သိမ်းယူတော်မူသော ကြောင့်၊ ငါ၏ဝိညာဉ်ကို မရဏာနိုင်ငံ၏ တန်ခိုးမှ
ရွေးတော်မူမည်။ [16] သူတပါးသည် ဥစ္စာကြွယ်ဝ၍၊ အိမ်၏ဂုဏ် အသရေတိုးပွါးသောအခါ သင်သည် မစိုးရိမ်နှင့်။ [17]
ထိုသူသည်သေသောအခါ၊ အဘယ်ဥစ္စာမျှ မပါရ။ သူ၏ဂုဏ်အသရေသည် သူ့နောက်သို့ မဆင်း သက်ရ။ [18] ထိုသူသည်
အသက်ရှင်စဉ်အခါ၊ မိမိညာဉ်ကို ကောင်းကြီးပေး တတ်၏။ မိမိအကျိုးကို ပြုစုသော အခါ သူတပါးတို့သည်ချီးမွမ်းတတ်ကြ၏။ [19]
သို့သော်လည်း၊ သူသည် သူ၏ဘိုးဘေးအမျိုး ရှိရာသို့ သွားရလိမ့်မည်။ ကာလအစဉ်အဆက် သူတို့သည်အလင်းကို မမြင်ရကြ။ [20]
ဂုဏ်အသရေနှင့်ပြည့်စုံလျက် ပညာသတိမရှိ သောသူသည်ကား၊ ပျက်စီးခြင်းသို့ ရောက်တတ်သော တိရစ္ဆာန်နှင့်တူ၏။

---

Psalms 001

လူများအပေါင်းတို့-------
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီသည်။ လူများအားလုံး အတူတကွ နားထောင်ရန် မှတ်ချက်ပြုထားသော အရာဖြစ်သည်။

ကြားကြလော့
တစ်စုံတစ်ဦးအား နားထောင်ရန် ဖော်ပြဆိုလိုသည်။

အယုတ်အမြတ်
စာရေးသူမှ လူမှု ပတ်ဝန်းကျင်တွင်အားနည်း နိမ့်ကျသူများနှင့် အာဏာရှိသော လူကုံထံများကို ပြောပါသည်။ "နိမ့်ကျသော" နှင့် "မြင့်သော" လူများကို အတူတကွဆိုလိုပါသည်။

ကြွယ်ဝသောသူ၊ ဆင်းရဲသော သူ၊ တညီတညွတ်တည်း
ချမ်းသာ၊ ဆင်းရဲ လူတန်းစားအားလုံးကို ရည်ညွှန်းပါသည်။

Psalms 003

ငါ့နှုတ်သည်ပညာကိုမြွတ်ဆိုမည်။
"နှုတ်"သည် လူ၏စကားပြောခြင်းကို ဆိုလိုသည်။

ငါ့နှလုံးသည် ဉာဏ်နှင့်ဆိုင်သောအရာကို ဆင်ခြင်မည်။
"နှလုံး"သည် လူ၏ စိတ်နှလုံးနှင့် အတွေးများကို ကိုယ်စားပြုသည်။

ကိုယ့်နားကိုလှည့်လော့
စာရေးသူမှ စကားပြောနေသူထံသို့ နားကိုလှည့်၍ ဂရုစိုက်စွာ နားထောင်ရန်။

စောင်းတီးရန်
"စောင်းတီးရန်"

ငါသည် အဘယ်ကြောင့် ကြောက်ရမည်နည်း။
စာရေးသူမှ မည်သည့်ဆိုးသော အရာတွေ့လည်း ကြောက်ရွံ့စရာမရှိဟု မေးခွန်းကဲ့သို့ အထူးပြောထားပါသည်။

ဒုစရိုက်အမှုသည် ငါ့ကို ဝိုင်းသော် လည်း
ဆိုလိုချက်(၁)--- စာရေးသူမှ စာတန်သည် သူ၏ရန်သူအား အနိုင်ယူချိုးဖဲ့၍ ဖမ်းမိရန် ဆန္ဒရှိသည်ဟု ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဆိုးယုတ်သော သူသည် ကျွန်ုပ်အပေါ်မှာ အောင်မြင်ကျော်လွှားရန် အဆင်သင့်ရှိသည်။
ဆိုလိုချက်(၂)---စာရေးသူ၏ ရန်သူများသည် သူ့အားသူတို့၏ မတရားမှုများဖြင့် ဝန်းရံသကဲ့သို့ (UDB) (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်၏ ရန်သူများ ကျွန်ုပ်အားဝန်းရံနေသောအခါ


generated on Sun Jun 30 02:37:40 2024

Psalms 006

ထိုသူတို့သည် ကိုယ်ဥစ္စာကို ကိုးစား၍
သူ၏ လူများသည် သူတို့၏စည်းစိမ်ကို ကိုးစား၍ သူတို့၏ ဆင်းရဲခြင်းများကို ခံစားရလိမ့်မည်။

စည်းစိမ်များသောကြောင့် ဝါကြွားသော်လည်း
များ'စွာသောအရာများ

အဘယ်သူမျှ အလျင်းမရွေးနိုင်
မည်သူမျှ တတ်နိုင်စွမ်းမရှိပါ။ (အခြားသောဘာသာပြန်ဆိုချက်) မည်သူမျှမလုပ်နိုင်ပါ။

မိမိညီအစ်ကိုကို အဘယ်သူမျှအလျှင်းမရွေးနိုင်
ဘုရားသခင်သည် ရွေးဝယ်ခြင်းမပြုလျှင် မည်သူမျှသေခြင်းလမ်းကို ရှောင်နိုင်ရန် မတတ်နိုင်ကြောင်း ဤစကားစုမှ ဖော်ပြပါသည်။

သူတို့အသက်ဝိညာဉ်၏ ရွေးရန် အဘိုးကြီးလှ ပေ၏
(အခြားသောဘာသာပြန်ဆိုချက်) လူ၏အသက်သည်ရွေးဝယ်ရန် အဘိုးကြီးပေသည်။

Psalms 009

ပုပ်စပ် ခြင်းသို့ မရောက်ရာ
ရုပ်ခန္ဓာသည် ဂူထဲတွင်ပုပ်သိုးခြင်း မရှိကြောင်းရည်ညွှန်းပါသည်။

ထင်ရှားသောအရာဟူမူကား
စာရေးသူသည် တစ်စုံတစ်ရာကို မြင်တွေ့နေသကဲ့သို့ ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သူသည်သေဆုံးမည်ဖြစ်ပြီး သူ၏ခန္ဓာသည် ပျက်စီးလိမ့်မည်။

ပညာရှိသော သူတို့သည် သေတတ်ကြ၏
စာရေးသူသည် ပညာရှိများအား ရည်ညွှန်းခြင်းအားဖြင့် လူအားလုံးကို ပြောဆိုပါသည်

တိရစ္ဆာန်
မိုက်မဲသောသူသည် ပညာမဲ့သော သူများကို ဆိုလိုပါသည်။

Psalms 011

မိမိတို့အိမ်
သူတို့၏ ယုံကြည်ချက်

မိမိတို့ နေရာလည်း လူမျိုးအစဉ်အဆက်
(အခြားသောဘာသာပြန်ဆိုချက်) သူတို့နေထိုင်ရာနေရာဒေသရှိ သူတို့ အမျိုးအစဉ်အဆက် တည်လိမ့်မည်။

မိမိတို့ နာမသည် မြေပေါ်မှာ ကျော်စောလိမ့်မည်
"သူတို့၏ နာမည်သည်သူတို့မြေပေါ်မှာ"။ ဤစာစုသည် သူတို့၏ ပိုင်ဆိုင်မှုကို ဖော်ပြသည်။

Psalms 012

သို့ရာတွင် လူသည်ဂုဏ်အသရေ၌
သို့ရာတါင် လူသညသူ၏ပိုင်ဆိုင်မှု၌ တည်သည့်တိုင်

သူတို့၏ကိုးစားရာ ဖြစ်၍
စာရေးသူမှ မိုက်မဲသူများ၏ ကံကြမ္မာကို သူတို့လျှောက်သည့် လမ်းအားအဆုံးထိ စီရင်သကဲ့သို့ ပြောဆိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဤအရာသည် လက်တွေ့မိုက်မဲသူများ၏ ကံကြမ္မာဖြစ်ပါသည်။

သူတို့သားမြေးတို့သည်
သူတို့သေဆုံးပြီးနောက်

Psalms 014

ယေဘုယျ အချက်အလက်
စာရေးသူသည် သူတို့၏စည်းစိမ်မှ သူတို့အား က,်တင်မည်ဟု ယုံကြည်နေသော လူများအား ဆက်လက်ဖော်ပြနေသည်။

သိုးများကဲ့သို့
စာရေးသူမှ လူများသည် သိုးများကဲ့သို့ သေကျေကြလိမ့်မည်ဟု နှိုင်းယှဉ်ဖော်ပြပါသည်။ သိုးများသာ် သေမင်း၏ လက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။

ချထား ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) ဘုရားသခင်သည် သူတို့ အားချမှတ်ထား၏

သိုးများကဲ့သို့ မရဏာနိုင်ငံ၌ ချထား ၍
စာရေးသူမှ သိုးထိန်းသည် သင်္ချိုင်းသို့ ဦးဆောင်၍ သေခြင်းကို ယူဆောင်သွားသကဲ့သို့ဟု လူ၏ သေဆုံးခြင်းအား ပြောဆိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သေခြင်းသည် သိုးထိန်းမှ သိုးများအားညး သားသတ်သမားထံ ခေါ်ဆောင်သွားသကဲ့သို့ ဖြစ်လိမ့်မည်။

ကာလမကြာမမြင့်မီ
ဤနေရာတွင် ကာလအချိန်ဟူသည် ဘုရားသခင်မှ သူ၏လူများအားသေခြင်းမှ ကယ်တင်မည်ကို သက်သေထူမည့် အလချိန်ဖြစ်သည်။

မရဏာနိုင်ငံ သည် သူတို့၏နေရာဖြစ်၏။
စာရေးသူမှ မရဏာသည် သေသောလူ

ငါ့ကိုမူကား၊ ဘုရားသခင်သိမ်းယူတော်မူ------
စာရေးသူမှ မရဏာအား သေသောသူများပေါ်တွင် ဩဇာလွှမ်းမိုးသူဟု ပြောပါသည်။ စကားစပ်အရ သေသောခန္ဓာအားစားသောက်ခြင်းကို ရည်ညွှန်းသော တန်ခိုးကိုဖော်ပြပါသည်။

ငါ့ကိုမူကား၊ ဘုရားသခင်သိမ်းယူတော်မူသောကြောင့်
"အသက်"သည် လူတစ်ကိုယ်လုံးကို ရည်ညွှန်းသည်။

Psalms 016

အကြောင်းမူကား ဂရုဏာတော်သည် .... မိုးပါ၏
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီပါသည်။
ဘုရားသခင်၏ကြီးမားသော ချစ်ခြင်းနှင့် သစ္စာကြီးမားခြင်းသည်
အကွာအဝေးတိုင်းတာ၍ ရသကဲ့သို့ ပြောပါသည်။

ဂရုဏာတော်သည် .... ကောင်းကင်
ကြီးမြတ်တော်မူသောဘုရားသခင်၏ မေတ္တာသည်
အကွာအဝေးတိုင်းတာ၍ ရသကဲ့သို့ ပြောဆိုပါသည်။

သစ္စာတော်သည် မိုးတိမ်သို့..

အိုဘုရားသခင် .... မြင့်သည်ထက်
ဆာလံဆရာသည် ဘုရားသခင်၏ ဂုဏ်အသရေကို
ဖော်ကျူးပြသပါသည်။ ကောင်းကင်များသည် ဘုရားသခင်၏
ကြီးမြတ်ခြင်းကို ကိုယ်စားပြုသည်။

မြေကြီးတပြင်လုံးကို .... ဘုန်းတော်လွှမ်းစေသတည်း
ဆာလံဆရာမှ ဘုရားသခင်ဘုန်းတော်ကို ချီးမြှောက်ပါသည်။
(အခြားသောဘာသာပြန်ဆိုချက်)
မြေကြီးတပြင်လုံးဘုန်းတော်လွှမ်းမိုးမှုပါ။


generated on Sun Jun 30 02:37:40 2024

## Chapter 58

1 အိုလူသားတို့၊ အကယ်စင်စစ် သင်တို့သည် စကားဖြောင့်ကြသလော။ 2 တရားသဖြင့်စီရင်ကြသလော။ အကယ်စင်စစ် သင်တို့သည်
မတရားသော အကြံကို ကြံစည်၍ မြေကြီး ပေါ်မှာ ကိုယ်လက်နှင့်ပြုသော ညှဉ်းဆဲခြင်းကို ချိန်တတ် ကြ၏။ 3 မတရားသော
သူတို့သည် အမိဝမ်းထဲမှစ၍ ရိုင်းသောသဘောရှိကြ၏။ မွေးကတည်းကလမ်းလွဲ၍ မုသာစကားကို ပြောတတ်ကြ၏။ 4
သူတို့အဆိပ်သည် မြွေအဆိပ်နှင့်တူ၏။ နားပင်း သော မြွေဆိုးသည် မိမိနားကို ပိတ်၍၊ 5 လိမ္မာသောအလမ္ပမြွက်ဆိုသော မန္တရားစကား
ကို နားမထောင်ဘဲနေသကဲ့သို့ ဖြစ်ကြ၏။ 6 အိုဘုရားသခင်၊ သူတို့ပစပ်ထဲမှာ သွားများကို ချိုးတော်မူပါ။ အို ထာဝရဘုရား၊
ခြင်္သေ့တို့၏ အံသွားများ ကို ချိုးတော်မူပါ။ 7 ထိုသူတို့သည် စီးသောရေကဲ့သို့ ကွယ်ပျောက်ကြ ပါစေသော။ လေးကိုတင်သောအခါ
မြှားတို့သည် ကျိုး သကဲ့သို့ ဖြစ်ကြပါစေသော။ 8 ခရုသည် သွားစဉ်တွင် ရွေ့လျားသကဲ့သို့၎င်း၊ ပျက် သော ကိုယ်ဝန်သည် နေရောင်ကို
မမြင်ရသကဲ့သို့၎င်း ဖြစ်ကြပါစေသော။ 9 ဆူးပင်နှင့်မွေးသော မီးပူမှန်းကို အိုးတို့သည် မသိမှီ၊ အသက်ရှင် သောဆူးပင်နှင့်
မီးလောင်လျက်ရှိ သော ဆူးပင်တို့ကို လေတွေတိုက်သွားပါစေသော။ 10 ဖြောင့်မတ်သောသူသည် ထိုသို့သောဒဏ်ပေး ခြင်းကို မြင်၍
ဝမ်းမြောက်ပါလိမ့်မည်။ 11 မတရားသောသူတို့၏ အသွေး၌ မိမိခြေတို့ကို ဆေးပါလိမ့်မည်။ 12 သူတပါးကလည်း၊ ဖြောင့်မတ်သော
သူသည် အကျိုးကို ဧကန်အမှန်ခံရ၏။ မြေကြီးပေါ်မှာ တရား စီရင်သော ဘုရားသခင်သည် ဧကန်အမှန်ရှိတော်မူ သည်ဟု
ဝန်ခံကြပါလိမ့်မည်။

---

---

Psalms 001

အိုလူသားတို့ ... စကားဖြောင့်ကြသလော
စာရေးသူသည် မေးခွန်းအသုံးပြု၍ မတရားသောသူများအား သင်တို့ဖြောင့်မတ်သလောဟု မေးပါသည်။

သင်
သင် နှင့် သင်တို့ဟူသည် လူများနှင့် စီရင်သူများကို ညွှန်းပါသည်။ ဤနေရာတွင် "သင်" သည် အများကိန်း ဖြစ်ပါသည်။

တရားသဖြင့်စီရင်ကြသလော
စာရေးသူသည် မတရားသောသူများအား မေးခွန်းအသုံးပြု၍ ဖြောင့်မတ်မှန်ကန်သလောဟု မေးပါသည်။

ဒါဝိဒ်၏ဆာလံသီချင်း
စာရေးသူသည် မေးခွန်းနှစ်ခုကို မေးခဲ့ပါသည်။

သင်တို့သည် မတရားသောအကြံကို ကြံစည်၍
နှလုံးသည် လူများ၏ အတွေးနှင့် အကြံဉာဏ်များကို ရည်ညွှန်းပါသည်။

မြေကြီးပေါ်မှာ ကိုယ်လက်နှင့်ပြုသော
မတရားသော အကြမ်းဖက်မှုများကို မြေကြီးပေါ်တွင် နေရာအနှံ့အပြားလုပ်ဆောင်ပြီးပျံ့နှံ့စေသည်

Psalms 003

မတရားသောသူတို့သည် ... ရိုင်းသောသဘောရှိ၏
ဤအရာသည် တူညီသော အဓိပ္ပာယ်ရှိ၍ ကွဲပြားသော နည်းလမ်းနှစ်မျိုးဖြင့် ဖော်ပြထားသည်။

လမ်းလွဲ၍
အမှားပြုလုပ်သည်ကို လူများသည် မှားယွင်းသောလမ်းကို လျှောက်လှမ်းသကဲ့သို့ဟု ပြောပါသည်။

သူတို့အဆိပ်သည် ..... တူ၏
မိုက်မဲသောလူများ ပြောသောအရာသည်အဆိပ်နှင့်တူ၏

နားပင်းသော မြွေဆိုးသည်
ဆန့်ကျင်၍ အကြံပေးခြင်းလက်မခံသော လူဆိုးများသည် လိမ်ညာကောက်ကျစ်၍ အယောင်ဆောင်သော မြွေအလ္လမ္ပယ်ဆရာများကဲ့သို့ လုပ်ဆောင်ပြုမူကြသည်

နားပင်းသောမြွေဆိုးသည် မိမိနားကိုပိတ်၍
မြွေသည် မြွေအလမ္ပယ်ဆရာ၏ မြွက်ဆိုသံကို မတုံ့ပြန်သကဲ့သို့ တစုံတရာကို မကြားနိုင်အောင် နားကိုပိတ်ထားသကဲ့သို့ ပြောပါသည်

မြွေဆိုး
အဆိပ်ပြင်းသောမြွေဆိုးအမျိုးအစား

မြွေအလမ္ပယ်ဆရာမြွတ်ဆိုသော မန္တရား
မြွေကို ထိန်းချုပ်ရန် အသုံးပြုသောဂီတအသံ

နားမထောင်ပဲနေသကဲ့သို့
မြွေအလမ္ပယ်ဆရာသည် ကျွမ်းကျင်ကြည်လင်စွာ ပြုလုပ်နိုင်သည်။

Psalms 006

ယေဘုယျအချက်အလက်
စာရေးသူသည် မိုက်မဲသူများအား ဖျက်ဆီးရန် ဘုရားသခင်အား ပြောဆိုသည်။



generated on Sun Jun 30 02:37:40 2024

သူတို့ပါးစပ်ထဲမှ သွားများကို ...
ဤစာပိုဒ်တွင်ရှိသော လူဆိုးများသည် ခြင်္သေ့များကဲ့သို့ ခွန်အားမရှိသောလူများအားသတ်ရန် ပြုလုပ်သည့်အတွက် သူတို့၏ သွားများကို ချိုးဖျက်ရန်ဟု ပြောပါသည်။

ထိုသူတို့သည် စီးသောရေကဲ့သို့ ... စေသော်
မတရားသောသူများသည် ရေခဲ

မြွားသည်ကျိုးသကဲ့သို့
မြွားသည် ဦးတည်ချက်မရှိသကဲ့သို့

ခရု
ပက်ကျိ

ပျက်သောကိုယ်ဝန်သည် ... နေရောင်ကို မမြင်သကဲ့သို့
အမျိုးသမီးအထဲမှ ကလေးငယ်သည် နေရောင်ကို မမြင်ဘူးသကဲ့သို့ အသက်ရှင်ခွင့်မရှိပဲ သေသွားသောကလေးငယ်ကဲ့သို့ ဖြစ်ပါစေသော်

Psalms 009

ဆူးပင်နှင့်မွေးသောမီးပူမှန်းကို ..... တိုက်သွားပါစေသော်
မတရားသောသူများသည် ဆူးခြုံပင်များကဲ့သို့ ဘုရားသခင်မှ အဝေးသို့လျင်မြန်စွာ သိမ်းဆည်းလွှင့်ပစ်ခြင်းဖြင့် အပြစ်ပေးရန် ပြောပါသည်။

သင်
ဒါဝိဒ်သည် ဘုရားသခင်၏ လူများကို စကားပြောနေသည်။

ဆူးပင်
ဆူးခြုံများ

ဖြောင့်မတ်သောသူတို့သည် .... လိမ့်မည်
ဖြောင့်မတ်သောသူဟူသည် သာမန်ဖြောင့်မတ်သူများကို ရည်ညွှန်းသည်။

မတရားသောသူတို့၏ .... ဆေးပါလိမ့်မည်
ခြေတလှမ်းခြင်းသွေးပေါ်၌ လျှောက်ခြင်းကို သွေးဖြင့် ခြေဆေးသည်ဟု ပြောပါသည်။

မတရားသောသူတို့၏ ... ဆေးပါလိမ့်မည်
များစွာသော မတရားသော လူများသည် သေကြေ၍များစွာသော ဖြောင့်မတ်သူများသည် သူတို့၏ခြေကို လူများ၏သွေးဖြင့် ဆေးကြောမည်ဟု လွန်ကျူးစွာ ဖော်ပြထားသည်။

---

## Chapter 59

1 အို အကျွန်ုပ်၏ဘုရား၊ ရန်သူတို့လက်မှ အကျွန်ုပ် ကို ကယ်နှုတ်တော်မူပါ။ အကျွန်ုပ်ကို ရန်ဘက်ပြုသောသူ တို့၏ အပေါ်မှာ
အကျွန်ုပ်ကို ချီးမြှောက်တော်မူပါ။ 2 ဒုစရိုက်ကို ပြုသောသူတို့အထဲက အကျွန်ုပ်ကို နှုတ်ယူ၍၊ အသက်ကိုသတ်လိုသော သူတို့လက်မှ
ကယ် တင်တော်မူပါ။ 3 သူတို့သည် အကျွန်ုပ်အသက်ကို သတ်လို ၍ ချောင်းကြည့်လျက် နေကြပါ၏။ အားကြီးသောသူတို့
သည်အကျွန်ုပ်တဘက်၌ စည်းဝေးကြပါ၏။ အို ထာဝရ ဘုရား၊ အကျွန်ုပ်မှားယွင်း သောကြောင့်မဟုတ်ပါ။ အကျွန်ုပ်
အပြစ်ကြောင့်မဟုတ်ပါ။ 4 အကျွန်ုပ်၌ အပြစ်မရှိဘဲ သူတို့သည် ပြေးလာ၍ ပြင်ဆင်ကြပါ၏။ အကျွန်ုပ်ကို ကူမခြင်းငှါ နိုးတော်မူပါ။
ကြည့်ရှုတော်မူပါ။ 5 ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၊ သာသနာပ လူအပေါင်းတို့ကို ဆုံးမခြင်းငှါ နိုးတော်မူပါ။
ဒုစရိုက်၌ ကျင်လည်သောသူ တစုံတယောက်ကိုမျှ သနား တော်မမူပါနှင့်။ 6 သူတို့သည် ညဦးယံ၌ ပြန်လာ၍၊ ခွေးဘာသာ အတိုင်း
မြည်လျက် မြို့ကိုလှည့်ပတ်ကြပါစေသော။ 7 ထိုသူတို့သည် စော်ကားသော စကားကိုပြော၍၊ သူတို့နှုတ်ခမ်း
တွင်ထားပါလျက်အဘယ်သူကြားလိမ့် မည်နည်းဟု ဆိုတတ်ကြပါ၏။ 8 သို့ရာတွင်၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် သူတို့ကို
ပြုံးရယ်၍ သာသနာပလူအပေါင်းတို့ကို ကဲ့ရဲ့တော်မူမည်။ 9 အို အကျွန်ုပ်အစွမ်းသတ္တိ၊ ကိုယ်တော်ကို မြော်လင့်ပါမည်။
ဘုရားသခင်သည် အကျွန်ုပ် ခိုလှုံရာဖြစ်တော်မူ၏။ 10 ကရုဏာအရှင် ဘုရားသခင်သည် အကျွန်ုပ်ကို ကူမခြင်းငှါ ကြွလာတော်မူမည်။
ရန်သူတို့ကို အကျွန်ုပ်ကြည့်ရှု၍ အားရသောအခွင့် ရှိစေတော်မူမည်။ 11 အကျွန်ုပ်တို့ကို ကွယ်ကာတော်မူသော ဘုရားရှင်၊ သူတို့ကို
သတ်တော်မမူပါနှင့်။ သတ်လျှင် အကျွန်ုပ်၏ လူတို့သည် သတိလစ်ကြပါလိမ့်မည်။ တန်ခိုးတော်အားဖြင့် အရပ်ရပ် ကွဲပြားစေ၍
နှိမ့်ချတော်မူပါ။ 12 သူတို့ပြောမိသော စကားတည်းဟူသော သူတို့ နှုတ်၏အပြစ်ကြောင့် မိမိတို့မာနတွင် ကျော့မိပါစေ သော။ သူတို့
ကျိန်ဆဲသော စကားနှင့် မုသာစကားကြောင့်၊ 13 အမျက်တော်အားဖြင့် ပျောက်ပျက်စေတော်မူပါ။
အကုန်အစင်ပျောက်ပျက်စေတော်မူပါ။ ဘုရားသခင်သည် ယာကုပ်အမျိုးမှစ၍ မြေကြီးစွန်းတိုင်အောင် အုပ်စိုးတော်မူကြောင်းကို
သူတို့သည် သိကြ ပါစေသော။ 14 ညဦးယံ၌ ပြန်လာ၍၊ ခွေးဘာသာအတိုင်း မြည်လျက် မြို့ကို လှည့်ပတ်ကြပါစေသော။ 15 အစာကို
ရှာလျက် အရပ်ရပ်သို့ လည်၍မဝဘဲ တညဉ့်လုံး နေကြပါစေသော။ 16 အကျွန်ုပ်မူကား၊ တန်ခိုးတော်ကို သီချင်းဆိုပါမည်။ နံနက်ယံ၌
ကရုဏာတော်ကို ရွှင်လန်းစွာ သီချင်းဆိုပါမည်။ အကြောင်းမူကား၊ ဘေးရောက်သောကာလ၌ ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊
ဘေးလွတ်ရာ ဖြစ်တော်မူ၏။ 17 အိုအကျွန်ုပ်အစွမ်းသတ္တိ၊ ကိုယ်တော်ကို သီချင်းဆိုပါမည်။ ဘုရားသခင်သည် အကျွန်ုပ်ခိုလှုံရာ
ဖြစ်တော်မူ၏။ အကျွန်ုပ်၌ ကရုဏာအရှင် ဘုရားသခင်ဖြစ်တော်မူ၏။ ရှောလုစေလွှတ်သော သူတို့သည်
ဒါဝိဒ်အသက်ကိုသတ်ခြင်းငှါ၊ အိမ်ကိုစောင့်ကြသောအခါ ဒါဝိဒ်စပ်ဆိုသော

---

Psalms 001

ယေဘုယျအချက်အလက်
၅၇:၁ ၌ ပြန်ဆိုပြီး

ဒါဝိဒ်၏ဆာလံ
ဆိုလိုချက် (၁) ဒါဝိဒ်မှ စပ်ဆိုသောဆာလံ (၂) ဒါဝိဒ်အကြောင်းစပ်ဆိုသောဆာလံ (၃) ဆာလံသည် ဒါဝိဒ်၏သီချင်းပုံစံဖြစ်သည်။

စာလုံးသည်သေချာခြင်းမရှိပါ
၁၆:၁ ၌ ပြန်ဆိုပြီး

ရန်ဘက်ပြုသောသူ
ရှောလုသည်သူ့ကိုသတ်ရန်အတွက် အိမ်တော်၌ စောင့်ကြည့်နေသောအချိန် ရှောလုသည်သူ၏ စစ်သားများစေလွှတ်ရန် ဒါဝိဒ်အားသတ်ဖြတ်ရန် အခွင့်အရေးစောင့်ကြည့်နေချိန်

အပေါ်မှာချီးမြှောက်တော်မူပါ
မြင့်သောအရပ်ဟူသည် လုံခြုံ၍ ရန်သူများ မရောက်ရှိနိုင်သောနေရာကို ဆိုလိုပါသည်။

ကျွန်ုပ်ကို ရန်ဘက်ပြုသူတို့၏
သူ့ကိုဆန့်ကျင်နေသူ၏အထက်မှာ ချီးမြှောက်မူပါ

အသက်ကိုသတ်လိုသော
အသက်သတ်လိုသောဟူသည့်စကားသည် သွေးအပါအဝင် လူသတ်ခြင်းကို ဆာလောင်သည့် ဆန္ဒကို ရည်ညွှန်းသည်

Psalms 003

ကျွန်ုပ်အသက်ကို .... ချောင်းကြည့်နေပါ၏
ဒါဝိဒ်၏ရန်သူများသည် ပုန်းကွယ်၍သူ့အား တိုက်ခိုက်ရန် ချောင်းမြောင်းနေပါ၏

နိုးတော်မူပါ
တစုံတခုပြုလုပ်ရန် ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ဆောင်ရန် အစပြုခြင်းအတွက် နိုးတော်မူပါဟု ပြောပါသည်။


generated on Sun Jun 30 02:37:40 2024

(အခြားသောဘာသာပြန်ဆိုချက်) တစုံတရာပြုလုပ်ရန် နိုးဆော်မူပါ။

ကြည့်ရှုတော်မူပါ
ဘုရားသခင်မြင်စေချင်သည့်အရာဖြစ်သည်။

Psalms 005

နိုးတော်မူပါ
တစုံတခုပြုလုပ်ရန် ဆုံးဖြတ်ခြင်းနှင့် စတင်ခြင်းကို နိုးတော်မူပါဟု ပြောပါသည်

သာသနာပလူ
သာသနာပလူအပေါင်းဟူသည် ဘုရားသခင်၏ အခွင့်တော်အောက်၌ အသက်မရှင်သောလူများကို ကိုယ်စားပြုသည်။

Psalms 006

ညဦးယံ၌ ပြန်လာ၍
"သူတို့" ဟူသည် တရားအတိုင်းမလိုက်နာသော မိုက်မဲသူများကို ဆိုလိုပါသည်။

ခွေးဘာသာအတိုင်း
ဆာလံဆရာသည် သူ၏ရန်သူများအား လူများအား လိုက်၍ ဟောင်နေသောခွေးများကဲ့သို့ တိုက်ခိုက်ကြောင်းပြောဆိုပါသည်။

မြို့ကိုလှည့်ပတ် ...စေသော်
အဘယ်ကြောင့်သူတို့သည် မြို့ကိုလှည့်ပတ်ကြောင်းမြင်နိုင်ပါသည်။

ကြည့်ပါ
တစုံတရာကို ကြည့်ရှုရန် (အခြားသောဘာသာပြန်ဆိုချက်) ကြားနာသည်။

သူတို့နှုတ်ခမ်းတွင်ထားပါလျက်
ကြောက်မက်ဖွယ်သောစကားကို ပြောခြင်းကို စော်ကားသောစကားကဲ့သို့ဟု ပြောပါသည်။ ဤကြမ်းကြုတ်သောစကားများသည် ဆဲရေးသောစကား

စော်ကားသောစကား
ကျယ်လောင်စွာပြောခြင်း၊ အစာအိမ်မှပါးစပ်သို့တက်လာသောအသံ

သူတို့နှုတ်ခမ်းတွင်ထားပါလျက်
ရိုင်းစိုင်းသောအရာများကို ဆိုးညစ်သောလူများသည် ပြော၍ သူတို့နှုတ်သည် ထားကဲ့သို့ဖြစ်သည်ဟု ပြောပါသည်။

အဘယ်သူကြားလိမ့်မည်နည်း
သူတို့သည် မေးခွန်းသုံး၍ ဘုရားသခင်ကို ယုံကြည်သောသူတို့အား မည်သူကြားနိုင်မည်နည်း အပြစ်ပေးမည်နည်းဟု ပြောပါသည်။

Psalms 008

ကိုယ်တော်သည် သူတို့ကို ပြုံးရယ်၍
မာနထောင်လွှား၍ အထင်သေးခြင်း (သို့) သူတို့အားလှောင်ပြောင်ခြင်း ဘုရားသခင်သည် သူတို့အားပြုံးရယ်တော်မူသည်မှာ သူတို့သည် အစွမ်းအစမဲ့၍ အသုံးမကျသောကြောင့်ဖြစ်သည်။

သာသနာပလူအပေါင်းတို့ကို ကဲ့ရဲ့တော်မူမည်
လူအပေါင်းတို့ကို လှောင်ပြောင်၍ (သို့) သင်သိသော သာသနာပလူများသည် မိုက်မဲသောသူများဖြစ်သည်။

ကဲ့ရဲ့လှောင်ပြောင်
လှောင်ပြောင် (သို့) သရော်

ကျွန်ုပ်အစွမ်းသတ္တိ
ဘုရားသခင်သည် ဆာလံဆရာအားခွန်အားပေးသည်ကို ဘုရားသခင်မှ ကာကွယ်ပေးခြင်းကို ကိုယ်စားပြုသည်။

ကျွန်ုပ်ခိုလှုံရာ
အမြင့်ဆုံးသောအရပ်သည် လူအများရန်သူများထံမှ ခိုလှုံရာ အရပ်ဖြစ်သည်။ ဆာလံဆရာမှ ဘုရားသခင်အား ခိုင်ခံ့၍ လုံခြုံသော ဘုရားသခင်၏ ကွယ်ကာရာဟု ပြောပါသည်။

Psalms 010

ကျွန်ုပ်ကိုကူမခြင်းငှာ
ဘုရားသခင်မှ ဆာလံဆရာအားလာရောက်ကယ်မည်ကို ဘုရားသခင်မှ သူ့အားလာတွေ့မည်ဟု ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဘုရားသခင်ငါ့အားကယ်တင်မူပြီ

အားရသောအခွင့်
"ဆန္ဒ" ဟူသည် "အလိုရှိသည်" ဟု ဖော်ပြနိုင်သည်။

ကွဲပြားစေလိမ့်မည်
အရပ်ရပ်သို့ကွဲပြားသွားစေလိမ့်မည်

ကျွန်ုပ်တို့ကို ကွယ်ကာမူသောအဘ
ဘုရားသခင်သည် ဖြောင့်မတ်သောသူများအား ကာကွယ်သည်ကို ဒိုင်းလွှားကဲ့သို့ ကာကွယ်သည်ဟု ပြောပါသည်။

Psalms 012

သူတို့ပြောမိသောစကားတည်းဟူသော .... ကျော့မိပါစေသော်
ပါးစပ်နှင့် နှုတ်ခမ်းသည် လူများပြောသည့်အရာကို ကိုယ်စားပြုသည်။

သူတို့မာနတွင်ကျော့မိပါစေသော်

အမျက်တော်အားဖြင့် ပျောက်ပျက်စေမူပါ
သူတို့အပြည့်ဝပျက်ဆီးရန် လောင်ကျွမ်းခြင်း

ယာကုပ်
ယာကုပ်သည် ဣသရေလကို ရည်ညွှန်းသည်။

မြေကြီးစွန်းတိုင်
မြေကြီးစွန်းသည့်တိုင်အောင် ဤအရာသည် မြေကြီးနေရာအနှံ့ကို ကိုယ်စားပြုပါသည်။

Psalms 014

ခွေးဘာသာအတိုင်း
ဆာလံဆရာမှ သူ၏ ရန်သူများသည် လူများအားတိုက်ခိုက်ရန် ခွေးများကဲ့သို့ လှည့်လည်၍ ဟောင်ခြင်း၊ တိုက်ခိုက်ခြင်းများပြုနေသည်ဟု ပြောပါသည်။

တင်းတိမ်
ရောင့်ရဲကျေနပ်

Psalms 016

ကိုယ်တော်သည် ကျွန်ုပ်ခိုလှုံရာ ...ဘေးလွတ်ရာဖြစ်တော်မူ၏
အမြင့်ဆုံးသောခိုလှုံရာနေရာသည် သူတို့၏ ရန်သူများ၏ဘေးမှ ကာကွယ်ရန်နေရာအဖြစ်လူများသွားနိုင်သောနေရာဖြစ်သည်။

ဆာလံဆရာမှ ဘုရားသခင်သည် သူ၏လုံခြုံစိတ်ချရာအကာအကွယ်ဖြစ်သည်ဟု ပြောပါသည်။

ဘေးရောက်သောကာလ
"နေ့" ဟူသော စကားလုံးသည် ကာလအပိုင်းအခြားဖြစ်ပါသည်။

အိုကျွန်ုပ်အစွမ်းသတ္တိ ... သီချင်းဆိုပါမည်။

ကျွန်ုပ်အစွမ်းသတ္တိ
ဆာလံဆရာ၏ခွန်အားသည် ဘုရားသခင်ဖြစ်သည် သူ၏အကာအကွယ်လည်းဖြစ်သည်

ဘုရားသခင်သည် ကျွန်ုပ်ခိုလှုံရာဖြစ်တော်မူ၏
အမြင့်ဆုံးသောဘုရားသခင်၌ ခိုလှုံရာနေရာဟူသည်မှာ သူတို့ရန်သူများထံမှ ကာကွယ်ယူသောနေရာဖြစ်ပါသည်။ ဆာလံဆရာမှ ဘုရားသခင်သည် သူ့အတွက်ခိုင်ခံ့၍ လုံခြုံသောသူဟုပြောပါသည်။

ကျွန်ုပ်၌ ဂရုဏာအရှင်ဘုရားသခင်ဖြစ်တော်မူ၏
(အခြားသောဘာသာပြန်ဆိုချက်) သူသည်သစ္စာတော်နှင့် ပြည့်ဝသောဘုရားသခင်ဖြစ်တော်မူ၏ (သို့) သင်သည်သစ္စာနှင့် ပြည့်စုံသောဘုရားသခင်ဖြစ်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 60

[1] အိုဘုရားသခင်၊ ကိုယ်တော်သည် အမျက်ထွက်သဖြင့်၊ အကျွန်ုပ်တို့ကို စွန့်ပစ်၍ အရပ်ရပ်သို့ ကွဲပြားစေတော်မူပြီ။ တဖန်
အကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူပါ။ [2] မြေကြီးကို လှုပ်၍ ခွဲတော်မူပြီ။ ကွဲအက်ရာတို့ကို တဖန် စေ့စပ်စေတော်မူပါ။
တုန်လှုပ်လျက် ရှိပါသေး၏။ [3] ကိုယ်တော်၏လူတို့ကို ခက်ထန်စွာ စီရင်၍၊ မိုင်တွေခြင်း စပျစ်ရည်ကို တိုက်တော်မူပြီ။ [4] ကိုယ်တော်ကို
ကြောက်ရွံ့သောသူတို့သည် သစ္စာတရားကြောင့် ထူရသော အလံကို ပေးသနားတော် မူပြီ။ [5] ချစ်တော်မူသော သူတို့သည်
ချမ်းသာရမည်အကြောင်း၊ အကျွန်ုပ်စကားကို နားထောင်၍၊ လက်ျာလက်ရုံးတော်အားဖြင့် ကယ်တင်တော်မူပါ။ [6]
သန့်ရှင်းခြင်းပါရမီတော်ကို တိုင်တည်၍ ဘုရားသခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်၊ ငါသည် ဝမ်းမြောက်မည်။ ရှေခင်မြို့ကို
ပိုင်းခြားမည်။ သုကုတ်လယ်ပြင်ကို တိုင်းထွာမည်။ [7] ဂိလဒ်ပြည်ကို ငါပိုင်ရ၏။ မနာရှေပြည်ကိုလည်း ငါပိုင်ရ၏။ ဧဖရိမ်ပြည်ကား၊
ငါ့ဦးခေါင်း၏အစွမ်း ဖြစ်ရ၏။ ယုဒပြည်ကား၊ ငါ၏ လွှတ်တော်ဖြစ်ရ၏။ [8] မောဘပြည်ကား၊ ငါ့ရေချိုးအိုးဖြစ်ရ၏။ ဧဒုံပြည်ကား၊
ငါ့ခြေနင်းရာ ဖြစ်ရ၏။ ဖိလိတ္တိပြည်အပေါ်မှာ အောင်သံနှင့် ကြွေးကြော်မည်။ [9] အားကြီးသော မြို့ထဲသို့ ငါ့ကို
အဘယ်သူသွင်းပေးမည်နည်း။ ဧဒုံပြည်သို့ ငါကို အဘယ်သူ လမ်းပြမည်နည်း။ [10] အို ဘုရားသခင်၊ အကျွန်ုပ်တို့ကို စွန့်ပစ်တော်မူသော
ကိုယ်တော်သည် ပြုတော်မူမည်မဟုတ်လော။ အိုဘုရားသခင်၊ အကျွန်ုပ်တို့ ဗိုလ်ခြေနှင့်အတူ ကြွတော်မမူသော ကိုယ်တော်သည်
ပြုတော်မူမည် မဟုတ်လော။ [11] ဒုက္ခနှင့် ကင်းလွတ်စေခြင်းငှါ မစတော်မူပါ။ လူတို့သည် ကယ်တင်ခြင်းငှါ မတတ်နိုင်ကြပါ။ [12]
ဘုရားသခင်အားဖြင့် ငါတို့သည် ရဲရင့်စွာ ပြုကြမည်။ ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။ ဒါဝိဒ်သည်
မေသောပေါတာမိရှုရိလူတို့နှင့် ဇောဘရှုရိရှင်လူတို့ကိုစစ်တိုက်ပြီးမှ၊ ယွာဘသည် ပြန်၍ဧဒုံလူတသောင်း နှစ်ထောင်
တို့ကိုဆားချိုင့်၌လုပ်ကြံသောအခါ စပ်ဆိုသောဆာလံ။

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

စွန့်ပစ်၍ အရပ်ရပ်သို့ကွဲပြားစေပြီ
ဘုရားသခင်သည် လူများအားစွန့်ပစ်၍ အဝေးသို့ကွဲလွင့်စေပြီ

အရပ်ရပ်သို့ကွဲပြားစေပြီ
ဘုရားသခင်ကိုယ်တော်တိုင် ဣသရေလ၏ အကာအကွယ်များကို သူတို့၏ ရန်သူများအားဖြင့် ချိုးဖျက်ခွင့် ပြုသည်ဟု ပြောပါသည်။

Psalms 002

ဆက်စပ်မှုဖော်ပြချက်
ဆာလံဆရာမှ ဘုရားသခင်ထံဆက်လက်စကားပြောနေသည်။

မြေကြီးကိုလှုပ်၍ … စေ့စပ်စေတော်မူပါ
ဆာလံဆရာမှ သူ၏ တိုင်းပြည်မှ ဘေးအန္တရာယ်အား ငလျင်လှုပ်သကဲ့သို့ဟုပြောပါသည်။

ကွဲအက်ရာတို့ကို
အက်ကွဲသွားသောနံရံများ

ကွဲအက်ရာ
မြေကြီး (သို့) နံရံ၌ ကြီးမားသော အက်ကွဲကြောင်း

ကိုယ်တော်၏ … ခက်ထန်စွာစီရင်၍
"ကြည့်ရှုပါ" ဟူသည် အတွေ့အကြုံနှင့် ခံစားချက်ကို ဆိုလိုပါသည်။

စပျစ်ရည်ကို … မူပြီ
စပျစ်ဝိုင်သည်လူကို မူးယစ်စေသည်။
တည့်မတ်စွာရပ်နိုင်ရုံသာဖြစ်ပြီး ပတ်ဝန်းကျင်၌ ယိမ်းယိုင်၍ အကူအညီမဲ့သကဲ့သို့ဖြစ်ပါသည်။

Psalms 004

ထူရသောအလံကို
ဘုရားသခင်မှ သူ၏လူများကို စစ်ပွဲထဲတွင် လူသားဘုရင်ကဲ့သို့

အလံ
စစ်ပွဲအလံ။ ဘုရင် (သို့) စစ်ဗိုလ်ချုပ်မှ စစ်တပ်တွင် တူညီစွာလှုပ်ရှားမှုအားပြသရန် မြှင့်တင်ထားသောအလံ

သစ္စာထူရသောအလံကို ပေးတော်မူပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ကြောက်ရွံ့သောကြောင့် ရိုသေဦးညွတ်ခြင်းကို ပြသခြင်း

ကြောက်ရွံ့သောသူတို့သည် … ပေးသနားတော်မူပြီ
ကြောက်ရွံ့သောသူဟူသည် စစ်ပွဲ၌ ရန်သူစစ်သားများကို ရည်ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

လကျာ်လက်ရုံးတော်အား
ဘုရားသခင်၏ လက်ရုံးတော်ဟူသည်
သူ၏အခွင့်အာဏာတန်ခိုးတော်ကို ပြောပါသည်။

ကယ်တင်တော်မူပါ
ကယ်တင်မူပါဟူသည် သူ၏မေတ္တာရပ်ခံချက်ဖြစ်သည်။

Psalms 006

ဧဖရိပြည်ကား ..... ငါ့ဦးခေါင်း၏ အစွမ်းဖြစ်ရ၏
ဘုရားသခင်သည် ဧဖရိမ်၏မျိုးနွယ်အားသူ၏ စစ်တပ်ကဲ့သို့
ပြောပါသည်။ "ခမောက်" သည် စစ်သုံးတန်ဆာပလာဖြစ်သည်။

ဦးခေါင်း၏အစွမ်း
စစ်အတွင်းသူတို့၏ ဦးခေါင်းကို ကာကွယ်ရန်အတွက်
မာသောဦးထုပ်

ယုဒပြည်ကားငါ၏လွှတ်တော်ဖြစ်ရ၏
ဘုရားသခင်သည် ယုဒပြည်မှ လူများကို ရွေးချယ်၍
သူ၏လူများသည် သူ၏လွှတ်တော်ထဲမှ လူများဟု ပြောပါသည်။

Psalms 008

မောဘပြည်ကားငါ့ရေချိုးအိုးဖြစ်ရ၏
ဘုရားသခင်သည်မောဘအား အရေးမပါသော
လူအမျိုးအစားကဲ့သို့ ရေချိုးအိုးဖြစ်ရ၏ဟု ပြောပါသည်။

ဧဒုံပြည်ကားငါ့ခြေနင်းရာဖြစ်၏
ဘုရားသခင်သည်ဧဒုံအားသူမြေကြီးပေါ်၌ စီးနင်းရာဖိနပ်ကဲ့သို့
ဖြစ်သည်ဟု ပြောပါသည်။

Psalms 010

အိုဘုရားသခင် ..... ပြုတော်မူမည် မဟုတ်လော
ဆာလံဆရာသည် ဤမေးခွန်းကို သူတို့အား
ဘုရားသခင်စွန့်ပစ်သောကြောင့် ဝမ်းနည်းခြင်းနှင့်
မေးထားပါသည်။

ဗိုလ်ခြေနှင့်အတူ .... မူမည်မဟုတ်လော
ဆာလံဆရာမှ ဘုရားသခင်သည် သူတို့နှင့်အတူ
တိုက်ခိုက်ရန်အတူ ချီတက်သကဲ့သို့ သူတို့အား
ကူညီရန်ပြောပါသည်။

မတတ်နိုင်ကြ
အချည်းအနှီးပင်

ရဲရင့်ခြင်း
အောင်မြင်မှုပြုခြင်း

ငါတို့၏ရန်သူများကို ... နင်းတော်မူမည်
ဆာလံဆရာမှ ဘုရားသခင်သည် သူတို့၏ရန်သူများကို
သူတို့ဘက်မှ ကူညီ၍ နင်းချေဖျက်ဆီးမည်ဟု ပြောပါသည်။

# Translation Questions

## Psalms 60:1

ထာဝရဘုရားသည် ဣသရေးလလူတို့အား မည်သည့်အမှုပြုခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို အရပ်ရပ်သို့ စွန့်ပစ်ခြင်း ကျိုးပဲ့စေခြင်းဖြင့် အမျက်ထွက်တော်မူသည်။

## Psalms 60:2

ဘုရားသခင်သည် မြေကြီးကို မည်သို့ ပြုတော်မူခဲ့သနည်း။
ဘုရားသခင်သည် မြေကြီးကို တုန်လှုပ်စေ၍ အက်ကွဲစေတော်မူသည်။

ဘုရားသခင်သည် လူများကို မည်သည့်အရာများပြ၍ မည်သည့်အရာပြုလုပ်၍ သောက်စေသနည်း။
ဘုရားသခင်သည် မှိုင်တွေခြင်းစပျစ်ရည်ကို သောက်စေ၍၊ အလွန်ပြင်းထန်သောအရာများကို ပြတော်မူခဲ့သည်။

## Psalms 60:4

ဘုရားသခင်သည် မည်သူ့ကို အောင်ခြင်းအခွင့်ပေးတော်မူသနည်း။
ဘုရားသခင်ကို ကြည်ညိုသော သူကို ဘုရားသခင်သည် အောင်ခြင်းအခွင့်ပေးသည်။

## Psalms 60:6

ဘုရားသခင်သည် ရှေခင်မြို့နှင့် သုကုတ်တောင်ချိုင့်ဝှမ်းကို မည်သို့ ပြုတော်မူမည်နည်း။
ဘုရားသခင်သည် ရှေခင်မြို့ကို ပိုင်းခြား၍ သုကုတ်တောင်ချိုင့်ဝှမ်းကို ခွဲဝေတော်မူလိမ့်မည်။

## Psalms 60:8

ဘုရားသခင်သည် ဧဒုံပြည်ကို မည်သို့ ပြုတော်မူမည်နည်း။
ဘုရားသခင်သည် ဧဒုံပြည်၌ ခြေတော်တင်တော်မူလိမ့်မည်။

## Psalms 60:10

ဘုရားသခင်သည် ဗိုလ်ခြေအတွက် မည်သို့ မပြုလုပ်ခဲ့သ နည်း။
ဘုရားသခင်သည် ဗိုလ်ခြေနှင့်အတူ စစ်မြေပြင်သို့မသွားခဲ့ပါ။

ဣသရေလူတို့သည် မည်ကဲ့သို့ အောင်ပွဲရရှိနိုင်မည်နည်း။
ဣသရေလလူမျိုးသည် ဘုရားသခင်၏ အကူအညီနှင့်အတူ ရန်သူကို နင်းခြေခြင်းဖြင့် အောင်ပွဲကို ရရှိပါသည်။

# Chapter 61

[1] အို ဘုရားသခင်၊ အကျွန်ုပ်အော်ဟစ်ခြင်းကို နားထောင်၍ အကျွန်ုပ်၏ ပဌနာစကားကို မှတ်တော်မူပါ။ [2] စိတ်နှလုံးညှိုးငယ်လျက်
မြေကြီးစွန်းမှ ကိုယ်တော်ကို အကျွန်ုပ်အော်ဟစ်ပါ၏။ အကျွန်ုပ်အထက်၌ မြင့်သော ကျောက်သို့ အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ။ [3]
ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊ ရန်သူတို့ရှေ့မှာ ခိုင်ခံ့သော ရဲတိုက်ဖြစ်တော်မူ၏။ [4] တဲတော်၌ အစဉ်နေပါမည်။
အတောင်တော်ဖုံးအုပ်ရာ၌ ခိုလှုံပါမည်။ [5] အို ဘုရားသခင်၊ အကျွန်ုပ်ပြုသော သစ္စာဂတိတို့ကို ကြားတော်မူ၏။ နာမတော်ကို
ကြောက်ရွံ့သော သူတို့၏အမွေကို အကျွန်ုပ်အား ပေးတော်မူလိမ့်မည်။ [6] ရှင်ဘုရင်၏ အသက်နေ့ရက်ကာလကို ရှည်စေတော်မူ၍၊
နှစ်စဉ်မပြတ် နိစ္စထာဝရ တည်ပါစေသော။ [7] ဘုရားသခင် ရှေ့တော်၌ အနန္တကာလပတ်လုံး နေတော်မူစေသတည်း။ ကရုဏာနှင့်
သစ္စာတော်သည် သူ့ကို စောင့်မစေသတည်း။ [8] သို့ဖြစ်၍ နေ့ရက်အစဉ်အတိုင်း သစ္စာဝတ်ကို ဖြေခြင်းငှါ၊ နာမတော်ကို အစဉ်အမြဲ
ထောမနာသီချင်း ဆိုပါလေအံ့သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင် ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျအချက်အလက်
ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းအကြောင်း သီချင်းဖြစ်သည်။

အကျွန်ုပ်အော်ဟစ်ခြင်းကို နားထောင်၍ အကျွန်ုပ်၏ ပဌနာစကားကို မှတ်တော်မူပါ
ဤဝါကျနှစ်ခုသည်အဓိပ္ပါယ်ဆင်တူသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်၊ အကျွန်ုပ်စကားကို နားထောင်၍ ကျွန်ုပ်ဆုတောင်းချက်ကို ဖြေတော်မူပါ။

စိတ်နှလုံးညှိုးငယ်လျက်
လွှမ်းခြုံချက်။

အကျွန်ုပ်အထက်၌ မြင့်သော ကျောက်သို့ အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ
ဆာလံဆရာက ဘုရားသခင်သည် သူ၏အထက်၌ရှိ၍ သူတက်၍ အကွယ်အကာယူနိုင်သည့် မြင့်သောကျောက်ကဲ့သို့ ပြောဆိုသည်။

ရန်သူတို့ရှေ့မှာ ခိုင်ခံ့သော ရဲတိုက်
'ကျွန်ုပ်ကို လုံခြုံစေသော။ အခြားသောဘာသာပြန်ဆဆိုချက်။ ။ ကိုယ်တော်သည် ကျွန်ုပ်ကို ကျွန်ုပ်ရန်သူတို့ရှေ့လုံခြုံစေသော ခိုင်ခံ့သောရဲတိုက်ကဲ့သို့ဖြစ်ပါသည်။

ခိုင်ခံ့သော ရဲတိုက်
စာရေးဆရာက သူ့ရန်သူများရှေ့မှ အကွယ်အကာပေးသည့် ခိုင်ခံ့သောရဲတိုက်ကဲ့သို့ ဘုရားသခင်သည်ကို ပြောဆိုသည်။

Psalms 004

အတောင်တော်ဖုံးအုပ်ရာ၌ ခိုလှုံပါမည်
အကွယ်အကာယူဖို့ရန် ထာဝရဘုရားထံသို့သွားခြင်းကို သူ၌ခိုလှုံသည် ဟုဆိုသည်။ ကြက်မသည် ကြက်ပေါက်လေးများကို အတောင်အောက်တွင်ဝှက်၍ ကွယ်ကာသကဲ့သို့ ထာဝရဘုရား၏ကွယ်ကာခြင်းကို ဒုတိယတင်စားမှုတွင် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကြက်ပေါက်လေးသည် ကြက်မ၏အတောင်အောက်တွင် ပိုလုံခြုံသကဲ့သို့ ကိုယ်တော်ထံသို့ အကွယ်အကာယူဖို့လာကြပါ။

အမွေကို အကျွန်ုပ်အား ပေးတော်မူလိမ့်မည်
စာရေးဆရာသည် ဘုရားသခင်၏ကောင်းကြီးများကို သူရရှိသော အမွေကဲ့သို့ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်သည် ကျွန်ုပ်ကို ကောင်းကြီးပေးတော်မူပြီ။

နာမတော်ကို ကြောက်ရွံ့သောသူ
'နာမတော်' သည် ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကိုရိုသေသောသူ' သို့မဟုတ် 'ကိုယ်တော်ကို ကောင်းစွာရိုသေသောသူ။'

Psalms 006

အသက်နေ့ရက်ကာလကို ရှည်စေတော်မူ၍ နှစ်စဉ်မပြတ် နိစ္စထာဝရ တည်ပါစေသော
ဤဝါကျနှစ်ခုသည် အဓိပ္ပါယ်ဆင်တူ၍ လေးနက်စေလို၍ ထပ်ခါထပ်ခါ ဖော်ပြခြင်းဖြစ်သည်။

ရှင်ဘုရင်၏ အသက်နေ့ရက်ကာလကို ရှည်စေတော်မူ၍
ကိုယ်တော်သည် ရှင်ဘုရင်၏အသက်ကိုရှည်စေ၍ သို့မဟုတ် ကိုယ်တော်သည် ရှင်ဘုရင်၏အသက်ကို ရှည်လျားစေတော်မူမည်။

နှစ်စဉ်မပြတ် နိစ္စထာဝရ တည်ပါစေသော
'နှစ်' သည် ရှင်ဘုရင်မည်မျှအသက်ရှင်မည်ကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူသည် မျိုးဆက်ပေါင်းများစွာ အသက်ရှင်လိမ့်မည်။

ဘုရားသခင် ရှေ့တော်၌ အနန္တကာလပတ်လုံး နေတော်မူစေသတည်း
'ဘုရားသခင်ရှေ့တော်၌ အနန္တကာလပတ်လုံးနေတော်မူခြင်း' သည် ဘုရားသခင်နှင့်အတူနေခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည်


generated on Sun Jun 30 02:37:40 2024

သူနှင့်အတူအစဉ်အမြဲရှိတော်မူလိမ့်မည်၊ သို့မဟုတ်
'ဘုရားသခင်သည် ရှင်ဘုရင်နှင့် အစဉ်အမြဲရှိတော်မူလိမ့်မည်။'

Psalms 008

နာမတော်ကို အစဉ်အမြဲ ထောမနာသီချင်း ဆိုပါလေအံ့သတည်း
'နာမတော်' သည် ဘုရားသခင်ကို ဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည် ကိုယ်တော်ကို
အစဉ်အမြဲချီးမွမ်းသီချင်း သီဆိုမည်။

သစ္စာဝတ်
နေ့တိုင်း ဘုရားသခင်ကို ယဇ်ပူဇော်ဖို့ရန်ပြုထားသော ကတိ
ကိုဆိုလိုခြင်းဖြစ်သည်။ (ရှု UDB)


generated on Sun Jun 30 02:37:40 2024

## Chapter 62

1 အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာ နေတတ်၏။ ငါ့ကို ကယ်တင်ခြင်း အကြောင်းသည် အထံတော်က
သက်ရောက်ရ၏။ 2 အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါ့ခိုလှုံရာဖြစ်တော် မူ၍၊ ငါ၌
လှုပ်ရှားခြင်းများစွာ မရှိရာ။ 3 သင်တို့သည် အဘယ်မျှကာလပတ်လုံး တယောက်သောသူကို တိုက်ကြမည်နည်း။ သူ့ကို တိမ်းသော
အုပ်ရိုး၊ လှုပ်သော ထရံကဲ့သို့ မှတ်၍၊ သင်တို့အပေါင်းသည် အဘယ်မျှကာလပတ်လုံး ဖြိုဖျက် ကြမည်နည်း။ 4 ထိုသူကို မြင့်သော
အရပ်က လှဲခြင်းငှါ ကြံစည်လျက် နေကြ၏။ မုသာကို နှစ်သက်ကြ၏။ နှုတ်ဖြင့်ကား၊ ကောင်းကြီးကို ပေးလျက်၊ နှစ်လုံး၌ကြား၊
ကျိန်ဆဲခြင်းကို ပြုတတ်ကြ၏။ 5 အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာ နေတတ်၏။ ငါမြော်လင့်ခြင်း
အကြောင်းသည် အထံတော်က သက်ရောက်ရ၏။ 6 အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊
ငါခိုလှုံရာဖြစ်တော် မူ၍၊ ငါသည် လှုပ်ရှားခြင်းမရှိရာ။ 7 ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါ၏ဘုန်းပွင့်ခြင်းအကြောင်းကား
ဘုရားသခင်ပေတည်း။ ငါ့ကို အားပေးသောကျောက်၊ ငါခိုလှုံရာကား ဘုရားသခင်ပေတည်း။ 8 အိုလူများတို့၊ ဘုရားသခင်၌
အစဉ်မပြတ် ခိုလှုံကြလော့။ ရှေ့တော်၌ စိတ်နှလုံးကို ဖွင့်ပြကြလော့။ ဘုရားသခင်သည် ငါတို့ ခိုလှုံရာဖြစ်တော်မူ၏။ 9 အကယ်စင်စစ်
ယုတ်ညံ့သော သူတို့သည် အနတ္တ၊ အသရေရှိသော သူတို့သည် မုသာဖြစ်ကြ၏။ ချိန်ခွင်နှင့် ချိန်စက်လျှင် ထိုသူအပေါင်းတို့သည်
အနတ္တထက် သာ၍ ပေါ့ကြ၏။ 10 ညှဉ်းဆဲခြင်းကို မကိုးစားကြနှင့်။ အနိုင်အထက်လုယူ၍ မဝါကြွားကြနှင့်။ ဥစ္စာများပြားလျှင်
စိတ်စွဲလမ်းခြင်း မရှိကြနှင့်။ 11 ဘုရားသခင်သည် တကြိမ် ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက် ငါကြားရသော ဗျာဒိတ်တော်ဟူမူ
ကား၊ တန်ခိုးသည် ဘုရားသခင်၌ ရှိ၏။ 12 အို ထာဝရဘုရား၊ ကိုယ်တော်သည် ကရုဏာနှင့် ပြည့်စုံတော်မူ၏။ ကိုယ်တော်သည်
လူအသီးအသီးတို့ အား သူတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူ၏။

---

---

### Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျအချက်အလက်
ဤဆာလံသည် ဘုရားသခင်၏ သစ္စာရှိခြင်း
အကြောင်းကိုသီဆိုသော သီချင်းဖြစ်သည်။

ငါ့ကို ကယ်တင်ခြင်း အကြောင်းသည် အထံတော်က သက်ရောက်ရ၏
'သူသည် ငါ့ကိုကယ်နှုတ်သောသူဖြစ်သည်' သို့မဟုတ် 'သူသည်
ငါ့ကို ကယ်တင်သောသူဖြစ်သည်။'

အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို
ကယ်တင်ခြင်းအကြောင်း
သူ့ကိုကယ်တင်နိုင်သည့် ဘုရားသခင်၏အစွမ်းကို ဖော်ပြဖို့ရန်
စာရေးဆရာသည် ဘုရားသခင်ကိုကျောက်ဆောင်ကဲ့သို့
ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
သူသာလျှင် ငါ့ကိုကွယ်ကာ၍ ကယ်တင်နိုင်သော သူဖြစ်သည်။

ငါ့ခိုလှုံရာ
သူ့ကိုကယ်တင်နိုင်သည့် ဘုရားသခင်၏အစွမ်းကို ဖော်ပြဖို့ရန်
စာရေးဆရာက ဘုရားသခင်ကိုမြင့်သောတိုက်ကဲ့သို့
ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကျွန်ုပ်ရန်သူများမမှီနိုင်အောင် ကျွန်ုပ်ကိုထားတော်မူသည်။

ငါ၌ လှုပ်ရှားခြင်းများစွာ မရှိရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘယ်အရာမျှ ကျွန်ုပ်ကို
မလှုပ်နိုင်ပါ။

### Psalms 003

သင်တို့
'ကျွန်ုပ်၏ရန်သူများ' သို့မဟုတ် 'ကျွန်ုပ်၏ရန်သူများအားလုံး။'

အဘယ်မျှကာလပတ်လုံး ...တိမ်းသော အုပ်ရိုး၊ ... အဘယ်မျှကာလပတ်လုံး
ဖြိုဖျက် ကြမည်နည်း
ဒါဝိဒ်သည် သူ၏စိတ်မွန်းကြပ်မှုကို ဖော်ပြဖို့ရန်
ဤမေးခွန်းကိုသုံးခြင်းဖြစ်သည်။ အဖြေကိုလိုချင်၍ မဟုတ်။
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်ရန်သူများသည်
အကျွန်ုပ်ကို တိုက်ခိုက်ခြင်းကို ရပ်တန့်မည့်မရှိပါ။ အကျွန်ုပ်သည်
ကိုယ်တော့်ထံတွင် ယိုင်နေသောနံရံ၊ ကျိုးပဲ့သော
ခြံရိုးကဲ့သို့အားနည်းလျက်ရှိပါသည်။

တယောက်သောသူကို တိုက်
ကျွန်ုပ်ကို တိုက်ခိုက်သည်။

...ကြံစည်လျက်
'သူတို့သည် ကြံစည်သည် သို့မဟုတ် 'သူတို့သည် ကြံစည်၊
စီစဉ်သည်။'

ကြံစည်လျက် ... ကောင်းကြီးကို ပေးလျက် ... ကျိန်ဆဲခြင်းကို ပြုတတ်ကြ၏
ဤအပိုဒ်များတွင် 'သူ့ကို' ဟုဆို၍ ဒါဝိဒ်သည် မိမိကိုယ်ကို
ရည်ညွှန်းနေခြင်းဖြစ်သည်။

နှုတ်ဖြင့်ကား
သူတို့၏ စကားများ၊ စကားလုံးများကို ရည်ညွှန်းသည်။

နှစ်လုံး၌
သူတို့၏ စိတ်ထဲရှိအကြံအစည်များကို ရည်ညွှန်းသည်။

Psalms 005

ငါမြော်လင့်ခြင်း အကြောင်းသည် အထံတော်က သက်ရောက်ရ၏
ငါသည် သူ၌ မျှော်လင့်ခြင်းရှိသဖြင့်။

အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါခိုလှုံရာဖြစ်တော် မူ၍၊ ငါသည် လှုပ်ရှားခြင်းမရှိရာ
စာရေးဆရာသည် ဘုရားသခင်ကို ကျောက်ဆောင်နှင့် ခိုလှုံရာ အဖြစ် ဆိုထားသည်။ ဤစာကြောင်းနှစ်ခုလုံးက ဘုရားသခင်သည် ရန်သူများလက်မှ ကွယ်ကာသူဖြစ်သည်ဟု တင်စားပြောဆိုခြင်းဖြစ်သည်။ 'ကယ်တင်ခြင်း' သည် ဘုရားသခင်မှ စာရေးသူကို ကယ်တင်ခြင်းကို ဆိုလိုသည်။ အခန်း ၆၂:၁ ရှိအလားတူစကားလုံးဘာသာပြန်ပုံကိုကြည့်ရန်။

ငါသည် လှုပ်ရှားခြင်းမရှိရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆုချက်။ ။မည်သည့်အရာမျှ ငါ့ကို မလှုပ်နိုင်။

Psalms 007

ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါ၏ဘုန်းပွင့်ခြင်းအကြောင်းကား ဘုရားသခင်ပေတည်း
စာရေးဆရာက ဘုရားသခင်သည် ကျောက်ဖြစ်၍ ရန်သူများလက်မှ ကယ်နှုတ်သောသူအဖြစ် ပြောဆိုထားသည်။ ဘုရားသခင်သည် ခိုလှုံရာဖြစ်၍ အကွယ်အကာပေးသောသူအဖြစ် ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် ကျွန်ုပ်ကို အစဥ်အမြဲခွန်အားပေး၍ အကွယ်အကာပေးတော်မူသည်။

စိတ်နှလုံးကို ဖွင့်ပြကြလော့
အရည်တစ်ခုခု ကိုသွန်းလောင်းသကဲ့သို့ စိတ်တွင်းခံစားချက်များကို ဘုရားသခင်၏ပြောပြခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ မိမိ၏အကြီးမားဆုံးစိုးရိမ်မှုများကို ဘုရားသခင်အားပေးသည်။

ငါတို့ ခိုလှုံရာဖြစ်တော်မူ၏
'ငါတို့' သည် ဒါဝိဒ်နှင့် သူ့စကားကိုနားထောင်နေကြသည့် သူ၏လူများကို ရည်ညွှန်းသည်။

Psalms 009

အကယ်စင်စစ် ယုတ်ညံ့သော သူတို့သည် အနတ္တ၊ အသရေရှိသော သူတို့သည် မုသာဖြစ်ကြ၏
ချမ်းသာကြွယ်ဝမှု နှင့် အရေးပါမှုအလိုက်လူတန်းစားအလွှာအားလုံးကိုဆိုလိုခြင်းဖြစ်သည်။ 'အနတ္တ' နှင့် 'မုသာ' တို့သည် အဓိပ္ပါယ်ဆင်တူသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ မည်မျှပင်အရေးပါသောသူဖြစ်စေ၊ မည်သည့်လူကိုမျှ သင်တို့သည် မယုံကြည်ထိုက်ပါ။

ချိန်ခွင်နှင့် ချိန်စက်လျှင် ထိုသူအပေါင်းတို့သည် အနတ္တထက် သာ၍ ပေါ့ကြ၏
ဤလူများအားလုံးကို ချိန်ခွင်တွင်ချိန်လျှင်၊ သူတို့သည် အလေးချိန်ရှိမည်မဟုတ်ပါ။ သူတို့သည် သင်တို့အတွက် စစ်မှန်သော တန်ဖိုး မရှိခြင်းကိုဆိုလိုသည်။

ညှဥ်းဆဲခြင်း ... အနိုင်အထက်လုယူ
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်သည်။ အခြားလူများထံမှလုယူရရှိသော ငွေကို သင်တို့ယုံကြည်စိတ်ချမှု မရှိနိုင်ပါ။

ဥစ္စာများပြားလျှင် စိတ်စွဲလမ်းခြင်း မရှိကြနှင့်။
'စိတ်စွဲလမ်းခြင်း' သည် တစ်စုံတစ်ခုကို ကြီးစွာလိုချင်တောင့်တခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ကို လိုချင်သောစိတ်မရှိနှင့်။

Psalms 011

ဘုရားသခင်သည် တကြိမ် ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက် ငါကြားရသော ဗျာဒိတ်တော်ဟူမူ ကား
ဆိုလိုသည်မှာ ဘုရားသခင်သည် တစ်ကြိမ်ထက်မကပြောသည်ဟု ဆိုလိုခြင်းဖြစ်သည်။

တန်ခိုးသည် ဘုရားသခင်၌ ရှိ၏
ဘုရားသခင်သည်သာလျှင် တန်ခိုးရှိသောသူဖြစ်၏။

အို ထာဝရဘုရား၊ ကိုယ်တော်သည် ကရုဏာနှင့် ပြည့်စုံတော်မူ၏။
သူသည်သာ ကတိတော်ရှိသည်အတိုင်း သစ္စာရှိစွာဖြင့် ချစ်သောသူဖြစ်သည် (UDB)

ကိုယ်တော်သည် လူအသီးအသီးတို့ အား သူတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူ၏
စာရေးဆရာသည် ဘုရားသခင်၏အကျိုးအပြစ်ပေးခြင်းကို အလုပ်အတွက်လုပ်ခပေးသကဲ့သို့ ပြောဆိုထားသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 63

1 အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်ကို ကြိုးစား၍ ရှာပါ၏။
ရေမရှိသွေ့ခြောက်သော လွင်ပြင်၌ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို ငတ်ပါ၏။ အကျွန်ုပ်၏ ကိုယ်ခန္ဓာသည်လည်း
ကိုယ်တော်ကို လွမ်းဆွတ်ပါ၏။ 2 ဘုန်းတန်ခိုးအာနုဘော်တော်ကို မြင်ခြင်းငှါ၊ သန့်ရှင်းရာဌာနတော်၌ ထိုသို့ ကိုယ်တော်ကို
ဖူးမျှော်ပါပြီ။ 3 ကရုဏာတော်သည် အသက်ထက်သာ၍ ကောင်းသောကြောင့်၊ အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်။
4 ထိုသို့ အသက်ရှင်စဉ်တွင် ကိုယ်တော်ကို ကောင်းကြီးပေးပါမည်။ နာမတော်ကို အမှီပြုလျက် လက်ကို ချီပါမည်။ 5 အိပ်ရာပေါ်မှာ
ကိုယ်တော်ကို အောက်မေ့၍၊ ညဉ့်ယံတို့၌ ကိုယ်တော်ကို ဆင်ခြင်လျက် နေသောအခါ၊ ဆီဥကိုင်ငင်း၊ ဆူသောအသားကိုင်ငင်း စား၍
ဝသကဲ့သို့၊ အကျွန်ုပ်၏ဝိညာဉ်သည် ဝ၍ ရွှင်လန်းသော နှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းပါမည်။ 6
အကျွန်ုပ်ကို မစတော်မူသောကြောင့်၊ အတောင်တော် အရိပ်၌ ဝမ်းမြောက်ပါမည်။ 7 အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်၌ မှီဝဲ၍၊
လက်ျာလက်တော်သည် အကျွန်ုပ်ကို ထောက်မ တော်မူ၏။ 8 အကျွန်ုပ်အသက်ကို ဖျက်ဆီးခြင်းငှါ ရှာသော သူတို့သည်
မြေကြီးအောက်အရပ်သို့ ဆင်းရကြမည်။ ထားဘေးဖြင့် ဆုံး၍၊ မြေခွေးစားရန် ဖြစ်ရကြလိမ့်မည်။ 9 ရှင်ဘုရင်မူကား၊ ဘုရားသခင်၌
ဝမ်းမြောက်လိမ့်မည်။ 10-11 ဘုရားသခင်ကို တိုင်တည်၍ ကျိန်ဆိုသောသူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်။ မုသာစကားကို
ပြောသောသူတို့၏နှုတ်မူကား ပိတ်လျက်ရှိလိမ့်မည်။ ဒါဝိဒ်သည်ယုဒတောတော၌ရှိသောအခါ စပ်ဆိုသောဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ကြိုးစား၍
စိစ်မှန်စွာ။

အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို ငတ်ပါ၏။ အကျွန်ုပ်၏
ကိုယ်ခန္ဓာသည်လည်း ကိုယ်တော်ကို လွမ်းဆွတ်ပါ၏
ဤစကားနှစ်ခုသည် အဓိပ္ပါယ်ဆင်တူ၍ စာရေးသူသည်
ဘုရားသခင်ကို
မည်မျှလောက်တောင့်တသည်ကိုလေးနက်စေသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါ၏အတွင်းရှိ
ရှိရှိသမျှတို့သည် ဘုရားသခင်နှင့်အတူနေလိုသည်။

ရေမရှိသွေ့ခြောက်သော လွင်ပြင်
ပူပြင်းသော၊ ခြောက်သွေ့ သောသဲကန္တာရ။

Psalms 003

အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်
'အကျွန်ုပ်၏နှုတ်' သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။
အခြားသောသာပြန်ဆိုချက်။ ။ကိုယ်တော်ကို
ကျွန်ုပ်ချီးမွမ်းပါမည်။

နာမတော်ကို အမှီပြုလျက် လက်ကို ချီပါမည်
'နာမတော်၌' သည် 'ကိုယ်တော်ကို' ဟုဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကို
အကျွန်ုပ်ချီးမွမ်းပါမည်၊ ကိုယ်တော်ထံသို့ ဆုတောင်းပါသည်။

Psalms 005

အိပ်ရာပေါ်မှာ ကိုယ်တော်ကို အောက်မေ့၍ ညဉ့်ယံတို့၌ ကိုယ်တော်ကို
ဆင်ခြင်လျက် နေသောအခါ
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်၍ စာရေးသူသည်
ဘုရားသခင်အကြောင်းမည်မျှတွေးသည်ကို
လေးနက်စေခြင်းဖြစ်သည်။

ဆီဥကိုင်ငင်း၊ ဆူသောအသားကိုင်ငင်း စား၍ ဝသကဲ့သို့
ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ကိုးကွယ်ခြင်းသည်
အစားအစာကောင်းစားရသည်ထက်ပင်
စိတ်သာ၍ကျေနပ်စေကြောင်း စာရေးသူက ဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်သည် အစားကောင်း၊
ဆီဥ ကိုစားသောသူထက်ပင် ဝမ်းမြောက်ပါလိမ့်မည်။

ရွှင်လန်းသော နှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို
ချီးမွမ်းပါမည်
'ရွှင်လန်းသော နှုတ်ခမ်း' သည် လူပုဂ္ဂိုလ်တစ်ခုလုံးသည်
ဘုရားသခင်ကို ဝမ်းမြောက်စွာချီးမွမ်းလိမ့်မည်
ဟုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
အကျွန်ုပ်သည် ကိုယ်တော်ကို ဝမ်းမြောက်စွာချီးမွမ်းပါမည်။

Psalms 007

ကိုယ်တော်၌ မှီဝဲ၍
'ကိုယ်တော်ကို အကျွန်ုပ်လိုအပ်ပါသည်၊ သို့မဟုတ်
အကျွန်ုပ်သည် ကိုယ်တော်၌ မှီခိုပါ၏'

လက်ျာလက်တော်သည် အကျွန်ုပ်ကို ထောက်မ တော်မူ၏
ဤနေရာတွင် လက်ယာလက်သည်
တန်ခိုးနှင့်ခွန်အားကိုပြသည့်လက္ခဏာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည်


generated on Sun Jun 30 02:37:40 2024

ကျွန်ုပ်ကိုထောက်ပံ့ပေးသည်၊ သို့မဟုတ် ကိုယ်တော်သည် ကျွန်ုပ်ကို ချီပင့်တော်မူပြီ။

Psalms 009

မြေကြီးအောက်အရပ်သို့ ဆင်းရကြမည်
သူတို့သည် သေ၍၊ သေသောသူတို့ရှိရာသို့သွားမည်ဟု ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သေ၍၊ သေသောသူတို့ရှိရာသို့သွားကြလိမ့်မည်

ထားဘေးဖြင့် ဆုံး၍
ဤနေရာတွင် 'ထား' သည် စစ်ပွဲ၌သေခြင်း၊ 'ထားကိုင်သောသူတို့သည်' သူတို့ကို သတ်မည့်ရန်သူများ ကို ရည်ညွှန်းကြသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ဘုရားသခင်သည် သူတို့ကို စစ်ပွဲတွင် သေစေမည်။

မြေခွေးစားရန် ဖြစ်ရကြလိမ့်မည်
စစ်ပွဲ၌သေမည့်သူများကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။မြေခွေး

မြေခွေး
'မြေခွေး' သည် ခြေရှည်သော တောခွေးအမျိုးအစားဖြစ်သည်။ သူတို့သည် အပုပ်ကောင်၊ အသေကောင် နှင့် သစ်သီးများကို စားကြသည်။

Psalms 011

ရှင်ဘုရင်
ဒါဝိဒ်သည် မိမိကိုယ်ကို ပြောနေခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါသရေလရှင်ဘုရင်ဖြစ်သောငါသည်။

ကျိန်ဆိုသောသူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်
'ဘုရားသခင်' ထံ ကျိန်ဆိုတိုင်တည်ခြင်း ကိုဆိုလိုသည်။

မုသာစကားကို ပြောသောသူတို့၏နှုတ်မူကား ပိတ်လျက်ရှိလိမ့်မည်
'နှုတ်' သည် လူကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။လိမ်လည်သူများကို ဘုရားသခင်သည်တိတ်ဆိတ်စေမည်၊ သို့မဟုတ် မုသာစကားပြောသူများကို ဘုရားသခင် တိတ်ဆိတ်စေမည်။

## Chapter 64

1 အို ဘုရားသခင်၊ အကျွန်ုပ်ဆုတောင်းသော စကားသံကို နားထောင်၍ အကျွန်ုပ်အသက်ကို ရန်သူဘေးမှ ကွယ်ကာစောင့်မတော်မူပါ။
2 လူဆိုးတို့၏ တိုင်ပင်ရာမှၣင်း၊ ဒုစရိုက်ကို ပြုလေ့ရှိသော သူတို့၏ စုဝေးရာမှၣင်း၊ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။ 3 ထိုသူတို့သည်
မိမိတို့လျှာကို ထားကဲ့သို့ သွေးတတ်ကြ၏။ 4 စုံလင်သောသူကို မထင်မရှားပစ်မည်အကြံနှင့်၊ ခါးသောစကားတည်းဟူသော မိမိတို့
မြှားကို ရွယ်တတ်ကြ၏။ မကြောက်မရွံ့ဘဲ ချက်ခြင်း ပစ်တတ်ကြ၏။ 5 မကောင်းသောအမှုမှာ တယောက်ကိုတယောက်
နှိုးဆော်တတ်ကြ၏။ ကျော့ကွင်းတို့ကို ထောင်ထား ခြင်းငှါ တိုင်ပင်၍၊ အဘယ်သူ မြင်လိမ့်မည်နည်းဟု ဆိုတတ်ကြ၏။ 6
မတရားသော အမှုတို့ကို ကိုယ်အဘို့ စစ်ဆေးရှာဖွေတတ်ကြ၏။ အသီးအသီး စိတ်နှလုံးထဲမှာ ကြံစည်သော အရာတို့သည်
အလွန်နက်နဲကြ၏။ 7 သူတို့၌ ဘုရားသခင် ပစ်တော်မူသော မြှားမှန်၍၊ သူတို့သည် အမှတ်တမဲ့ နာကြလိမ့်မည်။ 8 သို့ဖြစ်၍ မိမိတို့
လျှာသည် မိမိတို့ကို တိုက်စေ၍၊ မြင်သောသူအပေါင်းတို့သည် ပြေးသွားကြလိမ့်မည်။ 9 လူအပေါင်းတို့သည်လည်း ကြောက်ရွံ့၍၊
ဘုရားသခင်စီရင်တော်မူကြောင်းကို နားလည်သဖြင့် အမှုတော်ကို ကြားပြောကြလိမ့်မည်။ 10 ဖြောင့်မတ်သောသူသည် ထာဝရဘုရား၌
ဝမ်းမြောက်၍ ခိုလှုံလိမ့်မည်။ သဘောဖြောင့်သော သူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေမြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်
ကူညီမစဖို့အတွက် ဆုတောင်းသည့် ဆာလံဖြစ်သည်။

ကွယ်ကာစောင့်မ
ကယ်တင်။

လူဆိုးတို့၏ တိုင်ပင်ရာမှၣင်း၊ ဒုစရိုက်ကို ပြုလေ့ရှိသော သူတို့၏
စုဝေးရာမှၣင်း၊ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်ဆင်တူသည်။
ဒုတိယစာကြောင်းသည် 'တိုင်ပင်ခြင်း'
ကိုအသေးစိတ်ဖော်ပြသည်။

စုဝေးရာမှၣင်း
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့စုဝေးရာမှ ကျွန်ုပ်ကို
ဖုံးကွယ်တော်မူပါ။

စုဝေးရာ
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့စုဝေးရာမှ ကျွန်ုပ်ကို
ဖုံးကွယ်တော်မူပါ။

Psalms 003

ထိုသူတို့သည် မိမိတို့လျှာကို ထားကဲ့သို့ သွေးတတ်ကြ၏
စာရေးသူက သူ့ရန်သူများ၏လျှာများကို ဓားကဲ့သို့
ပြောဆိုထားသည်။ 'လျှာ' သည်
သူ့ရန်သူများပြောသည့်စကားများဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ပြောသည့်
ကြမ်းကြုတ်သောစကားများသည် ကျွန်ုပ်ကို
ဓားကဲ့သို့နာကျင်စေသည်။

မြှား၊ ခါးသောစကား
စာရေးသူက သူ့ရန်သူများ၏ခါးသီးသောစကားများကို
သူ့ကိုပစ်သောမြှားကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မြှားကဲ့သို့
ကျွန်ုပ်ကိုထိုးဖောက်သော ခါးသီးသောစကားလုံးများ။

Psalms 005

အဘယ်သူ မြင်လိမ့်မည်နည်း
သူတို့ကို ဘယ်သူမျှမမြင်နိုင်ဘူး ဟုထင်ကြသောကြောင့်
အဖြေရလို၍ မေးခြင်းမဟုတ်။ အခြားသောဘာသာပြန်ဆိုချက်။
။ငါတို့လုပ်သောအရာကို မည်သူမျှမမြင်။

စိတ်နှလုံးထဲမှာ ကြံစည်သော အရာတို့သည် အလွန်နက်နဲကြ၏
စာရေးဆရာသည် 'လူ၏ အကြံအစည် နှင့် စိတ်နှလုံးများ' ကို
အဘယ်သူမျှ အောက်ခြေထိမရှာဖွေနိုင်သော နက်နဲသော
သမုဒ္ဒရာကဲ့သို့ ပြောဆိုထားသည်။

စိတ်နှလုံးထဲမှာ ကြံစည်သော အရာ
ဤအသုံးအနှုန်းနှစ်ခုလုံးသည်
လ၏လျှို့ဝှက်သောအကြံအစည်များကို ရည်ညွှန်းသည်။

Psalms 007

ယေဘုယျ အချက်အလက်
အခန်း ၆၄:၁ ရှိ လူဆိုးများအကြောင်းကို စာရေးဆရာ
ဆက်ပြောသည်။

သူတို့၌ ဘုရားသခင် ပစ်တော်မူသော မြှားမှန်၍၊
စာရေးဆရာသည် လူဆိုးများအား ဘုရားသခင်
ပြစ်ဒဏ်ပေးခြင်းကို သူတို့ကို မြှားဖြင့် ပစ်သကဲ့သို့ ပြောဆိုသည်။

မြင်သောသူအပေါင်းတို့သည် ပြေးသွားကြလိမ့်မည်။
စာရေးဆရာသည် လူဆိုးများ၏အကြံအစည်များကို
ဘုရားသခင်ပျက်စီးစေခြင်းကို သူတို့သွားရာလမ်းတွင်


generated on Sun Jun 30 02:37:40 2024

ချော်လဲစေ သကဲ့သို့ ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သတို့ကို
လဲကျစေလိမ့်မည်၊ သို့မဟုတ် 'ဘုရားသခင်သည်
သူတို့အကြံအစည်များကို ကျရှုံးစေလိမ့်မည်။

မိမိတို့ လျှာသည် မိမိတို့ကို တိုက်စေ၍
ဤနေရာတွင် 'လျှာ' သည် သူတို့ပြောသည့်စကားများကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
သူတို့ပြောသောစကားများသည် သူတို့နှင့်ဆန့်ကျင်သောကြောင့်။

ဘုရားသခင်စီရင်တော်မူကြောင်း
ဘုရားသခင်ပြုလုပ်တော်မူသောအရာများ။

Psalms 010

ထာဝရဘုရား၌ ဝမ်းမြောက်၍ ခိုလှုံလိမ့်မည်
ထာဝရဘုရားထံသို့ သွားခြင်းကို သူ၌ခိုလှုံခြင်း
ကဲ့သို့ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
သူ၌အကာအကွယ်ယူပါ။

ဖြောင့်မတ်သောသူသည် ထာဝရဘုရား၌ ဝမ်းမြောက်၍
'ဖြောင့်မတ်သောသူ

## Chapter 65

1 အို ဘုရားသခင်၊ ဇိအုန်မြို့၌ ကိုယ်တော်ရှေ့မှာ ငြိမ်ဝပ်စွာ နေ၍ ချီးမွမ်းရပါ၏။ ကိုယ်တော် အားလည်း သစ္စာဝတ်ကို ဖြေရပါ၏။ 2
ပဌနာစကားကို နားထောင်တော်မူသော ဘုရား၊ ကိုယ်တော်ထံသို့ လူသားအပေါင်းတို့သည် ချဉ်းကပ် ရကြလိမ့်မည်။ 3
မတရားသောအမှုသည် အလွန်များ၍ အကျွန်ုပ်သည် မတတ်နိုင်ပါ။ သို့သော်လည်း၊ အကျွန်ုပ်တို့ ပြစ်မှားခြင်း အပြစ်များကို
ကိုယ်တော်ဖြေရှင်းတော်မူမည်။ 4 တန်တိုင်းတော်အတွင်း၌ နေ၍၊ အထံတော်သို့ ချဉ်းကပ်စေခြင်းငှါ၊ ကိုယ်တော်ရွေးကောက်
တော်မူသော သူသည် မင်္ဂလာရှိပါ၏။ သန့်ရှင်းသော ဗိမာန်တော်တည်းဟူသော အိမ်တော်၌ ကောင်းသော အရာတို့နှင့်
အကျွန်ုပ်တို့သည် ဝပြောကြပါစေသော။ 5 အကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ဘုရား၊ အကျွန်ုပ်တို့၏ ပဌနာကို နားထောင်၍
အံ့ဘွယ်သော အမှုတို့ကို တရားတော်နှင့်အညီ ပြတော်မူ၏။ ကိုယ်တော်သည် ဝေးစွာသော မြေကြီးစွန်းနှင့်၊ ပင်လယ်စွန်းတို့၌
နေသောသူတို့၏ ကိုးစားရာ ဖြစ်တော်မူ၏။ 6 ကိုယ်တော်သည် တန်ခိုးနှင့် ပြည့်စုံသဖြင့်၊ အားကြီး၍ တောင်များကို
တည်စေတော်မူ၏။ 7 သမုဒ္ဒရာမြည်သံ၊ လှိုင်းတံပိုးဟုန်းသံ၊ လူတို့ ရုန်းရင်းခတ်သံများကိုလည်း ငြိမ်းစေတော်မူ၏။ 8 အဝေးဆုံးသော
အရပ်တို့၌နေသော သူတို့သည် ကိုယ်တော်၏ နိမိတ်များကို မြင်၍ ကြောက်ရွံ့ကြ ပါ၏။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်တို့ကို
ရွှင်လန်းစေတော်မူ၏။ 9 မြေကြီးကို အကြည့်အရှုကြွလာ၍၊ မိုဃ်းကို များစွာ ရွာစေလျက်၊ ရေနှင့် ပြည့်သော ဘုရားသခင်၏
မြစ်အားဖြင့် အလွန်ကြွယ်ဝစေတော်မူ၏။ ထိုသို့ မြေကို ပြုပြင်ပြီးမှ၊ မြေသားတို့အဘို့ စပါးကို ပြုပြင်တော်မူ၏။ 10 မြေရိုးတို့ကို
စိုစွတ်စေ၍၊ လယ်ပြင်ကို တညီတည်း စီရင်ပြီးမှ၊ မိုဃ်းရွာသောအားဖြင့် ပျော့စေ၍၊ ပေါက်သော အပင်များကို
ကောင်းကြီးပေးတော်မူ၏။ 11 နှစ်တို့ကို ကျေးဇူးတော်နှင့် ပတ်ရစ်တော်မူ၍၊ ခြေတော်ရာတို့သည် ဆီဥယိုတတ်ကြပါ၏။ 12
သာယာသော တောအရပ်တို့လည်း ယို၍၊ တောင်တို့သည်လည်း ပီတိခါးစည်းနှင့် စည်းလျက် ရှိကြပါ၏။ 13
ကျက်စားရာအရပ်တို့သည် သိုးဆိတ်စုတို့နှင့် ပြည့်စုံလျက်၊ လယ်ပြင်တို့လည်း စပါးပင်နှင့် လွှမ်းမိုးလျက် ရှိ၍၊ ကျူးသော အသံနှင့်
သီချင်းဆိုကြပါ၏။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင် ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်
ဤဆာလံသည် ချီးမွမ်းခြင်းသီချင်း ဖြစ်သည်။

အို ဘုရားသခင်၊ ဇိအုန်မြို့၌ ကိုယ်တော်ရှေ့မှာ ငြိမ်ဝပ်စွာ နေ၍ ချီးမွမ်းရပါ၏
'ချီးမွမ်းခြင်း' သည် လူပုဂ္ဂိုလ် ဖြစ်သည်အလား ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဇိအုန်မြို့ရှိ ဘုရားသခင်၊ ကိုယ်တော်တစ်ပါးတည်းသာ ကျွန်ုပ်တို့ချီးမွမ်းမည်။

ပဌနာစကားကို နားထောင်တော်မူသော ဘုရား၊ ကိုယ်တော်ထံသို့ လူသားအပေါင်းတို့သည် ချဉ်းကပ် ရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့ လုပ်မည်ဟု ကိုယ်တော်ကိုကတိပြုထားသောအရာများကို ကျွန်ုပ်တို့ လုပ်ပါမည်။

မတရားသောအမှုသည် အလွန်များ၍ အကျွန်ုပ်သည် မတတ်နိုင်ပါ
မတရားမှုသည် လူပုဂ္ဂိုလ် တစ်ယောက်ဖြစ်၍ အနိုင်ယူ၊ ဖိနှိပ်တတ်သကဲ့သို့ ဒါဝိဒ်ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။မိမိတို့အပြစ်များသည် ငါတို့ကို အနိုင်ယူနေသကဲ့သို့ ဖြစ်သည်။

ကိုယ်တော်ဖြေရှင်းတော်မူမည်
'မတရားသောသူတို့ကို' ဖြေရှင်းဖို့ဖြစ်သည်။

Psalms 004

ကိုယ်တော်ရွေးကောက် တော်မူသော သူ
ထာဝရဘုရားရွေးကောက်သောသူတို့။

တန်တိုင်းတော်အတွင်း၌ နေ၍
ဗိမာန်တော်၌ တကယ်နေခြင်းမဟုတ်ဘဲ ထာဝရဘုရားကို ကိုးကွယ်ဖို့သူသည် ဗိမာန်တော်ထဲသို့ မကြာခဏသွားလေ့ရှိကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။တန်တိုင်းတော်၌ မကြာခဏကိုးကွယ်သည်။

သန့်ရှင်းသော ဗိမာန်တော်တည်းဟူသော အိမ်တော်၌ ကောင်းသော အရာတို့နှင့် အကျွန်ုပ်တို့သည် ဝပြောကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်၏ သန့်ရှင်းသော ဗိမာန်တော်၏ ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့ကို ကျေနပ်စေလိမ့်မည်။

အကျွန်ုပ်တို့
'ကျွန်ုပ်တို့' သည် ဒါဝိဒ်နှင့် သူပြောနေသည့် လူများကိုရည်ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

သန့်ရှင်းသော ဗိမာန်တော်တည်းဟူသော အိမ်တော်
ကိုယ်တော်၏သန့်ရှင်းသောဗိမာန်တော်တည်းဟူသော
ကိုယ်တော်၏အိမ်တော်။

Psalms 005

တရားတော်နှင့်အညီ
ကိုယ်တော်သည်ဖြောင့်မတ်တော်မူသောကြောင့်။

ကိုယ်တော်သည်
ကိုယ်တော်သည်...ဖြစ်သည်။

မြေကြီးစွန်းနှင့်၊ ပင်လယ်စွန်းတို့၌ နေသောသူတို့၏ ကိုးစားရာ
ဤစကားစုနှစ်ခုသည် အစပွါယ်ဆင်တူသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။တလောကလုံးနှင့်
ပင်လယ်တပြင်လုံး၌ နေသောလူများအားလုံး၌။

မြေကြီးစွန်းနှင့်
ကမ္ဘာပေါ်တွင်နေထိုင်သောလူများ။

Psalms 006

အားကြီး၍
စာရေးဆရာက ဘုရားသခင်သည် သူ့ခွန်အားကို ခါးပတ်ကဲ့သို့
ပတ်သည့်အလားပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။
။ကိုယ်တော်သည်အလွန်ခွန်အားကြီးမားကြောင်းပြသလျက်။

သမုဒ္ဒရာမြည်သံ၊ လှိုင်းတံပိုးဟုန်းသံ
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူ၍ စာဖတ်သူကို
ကောင်းကောင်းမြင်စေလို၍ အတူတကွပေါင်းသုံးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ပင်လယ်များ၏
အဆက်မပြတ်သောမြည်းဟည်းသံသည်။

မြည်သံ
လေလှိုင်းများမှ ဖြစ်လာသော ကျယ်လောင်သည့်အသံ။

ရုန်းရင်းခတ်သံများ
အခြားသောဘာသာပြန်ဆိုချက်။ ။ရုန်းရင်းခတ်သံများကို
တိတ်ဆိတ်စေသည်။

ရုန်းရင်းခတ်သံ
ကျယ်လောင်သောအသံ။

Psalms 008

နိမိတ်များကို မြင်၍ (သက်သေ)
တစ်စုံတစ်ခုမှန်ကန်ကြောင်းပြသည့် အရာ၊ သက်သေ။

နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်တို့ကို ရွှင်လန်းစေတော်မူ၏။
'နေထွက်ရာ' နှင့် နေဝင်ရာ' သည် ကမ္ဘာပေါ်ရှိလူအားလုံးကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကိုယ်တော်သည် ကမ္ဘာပေါ်ရှိလူသားများအားလုံးကို ရွှင်လန်းစွာ
ဟစ်ကြွေးစေတော်မူသည်။

မြေကြီးကို အကြည့်အရှုကြွလာ၍
ကမ္ဘာမြေကြီး (မြေသား) ကိုဆိုလိုသည်။

အလွန်ကြွယ်ဝစေတော်မူ၏
ကောင်းသောအရာများပေါက်ရန်အလို့ငှါ ကိုယ်တော်သည် မြေကို
မြေဩဇာ ကောင်းစေတော် မူသည်။

ရေနှင့် ပြည့်သော ဘုရားသခင်၏ မြစ်
ဘုရားသခင်သည် မြေကြီးပေါ်ရှိ စမ်းချောင်းများကို
ပြည့်စေခြင်းငှါ မိုးကောင်းကင်မှ မိုးရေကိုကျစေတော်မူခြင်းကို
ရည်ညွှန်းသည်။

Psalms 010

မြေရိုးတို့
မြေကြီး၏ အကြောင်းများ။

မြေရိုး
မြေရိုး ဆိုသည်မှာ အပင်များစိုက်ပျိုးဖို့ရန်၊ သို့မဟုတ်
စိုက်ပျိုးပြီးနောက် ရေလောင်းရန်ပြုလုပ်ထားသော
မြောင်းငယ်လေးဖြစ်သည်။

လယ်ပြင်
အစွန်းများ။

နှစ်တို့ကို ကျေးဇူးတော်နှင့် ပတ်ရစ်တော်မူ၍၊
'နှစ်' သည် သရဖူဆောင်းသည့်လူသားအရည်အသွေး
ပေးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကိုယ်တော်သည် လယ်များကိုအထွက်ကောင်းစေ၍ နှစ်များကို
ကောင်းကြီးပေးတော် မူပြီ။

ခြေတော်ရာတို့သည် ဆီဥယိုတတ်ကြပါ၏
'ဆီဥ' သည် မြေဩဇာကောင်း၍ အထွက်ကောင်းခြင်း သို့မဟုတ်
ကောင်းမြတ်ခြင်းကို ဆိုရည်ညွှန်းသည်။
စကားစုတွင်ဖော်ပြထားသည့်အတိုင်း ထာဝရဘုရားသည်
မြေကိုကောင်းစေ၍ အထွက်ကောင်းစေသည်ကို ညွှန်ပြသည်။

သာယာသော တောအရပ်တို့လည်း ယို၍
စားကျက်များတွင် နှင်းများသည် ၎င်းနေရာကိုမြှုပ်သည်ဟု
ပြောကြသည်တိုင်အောင် များပြားလှသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။စားကျက်များသည်
နှင်းများနှင့်ပြည့်နေသည်၊ သို့မဟုတ်
တောနက်ထဲရှိစားကျက်များတွင် နှင်းများကျသည်။

တောင်တို့သည်လည်း ပီတိခါးစည်းနှင့် စည်းလျက် ရှိကြပါ၏
စာရေးဆရာသည် တောင်ကုန်းများ၏အလှကို ဝမ်းမြောက်သည့်
လူကဲ့သို့ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
တောင်ကုန်းများသည် ဝမ်းမြောက်ခြင်းကိုဆင်ယင်သောလူကဲ့သို့၊
တောင်ကုန်းများသည် ဝမ်းမြောက်သောလူများကဲ့သို့ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Psalms 013

ကျက်စားရာအရပ်တို့သည် သိုးဆိတ်စုတို့နှင့် ပြည့်စုံလျက်
စားကျက်များသည်
အဝတ်ဝတ်ဆင်သကဲ့သို့ဖြစ်သည်အတိုင်အောင်
သိုးဆိတ်စုများဖြင့်ဖုံးထားလျက်ရှိသည် ဟုစာရေးဆရာက
ဆိုသည်။

စားကျက်
တိရ စ္ဆာန်များကျက်စားရာ ကြီးမားသောကွင်းပြင်။

သိုးဆိတ်စု
သိုးနှင့်ဆိတ်များကဲ့သို့ တိရ စ္ဆာန်စုများ။

ကျူးဧသော အသံနှင့် သီချင်းဆိုကြပါ၏
စာကျက်များ၊ တောင်ကုန်းများ နှင့် တောင်စွယ်များသည်
ဝမ်းမြောက်သီချင်းဆိုသကဲ့သို့ ပေါ်များလှသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည်
သီချင်းဆိုသောလူများကဲ့သို့ဖြစ်သည်။

သီချင်းဆိုကြပါ၏
စားကျက်များနှင့် တောင်စွယ်များက သီဆိုခြင်းဖြစ်သည်။

---

# Chapter 66

1 မြေကြီးသားအပေါင်းတို့၊ ဘုရားသခင့်ရှေ့တော်၌ ကျူးဧသော အသံကို ပြု၍၊ 2 နာမတော်၏ဂုဏ်ကို သီချင်းဆိုကြလော့။
ချီးမွမ်းခြင်း၏ ဂုဏ်အသရေကို ပြကြလော့။ 3 ကိုယ်တော်စီရင်သောအမှုတို့သည် အလွန်အံ့ဩဘွယ် ဖြစ်ကြပါ၏။
တန်ခိုးတော်ကြီးသောကြောင့်၊ ရန်သူတို့သည် ကိုယ်တော်ကို တောင်းပန်ကြပါလိမ့်မည်။ 4 မြေကြီးသားအပေါင်းတို့သည် ကိုယ်တော်ကို
ကိုးကွယ်၍၊ သီချင်းဆိုကြပါစေသော။ နာမတော်အား သီချင်းဆိုကြပါစေသောဟု ဘုရားသခင်အား လျှောက်ထားကြလော့။ 5
ဘုရားသခင် စီရင်တော်မူသော အမှုတော်ကို လာ၍ ကြည့်ကြလော့။ လူသားတို့တွင်စီရင်တော်မူသော အမှုတို့သည် အံ့ဩဘွယ်
ဖြစ်ကြ၏။ 6 ပင်လယ်ကို ကုန်းဖြစ်စေတော်မူ၏။ သူတို့သည် ရေစီးရာအရပ်ကို ခြေဖြင့် ရှောက်သွားကြသည်ဖြစ်၍၊ ငါတို့သည်
ဘုရားသခင်၌ ဝမ်းမြောက်ကြ၏။ 7 တန်ခိုးတော်အားဖြင့် အစဉ်အမြဲ အုပ်စိုးတော်မူ၏။ မျက်စိတော်သည် လူအမျိုးမျိုးတို့ကို
ကြည့်ရှုသည် ဖြစ်၍၊ ငြင်းဆန်သောသူတို့သည် မဝါကြွားကြစေနှင့်။ 8 အချင်းလူစုတို့၊ ငါတို့ ဘုရားသခင်ကို
ကောင်းကြီးပေးကြလော့။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသော စကားသံနှင့် ကြွေးကြော်ကြလော့။ 9 ငါတို့အသက်ကို
မသေစေမည်အကြောင်းနှင့် ခြေကိုလည်း မချော်စေမည်အကြောင်းစောင့်မတော်မူ၏။ 10 အိုဘုရားသခင်၊ ကိုယ်တော်သည်
အကျွန်ုပ်တို့ကို စုံစမ်းတော်မူပြီ။ ငွေကို စစ်ဆေးသကဲ့သို့ အကျွန်ုပ်တို့ကို စစ်ဆေးတော်မူပြီ။ 11 ကျော့ကွင်းထဲမှာ ကျော့မိစေ၍၊
ကျောက်ကုန်းပေါ်မှာ လေးသော ဝန်ကို တင်တော်မူပြီ။ 12 အကျွန်ုပ်တို့ ခေါင်းပေါ်မှာ သူတပါးကို စီးစေတော်မူပြီ။ မီး၌ငုင်း၊ ရေ၌ငုင်း
သွားရသော်လည်း၊ ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ ရောက်ကြပါ၏။ 13 မီးရှို့ရသော ယဇ်ပါလျက် အိမ်တော်သို့
အကျွန်ုပ်သွားပါမည်။ 14 ဆင်းရဲခံရစဉ်အခါ၊ အကျွန်ုပ်သည် နှုတ်ကို ဖွင့်၍ မြွက်ဆိုသည်အတိုင်း၊ သစ္စာဝတ်ကို ဖြေပါမည်။ 15
ဆူဖြိုးသော သိုးတို့ကို နံ့သာပေါင်းနှင့်တကွ မီးရှို့ရာယဇ် ပြု၍ ပူဇော်ပါမည်။ နွားနှင့် ဆိတ်တို့ကိုလည်း စီရင်ပါမည်။ 16 ဘုရားသခင်ကို
ကြောက်ရွံ့သော သူအပေါင်းတို့၊ လာ၍ နားထောင်ကြလော့။ ငါ့ဝိညာဉ်အဘို့ အဘယ်သို့ ကျေးဇူးပြုတော်မူသည်ကို ငါကြားပြောမည်။
17 ငါသည် ဘုရားသခင်ကို နှုတ်နှင့် အော်ဟစ်၍၊ ဂုဏ်တော်ကိုလည်း လျှာနှင့် ချီးမွမ်းရပြီ။ 18 ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို
ငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ။ 19 ယခုမူကား၊ ဘုရားသခင်သည် နားထောင်၍၊ ငါမြွက်ဆိုသော ပဌနာစကားသံကို
မှတ်တော်မူပြီ။ 20 ငါမြွက်ဆိုသော ပဌနာကို ပယ်တော်မမူ။ ကျေးဇူးတော်ကို ငါမှ ရုပ်သိမ်းတော်မမူသော ဘုရားသခင် သည်
မင်္ဂလာရှိတော်မူစေသတည်း။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနိုင်းယှဉ်ချက်သည် ပေမြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်
ဤဆာလံသည် ချီးမွမ်းခြင်း သီချင်းဖြစ်သည်။

ဘုရားသခင့်ရှေ့တော်၌ ကျူးဧသော အသံကို ပြု၍
'ဘုရားသခင်ရှေ့တော်၌ဝမ်းမြောက်ခြင်း' သည်
ချီးမွမ်းချင်းသီချင်းများကို ဘုရားသခင်ထံသီဆိုခြင်းဖြစသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။တလောကလုံး သီချင်းဆို၍၊
ဘုရားသခင်အား ဝမ်းမြောက်စွာကြွေးကြော်ကြပါစေ။

မြေကြီးသားအပေါင်းတို့
မြေကြီးပေါ်တွင်နေထိုင်သူအားလုံးကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကမ္ဘာပေါ်ရှိလူတိုင်း။

နာမတော်၏ဂုဏ်ကို သီချင်းဆိုကြလော့။ ချီးမွမ်းခြင်း၏ ဂုဏ်အသရေကို ပြကြလော့
ဤစကားစုများသည် အဓိပ္ပါယ်တူ၍
ဘုရားသခင်မည်မျှကြီးမြတ်သည်ကို လေးနက်စေဖို့ရန်
အတူတကွသုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ဘုရားသခင်၏နာမတော်မည်မျှကြီးမြတ်သည်ကို
သီချင်းဆိုလော့၊ မည်မျှကြီးမြတ်တော်မူကြောင်းကို
အံ့ဩဘွယ်ချီးမွမ်းခြင်း သီချင်းဆိုလော့။

နာမတော်၏ဂုဏ်
နာမတော်သည် ဘုရားသခင်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူ၏ဘုန်းတော်။

Psalms 003

ကိုယ်တော်စီရင်သောအမှုတို့သည် အလွန်အံ့ဩဘွယ် ဖြစ်ကြပါ၏
ဘုရားသခင်သည်တန်ခိုးကြီး၍ သန့်ရှင်းတော်မူသည်ကို
ကျွန်ုပ်တို့သိသောကြောင့် သူ၏လုပ်ဆောင်မှုများသည်
ကျွန်ုပ်တို့ကိုအံ့ဩ၊ ထိန့်လန့်စေသည်။

တန်ခိုးတော်ကြီးသောကြောင့်
ကိုယ်တော်၌ ကြီးမားသောတန်ခိုးရှိသောကြောင့်။

မြေကြီးသားအပေါင်းတို့သည် ကိုယ်တော်ကို ကိုးကွယ်၍
မြေကြီးပေါ်အသက်ရှင်နေထိုင်သောသူများကအားလုံးကိုရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
မြေကြီးပေါ်၌ရှိသောသူများကအားလုံးသည် ကိုယ်တော်ကို
ကိုးကွယ်ကြပါလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

နာမတော်အား သီချင်းဆိုကြပါစေသော
'နာမတော်' သည် ဘုရားသခင်ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် ကိုယ်တော်ကို ချီးမွမ်း၍ ဂုဏ်ပြုကြလိမ့်မည်။

Psalms 005

ဘုရားသခင်
ဘုရားသခင်။

အံ့ဩဘွယ်
အံ့အားသင့်ဘွယ်။

လူသားတို့
လူသား။

ပင်လယ်ကို ကုန်းဖြစ်စေတော်မူ၏။ သူတို့သည် ရေစီးရာအရပ်ကို ခြေဖြင့် ရှောက်သွားကြသည်
ပင်လယ်နီကိုရည်ညွှန်းခြင်းဖြစ်သည်။ (ရှု: | Assumed Knowledge and Implicit Information)

ရှောက်သွားကြသည်
ဘုရားသခင်၏လူ (ဣသရေလလူ) များကို လျှောက်သွားခဲ့ကြသည်။

ငါတို့သည် ဘုရားသခင်၌ ဝမ်းမြောက်ကြ၏
သူတို့၏ဘိုးဘေးဘီဘင်များဖြစ်သည့် ဣသရေလ လူမျိုးများ၊ ဒါဝိဒ် နှင့် သူ့စာလက်ခံမည့်သူများကို ရည်ညွှန်းသည်။ (ရှု: | Inclusive "We")

မျက်စိတော်သည် ... ကြည့်ရှုသည်
'မျက်စိတော်' သည် ဘုရားသခင်ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူမြင်တော်မူသည်။ (ရှု: | Synecdoche)

ငြင်းဆန်သောသူတို့သည် မဝါကြွားကြစေနှင့်
ငြင်းဆန်တတ်သောသူတို့သည် မိမိကိုယ်ကို မချီးမြောက်ကြပါစေနှင့်၊ သို့မဟုတ် ငြင်းဆန်တတ်သောသူတို့သည် မဝါကြွားကြပါစေနှင့်။

Psalms 008

ငါတို့ ဘုရားသခင်ကို ကောင်းကြီးပေးကြလော့။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသော စကားသံနှင့် ကြွေးကြော်ကြလော့
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်သည်။
ဘုရားသခင်ကို ချီးမွမ်းခြင်းအရေးကြီးသည်ကို လေးနက်စေရန် ထပ်ခါထပ်ခါပြောခြင်းဖြစ်သည်။

ငါတို့
ဤစကားလုံးတွင် ဒါဝိဒ် နှင့် သူ့စာလက်ခံမည့်သူများ ပါဝင်သည်။

ခြေကိုလည်း မချော်စေမည်အကြောင်းစောင့်မတော်မူ၏
စာရေးဆရာသည် သူ့လူများအတွက် ဘုရားသခင်၏ကာကွယ်ခြင်းကို ခြေမချော်ခြင်း၊ ကမ်းပါးမှ မချော်ကျခြင်းအဖြစ် ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူသည် ငါတို့အား ဒုက္ခတွင်းထဲသို့ ရောက်စေခြင်းငှါ အခွင့်မပေး။

Psalms 010

ကျော့ကွင်းထဲမှာ ကျော့မိစေ၍၊
စာရေးဆရာသည် ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းကို ဘုရားသခင်သည် သူတို့ကို ကျော့ကွင်းထဲမိပြီးသကဲ့သို့ ပြောဆိုသည်။

ကျော့ကွင်း
ငှက် သို့မဟုတ် တိရစ္ဆာန်အတွက် ထောင်ချောက်။

ကျောက်ကုန်းပေါ်မှာ လေးသော ဝန်ကို တင်တော်မူပြီ။
စာရေးဆရာသည် လူများခံစားနေရသောအရာများကို သူတို့ကျောကုန်းတွင် အလေးများတင်ထားသကဲ့သို့ ပြောထားသည်။

အကျွန်ုပ်တို့ ခေါင်းပေါ်မှာ သူတပါးကို စီးစေတော်မူပြီ
စစ်ပွဲတွင် ပက်ပက်စက်စက် ရှုံးနိမ့်ခြင်းကို ပုံဖော်ပြသသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့ရန်သူများသည် ကျွန်ုပ်တို့ကို စစ်ပွဲတွင်နိုင်၍ လဲကျနေသောကျွန်ုပ်တို့ခန္ဓာကိုယ်များအပေါ် သူတို့မြင်းများဖြင့်တက်ပြေးသည့်အလား ဖြစ်သည်။

မီး၌၎င်း၊ ရေ၌၎င်း သွားရ
ဘုရားသခင်သည် သူတို့ကို ရေ၊ မီး စသည်သဘာဝဘေးန္တရာယ်များဖြင့် စမ်းသပ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မီးဘေး၊ ရေဘေးခံစားရသောသူများကဲ့သို့ ကျွန်ုပ်တို့ ခံစားခဲ့ရပါသည်။

ကြွယ်ဝခြင်း
ဣသရေလလူမျိုးများရရှိသောကောင်းကြီးမင်္ဂလာများကို အလွန်ကျယ်ပြန့်၊ လုံခြုံသော လဟာပြင်ကြီးတွင် သူတို့ကို ခေါ်ဆောင်သွားသကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့လုံခြုံရာ ကျယ်ပြန့်သောနေရာ။

Psalms 013

အကျွန်ုပ်သည် နှုတ်ကို ဖွင့်၍ မြွက်ဆိုသည်
'နှုတ်' နှင့် 'မြွက်ဆို' သည် ကတိပေးထားသော စကားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်ုပ်ကတိပေးထားသော။

သိုးတို့ကို နံ့သာပေါင်း
ပူဇော်ထားသော ယဇ်ကောင်၏အနံ့။

Psalms 016

ငါ့ဝိညာဉ်အဘို့ အဘယ်သို့ ကျေးဇူးပြုတော်မူသည်ကို ငါကြားပြောမည်
'ဝိညာဉ်' သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
သူငါ့အတွက်ပြုသောအရာများကို သင်တို့ကို ငါပြောပြမည်။

ငါသည် ဘုရားသခင်ကို နှုတ်နှင့် အော်ဟစ်
'နှုတ်' သည် ဘုရားသခင်ထံသို့ အောင်ဟစ်သော
လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။

ဂုဏ်တော်ကိုလည်း လျှာနှင့် ချီးမွမ်းရပြီ
'လျှာ' သည် စကားလုံးဒး သို့မဟုတ် စကား ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည် သူ့ကို ငါ၏လျှာဖြင့်
ချီးမွမ်းမည်၊ သို့မဟုတ် 'ငါသည်သူ့ကိုချီးမွမ်းသည်။

ဒုစရိုက်ကို ငဲ့ကွက်
အပြစ်ကို ချစ်သည်၊ သို့မဟုတ် ဒစရိုက်ကိုထားသည်။

နားထောင်တော်မမူ
'နားထောင်တော်မမူ' သည် ဘုရားသခင်သည်
သူ၏ဆုတောင်းမှုကို ဖြေတော်မမူ' ဟုဆိုလိုသည်။

အခြားသောဘာသာပြန်ဆိုချက်။ ။သူ့ကိုငါခေါ်သောအသံကို
ကြားခဲ့လိမ့်မည်မဟုတ်၊ ငါ၏ဆုတောင်းချက်ကိုလည်း
ဖြေခဲ့လိမ့်မည်မဟုတ်။

Psalms 019

ယခုမူကား၊ ဘုရားသခင်သည် နားထောင်၍၊ ငါမြွက်ဆိုသော ပဋ္ဌနာစကားသံကို
မှတ်တော်မူပြီ
ဤစကားစပ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍
ဘုရားသခင်သည်သူ့ဆုတောင်းချက်ကို ဖြေတော်မူသည်ကို
လေးနက်စေဖို့ရန်အတွက် တွဲသုံးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သို့သော်လည်း
ဘုရားသခင်သည် ငါ၏ဆုတောင်းချက်ကို ကြားတော်မူပြီ။

ငါမြွက်ဆိုသော ပဋ္ဌနာစကားသံ
ဤနေရာတွင် စာရေးသူ၏ဆုတောင်းမှုသည်
တကယ်အသံရှိသကဲ့သို့ ပြောပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်၏ ဆုတောင်းမှု။

ကျေးဇူးတော်ကို ငါမှ
အခြားသောဘာသာပြန်ဆိုချက်။ ။သို့မဟုတ်
သူ၏ကျေးဇူးတော်ကို ငါမှနှုတ်ယူ။


generated on Sun Jun 30 02:37:40 2024

## Chapter 67

[1] ဘုရားသခင်သည် အကျွန်ုပ်တို့ကို သနားခြင်း ကရုဏာစိတ်တော်ရှိသဖြင့်၊ ကောင်းကြီးပေး၍ မျက်နှာတော်၏အလင်းကို
လွှတ်တော်မူပါစေသော။ [2] ထိုသို့သောအားဖြင့် မြေကြီးသားတို့သည် အမှုတော်တို့ကို သိ၍၊ ခပ်သိမ်းသော လူမျိုးတို့သည်
ကယ်တင်တော်မူခြင်း ကျေးဇူးကို ခံရကြပါစေသော။ [3] အို ဘုရားသခင်၊ လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။
လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ [4] လူအမျိုးမျိုးတို့သည် ဝမ်းမြောက်၍ ရွှင်လန်းစွာ
သီချင်းဆိုကြပါစေသော။ အကြောင်းမူကား၊ ကိုယ်တော်သည် လူတို့ကို ဖြောင့်မတ်စွာ တရားစီရင်၍၊ မြေကြီးပေါ်မှာ ရှိသော
လူမျိုးတို့ကို ချမ်းသာပေးတော်မူမည်။ [5] အို ဘုရားသခင်၊ လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။
လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ [6] မြေသည် မိမိဘဏ္ဍာကို ပေး၍၊ ဘုရားသခင်တည်းဟူသော
ငါတို့၏ဘုရားသခင်သည် ငါတို့ကို ကောင်းကြီးပေးတော်မူ၏။ [7] ဘုရားသခင်သည် ငါတို့ကို ကောင်းကြီးပေးတော်မူဦးမည်။
မြေကြီးစွန်းအပေါင်းတို့သည်လည်း၊ ဘုရားသခင်ကို ကြောက်ရွံ့ကြလိမ့်မည်။

---

---

### Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

မျက်နှာတော်၏အလင်းကို လွှတ်တော်မူပါစေသော
စာရေးဆရာသည်
ထာဝရဘုရားသူတို့အပေါ်မျက်နှာသာပေး၍ဆက်ဆံမှုကို
ထာဝရဘုရား၏မျက်နှာတော် ထွန်းလင်းသကဲ့သို့ ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့ကို
မျက်နှာသာပေးတော်မူသည်။

မြေကြီးသားတို့သည် အမှုတော်တို့ကို သိ၍
အခြားသောဘာသာပြန်ဆိုချက်။ ။လူတို့သည် မြေကြီးပေါ်၌
ကိုယ်တော်၏လမ်းတော်တို့ကို သိရန်အလို့ငှါ။

ခပ်သိမ်းသော လူမျိုးတို့သည် ကယ်တင်တော်မူခြင်း
ဘုရားသခင်သည် သူတို့ကို ကယ်တင်ဖို့ရန် တန်ခိုးရှိကြောင်းကို
စာရေးဆရာသည် အားလုံးကို သိစေလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မြေကြီးပေါ်ရှိ
လူမျိုးအားလုံးသည် ကိုယ်တော်၌သူတို့ကို ကယ်တင်ရန်
တန်ခိုးရှိကြောင်းကို သိရန်အလို့ငှါ။

### Psalms 003

လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော
ဘုရားသခင်ကို ချီးမွမ်းခြင်းအရေးကြီးခြင်းနှင့်ပါတ်သက်၍
ဒုတိယ စာကြောင်းသည် ပထမစာကြောင်းအဓိပ္ပါယ်ကို
ပြင်းထန်စေသည်။

လူအမျိုးမျိုးတို့သည် ...လူတို့ကို ဖြောင့်မတ်စွာ တရားစီရင်
'လူအမျိုးမျိုး' သည် မြေကြီးပေါ်နိုင်ငံများအားလုံးတွင်
နေသောသူများအားလုံးကို ဆိုလိုသည်။

ဖြောင့်မတ်စွာ
'တရားမျှတစွာ၊ တရားသဖြင့်'။

### Psalms 005

လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော
ဘုရားသခင်ကို ချီးမွမ်းခြင်းအရေးကြီးခြင်းနှင့်ပတ်သက်၍
ဒုတိယ စာကြောင်းသည် ပထမစာကြောင်းအဓိပ္ပါယ်ကို
ပြင်းထန်စေသည်။

မြေသည် မိမိဘဏ္ဍာကို ပေး၍
'မြေကြီး' သည်သူကိုယ်တိုင်လူများကို
လယ်အထွက်ကောင်းစေသကဲ့သို့ စာရေးဆရာပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့သည်
ကောင်းသောအသီးအနှံများကို ရိတ်ရကြပြီ။

### Psalms 007

မြေကြီးစွန်းအပေါင်းတို့သည်လည်း၊ ဘုရားသခင်ကို ကြောက်ရွံ့ကြလိမ့်မည်
သူ၏ကောင်းကြီးများကြောင့် နေရာတိုင်း၌ရှိသော
လူအားလုံးသည် ဘုရားသခင်ကို ရိုသေကြောက်ရွံ့သင့်သည်
ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
မြေကြီးပေါ်နေထိုင်သောသူအားလုံးသည် သူ့ကို
အလွန်ကြောက်ရွံ့လေးစားကြမည်အကြောင်း ငါအလိုရှိသည်။
UDB

---


generated on Sun Jun 30 02:37:40 2024

## Chapter 68

1 ဘုရားသခင်ထတော်မူ၍၊ ရန်သူတို့သည် အရပ်ရပ်သို့ ကွဲပြားကြပါစေသော။ ဘုရားသခင်ကို မုန်းသော သူတို့သည် အထံတော်က
ပြေးကြပါစေသော။ 2 မီးခိုးလွင့်သကဲ့သို့ သူတို့ကို လွင့်တော်မူပါ။ ဘယောင်းသည် မီးရှေ့မှာ အရည်ဖြစ်သကဲ့သို့၊ မတရားသော
သူတို့သည် ဘုရားသခင့်ရှေ့တော်မှာ ပျက်စီးကြပါစေသော။ 3 ဖြောင့်မတ်သော သူတို့သည် ဝမ်းမြောက်၍၊ ဘုရားသခင့်ရှေ့တော်မှာ
ရွှင်လန်းသော စိတ်နှင့် အလွန် ဝမ်းမြောက်ဝမ်းသာကြပါစေသော။ 4 ဘုရားသခင်အား သီချင်းဆိုကြလော့။ နာမတော်ကို
ထောမနာသီချင်းဆိုကြလော့။ တော၌စီး၍ ကြွတော်မူသော အရှင်ဘို့ လမ်းကို ပြင်ကြလော့။ ထိုအရှင်၏ နာမတော်ကား၊
ထာဝရဘုရားတည်း။ ရှေ့တော်၌ ရွှင်လန်းကြလော့။ 5 ဘုရားသခင်သည် သန့်ရှင်းသော ဘုံဗိမာန်တော်၌ စံပယ်လျက်၊ မိဘမရှိသော
သူတို့၏ အဘဖြစ်၍၊ မုတ်ဆိုးမတို့ဘက်မှာ တရားစီရင်တော်မူ၏။ 6 ဘုရားသခင်သည် ပေါက်ဘော်မရှိသော သူတို့အား
အိမ်ထောင်ချခြင်းအခွင့်ကို ပေးတော်မူ၍၊ ချုပ်ထားသော သူတို့ကိုလည်း ကြွယ်ဝခြင်းထဲသို့ သွင်းတော်မူ၏။ ငြင်းဆန်သော
သူတို့မူကား၊ သွေ့ခြောက်သော အရပ်၌ နေရကြ၏။ 7 အို ဘုရားသခင်၊ ကိုယ်တော်၏လူစုရှေ့မှာ ကြွ၍၊ တော၌ ချီတော်မူသောအခါ၊ 8
ဘုရားသခင်၏ မျက်နှာတော်ကြောင့်၊ မြေကြီး လှုပ်၍ မိုဃ်းကောင်းကင်သည် ယိုစီးလေ၏။ ဣသရေလအမျိုး၏ ဘုရားသခင်
မျက်နှာတော်ကြောင့် သိနာတောင်သည်လည်း တုန်လှုပ်၏။ 9 အိုဘုရားသခင်၊ ကိုယ်တော်သည် မိုဃ်းကို များစွာ ရွာစေ၍၊ ပင်ပန်းသော
အမွေတော်လူတို့ကို ထောက်မတော်မူ၏။ 10 ကိုယ်တော်၏ အလုံးအရင်းသည် နေရာကျရကြပါ၏။ အိုဘုရားသခင်၊ ဆင်းရဲသော
သူတို့အဘို့ ကျေးဇူးတော်အားဖြင့် ပြင်ဆင်တော်မူ၏။ 11 ဘုရားရှင်အမိန့်တော်ရှိ၍၊ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသော
သူတို့သည် အတိုင်းမသိ များကြ၏။ 12 စစ်အင်္ဂါဗိုလ်ခြေ သခင်ရှင်ဘုရင်တို့သည် အလျင်အမြန် ပြေးကြ၍၊ အိမ်၌ နေရစ်သော
မိန်းမတို့သည် လက်ရဥစ္စာကို ဝေမျှကြ၏။ 13 သင်တို့သည် တောင်ကြားမှာ နေရာကျလျက်၊ ငွေနှင့် မွန်းမံသော
ချိုးငှက်အတောင်ကဲ့သို့၎င်း၊ နီသော ရွှေနှင့် မွမ်းမံသော အမွေးကဲ့သို့၎င်း၊ ဖြစ်ကြလိမ့်မည်။ 14 အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော
ဘုရားသည်၊ ရှင်ဘုရင်တို့ကို ကွဲပြားစေတော်မူသောအရပ်သည် ဇာလမုန်တောင်ပေါ်မှာ မိုဃ်းပွင့်ကဲ့သို့ ဖြစ်လေ၏။ 15 ဘုရားသခင်၏
တောင်တည်းဟူသော ဗာရှန်တောင်၊ မြင့်သော ထိပ်များနှင့် ပြည့်စုံသော ဗာရှန်တောင်တို့၊ 16 သင်တို့သည် မြင့်သော တောင်ထိပ်များနှင့်
ပြည့်စုံသော်လည်း၊ ဘုရားသခင် ကျိန်းဝပ်ခြင်းငှါ အလိုရှိတော်မူသော တောင်၊ ထာဝရဘုရားသည် အစဉ်အမြဲနေရာချတော်မူသော
တောင်တော်ကို အဘယ်ကြောင့် စောင်းမြောင်းကြသနည်း။ 17 ဘုရားသခင်၏ရထားတော်တို့သည် အထောင်အသောင်းမက
များကြ၏။ ဘုရားရှင်ပါတော်မူ၏။ သိနာတောင်လည်း သန့်ရှင်းရာဌာနတော်၌ ရှိသတည်း။ 18 ကိုယ်တော်သည် မြင့်သောအရပ်သို့
တက်ကြွတော်မူသဖြင့်၊ များစွာသော သူတို့ကို ဘမ်းသွားတော်မူ၍၊ ထာဝရအရှင် ဘုရားသခင်သည် လူတို့တွင်
ကျိန်းဝပ်တော်မူမည်အကြောင်း၊ လူတို့အဘို့မက၊ ပုန်ကန် သော လူတို့အဘို့ ဆုလပ်များကို ခံရတော်မူပြီ။ 19 ထာဝရဘုရားသည်
အစဉ်မင်္ဂလာရှိတော်မူစေသတည်း။ ငါတို့ကို သူတပါး ညှဥ်းဆဲသောအခါ၊ ဘုရားသခင် ကယ်တင်တော်မူ၏။ 20 ငါတို့၏
ဘုရားသခင်သည် ကယ်တင်နိုင်သော ဘုရားဖြစ်တော်မူ၏။ ဘုရားရှင်ထာဝရဘုရားသည် သေခြင်းသို့ ရောက်သော လမ်းကိုလည်း
အစိုးပိုင်တော်မူ၏။ 21 ဘုရားသခင်သည် မိမိရန်သူတို့၏ ဦးခေါင်းကို၎င်း၊ အပြစ်ပြုမြဲပြုသော သူတို့၏ ဦးသျှောင်ကို၎င်း ဧကန်အမှန်
နှိပ်စက်တော်မူမည်။ 22 သူတို့ကို ဗာရှန်ပြည်က ငါဆောင်ခဲ့ဦးမည်။ နက်နဲသော ပင်လယ်ထဲက ငါဆောင်ခဲ့ဦးမည်။ 23
ထိုသို့သောအားဖြင့် သင်သည် ရန်သူတို့ အသွေးကို နင်း၍၊ သင်၏ခွေးတို့သည်လည်း လျက်ကြလိမ့် မည်ဟု ထာဝရဘုရား
မိန့်တော်မူ၏။ 24 အို ဘုရားသခင်၊ သန့်ရှင်းရာဌာနသို့ ကိုယ်တော်ကြွတော်မူခြင်း၊ အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ်၏ ရှင်ဘုရင်
ကြွတော်မူခြင်းကို မြင်ရကြပါပြီ။ 25 ရှေ့၌ကား၊ သီချင်းဆိုသောသူ၊ နောက်၌ကား၊ စောင်းအမျိုးမျိုးကို တီးသောသူ၊ အလယ်၌ကား၊
ပတ်သာကို တီးသော အပျိုတို့သည် လိုက်သွားကြပါ၏။ 26 ဣသရေလအမျိုးသားတို့၊ ပရိသတ်အစည်းအဝေးတို့၌ ထာဝရအရှင်
ဘုရားသခင်ကို ကောင်းကြီး ပေးကြလော့။ 27 အစိုးရသော ဗယ်္ာမိန်ငယ်မှစ၍၊ မိမိအလုံးအရင်းနှင့်တကွ ယုဒမင်းများ၊
ဇာဗုလုန်မင်းများ နဿလိမင်းများ ပါကြ၏။ 28 အို ဘုရားသခင်၊ တန်ခိုးတော်ကို ပြတော်မူပါ။ အိုဘုရားသခင်၊ အကျွန်ုပ်တို့၌ ပြုသော
ကျေးဇူးတော်ကို တည်စေတော်မူပါ။ 29 ယေရုရှလင်မြို့၌ရှိသော ဗိမာန်တော်အဘို့ ရှင်ဘုရင်တို့သည် ကိုယ်တော်ထံသို့
လက်ဆောင်များကို ဆောင်ခဲ့ကြပါစေသော။ 30 ကျူတောသားရဲကို၎င်း၊ နွားလားဥသဘအစုအဝေးနှင့် လူမျိုးတို့၏ နွားပျိုတို့ကို၎င်း
ဆုံးမတော်မူသဖြင့်၊ အသီးအသီးတို့သည် ငွေစနှင့် ကိုယ်ကို နှိမ့်ချကြပါစေသော။ စစ်မှုကို နှစ်သက်သော လူမျိုးတို့ကို အရပ်ရပ်သို့
ကွဲပြားစေတော်မူပါ။ 31 အဲဂုတ္တုပြည်မှ သံတမန်တို့သည် လာကြပါစေသော။ ကုရှပြည်သည် မိမိလက်တို့ကို ဘုရားသခင်ထံ တော်သို့
အလျင်အမြန် ဆန့်ရပါစေသော။ 32 မြေကြီးနိုင်ငံတို့၊ ဘုရားသခင့်ရှေ့တော်၌ သီချင်းဆိုကြလော့။ 33 အစအဦး၌
အထက်ကောင်းကင်ဘဝဂ်ကို စီး၍ နေတော်မူသော ထာဝရဘုရားကို ထောမနာသီချင်း ဆိုကြလော့။ အသံတော်ကို လွှတ်တော်မူ၍၊
အားကြီးသော အသံဖြစ်၏။ 34 ဘုရားသခင်သည် တန်ခိုးကြီးတော်မူသည်ဟု ဝန်ခံကြလော့။ ဣသရေလအမျိုးကို ဘုန်းတော်လွှမ်းမိုး
လျက်၊ တန်ခိုးတော်လည်း မိုဃ်းတိမ်တို့တွင် ထင်ရှားလျက် ရှိသတည်း။ 35 အို ဘုရားသခင်၊ ကိုယ်တော်သည်
သန့်ရှင်းရာဌာနတော်ပြင်မှာ ကြောက်ရွံ့ဘွယ် ဖြစ်တော်မူ၏။ ဣသရေလအမျိုး၏ ဘုရားသခင်ကား၊ မိမိလူတို့အား အခွင့်တန်ခိုးကို
မေးတော်မူသော ဘုရား ပေတည်း။ ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။


generated on Sun Jun 30 02:37:40 2024

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ပေမြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ဘုရားသခင်ထတော်မူ၍
ဘုရားသခင်အလုပ် လုပ်ရန်စတင်သည်ကို
သူမတ်တပ်ရပ်သကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည်
အမှုပြုရန်စတင်ပါစေ။

ရန်သူတို့သည် အရပ်ရပ်သို့ ကွဲပြားကြပါစေသော။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည်
သူ့ရန်သူများကို အဝေးသို့ မောင်းထုတ်ပါစေ။

မီးခိုးလွှင့်သကဲ့သို့ သူတို့ကို လွှင့်တော်မူပါ
ဘုရားသခင်၏ရန်သူများကို
လေဖြင့်အလွယ်တကူပါသွားနိုင်သော မီးခိုးကဲ့သို့ ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လေသည်မီးခိုးကိုမှုတ်သကဲ့သို့
သူတို့ကို အဝေးသို့မှုတ်လိုက်တော်မူပါ။

ဘယောင်းသည် မီးရှေ့မှာ အရည်ဖြစ်သကဲ့သို့
ဘုရားသခင်၏ရန်သူများကို
မီးဖြင့်အလွယ်တကူအရည်ပျော်နိုင်သော ဖယောင်းကဲ့သို့
ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ဖယောင်းသည်မီး၌ ပျောက်သကဲ့သို့
သူတို့ကိုပျောက်ကွယ်စေတော် မူပါ။

မတရားသော သူတို့
မတရားသောသူများကို ယေဘုယျအားဖြင့် ရည်ညွှန်းသည်။

ဖြောင့်မတ်သော သူတို့
ဖြောင့်မတ်သော သူများကို ယေဘုယျအားဖြင့် ရည်ညွှန်းသည်။

ရွှင်လန်းသော စိတ်နှင့် အလွန် ဝမ်းမြောက်ဝမ်းသာ
ဤစကားလုံးများသည် အဓိပ္ပါယ်တူ၍ သူတို့သည်
မည်မျှလောက်ပျော်ရွှင်သည်ကို လေးနက်စေသည်။

Psalms 004

နာမတော်ကို
ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
သူ့ကို။

တောဥ္စီး၍ ကြွတော်မူသော အရှင်
လူများကြား၌ဘုရားသခင်၏ တည်ရှိမှုကို မြင်းစီး၍ မြေပေါ်မှာ
စီးသကဲ့သို့ ပြောဆိုထားသည်။

မိဘမရှိသော သူတို့၏ အဘ
မိဘမရှိသောသူတို့အတွက် မိဘကဲ့သို့ ဘုရားသခင်သည်
ကရုဏာတော် ကြီးမားကြောင်း ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ မိဘမရှိသော
ကလေးများအတွက် အမိ၊ အဘ ကဲ့သို့ ဖြစ်တော်မူသည်။

မုတ်ဆိုးမတို့ဘက်မှာ တရားစီရင်တော်မူ၏
မုဆိုးမများကို ကာကွယ်သောသူအဖြစ် သနားကြင်နာသည့်အဖြစ်
ဘုရားသခင်ကို ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မုဆိုးမတို့အတွက်
ကွယ်ကာရာ။

ဘုရားသခင်သည် ပေါက်ဘော်မရှိသော သူတို့အား အိမ်ထောင်ချခြင်းအခွင့်ကို
ပေးတော်မူ၍
အထီးကျန်နေသူများကို မိသားစုများထံသို့ နေစေသောသူအဖြစ်
ဘုရားသခင်ကို ပြောဆိုထားသည်။ ဘုရားသခင်သည်
နေစရာအပေါင်းအသင်းမရှိသောသူများအတွက် မိသားစုကို
ပေးတော်မူသည်။ (UDB)

ချုပ်ထားသော သူတို့ကိုလည်း ကြွယ်ဝခြင်းထဲသို့ သွင်းတော်မူ၏
ချုပ်ထားခံရသူများကို အချုပ်များထဲမှ
ဦးဆောင်ကယ်နှုတ်သောသူအဖြစ် ဘုရားသခင်ကို
ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ဘုရားသခင်သည် ချုပ်ထားခံရသူများကို လွတ်စေ၍ သူတို့ကို
ဝမ်းမြောက်ခြင်းဖြင့် သီချင်းဆိုစေသည်။

ငြင်းဆန်သော သူတို့
ပုန်ကန်သောသူများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူ့ကို ပုန်ကန်သောသူများ။

သွေ့ခြောက်သော အရပ်
ပုန်ကန်သောသူများကို ဘုရားသခင်ဒဏ်ခတ်ခြင်းကို သူတို့ကို
ပူလောင်၍ခြောက်သွေ့သော သဲကန္တာရ တွင်သူတို့ကို
နေစေသကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အလွန်ပူလောင်၍
ခြောက်သွေ့သော မြေနေရာ။ (UDB)

Psalms 007

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများကို သဲကန္တာရ မှ
သိနာတောင်သို့ဦးဆောင်သည့်အကြောင်းကို
ဒါဝိဒ်စတင်ပြောပြသည်။

ကိုယ်တော်၏လူစုရှေ့မှာ ကြွ၍၊ တောဥ္စ ချီတော်မူသောအခါ၊
ဤစကားစုနှစ်ခုသည် တူညီသောအကြောင်းအရာကို
ရည်ညွှန်းသည်။

 generated on Sun Jun 30 02:37:40 2024

ကိုယ်တော်၏လူစုရှေ့မှာ ကြွ၍
ကိုယ်တော်သည် မိမိလူများကို ဦးဆောင်သည်။

တောဌ် ချီတော်မူသောအခါ
ဣသရေလလူမျိုးများကို ဦးဆောင်၍စစ်ချီသော စစ်သားကဲ့သို့ ဘုရားသခင်ကို ပြောဆိုထားသည်။

ဘုရားသခင်၏ မျက်နှာတော်ကြောင့် ... မိုဃ်းကောင်းကင်သည် ယိုစီးလေ၏
ဘုရားသခင်သည် မိုးကိုရွာစေသည်။

ဘုရားသခင် မျက်နှာတော်ကြောင့်
ဣသရေလလူမျိုးများရှေ့တွင်ရှိသော ဘုရားသခင်၏မျက်မှောက်တော်ကို ရည်ညွှန်းသည့်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် ဣသရေလလူများထံသို့ ပေါ်လာသောအခါ။

Psalms 009

ပင်ပန်းသော အမွေတော်လူတို့ကို ထောက်မတော်မူ၏
ဣသရေလတိုင်းပြည်သည် လူကဲ့သို့ ခွန်အားနည်းနိုင်၊ ခွန်အားကြီးနိုင်သကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် မြေကိုကောင်းစေ၍၊ ကောင်းသောသီးနှံထွက်စေတော်မူသည်။

အမွေတော်
ဘုရားသခင်က ဣသရေလလူများကို ပေးသောတိုင်းပြည်ကို အဖေကသားကိုပေးသော အမွေကဲ့သို့ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ဣသရေလလူမျိုးများဖြစ်သော ကျွန်ုပ်တို့ကိုပေးသော တိုင်းပြည်။

ဆင်းရဲသော သူတို့
ယေဘုယျအားဖြင့် ဆင်းရဲသားများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဆင်းရဲသောသူတို့။

Psalms 011

ယေဘုယျ အချက်အလက်
ဣသရေလလူများ၏ သဲကန္တာရခရီးအကြောင်းကို ဒါဝိဒ်ဆက်လက်ပြောပြသည်။ ဤအပိုင်းတွင် ဣသရေလလူများသည် သူတို့ရန်သူများကို အနိုင်ရကြသည်။

ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသော သူတို့သည် အတိုင်းမသိ များကြ၏
လူများစွာတို့သည် ဘုရားသခင်၏သတင်းကို လူများတို့အား ကြားပြောကြ၏။ များပြားလှ၍ စစ်တပ်ကဲ့သို့ဖြစ်ကြောင်းဆိုထားသည်။ ဤစကားစုသည် 'အမ' ဖြစ်သောကြောင့်၊ အချို့က 'စစ်တပ်ကဲ့သို့ များပြားလှသော အမျိုးသမီးများ' ဟု ဘာသာပြန်ကြသည်။

စစ်အင်္ဂါဗိုလ်ခြေ ... ဖြစ်ကြလိမ့်မည်။
သာ၍နားလည်နိုင်ရန်အလိုငှါ အခန်း ၆၈:၁၁ ရှိသတင်းအချက်အလက်ကို ပြန်လည် စီစဉ်ထားသည်။

လက်ရဥစ္စာ
စစ်ပွဲတွင် နိုင်သောသူများက ရှုံးသောသူများထံမှ သိမ်းပိုက်ယူသောပစ္စည်းဥစ္စာများ။

ငွေနှင့် မွန်းမံသော ချိုးငှက်
သိမ်းပိုက်ထားသောပစ္စည်းများမှ အချို့သည် တန်ဖိုးကြီးသောသတ္တုများဖြင့် ပြုလုပ်ထားသောကြောင့် အလွန်အဖိုးတန်ကြသည်။

သင်တို့သည် တောင်ကြားမှာ နေရာကျလျက်
အခြားသောဘာသာပြန်ဆိုချက်။ ။ တောင်ကြားတွင်နေခဲ့ကြသောသူတို့သည် ထိုကဲ့သို့မနေခဲ့သင့်ကြပေ၊ သူတို့သည် စစ်ပွဲထဲသို့ သွားသင့်ခဲ့ကြသည်။

Psalms 014

ရှင်ဘုရင်တို့ကို ကွဲပြားစေတော်မူသောအရပ်သည် ဇာလမုန်တောင်ပေါ်မှာ မိုဃ်းပွင့်ကဲ့သို့ ဖြစ်လေ၏
သေသောရှင်ဘုရင်များနှင့်စစ်သားတို့သည် များပြားလွန်း၍ တောင်ကိုပင်ပြည့်စေသော နှင်းများကဲ့သို့ဖြစ်သည်ဟု ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ တောင်ကိုဖုံးလွှမ်းသော နှင်းခဲများကဲ့သို့ဖြစ်အောင် များစွာသောဘုရင်များနှင့် စစ်သားများကို နိုင်ခဲ့ကြသည်။

ရှင်ဘုရင်တို့ကို ကွဲပြားစေတော်မူ
'ရှင်ဘုရာများ' သည် စစ်သားများကိုလည်း ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ရန်သူ၏ဘုရင်များနှင့် စစ်တပ်များကို နိုင်ခဲ့ကြသည်။

ဇာလမုန်တောင်
တောင်တစ်ခု၏အမည်ဖြစ်သည်။

ဘုရားသခင်၏ တောင်တည်းဟူသော ...တောင်တို့
အခြားသောဘာသာပြန်ဆိုချက်။ ။အားကြီး၍ မြင့်သောတောင်သည် ဗာရှန်ပြည်၏ တောင်ကုန်းတိုင်းပြည်ဖြစ်သည်။

ထာဝရဘုရားသည် အစဉ်အမြဲနေရာချတော်မူသော တောင်တော်ကို အဘယ်ကြောင့် စောင်းမြောင်းကြသနည်း
အခြားသောဘာသာပြန်ဆိုချက်။ ။ ဘုရားသခင်ကျိန်းဝပ်လိုတော်မူသောနေရာကို ဗာရှန်ပြည်၏ တောင်ကုန်းတိုင်းပြည်သည် မနာလို၍မကြည့်သင့်ပါ။

Psalms 017

အထောင်အသောင်းမက
အခြားသောဘာသာပြန်ဆိုချက်။ ။ထောင်သောင်းများစွာသော။


generated on Sun Jun 30 02:37:40 2024

တက်ကြွတော်မူ
'တက်ကြွ' သည် 'အထက်သို့တက်ခြင်း' သို့မဟုတ်
'ကောင်းကင်ဘက်သို့ သွားခြင်း' ဖြစ်သည်။

Psalms 019

ဘုရားသခင် ကယ်တင်တော်မူ၏
'ငါတို့၏ လေးလံသောဝန်တို့ကို နေ့စဉ်သယ်ဆောင်ပေးသည်။'
သူ့လူများအပေါ် ဘုရားသခင်၏ဂရုစိုက်မှုကို သူတို့ဝန်ထုပ်များကို
ထမ်းပေးသကဲ့သို့ ပြောဆိုထားသည်။

ဘုရားသခင် ကယ်တင်တော်မူ၏... ဘုရားသခင်သည် ကယ်တင်နိုင်သော
ဘုရားဖြစ်တော်မူ၏
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါတို့ကို ကယ်တင်သော
ဘုရားသခင် ... ငါတို့၏ဘုရားသခင်သည် ငါတို့ကို
ကယ်တင်သော သူဖြစ်သည်'။

မိမိရန်သူတို့၏ ဦးခေါင်းကိုငှ၊ ... နှိပ်စက်တော်မူမည်။
ဘုရားသခင်သည် ရန်သူများကို ဦးခေါင်းတွင်ရိုက်၍ သတ်မည့်
စစ်သူရဲကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူ့ရန်သူများကို
ခေါင်းတွင်ရိုက်၍ သတ်လိမ့်မည်။

ဦးသျှောင်
ထိုစစ်ပွဲကာလများတွင် စစ်သားများသည် ဆံပင်ကို
မရိပ်ခဲ့ကြပုံရသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ဆံပင်ရှည်ရှိသော ဦးခေါင်းခွံများ။

အပြစ်ပြုမြဲပြုသော
ဘုရားသခင်ကို ဆန့်ကျင်ခြင်းကို
အပြစ်ခ၍လျှောက်လှမ်းခြင်းကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အကျင့်ဖြစ်နေဘိသကဲ့သို့
သူ့ကိုပြစ်မှား။

Psalms 022

သူတို့ကို ဗာရှန်ပြည်က ငါဆောင်ခဲ့ဦးမည်
'သူတို့' သည် ဘုရားသခင်၏ရန်သူများကို ရည်ညွှန်းသည်။

နက်နဲသော ပင်လယ်
ဘုရားသခင်ထံမှ ထွက်ပြေးတိမ်းရှောင်နိုင်မည်ဟု
လူများယူဆသော ကမ္ဘာ၏အစွန်များ ကိုရည်ညွှန်းသည်။

ရန်သူတို့ အသွေးကို နင်း၍
ဣသရေလလူများ၏ ရန်သူများပျက်စီးမည့်ပုံစံကို
ဣသရေလလူများသည် သူတို့ကို ခြေဖဝါးအောက်တွင်
နင်းချေသကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သင်၏ရန်သူများကို
လုံးလုံးနိုင်ရလိမ့်မည်။

အသွေးကို နင်း၍
ဣသရေလလူများသည် သေဆုံးသော
သူတို့ရန်သူများ၏သွေးတွင် မတ်တပ်ရပ်မည်ကဲ့သို့
ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့၏
အလောင်းပေါ်တွင် ခြေနင်းလျက်။

သင်၏ခွေးတို့သည်လည်း လျက်ကြလိမ့် မည်
ဣသရေလလူမျိုးရန်သူများ၏သွေးသည် စီးဆင်း၍
ခွေးတို့သည်ပင် လျှာဖြင့်လျက်ကြလိမ့်မည်ဖြစ်ကြောင်း
သွေးသွန်မှုကို ပြောဆိုထားသည်။

Psalms 024

ကြွတော်မူခြင်း
'ကြွတော်မူခြင်း' သည် အခမ်းအနားတစ်ခုတွင် လူများအဖွဲ့လိုက်
အတူတကွလမ်းလျှောက်ခြင်းဖြစ်သည်။

စောင်းအမျိုးမျိုးကို တီးသောသူ
တေးဂီတတူရိယာများကိုတီးခတ်သော လူများ။

Psalms 026

ဣသရေလအမျိုးသားတို့၊ ပရိသတ်အစည်းအဝေးတို့၌ ထာဝရအရှင်
ဘုရားသခင်ကို ကောင်းကြီး ပေးကြလော့
အခြားသောဘာသာပြန်ဆိုချက်။ ။ဣသရေလနိုင်ငံ၏
စစ်မှန်သောအမျိုးအနွယ်ဖြစ်သော သင်တို့၊ စုပေါင်း၍
ထာဝရဘုရားကို ချီးမွမ်း၍ ကောင်းကြီးပေးကြလော့။

မိမိအလုံးအရင်း
'အဖွဲ့များ။' ဣသရေလလူမျိုးများ၏ ခေါင်းဆောင်များ။

Psalms 028

အို ဘုရားသခင်၊ တန်ခိုးတော်ကို ပြတော်မူပါ
အချို့ဘာသာပြန်မှုများက မတူအောင်ဘာသာပြန်ကြသည်။
'ကိုယ်တော်၏ခွန်အား (တန်ခိုး) ကိုသုံးတော်မူပါ။'

အကျွန်ုပ်တို့
ဒါဝိဒ်နှင့် သူစကားကိုပြောနေသည့် လူများ ကိုရည်ညွှန်းသည်။

ယေရုရှလင်မြို့၌ရှိသော ဗိမာန်တော်အဘို့ ... တန်ခိုးတော်ကို ပြတော်မူပါ
ကိုယ်တော်သည်ယေရုရှလင်မြို့၌ရှိတော်မူစဉ် ကျွန်ုပ်တို့ကို
ကိုယ်တော်၏ တန်ခိုးပြတော်မူပါ။

တန်ခိုးတော်ကို ပြတော်မူပါ
အခြားသောဘာသာပြန်ဆိုချက်။ ။
ကိုယ်တော်သည်အားကြီးတော်မူကြောင်း ကျွန်ုပ်တို့ကို
ပြတော်မူပါ။


generated on Sun Jun 30 02:37:40 2024

Psalms 030

ကျူတောသားရဲကိုဂင်း
ဤတောသားရဲ များသည် အဲဂုတ္တုပြည်သားများကို
ရည်ညွှန်းသည့် တင်စားမှုများဖြစ်သည် ဟု
ကျမ်းတတ်ပုဂ္ဂိုလ်များက ယုံကြည်ကြသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
ကျူတောထဲကသားရဲများနှင့်တူသော အဲဂုတ္တုပြည်သားများ။

နွားလားဥသဘအစုအဝေးနှင့် လူမျိုးတို့၏ နွားပျိုတို့ကိုဂင်း
အခြားနိုင်ငံသားများကို နွားအုပ်ကဲ့သို့ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။နွားအုပ်များကဲ့သို့
အားကြီးသော နိုင်ငံများကဲ့သို့ ပြောဆိုထားသည်။

ကွဲပြားစေတော်မူပါ
တစ်စုံတစ်ခုကို အရပ်ရပ်သို့ ကွဲပြား၍၊ ပျံ့နှံ့စေသည်။

အဲဂုတ္တုပြည်မှ သံတမန်တို့သည် လာကြပါစေသော
အဲဂုတ္တုပြည်မှ သံတမန်

ကုရှပြည် (အဲသယောပိ)
ကုရှပြည်

မိမိလက်တို့ကို ဘုရားသခင်ထံ တော်သို့ အလျင်အမြန် ဆန့်ရပါစေသော
ဘုရားသခင်အားကိုးကွယ်ခြင်းကို ဆိုလိုသည့် သင်္ကေတဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်ကို ချီးမွမ်းဖို့
လက်များကို မြှောက်သည်။

Psalms 032

မြေကြီးနိုင်ငံတို့
'နိုင်ငံတို့' သည် နိုင်ငံသားများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကမ္ဘာပေါ်ရှိ
တိုင်းနိုင်ငံများအားလုံး၏ နိုင်ငံသားများဖြစ်ကြသော သင်တို့။

အထက်ကောင်းကင်ဘဝင်ကို စီး၍ နေတော်မူသော
ဘုရားသခင်သည် မိုးကောင်းကင်တွင် မြင်းစီးသကဲ့သို့
ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကောင်းကင်တွင် မြင်းစီးတော်မူသော ဘုရားသခင်ကို
သီဆိုချီးမွမ်းကြလော့။

အသံတော်ကို လွှတ်တော်မူ၍၊ အားကြီးသောအသံဖြစ်၏
တန်ခိုးကြီးစွာစကားပြောသည် ဟုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။တန်ခိုးကြီးစွာ အော်ဟစ်သည်၊
သို့မဟုတ် 'ကျယ်လောင်စွာစကားပြောသည်။'

Psalms 034

ဘုရားသခင်သည် တန်ခိုးကြီးတော်မူသည်ဟု ဝန်ခံကြလော့
'ဝန်ခံ' သည် 'ထိုက်တန်မှုကို ပြောခြင်း' ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် ခွန်အားကို
ပိုင်တော်မူသည်။

တန်ခိုးတော်လည်း မိုဃ်းတိမ်တို့တွင် ထင်ရှားလျက်
အခြားသောဘာသာပြန်ဆိုချက်။ ။သူသည်
ခွန်အားကြီးကြောင်းကောင်းကင်တို့တွင် ပြသတော်မူသည်။

အို ဘုရားသခင်၊ ကိုယ်တော်သည် သန့်ရှင်းရာဌာနတော်ပြင်မှာ ကြောက်ရွံ့ဘွယ်ဖြစ်တော်မူ၏
ဤနေရာတွင် စာရေးဆရာသည် ဘုရားသခင်ကို
တိုက်ရိုက်စကားပြောသည်။

အခွင့်တန်ခိုး
ဘုရားသခင်သည် မိမိလူများကို
များစွာသောခွန်အားပေးတော်မူခြင်းကို လေးနက်စေသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 69

1 အကျွန်ုပ်ကို ကယ်ယူတော်မူပါဘုရား။ ရေသည် အကျွန်ုပ်အသက်ဝိညာဉ်တိုင်အောင် ရောက်ပါပြီ။ 2 ခြေနင်းရာမရှိ။ နက်လှသော
ရွှံ့ထဲမှာ ကျွံပါပြီ။ လှိုင်းတံပိုးလွှမ်းမိုးရာ နက်သော ရေထဲသို့ ရောက်ပါပြီ။ 3 အော်ဟစ်၍ ပင်ပန်းပါပြီ။ လည်ချောင်းခြောက်ပါပြီ။
အကျွန်ုပ်၏ ဘုရားသခင်ကို အကျွန်ုပ်မျှော်ကြည့် ၍ မျက်စိပျက်ပါပြီ။ 4 အကြောင်းမရှိဘဲ အကျွန်ုပ်ကို မုန်းသောသူတို့သည်
အကျွန်ုပ်၏ဆံပင်ထက်များကြပါ၏။ မဟုတ်မမှန် ဘဲ အကျွန်ုပ်ကို ရန်ဘက်ပြု၍ ဖျက်ဆီးသော သူတို့သည် ခွန်အားကြီးကြပါ၏။
ထိုအခါ အကျွန်ုပ်သည် မယူသော ဥစ္စာကိုပင် ပြန်ပေးရပါ၏။ 5 အိုဘုရားသခင်၊ အကျွန်ုပ်မိုက်ခြင်းအမှုကို ကိုယ်တော်သိတော်မူ၏။
အကျွန်ုပ်၏အပြစ်တို့ကို ရှေ့တော်၌ ဝှက်၍ မထားရပါ။ 6 ကောင်းကင်ဗိုလ်ခြေသခင်အရှင်ထာဝရဘုရား၊ ကိုယ်တော်ကို
မြော်လင့်သောသူတို့သည် အကျွန်ုပ် အကြောင်းကြောင့် စိတ်မပျက်ကြပါစေနှင့်။ ဣသရေလအမျိုး၏ ဘုရားသခင်၊ ကိုယ်တော်ကို
ရှာသော သူတို့သည် အကျွန်ုပ်အကြောင်းကြောင့် ရှက်ကြောက်ခြင်းသို့ မရောက်ကြပါစေနှင့်။ 7 ကိုယ်တော်အတွက် အကျွန်ုပ်သည်
ကဲ့ရဲ့ခြင်းကို ခံရပါ၏။ အကျွန်ုပ်မျက်နှာသည် ရှက်ခြင်းနှင့် ပြည့်စုံပါ၏။ 8 ကိုယ်ညီအစ်ကိုတို့တွင်၊ လူစိမ်းဖြစ်ခဲ့ပါပြီ။
တမိတည်းသော ပေါက်ဘော်တို့တွင်၊ တကျွန်းတနိုင်ငံသား ဖြစ်ခဲ့ပါပြီ။ 9 ကိုယ်တော်၏အိမ်တော်၌ စွဲလမ်းပူပန်ခြင်းစိတ်သည်
အကျွန်ုပ်ကို စားပါ၏။ ကိုယ်တော်ကို ကဲ့ရဲ့သော သူတို့၏စကားသည် အကျွန်ုပ်အပေါ်သို့ ရောက်ပါ၏။ 10 အကျွန်ုပ်သည် ငိုကြွေး၍
စိတ်နှလုံးပါလျက်၊ အစာရှောင်သော အကျင့်ကြောင့်ပင် ကဲ့ရဲ့ခြင်းကို ခံရပါ၏။ 11 လျှော်တေအဝတ်ကို ဝတ်သောအခါ၊ သူတို့သည်
သရော်တတ်ကြပါ၏။ 12 ရုံး၌ ထိုင်သောသူတို့သည် အကျွန်ုပ်တဘက်မှာ ပြောဆို၍၊ သေသောက်ကြူးတို့သည် အကျွန်ုပ်ကို
အကြောင်းပြုလျက် တေးဘွဲ့၍ ဆိုတတ်ကြပါ၏။ 13 အိုထာဝရဘုရား၊ အကျွန်ုပ်မူကား၊ မင်္ဂလာအချိန်ကာလ၌ ကိုယ်တော်ကို
ဆုတောင်းပါ၏။ အိုဘုရားသခင်၊ ကရုဏာတော် ကြွယ်ဝသည်နှင့်အညီ၊ ကယ်တင်တော်မူခြင်း သစ္စာအတိုင်း၊ အကျွန်ုပ် စကားကို
နားထောင်တော်မူပါ။ 14 အကျွန်ုပ်ကို ရွှံ့ထဲက ကယ်နှုတ်တော်မူပါ။ နစ်စေတော်မမူပါနှင့်။ အကျွန်ုပ်ကို မုန်းသောသူတို့ လက်မှ၎င်း၊
နက်သော ရေထဲက၎င်း လွတ်ပါစေသော။ 15 ရေထ၍ မလွှမ်းပါစေနှင့်။ နက်နဲရာ၌ မမြုပ်ပါစေနှင့်။ အကျွန်ုပ်အပေါ်မှာ
တွင်းဝမပိတ်ပါစေနှင့်။ 16 အိုထာဝရဘုရား၊ ကျေးဇူးပြုချင်သော စေတနာတော်သည် ကောင်းမွန်သောကြောင့်၊ အကျွန်ုပ်စကား ကို
နားထောင်တော်မူပါ။ စုံမက်တော်မူခြင်း ကရုဏာများပြားသည်နှင့်အညီ၊ အကျွန်ုပ်ကို မျက်နှာ ပြတော်မူပါ။ 17 ကိုယ်တော်၏ ကျွန်မှ
မျက်နှာတော်ကို လွှဲတော်မမူပါနှင့်။ ဘေးရောက်ပါပြီ။ အလျင်အမြန် နားထောင် တော်မူပါ။ 18 အကျွန်ုပ်၏အသက်ဝိညာဉ်သို့
ချဉ်းကပ်၍ ရွေးတော်မူပါ။ ရန်သူများရှိကြောင်းကို ထောက်၍ ချမ်းသာပေးတော်မူပါ။ 19 အကျွန်ုပ်ခံရသော ကဲ့ရဲ့ခြင်း၊
အရှက်ကွဲခြင်း၊ အသရေပျက်ခြင်းတို့ကို ကိုယ်တော်သည် သိတော်မူ၏။ အကျွန်ုပ်၏ ရန်သူအပေါင်းတို့သည် ရှေ့တော်၌
ထင်ရှားလျက် ရှိကြပါ၏။ 20 ကဲ့ရဲ့ခြင်းအားဖြင့် အကျွန်ုပ်သည် စိတ်ပျက်၍ အလွန်ပူဆွေးခြင်း ရှိပါ၏။ သနားသောသူကို ကြည့်၍
မမြင်။ သက်သာစေသောသူကို ရှာ၍ မတွေ့ရပါ။ 21 အကျွန်ုပ်စားစရာဘို့ ဆေးခါးကို ကျွေးကြပါ၏။ ရေငတ်သောအခါ ပုံးရည်ကို
တိုက်ကြပါ၏။ 22 သူတို့စားပွဲသည် သူတို့ရှေ့မှာ ကျော့ကွင်းသော်၎င်း၊ ခံထိုက်သောအပြစ်သော်၎င်း၊ ထောင်ချောက်သော် ၎င်း
ဖြစ်ပါစေ။ 23 သူတို့သည် မမြင်နိုင်အောင် မျက်စိကွယ်ပါစေ။ သူတို့ခါးသည်လည်း အစဉ်တုန်ပါစေ။ 24 သူတို့အပေါ်မှာ
အမျက်တော်ကို သွန်းလောင်းတော်မူ၍၊ အမျက်တော်အရှိန်သည် သူတို့ကို မှီပါစေ။ 25 သူတို့နေရာအရပ်သည် လူဆိတ်ညံ့ရာအရပ်
ဖြစ်ပါစေ။ သူတို့အိမ်၌နေသောသူ မရှိပါစေနှင့်။ 26 အကြောင်းမူကား၊ သူတို့သည် ဒဏ်ခတ်တော်မူသော သူကို ညှဉ်းဆဲကြပါ၏။
နာစေတော်မူသောသူတို့ကို ထပ်၍ နာစေကြပါ၏။ 27 သူတို့အပြစ်၌ အပြစ်ကိုထပ်၍ ပေးတော်မူပါ။ ကုသိုလ်တော်နှင့်
မဆိုင်ကြပါစေနှင့်။ 28 အသက်ရှင်သောသူတို့စာရင်း၌ သူတို့နာမည်များကို ချေ၍၊ ဖြောင့်မတ်သောသူတို့နှင့် အတူမရေး
မမှတ်ပါစေနှင့်။ 29 အကျွန်ုပ်မူကား၊ ဆင်းရဲငြိုငြင်ပါ၏။ အိုဘုရားသခင်၊ ကယ်တင်တော်မူခြင်း ကျေးဇူးသည် အကျွန်ုပ်ကို
ချီးမြှင့်ပါစေသော။ 30 ငါသည် ဘုရားသခင်၏ နာမတော်ကို ထောမနာသီချင်းဆိုမည်။ ကျေးဇူးတော်ကို ပြ၍ ဘုရားသခင်ကို
ချီးမွမ်းမည်။ 31 ထာဝရဘုရားသည် ချိုနှင့်၎င်း၊ ခွါနှင့်၎င်း ပြည့်စုံသော နွားလားကို နှစ်သက်သည်ထက်၊ ထိုအကျင့်ကို သာ၍
နှစ်သက်တော်မူလိမ့်မည်။ 32 နှိမ့်ချသော သူတို့သည် မြင်၍ ဝမ်းမြောက်ကြလိမ့်မည်။ ဘုရားသခင်ကို ရှာသော သူတို့၏ စိတ်နှလုံး
သည် အားပြည့်လိမ့်မည်။ 33 ထာဝရဘုရားသည် ဆင်းရဲသောသူတို့၏စကားကို နားထောင်တော်မူ၏။ အချုပ်ခံရသော မိမိလူတို့ကို
မထီမဲ့မြင် ပြုတော်မမူတတ်။ 34 ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာတို့နှင့်တကွ အရပ်ရပ်၌ ကျင်လည်သော သတ္တဝါအပေါင်းတို့သည်
ဘုရားသခင်ကို ချီးမွမ်းကြပါစေသော။ 35 ဘုရားသခင်သည် ဇိအုန်မြို့ကို စောင့်၍၊ ယုဒမြို့တို့ကို ပြုစုတော်မူသဖြင့်၊ ထိုသူတို့တို့သည်
နေ၍ ပိုင်ရကြလိမ့်မည်။ 36 ကျွန်တော်မျိုး၏သားမြေးတို့သည် ထိုမြို့ကို အမွေခံရ၍၊ နာမတော်ကို ချစ်သောသူတို့သည် နေရာ
ကျရကြလိမ့်မည်။

 generated on Sun Jun 30 02:37:40 2024

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျ အချက်အလက်
ဤဆာလံသည် အကူအညီအတွက်ဆုတောင်းခြင်းဖြစ်သည်။

ရေသည် အကျွန်ုပ်အသက်ဝိညာဉ်တိုင်အောင် ရောက်ပါပြီ
စာရေးဆရာသည် ဘဝထဲ၌ကြုံရသော ဒုက္ခများကို
သူသည်ရေနက်ထဲတွင်နစ်မြုပ်နေသကဲ့သို့ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည်
ရေထဲတွင်နစ်မြစ်သကဲ့သို့ဖြစ်ပါသည်။

နက်လှသော ရွှံ့ထဲမှာ ကျွံပါပြီ
စာရေးဆရာသည် ဘဝထဲ၌ကြုံရသော ဒုက္ခများကို သူသည်
ရွှံ့နွံထဲတွင်နစ်မြုပ်နေသကဲ့သို့ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည်
ရွှံ့နွံတွင်နစ်မြုပ်သကဲ့သို့ဖြစ်ပါသည်။

ခြေနင်းရာမရှိ
သူ၏အခြေအနေ မည်မျှမသေချာ၊ ဆိုးရွားသည်ကို စာရေးဆရာ
အလေးပေးပြောခြင်းဖြစ်သည်။

ရွှံ့
ထူထပ်သောနွံ။

လှိုင်းတံပိုးလွှမ်းမိုးရာ နက်သော ရေထဲသို့ ရောက်ပါပြီ
စာရေးဆရာသည် သူ့ဒုက္ခများကို သူသည် ကြမ်းတမ်းေသော၊
ရေနက်ထဲတွင်နစ်မြုပ်နေသကဲ့သို့ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည်
ရေနက်ထဲတွင်နေသကဲ့သို့၊ ရေများသည်
ကျွန်ုပ်ဦးခေါင်းပေါ်စီးသကဲ့သို့ ဖြစ်ပါသည်။

Psalms 003

ပင်ပန်း
အလွန်ပင်ပန်းနွမ်းနယ်။

မျက်စိပျက်ပါပြီ
စာရေးဆရာသည်
မျက်စိပင်ကောင်းကောင်းမမြင်နိုင်တော့သည်တိုင်အောင်
ငိုကြွေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မျက်လုံးများသည်
မျက်ရည်များဖြင့် ရောင်လာသည်။

အကျွန်ုပ်၏ဆံပင်ထက်များကြပါ၏
အကြိမ်ရေကို ချဲ့ကားပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်မရေမတွက်နိုင်အောင်၊
ဦးခေါင်းပေါ်က ဆံပင်ကဲ့သို့။

ရန်ဘက်ပြု၍ ဖျက်ဆီး
'သတ်မည်' ဟုဆိုလိုခြင်းဖြစ်သည်။

Psalms 005

အကျွန်ုပ်မိုက်ခြင်းအမှု
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ပြုလုပ်သော
မိုက်မဲသောအရာများ။

အကျွန်ုပ်၏အပြစ်တို့ကို ရှေ့တော်၌ ဝှက်၍ မထားရပါ
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည်
ကျွန်ုပ်အပြစ်အလုံးစုံကို သိပါသည်။

ကိုယ်တော်ကို ...၊ ကိုယ်တော်ကို ရှာသော သူတို့သည် ... ရှက်ကြောက်ခြင်းသို့
မရောက်ကြပါစေနှင့်။
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူ၍ ဘုရားသခင်သည်
မိမိလူများကို ကွယ်ကာစေလိုသည့် စာရေးဆရာ၏ ဆန္ဒကို
အလေးပေး၍ ပြောသည်။

မျှော်လင့်သောသူတို့သည် အကျွန်ုပ် အကြောင်းကြောင့် စိတ်မပျက်ကြပါစေနှင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကို
မျှော်လင့်သောသူတို့ကို အကျွန်ုပ်ကြောင့် အရှက်မရပါစေနှင့်။

သူတို့...မရောက်ကြပါစေနှင့်။
သူတို့ကို အခွင့်မပေးပါနှင့်။

ကိုယ်တော်ကို ရှာသော သူတို့သည် အကျွန်ုပ်အကြောင်းကြောင့်
ရှက်ကြောက်ခြင်းသို့ မရောက်ကြပါစေနှင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကို ကိုယ်တော်ကို
ရှာသော သူတို့ကို အကျွန်ုပ်ကြောင့် အရှက်မရပါစေနှင့်။

ကိုယ်တော်ကို ရှာသော သူတို့
ဘုရားသခင်ကို ရှာဖွေခြင်းသည် ၁) ဘုရားသခင်ကို
မစရန်တောင်းခံခြင်း၊ ၂) ဘုရားသခင်အကြောင်းစဉ်းစား၍
နာခံခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
၁)ကိုယ်တော်ထံ အကူအညီတောင်းခံသောသူများ၊ ၂)
ကိုယ်တော်ကို ကိုးကွယ်၊ နာခံသောသူများ။

Psalms 007

ကိုယ်တော်အတွက်
'ကိုယ်တော်၏ကိုယ်စား' သို့မဟုတ် 'ကိုယ်တော့်အတွက်။'

အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းကို ခံရပါ၏
စာရေးဆရာအပေါ် ရန်သူများ၏ကဲ့ရဲ့ခြင်းကို
သူသယ်မည့်ဝန်ထုပ်များကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည်
အကျွန်ုပ်ရန်သူများ၏စော်ကားမှုကိုသည်းခံရပါပြီ။


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်မျက်နှာသည် ရှက်ခြင်းနှင့် ပြည့်စုံပါ၏
စာရေးဆရာအပေါ် သူခံစားရသောရှက်ကြောက်ခြင်းကို မျက်နှာပေါ်ရှိ လူများအားလုံးမြင်နိုင်သော ဆိုးရွားသောအမှတ်ကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်သည် လုံးလုံးအရှက်ခွဲခံရပါပြီ။

ကိုယ်ညီအစ်ကိုတို့တွင်၊ လူစိမ်းဖြစ်ခဲ့ပါပြီ
မိမိ မိသားစုနှင့်ပင် မဆိုင်သကဲ့သို့ဖြစ်ကြောင်း စာရေးဆရာက ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်ုပ်ညီအစ်ကိုတို့သည် ကျွန်ုပ်ကို မသိ၊ လက်မခံကြတော့ပါ။

တမိတည်းသော ပေါက်ဘော်တို့တွင်၊ တကျွန်းတနိုင်ငံသား ဖြစ်ခဲ့ပါပြီ
မိမိ မိသားစုနှင့်ပင် မဆိုင်သကဲ့သို့ဖြစ်ကြောင်း စာရေးဆရာက ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်ုပ်ညီအစ်ကိုတို့သည် ကျွန်ုပ်ကို မသိ၊ မယုံကြည်ကြတော့ပါ။

ကိုယ်တော်၏အိမ်တော်၌ စွဲလမ်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကို စားပါ၏
စာရေးဆရာက ဘုရားသခင်၏ဗိမာန်တော်အတွက် သူ၏စွဲလမ်းခြင်းကို သားရဲတိရစ္ဆာန်သည် ရေကိုမျိုသကဲ့သို့ ဖြစ်ကြောင်း ပြောဆိုသည်။ ခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်အိမ်တော်၌နေလိုသော ကျွန်ုပ်ဆန္ဒသည် ကျွန်ုပ်ကို ဝါးမျိုပါ၏။

အကျွန်ုပ်ကို စားပါ၏
ဘုရားသခင်၏အိမ်တော်ကို တောင့်တသော စာရေးသူ၏ စဉ်းစားမှုများ နှင့်အပြုအမူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်စဉ်းစားမှု၊ လုပ်ဆောင်မှုများကို လုံးလုံးလျားလျား ထိန်းချုပ်သည်။

ကိုယ်တော်ကို ကဲ့ရဲ့သော သူတို့၏စကားသည် အကျွန်ုပ်အပေါ်သို့ ရောက်ပါ၏
ဘုရားသခင်၏ရန်သူများ၏ကဲ့ရဲ့ခြင်းများသည် သူ့ကိုပစ်ပေါက်သော ကျောက်တုံးများကဲ့သို့ဖြစ်ကြောင်း စာရေးသူသည် ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကို ကဲ့ရဲ့သောသူတို့သည် ကျွန်ုပ်ကိုလည်း ကဲ့ရဲ့ကြပြီ။

Psalms 010

အကျွန်ုပ်သည် ငိုကြွေး၍ စိတ်နှလုံးပါလျက်၊ အစာရှောင်
စာရေးသူ အစာရှောင်သည် ဟူသည်မှာ ဘုရားသခင်၏ဗိမာန်တော်ကို လူများသည်ကဲ့ရဲ့ကြသောကြောင့်သူ၏ ဝမ်းနည်းမှုကို ဆိုလိုသည်။

ကဲ့ရဲ့ခြင်းကို ခံရပါ၏
ကျွန်ုပ်ရန်သူများသည် ထိုအကြောင်းကြောင့် ကျွန်ုပ်ကို ကဲ့ရဲ့ကြသည်။

လျှော်တေအဝတ်ကို ဝတ်သောအခါ
ကြမ်းတမ်း၍၊ ဈေးနိမ့်သောအဝတ်ကို ဝတ်ခြင်းသည် အပြစ်ကြောင်း ဝမ်းနည်းခြင်း၏ လက္ခဏာဖြစ်သည်။

သူတို့သည် သရော်တတ်ကြပါ၏
စာရေးသူက သူသည် စကားပုံထဲက အရူးကဲ့သို့ဖြစ်လာကြောင်း ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ စကားပုံများတွင် ပြောထားသည့် ဝမ်းနည်းသည့်သူတစ်ယောက်၏ ဥပမာကဲ့သို့ အကျွန်ုပ်ဖြစ်လာသည်၊ သို့မဟုတ် သူတို့သည် ကျွန်ုပ်ကိုလှောင်ရယ်ကြသည်။

ရုံး၌ ထိုင်သောသူတို့
'ရုံး' သည် မြို့ကိုဦးဆောင်သောသူများနှင့် သက်ဆိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။မြို့ရှိ အရေးပါသောလူများ။

သေသောက်ကြူးတို့သည် အကျွန်ုပ်ကို အကြောင်းပြုလျက် တေးဘွဲ့၍ ဆိုတတ်ကြပါ၏
စာရေးသူက အရက်သမားများသည် သူ့ကိုအကြောင်းပြု၍ လှောင်ရယ်သောသီချင်းဆိုများကြကြောင်း ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။မြို့ရှိ အရက်သမားများသည် အကျွန်ုပ်ကို အကြောင်းပြု၍ ရွံရှာဘွယ်သောသီချင်းများဆိုကြသည်။ (UDB)

Psalms 013

ကယ်တင်တော်မူခြင်း သစ္စာအတိုင်း၊ အကျွန်ုပ် စကားကို နားထောင်တော်မူပါ
အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်ကတိထားတော်မူသည်အတိုင်း ကိုယ်တော်သည် ကျွန်ုပ်ကို ချစ်တော်မူသောကြောင့် ကယ်နှုတ်တော်မူပါ။

အကျွန်ုပ်ကို... ကယ်နှုတ်တော်မူပါ။ နစ်စေတော်မမူပါနှင့်
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်သည်။

အကျွန်ုပ်ကို ရွှံ့ထဲက ကယ်နှုတ်တော်မူပါ။ နစ်စေတော်မမူပါနှင့်
သူ၏ရန်သူများ၏ အန္တရာယ်ကို သူသည် ရွှံ့နွံထဲတွင် နစ်မြုပ်နေသကဲ့သို့ စာရေးသူပြောဆိုထားသည်။ အကျွန်ုပ်ကို ရွှံ့နွံထဲနစ်စေတော်မမူပါနှင့်။

အကျွန်ုပ်ကို မုန်းသောသူတို့ လက်မှငင်၊ နက်သော ရေထဲကငင်း လွှတ်ပါစေသော
'လွှတ်စေခြင်း' သည် အန္တရာယ်မှာ ကယ်တင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ကိုယူဆောင်သွားပါ၊ သို့မဟုတ် 'ကယ်တင်ပါ။'

လွှတ်ပါစေသော
အခြားသောဘာသာပြန်ဆိုချက်။ ။ကျေးဇူးပြု၍ ကျွန်ုပ်ကို ကယ်လွှတ်ပါ။


generated on Sun Jun 30 02:37:40 2024

နက်သော ရေထဲကရင်း

နက်သော ရေထဲကရင်း လွှတ်ပါစေသော
သူ၏ရန်သူများမှလာသော အန္တရာယ်ကို သူသည်နက်သောရေထဲတွင် နစ်မြုပ်သကဲ့သို့ စာရေးသူက ပြောဆိုထားသည်။

ရေထ၍ မလွှမ်းပါစေနှင့်
စရေးသူက သူ၏ရန်သူများမှလာသော အန္တရာယ်သည် သူ့ကိုရေများကဲ့သို့လွှမ်းကြောင်း ပြောဆိုထားသည်။

နက်နဲရာ၌ မမြုပ်ပါစေနှင့်
စာရေးသူက အလွန်ကြောက်စရာကောင်းသော တိရစ္ဆာန်သည် သူ့ကိုစားတော့မည်အတိုင်းဖြစ်ကြောင်း နက်နဲမှုကို ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ နက်နဲသောရေများသည် ကြောက်စရာကောင်းသောတိရစ္ဆာန်ကဲ့သို့ ကျွန်ုပ်ကို ဝါးမျိုပါသည်။

အကျွန်ုပ်အပေါ်မှာ တွင်းဝမပိတ်ပါစေနှင့်
'တွင်း' သည် ပါးစပ်ရှိ၍ စာရေးသူကို စားနိုင်သည့်အလား ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ဤတွင်းသည် ကျွန်ုပ်ကို မဝါးမျိုပါစေနှင့်၊ သို့မဟုတ် ဤသေတွင်းသည် ကျွန်ုပ်ကို မပိတ်မိပါစေနှင့်။

Psalms 016

ကျေးဇူးပြုချင်သော စေတနာတော်သည် ကောင်းမွန်သောကြောင့်၊
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် ကောင်းမြတ်၍၊ ကျွန်ုပ်ကို စေတနာရှိစွာ ချစ်တော်မူသည်။

စုံမက်တော်မူခြင်း ကရုဏာများပြားသည်နှင့်အညီ
ကိုယ်တော်သည် ကျွန်ုပ်၌ အလွန်ကရုဏာကြွယ်ဝသည်။

အကျွန်ုပ်ကို မျက်နှာ ပြတော်မူပါ
တစ်စုံတစ်ယောက်ထံမျက်နှာပြ

ကိုယ်တော်၏ ကျွန်မှ မျက်နှာတော်ကို လွှဲတော်မမူပါနှင့်
တစ်စုံတစ်ယောက်ထံမှ မျက်နှာကိုလွှဲခြင်းသည် နားထောင်ဖို့၊ ကူညီဖို့ ငြင်းဆန်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျေးဇူးပြု၍ ကိုယ်တော်၏ကျွန်ကို ကူညီမစတော်မူပါ၊ သို့မဟုတ် ကျေးဇူးပြု၍ ကျွန်ုပ်ကို ကူညီမစတော်မူပါ။

ဘေးရောက်ပါပြီ
ကြီးမားသော ဒုက္ခ၌။ (UDB)

Psalms 018

ရွေးတော်မူပါ
စာရေးသူက မိမိသည် ကျွန်ကဲ့သို့ဖြစ်၍ ဘုရားသခင်က သူ၏လွတ်လပ်မှုကို ရွေးဝယ်ပေးရန် မေးမြန်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ကို လွှတ်ပေးပါ။

ချမ်းသာပေးတော်မူပါ
စာရေးသူက မိမိသည် ဖမ်းထားခံရသူကဲ့သို့ ဘုရားသခင်က သူ့ကို ငွေပေး၍ ရွေးဝယ်ပေးရန် မေးမြန်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ကို ကယ်နှုတ်ပါ။

အကျွန်ုပ်ခံရသော ကဲ့ရဲ့ခြင်း၊ အရှက်ကွဲခြင်း၊ အသရေပျက်ခြင်း
အခြားသောဘာသာပြန်ဆိုချက်။ ။လူများသည် ကျွန်ုပ်ကို ကဲ့ရဲ့ကြပြီ၊ အရှက်ကွဲစေကြပြီ၊ အသရေဖျက်ကြပြီ။

အကျွန်ုပ်၏ ရန်သူအပေါင်းတို့သည် ရှေ့တော်၌ ထင်ရှားလျက် ရှိကြပါ၏
'ရှေ့တော်၌ ထင်ရှားသည်' ဟူသည်မှာ ဘုရားသခင်သည် သူတို့ကို သိတော်မူသည် ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်၏ ရန်သူများကို ကိုယ်တော်သိပါသည်။

Psalms 020

အကျွန်ုပ်သည် စိတ်ပျက်၍
အလွန်အမင်းဝမ်းနည်းခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ကို ကြီးစွာစော်ကားကြသည်။

အလွန်ပူဆွေးခြင်း ရှိပါ၏
စာရေးသူ၏ပူဆွေးခြင်းကို အလွန်လေးသော ဝန်ကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်ုပ်သည် ဝမ်းနည်းလျက်ပူဆွေးပါ၏။

သနားသောသူ
ဝမ်းနည်းမှု၊ ကြေကွဲမှုကို ခံစားဖို့။

အကျွန်ုပ်စားစရာဘို့ ဆေးခါးကို ကျွေးကြပါ၏
တင်စားပြောဆိုမှုဖြစ်နိုင်သည်။ စာရေးသူကိုပေးသော အစာသည် အဆိတ်ကဲ့သို့ပင် ဆိုးဝါးလှသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် အဆိပ်ကဲ့သို့သော အစာကို အကျွန်ုပ်အား ပေးကြပါသည်။ (UDB)

Psalms 022

သူတို့စားပွဲသည် သူတို့ရှေ့မှာ ကျော့ကွင်းသော်၎င်း၊ ခံထိုက်သောအပြစ်သော်၎င်း၊ ထောင်ချောက်သော် ၎င်း ဖြစ်ပါစေ
စာရေးသူက ရန်သူများ၏ထမင်းကို ကျော့ကွင်းထဲတွင်မိသော တိရစ္ဆာန်များကဲ့သို့ ပျက်စီးစေလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့အစာသည် ကျော့ကွင်းကဲ့သို့ပျက်စီးပါစေ... သူတို့အစာသည် ကျော့ကွင်းများကဲ့သို့ သူတို့ကို ဖမ်းပါစေ။

သူတို့စားပွဲ
စားပွဲတွင်ခင်းထားသည့် အစာကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့၏အစာ

သူတို့သည် မမြင်နိုင်အောင် မျက်စိကွယ်ပါစေ
မျက်လုံးများသည် မှောင်၍မမြင်နိုင်သကဲ့သို့ စာရေးသူ ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျေးဇူးပြု၍ သူတို့ကို မျက်စိမမြင်နိုင်အောင် လုပ်တော်မူပါ။

သူတို့ခါးသည်လည်း အစဉ်တုန်ပါစေ
အားနည်း၍ တုန်ခါသည့်အလား ကျောကုန်းများကို ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ ဘာမျှမလုပ်နိုင်အောင် သူတို့ကျောကုန်းများကို အားနည်းစေတော်မူပါ။

သူတို့ခါး
သူတို့ဘေးများ၊ သို့မဟုတ် သူတို့၏ကျောကုန်းများ။

Psalms 024

သူတို့အပေါ်မှာ အမျက်တော်ကို သွန်းလောင်းတော်မူ၍
ဘုရားသခင်၏အမျက်တော်သည် သူ၏ရန်သူများအပေါ်ရေကဲ့သို့ သွန်ချမည့်အလား ပြောဆိုသည်။

အမျက်တော်
'အမျက်တော်' 'ဒေါသ"

အမျက်တော်အရှိန်
ကိုယ်တော်၏လောင်ကျွမ်းသောအမျက်တော်၊ သို့မဟုတ် ကိုယ်တော်၏ကြီးမားသောအမျက်တော်။

သူတို့ကို မှီပါစေ
သူ၏ရန်သူများအပေါ် ဘုရားသခင်၏အမျက်တော်ကို သူပြေး၍ သူတို့ကို ဖမ်းသည့်အလား ပြောဆိုသည်။

နေသောသူ မရှိပါစေနှင့်
အခြားသောဘာသာပြန်ဆိုချက်။ ။အစွန့်ပစ်ခံပါစေ။

Psalms 026

သူတို့သည် ဒဏ်ခတ်တော်မူသော သူကို ညှဉ်းဆဲကြပါ၏
သူတို့သည် ထိုလူကို နှိပ်စက်ကြသည်။

ဒဏ်ခတ်တော်မူသော သူ
'ဒဏ်ခတ်' သည် အပြစ်ပေးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် အပြစ်ပေးတော်မူပြီ။

နာစေတော်မူသောသူတို့
'နာစေတော်မူသောသူတို့' သည် နာကျင်စေခြင်းခံရသူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်နာကျင်စေသောသူတို့။

သူတို့အပြစ်၌ အပြစ်ကိုထပ်၍ ပေးတော်မူပါ
သူတို့၏အပြစ်များအားလုံးကို မှတ်သားတော်မူပါ (UDB)

အပြစ်ကိုထပ်၍
အလွန်များပြားသောအပြစ်များ။

ကုသိုလ်တော်နှင့် မဆိုင်ကြပါစေနှင့်
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် ကိုယ်တော်၏ ဖြောင့်မတ်သောဆုတော်ကို မရရှိကြပါစေနှင့်။

Psalms 028

သူတို့နာမည်များကို ချေ၍
'သူတို့ သည်ရန်သူများ၏အမည်များကို ဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့၏အမည်များကို ဖျက်တော်မူပါ။

မရေး မမှတ်ပါစေနှင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့၏အမည်များကို မရေးမမှတ်ပါနှင့်။

အိုဘုရားသခင်၊ ကယ်တင်တော်မူခြင်း ကျေးဇူးသည် အကျွန်ုပ်ကို ချီးမြှင့်ပါစေသော။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်၊ ကျွန်ုပ်ကိုကယ်နှုတ်၍ လုံခြုံသောအရပ်တွင်ထားတော်မူပါ။

Psalms 030

ဘုရားသခင်၏ နာမတော်
'နာမတော်' သည် ဘုရားသခင်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။'ဘုရားသခင်"

ကျေးဇူးတော်ကို ပြ၍
အခြားသောဘာသာပြန်ဆိုချက်။ ။သူ့ကိုကျေးဇူးတင်လျက်။

နွားလားကို...သာ၍ နှစ်သက်တော်မူလိမ့်မည်။
နွားထီးနှင့်နွားမသည် ဘုရားသခင်ထံသို့ ယဇ်အဖြစ်ပူဇော်ဖို့ရန် ဖြစ်ကြောင်းနားလည်ရသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ နွားထီးနှင့် နွားမဖြင့် ယဇ်ပူဇော်သည်ထက်ကောင်းသော။

ခွါနှင့်ဦးချိုနှင့်ပြည့်စုံသော နွားလား
ငယ်ရွယ်သေးသောနွားနှင့် အရွယ်ရှိပြီးသောနွားကို ကွဲပြားစေခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ဦးချိုနှင့်ခွာများရှိသော ကြီးထွားပြီးသော နွားထီး။

Psalms 032

နှိမ့်ချသော သူတို့
အခြားသောဘာသာပြန်ဆိုချက်။ ။နှိမ့်ချသောသူများ။

ဘုရားသခင်ကို ရှာသော သူတို့
၁) ဘုရားသခင်ကိုမေးမြန်းခြင်း၊ ၂) သူ့အကြောင်းစဉ်းစား၍ နာခံခြင်း သည်ဘုရားသခင်ကို ရှာခြင်းဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်ကိုမေးမြန်းသော
သင်တို့၊ သို့မဟုတ် ဘုရားသခင်အကြောင်းစဉ်းစားသောသူတို့။
ရှုး

စိတ်နှလုံး သည် အားပြည့်လိမ့်မည်
'စိတ်နှလုံး' သည် လူများကိုဆို၍၊ 'အားပြည့်' သည် ခွန်အား၊
စိတ်တက်ကြွခြင်းကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သင်တို့သည်
ခွန်အားရကြပါစေသော။

ထာဝရဘုရားသည် ... မထီမဲ့မြင် ပြုတော်မမူတတ်
အခြားသောဘာသာပြန်ဆိုချက်။ ။ထာဝရဘုရား
ဖြေကြားတော်မူသည်။

ဆင်းရဲသောသူတို့
အခြားသောဘာသာပြန်ဆိုချက်။ ။လိုအင်ရှိသောသူများ။

အချုပ်ခံရသော မိမိလူတို့
သူ့ကြောင့်ဒုက္ခခံရသောသူများ။ (UDB)

Psalms 034

ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာတို့နှင့်တကွ ... ဘုရားသခင်ကို
ချီးမွမ်းကြပါစေသော
ကောင်းကင်၊ မြေကြီးနှင့် ပင်လယ်တို့သည်
လူများကဲ့သို့ဘုရားသခင်ကို ချီးမွမ်းနိုင်သည့်အလား
ပြောဆိုထားသည်။

အရပ်ရပ်၌ ကျင်လည်သော သတ္တဝါအပေါင်းတို့
ဆိုလိုသည်မှာ၊ အရပ်ရပ်၌ ကျင်လည်သော
သတ္တဝါအပေါင်းတို့...သူ့ကိုချီးမွမ်းကြပါစေ။'
အခြားသောဘာသာပြန်ဆိုချက်။ ။ပင်လယ်နှင့်
၎င်းအထဲရှိလှုပ်ရှားလျက်ရှိသောအရာများသည်
သူ့ကိုချီးမွမ်းကြပါစေ။

ဘုရားသခင်သည် ဇိအုန်မြို့ကို စောင့်၍
'ဇိအုန်' သည် ဇိအုန်မြို့ရှိလူများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည်
ဇိအုန်သားများကို ကယ်တင်တော်မူလိမ့်မည်။

ပိုင်ရကြလိမ့်မည်
ယုဒမြို့ကို ဆိုလိုသည်။

နာမတော်ကို ချစ်သောသူတို့
နာမတော်သည် ဘုရားသခင်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
ဘုရားသခင်ကိုချစ်သောသူတို့။


generated on Sun Jun 30 02:37:40 2024

## Chapter 70

1 အိုဘုရားသခင်၊ အကျွန်ုပ်ကို နှုတ်ယူတော်မူပါ။ အိုထာဝရဘုရား၊ အကျွန်ုပ်ကို မစခြင်းငှါ အလျင် အမြန်ပြုတော်မူပါ။ 2
အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသောသူတို့သည် အရှက်ကွဲ၍ မျက်နှာပျက်ကြပါစေသော။ အကျွန်ုပ်၌
အန္တရာယ်ပြုချင်သောသူတို့သည် လှန်ခြင်းကို ခံရ၍၊ ရှက်ကြောက်ခြင်းသို့ ရောက်ကြ ပါစေသော။ 3 အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု
ဆိုသောသူတို့သည် အရှက်ကွဲခြင်းအားဖြင့် နောက်သို့ လှန်ခြင်းကို ခံရကြပါစေသော။ 4 ကိုယ်တော်ကို ရှာသောသူအပေါင်းတို့သည်
ကိုယ်တော်၌ ဝမ်းမြောက်ရွှင်လန်းကြပါစေသော။ ကယ်တင်တော်မူခြင်းကျေးဇူးကို နှစ်သက်သောသူတို့သည်၊
ဘုရားသခင်ဘုန်းကြီးတော်မူစေသတည်း ဟု အစဉ်မပြတ် ပြောကြပါစေသော။ 5 အကျွန်ုပ်မူကား၊ ဆင်းရဲငတ်မွတ်ပါ၏။
အိုဘုရားသခင်၊ အကျွန်ုပ်ရှိရာသို့ အလျင်အမြန် ကြွတော်မူပါ။ ကိုယ်တော်သည် အကျွန်ုပ်ကို မစသောသူ၊ ကယ်တင်သောသူ
ဖြစ်တော်မူ၏။ အို ထာဝရဘုရား၊ ဆိုင်းလင့်တော်မမူပါနှင့်။ အောက်မေ့စေခြင်းငှါစပ်ဆိုသော ဆာလံ။

---

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

... သူတို့
... သောသူလူများ။

အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ
ကျွန်ုပ်ကို သတ်ခြင်းငှါ။

အရှက်ကွဲ၍ မျက်နှာပျက်ကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သူတို့ကို
ရှက်ကြောက်စေ၍၊
သူတို့ပေါ်အသရေပျက်ခြင်းရောက်ပါစေသော။

အကျွန်ုပ်၌ အန္တရာယ်ပြုချင်သောသူတို့သည် လှန်ခြင်းကို ခံရ၍၊
ရှက်ကြောက်ခြင်းသို့ ရောက်ကြ ပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သူတို့ကို
လှည့်ပြန်စေ၍၊ သူတို့ပြုသောအမှုများကြောင့်
ရှက်ကြောက်ခြင်းသို့ ရောက်ကြပါစေသော။

လှန်ခြင်း
အခြားသောဘာသာပြန်ဆိုချက်။ ။ရပ်တန့်သွားခြင်း။

အေ့ဟေ၊ အေ့ဟေဟု ဆိုသောသူတို့
လှောင်ပြောင်သည့်အသုံးအနှုန်းဖြစ်သည်။ ဤစကားလုံးကို
မိမိဘာသာစကားတွင် လှောင်ပြောင်ရာ၌သုံးသော စကားလုံးဖြင့်
အစားထိုးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကျွန်ုပ်ကိုလှောင်ပြောင်၍၊ ရယ်သောသူများ။

Psalms 004

ကိုယ်တော်ကို ရှာသောသူအပေါင်းတို့
ဘုရားသခင်ကို ရှာခြင်းသည် ၁) ဘုရားသခင်ကိုတောင်းခံခြင်း၊
၂) ဘုရားသခင်အကြောင်းစဉ်းစား၍ နာခံခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။'ကိုယ်တော်ကို
အကူအညီတောင်းခံသည်၊ သို့မဟုတ်
ကိုယ်တော်အကြောင်းစဉ်းစား၍ နာခံသည်။

ဝမ်းမြောက်ရွှင်လန်း
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်တူ၍
ပျော်ရွှင်ခြင်းအတိုင်းအတာကို လေးနက်စေသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လွန်စွာဝမ်းမြောက်လော့၊
သို့မဟုတ် အလွန်ဝမ်းမြောက်ပါ။

ကယ်တင်တော်မူခြင်းကျေးဇူးကို နှစ်သက်သောသူတို့
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည်
သူတို့ကိုကယ်တင်တော်မူသောကြောင့်
ကိုယ်တော်ကိုချစ်ပါသည်။

အစဉ်မပြတ် ပြောကြပါစေသော
ဘုရားသခင်ကို အစဉ်မပြတ်ချီးမွမ်းခြင်း၏ အရေးကြီးခြင်းကို
လေးနက်စေသည့် ချဲ့ကားပြောဆိုမှုဖြစ်သည်။

ဘုရားသခင်ဘုန်းကြီးတော်မူစေသတည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လူတိုင်း ဘုရားသခင်ကို
ချီးမွမ်းကြပါစေ။

ဆင်းရဲငတ်မွတ်
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်တူ၍၊
သူသည်မိမိကိုယ်ကိုကူညီဖို့
မည်မျှမတတ်နိုင်ကြောင်းလေးနက်စေသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အလွန်လိုအပ်သောသူများ။


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်ရှိရာသို့ အလျင်အမြန် ကြွတော်မူပါ
စရေးသူက ဘုရားသခင်သည် သူ့ကိုကူညီဖို့ သူ့ထံသို့အလျင်အမြန်ပြေးနေသည့်အလား ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျေးဇူးပြု၍ အမြန်ဆုံးကျွန်ုပ်ကိုလာ ကူညီပါ။ (UDB)

ကိုယ်တော်သည် အကျွန်ုပ်ကို မစသောသူ၊ ကယ်တင်သောသူ ဖြစ်တော်မူ၏။
'ကိုယ်တော်သည်...ကယ်တင်တော်မူသည်' ဟူသည့်စကားစုသည် ဘုရားသခင်၏ကူညီပုံကို ရှင်းပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်သည် ကျွန်ုပ်ကိုကယ်တင်၍ ကူညီမစတော်မူပြီ။

ဆိုင်းလင့်တော်မမူပါနှင့်
အခြားသောဘာသာပြန်ဆိုချက်။ ။ကျေးဇူးပြု၍ အလျင်အမြန် လာပါ။

---

## Translation Questions

### Psalms 70:1

ဘုရားသခင်အား မည်သို့ ပြုတော်မူရန် ဒါဝိဒ်ဆုတောင်းသနည်း။
အလျင်အမြန် ကြွလာတော်မူ၍ ကယ်တင်ရန် တောင်းလျှောက်သည်။

ဒါဝိဒ်သည် မိမိအသက်ကို ရှာသောသူတို့ ၌ ထာဝရဘုရားအား မည်သို့ ပြုစေလိုသနည်း။
အရှက်ကွဲ၍ မျက်နှာပျက်စေကာ နောက်သို့ လှည့်သွားစေရန် ပြုလုပ်စေလိုသည်။

### Psalms 70:4

ဒါဝိဒ်သည် ထာဝရဘုရားကို ရှာသောသူအပေါင်းတို့အား မည်သို့ ပြုစေလိုသနည်း။
ဝမ်းမြောက်ရွှင်လန်း၍ ဘုရားသခင်ဘုန်းကြီးစေတော်မူသတည်းဟု ပြောစေလိုသည်။

ဒါဝိဒ်သည် ဆင်းရဲ၍ ငတ်မွတ်သောကြောင့် ထာဝရဘုရားထံမှ အဘယ်အရာကို လိုအပ်သနည်း။
ထာဝရဘုရား လျင်မြန်စွာလာ၍ ကယ်တင်ရန် အလိုတော်ရှိသည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 71

[1] အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏။ အရှက်ကွဲခြင်းနှင့် အစဉ်ကင်းလွတ်ပါစေသော။ [2] တရားတော်နှင့်အညီ
အကျွန်ုပ်ကို နှုတ်ယူ၍ လွတ်တော်မူပါ။ နားတော်ကို အကျွန်ုပ်ဘက်သို့ လှည့်၍ ကယ်တင်တော်မူပါ။ [3] အကျွန်ုပ်အစဉ်ရောက်၍
နေရာကျသော ကျောက်ဖြစ်တော်မူပါ။ အကျွန်ုပ်ကို ကယ်တင်မည် အကြောင်း အမိန့်တော်ရှိ၍၊ အကျွန်ုပ်၏ ကျောက်၊ အကျွန်ုပ်၏
ရဲတိုက်ဖြစ်တော်မူ၏။ [4] အကျွန်ုပ်၏ဘုရားသခင်၊ ဆိုးသော သူ၏လက်မှငင်း၊ မတရားသောသူနှင့် ကြမ်းတမ်းသော သူ၏လက် မှငင်း
အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ [5] အရှင်ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်မြော်လင့်ရာဖြစ်တော်မူ၏။
အကျွန်ုပ်ငယ်သောအရွယ် မှစ၍ အကျွန်ုပ် ကိုးစားရာ ဖြစ်တော်မူ၏။ [6] အကျွန်ုပ်သည် ဘွားကတည်းကပင် ကိုယ်တော်ကို မှီဝဲပါပြီ။
အမိဝမ်းတွင်းမှစ၍ ကျေးဇူးတော်ကို ခံရပါပြီ။ ကိုယ်တော်ကို အစဉ်ချီးမွမ်းပါမည်။ [7] အကျွန်ုပ်သည် များစွာသော သူတို့၌
အံ့ဘွယ်သော အရာကဲ့သို့ ဖြစ်သော်လည်း၊ ကိုယ်တော်သည် အကျွန်ုပ်၌ ခိုင်ခံ့သော ခိုလှုံရာဖြစ်တော်မူ၏။ [8] ဂုဏ်အသရေတော်နှင့်
ယှဉ်သော ထောမနာစကားကို အကျွန်ုပ်သည် နေ့တိုင်း အစဉ်မြွက်ဆို ပါစေသော။ [9] အကျွန်ုပ်ကို အိုသောအခါ ပယ်တော်မမူပါနှင့်။
အားလျော့သောအခါ စွန့်ပစ်တော်မမူပါနှင့်။ [10] ရန်သူတို့သည် အကျွန်ုပ်တဘက်၌ ပြောဆိုကြပါ၏။ အကျွန်ုပ်အသက်ကို
ချောင်းကြည့်သော သူတို့က၊ [11] ဘုရားသခင်သည် သူ့ကို စွန့်ပစ်တော်မူ၏။ လိုက်၍ ဘမ်းကြကုန်အံ့။ ကယ်လွတ်သော သူမရှိဟု
တိုင်ပင်ပြောဆိုကြပါ၏။ [12] အိုဘုရားသခင်၊ အကျွန်ုပ်နှင့် ဝေးဝေးနေတော်မမူပါနှင့်။ အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ်ကို
မစခြင်းငှါ အလျင်အမြန် ပြုတော်မူပါ။ [13] အကျွန်ုပ်အသက်ကို ရန်ဘက်ပြုသော သူတို့သည် အရှက်ကွဲ၍ ဆုံးရှုံးခြင်းသို့
ရောက်ကြပါစေသော။ အကျွန်ုပ်၌ အပြစ်ပြုခြင်းအခွင့်ကို ရှာသောသူတို့သည် ကဲ့ရဲ့ခြင်း၊ အသရေပျက်ခြင်းနှင့် မွန်းကြ ပါစေသော။
[14] အကျွန်ုပ်မူကား၊ အစဉ်မြော်လင့်၍ ကိုယ်တော်ကို ချီးမွမ်းသမျှထက် သာ၍ ချီးမွမ်းပါမည်။ [15] ဖြောင့်မတ်တော်မူခြင်းနှင့်
ကယ်တင်တော်မူခြင်းကျေးဇူးကို အကျွန်ုပ်သည် နေ့တိုင်းအစဉ် ညွှန်ကြား ပါမည်။ ကျေးဇူးတော်တို့ကို ရေတွက်၍ မကုန်နိုင်ပါ။ [16]
အရှင်ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်များကို အမှီပြု၍ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းတရားကိုသာ ပြသပါမည်။ [17]
အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်ကို ငယ်သောအရွယ်မှစ၍ သွန်သင်တော်မူပါပြီ။ ယခုတိုင် အောင် အံ့ဘွယ်သော
အမှုတော်တို့ကို အကျွန်ုပ်ပြပါပြီ။ [18] တဖန်တုံ အိုဘုရားသခင်၊ အကျွန်ုပ်အသက်ကြီး၍ ဆံပင်ဖြူသည်ကာလတိုင်အောင်၊
ယခုလူများတို့အား ကိုယ်တော်၏ အစွမ်းသတ္တိကိုငင်း၊ နောက်ဖြစ်လတံ့သော သူအပေါင်းတို့အား တန်ခိုးတော်ကိုငင်း၊
အကျွန်ုပ်မပြမှီတွင်၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်။ [19] အိုဘုရားသခင်၊ ဖြောင့်မတ်တော်မူခြင်းတရားသည် အလွန်မြင့်ရာသို့
မှီသည်ဖြစ်၍၊ ကိုယ်တော်သည် ကြီးစွာသော အမှုတို့ကို ပြုတော်မူ၏။ အိုဘုရားသခင်၊ ကိုယ်တော်နှင့်အဘယ်သူတူပါသနည်း။ [20]
ကြီးမားကြမ်းတမ်းသော ဘေးများကို အကျွန်ုပ်အားပြတော်မူပြီ။ တဖန် အသက်ကို ချမ်းသာပေး၍၊ မြေကြီးနက်နဲရာထဲက
တဖန်ထမြောက်စေတော်မူမည်။ [21] အကျွန်ုပ်ကို စည်းစိမ်တိုးပွားစေ၍၊ တဖန် သက်သာစေတော်မူမည်။ [22] သို့ဖြစ်၍၊
အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်နှင့် သစ္စာတော်ကို တယောထိုး၍ ချီးမွမ်းပါမည်။ ဣသရေလအမျိုး၏ သန့်ရှင်းတော်မူသော
ဘုရား၊ စောင်းတော်၌ စောင်းတီး၍ သီချင်းဆိုပါမည်။ [23] ရှေ့တော်၌ သီချင်းဆိုသောအခါ၊ ရွှင်လန်းသော နှုတ်ရှိပါလိမ့်မည်။
ရွေးတော်မူသော အကျွန်ုပ်၏ ဝိညာဉ်လည်း ရွှင်လန်းပါလိမ့်မည်။ [24] အကျွန်ုပ်၏လျှာသည်လည်း ဖြောင့်မတ်တော်မူခြင်းတရားကို
အစဉ်မြွက်ဆိုပါလိမ့်မည်။ အကြောင်း မူကား၊ အကျွန်ုပ်၌ အပြစ်ပြုခြင်း အခွင့်ကို ရှာသောသူတို့သည် မျက်နှာပျက်၍
အရှက်ကွဲခြင်းသို့ ရောက်ကြပါ၏။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်
ဤဆာလံကျမ်းသည် ကူညီမစဖို့ရန် ဆုတောင်းချက်ဖြစ်သည်။

အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏
ကွယ်ကာဖို့အတွက် ထာဝရဘုရားထံသို့ သွားခြင်းကို
သူ၌ခိုလှုံခြင်းအဖြစ်ပြောထားသည်။

အခြားသောဘာသာပြန်ဆိုချက်။ ။ထာဝရဘုရား၊
ကွယ်ကာဖို့အတွက် ကိုယ်တော်ထံသို့ သွားပါ၏။

အရှက်ကွဲခြင်းနှင့် အစဉ်ကင်းလွတ်ပါစေသော
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်ရန်သူများသည်
အကျွန်ုပ်ကိုဘယ်တော့မှ အရှက်မကွဲစေကြပါနှင့်။ အခန်း ၂၅:၁
ရှိ 'အကျွန်ုပ်ကို အရှက်ကွဲစေတော်မမူပါနှင့်'
ဘာသာပြန်ပုံကိုကြည့်ရန်။

တရားတော်နှင့်အညီ အကျွန်ုပ်ကို နှုတ်ယူ၍ လွတ်တော်မူပါ
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁) ကိုယ်တော်သည်တရားသဖြင့်
အမြဲစီရင်သောကြောင့် ကျွန်ုပ်ကိုလုံခြုံစေပါ။ ၂) အကျွန်ုပ်သည်

 generated on Sun Jun 30 02:37:40 2024

ကိုယ်တော်လုပ်စေလိုသောအရာကို လုပ်ဆောင်သောကြောင့် ကျွန်ုပ်ကိုလုံခြုံစေပါ။

နားတော်ကို အကျွန်ုပ်ဘက်သို့ လှည့်၍

'နားတော်' ဆုတောင်းသောသူကိုကြားဖို့ ဘုရားသခင်၏စိတ်ဆန္ဒကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ကိုနားစွင့်တော်မူပါ။ အခန်း ၁၇: ၆ ရှိဤစကားဘာသာပြန်ပုံကိုကြည့်ရန်။

အကျွန်ုပ်အစဉ်ရောက်၍ နေရာကျသော ကျောက်ဖြစ်တော်မူပါ

ရန်သူများမတွေ့နိုင်သော ကျောက်ဆောင်ကမ်းပါးတွင်ပုန်း၍လုံခြုံသကဲ့သို့ ထာဝရဘုရားသည် သူ့ကိုလုံခြုံစေမည့်အကြောင်း ဆာလံဆရာ တောင်းဆိုသည်။

ကျောက်

တောင်ကုန်း၊ တောင်တန်းများကို ဆိုလိုသည်၊ လက်တွင်ဆုတ်ကိုင်နိုင်သော ကျောက်တုံးကို ဆိုလိုခြင်းမဟုတ်။

အမိန့်တော်ရှိ၍

ကိုယ်တော်သည် မိမိကောင်းကင်တမာန်များကို အမိန့်ပေးတော်မူပြီ။

အမိန့်တော်ရှိ၍

အကျွန်ုပ်ကိုလုံခြုံစေပါ။

အကျွန်ုပ်၏ ကျောက်၊ အကျွန်ုပ်၏ ရဲတိုက်ဖြစ်တော်မူ၏

တောင်ထိပ် သို့မဟုတ် ခံတပ်ကြီးတွင်ပုန်း၍လုံခြုံသကဲ့သို့ ထာဝရဘုရားသည် သူ့ကိုကွယ်ကာမည်ဟု ဆာလံဆရာ ယုံကြည်သည်။

## Psalms 004

ဆိုးသော သူ၏လက်မှငင်း၊ မတရားသောသူနှင့် ကြမ်းတမ်းသော သူ၏လက်မှငင်း

ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁) 'လက်' သည် 'တန်ခိုး' ကိုတင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ဆိုးသောသူတို့၏တန်ခိုးမှ၊ မတရားသောသူတို့၏လက်မှ၊ သို့မဟုတ် ၂) 'လက်' သည် လူကိုယ်တိုင်ကိုလည်းရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဆိုးသောလူများလက်မှ၊ မတရားသောလူများလက်မှ၊ သို့မဟုတ် ဆိုးသောလူများ၊ မတရားသောလူများသည် ကျွန်ုပ်ကို အန္တရာယ်မပြုနိုင်မည်အကြောင်း။

မတရားသောသူနှင့် ကြမ်းတမ်းသော သူ၏လက် မှငင်း

မတရားသောသူတို့၏လက်မှ ကျွန်ုပ်ကိုကယ်နှုတ်တော်မူပါ။

ဆိုးသော...မတရားသောသူ...ကြမ်းတမ်းသော

အခြားသောဘာသာပြန်ဆိုချက်။ ။ ဆိုးသောလူများ...မတရားသောလူများ...ကြမ်းကြုတ်သောလူများ။

ကိုယ်တော်သည် အကျွန်ုပ်မျှော်လင့်ရာဖြစ်တော်မူ၏

ဤနေရာတွင် 'မျှော်လင့်ခြင်း' သည် ဆာလံဆရာ မျှော်လင့်ခြင်းရှိရာ ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် ကျွန်ုပ်ကို မစမည်ဟု ကျွန်ုပ်ယုံကြည်မျှော်လင့်ရာဖြစ်ပါသည်။ (UDB)

## Psalms 006

အကျွန်ုပ်သည် ဘွားကတည်းကပင် ကိုယ်တော်ကို မှီဝဲပါပြီ

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည် သန္ဓေတည်ကတည်းကပင် ကိုယ်တော်၌ မှီဝဲပါပြီ၊ သို့မဟုတ် ကျွန်ုပ် အမိဝမ်းတွင်းမှ ဖွားစကတည်းကပင် ကိုယ်တော်သည် စောင့်ရှောက်တော်မူပြီ။

ကိုယ်တော်

ကိုယ်တော်သည် 'တစ်ပါးတည်းသောသူ' ဖြစ်တော်မူသည်။

အကျွန်ုပ်သည် များစွာသော သူတို့၌ အံ့ဘွယ်သော အရာ

များစွာသောလူတို့သည် အကျွန်ုပ်အသက်ရှင်နေထိုင်ပုံကိုကြည့်၍၊ အကျွန်ုပ်အသက်ရှင်နေထိုင်သကဲ့သို့ အသက်ရှင်နေထိုင်လိုကြသည်။

## Psalms 008

ဂုဏ်အသရေတော်နှင့် ယှဉ်သော ထောမနာစကားကို အကျွန်ုပ်သည် နေ့တိုင်း အစဉ်မြွက်ဆို ပါစေသော

ပါးစပ်သည် အစာဖြင့်ပြည့်နိုင်သည့်အလား နှုတ်ခမ်းသည်လည်း ထာဝရဘုရားကို ချီးမွမ်းသည့်စကားများဖြင့် ပြည့်သကဲ့သို့ ထာဝရဘုရားကို ချီးမွမ်း၊ ကိုးကွယ်လိုသည့် သူ့စိတ်ဆန္ဒကို ဆာလံဆရာကပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်နှုတ်သည် ကိုယ်တော်ကို ချီးမွမ်း၊ ကိုးကွယ်သည့်စကားများဖြင့် ပြည့်လိမ့်မည်၊ သို့မဟုတ် 'အကျွန်ုပ်သည် ကိုယ်တော်ကို အစဉ်အမြဲချီးမွမ်း၊ ကိုးကွယ်ပါမည်။

ထောမနာစကား

မည်မျှကြီးမြတ်သည်ကို မြွက်ဆိုသည့်စကားလုံးများ။

ဂုဏ်အသရေတော်

လူများသင့်ကိုရိုသေစေသည့် စကားလုံးများ။

နေ့တိုင်း အစဉ်

'တနေ့လုံး' သို့မဟုတ် အမြဲတမ်း။'

အကျွန်ုပ်ကို အိုသောအခါ ပယ်တော်မမူပါနှင့်။ အားလျော့သောအခါ စွန့်ပစ်တော်မမူပါနှင့်။

ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်တူ၍ လေးနက်စေမှုအတွက် အတူတကွသုံးခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

ပယ်တော်မမူပါနှင့်
'ကိုယ်တော်ထံမှ ကျွန်ုပ်ကို အတင်းမဖယ်ပါနှင့်။ ဘုရားသခင်မှ ငြင်းမည့်အဖြစ်ကို သူ့ကိုအတင်းထွက်သွားခိုင်းသည့်အလား ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်ုပ်ကိုငြင်းပယ်တော်မမူပါနှင့်။ အခန်း ၅၁း၁၀ ဘာသာပြန်ပုံကိုကြည့်ရန်။

စွန့်ပစ်တော်မမူပါနှင့်။
အကျွန်ုပ်ကို အစဉ်အမြဲစွ ွန့်ပစ်ထားတော်မမူပါနှင့်။

Psalms 010

အကျွန်ုပ်အသက်ကို စောင့်ကြည့်
'ကျွန်ုပ်ကိုသတ်ဖို့ အခွင့်စောင့်နေသော။

ပြောဆိုကြပါ၏
'သူတို့သည် ကျွန်ုပ်အကြောင်းကို ပြောကြပါသည်။

လိုက်၍ ဘမ်းကြကုန်အံ့
သူပြေးသောအခါလိုက်၍ သတ်လော့။

Psalms 012

အကျွန်ုပ်နှင့် ဝေးဝေးနေတော်မမူပါနှင့်
ကျွန်ုပ်အနီးတွင်နေတော်မူပါ။

အကျွန်ုပ်ကို မစခြင်းငှါ အလျင်အမြန် ပြုတော်မူပါ
ကျွန်ုပ်ကို အမြန်ဆုံး ကူညီမစတော်မူပါ။

အကျွန်ုပ်အသက်ကို ရန်ဘက်ပြုသော သူတို့သည် အရှက်ကွဲ၍ ဆုံးရှုံးခြင်းသို့ ရောက်ကြပါစေသော
အကျွန်ုပ် မုန်းတီးသောသူများသည် အရှက်ကွဲ၍ ပျက်စီးကြပါစေ။

အရှက်ကွဲ၍ ဆုံးရှုံးခြင်းသို့ ရောက်ကြပါစေသော
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ကို အရှက်ရစေ၍၊ ဖျက်ဆီးတော်မူပါ။

အကျွန်ုပ်အသက်ကို ရန်ဘက်ပြုသော သူတို့
အကျွန်ုပ်မှားသည် ဟုစွပ်စွဲသောသူများ။

အကျွန်ုပ်၌ အပြစ်ပြုခြင်းအခွင့်ကို ရှာသောသူတို့သည် ကဲ့ရဲ့ခြင်း၊ အသရေပျက်ခြင်းနှင့် မွန်းကြ ပါစေသော။
အကျွန်ုပ်နာကျင်စေဖို့အခွင့်ကို ရှာသောသူတို့သည် ကဲ့ရဲ့ခြင်း၊ အသရေပျက်ခြင်းများနှင့် ပြည့်ကြပါစေ။

ကဲ့ရဲ့ခြင်း၊ အသရေပျက်ခြင်းနှင့် မွန်းကြ ပါစေသော
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ကို ကဲ့ရဲ့ခြင်း၊ အသရေပျက်ခြင်းများနှင့် ပြည့်စေတော်မူပါ။

အခြားသောဘာသာပြန်ဆိုချက်။ ။လူတိုင်းသည် သူတို့ကို ကဲ့ရဲ့၍၊ အသရေဖျက်ကြသည်။

အကျွန်ုပ်၌ အပြစ်ပြုခြင်းအခွင့်ကို ရှာသောသူတို့
ကျွန်ုပ်ကို အန္တရာယ်ပြုဖို့ ရှာကြံနေသောသူများ။

Psalms 014

သာ၍
'အချိန်တိုင်း သာ၍၊ အရင်ကထက် သာ၍။

အကျွန်ုပ်သည် ... ညွှန်ကြား ပါမည်
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်ပြောပြမည်၊ သို့မဟုတ် 'ကျွန်တော်သည် နှုတ်ဖြင့်ပြောကြားမည်။

ဖြောင့်မတ်ခြင်းတရား
ကိုယ်တော်မည်မျှဖြောင့်မတ်တော်မူသည် သို့မဟုတ် 'ကိုယ်တော်ပြုတော်မူသော ကောင်းသောအမှုအလုံးစုံ။

ကယ်တင်တော်မူခြင်း
'ကိုယ်တော်သည် ကျွန်ုပ်ကို မည်သို့ ကယ်တင်သည်ကို၊ သို့မဟုတ် 'ကိုယ်တော်သည် လူများကို မည်သို့ ကယ်တင်သည်ကို။

အရှင်ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်များ
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁) ထာဝရဘုရားသခင်ပြုတော်မူသော အံ့သြဘွယ်အမှုတို့ကို သူတို့အား ကျွန်ုပ်ပြောပြမည်၊ သို့မဟုတ် ၂) ထာဝရဘုရားသခင်သည် ကျွန်ုပ်အား အံ့သြဘွယ်အမှုတို့ကို ပြုလုပ်နိုင်သော တန်ခိုးများ ပေးတော်မူသောကြောင့်။

ပြသပါမည်။
...အကြောင်း ပြောမည်။

Psalms 017

သွန်သင်တော်မူပါပြီ
'များစွာသောအရာများကို ကျွန်အား သွန်သင်တော်မူပါ။

အိုဘုရားသခင်...အကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်။
ဘုရားသခင်၊ ကျေးဇူးပြု၍ ကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်။

အောင် အံ့ဘွယ်သော အမှုတော်တို့ကို အကျွန်ုပ်ပြပါပြီ
'အကျွန်ုပ်သည် ကိုယ်တော်မည်မျှ တန်ခိုးကြီးသည်ကို ပြောပြသည်။

ယခုလူများတို့အား
ယနေ့အသက်ငယ်သေးသောသူများ။

နောက်ဖြစ်လတံ့သော သူအပေါင်းတို့အား တန်ခိုးတော်ကိုရင်း
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်သည် နောင်လာမည့်မျိုးဆက်များအား ကိုယ်တော်၏တန်ခိုးကို ပြေပြသောကြောင့်။


generated on Sun Jun 30 02:37:40 2024

နောက်ဖြစ်လတ္တံ့သော သူအပေါင်းတို့
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်တတ်နိုင်သမျှ ပြောပြနိုင်သောလူများတို့သည် သိနိုင်ရန်အလို့ငှါ။

Psalms 019

အိုဘုရားသခင်၊ ဖြောင့်မတ်တော်မူခြင်းတရားသည် အလွန်မြင့်ရာသို့ မှီသည်ဖြစ်၍
ဘုရားသခင်ပြုတော်မူသောကောင်းသောအရာအားလုံးတို့ကို တောင်၊ အဆောက်အအုံကဲ့သို့ ထားသကဲ့သို့ ဆာလံဆရာပြောဆိုသည်။

ကိုယ်တော်နှင့်အဘယ်သူတူပါသနည်း
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကဲ့သို့သောသူမရှိ။

ကြမ်းတမ်းသော ဘေးများ
ဆိုးရွားသော ဒုက္ခများ။

တဖန် အသက်ကို ချမ်းသာပေး၍
အားကောင်းစေပါ၊ သို့မဟုတ် တဖန်အသက်ပြန်ဝင်စေပါ။

မြေကြီးနက်နဲရာထဲက
'မြေကြီးနက်နဲရာ' သည် သေပြီးနောက်လူများသွားသောနေရာကို တင်စားသည့်စကားလုံးဖြစ်သည်။ ဆာလံဆရာသည် မသေသေးသော်လည်း သေပြီးသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့သည် သေခါနီးဖြစ်သောအခါ။

Psalms 021

စည်းစိမ်တိုးပွားစေ၍၊ … သက်သာစေတော်မူမည်
'ငါသည်သင့်ကိုတိုးပွားစေလိုသည်…တဖန် သက်သာစေလိုသည်။ 'သင်သည်တိုးပွားလိမ့်မည်…သင်သည်တဖန်သက်သာလိမ့်မည်' ဟုအချို့ဘာသာပြန်မှုများတွင် တွေ့ရသည်။ (ရှု UDB)

တဖန် သက်သာစေတော်မူမည်
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်ကို တဖန်သက်သာစေပါ။

အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်နှင့် သစ္စာတော်ကို
ကိုယ်တော်ကို ကျွန်ုပ်ကိုးစား၊ ယုံကြည်သောကြောင့်။

ဣသရေလအမျိုး၏ သန့်ရှင်းတော်မူသော ဘုရား၊ ရှေ့တော်၌ စောင်းတီး၍ သီချင်းဆိုပါမည်
ဣသရေလအမျိုး၏သန့်ရှင်းတော်မူသောသူ၊ ကိုယ်တော်ကို စောင်းတီး၍ ချီးမွမ်းသီချင်းသီဆိုပါမည်။

Psalms 023

ရှင်လန်းသော နှုတ်ရှိပါလိမ့်မည်
နှုတ်သည် လူပုဂ္ဂိုလ်တစ်ခုလုံးကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည် ဝမ်းမြောက်၍ ကြွေးကြော်ပါမည်။

ရွေးတော်မူသော အကျွန်ုပ်၏ ဝိညာဉ်
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ရွေးနှုတ်တော်မူသော ကျွန်ုပ်ဝိညာဉ်သည် ချီးမွမ်းသီချင်းသီဆိုပါမည်။

အကျွန်ုပ်၏ ဝိညာဉ်
'ဝိညာဉ်' သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ရည်ညွှန်းသည်။

အကျွန်ုပ်၏လျှာသည်လည်း…မြွက်ဆိုပါလိမ့်မည်
'လျှာ' သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည်လည်း စကားပြောလိမ့်မည်။

အကျွန်ုပ်၌ အပြစ်ပြုခြင်း အခွင့်ကို ရှာသောသူတို့သည် မျက်နှာပျက်၍ အရှက်ကွဲခြင်းသို့ ရောက်ကြပါ၏
အကျွန်ုပ်ကိုနာကျင်စေခြင်းငှါ အခွင့်ကို ရှာသောသူတို့သည် အရှက်ကွဲခြင်းသို့ရောက်၍ ရှုပ်ထွေးကြပါ၏။

မျက်နှာပျက်၍ အရှက်ကွဲခြင်းသို့ ရောက်ကြပါ၏
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သူတို့ကို အရှက်ကွဲစေ၍ သူတို့သည်ရှုပ်ထွေးလျက်ရှိကြပါ၏။

အကျွန်ုပ်၌ အပြစ်ပြုခြင်း အခွင့်ကို ရှာသောသူတို့
စာရေးသူ၏ ရန်သူများကို ဆိုလိုသည်။ (၇၁:၈)။ အခန်း ၇၁:၁၂ ရှိ ဤစကားလုံး ဘာသာပြန်ပုံကိုကြည့်ရန်။


generated on Sun Jun 30 02:37:40 2024

# Chapter 72

1 အိုဘုရားသခင်၊ ကိုယ်တော်၏ တရားဆုံးဖြတ်ခြင်းနှင့် ဖြောင့်မတ်စွာ စီရင်ခြင်း အခွင့်ကို မင်းသား ဖြစ်သော ရှင်ဘုရင်အား
ပေးသနားတော်မူပါ။ 2 ထိုမင်းသည် ကိုယ်တော်၏ လူတို့ကို ဖြောင့်မတ်စွာ စီရင်၍၊ ကိုယ်တော်၏ဆင်းရဲသားတို့ကို တရားပေး
ပါလိမ့်မည်။ 3 တောင်ကြီးတောင်ငယ်တို့သည် တရားတော်အားဖြင့်၊ ကိုယ်တော်၏ လူတို့အား ချမ်းသာပေးကြ ပါလိမ့်မည်။ 4
ထိုမင်းသည် ကိုယ်တော်၏ လူတို့တွင် ဆင်းရဲ သားတို့ကို တရားစီရင်လျက်၊ ငတ်မွတ်သောသူတို့၏ သား သမီးများကို ကယ်မ၍၊
ညှဥ်းဆဲသောသူကိုလည်း နှိပ်စက် ပါလိမ့်မည်။ 5 နေနှင့်လတည်သမျှသော ကာလပတ်လုံး၊ လူ အစဉ်အဆက်အပေါင်းတို့သည်
ဤစကားစုနှစ်ခုတို့သည် မြက်သည်မည်သို့ ပွင့်လန်းသည်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကြီးပွားပြီးတိုးပွားများပြားလာသည်"

ညဦးအချိန်၌ကား၊ ရိတ်၍ညှိုးနွမ်းပါ၏။
ဤစကားစုနှစ်ခုတို့သည် မြက်ပင်တို့သည် မည်သို့ ညှိုးနွမ်းတတ်ကြောင့်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မြက်ပင်သည် သွေ့ခြောက်ပြီး ညှိုးနွမ်းတတ်ပါသည်"

Psalms 007

အမျက်တော်ထွက်သောအားဖြင့် အကျွန်ုပ်တို့ သည် ပျက်စီးခြင်းသို့ ရောက်ကြပါ၏။
ဘုရားသခင်သည် အမျက်ထွက်သောကြောင့် လူများအား ဖျက်ဆီးခြင်းကို ဘုရားသခင်၏ အမျက်တော်သည် လူတို့အား လောင်ကျွမ်းစေကြောင့်ကို ပြောဆိုထားပါသည်။ ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ငါတို့ကို ဖျက်ဆီးတော်မူ၏" .

စိတ်တော်မပြေသော ကြောင့်၊
"ကိုယ်တော်သည် အမျက်ထွက်သောအခါ ငါတို့သည် အလွန်ကြောက်ရွံ့ကြသည်"

အကျွန်ုပ်တို့၏ ဒုစရိုက်များကို ရှေ့တော်၌၎င်း၊ ဝှက်ထားသော အကျင့်များကို မျက်နှာတော်အလင်း ထဲ၌၎င်း၊ လုန်ထားတော်မူ၏။
ဘုရားသခင်သည် လူများ၏အပြစ်များအပေါ် ယူဆခြင်းကို အပြစ်သည် ဆန့်ကျင်ပြီး သူတို့သည် သူ့ရှေ့တွင် နေရာယူထားသကဲ့သို့ဖြစ်ကြောင့်ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်ငါတို့ လုပ်ဆောင်သမျှကို မြင်တော်မူပြီး လျှို့ဝှက်စွာ လုပ်ဆောင်သောအမှုများကိုပင် သိမြင်ထားသည်"

Psalms 009

အကျွန်ုပ်တို့သည် အမျက်တော်ကို ခံရသော ကြောင့်၊ နေ့ရက်ကာလရွေ့သွား၍၊
"သောကြောင့်" ဟူသောစကားလုံးသည် ဘုရားသခင်၏ အမျက်တော်သည် အဆုံးတိုင်အောင် လူသားများကို ရှင်းလင်းစေကြောင့်ကို အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်၏ အမျက်ကြောင့် ငါတို့၏ အသက်များသည် အဆုံးတိုင်စေပါသည်"

စိတ်ထင်ကဲ့သို့
စာရေးသူက လူ့ဘဝသည် စိတ်အထင်ကဲ့သို့ တိုတောင်းလှကြောင့်ကို အထူးပြုထားပါသည်။

ခုနစ် ဆယ်
"၇၀"


generated on Sun Jun 30 02:37:40 2024

အနှစ်ရှစ်ဆယ်
"၈၀"

ဝါကြွားခြင်းသည် ပင်ပန်းခြင်းနှင့် ဝမ်းနည်းခြင်း ဖြစ်ပါ၏။
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါတို့၏ နေ့ရက်၌ပင် ဒုက္ခနှင့် ဝမ်းနည်းခြင်းများ ကြုံတွေ့စေသည်"

မြန်မြန်လွန် ၍၊
ဤအရာသည် လူများသေဆုံးခြင်းကို ယဉ်ကျေးသောနည်းဖြင့် ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "သေဆုံးကြသည်"

## Psalms 011

အမျက်တော်အရှိန်ကို မည်သူသိသနည်း၊ သင်၏အမျက်တော်သည် သင့်ကိုကြောက်ရွံ့ခြင်းနှင့်တူညီသည်
မည်သူမျှဘုရားသခင်၏အမျက်တော်ကိုမတွေ့ကြုံဖူးကြသည်ကို စာရေးသူကအလေးနက်ပေးရန် မေးခွန်းကိုသုံးခြင်းဖြစ်သည်။ ထို့ကြောင့် လူတို့ကအပြစ်ရှိသည့်အခါ ဘုရားသခင်၏အမျက်တော်ကို မည်သူကမျှ မရပ်တန့်စေနိုင်ပါ။ အခြားသောဘာသာပြန်ဆိုချက် ၊"မည်သူမျှ သင့်အမျက်၏အရှိန်ကိုမသိ၊ ထို့ကြောင့် သူတို့အပြစ်ရှိသည့်အခါ မည်သူမျှသင့်အမျက်ကိုမကြောက်"

ထာဝရဘုရား ပြန်လှည့်ပါ၊ မည်မျှလောက်ကြာအုံးမည်နည်း
ထာဝရဘုရားအမျက်မထွက်တော့ရန်ကို သူ့အမျက်တော်မှ ခန္ဓာကိုယ်ပိုင်းနှင့်ပြန်လှည့်စေချင်သည်ဖြင့် ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရ ဘုရား ကျေးဇူးပြု၍ အမျက်မထွက်နဲ့တော့"

မည်မျှကြာမည်နည်း
စာရေးသူက
ဘုရားသခင်ကိုအမျက်ထွက်ခြင်းမှရပ်တန့်စေချင်သည့်အတွက် မေးခွန်းကိုသုံးခြင်းဖြစ်သည်။

သင့်ကျွန်တို့ကို ကြင်နာသနားပါ
"သင့်ကျွန်တို့" သည် ဣသရေလလူတို့ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကျွန်ငါတို့ကို သနားပါ"

## Psalms 014

နံနက်အချိန်၌ ငါတို့ကိုရောင့်ရဲစေပါ
"ငါတို့ကို နံနက်တိုင်းရောင့်ရဲစေပါ"

သင်၏သစ္စာရှိသောပဋိညာဉ်နှင့်အတူ
"သစ္စာရှိခြင်း" ကို နာမဝိသေသနဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အားသင်၏ ပဋိညာဉ်နှင့်အတူသစ္စာရှိခြင်းဖြင့်"

ငါတို့ကို သင်ကညှဉ်းဆဲတော်မူသောနေ့ရက်နှင့် ဒုက္ခခံရသောနှစ်များတိုင်
ဤစကားစုနှစ်ခုလုံး၏ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ စာရေးသူက သူတို့ကိုညှဉ်းဆဲသည့်အချိန်ကာလနှင့်အမျှ ဝမ်းမြောက်စေရန်တောင်းလျှောက်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို သင်ညှဉ်းဆဲပြီး ဒုက္ခခံစေသည့်အချိန်ကာလအတိုင်း"

သင့်ကျွန်များဖြစ်ပါရစေ
"သင့်ကျွန်များ' သည် ဣသရေလလူများကို ဤနေရာ၌ ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် သင့်ကျွန်များဖြစ်ပါရစေ" သို့မဟုတ် "ငါတို့,ပါရစေ"

ငါတို့ကလေးများဖြစ်ပါရစေ
"ကလေးများ" သည် ကလေးများနှင့် မျိုးဆက်များကို ဆိုလိုသည်။

သင့်ဘုန်းတော်ကိုကြည့်ပါ
"ဘုန်းတော်" ဟူသည့် စိတ္တဇနာမ်ကို "ကြီးမားသည့်အရာများ" ဟုပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆို ချက်၊ "သင်လုပ်သည့်ကြီးမားသည့်အရာများကို ကြည့်ပါ"

## Psalms 017

ငါတို့သခင်ဘုရား၏ကျေးဇူးသည် ငါတို့၌စ္စာဖြစ်ပါစေ
"ကျေးဇူး" ကို "ကြင်နာသော" ဖြင့်အစားထိုးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သခင်ဘုရားသည် ငါတို့ကိုသနားကြင်နာပါစေ"

ငါတို့အလုပ်ကို မြဲမြံစေပါ
"လက်များ" သည် လူတစ်ခုလုံးကိုကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အောင်မြင်သူအဖြစ် ငါတို့ကိုဖြစ်စေပါ"


generated on Sun Jun 30 02:37:40 2024

## Chapter 91

1 အမြင့်ဆုံးသော ဘုရား၏ကွယ်ကာရာဌာန တော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။ 2 ထာဝရဘုရားသည်
ငါခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါကိုးစားသော ဘုရားသခင်ဖြစ်တော်မူသည်ဟု ငါပြော ဆို၏။ 3 အကယ်စင်စစ် မုဆိုး၏ ကျော့ကွင်းနှင့်၎င်း၊
သေတတ်သောအနာနှင့်၎င်း၊ သင့်ကို ကင်းလွတ်စေတော်မူမည်။ 4 အတောင်တော် အမွေးနှင့်ဖုံးအုပ်တော်မူ၍၊ အတောင်တော်အောက်၌
သင်သည်လုံခြုံစွာ နေရလိမ့်မည်။ သစ္စာတော်သည် သင်၏ ဒိုင်းလွှားဖြစ်လိမ့် မည်။ 5 ညဥ့်အခါဖြစ်တတ်သော ဘေးကို၎င်း၊
နေ့အချိန်၌ ပစ်သောမြှားကို၎င်း၊ 6 မှောင်မိုက်ထဲမှာ လည်တတ်သော ကာလနာကို၎င်း၊ မွန်းတည့်အချိန်၌ ဖျက်ဆီးတတ်သော
ဥပဒ်ကို၎င်း၊ သင်သည်မကြောက်ရ။ 7 သင်၏ အနားမှာလူတထောင်၊ သင်၏လက်ျာ ဘက်မှာ လူတသောင်းလဲသော်လည်း၊ သင့်ကို
မထိ မခိုက်ရ။ 8 သင်သည် ကိုယ်မျက်စိနှင့် ကြည့်၍၊ မတရား သော သူတို့၌ ရောက်ရသော အပြစ်ကိုမြင်ရုံမျှသာရှိ လိမ့်မည်။ 9
ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍၊ အမြင့်ဆုံးသော ဘုရား၌ နေရာကျသော ကြောင့်၊ 10 သင်၌
မကောင်းသော အနိဋ္ဌရုပ်မကပ် မရောက်။ သင့်နေရာသို့ ဘေးဥပဒ်မချဉ်းရ။ 11 သွားလေရာရာ၌ သင့်ကိုစောင့်ရှောက် စေခြင်း ငှါ၊
ကောင်းကင်တမန်တို့အား သင့်အဘို့မှာ ထားတော် မူသည်ဖြစ်၍၊ 12 သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်း ငှါ၊ သူတို့သည်
သင့်ကို လက်နှင့်မစချီပင့်ကြလိမ့်မည်။ 13 သင်သည် ခြင်္သေ့နှင့်မြွေဆိုးအပေါ်မှာ ကျော် သွား၍၊ ခြင်္သေ့ပျိုနှင့်နဂါးတို့ကို
ခြေဖြင့်နင်းလိမ့်မည်။ 14 သူသည် ငါ့ကို ချစ်သောကြောင့်၊ သူ့ကို ငါကယ် နှုတ်မည်။ ငါ၏နာမကို သိသောကြောင့်၊ သူ့ကို ငါချီး
မြှောက်မည်။ 15 သူသည် ငါ့ကိုခေါ်သောအခါ ငါထူးမည်။ ဒုက္ခ ခံရသောအခါ သူ့ဘက်မှာ ငါနေ၍ ချမ်းသာပေးမည်။
သူ၏ဘုန်းကိုလည်း ထင်ရှားစေမည်။ 16 ရှည်သောအသက်နှင့် သူ့ကိုရောင့်ရဲစေ၍၊ ငါ၏ ကယ်တင်ခြင်းကျေးဇူးကို သူ့အားပြမည်။

---

### Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြမှုသည် ဟေဗြဲကဗျာ၌အသုံးများဆုံးဖြစ် သည်။

နေသူ...နေမည်...တန်ခိုးရှင်
"နေသည်" နှင့် "နေထိုင်သည်" သည် တူညီနီးပါးဖြစ် သည်။ "ခိုလှုံရာ" နှင့် "အရိပ်" တို့သည်လည်း တူညီနီးပါးဖြစ်သည်။ ကာကွယ်မှုအတွက်နှစ်ခုစလုံးကို သုံးထားခြင်း ဖြစ်သည်။ တစ်ခုတည်းကိုသုံးနိုင်သည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "အမြင့်ဆုံးသော တန်ခိုးရှင်က သူကာကွယ်နိုင်သည့်နေရာ၌နေသူများကိုကာကွယ်မည်>"

အမြင့်ဆုံး၏ခိုလှုံရာ၌အရိပ်၌နေသူ
"ခိုလှုံရာ" သည် ကာကွယ်မှုကိုတင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမြင့်ဆုံးသောသူ၏ ကာကွယ်မှုကိုခံသည့်နေရာ"

အမြင့်ဆုံးသော
"အမြင့်ဆုံးသော" သည် ထာဝရဘုရားကိုဆိုလိုသည်။ 18:13. ၌မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

တန်ခိုးရှင်၏အရိပ်အောက်မှာနေမည်။
"အရိပ်" သည် ကာကွယ်မှုကိုတင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တန်ခိုးရှင်ကငါ့ကိုကာကွယ်နိုင်သည့်နေရာတွင်နေမည်"

ဘုန်းကြီးသောသူ
အရာရာတိုင်းအပေါ်မှာ တန်ခိုးနှင့်ထိန်းချုပ်နိုင်မှုရှိသူဖြစ် သည်။ 68:14 ၌မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ထာဝရဘုရားကို ငါပြောမည်။
"ထာဝရဘုရားအကြောင်းကို ငါပြောမည်"

ငါ့ခိုလှုံရာ ငါ့ရဲတိုက်
"ခိုလှုံရာ" သည် လူတစ်ယောက်ယောက်သွားပြီး ခိုလှုံနိုင်သည့်နေရာတစ်ခုဖြစ်သည်။ "ရဲတိုက်" သည် လူတို့ကသူတို့အတွက် ကာကွယ်မှုပြုနိုင်ရန်ပြုလုပ်ထားသည့်အရာ ဖြစ်သည်။ ဤနေရာ၌ ကာကွယ်မှုအတွက်တင်စားချက် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသွားပြီး ငါ့အတွက်ကာကွယ်ရာနေရာ"

### Psalms 003

မုဆိုး၏ကျော့ကွင်း၌၎င်း၊ သေတတ်သောအနာနှင့်၎င်း သူကသင့်ကိုကယ်တင်မည်။
ချန်ထားသည့်စကားလုံးကို ပြန်ထည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုဆိုး၏ကျော့ကွင်း၌သင့်ကို ဘုရားသခင်ကယ်တင်မည်၊ သင့်ကိုသေစေနိုင်သည့်အနာမှလည်း သူကသင့်ကိုကယ်တင်မည်"

မုဆိုးတို့၏ကျော့ကွင်း
"သင့်ကိုဖမ်းရန် မုဆိုးတို့ထောင်ထားသည့်ကျော့ကွင်း"

သူ့အတောင်ပံများဖြင့် သင့်ကိုဖုံးအုပ်ပြီး၊ သူ့အတောင်များအောက်၌ သင်ခိုလှုံမည်။
ဘုရားသခင်၏ကာကွယ်မှုကို အန္တရာယ်များကိုကာကွယ်ရန်ငှက်ကသူ့အတောင်များအသုံးပြုသည့်အတိုင်း "အတောင်ပံများ" ဖြင့် သုံးနှုန်းထားသည်။ "သူ့အတောင်ပံများဖြင့်ဖုံးအုပ်သည်" နှင့်


generated on Sun Jun 30 02:37:40 2024

"သူ့အတောင်ပံများအောက်၌" တို့သည်
အစိပ္ပါယ်အတူတူဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူက သင့်ကို လုံခြုံစွာကာကွယ်မည်"

သူ၏သစ္စာတော်သည် ဒိုင်းလွှားနှင့်ကာကွယ်မှု
ဘုရားသခင်၏သစ္စာတော်ကို ဤနေရာ၌
သူ၌ခိုလှုံလာသူများကိုကာကွယ်သည့် "ဒိုင်း" သဖွယ်ဖြင့်
သုံးနှုန်းထား သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင့်ကိုကာကွယ်မည်ဖြစ်ကြောင်း သင်ကိုးစားနိုင်သည်"

ကာကွယ်မှု
မည်သည့်အရာဆိုလိုသည်ကို မည်သူမျှတိတိကျကျ မသိရပါ။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များမှာ (၁) စစ်သားများမှ သူတို့ကိုသူတို့
လေးမြှားနှင့်ဓားတို့ရန်မှကာကွယ်ရန် လက်မောင်း၌တပ်ထားသည့်
ဒိုင်းငယ်" သို့မဟုတ် (၂) "စစ်သားများက ပုန်းခိုပြီး
လေးမြှားပစ်နိုင်သည့် ကျောက်တုံးနံရံများဖြင့်
လုံးဝန်းအောင်ဆောက်ထားသည့်အရာ"

Psalms 005

ညအချိန်၌ကြောက်စရာ
ဆာလံဆရာက "ကြောက်စရာ" ကို
ကြမ်းကြုတ်သည့်တိရိစ္ဆာန်သို့မဟုတ်
ဝိညာဉ်ဆိုးကတိုက်ခိုက်သည့်အတွက်
လူတို့ကြောက်ရွံ့ကြသည်ကိုပြောလိုခြင်းဖြစ်သည်။ အခြား
သောဘာသာပြန်ဆိုချက်၊ "ညအချိန်၌သင့်ကိုတိုက်
ခိုက်သည့်အရာများ"

ညအချိန်၌...နေ့အချိန်အားဖြင့်
ဤစကားစုနှစ်ခုစလုံးက နေ့နှင့်ညကိုဆိုလိုသည်။

နေ့အချိန်၌ ပျံသန်းသည့် မြှား
"မြှား" သည် လူကပစ်ထားသည့်အရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နေ့အချိန်၌လူတို့က
သင့်ကိုမြှားဖြင့် ပစ်ကြမည်"

လှည့်လည်သည့်အနာ
တခြားလူများကို ညအချိန်၌သေစေတတ်သည့်အရာဟု
ဆာလံဆရာကပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"မည်သည့်သေခြင်းမျိုးကိုမဆိုသင်မကြောက်ရ"

လှည့်လည်သည်
သင်သွားသည့်နေရာတိုင်းသို့ အချိန်တိုင်း၌ လိုက်လာသည်။

မှောင်မိုက်၌...မွန်းတည့်၌
ဤစကားစုနှစ်ခုစလုံးက နေ့နှင့်ညကိုဆိုလိုသည်။

ကာလနာ
တစ်ချိန်တည်း၌လူအများအပြားကို ဖျားနာစေသည့်အရာ

သင့်ဘေးမှာလူတစ်ထောင်၊ သင့်လက်ျာဘက်၌ လူတစ်သောင်း လဲသော်လည်း
"သင့်ပတ်ဝန်းကျင်၌ လူအများအပြားလဲကျသော်လည်း"
ကိန်းဂဏာန်းအတိအကျဖြင့်ဘာသာပြန်ပါက
စာဖတ်သူများအတွက် ရှုပ်ထွေးစရာဖြစ်နိုင်သည့်အတွက်
ဂဏန်းအချက်ကို ချန်ထားနိုင်သည်။

သင့်ကိုမထိခိုက်ရ
"ထိုအရာကသင့်ကို မနာကြင်စေရ"

Psalms 008

သင်က ကြည့်၍ မြင်မည်။
"သင်ကိုယ်တိုင်မခံစားဘဲ ဂရုတစိုက်သင်ကြည့်ပြီး သင်မြင်မည်"

မတရားသောသူတို့ကို ပြစ်ဒဏ်ပေးခြင်း
"မတရားသောသူတို့ကို ဘုရားသခင်မည်သို့ပြစ်ဒဏ်ပေးသည်"

ထာဝရဘုရားသည်ငါ၏ခိုလှုံရာ
"ထာဝရဘုရားသည် ကာကွယ်မှုကိုငါလိုချင်သည့်အခါ
ငါ့ကိုကာကွယ်သူဖြစ်သည်"

အမြင့်ဆုံးသောသူကို သင့်ခိုလှုံရာဖြစ်စေသည်။
"အမြင့်ဆုံးသောသူကိုသင့်ခိုလှုံရာအဖြစ် သင်လုပ်သင့်သည်"
ဆာလံဆရာက ဘုရားသခင်နှင့်စကားမပြောတော့ဘဲ
စာဖတ်သူတို့ကိုပြောနေသည်။

Psalms 010

မည်သည့်အနာတရမျှ သင့်ကိုမထိခိုက်
"သင့်ထံသို့မည်သည့်အရာမျှမဖြစ်ပျက်"

သင့်အိမ်နားသို့မည်သည့်ဘေးမှမရောက်လာ
ဆာလံဆရာက
သူတို့ကဖြစ်စေသည့်အနာတရဟုသုံးနှုန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်မိသားစုကို
မည်သူမျှအနာတရမဖြစ်စေရ"

သူကလမ်းပြမည်။
"ထာဝရဘုရားက မိန့်တော်မူမည်"

သင်လမ်းအားလုံး
ဆာလံဆရာက လူတစ်ယောက်အသက်ရှင်ပုံကို
သူလျှောက်လှမ်းသည့်လမ်းဟု သုံးနှုန်းခြင်းဖြစ်သည်။ အခြား
သောဘာသာပြန်ဆိုချက်၊ "သင်လုပ်သည့်အရာရာတိုင်း"
သို့မဟုတ် "အချိန်တိုင်း"

Psalms 012

သင့်ကိုသူတို့က မတင်ကြမည်။
"ထာဝရဘုရား၏ကောင်းကင်တမန်တို့က သင့်ကိုမတင်ကြမည်"

သင့်ခြေကိုကျောက်ခဲနှင့်မထိမခိုက်
ကောင်းကင်တမန်တို့က စာဖတ်သူတို့၏ ခြေသာမကဘဲ တစ်ကိုယ်လုံးကို ကာကွယ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ခြေထောက်ကို ကျောက်တုံးဖြင့် ခိုက်မိမည်မဟုတ်" သို့မဟုတ် "သင့်ထံသို့မည်သည့်ဆိုးကျိုးမျှမဖြစ်လာရ"

မြွေဆိုးနှင့်ခြင်္သေ့တို့နှင့် ခြင်္သေ့ပျိုနှင့်နဂါးတို့ကို သင့်ခြေဖြင့်နင်းမည်။
"သင့်ခြေကိုကျောက်ခဲဖြင့်ရိုက်သည်" သည် အဓိကပြဿနာမဟုတ်ပေ။ ခြင်္သေ့နှင့်နဂါးတို့သည် အန္တရာယ်ရှိသည့် ဥပမာများဖြစ်သည်။ ဆာလံဆရာက ခြင်္သေ့နှင့်နဂါးတို့သည် ခြေဖြင့်နင်းရန် သေးငယ်သို့အရာမျှသာဖြစ်ကြသည်ဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန် ဆိုချက်၊ "သင်သည် ခြင်္သေ့နှင့်နဂါးတို့ကို သင့်ခြေဖြင့်နင်းရန် သေးငယ်သည့်အရာများသာဖြစ်သည်"

မြွေဆိုးများ
အဆိပ်ပြင်းသည့်မြွေအမျိုးအစား

ခြေဖြင့်နင်းသည်။
ပြင်းထန်စွာခြေဖြင့်နင်းသည်။

Psalms 014

သူသည်ငါ့ကိုကိုးစားသောကြောင့်
"သူသည်ငါ့ကိုချစ်သောကြောင့်"

ဒုက္ခအချိန်၌ သူနှင့်အတူငါရှိမည်။
ဤအချက်ကိုဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူဒုက္ခရောက်စဉ်သူနှင့်အတူ ငါနေမည်"

သူ့ကိုအောင်မြင်ခြင်းပေးမည်။
"သူ့ရန်သူများကိုနိုင်စေမည်"

ရှည်သောအသက်နှင့်သူ့ကိုရောင့်ရဲစေမည်။
ဆာလံဆရာက အသက်ကို တစ်ဦးဦးကစားနိုင်သည့်ဟန်ဖြင့် ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ့ကိုအသက်ရှည်ခွင့်ပေးမည်၊ပျော်ရွှင်သောအသက်နှင့်ရှင်စေမည်။"

ငါ့ကယ်တင်ခြင်းကို သူ့အားပြသည်။
"ငါ့ကယ်တင်ခြင်းကိုသူ့အားငါပြမည်" ဆာလံဆရာက ဘုရားသခင်ကလူတို့ကိုကယ်တင်မည်ကို ခန္ဓာပိုင်းအရကယ်တင်မည့်ပုံဖြင့်ပြောသည်။ အခြားသောဘာသာပြန် ဆိုချက်၊ "ငါသည်သူ့ကိုကယ်တင်ကြောင်းကိုသူကသိရှိရန် သူ့ကိုငါကယ်တင်မည်"

## Chapter 92

1 ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း၍၊ 2 အမြင့်ဆုံးသောဘုရား၏ နာမတော်ကို ထောမနာသီချင်းဆိုခြင်းငှါ၎င်း၊ 3
စောင်းနှင့်တကွ ကြိုးဆယ်ပင်ရှိသော တူရိယာ၊ တယော၊ မိကျောင်းတို့ကို တီးခတ်၍၊ ကရုဏာတော်နှင့် သစ္စာတော်ကို နံနက်အချိန်၊
ညအချိန်အစဉ်အတိုင်း ပြခြင်းငှါ၎င်း လျောက်ပတ်ပေ၏။ 4 အို ထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကို
ဝမ်းမြောက်စေတော်မူသည်ဖြစ်၍၊ လက် တော်နှင့် ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာ သီချင်းဆိုပါမည်။ 5 အို ထာဝရဘုရား၊
စီရင်တော်မူသော အမှုတို့ သည် ကြီးမား၍၊ အကြံအစည်တော်လည်း အလွန် နက်လှပါ၏။ 6 တိရစ္ဆာန် သဘောရှိသော သူမသိ၊
မိုက်သောသူ နားမလည်သော အမှုအရာဟူမူကား၊ 7 မတရားသော သူတို့သည် မြက်ပင်ကဲ့သို့ ပေါက် ၍၊ အဓမ္မအမှုကို ပြုသော
သူတို့သည် ပွင့်လန်းကြသော အခါ၊ ထာဝရပျက်စီးခြင်းသို့ ရောက်ရသော အကြောင်း ပေတည်း။ 8 ကိုယ်တော်မူကား၊ အစဉ်အမြဲ
ကြီးမြင့်တော်မူ သော ထာဝရဘုရား ဖြစ်တော်မူ၏။ 9 အိုထာဝရဘုရား၊ ကိုယ်တော်၏ ရန်သူတို့သည် ပျက်စီးခြင်းသို့ ရောက်၍၊
အဓမ္မအမှုကိုပြုသောသူ အပေါင်းတို့သည် အရပ်ရပ်ကွဲပြားကြလိမ့်မည်။ 10 အကျွန်ုပ်၏ ချိုကိုကား၊ ကြံ့ချိုကဲ့သို့ ချီးမြှောက်၍၊
အကျွန်ုပ်ကို အသစ်သောဆီနှင့် လိမ်းတော်မူလိမ့်မည်။ 11 အကျွန်ုပ်၏ ရန်သူတို့ကို အကျွန်ုပ်မျက်စိ မြင်လျက်၊ ရန်ဘက်ပြုသော
လူဆိုးတို့အကြောင်းကို နားကြားလျက်၊ အကျွန်ုပ်သည် အားရပါလိမ့်မည်။ 12 ဖြောင့်မတ်သောသူသည် စွန်ပလွံပင်ကဲ့သို့ ပွင့်လန်း၍
လေဗနုန်တောင်ပေါ်မှာ အာရဇ်ပင်ကဲ့သို့ ကြီးပွားလိမ့်မည်။ 13 ထာဝရဘုရား၏ အိမ်တော်၌ စိုက်ပျိုးသော သူတို့သည်
ငါတို့ဘုရားသခင်၏ တန်တိုင်းတော်တွင် ပွင့်လန်းကြလိမ့်မည်။ 14 အသက်ကြီးသောကာလတွင်ပင်၊ အသီးကိုသီး၍
ကြွယ်ဝစိမ်းလန်းကြလိမ့်မည်။ 15 ထိုသို့သောအားဖြင့် ငါ၏ကျောက်၊ ထာဝရ ဘုရားသည် ဖြောင့်မတ်တော်မူ၍၊ မတရားသော အမှုနှင့်
ကင်းလွတ်တော်မူသည်ဟု ထင်ရှားလိမ့်သတည်း။ ဥပုသ်နေ့အဘို့ဆာလံသီချင်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
ယုဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

သင့်နာမကိုချီးမွမ်းရန်သီချင်းဆိုသည်။
"သင့်နာမ" သည် "သင်" အတွက်ရပ်တည်သည့် စာလုံးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင့်ထံသို့ချီးမွမ်းသီချင်းဆိုခြင်း"

သင်၏ပဋိညာဉ်သစ္စာရှိမှုကိုကြေငြာသည်။
"သစ္စာရှိခြင်း" ကို နာမဝိသေသနဖြင့် "သစ္စာရှိသော"
ဟုပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင့်ပဋိညာဉ်စောင့်ထိန်းကြောင်းကို လူတို့အားပြောပါ"

သင်၏သစ္စာရှိခြင်း
"သစ္စာရှိခြင်း" ကို နာမဝိသေသနဖြင့် "မှန်သော" ဟုပြန်နိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်ပြောထွက်သည့်အရာတိုင်းသည်မှန်သည်။"

Psalms 004

ဝမ်းမြောက်သည်။
"ပျော်ရွှင်သည်"

သင့်လုပ်ဆောင်မှုများမှ
"သင့်အကြံအစည်များ" နာမ်စကားစုကို ဆက်သွယ်ပြပုဒ်စု
"သင့်လက်လုပ်သည့်အရာများ" ဖြင့် ပြန်ဖော်ပြနိုင် သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်လုပ်ဆောင်သည့်အရာများဖြင့်" (ရှု၊ )

သင့်လက်၏လုပ်ဆောင်မှုများ
"သင့်အကြံအစည်များ" နာမ်စကားစုကို ဆက်သွယ်ပြပုဒ်စု
"သင့်လက်လုပ်သည့်အရာများ" ဖြင့် ပြန်ဖော်ပြနိုင် သည်။
"လက်များ" သည် လူတစ်ခုလုံးအတွက်ရပ်တည်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်လုပ်ဆောင်သည့်အရာ"

သင့်လုပ်ဆောင်မှုများ
"သင့်လုပ်ဆောင်မှုများ" ကို ဆက်သွယ်ပြပုဒ်စုဖြင့်
ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်လုပ်ဆောင်သည့်အရာ"

သင့်အကြံအစည်တို့သည် နက်နဲလှသည်။
"သင်ကြံစည်သည့်အရာတို့သည် သင်လုပ်သည့်တိုင်အောင်
ငါတို့ကနားမလည်နိုင်ကြ"

သင့်အကြံအစည်တော်များ "
"သင့်အကြံအစည်များ" ကို ဆက်သွယ်ပြပုဒ်စုဖြင့်
ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်ကြံစည်သည့်အရာ' သို့မဟုတ် "သင်ရည်ရွယ်သည့်အရာ"

Psalms 006

မိုက်သောသူ
"ရက်စက်ပြီးမိုက်သောသူ"


generated on Sun Jun 30 02:37:40 2024

မတရားသောသူသည် မြက်ပင်ကဲ့သို့
မတရားသောလူများကို နေရာအနှံ့၌
ခဏချင်းတွင်ပေါက်လာသည့်မြက်ပင်ဖြင့် နှိုင်းယှဉ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူတို့သည်
မြက်ပင်ကဲ့သို့ နေရာတိုင်း၌လျှင်မြန်စွာပေါ်လာပြီး"

သူတို့သည်ထာဝရပျက်စီးခြင်းသို့ရောက်ကြမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "ဆုံးဖြတ်သူဘုရားသခင်က သူတို့ကိုလုံးဝဖျက်
ဆီးမည်"

Psalms 008

ထာဝရဘုရား သင့်ရန်သူများကိုကြည့်ပါ။
ဘာသာပြန်အများစုက ဤစကားလုံးများကို မသုံးကြပါ။

သူတို့သည် ပျက်စီးကြမည်။
"သူတို့သေဆုံးကြမည်" သို့မဟုတ် "သင်ကသူတို့ကိုသတ်မည်"

မိုက်သောသူတို့သည် အရပ်ရပ်တို့ကွဲပြားခြင်းခံရမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သောသူတို့ကို
သင်ကပျံ့နှံ့စေမည်"

ပျံ့နှံ့မည်။
စာအများစုက "ပျံ့နှံ့ကြပြီးပြီ" ဟုသုံးကြသည်။

ကွဲပြားလိမ့်မည်။
"မောင်းထုတ်သည်"

Psalms 010

ငါ့ဦးချိုကို ကြံ့ချိုကဲ့သို့ သင်ကချီးမြှောက်သည်။
ဆာလံဆရာက သူ့ကိုဘုရားသခင်ကတိရိစ္ဆာန်ရိုင်းကဲ့
သို့သန်မာစေသည်ကိုပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်ငါ့ကို
နွားရိုင်းကဲ့သို့သန်မာစေသည်"

မတင်သည်....ဦးချို
"ငါ့ကိုသန်မာစေသည်" "မတင်သည်....ဦးချို" ကို 75:4.
၌ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

အသစ်သောဆီနှင့်ငါသည်လိမ်းခြင်းခံတော်မူသည်။
ဖြစ်နိုင်သည့်အဓိပ္ပါယ်မှာ ဆာလံဆရာအပေါ်ဘုရားသခင်
ထားသည့်ဆီကို

ငါ့ရန်သူတို့၏ကျဆင်းမှုကို ငါ့မျက်စိကမြင်လျက်၊
မတရားသောသူတို့၏ပျက်စီးမှုကို ငါ့နားကကြားသည်။
"မျက်စိ" နှင့် "နား" တို့သည် လူပုဂ္ဂိုလ်၏
မြင်ခြင်းနှင့်ကြားခြင်းတို့အတွက်ရပ်တည်သည်။
၎င်းတို့ကိုပေါင်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါ့ရန်သူတို့၏ကျဆုံးမှုကို ငါသည် မြင်လျက်ကြားသည်"

Psalms 012

ဖြောင့်မတ်သောသူတို့သည် စွန်ပလွံပင်ကဲ့သို့ ပွင့်လန်းကြမည် ။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များမှာ ဖြောင့်မတ်သောသူတို့သည်
စွန်ပလွန်ပင် ကဲ့သို့ကျန်းမာကြမည်

လေဗနုန်တောင်မှာ အာရဇ်ပင်ကဲ့သို့ သူတို့သည် ကြီးထွားကြမည်။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များမှာ ဖြောင့်မတ်သောသူတို့သည်
လေဗနုန်တောင်မှာကျန်းမာစွာကြီးထွားသည့် အာရဇ်ပင်
ကဲ့သို့ကြီးထွားကြမည်

သူတို့စိုက်ပျိုးသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "ထာဝရဘုရားကသူတို့ကိုစိုက်ပျိုးသည်" သို့မဟုတ်
"ထာဝရဘုရားက သူတို့ကိုသစ်ပင်များဂရုစိုက်သကဲ့သို့
ဂရုစိုက်သည်"

ထာဝရဘုရား၏အိမ်တော်...ငါတို့ဘုရား၏တရားရုံး၌
ဆာလံဆရာက ဘုရားသခင်ကို အမှန်တကယ်ကိုးကွယ်သူများကို
ထာဝရဘုရား၏အိမ်တော်၌ကြီးထွားလာသည့်သစ်ပင်များသဖွယ်ပြောထားသည်။

သူတို့အဟာရပြည့်သည်။
ဆာလံဆရာက ဖြောင့်မတ်သောလူများကို
ကျန်းမာသည့်သစ်ပင်များသဖွယ်သုံးနှုန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့သည်ကောင်းစွာသန်မာကြသည်"

ငါတို့ဘုရားသခင်၏တရားရုံး၌
ယေရုရှလင်ရှိဗိမာန်တော်ခြံဝန်း၌

Psalms 014

သူတို့အသီးသီးကြမည်။
ဆာလံဆရာက ဖြောင့်မတ်သောလူများကို
သစ်ပင်များကဲ့သို့အသီးသီးကြမည်ဟု ပြောထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က
ဘုရားသခင်ကိုကျေနပ်စေ ကြသည်"

သူတို့သည် စိမ်းလန်းကြမည်။
ဆာလံဆရာက ဖြောင့်မတ်သောလူများကို
သစ်ပင်များသဖွယ်ဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
ကျန်းမာသန်စွမ်းလျက်နေကြမည်" သို့မဟုတ် "သူတို့က
ဘုရားသခင်စိတ်ရွှင်လန်းစေသည့်အရာကို အမြဲလုပ်ကြမည်။"

စိမ်းလန်းသည်၊ ကြွေပြာရန်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "သူတို့ကကြွေပြာနိုင်ရန်
စိမ်းလန်းကြမည်" သို့မဟုတ် (၂) "ပြသည်...စိမ်း လန်းသည်။"


generated on Sun Jun 30 02:37:40 2024

သူသည်ငါ့ကျောက်ဆောင်
"ထာဝရဘုရားသည် ငါ့ကိုကာကွယ်သူဖြစ်သည်" ဆာလံဆရာက ထာဝရဘုရားကို

သူ့ကိုကာကွယ်နိုင်သည့်ကျောက်ဆောင်သဖွယ်ပြောသည်။ 18:2. ၌မည်သို့ဘာ သာပြန်သည်ကို ကြည့်နိုင်သည်။

## Chapter 93

1 ထာဝရဘုရားသည် စိုးစံ၍၊ အာနုဘော်နှင့် တန်ဆာဆင်တော်မူ၏။ ထာဝရဘုရားသည် ထိုသို့ ဝတ်ဆင်၍၊ ခွန်အားကို
ခါးပန်းစည်းတော်မူ၏။ သို့ဖြစ်၍၊ လောကဓာတ်သည် မလှုပ်မရှားနိုင်အောင် တည်လျက် ရှိ၏။ 2 ကိုယ်တော်၏ ပလ္လင်သည်
ရှေ့ဦးစွာမှစ၍ တည်ပါ၏။ ကိုယ်တော်သည် ရှေးကာလမှစ၍ အစဉ် အမြဲဖြစ်တော်မူ၏။ 3 အို ထာဝရဘုရား၊ မြစ်တို့သည်
ထကြပါ၏။ မြစ်တို့သည် ဟုန်းသံကို ပေးကြပါ၏။ မြစ်တို့သည် လှိုင်းတံပိုးခတ်ကြပါ၏။ 4 ရေများ ဟုန်းသံနှင့်တကွ သမုဒ္ဒရာ
လှိုင်းတံပိုး တို့သည်အားကြီးသည်ထက်၊ ထာဝရဘုရားသည် မြင့် သော အရပ်၌သာ၍ တန်ခိုးကြီးတော်မူ၏။ 5
သက်သေခံတော်မူချက်တို့သည် အလွန်မြဲမြံကြ ပါ၏။ အိုထာဝရဘုရား၊ သန့်ရှင်းခြင်းပါရမီသည် အစဉ် အမြဲ
အိမ်တော်၏အသရေဖြစ်ပါသတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
ယုဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

သူ့ခါးစည်းသည် ဘုန်းကြီးလျက်၊ ထာဝရဘုရားကသူ့ကိုဝတ်ဆင်စေလျက်
သူ့ကိုခွန်အားနှင့်ပတ်စည်းသည်။
ဆာလံဆရာက ထာဝရဘုရား၏ခွန်အားနှင့် ဘုန်းကြီးခြင်းကို
ထာဝရဘုရားဝတ်ဆင်သည့်သဖွယ်ပြောခြင်းဖြစ် သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်တန်ခိုး
ကြီးသောဘုရင်ဖြစ်သည်ကို လူတိုင်းအားပြသည်" သို့မ ဟုတ်
"ဘုရင်ကသူဝတ်ဆင်ထားသည့်အရာကို
လူတိုင်းကမြင်တွေ့ကြသကဲ့သို့၊ သူသည်သန်မာသည်နှင့် ထာဝရ
ဘုရားပြမည့်
ကြီးမားသည့်အလုပ်လုပ်ရန်အဆင်သင့်ဖြစ်သည့်အရာရာတိုင်း" (ရှု၊ | Metaphor and | Simile)

ဘုန်းကြီးသည်။
ရှင်ဘုရင်၏တန်ခိုးနှင့် ရှင်ဘုရင်လုပ်သည့်အရာ

သင့်ကိုယ်သင် ခါးစည်းသည်။
ခါးပတ်ပတ်သည်-လူကသူ့ခါး၌စည်းထားသည့် သားရေ
သို့မဟုတ် အခြားအရာ-အလုပ် သို့မဟုတ်
စစ်တိုက်ရန်ပြင်ဆင်သည်

ကမ္ဘာသည်ခိုင်မာစွာတည်ထားသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "ကမ္ဘာကိုခိုင်မာစွာ သင်တည်ဆောက်သည်။" (ရှု၊ | Active or Passive)

မရွေ့လျားနိုင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "မည်သူကမျှမရွေ့နိုင်" (ရှု၊ | Active or Passive)

သင့်ထီးနန်းသည် ရှေးခေတ်မှတည်ရှိသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "သင့်နန်းတော်ကို ရှေးခေတ်မှတည်ထောင် သည်။" (ရှု၊ | Active or Passive)

သင်သည်ထာဝရမှဖြစ်သည်။
"သင်သည်အမြဲတည်ရှိသည်။"

Psalms 003

သမုဒ္ဒရာများ....သမုဒ္ဒရာများ၏
တချို့က "ရေကြီး....ရေကြီးများ၏" ဟုသုံးကြသည်။
မြစ်ကိုဆိုလိုသည်။ (ရှု၊ "မြစ်" 72:8) ဤနေရာ၌
"သမုဒ္ဒရာများ....သမုဒ္ဒရာများ၏" ကိုသုံးထားသည်။ မြစ်များတွင်
"လှိုင်း" နှင့် "လှိုင်းခတ်သံများ" မရှိပေ။

သူတို့အသံများပြုလျက် ပင်လယ်၏လှိုင်းခတ်သံများ
ဆာလံဆရာက သမုဒ္ဒရာကို လူကဲ့သို့စကားပြောနိုင်သည်
ဖြင့်ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့လှိုင်းတို့သည်ကြီးမားသည့်အတွက်
ကျယ်လောင်သည့်အသံများပြုလျက်။"

ခတ်သံ
ကျယ်လောင်ပြီး ကြာရှည်သည့်အသံ။

မြစ်တို့ဟုန်းသံနှင့် လှိုင်းတံပိုးခတ်သံများ
"ပင်လယ်မှလှိုင်းတံပိုးခတ်သံများ" က "များစွာသောလှိုင်းများ"
ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ပင်လယ်မှကြီးမားသည့်လှိုင်းတံပိုးများခတ်သံတို့အထက်မှ"

လှိုင်းတံပိုးများ
မြေပေါ်သို့လာသည့် လှိုင်းကြီးများ။

မြင့်မားသည့်နေရာ
ဆာလံဆရာက ဘုရားသခင်နေထိုင်သည့်နေရာကို
ကမ္ဘာ့အထက်မြင့်မားသည့်နေရာဖြင့် ပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်၌"


generated on Sun Jun 30 02:37:40 2024

Psalms 005

လေးနက်သော
အလွန်မြဲမြံသည်။

အလွန်သစ္စာရှိသည်။
"အစဉ်အမြဲတူညီသည်" သို့မဟုတ် "ဘယ်တော့မှမပြောင်းလဲ" (UDB)

သင့်အိမ်မှသန့်ရှင်းသောအသရေ
ဆာလံဆရာက ထာဝရဘုရား၏အိမ်တော်ကို လုပစွာဝတ်ဆင်သည့်အမျိုးသမီး သို့မဟုတ် လက်ဝတ်တန်ဆာနှင့် ထာဝရဘုရား၏သန့်ရှင်းခြင်းကို လှပသည့်အဝတ် အစားနှင့်လက်ဝတ်တန်ဆာတို့ဖြင့် ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်သန့်ရှင်းသည့် အတွက် သင့်အိမ်သည်လှပသည်" သို့မဟုတ် "လှပသည့်အဝတ်အစားများနှင့်လက်ဝတ်တန်ဆာတို့က အမျိုးသမီးကိုပို၍လှပစေသကဲ့သို့ သင်၏သန့်ရှင်းခြင်းက သင့်အိမ်ကိုလှပစေသည်။"

သင့်အိမ်
ယေရုရှင်မှဗိမာန်တော်

အသရေ
လှပသည်။

## Chapter 94

1 အပြစ်ကို ပေးပိုင်တော်မူသော ဘုရားသခင် ထာဝရဘုရား၊ အပြစ်ကို ပေးပိုင်တော်မူသော ဘုရား သခင်၊ ရောင်ခြည်တော်ကို
လွှတ်တော်မူပါ။ 2 မြေကြီးသားတို့ကို တရားဆုံးဖြတ်တော်မူသော အရှင်၊ ထတော်မူပါ။ မာနကြီးသော သူတို့အား အကျိုး အပြစ်ကို
ဆပ်ပေးတော်မူပါ။ 3 အိုထာဝရဘုရား၊ မတရားသော သူတို့သည် အဘယ်မျှကာလပတ်လုံး ဝမ်းမြောက်ကြပါလိမ့်မည်နည်း။ 4
အဓမ္မအမှုကို ပြုသမျှသောသူတို့သည် စော်ကား ၍၊ ကြမ်းတမ်းသော စကားကိုပြောလျက်၊ အဘယ်မျှ ကာလပတ်လုံး
ဝါကြွားကြပါလိမ့်မည်နည်း။ 5 အိုထာဝရဘုရား၊ သူတို့သည် ကိုယ်တော်၏ လူတို့ကို နှိပ်စက်၍၊ အမွေတော်ကို ညှဉ်းဆဲကြပါ၏။ 6
မုတ်ဆိုးမနှင့် ဧည့်သည်ကိုငင်း၊ မိဘမရှိသော သူငယ်ကိုငင်း သတ်ကြပါ၏။ 7 သို့ရာတွင်၊ ထာဝရဘုရားသခင်သည် မမှတ် တတ်ဟု
ဆိုကြပါ၏။ 8 တိရစ္ဆာန်သဘောရှိသောသူတို့၊ နားလည် ကြလော့။ လူမိုက်တို့၊ အဘယ်ကာလမှ ပညာသတိကို ရကြလိမ့်မည်နည်း။ 9
နားကို စိုက်ထားတော်မူသောသူသည် မကြားရ သလော။ မျက်စိကို ဖန်ဆင်းတော်မူသော သူသည် မမြင်ရသလော။ 10
လူအမျိုးမျိုးတို့ကို ဆုံးမတော်မူသောသူသည် အပြစ်မပေးရသလော။ လူတို့အား ပညာအတတ်ကို သွန်သင်တော်မူသော သူသည်
ကိုယ်တိုင်ပညာအတတ် မရှိသလော။ 11 လူတို့၏အကြံအစည်သည် အချည်းနှီးဖြစ် ကြောင်းကို ထာဝရဘုရား သိတော်မူ၏။ 12 အို
ထာဝရဘုရား၊ မတရားသော သူတို့အဘို့ တွင်းတူးစဉ်အခါ၊ 13 ဒုက္ခနေ့ရက်ကာလနှင့် လွတ်ခြင်းချမ်းသာကို ပေးအံ့သောငှါ၊
ကိုယ်တော်ဆုံးမ၍၊ တရားတော်ကို သွန်သင်တော်မူသောသူသည် မင်္ဂလာရှိပါ၏။ 14 ထာဝရဘုရားသည် မိမိလူတို့ကိုမပယ်၊ အမွေ
တော်ကို စွန့်ပစ်တော်မမူ။ 15 တဖန်ဖြောင့်မတ်ခြင်းတရားဘက်၌ စီရင် ဆုံးဖြတ်တော်မူ၍၊ သဘောဖြောင့်သောသူအပေါင်းတို့ သည်
နောက်တော်သို့လိုက်ကြပါလိမ့်မည်။ 16 လူဆိုးတို့ကို ဆီးတား၍ ငါ့ဘက်မှာ အဘယ်သူ ထမည်နည်း။ မတရားသော သူတို့ကို
ဆီးတား၍၊ ငါ့ဘက် မှာ အဘယ်သူနေမည်နည်း။ 17 ထာဝရဘုရားသည် ငါ့ကိုမစတော်မမူလျှင်၊ ငါ့ဝိညာဉ်သည် ဆိတ်ညံရာအရပ်၌
မကြာမမြင့်မှီ နေရာ ကျရလိမ့်မည်။ 18 ငါ့ခြေချော်လျက်ရှိသည်ဟု အကျွန်ုပ်ဆိုသော အခါ၊ အိုထာဝရဘုရား၊
ကိုယ်တော်၏ကရုဏာသည် အကျွန်ုပ်ကို ထောက်မပါ၏။ 19 အကျွန်ုပ်၏ နှလုံးထဲမှာ စိတ်များပြားသောအခါ၊ ကိုယ်တော်သည်
သက်သာစေတော်မူသဖြင့်၊ အကျွန်ုပ်၏ ဝိညာဉ်သည် ရွှင်လန်းပါ၏။ 20 မတရားသောအကြံကို မင်း၏အခွင့်နှင့် ပြုစု တတ်သော
အဓမ္မရာဇပလ္လင်သည် ကိုယ်တော်နှင့် မိဿဟာယဖွဲ့ရပါမည်လော။ 21 ဖြောင့်မတ်သောသူ၏အသက်ကို သတ်ခြင်းငှါ စုဝေးကြပါ၏။
အပြစ်မရှိသောသူကို သေစေခြင်းငှါ စီရင်ကြပါ၏။ 22 သို့သော်လည်း၊ ထာဝရဘုရားသည် ငါ၏ရဲတိုက် ဖြစ်တော်မူ၏။
ငါ၏ဘုရားသခင်သည် ငါခိုလှုံရာ ကျောက်ဖြစ်တော်မူ၏။ 23 သူတို့၏အပြစ်ကို သူတို့အပေါ်သို့ရောက်စေ တော်မူမည်။ အဓမ္မအမှုကို
ပြုစဉ်တွင်ပင် ပယ်ဖြတ်တော် မူမည်။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် သူတို့ကို ပယ်ဖြတ်တော်မူမည်။

---

---

### Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

ငါတို့အပေါ်မှာ တောက်ပပါ။
"သင့်ကိုယ်သင်ပြပါ" သို့မဟုတ် "သင့်တရားစီရင်မှုကို ဖွင့်ပြပါ"

ကမ္ဘာကိုတရားစီရင်သူ ထလော့ သူတို့နှင့်ထိုက်တန်သည့်မာနကို ပေးပါ။
"ကမ္ဘာကိုတရားစီရင်သူ လာပြီး မာနကိုပြစ်ဒဏ်ပေးပါ"

ထလာသည်။
ဆာလံဆရာက တစ်ခုခုလုပ်ရန်အစပြုသည်ကို ထလာသည်ဟု
သုံးထားသည်။ သင့်ဘာသာစကား၌ ရှိပါက သုံးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အပြုအမူစသည်"
တစ်ခုခုလုပ်သည်"

### Psalms 003

ထာဝရဘုရား မတရားသောသူတို့၊ တရားသောသူတို့ အဘယ်မျှကာလပတ်လုံး
ဝမ်းမြောက်ကမည်နည်း။
ဆာလံဆရာက မတရားသောသူတို့ဝမ်းမြောက်ကြသည်ကို
ထာဝရဘုရားကခွင့်ပြုနေသည်ကို မကျေနပ်သည့်အတွက်
မည်မျှအချိန်ထိခွင့်ပြုမည်ကို ထပ်ထပ်ပြီးမေးခွန်းဖြင့်
ပြခြင်းဖြစ်သည်။ အဖြေမလိုသည့်မေးခွန်းကို
အဆိုဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရ ဘုရားသခင်သည် အကြာကြီးစောင့်နေသည်၊
မတရားသောသူများဝမ်းမြောက်နေကြသည်ကို
အကြာကြီးစောင့်ကြည့်နေသည်။"

မတရားသောသူတို့ဝမ်းမြောက်ကြမည်။
မည်သည့်အတွက် မတရားသောသူများဝမ်းမြောက်ကြမည်ကို
ဖော်ပြနိုင်သည်။ အခြားသေဘာသာပြန်ဆိုချက်၊
"မတရားသောသူတို့ကို
သူတို့၏မတရားသောပြစ်မှုများအတွက်အပြစ်မပေးသည့်အတွက်သူတို့ဝမ်းမြောက်

 generated on Sun Jun 30 02:37:40 2024

သူတို့
"မတရားသောအရာလုပ်သူအားလုံး"

သူတို့၏ကြမ်းတမ်းသောစကားများကိုပြောထွက်လျက်
ဆာလံဆရာက ကြမ်းတမ်းသောစကားများကို
အရည်သဖွယ်လောင်းလာသည်ဖြင့်ပြောခြင်းဖြစ်သည်။

အပြစ်ဖြင့်ဝါကြွားသောသူအားလုံး
"သူတို့အပြစ်နှင့်မကောင်းသည့်အမှုအကျင့်အကြောင်းကြွားဝါသောသူများ"

Psalms 005

လူတို့ကိုနှိပ်စက်သည်။
"လူတို့" သည် လူမျိုးတို့ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးတို့ကိုနှိပ်စက်သည်။"

သူတို့က ညှဥ်းဆဲကြသည်။
ဆာလံဆရာက အားကိုးရာမဲ့သူများကို အာဏာရှိသူများက အပိုင်းပိုင်းဖြစ်အောင်ညှဥ်းဆဲကြသည်ကိုပြောလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က လုံးဝဖျက်ဆီးကြသည်" သို့မဟုတ် "သူတို့ကကြီးစွာအနာတရဖြစ်စေကြသည်" "အပိုင်းပိုင်းဖြစ်စေသည်" ကို 72:4. ၌မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

မုဆိုးမ
"ယောကျ်ားသေဆုံးပြီးသော အမျိုးသမီးများ"

မိဘမဲ့
"ဖခင်မရှိသောကလေးများ"

ယာကုပ်၏ဘုရားက သတိမထားမိ
"ဣသရေလတို့၏ဘုရားကငါတို့လုပ်သည့်အရာကိုမမြင်"

Psalms 008

ယေဘုယျအချက်အလက်
စာရေးသူက မတရားသောသူတို့ကို လမ်းညွှန်နေသည်။

နားလည်ကြသလော။
အဖြေမလိုသောမေးခွန်းက စာရေးသူက မတရားသောသူတို့ဆီသို့အမျက်ထွက်သည်ကို အလေးအနက်ပေးသည်။ ဤမေးခွန်းကို အဆိုဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "သင်၏ရူးအမှုကိုရပ်တန့်ပါ" သို့မ ဟုတ် သင့်အမှားမှသင်ယူပါ"

နားပြုလုပ်သောသူက မကြားသလော၊ မျက်စိလုပ်သောသူက မမြင်သလော။
ဤအဖြေမလိုသောမေးခွန်းများကို အဆိုဖြင့်ပြန်ရေးနိုင် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က နားကိုဖြစ်စေသည့်အတွက် သူကကြားနိုင်သည်။ ဘုရားသခင်က မျက်စိကိုလုပ်သည့်အတွက် သူကမြင်နိုင်သည်" သို့မဟုတ် "ဘုရားသခင်က နားရွက်ကိုဖြစ်စေသည့်အတွက် အပြုအမူများကိုရပ်တန့်ကြပါကို သူမကြားနိုင်သလော၊

Psalms 010

ယေဘုယျအချက်အလက်
စာရေးသူက မတရားသောသူတို့ကိုဆက်ညွှန်ကြားနေသည်။

လူအမျိုးမျိုးကိုဆုံးမတော်မူသောသူသည် မမှန်သလော။
မေးခွန်းကို"အဆိုဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "ထာဝရဘုရားက လူအမျိုးမျိုးကိုဆုံး မသည်၊ ထို့ကြောင့် သူက သူ့လူတို့ကိုဆုံးမမည်ကို သင်သိနိုင်သည်။"

သူမမှန်သလော
အဆိုဝါကျဖြင့်ပြန်ရေးနိုင်သည်။ ဖြစ်နိုင်သည့်အဓိပ္ပါယ်များမှာ

သူတို့သည်အခိုးအငွေ့
လေထဲ၌ပျောက်ကွယ်သွားသည့် အငွေ့နှင့် ရေနွေးငွေ့တို့နှင့် လူတို့၏အတွေးအခေါ်ကို နှိုင်းယှဉ်ထားသည်။ သူတို့မည်သို့အရေးမကြီးသည်နှင့် အသုံးမဝင်ကြသည်ကို တင်စားခြင်းဖြစ်သည်။

အငွေ့
"ရေနွေးငွေ့" 39:10 ၌မည်သို့ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

Psalms 012

ယေဘုယျအချက်အလက်
ယခုတွင်စာရေးသူက ထာဝရဘုရားကိုစကားပြောသည်။

မတရားသောသူတို့အတွက်တွင်းတူးသည့်တိုင်အောင်
ဆာလံဆရာက မတရားသောသူတို့ကိုထာဝရဘုရားပြစ်ဒဏ်ပေးသည်ကို တွင်းကို တိရိ စ္ဆာန်များအတွက်ကျော့ကွင်းဆင်သည်နှင့် ပြောခြင်းဖြစ်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူတို့အတွက်တွင်းတူးသည့်တိုင်" သို့မဟုတ် "မတရားသောသူတို့ကိုသင်ဖျက်ဆီးသည့်တိုင်"

Psalms 014

သူ့အမွေ
"ထာဝရအတွက်သူနှင့်အတူနေရန်သူရွေးကောက်ရခဲ့သောသူများ"

တရားစီရင်မှုကို ဖြောင့်မတ်စွာပြန်စီရင်မည်။
ဆာလံဆရာက တရားစီရင်သူတို့ကို သူတို့ပြုလုပ်သည့်ဆုံးဖြတ်ချက်များဟုသုံးနှုန်းထားသည်။ စိတ္တဇနာမ် "တရားစီရင်မှု" ကို ကြိယာ "တရားစီရင်သည်" ဟုပြန်သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားသူကြီးများကို ဖြောင့်မတ်စွာတရားပြန်စီရင်မည်" သို့မ ဟုတ် "တရားသူကြီးများက ဖြောင့်မတ်စွာဆုံးဖြတ်ချက်ပြန်ချကြမည်။"

စိတ်ထဲ၌ဖြောင့်မတ်သည်။
"စိတ်ထဲ၌ဖြောင့်မတ်သော" ကို နာမ်စကားစုဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ၏အမြင်၌ စိတ်ဖြောင့်မတ်သောသူတို့"

နောက်လိုက်မည်။
"ဖြောင့်မတ်ခြင်းတရားဘက်၌တရားစီရင်မည်။"

လူဆိုးတို့ကိုဆီးတား၍ ငါ့ဘက်မှာအဘယ်သူထမည်နည်း။ မတရားသောသူတို့ကိုဆီးတား၍ ငါ့ဘက်မှာ အဘယ်သူနေမည်နည်း။"
ဤအချက်ကို အဆိုတခုဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုးတို့ကိုငါ့ဘက်၌ မည်သူမျှမကာကွယ်။ မတရားသောသူတို့ကိုငါ့အတွက်မည်သူကမျှ မတိုက်ခိုက်"

မတရားသောသူ
"မတရားသောသူ" နာမဝိသေသနကို နာမ်စကားစုဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်, "မတရားသောလူများ"

Psalms 017

ထာဝရဘုရားသည် ငါမအကူအညီလျှင်...တိတ်ဆိတ်သည်။
ဆင်ခြင်ရမည့်အရာဖြစ်သည်။ ထာဝရဘုရားက သူ့ကိုကူညီသည့်အတွက် သူသည်တိတ်ဆိတ်သည့်နေရာ၌ မလဲလျောင်းရ"

ထာဝရဘုရားသည် ငါ၏အကူအညီမဖြစ်လျှင်
"ကူညီခြင်း" ကို ကြိယာဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကငါ့ကိုမကူညီလျှင်"

မကြာခင်ငါသည် တိတ်ဆိတ်သည့်နေရာ၌ နေရမည်။
"လဲလျောင်းသည်" က "သေခြင်း" နှင့် "တိတ်ဆိတ်သည့်နေရာ" က သင်္ချိုင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကြာခင်ငါသည်သေဆုံးပြီး သင်္ချိုင်း၌ တိတ်ဆိတ်စွာနေရမည်။"

ကျွန်ုပ်စိတ်နှလုံးထဲမှာ စိတ်များပြားသောသောအခါ သင်၏နှိမ့်သိမ့်ခြင်းကို ငါ့ကိုပျော်ရွှင်စေသည်။
ဆာလံဆရာက ပြုစုမှုကို သူသီးသန့်ရေတွက်နိုင်သည့်ပြုစုမှုဟုပြောသည် "နှိမ့်သိပ်ခြင်း" ကို ကြိယာဖြင့် "နှိမ့်သိပ်သည်" ဟုရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "များပြားသောအရာများအကြောင်းအတွက် ငါသည်စိုးရိမ်ပူပန်နေချိန်၌ သင်ကငါ့ကိုနှိမ့်သိပ်သည့် အ တွက် ငါသည်ပျော်ရွှင်လျက်ရှိသည်။"

Psalms 020

တရားသောအကြံကို မင်း၏အခွင့်နှင့် ပြုစု တတ်သော အဓမ္မရာဇပလ္လင်သည် ကိုယ်တော်နှင့် မိဿဟာယဖွဲ့ရပါမည်လော။
အဖြေမလိုသောမေးခွန်းကို အချက်ကျကျဖြင့်ပြန်ရေးနိုင်သည်။ အဆိုဖြင့်လည်းပြန်ရေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မတရားသောစီရင်မှုကိုပြုသည့် အကျင့်ပျက်သောအုပ်ချုပ်သူသည်သင့်မိတ်ဆွေမဟုတ်ပါ။"

အဓမ္မရာဇပလ္လင်သည်
"နန်းတော်" က ရှင်ဘုရင် သို့မဟုတ် အုပ်ချုပ်သူကိုဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောအုပ်ချုပ်သူ" သို့မဟုတ် "အကျင့်ပျက်သည့်တရားသူကြီး"

အသက်ကို သတ်ခြင်းငှါ စုဝေးကြပါ၏။
တစ်ယောက်ယောက်ကို လျှို့ဝှက်စွာ အနာတရဖြစ်စေရန်ကြံစည်သည်။

သေစေခြင်းငှါ
တစ်ယောက်ယောက်သတ်သည်ကို ဆိုလိုသည့်အီဒီယမ်အသုံးနှုန်းဖြစ်သည်။

Psalms 022

ထာဝရဘုရားသည်ငါ၏ရဲတိုက်ဖြစ်သည်။
"ရဲတိုက်" သည် ကာကွယ်ခြင်းကိုတင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကငါ့ကို ငါ့ရန်သူတို့ဘေးမှကာကွယ်သည်။"

ဘုရားသခင်သည်ငါ့ခိုလှုံရာကျောက်ဆောင်ဖြစ်သည်။
ဆာလံဆရာက သူ့ကိုဘုရားကာကွယ်သည်ကိုဆာလံဆရာ ဘေးကင်းစွာခိုလှုံနိုင်သည့်နေရာဟုပြောခြင်းဖြစ် သည်။ "ကျောက်ဆောင်" နှင့် "ခိုလှုံရာ" ကို 62:7. ၌ ပြန်ထားသည်ကိုကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆို ချက်၊ "ဘုရားသခင်ကငါ့ကိုကာကွယ်ရန်နှင့် သူ့တန်ခိုးဖြင့် ငါ့ကိုလုံခြုံစေရန်ငါတောင်းလျှောက်သည်။"

သူတို့၏မကောင်းမှုကို ယူဆောင်လာမည်။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁)"တခြားသူများထံလုပ်သည့် သူတို့၏မကောင်းမှုများကိုသူတို့ထံရောက်မည်" သို့မ ဟုတ် (၂) "တခြားသူများထံသူတို့လုပ်သည့်မကောင်းမှုအားလုံးနှင့်သူတို့ကိုပြစ်ဒဏ်ပေးမည်။"

သူတို့ကိုဖြတ်ပစ်ပါ။
"သူတို့ကိုသတ်သည်" ကိုဆိုလိုသည်။

သူတို့၏ယုတ်မာခြင်း
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "သူတို့ကယုတ်မာသည့်အလုပ်လုပ်နေကြစဉ်" သို့မဟုတ် (၂) "ယုတ်မာသည့်အရာများကိုသူတို့လုပ်သည့်အတွက်"


generated on Sun Jun 30 02:37:40 2024

## Chapter 95

1 လာကြ။ ထာဝရဘုရားအား ရွှင်လန်းစွာသီချင်း ဆိုကြကုန်အံ့။ ငါတို့သည် ကယ်တင်ခြင်းသို့ရောက်ရာ ကျောက်ကို
ကျူးကြေကြကုန်အံ့။ 2 ကျေးဇူးတော်ကို ချီးမွမ်းလျက် ရှေ့တော်သို့ ဝင်၍၊ ဆာလံသီချင်းဆိုလျက် ကျူးဧသော အသံကို ပြုကြ ကုန်အံ့။ 3
ထာဝရဘုရားသည် ကြီးမြတ်သောဘုရား၊ ဘုရားတကာတို့ထက် ကြီးမြတ်သော ဘုရင်ဖြစ်တော်မူ၏။ 4 မြေကြီးနက်နဲရာ
အရပ်တို့သည် လက်တော် ၌ရှိကြ၏။ တောင်ထိပ်တို့ကိုလည်း ပိုင်တော်မူ၏။ 5 ပင်လယ်ကိုလည်းဖန်ဆင်း၍ ပိုင်တော်မူ၏။
ကုန်းကိုလည်း လက်တော်နှင့် ပြုပြင်တော်မူ၏။ 6 လာကြ။ ပြပ်ဝပ်၍ ကိုးကွယ်ကြကုန်အံ့။ ငါတို့ကို ဖန်ဆင်းတော်မူသော
ထာဝရဘုရား၏ ရှေ့တော်၌ ဒူးထောက်ကြကုန်အံ့။ 7 ထာဝရဘုရားသည် ငါတို့၏ ဘုရားဖြစ်တော် မူ၏။ ငါတို့သည်လည်း၊
အထံတော်၌ ကျက်စားသောသူ၊ လက်တော်အောက်၌ နေသော သိုးစုဖြစ်ကြ၏။ 8 ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော် အသံကို
ကြားလျက် ခိုင်မာသော စိတ်နှလုံးမရှိကြနှင့်။ 9 သင်တို့အဘများသည် အနှစ်လေးဆယ်ပတ်လုံး ငါ့ကို အနည်းနည်း စုံစမ်း၍၊
ငါ၏အမှုတို့ကို မြင်ရသော တောတွင်၊ ငါ့ကိုဆန့်ကျင်ဘက်ပြု၍၊ စုံစမ်းရာကာလ၌ ရှိသကဲ့သို့ မရှိစေကြနှင့်။ 10 ထိုလူမျိုးကို
ငါရွံ့သည်ဖြစ်၍၊ သူတို့သည် စိတ် သဘော မှားယွင်းတတ်သော လူမျိုးဖြစ်ကြ၏။ ငါ၏ အလေ့အလာတို့ကို နားမလည်ကြဟု
ငါဆိုရ၏။ 11 ထိုကြောင့် သူတို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆို၏။

---

Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

ကယ်တင်ခြင်းသို့ရောက်ရာ ကျောက်
ဆာလံဆရာကထာဝရဘုရားကို
ထာဝရဘုရားသည်လူတို့ခိုလှုံရန်တက်သွားရမည့်တောင်အဖြစ်ပြောသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သွားသည့်ကျောက်
ဆောင်နှင့် ငါတို့ကိုဘုရားက ကယ်တင်မည်" 18:46 ၌
"ကျောက်ဆောင်" နှင့် "ငါ၏ကယ်တင်ခြင်း" ကို
မည်သို့ဘာသာပြန်သည်ကိုကြည့်နိုင်သည်။

ရှေ့တော်သို့ ဝင်၍၊
ဆာလံဆရာက စာဖတ်သူများက
ရှင်ဘုရင်၏နန်းတော်ထဲသို့ဝင်ရန်ကို ပြောပြခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူရှိသည့်နေရာသို့သွားသည်။"

ဆာလံသီချင်းဆိုလျက်
"သူ့ကိုကျေးဇူးတင်ရင်း သူ့မျက်မှောက်သို့ငါတို့ဝင်သွားသည်။"

ဘုရားတကာတို့ထက်ကြီးမြတ်သော
ဖြစ်နိုင်သည့်အဓိပ္ပါယ်များမှာ ထာဝရဘုရားသည်ကြီးမြတ်
သောရှင်ဘုရင်ဖြစ်သည် (၁) "တခြားဘုရားအားလုံးကို အုပ်စိုးသူ"
သို့မဟုတ် (၂) "ဘုရားအားလုံးထက် ပိုကောင်းသူ။"

Psalms 004

သူ့လက်တော်ထဲ၌
"သူ့ထိန်းချုပ်မှု" သို့မဟုတ် "သူတာဝန်ရှိသည်" ကိုဆိုလိုသည့်
အီဒီယမ်အသုံးနှုန်းဖြစ်သည်။

နက်သော
နက်သောနေရာများ

မြင့်မားသော
မြင့်မားသည့်နေရာများ

လက်တော်နှင့်ပြုပြင်သည်။
"လက်တော်" သည် ထာဝရဘုရားကိုယ်တိုင်အတွက်ရပ်
ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူကိုယ်
တိုင်ပြုလုပ်သည်။"

Psalms 006

ဒူး
မြေပေါ်၌ဒူးနှစ်ခုစလုံးထောက်သည်၊ တခါတရံ
အညံ့ခံခြင်းပြသရန် ဖြစ်သည်။

N/A
"စားကျက်" သည် တိရိစ္ဆာန်တို့က
စားကျက်၌စားမည့်အစာအတွက်ရပ်တည်သည်။ ၎င်းသည်
ထာဝရဘုရားက သူ့လူတို့အတွက်
ပြင်ဆင်ပေးသည့်အရာရာတိုင်းအတွက် ရပ်တည်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ သည်
ငါတို့လိုချင်သည့်အရာကိုရသူများ"

စားကျက်
တိရိစ္ဆာန်တို့ကမြက်ကိုရှာပြီး စားနိုင်သည့်နေရာ။

သူ့လက်တော်၏သိုးများ
"လက်တော်" သည် သိုးထိန်းကသိုးများကိုကာကွယ်သည့် နည်းတူ
ထာဝရဘုရားကိုသူ့လူများကာကွယ်ရန်ကို ဆိုလို သည်။
အခြားသောဘာသာပြန်ဆိုချက်၊


generated on Sun Jun 30 02:37:40 2024

"သိုးထိန်းကသိုးများကိုကာကွယ်သကဲ့သို့
သူကာကွယ်ပေးသည့်လူများ"

ယနေ့သည် သူ့အသံကိုသင်ကြားမည့်နေ့။
"ယနေ့တွင်သူ့အသံကိုသင်ကြားမည်" ဆာလံဆရာက
သူပြောနေသည့်အရာကို ကြားဝင်ပြောသည်။

သူ့အသံကိုကြားသည်။
"သူ့အသံ" သည် ဘုရားသခင်၏စကားကိုအာရုံပြုရန်ကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုဂရု
စိုက်စွာနားထောင်သည်။"

Psalms 008

ယေဘုယျအချက်အလက်
ထာဝရဘုရားပြောသည့်စကားများကို စာရေးသူကရေးသည်။

သင့်စိတ်ကို ခိုင်မာစေသည်။
"ခေါင်းမာသည်"

မေရိဘ....မာရှ
ဣသရေလတို့က
ဘုရားသခင်ကိုဆန့်ကျင့်သည့်အတွက်မောရှေနာမည်ပေးထားသည့်
သဲကန္တာရများဖြစ်သည်။

ငါ့ကိုစမ်းသပ်ပါ...ငါ့ကိုကြိုးစားပါ
ဤစကားစုနှစ်ခုလုံးကထာဝရဘုရားကသူတို့ကို အပြစ်မပေးခင်
လူတို့လုပ်နိုင်သည့် အပြစ်များအတွက် တင်စားချက်ဖြစ်သည်။
ဤစကားစုနှစ်ခုကို ပေါင်းရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုစမ်းပါ" သို့မ ဟုတ်
"ငါ၏ပြစ်ဒဏ်ပေးခြင်းမခံဘဲ အပြစ်လုပ်သည်ကို
မြင်ချင်သည်...သူတို့ကို ငါသည်းခံ မခံနိုင်သည်။"

ငါလုပ်ဆောင်သည့်အရာများ
"ငါလုပ်သည့် နိမိတ်လက္ခဏာများ"

Psalms 010

ယေဘုယျအချက်အလက်
ထာဝရဘုရားကသူ့လူတို့ဆီသို့ ဆက်စကားပြောနေသည်။

နှစ်ပေါင်းလေးဆယ်
"၄၀ နှစ်"

ထိုမျိုးဆက်
"ထိုလူအားလုံး" သို့မဟုတ် "ထိုလူမျိုးဆက်အားလုံး"

လမ်းမှားလျက်သွားလာကြသည်။
ဘုရားသခင်ကလူတို့အားပြောသည့်အရာကို
သိုးထိန်းနား၌မနေဘဲသူတို့သွားချင်သည့်နေရာများသို့သွားသည့်
သိုးများသဖွယ်ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါ့ထံမှအဝေးသို့သွားသည်" သို့မဟုတ်
"သူတို့လမ်းသို့သွားသည်။"

ငါ့နည်းလမ်းကိုသူတို့မသိ
"ငါ့ကိုသူတို့မနာခံ"

ငါ့လမ်း
"သူတို့ကို ငါအသက်ရှင်စေချင်သည့်နည်းလမ်း"

ငါ့နားခိုရာနေရာ
"သူတို့နားခိုရန် ငါခွင့်ပြုထားသည့်နေရာ"


generated on Sun Jun 30 02:37:40 2024

## Chapter 96

1 ထာဝရဘုရားအား အသစ်သောသီချင်းကို ဆိုကြလော့။ မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား သီချင်းဆိုကြလော့။ 2
ထာဝရဘုရားအား သီချင်းဆို၍၊ နာမတော်ကို ကောင်းကြီးပေးကြလော့။ ကယ်တင်တော်မူခြင်း တရား ကို တနေ့ထက်တနေ့
ညွှန်ကြားကြလော့။ 3 ဘုန်းတော်ကို တပါးအမျိုးသားတို့၌၎င်း၊ အံ့ဘွယ်သော အမှုတော်တို့ကို ခပ်သိမ်းသော လူမျိုးတို့၌၎င်း
ဘော်ပြကြလော့။ 4 ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်း ဘွယ် ဖြစ်တော်မူ၏။ ဘုရားတကာတို့ထက် ကြောက်ရွံ့
ဘွယ်ဖြစ်တော်မူ၏။ 5 တပါးအမျိုးသားတို့၏ ဘုရားရှိသမျှတို့သည် အချည်းနှီးသက်သက် ဖြစ်ကြ၏။ ထာဝရဘုရားမူကား၊
မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူ၏။ 6 ဘုန်းတန်ခိုးအာနုဘော်သည် ရှေ့တော်၌ရှိ၏။ အစွမ်းသတ္တိနှင့် ဂုဏ်အသရေလည်း
သန့်ရှင်းရာ ဌာန တော်၌ရှိ၏။ 7 လူအမျိုးမျိုးတို့၊ ထာဝရဘုရားသည် ဘုန်း တန်ခိုးအစွမ်းသတ္တိရှိတော်မူသည်ဟု ဝန်ခံကြလော့။
ရှိတော်မူသည်ဟု ဝန်ခံကြလော့။ 8 ထာဝရဘုရား၏ နာမတော်သည် ဘုန်းကြီး တော်မူသည်ဟု ဝန်ခံကြလော့။ ပူဇော်သက္ကာကိုဆောင်ခဲ့
လျက် တန်တိုင်းတော်သို့ ဝင်ကြလော့။ 9 သန့်ရှင်းသော တန်ဆာကို ဆင်၍၊ ထာဝရ ဘုရားကို ကိုးကွယ်ကြလော့။ မြေကြီးသား
အပေါင်းတို့၊ ရှေ့တော်၌ ကြောက်ရွံ့ခြင်းရှိကြလော့။ 10 ထာဝရဘုရား စိုးစံတော်မူသည်ဟု တပါး အမျိုးသားတို့တွင်
ဟောပြောကြလော့။ လောကဓါတ် သည် မလှုပ်ရှားနိုင်အောင် မြဲမြံစွာ တည်လိမ့်မည်။ လူများကို ဖြောင့်မတ်စွာ တရားစီရင်တော်
မူလိမ့်မည်။ 11 ကောင်းကင်သည် ဝမ်းမြောက်ခြင်းရှိစေ။ မြေကြီးသည်လည်း ရွှင်လန်းခြင်းရှိစေ။ ပင်လယ်နှင့် ပင်လယ်တန်ဆာသည်
အသံဗလံကိုပြုစေ။ 12 လယ်ပြင်နှင့် လယ်ပြင်၌ရှိသမျှသည်လည်း ဝမ်းမြောက်စေ။ ထိုအခါ တော၌ရှိသမျှသော အပင်တို့ သည်
ထာဝရဘုရားရှေ့တော်တွင် ရွှင်လန်းစွာ သီချင်း ဆိုကြလိမ့်မည်။ 13 အကြောင်းမူကား၊ ကိုယ်တော်သည် ကြွလာ တော်မူ၏။
မြေကြီးသားတို့ကို တရားစီရင်ခြင်းငှါ ကြွလာ တော်မူ၏။ လောကသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်၎င်း၊ လူများကို
သစ္စာတော်နှင့်၎င်း စီရင်ဆုံးဖြတ်တော် မူလတံ့။

---

Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

အသစ်သောသီချင်း
မည်သူကမျှမသီဆိုဖူးသောသီချင်း။

မြေကြီးသားအပေါင်းတို့
ကမ္ဘာပေါ်ရှိလူအားလုံးကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ကမ္ဘာပေါ်၌ရှိသောလူတို့အားလုံး။"

N/A
"နာမည်" သည် ထာဝရဘုရားအတွက်ရပ်တည်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားကိုကောင်းကြီးပေးသည်" သို့မဟုတ်
"ထာဝရဘုရားပျော်ရွှင်စေသည့်အရာကိုလုပ်သည်" 72:18 ၌
"သူ၏ဘုန်းကြီးသောနာမကိုကောင်းကြီးပေးသည်"
ကိုဘာသာပြန်ထားသည်။

N/A
"ကယ်တင်ခြင်း' စိတ္တဇနာမ်ကို ကြိယာ "ကယ်တင်သည်" ဖြင့်
ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါတို့ကိုသူကယ်တင်သည်ကို ကြေငြာသည်" သို့မဟုတ်
"ကယ်တင်သူသည်သူဖြစ်သည်ကို လူတို့အားပြောသည်"

Psalms 003

လူမျိုးတို့ထံသို့ သူ၏ဘုန်းတော်ကိုကြေငြာသည်
"သူ၏ကြီးမြတ်ကြောင်းကိုလူအားလုံးအားပြောပါ"

ထာဝရဘုရားသည်ကြီးမြတ်၍ ကြီးစွာသောချီးမွမ်းရန်ထိုက်တန်သည်။
ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာဆိုချက်၊
"ထာဝရဘုရားသည်ကြီးမြတ်သည်။ သူ့ကိုကြီးမားစွာချီးမွမ်းပါ"
သို့မဟုတ် "ထာဝရဘုရားသည်ကြီးမြတ် သည်၍ လူတို့က
ကြီးမားစွာချီးမွမ်းသင့်သည်။"

သူသည်တခြားသောဘုရားများထက် ကြောက်စရာကောင်းသည်။
ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာဆိုချက်၊
"တခြားဘုရားများထက်ကြောက်ရွံ့ဖွယ်ဖြစ်သည်။"

Psalms 005

သူ့မျက်မှောက်
"သူရှိသည့်နေရာ"

ဘုန်းတခိုးနှင့် ကြီးမြတ်ခြင်းသည် သူ့မျက်မှောက်၌
ဆာလံဆရာက ရှင်ဘုရင်ရှေ့တော်၌ လူတို့က
ဘုန်းတခိုးနှင့်ကြီးမြတ်ခြင်းဖြင့်ရှိနေကြသည်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သူ၏ဘုန်းကြီးခြင်းနှင့်ကြီးမြတ်ကြောင်းကိုလူတိုင်းသိသည်။"


generated on Sun Jun 30 02:37:40 2024

သူ့စွမ်းအားနှင့်ဂုဏ်အသရေသည် သူ့သန့်ရှင်းရာဌာန၌
"စွမ်းအား" နှင့် "ဂုဏ်အသရေ" သည်
သန့်ရှင်းရာဌာန၌တွေ့နိုင်သည့် ပဋိညာဉ်သေတ္တာအတွက်
ရပ်တည်သည်။ အခြား သောဘာသာပြန်ဆိုချက်၊
"သူ၏သန့်ရှင်းရာဌာန၌ ပဋိညာဉ်သေတ္တာကိုတွေ့နိုင်သည်။"

Psalms 007

ထာဝရဘုရားကိုချီးမွမ်းပါ…ထာဝရဘုရားကို
သူ့ဘုန်းတော်နှင့်စွမ်းအားအတွက်ချီးမွမ်းပါ။
"ဘုန်းကြီးခြင်း" ကို နာမဝိသေသနဖြင့်ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားကိုချီးမွမ်းပါ…ထာဝရဘုရားသည်
ဘုန်းကြီးခြင်းနှင့်အစွမ်းသတ္တိရှိသည့်အတွက် ချီးမွမ်းပါ" 29:1.၌
မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ထာဝရဘုရားကို သူ့နာမည်နှင့်ထိုက်တန်သည့်ဘုန်းကြီး ခြင်းကိုပေးရန်။
ထာဝရဘုရားကို သူ့နာမည်နှင့်ထိုက်တန်သည့်ဘုန်းကြီး
ခြင်းကိုပေးရန်" "ဘုန်းကြီးခြင်း" ကို ကြိယာဖြင့်ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားကိုသူ့နာမည်နှင့်ထိုက်တန်သည့်
လေးစားမှုကိုပေးရန်" သို့မဟုတ် "ထာဝရဘုရားကို
သူ့နာမည်နှင့်ထိုက်တန်သည့်အတိုင်း ကြေငြာရန်" 29:1.၌
မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သူ့နာမည်
"နာမည်" သည် ဘုရားသခင်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို"

သူ့တရားခုံ
ထာဝရဘုရားထံယဇ်ပရောဟိတ်တို့က
တိရိစ္ဆာန်ကိုပူဇော်ခြင်းပြုကြသည့် ဗိမာန်တော်ခြံဝန်း။

Psalms 009

သူ့သန့်ရှင်းခြင်းကိုလေးစားသည့်ထာဝရဘုရားဝတ်ဆင်သည့်အဝတ်အစား
ထာဝရဘုရားသည်သန့်ရှင်းသည့်အတွက်
လူကဝတ်ဆင်သည့်အဝတ်အစားများဖြစ်သည်။
"ထာဝရဘုရားနှင့်
သူသည်သန့်ရှင်းသည့်အတွက်သင့်လျော်သည့်အဝတ်အစားများဝတ်ဆင်လျက်"
29:1.၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

တုန်လှုပ်သည်။
ကြောက်ရွံ့သည့်အတွက်တုန်လှုပ်သည်။

မြေကြီးသား အပေါင်းတို့
"ကမ္ဘာပေါ်၌နေထိုင်ကြသည့်လူများ"

N/A
ပြဲသူဝါကျဖြင့်ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူကကမ္ဘာကိုတည်ထားသည်"

မလှုပ်ရှားနိုင်အောင်
ပြဲသူဝါကျဖြင့်ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်အရာကမျှ
မတုန်လှုပ်နိုင်ရာ"

Psalms 011

ကောင်းကင်သည် ဝမ်းမြောက်ခြင်းရှိစေ။ မြေကြီးသည်လည်း
ရွှင်လန်းခြင်းရှိစေ။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ )

ပင်လယ်နှင့် ပင်လယ်တန်ဆာသည် အသံဗလံကိုပြုစေ။
"ထာဝရဘုရားကိုလူအများကချီးမွမ်းသံကဲ့သို့ ပင်လယ်နှင့်
ပင်လယ်၌ရှိသူများချီးမွမ်းစေ။"

လယ်ပြင်နှင့်လယ်ပြင်၌ရှိသမျှ ဝမ်းမြောက်ကြစေ။
"လယ်ပြင်နှင့်လယ်ပြင်၌ရှိသမျှ ဝမ်းမြောက်ကြစေ"
ဆာလံဆရာက "လယ်ကွင်း" နှင့်လယ်ကွင်း၌ရှိသည့်တိရိစ္ဆာန်များ
လူတို့ကဲ့သို့စိတ်လှုပ်ရှားမှုရှိသည်ဖြင့် ပြောခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လယ်ကွင်းနှင့်
လယ်ကွင်း၌ရှိသည့်တိရိစ္ဆာန်အားလုံးဝမ်းမြောက်ကြစေ။"

တော၌သစ်ပင်အားလုံးအော်ဟစ်ကြပါစေ။
"တော၌ရှိသည့်သစ်ပင်အားလုံးအော်ဟစ်ကြစေ။"

သူသည် ကမ္ဘာကိုတရားစီရင်ရန်လာမည်။ သူကကမ္ဘာကြီးနှင့်လူတို့ကို
တရားစီရင်မည်။
ဤစကားစုသုံးခုမှာ ဆိုလိုရင်းအတူတူဖြစ်သည်။ နောက်
ဆုံးနှစ်ခုကို ပထမအချက်အားအားရှိရန်သုံးထားခြင်းဖြစ်သည်။

တရားစီရင်ရန်…တရားစီရင်မည်။
ဖြစ်နိုင်သည့်အဓိပ္ပါယ် "အုပ်ချုပ်ရန်…အုပ်ချုပ်မည်။"

သူသည်ဖြောင့်မတ်ခြင်းနှင့် ကမ္ဘာကိုတရားစီရင်မည်။
"ကမ္ဘာ" သည် ကမ္ဘာပေါ်ရှိလူသားအားလုံးကိုကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကမ္ဘာပေါ်ရှိလူသားအားလုံးကို
သူကဖြောင့်မတ်စွာတရားစီရင်မည်" 9:7.၌
မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သူ၏သစ္စာရှိခြင်းနှင့်လူတို့
"သူ၏သစ္စာရှိခြင်းနှင့်လူအားလုံးကို သူကတရားစီရင်မည်။"

သူ၏သစ္စာရှိခြင်းနှင့်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁)
"သူသိသည့်အရာသည်မှန်သည်ဟူသည့်အတိုင်း" သို့မဟုတ် (၂)
"လူအားလုံးအတွက် တူညီသောအဆင့်တန်းကိုသုံးခြင်း"



generated on Sun Jun 30 02:37:40 2024

## Chapter 97

1 ထာဝရဘုရားသည် စိုးစံတော်မူ၏။ မြေကြီး သည် ဝမ်းမြောက်၍၊ ကျွန်းများတို့သည်လည်း ရွှင်လန်း ကြစေ။ 2 မိုဃ်းတိမ်နှင့်
မှောင်မိုက်တို့သည် ထာဝရဘုရား ၏ ပတ်ဝန်းကျင်တို့၌ရှိကြ၏။ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်းသည်
ပလ္လင်တော်၏တည်ရာ ဖြစ်၏။ 3 မီးသည် ရှေ့တော်၌သွား၍၊ ရန်သူတို့ကို အလှည့် လှည့်လောင်လေ၏။ 4 လျှပ်စစ်တော်သည်
လောကဓါတ်ကို လင်းစေ ၏။ မြေကြီးသည် မြင်၍တုန်လှုပ်၏။ 5 ထာဝရဘုရားရှေ့၊ မြေကြီးတပြင်လုံးကို အစိုးရ တော်မူသော
အရှင်၏ရှေ့တော်၌၊ တောင်တို့သည် ဘယောင်းကဲ့သို့ အရည်ဖြစ်ကြ၏။ 6 ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်း ကင်တို့သည်
ထင်ရှားစွာပြ၍၊ လူများအပေါင်းတို့သည် ဘုန်းတော်ကို မြင်ရကြ၏။ 7 ရုပ်တုဆင်းတုကို ဝတ်ပြုသောသူ၊ အချည်းနှီး
သက်သက်သောအရာ၌ ဝါကြွားသောသူ အပေါင်းတို့ သည် အရှက်ကွဲခြင်းရှိကြစေ။ ဘုရားအပေါင်းတို့၊ ထာဝရ ဘုရားကို
ပြပ်ဝပ်ကိုးကွယ်ကြလော့။ 8 အိုထာဝရဘုရား၊ ကိုယ်တော်သည် တရားစီရင် တော်မူချက်တို့အကြောင်းကြောင့်၊ ဇိအုန်မြို့သည်ကြား၍
ရွှင်လန်းပါ၏။ ယုဒသတို့သမီးတို့လည်း ဝမ်းမြောက်ကြ ပါ၏။ 9 အိုထာဝရဘုရား၊ ကိုယ်တော်သည် မြေကြီးသား အပေါင်းတို့ထက်
ကြီးမြင့်တော်မူ၏။ ဘုရားတကာတို့ ထက် အလွန်ချီးမြှောက်ခြင်း ရှိတော်မူ၏။ 10 ထာဝရဘုရားကို ချစ်သောသူတို့၊ မကောင်း
သောအမှုကို ရွံရှာကြလော့။ ကိုယ်တော်၏ သန့်ရှင်းသူတို့ ၏ အသက်ဝိညာဉ်ကို စောင့်မတော်မူ၍၊ မတရားသော သူတို့၏လက်မှလည်း
ကယ်နှုတ်တော်မူ၏။ 11 အလင်းသည် တရားသောသူအဘို့၊ ဝမ်းမြောက် ခြင်းသည် သဘောဖြောင့်သော သူတို့အဘို့ ပျိုးကြဲလျက်
ရှိ၏။ 12 ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရားကို အမှီပြု ၍ ဝမ်းမြောက်ကြလော့။ သန့်ရှင်းသော နာမတော်ကို ချီးမွမ်းကြလော့။

---

Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြခြင်းသည်
ပေမြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

ကမ္ဘာကြီးဝမ်းမြောက်စေ၊ ကျွန်းများ ရွှင်းလန်းကြစေ။
ကမ္ဘာနှင့်ကျွန်းတို့သည် လူတို့ကဲ့သို့ စိတ်လှုပ်ရှားမှုရှိဟန်
ဖြင့်ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ပင်လယ်နားနှင့်မြေပေါ်၌ရှိသည့်လူတိုင်း
ဝမ်းမြောက်ရွှင်လန်းကြစေ။"

ကျွန်းများ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁)"ပင်လယ်နား၌ရှိသည့် မြေများ"
သို့မဟုတ် (၂) "ကျွန်းများ။"

မိုးတိမ်နှင့်မှောင်မိုက်ခြင်းတို့က သူ့ကိုဝိုင်းရံကြသည်။
"ငါတို့သူ့ကိုမတွေ့နိုင် သူ့ပတ်ပတ်လည်တွင်
မိုးတိမ်နှင့်တကွမှောင်မိုက်ခြင်းနှင့်သူကထိုင်နေသည်။"

ဖြောင့်မတ်ခြင်းနှင့်တရားမျှတမှုတို့သည် သူ့နန်းတော်၏
အုတ်မြစ်ဖြစ်ကြသည်။
"နန်းတော်" သည် ထိုနေရာတွင်ထိုသူကလုပ်သည့်၊
ပြောသည့်အရာအတွက်ရပ်တည်သည်။ ဆာလံဆရာက
ဖြောင့်မတ်ခြင်းနှင့်တရားမျှတမှုတို့က နန်းတော်ကို
အပူပင်ကင်းမဲ့စေသည့်အရာများဖြင့်ဖော်ပြသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သူလုပ်သည့်အရာတိုင်း၌ သူသည်
ဖြောင့်မတ်ပြီးတရားမျှတမှုရှိသည်" သို့မဟုတ်
"သူကဖြောင့်မတ်စွာနှင့် တရာမျှတစွာအုပ်ချုပ်သည့်အတွက်
သူကအုပ်ချုပ်နိုင်သည်။"

သူ့နန်းတော်၏အုတ်မြစ်
"သူ့နန်းတော်၏အုတ်မြစ်" က ထာဝရဘုရားကသူ့နိုင်ငံ
တော်ကိုမည်သို့အုပ်ချုပ်သည်ကိုဆိုလိုသည်။

Psalms 003

မီးသည် ရှေ့တော်၌သွား၍
ဆာလံဆရာက မီးသည် ထာဝရဘုရားရှေ့၌လူကဲ့သို့သွားပြီး
ရှင်ဘုရင်လာသည်ကိုလူတို့အားပြောပြသည့်ဟန်ဖြင့် ပြောသည်။

ရန်သူတို့ကို အလှည့် လှည့်လောင်လေ၏။
"သူ့ရန်သူများကိုမီးရှို့သည်။"

မြေကြီးသည် မြင်၍တုန်လှုပ်၏။
"ကမ္ဘာ" သည် ၎င်းအပေါ်၌နေကြသည့် လူများကိုဆိုလို သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"မြေပေါ်ရှိလူတို့ကမြင်ပြီးတုန်လှုပ်ကြသည်။"

တုန်လှုပ်သည်။
"ကြောက်ရွံ့ခြင်းနှင့်တုန်သည်။"

တောင်တို့သည် ဘယောင်းကဲ့သို့ အရည်ဖြစ်ကြ၏။
"ထာဝရဘုရားလာသည်နှင့်တောင်များသည် မရပ်နိုင်ကြ"
သို့မဟုတ် "ထာဝရဘုရားရှေ့တော်၌တောင်များ
တစ်စစီဖြစ်သည်။

Psalms 006

ကောင်းကင်ကသူ၏တရားမျှတမှုကိုကြေငြာသည်။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ


generated on Sun Jun 30 02:37:40 2024

ရုပ်တုဆင်းတုကိုဝတ်ပြုသောသူ၊
အချည်းနှီးသောသက်သက်ဝါကြွားသောသူအားလုံး အရှက်ရကြမည်။
ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အချည်းနှီးသောရုပ်တုတို့ကိုကိုးကွယ်ပြီး ဝါကြွားသောသူအားလုံးကို ဘုရားသခင်က အရှက်ရစေမည်"

ဇိအုန်ကြားသည်...ယုဒမြို့
ဤမြေ၌နေထိုင်ကြသည့်လူတို့ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန်လူတို့ကကြားသည်... ယုဒ လူတို့ကကြားသည်။"

Psalms 009

N/A
ဆာလံဆရာက အုပ်စိုးနိုင်အောင်သန်မာသူများကို
တခြားသူများထက် ခန္ဓာပိုင်းအရမြင့်ကြသည်ဟုပြောထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"နေထိုင်သည့်လူအားလုံးအပေါ်အုပ်စိုးသည်။"

သင်သည် ချီးမြှောက်ခြင်းခံသည်။
ဆာလံဆရာက အုပ်စိုးနိုင်အောင်သန်မာသူများကို
တခြားသူများထက် ခန္ဓာပိုင်းအရမြင့်ကြသည်ဟုပြောထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်မြင့်သည်"

မတရားသော သူတို့၏လက်မှ
"မတရားသောသူ၏ထိန်းချုပ်မှု"

အလင်းကိုစိုက်ပျိုးထားသည်.....ဝမ်းမြောက်သည်။
ဤစကားစုနှစ်ခု၏ဆိုလိုရင်းမှာအတူတူဖြစ်သော်လည်း
အလေးအနက်ပေးရန်သုံးထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"မှန်သည့်အရာများကိုလုပ်သူအတွက် ဘုရားသခင်ကအလင်းကိုစိုက်ပျိုးထားသည်၊ ရိုးသားသည့်စိတ်ထားရှိသူများအတွက် ဝမ်းမြောက်ခြင်းကိုသူ စိုက်ပျိုးထားသည်။"

ဖြောင့်မတ်သောသူများအတွက် အလင်းကိုစိုက်ပျိုးထားသည်။
"စိုက်ပျိုးသည်" သည်
အနာဂတ်၌ဖြစ်လာမည့်အရာကိုတင်စားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သူများအတွက်ကောင်းသည့်အရာများ အနာ ဂတ်၌ဖြစ်ပျက်လာရန်ဘုရားသခင်ကြိစည်ထားသည်။"

ဖြောင့်မတ်သော
နာမဝိသေသန "ဖြောင့်မတ်သော" ကို နာမ်စကားစုဖြင့်
ပြန်ရေးနိုင်သည်။အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောလူများ"

ရိုးသားသည့်စိတ်ရှိသူများအတွက်ပျော်ရွှင်ခြင်း။
"ရိုးသားသည့်စိတ်ရှိသောသူများအတွက် ဝမ်းမြောက်ခြင်းကိုပျိုးထားသည်" "ပျိုးသည်" သည်
အနာဂတ်၌ဖြစ်လာမည့်အရာကိုတင်စားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ရိုးသားသည့်စိတ်ရှိသောသူများအတွက်
ဘုရားသခင်ကအနာဂတ်တွင်သူတို့ပျော်ရွှင်ဖို့ကြံစည်ထားသည်။"

ရိုးသားသည့်စိတ်ရှိသောသူများ
စိတ်သည် လူပုဂ္ဂိုလ်အတွက်ရပ်တည်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရိုးသားသည့်လူများ"

Psalms 012

ယေဘုယျအချက်အလက်
ဤအပိုဒ်က အမိန့်ဖြစ်ပြီး အမိန့်ပေးရသည့်အကြောင်းရင်းကလိုက်လာသည်။ သင့်ဘာသာစကား၌ အမိန့်ဖြစ်ကြောင်းပြရန်လိုအပ်ပါက သုံးနိုင်သည်"
သင်တို့အတွက်ထာဝရဘုရားကလုပ်သည့်
သင်တို့ဖြောင့်မတ်သောသူများက
သူ့သန့်ရှင်းခြင်းကိုသင်တို့သတိရကြသည့်အခါ
သူ့ကိုကျေးဇူးတင်လျက် ဝမ်းမြောက်ကြလော့။"

ထာဝရဘုရား၌ဝမ်းမြောက်လော့။
"သင့်အတွက်ထာဝရဘုရားလုပ်သည့်အရာကြောင့်
သင်ဝမ်းမြောက်လော့။"

သူ့သန့်ရှင်းခြင်းကိုသင်သတိရသည့်အခါ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

## Chapter 98

[1] ထာဝရဘုရားအား အသစ်သောသီချင်းကို ဆိုကြလော့။ အံ့ဘွယ်သော အမှုတို့ကို ပြုတော်မူပြီ။ လက်ျာလက်တောနှင့် သန့်ရှင်းသော
လက်ရုံးတော်သည် ကိုယ်တော်အဘို့ ကယ်တင်ခြင်း၊ အမှုကို ပြုလေပြီ။ [2] ထာဝရဘုရားသည် ကယ်တင်တော်မူခြင်း ကျေးဇူးကို
ထင်ရှားစေ၍၊ ဖြောင့်မတ်တော်မူခြင်း တရား ကိုလည်း တပါးအမျိုးသားတို့အား ဘော်ပြတော်မူပြီ။ [3] ဣသရေလအမျိုးသားတို့၌
ကရုဏာတော်နှင့် သစ္စာတော်ကို အောက်မေ့တော်မူပြီ။ ငါတို့ဘုရားသခင် ၏ ကယ်တင်တော်မူခြင်းကျေးဇူးကို မြေကြီးစွန်းအပေါင်း
တို့သည် မြင်ရကြပြီ။ [4] မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား ကြွေးကြော်ကြလော့။ အသံဗလံကို ပြု၍ ရွှင်လန်းစွာ
သီချင်းဆိုလျက် ချီးမွမ်းကြလော့။ [5] စောင်းတီး၍ထာဝရဘုရားအားသီချင်းဆိုကြလော့။ စောင်းတီး၍ တုရိယာ သံကို ပြုကြလော့။ [6]
တံပိုးနှဲခရာကိုမှုတ်၍၊ ရှင်ဘုရင်တည်းဟူသော ထာဝရဘုရားရှေ့တော်၌ ကြွေးကြော်ကြလော့။ [7] ထာဝရဘုရားရှေ့တော်၌၊
ပင်လယ်နှင့်ပင်လယ် တန်ဆာသည် အသံဗလံကို ပြုစေ။ လောကဓာတ်နှင့် လောကသားတို့သည် ထိုနည်းတူ၊ [8] မြစ်တို့သည်
လက်ခုပ်တီး၍၊ တောင်ရှိသမျှ တို့သည်လည်း ရွှင်လန်းကြစေ။ [9] အကြောင်းမူကား၊ မြေကြီးသားတို့ကို တရား စီရင်ခြင်းငှါ
ကြွလာတော်မူ၏။ လောကာသားတို့ကို ဖြောင့်မတ်စွာ စီရင်၍၊ လူများကို ဟုတ်မှန်ခြင်းတရား အတိုင်း စီရင်ဆုံးဖြတ်တော်မူလတံ့။

---

Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

အသစ်သောသီချင်း
မည်သူကမျှမသီဆိုဖူးသောသီးချင်း။ 96:1၌
မည်သို့ဘာသာပြန်သည်ကိုကြည့်နိုင်သည်။

သူ့လက်ယာနှင့်သူ့လက်မောင်း
"လက်ယာ" နှင့် "သန့်ရှင်းသောလက်" သည် ထာဝရ
ဘုရား၏ခွန်အားကိုဆိုလိုသည်။ သူ့ခွန်အားမည်မျှကြီးသည့်ကို
အတူတကွအလေးအနက်ပေးသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ကြီးမားသောတန်ခိုး"

လက်ယာ
ကျွမ်းကျင်သည့်လက်နှင့် ပိုတန်ခိုးရှိသည့်လက်။

သန့်ရှင်းသောလက်
"လက်" သည်တန်ခိုးအတွက်ရပ်တည်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သူထဲ၏တန်ခိုး"

သူ့ကိုအောင်မြင်ခြင်းပေးပါ။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

သူ့ကယ်တင်ခြင်းကိုသိစေသည်။
"ကယ်တင်ခြင်း" နာမ်ကို ကြိယာ "ကယ်တင်သည်"
ဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူ့လူတို့ကိုသူကယ်တင်သည့်အကြောင်းကိုလူတို့အားပြပါ။"

လူမျိုးတိုင်းကို သူ၏တရားမျှတမှုကိုပြသည်
"တရားမျှတမှု" နာမ်ကို နာမဝိသေသန "တရားသော"
ဖြင့်ပြန်ရေးနိုင်သည်။ "လူမျိုးများ" သည် "ထိုနေရာ၌နေ
ထိုင်ကြသည့်လူများ" ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတရားမျှတမှုကို
ထိုနေရာ၌နေထိုင်ကြသည့်လူမျိုးအားလုံးအားပြပါ။"

Psalms 003

သတိရရန်ခေါ်သည်။
"သတိရသည်" ခေါ်သည်" ကို 20:3 ၌မည်သို့ဘာသာပြန်
သည်ကိုကြည့်နိုင်သည်။

မြေကြီးနှင့် မြေကြီးအစွန်းအပေါင်း
မြေကြီးပေါ်၌ရှိသည့်လူများအတွက် ရပ်တည်သည်။ အခြား
သောဘာသာပြန်ဆိုချက်၊
"မြေကြီးတဝှမ်းလုံးရှိလူတို့...မြေကြီးထဲရှိလူအားလုံး။"

ငါတို့ဘုရား၏အောင်မြင်ခြင်းကိုမြင်မည်။
"အောင်မြင်ခြင်း" ဖြစ်သည့်နာမ်ကို ကြိယာ "အောင်မြင်သည်"
ဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါတို့ဘုရားကသူ့ရန်သူတို့အနိုင်ရသည်ကိုမြင်မည်။"

သီချင်းအဖြစ်ကြွေးကြော်သည်။
"ပျော်ရွှင်စွာဖြင့်သီချင်းကို ရုတ်တရက်စဆိုသည်။"

ဝမ်းမြောက်ခြင်းအတွက်ဆိုသည်။
"သင်ဝမ်းမြောက်သည့်အတွက်သီဆိုသည်။"

ချီးမွမ်းသီချင်းဆိုသည်။
"ဘုရားသခင်အားချီးမွမ်းသီချင်းဆိုသည်။"

Psalms 005

N/A
ချိုသာသောဂီတသံ

N/A
တိရိစ္ဆာန်၏ဦးချိုကို တူရိယာအဖြစ်သုံးကြသည်။


generated on Sun Jun 30 02:37:40 2024

N/A
"ကျယ်လောင်သောအသံ" 47:1 ၌ "ကျယ်လောင်သည်" ကိုမည်သို့ဘာသာပြန်သည်ကိုကြည့်နိုင်သည်။

Psalms 007

ပင်လယ်နှင့်၎င်း၌နေထိုင်သူအားလုံးဟစ်အော်ကြစေ။
ဆာလံဆရာက ပင်လယ်ကိုလူပုဂ္ဂိုလ်ကဲ့သို့ဘုရားသခင်ထံဟစ်အော်နိုင်သူအဖြစ်ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပင်လယ်ပေါ်နှင့်၎င်းအထဲရှိနေထိုင်သူများ ဟစ်အော်ကြစေ။"

မြေကြီးနှင့်၎င်း၌နေထိုင်သူများ
ဆာလံဆရာက မြေကြီးကိုလူပုဂ္ဂိုလ်ကဲ့သို့ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးပေါ်နှင့်၎င်းအထဲရှိနေထိုင်သူများ ဟစ်အော်ကြစေ။"

မြစ်သည် သူတို့လက်ခုတ်တီးကြစေ၊ တောင်များတို့ ဝမ်းမြောက်သောအသံဖြင့် အော်ဟစ်ကြစေ။
ဆာလံဆရာက မြစ်များနှင့်တောင်များကိုလူတို့ကဲ့သို့ လက်ခုတ်တီး အော်နိုင်ကြသူများအဖြစ် ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြစ်များသည် သူတို့လက်များခုတ်တီးပြီး တောင်များသည် ဝမ်းမြောက်ခြင်းအတွက်ဟစ်အော်ခြင်းများလုပ်ကြစေ။"

မြေကြီး...လူမျိုးများ
ဤစကားစုများက "မြေကြီးပေါ်ရှိလူများ" နှင့် "လူမျိုးစုလူများ" အတွက်ရပ်တည်သည်။"

လူမျိုးတို့အတွက် ရိုးသားခြင်း
"သူကလူမျိုးစုကိုရိုးသားခြင်းနှင့်တရားစီရင်မည်။"

ရိုးသားခြင်းနှင့်
"ရိုးသားစွာ" သို့မဟုတ် "လူတိုင်းအတွက်ညီတူညီမျှ"


generated on Sun Jun 30 02:37:40 2024

## Chapter 99

[1] ထာဝရဘုရားသည် စိုးစံတော်မူ၏။ လူများတို့ သည် တုန်လှုပ်ခြင်း ရှိကြစေ။ ခေရုဗိမ်တွင် ကျိန်းဝပ် တော်မူ၏။ မြေကြီးသည်
လှုပ်ရှားခြင်းရှိစေ။ [2] ထာဝရဘုရားသည် ဇိအုန်တောင်မှာ ကြီးမြတ် တော်မူ၏။ လူများအပေါင်းတို့ထက် ချီးမြှောက်ခြင်း ရှိတော်မူ၏။
[3] ကြီးမြတ်၍ ကြောက်ရွံ့ဘွယ်သော နာမတော်ကို ချီးမွမ်းကြစေ။ အကြောင်းမူကား၊ နာမတော်သည် သန့်ရှင်းခြင်း ရှိသတည်း။ [4]
တရားကို နှစ်သက်သော ရှင်ဘုရင်၏ တန်ခိုး တော်ကို ချီးမွမ်းကြစေ။ ကိုယ်တော်သည် မှန်သော စီရင်ခြင်းကို တည်စေတော်မူ၏။
ယာကုပ်အမျိုး၌ တရား သဖြင့်ပြု၍၊ ဖြောင့်မတ်စွာဆုံးဖြတ်တော်မူ၏။ [5] ငါတို့ဘုရားသခင် ထာဝရဘုရားကို ချီးမြှောက် ကြလော့။
ခြေတော်တင်ရာ ခုံအောက်၌ ပြပ်ဝပ်ကိုးကွယ် ကြလော့။ အကြောင်းမူကား ကိုယ်တော်သည် သန့်ရှင်း တော်မူသတည်း။ [6]
ယဇ်ပုရောဟိတ် မောရှေနှင့် အာရုန်၊ နာမတော် ကို ပဌနာပြုသောသူ ရှမွေလ၊ ဤသူတို့သည် ထာဝရ ဘုရားကို ပဌနာပြု၍၊
ကိုယ်တော်သည် ထူးတော်မူ၏။ [7] သူတို့အားမိုဃ်းတိမ်တိုင်ထဲက မိန့်တော်မူ၏။ သူတို့သည်လည်း၊ သက်သေခံတော်မူချက်များကိုငင်း၊
စီရင်ထုံးဖွဲ့တော်မူချက်များကိုငင်း စောင့်ရှောက်ကြ၏။ [8] အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်သည် သူတို့ကို
ထူးတော်မူ၏။ သူတို့အမှု ကြောင့် အပြစ်ပေးသော်လည်း၊ သူတို့ကို သည်းခံသော ဘုရားဖြစ်တော်မူ၏။ [9] ငါတို့၏ ဘုရားသခင်
ထာဝရဘုရားကို ချီးမြှောက်ကြလော့။ သန့်ရှင်းသော တောင်တော်မှာ ပြပ်ဝပ်ကိုးကွယ်ကြလော့။ အကြောင်းမူကား၊ ငါတို့၏
ဘုရားသခင် ထာဝရဘုရားသည် သန့်ရှင်းတော်မူ သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲဖော်ပြခြင်းသည်
ဟေဗြဲကဗျာ၌အသုံးများဆုံးသောအရာဖြစ်သည်။

လူများတို့
လူမျိုးတိုင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"လူမျိုးတိုင်းလူများ။"

တုန်လှုပ်ခြင်း
ကြောက်ရွံ့ခြင်းနှင့်တုန်လှုပ်သည်။

ခေရုဗိမ်တွင် ကျိန်းဝပ် တော်မူ၏။
ဆာလံဆရာက ထာဝရဘုရားသည်
ဗိမာန်တော်ရှိပဋိညာဉ်သေတ္တာအဖုံးပေါ်၌ရှိသည့်
ခေရုဗိမ်ပေါ်ထိုင်သည်ကို ပြောသည်။

တုန်သည်
တုန်သည်။

ထာဝရဘုရားသည် ဇိအုန်၌ကြီးမြတ်သည်၊
လူမျိုးတိုင်းအပေါ်၌ချီးမြှောက်ခြင်းခံသည်။
"ထာဝရဘုရားတည်းဇိအုန်တောင်ပေါ်၌ကြီးမြတ်သည်မဟုတ်ဘဲ
လူမျိုးတိုင်းအပေါ်မှာချီးမြှောက်ခြင်းခံသည်" သို့မဟုတ်
"ထာဝရဘုရားတည်းဇိအုန်ထဲအုပ်စိုးသည်မဟုတ်ဘဲ
လူမျိုးတိုင်းအပေါ်မှာအုပ်စိုးသည်။"

လူမျိုးတိုင်းအပေါ်မှာချီးမြှောက်ခြင်းခံသည်။
ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "လူမျိုးတိုင်းကသူ့ကိုချီးမွမ်းကြစေ" သို့မဟုတ်
"လူမျိုးတိုင်းကသူ့ကိုကြီးမားစွာချီးမွမ်းကြစေ။"

သင့်နာမတော်၏ကြီးမြတ်မှုနှင့် သန့်ရှင်းခြင်းကို သူတို့ချီးမွမ်းကြစေ။
စာရေးသူက ဘုရားအကြောင်းပြောရာမှ
ဘုရားသခင်ဆီသို့လှည့်နေသည်။ ဤစာပိုဒ်အပြီးမှာ
ဘုရားအကြောင်းကို ပြန်ပြောသည်။

Psalms 004

တရားကို နှစ်သက်သော
"တရားမျှတမှု" ကိုနာမ်ကို "စကားစုဖြင့် "တရားသည့်အရာ"
ဟုပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"တရားသည့်အရာများလုပ်သည်ကိုသူကြိုက်သည်။"

မှန်သော စီရင်ခြင်းကို တည်စေတော်မူ၏။
"အမှန်တရား" သည် တရားသောဥပဒေအတွက်ရပ်တည် သည်။
"သင်တည်ထားသောဥပဒေတို့သည် တရားမျှတ သည်"

ခြေတော်တင်ရာ ခုံ
"သူ့နန်းတော်ရှေ့တွင်"

Psalms 006

ပဌနာ
"သန့်ရှင်းသော"

Psalms 008

သူတို့ကိုသင်အဖြေပေးသည်။
"သင့်လူတို့ကိုသင်အဖြေပေးသည်။"

သူ၏သန့်ရှင်းသောတောင်
"ဇိအုန်တောင်"

---



generated on Sun Jun 30 02:37:40 2024

## Chapter 100

1 မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား ကြွေးကြော်ကြလော့။ 2 ထာဝရဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ကြလော့။ ရွှင်လန်းစွာ သီချင်းဆိုလျက်၊ အထံတော်သို့ ဝင်ကြလော့။ 3 ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ဟု သိမှတ်ကြလော့။ ထာဝရဘုရားသည် ငါတို့ကို ဖန်ဆင်းတော်မူ၍၊ ငါတို့၏အရှင် ဖြစ်တော်မူ၏။ ငါတို့ သည်လည်း၊ ထာဝရဘုရား၏ လူဖြစ်ကြ၏။ အထံတော်၌ ကျက်စားသော သိုးစုလည်း ဖြစ်ကြ၏။ 4 ကျေးဇူးတော် ကြီးပါသည်ဟု ဝန်ခံလျက်၊ တံခါး တော်တို့ကိုဝင်း၊ ဂုဏ်တော်ကိုချီးမွမ်းလျက် တန်တိုင်း တော်တို့ကိုဝင်း ဝင်ကြလော့။ ကျေးဇူး တော်ကိုချီးမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။ 5 အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်း မြတ်တော်မူ၏။ ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက် တည်လေ သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
ဟေဗြဲကဗျာထဲတွင် အများသုံးပြိုင်တူဖြစ်သောအရာ။

ထာဝရဘုရားအား ကြွေးကြော်ကြလော့။
"ထာဝရ ဘုရားအား အသံကိုကြွေးကြော်ကြလော။" ( ရှု - in 47:1.

မြေကြီးသားအပေါင်းတို့
ဤအရာသည် လောက၌ ရှိသောလူအားလုံးကို ရည်ညွှန်းထားပါသည်။

အထံတော်သို့ ဝင်ကြလော့။
ဆာလံဆရာက စာဖတ်သူများအား ရှင်ဘုရင်ထံသို့ တိုးဝင်ရန် ပြောဆိုထားခြင်းဖြစ်ပါသည်။ ဘာသာပြန်ဆိုချက် - "ဝမ်းမြောက်ခြင်းနှင့် သီဆိုသော နေရာ၌ သွားပါ"

Psalms 003

အထံတော်၌ ကျက်စားသော သိုးစု။
ဘုရားသခင်၏ လူများကိုသိုးများကဲ့သို့ ဖြစ်သည်။ ဘာသာပြန်ဆိုချက် - "ဘုရားသခင် မစ၊ ကွယ်ကာသော လူများ။"

ကျက်စားသော
တိရိစ္ဆာန်များကို အစာကျွေးရန်အတွက် နယ်မြေတစ်ခု။

Psalms 004

ကျေးဇူး တော်ကိုချီးမွမ်း၍
"ကိုယ်တော်အား ချီးမွမ်းစဉ်" (သို့ ) "ကိုယ်တော်အား ချီးမွမ်းခြင်း ပေးအပ်စဉ်"

ဂုဏ်တော်ကိုချီးမွမ်းလျက်
"နာမ" ဟူသော စကားလုံးသည် ဘုရားသခင်ကိုယ်တိုင် ကို ရည်ညွှန်းထားပါသည်။ ဘာသာပြန်ဆိုချက် - ထာဝရဘုရားကို ကောင်းကြီးပေးပါ"

သစ္စာတော်သည် ကာလအဆက်ဆက် တည်လေ သတည်း။
သူ့ သစ္စာတော်သည် ကာလအစဉ်အဆက်တည်တော်မူ၏။

ကာလအဆက်ဆက်
"ကာလအစဉ်အဆက်" ၈၉:၃ တွင် ပြန်ဆိုချက် ကြည့်ပါ"

---

 generated on Sun Jun 30 02:37:40 2024

## Chapter 101

1 ငါသည် သနားစုံမက်ခြင်း၊ တရားသဖြင့် စီရင် ခြင်းကို အကြောင်းပြု၍ သီချင်းဆိုပါမည်။ အို ထာဝရ ဘုရား၊ ရှေ့တော်၌
သီချင်းဆိုပါမည်။ 2 စုံလင်သော တရားအတိုင်း ပညာသတိနှင့် ကျင့်ပါမည်။ ကိုယ်တော်သည် အကျွန်ုပ်ဆီသို့ အဘယ် ကာလမှ
ကြွလာတော်မူမည်နည်း။ ကိုယ်အိမ်တွင် သန့်ရှင်းသော စိတ်နှလုံးနှင့်ကျင့်ပါမည်။ 3 အဓမ္မအမှုအရာကို မျက်မှောက်မပြုပါ။ လမ်းလွဲ
သော သူ၏ အမှုကို ရွံရှာသည်ဖြစ်၍၊ ငါ၌ မမှီမကပ်ရ။ 4 သဘောကောက်သော သူသည် ငါ့ထံမှ ထွက် သွားရမည်။
မကောင်းသောသူနှင့် ငါမပေါင်းဘော်။ 5 မိမိအိမ် နီးချင်း၏ အသရေကို တိတ်ဆိတ်စွာ ဖျက်သော သူကို ငါပယ်ဖြတ်မည်။
မျက်နှာထောင်လွှား၍ စိတ်မြင့်သောသူကို သည်းမခံ။ 6 သစ္စာရှိသော ပြည်သားတို့ သည် ငါ့ထံမှာ နေမည် အကြောင်း သူတို့ကို
ငါကြည့်ရှုမည်။ စုံလင်သောတရား၌ ကျင်လည်သောသူသည် ငါ၏ အမှုကို ဆောင်ရွက်ရမည်။ 7 လှည့်စားတတ်သောသူမူကား၊
ငါ့အိမ်၌ မနေရ။ မုသာစကားကို ပြောတတ်သော သူသည်လည်း၊ ငါ့မျက်မှောက်၌ အခွင့်မရှိရ။ 8 ဆိုးသောအမှုကို
ပြုသောသူအပေါင်းတို့ကို ထာဝရဘုရား၏ မြို့တော်မှ ပယ်ဖြတ်မည်အကြောင်း၊ မတရားသော ပြည်သားရှိသမျှတို့ကို
စောစောဖျက်ဆီး လေအံ့သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
ဟေဖြဲ ကဗျာထဲ၌ အများသုံးပြိုင်တူဖြစ်သောအရာ။

Psalms 002

စုံလင်သော တရားအတိုင်း ပညာသတိနှင့် ကျင့်ပါမည်။
ဤတွင် ဒါဝိတ်က အသက်ရှင်ခြင်းကို လမ်းလျှောက်သောအသက်တာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် မှန်ကန်ပြီး ရိုးသားသောနည်းလမ်းအတိုင်း အသက်ရှင်မည်"

ကိုယ်အိမ်တွင် သန့်ရှင်းသော စိတ်နှလုံးနှင့်ကျင့်ပါမည်။
ဤတွင် ဒါဝိဒ်က "အသက်ရှင်ခြင်း" ကို လျှောက်လှမ်းခြင်း ကဲ့သို့ ပြောဆိုထားပါသည်။ နောက်ပြီး ဒါဝိတ်က သူ့အိမ်ကို သန့်ရှင်းသော စိတ်နှလုံးကဲ့သို့ လည်းကောင်း၊ ကိုယ်ခံနှာပိုင်းဆိုင်ရာ နေထိုင်ရသော အိမ်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ကိုယ့်အိမ်ကို ဖြူစင်သော သဘောဖြင့် စီမံမည်။"

အဓမ္မအမှုအရာကို မျက်မှောက်မပြုပါ။
"အဓမ္မအမှု လုပ်ဆောင်ခြင်း" ဟူသည်မှာ စကားစုအဖြစ် ရေးသားနိုင်ပါသည်။ ဒေသသုံး ဖြစ်သော "ငါ့မျက်မှောက်၌ မကောင်းသောအမှုကို ထားပါ" ဆိုလိုသည်မှာ ၎င်းမကောင်းမှုကို ထောက်ခံပေးသည် ဟူ၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့မျက်မှောက်၌ မကောင်းသောအမှုအား ပြုခြင်းကို ငါသည်လက်မခံပါ။"

ငါ၌ မမှီမကပ်ရ။
ဒါဝိတ်က "မကောင်းမှု" ကို သူ့အပေါ်၌ တွယ်ကပ်၍ မရနိုင်သောအရာတစ်ခုကဲ့သို့ ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ သူသည် မကောင်းသောအမှုများနှင့် ၎င်းမကောင်းမှု ကိုလုပ်ဆောင်သောလူများကို ရှောင်ကြဉ် သူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် မကောင်းမှုကို လုံးဝရှောင်လိမ့်မည်ဖြစ်သည်။"

မမှီမကပ်ရ။
တစ်စုံတစ်ခုကို ကိုင်တွယ်သည် (သို့ ) တစ်စုံတစ်ခုကို ခိုင်မာစွာ ချည်သည်။

Psalms 004

သဘောကောက်သော
"မကောင်းသောအရာ" အရာအားလုံး၊။

မျက်နှာထောင်လွှား၍ စိတ်မြင့်သောသူကို သည်းမခံ။
ဤစကားစုနှစ်ခု၏အဓိပ္ပါယ်သည် အခြေခံအားဖြင့် အတူတူဖြစ်ပြီး ဝါကြွားသောသူတို့ကို အထူးပြုထားပါသည်။

စိတ်မြင့်သော
"စိတ်နေသဘောထား" (သို့ ) "လူပုဂ္ဂိုလ် ဖြစ်ခြင်း။"

သစ္စာရှိသော ပြည်သားတို့ သည် ငါ့ထံမှာ နေမည်၊
ဤအရာဆိုလိုသည်မှာ ဒါဝိဒ်က ထိုကဲ့သို့ သစ္စာရှိသောသူများနှင့်အတူ နေထိုင်ရန် ခွင့်ပြုထားသည်။ ပြန်ဆို၊ "ငါသည် သစ္စာရှိသောသူကို ငါနှင့်အတူနေရန် ခွင့်ပြုမည်ဖြစ်သည်။

သစ္စာရှိသော
ဤအရာသည် ဘုရားသခင်၌ သစ္စာရှိသော လူများကို ရည်ညွှန်းထားပါသည်။ ပြန်ဆို၊ "သစ္စာရှိသောသူ"

စုံလင်သောတရား၌ ကျင်လည်သောသူသည် ငါ၏ အမှုကို ဆောင်ရွက်ရမည်။
ဤတွင် ဒါဝိတ်က "အသက်ရှင်ခြင်းကို" ကို လမ်းလျှောက်ခြင်းကဲ့သို့ ပြောဆိုထားပါသည်။ ဘာသာပြန်ဆိုချက် - "ရိုးသားပြီး မှန်ကန်သောနည်းလမ်းဖြင့် အသက်ရှင်ပါ"


generated on Sun Jun 30 02:37:40 2024

Psalms 007

လှည့်စားတတ်သောသူမူကား၊ ငါ့အိမ်၌ မနေရ။
ဤစကားစုနစ်ခုတို့သည် ဆိုလိုရင်းအတူတူဖြစ်ပြီး ဒါဝိတ်သည် လှည့်စားတတ်သောသူတို့ကို ရောနှောမည်မဟုတ်ကြောင်း အသုံးပြုပြောဆိုထားပါသည်။

မုသာစကားကို ပြောတတ်သော သူသည်လည်း၊ ငါ့မျက်မှောက်၌ အခွင့်မရှိရ။
ဤအရာသည်ကတ္တားဝါကျဖြင့်

ငါ့မျက်မှောက်၌
ဤတွင် "ငါ့မျက်မှောက်ဟူသောအရာသည် ဒါဝိတ်က သူ့ကိုသူ ရည်ညွှန်းထားပါသည်။ အခြားသောပြန်ဆိုချက် - "ငါ့ရှေ့မှောက်၌"။

နေ့တိုင်းအစဉ်
ဤစကားလုံးသည် "နေ့တိုင်း" ရည်ညွှန်းထားသည်။

ဆိုးသောအမှုကို ပြုသောသူအပေါင်းတို့
ဤတွင် ဆိုးသွင်းသောသူတို့ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဆိုးသွမ်းသောသူ"

ထာဝရဘုရား၏ မြို့တော်မှ
ဒါဝိတ်က သူနေထိုင်သောမြို့ကို ဘုရားသခင်၏မြို့တော်ကဲ့သို့ ရည်ညွှန်းပြောဆိုထားသည်။ ဤအရာကိုရှင်းလင်းစွာ အခြားဘာသာပြန်ဆိုချက် - "ဘုရားသခင်၏ မြို့ဖြစ်သော ဤမြို့တော်မှ"

---

## Translation Questions

Psalms 101:1

ဒါဝိဒ်သည် မည်သည့်အရာအကြောင်းဖြင့် သီချင်းသီဆိုလိမ့်မည်နည်း။
သူသည် သနားစုံမက်ခြင်း တရားသဖြင့်စီရင်ခြင်းအကြောင်းဖြင့် သီချင်းဆိုလိမ့်မည်။

Psalms 101:2

ဒါဝိဒ်သည် သူ့မျက်စိရှေ့တွင် မည်သည့်အရာကို မထားရှိခဲ့သနည်း။
သူသည် သူ၏ မျက်စိရှေ့တွင် မှားယွင်းသောအမှုကို မထားရှိခဲ့သည်။

Psalms 101:4

အဘယ်သူကို ဒါဝိဒ်က ဖျက်ဆီးလိမ့်မည်နည်း။
သူသည် သူနှင့်စပ်ဆိုင်သောသူ၊ မကောင်းသောသူတို့ကို ဖျက်ဆီးလိမ့်မည်။

ဒါဝိဒ်သည် သူ့အနားတွင် ထိုင်ဖို့ရန်နှင့် သူ့ကို အစေခံဖို့ရန် မည်သို့သောလူမျိုးကို လိုချင်ခဲ့သနည်း။
ဒါဝိဒ်သည် သူ့အနားတွင် ထိုင်ဖို့ရန် ပြည်ကို သစ္စာရှိသောသူနှင့် ရိုးသားဖြောင့်မတ်စွာ အစေခံမည့်သူကို လိုချင်ခဲ့သည်။

Psalms 101:7

ဒါဝိဒ်သည် သူ့အိမ်ထဲတွင် ရှိနေဖို့ရန် မည်သူကို ခွင့်မပြုလိမ့်မည်နည်း။
သူသည် သူ့အိမ်ထဲတွင် ရှိနေဖို့ရန် ပရိယာယ်များသော သူကို ခွင့်မပြုလိမ့်မည်။

ဒါဝိဒ်သည် ပြည်မှ ဆိုးသွမ်းသောသူအားလုံးကို ဖျက်ဆီးလိမ့်မည်ဟု မည်သို့ မကြာခဏပြောခဲ့သနည်း။
သူသည် ဆိုးသွမ်းသောသူ အားလုံးကို စောစောဖျက်ဆီးလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 102

1 အိုထာဝရဘုရား၊ အကျွန်ုပ်၏ ပဌနာကို နားထောင်တော်မူပါ။ အကျွန်ုပ် အော်ဟစ်ခြင်းအသံ သည် ရှေ့တော်သို့ ရောက်ပါစေသော။ 2
ဘေးရောက်သည်ကာလ၌ မျက်နှာတော်ကို အကျွန်ုပ်မှလွှဲတော် မမူပါနှင့်။ အကျွန်ုပ်ခေါ်သောအခါ နားထောင်တော်မူပါ။ အလျင်အမြန်
ထူးတော်မူပါ။ 3 အကြောင်းမူကား၊ အကျွန်ုပ်၏ နေ့ရက်ကာလ သည် မီးခိုးကဲ့သို့ ကုန်တတ်ပါ၏။ အကျွန်ုပ်၏ အရိုးတို့ သည်
မီးဈေးကဲ့သို့ ကျွမ်းကြပါ၏။ 4 အကျွန်ုပ်၏နှလုံးသည် မြက်ပင်ကဲ့သို့ အထိ အခိုက်ခံရ၍၊ ညှိုးနွမ်းလျက် ရှိပါ၏။ အစာစားခြင်း
ကိစ္စကိုပင် မေ့လျော့တတ်ပါ၏။ 5 ကိုယ်ညည်းတွားခြင်း အသံကြောင့်၊ အကျွန်ုပ်၏ အရိုးတို့သည် အရေ၌ ကပ်လျက်ရှိကြပါ၏။ 6
အကျွန်ုပ်သည် လွင်ပြင်၌နေသော ဝံပိုကဲ့သို့၎င်း၊ တော၌နေသော ဇီကွက်ကဲ့သို့၎င်း ဖြစ်ပါ၏။ 7 အကျွန်ုပ်သည် အိမ်မိုးပေါ်မှာ
တကောင်တည်း နေရသော ငှက်ကဲ့သို့ဖြစ်၍ စောင့်လျက်နေရပါ၏။ 8 အကျွန်ုပ်ရန်သူတို့သည် တနေ့လုံးကဲ့ရဲ့ကြပါ၏။
အကျွန်ုပ်တဘက်၌ စော်ကားသော သူတို့သည် အကျွန်ုပ် ကို ပုံခိုင်း၍ ကျိန်ဆိုတတ်ကြပါ၏။ 9 စိတ်တော်မပြေ၊ 10 အမျက်ထွက်
တော်မူသောကြောင့်၊ အကျွန်ုပ် သည် ပြာကိုမုန့်ကဲ့သို့ စားရပါ၏။ သောက်သောအခါ လည်း၊ မျက်ရည်ရော၍ သောက်ရပါ၏။
ကိုယ်တော်သည် အကျွန်ုပ်ကို ချီးမြှောက်ပြီးမှ အောက်သို့ ချတော်မူပြီ။ 11 အကျွန်ုပ်၏နေ့ရက်တို့သည် ရှည်လျားသော
အရိပ်ကဲ့သို့ဖြစ်၍၊ မြက်ပင်ကဲ့သို့ အကျွန်ုပ်ညှိုးနွမ်းပါ၏။ 12 အိုထာဝရဘုရား၊ ကိုယ်တော်သည် နိစ္စထာဝရ ဖြစ်တော်မူ၏။
နာမတော်သည် ကာလအစဉ်အဆက် တည်ပါ၏။ 13 ထတော်မူပါ။ ဇိအုန်မြို့ကို သနားတော်မူပါ။ ဇိအုန်မြို့ကို
ကယ်မသနားရသောအချိန်၊ ချိန်းချက်တော် မူသော အချိန်ရောက်ပါပြီ။ 14 ကိုယ်တော်၏ ကျွန်တို့သည် ထိုမြို့၏ ကျောက်ခဲ တို့ကိုပင်
နှစ်သက်၍၊ သူ၏မြေမှုန့်ကိုပင် စုံမက်ကြပါ၏။ 15 တပါးအမျိုးသားတို့သည် ထာဝရဘုရား၏ နာမတော်ကို၎င်း၊
လောကီရှင်ဘုရင်အပေါင်းတို့သည် ဘုန်းတော်ကို၎င်း ကြောက်ရွံ့ကြပါလိမ့်မည်။ 16 ထာဝရဘုရားသည် ဇိအုန်မြို့ကို တည်ထောင် ၍၊
ဘုန်းတော်နှင့်တကွ ထင်ရှားတော်မူလိမ့်မည်။ 17 ကိုးကွယ်ရာမဲ့သောသူတို့ ဆုတောင်းခြင်း အကြောင်းကို မထီမဲ့မြင်မပြု၊ သူတို့၏
ပဌနာကို မှတ်တော်မူလိမ့်မည်။ 18 ထိုအကြောင်းအရာကို နောက်ဖြစ်လတံ့သော လူမျိုးအဘို့ ရေးမှတ်ရမည်။ ပြုပြင်တော်မူလတံ့သော
လူတို့သည် ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်။ 19-22 ချုပ်ထားသောသူ၏ ညည်းတွားသံကို နားထောင်ခြင်းငှါ၎င်း၊ သေရမည့်
သူတို့ကို လွှတ်ခြင်းငှါ၎င်း၊ အတိုင်းတိုင်အပြည်ပြည်သော လူမျိုးတို့သည် ထာဝရဘုရား၏ နာမတော်နှင့် ဂုဏ်ကျေးဇူးတော်ကို
ထင်ရှား စေခြင်းငှါ၎င်း၊ သန့်ရှင်းရာ ဌာနတော်အထွဋ်မှက ငုံ့ကြည့်တော်မူ၍၊ ကောင်းကင်ပေါ်က ထာဝရဘုရား သည် မြေကြီးကို
ရှုမှတ်တော်မူ၏။ 23 လမ်းခရီး၌ ငါ၏အစွမ်းကို လျော့စေခြင်းငှါ၎င်း၊ ငါ၏နေ့ရက်ကာလကို တိုစေခြင်းငှါ၎င်း ပြုတော်မူသော အခါ၊
24 ငါလျှောက်သော အချက်ဟူမူကား၊ အို အကျွန်ုပ် ၏ဘုရား၊ အကျွန်ုပ်ကို အသက်ပျိုစဉ်ပင် ပယ်ရှားတော် မမူပါနှင့်။ ကိုယ်တော်၏
နှစ်တို့သည် ကာလအစဉ် အဆက်မြဲကြပါ၏။ 25 ကိုယ်တော်သည် ရှေ့ဦးစွာ၌ မြေကြီးကို တည် တော်မူပြီ။
မိုဃ်းကောင်းကင်သည်လည်း လက်တော်နှင့် ဖန်ဆင်းသောအရာဖြစ်ပါ၏။ 26 ထိုအရာတို့သည် ပျက်စီးခြင်းသို့ ရောက်သော် လည်း
ကိုယ်တော်သည် အမြဲတည်တော်မူ၏။ ထိုအရာ ရှိသမျှတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ရောက်၍၊ ကိုယ်တော်သည်
ဝတ်လုံကိုလဲသကဲ့သို့ လဲတော်မူသဖြင့်၊ ပြောင်းလဲခြင်းရှိကြသော်လည်း၊ 27 ကိုယ်တော်သည် ပြောင်းလဲတော်မမူပါ။
အသက်တော်လည်း မကုန်မဆုံးရပါ။ 28 ကိုယ်တော်ကျွန်တို့၏သားမြေးတို့သည် တည်၍၊ အမျိုးအနွယ်သည်လည်း ရှေ့တော်၌
မြဲမြံပါလိမ့်မည်။ ဆင်းရဲသောသူသည် ညှိုးငယ်သောစိတ်နှင့် ထာဝရဘုရား ရှေ့တော်၌ညည်းတွား မြည်တမ်း၍ပြုသော ပဌနာ။

---

Psalms 001

ယေဘုယျအချက်အလက်
ဟေဗြဲ ကဗျာ၌ အများသုံးအပြိုင်ဆိုင်ကဲ့သို့ ဖြစ်သောအရာ။

ဘေးရောက်သည်ကာလ၌
ဤအရာသည် ဘေးဒုက္ခရောက်နေသောသူတို့ကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
ဘေးဒုက္ခရောက်သောသူ"။

အော်ဟစ်ခြင်းအသံ
"မောပန်းသည်" (သို့မဟုတ် ) "အားနည်းသည်"

အော်ဟစ်ခြင်းအသံ သည် ရှေ့တော်သို့ ရောက်ပါစေသော။
စာရေးသူ ဖော်ပြသောနည်းလမ်းမှာ သူ၏ ငိုကြွေးခြင်းကို
စီးထွက်လာသော အရည်ကဲ့သို့
ဖြစ်ကြောင်းခိုင်းနှိုင်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်သည်၊ လွတ်လပ်စွာ
ဘုရားသခင်အား ဝမ်းနည်းကြောင်း ဖော်ပြသည်။

Psalms 003

အကျွန်ုပ်၏ နေ့ရက်ကာလ သည် မီးခိုးကဲ့သို့ ကုန်တတ်ပါ၏။
ဤနေရာတွင် "ငါ့နေ့ရက်များ" ဟူသည်မှာ စာရေးသူ၏ ဘဝနှင့်
အတွေးအခေါ်များသည် "မီးခိုး" များကဲ့သို့ လျှင်မြန်စွာ
လွန်သွားတတ်ကြောင်းကို ရည်ညွှန်း၍ဖော်ပြထားပါသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အသက်နေ့ရက်သည် လျှင်မြန်စွာ ကုန်လွန်သွားတတ်သည်"။

အကျွန်ုပ်၏ အရိုးတို့ သည် မီးဖျေးကဲ့သို့ ကျွမ်းကြပါ၏။
ဤတွင် ငါ့အရိုး ဟူသည်မှာ သူ့ခန္ဓာကိုယ်များသည် အရိုးကဲ့သိုဖြစ်ကြောင့်ကို စာရေးသူက ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ငါ့အရိုးသည် လောင်ကျွမ်းခြင်းကဲ့သို့ ခံစားရသည်။"

အကျွန်ုပ်၏နှလုံးသည် မြက်ပင်ကဲ့သို့ အထိ အခိုက်ခံရ၍
ဤတွင် စာရေးသူသည် "သူ့နှလုံး" ကို သူ့ကိုသူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါသည် ကွယ်ပျောက်ခြင်းခံရသည်။" ( ရှု - and

မြက်ပင်ကဲ့သို့ အထိ အခိုက်ခံရ၍၊ ညှိုးနွမ်းလျက် ရှိပါ၏။
ဤအရာသည်လည်း ပျောက်ကွယ်ခြင်းအတွက် ဖော်ပြထားသော နောက်တနည်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ ငါသည် ညှိုးနွမ်းသော မြက်ပင်ကဲ့သို့ ခြောက်သွေ့နေကြောင်း ခံစားရသည်။"

Psalms 005

အကျွန်ုပ်သည် လွင်ပြင်၌နေသော ဝံပိုကဲ့သို့ငှင်း၊
သူသည် တစ်ယောက်တည်းဖြစ်ခြင်းကို အမြဲတစ်ကောင်တည်းနေထိုင်တတ်သော၊ တခြားသောငှက်များနှင့် အတူမနေတတ်သော ဝံပိုငှက်နဲ့ ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါသည် တောလွင်ပြင်၌ နေသော ဝံပိုငှက်ကဲ့သို့ ဖြစ်ကြောင့်ခံစားရသည်။"

ဝံပိုကဲ့သို့ငှင်း၊
ငါးများကို စားတတ်သော ငှက်မျိုး။

တော၌နေသော ဇီကွက်ကဲ့သို့ငှင်း ဖြစ်ပါ၏။
စာရေးသူက အထီးကျန်ဆန်မှုကို ဇီကွက်ကဲ့သို့ စွန့်လွှတ်တတ်သူ ဖြစ်ကြောင့်ဆက်လက်ပြီး ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ပျက်စီးနေသော ဇီကွက်ကဲ့သို့ အထီးကျန်ဆန်သောသူဖြစ်လာသည်။"

ဇီးကွက်
ဤငှက်သည် ညအချိန်တွင် အိပ်ရာနိုးတတ်သော ငှက်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ညငှက်"

Psalms 007

အကျွန်ုပ်သည် အိမ်မိုးပေါ်မှာ တကောင်တည်း နေရသော ငှက်ကဲ့သို့ဖြစ်၍ စောင့်လျက်နေရပါ၏။
စာရေးသူက သူ့ကိုသူ အထီးကျန်ဆန်မှုတွေကို အထူးပြုစေရန် ခိုင်းနှိုင်းထားသော ငှက်ဖြစ်သည်။"

Psalms 009

အကျွန်ုပ် သည် ပြာကိုမုန့်ကဲ့သို့ စားရပါ၏။
ဒါဝိဒ် သည်ကြေကွဲခြင်းကို ပြာကဲ့သို့ဖြစ်ကြောင်း၊ ပြာအပေါ်၌ ကျသော အစာကဲ့သို့ ဖြစ်ကြောင်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ငါသည် ပြာကို မုန့်ကိုစားသကဲ့သို့ စားသည်"

မျက်ရည်ရောစ၍ သောက်ရပါ၏။
ဒါဝိဒ်သည် သူ့အကြံအစည်အတိုင်း မျက်ရည်ဖြင့် သောက်သုံးခြင်းမဟုတ်ပါ။ သို့သော် သူသည် ဝမ်းနည်းသောကြောင့် သူ့ခွက်ထဲတွင် သူ့မျက်ရည်များကျရောက်လာသည်။ အခြားသောဘာသာပြန်ဆိုချက် - မျက်ရည်သည် ငါသောက်သော ခွက်ထဲ့သို့ စီးကျလာသည်။"

ကိုယ်တော်သည် အကျွန်ုပ်ကို ချီးမြှောက်ပြီးမှ အောက်သို့ ချတော်မူပြီ။
ဘုရားသခင်သည် အကယ်စင်စစ် ဒါဝိဒ်၏ ခန္ဓကိုယ်အား မြေပြင်သို့ ချီးမြှောက်နေခြင်းမဟုတ်ပါ။ သို့သော် ဒါဝိဒ်က သူ့ကိုထိုသို့ ချီးမြှောက်နေသကဲ့သို့ ခံစားရသည်ကိုဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာကို ကိုယ်တော်သည် ငါ့ကို ချီးမြှောက်ပြီး ပြန်ဆွဲချသကဲ့သို့ဖြစ်သည်။"

Psalms 011

အကျွန်ုပ်၏နေ့ရက်တို့သည် ရှည်လျားသော အရိပ်ကဲ့သို့ဖြစ်၍
ဒါဝိဒ် ကလောကအသက်ရှင်သောအချိန်ကာလကို လွန်သွားတတ်သောအရိပ်ကဲ့သို့ ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျန်ရှိသော ငါ့နေ့ရက်များသည် မကြာမှီကုန်ဆုံးသွားမည့် ညနေခင်းအရိပ်ကဲ့သို့ သာဖြစ်သည်။"

မြက်ပင်ကဲ့သို့ အကျွန်ုပ်ညှိုးနွမ်းပါ၏။
ဒါဝိဒ်၏ ခန္ဓာကိုယ်သည် အားနည်းပြီး သူ့အသက်သည် ကုန်ဆုံးချိန်နီးလာသည်ကို၊ သူ့ကိုသူ ညှိုးနွမ်းတတ်သော မြက်ပင်ကဲ့သို့ ဖြစ်သည်ကို ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုယ်ခန္ဓာသည် အားနည်းသောကြောင့် မြက်ပင်ကဲ့သို့ ဖြစ်လာသည်။"

ညှိုးနွမ်းပါ၏။
ခြောက်သွေ့ပြီး ကြွေသွားသည်။

ကိုယ်တော်သည် နိစ္စထာဝရ ဖြစ်တော်မူ၏။
"ကိုယ်တော်သည် လာမည့် နိစ္စထာဝရ အဆက်ဆက် ဖြစ်တော်မူလိမ့်မည်။"

နာမတော်သည်
များစွာသောလူများက သိကျွမ်းကြသည်။


generated on Sun Jun 30 02:37:40 2024

## Psalms 013

ဇိအုန်မြို့ကို သနားတော်မူပါ။
ဤတွင် "ဇိအုန်" ဟူသည်မှာ ဇိအုန်တွင် နေထိုင်သော လူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ဇိအုန်၌ ရှိသောလူများကို သနားတော်မူပါ။" ( ရှု - Metonymy)

ဇိအုန်မြို့ကို
ဤစကားလုံးသည် "သူမ" အပေါ်ဟူသည်မှာ "ဇိအုန်ကို" ရည်ညွှန်းထားပါသည်။

ကျောက်ခဲ တို့ကိုပင် နှစ်သက်၍၊
"ကျောက်များ" ဟူသည်မှာ ဖျက်ဆီးခြင်းမခံမီ မြို့နံရံကို စီထားသောအရာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရင်က မြို့နံရံ ၌ ရှိသော ကျောက်များကို ဆက်ပြီး နှစ်သက်နေဆဲဖြစ်သည်။

နာမတော်ကိုငင်း၊
ဤတွင် "နာမတော်" ဟူသည်မှာ "ဘုရားသခင်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်" ( ရှု - Metonymy)

ဘုန်းတော်ကိုငင်း ကြောက်ရွံ့ကြပါလိမ့်မည်။
လူတို့သည် သူ၏ ဘုန်းတော်ကြောင့် ဘုရားသခင်ကိုဂုဏ်ပြုကြလိမ့်မည်။ ဤတွင် ထာဝရ ဘုရားဟူသည်မှာ သူ၏ဘုန်းတော်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ဘုန်းကြီးသောကြောင့် လူတို့သည် ချီးမြောက်ကြပါလိမ့်မည်။"

ဘုန်းတော်နှင့်တကွ ထင်ရှားတော်မူလိမ့်မည်။
"ဘုန်းတော် ကိုမြင်တွေ့ကြမည်ဖြစ်သည်" (သို့ ) "လူတို့သည် ဘုန်းတော်ကို မြင်တွေ့ကြလိမ့်မည်။"

## Psalms 017

ကိုးကွယ်ရာမဲ့သောသူတို့
ဤအရာသည် ခိုကိုးရာမဲ့ လူများကို ရည်ညွှန်းထားပါသည်။

သူတို့ ဆုတောင်းခြင်း အကြောင်းကို မထီမဲ့မြင်မပြု၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည် သူတို့၏ ဆုတောင်းသံကို နားညောင်းတော်မူမည်။"

ထိုအကြောင်းအရာကို နောက်ဖြစ်လတံ့သော လူမျိုးအဘို့ ရေးမှတ်ရမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် "မျိုးဆက်သစ်များအတွက် ရေးသားထားမည်။"

## Psalms 019

သန့်ရှင်းရာ ဌာနတော်အထွဋ်က ငုံ့ကြည့်တော်မူ၍၊ ကောင်းကင်ပေါ်က ထာဝရဘုရား သည် မြေကြီးကို ရှုမှတ်တော်မူ၏။
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပယ်အတူတူဖြစ်ပြီး ဘုရားသခင်သည် ကောင်းကင်မှ မည်သို့ ကြည့်ရှုတော်မူသည်ကို အထူးပြုစေရန် အသုံးပြုထားပါသည်။

သန့်ရှင်းရာ ဌာနတော်အထွဋ်က
ကမ္ဘာ အပေါ်၌ သူ၏မြင့်မြတ်ပြီးသန့်ရှင်းသောသူ့နေရာ။

သေရမည့် သူတို့ကို လွတ်ခြင်းငှါငင်း၊
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် "သေစေရန် အမိန့်ချမှတ်နိုင်စွမ်းရှိသောသူများ။"

## Psalms 021

ဘုရားသခင်၏ နာမကို ဇိအုန်မြို့နှင့် ယေရုရှလင်မြို့တွင် ကြေညာသည်။
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပာယ်အတူတူဖြစ်ပြီး ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းခြင်းကို အထူးပြုထားပါသည်။

သူ့နာမကို ချီးမွမ်းသည်။
ဘာသာပြန်ဆိုချက် -သူ့နာမကို ချီးမွမ်း ပြောဆိုသည်။

## Psalms 023

လမ်းခရီး၌ ငါ၏အစွမ်းကို လျော့စေခြင်းငှါငင်း၊
ဘုရားသခင်သည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ များကို အားနည်းစေသည်ကို ဖော်ပြထားပါသည်။ ဘာသာပြန်ဆိုချက် - "ငါ့ကို အားနည်းစေသည်။"

ငါ၏နေ့ရက်ကာလကို
"နေ့ရက်များ" ဟူသောစကားလုံးမှာ သူ့အသက်ကို ရည်ညွှန်းထားပါသည်။

ပယ်ရှားတော် မမူပါနှင့်။
ဒါဝိဒ်က သေခြင်းမရင်ဆိုင်ရမည်အကြောင့် တောင်းဆိုထားပါသည်။ ဘာသာပြန်ဆိုချက် - "ငါ့ကို သေခြင်းမှ ကယ်နှုတ်ပေးပါ" (သို့ ) "မသေပါရစေနဲ့။"

ကိုယ်တော်၏ နှစ်တို့သည် ကာလအစဉ် အဆက်မြဲကြပါ၏။
"သင်တို့သည် ကာလအစဉ်အမြဲ ဆုလဒ်ဖြစ်ကြသည်။"

## Psalms 025

ထိုအရာ ရှိသမျှတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ရောက်၍၊
"သူတို့" ဟူသည်မှာ "ကောင်းကင်နဲ့ မြေကြီးကို ရည်ညွှန်းထားပါသည်။"


generated on Sun Jun 30 02:37:40 2024

အသက်တော်လည်း မကုန်မဆုံးရပါ။
ဤတွင် အချိန်၏ အတိုင်းအရှည်ကို ဘုရားသခင်သည် "အသက်တော်အစဉ်အမြဲ ရှင်ကြောင်း" ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် အစဉ်အမြဲ အသက်ရှင်လိမ့်မည်။"

Psalms 028

မြဲမြံပါလိမ့်မည်။
"ဆက်ပြီး အသက်ရှင်လိမ့်မည်။"

ရှေ့တော်၌ မြဲမြံပါလိမ့်မည်။
ဤတွင် ဒါဝိဒ်က သူ့ဆွေမျိုးများကို ဘုရားသခင်သည် သူ့ရှေ့တော်၌ ကွယ်ကာသောသူဖြစ်ကြောင်းကို ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် ကိုယ်တော်ရှေ့တွင် နေသကဲ့သို့ ကွယ်ကာခြင်းခံရသည်။"

---

## Translation Questions

Psalms 102:1

ဒုက္ခဝေဒနာသည် ထာဝရဘုရားက သူ၏ ဒုက္ခရောက်စဉ်ကာလတွင် မပြုလုပ်ရန်အတွက် မည်သည့်အရာကို ဆု တောင်းခဲ့သနည်း။
ဒုက္ခဝေဒနာသည် ထာဝရဘုရားက သူ၏ မျက်နှာတော်ကို ဒုက္ခရောက်စဉ်ကာလတွင် သူ့ထံမှ မဝှက်ထားဖို့ရန် ဆုတောင်းခဲ့သည်။

Psalms 102:3

ဒုက္ခဝေဒနာသည် သူ၏ ဖိနှိပ်သော နှလုံးသားကို မည်သည့်အရာနှင့် နှိုင်းယှဉ်ခဲ့သနည်း။
ဒုက္ခဝေဒနာသည် သူက ညှိုးနွမ်းခြောက်သော မြက်ပင်ကဲ့သို့ ဖြစ်သည်ဟု ပြောခဲ့သည်။

Psalms 102:5

ဒုက္ခဝေဒနာ၏ ဆက်တိုက် ညည်းတွားခြင်းသည် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဒုက္ခဝေဒနာ၏ ဆက်တိုက် ညည်းတွားခြင်းဖြင့် အရိုးတို့ သည်အရေ၌ကပ်လျက်ရှိသည်။

Psalms 102:7

သူ့နာမည်ကို ညှဉ်းဆဲလှောင်ပြောင်သောသူတွေက မည်သို့ အသုံးပြုခဲ့သနည်း။
ညှဉ်းဆဲလှောင်ပြောင်သောသူတွေသည် သူ့နာမည်ကို ကျိန်ဆဲခြင်းဖြင့် အသုံးပြုခဲ့ကြသည်။

Psalms 102:9

ထာဝရဘုရား၏ အမျက်ဒေါသအားဖြင့် ဆက်ဆံခဲ့ပြီဟု ညှဉ်းဆဲသော သူတွေက မည်သို့ပြောခဲ့သနည်း။
ညှဉ်းဆဲသောသူတို့သည် ဘုရားသခင်က သူ့ကို လွှဲချဖို့ရန် ချီးမြှောက်ခဲ့ပြီဟု ပြောခဲ့ကြသည်။

Psalms 102:11

ထာဝရဘုရား၏ ကျော်ကြားခြင်းသည် မည်မျှလောက်ကြံကြံခံလိမ့်မည်နည်း။
စာရေးသူသည် ထာဝရဘုရား၏ ကျော်ကြားခြင်းက နိစ္စထာဝရဖြစ်သည်ဟု ပြောခဲ့သည်။

Psalms 102:13

ထာဝရဘုရား၏ ကျွန်များသည် သနားကြင်နာခြင်းကို မည်သည့်အတွက် ခံစားကြသနည်း။
ထာဝရဘုရား၏ ကျွန်များသည် သနားကြင်နာခြင်းကို ဇိအုန်တောင်ပျက်စီးခြင်း၏ မှောင်မိုက်ခြင်းအတွက် ခံစားကြသည်။

လောကရှင်ဘုရင်များသည် ထာဝရဘုရားအတွက် လေးစားခြင်းကို မည်သို့ပြသကြလိမ့်မည်နည်း။
လောကရှင်ဘုရင်အားလုံးတို့သည် ထာဝရဘုရား၏ ဘုန်းတော်ကို ချီးမွမ်းကြလိမ့်မည်။

Psalms 102:17

ထာဝရဘုရားသည် မည်သည့်ကိုးကွယ်ရာမဲ့သူ၏ အပြုအမူကို တုံ့ပြန်လိမ့်မည်နည်း။
ထာဝရဘုရားသည် ကိုးကွယ်ရာမဲ့သူ၏ ဆုတောင်းခြင်းကို တုံ့ပြန်လိမ့်မည်။

စာရေးသူသည် ထာဝရဘုရားကို ချီးမွမ်းခြင်း ဆက်လက်တည်တံ့လိမ့်မည်ကို မည်မျှကြာအောင် မည်သို့ပြသခဲ့သနည်း။
စာရေးသူသည် လူတွေက မမွေးဖွားခင်ကတည်းကပင် ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်ဟု ပြောခဲ့သည်။

Psalms 102:19

ထာဝရဘုရားသည် ကောင်းကင်မှ မည်သည့်အရာကို ကြည့်ရှုခဲ့သနည်း။
ထာဝရဘုရားသည် ကောင်းကင်မှ မြေကြီးကို ကြည့်ရှုခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Psalms 102:21

လူတွေနှင့်နိုင်ငံတော်တို့သည် မည်သည့်အပြုအမူအတွက် အတူတကွ စုရုံးခဲ့ကြသနည်း။
လူတွေနှင့်နိုင်ငံတော်တို့သည် ထာဝရဘုရားကို အစေခံဖို့ရန် အတူတကွ စုရုံးခဲ့ကြသည်။

Psalms 102:23

ညှဉ်းဆဲသော စာရေးသူသည် မည်သည့်အရာအတွက် ဘုရားသခင်က မပြုလုပ်ဖို့ရန်အတွက် တောင်းလျှောက်ခဲ့သနည်း။
စာရေးသူသည် ငါ့ဘုရား၊ငါ၏နေ့ရက်ကာလကို အသက်ပျိုစဉ်ပင် ပယ်ရှင်းတော်မမူပါနှင့်ဟု ပြောခဲ့သည်။

Psalms 102:25

စာရေးသူက ထာဝရဘုရားသည် ရှေးကာလအချိန်တွင် ဖြစ်ခဲ့သည်ဟု မည်သည့်အရာကို ပြောခဲ့သနည်း။
စာရေးသူက ထာဝရဘုရားသည် ရှေးကာလအချိန်တွင် မြေကြီးကိုတည်တော်မူပြီဟု ပြောခဲ့သည်။

ထာဝရဘုရား၏ နှစ်အချိန်သည် မည်မျှလောက် ကြာကြာခံလိမ့်မည်နည်း။
ထာဝရဘုရား၏ နှစ်အချိန်သည် ကုန်ဆုံးခြင်း ရှိလိမ့်မည်မဟုတ်ပါ။

Psalms 102:28

စာရေးသူသည် ထာဝရဘုရား၏ကျွန်များမှ ဆင်းသက်လာသူတို့သည် မည်သည့်နေရာတွင် နေထိုင်လိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရား၏ကျွန်များမှ ဆင်းသက်လာသူတို့သည် သူ့ရှေ့တော်၌ နေထိုင်ကြလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 103

1 အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေး လော့။ ငါ၏ အထဲမှာ ရှိသမျှတို့၊ သန့်ရှင်းသော နာမတော် ကို
ကောင်းကြီးပေးကြလော့။ 2 အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီး ပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့လျော့နှင့်။ 3
သင်၏အပြစ်အလုံးစုံတို့ကို ဖြေလွှတ်၍၊ သင်၏ အနာရောဂါရှိသမျှတို့ကိုလည်း ပျောက်စေတော်မူ၏။ 4 သင်၏အသက်ကို
ဖျက်ဆီးခြင်းထဲက ရွေး၍ ကျေးဇူးတော်၊ ကရုဏာတော်များနှင့် သင်၏ခေါင်းကို ပတ်ရစ်တော်မူ၏။ 5 သင့်ကို အသက်ကြီးစဉ်၊
ကောင်းသောအရာနှင့် ရောင့်ရဲစေတော်မူသဖြင့်၊ သင်၏အရွယ်သည် ရွှေလင်းတ ၏အရွယ်ကဲ့သို့ ပြုပြင်ခြင်းရှိ၏။ 6
ထာဝရဘုရားသည် ညှဉ်းဆဲခြင်းကို ခံရသမျှ သော သူတို့အဘို့ တရားပေး၍ စီရင်ဆုံးဖြတ်တော်မူ၏။ 7 ဘာသာဓလေ့တော်တို့ကို
မောရှေ၌၎င်း၊ စီရင် တော်မူသော အမှုအရာတို့ကို ဣသရေလအမျိုးသားတို့၌ ၎င်း ပြတော်မူပြီ။ 8 ထာဝရဘုရားသည်
သနားတတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော၊ စိတ်ရှည်၍၊ ကရုဏာ ကြွယ်ဝသော သဘောရှိတော်မူ၏။ 9 အစဉ်မပြတ်
အပြစ်တင်တော်မူသည်မဟုတ်။ အငြိုးကို အမြဲထားတော်မူသည်မဟုတ်။ 10 ငါတို့ပြစ်မှားခြင်းနှင့် အလျောက်ငါတို့၌ ပြုတော်
မမူတတ်။ ငါတို့၌ ဒုစရိုက်ရှိသည်အတိုင်း အပြစ်ကို ပေးတော်မမူတတ်၊ 11 မြေကြီးပေါ်တွင် ကောင်းကင်အမြင့်ရှိသည် အတိုင်း၊
ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့၌ ကရုဏာတော်သည် အားကြီးပေ၏။ 12 အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်း
နှင့်ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေ တော်မူ၏။ 13 အဘသည်သားတို့ကို သနားစုံမက်သည်နည်းတူ၊
ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက် တော်မူ၏။ 14 အကြောင်းမူကား၊ ငါတို့ကိုယ်ခန္ဓာကို သိတော် မူ၏။
ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော် မူ၏။ 15 လူတို့၏ နေ့ရက်ကာလသည် မြက်ပင်ကဲ့သို့ ဖြစ်၏။ လူသည်
လယ်ပြင်၌ရှိသော ပန်းပွင့်ကဲ့သို့ ပွင့် တတ်၏။ 16 လေသည် လွန်သွားလျှင် အပွင့်ပျောက်၍၊ သူ၏နေရာသည် နောက်တဖန်
သူ့ကိုမသိရ။ 17 ထာဝရဘုရား၏ကရုဏာတော်မူကား၊ ကြောက် ရွံ့သော သူတို့အပေါ်သို့ ကာလအစဉ်အဆက် သက် ရောက်တတ်၏။
18 သစ္စာတော်ကိုစောင့်၍ ပညတ်တော်တို့ကို ကျင့် ခြင်းငှါ၊ သတိပြုသောသူတို့၏ သားစဉ်မြေးဆက်တို့သည် ကုသလတရားတော်နှင့်
ဆိုင်ရကြ၏။ 19 ထာဝရဘုရားသည် ပလ္လင်တော်ကို ကောင်း ကင်ဘုံ၌ တည်တော်မူ၍၊ အာဏာတော်သည် ခပ်သိမ်း သော အရပ်တို့ကို
နှံ့ပြား၏။ 20 တန်ခိုးကြီး၍ နှုတ်ကပတ်တော်အသံကို နား ထောင်လျက်၊ အမိန့်တော်အတိုင်း ဆောင်ရွက်သော
ကောင်းကင်တမန်တော်တို့၊ ထာဝရဘုရားကို ကောင်းကြီး ပေးကြလော့။ 21 အလိုတော်သို့လိုက်သော အမှုတော်ထမ်း၊
ကောင်းကင်ဗိုလ်ခြေတော်အပေါင်းတို့၊ ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။ 22 နိုင်ငံတော်အရပ်ရပ်၌ စီရင်ဖန်ဆင်းတော်မူ
သမျှတို့၊ ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။ အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။

---

---

Psalms 001

ယေဘုယျအချက်အလက်

ပြိုင်တူနိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ဆာလံဆရာ ဒါဝိဒ်

ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) ဒါဝိဒ်သည် ဆာလံကို ရေးသားခဲ့သည် (သို့ ) - ၂ ) ဆာလံသည် ဒါဝိဒ်အကြောင်းဖြစ်သည် (သို့ ) - ၃ ) ဆာလံကျမ်းသည် ဒါဝိဒ်၏ ရေးသားသည့် စတိုင်မျိုးဖြစ်သည်။

ငါ၏ အထဲမှာ ရှိသမျှတို့၊ သန့်ရှင်းသော နာမတော် ကို ကောင်းကြီးပေးကြလော့။

ဤစကားစုသည် အခြေခံအားဖြင့်အတူတူဖြစ်ပြီး မည်မျှပင် ဘုရားသခင်အား ချီးမွမ်းမည် ဖြစ်ကြောင်းအထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် "ငါအသက်ရှင်သရွေ့ ထာဝရဘုရားကို ချီးမွမ်းမည်။"

သန့်ရှင်းသော နာမတော် ကို ကောင်းကြီးပေးကြလော့။

ဤအရာသည် ဘုရားသခင်၏ နာမကို ချီးမွမ်းခြင်းအား ရည်ညွှန်းထားပါသည်။

ငါ၏ အထဲမှာ ရှိသမျှတို့၊

"ငါ၌ ရှိသမျှ"

Psalms 003

သင်၏....သင်

အများစုသော ဘာသာပြန်ဆိုမှာ UDB မှ "ငါ၏"၊ ငါ၊ ငါ့ကို ဟူ၍ ဖြစ်သည်။

သင်၏အသက်ကို ဖျက်ဆီးခြင်းထဲက ရွေး၍

ဤအရာဆိုလိုသည်မှာ ဘုရားသခင်သည်သူ့ကို အသက်ရှင်စေသည်။ အခြားသောဘာသာပြန်ဆိုချက် "ကိုယ်တော်သည် သေခြင်းမှ ငါ့ကို ကယ်တင်တော်မူသည်။"



generated on Sun Jun 30 02:37:40 2024

ပတ်ရစ်တော်မူ၏။
ဤတွင် "ကောင်းကြီးမင်္ဂလာ" ပန်းဦးရစ် ကဲ့သို့ ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ကောင်းကြီးပေးနေသည်။"

သင့်ကို အသက်ကြီးစဉ်၊ ကောင်းသောအရာနှင့် ရောင့်ရဲစေတော်မူသဖြင့်
"သင်၏ အသက်" ဟူသောစကားစုသည် "သင်" ကို ရည်ညွှန်းထားပြီး အသက်ရှင်စဉ်ဘုရားသခင်က ကောင်းကြီးပေးနေသည်ကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် သင့်ကို ကောင်းသောအရာနှင့် ရောင်းရဲစေတော်မူသည်။"

သင်၏အရွယ်သည် ရွှေလင်းတ ၏အရွယ်ကဲ့သို့ ပြုပြင်ခြင်းရှိ၏။
"သင်၏ အသက်အရွယ်" ကို အသစ်ပြုပြင်ခြင်း ဆိုသည်မှာ နုပျိုသည်ဟု ခံစားခြင်းဖြစ်သည်။ ဤတွင် အရွယ်နုပျိုသည်ဟု ခံစားခြင်းကို ရွှေလင်းတ၏ အရွယ်ကဲ့သို့ ခိုင်းနိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်သည် နုပျိုသည်ဟု ခံစားသောအရာသည် ရွှေလင်းတကဲ့သို့ အားရှိလာမည်ဖြစ်သည်။"

သင်၏အရွယ်
"အရွယ်" ဟူသည်မှာ အသက်ပျိုစဉ် အားရှိသောအရာကို ရည်ညွှန်းထားပါသည်။

## Psalms 006

တရားပေး၍ စီရင်ဆုံးဖြတ်တော်မူ၏။
"တရားမျှတမှုကို ဖြစ်ပေါ်စေပါသည်။

ညှဉ်းဆဲခြင်းကို ခံရသမျှ သော သူတို့
ညင်းဆဲခြင်း ပြုလုပ်သောသူတို့ကို ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် "လူများဖြင့် ညင်းဆဲ ဖိနှိပ်ခြင်း ခံရသောသူများ။"

စီရင် တော်မူသော အမှုအရာတို့ကို ဣသရေလအမျိုးသားတို့၌
ဝှက်ထားသော စကားလုံးထပ်ထည့်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ သူလုပ်ရပ်များကို သူ့လူမျိုးများအား သိရှိစေသည်။"

ကျေးဇူးပြုတတ်သောသဘော၊
"သနားတတ်သောသဘော နှင့် မေတ္တာတရား" ပြည့်စုံသည်။"

## Psalms 009

အစဉ်မပြတ် အပြစ်တင်တော်မူသည်မဟုတ်။ အငြိုးကို အမြဲထားတော်မူသည်မဟုတ်။
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ဒုတိယ တစ်ခုသည် ပထမတစ်ခုကို အားပေးသည်။

ငါတို့ပြစ်မှားခြင်းနှင့် အလျောက်ငါတို့၌ ပြုတော် မမူတတ်။
ဤစကားစု နှစ်ခုတို့သည် အပြိုင်ဖြစ်ပြီး ဘုရားသခင်သည် ငါတို့ထိုက်တန်သည်အတိုင်းအပြစ်မပေးပါ ဟူသောအရာကို အထူးပြုစေသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါတို့အပြစ်များကြောင့် ငါတို့နဲ ထိုက်သန်သော အပြစ်များကို မပေးပါ။"

ငါတို့၌ ဒုစရိုက်ရှိသည်အတိုင်း
"ငါတို့ကို အပြစ်ပေးသည်။"

## Psalms 011

မြေကြီးပေါ်တွင် ကောင်းကင်အမြင့်ရှိသည် အတိုင်း၊ ထာဝရဘုရားကို ကြောက်ရွံသော သူတို့၌ ကရုဏာတော်သည် အားကြီးပေ၏။
ဤ သာဓက သည် ကောင်းကင်နှင့် မြေကြီးအကြား လူများအတွက် ဘုရားသခင်၏ မေတ္တာတရား၏ ကြီးမြတ်မှုနှင့် အကွာအဝေးကို နှိုင်းယှဉ်ထားပါသည်။

အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်း နှင့်ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေ တော်မူ၏။
အရှေ့မျက်နှာသည် အနောက်နှင့် ဝေးသောအရာကို မတိုင်းတာနိုင်ပါ။ ဤသာဓက တွင် အကွာအဝေးကို ဘုရားသခင်သည် ငါတို့၏ အပြစ်များကို ဖယ်ရှားကြောင့် နှင့် နှိုင်းယှဉ်ထားသောအရာဖြစ်သည်။

ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက် တော်မူ၏။
ဤတွင် စာရေးသူက ဖခင်၏ ကလေးများအပေါ်၌ သနားခြင်းကို ဘုရားသခင်သည် သူ့ကိုကြောက် ရွံ့သောသူတို့အား သနားခြင်းရှိကြောင်းကို ခိုင်းနှိုင်းထားသောအရာဖြစ်သည်။

## Psalms 014

ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော် မူ၏။
ဤအရာသည် အပြုသဘောဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတို့ကိုယ်ခန္ဓာသည် ဘယ်အရာကဲ့သို့ ဖြစ်သည်ကို"

ငါတို့ကိုယ်ခန္ဓာကို သိတော် မူ၏။
ဘုရားသခင်က အာဒံကို ဖန်ဆင်းသောအခါ မြေမှုန့်အားဖြင့် ပထမဦးဆုံးဖန်ဆင်းထားသောသူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ငါတို့ကို မြေမှုန့်မှ ဖန်ဆင်းထားသည်ကို သိကျွမ်းအောက်မေ့တော်မူသည်။"

လူတို့၏ နေ့ရက်ကာလသည် မြက်ပင်ကဲ့သို့ ဖြစ်၏။
ဤသာဓက ထဲတွင် လူ၏ နေ့ရက်ကာလသည် မြက်ပင်၏ ညိုးနွမ်းကွယ်တတ်သော အသက်တာနှင့် ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူ၏အသက်သည် တိုတောင်းလှသော မြက်ပင်ကဲ့သို့ ဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

လူသည် လယ်ပြင်၌ရှိသော ပန်းပွင့်ကဲ့သို့ ပွင့် တတ်၏။
ဤဥပမာထဲတွင် လူ၏အသက်တာကြီးထွားခြင်းကို ပန်းပွင့်ကဲ့သို့ ခိုင်းနှိုင်းထားပါသည်။

ပွင့် တတ်၏။
"ပန်းပွင့်" သည်ဟူသောအရာကို ကောင်းစွာကြီးထွားသည် (သို့ ) ကျန်းမာစေသည်။

လေသည် လွန်သွားလျှင် အပွင့်ပျောက်၍၊ သူ၏နေရာသည် နောက်တဖန် သူ့ကိုမသိရာ။
ဤစကားစုများသည် ပန်းပွင့်များနှင့် မြက်ပင်ကို ဆက်ပြီးပြောဆိုထားပါသည်။ ပန်းပွင့် နှင့် မြက်ပင်များသည် ညှိုးနွမ်း ပျက်စီးတတ်ခြင်းကို လူ၏ သေခြင်းနှင့် ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လေသည် ပန်းပွင့်များနှင့် မြက်ပင်များကို တိုက်ခတ်ပြီး သူတို့သည် ပျက်စီးဆုံးရှုံးတတ်ကြပြီး မည်သူကမှ သူတို့မည်သည့်နေရာတွင် ကြီးပြင်းသည်ကို မပြောနိုင်ပါ။ လူသားသည်လည်းအလားတူစွာဖြစ်သည်။"

Psalms 017

ထာဝရဘုရား၏ကရုဏာတော်မူကား၊
"သစ္စာရှိခြင်း" ဟူသောနာမ်ကို နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် ပဋိညာဉ်၌ သစ္စာရှိတော်မူသည်။"

ကာလအစဉ်အဆက် သက် ရောက်တတ်၏။
ဤအရာ၏ ဆိုလိုချက်မှာ ထာဝရဘုရား၏ မေတ္တာတော်သည် အစဉ်ထာဝရတည်မြဲကြောင်းကို ဆက်ပြီးဖော်ပြထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အစဉ်ထာဝရ တည်လိမ့်မည်။"

သားစဉ်မြေးဆက်တို့သည်။
ကိုယ်တော့်ကို ကြောက်ရွံ့သောသူတို့၏ သားစဉ်မြေး ဆက်များ။

သစ္စာတော်ကိုစောင့်၍ ပညတ်တော်တို့ကို ကျင့် ခြင်းငှါ၊
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပါယ်အတူတူဖြစ်သည်။

ထာဝရဘုရားသည် ပလ္လင်တော်ကို ကောင်း ကင်ဘုံ၌ တည်တော်မူ၍
ဤတွင် ထာဝရဘုရား၏ စိုးစံခြင်းကို "သူ့၏ ရာဇပလ္လင်တော်" အားရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် သူစိုးစံသော ကောင်းကင်တွင် ရာဇပလ္လင်ကို ဆောင်ယူသွားသည်။"

တည်တော်မူ၍
ဖန်ဆင်းထားသည်။

ထာဝရဘုရားသည် ပလ္လင်တော်ကို ကောင်း ကင်ဘုံ၌ တည်တော်မူ၍
ဤတွင် ထာဝရဘုရားက သူ၏အာဏာတော်ကို ရှင်ဘုရင်ကဲ့သို့ အုပ်စိုးခြင်းဖြစ်ကြောင့်ကို အထူးပြုသောအားဖြင့် ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် စိုးစံသည်။"

Psalms 020

အမိန့်တော်အတိုင်း
ဤအရာသည် အီဒီယမ်စကားဖြစ်ပြီး "သူ့အလိုတော်ကို လုပ်ဆောင်ခြင်းဖြစ်သည်။" အခြားသောဘာသာပြန်ဆိုချက် - "သူ့အလိုတော်ကို ကျင့်ဆောင်ကြပါ။"

အာဏာတော်သည် ခပ်သိမ်း သော အရပ်တို့ကို နှံ့ပြား၏။
ကိုယ်တော် စိုးစံသော နေရာများတွင် သူ့ဂုဏ်တော်ကို ချီးမြောက်ကြပါ။"

N/A
ဤစကားစု၏ ဆိုလိုရင်းမှာ သူသည် စိတ်နှလုံးအကြွင်းမဲ့ ဖြင့် ထာဝရဘုရားကို ချီးမွမ်းမည် ဟူသောအရာနှင့် သူ၏ဆက်ကပ်သောအသက်တာကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ၌ ရှိသမျှဖြင့်"

---

## Translation Questions

Psalms 103:1

ဒါဝိဒ်သည် မည်သည့်အရာကို မေ့ပစ်ဖို့ရန် မလိုချင်ခဲ့သနည်း။
ထာဝရဘုရား၏ ပြုလုပ်သောအရာအားလုံးကို မေ့ပစ်ဖို့ရန် မလိုချင်ခဲ့ပါ။

Psalms 103:3

ထာဝရဘုရားသည် ဒါဝိဒ်၏ဝိညာဉ်ကို မည်သည့်အရာနှင့် ပတ်ရစ်တော်မူသနည်း။
ကျေးဇူးတော်၊ ကရုဏာတော်များနှင့် သင်၏ခေါင်းကို ပတ်ရစ်တော်မူသည်။

Psalms 103:6

ထာဝရဘုရားသည် ညှင်းပန်းနှိပ်စက်သောသူ အားလုံးအတွက် မည်သည့်အရာကို ပြုခဲ့သနည်း။
ထာဝရဘုရားသည် ညှင်းပန်းနှိပ်စက်သောသူ အားလုံးအတွက် တရားအမှုကိုပြုခဲ့သည်။

ထာဝရဘုရားသည် ဣသရေလ၏ ဆင်းသက်သူများကို မည်သည့်အရာကို သိဖို့ပြုခဲ့သနည်း။
ဣသရေလ၏ ဆင်းသက်သူများကို သူ့ပြုလုပ်သောအရာကို သိဖို့ ပြုလုပ်ခဲ့သည်။

Psalms 103:9

ထာဝရဘုရားသည် အစဉ်အမြဲလုပ်ဆောင်လိမ့်မည်မဟုတ်အကြောင်း ဒါဝိဒ်အား မည်သည့်အရာကို ပြောခဲ့သနည်း။
ထာဝရဘုရားသည် အစဉ်အမြဲအပြစ်မတင်၊ ဒေါသထွက်တော်မူလိမ့်မည်မဟုတ်ဟု ပြောခဲ့သည်။

ဒါဝိဒ်က ထာဝရဘုရားသည် မည်သည့်နည်းလမ်းတွင် သူတို့နှင့်ခွဲခြမ်းသည်မဟုတ်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် သူတို့၏ အပြစ်များအတွက် ထိုက်သင့်သကဲ့သို့ ခွဲခြမ်းသည် မဟုတ်။

Psalms 103:11

ထာဝရဘုရားသည် သူ့ကို ချီးမွမ်းသောသူတို့အပေါ်၌ မည်သည့်သနားကြင်နာခြင်းမျိုးရှိသနည်း။
ထာဝရဘုရားသည် သူ့ကို ချီးမွမ်းသောသူတို့အပေါ်တွင် ဖခင်က သူ့သားသမီးများအပေါ် သနားကြင်နာခြင်းရှိသကဲ့သို့ သနားကြင်နာခြင်းရှိခဲ့သည်။

Psalms 103:17

ထာဝရဘုရား၏ သစ္စာရှိသော ပဋိညာဉ်စာချုပ်သည် မည်မျှလောက်စွဲမြဲခဲ့သနည်း။
ထာဝရဘုရား၏ သစ္စာရှိသော ပဋိညာဉ်စာချုပ်သည် သူ့ကို ချီးမွမ်းသောသူတို့အပေါ် အစဉ်ထာဝရ တည်မြဲသည်။

ထာဝရဘုရားသည် သူ့ယဇ်ပလ္လင်ကို မည်သည့်နေရာတွင် တည်မြဲစေခဲ့သနည်း။
ထာဝရဘုရားသည် သူ့ယဇ်ပလ္လင်ကို ကောင်းကင်တွင် တည်မြဲစေခဲ့သည်။

Psalms 103:20

မည်သူတို့သည် ကြီးမားသော ခွန်အားနှင့် ထာဝရဘုရားကို ကောင်းကြီးပေးရန်နှင့် သူ့စကားကို နာခံဖို့ ခေါ်ခဲ့ကြသနည်း။
တမန်တော်များသည် နှုတ်ကပတ်တော်အသံကို နာထောင်ကြသည်။

မည်သည့်ကျွန်များသည် ထာဝရဘုရား၏ အလိုတော်ကို သယ်ဆောင်ကြသည်ဟု ဒါဝိဒ်က ပြောခဲ့သနည်း။
အမိန့်အတိုင်းဆောင်ရွက်သော ကောင်းကင်တမန်တို့၊ ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။

## Chapter 104

1 အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေး လော့။ အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ် တော်သည်
အလွန်ကြီးမြတ်တော်မူ၏။ ဘုန်းတန်ခိုးအာနု ဘော်နှင့် တန်ဆာဆင်တော်မူ၏။ 2 အဝတ်နှင့်ခြုံသကဲ့သို့၊ အလင်းနှင့် ကိုယ်တော်ကို
ခြုံတော်မူထသော၊ မိုဃ်းကောင်းကင်ကို မျက်နှာကြက် ကဲ့သို့ ကြက်တော်မူထသော၊ 3 နေတော်မူရာအထက်ခန်း၊ အမြစ်ကိုရေ၌ တည်
တော်မူထသော၊ မိုဃ်းတိမ်ရထားကို စီး၍၊ လေအတောင် တို့ဖြင့် ကြွသွားတော်မူထသော၊ 4 မိမိတမန်တို့ကို လေကဲ့သို့၎င်း၊
မိမိအစေအပါး တို့ကို မီးလျှံကဲ့သို့၎င်း ဖြစ်စေတော်မူထသော၊ 5 မြေကြီးအမြစ်ကို ကာလအစဉ်အမြဲ မရွေ့မလှုပ် စေခြင်းငှါ၊
တည်တော်မူသော ဘုရားပေတည်း။ 6 ကိုယ်တော်သည် မြေကြီးကို အဝတ်နှင့် ဖုံးသကဲ့ သို့၊ ပင်လယ်နှင့် ဖုံးတော်မူ၍၊ ရေတို့သည်
တောင်များ အပေါ်မှာ ရပ်နေကြပါ၏။ 7 တဖန် ဆုံးမတော်မူ၍ သူတို့သည် ပြေးကြပါ၏။ မိုဃ်းချုန်းတော်မူသံကိုကြား၍၊
အလျင်အမြန် ပြန်သွား ကြပါ၏။ 8 တောင်တို့သည် တက်လျက်၊ ချိုင့်တို့သည် ဆင်း လျက်၊ သူတို့ဘို့ ခွဲခန့်တော်မူသော အရပ်သို့
ရောက်ကြ ပါ၏။ 9 ရေတို့သည် ပြန်လာ၍ မြေကြီးကို မလွှမ်းမိုး စေခြင်းငှါ၊ မကျော်ရသော နယ်စပ်ကိုပိုင်းခြားတော်မူ၏။ 10
ထာဝရဘုရားသည် ချိုင့်များထဲသို့ စမ်းရေကို လွှတ်တော်မူ၍၊ ရေသည် တောင်တို့တွင် စီးလျက်၊ 11 မြေတိရ စ္ဆာန် အပေါင်းတို့အား
သောက်ရသော အခွင့်ကို ပေး၏။ မြည်းရိုင်းတို့သည် အငတ်ပြေရကြ၏။ 12 ထိုရေအနားမှာ မိုဃ်းကောင်းကင်ငှက်တို့သည်
နေရာကျ၍၊ သစ်ပင်အခက်အလက်တို့တွင် ကြွေးကြော် ကြ၏။ 13 အထက်ခန်းတော်ထဲက တောင်များကို ရေပေး တော်မူ၏။
စီရင်ပြုပြင်တော်မူခြင်းအကျိုးကြောင့်၊ မြေကြီးသည် ရောင့်ရဲလျက်ရှိ၏။ 14 တိရ စ္ဆာန်ဘို့ မြက်ပင်ကို၎င်း၊ လူသုံးဘို့ စပါးပင်ကို၎င်း
ပေါက်စေတော်မူသဖြင့်၊ မြေကြီးထဲက မုန့်ကို ထုတ်ဘော်တော်မူ၏။ 15 စပျစ်ရည်သည်လည်း လူတို့ကို ရွှင်လန်းစေ၏။
ဆီအားဖြင့်လည်း သူတို့မျက်နှာကို ပြောင်စေတော်မူ၏။ မုန့်သည်လည်း၊ သူတို့နှလုံးကို ထောက်မ၏။ 16 ထာဝရဘုရား၏သစ်ပင်၊
စိုက်တော်မူသော လေဗနုန်အာရဇ်ပင်တို့သည်လည်း ရောင့်ရဲလျက်ရှိကြ၏။ 17 ထိုအပင်တို့၌ ငှက်တို့သည် အသိုက်လုပ်တတ် ကြ၏။
ထင်းရှူးပင်တို့၌ တောင်းကန်းတို့သည် နေရာကျ တတ်ကြ၏။ 18 မြင့်သောတောင်တို့သည် တောဆိတ်များမှီခိုရာ၊ ကျောက်တို့သည်
ရှာဖန်ယုန်များ မှီခိုရာ ဖြစ်ကြ၏။ 19 ချိန်းချက်သောအချိန်ဘို့၊ လကို ဖန်းဆင်းတော် မူပြီ။ နေသည်လည်း၊ မိမိဝင်ရသော
အချိန်ကိုသိ၏။ 20 ကိုယ်တော်သည် မှောင်မိုက်ကို စီရင်တော်မူ၍ ညဉ့်ဖြစ်ပါ၏။ ထိုအချိန်၌ တောတိရ စ္ဆာန်အပေါင်းတို့ သည်
သွားလျက် ထွက်တတ်ကြပါ၏။ 21 ခြင်္သေ့ပျိုတို့သည် လုယက်ခြင်းအလိုငှါ ဟောက် ၍၊ ဘုရားသခင့်ထံမှာ အစာကို ရှာကြပါ၏။ 22
တဖန်နေထွက်ပြန်လျှင်၊ သူတို့သည် ဆုတ်သွား ၍ နေမြဲတွင်းတို့၌ အိပ်နေကြပါ၏။ 23 လူသည်လည်း လုပ်ဆောင်ပြုမူခြင်းငှါ ညဦး
တိုင်အောင် ထွက်သွားပါ၏။ 24 အို ထာဝရဘုရား၊ ကိုယ်တော်စီရင် ပြုပြင်တော် မူသော အရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှ
တို့ကို ပညာတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ မြေကြီး သည် ဘဏ္ဍာတော်နှင့် ကြွယ်ဝပါ၏။ 25 မရေတွက်နိုင်အောင် တွားတတ်သော
တိရ စ္ဆာန် အစရှိသော တိရ စ္ဆာန်အကြီးအငယ်များတို့နေရာ ကြီးမား ကျယ်ဝန်းသော သမုဒ္ဒရာလည်း ရှိပါသေး၏။ 26 ထိုအရပ်၌
သင်္ဘောတို့သည် သွားလာကြပါ၏။ ထိုအရပ်၌ ကွန့်မြူးစေခြင်းငှါ ဖန်ဆင်းတော်မူသော ငါးကြီးလဝိသန်သည်လည်း ရှိပါ၏။ 27
ထိုသို့သော တိရ စ္ဆာန်အပေါင်းတို့သည် အချိန် တန်လျှင် အစာကျွေးတော်မူစေခြင်းငှါ၊ ကိုယ်တော်ကို မျှော်လင့်လျက် နေကြပါ၏။ 28
ကိုယ်တော်ချထားတော်မူသည်အတိုင်း သူတို့ သည် သိမ်းယူကြပါ၏။ လက်တော်ကို ဖွင့်တော်မူသော အားဖြင့်၊ သူတို့သည်
ကောင်းသောအရာနှင့် ရောင့်ရဲကြ ပါ၏။ 29 မျက်နှာတော်ကို လွှဲတော်မူလျှင်၊ သူတို့သည် ပင်ပန်းကြပါ၏။ သူတို့အသက်ကို
ရုပ်သိမ်းတော်မူလျှင်၊ သူတို့သည် သေ၍ မိမိတို့မြေမှုန့်ထဲသို့ ပြန်သွားကြပါ၏။ 30 တဖန်ဝိညာဉ်တော်ကို လွှတ်၍၊ သူတို့ကို
ဖန်ဆင်းတော်မူသဖြင့်၊ မြေကြီးမျက်နှာကို အသစ်ပြုပြင် တော်မူ၏။ 31 ထာဝရဘုရား၏ဘုန်းတော်သည် နိစ္စအမြဲ တည်၏။
ထာဝရဘုရားသည် မိမိအမှုတော်တို့တွင် ဝမ်းမြောက်တော်မူ၏။ 32 မြေကြီးကို ကြည့်ရှုတော်မူ၍ သူသည် တုန်လှုပ် တတ်၏။
တောင်တို့ကို တို့တော်မူ၍၊ သူတို့သည် မီးခိုး ထွက်တတ်ကြပါ၏။ 33 ငါသည် အသက်ရှင်စဉ်၊ ထာဝရဘုရားကို သီချင်းဆိုမည်။
ငါဖြစ်သည့် ကာလပတ်လုံး၊ ငါ၏ ဘုရား သခင်ကို ထောမနာသီချင်းဆိုမည်။ 34 ငါဥဒါန်းကျူးခြင်းအသံသည် နှစ်သက်တော်မူ
ဘွယ်ဖြစ်၍၊ ထာဝရဘုရား၌ ငါရွှင်လန်းလိမ့်မည်။ 35 ပြစ်မှားသောသူတို့ကို မြေကြီးမှ သုတ်သင် ပယ်ရှင်း၍၊ မတရားသော သူတို့သည်
နောက်တဖန် မဖြစ်ရကြ။ အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီး ပေးလော့။ ဟာလေလုယ။

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများသုံးတွေ့ရသည့်အရာဖြစ်သည်။

အို ငါ့ဝိညာဉ်
ဤစကားစု၏ ဆိုလိုရင်းမှာ သူသည် ထာဝရဘုရားကို
စိတ်နှလုံးအကြွင်းမဲ့ နှင့် ချီးမွမ်းမည်ဖြစ်ကြောင်းနှင့်
သူ၏အသက်တာဆက်ကပ်ခြင်းကိုအထူးပြုသောအနေဖြင့်

အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့အထဲ၌ ရှိသမျှတို့"

ဘုန်းတန်ခိုးအာနု ဘော်နှင့် တန်ဆာဆင်တော်မူ၏။
"အနုဘော်" နှင့် "ဘုန်းတန်ခိုး" ဟူသောစကားလုံးသည် ထာဝရဘုရား၏ ဘုန်းတော်ကြီးမြတ်ခြင်းကို အထူးပြုစေသော ဆင်တူစကားလုံးများရှိကြသည်။ ထိုအရာများကို ဘုရားသခင်သည် အဝတ်ကို ဆင်ယင်သကဲ့သို့ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ဘုန်းတန်ခိုးအနုဘော်နှင့် ပြည့်စုံ၍ တန်ဆာဆင်တော်မူ၏။"

အဝတ်နှင့်ခြုံသကဲ့သို့၊ အလင်းနှင့် ကိုယ်တော်ကို ခြုံတော်မူထသော၊
ထာဝရဘုရားက အလင်းသည် အဝတ်နှင့် နှင့် ဖုံးလွှမ်းထားသကဲ့သို့ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် အလင်းနှင့်ဖုံးလွှမ်းတော်မူ၏။"

မိုယ်းကောင်းကင်ကို မျက်နှာကြက် ကဲ့သို့ ကြက်တော်မူထသော၊
ဤတွင် ဘုရားသခင်သည် မိုယ်းကောင်းကင်ကို တစ်စုံတစ်ယောက်သည် တဲ ကို အခြေချသောအရာကဲ့သို့ မျက်နာကြက်ဖြင့် ဖြန်းထားကြောင့် ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "တစ်စုံတစ်ယောက်သည် တဲ ကိုတည်ဆောက်ပြီး ဖြန့်သကဲ့သို့ ကိုယ်တော်သည် မိုးကောင်းကင်ကို ဖြန်းကြက်ထားကြောင့်ဖော်ပြထားပါသည်။"

နေတော်မူရာအထက်ခန်း၊ မိုယ်းတိမ်ရထားကို စီး၍၊
ကိုယ်တော်သည် အထက်ကောင်းကင်၌ အခန်းများကိုလည်း တည်ဆောက်တော်မူ၏။ ဤအရာက သူ့အိမ်သည် မြင့်မားပြီး အထက်အမိုးတို့သည် မိုးတိမ်သို့ တိုင်အောင် စီးကြောင့် ကို ရည်ညွှန်းထားပါသည်။

မိုယ်းတိမ်ရထားကို စီး၍၊
ဤတွင် မိုးတိမ်များကို ထာဝရဘုရားသည်တိမ်ရထားစီးသကဲ့သို့ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ရထားကဲ့သို့ မိုးတိမ်များကို သယ်ဆောင်သွားသည်။"

လေအတောင် တို့ဖြင့် ကြွသွားတော်မူထသော၊
ဤတွင် လေတိုက်ခြင်းကို လေအပေါ် ၌ လျှောက်သော ထာဝရဘုရားကဲ့သို့ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် လေများပေါ် ၌ သွားလာတော်မူသည်။"

Psalms 004

မိမိတမန်တို့ကို လေကဲ့သို့၎င်း
ဖြစ်နိုင်သော အဓိပ္ပယ်များမှာ - ၁ ) ကိုယ်တော်သည် စာပို့သမားတစ်ယောက်ကဲ့သို့ လေကို သတင်းစကားသယ်ဆောင်စေပါသည်"၊ "ကိုယ်တော်သည် လေကိုသတင်းပို့သူအဖြစ် ပြုလုပ်ပေးသည်"

မိမိအစေအပါး တို့ကို မီးလျှံကဲ့သို့၎င်း ဖြစ်စေတော်မူထသော၊
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) "ကိုယ်တော်သည် သူ့စေအပါးတို့ကို မီးလျှံကဲ့သို့ ဖြစ်စေသည်။" ကိုယ်တော်သည် မီးလျှံကို အစေခံတစ်ယောက်ကဲ့သို့ သူ့ကို အစေခံစေသည်"

အစေအပါး တို့ကို မီးလျှံကဲ့သို့၎င်း
ဤအရာကို အထက်တွင် ဖော်ပြသော အချက်အလက်များမှ ဖော်ပြထားချက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် သူ့အစေခံများကို မီးလျှံကဲ့သို့ ဖြစ်စေသည်"

မြေကြီးအမြစ်ကို ကာလအစဉ်အမြဲ မရွေ့မလှုပ် စေခြင်းငှါ၊
ဤတွင် "အုပ်မြဲချသည်" ဟူသော စကားစုမှာ "ဖန်ဆင်းခြင်း" ကိုဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် တစ်လောကလုံးကိုဖန်ဆင်းထားသည်"

Psalms 006

ကိုယ်တော်သည် မြေကြီးကို အဝတ်နှင့် ဖုံးသကဲ့ သို့၊
ဤတွင် ကမ္ဘာကြီးသည် ရေအားဖြင့်ဖုံးလွှမ်းထားသည် ဟူသောအရာကို အဝတ်သည် တစ်စုံတစ်ခုအား ဖုံးလွှမ်းရန် မည်မျှပင်ကြီးမားကြောင့်ကို နှိုင်းယှဉ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် ကမ္ဘာကို ရေဖြင့် ဖုံးလွှမ်းထားသည်။

တဖန် ဆုံးမတော်မူ၍ သူတို့သည် ပြေးကြပါ၏။
ဤစကားစုများသည် အခြေခံအားဖြင့် အဓိပ္ပါယ်တူကြပြီး ဘုရားသခင်သည် ရေများကိုစကားပြောသောကြောင့် ရေသည် ပြေးကြောင့်ကို အထူးပြုစေရန် အတူတကွအသုံးပြုထားပါသည်။

ပြန်သွား ကြပါ၏။
ပြန်ရွှေ့သွားသည်၊ ဆင်းသွားသည်။

သူတို့သည် ပြေးကြပါ၏။
ဤတွင် ဆာလံဆရာက ရေ၏ စီးဆင်းမှုကို တိရိစ္ဆာန်တစ်ကောင်သည် ဘုရားသခင်၏ အသံတော်ကြားသောအခါ သူတို့သည် ထွက်ပြေးသကဲ့သို့ ပြောဆိုထားပါသည်။ "ထွက်ပြေးသည်" ဟူသောစကားလုံးမှာ "လျှင်မြန်စွာ ပြေးသည်" ဟူ၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "တရစပ် မရပ်နားပြေးသည်။"

Psalms 008

တောင်တို့သည် တက်လျက်၊ ချိုင့်တို့သည် ဆင်း လျက်၊
ဤတွင် ဆာလံဆရာက ဘုရားသခင်သည် တောင်များနှင့် ချိုင်းတို့သည် သူတို့ကိုသူတို့ ပြောင်းလဲရန် ရွှေ့ချယ်သကဲ့သို့ ရွှေ့လျှားခြင်းဖြစ်စေကြောင်းကို ဖော်ပြထားပါသည်။ ထိုအရာများသည် ဘုရားသခင်၏ တန်ခိုးတော်ကို အထူးပြုစေရန် ဖော်ပြထားပါသည်။

သူတို့ဘို့
"သူတို့ဘို့" ဟူသည်မှာ ရေများကို ရည်ညွှန်းထားပါသည်။


generated on Sun Jun 30 02:37:40 2024

ရေတို့သည် ပြန်လာ၍ မြေကြီးကို မလွှမ်းမိုး စေခြင်းငှါ၊
ဤတွင် ဆာလံဆရာက ဘုရားသခင်သည် သူတို့အတွက် ဖန်ဆင်းထားသော ရေများကို ပြန်လာစေပြီး မလွှမ်းမိုးစေခြင်းကို ရေများသည် သူတို့ကိုသူတို့ လွှမ်းမိုးရန် ရွေ့ချယ်သကဲ့သို့ ပြောဆိုထားပါသည်။ ထိုအရာများသည် သူတို့အပေါ်၌ ရှိသော ဘုရားသခင်၏ တန်ခိုးအာဏာကိုအထူးပြုထားသော နည်းလမ်းအဖြစ်ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့ မလွှမ်းမိုးစေရန် နယ်နိမိတ်တစ်ခု"

နယ်စပ်
နယ်နိမိတ်။

Psalms 010

စမ်းရေ
သေးငယ်သော ချောင်းများ။

မြည်းရိုင်းတို့သည် အငတ်ပြေရကြ၏။
ရေသောက်ခြင်းအားဖြင့် သူတို့၏ ရေငတ်ခြင်းကို တောင်းတကြသည်ကို ရှင်းလင်းစွာဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ရိုင်းသောမြည်းလားများသည် သူတို့ရေဆာသောအခါ ရေသောက်တတ်ကြသည်။"

ထိုရေအနားမှာ
မြစ်တစ်ခု၏ အဖျားပိုင်း မြေတနေရာ။

သစ်ပင်အခက်အလက်တို့တွင် ကြွေးကြော် ကြ၏။
ဤတွင် ဒါဝိဒ်က ငှက်များကြွေးကြော်ခြင်းကို သူတို့သီချင်းဆိုသံကဲ့သို့ ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - သူတို့သည် သစ်ပင်အခက်အလက်များတွင် ကြွေးကြော်ကြသည်။"

Psalms 013

အထက်ခန်းတော်ထဲက တောင်များကို ရေပေး တော်မူ၏။
စီရင်ပြုပြင်တော်မူခြင်းအကျိုးကြောင့်၊
ဆိုလိုသည်မှာ ဘုရားသခင်သည် မိုးကိုရွာသွန်းစေသည်။ ရေများသည် ကောင်းကင်အရှေ့ခန်းတွင် နေထိုင်ကြောင်းကို ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် မိုးကောင်းကင်မှ မိုးများကို ရွာကျစေသောအားဖြင့် တောင်များကို ရေဖြည့်ပေးတော်မူသည်။"

စပျစ်ရည်သည်လည်း လူတို့ကို ရွှင်လန်းစေ၏။
ကောင်းသောအရာများကို ဖန်တီးထားသည်။

လူသုံးဘို့ စပါးပင်ကိုငင်း ပေါက်စေတော်မူသဖြင့်၊
"သူပြုလုပ်ဖန်တီးသည်" နှင့် "ကြီးထွားသည်" ဟူသောစကားလုံးတို့သည် အထက်က စကားစုများမှ နားလည်မှုတစ်ခုဖြစ်ပြီးဤတွင် ထပ်ခါဖော်ပြနိုင်ပါသည်။

အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် လူများအတွက် စိုက်ပျိုးပင်များကို ကြီးပွားစေရန် အပင်ပေါက်စေသည်။"

Psalms 016

ထာဝရဘုရား၏သစ်ပင်၊
အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် သစ်ပင်များကြွယ်ဝကြီးထွားခြင်းအတွက် မိုးများကို ရွာသွန်းစေသည်။"

ထိုအပင်တို့၌ ငှက်တို့သည် အသိုက်လုပ်တတ် ကြ၏။။။
သူတို့သည် သူတို့၏ အသိုက်ကို အာရပ်ပင်တို့၏ ဆောက်ထားသည်။ အခြားသောဘာသာပြန်ဆိုချက် - ငှက်များသည် သူတို့၏ အသိုက်များကို အရပ်ပင်ဖြင့် တည်ဆောက်ထားသည်။"

တောဆိတ်များ
ဤအရာသည် ငှက်တစ်မျိုးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငှက်"

ရှာဖန်ယုန်
ရှာဖန်ယုန်သည် ရှဥ့်ကြွက်ကဲ့သို့သော ကြီးမားသော တိရိစ္ဆာန်တစ်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ရှာဖန်ယုန်"

Psalms 019

ချိန်းချက်သောအချိန်
ဤစကားလုံးသည် တစ်နှစ်ပတ်လုံး ခြားနားသော ရာသီဥတု ပြောင်းလဲမှုရှိခြင်းကို ရည်ညွှန်းထားပါသည်။ တစ်ချို့သောနေရာများတွင်ဆောင်းရာသီနှင့် နွေရာသီ၊ နွေဦးရာသီ ဟူ၍ရှိရာတွင် တစ်ချို့သောနေရာတွင် ဆောင်းဦး၊ မိုးရာသီ နှင့် ခြောက်သွေ့သောရာသီဟူ၍ ရှိပါသည်။

နေသည်လည်း၊ မိမိဝင်ရသော အချိန်ကိုသိ၏။
ဤတွင် ဒါဝိဒ် က နေသည်မိမိအချိန်ကို သိကြောင့်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် ၎င်း၏အချိန်ကို သိရှိစေရန် နေကိုဖန်တီးထားသည်။"

စီရင်တော်မူ၍
သင့်ကို ဖန်ဆင်းသော ထာဝရဘုရားသသည်။ ဤတွင် စာရေးသူက ဘုရားသခင်သည် ထိုသူ့အား စကားပြောခြင်းမှ ရွေ့ထားခြင်းအဖြစ် ပြောဆိုထားပါသည်။

Psalms 021

အစာ (သားကောင် )
အခြားသော တိရိစ္ဆာန်အတွက် အစာဖြစ်သော သားကောင်။


generated on Sun Jun 30 02:37:40 2024

ဘုရားသခင့်ထံမှာ အစာကို ရှာကြပါ၏။
သို့သော် သူတို့သည် သူတို့၏အစာကို မစရန် ဘုရားသခင်၌ မှီခိုကြသည်။

တဖန်နေထွက်ပြန်လျှင်၊
သူတို့၏ တွင်းသို့ ပြန်သွားကြသည်။

နေမြဲတွင်း
တချို့ နို့တိုက်သတ္တဝါများနှင့် တိရိစ္ဆာန်များအတွက် အိမ်တော်။

Psalms 023

ဆုတ်သွား ၍ နေမြဲတွင်းတို့၌ အိပ်နေကြပါ၏။
ဤတွင် ထာဝရဘုရားဖန်ဆင်းတော်မူသောအရာကို အရည်သည် ဘူးထဲမှ ယိုဖိတ်သော ပမဏာ ကဲ့သို့ ဖြစ်ကြောင့် ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - သင်၏ အလုပ်ဖြင့် ပြည့်စုံသည်။"

Psalms 025

ကြီးမား ကျယ်ဝန်းသော
၎င်းသည် အင်မတန်နက်ရှိုင်းပြီး ကျယ်ပြန့်သောအရာဖြစ်သည်။ နက်ရှိုင်းသောအရာနှင့် အကျယ်ပြန့်သော အရာကိုအထူးပြုစေသောအရာဖြစ်သည်။

မရေတွက်နိုင်အောင် တွားတတ်သော တိရစ္ဆာန် အစရှိသော
ထိုသူများ၏ တစ်စုံတစ်ယောက်က ရေတွက်နိုင်သော သတ္တဝါများထက် ပို၍ရှိသည်။

မရေတွက်နိုင်အောင်
ရေတွက် နိုင်သောအရာထက်။

တိရစ္ဆာန်အကြီးအငယ်များ
ဤအရာသည် သတ္တဝါများ၏ အရွယ်အစားများကို ဆိုလိုပါသည်။

ထိုအရပ်၌ သင်္ဘောတို့သည် သွားလာကြပါ၏။
သင်္ဘောများသည် ပင်လယ်သို့ သွားလာကြပါသည်။

Psalms 027

ထိုသို့သော တိရစ္ဆာန်အပေါင်းတို့သည်
သတ္တဝါများ အားလုံး။

အချိန် တန်လျှင် အစာကျွေးတော်မူစေခြင်းငှါ၊
ထိုသူတို့ကို လိုအပ်သောအချိန်၌ အစာကိုကျွေးတော်မူသည်။

ကိုယ်တော်ချထားတော်မူသည်အတိုင်း သူတို့ သည် သိမ်းယူကြပါ၏။
အစာကို ပေးအပ်ထားသည်ဟုဖော်ပြလျှင် ပို၍ အဆင်ပြေမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် သူတို့ကို အစာပေးသောအခါ" သူတို့သည် သိမ်းယူကြသည်။"

သိမ်းယူကြပါ၏။
စုဆောင်းကြသည်။

လက်တော်ကို ဖွင့်တော်မူသော အားဖြင့်
ဤအရာက ထာဝရဘုရားသည် သတ္တဝါများကို အစာပေးရန် သူ့လက်ကို ဖွင့်တော်မူသောအခါ ဟူသောအရာကိုဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုသူများအား အစာကျွေးရန် သင်၏ လက်ကိုဖွင့်သောအခါ"

Psalms 029

မျက်နှာတော်ကို လွှဲတော်မူလျှင်
ဆိုလိုသည်မှာ ထာဝရဘုရားသည် သူတို့ကို မကြည့်ရှုပါ

သူတို့သည် သေ၍ မိမိတို့မြေမှုန့်ထဲသို့ ပြန်သွားကြပါ၏။
ဤအရာဆိုလိုသည်မှာ သူတို့၏ ကိုယ်ခန္ဓာသည် ပုတ်သိုးပြီး ပြန်လည်ဆွေးမြေ့လာကြသည်။ အခြားသောဘာသာပြန်ဆိုချက် - သူတို့၏ ကိုယ်ခန္ဓာသည် ပုတ်သိုးပြီး မြေသို့ပြန်သွားကြသည်"

တဖန်ဝိညာဉ်တော်ကို လွှတ်၍၊
ဤအရာက သတ္တဝါများကို အသက်ပေးရန် သူ့ဝိညာဉ်ကို စေလွှတ်ပေးထားပါသည်။

သူတို့ကို ဖန်ဆင်းတော်မူသဖြင့်၊
ဤအရာက ထာဝရဘုရား၏ ဝိညာဉ်သည် သူတို့ကို ဖန်ဆင်းထားသည်။

မြေကြီးမျက်နှာကို အသစ်ပြုပြင် တော်မူ၏။
သင်တို့သည် မြေကြီးမျက်နှာ၌ အသစ်သောအသက်ကို ရရှိကြသည်။

Psalms 033

N/A
ကိုယ်တော်သည် သူ၏အတွေ့အခေါ်များကို မြည်းစမ်းသောအရာများကဲ့သို့ ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့အတွေ့အခေါ်များသည် ကျေနပ်စေသည်"

Psalms 035

သုတ်သင် ပယ်ရှင်း၍၊
ကွယ်ပျောက်သွားသည်။

မတရားသော သူတို့သည် နောက်တဖန် မဖြစ်ရကြ။
"မတရားသောသူ" ဟူသည်မှာ ဆိုးသွမ်းသောသူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မတရားသောသူတို့သည် ကွယ်ပျောက်ကြမည်၊"


generated on Sun Jun 30 02:37:40 2024

# Translation Questions

Psalms 104:1

ထာဝရဘုရားကို တန်ဆာဆင်တော်မူသည်ဟု စာရေးသူသည် မည်သို့ဆိုသနည်း။
ထာဝရဘုရားသည် ဘုန်းတန်ခိုးအာနုဘော်နှင့်တန်ဆာဆင်တော်မူသည်။

ထာဝရဘုရားသည် မိုဃ်းကောင်းကင်ကို အဘယ်ကဲ့သို့ ကြက်တော်မူသနည်း။
မိုဃ်းကောင်းကင်ကို မျက်နှာကြက်ကဲ့သို့ ကြက်တော်မူသည်။

Psalms 104:4

ထာဝရဘုရားချပေးသော မြေကြီးအမြစ်သည် မည်သည့်အခါမျှ အဘယ်သို့ဖြစ်လိမ့်မည်ဟု စာရေးသူဆိုသနည်း။
မြေကြီးအမြစ်သည် ဘယ်တော့အခါမျှ ရွေ့လိမ့်မည်မဟုတ်ပေ။

Psalms 104:6

ရေများကို ပြန်လျော့သွားအောင် ပြုသည်ဟု စာရေးသူသည် ဘယ်အရာကို ပြောသနည်း။
ထာဝရဘုရား ဒဏ်ခတ်တော်မူသောကြောင့် ရေများသည် ပြန်လျော့သွားသည်။

Psalms 104:8

ရေများသည် မြေကြီးကို အဘယ်ကြောင့် မလွှမ်းမိုးစေမည်နည်း။
ထာဝရဘုရားသည် မကျော်ရသောနယ်စပ်တို့ကို ပိုင်းခြားတော်မူသည်။

Psalms 104:13

ထာဝရဘုရား ထောက်ပံ့ပေးသည်ဟု စာရေးသူပြောသော အရာသုံးခုမှာ ဘယ်အရာဖြစ်မည်နည်း။
ထာဝရဘုရားသည် လူတို့ ရွှင်လန်းစေဖို့ရန် စပျစ်ရည်ကိုင်း၊ သူတို့မျက်နှာကို ပြောင်းစေဖို့ရန် ဆီကိုင်း၊ သူ၏ အသက်အကျိုးပြုဖို့ရန် အစားအစာကိုင်း ထောက်ပံ့တော်မူသည်။

Psalms 104:19

လနှင့်နေကို ထာဝရဘုရားက မှတ်သားဖို့ရန် မည်သို့ သတ်မှတ်ခဲ့သနည်း။
အချိန်ကာလကို သတ်မှတ်ရန် အချိန်နှင့်နေကို မှတ်သား၍ လကို ထာဝရဘုရားသတ်မှတ်ခဲ့သည်။

Psalms 104:21

နေရောင်ထွက်လာသောအခါ ခြင်္သေ့ငယ်များသည် အဘယ်သို့ ဖြစ်သနည်း။
နေရောင်ထွက်လာသောအခါ သူတို့သည် အိပ်ပျော်လျက်နေကြသည်ကို တွေ့မြင်တော်မူသည်။

Psalms 104:25

ကျယ်ဝန်းသော သမုဒ္ဒရာ၌ အဘယ်အရာများရှိသနည်း။
သမုဒ္ဒရာသည် တွားတတ်သောတိရစ္ဆာန်အစရှိသောတိရစ္ဆာန်အကြီးအငယ်များစွာရှိသည်။

Psalms 104:27

ပင်လယ်သတ္တဝါအပေါင်းတို့သည် အစာကို ကျွေးမွေးတော်မူခြင်းငှါ မည်သူ့ကို မြော်လင့်နေကြသနည်း။
ပင်လယ်သတ္တဝါအပေါင်းတို့သည် အချိန်တန်လျှင် အစာကို ကျွေးမွေးမည့် ထာဝရဘုရားကို မြော်လင့်နေကြသည်။

Psalms 104:29

ထာဝရဘုရားသည် မျက်နှာတော်ကို လွှဲတော်မူလျှင် (သို့) သူတို့၏ အသက်ကို ရုပ်သိမ်းတော်မူလျှင် သက်ရှိသတ္တဝါများသည် အဘယ်သို့ ဖြစ်မည်နည်း။
မျက်နှာတော်ကိုလွှဲတော်မူလျှင် သူတို့သည် ပင်ပန်းကြသည်။ သူသည် အသက်ကို ရုပ်သိမ်းတော်မူလျှင် သူတို့ သည် သေ၍ မြေသို့ ပြန်သွားရမည်။

Psalms 104:31

စာရေးသူသည် ထာဝရဘုရားအား ဖန်ဆင်းခြင်းနှင့်အတူ အဘယ်သို့ ပြုစေလိုသနည်း။
စာရေးသူသည် ထာဝရဘုရားအား ဖန်ဆင်းခြင်း၌ ဝမ်းမြောက်စေလိုသည်။

Psalms 104:33

စာရေးသူသည် သူ့ဘဝတစ်လျှောက်လုံးအတွက် သီချင်းဆိုမည်ဟု အဘယ်သို့ ကတိပေးသနည်း။
သူသည် အသက်ရှင်သမျှကာလပတ်လုံး သူ၏ ဘုရားသခင်ကို သီချင်းဆိုမည်ဟု ကတိပေးသည်။

Psalms 104:35

မြေကြီးပေါ်၌ မတရားသောသူနှင့် အပြစ်ရှိသောသူတို့အား အဘယ်သို့ ဖြစ်စေရန် မြော်လင့်လိမ့်မည်ဟု စာရေးသူပြောသနည်း။
မြေကြီးမှ အပြစ်ရှိသူတို့ကို သုတ်သင်ပယ်ရှင်း၍ မတရားသော သူတို့အား နောက်တဖန် မဖြစ်စေရန်လိုချင်ခဲ့သည်။

## Chapter 105

1 ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ နာမတော်ကို ပဌနာပြုကြလော့။ အမှုတော် တို့ကို လူများတို့အား
ပြသကြလော့။ 2 ထာဝရဘုရားကို သီချင်းဆိုကြလော့။ ဆာလံ သီချင်းကို ဆိုကြလော့။ အံ့ဘွယ်သော အမှုတော်အပေါင်း တို့ကို
ဟောပြောကြလော့။ 3 သန့်ရှင်းသောနာမတော်၌ ဝါကြွား ဝမ်းမြောက် ကြလော့။ ထာဝရဘုရားကို ရှာသောသူတို့သည် စိတ်နှလုံး
ရွှင်လန်းကြစေ။ 4 ထာဝရဘုရားနှင့် တန်ခိုးတော်ကို ရှာကြလော့။ မျက်နှာတော်ကို အစဉ်မပြတ် ရှာကြလော့။ 5 စီရင်တော်မူသော
အံ့ဩဘွယ်တို့ကိုငှင်း၊ ထူးဆန်းသော အမှုတော်တို့နှင့် နှုတ်ထွက်ပညတ်တို့ကိုငှင်း အောက်မေ့ကြလော့။ 6
ထာဝရဘုရား၏ကျွန်အာဗြဟံအမျိုး၊ ရွေး ကောက်တော်မူသော ယာကုပ်အနွယ်တို့၊ 7 ကိုယ်တော်မြတ် ထာဝရဘုရားသည် ငါတို့
ဘုရားသခင်ဖြစ်တော်မူ၏။ မြေကြီးတပြင်လုံး၌ တရား စီရင်ပိုင်တော်မူ၏။ 8 ငါသည်သင်တို့ အမွေခံရာဘို့ခါ နာန်ပြည်ကို
သင်၌ပေးမည်ဟု ငါတို့အမျိုးသည် အရေအတွက် အားဖြင့် မများ၊ 9 အလွန်နည်း၍ ထိုပြည်၌ ဧည့်သည် ဖြစ်လျက်နေသောအခါ၊ 10
အာဗြဟံ၌ဂတိထား၍၊ ဣဇာက် ၌ ကျိန်ဆိုတော်မူလျက်၊ 11 ယာကုပ်၌ မြဲမြံသောတရား၊ ဣသရေလ၌
နိစ္စထာဝရပဋိညာဉ်ဖြစ်စေခြင်းငှါ၊ 12 လူမျိုး အဆက် တထောင်တိုင်အောင် မိန့်မြွက်တော်မူသော နှုတ်ကပတ်တည်းဟူသော
ဝန်ခံခြင်းတရားတော်ကို အစဉ်အမြဲ အောက်မေ့တော်မူ၏။ 13 သူတို့သည် တမြို့မှတမြို့သို့ငှင်း၊တနိုင်ငံမှ တနိုင်ငံသို့ငှင်း၊
လှည့်လည်၍ သွားကြသောအခါ၊ 14 သူတို့ကို ညှဉ်းဆဲစေခြင်းငှါ အဘယ်သူအားမျှ အခွင့်ပေးတော်မမူ။
သူတို့အတွက်လည်းရှင်ဘုရင်တို့ကို ဆုံးမလျက်၊ 15 ငါ့ထံ၌ ဘိသိတ်ခံသောသူတို့ကို မထိမခိုက်နှင့်။ ငါ၏ ပရောဖက်တို့ကို
အပြစ်မပြုနှင့်ဟု မိန့်တော်မူ၏။ 16 တဖန်တုံ၊ ထိုပြည်၌ မွတ်သိပ်ခြင်းဘေးကို ခေါ်၍၊ အစာအာဟာရတည်းဟူသော အထောက်အပင့်
ရှိသမျှကို ချိုးဖျက်တော်မူသောအခါ၊ 17 ကျွန်ဖြစ်စေဘို့ အရောင်းခံရသော ယောသပ် ကို သူတို့ရှေ့မှာ စေလွှတ်တော်မူ၏။ 18
သူ့ကိုခြေချင်းခတ်၍ သံနှင့်ညှဉ်းဆဲကြ၏။ 19 သူ၏စကား မပြည့်စုံမှီတိုင်အောင်၊ ထာဝရ ဘုရား၏ အမိန့်တော်အတိုင်း စုံစမ်းခြင်းကို
ခံရ၏။ 20 လူတို့ကို အစိုးရသော အရှင်တည်းဟူသော ရှင်ဘုရင်သည် စေလွှတ်၍ သူ့ကိုနှုတ်ပြီးမှ ချမ်းသာ ပေးတော်မူ၏။ 21 သူသည်
မိမိအလိုရှိသည်အတိုင်း မင်းအရာရှိ တို့ကို ချည်နှောင်၍၊ 22 မှူးတော်မတ်တော်တို့ကို ဆုံးမပိုင် သော အခွင့်နှင့် နန်းတော်အုပ်၊
နိုင်ငံတော်အုပ်အရာ၌ ထိုသူကို ခန့်ထားတော်မူ၏။ 23 ဣသရေလသည်လည်း အဲဂုတ္တုပြည်သို့ ရောက် လာ၍၊ ယာကုပ်သည်
ဟာမအမျိုးနေရာပြည်၌ တည်းခို၏။ 24 ဘုရားသခင်သည် မိမိလူတို့ကို အလွန်များပြား စေ၍၊ ရန်သူတို့ထက် အားကြီးစေတော်မူ၏။
25 မိမိလူတို့ကို ရန်သူတို့သည်မုန်း၍၊ မိမိကျွန်တို့ကို ပရိယာယ်ပြုမည် အကြောင်း၊ ထိုသူတို့ စိတ်နှလုံးကို ပြောင်းလဲစေတော် မူ၏။ 26
## Psalms 107:8

မည်သည့်အရာအတွက် လူများက ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြသနည်း။
ကရုဏာနှင့်အံ့ဩဘွယ်သော အမှုတော်တို့ကို ထောက်၍ လူများက ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြသည်။

## Psalms 107:11

လူတို့၏ စိတ်ကို ထာဝရဘုရားက မည်ကဲ့သို့ နှိမ့်ချစေခဲ့သနည်း။
လူတို့၏ စိတ်ကို ဆင်းရဲဒုက္ခခံခြင်းအားဖြင့် ထာဝရဘုရားက နှိမ့်ချစေခဲ့သည်။

## Psalms 107:14

မည်သည့်တံခါးနှင့် သံကန့်လန့်တို့ကို ထာဝရဘုရားက သူ၏ လူများအတွက် ချိုးခဲ့သနည်း။
ကြေးတံခါးတို့နှင့် သံကန့်လန့်တို့ကို ထာဝရဘုရားက သူ၏ လူများအတွက် ချိုးခဲ့သည်။

## Psalms 107:17

လူများတို့သည် အဘယ်ကြောင့် ဆင်းရဲခြင်းနှင့် တွေ့ကြုံရကြသနည်း။
လူများတို့သည် ဒုစရိုက်အပြစ်ကို ပြုသောကြောင့် ဆင်းရဲခြင်းနှင့် တွေ့ကြုံရကြသည်။

## Psalms 107:20

မည်သည့်ယဇ်ကို လူများက ထာဝရဘုရားအား ပူဇော်ကြသနည်း။
ကျေးဇူးတော်ဝန်ခံရာယဇ်ကို လူများက ထာဝရဘုရားအား ပူဇော်သည်။

## Psalms 107:23

သင်္ဘောများဖြင့် ပင်လယ်ပေါ်သို့ ခရီးသွား၍ တိုင်းတပါးနိုင်ငံသို့ အလုပ်လုပ်ခဲ့သော လူတွေသည် ထာဝရဘုရား၏ မည်သည့်အရာကို မြင်တွေ့ခဲ့သနည်း။
သူတို့သည် ပင်လယ်ပေါ်၌ ထာဝရပြုတော်မူသော အံ့ဩဖွယ်ရာများကို မြင်တွေ့ခဲ့သည်။

## Psalms 107:25

အဘယ်ကြောင့် လှိုင်းလုံးများသည် ကောင်းကင်မှ ရောက်ရှိလာပြီး သူတို့သည် အနက်သို့ တွဲကျခဲ့သောအခါ လူတို့တွင် ဖြစ်ပျက်ခဲ့သနည်း။
လူတွေ၏ ရဲရင့်ခြင်းသည် ဘေးအန္တရာယ်များကြောင့် အဝေးသို့ အရည်ပျော်ခဲ့သည်။

## Psalms 107:28

သူတို့သည် ထာဝရဘုရားကို သူတို့၏ ဒုက္ခထဲတွင် ခေါ်သောအခါ လူတွေသည် မည်သည့်အရာဖြစ်ခဲ့သနည်း။
ထာဝရဘုရားသည် သူတို့၏ စိတ်ပူခြင်းမှ ဆောင်ယူခဲ့ပြီး မုန်တိုင်းကို ငြိမ်သက်စေခဲ့သည်။

## Psalms 107:31

လူတွေသည် မည်သည့်နေရာတွင် ထာဝရဘုရားကို ချီးမြှောက်သင့်သနည်း။
လူပရိသတ်၏အလယ်မှာ ထာဝရဘုရားကို ချီးမြှောက်၍ အသက်ကြီးသူတို့၏ အစည်းအဝေး၍ ချီးမွမ်းကြပါသည်။

## Psalms 107:33

ထာဝရဘုရားသည် လူတွေ၏ ဆိုးသွမ်းမှုများကြောင့် မြေအသီးအနှံများကောင်းသောပြည်ကို မည်သည့်အရာ လုပ်ခဲ့သနည်း။
မြေကောင်းသော ပြည်ကို ပြည်သူပြည်သားတို့၏ အပြစ်ကြောင့် ဆားမြေဖြစ်စေတော်မူ၏။

## Psalms 107:36

လူတွေသည် သူတို့၏မြို့ထဲတွင် မည်သည့်အရာကို စိုက်ပျိုးခဲ့သနည်း။
သူတို့သည် စပျစ်ဥယျာဉ်များနှင့် လယ်များကို စိုက်ပျိုးခဲ့သည်။

## Psalms 107:39

ထာဝရဘုရားသည် ခေါင်းဆောင်များအပေါ်တွင် ရှုံ့ရှာဖွယ်ဖြစ်ခြင်းကို သွန်းလောင်းသောအခါ သူတို့တွင် မည်သို့ ဖြစ်လိမ့်မည်နည်း။
ထာဝရဘုရားသည် လမ်းမရှိသောနေရာ၊ တောထဲမှာလှည့်ပတ်ဖို့ရန် သူတို့ကို ဖြစ်စေခဲ့သည်။

Psalms 107:41

ဖြောင့်မတ်သောသူသည် ထာဝရဘုရား၏ ကွယ်ကာခြင်း၊ ဝမ်းမြောက်ခြင်းကို မြင်တွေ့သောအခါ ဆိုးသွမ်းသောသူတို့သည် မည်သည့်အရာလုပ်လိမ့်မည်နည်း။

ဆိုးသွမ်းသောသူတို့အားလုံးသည် သူတို့၏ ပါးစပ်ကို ပိတ်ကြလိမ့်မည်။

စာရေးသူသည် ထိုအရာတွေ၏ မှတ်သားမှုကို ယူဖို့ရန် မည်သူ့အပေါ် ခေါ်ဝေါ်ခဲ့သနည်း။

စာရေးသူသည် ပညာရှိသောသူတို့အား ထိုမှတ်စုကိုယူဖို့ရန်နှင့် သစ္စာရှိသော ပဋိညာဉ်စာချုပ်၏ ထာဝရဘုရားပြု တော်မူသောအရာအပေါ် ဆင်ခြင်ဖို့ရန် ခေါ်ဝေါ်ခဲ့သည်။

## Chapter 108

[1] အိုဘုရားသခင်၊ အကျွန်ုပ် နှလုံးသည် တည် ကြည်ပါ၏။ သီချင်းဆိုပါမည်။ ဝိညာဉ်ပါလျက် ချီးမွမ်း ထောမနာပြုပါမည်။ [2]
တယောနှင့် စောင်းတို့၊ နိုးကြလော့။ ငါလည်း စောစောနိုးမည်။ [3] အို ထာဝရဘုရား၊ ပရိတ်သတ်အလယ်၌ ကိုယ်တော်ကို
ချီးမွမ်းပါမည်။ လူမျိုးတို့တွင် ကိုယ်တော် အား ထောမနာသီချင်းဆိုပါမည်။ [4] အကြောင်းမူကား၊ ကရုဏာတော်သည် ကောင်း
ကင်သို့ငင်၊ သစ္စာတော်သည် မိုဃ်းတိမ်သို့ငင်း မှီပါ၏။ [5] အို ဘုရားသခင်၊ ကောင်းကင်မြင့်သည်ထက်
ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း။ မြေကြီးတပြင်လုံး ကို ဘုန်းတော်လွှမ်းမိုးပါစေသတည်း။ [6] ချစ်တော်မူသော သူတို့သည်
ချမ်းသာရမည် အကြောင်း၊ အကျွန်ုပ်စကားကို နားထောင်၍၊ လက်ျာ လက်ရုံးတော်အားဖြင့် ကယ်တင်တော်မူပါ။ [7]
သန့်ရှင်းခြင်းပါရမီတော်ကို တိုင်တည်၍၊ ဘုရား သခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်၊ ငါသည် ဝမ်းမြောက်မည်။ ရှေခင်မြို့ကို
ပိုင်းခြားမည်။ သုကုတ် လယ်ပြင်ကို တိုင်းထွာမည်။ [8] ဂိလဒ်ပြည်ကိုငါပိုင်ရ၏။ မနာရှေပြည်ကိုလည်း ငါပိုင်ရ၏။ ဧဖရိမ်ပြည်ကား
ငါ့ဦးခေါင်း၏ အစွမ်းဖြစ်ရ ၏။ ယုဒပြည်ကား ငါ၏လွှတ်တော်ဖြစ်ရ၏။ [9] မောဘပြည်ကား ငါ့ရေချိုးအိုး ဖြစ်ရ၏။ ဧဒုံပြည်ကား
ငါ့ခြေနင်းရာဖြစ်ရ၏။ ဖိလိတ္တိပြည် အပေါ် မှာ အောင်သံနှင့် ကြွေးကြော်မည်။ [10] အားကြီးသော မြို့ထဲသို့ ငါ့ကို အဘယ်သူ
သွင်းပေးမည်နည်း။ ဧဒုံပြည်သို့ ငါ့ကို အဘယ်သူလမ်းပြ မည်နည်း။ [11] အိုဘုရားသခင်၊ အကျွန်ုပ်တို့ကို စွန့်ပစ်တော် မူသော
ကိုယ်တော်သည် ပြုတော်မူမည်မဟုတ်လော။ အိုဘုရားသခင်၊ အကျွန်ုပ်တို့ ဗိုလ်ခြေနှင့်အတူ ကြွတော် မမူသော ကိုယ်တော်သည်
ပြုတော်မူမည် မဟုတ်လော။ [12] ဒုက္ခနှင့်ကင်းလွတ်စေခြင်းငှါ မစတော်မူပါ။ လူတို့သည် ကယ်တင်ခြင်းငှါ မတတ်နိုင်ကြပါ။ [13]
ဘုရားသခင်အားဖြင့် ငါတို့သည် ရဲရင့်စွာ ပြုကြမည်။ ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ )
ဒါဝိဒ်သည်ဆာလံကျမ်းကိုရေးသားခဲ့သည် သို့မဟုတ်
ဆာလံသည် ဒါဝိဒ်အကြောင်းဖြစ်သည် သို့မဟုတ် ဆာလံသည်
ဒါဝိဒ်၏ ဆာလံကဲ့သို့ ပုံစံဖြစ်သည်။

အိုဘုရားသခင်၊ အကျွန်ုပ် နှလုံးသည် တည် ကြည်ပါ၏။
ဤတွင် ဒါဝိဒ်က သူ့နှလုံးသားကို ရည်ညွှန်းထားပါသည်။
နောက်ပြီး တည်ကြည်သည် ဟူသောစကားလုံးသည်
လုံးလုံးလျားလျား ယုံကြည်ကိုးစားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါ့နှလုံးသားသည်
ထာဝရဘုရား၌ တည်ကြည်ပါသည်" သို့မဟုတ် "ငါသည်
ထာဝရဘုရား၌ လုံးလုံးလျားလျား ကိုးစားပါသည်။"

ဝိညာဉ်ပါလျက် ချီးမွမ်း ထောမနာပြုပါမည်။
ဤတွင် ဒါဝိဒ်က သူ့ကိုသူ ထာဝဘုရားသခင်အား
ရိုသေမှုပြုခြင်းကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည်
ချီးမွမ်းသီချင်းဆိုရန် ခွင့်ပေးထားသည်"

တယောနှင့် စောင်းတို့၊ နိုးကြလော့။
ဤတွင် ဒါဝိဒ်က တူရိယာတီးခြင်းကို အိပ်ရာမှ နိုးထခြင်းကဲ့သို့
ဖြစ်ကြောင့်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"ငါသည် တယောနှင့် စောင်းကိုတီးခြင်းအားဖြင့် ကိုယ်တော့်ကို
ချီးမွမ်းပါမည်။"

ငါလည်း စောစောနိုးမည်။
ဒါဝိဒ်က စောစောနိုးထခြင်းကို လူတစ်ယောက်သည်
မနက်စောစောနိုးထသကဲ့သို့ ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မနက်စောစော နိုးပြီး
ကိုယ်တော့်ကို ချီးမွမ်းပါမည်"

စောစော
နေထွက်လာသောအခါ

Psalms 003

အကြောင်းမူကား၊ ကရုဏာတော်သည် ကောင်း ကင်သို့ငင်၊ သစ္စာတော်သည်
မိုဃ်းတိမ်သို့ငင်း မှီပါ၏။
ဤစကားစုနှစ်ခုတို့သည် အတူတူဖြစ်သည်။ ဘုရားသခင်၏
သစ္စာတော်သည် မိုဃ်းတိမ်သို့မှီကြောင်းကို
ဂရုဏာတော်သည်လည်း
ကောင်းကင်သို့မှီကြောင်းကိုနှိုင်းယှဉ်ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်၏ သစ္စာတော်သည်
ကောင်းကင်နှင့် မြေကြီးဝေးကွာသည်ထက်သာ၍
ကြီးမြက်ပါသည်။

Psalms 005

ကောင်းကင်မြင့်သည်ထက် ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း။
ဆာလံဆရာက
သူသည်ထာဝရဘုရားကိုချီးမြောက်ကြောင်းပြသပြောဆိုထားပါသည်။
ကောင်းကင်အထက်၌ ချီးမြောက်ခြင်းဟူသည်
သူ၏ကြီးမြတ်ခြင်းကို ပုံဆောင်ထားပါသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ကောင်းကင်အထက်တွင် ကြီးမြတ်တော်မူကြောင်းကို ပြသသည် သို့မဟုတ် ဘုရားသခင်သည် ကောင်းကင်ထက် သာ၍ကြီးမြတ်သောသူဖြစ်ကြောင့်ကို ပြသခဲ့သည်။"

ဘုန်းတော်လွှမ်းမိုးပါစေသတည်း။
ဤတွင် ထာဝရဘုရားသည် သူ့ဘုန်းတော်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ဘုန်းကြီးတော်မူစေသတည်း။"

ချစ်တော်မူသော သူတို့သည် ချမ်းသာရမည် အကြောင်း။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ချမ်းသာမှုကို လိုအပ်နေသောသူများကြောင့်" သို့မဟုတ် "ချစ်တော်မူသောသူကို ကယ်တင်တော်မူသည်။"

လက်ျာ လက်ရုံးတော်အားဖြင့်
ဤတွင် ဘုရားသခင်၏ "လက်ရုံးတော်" ဟူသည်မှာ သူ့ဘုန်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာပြန်ဆိုချက် - "ကိုယ်တော်၏ ဘုန်းတန်ခိုးအားဖြင့်"

အကျွန်ုပ်စကားကို နားထောင်၍၊
ဤတွင် စကားကိုနားထောင်သည် ဟူသောအရာမှာ သူတောင်းလျှောက်သောအရာကို တုံ့ပြန်မှုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတောင်းလျှောက်ချက်ကို နားထောင်တော်မူသည်" သို့မဟုတ် "ငါ့ဆုတောင်းချက်ကို အဖြေပေးသည်။"

Psalms 007

သန့်ရှင်းခြင်းပါရမီတော်ကို တိုင်တည်၍၊ ဘုရား သခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်
ဤတွင် ဒါဝိဒ်က ဘုရားသခင်သည်သန့်ရှင်းသောကြောင့် ၎င်းကိုတိုင်တည်၍ စကားပြောကြောင်းကို ခံန္တာကိုယ်ပိုင်းဆိုင်ရာ၌လည်း သန့်ရှင်းကြောင်း ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် သန့်ရှင်းကြောင်းကို ပြောဆိုထားသည်။"

ရှေခင်မြို့ကို ပိုင်းခြားမည်။ သုကုတ် လယ်ပြင်ကို တိုင်းထွာမည်။
ဤတွင် ဘုရားသခင်သည် ရှေခင်မြို့နှင့် သုကုတ်မြို့ ၏ နယ်မြေကို ခွဲဝေပေးကြောင်းကို ပြောဆိုထားပါသည်။

ငါပိုင်ရ၏
ပိုင်ဆိုင်သောအရာကို ခွဲဝေပိုင်းခြားသည်။

ဧဖရိမ်ပြည်ကား ငါ့ဦးခေါင်း၏ အစွမ်းဖြစ်ရ ၏။
ဘုရားသခင်သည် ဧဖရိမ်အမျိုးကို  သူ့တပ်သားကဲ့သို့ ပြောဆိုထားပါသည်။ ဦးခေါင်းဟူသည်မှာ စစ်ပွဲအတွက် ပြင်ဆင်ခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဧဖရိမ်သည် ငါ့ရွေးကောက်သော ဦးခေါင်းကဲ့သို့ ဖြစ်သည်" သို့မဟုတ် "ဧဖရိမ်အမျိုးသည် ငါ၏ဗိုလ်ခြေဖြစ်သည်။"

ငါ့ဦးခေါင်း
စစ်သားများက ထိခိုက်ဒဏ်ရာမှ လွတ်ကင်းစေရန် ခက်ခဲစွာ ဝတ်ဆင်ထားသည့် ဦးထုတ်ဖြစ်သည်။

ယုဒပြည်ကား ငါ၏လွတ်တော်ဖြစ်ရ၏။
ဘုရားသခင်သည် ယုဒအမျိုးထဲမှ ရှင်ဘုရင်အဖြစ်ရွေ့ချယ်ပြီး ထိုလူမျိုးကို သူ့လွတ်တော်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ယုဒအမျိုးသည် ငါ၏လွတ်တော်ကဲ့သို့ဖြစ်သည်" သို့မဟုတ် "ယုဒအမျိုးအားဖြင့် ငါ့လူမျိုးကို အုပ်စိုးစေသော အရာဖြစ်သည်။"

Psalms 009

မောဘပြည်ကား ငါ့ရေချိုးအိုး ဖြစ်ရ၏။
ဘုရားသခင်က မောဘအမျိုးကို အရေးမပါသောလူမျိုး၊ နှိမ့်ကျသောလူမျိုးကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မောဘသည် ငါရေချိုးရာတွင် အသုံးပြုသော ရေခွက်ကဲ့သို့သာဖြစ်သည်။"

ဧဒုံပြည်ကား ငါ့ခြေနင်းရာဖြစ်ရ၏။
ဘုရားသခင်က ဧဒုံပြည်ကို သူပိုင်ဆိုင်သော ခြေနင်းရာအရပ်ကို လွှင့်ပစ်သော သင်္ကေတအဖြစ် ပြောဆိုထားပါသည်။ သို့သော် အခြားသော အဓိပ္ပယ်ဖွင့်ဆိုချက်များလည်းရှိသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ဧဒုံပြည်ပိုင်သော မြေကိုယူဆောင်သည်" သို့မဟုတ် "ငါသည် ဧဒုံပြည်ကို ငါပိုင်သော မြေအဖြစ် လွှင့်ပစ်ထားသည်။"

Psalms 011

ယေဘုယျအချက်အလက်
၁၀၈:၁၁ မြောက်သော ဆာလံသည် စကားစုမရှိပါ။ သို့သော် ဟူသောအရာသည် ၆၀:၁၀ မှာကဲ့သို့ အစပြုထားပါသည်။

အိုဘုရားသခင်၊ အကျွန်ုပ်တို့ကို စွန့်ပစ်တော် မူသော ကိုယ်တော်သည် ပြုတော်မူမည်မဟုတ်လော။
ဆာလံဆရာက သူ၏ဝမ်းနည်းမှုသည် ဘုရားသခင်ငြင်းပယ်သောအရာကဲ့သို့ ဤမေးခွန်းကို အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ငါတို့ကို ငြင်းပယ်သကဲ့သို့ဖြစ်သည်" သို့မဟုတ် ကိုယ်တော်သည် ငါတို့ကို ဘေးဖယ်ထားကဲ့သို့ဖြစ်သည်။"

ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။
ဆာလံဆရာက ဘုရားသခင်သည် ရန်သူများအားကူညီခြင်းကို သူသည်စစ်သွားတိုက်သကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတို့သည် စစ်ပွဲတိုက်ရာတွင် သင်သည်မကူညီခဲ့ပါ။"

မတတ်နိုင်ကြပါ။
"အချည်းနှီးဖြစ်သည်။"


generated on Sun Jun 30 02:37:40 2024

ကိုယ်တော်တိုင် နင်းတော်မူမည်။
"အောင်မြင်ခြင်း ရရှိသည်။"

ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။
ဆာလံဆရာက ဘုရားသခင်သည် ရန်သူများကိုတိုက်ခိုက်ချေမှုန့်ခြင်းကို သူသည် ရန်သူများအပေါ် တုန်လှုပ်စေသောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ငါတို့၏ရန်သူများကိုပင် တုန်လှုပ်နိုင်စွမ်းပြုစေမည်" သို့မဟုတ် "ကိုယ်တော်သည် ငါတို့၏ ရန်သူများအပေါ် တိုက်ခိုက်နိုင်စေပါသည်။"

## Translation Questions

Psalms 108:1

ဒါဝိဒ်သည် မည်ကဲ့သို့သော အရာဖြင့် ထောမနာသီချင်းကို ဆိုသနည်း။
ဒါဝိဒ်မင်းကြီးသည် ရိုသေလေးစားသောစိတ်ထားဖြင့် ထောမနာသီချင်းကို ဆိုသည်။

Psalms 108:3

ထာဝရဘုရား၌ ဖြောင့်မတ်စွာရှိသော ပဋိညာဉ်ကို ဒါဝိဒ်မင်းကြီးက မည်ကဲ့သို့ ကြီးမြတ်ကြောင်း ပြောကြားခဲ့သနည်း။
ထာဝရဘုရား၌ ဖြောင့်မတ်စွာရှိသော ပဋိညာဉ်ကိုဒါဝိဒ်ကမိုဃ်းကောင်းကင်ထက်သာ၍ မြင့်မားကြောင်း ပြောကြားခဲ့သည်။

Psalms 108:5

ထာဝရဘုရား၏ ဘုန်းအာနုဘော်ကို ချီးမြှောက်ရန် ဒါဝိဒ်က မည်သည့်နေရာကို ကြွေးကြော်ထားသနည်း။
ထာဝရဘုရား၏ ဘုန်းအာနုဘော်ကို ချီးမြှောက်ရန် ဒါဝိဒ်က မြေပြင်တခုလုံးကို ကြွေးကြော်ထားသည်။

Psalms 108:7

ဧဖရိမ်အမျိုးနှင့် ယုဒအမျိုးတို့အား ထာဝရဘုရားက မည်ကဲ့သို့ မြွက်ဆိုထားသနည်း။
ဘုရားသခင်က ဧဖရိမ်အမျိုးအား ဦးခေါင်းဖြစ်၍ ယုဒအမျိုးသည် သူ၏ လွှတ်တော်ဖြစ်သည်ဟု မြွက်ဆိုကြသည်။

Psalms 108:9

ဖိလိတ္တိလူတို့ကြောင့် ထာဝရဘုရားသည် မည်ကဲ့သို့ ကြွေးကြော်လိမ့်မည်နည်း။
ဖိလိတ္တိလူတို့အဖို့ ထာဝရဘုရားက အောင်သံနှင့် ကြွေးကြော်လိမ့်မည်။

Psalms 108:11

ဒါဝိဒ်က တစ်စုံတစ်ဦးထံမှ ကူညီခြင်းမဟုတ်သောအရာသည် အချည်းနှီးဟု ပြောကြာခဲ့သနည်း။
လူတို့သည် ကယ်တင်ခြင်းငှါမတတ်နိုင်သောကြောင့် ထာဝရဘုရားထံမှ ကူညီမစခြင်းကို ဒါဝိဒ်တောင်းလျှောက်သည်။

ဘုရားသခင်၏မစမှုဖြင့်ရရှိသောအောင်မြင်ခြင်းကို ဒါဝိဒ်မည်သို့ ဖော်ပြသနည်း။
ဘုရားသခင်၏ မစမှုကြောင့် အောင်မြင့်လိမ့်မည်ဟု ဒါဝိဒ်ပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဒါဝိဒ်၏ရန်သူတို့ကို နင်းတော်မူမည်။

## Chapter 109

[1] အကျွန်ုပ် ချီးမွမ်းသော ဘုရားသခင်၊ တိတ် ဆိတ်စွာနေတော်မမူပါနှင့်။ [2] မတရားသောသူနှင့် သစ္စာပျက်သော သူတို့ သည်
အကျွန်ုပ်တဘက်၌နှုတ်ကိုဖွင့်၍၊ မုသားစကားကို ပြောဆိုကြပါ၏။ [3] မနာလိုသောစိတ်နှင့် စကားပြောလျက်၊ အကျွန်ုပ်ကိုဝိုင်း၍
အကြောင်းမရှိဘဲ စစ်တိုက်ကြပါ၏။ [4] အကျွန်ုပ်၏ မေတ္တာအတွက် သူတို့သည် ရန်ဘက်ပြုကြပါ၏။ အကျွန်ုပ်မူကား ပဌနာပြုလျက်
နေပါ၏။ [5] အကျွန်ုပ်ပြုသော ကျေးဇူးအတွက် မကောင်း သောအပြစ်ကို၎င်း၊ အကျွန်ုပ်မေတ္တာအတွက် မုန်းခြင်းကို ၎င်း
ဆပ်ပေးကြပါ၏။ [6] ထိုသို့သော သူ၏အပေါ်မှာ မတရားသောသူကို ခန့်ထားတော်မူပါ။ သူ၏လက်ျာနားမှာ ရန်သူနေပါစေ။ [7] သူသည်
တရားစီရင်ခြင်းကို ခံရာတွင်ရှုံးပါစေ။ သူပြုသော ပဌနာသည် ပြစ်မှားခြင်းဖြစ်ပါစေ။ [8] သူ၏အသက်တိုပါစေ။ သူ၏အရာကိုလည်း
အခြားသူရပါစေ။ [9] သူ၏သားတို့သည် ဘသားဆိုး၊ မယားလည်း မုတ်ဆိုးမဖြစ်ပါစေ။ [10] သူ၏သားတို့သည် အရပ်ရပ်လည်၍
သူတောင်း စား ဖြစ်ကြပါစေ။ ပျက်စီးသော မိမိတို့နေရာများမှ ထွက်၍၊ အစာကိုရှာကြပါစေ။ [11] သူ၌ရှိသမျှကို
ကြွေးရှင်သိမ်းယူပါစေ။ သူလုပ် ၍ရသော ဥစ္စာကိုလည်း တပါးအမျိုးသား လုယူပါစေ။ [12] သူ၌ကျေးဇူးပြုသောသူ၊ သူ၏ဘသားဆိုး
တို့ကို ကယ်မသနားသောသူ တယောက်မျှ မရှိစေနှင့်။ [13] သူ၏အနွယ်သည် ပြတ်ပါစေ။ လူမျိုးဆင်းသက် ၍ တဆက်တည်းတွင်၊
သူတို့၏ နာမည်သည် ကျေပျောက် ပါစေ။ [14] သူ့ဘိုးဘေးတို့၏ ဒုစရိုက်ကို ထာဝရဘုရား သည် သတိရတော်မူပါစေ။ သူ့အမိ၏
အပြစ်သည် မဖြေပါစေနှင့်။ [15] ထိုဒုစရိုက်အပြစ်သည် ထာဝရဘုရားရှေ့မှာ အစဉ်အမြဲ ထင်ရှား၍၊ မြေကြီးပေါ်မှာ ထိုသူတို့ကို
အောက်မေ့စရာ အမှတ်မျှ မရှိစေခြင်းငှါ၊ ပယ်ရှင်းတော်မူ ပါစေ။ [16] အကြောင်းမူကား၊ ထိုသူသည် ကယ်မ သနားခြင်းငှါ သတိမရှိ။
ဆင်းရဲငတ်မွတ်၍ စိတ်ပျက် သောသူကို သေစေသည်တိုင်အောင် ညှဉ်းဆဲပြီ။ [17] သူသည် ကျိန်ဆဲခြင်းကို နှစ်သက်သည်နှင့်အညီ၊
သူ့အပေါ်သို့ ရောက်ပါစေ။ ကောင်းကြီးမင်္ဂလာကို အလိုမရှိသည်အတိုင်း သူနှင့်ဝေးပါစေ။ [18] အဝတ်ကို ဝတ်သကဲ့သို့ ကျိန်ဆဲခြင်းကို
ဝတ်ရပါ စေ။ ရေကဲ့သို့ သူ၏ဝမ်းထဲသို့၎င်း၊ ဆီကဲ့သို့ သူ၏အရိုး ထဲသို့၎င်း ဝင်ပါစေ။ [19] သူ၏ကိုယ်ကိုခြုံသော အဝတ်ကဲ့သို့၎င်း၊
သူ၏ ခါး၌ အစဉ်စည်းသော ခါးစည်းကဲ့သို့၎င်း သူ၌ဖြစ်ပါစေ။ [20] ငါ၏ဝိညာဉ်တဘက်၌ မကောင်းသောစကားကို ပြောတတ်သော
ငါ၏ရန်သူတို့သည် ထိုသို့သော အကျိုး ကို ထာဝရဘုရားထံ ခံရကြပါစေ။ [21] အိုဘုရားရှင် ထာဝရဘုရား၊ နာမတော်အတွက် ကြောင့်
အကျွန်ုပ်အမှုကို စောင့်တော်မူပါ။ ကရုဏာတော် ကောင်းသည်ဖြစ်၍၊ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ [22] အကျွန်ုပ်သည်
ဆင်းရဲငတ်မွတ်ပါ၏။ အကျွန်ုပ် အထဲ၌ နှလုံးနာလျက်ရှိပါ၏။ [23] ရှည်လျားသော အရိပ်ကဲ့သို့ အကျွန်ုပ်ရွေ့သွား ပါ၏။
ကျိုင်းကောင်ကဲ့သို့ လှုပ်ရှားလျက်ရှိပါ၏။ [24] အစာမစားဘဲ နေရသောကြောင့်၊ ဒူးဆစ်နန့်နဲ့၍ အသားလည်း လျော့ပါ၏။ [25]
အကျွန်ုပ်သည်လည်း သူတပါးတို့ ကဲ့ရဲ့စရာ အကြောင်းဖြစ်၍၊ သူတို့သည် အကျွန်ုပ်ကို မြင်သော အခါ၊ ခေါင်းညိတ်ခြင်းကို
ပြုကြပါ၏။ [26] အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်ကို မစတော်မူပါ။ ကရုဏာတော်ရှိသည်အတိုင်း ကယ်တင်တော်မူပါ။
[27] ထိုအမှုသည် တန်ခိုးတော်ကြောင့်ဖြစ်၍၊ ထာဝရဘုရားတည်းဟူသော ကိုယ်တော်စီရင်တော်မူ သည်ဟု ထိုသူတို့သည်
သိကြပါစေသော။ [28] ထိုသူတို့သည် ကျိန်ဆဲသော်လည်း၊ ကိုယ်တော်မူကား ကောင်းကြီးပေးတော်မူပါ။ သူတို့သည် ထသောအခါ
အရှက်ကွဲကြပါစေသော။ ကိုယ်တော်၏ ကျွန်မူကား၊ ဝမ်းမြောက်ပါစေသော။ [29] အကျွန်ုပ်၏ ရန်သူတို့သည် ရှက်ကြောက်ခြင်း
အဝတ်ကိုဝတ်၍၊ စောင်နှင့်ခြုံသကဲ့သို့၊ မျက်နှာပျက်ခြင်း နှင့် ကိုယ်ကိုခြုံကြပါစေသော။ [30] အကျွန်ုပ်သည် နှုတ်မြွက်၍၊
ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလွန်ချီးမွမ်းပါမည်။ များစွာသော သူတို့အလယ်မှာ ချီးမွမ်းပါမည်။ [31] အကြောင်းမူကား၊
ဆင်းရဲသောသူ၏ ဝိညာဉ်ကို အပြစ်စီရင်သော သူတို့၏လက်မှ ကယ်တင်ခြင်းငှါ၊ သူ၏လက်ျာဘက်မှာရပ်၍ နေတော်မူတတ်၏။

---

Psalms 001

ယေဘုယျအချက်အလက်

ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင် အများသုံးတွေ့ရသည်။

အကျွန်ုပ် ချီးမွမ်းသော

ဤအရာသည် ဝတ်ပြုကိုးကွယ်ရန် အသုံးပြုရသော တေးဂီတ ညွှန်ကြားသူဖြစ်သည်။

ဆာလံဆရာ ဒါဝိဒ်

ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) ဒါဝိဒ်သည် ဆာလံကို ရေးသားခဲ့သည် - ၂ ) ဆာလံသည် ဒါဝိဒ်၏ အကြောင်းနှင့် ရေးသားထားသည် - ၃ ) ဆာလံကျမ်းသည် ဒါဝိဒ်၏ ဆာလံပုံစံမျိုးဖြစ်သည်။

မနာလိုသောစိတ်နှင့် စကားပြောလျက်၊ အကျွန်ုပ်ကိုဝိုင်း၍ အကြောင်းမရှိဘဲ စစ်တိုက်ကြပါ၏။

"ဆိုးသွင်း" သည်ဟူသောစကားလုံး နှင့် "လှည့်စားသည်" ဟူသောစကားလုံးများသည် လူများကို ရည်ညွှန်းထားပါသည်။ ထိုနှစ်ခုတို့သည် အဓိပ္ပါယ်ဆင်တူကြပြီး ဤလူများသည် မည်မျှပင်ဆိုးသွမ်းကြောင်းကို အထူးပြုဖော်ပြထားသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက် - "ဆိုးသွမ်းသောသူ နှင့် လှည့်ဖြားသောသူများကြောင့်ဖြစ်သည်။"

## Psalms 004

အကျွန်ုပ်မေတ္တာအတွက် မုန်းခြင်းကို ၎င်း ဆပ်ပေးကြပါ၏။
"ငါသည်သူတို့ကို မေတ္တာထားသော်လည်း သူတို့သည်လည်း ငါ့ကို စွပ်စွဲကြသည်။"

အကျွန်ုပ်၏ မေတ္တာ
"ထိုသူတို့အတွက် ငါ၏ မေတ္တာ"

သူတို့သည် ရန်ဘက်ပြုကြပါ၏။
"သူတို့" ဟူသောစကားလုံးသည် ဆိုးသွင်းသောသူနှင့် လှည့်ဖြားတတ်သော လူများကို ရည်ညွှန်းထားပါသည်။

## Psalms 006

ထိုသို့သော သူ၏အပေါ်မှာ မတရားသောသူကို ခန့်ထားတော်မူပါ။
ဤစကားစုနှစ်ခုတို့သည် အပြိုင်အဆိုင်ဖြစ်ပြီး "ဆိုးသွင်းသောသူ" နှင့် "စွပ်စွဲသူ" ဟူသည်မှာ ပုဂ္ဂိုလ်တစ်ပါးတည်းကိုသာ ရည်ညွှန်းထားပါသည်။

သူ၏လက်ျာနားမှာ ရန်သူနေပါစေ။
"ငါ့ ရန်သူ၏ လက်ျာလက်တွင်"

သူသည် တရားစီရင်ခြင်းကို ခံရာတွင်ရှုံးပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူသည် ဒုက္ခခံသောအခါ၌ တရားစီရင်ခြင်းသည် သူ့ကို တွေ့ရှိပါစေ။"

သူပြုသော ပဌနာသည် ပြစ်မှားခြင်းဖြစ်ပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ့ဆုတောင်းသံကို ပြစ်မှားခြင်းကဲ့သို့ ယူဆပါသည်။"

## Psalms 008

သူ၏အသက်တိုပါစေ။
"သူ၏နေ့ရက်များ" ဟူသည်မှာ သူ့အသက်၏ ရှည်လျားမှုကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် အသက်မရှည်ပါစေနဲ့။"

သူ၏အရာကိုလည်း
"သူ၏ အရိုက်အရာဖြစ်သော အာဏာ"

သူတောင်း စား ဖြစ်ကြပါစေ။
အစားအစာ သို့မဟုတ် သူတောင်းစားများအတွက် ပေးကမ်းသည်။

ပျက်စီးသော မိမိတို့နေရာများမှ
"သူတို့၏ ဖျက်ဆီးခြင်းခံသော အိမ်နေရာများ"

## Psalms 011

ကြွေးရှင်
တစ်စုံတစ်ယောက်အား ချေးငှားပေးသောသူ သို့သော် ထိုလူမှ ပြန်လည်ပေးအပ်ရန် မျော်လင့်သည်။

လုယူပါစေ။
"ခိုးယူသည်။"

လူမျိုးဆင်းသက် ၍ တဆက်တည်းတွင်၊ သူတို့၏ နာမည်သည် ကျေပျောက်ပါစေ။
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပယ်တူကြပြီး ကလေးများသည် ပျက်စီးခြင်းခံသောအရာကို အထူးပြုထားပါသည်။

သူ၏အနွယ်သည် ပြတ်ပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ၏ ကလေးများကို ပျက်သုန်းစေရန်အကြောင့်ဖြစ်စေသည်" ကလေးများကို သေဆုံးစေသည်။"

လူမျိုးဆင်းသက် ၍ တဆက်တည်းတွင်၊ သူတို့၏ နာမည်သည် ကျေပျောက်ပါစေ။
ဤတွင် မိသားစုတစ်စုအပေါ်ပြောဆိုသောအရာကို "သူတို့၏ နာမည်သည် ပျက်သုန်းပါစေ" ဟူ၍ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဤနာမကို သုံးစွဲသောသူမရှိပါစေနဲ့။"

## Psalms 014

သူ့ဘိုးဘေးတို့၏ ဒုစရိုက်ကို ထာဝရဘုရား သည် သတိရတော်မူပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ဘိုးဘေးများ၏ အပြစ်များကို အောက်မေ့တော်မူပါစေ။"

သူ့အမိ၏ အပြစ်သည် မဖြေပါစေနှင့်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ့အမိ၏ အပြစ်သည် မေ့ပျောက်ခြင်းမရှိပါစေနဲ့။"

ထိုဒုစရိုက်အပြစ်သည် ထာဝရဘုရားရှေ့မှာ အစဉ်အမြဲ ထင်ရှား၍
ဤတွင် ဒါဝိဒ်က ဘုရားသခင်သည် သူတို့၏ အပြစ်များကို သူ့ရှေ့၌ ကိုယ်ခန္ဓာပိုင်း၌ ပြစ်မှုကျူးလွန်သကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် သူတို့၏ အပြစ်များကို ဆက်ပြီး ဆင်ခြင်ပါစေ။"

မြေကြီးပေါ်မှာ ထိုသူတို့ကို အောက်မေ့စရာ အမှတ်မျှ မရှိစေခြင်းငှါ၊ ပယ်ရှင်းတော်မူ ပါစေ။
ဒါဝိဒ်က "မြေကြီး" ဟူသောစကားလုံးကို လောကတွင်အသက်ရှင်သောသူအားလုံးကို ရည်ညွှန်းထားပါသည်။ "အောက်မေ့သည်" ဟူသောစကားလုံးသည်လည်း သူတို့သေဆုံးပြီးနောက်


generated on Sun Jun 30 02:37:40 2024

ကျန်ရစ်သောလူများကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည်
လောကတွင် ရှိသော လူတိုင်း သူတို့ကို မအောက်မေ့စေရန်
ပြုလုပ်သည်။"

ထိုသူသည် ကယ်မ သနားခြင်းငှါ သတိမရှိ။
ဤအရာသည် လူများအား သစ္စာမဲ့ခြင်းကို
ပြသသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် -
"ဤလူသည် သစ္စာမဲ့သောသူများကို သနားရန် သတိမရှိပါ။"

ဆင်းရဲငတ်မွတ်၍ စိတ်ပျက် သောသူကို သေစေသည်တိုင်အောင် ညှဉ်းဆဲပြီ။
ဤတွင် အကူအညီလိုအပ်နေသောသူများနှင့်
ဖိနှိပ်ခြင်းခံသောသူများကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် -
"အကူအညီလိုအပ်သောသူများ၊ လူများကို ဖိနှိပ်သည်။"

စိတ်ပျက် သောသူကို
ဤတွင် စိတ်ပျက်သောသူတို့ကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "စိတ်ပျက်သောသူတို့ကို"
သို့မဟုတ် "မျှော်လင့်ချက်ကင်းမဲ့သောသူများ"

သေစေသည်တိုင်အောင်
"သေသည့်တိုင်အောင်" ဆိုလိုသည်မှာ သေသည့်တိုင်အောင်
ညင်းဆဲကြသည်။

## Psalms 017

သူ့အပေါ်သို့ ရောက်ပါစေ။
"သူ၏ အမင်္ဂလာများသည် သူ့အပေါ်၌သာ သက်ရောက်ပါစေ။"

အဝတ်ကို ဝတ်သကဲ့သို့ ကျိန်ဆဲခြင်းကို ဝတ်ရပါ စေ။
ဒါဝိဒ်က ဆိုးသွမ်းသော သူ၏ အပြုအမူကို အဝတ်ကို
ဆင်ယင်သကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် လူများကို
အဝတ်ဆင်ယင်သကဲ့သို့ ကျိန်ဆိုထားပါသည်" သို့မဟုတ်
"ကိုယ်တော်သည် လူများကို အမြဲကျိန်ဆဲတော်မူသည်။"

အဝတ်ကို ဝတ်သကဲ့သို့
"သူတို့သည် သူ၏ အဝတ်ကို ဝတ်ဆင်သကဲ့သို့ဖြစ်သည်။"

ရေကဲ့သို့ သူ၏ဝမ်းထဲသို့၎င်း၊ ဆီကဲ့သို့ သူ၏အရိုး ထဲသို့၎င်း ဝင်ပါစေ။
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ ) သူ့အဖြစ်ကို
ကျိန်ခြင်းခံသောသူအဖြစ်အကြာခဏ ပြောဆိုထားသည်။
"ကျိန်ခြင်းအကြောင်း ပြောဆိုခြင်းသည်
သူ၏ဘဝတစ်စိတ်တစ်ပိုင်းဖြစ်သည်" သို့မဟုတ်
သူပြောဆိုသောအရာသူ၌ ဖြစ်ပျက်သည်။
သူပြောဆိုသောအရာအားဖြင့် သူသည် ကျိန်ခြင်းခံရသည်။"

ရေကဲ့သို့
ဤအရာသည် လူသောက်သောရေကိုရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "လူသောက်သောရေ"

ဆီကဲ့သို့ သူ၏အရိုး ထဲသို့၎င်း ဝင်ပါစေ။
ဤအရာက ဆီသည်မည်သို့ အသားထဲသို့ ဆိမ့်ဝင်သွားသည်ကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"သူ့အသားထဲသို့ သံလွင်ဆီသည် စီးဝင်သကဲ့သို့ ဖြစ်သည်။"

## Psalms 019

သူ၏ကိုယ်ကိုခြုံသော အဝတ်ကဲ့သို့၎င်း၊ သူ၏ ခါး၌ အစဉ်စည်းသော
ခါးစည်းကဲ့သို့၎င်း သူ၌ဖြစ်ပါစေ။
လူတို့သည် နေ့တိုင်းအဝတ်ကို ဝတ်ဆင်ကြသည်။ ဒါဝိဒ်က
သူသည် အမြဲ အမင်္ဂလာနှင့် ပြည့်နှက်ခြင်းကို သူ့ကိုသူ အဝတ်ဖြင့်
ဖုံးလွှမ်းခြင်းကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ့ကျိန်ခြင်းများသည်
သူဝတ်ဆင်သော အဝတ်များကဲ့သို့ နေ့တိုင်းဖြစ်ပါစေ။"

သူ၏ ခါး၌ အစဉ်စည်းသော ခါးစည်းကဲ့သို့၎င်း
အခြားသောဘာသာပြန်ဆိုချက် - "အမင်္ဂလာသည် သူ၌
ခါးပန်းစည်းသကဲ့သို့ ဖြစ်သည်။"

ထိုသို့သော အကျိုး ကို ထာဝရဘုရားထံ ခံရကြပါစေ။
"ဤကျိန်ခြင်းများသည် အကျိုးတရားများဖြစ်ပါစေ။"

## Psalms 021

အကျွန်ုပ်အမှုကို စောင့်တော်မူပါ။
ဤအရာသည် ထာဝရဘုရားထံ၌ ကောင်းမွန်စွာ စောင့်မရန်
အသနားခံခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် -
"ငါ့ကို ကြင်နာစွာ ဆက်ဆံပါ။"

နာမတော်အတွက် ကြောင့်
"ကိုယ်တော်၏ ဂုဏ်နာမကြောင့်"

အကျွန်ုပ်သည် ဆင်းရဲငတ်မွတ်ပါ၏။
ဤစကားလုံး နှစ်ခုတို့သည် အဓိပ္ပာယ်တူကြပြီး သူသည် သူ့ကိုသူ
ကူညီရန် မတတ်စွမ်းနိုင်ကြောင်းကို အထူးပြုထားသည်။"

အကျွန်ုပ် အထဲ၌ နှလုံးနာလျက်ရှိပါ၏။
ဤတွင် ဒါဝိဒ်က ကြီးမားသောစိတ်ပျက်မှုများကို သူ့နှလုံးသား
နာကြင်သောအရာကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ဝမ်းနည်းခြင်းနှင့်
စိတ်ပျက်ခြင်းများ ပြည့်နှက်နေသည်။"

ရှည်လျားသော အရိပ်ကဲ့သို့ အကျွန်ုပ်ရွေ့သွား ပါ၏။ ကျိုင်းကောင်ကဲ့သို့
လူပ်ရှားလျက်ရှိပါ၏။
ဒါဝိဒ်က အရိပ်နှင့် ကျိုင်းကောင်တို့သည် မည်သို့လျှင်မြန်စွာ
ကွယ်ပျောက်တတ်ကြောင့်ကို သူသည်မကြာခင်သေဆုံးတော့မည်
အရာကဲ့သို့ ခိုင်းနှိုင်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ညနေခင်းသည် မကြာခင်
လွန်သွားပြီး ကျိုင်းကောင်များသည်လည်း လေအားဖြင့်
လွင့်ပါတတ်သကဲ့သို့ ငါသည်လည်း မကြာခင်
သေဆုံးရမည်အရာကဲ့သို့ ခံစားရသည်။"


generated on Sun Jun 30 02:37:40 2024

Psalms 024

ဒူးဆစ်နန့်နှ ၍ အသားလည်း လျော့ပါ၏။
ဆိုလိုသည်မှာ သူသည်အားနည်းသောကြောင့် မတ်တပ်ထရန် သူ့အတွက် ခက်ခဲပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ခက်ခဲစွာ မတ်တပ်ရပ်နေသည်" "ငါ့ကိုယ်ခန္ဓာသည် အားနည်းပါသည်။"

စာမစားဘဲ နေရသောကြောင့်
"ငါသည် အစာမစားပဲနေသောကြောင့်"

ဒူးဆစ်နန့်နှ ၍ အသားလည်း လျော့ပါ၏။
ဆိုလိုသည်မှာ သူသည် သူ့အလေးချိန်ကို ဆုံးရှုံးနေသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုယ်ခန္ဓာသည် အလွန်ပါးလာပါသည်။"

အကျွန်ုပ်သည်လည်း သူတပါးတို့ ကဲ့ရဲ့စရာ အကြောင်းဖြစ်၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကို ကဲ့ရဲသောသူတို့သည် ငါကို စွပ်စွဲကြသည်။"

ခေါင်းညိတ်ခြင်းကို ပြုကြပါ၏။
မထောက်ခံခြင်းကို ပြသည့် အမူအရာဖြစ်သည်။

Psalms 026

ထိုသူတို့သည် သိကြပါစေသော။
"သူတို့" ဟူသောစကားလုံးသည် ဒါဝိဒ်၏ စွပ်စွဲချက်များနှင့် သူ့အကြောင်းကို မကောင်းပြောသူများအတွက် ရည်ညွှန်းထားပါသည်။

ကိုယ်တော်စီရင်တော်မူ သည်ဟု
"ငါ့ကို ကယ်တင်ပြီးပြီ"

Psalms 028

ထိုသူတို့သည် ကျိန်ဆဲသော်လည်း
"သူတို့" ဟူသောစကားလုံးသည် ဒါဝိဒ် နှင့် သူ့အကြောင်း မကောင်းပြောသူများကို ရည်ညွှန်းထားပါသည်။

သူတို့သည် ထသောအခါ အရှက်ကွဲကြပါစေသော။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် အရှက်ကွဲကြပါစေသော" သို့မဟုတ် "သူတို့သည် အရှက်ရကြပါစေ။"

ကိုယ်တော်၏ ကျွန်မူကား၊ ဝမ်းမြောက်ပါစေသော။
"သို့သော် သင်၏ ကျွန် ဖြစ်သော ငါသည် ဝမ်းမြောက်စေ" သို့မဟုတ် "ငါသည် သင်၏ အစေခံဖြစ်သည်၊ ထို့ကြောင့် ငါသည် ဝမ်းမြောက်မည်"။ ဒါဝိဒ်က သူ့ကိုသူ ရည်ညွှန်းရန်အတွက် "သင်၏အစေခံ" ဟူ၍ စကားစုကို အသုံးပြုထားပါသည်။

အကျွန်ုပ်၏ ရန်သူတို့သည် ရှက်ကြောက်ခြင်း အဝတ်ကိုဝတ်၍၊
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပယ်တူကြပြီး သူ့အနေဖြင့် မည်မျှပင် အရှက်ရစေရန် ရည်ရွယ်ကြောင်းကို အထူးပြုထားပါသည်။

ရှက်ကြောက်ခြင်း အဝတ်ကိုဝတ်၍၊
ဤတွင် ဒါဝိဒ်က အရှက်တရားကို အဝတ်ဖုံးသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အင်မတန်မှ အရှက်ရသည်။"

စောင်နှင့်ခြုံသကဲ့သို့၊ မျက်နှာပျက်ခြင်း နှင့် ကိုယ်ကိုခြုံကြပါစေသော။
ဒါဝိဒ်က အရှက်ရခြင်းကို အဝတ်နှင့် ခြုံသောအရာကဲ့သို့ ဖြစ်ကြောင့် ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ အရှက်တရားကိုစောင့်ဖြင့် သူတို့ကို ပတ်ရစ်သကဲ့သို့ လွှင့်ခြုံထားပါသည်။"

Psalms 030

အကျွန်ုပ်သည် နှုတ်မြွက်၍၊
ဆိုလိုသည်မှာ သူသည်စကားပြောမည်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါသည် နှုတ်မြွတ်ပြီး ချီးမွမ်းခြင်းကို ပေးအပ်မည်။"

သူ၏လက်ျာဘက်မှာရပ်၍ နေတော်မူတတ်၏။
ဆိုလိုသည်မှာ သူသည် ကူညီပြီး ဆင်းရဲ့သောသူများကို ကာကွယ်ပေးမည်ဟူ၍ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "လိုအပ်နေသူများကို ကာကွယ်ပေးသည်။"

---

## Translation Questions

Psalms 109:1

ဒါဝိဒ်ကို မည်သူတို့က တိုက်ခိုက်ခဲ့သနည်း။
ဒါဝိဒ်အား မတရားသောသူနှင့် သစ္စာပျက်သောသူတို့က တိုက်ခိုက်ခဲ့ကြသည်။

Psalms 109:1

ဒါဝိဒ်ကို မည်သူတို့က တိုက်ခိုက်ခဲ့သနည်း။
ဒါဝိဒ်အား မတရားသောသူနှင့် သစ္စာပျက်သောသူတို့က တိုက်ခိုက်ခဲ့ကြသည်။

Psalms 109:4

ဒါဝိဒ်၏ မေတ္တာအတွက် မတရားသောသူတို့က မည်ကဲ့သို့ ပြုမူတုံ့ပြန်ခဲ့သနည်း။
ဒါဝိဒ်၏ မေတ္တာအတွက် မတရားသောသူတို့က ရန်တုံ့ပြန်ခဲ့ကြပါသည်။

Psalms 109:6

ဒါဝိဒ်၏ ရန်သူတို့က မတရားသဖြင့် ပြုသောအခါ သူသည် မည်သည့်အရာဖြစ်ရန် တောင်းလျှောက်သနည်း။
ဒါဝိဒ်၏ ရန်သူတို့က မတရားသဖြင့် ပြုသောအခါ သူတောင်းသောဆုမှာ ရန်သူတို့ပြုသော ပဋ္ဌာနာသည် ပြစ်မှားခြင်း၌ တည်ရန် ဖြစ်သည်။

Psalms 109:8

ဒါဝိဒ်က ရန်သူတို့၏ ကလေးသူငယ်များအတွက် မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
ဒါဝိဒ်က ရန်သူတို့၏ ကလေးသူငယ်များကို သူတောင်းစားဖြစ်စေရန်နှင့်၊ ပျက်စီးသောအရပ်သို့ သွား၍ အစာကို ရှာသောသူများဖြစ်စေရန် တောင်းလျှောက်ခဲ့သည်။

Psalms 109:11

ဒါဝိဒ်သည် ရန်သူတို့၏ ဝင်ငွေကို မည်ကဲ့သို့ ဖြစ်ရန် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်သည် ရန်သူတို့၏ ဝင်ငွေတို့ကို ကြွေးရှင်များက သိမ်းယူရန် တောင်းလျှောက်ခဲ့သည်။

ဒါဝိဒ်က ထာဝရဘုရားသည် ကျေးဇူးပြုရန် အဘယ်ကြောင့် တောင်းဆိုခဲ့သနည်း။
ဒါဝိဒ်က ထာဝရဘုရားထံ၌ ကျေးဇူးပြုရန်အတွက် ထာဝရဘုရားကို အော်ဟစ်တောင်းတခဲ့သည်။

Psalms 109:14

ဒါဝိဒ်သည် ရန်သူတို့၏ အသိတရားထဲတွင် ထာဝရဘုရားက မည်ကဲ့သို့ သတိရတော်မူရန် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်သည် ရန်သူတို့၏ အသိတရားထဲတွင် ထာဝရဘုရားက အောက်မေ့စရာတစ်ခုမျှမရှိ၊ ဖြတ်တောက်ပစ်ရန် တောင်းလျှောက်ခဲ့သည်။

ဒါဝိဒ်သည် ထာဝရဘုရားအား သူတို့မှတ်ဉာဏ်ကို ဖြတ်တောက်ရန် အဘယ်ကြောင့် တောင်းဆိုသနည်း။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ပဋိညာဉ်သစ္စာတရားကို ပြသဖို့ရန် မနှောင့်ယှက်ခဲ့သောကြောင့် ဒါဝိဒ်က ထာဝရဘုရားအား သူတို့မှတ်ဉာဏ်ကို ဖြတ်တောက်ရန် တောင်းဆိုသည်။

Psalms 109:17

ဒါဝိဒ်၏ ရန်သူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာများကို မုန်းတီးစဉ်တွင် သူသည်မည်သည့်အရာအတွက် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်၏ ရန်သူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာများကို မုန်းတီးသောသူတို့အပေါ်သို့ ကောင်းကြီးမင်္ဂလာထပ်မစီးဆင်းရန် တောင်းလျှောက်ခဲ့သည်။

Psalms 109:19

ဒါဝိဒ်က သူ့အား ဆန့်ကျင်သောသူတို့အတွက် ဆုလာဒ်ကို မည်သူ့ထံမှ တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်က သူ့အား ဆန့်ကျင်သောသူတို့အဘို့ ဆုလာဒ်ကို ထာဝရဘုရားထံမှ တောင်းလျှောက်ခဲ့သည်။

Psalms 109:21

ဒါဝိဒ်က သူ၏ အရိပ်ကို မည်သည့်အရာဖြင့် နှိုင်းယှဉ်ထားသနည်း။
ဒါဝိဒ်က သူ၏ အရိပ်ကို ညနေခင်း၏ အရိပ်ဖြင့် နှိုင်းယှဉ်ထားပါသည်။

Psalms 109:24

ဒါဝိဒ်ကို ပုန်ကန်သောသူတို့က မည်သို့သောအမူကို ပြုခဲ့သနည်း။
လူတို့သည် သူ့အားမြင်ကြသောအခါ ပုန်ကန်သူတို့က ဒါဝိဒ်အာ ခေါင်းညိတ်ခြင်းကို ပြုကြပါသည်။

Psalms 109:26

ဒါဝိဒ်က မည်သည့်အရာအားဖြင့် ထာဝရဘုရားက သူ့အား ကယ်တင်ရန် မည်ကဲ့သို့ တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်က ထာဝရဘုရား၏ သစ္စာကရုဏာတော်ဖြင့် ကယ်တင်ရန် တောင်းလျှောက်ခဲ့သည်။

Psalms 109:28

ဒါဝိဒ်သည် ပုန်ကန်သောသူတို့က တိုက်ခိုက်သောအခါ မည်သည့်အရာဖြစ်ရန် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်သည် ပုန်ကန်သောသူတို့က တိုက်ခိုက်လာသောအခါ အရှက်ကွဲခြင်းကို ကြုံကြရန် ထာဝရဘုရားထံတောင်းလျှောက်ခဲ့သည်။

Psalms 109:30

ထာဝရဘုရားကို ဆာငတ်သောသူတို့တစ်ဖက်၌ ရပ်တည်သောအခါ မည်သည့်အမှုဖြစ်လိမ့်မည်ကို ဒါဝိဒ်က ပြောကြားခဲ့သနည်း။
ဆာငတ်သောသူတို့ကို ရှုတ်ချကဲ့ရဲ့သောသူတို့၏ တစ်ဖက်၌ ထာဝရဘုရားသည် အမြဲရပ်တည်လျက်ရှိမည့်အကြောင်း ဒါဝိဒ်က ပြောကြားခဲ့သည်။

## Chapter 110

[1] ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ ခြေတင်ရာ၊ ငါမချထားမှီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု
ငါ၏သခင်အား မိန့်တော်မူ၏။ [2] ထာဝရဘုရားသည် အရှင်၏ အာဏာတော် လှံတံကို ဇိအုန်မြို့မှ လွှတ်တော်မူမည်။ ကိုယ်တော်သည်
ရန်သူတို့၏အလယ်၌ အုပ်စိုးတော်မူလိမ့်မည်။ [3] တန်ခိုးတော်ပြသော နေ့ရက်ကာလ၌၊ ကိုယ်တော်၏ လူတို့သည် သန့်ရှင်းသော
တန်ဆာကို ဆင်လျက်၊ ကြည်ညိုသော စေတနာစိတ်ရှိ၍၊ လူပျိုတော် တို့သည် နံနက်ဝမ်းထဲကထွက်သော ဆီးနှင်းကဲ့သို့
ဖြစ်ကြပါလိမ့်မည်။ [4] ထာဝရဘုရားက၊ သင်သည် မေလခိဇေဒက် နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊
နောက်တဖန်စိတ်ပြောင်းလဲခြင်း ရှိတော်မမူ။ [5] လက်ျာတော်နားမှာ ရှိသောဘုရားရှင်သည် အမျက်တော် အချိန်ကာလ၌ ရှင်ဘုရင်တို့ကို
ဒဏ်ခတ် တော်မူမည်။ [6] ငါ၏သခင်သည် တပါးအမျိုးသားတို့တွင် တရား စီရင်လျက်၊ အသေကောင်တို့ကို အနှံ့အပြားဖြစ်စေ၍၊
ကျယ်သောမြေ၌ သူတို့ဦးခေါင်းကို နှိပ်စက်တော်မူမည်။ [7] လမ်းနားမှာ စီးသောရေကိုသောက်၍၊ ခေါင်း တော်ကို ချီးမြှင့်တော်မူမည်။

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများသုံးတွေ့ရသည့်အစာဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
အစိပ္ပါယ်များ ၁) ဆာလံကျမ်းကိုဒါဝိဒ်ကရေးသည်၊ ၂)
ဆာလံကျမ်းသည်ဒါဝိဒ်အကြောင်းရေးသားသည်၊ ၃)
ဆာလံကျမ်းသည်ဒါဝိဒ်၏ဆာလံမှုပုံစံဖြစ်သည်။

ငါ့လက်ျာဘက်၌ထိုင်နေလော့။
ငါလက်ျာဘက်ထိုင်နေလောဆိုသောစကားစုဟာလေးစားခြင်းနေရာကိုရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက် "ငါ့လက်ျာဘက်၌ထိုင်နေလော။"
(ရှုး၊ figs idiom)

ရန်သူတို့၏ခြေတင်ရာ
ထာဝဘုရားက၊ ရန်သူတို့၏တန်းခိုးနှင့်ထိန်းချုပ်မှုကို
သူ့ခြေတင်ရာကိုချထားလော့ဟု ဒါဝိဒ်ကဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်
"ရန်သူများကိုသင်တန်းခိုအောက်၌ချထားလော့။" (ရှုး၊ figs
metaphor)

Psalms 002

ယေဘုယျအချက်အလက်
ယေဘုယျအချက်အလက်၊
ဒါဝိဒ်ကဘုရင်ကိုဆက်လက်စကားပြောသည်။

ထာဝရဘုရားသည် အရှင်၏အာဏာတော်လှံတံကိုမြို့မှလွှတ်တော်မူမည်။
ထာဝရဘုရားသည်အရှင်၏အာဏာတော်လှံတံကိုမြို့မှလွှတ်တော်မူမည်။
အခြားသောဘာသာပြန်ဆိုချက်:
"ကိုယ်တော်သည်ရန်သူတို့၏အလယ်၌အုပ်စိုးတော်မူလိမ့်မည်။" (ရှုး၊
figs explicit)

ရန်သူတို့အလယ်၌အုပ်စိုးခြင်း
"ဘုရင်၊ရန်သူတို့အလယ်၌အုပ်စိုးပါ။"
ဒီစကားကိုအမိန့်ဖြင့်ဘုရင်ကိုပြောသည်။

သူတို့၏လွတ်လပ်သောရွေးချယ်မှု
"သူတို့ရွေးချယ်မှု"ဆိုတာဘုရင်နောက်လိုက်ခြင်းကိုဆိုလိုသည်။

တန်းခိုးတော်ပြသောနေ့ရက်ကာလ
တန်းခိုးတော်ပြသောနေ့ရက်ကာလသည်ဘုရင်ကသူ့ရန်သူကိုစစ်တိုက်ရန်ခေါ်ဆောင်
အခြားသောဘာသာပြန်ဆိုချက်ကိုရှင်းလင်းစွာဖော်ပြသည်။
"ရန်သူကိုစစ်တိုက်ရန်ခေါ်ဆောင်သောနေ့ရက်ကာလဖြစ်သည်။" (UDB)
(ရှုး၊ figs explicit)

လူပျိုတော်တို့သည်နံနက်ဝမ်းထဲကထွက်သောဆီးနှင်းကဲ့သို့
ဒါဝိဒ်ကလူပျိုတော်တို့သည်နံနက်ဝမ်းထဲကထွက်သောဆီးနှင်းကဲ့သို့ဖြစ်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်
"နံနက်သည်ဆီးနှင်းကဲ့သို့ဖြစ်သည်။" (ရှုး၊ figs
personification)

လူပျိုတို့သည်နံနက်ဝမ်းထဲကထွက်သောဆီးနှင်းကဲ့သို့
နံနက်စောစောဆီးနှင်းဘယ်လိုပေါ်ထွက်လာသည်ကိုနိုင်းယှဉ်ပြီးဘုရင်သည်ခွန်အား
အခြားသောဘာသာပြန်ဆိုချက်၊
"ဆီးနှင်းသည်မြေကြီးကိုအကျိုးပြုသကဲ့သို့သင်သည်နံနက်တိုင်းခွန်အားသစ်ကိုရရှိ
figs metaphor)

Psalms 004

သင်သည်
ထာဝရဘုရားသည်ကိုယ်တော်ကိုစကားပြောတော်မူသည်။

ပြောင်းလဲခြင်းမရှိ
ထာဝရဘုရာ၏စကားတော်သည်နောက်တဖန်ပြောင်းလဲခြင်းမရှိဟုမိန့်တော်မူသည်၊
အခြားဘာသာပြန်ချက်၊ "နောက်တဖန်စိတ်ပြောင်းလဲခြင်းမရှိ"
(သို့)
"ဘုရားသခင်၏စကားတော်သည်ပြောင်းလဲခြင်းမရှိဟုမိန့်တော်မူသည်။" (ရှုး၊
figs explicit)

မေလခိဇေဒက်နည်းတူ
ချန်ထားသောစကားကိုထည့်သွင်းသည်။
အခြားဘာသာပြန်ဆိုချက်၊
"မေလခိဇေဒက်သည်ယဇ်ပရောဟိတ်ဖြစ်ပြီးနောက်" (သို့)
"နည်းတူမေလခိဇေဒက်သည်ယဇ်ပရောဟိတ်ဖြစ်သည်။" (ရှူး၊
figs ellipsis)

Psalms 005

လက်ျာတော်နားမှာရှိသောဘုရားဖြစ်သည်။
ရှင်ဘုရာသည်စစ်တိုက်ရန်ထွက်သွားသောအခါထာဝရဘုရားသည်လက်ျာတော်ဘက်မှာရှိတော်မူသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည်စစ်တိုက်သောအခါသင့်ကိုကူညီတော်မူသည်။" (ရှူး၊
figs idiom and figs explicit)

ဘုရားသခင်
ဘုရားသခင်းသည်ထာဝရဘုရားကိုရည်ညွှန်းသည်။

ဒဏ်ခတ်တော်မူမည်
"He" ဆိုသည်မှာ ထာဝရဘုရားကိုရည်ညွှန်းသည်။
ဘုရားရှင်သည်ရှင်ဘုရင်တို့ကိုဒဏ်ခတ်တော်မူမည်။
အခြားသောဘာသာပြန်ချက်၊
"ထာဝရဘုရာသည်ရှင်ဘုရင်တို့ကိုအသေသတ်မည်။" (သို့)
"ဘုရင်ကိုသတ်ဖို့ရန်ထာဝဘုရားသည်ရန်သူကိုခွင့်ပေးတော်မူမည်။" (ရှူး၊
figs metonymy)

ဘုရင်များ
ရန်သူများကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ရန်သူဘုရင်များ" (ရှူး၊ figs explicit)

အမျက်တော်အချိန်ကာလ
"အမျက်တော်အချိန်ကာလ၌"ထာဝရဘုရားသည်ရန်သူကိုအနိုင်ယူသောနေ့ဖြစ်ကြောင်းကိုဒါဝိဒ်ကပြောသည်။
အခြားသောဘာသာပြန်ချက်၊
"တရားစီရင်ချိန်ကာလတွင်ထာဝရဘုရာအမျက်ထွက်တော်မူမည်။" (ရှူး၊
figs explicit)

အသေကောင်တို့ကိုကျယ်သောမြေတွင်အနှံ့အပြားဖြစ်စေသည်။
ကျယ်သောမြေတွင်သေခြင်းကိုထာဝရဘုရားလုပ်ဆောင်သော်လည်း
သေသောလူများအားလုံးသည်ထာဝရဘုရားလုပ်ဆောင်ခြင်းသက်သက်မဟုတ်ပါ။
အခြားသောဘာသာပြန်ချက်၊
"အသေကောင်တို့ကိုကျယ်သောမြေ၌အနှံ့အပြားဖြစ်စေမည်။" (ရှူး၊
figs metonymy)

တိုင်းပြည်တွင်ရှိသောခေါင်းဆောင်များကိုအသေသတ်ခြင်း။
ခေါင်းဆောင်များကိုသတ်ခြင်းကိုထာဝရဘုရားလုပ်ဆောင်သော်လည်းခေါင်းဆော
အခြားဘာသာပြန်ဆိုချက်၊
"တိုင်းပြည်တွင်ခေါင်းဆောင်များစွာကိုအသေသတ်သည်" (သို့)
"ခေါင်းဆောင်များသေရန်သူကခွင့်ပြုသည်။" (ရှူ၊ figs
metonymy)

Psalms 007

ချောင်းနားမှာစီးသောရေကိုသောက်သည်။
ရှင်ဘုရင်သည်ရေသောက်ခြင်းကိုရပ်၍
ရန်သူများကိုဆက်လက်လိုက်လံသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူနောက်လိုက်နေ၍
စမ်းရေးကိုမသောက်ရပါ။" (ရှူး၊ figs explicit)

စမ်းချောင်း
စမ်းချောင်းရေသောက်ခြင်းကိုဆိုလိုသည်။
စမ်းချောင်းသည်ချောင်းဖြစ်သည်။
အခြာသောဘာသာပြန်ဆိုချက်၊
"သူသည်စမ်းချောင်းရေကိုသောက်သည်။" (ရှူး၊ figs
synecdoche)

ထိုစဉ်
"ပြီးတော" (သို့) "ထို့ကြောင့်"

ခေါင်းမော့သည်။
အဓိပ္ပါယ်များ- ၁) ရှင်ဘုရင်သည်ခေါင်းမော့သည်။ ၂)
ထာဝရဘုရားသည်ရှင်ဘုရင်ခေါင်းကိုမသည်။
အောင်မြင်သောကြောင့်သူ့ခေါင်းကိုမော့ကြည့်သည်။
ဝမ်းမြောက်ခြင်း၊ ယုံကြည့်ခြင်း၊
အောင်မြင်ခြင်းများကိုပိုင်းဆိုင်သောအခါခေါင်းကိုမော့လာသည်။
အခြာဘာသာပြန်ချက်၊
"အောင်မြင်သောသူသည်ယုံကြည်စွာခေါင်းမော့လာသည်။" (သို့)
"အောင်မြင်သောသူ" (ရှူး၊ figs idiom)

---

## Translation Questions

Psalms 110:1

ထာဝရဘုရားသည် ဒါဝိဒ်၏သခင်အား မည်သည့်နေရာတွင် ထိုင်၍
မည်မျှကြာမည်နည်း။
ထာဝရဘုရားက ရန်သူများကို သူ၏
ခြေတင်ရာမချထားမှီတိုင်အောင် လက်ျာဘက်မှာထိုင်ဖို့ရန်
တောင်းဆိုသည်။

Psalms 110:2

ဒါဝိဒ်၏ သခင်နောက်သို့ လိုက်သော သူတို့သည် မည်ကဲ့သို့ ဖြစ်မည်နည်း။
သူတို့သည် သန့်ရှင်းသော တန်ဆာကဲ့သို့ ဖြစ်ကြလိမ့်မည်။

Psalms 110:4

ထာဝရဘုရားသည် မည်သူ့ကို ကျိန်ဆို၍ မပြောင်းလဲသနည်း။
ထာဝရဘုရားက ဒါဝိဒ်၏ သခင်အား ထာဝရယဇ်ပရောဟိတ်ဖြစ်သည်ဟု ကျိန်ဆိုခဲ့သည်။

Psalms 110:5

ဒါဝိဒ်၏ သခင်သည် ဒေါသအမျက်ထွက်သောနေ့၌ ရှင်ဘုရင်များကို မည်သို့ ပြုလိမ့်မည်နည်း။
ဒေါသအမျက်ထွက်သောနေ့၌ ရှင်ဘုရင်များကို သတ်လိမ့်မည်ဖြစ်သည်။

Psalms 110:7

ဒါဝိဒ်၏ သခင်သည် လမ်းနားမှာ စီးသောရေကို သောက်ပြီးနောက် မည်သို့ ပြုလုပ်သနည်း။
သူသည် ခေါင်းတော်ကို ချီးမြှင့်တော်မူမည်။

## Chapter 111

1 ငါသည် ဖြောင့်မတ်သော သူတို့၏ အစည်း အဝေး၌၎င်း၊ ပရိသတ်၌၎င်း၊ ထာဝရဘုရား၏ ဂုဏ်တော်ကို စိတ်နှလုံးအကြွင်းမဲ့
ချီးမွမ်းမည်။ 2 ထာဝရဘုရား၏ အမှုတော်တို့သည် ကြီးမြတ် ကြ၏။ ကြည်ညိုသော သူတို့သည် ထိုအမှုတော်တို့ကို
ရှာဖွေလိုက်စစ်တတ်ကြ၏။ 3 စီရင်တော်မူသောအရာသည် ဘုန်းအသရေနှင့် ပြည့်စုံ၍၊ ဖြောင့်မတ်တော်မူခြင်းတရားလည်း
အစဉ်အမြဲ တည်၏။ 4 အံ့ဘွယ်သော အမှုတော်တို့ကို အောက်မေ့ဘို့ရာ စီရင်တော်မူပြီ။ ထာဝရဘုရားသည် ကျေးဇူးပြုတတ် သော
သဘော၊ သနားစုံမက်တတ်သော သဘောနှင့် ပြည့်စုံတော်မူ၏။ 5 ကြောက်ရွံ့ရိုသေသောသူတို့ကို ကျွေးမွေးတော် မူ၏။
ပဋိညာဉ်တရားတော်ကို အစဉ်အောက်မေ့တော် မူ၏။ 6 အမှုတော်တို့၌ရှိသော တန်ခိုးကို မိမိလူတို့အား ပြ၍၊ တပါးအမျိုးသားတို့၏
အမွေကို ပေးတော်မူ၏။ 7 လက်တော်နှင့်ပြုသော အမှုတို့သည် သစ္စာနှင့်၎င်း၊ တရားနှင့်၎င်း ယှဉ်ကြ၏။ ပညတ်တော် အလုံးစုံ
တို့သည် ဖေါက်ပြန်ခြင်းသဘောနှင့် ကင်းလွတ်ကြ၏။ 8 သစ္စာစောင့်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော ကြောင့်၊
အစဉ်အမြဲတည်ကြ၏။ 9 မိမိလူတို့၌ရွေးတော်မူခြင်း ကျေးဇူးကို ပြုတော် မူ၏။ ပဋိညာဉ်တရားတော်ကို အစဉ်အမြဲ ထားတော် မူ၏။
နာမတော်သည် သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဘွယ် ဖြစ်၏။ 10 ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏
အချုပ်အခြာဖြစ်၏။ ပညတ်တော်တို့ကို စောင့်ရှောက်သမျှသော သူတို့သည် ကောင်းသောဉာဏ် ရှိကြ၏။ ဂုဏ်အသရေတော်သည်
အစဉ်အမြဲ တည် သတည်း။

---



generated on Sun Jun 30 02:37:40 2024

## Chapter 112

1 ထာဝရဘုရားကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ ၌ အလွန်မွေ့လျော်သော သူသည်မင်္ဂလာရှိ၏။ 2 ထိုသူ၏ သားမြေးတို့သည်
မြေပေါ်မှာ အားကြီး ကြလိမ့်မည်။ ဖြောင့်မတ်သော သူတို့၏အမျိုးအနွယ် သည် မင်္ဂလာရှိတတ်၏။ 3 ထိုသူ၏ အိမ်၌
စည်းစိမ်ဥစ္စာကြွယ်ဝ၍၊ သူ၏ ကောင်းကျိုးသည် အစဉ်အမြဲတည်တတ်၏။ 4 သဘောဖြောင့်သော သူတို့အဘို့၊ မှောင်မိုက် ထဲမှာ
အလင်း ပေါ်ထွန်းတတ်၏။ ထိုသို့သောသူသည် ကျေးဇူးပြုတတ်သော သဘောနှင့် သနားစုံမက်တတ် သော သဘောရှိ၍၊ တရားသဖြင့်
ပြုတတ်၏။ 5 ကရုဏာစိတ်ရှိ၍ ချေးငှါးတတ်သော သူသည် ကောင်းစားတတ်၏။ တရားဆုံးဖြတ်ရာ ကာလ၌ အောင် ခြင်းသို့
ရောက်လိမ့်မည်။ 6 အကယ်စင်စစ် လှုပ်ရှားခြင်းနှင့်အစဉ် ကင်း လွတ်လိမ့်မည်။ ဖြောင့်မတ်သော သူသည် အစဉ်အမြဲ
အောက်မေ့ဘို့ရာ ဖြစ်လိမ့်မည်။ 7 မကောင်းသော သိတင်းကိုမကြောက်ရ၊ စိတ် နှလုံးသည် ထာဝရဘုရားကို ကိုးစားသဖြင့် တည်ကြည်
တတ်၏။ 8 သူ၏စိတ်နှလုံးသည် မြဲမြံသည် ဖြစ်၍၊ ရန်သူ တို့၌ အားမရမှီတိုင်အောင်၊ ကြောက်ခြင်းနှင့် လွတ်လိမ့် မည်။ 9 သူသည်
စွန့်ကြဲပြီ။ ဆင်းရဲသော သူတို့အား ပေးကမ်းပြီ။ သူ၏ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲ တည်တတ်၏။ သူ၏ဦးချိုသည်
ဂုဏ်အသရေနှင့် ချီးမြှင့် ခြင်း ရှိလိမ့်မည်။ 10 မတရားသောသူတို့သည် မြင်၍၊ နာကြင်သော စိတ်ရှိကြလိမ့်မည်။ အံသွားခဲကြိတ်၍
ပိန်ချုံးကြလိမ့်မည်။ မတရားသောသူတို့၏ အလိုသည် ပျက်စီးရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 113

1 ထာဝရဘုရား၏ ကျွန်တော်တို့၊ ထာဝရဘုရား ၏နာမတော်ကို ချီးမွမ်းကြလော့။ ချီးမွမ်းကြလော့။ 2 ထာဝရဘုရား၏ နာမတော်သည်
ယခုမှစ၍၊ အစဉ်အဆက် မင်္ဂလာရှိစေသတည်း။ 3 နေထွက်ရာမှသည် နေဝင်ရာတိုင်အောင်၊ ထာဝရဘုရား၏နာမတော်သည်
ချီးမွမ်းဘွယ်ဖြစ်၏။ 4 ထာဝရဘုရားသည် လူမျိုးတကာတို့ အပေါ်၌ရှင်း၊ ဘုန်းတော်သည် ကောင်းကင်အပေါ်၌ရှင်း မြင့်တော်မူ၏။ 5
ကိုယ်ကို ချီးမြှင့်၍ ကျိန်းဝပ်တော်မူသော်လည်း၊ 6 ကိုယ်ကိုနှိမ့်ချ၍ ကောင်းကင်အရာနှင့် မြေကြီး အရာတို့ကို ကြည့်ရှုတော်မူသော
ငါတို့၏ ဘုရားသခင် ထာဝရဘုရားနှင့် အဘယ်သူ တူသနည်း။ 7 ဆင်းရဲသောသူကို မြေမှုန့်ထဲကကြွလျက်၊ ငတ်မွတ်သော သူကို
နောက်ချေးပုံထဲက ချီးမြှောက်လျက်၊ 8 မင်းသားတို့တွင်ရှင်း၊ မိမိလူတို့ကို အုပ်စိုးသော မင်းတို့တွင်ရှင်း နေရာပေးတော်မူ၏။ 9
မြုံနေသောမိန်းမသည် အိမ်၌နေ၍၊ဝမ်းမြောက် သောစိတ်နှင့် သားဘွားရသော အခွင့်ကို ပေးတော်မူ၏။ ဟာလေလုယ။

---

## Chapter 114

1 ဣသရေလအမျိုး၊ ယာကုပ်အနွယ်သည် ရိုင်း သောလူမျိုးနေရာ အဲဂုတ္တုပြည်က ထွက်သွားသောအခါ၊ 2 ယုဒအမျိုးသည်
သန့်ရှင်းရာဌာနတော်ဖြစ်၏။ ဣသရေလအမျိုးသည် နိုင်ငံတော်ဖြစ်၏။ 3 ပင်လယ်သည် မြင်၍ပြေးလေ၏။ ယော်ဒန်မြစ် လည်း
နောက်သို့ လှည့်လေ၏။ 4 တောင်ကြီးတို့သည် သိုးကဲ့သို့ငှင်း၊ တောင်ငယ်တို့သည် သိုးသငယ်ကဲ့သို့ငှင်း ခုန်ကြ၏။ 5 အချင်းပင်လယ်၊
သင်ပြေးသည် အ ကြောင်း၊ အချင်းယော်ဒန်မြစ်၊ သင်သည် နောက်သို့လှည့် သည်အကြောင်း၊ 6 အချင်းတောင်ကြီးတို့၊ သင်တို့သည်
သိုးကဲ့သို့ ခုန်ကြသည်အကြောင်း၊ အချင်းတောင်ငယ်တို့၊ သင်တို့ သည် သိုးသငယ်ကဲ့သို့ ခုန်ကြသည် အကြောင်းကား
အဘယ်သို့နည်း။ 7 အိုမြေကြီး၊ အရှင်၏မျက်နှာတော်ရှေ့၊ ယာကုပ် အမျိုးကိုးကွယ်သော ဘုရားသခင်၏ မျက်နှာတော်ရှေ့မှာ
တုန်လှုပ်လျက်နေလော့။ 8 ဘုရားသခင်သည် ကျောက်ကို ရေကန်၊ မီးကျောက်ကို စမ်းရေတွင်းဖြစ်စေတော်မူသတည်း။

---



generated on Sun Jun 30 02:37:40 2024

## Chapter 115

1 အကျွန်ုပ်တို့၌ ဘုန်းမရှိစေဘဲ၊ အို ထာဝရဘုရား၊ အကျွန်ုပ်တို့၌ ဘုန်းမရှိစေဘဲ၊ ကိုယ်တော်၏နာမ၌ ကရုဏာတော်နှင့်
သစ္စာတော်ကြောင့် ဘုန်းရှိပါစေ သတည်း။ 2 သူတို့၏ ဘုရားသခင်သည် အဘယ်မှာရှိ သနည်းဟု တပါးအမျိုးသားတို့သည်
အဘယ်ကြောင့် ဆိုရကြမည်နည်း။ 3 ငါတို့၏ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ အလိုတော်ရှိသမျှအတိုင်း
ပြုတော်မူ၏။ 4 သူတို့၏ရုပ်တုများမူကား ငွေလည်းဖြစ်၏။ ရွှေလည်း ဖြစ်၏။ လူလက်ဖြင့် လုပ်သောအရာပေတည်း။ 5
ထိုရုပ်တုတို့သည် နှုတ်ရှိ၍ စကားမပြောတတ်။ မျက်စိရှိ၍ မမြင်တတ်။ 6 နားရှိ၍မကြားတတ်။ နှာခေါင်းရှိ၍မနမ်းတတ်။ 7 လက်ရှိ၍
မကိုင်တတ်။ ခြေရှိ၍မသွားတတ်။ သူတို့လည်ချောင်းဖြင့် အသံမပြုတတ်ပါတကား။ 8 လုပ်သောသူတို့လည်း အတူတူပါတကား။ 9 အို
ဣသရေလအမျိုး၊ ထာဝရဘုရားကို ကိုးစား လော့။ ထာဝရဘုရားသည် ဣသရေလအမျိုးကို မစသော သူ၊
ကွယ်ကာသောသူဖြစ်တော်မူ၏။ 10 အိုအာရုန်အမျိုးအနွယ်၊ ထာဝရဘုရားကို ကိုးစားလော့။ ထာဝရဘုရားသည်
အာရုန်အမျိုးအနွယ်ကို မစသောသူ၊ ကွယ်ကာသောသူ ဖြစ်တော်မူ၏။ 11 ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၊ ထိုဘုရားကို
ကိုးစားကြလော့။ ထာဝရဘုရားသည် ထိုသို့ သော သူတို့ကို မစသောသူ၊ ကွယ်ကာသောသူ ဖြစ်တော် မူ၏။ 12 ထာဝရဘုရားသည်
ငါတို့ကို အောက်မေ့တော် မူ၏။ ကောင်းကြီးပေးတော်မူမည်။ ဣသရေလအမျိုးကို ကောင်းကြီးပေးတော်မူမည်။
အာရုန်အမျိုးအနွယ်ကို ကောင်းကြီးပေးတော်မူမည်။ 13 ထာဝရဘုရားကို ကြောက်ရွံ့သောသူ အကြီး အငယ်တို့ကို
ကောင်းကြီးပေးတော်မူမည်။ 14 ထာဝရဘုရားသည် သင်တို့နှင့် သင်တို့ သားမြေးတို့၌ မင်္ဂလာကို တိုးပွားစေတော်မူမည်။ 15
သင်တို့သည် ကောင်းကင်နှင့်မြေကြီးကို ဖန် ဆင်းသော ထာဝရဘုရား ကောင်းကြီးပေးတော်မူသော သူ ဖြစ်ကြ၏။ 16
ကောင်းကင်ကား၊ ထာဝရဘုရား၏ ကောင်း ကင်ဖြစ်၏။ မြေကြီးကိုကား လူသားတို့အား ပေးတော် မူပြီ။ 17 သေလွန်သောသူ၊
ငြိမ်းရာထဲသို့ ဆင်းသောသူ ရှိသမျှတို့သည် ထာဝရဘုရားကို မချီးမွမ်းရကြ။ 18 ငါတို့မူကား၊ ထာဝရဘုရားကို ယခုမှစ၍ အစဉ်
အဆက် ကောင်းကြီးပေးကြလေအံ့သတည်း။ ဟာလေ လုယ။

---


generated on Sun Jun 30 02:37:40 2024

## Chapter 116

1 ထာဝရဘုရားသည် ငါတောင်းပန်ခြင်း အသံကို ကြား၍၊ 2 ငါ့ဘက်သို့ နားတော်ကိုလှည့်တော်မူသော ကြောင့်၊ ငါနှစ်သက်၏။
ငါအသက်ရှည်သမျှ ကာလပတ် လုံး၊ ထာဝရဘုရားကို ပဌနာပြုမည်။ 3 သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်း၍ မရဏာနိုင်ငံ ဘေးတို့သည်
ငါ့ကို ဘမ်းမိသဖြင့်၊ ဆင်းရဲဒုက္ခဝေဒနာနှင့် ငါတွေ့ကြုံရ၏။ 4 ထိုအခါ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကို
ကယ်နှုတ်တော်မူပါမည်အကြောင်း တောင်းပန်ပါ၏ဟု ထာဝရဘုရား၏နာမတော်ကို ပဌနာပြု၏။ 5 ထာဝရဘုရားသည်
ကျေးဇူးပြုတတ်သော သဘော၊ ဖြောင့်မတ်သော သဘောရှိတော်မူ၏။ ငါတို့ ဘုရားသခင်သည် ကရုဏာစိတ်ရှိတော်မူ ၏။ 6
ထာဝရဘုရားသည် မလိမ္မာသော သူတို့ကို စောင့်မတော်မူ၏။ ငါသည် နှိမ့်ချလျက်ရှိသောအခါ ကယ်တင်တော်မူ၏။ 7 အိုငါ့ဝိညာဉ်၊
သင်၏ငြိမ်ဝပ်ရာသို့ ပြန်လော့။ ထာဝရ ဘုရားသည် သင်၌ကျေးဇူးပြုတော်မူပြီ။ 8 ကိုယ်တော်သည် အကျွန်ုပ်အသက်ကို သေခြင်း
မှ၎င်း၊ အကျွန်ုပ်မျက်စိကို မျက်ရည်ကျခြင်းမှ၎င်း၊ အကျွန်ုပ်ခြေကိုလည်း ထိမိ၍လဲခြင်းမှ၎င်း ကယ်လွှတ်တော်မူပြီ။ 9 သို့ဖြစ်၍၊
အသက်ရှင်သောသူတို့၏ နေရာတွင်၊ ထာဝရဘုရားရှေ့တော်၌ ငါကျင့်၍ နေရ၏။ 10 ငါသည် အလွန်ညှိုးငယ်ခြင်းကို ခံရ၏ဟု
မြွက်ဆိုသော်လည်း၊ ယုံကြည်သော စိတ်ရှိသေး၏။ 11 လူအပေါင်းတို့သည် မုသာကို သုံးတတ်ကြ၏ဟု သတိလစ်လျက် ပြောမိ၏။ 12
ငါ၌ ထာဝရဘုရားပြုတော်မူသော ကျေးဇူး အလုံးစုံတို့ကို အဘယ်သို့ ဆပ်ရမည်နည်း။ 13 ကယ်တင်ခြင်းခွက်ဖလားကို ကိုင်ယူ၍၊
ထာဝရ ဘုရား၏ နာမတော်ကို ပဌနာပြုမည်။ 14 ထာဝရဘုရားအား သစ္စာဂတိထားသည် အတိုင်း၊ ထာဝရဘုရား၏ လူများရှေ့၌
သစ္စာဝတ်ကို ဖြေမည်။ 15 ထာဝရဘုရားရှေ့တော်၌ မိမိသန့်ရှင်းသူတို့၏ သေခြင်းအရာသည် အဘိုးကြီးလှ၏။ 16 အို ထာဝရဘုရား၊
အကျွန်ုပ်သည် ကိုယ်တော်၏ ကျွန်မှန်ပါ၏။ ကိုယ်တော်၏ ကျွန်မတွင် မြင်သောသား လည်း မှန်ပါ၏။ အကျွန်ုပ်၌ အချည်အနှောင်ကို
လွှတ်တော်မူပြီ။ 17 ကျေးဇူးတော်ချီးမွမ်းရာ ယဇ်ကို ရှေ့တော်၌ ပူဇော်၍၊ ထာဝရဘုရား၏ နာမတော်ကို ပဌနာပြုမည်။ 18
ထာဝရဘုရားအား သစ္စာဂတိထားသည် အတိုင်း၊ 19 အိုယေရုရှလင်မြို့၊ သင်၏အလယ်မှာ ထာဝရ ဘုရား၏
အိမ်တော်တန်တိုင်းအတွင်းတွင်၊ ထာဝရဘုရား ၏ လူများရှေ့၌သစ္စာဝတ်ကို ဖြေပါမည်။ ဟာလေလုယ။


generated on Sun Jun 30 02:37:40 2024

## Chapter 117

1 လူမျိုးအပေါင်းတို့၊ ထာဝရဘုရားကို ချီးမွမ်း ကြလော့။ လူအနွယ်အပေါင်းတို့၊ အလွန်ချီးမွမ်းကြလော့။ 2 အကြောင်မူကား၊ ငါတို့၌
ကရုဏာတော်ကြီးလှ ၏။ ထာဝရဘုရား၏ သစ္စာတော်သည် အစဉ်အမြဲတည် ၏။ ဟာလေလုယ။

## Chapter 118

1 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲ တည်သောကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ 2
ကရုဏာတော် အစဉ်အမြဲတည်သည်ဟု ဣသ ရေလအမျိုး ဝန်ခံစေ။ 3 ကရုဏာတော် အစဉ်အမြဲတည်သည်ဟု အာရုန် အနွယ်
ဝန်ခံစေ။ 4 ကရုဏာတော် အစဉ်အမြဲတည်သည်ဟု ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့သည် ဝန်ခံကြ စေ။ 5 ငါသည်
ကျဉ်းမြောင်းရာထဲက ထာဝရဘုရားကို ခေါ်၍၊ ထာဝရဘုရားသည် ကျယ်ဝန်းသော အရပ်ထဲသို့ သွင်းတော်မူ၏။ 6 ထာဝရဘုရားသည်
ငါ့ဘက်မှာ ရှိတော်မူသည် ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌ အဘယ်သို့ ပြုနိုင်သနည်း။ 7 ထာဝရဘုရားသည် ငါ့ဘက်၌
မစတော်မူသည် ဖြစ်၍၊ ငါ့ကို မုန်းသောသူတို့၌ ငါ့အလိုပြည့်စုံလိမ့်မည်။ 8 ထာဝရဘုရား၌ ခိုလှုံခြင်းသည်၊ လူကို ကိုးစား ခြင်းထက်
သာ၍ ကောင်း၏။ 9 ထာဝရဘုရား၌ ခိုလှုံခြင်းသည် မင်းကို ကိုးစား ခြင်းထက် သာ၍ကောင်း၏။ 10 လူမျိုးအပေါင်းတို့သည်
ငါ့ကိုဝိုင်းကြသော်လည်း၊ ထာဝရဘုရား၏ နာမတော်အားဖြင့် သူတို့ကို ပယ်ဖြတ် ရ၏။ 11 ငါ့ကိုဝိုင်းကြ၏။ ဝိုင်းကြသော်လည်း၊
ထာဝရ ဘုရား၏ နာမတော်အားဖြင့် သူတို့ကို ပယ်ဖြတ်ရ၏။ 12 ပျားများကဲ့သို့ ငါ့ကိုဝိုင်း၍ အုံကြသော်လည်း၊ ဆူးပင်ကို လောင်သော
မီးကဲ့သို့ ငြိမ်းကြ၏။ ထာဝရ ဘုရား၏ နာမတော်အားဖြင့် သူတို့ကို ပယ်ဖြတ်ရ၏။ 13 သင်သည် ငါ့ကိုလှဲခြင်းငှါ ပြင်းထန်စွာ တွန်း
သော်လည်း၊ ထာဝရဘုရားသည် ငါ့ကိုမစတော်မူ၏။ 14 ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိ၊ ငါသီချင်း ဆိုရာအကြောင်း၊ ငါ့ကို
ကယ်တင်ခြင်းအကြောင်း ဖြစ်တော်မူ၏။ 15 ဖြောင့်မတ်သော သူတို့၏ နေရာ၌ ဝမ်းမြောက် ခြင်းအသံနှင့် ကယ်တင်ခြင်းအသံရှိ၏။
ထာဝရဘုရား၏ လက်ျာလက်တော်သည် ကြီးသောအမှုကိုပြု၏။ 16 ထာဝရဘုရား၏ လက်ျာလက်တော်သည် ချီးမြှင့်လျက်ရှိ၏။
ထာဝရဘုရား၏ လက်ျာလက်တော် သည် ကြီးသောအမှုကိုပြု၏။ 17 ငါမသေရသေး။ အသက်ရှင်၍ ထာဝရဘုရား ၏ အမှုတော်တို့ကို
ကြားပြောရဦးမည်။ 18 ထာဝရဘုရားသည် ငါ့ကိုကျပ်တည်းစွာ ဆုံးမ သော်လည်း၊ သေခြင်း၌ အပ်တော်မမူသေး။ 19
ဖြောင့်မတ်ခြင်းတံခါးတို့ကို ငါ့အားဖွင့်ကြ။ ငါဝင်၍ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းရမည်။ 20 ဤတံခါးသည် ထာဝရဘုရား၏
တံခါးဖြစ်၏။ ဖြောင့်မတ်သော သူတို့သည် ဝင်ရကြ၏။ 21 ကိုယ်တော်ကို အကျွန်ုပ် ချီးမွမ်းပါမည်။အကြောင်းမူကား၊
ကိုယ်တော်သည် အကျွန်ုပ်၏ စကား ကို နားထောင်၍၊ အကျွန်ုပ်ကို ကယ်တင်တော်မူ၏။ 22 တိုက်ကို တည်လုပ်သော
သူများပယ်ထားသော ကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်၏။ 23 ထိုအမှုသည်
ထာဝရဘုရားပြုတော်မူသော အမှုဖြစ်၏။ ငါတို့ မျက်မှောက်၌လည်း အံ့ဩဘွယ်ဖြစ်၏။ 24 ဤနေ့ရက်သည်
ထာဝရဘုရားစီရင်တော်မူ သော နေ့ရက်ဖြစ်၍၊ ယနေ့ဝမ်းမြောက် ရွှင်လန်းကြ ကုန်အံ့။ 25 အို ထာဝရဘုရား၊ ကယ်တင်တော်မူပါဟု
တောင်းပန်ပါ၏။ အို ထာဝရဘုရား၊ ကောင်းကြီးမင်္ဂကို ပေးတော်မူပါဟု တောင်းပန်ပါ၏။ 26 ထာဝရဘုရား၏အခွင့်နှင့်
ကြွလာသောသူ သည် မင်္ဂလာရှိစေသတည်း။ ထာဝရဘုရား၏ အိမ်တော် ထဲက အကျွန်ုပ်တို့သည် ကိုယ်တော်ကို ကောင်းကြီး
ပေးကြပါ၏။ 27 ထာဝရဘုရားသည် ဘုရားသခင်ဖြစ်၍၊ ငါတို့၌ ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ယဇ်တင်ရန် အကောင်ကို
ယဇ်ပလ္လင်ဦးချို၌ ကြိုးနှင့် ချည်ကြလော့။ 28 ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ ၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။
အကျွန်ုပ်၏ဘုရား ဖြစ်တော်မူ၍၊ ကိုယ်တော်ကို ချီးမြှောက်ပါမည်။ 29 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်
အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။


generated on Sun Jun 30 02:37:40 2024

## Chapter 119

1 ထာဝရဘုရား၏ တရားလမ်း၌ မလွဲမတိမ်း၊ လိုက်သွားသော သူတို့သည် မင်္ဂလာရှိကြ၏။ 2 သက်သေခံတော်မူချက်တို့ကို စောင့်၍၊
ကိုယ်တော်ကို စိတ်နှလုံး အကြွင်းမဲ့ရှာသော သူတို့သည် မင်္ဂလာရှိကြ၏။ 3 ထိုသူတို့သည် ဒုစရိုက်ကိုမပြု၊ လမ်းခရီးတော်၌ လိုက်သွား
တတ်ကြ၏။ 4 အကျွန်ုပ်တို့သည် ကြိုးစား၍ ကျင့်ဘို့ရာ၊ ကိုယ်တော်သည် ဩဝါဒပေးတော်မူပြီ။ 5 ကိုယ်တော်၏ အထုံးအဖွဲ့များကို
စောင့်နိုင်မည် အကြောင်း၊ အကျွန်ုပ်သည် လမ်းဖြောင့်ပါစေသော။ 6 အကျွန်ုပ်သည် ပညတ်တော် အလုံးစုံတို့ကို
ထောက်ထားသောအခါ၊ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ် ရပါ၏။ 7 ဖြောင့်မတ်စွာ စီရင်တော်မူချက်များကို အကျွန်ုပ်လေ့ကျက်ပြီးမှ၊
ဂုဏ်တော်ကို ဖြောင့်သော သဘောနှင့် ချီးမွမ်းပါမည်။ 8 ကိုယ်တော်၏ အထုံးအဖွဲ့များကို စောင့်ပါမည်။ အကျွန်ုပ်ကို
ရှင်းရှင်းစွန့်ပစ်တော် မမူပါနှင့်။ 9 လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော်
အတိုင်း သတိပြုရမည်။ 10 အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်း မဲ့ရှာပါ၏။ ပညတ်တော်လမ်းမှ လွဲစေတော်မမူပါနှင့်။ 11
ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည် အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။ 12 အို ထာဝရဘုရား၊ ကိုယ်တော်သည်
မင်္ဂလာရှိတော် မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင် တော်မူပါ။ 13 စီရင်တော်မူရာ နှုတ်တော်ထွက် အလုံးစုံတို့ကို
အကျွန်ုပ်သည် ကိုယ်နှုတ်နှင့် ဟောပြောပါ၏။ 14 ခပ်သိမ်းသော စည်းစိမ်ဥစ္စာကို ရဘိသကဲ့သို့၊ သက်သေခံတော်မူရာလမ်း၌
ဝမ်းမြောက်ပါ၏။ 15 ပေးတော်မူသော ဩဝါဒကို ဆင်ခြင်၍ လမ်း ခရီးတော်တို့ကို ကြည့်ရှုပါ၏။ 16 အထုံးအဖွဲ့တော်တို့၌
မွေ့လျော်ပါ၏။ နှုတ်က ပတ်တော်ကို မမေ့ဘဲမနေပါ။ 17 ကိုယ်တော်၏ ကျွန်သည် အသက်ရှင်၍၊ နှုတ်ကပတ်တော်ကို
စောင့်နိုင်ပါမည်အကြောင်း၊ ကျေးဇူး ပြုတော်မူပါ။ 18 တရားတော်၌ အံ့ဘွယ်သောအရာတို့ကို မြင်နိုင် ပါမည်အကြောင်း၊
အကျွန်ုပ်၏မျက်စိတို့ကို ဖွင့်တော်မူပါ။ 19 အကျွန်ုပ်သည် မြေကြီးပေါ်မှာ ဧည့်သည်ဖြစ်ပါ ၏။ ပညတ်တော်တို့ကို
ဝှက်ထားတော်မမူပါနှင့်။ 20 စီရင်တော်မူချက်တို့ကို အစဉ်မပြတ် တောင့်တ သောအားဖြင့်၊ အကျွန်ုပ်၏ စိတ်နှလုံးကြေကွဲလျက်
ရှိပါ၏။ 21 မာနကြီးသောသူနှင့် ပညတ်တော်တို့ကို လွန်ကျူး၍၊ အကျိန်ခံရသော သူတို့ကို ကိုယ်တော် ဆုံးမတော်မူ၏။ 22
အကျွန်ုပ်သည် သက်သေခံတော်မူချက်တို့ကို စောင့်ပါသည် ဖြစ်၍၊ ကဲ့ရဲ့ခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် ကင်းလွတ်စေတော်မူပါ။ 23
မင်းတို့သည် အကျွန်ုပ်တဘက်၌ ထိုင်၍ပြောကြ ပါ၏။ ကိုယ်တော်၏ ကျွန်မူကား၊ အထုံးအဖွဲ့တော်တို့ကို ဆင်ခြင်လျက်နေပါ၏။ 24
သက်သေခံတော်မူချက်တို့သည် အကျွန်ုပ် မွေ့လျော်ရာ၊ အကျွန်ုပ်တိုင်ပင်ရာ ဖြစ်ကြပါ၏။ 25 အကျွန်ုပ်၏ အသက်သည် မြေမှုန့်၌
မှီဝဲလျက် ရှိပါ၏။ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော် မူပါ။ 26 အကျွန်ုပ်သည် ကိုယ်အကျင့်တို့ကိုဘော်ပြ၍၊
ကိုယ်တော်သည် နားထောင်တော်မူပြီ။ အထုံးအဖွဲ့တော် တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ။ 27 ပေးတော်မူသော ဩဝါဒလမ်းကို
အကျွန်ုပ် နားလည်စေတော်မူပါ။ သို့ပြုလျှင် အံ့ဘွယ်သော အမှု တော်တို့ကို ဆင်ခြင်အောက်မေ့ပါမည်။ 28 အကျွန်ုပ်
ဝမ်းနည်းခြင်းအားဖြင့် စိတ်နှလုံး အရည်ယိုလျက် ရှိပါ၏။ နှုတ်ကပတ်တော်အတိုင်း တည်ကြည်စေတော်မူပါ။ 29 မုသာလမ်းကို
အကျွန်ုပ်ရှောင်ပါမည် အကြောင်း၊ ကယ်မ၍တရားတော်ကို ပေးသနားတော် မူပါ။ 30 သစ္စာလမ်းကို အကျွန်ုပ်ရွေးပါပြီ။ စီရင်တော်
မူချက်တို့ကို အကျွန်ုပ်ရှေ့မှာ ထားပါပြီ။ 31 သက်သေခံတော်မူချက်တို့၌ မှီဝဲပါပြီ။ အို ထာဝရဘုရား၊ အရှက်ကွဲစေတော်မမူပါနှင့်။ 32
အကျွန်ုပ်ဥာဏ်ကို ပွင့်စေတော်မူသည်ဖြစ်၍၊ ပညတ်တော်လမ်းသို့ အလျင်အမြန် လိုက်ပါမည်။ 33 အို ထာဝရဘုရား၊
အထုံးအဖွဲ့တော်လမ်းကို အကျွန်ုပ်အား သွန်သင်တော်မူပါ။ အဆုံးတိုင်အောင် လိုက်သွားပါမည်။ 34 ဉာဏ်ကို ပေးတော်မူပါ။
တရားတော်ကို စောင့် ပါမည်။ စိတ်နှလုံး အကြွင်းမဲ့စောင့်ပါမည်။ 35 ပညတ်တော်လမ်း၌ အကျွန်ုပ်ကို ပို့ဆောင်တော် မူပါ။ ထိုလမ်းကို
နှစ်သက်ပါ၏။ 36 အကျွန်ုပ်စိတ်နှလုံးကို လောဘဘက်သို့မဟုတ်၊ သက်သေခံတော်မူချက်တို့ ဘက်သို့ ဆွဲတော်မူပါ။ 37 အနတ္တကို
ပမာဏမပြုစေခြင်းငှါ အကျွန်ုပ် မျက်စိကို အခြားသို့ လွှဲတော်မူပါ။ လမ်းခရီးတော်၌ အကျွန်ုပ်အသက်ရှင်စေတော်မူပါ။ 38
ကိုယ်တော်ကို ကြောက်ရွံ့သော ကိုယ်တော်၏ ကျွန်၌ ဗျာဒိတ်တော်ကို တည်စေတော်မူပါ။ 39 အကျွန်ုပ်ကြောက်သော ကဲ့ရဲ့ခြင်းကို
ပယ် ပျောက်စေတော်မူပါ။ စီရင်တော်မူချက်တို့သည် ကောင်း မွန်ကြပါ၏။ 40 ပေးတော်မူသော ဩဝါဒများကို တောင့်တပါ၏။
ဖြောင့်မတ်ခြင်းတရားတော်အားဖြင့် အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ 41 အို ထာဝရဘုရား၊ ဗျာဒိတ်တော်အတိုင်း
ကရုဏာတော်တည်းဟူသော ကယ်တင်တော်မူခြင်း ကျေးဇူးတော်သည် အကျွန်ုပ်၌ ရောက်ပါစေသော။ 42 ထိုသို့ အကျွန်ုပ်သည်
နှုတ်ကပတ်တော်ကို ကိုးစားသည်ဖြစ်၍၊ ကဲ့ရဲ့သော သူ၏စကားကို ချေစရာ အကြောင်း ရှိရပါလိမ့်မည်။ 43 စီရင်တော်မူချက်တို့ကို
အကျွန်ုပ် မြော်လင့်သည် ဖြစ်၍၊ အကျွန်ုပ်၏ နှုတ်ထဲက သစ္စာစကားကို အလျှင်း ရုပ်သိမ်းတော်မမူပါနှင့်။ 44 ကိုယ်တော်၏တရားကို
မခြားမလပ် အစဉ်အမြဲ ကျင့်စောင့်ပါမည်။ 45 ပေးတော်မူသော ဩဝါဒများကို အကျွန်ုပ်ရှာဖွေ မေးမြန်းသည်ဖြစ်၍၊
အဆီးအတားမရှိဘဲ သွားလာရ ပါ၏။ 46 သက်သေခံတော်မူချက်တို့ကို မင်းများထံမှာ ပြန်ပြော၍၊
ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ပါလိမ့်မည်။ 47 အကျွန်ုပ်သည် နှစ်သက်သော ပညတ်တော်တို့၌မွေ့လျော်ပါမည်။ 48 နှစ်သက်သော
ပညတ်တော် တို့အား လက်တို့ကို ချီ၍၊ အထုံးအဖွဲ့တော်တို့ကို ဆင်ခြင် အောက်မေ့ပါမည်။ 49 အကျွန်ုပ် မြော်လင့်စရာအကြောင်း၊
ကိုယ်တော် ၏ကျွန်၌ ထားတော်မူသော နှုတ်ကပတ်တော်ကို အောက်မေ့တော်မူပါ။ 50 ဗျာဒိတ်တော်အားဖြင့် အကျွန်ုပ်အသက်ရှင်

 generated on Sun Jun 30 02:37:40 2024

သည် ဖြစ်၍၊ ဆင်းရဲကိုခံရစဉ်တွင်၊ ထိုနှုတ်ကပတ်တော် သည် အကျွန်ုပ်သက်သာစရာအကြောင်း ဖြစ်ပါ၏။ [51]
မာနကြီးသောသူတို့သည် အကျွန်ုပ်ကို အလွန် ကဲ့ရဲ့သော်လည်း၊ ကိုယ်တော်၏ တရားလမ်းကို အကျွန်ုပ် မရှောင်ပါ။ [52] အို
ထာဝရဘုရား၊ ရှေးကာလ၌ စီရင်တော်မူ ချက်တို့ကို အကျွန်ုပ် အောက်မေ့၍၊ ကိုယ်ကိုကိုယ် နှစ်သိမ့် စေပါ၏။ [53] တရားတော်ကို
စွန့်ပယ်သော အဓမ္မလူတို့ ကြောင့်၊ အကျွန်ုပ်၌ ပူလောင်သော စိတ်စွဲလန်းလျက် ရှိပါ၏။ [54] အကျွန်ုပ်ဧည့်သည် နေရာအိမ်တွင်
အထုံးအဖွဲ့ တော်တို့သည် အကျွန်ုပ်သီချင်းဆိုရာအကြောင်းဖြစ်ကြပါ၏။ [55] အို ထာဝရဘုရား၊ ညဉ့်အချိန်၌ နာမတော်ကို အကျွန်
အောက်မေ့၍ တရားတော်ကို စောင့်ပါ၏။ [56] ပေးတော်မူသော ပြဋ္ဌာန်းချက်တို့ကို နားထောင် သောအားဖြင့် အားရပါ၏။ [57] အို
ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ အဘို့ဖြစ်တော်မူ၏။ နှုတ်ကပတ်စကားတော်တို့ကို နားထောင်ပါမည်ဟု
အကျွန်ုပ်ပြောထားပါပြီ။ [58] ကျေးဇူးတော်ကို ခံရပါမည်အကြောင်း၊ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ တောင်းပန်ပါ၏။
ဗျာဒိတ်တော်အတိုင်း အကျွန်ုကို သနားတော်မူပါ။ [59] ကိုယ်လိုက်ရာလမ်းကို ဆင်ခြင်သောအခါ၊ သက်သေခံတော်မူ ချက်တို့သို့
လှည့်၍လိုက်ပါ၏။ [60] ပညတ်တော်တို့ကို စောင့်ခြင်းငှါ မဖင့်မနွှဲ အလျင်အမြန် ပြုပါ၏။ [61] မတရားသောသူ အစည်းအဝေးတို့သည်
အကျွန်ုပ်ကိုဝိုင်းကြသော်လည်း၊ အကျွန်ုပ်သည် တရား တော်ကို မမေ့မလျော့ပါ။ [62] တရားသဖြင့် စီရင်တော်မူချက်တို့ကို ထောက် ၍၊
ဂုဏ်တော်ကို ချီးမွမ်းခြင်းငှါ၊ သန်းခေါင်အချိန်၌ အကျွန်ုပ် ထတတ်ပါ၏။ [63] ကိုယ်တော်ကို ကြောက်ရွံ့သောသူ၊ ပေးတော်မူ သော
ပြဋ္ဌာန်းကို နားထောင်သောသူရှိသမျှတို့နှင့် အကျွန်ုပ်ပေါင်းဘော်တတ်ပါ၏။ [64] အိုထာဝရဘုရား၊ မြေကြီးသည် ကရုဏာတော်
နှင့်ပြည့်ဝပါ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ။ [65] အိုထာဝရဘုရား၊ နှုတ်ကပတ်တော်အတိုင်း
ကိုယ်တော်၏ကျွန်၌ ကျေးဇူးပြုတော်မူ၏။ [66] ပညတ်တော်တို့ကို အကျွန်ုပ်ယုံကြည်သည် ဖြစ်၍၊ ကောင်းသော ဥာဏ်နှင့်
ပညာတော်အတတ်ကို သွင်းပေးတော်မူပါ။ [67] အကျွန်ုပ်သည် ဆင်းရဲမခံမှီလမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ် တော်အတိုင်း
ကျင့်စောင့်ပါ၏။ [68] ကိုယ်တော်သည် ကောင်းသောသဘော၊ ကျေးဇူး ပြုတတ်သော သဘောရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို
အကျွန်ုပ်၌ သွန်သင်တော်မူပါ။ [69] မာနကြီးသော သူတို့သည် အကျွန်ုပ်တဘက်၌ မုသာစကားကို ကြံစည်သော်လည်း၊ ကိုယ်တော်၏
ဥပဒေ သများကို စိတ်နှလုံးအကြွင်းမဲ့ကျင့်ပါ၏။ [70] သူတို့နှလုံး သည် ဆီဥကဲ့သို့ ခဲလျက်ရှိ၏။ အကျွန်ုပ်မူကား၊ ကိုယ်တော်၏တရား၌
မွေ့လျော်ပါ၏။ [71] အထုံးအဖွဲ့တော်တို့ကို သွန်သင်စေခြင်းငှါ၊ အကျွန်ုပ်ဆင်းရဲခံရသော ကျေးဇူးသည် ကြီးပါ၏။ [72] နှုတ်တော်ထွက်
တရားတော်သည် ရွှေငွေ အထောင်အသောင်းထက်မက၊ အကျွန်ုပ်၌သာ၍ ကောင်းပါ၏။ [73] ကိုယ်တော်၏ လက်တို့သည် အကျွန်ုပ်ကို
ဖန်ဆင်း၍၊ ပုံသဏ္ဌာန်ကိုပေးတော်မူပြီ။ ပညတ်တော် တို့ကို အကျွန်ုပ်သင်နိုင်သော ဥာဏ်နှင့် ပြည့်စုံစေ တော်မူပါ။ [74]
နှုတ်ကပတ်တော်ကို အကျွန်ုပ် မြော်လင့်သော ကြောင့်၊ ကိုယ်တော်ကို ကြောက်ရွံ့သောသူတို့သည် အကျွန်ုပ်ကို မြင်၍
ဝမ်းမြောက်ကြပါလိမ့်မည်။ [75] အို ထာဝရဘုရား၊ စီရင်တော်မူချက်တို့သည် ဟုတ်မှန်ကြောင်းကိုငှင်း၊ သစ္စာတော်နှင့်အညီ အကျွန်ုပ် ကို
ဆင်းရဲစေတော်မူကြောင်းကိုငှင်း အကျွန်ုပ်သိပါ၏။ [76] ကိုယ်တော်၏ ကျွန်၌ မိန့်တော်မူချက်အတိုင်း၊ ကရုဏာတော်သည် အကျွန်ုပ်ကို
ချမ်းသာပေးပါစေသော ဟု ဆုတောင်းပါ၏။ [77] ကိုယ်တော်၏ တရားသည် အကျွန်ုပ်မွေ့လျော် ရာဖြစ်ပါ၏။ ထိုကြောင့်
အကျွန်ုပ်အသက်ရှင်မည် အကြောင်း၊ သနားစုံမက်တော်မူခြင်းသည် သက်ရောက် ပါစေသော။ [78] မာနကြီးသော သူတို့သည်
ရှက်ကြောက်ကြပါ စေသော။ အကြောင်းမရှိဘဲ အကျွန်ုပ်၌ မတရားသဖြင့် ပြုကြပါပြီ။ အကျွန်ုပ်မူကား ကိုယ်တော်၏
ဥပဒေသများကို ဆင်ခြင်အောက်မေ့ပါမည်။ [79] ကိုယ်တော်ကို ကြောက်ရွံ့သောသူ၊ သက်သေ ခံတော်မူချက်တို့ကို သိသောသူတို့သည်
အကျွန်ုပ်ထံသို့ လှည့်ကြပါစေသော။ [80] ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်မည် အကြောင်း၊ အကျွန်ုပ်နှလုံးသည် အထုံးအဖွဲ့တော်တို့၌
စုံလင်ပါစေသော။ [81] အကျွန်ုပ်၏ ဝိညာဉ်သည် ကယ်တင်တော်မူခြင်း ကျေးဇူးကို တောင့်တလျက်နှင့် ခွန်အားလျော့ပါ၏။
သို့သော်လည်း၊ နှုတ်ကပတ်တော် ကိုမြော်လင့်ပါ၏။ [82] အကျွန်ုပ်ကို အဘယ်ကာလမှ ချမ်းသာပေး တော်မူပါမည်နည်းဟူ၍၊
အကျွန်ုပ်မျက်စိတို့သည် ဗျာဒိတ်တော်ကို မြော်လင့်လျက်အားကုန်ပါ၏။ [83] မီးခိုး၌ရှိသော သားရေဘူးကဲ့သို့ အကျွန်ုပ်ဖြစ်ပါ ၏။
သို့သော်လည်း၊ အထုံးအဖွဲ့တော်တို့ကို မမေ့မလျော့ပါ။ [84] ကိုယ်တော်၏ ကျွန်နေရသော နေ့ရက်ကာလ အဘယ်မျှလောက်
ကြာရပါမည်နည်း။ အကျွန်ုပ်ကို ညှဉ်းဆဲသောသူတို့အား၊ အဘယ်ကာလမှ တရားဆုံးဖြတ် တော်မူမည်နည်း။ [85] မာနကြီးသောသူ၊
ကိုယ်တော်၏ တရားကို လွန်ကျူးသော သူတို့သည် အကျွန်ုပ်အဘို့တွင်းများကို တူးကြပါပြီ။ [86] အလုံးစုံသော ပညတ်တော်တို့သည်
သစ္စာနှင့် ပြည့်စုံကြပါ၏။ သူတပါးတို့သည် အကြောင်းမရှိဘဲ အကျွန်ုပ်ကိုညှဉ်းဆဲကြသည် ဖြစ်၍၊ မစတော်မူပါ။ [87] သူတို့သည်
အကျွန်ုပ်ကို မြေကြီးပေါ်က သုတ်သင်ပယ်ရှင်းလုပါပြီ။ သို့သော်လည်း၊ ကိုယ်တော်၏ ဥပဒေသများကို အကျွန်ုပ်မစွန့်ပါ။ [88]
ကရုဏာတော်ရှိသည်အတိုင်း အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ နှုတ်တော်ထွက် ဗျာဒိတ်တော် ကို စောင့်ပါမည်။ [89]
အိုထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။ [90] သစ္စာတော်သည် လူမျိုးအဆက်ဆက်
မြဲမြံပါ၏။ မြေကြီးကို တည်စေတော်မူသဖြင့်၊ သူသည်အမြဲနေပါ၏။ [91] ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၏ ကျွန်ဖြစ်၍
စီရင်တော်မူသည်နှင့်အညီ၊ ယနေ့တိုင်အောင် အမြဲနေကြပါ၏။ [92] အကျွန်ုပ်သည် ကိုယ်တော်၏ တရား၌မွေ့လျော် ခြင်းမရှိလျှင်၊
အထက်ကဆင်းရဲခံစဉ် ပျက်စီးပါပြီ။ [93] ကိုယ်တော်၏ ဥပဒေများကို အစဉ်မမေ့မလျော့ နိုင်ပါ။ အကြောင်းမူကား၊
ထိုဥပဒေသများအားဖြင့်၊ အကျွန်ုပ်ကို အသက်ရှင်စေ တော်မူ၏။ [94] အကျွန်ုပ်သည် ကိုယ်တော်၏ ကျွန်ဖြစ်ပါ၏။ ကိုယ်တော်၏

 generated on Sun Jun 30 02:37:40 2024

ဥပဒေသများကို ရှာဖွေလိုက်စစ်သော ကြောင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ 95 အကျွန်ုပ်ကို ဖျက်ဆီးခြင်းငှါ၊ မတရားသော
သူတို့သည် စောင့်လျက်နေကြပါ၏။ သို့သော်လည်း၊ သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်ဆင်ခြင် အောက် မေ့ပါမည်။ 96
ခပ်သိမ်းသော စုံလင်ခြင်း၏ အဆုံးကို အကျွန်ုပ် မြင်ပါပြီ။ ပညတ်တရားတော်မူကား၊ အလွန်ကျယ်ဝန်း ပါ၏။ 97
ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန် နှစ်သက်ပါ၏။ တနေ့လုံးဆင်ခြင်အောက်မေ့လျက် နေပါ၏။ 98
ပညတ်တရားတော်သည် အကျွန်ုပ်၏ ရန်သူတို့ ထက်၊ အကျွန်ုပ်ကိုသာ၍ ပညာရှိစေပါ၏။ ပညတ်တရား တော်သည် အကျွန်ုပ်၌
အစဉ်တည်ပါ၏။ 99 သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့်၊ အကျွန်ုပ်၏ ဆရာ
အပေါင်းတို့ထက်သာ၍ နားလည်ပါ၏။ 100 ကိုယ်တော်၏ ဥပဒေသများကို စောင့်သော ကြောင့်၊ အသက်ကြီးသူတို့ထက်သာ၍
ဉာဏ်ကောင်း ပါ၏။ 101 နှုတ်ကပတ်တော်ကို စောင့်လိုသောငှါ၊ မကောင်း သောလမ်း ရှိသမျှတို့ကို လွှဲရှောင်ပါ၏။ 102
ကိုယ်တော်သည် သွန်သင်တော်မူသောကြောင့်၊ စီရင်တော်မူချက်တို့မှ အကျွန်ုပ်လွှဲ၍ မသွားပါ။ 103 မိန့်တော်မူချက်တို့သည်
အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာ ပျားရည်ထက်သာ၍ ချိုကြပါ၏။ 104 ကိုယ်တော်၏ ဥပဒေသများအားဖြင့်၊
အကျွန်ုပ် သည် ဉာဏ်တိုး ပွား၍၊ မိစ္ဆာလမ်းရှိသမျှတို့ကို မုန်းပါ၏။ 105 နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊
အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။ 106 ဖြောင့်မတ်စွာ စီရင်တော်မူချက်တို့ကို စောင့်ပါ မည်ဟု အကျွန်ုပ်ကျိန်ဆိုသည်
အတိုင်းပြုပါမည်။ 107 အို ထာဝရဘုရား၊ အကျွန်ုပ်သည် အလွန် ဆင်းရဲခြင်းကို ခံရပါ၏။ နှုတ်ကပတ်တော်အတိုင်း
အသက်ရှင်စေတော်မူပါ။ 108 အိုထာဝရဘုရား၊ အကျွန်ုပ်သည် စေတနာ စိတ်ရှိ၍၊ ကိုယ်နှုတ်နှင့်ဆက်သော ပူဇော်သက္ကာတို့ကို
နှစ်သက်တော်မူပါ၏။ စီရင်တော်မူချက်တို့ကိုလည်း၊ အကျွန်ုပ်၌ သွန်သင်တော်မူပါဟု တောင်းပန်ပါ၏။ 109 အကျွန်ုပ်အသက်သည်
ကိုယ်လက်၌ အစဉ်ရှိ ပါ၏။ သို့သော်လည်း၊ တရားတော်ကို မမေ့မလျော့ပါ။ 110 မတရားသော သူတို့သည် အကျွန်ုပ်ဘို့ ကျော့ ကွင်းကို
ထောင်ထားကြပါ၏။ သို့သော်လည်း၊ ကိုယ်တော် ၏ ဥပဒေသများမှ လွှဲ၍ မသွားပါ။ 111 သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်
နှလုံး ရွှင်လန်းရာ ဖြစ်၍၊ ကိုယ်အမွေဥစ္စာဘို့ အစဉ်အမြဲ ခံယူ ပါ၏။ 112 အထုံးအဖွဲ့တော်တို့ကို အဆုံးတိုင်အောင် အစဉ်
လိုက်ခြင်းအလိုငှါ၊ ကိုယ်စိတ်နှလုံးကို တိုက်တွန်းပါ၏။ 113 အကျွန်ုပ်သည် အဓမ္မလူတို့ကို မုန်း၍၊ ကိုယ်တော်၏တရားကို
နှစ်သက်ပါ၏။ 114 ကိုယ်တော်သည် အကျွန်ုပ်၏ အကွယ်အကာ၊ အကျွန်ုပ်၏ ဒိုင်းလွှားဖြစ်တော်မူ၏။ နှုတ်ကပတ်တော်ကို
မြော်လင့်လျက်နေပါ၏။ 115 ဒုစရိုက်ကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်သွားကြ။ ငါသည် ဘုရားသခင်၏ ပညတ်တော်တို့ကို ကျင့်စောင်
မည်။ 116 အကျွန်ုပ်သည် အသက်ရှင်ပါမည် အကြောင်း၊ မိန့်တော်မူချက်အတိုင်း ထောက်မတော်မူပါ။ အကျွန်ုပ်
မြော်လင့်ခြင်းအကြောင်းမှ မရှက်မကြောက်ပါစေနှင့်။ 117 အကျွန်ုပ်သည် ချမ်းသာရပါမည်အကြောင်း မစတော်မူပါ။
အထုံးအဖွဲ့တော်တို့ကို အစဉ်အမြဲ ထောက် ရှုပါမည်။ 118 အထုံးအဖွဲ့တော်တို့မှ လွှဲသွားသမျှသော သူတို့ ကို ပယ်တော်မူ၏။
သူတို့ပရိယာယ်သည် မုသာဖြစ်ပါ၏။ 119 မတရားသော မြေသားအပေါင်းတို့ကို ချေးကဲ့ သို့ မှတ်တော်မူ၏။ ထိုကြောင့်
သက်သေခံတော်မူချက် တို့ကို အကျွန်ုပ်နှစ်သက်ပါ၏။ 120 ကိုယ်တော်ကို ထိတ်လန့်သဖြင့်၊ အကျွန်ုပ်သည် ကြက်သီးမွေးညှင်းထ၍၊
စီရင်တော်မူချက်တို့မှာ ကြောက် ပါ၏။ 121 အကျွန်ုပ်သည် တရားဆုံးဖြတ်ခြင်း၊ ဖြောင့်မတ် စွာ စီရင်ခြင်းကို ပြုပါပြီ။ ညှဉ်းဆဲသော
သူတို့လက်၌ အကျွန်ုပ်ကို ပစ်ထားတော်မမူပါနှင့်။ 122 ကိုယ်တော်၏ ကျွန်အဘို့အလိုငှါ အာမခံတော်မူ ပါ။ မာနကြီး သောသူတို့သည်
အကျွန်ုပ်ကို မနှိပ်စက်ကြ ပါစေနှင့်။ 123 ကယ်တင်တော်မူခြင်းကျေးဇူးကိုငှင်း၊ ဖြောင့် မတ်ခြင်းတရားတော်နှင့်ယှဉ်သော
ဗျာဒိတ်တော်ကိုငှင်း၊ အကျွန်ုပ်မျက်စိသည် မျှော်၍ အားကုန်ပါပြီ။ 124 ကရုဏာတော်ရှိသည်အတိုင်း၊ ကိုယ်တော်၏ ကျွန်၌ပြု၍၊
အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူပါ။ 125 အကျွန်ုပ်သည် ကိုယ်တော်၏ ကျွန်ဖြစ်ပါ၏။
သက်သေခံတော်မူချက်တို့ကိုနားလည်နိုင်သော ဉာဏ်ကို ပေးသနားတော်မူပါ။ 126 အို ထာဝရဘုရား၊ စီရင်တော်မူချိန်ရောက်ပါပြီ။
သူတပါးများတို့သည် တရားတော်ကို ပယ်ကြပါ၏။ 127 အကျွန်ုပ်မူကား၊ ပညတ်တော်တို့ကို ရွှေထက် မက၊ ရွှေစင်ထက် သာ၍
နှစ်သက်ပါ၏။ 128 သို့ဖြစ်လျှင်၊ ကိုယ်တော်၏ ဥပဒေသအလုံးစုံတို့ သည် ဖြောင့်ကြသည်ဟုထင်မှတ်လျက်၊ မိစ္ဆာလမ်းရှိသမျှ တို့ကို
မုန်းပါ၏။ 129 သက်သေခံတော်မူချက်တို့သည် အံ့ဩဘွယ် ဖြစ်၍၊ အကျွန်ုပ်ဝိညာဉ်သည် စောင့်ရှောက်တတ်ပါ၏။ 130
နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကို ပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။ 131 ပညတ်တော်တို့ကို အကျွန်ုပ်
တောင့်တအားကြီး သဖြင့်၊ နှုတ်ကို ဖွင့်၍ ပန်းတိုက်ပါ၏။ 132 နာမတော်ကို ချစ်သော သူတို့၌ ပြုတော်မူတတ် သည်အတိုင်း၊
အကျွန်ုပ်ကို ကြည့်ရှု၍ ကယ်မသနား တော်မူပါ။ 133 မိန့်တော်မူချက် အစဉ်အတိုင်း အကျွန်ုပ်ခြေ လှမ်းတို့ကို ဖြောင့်စေတော်မူပါ။
အကျွန်ုပ်ကို အဘယ်မည် သော ဒုစရိုက်မျှအစိုးမရပါစေနှင့်။ 134 လူတို့၏ ညှဉ်းဆဲခြင်းထဲက အကျွန်ုပ်ကို ရွေးနှုတ် တော်မူပါ။
ကိုယ်တော်၏ဥပဒေသများကို စောင့်ပါ မည်။ 135 မျက်နှာတော်၏အလင်းကို ကိုယ်တော်၏ ကျွန် အပေါ်မှာ ထွန်းလင်းစေ၍၊
အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူပါ။ 136 သူတပါးများတို့သည် တရားတော်ကို မစောင့် သောကြောင့်၊ အကျွန်ုပ်မျက်စိတို့မှ
မျက်ရည်သည် မြစ်ရေ ကဲ့သို့စီးပါ၏။ 137 အို ထာဝရဘုရား၊ ကိုယ်တော်သည် ဖြောင့်မတ် တော်မူ၏။ စီရင်တော်မူချက်တို့သည်
ဖြောင့်မတ်ကြ ပါ၏။ 138 ထားတော်မူသော သက်သေခံတော်မူချက်တို့ သည်လည်း တရားနှင့်ညီ၍ သစ္စာမြဲကြပါ၏။ 139
ရန်သူတို့သည် စကားတော်တို့ကို မေ့လျော့သော ကြောင့်၊ စွဲလန်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကို ညှဉ်းဆဲ ပါ၏။ 140

နှုတ်ကပတ်တော်သည် အလွန်စင်ကြယ်သည် ဖြစ်၍၊ ကိုယ်တော်၏ကျွန်သည် နှစ်သက်ပါ၏။ 141 အကျွန်ုပ်သည် ငယ်သောသူ၊ မထီမဲ့မြင်ပြုခြင်း ကို ခံရသောသူ ဖြစ်ပါ၏။ သို့သော်လည်း၊ ကိုယ်တော်၏ ဥပဒေသများကို မမေ့မလျော့ပါ။ 142 ဖြောင့်မတ်တော်မူခြင်းသည် နိစ္စထာဝရ ဖြောင့် မတ်ခြင်းဖြစ်ပါ၏။ ကိုယ်တော်၏တရားသည် သစ္စာ တရားဖြစ်ပါ၏။ 143 ဆင်းရဲညှိုးငယ်ခြင်းသို့ရောက်သော်လည်း၊ ပညတ်တော်တို့သည် အကျွန်ုပ်မွေ့လျော်ရာဖြစ်ပါ၏။ 144 သက်သေခံတော်မူချက်တို့သည် အစဉ်အမြဲ ဖြောင့်ကြပါ၏။ အကျွန်ုပ်သည် အသက်ရှင်ပါမည် အကြောင်း၊ ဉာဏ်ကိုပေးသနားတော်မူပါ။ 145 အကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့အော်ဟစ် ပါ၏။ အိုထာဝရဘုရား နားထောင်တော်မူပါ။ အထုံးအဖွဲ့တော်တို့ကို စောင့်ပါမည်။ 146 ကိုယ်တော်ကို အော်ဟစ်ပါ၏။ ကယ်တင်တော် မူပါ။ သက်သေခံတော်မူချက်တို့ကို စောင့်ပါမည်။ 147 မိုဃ်းမလင်းမီ အကျွန်ုပ် အော်ဟစ်တတ်ပါ၏။ နှုတ်ကပတ်တော်ကို မြော်လင့်လျက်နေပါ၏။ 148 ဗျာဒိတ်တော်တို့ကို ဆင်ခြင်အောက်မေ့လိုသော ငှါ၊ ညဉ့်ယံမလွန်မီ အကျွန်ုပ်နိုးတတ်ပါ၏။ 149 အို ထာဝရဘုရား၊ ကရုဏာတော်ရှိသည် အတိုင်း အကျွန်ုပ်စကားကို နားထောင်တော်မူပါ။ စီရင် တော်မူချက်နှင့်အညီ အကျွန်ုပ်ကို အသက်ရှင်စေတော် မူပါ။ 150 မကောင်းသောအကြံအစည်၌ ကျင်လည်သော သူတို့သည် အနီးသို့ချဉ်းကြပါ၏။ သူတို့သည် ကိုယ်တော် ၏တရားနှင့် ဝေးကြပါ၏။ 151 အို ထာဝရဘုရား၊ ကိုယ်တော်သည် နီးတော်မူ ၏။ အလုံးစုံသော ပညတ်တော်တို့သည် သစ္စာဖြစ်ကြ ပါ၏။ 152 သက်သေခံတော်မူချက်တို့ကို အစဉ်အမြဲထား တော်မူကြောင်းကို၊ ရှေးဦးစွာမှစ၍ အကျွန်ုပ်သိပါ၏။ 153 အကျွန်ုပ်ခံရသော ဆင်းရဲခြင်းကို ကြည့်ရှု၍၊ ကယ်နှုတ်တော်မူပါ။ ကိုယ်တော်၏တရားကို မမေ့ မလျော့ပါ။ 154 အကျွန်ုပ် အမှုကို စောင့်၍ အကျွန်ုပ်ကိုရွေးနှုတ် တော်မူပါ။ ဗျာဒိတ်တော်အားဖြင့် အသက်ရှင်စေတော် မူပါ။ 155 မတရားသောသူတို့သည် အထုံးအဖွဲ့တော်တို့ကို မရှာသောကြောင့်၊ ကယ်တင်ခြင်းနှင့် ဝေးကြပါ၏။ 156 အိုထာဝရဘုရား၊ သနားစုံမက်တော်မူခြင်း သဘောသည် ကြွယ်ဝပါ၏။ စီရင်တော်မူချက်နှင့်အညီ၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ 157 အကျွန်ုပ်ကို ညှဉ်းဆဲသောသူနှင့် ရန်ဘက်ပြု သော သူတို့သည် များကြပါ၏။ သို့သော်လည်း၊ အကျွန်ုပ် သည် သက်သေခံတော်မူချက်တို့မှ လွှဲ၍မသွားပါ။ 158 သစ္စာမရှိသောသူတို့ကို အကျွန်ုပ်သည်မြင်၍ စိတ်နာပါ၏။ အကြောင်းမူကား၊ သူတို့သည် ဗျာဒိတ်တော် စကားကို နားမထောင်ဘဲ နေကြပါ၏။ 159 ကိုယ်တော်၏ ဥပဒသများကို အကျွန်ုပ် နှစ်သက်ကြောင်းကို မှတ်တော်မူပါ။ အိုထာဝရဘုရား၊ ကရုဏာတော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကို အသက်ရှင် စေတော်မူပါ။ 160 နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ ၏။ တရားသဖြင့် စီရင်တော်မူချက်ရှိသမျှတို့သည် အစဉ် အမြဲ တည်ကြပါ၏။ 161 အစိုးရသော သူတို့သည် အကြောင်းမရှိဘဲ အကျွန်ုပ်ကို ညှဉ်းဆဲကြသော်လည်း၊ အကျွန်ုပ်စိတ်နှလုံး သည် စကားတော်ကို ကြောက်ရွံ့ပါ၏။ 162 လက်ရဥစ္စာများကို တွေ့သကဲ့သို့ ဗျာဒိတ်တော် စကားကြောင့် အကျွန်ုပ်ဝမ်းမြောက်ပါ၏။ 163 မုသာစကားကို ကြားပျင်းရွံရှာပါ၏။ တရား တော်ကိုကား နှစ်သက်ပါ၏။ 164 ဖြောင့်မတ်စွာ စီရင်တော်မူချက်များကြောင့် ကိုယ်တော်ကို တရက်လျှင် ခုနစ်ကြိမ် ချီးမွမ်းတတ်ပါ၏။ 165 တရားတော်ကို နှစ်သက်သော သူတို့၌ ကြီးစွာ သော ငြိမ်ဝပ်ခြင်း ရှိပါ၏။ သူတို့စိတ်ပျက်စရာအကြောင်း မရှိပါ။ 166 အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူး ကို အကျွန်ုပ်မြော်လင့်၍၊ ပညတ်တော်တို့ကို ကျင့်ပါ၏။ 167 သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်ဝိညာဉ် သည် စောင့်ပါ၏။ အလွန်နှစ်သက်ပါ၏။ 168 ကိုယ်တော်၏ ဥပဒေသတို့နှင့် သက်သေခံတော် မူချက်တို့ကို စောင့်ပါ၏။ အကျွန်ုပ်အကျင့်ရှိသမျှတို့သည် ရှေ့တော်၌ရှိကြပါ၏။ 169 အို ထာဝရဘုရား၊ အကျွန်ုပ် အော်ဟစ်သံသည် ရှေ့တော်သို့ ရောက်ပါစေသော။ နှုတ်ကပတ်တော် အတိုင်း ဉာဏ်ကို ပေးသနားတော်မူပါ။ 170 အသနားခံသောစကားသည် ရှေ့တော်သို့ ရောက်ပါစေသော။ ဗျာဒိတ်တော်အတိုင်း အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ 171 အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူသော အခါ၊ အကျွန်ုပ်၏နှုတ်သည် ချီးမွမ်းခြင်းကို မြွက်ဆို ပါမည်။ 172 အလုံးစုံသော ပညတ်တော်တို့သည် ဖြောင့်မတ် ပါသည်ဖြစ်၍၊ အကျွန်ုပ်လျှာသည် ဗျာဒိတ်တော်ကို သီချင်းဆိုပါမည်။ 173 ကိုယ်တော်၏ ဥပဒေသများကို နှစ်သက်ပါ သည်ဖြစ်၍၊ လက်တော်သည် အကျွန်ုပ်ကို မစပါစေ သော။ 174 အို ထာဝရဘုရား၊ ကယ်တင်တော်မူခြင်း ကျေးဇူးကို အကျွန်ုပ် တောင့်တပါ၏။ တရားတော်သည် လည်း အကျွန်ုပ်မွေ့လျော်ရာ ဖြစ်ပါ၏။ 175 အကျွန်ုပ်သည် အသက်ရှင်၍၊ ကိုယ်တော်ကို ချီးမွမ်းပါစေသော။ စီရင်တော်မူချက်တို့သည် အကျွန်ုပ်ကို မစကြပါစေသော။ 176 ပျောက်သော သိုးကဲ့သို့ အကျွန်ုပ်သည် လမ်းလွဲ ပါပြီ။ ကိုယ်တော်၏ ကျွန်ကိုရှာတော်မူပါ။ အကျွန်ုပ်သည် ပညတ်တော်တို့ကို မမေ့မလျော့ပါ။

 generated on Sun Jun 30 02:37:40 2024

## Chapter 120

[1] အကျွန်ုပ်သည် ဆင်းရဲခံရသောအခါ ထာဝရ ဘုရားကို အော်ဟစ်၍၊ ထာဝရဘုရားသည် နားထောင် တော်မူ၏။ [2] အိုထာဝရဘုရား၊
အကျွန်ုပ်အသက်ကို သစ္စာ မရှိသော နှုတ်မှ၎င်း၊ လှည့်စားတတ်သော လျှာမှ၎င်း ကယ်နှုတ်တော်မူပါ။ [3] အိုလှည့်စားတတ်သောလျှာ၊
သင်သည်အဘယ် ကျေးဇူးရှိ သနည်း။ အဘယ်အကျိုးကိုခံရသနည်း။ [4] အားကြီးသော သူ၏ ထက်သောမြှားကဲ့သို့၎င်း၊
ရသမ်သစ်သား မီးခဲကဲ့သို့၎င်းဖြစ်၏။ [5] ငါသည် မေရှက်ပြည်၌ တည်းခို၍၊ ကေဒါတဲ၌ နေရသည် အရာမှာ အမင်္ဂလာရှိ၏။ [6]
ငြိမ်သက်ခြင်းကို မုန်းသော သူတို့နှင့်အတူ၊ ငါ့ဝိညာဉ်သည် ကြာမြင့်စွာနေရပါသည်တကား။ [7] ငါသည် ငြိမ်သက်ခြင်းဘက်မှာနေ၏။
ငါပြော လျှင်မူကား၊ သူတို့သည် စစ်တိုက်ခြင်းငှါ အလိုရှိကြ၏။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများဆုံးတွေ့ရသည့်အရာဖြစ်သည်။

တက်သောသီချင်း
အစိပ္ပါယ်များမှာ- ၁) ယေရုရှလင်မြို့၌ ပွဲကျင်းပဖို့ရန်တက်သောအခါ သီဆိုသော သီချင်းဖြစ်သည်၊ ၂) ဗိမ္ဘာန်တော်သို့ဝင်သောအခါ သီဆိုသောသီချင်းဖြစ်သည်၊ ၃) ခြေလှမ်းများကဲ့သို့သောစကားလုံးများ။"

ဆင်းရဲခံရသောအခါ
"ဒုက္ခခံရသောအခါ" (သို့) "ငါသည် ဒုက္ခခံရသောအခါ"

ကယ်နှုတ်တော်မူပါ။
"အသက်" ဆိုသည်မှာ လူပုဂ္ဂိုလ်ကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ကယ်နှုတ်တော်မူပါ။"

အကျွန်ုပ်အသက်ကို သစ္စာ မရှိသော နှုတ်မှ၎င်း၊ လှည့်စားတတ်သော လျှာမှ၎င်း
"နှုတ်" နှင့် "လျှာ" စကားစုများသည် မုသာလှည့်ဖျားသောသူများကို ပြောဆိုရာတွင် အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါကိုလိမ်သောသူနှင့် လှည့်ဖျားသောသူတို့"

Psalms 003

အိုလှည့်စားတတ်သောလျှာ၊ သင်သည်အဘယ် ကျေးဇူးရှိ သနည်း။ အဘယ်အကျိုးကိုခံရသနည်း။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "အိုလှည့်စားတတ်သောလျှာ၊ သင်သည်အဘယ် ကျေးဇူးရှိ သနည်း။ အဘယ်အကျိုးကိုခံရသနည်း။"

လှည့်စားတတ်သောလျှာ
'လှည့်စားသောလျှာ' ဟူသည် မုသာသုံးသောသူကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "မုသာသုံးသောသူ"

အားကြီးသော သူ၏ ထက်သောမြှားနှင့် အပြစ်ပေးတော်မူမည်။
မုသာပြောသောသူတို့ကို ဘုရားသခင်သည်မြှားနှင့်ပစ်သကဲ့သို့ ထိုသူတို့ကို အပြစ်ပေးတော်မူမည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ အားကြီးသော သူ၏ ထက်သောမြှားနှင့်ပစ်သကဲ့သို့ ဘုရားသခင်သည် သင့်ကိုပြင်းထန်စွာအပြစ်ပေးတော်မူမည်။"

ရသမ်သစ်သား မီးခဲကဲ့သို့၎င်းဖြစ်၏။
ကတ္တားဝါကျအနေနဲ့ ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ ကိုယ်တော်သည် ရသမ်သစ်သား မီးခဲကဲ့သို့၎င်းဖြစ်၏။"

Psalms 005

ငါသည် မေရှက်ပြည်၌ တည်းခို၍၊ ကေဒါတဲ၌ နေရသည် အရာမှာ အမင်္ဂလာရှိ၏။
ဤနေရာနှစ်ခုသည် တစ်နေရာနှင့်တစ်နေရာဝေးကွာ သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည် မေရှက်ပြည်၌ တည်းခို၍၊ ကေဒါတဲ၌ နေရသည်"

ကေဒါတဲ၌
ဤစကားစုသည် တဲ၌နေသော ကေဒါလူတို့ကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ကေဒါ၌နေသောလူတို့"

ငြိမ်သက်ခြင်းကို
"ငြိမ်သက်ခြင်းကိုလိုချင်သည်။"

သူတို့သည် စစ်တိုက်ခြင်းငှါ အလိုရှိကြ၏။
"သူတို့သည် စစ်တိုက်ခြင်းငှါအလိုရှိကြ၏။"

---

# Translation Questions

Psalms 120:1

စာရေးသူသည် စိတ်သောကရောက်၍ အော်ဟစ်သောအခါ ထာဝရဘုရားသည် အဘယ်သို့ပြုခဲ့သနည်း။

စာရေးသူက ထာဝရဘုရားသည် သူ့အား ဖြေကြားသည်ဟု ဆိုသည်။

စာရေးသူသည် သူ့အသက်အဘို့ ထာဝရဘုရားအား အဘယ် သို့ ပြုဖို့ရန် တောင်းဆိုခဲ့သနည်း။

စာရေးသူသည် သူ၏ အသက်ကို သစ္စာမရှိသောနှုတ်မှငင်း၊ လှည့်စားတတ်သောလျှာမှငင်း၊ ကယ်တင်ရန် ထာဝရဘုရားအား တောင်းဆိုခဲ့သည်။

Psalms 120:3

စာရေးသူက လှည့်စားတတ်သောလျှာကို ထာဝရဘုရားသည် အဘယ်သို့ပြုလိမ့်မည်ဟု လူတို့အား ပြောခဲ့သနည်း။

ထာဝရဘုရားသည် သူတို့အပေါ်သို့ အားကြီးသောသူ၏ ထက်သောမြှားကဲ့သို့ငင်း ရသမ်သစ်သားမီးခဲကဲ့သို့ငင်း ပစ်လိမ့်မည်။

Psalms 120:5

စာရေးသူက သူသည် မေရှက်ပြည်၌ ခေတ္တနေထိုင်ပြီး ယခင်ကနေထိုင်ခဲ့သည်ဟု ပြောသည်မှာ အဘယ်နေရာတွင် ဖြစ်သနည်း။

စာရေးသူက သူသည် မေရှက်ပြည်တွင် ခေတ္တနေထိုင်ခဲ့ပြီး ယခင်က ကေဒါတဲများကြားတွင် နေထိုင်ခဲ့သည်ဟု ဆိုသည်။

စာရေးသူပြောသော ငြိမ်သက်ခြင်းအကြောင်းသည် ဘာဖြစ်မည်နည်း။

စာရေးသူက သူ၏ ငြိမ်သက်ခြင်းသည် ငြိမ်သက်ခြင်းကို မုန်းသောသူတို့နှင့်အတူ ကြာမြင့်စွာ နေထိုင်ခဲ့သည်ဟု ပြောခဲ့သည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 121

1 ငါ့ကိုမစခြင်း အကြောင်းသည် ပေါ်ထွက်ရ သော တောင်ရိုးသို့ ငါမျှော်ကြည့်၏။ 2 ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော
ထာဝရဘုရား ထံတော်မှ၊ ငါ့ကို မစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ 3 သင်၏ ခြေကို ချော်စေခြင်းငှါ အခွင့်ပေးတော် မမူ။ သင့်ကို
စောင့်သောသူသည် အိပ်တော်မမူ။ 4 အကယ်စင်စစ် ဣသရေလအမျိုးကို စောင့် သောသူသည် ငိုက်မျဉ်းအိပ်ပျော်ခြင်း ရှိတော်မမူ။ 5
ထာဝရဘုရားသည် သင့်ကို စောင့်တော်မူ၏။ ထာဝရဘုရားသည် သင်၏လက်ျာဘက်၌ရှိသော သင်ခိုလှုံရာ အရိပ်ဖြစ်တော်မူ၏။ 6
နေ့အချိန်၌ နေအားဖြင့်ငှင်း၊ ညဉ့်အချိန်၌ လအားဖြင့်ငှင်း အထိအခိုက်မရှိရာ။ 7 ထာဝရဘုရားသည် မကောင်းသောအမှုအရာ
အလုံးစုံတို့ကို ကွယ်ကာ၍၊ သင်၏အသက်ကို စောင့်တော် မူလိမ့်မည်။ 8 ထာဝရဘုရားသည် သင်၏ ထွက်ခြင်းနှင့် ဝင်ခြင်းတို့ကို
ယခုမှစ၍ အစဉ်အမြဲတ် စောင့်တော်မူ လိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 122

1 ငါတို့သည် ထာဝရဘုရား၏ အိမ်တော်သို့ သွားကြကုန်အံ့ဟု သူတပါးတို့သည် ပြောကြသောအခါ၊ ငါသည် ဝမ်းမြောက်ခြင်းရှိ၏။ 2
အို ယေရုရှလင်မြို့၊ သင်၏တံခါးတို့အတွင်း၌ ငါတို့သည်ရပ်၍ နေကြလိမ့်မည်။ 3 ယေရုရှလင်မြို့သည် စေ့စပ်သော မြို့ကဲ့သို့
တည်၏။ 4 အမျိုးအနွယ်တို့သည် ထိုမြို့သို့တက်ကြ၏။ ဣသရေလအမျိုး ထုံးစံရှိသည်အတိုင်း၊ ထာဝရဘုရား၏
အမျိုးအနွယ်တို့သည် ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းခြင်းငှါ တက်သွားကြ၏။ 5 ထိုမြို့၌ တရားစီရင်ရာပလ္လင်၊
ဒါဝိဒ်မင်းမျိုး၏ ရာဇပလ္လင်တို့ သည်တည်ကြ၏။ 6 ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆု တောင်းကြလော့။ ထိုမြို့ကို
မြတ်နိုးစုံမက်သော သူတို့သည် ချမ်းသာရကြပါစေသော။ 7 သင်၏မြို့ရိုးအတွင်း၌ ငြိမ်ဝပ်ခြင်း၊ သင်၏ဘုံ ဗိမာန်တို့၌
ချမ်းသာခြင်းရှိပါစေသော။ 8 သင်၌ငြိမ်ဝပ်ခြင်းရှိပါစေသောဟု ငါသည် ညီအစ်ကိုအတွက်၊ အဆွေခင်ပွန်းတို့အတွက် ပြောဆို ပါမည်။
9 ငါတို့ဘုရားသခင် ထာဝရဘုရား၏ အိမ်တော် ကို ထောက်၍၊ သင်၏အကျိုးကို ရှာပါမည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 123

[1] ကောင်းကင်ဘုံ၌ ကျိန်းဝပ်တော် မူသောဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် မျှော်ကြည့်ပါ၏။ [2] ကျွန်တို့သည် သခင်လက်ကိုငင်း၊
ကျွန်မတို့သည် သခင်မလက်ကိုငင်း မျှော်ကြည့်သည်နည်းတူ၊ အကျွန်ုပ်တို့ သည် ကယ်မသနားတော်မူခြင်းကျေးဇူးကို မခံမှီတိုင်
အောင်၊ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားကို မျှော်ကြည့်လျက်နေကြပါ၏။ [3] အို ထာဝရဘုရား၊ ကယ်မသနားတော်မူပါ။
အကျွန်ုပ်တို့သည် အလွန်အရှက်ကွဲခြင်းကိုခံရပါသည် ဖြစ်၍၊ ကယ်မသနားတော်မူပါ။ [4] မထီမဲ့မြင်ပြုသော သူတို့၏ ကဲ့ရဲ့ခြင်းကိုငင်း၊
မာနကြီးသော သူတို့၏ အရှက်ခွဲခြင်းကိုငင်း၊ အကျွန်ုပ်တို့ ၏ ဝိညာဉ်သည် အလွန်ခံရပါ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 124

[1] ထာဝရဘုရားသည် ငါတို့ဘက်မှာ ရှိတော် မမူလျှင်ဟူသော စကားနှင့် ချီ၍၊ ဣသရေလအမျိုးဆိုရ သောစကား ဟူမူကား၊ [2]
ထာဝရဘုရားသည် ငါတို့ဘက်မှာ ရှိတော် မမူလျှင်၊ လူတို့သည် ငါတို့ရန်ဘက်၌ နေကြသောအခါ၊ [3] အမျက်ထွက်၍ ငါတို့ကို
အသက်နှင့်တကွ မျိုကြပြီတကား။ [4] ထိုအခါ ငါတို့ကို ရေသည်၊ လွှမ်းမိုး၍ စီးသော ရေသည် ငါတို့ဝိညာဉ်အပေါ်မှာ ကျော်သွားပြီ
တကား။ [5] စော်ကားသော ရေတို့သည် ငါတို့အသက် ဝိညာဉ်အပေါ်မှာ ကျော်သွားကြပြီတကား။ [6] သူတို့သွားနှင့် ကိုက်ခဲရာဘို့ ငါတို့ကို
အပ်တော် မမူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေ သတည်း။ [7] ငှက်သည် မုဆိုးတို့၏ ကျော့ကွင်းထဲက လွတ် သကဲ့သို့၊
ငါတို့အသက်သည် လွတ်လျက်ရှိ၏။ ကျော့ကွင်း ပြတ်၍ ငါတို့သည် လွတ်ကြပြီ။ [8] ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော် မူသော
ထာဝရဘုရား၏ နာမတော်အားဖြင့်၊ ငါတို့သည် မစခြင်းကျေးဇူးကို ခံရကြသတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 125

1 ထာဝရဘုရားကို ခိုလှုံသော သူတို့သည် မတုန် မလှုပ်၊ အစဉ်အမြဲတည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ ၏။ 2 တောင်ရိုးတို့သည်
ယေရုရှလင်မြို့ကို ဝန်းရံ သကဲ့သို့၊ ထာဝရဘုရားသည် မိမိလူတို့ကို ယခုမှစ၍၊ ကာလအစဉ်မပြတ်ဝန်းရံတော်မူ၏။ 3 ဖြောင့်မတ်သော
သူတို့သည် ဒုစရိုက်ကို ပြုသော အခွင့်မရှိစေခြင်းငှါ၊ မတရားသောသူတို့၏ လှံတံသည် ဖြောင့်မတ်သော သူတို့၏
အမွေခံရာအဘို့အပေါ်မှာ မတည်မနေရ။ 4 အိုထာဝရဘုရား၊ ကောင်းသောသူ၊ သဘော ဖြောင့်သော သူတို့အား ကျေးဇူးပြုတော်မူပါ။ 5
ကောက်သောလမ်းများသို့ လွှဲသွားသော သူတို့ ကိုကား၊ ထာဝရဘုရားသည် မတရားသဖြင့်ပြုသော သူတို့နှင့်အတူ
ထုတ်သွားတော်မူမည်။ ဣသရေလအမျိုး ၌ ငြိမ်ဝပ်ခြင်း ရှိပါစေသော။

 generated on Sun Jun 30 02:37:40 2024

## Chapter 126

1 ဘမ်းသွားချုပ်ထားသော ဇိအုန်သားတို့ကို ထာဝရဘုရား ပြန်လာစေတော်မူသောအခါ၊ ငါတို့သည် အိပ်မက်သောသူကဲ့သို့ ဖြစ်ကြ၏။
2 ထိုအခါ ငါတို့နှုတ်သည် ရယ်ခြင်းနှင့်ငင်း၊ ငါတို့ လျှာသည် သီချင်းဆိုခြင်းနှင့်ငင်း ပြည့်ဝ၏။ တပါးအမျိုး သားတို့ကလည်း၊
ထာဝရဘုရားသည် သူတို့အဘို့ ကြီးသောအမှုကို ပြုတော်မူပြီဟု ဆိုကြ၏။ 3 ထာဝရဘုရားသည် ငါတို့အဘို့ ကြီးသောအမှုကို
ပြုတော်မူပြီ။ ငါတို့သည်လည်း ဝမ်းမြောက်လျက် နေကြ ၏။ 4 အိုထာဝရဘုရား၊ ဘမ်းသွားချုပ်ထားခြင်းကို ခံရသော အကျွန်ုပ်တို့ကို
တောင်မျက်နှာ ချောင်းရေကဲ့သို့ တဖန်ပြန်လာစေတော်မူပါ။ 5 မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် ရွှင်လန်းလျက်
စပါးရိတ်ကြလိမ့်မည်။ 6 မျက်ရည်ကျလျက် ကြဲရန် မျိုးစေ့ကို ဆောင်၍ ထွက်သွားသော သူသည်၊ ကောက်လှိုင်းများကို ဆောင် လျက်
ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်။

---

## Chapter 127

[1] ထာဝရဘုရားသည် အိမ်ကို ဆောက်တော်မမူ လျှင်၊ ဆောက်သော သူတို့သည် အချည်းနှီးလုပ်ဆောင် ကြ၏။ ထာဝရဘုရားသည်
မြို့ကို စောင့်တော်မမူလျှင်၊ ကင်းစောင့်တို့သည် အချည်းနှီးစောင့်ကြ၏။ [2] စောစောထလျက်၊ ညဉ့်နက်သည်တိုင်အောင်
မအိပ်ဘဲနေလျက်၊ ပင်ပန်းစွာ အစာစားလျက်နေသော် လည်း အကျိုးမရှိ။ အိပ်ပျော်ရသော အခွင့်ကို ချစ်တော်မူ သော
သူအားအမှန်ပေးတော်မူ၏။ [3] ဘွားမြင်သော သားသမီးတို့သည်ထာဝရဘုရား ဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ [4]
အသက်ပျိုစဉ်၊ ဘွားမြင်သော သားသမီးတို့ သည် သူရဲလက်၌ ရှိသောမြှားကဲ့သို့ ဖြစ်ကြ၏။ [5] မိမိမြှားတောင့်ကို
သူတို့နှင့်ပြည့်စေသောသူ သည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ။ ရန်သူတို့ကို တံခါးဝ၌ ဆီးတားကြလိမ့်မည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 128

[1] ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော် သို့ လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏။ [2] ထိုသို့ပြုလျှင် သင်သည်
မိမိလက်နှင့် လုပ် ဆောင်၍ရသော အစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။ [3] သင်၏မယားသည် သင့်အိမ်နားမှာ
များစွာ အသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့၎င်း၊ သားသမီး တို့သည် သင့်စားပွဲပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင် များကဲ့သို့၎င်း
ဖြစ်ကြလိမ့်မည်။ [4] ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့ သော မင်္ဂလာရှိရလိမ့်မည်။ [5] ထာဝရဘုရားသည်
ဇိအုန်တောင်ပေါ်က ကောင်းကြီးပေးတော်မူ၍၊ ယေရုရှလင်မြို့ခံရသော ကောင်းကျိုးကို တသက်လုံးမြင်ရလိမ့်မည်။ [6]
မိမိသားသမီးတို့၌ ဘွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။ ဣသရေလအမျိုး၌ ငြိမ်ဝပ် ခြင်း ရှိပါစေသော။

 generated on Sun Jun 30 02:37:40 2024

## Chapter 129

[1] ငယ်သောအရွယ်မှစ၍၊ ကြိမ်ဖန်များစွာ ငါ့ကို သူတပါးတို့သည် ညှဉ်းဆဲကြပြီဟူသော စကားနှင့်ချီ၍၊ ဣသရေလအမျိုးဆိုရသော
စကားဟူမူကား၊ [2] ငယ်သောအရွယ်မှစ၍၊ ကြိမ်ဖန်များစွာ ငါ့ကို သူတပါးတို့သည် ညှဉ်းဆဲကြပြီ။ သို့သော်လည်း ငါ့ကို မနိုင်ကြ။ [3]
ထွန်သော သူတို့သည် ငါ့ကျောပေါ်မှာ ထွန်၍၊ ရှည်သော ထွန်ကြောင်းတို့ကို ဖြစ်စေကြ၏။ [4] ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။
မတရားသော သူတို့၏ ကြိုးတို့ကို ဖြတ်တော်မူပြီ။ [5] ဇိအုန်မြို့ကို မုန်းသောသူအပေါင်းတို့သည် ရှက်ကြောက်၍ လှန်ခြင်းကို
ခံရကြပါစေ။ [6] အိမ်မိုးပေါ်မှာ ပေါက်၍၊ အဘယ်သူမျှ မနှုတ်ဘဲ ညှိုးနွမ်းတတ် သော မြက်ပင်ကဲ့သို့ဖြစ်ကြပါစေ။ [7] ထိုမြက်ပင်ကို
ရိတ်သောသူသည် လက်တဆုပ်မျှ မရ။ စည်းသောသူလည်း လက်တပွေ့မျှမရ။ [8] လမ်း၌ ရှောက်သွားသော သူတို့ကလည်း၊
ထာဝရဘုရားပေးတော်မူသော မင်္ဂလာသက်ရောက်ပါ စေသော။ ထာဝရဘုရား၏ နာမတော်ကို အမှီပြု၍၊ သင်တို့ကို
ကောင်းကြီးပေးကြ၏ဟု မပြောမဆိုရကြ။



generated on Sun Jun 30 02:37:40 2024

## Chapter 130

[1] အိုထာဝရဘုရား၊ နက်နဲရာထဲက ကိုယ်တော်ကို အကျွန်ုပ်အော်ဟစ်ပါ၏။ [2] အို ထာဝရဘုရား၊ အကျွန်ုပ်၏ စကားသံကို ကြား၍၊
အကျွန်ုပ်ဆုတောင်းပဌနာပြုသံကို နားညောင်း တော်မူပါ။ [3] အို ဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ဒုစရိုက်အပြစ်များကို
မှတ်တော်မူလျှင် အဘယ်သူသည် ခံရပ်နိုင်ပါမည်နည်း။ [4] ကိုယ်တော်ကို ကြောက်ရွံ့စရာအကြောင်း ရှိစေ ခြင်းငှါ၊
အပြစ်လွှတ်ခြင်းအခွင့်ကို ပိုင်တော်မူ၏။ [5] ထာဝရဘုရားကို ငါစောင့်လျက်နေ၏။ ငါ့ဝိညာဉ် သည် စောင့်လျက်နေ၏။
နှုတ်ကပတ်တော်ကို ငါမြော် လင့်၏။ [6] နံနက်ကိုမြော်လင့်သော သူတို့ထက်မက၊ ငါ့ဝိညာဉ်သည် ဘုရားရှင်ကို မြော်လင့်လျက်နေ၏။
[7-8] ဣသရေလအမျိုးသည် ထာဝရဘုရားကို မြော် လင့်ပါစေ။ အကြောင်းမူကား၊ ထာဝရဘုရား၌ ကရုဏာ ရှိ၏။ များစွာသော
ရွေးနှုတ်ခြင်းကျေးဇူးရှိ၏။ ဣသရေလ အမျိုးကို ခပ်သိမ်းသော ဒုစရိုက်အပြစ်တို့ အထဲက ရွေးနှုတ်တော်မူလိမ့်မည်။

---

### Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများဆုံး တွေ့ရသည့်အရာဖြစ်သည်။

နက်နဲရာထဲက
ဝမ်းနည်းခြင်းသည် ပုံး၏အောက်ခြေမှ လာသည်။ ဝမ်းနည်းခြင်းသည် ပုံးပြည့်၍ ပုံးအပေါ်ထိတက်လာသကဲ့သို့ ပြောထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ- ငါသည်အလွန်ဝမ်းနည်းသောကြောင့်။

အကျွန်ုပ်၏ စကားသံကို ကြား၍၊
စာရေးသူက ထာဝရဘုရားသည် အမှန်တကယ်ကြားနိုင်သည်ကို သိသဖြင့် ထာဝရဘုရားကြားဖို့ရန်ဆိုလိုခြင်းဖြစ်သည်။ တကယ်ကြားနာ၍ တုန့်ပြန်စေလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာကျေးဇူးပြု၍ နားစွင့်တော်မူပါ၊ သို့မဟုတ် ကျေးဇူးပြု၍ တုန့်ပြန်တော်မူပါ။

အကျွန်ုပ်ဆုတောင်းပဌနာပြုသံကို
စာရေးသူက ထာဝရဘုရားသည် သူ့ကိုသနားဖို့ရန်မေးမြန်းတောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ- ကျွန်ုပ်တောင်းလျှောက်သံများကို နားညောင်း၍ သနားတော်မူပါ။

### Psalms 003

အဘယ်သူသည် ခံရပ်နိုင်ပါမည်နည်း
မည်သူမျှ ဤနေရာတွင် ခံရပ်နိုင်မည်မဟုတ်ကြောင်း ဖော်ပြဖို့ရန် ဤသို့မေးမြန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ- မည်သူမျှ မခံမရပ်နိုင်။

အဘယ်သူသည် ခံရပ်နိုင်ပါမည်နည်း
'ခံရပ်နိုင်ခြင်း' သည် တစ်စုံတစ်ယောက်၏ တိုက်ခိုက်ခြင်းမှ လွတ်မြောက်နိုင်ခြင်းကိုဆိုလိုသည်။ ဤနေရာတွင် အပြစ်ဒဏ်မှလွတ် မြောက်ခြင်းကိုဆိုလိုသည်။

အခြားသောဘာသာပြန်ဆိုချက်မှာ မည်သူမျှ ကိုယ်တော်၏အပြစ်ဒဏ်မှ မလွတ်နိုင် သို့မဟုတ် မည်သူမျှ ကိုယ်တော်၏ ဒဏ်ပေးခြင်းကို မခံနိုင်။

### Psalms 005

ငါ့ဝိညာဉ်
'ငါ့ဝိညာဉ်' ဟူ သည် ဆာလံဆရာကိုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ 'ငါ'။

ငါ့ဝိညာဉ် သည် စောင့်လျက်နေ၏
ဆာလံဆရာသည် တစ်စုံတစ်ခုကို မျှော်လင့်ချက်နှင့်စောင့်ဆိုင်းနေသကဲ့သို့ ဟုပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ ငါမျှော်လင့်သည် သို့မဟုတ် ငါတစ်စုံတစ်ခု အလိုရှိသည်။

နံနက်ကိုမြော်လင့်သော သူတို့ထက်မက၊ ငါ့ဝိညာဉ်သည် ဘုရားရှင်ကို မြော်လင့်လျက်နေ၏။
ဆာလံဆရာအတွက် ထာဝရဘုရားက သူ့ကိုကူညီမစ စေလိုသည့် ဆန္ဒသည် တစ်ညလုံးအလုပ်လုပ်၍ နောက်မနက်အလာ ကိုစောင့်မျှော်နေသူများထက်ပင် ပိုကြောင်းဆိုထားခြင်းဖြစ်သည်။ (ရှု: [[rc://*/ta//man/translate/figs-simile]])

မြော်လင့်သောသူ (အစောင့်)
မြို့များ၊ လယ်များကို ရန်သူ့ဘေးမှ စောင့်ရှောက်သောသူများဖြစ်ကြသည်။ ထိုသို့ အလုပ်မျိုးကို လုပ်သောသူများကို ဆိုလိုသည်။

### Psalms 007

ဣသရေလ ... ခပ်သိမ်းသော ဒုစရိုက်အပြစ်
ဣသရေလလူများကို ယောကျာ်းတစ်ယောက်ကဲ့သို့ပြောဆိုထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ 'ဣသရေလလူမျိုးများ...သူတို့၏' သို့မဟုတ် 'ကျွန်ုပ်တို့ ဣသရေလလူမျိုးများ...ကျွန်ုပ်တို့၏။'

 generated on Sun Jun 30 02:37:40 2024

# Translation Questions

## Psalms 130:1

စာရေးသူသည် ထာဝရဘုရားကို မည်သည့်အရာကြောင့် အော်ဟစ်ရသနည်း။

စာရေးသူသည် အိုထာဝရဘုရား အကျွန်ုပ်ဆုတောင်းပဌာနပြုသံကို နားညောင်းတော်မူ၍ အကျွန်ုပ်၏ စကားသံကို ကြားတော်မူပါဟု အော်ဟစ်ပါသည်။

## Psalms 130:3

ထာဝရဘုရားကို ရိုသေလေးမြတ်သင့်ကြောင်း စာရေးသူသည် အဘယ်ကြောင့် ပြောသနည်း။

အဘယ်ကြောင့်ဆိုသော် အပြစ်လွှတ်ခြင်းအခွင့်ကို ပိုင်တော်မူသောကြောင့် ထာဝရဘုရားကို ရိုသေလေးမြတ်သင့်ပါသည်။

## Psalms 130:5

စာရေးသူ၏ ဝိညာဉ်သည် မည်သူ့ကို စောင့်၍ မြော်လင့်နေသနည်း။

စာရေးသူ၏ ဝိညာဉ်သည် ထာဝရဘုရားကို စောင့်လျက်နေ၍ သူ့နှုတ်ကပတ်တော်ကို မြော်လင့်နေပါသည်။

## Psalms 130:7

ဣသရေလအမျိုးသည် ထာဝရဘုရားကို မြော်လင့်ဖို့ အဘယ်ကြောင့် စာရေးသူပြောဆိုရသနည်း။

ထာဝရဘုရားသည် ကရုဏာရှိ၍ များစွာသော ရွေးနှုတ်ခြင်းကျေးဇူးရှိတော်မူ၏။ ဣသရေလအမျိုး ခပ်သိမ်းသော ဒုစရိုက်အပြစ်တို့ အထဲမှ သူသည် ရွေးနှုတ်တော်မူလိမ့်မည်။

---

## Chapter 131

1 အိုထာဝရဘုရား၊ အကျွန်ုပ်သည် စိတ်မမြင့်ပါ။ မျက်နှာလည်း မမော်ပါ။ ကိုယ်နှင့်မတန်၊ ကြီးမြင့်သော အမှုတို့၌ မကျင်လည်ပါ။ 2
အကယ်စင်စစ် အကျွန်ုပ်သည် အမိနို့နှင့် ကွာ သော သူငယ်ကဲ့သို့၊ ကိုယ်စိတ်ကို ဖြေ၍ ငြိမ်းစေပါပြီ။ အကျွန်ုပ်စိတ်နှလုံးသည်
နို့ကွာသော သူငယ်ကဲ့သို့ ဖြစ်ပါ ၏။ 3 ဣသရေလအမျိုးသည် ယခုမှစ၍၊ ကာလ အစဉ်မပြတ် ထာဝရဘုရားကို မြော်လင့်ပါစေ။

 generated on Sun Jun 30 02:37:40 2024

## Chapter 132

1 အိုထာဝရဘုရား၊ ဒါဝိဒ်မင်းကိုင်၊ သူခံရသမျှ သော ဆင်းရဲခြင်းကိုင်း အောက်မေ့တော်မူပါ။ 2-5 ထိုမင်းက၊ ယာကုပ်အမျိုး
ကိုးကွယ်သော တန်ခိုး ရှင် ထာဝရဘုရား ကျိန်းဝပ်တော်မူရာအရပ်ကို အကျွန်ုပ် သည် မတွေ့မှီတိုင်အောင်၊ ကိုယ်နေရာအိမ်သို့မဝင်၊
ကိုယ်အိပ်ရာပေါ်သို့မတက်၊ ကိုယ်မျက်စိအိပ်ရမည့်အခွင့်၊ မျက်ခမ်းမှိတ်ရမည့်အခွင့်ကို မပေးပါဟု၊ ယာကုပ်အမျိုး ကိုးကွယ်သော
တန်ခိုးရှင်ထာဝရဘုရားထံ ကျိန်ဆို၍ အဓိဋ္ဌာန်ပြု၏။ 6 တဲတော်သည် ဧဖရိမ်ပြည်မှာရှိကြောင်းကို ငါတို့သည်ကြားရပြီ။ ယာရိမ်တော၌
တွေ့ကြပြီ။ 7 ဘုံဗိမာန်တော်သို့ ဝင်၍၊ ခြေတော်တင်ရာ ခုံအောက်၌ ပြပ်ဝပ်ကိုးကွယ်ကြကုန်အံ့။ 8 အို ထာဝရဘုရား၊
ကျိန်းဝပ်တော်မူရာသို့ ဘုန်း တော်နှင့်ယှဉ်သော ဓမ္မသေတ္တာနှင့်တကွ တက်တော်မူပါ။ 9 ကိုယ်တော်၏ ယဇ်ပုရောဟိတ်တို့သည် ဖြောင့်
မတ်ခြင်း တန်ဆာကိုဆင်၍၊ ကိုယ်တော်၏ သန့်ရှင်း သူတို့သည် ရွှင်လန်းစွာ သီချင်းဆိုကြပါစေသော။ 10 ကိုယ်တော်၏
ကျွန်ဒါဝိဒ်မင်း၏ မျက်နှာကို ထောက်သဖြင့်၊ ကိုယ်တော်ထံ၌ ဘိသိက်ခံသောသူကို ငြင်းပယ်တော်မမူပါနှင့်။ 11 ထာဝရဘုရားသည်
ဒါဝိဒ်အား မိဋ္ဌာန်ကျိန်ဆို ခြင်းကိုပြု၍၊ သစ္စာဖျက်တော်မမူသော စကားဟူမူကား၊ သင်၏အမျိုးအနွယ်ကို သင်၏ပလ္လင်ပေါ်မှာ
ငါတင်မည်။ 12 သင်၏သားတို့သည် ငါ့ပဋိညာဉ်တရားကိုင်း၊ ငါသွန်သင်သော သက်သေခံချက်ကိုင်း စောင့် ရှောက်လျှင်၊
သူတို့၏သားများသည်လည်း သင်၏ပလ္လင် ပေါ်မှာ အစဉ်အမြဲ ထိုင်ရကြလိမ့်မည်ဟု ဗျာဒိတ်ထား တော်မူပြီ။ 13 ထာဝရဘုရားသည်
ဇိအုန်မြို့ကို ရွေးကောက်၍၊ အမြဲနေတော်မူရာဘို့ အလိုတော်ရှိသည်အရာမှာ၊ 14 ဤမြို့ကား ငါအစဉ်အမြဲ ကျိန်းဝပ်ရာမြို့တည်း။
ငါအလိုရှိသည် ဖြစ်၍၊ ဤမြို့၌ငါနေမည်။ 15 သူ၏ အစာအာဟာရကို အထူးသဖြင့် ကောင်း ကြီးပေးမည်။ သူ၌ဆင်းရဲသားတို့ကို
ဝစွာကျွေးမည်။ 16 သူ၏ ယဇ်ပုရောဟိတ်တို့ကို ကယ်တင်ခြင်း တန်ဆာကို ဆင်စေသဖြင့်၊ သူ၌သန့်ရှင်း သူတို့သည် ရွှင်လန်းသော
သီချင်းကို ရွှင်လန်းစွာ ဆိုရကြလိမ့်မည်။ 17 ထိုမြို့၌ ဒါဝိဒ်၏ ဦးချိုကို ငါပေါက်စေမည်။ ငါ့ထံ၌ ဘိသိက်ခံ သောသူတို့ မီးခွက်ကို
ငါပြင်ဆင်ပြီ။ 18 ထိုအရှင်၏ ရန်သူများကို ရှက်ကြောက်ခြင်းနှင့် ငါဖုံးလွှမ်းမည်။ သူ၏ဦးရစ်သရဖူသည် ဘုန်းပွင့်လျက် ရှိလိမ့်မည်ဟု
ဗျာဒိတ်တော်ရှိ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 133

1 ညီအစ်ကိုတို့သည် သဘောတူလျက်ပေါင်းဘော် ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့် တယ်လျောက်ပတ်ပေ၏။ 2
အာရုံ၏ ခေါင်းပေါ်မှာ လောင်းလျက်၊ သူ၏ မုတ်ဆိတ်သို့စီး၍၊ လည်စွပ်တိုင်အောင် ကျသောနံ့သာဆီ ကဲ့သို့ ဖြစ်၏။ 3
ဟေရမုန်တောင်နှင့် ဇိအုန်တောင်ရိုးပေါ်သို့ ကျသော နှင်းကဲ့သို့ ဖြစ်၏။ ထိုသို့နေကြသော အရပ်၌၊ ထာဝရဘုရားသည် အစဉ်အမြဲ
အသက်ရှင်ခြင်းအခွင့် တည်းဟူသော ကောင်းကြီးမင်္ဂလာကို စီရင်တော်မူ၏။

---



generated on Sun Jun 30 02:37:40 2024

## Chapter 134

[1] ထာဝရဘုရား၏ အိမ်တော်၌ ညဉ့်ယံစောင့် သော ထာဝရဘုရား၏ ကျွန်တော်အပေါင်းတို့၊ ထာဝရ ဘုရားကို
ကောင်းကြီးပေးကြလော့။ [2] သန့်ရှင်းရာဌာနတော်သို့ လက်ကိုချီ၍၊ ထာဝရ ဘုရားကို ကောင်းကြီးပေးကြလော့။ [3] ကောင်းကင်နှင့်
မြေကြီးကိုဖန်ဆင်းတော်မူ သော ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က၊ သင့်ကို ကောင်းကြီးပေးတော်မူပါ စေသော။

## Chapter 135

1 ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြ လော့။ 2 ထာဝရဘုရား၏ အိမ်တော်၊ ငါတို့ ဘုရား သခင်၏ အိမ်တော်တန်တိုင်းတွင်
အမှုစောင့်သော ထာဝရဘုရား၏ ကျွန်တော်တို့၊ ချီးမွမ်း ခြင်းကိုပြုကြ လော့။ 3 ထာဝရဘုရားသည် ကောင်းမြတ်တော်မူသော ကြောင့်၊
ထာဝရဘုရားကို ချီးမွမ်းကြလော့။ နာမတော်ကို ထောမနာသီချင်းဆိုကြလော့။ ထိုသို့သော အမှုသည် တင့်တယ်လျောက်ပတ်ပေ၏။ 4
အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ် အမျိုးကို ကိုယ်တော်အဘို့ငှင်း၊ ဣသရေလအမျိုးကို ဘဏ္ဍာတော်ဖြစ်စေခြင်းငှါငှင်း
ရွေးကောက်တော်မူပြီ။ 5 ထာဝရဘုရားသည် ကြီးတော်မူကြောင်း၊ ငါတို့ ၏ဘုရားရှင်သည် ဘုရားတကာတို့ထက် မြတ်တော်
မူကြောင်းကို ငါသိ၏။ 6 ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာအရပ်ရပ်တို့၌ အလိုတော်ရှိသမျှတို့ကို
ပြုတော်မူ၏။ 7 မြေကြီးစွန်းမှ မိုယ်းတိမ်တို့ကို တက်စေတော် မူ၏။ မိုဃ်းနှင့်တကွ လျှပ်စစ်ကို ဖန်ဆင်းတော်မူ၏။
ဘဏ္ဍာတော်တိုက်ထဲက လေကို ထုတ်တော်မူ၏။ 8 အဲဂုတ္တုပြည်၌ လူမှစ၍ တိရ စ္ဆာန်တိုင်အောင် သားဦးရှိသမျှတို့ကို
ဒဏ်ခတ်တော်မူ၏။ 9 အို အဲဂုတ္တုပြည်၊ သင်၏အထဲမှာ ဖာရောမင်းမှ စ၍၊ သူ၏ကျွန်အပေါင်းတို့၏အပေါ်သို့ လက္ခဏာ သက်သေ၊
အံ့ဘွယ်သောအမှုတို့ကို စေလွှတ်တော်မူ၏။ 10 အာမောရိပြည်ကို အစိုးရသော ရှိဟုန်မင်း၊ 11 ဗာရှန်ပြည်ကို အစိုးရ
သောဩဃမင်းနှင့်တကွ၊ ဘုန်းကြီးသော ရှင်ဘုရင်များကို ကွပ်မျက်၍၊ များပြား သော လူမျိုးနှင့်တကွ၊ ခါနာန်တိုင်းနိုင်ငံအပေါင်းတို့ကို
လုပ်ကြံသဖြင့်၊ 12 သူတို့နေရာ မြေကိုလွှဲ၍၊ မိမိလူ ဣသရေလ အမျိုးအား အမွေကို ပေးချေတော်မူ၏။ 13 အိုထာဝရဘုရား၊
ကိုယ်တော်၏ အမည်သည် နိစ္စထာဝရဖြစ်ပါ၏။ အိုထာဝရဘုရား၊ ဘွဲ့နာမတော် သည် ကာလအစဉ်အဆက် တည်ပါ၏။ 14
ထာဝရဘုရားသည် မိမိကျွန်တို့၏ အတွက် နောင်တရ၍၊ မိမိလူစုဘက်မှ တရားစီရင်တော်မူ၏။ 15 သာသနာပလူတို့ ကိုးကွယ်သော
ရုပ်တုတို့ကား ငွေလည်းဖြစ်၏။ ရွှေလည်းဖြစ်၏။ လူလက်ဖြင့် လုပ် သော အရာပေတည်း။ 16 ထိုရုပ်တုတို့သည် နှုတ်ရှိ၍
စကားမပြောတတ်။ မျက်စိရှိ၍ မမြင်တတ်။ 17 နားရှိ၍ မကြားတတ်။ သူတို့ပစပ်၌လည်း ထွက်သက်ဝင်သက် မရှိပါတကား။ 18
လုပ်သော သူတို့လည်း အတူတူ၊ ကိုးစားသော သူအပေါင်းတို့လည်း အတူတူပါတကား။ 19 အိုဣသရေလ အမျိုး၊ ထာဝရဘုရားကို
ကောင်းကြီးပေးလော့။ အိုအာရုန် အမျိုးအနွယ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ 20 အိုလေဝိအမျိုးအနွယ်၊ ထာဝရဘုရားကို
ကောင်း ကြီးပေးလော့။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၊ ထာဝရဘုရားကို ကောင်းကြီး ပေးကြလော့။ 21 ယေရုရှလင်မြို့မှာ
ကျိန်းဝပ်တော်မူသော ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်မှာ မင်္ဂလာရှိတော် မူစေသတည်း။ ဟာလေလုယ။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 136

1 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 2
ဘုရားတို့၏အရှင်၊ ဘုရားသခင်၏ ကရုဏာ တော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ 3
အရှင်တို့၏သခင်၊ ဘုရားရှင်၏ ကရုဏာတော် အစဉ်အမြဲ တည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 4
ကရုဏာတော် အစဉ်အမြဲတည်သည်ဖြစ်၍၊ အံ့ဘွယ်သောအမှုတို့ကို တပါးတည်းသာပြုတော် မူထသော၊ 5 ကရုဏာတော်အစဉ်အမြဲ
တည်သည်ဖြစ်၍၊ ပညာတရားအတိုင်း ကောင်းကင်ကို ဖန်ဆင်းတော်မူ ထသော၊ 6 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊
ရေပေါ်မှာ မြေကြီးကို ဖြန့်တော်မူထသော၊ 7 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အလင်းအိမ်ကြီးတို့ကို
ဖန်ဆင်းတော်မူထသော၊ 8 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ နေ့ကိုအုပ်စိုးရသော နေကိုင်၊ 9
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ညဥ့်ကို အုပ်စိုးရသော လနှင့်ကြယ်များကိုင်၊ ဖန်ဆင်း တော်မူထသော၊ 10
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အဲဂုတ္တုပြည်မှာ သားဦးများကို ဒဏ်ခတ်တော်မူထသော၊ 11
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အားကြီးသော လက်၊ ဆန့်သော လက်ရုံးတော်ကို လက်နက်ပြုတော်မူထသော၊ 12
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ဣသရေလအမျိုးကို အဲဂုတ္တုပြည်သားတို့ အထဲက ထုတ်ဆောင်တော်မူထသော၊ 13
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ဧဒုံပင်လယ်ကို အပိုင်းပိုင်းခွဲတော်မူထသော၊ 14 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊
ပင်လယ်အလယ်၌ ဣသရေလအမျိုးကို ရှောက်သွား စေတော်မူထသော၊ 15 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊
ဖာရောမင်းနှင့်ဗိုလ်ခြေများကို ဧဒုံပင်လယ် ထဲ၌ လှဲချတော်မူထသော၊ 16 ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊
မိမိလူစုကိုတောသို့ ပို့ဆောင်တော်မူထသော၊ 17 ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊ ကြီးသောဘုရင်တို့ကို
ဒဏ်ခတ်တော်မူထသော၊ 18-20 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အာမောရိပြည်ကို အစိုးရသော ရှိဟုန်မင်းကိုင်၊
ကရုဏာတော်အစဉ်အမြဲ တည်သည်ဖြစ်၍၊ ဗာရှန်ပြည် ကိုအစိုးရသော ဩဃမင်းကိုင်၊ ကရုဏာတော် အစဉ် အမြဲတည်သည်ဖြစ်၍၊
ဘုန်းကြီးသော ဘုရင်များကိုင် လုပ်ကြံတော်မူထသော၊ 21 ကရုဏာတော် အစဉ်အမြဲတည်သည်ဖြစ်၍၊ သူတို့နေရာမြေကို
လွှဲတော်မူထသော၊ 22 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ မိမိကျွန်ဣသရေလအမျိုးအား အမွေကို ပေးချတော်မူ ထသော၊ 23
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ နှိမ့်ချလျက်နေသော ငါတို့ကိုအောက်မေ့တော်မူထသော၊ 24
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ငါတို့ကိုရန်သူတို့ အထဲက ရွေးနှုတ်တော်မူထသော၊ 25
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ခပ်သိမ်းသောသတ္တဝါတို့ကို ကျွေးမွေးတော်မူသော၊ 26 ကောင်းကင်ဘုံ၏
အရှင်ဘုရားသခင်၏ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။

---



generated on Sun Jun 30 02:37:40 2024

## Chapter 137

1 ဗာဗုလုန်မြစ်တို့အနားမှာ ငါတို့သည်ထိုင်၍၊ ဇိအုန်မြို့ကို အောက်မေ့လျက် ငိုကြွေးကြ၏။ 2 ငါတို့စောင်းများကိုလည်း ထိုအရပ်တွင်
မိုဃ်း မခပင်တို့၌ ဆွဲထားကြ၏။ 3 အကြောင်းမူကား၊ ထိုအရပ်၌ ငါတို့ကို ဘမ်း သွားချုပ်ထားသော သူနှင့်၊
ငါတို့ကိုညှဥ်းဆဲသောသူတို့က၊ ဇိအုန်သီချင်းကို ငါတို့အား ဆိုကြလော့ဟု၊ သီချင်းဆိုသံကို ၎င်း၊ ရွှင်လန်းသော အသံကို၎င်း ငါတို့၌
တောင်းကြပါ သည်တကား။ 4 တကျွန်းတနိုင်ငံ၌ ထာဝရဘုရား၏ သီချင်းကို အဘယ်သို့ ဆိုရပါမည်နည်း။ 5 အိုယေရုရှလင်မြို့၊
သင့်ကို ငါမေ့လျှင် ငါ့လက်ျာ လက်သည် မိမိအတတ်ကိုမေ့ပါစေ။ 6 သင့်ကိုငါမအောက်မေ့၊အမြတ်ဆုံးသော ဝမ်း
မြောက်ခြင်းအကြောင်းထက်၊ ယေရုရှလင်မြို့ကို အမြတ် မထားလျှင်၊ ငါ့လျှာသည် အာခေါင်၌ထပ်ပါစေ။ 7 အိုထာဝရဘုရား၊
ယေရုရှလင်မြို့၏နေ့ရက် အချိန်ရောက်သောအခါ၊ မြို့ရိုးကို အမြစ်တိုင်အောင် ရှင်းလိုက်ကြ၊ ရှင်းလိုက်ကြဟု ဆိုကြသော
ဧဒုံအမျိုးသား တို့ကို အောက်မေ့တော်မူပါ။ 8 ဖျက်ဆီးတတ်သော ဗာဗုလုန်မင်းသမီး၊ သင် သည် ငါတို့၌ ပြုသည်အတိုင်း၊
သင်၌အပြစ်ကိုဆပ်ပေး သောသူသည် မင်္ဂလာရှိ၏။ 9 သင်၏သူငယ်တို့ကိုကိုင်ယူ၍၊ ကျောက်ပေါ်မှာ ဆောင့်သော သူသည်
မင်္ဂလာရှိ၏။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 138

1 အိုထာဝရဘုရား၊ ကိုယ်တော်ကိုစိတ်နှလုံး အကြွင်းမဲ့ အကျွန်ုပ်ချီးမွမ်းပါမည်။ အခြားတပါးသော ဘုရားတို့ရှေ့မှာ ကိုယ်တော်ကို
ထောမနာသီချင်း ဆိုပါ မည်။ 2 သန့်ရှင်းသော ဗိမာန်တော်သို့ မျက်နှာပြုလျက် ပြပ်ဝပ်ကိုးကွယ်၍၊ ကရုဏာတော်နှင့်
သစ္စာတော်ကြောင့် နာမတော်ကိုချီးမွမ်းပါမည်။ အကြောင်းမူကား၊ ဂတိတော် ကိုသိတင်းတော်ရှိသမျှထက် ချီးမြှောက်တော်မူပြီ။ 3
အကျွန်ုပ်အော်ဟစ်သောနေ့တွင် နားထောင် တော်မူ၍၊ စိတ်ဝိညာဉ်ထဲသို့ ခွန်အားကို သွင်းသဖြင့်၊ အကျွန်ုပ်ကို ခိုင်မာစေတော်မူ၏။ 4
အိုထာဝရဘုရား၊ လောကီရှင်ဘုရင်အပေါင်း တို့သည် နှုတ်တော်ထွက်စကားတို့ကို ကြားရသည်ဖြစ်၍၊ ဂုဏ်တော်ကို
ချီးမွမ်းကြပါလိမ့်မည်။ 5 ထာဝရဘုရား၏ လမ်းခရီးတော်တို့၌ လိုက်၍ သီချင်းဆိုကြပါလိမ့်မည်။ အကြောင်းမူကား၊ ထာဝရ
ဘုရားသည် ဘုန်းကြီးတော်မူ၏။ 6 ထာဝရဘုရားသည် မြင့်မြတ်တော်မူသော် လည်း၊ စိတ်နှိမ့်ချသော သူတို့ကို ကြည့်ရှုတော်မူ၏။
စိတ်မြင့်သော သူတို့ကိုကား၊ အဝေးကသိတော်မူ၏။ 7 အကျွန်ုပ်သည် ဆင်းရဲဒုက္ခများ၌ ကျင်လည် သော်လည်း၊ ကိုယ်တော်သည်
အကျွန်ုပ်ကို အသက်ရှင် စေတော်မူလိမ့်မည်။ လက်တော်ကို ဆန့်လျက်၊ ရန်သူတို့ ၏အမျက်ဒေါသကို ဆီးတား၍၊ လက်ျာလက်တော်
အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူလိမ့်မည်။ 8 ထာဝရဘုရားသည် ငါ၏အမှုကို ပြီးစီးစေတော် မူမည်။ အိုထာဝရဘုရား၊
ကရုဏာတော်သည် အစဉ်အမြဲ တည်ပါသည်ဖြစ်၍၊ ကိုယ်တော်၏ လက်နှင်ပြုစုသော အမှုတို့ကို စွန့်ပစ်တော်မမူပါနှင့်။


generated on Sun Jun 30 02:37:40 2024

## Chapter 139

1 အိုထာဝရဘုရား၊ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍ သိတော်မူ၏။ 2 အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကို သိတော် မူ၏။
အကျွန်ုပ် အကြံအစည်တို့ကို အဝေးကပင် နား လည်တော်မူ၏။ 3 အကျွန်ုပ်သွားသောလမ်းကိုငင်း၊ အိပ်ရာကိုငင်း စစ်ဆေး၍၊
အကျွန်ုပ်ကျင့်သော အကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။ 4 အကျွန်ုပ်သည် စကားတခွန်းကိုမျှ မမြွက်သော် လည်း၊ အိုထာဝရဘုရား၊
ကိုယ်တော်သည် အကြွင်းမဲ့ သိတော်မူ၏။ 5 ကိုယ်တော်သည်အကျွန်ုပ်ကို ပတ်လည်ဝိုင်းထား ၍၊ အကျွန်ုပ်အပေါ်မှာ
လက်တော်ကိုတင်တော်မူပြီ။ 6 ထိုသို့သော ဉာဏ်သည် အံ့သြဘွယ်ဖြစ်၍၊ အကျွန်ုပ်မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ်
မမှီနိုင်ပါ။ 7 ဝိညာဉ်တော်နှင့်လွတ်ခြင်းအလိုငှါ အဘယ် အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလိုငှါ
အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။ 8 ကောင်းကင်သို့တက်လျှင် ကိုယ်တော်ရှိတော်မူ ၏။ မရဏာနိုင်ငံ၌ အိပ်ရာကိုခင်းလျှင်
ကိုယ်တော်ရှိတော် မူ၏။ 9 နံနက်အတောင်တို့ကိုယူ၍ သမုဒ္ဒရာစွန်း၌ နေလျှင်၊ 10 ထိုအရပ်၌ပင် ကိုယ်တော်၏လက်သည် အကျွန်ုပ်ကို
ပို့ဆောင်လျက်၊ လက်ျာလက်တော်သည် ကိုင်လျက်ရှိပါလိမ့်မည်။ 11 အကယ်၍ မှောင်မိုက်သည်ငါ့ကိုဖုံးလွှမ်းမည်ဟု တဖန်ဆိုလျှင်၊
ညဉ့်သည်လည်း အကျွန်ုပ်ပတ်ဝန်းကျင်၌ အလင်းဖြစ်ပါလိမ့်မည်။ 12 အကယ်စင်စစ်မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ
မဖုံးနိုင်ပါ။ ညဉ့်သည် နေကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့်အလင်းသဘောသည် တူပါ၏။ 13 ကိုယ်တော်သည် အကျွန်ုပ်၏
ကျောက်ကပ်ကို ပင် ဖန်ဆင်း၍၊ အမိဝမ်းထဲမှာ အကျွန်ုပ်ကို ဖုံးအုပ်တော် မူပြီ။ 14 အကျွန်ုပ်သည် ကြောက်မက်ဘွယ်သော လက္ခဏာ၊
ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည် ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှုတို့သည်
အံ့သြဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏ စိတ်ဝိညာဉ်သည်အမှန်သိပါ၏။ 15 မထင်ရှားသော အရပ်၌ အကျွန်ုပ်ကိုဖန်ဆင်း ၍၊
မြေကြီးအောက်အရပ်၌ စေ့စပ်စွာ ပြုပြင်တော်မူသော အခါ၊ အကျွန်ုပ်၏ကိုယ်ခန္ဓာသည် ရှေ့တော်၌ ထင်ရှား လျက်ရှိပါ၏။ 16
မစုံလင်သေးသော အကျွန်ုပ်၏အလုံးအထွေးကို လည်း ကိုယ်တော်သည်ကြည့်ရှု၍ မြင်တော်မူပြီ။ ထိုအရာ တို့ကို ပြုပြင်၍ တစုံတခုမျှ
မရှိမီကာလတွင်၊ ကိုယ်တော်၏ စာရင်း၌အကုန်အစင်မှတ်သားလျက် ရှိကြပါ၏။ 17 အိုဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏
အကြံအစည်တို့သည် အလွန်ထူးဆန်းကြပါ၏။ အလွန် များပြားကြပါ၏။ 18 ထိုအကြံအစည်တော်တို့ကို ရေတွက်လျှင်၊ သဲလုံး
နှင့်အမျှမက သာ၍များပြားကြပါ၏။အကျွန်ုပ်သည် နိုးသောအခါကိုယ်တော်ထံ၌ အစဉ်ရှိပါ၏။ 19 အိုဘုရားသခင်၊ ကိုယ်တော်သည်
မတရားသော သူတို့ကို ကွပ်မျက်တော်မူပါစေသော။ လူအသက်ကို သတ်တတ်သောသူတို့၊ ငါ့ထံမှ ဖယ်သွားကြ။ 20 ထိုသူတို့သည်
ကိုယ်တော်တဘက်၌ မနာလို သောစိတ်နှင့်ပြောဆို၍၊ ကိုယ်တော်၏ရန်သူတို့သည် မတရားသဖြင့် ဝါကြွားကြပါ၏။ 21
အိုထာဝရဘုရား၊ ကိုယ်တော်ကို မုန်းသောသူ တို့ကို အကျွန်ုပ်မုန်းပါသည်မဟုတ်လော။ အာဏာတော် ကို ဆန်သောသူတို့ကို
အကျွန်ုပ်ရွံ့ရှာပါသည် မဟုတ် လော။ 22 ထိုသူတို့ကို စိတ်နှလုံးအကြွင်းမဲ့မုန်းပါ၏။ ကိုယ် ရန်သူကဲ့သို့ မှတ် ပါ၏။ 23 အိုဘုရားသခင်၊
အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ် အထင်များကိုလည်း သိမှတ်တော်မူပါ။ 24
ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက် သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့ သွေးဆောင်တော် မူပါ။

 generated on Sun Jun 30 02:37:40 2024

## Chapter 140

1 အိုထာဝရဘုရား၊ ဆိုးသောသူ၏လက်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ ကြမ်းတမ်းသော သူ၏လက်မှ အကျွန်ုပ်ကို
ကွယ်ကာစောင့်မတော်မူပါ။ 2 ထိုသူတို့သည်နှလုံးထဲမှာမကောင်းသော အကြံ အစည်ရှိ၍၊ စစ်မှုကို အစဉ်နှိုးဆော်ကြပါ၏။ 3
သူတို့သည်မြွေကဲ့သို့ မိမိတို့လျှာကို သွေးတတ် ကြပါ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ် အတောက်ရှိပါ၏။ 4 အိုထာဝရဘုရား၊
မတရားသောသူ၏ လက်မှ အကျွန်ုပ်ကိုကွယ်ကာစောင့်မတော်မူပါ။ ကြမ်းတမ်းသော သူ၏လက်မှကွယ်ကာစောင့်မတော်မူပါ။
သူတို့သည် အကျွန်ုပ်ကိုလှဲခြင်းငှါ ကြံစည်ကြပါ၏။ 5 မာနကြီးသောသူတို့သည် အကျွန်ုပ်ဘို့ ကျော့ ကွင်းနှင့်ကြိုးသေးများကို
ဝှက်ထားကြပါ၏။ အကျွန်ုပ် သွားရာလမ်း၌ ကွန်ရွက်ကိုဖြန့်၍ ညွှတ်များကို ထားကြ ပါ၏။ 6 ကိုယ်တော်သည်အကျွန်ုပ်၏
ဘုရားသခင်ဖြစ် တော်မူ၏ဟု ထာဝရဘုရားအား လျှောက်ထားပါ၏။ အိုထာဝရဘုရား၊ အကျွန်ုပ်ဆုတောင်းသောစကားကို
နားထောင်တော်မူပါ။ 7 အိုဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ကယ်တင်ခြင်းအစွမ်းသတ္တိဖြစ်တော်မူ၏။
စစ်တိုက်ရသောနေ့၌ အကျွန်ုပ် ၏ဦးခေါင်းကို ဖုံးအုပ် တော်မူ၏။ 8 အိုထာဝရဘုရား၊ မတရားသောသူ၏ အလို ပြည့်စုံရသောအခွင့်၊
သူ၏အကြံထမြောက်ရသောအခွင့် ရှိစေတော်မမူပါနှင့်။ 9 ထိုသို့သောသူတို့သည် အကျွန်ုပ်ပတ်လည်၌၊ မိမိတို့ဦးခေါင်းကို
မချီးမြှောက်ရဘဲ၊ မိမိတို့မြွက်ဆိုသော မကောင်းကျိုးသည် မိမိတို့ကို လွှမ်းမိုးပါစေသော။ 10 မီးခဲတို့သည် ထိုသူတို့အပေါ်သို့
ကျရောက်ကြပါ စေသော။ မီးထဲသို့၎င်း၊ နက်သောတွင်းထဲသို့၎င်း ကျကြ ပါစေသော။ တဖန်မထကြပါစေနှင့်။ 11
ကဲ့ရဲ့တတ်သောသူသည် မြေပေါ်မှာ နေရာမမြဲ ပါစေနှင့်။ ကြမ်းတမ်းသောသူကိုလည်း ဖျက်ဆီးသည် တိုင်အောင်ဘေးဥပဒ်သည်
လိုက်ပါစေသော။ 12 ထာဝရဘုရားသည်ဆင်းရဲသော သူ၏အမှုကို စောင့်၍၊ ငတ်မွတ်သောသူဘက်၌ တရားစီရင်တော်မူ မည်ဟု
ငါသိ၏။ 13 အကယ်စင်စစ် တရားသောသူတို့သည် နာမ တော်ကို ချီးမွမ်းကြပါလိမ့်မည်။ သဘောဖြောင့်သော သူတို့သည်
အထံတော်၌နေရကြပါလိမ့်မည်။

---

Psalms 001

ယေဘုယျ အချက်အလက်

ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

စစ်မှုကို အစဉ်နှိုးဆော်ကြပါ၏

ဤနေရာတွင် 'စစ်မှု' သည် စကားများခြင်းအပါအဝင် ပဋိပက္ခအားလုံးကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

သူတို့သည်မြွေကဲ့သို့ မိမိတို့လျှာကို သွေးတတ် ကြပါ၏

စကားအားဖြင့် ပြဿနာဖြစ်စေသောသူများကို မြွေပွေး၏လျှာ ရှိသောသူများဟု ပြောဆိုထားသည်။ မြွေသည် လျှာဖြင့်မထိခိုက်သော်လည်း ကိုက်ခြင်းနှင့် အဆိပ်ဖြင့် နာကျင်စေသည်။ မည်သူမျှမိမိလျှာကို ထက်အောင်မလုပ်နိုင်ပါ။ ထက်သောလျှာသည် ပြဿနာကိုဖြစ်စေသော စကားပြောခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ မြွေတွင်ထက်သောလျှာရှိသည်ဟူသည့်စကားသည် သူတို့တွင် အဆိပ်ရှိသည်ဟုဆိုလိုခြင်းဖြစ်သည်။

Psalms 004

မတရားသောသူ၏ လက်

ဆိုးညစ်သောသူများ၏ အာဏာတန်ခိုးကိုဆိုလိုသည်။

ကျော့ ကွင်း ...ကွန်ရွက်...ညွှတ်များ

ဖော်ပြထားသည့် ထောင်ချောက်အမည်များထက် ဆိုလိုရင်းသည် သာ၍အရေးကြီးသည်။

'ဆိုးညစ်သော...ကြမ်းကြုတ်သောလူများ' သည် ဆာလံဆရာကို ပြဿနာရအောင်ကြံစည်နေကြသည်။

Psalms 006

အကျွန်ုပ်ဆုတောင်းသောစကားကို နားထောင်တော်မူပါ

ကူညီရန်အတွက် တောင်းလျှောက်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကူညီရန်အတွက် ကိုယ်တော့်ထံ အကျွန်ုပ်၏ဆုတောင်းသံကို နားညောင်းတော်မူပါ။

စစ်တိုက်ရသောနေ့၌ အကျွန်ုပ် ၏ဦးခေါင်းကို ဖုံးအုပ် တော်မူ၏

ဦးခေါင်းသည် စစ်တိုက်စဉ်တွင် အလွန်အန္တရာယ်ကြီးသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ် စစ်ပွဲသို့သွားသောအခါ ကိုယ်တော်သည် ကာကွယ်တော်မူသည်။

စစ်ပွဲ

ဤနေရာတွင် 'စစ်ပွဲ' သည် အလွန်ခက်ခဲသောအခြေအနေအားလုံးကို ဆိုလိုခြင်းဖြစ်နိုင်သည်။

မတရားသောသူ၏ အလို ပြည့်စုံရသောအခွင့်၊ သူ၏အကြံထမြောက်ရသောအခွင့် ရှိစေတော်မမူပါနှင့်

ကျေးဇူးပြု၍ မတရားသောသူတို့၏ အကြံအစည် (စိတ်ဆန္ဒ) အထမြောက်ခွင့်ပေးတော်မမူပါနှင့်။

မတရားသောသူများ

အခြားသောဘာသာပြန်ဆိုချက်။ ။ဆိုးညစ်သော


generated on Sun Jun 30 02:37:40 2024

Psalms 009

မိမိတို့ဦးခေါင်းကို မချီးမြှောက်ရဘဲ (သူတို့ခေါင်းများကို မြှောက်ကြသောကြောင့် ဤသို့ဆိုခြင်းဖြစ်သည်)
မောက်မာခြင်းလက္ခဏာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မောက်မာသည်။

မိမိတို့မြွက်ဆိုသော မကောင်းကျိုးသည် မိမိတို့ကို လွှမ်းမိုးပါစေသော
ဘုရားသခင်သည် မကောင်းသောသူများအား
သူတို့ပြောသည့်စကားများဖြင့်
ဖြစ်စေကြသောပြဿနာများ၏ဆိုးကျိုးကို
ပြန်လည်ခံစားစေဖို့ရန် ဆုတောင်းချက်ဖြစ်သည်။

မိမိတို့မြွက်ဆိုသော မကောင်းကျိုး
သူတို့ပြောသောစကားအားဖြင့် ဖြစ်စေကြသော ပြဿနာ။

လွှမ်းမိုး
နောက်ထပ်ပြဿနာမလုပ်တော့အောင် ရပ်တန့်ဖို့။

မီးခဲတို့သည် ထိုသူတို့အပေါ်သို့ ကျရောက်ကြပါ စေသော မီးထဲသို့ငင်း၊
မီးဟူသည့် ပုံရိပ်သည် မတရားသောသူများအား ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းဖြစ်သည်။

နက်သောတွင်း
မရဏာ (ငရဲ)၊ သေသောသူတို့၏နေရာ
ကိုဆိုလိုခြင်းဖြစ်နိုင်သည်။

ကဲ့ရဲ့တတ်သောသူ
အကြောင်းမရှိဘဲ
အခြားသူများမကောင်းကြောင်းပြောသောသူများ။

မြေပေါ်မှာ နေရာ မမြဲ ပါစေနှင့်
ဤဘဝတွင် မလုံခြုံပါစေနှင့်။

ကြမ်းတမ်းသောသူကိုလည်း ဖျက်ဆီးသည် တိုင်အောင်ဘေးဥပဒ်သည် လိုက်ပါစေသော
ဘေးဥပဒ် သည် တစ်စုံတစ်ယောက်ကို
လက်စားချေနိုင်သောလူပုဂ္ဂိုလ်အလား ပြောဆိုထားသည်။

Psalms 012

ထာဝရဘုရားသည်ဆင်းရဲသော သူ၏အမှုကို စောင့်၍
တရားမျှတမှုသည် တစ်စုံတစ်ယောက်ကိုပေး၍ရသော
အရာဝတ္ထုကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လိုအပ်သောသူများကို ကူညီဖို့
သူသည်တရားမျှတစွာ ပြုမူလိမ့်မည်။

နာမ တော်ကို
ကိုယ်တော့်ကို။

---

## Translation Questions

Psalms 140:1

အဘယ်သူထံမှ ဒါဝိဒ်ကို ကယ်နှုတ်ရန် ထာဝရဘုရားသည် လိုအပ်တော်မူသနည်း။
ဆိုးသောသူ၏ လက်မှ ကယ်နှုတ်တော်မူဖို့ရန်နှင့်
ကြမ်းတမ်းသောသူ၏ လက်မှ ကွယ်ကာစောင့်မတော်မူခြင်းကို
ခံဖို့ရန် ဒါဝိဒ်သည် ထာဝရဘုရားကို လိုအပ်ခဲ့သည်။

ဆိုးသောသူတို့သည် မည်သည့်အရာနှင့် တူသည်ဟု ဒါဝိဒ်ပြောဆိုသနည်း။
သူတို့၏ လျှာသည် မြွေကဲ့သို့ သွေးတတ်ကြသည်။
သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက်ရှိပါ၏ ဟု
သူသည် ပြောသည်။

Psalms 140:4

ကြမ်းတမ်းသောသူတို့သည် ဒါဝိဒ်ကို မည်ကဲ့သို့ လုပ်ဖို့ ကြံစည်ထားသနည်း။
သူတို့သည် ကျွန်ုပ်ကို လှဲခြင်းငှါ ကြံစည်ကြပါသည်။

ဒါဝိဒ်အဘို့ မာနကြီးသောသူတို့သည် မည်ကဲ့သို့ ထားတော်မူသနည်း။
သူတို့သည် ကွင်းရှက်ကိုဖြန့်၍ငင်း၊ ကျော့ကွင်းနှင့်
ကြိုးသေးများကို အကျွန်ုပ်ဘို့ ဝှက်ထားကြပါသည်။

Psalms 140:6

ထာဝရဘုရား နားထောင်တော်မူဖို့ရန် ဒါဝိဒ်သည် မည်ကဲ့သို့ တောင်းလျှောက်ရသနည်း။
ဒါဝိဒ်သည် သနားခြင်းကရုဏာအဘို့ အော်ဟစ်ကာ
ထာဝရဘုရားနားထောင်ဖို့ရန် တောင်းလျှောက်ပါသည်။

စစ်တိုက်ရသောနေ့၌ ဒါဝိဒ်အဘို့ ထာဝရဘုရားသည် မည်ကဲ့သို့ ပြုတော်မူသနည်း။
စစ်တိုက်ရသောနေ့၌ ဒါဝိဒ်၏ဦးခေါင်းကို ထာဝရဘုရားသည်
ဖုံးအုပ်တော်မူသည်။

Psalms 140:9

ဒါဝိဒ်ပတ်လည်၌ရှိသောသူတို့ကို သူသည် မည်ကဲ့သို့ လွှမ်းမိုးရန် ဆန္ဒရှိစေသနည်း။
သူတို့ နှုတ်မြွက်သော မကောင်းကျိုးများသည် မိမိတို့ကို
လွှမ်းမိုးဖို့ရန် ဒါဝိဒ်သည် ဆန္ဒရှိသည်။

ကဲ့ရဲ့တတ်သောသူတို့ကို ဒါဝိဒ်သည် မည်ကဲ့သို့ ဖြစ်စေဖို့ရန် ဆန္ဒရှိခဲ့သနည်း။
ကဲ့ရဲ့တတ်သောသူတို့သည် မြေပေါ်မှာ နေရာမမြဲစေရန်
ဒါဝိဒ်သည် ဆန္ဒရှိသည်။


generated on Sun Jun 30 02:37:40 2024

Psalms 140:12

ထာဝရဘုရားသည် ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူတို့အတို့ အဘယ်သို့ ပြုတော်မူလိမ့်မည်နည်း။
ထာဝရဘုရားသည် ဆင်းရဲသောသူ၏ အမှုကိုစောင့်၍ ငတ်မွတ်သောသူဘက်၌ တရားစီရင်တော်မူလိမ့်မည်ဖြစ်သည်။

အကယ်စင်စစ် တရားသောသူတို့သည် မည်ကဲ့သို့ ပြုတော်မူလိမ့်မည်နည်း။
အကယ်စင်စစ် တရားသောသူတို့သည် ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြပါလိမ့်မည်ဖြစ်သည်။

သဘောဖြောင့်သောသူတို့သည် မည်ကဲ့သို့ဖြစ်လိမ့်မည်နည်း။
သဘောဖြောင့်သောသူတို့သည် ထာဝရဘုရား၏ အထံတော်၌ နေရကြလိမ့်မည်ဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 141

[1] အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် အော်ဟစ်ပါ၏။ အလျင်အမြန် ကြွလာတော်မူပါ။ ကိုယ် တော်ကို အော်ဟစ်သောအခါ၊
အကျွန်ုပ်၏ စကားသံကို နားထောင်တော်မူပါ။ [2] အကျွန်ုပ်၏ ပဌနာသည်မီးရှို့သော နံ့သာပေါင်း ကဲ့သို့၎င်း၊ လက်ကိုချီခြင်းသည်
ညဦးယံပူဇော်သက္ကာ ကဲ့သို့၎င်း၊ ရှေ့တော်၌ပြင်ဆင်လျက် ရှိပါစေသော။ [3] အိုထာဝရဘုရား၊ အကျွန်ုပ်၏နှုတ်ရှေ့မှာ ကင်း ကို
ထားတော်မူပါ။ အကျွန်ုပ်၏နှုတ်ခမ်းတံခါးကို စောင့် တော်မူပါ။ [4] ဒုစရိုက်ကိုပြုသောသူတို့နှင့် အတူအကျွန်ုပ်ပါ၍၊ မတရားသောအမှု၊
ဒုစရိုက်အမျိုးမျိုး၌ ကျင်လည်စေခြင်း ငှါ၊ အကျွန်ုပ်၏စိတ်နှလုံးကို မကောင်းသောအမှုအရာသို့ သွေးဆောင်တော်မမူပါနှင့်။
ထိုသူတို့၏ ခဲဘွယ်စားဘွယ် တို့ကို အကျွန်ုပ်မစားပါစေနှင့်။ [5] ဖြောင့်မတ်သော သူသည်အကျွန်ုပ်ကို ဒဏ်ခတ် ပါစေသော၊
ကျေးဇူးရှိပါလိမ့်မည်။ ဆုံးမပါစေသော၊ အကျွန်ုပ်ဦးခေါင်းကိုလိမ်းသောဆီဖြစ်ပါလိမ့်မည်။ ထပ်၍ ပြုသော်လည်း အကျွန်ုပ်မငြင်းပါ။
ယခုမူကား၊ သူတပါး ပြုသော အဓမ္မအမှုတဘက်၌ ဆုတောင်းရပါ၏။ [6] သူတို့၏အကဲအမှူးတို့သည် ကျောက်တွင်းနားမှ လွတ်၍၊
အကျွန်ုပ်၏စကားကို ကြားရကြပါ၏။ ထိုစကား လည်း ချိုပါ၏။ [7] မြေပေါ်မှာထင်းကိုခုတ်၍ခွဲသကဲ့သို့၊ မရဏာ နိုင်ငံတံခါးဝမှာ
အကျွန်ုပ်တို့၏ အရိုးများတို့သည် ကွဲပြား လျက်ရှိကြပါ၏။ [8] အိုဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်မျှော်ကြည့်ပါ၏။
ကိုယ်တော်၌ခိုလှုံပါ၏။ အကျွန်ုပ်၏အသက်ကို သွန်ပစ်စေတော်မမူပါနှင့်။ [9] အကျွန်ုပ်ဘို့ ထောင်ထားကြသောကျော့ကွင်းမှ ၎င်း၊
ဒုစရိုက်ကို ပြုသောသူတို့၏ညွှတ်မှ၎င်း၊ အကျွန်ုပ်ကို လွတ်စေတော်မူပါ။ [10] ထိုသို့အကျွန်ုပ်သည်လွန်သွားသောအခါ၊ မတရားသော
သူအပေါင်းတို့သည် မိမိတို့ကျော့်ကွင်းထဲသို့ ကျကြပါစေသော။

 generated on Sun Jun 30 02:37:40 2024

## Chapter 142

[1] ငါသည် ထာဝရဘုရားထံသို့ အသံကိုလွှင့်၍ အော်ဟစ်၏။ ငါ့အသံကို ထာဝရဘုရားထံသို့လွှင့်၍ ဆုတောင်းပဌနာပြု၏။ [2]
ရှေ့တော်၌ မြည်တမ်းသော စကားကို မြွက်၍၊ ခံရသောဆင်းရဲဒုက္ခကို ကြားလျှောက်ရ၏။ [3] အကျွန်ုပ်သည်
စိတ်ပျက်လျက်ရှိသောအခါ ၊ အကျွန်ုပ်သွားသောလမ်းကို ကိုယ်တော်သိတော်မူ၏။ အကျွန်ုပ်သွားသောလမ်း၌ ကျော့ကွင်းကို
ဝှက်ထားကြ ပါပြီ။ [4] လက်ျာဘက်သို့ အကျွန်ုပ်ကြည့်ရှုသောအခါ၊ အကျွန်ုပ်သိကျွမ်းသောသူမရှိပါ။ ပြေးလွတ်ရာလမ်းလည်း
ပိတ်ပါ၏။ အကျွန်ုပ်အသက်ကို နှမြောသောသူမရှိပါ။ [5] အိုထာဝရဘုရား၊ ကိုယ်တော်ကိုအော်ဟစ်ပါ၏။ အသက်ရှင်သောသူတို့၏
နေရာ၌ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊ အကျွန်ုပ်ခံစားရာအဘို့ ဖြစ်တော်မူ၏။ [6] အလွန်နှိမ့်ချလျက်နေသော အကျွန်ုပ်၏ ကြွေး
ကြော်သံကို နားထောင်တော်မူပါ။ အကျွန်ုပ်ကို ညှဉ်းဆဲ သောသူတို့လက်မှ ကယ်နှုတ်တော်မူပါ။ သူတို့သည် အကျွန်ုပ်ထက်သာ၍
ခွန်အားကြီးကြပါ၏။ [7] နာမတော်ကို အကျွန်ုပ်ချီးမွမ်းရမည်အကြောင်း၊ အကျွန်ုပ်ကို ထောင်ထဲကနှုတ်ဆောင်တော်မူပါ။ ထိုသို့
ကျေးဇူးပြုတော်မူသောအခါ၊ ဖြောင့်မတ်သောသူတို့သည် အကျွန်ုပ်ကို ဝန်းရံလျက်နေကြပါလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 143

1 အိုထာဝရဘုရား၊ အကျွန်ုပ်၏ပဌနာကိုကြား၍၊ ဆုတောင်းသော စကားကိုနားထောင်တော်မူပါ။ သစ္စာ စောင့်ခြင်း၊
ဖြောင့်မတ်ခြင်းရှိတော်မူသည်အတိုင်း ပြန် ပြောတော်မူပါ။ 2 ကိုယ်တော်၏ကျွန်နှင့် တရားတွေ့တော်မမူပါ နှင့်။
အသက်ရှင်သောသူမည်သည်ကား၊ ရှေ့တော်၌ အပြစ်ကင်းစင်ရာသို့ မရောက်ရပါ။ 3 ရန်သူသည်အကျွန်ုပ်၏ဝိညာဉ်ကို ညှဉ်းဆဲ၍၊
အသက်ကိုလည်း မြေတိုင်အောင်နှိပ်နင်း၍၊ ကြာမြင့်စွာ သေနေသောသူကဲ့သို့၊ အကျွန်ုပ်ကို မှောင်မိုက်ထဲမှာ နေစေပါ၏။ 4
အကျွန်ုပ်သည်စိတ်ပျက်လျက်၊ ကိုယ်အထဲ၌ နှလုံးကြေကွဲလျက် ရှိပါ၏။ 5 ရှေးလွန်လေပြီးသော ကာလကိုအောက်မေ့၍၊
အလုံးစုံသော အမှုတော်တို့ကိုငှင်း၊ လက်တော်နှင့်ပြုပြင် သော အရာများကိုငှင်း ဆင်ခြင်ပါ၏။ 6 ကိုယ်တော်ထံသို့ လက်တို့ကို
ဆန့်ပါ၏။ သွေ့ ခြောက်သောမြေကဲ့သို့ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကိုတောင့်တပါ၏။ 7 အိုထာဝရဘုရား၊ အလျင်အမြန်
နားထောင် တော်မူပါ။ အကျွန်ုပ်သည် စိတ်ပျက်ပါပြီ။ မျက်နှာလွှဲ တော်မူသဖြင့်၊ တွင်းထဲသို့ဆင်းသောသူကဲ့သို့ အကျွန်ုပ်ကို
ဖြစ်စေတော်မမူပါနှင့်။ 8 ကရုဏာတော်စကားသံကို အလျင်အမြန်ကြား စေတော်မူပါ။ ကိုယ်တော်၌ကိုးစားပါ၏။ ကိုယ်သွားရမည်
လမ်းကိုသိစေတော်မူပါ။ ကိုယ်တော်ကို အကျွန်ုပ်တသ ပါ၏။ 9 အိုထာဝရဘုရား၊ ရန်သူတို့လက်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။
ကိုယ်တော်ကိုခိုလှုံပါ၏။ 10 အလိုတော်သို့လိုက်စေမည်အကြောင်း သွန်သင် တော်မူပါ။ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင်
ဖြစ်တော်မူ၏။ ကောင်းမြတ်သောဝိညာဉ်တော်သည် ဖြောင့်သောလမ်း၌ အကျွန်ုပ်ကိုသွေးဆောင်တော်မူပါ စေသော။ 11
အိုထာဝရဘုရား၊ နာမတော်အတွက်ကြောင့်၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ ဖြောင့်မတ်တော်မူ သည်နှင့်အညီ၊ အကျွန်ုပ်၏
ဝိညာဉ်ကိုဆင်းရဲဒုက္ခအထဲက နှုတ်ယူတော်မူပါ။ 12 ကရုဏာတော်ရှိသည်အတိုင်း၊ အကျွန်ုပ်၏ ရန်သူတို့ကို ပယ်ရှင်း၍၊ အကျွန်ုပ်ကို
ညှဉ်းဆဲသော သူအပေါင်းတို့ကို ဖျက်ဆီးတော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော်၏ကျွန်ဖြစ်ပါ၏။

## Chapter 144

1 ငါ၏ကျောက်တည်းဟူသော ထာဝရဘုရား သည် မင်္ဂလာရှိတော်မူစေသတည်း။ ငါ့လက်သည် စစ် တိုက်၍၊
လက်ချောင်းတို့လည်းစစ်မှုကို လေ့ကျက်မည် အကြောင်းသွန်သင်တော်မူ၏။ 2 ငါ့ကိုသနားသောသူ၊ငါ၏မြို့ရိုး၊ ငါ၏ရဲတိုက်၊
ငါ့ကိုကယ်လွှတ်သောသခင်၊ ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။ ထိုဘုရားသခင်ကို ငါကိုးစား၏။ ငါ၏ လူမျိုးကို ငါ့အောက်သို့
နှိမ်ချတော်မူ၏။ 3 အိုထာဝရဘုရား၊ လူသည်အဘယ်သို့သော သူဖြစ်၍၊ ကိုယ်တော်သည် မှတ်တော်မူရသနည်း။ လူသားသည်
အဘယ်သို့သောသူဖြစ်၍၊ ပမာဏ ပြုတော် မူရသနည်း။ 4 လူသည်အငွေ့နှင့် တူပါ၏။ သူ၏နေ့ရက်တို့သည် လွန်သွားတတ်သော
အရိပ်ကဲ့သို့ဖြစ်ကြပါ၏။ 5 အိုထာဝရဘုရား၊ ကိုယ်တော်၏ မိုဃ်း ကောင်းကင်ကို ညွတ်၍ဆင်းသက်တော်မူပါ။ တောင်တို့ကို
တို့တော်မူပါ။ သူတို့သည် မီးခိုးထွက်ကြပါလိမ့်မည်။ 6 လျှပ်စစ်ပြက်စေ၍ လေးမြှားတော်တို့ကို ပစ် သဖြင့်၊ ရန်သူတို့ကို
အရပ်ရပ်သို့ကွဲပြားစေ၍ နှိပ်စက် တော်မူပါ။ 7 အထက်အရပ်က လက်တော်ကိုဆန့်၍ အကျွန်ုပ် ကို နှုတ်တော်မူပါ။
တခဲနက်သောရေထဲကငင်း၊ တကျွန်း တနိုင်ငံသားတို့၏လက်ထဲကငင်း၊ ဆယ်ယူကယ်တင် တော်မူပါ။ 8 သူတို့၏နှုတ်သည်
မုသာစကားကို ပြောတတ် ပါ၏။ သူတို့၏ လက်ျာလက်သည်လည်း လှည့်စားတတ် သော လက်ဖြစ်ပါ၏။ 9 အိုဘုရားသခင်၊
ရှေ့တော်၌ အသစ် သောသီချင်းကို ဆိုပါမည်။ ကြိုးဆယ်ပင်ရှိသော တုရိယာ နှင့်ထောမနာသီချင်းဆိုပါမည်။ 10
အောင်မြင်ရသောအခွင့်ကို ရှင်ဘုရင်တို့အား ပေးတော်မူ၏။ ကိုယ်တော်၏ ကျွန်ဒါဝိဒ်ကိုဆိုးသော ထားဘေးနှင့်
ကင်းလွတ်စေတော်မူ၏။ 11 တကျွန်းတနိုင်ငံသားတို့၏လက်မှ၊ အကျွန်ုပ်ကို နှုတ်ယူ၍ ကယ်တင်တော်မူပါ။ သူတို့၏နှုတ်သည် မုသာ
စကားကို ပြောတတ်ပါ၏။ သူတို့၏လက်ျာလက်သည် လည်း လှည့်စားတတ်သော လက်ဖြစ်ပါ၏။ 12 အကျွန်ုပ်တို့၏သားတို့သည်
အရွယ်ပျိုစဉ်တွင်၊ ကြီးပွါးသော ပျိုးပင်ကဲ့သို့ငင်း၊ သမီးတို့သည် ဘုံဗိမာန် နည်းတူထုသော တိုက်ထောင့်ကျောက်တိုင်ကဲ့သို့ငင်း
ဖြစ်ကြပါစေသော။ 13 အကျွန်ုပ်တို့၏ ဘဏ္ဍာတိုက်တို့သည် အစား အသောက်အသုံးအဆောင်များနှင့်ပြည့်စုံခြင်း၊ သိုးတို့ သည်
ပြင်အရပ်တို့၌ အထောင်အသောင်းမွေးဘွားခြင်း၊ 14 နွားတို့သည်လည်း ကြီးပွါးများပြားခြင်း ရှိပါ စေသော။
အနိုင်အထက်ဝင်ခြင်းမရှိ။ သိမ်းသွားခြင်းမရှိ။ လမ်းတို့၌ ကြွေးကြော်မြည်တမ်းခြင်းမရှိပါစေနှင့်။ 15 ထိုသို့နေသော လူမျိုးသည်
မင်္ဂလာရှိပါ၏။ ထာဝရဘုရားသည် အကြင်လူမျိုး၏ဘုရားသခင်ဖြစ်၏။ ထိုလူမျိုးသည် မင်္ဂလာရှိပါ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 145

1 အကျွန်ုပ်၏ရှင်ဘုရင်၊ အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်ချီးမြှောက်ပါမည်။ ကမ္ဘာအဆက်ဆက် နာမတော်ကို
ကောင်းကြီးပေးပါမည်။ 2 ကိုယ်တော်ကို နေ့တိုင်းအစဉ်ကောင်းကြီး ပေးပါမည်။ နာမတော်ကို ကမ္ဘာအဆက်ဆက် ချီးမွမ်း ပါမည်။ 3
ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်း ဘွယ်ဖြစ်တော်မူ၏။ ကြီးမြတ်တော်မူခြင်းကို စစ်၍ မကုန်နိုင်။ 4 အမှုတော်တို့ကို
လူမျိုးအဆက်ဆက်တို့သည် ချီးမွမ်း၍၊ တန်ခိုးတော်များကိုဟောပြောကြပါလိမ့်မည်။ 5 အကျွန်ုပ်သည်လည်း ဘုန်းတန်ခိုးအာနုဘော်
တော်ကိုငှင်း၊ အံ့ဘွယ်သော အမှုတော်တို့ကိုငှင်း မြွက်ဆို ပါမည်။ 6 သူတို့သည် ကြောက်မတ်ဘွယ်သော အမှုတော် တို့၌ပါသော
တန်ခိုးကို မြွက်ဆို၍၊ အကျွန်ုပ်သည်လည်း၊ ကြီးမြတ်တော်မူခြင်းအကြောင်းကို ကြားပြောပါမည်။ 7 သူတို့သည်
အလွန်ကောင်းမြတ်တော်မူခြင်းကို အောက်မေ့ဘို့ရာ မြွက်ဆို၍၊ ဖြောင့်မတ်တော်မူခြင်း အရာကို ရွှင်လန်းစွာ
သီချင်းဆိုကြပါလိမ့်မည်။ 8 ထာဝရဘုရားသည် ကျေးဇူးပြုတတ်သော သဘော၊ သနားစုံမက် တတ်သောသဘောနှင့်ပြည့်စုံ၍၊
ခန္တီတော်နှင့်ကရုဏာတော်သည် အလွန်ကြွယ်ဝပါ၏။ 9 ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သော
သဘောရှိ၍၊ ဖန်ဆင်းတော်မူသမျှ တို့ကို သနားစုံမက်တော်မူ၏။ 10 အိုထာဝရဘုရား၊ ဖန်ဆင်းတော်မူသမျှတို့သည် ဂုဏ်တော်တို့ကို
ပြ၍၊ ကိုယ်တော်၏ သန့်ရှင်း သူတို့သည် ကောင်းကြီးပေးကြ ပါ၏။ 11 နိုင်ငံတော်၏ဘုန်းကိုငှင်း၊ တန်ခိုးတော်ကိုငှင်း
ဟောပြောမြွက်ဆိုသဖြင့်၊ 12 တန်ခိုးပါသောအမှုတော်များနှင့် နိုင်ငံတော်၏ ဘုန်းအသရေများကို လူသားတို့အား ဘော်ပြကြပါ၏။ 13
ကိုယ်တော်၏နိုင်ငံသည် နိစ္စထာဝရနိုင်ငံဖြစ်၍၊ အာဏာတော် သည်ကာလအစဉ်အဆက် တည်ရပါ၏။ ထာဝရဘုရားသည်
လဲသောသူရှိသမျှတို့ကို ထောက်မ တော်မူ၏။ 14 နှိမ့်ချသောသူအပေါင်းတို့ကို ကြွပင့်တော်မူ၏။ 15 ခပ်သိမ်းသော သတ္တဝါတို့သည်
ကိုယ်တော်ကို မျှော်ကြည့်ကြ၍၊ အချိန်တန်မှသူတို့ကို ကျွေးမွေးတော် မူ၏။ 16 လက်တော်ကိုဖွင့်၍၊ အသက်ရှင်သောသတ္တဝါ
အပေါင်းတို့ကို ရောင့်ရဲစေတော်မူ၏။ 17 ထာဝရဘုရား၏ လမ်းခရီးတော်ရှိသမျှတို့သည် ဖြောင့်မတ်၍၊ ခပ်သိမ်းသော
အမှုတော်တို့သည် သန့်ရှင်း ကြပါ၏။ 18 ထာဝရဘုရားသည် ပဌနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွ ပဌနာပြုသော သူအပေါင်း
တို့၏ အနီးအပါးရှိတော်မူ၏။ 19 ကြောက်ရွံ့သောသူတို့၏ အလိုကို ပြည့်စုံစေ တော်မူ၏။ ထိုသူတို့၏အော်ဟစ်ခြင်းကို ကြား၍
ကယ်တင်တော်မူ၏။ 20 ထာဝရဘုရားသည် ကြည်ညိုသည် သူအပေါင်း တို့ကို စောင့်မတော်မူ၏။ မတရားသော သူအပေါင်းတို့ကို
ကား၊ ဖျက်ဆီးတော်မူမည်။ 21 ထာဝရဘုရားကို ချီးမွမ်းလျက်ငါမြွက်ဆိုမည်။ ခပ်သိမ်းသော လူတို့သည် သန့်ရှင်းသော နာမတော်ကို
ကမ္ဘာအဆက်ဆက်ကောင်းကြီးပေးကြစေ။



generated on Sun Jun 30 02:37:40 2024

## Chapter 146

1 အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကိုချီးမွမ်းလော့။ 2 ငါသည် အသက်ရှင်စဉ်အခါ၊ ထာဝရဘုရားကို ချီးမွမ်း မည်။
ငါဖြစ်စဉ်ကာလပတ်လုံး၊ ငါ၏ဘုရားသခင်ကို ထောမနာသီချင်းဆိုမည်။ 3 မင်းများမှစ၍ မကယ်တင်နိုင်သော လူသားကို
မကိုးစားကြနှင့်။ 4 သူသည်အသက်ထွက်၍ မြေသို့ပြန်သွားတတ် ၏။ ထိုနေ့ခြင်းတွင်၊ သူ၏အကြံအစည်တို့သည် ပျက်စီး ကြ၏။ 5
ယာကုပ်အမျိုး၏ ဘုရားသခင်မစတော်မူသော သူ၊ မိမိဘုရားသခင် ထာဝရဘုရားကို မြော်လင့်သော သူသည် မင်္ဂလာရှိ၏။ 6
ထိုဘုရားသခင်သည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်တကွ အရပ်ရပ်၌ ရှိသမျှတို့ကို ဖန်ဆင်း တော်မူ၏။ သစ္စာတော်ကို
အစဉ်အမြဲစောင့်တော်မူ၏။ 7 ညှဉ်းဆဲခြင်းကိုခံရသော သူတို့အား တရားပြု တော်မူ၏။ ငတ်မွတ်သော သူတို့ကိုကျွေးမွေးတော်မူ၏။
ထာဝရဘုရားသည် ချုပ်ထားခြင်းကို ခံရသောသူတို့ကို လွှတ်တော်မူ၏။ 8 ထာဝရဘုရားသည် မျက်စိကန်းသောသူတို့ကို
မြင်စေတော်မူ၏။ ထာဝရဘုရားသည် နှိမ့်ချသောသူတို့ ကို ကြွပင့်တော်မူ၏။ ထာဝရဘုရားသည် ဖြောင့်မတ် သော သူတို့ကို
ချစ်တော်မူ၏။ 9 ထာဝရဘုရားသည် ဧည့်သည်တို့ကို စောင့်မ တော်မူ၍၊ မုတ်ဆိုးမနှင့်မိဘမရှိသော သူတို့ကို ထောက်မ တော်မူ၏။
မတရားသောသူတို့၏ လမ်းကိုကား၊ ကွေ့ ကောက်စေတော်မူ၏။ 10 အိုဇိအုန်မြို့၊ သင်၏ဘုရားသခင်တည်းဟူသော
ထာဝရဘုရားသည် ကာလအစဉ်အမြဲ ကမ္ဘာအဆက် ဆက်စိုးစံတော်မူလတံ့သတည်း။ ဟာလေလုယ။


generated on Sun Jun 30 02:37:40 2024

## Chapter 147

1 ထာဝရဘုရားကို ချီးမွမ်းကောင်းသည်ဖြစ်၍၊ ချီးမွမ်းကြလော့။ ငါတို့၏ဘုရားသခင်ကို ထောမနာပြု ခြင်းသည်
သာယာလျောက်ပတ်သည် ဖြစ်၍၊ ထောမနာ သီချင်းဆိုကြလော့။ 2 ထာဝရဘုရားသည် ယေရုရှလင်မြို့ကို တည် ဆောက်၍၊
အဝေးသို့နှင်လိုက်သော ဣသရေလအမျိုး သားတို့ကို စုဝေးစေတော်မူ၏။ 3 စိတ်ကြေမွသောသူတို့ကို နှစ်သိမ့်စေ၍၊ သူတို့၏ အနာကို
ကုတော်မူ၏။ 4 ကြယ်များကိုရေတွက်၍ အသီးအသီးတို့ကို သမုတ်တော်မူ၏။ 5 ငါတို့၏ဘုရားရှင်သည် ကြီးမြတ်တော်မူ၏။
တန်ခိုးတော်လည်း ကြီး၏။ဉာဏ်တော်သည်အနန္တဖြစ်၏။ 6 ထာဝရဘုရားသည် စိတ်နှိမ့်ချသော သူတို့ကို ကြွပင့်၍၊ မတရားသော
သူတို့ကိုကား၊ မြေပေါ်မှာ လှဲတော်မူ၏။ 7 ဂုဏ်တော်ကိုချီးမွမ်းလျက် ထာဝရဘုရား ရှေ့တော်၌ သီချင်းဆိုကြလော့။ စောင်းတီး၍၊
ငါတို့၏ ဘုရားသခင်ကို ထောမနာသီချင်းဆိုကြလော့။ 8 ကောင်းကင်ကို မိုဃ်းတိမ်များနှင့် ဖုံးလွှမ်းသဖြင့်၊ မြေကြီးဘို့
မိုဃ်းရေကိုပြင်ဆင်၍၊ တောင်များပေါ်မှာ မြက်ပင်ကိုပေါက်စေတော်မူ၏။ 9 မြည်တတ်သော ကျီးကန်းကလေးမှစ၍၊
တိရစ္ဆာန်များတို့ကို ကျွေးမွေးတော်မူ၏။ 10 မြင်း၏ခွန်အားနှင့်လူ၏လျင်မြန်ခြင်းကို အားရ နှစ်သက်တော်မူခြင်းမရှိ။ 11
ကြောက်ရွံ့သောသူနှင့် ကရုဏာတော်ကို မြော်လင့်သော သူတို့ကို ထာဝရဘုရား နှစ်သက်တော် မူ၏။ 12 အိုယေရုရှလင်မြို့၊
ထာဝရဘုရားကို ချီးမွမ်း လော့။ အိုဇိအုန်မြို့၊ သင်၏ဘုရားသခင်ကို ချီးမွမ်းလော့။ 13 အကြောင်းမူကား၊ သင်၏တံခါးကန့်လန့်တို့ကို
ခိုင်မာစေ၍၊ သင်၏အထဲမှာ သားသမီးများကို ကောင်း ကြီးပေးတော်မူ၏။ 14 သင်၏ပြည်စွန်းပြည်နားမှာ အမှုအရေးကို ငြိမ်း စေ၍၊
အကောင်းဆုံးသော စပါးနှင့် သင့်ကို ဝစွာ ကျွေးမွေးတော်မူ၏။ 15 မြေကြီးပေါ်သို့ဗျာဒိတ်တော်ကို လွှတ်တော်မူ၏။
နှုတ်ကပတ်တော်သည် အလျင်အမြန်ပြေးတတ်ပါ၏။ 16 မိုဃ်းပွင့်ကို သိုးမွေးကဲ့သို့ ချတော်မူ၏။ နှင်းခဲ ကိုလည်း ပြာကဲ့သို့
ဆွတ်ဖြူးတော်မူ၏။ 17 မိုမိုဃ်းသီးကို စားနုတ်စားပေါက်ကဲ့သို့ လွှတ် တော်မူ၍၊ ချမ်းစေတော်မူခြင်းကို အဘယ်သူခံနိုင် သနည်း။ 18
တဖန်နှုတ်ကပတ်တော်ကိုလွှတ်၍၊ ထိုမိုဃ်းပွင့် အစရှိသည်တို့ကို အရည်ကျိုတော်မူ၏။ မိမိလေကို လာစေတော်မူသဖြင့်၊ ရေတို့သည်
စီးကြ၏။ 19 နှုတ်ကပတ်အမိန့်တော်ကို ယာကုပ်အမျိုး၌၎င်း၊ စီရင်ထုံးဖွဲ့တော်မူချက်များကို ဣသရေလအမျိုး၌၎င်း
ဘော်ပြတော်မူ၏။ 20 အခြားတပါးသော အမျိုးသားတို့၌ ထိုသို့ပြုတော် မမူ။ စီရင်တော်မူချက်များကို သူတို့မသိရကြ။ ဟာလေ
လုယ။

---

 generated on Sun Jun 30 02:37:40 2024

## Chapter 148

[1] ကောင်းကင်ဘုံ၌ ထာဝရဘုရားကို ချီးမွမ်းကြ လော့။ ဘဝဂ်ပေါ်မှာ ချီးမွမ်းကြလော့။ [2] ကောင်းကင်တမန်အပေါင်းတို့၊ ထာဝရဘုရား
ကို ချီးမွမ်းကြလော့။ ကောင်းကင်ဗိုလ်ခြေအပေါင်းဘို့ ချီးမွမ်းကြလော့။ [3] နေလတို့၊ ထာဝရဘုရားကိုချီးမွမ်းကြလော့။ ထွန်းလင်းသော
ကြယ်အပေါင်းတို့၊ ချီးမွမ်းကြလော့။ [4] ကောင်းကင်အထပ်ထပ်နှင့် ကောင်းကင်ပေါ် မှာ ရေများတို့၊ ချီးမွမ်းကြလော့။ [5]
ထိုအရာတို့ကိုအမိန့်တော်ရှိ၍၊ ဖန်ဆင်းတော်မူ သောကြောင့်၊ ထာဝရဘုရား၏နာမတော်ကို ချီးမွမ်း ကြစေ။ [6] ထိုအရာတို့ကို
ကာလအစဉ်အဆက် အမြဲတည် စေတော်မူ၍၊ မပျက်ရသောဓမ္မတာကို စီရင်တော်မူ၏။ [7] မြေကြီး၌ရှိသောအရာ၊ ငါးကြီးများ၊
နက်နဲရာ အရပ်များ၊ [8] မီးနှင့်မိုယ်းသီး၊ မိုယ်းပွင့်နှင့်အခိုးအငွေ့၊ အမိန့် တော်ကို နားထောင်သော လေပြင်းမုန်တိုင်း၊ [9]
တောင်ကြီးတောင်ငယ်ရှိသမျှ၊ အသီးကိုသီးသောအပင်၊ အာရဇ်ပင် ရှိသမျှ၊ [10] သားရဲနှင့်သားယဉ်အပေါင်း၊ တွားတတ်သော
တိရိစ္ဆာန်နှင့် ပျံတတ်သော ငှက်အစရှိသော၊ [11] လောကီရှင်ဘုရင်များနှင့် ပြည်သူပြည်သား အပေါင်း၊ မင်းများနှင့်
လောကီတရားသူကြီးအပေါင်း၊ [12] လူပျိုနှင့်အပျိုများ၊ လူအိုနှင့်လူကလေးများတို့၊ ထာဝရဘုရားကို ချီးမွမ်းကြလော့။ [13]
နာမတော်တပါးတည်းသာလျှင် မြတ်၍၊ ဘုန်းတော်သည်မြေကြီး နှင့်ကောင်းကင်အပေါ်ထက်၌ ရှိသောကြောင့်၊ ထာဝရဘုရား၏
နာမတော်ကို ချီးမွမ်း ကြစေ။ [14] မိမိလူစုတို့၏ဦးချိုကို ချီးမြှင့်တော်မူသဖြင့်၊ အနီးတော်၌ရှိသောလူစု၊ ဣသရေလအမျိုးသားတည်း
ဟူသော မိမိသန့်ရှင်းသူအပေါင်းတို့၏ ချီးမွမ်းရာဖြစ် တော်မူ၏။ ဟာလေလုယ။

---


generated on Sun Jun 30 02:37:40 2024

## Chapter 149

[1] ထာဝရဘုရားရှေ့တော်၌ အသစ်သောသီချင်း ကို ဆို၍၊ သန့်ရှင်းသူတို့ စည်းဝေးရာ၌ ဂုဏ်တော်ကို ချီးမွမ်းကြလော့။ [2]
ဣသရေလအမျိုးသည် မိမိကိုဖန်ဆင်း တော်မူသော ဘုရားကိုအမှီပြု၍ ဝမ်းမြောက်စေ။ ဇိအုန် သားတို့သည် မိမိတို့ရှင်ဘုရင်ကို
အမှီပြု၍ ရွှင်လန်း ကြစေ။ [3] သူတို့သည် ကခုန်လျက် နာမတော်ကို ချီးမွမ်း ကြစေ။ ပတ်သာနှင့်စောင်းကို တီးလျက် ထောမနာ
သီချင်းဆိုကြစေ။ [4] အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူစု ကို နှစ်သက်တော်မူ၏။ စိတ်နှိမ့်ချသောသူတို့ကို
ကယ်တင်ခြင်းအားဖြင့် အသရေတင့်တယ်စေတော်မူ၏။ [5] သန့်ရှင်းသူတို့သည် ဘုန်းကြီး၍ ဝမ်းမြောက် ဝမ်းသာကြစေ။
ကျိန်းဝပ်ရာပေါ်မှာ ရွှင်လန်းစွာ သီချင်း ဆိုကြစေ။ [6-9] တပါးအမျိုးသားတို့အား တရားအတိုင်း အပြစ် ပေး၍၊ လူစုတို့အား
ဒဏ်ခတ်ခြင်းငှါဎင်း၊ သူတို့၏ ရှင်ဘုရင်များကို သံကြိုးနှင့် ချည်နှောင်၍၊ မှူးမတ်များ ကို သံခြေချင်းခတ်ခြင်းငှါဎင်း၊
ကျမ်းစာ၌မှတ်သားသော အပြစ် စီရင်ခြင်းကိုသူတို့အား ပြုခြင်းငှါဎင်း၊ သန့်ရှင်း သူတို့သည် ဘုရားသခင်၏ဂုဏ်တော်ကို
နှုတ်နှင့်ချီးမွမ်း ၍၊ သန်လျင်ကို လက်နှင့်ကိုင်ကြစေ။ ထာဝရဘုရား၏ သန့်ရှင်းအပေါင်းတို့သည် ထိုသို့သောဘုန်းနှင့်ဆိုင်ကြ၏။
ဟာလေလုယ။

---

 

## Chapter 150

[1] သန့်ရှင်းရာ ဌာနတော်၌ ဘုရားသခင်ကို ချီးမွမ်းကြလော့။ ဘုန်းတော်ထင်ရှားရာ ကောင်းကင် မျက်နှာကြက်ပေါ်မှာ ချီးမွမ်းကြလော့။
[2] ထူးဆန်းသော တန်ခိုးတော်များကြောင့်၊ ဘုရား သခင်ကို ချီးမွမ်းကြလော့။ အလွန်တရာကြီးမြတ်တော်မူ ခြင်းရှိသည်အတိုင်း
ချီးမွမ်းကြလော့။ [3] တံပိုးမှုတ်လျက်ဘုရားသခင်ကို ချီးမွမ်းကြလော့။ တယောနှင့် စောင်းကိုတီးလျက် ချီးမွမ်းကြလော့။ [4]
ပတ်သာတီးလျက်၊ ကခုန်လျက်နှင့်ချီးမွမ်းကြ လော့။ ကြိုးနှင့်ပြည့်စုံသော တုရိယာကိုတီးလျက်၊ နှဲခရာ ကို
မှုတ်လျက်ချီးမွမ်းကြလော့။ [5] အသံကျယ်သောသံလွင်ကို တီးလျက်ချီးမွမ်းကြ လော့။ အကြီးဆုံးသော လင်းကွင်းကိုလည်း တီးလျက်
ချီးမွမ်းကြလော့။ [6] အသက်ရှိသော သူအပေါင်းတို့သည် ထာဝရ ဘုရားကို ချီးမွမ်းကြစေ။ ဟာလေလုယ။

---

---

### Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ယေဘုယျ အချက်အလက်
ဗိမာန်တော်တွင် အများဆုံးအသုံးပြုသော ချီးမွမ်းခြင်း သို့မဟုတ် ကိုးကွယ်ခြင်းများကို အထူးဖော်ပြသည်။

သန့်ရှင်းရာ ဌာနတော်၌ ဘုရားသခင်ကို ချီးမွမ်းကြလော့
ဘုရားသခင်၏ဗိမ္မာန်တော်ကို သူ၏သန့်ရှင်းရာဌာနတော်အဖြစ်ဖော်ပြလေ့ရှိသည်။ ဤနေရာသည် ဘုရားသခင်ကို ပုံမှန် ဝတ်ပြုသောနေရာဖြစ်သည်။

ထူးဆန်းသော တန်ခိုးတော်များ
'သူပြုတော်မူသော အံ့ဘွယ်ရာများ။' ဘုရားသခင်၏ ထူးဆန်းသော တန်ခိုးတော်များ သည် ၁။ မိုးသက်မုန်တိုင်း နှင့် ငလျင်ကဲ့သို့သော သဘာဝဒဏ်များ၂။ ကျန်းမာစေခြင်း နှင့် ကြီးမြတ်သော စစ်ပွဲအောင်မြင်ခြင်းစသည် အံ့ဘွယ်အမှုများကို ဆိုလိုနိုင်သည်။

### Psalms 003

ယေဘုယျ အချက်အလက်
ပြိုင်တူနိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ပတ်သာ
ဒရမ်နှင့်တူ၍ သတ္တုများဖြင့် ပတ်ရစ်ထားသော၊ လှုပ်ခါသည့်အခါ အသံမြည်သော တေးဂီတ တူရိယာတစ်ခုဖြစ်သည်။

သံလွင် (လင်ကွင်း)
အသံပြုဖို့ရန် အတူတကွရိုက်၍အ ဝိုင်းမျက်နှာပါသော သတ္တုပြားနှစ်ခု။

### Psalms 006

ယေဘုယျ အချက်အလက်
ဤအပိုဒ်ငယ်သည် ဆာလံကျမ်း၏နောက်ဆုံးအပိုဒ်တင်မကပါ။ အခန်း ၁၀၇ မှစ၍ အခန်း ၁၅၀ တွင်ဆုံးသော ဆာလံကျမ်းငါးခု၏ နိဂုံးဖော်ပြချက်လည်းဖြစ်သည်။

အသက်ရှိသော သူအပေါင်း
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁။ အသက်ရှင်သောလူများသည် ဘုရားသခင်ကို ချီးမွမ်းရန်ဖြစ်သည်၊ သို့မဟုတ် ၂။ အသက်ရှိသော ဖန်းဆင်းခြင်းအရာအားလုံးသည် ဘုရားသခင်ကို ချီးမွမ်းရန် ဖြစ်သည်။

---

## Translation Questions

### Psalms 150:1

လူတို့သည် မည်သည့်အရပ်၌ ဘုရားသခင်ကို ချီးမွမ်းသင့်သနည်း။
လူတို့သည် သန့်ရှင်းရာဌာနတော်နှင့် ဘုန်းတော်ထင်ရှားရာ ကောင်းကင်မျက်နှာကြက်ပေါ်မှာ ဘုရားသခင်ကို ချီးမွမ်းရမည်ဖြစ်သည်။

မည်သည့်အရာအတွက် လူတို့သည် ဘုရားသခင်ကို ချီးမွမ်းသင့်သနည်း။
ထူးဆန်းသော တန်ခိုးတော်များကြောင့်ငှင်း၊ အလွန်တရာကြီးမြတ်တော်မူခြင်းရှိသည်အတိုင်း လူတို့သည် ဘုရားသခင်ကို ချီးမွမ်းသင့်ပါသည်။

Psalms 150:3

လူတို့သည် မည်သည့်တူရိယာမျိုးနှင့် ဘုရားသခင်ကို ချီးမွမ်းရမည်နည်း။
တံပိုးမှုတ်လျက်၊ တယောနှင့်စောင်းကိုတီးလျက်၊
ပတ်သာတီးလျက်၊ ကခုန်လျက်၊
ကြိုးနှင့်ပြည့်စုံသောတူရိယာကိုတီးလျက်၊ နှဲခရာကို မှုတ်လျက်၊
အသံကျယ်သောသံလွင်ကို တီးလျက် လူတို့သည် ဘုရားသခင်ကို ချီးမွမ်းကြရမည်ဖြစ်သည်။

Psalms 150:6

အဘယ်သူသည် ထာဝရဘုရားကို ချီးမွမ်းရမည်နည်း။
အသက်ရှိသောသူအပေါင်းတို့သည် ထာဝရဘုရားကို ချီးမွမ်းကြရမည်ဖြစ်သည်။

# Proverbs

## Chapter 1

1 ပညာတရား၊ နည်းဥပဒေသတရားကိုသိ၍၊ ဉာဏ်နှင့်ယှဉ်သော စကားကို နားလည်မည်အကြောင်း၊ 2 ပညာသွန်သင်ခြင်း၊
ဖြောင့်မတ်စွာ ကျင့်ခြင်း၊ တရား သဖြင့်စီရင်ခြင်း၊ 3 လျစ်လျူစွာဆုံဖြတ်ခြင်းအမှုအရာ၌ လေ့ကျက်မည်အကြောင်း၊
မိုက်သောသူသည် လိမ္မာ၍၊ လူပျိုသည် ပညာသတိနှင့်ပြည့်စုံမည်အကြောင်း၊ 4 ဒါဝိဒ်၏ သားတော်ဖြစ်သော
ဣသရေလရှင်ဘုရင်ရှောလမုန် စီရင်သော သုတ္တံစကားဟူမူကား၊ 5 ပညာရှိသောသူသည် နားထောင်သဖြင့်၊ ပညာ
အတတ်တိုးပွါးရလိမ့်မည်။ 6 ဉာဏ်ကောင်းသော သူသည် သုတ္တံစကားအနက်အဓိပ္ပါယ်ကိုငှ်း၊ ပညာရှိဟောပြော၍
နက်နဲသောစကားတို့ကိုငှ်း၊ နားလည်သော နိဿရည်း ဆရာအဖြစ်သို့ ရောက်ရလိမ့်မည်။ 7 ထာဝရဘုရားကို
ကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။ လူမိုက်တို့သည် ပညာနှင့်ဥပဒေသကို မထီမဲ့မြင်ပြုတတ်ကြ၏။ 8
ငါ့သား၊ အဘ၏နည်းဥပဒေသကို နားထောင်လော့။ အမိ၏တရားကိုလည်း မပယ်နှင့်။ 9 ထိုနည်းဥပဒေသတရားတို့သည်
သင်၏ခေါင်း၌ တင့်တယ်သော ဦးရစ်၊ သင်၏လည်ပင်း၌ ပတ်ရစ်သော လည်ဆွဲဖြစ်ကြလိမ့်မည်။ 10 ငါ့သား၊ လူဆိုးတို့သည်
သင့်ကိုသွေးဆောင်လျှင် ဝန်မခံနှင့်။ 11 သူတို့က ငါတို့နှင့်အတူလိုက်တော့။ သူ့အသက် ကိုသတ်အံ့သောငှါ စောင့်ကြစို့။
အချည်းနှီးအပြစ်လွတ် သော သူတို့ကို ချောင်းမြောင်းကြစို့။ 12 သင်္ချိုင်းတွင်းသို့ဆင်းသော သူတို့ကဲ့သို့ တကိုယ်လုံးပါလျက်၊
အသက်ရှင်လျက်ရှိသော ထိုသူတို့ကို မရဏာ နိုင်ငံမျိုသကဲ့သို့ မျိုကြစို့။ 13 အဘိုးထိုက်သော ဘဏ္ဍာအမျိုးမျိုးကိုတွေ့၍
လုယူသောဥစ္စာနှင့် ငါတို့အိမ်ကိုပြည့်စေကြမည်။ 14 ငါတို့နှင့် ပေါင်းဘော်တော့။ ရသောဥစ္စာကို အညီအမျှ ပိုင်ကြစို့ဟုဆိုသော်လည်း၊
15 ငါ့သား၊ သူတို့နှင့်အတူ မလိုက်နှင့်။ သူတို့သွားသောလမ်းကို ရှောင်လော့။ 16 အကြောင်းမူကား၊ သူတို့ခြေသည် ဒုစရိုက်ပြုရာ
သို့ပြေး၍၊ လူအသက်ကို သတ်ခြင်းငှါ လျင်မြန်၏။ 17 အကယ်စင်စစ်ငှက်မျက်မှောက်၌ ပိုက်ကွန်ကို ဖြန့်ထားလျှင် အကြံမမြောက်ရာ။
18 လူဆိုးတို့သည် ကိုယ်အသွေးကို သွန်အံ့သောငှါ စောင့်၍၊ ကိုယ်အသက်ကို သတ်အံ့သောငှါ ချောင်း မြောင်းတတ်ကြ၏။ 19
မတရားသောစီးပွါးကို ရှာသောသူအပေါင်းတို့သည် ထိုသို့သော အကျိုးကိုခံရ၍၊ ထိုစီးပွါးသည် မိမိ အရှင်၏အသက်ကို
သတ်တတ်၏။ 20 ပညာသည်ပြင်မှာကြွေးကြော်၍၊ လမ်းခရီးတို့၌ မိမိစကားသံကို လွှင့်တတ်၏။ 21 လူစည်းဝေးရာ အဦး၌ငှ်း၊
မြို့တံခါးဝတို့၌ငှ်း၊ မြို့ထဲ၌ငှ်း ခေါ်၍မြွက်ဆိုသောစကားဟူမူကား၊ 22 အိုလူမိုက်တို့၊ သင်တို့သည်မိုက်သောအကျင့်ကို
နှစ်သက်လျက်၊ ကဲ့ရဲ့သောသူတို့သည် ကဲ့ရဲ့ခြင်း၌ မွေ့ လျော်လျက်၊ မိုက်မဲသောသူတို့သည် ပညာအတတ်ကို မုန်းလျက်၊
အဘယ်မျှကာလပတ်လုံးနေကြလိမ့်မည်နည်း။ 23 ငါဆုံးမသော စကားကို နားထောင်၍ ပြောင်း လဲကြလော့။ ငါ့ဝိညာဉ်ကို
သင်တို့အပေါ်သို့ ငါသွန်း လောင်း၍၊ ငါ့စကား၏အနက်အဓိပ္ပါယ်ကို နားလည် စေမည်။ 24 ငါသည်ခေါ်၍ သင်တို့သည် ငြင်းပယ်သော
ကြောင့်ငှ်း၊ ငါ့လက်ကိုဆန့်၍ အဘယ်သူမျှမမှတ်သော ကြောင့်ငှ်း၊ 25 ငါသတိပေးခြင်းရှိသမျှကို သင်တို့သည်ပယ်၍၊ ငါဆုံးမသော
စကားတခွန်းကို နားမခံဘဲနေသောကြောင့် ငှ်း၊ 26 သင်တို့သည် ဘေးဥပဒ်နှင့်တွေ့ကြုံသောအခါ ငါရယ်မည်။ ကြောက်မက်ဖွယ်သော
အမှုရောက်သော အခါ ငါပြက်ယယ်ပြုမည်။ 27 သင်တို့ ကြောက်မက်ဘွယ်သော အမှုသည် သုတ်သင်ပယ်ရှင်းခြင်းအမှုကဲ့သို့ငှ်း၊
သင်တို့ပျက်စီးခြင်း အမှုသည် လေပြင်းမုန်တိုင်းကဲ့သို့ငှ်း ရောက်လာ၍၊ သင်တို့သည်ဆင်းရဲခြင်း၊ ပူပန်ခြင်းနှင့် တွေ့ကြုံသော အခါ၊
28 ထိုအမှုရောက်သောသူတို့သည် ငါ့ကိုခေါ်သော် လည်း ငါမထူး။ ငါ့ကို ကြိုးစား၍ ရှာသော်လည်း မတွေ့ရကြ။ 29 အကြောင်းမူကား၊
သူတို့သည် ပညာအတတ်ကိုမုန်းကြ၏။ ထာဝရဘုရားကို ကြောက်ရွံ့သော သဘောကို အလိုမရှိကြ။ 30 ငါသတိပေးခြင်းကို
အလျှင်းနားမခံကြ။ ငါဆုံးမ ခြင်းရှိသမျှကို မထီမဲ့မြင်ပြုကြ၏။ 31 ထိုကြောင့်သူတို့သည် ကိုယ်ကျင့်ခြင်း၏ အကျိုး အပြစ်ကိုစား၍၊
ကိုယ်ကြံသော အကြံတို့နှင့် ဝကြလိမ့် မည်။ 32 ဉာဏ်တိမ်သောသူတို့သည် လမ်းလွှဲသဖြင့် အသက်ဆုံးတတ်ကြ၏။
မိုက်သောသူတို့သည် သတိလစ် သောအားဖြင့် ပျက်စီးခြင်းသို့ ရောက်တတ်ကြ၏။ 33 ငါ့စကားကို နားထောင်သောသူမူကား လုံခြုံစွာ
နေ၍၊ ဘေးကို မကြောက်ဘဲငြိမ်ဝပ်လိမ့်မည်။

---

Proverbs 01

ယေဘုယျအချက်အလက်၊
အခန်းငယ် ၂-၃၃ သည် ကဗျာဖြစ်သည်။

ပညာတရားနှင့် နည်းဥပဒေသကို သွန်သင်ရန်
ဤနေရာတွင် အခြားစကားလုံး အသုံးပြုနိုင်သောကြောင့်
စိတ္တဇနာမ်ဖြစ်သော "ပညာတရား" နှင့် "သွန်သင်ခြင်း" တို့ကို
နာမဝိသေသန သို့မဟုတ် ကြိယာဖြင့် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ဉာဏ်ရှိသောသူဖြစ်မည်အကြောင်း သွန်သင်ရန်နှင့်


generated on Sun Jun 30 02:37:40 2024

အကျင့်သိက္ခာရှိစွာ မည်ကဲ့သို့ နေထိုင်ရမည်အကြောင်း လမ်းညွှန်ရန်"

ဉာဏ်နှင့်ယှဉ်သော စကားကို သွန်သင်ရန်
ဤနေရာတွင် "စကားများ" သည် အာဘော်နှင့် သွန်သင်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်နှင့်ယှဉ်သော သွန်သင်ခြင်းများကို နားလည်မည်အကြောင်း ကူညီရန်"

သင်သည် ပြည့်စုံမည်အကြောင်း
ဤနေရာတွင် "သင်" သည် စာဖတ်သူကို ရည်ညွှန်းသည်။ ၎င်းသည် သင်တို့၏စကားတွင် သာမန်ဖြစ်ပါက "ကျွန်ုပ်တို့" ဟူ၍လည်း ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့သည် ပြည့်စုံမည်အကြောင်း"

အသက်ရှင် နေထိုင်ရန် သွန်သင်ခြင်းကို လက်ခံရမည်အကြောင်း
ဤနေရာတွင် အခြားစကားလုံး အသုံးပြုနိုင်သောကြောင့် စိတ္တဇနာမ် "သွန်သင်ခြင်း" ကို ကြိယာကဲ့သို့ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်ကဲ့သို့ နေထိုင်ရန် သွန်သင်ရမည်အကြောင်း"

Proverbs 04

ပညာတရားကို အတွေ့အကြုံမရှိသောသူအားလည်းကောင်း ပေးမည်ဖြစ်သည်
ဤနေရာတွင် အခြားစကားလုံး အသုံးပြုနိုင်သောကြောင့် စိတ္တဇနာမ်ဖြစ်သော "ပညာတရား" ကို နာမဝိသေသန "ပညာရှိသော" ဟူ၍ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အတွေ့အကြုံမရှိသောသူအားလည်း ပညာရှိသောသူဖြစ်လာစေရန် သွန်သင်ပါ။"

အတွေ့အကြုံ မရှိသော
"မကျွမ်းကျင်သော၊ ရင့်ကျက်မှု မရှိသော"

ပျိုရွယ်သောသူတို့ကို ပညာအတတ်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးရန်
စိတ္တဇနာမ်ဖြစ်သော "ပညာအတတ်" နှင့် "ကိုယ်ပိုင်ဆုံးဖြတ်ခွင့်" ကို ကြိယာဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်၊ ပျိုရွယ်သောသူတို့အား မည်သည်ကို သိရန်လိုကြောင်းနှင့် မှန်ကန်သောအမှုကို မည်ကဲ့သို့ ပြုရမည်အကြောင်း သွန်သင်ပေးရန်"

ပညာရှိသောသူသည် နားထောင်သဖြင့်၊ ပညာ အတတ်တိုးပွားပါစေ
"ပညာရှိသောသူတို့သည် စိတ်ပါဝင်စား၍ ပိုမို၍ သင်ယူကြပါစေ"

ဉာဏ်ကောင်းသောသူတို့သည် နိသရည်းဆရာအဖြစ်သို့ ရောက်ပါစေ
"ဤသုတ္တံစကားများမှ ကောင်းမွန်သော ဆုံးဖြတ်ချက်ကို မည်ကဲ့သို့ ချမှတ်ရမည်အကြောင်း နားလည်သောသူတို့သည် သင်ယူကြပါစေ။"

စကားထာများ
အကြောင်းအရာကို စဉ်းစားပြီးမှသာ သဘောပေါက်နားလည်နိုင်သော အဆိုအမိန့်များ

Proverbs 07

ယေဘုယျအချက်အလက်၊
ဖခင်သည် သူ၏သားသမီးကို သွန်သင်သည်။

ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏ အချုပ်အခြာဖြစ်သည်
စိတ္တဇနာမ်ဖြစ်ကြသော "ကြောက်ရွံ့ခြင်း၊" "အစပြုခြင်း၊" နှင့် "ပညာ" စသည်တို့ကို ကြိယာအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာကို စတင်၍ သိရှိရန်အတွက် သင်သည် ထာဝရဘုရားကို ရှေးဦးစွာ ကြောက်ရွံ့ရမည်" သို့မဟုတ် "ပညာကို ဆည်းပူးရန်အတွက် သင်သည် ထာဝရဘုရားကို ရှေးဦးစွာ ရိုသေလေးစားရမည်။"

ထာဝရဘုရား
ဤအမည်မှာ ဓမ္မဟောင်းကျမ်းထဲမှ သူ့လူမျိုးတို့ကို ဖွင့်ပြတော်မူသော ဘုရားသခင်၏ အမည်နာမဖြစ်သည်။ ထာဝရဘုရားအကြောင်း မည်ကဲ့သို့ အနက်ပြန်ရမည်ကိုမူဘာသာပြန်စကားလုံး စာမျက်နှာတွင် ကြည့်ရှုပါ။

လူမိုက်တို့သည် ပညာနှင့် ဥပဒေသကို မထီမဲ့မြင်ပြုတတ်ကြသည်
"ပညာနှင့်ဥပဒေသကို တန်ဖိုးမထားတတ်သောသူတို့သည် လူမိုက်များဖြစ်ကြသည်။

မပယ်နှင့်
ဤဥပစာအသုံးသည် "မသိကျိုးကျွန်မပြုနှင့်" သို့မဟုတ် "မငြင်းပယ်နှင့်" ဟု အဓိပ္ပာယ်ရသည်။

ထိုအရာတို့သည် သင်၏ခေါင်း၌ တင့်တယ်သော ဦးရစ်၊ သင်၏လည်ပင်း၌ ပတ်ရစ်သော လည်ဆွဲဖြစ်ကြလိမ့်မည်
မိဘများက သားသမီးများကို သွန်သင်ပေးသော စည်းကမ်းနှင့် လမ်းညွှန်မှုတို့သည် အလွန်ပင် အရေးကြီးသည်သောကြောင့် လှုဆင်မြန်းသော လည်ဆွဲ သို့မဟုတ် ဦးရစ်အဖြစ် တင်စားပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယင်းတို့မှ သင်တို့၏ ခေါင်းပေါ်၌ ဦးရစ်တင်ထားသကဲ့သို့လည်းကောင်း၊ သင်တို့၏ လည်ပင်းတွင် လှပစေရန် ဆင်မြန်းထားသော လည်ဆွဲကဲ့သို့လည်းကောင်း သင်တို့ကို ပညာဉာဏ်နှင့် လှပသင့်တယ်စေလိမ့်မည်။"

ဦးရစ်
သစ်ရွက် သို့မဟုတ် ပန်းများ အသုံးပြု၍ အဝိုင်းပုံသဏ္ဍာန် ရက်လုပ်ထားသော

လည်ဆွဲ
လည်ပင်းတွင် ဆွဲ၍ဝတ်ဆင်ရသော လက်ဝတ်ရတနာ


generated on Sun Jun 30 02:37:40 2024

Proverbs 10

လူဆိုးတို့သည် သင့်ကိုသွေးဆောင်လျှင်
"သူတို့ ပြုသည်အတိုင်း အပြစ်ကျူးလွန်ရန် သင့်ကို သွေးဆောင်ဖြားယောင်းလျှင်"

ဝန်မခံနှင့်
"ထိုသူတို့အား ငြင်းပယ်ပါ" သို့မဟုတ် "ထိုသူတို့အား နားမထောင်ပါနှင့်"

ထိုသူတို့က ပြောဆိုခဲ့လျှင်
ဤနေရာတွင် စကားပြောသောသူက လူဆိုးတို့သည် တစ်စုံတစ်ယောက်ကို အပြစ်ကျူးလွန်ရန် သွေးဆောင်နိုင်ကြောင်း ဥပမာပေးထားသည်။

စောင့်ကြစို့
"အခွင့်ကောင်းကို ချောင်းမြောင်း၍ စောင့်ကြစို့။"

Proverbs 12

ယေဘုယျအချက်အလက်၊
အခန်းငယ် ၁၂-၁၄ သည် အခြားလူတို့အား အပြစ်သို့ သွေးဆောင်သော လူဆိုးများကို စိတ်ကူးထဲတွင် ပုံဖော်ချက်ဖြင့် အဆုံးသတ်သည်။

အသက်ရှင်လျက်ရှိသော ထိုသူတို့ကို မရဏာ နိုင်ငံမျိုသကဲ့သို့ မျိုကြစို့
သူတို့သည် မရဏာနိုင်ငံ၌ ရှိနေကြသကဲ့သို့၊ သူတို့သည် အသက်ရှင်ကျန်းမာလျက်ရှိသောသူကို သေသောသူလားရာအရပ်သို့ ခေါ်ဆောင်မည်အကြောင်း လူဆိုးတို့သည် အပြစ်လွတ်သောသူတို့ကို သတ်အံ့သောဟု ပြောဆိုကြသည်။

မရဏာနိုင်ငံ မျိုသကဲ့သို့ ... မျိုကြစို့
တစ်စုံတစ်ယောက်သည် လူသားတို့ကို မျိုချကာ လူသေများရှိသောအရပ်သို့ ခေါ်ဆောင်နေသကဲ့သို့ သင်္ချိုင်းတွင်းအကြောင်းကို ပြောဆိုသည်။

အသက်ရှင်လျက်ရှိသော ထိုသူတို့ကို မရဏာ နိုင်ငံမျိုသကဲ့သို့
ဆိုးမိုက်သောသူသည် သူတို့၏ သားကောင်ကို လူသေများနေသောအရပ် မရဏာနိုင်ငံ၌ ပြုကြသည်အတိုင်း အသက်ရှင်လျက်ရှိသော သူတို့ကို ဖျက်ဆီးရန် မျှော်လင့်သည်။

သင်္ချိုင်းတွင်းသို့ ဆင်းသောသူတို့ကဲ့သို့ ပြုကြစို့
ဖြစ်နိုင်သော အဓိပ္ပာယ်များမှာ (၁) မည်သူကမျှ ရှာမတွေ့သောနေရာ တွင်းနက်ထဲသို့ ပြုတ်ကျသော ခရီးသွားများကို ရည်ညွှန်းသည် သို့မဟုတ် (၂) ဤနေရာတွင် "တွင်း" သည် မရဏာနိုင်ငံ သို့တည်းမဟုတ် သေသောသူတို့ လားရာအရပ်ဟူ၍ အဓိပ္ပာယ်ရသည့် အခြားသော စကားလုံးဖြစ်သည်။

ငါတို့နှင့် ပေါင်းဖော်လော့
ဥပစာအသုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့နှင့် လာပေါင်းပါ။"

ရသောဥစ္စာကို အညီအမျှ ပိုင်ကြစို့
ဤနေရာတွင် ရသောဥစ္စာ

ဥစ္စာ (ပိုက်ဆံအိတ်)
ပိုက်ဆံထည့်ရန် အိတ်

Proverbs 15

သူတို့နှင့်အတူ မလိုက်နှင့်၊ သူတို့သွားသောလမ်းကို ရှောင်လော့
လူဆိုးတို့ပြုသည့်အတိုင်း လိုက်၍ပြုမူခြင်းကို ရှောင်ရှားရမည်အကြောင်း သားကို ထိုကဲ့သို့ မလိုက်ဘဲ ရှောင်ရှားရန် သို့မဟုတ် လူဆိုးတို့ သွားသောလမ်းကို ရှောင်ရန်ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုးတို့နှင့်အတူမသွားနှင့်သူတို့ပြုသည့်အတိုင်း မပြုနှင့်။

သူတို့ခြေသည် ဒုစရိုက်ပြုရာ သို့ပြေး၍
သူတို့သည် ဒုစရိုက်ပြုရာသို့ ပြေးသကဲ့သို့ လူဆိုးတို့သည် မကောင်းသောအမှု ပြုခြင်း၌ စိတ်အားထက်သန်လျက် ရှိကြကြောင်း ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ သူတို့သည် ဒုစရိုက် ပြုရန်စိတ်အားထက်သန်ကြသည်။"

သူတို့ခြေသည် ပြေး၍
ဤနေရာတွင် "ခြေ" သည် ခန္ဓာကိုယ် တစ်ခုလုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်၊ "သူတို့သည် ပြေး၍"

သွေးမြေကျစေရန်
ဤနေရာတွင် "သွေး" သည် လူ့အသက်တစ်ချောင်းဖြစ်သည်။ "သွေးမြေကျ" စေရန် ဆိုသည်မှာ လူတစ်ယောက်ကို သတ်ရန်ဟု အဓိပ္ပာယ်ရသည်။

... မျက်မှောက်၌ ပိုက်ကွန်ကို ဖြန့်ထားလျှင် အကြံမမြောက်ရာ
ဤကျမ်းပိုဒ်သည် အခန်း ၁:၁၈ တွင် အဆုံးသတ်သော နှိုင်းယှဉ်ခြင်းတစ်ခုကို အစပြုသည်။ မျက်မှောက်တွင်ရှိသော ပိုက်ကွန်ကို ရှောင်ရှားသော ငှက်၏ ဉာဏ်ပညာနှင့် မိမိကိုယ်တိုင် ဆင်ထားသောထောင်ချောက်၌ မိတတ်သော လူဆိုးတို့၏ မိုက်မဲမှုကို နှိုင်းယှဉ်ထားသည်။

Proverbs 18

လူဆိုးတို့သည် ကိုယ်အသွေးကို သွန်အံ့သောငှာ စောင့်၍—ကိုယ်အသက်ကို သတ်အံ့သောငှာ ချောင်းမြောင်းတတ်ကြ၏
ဤနေရာတွင် ကျမ်းချက် ၁:၁၅ မှ စတင်သော နှိုင်းယှဉ်ခြင်းသည် အဆုံးသတ်သည်။ သူတို့ကိုယ်သူတို့ ထောင်ချောက်ဆင်၍ သတ်သေသကဲသို့ လူတို့သည် သူတို့ကိုယ်ကိုသူတို့ ဒုစရိုက်အမှုပြုခြင်းအားဖြင့် ဖျက်ဆီးနေကြကြောင်း ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်၊ "သို့သော်

ဤလူတို့သည် ငှက်များထက် ပို၍ မိုက်မဲကြသည်။ ကိုယ်တိုင်ဆင်ထားသော ထောင်ချောက်များ၌ သူတို့ကိုယ်ကိုသူတို့ မိလျက် သေတတ်ကြသည်။"

ထိုသို့သော အကျိုးကို အယောက်စီတိုင်း ခံရမည်
ဤသည်မှာ လူတစ်ယောက် လျှောက်ရမည့် လမ်းကဲ့သို့ တစ်စုံတစ်ယောက်၏ ကံကြမ္မာ သို့မဟုတ် ကံတရားကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤသည်မှာ အယောက်စီတိုင်း တွေ့ကြုံရမည်အရာဖြစ်သည်။"

မတရားသောစီးပွားသည် မိမိ အရှင်၏အသက်ကို သတ်တတ်၏
မတရားသောစီးပွားသည် အရှင်ကို သတ်တတ်သကဲ့သို့ အတင်းအဓမ္မ ပြုခြင်း၊ ခိုးယူခြင်းနှင့် လိမ်လည်ခြင်းတို့မှ ဥစ္စာရတတ်ရန်ကြိုးပမ်း၍ လူသည် သူ့ကိုယ်သူ ဖျက်ဆီးနေကြောင်း ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းသည် မတရားသော ဥစ္စာကိုရတတ်ခြင်းသည် သူ့အရှင်၏အသက်ကို သတ်တတ်သကဲ့သို့ဖြစ်သည်။"

Proverbs 20

ယေဘုယျအချက်အလက်၊
ကျမ်းချက် ၁:၂၀-၁:၃၃ အထိသည် ပညာအကြောင်းကို အမျိုးသမီးတစ်ဦးမှ လူအများတို့ကို ပြောကြားနေသကဲ့သို့ ပြောဆိုဖော်ပြသည်။

ပညာသည် ပြင်မှာ ကြွေးကြော်၍
သင်တို့၏ သာသာစကားတွင် ပညာကို မြို့ထဲ၌ လူအများတို့အား ကြွေးကြော်သော အမျိုးသမီးတစ်ဦးကဲ့သို့ မှတ်ယူခွင့် မရှိလျှင်၊ "အဘွား ပညာသည် ပြင်မှာ ကြွေးကြော်၍" သို့မဟုတ် "ဂုဏ်သရေရှိ သမီးပျိုကညာ ပညာသည် ပြင်မှာ ကြွေးကြော်၍" သို့မဟုတ် "ပညာသည် ပြင်မှာ ကြွေးကြော်သော အမျိုးသမီးတစ်ဦးကဲ့သို့ဖြစ်သည်" ဟူ၍ အနက်ပြန်နိုင်သည်။

သူမ၏ အသံကို မြှင့်၍
အခြားသောသာသာပြန်ဆိုချက်၊ "ကျယ်လောင်သောအသံဖြင့် ပြောဆိုသည်။"

ပြင်အရပ်များမှာ
လူအများ စုဝေးနေကြသောအရပ် ဟူ၍ အဓိပ္ပာယ်ရသည်။ အခြားသောဘာသာပြန်၊ "လေဟာပြင် ဈေးတွင်" သို့မဟုတ် "မြို့လယ်ခေါင်ရှိ လေးထောင့်ကွက်လပ်တွင်"

လူစည်းဝေးရာလမ်းများ အဦး၌
ဖြစ်နိုင်သော အဓိပ္ပာယ်များမှာ (၁) "ဦး" သည် လူအများစုဝေးရာ လမ်းဆုံလမ်းဝအရပ်ကို ရည်ညွှန်းသည် သို့တည်းမဟုတ် (၂) "ဦး" သည် မြို့ရိုးထိပ် ပညာရှိတို့ ဆိုဆုံးမနေသည့် လူစည်ကားရာ လမ်းများကို မြင်နိုင်ကြားနိုင်သောအရပ်ကို ဆိုလိုသည်။

အိုလူမိုက်တို့၊ သင်တို့သည်မိုက်သောအကျင့်ကို အဘယ်မျှကာလပတ်လုံး နှစ်သက်ကြမည်နည်း
ပညာသည် ဤမေးခွန်းကို မိုက်မဲသောသူတို့အား အပြစ်တင် ကြိမ်းမောင်းရန် အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမိုက်ဖြစ်သော သင်သည် မိုက်သောအကျင့်ကို နှစ်သက်ခြင်းမှ အဆုံးသတ်ရပ်ရပါမည်။"

မိုက်သော
"အတွေ့အကြုံ မရှိသော၊ ရင့်ကျက်မှု မရှိသော"

သင်တို့သည်မိုက်သောအကျင့်ကို နှစ်သက်လျက်၊ ကဲ့ရဲ့သောသူတို့သည် ကဲ့ရဲ့ခြင်း၌ မွေ့လျော်လျက်၊ မိုက်မဲသောသူတို့သည် ပညာအတတ်ကို မုန်းလျက်၊ အဘယ်မျှကာလပတ်လုံး နေကြလိမ့်မည်နည်း
ပညာသည် ဤမေးခွန်းကို ကဲ့ရဲ့ခြင်း၌ မွေ့လျော်သူနှင့် မိုက်သောသူတို့အား ပြစ်တင်ကြိမ်းမောင်းရန် အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကဲ့ရဲ့တတ်သော သင်သည် ကဲ့ရဲ့ခြင်း၌ မွေ့လျော်ခြင်းမှလည်းကောင်း၊ မိုက်သောသူသည် ပညာအတတ်ကို မုန်းခြင်းမှသော်လည်းကောင်း ရပ်ရပါမည်။"

Proverbs 23

ယေဘုယျအချက်အလက်၊
ပညာအကြောင်း ဆက်လက်ပြောဆို ဆွေးနွေးသည်။

ဂရုစိုက်ပါ
"သေချာစွာ နားထောင်ပါ"

ငါ့ဝိညာဉ်ကို သင်တို့အပေါ်သို့ ငါသွန်းလောင်း၍
ပညာသည် လူတို့အား သူမတွေးခေါ် စဉ်းစား၍ရသမျှအကြောင်း ပြောဆိုနေခြင်းကို သူမ၏ အတွေးများသည် သွန်းလောင်း၍ရသော အရည်ဖြစ်သကဲ့သို့ ပြောဆိုသည်။

ငါ့စကား၏ အနက်အဓိပ္ပာယ်ကို နားလည်စေမည်
ဤနေရာတွင် "စကား" သည် စဉ်းစားတွေးခေါ်သမျှကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ မည်ကဲ့သို့ ထင်မှတ်သည်ကို ပြောပြမည်"

ငါ့လက်ကို ဆန့်၍
ဤပုဒ်စုသည် ဥပစာအသုံးတစ်ခုဖြစ်ပြီး လာရောက်ရန် လက်ယပ်ခေါ်သည် သို့မဟုတ် ဖိတ်ခေါ်သည်ဟု အဓိပ္ပာယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ထံသို့ လာရောက်ရန် ဖိတ်မန္တကပြုပါသည်။"

Proverbs 26

ယေဘုယျအချက်အလက်၊
ပညာအကြောင်း ဆက်လက်ဆွေးနွေးပြီး သူမကို ပယ်သောသူတို့၌ မည်သို့ဖြစ်ပျက်မည်ကို ဖော်ပြသည်။

ငါ ရယ်မည်
စကားလုံး "ထို့ကြောင့်" ဟူ၍လည်း အမျိုးသမီးပညာသည်မှသူတို့ကို ရယ်သွမ်းသွေးသည်ကို

ဖော်ပြရန် ရေးသားတင်ပြနိုင်သည် အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သူမကို ပယ်ခဲ့သည်။ အခြားသောပြန်ဆိုချက် ထို့ကြောင့် ငါရယ်မည်။

သင်တို့သည် ဘေးဥပဒ်နှင့် တွေ့ကြုံသောအခါ
"သင်တို့ထံ ဆိုးသောအမှု ဖြစ်သောအခါ"

ကြောက်မက်ဖွယ်သောအမှု ရောက်သောအခါ
စိတ္တဇနာမ် "ထိတ်လန့်ကြောက်ရွံ့ခြင်း" ကို နာမဝိသေသနအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ကြောက်လန့်တကြား ဖြစ်နေကြသောအခါ"

သင်တို့ ပျက်စီးခြင်းအမှုသည် လေပြင်းမုန်တိုင်းကဲ့သို့ရောက်လာသောအခါ ...
လူတို့၌ ထိတ်လန့်စရာအကြောင်းများ ဖြစ်ပျက်သည်ကို လေပြင်းမုန်တိုင်းမှ သူတို့အား ရိုက်ခတ်၍ ကြောက်ရွံ့ခြင်းနှင့် ပူပန်ဆင်းရဲခြင်းများ ခံစားရသကဲ့သို့ နှိုင်းယှဉ်တင်ပြထားသည်။

လေပြင်းမုန်တိုင်း
ပျက်စီးစေတတ်သည့် အလွန်ပြင်းထန်သော လေမုန်တိုင်း

Proverbs 28

ဆက်စပ်မှုဖော်ပြချက်၊
ပညာအကြောင်းကို ဆက်လက်၍ ပြောဆိုဆွေးနွေးသည်။

သူတို့သည် ငါ့ကို ခေါ်ကြလိမ့်မည်
"ငါ့ကို ပယ်သောသူတို့သည် အကူအညီအတွက် ကျွန်ုပ်ကို အော်ဟစ်တောင်းဆိုကြလိမ့်မည်။"

အဘယ်ကြောင့်ဆိုသော် သူတို့သည် ပညာအတတ်ကိုမုန်းကြ၏
စိတ္တဇနာမ် "ပညာအတတ်" ကို ကြိယာ "သင်ယူသည်" ဟု ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ်ကြောင့်ဆိုသော် သူတို့သည် ပညာရှိဖြစ်ဖို့အလို့ငှာ သင်ယူရန် ငြင်းဆန်ကြသည်။"

ထာဝရဘုရားကို ကြောက်ရွံ့သော သဘောကို အလိုမရှိကြ
စိတ္တဇနာမ် "ကြောက်ရွံ့ခြင်း" ကို ကြိယာအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို မကြောက်ကြ" သို့မဟုတ် "ထာဝရဘုရားကို ရိုသေလေးမြတ်ခြင်း မရှိကြ။"

ငါသတိပေးခြင်းကို အလျှင်းနားမခံကြ
"ငါ့ညွှန်ကြားချက်ကို လက်မခံကြ" သို့မဟုတ် "ငါ့အကြံပြုချက်ကို ပယ်ချကြသည်။"

Proverbs 31

ယေဘုယျအချက်အလက်၊
အခန်းကြီး ၃၃ တွင် ကျမ်းချက် ၁:၂၀ မှစတင်လာသည့် ပညာအတတ်အကြောင်းဖော်ပြချက် ပြီးဆုံးသည်။

သူတို့လျှောက်လှမ်းကြသောလမ်း၏ အသီးကို စား၍
ဤနေရာတွင် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ အပြုအမူကို လျှောက်လှမ်းသော လမ်းခရီးတစ်ခုကဲ့သို့ ပြောဆိုထားသည်။ လူတစ်ယောက်သည် သူတို့ပြုသော ကိုယ်ကျင့်တရား၏ အကျိုးရလဒ် ရရှိခံစားမည့်အကြောင်းကိုလည်း တစ်စုံတစ်ယောက်က ကိုယ်ကျင့်ခြင်း၏ အသီးကို စားရမည်ကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ပြုသည့်အတိုင်း အကျိုးအဆက်ကို ခံစားတွေ့ကြုံရမည်။"

ကိုယ်ကြံသော အကြံတို့နှင့် ဝကြလိမ့်မည်
"သူတို့သည် ဝလင်သည့်အထိ ကိုယ်ကြံစည်သော အသီးကို စားကြလိမ့်မည်။" သူတို့ကိုယ်တိုင် ကြံစည်သည့် ဆိုးယုတ်သော စီမံချက်၏ အကျိုးရလဒ် တွေ့ကြုံခံစားရမည့်အကြောင်းကို ကိုယ်ကြံစည်သော အသီးကို စားသုံးခြင်းကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူတို့ကိုယ်တိုင် ပိုင်ဆိုင်သည့် ဆိုးယုတ်သောအကြံအစည်၏ အကျိုးအဆက်ကို တွေ့ကြုံခံစားကြလိမ့်မည်။"

ဉာဏ်တိမ်သောသူ
"အတွေ့အကြုံ မရှိသော၊ ရင့်ကျက်မှု မရှိသော"

လမ်းလွဲသဖြင့် အသက်ဆုံးတတ်ကြ၏
တစ်စုံတစ်ယောက်မှ ပညာအတတ်ငြင်းပယ်ခြင်းကို လူတစ်ဦးသည် ခန္ဓာကိုမှ ပညာအတတ်ကို နှင်ထုတ်သကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သင်ယူရန် ငြင်းဆန်သောကြောင့် သေဆုံးကြသည်"

မိုက်သောသူတို့သည် သတိလစ်သောအားဖြင့် ပျက်စီးခြင်းသို့ ရောက်တတ်ကြ၏
စိတ္တဇနာမ် "ဥပေက္ခာပြုခြင်း" ကို ကြိယာကဲ့သို့ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သောသူတို့သည် လုပ်ဆောင်မည့်အရာပေါ်တွင် စိတ်မဝင်စားကြသောကြောင့် သေဆုံးခြင်းသို့ရောက်လိမ့်မည်။"

သတိ လစ်သော
တစ်စုံတစ်ရာကို စိတ်ဝင်စားမှု ကင်းမဲ့ခြင်း

---

## Translation Questions

Proverbs 1:1

ဤစာစောင်ကို မည်သူရေးသားခဲ့သနည်း။
ဤစာစောင်ကို ဣသရေလရှင်ဘုရင် ရှောလမုန်ရေးသားခဲ့သည်။

ဤသာစောင်က လူတွေအသက်ရှင်ဖို့ရန်မည်ကဲ့သို့သွန်သင်ထားသနည်း။
ဤစာစောင်သည်ဖြောင့်မတ်စွာ ကျင့်ဖို့ရန်နှင့် တရားသဖြင့်စီရင်ဖို့ရန်နှင့်လက်မလိုက်ဖို့ရန် သွန်သင်ထားပါသည်။

Proverbs 1:4

ပညာရှိစကားတွေကို နားထောင်ခြင်းအားဖြင့် အဘယ်အကျိုးကျေးဇူးကို ရရှိနိုင်သနည်း။
ပညာရှိတွေရဲ့ စကားကို နားထောင်ခြင်းအားဖြင့် ပညာအတတ်တိုးပွားလာနိုင်သည်။

Proverbs 1:7

ပညာ၏အရင်းအမြစ်သည် အဘယ်နည်း။
ပညာ၏ အရင်းအမြစ်သည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းဖြစ်သည်။

သားတစ်ယောက်အနေဖြင့် မည်သူ၏စကားကို နားထောင်သင့်သနည်း။
သားတစ်ယောက်အနေဖြင့် သူ၏ မိဘနှစ်ပါး၏ စကားကို နားထောင်သင့်ပါသည်။

Proverbs 1:10

အကယ်၍ ဆိုးသွမ်းသောလူများက သွေးဆောင်ခဲ့လျှင် အဘယ်သို့လုပ်ဆောင်သင့်သနည်း။
ဆိုးသွမ်းသောလူများက သွေးဆောင်ခဲ့လျှင် ငြင်းပယ်ရမည်။

Proverbs 1:12

အပြစ်ပြုလုပ်သောသူများသည် မိမိတို့အိမ်များကို မည်သည့်အရာများဖြင့် ပြည့်စေချင်ကြသနည်း?
သူတစ်ပါးများဆီမှခိုးသည့် အရာများဖြင့် ပြည့်စေချင်ကြသည်။

Proverbs 1:15

အဘယ်သူတို့သည် ဒုစရိုက်လုပ်ဆောင်ဖို့ရန် လျင်မြန်သနည်း။
ဒုစရိုက်ကိုပြုသောသူများသည် လူ့အသက်ကိုသတ်ဖို့ရန် လျင်မြန်ပါသည်။

Proverbs 1:18

မတရားသော စီပွားဥစ္စာသည် ထိုသို့သော စီပွားရှာသောသူကို အဘယ်ကဲ့သို့ဖြစ်စေသနည်း။
မတရားသောစီပွားဥစ္စာသည် မိမိအလုပ်ရှင်၏အသက်ကို နုတ်ယူတတ်၏။

Proverbs 1:20

အဘယ်သူက မြို့ဝင်တံခါးနှင့် လူစုဝေးသည့်နေရာလမ်းမများတွင် ကျယ်လောင်စွာ ကြွေးကြော်သနည်း။
မြို့ဝင်တံခါးနှင့် လူစုဝေးသည် နေရာလမ်းမများတွင် ကျယ်လောင်စွာ ကြွေးကြော်လျက်ရှိသည်။

Proverbs 1:23

ဉာဏ်ပညာက ထွက်ခေါ်သည့်အခါ ပညာတရားမရှိသောသူတို့သည် အဘယ်သို့ပြုလေ့ရှိသနည်း။
ဉာဏ်ပညာကထွက်ခေါ်သည့်အခါ ပညာမရှိသောသူတို့သည် အာရုံမစိုက်၊ နားမထောင်ဘဲ နေလေ့ရှိကြသည်။

Proverbs 1:26

ပညာတရားမရှိသည့် သူတွေအပေါ်မှာ ဘေးဥပဒ်ကြွလာသောအခါ ပညာတရားသည် အဘယ်သို့ပြုလိမ့်မည်နည်း။
ပညာတရားမရှိသည့် သူတွေအပေါ်မှာ ဘေးဥပဒ်ကြွလာသောအခါ ပညာတရားသည် ပြက်ယက်ပြုလိမ့်မည်။

Proverbs 1:28

ဉာဏ်ပညာနည်းသောသူတို့သည် ပညာတရားကို အဘယ်သို့ပြုလိမ့်မည်နည်း။
ဉာဏ်ပညာနည်းသောသူတို့သည် ပညာတရားကို မထီမဲ့မြင်ပြုတတ်ကြ၏။

Proverbs 1:31

ပညာတရားနည်းသောသူတို့သည် အဘယ်အရာနှင့် ပြည့်ဝကြလိမ့်မည်နည်း။
ပညာတရားနည်းသောသူတို့သည် သူတို့၏အကျိုးတိုင်းပြန်ရိတ်သိမ်းရမည်။

ပညာတရားကိုနာခံလိုက်လျှောက်သောသူတို့သည် အဘယ်ကဲ့သို့အသက်ရှင်ကြလိမ့်မည်နည်း။
ပညာတရားကိုနာခံလိုက်လျှောက်သောသူတို့သည် လုံခြုံစွာအသက်ရှင်လိမ့်မည်။

## Chapter 2

1 ငါ့သား၊ သင်သည်ပညာစကားကို နားထောင်၍၊ 2 စေတနာစိတ်နှင့်ဉာဏ်ကို ရှာဖွေသည်တိုင်အောင်၊ ငါ့စကားကို နားခံ၍၊
ငါ့ပညတ်တို့ကို ကိုယ်အထဲ၌ သွင်းမိလျှင်၎င်း၊ 3 သိပ္ပံအတတ်ကိုခေါ်၍၊ ဉာဏ်နောက်သို့ အသံ ကိုလွှင့်လျှင်၎င်း၊ 4
ငွေကိုရှာတတ်သကဲ့သို့ ပညာကိုရှာ၍၊ ဝှက်ထား သောဘဏ္ဍာကို စူးစမ်းတတ်သကဲ့သို့၊ ဉာဏ်ကို စူးစမ်း လျှင်၎င်း၊ 5 ထာဝရဘုရားကို
ကြောက်သောသဘော၌ ကျင်လည်၍၊ ဘုရားသခင်ကိုသိသော ဉာဏ်နှင့်ပြည့်စုံ လိမ့်မည်။ 6 အကြောင်းမူကား၊
ထာဝရဘုရားသည်ပညာကို ပေးတော်မူတတ်၏။ နားလည်နိုင်သော ဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏။ 7
ဖြောင့်မတ်သောသူတို့အဘို့ ပညာရတနာကို သိုထားတော်မူ၏။ တရားသဖြင့်ကျင့်သောသူတို့ကို ကွယ်ကာတော်မူ၏။ 8
မိမိသန့်ရှင်းသူတို့သည်တရားလမ်းကို စောင့် ရှောက်မည်အကြောင်း၊ သူတို့၏လမ်းခရီးကို လုံခြုံ စေတော်မူ၏။ 9
ကျေးဇူးတော်ကြောင့် သင်သည် ဖြောင့်မတ်စွာ ကျင့်ခြင်း။ တရားသဖြင့်စီရင်ခြင်း၊ လျစ်လျူစွာ ဆုံးဖြတ် ခြင်းမှစ၍၊
ကောင်းသောလမ်းရှိသမျှတို့ကို သိနားလည် လိမ့်မည်။ 10 ပညာသည်သင်၏နှလုံးထဲသို့ဝင်၍၊ သင်သည် သိကြားခြင်း၌
မွေ့လျော်သောအခါ၊ 11 သမ္မာသတိသည် သင့်ကို ထိန်းသိမ်း၍၊ ဉာဏ်သည်လည်း စောင့်ရှောက်သဖြင့်၊ 12 ဆိုးသောလမ်းမှ
ကယ်တင်လိမ့်မည်။ ကောက် သောစကားကို ပြောတတ်သောသူ၊ 13 ဖြောင့်မတ်သောလမ်းကိုစွန့်၍၊ မိုက်မဲသော လမ်းသို့လိုက်သောသူ၊
14 ဒုစရိုက်၌မွေ့လျော်၍ အဓမ္မလူ၏ ကောက်လိမ် ခြင်းကို အားရနှစ်သက်သောသူ၊ 15 ဖြောင့်သောလမ်းသို့မလိုက်၊ ကောက်သော
လမ်းသို့သာ လိုက်သောသူတို့၏လက်မှ၎င်း၊ 16 အမျိုးပျက်သောမိန်းမ၊ နှုတ်နှင့်ချော့မော့တတ် သော ပြည်တန်ဆာမိန်းမ၊ 17
အသက်ငယ်စဉ်ပဲ့ပြင်သော ကျေးဇူးရှင်ကိုစွန့်၍၊ မိမိဘုရားသခင်၏ ပဋိညာဉ်တရားကို မေ့လျော့သော မိန်းမလက်မှ၎င်း၊ သင့်ကို
ကယ်တင်လိမ့်မည်။ 18 ထိုမိန်းမ၏အိမ်သည် သေခြင်းနှင့်၎င်း၊ သူလိုက်သော လမ်းတို့သည် သင်္ချိုင်းသားနေရာနှင့်၎င်း စပ်ဆိုင် သဖြင့်၊
19 သူ၏အိမ်သို့ဝင်သောသူ တစုံတယောက်မျှ မပြန်ရ။ အသက်လမ်းကို မမှီရ။ 20 သင်သည် သူတော်ကောင်းတို့၏ လမ်းသို့ရှောက်၍၊
ဖြောင့်မတ်သော သူတို့၏ လမ်းခရီးထဲက မထွက်ဘဲ အစဉ်တစိုက်လိုက်ရမည်အကြောင်းတည်း။ 21
ဖြောင့်မတ်သောသူတို့သည်ပြည်တော်၌နေ၍၊ စုံလင်သော သူတို့သည် နေရာကျကြလိမ့်မည်။ 22 အဓမ္မလူတို့မူကား၊
ပြည်တော်မှပယ်ရှင်းခြင်း၊ လွန်ကျူးသော သူတို့သည် နှုတ်ပစ်ခြင်းကို ခံရကြလိမ့် မည်။

---

Proverbs 01

ယေဘုယျအချက်အလက်၊
ဖခင်တစ်ဦးမှ ကဗျာလင်္ကာဖြင့် သူ၏ သားကို သွန်သင်သည်။

သင်သည်ပညာစကားကို နားထောင်၍
ဤနေရာတွင် "စကား" သည် သွန်သင်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သွန်သင်ပေးသောအရာကို သင်သည် နားထောင်ခဲ့လျှင်"

သင်သည် လက်ခံနားထောင်လျှင်
ကျမ်းချက် ၂:၅ တွင် အဆုံးသတ်ထားသည့် ခြွင်းချက်သဘောဆောင်သော ရေးသားဖွဲ့နွဲ့ပုံ အစဉ်လိုက်ကို ဤနေရာတွင် အစပြုသည်။ သင်တို့၏ ဘာသာစကားတွင် သာမန်အသုံးမျှသာ ဖြစ်ခဲ့လျှင်၊ သင်တို့သည် ဤခြွင်းချက်သဘောဆောင်သော ရေးသားဖွဲ့နွဲ့ပုံကို UDB ထဲမှ အမိန့်ပေးစေခိုင်းသကဲ့သို့ အနက်ပြန်နိုင်သည်။

ငါ့ပညတ်တို့ကို ကိုယ်အထဲ၌ သွင်းမိလျှင်
ပညတ်ထားသောအရာများ တန်ဖိုးထားသည်ကို ပညတ်တော်များအား ရတနာကဲ့သို့လည်းကောင်း၊ လူကို ရတနာသိမ်းဆည်းရာ သိုက်အဖြစ်သို့လည်းကောင်း ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ ပညတ်တော်များကို တန်ဖိုးကြီးသော ရတနာကဲ့သို့ မှတ်ယူပါ။"

စေတနာစိတ်နှင့် ဉာဏ်ကို ရှာဖွေသည်တိုင်အောင်၊ ငါ့စကားကို နားခံ၍၊
သင်သည် ကျမ်းချက် ၂:၁ ကို အမိန့်ပေးစေခိုင်းသကဲ့သို့ အနက်ပြန်လျှင်၊ ကျမ်းချက် ၂:၂ ကိုလည်း UDB အတိုင်း အမိန့်ပေးစေခိုင်းသကဲ့သို့ အနက်ပြန်နိုင်သည်။ သင်သည် ကျမ်းချက် ၂:၁ ကို ခြွင်းချက်သဘောကဲ့သို့ အနက်ပြန်လျှင်၊ ကျမ်းချက် ၂:၂ ကိုလည်း UDB အတိုင်း ခြွင်းချက်သဘောကဲ့သို့ အနက်ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စေတနာစိတ်နှင့် ဉာဏ်ကို ရှာဖွေသည်တိုင်အောင်၊ ငါ့စကားကို နားခံ၍၊ ငါ့ပညတ်တို့ကို ကိုယ်အထဲ၌ သွင်းမိလျှင်"

နားခံ၍
ဥပစာအသုံးတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂရုတစိုက် နားထောင်ရန် သင့်ကိုယ်သင် အကျပ်ကိုင်ပါ"

ဉာဏ်ပညာ
ဤစိတ္တဇနာမ်ကို ကြိယာကဲ့သို့ ပြောဆိုရေးသားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သင်ပေးသော ပညာအရာများကို နားထောင်ပါ။"

စေတနာစိတ်နှင့် ဉာဏ်ကို ရှာဖွေသည်တိုင်အောင်
ဤနေရာတွင် "နှလုံး" သည် လူ၏ စိတ်ကို ကိုယ်စားပြုသည်။ "သင်၏ စိတ်နှလုံး တိမ်းညွတ်ပါ" ဟူသောပုဒ်စုသည် ဥပစာအသုံးဖြစ်ပြီး တစ်စုံတစ်ယောက်၏ စိတ်ကို အလုပ်တစ်ခု၌ ဆက်ကပ်၍ လုံးဝနှစ်မြှုပ်ထားသည်ကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာဟူသည်မှာ အဘယ်နည်းဟူ၍ နားလည်ရန် ကြိုးပမ်းသည်"

Proverbs 03

သိပ္ပံအတတ်ကိုခေါ်၍၊ ဉာဏ်နောက်သို့ အသံကိုလွှင့်လျှင်
ဤရေးသားပုံနှစ်မျိုးတို့သည် တူညီသောအဓိပ္ပာယ်ရှိကြသည်။ တစ်စုံတစ်ယောက်သည် ဉာဏ်ပညာရှိရန် အလို့ငှာ ထာဝရဘုရားထံ စိတ်ပြင်းပြစွာ တောင်းလျှောက်နေခြင်းကို သွယ်ဝိုက်ညွှန်းဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ထာဝရဘုရားထံ အရေးတကြီး တောင်းလျှောက်၍ ဉာဏ်ပညာအတွက် အသနားခံလျှင်"

သင်သည် ခေါ်လျှင် ... သင်သည် ရှာလျှင်
ကျမ်းချက် ၂:၁ မှ အစပြုသည့် ခြွင်းချက်သဘောဆောင်သော ရေးသားချက် အကြောင်းအရာ အစဉ်လိုက်များကို ဆက်လက်တင်ပြခြင်းဖြစ်သည်။ အကယ်၍ သင်သည် ကျမ်းချက် ၁:၁-၂ မှ ရေးသားချက်ကို အမိန့်ပေးစေခိုင်းသကဲ့သို့ အနက်ပြန်လျှင်၊ သင်သည် UDB ကဲ့သို့ ဤကျမ်းချက်ကိုလည်း အမိန့်ပေးစေခိုင်းသကဲ့သို့ အနက်ပြန်ရပါမည်။

အသံကို လွှင့်
ဥပစာအသုံးတစ်ခုဖြစ်ပြီး ကျယ်လောင်စွာ ပြောဆိုသည် သို့မဟုတ် ဟစ်ကြွေးသည်ဟု အဓိပ္ပာယ်ရသည်။

ငွေကိုရှာတတ်သကဲ့သို့ ပညာကိုရှာ၍၊ ဝှက်ထားသောဘဏ္ဍာကို စူးစမ်းတတ်သကဲ့သို့၊ ဉာဏ်ကို စူးစမ်းလျှင်
ဤရေးသားပုံ နှစ်မျိုးတို့သည် တူညီသောအဓိပ္ပာယ်ရှိကြသည်။ ဤဥပမာတို့သည် လူတစ်ယောက်က ဉာဏ်ပညာကို နားလည်သဘောပေါက်ရန်အတွက် ပြုသင့်သမျှ ပြင်းထန်စွာ ကြိုးပမ်းအားထုတ်မှုကို အသားပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပညာကိုရှာရာ၌ တန်ဖိုးကြီးသော ဘဏ္ဍာကို ရှာဖွေသကဲ့သို့ တတ်စွမ်းသမျှ ကြိုးပမ်းလျှင်"

သင်သည် ရှာ၍ ... ဉာဏ်ကို စူးစမ်း
ဉာဏ်ဟူသောအရာကို နားလည်သဘောပေါက်ရန် လွန်စွာကြိုးပမ်း စူးစမ်းခြင်းကို ဉာဏ်သည် လူတစ်ဦးမှ ရှာဖွေရမည့် ဘဏ္ဍာကဲ့သို့ ပြောဆိုရေးသားထားသည်။

ဘုရားသခင်ကိုသိသော ဉာဏ်နှင့် ပြည့်စုံလိမ့်မည်
ထာဝရဘုရားကို သိခြင်းနှင့် ပြည့်စုံရမည်ကို ဘုရားသခင်၏ ဉာဏ်ပညာတော်ကို ရှာဖွေစူးစမ်းပြီးမှ ရတတ်သော ဘဏ္ဍာကဲ့သို့ ပြောဆိုရေးသားထားသည်။

Proverbs 06

နားလည်နိုင်သော ဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်တတ်၏
ဤနေရာတွင် "နှုတ်ခမ်း" သည် ထာဝရဘုရားကိုသော်လည်းကောင်း သူ၏နှုတ်ကပတ်တော်ကိုလည်းကောင်း ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာနှင့် နားလည်သဘောပေါက်ခြင်းတို့သည် ထာဝရဘုရားထံမှ လာသည်" သို့မဟုတ် "ထာဝရဘုရားသည် ကျွန်ုပ်တို့သိရှိ၍ နားလည်သဘောပေါက်ရမည့်အရာတို့ကို မိန့်ကြားတော်မူသည်။"

ဖြောင့်မတ်သောသူတို့အဘို့ ပညာရတနာကို သိုထားတော်မူ၏
ဘုရားသခင်မှ လူတို့အား ဉာဏ်ပညာ ပေးသနားတော်မူသည်ကို ဉာဏ်ပညာသည် ထာဝရဘုရားမှ သိမ်ဆည်း၍ လူတို့အား ပေးသနားတော်မူနိုင်သော အရာတစ်ခုကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဖြောင့်မတ်၍ စိတ်တော်တွေ့သောသူကို သွန်သင်ပေးတော်မူသည်။"

ယုတ္တိတန်သော
ယုံကြည်အားထား လောက်သော

တရားသဖြင့်ကျင့်သောသူတို့ကို ကွယ်ကာတော်မူ၏
ဘုရားသခင်သည် သူ၏လူတို့အား ကာကွယ်စောင့်ရှောက်နေသည်ကို သူသည် ဒိုင်းတစ်ခုကဲ့သို့ဖြစ်ကြောင်း ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူတို့ကို ဘုရားသခင် ကွယ်ကာတော်မူသည်။"

တရားသဖြင့်ကျင့်သောသူတို့ကို
တရားသဖြင့် ကျင့်ကြံပြုမူနေသောသူကို ဂုဏ်သိက္ခာဖြင့်လျှောက်လှမ်းနေသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သမာဓိရှိစွာဖြင့် ပြုမူသောသူ" သို့မဟုတ် "သူတို့၏အသက်တာကို သူတို့ပြုသင့်သည်အတိုင်း ရှင်သန်နေထိုင်သောသူ"

တရားလမ်းကို စောင့်ရှောက်မည်
ဖြစ်တန်ရာသော အနက်အဓိပ္ပာယ်များမှာ (၁) တရားမျှတခြင်းကို လမ်းတစ်ခုကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် တရားသဖြင့် ကျင့်သောသူတို့ကို သေချာအောင် ကြည့်ရှုစစ်ဆေးသည်" သို့မဟုတ် (၂) တစ်စုံတစ်ယောက်၏ အသက်တာကို လမ်းခရီးတစ်ခုကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် တရားမျှတစွာ ကျင့်ကြံပြုမူသောသူအား ကွယ်ကာတော်မူသည်။"

သူတို့၏ လမ်းခရီးကို လုံခြုံစေတော်မူ၏
တစ်စုံတစ်ယောက်၏ အသက်တာကို ခရီးတစ်ခု သို့မဟုတ် လမ်းတစ်လမ်း ဖြစ်သကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူတို့ကို ကွယ်ကာသည်"

Proverbs 09

လျစ်လျူစွာ ဆုံးဖြတ်ခြင်း
"တရားမျှတခြင်း"

ကောင်းသောလမ်း ရှိသမျှ
ပညာရှိစွာသော်လည်းကောင်း ဘုရားသခင်၏ စိတ်တော်တွေ့စေရန်သော်လည်းကောင်း ပြုမူကျင့်ကြံခြင်းကို ကောင်းသောလမ်းကဲ့သို့ ဖြစ်ကြောင်း ပြောဆိုသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ကို စိတ်တော်တွေ့စေမည့် လမ်းကြောင်းပေါ်၌ နေထိုင်ရန်"

ပညာသည် သင်၏နှလုံးထဲသို့ ဝင်၍
ဤနေရာတွင် "နှလုံး" သည် တစ်စုံတစ်ယောက်၏ အတွင်းစိတ်ကို ရည်ညွှန်းသည်။ လူတစ်ယောက် ဉာဏ်ပညာနှင့် ပြည့်ဝလာသည်ကို လူတစ်ယောက်၏ နှလုံးထဲ၌ ပညာဝင်သကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပညာများစွာ ရရှိလိမ့်မည်" သို့မဟုတ် "သင်သည် မည်ကဲ့သို့ အမှန်အကန်ပညာတတ်ဖြစ်မည်အကြောင်း သင်ယူရလိမ့်မည်။"

သင့်ဝိညာဉ်သည် သိကြားခြင်း၌ မွေ့လျော်သောအခါ
ဤနေရာတွင် "ဝိညာဉ်" သည် လူတစ်ကိုယ်လုံးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပျော်မွေ့သောအခါ" သို့မဟုတ် "သင်သည် ပျော်ရွှင်သောအခါ"

Proverbs 11

သမ္မာသတိသည် သင့်ကို ထိန်းသိမ်း၍၊ ဉာဏ်သည်လည်း စောင့်ရှောက်သဖြင့်
ဤနေရာတွင် "သမ္မာသတိ" နှင့် "ဉာဏ်" တို့အား တစ်စုံတစ်ယောက်ကို စောင့်ကြည့်နိုင်သော လူပုဂ္ဂိုလ်များကဲ့သို့ ပြောဆိုသည်။ အချက်အလက် နှစ်ခုစလုံး၏ အဓိပ္ပာယ်မှာ အခြေခံအားဖြင့် တူညီကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သေချာစွာ စဉ်းစားလျက် အမှားအမှန်ကို ပိုင်းခြားနားလည်သဖြင့် လုံခြုံလိမ့်မည်။"

သမ္မာသတိ
ပြုမူခြင်းနှင့် ပြောဆိုခြင်းတို့တွင် သတိထားနေထိုင်တတ်သည့် အရည်အချင်း

စောင့်ရှောက်
ကြည့်ရှုစောင့်ရှောက်၊ ကွယ်ကာ သို့မဟုတ် တစ်စုံတစ်ယောက် သော်လည်းကောင်း၊ တစ်စုံတစ်ခုကိုလည်းကောင်း ပြုစုစောင့်ရှောက်သည်။

ဆိုးသောလမ်းမှ ကယ်တင်လိမ့်မည်
"ထိုသူတို့က" ဟူသောစကားလုံးသည် သမ္မာသတိနှင့် ဉာဏ်တို့အား တစ်စုံတစ်ယောက်ကို ကယ်တင်နိုင်သည့် လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသောအမှုတို့ကို ဝေးစွာရှောင်ကြဉ်ရမည်အကြောင်း သင်သည် သိရှိလာလိမ့်မည်။"

ဆိုးသောလမ်းမှ
မကောင်းသော ကျင့်ကြံပြုမူခြင်းကို လူတို့လျှောက်သော လမ်းခရီးကဲ့သို့ မကောင်းမှုကို ပြောဆိုခြင်းဖြစ်သည်။

ဖြောင့်မတ်သောလမ်းကို စွန့်၍၊ မိုက်မဲသောလမ်းသို့ လိုက်သောသူ
မှန်ကန်သောအမှုကိုပြုခြင်း မရှိတော့ဘဲ မကောင်းမှု၌ ကျင်လည်ရန် စိတ်ပိုင်းဖြတ်သောသူကို လမ်းမှန်ပေါ် လျှောက်လှမ်းခြင်းအား ရပ်တန့်ပြီး လမ်းမှားသို့ လိုက်လျှောက်သောသူ တစ်ယောက်ကဲ့သို့ ပြောဆိုသည်။

စွန့်သောသူ
"သူ" ဟူသောစကားလုံးသည် ကောက်သော စကားပြောတတ်သောသူကို ရည်ညွှန်းသည်။

စွန့်ပစ်
ထွက်ခွါ၍ လုံးဝပြန်လာခြင်းမရှိသောသူ သို့မဟုတ် တစ်စုံတစ်ရာ

Proverbs 14

သူတို့သည် မွေ့လျော်၍
"သူတို့" သည် ကျမ်းချက် ၂:၁၁ ထဲမှ လူတို့ကို ရည်ညွှန်းသည်။

အဓမ္မလူ၏ ကောက်လိမ်ခြင်းကို အားရနှစ်သက်
အရင်းခံအားဖြင့် ဤအကြောင်းအရာသည် ဝါကျအစပိုင်းနှင့် အဓိပ္ပာယ်တူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းမှုဖြစ်ကြောင်း သူတို့သည် သိသော်လည်း ပြုလုပ်ရန် အားရနှစ်သက်ကြသည်။"

သူတို့သည် ကောက်သောလမ်းသို့သာ လိုက်သည်
အခြားသူတို့ကို လိမ်လည်သောသူကို ကောက်သောလမ်းကို လျှောက်သောသူကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အခြားသောသူတို့ကို လှည့်စားသည်။"

မုသားဆို၍ သူတို့၏ လမ်းကြောင်းကို ဖုံးကွယ်ထားသည်
လူတို့သည် မုသားသုံးသဖြင့် အခြားသောသူတို့သည် မည်သို့ပြုကြသည်ကို မသိကြခြင်းကို မည်သူမျှ လိုက်လျှောက်၍ မရနိုင်အောင် လမ်းကြောင်းကို ဖုံးကွယ်ထားသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် မုသားစကားကို သုံးသောကြောင့် မည်သူကမျှ မည်သည့်အမှုပြုသည်ကို သိရှိကြမည် မဟုတ်ပါ။"

Proverbs 16

ယေဘုယျအချက်အလက်၊
ဖခင်သည် သူ၏သားကို ဉာဏ်ပညာကသာ သူ့အားကွယ်ကာမည်ဖြစ်ကြောင်း ဆက်လက်၍ သွန်သင်ဆုံးမသည်။

ဉာဏ်ပညာနှင့် ကိုယ်ပိုင်ဆုံးဖြတ်တတ်ခြင်းတို့က သင့်ကို ကယ်တင်လိမ့်မည်
ကျမ်းပြုရေးသားသူသည် ဉာဏ်ပညာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တို့ကို ထိုအရာများ ပိုင်ဆိုင်ထားသောသူကို ကယ်တင်သည့် လူပုဂ္ဂိုလ်များကဲ့သို့ သုံးနှုန်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၌ ဉာဏ်ပညာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခြင်းရှိလျှင်၊ သင့်ကိုသင် ကယ်တင်နိုင်လိမ့်မည်။"

အသက်ငယ်စဉ် ပဲ့ပြင်သော ကျေးဇူးရှင်
ဤနေရာတွင် သူမ၏ ငယ်ရွယ်စဉ်က လက်ထပ်ယူထားသော ခင်ပွန်းသည် လင်ယောကျ်ားကို ရည်ညွှန်းသည်။

မိမိဘုရားသခင်၏ ပဋိညာဉ်တရားကို မေ့လျော့သော မိန်းမ
ဤနေရာတွင် သူမ၏လင်ယောကျ်ားနှင့် ဘုရားရှေ့တော်မှောက်၌ ပြုကြသည့် လက်ထပ်ပဋိညာဉ်စာချုပ်ကို ရည်ညွှန်းဟန်ရှိသည်။

Proverbs 18

ထိုမိန်းမ၏အိမ်သည် သေခြင်းနှင့်လည်းကောင်း
ဖြစ်တန်ရာ အဓိပ္ပာယ်များမှာ (၁) "သူမ၏အိမ်သို့ သွားခြင်းသည် သေခြင်းကိုပို့ဆောင်ပေးသည်" သို့မဟုတ် (၂) "သူမ၏ အိမ်သို့ သွားသောလမ်းသည် သေခြင်းဆီသို့ သွားသောလမ်းဖြစ်သည်။"

သူလိုက်သော လမ်းတို့သည် ခေါ်ဆောင်သွားလိမ့်မည်
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ

သင်္ချိုင်းသားနေရာနှင့်လည်းကောင်း
ဤနေရာတွင် သေလွန်ပြီးသောသူတို့၏ ဝိညာဉ်များကိုသော်လည်းကောင်း၊ လူသေတို့နေသောအရပ်ကို ဆက်စပ်၍ ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်္ချိုင်းဆီသို့"

သူ၏အိမ်သို့ ဝင်သောသူ
ဤနေရာတွင် သူမအိမ်သို့ သူမနှင့်အတူ အိပ်စက်ရန် သွားသည်ကို၊ ပြည့်တန်ဆာနှင့်အတူ ပျော်ပါးသကဲ့သို့ဖြစ်ကြောင်း ဆိုလိုသည်။

တစ်စုံတစ်ယောက်မျှ မပြန်ရ၊ အသက်လမ်းကို မမှီရ
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) "သူတို့သည် အသက်ရှင်ရာ အရပ်ဒေသသို့ ပြန်လာမည် မဟုတ်" သို့မဟုတ် (၂) "သူတို့သည် ပျော်ရွှင်စရာဘဝ၌ နောက်ထပ်တစ်ဖန် နေထိုင်ရလိမ့်မည် မဟုတ်။"

Proverbs 20

ထို့ကြောင့်
ကျမ်းစာရေးသောသူသည် ဉာဏ်ပညာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိခြင်း၏ ရလဒ်ကို ပြောပြသည်။

လမ်းခရီးထဲက မထွက်ဘဲ ... အစဉ်တစိုက်လိုက်ရမည်
လူတစ်ဦး၏ ပြုမူဆောင်ရွက်ချက်ကို ခရီးလမ်းတစ်ခု လျှောက်ခြင်းကဲ့သို့ ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် လမ်းခရီးကို လိုက်ရမည် ... ပုံဆောင်ခြင်းနောက်ကိုလိုက်၍"

အဓမ္မလူတို့မူကား၊ ပြည်တော်မှပယ်ရှင်းခြင်း ခံရကြလိမ့် မည်
ကျမ်းရေးသားသူက ထာဝရဘုရားသည် လူတို့အား ပြည်တော်မှ နှင်ထုတ်မည့်အကြောင်းကို သူသည် လူတစ်ယောက်မှ သစ်ပင်ကိုင်းကို ချိုင်သကဲ့သို့ ပြောဆိုသည်။ဤနေရာတွင် ကတ္တားကို ဝါကျအစ၌ ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် အဓမ္မလူတို့အား ပြည်တော်မှ နှင်ထုတ်တော်မူလိမ့်မည်။"

အဓမ္မလူ ... လွန်ကျူးသောသူ
ဤစကားလုံးများသည် နာမ်နှင့်ဆိုင်သော နာမဝိသေသနများဖြစ်ကြပြီး နာမဝိသေသနအဖြစ်လည်း ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မအမှုကိုပြုသောသူ ... လွန်ကျူးခြင်းကို ပြုသောသူ" သို့မဟုတ် "အဓမ္မလူများ ... လွန်ကျူးသော သူများ"

လွန်ကျူးသော သူတို့သည် နှုတ်ပစ်ခြင်းကို ခံရကြလိမ့်မည်
ကျမ်းရေးသားသူက ထာဝရဘုရားသည် လူတို့အား ပြည်တော်မှ နှင်ထုတ်မည့်အကြောင်းကို သူသည် လူတစ်ယောက်မှ သစ်ပင်ကိုင်းကို ချိုင်သကဲ့သို့ ပြောဆိုသည်။ဤနေရာတွင် ကတ္တားကို ဝါကျအစ၌ ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် လွန်ကျူးသောသူတို့အား ဖယ်ရှားတော်မူလိမ့်မည်။"

---

## Translation Questions

Proverbs 2:1

ပညာတရားသည် သူမ၏သားအား မည်သည့်အရာကိုတန်ဖိုးထားစေလိုသနည်း။
ပညာတရားသည် သူမ၏သားအား သူမ၏ဆုံးမချက်များကို တန်ဖိုးထားစေလိုသည်။

Proverbs 2:3

သားသည် နားလည်နိုင်သောဉာဏ်ကို မည်သို့ရှာဖွေသင့်သနည်း။
သားသည် နားလည်နိုင်သောဉာဏ်ကို ငွေကဲ့သို့ရှာ၍၊ ဝှက်ထားသောဘဏ္ဍာကဲ့သို့ရှင်း ရှာဖွေသင့်သည်။

သားသည် နားလည်နိုင်သောဉာဏ်ကို ရှာဖွေလျှင်၊ မည်သည့်အရာကို တွေ့လိမ့်မည်နည်း။
ထိုသားသည် ဘုရားသခင်ကိုသိသောဉာဏ် ကိုတွေ့လိမ့်မည်။

Proverbs 2:6

ဖြောင့်မတ်ခြင်း၌ လိုက်လျှောက်သောသူများအတွက် ထာဝရဘုရားသည် အဘယ်ကဲ့သို့သောသူဖြစ်သနည်း။
ဖြောင့်မတ်ခြင်း၌ လိုက်လျှောက်သောသူများအတွက် ထာဝရဘုရားသည် ကွယ်ကာပေးသောသူဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Proverbs 2:9

ပညာသည် သား၏နှလုံးထဲသို့ဝင်လာသည့်အခါ သူသည်မည်သည့်အရာကို နားလည်လာလိမ့်မည်နည်း။
သားသည် ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ တရားမှု နှင့် ကောင်းသောလမ်းများကို နားလည်လာလိမ့်မည်။

Proverbs 2:11

လိမ္မာသိုသိပ်မှု နှင့် နားလည်ခြင်းအတတ်သည် သားကို မည်သည့်အရာမှ ကယ်တင်လိမ့်မည်နည်း။
လိမ္မာသိုသိပ်မှု နှင့် နားလည်ခြင်းအတတ်သည် သားကို မကောင်းသောလမ်းနှင့် မှောင်မိုက်၏လမ်းထဲမှ ကယ်တင်လိမ့်မည်။

Proverbs 2:14

မှောင်မိုက်လမ်းထဲ လျှောက်လှမ်းသောသူတို့သည် မိမိလမ်းကို မည်သို့ ဖုံးကွယ်ကြသနည်း။
လှည့်စားခြင်းကို သုံး၍ ဖုံးကွယ်လေ့ရှိကြသည်။

Proverbs 2:16

အကျင့်ပျက်သောမိန်းမသည် မည်သည့်အရာကို စွန့်၍မေ့လျော့တတ်သနည်း။
အကျင့်ပျက်သော မိန်းမသည် ငယ်ရွယ်စဉ် မိမိ၏အဖော်နှင့် မိမိဘုရားသခင်၏ပဋိညာဉ်တရားကို မေ့လျော့တတ်သည်။

Proverbs 2:18

မကောင်းသောမိန်းမသည် မည်သည့်နေရာများကိုလမ်းပြသနည်း။
မကောင်းသောမိန်းမသည် သင်္ချိုင်းသို့လမ်းပြလေ့ရှိသည်။

Proverbs 2:20

သင်သည်အဘယ်သူ၏နည်းလမ်းထဲတွင်ရှောက်သင့်သနည်း။
သင်သည်ကောင်းသောသူတို့၏နည်းလမ်း နှင့် ဖြောင့်မတ်သောသူတို့၏လမ်းထဲတွင်ရှောက်သင့်သည်။

ဖြောင့်မတ်စွာနေသောသူသည် မည်ကဲ့သို့ဖြင့်လိမ့်မည်နည်း။
ဖြောင့်မတ်စွာနေသောသူသည် သည်ပြည်တော်၌နေရလိမ့်မည်။

မတရားသဖြင့်နေသောသူသည် မည်ကဲ့သို့ဖြင့်လိမ့်မည်နည်း။
မတရားသဖြင့်နေသောသူတို့သည် ပြည်တော်မှပယ်ရှင်းခြင်းကိုခံရလိမ့်မည်။

## Chapter 3

1 ငါ့သား၊ ငါပေးသောတရားကို မမေ့နှင့်။ ငါ့ပညတ်တို့ကို သင်၏နှလုံးစောင့်ရှောက်ပါစေ။ 2 အကြောင်းမူကား၊ ပညတ်တရားသည်
အသက်တာရှည်သော ကာလနှစ်ပေါင်းများကိုင၎်း၊ ငြိမ်ဝပ်ခြင်းကို ၎င်း တိုးပွါးစေလိမ့်မည်။ 3 ကရုဏာတရားနှင့် သစ္စာတရားကို
သင်နှင့် မကွာစေနှင့်။ ထိုတရားတို့ကို သင်၏လည်ပင်း၌ဆွဲထား လော့။ နှလုံးအင်းစာရင်း၌ ရေးသွင်းလော့။ 4 ထိုသို့ပြုလျှင်
ဘုရားသခင်ရှေ့လူတို့ရှေ့မှာ မျက်နှာရ၍၊ ကျေးဇူးကို ခံရလိမ့်မည်။ 5 ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။
ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ 6 သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက် ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်
မူမည်။ 7 ငါသည်ပညာရှိ၏ဟု ကိုယ်ကို မထင်နှင့်။ ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကိုရှောင်လော့။ 8 သို့ပြုလျှင်၊
သင်၏အကြောတို့သည် အားသန်၍၊ အရိုးတို့သည် ခြင်ဆီနှင့် ပြည့်စုံကြလိမ့်မည်။ 9 သင်သည်ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီး
အနှံရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့။ 10 သို့ပြုလျှင်၊ သင်၏စပါးကျီတို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာ တန်ဆာတို့ကို
အသစ်သော စပျစ်ရည် လျှံလိမ့်မည်။ 11 ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏အပြစ်ကို
စစ်ဆေးတော်မူသော အခါ စိတ်မပျက်စေနှင့်။ 12 ထာဝရဘုရားသည် ချစ်တော်မူသော သူကို ဆုံးမတော်မူတတ်၏။
နှစ်သက်တော်မူသော သူကို ဆုံးမ တော်မူတတ်၏။ 13 ဉာဏ်ပညာကို ရှာ၍ရသောသူသည် မင်္ဂလာ ရှိ၏။ 14 အကြောင်းမူကား၊
ပညာကုန်သွယ်ခြင်းသည် ငွေကုန်သွယ်ခြင်းထက်သာ၍ကောင်း၏။ ပညာကုန်သွယ် ၍ ရသောအမြတ်လည်း ရွှေစင်ထက်
သာ၍ကောင်း၏။ 15 ပညာသည် ပတ္တမြားထက်သာ၍ အဘိုးထိုက် ပေ၏။ နှစ်သက်ဘွယ်သမျှသော အရာတို့သည် ထိုရတနာကို
မပြိုင်နိုင်ကြ။ 16 သူ၏လက်ျာလက်၌ အသက်တာရှည်သော ကာလ၊ လက်ဝဲလက်၌ စည်းစိမ်နှင့်ဂုဏ်အသရေရှိ၏။ 17
ပညာလမ်းတို့သည် သာယာသောလမ်း၊ ပညာ လမ်းခရီးရှိသမျှတို့သည် ငြိမ်ဝပ်လျက်ရှိကြ၏။ 18 ပညာကို ကိုင်ဆွဲသောသူသည်
အသက်ပင်ကို ရပြီ။ လက်မလွှတ်သော သူသည် မင်္ဂလာရှိ၏။ 19 ထာဝရဘုရားသည် ပညာတော်အားဖြင့် မြေကြီးကိုတည်၍၊
ဉာဏ်တော်အားဖြင့် မိုဃ်းကောင်းကင် ကို ပြင်ဆင်တော်မူပြီ။ 20 သိပ္ပံအတတ်တော်အားဖြင့် နက်နဲသောအရပ် အက်ကွဲ၍၊
မိုဃ်းတိမ်မှလည်း နှင်းရည်ကျတတ်၏။ 21 ငါ့သား၊ ပညာရတနာနှင့် သမ္မာသတိကို သင့် မျက်မှောက်မှ မကွာစေဘဲ၊
အစဉ်စောင့်ရှောက်လော့။ 22 သို့ပြုလျှင်၊ ထိုရတနာတို့သည် သင်၏ဝိညာဉ်၌ အသက်၊ သင်၏လည်ပင်း၌ ဂုဏ်အသရေဖြစ်လိမ့်မည်။
23 သင်သည်ခရီးသွားရာ၌ ဘေးမရှိ။ ခြေမတိုက်မိ ဘဲ သွားလိမ့်မည်။ 24 အိပ်သောအခါ ကြောက်စရာမရှိရ။ကောင်းမွန် စွာ
အိပ်ပျော်ရလိမ့်မည်။ 25 လျင်မြန်သောဘေးနှင့် လူဆိုးတွေ့တတ်သော ပျက်စီးရာ ဘေးကို ကြောက်စရာမရှိရ။ 26 အကြောင်းမူကား၊
ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာဖြစ်၍၊ သင်၏ခြေကိုမကျော့မိ စေခြင်းငှါ စောင့်မတော်မူလိမ့်မည်။ 27
ကျေးဇူးကိုခံသင့်သော သူတို့အား ကျေးဇူးပြုရ သော အခွင့်ရှိလျှင် မပြုဘဲမနေနှင့်။ 28 အိမ်နီးချင်းကိုပေးစရာရှိလျက်ပင်၊ သွားတော့။
တဖန်လာဦးတော့၊ နက်ဖြန်မှ ငါပေး မည်ဟု မပြောနှင့်။ 29 စိုးရိမ်ခြင်းမရှိဘဲ သင့်အနားမှာနေသော အိမ်နီး ချင်း၌ မကောင်းသော
အကြံကိုမကြံနှင့်။ 30 သင်၌ အပြစ်မပြုသောသူကို အကြောင်းမရှိဘဲ ရန်မတွေ့ 31 ညှဉ်းဆဲတတ်သောသူ၏ စည်းစိမ်ကိုမတောင့်တ
နှင့်။ သူလိုက်သော လမ်းတစုံတခုကိုမျှ အလိုမရှိနှင့်။ 32 အကြောင်းမူကား၊ ထာဝရဘုရားသည် သဘော ကောက်သော သူတို့ကို
စက်ဆုပ်ရွံ့ရှာတော်မူ၏။ ဖြောင့် မတ်သောသူတို့မူကား၊ ကိုယ်တော်နှင့်မိဿဟာယ ဖွဲ့ရ သောအခွင့်ရှိကြ၏။ 33 မတရားသောသူ၏
နေရာသည်ထာဝရဘုရား ကျိန်တော်မူခြင်းကို တွေ့တတ်၏။ တရားသောသူ၏ နေရာကို ကားကောင်းကြီးပေးတော်မူ၏။ 34
အကယ်စင်စစ် ကဲ့ရဲ့တတ်သောသူတို့ကို ကဲ့ရဲ့ တော်မူ၏။ စိတ်နှိမ့်ချသော သူတို့အားကား၊ ကျေးဇူးပြု တော်မူ၏။ 35
ပညာရှိသောသူတို့သည် ဘုန်းအသရေကို အမွေခံရ၍၊ မိုက်သောသူတို့မူကား၊ အရှက်ကွဲခြင်းကို ထမ်းသွားရကြလိမ့်မည်။

---

Proverbs 01

ယေဘုယျအချက်အလက်၊
ကျမ်းရေးသားသူသည် ဖခင်မှ သူ၏သားသမီးတို့ကို
ကဗျာလင်္ကာသုံး၍ သင်ပေးနေသကဲ့သို့ ပြောဆိုသည်။

ငါပေးသောတရားကို မမေ့နှင့်
"စေခိုင်းခြင်းများ" ဟူသောစကားလုံးကို ကြိယာကဲ့သို့
အနက်ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါစေခိုင်းသည်ကို မမေ့နှင့်။"

ငါ့ပညတ်တို့ကို သင်၏နှလုံးစောင့်ရှောက်ပါစေ
ဤပုဒ်စုသည် ပထမပုဒ်စုမှ အငြင်းစကားရပ်အသုံးကို
အဟုတ်စကားရပ်ဖြင့် ပြောသည်။ ဤနေရာတွင် "နှလုံး" သည်
စိတ်ကို ကိုယ်စားပြုသည်။ "သင်ကြားခြင်းများ၊ ပညတ်တို့" ကို
ကြိယာကဲ့သို့ အနက်ပြန်နိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ သင်ကြားပေးသည်တို့ကို
အစဉ်အမြဲ သတိရကြပါ။"


generated on Sun Jun 30 02:37:40 2024

အသက်တာရှည်သော ကာလနှစ်ပေါင်းများ
ဤပုဒ်စုနှစ်ခုတို့သည် တူညီသော အနက်အဓိပ္ပာယ် ရှိကြပြီး အသက်တာရှည်စွာ နေထိုင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်တာ ရှည်စွာ"

Proverbs 03

ကရုဏာတရားနှင့် သစ္စာတရားကို သင်နှင့် မကွာစေနှင့်
ကျမ်းရေးသူသည် "ကရုဏာတရားနှင့်သစ္စာတရာကို တစ်စုံတယောက် ကိုထားခဲ့သည့်သူများ ကဲ့သို့ဟု ပြောဆိုထားပါသည်။ အငြင်းစေခိုင်းချက်ကို ထွက်ခွာသွားသောသူ ကသို့ဖော်ပြထားသည်အဟုတ်ဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကရုဏာတရားနှင့် သစ္စာတရားကို ပြုကျင့်ရန် အစဉ်တစိုက် သေချာစွာလုပ်ဆောင်ပါ။"

ထိုတရားတို့ကို သင်၏လည်ပင်း၌ ဆွဲထားလော့
ကျမ်းရေးသူသည် "ကရုဏာတရား" နှင့် "သစ္စာတရား" တို့ကို လည်ပင်း၌ ဆွဲထားရသောလည်ဆွဲရတနာပစ္စည်းကဲ့သို့ ပြောဆိုထားသည်။ ဤပုံသဏ္ဌာန်က ယင်းအရာများသည် လူတို့မှ ယူတင်၍ဝတ်ဆင်ရမည့် အဖိုးထိုက်သော ရတနာပစ္စည်းဖြစ်ကြောင်း ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ယောက်သောသူမှ လည်ပင်း၌ ဆင်မြန်းထားသကဲ့သို့ ဂုဏ်ယူစွာ ယူတင်ဝတ်ဆင်ပါ။"

နှလုံးအင်းစာရင်း၌ ရေးသွင်းလော့
ဤနေရာတွင် နှလုံးသည် လူတစ်ယောက်၏ စိတ်ကို ရည်ညွှန်းသည်။ စိတ်ကို တစ်စုံတစ်ယောက်က အချက်အလက်နှင့် စေခိုင်းချက်များကို ၎င်းအပေါ်တွင် ရေးသားနိုင်သော အချပ်အပြားတစ်ခုကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျောက်စာတိုင်ပေါ်တွင် ရာသက်ပန်မပျက်စီးစေရန် ရေးသားသကဲ့သို့ ၎င်းတို့ကို အစဉ်အမြဲ သတိရအောက်မေ့ပါ။"

ဘုရားသခင်ရှေ့ လူတို့ရှေ့မှာ
ဤနေရာတွင် ရှေ့ သည် တရားစီရင်ခြင်း သို့မဟုတ် ဝေဖန်ချင့်တွက်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်နှင့် လူတို့၏ တရားစီရင်ခြင်းတွင်"

Proverbs 05

စိတ်နှလုံးအကြွင်းမဲ့
ဤနေရာတွင် "နှလုံး" ဟူသော စကားလုံးသည် လူ၏အတွင်းသဏ္ဌာန်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ တစ်ကိုယ်လုံး"

ကိုယ်ဉာဏ်ကို အမှီမပြုနှင့်
ကျမ်းရေးသားသူသည် တစ်စုံတစ်ယောက်၏ ကိုယ်ပိုင်ဉာဏ်အပေါ် အားကိုးခြင်းကို "ဉာဏ်" သည် လူတစ်ယောက်က မှီ၍ရသော ဝတ္ထုပစ္စည်းတစ်ခုကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ကိုယ်ပိုင်ဉာဏ်ကို အားမကိုးပါနှင့်"

သွားလေရာရာ၌
ကျမ်းရေးသားသူသည် တစ်စုံတစ်ယောက်၏ ပြုမူဆောင်ရွက်ချက်ကို ထိုသူသည် လူသွားလမ်းပေါ်တွင် ရှိနေသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်လုပ်ဆောင်သမျှအရာ၌"

သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်
ကျမ်းရေးသူသည် ဘုရားသခင်မှ လူ၏ ပြည့်စုံသောဆောင်ရွက်ခွင့် ပြုတော်မူသည်ကို ထိုသူ၏ ပြုမူဆောင်ရွက်ချက်သည် သူလျှောက်ရသောလမ်းကဲ့သို့လည်းကောင်း၊ ဘုရားသခင်သည် အခက်အခဲများစွာထဲမှ လွတ်ခွင့် ပြင်ဆင်တော်မူကြောင်းကိုလည်းကောင်း ပြောဆိုသည်။ အခြားသောဘာသာပြန်၊ "သူသည် သင့်ကို အောင်မြင်ခြင်း ပေးသနားတော်မူလိမ့်မည်။"

Proverbs 07

ငါသည်ပညာရှိ၏ဟု ကိုယ်ကို မမြင်နှင့်
ကျမ်းရေးသူသည် လူတစ်ဦး၏ထင်မြင်ချက်ကို တစ်စုံတစ်ခုကို သူ၏မျက်လုံးဖြင့် မြင်တွေ့နေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိသည်ဟု ကိုယ့်ကိုယ်ကို မထင်နှင့်။"

ဒုစရိုက်ကို ရှောင်လော့
ကျမ်းရေးသူသည် မကောင်းသောအမှု ကျူးလွန်ခြင်းကို မကောင်းမှုမှ ရှောင်လွဲရသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသောအမှုကို ကျူးလွန်ခြင်းမပြုပါနှင့်"

သို့ပြုလျှင် သင်၏အကြောတို့သည် အားသန်၍၊ အရိုးတို့သည် ခြင်ဆီနှင့် ပြည့်စုံကြလိမ့်မည်
"သို့" ဟူသော စကားလုံးသည် ကျမ်းရေးသူမှ အရင်ကျမ်းချက်တွင် ပေးထားသော လမ်းညွှန်ချက်တို့ကို ပြန်လည်ရည်ညွှန်းသည်။ ပြီးပြည့်စုံသော အဓိပ္ပါယ်ကို ရှင်းလင်းစွာ ပေးနိုင်သည်။ "အသွေးအသား" ဟူသောစကားလုံးသည် လူတစ်ကိုယ်လုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသို့ပြုလျှင်၊ သင်၏ ခန္ဓာကိုယ်သည် အနာရောဂါ ပျောက်ကင်းလိမ့်မည်။"

Proverbs 09

ရှိသမျှ၊ ထွက်သမျှ
"ရိတ်သိမ်းသမျှ"

သင်၏စပါးကျီတို့သည် ကြွယ်ဝလိမ့်မည်
ဤနေရာတွင် ကတ္တားကို ပြသူအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စပါးကျီတို့သည် ပြည့်လိမ့်မည်"

စပါးကျီ၊ ဘဏ္ဍာသိုက်
စားစရာတို့ကို သိုလှောင်ထားသော အခန်း သို့မဟုတ် အဆောက်အအုံ

စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံလိမ့်မည်
အဆင်သင့်ဖွင့်ထားမည် ဆိုလျှင်သင်၏ စပျစ်ထည့်သောစည်တို့သည် ကွဲထွက်လုမတတ် ပြည့်လျှံနေလိမ့်မည်။

Proverbs 11

ယေဘုယျအချက်အလက်၊
ကျမ်းရေးသူသည် ဖခင်တစ်ဦးမှ သူ၏သားကို သွန်သင်ပေးသကဲ့သို့ ရေးသားထားသည်။

နှစ်သက်တော်မူသော သူကို
"မိုက်မဲမှု" ဟူ၍လည်း သရုပ်ဖော်ရေးသားချက်အနေဖြင့် ဘာသာပြန်ရန် ဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်မဲသော မိန်းမ။" သို့သော်လည်း၊ ဤအခန်းကြီး၏ အစပိုင်းတွင် ဘာသာစကားက ဉာဏ်ပညာကို လူပုဂ္ဂိုလ်ပြုနိုင်လျှင်၊ မိုက်မဲမှုကိုလည်း လူပုဂ္ဂိုလ်နေဖြင့် လက်ခံခွင့်ပြုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမ မိုက်မဲမှု"

ဉာဏ်တိမ်သဖြင့် အလျှင်းမသိတတ်

ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် အဓိပ္ပာယ်တူညီကြပြီး၊ မိုက်သောမိန်းမ မည်ကဲ့သို့ အသုံးမကျပုံကို ပြသရန် ပြန်လည်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ဘယ်အရာကိုမျှ မသိပါ"

ဉာဏ်တိမ်သဖြင့်

"သူမသည် အတွေ့အကြုံမှ သင်ယူခြင်းမရှိ" သို့မဟုတ် "သူမသည် ငယ်ရွယ်ပြီး အတွေ့အကြုံမရှိ"

လမ်း၌တည့်တည့် ခရီးသွားသော သူတို့ကို

"သူတို့၏ ကိစ္စများကိုသာ တွေးတောနေကြသည်" သို့မဟုတ် "သူတို့၏ အလုပ်ကိုသာ စဉ်းစားနေကြသည်" ဟူသော ဥပစာအသုံးတစ်ခု ဖြစ်ပုံရသည်။

## Proverbs 16

ဉာဏ်တိမ်သော

"အတွေ့အကြုံမရှိ သို့မဟုတ် မရင့်ကျက်သော"

ဤအရပ်သို့ဝင်စေ

"သူ၏လမ်းကို စွန့်၍ ဤနေရာသို့ လာပါစေ"

ဆိုတတ်၏

ကျမ်းချက် ၉:၁၃ တွင် မိတ်ဆက်ပေးခဲ့ပြီးသော မိုက်သောမိန်းမဖြစ်သည်။

ပညာမရှိသောသူ

"ဉာဏ်ပညာ မရှိသောသူ" သို့မဟုတ် "ပညာမတတ်သောသူ"

ခိုးသောရေသည် ချို၏။ တိတ်ဆိတ်စွာစားသောမုန့်လည်း မြိန်သည်

မိုက်သောမိန်းမသည် အကယ်၍ သူတို့သည် သူမနှင့်အိပ်စက်ပျော်ပါးလျှင်၊ ကာမသုခ ပြည့်ဝမည့်အကြောင်း ယောကျာ်းတို့အား ခိုးသောရေ ချိုသကဲ့သို့လည်းကောင်း၊ တိတ်ဆိတ်စွာစားသောမုန့် စားကောင်းသကဲ့သို့လည်းကောင်း ပြောဆိုသည်။ ဥပမာအလင်္ကာတစ်ခုအဖြစ် ဖော်ပြနိုင်သည်။ "သင်သည် ကျွန်မနှင့်အတူ သင်ခိုးသောရေဖြင့် အငတ်ပြေသကဲ့သို့လည်းကောင်း သို့မဟုတ် တိတ်ဆိတ်စွာစားသော မုန့်ကဲ့သို့လည်းကောင်း အသုံးပြု ပျော်ပါးနိုင်ပါသည်။"

ထိုအရပ်၌ သင်္ချိုင်းသားရှိကြောင်း

"သူမနှင့် အတူနေသော ယောကျာ်းတို့သည် ယခုအချိန်တွင် သေလွန်ကြပြီ။"

မရဏနိုင်ငံအနက်ဆုံး၌နေကြောင်း

"မရဏ" သည် သေသောသူတို နေထိုင်သော ဘုံကမ္ဘာကို ရည်ညွှန်းသည်။ (ရှု၊ UDB).

# Translation Questions

Proverbs 9:1

ဉာဏ်ပညာသည် မည်သည့်အရာကိုတည်ဆောက်သနည်း။
ဉာဏ်ပညာသည် မိမိနေရာအိမ်ကို တည်ဆောက်တတ်သည်။

Proverbs 9:3

ပညာမှ ဖိတ်ကြားထားသောသူများသည် မည်သူများနည်း?
ပညာမှ ဖိတ်ကြားထားသောသူများသည်
ပညာမဆည်းပူးရသူများ နှင့် ဉာဏ်တိမ်သောသူများဖြစ်သည်။

Proverbs 9:5

ပညာမဆည်းပူးရသူများသည် မည်သည့်အရာကို စွန့်ခွာရမည်ဟု ဉာဏ်ပညာဆိုသနည်း?
ပညာမဆည်းပူးရသူများသည်
ထိုသို့ပညာမဆည်းပူးရသည့်နည်းလမ်းများကို စွန့်ခွာသင့်သည်။

Proverbs 9:7

မထီမဲ့မြင်ပြုသောသူကို ပြစ်တင်ဆုံးမသောသူသည် မည်သို့ဖြစ်မည်နည်း။
မထီမဲ့မြင်ပြုသောသူကို
ပြစ်တင်ဆုံးမသောသူသည်အရှက်ကွဲခြင်း၊ ကဲ့ရဲ့ခြင်းနှင့်
မုန်းတီးခြင်းကို ခံရလိမ့်မည်။

ပညာရှိသောသူကို သွန်သင်ညွှန်ကြားသောသူသည် မည်သို့ဖြစ်မည်နည်း။
ပညာရှိသောသူကို ညွှန်ကြားသောသူသည်
ချစ်ခြင်းမေတ္တာကိုခံရလိမ့်မည်။

Proverbs 9:10

ပညာ၏မူလအမြစ် ကဘာလည်း။
ပညာ၏အရင်းမြစ်သည် ထာဝရဘုရားကိုကြောက်ရွံ့
ခြင်းဖြစ်သည်။

နားလည်နိုင်ခြင်းဉာဏ်သည် အဘယ်နည်း?
သန့်ရှင်းသောသူကို သိကျွမ်းခြင်းသည်
နားလည်နိုင်ခြင်းဉာဏ်ဖြစ်သည်။

Proverbs 9:13

မိုက်သောမိန်းမတစ်ယောက်၏ အကျင့်စရိုက်လက္ခဏာသည် မည်သို့နည်း။
မိုက်သောမိန်းမတစ်ယောက်၏ အကျင့်စရိုက်လက္ခဏာသည်
အော်ဟစ်ဆူညံခြင်း ၊ သင်ယူခြင်းမရှိ ၊
ဘာမှသိရှိခြင်းမရှိစသည်တို့ဖြစ်သည်။

Proverbs 9:16

ခိုးယူထားသောပစ္စည်းများ နှင့် လျှို့ဝှက်သောအရာများကို ရသောသူအတွက် ထိုပစ္စည်းများသည် အစတွင်မည်သို့ဖြစ်မည်နည်း?
ခိုးယူထားသောပစ္စည်းများ နှင့် လျှို့ဝှက်သောအရာများကို
ရသောသူအတွက် ထိုပစ္စည်းများသည် အစတွင်
ချိုမြိန်ကောင်းချိုမြိန်လိမ့်မည်။

မိုက်သောအမျိုးသမီး၏အိမ်၌ မည်သူများနေသနည်း။
မရဏာနိုင်ငံ၏အနက်ရှိုင်းဆုံးနေရာမှ အသေကောင်များသည်
မိုက်သောမိန်းမ၏အိမ်တွင် နေကြလိမ့်မည်။

## Chapter 10

1 ရှောလမုန်မင်း၏ သုတ္တံစကားဟူမူကား၊ ပညာ ရှိသောသားသည် အဘဝမ်းမြောက်ခြင်းအကြောင်း၊ မိုက် သောသားမူကား၊
အမိဝမ်းနည်းခြင်းအကြောင်းကို ဖြစ်စေတတ်၏။ 2 မတရားသောဥစ္စာဘဏ္ဍာသည် အကျိုးမရှိ။ ဖြောင့်မတ်ခြင်းပါရမီမူကား၊
သေခြင်းမှ ကယ်တင်တတ် ၏။ 3 ဖြောင့်မတ်သော သူကိုငတ်၍ သေစေခြင်းငှါ၊ ထာဝရဘုရားသည် အခွင့်ပေးတော်မမူ။ မတရားသော
သူတို့၏ အဓမ္မအမှုကိုကား ဖျက်ဆီးတော်မူ၏။ 4 ပျင်းရိသောသူသည် ဆင်းရဲခြင်း၊ လုံ့လဝိရိယ ရှိသောသူသည် ကြွယ်ဝခြင်းသို့
ရောက်တတ်၏။ 5 အသီးသီးသောအချိန်၌ သိမ်းယူသောသူသည် ပညာရှိသောသား ဖြစ်၏။ စပါးရိတ်ရာကာလ၌ အိပ်
တတ်သောသူမူကား၊ အရှက်ခွဲတတ်သောသားဖြစ်၏။ 6 တရားသောသူ၏ခေါင်းပေါ်မှာ မင်္ဂလာ သက် ရောက်တတ်၏။
မတရားသောသူ၏နှုတ်ကိုကား ညှဉ်းဆဲ ခြင်းအပြစ်သည် ပိတ်လိမ့်မည်။ 7 တရားသောသူကို အောက်မေ့သောအခါ
ကောင်းကြီးပေးတတ်၏။ မတရားသောသူ၏နာမမူကား ပုပ်ပျက်တတ်၏။ 8 လိမ္မာသောသူသည် ပညတ်တရားကို ခံတတ်၏။ 9
ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်သောသူသည် အနင်းမှန်လိမ့်မည်။ ကောက်သောလမ်းသို့လိုက်သော သူမူကား၊
သဘောထင်ရှားလိမ့်မည်။ 10 မျက်စိမှိတ်သောသူသည် စိတ်ကိုပူစေတတ်၏။ စကားများသော လူမိုက်မူကားဆုံးရှုံးတတ်၏။ 11
ဖြောင့်မတ်သောသူ၏နှုတ်သည် အသက်ရေ တွင်းဖြစ်၏။ မတရားသောသူ၏ နှုတ်ကိုကား၊ ညှဉ်းဆဲ ခြင်းအပြစ်သည် ပိတ်လိမ့်မည်။
12 မုန်းသောစိတ်သည် ရန်တွေ့ရာသို့ တိုက်တွန်း တတ်၏။ ချစ်သော စိတ်မူကား၊ ခပ်သိမ်းသော အပြစ် တို့ကို ဖုံးအုပ်တတ်၏။ 13
ဉာဏ်ကောင်းသောသူသည် ပညာစကားကို ပြောတတ်၏။ ဉာဏ်မဲ့သောသူ၏ကျောအဘို့မူကား ကြိမ်လုံးရှိ၏။ 14
ပညာရှိသောသူတို့သည် ကြားသိသောအရာကို သိမ်းထားတတ်၏။ မိုက်သောသူ၏နှုတ်မူကား၊ အကျိုး နည်းခြင်းနှင့်နီးစပ်၏။ 15
ငွေရတတ်သောသူ၏ စည်းစိမ်သည် သူ၏ခိုင်ခံ့ သောမြို့ဖြစ်၏။ ဆင်းရဲသားတို့၏ဆင်းရဲခြင်းမူကား၊ သူတို့၏
အကျိုးနည်းကြောင်းဖြစ်၏။ 16 ဖြောင့်မတ်သောသူ၏အလုပ်အကိုင်သည် အသက်နှင့်ဆိုင်၏၊ မတရားသောသူ၏ အကျိုးစီးပွါးသည်
အပြစ်နှင့်ဆိုင်၏ ယှဉ်၏။ 17 နည်းဥပဒေသကို စောင့်ရှောက်သောသူသည် အသက်လမ်းသို့ လိုက်တတ်၏။ ဆုံးမခြင်းကို ငြင်းပယ်
သောသူမူကား လမ်းလွဲတတ်၏။ 18 အငြိုးဖွဲ့သောသဘောကို မုသာနှုတ်ခမ်းဖြင့် ဖုံးထားသောသူ၊ သူ့အသရေပျက်အောင်
ပြောတတ်သော သူသည် မိုက်သောသဘောရှိ၏။ 19 စကားများသောအားဖြင့် အပြစ်ပါတတ်၏။ မိမိနှုတ်ကို ချုပ်တည်းသော
သူမူကား ပညာရှိ၏။ 20 ဖြောင့်မတ်သောသူ၏လျှာသည် ငွေစင်နှင့်တူ ၏။ ဆိုးသောသူ ၏ နှလုံးမူကား အဘိုးမထိုက်။ 21
ဖြောင့်မတ်သော သူ၏နှုတ်ခမ်းတို့သည် လူအ များကို ကျွေးတတ်၏။ မိုက်သောသူတို့မူကား၊ ဉာဏ်မ ရှိသောကြောင့် သေကြလိမ့်
မည်။ 22 ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကိုဖြစ်စေ တတ်၏။ ထိုစည်းစိမ်နှင့်လည်း၊ ဝမ်း နည်းခြင်းအကြောင်းကို
ရောနှော တော်မမူ။ 23 မိုက်သောသူသည် အပြစ်ပြုရာ၌ ပျော်မွေ့ တတ်၏။ ဉာဏ်ကောင်းသောသူမူကား ဆင်ခြင်တတ်၏။ 24
မတရားသောသူကြောက်တတ်သော အမှုသည် သူ့အပေါ်သို့ ရောက်လိမ့်မည်။ ဖြောင့်မတ်သောသူ တောင့်တသော အကျိုးကိုကား၊
ဘုရားသခင် ပေးတော်မူ မည်။ 25 မတရားသောသူသည် လွန်သွားသော လေဘွေ ကဲ့သို့ ပျောက်တတ်၏။ ဖြောင့်မတ်သောသူမူကား၊
မြဲမြံ သော တိုက်မြစ်ဖြစ်၏။ 26 ပုံးရည်သည်သွား၌ငှင်း၊ မီးခိုးသည် မျက်စိ၌ ငှင်း ဖြစ်သကဲ့သို့၊ ပျင်းရိသောသူသည် စေလွှတ်သော
သူ၌ဖြစ်၏။ 27 ထာဝရဘုရားကိုကြောက်ရွံ့သော သဘောသည် အသက်တာကို ရှည်စေတတ်၏။ မတရားသော သူ၏
နှစ်ပေါင်းကာလမူကား တိုတတ်၏။ 28 ဖြောင့်မတ်သောသူ၏ မြော်လင့်ခြင်းသည် ဝမ်းမြောက်စရာအကြောင်းဖြစ်၏။ ဆိုးသောသူ၏
မြော်လင့်ခြင်းမူကား ပျောက်ပျက်လိမ့်မည်။ 29 ထာဝရဘုရား၏ တရားလမ်းသည် ဖြောင့်မတ် သောသူ ခိုင်ခံ့ခြင်းအကြောင်း ဖြစ်၏။
မတရားသဖြင့် ကျင့်သောသူတို့မူကား၊ ပျက်စီးခြင်းသို့ ရောက်ရကြ လိမ့်မည်။ 30 ဖြောင့်မတ်သောသူသည် အစဉ်မပြတ်နေရာမှ
မရွေ့ရ။ မတရားသောသူမူကား၊ မြေပေါ်မှာ အတည် မကျရ။ 31 ဖြောင့်မတ်သောသူ၏ နှုတ်မှပညာစကား ထွက် တတ်၏။
ကောက်လိမ်သော လျှာမူကား၊ အဖြတ်ခံရ လိမ့်မည်။ 32 ဖြောင့်မတ်သောသူ၏ နှုတ်ခမ်းတို့သည် နှစ်သက်ဘွယ်သော အရာကို
သိကျွမ်းတတ်၏။ မတရား သော သူတို့မူကား၊ ဆန့်ကျင်သော စကားကို ပြောတတ် ကြ၏။

---

Proverbs 01

ယေဘုယျအချက်အလက်၊
အခန်းကြီး ၁၀ ထဲတွင်ရှိသော ကျမ်းပိုဒ်များသည်
အလားတူနှိုင်းယှဉ်မှုနှင့် သိသိသာသာကွဲပြားနေသည်

ရှောလမုန်မင်း၏ သုတ္တံစကား
အခန်းကြီး ၁-၉ အထိကို မိတ်ဆက်ပေးပြီးသော်၊ အခန်းကြီး ၁၀
တွင် သုတ္တံစကားစုစည်းမှုကို စတင်သည်၊
ဉာဏ်ပညာသွန်သင်ပေးသည့်
ဆိုရိုးစကားအတိုအထွာတို့ဖြစ်ကြသည်။

ဥစ္စာဘဏ္ဍာ
အချိန်များစွာပေး၍ ရှာဖွေသိုမှီးထားသည်

ဖြောင့်မတ်သော သူကိုတ်၍ သေစေခြင်းငှါ၊ ထာဝရဘုရားသည် အခွင့်ပေးတော်မမူ
ဤနေရာတွင် "ဝိညာဉ်" ဟူသောစကားလုံးသည် လူပုဂ္ဂိုလ်ကို ရည်ညွှန်းသည်။ အဟုတ်ဝါကျအဖြစ် ဖော်ပြရေးသားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဖြောင့်မတ်သောအမှုကို ပြုသောသူတွင် စားစရာ အစာရှိမည့်အကြောင်း သေချာစေတော်မူသည်။"

Proverbs 04

ပျင်းရိသောသူ
"လက်" သည် လူတစ်ယောက်၏ ခွန်အားနှင့် စွမ်းဆောင်ရည်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုပ်လုပ်ရန် ဆန္ဒမရှိသောသူ"

လုံ့လဝိရိယ ရှိသောသူ
"လက်" သည် လူတစ်ယောက်၏ ခွန်အားနှင့် စွမ်းဆောင်ရည်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုပ်ကြိုးစား လုပ်ကိုင်သူ"

Proverbs 06

တရားသောသူ၏ ခေါင်းပေါ်မှာ
"ခေါင်း" သည် လူ၏ ခန္ဓာကိုယ်အားလုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပေးခြင်းခံရမည်"

မတရားသောသူ၏ နှုတ်
"နှုတ်" သည် လူကပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ ပြောသော စကားများ"

ပိတ်လိမ့်မည်
အမှန်တရားကို ဝှက်ထားသည်

နာမ
"နာမ" သည် လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှတ်မိခြင်း"

Proverbs 08

ဆုံးရှုံးတတ်၏
"ဖျက်ဆီးခြင်း ခံရသည်" သို့မဟုတ် "သုံးမရအောင် လုပ်သည်"

ကောက်သော
မဖြောင့်သော၊ လိမ်ဖည်လှည့်စားသော၊ မရိုးဖြောင့်သော၊ လိမ်လည်လှည့်ဖြားသော

Proverbs 10

မျက်စိမှိတ်သောသူသည်
"မျက်စိမှိတ်ပြ" သည် အခြားသောသူတစ်ယောက်အားရက်စက်ရန်အတွက် လျှို့ဝှက် အချက်ပြခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခြေဟန် လက်ဟန်ဖြင့် အချက်ပြခြင်းကို ပြုသောသူ"

ဆုံးရှုံးတတ်၏
ဆုံးရှုံးသောသူကို လှောင့်ပစ်ခံရသောသူကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောသူတို့က သူ့ကို ဖျက်ဆီးလိမ့်မည်။"

ဖြောင့်မတ်သောသူ၏နှုတ်
"ဖြောင့်မတ်သောသူ၏ ပြောစကားများ"

အသက်ရေတွင်းဖြစ်၏
ဤပုဂ္ဂိုလ်၏ ပြောစကားကို သက်ရှိ တိရစ္ဆာန်နှင့် လူတို့အား ကာကွယ်စောင့်ရှောက်ထားသကဲ့သို့လည်းကောင်း၊ စမ်းချောင်းရေမှ ခြောက်သွေ့သောမြေကို အကျိုးပြုသကဲ့သို့လည်းကောင်း ပြောဆိုသည်။

မတရားသောသူ၏ နှုတ်
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ ပြောစကားများ"

မတရားသောသူ၏ နှုတ်ကိုကား၊ ညှဉ်းဆဲ ခြင်းအပြစ်သည် ပိတ်လိမ့်မည်
မတရားသောသူသည် ထိခိုက်နစ်နာမှု မရှိသောအရာတို့ကို ပြောဆိုသည်ဟု ထင်ရသော်လည်း၊ အခြားသောသူတို့အပေါ်တွင် ရက်စက်ကြမ်းကြုတ်သောအရာတို့ကို ပြုရန် ကြံတင်စီစဉ်ထားသည်ဟု ဆိုလိုသည်။

Proverbs 12

ချစ်သော စိတ်မူကား၊ ... ဖုံးအုပ်တတ်၏
ချစ်ခြင်းသည် လူအချင်းချင်းကြား ပြဿနာ၌ ဂြိုလ်ဝင်မွှေမည့်အစား တိတ်ဆိတ်တတ်သောသူ တစ်ယောက်ကဲ့သို့ ပြုမူသည်။

ဉာဏ်ကောင်းသောသူသည် ပညာစကားကို ပြောတတ်၏
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စဉ်းစားချင့်ချိန်တတ်သော လူတစ်ယောက် ပြောစကား"

ကျောအတို့မူကား ကြိမ်လုံးရှိ၏
"ကြိမ်လုံး" သည် ခန္ဓာကိုယ်ကို ပြင်းထန်သော အပြစ်ပေးဆုံးမခြင်းကို ကိုယ်စားပြုပြီး၊ "ကျော" သည် အပြစ်ပေးခြင်းခံရသောသူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်မဲ့သောသူသည် ပြင်းထန်စွာ အပြစ်ပေးဆုံးမခြင်း လိုအပ်သည်"


generated on Sun Jun 30 02:37:40 2024

Proverbs 14

မိုက်သောသူ၏နှုတ်
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သော လူတစ်ယောက်၏ ပြောသောစကားများ"

ခိုင်ခံ့သော မြို့
ကြီးပွားချမ်းသာခြင်းကို လုံခြုံသော အရပ်ကဲ့သို့ ကိုယ်စားပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ လုံခြုံမှု"

Proverbs 16

လုပ်ခ ... အမြတ်
ဤအသုံးအနှုန်းသည် အလုပ်သမား ရသော လုပ်ခငွေကြေးကို သာမန်အားဖြင်း ဖော်ပြသည်။ ဤနေရာတွင် ထိုအရာတို့သည် မှန်ကန်သောအမူပြုခြင်း သို့မဟုတ် မှားယွင်းသောအမူပြုခြင်း၏ အကျိုးရလဒ်ကို ကိုယ်စားပြုသည်။

နည်းဥပဒေသကို စောင့်ရှောက်သောသူသည် အသက်လမ်းသို့ လိုက်တတ်၏
ပညာရှိ ဆုံးမလမ်းညွှန်ချက်ကို ရှိသေလိုက်လျှောက်သောသူသည် အသက်ရှည်ခြင်းနှင့် ပျော်ရွှင်သော အသက်တာကို ရရှိလိမ့်မည်"

ဆုံးမခြင်းကို ငြင်းပယ် သောသူမူကား လမ်းလွဲတတ်၏
"သို့သော် ပညာရှိ ဆုံးမလမ်းညွှန်ချက်ကို ရှိသေလိုက်လျှောက်ခြင်း မရှိသောသူသည် ကောင်းမွန်သောအသက်တာကို ရရှိလိမ့်မည်မဟုတ်။"

Proverbs 18

မုသာနှုတ်ခမ်း
"နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသော စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုသာကို ပြောသည်။"

အပြစ်ပါတတ်၏
"အပြစ်များ ရှိတတ်သည်"

Proverbs 20

ဖြောင့်မတ်သောသူ၏လျှာ
"လျှာ" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူပြောသော မည်သည့်အရာမဆို"

ငွေစင်နှင့်တူ၏
"ငွေစင်" သည် တန်ဖိုးရှိသော ပြောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ပင် အဖိုးထိုက်တန်သည်။"

ဖြောင့်မတ်သောသူ၏ နှုတ်ခမ်း
"နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသော စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူ တစ်ယောက်၏ ပြောသောစကားများ"

ကျွေး
ဖွံ့ဖြိုး သို့မဟုတ် ပို၍ သန်မာကြီးထွားလာ စေသည်။

Proverbs 22

မိုက်သောသူသည် အပြစ်ပြုရာ၌ ပျော်မွေ့တတ်၏
ပြိုင်ပွဲသည် ပျော်ရွှင်စေရန်အတွက် လူတို့ ကစားကြသော လှုပ်ရှားမှု တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သောသူတို့သည် မတရားခြင်း၌ ပျော်မွေ့ခြင်းကို ရှာတွေ့သည်။"

Proverbs 24

သူ့အပေါ်သို့ ရောက်လိမ့်မည်
တစ်စုံတစ်ယောက်ကို အနိုင်ရသည်

မတရားသောသူသည် လွန်သွားသော လေဘွေကဲ့သို့
မုန်တိုင်းလေပွေလာပြီး အရာအားလုံး လွင့်ပါသွားသကဲ့သို့ မတရားသောသူတို့သည် လွင့်ပျောက်သွားလိမ့်မည်။

မြဲမြံသော တိုက်မြစ်ဖြစ်၏
"တိုက်မြစ်" သည် အခြေ သို့မဟုတ် လူတို့တည်ဆောက်သော အရာတစ်ခု၏ အစပြုရာကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမြဲတည်ရှိနေမည့်အရာအတွက် အစပြုခြင်း ဖြစ်သည်။"

Proverbs 26

ပုံးရည်သည်သွား၌ငှင်း၊ မီးခိုးသည် မျက်စိ၌ ငှင်း ဖြစ်သကဲ့သို့၊ ပျင်းရိသောသူသည် စေလွှတ်သော သူ၌ဖြစ်၏
"ပုံးရည်" နှင့် "မီးခိုး" တို့သည် လူ၏ သွား နှင့် မျက်စိတို့အား နာကျင်စေသောအရာများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လုပ်ငန်းတစ်ခု ပြီးမြောက်အောင်မြင်ရန် ပျင်းရိသောသူတစ်ယောက်ကို စေလွှတ်ခြင်းသည် စိတ်ပျက်စရာနှင့် နှစ်လိုဖွယ်မရှိပါ။"

ပုံးရည်
အစားအစာများ အနံ့အရသာ သို့မဟုတ် ကြာရှည်ခံစေရန် အသုံးပြုသည့် ချဉ်သောအရည်

မတရားသောသူ၏ နှစ်ပေါင်းကာလ
"နှစ်" သည် လူတစ်ယောက်၏ အသက်ရှင်နေထိုင်သော အချိန်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ အသက်တာ"

 generated on Sun Jun 30 02:37:40 2024

Proverbs 28

ဆိုးသောသူ၏ မြော်လင့်ခြင်း
ဤနေရာတွင် "နှစ်" သည် လူတစ်ယောက်၏ အသက်ရှင်နေထိုင်သော အချိန်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ အသက်တာ"

အစဉ်မပြတ် နေရာမှ မရွှေ့ရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "လုံခြုံစိတ်ချရလိမ့်မည်"

Proverbs 31

ဖြောင့်မတ်သောသူ၏ နှုတ်မှ
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူ၏ စကားများသည်"

ကောက်လိမ်သော လျှာမူကား၊ အဖြတ်ခံရလိမ့်မည်
"လျှာ" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသော စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် မှားယွင်းသောစကား ပြောသောသူ၏ နှုတ်ကို ပိတ်တော်မူလိမ့်မည်။"

ဖြောင့်မတ်သောသူ၏ နှုတ်ခမ်းတို့သည် နှစ်သက်ဘွယ်သော အရာကို သိကျွမ်းတတ်၏
"နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူသည် လက်ခံနိုင်ဖွယ်ရာစကား မည်ကဲ့သို့ပြောရမည်ကို သိသည်။"

မတရား သော သူတို့မူကား
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ ပြောစကားများ"

---

## Translation Questions

Proverbs 10:1

ပညာရှိသောသားကို ဖခင်သည် အဘယ်သို့တုံ့ပြန်သနည်း။
ပညာရှိသောသားသည် သူ၏ဖခင်ကိုဝမ်းမြောက်ခြင်းပေးသည်။

ထာဝရဘုရားသည်မတရားသောသူ၏ မက်မောခြင်းကိုမည်ကဲ့သို့လုပ်သနည်း။
မတရားသောသူ၏ တပ်မက်ခြင်းကို ထာဝရဘုရားသည် ဖျက်ဆီးတော်မူ၏။

Proverbs 10:4

ပျင်းရိသောလက်၏ ရလဒ်ကဘာလဲ။
ပျင်းရိသောလက်၏ ရလဒ်သည် ဆင်းရဲခြင်းဖြစ်သည်။

Proverbs 10:6

တရားစွာပြုမူသောသူတို့သည် ဘုရားသခင်ထံမှရရှိကြသနည်း။
တရားစွာပြုမူသောသူတို့သည် ဘုရားသခင်ထံမှ ဆုကျေးဇူးများ ရရှိကြသည်။

Proverbs 10:8

မိုက်မဲ၍စကားများသောသူ၌ မည်သို့ဖြစ်မည်နည်း။
မိုက်မဲ၍စကားများသောသူသည် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

Proverbs 10:12

ချစ်ခြင်းမေတ္တာသည်မည်သည့်အရာများကို ဖုံးလွှမ်းသနည်း။
ချစ်ခြင်းမေတ္တာသည် ခပ်သိမ်းသော အပြစ် တို့ကို ဖုံးလွှမ်းပေးသည်။

ဉာဏ်ကောင်းသောသူ၏ စကားတွင် မည်သည့်အရာတွေ့ရသနည်း။
ဉာဏ်ကောင်းသောသူ၏ စကားတွင် ပညာစကားကို တွေ့ရပါသည်။

Proverbs 10:16

ဆုံးမခြင်းကို ငြင်းပယ်သောသူသည် ဘာဖြစ်မည်နည်း။
ဆုံးမခြင်းကို ငြင်းပယ်သောသူသည် လမ်းလွဲတတ်သည်။

Proverbs 10:18

စကားများသောအခါ မည်သည့်ဖြစ်မည်နည်း။
စကားများသောအခါ အပြစ်ပါတတ်ပါသည်။

Proverbs 10:22

ထာဝရဘုရား ယူဆောင်လာသည့်ကောင်းကြီးမင်္ဂလာသည် အဘယ်နည်း။
ထာဝရဘုရား ယူဆောင်လာသည့်ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကို ဖြစ်စေတတ်သည်။



generated on Sun Jun 30 02:37:40 2024

Proverbs 10:24

မတရားသောသူသည် မည်သည့်အရာနှင့် တူသနည်း။
မတရားသောသူသည် လွင့်သွားသော လေဘွေနှင့်တူပါသည်။

Proverbs 10:26

မီးခိုးသည် မျက်စိ၌ မည်သည့်အရာဖြစ်သနည်း။
မီးခိုးသည် မျက်စိ၌ ဖြစ်သကဲ့သို့၊ ပျင်းရိသောသူသည် စေလွှတ်သော သူ၌ ဖြစ်သည်။

မတရားသောသူ၏ နှစ်ကာလသည် မည်သို့ဖြစ်လိမ့်မည်နည်း။
မတရားသောသူ၏ နှစ်ကာလသည် တိုတတ်သည်။

Proverbs 10:28

ထာဝရဘုရား၏ တရားလမ်းသည် မည်သို့သောသူအတွက် ဖြစ်မည်နည်း။
ထာဝရဘုရား၏တရားလမ်းသည် သမ္မာသတိရှိသောသူ အတွက် ဖြစ်သည်။

Proverbs 10:31

ဖြောင့်မတ်သောသူ၏ နှုတ်မှ မည်သည့်အရာ ထွက်လာသနည်း။
ဖြောင့်မတ်သောသူ၏ နှုတ်မှ
ပညာစကားထွက်လာတတ်ပါသည်။

## Chapter 11

1 မမှန်သောချိန်ခွင်သည် ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူဘွယ်၊ မှန်သောအလေးမူကား၊ နှစ်သက် တော်မူဘွယ်ဖြစ်၏။ 2
မာနထောင်လွှားသောအခါ အရှက်ကွဲခြင်း ဖြစ်တတ်၏။ စိတ်နှိမ့်ချသောသူတို့၌ကား ပညာရှိ၏။ 3 ဖြောင့်သောသဘောသည်
ဖြောင့်မတ်သော သူတို့ကိုပဲ့ပြင်တတ်၏။ ကောက်သောသဘောမူကား၊ လွန်ကျူးသောသူတို့ကို ဖျက်ဆီးတတ်၏။ 4
အမျက်ဒေါသထွက်သောကာလ၌ စည်းစိမ် ဥစ္စာသည် အကျိုးမပေးနိုင်။ဖြောင့်မတ်ခြင်းပါရမီမူကား၊ သေခြင်းမှကယ်တင်တတ်၏။ 5
ဖြောင့်မတ်ခြင်း ပါရမီသည်စုံလင်သောသူတို့ကို ပဲ့ပြင်တတ်၏။ မတရားသောသူမူကား၊ မိမိမတရားသော အမှုအားဖြင့်
ဆုံးရှုံးတတ်၏။ 6 ဖြောင့်မတ်သော သူတို့၏ဖြောင့်မတ်သော သဘောသည် သူတို့ကိုကယ်တင်တတ်၏။ လွန်ကျူးသော သူတို့မူကား၊
မိမိတို့အဓမ္မ၌ ကျော့မိတတ်ကြ၏။ 7 ဆိုးသောသူသည် သေသောအခါ မြော်လင့်ခြင်း ပျက်တတ်၏။
မတရားသောသူ၏တောင့်တခြင်းလည်း ပျက်တတ်၏။ 8 ဖြောင့်မတ်သောသူသည် ဒုက္ခထဲက ထွက် မြောက်၍၊ သူ့ကိုယ်စား
မတရားသောသူခံရ၏။ 9 အဓမ္မလူသည် မိမိနှုတ်ဖြင့် မိမိအိမ်နီးချင်းကို ဖျက်တတ်၏။ တရားသောသူမူကား၊ ပညာအတတ် အားဖြင့်
အမှုလွတ်တတ်၏။ 10 တရားသောသူသည် ကောင်းစားသောအခါ တမြို့လုံး ဝမ်းမြောက်ခြင်း ရှိ၏။ မတရားသောသူသည်
ဆုံးရှုံးသောအခါမူကား၊ ကြွေးကြော်ခြင်းရှိ၏။ 11 တရားသောသူသည် ကောင်းကြီးပေးသော အားဖြင့် သူ၏နေရာမြို့သည်
ချီးမြှောက်ခြင်းသို့ရောက်၍၊ မတရားသော သူ၏နှုတ်ဖြင့် ဖြိုဖျက်ခြင်းသို့ရောက် ရောက် တတ်၏။ 12 ပညာမဲ့သောသူသည် မိမိအိမ်နီးချင်းကို
မထီမဲ့မြင်ပြုတတ်၏။ ဥာဏ်ကောင်းသောသူမူကား၊ တိတ်ဆိတ်စွာ နေတတ်၏။ 13 လည်၍စကားများစွာ ပြောတတ်သောသူသည်
လျှို့ဝှက်အပ်သောအရာကို ဘော်ပြတတ်၏။ သစ္စာစောင့် သောသူမူကာ၊ ဝှက်ထားတတ်၏။ 14 အကြံပေးနိုင်သော ဥာဏ်မရှိလျှင်
ပြည်သားတို့ သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူ အများရှိလျှင် မူကား၊ ဘေးလွတ်တတ်၏။ 15 အကျွမ်းမဝင်သောသူ၏
အမှု၌အာမခံသော သူသည် အလွန်နာလိမ့်မည်။ လက်ဝါးချင်းရိုက်သော အမှု ကို မုန်းသောသူမူကား၊ စိုးရိမ်စရာမရှိ။ 16
နှစ်သက်ဘွယ်သောမိန်းမသည် ဂုဏ်အသရေ ကိုငင်း၊ ခွန်အားကြီးသော ယောက်ျားသည် စည်းစိမ်ကို ငင်း ရတတ်၏။ 17
သနားတတ်သောသူသည် မိမိကိုယ်၌ ကျေးဇူး ပြုတတ်၏။ ကြမ်းကြုတ်သောသူမူကား၊ မိမိကိုယ်ကိုပင် နှောင့်ရှက်တတ်၏။ 18
မတရားသောသူပြုသော အမှုသည် အမြဲ မတည်တတ်။ ဖြောင့်မတ်ခြင်းတရားမျိုးစေ့ကို ကြဲသော သူမူကား၊ မြဲမြံသော
အကျိုးကိုခံရလိမ့်မည်။ 19 ဖြောင့်မတ်ခြင်းတရားသည် အသက်ရှင်ခြင်းနှင့် ဆိုင်သကဲ့သို့၊ ဒုစရိုက်ကိုလိုက်ရှာသောသူသည်လည်း၊
မိမိသေခြင်းတိုင်အောင် လိုက်ရှာတတ်၏။ 20 သဘောကောက်သောသူတို့ကို ထာဝရဘုရား သည် စက်ဆုပ်ရွံရှာတော်မူ၏။
ဖြောင့်သောလမ်းသို့ လိုက်သော သူတို့ကိုကား၊ နှစ်သက်တော်မူ၏။ 21 လူဆိုးတို့သည် အသင်းဖွဲ့သော်လည်း၊ အပြစ်
ဒဏ်နှင့်မလွတ်ရကြ။ ဖြောင့်မတ်သောသူတို့၏ အမျိုး အနွယ်မူကား လွတ်ရ၏။ 22 သမ္မာသတိမရှိ၊ အဆင်းလှသော မိန်းမသည်
ဝက်မနှာခေါင်းဖျား၌တပ်သော ရွှေတန်ဆာနှင့်တူ၏။ 23 ဖြောင့်မတ်သောသူသည် မြတ်သောအရာကို သာတောင့်တတတ်၏။
မတရားသောသူမြော်လင့်သော အရာမူကား၊ ဒေါသအမျက်နှင့် ဆိုင်သတည်း။ 24 စွန့်ကြဲသော်လည်း ဥစ္စာတိုးပွါး တတ်သော သူရှိ၏။
အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ ရောက်တတ်သော သူလည်းရှိ၏။ 25 စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။
သူတပါးကို ရေလောင်းသော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုး ကို ခံရလိမ့်မည်။ 26 စပါးကိုသိုထားသော သူသည်
လူများကျိန်ဆဲ ခြင်းကို ခံရလိမ့်မည်။ ရောင်းချသောသူ၏ခေါင်း၌မူကား၊ ကောင်းကြီးမင်္ဂလာရှိလိမ့်မည်။ 27
ကောင်းသောအရာကိုကြိုးစား၍ ရှာသော သူသည် ကျေးဇူးကို ခံရလိမ့်မည်။ သူ့အကျိုးကိုဖျက်ခြင်းငှါ ရှာကြံသောသူမူကား၊
ကိုယ်အကျိုးပျက်ခြင်းရှိလိမ့်မည်။ 28 မိမိစည်းစိမ်ကို ကိုးစားသောသူသည် ရှုံးလိမ့် မည်။ ဖြောင့်မတ်သော သူမူကား၊ သစ်ခက်ကဲ့သို့
စိမ်း လန်းလိမ့်မည်။ 29 မိမိအိမ်ကိုနှောင့်ရှက်သော သူသည် လေကို အမွေခံရလိမ့်မည်။ မိုက်သောသူသည်လည်း၊ လိမ္မာသော သူထံ၌
ကျွန်ခံရလိမ့်မည်။ 30 ဖြောင့်မတ်သောသူ သီးသော အသီးသည် အသက်ပင်အသီးဖြစ်၏။ သူတပါးတို့၏ စိတ်ဝိညာဉ်ကို
ရသောသူသည်လည်း ပညာရှိဖြစ်၏။ 31 ဖြောင့်မတ်သောသူသော်လည်း မြေကြီးပေါ်မှာ အပြစ်ဒဏ်ကို ခံရ၏။ မတရားသောသူနှင့်
အပြစ် ထင်ရှားသောသူကိုမူကား၊ အဘယ်ဆိုဘွယ်ရာ ရှိသနည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 12

[1] နည်းဥပဒေကို ခံချင်သောသူသည် ပညာ အတတ်ကို နှစ်သက်၏။ ဆုံးမခြင်းကိုမုန်းသော သူမူကား၊ တိရစ္ဆာန်သဘောရှိ၏။ [2]
သူတော်ကောင်းသည် ထာဝရဘုရားရှေ့တော်၌ မျက်နှာရတတ်၏။ မကောင်းသောအကြံကို ကြံစည်သော သူမူကား၊
အပြစ်စီရင်တော်မူခြင်းကို ခံရ၏။ [3] လူသည်ဒုစရိုက်အားဖြင့် မြဲမြံခြင်းသို့ မရောက် ရာ။ ဖြောင့်မတ်သောသူ၏အမြစ်မူကား မရွေ့ရာ။
[4] သီလရှိသော မိန်းမသည် မိမိလင်၌ ဦးရစ်သရဖူ ဖြစ်၏။ အရှက်ခွဲတတ်သော မိန်းမမူကား၊ လင်၏အရိုး တို့၌
ဆွေးမြေ့ခြင်းကဲ့သို့ဖြစ်၏။ [5] ဖြောင့်မတ်သော သူ၏အကြံသည် ဖြောင့်၏။ မတရားသော သူပေးသော အကြံမူကား မုသာဖြစ်၏။ [6]
မတရားသော သူ၏စကားသည် သူ့အသက်ကို သတ်ခြင်းငှါ စောင်းမြောင်းတတ်၏။ ဖြောင့်မတ်သော သူ၏နှုတ်မူကား၊
သူတပါးတို့ကို ကယ်နှုတ်တတ်၏။ [7] မတရားသော သူ၏အိမ်သည် ပြိုလဲပျောက် ပျက်ခြင်း၊ ဖြောင့်မတ်သောသူ၏ အိမ်မူကား၊
အမြဲတည် ခြင်းရှိတတ်၏။ [8] လူသည်ဉာဏ်ပညာရှိသည်အတိုင်း ချီးမွမ်းခြင်း ကိုခံရ၏။ သဘောကောက်သော သူမူကား၊ မထီမဲ့မြင်
ပြုခြင်းကို ခံရ၏။ [9] စားစရာမရှိဘဲ ဝါကြွားသောသူထက်၊ အသရေ မရှိ၊ ကိုယ်အလုပ်ကိုလုပ်ရသော သူသည်သာ၍ ကောင်း၏။ [10]
ဖြောင့်မတ်သောသူသည် မိမိတိရစ္ဆာန်အသက် ကို နှမြောတတ်၏။ မတရားသောသူမူကား၊ ကရုဏာ အရာ၌ပင် ကြမ်းကြုတ်တတ်၏။
[11] မိမိလယ်ယာကို လုပ်သောသူသည် ဝစွာစားရ ၏။ အချည်းနှီးသောအမှုကို စောင့်သောသူမူကား၊ ဉာဏ်ချို့တဲ့၏။ [12]
မတရားသောသူသည် လူဆိုးသုံးတတ်သော ကျော့ကွင်းကို အလိုရှိ၏။ ဖြောင့်မတ်သော သူ၏အမြစ် မူကား၊ အသီးကိုသီးတတ်၏။ [13]
စကားလွန်ကျူးရာတွင် ဆိုးသောကျော့ကွင်း ရှိ၏။ ဖြောင့်မတ်သောသူမူကား၊ အမှုထဲက ထမြောက် တတ်၏။ [14]
လူသည်မိမိနှုတ်ခမ်းအသီးကို ဝစွာစားရ၏။ မိမိလက်လုပ်ရာ အကျိုးအပြစ်ကိုလည်း ခံရ၏။ [15] မိုက်သောသူသည်
မိမိပြုသောအမှုကို မှန်သည် ဟု ထင်တတ်၏။ အကြံပေးသောစကားကို နားထောင် သော သူမူကားပညာရှိ၏။ [16] မိုက်သောသူ၏
အမျက်ဒေါသသည် ချက်ခြင်း ထင်ရှားတတ်၏။ ပညာသတိရှိသောသူမူကား၊ ရှက်စရာ အမှုကို ဖုံးတတ်၏။ [17] မှန်သောစကားကို
ပြောသောသူသည် ဖြောင့် မတ်ခြင်းတရား၊ မမှန်သောသက်သေကို ခံသောသူမူကား၊ မုသာတရားကို ပြသတတ်၏။ [18]
သန်လျက်နှင့်ထိုးသကဲ့သို့ စကားပြောတတ် သော လူတချို့ရှိ၏။ ပညာရှိတို့၏ လျှာမူကား အနာကို ပင် ပျောက်စေတတ်၏။ [19]
သစ္စာနှုတ်ခမ်းသည် အစဉ်အမြဲတည်၏။ မုသာ လျှာမူကား ခဏသာတည်၏။ [20] မကောင်းသောအကြံကို ကြံသောသူတို့၏ စိတ်
ထဲမှာ လှည့်စားတတ်သောသဘောရှိ၏။ ရန်ပြေစေခြင်း ငှါ အကြံပေးသော သူတို့၌ကား၊ ဝမ်းမြောက်စရာ အကြောင်းရှိ၏။ [21]
တရားသောသူ၌ အမင်္ဂလာမရောက်ရာ။ မတရားသော သူမူကား၊ အမင်္ဂလာနှင့်ပြည့်ဝရလိမ့်မည်။ [22] မုသာသုံးသောနှုတ်ခမ်းသည်
ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူဘွယ်ဖြစ်၏။ သစ္စာတရားကို စောင့် ရှောက်သောသူတို့မူကား၊ နှစ်သက်တော်မူဘွယ် ဖြစ်ကြ ၏။ [23]
ပညာသတိရှိသောသူသည် မိမိသိသောအရာ ကိုပင် ထိမ်ဝှက်တတ်၏။ မိုက်သောသူမူကား၊ မိမိစိတ်
အလိုအလျောက်မိုက်သောသဘောကို ထင်ရှားပြတတ် ၏။ [24] လုံ့လဝီရိယ ပြုသောသူသည် အစိုးရတတ်၏။ ပျင်းရိသောသူမူကား၊
အခွန်ပေးရ၏။ [25] ဝမ်းနည်းခြင်းအကြောင်းသည် ညှိုးငယ်စေ တတ်၏။ ကောင်းသောစကားမူကား၊ ရွှင်လန်းစေတတ် ၏။ [26]
ဖြောင့်မတ်သောသူသည် အိမ်နီးချင်းကို လမ်း ပြတတ်၏။ မတရားသောသူလိုက်သော လမ်းမူကား၊ သူ့ကိုပင် လှည့်စားတတ်၏။ [27]
ပျင်းရိသောသူသည် မုဆိုးလုပ်သော်လည်း၊ ဘမ်း ရသောအကောင်ကို ကင်၍မစားရ။ လုံ့လဝီရိယပြုသော သူ၏ ဥစ္စာမူကား၊
အဘိုးထိုက်ပေ၏။ [28] ဖြောင့်မတ်ခြင်းတရားလမ်း၌ သေဘေးမရှိ၊ အသက်ချမ်းသာလမ်း ဖြစ်၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ပညာရှိသောသားသည် အဘ၏သွန်သင်ခြင်း ကို နားထောင်တတ်၏။ မထီမဲ့မြင်ပြုသောသားမူကား၊ အပြစ်တင်ခြင်းကို
နားမထောင်တတ်။ 2 လူသည် မိမိနှုတ်၏အသီးတည်းဟူသော ကောင်းသောအရာကို စားရ၏။ ပြစ်မှားတတ်သော သူမူ ကား၊
ညှဉ်းဆဲခြင်းအပြစ်၏အသီးကို စားရ၏။ 3 မိမိနှုတ်ကိုစောင့်သောသူသည် မိမိအသက်ကို စောင့်၏။ မိမိနှုတ်ကို
ကျယ်ကျယ်ဖွင့်သောသူမူကား၊ ပျက်စီးခြင်းသို့ရောက်တတ်၏။ 4 ပျင်းရိသောသူသည် အဘယ်အရာကိုမျှ တောင့် တ၍ မရတတ်။
လုံ့လဝိရိယပြုသောသူမူကား၊ မိမိအလို ဆန္ဒပြည့်စုံရ၏။ 5 ဖြောင့်မတ်သောသူသည် မုသာစကားကို မုန်း တတ်၏။
မတရားသောသူမူကား၊ စက်ဆုပ်ဘွယ်ဖြစ်၍၊ အရှက်ကွဲခြင်းသို့ ရောက်တတ်၏။ 6 ဖြောင့်မတ်ခြင်းတရားသည် လမ်းမလွဲသော
သူကိုစောင့်တတ်၏။ ဒုစရိုက်တရားမူကား၊ အပြစ်ရှိသော သူကိုလှဲတတ်၏။ 7 အလွန်ဆင်းရဲလျက်နှင့် ရတတ်ဟန်ဆောင် သော
သူရှိ၏။ အလွန်ရတတ်လျက်နှင့် ဆင်းရဲဟန် ဆောင်သောသူလည်းရှိ၏။ 8 စည်းစိမ်သည် ရတတ်သောသူ၏အသက်ကို
ရွေးဘိုဖြစ်၏။ ဆင်းရဲသောသူမူကား၊ အပြစ်တင်သော စကားကို မကြားဘဲနေ၏။ 9 ဖြောင့်မတ်သော သူ၏အလင်းသည် ရွှင်လန်း
၏။ မတရားသော သူ၏မီးခွက်မူကား၊ သေရလိမ့်မည်။ 10 မာနကြောင့်သာ ရန်တွေ့ခြင်းဖြစ်၏။ သတိပေး သော စကားကို
နားခံသောသူမူကား ပညာရှိ၏။ 11 လျှပ်ပေါ် ခြင်းအားဖြင့် ဥစ္စာသည်လျော့တတ် ၏။ ကြိုးစားအား ထုတ်၍ဆည်းဖူးသော
သူ၏ဥစ္စာမူကား၊ ပြန့်ပွားတတ်၏။ 12 မြော်လင့်သောအရာသည် ဖင့်နွဲ့လျှင်၊ စိတ်နှလုံး ကို ပူပန်စေတတ်၏။
အလိုပြည့်စုံသောအခါမူကား အသက်ပင်ဖြစ်၏။ 13 နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုသောသူသည် ပျက်စီးလိမ့်မည်။
ပညတ်တရားတော်ကိုခန့်ညားသော သူမူကား၊ ချမ်းသာရလိမ့်မည်။ 14 ပညာရှိသောသူ၏တရားသည် အသေခံရာ ကျော့ကွင်းတို့မှ၊
လွှဲရှောင်ရာအသက်စမ်းရေတွင်းဖြစ်၏။ 15 ကောင်းသောဉာဏ်ရှိသောသူသည် မျက်နှာ ရတတ်၏။ ပြစ်မှားသော သူတို့လမ်းမူကား၊
ခက်သော လမ်းဖြစ်၏။ 16 သမ္မာသတိရှိသော သူအပေါင်းတို့သည် ပညာ အတတ်နှင့်ပြုမူတတ်ကြ၏။ မိုက်သောသူမူကား၊ မိမိမိုက်
သော အပြစ်ကို ထင်ရှားစေတတ်၏။ 17 မတရားသောအစေခံသည် မိမိစောင့်သောအမှု ကို ဖျက်တတ်၏။သစ္စာရှိသော
သံတမန်မူကား၊ ကျန်းမာ ခြင်းအကြောင်းဖြစ်၏။ 18 သွန်သင်ခြင်းကို ငြင်းပယ်သောသူသည် ဆင်းရဲ ခြင်းနှင့်ရှက်ကြောက်ခြင်းသို့
ရောက်လိမ့်မည်။ ဆုံးမသော စကားကို နားထောင်သော သူမူကား၊ ဂုဏ်အသရေကို ရလိမ့်မည်။ 19 အလိုဆန္ဒပြည့်စုံခြင်းအရာသည်
ချိုမြိန်၏။ ဒုစရိုက်ကို ရှောင်သောအရာမူကား၊ မိုက်သောသူတို့ စက်ဆုပ်သော အရာဖြစ်၏။ 20 ပညာရှိတို့နှင့်ပေါင်းဘော်သောသူသည်
ပညာ ရှိတတ်၏။ လူမိုက်တို့နှင့် ပေါင်းဘော်သောသူမူကား၊ ပျက်စီးတတ်၏။ 21 အပြစ်ရှိသော သူတို့ကို ဘေးလိုက်တတ်၏။
ဖြောင့်မတ်သော သူတို့မူကား၊ ကောင်းသောအကျိုးကို ခံရလိမ့်မည်။ 22 သူတော်ကောင်းသည် သားမြေးတို့အဘို့ အမွေ ဥစ္စာကို
ချန်ထားတတ်၏။ အပြစ်ရှိသော သူ၏စည်းစိမ် မူကား၊ ဖြောင့်မတ်သော သူတို့အဘို့ သိုထားလျက်ရှိ၏။ 23 ဆင်းရဲသား၊
လယ်လုပ်ခြင်းအားဖြင့် စားစရာ ပွါးများ၏။ သို့ရာတွင်၊ မတရားသော အမှုကြောင့် ပျက်စီး ခြင်းသို့ ရောက်တတ်၏။ 24 ကြိမ်လုံးကို
မသုံးသောသူသည် မိမိသားကို မုန်းရာသို့ ရောက်၏။ သားကိုချစ်သောသူမူကား၊ ငယ် သောအရွယ်မှစ၍ ဆုံးမတတ်၏။ 25
ဖြောင့်မတ်သောသူသည် ဝစွာစားရသော အခွင့်ရှိ၏။ မတရားသော သူမူကား၊ မွတ်သိပ်ခြင်းကို ခံရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 14

1 ပညာရှိသောမိန်းမသည် မိမိအိမ်ကို တည် ဆောက်တတ်၏။ မိုက်သောမိန်းမမူကား၊ ကိုယ်လက်နှင့် ဖြိုဖျက်တတ်၏။ 2
ဖြောင့်သောလမ်းသို့လိုက်သောသူသည် ထာဝရ ဘုရားကို ကြောက်ရွံ့တတ်၏။ ကောက်သောလမ်းသို့ လိုက်သောသူမူကား၊
မထီမဲ့မြင်ပြုတတ်၏။ 3 မိုက်သောသူ၏ နှုတ်၌မာနကြိမ်လုံးရှိ၏။ ပညာ ရှိသောသူ၏ နှုတ်ခမ်းတို့သည် ကယ်တင်သောအမှုကို
ပြုတတ်၏။ 4 နွားထီးမရှိသော တင်းကုပ်သည် စင်ကြယ်၏။ သို့သော်လည်း၊ နွားခွန်အားကိုသုံး၍ များသောစီးပွားကို ရတတ်၏။ 5
သစ္စာရှိသောသက်သေသည် မုသာမသုံးတတ်။ သစ္စာပျက်သော သက်သေမူကား၊ မုသာကိုသုံးတတ်၏။ 6 မထီမဲ့မြင်ပြုသောသူသည်
ပညာကိုရှာ၍ မတွေ့ရာ။ ဉာဏ်ရှိသောသူမူကား၊ ပညာအတတ်ကို ရလွယ်၏။ 7 မိုက်သောသူနှင့်တွေ့၍ သူ၏နှုတ်၌ ပညာ
အတတ်မရှိသည်ကို သိမြင်လျှင်၊ ထိုသူကို ရှောင်သွား လော့။ 8 ပညာသတိရှိသော သူ၏ပညာကား၊ ကိုယ်သွား ရသော လမ်းကို
သိခြင်းတည်း။ မိုက်သောသူ၏ မိုက်ခြင်း မူကား၊ ပရိယာယ်တည်း။ 9 မိုက်သောသူတို့သည် ဒုစရိုက်အပြစ်ကို မထီ လေးစားပြုကြ၏။
ဖြောင့်မတ်သော သူတို့မူကား၊ တယောက်ကိုတယောက် ကျေးဇူးပြုကြ၏။ 10 စိတ်နှလုံးသည် မိမိဒုက္ခကို သိ၏။ စိတ်နှလုံး
ရွှင်လန်းခြင်း အကြောင်းကိုလည်း သူတပါးမဆိုင်တတ်။ 11 မတရားသောသူ၏အိမ်သည် ပြိုလဲတတ်၏။ ဖြောင့်မတ်သော
သူ၏တဲမူကား၊ ပွင့်လန်းတတ်၏။ 12 လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော် လည်း၊ အဆုံး၌ သေခြင်းသို့ပို့သော
လမ်းတမျိုးရှိ၏။ 13 လူသည် ရယ်စဉ်အခါပင်၊ ဝမ်းနည်းသော စိတ် သဘောရှိ၏။ ထိုရယ်မောရွှင်လန်းခြင်းအဆုံး၌လည်း
ညှိုးငယ်ခြင်းရှိတတ်၏။ 14 စိတ်နှလုံးဖေါက်ပြန်သောသူဖြစ်စေ၊ သူတော် ကောင်းဖြစ်စေ၊ မိမိအကျင့်တို့နှင့်ဝလိမ့်မည်။ 15
ဉာဏ်တိမ်သော သူသည်သူတပါး ပြောသမျှကို ယုံတတ်၏။ ပညာသတိရှိသောသူမူကား၊ မိမိသွားရာ လမ်းကို စေ့စေ့ကြည့်ရှုတတ်၏။
16 ပညာရှိသောသူသည် ကြောက်၍ ဒုစရိုက်ကို ရှောင်တတ်၏။ မိုက်သောသူမူကား မာနကြီး၍ ရဲရင့် တတ်၏။ 17
စိတ်တိုသောသူသည် မိုက်စွာသောအမှုကို ပြုတတ်၏။ မကောင်းသောအကြံကို ကြံသောသူကိုလည်း သူတပါးမုန်းလိမ့်မည်။ 18
ဉာဏ်တိမ်သော သူသည်မိုက်ခြင်းကို အမွေခံ တတ်၏။ ပညာသတိရှိသောသူမူကား၊ သိပ္ပံသရဖူကို ဆောင်းတတ်၏။ 19
လူဆိုးတို့သည် သူတော်ကောင်းရှေ့၌၎င်း၊ မတရားသောသူတို့သည် ဖြောင့်မတ်သောသူ၏ အိမ် တံခါးဝ၌၎င်း ဦးချတတ်ကြ၏။ 20
ဆင်းရဲသောသူသည် မိမိအိမ်နီးချင်း မုန်းခြင်း ကိုပင် ခံရမည်။ ငွေရတတ်သောသူ၌မူကား၊ များစွာ သော အဆွေခင်ပွန်းရှိလိမ့်မည်။ 21
မိမိအိမ်နီးချင်းကို မထီမဲ့မြင်ပြုသော သူသည် အပြစ်ရှိ၏။ ဆင်းရဲသော သူကိုသနားသောသူမူကား၊ မင်္ဂလာရှိ၏။ 22 မကောင်းသော
အကြံကိုကြံတတ်သော သူတို့ သည် မှားယွင်းကြလိမ့်မည်။ ကျေးဇူးပြုမည်ဟု ကြံတတ် သောသူတို့မူကား၊ ကရုဏာအကျိုး
နှင့်သစ္စာအကျိုးကို ခံရကြလိမ့်မည်။ 23 ကြိုးစား၍ လုပ်လေရာရာ၌ကျေးဇူးရှိ၏။ စကား များခြင်းအကျိုးမူကား၊
ဆင်းရဲခြင်းသက်သက်တည်း။ 24 ပညာရှိသောသူတို့၏ စည်းစိမ်ဥစ္စာသည် သူတို့ ဦးရစ်သရဖူဖြစ်၏။ မိုက်သောသူတို့၏
မိုက်ခြင်းမူကား၊ အမိုက်သက်သက်ဖြစ်၏။ 25 မှန်သောသက်သေသည် သူ့အသက်ကို ကယ် တင်တတ်၏။ မမှန်သောသက်သေမူကား၊
မုသာကို သုံးတတ်၏။ 26 ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် အားကြီး သော ကိုးစားရာအခွင့်ကိုဖြစ်စေတတ်၏။ သားတော်တို့
သည်လည်း ၊ ခိုလှုံရာအရပ်ကို ရကြလိမ့်မည်။ 27 ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် အသေခံရာ ကျော့ကွင်းတို့မှ
လွှဲရှောင်ရာအသက် စမ်းရေ တွင်းဖြစ်၏။ 28 ပြည်သားများပြားရာ၌ ရှင်ဘုရင်၏ဘုန်းတော် တည်၏။ ပြည်သားနည်းပါးရာ၌ကား၊
မင်းအကျိုးနည်း ခြင်းရှိ၏။ 29 စိတ်ရှည်သောသူသည် ပညာကြီး၏။ စိတ်တို သောသူမူကား၊ အထူးသဖြင့် မိုက်ပေ၏။ 30
ကျန်းမာသောနှလုံးသည် ကိုယ်အသက်ရှင်စေ သောအကြောင်း၊ ငြူစူသော သဘောမူကား၊ အရိုး ဆွေးမြေ့ခြင်းအကြောင်းဖြစ်၏။ 31
ဆင်းရဲသားတို့ကို ညှဉ်းဆဲသောသူသည် ဖန် ဆင်းတော်မူသော ဘုရားကိုကဲ့ရဲ့၏။ ဘုရားကို ရိုသေ သောသူမူကား၊
ဆင်းရဲသောသူတို့ကို သနားတတ်၏။ 32 မတရားသောသူသည် မတရားသဖြင့် ပြုစဉ် အခါ၊ လှဲခြင်းကို ခံရ၏။
ဖြောင့်မတ်သောသူမူကား၊ သေသောအခါ၌ပင် မျှော်လင့်စရာရှိ၏။ 33 ဉာဏ်ရှိသောသူ၏ နှလုံး၌ပညာကျိန်းဝပ်တတ် ၏။
မိုက်သောသူတို့၏အထဲ၌ ရှိသောအရာမူကား၊ ထင်ရှားတတ်၏။ 34 ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။
ဒုစရိုက်အပြစ်မူကား၊ ပြည်သားများ တို့ကို ရှုတ်ချတတ်၏။ 35 ပညာရှိသော အကျွန်အားရှင်ဘုရင်သည် ကျေးဇူးပြုတတ်၏။
အရှက်ခွဲတတ်သော ကျွန်မူကား၊ အမျက်တော်ကို ခံရမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 15

1 ဖြည်းညှင်းသော စကားသည် စိတ်ကိုဖြေတတ် ၏။ ကြမ်းတမ်းသောစကားမူကား၊ အမျက်ကို နှိုးဆော် တတ်၏။ 2 ပညာရှိသော
သူ၏လျှာသည် ပညာအတတ်ကို တင့်တယ်စေတတ်၏။ မိုက်သောသူတို့၏ နှုတ်မူကား၊ မိုက်သောအရာကို သွန်းလောင်းတတ်၏။ 3
ထာဝရဘုရား၏မျက်စိတော်သည် ခပ်သိမ်း သောအရပ်၌ရှိ၍၊ ကောင်းမကောင်းကို ကြည့်ရှုတော်မူ ၏။ 4 ဖြည်းညှင်းသောလျှာသည်
အသက်ဖြစ်၏။ ကြမ်းတမ်းသော လျှာမူကား စိတ်နာစေတတ်၏။ 5 မိုက်သောသူသည် အဘသွန်သင်ခြင်းကို မထီမဲ့ မြင်ပြုတတ်၏။
ဆုံးမသော စကားကို နားထောင်သော သူမူကား၊ သမ္မာသတိနှင့်ပြည့်စုံတတ်၏။ 6 ဖြောင့်မတ်သောသူ၏ အိမ်၌များစွာသော
စည်းစိမ်ရှိ၏။ မတရားသော သူခံရသောအခွန်မူကား၊ များစွာသော နှောင့်ရှက်ခြင်းနှင့်ယှဉ်၏။ 7 ပညာရှိသော သူ၏နှုတ်ခမ်းတို့သည်
ပညာ အတတ်ကို စွန့်ကြဲတတ်၏။ မိုက်သောသူ၏ နှလုံးမူကား ပညာမရှိ။ 8 မတရားသောသူ ပူဇော်သောယဇ်ကို ထာဝရ
ဘုရားစက်ဆုပ် ရွံ့ရှာတော်မူ၏။ သဘောဖြောင့်သောသူ ဆုတောင်းသော ပဌနာကိုကား၊ နှစ်သက်တော်မူ၏။ 9 မတရားသော
သူလိုက်သောလမ်းကို ထာဝရ ဘုရားစက်ဆုပ်ရွံရှာတော်မူ၏။ ဖြောင့်မတ်ခြင်း တရား လမ်းသို့ လိုက်သောသူကိုကား ချစ်တော်မူ၏။
10 လမ်းလွှဲသောသူသည် ဆုံးမသောစကားကို နားမခံလို။ သို့သော်လည်း၊ အပြစ်တင်ခြင်းကို မုန်းသော သူသည် သေရမည်။ 11
မရဏာနိုင်ငံနှင့်အဗဒ္ဒုန်နိုင်ငံသည် ထာဝရ ဘုရားရှေ့တော်၌ ထင်ရှား၏။ ထိုမျှမက၊ လူသားတို့၏ နှလုံးသည် သာ၍ထင်ရှား၏။ 12
မထီမဲ့မြင်ပြုသောသူသည် အပြစ်ပြသောသူကို မချစ်တတ်။ ပညာရှိထံသို့ မချဉ်းကပ်တတ်။ 13 ရွှင်လန်းသောစိတ်နှလုံးသည်
ချို့သောမျက်နှာ ကို ဖြစ်စေတတ်၏။ ညှိုးငယ်ခြင်းအားဖြင့်ကား၊ စိတ်ပျက် တတ်၏။ 14 ဉာဏ်ကောင်းသောသူ၏ စိတ်နှလုံးသည်
ပညာ အတတ်ကို ရှာတတ်၏။ မိုက်သောသူတို့၏ နှုတ်မူကား၊ မိုက်ခြင်းကို ကျက်စားတတ်၏။ 15 ဆင်းရဲငြိုငြင်သောသူ၏
နေ့ရက်ရှိသမျှတို့သည် ဆိုးယုတ်ကြ၏။ ရွှင်လန်းသောစိတ်နှလုံးမူကား၊ အစဉ် အမြဲခံရသောပွဲဖြစ်၏။ 16 နှောင့်ရှက်ခြင်းနှင့်ယှဉ်၍
ကြီးစွာသော စည်းစိမ် ထက် ထာဝရဘုရားကိုကြောက်ရွံ့ခြင်းနှင့် ယှဉ်သောဥစ္စာ အနည်းငယ်သည် သာ၍ကောင်း၏။ 17
ဆူအောင်ကျွေးသော နွားတကောင်လုံးကို အချင်းချင်း အငြိုးထားသောစိတ်နှင့်စားရသည်ထက်၊ ချစ်ခြင်းမေတ္တာပါသော
ဟင်းရွက်တနပ် စာသည်သာ၍ ကောင်း၏။ 18 မာနကြီးသောသူသည် ရန်ကိုနှိုးဆော်တတ်၏။ သည်းခံနိုင်သော
သူမူကားငြိမ်းတတ်၏။ 19 ပျင်းရိသောသူသွားရာ လမ်း၌ဆူးပင်ဆီးကာ လျက် ရှိ၏။ ဖြောင့်မတ်သောသူ သွားရာလမ်းမူကား၊
မို့မောက်လျက်ရှိ၏။ 20 ပညာရှိသောသားသည်အဘဝမ်းမြောက်ခြင်း အကြောင်းဖြစ်၏။ မိုက်သောသားမူကား၊ မိမိအမိကို
မထီမဲ့မြင်ပြုတတ်၏။ 21 ဉာဏ်မရှိသောသူသည် မိုက်ခြင်း၌ ပျော်မွေ့ တတ်၏။ ဉာဏ်ရှိသော သူမူကား၊ ဖြောင့်မတ်သော အကျင့် ကို
ကျင့်တတ်၏။ 22 တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။ တိုင် ပင်သော သူများလျှင်မူကား၊ အကြံတည်တတ်၏။ 23 လူသည်
ပြန်ပြောသောစကားအားဖြင့် ဝမ်း မြောက်စရာအကြောင်းရှိ၏။ အချိန်တန်၍ ပြောသော စကားသည်လည်း
အလွန်လျောက်ပတ်ပေ၏။ 24 ပညာရှိသော သူလိုက်ရာ အသက်လမ်းသည် အောက်အရပ်၊ မရဏာနိုင်ငံမှ လွှဲရှောင်၍၊ အထက်သို့
ပို့ဆောင်တတ်၏။ 25 မာနထောင်လွှားသော သူ၏အိမ်ကို ထာဝရ ဘုရားဖျက်ဆီးတော်မူမည်။ မုတ်ဆိုးမနေရာ အရပ်ကို ကား၊
တည်စေတော်မူမည်။ 26 မတရားသောသူ၏ အကြံအစည်တို့ကို ထာဝရ ဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ စင်ကြယ်သောသူ၏
စကားတို့ကိုကား၊ နှစ်သက်တော်မူ၏။ 27 မတရားသော စီးပွါးကို ရှာသောသူသည် မိမိ အိမ်သားတို့ကို နှောင့်ရှက်တတ်၏။
တံစိုးကိုရွံသောသူမူ ကား အသက်ချမ်းသာရလိမ့်မည်။ 28 ဖြောင့်မတ်သော သူသည်အဘယ်သို့ ပြန်ပြော ရမည်ကို စိတ်နှလုံးထဲမှာ
ဆင်ခြင်တတ်၏။ မတရားသော သူ၏နှုတ်မူကား၊ မကောင်းသောအရာတို့ကို သွန်း လောင်းတတ်၏။ 29 ထာဝရဘုရားသည်
မတရားသော သူတို့နှင့် ဝေးတော်မူ၏။ ဖြောင့်မတ်သောသူ၏ ပဌနာစကားကို ကား နားထောင်တော်မူ၏။ 30 မျက်စိအလင်းသည်
နှလုံးကို ရွှင်လန်းစေတတ် ၏။ ကောင်းသော သိတင်းစကားသည်လည်း၊ အရိုးတို့ကို ခြင်ဆီနှင့်ပြည့်ဝစေတတ်၏။ 31
အသက်နှင့်ယှဉ်သောဆုံးမခြင်းစကားကို နား ထောင်သောသူသည် ပညာရှိတို့နှင့် ပေါင်းဘော်ရသော အခွင့်ရှိ၏။ 32
ဆုံးမခြင်းစကားကို ပယ်သောသူသည် မိမိ အသက်ဝိညာဉ်ကို မထီမဲ့မြင်ပြုရာသို့ ရောက်၏။ နား ထောင်သော သူမူကား၊
ဉာဏ်ကိုရတတ်၏။ 33 ထာဝရဘုရားကိုကြောက်ရွံ့သော သဘောသည် ပညာကိုသွန်သင်ခြင်းဖြစ်၏။ ဂုဏ်အသရေအရင်၌
နှိမ့်ချခြင်း၏နေရာရှိ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 16

1 စိတ်နှလုံးအကြံအစည်တို့သည် လူနှင့်ဆိုင်ကြ၏။ လျှာနှင့်ပြန်ပြောချက်ကိုကား၊ ထာဝရဘုရားပိုင်တော် မူ၏။ 2 လူသည်
မိမိကျင့်သမျှသော အကျင့်တို့ကို နှစ်သက်တတ်၏။ ထာဝရဘုရားမူကား၊ စိတ်သဘော တို့ကို ချိန်တော်မူ၏။ 3
ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌ အပ် လော့။ သို့ပြုလျှင် သင်၏အကြံအစည်တို့သည် တည်ကြ လိမ့်မည်။ 4
ထာဝရဘုရားသည် ခပ်သိမ်းသောအရာတို့ကို ကိုယ်တော်အဘို့၊ မတရားသောသူတို့ကိုလည်း ဘေးဒဏ် ခံရသော
နေ့အဘို့ဖန်ဆင်းတော်မူ၏။ 5 မာနကြီးသောသူအပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ သူတို့သည် အသင်းဖွဲ့သော်
လည်း၊ အပြစ်ဒဏ်နှင့် မလွတ်ရကြ။ 6 ကရုဏာတရားနှင့် သစ္စာတရားအားဖြင့် အပြစ်ပြေတတ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော
သဘောအားဖြင့် ဒုစရိုက်ကို ရှောင်တတ်၏။ 7 လူကျင့်သောအကျင့်တို့ကို ထာဝရဘုရားသည် နှစ်သက်သောအခါ၊
ထိုသူ၏ရန်သူကိုပင် သူနှင့်သင့်တင့် စေတော်မူ၏။ 8 ဖြောင့်မတ်ခြင်းပါရမီနှင့် ယှဉ်သောဥစ္စာအနည်း ငယ်သည်၊
မတရားသဖြင့်ရသောဥစ္စာ အများထက်သာ၍ ကောင်း၏။ 9 လူသည် မိမိသွားရာလမ်းကို စိတ်ထဲမှာ ကြံစည် ၏။ သို့သော်လည်း
သူ၏ခြေရာတို့ကို ထာဝရဘုရား စီရင်တော်မူ၏။ 10 ရှင်ဘုရင်၏ နှုတ်ခမ်းတို့၌ ဗျာဒိတ်တော်ရှိသည် ဖြစ်၍၊ တရားဆုံးဖြတ်ရာအမှု၌
နှုတ်တော်သည် မမှားစေ နှင့်။ 11 မှန်သောအလေးနှင့် မှန်သောချိန်ခွင်သည် ထာဝရဘုရား၏ဥစ္စာဖြစ်၏။ အလေးအိတ်၌ပါသမျှသော
အလေးတို့သည် စီရင်တော်မူရာ ဖြစ်ကြ၏။ 12 ရှင်ဘုရင်ပြုသော ဒုစရိုက်သည် စက်ဆုပ်ရွံရှာ ဘွယ် ဖြစ်၏။ အကြောင်းမူကား၊
ရာဇပလ္လင်သည် ဖြောင့် မတ်ခြင်းအားဖြင့်သာ တည်တတ်၏။ 13 ဖြောင့်မတ်သော နှုတ်ခမ်းတို့သည် ရှင်ဘုရင် နှစ်သက်ရာဖြစ်၏။
မှန်ကန်စွာပြောသောသူကို ရှင်ဘုရင် ချစ်တတ်၏။ 14 ရှင်ဘုရင်၏ အမျက်သည် သေမင်းတမန်ကဲ့သို့ ဖြစ်၏။ သို့သော်လည်း၊
ပညာရှိသောသူသည် အမျက် တော်ကို ဖြေတတ်၏။ 15 ရှင်ဘုရင် မျက်နှာပွင့်လန်းသောအားဖြင့် အသက်ချမ်းသာရ၏။
ကျေးဇူးတော်သည် နောက်ရွာ သော မိုဃ်းတိမ်ကဲ့သို့ ဖြစ်၏။ 16 ရွှေကိုရတတ်ခြင်းထက် ပညာကို ရတတ်ခြင်း သည်
အလွန်ကောင်း၏။ ငွေကိုအမြတ်မထား၊ ဉာဏ်နှင့် ပြည့်စုံခြင်းကို အမြတ်ထားစရာအလွန်ကောင်း၏။ 17 ဖြောင့်မတ်သော
သူလိုက်သောလမ်းမူကား၊ ဒုစရိုက်ကိုရှောင်ခြင်းတည်း။ ထိုလမ်းမှ မလွှဲဘဲ အမြဲလိုက် သောသူသည် မိမိအသက်ဝိညာဉ်ကို
စောင့်တတ်၏။ 18 မာနသည်ပျက်စီးခြင်းအရင်၊ ထောင်လွှားသော သဘောသည် ရှုတ်ချခြင်း အရင်၌ နေရာကျတတ်၏။ 19
စိတ်နှိမ့်ချသောသူတို့နှင့် ပေါင်းဘော်၍ စိတ် နှိမ့်ချခြင်းသည်၊ မာနကြီးသော သူတို့နှင့် ဆက်ဆံ၍ လုယူ သောဥစ္စာကို ဝေမျှခြင်းထက်
သာ၍ကောင်း၏။ 20 ပညာနှင့်အမှုစောင့်သောသူသည် အကျိုးကို ရလိမ့်မည်။ ထာဝရဘုရားကို ခိုလှုံသောသူသည်လည်း မင်္ဂလာရှိ၏။
21 လိမ္မာသော စိတ်သဘောရှိသောသူသည် ပညာ သတိရှိသည်ဟု ကျော်စောရာသို့ရောက်တတ်၏။ ချိုသောစကားကို
ပြောတတ်သော နှုတ်သတ္တိသည်လည်း ပညာအတတ်ကိုတိုးပွါးစေတတ်၏။ 22 ဉာဏ်ပညာကိုရသော သူသည် အသက်စမ်းရေ
တွင်းကိုရ၏။ မိုက်သောသူတို့၏ သွန်သင်ခြင်းမူကား၊ မိုက်ခြင်းဖြစ်၏။ 23 ပညာရှိသော သူ၏နှလုံးသည် သူ၏နှုတ်ကို သွန် သင်၍၊
သူ၏နှုတ်ခမ်းတို့၌ ပညာအတတ်ကို ထပ်လောင်း တတ်၏။ 24 သာယာသောစကားတို့သည် ပျားလပို့ကဲ့သို့ ဖြစ်၍၊ စိတ်ဝိညာဉ်၌
ချိုမြိန်လျက်၊ ကိုယ်အရိုးကို ကျန်းမာ စေလျက်ရှိကြ၏။ 25 လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော် လည်း၊ အဆုံး၌
သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏။ 26 အလုပ်လုပ်သောသူသည်၊ မိမိပစပ်တောင်း သောကြောင့်၊ မိမိအဘို့ လုပ်တတ်၏။ 27
အဓမ္မလူသည် မကောင်းသော အမှုကိုကြိုးစား ၍ ကြံစည်တတ်၏။ သူ၏နှုတ်ခမ်း၌ လောင်သောမီးကဲ့သို့ ရှိ၏။ 28
သဘောကောက်သောသူသည် ရန်မျိုးစေ့ကို ကြဲတတ်၏။ ကုန်းတိုက်သော သူသည်လည်း၊ မိတ်ဆွေ တို့ကို ကွဲပြားစေတတ်၏။ 29
ကြမ်းကြုတ်သော သူသည် အိမ်နီးချင်းကို ချော့မော့၍၊ မကောင်းသောလမ်းထဲသို့ သွေးဆောင် တတ်၏။ 30 ကောက်သောအကြံကို
ကြံစည်ခြင်းငှါ မျက်စိ မှိတ်၍၊ နှုတ်ခမ်းတို့ကို လှုပ်သဖြင့်၊ ဆိုးယုတ်သောအမှုကို ပြီးစီးတတ်၏။ 31 ဖြူသောဆံပင်သည်
ဖြောင့်မတ်ခြင်း တရား လမ်း၌ တည်လျှင်၊ ဘုန်းကြီးသောသရဖူဖြစ်၏။ 32 စိတ်ရှည်သောသူသည် ခွန်အားကြီးသောသူ ထက်ဌင်း၊
မိမိစိတ်ကိုချုပ်တည်းသောသူသည် မြို့ကို တိုက်ယူသောသူထက်ဌင်းသာ၍ ကောင်း၏။ 33 စာရေးတံတို့ကို အိတ်ထဲ၌
လောင်းလျက်ရှိရာ တွင်၊ ခွဲဝေစီရင်ခြင်းအမှုကို ထာဝရဘုရားပိုင်တော်မူ၏။

## Chapter 17

1 တအိမ်လုံးပြည့်သော ယဇ်ပူဇော်ပွဲကို ရန်တွေ့သော စိတ်နှင့်စားရသည်ထက်၊ ငြိမ်သက်ခြင်းနှင့် ယှဉ် သော
မုန့်တလုပ်စာသည်သာ၍ကောင်း၏။ 2 ပညာရှိသောကျွန်သည် အရှက်ခွဲသောသားကို အုပ်စိုး၍ ညီအစ်ကိုတို့နှင့်အတူ အမွေခံတတ်၏။
3 ငွေစစ်စရာဘို့မိုက်ကိုငင်း၊ ရွှေစစ်စရာဘို့ မီးဖိုကို ငင်း သုံးတတ်၏။ စိတ်နှလုံးကိုကား၊ ထာဝရဘုရား စစ်တော်မူ၏။ 4
မတရားသဖြင့်ပြုသော သူသည် မုသာစကားကို ယုံတတ်၏။ မုသာသုံးသော သူသည်လည်း ဆိုးညစ်သော စကားကို
နားထောင်တတ်၏။ 5 ဆင်းရဲသားတို့ကို မထီလေးစားပြုသော သူသည် ဖန်ဆင်းတော်မူသောဘုရားကိုကဲ့ရဲ့၏။ သူတပါး၌ ဘေး
ရောက်လျှင် ဝမ်းမြောက်တတ်သော သူသည်လည်း အပြစ်ဒဏ်နှင့် မလွတ်ရ။ 6 မြေးတို့သည် အသက်ကြီးသောသူ၏ သရဖူဖြစ် ၏။
သားတို့၏ဘုန်းကား အဘတည်း။ 7 မြတ်သောစကားသည် မိုက်သောသူနှင့် မတော် မသင့်။ ထိုမျှမက၊ မုသာစကားသည်
မင်းနှင့်မတော် မသင့်။ 8 လက်ဆောင်သည် ခံသောသူအထင်အတိုင်း ကျောက်မြတ်ကဲ့သို့ ဖြစ်၍၊ မျက်နှာပြုလေရာရာ၌
အောင်တတ်၏။ 9 သူတပါးပြစ်မှားသော အမှုကိုဝှက်ထားသော သူသည် မေတ္တာကို ပြုစု၏။ ကြားပြောသောသူမူကား၊ မိတ်ဆွေတို့ကို
ကွဲပြားစေ၏။ 10 မိုက်သောသူသည် ဒဏ်ချက်တရာကို အမှုထား သည်ထက်၊ ပညာရှိသောသူသည် ဆုံးမသော စကားကို သာ၍
အမှုထားတတ်၏။ 11 ပုန်ကန်သောသူသည် မတရားသောအမှုကိုသာ ပြုစုတတ်၏။ ထိုကြောင့်ကြမ်းကြုတ်သော တမန်ကို
သူ့ဆီသို့စေလွှတ်ရ၏။ 12 မိုက်သောစိတ်ထဆဲရှိသော လူမိုက်နှင့်မတွေ့ပါ စေနှင့်။ သားငယ်ပျောက်သော ဝံမနှင့်သာ၍ တွေ့ပါစေ
သော။ 13 အကြင်သူသည် ကျေးဇူးကိုမသိ၊ မကောင်းသော အမှုနှင့် ဆပ်၏၊ ထိုသူ၏အိမ်သည် မကောင်းသော
အမှုနှင့်မကင်းမလွတ်ရ။ 14 ရန်တွေ့စအမှုသည် ရေကန်ပေါင်ပေါက်စကဲ့သို့ ဖြစ်သောကြောင့်၊ ရန်မတွေ့မှီတွေ့စရာ အကြောင်းကို
ရှောင်လော့။ 15 မတရားသောသူတို့ကို အပြစ်မှလွှတ်သော သူနှင့်၊ ဖြောင့်မတ်သောသူတို့ကို အပြစ်စီရင်သော သူနှစ်ယောက်လုံးတို့ကို
ထာဝရဘုရား စက်ဆုပ်ရွံ့ရှာ တော်မူ၏။ 16 မိုက်သောသူသည် ပညာကိုအလိုမရှိသည် ဖြစ် ၍၊ ပညာအဘိုးကို အဘယ်ကြောင့်
သူ၌အပ်ရသနည်း။ 17 အဆွေခင်ပွန်းသည် အခါခပ်သိမ်းချစ်တတ်၏။ ညီအစ်ကိုသည် ဒုက္ခကာလအဘို့ မွေးဘွားလျက်ရှိ၏။ 18
ဉာဏ်မဲ့သောသူသည် လက်ဝါးချင်းရိုက်၍၊ အဆွေ ခင်ပွန်းရှေ့မှာ အာမခံတတ်၏။ 19 ရန်တွေ့ခြင်းကို နှစ်သက်သောသူသည် လွန်
ကျူးခြင်းကိုလည်း နှစ်သက်တတ်၏။ မိမိတံခါးကို ချီးမြှင့် သော သူသည် ပျက်စီးခြင်းကို ရှာတတ်၏။ 20
သဘောကောက်သောသူသည် ကောင်းသော အကျိုးကို မတွေ့တတ်။ စကားလိမ်သောသူသည် ဘေး ဥပဒ်နှင့် တွေ့ကြုံတတ်၏။ 21
မိုက်သောသူကို ဖြစ်ဘွားစေသောသူသည် မိမိကို မိမိဝမ်းနည်းစေတတ်၏။ မိုက်သောသူ၏အဘ၌ ဝမ်းမြောက်စရာအကြောင်းမရှိ။ 22
စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏။ စိတ်ပျက်ခြင်းမူကား၊ အရိုးတို့ကိုသွေ့ခြောက်စေတတ်၏။ 23 မတရားသောသူသည်
တရားလမ်းကိုဖျက်သော အဘိုးတံစိုးကို သူတပါး၏ ခါးပိုက်အိတ်ထဲက နှိုက်ယူ တတ်၏။ 24 ဉာဏ်ရှိသောသူသည် ပညာကို
မျက်မှောက် ပြုတတ်၏။ မိုက်သောသူ၏ မျက်စိမူကား၊ မြေကြီးစွန်း တိုင်အောင်လှည့်၍ ကြည့်ရှုတတ်၏။ 25 မိုက်သော သူသည်
အဘဝမ်းနည်းစရာ အကြောင်း၊ မွေးသော အမိစိတ်ညစ်စရာအကြောင်း ဖြစ်၏။ 26 ဖြောင့်မတ်သော သူကို အပြစ်ဒဏ်မပေး ကောင်း။
တရားသဖြင့် စီရင်သော မင်းကိုလည်း မထိခိုက် ကောင်း။ 27 သိပ္ပံအတတ်နှင့်ပြည့်စုံသော သူသည် စကား မများတတ်။
ဉာဏ်ကောင်းသောသူသည်လည်း၊ ဧသော စိတ်ရှိတတ်၏။ 28 မိုက်သောသူပင် တိတ်ဆိတ်စွာနေလျှင် ပညာရှိ ဟူ၍ငင်း၊
မိမိနှုတ်ကိုမဖွင့်ဘဲ နေသောသူကို လည်း၊ ဉာဏ်ကောင်းသောသူဟူ၍ငင်းသူတပါး ထင်တတ်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 18

1 သူတပါးများနှင့် မရောနှောသောသူသည် မိမိ စေတနာ အလိုရှိသည်အတိုင်း ရှာဖွေ၍၊ ပညာရတနာ အမျိုးမျိုးကို
စူးစမ်းမွေနှောက်တတ်၏။ 2 မိုက်သောသူမူကား၊ မိမိစိတ်သဘောကို ပြစရာ အခွင့်မှတပါး၊ အခြားသောအကြောင်းကြောင့် ဉာဏ်
ပညာ၌ မပျော်မွေ့တတ်။ 3 မတရားသောသူလာသောအခါ၊ မထီမဲ့မြင်ပြု ခြင်းကို ခံရ၏။ ဂုဏ်အသရေပျက်သောအခါ၊ ကဲ့ရဲ့ခြင်း
ကိုလည်း ခံရ၏။ 4 နှုတ်ထွက်သောစကားသည် နက်သောရေကဲ့သို့ ၎င်း၊ ပညာစမ်းရေတွင်းသည် ရေစီးသောမြစ်ကဲ့သို့၎င်း ဖြစ်၏။ 5
တရားတွေ့ရာအမှု၌ ဖြောင့်မတ်သောသူကို ရှုံးစေခြင်းငှါ၊ မတရားသော သူ၏မျက်နှာကို မထောက် ကောင်း။ 6
မိုက်သောသူ၏နှုတ်ခမ်းတို့သည် ရန်တွေ့ တတ်၏။ သူ၏နှုတ်သည်လည်း အပြစ်ဒဏ်ကို တောင်း တတ်၏။ 7
မိုက်သောသူ၏နှုတ်သည် ပျက်စီးရာအကြောင်း၊ နှုတ်ခမ်းတို့သည်လည်း မိမိအသက်ကို ကျော့မိရာ အကြောင်းဖြစ်၏။ 8
ကုန်းတိုက်သောသူ၏စကားသည် မြိန်သော ခဲဘွယ်စားဘွယ်ကဲ့သို့ဖြစ်၍၊ ဝမ်းအတွင်းသို့ဝင်တတ်၏။ 9 အလုပ်လုပ်သောအခါ
ပျင်းရိသောသူသည်၊ မိမိဥစ္စာကို အချည်းနှီးကုန်စေသော သူနှင့်ညီအစ်ကို တော်ပေ၏။ 10 ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သော
ရဲတိုက်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့်၊ လုံခြုံစွာနေရကြ၏။ 11 ငွေရတတ်သောသူက၊ ငါ့စည်းစိမ်သည် ခိုင်ခံ့
သောမြို့ဖြစ်၏။ မြင့်သောမြို့ရိုးနှင့်တူသည်ဟု ထင်တတ် ၏။ 12 ပျက်စီးခြင်းအရင်၌လူသည် စိတ်မြင့်ခြင်း၏ နေရာ၊ ဂုဏ်အသရေ
အရင်၌နှိမ့်ချခြင်း၏နေရာရှိ၏။ 13 အကျိုးအကြောင်းကို မစစ်မီ၊ အမှုစီရင်သော သူသည်မိုက်သော အပြစ်၊
အရှက်ကွဲရသောအပြစ်ရှိ၏။ 14 လူ၏စိတ်ဝိညာဉ်သည် မိမိနာခြင်းဝေဒနာကို ခံနိုင်၏။ ကြေကွဲသောစိတ်ကိုကား၊ အဘယ်သူသည်းခံ
နိုင်သနည်း။ 15 သမ္မာသတိရှိသောသူ၏ စိတ်နှလုံးသည် ပညာ အတတ်ကို သိထားတက်၏။ ပညာရှိသော သူ၏နားသည် လည်း၊
ပညာစကားကို ရှာတတ်၏။ 16 လူ၌ပါသော လက်ဆောင်အားဖြင့်၊ လမ်းရှင်း လင်း၍၊ လူကြီးထံသို့ ဝင်ရသောအခွင့်ရှိတတ်၏။ 17
ကိုယ်အမှုကို အဦးစောင့်၍ပြောသောသူသည် ဖြောင့်မတ်ရာသို့ ရောက်သော်လည်း၊ အိမ်နီးချင်းလာ၍ စစ်ကြောတတ်၏။ 18
စာရေးတံပြုခြင်းအားဖြင့် အငြင်းအခုံငြိမ်း၍၊ အားကြီးသော သူတို့အမှုကို ဆုံးဖြတ်တတ်၏။ 19 အငြိုးထားသောညီအစ်ကိုသည်
ခိုင်ခံ့သောမြို့ ထက် သာ၍ခက်၏။ ညီအစ်ကို ရန်တွေ့ခြင်းအမှုသည် ရဲတိုက်တံခါးကျင်ကဲ့သို့ ဖြစ်၏။ 20
လူသည်မိမိနှုတ်၏အသီးနှင့်ဝမ်းပြည့်ရ၏။ မိမိနှုတ်ခမ်းတို့၏ စီးပွါးနှင့်ဝရ၏။ 21 လျှာသည်အသက်သေခြင်းနှင့် ရှင်ခြင်းကို အစိုးရ
၏။ လျှာကို နှစ်သက်သောသူသည်လည်း၊ လျှာ၏အသီးကို စားရ၏။ 22 မယားကိုရသောသူသည် ကောင်းသောအရာကို ရ၍၊
ထာဝရဘုရား၏ကျေးဇူးတော်ကို ခံရ၏။ 23 ဆင်းရဲသောသူသည် တောင်းပန်တတ်၏။ ငွေရ တတ်သောသူမူကား၊ ကြမ်းတမ်းစွာ
ပြန်ပြောတတ်၏။ 24 အပေါင်းအဘော်များသောသူသည် အကျိုး နည်းရှိတတ်၏။ မိတ်ဆွေမူကား၊ ညီအစ်ကိုစွဲကပ်သည် ထက် သာ၍
စွဲကပ်တတ်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 ကောက်လိမ်သော စကားကိုသုံးတတ်သော လူမိုက်ထက်၊ ဖြောင့်မတ်ခြင်းလမ်းသို့လိုက်သော ဆင်းရဲ သူသည်သာ၍ ကောင်း၏။ 2
စိတ်ဝိညာဉ်သည် ပညာအတတ်မရှိဘဲ မနေ ကောင်း။ အလျင်အမြန်သွားသော သူသည်လည်း မှား ယွင်းတတ်၏။ 3 လူသည်
မိုက်သောသဘောကြောင့်၊ လမ်းလွဲ၍ စိတ်ထဲမှာ ထာဝရဘုရားကို ကဲ့ရဲ့ပြစ်တင်တတ်၏။ 4 စည်းစိမ်ရှိလျှင်
အဆွေခင်ပွန်းများတတ်၏။ ဆင်းရဲသားသူမူကား၊ မိမိအိမ်နီးချင်းနှင့်မျှ မပေါင်း ဘော်ရ။ 5 မမှန်သောသက်သေသည်
အပြစ်မခံဘဲမနေရ။ မုသာကို သုံးသောသူသည်လည်း ဒဏ်နှင့်မလွတ်ရ။ 6 များသောသူတို့သည် မင်းကိုဖျောင်းဖျတတ်ကြ ၏။
လက်ဆောင်ပေးသော သူကိုလည်း၊ လူတိုင်းမိတ်ဆွေ ဖွဲ့တတ်၏။ 7 ဆင်းရဲသောသူ၏ ညီအစ်ကိုရှိသမျှတို့သည် သူ့ကို
မုန်းတတ်ကြ၏။ သူ၏အဆွေခင်ပွန်းတို့သည် သူ့ကို သာ၍ ဝေးစွာရှောင်တတ်ကြ၏ လိုက်၍ခေါ်သော်လည်း ကွယ်ပျောက်ကြပြီ။ 8
ပညာကိုရသောသူသည် မိမိအသက်ဝိညာဉ်ကို ချစ်ရာရောက်၏။ ဉာဏ်ကိုစွဲလမ်းသောသူသည်လည်း၊ ကောင်းကျိုးကို ခံတတ်၏။ 9
မမှန်သောသက်သေသည် အပြစ်မခံဘဲမနေရ။ မုသာကိုသုံးသော သူသည်လည်း၊ ပျက်စီးခြင်းသို့ ရောက် လိမ့်မည်။ 10
မိုက်သောသူသည် မပျော်မွေ့သင့်။ ထိုမျှမက၊ ကျွန်သည်မင်းတို့ကို အစိုးမရသင့်။ 11 သမ္မာသတိရှိသော သူသည် မိမိအမျက်ဒေါသ ကို
ချုပ်တည်းတတ်၏။ သူတပါးပြစ်မှားခြင်းကို သည်းခံ သောသူသည်လည်း ဘုန်းအသရေရှိ၏။ 12 ရှင်ဘုရင်၏အမျက်တော်သည်
ခြင်္သေ့ဟောက် သကဲ့သို့ဖြစ်၏။ ကျေးဇူးတော်မူကား၊ မြက်ပေါ်မှာ ကျသော နှင်းရည်ကဲ့သို့ ဖြစ်၏။ 13 မိုက်သော သားသည်
အဘဆင်းရဲစရာ အကြောင်းဖြစ်၏။ ရန်တွေ့တတ်သောမယားသည်လည်း၊ အစက်စက်ကျသော မိုဃ်းပေါက်နှင့်တူ၏။ 14 အိမ်
နှင့်စည်းစိမ်သည် မိဘအမွေဥစ္စာဖြစ်၏။ သမ္မာသတိရှိသောမယားမူကား၊ ထာဝရဘုရားပေးသနား တော်မူရာဖြစ်၏။ 15 ပျင်းရိသော
သဘောသည် လွန်ကျူးစွာ အိပ် ပျော်စေ၍၊ ပျင်းရိသောသူသည် အငတ်ခံရ၏။ 16 ပညတ်တရားကို စောင့်သောသူသည် မိမိ
အသက်ဝိညာဉ်ကို စောင့်ရာရောက်၏။ မိမိသွားရာလမ်း တို့ကို မထီလေးစားပြုသောသူမူကား၊ အသေခံရ၏။ 17 ဆင်းရဲသားကို
သနားသောသူသည် ထာဝရ ဘုရားအား ချေးငှါးသောသူဖြစ်၍၊ သူပြုသောအမှု၏ အကျိုးကိုဆပ်ပေးတော်မူလိမ့် မည်။ 18
မြော်လင့်စရာရှိစဉ်အခါ၊ ကိုယ်သားကို ဆုံးမ လော့။ သူ့ကိုအကျိုးနည်းအောင် သနားသောစိတ်မရှိစေ နှင့်။ 19
ဒေါသအမျက်ကြီးသောသူသည် အပြစ်ဒဏ်ကို ခံရလိမ့်မည်။ သူ့ကိုကယ်နှုတ်လျှင် အဖန်ဖန်ကယ်နှုတ် ရမည်။ 20 နောက်ဆုံးကာလ၌
ပညာရှိဖြစ်လိုသောငှါ၊ ဆုံးမသော စကားကို နားထောင်၍ နည်းဥပဒေကို ခံယူ လော့။ 21 လူသည်အထူးထူး အပြားပြား
ကြံစည်တတ်၏။ သို့ရာတွင်၊ ထာဝရဘုရား၏အကြံတော်သည် တည်လိမ့် မည်။ 22 လူသည်စေတနာရှိလျှင် ကျေးဇူးပြုရာ ရောက်၏။
ဆင်းရဲသောသူသည်လည်း၊ မုသာသုံးသော သူထက်သာ၍ ကောင်း၏။ 23 ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည်
အသက်ရှင်ခြင်းနှင့်ဆိုင်သည်ဖြစ်၍ ထိုသဘောရှိသော သူသည် အလိုဆန္ဒပြည့်စုံ လျက်ရှိ၍၊ ဘေးဥပဒ်နှင့်ကင်းလွတ်လိမ့်မည်။ 24
ပျင်းရိသောသူသည် မိမိလက်ကို အိုး၌ သွင်း သော်လည်း တဖန်နှုတ်၍ မိမိပစပ်သို့ မခွံ့လို။ 25 မထီမဲ့မြင်ပြုသောသူကို ရိုက်လျှင်
ဉာဏ်တိမ် သောသူသည် သတိရလိမ့်မည်။ ဉာဏ်ကောင်းသော သူကိုဆုံးမလျှင်၊ သူသည် ပညာတရားကို နားလည် လိမ့်မည်။ 26
အဘဥစ္စာကိုဖြုန်း၍ အမိကိုနှင်ထုတ်သော သားသည် အရှက်ခွဲသောသား၊ ကဲ့ရဲ့ခြင်းကိုခံစေသော သားဖြစ်၏။ 27 ငါ့သား၊
ပညာတရားကို ပယ်စေခြင်းငှါ၊ သွန်သင် သော သူ၏စကားကို နားမထောင်နှင့်။ 28 အဓမ္မသက်သေသည် တရားကို မထီမဲ့မြင်
ပြုတတ်၏။ မတရားသော သူသည်လည်း၊ ဒုစရိုက်ကို စား၍ မျိုတတ်၏။ 29 မထီမဲ့မြင်ပြုသောသူတို့အဘို့ အပြစ်စီရင်ခြင်း၊
မိုက်သော သူတို့၏ကျောအဘို့ ဒဏ်ပေးခြင်းသည် အသင့် ရှိ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 20

1 စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည် သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ် ၏။ ထိုသို့သောအားဖြင့်
မှားယွင်းသော သူသည် ပညာ မရှိ။ 2 ရှင်ဘုရင်ကြောက်စေသော အမှုအရာသည် ခြင်္သေ့ဟောက်ခြင်းနှင့်တူ၏။ အမျက်တော်ကို
နှိုးဆော် သောသူသည် မိမိအသက်ကို ပြစ်မှား၏။ 3 ရန်တွေ့ခြင်းကို ငြိမ်းစေသောသူသည် ဂုဏ် အသရေရှိ၏။ မိုက်သောသူမူကား၊
အမှုနှင့်ရောနှော တတ်၏။ 4 ချမ်းသောကြောင့် ပျင်းရိသောသူသည် လယ် မလုပ်လို။ ထိုကြောင့် စပါးရိတ်သော ကာလ၌သူတပါးကို
တောင်းသော်လည်း မရရာ။ 5 လူစိတ်နှလုံး၌ ပညာအကြံသည် နက်သော ရေနှင့်တူသော်လည်း၊ ဉာဏ်ကောင်းသောသူသည်
ခပ်ယူလိမ့်မည်။ 6 လူများတို့သည် မိမိတို့ပြုသော ကျေးဇူးကို ကြားပြောတတ်၏။ သစ္စာ ရှိသော သူကိုကား၊ အဘယ်သူရှာ၍
တွေ့နိုင်သနည်း။ 7 ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း လမ်းသို့ လိုက်၍၊ သူ၏သားစဉ်မြေးဆက်တို့သည် မင်္ဂလာ ရှိကြ၏။ 8
တရားပလ္လင်ပေါ်မှာထိုင်သော ရှင်ဘုရင်သည် မကောင်းသော အမှုအရာရှိသမျှတို့ကို မျက်စိတော်နှင့် ပယ် ရှင်းတတ်၏။ 9 ငါသည်
ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီ။ အပြစ်နှင့်ကင်းလွတ်၏ဟု အဘယ်သူဆိုနိုင်သနည်း။ 10 အလေးချင်းမတူသောအလေး၊ အဝင်ချင်း
မတူသော တင်းတောင်းတို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ 11 သူငယ်သော်လည်း၊ မိမိပြုသောအမှုသည်
စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို မိမိအခြင်း အရာအားဖြင့် ပြ၍၊ မိမိသဘောကို ထင်ရှားစေ၏။ 12 ကြားတတ်သော
နားကိုငင်း၊ မြင်တတ်သော မျက်စိကိုငင်း၊ ထာဝရဘုရား ဖန်ဆင်းတော်မူပြီ။ 13 ဆင်းရဲမည်ဟု စိုးရိမ်စရာရှိသည်ဖြစ်၍၊ အိပ်
ခြင်းကိုမတပ်မက်နှင့်။ နိုးတတ်လျှင် ဝစွာစားရ၏။ 14 ဝယ်သောသူက၊ မကောင်းဘူး၊ မကောင်းဘူးဟု ဆိုတတ်၏။ ဝယ်၍သွားပြီးမှ
ဝါကြွားတတ်၏။ 15 ရွှေရှိ၏။ ပတ္တမြားလည်းရှိ၏။ ပညာအတတ်နှင့် ပြည့်စုံသော နှုတ်မူကား၊ အလွန် အဘိုးထိုက်သော ရတနာ
ဖြစ်၏။ 16 မကျွမ်းသောသူအတွက်၊ အမျိုးပျက်သော မိန်းမအတွက်၊ အာမခံတတ်သောသူသည် အဝတ်အစ ရှိသော ဥစ္စာတစုံတခုကို
ပေါင်းထားစေ။ 17 လှည့်စား၍ ရသောအစာသည် ချိုမြိန်သော် လည်း၊ စားသော သူ၏နှုတ်သည် ကျောက်စရစ်နှင့် ပြည့်လိမ့်မည်။ 18
အကြံရှိသောသူသည် သူတပါးနှင့်တိုင်ပင်လျှင်၊ အကြံထမြောက်တတ်၏။ ကောင်းသော တိုင်ပင်ခြင်း ရှိမှသာ စစ်မှုကို ပြုရမည်။ 19
လည်၍စကားများသောသူသည် လျှို့ဝှက်အပ် သောအရာကို ဘော်ပြတတ်၏။ သို့ဖြစ်၍ ချော့မော့တတ် သောသူနှင့်
မပေါင်းဘော်နှင့်။ 20 အကြင်သူသည် မိဘကို ကျိန်ဆဲ၏။ ထိုသူ၏ မီးခွက်သည် ထူထပ်သော မှောင်မိုက်၌ သေလိမ့်မည်။ 21
အမွေဥစ္စာကို အစအဦး၌ အလျင်ရနိုင်သော် လည်း၊ အဆုံး၌ အမင်္ဂလာဖြစ်လိမ့်မည်။ 22 ငါသည်ရန်တုံ့ပြုမည်ဟု မဆိုနှင့်၊ ထာဝရ
ဘုရားကို ငံ့လင့်လော့။ သို့ပြုလျှင် ကယ်တင်တော်မူ လိမ့်မည်။ 23 အလေးချင်းမတူသော အလေးတို့ကို ထာဝရ
ဘုရားစက်ဆုပ်ရွံရှာတော်မူ၏။ စဉ်းလဲသောချိန်ခွင် လည်း အပြစ်ရှိ၏။ 24 လူသွားရာလမ်းတို့ကို ထာဝရဘုရား စီရင်တော် မူ၏။
သို့ဖြစ်၍ သူသည် မိမိသွားရာလမ်းတို့ကို အဘယ် သို့ နားလည်နိုင်သနည်း။ 25 ဘုရားအမှု၌စကားလွန်မိသောသူ၊ သစ္စာ ဂတိထားပြီးမှ
မေးမြန်းသောသူသည် ကျော့ကွင်းနှင့် တွေ့မိပြီ။ 26 ပညာရှိသော ရှင်ဘုရင်သည် လူဆိုးတို့ကို ကွဲပြားစေ၍၊ ဘီးနှင့် ဖိတတ်၏။ 27
လူ၏စိတ်ဝိညာဉ်သည် ကိုယ်အတွင်း၌ ရှိရှိ သမျှတို့ကို စစ်ဆေးသော ထာဝရဘုရား၏ မီးခွက်ဖြစ်၏။ 28
ကရုဏာတရားနှင့်သစ္စာတရားသည် ရှင်ဘုရင် ကို စောင့်မတတ်၏။ ရာဇပလ္လင်တော်သည် ကရုဏာ တရားအားဖြင့် မြဲမြံတတ်၏။ 29
လူပျို၏ဘုန်းကား အစွမ်းသတ္တိ၊ လူအို၏ဂုဏ် အသရေကား ဖြူသောဆံပင်ဖြစ်၏။ 30 အနာကိုမွေ့နောက်ခြင်းအားဖြင့် အဆိုးအညစ်
နှင့်ကင်းစင်တတ်၏။ ဒဏ်ချက်ရာတို့သည်လည်း၊ ကိုယ် အတွင်းအရပ်တို့၌ ထိုသို့သော ကျေးဇူးကို ပြုတတ်၏။

---

Proverbs 01

စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည် သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်၏။
ဖော်ပြလိုသည့်အချက်သည် အတူတူပင်ဖြစ်ကာ အရက် သေစာ လွန်ကြူးစွာသောက်ခြင်း၏ အန္တရာယ်ကို အလေးပေး ဖော်ပြသည်။

စပျစ်ရည်သည် လှည့်စားတတ်၏။
"စပျစ်ရည်" ကို သောက်သုံးသူအစား ဖော်ပြသည်။ အခြား သောဘာသာပြန်ဆိုချက်၊ "စပျစ်ရည်ကို သောက်သုံးသောသူသည် လှည့်စားတတ်သည်။"

သေရည် သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်။
"ပြင်းသောသေရည်" သည် သောက်သုံးသူအစား ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေရည်သေရက်ကို သောက်သုံးသောသူသည် ရန်စ၍ တိုက်ခိုက်တတ်၏။"

ရုန်းရင်းခတ်ပြုခြင်း။
လူများအလယ်၌ ရုန်းရင်းခတ် ပြုတတ်သောသူ

ထိုသို့သောအားဖြင့် မှားယွင်းသော သူသည် ပညာ မရှိ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာမျှ ကောင်းစွာမသိမှတ်သည်အထိ သောက်စားတတ်သောသူ"

သောက်စားခြင်း။
ယစ်မူးစေသော အရည်ကို ဆိုလိုသည်။

ပညာမရှိ။
"ပညာရှိ" နှင့် ဆန့်ကျင်သည့် စကားလုံးဖြစ်သည့် "ရူးမိုက်ခြင်း" ကို ဆိုလိုသည်

ရှင်ဘုရင်ကြောက်စေသော အမှုအရာသည် ခြင်္သေ့ဟောက်ခြင်းနှင့်တူ၏။
ရှင်ဘုရင်၏ အမျက်တော်နှင့် ခြင်္သေ့၏ ဟိန်းဟောက်သံကို ခိုင်းနှိုင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ခြင်္သေ့၏ ဟိန်းသံကို ကြောက်ရွံ့သကဲ့သို့ ဘုရင်၏ အမျက်တော်ကိုလည်း ကြောက်ကြ၏။"

အမျက်တော်ကို နှိုးဆော် သောသူ။
"ဘုရင်ကို အမျက်ထွက်စေသည်"

မိမိအသက်ကို ပြစ်မှား၏။
သတ်သေခြင်းကို ဆိုလိုသည်။ "အသက်" သည် လူ့ခန္ဓာအသက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေမည်"

Proverbs 03

ဂုဏ်အသရေရှိ
"ဂုဏ်ယူဖွယ်ကောင်းသော"

မိုက်သောသူမူကား၊ အမှုနှင့်ရောနှော တတ်၏။
ရန်တွေ့စကားများခြင်းသည် မိုက်မဲသောသူ ခုန်ဆင်းသည့်အလား ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သောသူသည် ရန်တွေ့စကားများသည်" သို့မဟုတ် "မိုက်သောသူသည် ရန်တွေ့စကားများသည့်ဝိုင်းသို့ ခုန်ဆင်းလာသည်။"

လယ်လုပ်
"စိုက်ပျိုးမြေအတွက် ပြင်ဆင်ခြင်း"

စပါးရိတ်သော ကာလ
ဆောင်းတွင်းကာလ

တောင်းသော်လည်း မရ။
လယ်၌ စိုက်ပျိုးခြင်းမရှိသဖြင့် ရိတ်သိမ်းစရာမရှိ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ရိတ်သိမ်းစရာ အသီးအနှံမရှိပါ။"

Proverbs 05

လူစိတ်နှလုံး၌ ပညာအကြံသည် နက်သော ရေနှင့်တူ
လူတစ်ယောက်၏ အတွင်းစိတ်ကို သိနားလည်ရန်မှာ ခက်ခဲကြောင်းကို နက်သောရေတွင်းမှ ရေကို ခပ်ယူရန် ခက်ခဲပုံနှင့် ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူ့စိတ်အတွင်းသဏ္ဍာန်ကို နားလည်ရန် ခက်ခဲမှုသည် နက်သောရေတွင်းမှ ရေကို ခပ်ယူသကဲ့သို့ဖြစ်သည်" သို့မဟုတ် "လူ့စိတ်၏ ကြံရွယ်ချက်တို့သည် နားလည်ရန် အလွန်ခက်ခဲသည်။"

ဉာဏ်ကောင်းသောသူ
"သဘောပေါက်တတ်သော ဉာဏ်ရှိသူ"

ခပ်ယူလိမ့်မည်။
လူ့စိတ်၏ ဦးတည်ရာကို သိရှိခြင်းကို နက်သောရေတွင်းမှ ရေခပ်ယူခြင်းနှင့် နှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရည်ရွယ်ချက်ကို သိရှိလာအောင် ဖန်တီးလိမ့်မည်" သို့မဟုတ် "သိနားလည်လာလိမ့်မည်"

သစ္စာ ရှိသော
"ယုံကြည်စိတ်ချရသည်"

သစ္စာ ရှိသော သူကိုကား၊ အဘယ်သူရှာ၍ တွေ့နိုင်သနည်း။
အဖြေမှာ အနည်းငယ်သော သူတို့သည်သာ တွေ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အနည်းငယ်သောလူတို့သည် သစ္စာရှိသောသူကို တွေ့ကြသည်" သို့မဟုတ် "သစ္စာရှိသောသူကို တွေ့ရန် အလွန်ခက်ခဲသည်။"

Proverbs 07

မိမိဖြောင့်မတ်ခြင်း လမ်းသို့ လိုက်၍။
အသက်ရှင်ခြင်းသဘောကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ဖြောင့်မတ်ခြင်းအတိုင်း အသက်ရှင်သည်" သို့မဟုတ် "ရိုးသားစွာ အသက်ရှင်သည်။"

သူ၏သားစဉ်မြေးဆက်တို့သည် မင်္ဂလာ ရှိကြ၏။
သူတို့သည် ငယ်ရွယ်၍ သားမြေးများဖြစ်သောကြောင့် သူ့အတိုင်း အသက်ရှင်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့သားတို့သည် သူကဲ့သို့ပင်" သို့မဟုတ် "သူ၏သား"

မကောင်းသော အမှုအရာရှိသမျှတို့ကို မျက်စိတော်နှင့် ပယ် ရှင်းတတ်၏။
ဘုရင်သည် မကောင်းမှုအမျိုးမျိုးတို့ကို စီရင်ပုံကို လူသည် ဆန်စပါးကို လှေ့သကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ရှေ့တွင် ရှိသော မကောင်းမှုမျိုးစုံကို မြင်တွေ့ပြီး အစဉ်တကျ ထားသည်။"

Proverbs 09

ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီ။ အပြစ်နှင့်ကင်းလွတ်၏ဟု အဘယ်သူဆိုနိုင်သနည်း။
ဖြစ်နိုင်သော အဖြေမှာ "ဘယ်သူမှ မသိ" ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသည် သူ့စိတ်သည် သန့်ရှင်း၍ အပြစ်ကင်းစင်သည် ဟု မဆိုသာချေ။"

ကိုယ်စိတ်နှလုံး
"စိတ်နှလုံး" သည် အတွေးအခေါ်နှင့် ဆန္ဒကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အကြံအစည်များ"

 generated on Sun Jun 30 02:37:40 2024

စင်ကြယ်စေပြီ။
ဘုရားသခင်သည် ဝိညာဉ်ရေး၌ လက်ခံသင့်သောသူကို စင်ကြယ်ခြင်းနှင့် ခိုင်းနှိုင်းသည်။

အပြစ်နှင့်ကင်းလွတ်၏။
"ငါသည် အပြစ်ကင်းစင်သည်" သို့မဟုတ် "ငါသည် အပြစ်မရှိ"

Proverbs 11

သူငယ်သော်လည်း၊ မိမိပြုသောအမှုသည် စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို မိမိအခြင်း အရာအားဖြင့် ပြ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် လူငယ်အား သူ၏ အကျင့်အားဖြင့် သိကြသည်"

မှန်သည်မမှန်သည်ကို မိမိအခြင်း အရာအားဖြင့် ပြ၍
"သူ့အပြုအမူသည် ဖြူစင်၏ မဖြူစင်၏ ဟူ၍"

မိမိအခြင်းအရာ
"သူ၏ အပြုအမူ" သို့မဟုတ် "လုပ်ဆောင်သည့်အရာ"

ဖြူစင်ခြင်းနှင့် မှန်ကန်ခြင်း။
တူညီသော အဓိပ္ပါယ်ရှိပြီး ထိုလူငယ်၏ ကောင်းကြောင်းကို အထူးပြုလိုခြင်း ဖြစ်သည်။ လိုအပ်ပါက တစ်လုံးတည်း အသုံးပြု၍ ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြူစင်သည်"

ကြားတတ်သော နားကိုင်း၊ မြင်တတ်သော မျက်စိကိုင်း
ထာဝရဘုရားသည် လူတို့ အာရုံကို ဖန်ဆင်းပေးကြောင်း ဖော်ညွှန်းလိုသောကြောင့် ဖြစ်သည်။

Proverbs 13

ဆင်းရဲမည်
ဖြစ်လာမည့်အခြေအနေကို ဖော်ပြခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲလာသည်။"

နိုးတတ်လျှင်
ဤနေရာမှာ "မျက်စိ" ကို ဖွင့်ခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မအိပ်ဘဲ" သို့မဟုတ် "သတိရှိစွာ"

ဝယ်သောသူက၊ မကောင်းဘူး၊ မကောင်းဘူးဟု ဆိုတတ်၏။ ဝယ်၍သွားပြီးမှ ဝါကြွားတတ်၏။
ဝယ်သူသည် ရောင်းသူထံမှ ဈေးနှိမ့်နှိမ့်ဖြင့် ဝယ်ရသဖြင့် ဝေဖန်တတ်သည်။ သို့သော်လည်း ဝယ်ပြီးသောအခါ ပစ္စည်းအကောင်းစားဖြစ်ကြောင်းသိလာ၍ ထုတ်ဖော်ဝါကြွားတတ်ခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဝယ်သူက မကောင်းဘူး၊ မကောင်းဘူးဟု ပြစ်တင်ဝေဖန်တတ်၏။ သို့သော် သူသည် ဤဈေးဖြင့် ပစ္စည်းကို ရရှိသည့်အတွက် အလွန်ဝမ်းမြောက်လျက်ရှိသည်။"

Proverbs 15

ပညာအတတ်နှင့် ပြည့်စုံသော နှုတ်မူကား၊ အလွန် အဘိုးထိုက်သော ရတနာ ဖြစ်၏။
ပညာအတတ်ဖြင့် ဟောတတ်သောနှုတ်ကို အဖိုးတန် ရတနာနှင့် နှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာအတတ်နှင့် ပြည့်စုံသော နှုတ်သည် အလွန်အဖိုးတန်သော ရတနာ ကဲ့သို့ ဖြစ်သည်။"

ပညာအတတ်နှင့် ပြည့်စုံသော နှုတ်
"နှုတ်" သည် စကားကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိစကား" သို့မဟုတ် "စကားအတတ်ပညာ"

မကျွမ်းသောသူအတွက်၊ အမျိုးပျက်သော မိန်းမအတွက်၊ အာမခံတတ်သောသူသည် အဝတ်အစ ရှိသော ဥစ္စာတစုံတခုကို ပေါင်ထားစေ။
ငွေကို ချေးငှားရာတွင် ချေးငှားပေးသောသူသည် ငှားယူသောသူအား အဝတ်အထည် မှစ၍ တစ်စုံတစ်ခုကို စရံအဖြစ် ထားရသည်။ ငွေကို ပေးချေနိုင်မှသာ ထိုအဝတ်အထည်ကို ငှားယူသောသူထံသို့ ပေးရသည်။ ငှားယူသောသူသည် ဆင်းရဲသားဖြစ်ပါက တစ်စုံတစ်ယောက်သည် သူ့အစား အာမခံပေးရသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မရင်းနှီးသောသူ ချေးထားသော ငွေအား ပြန်လည်ရရှိနိုင်ရန် အာမခံပေးမည့်သူထံမှ အဝတ်အထည် တစ်ခုခုကို ယူသည်။"

အာမခံထား
ချေးငှားပေးသောသူအား အာမခံအတွက် အပေါင်ပစ္စည်းတစ်ခုခုကို ပေးအပ်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူယူထားသည့်အရာကို မဖြစ်မနေ ပြန်ပေးရန်အတွက် အာမခံထားသည်" သို့မဟုတ် "ချေးထားသောအရာအတွက် ပေးချေရန် ကတိပြုသည်။"

ဥစ္စာတစုံတခုကို ပေါင်ထားစေ။
တစ်စုံတစ်ယောက်က ငှားထားသည့်အတွက် ပစ္စည်းတစ်ခုခုကို အပေါင်ပစ္စည်းအဖြစ် ထားရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အဝတ်ကို ယူ၍ အာမခံအဖြစ် ထားရှိပါ။"

Proverbs 17

လှည့်စား
အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသူကို လှည့်စားသည်"

လှည့်စား၍ ရသောအစာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လှည့်စားသဖြင့် ရရှိသော စားစရာတစ်ခု"

အစာ
စားစရာတစ်ခုခု။ "ထမင်း"

ချိုမြိန်
"မြိန်ယှက်သော"

စားသော သူ၏နှုတ်သည် ကျောက်စရစ်နှင့် ပြည့်လိမ့်မည်
စားသော အစာသည် သူ၏ ပါးစပ်၌ မမြိန်ကြောင်းကို ကျောက်စရစ်ကို စားရသကဲ့သို့ ဖြစ်ကြောင်း ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း နောက်ပိုင်းတွင် မိမိပါးစပ်၌ ကျောက်စရစ်ကဲ့သို့ ဖြစ်လာသည်" သို့မဟုတ် "သူ၏ ပါးစပ်၌ သဲလုံးကို စားရသကဲ့သို့ ဖြစ်သည်။"

ကျောက်စရစ်
သေးငယ်သော ကျောက်တုံး

သူတပါးနှင့်တိုင်ပင်လျှင်၊ အကြံထမြောက်တတ်၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် အကြံအားဖြင့် စီစဉ်ဆောင်ရွက်သည်။"

Proverbs 19

လည်၍စကားများသော
အတင်းအဖျင်းစကား ပြောတတ်သူ

မပေါင်းဘော်နှင့်။
သင်သည် ပေါင်းဖော်ခြင်း မပြုရ။

ကျိန်ဆဲ
တစ်စုံတစ်ယောက်အပေါ်သို့ ကြမ္မာဆိုးသက်ရောက်ရန် ဆန္ဒပြုခြင်း။

သူ၏ မီးခွက်သည် ထူထပ်သော မှောင်မိုက်၌ သေလိမ့်မည်။
လူ့အသက် ရုတ်တရက်ဆုံးသွားတတ်ခြင်းကို မှောင်မိုက်သောအရပ်၌ မီးခွက် သေသကဲ့သို့ ခိုင်းနှိုင်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှောင်မိုက်ရာအရပ်၌ မီးခွက်သေသကဲ့သို့ သူ၏ အသက်သည်လည်း ရုတ်တရက် ကုန်ဆုံးတတ်ကြောင်း" သို့မဟုတ် "သူသည် ရုတ်တရက် သေဆုံးသွားမည်"

သူ၏ မီးခွက်သည် သေလိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ မီးခွက် မလင်းတော့ပေ"

သူ၏ မီးခွက်
မီးလင်းနေသော မီးခွက်ကို ဆိုလိုသည်။ မီးခွက်မှ ထွက်လာသော အလင်းသည် မီးခွက်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့မီးခွက်၏ မီးတောက်များ"

သေလိမ့်မည်။
မီးငြိမ်းသည်။

Proverbs 21

အစအဦး၌
ဤစကားလုံးသည် အမွေကို ဆက်ခံမည့်သူအား အစကတည်း၌ ဆက်ခံမည့်သူမှာ သေချာသောသူဖြစ်ကြောင်း သိရှိထားခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အချိန်မတန်မီ"

ငါသည်ရန်တုံ့ပြုမည်။
မိမိကို ပြစ်မှားသူအား ပြန်လည်တုန့်ပြန်ခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ငါ ပြစ်ဒဏ်ပေးမည်။"

ထာဝရ ဘုရားကို ငံ့လင့်လော့။
ထာဝရဘုရားသည် အခြေအနေကို ထိန်းချုပ်ထားကြောင်း ယုံကြည်စိတ်ချခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို ယုံကြည်ပါ" သို့မဟုတ် "ထာဝရဘုရားအား စောင့်မျှော်ပါ။"

Proverbs 23

အလေးချင်းမတူသော အလေးတို့ကို ထာဝရ ဘုရားစက်ဆုပ်ရွံရှာတော်မူ၏။
တူညီသော အမိပ္ပါယ်ရှိသည့် အရာကို ဖော်ပြ၍ မည်မျှဆိုးရွားကြောင်း ညွှန်းဆိုလိုခြင်း ဖြစ်သည်။

လူသွားရာလမ်းတို့ကို ထာဝရဘုရား စီရင်တော် မူ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် လူ၏ ခြေလှမ်းကို ပဲ့ပြင်သည်"

လူသွားရာလမ်း
လူပြုသောအရာ အားလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊"သူ၏ အပြုအမူများ"

သူသည် မိမိသွားရာလမ်းတို့ကို အဘယ် သို့ နားလည်နိုင်သနည်း။
နားမလည်နိုင်ကြောင်းကို ညွှန်းဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် လူသည် သူ၏သွားရာ လမ်းကို နားမလည်နိုင်ပေ"

နားလည်နိုင်သနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာများသည် မိမိဘဝ၌ ဖြစ်ပျက်ကြောင်းကို နားမလည်နိုင်ပါ။"

Proverbs 25

ကျော့ကွင်းနှင့် တွေ့မိပြီ
အလွန်အန္တရာယ်များသဖြင့် ကျော့ကွင်း သို့မဟုတ် ထောင်ချောက်ဟု ပြောဆိုလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်အန္တရာယ်ရှိသည်။"

စကားလွန်မိသော
အလျင်အမြန်စကားပြောပြီး အဖြေကို ချင့်ချိန်ခြင်းမရှိပေ။


generated on Sun Jun 30 02:37:40 2024

သစ္စာ ဂတိထားပြီး
လူတစ်ယောက်သည် ထာဝရဘုရားထံသို့ သန့်ရှင်းသောအရာ နှင့် ခံဝန်ကတိသစ္စာပြုခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား အပ်နှံသည်" သို့မဟုတ် "သန့်ရှင်းသည်ဟု ကြေညာသည်။"

လူဆိုးတို့ကို ကွဲပြားစေ၍
ဘုရင်တစ်ပါးသည် လူဆိုးတို့အား ကွဲပြားစေသည်ကို စပါးကို ခြွေလှေ့သကဲ့သို့ ခိုင်းနှိုင်းဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုးတို့အား ဖယ်ထား၍"

လူဆိုး
အခြားသောဘာသာပြန်ဆိုချက်၊ "ဆိုးသော လူ" သို့မဟုတ် "မတရားသော လူ"

ဘီးနှင့် ဖိတတ်၏။
ဘုရင်သည် လူဆိုးတို့အား အပြစ်ပေးခြင်းကို သူတို့အပေါ် လှည်းဘီးဖြင့် ဖိနင်းထားသကဲ့သို့ ခိုင်းနှိုင်းဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ရက်စက်စွာ အပြစ်ပေးသည်"

ဘီး
"ဆွဲလှည်း" ဆန်စပါးကို ခြွေရာတွင် အသုံးပြုသည့် တန်ဆာပလာတစ်ခု ဖြစ်သည်။

Proverbs 27

လူ၏စိတ်ဝိညာဉ်သည် ကိုယ်အတွင်း၌ ရှိရှိ သမျှတို့ကို စစ်ဆေးသော ထာဝရဘုရား၏ မီးခွက်ဖြစ်၏။
လူ၏ စိတ်ဝိညာဉ်ကို မီးခွက်ပမာ ပြောဆိုသည်။ လူ၏ ဝိညာဉ်သည် သူ၏ အတွင်းသဏ္ဍာန်ကို နားလည်ရန် အကူအညီပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မိမိ၏ စိတ်အတွင်းသဏ္ဍာန်ကို သိရှိရန် ထိုးထွင်းသောဉာဏ်ကို ပေး၍၊ မှောင်မိုက်နေရာ၌ မီးခွက်သည် အလင်းကို ပေးသည့်အတိုင်း ဖြစ်သည်။"

ကရုဏာတရားနှင့်သစ္စာတရားသည် ရှင်ဘုရင် ကို စောင့်မတတ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်သည် ကရုဏာတရားနှင့် သစ္စာတရားကို အစဉ်စောင့်ထိန်းတော်မူသည်။"

ရှင်ဘုရင် ကို စောင့်မ
ရှင်ဘုရင်ကို ဘေးရန် ငြိမ်းစေသည်။

ရာဇပလ္လင်တော်သည် ကရုဏာ တရားအားဖြင့် မြဲမြံတတ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့နန်းတော်သည် သူ့အချစ်အားဖြင့် လုံခြုံလျက်ရှိသည်။"

ရာဇပလ္လင်တော်သည် ကရုဏာ တရားအားဖြင့် မြဲမြံတတ်၏။
"ပလ္လင်တော်" သည် ဘုရင်၏ အာဏာတော်ကို ညွှန်းဆိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်သည် ကရုဏာပြုတတ်ခြင်းအားဖြင့် သူ၏ စိုးစံခွင့်ကို အစွန့်ရှည်စေသည်။"

Proverbs 29

အနာကိုမွှေနှောက်ခြင်းအားဖြင့် အဆိုးအညစ်နှင့် ကင်းစင်တတ်၏။ ဒဏ်ချက်ရာတို့သည်လည်း ကိုယ်အတွင်းအရပ်၌ ထိုသို့သောကျေးဇူးကို ပြုတတ်၏
ဤအဆိုနှစ်ခုလုံး၏ ဆိုလိုရင်းမှာအတူတူဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အမှားပြုလုပ်သောသူကို ရိုက်နှက်ခြင်းက သူ့ကို ပိုကောင်းသည့်ပုဂ္ဂိုလ်ဖြစ်စေမည်"

---

## Translation Questions

Proverbs 20:1

ရှင်ဘုရင်ကိုအမျက်ထွက်စေသောသူသည် မည်သို့ဖြစ်မည်နည်း။
ရှင်ဘုရင်ကိုအမျက်ထွက်စေသောသူသည် မိမိအသက်ကိုမှားယွင်းစေသည်။

Proverbs 20:3

လူမိုက်တိုင်းသည် မည်သည့်အရာထဲသို့ ဝင်တတ်ကြသနည်း။
လူမိုက်တိုင်းသည် အငြင်းအခုံထဲသို့ ဝင်တတ်ကြသည်။

Proverbs 20:5

မည်သည့်လူမျိုးကို တွေ့ရှိဖို့ရန်ခက်ခဲသနည်း။
သစ္စာရှိသောသူမျိုးကို တွေ့ရှိဖို့ရန်ခက်ခဲသည်။

Proverbs 20:9

မည်သူကမှ ကိုယ့်အကြောင်း မပြောနိုင်သည့်အချက်က အဘယ်နည်း။
"ငါသည် ကိုယ်စိတ်နှလုံးကို စင်ကြယ်စေသည်၊ ငါသည် အပြစ်မရှိ" ဟုမည်သူမျှမပြောနိုင်။

Proverbs 20:11

မည်သို့အားဖြင့် လူငယ်တစ်ဦးကိုပင် သိနိုင်သနည်း?
လူငယ်တစ်ဦးကိုလည်း သူ၏အပြုအမူအားဖြင့် သိနိုင်သည်။

Proverbs 20:13

မည်သည့်အရာကို တပ်မက်ခြင်းသည် ဆင်းရဲခြင်းကို ဖြစ်စေသနည်း?
အိပ်စက်ခြင်းကို တပ်မက်ခြင်းသည် ဆင်းရဲခြင်းကို ဖြစ်စေတတ်သည်။

Proverbs 20:15

အဖိုးတန်ရတနာနှင့်တူသောအရာသည် မည်သည့်အရာဖြစ်သနည်း။
အတတ်ပညာ၏နှုတ်ခမ်းသည်
အဖိုးတန်ရတနာနှင့်တူသောအရာဖြစ်သည်။

Proverbs 20:17

လှည့်စား၍ရသောမုန့်သည် စားပြီးနောက်တွင် မည်သို့အရသာရှိသနည်း။
လှည့်စား၍ရသောမုန့်သည်
စားပြီးနောက်တွင်ကျောက်စရစ်နှင့်တူသည်။

Proverbs 20:19

မိဘကိုကျိန်ဆဲသောသူသည် မည်ကဲ့သို့ဖြစ်သနည်း။
မိဘကိုကျိန်ဆဲသောသူ၏မီးခွက်သည် ထူထပ်သောမှောင်မိုက်၌
သေလိမ့်မည်။

Proverbs 20:21

လူတစ်ယောက်က အမွေးတစ်စုံတစ်ခုအတွက် လက်စားချေမည့်အစား
မည်သို့ပြုလုပ်သင့်သနည်း?
လူတစ်ယောက်က အမွေးတစ်စုံတစ်ခုအတွက်
လက်စားချေမည့်အစား သူ့ကိုကယ်နှုတ်ဖို့ရန်ထာဝရဘုရားကို
စောင့်မျှော်သင့်သည်။

Proverbs 20:25

ကျော့ကွင်းသည် မည်သည့်အရာကို လျင်မြန်စွာလုပ်ရမည်နည်း?
ကျော့ကွင်းသည် ကတိသစ္စာကို လျင်မြန်စွာပြုလုပ်ရန်ဖြစ်သည်။

Proverbs 20:27

ရှင်ဘုရင်ကို ထိန်းထားနိုင်သည့်အရာက မည်သည့်အရာနည်း။
ဂရုဏာတရားနှင့် သစ္စာတရားသည်
ရှင်ဘုရင်ကိုထိန်းထားနိုင်သည့်အရာဖြစ်သည်။

Proverbs 20:29

လူပျိုတို့၏ ဂုဏ်သည် မည်သို့နည်း။
လူပျိုတို့၏ ဂုဏ်သည် သူတို့၏ အစွမ်းသတ္တိဖြစ်သည်။

## Chapter 21

1 ရှင်ဘုရင်၏ စိတ်နှလုံးသည် ရေချောင်းကဲ့သို့ ဖြစ်၍၊ ထာဝရဘုရား၏ လက်တော်၌ရှိသဖြင့်၊ အလို တော်ရှိသည်အတိုင်း
လှည့်စေတော်မူ၏။ 2 လူတို့သည်မိမိတို့ ကျင့်သမျှသော အကျင့်တို့ကို နှစ်သက်တတ်၏။ ထာဝရဘုရားမူကား၊ စိတ်နှလုံးတို့ကို
ချိန်တော်မူ၏။ 3 ယဇ်ပူဇော်ခြင်းကို နှစ်သက်သည်ထက် ဖြောင့် မတ်စွာပြုခြင်း၊ တရားသဖြင့် စီရင်ခြင်းကို ထာဝရဘုရား သည်
သာ၍နှစ်သက်တော်မူ၏။ 4 ထောင်လွှားသောမျက်နှာ၊ မာနကြီးသောနှလုံး၊ မတရားသောသူတို့၏အလင်းသော်လည်း အပြစ်ပါ၏။ 5
လုံ့လဝီရိယပြုသောသူ၏အကြံအစည်သည် ကြွယ်ဝခြင်းနှင့်ဆိုင်၏၊ သမ္မာသတိမရှိသော သူ၏အကြံ အစည်သည် ဆင်းရဲခြင်းနှင့်ဆိုင်း
ဆိုင်ပေ၏။ 6 မုသာစကားအားဖြင့် ဘဏ္ဍာကိုဆည်းဖူးခြင်း အမှုသည် သေမင်းကျော့ကွင်းတို့တွင် ပျောက်လွင့်သော အနတ္တဖြစ်၏။ 7
မတရားသော သူတို့သည် တရားသဖြင့်မစီရင် လိုသောကြောင့်၊ မိမိညှဥ်းဆဲခြင်းအပြစ်သည် မိမိကို ဖျက်ဆီးလိမ့်မည်။ 8
လမ်းလွှဲသွားသောသူသည် ကွာဝေးရာသို့ ရောက်တတ်၏။ စင်ကြယ်သော သူပြုသောအမှုမူကား မှန်ပေ၏။ 9
ရန်တွေ့တတ်သောမိန်းမနှင့် အတူလူများသော အိမ်၌နေသည်ထက်၊ အိမ်မိုးပေါ်ထောင့်ထဲမှာ နေသော် သာ၍ကောင်း၏။ 10
မတရားသောသူသည် မနာလိုသောစိတ်ရှိ၏။ အိမ်နီးချင်း၌ ကျေးဇူးပြုချင်သော အလိုမရှိ။ 11 မထီမဲ့မြင်ပြုသောသူသည်
အပြစ်ဒဏ်ကို ခံရသောအခါ၊ ဉာဏ် တိမ်သောသူသည်သတိရတတ်၏။ သတိရသောသူသည်လည်း သွန်သင်ခြင်းကိုခံသောအခါ၊
ပညာတိုးပွါးတတ်၏။ 12 တရားသောသူသည် မတရားသောသူ၏အိမ်ကို ပညာစိတ်နှင့် ဆင်ခြင်တတ်၏။ မတရားသောသူတို့ မူကား၊
မိမိတို့ပြုသောဒုစရိုက်အားဖြင့် ပျက်စီးခြင်းသို့ ရောက်တတ်ကြ၏။ 13 ဆင်းရဲသောသူ၏အော်ဟစ်သံကို မကြားလို၍၊
နားကိုပိတ်သော သူသည် ကိုယ်တိုင်အော်ဟစ်၍၊ အဘယ် သူမျှမကြားရ။ 14 တိတ်ဆိတ်စွာ ပေးသောလက်ဆောင်သည် သူ့စိတ်ကိုငြိမ်း၊
ရင်ခွင်၌ချထားသော လက်ဆောင်ပဏ္ဏာ သည် ပြင်းစွာသော အမျက်ကိုငြိမ်း ဖြေတတ်၏။ 15 ဖြောင့်မတ်သောသူသည်
တရားသဖြင့်စီရင်၍ ဝမ်းမြောက်တတ်၏။ အဓမ္မအမှုကိုပြုသောသူမူကား၊ ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ 16 ဉာဏ်ပညာလမ်းမှ
လွှဲသွားသော သူသည် သေချိုင်းသား အစုအဝေး၌ နေရာကျလိမ့်မည်။ 17 ကာမဂုဏ်၌ မွေ့လျော်သောသူသည် ဆင်းရဲ ခြင်းသို့
ရောက်လိမ့်မည်။ စပျစ်ရည်နှင့်ဆီကို ကြိုက်သော သူသည်လည်း ငွေကိုမရတတ်ရ။ 18 မတရားသောသူသည် တရားသောသူအဘို့၊
လွန်ကျူးသော သူသည်ဖြောင့်မတ်သောသူအဘို့ ရွေးရန် ဖြစ်၏။ 19 စိတ်တို၍ရန်တွေ့တတ်သောမိန်းမနှင့် နေသည် ထက်၊
တောလွင်ပြင်၌ နေသော်သာ၍ကောင်း၏။ 20 ပညာရှိသောသူ၏အိမ်၌ နှစ်သက်ဘွယ်သော ဘဏ္ဍာနှင့် ဆီရှိတတ်၏။
မိုက်သောသူမူကား၊ ကုန်စေ တတ်၏။ 21 ဖြောင့်မတ်ခြင်းတရားနှင့်ကရုဏာတရားကို ရှာသောသူသည် အသက်ရှင်ခြင်း၊
ဖြောင့်မတ်ခြင်း၊ ဂုဏ် အသရေထင်ရှားခြင်းကို တွေ့တတ်၏။ 22 ပညာရှိသောသူသည် ခိုင်ခံ့သောမြို့ရိုးကို တက် ၍၊
မြို့သားကိုးစားစရာခွန်အားကို ရှုတ်ချတတ်၏။ 23 မိမိနှုတ်နှင့်လျှာကိုစောင့်သော သူသည် မိမိ စိတ်ဝိညာဉ်ကို ဒုက္ခနှင့်လွတ်စေခြင်းငှါ
စောင့်ရာရောက် ၏။ 24 ပြင်းစွာသော ဒေါသအမျက်၌ ကျင်လည်သော သူကို၊ ထောင်လွှားစော်ကားသောသူ၊ မထီမဲ့မြင်ပြုသော
သူဟူ၍ သမုတ်အပ်၏။ 25 ပျင်းရိသောသူသည် အလုပ်မလုပ်ချင်သော ကြောင့်၊ မိမိတပ်မက်သောအားဖြင့် သေတတ်၏။ 26
တနေ့လုံးတပ်မက်အားကြီးတတ်၏။ ဖြောင့်မတ် သော သူမူကား မနှမြောဘဲစွန့်ကြဲတတ်၏။ 27 မတရားသော သူပူဇော်သော
ယဇ်သည် စက်ဆုပ်ရွံရှာဘွယ်ဖြစ်၏။ ထိုမျှမက၊ မတရားသော စိတ်နှင့်ပူဇော်လျှင် သာ၍ဖြစ်၏။ 28 မမှန်သော သက်သေသည်
ပျက်တတ်၏။ ကိုယ်တိုင်ကြားသောသူမူကား၊ တည်ကြည်စွာ ပြော တတ်၏။ 29 မတရားသောသူသည် မိမိမျက်နှာကို ခိုင်မာ
စေတတ်၏။ ဖြောင့်မတ်သောသူမူကား၊ မိမိသွားရာလမ်း ကို ပြင်ဆင်တတ်၏။ 30 ထာဝရဘုရားတဘက်၌ ဉာဏ်မတည်၊ ပညာ
မတည်၊ အကြံတစုံတခုမျှ မတည်နိုင်။ 31 စစ်တိုက်ရာကာလအဘို့မြင်းများကို ပြင်ဆင် သော်လည်း၊
ထာဝရဘုရား၏ကျေးဇူးတော်ကြောင့် ချမ်းသာရပါ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 22

[1] ကောင်းသောအသရေကို များစွာသော ဥစ္စာ ထက်သာ၍ ရွေးစရာကောင်း၏။ သူတပါးစုံမက်ခြင်း ကျေးဇူးသည် ရွှေငွေထက်သာ၍
ကောင်း၏။ [2] ငွေရတတ်သောသူနှင့် ဆင်းရဲသောသူတို့သည် တွေ့ကြုံကြ၏။ ထိုသူအပေါင်းတို့ကို ထာဝရဘုရား ဖန်ဆင်းတော်မူ၏။ [3]
သမ္မာသတိရှိသောသူသည် အမှုကိုမြော်မြင်၍ ပုန်းနေတတ်၏။ ဉာဏ်တိမ်သောသူမူကား၊ အစဉ် အတိုင်းသွား၍ အမှုနှင့်တွေ့တတ်၏။
[4] စိတ်နှိမ့်ချခြင်း၊ ထာဝရဘုရားကို ကြောက်ရွံ့ ခြင်းကျေးဇူးကြောင့် စည်းစိမ်၊ ဂုဏ်အသရေ၊ အသက်ကို ရတတ်၏။ [5]
သဘောကောက်သောလူ သွားရာလမ်း၌၊ ဆူး ပင်များနှင့် ကျော့ကွင်းများရှိတတ်၏။ မိမိစိတ်ဝိညာဉ်ကို စောင့်ရှောက်သောသူမူကား
ဝေးစွာ ရှောင်သွားလိမ့်မည်။ [6] သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွှဲ၊ လိုက်
သွားလိမ့်မည်။ [7] ငွေရတတ်သော သူသည်ဆင်းရဲသောသူကို အစိုးရ၏။ ချေးငှါးယူသော သူသည်ချေးငှါးပေးသောသူ၌ ကျွန်ဖြစ်၏။ [8]
ဒုစရိုက်မျိုးစေ့ကို ကြဲသောသူသည် ဒုက္ခစပါးကို ရိတ်ရမည်။ ဒေါသစိတ်ရှိ၍ ဒဏ်ပေးနိုင်သော တန်ခိုး လည်း ပျောက်လိမ့်မည်။ [9]
ကရုဏာမျက်စိရှိသောသူသည် ဆင်းရဲသော သူတို့ကိုကျွေးသောကြောင့် မင်္ဂလာရှိလိမ့်မည်။ ရန်တွေ့ ခြင်းနှင့်ကဲ့ရဲ့ခြင်းလည်း
ငြိမ်းလိမ့်မည်။ [10] မထီမဲ့မြင်ပြုသောသူကိုနှင်ထုတ်လော့။ သို့ပြု လျှင် ရန်မာန်လည်း ထွက်သွားလိမ့်မည်။ ရန်တွေ့ခြင်းနှင့်
ကဲ့ရဲ့ခြင်းလည်း ငြိမ်းလိမ့်မည်။ [11] စိတ်နှလုံးဖြူစင်ခြင်းကို နှစ်သက်သောသူသည် လျောက်ပတ်သောစကားကို ပြောတတ်၍၊
ရှင်ဘုရင်နှင့် မိတ်ဆွေဖွဲ့ရလိမ့်မည်။ [12] ထာဝရဘုရား၏ မျက်စိတော်သည် ပညာ အတတ်ကို စောင့်၏။
ပြစ်မှားသောသူ၏စကားကိုကား ချေတော်မူ၏။ [13] ပျင်းရိသောသူက၊ အိမ်ပြင်မှာခြင်္သေ့ရှိ၏။ လမ်း သို့ ထွက်လျှင် ငါသေလိမ့်မည်ဟု
ဆိုတတ်၏။ [14] အမျိုးပျက်သော မိန်းမ၏နှုတ်သည် နက်သော မြေတွင်းဖြစ်၏။ ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ သော
သူသည်ထိုမြေတွင်းထဲသို့ ကျလိမ့်မည်။ [15] မိုက်သောသဘောသည် သူငယ်၏ စိတ်နှလုံး ထဲမှာ ထုပ်ထားလျက်ရှိ၏။ သို့သော်လည်း၊
ဆုံးမသော ကြိမ်လုံးသည် ထိုသဘောကို ဝေးစွာ နှင်တတ်၏။ [16] ကိုယ်စီးပွါးအဘို့ ဆင်းရဲသားတို့ကို ညှဉ်းဆဲ သောသူနှင့်၊
ငွေရတတ်သော သူတို့အား ပေးသောသူ သည် ဆင်းရဲခြင်းသို့ အမှန်ရောက်လိမ့်မည်။ [17] သင်၏နားကိုညွတ်၍ ပညာရှိစကားကို နား
ထောင်လော့။ ငါ့ပညာအတတ်ကိုလည်း စိတ်နှလုံး၌ စွဲလမ်းလော့။ [18] သင်၏နှလုံး၌ သွင်းမိနိုင်လျှင် သာယာသော အကျိုးရှိလိမ့်မည်။
သင်၏နှုတ်၌လည်း အစဉ်အသင့်ရှိ လိမ့်မည်။ [19] သင်သည်ထာဝရဘုရား၌ ခိုလှုံမည်အကြောင်း၊ သင့်ကိုယ်တိုင်
ကိုယနေ့ငါသွန်သင်၏။ [20-21] သင်သည် သမ္မာတရားစကားစစ်ကိုသိမည် အကြောင်းနှင့်၊ သင့်ထံသို့ စေလွှတ်သောသူတို့အား၊ သမ္မာ
စကားကို ပြန်ပြောနိုင်မည်အကြောင်း သတိပေးလျက်၊ ပညာအတတ်ကို ပြသလျက်၊ ထူးဆန်းသော အရာတို့ကို ငါရေး၍
ပေးလိုက်သည်မဟုတ်လော။ [22] ဆင်းရဲသောသူ၏ဆင်းရဲကိုထောက်၍၊ သူ၏ ဥစ္စာကို မလုမယူနှင့်။ ဒုက္ခိတသတ္တဝါကို မြို့တံခါးဝ၌
မညှဉ်းဆဲနှင့်။ [23] အကြောင်းမူကား၊ ထာဝရဘုရားသည် သူတို့ အမှုကို စောင့်တော်မူမည်။ သူတို့ဥစ္စာကို လုယူသော သူတို့၏
အသက်ကို လုယူတော်မူမည်။ [24] စိတ်တိုသောသူကို မိတ်ဆွေမဖွဲ့နှင့်။ အမျက် ပြင်းထန်သော သူနှင့် အတူမလိုက်နှင့်။ [25] လိုက်လျှင်
သူ၏ထုံးစံဓလေ့တို့ကိုသင်၍၊ ကိုယ် အသက်ကျော့မိရာဖြစ်လိမ့်မည်။ [26-27] လက်ဝါးချင်းရိုက်သောလူစုနှင့် သူ့ကြွေးကို အာမခံသော
လူစုထဲသို့ မဝင်နှင့်။ သင်၌ပေးရန်မရှိလျှင်၊ သင့်အိပ်ရာကို အဘယ်ကြောင့် ယူသွားစေချင်သနည်း။ [28] ဘိုးဘေးစိုက်ဘူးသော
မြေမှတ်တိုင်တို့ကို မရွှေ့ နှင့်။ [29] ဆောင်ရွက်စရာအမှုကိုကြိုးစား၍ ပြီးစီးစေ တတ်သောသူရှိသလော။ ထိုသူသည် သာမညလူ၏
အမှုကို မဆောင်ရွက်၊ ရှင်ဘုရင်၏ အမှုတော်ကို ဆောင် ရွက်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 23

1 မင်းနှင့်အတူထိုင်၍ စားသောက်သောအခါ သင့်ရှေ့မှာ အဘယ်သူရှိသည်ကို စေ့စေ့ဆင်ခြင်လော့။ 2 သင်သည်
စားကြူးတတ်သောသူဖြစ်လျှင်၊ သင်၏လည်ချောင်းကို ထားနှင့်ရှယ်လော့။ 3 ထိုမင်း၏ခဲဘွယ်စားဘွယ်တို့ကို အလိုမရှိနှင့်။
လှည့်စားတတ်သောအစာဖြစ်၏။ 4 ငွေရတတ် ခြင်းငှါ မကြိုးစားနှင့်။ ကိုယ်ဥာဏ်ကို အမှီမပြုနှင့်။ 5 ပျောက်တတ်သောအရာကို
စေ့စေ့မျက်မှောက် ပြုသင့်သလော။ အကယ်စင်စစ် ရွှေလင်းတသည် မိုဃ်းကောင်းကင်သို့ ပျံတတ်သကဲ့သို့၊ ထိုအရာသည်
အတောင်တို့ကို လုပ်၍ပျံသွားတတ်၏။ 6 မနာလိုသောသူ၏ အစာကိုမစားနှင့်။ သူ၏ ခဲဘွယ်စားဘွယ်ကို အလိုမရှိနှင့်။ 7 သူသည်
စိတ်ထင်သည်အတိုင်းဖြစ်၏။ စား သောက်တော့ဟု ဆိုသော်လည်း စေတနာစိတ်မရှိ။ 8 သင်သည် စားသောအစာကို တဖန်အန်ရ
လိမ့်မည်။ သင်ချိုသော စကားလည်းယိုယွင်းလိမ့်မည်။ 9 မိုက်သောသူကြားအောင် စကားမပြောနှင့်။ သင်၏စကား၌ ပါသောပညာကို
မထီမဲ့မြင်ပြုလိမ့်မည်။ 10 အရိပ်စိုက်သော မြေမှတ်တိုင်ကိုမရွှေ့နှင့်။ မိဘမရှိသော သူတို့၏ လယ်ကိုမသိမ်းနှင့်။ 11 အကြောင်းမူကား၊
ထိုသူတို့ကို ရွေးတော်မူသော သူသည် တန်ခိုးကြီး၍၊ သင့်တဘက်၌ သူတို့အမှုကို စောင့်တော်မူလိမ့်မည်။ 12 ဆုံးမသြဝါဒ၌
စိတ်နှလုံးစွဲလမ်း၍၊ ပညာ အတတ် စကားကို နာခံလော့။ 13 သူငယ်ကို မဆုံးမဘဲမနေနှင့်။ ကြိမ်လုံးနှင့်ရိုက် သော်လည်း သူသည်
မသေ။ 14 ကြိမ်လုံးနှင့်ရိုက်၍ သူ၏အသက်ဝိညာဉ်ကို မရဏာနိုင်ငံမှ ကယ်နှုတ်ရမည်။ 15 ငါ့သား၊ သင့်နှလုံး၌ပညာရှိလျှင် ငါ့နှလုံးနှင့်
ငါ့ကိုယ်တိုင်သည် ဝမ်းမြောက်လိမ့်မည်။ 16 သင့်နှုတ်သည် မှန်သောစကားကို ပြောသော အခါ၊ ငါ့ကျောက်ကပ်ရွှင်လန်းလိမ့်မည်။ 17
အပြစ်ထင်ရှားသော သူတို့ကို ငြူစူသော စိတ်မရှိစေနှင့်။ တနေ့လုံးထာဝရဘုရားကို ကြောက်ရွံ့ သောသဘော ရှိစေလော့။ 18
အကယ်စင်စစ် အမှုဆုံးဖြတ်ချိန်သည် ရောက် လိမ့်မည်။ သင့်မြော်လင့်ခြင်းအကြောင်း မပျက်ရာ။ 19 ငါ့သား၊ ငါ့စကားကို
နားထောင်၍ ပညာရှိသ ဖြင့်၊ ကိုယ်စိတ်နှလုံးကို လမ်းမ၌ပဲ့ပြင်လော့။ 20 စပျစ်ရည်သောက်ကြူးသောသူ၊ အမဲသားစား ကြူးသော
သူတို့ကို အပေါင်းအဘော်မလုပ်နှင့်။ 21 သောက်ကြူးသောသူနှင့် စားကြူးသောသူသည် ဆင်းရဲခြင်းသို့ ရောက်လိမ့်မည်။
အိပ်ကြူးသော သဘော သည် လူကိုအဝတ်စုတ်နှင့် ခြုံတတ်၏။ 22 သင့်ကိုဖြစ်ဘွားစေသောအဘ၏ စကားကို နားထောင်လော့။
အသက်ကြီးသော အမိကို မထီမဲ့မြင် မပြုနှင့်။ 23 သမ္မာတရားကို ဝယ်လော့။ မရောင်းနှင့်။ ပညာ ကိုငင်း၊ ဆုံးမသြဝါဒကိုငင်း၊
ဥာဏ်သတ္တိကိုငင်း ထိုအတူ ပြုလော့။ 24 ဖြောင့်မတ်သောသူ၏အဘသည် အလွန်ဝမ်း မြောက်လိမ့်မည်။ ပညာရှိသော သားကို
ဖြစ်ဘွားစေသော သူသည် ထိုသား၌ အားရဝမ်းမြောက်လိမ့်မည်။ 25 သင်၏မိဘတို့သည်ဝမ်းမြောက်၍၊ သင့်ကို
မွေးဘွားသောသူသည် ရွှင်လန်းလိမ့်မည်။ 26 ငါ့သား၊ သင့်နှလုံးကို ငါ့အားပေးလော့။ သင့် မျက်စိတို့သည် ငါသွားသောလမ်းကို
ကြည့်မှတ်ပါစေ။ 27 ပြည်တန်ဆာမသည် နက်သောကျုံးကဲ့သို့ငင်း၊ အမျိုးပျက်သော မိန်းမသည် ကျဉ်းသော မြေတွင်းကဲ့သို့ ငင်း
ဖြစ်၏။ 28 သူသည် ထားပြကဲ့သို့ ချောင်းကြည့်တတ်၏။ လွန်ကျူးသော ယောကျ်ားများပြားစေခြင်းငှါ ပြုတတ်၏။ 29
အဘယ်သူသည် ဝမ်းနည်းခြင်းရှိသနည်း။ အဘယ်သူသည် ညည်းတွားခြင်းရှိသနည်း။ အဘယ် သူသည် ရန်တွေ့ခြင်းရှိသနည်း။
အဘယ်သည် မြည် တမ်းခြင်းရှိသနည်း။ အဘယ်သူသည် အကျိုးအကြောင်း မရှိ၊ ထိခိုက်၍ နာခြင်းရှိသနည်း။ အဘယ်သူသည်
မျက်စိနီခြင်းရှိသနည်း ဟူမူကား၊ 30 စပျစ်ရည်ကို ကြာမြင့်စွာ သောက်လျက်နေ သောသူ၊ ဆေးနှင့်ရောသော စပျစ်ရည်ကို
ရှာတတ်သော သူတို့သည် ထိုသို့သော လက္ခဏာရှိကြ၏။ 31 ဖလား၌နီလျက်၊ အရောင်တောက်လျက်၊ အချိုအမြိန်ဝင်လျက်ရှိသော
စပျစ်ရည်ကို မကြည့်မရှုနှင့်။ 32 နောက်ဆုံး၌ မြွေကဲ့သို့ကိုက်တတ်၏။ မြွေဆိုး ကဲ့သို့ နာစေတတ်၏။ 33 သင့်မျက်စိတို့သည်
အမျိုးပျက်သောမိန်းမတို့ကို ကြည့်ရှု၍၊ သင့်နှလုံးသည်လည်း ကောက်သော စကားကို မြွက်ဆိုလိမ့်မည်။ 34 အကယ်စင်စစ် သင်သည်
ပင်လယ်အလယ်၌ အိပ်သောသူ၊ သင်္ဘောရွက်တိုင်ဖျားပေါ်မှာ အိပ်သော သူကဲ့သို့ ဖြစ်လိမ့်မည်။ 35 သူတို့သည် ငါ့ကိုရိုက်ကြပြီ။
သို့သော်လည်း ငါမနာ။ ငါ့ကိုထိုးကြသော်လည်း ငါမသိ။ အဘယ်အချိန် မှ ငါနိုးရမည်နည်း။ တဖန်ငါရှာ ဦးမည်ဟု သင်ဆိုလိမ့်
သတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 24

1 မတရားသောသူတို့ကို မငြူစူနှင့်။ သူတို့နှင့် ပေါင်းဘော်ခြင်းငှါ အလိုမရှိနှင့်။ 2 သူတို့သည် ဖျက်ဆီးခြင်းငှါ နှလုံးကြံစည်တတ် ၏။
နှုတ်နှင့်လည်း ဘေးပြုမည်စကားကို ပြောတတ်၏။ 3 ဉာဏ်ပညာအားဖြင့် အိမ်ကိုတည်ဆောက်၍ ခိုင်ခံ့မြဲမြံစေရ၏။ 4
ပညာအတတ်အားဖြင့် အခန်းများတို့သည် အဘိုးထိုက်၍၊ နှစ်သက်ဘွယ်သော ဥစ္စာအပေါင်းတို့နှင့် ပြည့်ရကြ၏။ 5
ပညာရှိသောသူသည် တန်ခိုးရှိ၏။ ပညာ အတတ်နှင့် ပြည့်စုံသောသူသည် ခွန်အားတိုးပွါးတတ်၏။ 6 ပညာရှိတို့နှင့် တိုင်ပင်ပြီးမှ
စစ်မှုကိုပြုရ၏။ အကြံပေးနိုင်သော သူများစွာရှိလျှင်၊ ဘေးလွတ်တတ်၏။ 7 ပညာမြင့်သောကြောင့် မိုက်သောသူမမှီနိုင်။ မြို့တံခါးဝ၌
စကားမပြောဝံ့။ 8 မကောင်းသောအမှုကို ပြုခြင်းငှါ ကြံစည်သော သူကို၊ ဘေးပြုသောသူဟူ၍ မှည့်ရ၏။ 9 မိုက်သောအကြံအစည်၌
အပြစ်ပါ၏။ မထီမဲ့ မြင်ပြုသော သူသည်လည်း၊ လူစက်ဆုပ်ရွံရှာဘွယ်ဖြစ် ၏။ 10 သင်သည် အမှုရောက်သောကာလ၌ စိတ်ပျက်
လျှင် အားနည်း၏။ 11 သင်္ချိုင်းသို့ထုတ်၍ အသေခံလုသောသူတို့ကို သင်သည် နှုတ်အံ့သောငှါ၊ အားမထုတ်ဘဲနေလျက်၊ 12
ငါတို့မသိဟုဆိုသော်လည်း၊ နှလုံးသဘောကို ဆင်ခြင်သောသူသည် မမှတ်၊ သင်၏စိတ်ဝိညာဉ်ကို စောင့်သောသူသည် မသိဘဲ၊
လူအသီးအသီးတို့အား သူတို့အကျင့်နှင့်အလျောက်၊ အကျိုးအပြစ်ကို မဆပ် မပေးဘဲ နေတော်မူမည်လော။ 13 ငါ့သား၊
ပျားရည်ကောင်းသောကြောင့် စား လော့။ ချိုမြိန်သော ပျားလပို့ကိုလည်း စားလော့။ 14 ထိုအတူ၊ သင်တွေ့ရသောပညာတရားသည်
စိတ်ဝိညာဉ်၌ အရသာနှင့်ပြည့်စုံ၍၊ သင်သည် မျှော်လင့် ခြင်းအကြောင်းမပျက်၊ ကောင်းသောအကျိုးကို ခံရလိမ့် မည်။ 15
အိုမတရားသောသူ၊ ဖြောင့်မတ်သောသူ၏ အိမ် ကို ချောင်း၍ မကြည့်နှင့်။ သူ၏ ငြိမ်ဝပ်ရာအရပ်ကို မဖျက်နှင့်။ 16
ဖြောင့်မတ်သောသူသည် ခုနစ်ကြိမ်လဲသော် လည်း ထပြန်လိမ့်မည်။ မတရားသောသူမူကား၊ လဲသောအခါ ဆုံးရှုံးလိမ့်မည်။ 17
သင်၏ရန်သူလဲသောအခါ ဝမ်းမမြောက်နှင့်။ ခြေထိခိုက်သောအခါ ရွှင်လန်းသောစိတ်မရှိနှင့်။ 18 ရှိလျှင် ထာဝရဘုရားသိမြင်သဖြင့်၊
မနှစ်သက် ဘဲ သူ့မှ အမျက်တော်ကို လွှဲတော်မူမည်။ 19 မတရားသောသူတို့ကြောင့် စိတ်မပူနှင့်။ အဓမ္မ လူတို့ကို မငြူစူနှင့်။ 20
အကြောင်းမူကား၊ မတရားသောသူသည် အကျိုးကိုမရ။ အဓမ္မလူ၏ မီးခွက်သည် သေလိမ့်မည်။ 21 ငါ့သား၊ ထာဝရဘုရားကိုငှင်း၊
ရှင်ဘုရင်ကိုငှင်း၊ ကြောက်ရွံ့လော့။ မတည်ကြည်သောသူတို့နှင့် ရောနှော မပေါင်းဘော်နှင့်။ 22 သူတို့ဘေးသည်
ချက်ခြင်းရောက်တတ်၏။ ထိုနှစ်ပါးတို့၏ အဆုံးကို အဘယ်သူသိသနည်း။ 23 ထိုမှတပါး၊ ပညာရှိတို့နှင့်ဆိုင်သော အရာဟူမူ ကား၊
တရားတွေ့မှု စီရင်ရာတွင် လူမျက်နှာကို မထောက် ကောင်း။ 24 သင်သည် ဖြောင့်မတ်၏ဟု မတရားသောသူ အား ဆိုသောသူကို
လူအမျိုးတို့သည် ကျိန်ဆဲကြလိမ့်မည်။ လူအနွယ်တို့သည် စက်ဆုပ်ရွံရှာကြလိမ့်မည်။ 25 ဆုံးမပြစ်တင်သောသူတို့မူကား၊
စိတ်သာယာလျက်၊ ကောင်းကြီးမင်္ဂလာကို ခံလျက်ရှိကြ လိမ့်မည်။ 26 မှန်သောစကားကို ပြန်ပြောတတ်သောသူ၏ နှုတ်ကို
လူတိုင်းနမ်းလိမ့်မည်။ 27 ပြင်အရပ်မှာ သင်၏အလုပ်ကိုပြင်လော့။ လယ်တော၌ ကိုယ်အဘို့ ပြင်ဆင်လော့။ နောက်မှ သင်၏
နေရာအိမ်ကို ဆောက်လော့။ 28 သင်၏အိမ်နီးချင်းတဘက်၌ အကြောင်းမရှိဘဲ သက်သေမခံနှင့်။ ကိုယ်နှုတ်နှင့် သူတပါးကို
မလှည့်စား နှင့်။ 29 သူသည် ငါ၌ပြုသည်အတိုင်း သူ၌ငါပြုမည်။ သူ့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ငါဆပ်ပေး မည်ဟု
မဆိုနှင့်။ 30 ပျင်းရိသောသူ၏ လယ်ယာအနားနှင့်၊ ဉာဏ်မရှိ သောသူ၏ စပျစ်ဥယျာဉ်အနားမှာ ငါရှောက်သွားစဉ်၊ 31
ဆူးပင်များပြား၍၊ မြေတပြင်လုံး၌ ဆူးလေပင် အနှံ့အပြား လွှမ်းမိုးလျက်၊ ကျောက်ရိုးပြိုလျက်ရှိသည်ကို၊ 32 ငါမြင်၍
စေ့စေ့ဆင်ခြင်၏။ ကြည့်ရှု၍ သွန်သင် ခြင်းကို ခံရ၏။ 33 ခဏအိပ်လျက်၊ ခဏပျော်လျက်၊ အိပ်ပျော်ခြင်း ငှါ၊ ခဏ
လက်ချင်းပိုက်လျက်နေစဉ်တွင်၊ 34 ဆင်းရဲခြင်းသည် ခရီးသွားသောသူကဲ့သို့ငှင်း၊ ဥစ္စာပြုန်းတီးခြင်းသည် သူရဲကဲ့သို့ငှင်း
ရောက်လာလိမ့် မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 ယုဒရှင်ဘုရင် ဟေဇကိလူတို့ကူးရေးသော ရှောလမုန်မင်း၏ သုတ္တံစကားဟူမူကား၊ 2 အမှုအရေးကို ဝှက်ထားခြင်းသည် ဘုရားသခင်
၏ ဘုန်းတော်နှင့် သင်၏။ ရှင်ဘုရင်မူကား၊ အမှုအရေးကို စစ်ကြောခြင်းအားဖြင့် ဂုဏ်အသရေတည်၏။ 3 မိုဃ်းကောင်းကင်သည်
မြင့်၏။ မြေကြီးသည် နက်၏။ ရှင်ဘုရင်နှလုံးကိုလည်း စစ်၍မသိနိုင်။ 4 ငွေထဲက ချေးကိုထုတ်ပယ်လျှင်၊ ပန်တိမ်သမား နှင့်
တော်သင့်သောဖလားကို ရလိမ့်မည်။ 5 မတရားသော သူတို့ကို ရှင်ဘုရင်ထံတော်မှ ပယ်ရှားလျှင်၊ အာဏာတော်သည် တရားအားဖြင့်
တည် လိမ့်မည်။ 6 ရှင်ဘုရင်ထံ တော်၌ ကိုယ်ကိုမချီးမြှောက်နှင့်။ လူကြီးနေရာ၌ မနေနှင့်။ 7 အကြောင်းမူကား၊
ဖူးမြင်ရသောမင်းရှေ့မှာ နှိမ့်ခြင်းကို ခံရသည်ထက်၊ ဤအရပ်သို့ တက်ပါဟူသော စကားကို သာ၍ကြားကောင်း၏။ 8 အလျင်အမြန်
ရန်မတွေ့နှင့်။ အိမ်နီးချင်းသည် သင့်ကို အရှက်ခွဲပြီးမှ၊ သင်သည် အဘယ်သို့ ပြုမည်နည်း။ 9 သင်သည် အိမ်နီးချင်းနှင့် ကိုယ်အမှုကို
ဆွေး နွေးလော့။ ဝှက်ထားအပ်သောအမှုအရာကို သူတပါးအား ထုတ်၍မပြနှင့်။ 10 သို့မဟုတ်၊ သူသည် သင့်ကို အရှက်ခွဲသဖြင့်၊
သင်၏ဂုဏ်အသရေသည် အစဉ်ဆုံးလိမ့်မည်။ 11 လျောက်ပတ်သော စကားသည် ငွေအပြောက် မှာ စီချယ်သော
ရွှေရှောက်ချိုသီးနှင့်တူ၏။ 12 နားထောင်တတ်သောသူကို လျောက်ပတ်စွာ ဆုံးမတတ်သော သူသည် ရွှေနားတောင်းကဲ့သို့၎င်း၊
ရွှေစင်တန်ဆာကဲ့သို့၎င်း ဖြစ်၏။ 13 စပါးရိတ်ရာကာလ၌ မိုဃ်းပွင့်ကြောင့် ချမ်း သကဲ့သို့၊ သစ္စာစောင့်သော တမန်သည်
စေလွှတ်သောသူ ၌ ဖြစ်၍၊ သခင်စိတ်ကို ချမ်းစေတတ်၏။ 14 ပေးမည်ဟု ဝါကြွား၍ မပေးဘဲနေသောသူ သည် မိုဃ်းရေမပါသော
တိမ်နှင့်လေကဲ့သို့ ဖြစ်၏။ 15 ကြာမြင့်စွာသည်းခံလျှင် မင်းကိုဖျောင်းဖျနိုင်၏။ ချိုသောစကားသည်လည်း
အရိုးကျိုးအောင်တတ်နိုင်၏။ 16 ပျားရည်ကိုတွေ့သလော။ ဝရုံသာစားတော့။ အစားကြူးလျှင် ရင်ပြည့်၍ အန်ရလိမ့်မည်။ 17
သင်၏အိမ်နီးချင်းအိမ်၌ ကြာမြင့်စွာ မနေနှင့်။ နေလျှင် သူသည် သင့်ကိုငြီးငွေ့၍ မုန်းလိမ့်မည်။ 18 အိမ်နီးချင်းတဘက်၌
မမှန်သောသက်သေကို ခံသောသူသည် ဒုတ်၊ ထား၊ သံချွန်နှင့်တူ၏။ 19 အမှုရောက်သော ကာလ၌ သစ္စာပျက်တတ်သောသူ ကို
ယုံလျှင် သွားကျိုးခြင်း၊ ခြေဆစ်ပြုတ်ခြင်းကို ခံရ၏။ 20 စိတ်ညှိုးငယ်သောသူအား သီချင်းဆိုသောသူ သည် ဆောင်းကာလ၌
အဝတ်ကို ချွတ်သောသူ၊ ယမ်းစိမ်းပေါ်မှာ ပုံးရည်ကို လောင်းသောသူနှင့်တူ၏။ 21 သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေး လော့။
ရေငတ်လျှင် သောက်စရာဘို့ပေးလော့။ 22 ထိုသို့ပြုလျှင် သူ၏ခေါင်းပေါ်၌ မီးခဲကို ပုံထား ၍၊ ထာဝရဘုရားသည်လည်း၊ သင်၌
ဆုချတော်မူမည်။ 23 မြောက်လေသည် မိုဃ်းရေကို ဆောင်တတ် သကဲ့သို့၊ ကုန်းတိုက်သောလျှာသည် ဒေါသမျက်နှာကို
ဆောင်တတ်၏။ 24 ရန်တွေ့တတ်သောမိန်းမနှင့် လူများသော အိမ်၌ နေသည်ထက်၊ အိမ်မိုးပေါ်ထောင့်ထဲမှာနေသော်
သာ၍ကောင်း၏။ 25 ဝေးသောပြည်မှ ရောက်လာသော ဝမ်းမြောက် စရာ သိတင်းစကားသည် ရေငတ်သောသူ၌ ချမ်းသေော
ရေကဲ့သို့ဖြစ်၏။ 26 ဖြောင့်မတ်သောသူသည် မတရားသောသူရှေ့ တွင် မှားယွင်းလျှင်၊ နောက်သောရေကန်၊ ပုပ်သောစမ်း
ရေတွင်းနှင့်တူ၏။ 27 ပျားရည်ကို စားကြူးလျှင် မကောင်းသကဲ့သို့၊ ကိုယ်ဂုဏ်သရေကို ရှာလျှင် ဂုဏ်အသရေမရှိ။ 28 ကိုယ်စိတ်ကို
မချုပ်တည်းနိုင်သောသူသည် မြို့ရိုးပျိုပျက်၍ ဟင်းလင်းရှိသော မြို့နှင့်တူ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 26

1 နွေကာလ၌ မိုယ်းပွင့်ကဲ့သို့၎င်း၊ စပါးရိတ်ရာကာလ ၌ မိုယ်းရေကဲ့သို့၎င်း၊ မိုက်သောသူသည် ဂုဏ်အသရေကို မခံသင့်။ 2
စာငှက်သည် အရပ်ရပ်လှည့်လည်၍၊ ဇရက်သည် လည်း ပျံသွားသကဲ့သို့၊ ထိုနည်းတူ အကြောင်းမရှိသော ကျိန်ဆဲခြင်းသည်
မသင့်မရောက်တတ်။ 3 မြင်းဘို့နှင်တံ၊ မြင်းဘို့ဇက်ကြိုး၊ မိုက်သောသူ၏ ကျောဘို့ ကြိမ်လုံးသည် သင့်ပေ၏။ 4 မိုက်သောသူ၏
သဘောသို့လိုက်၍၊ သူ၏စကား ကို မချေနှင့်။ ထိုသို့ချေလျှင် သူနှင့်တူလိမ့်မည်။ 5 မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏စကား ကို
ချေလော့။ သို့မဟုတ်၊ သူသည် ဝါကြွားသောစိတ် ရှိလိမ့် မည်။ 6 မိုက်သော သူတွင် မှာ လိုက်သောသူသည် ကိုယ်ခြေကို ဖြတ်၍
အကျိုးနည်းရှိ၏။ 7 သုတ္တံစကားကို မိုက်သောသူ ပြောခြင်းသည် ခြေဆွံ့သောသူ၏ ခြေကြွခြင်း ကဲ့သို့ဖြစ်၏။ 8 မိုက်သောသူကို
ချီးမြှောက်ခြင်းသည် ကျောက်ပုံ ၌ ကျောက်မြတ်ကို ပစ်ထားခြင်းကဲ့သို့ ဖြစ်၏။ 9 ဆူးသည် ယစ်မူးသောသူ၏လက်ကို စူးသကဲ့သို့၊
သတ္တံစကားသည် မိုက်သောသူ၏ နှုတ်၌ရှိ၏။ 10 ကြီးသောသူသည် ခပ်သိမ်းသောသူတို့ကို တုန်လှုပ်စေတတ်၏။ မိုက်သောသူနှင့်
ပြစ်မှားတတ် သော သူတို့ကို စေသုံးတတ်၏။ 11 ခွေးသည် မိမိအန်ဖတ်ကို ပြန်၍စားတတ်သကဲ့ သို့၊ မိုက်သောသူသည်
မိုက်သောအကျင့်ကို ပြန်၍ ကျင့်တတ်၏။ 12 ငါသည် ပညာရှိ၏ဟု ထင်သောသူရှိလျှင်၊ ထိုသူ၌ မျှော်လင့်စရာအခွင့်ရှိသည်ထက်၊
မိုက်သောသူ၌ သာ၍ မျှော်လင့်စရာအခွင့်ရှိ၏။ 13 ပျင်းရိသောသူက၊ အိမ်ပြင်မှာခြင်္သေ့ရှိ၏။ လမ်းတို့၌ ခြင်္သေ့ရှိ၏ဟု ဆိုတတ်၏။ 14
တံခါးရွက်သည် စရွေး၌လည်သကဲ့သို့ ပျင်းရိ သောသူသည် အိပ်ရာပေါ်မှာ လည်တတ်၏။ 15 ပျင်းရိသောသူသည် မိမိလက်ကို
အိုး၌သွင်း သော်လည်း၊ တဖန်နှုတ်၍ မိမိပစပ်သို့ ခံ့ရလျှင် စိတ်ညစ် တတ်၏။ 16 ပျင်းရိသောသူက၊ ငါသည် အကျိုးအကြောင်းကို
ပြတတ်သောသူ ခုနစ်ယောက်ထက်သာ၍ ပညာရှိသည် ဟု ကိုယ်ကိုထင်တတ်၏။ 17 လမ်း၌ရှောက်သွား၍ မိမိမဆိုင်သောအမှုကို
ရောနှောသောသူသည် ခွေးနားရွက်ကို ကိုင်ဆွဲသောသူ နှင့်တူ၏။ 18 ငါကျီစားရုံမျှသာ ပြုသည်ဟုဆိုလျက်၊ 19 မိမိအိမ်နီးချင်းကို
လှည့်စားသောသူသည် မီးစ၊ မြှား၊ သေဘေးကို ပစ်တတ်သော အရူးနှင့်တူ၏။ 20 ထင်းမရှိလျှင် မီးသေတတ်သကဲ့သို့ ကုန်းတိုက် သော
သူမရှိလျှင် ရန်ငြိမ်းတတ်၏။ 21 မီးခဲချင်းပြုသကဲ့သို့၎င်း၊ ထင်းသည် မီးကိုမွေး သကဲ့သို့၎င်း၊ ရန်တွေ့တတ်သောသူသည် ခိုက်ရန်မှုကို
ပြုစုတတ်၏။ 22 ကုန်းတိုက်သော သူ၏စကားသည် မြိန်သော ခဲဘွယ် စားဘွယ်ကဲ့သို့ဖြစ်၍၊ ဝမ်းအတွင်းသို့ဝင်တတ်၏။ 23
ချစ်အားကြီးသောနှုတ်နှင့်၊ ဆိုးညစ်သော စိတ် နှလုံးသည် ချော်မွမ်းမံသော အိုးခြမ်းနှင့်တူ၏။ 24 အငြိုးထားသောသူသည်
နှုတ်ဖြင့်လျှို့ဝှက်၍၊ ကိုယ်ထဲမှာလှည့်စားသော သဘောကို ဝှက်ထားတတ်၏။ 25 ထိုသို့သောသူ၏ စကားသည် ချိုသော်လည်း
မယုံနှင့်။ သူ၏စိတ်နှလုံးထဲမှာ စက်ဆုပ်ရွံရှာဘွယ်သော အရာခုနစ်ပါးရှိ၏။ 26 အငြိုးထားခြင်းကို လှည့်စားခြင်းအားဖြင့် ဝှက်
ထားသောသူ၏ ဒုစရိုက်အပြစ်သည် ပရိသတ်ရှေ့မှာ ထင်ရှားလိမ့်မည်။ 27 တွင်းတူးသောသူသည် မိမိတွင်းထဲသို့ ကျလိမ့် မည်။
ကျောက်ကို လှိမ့်သောသူအပေါ်သို့ ထိုကျောက် သည် ပြန်၍လှိမ့် လိမ့်မည်။ 28 မုသားပြောတတ်သောသူသည် မိမိညှဉ်းဆဲ
သောသူတို့ကို မုန်းတတ်၏။ ချော့မော့တတ်သော သူသည်လည်း ဖျက်ဆီးတတ်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 27

[1] နက်ဖြန်နေ့ကို အမှီပြု၍ မဝါကြွားနှင့်။ တရက် အတွင်းတွင် အဘယ်သို့ ဖြစ်လိမ့်မည်ကို မသိနိုင်။ [2] ကိုယ်တိုင်ကိုယ်ကို မချီးမွမ်းဘဲ
သူတပါးချီးမွမ်း ပါလေစေ။ ကိုယ်နှုတ်နှင့် ကိုယ်ကိုမချီးမွမ်းဘဲ၊ ကိုယ်နှင့် မဆိုင်သော သူတပါး ချီးမွမ်းပါလေစေ။ [3]
ကျောက်နှင့်သဲသည်လေး၏။ မိုက်သောသူ၏ ဒေါသသည် ထိုနှစ်ပါးထက် သာ၍လေး၏။ [4] မာနသည်ကြမ်းကြုတ်သော
သဘောရှိ၏။ ဒေါသသည် ပြင်းထန်တတ်၏။ ငြူစူသောစိတ်ကိုကား၊ အဘယ်သူဆီး၍ ခံနိုင်သနည်း။ [5] ထင်ရှားစွာဆုံးမ
ပြစ်တင်ခြင်းသည် တိတ်ဆိတ် စွာ ချစ်ခြင်းထက် သာ၍ကောင်း၏။ [6] အဆွေခင်ပွန်းသည် ဒဏ်ပေးသောအခါ သစ္စာ
စောင့်လျက်ပေး၏။ ရန်သူမူကား၊ နမ်းသောအခါ လှည့်စားတတ်၏။ [7] စား၍ ဝသောသူသည် ပျားလပို့ကိုပင် ငြင်းပယ် လိမ့်မည်။
မွတ်သိပ်သောသူမူကား၊ ခါးသောအရာကို ချိုသည်ဟု ထင်တတ်၏။ [8] မိမိနေရာကိုစွန့်၍ လည်သောသူသည် မိမိ အသိုက်ကို
စွန့်၍လည်သော ငှက်နှင့်တူ၏။ [9] နံ့သာဆီနှင့် နံ့သာရည်သည် ရွှင်လန်းစေသကဲ့ သို့၊ ကြည်ညိုသောစိတ်နှင့် အကြံပေးတတ်သော
အဆွေ ခင်ပွန်း၏ ချစ်ဘွယ်သော လက္ခဏာသည် ရွှင်လန်းစေ တတ်၏။ [10] ကိုယ်အဆွေခင်ပွန်းနှင့် အဘ၏ အဆွေခင်ပွန်း ကို
မစွန့်နှင့်။ အမှုရောက်သောကာလ၌၊ ညီအစ်ကို အိမ်သို့မသွားနှင့်။ နီးသောအိမ်နီးချင်းသည် ဝေးသော ညီအစ်ကိုထက် သာ၍ကောင်း၏။
[11] ငါ့သား၊ ပညာရှိလော့။ ကဲ့ရဲ့သောသူ၏စကားကို ငါချေနိုင်အောင်၊ ငါ့စိတ်ကို ရွှင်လန်းစေလော့။ [12] သမ္မာသတိရှိသောသူသည်
အမှုကိုမြော်မြင်၍၊ ပုန်းရှောင်လျက်နေတတ်၏။ ဉာဏ်တိမ်သောသူမူကား၊ အစဉ်အတိုင်းသွား၍ အမှုနှင့်တွေ့တတ်၏။ [13]
မကျွမ်းသော သူအတွက်၊ အမျိုးပျက်သော မိန်းမအတွက်၊ အာမခံတတ်သော သူသည် အဝတ်အစ ရှိသော ဥစ္စာတစုံတခုကို
ပေါင်ထားစေ။ [14] နံနက်စောစောထ၍၊ မိမိအဆွေခင်ပွန်းကို ကျယ်သောအသံနှင့် ကောင်းကြီးပေးသောသူသည် ကျိန်ဆဲခြင်းကို
ပြုရာရောက်၏။ [15] ရန်တွေ့တတ်သော မယားသည် မိုဃ်းသည်း စွာ ရွာသောနေ့၌ အစက်စက်ကျသော မိုဃ်းပေါက်နှင့် တူ၏။ [16]
ထိုမိန်းမကို သိမ်းထားသောသူသည် လေကို သိမ်းထားသောသူနှင့်တူ၏။ လက်ျာလက်၌ လိမ်းသော နံ့သာဆီကို ဝှက်၍မထားနိုင်။ [17]
သံကို သံဖြင့်ထက်စေသကဲ့သို့၊ လူသည်အဆွေ ခင်ပွန်း၏ မျက်နှာကို ထက်စေတတ်၏။ [18] သင်္ဘောသဖန်းပင်ကို စောင့်သောသူသည်
သင်္ဘောသဖန်းသီးကို စားရ၏။ ထိုနည်းတူ၊ သခင်အမှုကို ဆောင်ရွက်သော သူသည် ဂုဏ်အသရေကို ရတတ်၏။ [19]
ရေ၌လူမျက်နှာချင်းတူသကဲ့သို့၊ လူတယောက် နှင့်တယောက် စိတ်သဘောတူကြ၏။ [20] မရဏာနိုင်ငံနှင့် အဗဒ္ဒုန်နိုင်ငံသည်
အလိုမပြည့် စုံသကဲ့သို့၊ လူတို့မျက်စိသည် အလိုမပြည့်စုံတတ်။ [21] ငွေစစ်စရာဘို့ မိုက်ရှိ၏။ ရွှေစစ်စရာဘို့ မီးဖို ရှိ၏။ လူကိုစစ်စရာဘို့
သူတပါးချီးမွမ်းခြင်းရှိ၏။ [22] မိုက်သောသူကို စပါးနှင့်အတူဆုံ၌ ကျည်ပွေ့နှင့် ထောင်းသော်လည်း၊ မိုက်သောသဘောမထွက်တတ်။ [23]
သင်၏ သိုးစုအကြောင်းတို့ကို သိခြင်းငှါ ကြိုး စားလော့။ နွားစုတို့ကိုလည်း စေ့စေ့ကြည့်ရှုလော့။ [24] စည်းစိမ်သည် အမြဲမတည်တတ်။
ရှင်ဘုရင်၏ စည်းစိမ်သော်လည်း၊ လူမျိုးအစဉ်အဆက် မတည် တတ်။ [25] မြက်ပင်ပေါက်တတ်၏။ ပျိုးပင်လည်း ထင်ရှား တတ်၏။
တောင်ယာအသီးကိုလည်း သိမ်းရ၏။ [26] သိုးသငယ်တို့သည် သင်ဝတ်စရာဘို့၊ ဆိတ်တို့သည် လည်း မြေအဘိုးကိုဖြေစရာဘို့ ပြစ်၏။
[27] သင်စားစရာဘို့၊ အိမ်သူအိမ်သားစားစရာဘို့၊ ကျွန်မိန်းမများကို ကျွေးစရာဘို့ ဆိတ်နို့လောက်လိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 28

1 လိုက်သောသူမရှိသော်လည်း၊ မတရားသောသူ သည် ပြေးတတ်၏။ ဖြောင့်မတ်သောသူမူကား၊ ခြင်္သေ့ကဲ့ သို့ ရဲရင့်တတ်၏။ 2
ပြည်သူပြည်သားအပြစ်ကြောင့်၊ မင်းတို့သည် များပြားတတ်ကြ၏။ ဥာဏ်ပညာနှင့် ပြည့်စုံသောသူအားဖြင့် နိုင်ငံတည်တတ်၏။ 3
ဆင်းရဲသားတို့ကို ညှဉ်းဆဲသော ဆင်းရဲသား သည် အဘယ်စားစရာမျှ မကြွင်းစေဘဲ၊ သုတ်သင်ပယ် ရှင်းသော မိုဃ်းရေနှင့်တူ၏။ 4
တရားကိုဖျက်သောသူသည် မတရားသောသူ တို့ကို ချီးမွမ်းတတ်၏။ တရားကို စောင့်သောသူမူကား၊ သူတို့နှင့်
ဆန့်ကျင်ဘက်ပြုတတ်၏။ 5 အဓမ္မလူသည် တရားစီရင်ခြင်းကို နားမလည် တတ်။ ထာဝရဘုရားကို ရှာသောသူမူကား၊ ခပ်သိမ်း သော
စီရင်ခြင်းကို နားလည်တတ်၏။ 6 မမှန်သောအမှုကို ပြုသောသူသည် ငွေရတတ် သော်လည်း၊ ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်သော
ဆင်းရဲ သားသည် သာ၍မြတ်၏။ 7 တရားကိုစောင့်သောသူသည် ပညာရှိသော သားဖြစ်၏။ စားကြူးသောသူတို့နှင့်
ပေါင်းဘော်သောသူ မူကား၊ မိမိအဘကို အရှက်ခွဲတတ်၏။ 8 အတိုးစား၍ မတရားသော အမြတ်အားဖြင့် ဥစ္စာကို
ဆည်းဖူးသောသူသည် ဆင်းရဲသားတို့ကို သနား သောသူအဘို့သာ ဆည်းဖူးတတ်၏။ 9 တရားမနာ၊ လွှဲသွားသောသူသည် ဆုတောင်း
သော်လည်း၊ သူ၏ပဌနာစကားသည် စက်ဆုပ်ရွံရှာဘွယ် ဖြစ်၏။ 10 ဖြောင့်မတ်သောသူကို လမ်းလွှဲ၍၊ မကောင်း သော လမ်းထဲသို့
သွေးဆောင်သောသူသည် မိမိတူးသော တွင်းထဲသို့ မိမိကျလိမ့်မည်။ သဘောဖြောင့်သောသူ မူကား၊ ကောင်းသောအရာတို့ကို
အမွေခံရလိမ့်မည်။ 11 ငွေရတတ်သောသူက။ ငါသည်ပညာရှိ၏ဟု ကိုယ်ကို ထင်တတ်၏။ ဥာဏ်ကောင်းသော ဆင်းရဲသား မူကား၊
ထိုသူကို စစ်ကြောတတ်၏။ 12 ဖြောင့်မတ်သောသူတို့သည် ဝမ်းမြောက်သော အခါ ဘုန်းကြီးတတ်၏။ မတရားသောသူတို့သည်
ချီးမြှောက်ခြင်းသို့ ရောက်သောအခါ လူတို့သည် ပုန်း ရှောင်၍ နေတတ်ကြ၏။ 13 မိမိအပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာမရ။
မိမိအပြစ်ကို ဘော်ပြဝန်ချ၍ စွန့်ပစ်သော သူမူကား၊ ကရုဏာတော်ကို ခံရလိမ့်မည်။ 14 အစဉ်မပြတ် ကြောက်ရွံ့သောသူသည် မင်္ဂလာ
ရှိ၏။ မိမိစိတ်နှလုံးကို ခိုင်မာစေသောသူမူကား၊ ဘေး ဥပဒ်နှင့်တွေ့လိမ့်မည်။ 15 ဆင်းရဲသားတို့ကို အုပ်စိုးသော အဓမ္မမင်းသည်
ဟောက်သောခြင်္သေ့၊ လှည့်လည်သောဝံနှင့်တူ၏။ 16 ဥာဏ်မရှိသောမင်းသည် ပြင်းစွာညှဉ်းဆဲတတ် ၏။ လောဘကို
မုန်းသောမင်းမူကား၊ အသက်တာရှည်လိမ့် မည်။ 17 လူအသက်ကို ညှဉ်းဆဲသောသူသည် သင်္ချိုင်း တွင်းသို့ ပြေးပါလေစေ။
အဘယ်သူမျှ မဆီးတားစေနှင့်။ 18 ဖြောင့်သောလမ်းသို့ လိုက်သောသူသည် ဘေး လွတ်လိမ့်မည်။ ကောက်သောလမ်းသို့
လိုက်သောသူမူကား၊ ချက်ခြင်းလဲလိမ့်မည်။ 19 လယ်လုပ်သောသူသည် ဝစွာစားရ၏။ အချည်း နှီးသောအမှုကို စောင့်သောသူမူကား၊
ဆင်းရဲခြင်းနှင့် ဝလိမ့်မည်။ 20 သစ္စာစောင့်သောသူသည် ကောင်းကြီးမင်္ဂလာ နှင့် ကြွယ်ဝလိမ့်မည်။ ငွေရတတ်ခြင်းငှါ အလျင်အမြန်
ပြုသောသူမူကား၊ အပြစ်နှင့်မလွတ်ရ။ 21 လူမျက်နှာကို မထောက်ကောင်း။ သို့သော် လည်း၊ လူသည် မုန့်တဖဲ့ကိုရခြင်းငှါ ဒုစရိုက်ကို
ပြုလိမ့် မည်။ 22 ငွေရတတ်ခြင်းငှါ အလျင်အမြန်ပြုသော သူ သည် မနာလိုသောသဘောရှိတတ်၏။ နောက်တဖန် ဆင်းရဲခြင်းသို့
ရောက်မည်ဟု မအောက်မေ့တတ်။ 23 ချော့မော့သောစကားကို ပြောသောသူသည် ကျေးဇူးကို ခံရသည်ထက်၊
ဆုံးမပြစ်တင်သောသူသည် နောက်တဖန် သာ၍ ကျေးဇူးကို ခံရလိမ့်မည်။ 24 အပြစ်မရှိဟုဆိုလျက်၊ မိဘဥစ္စာကို လုယူသော သူသည်
ဖျက်ဆီးသောသူ၏ အပေါင်းအဘော်ဖြစ်၏။ 25 စိတ်မြင့်သောသူသည် ခိုက်ရန်ကို နှိုးဆော်တတ် ၏။ ထာဝရဘုရားကို
ခိုလှုံသောသူမူကား၊ ကြွယ်ဝတတ် ၏။ 26 မိမိစိတ်နှလုံးကို ကိုးစားသောသူသည် လူမိုက် ဖြစ်၏။ ပညာသတိနှင့် ကျင့်သောသူမူကား၊
ဘေးလွတ် တတ်၏။ 27 ဆင်းရဲသားတို့အား စွန့်ကြဲသောသူသည် ကိုယ် တိုင်မဆင်းရဲရာ။ လွှဲရှောင်သောသူမူကား၊ များစွာသော
ကျိန်ဆဲခြင်းကို ခံရလိမ့်မည်။ 28 မတရားသောသူတို့သည် ချီးမြှောက်ခြင်းသို့ ရောက်သောအခါ၊ လူတို့သည် ပုန်းရှောင်၍ နေရကြ၏။
ပျက်စီးခြင်းသို့ ရောက်သောအခါ၊ ဖြောင့်မတ်သောသူတို့ သည် ပွားများတတ်ကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 29

1 အထပ်ထပ်ဆုံးမခြင်းကို ခံသော်လည်း၊ မိမိ လည်ပင်းကို ခိုင်မာစေသောသူသည် ကိုးကွယ်ရာမရ၊ ရုတ်တရက် ပျက်စီးလိမ့်မည်။ 2
ဖြောင့်မတ်သောသူတို့သည် အခွင့်ရသော အခါ၊ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်တတ်ကြ၏။ မတရားသောသူတို့သည်
အုပ်စိုးသောအခါမူကား၊ ပြည်သူပြည်သားတို့သည် ဝမ်းနည်းတတ်ကြ၏။ 3 ပညာတရားကို နှစ်သက်သောသူသည် မိမိ အဘကို
ဝမ်းမြောက်စေ၏။ ပြည်တန်ဆာတို့နှင့် ပေါင်း ဘော်သောသူမူကား၊ ဥစ္စာပြုန်းတီးတတ်၏။ 4 တရားသဖြင့် စီရင်သောရှင်ဘုရင်သည်
တိုင်း ပြည်ကို တည်စေတတ်၏။ တံစိုးစားသော ရှင်ဘုရင် မူကား၊ တိုင်းပြည်ကို မှောက်လှန်တတ်၏။ 5 အိမ်နီးချင်းကို ချော့မော့သော
သူသည် အိမ်နီး ချင်းသွားရာလမ်း၌ ကွန်ရွက်ကို ဖြန့်ထား၏။ 6 အဓမ္မလူပြစ်မှားရာ၌ ကျော့ကွင်းထောင်လျက် ရှိ၏။
ဖြောင့်မတ်သောသူမူကား၊ ရွှင်လန်းစွာ သီချင်း ဆိုတတ်၏။ 7 ဖြောင့်မတ်သော သူသည် ဆင်းရဲသားအမှုကို ဆင်ခြင်တတ်၏။
မတရားသောသူမူကား၊ ထိုအမှုကို ပမာဏမပြုတတ်။ 8 မထီမဲ့မြင်ပြုသော သူတို့သည် မြို့ကို မီးရှို့တတ် ၏။ ပညာရှိသော
သူတို့မူကား၊ ဒေါသအမျက်ကို လွှဲတတ် ၏။ 9 ပညာရှိသောသူသည် မိုက်သောသူနှင့် အမှု တွေ့လျှင်၊ စိတ်ဆိုးသည်ဖြစ်စေ၊
ပြုံးရယ်သည်ဖြစ်စေ၊ အားရစရာအကြောင်းမရှိ။ 10 လူ့အသက်ကို သတ်တတ်သောသူတို့သည် စုံလင်သောသူကို မုန်းတတ်ကြ၏။
ဖြောင့်မတ်သော သူတို့မူကား၊ သူတပါးအသက်ကို စောင့်မတတ်ကြ၏။ 11 မိုက်သောသူသည် မိမိကြံစည်သမျှကို ဘော်ပြ တတ်၏။
ပညာရှိသောသူမူကား၊ အဆင်မသင့်မှီ ထိမ်ဝှက် တတ်၏။ 12 မင်းသည်မုသာစကားကို နားထောင်လျှင်၊ ကျွန် အပေါင်းတို့သည်
လူဆိုးဖြစ်ကြလိမ့်မည်။ 13 ဆင်းရဲသောသူနှင့် ညှဉ်းဆဲသောသူတို့သည် တွေ့ကြုံကြပြီ။ ထာဝရဘုရားသည် ထိုနှစ်ဦးတို့အား
အလင်းကို ပေးသနားတော်မူ၏။ 14 ဆင်းရဲသားတို့ကို တရားသဖြင့် စီရင်သော ရှင် ဘုရင်၏အာဏာတော်သည်
အစဉ်အမြဲတည်တတ်၏။ 15 ကြိမ်လုံးနှင့်ရိုက်ခြင်း၊ နှုတ်နှင့်ဆုံးမခြင်းအားဖြင့် ပညာတိုးပွါးတတ်၏။ တတ်တိုင်းနေစေသော
သူငယ်သည် အမိကို အရှက်ခွဲတတ်၏။ 16 မတရားသောသူတို့သည် များပြားသောအခါ၊ လွန်ကျူးခြင်းအပြစ်တိုးပွားတတ်၏။
သို့ရာတွင်၊ သူတို့ ပျက်စီးခြင်းကို ဖြောင့်မတ်သောသူတို့သည် မြင်ရကြ၏။ 17 သင်၏သားကို ဆုံးမလော့။ သို့ပြုလျှင် သူသည် သင့်ကို
ချမ်းသာပေးမည်။ ထိုမျှမက စိတ်ရွှင်လန်းစရာ အခွင့်ကို ပေးမည်။ 18 ဗျာဒိတ်တော်မရှိလျှင်၊ လူတို့သည် အကျိုးနည်း ဖြစ်ကြ၏။
တရားတော်ကို စောင့်သောသူမူကား မင်္ဂလာ ရှိ၏။ 19 စကားအားဖြင့်သာ ကျွန်ကို ဆုံးမ၍ မနိုင်ရာ။ သူသည် နားလည်သော်လည်း၊
နားမထောင်ဘဲ နေလိမ့် မည်။ 20 သတိမရှိဘဲစကားများသော သူရှိလျှင်၊ ထိုသူ၌ မြော်လင့် စရာအခွင့်ရှိသည်ထက်၊
မိုက်သောသူ၌သာ၍ မြော်လင့်စရာ အခွင့်ရှိ၏။ 21 ကျွန်သည်ငယ်သော အရွယ်မှစ၍ ပျော်ပါး အောင် ကျွေးမွေးခြင်းကိုခံရလျှင်၊
နောက်ဆုံး၌ သား အရာကို ရလိမ့်မည်။ 22 စိတ်ဆိုးတတ်သောသူသည် ခိုက်ရန်မှုကို နှိုးဆော် တတ်၏။ ပြင်းထန်သောသူသည်လည်း၊
အလွန်အကျူး များတတ်၏။ 23 မိမိမာနသည် မိမိကိုနှိမ့်ချလိမ့်မည်။ စိတ်နှိမ့်ချ သောသူမူကား၊ ဂုဏ်အသရေကိုရလိမ့်မည်။ 24
သူခိုးကိုလက်ခံသောသူသည် မိမိအသက်ကိုမုန်း တတ်၏။ ကျိန်ဆိုခြင်းကိုပြုသော်လည်း၊ အမှုကိုမဘော် မပြတတ်။ 25
လူကိုကြောက်ရွံ့ခြင်း သဘောသည် ကျော့ကွင်း ကို ထောင်တတ်၏။ ထာဝရဘုရားကို ခိုလှုံသောသူမူ ကား လုံခြုံလိမ့်မည်။ 26
မင်းပြုသော ကျေးဇူးကိုများသောသူတို့သည် ကြိုးစား၍ ရှာတတ်ကြ၏။ သို့ရာတွင် ခပ်သိမ်းသောသူ တို့၏အမှုကို
ထာဝရဘုရားစီရင်တော်မူ၏။ 27 တရားသောသူသည် မတရားသောသူကိုငြင်း၊ မတရားသောသူသည်တရားသဖြင့်
ကျင့်သောသူကိုငြင်း၊ စက်ဆုပ်ရွံရှာ တတ်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 30

1 ယာကေသားအာဂုရသည် ဣသေလနှင့် ဥကလ ကို ဆုံးမသောတရားစကား ဟူမူကား၊ 2 အကယ်စင်စစ် ငါသည် လူမဟုတ်၊ တိရစ္ဆာန်
ဖြစ်၏။ လူဉာဏ်နှင့် မပြည့်စုံ။ 3 ပညာတရားကို မသင်၊ သန့်ရှင်းသော အရာ တို့ကို မလေ့ကျက်။ 4 ကောင်းကင်ဘုံသို့
အဘယ်သူတက်သနည်း။ အဘယ်သူဆင်းလာသနည်း။ အဘယ်သူသည် လေကို မိမိလက်နှင့် ဆုပ်ထားသနည်း။ အဘယ်သူသည်
ရေကို အဝတ်နှင့် ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူတည်စေသနည်း။ ထိုသို့ပြုသောသူ၏ အမည်
နှင့်သူ၏သားအမည်ကား အဘယ်သို့နည်း။ သင်ပြော နိုင်သလော။ 5 ဘုရားသခင်၏ စကားတော်ရှိသမျှသည် စင်ကြယ်၏။
ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင် သည် အကွယ်အကာဖြစ်တော်မူ၏။ 6 စကားတော်၌ ထပ်၍မသွင်းနှင့်။ သို့ပြုလျှင်
အပြစ်တင်တော်မူ၍၊ သင်သည် မုသာသုံးသောသူ ဖြစ်လိမ့်မည်။ 7 ကိုယ်တော်ထံမှာ ဆုနှစ်ပါးကို အကျွန်ုပ်တောင်း ပါ၏။
အကျွန်ုပ်မသေမီတိုင်အောင် ငြင်းတော်မမူပါနှင့်။ 8 အကျွန်ုပ်မှ အနတ္တနှင့် မုသာကိုပယ်တော်မူပါ။ ဆင်း ရဲခြင်းနှင့် ငွေရတတ်ခြင်းကို
ပေးတော်မမူပါနှင့်။ အသက်မွေးလောက်သောပညာကိုသာ ပေးတော်မူပါ။ 9 သို့မဟုတ်၊ အကျွန်ုပ်သည် ကြွယ်ဝ၍၊ ထာဝရ ဘုရားကား၊
အဘယ်သူနည်းဟုဆိုလျက်၊ ကိုယ်တော်ကို ငြင်းပယ်မည်ဟု ဆိုးရိမ်စရာရှိပါ၏။ သို့မဟုတ်၊ ဆင်းရဲ၍ သူ့ဥစ္စာကိုခိုးသဖြင့်၊
အကျွန်ုပ်၏ ဘုရားသခင် နာမ တော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုမည်ဟု စိုးရိမ်စရာ ရှိပါ၏။ 10 ကျွန်၏ အကျိုးကိုဖျက်ခြင်းငှါ
သူ၏သခင်ကို မပြောနှင့်။ ပြောလျှင်ကျွန်သည် သင့်ကိုကျိန်ဆဲ၍၊ သင်၌ အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၏။ 11 အဘကိုကျိန်ဆဲ၍
အမိကိုလည်း ကောင်းကြီး မပေးတတ်သောလူတမျိုး၊ 12 ငါသည် စင်ကြယ်၏ဟု မိမိကိုယ်ထင်သော် လည်း၊ မိမိအညစ်အကြေးမှ
မဆေးကြောသေးသော လူတမျိုး၊ 13 အလွန်စိတ်မြင့်၍ မော်ကြည့်တတ်သော လူတမျိုး၊ 14 ဆင်းရဲသောသူတို့ကို မြေကြီးပေါ်ကငင်း၊
ငတ်မွတ်သောသူတို့ကို လူစုထဲကငင်း၊ ကိုက်စားပယ်ရှင်း စရာဘို့ သန်လျက်နှင့်တူသောသွား၊ ထားနှင့်တူသော အံနှင့် ပြည့်စုံသော
လူတမျိုးရှိ၏။ 15 မျှော့ကောင်၌ပေးပါနှင့်ပေးပါဟူသော သမီးနှစ် ကောင်ရှိ၏။ အလိုဆန္ဒမပြေနိုင်သော အရာသုံးပါးမက၊
တန်တော့ဟု မဆိုတတ်သော အရာလေးပါးဟူမူကား၊ 16 သင်္ချိုင်းတပါး၊ မြုံသောမိန်းမဝမ်းတပါး၊ ရေမဝ နိုင်သောမြေတပါး၊
တန်တော့ဟု မဆိုတတ်သော မီးတပါးတည်း။ 17 အဘကိုကျီစားသောသူ၊ အမိ စကားကိုနားမထောင်၊ မထီမဲ့မြင်ပြုသောသူ၏
မျက်စိကို ချိုင့်၌ကျင်လည် သောကျီးအတို့သည် နှိုက်ကြလိမ့်မည်။ ရွှေလင်းတသငယ်တို့သည်လည်း စားကြလိမ့်မည်။ 18
ငါ့ဉာဏ်မမှီနိုင်သော အရာသုံးပါးမက၊ ငါမသိ၊ နားမလည်နိုင်သော အရာလေးပါးဟူမူကား၊ 19 လေ၌ရွှေလင်းတသွားရာလမ်းတပါး၊
ကျောက် ပေါ်မှာ မြွေသွားရာလမ်းတပါး၊ ပင်လယ်အလယ်၌ သင်္ဘောသွားရာလမ်းတပါး၊ အပျိုမနှင့် ယောကျ်ားသွား
ရာလမ်းတပါးတည်း။ 20 မျောက်မထားသော မိန်းမလမ်းလည်း ထိုအတူ ဖြစ်၏။ အစာစားပြီးမှ မိမိပစပ်ကိုသုတ်၍၊ ဒုစရိုက်ကို
ငါမပြုမိဟုဆိုတတ်၏။ 21 မြေကြီးကို မွှေနှောက်သောအရာသုံးပါးမက၊ မြေကြီးမခံနိုင်သော အရာလေးပါးဟူမူကား၊ 22
မင်းပြုသောကျွန်တပါး၊ ဝစွာစားရသော လူမိုက် တပါး၊ 23 လက်ထပ်သော မိန်းမဆိုးတပါး၊ သခင်မ ဥစ္စာ ကို အမွေခံရသော
ကျွန်မတပါးတည်း။ 24 မြေကြီးပေါ်မှာ သေးနုပ်သော်လည်း၊ အထူး သဖြင့် ပညာရှိသော အရာလေးပါးဟူမူကား၊ 25
ခွန်အားမရှိသောအမျိုးဖြစ်သော်လည်း၊ နွေ ကာလ၌ မိမိစားစရာကို ပြင်ဆင်တတ်သော ပရွက်ဆိတ် တပါး၊ 26 မသန်စွမ်းသော
အမျိုးဖြစ်သော်လည်း၊ ကျောက် တွင်း၌ နေရာချတတ်သော ရှာဖန်ယုန်တပါး၊ 27 မင်းမရှိသော်လည်း၊ တပ်ဖွဲ့၍ အစဉ်အတိုင်း
သွားတတ်သောကျိုင်းတပါး၊ 28 လက်ဖြင့်ကိုင်ဆွဲ၍၊ နန်းတော်၌ပင် နေတတ် သော အိမ်မြှောင်တပါးတည်း။ 29
ကောင်းစွာသွားတတ်သော အရာသုံးပါးမက၊ အသွားလှသော အရာလေးပါးဟူမူကား၊ 30 တိရစ္ဆာန်တကာတို့ထက် ခွန်အားကြီး၍၊
အဘယ်သူကိုမျှ မရှောင်တတ်သော ခြင်္သေ့တပါး၊ 31 စစ်မြင်းတပါး၊ ဆိတ်ထီးတပါး၊ အဘယ်သူမျှ မဆီးတားနိုင်သော
ရှင်ဘုရင်တပါးတည်း။ 32 သင်သည် ကိုယ်ကိုချီးမြှောက်၍ မိုက်သောအမှု ကို ပြုမိသော်ငင်း၊ မကောင်းသော အကြံကိုကြံမိ သော်ငင်း၊
သင်၏နှုတ်ကို လက်နှင့်ပိတ်ထားလော့။ 33 အကယ်စင်စစ် နို့ကိုမွှေလျှင် ထောပတ်တွက် တတ်၏။ နှာခေါင်းကိုဆွဲလိမ်လျှင်
အသွေးထွက်တတ်၏။ ထိုနည်းတူ၊ ဒေါသကိုနှိုးဆော်လျှင် ခိုက်ရန်ထွက်တတ်၏။

---

Proverbs 01

ယာကေ... အာဂုရ.... ဣသေလနှင့် ဥကလ
လူယောကျ်ားများ အမည်။

ယာကေသားအာဂုရ
ယာကေ၏သားအရင်း အာဂုရ၊ မြေးမဟုတ်ပါ။

ဆုံးမသောတရားစကား
"တရားစကား"

ဣသေလနှင့် ဥကလ
"ဣသေလထံသို့ နှင့် ဥကလ ထံသို့"

အကယ်စင်စစ်
"အမှန်အကန်" သို့မဟုတ် "ယုံမှားဖွယ်မရှိ"


generated on Sun Jun 30 02:37:40 2024

လူညာဏ်နှင့် မပြည့်စုံ
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် နားလည်သကဲ့သို့ ငါသည် နားလည်ခြင်းမရှိ။"

သန့်ရှင်းသော အရာ တို့ကို မလေ့ကျက်
အခြားသောဘာသာပြန်ဆိုချက်၊ "သန့်ရှင်းသောသူ နားလည်သကဲ့သို့ ငါသည် နားလည်ခြင်းမရှိ။"

Proverbs 04

ကောင်းကင်ဘုံက... ဆင်းလာသနည်း။ အဘယ်သူသည် မိမိလက်နှင့်။ အဘယ်သူသည် အဝတ်နှင့် ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူ။
စာရေးသူသည် ထာဝရဘုရား၏ ကြီးမြတ်ခြင်းအကြောင်းကို သိမှတ်နိုင်ရန် ထိုသို့မေးခွန်းကို မေးမြန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှ ကောင်းကင်ဘုံက မဆင်းလာပါ။ မည်သူမျှ မိမိလက်ဖြင့်....၊ မည်သူမျှ မိမိအဝတ်ဖြင့်....၊ မည်သူမျှ မြေကြီးစွန်းကို...၊ မည်သူမျှ ဤအရာများကို မလုပ်ခဲ့ပါ။"

ကောင်းကင်ဘုံ
ထာဝရဘုရား စံမြန်းရာအရပ်

လေကို မိမိလက်နှင့် ဆုပ်ထား
စာရေးသူသည် လေကို လူ၏လက်ဖြင့် ဖမ်းဆုပ်၍ ရသကဲ့သို့ ရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိမိလက်ဖြင့် လေကို ဆုပ်ထားသဖြင့်"

မိမိလက်နှင့်
ရေ သို့မဟုတ် သဲကို ကိုင်ဆုပ်သည့် အသွင် "လက်ဖြင့် ကိုင်စွဲလျှက်"

ဆုပ်ထား
ပြန့်ကျဲနေသောအရာတစ်ခုကို တစ်စုတစ်စည်းတည်း ထား၍ ကိုင်သည်။

မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူတည်စေသနည်း။
"မြေကြီး၏ အစွန်းကို မည်သူ ကန့်သတ်ထားသနည်း" သို့မဟုတ် "မြေကြီး၏ နယ်နိမိတ်ကို အဘယ်သူ သတ်မှတ်ထားသနည်း"

သူ၏ အမည် နှင့်သူ၏သားအမည်ကား အဘယ်သို့နည်း။
စာဖတ်သူများသည် အဖြေကို သိရှိပါက ဖြေကြားရမည့် မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သိလျှင် သူ၏ နာမည်နှင့် သူ့သားနာမည်ကို ပြောပြပါ။"

သင်ပြော နိုင်သလော
စာရေးသူသည် သရော်သောအားဖြင့် လူများသိနိုင်သည့်အရာ၊ ဖြေကြားနိုင်သည့်အရာမဟုတ်ကြောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ထိုအရာများ၏ အဖြေကို သိမည်ဟု ငါသည် မျှော်လင့်မထား။"

Proverbs 05

စုံစမ်းသည်
သံကို အရည်ကြို၍ မကောင်းသည့်အရာများကို ပယ်ရှားသကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဖိုးရှိ သတ္တုကဲ့သို့ဖြစ်၍ မလိုအပ်သည်များကို ဖယ်ရှားသည်"

ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင်သည် အကွယ်အကာဖြစ်တော်မူ၏။
လူကို အကာအကွယ်ပေးသော အရာ။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ထံသို့လာသော သူတို့ကို ခိုလှုံခွင့်ပေးသည်"

စကားတော်၌ ထပ်၍သွင်း
သူပြောသော စကားထက် ပို၍ပြောဆိုသည်

အကျွန်ုပ်မှ အနတ္တနှင့် မုသာကိုပယ်တော်မူပါ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) လူတို့အား အနတ္တနှင့် မုသာစကားကို မဆိုစေနှင့်" သို့မဟုတ် (၂) "အနတ္တနှင့် မုသာစကားကို ကျွန်ုပ်အား ပြောဆိုခွင့် မပေးပါနှင့်"

အနတ္တ
မှားယွင်းသော၊ အသုံးမကျသော စကားလုံးများ

ဆင်း ရဲခြင်းနှင့် ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်
စာရေးသူသည် "ဆင်းရဲခြင်း" နှင့် "ချမ်းသာခြင်း" ကို လူကို ပေး၍ရသည့် ဥစ္စာအလား ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်အား အလွန် ဆင်းရဲခြင်း သို့မဟုတ် ချမ်းသာခြင်းကို မပေးပါနှင့်။"

အကျွန်ုပ်သည် ကြွယ်ဝ၍၊ ထာဝရ ဘုရားကား၊ အဘယ်သူနည်း။
ဖြစ်ခဲ့ဖူးခြင်း မရှိသော်လည်း စာရေးသူကိုယ်တိုင် ချမ်းသာခြင်းနှင့် ကြုံခဲ့သော်ဟူသော အတွေးဖြစ်သည်။

ဆင်းရဲ၍ သူ့ဥစ္စာကိုခိုး
ဖြစ်ခဲ့ဖူးခြင်း မရှိသော်လည်း စာရေးသူကိုယ်တိုင် ဆင်းရဲခြင်းနှင့် ကြုံခဲ့သော်ဟူသော အတွေးဖြစ်သည်။

အကျွန်ုပ်၏ ဘုရားသခင် နာမ တော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုမည်။
"အကျွန်ုပ်သည် ခိုးယူကြောင်းသိသောသူသည် ဘုရားသခင် ၏ နာမတော်ကို ရှုတ်ချလိမ့်မည်" သို့မဟုတ် "ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ကျွန်ုပ်သည် ခိုးယူခြင်းဖြင့် ပျက်ယွင်းစေမည်။"

Proverbs 07

အနတ္တနှင့် မုသာ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

အနတ္တ
အသုံးမဝင်သောစကား

ဆင်းရဲခြင်းနှင့် ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်
"ဆင်းရဲခြင်း" နှင့် "ချမ်းသာခြင်း" စိတ္တဇနာမ်များကို
နာမဝိသေသနဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ချမ်းသာ၊
အလွန်ဆင်းရဲခြင်း တစ်ခုခုသို့ ငါ့ကိုမရောက်ပါနစေနှင့်"

ငါသည်ကြွယ်ဝလျှင် သင့်ကိုငါငြင်းပယ်နိုင်သည်။
အမှန်တော့ မဖြစ်ပျက်လာပါ၊ သို့သော် စာရေးသူသည်
ချမ်းသာလာနိုင်သည်။

ဆင်းရဲ၍ ဥစ္စာခိုးသည်
အမှန်တော့ စာရေးသူသည်မဆင်းရဲပါ၊
သို့သော်သူဆင်းရဲလာနိုင်သည်။

ဘုရားသခင်၏နာမကို မုသာနှင့်မြွတ်ဆိုသည်
"ဘုရားသခင်၏ ဂုဏ်တော်ကို ခိုးခြင်းဖြင့် ငါနာကျင်စေသည်။"

Proverbs 10

အကျိုးကိုဖျက်ခြင်းငှါ
သူ့ကိုဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် မကောင်း ပြောဆိုခြင်း။

ကျိန်ဆဲ
ကျွန်တို့သည် ကျိန်ဆဲ၍

သင်၌ အပြစ်ရောက်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် သင့်ကို
အပြစ်သင့်စေ၍"

Proverbs 11

အဘကိုကျိန်ဆဲ၍ အမိကိုလည်း ကောင်းကြီး မပေးတတ်သောလူတမျိုး
"အချင်းချင်း ကျိန်ဆဲသောလူများ .... ကောင်းကြီးမပေးကြဘဲ"

လူမျိုး
အမျိုးအစား သို့မဟုတ် အမျိုး သို့မဟုတ် အစုအဖွဲ့

ငါသည် စင်ကြယ်၏ဟု မိမိကိုယ်ထင်
ထင်ခြင်းသည် ရှုမြင်ခြင်း၊ မြင်ခြင်းသည် အတွေး သို့မဟုတ်
ဆုံးဖြတ်ခြင်း ရှုမြင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"မိမိကိုယ်ကို ဖြူစင်သည်ဟု ယူဆသည်" သို့မဟုတ်
"စင်ကြယ်ကြသည်ဟု ထင်မြင်သည်။"

မိမိအညစ်အကြေးမှ မဆေးကြောသေးသော လူ
"ဆေးကြော" နှင့် "အညစ်အကြေး" ကို ဘုရားသခင်ကိုယ်တိုင်
လူတို့၏ မသန့်စင်သည့်အရာကို ထင်ဟပ်စေသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူတို့၏
အပြစ်ကို ခွင့်မလွှတ်ဘဲ။"

အညစ်အကြေး
လူ သို့မဟုတ် တိရိစ္ဆာန်တို့ အံဖတ်၊ အညစ်အကြေး

Proverbs 13

အလွန်စိတ်မြင့်၍ မော်ကြည့်တတ်သော လူတမျိုး
ဤစာကြောင်းသည် သူများတကာထက် ကောင်းကြောင်း
ကြွားဝါတတ်သူ။ မောက်မာခြင်းကို မျက်စိအားဖြင့်
လည်းကောင်း၊ အခြားလူများအား ကြည့်သည့်အသွင်သည် နှိမ်၍
ဆက်ဆံသည့်အလား ပုံဖော်သည်။

ဆင်းရဲသောသူတို့ကို မြေကြီးပေါ်ကငင်၊ ငတ်မွတ်သောသူတို့ကို
လူစုထဲကငင်၊ ကိုက်စားပယ်ရှင်း စရာဘို့ သန်လျက်နှင့်တူသောသွား၊
ထားနှင့်တူသော အံနှင့် ပြည့်စုံသော လူတမျိုးရှိ၏
ဤလူမျိုးတို့ ပြောသောစကားသည် အလွန်
အန္တရာယ်ကြီးကြောင်းကို တိရိစ္ဆာန်အကောင်များ၏
အစွယ်ပမာဖြစ်ကြောင်း၊ ဆင်းရဲသားများကို
ကိုက်စားတတ်ကြောင်း ရေးဖွဲ့ထားသည်။

သွား
မေးရိုး

Proverbs 15

မျှော့ကောင်၌ သမီးနှစ် ကောင်ရှိ၏။
လိုချင်သော ရမ္မက်အကြောင်းကို အထူးပြုလိုခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လောဘသည်
သမီးနှစ်ပါးရှိသည်"

မျှော့
တီကောင်အမျိုးအစားထဲမှ လူ၏ အသွေးကို စုပ်တတ်သော
အကောင်

ပေးပါနှင့်ပေးပါဟူသော
"သူတို့နှစ်ယောက်ကို ပေးပါဟု သမုတ်သည်"

အလိုဆန္ဒမပြေနိုင်သော အရာသုံးပါးမက၊ တန်တော့ဟု မဆိုတတ်သော
အရာလေးပါး
"သုံးပါး" နှင့် "လေးပါး" တို့သည် ကဗျာ၏
ဖွဲ့စည်းမှုတစ်ခုသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"တန်တော့' ဟု မဆိုတတ်သည့် အလိုဆန္ဒမပြေနိုင်သော
အရာလေးပါးရှိသည်"

အလိုဆန္ဒမပြေနိုင်သော
အခြားသောဘာသာပြန်ဆိုချက်၊ "အစဉ်အမြဲလိုနေသည်"

ရေမဝ နိုင်သောမြေတပါး
စားစရာအပင် မပေါက်သောမြေကို မိုးမရွာသောကြောင့်
ခြောက်ကပ်ခြင်းကို အာသာမပြေနိုင်သော လူနှင့်
ခိုင်းနှိုင်းညွှန်းဆိုသည်။



generated on Sun Jun 30 02:37:40 2024

အမိ စကားကိုနားမထောင်
"နားထောင်ခြင်း" ကို မိခင်ကိုယ်တိုင်အား ဖော်ဆိုလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့မိခင်၏ အသုံးမကျမှုကို သိသဖြင့် နားမထောင်တတ်"

သူ၏ မျက်စိကို ... ကျီးအတို့သည် နှိုက်ကြလိမ့်မည်။
စာရေးသူက သေဆုံးသောသူအကြောင်းကို လူများကျဆုံးသည့်အချိန်တွင်ဖြစ်တတ်သော ပုံရိပ် နှစ်ခုဖြင့် ဖော်ပြခြင်း ဖြစ်သည်။

ကျီးအ
အပင်များနှင့် သေနေသော အကောင်များစားတတ်သည့် ငှက်

ရွှေလင်းတသငယ်တို့သည်လည်း စားကြလိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လင်းတတို့သည် စားကြလိမ့်မည်။"

ရွှေလင်းတ
သေနေသည့်အကောင်များ စားတတ်သည့် ထိပ်ပြောင်သော အကောင်ကြီးသည့် ငှက်

Proverbs 18

ငါ့ဉာဏ်မမှီနိုင်သော အရာသုံးပါးမက၊ ငါမသိ၊ နားမလည်နိုင်သော အရာလေးပါး
"သုံးပါး" နှင့် "လေးပါး" တို့သည် ကဗျာ၏ ဖွဲ့စည်းမှု တစ်ခုသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါမသိ နားမလည်နိုင်သော ထူးဆန်းသည့်အရာ လေးခုရှိသည်။"

ပင်လယ်အလယ်၌
အခြားသောဘာသာပြန်ဆိုချက်၊ "ပင်လယ်ရေပြင်၌"

Proverbs 20

အစာစားပြီးမှ မိမိပါးစပ်ကိုသုတ်၍
ဥပမာစကားဖြစ်ပြီး ကာမကျူးလွန်သော သူသည် ကိစ္စပြီးသည့်အခါ ရေချိုးသည်အလား ဖော်ပြခြင်းဖြစ်သည်

Proverbs 21

မြေကြီးကို မွှေနှောက်သောအရာသုံးပါးမက၊ မြေကြီးမခံနိုင်သော အရာလေးပါး
"သုံးပါး" နှင့် "လေးပါး" တို့သည် ကဗျာ၏ ဖွဲ့စည်းမှုတစ်ခုသာဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးကို တုန်ခါစေ၍ မတည်မြဲစေသောအရာ လေးခုတို့မှာ"

ဝစွာစားရသော လူမိုက် တပါး
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူမိုက်သည် ဝလင်စွာစားရသည့်အချိန်"

လက်ထပ်သော မိန်းမဆိုးတပါး
ထိုမိန်းမဆိုးကို လင်မယူခင် လူများ မုန်းကြသည်။ အိမ်ထောင်ပြုပြီးနောက်တွင် ပို၍တောင် မုန်းလာကြသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူကောင်းများ မုန်းကြသော မိန်းမလက်ထပ်သည့်အချိန်" သို့မဟုတ် "ငြင်းပယ်ထားသော မိန်းမကို လက်ထပ်ယူသည့်အခါ"

သခင်မ ဥစ္စာ ကို အမွေခံရသော ကျွန်မတပါး
အိမ်ကို အုပ်စိုးသည်

ပုရွက်ဆိတ်
အရွယ်သေးငယ်သော တိရိစ္ဆာန်

ရှာဖန်ယုန်
သေးငယ်သော တွားတွားတိရိစ္ဆာန်

Proverbs 24

ရှာဖန်ယုန်
အမြီးမရှိ၊ ခြေတို နားလုံးဝန်းပြီး သေးငယ်သည့် တိရိစ္ဆာန်

Proverbs 27

အိမ်မြှောင်
ခြေလေးချောင်းရှိပြီး တွားသွားသည့် အမြီးရှိသတ္တဝါ

Proverbs 29

ကောင်းစွာသွားတတ်သော အရာသုံးပါးမက၊ အသွားလှသော အရာလေးပါး
"သုံးပါး" နှင့် "လေးပါး" တို့သည် ကဗျာ၏ ဖွဲ့စည်းမှုတစ်ခုသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသွင်ထူးစွာ လျှောက်တတ်သော အရာလေးပါးမှာ"

ကောင်းစွာသွားတတ်သော
ဘုရင်တစ်ပါးအလား ဂုဏ်ကျက်သရေရှိသော

စစ်မြင်း
အခြားပြန်ဆိုချက်များတွင် ကြက်ဖဟူ၍ ပြန်ဆိုသည်။

မွှေ
မွှေနှောက်သည်

ထောပတ်
တိရိစ္ဆာန်နို့မှ ထွက်သော ထောပတ်

Proverbs 32

မွှေသည်
ပြင်းထန်စွာမွှေသည်။

ထောပတ်
တိရိစ္ဆာန်နို့ကို တစ်ယောက်ယောက်က မွှေသည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

Proverbs 30:1

ဤစာစောင်ထဲတွင်မည်သူတို့ကို ဆုံးမစကားရေးသားထားသနည်း။
ဤစာစောင်ထဲတွင် ယာကေသားအာဂုရသည် ဣသေလနှင့် ဥကလ ကို ဆုံးမသောတရားစကား ဖြစ်သည်။

စာရေးသူ မလေ့လာခဲ့သည့်အရာက အဘယ်ရာနည်း။
စာရေးသူ မလေ့လာခဲ့သည့်အရာက ပညာတရားဖြစ်သည်။

Proverbs 30:5

ဘုရားသခင်၏စကားတော်၌ ထပ်ဖြည့်သောသူသည် မည်သို့ဖြစ်လိမ့်မည်နည်း။
ရားသခင်၏စကားတော်၌ ထပ်ဖြည့်သောသူကို ဘုရားသခင်ကို ပြစ်တင်တော်မူလိမ့်မည်။

Proverbs 30:7

စာရေးသူသည် မည်မျှချမ်းသာကြွယ်ဝဖို့ ဆန္ဒရှိသနည်း။
စာရေးသူသည် ဆင်းရဲခြင်း သော်၎င်း၊ ချမ်းသာခြင်းသော်၎င်း မလိုချင်ပါ။

သူချမ်းသာလျှင် မည်သည့်အရာလုပ်မိမည်ကို စာရေးသူစိုးရိမ်သနည်း။
စာရေးသူသည် သူချမ်းသာလျှင် ထာဝရဘုရားကို မေ့လျော့၍ ကိုယ်တော်ကို ငြင်းပယ်မိမည်ကို စိုးရိမ်သည်။

Proverbs 30:11

မည်သူတို့သည် သူတို့၏အညစ်အကြေးကို မဆေးကြောသနည်း။
သူတို့၏မိခင်ကို ကောင်းကြီးမပေးသောသူနှင့် သူတို့ဖခင်ကို ကျိန်ဆဲသောသူတို့၏ မျိုးဆက်များသည် မိမိတို့၏အညစ်ကြေးများကို ဆေးကြောခြင်းမရှိ။

Proverbs 30:13

မာနကြီးသောလူမျိုးသည်ဆင်းရဲသောသူတို့ကို မည်သို့ပြုလုပ်ကြသနည်း။
မာနကြီးသောလူမျိုးသည်ဆင်းရဲသောသူတို့ကို ဖျက်ဆီးတတ်သည်။

Proverbs 30:15

'တန်တော့' ဟု မဆိုတတ်သောအရာလေးပါးကမည်သည့်အရာဖြစ်သနည်း။
ဤသို့သောအရာလေးပါးသည် သင်္ချိုင်းတပါး၊ မြုံသောမိန်းမဝမ်းတပါး၊ ရေမဝ နိုင်သောမြေတပါး၊ မီးတပါး တို့ဖြစ်သည်။

Proverbs 30:18

အလွန်အံ့သြဖွယ်ဖြစ်သောကြောင့် စာရေးသူနားမလည်နိုင်သည့် ဒုတိယ အရာကမည်သည့်အရာ ဖြစ်သနည်း။
စာရေးဆရာနားမလည်နိုင်သည့် အရာက ကျောက် ပေါ်မှာ မြွေသွားရာလမ်းဖြစ်သည်။

Proverbs 30:21

မြေကြီးကိုတုန်လှုပ်စေသောအရာဟု စာရေးသူပြောထားသော ပထမအရာသည် မည်သည့်အရာဖြစ်သနည်း။
မြေကြီးကိုတုန်လှုပ်စေသောအရာဟု စာရေးသူပြောထားသောအရာသည် ကျွန်တစ်ယောက် ဘုရင်ဖြစ်လာခြင်း ဖြစ်သည်။

Proverbs 30:27

စာရေးသူသည် မည်သည့်အံ့သြဘွယ်ရာကို ကျိုင်းကောင်များတွင် တွေ့သနည်း?
ကျိုင်းကောင်များသည် ဘုရင်မရှိသော်လည်း အဖွဲ့လိုက်ချီတက်နိုင်သည့်အချက်ကို စာရေးသူသည် အံ့သြစရာဟု မြင်သည်။

Proverbs 30:29

အဘယ်သူကိုမျှ မရှောင်သောအရာသည် မည်သည့်အရာဖြစ်သနည်း။
အဘယ်သူကိုမျှ မရှောင်သောအရာသည် ခြင်္သေ့ဖြစ်သည်။

Proverbs 30:32

ပုဂ္ဂိုလ်တစ်ဦးသည်မကောင်းသောအကြံကိုကြံစည်ပြီးသူတို့သည် အဘယ်သို့ပြုသနည်း။
ပုဂ္ဂိုလ်တစ်ဦးသည်မကောင်းသောအကြံကိုကြံစည်ပြီး သူ၏နှုတ်ကို လက်နှင့်ပိတ်ထားတတ်ကြသည်။

ဒေါသသည် မည်သည့်အရာကို ဖြစ်စေတတ်သနည်း။
ဒေါသသည် ခိုက်ရန်ဖြစ်ပွားခြင်းကို ဖြစ်စေတတ်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 31

1 လေမွေလမင်းကြီး၏ မယ်တော်သည်သားကို ဆုံးမသွန်သင်သော တရားစကားဟူမူကား၊ 2 ငါ့သားအဘယ်သို့နည်း။
ငါ့ဘွားသောသား၊ အဘယ်သို့နည်း။ ငါ့၏သစ္စာဂတိနှင့်ဆိုင်သောသား အဘယ်သို့နည်းဟု မေးမြန်းသော်၊ 3 သင်၏အစွမ်းသတ္တိကို
မိန်းမတို့အားမပေးနှင့်။ ရှင်ဘုရင်တို့ကိုဖျက်ဆီးတတ်သာအရာ၌ သင့်၏အကျင့် အကြံ အပြုအမူတို့ကို မအပ်နှင့်။ 4 အိုလေမွေလ၊
စပျစ်ရည်သောက်သောအမှုနှင့် သေရည်သောက်သောအမှုသည် ရှင်ဘုရင်၊ မင်းသား တို့ကိုနှင့် မတော်မသင့်။ 5
သူတို့သည်သောက်လျက် တရားတော်ကို မေ့ လျော့၍၊ ဆင်းရဲသောအမှုကို မတရားသဖြင့် စီရင် ဆုံးဖြတ်မည်ဟု စိုးရိမ်စရာရှိ၏။ 6
ဆုံးလုသောလူအား သေရည်သေရက်ကိုငင်း၊ စိတ်ညစ်သောသူအား စပျစ်ရည်ကိုငင်း၊ ပေးလော့။ 7 ထိုသူတို့သည် သောက်၍
မိမိဒုက္ခဆင်းရဲကို မအောက်မေ့ဘဲ မေ့လျော့ပါစေ။ 8 ကိုးကွယ်ရာမရှိသော သူအပေါင်းတို့၏အမှုကို စောင့်ခြင်းငှါ၊
စကားအသောသူတို့ဘက်မှာ နေ၍ပြော လော့။ 9 စကားပြောလျက်၊ တရားသဖြင့်စီရင်လျက်၊ ဆင်းရဲငတ်မွတ်သောသူတို့၏
အမှုကိုစောင့်လော့။ 10 သီလနှင့်ပြည့်စုံသော မိန်မကိုအဘယ်သူတွေ့ရ သနည်း။ ထိုသို့သောမိန်းမသည် ပတ္တမြားထက် အဘိုး သာ၍
ထိုက်ပေ၏။ 11 သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍၊ ဆင်းရဲခြင်းနှင့် ကင်းလွတ်လိမ့်မည်။ 12 ထိုမယားသည် မိမိခင်ပွန်းအကျိုးကို မဖျက်၊
တသက်လုံးပြုစုတတ်၏။ 13 သိုးမွေးနှင့်ဝါကို ရှာ၍၊ မိမိလက်နှင့် အလို အလျောက် လုပ်တတ်၏။ 14 ကုန်သည် သင်္ဘောကဲ့သို့ဖြစ်၍၊
စားစရာကို ဝေးသောအရပ်မှ ဆောင်ခဲ့တတ်၏။ 15 မိုးမလင်းမီထလျက်၊ အိမ်သူအိမ်သားတို့အား စားစရာကိုငင်း၊ ကျွန်မတို့အား
အငန်အတာကိုငင်း၊ ပေးဝေတတ်၏။ 16 ကောင်းမွန်စွာ ဆင်ခြင်၍၊ လယ်ကွက်ကိုဝယ်ယူ တတ်၏။ ကိုယ်တိုင်လုပ်၍ရသောငွေနှင့်
စပျစ်ဥယျာဉ်ကို ပြုစုတတ်၏။ 17 မိမိခါးကို ခွန်အားနှင့်စည်း၍၊ မိမိလက်တို့ကို သတ်မြန်စေတတ်၏။ 18
မိမိလုပ်သောဥစ္စာကောင်းသည်ကို ရိပ်မိ၍၊ သူ၏မီး ခွက်သည် တညလုံးမသေတတ်။ 19 ချည်ဖြစ်တတ်သော တန်ဆာတို့ကို ကိုယ်လက်
နှင့် ကိုင်၍ လုပ်ဆောင်တတ်၏။ 20 ဆင်းရဲသောသူတို့အား လက်ကိုဖြန့်၍၊ ငတ်မွတ် သောသူတို့အား လက်ရုံးကိုဆန့်တတ်၏။ 21
မိုးယံပွင့်ကျသော်လည်း၊ မိမိအိမ်သူ အိမ်သားတို့ အတွက်မစိုးရိမ်၊ အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီကို ဝတ်ကြ၏။ 22
ကိုယ်အလို့စောင်တို့ကို ရက်၍၊ ပိတ်ချောနှင့် မောင်းသောအထည်ကို ဝတ်တတ်ကြ၏။ 23 သူ၏ခင်ပွန်းသည်လည်း မြို့တံခါးတို့၌
ပြည်သား အသက်ကြီးသူတို့နှင့်ထိုင်၍၊ ထင်ရှားသောသူ ဖြစ်၏။ 24 ချောသောအထည်လိပ်ကို ရက်၍ရောင်းတတ် ၏။
ခါးစည်းတို့ကိုလည်း ကုန်သည်၌ချတတ်၏။ 25 လုပ်လုပ်သောအထည်အလိပ်သည် ခိုင်ခံ့၍၊ လှသောအဆင်းနှင့် ပြည့်စုံသဖြင့်၊
သူသည်နောင်ကာလ၌ ဝမ်းမြောက်လိမ့်မည်။ 26 ပညာစကားကို ပြောတတ်၍၊ မေတ္တာတရား အားဖြင့် နှုတ်မြွက်တတ်၏။ 27
အိမ်သူအိမ်သား ပြုမူသမျှတို့ကို ကြည့်ရှုတတ် ၏။ပျင်းရိခြင်းအစာကို မစားတတ်၊ 28 သူ၏သားသမီးတို့သည်ထ၍၊ အမိကို ကောင်း
ကြီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း၊ 29 လူမျိုးသမီးအများတို့သည် ကောင်းမွန်စွာ ပြုကြ ပြီ။ သို့ရာတွင်၊ သင်သည်
ထိုသူအပေါင်းတို့ကို လွန်ကဲပြီ ဟု သူ့ကို ချီးမွမ်းတတ်၏။ 30 ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏။
လှသောအဆင်းသည်လည်း အချည်းနှီးဖြစ် ၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား၊ ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ 31
ထိုသို့သော မိန်းမကျင့်ရာ အကျိုးကိုပေးလော့။ သူပြုသောအမှုသည် မြို့တံခါးတို့၌ သူ၏အသရေကို ထင်ရှားစေသတည်း။

# Ecclesiastes

## Chapter 1

1 ဒါဝိဒ်၏သားတော်၊ ဓမ္မဒေသနာဆရာဖြစ်သော ယေရုရှလင်မင်းကြီး၏စကားဟူမူကား၊ 2 အနတ္တသက်သက်၊ အနတ္တသက်သက်၊
ခပ်သိမ်းသောအရာတို့သည် အနတ္တဖြစ်ကြ၏။ 3 လူသည် နေအောက်မှာ ကြိုးစားအားထုတ်သမျှ တို့၌ အဘယ်အကျိုးရှိသနည်း။ 4
လူတဆက်လွန်သွား၏။ တဆက်ပေါ်လာ၏။ မြေကြီးမူကား အစဉ်အမြဲတည်၏။ 5 နေလည်းထွက်လျက် ဝင်လျက်၊ ထွက်ရာအရပ်သို့
တဖန်ပြေးလျက်၊ တောင်လမ်းသို့လိုက်၍၊ တဖန် မြောက်လမ်းသို့ ပြန်လည်တတ်၏။ 6 လေသည်လည်း အစဉ်လည်သွား၍၊ လည်ပြီး
သောအရပ်သို့ တဖန်ပြန်၍လည်ပြန်တတ်၏။ 7 ခပ်သိမ်းသော မြစ်တို့သည် ပင်လယ်ထဲသို့ ရောက်ကြ၏။ သို့သော်လည်း၊
ပင်လယ်သည် မပြည့် တတ်။ မြစ်ရေသည် စီးထွက်ရာအရပ်သို့ တဖန်ပြန်သွား တတ်၏။ 8 ခပ်သိမ်းသော အရာတို့သည် လူမပြောနိုင်
အောင် ပင်ပန်းခြင်းနှင့် ယှဉ်ကြ၏။ မျက်စိသည် မြင်၍ မကုန်တတ်။ နားသည်လည်း ကြား၍မဝတတ်။ 9 ဖြစ်ဘူးသော အရာသည်
ဖြစ်လတံ့သောအရာ နှင့်တူ၏။ ယခုပြုသောအမှုသည် ပြုလတံ့သောအမှုအရာမရှိ။ 10 ကြည့်ပါ။ အသစ်ဖြစ်၏ဟုဆိုရသော အမှုအရာ
တစုံတခုရှိသလော။ ထိုအမှုအရာသည် ငါတို့အရင်၊ ရှေးကာလ၌ ဖြစ်ဘူးပြီ။ 11 ရှေးဖြစ်ဘူးသော အမှုအရာတို့ကို မေ့လျော့ တတ်၏။
နောက်ဖြစ်လတံ့သောအမှုအရာတို့ကိုလည်း၊ ထိုအမှုအရာနောက်၌ ဖြစ်လတံ့သော သူတို့သည် မေ့လျော့ကြလိမ့်မည်။ 12
ငါဓမ္မဒေသနာဆရာသည်၊ ယေရုရှလင်မြို့၌ ဣသရေလရှင်ဘုရင်ဖြစ်စဉ်တွင်၊ 13 မိုဃ်းကောင်းကင်အောက်၌ ပြုသမျှတို့ကို
ဉာဏ်ပညာ အားဖြင့်၊ ရှာဖွေစစ်ဆေးခြင်းငှါ နှလုံးထား၏။ လူသား တို့ ကျင်လည်ရာဘို့ ထိုပင်ပန်းစေသောအမှုကို ဘုရား
သခင်ပေးတော်မူပြီ။ 14 နေအောက်မှာ ပြုလေသမျှသော အမှုအရာ တို့ကို ငါမြင်ပြီ။ အလုံးစုံတို့သည် အနတ္တအမှု၊ လေကို
ကျက်စားသော အမှုဖြစ်ကြ၏။ 15 ကောက်သောအရာကို မဖြောင့်စေနိုင်။ ချို့တဲ့ သောအရာကို မရေတွက်ရာ။ 16 ငါသည်
ကိုယ်စိတ်နှလုံးထဲမှာ ပြောဆိုသည်ကား၊ ငါသည်ငါ့အရင်၊ ယေရုရှလင်မြို့၌ ဖြစ်ဘူးသောသူ အပေါင်းတို့ထက် ကြီးမြင့်၍ပညာရှိ၏။
အကယ်စင်စစ် ငါ့စိတ်နှလုံးသည် ပညာအတတ်များကို အထူးသဖြင့် လေ့ကျက်၏။ 17 ပညာတရားကိုငှင်း၊ လျှပ်ပေါ် ခြင်းနှင့် မိုက်မဲ
ခြင်းတို့ကိုငှင်း ပိုင်းခြား၍ သိအံ့သောငှါ ငါသည်နှလုံး ထား၏။ ထိုအမှုသည်လည်း၊ လေကို ကျက်စားသောအမှု ဖြစ်သည်ကို ရိပ်မိ၏။
18 အကြောင်းမူကား၊ ပညာများလျှင်၊ ငြိုငြင်စရာ အကြောင်းများ၏။ သိပ္ပံအတတ် တိုးပွားသောသူသည် ဝမ်းနည်းခြင်း
တိုးပွားတတ်၏။

---

Ecclesiastes 01

လူတဆက်လွန်သွား၏။ တဆက်ပေါ်လာ၏။
ဤဖော်ပြချက်မှာ နေမင်းသည်နေ့ရက်၏အဆုံး၌ဝင်ပြီး
နောက်တဖန်မကြာမီ ပြန်ထွက်ရန်
မည်သို့အဆင့်သင့်ရှိသကဲ့သိုလည်းကောင်း၊ လူတစ်ယောက်သည်
သူရှိနေသောနေရာမှ အခြားနေရာသို့
လျှင်မြန်စွာပြေးကြောင်းကိုဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မူလနေရာသို့ လျှင်မြန်စွာ
ပြန်လှည့် လာခြင်း" (သို့ ) လျှင်မြန်စွာ
မူလနေရာသို့သွားခြင်းဖြစ်သည်။ ( ရှု -

Ecclesiastes 04

ယေဘုယျအချက်အလက်
စာရေးသူအနေဖြင့် သူနားလည်ထားသည့်အတိုင်းသဘာဝ
တရား၏ အစဉ်ညွှန်ကြားချက်များကို တင်ဆက်ထားပါသည်။

Ecclesiastes 07

ယေဘုယျအချက်အလက်
စာရေးသူသည် သဘာဝနှင့် ပါတ်သက်သော အစီအစဥ်များကို
စူးစမ်းလေ့လာမှုများ ဆက်လက်လုပ်ဆောင်ပါသည်။

ခပ်သိမ်းသော အရာတို့သည် လူမပြောနိုင် အောင် ပင်ပန်းခြင်းနှင့် ယှဉ်ကြ၏
ပြီးနောက် လူသည်ဤအရာများကိုမရှင်းပြနိုင်ပဲ
အချည်းနှီးသက်သက်သာ ဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်များ "
ခပ်သိမ်းသောအရာတို့သည်ပင်ပန်းမှုများဖြစ်လာခြင်း"

မျက်စိသည် မြင်၍ မကုန်တတ်
ဤတွင် "မျက်စိ" ဟူသည် လူပုဂ္ဂိုလ်တစ်ယောက်လုံးကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"လူတစ်ယောက်သည်သူမြင်သောအရာအားဖြင့်မကျေနပ်နိုင်ပါ။"

နားသည်လည်း ကြား၍မဝတတ်။
ဤတွင် "နား" ဟူသည်မှာ လူပုဂ္ဂိုလ်တစ်ယောက်လုံးကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "
ပုဂ္ဂိုလ်တစ်ယောက်သည် သူကြားသောအရာဖြင့် မဝနိုင်ပါ။"


generated on Sun Jun 30 02:37:40 2024

Ecclesiastes 09

ယေဘုယျအချက်အလက်
လူသည် မိမိ၏လုပ်ရှားမှုများနှင့် ပါတ်သက်သောအရာ အသစ်ဘာမျှမရှိပါ။

ဖြစ်ဘူးသော အရာသည် ဖြစ်လတ့်သောအရာ နှင့်တူ၏။
အခြားသောဘာသာပြန်ဆိုချက် - "ဖြစ်ဘူးသောအရာသည် နောက်ပြန်ဖြစ်လာလိမ့်မည်ဖြစ်သည်။" (ရှု၊ figs-activepassive)

ကြည့်ပါ။ အသစ်ဖြစ်၏ဟုဆိုရသော အမှုအရာ တစုံတခုရှိသလော
အခြားသောဘာသာပြန်ဆိုချက် - "ကြည့်ပါ ဤအရာသည် အသစ်သောအရာဖြစ်သည်ဟုပြောနိုင်သည့်အကြောင်း ဘာမျှမရှိပါ။" (ရှု၊

ထိုအမှုအရာနောက်၌ ဖြစ်လတ့်သော သူတို့သည် မေ့လျော့ကြလိမ့်မည်။
ဤအရာကို အပြုသဘောဆောင်သော သဘောဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လူတို့သည် ထိုအရာများကို အောက်မေ့ကြမည်မဟုတ်ပါ။"

Ecclesiastes 12

ငါ နှလုံးထား၏။
အခြားသောဘာသာပြန်ဆိုချက် - "ငါကိုယ့်ငါ သန္နိဌာန်ချသည်။" (သို့) ငါ့ကိုယ်ငါ စိတ်ပိုင်းဖြတ်သည်။

ရှာဖွေစစ်ဆေးခြင်း
သူလေ့လာထားသော ဒီစကားစုနှစ်စုသည် အဓိပ္ပာယ်တူပြီး အလေးထားခြင်းလည်း တူညီသည်။

လူသားတို့ ကျင်လည်ရာ
အခြားသောဘာသာပြန်ဆိုချက် - "လူသားဖြစ်ခြင်း"

ပြုလေသမျှသော အမှုအရာ
အခြားသောဘာသာပြန်ဆိုချက် - "လူများလုပ်ဆောင်သော အရာတိုင်း"

အခိုးအငွေ့ပမာဏ
အခိုးအငွေ့ (သို့) အသက်ရှူခြင်း။ အခိုးအငွေ့သည် ကွယ်ပျောက်ပြီးအဆုံးမရှိသကဲ့သို့ အရာအားလုံးသည်လည်း ကြာရှည်ခံသော တန်ဖိုးလည်းမရှိပါ။
အခြားသောဘာသာပြန်ဆိုချက် - "လူတွေ ဘာလုပ်လုပ် ၎င်းသည် အသုံးမဝင်သော အခိုးအငွေ့ကဲ့သို့ (သို့ )
အဓိပ္ပာယ်မရှိသောအရာများကဲ့သို့ ဖြစ်သည်။" (ရှု -

လေကို ကျက်စားသောအမှု
စာရေးသူက လူများလုပ်ဆောင်သော အရာအားလုံးသည် လေကိုဖမ်းရန် ကြိုးစားခြင်း

ကွေ့ကောက်သောအရာမဖြောင့်စေနိုင် - လွန်သွားသောအရာသည်ရေတွက်၍မရနိုင်
အခြားသောဘာသာပြန်ဆိုချက် - "လူများသည် ကွေ့ကောက်သောအရာကို မဖြောင့်စေနိုင် - သူတို့သည် မရှိသောအရာကိုလည်း မရေတွက်နိုင်ပါ။"

Ecclesiastes 16

ငါသည်နှလုံး ထား၏။
အခြားသော ဘာသာပြန်ဆိုချက် - "ငါ ဆုံးဖြတ်ခဲ့သည်။"

လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်း
"မိုက်မဲခြင်း" နှင့် "လျှပ်ပေါ်ခြင်း" ဟူသော စကားလုံးသည် အဓိပ္ပာယ်အတူတူဖြစ်ပြီး မိုက်မဲစွာတွေးခေါ်ခြင်းနှင့် အကျင့်အကြံကို ကျက်သရေရှိစွာ ရည်ညွှန်းထားပါသည်။

ထိုအမှုသည်လည်း၊ လေကို ကျက်စားသောအမှု ဖြစ်သည်ကို ရိပ်မိ၏။
ဤအရာကို ဒေသနာ ၁:၁၄ ၌မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

---

## Translation Questions

Ecclesiastes 1:1

ဓမ္မဒေသနာဆရာသည် မည်သူမှ ဆင်းသက်လာသူဖြစ်သနည်း။
ဓမ္မဒေသနာဆရာသည် ယေရုရှလင်မြို့၏ဘုရင် ဒါဝိဒ်မှ ဆင်းသက်လာသူဖြစ်သည်။

Ecclesiastes 1:4

အစဉ်အမြဲတည်သောအရာသည် ဘာလဲ။
မြေကြီးသည် အစဉ်အမြဲတည်သည်။

Ecclesiastes 1:7

မျက်စိသည် ဘာအားဖြင့် မကုန်တတ်သနည်း။
မျက်စိသည်မြင်၍ မကုန်တတ်။

Ecclesiastes 1:9

ဘယ်အရာကို ပြီးမြောက်လိမ့်မည်နည်း။
ဖြစ်ဖူးပြီးသောအရာအားလုံးသည် ဖြစ်လာမည့်အရာများဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Ecclesiastes 1:12

ဓမ္မဒေသနာဆရာသည် မိမိစိတ်ကို ဘာအပေါ်သို့ ထားခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် ကောင်းကင်အောက်၌ရှိသော လူများပြုလုပ်၍ဖြစ်ပျက်ပြီးသောအရာခပ်သိမ်းကို ဉာဏ်ပညာအားဖြင့် လေ့လာရှာဖွေရန် စိတ်ဆုံးဖြတ်ထားသည်။

နေအောက်မှာ ပြုလေသမျှသော အမှုအရာ တို့သည် ဘာလုပ်ရန် ဖြစ်သနည်း။
နေအောက်မှာ ပြုလေသမျှသော အမှုအရာ တို့သည် အငွေ့ပြန်ရန်နှင့်လေကို ကျက်စားရန် ကြိုးပမ်းမှုဖြစ်သည်။

Ecclesiastes 1:16

မည်သည့်နေရာတွင် ငြိုငြင်စရာ များသနည်း။
ပညာကြွယ်ဝခြင်းတွင် ငြိုငြင်စရာ များ သည်။

## Chapter 2

1 တဖန်ငါသည် ကိုယ်စိတ်နှလုံးထဲမှာ ပြောသည် ကား၊ လာပါ။ ရွှင်လန်းခြင်းအားဖြင့် သင့်ကိုငါစုံစမ်းမည်။ သို့ဖြစ်၍၊
ကာမဂုဏ်၌ပျော်မွေ့လော့ဟု ဆိုရာတွင်၊ ထိုအမှုအရာသည်လည်း အနတ္တဖြစ်၏။ 2 ရယ်မောခြင်းကို သင်သည် အရူးဖြစ်၏ဟူ၍ ၎င်း၊
ရွှင်လန်းခြင်းကိုအဘယ်ကြောင့် ဤသို့ပြုသနည်း ဟူ၍၎င်း ငါဆိုရ၏။ 3 တဖန်လူသားတို့သည် မိုဃ်းကောင်းကင် အောက်၌၊
တသက်လုံးပြုသင့်သောအမှုကောင်းကို သိအံ့ သောငှါ၊ ပညာတရားကို လေ့ကျက်လျက်နှင့်၊ စပျစ်ရည် အလိုသို့လိုက်၍၊
မိုက်သောအကျင့်စလေ့၌ ကျင်လည်ခြင်း ငှါ၊ ငါကြံစည်၏။ 4 ကြီးကျယ်သောအလုပ်ကို စီရင်၍အိမ်တို့ကို ဆောက်၏။
စပျစ်ဥယျာဉ်တို့ကိုလည်း စိုက်၏။ 5 ဥယျာဉ်အမျိုးမျိုးကို ပြုစု၍၊ ခပ်သိမ်းသော အသီးမျိုးကို သီးသောအပင်တို့ကိုလည်း စိုက်၏။ 6
သစ်ပင်မျိုးနှင့် ပြည့်စုံသောတောကို ရေလောင်း စရာဘို့ ရေကန်တို့ကိုလည်း လုပ်၏။ 7 ကျွန်ယောက်ျား၊ ကျွန်မိန်းမတို့ကိုသိမ်းယူ၍၊
ကျွန်သားပေါက်များလည်းရှိကြ၏။ ငါ့အရင်၊ ယေရုရှလင် မြို့၌ဖြစ်ဘူးသော သူအပေါင်းတို့ထက်၊ ငါသည် တိရစ္ဆာန်
အကြီးအငယ်တို့နှင့် အလွန်ရတတ်၏။ 8 ရွှေငွေကိုငှင်း၊ ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊ ကျေးရွာတို့၌ ခွဲသောအခွန်ကိုငှင်း
ငါဆည်းပူး၏။ အငြိမ့် သမားယောက်ျားမိန်းမတို့ကိုငှင်း၊ လူသားတို့ ပျော်မွေ့ တတ်သော ကြင်လျှာမိန်းမမောင်းမမိသံတို့ကိုငှင်း
ငါသိမ်းယူ၏။ 9 ထိုသို့ငါ့အရင်၊ ယေရုရှလင်မြို့၌ ဖြစ်ဘူးသောသူ အပေါင်းတို့ထက်၊ ငါသည် တိုးပွါး၍ ကြီးမြင့်ခြင်းသို့ ရောက်၏။
ငါပညာလည်း တည်လျက်ရှိ၏။ 10 ငါ့မျက်စိတပ်မက် လိုချင်သောအရာ တစုံတခု ကိုမျှ ငါမငြင်း၊ ငါ့စိတ်ရွှင်လန်းစရာ
တစုံတခုကိုမျှမပယ်။ ငါကြိုးစားသမျှတို့၌ ဝမ်းမြောက်လျက်ရှိ၍၊ ကြိုးစားခြင်း အကျိုးကိုခံရ၏။ 11 ထိုအခါငါစီရင်ပြုပြင်သမျှ၊
ငါကြိုးစားအားထုတ် သမျှတို့ ကိုငါကြည့်ရှု၍၊ အလုံးစုံတို့သည် အနတ္တအမှု၊ လေကိုကျက်စားသော အကျိုးတစုံတခုမျှမရှိ။ 12
တဖန်ငါလှည့်၍ ပညာတရားကိုငှင်း၊ လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်းတရားတို့ကိုငှင်း ဆင်ခြင်၏။ရှင်ဘုရင် နောက်မှာ ဖြစ်သောသူသည်
အဘယ်သို့ ပြုနိုင်သနည်း။ ပြုဘူးသည်အတိုင်းသာ ပြုနိုင်၏။ 13 သို့ရာတွင်၊ အလင်းသည် မှောင်မိုက်ထက်မြတ် သကဲ့သို့၊ ပညာသည်
မိုက်မဲခြင်းထက်မြတ်သည်ကို ငါ သိမြင်၏။ 14 ပညာရှိသောသူ၏ မျက်စိတို့သည် သူ၏ ဦးခေါင်း၌ရှိ၏။ မိုက်သောသူမူကား၊
မှောင်မိုက်၌ ကျင်လည်တတ်၏။ သို့သော်လည်း ထိုသူအပေါင်းတို့သည် တခုတည်းသော်အမှုနှင့် တွေ့ကြုံတတ်သည်ကို ငါရိပ်မိ ၏။
15 သို့ဖြစ်၍၊ မိုက်သောသူတွေ့ကြုံသကဲ့သို့၊ ငါသည် တွေ့ကြုံလျှင်၊ အဘယ်ကြောင့်သူ့ထက်သာ၍ ပညာ ရှိသနည်းဟူ၍ငှင်း၊
ဤအမှုအရာသည်လည်း အနတ္တ ဖြစ်သည်ဟူငှင်း ငါအောက်မေ့၏။ 16 ယခုဖြစ်သမျှသော အမှုအရာတို့ကို နောင် ကာလ၌
မေ့လျော့လိမ့်မည်ဖြစ်၍၊ မိုက်သောသူသည် အစဉ်မအောက်မေ့သကဲ့သို့၊ ပညာရှိသောသူကိုလည်း အစဉ်မအောက်မေ့တတ်။
ပညာရှိသောသူသည် မိုက် သော သူသေသကဲ့သို့ သေတတ်ပါသည်တကား။ 17 ထိုကြောင့်၊ အသက်ရှင်ခြင်းကို ငါငြီးငွေ့၏။
နေအောက်မှာ ပြုသောအမှုသည် ငါ၌ခက်ခဲ၏။ အလုံးစုံ တို့သည် အနတ္တအမှု၊ လေကိုကျက်စားသောအမှု ဖြစ်ကြ ၏။ 18 ထိုမှတပါး၊
ငါသည်နေအောက်မှာ ကြိုးစား အားထုတ်သော အမှုအလုံးစုံတို့ကို ငါငြီးငွေ့ရသော အကြောင်းဟူမူကား၊ ထိုအမှုကို
ငါ့နောက်မှဖြစ်လတံ့ သောသူအဘို့ ငါချန်ထားရမည်။ 19 ထိုသူသည် ပညာရှိမည်လော၊ မိုက်မည်လောဟု အဘယ်သူ ပြောနိုင်သနည်း။
ထိုသူသည် ငါကြိုးစား အားထုတ်သမျှ၊ နေအောက်မှာငါ့ပညာကို ထင်ရှားပြလေ သမျှသော အမှုတို့ကို အစိုးရလိမ့်မည်၊
ထိုအမှုအရာသည် လည်း အနတ္တဖြစ်၏။ 20 ထိုကြောင့်နေအောက်မှာ ငါကြိုးစားအားထုတ် သမျှတို့၌ မြော်လင့်စရာမရှိ။
စိတ်ပျက်အောင်တဖန် ငါကြံစည်၏။ 21 အကြောင်းမူကား၊ ပညာရှိလျက် သိပ္ပံအတတ် နှင့် ပြည့်စုံလျက်၊ အမှုအောင်လျက်
ကြိုးစားအားထုတ် သောသူဖြစ်သော်လည်း၊ မကြိုးစား၊ အားမထုတ်သောသူ ဝင်စရာဘို့ ထိုအမှုကိုစွန့်ထားရမည်။ ထိုအမှုအရာသည်
လည်း အနတ္တအမှု၊ အလွန်ဆိုးသောအမှုဖြစ်၏။ 22 လူသည်နေအောက်မှာ ကြိုးစားအားထုတ်သော အမှု အလွန်စိတ်စွဲလမ်းသောအမှု၊
အလုံးစုံတို့၌ အဘယ် အကျိုးရှိသနည်း။ 23 သူ၏နေ့ရက်အပေါင်းတို့သည် ဝမ်းနည်းခြင်း၊ သူ၏အလုပ်အကိုင်လည်း
ငြိုငြင်ခြင်းဖြစ်၏။ ညဥ့်အခါ၌ ပင် သူ၏စိတ်နှလုံး မငြိမ်ရ။ ထိုအမှုအရာသည်လည်း အနတ္တဖြစ်၏။ 24 စားသောက်ခြင်းငှါငှင်း၊
ကြိုးစားအားထုတ်ရာ၌ စိတ်နှလုံးပျော်မွေ့ခြင်းငှါငှင်း၊ လူ၌ကောင်းသောအခွင့် မရှိ။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ၊
ထိုသို့သော အခွင့်ကို ရနိုင်သည်ဟု ငါသိမြင်၏။ 25 ဘုရားသခင်၏အခွင့်မရှိဘဲ အဘယ်သူစားရ သနည်း။ အဘယ်သူ ခံစားရသနည်း။
26 ရှေ့တော်၌ ကောင်းသောသူအား ဉာဏ်ပညာ၊ သိပ္ပံအတတ်နှင့် ဝမ်းမြောက်ခြင်းအခွင့်ကို ပေးတော်မူ၏။ အပြစ်ရှိသောသူအား
ပင်ပန်းစွာ အလုပ်လုပ်ရသော အခွင့်ကိုငှင်း၊ ဘုရားသခင်၏ရှေ့တော်၌ ကောင်းသော သူ အားပေးစရာဘို့
ဆည်ဖူးသိုထားရသောအခွင့်ကိုငှင်း ပေးတော်မူ၏။ ထိုအမှုအရာသည်လည်း အနတ္တအမှု၊ လေကိုကျက်စားသော အမှုဖြစ်၏။

---

Ecclesiastes 01

ငါသည် ကိုယ်စိတ်နှလုံးထဲမှာ ပြောသည်ကား
အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုယ်ငါ ပြောသည်။"

ရွှင်လန်းခြင်းအားဖြင့် သင့်ကိုငါစုံစမ်းမည်
ဤနေရာ၌ "သင်" ဟူသောစကားလုံးသည် သူ့ကိုယ်သူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -


generated on Sun Jun 30 02:37:40 2024

"ငါ့ကိုပျော်ရွှင်အောင်လုပ်ပေးသော အရာများဖြင့် ငါ့ကိုယ်ငါ စုံစမ်းမည်။"

သို့ဖြစ်၍၊ ကာမဂုဏ်၌ပျော်မွေ့လော့။
အခြားသောဘာသာပြန်ဆိုချက် - "သို့ဖြစ်၍ ငါ့ကိုပျော်ရွှင်စေသောအရာ၌ ငါသည်ပျော်မွေ့မည်။"

ရယ်မောခြင်းကို သင်သည် အရူးဖြစ်၏ဟူ၍ ၎င်း၊
အခြားသောဘာသာပြန်ဆိုချက် - "ရယ်မောစေသောအရာများအား အရူးဖြစ်၏ဟူ၍ ငါပြောဆိုရသည်။"

ရွှင်လန်းခြင်းကိုအဘယ်ကြောင့် ဤသို့ပြုသနည်း။
စာရေးသူက ပျော်ရွှင်ခြင်းများသည် အချည်းနှီးသက်သက်သာဖြစ်ကြောင်းကိုအထူးပြုစေရန် အလကာ မေးခွန်းကိုအသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ၎င်းသည် အချည်းနှီးသက်သက် ဖြစ်သည်။

Ecclesiastes 03

ငါကြံစည်၏
အခြားသောဘာသာပြန်ဆိုချက် - ခက်ခက်ခဲခဲ ငါကြံစည်ခဲ့သည်။

ပညာတရားကို လေ့ကျက်လျက်နှင့်၊ စပျစ်ရည် အလိုသို့လိုက်၍၊
အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုငါ ပျော်ရွှင်စေရန် စပျစ်ရည်ကို သုံးဆောင်သင့်သည်" ဟူ၍ ဖြစ်သည်။

ပညာတရားကို လေ့ကျက်လျက်နှင့်
ဤတွင် စာရေးသူက ပညာဟူသာစကားလုံးကို သူ့ကိုယ်သူ လမ်းညွှန်ရန် သင်ယူဆည်းပူးသောပညာသည် တစ်စုံတစ်ယောက်က သူ့ကို လမ်းညွှန်ပေးသောပညာကဲ့သို့ဖြစ်ကြောင်း အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူပညာရှိများက ငါ့ကိုသွန်သင်ပေးသော အရာများအကြောင်းကို ငါတွေးတော ခဲ့ပါသည်။"

တသက်လုံး
အခြားသောဘာသာပြန်ဆိုချက် - သူတို့ အသက်ရှင်သော ကာလအတောအတွင်း။

Ecclesiastes 04

ကြီးကျယ်သောအလုပ်ကို စီရင်၍အိမ်တို့ကို ဆောက်၏။ စပျစ်ဥယျာဉ်တို့ကိုလည်း စိုက်၏
စာရေးသူက လူသားများကိုအလုပ်လုပ်ရန် ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အိမ်များဆောက်သောသူနှင့် စပျစ်ဥယျာဉ်တို့ကို စိုက်သောသူများ ငါ၌ရှိသည်။"

ဥယျာဉ်အမျိုးမျိုး
ဤစကားလုံးနှစ်ခုသည် အဓိပ္ပာယ်အတူတူဖြစ်ပြီးအသီးသီးပြီးလုပသော သစ်သီးခြံများကိုရည်ညွှန်းထားပါသည်။

ပြည့်စုံသောတောကို ရေလောင်းစရာဘို့ ရေကန်
သစ်တောအတွက်ရေလောင်းစရာဖို့ ရေကန်

သစ်ပင်မျိုးနှင့် ပြည့်စုံသောတော
အခြားသောဘာသာပြန်ဆိုချက် - "သစ်ပင်များကြီးထွားရာ သစ်တော"

Ecclesiastes 07

ကျွန်သားပေါက်များလည်းရှိကြ၏
အခြားသောဘာသာပြန်ဆိုချက် - "ငါ့နန်းတော်၌မွေးဖွားသောကျွန်များ (သို့ ) "ငါ့ကျွန်သားပေါက်များနှင့် သူတို့သည်လည်း ငါ့ကျွန်များဖြစ်ကြသည်။"

ရွှေငွေကို၎င်း၊ ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊
ဤအရာသည် အိမ်နီးချင်းနိုင်ငံများမှ ကာလသရေလ ရှင်ဘုရင်ထံသို့ပေးအပ်ရမည့် အခွန်ဖြစ်သော ရွှေနှင့်အခြားသောစည်းစိမ်ကို ရည်ညွှန်းထားပါသည်။

လူသားတို့ ပျော်မွေ့ တတ်သော ကြင်လျှာမိန်းမမောင်းမမိဿံတို့ကို၎င်း
အခြားသောဘာသာပြန်ဆိုချက် - "တချို့သောယောကျာ်းများပျော်မွေ့သကဲ့သို့ ငါသည်လည်း များပြားလှသောမောင်းမမိဿံများနှင့်ကြီးစွာ ပျော်မွေ့ခဲ့သည်။"

Ecclesiastes 09

ငါပညာလည်း တည်လျက်ရှိ၏
"ငါသည်ပညာရှိစွာ ဆက်လက်ပြီး ကျင့်ကြံသည်။" (သို့ "ငါသည် ဆက်လက်ပြီးပညာရှိသည်။"

ငါ့မျက်စိတပ်မက် လိုချင်သောအရာ တစုံတခု
အခြားသောဘာသာပြန်ဆိုချက် - ငါမြင်တွေ့ခဲ့ရသမျှနှင့် ငါလိုချင်သော အရာ။

လိုချင်သောအရာ တစုံတခု ကိုမျှ ငါမငြင်း
ဤအရာသည်သေချာခိုင်မာစွာပြောဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုအရာများကို ငါရရှိခဲ့သည်။"

ငါ့စိတ်ရွှင်လန်းစရာ တစုံတခုကိုမျှမပယ်
၎င်းသည် "ပျော်ရွှင်သည်" ဟူသောအရာကို ကြိယာအနေနဲ့ သေချာစွာဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါ့ကိုပျော်ရွှင်စေသော အရာတိုင်းအား ပျော်မွေ့ရန် ငါ့ကိုယ်ငါ ခွင့်ပြုထားသည်။"

ငါကြိုးစားသမျှတို့၌ ဝမ်းမြောက်လျက်
အခြားသောဘာသာပြန်ဆိုချက် - "ငါဝမ်းမြောက်သည်။"

Ecclesiastes 11

ငါစီရင်ပြုပြင်သမျှ၊ ငါကြိုးစားအားထုတ် သမျှ
ဤတွင်စာရေးသူက "သူ့လက်များ" ဟူ၍သူ့ကိုယ်သူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါ၌ရှိသမျှသည် ပြီးမြောက်ခဲ့သည်။"

လေကိုကျက်စားသော အကျိုးတစုံတခုမျှမရှိ
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၂ တွင် ကြည့်ပါ။

လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်းတရားတို့ကိုရှင်း
"မိုက်မဲခြင်း" နှင့် "လျှပ်ပေါ်ခြင်း" ဟူသောစကားလုံးသည် အဓိပ္ပာယ်အတူတူဖြစ်ပြီး မိုက်မဲစွာတွေးတောခြင်း နှင့် အကျင့်အကြံ ဟူ၍အသီးသီး ရည်ညွှန်းထားပါသည်။ ဒေသနာ ၁: ၁၆ တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

ရှင်ဘုရင် နောက်မှာ ဖြစ်သောသူသည် အဘယ်သို့ ပြုနိုင်သနည်း။ ပြုဘူးသည်အတိုင်းသာ ပြုနိုင်၏။
စာရေးသူက နောက်လာလတံ့သော ရှင်ဘုရင်သည်အရင်က လုပ်ဆောင်ပြီးသောအရာများထက် သာ၍လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ကြောင်း သူ့အချက်ကိုအထူးပြုစေရန် အလင်္ကာမြောက်သောမေးခွန်းကိုမေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "နောက်ထပ်လာမည့်ဘုရင်သည် အရင်ကဘုရင်အနေဖြင့်မပြီးမြောက်နိုင်သောအရာများကိုလည်း ဘာမှလုပ်ဆောင်နိုင်မည်မဟုတ်ပါ"။

ရှင်ဘုရင် နောက်မှာ ဖြစ်သောသူသည်
လက်ရှိဘုရင်ထက် အောင်မြင်သောသူ (သို့ ) "ငါ့နောက်ရောက်လာမည့် နောက်ထပ်ဘုရင်"

Ecclesiastes 13

အလင်းသည် မှောင်မိုက်ထက်မြတ် သကဲ့သို့၊ ပညာသည် မိုက်မဲခြင်းထက်မြတ်သည်ကို ငါ သိမြင်၏
ပညာသည်မိုက်မဲခြင်းထက်မြတ်သကဲ့သို့ အလင်းသည်လည်း မှောင်မိုက်ခြင်းထက်မြတ်ကြောင်းကို နှိုင်းယှဥ်ပြောဆိုထားပါသည်။

ပညာရှိသောသူ၏ မျက်စိတို့သည် သူ၏ ဦးခေါင်း၌ရှိ၏
ပညာရှိသောသူသည် သူဦးတည်နေသောနေရာကိုအာရုံစိုက်ပြီး မှန်ကန်သောဆုံးဖြတ်ချက်များချပြီးလျှောက်လှမ်းကြောင်းကိုပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူသည်သူသွားနေသောနေရာကို မြင်တတ်သောပုဂ္ဂိုလ်ကဲ့သို့ဖြစ်သည်။"

မျက်စိတို့သည် သူ၏ ဦးခေါင်း၌ရှိ၏။
အခြားသောဘာသာပြန်ဆိုချက် - မြင်နိုင်သည်။

မိုက်သောသူမူကား၊ မှောင်မိုက်၌ ကျင်လည်တတ်၏
ဤတွင် မိုက်မဲသောသူသည် မှောင်မိုက်ထဲ၌ လျှောက်လှမ်းစေရန် မှားယွင်းသောဆုံးဖြတ်ချက်များ ချသောသူတစ်ယောက်နှင့်နှိုင်းယှဥ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မိုက်မဲ့သောသူသည် အမှောင်ထဲ၌ လမ်းလျှောက်သောသူကဲ့သို့ဖြစ်သည်။"

Ecclesiastes 15

ငါသည် တွေ့ကြုံလျှင်
ဤတွင်စာရေးသူက သူ့စိတ်ခံစားချက်များကိုအထူးပြုစေရန် "သူ့နှလုံး" ဟူ၍သူ့ကိုယ်သူရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုယ်ငါပြောသည်။"

မိုက်သောသူတွေ့ကြုံသကဲ့သို့၊ ငါသည် တွေ့ကြုံလျှင်၊ အဘယ်ကြောင့်သူ့ထက်သာ၍ ပညာ ရှိသနည်းဟူ၍ရှင်း
ပညာရှိခြင်းသည်လည်းအကျိုးမရှိကြောင်းကိုအထူးပြုစေရန် စာရေးသူက အလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။ ဤမေးခွန်းကိုစကားပြောပုံစံဖြင့်ရေးသားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါပညာရှိလျှင်လည်း ဘာထူးခြားမှုမှရှိလာမည်မဟုတ်ပါ။"

ငါအောက်မေ့၏
ဤနေရာ၌ စာရေးသူက သူ့စိတ်ခံစားချက်များကိုအထူးပြုစေရန် "သူ့နှလုံးသား" ဟူ၍ သူ့ကိုသူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ သုံးသပ်မိသည်။"

ဤအမှုအရာသည်လည်း အနတ္တ ဖြစ်သည်ဟူရှင်း
၎င်းမှာ မြူခိုးမျှသာဖြစ်သည်။ စာရေးသူက အချည်းနှီးဖြစ်ခြင်းနှင့် အဓိပ္ပာယ်ကင်းမဲ့ခြင်းများကို ထိုအရာများသည် လေကိုကျက်စားသောအမှုကဲ့သို့သာဖြစ်ကြောင်း ပြောဆိုထားပါသည်။ [ဒေသနာ ၁:၁၂] ၌ ဘာသာပြန်ဆိုချက်ကိုကြည့်ပါ။

မိုက်သောသူသည် အစဉ်မအောက်မေ့သကဲ့သို့၊ ပညာရှိသောသူကိုလည်း အစဉ်မအောက်မေ့တတ်။
အခြားသောဘာသာပြန်ဆိုချက် - "မိုက်သောသူတို့သည် အစဉ်မအောက်မေ့သကဲ့သို့ ပညာရှိသောသူသည်လည်းအစဉ်မအောက်မေ့တတ်ပါ။"

ယခုဖြစ်သမျှသော အမှုအရာတို့ကို နောင် ကာလ၌ မေ့လျော့လိမ့်မည်ဖြစ်၍
အခြားသောဘာသာပြန်ဆိုချက် - လူများသည် အရာအားလုံးကို နောက်ကာလ၌ မေ့လျော့ကြလိမ့်မည်။"

Ecclesiastes 17

နေအောက်မှာ ပြုသောအမှုသည်
အခြားသောဘာသာပြန်ဆိုချက် - "လူများလုပ်ဆောင်သောအလုပ်အားလုံး။"


generated on Sun Jun 30 02:37:40 2024

အနတ္တအမှု၊ လေကိုကျက်စားသောအမှု
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၂ တွင် ကြည့်ပါ။

Ecclesiastes 19

ထိုသူသည် ပညာရှိမည်လော၊ မိုက်မည်လောဟု အဘယ်သူ ပြောနိုင်သနည်း
စာရေးသူက သူ၏စည်းစိမ်များကိုဆက်ခံမည့် ပုဂ္ဂိုလ်အား မည်သူကမျှ မသိနိုင်ကြောင်းကိုအထူးပြုစေရန် ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အဘယ်ကြောင့်ဆိုသော် သူသည် ပညာရှိမည်လော၊ မိုက်မည်လောဟု မည်သူတစ်ယောက်ကမျှ မသိနိုင်သောကြောင့်ဖြစ်သည်။"

ထိုသူသည်
"ထိုသူ" ဟူသောစကားလုံးသည် စာရေးသူ၏ အမွေဆက်ခံသူကို ရည်ညွှန်းထားပါသည်။

စိတ်ပျက်အောင်တဖန် ငါကြံစည်၏။
ဤတွင် စာရေးသူက သူ့စိတ်ခံစားချက်များကို အထူးပြုစေရန် "သူ့နှလုံးသား" ဟူ၍သူ့ကိုယ်သူရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါစိတ်ပျက်ရန် စတင်လာသည်"

Ecclesiastes 21

ပညာရှိလျက် သိပ္ပံအတတ် နှင့် ပြည့်စုံလျက်၊ အမှုအောင်လျက်
သူသင်ယူခဲ့ပြီးသောအရာများကိုအသုံးပြုပြီး ပညာရှိစွာ နှင့် ကျွမ်းကျင်စွာလုပ်ဆောင်သောသူ -

လူသည်နေအောက်မှာ ကြိုးစားအားထုတ်သော အမှု
အလွန်စိတ်စွဲလမ်းသောအမှု၊ အလုံးစုံတို့၌ အဘယ် အကျိုးရှိသနည်း
စာရေးသူက လူသည်ကြိုးစားအားထုတ်သော်လည်း အကျိုးမရှိကြောင်းကိုအထူးပြုစေရန် အလင်္ကာမြောက်သောမေးခွန်းကိုမေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အကြောင်းမူကား လူသည်နေအောက်မှာ ကြိုးစားအားထုတ်၍ အလွန်စိတ်စွဲလန်းသော်လည်းအကျိုးမရှိသောကြောင့် ဖြစ်သည်။" (ရှု -

ကြိုးစားအားထုတ်သော အမှု အလွန်စိတ်စွဲလမ်းသောအမှု
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့် အတူတူဖြစ်ပြီး လူတစ်ယောက် မည်သို့ အစွမ်းကုန်လုပ်ဆောင်သည်ကိုအထူးပြုစေရန် ဆိုလိုပါသည်။

အလွန်စိတ်စွဲလမ်းသောအမှု၊
အခြားသောဘာသာပြန်ဆိုချက် - "စိတ်အားထက်သန်စွာ ကြိုးစားမှု"

သူ၏နေ့ရက်အပေါင်းတို့သည် ဝမ်းနည်းခြင်း၊ သူ၏အလုပ်အကိုင်လည်း ငြိုငြင်ခြင်းဖြစ်၏။
ဤစကားလုံးနှစ်ခုသည် အခြေခံအားဖြင့်အတူတူဖြစ်ပြီးလူသားတစ်ယောက်၏ အလုပ်သည် မည်မျှ ခက်ခဲကြောင်းကို အထူးပြုထားပါသည်။

သူ၏စိတ်နှလုံး မငြိမ်ရ။
ဤတွင် လူသား၏ စိတ်နှလုံးဟူသည်မှာ "သူ၏နက်ရှိုင်းသောအတွေးများ" ကိုအထူးပြုစေသော "သူ့စိတ်" ကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ့နှလုံးသည်မငြိမ်ရ"

Ecclesiastes 24

ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ
ဤတွင် ဘုရားသခင်သည် လူသားများအားမည်သို့မစထောက်ပံ့ကြောင်းကိုအထူးပြုစေရန် "သူ့လက်တော်အနေဖြင့်" ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်ထံတော်ပါးမှ"

ဘုရားသခင်၏အခွင့်မရှိဘဲ အဘယ်သူစားရ သနည်း။ အဘယ်သူ ခံစားရသနည်း။
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်၏အခွင့်မရှိဘဲ မည်သူမျှ စားနိုင်၊ ခံစားနိုင်သောအခွင့်မရှိပါ။"

Ecclesiastes 26

ဘုရားသခင်၏ရှေ့တော်၌ ကောင်းသောသူ အားပေးစရာဘို့၊ ဆည်းဖူးသိုထားရသောအခွင့်ကိုဒုင်း ပေးတော်မူ၏။
"သူ" ဟူသောစကားလုံးအတွက် ဖြစ်နိုင်ချေရှိသော အနက်အဓိပ္ပာယ်မျာ - ၁) ဘုရားသခင် ဖြစ်သည်။ (သို့ ) ၂ ) - အပြစ်သားဖြစ်သည်။ ဤအရာအား ရှင်းလင်းခြင်းမပါပဲ အပြစ်သားများသိုလှောင်ရာ ပေးထားသည့်အမှုများဟူ၍လည်းဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်ကိုကျေနပ်အားရစေရန် ပေးတော်မူသောသူ"

အနတ္တအမှု၊ လေကိုကျက်စားသော အမှု
[ဒေသနာ ၁: ၁၂] ၌ မည်သို့ဘာသာပြန်ထားသည်ကိုကြည့်ပါ။

## Translation Questions

Ecclesiastes 2:1

ဘယ်အရာသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သနည်း။
သာယာမှုသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Ecclesiastes 2:1

ဘယ်အရာသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သနည်း။
သာယာမှုသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သည်။

Ecclesiastes 2:3

ဓမ္မဒေသနာဆရာသည် မည်သည့်အရာကို ကိုရှာဖွေချင်ခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် ကောင်းကင်အောက်၌ အသက်ရှင်သော နေ့ရက်တိုင်းတွင် အဘယ်အရာကကောင်းသည်ကို လူသားတို့အတွက်ရှာဖွေချင်ခဲ့သည်။

Ecclesiastes 2:4

ဓမ္မဒေသနာဆရာသည် အဘယ်ကြောင့် ရေကန်များကို ပြုလုပ်ခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် သစ်ပင်မျိုးနှင့် ပြည့်စုံသောတောကိုလောင်း စရာဘို့ ရေကန်တို့ကို ပြုလုပ်ခဲ့သည်။

Ecclesiastes 2:7

ဓမ္မဒေသနာဆရာသည် မြေကြီးပေါ်ရှိ ယောက်ျားတိုင်းကို သာယာမှုပေးနိုင်မည့် မည်သည့်အရာကို လုပ်ခဲ့သနည်း?
မယားများစွာနှင့် ကိုယ်လုပ်တော်များကို သိမ်းယူခြင်းသည် မြေကြီးပေါ်ရှိ ယောက်ျားတိုင်းကို သာယာမှုပေးနိုင်ကြောင်း ပြသခဲ့သည်။

Ecclesiastes 2:9

ဓမ္မဒေသနာဆရာနှလုံးသည် မည်သည့်အရာတွင် ကျေနပ်အားရမှုကို တွေ့ခဲ့သနည်း။
ဓမ္မဒေသနာဆရာနှလုံးသည် သူ၏အလုပ်အားလုံးထဲတွင် ကျေနပ်အားရမှုကို တွေ့ခဲ့သည်။

Ecclesiastes 2:11

မည်သည့်နေရာတွင် အနတ္တဖြစ်သနည်း။
နေအောက်ရှိအရာအားလုံးသည် အနတ္တဖြစ်သည်။

Ecclesiastes 2:13

မည်သည့်အရာသည် လူသားတိုင်း တွေ့ကြုံတတ်နည်း။
လူတိုင်းအတွက် တူညီသောကကြမ္မာရှိသည်။

Ecclesiastes 2:15

မည်သူ့ကို အချိန်ကြာမြင့်စွာ မအောက်မေ့တတ်ကြသနည်း။
ပညာရှိသောသူများကို မိုက်သောသူများကဲ့သို့ အချိန်ကြာမြင့်စွာ အစဉ်မအောက်မေ့တတ်ကြ။

Ecclesiastes 2:17

ဓမ္မဒေသနာဆရာသည် အဘယ်ကြောင့် သူပြုလုပ်ခဲ့သမျှကို မုန်းခဲ့သနည်း။
နောက်လာမည့်သူများအဘို့ ထားခဲ့ရမည်ဖြစ်သောကြောင့် ဓမ္မဒေသနာဆရာသည် သူပြုလုပ်ခဲ့သမျှကို မုန်းခဲ့ခြင်းဖြစ်သည်။

Ecclesiastes 2:19

ဓမ္မဒေသနာဆရာ၏နှလုံးသည် သူ့အလုပ်နှင့်ပတ်သက်၍ မည်ကဲ့သို့ ခံစားလာခဲ့သနည်း။
ဓမ္မဒေသနာဆရာ၏နှလုံးသည် သူလုပ်ခဲ့သမျှသော အလုပ်အပေါ် စိတ်ပျက်စပြုလာခဲ့သည်။

Ecclesiastes 2:21

ကြိုးစားအားထုတ် သောသူ၏စိတ်သည် အဘယ်ကြောင့် ညအခါ၌ အနားမယူသနည်း။
နေ့တိုင်းနေ့တိုင်း သူ၏အလုပ်သည် နာကျင်စရာ၊ စိတ်ဖိစီးစရာများဖြစ်သောကြောင့် ညဘက်တွင် စိတ်အနားမယူနိုင်ခြင်းဖြစ်သည်။

Ecclesiastes 2:24

လူသားတို့အတွက် ဘယ်အရာထက် ပိုကောင်းသောအရာ မရှိသနည်း။
အလွယ်တကူ စားသောက်ခြင်း၊ သောက်သုံးခြင်းနှင့်် ကောင်းသောအလုပ်ထဲ၌ စိတ်နှလုံးပျော်မွေ့ခြင်းထက် ပိုကောင်းသောအရာသည် လူသားတို့အတွက် ဘာမှမရှိပါ။

Ecclesiastes 2:26

ဘုရားသခင်သည် အပြစ်သားတို့ကို ဘာပေးသနည်း။
ဘုရားသခင်သည် သူ့ကိုကျေနပ်စေသောသူကို ပေးဖို့ရန် အပြစ်ရှိသောသူများအား အလုပ်လုပ်၊ ရိတ်သိမ်းသိုလှောင်စေသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 3

[1] ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန် ရှိ၏။ မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှ အသီးသီး ကို့ကို
ပြုရသောအချိန်ရှိ၏။ [2] ဘွားချိန်နှင့်သေချိန်လည်းရှိ၏။ စိုက်ပျိုးရသော အချိန်နှင့် စိုက်ပျိုးရသောအရာကို နှုတ်ရသေအချိန် လည်း
ရှိ၏။ [3] သတ်ရသောအချိန်နှင့် အနာပျောက်စေရသော အချိန်လည်း ရှိ၏။ ဖြိုဖျက်ရသော အချိန်နှင့် တည် ဆောက်ရသော
အချိန်လည်း ရှိ၏။ [4] ငိုရသောအချိန်နှင့် ရယ်ရသောအချိန်လည်းရှိ၏။ ညည်းတွားရသောအချိန်နှင့် ကခုန်ရသော အချိန်လည်း ရှိ၏။ [5]
ကျောက်တို့ကို ဖြန့်ကြဲရသောအချိန်နှင့် စုသိမ်းရ သော အချိန်လည်း ရှိ၏။ ဘက်ယမ်းရသောအချိန်နှင့်၊ မဘက်ယမ်းဘဲ ခွဲခွါ၍
နေရသောအချိန်လည်း ရှိ၏။ [6] ဆည်းဖူးရသောအချိန်နှင့် ဥစ္စာပျောက်ရသော အချိန်လည်းရှိ၏။ သိုထားရသောအချိန်နှင့် ပစ်လိုက်
ရသောအချိန်လည်းရှိ၏။ [7] အဝတ်ကို ဆုတ်ရသောအချိန်နှင့် ချုပ်ရသော အချိန်လည်းရှိ၏။ တိတ်ဆိတ်စွာနေသောအချိန်နှင့်၊
စကားပြောရသော အချိန်လည်းရှိ၏။ [8] ချစ်ရသောအချိန်နှင့် မုန်းရသောအချိန်လည်း ရှိ၏။ စစ်တိုက်သောအချိန်နှင့်
စစ်ငြိမ်းရသောအချိန် လည်း ရှိ၏။ [9] လုပ်ကိုင်သောသူသည် ကြိုးစားအားထုတ်ရာ တွင်၊ အဘယ်ကျေးဇူးရှိသနည်း။ [10] လူသားတို့
ကျင်လည်ရာဘို့ ဘုရားသခင် ပေးတော်မူသော ပင်ပန်းခြင်းအမှုကို ငါကြည့်မြင်ပြီ။ [11] ခပ်သိမ်းသောအရာတို့ကို မိမိတို့အချိန်တန်မှ၊
လျောက်ပတ်စွာ ဖန်ဆင်းတော်မူပြီ။ လူစိတ်နှလုံးကို လည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီ။ သို့ရာတွင်၊
ဘုရားသခင်စီရင်တော်မူသောအမှုကို၊ အစမှအဆုံး တိုင်အောင်၊ လူသည် စစ်၍မကုန်နိုင်။ [12] ရွှင်လန်းခြင်းအမှုနှင့် အသက်ရှင်စဉ်တွင်
ကျေးဇူး ပြုခြင်း အမှုမှတပါး အခြားသော အမှုအရာတို့၌၊ အကျိုး ကျေးဇူးမရှိသည်ကို ငါသိ၏။ [13] လူတိုင်းစားသောက်ခြင်းငှါ၎င်း၊
မိမိကြိုးစား အားထုတ်သမျှသောအမှု၌ ပျော်မွေ့ခြင်းငှါ၎င်း၊ ဘုရားသခင် ၏ ကျေးဇူးတော်ကြောင့်သာ အခွင့်ရှိ၏။ [14]
ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စ ထာဝရဖြစ်သည်ကို ငါသိ၏။ ထပ်၍မပြုနိုင်ရာ။ နှုတ်၍ မယူနိုင်ရာ။ လူတို့သည်
ရှေ့တော်၌ ကြောက်ရွံ့မည် အကြောင်း၊ ဘုရားသခင်ပြုတော်မူ၏။ [15] ဖြစ်ဘူးသောအရာသည် ယခုဖြစ်သောအရာနှင့် တူ၏။
ဖြစ်လတံ့သောအရာသည်လည်း၊ ဖြစ်ဘူးသော အရာနှင့်တူ။ လွန်ပြီးသောအရာတို့ကိုလည်း ဘုရားသခင် တောင်းပြန်တော်မူ၏။ [16]
ထိုမှတပါး၊ နေအောက်မှာ တရားစီရင်ရာအရပ် ၌ အဓမ္မအမှုရှိသည်ကို၎င်း၊ ဖြောင့်မတ်ရာအရပ်၌ ဒုစရိုက် ရှိသည်ကို၎င်း ငါမြင်ပြီ။ [17]
ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့၏အမှု နှင့်၊ မတရားသောသူတို့၏အမှုကို စစ်ကြောစီရင်တော်မူ မည်ဟု ငါအောက်မေ့၏။
အကြောင်းမူကား၊ ခပ်သိမ်း သောအကြံ၊ ခပ်သိမ်းသော အမှုတို့ကို စစ်ကြောစီရင် ရသော အချိန်ရှိ၏။ [18] လူသားတို့နေရာကို
ရည်မှတ်၍ ငါအောက်မေ့ သည်ကား၊ လူတို့ကို ဘုရားသခင် စုံစမ်းတော်မူမည် အကြောင်းနှင့်၊ သူတို့သည် တိရစ္ဆာန်ကဲ့သို့ဖြစ်သည်ကို
သူတို့သိမြင်မည်အကြောင်း၊ နေရာကျသတည်း၊ [19] လူသားတွေ့ကြုံသော အမှုကို တိရစ္ဆာန် တွေ့ကြုံတတ်၏။ ထိုသူနှစ်ဦးတို့သည်
တပါးတည်းသောအမှုကို တွေ့ကြုံလျက်၊ တဦးသေသကဲ့သို့ တဦးသေတတ်၏။ အလုံးစုံတို့သည် အသက်တမျိုးတည်းရှိကြ၏။
သို့ဖြစ်၍၊ လူသည်တိရစ္ဆာန်ထက် ထူးမြတ်သော အကြောင်းမရှိ။ အလုံးစုံတို့သည် အနတ္တဖြစ်ကြ၏။ [20] အလုံးစုံတို့သည်
တခုတည်းသောအရပ်သို့ ရောက်တတ်ကြ၏။ အလုံးစုံတို့သည် မြေမှုန့်ထဲကဖြစ် သည်နှင့်အညီ၊ မြေမှုန့်ထဲသို့ ပြန်သွားတတ်ကြ၏။ [21]
သို့ရာတွင်၊ အထက်သို့တက်သော လူသား၏ ဝိညာဉ်ကို၎င်း၊ အောက်အရပ်မြေသို့ဆင်းတတ်သော တိရစ္ဆာန်၏ဝိညာဉ်ကို၎င်း၊
အဘယ်သူသည် ပိုင်းခြား၍ သိသနည်း။ [22] လူသည်မိမိပြုမူရာ၌ ပျော်မွေ့ခြင်းအမှုထက် သာ၍ ကောင်းသောအမှုမရှိသည်ကို
ငါသိမြင်၏။ ထိုအမှုသည်သူ၏ အဘို့ဖြစ်၏။ သူသည် မိမိနောက်မှာ အဘယ်သို့ဖြစ်လတံ့သည်ကို သိမြင်မည်အကြောင်း၊
အဘယ်သူဆောင်ခဲ့လိမ့်မည်နည်း။

---

---

Ecclesiastes 01

ယေဘုယျအချက်အလက်

စာရေးသူက ဘဝ၏ရှုထောင့်နှင့်ပတ်သတ်သော ထူးကဲမှုများကိုဖော်ပြရန်အသုံးပြုထားပါသည်။

ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန် ရှိ၏။ မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှ အသီးသီး ကို့ကို ပြုရသောအချိန်ရှိ၏။

ဤစကားစုနှစ်ခုတို့သည်အခြေခံအားဖြင့် အတူတူဖြစ်ပြီး လေးနက်မှုအတွက် ပေါင်းစည်းထားပါသည်။

ဘွားချိန်နှင့်သေချိန်လည်းရှိ၏။

ဘဝတွင် ဘဝ တစ်ခုမှ တစ်ခုသို့ကူးပြောင်းသော ရှုထောင့် အမျိုးမျိုး ရှိသည်။

စိုက်ပျိုးရသော အချိန်နှင့် စိုက်ပျိုးရသောအရာကို နှုတ်ရသောအချိန်

ဖြစ်နိုင်ခြေအမျိုးမျိုးမှာ ၁) ရိတ်သိမ်းရသောအချိန် ၂) ပေါင်းသင်ရသောအချိန် ၃) နှုတ်ရသောအချိန်။

 generated on Sun Jun 30 02:37:40 2024

Ecclesiastes 04

ယေဘုယျအချက်အလက်
စာရေးသူက ထူးကဲသောဘဝမှ သူတပါးထံသို့ များပြားသော ဘဝရှုထောင့်များကို ဖော်ပြရန် ချီးကျူးခြင်းနှင့်အတူ ဆက်လက်လုပ်ဆောင်သည်။

ဘက်ယမ်းရသောအချိန်
တစ်စုံတစ်ယောက်အား ချစ်ကြောင်း

Ecclesiastes 06

ယေဘုယျအချက်အလက်
စာရေးသူက ဘဝ၏ရှုထောင့်နှင့်ပါတ်သက်သော ထူးကဲ့မှုများကိုဖော်ပြရန်ဆက်လက်ပြီးအသုံးပြုထားပါသည်။

Ecclesiastes 08

ယေဘုယျအချက်အလက်
စာရေးသူက ဘဝ၏ရှုထောင့်နှင့် ပါတ်သက်သော ထူးကဲမှုများကိုဖော်ပြရန် အဆုံးသတ်ထားပါသည်။

လုပ်ကိုင်သောသူသည် ကြိုးစားအားထုတ်ရာ တွင်၊ အဘယ်ကျေးဇူးရှိသနည်း
ဤအရာသည် နောက်ထပ် ဆွေးနွေးမယ့်ခေါင်းစဥ်အပေါ် အာရုံစိုက်စေရန် စာဖတ်သူအားစိတ်ပျက်ဖွယ်ကောင်းသောမေးခွန်းအတွေးမျိုးဖြစ်သည်။

Ecclesiastes 11

လူစိတ်နှလုံးကိုလည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီ
ဤတွင် "သူတို့၏" ဟူသောစကားလုံးမှာ လူသားများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " လူသားများ၏ စိတ်နှလုံးသားထဲ၌ အနန္တကာလ၌ နေရာချထားတော်ပြီ"

Ecclesiastes 12

လူသည် စစ်၍မကုန်နိုင်။
မည်သို့ပျော်မွေ့ ရမည်ကိုသင်ယူသင့်သည်။ (သို့ ) "ပျော်မွေ့သင့်ပေသည်။"

Ecclesiastes 14

ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စ ထာဝရဖြစ်သည်။
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၉တွင် ကြည့်ပါ။

Ecclesiastes 16

တရားစီရင်ရာအရပ်၌ အဓမ္မအမှုရှိသည်ကိုင၎်း၊ ဖြောင့်မတ်ရာအရပ်၌ ဒုစရိုက်ရှိသည်ကိုင၎်း ငါမြင်ပြီ။
ဤစကားစုနှစ်ခုတို့သည် အတူတူဖြစ်ပြီး ဒုစရိုက်ကိုပြုသောသူများ၏ အကျင့်အကြံကို အများသဘောဖြင့်အထူးပြုထားပါသည်။

ဖြောင့်မတ်ရာအရပ်၌
အခြားသောဘာသာပြန်ဆိုချက် - ဖြောင့်မတ်ခြင်းရှိသင့်သောနေရာ။

ငါအောက်မေ့၏
ဤတွင်စာရေးသူက သူ့ ခံစားချက်များကိုအထူးပြုစေရန် "သူ၏စိတ်နှလုံး" ဟူ၍ သူ့ကိုယ်သူရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုငါပြောဆိုသည်။"

ခပ်သိမ်းသောအကြံ၊ ခပ်သိမ်းသော အမှု
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့်အတူတူဖြစ်ပြီး လူသားများလုပ်ဆောင်သောအပြုအမူတိုင်းကိုရည်ညွှန်းထားပါသည်။

Ecclesiastes 18

ငါအောက်မေ့ သည်ကား၊
ဤတွင်စာရေးသူက သူ့စိတ်ခံစားချက်များကို အထူးပြုစေရန် "သူ့စိတ်နှလုံး" ဟူ၍သူ့ကိုယ်သူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုငါပြောဆိုထားသည်။"

သူတို့သည် တိရစ္ဆာန်ကဲ့သို့ဖြစ်သည်ကို
ဤတွင် စာရေးသူက လူသားများသည်တိရစ္ဆာန်ကဲ့သို့ဖြစ်သည်ဟုပြောဆိုထားပါသည်။ နောက်စာမျက်နှာတွင်လည်း လူသားများသည်မည်သို့သော တိရစ္ဆာန်ကဲ့သို့ဖြစ်သည်ကို ရှင်းပြထားပါသည်။

Ecclesiastes 19

သို့ဖြစ်၍၊ လူသည်တိရစ္ဆာန်ထက် ထူးမြတ်သော အကြောင်းမရှိ
အခြားသောဘာသာပြန်ဆိုချက် - လူသားသည်လည်း တိရစ္ဆာန်များထက်သာ၍ မကောင်းပါ။

အလုံးစုံတို့သည် အသက်တမျိုးတည်းရှိကြ၏။
အခြားသောဘာသာပြန်ဆိုချက် - "အရာခပ်သိမ်းသည် အသက်တစ်မျိုးသာဖြစ်သည်။"

Ecclesiastes 21

အောက်အရပ်မြေသို့ဆင်းတတ်သော တိရစ္ဆာန်၏ဝိညာဉ်ကိုင၎်း၊ အဘယ်သူသည် ပိုင်းခြား၍ သိသနည်း
စာရေးသူက လူသားများနှင့် တိရစ္ဆာန်များသည် သေဆုံးပြီးနောက်ပိုင်းမည်ကဲ့သို့ဖြစ်ပျက်မည်ကို ဘယ်သူကမှမသိနိုင်ကြောင်းကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဝိညာဉ်သည်

 generated on Sun Jun 30 02:37:40 2024

အောက်အရပ်မြေသို့ သွားသည် မသွားသည်ကို မည်သူတစ်ယောက်မှမသိပါ။"

လူသည်မိမိပြုမူရာ၌ ပျော်မွေ့ခြင်းအမှုထက် သာ၍ ကောင်းသောအမှုမရှိသည်ကို ငါသိမြင်၏

[ဒေသနာ ၁: ၁၂] ၌မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

သူသည် မိမိနောက်မှာ အဘယ်သို့ဖြစ်လတံ့သည်ကို သိမြင်မည်အကြောင်း၊ အဘယ်သူဆောင်ခဲ့လိမ့်မည်နည်း။

လူသည်သေဆုံးပြီးနောက် မည်သို့ဖြစ်ပျက်မည်ကိုမည်သူတစ်ယောက်မှ မသိကြောင်းကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတို့သေဆုံးပြီးနောက် မည်သို့ဖြစ်ပျက်မည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်ပါ။"

---

## Translation Questions

Ecclesiastes 3:1

မည်သည့်အရာများအတွက် ရာသီကာလရှိသနည်း။

မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှသော ရည်ရွယ်ချက်တိုင်းအတွက် အချိန်ရှိသည်။

Ecclesiastes 3:8

ဓမ္မဒေသနာဆရာသည် ဘာကို မြင်ခဲ့သနည်း။

ဓမ္မဒေသနာဆရာသည် လူသားတို့ ကျင်လည်ရာဘို့ ဘုရားသခင် ပေးတော်မူသော ပင်ပန်းခြင်းအမှုကို မြင်ခဲ့သည်။

Ecclesiastes 3:11

ဘုရားသခင်သည် လူတို့၏နှလုံးသားများတွင် မည်သည့်အရာကို ထားပေးခဲ့သနည်း။

ဘုရားသခင်သည် လူတို့၏နှလုံးသားများတွင် ထာဝရကာလကို ထားပေးခဲ့သည်။

Ecclesiastes 3:12

ဘုရားသခင်ထံမှ ဆုလာဘ်သည် ဘာလဲ။

လူတစ်ယောက်၏ အလုပ်မှကောင်းသောအရာရရှိခြင်းသည် ဘုရားသခင်ထံမှ ဆုလာဘ်သည်။

Ecclesiastes 3:14

ဘုရားသခင်ပြုတော်မူသမျှသောအရာ၌ အဘယ်ကြောင့် မနှုတ်ရ၊ ထပ်မထည့်နိုင်သနည်း?

ဘုရားသခင်ပြုတော်မူသမျှသောအရာ၌ အဘယ်ကြောင့် မနှုတ်ရ၊ ထပ်မထည့်နိုင်ခြင်းမှာ ဘုရားသခင် ကိုယ်တိုင် ပြုလုပ်ပြီး ဖြစ်သောကြောင့်ဖြစ်သည်။

Ecclesiastes 3:16

ဖြောင့်မတ်ရာအရပ်၌ ဘာကို တွေ့ရလေ့ရှိသနည်း။

ဖြောင့်မတ်ရာအရပ်၌ဒုစရိုက်ကို တွေ့ရလေ့ရှိသည်။

Ecclesiastes 3:19

လူသားတို့သည် တိရိစ္ဆာန်နှင့် ဘယ်လိုတူသနည်း။

လူသားတို့သည် တိရိစ္ဆာန်ကဲ့သို့ သေတတ်၏။ သူတို့အားလုံးသည် တူညီသော လေကို ရှူကြ၏။ အလုံးစုံတို့သည် မြေမှုန့်ထဲကဖြစ်သည်နှင့်အညီ၊ မြေမှုန့်ထဲသို့ ပြန်သွားတတ်ကြ၏။

Ecclesiastes 3:21

ဘယ်အရာသည် လူသားတိုင်း၏တာဝန် ဖြစ်သနည်း။

မိမိပြုမူသည့်အရာ၌ ပျော်မွေ့ခြင်းသည် လူသားတိုင်း၏တာဝန် ဖြစ်သည်။

---

## Chapter 4

[1] တဖန်တုံ၊ နေအောက်မှာ ပြုသမျှသော ညှဥ်းဆဲ ခြင်းတို့ကို ငါထပ်၍ဆင်ခြင်၏။ ညှဥ်းဆဲခြင်းကို ခံရသော သူတို့သည်
ငိုကြွေးသော်လည်း၊ ချမ်းသာပေးနိုင်သော သူမရှိ။ ညှဥ်းဆဲတတ်သော သူတို့သည် တန်ခိုးရှိသဖြင့် ချမ်းသာပေးနိုင်သောသူမရှိ။ [2]
သို့ဖြစ်၍၊ သေလွန်ပြီးသော လူသေသည် အသက်ရှင်သေးသော လူရှင်ထက်သာ၍ မင်္ဂလာရှိသည် ဟု ငါဆိုရ၏။ [3] သို့ရာတွင် တခါမျှ
မဖြစ်သေးသောသူ၊ နေ အောက်မှာ ပြုသော ဒုစရိုက်ကိုမမြင်သေးသောသူသည် ထိုနှစ်ဦးထက်သာ၍ မင်္ဂလာရှိ၏။ [4] တဖန်
ကြိုးစားအားထုတ်ခြင်းအမှုနှင့်၊ ကောင်း မွန်စွာ ပြီးစီးသောအမှု အလုံးစုံတို့ကိုငှင်း၊ ထိုသို့သော အမှုတို့ကြောင့် သူတပါး
ငြူစူကြောင်းကိုငှင်း ငါဆင်ခြင် ၏။ ထိုအမှုအရာသည် အနတ္တအမှု၊ လေကို ကျက်စား သောအမှုဖြစ်၏။ [5] မိုက်သောသူသည်
မိမိလက်ချင်းပိုက်ထား၍၊ မိမိ အသားကို စားတတ်၏။ [6] ငြိမ်သက်ခြင်းနှင့် ယှဥ်လျက်၊ လက်တဆုပ် တည်းသောဥစ္စာသည်
ပင်ပန်းစွာလုပ်ခြင်း၊ လေကို ကျက်စားခြင်းနှင့်ယှဥ်လျက်၊ လက်နှစ်ဘက်၌ ပြည့်သော ဥစ္စာထက်သာ၍ ကောင်း၏။ [7] တဖန်ငါထပ်၍၊
နေအောက်မှာအနတ္တအမှုကို ဆင်ခြင်သောအရာဟူမူကား၊ [8] လူသည်အဘော်အဘက်၊ သားသမီး၊ ညီအစ်ကို မရှိ၊
တယောက်တည်းဖြစ်သော်လည်း၊ ကြိုးစားအားထုတ် ၍ မကုန်နိုင်။ မိမိစည်းစိမ်ကိုမြင်၍ မရောင့်ရဲနိုင်။ ငါသည် ကိုယ်ကိုညှဥ်းဆဲ၍၊
အဘယ်သူအဘို့ ကြိုးစား အားထုတ်သနည်းဟု မမေးတတ်။ ဤအမှုအရာသည် လည်း အနတ္တအမှု၊
အလွန်ပင်ပန်းစေသောအမှုဖြစ်၏။ [9] လူသည်တယောက်တည်းထက် နှစ်ယောက် သာ၍ကောင်း၏။ ကြိုးစားအားထုတ်လျှင်၊
ကောင်းသော အကျိုးကို ရတတ်၏။ [10] တယောက်လဲလျှင် တယောက်ထူလိမ့်မည်။ တယောက်တည်းသောသူလဲလျှင်မူကား
အကျိုးနည်းပြီ။ ထူသော သူမရှိ။ [11] လူသည် နှစ်ယောက်အတူအိပ်လျှင် နွေးတတ် ၏။ တယောက်တည်းသောသူမူကား၊ အဘယ်သို့
နွေးနိုင် သနည်း။ [12] လူတယောက်သည် တယောက်ကိုနိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။ သုံးလွန်းတင်သော
ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်။ [13] ဆုံးမခြင်းကိုမခံ၊ အသက်ကြီး၍ မိုက်သော ရှင် ဘုရင်ထက်၊ ပညာရှိသောဆင်းရဲသား
သူငယ်သည် သာ၍မြတ်၏။ [14] ထိုသို့သော သူငယ်သည် ထောင်ထဲကထွက်၍၊ နန်းတော်ပေါ်သို့ရောက်တတ်၏။ ထိုသို့သောရှင်ဘုရင်
မူကား၊ အဘအရိပ်အရာနှင့် နန်းထိုင်သော်လည်း၊ ဆင်းရဲခြင်းသို့ ရောက်တတ်၏။ [15] နေအောက်မှာ ကျင်လည်သော သတ္တဝါ
အပေါင်းတို့သည် မင်းအရိပ်အရာကိုခံရသော ထိုဒုတိယ သူဘက်၌ နေတတ်ကြသည်ကို ငါဆင်ခြင်၏။ [16] ထိုမင်းအုပ်စိုးသော
သူအပေါင်းတို့ကို ရေတွက် ၍ မကုန်နိုင်။ နောက်လာသောသူတို့သည်လည်း၊ ထိုမင်းကို အားမရဘဲနေကြလိမ့်မည်။ အကယ်စင်စစ်
ထိုအမှုအရာသည်လည်း အနတ္တအမှု၊ လေကို ကျက်စား သောအမှုဖြစ်၏။

---

Ecclesiastes 01

ညှဥ်းဆဲတတ်သော သူတို့သည် တန်ခိုးရှိသဖြင့်
ဤတွင် "သူတို့၏လက်" ဟူသည် သူတို့ပိုင်ဆိုင်ထားသောအရာကို ကိုယ်စားပြုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ညှင်းဆဲတတ်သောသူတို့သည် တန်ခိုးရှိကြသည်။"

ညှဥ်းဆဲခြင်းကို ခံရသော သူတို့သည် ငိုကြွေးသော်လည်း၊ ချမ်းသာပေးနိုင်သောသူမရှိ။
ညှဥ်းဆဲခြင်းကို ခံရသော သူတို့ကို အဘယ်သူမျှ အာဏာဖြင့် ကာကွယ်မပေးနိုင်။

Ecclesiastes 02

သေလွန်ပြီးသော လူသေသည် အသက်ရှင်သေးသော
"အသက်ရှင်ခြင်း" ဟူသောစကားလုံးသည် အမည်ခံနာမဝိသေသန ဖြစ်ပြီး အသက်ရှင်သောလူသားများကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်- အသက်မရှင်သောသူသည် အသက်ရှင်သောသူထက်သာ၍ ကောင်း၏။

Ecclesiastes 04

အမှုတို့ကြောင့် သူတပါး ငြူစူကြောင်းကိုငှင်း
ဖြစ်နိုင်သောအရာမှာ သူတပါး ငြူစူအောင် ပြုလုပ်ခြင်း (သို့) သူတပါးကိုငြူစူအောင် ပြုလုပ်နိုင်သောအရည်အချင်းရှိခြင်း ဖြစ်သည်။"

အနတ္တအမှု၊ လေကို ကျက်စား သောအမှု
လူသားများကြိုးစားလုပ်ဆောင်သော အမှုဟူသမျှသည် လေကိုကျက်စားသကဲ့သို့ အချည်းနှီးသာဖြစ်ကြောင်းပြောဆိုထားပါသည်။ [ဒေသနာ ၁:၁၂] ၌ မည်သို့ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ။

Ecclesiastes 05

မိုက်သောသူသည် မိမိလက်ချင်းပိုက်ထား၍
လက်ချင်းပိုက်ခြင်းဟုဆိုသည်မှာ ပျင်းရိခြင်း၏ အမူအရာဖြစ်ပြီး တနည်းအားဖြင့်အလုပ်လုပ်ရန်ငြင်းပယ်သောပုဂ္ဂိုလ်ကိုပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - မိုက်သောသူသည် အလုပ်လုပ်ရန်ငြင်းပယ်သည်။"


generated on Sun Jun 30 02:37:40 2024

မိမိ အသားကို စားတတ်၏
အခြားသောဘာသာပြန်ဆိုချက် - အကျိုးရလဒ်အနေဖြင့် သူ့ကိုသူ ဖျက်ဆီးစေရန် အကြောင်းဖြစ်စေသည်။"

လေကို ကျက်စားခြင်းနှင့်ယှဉ်လျက်
အလုပ်အားလုံးသည် အကျိုးရှိသော အလုပ်မဟုတ်ပါ။ အချို့ အလုပ်သည် ကျက်စားသကဲ့သို့အချည်းနှီးသာဖြစ်သည်။

Ecclesiastes 07

သားသမီး၊ ညီအစ်ကို မရှိ
ဤပုဂ္ဂိုလ်သည် မိသားစုမရှိပါ။

မိမိစည်းစိမ်ကိုမြင်၍ မရောင့်ရဲနိုင်။
အခြားသောဘာသာပြန်ဆိုချက် - "သူသည်ကျေနပ်ရောင်းရဲမှု မရှိပါ။"

ငါသည် ကိုယ်ကိုညှဉ်းဆဲ၍၊ အဘယ်သူအဘို့ ကြိုးစား အားထုတ်သနည်း
အခြားသောဘာသာပြန်ဆိုချက် - "အဘယ်သူသည် အကျွန်ုပ်ပြုလုပ်သော အမှုအတွက်ကျေနပ်လိမ့်မည်နည်းထို့နောက် ကျွန်ုပ်ကိုယ်တိုင်ရော ကျေနပ်မည်လော။ (သို့) ကျွန်ုပ်ပြုလုပ်သော အရာသည် အဘယ်သူတွက်မျှ အကျိုးမရှိ၊ ကျွန်ုပ်ကိုယ်တိုင်လည်း ကျေနပ်မှုမရှိ။ (ရှု - figs rquestion)

Ecclesiastes 09

နှစ်ယောက်အတူအိပ်လျှင်၊ နွေးထွေးမည်
စာရေးသူက လူနှစ်ယောက်တို့သည် အတူတူဖြစ်လျှင် အေးသောညဥ့်လည်း နွေးထွေးမည်ဖြစ်ကြောင်းကို ပြောဆိုထားပါသည်။

တယောက်တည်းသောသူမူကား၊ အဘယ်သို့ နွေးနိုင် သနည်း။
အခြားသောဘာသာပြန်ဆိုချက် - "လူတစ်ယောက်တည်းဖြစ်သောအခါ မနွေးထွေးနိုင်ပါ။"

Ecclesiastes 12

လူတယောက်သည် တယောက်ကိုနိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။
လူတစ်ယောက်အပေါ် ဆီးတားနိုင်သော အခြားလူတစ်ယောက်"

သုံးလွန်းတင်သော ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်။
ဤအရာသည်လည်း အပြုသဘောဆောင်သော အနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူတို့သည် သုံးလွန်းတင်သောကြိုးကိုအလွယ်တကူ မပြတ်စေနိုင်ပေ။"

Ecclesiastes 13

နန်းထိုင်သော်လည်း၊ ဆင်းရဲခြင်းသို့ ရောက်တတ်၏။
အခြားသောဘာသာပြန်ဆိုချက် - "သူသည် မြေတွင်နေပြီးနောက်တွင်အုပ်စိုးမည့် ဆင်းရဲသောမိဘများမှ မွေးဖွားလာသည်။"

Ecclesiastes 15

ယေဘုယျအချက်လက်
ပညာရှိသော လူငယ်ကိုရွေးချယ်ရမည့်အစား ပညာပို၍ မရှိသော ဘုရင်၏သားကိုရွေးချယ်ကြသည်။

ကျင်လည်သော သတ္တဝါ အပေါင်းတို့သည်
"ရှင်သန်ခြင်း"
ဟူသောစကားလုံးနှင့်ကျင်လည်သောသူအပေါင်းဆိုသည်မှာ အခြေခံအားဖြင့် အတူတူဖြစ်ပြီး
အသက်ရှင်သောလူသားများအပေါင်းကို
အထူးပြုစေရန်ပေါင်းစည်းထားပါသည်။

ထိုမင်းအုပ်စိုးသော သူအပေါင်းတို့ကို ရေတွက် ၍ မကုန်နိုင်
ဤအရာသည် များပြားလှသောလူများကိုအထူးပြုစေရန် ပုံကြီးချဲ့ပြီးအသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "လူအင်မတန်မှ များပြားလှပါသည်။" (ရှု၊

အနတ္တအမှု၊ လေကို ကျက်စား သောအမှုဖြစ်၏။
အဘယ်သို့ ဘာသာပြန်ကြောင်း ၁း၁၂ တွင် ကြည့်ပါ။


generated on Sun Jun 30 02:37:40 2024

## Translation Questions

Ecclesiastes 4:1

မည်သည့်အရာအတွက် နှိမ့်သိမ့်သောသူ မရှိသနည်း။
ညှဥ်းဆဲခြင်းကြောင့် ငိုကြွေးသော်လည်း၊ နှိမ့်သိမ့်သောသူ မရှိ။

Ecclesiastes 4:2

သေလွန်ပြီးသောလူသေနှင့်အသက်ရှင်သောလူအားလုံးထက် ကံကောင်းသောသူသည် မည်သူနည်း။
အသက်မရှင်သေးသောသူသည် သေလွန်ပြီးသောလူသေနှင့်အသက်ရှင်သောလူအားလုံးထက် ကံကောင်းသောသူဖြစ်သည်။

Ecclesiastes 4:5

လေကိုထိန်းဖို့ကြိုးစား၍အလုပ်လုပ်သော လက်နှစ်ဘက်ထက် မည်သည့်အရာသည် သာ၍ကောင်းသနည်း။
လေကိုကျက်စားခြင်းမှရသော လက်နှစ်ဘက်၌ပြည့်သောအရာထက် ငြိမ်သက်စွာလုပ်ရသောလက်တစ်ဆုပ်စာရှိသောအမြတ်သည် သာ၍ ကောင်း၏။

Ecclesiastes 4:9

တယောက်လဲခဲ့လျှင်၊ အဘယ့်ကြောင့် လူသည်နှစ်ယောက်ရှိခြင်းသည် သာ၍ကောင်းသနည်း။
လူနှစ်ယောက်သည် လူတစ်ယောက်ထက် သာ၍ကောင်းရခြင်းမှာ တယောက်လဲလျှင် တယောက်သည် သူ့သူငယ်ချင်းကို ပြန်ထူနိုင်သည်။

Ecclesiastes 4:12

ဘယ်အရာသည် လွယ်လွယ်ကူကူ မပြတ်နိုင်သနည်း။
သုံးလွှန်းတင်သော ကြိုးသည်လွယ်လွယ်ကူကူ မပြတ်နိုင်ပါ။

Ecclesiastes 4:13

ဘယ်အရာသည် အသက်ကြီး၍ မိုက်သော ရှင် ဘုရင်ထက်သာ၍ မြတ်သနည်း။
ဆင်းရဲ၍ပညာရှိခြင်းသည် အသက်ကြီး၍မိုက်မဲသော ရှင် ဘုရင်ထက်သာ၍ မြတ်သည်။

Ecclesiastes 4:15

လူတို့သည် ရှင်ဘုရင်အသစ်အား ဘာလုပ်ရန် ဆန္ဒရှိကြသနည်း။
လူတို့သည် ရှင်ဘုရင်အသစ်ကို နာခံရန် ဆန္ဒရှိကြသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 5

[1] ဘုရားသခင့်အိမ်တော်သို့ သွားသောအခါ၊ သင့်ခြေတို့ကို စောင့်လော့။ လူမိုက်ပြုသော ယဇ်ပူဇော် ခြင်းအမှုထက်၊
တရားနာခြင်းအမှုကိုသာ၍ ကြိုးစား လော့။ လူမိုက်တို့သည် ကိုယ်အပြစ် ကိုမဆင်ခြင်တတ် ကြ။ [2] သင်၏နှုတ်သည်
သတိမလစ်စေနှင့်။ ဘုရား သခင့်ရှေ့တော်၌ စကားပြောခြင်းငှါ၊ သင်၏စိတ်နှလုံး မလျင်မမြန်စေနှင့်။ ဘုရားသခင်သည်
ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ သင်သည် မြေကြီးပေါ်မှာရှိ၏။ ထိုကြောင့် သင်၏စကားမများစေနှင့်။ [3] အမှုများသောအားဖြင့်
အိပ်မက်မြင်တတ်သကဲ့ သို့၊ စကားများသောအားဖြင့် မိုက်သော သူ၏အသံကို ကြားရ၏။ [4] ဘုရားသခင့်ထံတော်၌
သစ္စာဂတိပြုမိလျှင်၊ သစ္စာဝတ်ကို မဖြေဘဲမနေနှင့်။ မိုက်သောသူတို့ကို အားရ နှစ်သက်တော်မမူ။သစ္စာဂတိပြုသည်အတိုင်း ဝတ်ကို
ဖြေလော့။ [5] သစ္စာဂတိပြု၍ ဝတ်ကိုမဖြေဘဲနေသည်ထက်၊ သစ္စာဂတိအလျှင်းမဖြေဘဲနေသော် သာ၍ကောင်း၏။ [6] သင်၏နှုတ်သည်
သင်၏ကိုယ်ခန္ဓာ၌ အပြစ် မရောက်စေနှင့်။ အကျွန်ုပ်မှားပါပြီဟု၊ တမန်တော်ရှေ့မှာ ပြောရသော အကြောင်းမရှိစေနှင့်။
ဘုရားသခင်သည် သင်၏စကားသံကို အမျက်ထွက်၍၊ သင်ပြုစုသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း။ [7]
အိမ်မက်များရာ၌၎င်း၊ စကားများရာ၌၎င်း၊ အချည်းနှီးသောအကြောင်း အရာပါတတ်၏။ သင်မူကား ဘုရားသခင်ကို
ကြောက်ရွံ့လော့။ [8] ကျေးရွာ၌ ဆင်းရဲသားတို့ကို ညှဉ်းဆဲခြင်း၊ တရားလမ်းမှလွှဲ၍၊ မတရားသဖြင့် အနိုင်အထက်စီရင်
စီရင်ဆုံးဖြတ်ခြင်းအမှုကိုမြင်လျှင်၊ ထိုသို့သောအကြံရှိ သည်ကို အံ့သြခြင်းမရှိနှင့်။ ကြီးမြင့်သောသူတယောက်ကို တယောက်
ကြည့်မှတ်သကဲ့သို့၊ အကြီးဆုံး၊ အမြင့်ဆုံး သောသူသည် ကြည့်မှတ်လျက်ရှိတော်မူ၏။ [9] မြေကြီးကဖြစ်သော
စီးပွါးသည်အလုံးစုံတို့အဘို့ ဖြစ်၏။ ရှင်ဘုရင်သော်လည်း၊ လယ်၏ ကျေးဇူးကိုခံရ၏။ [10] ငွေကိုတပ်မက်သောသူသည်
ငွေနှင့်အလိုဆန္ဒ မပြေနိုင်။ စည်းစိမ်ကိုတပ်မက်သောသူသည် စည်းစိမ် တိုးပွားသော်လည်း မရောင့်ရဲနိုင်။ ထိုအမှုအရာသည် လည်း
အနတ္တဖြစ်၏။ [11] ဥစ္စာတိုးပွားသောအခါ စားရသောသူတို့သည် လည်း တိုးပွားများပြားကြ၏။ ဥစ္စာရှင်သည် မျက်စိနှင့် ကြည့်ရှုခြင်း
ကျေးဇူးမှတပါး အဘယ်ကျေးဇူးရှိသနည်း။ [12] အလုပ်လုပ်သောသူသည် များစွာစားသည် ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ၊
အအိပ်မြိန်တတ်၏။ ရတတ်သောသူ၏ စည်းစိမ်မူကား၊ စည်းစိမ်ရှင်ကို အအိပ် ပျက်စေတတ်၏။ [13] စည်းစိမ်ရှင်သည်
ကိုယ်အကျိုးပျက်သည်တိုင် အောင်၊ စည်းစိမ်ကိုသိုထားခြင်းတည်းဟူသော၊ နေ အောက်၌ အလွန်ဆိုးသောအမှုအရာကို ငါမြင်ပြီ။ [14]
ထိုစည်းစိမ်သည် မကောင်းသောအမှုအားဖြင့် ပျောက်ပျက်တတ်၏။ စည်းစိမ်ရှင်မြင်သော သားသည် လည်း လက်ချည်းနေရ၏။ [15]
သို့မဟုတ်၊ စည်းစိမ်ရှင်သည် အမိဝမ်းထဲက အလျှင်းမပါဘဲ ထွက်လာသကဲ့သို့၊ ထိုနည်းတူပြန်သွား ရမည်။ ကြိုးစားအားထုတ်၍
ရသောဥစ္စာတစုံတခုကိုမျှ လက်နှင့်စွဲကိုင်လျက် ယူ၍မသွားရ။ [16] သူသည်လာသကဲ့သို့ အလျှင်းမခြားနားဘဲ၊ သွား ရသောမှုအရာသည်
အလွန်ဆိုးသောအမှုအရာဖြစ်၏။ လေကို ရအံ့သောငှါ ကြိုးစားအားထုတ်သော သူသည် အဘယ်ကျေးဇူးရှိသနည်း။ [17]
သူ၏နေ့ရက်လာလကို မှောင်မိုက်၌ လွန်စေ တတ်၏။ များစွာသောနှောင့်ရှက်ခြင်း၊ ညှိုးငယ်ခြင်း၊ အမျက်ထွက်ခြင်းကို ခံရ၏။ [18]
ငါသိမြင်သောအရာဟူမူကား၊ စားသောက်ခြင်း အမှု၊ နေအောက်၌ ဘုရားသခင်ပေးတော်မူသော အသက်ရှည်သမျှ ကာလပတ်လုံး၊
ကြိုးစားအားထုတ်၍ ရသော အကျိုး၌ပျော်မွေ့ခြင်းအမှုကို ပြုကောင်း၏။ လျောက်ပတ်၏။ ထိုအမှုသည် လူ၏အဘို့ ဖြစ်၏။ [19]
ဘုရားသခင် ပေးသနားတော်မူသော စည်းစိမ် ဥစ္စာကိုရသော လူတိုင်းမိမိအဘို့ကိုခံ၍ ဝင်စားခြင်းငှါ ၎င်း၊ ကြိုးစားအားထုတ်၌
ပျော်မွေ့ခြင်းငှါ၎င်း၊ ဘုရား သခင့်ကျေးဇူးတော်ကြောင့် အခွင့်ရှိ၏။ [20] လွန်သောနေ့ရက်ကာလကို များစွာမအောက် မေ့ရ။
စိတ်နှလုံးရွှင်လန်းသောအခွင့်ကို ဘုရားသခင် ပေးသနားတော်မူ၏။

---

Ecclesiastes 01

သင့်ခြေတို့ကို စောင့်လော့။
ဤတွင် "ခြေများ" ဟူသည်မှာ ပုဂ္ဂိုလ်တစ်ယောက်၏ အပြုအမူကို အစားထိုးထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်အကျင့်အကြံကိုသတိပြုပါ။"

Ecclesiastes 02

ဘုရားသခင့်ရှေ့တော်၌ စကားပြောခြင်းငှါ၊
ဘုရားသခင်ကို အဓိဋ္ဌာန်ပြုရန်နှင့် ဂတိသစ္စာပြုရန်၊

သင်၏စိတ်နှလုံး မလျင်မမြန်စေနှင့်
ဤတွင်ပုဂ္ဂိုလ်တစ်ယောက်သည် သူ့စိတ်ခံစားချက်နှင့်ဆန္ဒများကိုအထူးပြုစေရန် "သူ့စိတ်နှလုံး" ဟူ၍အစားထိုးသုံးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မလုပ်နဲ့ "

သင်၏စကားမများစေနှင့်
စကားများများမပြောပါနဲ့


generated on Sun Jun 30 02:37:40 2024

Ecclesiastes 04

သစ္စာဝတ်ကို မဖြေဘဲမနေနှင့်။ မိုက်သောသူတို့ကို အားရ နှစ်သက်တော်မမူ
ငှင်းမှာ မိုက်သောသူတို့သည်ဘုရားသခင်၌ဂတိသစ္စာ
ပြုထားသောအရာကို
ပြန်ဖြေရန်နှောက်နှေးတတ်သောအရာကိုရည်စူးထားပါသည်။

Ecclesiastes 06

သင်၏နှုတ်သည် သင်၏ကိုယ်ခန္ဓာ၌ အပြစ် မရောက်စေနှင့်
သင်ပြောသောစကားကြောင့် အပြစ်မရောက်ပါစေနှင့်။

ဘုရားသခင်သည် သင်၏စကားသံကို အမျက်ထွက်၍၊ သင်ပြုစုသောအမှုကို
အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း
"များယွင်းစွာ ဂတိသစ္စာပြုခြင်းသည်
ဘုရားသခင်အားစိတ်ဆိုးစေသောအရာဖြစ်ပြီး
မိုက်မဲ့သောအရာလည်းဖြစ်ကာ၊
သင့်လက်အားဖြင့်လုပ်သောအရာများကိုဖျက်ဆီးစေရန်ဘုရားသခင်အား
စိတ်ပျက်စေသောအရာလည်းဖြစ်သည်။"

သင်ပြုစုသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း
"သင်ပြုသမျှကိုဖျက်ဆီးပစ်ပါ" -

အိမ်မက်များရာ၌ငှင်း၊ စကားများရာ၌ငှင်း၊ အချည်းနှီးသောအကြောင်း
အရာပါတတ်၏
ခပ်သိမ်းသောအရာသည် လေကိုကျက်စားသောအမှုကဲ့သို့
အချည်းနှီးနှင့် အလဟာသဖြစ်ကြောင်းကို ပြောဆိုထားပါသည်။
"အကြောင်းမူကား အိပ်မက်များနှင့်စကားများခြင်းများသည်
အခိုးအငွေ့ကဲ့သို့အချည်းနှီးသာဖြစ်သည်။"

Ecclesiastes 08

ဆင်းရဲသားတို့ကို ညှဉ်းဆဲခြင်း
အခြားသောဘာသာပြန်ဆိုချက် - ဆင်းရဲသောသူကို
လူများကညှင်းဆဲကြပြီး လုယုက်ကြပြီ။"

တရားသဖြင့် မှန်ကန်စွာ ဆက်ဆံခြင်း
တရားမျှတခြင်းနှင့် မှန်ကန်ခြင်းဟူသော စကားလုံးသည်
အခြေခံအားဖြင့် တူညီသော ပြုမူခြင်း အဓိပ္ပာယ်ကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်- တရားမျှတစွာ
ဆက်ဆံခြင်း။

မတရားသဖြင့် အနိုင်အထက်စီရင် စီရင်ဆုံးဖြတ်ခြင်းအမှုကိုမြင်လျှင်၊
ထိုသို့သောအကြံရှိ သည်ကို အံ့ဩခြင်းမရှိနှင့်
သူတို့သည် လူသားများဖြစ်သောကြောင့် အံ့ဩခြင်းမရှိကြနှင့်။

ကြီးမြင့်သောသူ
အခြားသောဘာသာပြန်ဆိုချက် "လူအများသည် တန်ခိုးအစွမ်း
ရှိကြသည်။"

ကြီးမြင့်သောသူတယောက်ကို တယောက် ကြည့်မှတ်သကဲ့သို့
လူများကို အာဏာဖြင့်အုပ်စိုးသော လူအများလည်းရှိသည်။
အခြားသောဘာသာပြန်ဆိုချက် -
"သူတို့လုပ်ဆောင်သောအရာများထက်
ပိုပြီးအာဏာရှိသောလူများ"

မြေကြီးကဖြစ်သော စီးပွါးသည်အလုံးစုံတို့အဘို့ ဖြစ်၏
"တိုးပွားသည်" ဟူသောစကားလုံးသည်
ကြိယာကဲ့သိုဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်
- မြေကြီးမှ ဖြစ်ပွားစေသော အစာ... လယ်မြေမှ သီးနှံထွက်များ"

Ecclesiastes 10

အနတ္တ
ခပ်သိမ်းသောရာတို့သည် မြူခိုးကဲ့သို့ အချည်းနှီး၊ အလာဟာသ
ဖြစ်သည်။ ငွေနှင့် အလိုဆန္ဒ မပြေနိုင်။

စည်းစိမ် တိုးပွားသော်လည်း
အခြားသောဘာသာပြန်ဆိုချက် -
"ပုဂ္ဂိုလ်တစ်ယောက်သာ၍ကြီးပွားလာသကဲ့သို့"

ဥစ္စာတိုးပွားသောအခါ စားရသောသူတို့သည်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်မှာ ၁ ) "ငွေကိုပို၍သုံးစွဲသောသူ"
(သို့ ) ၂ ) "သူ့ဥစ္စာကိုသုံးစွဲသောလူအများ ရှိကြသည်။"

ဥစ္စာရှင်သည် မျက်စိနှင့် ကြည့်ရှုခြင်း ကျေးဇူးမှတပါး
အဘယ်ကျေးဇူးရှိသနည်း
အခြားသောဘာသာပြန်ဆိုချက် -
"ဥစ္စာရှင်အနေဖြင့်သူ့ကိုအကျိုးပြုစေသောအရာမှာ
သူကြည့်နိုင်သောအရာဖြစ်သည်။"

Ecclesiastes 12

အလုပ်လုပ်သောသူသည် များစွာစားသည် ဖြစ်စေ၊
အနည်းငယ်စားသည်ဖြစ်စေ၊ အအိပ်မြိန်တတ်၏
ဤအရာသည်
လူတစ်ယောက်၏ကောင်းမွန်ပြည့်စုံစွာအိပ်စက်ခြင်းသည်
တစ်ခုခုကိုသူစားထားသောအရာချိုမြိန်သကဲ့သို့ဖြစ်ကြောင်းပြောဆိုထားပါသည်။
"အလုပ်လုပ်သောသူအိပ်စက်ခြင်းသည် နှစ်ခြိုက်ပါသည်"

များစွာစားသည် ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ၊
အစာများများစားသည်ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ

ရတတ်သောသူ၏ စည်းစိမ်မူကား၊ စည်းစိမ်ရှင်ကို အအိပ် ပျက်စေတတ်၏။
ရတတ်သောသူ၏ ဥစ္စာမူကား၊ စည်းစိမ်ရှင်ကို ညဥ့်၌ အအိပ်
ပျက်စေတတ်ပါသည်။ ချမ်းသာသောသူသည် အိပ်မပျော်နိုင်ပါ
အဘယ်ကြောင့်ဆိုသော် သူသည်ငွေနဲ့ပါတ်သက်ပြီး
တစ်စုံတစ်ဦးက သူ့ကိုအိပ်စေရန်
ခွင့်မပြုသကဲ့သို့ဖြစ်ကြောင့်ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဥစ္စာရတတ်သောသူသည်

ကောင်းစွာအိပ်မပျော်နိုင်ပါ အဘယ်ကြောင့်ဆိုသော် သူ၏ငွေကြေး၌စိုးရိမ်တတ်သောကြောင့်ဖြစ်သည်။"

Ecclesiastes 13

စည်းစိမ်ရှင်သည် ကိုယ်အကျိုးပျက်သည်တိုင် အောင်၊ စည်းစိမ်ကိုသိုထားခြင်းတည်းဟူသော
အခြားသောဘာသာပြန်ဆိုချက် - "စည်းစိမ်ရှင်သည် စည်းစိမ်ကိုသိုထားသည်"

မကောင်းသောအမှုအားဖြင့်
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ ၁ ) "မကောင်းသောကံအားဖြင့်" (သို့ ) ၂ ) "မကောင်းသောစီးပွားလုပ်ဆောင်ခြင်းအားဖြင့်"

စည်းစိမ်ရှင်မြင်သော သားသည် လည်း လက်ချည်းနေရ၏။
ဤတွင် "သူ့လက်များ" ဟူသောစကားစုသည် စည်းစိမ်ရှင်ကို ကိုယ်စားပြုထားပါသည်။
၎င်းကိုအပြုသဘောဆောင်အနေဖြင့်လည်းဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် သူ့သားအတွက် ဘာစည်းစိမ်မှ မချန်ထားခဲ့ပါ။"

Ecclesiastes 15

စည်းစိမ်ရှင်သည် အမိဝမ်းထဲက အလျှင်းမပါဘဲ ထွက်လာသကဲ့သို့၊ ထိုနည်းတူပြန်သွားရမည်
လူသားသည်အမိဝမ်းမှမွေးဖွားသောအခါလက်ဗလာဖြစ်သောအရာကို ရည်ညွှန်းထားပါသည်။ ထို့အပြင် အဝတ်မပါခြင်းဟူသော စကားလုံးမှာ လူသည် ဘာမှပိုင်ဆိုင်မှုမပါဘဲမွေးဖွားခြင်းကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - လူသားသည်မွေးစဉ်အခါ ဘာမှမပါလာသကဲ့သို့အသက်ပြန်ထွက်သွားသောအခါ၌လည်း အလားတူဖြစ်မည်ဖြစ်သည်။

ထိုနည်းတူပြန်သွားရမည်
အခြားသောဘာသာပြန်ဆိုချက် - "သေလိမ့်မည်။"

ကြိုးစားအားထုတ်၍ ရသောဥစ္စာတစုံတခုကိုမျှ လက်နှင့်စွဲကိုင်လျက် ယူ၍မသွားရ
အခြားသောဘာသာပြန်ဆိုချက် - "သူပိုင်ဆိုင်သောဥစ္စာမှန်သမျှ ဘာမှသူနှင့်အတူယူသွားခွင့်မရပါ။"

သူသည်လာသကဲ့သို့ အလျှင်းမခြားနားဘဲ၊ သွားရသောအမှုအရာသည်
ဤအရာသည်လူသားတစ်ယောက်၏မွေးဖွားခြင်းနှင့် သေခြင်းကိုရည်ညွှန်းပြီး အထက်၌ဖော်ပြပါ ကျမ်းပိုဒ်ကဲ့သို့ ဖော်ပြထားပါသည်။

လေကို ရအံ့သောငှါ ကြိုးစားအားထုတ်သော သူသည် အဘယ်ကျေးဇူးရှိသနည်း။
စာရေးသူက လေကိုရအံ့သောငှာကြိုးစားသောသူသည် ဘာအကျိုးမှ မရသောအရာကို အထူးပြုစေရန် ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။

အခြားသောဘာသာပြန်ဆိုချက် - "မည်သူကမျှ လေကိုရအံ့သောငှာကြိုးစားသောသူသည် အကျိုးမရနိုင်ပါ"

လေကို ရအံ့သောငှါ ကြိုးစားအားထုတ်သော သူ
ဖြစ်နိုင်ရှိသောအဓိပ္ပာယ်များမှာ ၁ ) ဤအရာက လေကိုကျက်စားသောအမှုကဲ့သို့ ခိုင်မြဲခြင်းအကျိုးကျေးဇူး မရသောပုဂ္ဂိုလ်ကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လေကိုရအံ့သောငှာကြိုးစားသောသူ" - ၂ ) ပုဂ္ဂိုလ်တစ်ယောက်သည် သူ၏အကျိုးကျေးဇူးအဖြစ် အသက်ရှူခြင်းသာရရှိသောအရာကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အသက်ရှူသောလေကိုရရှိရန်ကြိုးစားသည်။"

သူ၏နေ့ရက်လာလကို မှောင်မိုက်၌ လွန်စေ တတ်၏
ဤတွင် "မှောင်မိုက်" ဟူသည်မှာ ဝမ်းနည်းခြင်းနှင့်ငြီးငွေ့ခြင်းကို ကိုယ်စားပြုထားပါသည်။ ဖြစ်နိုင်သော အဓိပ္ပာယ်မှာ ၁) လူတစ်ယောက်သည်အမြဲဘဲ မှောင်မိုက်၌သာ စားသောက်သည် ၂) သူသည် ဝမ်းနည်းခြင်းနှင့်ငြီးငွေ့ခြင်းများ၌သာသူ့ဘဝ၏အချိန်ကို ကုန်ဆုံးစေသည်။"

များစွာသောနှောင့်ရှက်ခြင်း၊ ညှိုးငယ်ခြင်း၊ အမျက်ထွက်ခြင်းကို ခံရ၏။
"ညှိုးငယ်ခြင်း" နှင့် "အမျက်ထွက်ခြင်း" ဟူသောစကားလုံးကို နာမဝိသေသနအနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကြီးမားစွာခံစားရသည်၊ မကျန်းမာ၍အမျက်ထွက်သည်။"

Ecclesiastes 18

ငါသိမြင်သောအရာဟူမူကား
စာရေးသူက စာဖတ်သူအားနောက်ထပ်ပြောမည့်အရာကိုအရှုံစိုက်စူးစိုက်မှုရှိစေရန် ဤစကားလုံးကိုအသုံးပြုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "အာရုံစိုက်ပါ" (သို့ ) "နားထောင်ပါ"။

ကြိုးစားအားထုတ်၍ ရသော အကျိုး၌ပျော်မွေ့ခြင်းအမှုကို ပြုကောင်း၏။ လျောက်ပတ်၏
ဤတွင် "ကောင်းသည်" နှင့် "လျောက်ပတ်၏" ဟူသောစကားလုံး၏ဆိုလိုရင်းမှာအတူတူပင်ဖြစ်သည်။ ဒုတိယ စကားလုံးသည် ပထမ စကားလုံးထက် ပို၍အရှိန်ပြင်းပြပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတွေ့မြင်ခဲ့သောအရာသည် လုပ်ဆောင်ရန်အကောင်းဆုံးဖြစ်သည်"။

ဘုရားသခင်ပေးတော်မူသော အသက်ရှည်သမျှ ကာလပတ်လုံး
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်က အသက်ရှင်သန်ရန်ခွင့်ပေးသလောက်"

ထိုအမှုသည် လူ၏အဘို့ ဖြစ်၏။
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) "လူအတွက် ဆုလာဒ် ဖြစ်သည်" (သို့ ) - ၂ ) "လူတို့၏ ဘဝထဲမှာ"

Ecclesiastes 19

စည်းစိမ် ဥစ္စာ
ဤစကားလုံးနှစ်လုံးသည်အခြေခံအားဖြင့်
အဓိပ္ပယ်အတူတူပင်ဖြစ်ပါသည်။
သူတို့သည်ငွေကြေးကိုရည်ညွှန်းပြီးငွေကြေးအားဖြင့်ဝယ်ယူနိုင်သော

လူတိုင်းမိမိအဘို့ကိုခံ၍ ဝင်စားခြင်းငှါရင်း၊ ကြိုးစားအားထုတ်၍ ပျော်မွေ့ခြင်းငှါရင်း၊
ပေးအပ်ထားသောအရာကိုလက်ခံစေရန်ဖြစ်သည်။

လွန်သောနေ့ရက်ကာလကို များစွာမအောက် မေ့ရ။
ဤတွင် "သူ" ဟူသောစကားလုံးမှာ
ဘုရားသခင်ကပေးအပ်ထားသောပုဂ္ဂိုလ်ကိုရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မအောက်မေ့ရ"
ကိုရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - သူ့ဘဝတစ်လျောက်
၌ဖြစ်ပျက်ခဲ့သောအရာများ"

ကြိုးစားအားထုတ်၍
ဆက်ပြီးလုပ်ဆောင်သည်။

---

## Translation Questions

Ecclesiastes 5:1

လူတို့သည် ဘုရားသခင့်အိမ်တော်သို့ဘကြောင့် သွားသင့်သနည်း။
လူတို့သည် ဘုရားသခင့်အိမ်တော်သို့ တရားနာရန်
သွားသင့်သည်။

Ecclesiastes 5:2

အဘယ်ကြောင့် လူတို့သည် စကားနည်းနည်းသာ ပြောသင့်သနည်း။
ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ လူတို့သည်
မြေကြီးပေါ်မှာရှိ၏။ ထိုကြောင့် စကားနည်းနည်းသာ
ပြောသင့်သည်။

Ecclesiastes 5:4

လူတစ်ယောက်သည် သူမဖြေနိုင်သော သစ္စာဂတိကို ပြုသည်ထက်
မည်သည့်အရာက သာ၍ ကောင်းသနည်း။
လူတစ်ယောက်သည် သူမဖြေနိုင်သော သစ္စာဂတိပြုသည်ထက်
သစ္စာဂတိကိုအလျှင်းမပြုလျှင်သာ၍ ကောင်း၏။

Ecclesiastes 5:8

ဆင်းရဲသားတို့ကို ညှဥ်းဆဲခြင်း၊ မတရားသဖြင့် အနိုင်အထက်ပြုခံရသည်ကို
တစ်စုံတစ်ယောက်သည်မြင်၍ မည်သူမျှ ၎င်းကိုမသိ၍ အဘယ်ကြောင့်
မည်သူမျှ အံ့သြခြင်းမရှိသင့်သနည်း။
ဆင်းရဲသားတို့ကို ညှဥ်းဆဲခြင်း၊ မတရားသဖြင့်
အနိုင်အထက်ပြုခံရသည်ကို တစ်စုံတစ်ယောက်သည်မြင်၍
မည်သူမျှ ၎င်းကိုမသိ၍ အဘယ်ကြောင့် မည်သူမျှ
အံ့သြခြင်းမရှိသင့်သည်မှာ သူတို့ကို စောင့်ကြည့်ကြသော
အာဏာရှိသောသူများနှင့် သူတို့၏အထက်မှာပင်
ရာထူးကြီးသောများရှိကြသောကြောင့် ဖြစ်သည်။

Ecclesiastes 5:10

ကောင်းစားကြီးပွားခြင်းများလာသည်နှင့်အမျှ မည်သို့ဖြစ်လာသနည်း။
ကောင်းစားကြီးပွားခြင်းများလာသည်နှင့်အမျှ
စားရသောသူတို့လည်း တိုးပွားများပြားကြသည်။

Ecclesiastes 5:12

မည်သည့်အရာသည် ချမ်းသာသောသူတို့ကို ကောင်းကောင်း
မအိပ်စေတတ်သနည်း။
မိမိစည်းစိမ်သည် ချမ်းသာသောသူတို့ကို
အအိပ်ပျက်စေတတ်ပါသည်။

Ecclesiastes 5:13

ကံမကောင်းခြင်းဖြင့် ချမ်းသာသောသူတို့သည် စည်းစိမ်ဆုံးရှုံးကြသောအခါ
မည်သို့ဖြစ်သနည်း?
ချမ်းသာသောသူတို့သည် ကံမကောင်းခြင်းဖြင့်
စည်းစိမ်ဆုံးရှုံးကြသောအခါ မိမိမွေးသောသားသည်
မည်သည့်စည်းစိမ်မျှမရှိဘဲ လက်ချည်းနေရတတ်၏။

Ecclesiastes 5:15

လူသည် မည်သို့မွေးဖွား၍ မည်သို့ ပြန်သွားလိမ့်မည်နည်း။
လူသည် အမိဝမ်းထဲက အဝတ်ချည်းစည်းထွက်လာသကဲ့သို့၊
ထိုနည်းတူပြန်သွား ရမည်။

Ecclesiastes 5:19

လူတစ်ယောက်သည် အဘယ်ကြောင့် လွန်သောနေ့ရက်ကာလကို
များစွာမအောက် မေ့ရသနည်း။
လူတစ်ယောက်သည် လွန်သောနေ့ရက်ကာလကို များစွာမအောက်
မေ့ရသည်မှာ စိတ်နှလုံး ရွှင်လန်းသောအခွင့်ကို ဘုရားသခင်
ပေးသနားတော်မူသောကြောင့်ဖြစ်သည်။

---

## Chapter 6

[1] လူတို့တွင် အတွေ့များ၍၊ နေအောက်၌ ငါမြင်ရ သော အမှုဆိုးဟူမူကား၊ [2] အလိုဆန္ဒရှိသမျှပြေလောက်အောင် စည်းစိမ်
ဥစ္စာဂုဏ်အသရေကို ဘုရားသခင်ပေးသော်လည်း၊ ခံစား ရသောအခွင့်ကို ပေးတော်မမူသောကြောင့်၊ ကိုယ်တိုင် မခံစားရ။ မဆိုင်သော
သူတပါးဝင်၍ ခံစားရသောအမှု သည် အနတ္တအမှု၊ ဆိုးသောအမှု ဖြစ်၏။ [3] လူသည် နှစ်ပေါင်းများစွာ အသက်ရှည်၍၊ သားတရာပင်
ရှိငြားသော်လည်း၊ အလိုဆန္ဒမပြည့်စုံဘဲ၊ သင်္ဂြိုဟ်ခြင်းကို မခံရဘဲ သေသွားလျှင်၊ ထိုသူထက် ပျက်သောကိုယ်ဝန်သည်သာ၍ မြတ်၏။
[4] အကြောင်းမူကား၊ ပျက်သော ကိုယ်ဝန်သည် အချည်းနှီးပေါ်လာ၏။ မှောင်မိုက်ထဲမှာ ထွက်သွား၏။ သူ့အမည်ကား၊
မှောင်မိုက်နှင့်ဖုံးလွှမ်းလျက် ရှိလိမ့်မည်။ [5] နေကိုလည်းမမြင်ရ။ အဘယ်အရာကိုမျှမသိရ။ သို့သော်လည်း၊
အရင်ဆိုသောသူထက်သာ၍ ချမ်းသာ ရ၏။ [6] အကယ်၍ အရင်ဆိုသော သူသည် အနှစ် နှစ်ထောင်အသက်ရှင်သော်လည်း၊
အကျိုးကျေးဇူးမရှိ။ အလုံးစုံတို့သည် တခုတည်းသောအရပ်သို့ သွားရကြသည် မဟုတ်လော။ [7] လူကြိုးစားအားထုတ်သမျှတို့၌
ဝမ်းဘို့သာ ကြိုးစားအားထုတ်သော်လည်း၊ စားချင်သော စိတ်မပြေ နိုင်။ [8] ပညာရှိသော သူသည် မိုက်သောသူထက်
အဘယ်ကျေးဇူးရှိသနည်း။ အသက်ရှင်သောသူများရှေ့ မှာ ကျင့်ကြံပြုမူတတ်သော ဆင်းရဲသား၏ အကျိုးကျေးဇူး ကား
အဘယ်သို့နည်း။ [9] ကိုယ်တိုင်တွေ့မြင်ခြင်း အကျိုးသည် လောဘ ပြန့်ပွားခြင်း အကျိုးထက်သာ၍ ကြီး၏။ ထိုအမှုအရာ သည်
အနတ္တအမှု၊ လေကိုကျက်စားသောအမှုဖြစ်၏။ [10] ရှိသမျှသော အခြင်းအရာများကို မှတ်သား နှင့်ပြီ။
လူ၏အခြင်းအရာသက်သက်ဖြစ်သည်ကို သိရ၏။ လူသည် မိမိထက် တန်ခိုးကြီးသောသူနှင့် မပြိုင်နိုင်ရာ။ [11]
အနတ္တတိုးပွားစရာအကြောင်း များပြားသည် ဖြစ်၍၊ လူသည် အဘယ်ကျေးဇူးရှိသနည်း။ [12] အရိပ်အကဲသို့ လွန်တတ်သော
အနတ္တအသက် ကာလပတ်လုံး၊ လူ၌ကျေးဇူးပြုတတ်သောအရာကို အဘယ်သူသိနိုင်သနည်း။ နေအောက်၌ လူနောက်မှာ
ဖြစ်လတံ့သော အမှုအရာတို့ကိုလည်း၊ အဘယ်သူပြော နိုင်သနည်း။

---

Ecclesiastes 01

လူတို့တွင် အတွေ့များ၍
အခြားသောဘာသာပြန်ဆိုချက် -
"၎င်းသည်လူတွေကိုခက်ခဲမှုများ ဖြစ်စေသည်။"

စည်းစိမ် ဥစ္စာဂုဏ်အသရေကို
ဤစကားလုံးနှစ်ခုသည် အခြေခံအားဖြင့်အတူတူပင်ဖြစ်ပါသည်။
သူတို့သည်ငွေကြေးကိုရည်ညွှန်းပြီး
၎င်းငွေကြေးဖြင့်ဝယ်ယူနိုင်သောအရာများကိုရည်ညွှန်းထားပါသည်။

အလိုဆန္ဒရှိသမျှပြေလောက်အောင် စည်းစိမ် ဥစ္စာဂုဏ်အသရေကို
ဘုရားသခင်ပေးသော်လည်း
အခြားသောဘာသာပြန်ဆိုချက် - "သူ၌အရာခပ်သိမ်းရှိသည်"

ခံစား ရသောအခွင့်ကို ပေးတော်မမူသောကြောင့်
သူ့အားခံစားရသောအခွင့်အစွမ်းမပေးခဲ့ပါ။

အနတ္တအမှု၊ ဆိုးသောအမှု
သူတစ်ပါး၏ ပိုင်ဆိုင်မှုတွင် ပျော်ရွှင်သောသူသည် မြူခိုးကဲ့သို့
အချည်နှီး၊ အလာဟာသ ဖြစ်သည်။

Ecclesiastes 03

လူသည် နှစ်ပေါင်းများစွာ အသက်ရှည်၍၊ သားတရာပင် ရှိငြားသော်လည်း
အခြားသောဘာသာပြန်ဆိုချက် -
"ဖခင်၌ကလေးများတစ်ရာရှိသည်"

လူသည် နှစ်ပေါင်းများစွာ အသက်ရှည်၍
ဤစကားစု နှစ်ခုသည်အခြေခံအားဖြင့်
အတူတူဖြစ်ပြီးအထူးပြုသောအရာပေါင်းစပ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက် -
"နှစ်ပေါင်းများစွာအသက်ရှင်သည်။"

အလိုဆန္ဒမပြည့်စုံဘဲ၊
အခြားသောဘာသာပြန်ဆိုချက် -
"သူသည်ကောင်းမွန်သောအရာများနှင့်ကျေနပ်မှုမရှိနိုင်ပါ။"

သင်္ဂြိုလ်ခြင်းကို မခံရဘဲ
ဖြစ်နိုင်သော အဓိပ္ပာယ်များမှာ - ၁ ) "မည်သူမျှ သူ့ကို
သင်္ဂြိုလ်ခြင်းကို မပြုပါ။

ပျက်သော ကိုယ်ဝန်သည် အချည်းနှီးပေါ်လာ၏
အခြားသောဘာသာပြန်ဆိုချက် -
ထိုသို့သောကလေးမွေးဖွားခြင်းသည် အချည်းနှီးသာဖြစ်သည်။

မှောင်မိုက်ထဲမှာ ထွက်သွား၏
ဤတွင်ကလေးတစ်ယောက်၏သေဆုံးခြင်းကို ရှင်းပြမရသော
မှောင်မိုက်ကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မရေမရာသေဆုံးသည်။"

သူ့အမည်ကား၊ မှောင်မိုက်နှင့်ဖုံးလွှမ်းလျက်
အခြားသောဘာသာပြန်ဆိုချက် - အဘယ်သူမျှ သူ၏နာမည်ကို
မသိ။


generated on Sun Jun 30 02:37:40 2024

## Ecclesiastes 05

အရင်ဆိုသောသူထက်သာ၍ ချမ်းသာ ရ၏။
မွေးဖွားသောကလေးတစ်ဦးသည် မည်သည့်အခါမှဆင်းရဲဒုက္ခကို မခံရဘဲ အနားယူရသည်။ နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်သော်လည်း ကျေနပ်အားရမှုမရှိဘဲ ငြိမ်သက်ခြင်း ကင်းမဲ့သည်။

လူသည် နှစ်ပေါင်းများစွာ အသက်ရှည်၍၊
ဤအရာသည် စိတ်ကူးသက်သက်ဖြစ်သောအခြေအနေသာ ဖြစ်သည်။ ဤင်းမှာလည်း လူသည်အသက်ရှင်စဥ်မပျော်ရွှင်ခဲ့လျှင်မည်မျှပင် အသက်ရှည်စေကာမူ အရေးမပါကြောင်းကို ပြသစေသော အကျယ်တိုးချဲ့ခြင်းမျိုးဖြစ်သည်။

နှစ်ပေါင်းများစွာ အသက်ရှည်၍
နှစ်ပေါင်း ၂၀၀၀

အသက်ရှင်သော်လည်း၊ အကျိုးကျေးဇူးမရှိ။
ဤဆိုလိုရင်းမှာ လူသည်ဘဝအတွက် အဘယ်အရာ အကျိုးရှိသည် ကို သင်ယူသင့်သည်။

## Ecclesiastes 07

ဝမ်းဘို့သာ
အခြားသောဘာသာပြန်ဆိုချက် - "သူ့ပါးစပ်၌ထည့်သည်။" (သို့ ) "သူ့ကိုကျွေးမွေးရန်။"

စားချင်သော စိတ်မပြေ နိုင်
အခြားသောဘာသာပြန်ဆိုချက် - "စားချင်သော စိတ်မပြေနိုင်"

ပညာရှိသော သူသည် မိုက်သောသူထက် အဘယ်ကျေးဇူးရှိသနည်း။
ပညာရှိသောသူသည် မိုက်သောသူထက် သာ၍ ကြာရှည်ခံသော ဇိမ်ခံစရာ အခွင့် မရှိပါ။ အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူပင် မိုက်သောသူထက်သာသောအကျိုးကျေးဇူးမရှိပါ"

အသက်ရှင်သောသူများရှေ့ မှာ ကျင့်ကြံပြုမူတတ်သော ဆင်းရဲသား၏ အကျိုးကျေးဇူး ကား အဘယ်သို့နည်း။
အခြားသောဘာသာပြန်ဆိုချက် - "ဆင်းရဲသောသူသည်သူတပါးရှေ့ ၌ မည်သို့ကျင့်ကြံရမည်ကိုသိသော်လည်းအကျိုးမရှိပါ။"

## Ecclesiastes 09

ကိုယ်တိုင်တွေ့မြင်ခြင်း
ပုဂ္ဂိုလ်တစ်ယောက်သည် ဤအရာများကို မြင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများ ရှိနှင့်ပြီးသားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ပုဂ္ဂိုလ်တစ်ဦး၌ရှိသောအရာ"

အကျိုးသည် လောဘ ပြန့်ပွားခြင်း အကျိုးထက်သာ၍ ကြီး၏
ဤအရာတွင် လူတစ်ယောက်သည် လိုချင်သော်လည်း မရှိခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ၌ မရှိသောအရာကို လိုချင်ခြင်း။"

အနတ္တအမှု၊ လေကိုကျက်စားသောအမှုဖြစ်၏
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၂ တွင် ကြည့်ပါ။

ရှိသမျှသော အခြင်းအရာများကို မှတ်သားနှင့်ပြီ
အခြားသောဘာသာပြန်ဆိုချက် - "လူတို့သည် ရှိသမျှသောအရာများကို မှတ်သားနှင့်ကြပြီ။"

လူ၏အခြင်းအရာ သက်သက်ဖြစ်သည်ကို သိရ၏
အခြားသောဘာသာပြန်ဆိုချက် - "လူသားများသည်မည်ကဲ့သို့သောသူနှင့်တူသည်ကိုသိနှင့်ကြပြီဖြစ်သည်။"

---

# Translation Questions

## Ecclesiastes 6:1

ဓမ္မဒေသနာဆရာသည် မည်သည့်ဆိုးသောအရာကို မြင်ခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် အလိုဆန္ဒရှိသမျှပြေလောက်အောင် စည်းစိမ်ဥစ္စာဂုဏ်အသရေကို ဘုရားသခင်ပေးသော်လည်း၊ ခံစားရသောအခွင့်ကို ပေးတော်မမူသောကြောင့်၊ ကိုယ်တိုင် မခံစားရ။ အခြားသောသူသည် သူ့စည်းစိမ်များကို ခံစားရသည်။

## Ecclesiastes 6:3

လူသည် နှစ်ပေါင်းများစွာ အသက်ရှည်၍၊ အလိုဆန္ဒမပြေ၊ ကောင်းစွာသင်္ဂြိုဟ်ခြင်းကို မခံရလျှင် မည်သူသည် ထိုသူထက် မြတ်သနည်း။
နှစ်ပေါင်းများစွာ အသက်ရှည်၍၊ အလိုဆန္ဒမပြေ၊ ကောင်းစွာသင်္ဂြိုဟ်ခြင်းကို မခံရသူထက် အသေမွေးသောသူငယ်သည်သာ၍ မြတ်သည်။


generated on Sun Jun 30 02:37:40 2024

Ecclesiastes 6:5

အကယ်၍ လူတစ်ယောက်သည် အနှစ် နှစ်ထောင်အသက်ရှင်သော်လည်း၊ ထိုကောင်းသော အရာများ၌ပျော်မွေ့ရန် မသင်ယူခဲ့ပါက ဘယ်နေရာသို့ သွားရမည်နည်း။
အကယ်၍ လူတစ်ယောက်သည် အနှစ် နှစ်ထောင်အသက်ရှင်သော်လည်း၊ ထိုကောင်းသော အရာများ၌ပျော်မွေ့ရန် မသင်ယူခဲ့ပါက အားလုံးသွားမည့်လမ်းတွင်သာ သွားမည်ဖြစ်သည်။

Ecclesiastes 6:7

လူကြိုးစားအားထုတ်သမျှတို့၌ ဝမ်းဘို့သာ ကြိုးစားအားထုတ်သော်လည်း ဘာဖြစ်သနည်း။
လူကြိုးစားအားထုတ်သမျှတို့၌ ဝမ်းဘို့သာ ကြိုးစားအားထုတ်သော်လည်း၊ စားချင်သော စိတ်မပြေနိုင်။

Ecclesiastes 6:9

စကားများများပြောလေ ဘာဖြစ်သနည်း။
စကားများများပြောလေ အချည်းနှီးများလေလေ ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 7

1 ကောင်းသောအသရေသည် နံ့သာဆီထက်သာ ၍ ကောင်း၏။ သေရသောနေ့သည်လည်း ဘွားမြင်သော နေ့ထက်သာရောကောင်း၏။
2 မသာအိမ်သို့ သွားခြင်းသည်၊ ပွဲခံရာအိမ်သို့ သွားခြင်းထက်သာ၍ကောင်း၏။ အကြောင်းမူကား၊ လူခပ်သိမ်းတို့သည် မသာအိမ်၌
လမ်းဆုံးရကြ၏။ အသက်ရှင်လျက်ရှိသောသူတို့လည်း၊ အသင့်နှလုံး သွင်းမိကြလိမ့်မည်။ 3 ပြုံးရယ်ခြင်းထက်
ဝမ်းနည်းခြင်းသည်သာ၍ ကောင်း၏။ အကြောင်းမူကား၊ မျက်နှာညှိုးငယ်သော အားဖြင့် နှလုံးသာ၍ကောင်းတတ်၏။ 4
ပညာရှိသောသူတို့၏နှလုံးသည် မသာအိမ်၌ ရှိ၏။ မိုက်သောသူတို့၏ နှလုံးမူကား၊ ပျော်မွေ့ခြင်းပြုရာ အိမ်၌ ရှိ၏။ 5
လူမိုက်သီချင်းဆိုသောစကားကို နားထောင် သည်ထက်၊ ပညာရှိဆုံးမသောစကားကို နားထောင်သော် သာ၍ ကောင်း၏။ 6
အကြောင်းမူကား၊ မိုက်သောသူ၏ ရယ်ခြင်း သည် အိုးအောက်၌ ဆူးပင်ကိုလောင်သောအသံနှင့် တူ၏။ ထိုအမှုအရာသည်လည်း
အနတ္တဖြစ်၏။ 7 အကယ်စင်စစ်၊ ညှဥ်းဆဲခြင်းသည် ပညာရှိ သောသူကို ရူးစေတတ်၏။ တံစိုးသည်လည်း စိတ်နှလုံးကို
ယိုယွင်းစေတတ်၏။ 8 အမှု၏အဆုံးသည် အစထက်သာ၍ကောင်း၏။ သည်းခံတတ်သော သဘောရှိသောသူသည် မာနကြီး သော
သူထက်သာ၍ကောင်း၏။ 9 အမျက်ထွက်သည်တိုင်အောင် စိတ်မတိုနှင့်။ အမျက်သည် မိုက်သောသူ၏ စိတ်နှလုံး၌ နေရာကျတတ်
၏။ 10 ရှေးကာလသည် ယခုကာလထက် အလယ် ကြောင့် သာ၍ကောင်းသနည်းဟုမမေးနှင့်။ ထိုသို့မေး လျှင်၊
ပညာတရားအတိုင်းမေးသည်မဟုတ်။ 11 ပညာသည် အမွေဥစ္စာကဲ့သို့ ကောင်း၍၊ နေကို မြင်သော သူတို့အား ကျေးဇူးပြုတတ်၏။ 12
အကြောင်းမူကား၊ ပညာသည် ကွယ်ကာတတ် ၏။ ငွေသည်လည်း ကွယ်ကာတတ်၏။ ပညာအတတ် သည်
အဘယ်သို့မြတ်သနည်းဟူမူကား၊ ပညာအတတ်ကို ရသောသူသည် အသက်ကိုလည်း ရတတ်၏။ 13 ဘုရားသခင်၏
အမှုတော်ကိုဆင်ခြင်လော့။ ကောက်စေတော်မူသော အရာကိုအဘယ်သို့ ဖြောင့်စေ နိုင်သနည်း။ 14 ကောင်းစားသည်ကာလ၌
ဝမ်းမြောက်လော့။ ဆင်းရဲခံရသည်ကာလ၌ ဆင်ခြင်လော့။ လူသည် မိမိ နောက်မှာဖြစ်လတ္တံ့သော အမှုအရာကိုသိမည်အကြောင်း၊
ဘုရားသခင်သည် ကောင်းစားခြင်းနှင့် ဆင်းရဲခြင်းကို လည်း အလှည့်လှည့်ပေးတော်မူ၏။ 15 ငါသည် အချည်းနှီးနေသော ကာလ၌
ခပ်သိမ်း သောအရာတို့ကို တွေ့မြင်ပြီ။ ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း၌ ဆုံးရှုံးကြောင်းကိုငင်း၊ အဓမ္မလူ သည်
မိမိအဓမ္မအမှု၌ အသက်ရှည်ကြောင်းကိုငင်း ငါမြင်၏။ 16 လွန်ကျူးစွာ မဖြောင့်မတ်နှင့်။ လွန်ကျူးစွာ ပညာမရှိနှင့်။ အဘယ်ကြောင့်
ကိုယ်အကျိုးကို ဖျက်ချင် သနည်း။ 17 လွန်ကျူးစွာမဆိုးညစ်နှင့်။ မမိုက်နှင့်။ အချိန် မရောက်မှီ အဘယ်ကြောင့်သေချင်သနည်း။ 18
ဤစကားကိုစွဲလန်းကောင်း၏။ လက်မလွှတ်နှင့်။ ဘုရားသခင်ကို ကြောက်ရွံ့သောသူသည် ခပ်သိမ်းသော အမှုထဲက
ထွက်မြောက်လိမ့်မည်။ 19 မြို့ထဲမှာနေသောသူရဲတကျိပ်ထက် ပညာရှိ သောသူတယောက်သည် ပညာအားဖြင့်သာ၍ တန်ခိုး ကြီး၏။
20 အပြစ်မပါဘဲ ကောင်းသောအကျင့်ကို ကျင့် သော သူတော်ကောင်းတစုံတယောက်မျှ မြေကြီးပေါ်မှာ မရှိ။ 21
သူတပါးပြောသမျှသော စကားတို့ကို မမှတ်နှင့်။ သို့ပြု လျှင်၊ ကိုယ်ကျွန်ကျိန်ဆဲသောစကားကို ကြားလိမ့်မည်။ 22 သင်သည်ကိုယ်တိုင်
သူတပါးတို့ကိုအဖန်ဖန် ကျိန်ဆဲ ကြောင်းကို၊ ကိုယ်စိတ်နှလုံးထဲမှာသိ၏။ 23 ဤအမှုအရာအလုံးစုံတို့ကို ငါသည်ပညာတရား အားဖြင့်
စုံစမ်းပြီ။ ပညာနှင့်ငါပြည့်စုံမည်ဟုဆိုသော် လည်း၊ ပညာသည် ငါနှင့်ဝေး၏။ 24 ဝေးသောအရာ၊ အလွန်နက်နဲသောအရာကို
အဘယ်သူရှာ၍ တွေ့နိုင်သနည်း။ 25 ပညာတရားနှင့် အကျိုးအကြောင်းကို ရှာဖွေ စစ်ဆေး၍ သိနားလည်ခြင်းငှါငင်း၊
မိုက်စွာကျင့်ခြင်း၏ အပြစ်နှင့် ရူးခြင်း၏အပြစ်ကို သိနားလည်ခြင်းငှါငင်း၊ ငါနှင့်ငါ့နှလုံးသည် ဝိုင်းညီ၍ ကြိုးစားလေပြီ။ 26
ကျော့ကွင်းနှင့်ပိုက်ကွန်တို့ကို ကြံစည်ပြင်ဆင်၍ ကြိုးနှင့်ချည်နှောင်တတ်သော မိန်းမသည်၊ သေခြင်းထက် သာ၍ ခါးသည်ကို
ငါတွေ့ပြီ။ ဘုရားသခင် စိတ်တွေ့ တော်မူသောသူသာလျှင်၊ ထိုမိန်းမလက်နှင့် လွတ်လိမ့် မည်။ အပြစ်ပြုတတ်သောသူကိုကား၊
ဘမ်းမိလိမ့်မည်။ 27 ဓမ္မဒေသနာဆရာ ဆိုသည်ကား၊ ငါရှာ၍ မ တွေ့သေး သောအရာကို တွေ့အံ့သောငှါ၊ တခုနောက် တခု
စစ်ဆေးချင့်တွက်သောအခါ၊ 28 ယောကျ်ားတထောင်တို့တွင် တယောက်ကို ငါတွေ့ပြီ။ မိန်းမတထောင်တို့တွင် တယောက်ကိုမျှ
ငါမတွေ့။ 29 ငါတွေ့သောအရာ တခုတည်းဟူမူကား၊ ဘုရား သခင်သည် လူကိုဖြောင့်မတ်အောင် ဖန်ဆင်းတော်မူ သော်လည်း၊
လူတို့သည် များပြားသော အကြံအစည်တို့ကို ရှာဖွေကြံစည်ကြပြီ။

---

Ecclesiastes 01

ကောင်းသောအသရေ

ဤတွင်လူတစ်ယောက်၏ "ဂုဏ်အသရေ" ဟူသည်မှာ သူတို့၏ ဂုဏ်သိက္ခာကို ကိုယ်စားပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဂုဏ်သိက္ခာကောင်းသောသူ"

အသင့်နှလုံး သွင်းမိကြလိမ့်မည်။

လူတွေရဲ့ ဂုဏ်အသရေ သည် သူတို့ သေသော အခါ အဆုံးသတ်သွားသည် ကိုဆင်ခြင်သင့်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ဤအကြောင်းကိုလေးနက်စွာ စဥ်းစားရမည်။"



generated on Sun Jun 30 02:37:40 2024

Ecclesiastes 03

မျက်နှာညှိုးငယ်သော
ဤအရာသည် ဝမ်းနည်းခြင်းကိုဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် -
"လူတစ်ယောက်ကိုဝမ်းနည်းအောင်ပြုလုပ်ပေးသောအတွေ့အကြုံ"

ပြုံးရယ်ခြင်း
ဤတွင် "စိတ်နှလုံး" ဆိုသည်မှာ လူတစ်ယောက်၏ အတွေးအခေါ်နှင့် စိတ်ခံစားချက်ကိုရည်ညွှန်းထားပါသည်။ "ပျော်ရွှင်ခြင်း" ဟူသည်မှာ - ၁ ) ပျော်ရွှင်ခြင်းနှင့်ငြိမ်းချမ်းသောစိတ်ခံစားချက်များကိုဖော်ပြချက်

ပညာရှိသောသူတို့၏နှလုံးသည် မသာအိမ်၌ ရှိ၏
ပညာရှိများသည် မသာအိမ်၌ရှိသကဲ့သို့ ငြီးတွားကြောင်းကိုပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူများသည် သေခြင်းကိုနက်ရှိုင်းစွာစဉ်းစားကြသည်။"

မိုက်သောသူတို့၏ နှလုံးမူကား၊ ပျော်မွေ့ခြင်းပြုရာ အိမ်၌ ရှိ၏။
ဤတွင် မိုက်သောသူတို့သည် သူတို့၏ "နှလုံးသား" ကို ရည်ညွှန်းထားပါသည်။
မိုက်သောသူတို့သည်ပျော်မွေ့ခြင်းအိမ်၌ရှိသကဲ့သို့ သူတို့ကိုပျော်ရွှင်စေသောအကြောင်းများကိုသာ စဉ်းစားကြသည်။ အခြားသောဘာသာပြန်ဆိုချက် "သို့သော်လူမိုက်တို့သည် သူတို့ကိုသူတို့ပျော်ရွှင်စေသောအကြောင်းများကိုသာစဉ်းစားကြသည်။"

မသာအိမ် ...... ပျော်မွေ့ခြင်းပြုရာ အိမ်
ဤစကားများသည် ဒီနေရာတွင် ဘာဖြစ်ပျက်မည်ဟူသောအရာကိုရည်ညွှန်းထားပါသည်။

Ecclesiastes 05

ပညာရှိဆုံးမသောစကားကို နားထောင်သော်
"ဆုံးမသည်" ဟူသောစကားလုံးသည် ကြိယာအနေဖြင့်ဖော်ပြနိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူများက သင့်ကိုဆုံးမသောအခါ" ဟူ၍ဖြစ်သည်။

လူမိုက်သီချင်းဆိုသောစကားကို နားထောင် သည်ထက်
အခြားသောဘာသာပြန်ဆိုချက် - မိုက်သောသူများ သီဆိုသော သီချင်းကိုနားထောင်ရန် -

မိုက်သောသူ၏ ရယ်ခြင်း သည် အိုးအောက်၌ ဆူးပင်ကိုလောင်သောအသံနှင့် တူ၏
မိုက်သောသူများပြောသောစကားကိုနားထောင်ခြင်းနှင့်ရီမောခြင်းသည် သူတို့၏အပြောနှင့်ရယ်ခြင်းက ဆူးပင်ကိုလောင်သောအသံကဲ့သို့ သင့်အားဘာမျှ သွန်သင်ပေးမည်မဟုတ်ပါ။

Ecclesiastes 07

ညှဉ်းဆဲခြင်း
ဤအရာသည် သူတပါးကသူ့ကိုမနာကြင်စေရန် တခြားတန်ဖိုးရှိသောအရာများ (သို့ ) ငွေကြေးများကိုပေးရန်အတင်းလုပ်ဆောင်စေသောအရာကို ရည်ညွှန်းထားပါသည်။ ၎င်းကို မှားယွင်းသောအရာအဖြစ် ယူဆထားပါသည်။

ပညာရှိ သောသူကို ရူးစေတတ်၏
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ ) "ပညာရှိသောသူကို မိုက်သောသူ အဖြစ်ပြောင်းစေသည်။" (သို့ ) - ၂ ) ပညာရှိသောသူ၏ အကြံပေးခြင်းသည် မိုက်သောသူ၏ အကြံပေးခြင်းကဲ့သို့ ဖော်ပြထားသည်။

စိတ်နှလုံးကို ယိုယွင်းစေတတ်၏။
ဤတွင် "နှလုံးသား" ဟူသည်မှာ စိတ်ကိုရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် -
"လူတစ်ယောက်၏အစွမ်းအစကိုဆင်ခြင်ရန်နှင့် မှန်ကန်စွာ စီရင်ရန် ယိုယွင်းစေပါသည်"။

Ecclesiastes 08

သည်းခံတတ်သော သဘောရှိသောသူသည် မာနကြီး သော သူထက်သာ၍ကောင်း၏
ဤတွင် "သည်းခံခြင်း" ဟူသည်မှာ လူတစ်ယောက်၏ စိတ်နေသဘောထားကိုရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သည်းခံတတ်သောသူသည် မာနကြီးသောသူထက်သာ၍ကောင်း၏"

အမျက်ထွက်သည်တိုင်အောင် စိတ်မတိုနှင့်။
အခြားသောဘာသာပြန်ဆိုချက် -
"အလျင်အမြန်အမျက်ထွက်စေနဲ့ "

အမျက်သည် မိုက်သောသူ၏ စိတ်နှလုံး၌ နေရာကျတတ် ၏။
လူတစ်ယောက်တစ်ချိန်လုံးအမျက်ဒေါသနဲ့ နေခြင်းသည် သူ့အထဲ၌ ဒေါသအမျက် ရှင်သန်သကဲ့သို့ဖြစ်ကြောင်းပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - မိုက်သောသူတို့သည် အမျက်ဒေါသနဲ့ပြည့်နက်ကြသည်"

Ecclesiastes 10

ရှေးကာလသည် ယခုကာလထက် အဘယ်ကြောင့် သာ၍ကောင်းသနည်း။
လူတစ်ယောက်က လက်ရှိအချိန်နဲ့ပါတ်သက်ပြီး ဆင်ခြေတက်စေရန်အလို့ငှာ ဤအလင်္ကာမြောက်သောမေးခွန်းကိုမေးထားပါသည်။
၎င်းကိုကြေညာချက်အနေဖြင့်ရေးသားနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် -
အတိတ်၌ရှိသောအရာများသည် လက်ရှိပစ္စုပ္ပန်ကာလထက် သာ၍ကောင်းပါသည်။"

ထိုသို့မေး လျှင်၊ ပညာတရားအတိုင်းမေးသည်မဟုတ်။
ဤတွင် စာရေးသူက လူတစ်ယောက်၏မေးခွန်းကိုအပြစ်တင်ရန် လှည့်ကွက် ပုံစံဖြင့်အသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် -
"အကယ်၍သင်သည်ပညာရှိလျှင် ဤမေးခွန်းမျိုးကို သင်မေးမည်မဟုတ်ပါ။" (သို့) ဤမေးခွန်းမျိုးမေးခြင်းအားဖြင့် သင်သည် ပညာရှိမဟုတ်ပါ။

Ecclesiastes 11

နေကို မြင်သော သူတို့အား
အခြားသောဘာသာပြန်ဆိုချက် - "အသက်ရှင်သောသူတို့သည်"

ပညာအတတ်ကို ရသောသူသည် အသက်ကိုလည်း ရတတ်၏။
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ ) စာရေးသူက "အသိတရား" နှင့် "ပညာ" ဟူသော စကားလုံးများကိုအသုံးပြုထားပုံမှာ အတူတူပင်ဖြစ်သည်။ (သို့ ) - ၂ )
"ပညာအတတ်ကိုရသောသူသည် အသက်ကိုလည်းရတတ်၏။"

အသက်ကိုလည်း ရတတ်၏။
၎င်းသည် ပညာရှိကို ရည်ညွှန်းထားပါသည်။
လူ့ဘဝအသက်တာ၌ သူတပါးအဖို့ အသက်ကိုပေးသကဲ့သို့ ၎င်းအားထိန်းသိမ်းရန် မည်သို့ပံ့ပိုးကူညီပေးသည်ကို ပြောဆိုထားပါသည်။ လူတစ်ဦးသည် ပညာရှိလာသောအခါ သူ့ကိုကြီးပွားချမ်းသာလာစေရန်နှင့်အသက်ရှည်ရှည်နေထိုင်ရန်အလို့ငှာ မှန်ကန်သောဆုံးဖြတ်ချက်များကိုချမှတ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက် - လူ့ဘဝကိုစောင့်ရှောက်ခြင်း"

Ecclesiastes 13

ကောက်စေတော်မူသော အရာကိုအဘယ်သို့ ဖြောင့်စေ နိုင်သနည်း။
စာရေးသူက
ဘုရားသခင်လုပ်ဆောင်ပြီးမြောက်သောအရာများကို မည်သူကမျှ မပြောင်းလဲစေနိုင်ကြောင်းကိုအထူးပြုစေရန် ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။
၎င်းကိုကြေညာချက်အနေဖြင့်လည်းဖော်နိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ကောက်သောအရာကို မည်သူကမှ မဖြောင့်စေနိုင်ပါ။"

Ecclesiastes 14

ကောင်းစားသည်ကာလ၌ ဝမ်းမြောက်လော့။ ဆင်းရဲခံရသည်ကာလ၌ ဆင်ခြင်လော့။
"ကာလများ" ဟူသည်မှာ
"ဖြစ်ပျက်လာမည့်အရာများအတွက်ဒေသသုံးစကားဖြစ်သည်။"
အခြားသောဘာသာပြန်ဆိုချက် -
"ကောင်းစားစဉ်အခါ........ဆင်းရဲခံရစဉ်အခါ"

ကောင်းစားသည်ကာလ၌ ဝမ်းမြောက်လော့။
ကောင်းသောအရာများအတွက် ဝမ်းမြောက်လော့။

အလှည့်လှည့်ပေးတော်မူ၏။
"အလှည့်လှည့်" ဟူသောစကားစုမှာ "ဒီတစ်ခု" နှင့် "ဒီတစ်ခု" ဟူသော ဒေသသုံးစကားကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက် - နှစ်ခုစလုံးတည်ရှိသည်။"

လူသည် မိမိ နောက်မှာဖြစ်လတ္တံ့သော အမှုအရာကို
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ )
အနာဂတ်မှာဖြစ်ပျက်လာမည့်အရာများ" (သို့ ) - ၂ )
သူသေဆုံးပြီးသောနောက် ကမ္ဘာပေါ်တွင်
ဖြစ်ပျက်လာမည့်အရာများ" (သို့ -၃) သူသေဆုံးပြီးသောနောက် ဖြစ်ပျက်လာမည့်အရာများ"

Ecclesiastes 15

မိမိဖြောင့်မတ်ခြင်း၌ ဆုံးရှုံးကြောင်းကိုဌင်း
သူတို့သည် ဖြောင့်မတ်ကြသော်လည်း -

ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း၌ ဆုံးရှုံးကြောင်းကိုဌင်း၊ အဓမ္မလူသည် မိမိအဓမ္မအမှု၌ အသက်ရှည်ကြောင်းကိုဌင်း ငါမြင်၏။
သင်၏ ကိုယ်ပိုင်အမြင်ထဲမှာ "ဖြောင့်မတ်ခြင်းနှင့် ပညာရှိခြင်း" ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့်အဓိပ္ပယ်တူပြီး လေးနက်မှုအတွက်ပေါင်းစပ်ထားပါသည်။

လွန်ကျူးစွာ မဖြောင့်မတ်နှင့်
သင်သည် သင်၏အဖြစ်မှန်ထက်သာ၍ ဖြောင့်မတ်သည်ဟုမစဉ်းစားပါနဲ့။

လွန်ကျူးစွာ ပညာမရှိနှင့်။
မျက်စိဟူသည်မှာ အမြင်ကို ကိုယ်စားပြုထားပြီး အမြင်သည်လည်း အတွေးအခေါ်နှင့် တရားစီရင်ခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"သင့်အမြင်၌ ပညာရှိခြင်း"

အဘယ်ကြောင့် ကိုယ်အကျိုးကို ဖျက်ချင် သနည်း။
စာရေးသူက မိမိသည်ဖြောင့်မတ်၏ဟု ထင်သောအရာသည် လူကိုဖျက်ဆီးစေသောအရာဖြစ်ကြောင်းကိုအထူးပြုစေရန် ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - မိမိကိုယ်ကိုမိမိ ဖျက်ဆီးစရာအကြောင်းမရှိပါ"။

Ecclesiastes 17

အချိန် မရောက်မီ အဘယ်ကြောင့်သေချင်သနည်း။
"သင် သေသင့်သောအချိန်ထက် စောပြီးသေရန်အကြောင်းအရင်းမရှိပါ။"

ဤစကားကိုစွဲလန်းကောင်း၏။
"မိမိကိုယ်ကိုမိမိ ပညာရှိဖို့ရန် အပ်နှံရမည်။"

လက်မလွှတ်နှင့်။
"သင်သည်ဖြောင့်မတ်သောသူဖြစ်ရန်
ကြိုးစားမှုမရပ်တန့်သင့်ပေ"

ခပ်သိမ်းသော အမှုထဲက ထွက်မြောက်လိမ့်မည်။
ဘုရားသခင်မျှော်လင့်ထားသည့်အတိုင်း ခပ်သိမ်းသောအမှုထဲက
ထွက်မြောက်လိမ့်မည်။

Ecclesiastes 19

မြို့ထဲမှာနေသောသူရဲတကျိပ်ထက် ပညာရှိ သောသူတယောက်သည်
ပညာအားဖြင့်သာ၍ တန်ခိုး ကြီး၏။
ပညာသည် လူကိုတန်ခိုးကြီးသောသူဖြစ်စေသည်၊ မြို့မှာနေသော
သူရဲတကျိပ်ထက် တန်ခိုးကြီးအောင်လုပ်ပေးသည်"။

အပြစ်မပါဘဲ ကောင်းသောအကျင့်ကို ကျင့် သော
သူတော်ကောင်းတစုံတယောက်မျှ မြေကြီးပေါ်မှာ မရှိ။
အခြားသောဘာသာပြန်ဆိုချက် -
ကောင်းသောအရာများလုပ်ဆောင်သောသူနှင့်အပြစ်လုပ်သောသူ။

Ecclesiastes 21

သူတပါးပြောသမျှသော စကားတို့
အခြားသောဘာသာပြန်ဆိုချက် -
"လူများပြောဆိုသမျှသောစကား"

ကိုယ်စိတ်နှလုံးထဲမှာသိ၏။
သင်ကိုယ်တိုင်သိ၏။ ဤတွင် "သင့်ကိုယ်သင်"
ဟူသောစကားလုံးသည် "သင်သိတယ်ဟူသော စကားစုကို
အထူးပြုစေရန်အသုံးပြုထားပါသည်။

ကိုယ်စိတ်နှလုံးထဲမှာ
အခြားသောဘာသာပြန်ဆိုချက် - "သင်အတွေးများထဲ၌"

Ecclesiastes 23

ဤအမှုအရာအလုံးစုံတို့ကို ငါသည်ပညာတရား အားဖြင့် စုံစမ်းပြီ
ငါစုံစမ်းပြီးသောအရာများကိုရေးသားခဲ့ပြီးပြီဖြစ်သည်။

ပညာနှင့်ငါပြည့်စုံမည်ဟုဆိုသော် လည်း၊ ပညာသည် ငါနှင့်ဝေး၏
ငါ နားလည်မှုထက်ကျော်လွန်သောအရာ ဖြစ်သည်။

ဝေးသောအရာ၊ အလွန်နက်နဲသောအရာကို
ဤအရာသည် ဝေးသောအရာ၊ အလွန်နက်နဲသောဒေသ
ကဲ့သို့နားလည်စေရန် ခက်ခဲသော ပညာကိုပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "နားလည်ရန်ခက်ခဲသည်"။

အဘယ်သူရှာ၍ တွေ့နိုင်သနည်း။
စာရေးသူက
ပညာကိုနားလည်ရန်ခက်ခဲကြောင်းကိုအထူးပြုစေရန်
ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားသည်။

အခြားသောဘာသာပြန်ဆိုချက် - "မည်သူတစ်ယောက်မှ
ထိုအရာကိုနားမလည်နိုင်ပါ။"

ငါနှင့်ငါ့နှလုံးသည် ဝိုင်းညီ၍ ကြိုးစားလေပြီ။
ဤတွင် "စိတ်နှလုံး" ဟူသော စကားလုံးသည် စိတ်ကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"ငါ့အတွေးများကို စီမံသည်။"

Ecclesiastes 26

ကျော့ကွင်းနှင့်ပိုက်ကွန်တို့ကို ကြံစည်ပြင်ဆင်၍ ကြိုးနှင့်ချည်နှောင်တတ်သော
မိန်းမသည်
စာရေးသူက မုဆိုးသည် ထောင်ချောက်ဖြင့် တိရိစ္ဆာန်များကို
ဖမ်းဆီး သကဲ့သို့ ချည်နှောင်တတ်သောမိန်းမသည်လည်း
ထိုနည်းတူ ယောကျာ်းများကိုအကွက်ဆင်ကြောင်းကို
ပြောဆိုထားပါသည်။ သူမ၏ "စိတ်" ဆိုသည်မှာ သူမ၏
အတွေးအခေါ် နှင့် စိတ်ခံစားချက်များကို ပုံဆောင်ထားပါသည်"
အခြားသောဘာသာပြန်ဆိုချက် - ယောကျာ်းများကို
ချည်နှောင်ခြင်းအားဖြင့် ထောင်ချောက်ဆင်တတ်သော
အမျိုးသမီး"

ကျော့ကွင်းနှင့်ပိုက်ကွန်တို့ကို ကြံစည်ပြင်ဆင်၍ ကြိုးနှင့်ချည်နှောင်တတ်သော
ဤနေရာတွင် "စိတ်" ဆိုသည်မှာ အတွေးအခေါ် နှင့်
စိတ်ခံစားချက်များကို ပုံဆောင်ထားပါသည်။"
ထိုသို့သောမိန်းမသည် သူ့၏အောင်မြင်မှု ကိုသာစိတ်ဝင်စားသော
သူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် -
တစ်စုံတစ်ယာက်၏ထောင်ခြောက်ကို အဘယ်သူလိုချင်သနည်း။

ကျော့ကွင်းနှင့်ပိုက်ကွန်တို့
ဤစကားလုံးနှစ်ခုသည် အမျိုးသမီးတစ်ယောက်က
အမျိုးသားများကို မည်သို့ထောင်ချောက်ဆင်ထားသည်ကို
အထူးပြုစေရန် လူများက
တိရိစ္ဆာန်များကိုထောင်ချောက်ဆင်သောနည်းလမ်းကိုရည်ညွှန်းထားပါသည်။

ကြိုးနှင့်ချည်နှောင်တတ်သော
ဤတွင် "လက်" ဟူသောစကားလုံးသည်
သူမ၏တန်ခိုးနှင့်ထိန်းချုပ်မှုကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မည်သူမျှ
မတိမ်းရှောင်နိုင်သောသူထံမှ"

အပြစ်ပြုတတ်သောသူကိုကား၊ ဘမ်းမိလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက် - "အပြစ်ပြုတတ်သောသူအား
သူမသည်ဖမ်းဆီးလိမ့်မည်ဖြစ်သည်"။

Ecclesiastes 27

တခုနောက် တခု စစ်ဆေးချင့်တွက်သောအခါ၊
အခြားသောဘာသာပြန်ဆိုချက် -
"တစ်ခုပြီးနောက်တစ်ခုရှာဖွေတွေ့ရှိသည်။"

မတွေ့သေးသောအရာကို တွေ့အံ့သောငှါ
အခြားသောဘာသာပြန်ဆိုချက် - "ဘ၀၌
ရှိသမျှသောအရာများကိုရှင်းပြနိုင်ရန်အလို့ငှာ ဖြစ်သည်"

ယောကျ်ားတထောင်တို့တွင် တယောက်
၁ ) ယောကျ်ားတစ်ထောင်တွင် တစ်ယောက်။
အခြားသောဘာသာပြန်ဆိုချက် - အယောက်

မိန်းမတထောင်တို့တွင် တယောက်ကိုမျှ
အယောက် (၁၀၀၀)
တွင်ဖြောင့်မတ်သောသူတစ်ယောက်မျှငါမတွေ့။

Ecclesiastes 29

လူတို့သည် များပြားသော အကြံအစည်တို့ကို ရှာဖွေကြံစည်ကြပြီ။
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ ) " သူတို့သည် အပြစ်များသော
အစီအစဥ်များကိုပြုလုပ်ခဲ့ကြသည်။" (သို့ ) - ၂ ) "သူတို့သည်
သူတို့၏ဘ၀ကို ခက်ခဲအောင်ပြုလုပ်ကြသည်။"

ရှာဖွေကြံစည်ကြပြီ။
ဤတွင် "သူတို့" ဟူသောစကားလုံးသည် "လူသားဖြစ်ခြင်း"
ကိုရည်ညွှန်းထားပါသည်။

---

## Translation Questions

Ecclesiastes 7:1

မသာအိမ်သို့ သွားခြင်းသည်၊ ပွဲခံရာအိမ်သို့ သွားခြင်းထက် အဘယ်ကြောင့်
သာ၍ကောင်းသနည်း။
မသာအိမ်သို့ သွားခြင်းသည်၊ ပွဲခံရာအိမ်သို့ သွားခြင်းထက်
သာ၍ကောင်းရခြင်းမှာ လူခပ်သိမ်းတို့သည် မသာအိမ်၌
လမ်းဆုံးရကြသောကြောင့်ဖြစ်သည်။

Ecclesiastes 7:3

ပညာရှိသောသူတို့၏နှလုံးသည် ဘယ်မှာရှိသနည်း။
ပညာရှိသောသူတို့၏နှလုံးသည် မသာအိမ်၌ ရှိသည်။

Ecclesiastes 7:5

မိုက်သောသူ၏ ရယ်ခြင်းသည် မည်သည့်အရာနှင့် ဆင်တူသနည်း။
မိုက်သောသူ၏ ရယ်ခြင်း သည် အိုးအောက်၌
ဆူးပင်ကိုလောင်သောအသံနှင့် တူသည်။

Ecclesiastes 7:7

ပညာရှိ သောသူကို ဘယ်အရာက ရူးစေတတ်သနည်း။
လုယ့်စားလိမ်လည်ခြင်းသည် ပညာရှိ သောသူကို
ရူးစေတတ်သည်။

Ecclesiastes 7:8

ဘာကြောင့် လူသည် စိတ်ဝိညာဉ်တွင် လျှင်မြန်စွာ အမျက်မထွက်သင့်သနည်း?
စိတ်ဝိညာဉ်တွင် လျှင်မြန်စွာ အမျက်မထွက်သင့်သည်မှာ
အမျက်သည် မိုက်သောသူ၏ စိတ်နှလုံး၌
နေရာကျတတ်သောကြောင့်ဖြစ်သည်။

Ecclesiastes 7:11

ပညာသည် အမွေဥစ္စာထက် မည်ကဲ့သို့ သာလွန်သနည်း။
ပညာသည် ကွယ်ကာတတ် သကဲ့သို့ ငွေသည်လည်း
ကွယ်ကာတတ်သော်လည်း ပညာအတတ်ကို ရသောသူသည်
အသက်ကိုလည်း ရတတ်သည်။

Ecclesiastes 7:14

ကောင်းစားသည်ကာလ၌ လူတို့သည် မည်ကဲ့သို့ နေထိုင်သင့်သနည်း။
ကောင်းစားသည်ကာလ၌ လူတို့သည် ထို ကောင်းစားခြင်းထဲ၌
ဝမ်းမြောက်သင့်ပါသည်။

Ecclesiastes 7:15

ဓမ္မဒေသနာဆရာက အဓမ္မလူ မည်သို့ဖြစ်နေသည်ကို မြင်ခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် အဓမ္မလူ မိမိအဓမ္မအမှု၌
အသက်ရှည်ကြောင်းကို မြင်ခဲ့ပါသည်။

Ecclesiastes 7:17

ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့ သည် ဘာဖြစ်လိမ့်မည်နည်း။
ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့ သည် ခပ်သိမ်းသော
အမှုထဲက ထွက်မြောက်လိမ့်မည်။

Ecclesiastes 7:21

သူတပါးပြောသမျှသော စကားတို့ကို အဘယ်ကြောင့် မမှတ်သင့်သနည်း။
သူတပါးပြောသမျှသော စကားတို့ကို မမှတ်သင့်ရခြင်းမှာ
ကိုယ်ကျွန်ကျိန်ဆဲသောစကားကို
ကြားလိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။

Ecclesiastes 7:23

ပညာသည် အဘယ်မှာ ရှိသနည်း။
ပညာသည် အဝေးတွင်ရှိပါသည်။

Ecclesiastes 7:26

အပြစ်ပြုတတ်သောသူကို မည်သူက ဘမ်းမိလိမ့်မည်နည်း။
အပြစ်ပြုတတ်သောသူကို ကျော့ကွင်းနှင့်ပိုက်ကွန်တို့ကို ကြံစည်ပြင်ဆင်၍ ကြိုးဖြင့်ချည်နှောင်တတ်သော မိန်းမသည် ဘမ်းမိလိမ့်မည်။

Ecclesiastes 7:27

ဓမ္မဒေသနာဆရာသည် ယောကျ်ားတထောင်တို့တွင် ဖြောင့်မတ်သောသူတယောက်ကို တွေ့သော်လည်း မည်သည့်အရာကို သူမတွေ့ခဲ့သနည်း?
ဓမ္မဒေသနာဆရာသည် ယောကျ်ားတထောင်တို့တွင် ဖြောင့်မတ်သောသူတယောက်ကို တွေ့သော်လည်း မိန်းမအားလုံးတွင် တယောက်ကိုမျှ မတွေ့ခဲ့ပါ။

## Chapter 8

[1] အဘယ်သူသည် ပညာရှိသောသူကဲ့သို့ ဖြစ်သနည်း။ နက်နဲသောအနက်ကို အဘယ်သူနားလည် သနည်း။ ပညာသည်
ပညာရှိသောသူ၏ မျက်နှာကို ထွန်းလင်းစေတတ်၏။ ထိုသူ၏ မျက်နှာသည် အထူး သဖြင့် ရဲရင့်သောအဆင်းရှိတတ်၏။ [2]
ဘုရားသခင့်ရှေ့တော်၌ ပြုသောသစ္စာကို ထောက် ၍၊ ရှင်ဘုရင်အမိန့်တော်ကို စောင့်လော့။ [3] သမ္မာသတိလစ်၍
အထံတော်မှမထွက်နှင့်။ မကောင်းသောအမှုကို မဆွဲမကိုင်နှင့်။ အလိုတော်ရှိသည် အတိုင်း စီရင်တော်မူမည်။ [4] ရှင်ဘုရင်အမိန့်တော်၌
တန်ခိုးပါ၏။ ကိုယ် တော်သည် အဘယ်သို့ပြုသနည်းဟု အဘယ်သူဆိုရာ သနည်း။ [5] အမိန့်တော်ကိုစောင့်သောသူသည် ရာဇဝတ်နှင့်
လွတ်လိမ့်မည်။ ပညာရှိသောသူ၏ စိတ်နှလုံးသည်လည်း၊ ကာလအချိန်ကိုငင်း၊ စီရင်ရသောအခွင့်ကိုငင်း သိမြင် တတ်၏။ [6]
လူကြံစည်သမျှအဘို့၊ ကာလအချိန်နှင့် စီရင်ရ သော အခွင့်ရှိ၏။ သို့သော်လည်း၊ လူသည် အလွန်ဆင်းရဲ ခြင်းကို ခံရ၏။ [7]
နောက်ဖြစ်လတံ့သောအရာကိုမသိ။ အဘယ်သို့ ဖြစ်လတံ့သည်ကို တစုံတယောက်မျှမပြောနိုင်ရာ။ [8] နံဝိညာဉ်ကို အစိုးရ၍
ချုပ်ထားနိုင်သော လူတ ယောက်မျှမရှိ။ သေချိန်ရောက်သောအခါ တန်ခိုးမရှိ။ ထိုစစ်မှုထဲက ထွက်စရာအခွင့်မရှိ။ ဒုစရိုက်ကို ပြုသော်
လည်း၊ ဒုစရိုက်သည် ထိုအမှုထဲက မကယ်မနှုတ်နိုင်။ [9] ဤအမှုအရာအလုံးစုံတို့ကို ငါတွေ့မြင်ပြီ။ နေ အောက်မှာပြုလေသမျှတို့ကို
ဆင်ခြင်ပြီ။ မိမိအကျိုးပျက် အောင် တယောက်ကိုတယောက် အုပ်စိုးသောအချိန် လည်း ရှိ၏။ [10] ထိုမှတပါး၊
သန့်ရှင်းရာအရပ်ဌာနတော်သို့ သွား လာသော အဓမ္မလူတို့သည် သင်္ဂြိုဟ်ခြင်းခံရကြောင်းကို ငင်း၊ အဓမ္မပြုဘူးသောမြို့၌
သူတို့ကိုအဘယ်သူမျှ မအောက် မေ့ကြောင်းကိုငင်း ငါမြင်ပြီ။ ထိုအမှုအရာသည်လည်း အနတ္တဖြစ်၏။ [11] အဓမ္မအမှုကို
အလျင်အမြန်စစ်ကြော၍၊ ဒဏ် မပေးသောကြောင့်၊ လူသားတို့သည် အဓမ္မအမှုကို ပြုခြင်း ငှါ၊ ခိုင်မာစွာ သဘောထားကြ၏။ [12]
အဓမ္မလူသည် အကြိမ်တရာတိုင်အောင် အဓမ္မ အမှုကိုပြု၍၊ အသက်တာရှည်သော်လည်း၊ ဘုရားသခင် ကို
ကြောက်ရွံ့သောသူတို့သည် ရှေ့တော်၌ ကြောက်ရွံ့ သောကြောင့်၊ ကောင်းသောအကျိုးကို ခံရကြမည်ဟု ငါအမှန်သိ၏။ [13]
အဓမ္မလူကား၊ ဘုရားသခင်ရှေ့တော်၌ မ ကြောက် မရွံ့သောအကြောင့်၊ ကောင်းသောအကျိုးကို မခံရ။ အရိပ်နှင့်တူသော
မိမိအသက်လည်းမရှည်ရ။ [14] မြေကြီးပေါ်မှာ ဖြစ်တတ်သော အနတ္တအမှု တပါးဟူမူကား၊ အဓမ္မလူပြုသောအမှုကြောင့် ခံထိုက်
သည်အတိုင်း၊ ဖြောင့်မတ်သောသူအချို့တို့သည် အပြစ်ကို ခံရကြ၏။ ထိုနည်းတူ၊ ဖြောင့်မတ်သောသူ ပြုသောအမှု ကြောင့်
ခံထိုက်သည်အတိုင်း၊ အဓမ္မလူအချို့တို့သည် အကျိုးကိုခံရကြ၏။ ထိုအမှုရာသည်လည်း အနတ္တဖြစ် သည်ဟု ငါ့သဘောရှိ၏။ [15]
ထိုအခါ ပျော်မွေ့ခြင်းအမှုကို ငါချီးမွမ်း၏။ အကြောင်းမူကား၊ လူသည်နေအောက်မှာ စားသောက် ခြင်း၊ ပျော်မွေ့ခြင်းအမှု ထက်သာ၍
ကောင်းသောအမှု မရှိ။ နေအောက်မှာ ဘုရားသခင် ပေးသနားတော်မူသော အသက်ကာလ၌၊ ကြိုးစားအားထုတ်၍ ရသောအကျိုး
တို့တွင်၊ ထိုအကျိုးကိုသာ အမြဲခံရ၏။ [16] လူအချို့တို့သည် တနေ့နှင့်တညဉ့်လုံး မအိပ်ဘဲ နေတတ်သည်ဖြစ်၍၊ ပညာတရားကို
သိခြင်းငှါငင်း၊ မြေကြီးပေါ်မှာ ပြုသောအမှုများကို ကြည့်ရှုခြင်းငှါငင်း၊ ငါသည် ကိုယ်နှလုံးကို နှိုးဆော်၏။ [17]
ဘုရားသခင်ပြုတော်မူသော အမှုအလုံးစုံတို့ကို ငါကြည့်ရှုသောအခါ၊ နေအောက်မှာ ပြုသောအမှုများကို လူသည် စစ်၍မကုန်နိုင်။
ကြိုးစား၍ စစ်သော်လည်း၊ အကုန်အစင်မသိနိုင်။ ထိုမျှမက၊ ပညာရှိသောသူသည် ငါသိမည်ဟု ကြံသော်လည်း၊
အကြံမမြောက်နိုင်ရာ။

---

---

Ecclesiastes 01

အဘယ်သူသည် ပညာရှိသောသူကဲ့သို့ ဖြစ်သနည်း။ နက်နဲသောအနက်ကို အဘယ်သူနားလည် သနည်း။
စာရေးသူက
နောက်ထပ်ပြောဆိုရမည့်အရာကိုပံပိုးပေးမည့်အဖြေကို
ဦးဆောင်မေးခွန်းအဖြစ် မေးမြန်းထားပါသည်။

ပညာသည် ပညာရှိသောသူ၏ မျက်နှာကို ထွန်းလင်းစေတတ်၏။
ဤအရာ၏ ဆိုလိုရင်းမှာ လူသည် ပညာရှိကြောင်းကို
သူ၏မျက်နှာဖြင့် ပြသကြောင်းကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ့မျက်နှာကို ပြသသည်။"

ထိုသူ၏ မျက်နှာသည် အထူးသဖြင့် ရဲရင့်သောအဆင်းရှိတတ်၏။
အခြားသောဘာသာပြန်ဆိုချက် - "သူ၏ ကြမ်းတမ်းသောပုံပန်း"

Ecclesiastes 02

ဘုရားသခင့်ရှေ့တော်၌ ပြုသောသစ္စာကို ထောက် ၍
သူ့ကိုကွယ်ကာရန် ဘုရားသခင်ရှေ့ ၌ ပြုသော သစ္စာဂတိ

သမ္မာသတိလစ်၍ အထံတော်မှမထွက်နှင့်
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ ) ဇာတိသဘောအားဖြင့်
ဘုရင့်ထံတော်မှ အလျင်တဆောထွက်မသွားရန် - (သို့ ) - ၂ )
ဤအရာသည် ဘုရင့်ထံတော်ပါး၌သာ သစ္စာရှိရန်
ပြောဆိုခြင်းကိုတင်စားထားပါသည်။

အလိုတော်ရှိသည် အတိုင်း စီရင်တော်မူမည်
အခြားသောဘာသာပြန်ဆိုချက် -
ဘုရင်ပြောသမျှသောအရာသည် ဥပဒေ ဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

ကိုယ် တော်သည် အဘယ်သို့ပြုသနည်းဟု အဘယ်သူဆိုရသနည်း
အခြားသောဘာသာပြန်ဆိုချက် - "မည်သူမျှ သူ့ကိုမပြောရဲပါ။"

အဘယ်သို့ပြုသနည်း
အခြားသောဘာသာပြန်ဆိုချက် -
"သင်လုပ်ဆောင်နေသောအရာသည် မဖြစ်သင့်ပါ"

Ecclesiastes 05

ပညာရှိသောသူ၏ စိတ်နှလုံးသည်လည်း
လူဟူသည်မှာ သူ့အတွေးအခေါ် များကိုအထူးပြုစေရန် သူ့ "စိတ်နှလုံး" ဟူသောအရာဖြင့် ပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူသည် အတည်ပြုတတ်သည်။"

အဘယ်သို့ ဖြစ်လတံ့သည်ကို တစုံတယောက်မျှမပြောနိုင်ရာ။
မည်သူတစ်ယောက်မျှ အနာဂတ်တွင် မည်သို့ဖြစ်မည်ကိုမသိနိုင်ကြောင်းအထူးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "နောက်ဖြစ်လာမည့်အရာ မည်သူတစ်ယောက်မှ မပြောနိုင်ပါ။"

Ecclesiastes 08

နံဝိညာဉ်ကို အစိုးရ၍ ချုပ်ထားနိုင်သော လူတစ်ယောက်မျှမရှိ။ သေချိန်ရောက်သောအခါ တန်ခိုးမရှိ
မည်သူတစ်ယောက်မျှ အသက်ရှူခြင်းကို ရပ်တန့်စေရန် လုပ်ဆောင်နိုင်စွမ်းမရှိသကဲ့သို့ သေချိန်တန်သောအခါ ဆက်လက်ပြီးအသက်ရှင်ရန် မတတ်နိုင်ပါ။

ဒုစရိုက်သည် ထိုအမှုထဲက မကယ်မနှုတ်နိုင်
ဤအရာက ဒုစရိုက်သည် ကျွန်ရှိသောသခင်ကဲ့သို့ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဆိုးသွမ်းသောသူများသည် မကောင်းသောအမှုများကိုလုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်း မရရှိနိုင်ပါ"

ငါတွေ့မြင်ပြီ။
အဘယ်သို့ဘာသာပြန်ထားသည်ကို ၁း၁၆ တွင်ကြည့်ပါ။

နေ အောက်မှာပြုလေသမျှတို့ကို ဆင်ခြင်ပြီ။
အခြားသောဘာသာပြန်ဆိုချက် - လူတို့ပြုလေသမျှအရာအားလုံး

Ecclesiastes 10

အဓမ္မလူတို့သည် သင်္ဂြိုဟ်ခြင်းခံရကြောင်းကို ၎င်း
သေဆုံးသော အဓမ္မလူတို့သည် အသရေရှိသော သင်္ဂြိုလ်ခြင်းကို ခံရကြသည်။ လူဆိုးတို့၏ ကိုယ်ခန္ဓာ အလောင်းများကို အမှိုက်ပုံ ထိုမှုတပါး၊ သန့်ရှင်းရာအရပ်ဌာနတော်သို့ သွား လာသော အဓမ္မလူတို့သည် သင်္ဂြိုဟ်ခြင်းခံရကြောင်းကို ၎င်း၊
အခြားသောဘာသာပြန်ဆိုချက် - "လူများသည် ထိုသူများကို သန့်ရှင်းသောနေရာမှ ခေါ် ဆောင်ပြီး သင်္ဂြိုလ်ကာ ချီးမြှောက်ကြသည်။"

အဓမ္မအမှုကို အလျင်အမြန်စစ်ကြော၍၊ ဒဏ် မပေးသောကြောင့်
အခြားသောဘာသာပြန်ဆိုချက် -
"လူများသည်အာဏာရှိလာသောအခါ မကောင်းသော ရာဇဝတ်သားကို ညှင်းဆဲနှိပ်စက်မှုမလုပ်ရန် စီရင်ချက် ဖြစ်သည်။"

လူသားတို့သည် အဓမ္မအမှုကို ပြုခြင်း ငှါ၊ ခိုင်မာစွာ သဘောထားကြ၏
ဤတွင် လူသားများသည် သူတို့၏ လိုအင်နှင့် စိတ်ဆန္ဒများကိုအထူးပြုစေရန် သူတို့၏ "စိတ်နှလုံးများ" ဟုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဆွဲဆောင်သော လူသားများ"

Ecclesiastes 12

အကြိမ်တရာတိုင်အောင်
အခြားသောဘာသာပြန်ဆိုချက် - အကြိမ် ၁၀၀

ဘုရားသခင် ကို ကြောက်ရွံ့သောသူတို့သည် ရှေ့တော်၌ ကြောက်ရွံ့ သောကြောင့်၊ ကောင်းသောအကျိုးကို ခံရကြမည်ဟု
အခြားသောဘာသာပြန်ဆိုချက် -
"ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့၌ ဘဝသည်ကောင်းမွန်လာမည်ဖြစ်သည်။"

ဘုရားသခင် ကို ကြောက်ရွံ့သောသူတို့သည် ရှေ့တော်၌ ကြောက်ရွံ့ သောကြောင့်၊
ဤစကားစု နှစ်ခုသည် အခြေခံအားဖြင့်အတူတူဖြစ်ပြီး ဘုရားသခင်အားကြောက်ရွံ့ခြင်းဟူသောအရာကိုအထူးပြုစေရန် ပေါင်းစပ်ထားပါသည်။ (ရှု၊

မိမိအသက်လည်းမရှည်ရ။
အခြားသောဘာသာပြန်ဆိုချက် - ဘုရားသခင်သည် သူ၏အသက်ကို မရှည်စေပါ။

အရိပ်နှင့်တူသော မိမိအသက်လည်း
ဖြစ်နိုင်သောအဓိပ္ပာယ်မှာ ၁) အရိပ်ကဲ့သို့ လျင်မြန်စွာ ကွယ်ပျောက်တတ်ကြောင်းကို ပြောဆိုခြင်းအားဖြင့် ဆိုးသွမ်းသောသူ၏ အသက်သည်လည်း လျှင်မြန်စွာ မည်သို့ ကုန်ဆုံးတတ်ကြောင့်ကို ပြောဆိုထားပါသည်။ ၂ )
"လူ့အသက်သည် လွန်သွားတတ်သော အရိပ်ကဲ့သို့လျင်မြန်စွာ ကွယ်ပျောက်သွားမည်ဖြစ်သည်။"

Ecclesiastes 14

ထိုအမှုရာသည်လည်း အနတ္တဖြစ် သည်ဟု
ဤအရာသည်လည်း အချည်းနှီးသော မြူခိုးမျှသာဖြစ်သည်။
စာရေးသူက အရာခပ်သိမ်းသည် အခိုးအငွေ့ကဲ့သို့

အချည်းနှီးအလဟာသ သာဖြစ်ကြောင်းပြောဆိုထားပါသည်။ ဆိုးသောသူ၌လည်း ကောင်းသောအကျိုးကို ဖြစ်စေသကဲ့သို့ ဖြောင့်မတ်သောသူ၌လည်း ဆိုးသောအကျိုးကို ခံရတတ်သည်။

မြေကြီးပေါ်မှာ ဖြစ်တတ်သော အနတ္တအမှု
အခြားသောဘာသာပြန်ဆိုချက် - "ကမ္ဘာပေါ်မှာလူများလုပ်ဆောင်သော အရာ"

ဘုရားသခင် ပေးသနားတော်မူသော အသက်ကာလ၌၊
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်က သူ့ကိုအသက်ရှင်ခွင့်ပေးနေသေးသရွေး"

Ecclesiastes 16

ငါသည် ကိုယ်နှလုံးကို နှိုးဆော်၍
ဤတွင် စာရေးသူက သူ့စိတ်ခံစားချက်များကို အထူးပြုစေရန် "သူ့စိတ်နှလုံး" ဟူ၍ သူ့ကိုသူ ရည်ညွှန်းထားပါသည်။" [ဒေသနာ ၁:၁၆] တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

မြေကြီးပေါ်မှာ ပြုသောအမှုများကို
ဤအရာကို အပြုသဘောဆောင်ပုံစံဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လောက၌လူများလုပ်ဆောင်သောအလုပ်"

တနေ့နှင့်တညဥ့်လုံး မအိပ်ဘဲ
ဤတွင် "သူ့မျက်စိများ" ဟူသည် လူပုဂ္ဂိုလ် ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မအိပ်ပဲနဲ့ "

နေအောက်မှာ ပြုသောအမှုများကို
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ - ၁ ) "နေအောက်မှာ ဘုရားသခင်လုပ်ဆောင်သော အမှု"

---

## Translation Questions

Ecclesiastes 8:1

မည်သူသည် ပညာရှိသောသူ ဖြစ်သနည်း။
ဘဝတွင်ဖြစ်ပျက်သောအမှုများ၏အနက်ကို နားလည်သောသူသည် ပညာရှိသောသူ ဖြစ်သည်ဟု ဆိုလိုသည်။

Ecclesiastes 8:2

အဘယ်ကြောင့် လူတို့သည် ဘုရင်၏ရှေ့တော်မှမြန်မြန်ထွက်၍၊ မမှန်သောအရာကို မထောက်ခံသင့်သနည်း?
လူတို့သည် ဘုရင်၏ရှေ့တော်မှမြန်မြန်ထွက်၍၊ မမှန်သောအရာကို မထောက်ခံသင့်ခြင်းမှာ ရှင်ဘုရင်သည် အလိုတော်ရှိသည် အတိုင်း စီရင်တော်မူသောကြောင့်ဖြစ်သည်။

Ecclesiastes 8:5

မည်သူသည် အန္တရာယ် နှင့်ကင်းလွတ်သနည်း။
ဘုရင်၏အမိန့်တော်ကိုစောင့်သောသူသည် အန္တရာယ် နှင့်ကင်းလွတ်သည်။

Ecclesiastes 8:8

လူသည် မည်သည့်အထက်တွင် အစိုး မရနိုင်သနည်း။
လူသည် အသက်ဝိညာဉ်နှင့်အသက်ရှူခြင်းကို မရပ်တန့်နိုင်၊ သေမည့်အချိန်ကိုလည်း အစိုးမရပါ။

Ecclesiastes 8:10

မည်သူတို့သည် အဓမ္မလူတို့ကို ချီးမွမ်းကြသနည်း။
အဓမ္မလူတို့ကို သူတို့အဓမ္မပြုဖူးသောမြို့ရှိသောလူများက ချီးမွမ်းကြသည်။

Ecclesiastes 8:12

အဓမ္မလူသည် အကြိမ်တရာတိုင်အောင် အဓမ္မအမှုပြု၍ အသက်တာရှည်သောလည်း၊ ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့၌ မည်သို့ဖြစ်ကြလိမ့်မည်နည်း။
အဓမ္မလူသည် အကြိမ်တရာတိုင်အောင် အဓမ္မအမှုပြု၍ အသက်တာရှည်သောလည်း၊ ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့သည် ရှေ့တော်၌ ကြောက်ရွံ့သောကြောင့်၊ ကောင်းသောအကျိုးကို ခံရကြလိမ့်မည်။

Ecclesiastes 8:14

ဓမ္မဒေသနာဆရာသည် ပျော်မွေ့ခြင်းအမှုကို ဘာကြောင့် အကြံပြုထောက်ခံခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် ပျော်မွေ့ခြင်းအမှုကို အကြံပြုထောက်ခံခဲ့ရခြင်းမှာ လူသည်နေအောက်မှာ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းအမှု ထက်သာ၍ ကောင်းသောအမှု မရှိသောကြောင့်ဖြစ်သည်။

Ecclesiastes 8:16

လူသည် ဘာကို စစ်၍မကုန်နိုင်သနည်း။
လူသည် နေအောက်မှာ ပြုသောအမှုများကို စစ်၍မကုန်နိုင်ပါ။


generated on Sun Jun 30 02:37:40 2024

## Chapter 9

[1] အထက်ဆိုခဲ့ပြီးသော အမှုအရာအလုံးစုံတို့ကို ငါသည် စုံစမ်းခြင်းငှါ ဆင်ခြင်ရသည်ကား၊ ဖြောင့်မတ် သောသူနှင့်
ပညာရှိသောသူတို့သည် သူတို့ပြုသောအမှု များနှင့်တကွ၊ ဘုရားသခင်၏ လက်တော်၌ ရှိကြ၏။ ချစ်တော်မူသော လက္ခဏာကို
ထင်ရှားသမျှသောအမှု အရာအားဖြင့် အဘယ်သူမျှမသိနိုင်။ [2] ခပ်သိမ်းသော သူတို့သည် ခပ်သိမ်းသောအမှု အရာတို့နှင့်
ဆက်ဆံကြ၏။ တရားသောသူနှင့် မတရား သောသူ၊ ကောင်းသောသူနှင့် မကောင်းသောသူ၊ စင်ကြယ် သောသူနှင့်
မစင်ကြယ်သောသူ၊ ယဇ်ပူဇော်သောသူနှင့် ယဇ်မပူဇော်သောသူ၊ အပြစ်မရှိသောသူနှင့် အပြစ်ရှိ သောသူ၊ ကျိန်ဆိုသောသူနှင့်
ကျိန်ဆိုခြင်းကို ကြောက် သောသူတို့သည် တခုတည်းသောအမှုနှင့် တွေ့ကြုံတတ် ၏။ [3] နေအောက်မှာ ပြုသမျှသောအမှု၌ပါသော
ဝမ်း နည်းစရာဟူမူကား၊ ခပ်သိမ်းသောသူတို့သည် တခုတည်း သောအမှုနှင့် တွေ့ကြုံရကြ၏။ အကယ်စင်စစ် လူသားတို့ ၏
စိတ်နှလုံးသည် ဒုစရိုက်သဘောနှင့်ပြည့်၏။ အသက် ရှင်စဉ်အခါ၊ သူတို့သည် ရူးသောစိတ်ကို စွဲလမ်း၍၊ နောက်တဖန်
သေသွားတတ်ကြ၏။ [4] အသက်ရှင်သော လူစုအပေါင်းနှင့် ဆိုင်သေး သောသူသည် မျှော်လင့်စရာရှိ၏။ အသက်ရှင်သောခွေး သည်
သေသောခြင်္သေ့ထက် သာ၍ကောင်းမြတ်၏။ [5] အသက်ရှင်သောသူသည် မိမိသေရမည်ကို သိ၏။ သေသောသူမူကား၊
အဘယ်အရာကိုမျှမသိ။ အကျိုးအပြစ်ကိုလည်းမခံရ။ သူ့ကိုလည်း မေ့လျော့တတ် ကြ၏။ [6] သူ၏ချစ်ခြင်း၊ မုန်းခြင်း၊
ငြူစူခြင်းလည်း ပျောက် ပျက်၏။ နေအောက်မှာ ပြုသမျှသောအမှု၌ သူတပါးနှင့် ရောနှော၍ မဆိုင်ရ။ [7] သွားလော့။
ဝမ်းမြောက်သောစိတ်နှင့် အစာစား လော့။ ရွှင်လန်းသောစိတ်နှင့် စပျစ်ရည်ကို သောက် လော့။ သင်ပြုသောအမှုတို့ကို ဘုရားသခင်
ဝန်ခံတော်မူ၏။ [8] သင့်အဝတ်လည်း၊ အစဉ်ဖြူစင်ပါလေစေ။ သင့်ခေါင်းသည်လည်း နံ့သာဆီမခန်းမခြောက်စေနှင့်။ [9] နေအောက်မှာ
ပေးသနားတော်မူသော အနတ္တ အသက်ကာလပတ်လုံး၊ သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကို လွန်စေလော့။
ဤရွေ့ကား၊ အသက်ရှင်၍ နေအောက်မှာကြိုးစားအားထုတ်ရာ၌ သင်ခံရသော အကျိုးပေတည်း။ [10] ဆောင်ရွက်စရာအမှုရှိသမျှကို
ကြိုးစားအား ထုတ်၍ ဆောင်ရွက်လော့။ အကြောင်းမူကား၊ သင်ယခု သွား၍ ရောက်ရလတံ့သောအရပ် တည်းဟူသောမရဏ နိုင်ငံ
လုပ်ဆောင်ခြင်းမရှိ။ ကြံစည်ခြင်းမရှိ။ သိပ္ပံအတတ် မရှိ။ ပညာမရှိပါတကား။ [11] တဖန် နေအောက်မှာရှိသော အမှုအရာတို့ကို ငါပြန်၍
ကြည့်ရှုသောအခါ၊ လျင်မြန်သောသူသည် ပြိုင်၍ ပြေးသော်လည်း မနိုင်တတ်။ ခွန်အားကြီးသောသူသည် စစ်တိုက်၍ မအောင်တတ်။
ပညာရှိသောသူသည် ဝစွာ မစားတတ်။ ဉာဏ်ကောင်းသောသူသည် စည်းစိမ်ကို မရတတ်။ လိမ္မာသောသူသည် သူတပါးရှေ့၌ မျက်နှာ
မရတတ်။ ခပ်သိမ်းသောသူတို့၌ ကာလအချိန်စေခြင်း၊ အဆင်သင့်ခြင်းရှိသည်အတိုင်း ဖြစ်တတ်သည်ကို ငါမြင် ၏။ [12] လူသည်
မိမိကာလအချိန်ကိုမသိတတ်။ ဘေးပြု ရာ ပိုက်ကွန်အုပ်မိသော ငါးကဲ့သို့၎င်း၊ ကျော့ကွင်း၌ ကျော့မိသော ငှက်ကဲ့သို့၎င်း၊
လူသားတို့သည် ဘေးပြုရာ ကာလထဲသို့ အမှတ်တမဲ့ရောက်၍ ကျော့မိတတ်ကြ၏။ [13] နေအောက်မှာ ငါတွေ့မြင်၍ ချီးမွမ်းဘွယ်သော
ပညာဟူမူကား၊ [14] မြို့သားနည်းသောမြို့ငယ်တမြို့ရှိ၏။ ကြီးသော ရှင်ဘုရင်တပါးသည်လာ၍၊ ထိုမြို့ပြင်မှာ ကြီးစွာသော တပ်တို့ကို
တည်၍ဝိုင်းထား၏။ [15] ထိုမြို့၌နေသော ဆင်းရဲသားပညာရှိတယောက် သည် မိမိပညာအားဖြင့် ထိုမြို့ကို ကယ်တင်၏။ သို့သော်
လည်း၊ ထိုဆင်းရဲသားကို အဘယ်သူမျှ မအောက်မေ့။ [16] ထိုအခါ ငါဆိုသည်ကား၊ ပညာသည် ခွန်အားထက် သာ၍ ကောင်းမြတ်၏။
သို့သော်လည်း၊ ဆင်းရဲသောသူ၏ ပညာကို မထီမဲ့မြင်ပြုတတ်ကြ၏။ သူ၏စကားကို နား မထောင်တတ်ကြ။ [17] အုပ်စိုးသောသူသည်
မိုက်သောသူတို့တွင် ကြွေး ကြော်သောအသံကို နားထောင်ကြသည်ထက်၊ ငြိမ်ဝပ် ရာ၌ ပညာရှိပြောသောစကားကို
သာ၍နားထောင်တတ် ကြ၏။ [18] ပညာသည် စစ်လက်နက်ထက်သာ၍ ကောင်း မြတ်၏။ ဒုစရိုက်ကိုပြုသောသူသည်လည်း၊
ကောင်းသော အမှုများကို ဖျက်ဆီးတတ်၏။

---

Ecclesiastes 01

အထက်ဆိုခဲ့ပြီးသော အမှုအရာအလုံးစုံတို့ကို ငါသည် စုံစမ်းခြင်းငှါ ဆင်ခြင်ရသည်ကား

အခြားသောဘာသာပြန်ဆိုချက် - ဤအမှုကို နက်ရှိုင်းစွာ ဆင်ခြင်ခဲ့ရသည်။

ဖြောင့်မတ် သောသူနှင့် ပညာရှိသောသူတို့သည် သူတို့ပြုသောအမှု များနှင့်တကွ၊ ဘုရားသခင်၏ လက်တော်၌ ရှိကြ၏။

ဤတွင် "သူတို့" ဟူသောစကားလုံးသည် "ဖြောင့်မတ်သောသူ" ပညာရှိသောသူ" နှင့် "သူတို့၏ လုပ်ငန်းများ" ကို ရည်ညွှန်းထားပါသည်။

ဘုရားသခင်၏ လက်တော်၌

ဤတွင် "လက်တော်" ဟူသောစကားလုံးသည် တန်ခိုးနှင့် အာဏာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်၏ ထိန်းချုပ်မှုအောက်၌"


generated on Sun Jun 30 02:37:40 2024

Ecclesiastes 02

တရားသောသူနှင့် မတရား သောသူ

စင်ကြယ် သောသူနှင့် မစင်ကြယ်သောသူ၊

ယဇ်ပူဇော်သောသူနှင့် ယဇ်မပူဇော်သောသူ၊
ဤအရာသည် လူအများကိုရည်ညွှန်းကာ၊
ဆန့်ကျင်ဖက်နှစ်ခုဖြစ်သော
ယဇ်ပူဇော်သောသူနှင့်မပူဇော်သောသူကို ရည်ညွှန်းထားပါသည်။

အပြစ်မရှိသောသူနှင့် အပြစ်ရှိ သောသူ
ဤအရာသည်လည်း လူအများကိုရည်ညွှန်းကာ၊
ဆန့်ကျင်ဖက်နှစ်ခုဖြစ်သော အပြစ်ရှိသောသူ နှင့်
အပြစ်မရှိသောသူကို ရည်ညွှန်းထားပါသည်။

ကျိန်ဆိုသောသူနှင့် ကျိန်ဆိုခြင်းကို ကြောက် သောသူတို့သည်
ဤအရာသည် လူအများကို ရည်ညွှန်းထားကာ၊
ဆန့်ကျင်ဖက်နှစ်ခုဖြစ်သော
ကျိန်ဆိုသောသူနှင့်မကျိန်ဆိုသောသူကို ရည်ညွှန်းထားပါသည်။

Ecclesiastes 03

ပြုသမျှသောအမှု
အခြားသောဘာသာပြန်ဆိုချက် - "ဖြစ်ပျက်သမျှသောအရာ"

တခုတည်း သောအမှု
ဤနေရာတွင် "ကံတရား" ဟူသောစကားလုံးသည် သေခြင်းကို
ကိုယ်စားပြုသည်။

အကယ်စင်စစ် လူသားတို့ ၏ စိတ်နှလုံးသည် ဒုစရိုက်သဘောနှင့်ပြည့်၍
ဤတွင် "စိတ်နှလုံး" ဟူသည်မှာ အတွေးအခေါ် နှင့်
စိတ်ခံစားချက်များကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "လူသားများသည်
ဒုစရိုက်သဘောနှင့်ပြည့်နှက်နေကြပြီး
သူတို့၏အတွေးအခေါ်များသည်လည်း ရူးသောစိတ်များသာ
ဖြစ်သည်။"

နေအောက်မှာ
ဤအရာသည်လည်း လောက၌ဖြစ်ပျက်ခဲ့ပြီးသောအရာများကို
ရည်ညွှန်းထားပါသည်။ [ဒေဿနာ
၁:၃]တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ

နောက်တဖန် သေသွားတတ်ကြ၏။
"သေခြင်း" ဟူသော စကားစုသည် သေနေသောသူများကို
ရည်ညွှန်းထားပါသည်။ ဤနေရာ၌
သေနေသောလူများဆိုသည်မှာ လူသည် သေဆုံးပြီးနောက်
သွားရောက်ရမည့်နေရာကို ပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည်
သေသောသူများသွားသောနေရာသို့သွားကြသည်။" (သို့ )
သူတို့သည် သေပြီး သင်္ချိုင်းသို့ သွားကြသည်။"

Ecclesiastes 04

သူ့ကိုလည်း မေ့လျော့တတ် ကြ၏။
အခြားသောဘာသာပြန်ဆိုချက် -
"လူတို့သည်မေ့လျော့ကြလိမ့်မည်"

Ecclesiastes 06

နေအောက်မှာ ပြုသမျှသောအမှု၌
အခြားသောဘာသာပြန်ဆိုချက် - "နေအောက်မှာ
လူများလုပ်ဆောင်သောအရာ"

ဝမ်းမြောက်သောစိတ်နှင့် အစာစား လော့။ ရွှင်လန်းသောစိတ်နှင့် စပျစ်ရည်ကို
သောက် လော့။
ဤစကားစုနှစ်ခုသည် အဓိပ္ပာယ်အတူတူဖြစ်ပြီး အခြေခံဘဝ
လှုပ်ရှားမှုများကို ပျော်မွေ့ရန်
အရေးကြီးကြောင်းကိုအထူးပြုထားပါသည်။

ဝမ်းမြောက်သောစိတ်နှင့် အစာစား လော့။
အခြားသောဘာသာပြန်ဆိုချက် -ဝမ်းမြောက်သောစိတ်နှင့်
သင်၏ အစာကို စားပါ။

ရွှင်လန်းသောစိတ်နှင့် စပျစ်ရည်ကို သောက် လော့။
ဤတွင် "စိတ်" ဟူသောစကားလုံးမှာ ခံစားချက်များကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"ရွှင်လန်းသောစိတ်နှင့်သင်၏ စပျစ်ရည်ကိုသောက်လော့။"

သင့်အဝတ်လည်း၊ အစဉ်ဖြူစင်ပါလေစေ။ သင့်ခေါင်းသည်လည်း
နံ့သာဆီမခန်းမခြောက်စေနှင့်။
ဖြူစင်သောအဝတ်ကိုဝတ်ဆင်ခြင်းနှင့် ခေါင်းပေါ်၌
နံ့သာဆီလိမ်းခြင်းသည် ဝမ်းမြောက်ခြင်းနှင့် ပွဲကျင်းပခြင်း၏
အမှတ်သင်္ကေတဖြစ်သည်။

သင့်ခေါင်းသည်လည်း နံ့သာဆီမခန်းမခြောက်စေနှင့်။
အခြားသောဘာသာပြန်ဆိုချက် - "သင်၏ခေါင်းကို နံ့သာဆီဖြင့်
လိမ်းလော့။"

Ecclesiastes 09

သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကို လွန်စေလော့။
တစ်ယောက်သောသူသည် မိန်းမကိုချစ်သင့်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သင်ချစ်သော
မိန်းမရှိပြီဆိုလျှင် သူမနှင့်အတူ ရွှင်လန်းရမည်။"

ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအား ထုတ်၍ ဆောင်ရွက်လော့
ဤတွင် ပုဂ္ဂိုလ်တစ်ဦးသည် "သူ့လက်ဖြင့်" ဟူ၍ ပုံဆောင်ထားပြီး
အကြာခဏ လုပ်တတ်သောအလုပ်ကို သုံးနှုန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဆောင်ရွက်စရာရှိသောအမှု"

ကြံစည်ခြင်းမရှိ။ သိပ္ပံအတတ် မရှိ။ ပညာမရှိပါတကား။
"အလုပ်" "ရှင်းလင်းခြင်း" နှင့် "အသိပညာ" ဟူသော
နာမ်များသည် ကြိယာများကဲ့သို့ဖော်ပြနိုင်ပါသည်။

အခြားသောဘာသာပြန်ဆိုချက် - "သေသောသူများသည်
မလုပ်နိုင်၊ မသိနိုင်၊ ပညာမရှိနိုင်ပါ။"

Ecclesiastes 11

ခပ်သိမ်းသောသူတို့၌ ကာလအချိန်စေ့ခြင်း၊
"မည်သို့ ဖြစ်ပျက်သည်

အဆင်သင့်ခြင်းရှိသည်အတိုင်း ဖြစ်တတ်သည်ကို ငါမြင် ၏
ဤအရာများကို အကျိုးသက်ရောက်စေသည်။ ဤတွင်
"သူတို့အားလုံးကို" ဟူသောစကားလုံးသည် အပြေးပြိုင်ပွဲ၊
တိုက်ပွဲ၊ ချမ်းသာကြွယ်ဝခြင်းနှင့် မျက်နှာသာပေးခြင်းကို
ရည်ညွှန်းထားပါသည်။

ဘေးပြု ရာ ပိုက်ကွန်အုပ်မိသော ငါးကဲ့သို့၎င်း၊ ကျော့ကွင်း၌ ကျော့မိသော
ငှက်ကဲ့သို့၎င်း၊ လူသားတို့သည် ဘေးပြုရာ ကာလထဲသို့ အမှတ်တမဲ့ရောက်၍
ကျော့မိတတ်ကြ၏။
ဤအရာက လူတို့သည်ကိုယ်မမျှော်လင့်သောအချိန်အခါတွင်
သေနေကြခြင်းကိုပြောဆိုထားပါသည်။ အလားတူစွာ
လူများသည် တိရစ္ဆာန်များကို သူတို့မမျှော်လင့်သော
အချိန်အခါတွင် ဖမ်းမိတတ်ကြသည်။ ( ရှု၊

အမှတ်တမဲ့ရောက်၍ ကျော့မိတတ်ကြ၏။
ဤအရာသည်လည်း ဒေသသုံးစကားဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် -
"သူတို့မမျှော်လင့်သောအချိန်အခါများ၌ဖြစ်ပျက်သည်"

Ecclesiastes 13

ထိုမြို့၌နေသော ဆင်းရဲသားပညာရှိတယောက် သည် မိမိပညာအားဖြင့်
ထိုမြို့ကို ကယ်တင်၏
ဤအရာသည်
အပြုသဘောဆောင်သောပုံစံဖြင့်ဖော်ပြနိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မြို့ထဲ၌ ဆင်းရဲသောသူ၊
ပညာရှိသောသူ"

Ecclesiastes 16

ဆင်းရဲသောသူ၏ ပညာကို မထီမဲ့မြင်ပြုတတ်ကြ၏
အခြားသောဘာသာပြန်ဆိုချက် - "လူတို့သည်
ဆင်းရဲသောသူများ၏ ပညာကို မထီမဲ့မြင် ပြုကြ၏" ( ရှု -

သူ၏စကားကို နား မထောင်တတ်ကြ။
အခြားသောဘာသာပြန်ဆိုချက် - "သူပြောဆိုသောအရာကို
သူတို့သည်နားမထောင်ကြပါ"

Ecclesiastes 17

ငြိမ်ဝပ် ရာ၌ ပညာရှိပြောသောစကားကို သာ၍နားထောင်တတ် ကြ၏
ဤတွင် "နားထောင်သည်" ဟူသောအရာမှာ
နားလည်မှုကိုပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - ပညာရှိပြောသောစကားသည်
ညင်သာစွာဖြင့် သာ၍နားထောင်ကောင်းပါသည်။" ( ရှု -


generated on Sun Jun 30 02:37:40 2024

# Translation Questions

Ecclesiastes 9:1

မည်သူသည် ဘုရားသခင်၏ လက်တော်၌ ရှိသနည်း။
ဖြောင့်မတ် သောသူနှင့် ပညာရှိသောသူတို့သည် ဘုရားသခင်၏ လက်တော်တွင်ရှိကြသည်။

Ecclesiastes 9:2

လူခပ်သိမ်းတို့အတွက် ဘယ်အရာသည် အတူတူဖြစ်သနည်း။
လူတိုင်း၌ တူညီသောကံကြမ္မာရှိသည်။

Ecclesiastes 9:3

လူသားတို့ ၏ စိတ်နှလုံးသည် ဘယ်အရာနှင့် ပြည့်နေသနည်း။
လူသားတို့ ၏ စိတ်နှလုံးသည် ဒုစရိုက်သဘောနှင့်ပြည့်နေသည်။

Ecclesiastes 9:4

သေသောသူသည် ဘာကြောင့် မည်သည့် အကျိုးအပြစ်ကိုမျှ မခံရကြသနည်း။
သေသောသူသည် သူတို့၏မှတ်ဉာဏ်ကို မေ့လျော့သောကြောင့် မည်သည့် အကျိုးအပြစ်ကိုမျှ မခံရခြင်းဖြစ်သည်။

Ecclesiastes 9:6

မည်သည်အရာသည် ရှေးကတည်းက ပျောက်ကွယ်ခဲ့သနည်း။
လူသေတို့၏ ချစ်ခြင်း၊ မုန်းခြင်းနှင့် ငြူစူခြင်းသည် ရှေးကတည်းက ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

Ecclesiastes 9:9

လူတို့သည် ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအား ထုတ်၍ ဘာလုပ်သင့်သနည်း။
ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအား ထုတ်၍ ဆောင်ရွက်သင့်ပါသည်။

Ecclesiastes 9:11

လူသားတို့သည် မည်သည့်အထဲသို့ ကျော့မိတတ်ကြသနည်း။
လူသားတို့သည် ဘေးပြုရာ ကာလထဲသို့ အမှတ်တမဲ့ရောက်၍ ကျော့မိတတ်ကြသည်။

Ecclesiastes 9:13

မိမိပညာအားဖြင့် မြို့ကိုကယ်တင်ခဲ့သော ဆင်းရဲသားပညာရှိတယောက်၌ မည်သို့ဖြစ်ပျက်ခဲ့သနည်း။
မိမိပညာအားဖြင့် မြို့ကိုကယ်တင်ခဲ့သော ဆင်းရဲသားပညာရှိတယောက်ကို အဘယ်သူမျှ မအောက်မေ့။

Ecclesiastes 9:17

ဘယ်အရာသည် စစ်လက်နက်ထက်သာ၍ ကောင်းသနည်း။
ပညာသည် စစ်လက်နက်ထက်သာ၍ ကောင်းသည်။

## Chapter 10

1 အထုံသမားလုပ်သော နံ့သာဆီကို သေသော ယင်ကောင်သည် နံစေသကဲ့သို့၊ အနည်းငယ်သောအမိုက် သည်
ပညာနှင့်ဂုဏ်အသရေထင်ရှားသောသူကို ထိုအတူ ဖြစ်စေတတ်၏။ 2 ပညာရှိသောသူ၏ နှလုံးသည် မိမိလက်ျာလက် ၌ ရှိ၏။
မိုက်သောသူ၏နှလုံးမူကား၊ မိမိလက်ဝဲလက်၌ ရှိ၏။ 3 မိုက်သောသူသည် လမ်း၌သွားစဉ်တွင်ပင် သတိ လစ်၍၊ ငါသည်
လူမိုက်ဖြစ်၏ဟု ခပ်သိမ်းသောသူတို့အား ပြောတတ်၏။ 4 မင်းသည် သင့်ကိုစိတ်ဆိုးလျှင်၊ ကိုယ်နေသင့် အရပ်မှ မရွေ့နှင့်။
သည်းခံခြင်းသည် ကြီးသောအပြစ်ကို ဖြေတတ်၏။ 5 မင်းမှားယွင်းခြင်းအားဖြင့် ဖြစ်တတ်သော၊ နေအောက်၌
ငါမြင်ရသောအမှုဆိုးဟူမူကား၊ 6 မိုက်သောသူတို့သည် မြင့်သောအရပ်၊ သူဌေးတို့ သည် နိမ့်သောအရပ်၌ ထိုင်ရသောအမှု၊ 7
ကျွန်တို့သည် မြင်းကိုစီး၍ မှူးမတ်တို့သည် ကျွန် ကဲ့သို့ မြေပေါ်မှာ ခြေဖြင့်သွားရသောအမှုကို ငါမြင် လေပြီ။ 8 တွင်းကို
တူးသောသူသည် ထိုတွင်းထဲသို့ ကျလိမ့် မည်။ ခြံကိုဖျက်သော သူသည် မြွေကိုက်ခြင်းကို ခံရလိမ့် မည်။ 9 ကျောက်တို့ကို
ရွေ့သောသူသည် ဖိခြင်းကို ခံရလိမ့်မည်။ ထင်းခုတ်သောသူသည်လည်း ရှနလိမ့်မည်။ 10 ပုဆိန်တုံးသောအခါ မသွေးဘဲနေလျှင်သာ၍
အားထုတ်ရမည်။ ပညာသည် အမှုဆောင်ရသောအခွင့် ကို ပေး၍ ကျေးဇူးကြီး၏။ 11 မြွေသည် ပြုစားခြင်းကိုမခံ။ ကိုက်မိလျှင်
အလမ္ပယ်သမား ကျေးဇူးမရှိ။ 12 ပညာရှိသောသူ၏စကားသည် လျောက်ပတ်၏။ မိုက်သောသူ၏ နှုတ်မူကား သူ့ကိုယ်ကိုမျိုတတ်၏။
13 သူ၏စကားအစသည် မိုက်ခြင်း၊ အဆုံးသည် အပြစ်ပြုတတ်သော ရူးခြင်းဖြစ်၏။ 14 မိုက်သောသူသည် စကားများတတ်၏။
သို့သော် လည်း ဖြစ်လတံ့သောအရာကို လူသည်မပြောနိုင်ရာ။ လူနောက်၌ အဘယ်သို့ ဖြစ်လတံ့သည်ကို အဘယ်သူ ပြောနိုင်သနည်း။
15 မြို့သို့သွားသောလမ်းကို မသိသောသူကဲ့သို့ မိုက်သော သူသည် ကြိုးစားအားထုတ်သော်လည်း၊ သူတပါးတို့ကို ပင်ပန်းစေတတ်၏။
16 ငယ်သားအစိုးရ၍ မှူးမတ်များအချိန်မဲ့နံနက် စောစော စားသောက်တတ်သောပြည်သည် အမင်္ဂလာ ရှိ၏။ 17 မင်းသားအစိုးရ၍၊
မှူးမတ်တို့သည် လွန်ကျူးစွာ မစားမသောက်ဘဲ၊ အချိန်တန်မှအားဖြည့်ခြင်းငှါသာ၊ စားသောက်တတ်သော ပြည်သည် မင်္ဂလာရှိ၏။ 18
အလွန်ပျင်းရိခြင်းအားဖြင့် အိမ်သည် ဆွေးမြေ့ တတ်၏။ လက်နှင့်မပြုပြင်ဘဲနေလျှင် အိမ်မိုးယိုတတ်၏။ 19 ပျော်မွေ့ခြင်းငှါ
ပွဲကိုလုပ်တတ်၏။ စပျစ်ရည် သည်လည်း ရွှင်လန်းစေတတ်၏။ ငွေမူကား၊ အရာရာ၌ နိုင်တတ်၏။ 20 ရှင်ဘုရင်ကို စိတ်ဖြင့်မျှ
မကျိတ်ဆဲနှင့်။ လူကြီး ကို အိပ်ခန်းထဲ၌ မကျိန်ဆဲနှင့်။ မိုဃ်းကောင်းကင်၌ ကျင်လည်သော ငှက်သည် ထိုအသံကို ဆောင်သွား
လိမ့်မည်။ ပျံတတ်သော အကောင်သည် ထိုအမှုကို ဘော်ပြလိမ့်မည်။

---

---

Ecclesiastes 01

သေသော ယင်ကောင်သည် နံစေသကဲ့သို့၊

သေသော ယင်ကောင်သည် နံ့သာဆီကို နံစေသကဲ့သို့ မိုက်မဲ့သောအရာသည်လည်း ပညာနှင့် ဂုဏ်အသရေကိုဖျက်ဆီးစေတတ်ပါသည်။ ဤအရာက သေသော ယင်ကောင်သည် နံ့သာကို နံစေတတ်သကဲ့သို့ အနည်းငယ်မိုက်သောအရာသည်လည်း လူတစ်ယောက်၏ ဂုဏ်အသရေကိုထိုနည်းတူဖြစ်စေတတ်ပါသည်။

ပညာရှိသောသူ၏ နှလုံးသည် မိမိလက်ျာလက် ၌ ရှိ၏။ မိုက်သောသူ၏နှလုံးမူကား၊ မိမိလက်ဝဲလက်၌ ရှိ၏။

ဤတွင် "နှလုံး" ဟူသောစကားလုံးသည် စိတ်

မိမိလက်ျာလက် ၌ ရှိ၏....... မိမိလက်ဝဲလက်၌ ရှိ၏။

ဤတွင် "ညာ" နှင့် "ဘယ်" ဟူသောစကားလုံးသည် အမှားအမှန်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မှန်ကန်သောအရာကိုလုပ်ဆောင်ရန် စောင့်ရှောက်သည်.....မှားယွင်းသောအရာကိုလုပ်ဆောင်ရန် ဂရုစိုက်သည်"

မိုက်သောသူသည် လမ်း၌သွားစဉ်တွင်ပင် သတိ လစ်၍

၎င်းသည် လူတစ်ယောက်မည်သို့ ကျင့်ဆောင်သည်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည်မိုက်မဲ့သောသူဖြစ်သည်။" ( ရှု -

Ecclesiastes 04

မင်းသည် သင့်ကိုစိတ်ဆိုးလျှင်၊ ကိုယ်နေသင့် အရပ်မှ မရွေ့နှင့်။

ဤတွင် မင်းဟူသည်မှာ "သူ့စိတ်ခံစားချက်များ" ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မင်းသည် သင့်ကိုစိတ်ဆိုးလျှင်" ( ရှု - figs-metonymy)

Ecclesiastes 05

မိုက်သောသူတို့သည် မြင့်သောအရပ်

အခြားသောဘာသာပြန်ဆိုချက် - "မင်းများသည် မိုက်သောသူများကိုခေါင်းဆောင်မှုနှင့်ပါတ်သက်ပြီး ရာထူးများပေးသည်"

သူဌေးတို့ သည် နိမ့်သောအရပ်၌

၎င်းသည်လည်း အပြုသဘောဆောင်အနေဖြင့်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည်


generated on Sun Jun 30 02:37:40 2024

အောင်မြင်သောသူတို့အား နိမ့်သောရာထူးကိုပေးကြသည်။" ( ရှု - figs-activepassive)

Ecclesiastes 08

ယေဘုယျအချက်အလက်
စွန့်စားအားထုတ်ခြင်းသည် အလုပ်ဖြစ်သည်။

ဖိခြင်းကို ခံရလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက် - "ထိုကျောက်များသည် သူ့ကိုထိခိုက်စေပါသည်"

Ecclesiastes 10

ယေဘုယျအချက်အလက်
ဆိုရိုးစကားအချို့

ပညာသည် အမှုဆောင်ရသောအခွင့် ကို ပေး၍ ကျေးဇူးကြီး၏။
ပညာရှိသောသူသည် သူ့ပုဆိန်ကို ထက်အောင်သွေးပြီး အားထုတ်စရာမလိုအောင် လုပ်ဆောင်ရမည်။

ပြုစားခြင်းကိုမခံ
အခြားသောဘာသာပြန်ဆိုချက် - "မြွေ၏ပြုစားခြင်းကိုမခံမှီ"

Ecclesiastes 12

ယေဘုယျအချက်အလက်
ဆက်လက်၍ ဆိုရိုးစကားအချို့

ပညာရှိသောသူ၏စကားသည် လျောက်ပတ်၏။
အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူ၏ ပြောဆိုသောစကားသည် လျောက်ပတ်ပါသည်"

မိုက်သောသူ၏ နှုတ်မူကား သူ့ကိုယ်ကိုမျိုတတ်၏။
ဤတွင် မိုက်သောသူ၏ စကားသည် သူ့နှုတ်အားဖြင့် ပုံဆောင်ထားပါသည်။ မိုက်သောသူသည် သူ့ကိုယ်သူ စားသကဲ့သို့ မိမိကိုယ်မိမိ ဖျက်ဆီးတတ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - မိုက်သောသူပြောသမျှသော အရာများသည် သူ့ကိုဖျက်ဆီးတတ်ပါသည်။ ( ရှု - figs-metonymy and

Ecclesiastes 13

သူ၏စကားအစသည် မိုက်ခြင်း၊
အခြားသောဘာသာပြန်ဆိုချက် - "မိုက်သောသူသည် စကားပြောရန် အစပြုသကဲ့သို့" ( ရှု -

အဆုံးသည် အပြစ်ပြုတတ်သော ရူးခြင်းဖြစ်၏
အခြားသောဘာသာပြန်ဆိုချက် - "သူစကားပြောပြီးသည်နှင့် မိုက်သောစကားဖြင့်အရူးဖြစ်တတ်သည်။"

မိုက်သောသူသည် စကားများ
အခြားသောဘာသာပြန်ဆိုချက် - မိုက်သောသူသည် ဆက်ပြီး စကားပြောဆိုသည်။

ဖြစ်လတံ့သောအရာကို လူသည်မပြောနိုင်ရာ။
အဘယ်သို့ဘာသာပြန်ထားသည်ကို ၈း၅ တွင်ကြည့်ပါ။

လူနောက်၌ အဘယ်သို့ ဖြစ်လတံ့သည်ကို အဘယ်သူ ပြောနိုင်သနည်း။
စာရေးသူက လူသည်သေဆုံးပြီးနောက်ပိုင်း မည်သို့ဖြစ်ပျက်မည်ကို မည်သူကမျှ မသိနိုင်ကြောင်းကိုအထူးပြုစေရန် ဤမေးခွန်းကိုမေးမြန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - သူ့နောက်တွင် မည်သို့ဖြစ်ပျက်မည်ကိုမည်သူကမျှ မသိနိုင်ပါ" (သို့) လူသည်သေဆုံးပြီးနောက် မည်သို့ဖြစ်မည်ကိုမည်သူကမျှ မသိနိုင်ပါ" ( ရှု - figs-rquestion)

Ecclesiastes 15

သူတပါးတို့ကို ပင်ပန်းစေတတ်၏။
"မိုက်သောသူသည်သူတို့လုပ်ဆောင်ခြင်းဖြင့်မောပန်းတတ်ပါသည်"

မြို့သို့သွားသောလမ်းကို မသိသောသူကဲ့သို့
ဖြစ်နိုင်သောအရာများမှာ - ၁ ) မြို့သို့သွားသောလမ်းကို ရှာ၍မတွေ့နိုင်" . မိုက်သောသူသည် သူလုပ်သောအလုပ်အားဖြင့်မောပန်းပြီး မည်သည့်နေရာ၌ပင် လမ်းကိုရှာ၍မတွေ့နိုင်ပါ" (သို့ ) - ၂ ) အဘယ်ကြောင့်ဆိုသော်သူသည် မြို့သို့သွားသောလမ်းကိုပင် မသိနိုင်ပါ" မိုက်သောသူသည် အလုပ်မောပန်းသောကြောင့် အိမ်ပြန်ရာလမ်းကိုပင် မသိနိုင်ပါ"

Ecclesiastes 16

စားသောက်တတ်သော ပြည်သည်
စာရေးသူက လူမျိုးများကိုသူတို့နေထိုင်သောပြည်ကဲ့သို့ပြောဆိုထားပြီး ထိုပြည်ကိုလည်း ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ပြောဆိုထားပါသည်။

ငယ်သားအစိုးရ၍
ဤအရာက ရှင်ဘုရင်သည် အတွေ့အကြုံမရှိ (သို့) မရင့်ကျက်သေးသော အဓိပ္ပာယ်ကိုဆိုလိုသည်။

မှူးမတ်များအချိန်မဲ့နံနက် စောစော စားသောက်တတ်သော
ဤအရာက ဦးဆောင်သောသူများသည် လူမျိုးကိုဦးဆောင်သောသူများထက် အချိန်အခါကောင်းများကိုသာ၍ စိတ်ဝင်စားကြောင်းကို ရည်ညွှန်းထားပါသည်။


generated on Sun Jun 30 02:37:40 2024

စားသောက်တတ်သော ပြည်သည် မင်္ဂလာရှိ၏။
စာရေးသူက သူတို့လူမျိုးများကို သူတို့နေထိုင်သော ပြည်အဖြစ်ပြောဆိုထားပါပြီး ထိုပြည်ကိုလည်း ပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့ပြောဆိုထားပါသည်။ ( ရှု - and

မင်းသားအစိုးရ၍၊ မှူးမတ်တို့သည်
ဤတွင် မင်းသားသည်သူ့ ညီအစ်ကိုများက ဘုရင်ကောင်းဖြစ်သောအစဥ်အလာ၌ သွန်သင်ထားသည်ကို ရည်ညွှန်းထားပါသည်။

Ecclesiastes 18

အလွန်ပျင်းရိခြင်းအားဖြင့် အိမ်သည် ဆွေးမြေ့ တတ်၏။
ပျင်းရိသောသူသည်အိမ်ကို ပုံမှန်မထိန်းသိမ်းနိုင်ပါ။ အခြားသောဘာသာပြန်ဆိုချက် - သူ့အိမ်ကို မပြုပြင်သောကြောင့် အမိုးများသည် ဆွေးမြေ့တတ်ပါသည်"။

လက်နှင့်မပြုပြင်ဘဲနေလျှင်
အခြားသောဘာသာပြန်ဆိုချက် - သူ၏ ပျင်းရိသောလူကြောင့်

ပျော်မွေ့ခြင်းငှါ ပွဲကိုလုပ်တတ်၏။
ပျော်မွေ့ခြင်း" ဟူသော စကားလုံးကို ကြိယာအဖြစ်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - လူများသည် ပျော်မွေ့ခြင်းအလို့ငှာ ပြင်ဆင်ကြသည်။"

စပျစ်ရည် သည်လည်း ရွှင်လန်းစေတတ်၏
ရွှင်လန်းခြင်း" ဟူသောစကားလုံးသည် ကြိယာအဖြစ် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - စပျစ်ရည်သည် လူများပျော်ရွှင်စရာဖို့ ကူညီပေးသည်"။

ငွေမူကား၊ အရာရာ၌ နိုင်တတ်၏။
ဖြစ်နိုင်သော အဓိပ္ပာယ်များမှာ - ၁ ) ငွေသည် လိုအပ်သမျှကိုထောက်ပံ့ပေးသည်" (သို့ ) - ၂ ) "ငွေသည် အစားအသောက်နှင့် စပျစ်ရည်ကိုထောက်ပံ့ပေးသည်"။

Ecclesiastes 20

ရှင်ဘုရင်ကို စိတ်ဖြင့်မျှ မကျိတ်ဆဲနှင့်။
လူတစ်ယောက်၏ အတွေးအခေါ်များသည် ပုဂ္ဂိုလ်တစ်ယောက်၏ "စိတ်" အဖြစ် ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်၏အတွေးထဲမှာတောင်မှ"

လူကြီး ကို အိပ်ခန်းထဲ၌
သင့်အိပ်ခန်းထဲ၌ရှိသော လူကြီး။ ၎င်း၏ဆိုလိုရင်းမှာ သင်သည်မည်သူမှမကြားသော နေရာ၌ရှိနေလျှင်ပင် လူကြီးကို မပြစ်မှားသင့်ပါ ဟုဆိုလိုပါသည်။

မိုဃ်းကောင်းကင်၌ ကျင်လည်သော ငှက်သည် ထိုအသံကို ဆောင်သွားလိမ့်မည်။
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့် အဓိပ္ပာယ်တူပြီး လေးနက်မှုအတွက်ပေါင်းစပ်ထားပါသည်။ ၎င်းက ငှက်သည်သင်ပြောဆိုသောအရာကိုကြားပြီး သူတပါးဆီကိုပြောထားသကဲ့သို့ သင်ပြောဆိုအရာကိုသူတပါးက တွေ့ရှိကြောင်းကိုပြောဆိုထားပါသည်။

---

## Translation Questions

Ecclesiastes 10:1

လူမိုက်ဖြစ်ကြောင်း မည်သည့်အရာက ဖော်ပြတတ်သနည်း။
လူ၏တွေးခေါ် ခြင်းသည်ချို့တဲ့လျှင် သူသည် လူမိုက်ဖြစ်ကြောင်းထင်ရှားသည်။

Ecclesiastes 10:5

ဓမ္မဒေသနာဆရာက ကျွန်တို့သည် မည်သည့်အရာလုပ်နေသည်ကို မြင်ခဲ့သနည်း။
ဓမ္မဒေသနာဆရာက ကျွန်တို့သည်မြင်းကိုစီးနေသည်ကို မြင်ခဲ့သည်။

Ecclesiastes 10:8

တစ်စုံတစ်ယောက်သည် မြို့ရိုးကိုဖြိုဖျက်သည့်အချိန်တိုင်း မည်သည့်အရာဖြစ်ပျက်သနည်း?
တစ်စုံတစ်ယောက်သည် မြို့ရိုးကိုဖြိုဖျက်သည့်အချိန်တိုင်း သူသည်မြွေကိုက်ခြင်း ခံရလိမ့်မည်။

Ecclesiastes 10:10

ပုဆိန်တုံးသောအခါ မသွေးဘဲထားလျှင် ဘာဖြစ်လိမ့်မည်နည်း။
ပုဆိန်တုံးသောအခါ မသွေးဘဲထားလျှင်သာ၍ အားထုတ်ရလိမ့်မည်။

Ecclesiastes 10:13

နောက်ဆုံးတွင်၊ မိုက်သောသူ၏ နှုတ်တွင် မည်သည့်အရာထွက်သနည်း။
မိုက်သောသူ၏ နှုတ်တွင် အဆုံး၌ အပြစ်ပြုတတ်သော ရူးသွပ်ခြင်း နောက်ဆုံးတွင်၊ မိုက်သောသူ၏ နှုတ်တွင်သည်။

Ecclesiastes 10:16

မည်သည့်အချိန်တွင် ပြည်သည် အခက်အခဲ ရှိသနည်း။
ဘုရင်သည် အသက်ငယ်၍၊ ခေါင်းဆောင်တို့သည် နံနက်ပိုင်းတွင် ပွဲလုပ်ခြင်းဖြစ်ပါက တိုင်းပြည်တွင် အခက်အခဲရှိသည်။

Ecclesiastes 10:18

အဘယ်ကြောင့် အိမ်သည် ယိုသနည်း။
အလွန်ပျင်းရိခြင်းအားဖြင့် အိမ်သည် ယိုတတ်သည်။

Ecclesiastes 10:20

လူတို့သည် အဘယ်ကြောင့် ရှင်ဘုရင်ကို ကျိန်ဆဲခြင်း မပြုသင့်သနည်း။
လူတို့သည် ရှင်ဘုရင်ကို ကျိန်ဆဲခြင်း မပြုသင့်ရခြင်းမှာ မိုဃ်းကောင်းကင်၌ ကျင်လည်သော ငှက်သည် ထိုအသံကို ဆောင်သွား လိမ့်မည်။

## Chapter 11

[1] သင်၏အစာကို ရေပေါ်မှာပစ်ချလော့။ ကာလ ကြာမြင့်မှ တဖန်တွေ့လေဦးမည်။ [2] လူခုနစ်ယောက်မက၊ ရှစ်ယောက်တို့အား ဝေမျှ
လော့။ မြေပေါ်မှာအဘယ်အမှုရောက်မည်ကို သင်မသိ။ [3] မိုဃ်းတိမ်တို့သည် မိုဃ်းရေနှင့်ပြည့်သောအခါ မြေပေါ်မှာရွာတတ်၏။
သစ်ပင်သည် တောင်ဘက်သို့ လဲသည်ဖြစ်စေ၊ မြောက်လက်သို့လဲသည်ဖြစ်စေ၊ လဲသောအရပ်၌ နေရာကျ၏။ [4]
လေကိုမှတ်တတ်သောသူသည် မျိုးစေ့ကိုမကြဲ။ မိုဃ်း တိမ်တို့ကို ပမာဏပြုတတ်သော သူသည်လည်း စပါးကိုမရိပ် ရာ။ [5]
နံ့ဝိညာဉ်သွားရာလမ်းကိုငင်း၊ ကိုယ်ဝန်ဆောင် သော မိန်းမဝမ်း၌အရိုးတို့သည် အဘယ်သို့တိုးပွားသည်ကို ငင်း မသိနိုင်သကဲ့သို့၊
အလုံးစုံတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်၏အမှုတော်တို့ကို မသိနိုင်။ [6] နံနက်အချိန်၌ မျိုးစေ့ကိုကြဲလော့။ ညဦးအချိန်၌ လည်း
မကြဲဘဲမနေနှင့်။ အကြောင်းမူကား၊ အဘယ်အရာ သည် အကျိုးရှိမည်ကိုငင်း၊ နှစ်ပါးစလုံးတို့သည် အညီ အမျှအကျိုးရှိမည်ကိုငင်း
မသိနိုင်။ [7] အကယ်စင်စစ် အလင်းသည်ချို၏။ နေရောင် ခြည်ကိုမြင်၍ ပျော်ပါးစရာရှိ၏။ [8] သို့ရာတွင်၊ လူသည်အသက်တာရှည်၍
အစဉ် ရွှင်လန်းသော်လည်း၊ မှောင်မိုက်ကာလကို အောက်မေ့ ပါစေ။ ထိုကာလကြာမြင့်လိမ့်မည်။ ဖြစ်လတံ့သမျှတို့သည်
အနတ္တသက်သက်ဖြစ်ကြ၏။ [9] အချင်းလူပျို၊ အသက်ပျိုသောအခါ ပျော်မွေ့ လော့။ အသက်ပျိုစဉ်ကာလတွင် စိတ်ရွှင်လန်းခြင်း
ရှိလော့။ ကိုယ်အလိုရှိရာလမ်းနှင့်၊ ကိုယ်ဉာဏ်ပြသော လမ်းသို့လိုက်လော့။ သို့ရာတွင်၊ ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍၊
သင့်ကို အပြစ်ပေးတော်မူမည် ဟု အောက်မေ့လော့။ [10] သို့ဖြစ်၍၊ စိတ်ညှိုးငယ်ခြင်းအကြောင်းနှင့်၊ ကိုယ် ဆင်းရဲခြင်းအကြောင်းကို
ပယ်ရှားလော့။ အသက်ငယ် ခြင်းအရာနှင့် အရွယ်ပျိုခြင်းအရာသည် အနတ္တဖြစ်၏။

---

## Chapter 12

1 ငါနေ၍ မပြောနိုင်ဟုဆိုရသော ကာလသည် မနီး၊ ဆိုးသောကာလမရောက်မှီ၊ ယခုအသက်ပျိုစဉ်အခါ ပင်၊ သင့်ကို
ဖန်ဆင်းတော်မူသောအရှင်ကို အောက်မေ့ လော့။ 2 နေနှင့်အလင်း၊ လနှင့်ကြယ်တို့သည် ကွယ်၍ မိုဃ်းရွာပြီးမှ၊
အထပ်ထပ်ရွာတတ်သော ကာလမရောက် မှီ အောက်မေ့လော့။ 3 ထိုကာလ၌ အိမ်စောင့်တို့သည် တုန်လှုပ်၍၊ ခိုင်ခံ့သော သူတို့သည်
အားလျော့ကြလိမ့်မည်။ ဆန် ကြိတ်သောသူတို့သည် နည်းသောကြောင့် ရပ်ကြလိမ့် မည်။ ပြတင်းပေါက်ဖြင့် ကြည့်သော သူတို့သည်
အလင်း ကွယ်ကြလိမ့်မည်။ 4 ကြိတ်သံလျော့သောအခါ၊ လမ်းနားမှာ တံခါး ရွက်တို့သည် စေ့လျက်ရှိလိမ့်မည်။ ငှက်သံကိုကြားသော
အခါ၊ စောစောထလိမ့်မည်။ သီချင်းသည်မ အပေါင်းတို့ သည် အသံသေးကြလိမ့်မည်။ 5 ထိုကာလ၌ မြင့်သောအရာတို့ကို ကြောက်ကြ
လိမ့်မည်။ လမ်း၌ဘေးတွေ့မည်ဟု ထင်ကြလိမ့်မည်။ ဗာတံပင်ပွင့်လိမ့်မည်။ ကျိုင်းကောင်သည် မိမိ၌မိမိ လေးလိမ့်မည်။
အလိုဆန္ဒလျော့လိမ့်မည်။ အကြောင်းမူ ကား၊ လူသည်ထာဝရနေရာသို့ သွားဆဲရှိ၍၊ ငိုခြင်းသည် တို့သည် လမ်းတို့၌ လှည့်လည်ကြ၏။
6 ငွေကြိုးပြုတ်ခြင်း၊ ရွှေဖလားကွဲခြင်း၊ စမ်းရေတွင်း ၌ ရေပုံးပေါက်ခြင်း၊ ရေကျင်းနားမှာစက်ကျိုးခြင်း အခြင်း အရာတို့သည်
ဖြစ်ကြလိမ့်မည်။ 7 ထိုကာလ၌ မြေမှုန့်သည် နေရင်းမြေသို့ငှင်း၊ ဝိညာဉ်သည် အရင်ပေးတော်မူသော ဘုရားသခင့်ထံသို့ ငှင်း
ပြန်သွားရလိမ့်မည်။ 8 အနတ္တသက်သက်၊ အလုံးစုံတို့သည် အနတ္တဖြစ် ကြသည်ဟု ဓမ္မဒေသနာဆရာဟော၏။ 9
ဓမ္မဒေသနာဆရာသည် ပညာရှိသည်အတိုင်း၊ ပရိသတ်တို့အား ပညာအတတ်ကို သွန်သင်လေ့ရှိ၏။ လုံ့လဝိရိယပြုလျက် များစွာသော
သုတ္တံစကားတို့ကို ရှာဖွေ၍စီရင်၏။ 10 ဓမ္မဒေသနာဆရာသည် နားထောင်ဘွယ်သော စကားကိုရှာ၍၊ ရေးထားချက်စကားသည်
ဖြောင့်မတ် သောစကား၊ သမ္မာစကားဖြစ်၏။ 11 ပညာရှိသောသူ၏စကားသည် တုတ်ချွန်နှင့် ငှင်း၊ တပါးတည်းသော
သိုးထိန်းကြီးအပ်ပေတော်မူ၍၊ ပရိသတ်အုပ်တို့ ရိုက်ထားသောသံချွန်နှင့်ငှင်း တူ၏။ 12 တဖန်တုံ၊ ငါ့သား၊ ထိုသို့သောစကားအားဖြင့်
ဆုံးမခြင်းကို ခံလော့။ စာများကိုစီရင်၍ မကုန်နိုင်။ စာကို ကြိုးစား၍ ကြည့်ရှုခြင်းအမှုသည်၊ ကိုယ်ကို နှောင့်ရှက် သောအမှုဖြစ်၏။ 13
အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော
အမှုအရာအလုံးအစုံတို့ကို ချုပ်ခြာသတည်း။ 14 အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်း သော ဝှက်ထားခြင်းမှစ၍၊
အလုံးစုံသောအမှု၊ ကောင်း မကောင်းရှိသမျှတို့ကို စစ်ကြော၍၊ တရားသဖြင့် စီရင် တော်မူလတံ့သတည်း။


generated on Sun Jun 30 02:37:40 2024

# Song of Solomon

## Chapter 1

[1] သီချင်းတကာတို့တွင် အထွဋ်ဖြစ်သော ရှော လမုန်သီချင်း။ [2] သခင်နှုတ်ဆက်သော နမ်းခြင်းဖြင့် ကျွန်မကို နမ်းပါးစေ။
ကိုယ်တော်၏မေတ္တာသည် စပျစ်ရည်ထက် သာ၍ ကောင်းပါ၏။ [3] ကိုယ်တော်၌ မွှေးကြိုင်းသော နံ့သာဆီကဲ့သို့၊ နာမတော်သည်
သွန်းလောင်းသောနံ့သာဆီဖြစ်ပါ၏။ ထိုကြောင့်သတို့သမီးကညာတို့သည် ကိုယ်တော်ကိုချစ်ကြ ပါ၏။ [4] ကျွန်မကို
သွေးဆောင်တော်မူပါ။ ကျွန်မတို့ သည် နောက်တော်သို့ပြေး၍ လိုက်ကြပါမည်။ အရှင် မင်းကြီးသည် အိမ်တော်အတွင်းခန်းထဲသို့
ကျွန်မကို ဆောင်ခဲ့တော်မူပြီ။ ကျွန် မတို့သည် ကိုယ်တော်ကြောင့် ဝမ်းမြောက်ရွှင်လန်းကြမည်။ မေတ္တာတော်ကို စပျစ်ရည် ထက်သာ၍
ချီးမွမ်းကြမည်။ သတို့သမီးကညာတို့သည် ကိုယ်တော်ကိုမှန်ကန်စွာ ချစ်ကြပါ၏။ [5] အိုယေရုရှလင်မြို့သမီးတို့၊ ငါသည်ကေဒတဲ
ကဲ့သို့ မည်းသေအဆင်းရှိသော်လည်း၊ ရှောလမုန်မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သေး၏။ [6] ငါသည်နေပူကိုခံ၍
မည်းသောအဆင်းရှိသော ကြောင့်၊ ငါ့ကိုမကြည့်ရှုကြပါနှင့်။ ငါ့မိခင်၏သားသမီးတို့ သည် ငါ့ကို မနာလိုသောစိတ်ရှိ၍၊
စပျစ်ဥယျာဉ်တို့ကို စောင့်စေကြ၏။ ကိုယ်ဥယျာဉ်ကို မစောင့်ရပါ။ [7] ကျွန်မနှစ်သက်နှစ်လိုရာအရှင်၊ ကိုယ်တော် သည်
သိုးများကိုအဘယ်မှာ ထိန်းတော်မူသည်ကိုငှင်း၊ မွန်းတည့်ချိန်၌ အဘယ်မှာအရပ်ခိုစေတော်မူသည်ကိုငှင်း ပြတော်မူပါ။ ကျွန်မသည်
အခြားတပါးသော သိုးထိန်း နောက်သို့ အဘယ်ကြောင့် လမ်းလွဲ၍လိုက်ရပါအံ့နည်း။ [8] မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊
သင်သည်မသိလျှင်၊ သိုးများခြေရာသို့လိုက်သွား၍၊ သိုးထိန်းတဲများအနားမှာ သင်၏သိုးသငယ်တို့ကို ကျွေး မွေးပါလော့။ [9]
ငါချစ်သောနှမ၊ သင့်ကိုဖာရောမင်းရထား၌ ကသော မြင်းနှင့် ငါပုံပြမည်။ [10] သင်၏ပါးသွယ်၌ မုတ်ပုတီးတန်ဆာဆင်လျက်၊
လည်ပင်း၌ ပုလဲအသွယ်သွယ်ဆွဲလျက်၊ သင်သည် တင့်တယ်လှ၏။ [11] ငွေနှင့်အပြောက်ချယ်သော ရွှေပုတီးအသွယ် သွယ်ကိုလည်း
လုပ်၍ ပေးဦးမည်။ [12] အရှင်မင်းကြီးသည် စားပွဲတော်နားမှာ ထိုင်နေ စဉ်၊ ငါထုံသော နာဒုဆီမွှေးအနံ့သည် တပျံ့ပျံ့တလှိုင်လှိုင်
ဖြစ်လေ၏။ [13] ငါချစ်ရာသခင်သည် ငါ၌မုရန်နံ့သာပုံဖြစ်၍၊ ငါ့ရင်အုံကြားမှာ တညဉ့်လုံးအိပ်ရမည်။ [14] ငါချစ်ရာသခင်သည်
အင်ဂေဒိဥယျာဉ်မှ ဖြစ် သော ဟန်နာခက်ရွက်စည်းကဲ့သို့ဖြစ်ပါ၏။ [15] ငါချစ်သောနှမ၊ သင်သည် အဆင်းလှပေ၏။ အလွန်လှပေ၏။
ချိုးမျက်စိနှင့်ပြည့်စုံ၏။ [16] ငါချစ်ရာသခင်သည် အဆင်းလှ၍၊ ချစ်ဘွယ် သော လက္ခဏာနှင့် ပြည့်စုံတော်မူ၏။ ငါတို့အိပ်ရာခင်း
သည် စိမ်းသော အဆင်းရှိ၏။ [17] ငါတို့ ဗိမာန်တိုင်တို့သည် အာရဇ်ပင်၊ အမိုးသည် ထင်းရှူးပင်ဖြင့်ပြီးသတည်း။

---

Song of Solomon 01

ယေဘုယျအချက်အလက်

ယေဘုယျအချက်အလက်
ဤစာအုပ်၏ ပထမပိုင်းသည် အခန်းကြီး ၁ ၊ အငယ် ၂
ဖြင့်စတင်သည်။

ရှောလမုန်သီချင်း
"အကောင်းဆုံးသီချင်း" ( သို့ ) " အပြောင်မြောက်ဆုံးသီချင်း "

အထွဋ်ဖြစ်သော ရှောလမုန်သီချင်း။
ရှောလမုန်သီချင်း သည် ရှောလမုန်အကြောင်း (သို့)
ရှောလမုန်စပ်ဆိုထားသောသီချင်း ဖြစ်သည်။

မွှေးကြိုင်းသော နံ့သာဆီ
"နှစ်သက်ဖွယ်ကောင်းသော အနံ "

သွန်းလောင်းသောနံ့သာဆီ
ကျွန်ုပ်တော်တို့ ခန္ဓာကိုယ် ပေါ်၌ သုတ်လိမ်းသောဆီဖြစ်သည်။

နာမတော်သည် သွန်းလောင်းသောနံ့သာဆီ
ထိုမိန်းမသည် သူမ၏ ချစ်သူ
ကောင်းသောဂုဏ်သတင်းရှိကြောင်းသိရသည်။
အခြားသောဘာသာပြန်ဆိုချက် " ကိုယ်တော်၏နာမတော်သည်
တစ်စုံတစ်ယောက် သွန်းလောင်းသော နှစ်သက်ဖွယ်ကောင်းသော
နံ့သာဆီကဲ့သို့ဖြစ်သည်"။ (ရှု - နှင့် နှင့်" )

ကျွန်မကို သွေးဆောင်တော်မူပါ
" ကျွန်ုပ်မကို သင်နှင့်အတူ ခေါ်ဆောင်ပါ။ " သင် "
ဟူသောစကားလုံသည် သင်၏ ချစ်သူကို
ရည်ညွှန်းခြင်းဖြစ်သည်။

ကျွန်မတို့ သည် နောက်တော်သို့ပြေး၍ လိုက်ကြပါမည်
"ကျွန်မတို့" ဟူသောစကားလုံးသည် သူမ၏
ချစ်သူနှင့်အတူရှိသော မိန်းမပျိုကို ဆိုလိုခြင်းဖြစ်သည်။

ကိုယ်တော်ကြောင့်
" သင့်ကြောင့်"

ထက်သာ၍ ချီးမွမ်းကြမည်။
"ကျွန်တော်ကို ချစ်မွမ်းစေ"


generated on Sun Jun 30 02:37:40 2024

သတို့သမီးကညာတို့သည် ကိုယ်တော်ကိုမှန်ကန်စွာ ချစ်ကြပါ၏။
သင့်ကိုချစ်သောသူအားလုံးတို့သည် မှန်ကန်ကြပါသည်။

Song of Solomon 05

ငါသည်ကေဒတဲ ကဲ့သို့ မည်းသောအဆင်းရှိသော်လည်း
ကေဒတဲ အမျိုးထဲ၌ရှိသော လူမျိုးစုတို့သည် သူတို့အိမ်တည်ဆောက်ရာ၌ အမည်းရောင်ရှိသော ဆိတ်အရေခွံကို အသုံးပြုကြသည်။

မည်းသောအဆင်းရှိသော်လည်း၊ တင့်တယ်သေး၏
" ကျွန်တော်အသားမည်းသော်လည်း ၊ လှပနေဆဲဖြစ်သည်။ "

ရှောလမုန်မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သေး၏။
သူမသည် သူမ၏အသားအရည်ကို ဧောလမုန်မင်းကြီး သူ၏ နန်းတော် သို့မဟုတ် ဗိမ်မာန်တော်၌ အသုံးပြုရန်ထုတ်လုပ်ထားသော လကုလားကာ၏ လှပမှု နှင့် နှိုင်းယှဉ်ထားသည်။

နေပူကိုခံ၍
"နေလောင်ထားသော"

ငါ့မိခင်၏သားသမီး
" ငါ၏ဝမ်းကွဲညီများ" ထိုညီသည် မအေတူ ဖအေကွဲဖြစ်နိုင်သည်။

စပျစ်ဥယျာဉ်စောင့်
"စပျစ်ဥယျာဉ်ကိုစောင့်ရှောက်သောသူ"

ကိုယ်ဥယျာဉ်ကို မစောင့်ရပါ
ထိုမိန်းမသည် မိမိကိုယ်ကိုယ်ကို စပျစ်ဥယျာဉ် နှင့် နှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက် " ဒါပေမဲ့ ငါသည် မိမိကိုယ်ကိုယ်ကို မစောင့်ထိန်းနိုင်ခဲ့ပါ။

Song of Solomon 07

သိုးများကိုထိန်းတော်မူသည်
"သိုးများကို စားကျက်တွင် လွှတ်ထားသည်"

အရပ်ခိုစေတော်မူသည်
"သင့်၏သိုးကိုအနားပေးသည်"

ကျွန်မသည် အခြားတပါးသော သိုးထိန်း နောက်သို့ အဘယ်ကြောင့် လမ်းလွှဲ၍လိုက်ရပါအံ့နည်း။
အခြားသောဘာသာပြန်ဆိုချက် - ကျွန်မကိုယ်တော်ကို ရှာသောအခါ အခြားသော သိုးထိန်း နောက်သို့လမ်းလွှဲမသွားဖို့ရန် ပြောတော်မူပါ။

လမ်းလွှဲ
" ပတ်ပတ်လည်လျှောက်သွားသည် "

Song of Solomon 08

သိုးများခြေရာသို့လိုက်သွား
" သိုးစုများ နောက်သို့ တောက်လျှောက်လိုက်သည် "

ခြေရာ
မြေပေါ်၌ ကျန်ရှိသော သိုးများ၏ ခြေရာများ။

သင်၏သိုးသငယ်တို့ကို ကျွေး မွေးပါ
" သင်၏သိုးငယ်တို့ကို ကျောင်းသည် " သို့ "
သင်၏သိုးသငယ်တို့ကို မြက်စားစေပါ "

Song of Solomon 09

ယေဘုယျ အချက်အလက်
ထိုမိန်းမ၏ ချစ်သူ ဆက်လက်စကားပြောသည်။

ငါချစ်
" ငါချစ်သောသူ"

သင့်ကိုဖာရောမင်းရထား၌ ကသော မြင်း
၎င်းချစ်သူသည် ထိုမိန်းမငယ်ကို လှပသောမြင်းမတစ်ကောင် နှင့် နှိုင်းယှဉ်ထားသည်။

ဖာရောမင်းရထား၌ ကသော မြင်း
"ရထားကိုဆွဲသော ဖာရောမင်း၏ မြင်း"

ငွေနှင့်အပြောက်ချယ်သော
"ငွေ၏အပြောက်နှင့်ချယ်"

Song of Solomon 12

စားပွဲတော်နားမှာ ထိုင်နေစဉ်
"သူ့စားပွဲ၌ထိုင်နေခြင်း"

နာဒု
လူများသည်ဈေးကြီးသောနာဒု(ပန်းအဖြူရောင် "သို့" အပန်းရောင်ရှိသော valerian ဗပ်ရီယမ်း ပင် ) မှ ထိုဆီကိုရရှိပြီး နှစ်လိုဖွယ်သော အနံ့ကိုရရှိရန် သူတို့၏ အရေခွံကိုပျော့ပြောင်းအောင်လုပ်ပြီး အသုံးပြုလေ့ရှိသည်။

နာဒုဆီမွှေးအနံ့သည် တပျံ့ပျံ့တလှိုင်လှိုင် ဖြစ်လေ၏
"၎င်း၏ ကောင်းသောအနံ့ကိုထုတ်ပေးသည်"

ငါချစ်ရာသခင်သည်
" ငါ့အတွက် ၊ ငါချစ်ရာသခင်သည်ဤကဲ့သို့ဖြစ်သည်။

ငါ့ရင်အုံကြားမှာ တညဥ့်လုံးအိပ်ရမည်
" ငါရင်ခွင်ကြား၌တညလုံး အိပ်သည်"။ မိန်းကလေးများသည် သူတို့၏ ခန္ဓာကိုယ်မွှေးကြိုင်ဖို့ရန် သူတို့၏ ရင်ခွင်၌ ဈေးကြီးသောမုရန်အနည်းငယ်ကို သူတို့၏ ရင်ခွင်၌ ဖြန်းထားသည်။

ဟန်ခက်ရှက်
လူများသည် ကန္တာရ၌ပေါက်သောအပင်ငယ်၏ပန်းများကို ရေမွှေးအဖြစ်အသုံးလေ့ရှိသည်။

Song of Solomon 15

ချိုးမျက်စိနှင့်ပြည့်စုံ
ချိုးငှက်သည် သန့်ရှင်းခြင်း၊ အပြစ်ကင်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ နှင့် ချစ်ခြင်း တို့၏သင်္ကေတဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " သင်၏မျက်စိသည် ချိုးငှက်၏မျက်စိကဲ့သို့ နူးညံ့သိမ်မွေ့ ပြီး နှစ်သက်ဖွယ်ကောင်းသည်။

Song of Solomon 16

အဆင်းလှ
"ကြည့်ကောင်းသော" သို့ "ချစ်စရာကောင်းသော " သို့ "လှပသော"

စိမ်းသော အဆင်း
စိမ်းလန်း စိုစွတ်ပြီး များပြားစွာပေါက်သော အပင်များဖြစ်သည်။

ငါတို့အိပ်ရာခင်း
"ကျွန်ုပ်တို့အိပ်ရာဖြစ်သည်" ။ ထိုမိန်းမသည် အပြင်ဘက်၌ရှိသောထိုစိမ်းလန်းသောအပင်ပေါ်၌ သူတို့ အိပ်ရာကဲ့သို့ မည့်ကဲ့သို့ အိပ်ခဲ့ကြောင်းကိုဖော်ပြခြင်းဖြစ်သည်။

ငါတို့ ဗိမာန်တိုင်တို့သည် အာရဇ်ပင်
ထိုမိန်းမသည် ထိုသစ်တောကို သူတို့ အိမ်ကဲ့သို့ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက် - အာရဇ်ပင်၏ သစ်ကိုင်းတို့သည် သူတို့ ၏ အိမ်တိုင်ကဲ့သို့ဖြစ်သည်။

တိုင်
အိမ်အားလုံးကိုအထောက်အကူပေးသော ကြီးမားသောသစ်တုံးများ။

အမိုးသည် ထင်းရှူးပင်ဖြင့်ပြီးသတည်း။
" ထင်းရှူးပင်၏သစ်ကိုင်းများသည် ကျွန်ုပ်တို့၏ အမိုးကဲ့သို့ဖြစ်သည်။

အမိုး
သစ်သားများစွာဖြစ် အိမ်တစ်လုံး၏အမိုးအဖြစ်ကာသည်။

---

## Translation Questions

Song of Solomon 1:1

ရှောလမုန် သီချင်းကို မည်သူ ရေးခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရှောလမုန် သီချင်းကို ရေးခဲ့သည်။

မိန်းမပျိုလေးသည် သူ့ချစ်သခင်အား ဘာလုပ်ရန် တောင်းဆိုခဲ့သနည်း။
မိန်းမပျိုလေးသည် သူ့ချစ်သခင်အား နှုတ်ဆက်သောအနမ်းဖြင့် နမ်းရန် တောင်းဆိုခဲ့ပါသည်။

မိန်းမပျိုလေးသည် မည်သည့်အရာကို စပျစ်ရည်ထက်ချိုသည်ဟု ဆိုလိုသနည်း။
မိန်းမပျိုလေးသည် သူ့ချစ်သခင်၏ မေတ္တာကို စပျစ်ရည်ထက်ချိုသည်ဟု ဆိုပါသည်။

မိန်းမပျိုလေးသည် သူ့ချစ်သူသခင်၏အမည်ကို ဘာနှင့်တူသည်ဟု ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် သူ့ချစ်သူသခင်၏အမည်ကို သွန်းလောင်းသော နံ့သာဆီကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။

ရှင်ဘုရင်သည် မိန်းမပျိုလေးအား မည်သည့်နေရာတွင် ဆောင်တော်မူခဲ့သနည်း။
ရှင်ဘုရင်သည် မိန်းမပျိုလေးအား သူ၏အခန်းထဲသို့ ဆောင်တော်မူခဲ့သည်။

Song of Solomon 1:5

မိန်းမပျိုလေးသည် မည်ကဲ့သို့ သူမ၏ အသားအရေကို ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ အသားအရေသည် ကေဒတဲကဲ့သို့ မည်းသောအဆင်းရှိ၍ ရှောလမုန် မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သည်။

သူမသည် အခြားသော မိန်းမများ၏ စိုက်ကြည့်ခြင်းကို ဘာကြောင့် မလိုလားသနည်း။
သူမသည် နေပူခံ၍ မည်းသောအဆင်းရှိသောကြောင့် အခြားသော မိန်းမများ၏ စိုက်ကြည့်ခြင်းကို မလိုလားပေ။

သွေးချင်းညီအစ်ကိုများသည် သူမကိုစိတ်ဆိုးကြသောအခါ ဘာလုပ်ကြသနည်း။
သွေးချင်းညီအစ်ကိုများသည် သူမကိုစိတ်ဆိုးကြသောအခါ စပျစ်ဥယျာဉ်ကိုစောင့်စေကြ၏။

Song of Solomon 1:7

မိန်းမပျိုလေးသည် သူမ၏ ချစ်သခင်အား ဘာမေးမြန်းခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သခင်အား သိုးများကိုအဘယ်မှာ ထိန်းတော်မူသည်ကိုလည်းကောင်း၊ မွန်းတည့်ချိန်၌ အဘယ်မှာအရပ်ခိုစေတော်မူသည်ကိုလည်းကောင်းမေးမြန်းခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Song of Solomon 1:8

မိန်းမပျိုလေး၏ ချစ်သူသည် သူ့ကို ရှာဖွေနိုင်ရန် သူမအား မည်သို့ပြောသနည်း။
မိန်းမပျိုလေးသည် သိုးများခြေရာသို့လိုက်သွားရန်နှင့် သိုးထိန်းတဲများအနားမှာ သူမ၏သိုးသငယ်တို့ကို ကျွေး မွေးရန် ပြောပါသည်။

Song of Solomon 1:9

မိန်းမပျိုလေး၏ ချစ်သူသည် မိန်းမပျိုလေးအား ဘာနှင့် နှိုင်းယှဥ်ခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် မိန်းမပျိုလေးအား ဖာရောမင်းရထားပေါ်၌ မြင်းများနှင့် နှိုင်းယှဥ်ခဲ့ပါသည်။

မိန်းမပျိုလေး၏ ချစ်သူသည် မိန်းမပျိုလေး၏ ပါးနှင့် လည်းပင်းသည် ဘာဖြစ်သည်ဟု ဆိုခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည်မိန်းမပျိုလေး၏ပါး၌ မုတ်ပုတီးတန်ဆာဆင်လျက်၊ လည်ပင်း၌ ပုလဲအသွယ်သွယ်ဆွဲလျက်ရှိသည်ဟု ဆိုခဲ့ပါသည်။

မိန်းမပျိုလေး၏ ချစ်သူသည် သူမအတွက် ဘာလုပ်လိမ့်မည်ဟု ဆိုခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် သူမအတွက် ငွေနှင့်အပြောက်ချယ်သော ရွှေပုတီးအသွယ် သွယ်ကို လုပ်ပေးလိမ့်မည်ဟု ဆိုခဲ့သည်။

Song of Solomon 1:12

မိန်းမပျိုသည် မိမိကိုယ်ကို စကားပြောနေစဥ်တွင် အရှင်မင်းကြီးသည် မည်သည့်နေရာတွင် လဲလျောင်းနေခဲ့သနည်း။
မိန်းမပျိုသည် မိမိကိုယ်ကို စကားပြောနေစဥ်တွင် အရှင်မင်းကြီးသည် ညောင်စောင်းနားတွင် လဲလျောင်းနေခဲ့သည်။

သူမ၏ချစ်သူသည် တညဥ့်လုံး မည်သည့်နေရာတွင် အိပ်ခဲ့သနည်း။
သူမ၏ချစ်သူသည် တညဥ့်လုံး သူမရင်အုံကြားတွင် အိပ်ခဲ့ပါသည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သူအား ဘာနှင့် ပုံခိုင်းလေ့ရှိသနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူအား အင်္ဂေဒိဥယျာဥ်မှ ဖြစ်သော ဟင်္နာခက်ရွက်စည်းနှင့် ပုံခိုင်းလေ့ရှိသည်။

Song of Solomon 1:15

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏မျက်လုံးအား မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူက သူမ၏မျက်လုံးအား ချိုးမျက်စိကဲ့သို့ဖြစ်သည်ဟု ဆိုသည်။

Song of Solomon 1:16

မိန်းမပျိုသည် သူတို့၏အိပ်ရာကို ဘာနှင့် ခင်းထားသည်ဟု ဆိုသနည်း။
စိမ်းလန်းသောအပင်တို့သည် သူတို့၏အိပ်ရာဖြစ်သည်။

မိန်းမပျိုသည် ဗိမာန်တိုင်တို့နှင့် အမိုးတို့ကို ဘာဖြင့် ပြုလုပ်ထားသည်ဟု ဆိုသနည်း။
မိန်းမပျိုသည် ဗိမာန်တိုင်တို့သည် အာရဇ်ပင်၊ အမိုးသည် ထင်ရှူးပင်ဖြင့် ပြုလုပ်ထားသည်။

## Chapter 2

1 ကျွန်မသည် ရှာရုန်အရပ်နှင့်ဆီးပွင့်၊ ကွင်းပြင် ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏။ 2 ဆူးတောထဲမှာ နှင်းပွင့်ထင်သကဲ့သို့၊ ငါချစ်
သောသတို့သမီးသည် လူမျိုးသမီးစုထဲမှာထင်ပေ၏။ 3 တောပင်စုထဲမှာ ရှောက်ချိုပင်ကဲ့သို့ ငါချစ်ရာ သခင်သည် လူမျိုးသားစုထဲမှာ
ဖြစ်တော်မူ၏။ ငါသည် သူ၏အရိပ်ဝယ် ပျော်မွေ့နေထိုင်၍၊ မြိန်စွာသော အသီး ကို စားရ၏။ 4 ပွဲခံရာအိမ်သို့ ငါ့ကိုဆောင်သွား၍၊
မေတ္တာတော် အလံကို ငါ့အပေါ်မှာ မိုးတော်မူပြီ။ 5 ငါသည်ချစ်ခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍၊ ငါ့ကိုစပျစ်သီးပျဉ်နှင့် အားဖြင့်ကြပါ။
ရှောက်ချိုသီးကို ကျွေး၍သက်သာ စေကြပါ။ 6 သင်၏ လက်ဝဲဘက်သည် ငါ့ခေါင်းကို ထောက် မလျက်၊ လကျာ်းလက်သည်
ငါ့ကိုဘက်လျက်နေတော် မူပါစေ။ 7 ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သော သတို့သမီး သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည်
အကြောင်း၊ တော၌ ကျင်လည်သော သမင်ဒရယ်များကို တိုင်တည်၍ သင်တို့ကို ငါမှာထား၏။ 8 ငါချစ်ရာသခင်၏စကားသံပေ။
ကြည့်ပါ။ တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက်ကြွလာ၏။ 9 ငါချစ်ရာသခင်သည် သမင်ဒရယ် သငယ်နှင့် တူ၏။ ကြည့်ပါ။
အုတ်ရိုးပြင်မှာရပ်တော်မူ၏။ ပြတင်း ပေါက်ဝတွင် ကြည့်လျက်၊ ပြတင်းရွက်ကြားမှာ ကိုယ်ကို ပြလျက်နေတော်မူ၏။ 10 ငါချစ်ရာ
သခင်သည် ခေါ်၍ပြောသည်ကား၊ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။ 11 ဆောင်းကာလလွန်ပြီ။ မိုဃ်းလည်းကြည်လင်ပြီ။
12 မြေကြီးပေါ်မှာ ပန်းများ ပွင့်ကြပြီ။ ငှက်တို့ မြည်တွန်ချိန်လည်း ရောက်လေပြီ။ ငါတို့မြေ၌ ချိုးငှက် တွန်သံကိုလည်း ကြားရ၏။ 13
သင်္ဘောသဖန်းပင်သည် စိမ်းသောအသီးကို မှည့်စေ၏။ စပျစ်နွယ်ပင်လည်း ပွင့်လျက်မွှေးကြိုင်၏။ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊
ထ၍လာခဲ့ပါ။ 14 တောင်ပေါ်၌ ခိုလှုံရာကျောက်ကြားတွင် ရှိသော ငါ၏ချိုးငှက်၊ သင်၏မျက်နှာကိုမြင်ပါရစေ။ သင်၏စကား သံကို
ကြားပါရစေ။ သင်၏စကားသံသည် ချို၏။ သင်၏ မျက်နှာလည်း လှ၏။ 15 စပျစ်နွယ်ပင်တို့ကို ဖျက်လတတ့်သော မြေခွေးများ နှင့်
မြေခွေးကလေးများကို ငါတို့ကို ဘမ်းကြလော့။ ငါတို့ စပျစ်နွယ်ပင်တို့သည် အပွင့်ပွင့်လျက်ရှိကြ၏။ 16
ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။ ငါ့ကိုလည်း သခင်ဆိုင်ပေ၏။ နှင်းတော၌ ကျက်စားတော်မူ၏။ 17 မိုဃ်းမသောက်၊
မှောင်မိုက်အရိပ်မပြေးမှီ၊ ငါ ချစ်ရာသခင်၊ ဗေသာတောင်ပေါ်မှာ သမင်ဒရယ်သငယ် ကဲ့သို့ တဖန်ပြုတော်မူပါ။

---

---

Song of Solomon 01

ယေဘုယျအချက်အလက်

ကျွန်မသည်ကွင်းပြင် ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏
ထိုမိန်းမသည် တောရွာ၌နေထိုင်းသော သာမန် ရိုးသားသော မိန်းကလေးဖြစ်ပြီး သူမ၏ ချစ်သူပေးသောအချစ်နှင့် မထိုက်တန်းကြောင်း ဖော်ပြရန် မိမိကိုယ်ကိုယ်ကို ကွင်းပြင်၌ ပေါက်သော နှင်းပွင့်သဖွယ် ခိုင်းနှိုင်းထားပါသည်။

ကွင်းပြင်
ညီညာပြန့်ပြူးသော နေရာ ၊ သစ်ပင်ကြီးများမရှိသောနေရာ ၊ နှင့် မြက်ပင်အမျိုးမျိုး နှင့် ပန်းအမျိုးမျိုး ပေါက်သောနေရာ သို့ ကွင်းပြင် ဖြစ်သည်။

နှင်းပွင့်မျှသာ
ထိုမိန်းမသည် မိမိကိုယ်ကိုယ် ကွင်းပြင်၌ ပေါက်သော နှင်းပွင့် သဖွယ်နှိုင်းယှဉ်ခြင်း နှင့် မိမိကိုယ်ကိုယ် ချိုင်းဝှမ်းတွင် ပေါက်သော နှင်းပွင့် နှင့်
နှိုင်းယှဉ်သည်ကိုဆိုလိုခြင်းတစ်ခုသာဖြစ်သည်။

နှင်းပွင့်
နှစ်သက်ဖွယ်သော အနံ ရှိသောပန်းဖြစ်ပြီး ခရာ ကဲ့သို့သော ပုံသဏ္ဌာန် ရှိသည်။

နှင်းပွင့်ထင်သကဲ့သို့ ........ ငါ လူမျိုး
ထိုယောကျာ်းသည် ထိုမိန်းမဟာတခြားသော မိန်းမလေး တွေထက် ပို၍ လှပ တန်းဖိုးရှိခြင်းက နှင်းပွင့်ပင်သည် ၎င်း၏ ပတ်ပတ်လည်၌ ရှိသော ဆူးပင်အားလုံးထက် ပို၍လှပ တန်းဖိုးရှိကြောင်းကို ဆိုလိုသည်။

ငါချစ် သောသတို့သမီး
အခန်း ၁ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

လူမျိုးသမီးစု
" အခြားသော မိန်းမပျို"

Song of Solomon 03

ရှောက်ချိုပင်ကဲ့သို့ ...... ငါလူမျိုးသား
ရှောက်ချိုပင်သည် သစ်တောထဲရှိ အခြားသောသစ်ပင်များ ထက်ပို၍ သာယာ သကဲ့သို့ ထိုမိန်းမငယ်၏ ချစ်သူသည်လည်း ထိုကဲ့သို့ ပင်ဖြစ်သည်။

ရှောက်ချိုပင်
အတော်ချိုသော အဝါရောင်သစ်သီးငယ် ကို သီးသော အပင် တစ်မျိုး။

ငါသည် သူ၏အရိပ်ဝယ် ပျော်မွေ့နေထိုင်
သူမ ၏ချစ်သူနှင့်အတူရှိခြင်းသည် အလွန်ပျော်ရွှင် ကြည်နူးဖွယ်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

မြိန်စွာသော အသီး ကို စားရ၏
ထိုမိန်းမသည် သူမ၏ ချစ်သူနှင့်အတူနေရခြင်း၏ပျော်ရွှင်မှုကို ချိုသော အသီးနှင့် ခိုင်းနှိုင်းထားသည်။

ပွဲခံရာအိမ်
လူများတစ်ယောင်နှင့်တစ်ယောက် အလည်သွားပြီး အတူကွ ပျော်ရွှင်စွာစားသောက်၍ ရသော အလွန်ကျယ်သောအခန်းကြီးတစ်ခန်း။

အလံ
အလံသည် အလွန်ကြီးသော ပိတ်စတစ်ခုဖြစ်ပြီး စစ်တပ်တစ်ခုကို ခွန်အားပေးရန် နှင့် ရှေ့သို့ ချီတက်ရန်၌ အသုံးပြုသော ပိတ်စ ဖြစ်သည်။

မေတ္တာတော် အလံကို ငါ့အပေါ်မှာ မိုးတော်မူပြီ
ထိုမိန်းမသည် ပွဲခံရာအိမ်သို့သွားရန် ကြောက်သော်လည်းသူမ၏ ချစ်သူ သည် သူမကို ထိုပွဲသို့ ဝင်ရန် ခွန်အားပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - " အလံ ကဲ့သို့ သူမ၏ချစ်သူသည် သူမကို လမ်းညွှန်၍ခွန်အားပေးသည်။

Song of Solomon 05

ငါသည်ချစ်ခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍
ငါ၏ချစ်ခြင်းသည် အလွန်အားကြီးသည်ဖြစ်၍ ငါကို ချည့်နဲ့စေသည်။

အားဖြင့်
"ခွန်အားပြန်၍ ရသည်" သို့ " အားအင်ပေးသည် "

စပျစ်သီးပျဉ်နှင့်
ကျွန်ုပ်ကို အပြားနှစ်ပြားနှင့်အတူ ကပ်ထားသော စပျစ်သီးပျဉ်ကို ကျွေးခြင်းအားဖြင့်" သို့ "စပျစ်သီးပျဉ်ကို ပေးခြင်းအားဖြင်း "

ရှောက်ချိုသီးကို ကျွေး၍သက်သာစေကြပါ
"ကျွန်ုပ်ကို ရှောက်ချိုသီး ဖြင့် ထောက်ပံ့ခြင်း" သို့ "ရှောက်သီးချို ပေးခြင်းအားဖြင့်"

လက်ဝဲ .... လက်ျာလက်
"လက်ဝဲလက် .... လက်ျာလက်"

ဘက်လျက်
" ငါကို ဘက်သည်"

Song of Solomon 07

ယေရုရှလင်မြို့သမီး
" ယေရုရှလင်၏ မိန်းမပျို"။ဤမိန်းမပျိုများက ပြောနေသောသူမအသံကို မကြားရ၊ ထိုနေရာတွင် မရှိကြသော်လည်း၊ မိန်းမပျိုများကြားနေ၍ရှိနေသကဲ့သို့ ဆိုထားပါသည်။

အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း၊
" ကျွန်ုပ်တို့၏ ချစ်တင်းမူ မပြီးမီတိုင်အောင် အနှောက်အယှက်မရှိစေရ"

တော၌ ကျင်လည်သော သမင်ဒရယ်များကို တိုင်တည်၍ သင်တို့ကို ငါမှာထား၏။
ဤတိရစ္ဆာန်သည် ကြောက်တတ်သောတိရစ္ဆာန်ဖြစ်သော်လည်း လွတ်လပ်စွာ ကျင်လည်သည်။

တော၌
"တောပိုင်း၌နေထိုင်သည်"

သမင်ဒရယ်
သမင်နှင့်တူ၍ ကျစ်လစ်၊ လျင်မြန်စွာပြေးပြီးကြောက်တတ်သောတိရစ္ဆာန်များ။

Song of Solomon 08

ယေဘုယျအချက်အလက်
ဒုတိယပိုင်းကို ဤအခန်းတွင်စတင်သည်။

ကြည့်ပါ
ဤနေရာတွင် "ကြည့်ပါ " ဟူသော ဝေါဟာရသည် ၎င်း၏နောက်တွက်လိုက်လာသော စကားလုံးကို လေးနက်အောင်ပေါင်းထည့်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - " စင်စစ်"

တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက်ကြွလာ၏
"တောင်များတို့ကို ခုန်ကျော်၍ ၊ တောင်ကုန်းများပေါ်သို့ လျင်မြန်စွာပြေးသွားသည်။ "ထိုချစ်သူသည် ကြမ်းတမ်းသော တောင်ကုန်များ ပေါ်သို့ ပြေးရသော်လည်းသမင်သရယ်ကဲ့သို့ ကြော့ကြော့မော့မော့ လျင်မြန်စွာပြေးသွားသည်။

သမင်ဒရယ် သငယ်နှင့် တူ၏
ထိုမိန်းမသည် သူမ၏ချစ်သူကို သမင်သရယ်သငယ်နှင့်နှိုင်းယှဉ်ထားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ယင်းတိရစ္ဆာန်ကဲ့သို့ လျင်မြန်လျင်မြန် ၊ သာသာယာယာနှင့် ကြော့ကြော့မော့မော့ ဖြစ်သောကြောင့်ဖြစ်သည်။

သမင်ဒရယ်
" သမင်သရယ် " အခန်းကြီး ၈ ၊ အငယ် ၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ပါ။

သမင်ငယ်
" သမင်ဖိုငယ် "

ကြည့်ပါ။ ပြင်မှာရပ်တော်မူ၏
ဤနေရာတွေ"ကြည့်"ဟူသော ဝေါဟာရသည် ထိုမိန်းမသည် စိတ်ဝင်စရာကောင်းသော အရာတစ်စုံတစ်ခုကို တွေ့နေကြောင်း ဖော်ပြသည်။

အုတ်ရိုးပြင်မှာ
"အုပ်နံရံ၏ အခြားတစ်ဖက်" ။ ထိုမိန်းမသည်
အိမ်တွင်းထဲမှာနေပြီး သူမ၏ ချစ်သူသည်
အိမ်၏အပြင်၌ရှိခြင်းဖြစ်သည်။

ပြတင်း ပေါက်ဝတွင် ကြည့်လျက်
" သူသည် ပြတင်းပေါက်မှ ငေးကြည့်သည်။"

ပြတင်းရွက်
တစ်စုံတစ်ယောက်သည်သစ်သားကို
ညီညာသောအချိုးအစားချွတ်တိုက်၍ ပြတင်းပေါက် (သို့)
ဝင်ပေါက်တစ်ခုခုကို ပိတ်ရန် ပြုလုပ်ထားသောအရာဖြစ်သည်။

ပြတင်းရွက်ကြားမှာ ကိုယ်ကို ပြလျက်နေတော်မူ၏
"သူသည် ပြတင်းရွက်မှ ချောင်းကြည့်သည်။

Song of Solomon 10

ငါချစ်
" အခန်းကြီး ၁ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်"

ထ
" ထလော့"

မိုဃ်းလည်းကြည်လင်ပြီ။
ဣလသရေလတိုင်းပြည်၏ ဆောင်းဥတု၌သာ မိုးရွာသည်။

Song of Solomon 12

မြေကြီးပေါ်မှာ
"မြေတပြင်လုံး"

ပန်းများပွင့်ကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊
"သင်ပန်းပွင့်များကိုတွေ့နိုင်သည်"

ငှက်တို့ မြည်တွန်ချိန်လည်း ရောက်လေပြီ။
" ငှက်များ တွန်ချိန်"

ချိုးငှက် တွန်သံကိုလည်း ကြာရ၏
အခြားသောဘာသာပြန်ဆိုချက် -"သင်သည် ချိုးငှက်၏
တွန်သံကို ကြားရပြီ။" သို့ " လူများသည် ချိုးငှက်၏ တွန်သံကို
ကြားရပြီ။

စပျစ်နွယ်ပင်လည်း ပွင့်
"စပျစ်နွယ်လည်း ပွင့်နေသည် " သို့ " စပျစ်နွယ်လည်း ပန်းများစွာ
ပွင့်သည်။"

မွှေးကြိုင်
" နှစ်သက်ဖွယ်သော အနံ့"

Song of Solomon 14

ယေဘုယျ အချက်အလက်
ထိုမိန်းမ၏ချစ်သူ စတင်စကားပြောသည်။

ငါ၏ချိုး
ထိုမိန်းမ၏ ချစ်သူသည် ထိုမိန်းမကို ချိုးငှက်သဖွယ်
နှိုင်းယှဉ်ခြင်းသည် သူမသည် ချိုးငှက်ကဲ့သို့ လှပသောမျက်နှာ
နှင့် သာယာသောအသံရှိသောကြောင့်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် သူနှင့်သူချစ်သူသည်ချိုးငှက်ကဲ့သို့
လူနှင့်ဝေးကွာရာ အရပ်၌ နေထိုင်ရခြင်းဖြစ်သည်။

ကျောက်ကြား
"ကျောက်ဆောင်များကြား ပုန်းခိုနိုင်သည့်နေရာများ"

သင်၏ မျက်နှာ
" သင်၏ ဟန်ပန် " သို့ " သင်၏ သွင်ပြင် " သို့ " သင်၏ ပင်ကိုယ်
"

Song of Solomon 15

ဖျက်
"ဖျက်ဆီးသည်" သို့ " ပျက်စေသည်" ။ မြေခွေးသည် စပျစ်ခြံကို
တွင်းတူးပြီး စပျစ်သီးကို စားခြင်းဖြစ် ဖျက်စီးသည်။ လူပျိုသည်
မိန်းမပျိုကို ဖျက်ဆီးသကဲ့သို့ တင်စားဖော်ပြထားသည်။

မြေခွေး
"မြေခွေး" များဟုပြန်ဆိုနိုင်သည်။ အမျိုးသမီးပျိုကို
ဖျက်ဆီးလိုချင်သည့် လူပျိုများကို ကဗျာတွင် ခွေးများဖြင့်
ခိုင်းနှိုင်းလေ့ရှိသည်။

မြေခွေးကလေး
" မြေခွေးကလေး " မြေခွေးသည် စပျစ်နွယ်ပင် အပွင့်ပွင့်သော
နွေဦး ကာလ၌ မြေခွေး ကလေး မွေး ကြသည်။

ငါတို့
"ငါတို့ " ဟူသော ဝေါဟာရသည် ဖြစ်နိုင်ရာ အကြောင်းနှစ်ချက်ကို
ရည်ညွှန်းနိုင်သည်။ ၁ ။ "သူမ နှင့် သူမ၏ ချစ်သူ " သို့ " ၂။
သူမနှင့် ကျန်ရှိသော မိသားစု " ။

အပွင့်ပွင့်
ဤစလုံးသည် လက်ထပ်ရန် ၊ မီးဖွားရန် အရောက်သော
မိန်းမပျိုကို တင်စားဖော်ပြထားသည်။ အခန်းကြီး ၂ ၊ အငယ် ၁၂
၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန် ။

Song of Solomon 16

ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။
"ငါပိုင်သော ငါချစ်သူ"

ငါ့ကိုလည်း သခင်ဆိုင်ပေ၏
" သူသည်လည်းငါ့ကိုပိုင်သည်။ "


generated on Sun Jun 30 02:37:40 2024

ကျက်စား
" ကျေးမွေးခြင်း " သို့ " မြက်စားခြင်း" ။ ထိုမိန်းမသည် သူမ၏ ချစ်သူကို နှင့်ပန်းပင်ကြားတွင် ကျက်စားနေသော သမင်ဒရယ် သို့ သမင်ငယ် နှင့်နှိုင်းယှဥ်ထားသည်။

မိုဃ်းသောက်
"နေ့တစ်နေ့၏ နေထွက်ရာအချိန်"

မျောင်မိုက်အရိပ်ပြေး
ထိုမိန်းမသည် သူတို့နေရောင်ခြည်မှ ထွက်ပြေးကြောင်းကို တင်စားဖို့ရန် အရိပ်ကိုအသုံးပြုထားသည်။
အခြားသောဘာသာပြန်ဆိုချက် -"
အရိပ်ပျောက်ကွယ်သွားသည်။"

ဗေသာတောင်
" ကျောက်တုံးကျောက်ခဲပြည့်နှက်နေသော" သို့ " ကြမ်းသော "

သမင်ဒရယ်သငယ် ကဲ့သို့
အခန်းကြီး ၂ ၊ အငယ် ၈ ၏ ဘာသာပြန်ဆိုမှုကို ကြည့်ရန်။

သမင်ဒရယ်
သမင်နှင့်ဆင်၍ ရှည်ကွေးသောချိုရှိသော တိရစ္ဆာန်တစ်မျိုး။

သမင်ဒရယ်သငယ်
"သမင်ဖိုငယ်"

---

## Translation Questions

### Song of Solomon 2:1

မိန်းမပျိုလေးသည် မိမိကိုယ်ကို မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေးသည် မိမိကိုယ်ကို ရှာရုန်အရပ်နှင့်ဆီးပွင့်၊ ကွင်းပြင်ပေါက်သော နှင်းပွင့်မျှသာဖြင့်ဖော်ပြခဲ့သည်။

လူယောကျာ်းသည် သူမအား လူအမျိုးသမီးတို့အလယ်၌ ဘာနှင့်တူသည်ဟု ဆိုခဲ့သနည်း။
လူယောက်ျားသည် သူမအား လူအမျိုးသမီးတို့အလယ်၌ ဆူးတောထဲက နှင်းပွင့်နှင့်တူသည်ဟု ဆိုခဲ့သည်။

### Song of Solomon 2:3

မိန်းမပျိုလေးသည် လူပျိုများကြားထဲက သူမ၏ချစ်သူအား မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေးသည် လူပျိုများကြားထဲက သူမ၏ချစ်သူအား တောပင်စုထဲက ရှောက်ချိုပင်ကဲ့သို့ ဖော်ပြခဲ့သည်။

မိန်းမပျိုလေးသည် မည်သည့်နေရာတွင် ထိုင်ခဲ့သနည်း။
မိန်းမပျိုလေးသည် သူ၏အရိပ်တွင် အလွန်ကျေနပ်စွာထိုင်ခဲ့သည်။

မည်သည့်အရာသည် သူမ၏ခံတွင်းတွင် ချိုမြိန်ခဲ့သနည်း။
သူ၏အသီးသည် သူမ၏ခံတွင်းတွင် ချိုမြိန်ခဲ့သနည်း။

မိန်းမပျိုလေး၏ချစ်သူသည် သူမကို မည်သည့်နေရာ သို့ ခေါ်ဆောင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမကို ပွဲခံရာအိမ်သို့ ခေါ်ဆောင်ခဲ့ပါသည်။

သူမအပေါ်သို့ သူ၏စာတန်းက အဘယ်သို့နည်း။
သူမအပေါ်သို့ သူ၏စာတန်းသည် မေတ္တာ ဖြစ်သည်။

### Song of Solomon 2:5

မိန်းမပျိုလေးသည် ပြန်၍ အသက်ရှင်လာရန်နှင့် အားသစ်တိုးစေရန် ဘာကို အလိုရှိခဲ့သနည်း။
မိန်းမပျိုလေးသည် စပျစ်သီးပျဉ်ကို ပြန်၍အသက်ရှင်လာရန်နှင့် ရှောက်ချိုသီးကို အားသစ်တိုးစေရန် အလိုရှိခဲ့သည်။

လူပျိုလေး၏ လက်ဝဲနှင့်လက်ယာလက်သည် မည်သည့်နေရာတွင် ရှိသနည်း။
လူပျိုလေး၏ လက်ဝဲလက်သည် သူမခေါင်းကို ထောက်၍လည်းကောင်း၊ လက်ယာလက်သည် သူမကို ဘက်လျက်နေတော်မူခဲ့သည်။

### Song of Solomon 2:7

မိန်းမပျိုလေးသည် ယေရုရှလင်မြို့သမီးတို့အား ဘာကို ကျိန်ဆိုစေခဲ့သနည်း။
မိန်းမပျိုလေးသည် ယေရုရှလင်မြို့သမီးတို့အား သူမနှင့် သူမ၏ချစ်သူတို့သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်းကျိန်ဆိုစေခဲ့သည်။

### Song of Solomon 2:8

မိန်းမပျိုလေးသည် ဘာအသံကို ကြားခဲ့သနည်း။
မိန်းမပျိုလေးသည် ချစ်ရာသခင်၏စကားသံကို ကြားခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သခင်က ဘာလုပ်နေသည်ကို ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သခင်သည် တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက်နေသည်ကို ပြောခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သခင် သည် ဘာနှင့်တူကြောင်း ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သခင် သည် သမင်ဒရယ် သငယ်နှင့် တူသည်ဟု ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Song of Solomon 2:10

မိန်းမပျိုလေး၏ချစ်သူသည် သူမနှင့်အတူလုပ်ရန် ဘာကို လိုချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမနှင့်အတူထရန်နှင့် အဝေးကိုသွားရန် လိုချင်ခဲ့သည်။

သူသည် မည်သည့်အရာသည်ကျော်သွား၍ မည်သည့်အရာသည် လွန်သွားသနည်းဟု ဆိုသနည်း။
သူက ဆောင်းကာလသည် ကျော်သွား၍ မိုးကာလသည်လည်းလွန်သွားသည်ဟု ဆိုသည်။

Song of Solomon 2:12

မြေကြီးပေါ်မှာ မည်သည့်အရာများ ပေါ်ပေါက်လျက်ရှိသနည်း။
မြေကြီးပေါ်မှာ ပန်းများ ပွင့်ကြလျက်ရှိပါသည်။

မည်သည့်အချိန်ကာလဖြစ်သနည်း။
ငှက်တို့ မြည်တွန် ချိန်ကာလဖြစ်ပါသည်။

မည်သည့်အရာ မှည့်ချိန်နှင့် မည်သည့်အရာ ပွင့်လန်းအချိန် ဖြစ်သနည်း။
စိမ်းသော သင်္ဘောသဖန်းသီး မှည့်ချိန်နှင့် စပျစ်နွယ်ပင်လည်း ပွင့်လျက်ရှိခဲ့ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် သူ၏ လှပသောအပျိုမလေးအား ဘာလုပ်ရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူ၏ လှပသောအပျိုမလေးအား ထ၍လာစေလိုခဲ့သည်။

Song of Solomon 2:14

မိန်းမပျိုလေး၏ချစ်သူသည် သူမအား မည်သို့ ခေါ်သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမအား သူ၏ချိုးငှက်ဟု ခေါ်ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် ဘာကို မြင်ရန်နှင့် ကြားရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် ချစ်သူ၏ ချစ်စဖွယ်ကောင်းသောမျက်နှာနှင့် သူမ၏ချိုသာသော စကားကို ကြားချင်ပါသည်။

Song of Solomon 2:15

မိန်းမပျိုလေးသည် သူ့အား ဘာကို ဘမ်းရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေးသည် ခွေးအတို့ကို ဘမ်းရန် သူ့အား လိုချင်ခဲ့ပါသည်။

Song of Solomon 2:16

မိန်းမပျိုလေး၏ ချစ်သူသည် မည်သူနှင့် ဆိုင်သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် သူမနှင့်ဆိုင်သည်။

မိန်းမပျိုလေးသည် မည်သူနှင့် ဆိုင်သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သူနှင့် ဆိုင်သည်။

မိန်းမပျိုလေး၏ ချစ်သူသည် နှင်းတော၌ ဘာလုပ်ခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် နှင်းတောၥ် သာယာမှုနှင့်လဲလျောင်းခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ ချစ်သူအား ဘာလုပ်ရန် ဆန္ဒရှိခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သူအား အဝေးကိုသွားရန် ဆန္ဒရှိခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သူအား မည်သည့်အချိန်တွင် အဝေးကိုသွားရန် ဆန္ဒရှိခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သူအား မိုဃ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမီတွင် အဝေးကိုသွားရန် ဆန္ဒရှိခဲ့သည်။

မိန်းမပျိုလေးသည် သူ့ကို မည်ကဲ့သို့ဖြစ်ရန် ဆန္ဒရှိခဲ့သနည်း။
မိန်းမပျိုလေးသည် သူ့ကို ဗေသာတောင်ပေါ်မှာ သမင်ဒရယ်သငယ် ကဲ့သို့ဖြစ်ရန် ဆန္ဒရှိခဲ့သည်။

## Chapter 3

1 ငါ့ဝိညာဉ်ချစ်သောသူကို ညဥ့်အခါအိပ်ရာပေါ်မှာ ငါရှာ၏။ ရှာသော်လည်းမတွေ့။ 2 ငါထမည်။ မြို့လမ်းတို့တွင် လည်မည်။ ငါ့
ဝိညာဉ်ချစ်သောသူကို လမ်းမတို့တွင်ရှာမည်ဟုဆိုလျက် ရှာသော်လည်း မတွေ့။ 3 မြို့ကိုလည်သော ကင်းစောင့်တို့သည် ငါ့ကို
တွေ့ကြသော်၊ ငါ့ဝိညာဉ်ချစ်သော သူကိုမြင်ကြသလော ဟု ငါမေး၏။ 4 သူတို့မှ အနည်းငယ်လွန်ပြန်လျှင်၊ ငါဝိညာဉ် ချစ်သော
သူကိုတွေ့၏။ ငါသည် သူ့ကိုမလွှတ်။ အမြဲကိုင် ၍ ငါ့ကိုဘွားမြင်သော မိခင်၏အိမ်၌ အိပ်ရာအခန်းထဲသို့ ဆောင်ခဲ့ ၏။ 5
ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သော သတို့သမီး သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း၊ တော၌
ကျင်လည်သောသမင် ဒရယ်များကို တိုင်တည်၍၊ သင်တို့ကို ငါမှာထား၏။ 6 မုရန်၊ လောဗန်အစရှိသော ကုန်သည် ရောင်း
တတ်သောနံ့သာမှုန်မျိုးကို မီးရှို့၍၊ ထသော မီးခိုးတိုင် သဏ္ဍာန်ရှိလျက် တော်ထဲကလာသော ထိုသူကား၊ အဘယ်
သူဖြစ်ပါလိမ့်မည်နည်း။ 7 ထိုသူအပေါင်းတို့သည် ထားကိုင်လျက်၊ စစ်မှု စစ်ရေး၌ လေ့ကျက်သောသူ ဖြစ်ကြ၏။ 8 ညဥ့်အခါ
စိုးရိမ်စရာရှိသောကြောင့်၊ လူတိုင်းမိမိ အပေါ်၌ မိမိထားကိုမြောင်ထားလျက်ရှိ၏။ 9 လေဗနုန်သစ်သားဖြင့် ရှောလမုန်မင်းကြီး
လုပ်တော်မူသော ယာဉ်ပျံတော်ဖြစ်၏။ 10 ကွန်းစင်တိုင်တို့ကို ငွေဖြင့်၎င်း၊ အောက်ပိုင်းကို ရွှေဖြင့်၎င်း၊ ထိုင်ရန်ဖုံကို နီမောင်းသော
ကမ္ဗလာဖြင့်၎င်း၊ ပြီးစေတော်မူ၏။ အတွင်းကိုမူကား၊ ယေရုရှလင်မြို့သမီး တို့သည် မေတ္တာနှင့်ချယ်လှယ်ကြပြီ။ 11
ဇိအုန်သတို့သမီးတို့၊ လက်ထပ်မင်္ဂလာဆောင် သောနေ့ နှလုံးတော်ရွှင်လန်းသောနေ့၌ မယ်တော်တင် သော ဦးရစ်သရဖူကို
ဆောင်းတော်မူသော ရှောလမုန် မင်းကြီးကို သွား၍ဖူးမြင်ကြလော့။ ရှောလမုန်မင်း၏ ယာဉ်ပျံတော် ကို ကြည့်ကြလော့။
သူရဲခြောက်ကျိပ်၊ ဣသရေလအမျိုး သားသူရဲ အခြွေအရံရှိကြ၏။

---

---

Song of Solomon 01

ငါ့ဝိညာဉ်ချစ်သောသူကို ညဥ့်အခါအိပ်ရာပေါ်မှာ ငါရှာ၏။
လေးနက်မှုကို ပြန်ပြောထားသည်။

ရှာသော်လည်းမတွေ့
" သူနှင့်အတူရှိချင်ခြင်း" သို့ " သူကိုတမ်းတခြင်း"

မြို့လမ်းတို့တွင် လည်မည်
"မြို့ကို ဖြတ်လျှောက်သည်"။

ငါ့ ဝိညာဉ်ချစ်သောသူကိုရှာမည်
အခန်းကြီး ၁ အငယ် ၇ ၏ ဘာသာပြန်သာဆိုချက်ကြည့်ရန်။ "
ငါ့ဝိညာဉ်ချစ်သာသူ"

ရှာ
" ရှာဖွေသည်"

Song of Solomon 03

ကင်းစောင့်
မြို့ထဲ၌ရှိသောလူများ လုံခြုံရန် ညအချိန်၌ စောင့်သောသူ။

ငါ့ကိုဘွားမြင်သော မိခင်
"ငါနှင့်အတူ ပဋိသန္ဓေရှိသောသူ " သို့ " ငါ့ကိုသူ၏ဝမ်း၌
ထိန်းသိမ်းထားသောသူ" သူမ၏ မိခင်ကိုရည်ညွှန်းခြင်းဖြစ်သည်။

အိပ်ရာအခန်း
"အိပ်ဖို့ရန် ဆောက်ထားသော အခန်း"

Song of Solomon 06

ယေဘုယျ အချက်အလက်
အပိုဒ် ၃ ကို ဤနေရာတွင်စတင်သည်။

မှုန်
အစိုင်အခဲ တစ်စုံတစ်ခုကို ခြေ၍ ဖြစ်ပေါ်လာသော
ကောင်းသောအမှုန်တစ်မျိုး။

မီးခိုးတိုင် သဏ္ဍာန်ရှိလျက်
အဘယ်ကြောင့်ဆိုသော် ထိုလူများ ခရီးသွားသောခါ လေထဲသို့
ဖုန်ထ ခြင်းကြောင့်ဖြစ်သည်။ ထိုဖုန်သည် အဝေး၌ ရှိသော
မီးခိုးငွေ့ကဲ့သို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် -
"မီးခိုးတိုင်ဖြင့်ပေါ်လာခြင်း"

တော်ထဲကလာသော
လူအုပ်စု တစ်စုသည် တောအရပ်မှ ယေရုဇလင်သို့
ခရီးသွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်
တောအရပ်သည် ယော်ဒန်မြစ် နိမ့်ရာအရပ်၌ရှိပြီး
ယေရုဇလင်သည် တောင်ပေါ်၌ ရှိသောကြောင့်
ထိုနေရာသို့ရောက်ဖို့အလိုငှါ လျှောက်သွားရခြင်းဖြစ်သည်။

စစ်မှု စစ်ရေး
ဤစကားစုနှစ်စုမှာ ဆိုလိုရင်းအတူတူဖြစ်သည်။ "စစ်သည်များ"

စစ်ရေး၌ လေ့ကျက်သောသူ
"တိုက်ခိုက်သောသူ"

စစ်ရေး
" စစ်ပွဲထဲ၌"

Song of Solomon 08

ညဥ့်အခါ စိုးရိမ်စရာရှိသော
ညအချိန်၌ ဖြစ်တတ်သော အန္တရာယ်အမျိုးမျိုးကို ဆိုလိုသည်။ ဓားမြတိုက်ခြင်း စသည်ဖြင့်......

မိမိထားကိုမြှောင်ထားလျက်
" စောင့်ရှောက်ဖို့ရန် " သို့ " တိုက်ခိုက်ဖို့ရန်"

ယာဉ်ပျံတော်
အရေးကြီးသောလူပုဂ္ဂိုလ်ကိုသယ်ဆောင်ဖို့ရန် ရှည်လျားသောတိုင်ရှိသော ကုလားထိုင်တစ်မျိုး။

Song of Solomon 10

ကွန်းစင်တိုင်
"ကွန်းစင်တိုင်" ဟူသော စကားလုံးသည် ရှောလမုန်မင်းကြီး၏ ယာဉ်ပျံတော် ကိုဆိုလိုခြင်းဖြစ်သည်။

တိုင်
ဤနေရာရှိ "တိုင်" ဟူသော စကားလုံးသည် သူ၏ ကုလားထိုင် ပတ်ပတ်လည်လည်၌ ကာထားသော ပိတ်စကို ထိန်းထားဖို့ရန် စိုက်ထားသော သစ်သားတိုးကို ဆိုလိုခြင်းဖြစ်သည်။

အတွင်းကိုမူကား
" ဤ အတွင်း၌ရှိသော"

မေတ္တာနှင့်ချယ်လှယ်ကြပြီ
" လှသော မေတ္တာတရားဖြစ်ပေါ်စေခြင်း" သို့ " မေတ္တာတရားဖြင့် ပန်းထိုးခြင်း " ။ ထိုမိန်းမသည် ထူးခြားလှပသော ယာဉ်ပျံတော်ကို လုပ်ဆောင်ခြင်းဖြင့် စောလမုန်မင်းကြီးပေါ် သူတို့ထားရှိသော မေတ္တာတရားကို ဤ စာသားဖြစ် ဖော်ပြခြင်းသည်။

ဦးရစ်သရဖူကို ဆောင်းတော်မူသော
" သရဖူ ကိုဆောင်းခြင်း "

ရှောလမုန် မင်းကြီးကို သွား၍ဖူးမြင်ကြလော့
"ရှောလမုန် မင်းကြီးကို ငေးကြည့်ခြင်း " ငေးကြည့်ခြင်းဟူသော ဝေါဟာရ သည် အထူးသဖြင့် ခံစားချက်အပြည့်နှင့် တစ်စုံတစ်ယောက် (သို့) တစ်စုံတစ်ခုကို ကြာမြင့်စွာ စိုက်ကြည့်ခြင်းဖြစ်သည်။

---

Translation Questions

Song of Solomon 3:1

မိန်းမပျိုလေးသည် မည်သူ့ကို တမ်းတသော်လည်း ရှာမတွေ့ခဲ့ရသနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူကို တမ်းတသော်လည်း ရှာမတွေ့ခဲ့ပါ။

မိန်းမပျိုလေးသည် မည်သူ့ကို မြို့လမ်း၊ လမ်းမပေါ်ရှာခဲ့သော်လည်း မတွေ့ခဲ့ရသနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူကို မြို့လမ်း၊ လမ်းမပေါ်ရှာခဲ့သော်လည်း မတွေ့ခဲ့ရပါ။

Song of Solomon 3:3

မိန်းမပျိုလေးအား ကင်းစောင့်တို့သည်တွေ့သောအခါ သူမသည် ဘာမေးခဲ့သနည်း။
မိန်းမပျိုလေးအား ကင်းစောင့်တို့သည် တွေ့သောအခါ သူမသည် "ငါ့ဝိညာဉ် ချစ်သောသူကိုမြင်ကြသလော" ဟုမေးခဲ့ပါသည်။

သူမ၏ဝိညာဉ် ချစ်သောသူကို မည်သည့်အချိန်တွင် တွေ့ခဲ့သနည်း။
သူမ၏ဝိညာဉ် ချစ်သောသူကို မြို့ထဲရှိကင်းစောင့်တို့မှ အနည်းငယ်လွန်သောအခါ တွေ့ခဲ့ပါသည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သူနှင့် ဘာလုပ်ခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူကို မလွှတ် မိခင်၏အိမ်သို့ မဆောင်ခဲ့မချင်း အမြဲကိုင်ခဲ့ပါသည်။

Song of Solomon 3:5

မိန်းမပျိုလေးသည် ယေရုရှလင်အမျိုးသားတို့၏သမီးတို့အား ဘာကိုကတိပေးရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေးက ယေရုရှလင်အမျိုးသားတို့၏သမီးတို့အား သူမနှင့် သူမ၏ချစ်သူတို့သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း ကတိပေးရန် လိုချင်ခဲ့သည်။

Song of Solomon 3:6

မိန်းမပျိုလေးသည် တောထဲကလာသော မုရန်၊ လောဗန်အစရှိသောနံ့သာမှုန်မျိုးကို မီးရှို့၍၊ ထသော မီးခိုးတိုင် သဏ္ဌာန်တွင် ဘာ မြင်ခဲ့သနည်း။
မိန်းမပျိုလေးသည် ရှောလမုန်မင်းကြီး၏ ခရီးသွားထမ်းစင်နှင့် စစ်သည်တော် အယောက်ခြောက်ဆယ်တို့က ဝိုင်းရံထားသည်ကို မြင်ခဲ့သည်။

Song of Solomon 3:8

စစ်သည်တော်တို့သည် မည်သည့် နေရာတွင် တော်ကြသနည်း။
စစ်သည်တော်တို့သည် စစ်တိုက်သည့်နေရာတွင် တော်ကြသည်။

ရှောလမုန်မင်းကြီးသည် မိမိအတွက် ဘာလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် မိမိအတွက် လေဗနုန်သစ်သားဖြင့် ယာဉ်ပျံတော်ကို လုပ်တော်မူခဲ့သည်။

Song of Solomon 3:10

ရှောလမုန်မင်းကြီး၏ ယာဉ်ပျံတော်သည် ဘာနှင့်တူသနည်း။
ယာဉ်ပျံတော်ကို ငွေဖြင့်လည်းကောင်း၊ အောက်ပိုင်းကို ရွှေဖြင့်လည်းကောင်း ထိုင်ခုံကို ကမ္ပလာဖြင့်လည်းကောင်း ဖုံး၍ မေတ္တာဖြင့် ချယ်လှယ်ထားသည်။

ထိုနေရာတွင် မိန်းမပျိုလေးသည် ယေရုရှလင်သမီးတို့အား ဘာကို ကြည့်ရန် လိုချင်ခဲ့သနည်း။
သူမသည် သူတို့အား ရှောလမုန်မင်းကြီးကို ကြည့်ကြရန် လိုချင်ခဲ့ပါသည်။

ရှောလမုန်မင်းကြီးသည် လက်ထပ်မင်္ဂလာဆောင် သောနေ့၌ ဘာကို ဆောင်းတော်မူမည်နည်း။
သူသည် လက်ထပ်မင်္ဂလာဆောင် သောနေ့၌ မယ်တော်တင်သော ဦးရစ်သရဖူကို ဆောင်းတော်မူမည်။

 

## Chapter 4

1 သင်သည် အဆင်းလှပေ၏။ ငါချစ်သောနှမ၊ အလွန်လှပေ၏။ ဗျာပါဆံကြားမှာ ချိုးမျက်စိနှင့် ပြည့်စုံ ၏။ ဆံပင်သည်လည်း
ဂိလဒ်တောင်ပေါ်မှ ဆင်းလာ သော ဆိတ်စုကဲ့သို့ဖြစ်၏။ 2 သင်၏သွားတို့သည်လည်း အမွေးညှပ်၍၊ ရေချိုးရာမှ တက်လာသော
သိုးစုကဲ့သို့ဖြစ်ကြ၏။ တကောင်မျှမလျော့။ အမွှာသာ ဘွားတတ်ကြ၏။ 3 နှုတ်ခမ်းသည်လည်း နီတွေးသောကြိုးနှင့်တူ၏။
စကားသံလည်း သာယာပေ၏။ နားပန်းဆံကြားမှာ ပါးတို့ သည် သလဲသီးရှက်နှင့်တူကြ၏။ 4 လည်ပင်းသည်လည်း၊
သူရဲတို့သာသုံးဆောင် တတ်သော ဒိုင်လွှားတထောင်ဆွဲထားသော လက်နက်စုံ ဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ ရဲတိုက်နှင့်
တူ၏။ 5 ရင်သားနှစ်ဘက်တို့သည် နှင်းတော၌ ကျက်စား သော ဒရယ်သငယ်အမွှာနှင့် တူကြ၏။ 6 မိုဃ်းမသောက်၊
မှောင်မိုက်အရိပ်မပြေးမှီ၊ ငါသည်မုရန် တောင်နှင့် လောဗန်ကုန်းသို့သွားမည်။ 7 ငါချစ်သောနှမ၊ သင်သည်အပြစ်တစုံတခုမျှမရှိ။
တကိုယ်လုံးလှပေ၏။ 8 ငါနှင့်အတူ လေဗနုန်တောင်က လာပါအပယ်။ ငါနှင့်အတူ လေဗနုန်တောင်က လာပါ။ အာမနတောင် ထိပ်၊
ရှနိရတောင်၊ ဟေရမုန်တောင်ထိပ်၊ ခြင်္သေ့တွင်းများ၊ ကျားသစ်နေရာ တောင်များအပေါ်က ကြည့်ရှုပါ။ 9 ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်သည်
ငါ့နှလုံးကိုလုယူပြီ။ သင်၏ မျက်စိတကြည့်၊ လည်ပင်းတလည့်ဖြင့် ငါနှလုံးကို လုယူပြီ။ 10 ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်၏မေတ္တာသည်
အလွန် ချိုပေ၏။ သင်၏မေတ္တာသည် စပျစ်ရည်ထက် အထူး သဖြင့် ကောင်းပေ၏။ သင်းထုံသောနံ့သာဆီသည်
နံ့သာမျိုးတကာတို့ထက် အထူးသဖြင့် မွှေးကြိုင်ပေ၏။ 11 ငါ့ခင်ပွန်း၊ သင်၏နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်၏။
လျှာအောက်မှာ နို့နှင့်ပျားရည်ရှိ၏။ အဝတ် တန်ဆာသည်လည်း လေဗနုန်အမွှေးအကြိုင်းကဲ့သို့ မွှေးကြိုင်လျက်ရှိ၏။ 12 ငါ့နှမ၊
ငါ့ခင်ပွန်းသည် ဝင်းကာသောဥယျာဉ်၊ ပိတ်ထားသော ရေကန်၊ တံဆိပ်ခတ်ထားသော ရေတွင်း ဖြစ်ပေ၏။ 13 သင်၏ပျိုးပင်တို့ကား၊
ချိုသောအသီးကို သီးတတ် သော သလဲတော၊ နာဒုပင်နှင့် ရေသောဟန်နာတော၊ 14 နာဒုပင်၊ ကုရကုမပင်၊ ကြံပင်၊ သစ်ကြံပိုးပင်၊
လောဗန်ပင်မျိုး၊ မုရန်ပင်၊ အကျော်ပင်၊ အမြတ်ဆုံးသော နံ့သာပင်မျိုးပါကြ၏။ 15 ဥယျာဉ်များကို ရေလောင်းစရာရေကန်၊ စမ်း
ရေတွင်း၊ လေဗနုန်တောင်က စီးထွက်သော မြစ်ရေလည်း ပါသတည်း။ 16 မြောက်လေ၊ နိုးပါ။ တောင်လေ၊ လာပါ။ ငါ့ဥယျာဉ်အပေါ်သို့
လာကြပါ။ မွှေးကြိုင်သောအနံ့သည် ပျံ့လှိုင်ပါစေ။ ငါချစ်ရာသခင်သည် ဥယျာဉ်တော်သို့ ဝင်၍၊ ချိုသောအသီးကို စားတော်မူပါစေ။

---

---

Song of Solomon 01

ယေဘုယျ အချက်အလက်

သင်သည် အဆင်းလှပေ၏ .... ချိုးမျက်စိနှင့် ပြည့်စုံ ၏
အခန်းကြီး ၁ ၊ အငယ် ၁၅ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

ဆံပင်သည်လည်း .... ဂိလဒ်တောင်ပေါ်
ဆိတ်များ ၏ အရောင်သည် အမည်းရောင်ဖြစ်လေ့ရှိသည်။ သူတို့တောင်ပေါ်၌ လျှောက်သွားသည့်ခါ သူတို့၏ အမွေးသည် ဝှမ်းယမ်းလျက်ရှိသော ထိုမိန်းမ၏ ရှည်လျားသောဆံပင်နှင့်တူသည်။

Song of Solomon 02

သင်၏သွားတို့သည်လည်း အမွေးညှပ်သော သိုးစုကဲ့သို့ဖြစ်ကြ၏
သိုးတို့သည် သူတို့၏ အမွေးရိတ်၍ ရေချိုးပြီးနောက်တွေ သူတို့အရောင်ခဲ့သည် အဖြူသလိုဖြစ်သည်။ ဤ စကားစု သည် ထိုမိန်းမငယ်၏ သွားဖြူဖွေးမှုနှင့်နိူင်းယှဉ် ထားခြင်းဖြစ်သည်။

ရေချိုးရာမှ တက်လာသော
ဤ စာကြောင်းသည် သိုးများရေချိုးပြီး ရေမှထွက်လာသည်ဟု သွယ်ဝိုက်ညွှန်းဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက် _ လူများသည် ၎င်းတို့ကို ချိုးပြီးသောခါ ရေမှထွက်လာသည်ဟု ဖော်ပြထားသည်။

တကောင်မျှမလျော့
ထိုမိန်းမ၏တဘက်၌ ရှိသော သွားအချောင်းတိုင်းသည် အခြားတဘက်ရှိသွားများနှင့် တစ်ထပ်တည်းဖြစ်သည်။ ထိုမိန်းမ၏ သွားများသည်တချောင်းမျှ မလျှော့ကြောင်းဖော်ပြသည်။

အမွှာသာ ဘွားတတ်ကြ၏
သိုးများသည် ထိုးစ်အတိုင်း တစ်ခါမွေးတိုင်း နှစ်ကောင်စီမွေးလေ့ရှိသည်။ သိုးအမွှာသည် တကောင်နှင့်တကောင် တူလေ့ရှိသည်။ ထိုမိန်းမ၏တဘက်၌ ရှိသော သွားအချောင်းတိုင်းသည် အခြားတဘက်ရှိသွားများနှင့် တစ်ထပ်တည်းဖြစ်သည်။ ထိုကြောင့် သိုးအမွှာ နှင့်သည်ဟု ခိုင်းနိူင်းခြင်းဖြစ်သည်။

Song of Solomon 03

ယေဘုယျ အချက်အလက်
သူမ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

နီတွေးသောကြိုးနှင့်တူ၏။
ဤစကားစုသည် နီတွေးသောကြိုး၏ အရောင်ကိုအသုံးပြု၍ သူမ၏နှုတ်ခမ်းနှင့် နိူင်းယှဉ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက် - " အလွန်နီသော နီတွေးကြိုးနှင့်တူသည်"


generated on Sun Jun 30 02:37:40 2024

နီတွေး
"သွေး၏အရောင်နှင့် ဆင်တူဖြစ်သော အနီရင့်အရောင်"

သာယာပေ၏
"ကြည်နူးဖွယ်ကောင်း၏"

နားပန်းဆံကြားမှာ
အခန်းကြီး ၄ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သလဲသီးရှက်နှင့်တူကြ၏။
သလဲသီးသည် ချောမွေ့သော ၊ နီသောအရောင် နှင့် ဝိုင်းလျက်ရှိသည်။အခြားသောဘာသာပြန်ဆိုချက် - " နှစ်ခြမ်းခွဲထားသော ဝိုင်း၍ နီတွေးတွေးရှိသော တလဲသီးနှင့်တူသည်။"

Song of Solomon 04

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

လည်ပင်းသည်လည်း
အခြားသောဘာသာပြန်ဆိုချက် - လည်ပင်းသည် ရှည်လျားပြီးလှပသည်။

သူရဲတို့သာသုံးဆောင် တတ်သော ဒိုင်လွှား
" စစ်သည်များ အားလုံး ပိုင်ဆိုင်ထားသော ဒိုင်းလွှား"

ဒိုင်လွှားတထောင်ဆွဲထားသော
သူမ၏ ချစ်သူသည် သူမ၏လည်ပင်း၌ ဆွဲထားသော လည်ဆွဲ၏ လှပမှုကို ရဲတိုက်၌ ချိတ်ထားသောဒိုင်းလွှားနှင့် ခိုင်းနှိုင်းထားပါသည်။

ဒိုင်လွှားတထောင်
'ဒိုင်းလွှားတထောင်ခု"

ဒါဝိဒ်မင်း၏
" ဒါဝိဒ်မင်း တည်ဆောက်ထားသည်"

နှင်းတော၌ ကျက်စား သော
" နှင်းတောပင်ကြား၌ မြတ်စားနေခြင်း" လှပသော ဒရယ်သငယ်သည် နှင်းတောပင်ကြား၌ရှိသောခါ ပို၍ လှပသည်။

ဒရယ်သငယ်အမွှာနှင့် တူကြ၏။
ထိုမိန်းမ၏ရင်သားသည် ဒရယ်ငယ်အမွှာ၏ နုပျိုမှု ကဲ့သို့ လှပခြင်းဖြစ်သည်။

ဒရယ်
အခန်းကြီး ၂ ၊ အငယ် ၇ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

အမွှာ
" မိခတစ်ယောက်မှ တစ်ပြန်တည်း မွေးလာသော ကလေးများ"

Song of Solomon 06

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

မိုဃ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ
အခန်းကြီး ၂ ၊ အငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကြည့်ရန်။ အသုံးအနှုန်းအတူတူ သုံးထားသည်။

ငါသည်မုရန် တောင်နှင့် လောဗန်ကုန်းသို့သွားမည်။
ထိုချစ်သူသည် သူမ၏ ရင်သား နှင့်ပျော်မွေ့ ချင်သော ဆန္ဒကို သူကြိုက်သော တောင်နှင့် ခိုင်းနိူင်းထားသည်။သူမ၏ ရင်သားသည် တောင်ကဲ့သို့ ငေါထွက်၍ လုံးသည်။ ၎င်း သည် မုရန် နှင့် လောဗန် ကဲ့သို့ မွေးသည်။

မုရန် တောင်
" မုရန် နှင့်လုပ်ထားသောတောင် " သို့ " မုရန်ရှိသောတောင်"

ငါချစ်သော
အခန်းကြီး ၁ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သင်သည်အပြစ်တစုံတခုမျှမရှိ
" သင်၌ အပြစ်မရှိပါ "

တကိုယ်လုံးလှပေ၏။
" သင်၏အစိတ်အပိုင်းအားလုံးလှပသည်" " အရာရာအားလုံးလှပသည်"

Song of Solomon 08

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါနှင့်အတူ .... ကျားသစ်နေရာ
ထိုချစ်သူသည် သူ၏သတို့သမီးကို သူနှင့်အတူဝေးကွာရာ အရပ်၌ အတူလိုက်ပါစေချင်သည်။ ဤစာကြောင်းသည် တင်စားမှုသာတစ်ခုသာဖြစ်သည်။ ထိုဆုံတွဲသည် ထိုတောင် နှင့် ထိုကျားသစ်ရှိရာနေရာ၌ တကယ်မရှိပါ။

လေဗနုန်တောင်က
" လေဗနုန်တောင် အဝေးမှ "

အာမနတောင်
ဒမာသက်မြို့အနီးရှိ တောင်တစ်ခု ၏ အမည် ။

ရှုနိရတောင်
အာမာန တောင် နှင့် ဟာမွန် တောင် အနီးရှိ တောင်တစ်ခု၏ အမည်။ တစ်စုံလူသည် ထိုတောင်သည် ဟာမွန်တောင် နှင့်အတူတူဖြစ်သည် ဟု ထင်ကြသည်။

ခြင်္သေ့တွင်းများ
ခြင်္သေ့နှင့် ကျားသစ်များခိုအောင်းရာ ဂူ၊ တွင်းများဖြစ်သည်။

Song of Solomon 09

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါ့နှမ
ထိုမိန်းမကို သူ၏ ညီမရင်းကဲ့သို့ မြတ်နိုးသောချစ်သူဖြစ်သည်။ တကယ်တော့ သူတို့သည်မောက်နှမ ရင်းမဟုတ်ပါ။ အခြားဘာသာပြန်ဆိုချက် - "ငါ့ချစ်လေး "သို့ " ငါအချစ်လေး"

မျက်စိတကြည့်၊ လည်ပင်းတလည့်ဖြင့်
သူ၏ မျက်စိ နှင့် ရတနာ နှစ်ခုလုံးသည် သူမ၏ချစ်သူကို သူမထံဆွဲဆောင် ပေးသည်။

ငါ့နှလုံးကိုလုယူပြီ
သူ၏ ချစ်ခြင်းသည် သူမပိုင်ဆိုင်ကြောင်း ပြောနေသည်။ အခြားသောဘာသာပြန်ဆို - " ငါအချစ်ကို ဖမ်းယူပြီ"

Song of Solomon 10

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါ့နှမ၊ ငါ့ခင်ပွန်း
အခန်းကြီး ၄ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သင်၏မေတ္တာသည် အလွန် ချိုပေ၏
သင်၏အချစ်သည် နှစ်သက်ဖွယ်ကောင်းသည်။

သင်၏မေတ္တာသည် စပျစ်ရည်ထက် အထူး သဖြင့် ကောင်းပေ၏။
ဤ စာကြောင်းသည် အဓိပ္ပာယ်တူ၍ မတူညီသောစကားလုံးကို လေးနက်စေရန် ပြန်လည်ဖော်ပြသည်။

သင်၏မေတ္တာသည် စပျစ်ရည်ထက် အထူး သဖြင့် ကောင်းပေ၏။
သူ၏ အချစ်သည် စပျစ်ဝိုင်ထက်သာ၍ ကောင်းသည်။အခန်းကြီး ၁ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သင်းထုံသောနံ့သာဆီ
အခန်းကြီး ၁ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သည် နံ့သာမျိုးတကာတို့ထက် အထူးသဖြင့်
သင်ဆီ၏အနံ့သည်
ဟင်းခက်အမွှေးကြိုင်ထက်သာ၍ကောင်းသည်။

ငါ့ခင်ပွန်း၊သင်၏နှုတ်ခမ်း၊၊ ပျားလပို့
ထိုချစ်သူသည် ထိုမိန်းမ၏ အနမ်းများသည် ပျားလပို့ကဲ့သို့ ချိုသည်ဟု

သင်၏နှုတ်ခမ်း .... လျှာအောက်မှာ
ဤ စာကြောင်းသည် အဓိပ္ပာယ်တူ၍ မတူညီသောစကားလုံးကို လေးနက်စေရန် ပြန်လည်ဖော်ပြသည်။

လျှာအောက်မှာ နို့နှင့်ပျားရည်ရှိ၏
ထိုချစ်သူသည် ထိုမိန်းမ၏ အနမ်းများသည် ပျားလပို့ကဲ့သို့ ချိုသည်ဟု

အဝတ် တန်ဆာသည်လည်း လေဗနုန်အမွှေးအကြိုင်ကဲ့သို့ မွှေးကြိုင်လျက်ရှိ၏။
သူမ၏ အင်္ကျီအနံ့သည် လေဗနုန် အနံ့ကဲ့သို့ မွှေးကြိုင်သည်။ လေဗနုန်တောင်တွေ တောင်ကမာ(cedar) ပင်များ ပေါက်ကြသည်။ တောင်ကမာ(cedar) ပင်များသည် အနံ့မွှေးသည်။ ထို့ကြောင့်လေဗနုန်တောင်သည် မွှေးကြိုင်သောအနံ့ရှိလိမ့်မည်။

Song of Solomon 12

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါ့နှမ၊ ငါ့ခင်ပွန်း
အခန်းကြီး ၄ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ဝင်းကာသောဥယျာဉ်၊ ပိတ်ထားသော
" ပိတ်ထားသော ဥယျာဉ် " ။ ထိုချစ်သူသည် သူမကိုပိတ်ထားသောဥယျာဉ် နှင့်ခိုင်းနှိုင်းထားခြင်းသည် သူမသည်သူတစ်ယောက်သာပိုင်ဆိုင်ကြောင်း နှင့် ပျော်မွေ့နိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ သူဟာ သူမနှင့် မပျော်မွေ့ရသေးကြောင်းနှင့် သူမသည်အပျိုကညာ ဖြစ်သေးကြောင်း ဤကဲ့သို့ ပြောနိုင်သည်။

တံဆိပ်ခတ်ထားသော ရေတွင်း ဖြစ်ပေ၏။
ထိုချစ်သူသည် ထိုမိန်းမကို တံဆိပ်ခတ်ထားသော ရေတွင်း နှင့်ခိုင်းနှိုင်းခြင်းနှင့် သူမကိုပိတ်ထားသောဥယျာဉ် နှင့်ခိုင်းနှိုင်းထားခြင်းသည် ဆိုလိုခြင်းဖြစ်သည်။

သင်၏ပျိုးပင် .... အမြတ်ဆုံးသော နံ့သာပင်မျိုး
ထိုချစ်သူသည် နှစ်သက်ဖွယ်ကောင်းသောအရာမျိုးစုံနှင့် ပြည့်စုံသော ဥယျာဉ်ကို အသုံးပြု၍ ထိုမိန်းမသည် မည်ကဲ့သို့ နှစ်သက်ဖွယ်ကောင်းသည်ကို ဖော်ထုတ်ခြင်းဖြစ်သည်။

ဟင်္နာတော
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

နာဒုပင်
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ကုရကုမ
ကုရကုမပင်သည် ဘိသိက်ဆီအဖြင့် လူများ အသုံးပြုရာ၍ သာယာဖွယ်ကောင်းသောအနံရှိသော ကျူပင်တစ်မျိုး။

သစ်ကြံပိုး
သစ်ကြံပိုးသည် သစ်ပင်အခွံ တစ်မျိုးဖြစ်ပြီး လူများဟင်းချက်ရာ၌ အသုံးပြုသော အမွှေးအကြိုင်တစ်မျိုး။


generated on Sun Jun 30 02:37:40 2024

မုရန်
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

အကျော်
အတော်မွေးသော အနံ့ရှိပြီး ကြီးမားသောအပင်တစ်မျိုး။

အမြတ်ဆုံးသော နံ့သာပင်မျိုး
" အကောင်းဆုံးသော အမွေးအကြိုင်"

Song of Solomon 15

ယေဘုယျ အချက်အလက်
သူမ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ဥယျာဉ်များကို ရေလောင်းစရာရေကန်စမ်း ရေတွင်း၊
" သင်သည် ဥယျာဉ်၌ ရှိသောစမ်းရေတွင်းဖြစ်သည်။
ထိုချစ်သူသည် သူ၏ ချစ်သူဟာ
မည်လောက်နှစ်သက်ဖွယ်ကောင်းသည်ကိုကောင်းသောရေ နှင့်
ခိုင်းနှိုင်း၍ ဖော်ပြ ခြင်းဖြစ်သည်။

စမ်း ရေတွင်း
"သောက်သုံးနိုင်သောရေ"

လေဗနုန်တောင်က စီးထွက်သော မြစ်ရေလည်း ပါသတည်း။
လေဗနုန်တောင် သည် သစ်ပင်ပေါများသောကြောင့် ၎င်းမှ
စီးဆင်းလာသောရေသည် အေးမြ၍ ကြည်လင်လိမ့်မည်။

နိုးပါ ...မွေးကြိုင်သောအနံ့သည် ပျံ့လိုင်ပါစေ
ထိုမိန်းမသည် မြောက်လေ နှင့် တောင်လေ ကို လူနှင့်
စကားပြောသကဲ့သို့ ပြောသည်။

နိုးပါ
" စတင် ရွေ့လျားသည်"

မွေးကြိုင်သောအနံ့သည် ပျံ့လိုင်ပါစေ
" သူတို့၏ အနံ့ကို ပြန့်လွင့်စေသည်။"

ဥယျာဉ်တော်သို့ ဝင်၍
ထိုမိန်းမသည် သူမ၏ ခန္ဓာကိုယ်ကို ပြောဆိုရာ၌ ဥယျာဉ်တစ်ခု
သဖွယ်ပြောဆိုထားသည်။

ငါချစ်... ချိုသောအသီးကို စားတော်မူပါစေ
ထိုမိန်းမသည် သူမချစ်သူကို သူမနှင့် ဇနီးကဲ့သို့ အတူတကွ
ပျော်မွေ့ရန် ဖိတ်ခေါ် ခြင်းဖြစ်သည်။

ချိုသောအသီး
" နှစ်သက်ဖွယ်သောအသီး"

---

## Translation Questions

Song of Solomon 4:1

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏မျက်လုံးများကို ဘယ်လို ဖော်ပြခဲ့သနည်း။
သူမ၏မျက်လုံးများသည် ဗျာပါဆံကြားမှာ ချိုးများကဲ့သို့
ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

မိန်းမပျိုလေး၏ ချစ်သူသည် သူမ၏ဆံပင်များကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမ၏ဆံပင်များသည် ဂိလဒ်တောင်ပေါ်မှ ဆင်းလာ သော
ဆိတ်စုကဲ့သို့ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

Song of Solomon 4:2

မိန်းမပျိုလေး၏ ချစ်သူသည် သူမ၏သွားများကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမ၏သွားများသည် အမွေးညှပ်၍၊ ရေချိုးရာမှ တက်လာသော
သိုးစုကဲ့သို့ဖြစ်သည်ဟုဖော်ပြခဲ့သည်။

Song of Solomon 4:3

မိန်းမပျိုလေး၏ ချစ်သူသည် သူမ၏နှုတ်ခမ်းများနှင့်
ပါးစပ်များအကြောင်းကို ဘာပြောခဲ့သနည်း။
သူက သူမ၏ နှုတ်ခမ်းသည် နီတွေးသောကြိုးနှင့်တူ၍
စကားသံလည်း သာယာပါသည်ဟု ပြောခဲ့သည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ပါးများကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူသည် သူမ၏ပါးများကို နားပန်းဆံကြားမှာ
သလဲသီးရှက်နှင့်တူကြသည်ဟု ဖော်ပြခဲ့သည်။

Song of Solomon 4:4

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏လည်ပင်းကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူသည် သူမ၏လည်ပင်းကို သူရဲတို့သာသုံးဆောင်တတ်သော
ဒိုင်းလွှားတထောင်ဆွဲထားသော လက်နက်စုံ
ဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ ရဲတိုက်နှင့် တူသည်ဟု
ဖော်ပြခဲ့ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ရင်သားနှစ်ဘက်ကို မည်ကဲ့သို့
ဖော်ပြခဲ့သနည်း။
သူသည် သူမ၏ ရင်သားနှစ်ဘက်ကို နှင်းတော၌ ကျက်စားသော
ဒရယ်သငယ်အမွှာနှင့် တူကြသည်ဟု ဖော်ပြခဲ့ပါသည်။

Song of Solomon 4:6

မိန်းမပျိုလေး၏ချစ်သူသည် မိုယ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ
မည်သည့်နေရာသို့ သွားရမည်နည်း။
သူသည် မုရန် တောင်နှင့် လောဗန်ကုန်းသို့သွားရပါမည်ဟု
ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

သူ၏ချစ်သူသည် မည်သို့ဖြင့် လှသနည်း။
သူ၏ချစ်သူသည် တကိုယ်လုံးလှပါသည်။

သူ၏လှပသောချစ်သူတွင် ဘာမရှိခဲ့သနည်း။
သူ၏လှပသောချစ်သူတွင် အပြစ်တစုံတခုမျှမရှိပါ။

Song of Solomon 4:9

ရှောလမုန်မင်းကြီးသည် သူ၏သတို့သမီးကို မည်သို့ခေါ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူမကို ငါ၏နှမဟု ခေါ်ခဲ့ပါသည်။

ရှောလမုန်မင်းကြီးက သူ၏သတို့သမီးသည် သူ့ထံမှ ဘာကိုခိုးယူပြီဟု သူမကို ပြောခဲ့သနည်း။
ရှောလမုန်မင်းကြီးက ငါ၏နှလုံးကို ခိုးယူပြီဟု သူမအား ပြောပါသည်။

ရှောလမုန်မင်းကြီးသည် မည်သည့်အရာကိုကို လှပသည်ဟူ၍လည်းကောင်း၊ ဘာထက် ကောင်းသည်ဟူ၍လည်းကောင်း ဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူမ၏အချစ်သည် လှပသည်ဟူ၍လည်းကောင်း၊ စပျစ်ရည် ထက်ကောင်းသည်ဟူ၍ လည်းကောင်း ဆိုခဲ့သည်။

Song of Solomon 4:10

သူမ၏ သင်းထုံသော နံ့သာဆီသည် ဘာထက် ပို ကောင်းသနည်း။
သူမ၏ သင်းထုံသော နံ့သာဆီသည် နံ့သာမျိုးသကာတို့ထက် ပိုကောင်းပါသည်။

သူ့သတို့သမီး၏ ပျော့ညံ့သောနှုတ်ခမ်းသည် ဘာနှင့် တူသည်ကိုလည်းကောင်း၊ လျှာအောက်မှာ ဘာရှိသည်ဟူ၍လည်းကောင်း ဆိုခဲ့သနည်း။
သူ့သတို့သမီး၏ ပျော့ညံ့သောနှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်သည် ဟူ၍လည်းကောင်း၊ လျှာအောက်မှာနို့နှင့် ပျားရည်ရှိသည်ဟူ၍လည်းကောင်း ဆိုခဲ့ပါသည်။

မိန်းမပျိုလေးအဝတ်တန်ဆာ၏ အနံ့သည် ဘာနှင့် တူသနည်း။
မိန်းမပျိုလေးအဝတ်တန်ဆာ၏ အနံ့သည် လေဗနုန်အမွှေးအကြိုင်ကဲ့သို့ မွှေးကြိုင်ပါသည်။

Song of Solomon 4:12

မည်သည့်ဥယျာဉ်မျိုးနှင့် မည်သည့်ရေတွင်းမျိုးကို ရှောလမုန်မင်းကြီးသည် သူ၏နှမ၊ သတို့သမီးနှင့် တူသည်ဟု ဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူမကို ဝင်းကာသောဥယျာဉ်၊ တံဆိပ်ခတ်ထားသော ရေတွင်း ဖြစ်သည်ဟု ဆိုခဲ့သည်။

မိန်းမပျိုလေး၏ ပျိုးပင်တို့ကို သူသည် ဘာနှင့် ပုံခိုင်းလေ့ရှိသနည်း။
မိန်းမပျိုလေး၏ ပျိုးပင်တို့ကို ချိုသောအသီးကို သီးတတ် သော သလဲတော၊ နာဒုပင်နှင့် ရောသောဟင်္နာတော်နှင့်အမြတ်ဆုံးသော နံ့သာပင်မျိုးနှင့် ပုံခိုင်းလေ့ရှိသည်။

Song of Solomon 4:15

မည်သည့်ရေအမျိုးအစားကဲ့သို့ ရှောလမုန်မင်းကြီးသည် သူ၏ချစ်ရသောသူအား ဖော်ပြခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူ၏ချစ်ရသောသူအား ရေလောင်းစရာရေကန်၊ စမ်း ရေတွင်း၊ လေဗနုန်တောင်က စီးထွက်သော မြစ်ရေကဲ့သို့ ဖော်ပြခဲ့ပါသည်။

မိန်းမပျိုလေးသည် မည်သည့်အပေါ်တွင် မြောက်လေနှင့် တောင်လေတို့ တိုက်ရန် လိုချင်ခဲ့သနည်း၊ အဘယ်ကြောင့်နည်း?
သူမသည် မွှေးကြိုင်သောအနံ့သည် ပျံ့လွှင့်ရန်အတွက် မြောက်လေ နှင့် တောင်လေတို့သည် သူ၏ဥယျာဉ်အပေါ်သို့ တိုက်ရန် လိုချင်ပါသည်။

သူမသည် သူ၏ချစ်သခင်အား ဘာလုပ်ရန်နှင့် စားစေလိုခဲ့သနည်း။
သူမသည် သူ၏ချစ်သခင်အား ဥယျာဉ်တော်သို့ ဝင်၍၊ ချိုသောအသီးကို စားစေလိုခဲ့သည်။

## Chapter 5

[1] ငါနမ၊ ငါ့ခင်ပွန်း၊ ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ။ ငါ့မုရန်နှင့် နံ့သာမျိုးကို ခံယူပြီ။ ငါ့ပျားရည်နှင့် ပျားလပို့ ကို စားရပြီ။ ငါ့နို့နှင့်
စပျစ်ရည်ကိုသောက်ရပြီ။ ငါ့အဆွေ တို့၊ စားကြလော့။ ငါ့မိတ်ဆွေတို့၊ သောက်ကြ။ ဝစွာ သောက်ကြလော့။ [2] ငါသည် အိပ်ပျော်စဉ်၊
နှလုံးနိုးလျက်ရှိ၏။ ငါချစ်ရာ သခင်၏စကားသံပေ။ ငါ့နှမ၊ ငါချစ်သောအမိ၊ ငါ့ချိုး၊ ငါ၏စုံလင်သူ၊ ငါ့အားဖွင့်ပါ။ ငါ့ခေါင်းသည်
နှင်းနှင့်ငှင်း၊ ငါ့ဆံပင်သည် ညဉ့်၌ကျတတ်သော နှင်းစက် များနှင့်ငှင်း စိုပြီဟုဆိုလျက်၊ ခေါက်၍နေတော်မူ၏။ [3] ကျွန်မသည်
အဝတ်ကိုချွတ်ပါပြီ။ အဘယ် ကြောင့် ဝတ်ပြန်ရမည်နည်း။ ခြေကိုလည်းဆေးပါပြီ။ တဖန်ညစ်အောင် အဘယ်ကြောင့်
ပြုရပါမည်နည်း။ [4] ငါချစ်ရာသခင်သည် လက်တော်ကိုတံခါးပေါက် အထဲသို့ သွင်းတော်မူသည်ဖြစ်၍၊ သူ့ကိုချစ်သနားသော စိတ်
အားကြီးသဖြင့်၊ [5] ငါချစ်ရာသခင်အား တံခါးကိုဖွင့်အံ့သောငှါ ထသောအခါ၊ ငါ့လက်မှမုရန်ဆီ၊ ငါ့လက်ချောင်းတို့မှ
ပကတိမုရန်ဆီသည် တံခါးကျင်တိုက်ပေါ်မှာ စက်စက် ကျလေ၏။ [6] ငါချစ်ရာသခင်အားငါဖွင့်သည်ရှိသော်၊ ငါချစ် ရာ
သခင်သည်ထွက်သွားနှင့်ပြီ။ စကားသံတော်ကို စေ့စေ့ နားထောင်လျက်၊ သခင်ကိုငါရှာသော်လည်း မတွေ့။ ခေါ်သော်လည်း
ထူးတော်မမူ။ [7] မြို့တွင်လည်သော ကင်းစောင့်တို့သည် ငါ့ကို တွေ့သော်၊ နာကျင်စွာရိုက်ကြ၏။ မြို့ရိုးစောင့်တို့သည် ငါ့မျက်နှာဖုံးကို
လုယူကြ၏။ [8] အိုယေရုရှလင်မြို့သမီးတို့၊ သင်တို့သည် ငါချစ် ရာ သခင်ကိုတွေ့လျှင်၊ သူ့ကိုငါချစ်၍ နာနေကြောင်းကို
ကြားပြောကြပါဟု၊ ငါမှာထားတောင်းပန်ပါ၏။ [9] မိန်မတကာတို့ထက် အဆင်းလှသောအစ်မ၊ သင်ချစ်ရာသခင်သည်
အခြားတပါးသော ချစ်ရာသခင် ထက် အဘယ်သို့သာသနည်း။ အကျွန်ုပ်တို့ကို ထိုသို့မှာထားတောင်းပန်ရမည်အကြောင်း၊ သင်ချစ်ရာ
သခင်သည် အခြားတပါးသော ချစ်ရာသခင်ထက် အဘယ်သို့ သာယာနည်း။ [10] ငါချစ်ရာသခင်သည် ဖြူသောအဆင်း၊ နီသော
အဆင်းနှင့် ပြည့်စုံ၍၊ လူတသောင်းတို့တွင် အထွဋ် အမြတ်ဖြစ်တော်မူ၏။ [11] ဦးခေါင်းတော်သည် ရွှေစင်နှင့်တူ၏။ ဆံပင် တော်သည်
ထူထပ်၍၊ ကျီးအဆင်းကဲ့သို့ နက်၏။ [12] မျက်စိတော်တို့သည် နို့၌ချိုးလျက် မြစ်ရေပေါ် မှာ ပုံ့ပုံ့ ကြွကြွဝပ်သော ချိုးနှင့်တူကြ၏။ [13]
ပါးတော်တို့သည် နံ့သာတော၊ မွှေးကြိုင်သော ပန်းတောကဲ့သို့ငှင်း နှုတ်ခမ်းတော်တို့သည် ပကတိမုရန် ဆီယိုသော
နှင်းပွင့်ကဲ့သို့ငှင်းဖြစ်ကြ၏။ [14] လက်တော်တို့သည် မျက်ရွဲစီသောလက်စွပ်ကဲ့သို့ငှင်း၊ ကိုယ်တော်သည် နီလာကျောက်ဖြင့် စီချယ်သော
ဆင်စွယ်ဖြူကဲ့သို့ငှင်းဖြစ်၏။ [15] ခြေထောက်တော်တို့သည် ရွှေစင်ဘိနပ်ပေါ်၌ တည်သော ကျောက်ဖြူတိုင်နှင့်တူကြ၏။ မျက်နှာတော်
သည် လေဗနုန်တောင်ကဲ့သို့ဖြစ်၍၊ အာရဇ်ပင်ကဲ့သို့ ထူးမြတ်ပေ၏။ [16] နှုတ်တော်သည် အလွန်ချိုပေ၏။ တကိုယ်လုံး၌ ချစ်ဖွယ်သော
ဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူ၏။ ယေရုရှလင်မြို့သမီးတို့၊ ဤသူသည် ငါချစ်ရာသခင်၊ ငါ့မိတ်ဆွေဖြစ်တော်မူသတည်း။

---

Song of Solomon 01

ယေဘုယျ အချက်အလက်

ငါနမ
ထိုယောကျာ်းသည် သူ၏ ညီမရင်းကိုချစ်သကဲ့သို့ ထိုမိန်းမကိုချစ်သောကြောင့် ငါနမဟု ခေါ် ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - " ငါချစ်သောသူ"

ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ
ထိုယောကျာ်းသည် ထိုမိန်းမကို ဥယျာဉ်တစ်ခု ကဲ့သို့ ဖော်ပြသည်။ နောက်ဆုံးတွေ ထိုယောကျာ်းသည် မင်္ဂလာဦးည ၌ ထိုမိန်းမနှင့် ဆန္ဒပြည့်ဝစွာ ပျော်မွေ့နိုင်ခဲ့သည်။သူသည် ဤအရာကို ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ ဟု ဖော်ပြခြင်းဖြစ်သည်။

ငါဝင်လာပြီ
ထိုမိန်းမ၏ ချစ်သူသည် စကားပြောသောသူဖြစ်ကြောင်း ထင်ရှားပါသည်။

ငါ့မုရန်နှင့် နံ့သာမျိုးကို ခံယူပြီ .... ငါ့ပျားရည်နှင့်
ထိုယောကျာ်းသည် မိန်းမမျိုးစုံ နှင့် ပျော်မွေ့ ဖူးကြောင်းကို ဖော်ပြရာ၌ ဥယျာဉ်တစ်ခုမှ ရုပ်ပုံများကို အသုံးပြုခြင်းဖြစ်သည်။

Song of Solomon 02

ယေဘုယျ အချက်အလက်
ဤစာအုပ်၏ အပိုင်း ၄ သည် ဤနေရာတွင်စတင်သည်။

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏အိပ်မက်ကိုဖော်ပြဖို့ရန် စကားနှ စကားယဉ်ကို သုံးထားသောကြောင့် မတူညီသော အနက်ဖွင့်ခြင်း နှစ်ခုမျိုးရရှိနိုင်သည်။ ၁၊ ညအခါ၌ သူမ၏ ချစ်သူသည် သူမ၏အိမ်၌ လာရောက်လည်ပတ်သော အိပ်မက်တစ်ခု နှင့် ၂၊ သူမ၏ချစ်သူနှင့် အတူစတင်အိပ်တော့မည့် အိမ်မက်တစ်ခုကို ဖော်ပြခြင်းဖြစ်သည်။

ငါ့ နှလုံးနိုးလျက်ရှိ၏
"အခြားသောဘာသာပြန်ဆိုချက် - ငါ့စိတ်နိုးလျက်ရှိ၏ " အခြားသောဘာသာပြန်ဆိုချက် - ငါ့ခံစားချက်သည် လှုပ်ယမ်းလျက်ရှိသည်။


generated on Sun Jun 30 02:37:40 2024

ငါ့အားဖွင့်ပါ
ဤစာကြောင်းသည် တံခါးဖွင့်ဖို့ရန် ရည်ညွှန်းနိုင်သကဲ့သို့ ကာမဆက်ဆံရန်တောင်းဆိုမှုဟုလည်း အနက်ဖွင့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကို တံခါးဖွင့်ပေးခြင်း" သို့ " သင့်ခန္ဓာကိုယ်ကို ဖွင့် ပြခြင်း"

ငါ့နှမ
" ချစ်ခြင်း၏ ဝေါဟာရ " အခန်းကြီး ၄ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ငါ့ချိုး
အခန်းကြီး ၂ ၊ အငယ် ၁၄ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ငါ၏စုံလင်သူ
" ငါ၏ ပြည့်စုံသောသူ " သို့ " ငါ၏ သစ္စာရှိသောသူ" သို့ " ငါ၏ အပြစ်ကင်းသောသူ"

နှင်းစက်
အပူချိန်ကျဆင်းပြီးအေးချမ်းသောညအချိန်၌ ကျဆင်းသော ရေစက် (သို့ ) ရေငွေ့။

ဆံပင်သည် ညဥ့်၌ကျတတ်သော နှင်းစက် များ
သူမသည် အပြင်တွေ ရပ်နေသောကြောင့် ညအချိန်၌ တိုက်လာသောစိုစွတ်သည့်လေ သည် သူမ၏ ဆံပင်ကို စိုစွတ်စေသည်။

ငါ့ခေါင်းသည် နှင်းနှင့်ငှင်း၊ ငါ့ဆံပင်သည် ညဥ့်၌ကျတတ်သော နှင်းစက် များနှင့်ငှင်း စိုပြီ
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

Song of Solomon 03

အဘယ် ကြောင့် ဝတ်ပြန်ရမည်နည်း
"အခြားသောဘာသာပြန်ဆိုချက် - ငါသည် နောက်တဖန် အဝတ် မဝတ်ချင်တော့ပါ"

ခြေကိုလည်းဆေးပါပြီ
ဖြစ်နိုင်သော အနက်ဖွင့်ချက်များ ၁ ။ ထိုမိန်းမသည်သူမ၏ ခြေကို ဆေးထားပြီးသောကြောင့် အိပ်ယာဝင်နိုင်သည်။

ငါချစ်ရာသခင်သည် လက်တော်ကိုတံခါးပေါက် အထဲသို့ သွင်းတော်မူသည်
မြေတပြင်လုံးအလယ်၌ စီရင်ဆုံးဖြတ်သော၊ သုတ်သင် ပယ်ရှားခြင်းကို ပြုတော်မူလိမ့်မည်
အဓိပ္ပာယ်ဖွင့်ဆိုချက် (၁) မြေတပြင်လုံး၌ ရှိသမျှတို့ကို သုတ်သင်ပယ်ရှင်းဖို့ဆုံးဖြတ်တော်မူမည်။ (၂) မြေပြင်၌ ရှိသော လူမျိုးတွေကို သုတ်သင်ပယ်ရှင်းမည်။

စီရင်ဆုံးဖြတ်သော
ဆုံးဖြတ်ချက်ချသော။

Isaiah 24

အာရှုရိ
ဟေရှာယသည် အာရှုရိရှင်ဘုရင်နှင့် သူ၏တပ်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိရှင်ဘုရင်နှင့် သူ၏တပ်များ"

သူ၏ ကြိမ်လုံးနှင့် သင့်ကိုရိုက်မည်။ အဲဂုတ္တုမင်း ပြုသည်နည်း တူ သူ၏လှံတံကို သင်၏အပေါ် မှာမိုးလိမ့်မည်
"သူ" ဆိုသည်မှာ အာရှုရိရှင်ဘုရင်နှင့် သူ၏တပ်ကို ရည်ညွှန်းသည်။ "ကြိမ်လုံး" နှင့် "လှံတံ" ဟူသော စကားလုံးသည် လူမျိုးများကို ဆုံးမဖို့ရန်အသုံးပြုသော ကိရိယာဖြစ်သည်။ ဟေရှာယသည် ဣသရေလလူမျိုးတွေကို အုပ်ချုပ်မည့်မင်း အာရှုရိကို
ဘုရားသခင်ဒဏ်ခတ်ဆုံးမခြင်းဖြစ်ကြောင်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိလူမျိုးများသည် သင်တို့ကိုအုပ်ချုပ်၍ ကျွန်ခံစေမည်"

အဲဂုတ္တုမင်း ပြုသည်နည်း တူ
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုရှင်ဘုရင်သည် သင်တို့၏ ဘိုးဘေးများကို အုပ်ချုပ်၍ ကျွန်ပြုသည့်နည်းတူ"

ပျက် စီးခြင်းသို့ရောက်သောအားဖြင့်၊ ငါ့အမျက်သည်ငြိမ်း၍
"ပျက်စီးခြင်း" ဟူသော နာမ်ပုဒ်ကို ကြိယာဖြင့်ဘာသာပြန်ဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အမျက်တော်သည် သူ့ကို ပျက်စီးခြင်းသို့ရောက်စေလိမ့်မည်"

Isaiah 26

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ
ဟေရှာယ 1:9 ကဲ့သို့ပြန်ဆိုပါ။

ဒဏ်ခတ် သကဲ့သို့ရှင်း
"အာရှုရိလူမျိုးကို နှင်တံဖြင့် ဒဏ်ခတ်လိမ့်မည်" ဘုရားသခင်သည် အာရှုရိလူမျိုးကို ပြစ်ဒဏ်ပြင်းထန်စွာ စီရင်လိမ့်မည် ဟူ၍ ရည်ညွှန်းရေးထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နှင်တံဖြင့် ပြင်းထန်စွာခံစားရသကဲ့သို့ စီရင်ခံရလိမ့်မည်"

ဩရာဘကျောက်နားမှာ မိဒျန်အမျိုးသားတို့ကို ဒဏ်ခတ် သကဲ့သို့ငင်း
ဘုရားသခင်သည် မိဒျန်တပ်များကိုခြေမှုန်း၍
ဂိဒေါင်ကိုကူညီခဲ့သည့်အချိန်ကို ရည်ညွှန်းပြောဆိုသည်။

အဲဂုတ္တု လက်ထက် ၌ကဲ့သို့တဖန် လှံတံတော်ကို ချီတော်မူမည်
ဤကြောင်းအရာသည် ဘုရားသခင်၏ဣသရေလလူမျိုးတွေကို
အဲဂုတ္တုစစ်တပ်၏ ဖမ်းဆီးခြင်းနှင့် ပင်လယ်နီထဲမှရင်း
ကယ်နှုတ်ပုံကို ရည်ညွှန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဘိုးဘေးများကို
အဲဂုတ္တုစစ်တပ်မှ ကယ်နှုတ်သကဲ့သို့ အာရှုရိစစ်တပ်မှ
ကယ်နှုတ်မစလိမ့်မည်"

ထိုကာလ၌ သူ၏ဝန်ကို သင်၏ပခုံးပေါ်ကငင်း၊
သူ၏ထမ်းဘိုးကိုသင်၏လည်ပင်းပေါ်ကငင်း ချရ၏
ထာဝရဘုရားသခင်သည် အာရှုရိဘုရင်တင်ထားသော
ဝန်ကိုချီမတော်မူ၍ သူတို့လည်ပင်းတွင်
တင်ထားသောထမ်းဘိုးကို ဖယ်ရှားပေးတော်မူလိမ့်မည်။
ဤစကားစုနှစ်ရပ်သည် အဓိပ္ပာယ်တူညီသည်။ "ဝန်" နှင့်
"ထမ်းဘိုး" ဆိုသည့် စကားလုံးသည်
ကျွန်ပြုစေခြင်းအဓိပ္ပာယ်ကိုရည်ညွှန်းသည်။ ကတ္တားဝါကျဖြင့်
ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသခင်သည် အာရှုရိလူများ၏ ဖိစီးနှိပ်စက်ခြင်းနှင့်
ကျွန်ပြုခြင်းမှ သင့်တို့ကို ကယ်နှုတ်လိမ့်မည်"

ဆူဝခြင်းကျေးဇူးကြောင့် ထမ်းဘိုးပျက်စီးရ၏
ဤဖော်ပြချက်တွင် ထမ်းဘိုးပျက်စီးရခြင်း၏ အကြောင်းမှာ
ဆူဖြိုးသောတိရစ္ဆာန်၏လည်ပင်းတွင်ထမ်းဘိုးသည်
အံဝင်ဂွင်ကျမဖြစ်သကဲ့သို့ နှိုင်းယှဉ်ဖော်ပြထားသည်။
ဤနှိုင်းယှဉ်ချက်သည် ဣသရေလလူမျိုးများ
အင်အားကြီးမားလာ၍ အာရှုရိလူမျိုးများ
မအုပ်ချုပ်လာနိုင်ကြောင်းဖော်ပြထားသည်။ ကတ္တားဝါကျဖြင့်
ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏
လည်ပင်းသည် အလွန်ဝဖြိုးလာ၍ ထမ်းဘိုးပျက်စီးလိမ့်မည်"
သို့မဟုတ် "သင်သည် အလွန်သန်မာလာသောကြောင့်
အာရှုရိလူမျိုးများထံ ကျွန်မခံရတော့ပါ"

Isaiah 28

ရောက်လေပြီ ... လွန်သွားပြီ ... ချထားပြီ ... လွန်ကြပြီ ... စားခန်းချ ကြပြီ ...
ကြောက်လန့်လျက်ရှိ၏ ... ပြေး၏
ဟေရှာယသည် အနာဂါတ်ကာလတွင်ဖြစ်ပျက်မည့်အရာကို
ဖြစ်ပျက်ပြီးသကဲ့သို့ပြောဆိုထားသည်။

အာရပ် ... မိဂရုန် ... မိတ်မတ် ... ဂေဗ ... ရာမ ... ဂိဗာ
ဤမြို့များသည် ယေရုရှလင်မြို့အနီးနားတွင်ရှိ၍
အာရှုရိတပ်များ၏ နှိမ်နင်းခြင်းခံရသောမြို့ရွာများဖြစ်သည်။

ရာမမြို့သည် ကြောက်လန့်လျက်ရှိ၏။ ရှောလု နေရာဂိဗာမြို့သည် ပြေး၏
"ရာမလူမျိုးများကြောက်လန့်၍ ရှောလုနေရာ ဂိဗာလူမျိုးများ
ထွက်ပြေးကြ၏"

Isaiah 30

အိုဂလ္လိမ်မြို့သမီး
"သမီး" ဆိုသည်မှာ ဤစကားစုတွင်မြို့၌နေထိုင်သော လူများကို
ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂလ္လိမ်"
သို့မဟုတ် "ဂလ္လိမ်လူမျိုး"

ဂလ္လိမ် ... အိုလဲရှ ... အာနသုတ် ... မာဒမေန ... ဂေဗိပ် ... နောဘ
ဤမြို့ရွာများသည် ယေရုရှလင်မြို့အနားတွင်ရှိသော
နေရာများ၏နာမည်များဖြစ်သည်။ ထိုမြို့များသည်
အာရှုရိတပ်များကြောင့် တိမ်းရှောင်ကာကြောက်လန့်နေရသည်။

နောဘမြို့၌တရက်နေပြီးမှ မိမိ လက်ကို လှုပ်လိမ့်မည်။
ဤညွှန်းဆိုချက်သည် အာရှုရိရှင်ဘုရင်နှင့် သူ၏စစ်သည်များကို
ဆိုလိုသည်။ သူ၏ လူများ၏လက်များဖြင့်
ဣသရေလူမျိုးများကိုကြောက်ရွံ့တုန်လှုပ်စေမည်ဖြစ်ကြောင်းပြောထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နောဘမြို့၌
တစ်ရက်စခန်းချပြီးမှ အာရှုရိစစ်တပ်များအား ယေရုရှလင်မြို့ကို
ခြောက်လှန့်စေသည်"

ဇိအုန်သတို့သမီး၏ တောင်တည်းဟူသော ယေရှုရှလင်တောင်
"တောင်" နှင့် "တောင်ရိုး" ဟူသော စကားလုံးမှာ
ထိုနေရာ၌နေထိုင်သောလူများကို တင်စား၍ခေါ်ဝေါ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန်တောင်ရှိလူများနှင့်
ယေရုရှလင်မြို့တောင်ရိုးတွင်နေထိုင်သောလူများ" သည်
"ဇိအုန်သတို့သမီး" ဟူသော စကားလုံးနှင့်အဓိပ္ပာယ်တူညီသည်။
ဟေရှာယ 2:14 ဘာသာပြန်ဆိုချက်တွင်ကြည့်ရန်။

Isaiah 33

ကြည့်လော့
ဤဘာသာပြန်ဆိုချက်သည် "နားထောင်" သို့မဟုတ်
"ကြည့်ရှုလော့" ဟူသည်မှာ မိမိပြောဆိုသောစကားကို
အာရုံစူးစိုက်နားထောင်ရန်ရေးထားသည်။

ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရား
ဟေရှာယ 1:9 ဘာသာပြန်ဆိုချက်တွင်ကြည့်ရန်။

လေဗနန်တောသည် တန်ခိုးကြီးသော သူ၏လက်အားဖြင့်
လဲလျက်နေလိမ့်သတည်း
ဟေရှာယသည် အာရှုရိတပ်များကို လေဗနန်ရှိမြင့်သော
သစ်ပင်နှင့်ခိုင်းနှိုင်းပြောဆိုထားသည်။ တောအုပ်ကို
ခုတ်လှဲသကဲ့သို့ ဘုရားသခင်သည် အာရှုရိစစ်တပ်များကို
ပယ်ရှင်းဖျက်ဆီးလိမ့်မည်။ ဤဖော်ပြပါ ရည်ရွယ်ချက်သည်
အင်အားကြီးမားသောစစ်တပ်ဖြစ်သော်လည်း
တန်ခိုးကြီးသောဘုရားသခင်က ဖျက်ဆီးပစ်နိုင်သည်။

အခက် တို့ကို ခုတ်လှဲ၍
"ကြီးမားသော အကိုင်းအခတ်များကို ခုတ်လှဲမည်"။
ဤဖော်ပြချက်သည် အာရှုရိတပ်များကို ရည်ညွှန်းထားကြောင်း
ရှင်းလင်းစွာတွေ့ရှိနိုင်သည်။ "သူသည် ကြီးမားသော

အကိုင်းအခတ်များကို ခုတ်လှဲသကဲ့သို့ အာရှုရိတပ်ရှိ အင်အားကြီးသောလူများကို ဖျက်ဆီးလိမ့်မည်"

ကြောက်မက်ဘွယ်သော အခြင်းအရာ
"ကြောက်မက်ဖွယ်သောအသံကဲ့သို့" ပျက်စီးဆုံးရှုံးလိမ့်မည်ဟူ၍ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကိုင်းအခတ်များ ခုတ်လှဲခံရ၍မြေပြင်သို့ ကြောက်မက်ဖွယ်အသံကြီးဖြင့်လှဲကျလိမ့်မည်" သို့မဟုတ် "အကိုင်းအခက်များသည် ကြောက်မက်ဖွယ်သောအသံဖြင့်မြေပြင်တွင်လှဲကျလိမ့်မည်"

အရပ်မြင့်သော အခက် တို့ကို ခုတ်လှဲ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြင့်သောအပင်များကို ခုတ်လှဲလိမ့်မည်"

အရပ်မြင့်သော အခက်
"အသန်မာဆုံးသော စစ်သည်တော်များ" ကိုခိုင်းနှိုင်းညွှန်းဆိုသည်။

ကြီးမားသော အခက်တို့ကို နှိမ့်ချ တော်မူမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြင့်မား၊ ကြီးမားသောလူမျိုးကို သူသည်အောက်နှိမ့်ချတော်မူမည်"

ကြီးမားသော
ဝါကြွားသော။

တောအုပ်
"ထူထပ်၊ သိပ်သည်းသောတောအုပ်"ဤအကြောင်းအရာသည် အထင်ကရမရှိသော သာမညလူများကိုဆိုလိုသည်။

လေဗနန်တောသည် တန်ခိုးကြီးသော သူ၏လက်အားဖြင့် လဲလျက်နေလိမ့်သတည်း
"လေဗနန်းတော်သည် တည်တံ့စွာကြီးကျယ်ခမ်းနားနေမည်မဟုတ်" ဤခိုင်းနှိုင်းချက်သည် အာရှုရိတပ်သားများကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည် တန်ခိုးကြီးသောအာရှုရိတပ်များကို နှိမ်နင်းလိမ့်မည်"

---

## Translation Questions

### Isaiah 10:5

ထာဝရဘုရား၏ အမျက်တော်တောင်ဝှေးဖြစ်သည့် လှံတံကို ကိုင်ထားသောသူသည် အဘယ်သူဖြစ်သနည်း။
အာရှုရိလူမျိုးသည် ထာဝရဘုရား၏ အမျက်တော်တောင်ဝှေးဖြစ်သည့် လှံတံကို ကိုင်ထားသည်။

ထာဝရဘုရားသည် အာရှုရိလူမျိုးအား အဘယ်သို့ လုပ်ဆောင်ဖို့ရန် အမိန့်ပေးခဲ့သနည်း။
ထာဝရဘုရားသည် အာရှုရိလူမျိုးအား ဖျက်ဆီးဖို့ လုယူရာဥစ္စာကို ယူဖို့ လမ်းများ၌ ရွှံ့ကဲ့သို့ ဣသရေလလူမျိုးနင်းစေဖို့ မိန့်ကြားခဲ့သနည်း။

### Isaiah 10:7

အာရှုရိသည် အဘယ်အရာကို ရည်ရွယ်ခဲ့သနည်း။
၎င်းသည် များစွာသောလူမျိုးများကို ဖျက်ဆီးပယ်ရှားပစ်ရန် အာရှုရိနှလုံး၌ ရှိသည်။

### Isaiah 10:12

ဘုရားသခင်သည် ဇိအုန်တောင်ပေါ် ယေရုရှလင်မြို့၌ သူ ၏အမှုကို လက်စသတ်ခဲ့ပြီးသောအခါ သူသည် အဘယ်သို့ ပြုလုပ်ရလိမ့်မည်ဟု ပြောခဲ့သနည်း။
သခင်ဘုရားသည် အာရှုရိ၏ မာနထောင်လွှားခြင်းနှင့် မာ နကြီးစွာ ပြောဆိုခြင်းကို အပြစ်ပေးရလိမ့်မည်ဟု ပြောခဲ့သည်။

အဘယ်ကြောင့် အာရှုရိဘုရင်က သူသည် အောင်မြင်သော သူဖြစ်သည်ဟု ထင်သနည်း။
အာရှုရိဘုရင်သည် သူ၏ ခွန်အားဉာဏ်ပညာနှင့် နားလည်နိုင်ခြင်းကြောင့် အောင်မြင်သော သူဖြစ်သည်ဟု ထင်ခဲ့သည်။

### Isaiah 10:15

သခင်ဘုရားသည် အာရှုရိ၏ လက်ရွေးစင် စစ်သည်တော်များအထဲ၌ အဘယ်သို့ ပြုလုပ်ဖို့သွားခဲ့သနည်း။
သခင်ဘုရားသည် သူတို့ထဲ၌ ပိန်စေခြင်းကို စေလွှတ်ဖို့ရန် သွားခြင်းဖြစ်သည်။

### Isaiah 10:17

ထာဝရဘုရားသည် အာရှုရိပြည်၌ အဘယ်အရာ လောင်မြိုက်လိမ့်မည်ဟု ဆိုသနည်း။
ထာဝရဘုရားသည် သူ၏ အသီးသီးသောပြည်၏ ဘုန်းနှင့်တောအုပ်၏ ဘုန်းတို့သည် လောင်မြိုက်လိမ့်မည်ဟု ဆိုခဲ့သည်။

### Isaiah 10:20

သူတို့သည် လွတ်မြောက်ပြီးနောက် ကျန်ကြွင်းသော ဣသရေလသည် အဘယ်အရာအပေါ် အားကိုးရလိမ့်မည်နည်း။
သူတို့ကို ညှင်းဆဲသောသူအပေါ် ကိုးစားလိမ့်မည်မဟုတ် ထာဝရဘုရား၌ အမှန် ကိုးစား ကြလိမ့်မည်။

Isaiah 10:24

အဘယ်ကြောင့် ဘုရားသခင်သည် အာရှုရိမင်းကို မကြောက်ဖို့ ဇိအုန်တောင်၌ နေသော လူတို့အားပြောခဲ့သနည်း။

အဘယ်ကြောင့်ဆိုသော် မကြာမှီအချိန်၌ ဘုရားသခင်၏ ဆန့်ကျင်သော အမျက်တော်သည် ဇိအုန်တောင်၌ အဆုံးသတ်၍ အာရှုရိလူမျိုးဆီသို့ ရောက်လိမ့်မည်ဖြစ်သောကြောင့် သူတို့အား အာရှုရိမင်းကို ကြောက်ရွံ့ခြင်းမရှိဖို့ ထာဝရဘုရား ပြောခဲ့သည်။

Isaiah 10:26

ထာဝရဘုရားသသည် သူ၏ လှံတံတော်ကို ပင်လယ်ပေါ်သို့ မိုးသကဲ့သို့ အာရှုရိပြည်ကိုလည်း သူ၏ ကြာပွတ်ဖြင့် တိုက်ခိုက်ဖို့ကိုင်မြောက်သောအခါ ထိုနေ့၌ အဘယ်သို့ဖြစ်မည်နည်း။

ထိုနေ့၌ သူတို့၏ လည်ပင်းမှ ထမ်းပိုးကိုၣင်း၊ သူတို့၏ ပခုံးမှၣင်း ဝန်ကိုထမ်းစေလိမ့်မည်ဖြစ်သည်။

## Chapter 11

[1] ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည် အသီးသီးလိမ့်မည်။ [2] ထာဝရဘုရား၏
ဝိညာဉ်တော်တည်းဟူသော ဥာဏ်ပညာကို ပေးသောဝိညာဉ်၊ ကြံစည်တတ် စွမ်းနိုင် သော သတ္တိကိုပေးသောဝိညာဉ်၊
ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကို ပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်။ [3] ထိုသူသည်
ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိမြင်သည်အတိုင်း တရားမစီရင်၊
မိမိနားကြားသည်အတိုင်းမဆုံးဖြတ်ဘဲ၊ [4] ဆင်းရဲသားတို့၏ အမှုကိုတရားတော် အတိုင်း စီရင်၍၊နှိမ့်ချသော မြေကြီးသားတို့ဘက်၌
နေလျက်၊ ဖြောင့်မတ်စွာ ဆုံးဖြတ်လိမ့်မည်။ မြေကြီးကိုနှုတ်က ပတ်တော် လှံတံနှင့် ဒဏ်ခတ်၍၊ ဆိုးသောသူကို နှုတ်ခမ်း
ထွက်သက်နှင့် ကွပ်မျက်လိမ့်မည်။ [5] တရားနှင့်သစ္စာသည် သူ၏ ခါးပန်း ခါးစည်း ဖြစ်လိမ့်မည်။ [6] တောခွေးသည် သိုးသငယ်နှင့်အတူ
နေလိမ့် မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူ အိပ်လိမ့် မည်။ နွားသငယ်၊ခြင်္သေ့သငယ်၊ ဆူအောင်ကျွေးသော အကောင်တို့သည်
အတူသွားလာကြ၍၊လူသူငယ်သည် သူတို့ကို ပို့ဆောင်လိမ့်မည်။ [7] နွားမနှင့်ဝံမသည် အတူကျက်စား၍၊သူတို့ သားငယ်များသည်
အတူအိပ်ကြလိမ့်မည်။ ခြင်္သေ့သည် လည်း နွားကဲ့သို့ မြက်ကိုစားလိမ့်မည်။ [8] နို့စို့သူငယ်သည်လည်း မြွေဆိုးတွင်းပေါ်မှာ
ကစားလိမ့်မည်။ နို့ကွာသော သူငယ်သည်လည်း၊ မြွေ ဟောက်တွင်းဝ၌ မိမိလက်ကိုသွင်းလိမ့်မည်။ [9] ငါ၏
သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်း ချင်းညှဥ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြ။ အကြောင်း မူကား၊ပင်လယ်ရေသည်
မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။ [10] ထိုကာလ၌
ယေရှဲ၏အမြစ်သည် ပေါက်၍၊လူ များအဘို့ထူသောအလံ ဖြစ်လိမ့်မည်။ ထိုအလံ၌ တပါးအ မျိုးသားတို့သည်
ဆည်းကပ်ကြလိမ့်မည်။ကျိန်းဝပ်တော်မူ ရာအရပ်သည်လည်း ဘုန်းကြီးလိမ့်မည်။ [11] ထိုကာလ၌ ထာဝရဘုရားသည် လက်တော်ကို
ဆန့်၍၊ ကျန်ကြွင်းသော ကိုယ်တော်၏ လူတို့ကိုအာရှုရိ ပြည်၊ အဲဂုတ္တုပြည်၊ ပါသရုပြည်၊ ကုရှုပြည်၊ ဧလံပြည်၊ ရှိနာပြည်၊ဟာမတ်ပြည်၊
ပင်လယ်တဘက်၌ရှိသော ပြည် များတို့မှ ကယ်ယူခြင်းငှါ တဖန်ပြုတော်မူလိမ့်မည်။ [12] တပါးအမျိုးသားတို့အဘို့ အလံကိုထူတော်မူ
သဖြင့်၊ နှင်ထုတ်သောဣသရေလအမျိုးသားနှင့်၊ အရပ် ရပ်ကွဲပြားသောယုဒအမျိုးသားတို့ကို မြေကြီးလေး မျက်နှာတို့မှ ခေါ်၍
စုဝေးစေတော်မူလိမ့်မည်။ [13] ဧဖရိမ်အမျိုးသည် ငြူစူသောစိတ်ငြိမ်းလိမ့်မည်။ ရန်ပြုတတ်သော ယုဒအမျိုးသားတို့သည်လည်း၊
ရန်ပြေ ကြလိမ့်မည်။ ဧဖရိမ်အမျိုးသည် ယုဒအမျိုးကို မငြူစူရ။ ယုဒအမျိုးလည်း ဧဖရိမ်အမျိုးကို ရန်မပြုရ။ [14] သူတို့သည်
အနောက်ဘက်၌ ဖိလိတ္တိလူများကို လိုက်၍ တိုက်ကြလိမ့်မည်။ အရှေ့ပြည်သားတို့၏ ဥစ္စာကို အတူလုယူကြလိမ့်မည်။ဧဒုံအမျိုးနှင့်
မောဘအမျိုး ကိုလည်း လုပ်ကြံကြလိမ့်မည်။ အမ္မုန်အမျိုးသားတို့ သည်သူတို့၏အုပ်စိုးခြင်းကို ခံရကြလိမ့်မည်။ [15]
ထာဝရဘုရားသည်လည်း၊ အဲဂုတ္တုပင်လယ်၏ လျှာကိုဖျောက်ဖျက်တော်မူမည်။ ပြင်းစွာသောလေတော် နှင့် တကွလက်တော်ကိုမြစ်
ပေါ်မှာလှုပ်၍၊ ချောင်းခုနစ် သွယ်ဖြစ်စေခြင်းငှါ ရိုက်ခတ်တော်မူသဖြင့်၊ လူတို့သည် ခြေနင်းစီးလျက် ကျော်သွားကြလိမ့်မည်။ [16]
ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည် မှထွက်သွားသောအခါ၌ ဖြစ်သကဲ့သို့၊ အာရှုရိပြည်မှ ကျန်ကြွင်းသော
ကိုယ်တော်၏လူတို့သွားရာလမ်း ကြီးဖြစ်ရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 12

[1] ထိုကာလ၌ သင်မြွက်ဆိုရမည်ကား၊ အိုထာဝရ ဘုရား၊ အကျွန်ုပ်သည် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါ မည်။အကျွန်ုပ်ကို
အမျက်ထွက်တော်မူသော်လည်း၊ တဖန် အမျက်တော်ငြိမ်း၍၊အကျွန်ုပ်ကို နှစ်သိမ့်စေတော်မူ၏။ [2] ဘုရားသခင်သည် ငါ့ကို
ကယ်တင်သော အရှင် ဖြစ်တော်မူ၏။ ကြောက်လန့်သော စိတ်မရှိဘဲ ရဲရင့်မည်။ ထာဝရဘုရားသည် ငါချီးမွမ်းရာ၊ ငါသီချင်းဆိုရာ၊
ငါ့ကို ကယ်တင်တော်မူသော အရှင်ဖြစ်တော်မူ၏။ [3] သင်တို့သည် ဝမ်းမြောက်သော စိတ်နှင့်ကယ် တင်ခြင်းစမ်းရေတွင်းတို့၌
ရေခပ်ရကြလိမ့်မည်။ [4] ထိုကာလ၌လည်း ထာဝရဘုရား၏ ဂုဏ်တော် ကိုချီးမွမ်းကြလော့။ နာမတော်ကို ပဋ္ဌနာပြုကြလော့။
အမှုတော်တို့ကို လူများတို့တွင် ဘော်ပြလော့။ နာမတော်သည် မြင့်မြတ်သောကြောင့်ချီးမွမ်းကြလော့။ [5-6] ထာဝရဘုရားကို
ထောမနာသီချင်းဆိုကြလော့။ ထူးဆန်းသောအမှုကို ပြုတော်မူပြီ။ အမှုတော်သည် မြေတပြင်လုံး၌ ထင်ရှားပါစေ။ အိုဇုအုန်
သတို့သမီး၊ ကြွေးကြော်လော့။ ဝမ်းမြောက်သဖြင့် အော်ဟစ်လော့။ အကြောင်းမူကား၊ ဣသရေလအမျိုး၏ သန့်ရှင်းသောဘု ရားသည်
သင်၏ အလယ်၌ ဘုန်းကြီးတော်မူ၏ဟု မြွက်ဆိုရလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 13

[1] ဗာဗုလုန်မြို့ကို ရည်ဆောင်၍ အာမုတ်၏သား ဟေရှာယခံရသော ဗျာဒိတ်တော်အချက်ဟူမူကား၊ [2] ရှင်းလင်းသော
တောင်ပေါ်မှာအလံကို ထူကြ။ ကျယ်သောအသံနှင့် အော်ဟစ်ကြ။ လက်ကိုလှုပ်ကြ။သူတို့သည် မင်းတို့နေရာတံခါးများကို ဝင်ကြစေ။
[3] ငါသန့်ရှင်းစေသော သူတို့ကို ငါမှာထားပြီ။ ငါပေးသောဘုန်းအာနုဘော်ကြောင့် ဝမ်းမြောက်သောသူ၊ ငါ၏သူရဲတို့ကို
ငါ့အမျက်ပြေစေခြင်းငှါ ငါခေါ်ပြီ။ [4] ကြီးစွာသော အလုံးအရင်း၏ အသံကဲ့သို့ တောင်တို့အပေါ်မှာ လူများ၏ အသံဗလံ၊ စုဝေးသော
တိုင်းသူပြည်သားများတို့၏ အုတ်အုတ်ကျက်ကျက်သော အသံဗလံရှိသည်နှင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားသည်
စစ်တိုက်ခြင်းငှါ၊ အလုံးအရင်းကိုစီရင် ခင်းကျင်းတော်မူ၏။ [5] ထာဝရဘုရားနှင့်အတူတကွ အမျက်တော် လက်နက်တို့သည်
တပြည်လုံးကို ဖျက်ဆီးခြင်းငှါ၊ ဝေး သောပြည်၊ ကောင်းကင်စွန်းမှ လာကြ၏။ [6] ထာဝရဘုရား၏ နေ့ရက်သည်နီးသောကြောင့်၊
ငိုကြွေးမြည်တမ်းကြလော့။ အနန္တတန်ခိုးရှင်စီရင် တော်မူ သော ဘေးအန္တရာယ်ကဲ့သို့လာလိမ့်မည်။ [7] ထိုကြောင့်၊ရှိသမျှသော
လက်တို့သည် ကျကြ လိမ့်မည်။ လူအပေါင်းတို့သည် စိတ်ပျက်၍ ကြောက်လန့် ခြင်းသို့ ရောက်ကြလိမ့်မည်။ [8]
နာခြင်းဝေဒနာအမျိုးမျိုးကို ခံရကြလိမ့်မည်။ သားဘွားသော မိန်းမကဲ့သို့ဝေဒနာကို ခံရလျက်၊ တ ယောက်ကိုတယောက်
ကြည့်ရှု၍မှိုင်တွေသဖြင့်၊သူတို့ မျက်နှာသည် မီးလျှံအဆင်းရှိလိမ့်မည်။ [9] ထိုပြည်ကိုဖျက်ဆီး၍၊ အပြစ်ကြီးသော ပြည်သူ
ပြည်သားတို့ကို သုတ်သင်ဖယ်ရှင်းခြင်းငှါ၊ ထာဝရ ဘုရား ၏ ကြမ်းကြုတ်သောနေ့ရက်သည် ပြင်းထန်သော ဒေါသ
အမျက်ထွက်လျက်လာလိမ့်မည်။ [10] မိုဃ်းကောင်းကင်ကြယ်နက္ခတ်တို့သည် အလင်း ကိုမပေး။ နေသည်လည်း ထွက်သောအခါမိုက်
လျက်၊ လ သည်လည်း မထွန်းမလင်းဘဲလျက်ရှိလိမ့်မည်။ [11] ထိုလောကီနိုင်ငံ၏ အပြစ်ကိုငှင်း၊ မတရားသော သူတို့၏
ဒုစရိုက်များကိုငှင်းငါစစ်ကြောမည်။ မာနကြီး သောသူတို့၏ ထောင်လွှားခြင်းကို ငါနှိပ်စက် ၍၊ကြမ်း ကြုတ်သောသူတို့၏
စော်ကားခြင်းကို ငါနှိမ့်ချမည်။ [12] လူသည် ရွှေစင်ထက် အဘိုးထိုက်မည် အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက်
အဘိုးထိုက်မည်အကြောင်း ငါပြုမည်။ [13] သို့ဖြစ်၍၊ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား၏ ဒေါသအမျက်တော်ပြင်းစွာ
ထွက်သော နေ့ ရက်၌၊ မိုဃ်းကောင်းကင်ကို ငါလှုပ်ရှားမည်။ မြေကြီး လည်း မိမိနေရာမှ ရွေ့ရလိမ့်မည်။ [14] ပြည်သားတို့သည်
ကြောက်၍ပြေးသောဒရယ်မ၊ ထိန်းသိမ်းသူမရှိသော သိုးများကဲ့သို့ ဖြစ်၍၊ အသီးအသီး မိမိအမျိုးသားချင်းတို့ကို မျက်နှာပြု၍၊
အသီးအသီး မိမိပြည်သို့ ပြေးကြလိမ့်မည်။ [15] တွေ့မိသမျှသော သူတို့ကို လှံနှင့်ထိုးရ၏။ စုဝေး လျက်ရှိသော သူအပေါင်းတို့လည်း
ထားဖြင့် ဆုံးကြလိမ့် မည်။ [16] သူတို့သားသမီးများကို သူတို့မျက်မှောက်၌ မြေ ပေါ်မှာ ဆောင့်ဖွပ်လိမ့်မည်။ သူတို့ အိမ်များကို လုယက်
၍၊သူတို့ မယားများကို အဓမ္မပြုကြလိမ့်မည်။ [17] ကြည့်ရှုလော့။ ငွေကိုပမာဏမပြု၊ ရွှေကိုအ လိုမရှိသော မေဒိလူများကို
သူတို့တဘက်၌ ငါနှိုးဆော် မည်။ [18] သူတို့သည် လူပျိုတို့ကို လေးနှင့်ရိုက်ခတ်ကြလိမ့် မည်။ အကလေးတို့ကို မသနားကြ။
သူတို့မျက်စိသည် သူငယ်တို့ကို မနှမြောရ။ [19] တိုင်းနိုင်ငံတို့၏ အထွဋ်၊ ခါလဒဲ အမျိုးသားတို့၏ ဘုန်းအသရေဖြစ်သော
ဗာဗုလုန်မြို့သည် ဘုရားသခင် ဖျက်ဆီးတော်မူသော သောဒုံမြို့နှင့် ဂေါမောရမြို့ကဲ့သို့ ဖြစ်လိမ့်မည်။ [20] ထိုမြို့၌ ကာလအစဉ်၊
လူမျိုးအဆက်ဆက် အဘယ်သူမျှ မနေရ။ ထိုမြို့၌ အာရပ်လူသည် တဲကိုမျှ မဆောက်ရ။ သိုးထိန်းတို့သည် သိုးခြံကိုမျှ မလုပ်ရကြ။ [21]
တောသားရဲတို့သည် ထိုမြို့၌ အိပ်ကြလိမ့်မည်။ အိမ်တို့သည် မြည်တတ်သော တိရစ္ဆာန်များနှင့် အပြည့် ရှိကြလိမ့်မည်။
ကုလားအုပ်ငှက်တို့လည်း နေရာကျ၍၊ မျောက်တို့လည်း ကခုန်ကြလိမ့်မည်။ [22] တောခွေးတို့သည်လည်း၊ ဘုံဗိမာန်များ၌ငှင်း၊
မြေခွေးတို့သည်လည်း၊ ကြက်သရေတိုက်များ၌ငှင်း၊အူကြ၊ မြည်ကြလိမ့်မည်။ ထိုသို့သော ကာလနီးလှပြီ။ ထိုမြို့၏ အသက်
တာမရှည်ရ။


generated on Sun Jun 30 02:37:40 2024

## Chapter 14

1 အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ်အမျိုးကို သနား၍ ဣသရေလအမျိုးကို တဖန်ရွေးကောက်သဖြင့်၊ သူတို့ကို
နေရင်းပြည်၌နေရာ ချတော်မူလိမ့်မည်။ တကျွန်း တနိုင်ငံသားတို့သည် သူတို့နှင့် ပေါင်းဘော်၍ ယာကုပ်အမျိုး၌ ဆည်းကပ်ကြ
လိမ့်မည်။ 2 တပါးအမျိုးသားတို့သည် သူတို့ကို နေရင်း အ ရပ်သို့ ပို့ဆောင်ကြလိမ့်မည်။ ဣသရေလအမျိုးသားတို့ သည်
တပါးအမျိုးသားတို့ကို ထာဝရဘုရား၏ ပြည် တော်တွင်၊ကျွန်နှင့် ကျွန်မအရာ၌ ထား၍ စေစားကြလိမ့် မည်။ အထက်က
သိမ်းသွားဘူးသော သူတို့ကို တဖန် သိမ်းယူခဲ့ကြလိမ့်မည်။ ညှဉ်းဆဲဘူးသော သူတို့ကိုလည်း အုပ်စိုးကြလိမ့်မည်။ 3 ထိုအခါ
ထာဝရဘုရားသည် သင့်ကို ငြိုငြင်ခြင်း၊ စိုးရိမ်ခြင်း၊ သူတပါး စေစား၍ ဆင်းရဲစွာ အစေ ကျွန် ခံရခြင်းထဲက နှုတ်၍၊ ချမ်းသာ
ပေးတော် မူလျှင်၊ 4 သင်သည် ဗာဗုလုန် ရှင်ဘုရင်ကို ရည်ဆောင်၍၊ ပုံစကားကို ဤသို့မြွက်ဆိုလိမ့်မည်။ အစိုးတရပြုသော သူသည်
ဆုံးလေပြီတကား။ ရွှေမြို့တော်သည် ဆုံးလေ ပြီကား။ 5 လူသတ္တဝါတို့ကို အမျက်ထွက်၍၊ အစဉ်မပြတ် ရိုက်ခြင်း၊အတိုင်းတိုင်း
အပြည်ပြည်တို့ကို မာနစိတ်နှင့် အုပ်စိုး၍၊အစဉ်မပြတ် ညှဉ်းဆဲခြင်းကို ပြုသော အဓမ္မ လူတို့၏တောင်ဝေးကိုင်၊ 6 ထိုသို့အစိုးရသော
သူတို့၏ ရာဇလှံတံကိုင်၊ထာဝရဘုရား ချိုးတော်မူပြီ။ 7 မြေတပြင်လုံးသည် ငြိမ်ဝပ်ချမ်းသာခြင်းရှိ၏။ ရွှင်လန်းစွာ သီချင်းဆိုသံနှင့်
ကြွေးကြော်ကြ၏။ 8 ထင်းရှူးပင်နှင့် လေဗနုန် အာရဇ်ပင်တို့က၊ သင်တို့သည် လဲပြီးသည်နောက်၊ ငါတို့ကို ခုတ်လှဲသော သူသည်
မတက်မလာရဟု သင့်ကို ရည်ဆောင်၍ ဝမ်းမြောက်ကြ၏။ 9 သင်သည် ရောက်လာသောအခါ၊ အောက်အ ရပ် မရဏာနိုင်ငံသည်
ကြိုဆိုအံ့သောငှါ လှုပ်လေ၏။ သင်္ချိုင်းသားများနှင့် လောကီမင်းများအပေါင်းတို့ကို သင့်အတွက်ကြောင့် နှိုးဆော်လေ၏။
အတိုင်းတိုင်း အပြည်ပြည်သော ရှင်ဘုရင် အပေါင်းတို့ကို ရာဇပလ္လင် တို့မှ ထစေ၏။ 10 ထိုသူအပေါင်းတို့က၊ သင်သည်လည်း
ငါတို့ကဲ့သို့ အားနည်းပါသည်တကား။ ငါနှင့် တူပါသည် တကား။ 11 သင်၏ ဘုန်းအသရေနှင့် သင်၏ တုရိယာမျိုး အသံဗလံတို့ကို
မရဏာနိုင်ငံတွင် ရှုတ်ချလေပြီတကား။ သင့်အောက်၌ ပိုးကောင်များကို ခင်းလျက်၊ သင့်အပေါ်၌ တီကောင်များကို
ခြုံလျက်ရှိပါသည်တကားဟု သင့်ကို နှုတ်ဆက်၍ ပြောဆိုကြလိမ့်မည်။ 12 အိုနံနက်သား၊ မိုဃ်းသောက်ကြယ်၊ သင်သည်
ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည် တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။ 13
သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါ တက် မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။
မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော် တောင်ပေါ်မှာ ငါထိုင်မည်။ 14 မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံး သောဘုရားကဲ့သို့
ငါနေမည်ဟု စိတ်အကြံရှိ လေပြီ။ 15 သို့သော်လည်း၊ သင်သည်မရဏာနိုင်ငံ၊ သင်္ချိုင်း တွင်းထဲသို့ နှိမ့်ချခြင်းကို ခံရလေပြီ။ 16
သင့်ကိုမြင်သောသူတို့သည် စေ့စေ့ကြည့်ရှု၍ ဆင်ခြင်ပြီးလျှင်၊ မြေကြီးကို တုန်လှုပ်စေ၍၊ တိုင်းနိုင်ငံများ ကို လှုပ်ချောက်သောသူကား
ဤသူလော။ 17 လောကီနိုင်ငံကို တောကဲ့သို့ဖြစ်စေ၍၊ မြို့များကို ဖျက်ဆီးသောသူ၊ အချုပ်ခံရသောသူတို့ကို မိမိနေရာသို့
တဖန်မလွှတ်သောသူကား ဤသူလော။ 18 အပြည်ပြည်သောရှင်ဘုရင်အပေါင်းတို့သည် အသီးအသီး မိမိတို့စေတီ၌ ဘုန်းအသရေနှင့်
အိပ်ကြ၏။ 19 သင့်ကိုမူကား၊ရွံရှာဘွယ်သော သစ်ခက်ကဲ့သို့ သင်္ချိုင်းထဲကထုတ်ပစ်ရ၏။ ကွပ်မျက်သောသူ၊ ထားဖြင့်ထိုးသောသူ၊
သင်္ချိုင်းတွင်း၌ ကျောက်စုထဲသို့ ချသောသူများနှင့် ဖုံးအုပ်လျက်၊ ခြေဖြင့်ကျော်နင်း သောအသေကောင်ဖြစ်လေ၏။ 20
သူတပါးတို့နှင့်ရောနှော၍ သင်္ဂြိုလ်ခြင်းကိုမခံရ။ အကြောင်းမူကား၊ မိမိပြည်ကို ဖျက်ဆီးပြီ။ မိမိအမျိုး သား ချင်းတို့ကို သတ်လေပြီ။
အဓမ္မပြုသော သူတို့၏အနွယ် သည် ဂုဏ်အသရေအလျှင်းမရှိရဟု ပြောဆိုကြလိမ့်မည်။ 21 သူ၏ သားမြေးတို့သည်မထ၊
မြေကြီးကိုမပိုင်၊ မြေတပြင်လုံးတွင် ရန်သူများကို မနှိုးဆော်နိုင် မည်အ ကြောင်း၊ သူတို့အဘို့ ဘိုးဘေးတို့၏ အပြစ်ကြောင့်ကွပ်
မျက်ခြင်းကို ပြင်ကြလော့။ 22 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား၊ ငါသည်သူတို့တဘက်၌ ထ၍ ဗာဗုလုန်
မြို့၏နာမနှင့် အကြွင်းအကျန်ကိုင်၊ သားမြေးတို့ကိုင် ပယ်ဖြတ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 23 ငါသည် ထိုမြို့ကို
ဖြူကောင်များနေရာ၊ ရေလွှမ်း မိုးရာအရပ်ဖြစ်စေမည်။ ဖျက်ဆီးခြင်း၏ တန်မြက်စည်း ဖြင့်လှည်းမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရ ဘုရားမိန့်တော်မူ၏။ 24 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ကျိန်ဆို၍ မိန့်တော်မူသည်ကား၊ 25 ငါ၏မြေပေါ်မှာ
အာရှုရိမင်းကို ငါနှိပ်စက်မည်။ ငါ၏ တောင်ရိုးပေါ်မှာ ခြေဖြင့် ကျော်နင်းမည်ဟု ငါကြံ စည်သည် အတိုင်းဖြစ်၍၊ ငါစီရင်ချက်လည်း
တည်ရ လိမ့် မည်။ ထိုအခါ သူ၏ ထမ်းဘိုးကို သူတပါးအပေါ်က ရွှေ့ ၍၊သူတို့ပခုံးပေါ်မှာ တင်သောဝန်ကိုချရသော အခွင့်ရှိ လိမ့်မည်။
26 မြေတပြင်လုံးတွင် ထိုသို့ကြံစည်တော်မူ၏။ ခပ်သိမ်းသော ပြည်တို့အပေါ်မှာ ထိုသို့လက်တော်ကို ဆန့်လျက်ရှိ၏။ 27
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ အကြံတော်ကို အဘယ်သူဖျက်လိမ့်မည်နည်း။ ဆန့်တော် မူသောလက်တော်ကို
အဘယ်သူလှန်လိမ့်မည်နည်း။ 28 အာခတ်မင်းကြီး အနိစ္စရောက်သောနှစ်တွင် ခံရသော ဗျာဒိတ်တော် ဟူမူကား၊ 29 အိုဖိလိတ္တိပြည်လုံး၊
သင့်ကိုရိုက်သောကြိမ်လုံးကျိုး သည်ကိုထောက်၍၊ဝမ်းမမြောက်နှင့်။ ထိုမြွေအမျိုးထဲက မြွေဆိုးပေါက်လိမ့်မည်။
သူ၏အနွယ်သည်လည်း ပျံတတ် သော မီးမြွေဖြစ်လိမ့်မည်။ 30 အတိုင်းထက်အလွန် ဆင်းရဲသောသူတို့သည် စားရကြလိမ့်မည်။
ဆင်းရဲ ငြိုငြင်သောသူတို့သည် ဘေး လွတ်လျက် အိပ်ရကြလိမ့်မည်။ ငါသည်သင်၏အမြစ်ကို သွေ့ခြောက်ခြင်းအားဖြင့် သတ်၍၊
သင်၏ အကြွင်းကို လည်း မြွေဆိုးသည်ကွပ်မျက်လိမ့်မည်။ 31 အိုတံခါး၊ညည်းတွားလော့။ အိုမြို့၊ ငိုကြွေးမြည် တမ်းလော့။
အိုဖိလိတ္တိပြည်လုံး၊ သင်သည်မှိုင် တွေလျက်ရှိ ၏။ မြောက်မျက်နှာမှ မီးခိုးထွက်လာ၏။ ထိုအလုံးအရင်း ၌


generated on Sun Jun 30 02:37:40 2024

တယောက်တခြားစီနေသော သူမရှိ။ 32 တပြည်တနိုင်မှ ရောက်လာသော သံတမန်တို့ အား အဘယ်သို့ ပြန်ပြောရမည်နည်း ဟူမူကား၊
ထာဝရဘုရားသည် ဇိအုန်မြို့ကို တည်ထောင်တော်မူ သည်ဖြစ်၍၊ ကိုယ်တော်၏ ဆင်းရဲသားတို့သည် ထိုမြို့၌ ကိုးစားကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 15

[1] မောဘပြည် နှင့် ဆိုင်သော ဗျာဒိတ်တော်ကား၊ လုပ်ကြံသော ညဉ့်အခါ၊ မောဘပြည်အာရမြို့သည် ပျက် စီး၏။ လုပ်ကြံသော
ညဉ့်အခါ၊ မောဘပြည် ကိရမြို့သည် ပျက်စီး၏။ [2] ပြည်သားတို့သည် ဗက်မြို့၊ဒိဘုန်မြို့၌ မြင့် သောအရပ်သို့ တက်၍ ငိုကြွေးကြ၏။
မောဘပြည်သူ တို့သည် နေဗောမြို့၊ မေဒဘမြို့ပေါ်မှာ ညဥ်းတွား မြည်တမ်းကြ၏။ သူတို့ခေါင်းပေါ်မှာ ဆံပင်မရှိ။ သူတို့
မုတ်ဆိတ်ကိုလည်း ရိတ်ပယ်ပြီ။ [3] လမ်းခရီးတို့တွင် လျှော်တေအဝတ်ကို ဝတ်ကြ ၍၊ အိမ်မိုးပေါ်၌ရင်း၊ လမ်းမ၌ ရင်းရှိသမျှသော
သူတို့သည် ညည်းတွားမြည်တမ်း၍၊ အလွန် မျက်ရည် ကျကြ၏။ [4] ဟေရှဘုန်မြို့နှင့် ဧလာလေမြို့တို့လည်း ငိုကြွေး ၍၊ ငိုသံသည်
ယာဟတ်မြို့တိုင်အောင် ကြားရ၏။ မောဘ သူရဲတို့သည်လည်း၊ တုန်လှုပ်သောစိတ်နှလုံးနှင့် ငိုကြွေး ကြ၏။ [5] ငါ့နှလုံးသည်လည်း၊
မောဘအဘို့ ငိုကြွေး၏။ ပြေးသောသူတို့သည်၊ သုံးနှစ်အသက်ရှိသော နွားမကဲ့သို့ ဇောရမြို့တိုင်အောင် လည်ကြ၏။
လုဟိတ်တောင်ပေါ်သို့ မျက်ရည်ကျလျက် တက်ကြ၏။ ဟောရနိမ့်မြို့သို့ သွား သော လမ်း၌လည်း ဆုံးရှုံးခြင်းအသံကို လွှင့်ကြ၏။ [6]
အကြောင်းမူကား၊နိမရိမ် ရေကန်တို့သည် ဆိတ်ညံ၍၊ မြက်ပင်များ သွေ့ခြောက်ခဲ့ပြီ။ ပျိုးပင်များ လည်း သေခဲ့ပြီ။ စိမ်းသောအပင်
တပင်မျှမရှိ။ [7] ထို့ကြောင့်၊ သူတို့သည် မိမိတို့ဆည်းဖူးသော ဥစ္စာ၊ သိုထားသောဘဏ္ဍာများကို မိုဃ်းမခပင် ချိုင့်သို့
ယူသွားကြလိမ့်မည်။ [8] ငိုကြွေးသောအသံသည် မောဘပြည်ကို နှံ့ပြား လေ၏။ ညဉ်းတွားမြည်တမ်းသော အသံသည် ဧဂလိမ် မြို့
တိုင်အောင်ရင်း၊ ဗေရဧလိမ်မြို့ တိုင်အောင်ရင်း ရောက်လေ၏။ [9] အကြောင်းမူကား၊ မုဒိန်မြို့ရေတို့သည် အသွေး နှင့်ပြည့်ကြ၏။
ဒိဇုန်မြို့အပေါ်မှာ အခြားသော ဘေးများ ကိုင်း၊ လွတ်အောင်ပြေးသော မောဘပြည်သားနှင့် ကျန်ကြွင်းသော ပြည်သားအပေါ်မှာ
ခြင်္သေ့တို့ကိုရင်း ငါရောက်စေမည်။

## Chapter 16

[1] မြေရှင်ထံသို့ သိုးသငယ်ကို ပေးလိုက်ကြလော့။သေလမြို့မှတောတရှောက်လုံး၊ ဇိအုန်သတို့သမီး၏ တောင်သို့ပေးလိုက်ကြလော့။ [2]
မိမိအသိုက်ကို စွန့်ပစ်၍ လည်ရသောငှက်ကဲ့သို့၊ မောဘသမီးတို့သည် အာနုန်မြစ်ကူးရာကမ်းနားမှာ ရှိကြလိမ့်မည်။ [3] အကြံပေးလော့။
တရားသဖြင့် စီရင်လော့။ မွန်းတည့်အလင်းထဲ၌ ညဉ့်ကဲ့သို့ သင်၏အရိပ်ကို ဖြစ်စေ လော့။ နှင်ထုတ်သောသူတို့ကို ဝှက်ထားလော့။
ပြေးသော သူတို့ကို မပြနှင့်။ [4] မောဘပြည်မှ နှင်ထုတ်သော သူတို့သည် သင် နှင့်အတူနေကြစေလော့။ ဖျက်ဆီးသောသူ၏ လက်မှ
လွတ်စေခြင်းငှါ သူတို့ကိုစောင့်မလော့။ သင်ကို ညှဉ်းဆဲ သောသူမရှိ။ ဖျက်ဆီးသောသူ ပြတ်လေ၏။ နှိပ်နင်းသော သူတို့ကို
မြေပေါ်ကပယ်ရှားလေပြီ။ [5] ရာဇပလ္လင်သည်လည်း၊ ကရုဏာ၌တည်လိမ့် မည်။ သစ္စာနှင့်ပြည့်စုံ၍၊ ပလ္လင်တော်ပေါ်မှာ ထိုင်တော်
မူသောသူသည် ဖြောင့်မတ်စွာ စစ်ကြော၍၊ တရားမှုကို အလျင်အမြန် ဆုံးဖြတ်တော်မူလျက်၊ ဒါဝိဒ်မင်း၏ တဲတော်၌
တရားစီရင်တော်မူလိမ့်မည်။ [6] မောဘ၏ မာနကို ငါတို့သည်ကြားသိကြ၏။ အလွန်ကြီးသော မာနဖြစ်၏။ ထောင်လွှားစော်ကားခြင်း၊
ဒေါသအမျက်ထွက်ခြင်းရှိ၍၊ အချည်းနှီးသက်သက်ဝါ ကြွားသော စကားကိုပြောတတ်၏။ [7] ထို့ကြောင့်၊ မောဘသည်
မိမိအတွက်ညည်းတွား မြည်တမ်းရလိမ့်မည်။ ပြည်သားရှိသမျှတို့သည် ညည်း တွားမြည်တမ်းကြလိမ့်မည်။
ကိရဟရက်မြို့ပျက်သည်အ တွက် သင်တို့သည်ညည်းတွားကြလိမ့်မည်။ ထိုမြို့သည် ဒဏ်ခတ်ခြင်းကို အလွန်ခံရ၏။ [8] ဟေရှဘုန်
လယ်ပြင်တို့သည် သွေ့ခြောက်ကြ ၏။ စိဗမာစပျစ်နွယ်ပင် အညွန့်များကိုလည်း တပါး အမျိုးသားမင်းတို့သည် ချိုးကြပြီ။
ထိုအညွန့်တို့သည် အထက်က ယာဇာမြို့တိုင်အောင် ရောက်၍၊တော၌လည် တတ်ကြ၏။ အလက်တို့သည် ရှည်လျား၍၊ ပင်လယ်
ကိုလွန်ကြ၏။ [9] ထို့ကြောင့်၊ ယာဇာမြို့အတွက်မျက်ရည်ကျသ ကဲ့သို့၊ စိဗမာစပျစ်နွယ်ပင်အတွက် ငါသည်မျက်ရည် ကျမည်။
အိုဟေရှဘုန်မြို့နှင့် ဧလာလေမြို့၊ ငါသည် မျက်ရည်ကျလျက် သင့်ကိုရေလောင်းမည်။ အကြောင်းမူကား၊ သင်၏သစ်သီးနှင့်
စပါးနှံတို့သည် စစ်တိုက်သံနှင့် တွေ့ကြုံကြပြီ။ [10] ဝပြောသောလယ်ပြင်ထဲမှာ ဝမ်းမြောက်ရွှင် လန်းခြင်း ပြတ်လေပြီ။ စပျစ်ဥယျာဉ်၌
သီချင်းမဆိုရကြ။ မကြွေးကြော်ရကြ။ စပျစ်သီးနယ်ရာကျင်း၌ စပျစ်သီး ကိုနင်းသောသူလည်း မနင်းရ။ ကြွေးကြော်သော အသံ
ကိုလည်းငါ ပြတ်စေပြီ။ [11] ထို့ကြောင့်၊ ငါ့ဝမ်းသည် မောဘပြည်အတွက်၊ ငါ့အအူသည် ကိရဟရက်မြို့အတွက်၊ စောင်းကဲ့သို့ မြည်ရ
လိမ့်မည်။ [12] ထိုအခါ မောဘသည် မိမိမြင့်သောအရပ်၌ မိမိကို ပင်ပန်းစေခြင်း၊ ပဌနာပြုအံ့သောငှါ မိမိသန့်ရှင်း ရာ ဌာနသို့
ဝင်ခြင်းအရာသည် ထင်ရှားသော်လည်း၊ အကြံမမြောက်နိုင်ရာ။ [13] ထိုသို့ ထာဝရဘုရားသည် မောဘ၏ အ ကြောင်းစကားကို
အထက်က မိန့်တော်မူ၏။ [14] ယခုတဖန် မိန့်တော်မူသည်ကား၊ အခစား သောသူရေတွက်သည်အတိုင်း၊ သုံးနှစ်လွန်မှ၊ မောဘ ပြည်၏
ဘုန်းအသရေသည် မိမိအလုံးအရင်းနှင့်တကွ ရှုတ်ချခြင်းသို့ ရောက်ရမည်။ ကျန်ကြွင်းသောသူတို့သည် အလွန်နည်း၍၊
ခွန်အားကုန်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 17

1 ဒမာသက်မြို့နှင့် ဆိုင်သော ဗျာဒိတ်တော်ကား၊ ကြည့်ရှုလော့။ ဒမာသက်မြို့သည် မြို့မဖြစ်အောင် ပျက် စီးရာပုံဖြစ်ရ၏။ 2
အာရော်မြို့များကို စွန့်ပစ်သောကြောင့်၊ သိုးစု တို့သည်ပိုင်၍၊ အဘယ်သူမျှမမောင်းဘဲအိပ်ကြလိမ့်မည်။ 3 ဧဖရိမ်ပြည်၌မြို့မရှိရ။
ဒမာသက်မြို့နှင့် ကျန်ကြွင်းသော ရှုရိပြည်၌ မင်းအာဏာမရှိရ။ သူတို့သည် ဣသရေလ အမျိုးသားတို့၏ ဘုန်းအသရေကဲ့သို့ဖြစ်ရ
ကြလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ 4 ထိုကာလ၌ ယာကုပ် အမျိုး၏ ဘုန်းသည် လျော့ ၍၊
ဆူဝခြင်းလည်း ပိန်ကြုံခြင်းဖြစ်ရလိမ့်မည်။ 5 လူသည် စပါးကိုသိမ်းယူ၍ အသီးအနှံများ ကိုလက်နှင့် ရိတ်သကဲ့သို့၎င်း၊ ရေဖိမ်ချိုင့်၌
အသီးအနှံ တို့ကိုသိမ်းရိတ်သကဲ့သို့၎င်း၊ ထိုအမှုဖြစ်ရလိမ့်မည်။ 6 သို့ရာတွင်၊သံလွင်ပင်ကို လှုပ်ပြီးမှ အပင်ဖျား၌ အသီးနှစ်လုံးသုံးလုံး၊
အသီးကောင်းသော အခက်တို့၌ လေးငါးလုံးရှိတတ်သကဲ့သို့၊ ကောက်သိမ်းစရာ အကြွင်း ရှိရလိမ့်မည်ဟု ဣသရေလအမျိုး၏
ဘုရားသခင် ထာဝရ ဘုရားမိန့်တော်မူ၏။ 7 ထိုကာလ၌ လူသည်မိမိကို ဖန်ဆင်းတော်မူ သော အရှင်ကို ရည်မှတ်၍၊
ဣသရေလအမျိုး၌ သန့်ရှင်း တော်မူသော ဘုရားကို ဖူးမြော်ရလိမ့်မည်။ 8 မိမိလက်နှင့် လုပ်သော ယဇ်ပလ္လင်တို့ကို မမှတ်ရ။
မိမိလက်ချောင်းနှင့် လုပ်သောအ ရာတည်းဟူ သော အာရှရပင်တို့ကို၎င်း၊ ရုပ်ထုတို့ကို၎င်း ပမာဏ မပြုရ။ 9 ထိုကာလ၌
သူ၏ခိုင်ခံ့သောမြို့တို့သည် ဣသ ရေလ အမျိုးသား ရှေ့မှာစွန့်ပစ်သော သစ်တောအကျန် အကြွင်းနှင့်သစ်ပင်အဖျားကဲ့သို့ ဖြစ်၍၊
ထိုပြည်သည် ဆိတ်ညံ့လျက်ရှိရလိမ့်မည်။ 10 သင့်ကို ကယ်တင်တော်မူသော ဘုရားသခင်ကို သင်သည် မေ့လျော့၍၊ မိမိခိုလှုံရာ
ကျောက်ကို မိမိမ အောက်မေ့သောကြောင့်၊ သာယာသော ပျိုးပင် တို့နှင့်၊ တကျွန်းတနိုင်ငံအညွန့်တို့ကို စိုက်ပျိုး၍၊ 11 ထိုပျိုးပင်တို့ကို
ကြီးပွားစေခြင်းငှါ၎င်း၊ အလျင် အမြန် အပွင့်ပွင့်စေခြင်းငှါ၎င်းပြုပြီးမှ၊ သိမ်းယူရာကာလ ၌ အသီးအနှံသည်ပျက်စီး၍၊ သင်သည်
မပျောက်နိုင် သော ဝမ်းနည်းခြင်းရှိရလိမ့်မည်။ 12 သမုဒ္ဒရာမြည်သံကဲ့သို့ မြည်တတ်သောလူ များ အလုံးအရင်းတို့၌၎င်း၊
အားကြီးသော ရေတို့ သည် ဟုန်းသကဲ့သို့ ဟုန်းတတ်သောလူမျိုးတို့၌၎င်း အမင်္ဂလာရှိ၏။ 13 အားကြီးသောရေတို့သည် ဟုန်းသကဲ့သို့၊
လူမျိုးတို့သည် ဟုန်းကြသော်လည်း၊ ဆုံးမတော်မူ သော ကြောင့်၊ အဝေးသို့ပြေးသွားကြလိမ့်မည်။ တောင်ပေါ်မှာ လေတိုက်၍
လွင့်သော ဖွဲ့ကဲ့သို့၎င်း၊ လေဘွေ၌ ပါသွား သော အမှိုက်ကဲ့သို့၎င်း၊ သူတို့သည် နှင်ခြင်းကို ခံရကြ လိမ့်မည်။ 14 ညဦးယံ၌
ဘေးရောက်၍၊ နံနက်ယံမတိုင်မီ ပျောက်ရှာကြလိမ့်မည်။ ငါတို့ကို ညှဉ်းဆဲသောသူတို့သည် ထိုသို့သော အကျိုး၊ ငါတို့ကို
လုယူဖျက်ဆီးသော သူတို့ သည်၊ ထိုသို့သော အမွေဥစ္စာကို ခံရကြလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 18

[1] အဲသယောပိ မြစ်များအနားမှာ အသံမြည်တတ် သော အတောင်ရှိ၍၊ [2] ပင်လယ်လမ်းဖြင့်၎င်း၊ ရေပေါ်၌ဂမာလှေဖြင့် ၎င်း၊
သံတမန်တို့ကို လွှတ်တတ်သောပြည်၊ နားထောင် လော့။ ခိုင်မာပြင်းထန်လျက် ရှေ့ဦးစွာမှစ၍ ယခုတိုင် အောင်၊
ကြောက်မက်ဖွယ်ဖြစ်ထသော၊ ခွန်အားကြီး၍ နှိမ်နင်းတတ်ထသော၊ မြစ်ကွဲပြားသော မြေ၌နေသော လူမျိုးထံသို့၊
လျင်မြန်သောတံမန်တို့၊ သွားကြလော့။ [3] လောကီနိုင်ငံ၌ နေသောမြေကြီးသား အပေါင်း တို့၊ တောင်ပေါ်မှာ အလံကို ထူသောအခါ
ကြည့် ရှုကြ လော့။ တံပိုးမှုတ်သောအခါ နားထောင်ကြလော့။ [4] ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည် ကား၊ နေအရောင်ထဲမှာ
ကြည်လင်သော အရှိန်ကဲ့သို့၎င်း၊ အသီးအနှံကို သိမ်းယူရာ ပူသောကာလ၌ နှင်းနှင့် ပြည့်စုံသော မိုဃ်းတိမ်ကဲ့သို့၎င်း၊
ငါသည်ကျိန်းဝပ်၍ ငါ့ နေ ရာအရပ်မှာ ကြည့်ရှုမည်။ [5] စပျစ်သီးကို သိမ်းယူရာ ကာလမတိုင်မှီ အငုံ့ စေ့စုံ၍၊ အပွင့်လည်း
လုံးသောအသီး ဖြစ်စဉ်အခါ၊ အညွန့်များကို တံစဉ်နှင့်ဖြတ်၍၊အခက်အလက်များကို သုတ် သင်ပယ်ရှင်းတော်မူမည်။ [6] သူတို့သည်
တောင်ပေါ်မှာ နေတတ်သော ငှက် များ၊ တောသားရဲများတို့၏ အဘို့ဖြစ်၍၊ ငှက်တို့သည် နွေ ကာလ၌၎င်း၊ သားရဲအပေါင်းတို့သည်
ဆောင်းကာလ ၌၎င်း၊ သူတို့အပေါ်မှာ နေကြလိမ့်မည်။ [7] ထိုအခါ ခိုင်မာပြင်းထန်လျက် ရှေ့ဦးစွာမှစ၍ ယခုတိုင်အောင်
ကြောက်မက်ဘွယ်ဖြစ်ထသော၊ ခွန် အားကြီး၍ နှိမ်နင်းတတ်ထသော၊ မြစ်များ ကွဲပြား သော မြေ၌နေသောလူမျိုးသည်၊ ကောင်းကင်
ဗိုလ်ခြေအရှင် ထာဝရဘုရား၏ နာမတော်တည်ရာ ဇိအုန်တောင်သို့၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရားဘို့ လက်
ဆောင်ပဏ္ဏာကို ဆောင်ခဲ့ကြ လိမ့်သ တည်း။

---


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 အဲဂုတ္တုပြည် နှင့် ဆိုင်သော ဗျာဒိတ်တော်ကား၊ ကြည့်ရှုလော့။ ထာဝရဘုရားသည် လျင်မြန်သော မိုဃ်း တိမ်ကိုစီး၍ အဲဂုတ္တုပြည်သို့
ကြွတော်မူ၏။ ရှေ့တော်၌ အဲဂုတ္တုပြည်၏ ရုပ်တု ဆင်းတုတို့သည် လှုပ်ရှား၍၊ အဲဂုတ္တုပြည်၏ နှလုံးသည် သူ၏အထဲမှာ အရည်
ကျိုလျက် ရှိလိမ့်မည်။ 2 အဲဂုတ္တုပြည်သားတို့သည် အချင်းချင်း တ ယောက်နှင့် တယောက် ရန်ပြုစေခြင်းငှါ ငါနှိုးဆော်သ ဖြင့်၊
သူတို့သည် ညီအစ်ကိုချင်း တယောက်နှင့် တ ယောက်၊ အိမ်နီးချင်း တယောက်နှင့်တယောက်၊တမြို့ နှင့် တမြို့၊ တနိုင်ငံနှင့် တနိုင်ငံ
စစ်တိုက်ကြလိမ့်မည်။ 3 အဲဂုတ္တုပြည်၏ စိတ်သည် သူ၏အထဲမှာ ပျက် လိမ့်မည်။ သူ၏အကြံကိုလည်း ငါဖျက်မည်။ သူတို့သည်
ရုပ်တုတို့၌၎င်း၊ ပြုစားသောသူတို့၌၎င်း၊ နတ်ဝင်နှင့် စုန်း တို့၌၎င်း ဆည်းကပ်ကြလိမ့်မည်။ 4 အဲဂုတ္တုပြည်သားတို့ကို
ကြမ်းကြုတ်သော သခင်တို့ လက်သို့ ငါအပ်သဖြင့်၊ ပြင်းထန်သော ရှင်ဘု ရင်တပါးသည် အုပ်စိုးလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ
သခင် အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 5 ထိုအခါပင် လယ်ရေပြတ် လိမ့်မည်။ မြစ်ရေ လည်းလျော့၍ ခန်းခြောက် လိမ့်မည်။ 6
ချောင်းရေများလည်း ပုပ်ကြလိမ့်မည်။ အဲဂုတ္တုမြစ်လက်ကြားတို့လည်း ရေပြတ်၍ ခန်းခြောက်သဖြင့်၊ ကျူပြင်နှင့် ကိုင်းပင်တို့သည်
ညှိုးနွမ်းကြလိမ့်မည်။ 7 မြစ်လက်ကြားနားနှင့် ချောင်းဝနားမှာ ပေါက် သော မြက်ပင်အစရှိသော၊ မြစ်နားမှာ စိုက်သမျှတို့သည်
ညှိုးနွမ်းပျက်စီးပပျောက်ကြလိမ့်မည်။ 8 တံငါတို့သည် ညည်းတွားကြလိမ့်မည်။ မြစ်၌ ငါးမျှားကို ချသမျှသောသူတို့သည်
မြည်တမ်း၍ ရေပေါ် မှာ ပိုက်ကွန်ကို ဖြန့်တတ်သော သူတို့သည် စိတ်ပျက် ကြလိမ့်မည်။ 9 ပိုက်ဆန်လုပ်သောသူနှင့် ဈာမျိုးကို
ရက်သော သူတို့သည်လည်း အကျိုးနည်းရှိကြလိမ့်မည်။ 10 အမှီတကဲတို့သည် ပျက်၍၊ အခစားသောသူအ ပေါင်းတို့သည်
ညှိုးငယ်သောစိတ် ရှိကြလိမ့်မည်။ 11 အကယ်စင်စစ် ဇောနမင်းတို့သည် အရူးဖြစ် ကြ၏။ ဖာရောဘုရင်၏ တိုင်ပင်မှူးမတ်တို့သည်
မိုက် သောအကြံကိုပေးကြ၏။ ကျွန်တော်သည် ပညာရှိအမျိုး၊ ရှေးဘုရင်တို့ အနွယ်ဖြစ်ပါသည်ဟု ဖာရောဘုရင်အား အဘယ်ကြောင့်
လျှောက်ကြသနည်း။ 12 သူတို့သည် အဘယ်မှာ ရှိကြသနည်း။ သင်၏ ပညာရှိတို့သည် အဘယ်မှာရှိကြသနည်း။ ကောင်းကင်
ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ အဲဂုတ္တုပြည် တဘက် ၌ အဘယ်သို့ ကြံစည်တော်မူသည်ကို ယခုပြောကြပါစေ။ ဘော်ပြကြပါစေ။
13 ဇောနမင်းတို့သည် အရူးဖြစ်ကြပြီ။ နောဖမင်း တို့သည် မှားယွင်းကြပြီ။ အဲဂုတ္တုပြည်၏ အမျိုးအနွယ် များကိုအုပ်သော အကြီးအကဲ
တို့ကိုလည်း မှားယွင်းစေ ကြပြီ။ 14 ထာဝရဘုရားသည် အဲဂုတ္တုပြည်၏ အလယ်၌ ယစ်မူးသော သဘောကို ပြင်ဆင်တော်မူသဖြင့်၊
ယစ်မူး သောသူသည် မိမိအန်ဖတ်၌ လဲသကဲ့သို့၊ အဲဂုတ္တုပြည် သားတို့သည် ပြုလေသမျှတို့၌ မှားယွင်းကြပြီ။ 15 အဲဂုတ္တုပြည်၏
ဦးခေါင်းဖြစ်စေ၊ အမြီးဖြစ်စေ၊ စွန်ပလွံလက်ဖြစ်စေ၊ ကိုင်းပင်ဖြစ်စေ၊ ပြီးစီးနိုင်သော အမှုအလျှင်းမရှိရ။ 16 ထိုကာလ၌ အဲဂုတ္တု
လူတို့သည် မိန်းမကဲ့သို့ ဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားသည် သူတို့အ ပေါ်မှာ လက်တော်ကို
လှုပ်ရှားတော်မူသောကြောင့်၊ ကြောက်လန့် တုန်လှုပ်ကြလိမ့်မည်။ 17 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် အဲဂုတ္တုပြည်
တဘက်၌ ကြံစည် တော်မူသော အကြံအ စည်ကြောင့်၊ ယုဒပြည်သည်လည်း အဲဂုတ္တုပြည်၌ ကြောက်မက်ဘွယ်ဖြစ်လိမ့်မည်။
ယုဒပြည်ဟူ၍ ပြော ကာမျှ နှင့် လူတိုင်း ကြောက်၍ရွံ့ကြလိမ့်မည်။ 18 ထိုကာလ၌ အဲဂုတ္တုပြည်တွင်၊ မြို့ငါးမြို့တို့သည်
ခါနာန်ဘာသာစကားကို ပြော၍၊ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား၏ သစ္စာတော်ကို ခံကြလိမ့်မည်။ ထိုမြို့တို့တွင်၊ တမြို့ကို
သူရိယာမြို့ဟူ၍ ခေါ်ဝေါ်ကြ လိမ့်မည်။ 19 ထိုကာလ၌ အဲဂုတ္တုပြည် အလယ်တွင်၊ ထာဝရ ဘုရားကို ပူဇော်ရာယဇ်ပလ္လင် ရှိလိမ့်မည်။
ပြည်စွန်းနား တွင်လည်း ထာဝရဘုရားအဘို့ မှတ်တိုင်ရှိလိမ့်မည်။ 20 ထိုမှတ်တိုင်သည် အဲဂုတ္တုပြည်တွင် နိမိတ်လက္ခဏာဖြစ်လိမ့်မည်။
ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၏ သက်သေလည်းဖြစ်လိမ့်မည်။ အကြောင်းမူ ကား၊ သူတို့သည် ညှဉ်းဆဲခြင်းကို
ခံရသောကြောင့်၊ ထာဝရဘုရားကို အော်ဟစ်ကြသည်ရှိသော်၊ ကယ်တင် သောအရှင်၊ အမှုစောင့်သခင်ကို သူတို့ရှိရာသို့ စေလွှတ်
တော်မူ၍၊ ထိုသခင်သည် ကယ်တင်တော်မူ၏။ 21 အဲဂုတ္တုပြည်တွင် ထာဝရဘုရားကို သိရကြ သည်ဖြစ်၍ ထိုကာလ၌
အဲဂုတ္တုလူတို့သည် ထာဝရဘုရား ကို သိသောကြောင့်၊ ပူဇော်သက္ကာ အလှူဒါနကို ဆက်ကပ် ၍ ဝတ်ပြုကြလိမ့်မည်။ ထာဝရဘုရား
ရှေ့တော်၌ သစ္စာ ဂတိထား၍၊ ထားသည့်အတိုင်း ပြုကြလိမ့်မည်။ 22 ထာဝရဘုရားသည်လည်း အဲဂုတ္တုပြည်ကို ဒဏ် ခတ်၍၊
ခတ်ပြီးသော ဒဏ်ရာကို ပျောက်စေတော်မူမည်။ သူတို့သည်လည်း၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲကြ သည့်ကာလ၊
သူတို့တောင်းပန်ခြင်းကို နားထောင်၍ ဒဏ်ရာကို ပျောက်စေတော်မူမည်။ 23 ထိုကာလ၌ အဲဂုတ္တုပြည်မှသည် အာရှုရိပြည် တိုင်အောင်၊
လမ်းတွင်လိမ့်မည်။ အာရှုရိလူသည် အဲဂုတ္တုပြည်သို့၎င်း၊ အဲဂုတ္တုလူသည်၊ အာရှုရိပြည်သို့၎င်း သွားလာ၍ အဲဂုတ္တုလူနှင့်
အာရှုရိလူတို့သည် တညီတ ညွတ်တည်း ဝတ်ပြုကြလိမ့်မည်။ 24 ထိုကာလ၌ ဣသရေလအမျိုးသည် အဲဂုတ္တုအ မျိုးနှင့်၎င်း၊
အာရှုရိအမျိုးနှင့် ၎င်းပေါင်း၍၊ တတိယအ မျိုးတည်းဟူသော မြေကြီးအလယ်၌ မင်္ဂလာပြုသော အ မျိုးဖြစ်လိမ့်မည်။ 25
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားက လည်း၊ ငါ၏ လူအဲဂုတ္တုအမျိုး၊ ငါပြုပြင်သော အာရှုရိ အမျိုး၊ငါ၏ အမွေဥစ္စာဖြစ်သော
ဣသရေလအ မျိုးသည် မင်္ဂလာရှိစေသတည်းဟု ကောင်းကြီးပေး တော် မူလိမ့် မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 20

[1] အာရှုရိရှင်ဘုရင်သာဂုန်စေလွှတ်သော ဗိုလ် မင်းတာတန်သည် အာဇုတ်မြို့သို့စစ်ချီ၍၊ ထိုမြို့ကို လုပ် ကြံသော နှစ်တွင် [2]
ထာဝရဘုရားက၊ သင်သည်သွား၍ ခါးစည်း သော လျှော်တေအဝတ်နှင့် ခြေနင်းကိုချွတ်လော့ဟု၊ အာမုတ်သားဟေရှာယကို
မိန့်တော်မူသည်အတိုင်း၊ သူ သည် ပြု၍ အဝတ်ကို မဝတ်၊ ခြေနင်းကိုမစီးဘဲ သွားလာ လျက်နေ၏။ [3] ထာဝရဘုရားကလည်း၊
ငါ့ကျွန်ဟေရှာယသည် အဲဂုတ္တုပြည်နှင့် ကုရှပြည်၌ ပုပ္ပနိမိတ်၊ အံ့ဘွယ်သော အရာကိုပြခြင်းငှါ၊ သုံးနှစ်ပတ်လုံး အဝတ်ကိုမဝတ်၊
ခြေနင်းကိုမစီးဘဲ သွားလာသကဲ့သို့၊ [4] ထိုနည်းတူ၊အဲဂုတ္တုလူများကို အရှက်ခွဲခြင်း အလိုငှါ၊ အာရှုရိရှင်ဘုရင်သည် အဲဂုတ္တုလူနှင့် ကုရှ
လူအကြီးအငယ်တို့အား အဝတ်နှင့် ခြေနင်းကို ချွတ်၍၊ တင်ပါးကိုမျှ မဖုံးစေဘဲ၊ ဘမ်းဆီးချုပ်ထား သိမ်းသွား လိမ့်မည်။ [5]
အာဇုတ်မြို့သားတို့သည် ကြောက်ကြလိမ့်မည်။ သူတို့ ကိုးစားသော ကုရှပြည်ကိုငှင်း၊ ဝါကြွားသော အဲဂုတ္တုပြည်ကိုငှင်း
ရှက်ကြလိမ့်မည်။ [6] ထိုကမ်းနားမှာ နေသောသူများကလည်း၊ ကြည့်ပါ၊ အာရှုရိရှင်ဘုရင်၏ လက်မှလွတ်ခြင်းငှါ ငါတို့
မြော်လင့်ရာအရာ၊ ပြေး၍ခိုလှုံရာအရာသည် ထိုသို့ဖြစ်ပါ သည်တကား။ ငါတို့သည် အဘယ်သို့ လွတ်နိုင်ပါမည် နည်းဟု
ထိုအခါဆိုကြလိမ့်မည်။

---

Isaiah 01

တာတန်
အာရှုရိတပ်၏ ဗိုလ်ချုပ်မင်းဖြစ်သည်။

သာဂုန်
အာရှုရိရှင်ဘုရင်၏ နာမည်ဖြစ်သည်။

အာဇုတ်မြို့သို့စစ်ချီ၍၊ ထိုမြို့ကို လုပ် ကြံသော နှစ်တွင်
အာဇုတ်စစ်တပ်ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အာဇုတ်တပ်ကို နှိမ်နှင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်"

အဝတ်ကို မဝတ်၊ ခြေနင်းကိုမစီးဘဲ သွားလာ လျက်နေ၏
"အဝတ်ကိုမဝတ်၊ ခြေနင်းကိုမစီးဘဲ သွားလာလျက်နေ၏" အဝတ်မပါဘဲ သွားလာလျက် ဟုဆိုရာတွင် အတွင်းခံအဝတ်သာဝတ်ဆင်ခြင်းကို ဆိုလိုသည်။

Isaiah 03

ပုပ္ပနိမိတ်
သတိပေးခြင်းဖြစ်သည်။

အဲဂုတ္တုပြည်နှင့် ကုရှပြည်နှင့်ဆိုင်သော
ထိုပြည်ရှိလူများနှင့် ဆိုင်သောအကြောင်းအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်နှင့် ကုရှပြည်နှင့်ဆိုင်သော သတိပေးခြင်းဖြစ်သည်"

ရှုရိရှင်ဘုရင်သည် ဘမ်းဆီးချုပ်ထား သိမ်းသွား လိမ့်မည်
ရှင်ဘုရင်သည် သူ့စစ်တပ်ကို မိန့်မှာခဲ့သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိရှင်ဘုရင်သည် သူ၏ စစ်တပ်များအား လက်ရဖမ်းမိသည့် လူများကိုချုပ်နှောင်ခေါ်သွားရန် မိန့်မှာလိမ့်မည်"

အဲဂုတ္တုလူနှင့် ကုရှ လူအကြီးအငယ်တို့အား သိမ်းသွား လိမ့်မည်
အာရှုရိများ လာရောက်တိုက်ခိုက်၍ ဖမ်းဆီးသွားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုနှင့် ကုရှပြည်ကို လာရောက်တိုက်ခိုက်၍ ထိုလူများကို ဖမ်းဆီးခေါ်ဆောင်သွားလိမ့်မည်"

အဲဂုတ္တုလူများကို အရှက်ခွဲခြင်း
အဲဂုတ္တုလူများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုလူမျိုးများကို အရှက်ရစေမည်"

Isaiah 05

ကြောက်ကြလိမ့်မည်၊ ရှက်ကြလိမ့်မည်
"ကြောက်ရွံ့ခြင်းနှင့်အရှက်ရစေခြင်း"

သူတို့ ကိုးစားသော ကုရှပြည်ကိုငှင်း၊ ဝါကြွားသော အဲဂုတ္တုပြည်ကိုငှင်း
ကိုးစားခြင်းနှင့် ဝါကြွားခြင်းသည် စစ်တပ်အင်အားကို ယုံကြည်အားကိုးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ကုရှပြည်နှင့်အဲဂုတ္တုပြည်၏ စစ်တပ်အင်အားကို မျှော်လင့်ကိုးစားကြသည်"

ထိုကမ်းနားမှာ နေသောသူများကလည်း
မြေထဲပင်လယ်နယ်စပ်ဒေသရှိ မှီတင်းနေထိုင်သောလူမျိုး။

ပြေး၍ခိုလှုံရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခိုလှုံမည့်နေရာဆီသို့ ထွက်ပြေးသွားခြင်း"

ငါတို့သည် အဘယ်သို့ လွတ်နိုင်ပါမည် နည်းဟု ထိုအခါဆိုကြလိမ့်မည်
စာရေးသူသည် မျှော်လင့်ခြင်းမဲ့ကြောင်းရည်ရွယ်၍ ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခု လွတ်မြောက်မည့်လမ်းတစ်စုံတစ်ရာမျှ မတွေ့တော့ပါ"


generated on Sun Jun 30 02:37:40 2024

## Translation Questions

Isaiah 20:1

ဗိုလ်မင်းတာတန်သည် အာဇုတ်မြို့သို့လာသောအခါ အဘယ်သို့ဖြစ်မည်နည်း။
ဗိုလ်မင်းတာတန်သည် အာဇုတ်မြို့ကို တိုက်ခိုက်၍ လုပ်ကြံခဲ့သည်။

ဗိုလ်မင်းတာတန်ကို အာဇုတ်မြို့သို့ အဘယ်သူကို စေ လွှတ် ခဲ့သနည်း။
အာရှုရိရှင်ဘုရင် သာဂုန်သည် အာဇုတ်မြို့သို့ ဗိုလ်မင်းတာတန်ကို စေလွှတ်ခဲ့သည်။

ဗိုလ်မင်းတာတန်သည် အာဇုတ်မြို့ကို လုပ်ကြံသောအခါ ထာဝရဘုရားသည် ဟေရှာယအား အဘယ်သို့လုပ် ဆောင်မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားသည် ဟေရှာယအား သူ၏ ခြေနင်းနှင့်ခါး စည်းကို ချွတ်၍ အဝတ်မပါ ဖိနပ်မပါဘဲ သွားဖို့ရန် မိန့်တော်မူခဲ့သည်။

Isaiah 20:3

အဘယ်ကြောင့် ဟေရှာယအား ခြေနင်းမပါဘဲ သွားဖို့ပြောခဲ့သနည်း။
အာရှုရိရှင်ဘုရင်သည် အဲဂုတ္တုလူနှင့် ကုရှုလူတို့အား ခြေနင်းမပါဘဲ ခေါ်ဆောင်သွားမည်မှာ ဤနည်းအတိုင်းဖြစ်သည်။

Isaiah 20:5

အဲဂုတ္တုပြည်နှင့် ကုရှုပြည်၌ ကိုးစားသောသူတို့သည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။
သူတို့သည် ရှက်ကြောက်ကြလိမ့်မည်။

## Chapter 21

1 ရေလွှမ်းမိုးသော တောနှင့်ဆိုင်သော ဗျာဒိတ် တော်ကား၊ တောင်လေမုန်တိုင်းတိုက်သကဲ့သို့ ကြောက် မက်ဘွယ်သော ပြည်၊
တောကြီးမှလာ၏။ 2 ကြောက်မက်ဘွယ်သော ရူပါရုံကို ငါမြင်ရ၏။ လုယူတတ်သောသူသည် ဖျက်ဆီး၏။ ဧလံပြည်သားတို့၊
တက်သွားကြလော့။ မေဒိပြည်သားတို့၊ မြို့ကိုဝိုင်းထားကြ လော့။ ထိုမြို့ကြောင့်၊ သူတပါးညည်းတွားခြင်းရှိသမျှကို ငါငြိမ်းစေ၏။ 3
ထို့ကြောင့်၊ ငါသည် ခါးနာလှ၏။ သားဘွား သော မိန်းမခံရသကဲ့သို့ ဝေဒနာကိုခံရ၏။ နားမကြားနိုင် အောင် ပြင်းထန်စွာခံရ၏။
မျက်စိမမြင်နိုင်အောင် မှိုင်တွေလျက်ရှိ၏။ 4 ငါ့စိတ်နှလုံးသည် မူးလျက်ရှိ၏။ ကြောက်မက် ဘွယ်သော အရာဖြင့်
ငါသည်ထိတ်လန့်လျက်ရှိ၏။ ငါပျော်မွေ့သောညဥ့်ကိုဘေးနှင့် ပြည့်စုံစေတော်မူ၏။ 5 စားပွဲကိုပြင်ပြီး။ ကင်းစောင့်ကို ထားပြီး။
စားသောက်လျက်နေကြပြီ။ အိုမင်းများတို့၊ ထကြ၊ လွှားကို ဆီလောင်းကြ။ 6 အကြောင်းမူကား၊ ဘုရားရှင်က၊ သင်သွား၍
ကင်းစောင့်ကိုထားလော့။ မြင်သည့်အတိုင်းပြော စေ လော့ဟု ငါ့အားမိန့်တော်မူ၏။ 7 ကင်းစောင့်သည်လည်း၊နှစ်စီးစီ နှစ်စီးစီ ချီလာ
သော မြင်းတပ်တတပ်၊ မြည်းတပ်တတပ်၊ ကုလားအုပ် တပ်တတပ်ကို မြင်၍၊ သတိနှင့် စေ့စေ့ကြည့်ရှု နားထောင် ပြီးလျှင်၊ 8 သခင်၊
ကျွန်တော်သည် နေ့အချိန်၌ ကင်းမျှော် စင်ပေါ်မှာ အစဉ်ရပ်၍၊ တညဥ့်လုံး၌လည်း ကင်းစောင့် လျက်နေပါ၏။ 9 ယခုမှာ နှစ်စီးစီ
နှစ်စီးစီ ချီလာသော မြင်းစီးသူ ရဲတပ်ကို မြင်ပါသည်ဟု ခြင်္သေ့ကဲ့သို့ ကြွေးကြော်၏။ သူ ကလည်း၊ ဗာဗုလုန်မြို့ပြိုလဲပြီ၊ ပြိုလဲပြီ၊
သူ၏ဘုရားရုပ်တု ဆင်းတု ရှိသမျှတို့သည် မြေပေါ်မှာ ကျိုးပဲ့လျက် ရှိကြ ပါသည်ဟု ထပ်၍ဆိုလေ၏။ 10 ငါနင်းနယ်၍
ငါ့တလင်းပြင်မှ ထွက်သောစပါး၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား၊ ဣသရေလ အမျိုး၏ ဘုရား သခင်မိန့်တော်မူသည်ကို
ငါကြားရသည် အတိုင်း၊ သင်တို့အား ငါဆင့်ဆိုသတည်း။ 11 ဒုမာပြည်နှင့်ဆိုင်သော ဗျာဒိတ်တော်ကား၊ အိုကင်းစောင့်၊ ညဥ့်အမူကား
အဘယ်သို့နည်း။ အိုကင်း စောင့်၊ ညဥ့်အမူကား အဘယ်သို့နည်းဟု စိရ တောင် ပေါ်က ငါ့ကို ဟစ်ခေါ်လေ၏။ 12 ကင်းစောင့်ကလည်း၊
နံနက်သည်လာ၏။ ညဥ့် လည်းလာ၏။ သင်တို့သည် မေးမြန်းလိုလျှင် မေးမြန်း ကြ။ ပြန်သွားကြ။ တဖန် လာကြဟု ဆိုလေ၏။ 13
အာရပ်ပြည်နှင့် ဆိုင်သော ဗျာဒိတ်တော်ကား၊ ခရီးသွားသော ဒေဒန် လူစုတို့၊ သင်တို့သည် အာရပ်တော မှာ ညဥ့်ကို လွန်စေရကြမည်။
14 တေမပြည်သားတို့၊ ရေငတ်သောသူ အဘို့ ရေကို ယူခဲ့ကြ၏။ ပြေးသောသူကို မုန့်နှင့်ဆီး၍ ကြိုကြ၏။ 15 အကြောင်းမူကား၊
သူတို့သည် ထားဘေးမှငင်း၊ ထုတ်သောထား၊ တင်သောလေး၊ အလွန်ခက်သော စစ်မှု မှငင်းပြေးကြ၏။ 16 ထာဝရဘုရားသည် ငါ့အား
မိန့်တော်မူသည် ကား၊ အခစားသောသူရေတွက်သည်အတိုင်း၊ တနှစ်တွင် ကေဒါမြို့၏ ဘုန်းအသရေ ရှိသမျှ ကွယ်ပျောက်၍၊ 17
ကျန်ကြွင်းသော ကေဒါအမျိုးသား၊ လေးစွဲသူရဲ တို့သည် အလွန် နည်းကြလိမ့်မည်ဟု၊ ဣသရေလအမျိုး ၏ ဘုရားသခင်
ထာဝရဘုရား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 22

1 ဗျာဒိတ်ရူပါရုံချိုင့် နှင့် ဆိုင်သော ဗျာဒိတ်တော် ကား၊ သင့်တမြို့လုံးသည် အိမ်မိုးပေါ်သို့ တက်ရမည် အကြောင်း၊ အဘယ်အမှု
ရောက်သနည်း။ 2 အထက်က အသံဗလံများ၍ အုတ်အုတ်ကျက် ကျက် ပြုတတ်သောမြို့၊ ရွှင်လန်းသောမြို့၊ သင်၏ လူသေ တို့သည်
ထား လက်နက်ကြောင့် ဆုံးကြသည်မဟုတ်။ စစ်တိုက်ရာမှာ သေကြသည် မဟုတ်။ 3 သင်၏ မင်းအပေါင်းတို့သည် အတူပြေးကြ၏။
လေးသမားတို့ လက်၌ ချည်နှောင်လျက်ရှိကြ၏။ တွေ့သ မျှသော သင်၏ လူတို့သည် အဝေးသို့ ပြေးသော်လည်း၊
အတူချည်နှောင်လျက်ရှိကြ၏။ 4 ထိုကြောင့် ငါဆိုသည်ကား၊ ငါ့ကိုမကြည့်ပါနှင့်။ ပြင်းစွာ ငိုရမည်။ ငါ့အမျိုးသတို့သမီး
ပျက်စီးသည်ဖြစ်၍၊ ငါ့စိတ်ပြေစေခြင်းငှါ မကြိုးစားပါနှင့်။ 5 ကောင်းကင် ဗိုလ်ခြေသခင်အရှင်ထာဝရ ဘုရားသည်၊
ဗျာဒိတ်ရူပါရုံချိုင့်တွင် စီရင်တော်မူ သဖြင့်၊ ဒုက္ခခံရာကာလ၊ နှိပ်စက် နှောင့်ရှက်ရာကာလ၊ မြို့ရိုးကို ဖြိုဖျက်၍ တောင်တို့ကို
အော်ဟစ်ရာကာလသည် ရောက်လေ ပြီ။ 6 ဧလံအမျိုးသည် မြားတောင့်ကို ဆောင်လျက်၊ ရထားစီးသူရဲ၊ မြင်းစီးသူရဲ တို့နှင့်တကွ
လာ၏။ ကိရ အမျိုးသည် ဒိုင်းလွှားကို ထုတ်လေ၏။ 7 သင်၏ အမြတ်ဆုံးသော ချိုင့်တို့သည် ရထားနှင့် ပြည့်ကြ၏။
မြင်းစီးသူရဲတို့သည် မြို့တံခါးရှေ့မှာ တပ်ချ ကြ၏။ 8 ယုဒပြည်ကို ဖွင့်လှစ်သည် ဖြစ်၍၊ သင်သည် ထိုအခါ လက်နက်စုံ သိုထားရာ၊
တောနန်းတော်သို့ ကြည့်ရှုလိမ့်မည်။ 9 ဒါဝိဒ်၏မြို့ အပြိုအပျက်များသည်ကို သင်၏ လူတို့သည် မှတ်ရကြလိမ့်မည်။
အောက်ရေကန်မှထွက် သော ရေကို စုဝေးစေကြလိမ့်မည်။ 10 ယေရုရှလင်မြို့၌ ရှိသောအိမ်များကို ရေတွက် ကြလိမ့်မည်။ မြို့ရိုးကို
ပြုပြင်လိုသောငှါ၊ အိမ်များကို ဖြို ဖျက်ကြလိမ့်မည်။ 11 ရေကန်ဟောင်းမှထွက်သော ရေစုဝေးရာ ကိုလည်း၊
မြို့ရိုးနှစ်ထပ်စပ်ကြားတွင် လုပ်ကြလိမ့်မည်။ သို့ရာတွင်၊ ဤအမှုကို စီရင်တော်မူသောသူကို သင်တို့ သည် မကြည့်မမှတ် တတ်ကြ။
ရှေးက ဖန်ဆင်းတော်မူ သောသူကို ပမာဏမပြု တတ်ကြ။ 12 ထိုကာလ၌ ငိုကြွေးမြည်တမ်းခြင်း၊ ဆံပင်ကို ပယ်ဖြတ်ခြင်း၊
လျှော်တေအဝတ်ကို ဝတ်စည်းခြင်း အလို ငှါ၊ ကောင်းကင်ဗိုလ်ခြေသခင် အရှင်ထာဝရဘုရားသည် နှိုးဆော်
တိုက်တွန်းတော်မူသော်လည်း၊ 13 ကြည့်ပါ။ဝမ်းမြောက် ရွှင်လန်းခြင်းအမှု၊ သိုးနွား များကိုသတ်ခြင်း၊ အမဲသားစားခြင်း၊ စပျစ်ရည်
သောက် ခြင်း အမှုကို ပြုလျက်၊ ငါတို့သည် စားကြကုန်အံ့၊ သောက် ကြကုန်အံ့၊ နက်ဖြန်သေရ ကြမည်ဟု ပြောဆို ကြ သည် တကား။
14 ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါ့နား၌ ဗျာဒိတ် ပေးတော်မူသည်ကား၊ အကယ်စင်စစ် သင်တို့အပြစ်သည် သင်တို့
မသေမချင်းတိုင်အောင် မပြေ မရှင်းရဟု ကောင်းကင်ဗိုလ်ခြေသခင် အရှင်ထာဝရ ဘု ရား မိန့်တော်မူ၏။ 15
ကောင်းကင်ဗိုလ်ခြေသခင် အရှင်ထာဝရ ဘု ရား မိန့်တော်မူသည်ကား၊ ဘဏ္ဍာတော်စိုး၊ နန်းတော် အုပ်ရှေဗနအိမ်သို့ သွားပြီးလျှင်၊ 16
မြင့်သော အရပ်၌ ကိုယ်သင်္ချိုင်းတွင်းကို ထွင်း ၍၊ ကိုယ်နေရာကို ကျောက်၌ထုလုပ်သောသူ၊ သင်သည် ဤအရပ်၌ သင်္ချိုင်းတွင်းကို
ကိုယ်အဘို့ထွင်းစေခြင်းငှါ၊ ဤအရပ် နှင့် အဘယ်သို့ဆိုင်သနည်း။ 17 ထာဝရဘုရားသည် ပြင်းစွာသော နှင်ထုတ်ခြင်း ဖြင့် သင့်ကို
နှင်ထုတ်တော်မူလိမ့်မည်။ သင့်ကို အမှန် ကိုင်ဘမ်း၍၊ 18 တလိမ့်လိမ့် လိမ့်လျက်၊ လောက်လွှဲစာကဲ့သို့ ကျယ်သောပြည်သို့
ပစ်လိုက်တော်မူလိမ့်မည်။ သင်သည် ထိုပြည်၌ သေရလိမ့်မည်။ ထိုပြည်၌လည်း သင်၏ ကြက် သရေရထားတို့သည်၊ သင့်အရှင်၏
အမျိုးအရှက်ကွဲစရာ ဖြစ်ရကြလိမ့်မည်။ 19 ငါသည်လည်း သင်၏ အရာကို နှုတ်မည်။ သင် ၏ နေရာမှ သင့်ကိုချမည်။ 20 ထိုကာလ၌
ငါ့ကျွန်၊ ဟိလခိ၏ သားဧလျာကိမ် ကို ငါခေါ်၍၊ 21 သင်၏ဝတ်လုံ နှင့် ဝတ်ဆင်စေမည်။ သင်၏ ခါးစည်းနှင့် ချီးမြှောက်၍၊ သင်၏
အစိုးရသော အခွင့်ကို အပ်ပြီးလျှင်၊ သူသည် ယေရုရှလင်မြို့သူ၊ ယုဒအမျိုးသား တို့၏ အဘဖြစ်လိမ့်မည်။ 22 ဒါဝိဒ်မင်းမျိုး၏
တံခါးသော့ကိုသူ၏ ပခုံးပေါ်မှာ ငါတင်ထားသဖြင့်၊ သူသည် အဘယ်သူမျှမပိတ်နိုင် အောင် ဖွင့်လိမ့်မည်။ အဘယ်သူမျှ မဖွင့်နိုင်အောင်
ပိတ် လိမ့်မည်။ 23 မြဲသော အရပ်၌ စွဲသောတံစို့ကဲ့သို့ သူ့ကိုငါစွဲစေ မည်။ သူသည် မိမိအဘ၏ အိမ်၌ ကြက်သရေပလ္လင် ဖြစ်လိမ့်မည်။
24 သူ၏ အဘအိမ်၌ ရှိသမျှသော ဘုန်းအသရေ၊ အမျိုးအနွယ်၊ အမြတ်အယုတ်၊ ခွက်ဖလားရှိသမျှ၊ အင်တုံ၊ အိုးအမျိုးမျိုးတို့ကို
သူ၌ဆွဲထားကြလိမ့်မည်။ 25 ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလတွင် မြဲသောအရပ်၌
အရင်စွဲသောတံစို့သည် နေရာမှရွေ့၍၊ ခုတ်လှဲခြင်းကို ခံရလိမ့်မည်။ သူ၌ဆွဲထားသော ဥစ္စာသည်လည်း၊ ခုတ်ပယ်ခြင်းကို
ခံရလိမ့်မည်ဟု ထာဝရဘုရား မိန့်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 23

1 တုရုမြို့နှင့်ဆိုင်သော ဗျာဒိတ်တော်ကား၊ တာရှု သင်္ဘောများတို့၊ ညည်းတွားမြည်တမ်းကြလော့။ မြို့သည် အိမ်မရှိ၊ တည်းခိုစရာ
မရှိသည် တိုင်အောင် ရှင်းရှင်း ပျက်စီးလေပြီ။ ခိတ္တိမ်ပြည်မှ သိတင်းကြားရ၏။ 2 ပင်လယ်ကူးတတ်သော ဇိဒုန်ကုန်သည်တို့သည်
စည်ပင်စေသော၊ ပင်လယ်ကမ်းနားမှာ နေသောသူတို့၊ မှိုင်တွေကြလော့။ 3 များသောရေကို အမှီပြုသော ရှိဟောရ မျိုးစေ့၊ မြစ်၏
အသီးအနှံကို ထိုမြို့သည် အခွန်ရ၍၊ အတိုင်းတိုင်း အပြည်ပြည်တို့၏ ဈေးဖြစ်လေပြီ။ 4 အိုဇိဒုန်မြို့၊ ရှက်ကြောက်ခြင်းရှိလော့။ အ
ကြောင်းမူကား၊ ပင်လယ်တည်းဟူသော ပင်လယ်မြို့ကြီး က၊ ငါသည် ကိုယ်ဝန်မဆောင်၊ သားမဘွား၊ လူပျို နှင့် အပျိုမတို့ကို
မမွေးမြူရဟု ပြောဆို၏။ 5 အဲဂုတ္တုပြည်သားတို့သည် တုရုမြို့သိတင်းကို ကြားသောအခါ၊ ထိုသိတင်းကြောင့် အလွန်စိတ်ပူပန်ခြင်း
သို့ ရောက်ကြလိမ့်မည်။ 6 တာရှုမြို့သို့ ကူးကြလော့။ ပင်လယ်နားမှာ နေသောသူတို့၊ ညည်းတွားမြည်တမ်းကြလော့။ 7 ဤမြို့သည်
ရှေးကာလ၌ တည်သဖြင့် သင်တို့ ရွှင်လန်းသောမြို့လော။ ဝေးသော အရပ်၌ တည်းခို ခြင်း ငှါ၊ မိမိခြေတို့သည်
မိမိကိုဆောင်သွားကြ၏။ 8 တုရုမြို့သည် ရာဇသရဖူကို ပေးတတ်သောမြို့ ဖြစ်လျက်၊ သူ၏ကုန်သည်တို့သည် မင်းသား၊ ဖောက်ကား
ရောင်းဝယ်သော သူတို့သည် မြေကြီးမှူးမတ်ဖြစ်လျက်၊ ထိုမြို့တဘက်၌ အဘယ်သူသည် ဤအကြံကို ကြံစည် သနည်း။ 9
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ ရှိသမျှသော ဘုန်းအသရေ၏ မာနကို အရှက်ခွဲခြင်းငှါ၎င်း၊မြေကြီး
မှူးမတ်အပေါင်းတို့ကို ရှုတ်ချခြင်းငှါ၎င်း ထိုသို့ကြံစည်တော်မူ၏။ 10 အိုတာရှုမြို့၏သမီး၊ ကမ်းရိုးပျက်လေပြီ။ မြစ်ကဲ့သို့ ကိုယ်ပြည်ကို
နှံ့ပြားလော့။ 11 ရန်သူသည် ပင်လယ်ပေါ်မှာ လက်ကိုဆန့်၍၊ တိုင်းနိုင်ငံတို့ကို လှုပ်ရှားလေ၏။ ခါနာန်ပြည်၌ ခိုင်ခံ့သော အရပ်တို့ကို
ဖျက်ဆီးစေခြင်းငှါ၊ ထာဝရဘုရား အမိန့် တော်ရှိ၏။ 12 ညှဉ်းဆဲခြင်းကို ခံရသော ကညာ၊ ဇိဒုန်မြို့၏သမီး၊ သင်သည် နောက်တဖန်
ရွှင်လန်းခြင်း မရှိရ။ ထလော့။ ခိတ္တိမ်ပြည်သို့ ကူးသွားလော့။ ထိုအရပ်၌လည်း ငြိမ်သက် ခြင်း မရှိရဟု မိန့်တော်မူ၏။ 13 အထက်က
မရှိသော ခါလဒဲအမျိုးသားတို့နေ သော ပြည်ကို ကြည့်ရှုလော့။ ထိုပြည်ကို အာရှုရိမင်းသည် တောတွင်းသားတို့ နေစရာဘို့
တည်ထောင်၏။ ထိုပြည် သားတို့သည် ပြအိုးတို့ကို တည်ဆောက်၍၊ တုရုအိမ်တော် များနှင့် မြို့ကိုလည်း ရှင်းရှင်းဖျက်ဆီးကြ၏။ 14
တာရှုသင်္ဘောများတို့၊ ညည်းတွားမြည်တမ်းကြ လော့။ သင်တို့၏ မြို့ကြီးသည် ပျက်ကုန်ပြီ။ 15 ထိုကာလ၌ တုရုမြို့ကို၊
မင်းဆက်တဆက်အတိုင်း အရှည်၊ အနှစ် ခုနစ်ဆယ်ပတ်လုံး၊ အဘယ်သူမျှမအောက် မေ့ရ။ အနှစ်ခုနစ်ဆယ်လွန်သောအခါ၊
ပြည်တန်ဆာ မိန်းမအားသီချင်းဆိုသကဲ့သို့၊ တုရုမြို့အား သီချင်းဆိုလိမ့် မည်။ 16 အဘယ်သူမျှ မအောက်မေ့သော ပြည်တန်ဆာ
မိန်းမ၊ စောင်းကိုကိုင်၍ မြို့တွင်လှည့်လည်လော့။ သူတပါးတို့သည် သင့်ကို သတိရစေခြင်းငှါ၊ သာယာသော အသံနှင့် တီး၍၊
သီချင်းကို များစွာဆိုလော့။ 17 အနှစ်ခုနစ်ဆယ် လွန်သောအခါ၊ ထာဝရဘုရား သည် တုရုမြို့ကို အကြည့်အရှု ကြွလာတော်မူလိမ့်မည်။
သူသည်လည်း တဖန်အမြတ်ရသော ဘာသာသို့လိုက်ပြန် ၍၊ မြေကြီးမျက်နှာပေါ်မှာ ရှိသမျှသော လောကီနိုင်ငံတို့ နှင့် မတရားသော
ဓမထုန်ကိုပြုလိမ့်မည်။ 18 သို့ရာတွင်၊ သူ၏ ကုန်သွယ်ခြင်း၊ အမြတ်ရခြင်း အရာတို့သည် ထာဝရဘုရားအဘို့ သန့်ရှင်းလိမ့်မည်။
ဆည်းဖူးသိုထားခြင်းကို မပြုရ။ ကုန်သွယ်သော ဥစ္စာ သည် ထာဝရဘုရားရှေ့တော်၌ နေသောသူတို့အဘို့ ဖြစ်၍ သူတို့သည် ဝစွာစား၍
ခိုင်သောအဝတ်ကို ဝတ်ကြလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 24

1 ကြည့်ရှုလော့။ ထာဝရဘုရားသည် ပြည်တော်ကို လွတ်လပ်စေ၍ ပယ်ရှင်းမှောက်ထားသဖြင့်၊ ပြည်သားတို့ ကို ကွဲပြားစေတော်မူ၏။
2 ထိုအခါ ယဇ်ပုရောဟိတ်သည် ဆင်းရဲသားကဲ့သို့ ၎င်း၊ သခင်သည် ကျွန်ကဲ့သို့၎င်း၊ သခင်မသည် ကျွန်မကဲ့ သို့၎င်း၊
ရောင်းသောသူသည် ဝယ်သောသူကဲ့သို့၎င်း၊ ကြွေးရှင်သည် ကြွေးတင်သောသူကဲ့သို့၎င်း၊ အတိုးစား သောသူသည်
အတိုးပေးသောသူကဲ့သို့၎င်း ဖြစ်ရ လိမ့် မည်။ 3 တပြည်လုံး လွတ်လပ်၍ ရှင်းရှင်း ပျက်စီးရလိမ့် မည်ဟူသော အရာကို ထာဝရဘုရား
မိန့်တော်မူ၏။ 4 ပြည်တော်သည် ငြိုငြင် ညှိုးငယ်ခြင်းရှိ၏။ လောကသည် အားလျော့၍ ညှိုးငယ်ခြင်းရှိ၏။ ဘုန်းကြီး သော
ပြည်သားတို့သည် အားလျော့ကြ၏။ 5 ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကို ပြောင်းလဲခြင်း၊
ထာဝရသစ္စာတော်ကို ဖျက်ခြင်းအကြောင်းကြောင့်၊ ပြည်တော်သည် ညစ်ညူးခြင်းရှိ ၏။ 6 ထိုကြောင့်၊ ကျိန်တော်မူသော အကျိန်သည်
ပြည် တော်ကို လွှမ်းမိုးပြီ။ ပြည်သားတို့အပေါ်မှာ အပြစ် ရောက်လေပြီ။ ထိုကြောင့် ပြည်သူတို့သည် ပူလောင်ကြ သဖြင့်၊
ကြွင်းကျန်သောသူတို့သည် နည်းကြ၏။ 7 သစ်သောစပျစ်ရည်သည် ငြိုငြင်လေ၏။ စပျစ် နွယ်ပင်သည်လည်း အားလျော့လေ၏။
စိတ်ရွှင်လန်း သောသူအပေါင်းတို့သည် ညည်းတွားကြ၏။ 8 သာယာသောပတ်သာ အသံငြိမ်းပြီ။ ဝမ်း မြောက်သောသူ၏ အသံမရှိ။
သာယာသောစောင်းသံ လည်း ငြိမ်းပြီ။ 9 သီချင်းဆိုလျက် စပျစ်ရည်ကို မသောက်ရကြ။ သေရည်သေရက်ကို
သောက်သောသူတို့သည် ပစပ်ခါး ကြလိမ့်မည်။ 10 လွတ်လပ်သောမြို့သည် ပြိုပျက်လေပြီ။ အ ဘယ်သူမျှ မဝင်စေခြင်းငှါ၊
အိမ်များကို ပိတ်ထားကြပြီ။ 11 စပျစ်ရည်ပြတ်သောကြောင့် လမ်းခရီးတို့၌ မြည် တမ်းခြင်းရှိ၏။ ဝမ်းမြောက်ခြင်းလည်း
အကြွင်းမဲ့ကွယ်ပြီ။ တပြည်လုံး၌ သာယာသောအသံ ငြိမ်းပြီ။ 12 ဆိတ်ညံ့ခြင်းသည် မြို့ထဲမှာ ကျန်ရစ်၏၊ မြို့တံ ခါးကိုလည်း
ရိုက်ခတ်၍ ဖြိုဖျက်ကြပြီ။ 13 ထိုသို့ပြည်တော်အလယ်၊ ပြည်သားတို့တွင် ဖြစ်ရသော်လည်း သံလွင်ပင်ကို လှုပ်၍ အသီးကို
ရသကဲ့သို့၎င်း၊ စပျစ်သီးကို သိမ်းယူသောနောက်၊ အကြွင်းအကျန် ကို ကောက်ရသကဲ့သို့၎င်း ဖြစ်လိမ့်မည်။ 14 ထိုသူတို့သည်
ကြွေးကြော်၍ ရွှင်လန်းစွာ သီချင်း ဆိုကြလိမ့်မည်။ ထာဝရဘုရားကို ချီးမွမ်းသောအသံနှင့် ပင်လယ်တဘက်မှ မြည်ကြလိမ့်မည်။ 15
သို့ဖြစ်၍၊ အရှေ့မျက်နှာအရပ်တို့၌ ထာဝရဘု ရားကိုငင်း၊ ပင်လယ် တဘက်တကျွန်း တနိုင်ငံအရပ်တို့၌၊ ဣသရေလအမျိုး၏
ဘုရားသခင်တည်းဟူသော၊ ထာဝရ ဘုရား၏ နာမတော်ကိုငင်း ချီးမွမ်းကြလော့။ 16 သန့်ရှင်းတော်မူသောသူသည် ဘုန်းကြီးတော်မူ
စေသတည်းဟု မြေကြီးစွန်းမှ သီချင်းဆိုသံကို ငါတို့သည် ကြားရ၏။ ငါမူကား၊ အလွန်ဆင်းရဲ၏။ အလွန်ဆင်းရဲ၏။ အမင်္ဂလာရှိ၏။
လုယက်သောသူတို့သည် လုယက်လျက် နေကြ၏။ လုယက်သောသူတို့သည် ကြမ်းတမ်းစွာ လု ယက်ကြ၏။ 17 အိုပြည်သား၊
သင်သည် ကြောက်လန့်ဘွယ် သောအရာ မြေတွင်း၊ ကျော့ကွင်းထဲသို့ ရောက်လေပြီ။ 18 ကြောက်လန့်ဘွယ်သော အရာမှ
ပြေးသောသူသည် မြေတွင်းထဲသို့ ကျလိမ့်မည်။ မြေ တွင်းမှလွတ်သောသူသည် ကျော့ကွင်း၌ ကျော့မိလိမ့် မည်။
ကောင်းကင်ပြွန်ဝပွင့်လျက်ရှိ၍၊ မြေကြီးအမြစ် လည်း လှုပ်ရှားလေ၏။ 19 ပြည်တော်သည် တပြည်လုံး ပြိုတ်လေပြီ။ ပြည် တော်သည်
အကုန်အစင် ပြိုပျက်လေပြီ။ ပြည်တော်သည် အလွန်တုပ်လှုပ်လျက် ရှိလေ၏။ 20 ပြည်တော်သည် ယစ်မူးသောသူကဲ့သို့ တလူး
လည်လည် ရှိ၏။ ပုခက်ကဲ့သို့ လှုပ်ရှား၏။ မိမိအပြစ်သည် မိမိအပေါ်မှာ လေးသဖြင့်၊ ပြည်တော်သည် လဲလိမ့်မည်။ နောက်တဖန်
မထရ။ 21 ထိုကာလ၌ ထာဝရဘုရားသည်၊ မြင့်သောအ ရပ်၌ မြင့်သောအလုံးအရင်းကိုငင်း၊ မြေပေါ်မှာမြေကြီး ရှင်ဘုရင်တို့ကိုငင်း
ကြည့်ရှုစစ်ကြောတော်မူလိမ့်မည်။ 22 သူတို့သည် တွင်းထဲမှာ တစုတည်းစုဝေး၍ ချည် နှောင်ခြင်း၊ ထောင်ထဲမှာ ချုပ်ထားခြင်းကို
ခံလျက် နေရ ကြလိမ့်မည်။ များစွာသော နေ့ရက်ကာလလွန်ပြီးမှ၊ စစ် ကြောခြင်းကို ခံရကြလိမ့်မည်။ 23 လသည်လည်း
မျက်နှာပျက်လိမ့်မည်။ နေသည် လည်း အရှက်ကွဲလိမ့်မည်။ အကြောင်းမူကား၊ ကောင်း ကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည်၊
ဇိအုန်တောင် ပေါ်မှာ ယေရုရှလင်မြို့၌ မင်းပြု၍၊ အသက်ကြီးသူတို့ ရှေ့တွင်ဘုန်းကြီးတော်မူလတံ့။


generated on Sun Jun 30 02:37:40 2024

## Chapter 25

[1] အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင်ဖြစ်တော်မူ၏။ ကိုယ်တော်ကို မြှောက်စား ပါမည်။ နာမတော်ကို
ချီးမွမ်းပါမည်။ အံ့ဘွယ်သော အ မှုတို့ကိုပြုတော်မူပြီ။ ရှေးအကြံတော်တို့သည် မရွေ့၊ သစ္စာ နှင့် မြဲမြံကြပါ၏။ [2] မြို့ကိုအမှိုက်ပုံ၊
ခိုင်ခံ့သောမြို့ကို ဖြိုဖျက်ရာဖြစ် စေတော်မူပြီ။ တကျွန်းတနိုင်ငံသားတို့၏ နေရာဘုံဗိမာန် သည် မြို့မဖြစ်၊ နောက်တဖန်
မတည်မဆောက် ရမည် အကြောင်းစီရင်တော်မူပြီ။ [3] ထိုကြောင့်၊ အားကြီးသော လူမျိုးသည် ကိုယ်တော်ကို ချီး မွမ်းကြပါလိမ့်မည်။
ကြောက်မက်ဘွယ်သော လူမျိုးတို့၏ နေရာမြို့သည် ကိုယ်တော်ကို ကြောက်ရွံ့ပါလိမ့်မည်။ [4] ကိုယ်တော်သည် ဆင်းရဲသောသူတို့
ခိုလှုံရာ၊ ငတ်မွတ်သောသူအမှု ရောက်သည်ကာလ၌ ခိုလှုံရာဖြစ် တော်မူ၏။ ထရံကို တိုက်သော မိုဃ်းသက်မုန်တိုင်းကဲ့သို့၊
ကြောက်မက်ဘွယ်သောသူတို့၏ ဒေါသအမျက်ထွက် သောအခါ၊ မိုဃ်းသက်မုန်တိုင်း လွတ်ရာ၊ နေရောင်ကွယ် ကာရာ ဖြစ်တော်မူ၏။
[5] သွေ့ခြောက်သော အရပ်၌ နေအရှိန်ကိုကဲ့သို့၊တ ကျွန်းတနိုင်ငံတို့၏ အသံဗလံကို ငြိမ်းစေတော်မူလိမ့်မည်။ ထူထပ်သော
မိုဃ်းတိမ်အားဖြင့် နေအရှိန် ပျောက်သကဲ့ သို့၊ ကြောက်မက်ဘွယ်သောသူတို့၏ သီချင်းသံပျောက် ရပါလိမ့်မည်။ [6]
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ ခဲဘွယ်စားဘွယ်ပွဲ၊ ဟောင်းသောစပျစ်ရည်ပွဲတည်းဟူ သော၊
ဆူသောခဲဘွယ်စားဘွယ်၊ ကောင်းမွန်စွာစစ်သော စပျစ်ရည်ဟောင်းကို လူခပ်သိမ်းတို့အဘို့ ဤတောင်ပေါ် မှာ စီရင်တော်မူလိမ့်မည်။ [7]
လူခပ်သိမ်းတို့ကို ဖုံးသော မျက်နှာဖုံးကိုငင်း၊ ခပ်သိမ်းသော လူမျိုးတို့ကို ဖုံးလွှမ်းသော တင်းတိမ်ကိုငင်း၊ ဤတောင်ပေါ်မှာ
ပယ်တော်မူလိမ့်မည်။ [8] သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံးစေတော်မူလိမ့် မည်။ အရှင်ထာဝရဘုရားသည်လည်း၊ ခပ်သိမ်းသော
မျက်နှာတို့မှ မျက်ရည်ကိုသုတ်တော်မူလိမ့်မည်။ ကိုယ် တော်၏လူတို့သည် ခံရသော ကဲ့ရဲ့ခြင်းကိုလည်း၊ မြေကြီး တပြင်လုံး၌
ပယ်ရှင်းတော်မူလိမ့်မည်ဟု၊ ထာဝရဘုရား အမိန့်တော်ရှိ၏။ [9] ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့ မြော်လင့်သော၊
ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကို ကယ် တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မြော်လင့်သော ထာဝရဘုရားတည်း။
ကယ်တင်တော်မူခြင်းကျေးဇူး ကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟုဆို ကြလိမ့်မည်။ [10] အကြောင်းမူကား၊
ထာဝရဘုရား၏ လက်တော် သည် ဤတောင်ပေါ်မှာ ငြိမ်းလိမ့်မည်။ ကောက်ရိုးသည် နောက်ချေး ရွှံ့ပွက်၌ နှိပ်နင်းခြင်းကို ခံရသကဲ့သို့၊
မောဘ ပြည်သည် မိမိ၌ နှိပ်နင်းတော်မူခြင်းကိုခံရလိမ့်မည်။ [11] ရေကူးသောသူသည် ရေကူးခြင်းငှါ လက်ကို ဆန့်သကဲ့သို့၊
မောဘပြည်အလယ်၌ လက်တော်ကို ဆန့်၍၊ မောဘ၏မာနနှင့် လက်သတ္တိကို ချတော်မူလိမ့်မည်။ [12] သင်တို့၏ မြို့ရိုးပြအိုး အထွဋ်ကို
ဖြို၍၊ မြေတိုင် အောင် နှိမ့်သဖြင့်၊မြေမှုန့်ထဲမှာ ချတော်မူလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 26

[1] ထိုကာလ၌ ယုဒပြည်မှာ သီချင်းဆိုလတံ့သောစ ကားဟူမူကား၊ ငါတို့၌ ခိုင်ခံ့သော မြို့ရှိ၏။ ကယ်တင်ခြင်း ကျေးဇူးကို ပြအိုး၊
ရင်တားအရာ၌ စီရင်ခန့်ထားတော်မူ လိမ့်မည်။ [2] တံခါးတို့ကို ဖွင့်ကြလော့။ [3] သစ္စာစောင့်၍ ဖြောင့် မတ်သော လူမျိုးဝင် ပါ စေ။
စိတ်နှလုံးတည်ကြည်သောသူ သည် ကိုယ်တော်၌ ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်း သက်သက်ရှိမည့်
အကြောင်းစောင့်ရှောက်တော်မူလိမ့်မည်။ [4] ထာဝရဘုရား၌ အစဉ်အမြဲ ခိုလှုံကြလော့။ ထာ ဝရဘုရားသည် နိစ္စထာဝရ
ခိုလှုံရာဖြစ်တော်မူ၏။ [5] မြင့်သောအရပ်၌ နေသောသူတို့ကို ရှုတ်ချတော် မူ၏။ မြင့်မြတ်သောမြို့ကိုဖြို၍၊ မြေတိုင်အောင် နှိမ့်ချ လျက်
မြေမှုန့်ထဲမှာ ထားတော်မူ၏။ [6] ကျော်နင်းခြင်းကို ခံရလိမ့်မည်။ ဆင်းရဲသောသူ နှင့် ငတ်မွတ်သောသူတို့သည် ကျော်နင်းကြလိမ့်မည်။
[7] ဖြောင့်မတ်သောသူသည် ဖြောင့်သောလမ်း ၌ သွားတတ်၏။ အိုဖြောင့်မတ်တော်မူသောဘုရား၊ ကိုယ် တော်သည်
ဖြောင့်မတ်သောသူ၏ လမ်းခရီးကို ပြင်ဆင် တော်မူ၏။ [8] အိုထာဝရဘုရား၊ အကျွန်ုပ်တို့သည် တရားတော် လမ်း၌ သွားလျက်၊
ကိုယ်တော်ကို မြော်လင့်၍၊ ကိုယ်တော် ၏အမည်၊ ဘွဲ့နာမတော်ကို စိတ်နှလုံး၌ တသလျက်ရှိပါ ၏။ [9] ညဉ့်အခါ အကျွန်ုပ်သည်
စိတ်နှလုံးနှင့် ကိုယ် တော်ကို တောင့်တပါ၏။ နံနက်အခါ အကျွန်ုပ်သည် အတွင်းဝိညာဉ်အားဖြင့် ကိုယ်တော်ကိုရှာပါ၏။ မြေပေါ်မှာ
အမှုကို စစ်ကြော စီရင်တော်မူသောအခါ၊ လောကီ သားတို့သည် တရားကိုသင်ကြ၏။ [10] မတရားသောသူသည် ကျေးဇူးကိုခံရသော်
လည်း၊ တရားကို မသင်တတ်ပါ။ တရားကျင့်ရာပြည်၌ပင် အဓမ္မပြု၍၊ ထာဝရဘုရား၏ ဘုန်းတော်ကို ပမာဏမပြု တတ်ပါ။ [11]
အိုထာဝရဘုရား၊ လက်တော်ကိုချီတော်မူသော် လည်း၊ သူတို့သည် မမြင်မမှတ်ကြပါ။ သို့သော်လည်း၊ ကိုယ်တော်၏ လူတို့အဘို့
စိတ်အားကြီးတော်မူကြောင်းကို၊ သူတို့သည် မြင်၍ အရှက်ကွဲကြပါလိမ့်မည်။ ကိုယ်တော်၏ ရန်သူတို့ကို မီးလောင်ရပါလိမ့်မည်။ [12]
အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် တို့အား ငြိမ်သက်ခြင်းကို ပေးတော်မူလိမ့်မည်။ အ ကြောင်းမူကား၊ အကျွန်ုပ်တို့၏
အမှုရှိသမျှတို့ကို အကျွန်ုပ် တို့အဘို့ ပြုတော်မူ၏။ [13] အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်မှ တပါး
အခြားသောသခင်တို့သည် အကျွန်ုပ် တို့ကို အစိုးရကြပြီ။ ယခုမူကား၊ ကိုယ်တော်အားဖြင့်သာ နာမတော်ကို ချီးမွမ်းကြပါမည်။ [14]
ထိုသခင်တို့သည် သေကြပါပြီ။ တဖန် အသက်မ ရှင်ရကြပါ။ သချိုင်းသားဖြစ်၍ ထမြောက်ခြင်းမရှိရကြ ပါ။ သူတို့ကို
ကြည့်ရှုဖျက်ဆီး၍၊ သူတို့၏အမှတ်မျှ မရှိစေ ခြင်းငှါ ပယ်ရှင်းတော်မူပြီ။ [15] အိုထာဝရဘုရား၊ အကျွန်ုပ်တို့အမျိုးကို တိုးပွါး
စေတော်မူပြီ။ အကျွန်ုပ်တို့ အမျိုးကိုတိုးပွါးစေသဖြင့်၊ ဘုန်းကြီးတော်မူ၏။ ပြည်တော်ကို ပတ်ဝန်းကျင်၌ ကျယ် စေတော်မူပြီ။ [16]
အိုထာဝရဘုရား၊ သူတို့သည် ဆင်းရဲခံရသော အခါ၊ ကိုယ်တော်၌ ဆည်းကပ်ကြပါပြီ။ ဆုံးမတော်မူသော အခါ၊ ဆုတောင်းပဌနာ
စကားကိုသွန်းလောင်းကြပါပြီ။ [17] ကိုယ်ဝန်ဆောင်သောမိန်းမသည် သားဘွားချိန် နီးသောအခါ နာကျင်၍၊ နာကျင်ခြင်းဝေဒနာကြောင့်
အော်ဟစ်သကဲ့သို့၊ ထိုအတူ၊ အိုထာဝရဘုရား၊ အကျွန်ုပ် တို့သည် ရှေ့တော်၌ ဖြစ်ကြပါပြီ။ [18] အကျွန်ုပ်တို့သည် ကိုယ်ဝန်ဆောင်၍
နာကျင် ခြင်း ဝေဒနာကို ခံရသော်လည်း၊ လေကို ဘွားသကဲ့သို့ ဖြစ်ကြပါပြီတကား။ ပြည်သားတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြ။
လောကီသားတို့သည် မလဲကြပါ။ [19] ကိုယ်တော်၏လူသေတို့သည် အသက်ရှင်ကြပါ လိမ့်မည်။ ငါ၏အသေကောင်တို့သည်လည်း
ထမြောက် ကြပါလိမ့်မည်။ မြေမှုန့်၌နေသောသူတို့၊ နိုး၍သီချင်းဆို ကြလော့။ အကြောင်းမူကား၊ ကိုယ်တော်၏ နှင်းသည်
မြက်ပင်တို့ကို ပေါက်စေသော နှင်းကဲ့သို့ ဖြစ်၍၊ မြေသည် လည်း မိမိသင်္ချိုင်းသားတို့ကို ထုတ်ဘော်ရပါလိမ့်မည်။ [20] ငါ၏လူတို့၊
လာကြ။ အတွင်းအခန်းထဲသို့ ဝင်၍၊ သင်တို့ကို ကွယ်ကာသော တံခါးများကို ပိတ်ထားကြ။ အမျက်ကာလ လွန်သည်တိုင်အောင်
ခဏသာပုန်းရှောင် ၍ နေကြလော့။ [21] အကြောင်းမူကား၊ ထာဝရဘုရားသည် မြေကြီး သားတို့ကို၊ သူတို့ဒုစရိုက်ကြောင့်
အပြစ်ပေးလိုသောငှါ၊ မိမိအရပ်ဌာနထဲက ထွက်တော်မူ၏။ ထိုအခါ မြေကြီး သည် မိမိ၌ရှိသော အသွေးကိုဘော်ပြရလိမ့်မည်။ မိမိ၌
အသေခံရသောသူတို့ကို နောက်တဖန် ဖုံး၍မထားရ။


generated on Sun Jun 30 02:37:40 2024

# Chapter 27

1 ထိုကာလ၌ ထာဝရဘုရားသည် ပြေးတက်သော မြွေလဝိသန် ကိုဒင်း၊ လိမ်သောမြွေလဝိသန်ကိုဒင်း ခိုင်ခံ့ ကြီးမားသော ထားတော်နှင့်
ဒဏ်ပေး၍၊ ပင်လယ်၌ ရှိသော နဂါးကိုလည်း သတ်တော်မူလိမ့်မည်။ 2 ထိုကာလ၌ စပျစ်ဥယျာဉ်ကို အကြောင်းပြု၍၊ ဤသို့
သီချင်းဆိုကြလော့။ 3 ငါထာဝရဘုရားသည် ဥယျာဉ်စောင့်ဖြစ်၏။ မ ခြားမလပ်ရေလောင်းမည်။ အဘယ်သူမျှ မဖျက်စေခြင်း ငှါ၊
နေ့ညဉ့်မပြတ် စောင့်ရှောက်မည်။ 4 ငါ့အမျက်ငြိမ်းပြီ။ ဆူးပင်မျိုးကိုမူကား၊ စစ်ပွဲ၌ ငါတွေ့ပါစေသော။ချက်ချင်းတိုက်၍
တပြိုင်နက်မီးရှို့ မည်။ 5 သို့မဟုတ် ငါ၏အစွမ်းသတ္တိကို ကိုးစား၍၊ငါနှင့် မိဿဟာယ ဖွဲ့ကြစေ။ ငါနှင့် မိဿဟာယ ဖွဲ့ကြစေ သော။ 6
နောင်ကာလ၌ ယာကုပ်သည် အမြစ်ကျလိမ့် မည်။ ဣသရေလသည် စိမ်းလန်း၍ အဖူးအငုံ ထွက်သ ဖြင့်၊ လောကီနိုင်ငံကို အသီးနှင့်
ပြည့်စေလိမ့်မည်။ 7 သူ့ကိုညှဉ်းဆဲသောသူတို့ကို ညှဉ်းဆဲတော်မူသည် နည်းတူ၊ သူ့ကို ညှဉ်းဆဲတော်မူသလော။ သူ့ကိုသတ်သော
သူတို့သည် အသေသတ်ခြင်းကို ခံရကြသည်နည်းတူ၊ သူ သည်အသေသတ်ခြင်းကို ခံရသလော။ 8 သူ့ကို စွန့်ပစ်၍ အတော်အတန်
ဆုံးမတော်မူ ၏။ အရှေ့လေလာသောအခါ၊ ပြင်းစွာသောလေဖြင့် တိုက်သွားတော်မူ၏။ 9 ထိုသို့ယာကုပ်အမျိုးသည်
ယဇ်ပလ္လင်ကျောက်တို့ ကို ထုံးကျောက်ကဲ့သို့ ချိုးဖွဲ့၍၊အာရှရပင်နှင့် ရုပ်တုတို့ကို လှဲသောအခါ၊ မိမိအပြစ်ပြေ၍၊ အပြစ်ပြေရှင်းခြင်း
အ ကျိုးကျေးဇူးရှိသမျှကို ခံရလိမ့်မည်။ 10 သို့သော်လည်း၊ ခိုင်ခံ့သောမြို့သည်၊ ဆိတ်ညံ သောအရပ်၊ တောကဲ့သို့ စွန့်၍
ပစ်ထားသောနေရာဖြစ် လိမ့်မည်။ ထိုအရပ်၌ နွားသငယ်သည် ကျက်စားလျက်၊ အိပ်လျက်နေ၍၊ အညွန့်များကို ကိုက်စားလိမ့်မည်။ 11
အခက်အလက်တို့သည် သွေ့ခြောက်သောအခါ ချိုးခြင်းသို့ရောက်၍၊ မိန်းမတို့သည် လာ၍မီးရှို့ကြလိမ့် မည်။ အကြောင်းမူကား၊
ပညာမဲ့သောအမျိုးဖြစ်၏။ ထို့ ကြောင့်၊ဖန်ဆင်းပြုပြင်တော်မူသောသူသည် မသနား၊ ကျေးဇူးမပြုဘဲ နေတော်မူလိမ့်မည်။ 12
အိုဣသရေလ အမျိုးသားတို့၊ ထိုကာလ၌လည်း၊ ထာဝရဘုရားသည် မြစ်ကြီးမှစ၍၊ အဲဂုတ္တုမြစ်တိုင်အောင် သစ်သီးများကို
သိမ်းယူတော်မူသဖြင့်၊ သင်တို့သည် တ ယောက်နောက် တယောက်၊ ကောက်သိမ်းခြင်း ကျေးဇူး တော်ကို ခံရကြလိမ့်မည်။ 13
ထိုကာလ၌လည်း၊ ကြီးသောတံပိုးကို မှုတ်ရလိမ့် မည်။ အာရှုရိပြည်၌ပျောက်သောသူ၊ အဲဂုတ္တုပြည်၌ စွန့် ပစ်သောသူတို့သည်လာ၍၊
ယေရုရှလင်မြို့တွင်၊သန့်ရှင်းသော တောင်ပေါ်မှာ ထာဝရဘုရားရှေ့တော်၌ ဝတ်ပြု၍ ကိုး ကွယ်ကြလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 28

1 စပျစ်ရည်နှင့် ယစ်မူးသောသူတို့၏ နေရာကြွယ် ဝသော ချိုင့်ဦးတွင်၊ ဧဖရိမ်အမျိုး သေသောက်ကြူးတို့၏ မာနသရဖူနှင့်၊သူတို့၌
ညှိုးနွမ်းတတ်သော ဘုန်းအသရေ ၏ ပန်းပွင့်သည် အမင်္ဂလာရှိ၏။ 2 ထာဝရဘုရား၌ ခွန်အားတန်ခိုးကြီးသောသူ သည်၊
မိုဃ်းသီးပါလျက် ဖျက်ဆီးသော မိုဃ်းသက်မုန် တိုင်းကဲ့သို့၎င်း၊ ပြင်းစွာထ၍ လွှမ်းမိုးသော ရေကြီးကဲ့သို့ ၎င်း၊ မြေတိုင်အောင်
ပြင်းစွာချပစ်လိမ့်မည်။ 3 ဧဖရိမ်အမျိုး သေသောက်ကြူးတို့၏ မာနသရဖူ သည်၊ ကျော်နင်းခြင်းကိုခံရလိမ့်မည်။ 4 ကြွယ်ဝသော
ချိုင့်ဦးတွင်၊ သူတို့၌ ညှိုးနွမ်းတတ် သော ဘုန်းအသရေ၏ ပန်းပွင့်သည်၊ နွေကာလ မစေ့မှီ အလျင် သီးသောအသီးကဲ့သို့
ဖြစ်လိမ့်မည်။ ထိုအသီးကို မြင်သောသူသည် မြင်လျက်၊ လက်နှင့် ကိုင်လျက်ပင်စား တတ်၏။ 5 ထိုကာလ၌လည်း၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ကျန်ကြွင်းသော မိမိလူတို့၌ ဘုန်းရှိ သောသရဖူ၊ အသရေတင့်တယ်သော
ဦးရစ်ဖြစ်တော်မူ လိမ့်မည်။ 6 တရားမှုကို စီရင်သောသူတို့အား တရားစီရင် သော ဥာဏ်ကို၎င်း၊ ရန်သူမျိုး တံခါးတိုင်အောင် စစ်မှု ကို
လှန်သောသူတို့အား၊ ခွန်အားဗလကို၎င်း ပေးတော်မူ လိမ့်မည်။ 7 သို့သော်လည်း၊ ထိုသူတို့သည် စပျစ်ရည် ကြောင့် မှားယွင်းကြပြီ။
သေရည်သေရက်ကြောင့် လမ်းလွဲကြပြီ။ ယဇ်ပုရောဟိတ်နှင့် ပရောဖက်တို့သည် သေရည်သေရက် ကြောင့် မှားယွင်းကြပြီ။
စပျစ်ရည်နှင့် မွှန်ကြပြီ။ သေရည် သေရက်ကြောင့် လမ်းလွဲကြပြီ။ ဗျာဒိတ်ခံသည် အရာ၌ မှားယွင်းလျက်၊ တရားစီရင်သည်အရာ၌
ထိမိ၍ လဲ လျက်နေကြ၏။ 8 သူတို့စားပွဲရှိသမျှတို့သည်၊ လွတ်လပ်ရာမရှိ သည်တိုင်အောင်၊ အန်ဖတ်နှင့်၎င်း၊ အညစ်အကြေးနှင့်၎င်း
ပြည့်လျက်ရှိကြ၏။ 9 သူတို့က၊ အဘယ်သူကို ပညာသွန်သင်ချင်သ နည်း။ အဘယ်သူကို တရားနားလည်စေချင်သနည်း။ ငါ တို့သည်
နို့နှင့် ကွာစရှိသောသူ၊ အမိသားမြတ်နှင့် အနိုင် ကွာရသောသူဖြစ်ကြသလော။ 10 ပညတ်တခုပေါ်မှာ တခု၊ တခုပေါ်မှာ တခု၊
တနည်းပေါ်မှာ တနည်း၊ တနည်းပေါ်မှာ တနည်း၊ သည် ဘက်မှာ အနည်းငယ်၊ဟိုဘက်မှာ အနည်းငယ်ရှိပါသည် တကားဟု ဆိုကြ၏။
11 အကယ်စင်စစ်၊ စကားမပြီသော နှုတ်၊ ရိုင်း သောလျှာနှင့် ဤလူမျိုးကို မိန့်တော်မူလိမ့်မည်။ 12 ဤသို့ပြုလျှင် ငြိမ်ဝပ်လိမ့်မည်။
ပင်ပန်းသောသူ တို့သည် ငြိမ်ဝပ်ကြစေ။ ဤသို့ပြုလျှင် သက်သာလိမ့်မည် ဟု မိန့်တော်မူသော်လည်း၊ သူတို့သည်နားမထောင်ကြ။ 13
ထို့ကြောင့်၊သူတို့သည် သွားရာတွင်၊ လှန်ဆုတ်၍ ကျိုးပဲ့ကျော့မိ ဘမ်းဆီးခြင်းသို့ ရောက်မည်အကြောင်း၊ ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် သူတို့၌ ပညတ် တခုပေါ်မှာတခု၊ တခုပေါ်မှာတခု၊တနည်းပေါ်မှာ တနည်း၊ တနည်းပေါ်မှာ တနည်း၊
သည်ဘက်မှာ အနည်း ငယ်၊ ဟိုဘက်မှာ အနည်းငယ် ဖြစ်ရလိမ့်မည်။ 14 သို့ဖြစ်၍၊ ဆဲရေးတတ်သော ယေရုရှလင်မြို့
သားအကြီးအကြပ်တို့၊ ထာဝရဘုရား၏ နှုတ်ကပတ်တော် ကို နားထောင်ကြလော့။ 15 သင်တို့က၊ ငါတို့သည် သေမင်းနှင့် မိဿဟာယ
ဖွဲ့ကြပြီ။ မရဏာနိုင်ငံနှင့် အကျွမ်းဝင်ကြပြီ။ လွှမ်းမိုးသော ဘေးသည် ချင်းနင်းသောအခါ၊ ငါတို့ရှိရာသို့ မရောက်ရ။ ငါတို့သည်
မုသာကိုကိုးစားကြ၏။ လှည့်စားခြင်းအောက် ၌ ပုန်းကွယ်၍ နေကြ၏ဟုဆိုတတ်သောကြောင့်၊ 16 အရှင်ထာဝရဘုရားက၊ စုံစမ်းသော
အမြစ် ကျောက်တည်းဟူသော၊ မလှုပ်နိုင်အောင် မြဲမြံသော တိုက်ထောင့်အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာ ငါချထား၏။
ထိုကျောက်ကို အမှီပြုသောသူသည် ပြေးရ သောအကြောင်းမရှိ။ 17 တရားမှုကို ဆုံးဖြတ်ခြင်း၊ ဖြောင့်မတ်စွာ စီရင် ခြင်းကို
မျဉ်းကြိုးနှင့် မှန်ထုပ်အားဖြင့် ငါပြုမည်။ မိုဃ်း သီးရွာ၍ ကိုးစားရာ မုသာကို ပယ်ရှားလိမ့်မည်။ ပုန်းကွယ် ရာအရပ်ကိုလည်း
ရေလွှမ်းမိုးလိမ့်မည်။ 18 သင်တို့သည် သေမင်းနှင့်ဖွဲ့သော မိဿဟာယ ပျက်လိမ့်မည်။ မရဏာနိုင်ငံနှင့် အကျွမ်းဝင်ခြင်းသည်
အထမမြောက်ရ။ လွှမ်းမိုးသောဘေးသည် ချင်းနင်းသော အခါ၊ သင်တို့ကိုလည်း ကျော်နင်းလိမ့်မည်။ 19 ချင်းနင်းစဉ်တွင်
ပါသွားလိမ့်မည်။ နံနက်အချိန် ရောက်မြဲ အစဉ်အတိုင်း၊ နေ့ညဥ့်မပြတ် ချင်းနင်းသည် ဖြစ်၍၊ သိတင်းကြားကာမျှအားဖြင့်
ထိတ်လန့်ခြင်းအ ကြောင်းရှိလိမ့်မည်။ 20 ခုတင်သည် ကိုယ်မဆန့်လောက်အောင်တို၏။ စောင်သည်လည်း ခြုံလောက်အောင်ငယ်၏။
21 ထာဝရဘုရားသည် အမှုတော်တည်းဟူသော၊ ထူးခြားသော အမှုတော်ကို ပြုခြင်းငှါ၎င်း၊ အလုပ်တော် တည်းဟူသော၊
လုပ်မြဲမဟုတ်သော အလုပ်တော်ကို လက် စသတ်ခြင်းငှါ၎င်း၊ ပေရဇိမ်တောင်ပေါ်မှာ ပြုသကဲ့သို့ ထ တော်မူမည်။ ဂိဗောင်ချိုင့်ထဲမှာ
ရှိသကဲ့သို့ အမျက်ထွက် တော်မူမည်။ 22 ယခုမှာ သင်တို့သည် သာ၍ပြင်းစွာသော ဆုံးမ ခြင်းနှင့် လွတ်မည်အကြောင်း၊ နောက်တဖန်
ဆဲရေးခြင်း ကို မပြုကြနှင့်။ ပြည်တပြည်လုံး၌ အနှံ့အပြားစီရင်ဆုံး ဖြတ်သော သုတ်သင်ပယ်ရှင်းခြင်း ရှိလိမ့်မည်ဟု ကောင်း
ကင်ဗိုလ်ခြေသခင် အရှင်ထာဝရဘုရားထံတော်၌ ငါ ကြားရပြီ။ 23 ငါပြောသံကိုကြား၍ မှတ်ကြလော့။ ငါ့စကားကို
စေ့စေ့နားထောင်နာယူကြလော့။ 24 လယ်လုပ်သောသူသည် မျိုးစေ့ကို ကြဲခြင်းငှါ၊ မြေကိုဆွလျက်၊ မြေစိုင်ကို ချေလျက်အစဉ်
လယ်ထွန် တတ်သလော။ 25 လယ်မျက်နှာကို ညှိပြီးမှ စမုန်နက်မျိုးစေ့၊ဇီယာ မျိုးစေ့ကို ကြဲသည်မဟုတ်လော။ ဂျုံစပါးမျိုးစေ့ကို အ
တန်းတန်းစိုက်၍၊ မုယောစပါးနှင့် ကောက်စပါးမျိုးစေ့ အသီးအသီးတို့ကို သူတို့အရပ်၌ ကြဲသည်မဟုတ်လော။ 26 အကြောင်းမူကား၊
သူ၏ဘုရားသခင်သည် စီ ရင်တတ်သော ဥာဏ်ကို ပေးတော်မူ၏။ သူ့ကိုလည်း သွန် သင်တော်မူ၏။ 27 စမုန်နက် မျိုးစေ့ကိုလည်း
ပျဉ်ပြားနှင့် မနယ် တတ်။ ဇီယာစေ့ပေါ်၌လည်း လှည်းဘီးကို မလှိမ့်တတ်။ စမုန်နက်စေ့ကို တုတ်နှင့်၎င်း၊ ဇီယာစေ့ကို ကြိမ်လုံးနှင့် ၎င်း
ရိုက်တတ်၏။ 28 ဂျုံစပါးကိုကား နယ်တတ်၏။ သို့သော်လည်း၊ အ စဉ်နယ်တတ်သည်မဟုတ်။ လှည်းဘီးနှင့် မြင်းတို့ကို နှင်
သော်လည်း၊ စပါးကို ညက်စေတတ်သည်မဟုတ်။ 29 ထိုအမှုသည်လည်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား
အကြံပေးတော်မူသောအမှုတည်း။ အကြံ ပေးတော်မူခြင်းသည် အံ့ဩဘွယ်ဖြစ်၏။ ဥာဏ်တော် သည်လည်း ထူးဆန်းပေ၏။

## Chapter 29

1 အရေလမြို့၊ ဒါဝိဒ်မင်းနေသော အရေလမြို့ သည် အမင်္ဂလာရှိ၏။ တနှစ်ပေါ်မှာ တနှစ်ထပ်ကြလော့။ ပွဲတို့ကို
အလှည့်လှည့်ခံကြလော့။ 2 သို့ရာတွင်၊ အရေလမြို့ကို ငါဆင်းရဲစေ၍၊ ထို မြို့သည် ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းရှိသော်လည်း၊
အရေလမြို့ကဲ့သို့ ငါ့ရှေ့မှာ ဖြစ်ရလိမ့်မည်။ 3 ငါသည် သင့်ပတ်ဝန်းကျင်၌ တပ်ချမည်။ မြေရိုး နှင့် ဝိုင်းထား၍၊
မြေကတုပ်များကိုလည်း တူးလုပ်မည်။ 4 သင်သည် နှိမ့်ချခြင်းကို ခံ၍မြေထဲက ပြောရ လိမ့်မည်။ မြေမှုန့်ထဲက ငယ်သောအသံနှင့်
မြွက်ရလိမ့် မည်။ သင်ပြောသောအသံသည် နတ်ဝင်သူပြောသံကဲ့သို့ မြေထဲကထွက်၍၊ သင်သည် မြေမှုန့်ထဲက အသံသေးနှင့်
တိုးတိုးမြွက်ဆိုရလိမ့်မည်။ 5 သို့ရာတွင်၊သင်၏ ရန်သူအလုံးအရင်းသည် အ ဏုမြူကဲ့သို့၎င်း၊ ကြောက်မက်ဘွယ်သောသူ
အလုံးအရင်း သည် လွင့်သွားသော ဖွဲကဲ့သို့၎င်းဖြစ်၍၊ အလျင်တဆော ချက်ခြင်း အမှုရောက်လိမ့်မည်။ 6 ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရားသည်၊ မိုဃ်းချုန်းခြင်း၊ မြေလှုပ်ခြင်း၊ အသံဗလံမြည်ခြင်းနှင့် တ ကွ မိုဃ်းသက်မုန်တိုင်း၊ လောင်တတ်သော
မီးလျှံအားဖြင့် အပြစ်ပေးတော်မူမည်။ 7 အပြည်ပြည်ကလာ၍၊ အရေလမြို့ကို စစ်တိုက် သော အလုံးအရင်း၊ အရေလမြို့နှင့်
ရဲတိုက်ကိုတိုက်၍ ညှဉ်းဆဲသော သူအပေါင်းတို့သည် အိပ်မက်တည်းဟူ သော ညဉ့်ရူပါရုံကဲ့သို့ ဖြစ်ရကြလိမ့်မည်။ 8
မွတ်သိပ်သောသူသည် အိပ်မက်တွင်စားရသည် ဟုထင်သော်လည်း၊ နိုးသောအခါ အမွတ်အသိပ်မပြေသ ကဲ့သို့၎င်း၊ ရေငတ်သူသည်
အိပ်မက်တွင် သောက်ရသည် ဟုထင်သော်လည်း၊ နိုးသောအခါ နွမ်းနယ်လျက်၊ တောင့် တလျက်ရှိသကဲ့သို့၎င်း၊ အပြည်ပြည်ကလာ၍၊
ဇိအုန် တောင်ကိုစစ်တိုက်သော အလုံးအရင်းသည်ဖြစ်ရလိမ့် မည်။ 9 ဖင့်နွှဲ၍ မိုင်တွေကြလော့။ ကာမဂုဏ်၌ ပျော် မွေ့၍
မွှန်လျက်နေကြလော့။ စပျစ်ရည်ကို မသောက်ဘဲ ယစ်မူးလျက်၊ သေရည်သေရက်ကို မသောက်ဘဲ တိမ်း ယိမ်းလျက် ရှိကြ၏။ 10
အကြောင်းမူကား၊ ထာဝရဘုရားသည် အိပ်ချင် သောသဘောကို သင်တို့၌ သွင်းသဖြင့်၊ သင်တို့မျက်စိကို ပိတ်၍၊ သင်တို့၏
ပရောဖက်များ၊ မင်းများ၊ ဗျာဒိတ်ခံသူ များတို့ကို ဖုံးလွှမ်းတော်မူပြီ။ 11 ဗျာဒိတ်တော်ရှိသမျှသည် တံဆိပ်ခတ်သောစာ ကဲ့သို့ သင်တို့၌
ဖြစ်၏။ ထိုစာသည် စာတတ်သောသူအား ပေး၍၊ ဤစာကို ဘတ်ပါလော့ဟု ဆိုလျှင်၊ ထိုသူက၊ ဤစာ ကို ငါမဘတ်နိုင်။
တံဆိပ်ခတ်လျက်ရှိ၏ဟု ပြန်ပြောတတ် ၏။ 12 ထိုစာကို စာမတတ်သောသူအားပေး၍၊ ဤစာ ကိုဘတ်ပါလော့ဟု ဆိုလျှင်၊ ထိုသူက၊
ငါသည် စာမတတ် ဟုပြန်ပြောတတ်၏။ 13 ထာဝရဘုရားကလည်း၊ ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍၊ နှုတ်ခမ်းနှင့် ငါ့ကို
ရိုသေကြ၏။ စိတ် နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သော ပညတ်တို့ ကို အမှီပြု၍ ငါ့ကိုကြောက်ရွံ့ကြ၏။ 14 ထိုကြောင့်၊
အံ့ဩကြောက်မက်ဘွယ်သောအမှု ကို ဤလူမျိုးတွင် တဖန် ငါပြုဦးမည်။ သူတို့တွင် ပညာရှိ တို့၏ ပညာသည် ပျက်စီးလိမ့်မည်။
ဉာဏ်ကောင်းသော သူတို့၏ ဉာဏ်လည်း ကွယ်ပျောက်လိမ့်မည်ဟု မိန့်တော် မူ၏။ 15 ထာဝရဘုရား မသိစေခြင်းငှါ၊ နက်နဲသောအ
ကြံကို ကြံ၍၊ မှောင်မိုက်ထဲမှာ အမှုကိုပြုလျက်၊ ငါတို့ကို အဘယ်သူမြင်သနည်း။ ငါတို့ကို အဘယ်သူသိသနည်းဟု
ပြောဆိုတတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။ 16 သင်တို့သည် ဖောက်ပြန်ကြသည်တကား။ အိုး ထိန်းသမားကို၊ အိုးမြေကဲ့သို့
မှတ်ရမည်လော။ လုပ်အပ် သောအရာသည် လုပ်တတ်သောသူကို ရည်မှတ်၍၊ ဤသူ သည် ငါ့ကိုမလုပ်ဟု ဆိုရမည်လော၊
ဖန်ဆင်းအပ်သော အရာသည် ဖန်ဆင်းတတ်သောသူကို ရည်မှတ်၍၊ ဤသူ ၌ ပညာအတတ်မရှိဟု ဆိုရမည်လော။ 17
လေဗနုန်တောင်သည် ဝပြောသောလယ်ပြင်ကဲ့ သို့၎င်း၊ ဝပြောသောလယ်ပြင်သည် တောကဲ့သို့၎င်း ဖြစ်ရ သောအချိန်နီးပြီ
မဟုတ်လော။ 18 ထိုကာလ၌ နားပင်းသောသူတို့သည် ကျမ်းစ ကားကို ကြားကြ လိမ့်မည်။ မျက်စိကန်းသောသူတို့သည် မြေးရှက်ခြင်း၊
မှောင်မိုက်ခြင်းနှင့် ကင်းလွတ်၍ မြင်ကြ လိမ့်မည်။ 19 စိတ်နှိမ့်ချသော သူတို့သည် ထာဝရဘုရားကို အမှီပြု၍၊ ဝမ်းမြောက်ခြင်း
တိုးပွါးကြလိမ့်မည်။ လူတို့တွင် ဆင်းရဲသောသူတို့သည် ဣသရေလအမျိုး၏ သန့်ရှင်း သောဘုရားကို အမှီပြု၍ ရွှင်လန်းကြလိမ့်မည်။
20 အကြောင်းမူကား၊ ကြောက်မက်ဘွယ်သောသူ သည် ဆုံးရှုံးရ၏။ ဆဲရေးသောသူသည် ပျောက်ကုန်ရ၏။ သူ့အပြစ်ကို
ချောင်းမြောင်းသောသူ၊ 21 တရားတွေ့၍ ဆင်းရဲသောတို့ အပြစ်ရောက်စေ သောသူ၊ မြို့တံခါးဝမှာ အမှုသည်ကို ကျော့မိစေခြင်းငှါ
ပြုသောသူ၊ အပြစ်မရှိသောသူကို မတရားသဖြင့် ရှုံးစေ သောသူ အပေါင်းတို့ကို သုတ်သင်ပယ်ရှင်းရ၏။ 22 သို့ဖြစ်၍ အာဗြဟံ
အမျိုးကို ရွေးနှုတ်တော်မူ သော ထာဝရဘုရားသည်၊ ယာကုပ်အမျိုးကိုရည်မှတ်၍ မိန့်တော်မူသည်ကား၊ ယာကုပ်အမျိုးသည်
နောက်တဖန် ရှက်ကြောက်ခြင်း၊ မျက်နှာပျက်ခြင်း မရှိရ။ 23 ထိုအမျိုးသားတို့သည် ငါစီရင်သောအမှုကိုမြင် လျှင်၊ ငါ့နာမကို
မိမိတို့တွင် ရိုသေကြလိမ့်မည်။ ယာကုပ်အ မျိုး၏ သန့်ရှင်းသောဘုရားကို ရိုသေ၍၊ ဣသရေလအမျိုး ၏ ဘုရားသခင်ကို
ကြောက်ရွံ့ကြလိမ့်မည်။ 24 စိတ်သဘောဖောက်ပြန်သောသူတို့သည် ပညာ သတိကို ရကြ၍၊ ဆန့်ကျင်ဘက်ပြုသော သူ
တို့သည်လည်း၊ ဆုံးမဩဝါဒစကားကို နာယူကြလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 30

1 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပုန်ကန် သော အမျိုးသားတို့သည် အမင်္ဂလာရှိကြ၏။ သူတို့သည် ငါ့ကို အမှီမပြုဘဲ
အချင်းချင်းတိုင်ပင်ကြ၏။ ငါ့ဝိညာဉ် အခွင့်မရှိဘဲ မိဿဟာယဖွဲ့၍ အထပ်ထပ်အပြစ်ရောက် ကြ၏။ 2 ဖာရောဘုရင်၏
ဘုန်းကိုအမှီပြု၍၊ အဲဂုတ္တုအ ရိပ်ကို ခိုလှုံခြင်းငှါ၊ ငါ့နှုတ်ထွက်ကို အခွင့်မပန်ဘဲ၊ အဲဂုတ္တု ပြည်သို့ ရောက်အောင် သွားကြ၏။ 3
သို့ဖြစ်၍ သင်တို့သည် ဖာရောဘုရင်၏ ဘုန်းကို အမှီပြုသောကြောင့် ရှက်ကြောက်ကြလိမ့်မည်။ အဲဂုတ္တု အရိပ်ကို ခိုလှုံသောကြောင့်
မျက်နှာပျက်ကြလိမ့်မည်။ 4 သူတို့မင်းတို့သည် ဇောနမြို့၌ ရှိကြပြီ။ သံတမန် တို့သည် ဟာနက်မြို့သို့ ရောက်ကြပြီ။ 5 အသုံးမဝင်၊
အကူအညီမပေး၊ ကျေးဇူးမပြုနိုင် ဘဲ ရှက်ကြောက်ခြင်း၊ အသရေပျက်ခြင်း အကြောင်းသာ ဖြစ်သော လူမျိုးကို သူတို့ရှိသမျှသည်
ရှက်ကြောက်ကြ၏။ 6 ခြင်္သေ့မ၊ ခြင်္သေ့ပျို၊ မြွေဆိုး၊ ပျံတတ်သော မီးမြွေ များသဖြင့်၊ အလွန်ခဲယဉ်း၍ ဆင်းရဲသောပြည်ကို ရှောက်
လျက်၊ တောင်မျက်နှာသို့သွားသော တိရ စ္ဆာန်တို့အပေါ်မှာ တင်သော ဝန်များကို ကြည့်ရှုကြလော့။ မြည်းပခုံးပေါ်မှာ
ဥစ္စာပစ္စည်းများကိုငင်၊ ကုလားအုပ်၏ ဘို့ပေါ်မှာ ဘဏ္ဍာ များကို ငင်းတင်၍၊ ကျေးဇူးမပြုနိုင်သော လူမျိုးထံသို့
ဆောင်သွားကြသည်တကား။ 7 အဲဂုတ္တုပြည် အချည်းနှီးသက်သက်၊ အကျိုးမ ပေးနိုင်။ ထိုကြောင့်၊မလှုပ်ဘဲနေတတ်သောရာခပ်ဟု ငါ
သမုတ်ပေ၏။ 8 သင်သည်ယခုသွား၍ သူတို့ရှေ့မှာသင်ပုန်း၌ ရေးထားရသောအချက်၊ နောင်ကာလ အစဉ်အဆက် တည် စေခြင်းငှါ၊
စာစီ၍ မှတ်သားရသော အချက်ဟူမူ ကား၊ 9 ဤလူမျိုးသည် ပုန်ကန်တတ်၏။ ဖောက်ပြန် သောအမျိုးသား၊ ထာဝရဘုရား၏
တရားတော်ကို နာယူ ခြင်းငှါ အလိုမရှိသော အမျိုးသားဖြစ်ကြ၏။ 10 သူတို့ကလည်း၊ ဗျာဒိတ်တော်ကို မခံပါနှင့်ဟု
ဗျာဒိတ်ခံသောသူတို့အားငင်း၊ မှန်သောစကားကို ငါတို့ အား မဟောပါနှင့်။ ချော့မော့သောစကားကို ပြောကြပါ။
လှည့်စားသောစကားကို ဟောကြပါ။ 11 လမ်းလွှဲကြပါ။ မှန်သောလမ်းကို ရှောင်ကြပါ။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားကို
ငါတို့ရှေ့မှာ ကွယ်ထားကြပါဟု ပရောဖက်တို့အားငင်း ဆိုတတ်ကြ၏။ 12 သို့ဖြစ်၍၊ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား
မိန့်တော်မူသည်ကား၊ သင်တို့သည် နှုတ်ကပတ် တော်ကို ပယ်၍၊ လိမ်ကောက် ယိုယွင်းခြင်းကိုသာ မှီဝဲ ခိုလှုံသောကြောင့်၊ 13
သင်တို့အပြစ်သည် ပြိုကျလုသော အုတ်ရိုးပျက် ကဲ့သို့၎င်း၊ မြင့်သောအုတ်ထရံ၌ မညီမညွတ် ထွက်ဝင်သ ကဲ့သို့၎င်း ဖြစ်လိမ့်မည်။
ထိုထရံသည် အလျင်တဆော ချက်ခြင်း ပြိုပျက်တတ်၏။ 14 မြေအိုးကွဲသကဲ့သို့ ကွဲရလိမ့်မည်။ ကွဲရာတွင် လည်း မီးဖိုထဲက
မီးခဲခံစရာဘို့၊ ရေကန်ထဲက ရေခပ်စရာ ဘို့ အိုးခြမ်းတခုမျှ မရှိစေခြင်းငှါ၊ နှမြောခြင်း မရှိဘဲ ခွဲ ခြင်းကို ခံရလိမ့်မည်။ 15
ဣသရေလအမျိုး၏ သန့်ရှင်းတော်မူသော ဘုရား၊ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင် တို့သည် ပြောင်းလဲ၍ ငြိမ်ဝပ်စွာ
နေလျှင်၊ ကယ်တင်ခြင်း သို့ ရောက်ကြလိမ့်မည်။ ငြိမ်ဝပ်စွာနေခြင်း၊ ယုံကြည်ခြင်း အားဖြင့် ခွန်အားအစွမ်းကို ရကြလိမ့်မည်။
သင်တို့သည် ထိုသို့သော အလိုမရှိကြ။ 16 ငါတို့သည် ထိုသို့မနေ၊ မြင်းစီး၍ ပြေးမည်ဟု ဆိုသောကြောင့်၊ သူတပါးတို့သည် သင်တို့ကို
ပြေးစေ မည်။ ငါတို့သည် လျင်မြန်စွာ စီးသွားမည်ဟု ဆိုသော ကြောင့်၊ သင်တို့ကို လိုက်သောသူတို့သည် လျင်မြန်ကြ လိမ့်မည်။ 17
သင်တို့သည် တောင်ထိပ်ပေါ်မှာ စိုက်သောမုတ် တိုင်ကဲ့သို့၎င်း၊ ကုန်းပေါ်မှာထူသော အလံကဲ့သို့၎င်း ဖြစ် ရသည်တိုင်အောင်၊
တယောက်သော သူသည် ခြိမ်းလျှင်၊ တထောင်သောသူတို့သည် ပြေးကြလိမ့်မည်။ ငါးယောက် ခြိမ်းလျှင်၊
တသောင်းပြေးကြလိမ့်မည်။ 18 သို့သော်လည်း၊ ထာဝရဘုရားသည် သင်တို့၌ ကျေးဇူးပြုလိုသောငှါ မြော်လင့်တော်မူမည်။
ကရုဏာပြု လိုသောငှါ ချီးမြှောက်ခြင်းကို ခံတော်မူမည်။ အကြောင်း မူကား၊ ထာဝရဘုရားသည် တရားသော ဘုရားသခင်
ဖြစ်တော်မူ၏။ ကိုယ်တော်ကို မြော်လင့်သောသူအပေါင်း တို့သည် မင်္ဂလာရှိကြ၏။ 19 ယေရုရှလင်မြို့၌နေသော ဇိအုန်အမျိုး၊သင်
သည် အစဉ်ငိုကြွေးရမည် မဟုတ်။ သင်အော်ဟစ်သံကို နားထောင်၍ ကယ်မသနားတော်မူလိမ့်မည်။ ထိုအသံကို ကြားသောအခါ
ထူးတော်မူလိမ့်မည်။ 20 ထာဝရဘုရားသည် သင့်အားဒုက္ခမုန့်ကို ကျွေး ၍၊ ဆင်းရဲခြင်းရေကို တိုက်တော်မူသော်လည်း၊ သင်၏
ဆရာတို့သည် နောက်တဖန် ပုန်းရှောင်၍ မနေရကြ။ ကိုယ်မျက်စိ နှင့် ကိုယ်ဆရာတို့ကို မြင်ရလိမ့်မည်။ 21 သင်သည် လက်ျာဘက်၊
လက်ဝဲဘက်သို့လမ်းလွှဲ လျှင်၊ ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌သွား လော့ဟု သင့်နောက်၌ပြောသောစကားသံကို ကိုယ်နား
နှင့် ကြားရလိမ့်မည်။ 22 ထုလုပ်သောငွေရုပ်တုတန်ဆာနှင့် သွန်းသော ရွှေရုပ်တုတန်ဆာများကို မရိုမသေပြု၍၊ ညစ်ညူးသော
အဝတ်ကဲ့သို့ ပစ်ပယ်လျက်၊ သွားတော့ဟု ဆိုရလိမ့်မည်။ 23 သင်သည် လယ်၌ကြဲသောမျိုးစေ့ဘို့ မိုးယံကို ရွာစေတော်မူလိမ့်မည်။
မြေအသီးအနှံမှ ဖြစ်သော မုန့်ကို အလွန်ကြွယ်ဝစွာ ပေးသနားတော်မူလိမ့်မည်။ ထိုအခါ သင်၏သိုးနွားတို့သည် ကျယ်သောအရပ်၌
ကျက်စားရကြ လိမ့်မည်။ 24 စံကောနှင့် ဆန်ခါဖြင့် သန့်ရှင်းစေ၍၊ ကောင်း မွန်စွာ ရောနှောသောစပါးကိုသာ မြေ၌လုပ်သောနွားနှင့်
မြည်းတို့သည်လည်း စားရကြလိမ့်မည်။ 25 များစွာသော လူတို့ကို သတ်၍၊ ရဲတိုက်တို့သည် ပြိုလဲသောအခါ၊
မြင့်သောတောင်ရှိသမျှနှင့် ထင်ရှား သော ကုန်းရှိသမျှတို့အပေါ်မှာ ရေစီးရာမြစ်နှင့် ချောင်း များရှိကြလိမ့်မည်။ 26 ထာဝရဘုရားသည်
မိမိလူတို့၏ ကျိုးပျက်ရာကို ပြုပြင်၍၊ သူတို့ခံရသော ဒဏ်ချက်ရာကို ပျောက် စေတော်မူသော အခါ၊ လ၏အလင်းသည် နေ ၏အ
လင်းကဲ့သို့ ဖြစ်၍၊ နေ ၏အလင်းသည်လည်း ပကတိ ထက် ခုနစ်ဆလင်းလိမ့် မည်။ 27 ကြည့်ရှုလော့။ ထာဝရဘုရား၏
နာမတော်သည် ဝေးသောအရပ်မှ လာ၏။ အမျက်တော်လောင်၍ မီးလျှံ ဟုန်းလေ၏။ နှုတ်တော်သည် အမျက်နှင့် ပြည့်၍၊ လျှာ
တော်သည် မီးရှို့သကဲ့သို့ ဖြစ်လေ၏။ 28 ထွက်သက်တော်သည်လည်း၊ လူမျိုးတို့ကို ရှင်း ရှင်းဖျက်ဆီးခြင်းငှါ၊ လွှမ်းမိုးသောရေကဲ့သို့

 generated on Sun Jun 30 02:37:40 2024

လည်ပင်းကို မှီလိမ့်မည်။ လမ်းလွဲစေသောဇက်ကို သူတို့ပစပ်၌ ခံ့တော် မူလိမ့်မည်။ 29 သင်တို့သည် ပွဲခံသော နေ့ညဉ့်တွင် ပြုသကဲ့သို့ သီချင်းဆိုရကြလိမ့်မည်။ ဣသရေလအမျိုး၏ ကျောက်၊ ထာဝရဘုရား၏ တောင်တော်သို့ ပုလွေမှုတ်လျက်သွားသ ကဲ့သို့ ဝမ်းမြောက်ရကြလိမ့်မည်။ 30 ထာဝရဘုရားသည်လည်း ဘုန်းကြီးသောအသံ တော်ကို လွှတ်တော်မူလိမ့်မည်။ လက်ရုံးတော် သက်ရောက်ခြင်း၊ ပြင်းစွာအမျက်ထွက်ခြင်း၊ မီးလျှံလောင်ခြင်း၊ မိုဃ်းသီးပါလျက်၊ မိုဃ်းသက်မုန်တိုင်းများတို့ကို ပြတော် မူလိမ့်မည်။ 31 သို့ဖြစ်၍၊အာရှုရိလူသည် ထာဝရဘုရား၏ အ သံတော်အားဖြင့် လှဲချခြင်း၊ လှံတံတော်အားဖြင့် ဒဏ် ခတ်ခြင်းကို ခံရလိမ့်မည်။ 32 ထာဝရဘုရားစီရင်၍၊သူ၏အပေါ်မှာ လေးစွာ ချထားတော်မူသောလှံတံသည် ရောက်သွားရာရာ၌ စောင်း၊ ပတ်သာတီးခြင်းနှင့် တကွ ဖြစ်လိမ့်မည်။ သူ့ကို ပြင်းစွာ စစ်တိုက်တော်မူလိမ့်မည်။ 33 အကြောင်းမူကား၊ တောဖက်အရပ်သည် ရှေး ကာလ၌ စီရင်လျက်ရှိ၏။ အကယ်စင်စစ် ရှင်ဘုရင်အဘို့ ပြင်ဆင်လျက်ရှိ၏။ နက်နဲကျယ်ဝန်းစေခြင်းငှါ ဖန်ဆင်း တော်မူပြီ။ မီးရှို့ဘို့ ထင်းပုံကြီးလည်းရှိ၏။ ထာဝရဘုရား ၏ ထွက်သက်တော်သည် အရည်ကျိုသောကန့်ကဲ့သို့၊ ထို ထင်းပုံကို မီးရှို့ရလိမ့်မည်။

---

Isaiah 01

ပုန်ကန်သောအမျိုးသားတိုသည်
ထာဝရဘုရာ၏လူများကိုရည်ညွှန်းသည်။

ထာတရဘုရားမိန်တော်မူသည်ကား
မိန့်မြွက်ခြင်းဟူသည်လေးနက်စွာ ပြောဆိုခြင်းဖြစ်သည်။

သူတို့သည် ငါ့ကို အမှီမပြုပဲ ----------တိုင်ပင်ကြ၏။
တိုင်ပင်ခြင်းဟူသည် အစီအစဉ်များရေးဆွဲခြင်း ကို ဆိုလိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သူတို့သည် များစွာသော အရာကို လုပ်ဆောင်ကြပြီ သို့သော် ငါ့ကို မေးမြန်းခြင်း အလျင်းမပြုပြီ။

ငါ့ဝိညာဉ် အခွင့်မရှိပဲ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။

အထပ်ထပ်အပြစ်ရောက်
(အခြားသောဘာသာပြန်ဆိုချက်) အပြစ်ကို အဆက်မပြန် ပိုပို၍ လုပ်ကြပြီ။

ခိုလှုံခြင်းကို ဖော်ပြလိုသည်
(အခြားသောဘာသာပြန်ဆိုချက်) သူတို့သည်ဖာရောဘုရင် ၌ ခိုလှုံခြင်းကို ယူဆောင်ကြပြီ။

ဖာရောဘုရင်၏ ကုန်းကို အမှီပြု၍
ဖာရောဘုရင်၏ အကာအကွယ်ယူခြင်းသည် နေရောင်၏ ပူလောင်ခြင်းမှ အကာအကွယ်ယူသကဲ့သို့ ဖြစ်သည်။

Isaiah 03

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယုဒလူများကို ဆက်လက်ပြောပြနေသည်။

ဖာရောဘုရင်၏ ဘုန်းကို -------ရှက်ကြောက်ကြလိမ့်မည်
ခိုလှုံခြင်း၊ အရှက်ရခြင်း (အခြားသောဘာသာပြန်ဆိုချက်) သို့ဖြစ်၍ ဖာရော၌ ခိုလှုံသောသူတို့သည် အရှက်ရကြလိမ့်မည်။ အဲဂုတ္တု၏ အကာအကွယ်ကို လိုလားသောသူတို့သည် ရှက်ကြောက်ခြင်းနှင့် တွေ့ကြုံရလိမ့်မည်။

အဲဂုတ္တု အရိပ်ကို ခိုလှုံသောကြောင့်
အဲဂုတ္တုအရိပ်ကို ခိုလှုံသောသူများသည် နေ၏အပူရောင်မှ ကာကွယ်ယူရန် အရိပ်ကိုရှာသူများ ဖြစ်သည်။

သူတို့မင်းတို့သည်
"မင်း" ဟူသည်မှာ တရားဝင်သံအမတ်(သို့) အသုံးမဝင်သောဘုရင်၏သားများ

သူတို့...သူတို့ကို....သူတို့၏
"သူတို့...သူတို့ကို....သူတို့၏" များသည် ယုဒလူများကို ရည်ညွှန်းသည်။

ဇောနမြို့၊ ဟာနက်မြို့
အီဂျစ်ပြည်မြောက်ပိုင်း ရှိမြို့များ

ဟာနက်မြို့သို့ ရောက်ကြပြီ
သွားပါ -----လာပါဟု ပြန်ဆိုနိုင်သည်။

လူများကြောင့်
အီဂျစ်ပြည်မှ လူများကြောင့်

Isaiah 06

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယုဒလူများကို ဆက်လက်၍ သွန်သင်နေသည်။

ကြွေးကြော်ခြင်း
ထာဝရဘုရား၏ ကြွေးကြော်သည်ကား

ခြင်္သေ့မ၊ ---- မီးမြွေများ
ခြင်္သေ့မ၊ ခြင်္သေ့ပျိုများ ကိန်းဝပ်ရန် မြွေဆိုးနှင့် ပျံတက်သောမီးမြွေများဖြင့်

မြွေဆိုး------ပျံတက်သောမီးမြွေများဖြင့်
မီးကဲ့သို့ဟူသည် အဆိပ်ပြင်းသော မြွေကိုက်ခြင်းနှင့် ပျံသန်းခြင်းဟူသည် လျင်မြန်စွာ ရွေ့သွားသည်။ (ရှု၊ how you translated this in 14:28.


generated on Sun Jun 30 02:37:40 2024

ဥစ္စာပစ္စည်း ဘဏ္ဍာများကို တင်ရန်
ယုဒလူများသည် သူတို့၏ စည်းစိမ်များကို သယ်ဆောင်သွားသည်။

မလှုပ်ပဲနေတတ်သော ရာခပ်ဟု ----
ရာခပ်အမည်မှာ -----ခွန်အား

Isaiah 08

ယေဘုယျ အချက်အလက်
ဟေရှာယအား ထာဝရဘုရား ဆက်လက်ပြောနေသည်။

ယခုသွား၍
ထာဝရဘုရားသည် ယုဒအကြောင်းမြွက်ဆိုချိန်တွင် အသုံးပြုသော စကားဖြစ်သည်။ သူသည် ယေရှာယ အား တစ်စုံတစ်စုံတစ်ရာ လုပ်ဆောင်ရန် ပြောဆိုသည်။

ယခုသူတို့ရှေ့မှာ
ယုဒလူများရဲ့ ရှေ့မှာ

နောင်ကာလ
(အခြားသောဘာသာပြန်ဆိုချက်) အနာဂတ်ကာလ

တရားတော်ကို နာယူခြင်း၌ အလိုမရှိသော အမျိုးသားများဖြစ်ကြ၏။
ထာဝရဘုရား လူမျိုးတော်၏ သားသမီးများကို ဆိုလိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သူတို့၏ အပြုအမူများသည် ထာဝရဘုရား၏ တရားတော်ကို နာယူလိုသော စိတ်မရှိသည့် ကလေးများကဲ့သို့ ဖြစ်ပါသည်။

Isaiah 10

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယုဒလူများအား ဆက်လက်ပြောပြနေသည်။

လမ်းလွှဲကြပါ။ မှန်သောလမ်းကို ရှောင်ကြပါ။
ထာဝရဘုရားသည် သူ၏လူများကို မှန်သောလမ်းသို့လျှောက်စေချင်သည်။ ထာဝရဘုရား၏ လမ်းသို့ လိုက်ရန် အလိုရှိသည်။

Isaiah 12

မှန်သောလမ်း
(၁:၄)၌ ပြန်ဆိုပြီး

သင်တို့သည် နှုတ်ကပတ် တော်ကို ပယ်၍
ဤနေရာတွင် စကားလုံးသည် နှုတ်ကပတ်တော်ကို ဆိုလိုသည်။ (အခြားသောဘာသာပြန်ဆိုချက်) သင်သည်နှုတ်ကပတ်တော်ကို ငြင်းပယ်သောကြောင့်

သင်တို့သည် နှုတ်ကပတ်------ခိုလှုံသောကြောင့်
ဆိုလိုချက်(၁) -- ယုဒခေါင်းဆောင်များသည် အဲဂုတ္တုခေါင်းဆောင်များကိုသာ ခိုလှုံကြသောကြောင့်

ဆိုလိုချက်(၂) ----ယုဒခေါင်းဆောင်များသည် သူတို့လူများ၏ စည်းစိမ်ဥစ္စာများကို လိမ်ညာလှည့်ဖျားယူပြီး၊ အဲဂုတ္တုခေါင်းဆောင်များ ထံကာကွယ်ပေးရန် အတွက်တောင်းဆိုကြပြီ။

မှီဝဲ ခိုလှုံသောကြောင့်၊
ဖိနှိပ်ခြင်းကို ဆိုလိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်)သူတို့အား လိမ်ညာလှည့်ဖျားလေပြီ။

မှီဝဲ ခိုလှုံသောကြောင့်

သင်တို့အပြစ်သည် ပြိုကျလုသော အုတ်ရိုးပျက်ကဲ့သို့ဖြင့်
ထာတရဘုရားသည် ယုဒလူတို့၏ အပြစ်အတွက် ဖျက်ဆီးခြင်းကို ပြုလုပ်လိမ့်မည်။

ပြိုကျလုသော အုတ်ရိုးပျက်ကဲ့သို့ဖြင့်

ထိုထရံသည် အလျင်တဆော----

အလျင်တဆော ချက်ခြင်း
အုတ်ရိုး အမြန်ပြိုကျလာခြင်းကို ဆိုလိုပါသည်။

Isaiah 14

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား ဘုရားသခင်မည်ကဲ့သို့ ဖျက်ဆီးမည်ကို ဖော်ပြနေသည်။ (ရှု၊ 30:12)

မြေအိုးကွဲသကဲ့သို့
ဝင်းဟူသည် ပြိုကျမည့် အုတ်နံရံကို ဆိုလိုပါသည်။ နံရံ၏အပိုင်းအစသည် ယုဒလူများ၏ အပြစ်များနှင့် သူတို့၏ အပြစ်များကို ကိုယ်စားပြုသည်။

မြေအိုးကွဲသကဲ့သို့
ကရားအိုး မြေပေါ်မှာ ကျကွဲသကဲ့သို့ တစ်ပိုင်းတစ်စစီ ကျကွဲလိမ့်မည်။

အိုးလုပ်သူ
အိုးလုပ်သူသည် မြေကရားအိုးကို ပြုလုပ်သူဖြစ်သည်။

ဟိုခြမ်းတစ်ခုမျှမရှိစေခြင်း၌
သုံးမရအောင်ကွဲသည်။

မီးဟူသည်"ပြာ"ကို ရည်ညွှန်းသည်

Isaiah 15

ဣသရေလအမျိုး၏ သန့်ရှင်းတော်မူသော ဘုရား
1:4 အတိုင်းဘာသာပြန်ရန်ဖြစ်သည်။

ပုန်ကန်သော အမျိုးသားတို့ သင်တို့၏ သန်စွမ်းခြင်းသည် ကယ်တင်မှု ပြုနိုင်သလား?။
ထာဝရဘုရားမိန့်တော်မူသည်ကား ပြောင်းလဲ၍ ငြိမ်ဝပ်စွာနေလျှင် ကဦတင်ခြင်း သို့ ရောက်ကြလိမ့်မည်။

ငြိမ်ဝပ်စွာ
ထာဝရဘုရားက သူတို့ကို ဂရုစိုက်သည့်အတွက် လူတို့နားခိုကြသည့်ကိုဆိုလိုသည်။

ထာဝရဘုရားသည် ပုန်ကန်သောလူမျိုးအား အဘယ်ကြောင့် မြင်းစီး၍ ပြေးမည်ဟု ဆိုသနည်း?။
ထာဝရဘုရားသည် ပုန်ကန်သောလူမျိုးအား သင်တို့အား လိုက်သောသူတို့လျင်မြန်ကြလိမ့်မည် ဟုဆိုပါသည်။

သင်တို့ကို ပြေးစေ မည်။
အဲဂုတုလူတို့ထံမှ ယုဒလူတို့က ရရှိကြသည့်မြင်းများဖြစ်သည်။

Isaiah 17

တစ်ထောင်သော သူပြေးကြလိမ့်မည်။
(အခြားသောဘာသာပြန်ဆိုချက်) တစ်ယောက်ခြိမ်းခြောက်လျင် တစ်ထောင်ပြေးကြလိမ့်မည်။ ငါးယောက်ခြိမ်းခြောက်လျင် အားလုံးပြေးကြလိမ့်မည်။

တစ်ထောင်သော
တစ်ထောင်

သင်တို့သည် တောင်ထိပ်ပေါ်မှာ စိုက်သောမုတ် တိုင်ကဲ့သို့၎င်း၊ ကုန်းပေါ်မှာထူသော အလံကဲ့သို့၎င်း ဖြစ် ရသည်တိုင်အောင်
ဤဥပစာက တောင်ထိပ်၌ စိုက်ထူသော အလံတစ်ခုကဲ့သို့ အနည်းငယ်သော သူသာလျင် ကျန်ရစ်ခဲ့လိမ့်မည် ကိုဆိုလိုသည်။

Isaiah 18

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား ဆက်လက်ပြောပြနေသည်။

သင်ဟူသည် ------
ဇိအုန်၌ ရှိသော လူများကို ကိုယ်စားပြုသည်။

သင်အော်ဟစ်သံကို နားထောင်၍
သူသည် သင့်ကို ကူညီလိမ့်မည်။

Isaiah 20

ယေဘုယျအချက်အလက်
ယုဒလူများအား ဟေရှာယဆက်လက်ပြောနေသည်။

သင့်အားဒုက္ခမုန့် ကျွေး၍-------တိုက်သော်လည်း
မုန့်နှင့်ရေသည် အလွန်ဆင်းရဲသော လူများအတွက် အစာ ြဖစ်သည်။ စာစုတစ်ခုလုံးသည် လူများစိတ်ဆင်းရဲ ခက်ခဲသော အချိန်ကို ကိုယ်စားပြုသည်။

ဆရာ
ထာဝရဘုရားကို ရည်ညွှန်းသည်

ကိုယ့်မျက်စိနှင့် ကိုယ့်ဆရာတို့ကို မြင်ရလိမ့်မည်
"မျက်စိ"သည် တစ်ကိုယ်လုံး ကို ရည်ညွှန်းသည်။

ကိုယ့်နားနှင့်ကြားရလိမ့်မည်
"နား"သည် လူတစ်ကိုယ်လုံးကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) သင်ကြားလိမ့်မည်။

သင်သည် ------လမ်းလွဲလျှင်
(အခြားသောဘာသာပြန်ဆိုချက်) သင်နောက်မှ ပြောသော အသံကို ကြားရလိမ့်မည်။

ဤမည်သော လမ်းသည်မှန်၏--
ထာဝရဘုရားသည် သူ၏ လူများအားမှန်ကန်သော လမ်းကို သွားရန်နှင့် သူ၏စကားကိုနာခံရန် အလိုရှိသည်။

ဤမည်သော လမ်းသည်မှန်၏--
ထာဝရဘုရားသည် မနာခံသောလူများအား ထာဝရဘုရား ၏ လမ်းသည်လှည့်ပြန်ရန် ပြောဆိုသည်။

Isaiah 22

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူမျိုးအား ဆက်လက်ပြောနေသည်။

ညစ်ညူးသော အဝတ်ကဲ့သို့ ပစ်ပယ်လျက်၊
သူတို့သည် သူတို့၏ ရုပ်တုများကို အမှိုက်များ အဖြစ်စွက္ကဲ့ပစ်သကဲ့သို့ သူတို့ပြုလုပ်ကြသည်။

သွားတော့ဟု ဆိုရလိမ့်မည်
သူတို့သည် ရုပ်တုများကို စွန့်ပစ်သောနေရာမှ ထွက်ယွာလိမ့်မည်။ ထာဝရဘုရားက ဤလူမျိုးသည် ရုပ်တုများကိုကြာရှည်စွာ အလိုရှိမည် မဟုတ်ဟု ဆိုလိုပါသည်။

Isaiah 23

ယေဘုယျအချက်အလက်
ဟောရှာယသည် ယုဒလူများအား ဆက်လက်ပြောနေသည်။

ပေးသနားတော်မူလိမ့်မည်
ထာဝရဘုရား ပေးသနားတော်မူလိမ့်မည်

မြေအသီးအနှံမှ ဖြစ်သောမုန့်ကို ---------လိမ့်မည်။
မုန့်သည် အစားအစာကိုကိုယ်စားပြုသည်။
(အခြားသောဘာသာပြန်ဆိုချက်)
စားဖွယ်ကောင်းသောအသီးများစွာကို မြေကြီးမှ ထုတ်လုပ်စေလိမ့်မည်။

ထိုအခါ
(အခြားသောဘာသာပြန်ဆိုချက်) ထိုကာလတွင်

ရောနှောသော စပါးကိုသာ -------စားရကြလိမ့်မည်။
စပါးခွံများလေထဲ လွင့်သွား၍စား၍ရသော
ဆန်များသာကျန်ရစ်စေရန် ဂေါ်ပြားများ ခက်ရင်းခွများကို
အသုံးပြုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဂေါ်ပြားများခက်ရင်းခွများဖြင့်
စပါးကိုလှေ့သည်"

Isaiah 25

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား ဆက်လက်ပြောနေသည်

မြင့်သော တောင်ရှိသမျှနှင့်
ထာတရဘုရားသည် သူ၏လူများကို ကယ်တင်ပေးမည့်
အကောင်းဆုံးအခြေအနေကို ဖော်ပြသည်။

ရေစီးရာမြစ်နှင့် ချောင်းများရှိကြလိမ့်မည်။
ထာဝရဘုရားသည် ရန်သူများ၏ သန်စွမ်းမှုကို
ဖျက်ချဖယ်ရှားလိမ့်မည်။

နေ၏အလင်းသည်လည်း--------လင်းလိမ့်မည်။
နေသည် ခုနှစ်ဆလင်းလိမ့်မည်။ (သို့
နေ၏အလင်းရောင်တစ်နေ့စာအလင်းသည် သာမန်ထက်
ခုနှစ်ဆလင်းလိမ့်မည်။

ထာဝရဘုရားသည် -----ပျောက်စေတော်မူသောအခါ
ထာဝရဘုရားသည် သူ၏လူများကိုနာကျင်စေသော်လည်း
ဒဏ်ချက်တော်များကို ပြန်လည်စည်းပေးလိမ့်မည်။

Isaiah 27

ကြည့်ရှုလေ့ -------မီးလျှံဟုန်းလေ၏
ထာဝရဘာရားသည် မီးလျှံကဲ့သို့ အမျက်ကြီးမားလေ၏။

ထာဝရဘုရား၏နာမတော်သည်
အမည်ဟူသည် ထာဝရဘုရားကို ကိုယ်စားပြုသည်။

နှုတ်တော်သည် အမျက်နှင့်ပြည့်၍ -----မီးရှို့သကဲ့သို့ဖြစ်လေ၏။
နှုတ်ခမ်းနှင့်လျှာသည် ထာဝရဘုရား၏ စကားကို
ကိုယ်စားပြုသည်။ ထာဝရဘုရား၏ အမျက်သည် မီးလျှံကဲ့သို့
ဖြစ်လေ၏။

ထွက်သက်တော်သည်လည်း
လေသည်ထာဝရဘုရား၏ နှုတ်မှဖြစ်၍ ရေလွှမ်းသကဲ့သို့
တန်ခိုးသည် ပျက်ဆီးလိမ့်မည်။

လူမျိုးတို့ကို ရှင်းရှင်း ဖျက်ဆီးခြင်းဌာ
ထာဝရဘုရားသည် လူများများနှင့် ဆိုးသောလူများကို
ဖျက်ဆီးမည်ကို ဆိုလိုပါသည်။(အခြားသောဘာသာပြန်ဆိုချက်)
ထာဝရဘုရားသည်လူမျိုးထဲမှ ဆိုးသောလူများကို ဖျက်ဆီးရက္က
ခွဲခြားလိမ့်မည်။

ထွက်သက်တော်သည်လည်း ------မှုလိမ့်မည်
ထာဝရဘုရားသည်
သူ၏လူမျိုးတော်အားဖျက်ဆီးမည့်အစီအစဉ်ကို
လမ်းမှန်သို့ရောက်ရန် ဇက်ကိုကြိုးဖြင့် ထိန်းချုပ်မည်ဟု
ဖွင့်ဆိုပါသည်။

လမ်းလွဲစေသောဇက်ကို --------ခွဲတော်မူလိမ့်မည်။
ဇက်ကြိုးသည် မြင်း၏ခေါင်းများကို
ထိန်ချုပ်သောအရာဖြစ်သည်။
ဇက်ကြိုးတွင်သေးငယ်သောကြိုးကို မြင်း၏ပါးစပ်၌
ထည့်ထားသည်။(အခြားသောဘာသာပြန်ဆိုချက်)
လူများ၏ဦးခေါင်းဇက်ကိုင်ထားခြင်း(သို့ လူများ၏ပါးစပ်ကို
ကြိုးတပ်၍ထိန်းညှိခြင်း။

Isaiah 29

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား ဆက်လက်ပြောနေသည်။

သီချင်းဆိုရကြလိမ့်မည်။

နေ့ညတွင် ပြုသကဲ့သို့
လူများပျော်ရွှင်ခြင်းကို ဖော်ပြလိုသည်

နေ့ညတွင် ပြုသကဲ့သို့ သီးချင်းဆိုရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုငသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်သည်သီချင်းချီးမွမ်းသီဆိုရလိမ့်မည်"

ဝမ်းမြောက်ရကြလိမ့်မည်
"နှလုံး"သည် လူ၏အတွင်းနှလုံးသားကို ကိုယ်စားပြုသည်။

ဣသရေလလူမျိုး၏ကျောက် --- ထာဝရဘုရား၏တောင်တော်သို့
လူများမည်မျှပျော်ရွှင်မည်ကို အထူးပြုထားသည်။

ဣသရေလအမျိုး၏ ကျောက်
ထာဝရဘုရား၏တောင်ကဲ့သို့ ဣသရေလလူမျိုးများ၏
ရန်သူဘေးမှ ကာကွယ်စောင့်ရှောက်လိမ့်မည်။
(အခြားသောဘာသာပြန်ဆိုချက်) ဣသရေလလများအား
ကျောက်ဆောင်ကဲ့သို့ ကာကွယ်ပေးမည်။

Isaiah 30

လက်ရုံးတော် သက် ရောက်ခြင်း၊
"လက်တော်"သည်ဘုရားသခင်၏ တန်ခိုးတော်ကို
ကိုယ်စားပြုသည်။ ထာဝရဘုရားသည်
လူမျိုးတော်၏ရန်သူများကို ဖျက်ဆီးလိမ့်မည်။

ပြင်းစွာသောအမျက်ထွက်ခြင်း ------ ပြတော်မူလိမ့်မည်။
ထာဝရဘုရားသည် မီးမုန်တိုင်းကဲ့သို့ဖြစ်လိမ့်မည်။

မီးလျှံလောင်ခြင်း၊ မိုးသီးပါလျက်-----
မိုးသက်မုန်တိုင်းများ

မိုးသက်မုန်တိုင်း၊ မိုးသီး
ကောင်းကင်မှ ကျသောရေခဲအပိုင်းအစများ၊ မိုးသီးများ

Isaiah 31

သို့ဖြစ်၍ အရှုရိလူသည် ------လှဲချခြင်
(အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားသည်
အာရှုရီစစ်တပ်ဖြင့် ဖြိုခွဲလိမ့်မည်။

အာရှုရိလူသည် -----ဒဏ်ခတ်ခြင်းခံရလိမ့်မည်။
ထာဝရဘုရား၏ အသံတော်ဖြင့်ပင်အာရှုရိတပ်သည်
တိုက်ခိုက်ခြင်းခံရလိမ့်မည်။ (အခြားသောဘာသာပြန်ဆိုချက်)
အာရှုရိတပ်သည် ကြောက်ရွံ့လိမ့်မည်။

အာရှုရိ
အာရှုရိ စစ်တပ်ကို ရည်ညွှန်းသည်။

ထာဝရဘုရားစီရင်၍ သူ၏အပေါ်မှာ လေးစွာချထားတော်မူသော
ထာဝရဘုရားသည် လူမျိုးတော်အား အာရှုရိတပ်ကိုလှံတံဖြင့်
ဆုံးမ၍ ကာကွယ်လိမ့်မည်။

ထာဝရဘုရားစီရင်၍
ထာဝရဘုရားသည် သူတို့နှင့် အတူပါရှိသည်။

ပတ်သာ
ဗုံကဲ့သို့သော တူရိယာဖြစ်၍ တုန်ခါသောအသံထွက်သည်။
(၅:၁၂)ကိုကြည့်ပါ။

သူ့ကိုပြင်းစွာစစ်တိုက်တော်မူလိမ့်မည်
ထာဝရဘုရားသည် ရန်သူစစ်တပ်ကိုပြင်းထန်စွာ စစ်တိုက်မည်။

Isaiah 33

အကြောင်းမူကားတောဖက်အရပ်သည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားသည် ရှေးကာလ၌
စီရင်ပြီးဖြစ်၏။

မီးရှို့ဘို့ ထင်းပုံကြီးလည်းရှိ၏။
"တောဖက်"အရပ်ဟူသည် ယေရုရှလင်တောင်ပိုင်းဟေနွန်ချိုင့်ရှိ
နတ်ဘုရားများအား ကလေးငယ်များကို
ပူဇော်သောနေရာဖြစ်သည်။

ရှင်ဘုရင်အဘို့ စီစဉ်လျက်ရှိ၏
အာရှုရိဘုရင်ကို ရည်ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆို
နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ထာဝရ
ဘုရားသည်၎င်းကို အာရှုရိဘုရင်အတွက် ပြင်ဆင်လေပြီ။

မီးရှို့ရာထင်းပုံကြီးလည်း ရှိ၏။
မီးရှို့ရန်ထင်းပုံလည်းအဆင်သင့်ရှိ၏။

ထာဝရဘုရား၏ ထွက်သက်တော်သည်--
ထာဝရဘုရား၏ ထါက်သက်တော်သည် မြစ်ရေကဲ့သို့
မီးရှို့ရာထင်းပုံကို မီးရှို့ရလိမ့်မည်။

---

## Translation Questions

Isaiah 30:1

ထာဝရဘုရားသည် ပုန်ကန်သော အမျိုးသားတို့ကို
မည်သည့်အရာပြောခဲ့သနည်း။
သူသည် သူတို့က ကြံစည်သော်လည်း သူ့ထံမှမဟုတ်၊
သူ့ဝိညာဉ်အခွင့်မရှိဘဲ မိဿဟာယဖွဲ့၍
အထပ်ထပ်အပြစ်ဖြစ်ကြသည်ဟု ပြောခဲ့သည်။

ပုန်ကန်သော အမျိုးသားတို့သည် သူတို့ကို ကာကွယ်ဖို့ရန် အဘယ်သူကို
ရှာဖွေခဲ့သနည်း။
သူတို့သည် အဲဂုတ္တုပြည်၏ အောက်၌ မှီခိုဖို့နှင့် ဖာရောဘုရင်မှ
ကာကွယ်မှုကို ရှာဖွေခဲ့ကြသည်။

Isaiah 30:3

ဖာရောဘုရင်၏ အကွယ်ကာနှင့် အဲဂုတ္တုပြည်၏ အရပ်သည် ပုန်ကန်သော
အမျိုးသားများအပေါ်မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။
ဖာရောဘုရင်၏ အကွယ်အကာသည် သူတို့၏
ရှက်ကြောက်ခြင်းဖြစ်လိမ့်မည်။ အဲဂုတ္တုပြည်၏ အရိပ်သည်
သူတို့၏ နှိမ့်ချစေခြင်းဖြစ်လိမ့်မည်။

Isaiah 30:6

အဲဂုတ္တုပြည်၏ အကူအညီသည် ပုန်ကန်သောအမျိုးသားများအတွက်
မည်မျှလောက်တန်ဖိုးရှိသနည်း။
အဲဂုတ္တုပြည်၏ အကူအညီသည် တန်ဖိုးမရှိသောအရာဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

Isaiah 30:8

အဘယ်ကြောင့် ထာဝရဘုရားသည် ဟေရှာယကို သူတို့၏ ရှေ့တွင် သင်ပုန်းပေါ်၌ ထိုအရာကို ရေးသားဖို့ရန်နှင့် ရေးထိုးဖို့ရန် လိုချင်ခဲ့သနည်း။
ထာဝရဘုရားသည် သက်သေခံချက်ကဲ့သို့ နောင်ကာလ အစဉ်အဆက်တည်စေဖို့ရန် ထိုအရာကို လိုချင်ခဲ့သည်။

ပုန်ကန်သူများသည် မည်သည့်အရာကို မကြားခဲ့ကြသနည်း။
သူတို့သည် ထာဝရဘုရား၏ တရားတော်ကို မနာခံခဲ့ကြလိမ့်မည်။

Isaiah 30:10

ပုန်ကန်သော အမျိုးသားများသည် မည်သည့်အရာကို ကြားဖို့ရန် လိုချင်ခဲ့ကြသနည်း။
သူတို့သည် ချော့မော့သောအရာများနှင့် လှည့်စားတတ်သော စကားများကို ကြားဖို့ရန် လိုချင်ခဲ့သည်။

Isaiah 30:15

ထာဝရဘုရားသည် ပုန်ကန်သောအမျိုးသားများကို ခွန်အားဖြစ်ဖို့နှင့် ကယ်တင်နိုင်ဖို့ မည်ကဲ့သို့ ပြောခဲ့သနည်း။
ထာဝရဘုရားသည် သူတို့က ပြောင်းလဲရန် ငြိမ်ဝပ်စွာနေလျှင် ကယ်တင်ခြင်းကို ရနိုင်မည်။ ယုံကြည်ခြင်းသည် သူတို့၏ ခွန်အားအစွမ်းဖြစ်လာလိမ့်မည်။

လျင်မြန်သော မြင်းပေါ်မှာ စီးခြင်းနှင့် မြင်းများအပေါ် ထွက်ပြေးခြင်းအကြောင်းနှင့် ပတ်သက်၍ ပုန်ကန်သော အမျိုးသားတို့ကို ထာဝရဘုရား၏ တုံ့ပြန်ခြင်းသည် မည်သို့ဖြစ်သနည်း။
ထာဝရဘုရားသည် ပုန်ကန်သော အမျိုးသားများကို သူတို့သည် ထွက်ပေးကြလိမ့်မည်၊ သူတို့ကို လိုက်ဖမ်းသောသူသည် လျင်မြန်လိမ့်မည်ဟု ပြောခြင်းအားဖြင့် တုံ့ပြန်ခဲ့သည်။

Isaiah 30:17

ထာဝရဘုရားသည် တယောက်ကို ခြိမ်းခြောက်ခြင်း၌ မည်မျှလောက်သောလူတွေသည် ထွက်ပြေးလိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် တယောက်ကို ခြိမ်းခြောက်ခြင်း၌ တထောင်သောသူတို့သည် ထွက်ပြေးကြလိမ့်မည်ဟုပြောခဲ့သည်။

Isaiah 30:18

ထာဝရဘုရားသည် မည်သည့်အရာကိုလုပ်ဖို့ရန် စောင့်မျှော်နေသနည်း။
သူသည် ပုန်ကန်သော အမျိုးသားများကို ကောင်းကျိုးပေးဖို့ရန် သူတို့အပေါ်တွင် ဂရုဏာစိတ်ရှိဖို့ရန် စောင့်မျှော်နေခဲ့သည်။

ထာဝရဘုရားစောင့်မျှော်နေသောလူတွေအားလုံးတွင် မည်သည့်အရာဖြစ်လိမ့်မည်နည်း။
သူတို့သည် ကောင်းကြီးခံရလိမ့်မည်။

Isaiah 30:20

ထာဝရဘုရားသည် ထိုသူတို့အား ဒုက္ခမုန့်ကို ကျွေး၍ ဆင်းရဲခြင်းရေကို တိုက်သော်လည်း ထိုသူတို့၏ ဆရာသည် မည်သို့မပြုကြလိမ့်မည်နည်း။
သင်၏ဆရာတို့သည် နောက်တဖန် ပုန်းရှောင်၍ မနေရဘဲ ကိုယ်မျက်စိနှင့် ဆရာတို့ကို မြင်ရလိမ့်မည်။

Isaiah 30:22

ပုန်ကန်သော အမျိုးသားတို့သည် သူတို့၏ လက်နှင့် ထုထားသောအရာ၊ ရွှေနှင့်ဖန်တီးထားသောအရာနှင့် မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
သူတို့သည် သူတို့ကို မလေးမစားပြုပြီး သူတို့ကို အဝေးသို့ လွှတ်ပစ်သွားလိမ့်မည်။

Isaiah 30:25

များစွာသော လူတွေကို သတ်ဖြတ်ပြီး ရဲတိုက်တို့သည် ပြိုလဲသော အချိန်တွင် ထာဝရဘုရားသည် သူ့လူတွေကို မည်သည့်အရာလုပ်လိမ့်မည်နည်း။
ထာဝရဘုရားသည် သူ့လူတွေ၏ ပျက်စီးခြင်းကို ပြုပြင်လိမ့်မည်။ သူတို့ခံရသော ဒဏ်ချက်အရာကို ပျောက်ကင်းစေလိမ့်မည်။

Isaiah 30:30

ထာဝရဘုရားသည် ဘုန်းကြီးသောသူ့အသံကို မည်ကဲ့သို့ ထင်ရှားစွာပြလိမ့်မည်နည်း။ မည်ကဲ့သို့သူ့အသံလှုပ်ရှားခြင်းကို ပြသလိမ့်မည်နည်း။
သူသည် သူတို့ကို လက်ရုံးတော်သက်ရောက်ခြင်း၊ ပြင်းစွာအမျက်ထွက်ခြင်း၊ မီးလျှံလောင်ခြင်း၊ မိုဃ်းသီးပါလျက်၊ မိုဃ်းသက်မုန်တိုင်းများကို ထင်ရှားစွာပြသလိမ့်မည်။

Isaiah 30:31

ထာဝရဘုရားသည် အသံတော်နှင့် လက်ရုံးတော်သည် မည်သူတို့အပေါ်တွင် တိုက်ရိုက်သက်ရောက်လိမ့်မည်နည်း။
သူတို့သည် အာရှုရိလူတွေဘက်သို့ ဦးတည်သွားလိမ့်မည်။ ထာဝရဘုရား၏ အသံတော်အတွက် အာရှုရိလူတွေသည် တုန်လှုပ်ကြလိမ့်မည်။ သူသည်တုတ်နှင့် သူတို့ကို ရိုက်လိမ့်မည်။

ထာဝရဘုရားက သူတို့အပေါ်တွင် ထားမည့် ရွေးချယ်ထားသော အသံ၏ ရိုက်ချက်အားလုံးသည် မည်သည့်အရာပါလာလိမ့်မည်နည်း။
စောင်း၊ပတ်သာတီးခြင်းအသံများသည် ထာဝရဘုရားက အာရှုရိလူတွေကို တိုက်ခိုက်သကဲ့သို့ ရိုက်ချက်အားလုံးနှင့်အတူ ပါလာလိမ့်မည်။

Isaiah 30:33

အာရှုရိဘုရင်အတွက် မည်သည့်အရာကို ပြင်ဆင်ထားခဲ့ပြီးသနည်း။
မီးရှို့ဖို့ ထင်းပုံကြီးသည် အာရှုရိဘုရင်အတွက် ပြင်ဆင်ထားခဲ့ပြီးဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

အာရှုရိဘုရင်အတွက် ပြင်ဆင်ထားခဲ့သော အရာကို မည်သူက မီးမွှေးလိမ့်မည်နည်း။

ထာဝရဘုရား၏ ထွက်သက်တော်သည် ထိုအရာကို မီးမွှေးလိမ့်မည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 31

[1] စစ်ကူတောင်းအံ့သောငှါ အဲဂုတ္တုပြည်သို့သွား ၍၊မြင်းတို့ကို အမှီပြုလျက် များစွာသော ရထားတို့ကိုငင်း၊ အားကြီးသော
မြင်းစီးသူရဲတို့ကိုငင်းခိုလှုံလျက်၊ ဣသရေ လ အမျိုး၏ သန့်ရှင်းသောဘုရားကို မမြော်လင့်၊ ထာဝရ ဘုရားကို
မရှာဘဲနေသောသူတို့သည် အမင်္ဂလာရှိကြ၏။ [2] ထိုဘုရားသည် ဥာဏ်တော်ကျယ်၍၊ သူတို့အ ပေါ်မှာ
ဘေးကိုသက်ရောက်စေတော်မူမည်။ စကား တော်မပျက်ဘဲ၊ ဆိုးသောလူမျိုးကိုငင်း၊ မတရားသဖြင့် ပြုသောသူတို့ဘက်မှာ
နေသောသူတို့ကိုငင်း တဘက်၌ ထတော်မူမည်။ [3] အဲဂုတ္တုပြည်သားတို့သည် ဘုရားမဖြစ်၊ လူသက် သက် ဖြစ်ကြ၏။
သူတို့မြင်းသည်လည်း ဝိညာဉ်မဖြစ်၊ အသားသက်သက် ဖြစ်၏။ ထာဝရဘုရားသည် လက် တော်ကို ဆန့်တော်မူသောအခါ၊
မစတတ်သောသူသည် လဲလိမ့်မည်။ အလုံးစုံတို့သည် အတူပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ [4] ထာဝရဘုရားသည်
ငါ့အားမိန့်တော်မူသည် ကား၊ ခြင်္သေ့နှင့် ခြင်္သေ့သငယ်သည် လုယူရာ အကောင် ပေါ်မှာနေသောအခါ၊ သိုးထိန်းအလုံးအရင်း၏ ဆီးတား
အော်ဟစ်ခြင်းကို မကြောက်၊ သူတို့ပြုသောအသံဗလံအား ဖြင့် အရှုံးမခံသကဲ့သို့၊ ထိုနည်းတူ၊ ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရားသည် မိမိတောင်တည်းဟူသော ဇိ အုန်တောင်တော်ဘက်မှာ စစ်တိုက်ခြင်းငှါ ဆင်းသက် တော်မူလိမ့်မည်။ [5]
ငှက်သည် သားငယ်ကို အုပ်တတ်သကဲ့သို့၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ယေရှုရှ လင်မြို့ကို ကွယ်ကာတော်မူမည်။
ကွယ်ကာစောင့်မ၍ အပြစ်မပေး၊ ကယ်တင်တော်မူမည်။ [6] အိုဣသရေလအမျိုးသားတို့၊ သင်တို့သည် အ လွန်လွှဲရှောင်ပယ်ထားသော
ဘုရားထံတော်သို့ ပြန်လာ ကြလော့။ [7] အကယ်စင်စစ် လူအပေါင်းတို့သည် မိမိလက် ဖြင့် အသီးအသီးလုပ်သောငွေရုပ်တု၊ ရွှေရုပ်တု
တည်း ဟူသော၊ ပြစ်မှားရာအရာများကို ထိုကာလ၌ ပစ်လိုက် ကြလိမ့်မည်။ [8] အာရှုရိလူသည်လည်း၊ကြီးမြတ်သောသူ၏ ထား
မဟုတ်သော ထားဖြင့်ဆုံးလိမ့်မည်။ ယုတ်သောသူ၏ထား မဟုတ်သော ထားသည် သူ့ကိုဖျက်ဆီးလိမ့်မည်။ သူသည် လည်း
ထားဘေးမှ ပြေး၍၊ သူရဲတို့သည် ကျွန်ခံရကြလိမ့် မည်။ [9] သူသည်လည်း ကြောက်လန့်သဖြင့်၊ မိမိခိုင်ခံ့ သော မြို့ကိုလွန်သွား၍၊ သူ၏
မှူးမတ်တို့သည် နိမိတ်ကို မြင်လျှင် စိတ်ပျက်ကြလိမ့်မည်ဟု ဇိအုန်တောင်ပေါ်မှာမီး လျှံ၊ ယေရှုရှင်မြို့၌ မီးဖိုရှိသော ထာဝရဘုရား
မိန့်တော်မူ သတည်း။


generated on Sun Jun 30 02:37:40 2024

## Chapter 32

[1] ကြည့်ရှုလော့။ တရားသဖြင့် အုပ်စိုးသောရှင်ဘု ရင်တပါး ပေါ်ထွန်းတော်မူလိမ့်မည်။ မင်းသားမှူးမတ်တို့ သည် တရားသဖြင့်
စီရင်ကြလိမ့်မည်။ [2] ထိုမင်းတို့သည် လေလုံ၍ မိုဃ်းသက်မုန်တိုင်း ကွယ်ရာအရပ်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ စီးသော
ချောင်းကဲ့သို့၎င်း၊ နေပူသော အရပ်၌ ကျောက်လုံးကြီးအ ရိပ်ကဲ့သို့၎င်း ဖြစ်ကြလိမ့်မည်။ [3] မျက်စိမြင်သောသူတို့သည် ရှင်းလင်းစွာ
မြင်ကြ လိမ့်မည်။ နားကြားသောသူတို့လည်း နားထောင်ကြလိမ့် မည်။ [4] သတိမရှိသောသူ၏ စိတ်နှလုံးသည် ဆင်ခြင်၍
ပညာရှိလိမ့်မည်။ စကားအသောသူ၏လျှာသည်လည်း စ ကားပြီအောင်ပြောတတ်လိမ့်မည်။ [5] ယုတ်သောသူကို
နောက်တဖန်အမြတ်ဟူ၍၎င်း၊ စေးနှဲသောသူကိုလည်း နောက်တဖန် စွန့်ကြဲတတ်သော သူဟူ၍၎င်း မခေါ်ရ။ [6] အကြောင်းမူကား၊
ယုတ်သောသူသည် လျို့ဝှက် လျက်၊ ထာဝရဘုရားကို နှုတ်ဖြင့်ပြစ်မှားလျက်၊ မွတ်သိပ် သောသူကို သာ၍ ဆင်းရဲစေခြင်းငှါ၎င်း၊
ရေငတ်သောသူ ကိုရေမသောက်စေခြင်းငှါ၎င်း၊ ယုတ်သောစကားကို ပြော ၍ မကောင်းသောအကြံကိုကြံလေဦးမည်။ [7] စေးနှဲသောသူ
သုံးဆောင်ရာ တန်ဆာသည် လည်း ဆိုးလှ၏။ ဆင်းရဲငတ်မွတ်သောသူ၏ အမှုသည် မှန်သောလည်း၊ ထိုသို့သောသူကို
မုသာစကားအားဖြင့် ဖျက်ဆီးခြင်းငှါ၊ မကောင်းသောအကြံကိုသာ ကြံတတ်၏။ [8] စေတနာရှိသောသူမူကား၊ စေတနာနှင့်ဆိုင် သော
အကြံတို့ကိုကြံစည်တတ်၏။ စေတနာနှင့်ဆိုင်သော အရာအားဖြင့် တည်ရလိမ့်မည်။ [9] ငြိမ်သက်စွာနေသော မိန်းမတို့ထကြ။ ငါပြော
သံကို ကြားကြလော့။ သတိမရှိသော သတို့သမီးတို့၊ ငါ့စ ကားကို နားထောင်ကြလော့။ [10] သတိမရှိသောမိန်းမတို့၊သင်တို့သည်
တနှစ်လွန် မှပူပန်ကြလိမ့်မည်။ အကြောင်းမူကား၊ စပျစ်သီးကို သိမ်း ခြင်းအမှုပြတ်လိမ့်မည်။ စပါးအသီးအနှံကို သိမ်းရာကာ လ
မရောက်ရ။ [11] ငြိမ်သက်စွာ နေသောမိန်းမတို့၊ တုန်လှုပ်ကြ လော့။ သတိမရှိသောသူတို့၊ ပူပန်ခြင်းရှိကြလော့။ အဝတ်
တန်ဆာရှိသမျှတို့ကို ပယ်ချွတ်ပြီးမှ၊ ခါး၌လျှော်တေအဝတ်ကို စည်းကြလော့။ [12] ရင်ပတ်ကိုခတ်ခြင်း၊ သာယာသော လယ်ယာ နှင့်
အသီးများသော စပျစ်နွယ်ပင်အတွက် ညည်းတွား ခြင်းရှိလိမ့်မည်။ [13] ငါ့လူတို့၏မြေကို၎င်း၊ ဝမ်းမြောက်သော အိမ်နှင့် ရွှင်လန်းသော
မြို့ကို၎င်း၊ ဆူးပင်အမျိုးမျိုးတို့သည် တက် ၍ လွှမ်းမိုးကြလိမ့်မည်။ [14] ဘုံဗိမာန်တို့ကို စွန့်ပစ်၍ မြို့၏ အသံဗလံ ငြိမ်း လိမ့်မည်။
သြဖေလကုန်းနှင့် ရဲတိုက်တို့သည် အစဉ်မြေ တွင်းနှင့် ပြည့်စုံ၍၊ ရိုင်းသောမြည်းပျော်မွေ့ရာ၊ သိုးစု ကျက်စားရာ ဖြစ်ကြလိမ့်မည်။ [15]
ဝိညာဉ်တော်သည် ကောင်းကင်မှ ငါတို့အပေါ် သို့သွန်းလောင်း၍၊ တောသည် အသီးအနှံများသော လယ်ဖြစ်၍၊ အသီးအနှံများသော
လယ်သည် တောအုပ် ကဲ့သို့ မှတ်ရသော ကာလမရောက်မှီတိုင်အောင်၊ ထိုသို့ ဖြစ်ကြလိမ့်မည်။ [16] ထိုအခါ တော၌ကား၊ တရားသဖြင့်
စီရင်ခြင်း တည်၍၊ အသီးအနှံများသော လယ်၌ကား၊ ဖြောင့်မတ် ခြင်းပါရမီသည် အမြဲနေရလိမ့်မည်။ [17] ဖြောင့်မတ်ခြင်း
တရားသည်လည်း၊ ငြိမ်သက် ခြင်းကို ပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်း အကျိုးမူကား၊ ထာဝရ ငြိမ်သက်ခြင်းနှင့် လုံခြုံခြင်းတည်း။ [18]
ငါ၏လူတို့သည်လည်း၊ ငြိမ်သက်သောနေရာ၊ လုံခြုံသောမြို့ရွာ၊ ဘေးလွတ်သော ချမ်းသာရာအရပ်တို့ ၌ နေရကြလိမ့်မည်။ [19]
သို့ရာတွင်၊ မိုဃ်းသီးကျသဖြင့် တောအုပ်ကို လှဲ ၍၊ မြို့ကိုလည်း မြေနှင့် တညီတည်း ဖြိုဖျက်လိမ့်မည်။ [20] ရေရှိရာအရပ်ရပ်တို့၌
မျိုးစေ့ကိုကြဲ၍၊ နွားခြေ နှင့် မြည်းခြေတို့ကို လွှတ်တတ်သောသင်တို့သည် မင်္ဂလာ ရှိကြ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 33

1 သူတပါး လုယူခြင်းကို မခံဘဲလျက်၊ လုယူတတ် သောသူ၊ သူတပါးဖျက်ဆီးခြင်းကို မခံဘဲလျက်၊ ဖျက်ဆီး တတ်သောသူ၊
သင်သည်အမင်္ဂလာရှိ၏။ သင်သည် မလု မယူဘဲ နေသောအခါ လုယူခြင်းကို ခံရမည်။ ဖျက်ဆီး၍ မောသောအခါ
ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ 2 အိုထာဝရဘုရား၊ အကျွန်ုပ်တို့ကို သနားတော် မူပါ။ အကျွန်ုပ်တို့သည် ကိုယ်တော်ကို
မြော်လင့်ကြပါ၏။ နံနက်တိုင်း အကျွန်ုပ်တို့၌ ခွန်အားကို ပေးတော်မူပါ။ အမှုရောက်သောအခါ၊ အကျွန်ုပ်တို့ကို ကယ်တင်တော် မူပါ။ 3
အလုံးအရင်း၏ အသံကြောင့်၊ လူစုတို့သည် ပြေးကြ၏။ ထတော်မူသောအခါ၊ လူမျိုးတို့သည် အရပ် ရပ်ကွဲပြားကြ၏။ 4
သူတပါးတို့သည် သင်တို့၏ ဥစ္စာကို ကျိုင်း ကောင် သိမ်းယူသကဲ့သို့ သိမ်းယူကြလိမ့်မည်။ ကျိုင်း ကောင်တို့သည်
လူးလာပြေးသကဲ့သို့၊ သင်တို့၏ ဥစ္စာပေါ် မှာ လူးလာပြေးကြလိမ့်မည်။ 5 ထာဝရဘုရားသည် ချီးမြှောက်ခြင်းရှိတော်မူ၏။
မြင့်သောအရပ်၌ နေတော်မူ၏။ ဇိအုန်မြို့ကို တရားသ ဖြင့် ဆုံးဖြတ်ခြင်း၊ ဖြောင့်မတ်စွာ စီရင်ခြင်းနှင့် ပြည့်စေ တော်မူ၏။ 6 ဉာဏ်နှင့်
ပညာသည် သင်၏လက်ထက်၌ တည်ကြည်ခြင်း၊ မြဲမြံစွာ ကယ်တင်ခြင်းကို ဖြစ်စေလိမ့် မည်။ ထာဝရဘုရားကို ကြောက်ရွံ့ခြင်း
သဘောသည် လည်း သင်၏ဘဏ္ဍာ ဖြစ်လိမ့်မည်။ 7 သူရဲတို့သည် ပြင်၌ အော်ဟစ်ကြ၏။ မိဿဟာ ယ စကားကို ပြောသော
တမန်တော်တို့သည် ပြင်းစွာ ငိုကြွေးကြ၏။ 8 လမ်းမတို့သည် ဆိတ်ညံကြ၏။ လမ်းခရီး၌ သွား လာသော သူမရှိ။ ထိုမင်းသည်
သစ္စာပျက်လေပြီ။ မြို့များကို လည်း ပယ်လေပြီ။ အဘယ်သူ၏ မျက်နှာကို မမှတ် တတ်။ 9 ပြည်တော်သည် ငြိုငြင်၍ အားလျော့၏။
လေဗ နုန်တောသည် ရှက်ကြောက်၍ နွမ်းရိ၏။ ရှာရုန်အရပ် သည် တောကဲ့သို့ ဖြစ်၏။ ဗာရှန်တောင်နှင့် ကရမေလ တောင်သည်
လှုပ်ရှား၏။ 10 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယခုငါထ မည်။ ယခု ချီးမြှောက်ခြင်းသို့ ရောက်မည်။ ကိုယ်ကို
ကိုယ်ချီးမြှောက်မည်။ 11 သင်တို့သည်ဖွဲကို ကိုယ်ဝန်ဆောင်၊ အမှိုက်ကို ဘွားမြင်ရလိမ့်မည်။ သင်ကို စိတ်သဘောသည် မီးဖြစ်၍၊
သင်တို့ကို ဖျက်ဆီးလိမ့်မည်။ 12 လူများတို့သည် ထုံးကျောက်ကို ဖုတ်သကဲ့သို့၎င်း၊ ဆူးပင်များကို ခုတ်၍ မီးရှို့သကဲ့သို့၎င်း
ဖြစ်ကြလိမ့်မည်။ 13 ဝေးသောသူတို့၊ ငါပြုသောအမှုကို မှတ်ကြ လော့။ နီးသောသူတို့၊ ငါ့တန်ခိုးကို ဝန်ခံကြလော့။ 14 အပြစ်ရှိသော
ဇိအုန်မြို့သားတို့သည် ကြောက် ကြ၏။ အဓမ္မပြုသောသူတို့သည် ထိတ်လန့်ကြ၏။ ငါတို့ တွင် အဘယ်သူသည် လောင်သောမီးထဲမှာ
နေရမည် နည်း။ ငါတို့တွင် အဘယ်သူသည် ထာဝရ မီးလောင်ခြင်း ကို ခံလျက်နေရမည်နည်း။ 15 တရားသဖြင့်ကျင့်၍ ဖြောင့်မတ်စွာ
ပြောထ သော၊ ညှဉ်းဆဲခြင်းအားဖြင့် ရသော ငွေကို ရွံ၍၊ တံစိုးကို လည်း ငြင်းပယ်ထသော၊ လူအသက်သတ်ခြင်း အမှုကို နားမခံ၊
အဓမ္မ အမှုများကို မကြည့်မရှုသောသူသည် မြင့် သောအရပ်၌ နေလိမ့်မည်။ 16 ခိုင်ခံ့သော ကျောက်မြို့၌ ခိုလှုံလိမ့်မည်။ ထိုသူ အား
အစာကို အစဉ်ပေးရလိမ့်မည်။ သောက်ရေလည်း မပြတ်ရ။ 17 သင်သည် ရှင်ဘုရင်၏ တင့်တယ်ခြင်း အသရေ တော်ကို
ကိုယ်မျက်စိနှင့် မြင်ရ၍၊ ဝေးလှသောပြည်ကို လည်း ကြည့်မြင်ရလိမ့်မည်။ 18 သင်သည် ကြောက်လန့်ဘွယ်သော အခြင်းအ ရာကို
အောက်မေ့သောအခါ၊ စာရင်းယူသောသူသည် အဘယ်မှာ ရှိသနည်း။ အခွန်ခံသောသူသည် အဘယ်မှာ ရှိသနည်း။ ပြအိုးတို့ကို
ရေတွက်သောသူသည် အဘယ်မှာ ရှိသနည်း။ 19 ကြမ်းတမ်းသောလူမျိုး၊ နားမဝင်နိုင်အောင် နက်နဲသောစကား၊ နားမလည်နိုင်အောင်
ခက်ခဲသောစ ကားကို ပြောသော လူမျိုးကို သင်သည်မတွေ့မမြင်ရ။ 20 ငါတို့ပွဲခံရာမြို့၊ ဇိအုန်မြို့ကို ကြည့်ရှုလော့။ တိုင် တခုမျှမရွေ့၊
ကြိုးတခုမျှမပြတ်၊ အလျှင်း မပျက်ရသော တဲတည်းဟူသော၊ ငြိမ်ဝပ်သောနေရာ ယေရုရှလင်မြို့ကို ကိုယ်မျက်စိနှင့် မြင်ရလိမ့်မည်။
21 ထိုမြို့တွင် ဘုန်းကြီးသော ထာဝရဘုရားသည် ငါတို့၌ ကျယ်သောမြစ်များ ဆုံးရာအရပ် ဖြစ်တော်မူလိမ့် မည်။ ထိုအရပ်၌
တက်သောရဲလှေ၊ အားကြီးသော သင်္ဘောတစင်းမျှ မရောက်မသွားရ။ 22 အကြောင်းမူကား၊ ထာဝရဘုရားသည် ငါတို့၏ တရားသူကြီး
ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ ပညတ်တရားရှင် ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ ရှင်ဘုရင်ဖြစ်၍၊ ငါတို့ကို
ကယ်တင်တော်မူလိမ့် မည်။ 23 သင်၏ သင်္ဘောရွက်ကြိုးများ ပြုတ်လျက်ရှိ၏။ ရွက်တိုင်ကို ခိုင်ခံ့စွာမချည်၊ ရွက်ကိုလည်း မဖြန့်နိုင်။
သို့ဖြစ်၍၊ များစွာသောဥစ္စာကို လုယူဝေငှရ၏။ ခြေဆွံ့ သောသူပင် လုယူရာ ဥစ္စာကို လုယူရ၏။ 24 မြို့သားကလည်း၊
ငါနာသည်ဟုမဆိုရ။ ထိုမြို့၌ နေသောသူတို့သည် အပြစ်ပြေရှင်းခြင်းသို့ ရောက်ရကြ လိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 34

[1] အိုလူမျိုးတို့၊ သင်တို့သည် ကြားရ အံ့သောငှါ ချဉ်းကပ်ကြလော့။ အို လူစုတို့၊ နားထောင်ကြလော့။ မြေကြီးနှင့် မြေကြီး၌
ပါသမျှသော အရာ၊ လောကဓာတ် နှင့် လောကဓာတ် တန်ဆာခပ်သိမ်းတို့သည် ကြားကြပါ စေ။ [2] ထာဝရဘုရား၏ အမျက်တော်သည်
လူမျိုးအ ပေါင်းတို့၌ ထွက်၍၊ ပြင်းစွာသောအမျက်တော်သည် သူ တို့အလုံးအရင်းအပေါ်မှာ သင့်ရောက်လေ၏။ သူတို့ကို
ရှင်းရှင်းဖျက်ဆီး၍၊ အသေသတ်ခြင်း၌ အပ်လိုက်တော် မူ၏။ [3] သူတို့တွင် အသေခံရသော သူတို့ကို ပြင်သို့ ပစ် လိုက်သဖြင့်၊
အသေကောင်တို့သည် နံစော်၍၊ သူတို့၏ အသွေးဖြင့် တောင်တို့သည် အရည်ဖြစ်ကြလိမ့်မည်။ [4] ခပ်သိမ်းသော
ကောင်းကင်တန်ဆာတို့သည် ပြုတ်၍၊ မိုဃ်းကောင်းကင်သည်စာလိပ်ကဲ့သို့ လိပ်လျက် ရှိလိမ့်မည်။ စပျစ်နွယ်ပင်မှ
အရွက်ကျသကဲ့သို့၎င်း၊ သင်္ဘောသဖန်းပင်မှ အသီးကျသကဲ့သို့၎င်း၊ ခပ်သိမ်းသော ကောင်းကင်တန်ဆာတို့သည် ကျကြလိမ့်မည်။ [5]
အကြောင်းမူကား၊ ငါ့ထားသည် မိုဃ်းကောင်း ကင်၌ ရောင့်ရဲပြီးမှ၊ တဖန် ဧဒုံပြည် အပေါ်မှာ၎င်း၊ ငါ ကျိန်သောလူများတို့အပေါ်မှာ၎င်း၊
ဒဏ်ပေးခြင်းငှါ ရောက်လိမ့်မည်။ [6] ထာဝရဘုရား၏ ထားတော်သည် အသွေးနှင့် ဝပြီ။ ဆီဥနှင့် ဆူပြီ။ သိုးသငယ်နှင့် ဆိတ်တို့၏
အသွေး၊ သိုးထီးတို့၏ ကျောက်ကပ် ဆီဥနှင့် ဆူဝပြီ။ ထာဝရဘုရား သည် ဗောဇရမြို့၌ ယဇ်ပွဲကို၎င်း၊ ဧဒုံပြည်၌ ကြီးစွာသော
သတ်ခြင်းပွဲကို၎င်း ခံတော်မူ၏။ [7] ကြံ့များနှင့် နွားလားဥသဘများတို့သည် လဲကြ သဖြင့်၊ သူတို့နေရာမြေသည် သူတို့အသွေးနှင့်
ယစ်မူး၍၊ မြေမှုန့်သည်လည်း ဆီဥနှင့် ဆူဝလိမ့်မည်။ [8] ထာဝရဘုရား ဒဏ်ပေးတော်မူရာနေ့၊ ဇိအုန်မြို့ ၏ အမှုကိုစောင့်၍
အပြစ်ပေးတော်မူရာ နှစ်ရောက်လေ ပြီ။ [9] ထိုပြည်၏မြစ်ရေသည် ထင်းရှူးစေး၊ မြေမှုန့် လည်းကန့်၊ တပြည်လုံးလည်း မီးလောင်သော
အစေးဖြစ် လိမ့်မည်။ [10] နေ့ညဉ့်မပြတ် မီးမငြိမ်းရ။ မီးခိုးလည်း အစဉ် တက်လိမ့်မည်။ ထိုပြည်သည် လူမျိုးအစဉ်အဆက် ဆိတ်
ညံ၍၊ ကာလအစဉ်အမြဲ အဘယ်သူမျှ မရှောက်မသွားရ။ [11] ဝံပိုငှက် နှင့် ဖြူကောင်တို့သည် ထိုပြည်ကို အမွေ ခံ၍၊ ဣဗိတ်ငှက် နှင့်
ကျီးအတို့သည်လည်း နေကြလိမ့် မည်။ ထိုမြေအပေါ်မှာ လွတ်လပ်ခြင်း မျဉ်းကြိုးကို တန်း ၍၊ လဟာ မှန်ထုပ်ကို
စီရင်တော်မူလိမ့်မည်။ [12] မင်းအရာ၌ ချီးမြှောက်ရသော မှူးတော်မတ် တော် မရှိရ။ မင်းရိုးပြတ်ရလိမ့်မည်။ [13] ဘုံဗိမာန်တို့၌၎င်း၊
ရဲတိုက်တို့၌၎င်း၊ ဆူးပင်အ မျိုးမျိုးပေါက်ကြလိမ့်မည်။ မြေခွေးခိုရာ၊ ကုလားအုတ်ငှက် နေရာ ဖြစ်ရလိမ့်မည်။ [14] ထိုအရပ်၌
တောသားရဲတို့သည် တောခွေးတို့ နှင့် တွေ့ကြုံကြလိမ့်မည်။ မျောက်တို့သည် အချင်းချင်း တကောင်ကို တကောင် မြည်ကြလိမ့်မည်။
ထိုအရပ်၌ လိလိတ်ငှက်သည်လည်း နား၍ခိုလှုံရာကို တွေ့လိမ့်မည်။ [15] ခုန်တတ်သော မြွေသည်လည်း၊ ထိုအရပ်၌ အ သိုက်လုပ်၍
ဥလိမ့်မည်။ အဥပေါက်ပြီးမှ မြွေသငယ်တို့ကို စုသိမ်း၍ ကွယ်ကာလိမ့်မည်။ လင်းတတို့သည်လည်း ထို အရပ်၌ စုဝေး၍၊ အထီး
အမများ ပေါင်းကြလိမ့်မည်။ [16] ထာဝရဘုရား၏ ကျမ်းစာကို ကြည့်ရှု၍ ဘတ် ကြလော့။ ထိုတိရစ္ဆာန်တကောင်မျှ မပေါ်ဘဲမနေရ။
အမ တကောင်မျှ မိမိအဘော်ကို မလိုရ။ ထာဝရဘုရား၏ နှုတ်တော်ထွက် အမိန့်ရှိ၏။ ဝိညာဉ်တော်သည်လည်း သူ တို့ကို
စုဝေးစေတော်မူ၏။ [17] သူတို့ကို စာရေးတံပြုလျက်၊ လက်တော်နှင့် မျဉ်း ကြိုးကို တန်းလျက်၊ သူတို့နေရာကို ခွဲဝေတော်မူ၏။ သူ
တို့သည် ထိုပြည်ကို အမြဲအမွေခံ၍၊ အမျိုးအနွယ်အစဉ် အဆက်နေရကြလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 35

1 တောနှင့် လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသော အရပ်သည်လည်း ရွှင်လန်း၍၊ နှင်းပွင့်ကဲ့ သို့အပွင့် ပွင့်လိမ့်မည်။ 2
အလွန်ပွင့်လန်း၍ဝမ်းမြောက်ခြင်း၊ သီချင်းဆို ခြင်းနှင့် တကွ မြူးထူးလိမ့်မည်။ လေဗနုန်တောင်၏ ဘုန်း နှင့်ဂုဏ်၊ ကရမေလတောင်၊
ရှာရုန်အရပ်တို့၏ တင့်တယ် ခြင်း အသရေနှင့်ဂုဏ်း ပြည့်စုံလိမ့်မည်။ ထာဝရဘုရား၏ ဘုန်းတော်ကိုဂုဏ်း၊ ငါတို့ဘုရားသခင်၏
တန်ခိုးအာနု ဘော်တော်ကိုဂုဏ်း မြင်ရကြလိမ့်မည်။ 3 အားမရှိသောလက်တို့ကို ခိုင်ခံ့စေကြလော့။ လှုပ်တတ်သော ဒူးတို့ကို
မြဲမြံစေကြလော့။ 4 အားယူကြလော့၊ မစိုးရိမ်ကြနှင့်ဟု ကြောက် တတ်သော သူတို့အား ဆိုကြလော့။ အကြောင်းမူကား၊ သင်တို့၏
ဘုရားသခင်သည် အပြစ်ပေးလျက်၊ ဒဏ်စီ ရင်လျက်ကြွလာတော်မူလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် ကြွလာ၍၊ သင်တို့ကို
ကယ်တင်တော်မူ လိမ့်မည်။ 5 ထိုအခါ မျက်စိကန်းသောသူတို့သည် မျက်စိပွင့် လင်းကြလိမ့်မည်။ နားပင်းသောသူတို့သည်
နားပင်းခြင်း နှင့် လွတ်ကြလိမ့်မည်။ 6 ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ ခုန်ကြလိမ့် မည်။ စကားအသောသူတို့သည်
သီချင်းဆိုကြလိမ့်မည်။ အကြောင်းမူကား၊ တော၌စမ်းရေထွက်၍၊ လွင်ပြင်၌မြစ် ရေစီးလိမ့်မည်။ 7 တံလျှပ်သည်
ရေကန်ဖြစ်လိမ့်မည်။ သွေ့ ခြောက်သောမြေသည် စမ်းရေတွင်းဖြစ်လိမ့်မည်။ မြေခွေး အိပ်ရာနေရာ၌ ကျူပင်နှင့် ဂမာပင်အစား၊
မြက်ပင် ပေါက်လိမ့်မည်။ 8 ထိုအရပ်၌ လမ်းမကြီး ရှိလိမ့်မည်။ ထိုလမ်းကို သန့်ရှင်းရာလမ်းဟု သမုတ်ကြလိမ့်မည်။ မစင်ကြယ်
သောသူသည် ထိုလမ်းကို မရှောက်မသွားရ။ သွားသော သူတို့နှင့်အတူ ကိုယ်တော်တိုင်ခရီးသွားလျက် ရှိတော်မူ သည်ဖြစ်၍၊
မိုက်သောသူသော်လည်း လမ်းမလွဲရ။ 9 ထိုလမ်း၌ ခြင်္သေ့မရှိရ။ သားရဲတကောင်မျှ မ တက်မလာရ။ ရှာ၍ မတွေ့ရ။
ရွေးနှုတ်သောသူတို့သာ လျှောက် ခရီးသွားကြလိမ့်မည်။ 10 ထာဝရဘုရား ကယ်လွှတ်တော်မူသောသူတို့ သည် ပြန်လာ၍၊
သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက် ခြင်း သရဖူကို ဆောင်းလျက်၊ဇိအုန်မြို့သို့ ရောက်ကြလိမ့် မည်။ ဝမ်းမြောက်ရွှင်လန်းခြင်း
အခွင့်ကို ရကြ၍၊ဝမ်း မြောက်ခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့် မည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 36

1 ဟေဇကိမင်းကြီး နန်းစံဆယ်လေးနှစ်တွင် အာ ရှုရိရှင်ဘုရင် သနာခရိပ်သည်၊ ယုဒပြည်၌ခိုင်ခံ့သော မြို့ ရှိသမျှတို့ကို စစ်ချီ၍
လုပ်ကြံပြီးလျှင်၊ 2 ရာဗရှာခကို ခန့်ထား၍ များစွာသော ဗိုလ်ခြေ နှင့်တကွ၊ လာခိရှမြို့မှ ယေရုရှလင်မြို့၊ ဟေဇကိမင်းကြီး ထံသို့
စေလွှတ်လေ၏။ ထိုဗိုလ်ချုပ်မင်းသည် ရောက်၍၊ ခဝါသည်၏ လယ်နားမှာ ရှောက်သောလမ်း၊ အထက်ရေ ကန်ပြွန်ဝ၌ ရပ်နေ၏။ 3
ထိုအခါ ဟိလခိသားဖြစ်သော နန်းတော်အုပ် ဧလျာကိမ်၊ စာရေးတော်ကြီးရှေဗန၊ အာသပ်သားအတွင်း ဝန်ယောအာတို့သည်
သူ့ထံသို့ထွက်ပြီးလျှင်၊ 4 ရာဗရှာခက၊ မဟာအရှင်မင်းကြီး၊ အာရှုရိရှင် ဘုရင်သည် ဟေဇကိကို မိန့်တော်မူသည်ကား၊ သင်ခိုလှုံ သဖြင့်
ခိုလှုံရာကား အဘယ်သို့နည်း။ 5 စစ်တိုက်လောက်အောင် ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ငါပြည့်စုံသည်ဟု အချည်းနှီးသောစကားကို
သင် ဆိုပါသည်တကား။ ငါ့ကို ပုန်ကန်ခြင်းငှါ အဘယ်သူကို ကိုးစားသနည်း။ 6 ကျိုးသော ကျူလုံးတောင်ဝေးတည်းဟူသော အဲ
ဂုတ္တုပြည်ကို ကိုးစားပါသည်တကား။ ထိုကျူလုံးသည် မှီ သောသူ၏ လက်ကိုဖောက်၍ လျှိုသွားလိမ့်မည်။ ထိုသို့ အဲဂုတ္တုမင်းကြီး
ဖာရောဘုရင်သည် မိမိ၌မှီသောသူအပေါင်းတို့ကိုပြုလိမ့်မည်။ 7 သင်တို့က၊ ငါတို့သည် ငါတို့၏ ဘုရားသခင် ထာဝရဘုရားကို
ကိုးစားသည်ဟု ဆိုပြန်လျှင်၊ ဟေဇကိ သည်မြင့်သောအရပ်ဌာနနှင့် ယဇ်ပလ္လင်တို့ကို ပယ်၍၊ ဤမည်သောယဇ်ပလ္လင်ရှေ့၌သာ
ကိုးကွယ်ရမည်ဟု ယုဒ ပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို မှာထားသဖြင့်၊ သင် တို့ ပြစ်မှားသော ဘုရားဖြစ်သည်မဟုတ်လော။ 8
သို့ဖြစ်၍၊ ယခုတွင်ငါ့သခင်၊ အာရှုရိရှင်ဘုရင်၌ အာမခံတို့ကို အပ်ပါလော့။ သင်၌မြင်းစီးသူရဲ လုံလောက် အောင်ရှိလျှင်၊
မြင်းနှစ်ထောင်တို့ကို ငါပေးမည်။ 9 သင်သည် ငါ့သခင်၏ ကျွန်တို့တွင် အငယ်ဆုံး သော ဗိုလ်ကို အဘယ်သို့ လှန်နိုင်မည်နည်း။
အဲဂုတ္တုပြည် မှရထားများ၊ မြင်းစီးသူရဲများကိုရမည်ဟု ယုံပါသည်တ ကား။ 10 ထာဝရဘုရား၏ အခွင့်မရှိဘဲ၊ ဤပြည်ကိုဖျက်
ဆီးခြင်းငှါ ငါလာသလော။ ထိုပြည်ကိုသွား၍ ဖျက်ဆီး လော့ဟု ထာဝရဘုရားသည် ငါ့အားမိန့်တော်မူပြီ။ ဤအ ကြောင်းအရာများကို
ပြန်ပြောကြလော့ဟု ပြောဆို၏။ 11 ထိုအခါဧလျာကိမ်၊ ရှေဗန၊ ယောအာတို့က၊ ရှု ရိဘာသာ စကားအားဖြင့် ကျွန်တော်တို့အား
အမိန့်ရှိပါ လော့။ ထိုစကားကို ကျွန်တော်တို့သည် နားလည်ပါ၏။ မြို့ရိုးပေါ်မှာ ရှိသောသူတို့သည် ကြားရအောင်၊ ယုဒ
ဘာသာစကားအားဖြင့် အမိန့်မရှိပါနှင့်ဟု ရာဗရှာခကို ဆိုကြလျှင်၊ 12 ရာဗရှာခက၊ ငါ့သခင်သည် သင်၏သခင်နှင့် သင့်အားသာ
ဤစကားကို ပြောစေခြင်းငှါ ငါ့ကိုစေလွှတ် တော်မူသလော။ မြို့ရိုးပေါ်မှာ ထိုင်လျက်၊ သင်တို့နှင့်အ တူ မိမိတို့မစင်ကိုစား၍၊
မိမိတို့ရေဟောင်းကို သောက် ရသော သူတို့ရှိရာသို့ စေလွှတ်တော်မူသည် မဟုတ်လော ဟု ဆိုပြီးလျှင်၊ 13 ရာဗရှာခသည် ထ၍
ယုဒဘာသာ စကားအား ဖြင့် ကျယ်သောအသံနှင့် ကြွေးကြော်လျက်၊ မဟာအရှင် မင်းကြီး အာရှုရိ ရှင်ဘုရင်၏ အမိန့်တော်ကို
နားထောင် ကြလော့။ 14 ရှင်ဘုရင်မိန့်တော်မူသည်ကား၊ ဟေဇကိသည် သင်တို့ကို မလှည့်စားစေနှင့်။ သူသည်သင်တို့ကို ကယ်ယူ
ခြင်းငှါ မတတ်နိုင်။ 15 ဟေဇကိက၊ ထာဝရဘုရားသည် ငါတို့ကို ဧကန် အမှန်ကယ်ယူတော်မူမည်။ ဤမြို့သည် အာရှုရိရှင် ဘု ရင်
လက်သို့ မရောက်ရဟု ဆိုသဖြင့်၊ ထာဝရဘုရားကို မကိုးစားစေနှင့်။ 16 ဟေဇကိစကားကို နားမထောင်ကြနှင့်။ အာရှုရိ ရှင်ဘုရင်
မိန့်တော်မူသည်ကား၊ ငါနှင့် မိဿဟာယဖွဲ့ကြ။ငါ့ထံသို့ ထွက်လာကြ။ 17 သင်တို့ပြည်နှင့် တူသောပြည်တည်း ဟူသော၊
ဆန်စပါးစပျစ်ရည်နှင့် ပြည့်စုံသောပြည်၊ မုန့်နှင့် စပျစ်ဥယျာဉ်များသောပြည်သို့၊ သင်တို့ကို ပို့ခြင်းငှါ ငါမ လာမှီတိုင်အောင်၊
သင်တို့သည် ကိုယ်စပျစ်ပင်၏အသီး၊ ကိုယ်သင်္ဘောသဖန်းပင်၏ အသီးကို စား၍၊ ကိုယ်ရေကန် ကရေကို
သောက်လျက်နေကြဦးလော့။ 18 ဟေဇကိက၊ ထာဝရဘုရားသည် ငါတို့ကို ကယ် ယူတော်မူမည်ဟု မဖြားယောင်းစေနှင့်။ အပြည်ပြည်
သောဘုရားတို့သည် မိမိတို့ပြည်များကို အာရှုရိရှင်ဘုရင် လက်မှ ကယ်လွှတ်ကြပြီလော။ 19 ဟာမတ်ပြည်၏ ဘုရား၊
အာပဒ်ပြည်၏ဘုရား တို့သည် အဘယ်မှာရှိကြသနည်း။ သေဖရဝိမ်ပြည်၏ ဘုရားတို့သည် အဘယ်မှာရှိကြသနည်း။ သူတို့သည် ရှ
မာရိပြည်ကို ငါ့လက်မှ ကယ်လွှတ်ကြပြီလော။ 20 ထိုအပြည်ပြည်သော ဘုရားတို့တွင်၊ အဘယ် မည်သော ဘုရားသည် မိမိပြည်ကို
ငါ့လက်မှကယ်လွှတ် ဘူးသနည်း။ ထာဝရဘုရားသည် ယေရုရှလင်မြို့ကို ငါ့ လက်မှ အဘယ်သို့ ကယ်လွှတ်နိုင်မည်နည်းဟု ဆိုလေ၏။
21 ယုဒလူတို့လည်း၊ စကားတခွန်းကိုမျှမပြန်ဘဲ တိတ်ဆိတ်စွာ နေကြ၏။ အကြောင်းမူကား၊ ပြန်မပြော နှင့်ဟု ရှင်ဘုရင်
အမိန့်တော်ရှိသတည်း။ 22 ထိုအခါ ဟိလခိသားဖြစ်သော နန်းတော်အုပ်ဧ လျာကိမ်၊ စာရေးတော်ကြီး ရှေ့ဗန၊ အာသပ်သားအတွင်း
ဝန်ယောအာတို့သည် မိမိတို့အဝတ်ကိုဆုတ်လျက်၊ ဟေဇ ကိမင်းထံသို့လာ၍၊ ရာဗရှာခ စကားကို ကြားလျှောက် ကြ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 37

[1] ထိုစကားကို ဟေဇကိမင်းကြီးသည် ကြားလျှင်၊ မိမိအဝတ်ကို ဆုတ်၍ လျှော်တေအဝတ်ကို ခြုံလျက် ဗိ မာန်တော်သို့ သွားလေ၏။ [2]
လျှော်တေအဝတ်ကို ဝတ်လျက်ရှိသော နန်း တော်အုပ်လျောကိမ်၊ စာရေးတော်ကြီးရှေ့ဗန၊ အသက် ကြီးသော ယဇ်ပုရောဟိတ်တို့ကို၊
အာမုတ်သားပရောဖက် ဟေရှာယထံသို့ စေလွှတ်လေ၏။ [3] ဟေဇကိမင်းမှာ ထားသော စကားဟူမူကား၊ ယနေ့သည် ဒုက္ခနေ့၊
ဆုံးမသောနေ့၊ ကဲ့ရဲ့ခြင်းကို ခံရ သောနေ့ဖြစ်၏။ သားဘွားချိန်ရောက်၍သားကို ဘွားနိုင် အောင်ခွန်အားမရှိ။ [4]
အသက်ရှင်တော်မူသောဘုရားသခင်ကို ကဲ့ရဲ့ စေခြင်းငှါ၊ အာရှုရိရှင်ဘုရင် စေလွှတ်သော မိမိကျွန် ရာဗရှာခ စကားကို
သင်၏ဘုရားသခင် ထာဝရဘုရား ကြားတော်မူပါစေသော။ သင်၏ဘုရားသခင် ထာဝရဘု ရားသည်
ကိုယ်တော်တိုင်ကြားသောစကားကို ချေတော် မူပါစေသော။ သင်သည်လည်းကျန်ကြွင်းသော လူတို့အ ဘို့ ဆုတောင်းပဌနာပြုပါဟု
ပြောစေခြင်းငှါ၊ [5] ဟေဇကိမင်း စေလွှတ်သော ကျွန်တို့သည် ဟေ ရှာယထံသို့ ရောက်လာကြ၏။ [6] ဟေရှာယကလည်း၊
ထာဝရဘုရားမိန့်တော်မူ သည်ကား၊ အာရှုရိရှင်ဘုရင်၏ ကျွန်တို့သည် ငါ့ကို ကဲ့ရဲ့ ၍၊ သင်သည် ကြားရသော စကားကြောင့်
မကြောက်နှင့်။ [7] ထိုမင်း၌ အခြားသော စိတ်သဘောကို ငါသွင်း ပေးမည်။ သူသည် သိတင်းကြား၍ မိမိပြည်သို့ ပြန်သွား လိမ့်မည်။
ထိုပြည်၌ ထားဖြင့် ငါဆုံးစေမည်ဟူသော စ ကားတော်ကို သင်တို့၏ သခင်အား ပြန်ကြားကြလော့ဟု ပြောဆို၏။ [8] ထိုအခါ
အာရှုရိရှင်ဘုရင်သည် လာခိရှမြို့မှ ထွက် သွားကြောင်းကို ရာဗရှာခကြားလျှင်၊ ပြန်သွား၍ လိဗန မြို့ကို ရှင်ဘုရင်တိုက်နေသည်ကို
တွေ့လေ၏။ [9] နောက်တဖန် ကုရှမင်းကြီးတိရက္ကသည် စစ်ချီ၍ လာပြီဟု သိတင်းကြားသောအခါ၊ ဟေဇကိမင်းထံသို့ တ မန်တို့ကို
စေလွှတ်ပြန်၍၊ [10] သင်တို့သည် ယုဒမင်းကြီးဟေဇကိကို ပြောရ သော စကားဟူမူကား၊ သင်ကိုးစားသော ဘုရားသခင်က၊
ယေရုရှလင်မြို့သည် အာရှုရိရှင်ဘုရင်လက်သို့ မရောက် ရဟူ၍ သင့်ကို မလှည့်စားပါနှင့်။ [11] အာရှုရိရှင်ဘုရင်တို့သည်
ခပ်သိမ်းသောပြည်တို့ ကိုလုပ်ကြံ၍ ရှင်းရှင်းဖျက်ဆီးကြောင်းကို သင်သည်ကြား ရပြီ။ ကိုယ်တိုင်လွတ်လိမ့်မည်လော။ [12]
ငါ့ဘိုးဘေးတို့သည် ဖျက်ဆီးသော အမျိုးသား၊ ဂေါဇန်အမျိုးသား၊ ခါရန်အမျိုးသား၊ ရေဇပ်အမျိုးသား၊ တေလသာမြို့၌
ရှိသောဒေင်အမျိုးသားတို့ကို၊သူတို့၏ ဘုရားများတို့သည် ကယ်ယူကြပြီလော။ [13] ဟာမတ်မင်းကြီး၊ အာပဒ်မင်းကြီးနှင့် သေဖရ
ဝိမ်မြို့၊ ဟေနမြို့၊ဣဝါမြို့ကို စိုးစံသောမင်းကြီးတို့သည် အဘယ်မှာ ရှိကြသနည်းဟု မှာလိုက်လေ၏။ [14] ထိုမှာစာကို
ဟေဇကိမင်းသည် သံတမန်လက်မှ ခံယူ၍ ကြည့်ပြီးလျှင်၊ ဗိမာန်တော်သို့ သွား၍ ထာဝရဘု ရားရှေ့တော်၌ ဖြန့်ထားလေ၏။ [15]
ထိုအခါ ဟေဇတိမင်းသည် ထာဝရဘုရားရှေ့ တော်၌ လျှောက်ဆိုသည်ကား၊ [16] ခေရုဗိမ်ပေါ်မှာထိုင်တော်မူသော၊ ဣသရေလ အမျိုး၏
ဘုရားသခင် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၊ ကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏။
ကိုယ်တော်တပါးတည်းသာလျှင်၊ မြေကြီးပေါ်မှာ ရှိသမျှ သောအတိုင်းတိုင်း အပြည်ပြည်တို့၏ဘုရားသခင် ဖြစ် တော်မူ၏။
ကိုယ်တော်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ [17] အိုထာဝရဘုရား၊ နားတော်ကို လှည့်၍ နား ထောင်တော်မူပါ။
အိုထာဝရဘုရား၊ မျက်စိတော်ကို ဖွင့် ၍ ကြည့်ရှုတော်မူပါ။ သနာခရိပ်မင်းသည် အသက်ရှင် တော်မူသော ဘုရားသခင်ကို ကဲ့ရဲ့၍၊
ပြောစေသော စ ကားအလုံးစုံတို့ကို မှတ်တော်မူပါ။ [18] အိုထာဝရဘုရား၊ အကယ်စင်စစ် အာရှုရိရှင် ဘုရင်တို့သည် အတိုင်းတိုင်း
အပြည်ပြည်တို့ကို ဖျက်ဆီး၍၊ [19] သူတို့၏ ဘုရားများကို မီးထဲသို့ချပစ်ကြပါပြီ။ ထိုဘုရားတို့သည် ဘုရားမဟုတ်၊
လူလက်ဖြင့်လုပ်သော သစ်သားနှင့် ကျောက်ဖြစ်သောကြောင့်၊ ပျက်စီးခြင်းသို့ ရောက်ကြပါပြီ။ [20] အိုအကျွန်ုပ်တို့
ဘုရားသခင်ထာဝရဘုရား၊ကိုယ် တော် ထာဝရဘုရား တပါးသာ၊ ဘုရားသခင်ဖြစ်တော် မူသည်ကို မြေကြီးပေါ်မှာရှိသမျှသော
တိုင်းနိုင်ငံတို့သည် သိမည်အကြောင်း၊ အကျွန်ုပ်တို့ကို ထိုမင်းလက်မှ ယခု ကယ်ယူတော်မူပါ၊ အကျွန်ုပ်တောင်းပန်ပါသည်ဟု ပဌနာ
ပြုလေ၏။ [21] ထိုအခါ အာမုတ်သား ဟေရှာယသည် ဟေဇကိ မင်းထံသို့ စေလွှတ်၍၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင်သည် အာရှုရိ ရှင်ဘုရင်သနာခရိပ် အကြောင်းကြောင့်၊ ငါ့ရှေ့မှာ ပဌနာ ပြုသည် ဖြစ်၍၊ [22] ထိုမင်း၏အမှုမှာ
ထာဝရဘုရားမိန့်တော်မူ သော စကားဟူမူကား၊ ဇိအုန်သတို့သမီးကညာသည် သင့် ကို မထီမဲ့မြင် ပြု၍ ပြက်ယယ်၏။
ယေရုရှလင်သတို့သမီး သည် သင့်နောက်၌ ခေါင်းညိတ်၏။ [23] သင်သည် အဘယ်သူကို ကဲ့ရဲ့ဆဲရေး သနည်း။ အဘယ်သူကို
အော်ဟစ်၍ မျက်နှာထောင်လွှားသနည်း။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားကိုပင် ပြုပါ သည်တကား။ [24] သင်သည်
ကျွန်များအားဖြင့် ထာဝရဘုရားကို ကဲ့ရဲ့၍၊ ငါသည် ရထားများပြားသဖြင့် တောင်ထိပ်သို့ ၎င်း၊ လေဗနုန်တောင်အထွဋ်သို့၎င်း
တက်လာပြီ။ အရပ် မြင့်သောအာရဇ်ပင်နှင့် အကောင်းဆုံးသော ထင်းရှူးပင် တို့ကို ငါခုတ်လှဲပြီ။ အမြင့်ဆုံးသောအရပ်၊ အသီးများ
သောတောထဲသို့ ငါဝင်ပြီ။ [25] ငါသည် တွင်းတူး၍ ရေကိုသောက်ရပြီ။ ငါ၏ ခြေဘဝါးအားဖြင့် အဲဂုတ္တုမြစ်လက်ကြား ရေရှိသမျှကို
ခန်းခြောက်စေပြီဟု သင်ဆိုမိပြီတကား။ [26] ငါသည်အထက်က ဤအမှုကို စီရင်ကြောင်းနှင့်၊ ရှေးကာလ၌ ပြုပြင်ကြောင်းကို
သင်သည်မကြားသ လော။ ယခုမှာလည်း သင်သည် ခိုင်ခံ့သောမြို့တို့ကို ဖျက် ဆီး၍၊ ကျောက်ပုံ ဖြစ်စေသောသူဖြစ်မည် အကြောင်း
ငါစီရင် ခန့်ထားလေပြီ။ [27] ထိုကြောင့်၊ မြို့သားတို့သည် အားနည်းကြ၏။ မှိုင်တွေ၍ စိတ်ပျက်လျက်ရှိကြ၏။ တောမြက်ပင်နှင့် စိမ်း
သောစပါးပင်ကဲ့သို့၎င်း၊ အိမ်မိုးပေါ်မှာ ပေါက်သော မြက် ပင်နှင့်၊ မကြီးမီ ညှိုးနွမ်းသောစပါးပင်ကဲ့သို့၎င်း ဖြစ်ကြ၏။ [28] သင်၏
နေထိုင်ခြင်း၊ ထွက်ဝင်ခြင်း၊ ငါ၌အမျက် ဟုန်းခြင်းတို့ကို ငါသိ၏။ [29] ငါ၌ သင်၏အမျက်ဟုန်းခြင်း၊ စော်ကားခြင်းကို


generated on Sun Jun 30 02:37:40 2024

ငါကြားရသောကြောင့်၊ သင့်ကို နှာရှုတ်တပ်၍ ဇက်ခွံ့ပြီး မှ၊ သင်လာသောလမ်းဖြင့် ပြန်စေမည်။ 30 သင်မှတ်ရသော
နိမိတ်လက္ခဏာဟူမူကား၊ ယ ခုနှစ်တွင် အလိုလိုကြီးရင့်သော အသီးအနှံကိုငင်း၊ ဒုတိယ နှစ်တွင် ထိုအတူ ပေါက်သောအရာများကိုငင်း
သင်တို့ သည် စားရမည်။ တတိယနှစ်တွင် မျိုးစေ့ကိုကြဲ၍ စပါးကို ရိတ်ကြလော့။ စပျစ်ဥယျာဉ်ကိုလည်း စိုက်၍ အသီးကို
စားကြလော့။ 31 ဘေးလွတ်၍ ကျန်ကြွင်းသော ယုဒအမျိုးသား တို့သည် တဖန်အောက်မှာ အမြစ်စွဲ၍၊ အထက်မှာ အသီး
သီးကြလိမ့်မည်။ 32 ကျန်ကြွင်းသောသူတို့သည် ယေရုရှလင်မြို့ထဲ ကငင်း၊ ဘေးလွတ်သောသူတို့သည် ဇိအုန်တောင်ပေါ်က
ငင်းပေါ်လာကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရားသည် အလိုတော်အားကြီး၍၊ ထိုအမှုကို စီရင်တော် မူလိမ့်မည်။ 33
သို့ဖြစ်၍၊ ထာဝရဘုရားသည် အာရှုရိ ရှင်ဘုရင် ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ သူသည် ဤမြို့သို့ မဝင်ရ။ မြို့ထဲသို့ မြားကို
မပစ်ရ။ မြို့ရှေ့မှာ ဒိုင်းလွှားကို မပြရ။ မြို့ပြင်မှာ မြေရိုးကို မဖို့ရ။ 34 လာသောလမ်းဖြင့် ပြန်သွားရမည်။ ဤမြို့ထဲသို့ မဝင်ရ။ 35
ငါသည် ကိုယ်မျက်နှာကိုငင်း၊ ငါ့ကျွန်ဒါဝိဒ်၏ မျက်နှာကိုငင်း ထောက်၍၊ ဤမြို့ကို ကယ်တင်ခြင်းငှါ စောင့်မမည်ဟု ထာဝရဘုရား
မိန့်တော်မူ၏။ 36 ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန် သည် ထွက်၍၊ အာရှုရိတပ်တွင် လူတသိန်း ရှစ်သောင်း ငါးထောင်တို့ကို
ဒဏ်ခတ်လေ၏။ နံနက်စောစော ထချိန် ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင် ဖြစ်ကြ၏။ 37 အာရှုရိရှင်ဘုရင်
သနာခရိပ်သည်လည်း၊ ထို အရပ်မှထွက်၍ ပြန်သွားပြီးလျှင်၊ နိနေဝေမြို့၌ နေလေ ၏။ 38 နောက်တဖန် သူသည် မိမိဘုရား နိသရုတ်၏
ဗိမာန်၌ ကိုးကွယ်စဉ်တွင်၊ သားတော် အာဒြမ္မေလက်နှင့် ရှရေဇာသည် ခမည်းတော်ကို ထားနှင့် သတ်ပြီးလျှင်၊ အာရမနိပြည်သို့
ပြေးကြ၏။ သားတော် ဧသရဟဒ္ဒုန် သည်လည်း၊ ခမည်းတော်အရာ၌ နန်းထိုင်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 38

[1] ထိုကာလအခါ ဟေဇကိမင်းသည် သေနာစွဲ သဖြင့်၊ အာမုတ်သား ပရောဖက်ဟေရှာယသည် လာ၍၊ ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ကိုယ်အိမ်အမှုကို စီရင်လော့။ သင်သည် အသက်မရှင်၊ သေရမည်ဟု အမိန့် တော်ကို ပြန်လေ၏။ [2-3]
ဟေဇကိမင်းသည်လည်း ထရံသို့ မျက်နှာလှည့် ၍၊ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာ စောင့်လျက်၊ စုံလင်သော
စိတ်နှလုံးနှင့် ကျင့်၍၊ နှစ်သက် တော်မူသည်အတိုင်း ပြုကြောင်းကို အောက်မေ့တော် မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု
အလွန်ငိုကြွေးလျက်၊ ထာဝရဘုရားကို ဆုတောင်းလေ၏။ [4] တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဟေရှာယသို့ရောက်၍၊ [5]
သင်သည် ဟေဇကိမင်းထံသို့ သွားပြီးလျှင်၊ သင့်အဘ ဒါဝိဒ်၏ ဘုရားသခင်ထာဝရဘုရား မိန့်တော် မူသည်ကား၊ သင်၏
ပဋ္ဌနာစကားကို ငါကြားပြီ။ သင်၏ မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏ အသက်၌ တဆယ် ငါးနှစ်ကို ငါဆက်၍ ပေးမည်။ [6] သင်နှင့်
ဤမြို့ကို အာရှုရိရှင်ဘုရင်လက်မှ ငါ ကယ်လွှတ်မည်။ ဤမြို့ကို ငါ ကွယ်ကာစောင့်မမည် အရာကို ပြောလော့ဟု မိန့်တော်မူ၏။ [7]
ဟေရှာယက၊ ထာဝရဘုရား အမိန့်တော်ရှိသည် အတိုင်း ပြုတော်မူမည်ဟု ထာဝရဘုရားသည် သင့်အား ပေးတော်မူသော
လက္ခဏာသက်သေဟူမူကား၊ [8] ကြည့်ရှုလော့။ အာခတ်၏နေတိုင်းနာရီပေါ်မှာ ရွေ့သော အရိပ်ကို ဆယ်ချက်ပြန်စေမည်ဟု ဆို၏။
ဆိုသည်အတိုင်း ဆယ်ချက်ရွေ့ပြီးသော အရိပ်သော ဆယ်ချက်ပြန်လေ၏။ [9] ယုဒမင်းကြီးဟေဇကိသည် အနာမှ ထမြောက် ၍
ရေးထားသော စာဟူမူကား၊ [10] ငါသည် ငြိမ်သက်စွာ နေစဉ်အခါ၊ မရဏာနိုင်ငံ တံခါးသို့ ဝင်ရပါသည်တကား။ ငါ၌ ကြွင်းသော နှစ်များ
ကို ငါ ရှုံးပြီဟု ငါဆိုသတည်း။ [11] အသက်ရှင်သော သူတို့၏ နေရာ၌၊ ထာဝရ ဘုရားကို ငါမမြင်ရ။ ငြိမ်းရာအရပ်သားတို့နှင့် ပေါင်း
ဘော်ရသဖြင့်၊ နောက်တဖန် လူတို့ကို မမြင်ရ။ [12] သိုးထိန်းတဲကဲ့သို့ ငါနေသော အိမ်ကို နှုတ်ပယ် ၍၊ အခြားတပါးသို့ ဆောင်သွားပြီ။
ရက်ကန်းသည် ပြုသကဲ့သို့ ငါ့အသက်သည် လိပ်လျက်ရှိ၍၊ ရက်ကန်းစင် မှ ငါ့ကို ပယ်ဖြတ်တော်မူလိမ့်မည်။ တနေ့ခြင်းတွင် ငါ့ကို
ဆုံးစေ တော်မူလိမ့်မည်ဟု ငါဆိုသတည်း။ [13] ငါ့အရိုးရှိသမျှတို့ကို ချိုးတော်မူသည် ဖြစ်၍၊ ငါသည် ခြင်္သေ့ဟောက်သကဲ့သို့
နံနက်တိုင်အောင် မြည်ရ ၏။ တနေ့ခြင်းတွင် ငါ့ကို ဆုံးစေတော်မူလိမ့်မည်ဟု ငါဆိုသတည်း။ [14] ငါသည် တီတီတွတ်နှင့် ဇရက်ကဲ့သို့
မြည်၍ ချိုးကဲ့ သို့ ညည်းတွန်ရ၏။ ငါ့မျက်စိတို့သည် မျှော်ကြည့်၍ အားလော့ကြပြီ။ အိုဘုရားရှင်၊ ညှဉ်းဆဲခြင်းကို ခံရသော
အကျွန်ုပ်ဘက်၌ နေတော်မူပါ။ [15] အဘယ်သို့ ငါပြောရမည်နည်း။ ငါ့အား ဂတိ ပေးတော်မူပြီ။ ဂတိတော်အတိုင်းလည်း ပြုတော်မူပြီ။
ငါ၌ ကျန်ကြွင်းသော နှစ်စဉ်ကာလပတ်လုံး၊ ငါသည် စိတ် ဆင်းရဲခြင်းကို အောက်မေ့၍၊ ဖြည်းဖြည်းသွားပါမည်။ [16] အို ဘုရားရှင်၊
ထိုသို့သောအားဖြင့် အသက်ရှင် ရပါ၏။ ထိုအရာရှိသမျှတို့၌ အကျွန်ုပ်ဝိညာဉ်၏ အသက် တည်ရပါ၏။ ကိုယ်တော်သည် အကျွန်ုပ်
အနာရောဂါကို ငြိမ်းစေ၍၊ အကျွန်ုပ်အသက်ကို ရှင်စေတော်မူ၏။ [17] အကျွန်ုပ်ခံရသော ဝေဒနာသည် ငြိမ်းပါပြီ။ အကျွန်ုပ်၏
ဝိညာဉ်ကို သနား၍၊ ဖျက်ဆီးရာ တွင်းထဲက နှုတ်ယူတော်မူပြီ။ အကျွန်ုပ်အပြစ်ရှိသမျှတို့ကို နောက် တော်သို့ ပစ်လိုက်တော်မူပြီ။ [18]
အကယ်စင်စစ် မရဏာနိုင်ငံသည် ဂုဏ်တော်ကို မချီးမွမ်းရပါ။ သေနေသော သူသည် ဂုဏ်တော်ကို ထောမနာသီချင်းမဆိုရပါ။
တွင်းထဲသို့ ဆင်းသော သူသည် သစ္စာတော်ကို မမြော်လင့်ရပါ။ [19] အသက်ရှင်သောသူ၊ အသက်ရှင်သော သူသာ လျှင်၊ ယနေ့
အကျွန်ုပ်ပြုသကဲ့သို့၊ ဂုဏ်တော်ကို ချီးမွမ်း ရပါလိမ့်မည်။ အဘသည် သားတို့အား သစ္စာတော်ကို ဘော်ပြရပါလိမ့်မည်။ [20]
ထာဝရဘုရားသည် ငါ့ကို ကယ်တင်တော်မူပြီ။ ထိုကြောင့်၊ ငါတို့သည် တသက်လုံး ဗိမာန်တော်၌ စောင်း တီး၍
သီချင်းဆိုကြလိမ့်သတည်း။ [21] ဟေရှာယကလည်း၊ သင်္ဘောသဖန်းသီးအလုံး အထွေးကိုယူ၍ နယ်ပြီးမှ၊ အနာကို အုံကြလော့။ ထိုသို့
ပြုလျှင် မင်းကြီးသည် သက်သာရလိမ့်မည်ဟု ဆိုလေ၏။ [22] ဟေဇကိမင်းကလည်း၊ ငါသည် ဗိမာန်တော်သို့ တက်လိမ့်မည်ဆိုသော်၊
အဘယ်လက္ခဏာ သက်သေရှိ သနည်းဟု မေး၏။


generated on Sun Jun 30 02:37:40 2024

## Chapter 39

[1] ထိုကာလအခါ ဗာလဒန်သား၊ ဗာဗုလုန်မင်းကြီး မေရောဒဗ္ဗါလဒန်သည် ဟေဇကိမင်း နာ၍၊ အနာ ပျောက်သည်ကို ကြားသောကြောင့်၊
မေတ္တာစာနှင့် လက် ဆောင်ပါလျက်၊ တမန်တို့ကို စေလွှတ်လေ၏။ [2] ဟေဇကိမင်းသည် သူတို့ရောက်သောကြောင့် ဝမ်းမြောက်၍၊
ရွှေတိုက်မှစသော ရွှေတိုက်မှစသော ရွှေ၊ ငွေ၊ နံ့သာမျိုး၊ အဘိုးထိုက်သော နံ့သာဆီ၊ လက်နက် တိုက်နှင့် ဘဏ္ဍာတော်အလုံးစုံတို့ကို
ပြလေ၏။ နန်းတော်မှစ၍ နိုင်ငံတော်အရပ်ရပ်၌ မပြသောအရာ တစုံတခုမျှ မရှိ။ [3] ထိုအခါ ပရောဖက် ဟေရှာယသည် ဟေဇကိ
မင်းကြီးထံတော်သို့သွား၍၊ ထိုသူတို့သည် အဘယ်သို့ ပြောကြပါသနည်း။ အဘယ်ပြည်မှ အထံတော်သို့ လာကြပါသနည်းဟု
မေးလျှောက်သော်၊ ဟေဇကိမင်းက၊ ဝေးသောအရပ်၊ ဗာဗုလုန်ပြည်မှ ရောက်လာကြသည်ဟု ပြန်ပြော၏။ [4] နန်းတော်၌
အဘယ်အရာကို မြင်ကြပြီနည်းဟု မေးပြန်လျှင်၊ ဟေဇကိမင်းက၊ နန်းတော်၌ ရှိသမျှကို မြင်ရကြပြီ။ ဘဏ္ဍာတော်တွင်
ငါမပြသောအရာ တစုံတခု မျှ မရှိဟုပြန်ပြော၏။ [5] ထိုအခါ ဟေရှာယက၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏
နှုတ်ကပတ်တော်ကို နားထောင်လော့။ [6] နန်းတော်၌ ရှိသမျှကိုငင်း၊ ယနေ့တိုင်အောင် ဘိုးဘေးတို့သည် ဆည်းဖူးသမျှကိုငင်း၊
ဗာဗုလုန်မြို့သို့ ယူသွားရသော ကာလသည် ရောက်လိမ့်မည်။ တစုံတခုမျှ မကျန်ကြွင်းရဟု ထာဝရဘုရား မိန့်တော်မူ၏။ [7]
သင်နှင့်နွယ်၍ရသော သင်၏ သားမြေးတို့ကို လည်း ယူသွား၍၊ သူတို့သည် ဗာဗုလုန်ရှင်ဘုရင်၏ နန်းတော်၌၊
လူပျိုတော်လုပ်ရကြလိမ့်မည်ဟု ဟေဇကိ မင်းအား ပြောဆိုလေ၏။ [8] ဟေဇကိမင်းကလည်း၊ သင်ပြန်ရသော ထာဝရ ဘုရား၏
နှုတ်ကပတ်တော် ကောင်းပါ၏ဟူ၍ငင်း၊ အကယ်စင်စစ် ငါ့လက်ထက်၌ ငြိမ်သက်ခြင်းနှင့် သစ္စာ စောင့်ခြင်းရှိရလိမ့်မည် ဟူ၍ငင်း၊
ဟေရှာယအား ဆိုလေ ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 40

1 သင်တို့၏ ဘုရားသခင် မိန့်တော်မူသည်ကား၊ ငါ၏လူတို့ကို နှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။ 2 စစ်မှုကို ထမ်းရသော
အချိန်စေ့ပြီ။ သင်၏ အပြစ်လည်း ဖြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့် စေသော စကားကို ပြော၍ ကြွေးကြော်ကြလော့။
အကြောင်းမူကား၊ ထာဝရဘုရား၏ လက်တော်၌ မိမိ အပြစ်အတွက် နှစ်ဆခံရပြီ။ 3 တော၌ ဟစ်ကြော်သော သူ၏အသံမှာ၊ ထာဝရ
ဘုရားကြွတော်မူရာ လမ်းကို ပြင်ကြလော့။ ငါတို့ ဘုရား သခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ ဖြောင့်စေကြ လော့။ 4 ချိုင့်ဝှမ်းရာ
ရှိသမျှတို့ကို ဖို့ရမည်။ တောင်ကြီး တောင်ငယ်ရှိသမျှတို့ကို ဖြိုရမည်။ ကောက်သော လမ်း များကို ဖြောင့်စေရမည်။ ကြမ်းတမ်းသော
လမ်းများကို လည်း သုတ်သင်ပြင်ဆင်ရမည်။ 5 ထာဝရဘုရား၏ ဘုန်းတော်ပေါ်ထွန်း၍၊ လူ အပေါင်းတို့သည် အတူမြင်ရကြလတံ့ဟု
ထာဝရဘုရား ၏ နှုတ်တော်ထွက်အမိန့်တော်ရှိ၏။ 6 တဖန် ထိုအသံက၊ ဟစ်ကြော်လော့ဟု ဆိုလျှင် ငါက၊ အဘယ်အရာကို
ဟစ်ကြော်ရမည်နည်းဟု မေးသော်၊ လူမျိုးရှိသမျှသည် မြက်ပင်ဖြစ်၏။ လူမျိုး၏ ဘုန်းရှိသမျှသည်လည်း တောအပွင့်ကဲ့သို့ ဖြစ်၏။ 7
ထာဝရဘုရား၏ လေတိုက်သောအခါ၊ မြက်ပင် သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေ တတ်၏။
အကယ်စင်စစ်လူတို့သည် မြက်ပင်ဖြစ်ကြ၏။ 8 မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။
ထာဝရဘုရား၏ နှုတ်ကပတ် တရားမူကား၊ ကာလစဉ်အမြဲတည်၏ဟု ဆိုသတည်း။ 9 ဇိအုန်တောင်သို့ ဝမ်းမြောက်စရာ သိတင်းကို
ဆောင်ခဲ့သောသူ၊ မြင့်သောတောင်ပေါ်သို့တက်လော။ ယေရုရှလင် မြို့သို့ ဝမ်းမြောက်စရာ သိတင်းကို ဆောင်ခဲ့သောသူ၊
ကျယ်သောအသံကို လွှင့်လော့။ မစိုးရိမ်ဘဲ အသံကို လွှင့်လော့။ သင်တို့၏ ဘုရားသခင်ကို ကြည့်ရှုကြဟု ယုဒမြို့ရွာတို့အား
ပြောလော့။ 10 ကြည့်ရှုလော့၊ အရှင်ထာဝရဘုရားသည်၊ ကြီး သော တန်ခိုးနှင့် ကြွလာ၍၊ လက်ရုံးတော်အားဖြင့် အစိုးရ
တော်မူလိမ့်မည်။ မိမိခံတော်မူထိုက်သောအခ မိမိ၌ ပါလျှက်၊ ဆုလပ်တော်သည် ရှေ့တော်၌ ရှိ၏။ 11 မိမိသိုးစုကို သိုးထိန်းကဲ့သို့
ကျွေးမွေးတော် မူမည်။ သိုးသငယ်တို့ကို ချီ၍ ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမတို့ကိုလည်း ဖြည်းညှင်းစွာ ပို့ဆောင်
တော်မူမည်။ 12 ရေများကို လက်ဆွန်းဖြင့် ခြင်သောသူ၊ မိုဃ်း ကောင်းကင်ကို မိမိလက်ဖြင့် ထွာသောသူ၊ မြေမှုန့်ကို တင်းတောင်းဖြင့်
ချင့်တွက်သောသူ၊ တောင်ကြီးကို ချိန်ခွင်ဖြင့်၎င်း၊ တောင်ငယ်ကို ကပ်ပယ်ဖြင့်၎င်း ချိန် သောသူကား အဘယ်သူနည်း။ 13
ထာဝရဘုရား၏ ဝိညာဉ်ကို အဘယ်သူ စစ်ကြောသနည်း။ ထိုဘုရားနှင့် တိုင်ပင်၍၊ အဘယ်သူ သည် အကြံပေးသနည်း။ 14
အဘယ်သူနှင့် တိုင်ပင်တော်မူသနည်း။ ထိုဘုရားကို အဘယ်သူ သွန်သင်သနည်း။ ထိုဘုရားအား တရားလမ်းကို ပြသောသူ၊
ပညာနည်းကို ပေးသောသူ၊ ဥာဏ်လမ်းကို ညွှန်သောသူကား အဘယ်သူနည်း။ 15 လူအမျိုးမျိုးတို့သည် ရေပုံးမှ ကျသော ရေစက်
ကဲ့သို့ ဖြစ်၍၊ ချိန်ခွင်၌ မြူမှုန့်ကဲ့သို့ ထင်မှတ်စရာ ရှိ၏။ ကျွန်းတို့သည်လည်း၊ လွင့်တတ်သော အဏုမြူကဲ့သို့ ဖြစ်ကြ၏။ 16
လေဗနုန်တောသည် မီးမွေးဘို့မလောက်။ ထိုတော၌ရှိသော တိရစ္ဆာန်တို့သည်လည်း၊ မီးရှို့ရာ ယဇ် ဘို့မလောက်။ 17 ခပ်သိမ်းသော
လူအမျိုးမျိုးတို့သည် အဘယ်မျှ မဟုတ်သကဲ့သို့ ရှေ့တော်၌ ဖြစ်ကြ၏။ အဘယ်မျှမဟုတ် သော အရာထက်သာ၍ ငယ်သကဲ့သို့၎င်း၊
အနတ္တကဲ့သို့ ၎င်း မှတ်တော်မူ၏။ 18 သို့ဖြစ်၍၊ ဘုရားသခင်ကို အဘယ်သို့ ပုံပြရအံ့ နည်း။ ဘုရားသခင်နှင့် အဘယ်မည်သော
ပုံသဏ္ဍာန် တူသည်ဟု ဆိုရအံ့နည်း။ 19 ပန်းတဉ်းသမားသည် ရုပ်တုကို သွန်းပြီးမှ၊ ပန်းထိမ်သမားသည် ရွှေနှင့်မွမ်းမံ၍၊
ငွေကြိုးကိုလည်း လုပ်တတ်၏။ 20 အဘိုးထိုက်သော အလှူကို မလှူနိုင်သောသူ သည်၊ မဆွေးမြေ့တတ်သော သစ်သားကို
ရွေးကောက်ပြီး မှ၊ မြဲမြံသော ရုပ်တုကို လုပ်စေခြင်းငှါ၊ လိမ္မာသော လက် သမားကို ရှာတတ်၏။ 21 သင်တို့သည် မသိကြသလော။
မကြားကြသ လော။ ရှေ့ဦးစွာမှစ၍ သင်တို့အား မဘော်မပြသလော။ မြေကြီးတည်သည်အကြောင်းကို နားမလည်ကြသလော။ 22
မြေကြီးစက်အပေါ်မှာ ထိုင်၍၊ မြေကြီးသား တို့ကို နှံကောင်ကဲ့သို့ မှတ်တော်မူထသော၊ မိုဃ်းကောင်း ကင်ကို မျက်နှာကြက်ကဲ့သို့
ကြက်၍၊ နေစရာတဲကဲ့သို့ ဖြန့်တော်မူထသော၊ 23 မင်းတို့ကို ရှုတ်ချ၍၊ မြေကြီးတရားသူကြီးတို့ကို အနတ္တကဲ့သို့ ဖြစ်စေတော်မူသော
သူပေတည်း။ 24 အကယ်စင်စစ်သူတို့ကို မစိုက်မပျိုးရ။ အကယ် စင်စစ် သူတို့၏မျိုးစေ့ကို မကြဲရ။ အကယ်စင်စစ် သူတို့ အပင်သည်
မြေ၌ အမြစ်မစွဲရ။ သူတို့အပေါ်မှာ မှုတ် တော်မူသဖြင့်၊ သူတို့သည် ညှိုးနွမ်းသွေ့ခြောက်၍၊ လေ ဘွေသည် သူတို့ကို ဖွဲကဲ့သို့
တိုက်လွှင့်လိမ့်မည်။ 25 သို့ဖြစ်၍၊ ငါ့ကို အဘယ်သို့ ပုံပြရအံ့နည်း။ ငါသည် အဘယ်သူနှင့် တူရအံ့နည်းဟု သန့်ရှင်းသော
ဘုရားမေးတော်မူ၏။ 26 အထက်သို့ မျှော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူ ဖန်ဆင်းသနည်း။ ထိုသူသည် သူတို့အလုံး
အရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့်
ပြည့်စုံတော်မူသောကြောင့်၊ တစုံတခုမျှ မပေါ်ဘဲမနေရ။ 27 အိုယာကုပ်အမျိုး၊ သင်သွားသော လမ်းကို ထာဝရဘုရား သိတော်မမူဟု
အဘယ်ကြောင့် ပြောသ နည်း။ အိုဣသရေလအမျိုး၊ သင့်အမှုကို သင်၏ဘုရား သခင် မှတ်တော်မမူဟု၊ အဘယ်ကြောင့်ဆိုရသနည်း။
28 ထာဝရဘုရားသည် အစဉ်အမြဲ တည်တော်မူ သော ဘုရားသခင်ဖြစ်ကြောင်းကို၎င်း၊ မြေကြီးစွန်းတိုင် အောင် ဖန်ဆင်းတော်မူသော
အရှင်ဖြစ်ကြောင်းကို၎င်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍ မကုန်နိုင် သော ဥာဏ်နှင့် ပြည့်စုံတော်မူကြောင်းကို၎င်း၊
သင်သည် မသိမကြားဘူးသလော။ 29 ထိုဘုရားသည် မောသောသူတို့အား၊ ခွန်အား ကို ပေးတော်မူ၏။ နွမ်းနယ်သော သူတို့အား၊
အစွမ်းသတ္တိ နှင့် ပြည့်စုံသော အခွင့်ကို ပေးတော်မူ၏။ 30 လူပျိုတို့သည် မော၍ ပင်ပန်းခြင်းသို့ ရောက်ကြ လိမ့်မည်။

လုလင်တို့သည်လည်း ထိမိ၍ လဲကြလိမ့်မည်။ 31 ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့ အတောင် ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။

---

---

Isaiah 01

နှစ်သိမ့်စေကြလော့ ----- နှစ်သိမ့်စေကြလော့
"နှစ်သိမ့်" ဟူသောစကားလုံးကို ထပ်ခါရေးသားထား၍ အလေးထားဖော်ပြထားသည်။

သင်တို့ကို ဘုရားသခင်မိန့်တော်မူသည်ကား
"သင်တို့၏"ဟူ၍ မိန်းသုံးနှုန်းထားကာ ပရောဖက်သည် ဘုရား၏ လူများကို နှစ်သိမ့်ပေးသော စကားဖြစ်သည်။

ယေရုရှလင်မြို့အား နှစ်သိမ့် စေသောစကားကိုပြော၍
ပရောဖက်သည် ယေရုရှင်မြို့ကို မိန်းတစ်ဦးကဲ့သို့ ထာဝရဘုရားသခင်၏ ခွင့်လွှတ်ခြင်း အခွင့်ရရန် တောင်းဆိုလော့ဟူ၍ နှစ်သိမ့်စကားပြောခြင်းဖြစ်သည်။ (အခြားသောဘာသာပြန်ဆိုချက်) "ယေရုရှလင်မြို့ရှိ လူများကိုနှစ်သိမ့်ပေးသောစကားဖြစ်သည်။"

စစ်မှုကိုထမ်းရသော ----- နှစ်ဆခံရပြီ
ဤကြွေးကြော်သော စကားလုံးများသည် ယေရုရှလင်မြို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။

စစ်မှုကို ထမ်းရသော
အဓိပ္ပာယ်နှစ်မျိုးသက်ရောက်သည်။ (၁) စစ်ပွဲ။ (၂) အဓမ္မခိုင်းစေခံရခြင်း။

အပြစ်လည်း ဖြေရှင်းပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူမ၏အပြစ်များကို ခွင့်လွှတ်တော်မူပြီ။"

ထာဝရဘုရား၏ လက်တော်၌
"လက်တော်"ဟူသောအသုံးအနှုန်းသည် ထာဝရဘုရား ကိုယ်တော်တိုင်ကို ပုံဆောင်ခြင်းဖြစ်သည်။ (အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရား သခင်ထံတော်မှ"။"

Isaiah 03

တော်၌ ဟစ်ကြော်သော
"ဟစ်ကြော်" ဟူသောဟကားလုံးသည် "ငိုကြွေးဟစ်ကြော်ခြင်း" ကိုပုံဆောင်ထားသည်။

တော်၌ ----- လွင်ပြင်၌ ဖြောင့်စေကြလော့
ဤစာကြောင်းနှစ်ခုသည် အခြေခံအဓိပ္ပာယ်တူညီမှုရှိသည်။ ထာဝရဘုရားသခင် ကြွတော်မူရာ လမ်းခရီးကို ပြင်ဆင်ကြစို့ နှိုးဆော်ထားသော စာပိုဒ်ဖြစ်သည်။

ချိုင့်ဝှမ်းရှိသမျှ ------- ဖြိုရမည်။
ဤစကားစုသည် ထာဝရဘုရားကြွတော်မူရာ လမ်းခရီးကို လူများမည်သို့ ပြင်ဆင်ရမည်အကြောင်း ရှင်းလင်းထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ချိုင့်ဝှမ်းရှိသမျှတို့ကို ဖို့၍တောင်များ၊ တောင်ကုန်းများကို ဖြိုဖျက်ကာ ညီညာစွာလမ်းပြင်ကြလော့။"

ချိုင့်ဝှမ်းရာရှိသမျှတို့ကို ဖို့ရမည်
ချိုင့်ဝှမ်းများကို မြေပြင်ဖို့၍ တညီတည်းဖြစ်စေမည့် အကြောင်းရေးသားထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) ချိုင့်ဝှမ်းရှိသမျှတို့ကိုမြေဖြင့် ဖို့ရမည်။"

ထာဝရဘုရားများ၏ ဘုန်းတော်ပေါ်ထွန်း၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် "ထာဝရဘုရား၏ ဘုန်းတော်ပေါ်ထွန်းလိမ့်မည်။"

ထဝရဘုရား၏နှုတ်တော်ထွက် အမိန့်တော်ရှိ၏
"နှုတ်တော်" ဟူသောစကားလုံးသည် ထာဝရဘုရား ကိုယ်တော်တိုင်ဖြစ်ကြောင်း ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရား ကိုယ်တော်တိုင်ပြောသော နှုတ်ထွက်စကားဖြစ်သည်။"

Isaiah 06

လူမျိုးရှိသမျှသည် မြက်ပင်ဖြစ်၏
လူမျိုးများသည် မြက်ပင်ကဲ့သို့ ဖြစ်ကြောင်းနှင့် လျင်မြန်စွာ သေကြေပျက်စီး လွယ်ကြောင်းရှင်းပြထားသည်။

လူမျိုး၏ဘုန်းရှိသမျှ ----- ကဲ့သို့ဖြစ်၏
လူများ၏ ကတိသစ္စာစီရင်ထူးဖွဲ့ခြင်းများသည် တောနှင်းပွင့်ကဲ့သို့ လျင်မြန်စွာ ညှိုးနွမ်းသွေ့ခြောက်တတ်၏။

ထာဝရဘုရားလေတိုက်သောအခါ
ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးဖြစ်သည်။ (၁) ထာဝရဘုရားသခင်၏ အသက်လေဖြင့် မှုတ်လိုက်ခြင်း (သို့) (၂) ထာဝရဘုရားသခင်၏စေလွှတ်သောလေဖြင့် တိုက်လိုက်ဖျက်ဆီးခြင်း။"

လူတို့သည် မြက်ပင်ဖြစ်ကြ၏
(အခြားသောဘာသာပြန်ဆိုချက်) "လူများမြက်ပင်ကဲ့သို့ လျင်မြန်စွာ သေကြေပျက်စီးလွယ်သူ။ "

ထာဝရဘုရားနှုတ်ကပတ်တော် ------ အမြဲတည်၏
ဘုရားသခင်မိန့်တော်မူသော အရာများသည် ထာဝရအစဉ်တည်၏။ (အခြားသောဘာသာပြန်ဆိုချက်)


generated on Sun Jun 30 02:37:40 2024

"ဘုရားသခင်၏နှုတ်ကပတ်တော်တရားမူကား
ကာလအစဉ်အမြဲတည်၏။"

Isaiah 09

ဇီအုန်တောင်သို့ ------ မြင့်သောတောင်ပေါ်သို့တက်လာသော
ဇီအုန်တော်ကို သတင်းပို့ဆောင်သူကဲ့သို့ တင်စား၍
ပြောဆိုခြင်းဖြစ်သည်။ မြင့်သောတောင်ပေါ်သို့
တက်၍ဝမ်းမြောက်စရာသိတင်းကို ယူဆောင်သောသူ။

မြင့်သောတောင်ပေါ်သို့တက်လာသော
သိတင်းသယ်ယူ ပို့ဆောင်သောသူများသည် များသောအားဖြင့်
မြေပြင်ညီသည့်နေရာတွင် ပြောဆိုကြသည်။ မြင့်သောတောင်များ
ပေါ်တွင် ပြောဆိုခြင်းကြေငြာခြင်းသည် လူများစွာကြားနိုင်နည်
ဖြစ်သည်။

ဇီအုန်
ဇီအုန်မြို့ရှိ လူများကို ရည်ညွှန်းသည်။

ယေရုရှလင် ဝမ်းမြောက်စရာသိတင်းကို ဆောင်ခဲ့သောသူ
ယေရုရှလင်ကို ဝမ်းမြောက်ဖွယ်ရာ ပြောကြားသော
လူပုဂ္ဂိုလ်ကဲ့သို့ တင်စားထားသည်။

လက်ရုံးတော်အားဖြင့် အစိုးရတော်မူလိမ့်မည်
"လက်ရုံးတော်"သည် ဘုရားသခင်၏အားကြီးသော
တန်ခိုးတော်ဖြစ်သည်။

မိမိစံတော်မူသောအခ ------ ရှေ့တော်၌ ရှိ၏
စကားစုနှစ်ခု၏ အဓိပ္ပာယ် အကြောင်းအရာဆင်တူသည်။

Isaiah 11

မိမိသိုးစုကို သိုးထိန်းကဲ့သို့ -----ကျွေးမွေးတော်မူမည်
ထာဝရဘုရားသခင်သည် သူ၏လူမျိုးများ၏
သိုးထိန်းဖြစ်တော်မူ၍ သိုးထိန်းကဲ့သို့ ပြုစုစောင့်ရှောက်လိမ့်မည်။

Isaiah 12

ရေများကို လက်ဆွန်းဖြင့် ---- ချိန်သောသူကား အဘယ်သူနည်း။
ဖန်ဆင်းထားသော အရာများကို ဖန်ဆင်းရှင်တစ်ပါးတည်းသာ
ချိန်သွယ်၊တိုင်းတာနိုင်ကြောင်းကို အလေးထားဖော်ပြ၍
မေးထားသောမေးခွန်းဖြစ်သည်။

ကောင်းကင်ကို မိမိလက်ဖြင့်ထွာသောသူ
ထာဝရဘုရားသခင်သည် ကောင်းကင်၏ ထုထည်ပမာဏကို
လက်ဖြင့် တိုင်းထွာထားသကဲ့သို့ သိရှိတော်မူသော
ဘုရားဖြစ်သည်။

မြေမှုန့်ကို တင်းတောင်းဖြင့် ချင့်တွက်သောသူ
ထာဝရဘုရားသခင်သည် မြောကြီးပေါ်ရှိ မြေမှုန့်
ပမာဏမည်မျှရှိကြောင်း တင်းတောင်းဖြင့်ချင့်တွက်ခဲ့ဘူးသော
သူကဲ့သို့ သိရှိ၍ ပြောဆိုနေခြင်းဖြဟ်သည်။

တောင်ငယ်ကို ---- အဘယ်သူနည်း
တောင်များ၏ အလေးချိန်ပမာဏကို ကပ်ပယ်(စကေး)ဖြင့်
တွက်ချက်ခဲ့သော ဖန်ဆင်းရှင် ဘုရားသခင်ဖြစ်သည်။

Isaiah 13

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရား၏ တုနှိုင်းရာမှရှိသည့်
ဘုန်းတန်ခိုးကို မေးခွန်းပုံစံဖြင့် ဆက်လက်ရေးဖွဲ့ထားသည်။

ထာဝရဘုရား၏ ဝိညာဉ်ကို ---- အကြံပေးသနည်း
အဘယ်တစ်ဦးမျှ မလုပ်နိုင်ကြောင်းကို တင်စား၍
မေးခွန်းမေးသည့် ပုံစံဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရားသခင်၏
စိတ်သဘောကို အဘယ်သူသည် သိနိုင်သနည်း။
ထိုဘုရားသခင်နှင့် တိုင်ပင်ဆွေးနွေး၍ အဘယ်သူသည်
အကြံပေးနိုင်သနည်း။"

ထာဝရဘုရား၏ ဝိညာဉ်ကို အဘယ်သူစစ်ကြောသနည်း
ထာဝရဘုရား၏ အကြံအစည်စဉ်းစားခြင်း သာမက
သူ၏အလိုဆန္ဒတော်နှင့် အကြောင်းအရင်းများကို
ရည်ညွှန်းသည်။

အဘယ်သူနှင့် တိုင်ပင်တော်မူသနည်း။
(အခြားသောဘာသာပြန်ဆိုချက်) "မည်သူမျှ
သူ့ကိုအကြံမပေးနိုင်သော ဘုရားသခင်ဖြစ်သည်။"

ထိုဘုရားကို အဘယ်သူသွန်သင် ---- အဘယ်သူနည်း
(အခြားသောဘာသာပြန်ဆိုချက်) "အဘယ်သူမျှ မသွန်သင်နိုင်၊
အကြံမပေးနိုင်၊ တရားလမ်းကို မပြနိုင်သော ဘုရားသခင်ဖြစ်၍
သူ၏ စိတ်တော်၊ လမ်းခရီးတော်ကို အဘယ်သူမျှ
နားလည်နိုင်သော ဘုရားဖြစ်သည်။"

Isaiah 15

လူအမျိုးမျိုးတို့သည် ----- ထင်မှတ်စရာရှိ၏
ပရောဖက်သည် တိုင်လူမျိုးများကို ရေစက်နှင့် မြေမှုန့်ကဲ့သို့
ဘုရားသခင်ရှေ့ အလွန်လှုကြောင်း ခိုင်းနှိုင်း ပြောဆိုထားသည်။

ရေပုံးမှ ကျသောရေစက်ကဲ့သို့
ရပုံးထဲသို့ ကျသောရေစက်များ (သို့) ရေပုံးမှ ထွက်ကျလာသော
ရေစက်များ

ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ထင်မှတ်စရာ ရှိ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရားသည်
ထိုလူမျိုးကို ချိန်ခွင်၌ ရှိသော မြေမှုန့်များကဲ့သို့ ထင်မှတ်စရာ
ရှိ၏။"


generated on Sun Jun 30 02:37:40 2024

အနတ္တကဲ့သို့ ၎င်းမှတ်တော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထိုသူတို့ကို အနတ္တကဲ့သို့
မှတ်တော်မူ'"

Isaiah 18

သို့ဖြစ်၍ ဘုရားသခင်ကို ---- ဆိုရအံ့နည်း
ဟေရှာယသည် ဘုရားသခင်နှင့် အဘယ်မည်သော ပုံသဏ္ဌာန်နှင့်
မျှနှိုင်းယှဉ်ပုံဖော်၍ မရနိုင်ကြောင်း မေးခွန်းပုံစံဖြင့်
အလေးထားဖော်ပြထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)
"အဘယ်မည်သော သူနှင့်မျှနှိုင်းယှဉ်ပုံဖော်၍ မရနိုင်သော။
အဘယ်မည်သောပုံသဏ္ဌာန်နှင့်မျှ မတူသောဘုရားသခင်
ဖြစ်သည်။"

ပန်းတဉ်းသမားသည် ရုပ်တုကို ------ လုပ်တတ်၏
အလွန်ကျွမ်းကျင်သော ပန်းတဉ်း၊ ပန်းထိမ်သမားများသည် ငွေ၊
ရွှေ၊တို့ဖြင့် ရွှေနှင့် မွမ်းမံသည့် အတက်ပညာရှိသည်။

Isaiah 21

ယေဘုယျအချက်အလက်
ဟေရှာယသည် ဘုရား၏လူများကို ဆက်လက်၍ ပြောဆိုသော
စာပိုဒ်ဖြစ်သည်။

သင်တို့သည် မသိကြသလော---- မြေကြီးတည်သည် အကောင်းကို
နားမလည်ကြသလော။
ထာဝရဘုရားဘုရားသခင်သည် ကြီးကျယ်မြင့်မြတ်သော
ဖန်ဆင်းရှင်ဖြစ်ကြောင်းကို လူအများသိစေဖို့ ကရုဏာသံဖြင့်
မေးခွန်းမေးထားသည်။

ရှေ့ဦးစွာမှစ၍ ------- မပြသလော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေ့ဦးစွာမှ စ၍ သင်တို့အား
မပြောပြဖူးသလော?

မြေကြီး တည်သည်အကြောင်း
ပရောဖက်သည် ထာဝရဘုရားသခင်၏ ကမ္ဘာမြေကြီး
ဖန်ဆင်းခြင်းကို ပြောဆိုသည်။

မြေကြီးစက်အပေါ်မှာ ထိုင်၍
ထာဝရဘုရားသခင်သည် ကမ္ဘာမြေကြီး အထက်ပလ္လင်ပေါ်မှာ
ထိုင်၍ အုပ်စိုးသည့်အကြောင်း ပြောဆိုသည်။

မြေကြီးသားတို့ကို နှံကောင်ကဲ့သို့ မှတ်တော်မူထသော
ပရောဖက် ဖန်ဆင်းရှင်ဘုရားသခင်၏ ရှေ့မှောက်၌
လူအများသည် နှံကောင်ကဲ့သို့ သေးငယ်၍ အနည်းပုံကို
နှိုင်းယှဉ် ဖော်ပြထားသည်။

မိုးကောင်းကင်ကို ---- ဖြန့်တော်မူထသော
ဤစာကြောင်းနှစ်ခု၏ ဆိုလိုရင်းအဓိပ္ပာယ်ဆင်တူသည်။
ထာဝရဘုရားသခင် ဖန်ဆင်းသော မိုးကောင်းကင်သည်
သူ၏နေစရာတဲကဲ့သို့ ဖြန့်ကြက်ထားသည်။

Isaiah 23

မင်းတို့ကို ရှုတ်ချ၍
ထာဝရဘုရားသည် ရှုတ်ချတော်မူမည်။

အကယ်စင်စစ် သူတို့ကို မစိုက်မပျိုးရ ---- မကြဲရ ---- သွေးခြောက်၍
အုပ်ချုပ်သောမင်းများသည် အကူအညီမဲ့စွာ၊
ညှိုးနွမ်းခြောက်သွေ့သွားသော အပင်များကဲ့သို့
ထာဝရဘုရားသခင်၏ စီရင်ခြင်းဟူသော လေဘွေသည် သူတို့ကို
ဖွဲကဲ့သို့ တိုက်လွင့်မည်ဟူ၍ ပြောဆိုထားသည်။

သူတို့အပေါ်မှာ မှုတ်တော်မူသဖြင့်
ထာဝရဘုရားသခင်၏ တန်ခိုးတော်ဖြင့် မြေကြီးပေါ်ရှိ
တရားသူကြီး အုပ်ချုပ်သောမင်းများကို စီရင်ခြင်းသည်
အပင်ငယ်များကို ပူပြင်းသော လေဘွေ တိုက်ခိုက်လျှင်
လျင်မြန်စွာ ညှိုးနွမ်းသွားသကဲ့သို့ ဖြစ်စေတော်မူမည်။

လေဘွေသည် သူတို့ကို ဖွဲကဲ့သို့ တိုက်လွင့်လိမ့်မည်
အုပ်ချုပ်သော တရားမင်းများကို သွေ့ခြောက်သောအပင်နှင့်
တင်စားထား၍ ထာဝရဘုရားသခင်ကို
လေပြင်းတိုက်ခိုက်ခြင်းဖြင့် ခိုင်းနှိုင်းထားသည်။
ထာဝရဘုရားသခင်၏ တရားသူစီရင်ခြင်းသည် လေပြင်းကဲ့သို့
တိုက်ခိုက်သောအခါ လောကတရားသူကြီးများသည်
သွေ့ခြောက်သော ဖွဲကဲ့သို့ လွင့်သွားကြလိမ့်မည်။

Isaiah 25

သို့ဖြစ်၍ ငါ့ကို အဘယ်သို့ ------ ဘုရားမေးတော်မူ၏
ထာဝရဘုရားသခင်သည် အဘယ်သူနှင့်မျှ
မတူသောဘုရားဖြစ်ကြောင်းကို အလေးထားဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုအဘယ်သူနှင့်
နှိုင်းယှဉ်နိုင်မည်နည်း။ ငါ့ကိုအဘယ်သူနှင့် ဆင်တူသည်ဟု
ပြနိုင်အံ့နည်း"

ထိုအရာတို့ကို အဘယ်သူဖန်ဆင်းသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည်
ကြယ်နက္ခတ်များ အားလုံးကို ဖန်ဆင်းထားတော်မူ၏။

ထိုသူ---- ထုတ်ဆောင်တော်မူ၏
ဟေရှာယသည် ဘုရားသခင်၏ ဖန်ဆင်းထားသော ကြယ်များကို
ဘုရား၏ စစ်တပ်သဖွယ် ဖွဲ့၍စည်းတည်ဆောက်ထားသကဲ့သို့
ပြောထား၍ ဘုရားသခင်ကို ထိုအရာများကို တစ်လုံးချင်းနာမည်
တပ်ထားသော နက္ခတ်ကြယ်များဖြစ်သည်။

ခွန်အားကြီး၍ တန်ခိုးနှင့် --- ဘဲမနေရ
ခွန်အားကြီး၍ တန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရဘုရားသခင်၏ တန်ခိုးတော်ကို ရေးဖွဲ့ထားသည်။

တစ်စုံတစ်ခုမျှ မပေါ်ဘဲ မနေရ

Isaiah 27

အိုယာကုပ်အမျိုး ---- အဘယ်ကြောင့်ဆိုရသနည်း။
(အခြားသောဘာသာပြန်ဆိုချက်) "အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကို ထာဝရဘုရား သိတော်မမူဟု အဘယ်ကြောင့် ခုခံပြောဆိုရသနည်း။"

အိုယာကုပ်အမျိုး ---- အဘယ်ကြောင့်ဆိုရသနည်း။
ဤစာကြောင်းနှစ်ကြောင်းသည် ဣသရေလအမျိုးများကို ရည်ညွှန်းသည်။

သင်သွားသောလမ်းကို ထာဝရဘုရားသိတော်မမူ
ထာဝရဘုရားသခင်သည် သူတို့လျှောက်လှမ်းသော အသက်တာကို မမြင်နိုင်ဟု ထင်မှတ်ထားသော စာပိုဒ်ဖြစ်သည်။

သင့်၏ အမှုကို သင်၏ဘုရားသခင်မှတ်တော်မမူ
ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁)အကျွန်ုပ်ဘုရားသခင်သည်သည် ကျွန်ုပ်မတရားပြုသော အမှုကို မှတ်တော်မမူ (သို့) (၂) အကျွန်ုပ်၏ အပြစ်ကိုမှတ်တော်မမူ ၍ တရားသဖြင့်စီရင် လိမ့်မည်။"

သင်သည် မသိမကြားဘူးသလော
ဟေရှာယသည် လူများကို ထာဝရဘုရား၏ ကြီးကျယ်ဆုံးသော ခွန်အားနှင့် တန်ခိုးအာနုဘော်ကို မကြားမသိ၊ မသိဘူးသလောဟူ၍ မေးခွန်းမေးထားသည်။ ဟေရှာယ (၄၀:၂၁)ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။ (အခြားသောဘာသာပြန်ဆိုချက်) "သင်တို့သည် တိကျသေချာစွာ ကြားဖူး၍ သိကြသည်။"

မြေကြီးစွန်းတိုင်အောင်
မြေကြီးစွန်းသည် အင်မတန်မှ ဝေးကွာသောအတိုင်း အတာဖြစ်သည်။

Isaiah 29

ထိုဘုရားသည် မောသောသူတို့အား ---- အခွင့်ကိုပေးတော်မူ၏
ဤစာကြောင်းနှစ်ခု၏ အဓိပ္ပာယ်ဆင်တူသည်။ ထာဝရဘုရားသခင်သည် ခွန်အားမဲ့သော သူကို ခွန်အားပေးတော်မူသော သူဖြစ်သည်။

ခွန်အားကို ပေးတော်မူ၏
ထာဝရဘုရားသည် ခွန်အားကို ပေးတော်မူ၏

ရွှေလင်းတကဲ့သို့ မိမိအတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်
ထာဝရဘုရားထံမှ ခွန်အားဖြည့်ခြင်း ခံရသောသူများသည် ရွှေလင်းတကဲ့သို့ ပျံဝဲနိုင်ခြင်းနှင့် တင်စားဖော်ပြထားသည်။ ရွှေလင်းတသည် ခွန်အားနှင့် တန်ခိုးကို ပုံဆောင်ထားသည့် ငှက်ဖြစ်သည်။

ပြေးသော်လည်းမပင်ပန်း ------ မမောရကြ
ဤစာကြောင်း နှစ်ခု၏အဓိပ္ပာယ်သည် ဆင်တူသည်။ ထာဝရဘုရားသခင်ထံမှ ခွန်အားအစွမ်းရရှိသော လူများသည် မမောမပန်းဘဲ ပြေးလွှားနိုင်သည်။ လျှောက်လှမ်းနိုင်သည်။

---

## Translation Questions

Isaiah 40:1

ဘုရားသခင်သည် မိမိလူမျိုးတို့ကို နှစ်သိမ့်စေရန် မည်ကဲ့သို့ မိန့်တော်မူသနည်း။
ဘုရားသခင်မိန့်တော်မူသည်မှာ စစ်မှုကို ထမ်းရသောအချိန်စေ့ပြီ။ သင်၏ အပြစ်လည်း ဖြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့်စေသော စကားကိုပြော၍ ကြွေး ကြော်ကြလော့။ ထာဝရဘုရား၏ လက်တော်၌ မိမိအပြစ်အတွက် နှစ်ဆခံရသည်။

Isaiah 40:3

အသံတစ်သံသည် မည်ကဲ့သို့ ဟစ်ကြော်သနည်း။
ဟစ်ကြော်သံမှာ ထာဝရဘုရား ကြွတော်မူရာလမ်းကို ပြင်ကြလော့။ ငါတို့ဘုရားသခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ ဖြောင့်စေကြလော့။

မည်သည့်အရာသည် ဣသရေလ ပြည်၌ ဖြစ်ပျက်လိမ့် မည်နည်း။
ချိုင့်ဝှမ်းရှိသမျှကို ပို့ရခြင်း၊ တောင်ကြီးတောင်ငယ်ရှိသမျှတို့ကို ဖြိုရခြင်း၊ ကောက်သောလမ်းများကို ဖြောင့်စေခြင်းနှင့် ကြမ်းတမ်းသော လမ်းများကို သုတ်သင်ပြင်ဆင်ရခြင်း ဖြစ်သည်။

ထာဝရဘုရား၏ ဘုန်းတော်ကို အဘယ်သူသည်ပေါ်ထွန်း စေသနည်း။
ထာဝရဘုရား၏ ဘုန်းတော်ကို လူအပေါင်းတို့သည် အတူမြင်ရကြသည်။

Isaiah 40:6

မည်သည့်အရာသည် ကာလအစဉ်အမြဲတည်တော်မူလိမ့်မည်နည်း။
ထာဝရဘုရား၏ နှုတ်ကပတ်ကို ကာလအစဉ်အမြဲ တည်စေမည်။


generated on Sun Jun 30 02:37:40 2024

Isaiah 40:9

ယုဒမြို့နှင့် ယေရုရှလင်မြို့သို့ ဝမ်းမြောက်စရာသိတင်းကို မည်ကဲ့သို့ ကြွေးကြော်ခဲ့သနည်း။
ဝမ်းမြောက်စရာသိတင်းသည် ဤသူတို့၏ ဘုရားသခင်ဖြစ်သည်။

ထာဝရဘုရားသည် မည်ကဲ့သို့ ကြွလာသနည်း။
အောင်မြင်သော စစ်သည်တော်တစ်ဦးအနေဖြင့် ကြွလာ ၏။

ထာဝရဘုရားကြွလာသောအခါ မိမိနှင့်အတူ မည်သည့်အရာကိုပါ ဆောင်ခဲ့သနည်း။
ထာဝရဘုရားသည် ဆုလပ်တော်နှင့် မိမိအကျိုးကို ဆောင်ခဲ့သည်။

Isaiah 40:15

ထာဝရဘုရား ထံတော်၌ လူအမျိုးမျိုးတို့သည် မည်ကဲ့သို့ အရာနှင့်တူသနည်း။
လူအမျိုးမျိုးတို့သည် ရေပုံးမှ ကျသောရေစက်ကဲ့သို့ ဖြစ်၍ ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ဖြစ်သည်ဟု ထာဝရဘုရားထင်မှတ်၏။

Isaiah 40:21

ဘုရားသခင်သည် အဘယ်မှာ ထိုင်တော်မူသနည်း။
ဘုရားသခင်သည် မြေကြီးစက်အပေါ်မှာ ထိုင်တော်မူသည်။

Isaiah 40:23

ဘုရားသခင်မင်းတို့ကို အဘယ်သို့ပြုလုပ်သနည်း။
မင်းတို့ကို ရှုတ်ချ၍၊ မြေကြီးတရားသူကြီးတို့ကို အနတ္တကဲ့သို့ ဖြစ်စေတော်မူသော ဘုရားသခင်ဖြစ်သည်။

Isaiah 40:25

ထာဝရဘုရားသည် ကြယ်တို့ကို မည်ကဲ့သို့ ပြုလုပ်သနည်း။
သူသည် သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူခြင်း၊ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူခြင်း၊ ခွန်အားကြီး၍ တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့် တစ်စုံတစ်ခုမျှ မပေါ်ဘဲမနေရ ဖြစ်၏။

Isaiah 40:27

ထာဝရဘုရားသည် အဘယ်သူဖြစ်၍ မည်သည့်အရာကို တူတော်မူသနည်း။
ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုငှင်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောအရှင်ဖြစ်၏။ သူသည် မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင်သော ဉာဏ်နှင့်ပြည့်စုံတော်မူ၏။

Isaiah 40:29

မောသောသူနှင့် နွမ်းနယ်သောသူတို့အဘို့ ထာဝရဘုရားသည် မည်ကဲ့သို့ ပြုတော်မူသနည်း။
ထာဝရဘုရားသည် မောသောသူတို့အား ခွန်အားကို ပေးတော်မူ၍ နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့် ပြည့်စုံသော အခွင့်ကို ပေးတော်မူ၏။

ထာဝရဘုရားကို မြော်လင့်သောသူတို့၌ မည်ကဲ့သို့ ဖြစ်ပျက်လိမ့်မည်နည်း။
ထာဝရဘုရားကို မြော်လင့်သော သူတို့သည်အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြပါ။

## Chapter 41

1 တကျွန်းတနိုင်ငံအရပ်တို့၊ ငါ့ရှေ့မှာ ငြိမ်ဝပ်စွာ နေကြ။ လူအမျိုးမျိုးတို့၊ အားဖြည့်ကြ။ ချဉ်းကပ်၍ ပြောကြ။ တရားတွေ့ကြကုန်အံ့။
2 ဖြောင့်မတ်ခြင်းမင်္ဂလာ လိုက်တတ်သော သူကို အရှေ့ပြည်က၊ အဘယ်သူ ပေါ်လာစေသနည်း။ လူ အမျိုးမျိုးတို့ သူ၌အပ်၍၊
ရှင်ဘုရင်တို့ကို အုပ်စိုးစေခြင်းငှါ၊ အဘယ်သူ စီရင်သနည်း။ ရန်သူတို့ကို သူ၏ထားရှေ့မှာ မြေမှုန့်ကဲ့သို့၎င်း၊ သူ၏လေးရှေ့မှာ
လွင့်သောဖွဲကဲ့သို့၎င်း အဘယ်သူဖြစ်စေသနည်း။ 3 ရန်သူတို့ကို လိုက်ရ၏။ မိမိခြေမနင်းဘူးသော လမ်းဖြင့်၊ ဘေးမရှိ၊ လွန်သွားရ၏။
4 ထိုအမှုများကို စီရင်ဖန်ဆင်းလျက်၊ ရှေ့ဦးစွာမှ စ၍ လူမျိုးအစဉ်အဆက်တို့ကို ခေါ်သောသူသည် အဘယ်သူနည်းဟူမူကား၊
အဦးဆုံးသော သူဖြစ်၍၊ နောက်ဆုံးသော သူတို့နှင့်ရှိသော ငါထာဝရဘုရား ပေတည်း။ 5 တကျွန်းတနိုင်ငံအရပ်တို့သည် မြင်၍
ကြောက် ကြ၏။ မြေကြီးစွန်းသားတို့သည် ထိတ်လန့်သော စိတ်နှင့် ချဉ်းကပ်၍ စုဝေးကြ၏။ 6 အိမ်နီးချင်းတယောက်ကို
တယောက်မစ၍၊ ညီအစ်ကိုချင်း တယောက်ကိုတယောက်၊ မစိုးရိမ်နှင့်ဟု ဆိုကြ၏။ 7 ထိုသို့ ပန်းတဉ်းသမားသည် ပန်းထိမ်သမားကို
နှိုးဆော်တတ်၏။ သံတူနှင့် ချောစေသော သူသည်။ ပေပေါ်မှာ ရိုက်သော သူကိုလည်း နှိုးဆော်၍၊ ဂဟေ ကောင်းသည်ဟု ဆိုတတ်၏။
ရုပ်တုကို မလှုပ်ရှားစေခြင်း ငှါ သံချွန်နှင့် ရိုက်ထားတတ်၏။ 8 ငါ့ကျွန်ဣသရေလ၊ ငါရွေးချယ်သောသူ ယာကုပ်၊
ငါ့အဆွေအာဗြဟံ၏သား၊ 9 မြေကြီးအစွန်းအနားမှ ငါလက်ဆွဲ၍ ခေါ်သော သူ၊ သင်သည် ငါ့ကျွန်ဖြစ်၏ဟူ၍၎င်း၊ သင့်ကို ငါရွေး
ချယ်ပြီ၊ သင့်ကို မပစ်မပယ်ဟူ၍၎င်း၊ ဂတိကို ခံရသောသူ၊ 10 မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာ ရှိ၏။ မကြောက်နှင့်။
သင်၏ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့ စေမည်။ သင့်ကို စောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။ 11
သင်၌အမျက်ထွက်သော သူတို့သည် ရှက် ကြောက်ခြင်းနှင့် မျက်နှာပျက်ခြင်း ရှိကြလိမ့်မည်။ သင်၌ ရန်ပြုသော သူတို့သည်
အဘယ်မျှ မဟုတ်သကဲ့သို့ ဖြစ်၍၊ ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ 12 သင်နှင့် ဆန့်ကျင်ဘက်ပြုသော သူတို့ကို သင်
သည် ရှာ၍ မတွေ့ရ။ သင့်ကို စစ်တိုက်သော သူတို့သည် အဘယ်မျှ မဟုတ်သကဲ့သို့၎င်း၊ အနတ္တသက်သက်ကဲ့သို့ ၎င်း
ဖြစ်ကြလိမ့်မည်။ 13 အကြောင်းမူကား၊ သင်၏ဘုရားသခင်ထာဝရ ဘုရားက၊ မစိုးရိမ်နှင့်။ ငါမစမည်ဟု သင့်အားဆိုလျက်၊
သင်၏လက်ျာလက်ကို ကိုင်မည်။ 14 အိုတီကောင်ယာကုပ်၊ အမျိုးငယ် ဣသရေလ၊ မစိုးရိမ်နှင့်။ ငါသည် သင့်ကို မစသော သူဖြစ်၏။
သင့်ကို ရွေးနှုတ်သောသူသည်၊ ဣသရေလအမျိုး၏ သန့်ရှင်း သော ဘုရားဖြစ်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 15 ငါသည်
သင့်ကို အသွားရှိသော စပါးနယ်စရာ ယန္တရားစက် အသစ်ဖြစ်စေမည်။ သင်သည် တောင်ကြီး တို့ကို နယ်၍ ညက်စေမည်။
တောင်ငယ်တို့ကို ဖွဲကဲ့သို့ ဖြစ်စေမည်။ 16 သူတို့ကို လှေ့၍၊ လေသည် သူတို့ကို တိုက်သွား လိမ့်မည်။ မုန်တိုင်းလွှင့်လိမ့်မည်။
သင်မူကား ထာဝရ ဘုရား၌ ဝမ်းမြောက်လိမ့်မည်။ ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား၌ ဝါကြွားလိမ့်မည်။ 17
ဆင်းရဲသောသူနှင့် ငတ်မွတ်သော သူတို့သည် ရေကိုရှာ၍ မတွေ့၊ ရေငတ်၍ လျှာ သွေ့ခြောက်သော အခါ၊ ငါထာဝရဘုရားသည် သူတို့
စကားကို နားထောင် မည်။ ဣသရေလအမျိုး၏ ဘုရားသခင်ဖြစ်သော ငါသည် သူတို့ကို မစွန့်။ 18 မြင့်သောအရပ်တို့၌ မြစ်ကို၎င်း၊
နိမ့်သော အရပ်တို့၌ စမ်းရေကို၎င်း ငါပေါက်စေမည်။ တောအရပ် ၌ ရေကန်များကို၎င်း၊ သွေ့ခြောက်သောအရပ်၌ စမ်းရေ
တွင်းများကို၎င်း ငါဖြစ်စေမည်။ 19 တော၌ အာရဇ်ပင်၊ အကာရှပင်၊ မုရတုပင်၊ သံလွင်ပင်များကို၎င်း၊ လွင်ပြင်၌ ထင်းရှူးပင်၊ တဒေရ
ပင်၊ တာရှုရပင်များကို၎င်း ရောနှောလျက် စိုက်မည်။ 20 သို့ဖြစ်၍၊ ထာဝရဘုရားသည် ဤအမှုကို စီရင် ၍၊ ဣသရေလအမျိုး၏
သန့်ရှင်းသော ဘုရားဖန်ဆင်း တော်မူကြောင်းကို၊ ထိုသူအပေါင်းတို့သည် သိမြင်၍၊ ဆင်ခြင်နားလည်ကြလိမ့်မည်။ 21 သင်တို့၏
အမှုကို စောင့်ကြလော့ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ သင်တို့၏ခိုင်ခံ့သော သက်သေများ ကို ထုတ်ပြကြလော့ဟု ယာကုပ်အမျိုး၏
ရှင်ဘုရင် မိန့်တော်မူ၏။ 22 ထုတ်ဘော်၍ အနာဂတ္တိအရာတို့ကို ငါတို့အား ပြကြစေ။ အရင်ဖြစ်ဘူးသော အရာတို့သည် အဘယ်သို့
ဖြစ်သည်ကို ငါတို့ ဆင်ခြင်၍၊ ထိုအရာတို့၏ အဆုံးကို သိရမည်အကြောင်း ဘော်ပြကြစေ။ သို့မဟုတ်၊ ဖြစ်လတံ့ သောအရာတို့ကို
ငါတို့အား ဟောပြောကြစေ။ 23 သင်တို့သည် ဘုရားဖြစ်သည်ကို ငါတို့ သိရမည် အကြောင်း၊ ဖြစ်လတံ့သော အရာတို့ကို ပြကြလော့။
အချင်းချင်း တယောက်ကိုတယောက် ကြည့်ရှုတွေ့မြင် မည်အကြောင်း၊ ကောင်းသောအမှု၊ ဆိုးသောအမှု တစုံ တခုကို ပြုကြလော့။ 24
သင်တို့သည် အဘယ်မျှမဟုတ်သော အရာ ထက်သာ၍ ယုတ်မာကြ၏။ သင်တို့အမှုလည်း၊ အဘယ်မျှ မဟုတ်သော အမှုထက်သာ၍
ယုတ်မာ၏။ သင်တို့ကို ရွေးယူသော သူသည် ရွံ့ရှာဘွယ် ဖြစ်၏။ 25 မြောက်မျက်နှာ၌ လူတယောက်ကို ငါပေါ်ထွန်း စေ၍၊ သူသည်
လာလိမ့်မည်။ နေထွက်ရာမှလာ၍ ငါ့နာမကို ပဌနာပြုလိမ့်မည်။ အိုးထိန်းသမားသည် အိုးမြေကို နင်းသကဲ့သို့၊ ထိုသူသည် မင်းတို့ကို
အိုးမြေ အမှတ်နှင့် ကျော်နင်းလိမ့်မည်။ 26 ငါတို့သည် သိရမည်အကြောင်း၊ ရှေ့ဦးစွာမှစ၍ အဘယ်သူသည် ဟောပြောသနည်း။
မှန်ပေ၏ဟု ငါတို့ သည် ဆိုရမည်အကြောင်း၊ ရှေးမဆွက အဘယ်သူသည် ဟောပြောသနည်း။ ဘော်ပြသော သူတယောက်မျှမရှိ။
ဟောပြောသော သူတယောက်မျှမရှိ။ သင်တို့ စကားကို ကြားသောသူတယောက်မျှမရှိ။၏ 27 ဤမည်သောအမှုတို့သည်
ဖြစ်ကြလိမ့်မည်ဟု ရှေးဦးစွာ ငါသည် ဇိအုန်မြို့အား ပြော၏။ ဝမ်းမြောက် စရာ သိတင်းကို ကြားပြောသော တမန်ကိုလည်း၊ ယေရု
ရှလင်မြို့သို့ ငါစေလွှတ်၏။ 28 သူတို့ကို ငါကြည့်ရှုသောအခါ၊ တစုံတယောက်မျှ မရှိ။ သူတို့တွင် သတိပေးသော သူတယောက်မျှမရှိ။
ပြန်ပြောစေခြင်းငှါ သူတို့ကို ငါမေးမြန်းသော်လည်း၊ 29 သူတို့သည် အကြွင်းမဲ့အနတ္တဖြစ်ကြ၏။ သူတို့ အမှုများလည်း၊
အဘယ်မျှမဟုတ်။ သူတို့သွန်းသော ရုပ်တု တို့လည်း အတ္တမရှိ၊ လေသက်သက်ဖြစ်ကြ၏။

## Chapter 42

1 ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက် မြတ်နိုးရာ ငါရွေးချယ်သော သူကို ကြည့်ရှုလော့။ ထိုသူ ၏အပေါ်၌ ငါ့ဝိညာဉ်ကို
ငါတည်စေမည်။ သူသည် လူ အမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ 2 အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍၊
လမ်းခရီး၌သူ၏အသံကို အဘယ်သူမျှမကြားစေရ။ 3 နင်းနယ်လျက်ရှိသော ကျူပင်ကို မချိုး။ အတောက်သေးသော မီးစာကို
မသတ်။ တရားသည် မြဲမြံ ခြင်းသို့ ရောက်မည်အကြောင်း စီရင်လိမ့်မည်။ 4 မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမှီတွင်
အားမလျော့၊ စိတ်လည်းမပျက်ရ။ သူ၏တရားကိုလည်း၊ တကျွန်းတနိုင်ငံသားတို့သည် မြော်လင့်ကြလိမ့်မည်။ 5 မိုဃ်းကောင်းကင်ကို
ဖန်ဆင်း၍ ကြက်တော်မူ ထသော၊ မြေကြီးနှင့် မြေကြီးထဲက ဖြစ်သမျှတို့ကို ခင်းကျင်းတော်မူထသော၊ မြေကြီးပေါ်မှာ ရှိသောသူတို့
အား အသက်ကိုငင်း၊ မြေကြီးကို ကျော်နင်းသော သူတို့ အား ဝိညာဉ်ကိုငင်း ပေးတော်မူသော ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 6 ငါ ထာဝရဘုရားသည် သင့်ကို တရားသဖြင့် ခေါ်ထားသည်ဖြစ်၍၊ 7 လက်ဆွဲလျက် ထောက်မမည်။ သင်သည်
ကန်း သော မျက်စိတို့ကို ဖွင့်စိမ့်သောငှါငင်း၊ ချုပ်ထားသော သူတို့ကို လွှတ်စိမ့်သောငှါငင်း၊ မှောင်မိုက်၌နေသော သူတို့ကို
အမိုက်ထောင်ထဲက နှုတ်ယူစိမ့်သောငှါငင်း၊ သင့်ကို လူများနှင့် ပဋိညာဉ်ဖွဲ့စရာဘို့၊ လူအမျိုးမျိုး လင်းစရာဘို့ ခန့်ထားမည်။ 8 ငါသည်
ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကို အခြားသော သူအားငင်း၊ ငါ့ အသရေကို ရုပ်တုဆင်းတုတို့အားငင်း
ငါမပေး။ 9 အရင်ဟောသော အရာတို့သည် ဖြစ်ကြပြီ။ အသစ်သော အရာတို့ကို ယခု ငါဟော၏။ မပေါ်လာမှီ သင်တို့အား ငါပြနှင့်၏။
10 ပင်လယ်ကို ကူးသော သူမှစ၍၊ ပင်လယ်၌ ရှိသမျှတို့နှင့်တကွ၊ တကျွန်းတနိုင်ငံအရပ်များ၊ ထိုအရပ်၌ နေသော သူများတို့၊
ထာဝရဘုရားအား အသစ်သော သီချင်းကိုဆိုကြလော့။ မြေကြီးစွန်းတို့မှ ဂုဏ်တော်ကို ချီးမွမ်းကြလော့။ 11 တောနှင့်တကွ
တော၌ရှိသော မြို့ရွာ၊ ကေဒါ အရပ်သားတို့သည် ကြွေးကြော်ကြစေ။ ကျောက်၌ နေသော သူတို့သည် သီချင်းဆိုကြစေ။
တောင်ထိပ်ပေါ် က ကြွေးကြော်ကြစေ။ 12 ထာဝရဘုရားကို ချီးမြောက်၍၊ တကျွန်းတနိုင်ငံ အရပ်တို့၌ ဂုဏ်တော်ကို ထင်ရှားစွာ
ချီးမွမ်းကြစေ။ 13 ထာဝရဘုရားသည် သူရဲကဲ့သို့ ထွက်ကြွ၍၊ စစ်သူရဲကဲ့သို့ ကိုယ်စိတ်ကို ကိုယ်နှိုးဆော်တော်မူလိမ့်မည်။
အော်ဟစ်ကြွေးကြော်၍ ရန်သူတို့တဘက်၌ အားထုတ် တော်မူလိမ့်မည်။ 14 ငါသည် ကြာမြင့်စွာ တိတ်ဆိတ်လျက်နေပြီ။ ထိုသို့နေ၍
အောင့်ရဦးမည်လော။ သားဘွားခြင်းဝေဒနာ ကို ခံရသော မိန်းမကဲ့သို့ ငါအော်ဟစ်မည်။ ပင့်သက်ရှူ၍ ချက်ခြင်း ဖျက်ဆီးမည်။ 15
တောင်ကြီးတောင်ငယ်များကို သွေ့ခြောက်စေ မည်။ သူတို့အပင်ရှိသမျှတို့ကိုလည်း ညှိုးနွမ်းစေမည်။ မြစ်များကို ကုန်းဖြစ်စေမည်။
ရေကန်များကို ခန်းခြောက် စေမည်။ 16 မျက်စိကန်းသော သူတို့ကို မိမိတို့မသိသော လမ်းဖြင့် ငါဆောင်မည်။ မိမိတို့ မကျွမ်းသော
ခရီး၌ သွားစေမည်။ သူတို့ရှေ့မှာ မှောင်မိုက်ကို လင်းစေမည်။ ကောက်သော လမ်းကိုလည်း ဖြောင့်စေမည်။ ထိုသို့သော ကျေးဇူးကို
ပြုမည်။ သူတို့ကို မစွန့်ပစ်။ 17 ရုပ်တုဆင်းတုကို ခိုလှုံ၍၊ ကိုယ်တော်သည် အကျွန်ုပ်တို့၏ ဘုရားဖြစ်တော်မူ၏ဟု သွန်းသော ရုပ်တု
တို့အား ဆိုသော သူတို့သည် လှန်ခြင်းကို ခံရ၍၊ အလွန် အရှက်ကွဲခြင်းသို့ ရောက်ကြလိမ့်မည်။ 18 နားပင်းသော သူတို့၊ ကြားကြလော့။
မျက်စိ ကန်းသောသူတို့၊ သင်တို့သည် မြင်ရအံ့သောငှါ ကြည့်ရှု ကြလော့။ 19 ငါ့ကျွန်မှတပါး အဘယ်သူ ကန်းသနည်း။
ငါစေလွှတ်သော တမန်ကဲ့သို့ အဘယ်သူသည် နားပင်း သနည်း။ ငါ့မိတ်ဆွေကဲ့သို့ အဘယ်သူကန်းသနည်း။ ထာဝရဘုရား၏
ကျွန်ကဲ့သို့ အဘယ်သူ ကန်းသနည်း။ 20 သင်သည် များစွာမြင်သော်လည်း အာရုံမပြု တတ်။ နားပွင့်လျက်ရှိသော်လည်း မကြားတတ်။
21 ထာဝရဘုရားသည် မိမိဖြောင့်မတ်ခြင်းကြောင့် အားရနှစ်သက်သဖြင့်၊ တရားတော်ကို ချီးမြောက်၍ ဂုဏ်အသရေနှင့်
ပြည့်စုံစေတော်မူမည်။ 22 ဤလူမျိုးသည် လုယူဖျက်ဆီးခြင်းကို ခံရသော အမျိုးဖြစ်၏။ ရှိသမျှတို့သည် တွင်း၌ အချုပ်ခံရ၍၊ ထောင်
ထဲမှာ ပုန်းကွယ်လျက်နေကြ၏။ ဖျက်ဆီးရာဖြစ်သော အခါ၊ အဘယ်သူမျှ မနှုတ်မယူ။ လုယူရာဖြစ်သောအခါ၊ ပြန်ပေးလော့ဟု
အဘယ်သူမျှမဆို။ 23 သင်တို့တွင် အဘယ်သူသည် ဤစကားကို နားထောင်မည်နည်း။ နောင်ကာလဘို့ အဘယ်သူကြား၍
မှတ်မည်နည်း။ 24 လုယူရာဖြစ်စေခြင်းငှါ ယာကုပ်ကိုငင်း၊ ထားပြ တို့ လက်သို့ ဣသရေလကိုငင်း အဘယ်သူ အပ်သနည်း။ ငါတို့
ပြစ်မှားသော အရှင်ထာဝရဘုရား အပ်တော်မူ သည်မဟုတ်လော။ သူတို့သည် နောက်တော်သို့ မလိုက်၊ တရားတော်ကို မကျင့်ဘဲ
နေကြ၏။ 25 ထို့ကြောင့်၊ ပြင်းစွာသော အမျက်တော်ထွက် ခြင်း ကြမ်းတမ်းသော စစ်တိုက်ခြင်းကို သူတို့အပေါ်သို့
သွန်းလောင်းတော်မူသဖြင့်၊ သူတို့ပတ်လည်၌ မီးရှို့၏။ သို့သော်လည်း၊ သူတို့သည် မသိကြ။ မီးလောင်သော် လည်း၊ သတိမထားဘဲ
နေကြ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 43

[1] အိုယာကုပ်အမျိုး၊ ဣသရေလအနွယ်၊ သင့်ကို ဖန်ဆင်းပြုပြင်တော်မူသော ထာဝရဘုရားမိန့်တော်မူ သည်ကား၊ မစိုးရိမ်နှင့်။ သင့်ကို
ငါ ရွေးနှုတ်ပြီ။ ငါ့နာမ ဖြင့် မှည့်ပြီ။ သင့်ကို ငါဆိုင်၏။ [2] သင်သည် ရေကို ရှောက်သွားသောအခါ၊ သင်နှင့်အတူ ငါရှိ၏။ မြစ်တို့ကို
ရှောက်သွားသောအခါ၊ မနစ်မမွန်းရ။ မီးကို ချင်းနင်းသောအခါလည်း မလောင် ရ။ မီးလျှံလည်း မညိရ။ [3] အကြောင်းမူကား၊ ငါသည်
သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင့်ကို ရွေးသောသခင်၊ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားဖြစ်၏။ သင့်ကို ရွေးဘို့၊
အဲဂုတ္တုပြည်ကိုငင်း၊ သင့်အတွက် ကုရှပြည်နှင့် သေဘပြည်ကိုငင်း ငါပေး၏။ [4] သင်သည် ငါမြတ်နိုးရာဖြစ်သောကြောင့်
အသရေရှိပြီ။ ငါလည်း ချစ်၏။ ထို့ကြောင့်၊ သင့်အတွက် လူတို့ကိုငင်း၊ သင်၏အသက်အတွက် လူမျိုးတို့ကိုငင်း ငါပေးမည်။ [5]
မစိုးရိမ်နှင့်။ ငါသည် သင်နှင့်အတူ ရှိ၏။ အရှေ့ မျက်နှာမှ သင်၏အမျိုးအနွယ်ကို ငါဆောင်ခဲ့မည်။ အနောက်မျက်နှာမှ သင့်ကို
စုသိမ်းမည်။ [6] အပ်လော့ဟု မြောက်မျက်နှာကိုငင်း၊ မထိမ်နှင့် ဟု တောင်မျက်နှာကိုငင်း ငါပြောမည်။ ဝေးသောအရပ်၊ မြေကြီးစွန်းမှ
ငါ့သားသမီးတည်းဟူသော၊ [7] ငါနာမဖြင့် သမုတ်သောသူ၊ ငါ၏ဘုန်းအသရေ ဘို့ ငါဖန်ဆင်းပြုပြင်၍၊ ဧကန်စင်စစ်လုပ်ပြီးသော
သူအပေါင်းတို့ကို ဆောင်ခဲ့လော့ဟု ငါပြောမည်။ [8] မျက်စိရှိလျက်ပင် မျက်စိကန်းသော သူနှင့်၊ နားရှိ လျက်ပင် နားပင်းသော သူတို့ကို
ဆောင်ခဲ့လော့။ [9] လူအမျိုးမျိုး အစုစုတို့သည် စုရုံးစည်းဝေးကြစေ။ သူတို့တွင် အဘယ်သူသည် ဤအမှုကို ဘော်ပြမည်နည်း။
အရင်ဖြစ်လတံ့သောအရာကို အဘယ်သူ ဟောပြောမည် နည်း။ သူတို့သည် အပြစ်တင်ခွင့်နှင့်လွတ်မည်အကြောင်း၊ သက်သေတို့ကို
ပြကြစေ။ သို့မဟုတ် နားထောင်၍၊ ဤသို့မှန်သည်ဟု ဝန်ခံကြစေ။ [10] ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ သည်၊ ငါ့ကို
သိမှတ်ယုံကြည်၍၊ ငါသည် မှန်ပြီဟု နားလည်မည်အကြောင်း၊ ငါ၏သက်သေ၊ ငါရွေးကောက် သော ကျွန်ဖြစ်ကြ၏။ ငါ့ရှေ့မှာ
ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလည်း၊ အဘယ်ဘုရားသခင်မျှ မရှိရာ။ [11] ငါတပါးသည်
ထာဝရဘုရားဖြစ်၍၊ ငါမှတပါး ကယ်တင်သောသခင်မရှိ။ [12] ငါသည် ဗျာဒိတ်ထားနှင့်သည်အတိုင်း ကယ် တင်ပြီ။ ငါဘော်ပြနှင့်ပြီ။
သင်တို့တွင် အခြားတပါးသော ဘုရားသည် ဘော်ပြနှင့်သည်မဟုတ်။ ငါသည် ဘုရား သခင်မှန်ပြီဟု သင်တို့သည် ငါ၏
သက်သေဖြစ်ကြ၏။ [13] နေ့ရက်ကာလမဖြစ်မီ ငါသည် ဘုရားဖြစ်၏။ ငါ့လက်မှ အဘယ်သူမျှ မကယ်မနှုတ်နိုင်။ ငါပြုသော အမှုကို
အဘယ်သူ ဆီးတားမည်နည်းဟု ထာဝရဘုရား မိန့်တော်မူ၏။ [14] သင်တို့ကို ရွေးနှုတ်သော သခင်၊ ဣသရေလ အမျိုး၏ သန့်ရှင်းသော
ထာဝရဘုရား မိန့်တော်မူသည် ကား၊ ငါသည် သင်တို့အတွက်၊ ဗာဗုလုန်မြို့သို့ စေလွှတ် ၍၊ ပြေးသော မြို့သားတို့နှင့် ခါလဒဲလူများကို
သူတို့ ပျော်မွေ့ရာ သင်္ဘောသို့ ဆင်းစေမည်။ [15] ငါသည် သင်တို့၏ သန့်ရှင်းသော ထာဝရ ဘုရား၊ ဣသရေလအမျိုးကို
ဖန်ဆင်းသောဘုရား၊ သင်တို့၏ရှင်ဘုရင် ဖြစ်၏။ [16] ပြင်းထန်သော ပင်လယ်ရေ၌ လမ်းခရီးကို ဖန်ဆင်းတော်မူထသော၊ [17]
ရထားများ၊ မြင်းများနှင့်တကွ၊ စစ်သူရဲအလုံး အရင်းတို့ကို ဆောင်ခဲ့တော်မူထသော၊ သူတို့ကို မထနိုင် အောင် တပြိုင်နက်တည်း
အိပ်စေ၍၊ မီးစာသေသကဲ့သို့၊ ငြိမ်းစေတော်မူသော ထာဝရဘုရား မိန့်တော်မူသည်ကား၊ [18] ဖြစ်ဘူးသောအမှုတို့ကို
မအောက်မေ့ကြနှင့်။ ရှေးကာလ၏အရာတို့ကို ပမာဏမပြုကြနှင့်။ [19] ကြည့်ရှုလော့။ အမှုသစ်ကို ငါပြုမည်။ ယခု ပေါ်လာလိမ့်မည်။
သင်တို့သည် အမှန်သိမြင်ရကြလိမ့် မည်။ အကယ်စင်စစ် တော၌လမ်းကိုငင်း၊ လွင်ပြင်၌ စီးသော ရေကိုငင်း ငါဖန်ဆင်းမည်။ [20]
မြေခွေးနှင့် ကုလားအုပ်ငှက်မှစ၍၊ တောသားရဲ တို့သည် ငါ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းကြလိမ့်မည်။ အကြောင်းမူကား၊
ငါရွေးကောက်သောသူ၊ ငါ၏လူတို့ သောက်စရာဘို့ တော၌ရေများကိုငင်း၊ လွင်ပြင်၌ မြစ်တို့ကိုငင်း ငါပေးမည်။ [21] ကိုယ်အဘို့
ငါဖန်ဆင်းသော ထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူးကို ပြရလိမ့်မည်။ [22] သို့သော်လည်း၊ အိုယာကုပ်အမျိုး၊ သင်သည် ငါ့ကို ပဌနာမပြု။
အိုဣသရေလအမျိုး၊ သင်သည် ငါ့ကို ငြီးငွေ့သည်တကား။ [23] မီးရှို့ရာ သိုးသငယ်ကို ငါ့ထံသို့ မဆောင်ခဲ့။ ယဇ် ပူဇော်ခြင်းအားဖြင့်
ငါ့ကို မချီးမြှောက်။ ငါသည် သင့်ကို အလှူဒါနနှင့် အမှုမထမ်းစေ။ လောဗန်ကို တောင်း၍ သင့်ကို မပင်ပန်းစေ။ [24] သင်သည် မွှေးသော
ကြံကို ငါ့ဘို့ ငွေနှင့်မဝယ်။ ပူဇော်သော ယဇ်ကောင်ဆီဥနှင့် ငါ့ကို ဝစွာ မကျွေး။ သင်သည် ဒုစရိုက်အပြစ်နှင့် ငါ့ကို အမှုထမ်းစေပြီ
တကား။ အဓမ္မအမှုကိုပြု၍ ငါ့ကိုပင်ပန်းစေပြီတကား။ [25] ငါတပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့်၊ သင်၏အပြစ်တို့ကို
ဖြေမည်။ သင်၏ဒုစရိုက်အမှုတို့ကို မအောက်မေ့။ [26] ငါ့ကို သတိပေးလော့၊ တရားတွေ့ကြကုန်အံ့။ သင်သည်
အပြစ်လွတ်မည်အကြောင်း ပြောလော့။ [27] သင်၏ ပဌမအဘသည် ဒုစရိုက်ကို ပြုပြီ။ သင်၏ဆရာတို့သည် ငါ့ကို ပြစ်မှားကြပြီ။ [28]
ထို့ကြောင့်၊ သန့်ရှင်းရာဌာန၏ မင်းတို့ကို ငါရှုတ် ချပြီ။ ယာကုပ်အမျိုးသည် ကျိန်ဆဲခြင်းကိုငင်း၊ ဣသရေလ အမျိုးသည်
ကဲ့ရဲ့ခြင်းကိုငင်း ခံစေခြင်းငှါ ငါစွန့်ပြီ။


generated on Sun Jun 30 02:37:40 2024

## Chapter 44

1 ယခုမူကား၊ ငါ့ကျွန်ယာကုပ်၊ ငါရွေးကောက် သောသူ ဣသရေလ၊ နားထောင်လော့။ 2 သင့်ကို ဖန်ဆင်းတော်မူသော ဘုရား၊ ဘွားစ
ကပင် သင့်ကို ပြုပြင်၍၊ နောင်၌လည်း မစလတံ့သော ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ့ကျွန် ယာကုပ်၊ ငါရွေးကောက်သောသူ
ယေရှုရုန်၊ မစိုးရိမ်နှင့်။ 3 အကြောင်းမူကား၊ ရေငတ်သော သူ့အပေါ်မှာ ရေကို ငါသွန်းလောင်း၍၊ သွေ့ခြောက်သော မြေကို
ရေလွှမ်းမိုးစေမည်။ သင်၏ အမျိုးအပေါ်မှာ ငါ့ဝိညာဉ်ကိုငင်း၊ သင်၏အနွယ်အပေါ်မှာ ငါ့ကောင်းကြီးမင်္ဂလာကို ငင်း
ငါသွန်းလောင်းမည်။ 4 သူတို့သည်လည်း ရေမြောင်းအနားမှာ မိုယ်းမခ ပင်ကဲ့သို့၊ မြက်ပင်ထဲတွင် ပေါက်ကြလိမ့်မည်။ 5 တယောက်က၊
ငါသည် ထာဝရဘုရား၏ လူဖြစ် သည်ဟု ဆိုလိမ့်မည်။ တယောက်သည်လည်း၊ ယာကုပ် အမည်ဖြင့် ကိုယ်ကိုကိုယ် မှည့်လိမ့်မည်။
တယောက်သည် လည်း၊ ထာဝရဘုရား၏ လူဟူ၍ မိမိလက်တွင် စာထိုး လျက်၊ ဣသရေလအမည်သစ်ဖြင့် ကိုယ်ကိုကိုယ်
မှည့်လိမ့်မည်။ 6 ဣသရေလအမျိုး၏ ရှင်ဘုရင် ထာဝရဘုရား၊ ဣသရေလအမျိုးကို ရွေးနှုတ်သော၊ ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ ငါမှတပါး အခြားသော
ဘုရားသခင်မရှိ။ 7 ရှေးလူမျိုးကို ငါခန့်ထားသည်မှစ၍၊ ငါကဲ့သို့ အဘယ်သူသည် ဤအမှုတို့ကို ငါ့အဘို့ ခေါ်၍ ထုတ်ဘော်
စီရင်နိုင်မည်နည်း။ ဖြစ်ဆဲသောအမှုနှင့် ဖြစ်လတံ့သော အမှုတို့ကို သူတို့အား ဘော်ပြကြစေ။ 8 မစိုးရိမ်ကြနှင့်။ မကြောက်ကြနှင့်။
အထက်က ငါဟောပြောပြသသည်မဟုတ်လော။ သင်တို့သည် ငါ၏ သက်သေဖြစ်ကြ၏။ ငါမှတပါး အခြားသော ဘုရားသခင်
ရှိသလော။ ငါမှတပါး အခြားသော မူလအမြစ်မရှိ။ တစုံတဦးကိုမျှ ငါမသိ။ 9 ရုပ်တုဆင်းတုကို လုပ်သောသူအပေါင်းတို့သည်
အချည်းနှီးသက်သက် ဖြစ်ကြ၏။ သူတို့နှမြောသောအရာ တို့သည် အကျိုးကို မပေးနိုင်ကြ။ ငါတို့သည် မမြင်တတ်၊
နားမလည်တတ်ဟု ရှက်စရာအကြောင်းကို ကိုယ်တိုင် သက်သေခံကြ၏။ 10 ဘုရားကို လုပ်သောသူ၊ အကျိုးမပေးနိုင်သော
ရုပ်တုဆင်းတုကို သွန်းသောသူကား အဘယ်သူနည်း။ 11 ထိုသူ၏အပေါင်းအဘော်ရှိသမျှတို့သည် ရှက်ကြလိမ့်မည်။
လုပ်သောသူတို့သည် လူသက်သက်ဖြစ် ကြ၏။ ရှိသမျှတို့သည် စုဝေး၍ ထကြစေ။ တပြိုင်နက် ထိတ်လန့်ရှက်ကြောက်ကြလိမ့်မည်။
12 ပန်းပဲသမားသည် ပုဆိန်ကိုလုပ်ခြင်းငှါ မီးခဲ၌ ဖုတ်၍၊ လက်ရုံးအားထုတ်လျက် သံတူနှင့်ထုတတ်၏။ အကယ်၍ မွတ်သိပ်သော
အခါအားလျော့တတ်၏။ ရေမသောက်ရသောအခါ မောတတ်၏။ 13 လက်သမားသည် မျဉ်းချလျက် စူးနှင့် မှတ်သား ၍၊
လက်သမားတန်ဆာနှင့် လုပ်ပြီးလျှင်၊ အိမ်၌နေစေ ခြင်းငှါ ကွန်ပါနှင့် ရေးသား၍၊ လူအသရေပါအောင် လူပုံသဏ္ဌာန်နှင့်အညီ
ထုလုပ်တတ်၏။ 14 ကိုယ်အဘို့အလိုငှါ အာရဇ်ပင်တို့ကို ခုတ်၍ ကုပရုပင်၊ သပိတ်ပင်တို့ကို ရွေးယူသဖြင့်၊ တောပင်အမျိုး မျိုးတို့ကို
ဆည်းဖူးတတ်၏။ အာရဇ်ပင်ကိုစိုက်၍ မိုယ်း ရေလည်း မွေးတတ်၏။ 15 လူသုံးရန် ထင်းဖြစ်၏။ လူလည်း ယူ၍ မီးလှုံ တတ်၏။
တဖန် မီးမွေး၍ မုန့်ကို ပေါင်းတတ်၏။ တဖန် ဘုရားကိုလုပ်၍ ကိုးကွယ်တတ်၏။ ရုပ်တုကို ထုလုပ်၍ ရုပ်တုရှေ့မှာ ပြပ်ဝပ်တတ်၏။ 16
ထိုသစ်သားတပိုင်းနှင့် မီးမွေးတတ်၏။ တပိုင်းနှင့် အမဲသားကိုချက်၍ စားတတ်၏။ ဖုတ်ကင်ပြီးမှဝစွာ စား တတ်၏။
တဖန်မီးလှုံ၍အယ်၊ ငါနွေးပြီ။ မီးကို တွေ့ပြီဟု ဆိုတတ်၏။ 17 ကျန်သောအပိုင်းကိုလည်း ယူ၍ ရုပ်တုတည်း ဟူသော ဘုရားကို
လုပ်တတ်၏။ ထိုရုပ်တုရှေ့မှာ ပြပ်ဝပ် ၍ ကိုးကွယ်တတ်၏။ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ၏။ အကျွန်ုပ်ကို
ကယ်တင်တော်မူပါ ဟူ၍ ဆုတောင်းတတ်၏။ 18 ထိုသို့သော သူသည် ပညာမရှိ။ ဉာဏ်မရှိ။ မမြင် နိုင်အောင် မျက်စိကိုငင်း၊
နားမလည်နိုင်အောင် စိတ်နှလုံး ကိုငင်း ပိတ်၏။ 19 ငါသည် တပိုင်းနှင့် မီးမွေးပြီး။ မုန့်ကိုလည်း ထိုမီးခဲပေါ်မှာ ဖုတ်လေပြီ။
အမဲသားကိုလည်း ကင်၍ စားလေပြီ။ ကြွင်းသော အပိုင်းကို စက်ဆုပ်ရွံ့ရှာဘွယ် ဖြစ်စေရမည်လော။ သစ်သားရှေ့မှာ ငါပြပ်ဝပ်ရမည်
လောဟု စိတ်နှလုံးထဲမှာ အောက်မေ့ဆင်ခြင်နိုင်သော ဉာဏ်ပညာအလျှင်းမရှိပါတကား။ 20 သူသည် မီးဖိုပြာကို ကျက်စားတတ်၏။
မိုက် သော စိတ်နှင့်လမ်းလွဲပြီ။ ထို့ကြောင့်၊ ကိုယ်ဝိညာဉ်ကို ကိုယ်မချွတ်နိုင်။ မိမိလက်ျာလက်၌ မိစ္ဆာဒိဋ္ဌိပါသလော ဟု
မအောက်မေ့နိုင်ပါတကား။ 21 အိုယာကုပ်အမျိုး၊ ဤအရာတို့ကို ဆင်ခြင် လော့။ အိုဣသရေလအမျိုး၊ သင်သည် ငါ့ကျွန်ဖြစ်၏။
သင့်ကို ငါဖန်ဆင်းသည်ဖြစ်၍၊ သင်သည် ငါ့ကျွန်ဖြစ် ၏။ အိုဣသရေလအမျိုး၊ သင့်ကို ငါမမေ့မလျော့။ 22 သင်၏ဒုစရိုက်တို့ကို
တိမ်တိုက်ကဲ့သို့ငင်း၊ သင်၏ အပြစ်တို့ကို တိမ်လွှာကဲ့သို့ငင်း ငါချေပြီ။ ငါ့ထံသို့ ပြန်လာလော့။ သင့်ကိုငါ ရွေးနှုတ်ပြီ။ 23
အိုမိုယ်းကောင်းကင်တို့၊ သီချင်းဆိုကြလော့။ ထာဝရဘုရား ပြုတော်မူပြီ။ မြေကြီးအောက်အရပ်တို့၊ ကြွေးကြော်ကြလော့။
တောင်များ၊ တောနှင့်တကွ သစ်ပင် များတို့၊ ကျူးဧသော အသံကို ပေးကြလော့။ ထာဝရဘုရား သည် ယာကုပ်ကို ရွေးနှုတ်တော်မူပြီ။
ဣသရေလအားဖြင့် ဘုန်းထင်ရှားတော်မူပြီ။ 24 သင့်ကို ရွေးနှုတ်တော်မူ၍၊ ဘွားစကပင် သင့်ကို ပြုပြင်တော်မူသော ထာဝရဘုရား
မိန့်တော်မူသည်ကား၊ မိုယ်းကောင်းကင်ကို ငါတပါးတည်း ကြက်လျက်၊ မြေကြီး ကို အဘော်မရှိဘဲ ခင်းလျက်၊ ခပ်သိမ်းသော
အရာတို့ကို ဖန်ဆင်းသော ထာဝရဘုရားဖြစ်၏။ 25 ငါသည် မိစ္ဆာဆရာတို့၏ ပုပ္ပနိမိတ်များကို ပယ်ဖျောက်တတ်၏။ ဗေဒင်သမားတို့ကို
ရူးသွပ်စေတတ် ၏။ ပညာရှိတို့ကို လှန်၍ သူတို့၏ပညာကို မိုက်စေတတ် ၏။ 26 ငါသည် ငါ့ကျွန်၏ စကားကို တည်စေ၍၊ ငါ့တမန်တို့
ဟောပြောသည်အတိုင်း ပြုတတ်၏။ ယေရု ရှလင်မြို့ကို သင်သည် လူနေရာဖြစ်လိမ့်မည်ဟူ၍ငင်း၊ ယုဒမြို့တို့ကို သင်တို့သည်
တည်ဆောက်လျက်ရှိကြလိမ့် မည်။ ပြိုပျက်ရာများကို ငါပြုပြင်မည်ဟူ၍ငင်း ဆို၏။ 27 ပင်လယ်ကိုလည်း ရေကုန်စေ။ သင်၏ မြစ်
အပေါင်းကို ငါခန်းခြောက်စေမည်ဟူ၍ငင်း၊ 28 ကုရုမင်းကိုလည်း၊ သင်သည် ငါ့သိုးထိန်း ဖြစ်၏။ ငါ့အလိုရှိသမျှကို ပြည့်စုံစေလျက်၊
ယေရုရှလင်မြို့ တည်ဆောက်စေ၊ ဗိမာန်တော်တိုက်မြစ်ကျစေဟု စီရင် လိမ့်မည်ဟူ၍ငင်း ငါဆို၏။

## Chapter 45

1 အကြင်သူ၏ရှေ့မှာ အပြည်ပြည်တို့ကို နှိမ့်ချ၍၊ ရှင်ဘုရင်တို့ကို တန်ဆာချွတ်လျက်၊ အတွင်းတံခါးတို့ကို မပိတ်ရဘဲ၊ နှစ်ရွက်ရှိသော
တံခါးတို့ကို ဖွင့်ခြင်းငှါ၊ အကြင်သူ၏ လက်ျာလက်ကို ငါထောက်မ၏။ ထိုသူ တည်းဟူသော ကုရုမင်း၊ ထာဝရဘုရား ပေးတော်မူ၍
ဘိသိက်ခံသောမင်းအား မိန့်တော်မူသည်ကား၊ 2 သင့်ရှေ့မှာ ငါသွား၍ မြင့်သောအရပ်ကို ညီစေ မည်။ ကြေးဝါတံခါးတို့ကို ချိုး၍၊
သံကန့်လန့်တို့ကို အပိုင်းပိုင်းဖြတ်မည်။ 3 မှောင်မိုက်၌ရှိသော ဘဏ္ဍာ၊ လုံခြုံစွာ ဝှက်ထား သော ဥစ္စာတို့ကို သင့်အား ငါပေးမည်။
သို့ဖြစ်၍၊ ငါသည် သင့်ကို နာမည်ဖြင့် ခေါ်သော ဣသရေလအမျိုး၏ ဘုရားသခင်၊ ထာဝရဘုရား ဖြစ်တော်မူကြောင်းကို
သင်သိရလိမ့်မည်။ 4 ငါ့ကျွန်ယာကုပ်၊ ငါရွေးကောက်သောသူ ဣသ ရေလအတွက် ၊ ငါသည် သင့်ကို နာမည်ဖြင့် ခေါ်၏။သင်သည်
ငါ့ကို မသိသော်လည်း၊ သင်၌ နာမည်သစ်ကို ထပ်၍ပေး၏။ 5 ငါတပါးတည်းသာ ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသော
ဘုရားသခင်မရှိ။ သင်သည် ငါ့ကို မသိသော်လည်း၊ သင်၏ခါးကို ငါစည်း၏။ 6 သို့ဖြစ်၍ ငါမှတပါး အခြားသော ဘုရားမရှိ၊
ငါတပါးတည်းသာ ထာဝရဘုရား ဖြစ်ကြောင်းကို၊ နေထွက်ရာအရပ်သားနှင့် အနောက်မျက်နှာသားတို့ သည် သိရကြလိမ့်မည်။ 7
ငါသည် အလင်းကိုလုပ်၏။ အမိုက်ကိုလည်း ဖန်ဆင်း၏။ ငြိမ်သက်ခြင်းကို ဖြစ်စေ၏။ အမင်္ဂလာ ကိုလည်း ဖန်ဆင်း၏။
ခပ်သိမ်းသော အမှုအရာတို့ကို ငါထာဝရဘုရား ပြုတော်မူ၏။ 8 မိုဃ်းကောင်းကင်တို့၊ အထက်မှယိုကြလော့။ မိုဃ်းတိမ်တို့သည်
တရားမိုဃ်းရွာကြစေ။ မြေကြီးသည် ပွင့်၍ ကယ်တင်ခြင်းအသီးကို သီးစေ။ ဖြောင့်မတ်ခြင်း တရားသည် တပြိုင်နက်ပေါက်စေ။ ထိုသို့
ငါထာဝရ ဘုရား ဖန်ဆင်း၏။ 9 အကြင်သူသည် မိမိကို ဖန်ဆင်းသော သူနှင့် ဆန့်ကျင်ဘက်ပြု၏၊ ထိုသူသည် အမင်္ဂလာရှိ၏။ မြေအိုး
ခြမ်းတို့တွင် အိုးခြမ်းပါတကား။ အိုးမြေက၊ သင်သည် အဘယ်သို့သော အရာကို လုပ်သနည်းဟု အိုးထိန်း သမားကို ဆိုရမည်လော။
ငါ့ကို လုပ်သောသူ၌ လက်မရှိ ဟု သင်လုပ်သော အရာကဆိုရမည်လော။ 10 မိမိအဘအား၊ သင်သည် အဘယ်သို့သော အရာကို
ဖြစ်ဘွားစေသနည်းဟု၍၎င်း၊ မိမိအမိအား၊ သင်သည် အဘယ်သို့သော အရာကို မွေးဘွားသနည်းဟူ ၍၎င်း ဆိုသောသူသည်
အမင်္ဂလာရှိ၏။ 11 ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရား၊ ထိုအမျိုးကို ဖန်ဆင်းသော ထာဝရဘုရား မိန့်တော်မူ သည်ကား၊
သင်တို့သည်ဖြစ်လတ့ံသော အမှုတို့ကို ငါ့ထံ၌ မေးမြန်းကြလော့။ ငါ့သားတို့အတွက်၊ ငါ့ကိုယ်တိုင် ပြုသော အမှုအတွက်ကြောင့်၊ ငါ့ကို
စီရင်ကြလော့။ 12 မြေကြီးကို ငါလုပ်လေပြီ။ မြေကြီးပေါ်မှာ လူကို လည်း ဖန်ဆင်းလေပြီ။ မိုဃ်းကောင်းကင်ကို ကိုယ်လက် နှင့်
ငါကြက်လေပြီ။ မိုဃ်းကောင်းကင်တန်ဆာအပေါင်း တို့ကို ငါခန့်ထားလေပြီ။ 13 ထိုသူကိုလည်း တရားတော်အတိုင်း ငါ
ပေါ်ထွန်းစေ၏။ သူသွားသော လမ်းကို ငါဖြောင့်စေမည်။ သူသည် ငါ၏မြို့ကို တည်ဆောက်လိမ့်မည်။ သိမ်းသွား ချုပ်ထားခြင်းကို
ခံရသော ငါ၏ လူတို့ကို သူသည် အဘိုး မခံ၊ ဆုမယူဘဲ လွှတ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူ၏။ 14
တဖန် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်၌ ဆည်းဖူးသောဥစ္စာ၊ ကုရှုပြည်သား၊ အရပ် မြင့်သော သေဘအမျိုးသား
ပြုစုသော ကုန်သွယ်ဥစ္စာ သည် သင့်ဘက်သို့ ရောက်၍၊ သင်၏ဥစ္စာဖြစ်ရလိမ့်မည်။ ထိုသူတို့သည် သင့်နောက်သို့ လိုက်၍ သံကြိုးနှင့်
ချည် နှောင်လျက် လမ်း၌ ရှောက်သွားကြလိမ့်မည်။ သင့်ရှေ့မှာ ပြပ်ဝပ်၍၊ အကယ်စင်စစ် ကိုယ်တော်၌ ဘုရားသခင်ရှိ တော်မူ၏။
ထိုဘုရားမှတပါး အခြားသော ဘုရားသခင် မည်မျှမရှိပါဟူ၍ တောင်းပန်ကြလိမ့်မည်။ 15 အိုဣသရေလ အမျိုး၏ဘုရားသခင်၊
ကယ်တင် တော်မူသောဘုရား၊ အကယ်စင်စစ် ကိုယ်တော်သည် ကိုယ်ကို ထင်ရှားစွာ ပြတော်မမူသော ဘုရားသခင် ဖြစ်တော်မူ၏။ 16
ရုပ်တုကိုလုပ်သော သူအပေါင်းတို့သည် ရှက် ကြောက်၍ မိန်းမောတွေဝေကြလိမ့်မည်။ အရှက်ကွဲ၍ တပြိုင်နက်
ဆုတ်သွားကြလိမ့်မည်။ 17 ဣသရေလအမျိုးမူကား၊ ထာဝရဘုရားအားဖြင့် ထာဝရကယ်တင်ခြင်းသို့ ရောက်၍၊ သင်တို့သည် ရှက်
ကြောက်ခြင်း၊ မှိုင်တွေခြင်းနှင့် ကမ္ဘာအဆက်ဆက် ကင်း လွတ်ကြလိမ့်မည်။ 18 မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူသော
ထာဝရဘုရား၊ မြေကြီးကို ပြုပြင်ဖန်ဆင်း၍ အမြဲတည် စေတော်မူသော အရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဘို့
ဖန်ဆင်းတော်မူသော ဘုရားသခင် မိန့်တော်မူသည်ကား၊ ငါသည် ထာဝရဘုရား ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 19 ငါသည်
တိတ်ဆိတ်စွာ မဟော။ မြေကြီးထဲမှာ မှောင်မိုက်သော အရပ်၌မဟော။ သင်တို့သည် ကျေးဇူး မရှိဘဲ ငါ့ကို ရှာကြလော့ဟု
ယာကုပ်အမျိုးအား ငါမပြော။ ငါသည် ဖြောင့်မတ်စွာ ပြော၍ အတည့်အလင်းဟော တတ်သော ထာဝရဘုရားဖြစ်၏။ 20 သင်တို့သည်
စည်းဝေး၍ လာကြလော့။ အတိုင်း တိုင်းအပြည်ပြည်တို့မှ ဘေးလွတ်သော သူတို့၊ စည်းဝေး ကြလော့။ မိမိထုလုပ်သော သစ်သားကို
ဆောင်ရွက် သောသူ၊ မကယ်တင်နိုင်သော ဘုရားကို ပဌနာပြုသော သူတို့သည် ပညာမရှိကြ။ 21 သိတင်းကြားပြောကြလော့။
လူများကို အနီးသို့ ခေါ်ခဲ့၍ တိုင်ပင်ကြစေ။ ဤအမှုကို ရှေးကာလမှစ၍ အဘယ်သူ ဘော်ပြသနည်း။ အထက်က အဘယ်သူ
ဟောပြောသနည်း။ ငါထာဝရဘုရား ဟောပြောသည် မဟုတ်လော။ ငါမှတပါး အခြားသော ဘုရားသခင်မရှိ။ ငါသည် ဖြောင့်မတ်သော
ဘုရား၊ ကယ်တင်သောဘုရား ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 22 မြေကြီးစွန်းသား အပေါင်းတို့၊ ငါ့ကို မျှော်ကြည့် ၍၊
ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါသည် ဘုရား သခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 23 ငါ့ရှေ့၌
လူတိုင်းဒူးထောက်ရမည်၊ လူတိုင်း မိမိ နှုတ်နှင့် သစ္စာခံရမည်ဟု ကိုယ်ကိုကိုယ်တိုင်တည်၍ ငါကျိန်ဆိုသော တရားစကားသည်
ငါ့နှုတ်မှ ထွက်သည် ဖြစ်၍၊ မပြည့်စုံဘဲ မနေရ။ 24 ထာဝရဘုရားအားဖြင့်သာ ဖြောင့်မတ်ခြင်းနှင့် အစွမ်းသတ္တိကို ရပါသည်ဟု
လူတိုင်းလျှောက်ရမည်။ ကိုယ်တော်ကို မနာလိုသော သူအပေါင်းတို့သည် အထံ တော်သို့ လာ၍၊ ရှက်ကြောက်ခြင်းသို့ ရောက်ရကြလိမ့်
မည်။ 25 ဣသရေလအမျိုးသားအပေါင်းတို့သည် ထာဝရ ဘုရားအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်၍ ဝါကြွားကြ လိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 46

1 ဗေလသည် ကျပြီ။ နေဗောသည် ကျိုးပဲ့ပြီ။ သူတို့ ရုပ်တုတို့သည် အခြေလေးချောင်းရှိသော သားတိရစ္ဆာန် တို့ အပေါ်မှာ ရှိကြ၏။
သင်တို့ ထမ်းဘူးသော ဝန်ကို တင်၍၊ ပင်ပန်းသော တိရစ္ဆာန်တို့သည် ထမ်းရကြ၏။ 2 သူတို့သည် ကျိုးပဲ့လျက်၊ အတူလဲလျက်နေ၍၊
မိမိတို့ ထမ်းရသော ဝန်ကို မကယ်တင်နိုင်ဘဲ၊ ကိုယ်တိုင် သိမ်းသွားခြင်းကို ခံရကြသည်တကား။ 3 အိုယာကုပ်အမျိုးသားတို့၊
ငါ့စကားကို နား ထောင်ကြလော့။ ကျန်ကြွင်းသော ဣသရေလအမျိုးသား အပေါင်းတို့၊ ဘွားစကပင် သင်တို့ကို ငါထမ်းလေပြီ။ အမိ
ဝမ်းထဲမှစ၍ ငါဆောင်ရွက်လေပြီ။ 4 သင်တို့အသက်ကြီး၍ ဆံပင်ဖြူသည်တိုင် အောင်၊ ငါသည် ထိုသို့သော သူဖြစ်၍၊ သင်တို့ကို
ဆောင် ရွက်မည်။ ငါပြုခဲ့ပြီးသည်အတိုင်း ထမ်းဦးမည်။ ဆောင် ရွက်၍ ကယ်တင်မည်။ 5 သင်တို့သည် ငါ့ကို အဘယ်သူနှင့်
ပုံပြကြမည် နည်း။ အဘယ်သူနှင့် တူစေကြမည်နည်း။ တူအောင် အဘယ်သူနှင့် ခိုင်းနှိုင်းကြမည်နည်း။ 6 ရွှေကို အိတ်ထဲက များစွာ
ထုတ်လျက်၊ ငွေကို လည်း ချိန်ခွင်နှင့်ချိန်လျက်၊ ပန်းတိမ်သမားကို ငှါး၍ ဘုရားကို လုပ်စေပြီးမှ၊ ပြပ်ဝပ်ကိုးကွယ်ကြသည်တကား။ 7
ထိုဘုရားကို ပခုံးပေါ်မှာ ထမ်း၍ ဆောင်သွား သဖြင့် သူ့နေရာ၌ ထားကြ၏။ သူသည်လည်း မတ်တတ် နေ၏။ သူ၏နေရာမှ
သူမရွေ့နိုင်။ သူ့ကို အော်ဟစ် သော်လည်း၊ သူသည် မထူး။ ဒုက္ခဆင်းရဲထဲက မကယ် မနှုတ်နိုင်။ 8 အိုဖောက်ပြန်သောသူတို့၊ ဤအမှုကို
အောက် မေ့၍ ယောက်ျားဂုဏ်ကို ပြကြလော့။ သတိနှင့် ဆင်ခြင်ကြလော့။ 9 ရှေးကာလ၌ ဖြစ်ဘူးသော အမှုအရာတို့ကို
အောက်မေ့ကြလော့။ ငါသည် ဘုရား သခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 10 အဦးမှစ၍ အဆုံးတိုင်အောင်၄င်း၊
ရှေးကာလမှ စ၍ မဖြစ်သေးသော အမှုအရာတို့ကို၄င်း ဘော်ပြလျက်၊ ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည် ဟု
ဆိုလျက်၊ 11 ဝေးသောအရပ်၊ အရှေ့မျက်နှာမှ ငါ၏လက် ထောက်တည်းဟူသော ငှက်ရဲကို ခေါ်လျက်၊ ငါသည် ဘုရားသခင်ဖြစ်၏။
ငါနှင့်တူသော မည်မျှမရှိ။ ငါသည် နှုတ်ထွက်အတိုင်းပြုမည်။ ကြံသည်အတိုင်း စီရင်မည်။ 12 စိတ်ခိုင်မာ၍ ဖြောင့်မတ်ခြင်း တရားနှင့်
ဝေး သောသူတို့၊ ငါ့စကားကို နားထောင်ကြလော့။ 13 ငါ၏ဖြောင့်မတ်ခြင်းတရားကို အနီးသို့ ငါ ဆောင်ခဲ့မည်။ အဝေး၌မနေရ။
ငါ၏ကယ်တင်ခြင်း ကျေးဇူးလည်း မဖင့်နွဲရ။ ဇိအုန်တောင်ပေါ်မှာ ငါ၏ ကယ်တင်ခြင်း ကျေးဇူးကို၄င်း၊ ဣသရေလအမျိုး၌
ငါ့ဘုန်းကို၄င်း ငါထားမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 47

1 အိုဗာဗုလုန်သတို့သမီးကညာ၊ ဆင်း၍ မြေမှုန့်၌ထိုင်လော့။ အိုခါလဒဲသတို့သမီး၊ ရာဇပလ္လင်မရှိဘဲ မြေပေါ်မှာ ထိုင်လော့။ သင့်ကို
နူးညံ့သိမ်မွေ့သောသူ ဟူ၍ နောက်တဖန်မခေါ်ရ။ 2 ကြိတ်ဆုံကို ယူ၍ စပါးကို ကြိတ်လော့။ မျက်နှာဖုံးကို ဖွင့်လော့။ ရှည်သော အင်္ကျီကို
ချွတ်လော့။ ပေါင်အဝတ်ကိုပင့်၍ မြစ်ကို ကူးလော့။ 3 သင်သည် အဝတ်အချည်းစည်းရှိ၍၊ အရှက် ကွဲခြင်းကို ခံရမည်။ ငါသည်
အပြစ်ဒဏ်ကို ပေးမည်။ အဘယ်သူနှင့်မျှ မိဿဟာယမဖွဲ့။ 4 ငါတို့ကို ရွေးနှုတ်သောသူကား၊ ကောင်းကင်ဗိုလ် ခြေအရှင်
ထာဝရဘုရား၊ ဣသရေလအမျိုး၏ သန့်ရှင်း သော ဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏။ 5 အိုခါလဒဲသတို့သမီး၊ တိတ်ဆိတ်စွာ
ထိုင်လော့။ မိုက်ရာသို့ သွားလော့။ သင့်ကို နိုင်ငံတို့၏ အရှင်မ ဟူ၍ နောက်တဖန် မခေါ်ရ။ 6 ငါသည် ငါ၏လူတို့ကို အမျက်ထွက်သော
ကြောင့်၊ ငါ၏ အမွေကို ရှုတ်ချ၍ သင့်လက်သို့ အပ်လိုက် ၏။ သင်သည် သနားသော စိတ်မရှိ။ အသက်ကြီးသူတို့ အပေါ်မှာ လေးသော
ထမ်းဘိုးကို တင်လေပြီ။ 7 သင်ကလည်း၊ ငါသည် အရှင်မ၏အရာ၌ အစဉ် အမြဲနေမည်ဟု ထင်သောကြောင့်၊ ဤအမှုအရာတို့ကို
မဆင်ခြင်။ သင်၌ နောက်ဆုံးဖြစ်လတံ့သော အမှုကို မအောက်မေ့။ 8 ထိုကြောင့်၊ ကာမဂုဏ်၌ ပျော်မွေ့၍၊ သောက
ကင်းလွတ်လျက်နေသော သူ၊ ငါရှိ၏။ ငါမှတပါး အဘယ် သူမျှမရှိ။ ငါသည် မုတ်ဆိုးမကဲ့သို့ ထိုင်၍ မနေရ။ သား ဆုံးခြင်းကို
ငါမခံရဟု အောက်မေ့သောသူ၊ နားထောင် လော့။ 9 သင်သည် ပြုစားသော အတတ်နှင့် နတ်ဝိဇ္ဇာ အတတ်များတို့ကို
အလွန်ပြုစုသော်လည်း၊ တနေ့တခဏ ခြင်းတွင် သားဆုံးခြင်းနှင့် လင်ဆုံးခြင်းတည်းဟူသော ဘေးနှစ်ပါးတို့သည် သင်၌
ရောက်လိမ့်မည်။ သင်၏ အပေါ်၌ အကုန်အစင် သင့်ရောက်လိမ့်မည်။ 10 သင်သည် ကိုယ်ပြုသော အဓမ္မအမှုကို ကိုးစား ပြီ။ ငါ့ကို
အဘယ်သူမျှ မမြင်ဟု ဆိုပြီ။ သင့်ဉာဏ်နှင့် သင့်ပညာအတတ်သည်၊ သင်၏စိတ်ကို မှောက်လှန်သည် ဖြစ်၍၊ သင်က ငါရှိ၏၊
ငါမှတပါး အဘယ်သူမျှမရှိဟု အောက်မေ့ပြီ။ 11 ထို့ကြောင့်၊ အဆုံးမထင်သော ဘေးဥပဒ်သည် သင်၏အပေါ်မှာ ရောက်လိမ့်မည်။
သင်သည် မဖြေနိုင် သော အပြစ်ဒဏ်နှင့်ငှင်း၊ မမြော်လင့်နိုင်အောင် ချက် ခြင်း ဖျက်ဆီးခြင်းနှင့်ငှင်း တွေ့ကြုံရလိမ့်မည်။ 12 သင်သည်
ငယ်သော အရွယ်မှစ၍၊ ကြိုးစား အားထုတ်သော နတ်ဝိဇ္ဇာအတတ်နှင့်၊ ပြုစားသော အတတ်အမျိုးမျိုးတို့ကို အမှီပြု၍ တည်နေလော့။
အကျိုး ကို ရကောင်းလျှင် ရလိမ့်မည်။ နိုင်ကောင်းလျှင် နိုင်လိမ့် မည်။ 13 သင်သည် များပြားသော တိုင်ပင်ခြင်းအားဖြင့် ပင်ပန်းလှပြီ။
မိုဃ်းကောင်းကင်ကို ကြည့်ရှုသော သူ၊ ကြယ်နက္ခတ်တို့ကို မှတ်သောသူ၊ သင်၌ဖြစ်လတံ့သော အမှုကို၊ လ၏အခြင်းအရာအားဖြင့်
ဟောတတ်သော သူတို့သည် ထ၍ သင့်ကို ယခု ကယ်တင်ကြစေ။ 14 သူတို့သည် အမှိုက်ကဲ့သို့ဖြစ်၍ မီးရှို့ခြင်းကို ခံရကြလိမ့်မည်။
မီးအရှိန်မှ မိမိတို့ကို မကယ်မနှုတ်ရကြ။ နွေးစရာဘို့ မီးတခဲမျှ၊ လှုံစရာဘို့ မီးအလျှင်းမျှ မကျန်ရစ် ရ။ 15 သင်နှင့် ဝိုင်းညီ၍
အမှုဆောင်ရွက်သော သူ၊ သင်ငယ်သော အရွယ်မှစ၍ သင်နှင့် ဖောက်ကားရောင်း ဝယ်သောသူတို့သည် သင်၌ ထိုသို့ ဖြစ်ကြ၍၊
ကိုယ်စီ ကိုယ်စီ မိမိနေရာအရပ်သို့ လွှဲသွားသဖြင့်၊ သင့်ကို ကယ်တင်သောသူတစုံတယောက်မျှ မရှိရ။



generated on Sun Jun 30 02:37:40 2024

## Chapter 48

1 အို ယာကုပ်အမျိုး၊ ဣသရေလဟူ၍ သမုတ်ခြင်း ကို ခံသောသူ၊ ယုဒစမ်းရေတွင်းမှ ထွက်စီးသောသူ၊ ထာဝရဘုရား၏
နာမတော်အားဖြင့် ကျိန်ဆိုသောသူ၊ သစ္စာမရှိ၊ တရားနှင့်မညီဘဲ ဣသရေလအမျိုး၏ ဘုရား သခင်ကို ချီးမွမ်းသောသူ၊ 2
သန့်ရှင်းသော မြို့တော်အလိုက်၊ ကိုယ်ကိုကိုယ် သမုတ်သောသူ၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားတည်းဟူသော
ဘွဲ့နာမရှိသော ဣသရေလအမျိုး ၏ ဘုရားသခင်ကို မှီခိုသော သူတို့၊ နားထောင်ကြလော့။ 3 ဖြစ်ဘူးသောအရာတို့ကို အထက်က
သင်တို့ အား ငါဟောလေပြီ။ ထိုအရာတို့သည် ငါ့နှုတ်မှထွက်၍ ထင်ရှားကြပြီ။ ချက်ခြင်း ငါပြုသောကြောင့် ဖြစ်ကြပြီ။ 4 သင်သည်
ခိုင်မာသော သဘော၊ သံချောင်း လည်ပင်း၊ ကြေးဝါနဖူးနှင့် ပြည့်စုံသည်ကို ငါသိသော ကြောင့်၊ 5 အထက်က သင့်အား ငါဟောပြီ။
အမှုမဖြစ်မှီ ငါဘော်ပြပြီ။ သို့ဖြစ်၍ သင်က ၊ ငါ၏ရုပ်တုသည် ဤအမှု ကို ပြုပြီ။ ငါထုသော ရုပ်တု၊ ငါသွန်းသော ရုပ်တုသည်
ဤအမှုကို စီရင်ပြီဟု ပြောရသော အခွင့်မရှိ။ 6 သင်သည် အရင်ကြားရပြီ။ ဤအမှုအလုံးစုံတို့ ကို ကြည့်ရှုလော့။ သူတပါးတို့အား
မကြားမပြောဘဲ နေမည်လော။ ယခုမှစ၍ အသစ်သောအရာ၊ ဝှက်ထား သောအရာ၊ သင်မသိသေးသော အရာတို့ကို ငါဘော်ပြ ၏။ 7
ထိုအရာတို့ကို ယခုပင် ဖန်ဆင်း၏။ အထက်က ဖန်ဆင်းသည်မဟုတ်။ ယနေ့တိုင်အောင် သင်သည် မကြားစဖူး။ သို့ဖြစ်၍ သင်က ၊
ငါသိနှင့်ပြီဟု ပြောရသော အခွင့်မရှိ။ 8 အကယ်စင်စစ် သင်သည် မကြားမသိစဖူး။ သင်၏ နားသည် အထက်က မပွင့်။
အကြောင်းမူကား၊ သင်သည် သစ္စာပျက်လိမ့်မည်။ ဘွားစကပင် သင့်ကို သူပုန်ဟူ၍ သမုတ်ရလိမ့်မည်ကို ငါသိ၏။ 9 သို့သော်လည်း၊
သင့်ကို ရှင်းရှင်း မပယ်မဖြတ် ခြင်းငှါ၊ ငါသည် ကိုယ်နာမအတွက် ကိုယ်အမျက်ကို ချုပ် တည်းမည်။ ကိုယ်ဂုဏ်အသရေအတွက်
သင်၏အမှု၌ ငါသည်းခံမည်။ 10 ငါသည် သင့်ကို စစ်ခဲ့ပြီ။ သို့သော်လည်း၊ ငွေကို စစ်သကဲ့သို့မဟုတ်၊ ဒုက္ခမီးဖို၌ သင့်ကို စုံစမ်းခဲ့ပြီ။ 11
ကိုယ်အတွက် ငါပြုဦးမည်။ ငါ့နာမသည် ရှုပ်ချခြင်းကို အဘယ်ကြောင့် ခံရမည်နည်း။ ငါ့ဂုဏ် အသရေကို သတပါးအား ငါမပေး။ 12
အိုယာကုပ်၊ ငါခေါ်သော ဣသရေလ၊ ငါ့စကား ကို နားထောင်လော့။ ငါသည် ဘုရားဖြစ်၏။ ငါသည် အဦးဆုံးသောသူ၊
နောက်ဆုံးသောသူ ဖြစ်၏။ 13 အကယ်စင်စစ် ငါ့လက်သည် မြေကြီးကို တည် လေပြီ။ ငါ့လက်ျာလက်သည် မိုဃ်းကောင်းကင်ကို
ကြက် လေပြီ။ ငါခေါ်၍ သူတို့သည် ချက်ခြင်း ပေါ်လာကြ၏။ 14 ရှိသမျှသော သင်တို့၊ စည်းဝေး၍ နားထောင် ကြလော့။
ဤအမှုအရာတို့ကို သင်တို့တွင် အဘယ်သူ သည် ရှေးမဆွက ဟောနှင့်သနည်း။ ထာဝရဘုရား ချစ် တော်မူသော သူသည်
ဗာဗုလုန်မြို့၌ အလိုတော်ကို ပြည့်စုံ စေမည်။ သူ၏ လက်သည်လည်း၊ ခါလဒဲလူတို့အပေါ်သို့ ရောက်လိမ့်မည်။ 15 ငါ့ကိုယ်တိုင်
အမိန့်တော်ရှိပြီ။ အကယ်စင်စစ် သူ့ကို ငါခေါ် ပြီ။ ငါဆောင်ခဲ့ပြီ။ သူသွားသောလမ်း၌ မင်္ဂလာရှိရလိမ့်မည်။ 16 ငါ့ထံသို့ ချဉ်းကပ်၍
ဤစကားကို နားထောင်ကြ လော့။ ရှေ့ဦးစွာမှစ၍ တိတ်ဆိတ်စွာ မဟော။ အမှု ဖြစ်စကာလ၌ ငါရှိ၏။ ယခုတွင် အရှင်ထာဝရဘုရားနှင့်
ဝိညာဉ်တော်သည် ငါ့ကို စေလွှတ်တော်မူ၏။ 17 သင့်ကို ရွေးနှုတ်သောသူ၊ ဣသရေလအမျိုး၏ သန့်ရှင်းသော အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါသည် သင်၏အကျိုးနှင့်ယှဉ်သော အရာကို သွန်သင်၍၊ သင်သွားအပ်သော လမ်းဖြင့် ပို့ဆောင်သော သင်၏
ဘုရားသခင်ထာဝရဘုရား ဖြစ်၏။ 18 သင်သည် ငါ၏ပညတ်တို့ကို စောင့်ရှောက်ပါ စေသော။ သို့ပြုလျှင်၊ သင်၏ချမ်းသာသည်
မြစ်ကဲ့သို့၎င်း၊ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သမုဒ္ဒရာလှိုင်းတံပိုး ကဲ့သို့၎င်း ဖြစ်ရလိမ့်မည်။ 19 သင်၏ အမျိုးအနွယ်သည်
သဲလုံးကဲ့သို့၎င်း၊ သင်၏သားမြေးတို့သည်၊ သမုဒ္ဒရာကျောက်စရစ်ကဲ့သို့ ၎င်း ဖြစ်ရကြလိမ့်မည်။ သင်၏နာမသည် ငါ့ရှေ့မှာ မပြတ်၊
မပျက်မစီးရ။ 20 ဗာဗုလုန်မြို့ထဲက ထွက်ကြလော့။ ရှင်လန်းစွာ သီချင်းသံနှင့် ခါလဒဲလူတို့နေရာမှ ပြေးကြလော့။
ဤသိတင်းစကားကို မြေကြီးစွန်းတိုင်အောင် ပြန်ပြော မြွက်ဆို၍ အသံကို လွှင့်ကြလော့။ ထာဝရဘုရားသည် မိမိကျွန်ယာကုပ်ကို
ရွေးနှုတ်တော်မူပြီဟု ပြောဆိုကြ လော့။ 21 သူတို့သည် တောလမ်းဖြင့် ဆောင်သွားတော်မူ ခြင်းကို ခံသောအခါ ရေမငတ်ကြ။
သူတို့အဘို့ ကျောက် ထဲက ရေကို စီးစေတော်မူ၏။ ကျောက်ခဲကိုပင် ခွဲတော်မူ သဖြင့်၊ ရေသည် စီးထွက်လေ၏။ 22 မတရားသော
သူတို့၌ ချမ်းသာမရှိဟု ထာဝရ ဘုရားမိန့်တော်မူ၏။



generated on Sun Jun 30 02:37:40 2024

# Chapter 49

[1] တကျွန်းတနိုင်ငံအရပ်တို့၊ ငါ့စကားကို ကြားကြ လော့။ ဝေးစွာသော လူမျိုးတို့၊ စေ့စေ့နားထောင်ကြလော့။ ငါဘွားစကပင်
ထာဝရဘုရားသည် ငါ့ကို ခေါ်တော်မူ ၏။ အမိဝမ်းထဲမှစ၍ ငါ၏နာမကို မှတ်တော်မူ၏။ [2] ငါ့နှုတ်ကို ထက်သော ထားကဲ့သို့ ဖြစ်စေ၍၊
လက်တော်အရိပ်၌ ဖုံးထားတော်မူ၏။ ငါ့ကိုလည်း ဦးသစ် သော စည်းသွားဖြစ်စေ၍၊ မိမိမြားထောင့်ထဲမှာ ဝှက်ထားတော်မူ၏။ [3]
အိုဣသရေလ၊ သင်သည် ငါ၏ ကျွန်ဖြစ်၏။ သင့်အားဖြင့် ငါ့ဘုန်းသည် ထင်ရှားလိမ့်မည်ဟု ငါ့အား မိန့်တော်မူပြီ။ [4] ငါကလည်း၊
အကျိုးမရှိဘဲ ငါလုပ်ဆောင်ရပြီ။ အချည်းနှီးသက်သက် ငါ့ခွန်အားကုန်ရပြီ။ သို့သော်လည်း၊ ငါ့အမှုသည်
ထာဝရဘုရားရှေ့တော်၌ရှိ၏။ ငါခံရသော အခလည်း ငါ၏ဘုရားသခင်လက်တော်၌ရှိသည်ဟု ဆို၏။ [5] ငါသည်
ထာဝရဘုရားရှေ့တော်၌ အသရေ ထင်ရှား၍၊ ငါ၏ဘုရားသခင်သည် ငါ့ကို ခိုင်ခံ့စေတော် မူသည်အကြောင်းနှင့်တကွ၊
ဣသရေလအမျိုးသည် အထံ တော်၌ စုဝေးစေခြင်းကို မခံသော်လည်း၊ ငါသည် ယာကုပ်အမျိုးကို အထံတော်သို့ တဖန်
ဆောင်ခဲ့ရသော ကျွန်ဖြစ်စေမည်အကြောင်း၊ ငါ့ကို အမိဝမ်းထဲမှစ၍ ဖန်ဆင်းတော်မူသော ထာဝရဘုရား မိန့်တော်မူသည် ကား၊ [6]
သင်သည် ယာကုပ်၏ အမျိုးအနွယ်တို့ကို ချီးမြှောက်ခြင်း၊ ဘေးလွတ်သော ဣသရေလသားတို့ကို အရင်ကဲ့သို့
ဖြစ်စေခြင်းအလိုငှါသာ၊ ငါ့အမှုကို ဆောင် ရွက်သောအမှုသည် သာမညအမှုဖြစ်၏။ ထိုအမှုမက၊ သင်သည် မြေကြီးစွန်းတိုင်အောင်
ငါ၏ ကယ်တင်ခြင်းကို ပြုစိမ့်သောငှါ၊ သင့်ကို တပါးအမျိုးသားတို့ လင်းစရာဘို့ ငါခန့်ထားသည်ဟု မိန့်တော်မူ၏။ [7]
ဣသရေလအမျိုးကို ရွေးနှုတ်တော်မူ၍၊ ထို အမျိုး၏ သန့်ရှင်းသော ထာဝရဘုရားသည်၊ အဘယ်သူ မျှ မနှစ်သက်၊ တပြည်လုံး
ရွံရှာဘွယ်ဖြစ်၍၊ မင်းထံ၌ ကျွန်ခံရသောသူအား မိန့်တော်မူသည်ကား၊ သစ္စာရှိတော် မူသော ထာဝရဘုရား၊ သင့်ကို
ရွေးကောက်တော်မူသော ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား၏ ကျေးဇူး တော်ကြောင့်၊ ရှင်ဘုရင်တို့သည် မြင်၍
ထကြလိမ့်မည်။ မင်းသားတို့သည်လည်း ကိုးကွယ်ကြလိမ့်မည်။ [8] ထာဝရဘုရား မိန့်တော်မူသည်ကား၊ နှစ်သက် ဘွယ်သော အချိန်၌
သင်၏စကားကို ငါနားထောင်ပြီ။ ကယ်တင်ရာကာလ၌ သင့်ကို မစပြီ။ သင့်ကိုလည်း ငါ စောင့်ရှောက်၍၊ သင်သည် ပြည်တော်ကို
ပြုပြင်လျက်၊ ဆိတ်ညံသော အမွေခံရာအရပ်တို့ကို အမွေပေးစေမည် အကြောင်း၊ [9] ထွက်ကြလော့ဟု ချုပ်ထားသော သူတို့အားငှင်း၊
ပေါ်လာကြလော့ဟု မှောင်မိုက်ထဲမှာ နေသောသူတို့အားငှင်း ပြောစေမည်အကြောင်း၊ လူမျိုးအား ပဋိညာဉ်တရား ကို ပြုစရာဘို့
သင့်ကို ခန့်ထားမည်။ သို့ဖြစ်၍၊ ထိုသူတို့ သည် လမ်းခရီးတို့အနားမှာ စားရ၍၊ မြင့်သော အရပ်ရပ် တို့၌ ကျက်စားရာကို
တွေ့ရကြလိမ့်မည်။ [10] သူတို့သည် ရေစာကို မငတ်မမွတ်ရ။ အပူကို လည်း မခံရကြ။ နေရောင်ခြည်မထိရ။ အကြောင်းမူကား၊ သူတို့ကို
သနားသော သူသည် သူတို့ကို ပို့ဆောင်၍၊ စမ်း ရေတွင်းအနားသို့ လမ်းပြလိမ့်မည်။ [11] ငါ၏တောင်ရှိသမျှတို့ကို သွားရာလမ်းဖြစ်စေ
မည်။ ငါ၏မြေတန်တားများကိုလည်း ငါဖို့မည်။ [12] ကြည့်ရှုလော့။ ဤသူတို့သည် ဝေးသောအရပ်မှ လာကြလိမ့်မည်။ ကြည့်ရှုလော့။
ထိုသူတို့သည် မြောက် မျက်နှာနှင့်အနောက်မျက်နှာမှငှင်း၊ ထိုသူတို့သည်လည်း၊ သိနိမ်ပြည်မှငှင်း လာကြလိမ့်မည်ဟု မိန့်တော်မူ၏။ [13]
အို မိုဃ်းကောင်းကင်တို့၊ သီချင်းဆိုကြလော့။ အိုမြေကြီး၊ ဝမ်းမြောက်ခြင်းရှိလော့။ အိုတောင်များတို့၊ ရွှင်လန်းစွာ သီချင်းဆိုကြလော့။
အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူတို့ကို နှစ်သိမ့်စေတော်မူ၏။ ဆင်းရဲခံရသော မိမိလူတို့ကို ကယ်မသနားတော်မူ၏။ [14]
ဇိအုန်ကလည်း၊ ထာဝရဘုရားသည် ငါ့ကို စွန့် ပစ်တော်မူပြီ။ ဘုရားရှင်သည် ငါ့ကို မေ့လျော့တော်မူပြီဟု ဆိုလေသော်၊ [15] မိန်းမသည်
မိမိဘွားသော သားကို မသနား သည်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း၊ သင့်ကို
ငါမမေ့လျော့။ [16] ငါသည် ကိုယ်လက်ဝါး၌ သင့်ကို စာထိုးပြီ။ သင်၏ မြို့ရိုးသည် ငါ့ရှေ့မှာ အစဉ်ရှိ၏။ [17] သင်၏သားသမီးတို့သည်
အလျင်အမြန်ပြုကြ လိမ့်မည်။ သင့်ကို လုယူဖျက်ဆီးသော သူတို့သည် သင့်ထံ မှ ထွက်သွားကြလိမ့်မည်။ [18] အရပ်ရပ်သို့
မျှော်ကြည့်လော့။ ဤသူအပေါင်း တို့သည် စုဝေး၍ သင့်ထံသို့ လာကြ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်
ရှင်သည်ဖြစ်၍၊ သင် သည် တင့်တယ်သော အဝတ်ကို ဝတ်သကဲ့သို့၊ ဤသူ အပေါင်းတို့ကို ဝတ်လိမ့်မည်။ မင်္ဂလာဆောင် သတို့သမီး
ပြုသည် နည်းတူတန်ဆာဆင်လိမ့်မည်။ [19] သင်၌ သုတ်သင်ပယ်ရှင်းသော အရပ်၊ ပျက်စီး သော ပြည်သည် နေသူများသောကြောင့်
ကျဉ်းကြလိမ့် မည်။ သင့်ကို ကိုက်စားသော သူတို့သည်လည်း ဝေးကြ လိမ့်မည်။ [20] သင်၏သားများဆုံးပြီးမှ၊ တဖန်ရပြန်သော
သားတို့က၊ နေရာမလောက်ပါ။ နေစရာ အရပ်ကို ပေးပါ ဟု သင့်အား တောင်းကြလေဦးမည်။ [21] သင်ကလည်း၊ ဤသူတို့ကို ငါ့အား
အဘယ်သူ ဖြစ်ဘွားစေသနည်း။ ငါသည် သားဆုံးသောသူ၊ ဆိတ်ညံ လျက်နေရသောသူ၊ နှင်ထုတ်ခြင်းကို ခံရသဖြင့်၊ အဝေးသို့
လည်ရသောသူဖြစ်၍၊ ဤသူတို့ကို အဘယ်သူ မွေးစား သနည်း။ ငါသည် တယောက်တည်း နေရသည်ဖြစ်၍၊ ဤသူတို့သည်
အဘယ်မှာ ရှိကြသနည်းဟု အောက်မေ့ လိမ့်မည်။ [22] အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကြည့်ရှုလော့။ ငါသည်
အတိုင်းတိုင်းအပြည်ပြည်၌နေ သော လူမျိုးတို့အား လက်ကို ချီ၍ အလံကို ထူသဖြင့်၊ သူတို့သည် သင်၏သားသမီးတို့ကို လက်နှင့်
ပွေ့လျက်၊ ပခုံးပေါ်မှာ ထမ်းလျက်ဆောင်ခဲ့ကြလိမ့်မည်။ [23] ရှင်ဘုရင်တို့သည် သင်၏ ဘထွေး၊ မိဖုရားတို့ သည် သင့်ကို မွေးစားသော
အမိဖြစ်ကြလိမ့်မည်။ သင့် ရှေ့မှာ ဦးညွှတ်ပြပ်ဝပ်၍၊ သင်၏ခြေ၌ မြေမှုန့်ကို လျက် ကြလိမ့်မည်။ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကိုငှင်း၊ ငါ့ကို မြော်လင့်သောသူတို့သည် ရှက်ကြောက်ခြင်းမရှိ ကြောင်းကိုငှင်း သင်သိလိမ့်မည်။ [24]
လုယူရာဥစ္စာကို အားကြီးသော သူ၏ လက်မှ ယူရမည်လော။ တရားသော သူသိမ်းသွားသော လူတို့ကို နှုတ်ရမည်လော။ [25]
ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင် စစ်အားကြီးသောသူ သိမ်းသွားသော လူတို့ကို ယူရမည်။ ကြောက်မက်ဘွယ်သောသူ

 generated on Sun Jun 30 02:37:40 2024

လုယူရာဥစ္စာကို နှုတ်ရလိမ့် မည်။ အကြောင်းမူကား၊ သင်နှင့် ရန်တွေ့သော သူကို ငါသည် ရန်တွေ့၍၊ သင်၏သားတို့ကို ကယ်တင်မည်။ [26] သင့်ကို ညှဉ်းဆဲသော သူတို့ကို သူတို့၏အသား နှင့် ငါကျွေးမည်။ ချိုသော စပျစ်ရည်ကို သောက်သကဲ့သို့၊ သူတို့သည် မိမိအသွေးကိုဝစွာ သောက်ရကြမည်။ သို့ဖြစ်၍၊ ငါထာဝရဘုရားသည် သင့်ကို ကယ်တင်သော အရှင်၊ သင့်ကို ရွေးနှုတ်သောသခင်၊ ယာကုပ်အမျိုး၌ တန်ခိုးကြီးသော ဘုရားဖြစ်ကြောင်းကို လူအပေါင်းတို့ သည် သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 50

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါလွှတ် လိုက်သော သင်တို့အမိ၏ ဖြတ်စာသည် အဘယ်မှာ ရှိသနည်း။ ငါ၌ကြွေးရှိ၍
အဘယ်မည်သော ကြွေးရှင်ထံ ၌ သင်တို့ကို ငါရောင်းသနည်း။ သင်တို့သည် ကိုယ်ပြု သော ဒုစရိုက်အတွက် ကျွန်ခံရကြ၏။
သင်တို့အပြစ် ကြောင့်၊ သင်တို့အမိကို ငါလွှတ်လိုက်၏။ 2 ငါလာသောအခါ အဘယ်ကြောင့် လူမရှိသ နည်း။ ငါခေါ်သောအခါ
အဘယ်ကြောင့် မထူးသနည်း။ ငါသည် မရွေးမနုတ်နိုင်အောင် လက်တိုသလော။ ကယ် ချွတ်နိုင်သော တန်ခိုးမရှိသလော။
ကြည့်ရှုလော့။ ငါဆုံးမ သဖြင့် ပင်လယ်ရေသည် ခန်းခြောက်၏။ မြစ်တို့ကို လွင်ပြင်ဖြစ်စေ၏။ ရေမရှိသောကြောင့် ငါးတို့သည်
နံကြ၏။ ရေငတ်၍ သေကြ၏။ 3 ငါသည် မိုဃ်းကောင်းကင်ကို နက်သော အဝတ် ဝတ်စေ၍၊ လျှော်တေအဝတ်နှင့် ခြုံ၏။ 4 ငါသည်
ပင်ပန်းသော သူအား မစခြင်းငှါ စကားပြောတတ်မည်အကြောင်း၊ အရှင်ထာဝရဘုရား သည် လူတတ်၏ နှုတ်သတ္တိကို
ငါ့အားပေးတော်မူပြီ။ နံနက်အစဉ်အတိုင်း ငါ့ကို နှိုးတော်မူ၏။ စာသင်သော သူကဲ့သို့ နားထောင်စေမည်အကြောင်း ငါ့နားကို နှိုးဆော်
တော်မူ၏။ 5 အရှင်ထာဝရဘုရားသည် ငါ့နားကို ဖွင့်တော်မူ ၍၊ ငါလည်း မငြင်းမဆန်၊ နောက်သို့မဆုတ်၊ 6 ရိုက်သော သူတို့အား
ငါ့ကျောကိုငှင်၊ နားပန်း ဆံကို နှုတ်သောသူတို့အား၊ ငါ့ပါးကိုငှင်း ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံထွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်
နှာကိုမလွှဲ။ 7 အရှင်ထာဝရဘုရားသည် ငါ့ကို စောင့်မတော်မူ လိမ့်မည်။ ထို့ကြောင့်၊ ငါမရှုံးရသည်ဖြစ်၍၊ ကိုယ်မျက်နှာ ကို
မီးကျောက်ကဲ့သို့ ထားလျက်၊ ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏။ 8 ငါ့ကို အပြစ်လွှတ်သော သူသည် အနီးမှာရှိ၏။
အဘယ်သူသည် ငါနှင့်တရားတွေ့မည်နည်း။ ပြိုင်၍ နေကြကုန်အံ့။ အဘယ်သူသည် ငါနှင့်ရန်ဘက်ပြုမည် နည်း။ ထိုသူသည်
ချဉ်းကပ်စေ။ 9 ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည် ငါ့ကို စောင့်မတော်မူမည်။ အဘယ်သူသည် ငါ့ကို တရားရှုံးစေ မည်နည်း။
ထိုသို့သော သူအပေါင်းတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်ကြလိမ့်မည်။ ပိုးကိုက်စားခြင်း ကိုလည်း ခံရကြလိမ့်မည်။ 10
သင်တို့တွင် အဘယ်သူသည် ထာဝရဘုရားကို ကြောက်ရွံ့သနည်း။ ထိုသူသည် ကိုယ်တော်ကျွန်၏ စကားသံကို နားထောင်ပါစေ။
အဘယ်သူသည် အလင်း မရှိဘဲ မှောင်မိုက်၌သွားလာသနည်း။ ထိုသူသည် ထာဝရ ဘုရား၏ နာမတော်ကို ခိုလှုံ၍၊ မိမိဘုရားသခင်ကို
အမှီ ပြုပါစေ။ 11 မီးကိုညှိ၍ မိမိတို့ကို မီးပွားတို့နှင့် ဝန်းရံစေသော သူအပေါင်းတို့၊ သင်တို့မီး၏အလင်း၌၎င်း၊ သင်တို့ ပြုစု သော
မီးစများ၌၎င်း သွားလာကြလော့။ ငါ့လက်၌ ခံရ သော အကျိုးဟူမူကား၊ သင်တို့သည် ဝမ်းနည်းလျက် အိပ်ရကြလိမ့်မည်။

---

Isaiah 01

ငါလွှတ်လိုက်သော သင်တို့အမိ၏ ---- ရှိသနည်း
ထာဝရဘုရားသည် ဇိအုန်မြို့ကို ရည်မှတ်၍ ပြောဆိုထားသည်။ ထိုမြို့၌ နေထိုင်ကြသော လူများကို မိခင်ဇိအုန်၏ သားသမီးများကဲ့သို့ ပြောဆိုထားသည်။ ဘုရားသခင်သည် မိခင်ကို ကွာရှင်းလိုက်၍ သားသမီးများကို ရန်သူလက်ထဲသို့အပ်၍ တစ်ကျွန်းတစ်နိုင်ငံသို့ ပို့လိုက်သည်။ (ရှု၊ |Metaphor)

ငါ၌ ကြွေးရှိ၍ ---- ရောင်းသနည်း
ပြည်နှင်ဒဏ်ဖြင့် ဖမ်းဆီးချုပ်နှောင်၍ ခေါ်သွားခြင်း ခံရသောလူများကို အကြွေးဖြင့်ရောင်းသဲ့သို့ ပြောဆိုထားသည်။ (ရှု၊ |Metaphor)

သင်တို့သည် ကိုယ်ပြုသော ---- ငါလွှတ်လိုက်၏
ထာဝရဘုရားသည် ထိုလူများကို ရောင်းလိုက်ခြင်း၊ သူ့မိခင်ကို ကွာရှင်းလိုက်ခြင်းသည် သူတို့၏ အပြစ်ဒုစရိုက်များကြောင့် ဖြစ်သည်ဟူ၍ ခိုင်လုံသောအကြောင်းအရာ ဖြင့်ဖော်ပြပေးသည်။ (အခြားသောဘာသာပြန်ဆိုချက်) 'သင်တို့၏အပြစ်ကြောင့် ရောင်းလိုက်၍ သင်တို့၏ ပုန်ကန်မှုကြောင့် သင်တို့အမိကို ကွာရှင်းလိုက်သည်။ (ရှု၊ |Metaphor)

Isaiah 02

ယေဘုယျအချက်အလက်
ထဝရဘုရားသည် ဇိအုန်မြို့ကို သတို့သမီးကဲ့သို့ ဆက်လက်ပြောဆိုသည်။

ငါလာသောအခါ ------ မထူးသနည်း။
ဤစာကြောင်းနှစ်ခု၏ အခြေခံသဘောတရား တူညီသည်။ ဣသရေလလူများသည် ဖမ်းဆီးချုပ်နှောင်ပြီး ခေါ်ဆောင်သွားခြင်း ခံရသောအခါ ဘုရားသခင်ကို မတုန့်ပြန်၍ဖြစ်ကြောင်းနှင့် ဘုရားသခင်သည် သူတို့ကို မကယ်နုတ်လိုသောကြောင့် မဟုတ်ပေ။

ငါသည် မရွေးမနုတ် ---- မရှိသလော
ထာဝရဘုရားသည် သူတို့ကို မကယ်မနုတ်နိုင်အောင် တန်ခိုးအစွမ်းမရှိသလောဟူ၍ ပြစ်တင်ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဖမ်းဆီးချုပ်နှောင်သွားသော သင်တို့ကို ပြန်လည်ကယ်နုတ်ဖို့ ငါ၏လက်သည် အလွန်တိုသလော" (သို့ ) "သင်တို့၏ ရန်သူများလက်မှကယ်နှုတ်ရန် ငါ့တန်ခိုး အစွမ်းမရှိသလော။" (ရှု၊ )


generated on Sun Jun 30 02:37:40 2024

လက်တိုသလော
ထာဝရဘုရား၏ တန်ခိုးတော်ကို ရည်ညွှန်းသည်။ ထာဝရဘုရား၏ တန်ခိုးတော်သည် လက်တိုသကဲ့သို့ မတတ်စွမ်းနိုင်ကြောင်း ရေးသားထားသည်။

တန်ခိုးမရှိသလော
"ငါ၌ တန်ခိုးအစွမ်းမရှိသလော"

မြစ်တို့ကို လွင်ပြင်ဖြစ်စေ၍
ထာဝရဘုရားသည် မြစ်များကိုပင် ဝမ်းမြောက်စေ၍ ကန္တာရဖြစ်စေနိုင်ကြောင်း ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)"မြစ်များ ပင်ခမ်းခြောက်၍ ကန္တာရဖြစ်အောင် ငါလုပ်ဆောင်သည်။"

ရေမရှိသောကြောင့် ---- သေကြ၏
ရေနည်းတောင် ငါများသည် သေကြေ၍ ပုပ်စော်နံလျက်ရှိသည်။ မြစ်များနှင့် ပင်လယ်များကို ရည်ညွှန်းသည်။

ငါသည် မိုးကောင်းကင်---- ခြုံ၍
ဤစာပိုဒ်နှစ်ကြောင်း၏ အဓိပ္ပာယ် အခြေခံသဘော တရားတူညီသည်။ ထာဝရဘုရားသည် မိုးကောင်းကင်ကို အဝတ်စဖြင့် ဖုံးအုပ်လိုက်သကဲ့သို့ မှောင်မိုက်သွားစေမည်ဟူ၍ ပြောဆိုထားသည်။

## Isaiah 04

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ ကျွန်ပြောဆိုထားသည်။

စကားပြောတတ်မည်အကြောင်း ---ငါ့အားပေးတော်မူပြီ
"နှုတ်သတ္တိ"ဟူသော စကားလုံးဂသည် ဟေရှာယပြောသော အရာများကို ရည်ညွှန်းသည်။ ဖြစ်နိုင်ချေ အဓိပ္ပာယ်

ငါ့နားကို နှိုးဆော်တော်မူ၏
ထာဝရဘုရားပြောသော စကားမျာကို ကြားနိုင်အောင် သူ၏နားကို အလင်းဖွင့်ပေးတော်မူ၏။ (အခြားသော ဘာသာပြန်ဆိုချက်) "သူပြောသောစကားကို ကြားနိုင်အောင် ငါ့အားသင်ကြားပေးတော်မူ၏"

စာသင်သောသူကဲ့သို့
ထာဝရဘုရားသည် သူ၏ကျွန်အား ဆရာနှင့် တပည့်စာသင်ကြားသကဲ့သို့ နှိုင်းယှဉ်ဖော်ပြထားသည်။ ဆရာ၏ သင်ကြားပေးခြင်းကို ခံယူသော တပည့်တစ်ဦးကဲ့သို့

## Isaiah 05

ယေဘုယျ အချက်အလက်
ထာဝရဘုရား၏ ကျွန် ဆက်လက် ပြောဆိုသည်။

အရှင်ထာဝရဘုရား ----- ဖွင့်တော်မူ၍
ထာဝရဘုရား ပြောသောစကားကို နားလည်သဘောပေါက်စေအောင် ဖွင့်ပေးသော အကြားအာရုံကို ဆိုလိုသည်။

ငါလည်းမငြင်းမဆန်၊ နောက်သို့မဆုတ်
ထာဝရဘုရားပြောသော စကားများကို လိုက်လျောက်ခြင်းနှင့် ငြင်းဆန်ခြင်းမရှိပေ။

ရိုက်သော သူတို့အား ---- ငါအပ်၏
ငါ့ကို ရိုက်သောသူဥ မုတ်ဆိတ်မွေးကို ဆွဲနှုတ်သောသူများကို ငါအခွင့်ပေး၏။

အရှက်ခွဲခြင်းနှင့် မလွှဲ
(အခြားသော ဘာသာပြန်ဆိုချက်)
"ငါ့ကိုလှောင်ပြောင်ပြက်ရယ်ပြု၍ တံတွေးဖြင့် ထွေးကြသော်လည်း ငါသည် ပြန်လည် ခုခံတွန်းလှန်ခြင်းမပြုပါ။"

## Isaiah 07

ယေဘုယျ အချက်အလက်
ထာဝရဘုရား၏ ကျွန်ကို ဆက်လက် ပြောဆိုသည်။

ထိုကြောင့် ငါမရှုံးရ
ဘုရားသခင်၏ ကွန်သည် မတရားနှိပ်စက်ခံရသော်လည်း စိတ်ပျက်ခြင်းမရှိဘဲ ထာဝရဘုရား၏ စကားကို လိုက်နာခဲ့သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "ထို့ကြောင့် ငါသည်ရှက်ကြောက်ခြင်း မရှိ။"

ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏
ထာဝရဘုရား၏ ကျွန်၏ မျက်နှာသည်"မီးကျောက်"ကဲ့သို့ မာကြော၍ ရှက်ကြောက်ခြင်းများကို အံတုနိုင်သည်။

ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏
ထာဝရဘုရား၏ ကျွန်သည် ဘုရားသခင်ခေါ်သည့် နောက်သို့ ယုံကြည်စိတ်ချစွာဖြင့် လိုက်လျှောက်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်) "ရန်သူများသည် အကျွန်ုပ်ကို အရှက်ကွဲခြင်း မပြုလုပ်နိုင်ကြောင်း ကျွန်ုပ်ယုံကြည်သည်၊"

## Isaiah 08

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ ကျွန် ဆက်လက်၍ ပြောဆိုသည်။

အဘယ်သူသည် ---- ပြိုင်၍ နေကြကုန်အံ့
ဘုရားသခင်၏ အစေခံသောသူသည် အဘယ်သူမျှဘုရားကိုစွပ်စွဲ အပြစ်မတင်နိုင်ဟူ၍ မေးခွန်းပုံစံသုံး၍ ရည်ရွယ်ချက် ဖော်ပြထားသည်။

အဘယ်သူသည် ငါ့ကို တရားရှုံးစေမည်နည်း။
အစေခံ သူသည်အဘယ်သူမျှ သူ့ကိုပြစ်တင်၍ မရပါဟူ၍ မေးခွန်းဖြင့်ပြောဆိုထားသည်။

ထိုသို့သော သူအပေါင်းတို့သည်----ခံရကြလိမ့်မည်
သူတို့ပြစ်တင်သော သူအားလုံးသည် ဟောင်းနွမ်းသော အဝတ်ကို ချပိုးများ စားသကဲ့သို့ ပျက်စီးခြင်းကို ခံရလိမ့်မည် ဟူ၍ ပြစ်တင်ပြောဆိုထားသည်။

Isaiah 10

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ ကျွန် ဆက်လက်၍ ပြောဆိုသည်။

သင်တို့တွင် ---- အမှီပြုပါစေ
(အခြားသော ဘာသာပြန်ဆိုချက်)"သင်တို့ထဲက တစ်စုံတစ်ဦးသည် ထာဝရဘုရားကိုကြောက်ရွံ့၍ သူ၏စကားကို လိုက်နာစောင့်ရှောက်သော သူသည် နက်နဲမှောင်မိုက်ထု၌ အလင်းမရှိသော်လည်း မကြောက်မရွံ့၊ မိမိဘုရားသခင်ကို ယုံကြည်ကိုးစားသောသူ ဖြစ်သည်။"

ကိုယ်တော်ကျွန်၏ စကားသံကို နားထောင်ပါစေ
ဘုရားသခင်၏ အစေခံကျွန် ပြောသော အကြောင်းအရာများကို နာခံသောသူ

အလင်းမရှိဘဲ
ဆင်းရဲဒုက္ခများ တွေ့ကြုံ၍ အကူအညီမဲ့နေသော သူများသည် အလွန်မှောင်မိုက်သော နေရာ၌ လျှောက်လှမ်းနေသော သူများဟူ၍ ပြောဆိုထားသည်။

ထိုသူသည် ထာဝရဘုရား၏ ---- အမှီပြုပါစေ
ထာဝရဘုရားကို လုံ့ဂလုံးလျားလျား မှီခို ကိုးစားနေသော သူများကို ရည်ညွှန်းသည်။

Isaiah 11

မီးကိုညှို့၍ ----- သွားလာကြလော့
အမှောင်ထု၌ လျှောက်လှမ်းသော သူများဟူ၍ အထက်ကဖော်ပြပြီး ဖြစ်သည်။ ဤစာပိုဒ်တွင် ဘုရားသခင်ကို မကိုးစားဘဲ မိမိ၏ ဉာဏ်ပညာကို အမှီပြုသောသူများသည် မိမိအလင်းကို ထွန်းညှို့၍ အမှောင်ထဲ၌ သွားလာကြသော သူများကို ပြောဆိုထားသည်။

သင်တို့သည် ဝမ်းနည်းလျက် အိပ်ရကြလိမ့်မည်
"အိပ်ရကြလိမ့်မည်" ဟူသော ဝေါဟာရသည် သေဆုံးရကြလိမ့်မည် ဟူ၍ရည်ညွှန်းထားသည်။ ဝမ်းနည်း၊ နာကျင်စွာဖြင့် တွေ့ကြုံရ၍ သေဆုံးသွားရလိမ့်မည်။ (အခြားသော ဘာသာပြန်ဆိုချက်) "ကြီးစွာသော ဝမ်းနည်းကြေကွဲခြင်းများဖြင့် သေဆုံးရ ကြလိမ့်မည်။" (ရှု၊ and

---

## Translation Questions

Isaiah 50:1

ဇိအုန်က အဘယ်ကြောင့် သူမ၏ အမိကို လွှတ်၍ ရောင်းခဲ့သနည်း။
ကိုယ်ပြုသော ဒုစရိုက်အတွက် ကျွန်ခံရကြ၍ သူမ၏အပြစ်ကြောင့်၊ အမိကိုလွှတ်လိုက်သောကြောင့် ဇိအုန်က ရောင်းခဲ့ခြင်းဖြစ်သည်။

Isaiah 50:2

ထာဝရဘုရား၏ ဆုံးမခြင်းသည် မည်ကဲ့သို့ ဖြစ်ပျက်လာသနည်း။
ထာဝရဘုရား ဆုံးမ သဖြင့် ပင်လယ်ရေသည် ခန်းခြောက်၍ မြစ်တို့ကို လွင်ပြင်ဖြစ်စေသည်။ မိုဃ်းကောင်းကင်ကို နက်သော အဝတ် ဝတ်စေ၍ လျှော်တေအဝတ်နှင့် ခြုံခြင်းဖြစ်လာသည်။

Isaiah 50:4

ထာဝရဘုရားက သူ၏ ကျွန်တို့အား မည်သည့်အရာကို ပေးခဲ့သနည်း။
ထာဝရဘုရားက သူ၏ ကျွန်တို့အား လူတတ်၏ နှုတ်သတ္တိကို ပေးတော်မူသည်။

ထာဝရဘုရားက သူ၏ ကျွန်တို့အားပေးခဲ့သောအရာနှင့် မည်သည့်အရာကို ပြောဆိုခဲ့သနည်း။
ပင်ပန်းသောသူအား မစရန် စကားပြောတတ်ခြင်းကို ပြောဆိုခဲ့သည်။

Isaiah 50:5

သူသည် မငြင်းမဆန်ဘဲ နောက်သို့မဆုတ်သောကြောင့် ထာဝရဘုရား၏ ကျွန်တို့က မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ထာဝရဘုရား၏ ကျွန်တို့ကို ရိုက်သော သူတို့အား ကျောကိုရင်း၊ နားပန်း ဆံကို နှုတ်သောသူတို့အား ပါးကိုရင်း ငါအပ်သည်။ အရှက်ခွဲခြင်းနှင့် တံထွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲခြင်းကို ပြုလုပ်ခဲ့သည်။

Isaiah 50:7

ထာဝရဘုရား၏ ကျွန်တို့က မရှုံးရဟု အဘယ်ကြောင့် ပြောဆိုခဲ့သနည်း။
ထာဝရဘုရားက သူတို့ကို စောင့်မတော်မူမည်ဖြစ်သောကြောင့် မရှုံးရဟု ပြောဆိုခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Isaiah 50:8

ထာဝရဘုရား၏ ကျွန်တို့ကို ရန်ဘက်ပြု၍ သူတို့ကို အပြစ်ရှိကြောင်း ကြွေးကြော်သောသူများသည် မည်သို့ဖြစ်လိမ့်မည်နည်း။

ထာဝရဘုရား၏ ကျွန်တို့ကို ရန်ဘက်ပြု၍ သူတို့ကို အပြစ်ရှိကြောင်း ကြွေးကြော်သောသူများသည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်ကြ၍ ပိုးကိုက်စားခြင်းကိုလည်း ခံရကြလိမ့်မည်။

Isaiah 50:10

ထာဝရဘုရားကို ကြောက်ရွံ့သောသူ၊ သူ့ကျွန်၏ စကားကို နားထောင်သောသူနှင့် အလင်းမရှိဘဲ မှောင်မိုက်၌ သွားလာသောသူများသည် မည်သည့်အရာကို လုပ်သင့်သနည်း။

ထိုသူသည် ထာဝရဘုရား၏ နာမတော်ကို ခိုလှုံ၍၊ မိမိဘုရားသခင်ကို အမှီပြု၍ ကိုးစားသင့်သည်။

Isaiah 50:11

ထာဝရဘုရား၏ ကျွန်တို့က မီးစများ၌ သွားလာကြသောအခါ မည်ကဲ့သို့ ဖြစ်လိမ့်နည်း။

ဝမ်းနည်းလျက် အိပ်ရခြင်းအကျိုးကို ထာဝရဘုရား၏ ကျွန်တို့က ခံရကြလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 51

1 ဖြောင့်မတ်ခြင်းတရားသို့ လိုက်၍ ထာဝရ ဘုရားကို ရှာသောသူတို့၊ ငါ့စကားကို နားထောင်ကြ လော့။ သင်တို့ကို ခုတ်ယူရာ
ကျောက်နှင့်၊ တူးယူရာ တွင်းဝကို ကြည့်ရှုကြလော့။ 2 သင်တို့၏အဘ အာဗြဟံနှင့်၊ သင်တို့ကို ဘွား သော သူစာရာတို့ကို
ကြည့်ရှုကြလော့။ ငါသည် တယောက်တည်းသောသူ အာဗြဟံကို ခေါ်၍၊ ကောင်း ကြီးပေးသဖြင့် များပြားစေ၏။ 3 ထိုသို့နှင့်အညီ၊
ထာဝရဘုရားသည် ဇိအုန်မြို့ကို ချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံရာ အရပ်အလုံး စုံတို့ကို ချမ်းသာပေးမည်။ သူ၏တောကို
ဧဒင်အရပ်ကဲ့ သို့၎င်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ဥယျာဉ်ကဲ့သို့ ၎င်း ဖြစ်စေတော်မူသဖြင့်၊ ဇိအုန်မြို့သည် ဝမ်းမြောက်ရွှင်
လန်းခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်း၊ သီချင်းဆိုခြင်း နှင့် ပြည့်စုံလိမ့်မည်။ 4 ငါ၏လူမျိုး၊ ငါ့လူစုတို့၊ ငါ့စကားကို နားထောင်
နာယူကြလော့။ ငါ့ထံမှ တရားထွက်၍ ငါစီရင်ချက်သည် လူများလင်းစရာဘို့ တည်ရလိမ့်မည်။ 5 ငါ၏ဖြောင့်မတ်ခြင်းတရားသည်
အနီးမှာရှိ၏။ ငါ၏ကယ်တင်ခြင်းတရားသည် ထွက်သွားပြီ။ ငါ့လက်ရုံး သည် လူတို့တွင် တရားမှုကို စီရင်လိမ့်မည်။ တကျွန်း
တနိုင်ငံသားတို့သည် ငါ့ကို မြော်လင့်၍၊ ငါ့လက်ရုံးကို ကိုးစားကြလိမ့်မည်။ 6 မိုဃ်းကောင်းကင်ကို မျှော်၍ကြည့်ကြလော့။
မြေကြီးကိုလည်း ငုံ့၍ ကြည့်ကြလော့။ မိုဃ်းကောင်းကင် သည် မီးခိုးကဲ့သို့ ကွယ်ပျောက်၍၊ မြေကြီးသည် အဝတ် ကဲ့သို့
ဟောင်းနွမ်းလိမ့်မည်။ မြေကြီးသားတို့သည် ခြင် ကောင်ကဲ့သို့ သေကြလိမ့်မည်။ ငါ၏ ကယ်တင်ခြင်းတရား မူကား
အစဉ်အမြဲတည်လိမ့်မည်။ ငါ၏ ဖြောင့်မတ်ခြင်း တရားလည်း ပပျောက်ခြင်း မရှိနိုင်ရာ။ 7 ဖြောင့်မတ်ခြင်းတရားကိုသိ၍၊
ငါ၏တရားကို နှလုံးသွင်းမိသော သူတို့၊ ငါ့စကားကို နားထောင်ကြ လော့။ လူတို့သည် အပြစ်တင်မည်ဟု မစိုးရိမ်ကြနှင့်။
လူတို့ကဲ့ရဲ့ခြင်းကို မကြောက်ကြနှင့်။ 8 အကြောင်းမူကား၊ ပိုးရွတို့သည် သိုးမွေးအဝတ် ကို ကိုက်စားသကဲ့သို့၊ ထိုသူတို့ကို
ကိုက်စားဖျက်ဆီးကြ လိမ့်မည်။ ငါ၏ဖြောင့်မတ်ခြင်းတရားမူကား နိစ္စထာဝရ ဖြစ်၍၊ ငါ၏ ကယ်တင်ခြင်းတရားသည်လည်း ကမ္ဘာ
အဆက်ဆက် တည်လိမ့်သတည်း။ 9 အို ထာဝရဘုရား၏ လက်ရုံးတော်၊ နိုးတော်မူ ပါ။ နိုး၍ ခွန်အားကို ယူတော်မူပါ။ ရှေးကာလနှင့်
လွန် ဘူးသော ကာလ၌ကဲ့သို့ နိုးတော်မူပါ။ ရာခပ်ကို ဒဏ်ခတ် ၍ နဂါးကို နာစေသောသူကား၊ ကိုယ်တော်ပင် မဟုတ် လော။ 10
ပင်လယ်ရေ၊ နက်နဲရာရေတို့ကို ခန်းခြောက်စေ ၍၊ ပင်လယ်နက်နဲရာ အရပ်တို့ကို ရွေးနှုတ်သော သူများ
သွားစရာလမ်းဖြစ်စေသောသူကား၊ ကိုယ်တော်ပင် မဟုတ်လော။ 11 သို့ဖြစ်၍၊ ထာဝရဘုရားကယ်လွှတ်တော်မူသော သူတို့သည်
ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်း မြောက်ခြင်းသရဖူကို ဆောင်းလျက်၊ ဇိအုန်မြို့သို့ ရောက် ကြလိမ့်မည်။
ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကို ရကြ၍၊ ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့် မည်။ 12 သင်တို့ကို
နှစ်သိမ့်စေသော သူကား၊ အခြားသူ မဟုတ်၊ ငါကိုယ်တိုင်ပေတည်း။ သေရသော လူကို၎င်း၊ မြက်ပင်ကဲ့သို့ ဖြစ်လတံ့သော
လူသားကို၎င်း၊ သင်သည် ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော သဘော ရှိသနည်း။ 13 မိုဃ်းကောင်းကင်ကို
ကြက်တော်မူထသော၊ မြေကြီးကိုလည်း တည်တော်မူထသော၊ သင့်ကို ဖန်ဆင်း တော်မူသော ထာဝရဘုရားကို သင်သည် မေ့လျော့၍၊
ညှဉ်းဆဲသောသူသည် ငါ့ကို ဖျက်ဆီးလုပြီဟု စိတ်ထင်နှင့်၊ သူ၏ဒေါသအမျက်ကို အစဉ်ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော
သဘောရှိသနည်း။ ယခုမှာ ညှဉ်းဆဲ သော သူ၏ဒေါသအမျက်သည် အဘယ်မှာ ရှိသနည်း။ 14 အချုပ်ခံရသော သူသည် ထောင်ထဲမှာ
မသေ၊ ရေစာမပြတ်၊ လျင်မြန်စွာ ကယ်နှုတ်ခြင်းသို့ ရောက်လိမ့် မည်။ 15 ငါသည် သမုဒ္ဒရာကို ဆုံးမ၍ လှိုင်းတံပိုးကို ဟုန်းစေသော
သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ထိုဘုရား၏နာမတော်ကား၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားပေတည်း။ 16
မိုဃ်းကောင်းကင်ကို ဆောက်၍၊ မြေကြီးကို တည်စေခြင်းငှါ၎င်း၊ သင်သည် ငါ၏လူမျိုးဖြစ်၏ဟု ဇိအုန်မြို့ကို ပြောစေခြင်းငှါ၎င်း၊
ငါ့စကားကို သင်၏နှုတ် ထဲမှာ ငါထားပြီ။ ငါ့လက်၏အရိပ်နှင့် သင့်ကို ငါမိုးပြီ။ 17 ထာဝရဘုရား၏လက်တော်၌ အမျက်တော်
ဖလားကို သောက်သော ယေရုရှလင်မြို့၊ နိုးလော့။ နိုး၍ ထလော့။ သင်သည် တုန်လှုပ်စေသောဖလားကို အကုန် သောက်ခဲ့ပြီ။
အနည်အဖက်ကိုလည်း ညှစ်ခဲ့ပြီ။ 18 ကိုယ်တိုင်ဘွားမြင်သော သားတို့တွင်၊ သင့်ကို လမ်းပြသော သူတယောက်မျှမရှိ။
ကိုယ်တိုင်မွေးစားသော သားတို့တွင်၊ သင့်ကို လက်ဆွဲသော သူတယောက်မျှမရှိ။ 19 အစာခေါင်းပါး၍ လူဆိတ်ညံခြင်းဘေး၊ ထား ဖြင့်
ဖျက်ဆီးခြင်းဘေးတည်းဟူသော ဘေးနှစ်ပါးတို့သည် သင်၏အပေါ်မှာ ရောက်လာသည်ဖြစ်၍၊ သင့်အတွက် အဘယ်သူ
ငိုကြွေးမြည်တမ်းသနည်း။ ငါသည် အဘယ် သို့ ချမ်းသာပေးနိုင်သနည်း။ 20 သင်၏သားတို့သည် မိန်းမောတွေဝေကြ၏။ ကျော့ကွင်း၌
ဘမ်းမိသော စိုင်ကဲ့သို့ ခပ်သိမ်းသော လမ်း ဝမှာအိပ်၍၊ ထာဝရဘုရား၏ အမျက်ထွက်တော်မူခြင်း၊
သင်၏ဘုရားသခင်ဆုံးမတော်မူခြင်းနှင့် ဝကြ၏။ 21 သို့ဖြစ်၍၊ ညှဉ်းဆဲခြင်းကို ခံရသောသူ၊ စပျစ် ရည်မှတပါး အခြားသော
ယစ်မျိုးနှင့် ယစ်မူးသောသူ၊ နားထောင်လော့။ 22 သင်၏အရှင်၊ မိမိလူတို့၏အမှုကို စောင့်တော်မူ သော
သင်၏ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ကြည့်ရှုလော့။ တုန်လှုပ်စေသော ဖလား၊ ငါ့အမျက် တော်ဖလား၏
အနည်အဖတ်ကို သင်၏လက်မှ ငါရုပ်၍၊ သင်သည် နောက်တဖန်မသောက်ရ။ 23 သင်သည် ခရီးသွားသော သူတို့ရှေ့မှာ ကိုယ်ကို
မြေတန်တားလုပ်၍၊ အလျားဝပ်စေခြင်းငှါ ဝပ်လျက်နေ တော့။ ငါကျော်သွားမည်ဟုဆို၍၊ သင့်ကို ညှဉ်းဆဲသော သူတို့လက်၌
ထိုဖလားကို ငါထားမည်။

 generated on Sun Jun 30 02:37:40 2024

## Chapter 52

[1] အို ဇိအုန်မြို့၊ နိုးလော့။ နိုး၍ ခွန်အားကို ယူလော့။ အိုယေရုရှလင်မြို့တည်းဟူသော၊ သန့်ရှင်းသော မြို့၊ သင်၏တင့်တယ်သော
အဝတ်တန်ဆာတို့ကို ဝတ် ဆင်လော့။ အကြောင်းမူကား၊ နောက်တဖန်အရေဖျား လှီးခြင်းကို မခံသောသူနှင့် ညစ်ညူးသော သူတို့သည်
သင်၏အထဲသို့ မဝင်ရကြ။ [2] အိုယေရုရှလင်မြို့၊ ကိုယ်၌ ကပ်သော မြေမှုန့်ကို ခါလိုက်၍၊ မြင့်သော အရပ်၌ ထိုင်လော့။ အိုချုပ်ထား
လျက်ရှိသော ဇိအုန်သတို့သမီး၊ သင်၏လည်ကြိုးကို ချွတ် လော့။ [3] ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ သည် ကိုယ်ဘိုးငွေကို
မရဘဲ ကျွန်ခံရသည်ဖြစ်၍၊ ငွေမပေးဘဲ ရွေးခြင်းသို့ ရောက်ကြလိမ့်မည်။ [4] အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏လူတို့သည်
အထက်က အဲဂုတ္တုပြည်၌ တည်းခိုအံ့ သောငှါ သွားကြ၏။ နောက်မှ အာရှုရိလူတို့သည် အကြောင်းမရှိဘဲ ညှဉ်းဆဲကြ၏။ [5]
ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ လူတို့ကို အကြောင်းမရှိဘဲ ယူသွား၍၊ အစိုးရသော သူတို့သည် ဝါကြွားလျက် ငါ့နာမကို
နေ့တိုင်းကဲ့ရဲ့ကြသည် ဖြစ်၍၊ ငါသည် အဘယ်သို့ ပြုရမည်နည်း။ [6] သို့ဖြစ်၍၊ ငါ၏လူတို့သည် ငါ့ကို သိကြလိမ့်မည်။
ဂတိထားသောသူကား၊ ငါဖြစ်သည်ကို အချိန်ရောက်မှ သိကြလိမ့်မည်။ အကယ်စင်စစ် ငါရှိသည်ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ [7]
ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာ သိတင်းကို
ကြားပြောသောသူ၊ သင်၏ ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသော သူ၏ ခြေတို့သည် တောင်ပေါ်မှာ
အလွန်တင့်တယ်လှစွ တကား။ [8] သင်၏ကင်းစောင့်တို့၏အသံကို နားထောင်ကြ လော့။ သူတို့သည် အသံကို လွှင့်၍၊ ရွှင်လန်းသော
အသံ နှင့် တညီတညွတ်တည်း ကြွေးကြော်ကြ၏။ အကြောင်းမူ ကား၊ ထာဝရဘုရားသည် ဇိအုန်မြို့သို့ ပြန်လာတော်မူ ကြောင်းကို
ကိုယ်တိုင်မြင်ရကြ၏။ [9] ယေရုရှလင်မြို့၌ ပြိုပျက်ရာအရပ်တို့၊ တညီ တညွတ်တည်း သီချင်းဆိုသံနှင့် ကြွေးကြော်ကြလော့။
ထာဝရဘုရားသည် မိမိလူတို့ကို နှစ်သိမ့်စေတော်မူပြီ။ ယေရုရှလင်မြို့ကို ရွေးနှုတ်တော်မူပြီ။ [10] ထာဝရဘုရားသည် ခပ်သိမ်းသော
လူအမျိုးမျိုး တို့ ရှေ့မှာ၊ သန့်ရှင်းသော လက်ရုံးတော်ကို ဖွင့်ပြတော်မူ သဖြင့်၊ မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏
ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတံ့။ [11] ထွက်ကြ။ ထွက်ကြ။ ထိုအရပ်မှ ထွက်သွားကြ လော့။ မစင်ကြယ်သောအရာကို
လက်နှင့်မျှ မတို့ကြနှင့်။ ထိုအရပ်ထဲက ထွက်သွားကြလော့။ ထာဝရဘုရား၏ အဆောက်အဦးတို့ကို ဆောင်ရွက်သော သူတို့၊ သန့်ရှင်း
ခြင်းရှိကြလော့။ [12] သင်တို့သည် အလျင်အမြန် မထွက်ရကြ။ ပြေး ၍ မသွားရကြ။ ထာဝရဘုရားသည် သင်တို့ရှေ့၌ ကြွ တော်မူမည်။
နောက်၌လည်း ဣသရေလအမျိုး၏ ဘုရား သခင်သည် သင်တို့ အကွယ်အကာဖြစ်တော်မူမည်။ [13] ကြည့်ရှုလော့။ ငါ့ကျွန်သည်
အမှုဆောင်၍ အောင်လိမ့်မည်။ ချီးမြှောက်ချီးမြှင့်ခြင်းသို့ ရောက်၍၊ အထွဋ်အမြတ်ဖြစ်လိမ့်မည်။ [14] သူသည် လူမဟုတ်သကဲ့သို့
မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်းရှိသည် ကို၊ အများသော သူတို့သည် အံ့သြမိန်းမောကြသည်
ဖြစ်၍၊ [15] ထိုအတူ သူသည် အများသော လူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိ တို့ နှုတ်ကို ပိတ်၍
နေရကြလိမ့်မည်။ သူတပါး မပြဘူး သောအရာကို သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူး သော အရာကိုလည်း
နားလည်ကြလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 53

[1] ငါတို့ ဟောပြောသော သိတင်းစကားကို အဘယ်သူ ယုံသနည်း။ ထာဝရဘုရား၏ လက်တော် သည် အဘယ်သူအား
ထင်ရှားတော်မူသနည်း။ [2] ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သောအတက်ကဲ့သို့၎င်း၊
ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ် ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။ [3]
မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံး သော သူဖြစ်၏၊ ငြိုငြင်သောသူ၊ နာကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သော သူဖြစ်၏။
သူတပါးမျက်နှာလွှဲခြင်းကို ခံရ သော သူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။ [4] သို့သော်လည်း၊
ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ် တော်မူခြင်းကို၎င်း၊ ဘုရားသခင်ဆုံးမ၍
နှိမ့်ချတော်မူ ခြင်းကို၎င်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ် ကြပြီ။ [5] ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များ ကြောင့်၊
နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်း သည် သူ့အပေါ်သို့
ရောက်၍၊ သူခံရသော ဒဏ်ချက်အား ဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။ [6] ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊
ကိုယ်လမ်းသို့အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌
တင်တော်မူ၏။ [7] ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကို ခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွား သော
သိုးသငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကို မဖွင့်ဘဲ နေ၏။ [8]
မတရားစွာ စီရင်ခြင်းအားဖြင့် သူ့ကို ထုတ်သွား ကြ၏။ အသက်ရှင်သော သူတို့၏ နေရာမှ သူ့ကို သုတ် သင်ပယ်ရှင်းသည်ဖြစ်၍၊
သူ၏အမျိုးအနွယ်ကို အဘယ် သူပြည့်ဆွန်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ် တော်မူခြင်းကို ခံလေ၏။ [9] ပြစ်မှားခြင်းကို
မပြု။ သူ၏နှုတ်၌ မုသာမရှိ သော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှါ စီရင် ကြ၏။ သို့ရာတွင် သေပြီးမှ သူဌေး၌ ရှိ၏။ [10]
ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလို တော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသော ယဇ်ကိုပူဇော်ပြီးမှ၊
အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌
ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ [11] မိမိစိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော
ငါ၏ကျွန် ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသော သူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို
ကိုယ်တိုင်ဆောင်ရွက်ရ၏။ [12] ထိုသို့ မိမိအသက်ကို သေခြင်း၌ သွန်း၍၊ မတရားသော သူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သ ဖြင့်၊
လူများတို့၏အပြစ်ကို ဆောင်ရွက်၍၊ မတရားသော သူတို့အဘို့ တောင်းပန်သောကြောင့်၊ လူကြီးတို့ကို သူ၏ အဘို့ဖြစ်စေခြင်းငှါ
ငါခွဲမည်။ အစွမ်းသတ္တိရှိသော သူတို့ ကို သူ၏လက်ရဥစ္စာကဲ့သို့၊ ကိုယ်တိုင်ဝေဖန်ရသော အခွင့် ရှိလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 54

[1] သားမဘွားသော အမြုံမ၊ ဝမ်းမြောက်လော့။ သားဘွားခြင်းဝေဒနာကို မခံသေးသော မိန်းမ၊ ကြွေး ကြော်အော်ဟစ်လော့။
အကြောင်းမူကား၊ စွန့်ထားသော မိန်းမသည် လင်ရှိသော မိန်းမထက်သာ၍ များသော သားတို့ကို ဘွားမြင်ပြီဟု
ထာဝရဘုရားမိန့်တော်မူ၏။ [2] သင်၏တဲရာကို ကျယ်စေလော့။ သင်၏နေရာ မျက်နှာကြက်ကို ကြက်ဦးလော့။ နှမြောသော စိတ်မရှိ
နှင့်။ ကြိုးတို့ကို ရှည်စေဦးလော့။ တိုင်တို့ကို မြဲစွာ စိုက် လော့။ [3] အကြောင်းမူကား၊ သင်သည် လက်ျာဘက်၊ လက်ဝဲဘက်၌
တိုးပွားလိမ့်မည်။ သင်၏အမျိုးအနွယ် သည် တပါးအမျိုးသားတို့ကို အမွေခံ၍၊ သူတို့၏ ဆိတ်ညံ သော မြို့တို့၌ နေကြလိမ့်မည်။ [4]
မစိုးရိမ်နှင့်။ ရှက်ကြောက်ခြင်းသို့မရောက်ရ။ မျက်နှာမပျက်နှင့်။ အရှက်ကွဲခြင်းကို မခံရ။ အသက် ငယ်စဉ်အခါ ခံရသော
ရှက်ကြောက်ခြင်းကို မေ့လျော့ လိမ့်မည်။ မုတ်ဆိုးမဖြစ်၍ ခံရသော ကဲ့ရဲ့ခြင်းကို နောက် တဖန် မအောက်မေ့ရ။ [5] အကြောင်းမူကား၊
သင့်ကို ဖန်ဆင်းသော သူ သည် သင်၏လင်ဖြစ်တော်မူ၏။ နာမတော်ကား၊ ကောင်း ကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်း။ သင့်ကို
ရွေးနှုတ် သော သူသည် ဣသရေလအမျိုး၌ သန့်ရှင်းသော ဘုရား ဖြစ်တော်မူ၏။ မြေကြီးတပြင်လုံးကို အစိုးရသော ဘုရားဟူ၍
ခေါ်ရကြ၏။ [6] စွန့်ပစ်၍ စိတ်ငြိုငြင်သော မိန်းမ၊ ငယ်စဉ်တွင် မယားဖြစ်၍၊ နောက်မှ ငြင်းပယ်သော မိန်းမကို တဖန် ခေါ်သကဲ့သို့
သင့်ကို ငါခေါ်မည်ဟု သင်၏ဘုရားသခင် မိန့်တော်မူ၏။ [7] သင့်ကို ခဏသာ ငါစွန့်သည် ဖြစ်၍၊ များစွာ သော ကရုဏာနှင့်
တဖန်သိမ်းဆည်းဦးမည်။ [8] ပြင်းစွာသော အမျက်ထွက်၍ ခဏမျှ ငါမျက်နှာ လွှဲသော်လည်း၊ ထာဝရမေတ္တာနှင့် သင့်ကို ကယ်မသနား
ဦးမည်ဟု သင့်ကို ရွေးနှုတ်သော ထာဝရဘုရား မိန့်တော် မူ၏။ [9] နောဧလက်ထက်၌ လွှမ်းမိုးသောရေကို ငါသည် မှတ်၍၊ ထိုရေသည်
မြေကြီးကို နောက်တဖန်မလွှမ်းမိုးရ ဟု ကျိန်ဆိုခြင်းကို ပြုသည်နည်းတူ၊ သင့်ကို အမျက် မထွက်၊ မဆုံးမဟု ကျိန်ဆိုခြင်းကို ပြုပြီ။ [10]
တောင်ကြီးတို့သည် ရွေ့၍၊ တောင်ငယ်တို့သည် လှုပ်ရှားသော်လည်း၊ ငါ၏မေတ္တာသည် သင်မှ မရွေ့ရ။ ငါ၏ငြိမ်သက်ခြင်း
ပဋိညာဉ်လည်း မလှုပ်ရှားရဟု သင်၌ သနားခြင်းကရုဏာစိတ်ရှိတော်မူသော ထာဝရဘုရား မိန့်တော်မူ၏။ [11] အို ညှဉ်းဆဲခြင်းနှင့်
မိုဃ်းသက်မုန်တိုင်း တိုက် ခြင်းကို ခံရ၍၊ သက်သာမရနိုင်သောသူ၊ သင်၏ တိုက်ကို ဟင်းသပြတားသရွတ်နှင့် ငါစေ့စပ်မည်။
တိုက်မြစ်ကို နီလာဖြင့်၎င်း၊ [12] ပြအိုးတို့ကို ကျောက်နီဖြင့်၎င်း၊ တံခါးတို့ကို ပတ္တ မြားဖြင့်၎င်း၊ ပတ်ဝန်းကျင်တန်ဆာများကို
ကျောက်မြတ် အမျိုးမျိုးဖြင့်၎င်း ငါပြီးစေမည်။ [13] သင်၏သားသမီးအပေါင်းတို့သည် ထာဝရ ဘုရား ဆုံးမ
သွန်သင်တော်မူသောသူဖြစ်၍၊ များစွာ သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ ကြလိမ့်မည်။ [14] သင်သည် ဖြောင့်မတ်ခြင်းတရားအားဖြင့်
တည် လိမ့်မည်။ ညှဉ်းဆဲခြင်းနှင့် ဝေးသည်ဖြစ်၍ မကြောက်ရ။ ထိတ်လန့်ခြင်းသည်လည်း ဝေး၍၊ သင့်အနီးသို့မရောက် ရ။ [15]
ငါ၏အခွင့်မရှိဘဲ သင့်တဘက်၌ အဘယ်သူမျှ နေရာမကျရ။ နေရာကျဘူးသောသူတို့သည် သင့်ဘက်သို့ ဝင်စားကြလိမ့်မည်။ [16]
မီးကိုမှုတ်၍၊ မိမိအလုပ်တည်းဟူသောလက်နက် ကိုလုပ်တတ်သောပန်းပဲကို၎င်း၊ ဖျက်ဆီးစေခြင်းငှါ ဖျက်ဆီးသောသူကို၎င်း
ငါဖန်ဆင်း၏။ [17] သင့်တဘက်၌ လုပ်သောလက်နက် တစုံတခုမျှ အထမမြောက်ရ။ သင့်ကိုတရား တွေ့သောသူ မည်သည် ကား၊
အရှုံးခံရလိမ့်မည်။ ထာဝရဘုရား၏ ကျွန်တို့သည် ထိုသို့သော အမွေကို ခံရ၍၊ ငါ့ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြလိမ့်မည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 55

[1] အိုရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့ လာ ကြလော့။ ငွေမရှိသောသူတို့၊ လာကြ။ ဝယ်၍ စားသောက် ကြလော့။ ငွေမပါဘဲ၊
အဘိုးကိုမပေးဘဲလာ၍ စပျစ်ရည် နှင့် နို့ကို ဝယ်ကြလော့။ [2] အစာမဟုတ်သောအရာအဘို့ သင်တို့ငွေကိုငင်း၊
အမွတ်မပြေနိုင်သောအရာအဘို့ သင်တို့ဥစ္စာကိုငင်း၊ အဘယ်ကြောင့် ကုန်စေကြသနည်း။ ငါ့စကားကို စေ့စေ့ နားထောင်လျက်၊
ကောင်းသောအစာကို စားကြလော့။ သင်တို့၏ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကိုမိမိ မွေ့လျော်စေလိမ့်မည်။ [3] နားညွတ်သော
နားနှင့် ငါ့ထံသို့ လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။ ငါသည်လည်း၊
သင်တို့နှင့် ထာဝရ ပဋိညာဉ်ပြု၍၊ ဒါဝိဒ်၌ မြဲမြံသော ကျေးဇူးတော်ကို သင်တို့ အား ပေးမည်။ [4] ကြည့်ရှုလော့။ ထိုသူကို
ဥပဇ္ဈာယ်ဆရာဖြစ်စေ ခြင်းငှါငင်း၊ စီရင်အုပ်စိုးသော အရှင်ဖြစ်စေခြင်းငှါငင်း၊ လူမျိုးတို့အား ငါပေးပြီ။ [5] ကြည့်ရှုလော့။ သင်သည်
မသိဘူးသော လူမျိုးကို ခေါ်လိမ့်မည်။ သင့်ကို မသိဘူးသော လူမျိုးတို့သည်လည်း၊ သင်၏ဘုရားသခင် ထာဝရဘုရား၊
ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရားကြောင့်၊ သင့်ထံသို့ ပြေးလာကြလိမ့် မည်။ ထိုဘုရားသည် သင်၏ဘုန်းကို ပွင့်စေတော်မူ၏။
[6] တွေ့နိုင်သည် ကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသည်ကာလတွင် ဆုတောင်း ပဌနာပြုကြလော့။ [7] ဆိုးသော
သူသည် မိမိလမ်းကိုငင်း၊ မတရား သောသူသည် မိမိအကြံတို့ကိုငင်း စွန့်ပစ်၍၊ ထာဝရ ဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင်
သနား တော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲ ပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူ လိမ့်မည်။ [8]
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံ အစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏
အကျင့်နှင့်မတူ။ [9] မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့် သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်ငင်း၊
ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်း သာ၍ မြင့်၏။ [10] မိုဃ်းရေနှင့် မိုဃ်းပွင့်တို့သည် မိုဃ်းကောင်းကင် မှ
ဆင်းသက်၍ နောက်တဖန်မပြန်၊ မြေသည် မျိုးစေ့ကြဲ သောသူအား မျိုးစေ့ကိုငင်း၊ အစာစားသောသူအား
အစာကိုငင်းပေးမည်အကြောင်း၊ မြေကို စိုစေသဖြင့်၊ အပင်ပေါက်စေ၍၊ အသီးကို သီးစေသကဲ့သို့၊ [11] ထိုအတူ
ငါ၏နှုတ်ကပတ်စကားသည် ဖြစ်လိမ့် မည်။ အကျိုးမရှိဘဲ ငါ့ထံသို့ မပြန်ရ။ ငါ့အလိုကို ပြည့်စုံ စေမည်။ ငါစေခိုင်းသော အမှု၌
အောင်လိမ့်မည်။ [12] သင်တို့သည် ဝမ်းမြောက်သော စိတ်နှင့်ထွက်၍၊ ချမ်းသာစွာ ပို့ခြင်းကို ခံရကြလိမ့်မည်။ တောင်ကြီး
တောင်ငယ်တို့သည် သင်တို့ရှေ့မှာ သီချင်းဆိုသံနှင့် ကြွေး ကြော်၍၊ တော၌ရှိသမျှသော အပင်တို့သည် လက်ခုပ်တီး ကြလိမ့်မည်။ [13]
အမျိုးမျိုးသော ဆူးပင်အရာ၌ ထင်းရှူးပင်နှင့် မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်။ ထိုအမှုသည် ထာဝရဘုရားရှေ့တော်၌
အောက်မေ့ဘို့ရာ၊ မပျောက် မပျက်ရသော ထာဝရသက်သေဖြစ်ရလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 56

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ တရားကို စောင့်၍ ဖြောင့်မတ်စွာ ကျင့်ကြလော့။ ငါ၏ကယ်တင် ခြင်း ကျေးဇူးရောက်ချိန်နှင့်၊
ငါ၏ဖြောင့်မတ်ခြင်းတရား ထင်ရှားချိန်ရောက်လုနီးပြီ။ 2 ထိုသို့ပြုသောသူ၊ အမြဲစွဲလမ်းသော လူသား သည်၊ ဥပုသ်နေ့ကို မရှုတ်ချ၊
စောင့်ရှောက်၍ ဒုစရိုက်ကို မပြုမည်အကြောင်း၊ မိမိလက်ကို ချုပ်တည်းလျှင်လည်း မင်္ဂလာရှိ၏။ 3 ထာဝရဘုရား၌ မှီဝဲသော
တပါးအမျိုးသားက၊ ထာဝရဘုရားသည် ငါ့ကို မိမိလူမျိုးနှင့် ရှင်းရှင်းခွဲထား တော်မူပြီဟု မဆိုစေနှင့်။ မိန်းမလျှာကလည်း၊ ငါသည်
သွေ့ခြောက်သော အပင်ဖြစ်သည်ဟု မဆိုစေနှင့်။ 4 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ဥပုသ် နေ့ကို စောင့်လျက်၊
ငါနှစ်သက်သောအရာကို ရွေးယူ၍၊ ငါ၏ပဋိညာဉ်ကို မှီဝဲသော မိန်းမလျှာတို့အား၊ 5 သားသမီးတို့ ထက်မြတ်သောအရာ၊ မြတ်သော
နာမကို ငါ့အိမ်၊ ငါ့တန်တိုင်းအတွင်း၌ ငါပေးမည်။ မပျောက်နိုင်သော ထာဝရနာမကို သူတို့အား ငါပေးမည်။ 6 ထာဝရဘုရားထံ၌
အမှုစောင့်ခြင်း၊ နာမတော် ကို ချစ်ခြင်း၊ ကျွန်တော်ရင်းဖြစ်ခြင်း အလိုငှါ၊ ထာဝရ ဘုရား၌မှီဝဲသော တပါးအမျိုးသားတို့ကိုငင်း၊
ဥပုသ်နေ့ကို မရှုတ်ချ၊ စောင့်ရှောက်၍၊ ငါ၏ပဋိညာဉ်ကို စွဲလမ်းသော သူအပေါင်းတို့ကိုငင်း၊ 7 ငါ၏သန့်ရှင်းသော တောင်သို့
ငါဆောင်ခဲ့၍၊ ငါ၏ပဌနာအိမ်၌ ဝမ်းမြောက်စေမည်။ သူတို့ မီးရှို့ရာ ယဇ်နှင့် ယဇ်အမျိုးမျိုးတို့ကို ငါ့ယဇ်ပလ္လင်ပေါ်မှာ လက်ခံ မည်။
ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာ အိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့။ 8 အရပ်ရပ်၌ ကွဲပြားသော ဣသရေလအမျိုးသား တို့ကို
စုဝေးစေသော အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ စုဝေးပြီးသော သူများမှတပါး အခြားသော သူတို့ကို ထိုအစုအဝေး၌
ငါစုဝေးစေဦးမည်ဟု မိန့်တော် မူ၏။ 9 အို လယ်ပြင်သားအပေါင်းနှင့် တော၌လည် သော သားရဲအပေါင်းတို့၊ ကိုက်စားခြင်းငှါ
လာကြလော့။ 10 သူ၏ကင်းစောင့်တို့သည် မျက်စိကန်းကြ၏။ ရှိသမျှတို့သည် မိုက်ကြ၏။ အ၍မဟောင်နိုင်သော ခွေး၊
ယောင်ယမ်းသောခွေး၊ အိပ်လျက်အိပ်ချင်အားကြီးသော ခွေးဖြစ်ကြ၏။ 11 စားချင်အားကြီး၍ ဝမ်းမပြည့်နိုင်သော ခွေး လည်း
ဖြစ်ကြ၏။ သိုးထိန်းတို့သည်လည်း မကြည့်မရှု တတ်ကြ။ ထိုသိုးထိန်းရှိသမျှတို့သည် လမ်းလွှဲ၍ မိမိတို့ လမ်းသို့ လိုက်ကြပြီ။
တယောက်မျှမကြွင်း၊ တညီတညွတ် တည်း ကိုယ်အကျိုးစီးပွားကိုသာ ရှာကြ၏။ 12 လာကြ။ စပျစ်ရည်ကို ယူခဲ့မည်။ သေရည်
သေရက်ကို ဝစွာသောက်ကြစို့။ ယနေ့ဖြစ်သကဲ့သို့ နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမက၊ သာ၍ ကြွယ်ဝလိမ့် မည်ဟု ဆိုတတ်ကြ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 57

1 ဖြောင့်မတ်သော သူသည် ဆုံး၍ ကျေးဇူးပြု တတ်သော သူတို့သည် ပယ်ရှားခြင်းကို ခံရသောအခါ၊ ဖြောင့်မတ်သောသူကို
မကောင်းသော အမှုအရာထဲက ရုပ်သိမ်းပြီဟု အဘယ်သူမျှ မဆင်ခြင်၊ အဘယ်သူမျှ မအောက်မေ့ကြ။ 2 ထိုသို့သော သူသည်
ချမ်းသာထဲသို့ ဝင်ရ၏။ ဖြောင့်မတ်စွာ ကျင့်လျက်မိမိအိပ်ရာပေါ်မှာ ငြိမ်ရ၏။ 3 စုန်းမသား၊ မျောက်မထားသော မိန်းမသား၊
ပြည်တန်ဆာမသားတို့၊ ချဉ်းကပ်ကြလော့။ 4 သင်တို့သည် အဘယ်သူကို ကျီစယ်ကြသနည်း။ အဘယ်သူအား နှုတ်ကိုဖွင့်၍ လျှာကို
ထုတ်ပြကြသနည်း။ သင်တို့သည် ဖောက်ပြန်သောအမျိုး၊ သစ္စာပျက်သော အမျိုးဖြစ်ကြသည်မဟုတ်လော။ 5 စိမ်းသော
သစ်ပင်ရှိသမျှ အောက်မှာ ရုပ်တု ဆင်းတု၌ တပ်မက်သောသူ၊ ချိုင့်ထဲ၊ ကျောက်စောင်း အောက်မှာ သူငယ်ကို
သတ်သောသူမဟုတ်လော။ 6 ချိုင့်ထဲမှာ ချောသောကျောက်ခဲတို့တွင် သင်၏ တာရှိ၏။ ထိုသို့သော အရာတို့သည်
သင်၏အမွေဖြစ်၏။ ထိုသို့သော အရာရှေ့မှာ သွန်းလောင်းရာ ပူဇော်သက္ကာ နှင့် ဘောဇဉ်ပူဇော်သက္ကာကို ပြုတတ်၏။ ထိုအမှုတို့ကို
ငါနှစ်သက်တတ်သလော။ 7 မြင့်လှသော တောင်ကြီးပေါ်မှာ သင်၏ခုတင် ကို ထားပြီးလျှင်၊ ထိုအရပ်သို့တက်၍ ယဇ်ပူဇော်တတ်၏။ 8
သင်အောက်မေ့စရာသက်သေကို တံခါးနှင့် တိုင်နောက်မှာ ထားပြီး။ ငါမှတပါး အခြားသူတို့အား အဝတ်ကို ချွတ်၍၊ အိပ်ရာပေါ်သို့
တက်လေပြီ။ မိမိ ခုတင်ကို ကျယ်စေ၍ သူတို့နှင့် ဝန်ခံပြီ။ သူတို့ခုတင်ကို လည်း တပ်မက်၍၊ နေရာအရပ်ကို ရှာလေပြီ။ 9
ဆီမွှေးပါလျက်၊ ရှင်ဘုရင့်ထံသို့သွားပြီ။ နံ့သာ မျိုးများကို သုံးပြီ။ တမန်တို့ကို ဝေးသော အရပ်သို့ စေလွှတ်၍၊ မရဏာနိုင်ငံတိုင်အောင်
မိမိကိုမိမိ နှိမ့်ချပြီ။ 10 ဝေးစွာခရီးသွား၍ ပင်ပန်းသော်လည်း စိတ် မပျက်။ ကြိုးစား၍ အသက်လွတ်သောကြောင့် အားလျော့ ခြင်းမရှိ။
11 သင်သည် သစ္စာပျက်သည်တိုင်အောင်ငင်း၊ ငါ့ ကို မေ့လျော့၍ သတိမပြုဘဲ နေသည်တိုင်အောင်ငင်း၊ အဘယ်သူကို
ကြောက်ရွံ့သနည်း။ ငါသည် ရှေးကာလမှ စ၍ တိတ်ဆိတ်စွာနေသောကြောင့်၊ သင်သည် ငါ့ကို မကြောက်ဘဲနေသည်မဟုတ်လော။ 12
သင်၏ကုသိုလ်နှင့်၊ သင်ပြုသော အမှုတို့ကို ငါဘော်ပြမည်။ 13 ထိုသို့သော အမှုသည် အကျိုးကို မပေးနိုင်။ သင်သည်
အော်ဟစ်သောအခါ၊ သင်၏အလုံးအရင်းတို့ သည် ကယ်နှုတ်ကြစေ။ လေသည် သူတို့ကို တိုက်သွားလိမ့် မည်။ လေတမှုတ်နှင့်
လွင့်ကြလိမ့်မည်။ ငါ့ကို ကိုးစား သော သူမူကား၊ ပြည်တော်ကို ပိုင်၍၊ ငါ၏သန့်ရှင်းသော တောင်ကို အမွေခံရလိမ့်မည်။ 14 ထိုအခါ
မြေကို ဖို့ကြ။ မြေကို ဖို့ကြ။ လမ်းကို ပြင်ကြ။ ငါ့လူတို့၏ လမ်းခရီး၌ အဆီးအတားမရှိစေနှင့် ဟု ငါပြောဆိုရ၏။ 15
အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော် မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊
အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်း သော အရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်၊
နှလုံးကြေကွဲ သော သူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှါ၊ ကြေကွဲ နှိမ့်ချသော စိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။ 16
ငါသည် အစဉ်မပြတ်တရားတွေ့မည်မဟုတ်။ အစဉ်မပြတ်အမျက်ထွက်မည်မဟုတ်။ ထိုသို့ဟုတ်လျှင်၊ အသက်သည် ငါ့ရှေ့မှာ
ပျောက်၍၊ ငါဖန်ဆင်းသော ဝိညာဉ်သည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ 17 သူ၏လောဘလွန်ကျူးခြင်း အပြစ်ကြောင့်၊ ငါသည်
အမျက်ထွက်၍ ဒဏ်ခတ်လေ၏။ အမျက်ထွက်၍ မျက်နှာကို လွှဲလေ၏။ သူသည်လည်း မိမိအလိုရှိရာ လမ်း သို့ လွှဲသွားလေ၏။ 18
သူ၏အကျင့်ဓလေ့တို့ကို ငါမြင်ပြီ။ သူ့ကို အနာ ပျောက်စေ၍ လမ်းပြဦးမည်။ သူ့ကိုငင်း၊ သူနှင့်အတူ စိတ်ညှိုးငယ်သော သူတို့ကိုငင်း၊
ချမ်းသာပေးဦးမည်။ 19 ငါသည် နှုတ်ခမ်းအသီးကို ဖန်ဆင်း၏။ ဝေး သောသူ၌ငင်း၊ နီးသောသူ၌ငင်း ငြိမ်သက်ခြင်းဖြစ်စေ၊
ငြိမ်သက်ခြင်းဖြစ်စေ၊ သူ၏အနာကို ငါပျောက်စေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 20 မတရားသော သူတို့မူကား၊ မငြိမ်နိုင်ဘဲ လှုပ်
ရှား၍၊ ရွံ့နှင့်အမှိုက်ကို ပက်သောပင်လယ်ရေနှင့် တူကြ ၏။ 21 မတရားသော သူတို့၌ ငြိမ်သက်ခြင်းမရှိဟု ငါ၏ဘုရားသခင်
မိန့်တော်မူ၏။

## Chapter 58

[1] အသံမလျော့ဘဲ ကြွေးကြော်လော့။ တံပိုးသံကဲ့ သို့ အသံကိုလွှင့်၍၊ ယာကုပ်အမျိုးသားဖြစ်သော ငါ၏ လူတို့အား၊
သူတို့ဒုစရိုက်အပြစ်ကို ဘော်ပြလော့။ [2] သူတို့သည် တရားကျင့်သောအမျိုး၊ မိမိဘုရား သခင်၏ပညတ်တို့ကို မစွန့်သောအမျိုးကဲ့သို့၊
နေ့တိုင်း ငါ့ကိုရှာ၍ ငါ၏တရားလမ်း၌ မွေ့လျော်ကြသည်တကား။ ဖြောင့်မတ်စွာ တရားစီရင်ချက်တို့ကို ငါ့ထံမှာ အစဉ် မေးမြန်း၍၊
ဘုရားသခင့်ထံသို့ ချဉ်းကပ်ရာ၌ မွေ့လျော် ကြသည်တကား။ [3] အကျွန်ုပ်တို့သည် အစာရှောင်ခြင်း အကျင့်ကို ကျင့်သောအခါ၊
ကိုယ်တော်သည် အဘယ်ကြောင့်မြင် တော်မမူသနည်း။ အကျွန်ုပ်တို့သည် ခြိုးခြံစွာ ကျင့်သော အခါ၊ ကိုယ်တော်သည် အဘယ်ကြောင့်
သိမှတ်တော်မမူ သနည်းဟုဆိုသော်၊ သင်တို့သည် အစာရှောင်သောနေ့၌ ကိုယ်တိုင်ပျော်မွေ့၍၊ ကျွန်တို့ကိုပင်ပန်းစွာ လုပ်စေကြ၏။ [4]
သင်တို့သည် ငြင်းခုံရန်တွေ့လျက်၊ အဓမ္မ လက်ဆုပ်နှင့် ထိုးလျက် အစာရှောင်ကြ၏။ မြင့်သော အရပ်၌ မိမိတို့ အသံကို
ကြားစေခြင်းငှါ၊ ယခုကာလအခါ အစာရှောင်ကြသည်မဟုတ်။ [5] ငါနှစ်သက်သော အစာရှောင်ခြင်းသည် ထိုသို့ သော
လက္ခဏာရှိသလော။ လူသည် တရက်တွင် ခြိုးခြံစွာ ကျင့်ခြင်း၊ ကိုင်းပင်ကဲ့သို့ ဦးချခြင်း၊ အိပ်ရာဘို့ လျှော်တေ နှင့်ပြာကို ခင်းခြင်း၊
လက္ခဏာရှိလျှင်၊ အစာရှောင်ခြင်း ဟူ၍ငှင်း၊ ထာဝရဘုရားနှစ်သက်တော်မူသော နေ့ရက် ဟူ၍ငှင်း မှည့်အပ်သလော။ [6]
ငါနှစ်သက်သောအစာရှောင်ခြင်းဟူမူကား၊ မတရားသော အချည်အနှောင်ကို ချွတ်ခြင်း၊ လေးသော ဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသော
သူတို့ကို လွှတ်ခြင်း၊ ထမ်းဘိုးရှိသမျှကို ချိုးခြင်းမဟုတ်လော။ [7] မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသောသူတို့ကို
ကိုယ်အိမ်သို့ ဆောင်ခြင်း၊ အဝတ် မရှိသော သူကိုမြင်လျှင်၊ အဝတ်ကို ပေးခြင်း၊ ကိုယ် အသားကို မရှောင်ဘဲနေခြင်း မဟုတ်လော။ [8]
သို့ပြုလျှင် သင်၏အလင်းသည် မိုဃ်းသောက် သော အလင်းကဲ့သို့ ပေါ်ထွန်း၍၊ အလျင်အမြန် ကျန်းမာ ခြင်းသို့ ရောက်လိမ့်မည်။
သင်၏ဖြောင့်မတ်ခြင်း ပါရမီ သည် သင့်ရှေ့၌ သွား၍၊ ထာဝရဘုရား၏ဘုန်းတော် သည် နောက်၌ လုံခြုံစေလိမ့်မည်။ [9] သို့ပြုလျှင်၊
ထာဝရဘုရားသည်၊ သင်ခေါ်သော အခါ ထူးတော်မူလိမ့်မည်။ အော်ဟစ်သောအခါ၊ ငါရှိ သည်ဟု မိန့်တော်မူလိမ့်မည်။ သင်သည်
သင်၏အထဲက ထမ်းဘိုးကိုငှင်း၊ လက်ညှိုးထိုးခြင်းကိုငှင်း၊ ကဲ့ရဲ့သော စကားကိုငှင်း ပယ်ရှား၍၊ [10] မွတ်သိပ်သော သူနှင့်
ဆင်းရဲခံရသော သူကို သနားသောစိတ်နှင့်ချမ်းသာပေးလျှင်၊ မရှင်းလင်းသော အရာမှာ သင်၏အလင်းသည် ပေါ်ထွန်း၍၊ သင်၏
မှောင်မိုက်သည် မွန်းတည့်အလင်းကဲ့သို့ ဖြစ်လိမ့်မည်။ [11] ထာဝရဘုရားသည် သင့်ကို အစဉ် ပဲ့ပြင်တော် မူမည်။ အစာခေါင်းပါးသည်
ကာလ၌ ဝစွာ ကျွေး၍၊ သင်၏အရိုးတို့ကို ခိုင်ခံ့စေတော်မူမည်။ သင်သည် ရေလောင်းသော ဥယျာဉ်ကဲ့သို့ငှင်း၊ ရေမပြတ်နိုင်သော
စမ်းရေတွင်းကဲ့သို့ငှင်း ဖြစ်လိမ့်မည်။ [12] သင်၏အမျိုးအနွယ်သည် ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။
ရှေးကာလ၌တည်ဘူးသော တိုက်မြစ် များအပေါ်မှာ ထပ်ဆင့်၍ တည်ဆောက်ကြလိမ့်မည်။ သင်သည်လည်း၊ ပြိုပျက်သော မြို့ရိုးကို
ပြုပြင်သောသူ၊ လူနေရာလမ်းများကို ပြင်ဆင်သော သူဟူ၍ သမုတ်ခြင်း ကို ခံရလိမ့်မည်။ [13] သင်သည် ဥပုသ်နေ့ကို မရှုတ်ချ။
ငါသန့်ရှင်း သော နေ့မှာ ကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကို မွေ့လျော် ရာနေ့၊ ထာဝရဘုရားအဘို့ သန့်ရှင်းသောနေ့၊ ရိုသေ
ဘွယ်သောနေ့ဟူ၍ ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ် အလိုသို့မလိုက်၊ ကိုယ်စကားကို မပြောဘဲ နေ၍ ထိုနေ့ကို ရိုသေလျှင်၊ [14]
သင်သည် ထာဝရဘုရား၌ ပျော်မွေ့ရလိမ့်မည်။ မြေကြီးပေါ်မှာ မြင့်သော အရပ်တို့ကို ငါစီးစေ၍၊ သင့် အသယာကုပ်၏အမွေဥစ္စာနှင့်
ငါကျွေးမည်ဟု ထာဝရ ဘုရား၏ နှုတ်တော်ထွက်အမိန့်တော်ရှိ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 59

1 ကြည့်ရှုလော့။ ထာဝရဘုရားသည်မကယ်မတင် နိုင်အောင် လက်တော်တိုသည်မဟုတ်။ မကြားနိုင်အောင်
နားတော်ထိုင်းသည်မဟုတ်။ 2 သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊
သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။ 3 သင်တို့လက်သည် အသွေးနှင့်ငှင်း၊ လက်ချောင်း တို့သည် ဒုစရိုက်နှင့်ငှင်း
ညစ်ညူးကြ၏။ သင်တို့သည် နှုတ်ခမ်းနှင့် လျှာအားဖြင့် မုသာစကား၊ အဓမ္မစကားကို ပြောတတ်ကြ၏။ 4 တရားကို
အဘယ်သူမျှမရှာ၊ သစ္စာကို အဘယ် သူမျှမစောင့်၊ အနတ္တကို ကိုးစား၍ မုသာစကားကို ပြော တတ်ကြ၏။ မကောင်းသောအကြံကို
ပဋိသန္ဓေယူ၍၊ အဓမ္မအမှုကို ဘွားကြ၏။ 5 သူတို့သည် မြွေဆိုး၏ အဥတို့ကို ဝပ်၍ ပေါက် စေကြ၏။ ပင့်ကူအမြှေးကိုလည်း
ရက်ကြ၏။ သူတို့ ဥများ ကို စားသော သူသည် သေတတ်၏။ အဥကို ခွဲလျှင် မြွေဆိုးပေါက်တတ်၏။ 6 သူတို့ရက်သော အမြှေးဖြင့်
အဝတ်ကို မလုပ်ရ။ ကိုယ်အကျင့်နှင့် ကိုယ်ကိုမခြုံရကြ။ သူတို့ပြုသော အမှု သည် အဓမ္မအမှုဖြစ်၏။ သူတို့လက်၌ ကြမ်းတမ်းသော
အမှုရှိ၏။ 7 သူတို့ခြေသည် အဓမ္မအမှုကို ပြုခြင်းငှါ ပြေး တတ်၏။ အပြစ်မရှိသော သူ၏အသက်ကို သတ်ခြင်းငှါ လျင်မြန်၏။
သူတို့အကြံသည် အဓမ္မအကြံဖြစ်၍၊ သူတို့ သွားရာလမ်း၌ ပျက်စီးခြင်းနှင့် ဒုက္ခဆင်းရဲခြင်း ရှိ၏။ 8 ချမ်းသာလမ်းကို သူတို့မသိကြ။
သူတို့ခရီးသွား ရာတွင် တရားမပါ။ မိမိတို့သွားစရာဘို့ ကောက်သော လမ်းတို့ကို ပြင်ဆင်ကြပြီ။ လိုက်သွားသော သူမည်သည် ကား၊
ချမ်းသာကို မသိရ။ 9 ထို့ကြောင့်၊ ဖြောင့်မတ်စွာ စီရင်ခြင်းသည် ငါ တို့နှင့်ဝေး၏။ တရားသည်လည်း ငါတို့ကိုမမှီ။ အလင်းကို
မြော်လင့်သောအခါ ရှင်းလင်းခြင်းမရှိ။ ရောင်ခြည်ကို မြော်လင့်သော်လည်း၊ မှောင်မိုက်၌ သွားလာရကြ၏။ 10 မမြင်နိုင်သော သူကဲ့သို့
နံရံကို စမ်းသပ်ရကြ၏။ မျက်စိမရှိသော သူကဲ့သို့ စမ်းသပ်ရကြ၏။ ညအချိန်၌ ဖြစ်သကဲ့သို့ မွန်းတည့်အချိန်၌ ထိမိ၍ လဲကြ၏။
စည်းစိမ် ကို ခံစားလျက်၊ သေသောသူကဲ့သို့ ဖြစ်ကြ၏။ 11 ငါတို့ရှိသမျှသည် ဝံကဲ့သို့မြည်တမ်း၍၊ ချိုးကဲ့သို့ ညည်းညူကြ၏။
တရားစီရင်ခြင်းကို မြော်လင့်၍ မရကြ။ ကယ်တင်ခြင်းကျေးဇူးကို မြော်လင့်သော်လည်း၊ ငါတို့နှင့် ဝေးလှ၏။ 12 ငါတို့အပြစ်တို့သည်
ရှေ့တော်၌ များပြားကြ၏။ ဒုစရိုက်တို့သည် ငါတို့တဘက်၌ သက်သေခံကြ၏။ ကိုယ် အပြစ်တို့သည် ကိုယ်၌ စွဲကပ်လျက်၊
ကိုယ်ပြုမိသော ဒုစရိုက်များကို ကိုယ်သိကြ၏။ 13 ထာဝရဘုရားကို ပြစ်မှားခြင်း၊ ငြင်းပယ်ခြင်းကို ပြု၍၊ ငါတို့၏ဘုရားသခင်ကို
စွန့်ကြပြီ။ ညှဉ်းဆဲသော စကား၊ ပုန်ကန်သော စကားကို ပြောခြင်း၊ မဟုတ်မမှန် သောစကားကို အောက်မေ့၍၊ စိတ်နှလုံးထဲက မြွက်ဆို
ခြင်းကို ပြုကြပြီ။ 14 ဖြောင့်မတ်စွာ စီရင်ခြင်းသည် ဆုတ်သွားပြီ။ တရားသည် အဝေးကရပ်၍ နေ၏။ သစ္စာသည် လမ်း၌ လဲပြီ။
ဖြောင့်သောသဘော မဝင်နိုင်ရာ။ 15 သစ္စာသည် ပျက်ခဲ့ပြီ။ ဒုစရိုက်ကို ရှောင်သောသူ သည် လုယူခြင်းကို ခံရ၏။ ထိုအမှုကို
ထာဝရဘုရားသည် မြင်လျှင်၊ တရားမရှိသောကြောင့် မုန်းတော်မူ၏။ 16 လူတယောက်မျှမရှိသည်ကို မြင်တော်မူ၏။
တောင်းပန်သောသူတယောက်မျှမရှိသည်ကို အံ့သြတော် မူ၏။ ထို့ကြောင့်၊ မိမိလက်တော်သည် မိမိအဘို့ ကယ်တင်ခြင်းအမှုကိုပြု၍၊
မိမိဖြောင့်မတ်ခြင်းတရားသည် မိမိကို ထောက်ပင့်၏။ 17 ဖြောင့်မတ်ခြင်းတရားတည်းဟူသော ရင်ကျပ် ကို ဝတ်ဆင်၍၊
ကယ်တင်ခြင်းတည်းဟူသော သံခမောက် လုံးကို ဆောင်းတော်မူ၏။ အပြစ်ပေးခြင်းအဝတ်ကိုငှင်း၊ စိတ်အားကြီးခြင်းဝတ်လုံကိုငှင်း
ယူတင်ဝတ်ဆောင်တော် မူ၏။ 18 သူတို့အကျင့်အတိုင်း အကျိုးအပြစ်ကို ဆပ်ပေး တော်မူမည်။ ရန်ဘက်ပြုသော သူတို့အား
အမျက်တော် ကိုငှင်း၊ ရန်သူတို့ ခံထိုက်သည်အတိုင်း အပြစ်ကိုငှင်း၊ တကျွန်းတနိုင်ငံသားတို့အား အကျိုးအပြစ်ကိုငှင်း
ဆပ်ပေးတော်မူမည်။ 19 သို့ဖြစ်၍၊ အနောက်မျက်နှာသားတို့နှင့်၊ နေထွက် ရာအရပ်သားတို့သည် ထာဝရဘုရား၏ နာမတော်နှင့်
ဘုန်းတော်ကို ရိုသေကြလိမ့်မည်။ ရန်သူသည် ရေလွှမ်းမိုး သကဲ့သို့ ဝင်သောအခါ၊ ထာဝရဘုရား၏ ဝိညာဉ်တော် သည်
ဆီးတားတော်မူမည်။ 20 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရွေးနှုတ် သောသခင်သည် ဇိအုန်တောင်ပေါ်သို့ ကြွ၍၊ မတရား သော
အမှုမှလွှဲသော ယာကုပ်အမျိုးသားတို့ ရှိရာသို့ ရောက်လတံ့။ 21 သူတို့၌ ငါကိုယ်တိုင်ပေးသော ပဋိညာဉ်တရား ဟူမူကား၊
သင်၏အပေါ်မှာ ကျိန်းဝပ်သော ငါ၏ဝိညာဉ် နှင့် သင်၏နှုတ်၌ ငါထားသော စကားသည်၊ ယခုမှစ၍ ကာလအစဉ်အဆက်
သင်၏နှုတ်၊ သင့်အမျိုးအနွယ်၏ နှုတ်နှင့်၊ သင့်အမျိုးအနွယ်၏ အမျိုးအနွယ်၏နှုတ်ထဲက မထွက်မပျောက်ရဟု ထာဝရဘုရား
မိန့်တော်မူ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 60

[1] သင်ထလော့။ လင်းလော့။ သင်၏အလင်း ရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏ အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။ [2]
ကြည့်ရှုလော့။ မှောင်မိုက်သည် မြေကြီးကို ဖုံး လွှမ်းလိမ့်မည်။ ထူထပ်သော မှောင်မိုက်သည် လူများကို ဖုံးလွှမ်းလိမ့်မည်။
သို့သော်လည်း၊ သင်၏အပေါ်မှာ ထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက် ရှိလိမ့်မည်။
[3] တပါးအမျိုးသားတို့သည် သင်၏အလင်းသို့၎င်း၊ ရှင်ဘုရင်တို့သည် သင်၌ ပေါ်ထွန်းခြင်းအရောင်သို့၎င်း လာကြလိမ့်မည်။ [4]
အရပ်ရပ်သို့ မျှော်ကြည့်လော့။ ခပ်သိမ်းသော သူတို့သည် စုဝေး၍ သင့်ထံသို့ လာကြ၏။ သင်၏ သား သမီးတို့သည် အဝေးကလာ၍၊
သင်၏အနားမှာ မွေးစား ခြင်းကို ခံကြလိမ့်မည်။ [5] ထိုအခါ သင်သည် ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်း ခြင်း ရှိလိမ့်မည်။ နှလုံးတုန်လှုပ်၍
ဝမ်းမြောက်လိမ့်မည်။ အကြောင်းမူကား၊ သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည် သင့် ဘက်သို့ ပြောင်းလဲ၍၊ တပါးအမျိုးသားတို့၏ စည်းစိမ်
သည် သင့်လက်သို့ ရောက်လိမ့်မည်။ [6] ကုလားအုပ်များနှင့် မိဒျန်ပြည်၊ ဧဖာပြည်မှ ဖြစ်သော ကုလားအုပ်မျိုးတို့သည် သင့်ကို
နှံ့ပြားကြလိမ့် မည်။ ရှေဘပြည်သား အပေါင်းတို့သည် လာကြလိမ့်မည်။ ရွှေနှင့်လောဗန်ကို ဆောင်ခဲ့၍၊ ထာဝရဘုရား၏ ဂုဏ်
ကျေးဇူးတော်တို့ကို ဝမ်းမြောက်စွာ ချီးမွမ်းကြလိမ့်မည်။ [7] ကေဒါပြည်၏ သိုးစုအပေါင်းတို့သည် သင့်ထံမှာ စုဝေးကြလိမ့်မည်။
နဗာယုတ်ပြည်၏ ဆိတ်တို့သည် သင် ၏အမှုကို ဆောင်ရွက်၍၊ နှစ်သက်ဘွယ်သော လက်ခွန်ဏာ နှင့် ငါ၏ယဇ်ပလ္လင်ပေါ်သို့
တက်ကြလိမ့်မည်။ ငါ့ဘုန်း ထင်ရှားရာဗိမာန်ကို ငါသည် သာ၍ ဘုန်းပွင့်စေမည်။ [8] မိုဃ်းတိမ်ကဲ့သို့၎င်း၊ မိမိတို့အိမ်သို့ ပျံသော ချိုး
များကဲ့သို့၎င်း ပျံလာသော ဤသူတို့ကား၊ အဘယ်သူ ဖြစ်ကြလိမ့်မည်နည်း။ [9] အကယ်စင်စစ် သင်၏ဘုရားသခင် ထာဝရ ဘုရား၏
နာမတော်ကြောင့်၎င်း၊ သင်၏ဘုန်းကိုပွင့်စေ သော၊ ဣသရေလအမျိုး၏သန့်ရှင်းသော ဘုရားကြောင့် ၎င်း၊ သင်၏သားတို့နှင့်တကွ
သူတို့ရွှေငွေများကို အဝေး မှ ဆောင်ခဲ့ခြင်းငှါ၊ တကျွန်းတနိုင်ငံသားတို့သည် ငါ့ကို စောင့်နေ၍၊ တာရှုသင်္ဘောတို့သည်
အဦးပြုကြလိမ့်မည်။ [10] တပါးအမျိုးတို့သည် သင်၏မြို့ရိုးကို တည်ကြ လိမ့်မည်။ ရှင်ဘုရင်တို့သည်လည်း သင့်ကို ပြုစုကြလိမ့်
မည်။ အကြောင်းမူကား၊ ငါသည် အမျက်ထွက်၍ သင့်ကို ဒဏ်ခတ်သော်လည်း၊ စေတနာစိတ်နှင့် သနားဦးမည်။ [11]
တပါးအမျိုးသားတို့၏ စည်းစိမ်ကို သင့်ထံသို့ ဆောင်ခဲ့၍၊ သူတို့၏ရှင်ဘုရင်တို့ကိုလည်း ပို့သမည် အကြောင်း၊ သင်၏တံခါးတို့ကို
နေ့ညဥ့်မပိတ်ဘဲ အစဉ် ဖွင့်ထားရလိမ့်မည်။ [12] အကြင်ပြည်နှင့် အကြင်နိုင်ငံသည် သင်၏အမှု ကို မဆောင်၊ ထိုပြည်နှင့် ထိုနိုင်ငံသည်
ပျက်စီးရလိမ့် မည်။ ထိုသို့သော တိုင်းနိုင်ငံတို့သည် သုတ်သင်ပယ်ရှင်း ခြင်းကို အမှန်ခံရကြလိမ့်မည်။ [13] ငါ၏သန့်ရှင်းရာဌာနကို
တင့်တယ်စေခြင်းငှါ၊ လေဗနုန်ဘုန်းနှင့်တကွ ထင်းရှူးပင်၊ တဒေရပင်၊ တာရှု ရပင်တို့သည် သင့်ထံသို့ တညီတညွတ်တည်း ရောက်လာ
ကြလိမ့်မည်။ ငါသည် ငါ၏ခြေတင်ရာအရပ်ကို ဘုန်းပွင့် စေမည်။ [14] သင့်ကို ညှဥ်းဆဲသော သူတို့၏သားတို့သည် သင့်ထံသို့ လာ၍
ဦးချကြလိမ့်မည်။ သင့်ကို မထီမဲ့မြင် ပြုသောသူအပေါင်းတို့သည် သင်၏ခြေရင်း၌ ဝပ်နေကြ လိမ့်မည်။ ထာဝရဘုရား၏မြို့၊
ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား၏ ဇိအုန်မြို့ဟူ၍၊ သင့်ကို သမုတ် ကြလိမ့်မည်။ [15] သင့်ကို အဘယ်သူမျှ ရှောက်၍
မသွားရမည် အကြောင်း၊ သူတပါးတို့သည် သင့်ကို စွန့်ပစ် ရွံရှာကြ သည်အတွက်၊ ငါသည် သင့်ကို ထာဝရအထွဋ်အမြတ်ဖြစ် စေမည်။
လူမျိုးအစဉ်အဆက်ဝမ်းမြောက်စရာအကြောင်း လည်း ဖြစ်စေမည်။ [16] သင်သည် တပါးအမျိုးသားတို့၏ နို့ကို စို့ရလိမ့် မည်။
ရှင်ဘုရင်တို့၏သားမြတ်ကိုလည်း စို့ရလိမ့်မည်။ ငါထာဝရဘုရားသည်၊ သင့်ကို ကယ်တင်သောသူ၊ ယာ ကုပ်အမျိုး၌
တန်ခိုးကြီးသောဘုရားသည်၊ သင့်ကို ရွေး နှုတ်သော သူဖြစ်ကြောင်းကို သင်သည် သိရလိမ့်မည်။ [17] ကြေးဝါအရာ၌ ရွှေကို၎င်း၊
သံအရာ၌ ငွေကို ၎င်း၊ သစ်သားအရာ၌ ကြေးဝါကို၎င်း၊ ကျောက်အရာ၌ သံကို၎င်း ငါဆောင်ခဲ့မည်။ သင်၏ အရာရှိတို့ကို ငြိမ်
သက်သောသဘော၊ အခွန်ခံတို့ကို ဖြောင့်မတ်သော သဘောနှင့် ပြည့်စုံစေမည်။ [18] သင်၏ပြည်၌ အနိုင်အထက် ပြုခြင်းအသံကို
နောက်တဖန် မကြားရ။ သင်၏နယ်အတွင်းတွင် လုယူ ဖျက်ဆီးခြင်းမရှိရ။ သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍ ၎င်း၊ မြို့တံခါးတို့ကို
ချီးမွမ်းခြင်းဟူ၍၎င်း သမုတ်ရလိမ့် မည်။ [19] နောက်တဖန် နေ့အချိန်၌ သင်၏အလင်းသည် နေပေးသော အလင်းမဟုတ်၊
ညဥ့်အချိန်၌လည်း၊ လ အရောင်သည် သင့်ကို မလင်းစေရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင်၌ ထာဝရအလင်း၊
သင်၏ဘုရား သခင်သည် သင်၏ဘုန်းအသရေဖြစ်တော်မူလိမ့်မည်။ [20] နောက်တဖန် သင်၏နေသည်မဝင်ရ။ သင်၏ လသည်လည်း
မဆုတ်ရ။ ထာဝရဘုရားသည် သင်၌ ထာဝရအလင်းဖြစ်တော်မူ၍၊ စိတ်မသာညည်းတွားရာ ကာလကုန်လေပြီ။ [21]
သင်၏လူအပေါင်းတို့သည် ဖြောင့်မတ်၍၊ ပြည် တော်ကို အစဉ်အမြဲအမွေခံသဖြင့်၊ ငါ၏ဘုန်းပွင့်စေခြင်း ငှါ၊ ငါ့ကိုယ်တိုင်စိုက်၍
ပြုစုသော ပျိုးပင်ဖြစ်ရကြလိမ့် မည်။ [22] သူငယ်တယောက်သည် လူတထောင်ဖြစ်ရလိမ့် မည်။ အားနည်းသော သူတယောက်သည်
အားကြီးသော လူမျိုးဖြစ်ရလိမ့်မည်။ ငါထာဝရဘုရားသည် အချိန် ရောက်လျှင် ထိုအမှုကို နှိုးဆော်မည်။

---


generated on Sun Jun 30 02:37:40 2024

Isaiah 01

ယေဘုယျအချက်အလက်
ဟေရှာယသည် ဣသရေလလူများအား
ဆက်လက်စကားပြောနေသည်။

သင်ထလော့၊ လင်းလော့
ဤအရာသည် ထာဝရဘုရားမှ
ယေရုရှလင်မြို့နေထိုင်သူများအတွက် လုပ်ဆောင်ပေးပြီးသော
ဘုန်းတောင်ကိုရည်ညွှန်းသည်။ သူတို့သည် အနာဂတ်တွင်
မျှော်လင့်ချက်ရှိရန်လုပ်ဆောင် ပြောဆိုရန်အတွက်
ယခုဘုန်းထွန်းလင်းရန်ဖြစ်သည်။

Isaiah 02

ယေဘုယျအချက်အလက်
(၆၀:၁)၌ ပြန်ဆိုပြီး။ သူသည်အလင်းအကြောင်း ဥပမာပေးသည်။

မှောင်မိုက်သည် မြေကြီးကို
စကားစုများသည် အဓိပ္ပာယ်တူညီ၍ အတူတွဲလျက်
အထူးပြုထားသည်။ ဝိညာဉ်ရေးအမှောင်ကျခြင်းကို ဆိုလိုသည်။
ဤအရာမှာ တလောကလုံးရှိလူများသည် ထာဝရဘုရားအား
မသိကြခြင်း

ဘုန်းတော်သည် သင်၏အပေါ်မှာ ပေါ်ထွန်းလိမ့်မည်
ထာဝရဘုရား၏ မျက်မှောက်တော်သည်
ဣသရေလလူများအတွက် ပေါ်ပေါက်၍ ၎င်းသည်
သူတို့သွားရမည့်လမ်းကို ပြသလိမ့်မည်။

သင်၏အလင်းသို့၎င်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "တိုင်းနိုင်ငံများရှိ လူများသည်
သင်၏ဘုန်းတော်ထွန်းလင်းခြင်းကို မြင်ရလိမ့်မည်။

Isaiah 04

ယေဘုယျအချက်အလက်
ဤနေရာတွင် ထာဝရဘုရား စတင်စကားပြောနေသည်။

ခပ်သိမ်းသော သူတို့သည် စုဝေး၍
"သူတို့" ဟူသည် ယေရုရှလင်မှ ပြန်လာသော သူများကို
ရည်ညွှန်းသည်။

သင်၏ သား သမီးတို့သည် အဝေးကလာ၍
သူတို့သည် သင်၏သားသမီးများကို သူတို့၏လက်များဖြင့်
ခေါ်ဆောင်သွားကြလိမ့်မည်။

ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်းခြင်းရှိလိမ့်မည်
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီသည်။ ယေရုရှလင်၌
ဖြစ်ပျက်သောအကြောင်းအရာကြောင့်
သူတို့အလွန်ပင်ဝမ်းမြောက်ကြလိမ့်မည်ဟု ဆိုလိုပါသည်။

သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည်
ဤအရာသည် ယေရုရှလင်၌ ကြွယ်ဝခြင်းများ
မြေထဲပင်လယ်ဖြစ် ကုန်တင်ရွက်သင်္ဘောများအားဖြင့်
ရောက်လာမည်ကို ဆိုလိုပါသည်။

ကြွယ်ဝခြင်းသည် သင့်ဘက်သို့ပြောင်းလဲ၍
ကြွယ်ဝခြင်းများသည် ရေကဲ့သို့ စီးထွက်သည်

Isaiah 06

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအား
ဆက်လက်စကားပြောနေသည်။

ကုလားအုပ်မျိုး
ကုလားအုပ်ငယ်များ

ဧဖာပြည်...ကေဒါပြည်..နဗာယုတ်ပြည်
အာရေဗျနယ်မှ အမည်များဖြစ်ပါသည်။

ကေဒါပြည်၏သိုးစု .... စုဝေးကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ကေဒါပြည်၏
သိုးစုအပေါင်းတို့သည် သင့်အတွက် စုဝေးကြလိမ့်မည်

နာဗာယုတ်ပြည်၏ ဆိတ်တို့သည်
သူတို့ပူဇော်ရန်အတွက် လိုအပ်သောအရာကို ရည်ညွှန်းသည်။

နှစ်သက်ဖွယ်သောလက္ခဏာနှင့် ယဇ်ပလ္လင်
ငါ ထာဝရဘုရားသည် ငါ၏ယဇ်ပလ္လင်ပေါ်မှာ သူတို့ကို
လက်ခံလိမ့်မည်။

Isaiah 08

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ကို
ဆက်လက်စကားပြောနေသည်။

မိမိတို့အိမ်သို့ ပျံသော ချိုး များကဲ့သို့၎င်း ပျံလာသော ဤသူတို့ကား၊
အဘယ်သူ ဖြစ်ကြလိမ့်မည်နည်း
ထာဝရဘုရားသည် မေးခွန်းသုံး၍ ကဗျာဆန်ဆန်
အာရုံဆွဲဆောင်မှု ပြုထားသည်။ သူသည် မိုးတိမ်များ
ချိုးငှက်များနှင့် ရွက်လွှင့်ခြင်းကို နှိုင်းယှဉ်ပြထားသည်။
ဤအရာသည် ဣသရေလလူများ ပြည်တော်ပြန်လှသောအရာကို
ပန်းချီသဖွယ်ချယ်မှုန်းထားသည်။

တကျွန်းတနိုင်ငံသားတို့သည်
ကမ်းခြေ၌ နေသောလူများကို ရည်ညွှန်းသည်။

တာရှုသင်္ဘော
ပင်လယ်ရေကြောင်းခရီးရှည်အတွက်ကြီးမားသော
သင်္ဘောကြီးများကို ဖော်ပြသည်။

သန့်ရှင်းသော ဘုရား
(၁:၄) ၌ ပြန်ပြီး။

အဦးပြုကြလိမ့်မည်
ထာဝရဘုရားသည် ဣသရေလကို ချီးမြှောက်လိမ့်မည်။

Isaiah 10

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ပြီး

နေ့ညမပိတ်ပဲ အစဉ်ဖွင့်ထားရလိမ့်မည်။
ဤနေရာတွင် နေ့နှင့် ည ဟူသည် အချိန်တိုင်းကို ဆိုလိုသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) မည်သူတဦးမျှ ထိုအရာကို
ပိတ်နိုင်မည်မဟုတ်

တပါးအမျိုးသားတို့၏စည်းစိမ်ကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) တပါးအမျိုးသားတို့၏
ဘုရင်နှင့် စည်းစိမ်ကို သင်တို့ထံဆောင်ခဲ့လိမ့်မည်

Isaiah 12

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ဆိုပြီး။

ထိုပြည်နှင့် ... ပျက်စီးရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ငါသည် ထိုလူမျိုးကို
အသေအချာ ဖျက်ဆီးလိမ့်မည်။

လေဗနုန်ဘုန်းနှင့်တကွ
လေဗနုန်သည် ဆိုက်ပရပ်နှင့် ဆီဒေါ၌ရှိသော လှပ်သည့်ဟု
ကျော်ကြားသော အပင်များဖြစ်သည်။ အပင်အားလုံးကို
မသိသောကြောင့် တိကျသောအရာကို ဖော်ပြသည်။

ငါ၏ခြေတင်ရာအရပ်ကို
ထိုအရာသည် ထာဝရဘုရား၏ ဗိမာန်တော်ကို ရည်ညွှန်းပါသည်။

Isaiah 14

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ပြီး။

သန့်ရှင်းသော ဘုရား
(၁:၄) ၌ ပြန်ပြီး။

Isaiah 15

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ပြီး။

သင့်ကို အဘယ်သူမျှရှောက်၍ မသွားရမည်အကြောင်း
သူတပါးတို့သည် သင့်ကိုရှောင်ရှားမည် (သို့)
တပါးအမျိုးသားတို့သည် သင်၏မြေကို ရှောင်သွားမည်။

သင်သည်တပါးအမျိုးသား၏နို့ကို စို့ရလိမ့်မည်
တပါးအမျိုးသားတို့ဆီမှ ကြွယ်ဝခြင်းများစီးဆင်းလာလိမ့်မည်ဟု
ရည်ညွှန်းသည်။

ကယ်တင်သောသူ
(၄၁:၁၄) ၌ ပြန်ပြီး။

ယာ ကုပ်အမျိုး၌ တန်ခိုးကြီးသောဘုရား
(၄၉:၂၆) ၌ ပြန်ပြီး

Isaiah 17

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ဆိုပြီး။

ကြေးဝါအရာ၌ ရွှေကိုငှင်း၊ သံအရာ၌ ငွေ
ထာဝရဘုရားသည် ပို၍ တန်ဖိုးရှိသော
အဆောက်အဦးပစ္စည်းများကို သူတို့အားပေးလိမ့်မည်

သင်၏အရာရှိတို့ကို ငြိမ်သက်သောသဘော
ထာဝရဘုရားသည် ငြိမ်းချမ်းရေးနှင့် တရားမျှတခြင်း
လူသားဆိုင်ရာနည်းဥပဒေသကို ဖော်ပြသည်။ ဤအရာသည်
ဣသရေလပြည်၌ တရားဥပဒေနှင့်
ငြိမ်းချမ်းခြင်းပြည့်စုံလိမ့်မည်ကို ဆိုလိုပါသည်။

အနိုင်အထက်ပြုခြင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "သင်၏ပြည်၌
နိုင်လိုကြမ်းဖက်ပြုခြင်း ရှိလိမ့်မည်မဟုတ်ပါ။

သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍ငှင်း
အပြင်ပိုင်းဆိုင်ရာ ရုပ်ဝတ္ထုများသည် ဝိညာဉ်ရေးရာ
အရည်အချင်း၏ အမည်နာမများဖြစ်သည်။ ယေရုရှလင်မြို့သည်
လုံခြုံမှုရှိ၍ လူများစွာသည် ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်

Isaiah 19

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ကို
ဆက်လက်စကားပြောနေသည်။

ထာဝရဘုရားသည် ထာဝရအလင်း
ကျမ်းချက်များသည် အထူးပြုချက်တူညီသည်

နောက်တဖန်သင်၏ နေသည် မဝင်ရ လသည် ပျောက်ကွယ်သွားမည်မဟုတ်
ထိုအရာသည် ထာဝရဘုရား၏ အလင်းနှင့်
နှိုင်းယှဉ်ခြင်းဖြစ်သည်။ နေ၏အရောင်နှင့် လ၏အရောင်သည်
ရှိမည်မဟုတ်

Isaiah 21

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ကို ဆက်လက်စကားပြောနေသည်။

ငါကိုယ်တိုင် စိုက်၍ပြုစုသော ပျိုးပင်
ဤစကားစုများသည် ခန့်မှန်းတူညီ၍ အထူးပြုဆိုချက် ထပ်ခါပြုသည်။

ငါ့ကိုယ်တိုင်စိုက်၍ ပြုစုသော ပျိုးပင်
ထာဝရဘုရားသည် ဥယျာဉ်မှူးတဦးကဲ့သို့ ငယ်ရွယ်သော သူများအား ပြုစုခြင်းကို နှိုင်းယှဉ်ထားပါသည်။ ထာဝရဘုရားသည် ဣသရေလပြည်၌ သူ၏လူများအားနေရာချသည်။ သူ၏လူများကို မျှော်လင့်ချက်ပေးသည်။

ငါကိုယ်တိုင်စိုက်၍
ထာဝရဘုရားသည် သူ၏လူများအား သူ၏လက်ဖြင့် လုပ်ဆောင်သော လက်မှုပညာကဲ့သို့ နှိုင်းယှဉ်ပါသည်

ငါ၏ဘုန်းပွင့်စေခြင်းငါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "များစွာသောလူများ၌ ငါ၏ဘုန်းထင်ရှားမည်။

တစ်ထောင်
၁၀၀၀

---

## Translation Questions

Isaiah 60:2

မှောင်မိုက်သည် မြေကြီးကို ဖုံးလွှမ်းသောအခါ ထာဝရဘုရားသည် ဣသရေလလူများအတွက်မည်သို့ပြုပေးလိမ့်မည်နည်း။
ထာဝရဘုရားသည် သူတို့အပေါ်မှာ သူ၏ဘုန်းတော်ကိုပေါ်ထွန်းစေမည် ဖြစ်သည်။

ဣသရေလ၏အလင်းဆီသို့မည်သူသည် လာလိမ့်မည်နည်း။
တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့သည် သူတို့၏အလင်းဆီသို့ လာမည်ဖြစ်သည်။

Isaiah 60:4

ဣသရေလအမျိုးတို့သည် ဘာကြောင့်ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်း၍ သူတို့နှလုံးတုန်လှုပ်၍ ဝမ်းမြောက်ကြသနည်း။
ထိုသို့ဖြစ်ရခြင်းမှာ သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည် သူတို့ ဘက်သို့ ပြောင်းလဲ၍၊ တပါးအမျိုးသားတို့၏ စည်းစိမ် သည် သူတို့၏လက်သို့ ရောက်လာသောကြောင့်ဖြစ်သည်။

Isaiah 60:8

ဣသရေလတို့၏သားများကို မည်သူသည် အဝေးသို့ခေါ်ဆောင်သွားသနည်း။
တာရှု၏သင်္ဘောတို့သည်ခေါ်ဆောင်သွားသည်။

Isaiah 60:10

ထာဝရဘုရား၏မြို့ရိုးကို မည်သူသည်တည်ဆောက်၍ သူတို့ကိုမည်သူကပြုစုလိမ့်မည်နည်း။
တပါးအမျိုးတို့သည် သူတို့၏မြို့ရိုးကို တည်ဆောက်၍ ရှင်ဘုရင်တို့ကလည်း သူတို့အားပြုစုကြလိမ့်မည် ဖြစ်သည်။

မြို့တံခါးကို ဘာကြောင့် အစဉ်ဖွင့်ထားသနည်း။
တပါးအမျိုးသားတို့၏ စည်းစိမ်ကိုသူတို့ထံသို့ ဆောင်ခဲ့ကြသောကြောင့် မြို့တံခါးကို အစဉ်ဖွင့်ထားခြင်းဖြစ်သည်။

Isaiah 60:12

အမှုကိုမဆောင်ရွက်သော ထိုပြည်နှင့်နိုင်ငံများသည် မည်သို့ဖြစ်လိမ့်မည်နည်း။
အမှုကိုမဆောင်ရွက်သော ထိုပြည်နှင့်နိုင်ငံများသည် ပျက်စီး၍ သုတ်သင်ပယ်ရှင်းခြင်းကို ခံရလိမ့်မည်ဖြစ်သည်။

Isaiah 60:15

ထာဝရဘုရား၏မြို့တော်ဖြစ်ရန်ထာဝရဘုရားသည် မည်သို့ပြုလုပ်မည်နည်း။
ထာဝရဘုရားသည် သူတို့ကို ထာဝရအထွဋ်အမြတ်ဖြစ်၍ လူမျိုးအစဉ်အဆက်ဝမ်းမြောက်စရာအကြောင်းကို ပြုမည်ဖြစ်သည်။

Isaiah 60:17

ဇိအုန်နယ်အတွင်းတွင် ဘယ်အရာကို နောက်ထပ်မကြားရလိမ့်မည်နည်း။
အနိုင်အထက် ပြုခြင်းအသံကိုသူတို့သည် နောက်ထပ်မကြားရ၍ သူတို့၏နယ်အတွင်းတွင်
လုယူဖျက်ဆီးခြင်းမရှိစေမည်ဖြစ်သည်။

Isaiah 60:19

မည်သည့်အရာသည် သူတို့မြေ၏အလင်းဖြစ်မည်နည်း။
ထာဝရဘုရားသည် သူတို့၏ထာဝရအလင်းဖြစ်လိမ့်မည် ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Isaiah 60:21

ထာဝရဘုရား၏လူများသည် မည်မျှကြာအောင် ပြည်တော်ကို ပိုင်ဆိုင်လိမ့်မည်နည်း။
သူတို့သည် ပြည်တော်ကို အစဉ်အမြဲပိုင်ဆိုင်ရမည်ဖြစ်သည်။

ထာဝရဘုရားအတွက် ထိုအရာများကိုပြီးမြောက်စေရန် မည်မျှအချိန်ယူရမည်နည်း။
ထာဝရဘုရားသည် အချိန်ရောက်လျှင် ထိုအမှုများကို ပြီးမြောက်စေမည် ဖြစ်သည်။

## Chapter 61

1 ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့ အား ဝမ်းမြောက်စရာ
သိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကို စည်းစေခြင်းငှါ၎င်း၊
ဘမ်းသွားချုပ်ထားလျက် ရှိသော သူတို့အား လွတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံ လျက်ရှိသော သူတို့အား ထောင်တံခါးဖွင့်ခြင်း
အကြောင်းကို ပြစေခြင်းငှါ၎င်း၊ 2 ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရား သခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြော
စေခြင်းငှါ၎င်း၊ စိတ်မသာညည်းတွားသော သူတို့အား နှစ်သိမ့်စေခြင်းငှါ၎င်း၊ 3 စိတ်မသာညည်းတွားသော ဇိအုန်မြို့သားတို့ အဘို့
စီရင်၍၊ ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်း အရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်သော စိတ်သဘော အရာ၌
ချီးမွမ်းခြင်းအဝတ်တန်ဆာကို သူတို့အား ပေး စေခြင်းငှါ၎င်း၊ ငါ့ကို စေလွှတ်တော်မူပြီ။ ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊
ဘုန်းအသရေတော်ဘို့ ထာဝရဘုရားစိုက်ပျိုးတော်မူသော အပင်ဟူ၍ သမုတ်ခြင်းကို ခံရကြလိမ့်မည်။ 4 ရှေးပြိုပျက်ရာတို့ကို
ပြုပြင်ကြလိမ့်မည်။ ရှေး ကာလ၌ သုတ်သင်ပယ်ရှင်းရာတို့ကို တည်ဆောက်ကြ လိမ့်မည်။ ဆိတ်ညံသောမြို့ရာ၊ အစဉ်အဆက်
စွန့်ပစ်ရာ အရပ်တို့ကို ပြုစုကြလိမ့်မည်။ 5 တပါးအမျိုးသားတို့သည် ရပ်လျက်၊ သင်တို့သိုးစု များကို ထိန်းကျောင်းကြလိမ့်မည်။
တကျွန်းတနိုင်ငံသား တို့သည် သင်တို့အဘို့ လယ်လုပ်၍၊ စပျစ်ဥယျာဉ်ကိုလည်း ပြုစုကြလိမ့်မည်။ 6 သင်တို့မူကား၊ ထာဝရဘုရား၏
ယဇ်ပုရော ဟိတ်ဟူ၍၎င်း၊ ငါတို့ဘုရားသခင်၏ အမှုတော်ထမ်းဟူ၍ ၎င်း သမုတ်ခြင်းကို ခံရကြလိမ့်မည်။ တပါးအမျိုးသားတို့ ၏
စည်းစိမ်ကို စား၍၊ သူတို့၏ ဘုန်းအသရေ၌ ဝါကြွား ဝမ်းမြောက်ကြလိမ့်မည်။ 7 သင်တို့အရှက်ကွဲခြင်းအရာ၌ နှစ်ဆသော အကျိုးကို
ခံရ၍၊ အသရေပျက်ခြင်းအရာ၌လည်း၊ သူတို့ အဘို့ကို ခံစားလျက် ဝမ်းမြောက်ကြလိမ့်မည်။ သူတို့မြေ၌ နှစ်ဆသောအဘို့ကို
အမွေခံရ၍၊ ထာဝရဝမ်းမြောက်ခြင်း နှင့် ပြည့်စုံကြလိမ့်မည်။ 8 အကြောင်းမူကား၊ ငါထာဝရဘုရားသည် တရားသဖြင့် စီရင်ခြင်းကို
နှစ်သက်၏။ လုယူခြင်းအမှု နှင့် အဓမ္မအမှုကို မုန်း၏။ သစ္စာအတိုင်း သူတို့အား အကျိုးကို ပေးမည်။ သူတို့နှင့် ထာဝရပဋိညာဉ်ကို
ဖွဲ့မည်။ 9 သူတို့အမျိုးအနွယ် သားစဉ်မြေးဆက်တို့သည် တပါးအမျိုးသားနေရာအရပ်ရပ်၌ ကျော်စောကြလိမ့် မည်။ သူတို့သည်
ထာဝရဘုရား ကောင်းကြီးပေးတော်မူ သော အမျိုးအနွယ်ဖြစ်ကြ၏ဟု သူတို့ကို မြင်သောသူ အပေါင်းတို့သည် ဝန်ခံကြလိမ့်မည်။ 10
ထာဝရဘုရားကြောင့် ငါသည် အလွန်ဝမ်း မြောက်၍၊ ငါ၏ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင် လန်းမည်။ အကြောင်းမူကား၊
မင်္ဂလာဆောင်လုလင် သည် ပေါင်းသရဖူကို ဆောင်းသကဲ့သို့၎င်း၊ မင်္ဂလာ ဆောင်သတို့သမီးသည် တန်ဆာဆင်သကဲ့သို့၎င်း၊
ကယ်တင်ခြင်းအဝတ်တန်ဆာနှင့် ငါ့ကို ဝတ်ဆင်စေ၍၊ ဖြောင့်မတ်ခြင်းဝတ်လုံနှင့် ခြုံတော်မူပြီ။ 11 မြေကြီးသည် အပင်ကို
ပေါက်စေသကဲ့သို့၎င်း၊ ထိုအတူ ထာဝရဘုရားသည် ခပ်သိမ်းသော လူမျိုးရှေ့မှာ၊ ဖြောင့်မတ်ခြင်းနှင့် ချီးမွမ်းခြင်းကို
ပေါ်ထွန်းစေတော်မူ လိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 62

[1] ဇိအုန်မြို့တည်းဟူသော ယေရုရှလင်မြို့၏ ဖြောင့်မတ်ခြင်းသည် ရောင်ခြည်ကဲ့သို့၎င်း၊ သူ၏ ကယ် တင်ခြင်းသည်
ထွန်းတောက်သော ဆီမီးခွက်ကဲ့သို့၎င်း မထင်ရှားမှီတိုင်အောင် ထိုမြို့အတွက် ငါသည် တိတ် ဆိတ်ငြိမ်သက်စွာ မနေရ။ [2]
တပါးအမျိုးသားတို့သည် သင်၏ဖြောင့်မတ်ခြင်း ကို၎င်း၊ ရှင်ဘုရင်အပေါင်းတို့သည် သင်၏ ဘုန်းအသရေ ကို၎င်း မြင်ရကြလိမ့်မည်။
ထာဝရဘုရား၏ နှုတ်တော် ထွက်နာမသစ်ဖြင့် သင့်ကို ခေါ်ကြလိမ့်မည်။ [3] သင်သည် ထာဝရဘုရား၏ လက်တော်၌ တင့် တယ်သော
ဦးရစ်၊ သင်၏ဘုရားသခင်ကိုင်တော်မူသော မင်းမြောက်သရဖူ ဖြစ်လိမ့်မည်။ [4] သင့်ကို၊ စွန့်ပစ်သော သူဟူ၍၎င်း၊ သင်၏မြေ ကို၊
လူဆိတ်ညံသော မြေဟူ၍၎င်း နောက်တဖန် မခေါ်ရ။ သင်သည် ငါနှစ်သက်သောသူ၊ သင်၏ မြေသည်လက်ထပ်သောမြေဟူသော
အမည်ကို ရလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင့်ကို နှစ်သက် တော်မူ၏။ သင်၏မြေကိုလည်း လက်ထပ်ရလိမ့်မည်။
[5] လူပျိုသည် အပျိုကညာနှင့် လက်ထပ်သကဲ့သို့၊ သင်၏သားတို့သည် သင်နှင့် လက်ထပ်ကြလိမ့်မည်။ မင်္ဂလာဆောင်လုလင်သည်
မင်္ဂလာဆောင်သတို့သမီး၌ ဝမ်းမြောက်သကဲ့သို့၊ သင်၏ဘုရားသခင်သည် သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်။ [6] အိုယေရုရှလင်မြို့၊
နေ့ညဉ့်မပြတ် တိတ်ဆိတ်စွာ မနေရသော လူစောင့်တို့ကို သင်၏မြို့ရိုးပေါ်မှာ ငါထား ပြီ။ ထာဝရဘုရားကို အောက်မေ့စေသော သူတို့၊
တိတ် ဆိတ်စွာ မနေကြနှင့်။ [7] ယေရုရှလင်မြို့ကို အမြဲတည်တော်မမူ၊ မြေကြီး ပေါ်မှာ ချီးမွမ်းစရာအကြောင်းဖြစ်စေတော်မမူမှီတိုင်
အောင်၊ ဘုရားသခင်ကို မငြိမ်စေကြနှင့်။ [8] ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ စပါးနှင့် နောက်တဖန် ငါမကျွေး။ သင်သည်
ကြိုးစား၍ လုပ်သော စပျစ်ရည်ကို တပါးအမျိုးသားတို့သည် မသောက်ရကြ။ [9] စပါးကို ရိတ်သောသူတို့သည် ကိုယ်တိုင်စား၍၊
ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်။ စပျစ်သီးကို သိမ်း သော သူတို့သည် ငါ၏ သန့်ရှင်းရာဌာနတန်တိုင်းအတွင်း ၌ စပျစ်ရည်ကို
သောက်ကြလိမ့်မည်ဟု တန်ခိုးကြီးသော လက်ျာလက်ရုံးတော်ကို တိုင်တည်၍ ကျိန်ဆိုတော်မူပြီ။ [10] မြို့တံခါးမှ ထွက်ကြ။ ထွက်ကြ။
လူများဘို့လမ်း ကို ပြင်ကြ။ မြေဖို့ကြ။ ဖို့ကြ။ ကျောက်များကို ပယ်ရှင်းကြ။ လူများဘို့အလံကို ထူကြ။ [11] မြေကြီးစွန်းတိုင်အောင်
ထာဝရဘုရားမိန့်တော် မူသည်ကား၊ သင့်ကို ကယ်တင်သော သူသည် လာ၏။ မိမိခံထိုက်သော အခသည် မိမိ၌ပါလျက်၊ ဆုလပ်တော်
သည် ရှေ့တော်၌ရှိ၏ဟု ဇိအုန်သတို့သမီးကို ပြောကြ လော့။ [12] သူတို့သည် သန့်ရှင်းသောသူ၊ ထာဝရဘုရား ရွေးနှုတ်တော်မူသော
သူဟူ၍၎င်း၊ သင်သည် သူတပါး မစွန့်ပစ်၊ စည်ပင်သော မြို့ဟူ၍၎င်း သမုတ်ခြင်းကို ခံရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 63

1 တင့်တယ်သော အဝတ်တန်ဆာဆင်ခြင်း၊ ကြီးသောတန်ခိုးကြောင့် ဝါကြွားခြင်းရှိ၍၊ ပန်းဆိုးသော အဝတ်ကိုဝတ်လျက်၊
ဧဒုံပြည်ဗောဇရမြို့မှလာသော ဤသူကား၊ အဘယ်သူဖြစ်ပါလိမ့်မည်နည်း။ 2 ကိုယ်တော်သည် အဘယ်ကြောင့် နီသောအဝတ်ကို
ဝတ်တော်မူသနည်း။ အဝတ်တော်သည် စပျစ်သီးကို နင်းနယ်သော သူ၏အဝတ်နှင့် အဘယ် ကြောင့် တူပါသနည်း။ 3 စပျစ်သီးကို
ငါတယောက်တည်းနင်းနယ်ရပြီ။ လူများအထဲကတယောက်မျှမပါ။ သူတို့ကို ငါအမျက်ထွက်၍ ကျော်နင်းပြီ။ ပြင်းစွာအမျက်ထွက်၍
နှိပ်နင်းပြီ။ သူတို့အသွေးသည် ငါ့အဝတ်ပေါ်မှာ ဖျန်းလျက်ရှိပြီ။ ငါ့ အဝတ်တန်ဆာရှိသမျှကို ငါဆိုးပြီ။ 4 အပြစ်ပေးသော နေ့ရက်ကို
ငါအောက်မေ့ပြီ။ ငါရွေးနှုတ်သော သူတို့၏ နှစ်သည် ရောက်လာပြီ။ 5 ငါကြည့်ရှု၍ မစသော သူမရှိ။ မှိုင်တွေသော် လည်း
ထောက်ပင့်သောသူမရှိ။ ထိုကြောင့်၊ ကိုယ်လက် သည် ကိုယ်အဘို့ ကယ်တင်ခြင်းကို ပြုပြီ။ ကိုယ်ဒေါသ အမျက်သည် ကိုယ်ကို
ထောက်ပင့်ပြီ။ 6 လူများကို အမျက်ထွက်၍ ကျော်နင်းပြီ။ ပြင်းစွာ အမျက်ထွက်၍ ကျပ်ကျပ်နှိပ်နင်းပြီ။ သူတို့အသွေးကို မြေပေါ်မှာ
သွန်ပြီ။ 7 ကရုဏာနှင့် မဟာမေတ္တာတော်အတိုင်း ထာဝရဘုရားသည် ငါတို့အား သနားတော်မူသော အရာအလုံး စုံကိုငဲ့၍၊
ဣသရေလအမျိုးသားတို့၌ ပြုတော်မူသော မဟာကျေးဇူးတော်ကိုငဲ့ ထောက်၍၊ ထာဝရဘုရား၏ မဟာမေတ္တာတော်နှင့်၊
ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ငါချီးမွမ်းမည်။ 8 အကယ်စင်စစ် သူတို့သည် ငါ၏လူဖြစ်ကြ၏။ သစ္စာမပျက်သော သားလည်း
ဖြစ်ကြ၏ဟု မိန့်တော်မူ သဖြင့်၊ သူတို့ကို ကယ်နှုတ်တော်မူ၏။ 9 အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ
စေလွှတ်သော ကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်းရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး
သူတို့ကို ချီဆောင်တော်မူ၏။ 10 သူတို့သည်လည်း ပုန်ကန်၍၊ သန့်ရှင်းသော ဝိညာဉ်တော်ကို နာစေကြ၏။ ထိုကြောင့်၊ သူတို့ကို ရန်
ဘက်ပြု၍ စစ်တိုက်တော်မူ၏။ 11 ထိုအခါ ထာဝရဘုရား၏ လူတို့သည် ရှေးကာလ၊ မောရှေ၏ကာလကို အောက်မေ့ကြ၏။ မိမိလူတို့
ကို သိုးထိန်းနှင့်တကွ ပင်လယ်ထဲက ထုတ်ဆောင်သော ဘုရားသည် အဘယ်မှာ ရှိတော်မူသနည်း။ မိမိလူတို့အထဲ ၌ သန့်ရှင်းသော
ဝိညာဉ်တော်ကို သွင်းလျက်၊ 12 မောရှေ၏လက်ျာနားမှာ ဘုန်းကြီးသော လက်ရုံးတော်ကို သွင်း၍၊ အသရေတော်ကို အစဉ်
ထင်ရှားစေခြင်းငှါ၊ သူတို့ရှေ့မှာ ရေကို ခွဲသဖြင့်၊ 13 လွင်ပြင်၌ မြင်းကို နှင်သကဲ့သို့၊ အဆီးအတား မရှိဘဲ နက်နဲရာအရပ်၌ သူတို့ကို
ဆောင်သွားသော ဘုရား သည် အဘယ်မှာ ရှိတော်မူသနည်း။ 14 ချိုင့်ထဲသို့သိုးနွား ဆင်းသွားသကဲ့သို့၊ ထာဝရဘုရား၏
ဝိညာဉ်တော်သည် ငြိမ်ဝပ်ရသော အခွင့်ကို ပေးတော်မူ၏။ ထိုသို့ အသရေတော်ကို ထင်ရှားစေခြင်းငှါ၊ ကိုယ်တော်၏လူတို့ကို
ဆောင်သွားတော်မူပါပြီ။ 15 ကောင်းကင်ဘုံက ငုံ့ကြည့်တော်မူပါ။ သန့်ရှင်း၍ ဘုန်းကြီးသောနေရာက ကြည့်ရှုတော်မူပါ။ စိတ်တော်
အားကြီး၍ တန်ခိုးကို ပြတော်မူခြင်း၊ ကရုဏာတော်လှုပ်ရှား၍ အကျွန်ုပ်တို့ကို သနားစုံမက်တော်မူခြင်းသည် အဘယ်မှာရှိပါသနည်း။
ချုပ်တည်းတော်မူသလော။ 16 အာဗြဟံသည် အကျွန်ုပ်တို့ကိုမသိ၊ ဣသရေလသည် လက်မခံသော်လည်း၊ အကယ်စင်စစ်ကိုယ်တော်
သည် အကျွန်ုပ်တို့အဘဖြစ်တော်မူ၏။ အိုထာဝရဘုရား၊ ကိုယ်တော် သည် အကျွန်ုပ်တို့အဘဖြစ်တော်မူ၏။ ရှေးကာလမှစ၍
အကျွန်ုပ်တို့ကို ရွေးနှုတ်သော ဘုရားဖြစ်တော်မူ၏။ 17 အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းမှ အကျွန်ုပ်တို့ကို
အဘယ်ကြောင့်လွှဲစေတော်မူသနည်း။ ကိုယ်တော်ကိုမကြောက်ရွံ့မည်အကြောင်း၊ အကျွန်ုပ်တို့၏ စိတ်နှလုံးကိုအဘယ်ကြောင့်
ခိုင်မာစေတော်မူသနည်း။ ကိုယ်တော်၏ ကျွန်ုပ်တို့အတွက်၊ အမွေတော်ဖြစ်သောအနွယ်တို့အတွက် ပြန်လာတော်မူပါ။ 18
ကိုယ်တော်၏ သန့်ရှင်းသူတို့သည် ခဏသာအစိုးရပြီးမှ၊ ရန်သူတို့သည် သန့်ရှင်းရာဌာနတော်ကို ကျော်နင်း ကြသည်ဖြစ်၍၊ 19
အကျွန်ုပ်တို့သည် ကိုယ်တော်မအုပ်စိုးဘူးသော သူကဲ့သို့၎င်း၊ နာမတော်ဖြင့် သမုတ်ခြင်းကိုမခံဘူးသော သူကဲ့သို့၎င်းဖြစ်ကြပါ၏။
ဖြောင့်မတ်ခြင်းတရားကို ဟော၍၊ ကယ်တင်ခြင်းငှါ တန်ခိုးကြီးသော ငါပေတည်း။

## Chapter 64

[1] ကိုယ်တော်သည် မိုဃ်းကောင်းကင်ကို ဖွင့်လှစ်၍၊ ဆင်းသက်တော်မူပါစေသော။ ရှေ့တော်၌ တောင်တို့သည် လှုပ်ကြပါစေသော။ [2]
မီးသည်အမှိုက်ကို လောင်သကဲ့သို့၎င်း၊ ရေကိုဆူ စေသကဲ့သို့၎င်း ဖြစ်ပါစေသော။ သို့ဖြစ်လျှင်၊ ကိုယ်တော် ၏ ရန်သူတို့သည်
နာမတော်ကို သိ၍၊ ရှေ့တော်၌ လူအမျိုး မျိုးတို့သည် တုန်လှုပ်ကြပါလိမ့်မည်။ [3] အကျွန်ုပ်တို့ မျှော်လင့်သည်ထက်၊ အံ့ဘွယ်သော
အမှုတို့ကို ပြုတော်မူသောအခါ၊ ဆင်းသက်တော်မူ၍ တောင်တို့သည် ရှေ့တော်၌ လှုပ်ကြပါ၏။ [4] ကိုယ်တော်ကို
မျှော်လင့်သောသူတို့အဘို့အလို့ငှါ ကျေးဇူးပြုတော်မူသောဘုရား၊ ကိုယ်တော်မှတပါး အခြားသော ဘုရားသခင်ကို ကမ္ဘာဦးမှစ၍
အဘယ်သူမျှ မကြားမသိပါ။ နားဖြင့်မကြား၊ မျက်စိဖြင့်မမြင်စဖူးပါ။ [5] ဝမ်းမြောက်သောစိတ်နှင့် ဖြောင့်မတ်စွာ ကျင့် သောသူ၊ တရား
တော်လမ်းတို့၌ ကိုယ်တော်ကို အောက် မေ့သောသူတို့နှင့် ကိုယ်တော်သည် မိဿဟာယ ဖွဲ့တော် မူ၏။ ထိုလမ်းတို့မှ အကျွန်ုပ်တို့သည်
အစဉ်လွှဲတတ် သောကြောင့် အမျက်ထွက်တော်မူ၏။ ကယ်တင်ခြင်းသို့ ရောက်ရကြပါ မည်လော။ [6] အကျွန်ုပ်တို့ရှိသမျှသည်
စင်ကြယ်ခြင်းမရှိပါ။ ပြုဘူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သော အဝတ်နှင့်တူကြပါ၏။ အကျွန်ုပ်တို့ ရှိသမျှသည်
သစ်ရွက် ကဲ့သို့ ညှိုးနွမ်းလျက်ရှိ၍၊ ကိုယ်အပြစ်တို့သည် လေကဲ့သို့ အကျွန်ုပ်တို့ကို တိုက်သွားပါပြီ။ [7] နာမတော်ကို ပဌနာပြုသောသူ၊
ကိုယ်တော်ကို မှီဝဲခြင်းငှါ ကိုယ်ကိုကိုယ်နှိုးဆော်သော သူတယောက်မျှ မရှိပါ။ အကြောင်းမူကား၊ မျက်နှာတော်ကိုလွှဲ၍ အကျွန်ုပ်တို့ကို
ဒုစရိုက်အပြစ်အားဖြင့် ဆုံးရှုံးစေတော်မူပြီ။ [8] သို့ရာတွင်အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့ အဘဖြစ်တော်မူ၏။
အကျွန်ုပ်တို့သည် အိုးမြေဖြစ်ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်တို့၏ အိုးထိန်းဖြစ်တော်မူ၏။ အကျွန်ုပ်တို့ရှိသမျှသည် လက်တော်နှင့်
ဖန်ဆင်းသောအရာ ဖြစ်ပါ၏။ [9] အိုထာဝရဘုရား၊ ပြင်းစွာ အမျက်ထွက်တော် မမူပါနှင့်။ ပြစ်မှားမိသော အပြစ်တို့ကို အစဉ်မပြတ်
အောက်မေ့တော်မမူပါနှင့်။ ကြည့်ရှုတော်မူပါ။ အကျွန်ုပ်တို့ ရှိသမျှသည် ကိုယ်တော်၏ လူဖြစ်ကြပါ၏။ [10]
သန့်ရှင်းသောမြို့တော်တို့သည် တောဖြစ်ကြပါ ပြီ။ ဇိအုန်တောင်လည်း တောဖြစ်ပါပြီ။ ယေရုရှလင်မြို့ လည်းပျက်စီးပါပြီ။ [11]
ကိုယ်တော်ကို ဘိုးဘေးတို့ချီးမွမ်းရာအရပ်၊ အကျွန်ုပ်တို့၏ သန့်ရှင်းတင့်တယ်သော ဗိမာန်တော်ကို မီးလောင်ပါပြီ။ အကျွန်ုပ်တို့နှစ်
သက်ဘွယ်သော အရာရှိသမျှတို့သည် သုတ်သင်ပယ်ရှားလျက်ရှိကြပါ၏။ [12] အိုထာဝရဘုရား၊ ဤအမှုတို့ကို သည်းခံတော်မူ
မည်လော၊ အောင့်လျက်နေ၍ အကျွန်ုပ်တို့ကို အလွန် ဆင်းရဲစေတော်မူမည်လော။


generated on Sun Jun 30 02:37:40 2024

## Chapter 65

[1] ငါ့ကိုမမေးမလျှောက်သောသူတို့၏ စကားကို ငါနားထောင်ပြီ။ ငါ့ကိုမရှာသောသူတို့သည် ငါ့ကိုတွေ့ရ ကြပြီ။ ငါ့ကိုကြည့်ကြလော့။
ကြည့်ကြလော့ဟု ငါ့နာမကို ပဌနာမပြုသောလူမျိုးအား ငါပြောဆိုပြီ။ [2] မိမိအလိုအတိုင်း မကောင်းသောလမ်းကို လိုက်၍၊
ငြင်းဆန်တတ်သော လူမျိုးကို မျက်နှာပြုလျက်၊ တနေ့လုံး ငါသည် ကိုယ်လက်ဝါးကိုဖြန့် ရပြီ။ [3] ထိုလူမျိုးသည် ဥယျာဉ်၌
ယဇ်ပူဇော်၍၊ အုတ်ပေါ်မှာ လောဗန်ကို မီးရှို့သဖြင့်၊ ငါ့အမျက်ကို နှိုးဆော် ခြင်းငှါ၊ ငါ့မျက်မှောက်၌ အစဉ်ပြုတတ်၏။ [4]
သင်္ချိုင်းမှာနေ၍၊ သင်္ချိုင်းတွင်း၌ အိပ်တတ်၏။ ဝက်သားကို စား၍၊ ရွံ့ရှာဘွယ်သော အမဲသားပြုတ်ရည် ကို သောတတ်၏။ [5]
သူတို့ကလည်း၊ သင်သည် အသီးအခြားနေလော့။ ငါ့ထံသို့ မချဉ်းနှင့်။ ငါသည်သင့်ထက်သာ၍ သန့်ရှင်းသည်ဟု ဆိုတတ်၏။
ထိုသို့သော သူတို့သည် ငါ့နှာခေါင်း၌ မီးခိုးကဲ့သို့၎င်း၊ အစဉ်လောင်သောမီးကဲ့သို့ ၎င်း ဖြစ်ကြ၏။ [6] ငါ့ရှေ့မှာ
စာရင်းမှတ်လျက်ရှိသည်ဖြစ်၍၊ ငါသည် တိတ်ဆိတ်စွာမနေ၊ အကျိုးအပြစ်ကို ဆပ်ပေးမည်။ [7] သင်တို့၏ ဒုစရိုက်အပြစ်ကို၎င်း၊
တောင်ပေါ်မှာ လောဗန်ကို မီးရှို့၍၊ ကုန်းပေါ်မှာ ငါ့ကိုကဲ့ရဲ့သော သင်တို့ ဘိုးဘေး၏ ဒုစရိုက်အပြစ်ကို၎င်း သင်တို့ရင်ခွင်၌
ငါဆပ်ပေးမည်။ အကယ်စင်စစ်သူတို့ပြုဘူးသော အကျင့် တို့၏ အကျိုးအပြစ်ကို သူတို့ရင်ခွင်၌ ငါခြင်၍ ပေးမည်ဟု၊
ထာဝရဘုရားမိန့်တော်မူ၏။ [8] တဖန်ထာဝရဘုရား မိန့်တော်မူသည်ကား၊ စပျစ်သီးပြွတ်၌ စပျစ်ရည်ကို တွေ့သောအခါ မဖျက်နှင့်၊
မင်္ဂလာရှိသည်ဟု ဆိုတတ်သကဲ့သို့၊ ထိုအတူ၊ ငါ့ကျွန်တို့၏ အကျိုးအလိုငှါ ငါပြုမည်။ အကုန်အစင်မဖျက်။ [9] ယာကုပ်အမျိုးထဲက
မျိုးစေ့ကို၎င်း၊ ယုဒအမျိုးထဲက ငါ့တောင်ကို အမွေခံရသောသူကို၎င်း ငါထုတ်ဘော် မည်။ ငါရွေးကောက်သော သူတို့သည်
ပြည်တော်ကို အမွေခံ၍၊ ငါ၏ကျွန်တို့သည် နေရကြလိမ့်မည်။ [10] ငါ့ကိုရှာသော ငါ၏လူတို့အဘို့၊ ရှာရုန်အရပ်သည်
သိုးခြံဖြစ်လိမ့်မည်။ အာခေါ်ချိုင့်သည်လည်း နွားများ အိပ်ရာအရပ်ဖြစ်လိမ့်မည်။ [11] သင်တို့မူကား၊ ထာဝရဘုရားကိုစွန့်ပစ်သောသူ၊
ငါ၏သန့်ရှင်းသော တောင်ကိုမေ့လျော့သောသူ၊ ဂါဒ ဘုရားရှေ့မှာ စားပွဲကိုခင်း၍၊ မေနိဘုရားအား သွန်းလောင်းရာ ပူဇော်သက္ကာကို
ပြင်သောသူ ဖြစ်ကြ၏။ [12] သင်တို့ကို ငါရေတွက်၍၊ ထား၌အပ်မည်။ ရှိသမျှတို့သည် အသေသတ်ခြင်းကိုခံရအောင် ဦးချရကြ
လိမ့်မည်။ အကြောင်းမူကား၊ သင်တို့သည် ငါခေါ်သော အခါမထူးကြ။ ငါပြောသောအခါ နားမထောင်ကြ။ ငါ့ မျက်မှောက်၌
မကောင်းသော အကျင့်ကို ကျင့်ကြ၏။ ငါမနှစ်သက်သော အရာကို ရွေးယူကြ၏။ [13] ထိုကြောင့်၊ အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါ၏ကျွန်တို့သည် စားကြလိမ့်မည်။ သင်တို့ မူကား၊ မွတ်သိပ်ကြလိမ့်မည်။ ငါ၏ကျွန်တို့သည်
သောက်ကြလိမ့်မည်။ သင်တို့မူကား၊ ရေငတ်ကြလိမ့်မည်။ ငါကျွန် တို့သည် ဝမ်းမြောက်ကြလိမ့်မည်။ သင်တို့မူကား၊ ရှက်
ကြောက်ကြလိမ့်မည်။ [14] ငါ၏ကျွန်တို့သည် ရွှင်လန်းသော စိတ်နှင့် သီချင်းဆိုကြလိမ့်မည်။ သင်တို့မူကား၊ ဝမ်းနည်းသောစိတ် နှင့်
ငိုကြွေးကြလိမ့်မည်။ ကြေကွဲသော နှလုံးနှင့် ညည်းတွား မြည်တမ်းကြလိမ့်မည်။ [15] သင်တို့သည် ကိုယ်နာမကို၊ ငါရွေးကောက်သော
သူတို့၌ ကျိန်ဆဲဘို့ရာ ကျန်ရစ်စေကြလိမ့်မည်။ အရှင် ထာဝရဘုရားသည် သင်တို့ကို ကွပ်မျက်၍၊ ကိုယ်တော်၏ ကျွန်တို့ကို
အခြားသောနာမဖြင့် မှည့်တော်မူမည်။ [16] မြေကြီးပေါ်မှာ မိမိကို မိမိကောင်းကြီးပေးသော သူသည်၊ သစ္စာစောင့်တော်မူသော
ဘုရားသခင်ကို အမှီပြု၍ ကောင်းကြီးပေးလိမ့်မည်။ မြေကြီးပေါ်မှာ ကျိန်ဆိုသောသူသည်၊ သစ္စာစောင့်တော်မူသော ဘုရားသခင် ကို
တိုင်တည်၍ ကျိန်ဆိုလိမ့်မည်။ အကြောင်းမူကား၊ အရင်အမှုတို့ကို မေ့လျော့ရ၏။ ငါ့မျက်မှောက်၌ ကွယ် ပျောက်လျက်ရှိကြ၏။ [17]
ကြည့်ရှုလော့။ မိုယ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည်။ အရင်မိုယ်းကောင်းကင် နှင့်မြေကြီးကို မအောက်မေ့ရ။
နှလုံးမမှတ်မိရ။ [18] ငါဖန်ဆင်းလတံ့သောအရာကြောင့်၊ သင်တို့ သည် အစဉ်အမြဲ ဝမ်းမြောက်ရွှန်လန်းကြလိမ့်မည်။ ယေရု ရှလင်မြို့ကို
ဝမ်းမြောက်စရာအကြောင်း၊ မြို့သားတို့ကို ရွှင်လန်းစရာအကြောင်းဖြစ်စေခြင်းငှါ ငါဖန်ဆင်း၏။ [19] ငါသည်လည်း
ယေရုရှလင်မြို့ကြောင့် ဝမ်းမြောက်မည်။ ငါ၏လူတို့ကြောင့် ရွှင်လန်းမည်။ ထိုမြို့၌ ငိုကြွေးသံနှင့် အော်ဟစ်သံကို
နောက်တဖန်မကြားရ။ [20] ထိုမြို့၌ အသက်ငယ်သောသူငယ်မရှိရ။ မသက် မပြည့်စုံသော လူအိုလည်းမရှိရ။ အသက်တရာရှိလျက်
သေသောသူကို သူငယ်ဟူ၍မှတ်ရ၏။ အပြစ်ရှိသော သူသည် အသက်တရာရှိလျက်သေလျှင်၊ ကျိန်ခြင်းကို
ခံရသောသူဟူ၍မှတ်ရ၏။ [21] ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်ဥယျာဉ်အသီးကို စားကြ
လိမ့်မည်။ [22] သူတို့သည် အိမ်ကို ဆောက်၍ အခြားသောသူ နေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍
အခြားသောသူစားရမည်မဟုတ်။ ငါ၏ လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကို
ကြာမြင့်စွာ သုံးဆောင်ရကြ လိမ့်မည်။ [23] ငါရွေးကောက်သော သူတို့သည် အချည်းနှီး မလုပ်မဆောင်ရကြ။ အသက်တိုသော
သားကိုမဘွား မမြင်ရကြ။ ကိုယ်တိုင်မှစ၍ အမျိုးအနွယ်တို့သည်၊ ထာဝရဘုရားပေးတော်မူသော ကောင်းကြီးမင်္ဂလာကို
ခံရသောသူဖြစ်ကြလိမ့်မည်။ [24] ငါသည် သူတို့မခေါ်မှီကပင် ထူးမည်။ လျှောက် စဉ်တွင်ပင် ငါနားထောင်မည်။ [25] တောခွေးနှင့်
သိုးသငယ်တို့သည် အတူကျက် စားကြလိမ့်မည်။ ခြင်္သေ့သည်နွားကဲ့သို့ မြက်ကိုစားလိမ့် မည်။ မြွေမူကား၊ မြေမှုန့်ကိုသာ
စားရလိမ့်မည်။ ငါ၏ သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်းချင်း ညှဉ်းဆဲ ခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြဟု ထာဝရဘုရား
မိန့်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 66

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင် ရာခုံဖြစ်၏။ အဘယ်သို့သော
ဗိမာန်ကို ငါ့အဘို့ တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါကျိန်းဝပ်ရာ အရပ်ဖြစ်မည်နည်း။ 2 ဤအရာအလုံးစုံတို့သည်
ငါ့ကိုယ်တိုင်ဖန်ဆင်းသောကြောင့် ဖြစ်ကြ၏။ စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲ ခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသောသူကိုသာ
ငါကြည့်ရှုမည်။ 3 တဖန်မိန့်တော်မူသည်ကား၊ နွားကိုသတ်သော သူသည် လူကို သတ်သောသူနှင့်တူ၏။ သိုးသငယ်ကို
ယဇ်ပူဇော်သောသူသည် ခွေးလည်ပင်းကိုဖြတ်သော သူနှင့်တူ၏။ အလှူဒါနကို လှူဒါန်းသောသူသည် ဝက်သွေးကို
လှူဒါန်းသောသူနှင့်တူ၏။ လောဗန်ကိုမီးရှို့သောသူသည် ရုပ်တုကိုကောင်းကြီးပေးသောသူနှင့်တူ၏။ အကယ်စင် စစ် ထိုသူတို့သည်
မိမိအလိုရှိရာ လမ်းကိုရွေးကြ၏။ မိမိဆိုးညစ်သောအမှုတို့၌ မွေ့လျော်ကြ၏။ 4 ငါသည်လည်း၊ သူတို့ဘို့ ဘေးဥပဒ်များကိုရွေးမည်။
သူတို့ကြောက်သောအမှုကို ရောက်စေမည်။ အကြောင်းမူကား၊ ငါခေါ်သောအခါ အဘယ်သူမျှမထူး။ ငါပြောသောအခါ သူတို့သည်
နားမထောင်ကြ။ ငါ့ မျက်မှောက်၌ မကောင်းသော အကျင့်ကိုကျင့်၍၊ ငါမနှစ်သက်သောအရာကို ရွေးယူကြ၏။ 5 ထာဝရဘုရား၏
နှုတ်ကပတ်စကားတော်ကြောင့် တုန်လှုပ်သော သူတို့၊ စကားတော်ကို နားထောင် ကြလော့။ သင်တို့ကိုမုန်း၍၊
ငါ့နာမကြောင့်နှင်ထုတ်သော ညီအစ်ကိုတို့က၊ ငါတို့သည်သင်တို့၏ ဝမ်းမြောက်ခြင်းကို မြင်ရမည်အကြောင်း၊ ထာဝရဘုရားသည်
ဘုန်းပွင့်တော်မူစေသတည်းဟု ပြောတတ်သော်လည်း၊ ရှက်ကြောက်ကြ လိမ့်မည်။ 6 မြို့၌ အုတ်အုတ်ကျက်ကျက်သောအသံ၊
ဗိမာန်တော်ထဲက ထွက်သောအသံ၊ ရန်သူတို့အား အကျိုး အပြစ်ကို ပေးတော်မူသော ထာဝရဘုရား၏စကားသံ ပေတည်း။ 7
ဇိအုန်သတို့သမီးသည် သားဘွားခြင်းဝေဒနာကို မခံမှီသားကိုဘွား၏။ ဝေဒနာခံချိန်မရောက်မှီ သား ယောကျ်ားကိုမြင်၏။ 8
ထိုသို့သောအမှုကို အဘယ်သူသည် ကြားဘူး သနည်း။ ထိုသို့သောအမှုကို အဘယ်သူသည် မြင်ဘူး သနည်း။ တိုင်းနိုင်ငံကို
တနေ့ခြင်းတွင် ဘွားတတ်သလော။ ပြည်သူပြည်သားအပေါင်းတို့ကို တပြိုင်နက် ဘွားတတ်သလော။ ဇိအုန်သတို့သမီးသည်
သားဘွားခြင်းဝေဒနာကို ခံအံ့ဆဲဆဲတွင်၊ သားများကို ဘွားမြင်ပါသည် တကား။ 9 သားဘွားမည်အကြောင်းကို ငါသည်စီရင်ပြီးမှ၊
မဘွားစေဘဲနေရမည်လောဟု ထာဝရဘုရားမေးတော် မူ၏။ ငါသည် ပဋိသန္ဓေပေးပြီးမှ၊ မဘွားနိုင်အောင် ချုပ်ထားရမည်လောဟု
သင်၏ဘုရားသခင်မေးတော် မူ၏။ 10 ယေရုရှလင်မြို့ကို ချစ်သောသူအပေါင်းတို့၊ သူနှင့်အတူ ဝမ်းမြောက်ရွှင်လန်းကြလော့။
ယေရုရှလင် မြို့အတွက် စိတ်မသာညည်းတွားသောသူအပေါင်းတို့၊ သူနှင့်အတူ အလွန်ဝမ်းမြောက်ကြလော့။ 11 သို့ပြုလျှင်၊
သူ၏ချမ်းသာခြင်းသားမြတ်ကိုစို့၍ ဝကြလိမ့်မည်။ သူ၏စည်းစိမ်ကြွယ်ဝခြင်းအထဲက ထုတ်ယူ၍ မွေ့လျော်ကြလိမ့်မည်။ 12
ထာဝရဘုရား မိန့်တော်မူသည်ကား၊ မြစ်ကဲ့သို့ ချမ်းသာကိုငှင်း၊ စီးသောရေကဲ့သို့တပါး အမျိုးသားတို့၏ စည်းစိမ်ကိုငှင်း
ယေရုရှလင်မြို့သို့ ငါရောက်စေမည်။ သင်တို့သည် သားမြတ်ကိုစို့၍ ခါး၌ချီခြင်း၊ ဒူးပေါ်မှာ မြူခြင်းကို ခံစားရကြလိမ့်မည်။ 13
အမိသည် သားငယ်ကို နှစ်သိမ့်စေသကဲ့သို့၊ သင်တို့ကို ငါနှစ်သိမ့်စေမည်။ ယေရုရှလင်မြို့၌ ချမ်းသာ ရကြလိမ့်မည်။ 14 ထိုသို့
တွေ့မြင်သဖြင့်၊ သင်တို့၏နှလုံးသည် ရွှင်မြူး၍၊ အရိုးတို့ သည်စိမ်းလန်းသော အပင်ကဲ့သို့ သန်ကြလိမ့်မည်။ ထာဝရဘုရား၏
လက်တော်သည်လည်း ကျွန်တော်တို့အားငှင်း၊ အမျက်တော်သည် ရန်သူ တို့အားငှင်း ထင်ရှားလိမ့်မည်။ 15 ကြည့်ရှုလော့။
ထာဝရဘုရားသည် ပြင်းစွာသော အရှိန်အားဖြင့် အမျက်တော်ကိုငှင်း၊ မီးလျှံအားဖြင့် ဆုံးမ တော်မူခြင်းကိုငှင်း ထင်ရှားစွာ ပြခြင်းငှါ၊
လေဘွေကဲ့သို့သော ရထားတော်တို့ကိုစီး၍၊ မီးကဲ့သို့ ကြွလာတော် မူလိမ့်မည်။ 16 ထာဝရဘုရားသည် မီးနှင့်ထားအားဖြင့်၊
လူသတ္တဝါအပေါင်းတို့ကို အပြစ်ပေးတော်မူ၍၊ ထာဝရ ဘုရားကွပ်မျက်တော်မူသော သူတို့သည် များကြလိမ့်မည်။ 17
တဖန်မိန့်တော်မူသည်ကား၊ ဝက်သား၊ ကြွက် သား၊ ရွံရှာဘွယ်သောအရာကို စားလျက်၊ ဥယျာဉ်တို့တွင် အလယ်၌ရှိသော
သူတယောက်နောက်သို့ လိုက်၍၊ မိမိတို့ကို သန့်ရှင်းစင်ကြယ်စေသော သူတို့သည် တပြိုင် နက် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။
သူတို့၏အကျင့် ကိုငှင်း အကြံအစည်တို့ကိုငှင်း ငါသိ၏။ 18 အချိန်တန်မှ ဘာသာစကားခြားနားသော လူ အမျိုးမျိုးအပေါင်းတို့ကို
ငါစည်းဝေးစေသဖြင့်၊ သူတို့သည် လာ၍ ငါ၏ဘုန်းကို ဖူးမြင်ကြလိမ့်မည်။ 19 ထိုသူတို့တွင် အလံကို ငါထူမည်။ ဘေးလွတ် သော
သူတို့ကို တာရှုပြည်၊ ဖုလပြည်၊ လေးလက်နက်ကို သုံးတတ်သော လုဒပြည်၊ တုဗလပြည်၊ ယာဝန်ပြည်မှစ၍၊ ငါ၏နာမကိုမကြား၊
ငါ၏ဘုန်းကိုမမြင်၊ ဝေးစွာသော တကျွန်းတနိုင်ငံအရပ်သို့ စေလွှတ်သဖြင့်၊ တပါး အမျိုးသားတို့တွင် ငါ၏ဘုန်းကို
ဟောပြောကြလိမ့်မည်။ 20 ဣသရေလအမျိုးသားတို့သည် စင်ကြယ်သော ဖလား စသည်တို့နှင့်၊ ပူဇော်သက္ကာကို ဗိမာန်တော်သို့
ဆောင်ခဲ့သကဲ့သို့၊ ထိုသူတို့သည် သင်တို့၏ ညီအစ်ကို အပေါင်းကို မြင်း၊ ရထား၊ ထမ်းစင်၊ မြည်း၊ ကုလားအုပ် ပေါ်၌တင်၍၊
ထာဝရဘုရားအားပူဇော်ဘို့ရာ၊ ခပ်သိမ်း သောအပြည်ပြည်တို့မှငါ၏ သန့်ရှင်းသောတောင်၊ ယေရု ရှလင်မြို့သို့ဆောင်ခဲ့ကြလိမ့်မည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။ 21 ထိုသူအချို့တို့ကို ငါရွေးယူ၍၊ ယဇ်ပုရောဟိတ် အရာနှင့် လေဝိလူအရာ၌ခန့်ထားမည်ဟု ထာဝရဘုရား
မိန့်တော်မူ၏။ 22 ငါဖန်ဆင်းသော ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် ငါ့ရှေ့၌ တည်သကဲ့သို့၊ သင်တို့၏အမျိုးအနွယ် နှင့်
သင်တို့၏ နာမသည်လည်း တည်ရလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 23 လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှါ
လဆန်းနေ့နှင့်ဥပုသ်နေ့ အစဉ်အတိုင်းလာကြ လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 24 ထိုသူတို့သည်၊ ငါ့ကိုပြစ်မှားသောသူတို့၏
အသေကောင်များကို ထွက်၍ ကြည့်ရှုကြလိမ့်မည်။ သူတို့၏ ပိုးသည်မသေနိုင်ရာ။ သူတို့၏မီးသည်လည်းမငြိမ်းနိုင်ရာ။
လူသတ္တဝါအပေါင်းတို့၌ ရွံရှာဘွယ်ဖြစ်ရကြ လိမ့်မည်ဟု မိန့်တော်မူ၏။

 generated on Sun Jun 30 02:37:40 2024

# Jeremiah

## Chapter 1

1 ယုဒရှင်ဘုရင် အာမုန်သားယောရှိမင်းနန်းစံ ဆယ်သုံးနှစ်တွင်၎င်း၊ ယုဒရှင်ဘုရင်ယောရှိသား ယောယ ကိမ်လက်ထက်၌၎င်း၊ 2
ယုဒရှင်ဘုရင်ယောရှိသား ဇေဒကိ မင်းနန်းစံ ဆယ်တနှစ်စေ့၍ ပဉ္စမလတွင်၊ ယေရုရှလင် မြို့သားတို့ကို
သိမ်းသွားချုပ်ထားသည်တိုင်အောင်၊ 3 ထာဝရဘုရား၏ ဗျာဒိတ်တော်ကိုခံသော ဗင်္ယာမိန်ပြည်၊ အာနသုတ်မြို့နေ
ဟိလခိသားယဇ်ပုရောဟိတ် ယေရမိ စကားမှာ၊ 4 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီ သို့ ရောက်၍ မိန့်တော်မူသည်ကား၊ 5
သင့်ကိုအမိဝမ်းထဲ၌ ငါမဖန်ဆင်းမှီသင့်ကို ငါသိပြီ။ မဘွားမှီကပင် သင့်ကို ငါသန့်ရှင်းစေ၍၊ လူ အမျိုးမျိုးတို့အဘို့၊ ပရောဖက်အရာ၌
ခန့်ထားပြီဟု မိန့်တော်မူ၏။ 6 ငါကလည်း၊ အိုအရှင်ထာဝရဘုရား၊ အကျွန်ုပ် သည် မဟောမပြောတတ်ပါ။ သူငယ်ဖြစ်ပါ၏ဟု
လျှောက်လျှင်၊ 7 ထာဝရဘုရားကလည်း၊ အကျွန်ုပ်သည် သူငယ် ဖြစ်ပါ၏ဟု မပြောနှင့်။ အကြင်သူရှိရာသို့ သင်ကို ငါ စေလွှတ်၏။
ထိုသူရှိရာသို့ သင်သွားရမည်။ အကြင် စကားကို ငါမှာထား၏။ ထိုစကားကို သင်ဆင့်ဆိုရမည်။ 8 သူတို့ကိုမကြောက်နှင့်။ သင့်ကို
ကယ်နှုတ်ခြင်းငှါ သင်နှင့်အတူ ငါရှိသည်ဟု မိန့်တော်မူပြီးမှ၊ 9 လက်တော်ကိုဆန့်၍ ငါ့နှုတ်ကိုတို့တော်မူလျက်၊ သင်၏နှုတ်၌
ငါ့စကားကို ငါသွင်းထားပြီ။ 10 ကြည့်ရှုလော့။ သင်သည်နှုတ်ပယ်ဖြိုချ ဖျက်ဆီး မှောက်လှဲရသောအခွင့်၊
တည်ဆောက်စိုက်ပျိုးရသော အခွင့်နှင့် သင့်ကို လူအမျိုးမျိုးတို့၏ တိုင်းနိုင်ငံများ အပေါ်မှာ ယနေ့ငါခန့်ထားပြီဟု မိန့်တော်မူ၏။ 11
တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်၍၊ ယေရမိ၊ သင်သည်အဘယ်အရာကို မြင်သနည်းဟု မေးတော်မူလျှင်
ငါက၊ အကျွန်ုပ်သည် ဗာတံတိုင်းကို မြင်ပါ၏ဟု လျှောက်သော်၊ 12 ထာဝရဘုရားက၊ သင်သည်မှန်ကန်စွာမြင်ပြီ။ အကြောင်းမူကား၊
ငါ့စကားကို ပြည့်စုံစေခြင်းငှါ၊ ငါစောင့် နေမည်ဟု မိန့်တော်မူ၏။ 13 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဒုတိယအကြိမ်
ငါ့ဆီသို့ရောက်၍၊ သင်သည် အဘယ် အရာကို မြင်သနည်းဟု မေးတော်မူလျှင် ငါက၊ အကျွန်ုပ် သည် ဆူပွက်သော အိုးကင်းကို
မြင်ပါ၏။ မြောက် ဘက်သို့မျက်နှာပြုလျက်ရှိပါ၏ဟု လျှောက်လျှင်၊ 14 ထာဝရဘုရားက၊ မြောက်မျက်နှာဘက်ကဘေးဥပဒ်သည်၊
ဤပြည်သားတို့အပေါ်သို့ ထွက်လာလိမ့်မည်။ 15 အကြောင်းမူကား၊ မြောက်တိုင်းနိုင်ငံသား အမျိုးမျိုးအပေါင်းတို့ကို ငါခေါ်၍၊
သူတို့သည် လာပြီးလျှင်၊ ယေရုရှလင်မြို့တံခါးဝများတို့၌၎င်း၊ မြို့ရိုးပတ်ဝန်းကျင် အရပ်ရပ်တို့၌၎င်း၊ ယုဒမြို့ရွာအလုံးစုံတို့၌၎င်း
မိမိတို့ ရာဇပလ္လင်များကို အသီးအသီး တည်ထားကြလိမ့်မည်။ 16 ပြည်သူပြည်သားတို့သည် ငါ့ကိုစွန့်သောအပြစ်၊ အခြားသော
ဘုရားတို့အား နံ့သာပေါင်းကို မီးရှို့သော အပြစ်၊ မိမိတို့လက်ဖြင့် လုပ်သော အရာကို ကိုးကွယ် သောအပြစ်ရှိသမျှတို့ကြောင့်၊ သူတို့ကို
ငါစစ်ကြော၍၊ အပြစ်နှင့်အလျောက် စီရင်မည်။ 17 သို့ဖြစ်၍ သင်သည် ခါးပန်းကို စည်း၍ထလော့။ ငါမှာထားသမျှကို သူတို့အား
ဟောပြောလော့။ သူတို့ ရှေ့မှာ သင့်ကို ငါအရှက်မခွဲရမည်အကြောင်း သူတို့ကို မကြောက်နှင့်။ 18 ကြည့်ရှုလော့။ ယုဒရှင်ဘုရင်၊
မင်းသား၊ ယဇ် ပုရောဟိတ်၊ ပြည်သူပြည်သားတည်းဟူသော တနိုင်ငံလုံး တဘက်၌၊ ခိုင်ခံ့သော မြို့၊ သံတိုင်၊ ကြေးဝါထရံအရာ၌
သင့်ကို ယနေ့ ငါခန့်ထား၏။ 19 သူတို့ဥည် သင့်ကိုစစ်တိုက်၍ မနိုင်ရကြ။ သင့်ကို ကယ်နှုန်ခြင်းငှါ၊ သင်နှင့်အတူ ငါရှိသည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။

---

Jeremiah 01

အာနသုတ်
မြို့တစ်မြို့၏အမည်

ဟိလခိ...အာမုန်
အမျိုးသားများ၏ အမည်နာမများ

ထာဝရဘုရား၏ဗျာဒိတ်တော်ရောက်လာသည်ကား
၎င်းဝေါဟာရကို ဘုရားသခင်သည် သူ၏ ပရောဖက်များဆီသို့ ပြောဆိုသောအခါ အသုံးပြုသည်။ "ထာဝရဘုရား မိန့်ဆိုသော စကားတော်" သို့မဟုတ် "ထာဝရဘုရား ပြောသောစကား"

ထာဝရဘုရား
ထာဝရဘုရား၏ အမည် နာမသည် ဓမ္မဟောင်းကျမ်း၌ သူ့၏လူမျိုးတော်များကို ဖွင့်ပြသောအမည်ဖြစ်သည်။

ငါ့ထံသို့လာသည်
ယေရမိထံသို့ လာသည်

ဆယ့်သုံး.......ဆယ့်တစ်

မင်းနန်းစံ
"ယောရှိမင်း နန်းစံသည်"

ရောက်လာသည်
ထာဝရဘုရား၏ စကားတော်ရောက်လာသည်။


generated on Sun Jun 30 02:37:40 2024

ပဥ္စမလ
ဟေဗြဲပြက္ခဒိန်၏ ငါးလမြောက်ဖြစ်သည်။ အနောက်နိုင်များအတွက် ဇူလိုင်လ နောက်ဆုံးအပတ်နှင့် ဩဂုတ်လပထမအပတ်တွင် ကျရောက်သည်။

ဇေဒကိမင်း၏
ဇေဒကိမင်း စိုးစံသည်

Jeremiah 04

ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာသည်
ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာသည်။ (ရှု၊ မည်ကဲ့သို့ဘာသာပြန်သည်ကို 1:1.)

ငါ့ဆီသို့ရောက်လာသည်
"ယေရမိဆီသို့ ရောက်လာသည်"

ပုံဖော်သည်
"ဖွံ့ဖြိုးပြီး" သို့မဟုတ် "သဏ္ဍာန်ရှိပြီး"

Jeremiah 07

ထာဝရဘုရား မိန့်တော်မူ၏
"ထာဝရဘုရားမိန့်တော်မူသည်" သို့မဟုတ် "ထာဝရဘုရားပြောဆိုသည်"

Jeremiah 09

သင့်နှုတ်ကိုငါ၏စကားကိုထားခဲ့ပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "လူတွေဆီသို့ ပြောကြားရန် သင့်အတွက် ငါ၏ တရားပေးခဲ့ပြီ"

နှုတ်ပယ်သည်
မြေပြင်မှ ဆွဲယူသည်။ စိုက်ပျိုးသည်၏ ဆန့်ကျင်ဘက် စကားလုံး ဖြစ်သည်။

ဖြိုချသည်
တည်ဆောက်သည် ၏ ဆန့်ကျင်ဘက် စကားလုံးဖြစ်သည်။

ဖျက်ဆီးသည်နှင့် မှောက်လှဲသည်
ယေရမိသည် ၎င်းစကားလုံးအား ဖြစ်ပျက်မှုတစ်ခုအတွက် အဓိပ္ပါယ်တူညီစွာ အသုံးပြုထားသည်။

Jeremiah 11

ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:1.

အကျွန်ုပ်သည် ဗာတံတိုင်းကိုမြင်ပါ၏
ထာဝရဘုရားက ယေရမိအား ရူပါရုံ ပြခဲ့သည်။

ဗာတံတိုင်း
အစေ့မှာသော အပင်တစ်မျိုး

ငါ့စကားပြည့်စုံစေခြင်းငှါ ငါစောင့်နေမည်
ဟေဗြဲစကားလုံးများဖြစ်သော "အာမွန်"နှင့် "စောင့်ကြည့်နေသည်" ဟူသော စကားလုံးသည် သဘောတရား တူညီသည်။ ဘုရားသခင်က ယေရမိအား သူ့စကားလုံးကိုအချိန်တိုင်းမှာ အောင်မြင်ဖို့ အာမွန်အကိုင်းကိုတွေ့မြင်သကဲ့သို့ သိရှိစေရန်ဖြစ်သည်။

Jeremiah 13

ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာသည်
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု _ 1:1.

Jeremiah 15

အမျိုးအပေါင်းတို့
မြောက်ပိုင်း နိုင်ငံတော်မှ ခေါင်းဆောင်များ

ရာဇပလ္လင်များကို အဝင်တံခါးဝမှတည်ကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့တော်ရဲ့ အဝင်တံခါးဝမှာ တရားစီရင်လိမ့်မည်။

သူတို့ကိုငါစစ်ကြောစီရင်မည်
"ငါသည် သူတို့ကို မည်ကဲ့သို့ စီရင်မည်ကို ကြေညာမည်"

Jeremiah 17

မတုန်မလှုပ်စေနှင့်.......ငါတုန်လှုပ်စေမည်
"အကြောက်တရား မလွှန်စေနှင့်.....ငါသည် အလွန်တုန်လှုပ် ကြောက်ရွံ့စေမည်"

တုန်လှုပ်(ကြောက်ရွံ့သည်)
အပိုင်းအစငယ်များအဖြစ် ကျိုးပဲ့သည်။

ကြည့်ရှုလော့
အာရုံစိုက်ခြင်း

သံတိုင်....ကြေးဝါ
၎င်းအချိန်ခါတွင် အမာဆုံးသော အရာဝတ္ထုများဖြစ်ပါသည်။

ထာဝရဘုရား မိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 1:7.

# Translation Questions

## Jeremiah 1:1

ယေရမိသည် မည်သည့်အလုပ်ကို လုပ်ခဲ့သနည်း။
ယေရမိသည် ယဇ်ပုရောဟိတ်ဖြစ်ခဲ့သည်။

ယေရမိထံ ပထမဆုံး ထာဝရဘုရား၏ စကားရောက်လာသောအခါ မည်သူသည် ဘုရင်ဖြစ်ခဲ့သနည်း။
ယောရှိမင်း ဘုရင်ဖြစ်သည့်ကာလာတွင် ယေရမိထံ ပထမဆုံး ထာဝရဘုရား၏ စကားရောက်လာခဲ့သည်။

## Jeremiah 1:4

ထာဝရဘုရားသည် ယေရမိကို မည်သည့်အချိန်တွင် ပရောဖက်အရာ၌ ရွေးချယ်ခဲ့သနည်း။
ယေရမိသည် မမွေးခင်ကပင် ထာဝရဘုရားသည် သူ့ကို ရွေးချယ်ခဲ့သည်။

အဘယ်ကြောင့် ယေရမိက မိမိသည် မပြည့်မှီဘူး ဟု ပြောခဲ့သနည်း။
သူသည် အလွန်ငယ်ရွယ်ခဲ့သောကြောင့် ပြောခဲ့ခြင်းဖြစ်သည်။

## Jeremiah 1:7

ထာဝရဘုရားသည် ယေရမိကို မည်သည့်အရာကို ပြောဖို့ရန် မိန့်မှာခဲ့သနည်း။
ထာဝရဘုရားက သူပြောစေလိုသည့်အရာအားလုံးကို ပြောဖို့ရန် ယေယမိအား မိန့်မှာခဲ့သည်။

အဘယ်ကြောင့် ယေရမိသည် မကြောက်ရွံ့ရမည်နည်း။
ထာဝရဘုရားသည် သူ့ကို ကယ်တင်ပြီး သူနှင့်အတူ ရှိနေသောကြောင့် သူသည် မကြောက်ရွံ့ရန်ဖြစ်သည်။

## Jeremiah 1:9

ထာဝရဘုရားသည် ယေရမိ၏ နှုတ်ထဲတွင် မည်သည့်အရာကို ထည့်ပေးခဲ့သနည်း။
ထာဝရဘုရားသည် ယေရမိ၏ နှုတ်ထဲတွင် သူ၏စကားကို ထည့်ပေးခဲ့သည်။

## Jeremiah 1:11

ယေရမိသည် မည်သည့်အရာကို မြင်ခဲ့သနည်း။
သူသည် ဗာတံတိုင်းကို မြင်ခဲ့သည်။

ထာဝရဘုရားသည် သူ၏ စကားဖြင့် မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
သူသည် ထိုစကားအတိုင်းအမှုပြုလိမ့်မည်။

## Jeremiah 1:13

ယေရမိမြင်တွေ့ခဲ့သော မြေအိုး၏ အဓိပ္ပာယ်သည် မည်သို့နည်း။
မြေအိုးသည် ဖြစ်လာမည့် ဘေးအန္တရာယ်၏ ပုံရိပ်ဖြစ်သည်။

## Jeremiah 1:15

ထာဝရဘုရားသည် ခေါ်သောအခါ မြောက်ပိုင်းနိုင်ငံအမျိုးသားတို့သည် ဘာလုပ်ကြမည်နည်း?
သူတို့သည်လာပြီး ယေရုရှလင်မြို့နှင့် ယုဒမြို့ပတ်လည်အားလုံးတွင် ရာဇပလ္လင်များကို တည်ထားကြလိမ့်မည်။

အဘယ်ကြောင့် ထာဝရဘုရားသည် ယေရုရှလင်မြို့နှင့် ယုဒမြို့ကို ဆန့်ကျင်၍ ပြောဆိုလိမ့်မည်နည်း။
သူတို့သည် သူ့ကို မနာခံခဲ့သောကြောင့် သူသည် သူတို့ကို ဆန့်ကျင်ပြောဆိုလိမ့်မည်။

## Jeremiah 1:17

ယေရမိသည် လူများတို့ကို စကားပြောပြီးနောက် သူတို့သည် မည်သို့ပြုလုပ်လိမ့်မည်နည်း။
လူများသည် သူ့ကို ဆန့်ကျင်တိုက်ခိုက်ကြလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 2

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်ဂိလ္ဂါလ်ဆီသို့ရောက်၍၊ သင်သည်ယေရုရှလင်မြို့သို့ သွားပြီး လျှင်၊ 2
အော်ဟစ်ရမည်အရာဟူမူကား၊ ထာဝရဘုရားက၊ လယ်မလုပ်သော တောအရပ်၌ သင်သည် ငါ့နောက် သို့လိုက်သောအခါ၊
အသက်အရွယ်နုငယ်၍ခံရသောကျေးဇူးကိုငှင်း၊ ထိမ်းမြားပေးစားခြင်းနှင့်ယှဉ်သော ချစ်ခြင်းမေတ္တာကိုငှင်း ငါအောက်မေ့၏။ 3
ထိုအခါ ဣသရေလအမျိုးသည် ထာဝရဘုရားအဘို့ သန့်ရှင်း၏။ စီးပွားတော်အဘို့ အဦးသီးသော အသီးဖြစ်၏။ သူတို့ကို
လုယူသောသူအပေါင်းတို့သည် အပြစ်ရှိကြ၏။ ထိုသူတို့အပေါ်မှာ ဘေးဥပဒ်ရောက်ရ သည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 4
အိုယာကုပ်အမျိုးနှင့် ဣသရေလ အမျိုးအနွယ် အပေါင်းတို့၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို နား ထောင်ကြလော့။ 5
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့၏ဘိုးဘေးတို့သည် ငါ့ထံမှဝေးစွာထွက်သွား၍၊ အနတ္တလမ်း သို့လိုက်လျက်၊
အနတ္တသက်သက်ဖြစ်ရမည်အကြောင်း၊ ငါ၌ အဘယ်မည်သောအပြစ်ကို တွေ့ကြသနည်း။ 6 သူတို့က၊ ငါတို့ကို အဲဂုတ္တုပြည်မှ
ကယ်နှုတ်၍၊ တောတရှောက်လုံး၊ လွင်ပြင်၊ မြေတွင်းနှင့်ပြည့်စုံသော ပြည်၊ သွေ့ခြောက်၍ သေမင်းအရိပ် လွှမ်းမိုးသောပြည်၊
ခရီးသွားသောသူ၊ နေရာကျသောသူမရှိသော ပြည်တ ရှောက်လုံးသို့ပို့ဆောင်သော ထာဝရဘုရားသည် အဘယ် မှာ ရှိတော်မူသနည်းဟု
မမေးကြ။ 7 ဝပြောသော ပြည်၏အသီးအနှံဆီဥဆီကြည်ကို စားစေခြင်းငှါ သင်တို့ကို ငါဆောင်သွင်း၍၊ သင်တို့သည်
ဝင်စားသောအခါ၊ ငါ့ပြည်ကို ညစ်ညူးစေ၍၊ ငါ၏အမွေ ကို ရွံရှာဘွယ်ဖြစ်စေကြသည်တကား။ 8 ယဇ်ပုရောဟိတ်တို့က၊
ထာဝရဘုရားသည် အဘယ်မှာ ရှိတော်မူသနည်းဟု မမေးကြ။ ကျမ်းတတ်တို့ သည် ငါ့ကိုမသိကြ။ သင်းအုပ်တို့သည် ငါ့ကို ပြစ်မှား
ကြ၏။ ပရောဖက်တို့သည် ဗာလကို အမှီပြု၍ ဟောပြော လျက်၊ ကျေးဇူးမဲ့သောလမ်းသို့ လိုက်ကြ၏။ 9 ထိုကြောင့်၊ သင်တို့နှင့်
သင်တို့သားသမီးများကို ငါစစ်ကြောမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 10 ခိတ္တိမ်ကျွန်းတို့သို့ကူး၍ ကြည့်ရှုကြလော့။ ကေဒါပြည်သို့
လူကို စေလွှတ်၍၊ ထိုသို့ဖြစ်ဘူးပြီလောဟု စေ့စေ့ကြည့်ရှုဆင်ခြင်ကြလော့။ 11 အခြားတပါးသော လူမျိုးကိုးကွယ်သော ဘုရား သည်
ဘုရားမဟုတ်သော်လည်း၊ ပြောင်းလဲဘူးပြီလော။ ငါ၏လူမျိုးသည် ကျေးဇူးမပြုနိုင်သောအရာအဘို့ မိမိတို့ ဘုန်းကို
ပြောင်းလဲကြပြီတကား။ 12 ထာဝရဘုရား မိန့်တော်မူသည်ကား၊ အို မိုဃ်း ကောင်းကင်တို့၊ ထိုအမှုကို မိန်းမောတွေဝေ၍၊ ကြက်သီး
မွေးညှင်းထသည်တိုင်အောင် ထိတ်လန့်လျက် နေကြ လော့။ 13 ငါ၏ လူတို့သည် အသက်စမ်းရေတွင်းတည်း ဟူသော၊ ငါ့ကိုစွန့်ပစ်၍၊
ရေမလှုံ၊ ပဲ့ပျက်သောရေကျင်း တို့ကို တူးသောအားဖြင့် ဒုစရိုက်နှစ်ပါးကို ပြုကြပြီ။ 14 ဣသရေလသည် ကျွန်ဖြစ်သလော။ ကျွန်သား
ပေါက် ဖြစ်သလော။ အဘယ်ကြောင့် လုယူခြင်းကို ခံရသနည်း။ 15 ခြင်္သေ့တို့သည် သူ့ကိုဟောက်၍ အသံမြည်ကြ ပြီ။ သူ၏ပြည်ကို
ဖျက်ဆီးကြပြီ။ သူ၏မြို့တို့သည် မီးလောင်သောကြောင့်၊ အဘယ်သူမျှ မနေရ။ 16 နောဖမြို့သားနှင့် တာပနက်မြို့သားတို့သည်
သင်၏ဦးထိပ်ကို စားကြပြီ။ 17 သင့်ကိုပို့ဆောင်တော်မူသော သင်၏ဘုရား သခင် ထာဝရဘုရားကို သင်သည်စွန့်သောကြောင့်၊
ထိုသို့သော အပြစ်ရောက်သည် မဟုတ်လော။ 18 ယခုမှာ သင်သည် ရှိဟောရမြစ်ရေကို သောက် အံ့သောငှါ၊ အဲဂုတ္တုလမ်းသို့
အဘယ်ကြောင့် လိုက် သနည်း။ ဥဖရတ်မြစ်ရေကို သောက်အံ့သောငှါ၊ အာရှုရိ လမ်းသို့ အဘယ်ကြောင့် လိုက်သနည်း။ 19 သင်၏
ဒုစရိုက်သည် သင့်ကိုဆုံးမမည်။ သင်၏ ဖောက်ပြန်ခြင်းသည် သင့်ကို အပြစ်ပေးမည်။ သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရားကို
စွန့်ပစ်သောအမှု၊ ငါ့ကိုမကြောက်ဘဲ နေသောအမှုသည်၊ မကောင်းသော အမှု၊ ခါးသောအမှုဖြစ်သည်ကို သိမြင်ရမည်ဟု ကောင်း
ကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 20 ရှေးကာလ၌ သင်ထမ်းရသော ထမ်းဘိုး၊ သင်၌ ချည်သော နှောင်ဖွဲ့ခြင်းကို
ငါချိုးချွတ်၍ သင်က၊ အကျွန်ုပ်သည် မမှားယွင်းဘဲ နေပါမည်ဟု ဂတိထား သော်လည်း၊ မြင့်သောတောင်ရှိသမျှ အပေါ်၌ငှင်း၊
စိမ်းသောသစ်ပင်ရှိသမျှအောက်၌ငှင်း၊ ကိုယ်ကိုချ၍ ပြည်တန်ဆာလုပ်လေ၏။ 21 အကောင်းဆုံးသော စပျစ်နွယ်ပင်အမျိုးစစ်
ဖြစ်သော သင့်ကို ငါစိုက်ပျိုးသော်လည်း၊ သင်သည် ငါ့ရှေ့ မှာ အဘယ်မျှလောက် ဖောက်ပြန်၍၊ အမျိုးမစစ်သော
စပျစ်နွယ်ပင်ဖြစ်ပါသည်တကား။ 22 သင်သည် ပေါက်ဆပ်ပြာနှင့် ရေချိုး၍၊ ချက် သော ဆပ်ပြာအများကို သုံးသော်လည်း၊
သင်၏အပြစ် သည် ငါ့ရှေ့မှာထင်ရှားသည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 23 သင်ကလည်း၊ ငါသည် ညစ်ညူးခြင်းမရှိ၊ ဗာလ
ဘုရားတို့ နောက်သို့မလိုက်ဟု အဘယ်သို့ ဆိုနိုင်သနည်း။ ချိုင့်၌ သင်လိုက်သော လမ်းကိုကြည့်ရှုလော့။ သင်ပြု သော အမှုတို့ကို
ဝန်ခံလော့။ လျင်မြန်စွာ ပြေး၍ လှည့် လည်တတ်သော ကုလားအုပ်မပါတကား။ 24 တော၌ လှည့်လည်၍ ကိလေသာရာဂစိတ်နှင့်
လေကိုရှူတတ်သော မြည်းရိုင်းမပါတကား။ အချိန်ရောက် သောအခါ အဘယ်သူ ဆီးတားနိုင်သနည်း။ သူ့ကိုရှာအံ့ သောငှါ
အဘယ်သူမျှ ပင်ပန်းခြင်းကို မခံရ။ အချိန်စေ့ သောအခါ သူ့ကိုတွေ့လိမ့်မည်။ 25 သင်၏ခြေနင်းကို မပျက်စေနှင့်။ ရေငတ်ခြင်း
အကြောင်းကို မပြုနှင့်ဟုဆိုသော်လည်း၊ သင်ကမြော်လင့် စရာမရှိ။ အလျှင်းမရှိ။ သူတပါးတို့ကို ငါချစ်၍၊ သူတို့ နောက်သို့
လိုက်မည်ဟု ပြန်ပြော၏။ 26 ဘမ်းမိသောသူခိုးသည် ရှက်သကဲ့သို့၊ ဣသ ရေလအမျိုး၏ ရှင်ဘုရင်၊ မင်းသား၊ ယဇ်ပုရောဟိတ်၊
ပရောဖက်နှင့်တကွ အမျိုးသားများတို့သည် ရှက်ကြ၏။ 27 သစ်တုံးအား၊ ကိုယ်တော်သည် အကျွန်ုပ်အဘ ဖြစ်တော်မူ၏ဟူ၍ငှင်း၊
ကျောက်အားလည်း၊ ကိုယ်တော် သည် အကျွန်ုပ် ကို ဘွားမြင်တော်မူပြီဟူ၍ငှင်း ဆိုလျက်၊ စင်စစ်ငါ့ကို မျက်နှာမပြု၊
ကျောခိုင်းကြသော်လည်း၊ အမှု ရောက်လျှင်မူကား၊ ထတော်မူပါ၊ အကျွန်ုပ်တို့ကို ကယ်မ တော်မူပါဟု လျှောက်တတ်ကြ၏။ 28
ကိုယ်အဘို့ သင်လုပ်သော ဘုရားတို့သည် အဘယ်မှာရှိကြသနည်း။ အမှုရောက်သောအခါ သူတို့ သည် တတ်နိုင်လျှင်ထ၍

ကယ်ကြပါလေစေ။ အိုယုဒ ပြည်၊ သင်သည် မြို့များ အရေအတွက်ရှိသည်အတိုင်း၊ သင်၏ဘုရားများရှိပါသည်တကား။ 29
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ သည် အဘယ်အကျိုးအလိုငှါ ငါနှင့်တရားတွေ့ကြမည် နည်း။ သင်တို့ရှိသမျှသည် ငါ့ကို
ပြစ်မှားကြပြီ။ 30 ငါသည်သင်တို့ သားများကို အချည်းနှီးဒဏ်ပေး ပြီ။ သူတို့သည် ဆုံးမခြင်းကို မခံကြ။ သင်တို့၏ ထား သည်
လုယူဖျက်ဆီးတတ်သော ခြင်္သေ့ကဲ့သို့၊ သင်တို့၏ ပရောဖက်များကို ဖျက်ဆီးလေပြီ။ 31 ယခုဖြစ်သော အမျိုးသားတို့၊
ထာဝရဘုရား၏ အမိန့်တော်ကို ဆင်ခြင်ကြလော့။ ငါသည် ဣသရေလ အမျိုး၌ တောကဲ့သို့၎င်း၊ မှောင်မိုက်နိုင်ငံကဲ့သို့၎င်း ဖြစ်ဘူး
သလော။ ငါ၏လူတို့က၊ ငါတို့သည် အရပ်ရပ်သို့ လည် မည်။ ကိုယ်တော်ထံသို့ နောက်တဖန်မချဉ်းကပ်ဟု အဘယ်ကြောင့်
ဆိုကြသနည်း။ 32 အပျိုမသည် မိမိ၌ဆင်သောတန်ဆာကို၎င်း၊ မင်္ဂလာဆောင် သတို့သမီးသည် မိမိခါးပန်းကို၎င်း
မေ့လျော့နိုင်သလော။ သို့သော်လည်း၊ ငါ၏လူတို့သည် မရေတွက်နိုင်အောင် များစွာသောကာလပတ်လုံး ငါ့ကို မေ့လျော့ကြပြီ။ 33
သင်သည် ရည်းစားကို ရှာခြင်းငှါ သင်တို့ ဘာသာဓလေ့တို့ကို အဘယ်ကြောင့်ပြုပြင်သနည်း။ သင်၏အသိအကျွမ်းတို့ကို
သွေးဆောင်လေပြီတကား။ 34 ထိုမှတပါး၊ အနိုင်အထက်ပြုသည်ကို သင် မတွေ့။ အပြစ်မရှိသော ဆင်းရဲသားတို့ကို အသေသတ်၍၊
သွန်းသော အသွေးသည် သင်၏အဝတ်စွန်း၌ ထင်ရှား ၏။ 35 ထိုသို့သော အပြစ်များရှိသော်လည်း သင်က၊
ငါ၌အပြစ်မရှိသောကြောင့်၊ ဘုရားသခင်၏ အမျက် တော်သည် ငါမှလွှဲသွားလိမ့်မည်ဟု ဆိုပါသည်တကား။
ငါ၌အပြစ်မရှိဟုဆိုသောကြောင့်၊ သင့်ကို ငါစစ်ကြော စီရင်မည်။ 36 သင်သည် အရပ်ရပ်သို့ ပြောင်းလဲခြင်းငှါ၊ အဘယ်ကြောင့်
ဤမျှလောက်လှည့်လည်သနည်း။ အာရှုရိပြည်ကို ရှက်ကြောက်သည်နည်းတူ၊ အဲဂုတ္တုပြည် ကို ရှက်ကြောက်လိမ့်မည်။ 37 သင်သည်
မိမိလက်ကို မိမိခေါင်းပေါ်မှာ တင်လျက်၊ ထိုပြည်မှ အမှန်ထွက်သွားရလိမ့်မည်။ အကြောင်းမူကား၊ သင်ခိုလှုံသောအရာတို့ကို ထာဝရ
ဘုရားသည် ပယ်တော်မူသောကြောင့်၊ ခိုလှုံ၍ အကျိုးကို မရနိုင်ရာ။

---

Jeremiah 01

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်ရန် 1:1.

ကျွန်ုပ်ဆီသို့
ယေရမိဆီသို့

ယေရုဆလင်မြို့သို့သွားပြီးအော်ဟစ်ရမည်မှာ
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့၏ လူများအား သွားပြီးပြောရန်"

သင်၏အဖို့အလို့ငှါ
"သင်အကျိုးအလို့ငှါ" သို့မဟုတ် "သင်၏ အောက်မေ့ခြင်း၌"

ကျွန်တော်တို့ထိမ်းမြားပေးစားသောအခါ
"လက်ထပ်ထိမ်းမြားရန် နှစ်ဦးနှစ်ဘက် သဘောတူသောအခါ" ဣသရေလများ သူ့ကိုချစ်ပြီး သစ္စာရှိသောအခါ

လယ်မလုပ်သောတောအရပ်(အခြား။ မထွန်ယက်မစိုက်ပျိုးသောမြေ)
အခြားသောဘာသာပြန်ဆိုချက်၊ "စိုက်ပျိုးခြင်း မရှိသောမြေ" " မြေလွတ်မြေရိုင်း " သို့မဟုတ် " အစားစာများ မရှိသောမြေနေရာ"

ထာဝရဘုရားမိန့်တော်မူ၏
ဘာသာပြန်ဆိုချက်ကြည့်ရန် 1:7

Jeremiah 04

ယာကုပ်အမျိုးနှင့်ဣသရေလအမျိုးအပေါင်းတို့
၎င်း စကားစုနှစ်ခုသည် တူညီမှုရှိပြီး ဆိုလိုရင်းလည်းတူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အားလုံးသည် ယာကုပ်အမျိုးမှ ဆင်းသက်လာကြသောသူများဖြစ်ကြပါသည်"

သင်တို့၏ဘိုးဘေးတို့သည်ငါ့ထံမှဝေးစွာထွက်သွား၍၊ အနတ္တလမ်းသို့လိုက်လျက်၊ အနတ္တသက်သက်ဖြစ်ရမည်အကြောင်း၊ ငါ၌အဘယ်မည်သော အပြစ်ကိုတွေ့ကြသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဘိုးဘေးတို့ကိုမှားယွင်းသောအပြစ်မပြုဘဲ၊ အဘယ်ကြောင့် ငါ့ကိုအပြစ်တွေ့ကြသနည်း။ အကျိုးမဲ့သော ရုပ်တုတို့ကို ကိုးကွယ်ခြင်းဖြင့် မိမိကိုယ်ကို အချည်းနှည်း ဖြစ်စေကြသနည်း။"

အနတ္တသက်သက်
"တန်ဖိုးမဲ့ခြင်း" "အဓိပ္ပါယ်မရှိသော"

ငါတို့ကို အဲဂုတ္တုပြည်မှ ခေါ်ဆောင်သော၊ အသက်ချမ်းသာစွာပို့ဆောင်သော ထာဝရဘုရားသည်အဘယ်မှာရှိသနည်း။
"ထာဝရဘုရား အလိုတော်ကို ကျွန်တော်တို့သည် လိုက်လျှောက်သင့်သည်။ သူသည် ကျွန်ုပ်တို့ကို အဲဂုတ္တုပြည်မှ ခေါ်ဆောင်သူ....ချမ်းသာ၊ ကြွယ်ဝစွာ ပို့ဆောင်သူဖြစ်သည်"

Jeremiah 07

သင်တို့ဝင်စားသောအခါ၊ ငါ့ပြည်ကိုညစ်ညူးစေ၍၊ ငါ၏အမွေကိုရွံရှာဘွယ်ဖြစ်စေကြသည်တကား။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် အပြစ်ပြုပြီး ငါပေးသော ပြည်ကို ညစ်ညမ်းစေကြသည်"


generated on Sun Jun 30 02:37:40 2024

ယဇ်ပုရောဟိတ်တို့က ထာဝရဘုရားသည် အဘယ်မှာရှိတော်မူသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်နှင့် အခြားသော ဘာသာရေး ခေါင်းဆောင်များတို့သည် ကျွန်ုပ်ကို မသိချင်ကြပါ။"

ထာဝရဘုရားသည်အဘယ်မှာရှိတော်မူသနည်း။
"ကျွန်တော်တို့သည် ထာဝရဘုရားကို နာခံရန် လိုအပ်သည်"

သိုးထိန်းတို့သည်ငါ့ကိုဆန့်ကျင်ကြပြီ
"သူတို့ ခေါင်းဆောင်များသည် ကျွန်ုပ်ကို ဆန့်ကျက်ဘက်ပြုပြီး အပြစ်ပြုကြပြီ"

သိုးထိန်းများ
"ခေါင်းဆောင်များ"

အကျိုးမဲ့သောလမ်းသို့လိုက်ကြ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားများကို ဆုတောင်းကြပြီး ဗာလဘုရားက သူတို့ကိုမကူညီနိုင်"

လမ်းသို့လိုက်ကြပြီး
" နာခံခဲ့ကြသည်"

Jeremiah 09

ထို့ကြောင့် ငါသည်သင်တို့ကိုစစ်ကြောမည်
"ထို့ကြောင့် ငါသည် ဣသရေလအမျိုးအိမ်ကို စွပ် စွဲမည်"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7

သင်တို့သားသမီးများ
"သင်တို့၏ အနာဂတ်မျိုးဆက်သစ်များ"

ခိတ္တိမ်ကျွန်းကိုဖြတ်၍
"သမုဒ္ဒရာကို ဖြတ်ပြီးခိတ္တိမ်ကျွန်းသို့"

ခိတ္တိမ်
ကုပရု

ကေဒါ
ကေဒါပြည်သည် ဣသရေလပြည်၏ ဝေးသော အရှေ့ပြည်ဘက်

အခြားသောလူမျိုးကိုးကွယ်သောဘုရားများ...ဘုရားများ
"မည်သည့် လူမျိုးများမှ အခြားသောဘုရားအား ပြောင်းပြီး မကိုးကွယ်သည်ကို တွေ့ရလိမ့်မည်နည်း"

မိမိတို့ဘုန်း
"ဘုန်းတော်"သည် ဣသရေလတို့၏ ဘုရားသခင်သာဖြစ်ကြောင်းကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။

သူတို့ကိုကျေးဇူးမပြုနိုင်သော( မကူညီနိုင်သော)
"ဘုရားများသည် သူတို့ကို မကူညီနိုင်"

Jeremiah 12

အိုမိုးကောင်းကင်၊မိန်းမောတွေဝေ၍တုန်လှုပ်ကြောက်ရွံ့၊ ထိတ်လန့်စေမည်၊
စကားပြောသူမှ မိုးကောင်းကင်အား ပုဂ္ဂိုလ်အဖြစ် ဖော်ပြချင်သည်။

အသက်စမ်းရေတွင်းဟူသောငါ့ကိုစွန့်ပစ်၍
အခြားသောဘာပြန်ဆိုချက်၊ "ငါ့ကို စွန့်ပစ်သည်၊ သူတို့၏ အသက်စမ်းရေ"

ရေမလုံ၊ ပဲ့ပျက်သောရေကျင်းတို့ကို တူးသောအားဖြင့်
ပဲ့ပျက်သော ရေကျင်းအား ရုပ်တုဆင်းတုနှင့်ခိုင်းနှိုင်းခြင်း။
အခြားသောဘာပြန်ဆိုချက်၊ "အသုံးမဝင်သောဘုရားများကို ဝတ်ပြုခြင်း၊ ကိုးကွယ်ခြင်း"

ရေလှောင်ကန်
"ရေသိုလှောင်ရန် နက်သော အပေါက်၊ ကျင်း"

Jeremiah 14

ဣသရေလသည် ကျွန်ဖြစ်သလော။ အိမ်၌ဘွားမြင်သောသူမဖြစ်သလော။ အဘယ်ကြောင့်လုယူခြင်းကိုခံရသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ လူမျိုးသည် ကျွန်မှ မွေးဖွားသည်မဟုတ်၊ ယခုတွင် ရန်သူတို့၏ လုယူခြင်းကို ခံကြရသည်။"

အဘယ်ကြောင့်အဓမ္မလုယူခြင်းခံရသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ပိုင်ဆိုင်မှုအားလုံး အာဏာဖြင့် လုယူခြင်း၊ သိမ်းဆည်းခြင်းကိုခံရသည်။"

ခြင်္သေ့ပျိုတို့သည်ဟောက်၍ဆန့်ကျင်ပြီး ဆူညံသံဖြင့်သူ၏ပြည်ကိုဖျက်ဆီးပြီ။ သူတို့မြို့တို့သည်ပျက်ဆီးကုန်သောကြောင့်မည်သူမျှမနေရ။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ရန်သူများသည် ခြင်္သေ့ပျိုတို့ကဲ့သို့ သင့်ကိုဟောက်ပြီး တိုက်ခိုက်နေသည်။ သူတို့သည် သင်၏ မြေကို ဖျက်ဆီးပြီး သင်မြို့ကိုလည်းမီးရှို့သောကြောင့် မည်သူမျှ အသက်ရှင်သူ မရှိတော့ပါ။"

ရန်သူများသည် ဣသရေလလူများ၏ သားသမီးများကို
သတ်ဖြတ်ပြီး သူတို့၏အစာကို စားကြလိမ့်မည်။

### Jeremiah 5:18

အဘယ်ကြောင့်ဘုရားသခင်သည် ဣသရေလနှင့်ယုဒလူတွေကို
အန္တရာယ်ပြုလိမ့်မည်နည်း။
သူတို့သည် တကျွန်းတနိုင်ငံဘုရားများကို ကိုးကွယ်ပြီး
ထာဝရဘုရားကို စွန့်ပစ်သောကြောင့် သူသည် သူတို့ကို
အန္တရာယ်ပြုလိမ့်မည် ဖြစ်သည်။

### Jeremiah 5:20

ရုပ်တုများ၏ နားနှင့်မျက်စိများသည် မည်သည့်အရာကို လုပ်သနည်း။
သူတို့သည် ဘာမှမလုပ်နိုင်ပါ။

### Jeremiah 5:23

ထာဝရဘုရားသည် သူ့ကို ကြောက်ရွံ့သောသူတွေအတွက် မည်သည့်အရာကို
လုပ်ပေးချင်သနည်း။
သူက အသီးအနှံအထွက်ကောင်းဖို့ရန်
မိုးကိုအချိန်မှန်ရွာစေချင်သည်။

### Jeremiah 5:26

ထာဝရဘုရား၏လူတွေအလယ်တွင် ဆိုးသွမ်းသောသူများသည်
ချမ်းသာကြသလော၊ ဆင်းရဲကြသလော။
သူတို့သည် ချမ်းသာခဲ့ကြသည်။

ထာဝရဘုရားသည် ဆိုးသွမ်းသူတို့ကို မည်သို့ စီရင်လိမ့်မည်နည်း။
သူသည် သူတို့ကို ဖျက်ဆီးလိမ့်မည်။

### Jeremiah 5:30

ပရောဖက်များနှင့် ယဇ်ပုရောဟိတ်များပြုလုပ်သည့်အရာများနှင့်ပါတ်သက်၍
လူများသည် မည်သို့ခံစားကြသနည်း?
သူတို့သည် ထိုနည်းလမ်းကို ချစ်ကြသည်။


generated on Sun Jun 30 02:37:40 2024

## Chapter 6

1 အိုဗယ်္ာမိန်အမျိုးသားတို့၊ ယေရုရှလင်မြို့ထဲက ထွက်၍၊ လွတ်အောင်ပြေးကြလော့။ တေကောရွာ၌ တံပိုးမှုတ်ကြလော့။
ဗေသက္ကရင်ရွာ၌ မီးရှူးကို မြှောက်၍ ပြကြလော့။ အကြောင်းမူကား၊ ဘေးဥပဒ်တည်းဟူသော ကြီးစွာသော
ပျက်စီးခြင်းအကြောင်းအရာသည် မြောက် မျက်နှာကပေါ်လာ၏။ 2 အဆင်းလှ၍ နူးညံ့သိမ်မွေ့သော သူတည်းဟူ သော ဇိအုန်သတို့
သမီးကို ငါဖျက်ဆီးမည်။ 3 သိုးထိန်းတို့သည် သိုးစုများပါလျက် သူ့ထံသို့ လာ၍၊ သူ့တဘက်ပတ်လည်၌ တဲဆောက်၍၊ အသီးအသီး
မိမိတို့နေရာမှာ ကျက်စားကြလိမ့် မည်။ 4 သူ့ကို စစ်တိုက်ခြင်းငှါ ပြင်ကြလော့။ ထကြ။ မွန်းတည့်အချိန်၌ တက်သွားကြကုန်အံ့။ ငါတို့၌
ခက်လှ ၏။ မွန်းလွဲပြီ။ မိုဃ်းချုပ်လေပြီ။ 5 ထကြ။ ညဉ့်အခါတက်သွား၍၊ သူ၏ ဘုံဗိမာန် တို့ကို ဖျက်ဆီးကြကုန်အံ့ဟုဆိုကြလိမ့်မည်။
6 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သစ်ပင်တို့ကို ခုတ်လှဲကြလော့။ ယေရုရှလင်မြို့တဘက်၌
မြေရိုးကိုဖို့ကြလော့။ ဤမြို့ သည် ဆုံးမစရာကောင်းသောမြို့ဖြစ်၏။ မြို့ထဲ၌ညှဉ်းဆဲ ခြင်း သက်သက်ရှိ၏။ 7 စမ်းရေပေါက်ဝမှ
ရေသည် စီးထွက်သကဲ့သို့၊ ထိုမြို့သည် ဒုစရိုက်ကို ထွက်စေတတ်၏။ မြို့ထဲ၌ လုယူ ဖျက်ဆီးခြင်းအသံကို ကြားရ၏။ အနာများနှင့်
ဒဏ်ချက်ရာ များကို အစဉ်ငါမြင်ရ၏။ 8 အိုယေရုရှလင်မြို့၊ ဆုံးမခြင်းကို ခံလော့။ သို့မဟုတ်၊ သင့်ကို ငါရွံရှာမည်။ သင့်ကိုပယ်ရှင်း၍
လူဆိတ်ညံ့ရာအရပ် ဖြစ်စေမည်။ 9 ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ စပျစ်နွယ်ပင်၌ အကျန်အကြွင်းကို
လိုက်၍ ဆွတ်သကဲ့သို့၊ ထိုသူတို့သည် ဣသရေလ၌ ကျန်ကြွင်းသော အရာကိုလိုက်၍ အကုန်အစင်ဆွတ်ကြ လိမ့်မည်။
စပျစ်သီးဆွတ်သော သူကဲ့သို့၊ သင်၏လက်ကို ခြင်းတောင်းထဲသို့ တဖန်သွင်းဦးလော့။ 10 သူတို့သည် နားထောင်မည်အကြောင်း၊
အဘယ် သူကို ငါပြော၍ သတိပေးရမည်နည်း။ သူတို့နားသည် အရေဖျားလှီးခြင်းမခံသော နားဖြစ်၍၊ သူတို့သည် နားမထောင်နိုင်ကြ။
ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် သူတို့ကဲ့ရဲ့စရာဖြစ်၏။ ထိုနှုတ်ကပတ်တော် ကို မနှစ်သက်ကြ။ 11 ထိုကြောင့်၊
ငါသည်ထာဝရဘုရား၏ အမျက် တော်နှင့် ပြည့်ဝ၏။ အောင့်၍မနေနိုင်။ လမ်း၌ရှိသော သူငယ်များနှင့်စုဝေးသောလူပျိုများအပေါ်သို့
အမျက် တော်ကို ငါသွန်းလောင်းမည်။ လင်မယားအစုံကိုငှင်း၊ အသက်ကြီးသောသူနှင့် အိုလွန်းသောသူကိုငှင်း သိမ်း သွားမည်။ 12
သူတို့အိမ်နှင့်တကွ လယ်ယာ၊ မိန်းမတို့သည် သူတပါးလက်သို့ ရောက်ကြလိမ့်မည်။ အကြောင်းမူကား၊ ပြည်သူပြည်သားတို့ကို
ငါဒဏ်ခတ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 13 အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသော သူအပေါင်းတို့သည် မတရားသော
စီးပွားကိုရှာကြ၏။ ပရောဖက်မှစ၍ ယဇ်ပုရောဟိတ်ရှိသမျှတို့သည် မုသာကို သုံးကြ၏။ 14 ချမ်းသာမရှိသောအခါ ချမ်းသာ၊
ချမ်းသာဟု ပြောဆိုလျက်၊ ငါ၏လူမျိုး သတို့သမီးအနာကို ပေါ့လျော့ စွာ ကုကြ၏။ 15 သူတို့သည် ရွံရှာဘွယ်သော အမှုကိုပြုပြီးမှ
ရှောက်ကြသလော။ အလျှင်းမရှက်ကြ။ မျက်နှာမပျက် ကြ။ ထိုကြောင့်၊ တယောက်နောက်တယောက် လဲကြ လိမ့်မည်။
ငါစစ်ကြောသောအခါ နှိမ့်ချခြင်းသို့ ရောက်ကြ လိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 16 ထာဝရဘုရား မိန့်တော်မူသည်ကား၊
လမ်းနား မှာရပ်၍ ကြည့်ရှုကြလော့။ ရှေးလမ်းဟောင်းတို့ကို ရှာဖွေ လျက်၊ ကောင်းသောလမ်းသည် အဘယ်မှာရှိသနည်းဟု
မေးမြန်း၍၊ ထိုလမ်းသို့လိုက်ကြလော့။ သို့ပြုလျှင်၊ စိတ် နှလုံး သက်သာကြလိမ့်မည်။ သို့ရာတွင်၊ ငါတို့သည် မလိုက်ဟု
ပြန်ပြောကြ၏။ 17 ငါကလည်း၊ တံပိုးမှုတ်သံကို နားထောင်ကြ လော့ဟုဆိုလျက်၊ သင်တို့အပေါ်၌ကင်းစောင့်တို့ကို ခန့်ထားသောအခါ၊
ငါတို့သည် နားမထောင်ဟု ပြန်ပြော ကြ၏။ 18 သို့ဖြစ်၍၊ အိုတပါးအမျိုးသားတို့၊ နားထောင်ကြ လော့။ တပါးအမျိုးသားတို့တွင်
ရှိနေသော ပရိသတ်တို့၊ သိမှတ်ကြလော့။ 19 အိုမြေကြီးသားတို့၊ နားထောင်ကြလော့။ ဤလူမျိုးသည် ငါ့စကားကို နားမတောင်၊ ငါ
တရားကိုလည်း ငြင်းပယ်သောကြောင့်၊ သူတို့အလို အလျောက်ကြံစည်ခြင်းအကျိုးအပြစ်တည်းဟူသော၊ ကြီးစွာသော ဘေးဥပဒ်ကို၊
သူတို့အပေါ်သို့ငါသက်ရောက် စေမည်။ 20 ရှေဘပြည်မှ လောဗန်ကိုငှင်း၊ ဝေးသောပြည်မှ မွှေးသောကြံကိုငှင်း၊ အဘယ်ကြောင့်
ငါ့ထံသို့ဆောင်ခဲ့ သနည်း။ သင်တို့မီးရှို့ရာ ယဇ်တို့ကို ငါအလိုမရှိ။ ပူဇော် သောယဇ်အမျိုးမျိုးကို ငါမနှစ်သက်။ 21
ထိုအကြောင်းကြောင့် ထာဝရဘုရားမိန့်တော် မူသည်ကား၊ ထိမိ၍ လဲစရာတို့ကို ဤလူမျိုးရှေ့မှာ ငါထားမည်။ အဘနှင့်သားတို့သည်
ထိမိ၍ လဲကြလိမ့် မည်။ အိမ်နီးချင်းနှင့် အဆွေခင်ပွန်းတို့သည် အတူ ပျက်စီးကြလိမ့်မည်။ 22 ထာဝရဘုရား မိန့်တော်မူသည်ကား၊
လူမျိုး တမျိုးသည် မြောက်မျက်နှာမှ ပေါ်လာလိမ့်မည်။ ကြီးစွာ သော လူမျိုးကိုမြေကြီးစွန်းမှ ငါနှိုးဆော်မည်။ 23 လေးနှင့်လှံတို့ကို
လက်စွဲကြ၏။ ကြမ်းကြုတ် သော အမျိုးဖြစ်၍၊ သနားခြင်းကရုဏာမရှိ။ သူတို့ စကားသံသည် သမုဒ္ဒရာမြည်သံကဲ့သို့ ဟုန်းတတ်၏။
အိုဇိအုန်သတို့သမီး၊ စစ်သူရဲကဲ့သို့ တပ်ခင်းကျင်းလျက် မြင်း စီး၍၊ သင်ရှိရာသို့ ချီလာကြလိမ့်မည်။ 24 ထိုသိတင်းကို ငါတို့သည်
ကြား၍ လက်အား လျော့ကြ၏။ ဒုက္ခဆင်းရဲကိုငှင်း၊ သားဘွားသော မိန်းမခံရ သကဲ့သို့ ပြင်းစွာသော ဝေဒနာကို ငှင်းခံရကြ၏။ 25
တောသို့မထွက်ကြနှင့်။ လမ်းမှာမသွားကြနှင့်။ ရန်သူ၌ ထားပါ၏။ အရပ်ရပ်၌ဘေးရှိ၏။ 26 အို ငါ၏လူမျိုးသတို့သမီး၊
လျှော်တေအဝတ်ကို ဝတ်စည်း၍ ပြာ၌လူးလည်းလော့။ တယောက်တည်း သော သားသေသည်ကို ငိုကြွေးသကဲ့သို့၊ ငိုကြွေး၍ ပြင်းစွာ
မြည်တမ်းလော့။ လုယူဖျက်ဆီးသောသူသည် ငါတို့ ကို ချက်ခြင်းတိုက်လိမ့်မည်။ 27 သင်သည် ငါ၏ လူမျိုးကျင့်သော အကျင့်ဓလေ့
တို့ကို စစ်၍ သိမည်အကြောင်း၊ စစ်သောသူအရာ၌ ရဲတိုက်ကဲ့သို့ သင့်ကို ငါခန့်ထား၏။ 28 ထိုသူအပေါင်းတို့သည်
အလွန်ဖောက်ပြန်သော သူ၊ ကုန်းတိုက်တတ်သောသူ ဖြစ်ကြ၏။ ကြေးဝါနှင့် သံသက်သက်၊ ဖျက်တတ်သော အရာသက်သက်ဖြစ်ကြ


generated on Sun Jun 30 02:37:40 2024

၏။ 29 ဖိုကိုမီးလောင်ပြီ။ ခဲလည်းကုန်ပြီ။ စစ်သော သူသည် မှုတ်၍ အကျိုးကိုမရ။ ညစ်သောအရာကို မထုတ် မပယ်နိုင်။ 30
ထိုသူတို့ကိုပယ်သော ငွေဟူ၍ ခေါ်ရမည်။ ထာဝရဘုရားသည် ပယ်တော်မူ၏။

---

---

Jeremiah 01

ယေဘုယျ အချက်အလက်
ထာဝရဘုရား၏ စကားတော် ဖြစ်သည်။

ဘေးကင်းရန်တွေ့ရှိသည်
"ခိုလှုံသည်"

တေကောရွာ၌ တံပိုးမှုတ်ကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ "တေကောမြို့သားတို့သည်
တိုက်ခိုက်ရန် ပြင်ဆင်ကြသည်။"

တေကော
တေကောမြို့သည် ယေရုရှလင်မြို့မှ တောင်ဘက်ရှိ ၁၈
ကီလိုမီတာဝေးသော မြို့ ဖြစ်သည်။ တေကော၏ အဓိပ္ပါယ်မှာ
"ဦးချိုကို မှုတ်ခြင်း" ဖြစ်သည်။

ဗေသက္ကရင်ရွာ၌ မီးရှူးကို မြှောက်၍ ပြကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗေသက္ကရင်မြို့သားတို့သည်
စစ်တပ်ဖြင့် ဝိုင်းအုံမည်အကြောင်း အသင့်ပြင်ဆင်ကြသည်။"

ဗေသက္ကရင်
ယေရုရှလင်မြို့ တောင်ဘက် ၁၀ ကီလိုမီတာ ဝေးသော မြို့အမည်
ဖြစ်သည်။ ဗေသက္ကရင်၏ အဓိပ္ပါယ်မှာ "စပျစ်နွယ်ပင် ဒေသ"
ဖြစ်သည်။

အမှတ်လက္ခဏာ
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ကို
အန္တရာယ်ကျလာပြီဖြစ်ကြောင်းကို ပြသော လက္ခဏာဖြစ်သည်။"

ဆိုးယုတ်ပျက်စီးခြင်းသည် ပေါ်လာ၏
အခြားသောဘာသာပြန်ဆိုချက်၊ " ပျက်စီးခြင်းရောက်လာပြီ
ဖြစ်ကြောင်း တွေ့မြင်သည်။"

ကြီးစွာသောဖိခြင်း
"ကြီးစွာသော ပျက်စီးခြင်း"

ဇိအုန်သတို့သမီး၊ အဆင်းလှ၍သိမ်မွေ့သော
ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့အား
သတို့သမီးကဲ့သို့ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဇိအုန်သတို့သမီး အဆင်းလှ၍ သိမ်မွေ့နူးညံ့သော
သူနှင့်ခိုင်းနှိုင်းသည်။"

ဇိအုန်သတို့သမီး
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 4:30.

သိုးထိန်းတို့သည် သိုးစုများပါလျက် သူ့ထံသို့ လာ၍
ရှင်ဘုရင်တို့သည် သူ့လူမျိုးတော်တို့အတွက် သိုးထိန်းအဖြစ်
ဖော်ပြလျက်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ရှင်ဘုရင်နှင့် စစ်သည်တော်တို့သည် ယေရုရှလင်မြို့ကို
ဝန်းရံကြလိမ့်မည်။"

သူ့တစ်ဘက်၌ဆန့်ကျင်၍
"သူ့အနီးအနား တစ်ဝိုက်တွင်"

အသီးအသီး မိမိတို့နေရာမှာ ကျက်စားကြလိမ့် မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင် အသီးသီးတို့သည်
သူတို့ စစ်သည်တော်တို့နှင့် တိုက်ခိုက်ကြလိမ့်မည်။"

Jeremiah 04

ယေဘုယျ အချက်အလက်
တိုက်ခိုက်လာသော ဘုရင်သည် သူ့လက်အောက် ကျရောက်သည့်
လူတို့အား စကား ဆင့်ဆိုခြင်း ဖြစ်သည်။

သူ့ကို စစ်တိုက်ခြင်းငှါ ပြင်ကြလော့။
ယဇ်ပူဇော်ခြင်းကို ပြုလျက် စစ်သူရဲတို့ဖြင့် ဘုရားတို့၏ မစမှုကို
ခံယူကာ တိုက်ကြစို့။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏
ယဇ်ပူဇော်ခြင်းအမှုကို ပြုပြီး စစ်တိုက်ရန်ပြင်ဆင်သည်။"

ထကြ
"ထကြလော့"

မွန်းတည့်ချိန်
အခြားသောဘာသာပြန်ဆိုချက်၊ "ပူပြင်းသော မွန်းတည့်ချိန်တွင်"

နေ့အချိန်သည် လျော့လာနေသည်
"နေ့အချိန် ကုန်ဆုံးသည်"

လွန်သွားနေသည်
"ကုန်လွန်သွားစေသည်"

ညအချိန်၌
အခြားသောဘာသာပြန်ဆိုချက်၊ "ညဦးမှောင်သော
အချိန်အတွင်း"

သူတို့၏ခံတပ်
"ယေရုရှလင်မြို့၏ ခိုင်ခန့်သော ခံတပ်အဆောက်အအုံ"

## Jeremiah 06

သစ်ပင်တို့ကို ခုတ်လှဲကြလော့
"သစ်ပင်တို့ကို ခုတ်လှဲကြလော့" ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့ စစ်သူရဲတို့ကို ပြောဆိုသောစကားဖြစ်သည်။

မြေရိုးတို့ကိုဖို့လော့
"တောင်ပို့များ" ရန်သူများ တိုက်ခိုက်ရန် ပြုလုပ်ထားသော ယေရုရှလင်မြို့၏ လမ်းခုလတ်နေရာ။

နှိပ်စက်များဖြင့်ပြည့်သောကြောင့်
"တစ်ဦးနှင့် တစ်ဦး အနိုင်အထက်ပြုကြသောကြောင့်"

စမ်းရေပေါက်ဝမှ ရေသည် စီးထွက်သကဲ့သို့၊ ထိုမြို့သည် ဒုစရိုက်ကို ထွက်စေတတ်၏။
စမ်းရေသည် ရေစီးထွက်စေသောအရာ ဖြစ်သည်နည်းတူ ယေရုရှလင်မြို့သည် ထာဝရဘုရား ဆုံးမသော်လည်းဒုစရိုက်အမှုကို ရှိမြဲရှိစေကြ၏။

ထိုမြို့ထဲ၌ လုယူ ဖျက်ဆီးခြင်းအသံကို ကြားရ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အကြမ်းဖက်မှုနှင့် ဆူပူမှုတို့ကို ကြားရ၏။"

အနာများနှင့် ဒဏ်ချက်ရာ များကို အစဉ်ငါမြင်ရ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အနာများ၊ ပူဆွေးသောကများကို မပြတ် ငါမြင်ရ၏။"

အို ယေရုဆလင်..ဆုံးမခြင်းကိုခံယူလော့
ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့အား ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ စကားပြောတော်မူသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့သားတို့ ဆုံးမခြင်းမှ နာယူလော့။"

ဆိတ်ညံရာအရပ်
"လူသူဆိတ်ညံရာ တိုင်းပြည်"

## Jeremiah 09

စပျစ်နွယ်ပင်၌ အကျန်အကြွင်းကို လိုက်၍ ဆွတ်သကဲ့သို့၊ ထိုသူတို့သည် ဣသရေလ၌ ကျန်ကြွင်းသော အရာကိုလိုက်၍ အကုန်အစင်ဆွတ်ကြလိမ့်မည်။
ထာဝရဘုရားသခင်သည် ဣသရေလူတို့အား စပျစ်နွယ်ပင်၌ ကျန်ကြွင်းသောအသီးကို ဆွတ်သကဲ့သို့ သူတို့အား ရန်သူတို့မှ အကုန်အစင်ပြုကြလိမ့်မည်ကို နှိုင်းယှဥ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်တိုက်၍ သိမ်းသွင်းခြင်းကို ခံရပြီးနောက်ကျန်ကြွင်းသော သူတို့အားလည်း တိုက်ခိုက်ကြလိမ့်မည်။"

သူတို့ကေန်အမှန်
"သူတို့" ဆိုသော စကားလုံးသည် ထာဝရဘုရားသည် ဣသရေလဆီသို့ စေလွှတ်သော ရန်သူတို့ကို ဆိုလိုသည်။

သွင်းဦးလော့
ထာဝရဘုရားသခင်သည် ဣသရေလလူတို့၏ ရန်သူတို့ကို ပြောဆိုသည်။

သင်၏လက်ကို ခြင်းတောင်းထဲသို့ တဖန်သွင်းဦးလော့။
အခြားသောဘာသာပြန်ဆိုချက်၊
"ကျန်ကြွင်းသေးသောဣသရေလတို့အား တဖန် တိုက်ဦးလော့"

ငါသည်ဘယ်သူကိုပြော၍
ယေရမိ၏ ပြောသော စကားဖြစ်သည်။

သူတို့သည် နားထောင်မည်အကြောင်း၊ အဘယ် သူကို ငါပြော၍ သတိပေးရမည်နည်း။
ဣသရေလတို့သည် ရန်သူတို့၏ တိုက်ခိုက်ခြင်းခံရသော်လည်း အသက်ရှင်စေခြင်းငှါ ထာဝရဘုရား၏ စကားတော်ကို နားထောင်စေရန် မေးသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ စကားတော်အား ဘယ်သူသည် နားထောင်မည်နည်း"

ကြည့်ရှုလော့
ထာဝရဘုရားသခင်၏ နှုတ်တော်ထွက်စကားဖြစ်သည်။

သူတို့၏နားသည် အရေဖျားလှီးခြင်းမခံသောနားဖြစ်၏
အခြားသောဘာသာပြန်ဆိုချက်၊ " သူတို့သည် နားထောင်ရန် ငြင်းပယ်သည်" သို့မဟုတ် "နာခံရန် ငြင်းဆိုသည်"

သူတို့၏နားများ
"သူတို့" ဆိုသောစကားလုံးသည် ဣသရေလလူတို့ကိုဆိုလိုသည်။

## Jeremiah 11

သို့သော်လည်း ငါသည်
ယေရမိပြောဆိုသောစကား ဖြစ်သည်။

ထာဝရဘုရားသခင်၏အမျက်တော်နှင့်ပြည့်နေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်ကဲ့သို့ ငါသည် အမျက်ထွက်တော်မူသည်"

ငါသည်မောပန်းခြင်းကိုခံစားရ၏၊ အောင့်၍မနေနိုင်
အခြားသောဘာသာပြန်ဆိုချက်၊
"မောပန်းခြင်းသို့ရောက်ရသည်မှာ ထာဝရဘုရားသခင် အမျက်တော်ကြောင့်မဟုတ်ဘဲ သူ၏ လူမျိုးတော်ကြောင့်ဖြစ်သည်။"

လမ်း၌ရှိသော သူငယ်များနှင့်စုဝေးသောလူပျိုများအပေါ်သို့
"လမ်း၌ စုဝေးကြသော သူငယ်များ" ဆိုသည်မှာ တိုင်းပြည်အတွက် ရပ်တည်သောသူငယ်များကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့၌ ရှိသော သူငယ်တို့အပေါ်သို့ ငါ၏ အမျက်တော်ကို သွန်းလောင်းမည်။"


generated on Sun Jun 30 02:37:40 2024

အမျိုးသားတိုင်းနှင့်သူတို့မယားများကိုလည်း သိမ်းသွားမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့ကြောင့် သူတို့၏ မယားများကို ဖမ်းဆီးသိမ်းသွင်းမည်။"

အသက်ကြီးသောသူနှင့်အိုသောသူတို့ကိုင်ရင်း
"အိုသောသူတို့" ဆိုသည်မှာ "အလွန်အိုသောသူ"တို့ကို အတင်းအဓမ္မပြုမည်ကို ဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်အိုမင်းသော"

သူတစ်ပါးလက်သို့ရောက်လိမ့်မည်
"သူတစ်ပါးတို့၏ ဥစ္စာဖြစ်လိမ့်မည်"

လယ်ယာနှင့်တကွသူတို့၏မိန်းမများ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ လယ်ယာများနှင့်တကွ သူတို့၏ မိန်းမများတို့သည် သူတစ်ပါးပိုင် ဖြစ်သွားလိမ့်မည်။"

ငါ၏လက်ဖြင့်သူတို့ပြည်ကိုဖျက်ဆီးမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့နေထိုင်ရာ ပြည်ကို ငါ၏ ခွန်အားဖြင့် ဖျက်ဆီးမည်။"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 1:7.

Jeremiah 13

အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသော သူအပေါင်းတို့
အခြားသောဘာသာပြန်ဆိုချက်၊ "ကျန်ရစ်သော ဣသရေလလူအပေါင်းတို့၊ အားနည်းသူမှ အားကြီးသူတို့"

မတရားသော စီးပွားကိုရှာကြ၏။
"စီးပွား အဆင်ပြေရန်အတွက် သူတပါးအား မကောင်းသော အမှုပြုကြသည်။"

ငါ၏လူမျိုး သတို့သမီးအနာကို
"ငါ၏ လူတို့အား ဆိုးသောအမှုပြုကြပြီ"

ပေါ့လျော့ စွာ
ပရောဖက်နှင့် ယဇ်ပရောဖက်တို့သည် ဣသရေလတို့၏ အပြစ်များကို ပေါ့လျော့စွာ စီရင်ကြပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ပြင်းစွာသော အနာမဟုတ်ဟု ထင်ကြပြီ"

ချမ်းသာမရှိသောအခါ ချမ်းသာ၊ ချမ်းသာဟု ပြောဆိုလျက်၊
"ကောင်းမြတ်သည်၊ ကောင်းမြတ်သည် ဆိုသော်လည်း ကောင်းမြတ်ခြင်း မရှိ"

သူတို့သည် ရွံရှာဘွယ်သော အမှုကိုပြုပြီးမှ ရှောက်ကြသလော။
"သူတို့သည် ကြောက်ရွံ့ဘွယ်သော အပြစ်ပြုကြပြီးရှက်ကြောက်ခြင်းလည်း မရှိကြ"

အလျှင်းမရှက်ကြ။ မျက်နှာမပျက် ကြ။
စာကြောင်းနှစ်ခုသည် ဆိုလိုရင်းတူညီသည်။ "သူတို့သည် မိမိတို့ပြုမူသောအရာ၌ ရှက်ခြင်းမရှိ"

လဲကြ လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အသေသတ်ခြင်းကို ခံရကြလိမ့်မည်။"

နှိမ့်ချလိမ့်မည်
"စစ်ကြောလိမ့်မည်" အခြားသောဘာသာပြန်ဆိုချက်၊ "ပျက်စီးလိမ့်မည်" သို့မဟုတ် "ကယ်သူမရှိ အားနည်းကြလိမ့်မည်။"

Jeremiah 16

လမ်းနား မှာရပ်၍
ထာဝရဘုရားသခင်သည် ဣသရေလတို့ကို ပြောသောစကားဖြစ်သည်။

လမ်းနားမှာရပ်၍....ငါတို့သည်မလိုက်လာ
လမ်းဆိုသည်မှာ လူများ၏ အသက်တာကို ဖော်ပြသည်။ ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးများ ကောင်းသောအသက်ရှင်ခြင်းကို တည်ဆောက်စေချင်သည်။

ရှေးဟောင်းလမ်းကိုရှာဖွေလျက်
"ရှေးဘိုးဘေးများ ပြုသည်ကို မေးမြန်းသည်။"

သင်တို့အပေါ်၌ကင်းစောင့်တို့ကို ခန့်ထားသောအခါ...... နားမထောင်ဟု ပြန်ပြော ကြ၏။
ထာဝရဘုရားသခင်သည် ပရောဖက်တို့အားဖြင့် သူ၏ လူတို့ကို သတိပေးရန် စေလွှတ်ခဲ့သည်။

သင့်အတွက်ခန့်ထားသည်
"သင့်"ဆိုသောစကားလုံးမှာ ဣသရေလလူတို့ကို ဆိုလိုသည်။

တံပိုးမှုတ်သံကိုနားထောင်ရန်
"တံပိုးမှုတ်သံကို နားထောင်သည်။" ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို ပရောဖက်များအားဖြင့် သတိပေးသံကို နားထောင်ရန် မိန့်တော်မူသည်။

ထို့ကြောင့် တစ်ပါးအမျိုးသားတို့၊ နားထောင်လော့၊ သိမှတ်လော့။ မြေကြီးသားအပေါင်းတို့ မည်ကဲ့သို့ဖြစ်မည်ကိုကြားကြလော့။
ဤစာကြောင်း သုံးကြောင်းသည် ထာဝရဘုရားသခင်သည် ယုဒလူတို့၏ ပုန်ကန်မှုတို့ကို တစ်ပါးအမျိုးသားတို့အားဖြင့်ဒဏ်ခတ်မည်ကို ပြောပြသည်။ "ငါ၏ လူတို့ကို မည်ကဲ့သို့ပြစ်ဒဏ်ပေးသည်ကို တစ်ပါးအမျိုးသားတို့ မြင်တွေ့ကြလိမ့်မည်။"

သူတို့အပေါ်သို့ဘေးဥပဒ်ကိုကျရောက်စေမည်။
"ဤလူမျိုးတို့အား မကြာမီ ကြီးစွာသော ပြစ်ဒဏ်ပေးမည်"

သင်၏သက်သေ
"သင်သည် သက်သေဖြစ်သည်"

သူတို့ကို ဖြစ်ပျက်စေမည်
"သူတို့" ဆိုသည်မှာ ဣသရေလလူမျိုးကို ဆိုလိုသည်။

မြေကြီး၊ ကြားလော့
အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးတွင် နေထိုင်သောသူတို့၊ ကြားကြလော့။"

သူတို့ကြံစည်သောအကျိုး
ထာဝရဘုရားသည် "အသီးအနှံ" ဖြင့် သူတို့ ကြံစည်သောအကျိုးကို ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပျက်စီးခြင်းသည် သူတို့ကြံစည်သော အကျိုးအဆက်ဖြစ်သည်။"

သူတို့သည်ငါ၏စကားနှင့်တရားကိုနားမထောင်၊ ငြင်းပယ်ကြ၏။
"သူတို့သည် လိုက်လျှောက်ရန် ငါပြောသောစကားကို နာမခံကြ။"

Jeremiah 20

ရှေဘပြည်မှ လောဗန်ကိုဉင်း၊ ဝေးသောပြည်မှ မွှေးသောကြံကိုဉင်း၊ အဘယ်ကြောင့် ငါ့ထံသို့ဆောင်ခဲ့ သနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေဘပြည်မှ ယူဆောင်လာသော ရေမွှေးကိုလည်းကောင်း၊ မွှေးသောနံ့သာကြိုင်ဆီကိုလည်းကောင်း မလိုအပ်။"

မွှေးကြိုင်သောဆီ
ဉင်းမွှေးကြိုင်သောဆီများသည် ဘုရားသခင်အား ပူဇော်သောအခါ ဗိမာန်တော်၌ အသုံးပြုသည်။

ငါသည်ထိုအရာများကိုလက်မခံ
"ငါမနှစ်သက်" သို့မဟုတ် "ငါ့အလိုကို မဖြည့်ဆည်းနိုင်"

ကြည့်ရှုလော့
"ကြည့်ရှုလော့" ဆိုသည့်စကားသည် အဓိပ္ပါယ်သက်ရောက်စေလိုသော အရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဧကန်"

ထိုအကြောင်းကြောင့်ဤလူမျိုးတို့ရှေ့မှာထိမိ၍လဲစရာငါထားမည်။
ငါသည် ဤလူတို့ရှေ့မှာ အတားအဆီးတို့ကို ထားမည်။
"ဘုရားသခင်သည်ဣသရေလလူမျိုးတို့ကို "အတားအဆီး၊ အခက်ခဲ"တို့ကို ပေးမည်။

အတားအဆီး
ခက်ခဲမှုများ

သူတို့အပေါ်၌
"သူတို့ အပေါ်ဝယ်"

အဘနှင့်သားတို့အတူတကွ
အခြားသောဘာသာပြန်ဆိုချက်၊
"အဘနှင့်သားတို့သည်လဲကြလိမ့်မည်"

အိမ်နီးချင်းများနှင့်အဆွေခင်ပွန်းတို့ နေထိုင်ခြင်း
"အိမ်နီးချင်းများနှင့် အဆွေခင်ပွန်းများ"

ဝေးသောပြည်တို့မှလူတို့ကို မွှေနှောက်ရန်နိုးဆော်မည်
"ဝေးသောမြောက်အရပ်မှ ရောက်လာလိမ့်မည်။"

Jeremiah 23

သူတို့သည်စွဲကိုင်ကြ၏
"သူတို့သည် စွဲကိုင်ကြ၏" စာကြောင်းတွင် "သူတို့" ဆိုသည်မှာ မြောက်အရပ်မှလာသော စစ်သူရဲတို့ကိုဆိုလိုသည်။

သူတို့ စကားသံသည် သမုဒ္ဒရာမြည်သံကဲ့သို့ ဟုန်းတတ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ပြုလုပ်သောအသံသည် သမုဒ္ဒရာမြည်ဟိန်းသံဖြစ်၏"

ထိုသတင်းမှာ စစ်သူရဲတို့ကဲ့သို့
"စစ်သူရဲတို့ စုဝေးကြသည်။ သူတို့သည် တိုက်ရန်အတွက်ချီနေကြသည်။"

ဇိအုန်သတို့သမီး
"ဇိအုန်သတို့သမီးကို တိုက်အံ့ငှါ" သို့မဟုတ် "ဇိအုန်သတို့သမီးကို စစ်ချီအံ့ငှါ။ "ဇိအုန်သတို့သမီး" ဆိုသည်ကိုကြည့်ရန်၊ 4:30.

ငါတို့သည်ကြား၍
"ငါတို့"ဆိုသော စကားလုံးသည် ယေရမိမှ ယုဒလူတို့ကို ရည်ညွှန်းနေခြင်းဖြစ်သည်။

အားလျော့ကြ၏
"ခြေလက်များ အားလျော့သည်၊ အဘယ်ကြောင့်ဆိုသော် ငါတို့သည် စိုးရိမ်သောကြောင့်ဖြစ်သည်"

ငါတို့၌ပြင်းစွာသောဝေဒနာခံစားစေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ငါတို့သည် မချိတင်ကဲဝေဒနာကိုခံ စားရသည်။"

သားဘွားသောမိန်းမကဲ့သို့
"သားဘွားသော မိန်းမတစ်ယောက်ကဲ့သို့"

Jeremiah 25

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယေရုရှလင်မြို့သားတို့အား ဇိအုန်သတို့သမီးအဖြစ် စကားပြောသည်။

ငါ၏လူမျိုးသတိုးသမီး
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 4:11.

လျှော်တေအဝတ်ကိုဝတ်၍ပြာ၌လူးလျက်သားသည်ကိုငိုကြွေးသည်။
"အလွန်အမင်း ဝမ်းနည်းသည်။"

လုယူဖျက်ဆီးသောသူသည် ငါတို့ ကို ချက်ခြင်းတိုက်လိမ့်မည်။
"ရန်သူတို့သည် ငါတို့ကို ချက်ခြင်း တိုက်လိမ့်မည်။"
ယေရုရှလင်မြို့သားတို့ကို ပြောဆိုသောစကားဖြစ်သည်။

Jeremiah 27

ယေဘုယျ အချက်အလက်
ထာဝရဘုရား စကားပြောနေသည်။

သင်သည် ငါ၏ လူမျိုးကျင့်သော အကျင့်မလေ့ တို့ကို စစ်၍ သိမည်အကြောင်း၊
"ငါ၏ လူတို့ကို စစ်သောသူ။" ဘုရားသခင်သည် ယေရမိအား သန့်ရှင်းခြင်းကို ရရှိအောင် သူ၏ လူတို့သည် ရွှေကို စစ်သကဲ့သို့ ခိုင်းနှိုင်းဖော်ပြထားသည်။

စစ်ရလိမ့်မည်
"ရှာဖွေ တွေ့ရှိရလိမ့်မည်"

သူတို့အကျင့်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ လုပ်ဆောင်ချက်"

အခြားသောသူများကိုကုန်းတိုက်သည်
"အစဉ်အမြဲ အခြားသူများကို ကုန်းတိုက်သောစကားဆိုကိုသည်"

ကြေးဝါနှင့်သံ
ထာဝရဘုရားသခင်သည် ကြေးနှင့် သံကို လိုအပ်သည် မဟုတ်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဟူသော ကြေးဝါနှင့်သံကဲ့သို့ ခိုင်းနှိုင်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မသန့်ရှင်းခြင်းနှင့် ယုတ်မာခြင်း" ကို ဖော်ညွှန်းလိုခြင်း ဖြစ်သည်။"

ဖိုကိုမီးလောင်ပြီ။ ခဲလည်းကုန်ပြီ။ စစ်သော သူသည် မှုတ်၍ အကျိုးကိုမရ။
ငွေသည် အပူပေး၍ အရည်ပျော်သကဲ့သို့ လောင်ကျွမ်းလိမ့်မည်။ မသန့်ရှင်းခြင်းများကို မီးကဲ့သို့ အရည်ပျော်စေပြီး ဖြူစင်စေမည်ဟု ဖော်ပြလိုခြင်းဖြစ်သည်။

အညစ်ကြေးတို့ကို သန့်စင်စေမည်
"အရည်ပျော်စေခြင်းဖြင့် သန့်စင်စေမည်"

မကောင်းသောအရာတို့ကို မထုတ် မပယ်နိုင်
အခြားသောဘာသာပြန်ဆိုချက်၊
"မကောင်းသောအညစ်အကြေးများကို မပယ်ထုတ်နိုင်"

ထိုသူတို့ကိုပယ်သော ငွေဟူ၍ ခေါ်ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တန်ဖိုးမဲ့သော ငွေဟု ခေါ်ဝေါ်ခြင်းကို ခံရလိမ့်မည်။"

---

## Translation Questions

Jeremiah 6:1

အဘယ်ကြောင့် ဗယ်သမိန်အမျိုးသားတို့သည် ယေရုရှလင်မြို့ကို ထားခဲ့ပြီး လုံခြုံသောနေရာကို ရှာကြလိမ့်မည်နည်း။
ထာဝရဘုရားသည် ယေရုရှလင်မြို့ကို ဖျက်ဆီးမည် ဖြစ်သောကြောင့်ဖြစ်သည်။

Jeremiah 6:4

ရန်သူများသည် မည်သည့်အချိန်တွင် တိုက်ခိုက်လိမ့်မည်နည်း။
သူတို့သည် ညအချိန်တွင် တိုက်ခိုက်ကြလိမ့်မည်။

Jeremiah 6:6

အဘယ်ကြောင့် ထာဝရဘုရားသည် ရန်သူများက ယေရုရှလင်မြို့ကို တိုက်ခိုက်ဖို့ရန် လိုချင်ခဲ့သနည်း။
မြို့သည် ဒုစရိုက်များ၊ ချုပ်ချယ်ခြင်းများနှင့် ပြည့်နေခဲ့သောကြောင့် ထာဝရဘုရားသည် သူတို့ကို တိုက်ခိုက်ဖို့ရန် အလိုရှိခြင်းဖြစ်သည်။

အကယ်၍ ယေရုရှလင်မြို့သည် စည်းကမ်းဥပဒေမရှိခဲ့လျှင် မည်သို့ ဖြစ်လိမ့်မည်နည်း.
ထာဝရဘုရားသည် ယေရုရှလင်မြို့ကို ဖျက်ဆီးလိမ့်မည်။

Jeremiah 6:9

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလလူများကို သတိမပေးနိုင်သနည်း။
သူတို့သည် နားမစွင့်ကြသောကြောင့်ဖြစ်သည်။

Jeremiah 6:11

အိမ်များ၊ကွင်းပြင်များနှင့် မိန်းမများသည် မည်သို့ဖြစ်လိမ့်မည်နည်း။
သူတို့သည် အခြားနေရာသို့ ပြောင်းရွှေ့ကြလိမ့်မည်။

Jeremiah 6:13

လူများသည် စက်ဆုပ်ရွံရှာဘွယ်ရာများကို ကျူးလွန်ကြသောအခါ မည်သို့ခံစားခဲ့ကြသနည်း။
သူတို့သည် မရှက်မကြောက်ခဲ့ကြ။

Jeremiah 6:16

အဘယ်ကြောင့် ထာဝရဘုရားသည် ဤလူများအားအတွက် ဘေးဒုက္ခကိုယူဆောင်လာမည်နည်း။

သူတို့သည် သူ၏စကား(သို့)ပညတ်တရားကို နားမထောင်ခဲ့ကြသည်။

Jeremiah 6:20

အမွှေးတိုင်နှင့် မွှေးကြိုင်သောအနံ့သည် ထာဝရဘုရားအဖို့ မည်သို့ဖြစ်သနည်း။

၎င်းတို့သည် သူ့အဖို့ မည်သည့်အရာမျှ မဟုတ်ပါ။ သူသည် သူတို့ကို မကြိုက်မနှစ်သက်ပါ။

ပိတ်ဆို့နေသော ဆူးညှောင့်သည် လူတွေကို မည်သို့ လုပ်လိမ့်မည်နည်း။

ထိုအရာသည် သူတို့ကို ဖျက်ဆီးလိမ့်မည်။

မည်ကဲ့သို့သော လူတွေသည် လာခဲ့ကြသနည်း။

ရက်စက်သောသူ၊ တိုက်ခိုက်သောသူတို့သည် လာခဲ့ကြသည်။

Jeremiah 6:25

အဘယ်ကြောင့် သတို့သမီးသည် မိမိအတွက် ခါးသီးသော စျာပနာကို လုပ်ဆောင်လိမ့်မည်နည်း။

ရန်သူသည် သူမ၏ လူများကို ဖျက်ဆီးလိမ့်မည်ဖြစ်သောကြောင့် သူမသည် ထိုအရာကို လုပ်သင့်သည်။

Jeremiah 6:27

ယေရမိသည် ထာဝရဘုရား၏လူများကို သန့်စင်ပေးသူတစ်ယောက်အနေဖြင့် မည်သည့်အရာကို လုပ်လိမ့်မည်နည်း။

သူသည် သူတို့၏ နည်းလမ်းများကို စမ်းသပ်ပြီး ကြည့်ရှုစစ်ဆေးလိမ့်မည်။

လူတွေသည် မည်သည့်အရာနှင့် တူခဲ့ကြသနည်း။

သူတို့သည် ကြေးဝါကဲ့သို့ အလွန်ခေါင်းမာခဲ့ပြီး သံကဲ့သို့ ခက်ထန်ကြသည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 7

1 ထာဝရဘုရား၏ အထံတော်က နှုတ်ကပတ် တော်သည် ယေရမိသို့ရောက်လာ၍၊ သင်သည် ဗိမာန် တော် တံခါးဝ၌
ရပ်လျက်ကြွေးကြော် ရမည့်စကားဟူ မူကား၊ 2 ထာဝရဘုရားကို ကိုးကွယ်ခြင်းငှါ၊ ဤတံခါးတို့ အတွင်းသို့ ဝင်သောယုဒအမျိုးသား
အပေါင်းတို့၊ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်ကို နားထောင်ကြလော့။ 3 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်
ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ဘာသာ ဓလေ့နှင့် သင်တို့ အကျင့်များတို့ကို ပြုပြင်ကြလော့။ သို့ပြုလျှင်
သင်တို့ကို ဤအရပ်၌ ငါနေ စေမည်။ 4 ဤသည်ကား၊ ထာဝရဘုရား၏ ဗိမာန်တော်၊ ထာဝရဘုရား၏ ဗိမာန်တော်၊ ထာဝရဘုရား၏
ဗိမာန်တော်ဖြစ်သတည်းဟု မုသာ စကားကို ပြောသောသူတို့၌ မမှီဝဲကြနှင့်။ 5 သင်တို့ ဘာသာဓလေ့နှင့် သင်တို့အကျင့်များ တို့ကို
စုံလင်စွာ ပြုပြင်လျှင်ငှင်း၊ အမှုသည်ချင်းတို့ကို သေချာစွာ တရားသဖြင့် စီရင်လျှင်ငှင်း၊ 6 ဧည့်သည် အာဂန္တု၊ မိဘမရှိသောသူငယ်၊
မုတ်ဆိုးမကို မညှဉ်းဆဲ၊ အပြစ်မရှိသောသူ၏ အသက်ကိုဤအရပ်၌ မသတ်၊ ကိုယ်အကျိုးကို ဖျက်၍ အခြားတပါးသော ဘုရားတို့ကို
မချဉ်းကပ်ဘဲ နေလျှင်ငှင်း၊ 7 သင်တို့ဘိုးဘေးတို့အား၊ ငါသည် အစဉ်မပြတ် ပေးသော ပြည်တည်းဟူသော ဤအရပ်ဌာန၌ သင်တို့ကို
ငါနေစေမည်။ 8 အကျိုးမရှိဘဲ မုသာစကားကို ပြောသောသူတို့၌ သင်တို့သည် ခိုလှုံကြ၏။ 9 သင်တို့သည် သူ့ဥစ္စာကိုခိုးလျက်၊
လူအသက်ကို သတ်လျက်၊ သူ့မယားကိုပြစ်မှားလျက်၊ မဟုတ်မမှန်ဘဲ ကျိန်ဆိုလျက်၊ ဗာလဘုရားရှေ့၌ နံ့သာပေါင်းကို မီးရှို့ လျက်၊
ကိုယ်မသိဘူးသော အခြားတပါးသော ဘုရားတို့ နောက်သို့လိုက်လျက်နှင့်၊ 10 ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်၌၊
ငါ့ရှေ့မှာဝင်၍ ရပ်လျက်၊ ဤရွံရှာဘွယ်သော အမှု အလုံးစုံတို့ကို ပြုသောကြောင့်၊ အကျွန်ုပ်တို့သည် ကယ် နှုတ်တော်မူခြင်း
ကျေးဇူးတော်ကို ခံရပါပြီဟု လျှောက်ရ ကြမည်လော။ 11 ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်ကို၊ သင်တို့သည် ထားပြတွင်းကဲ့သို့
ထင်ကြသလော။ ဤအမှု ကို ငါ့ကိုယ်တိုင် မြင်ပြီဟု ထာဝရဘုရား မိန့်တော်မူ၏။ 12 ရှေ့ဦးစွာငါ၏ နာမကို ငါတည်စေသောအရပ်၊
ရှိလောရွာ၌ရှိသော ငါ့အရပ်ဌာနသို့သွား၍၊ ငါ၏အမျိုး ဣသရေလလူတို့၏ အပြစ်ကြောင့်၊ ထိုအရပ်ကို အဘယ်သို့ငါပြုဘူးသည်ကို
ကြည့်ရှုကြလော့။ 13 ယခုတွင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် ဤအမှုအလုံးစုံတို့ကို ပြုသောကြောင့်ငှင်း၊
ငါသည်စောစောထ၍ အထပ်ထပ်ပြောသော်လည်း၊ သင်တို့သည် နားမထောင်၊ ငါခေါ်၍ သင်တို့သည် မထူးသောကြောင့်ငှင်း၊ 14
ရှိလောရွာကို ငါပြုသကဲ့သို့၊ ငါ၏နာမဖြင့် သမုတ်သော၊ သင်တို့ ခိုလှုံသော ဤအိမ်တော်၊ သင်တို့နှင့် ဘိုးဘေးတို့အား ငါပေးသော
အရပ်ဌာနကို ငါပြုမည်။ 15 သင်တို့ညီအစ်ကို ဧဖရိမ်အမျိုးသားရှိသမျှတို့ကို ငါနှင့်ထုတ်သကဲ့သို့၊ သင်တို့ကို ငါ့ထံမှ ငါနှင့်ထုတ်မည်။
16 သင်သည်လည်း ဤလူမျိုးအဘို့ ပဌနာမပြုနှင့်။ သူတို့အဘို့ အော်ဟစ်ခြင်း၊ ဆုတောင်းခြင်းကို မပြုနှင့်။ ငါ့ကိုမသွေးဆောင်နှင့်။
သင်၏ စကားကို ငါနားမထောင်။ 17 သူတို့သည် ယုဒမြို့များ၊ ယေရုရှလင်လမ်းများ တို့၌ ပြုကြသော အမှုကို မမြင်သလော။ 18 ငါ့ကို
နှော်ရှက်မည်အကြံနှင့်၊ ကောင်းကင် မိဖုရားအဘို့ မုန့်ပြားတို့ကို လုပ်၍၊ အခြားတပါးသော ဘုရားတို့ရှေ့မှာ သွန်းလောင်းရာ ပူဇော်
သက္ကာကိုပြုခြင်း ငှါ၊ သားတို့သည် ထင်းခွေကြ၏။ အဘတို့သည် မီးထည့် ကြ၏။ မိန်းမတို့သည် မုန့်နယ်ကြ၏။ 19 ထိုသို့ပြု၍
ငါ့ကိုနှော်ရှက်ကြသလော။ မိမိတို့ မျက်နှာကို ဖျက်မည်အကြောင်း၊ မိမိတို့ကိုယ်ကိုသာ နှော် ရှက်ကြသည်မဟုတ်လောဟု
ထာဝရဘုရား မိန့်တော် မူ၏။ 20 သို့ဖြစ်၍၊ အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ဤအရပ် ၌ရှိသောလူ၊ တိရစ္ဆာန်၊ သစ်ပင်၊ မြေ
အသီးအနှံအပေါ်မှာ ငါသည် ဒေသအမျက် မီးကို သွန်းလောင်း၍၊ ထိုမီးသည် မငြိမ်းဘဲလောင်လိမ့်မည်။ 21 ဣသရေလအမျိုး၏
ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ မီးရှို့ရာ ယဇ်များကို အခြားသော ယဇ်များနှင့်
အတူထား၍၊ အမဲသားကိုစားကြလော့။ 22 အကြောင်းမူကား၊ သင်တို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သောအခါ၊
မီးရှို့ရာယဇ် အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည် မဟုတ်။ 23 ငါမှာထားသောအရာဟူမူကား၊ ငါ့စကားကို
နားထောင်ကြလော့။ သို့ပြုလျှင်၊ ငါသည်သင်တို့၏ ဘုရား သခင်ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြ လိမ့်မည်။
သင်တို့သည် ကိုယ်အကျိုးကို စောင့်လိုသောငှါ၊ ငါစီရင်သမျှသော တရားလမ်းသို့ လိုက်ရကြမည်ဟု မှာထား၏။ 24 သို့ရာတွင်၊
သူတို့သည် နားမထောင်၊ နားကို မလှည့်ဘဲ ဆိုးညစ်သော နှလုံးခိုင်မာသည်နှင့်အညီ ကျင့်ကြံပြုမူ၍ မျက်နှာမပြု၊ ကျောခိုင်းလျက်
နေကြ၏။ 25 သင်တို့အဘများသည် အဲဂုတ္တုပြည်က ထွက် သွားသောနေ့မှစ၍ ယနေ့တိုင်အောင်၊ ငါသည် နေ့တိုင်း စောစောထ၍၊
ငါ၏ကျွန်ပရောဖက်အပေါင်းတို့ကို သင်တို့ရှိရာသို့ အထပ်ထပ်စေလွှတ်သော်လည်း၊ 26 သင်တို့သည် ငါ့စကားကို နားမထောင်၊ မနာ
မယူဘဲနေ၍ မိမိတို့ လည်ပင်းကို ခိုင်မာစေသဖြင့်၊ အဘများထက်သာ၍ ဆိုးသွမ်းကြ၏။ 27 သင်သည် ဤစကားအလုံးစုံကို သူတို့အား
ပြောသော်လည်း၊ သူတို့သည် နားမထောင်ကြ။ ခေါ်သော် လည်း မထူးကြ။ 28 သို့ဖြစ်၍ သင်ကလည်း၊ ဤလူမျိုးသည် မိမိတို့
ဘုရားသခင် ထာဝရဘုရား၏စကားတော်ကို နား မထောင်၊ ဆုံးမ၍ မနိုင်သောအမျိုး ဖြစ်၏။ သစ္စာစကား ကိုမပြော၊ သစ္စာပျက်သော
အမျိုးဖြစ်သည်ဟု သူတို့အား ပြောဆိုရမည်။ 29 သင်၏သစ္စာဆံပင်ကို ရိတ်၍ ပစ်လိုက်လော့။ မြင့်သောအရပ်၌ မြည်တမ်းခြင်းကို
ပြုလော့။ အကြောင်း မူကား၊ ထာဝရဘုရားသည် မိမိလူမျိုးကို ပယ်တော်မူပြီ။ အမျက်တော်သင့်ရောက်သော အမျိုးကို စွန့်ပစ်တော်
မူပြီ။ 30 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယုဒ အမျိုးသားတို့သည် ငါ့ရှေ့မှာဆိုးသော အမှုကိုပြုကြပြီ။ ငါ၏နာမဖြင့် သမုတ်သော
အိမ်တော်ကို ညစ်ညူးစေခြင်း ငှါ၊ ရွံရှာဘွယ်သောအရာတို့ကို သွင်းထားကြပြီ။ 31 ငါမမှာထား၊ ငါအလျှင်းအလိုမရှိသော်လည်း၊
သူတို့သားသမီးများကို မီးရှို့ခြင်းငှါ ဟိန္နုံသား၏ချိုင့်၌ ရှိသော တောဖက်ကုန်းတို့ကို တည်ကြပြီ။ 32 သို့ဖြစ်၍၊

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုချိုင့်ကို တောဖက်ချိုင့်ဟူ၍မခေါ်၊ ဟိန္နုံသား၏ ချိုင့် ဟူ၍မခေါ်၊ ကွပ်မျက်ရာ ချိုင့်ဟူ၍ ခေါ်ရသော အချိန် ကာလရောက်လိမ့်မည်။ တောဖက်၌ မြေလွတ်မရှိသည် တိုင်အောင် သင်္ဂြိုဟ်ကြလိမ့်မည်။ 33 ဤလူမျိုးအသေကောင်တို့သည် မိုဃ်းကောင်း ကင်ငှက်နှင့် တောသားရဲစားစရာဘို့ ဖြစ်ကြလိမ့်မည်။ ထိုတိရ စ္ဆာန်တို့ကို အဘယ်သူမျှ မမောင်းရ။ 34 ယုဒမြို့များ၊ ယေရုရှလင်လမ်းများတို့၌ ဝမ်း မြောက်သောအသံ၊ ရွှင်လန်းသောအသံ၊ မင်္ဂလာဆောင် သတို့သားအသံနှင့်မင်္ဂလာဆောင် သတို့သမီးအသံကိုငါစဲစေမည်။ တပြည်လုံးသည် လူဆိတ်ညံရာအရပ်ဖြစ်လိမ့် မည်ဟုမိန့်တော်မူ၏။

---

---

Jeremiah 01

ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ယေရမိထံသို့ရောက်လာသည်။
" ယေရမိထံသို့ ထာဝရဘုရား၏ သတင်းရောက်ရှိလာသည်။"

နှုတ်ကပတ်တော်
ယေရမိဆီသို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်

ရပ်လျက်...ကြွေးကြော်
ယေရမိထံသို့ ပေးသော အမိန့်တော်ဖြစ်သည်။

ထာဝရဘုရားကိုကိုးကွယ်ရန်
"ထာဝရဘုရားအား ကိုးကွယ်ခြင်းငှါ"

Jeremiah 03

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ယေရမိအားဖြင့် ပေးသော ထာဝရဘုရား၏ သတင်းစကား ဖြစ်သည်။

သင်တို့ဘာသာ ဓလေ့နှင့် သင်တို့ အကျင့်များတို့ကို ပြုပြင်ကြလော့။
"ကောင်းသော အသက်ရှင်ခြင်းနှင့် ကောင်းသောအလုပ်"

ဤအရပ်၌
ဣသရေလတိုင်းပြည်ရှိ ဗိမ္မာန်တော်တည်ရှိရာအရပ်ကို ရည်ညွှန်းသည်။

မိမိကိုယ်ကိုကိုယ် အားကိုးခြင်းဖြင့် လိမ်လည်လှည့်ဖြားခြင်းနှင့်မပြောဆိုနှင့်
"မှားယွင်းသော စကားကို ဆိုသဖြင့် ကိုယ့်ကိုယ်ကို မလှည့်ဖြားနှင့်။"

ဗိမာန်တော်၊ ထာဝရဘုရား၏ ဗိမာန်တော်ဖြစ်သတည်း
သုံးကြိမ်သုံးခါ တိုင်အောင် သူတို့သည် ထာဝရဘုရား၏ ဗိမ္မာန်တော်ဖြစ်သည်ဟု ဆိုကြ၏။ ယုဒလူတို့သည် ဘေးမှ လုံခြုံမည်ဟုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် ဘုရားသခင်၏ ဗိမ္မာန်တော်ဖြစ်၍ မည်သူမျှ မဖျက်ဆီးနိုင်၊ ငါတို့ လုံခြုံစွာနေရ၏"

Jeremiah 05

ယေဘုယျ အချက်အလက်
ထာဝရဘုရားသခင်သည် ယုဒလူတို့အား ပြောသောစကားဖြစ်သည်။

သင်တို့သည်စုံလင်စွာပြုပြင်လျှင်
"သင်တို့သည် ကေန်အမှန် ပြုပြင်လျှင်"

ကောင်းသော သင်တို့ဘာသာဓလေ့နှင့်သင်တို့အကျင့်များ
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 7:3.

သင်တို့သည် တရားသဖြင့်စီရင်လျှင်
"သင်သည် လူတို့အား တရားသဖြင့် ဆက်ဆံလျှင်"

သင်တို့သည်အာဂန္တုတို့ကိုမညှဉ်းဆဲလျှင်
"တိုင်းတစ်ပါးလူတို့ကို တရားသဖြင့် ဆက်ဆံသည်"

မိဘမဲ့
မိဘ မရှိသောကလေး

အပြစ်ကင်းသောသူတို့၏အသွေးကိုမသွန်းလောင်းနှင့်
အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်မရှိသော သူတို့ကို မသတ်နှင့်"

မချဉ်းကပ်နှင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ဝတ်မပြုနှင့်"

ကိုယ်အကျိုးဖျက်၍
"ကိုယ်အကျိုး ဖျက်ခြင်းကို ရောက်လာမည်"

ဤအရပ်၌
ဣသရေလတို့ နေထိုင်သည့် ဗိမ္မာန်တော်ရှိရာကိုဆိုလိုသည်။

သင်နေရလိမ့်မည်
"သင်သည် အသက်ရှင်ခွင့် ရလိမ့်မည်"

အစဥ်မပြတ်
"အစဉ်မပြတ် ရှေ့အဆက်ဆက်"


generated on Sun Jun 30 02:37:40 2024

Jeremiah 08

ယေဘုယျ အချက်အလက်
ထာဝရဘုရားသခင်သည် ပရောဖက်ယေရမိအားဖြင့် ယုဒလူတို့အား ပြောသောစကားဖြစ်သည်။

ကြည့်ရှုလော့
"ကြည့်ရှုလော့"ဆိုသည့် စကားသည် အရေးကြီးပြီး မေးသော စကားဖြစ်သည်။

အကျိုးမရှိဘဲ မုသာစကားကို ပြောသောသူတို့၌ သင်တို့သည် ခိုလှုံကြ၏။
"ငါသည် ဗိမ္မာန်တော်ကို ကာကွယ်သောကြောင့် ယေရုရှလင်သည် ချမ်းသာရလိမ့်မည်။ သို့သော်လည်း မုသာစကားဖြစ်၏"

သူ့အသက်ကိုသတ်ပြီး သူ့မယားကိုပြစ်မှားလျက်
"လူ့အသက်ကို သတ်ပြီး သူ့မယားကို သတ်သည်"

မဟုတ်မမှန်ဘဲ ကျိန်ဆိုလျက်၊ ဗာလဘုရားရှေ့၌ နံ့သာပေါင်းကို မီးရှို့ လျက်၊ ကိုယ်မသိဘူးသော အခြားတပါးသော ဘုရားတို့ နောက်သို့လိုက်လျက်နှင့်၊
"ဗာလဘုရားကို ကိုးကွယ်ပြီး ကျိန်ဆိုလျက် ကိုယ်မသိသောဘုရားများ နောက်လိုက်ကြပြီ"

ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်၌၊ ငါ့ရှေ့မှာဝင်၍ ရပ်လျက်၊ ဤရွံရှာဘွယ်သော အမှု အလုံးစုံတို့ကို ပြုသောကြောင့်၊ အကျွန်ုပ်တို့သည် ကယ် နှုတ်တော်မူခြင်း ကျေးဇူးတော်ကို ခံရပါပြီဟု လျှောက်ရ ကြမည်လော။
ထို့နောက် သင်သည် ငါ့အိမ်သို့လာပြီး "ထာဝရဘုရားသည် ကယ်နှုတ်တော်မူပြီ"ဆိုပြီး ကြီးသောအပြစ်ကို ကျူးလွန်ကြ၏။"

ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်ကို၊ သင်တို့သည် ထားပြတွင်းကဲ့သို့ ထင်ကြသလော။
"ဤအိမ်တော်သည် သားရဲတွင်း မျက်နှာနှင့်ပြည့်၏" သို့မဟုတ် "သင်သည် ငါအိမ်တော်ဟု ထင်မှတ်၏"

တောပုန်းထားပြ၊ လူဆိုး
"သူခိုးများ" သို့မဟုတ် "ပစ္စည်းများကို လုယက်သူ"

ဘုရားသခင်မိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကိုကြည့်ရန်၊ ၁:၇

Jeremiah 12

ယေဘုယျ အချက်အလက်
ပရောဖက်ယေရမိအားဖြင့် ယုဒလူမျိုးတို့ကိုပြောဆိုသောထာဝရဘုရား၏ စကားတော်ဖြစ်သည်။

သွား၍
အခြားသောဘာသာပြန်ဆိုချက်၊ "အောက်မေ့ရန်" သို့မဟုတ် "ဆင်ခြင်ရန်"

သင်တို့သည် ဤအမှုအလုံးစုံတို့ကို ပြုသောကြောင့်
"သင်တို့သည် ဤအမှုအလုံးစုံတို့ကို ပြုသောကြောင့်"

အထပ်ထပ်ပြောသော်လည်း
"ထပ်ခါထပ်ခါ ဆိုသော်လည်း"

Jeremiah 16

သင်သည်လည်း ဤလူမျိုးအဘို့ ပဌနာမပြုနှင့်။ သူတို့အဘို့ အော်ဟစ်ခြင်း၊ ဆုတောင်းခြင်းကို မပြုနှင့်။ ငါ့ကိုမသွေးဆောင်နှင့်။
ဤစကားစုလေးခုသည် ဆိုလိုရင်းအဓိပ္ပါယ် အတူတူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူမျိုးများ ကောင်းကြီးရအံ့သောငှါ ငါ့ဆီသို့ ဆုမတောင်းကြ။" (ရှု၊

သူတို့သည်ပူဆွေးအော်ဟစ်ခြင်းမပြု
"ဝမ်းနည်းပူဆွေးလျှက် မငိုကြွေးကြ"

ဤလူမျိုးတို့အဘို့
"သူတို့ အကျိုးအလို့ငှါ" သို့မဟုတ် "သူတို့ လိုချင်သောအရာ"

ငါ့ဆီသို့အသနားမခံယူကြ
"ငါ့ဆီသို့ မတောင်းလျှောက်ကြ"

ငါ့ကိုရန်စကြလိမ့်မည်
"ငါ့ကို အမျက်ထွက်စေလိမ့်မည်"

Jeremiah 19

ငါ့ကိုအမျက်ထွက်စေသလော့...သူတို့သည်အမျက်ထွက်စေသည်
ငါ့ကို နှောင့်ယှက်ကြသလော့... မိမိကိုယ်ကို နှောင့်ယှက်ကြသည်။"

ငါ့ကိုအမျက်ထွက်စေသလော့
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့ကို ဧကန်နှောက်ယှက်စေသည် မဟုတ်"

မိမိကိုယ်ကိုကိုယ်နှောက်ယှက်ကြသည်ဖြစ်၍ အရှက်ရစေကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "မိမိတို့၏ ရှက်ဖွယ်သော အပြုအမူကြောင့် အနှောင့်အယှက်ဖြစ်စေကြသည်။"

ကြည့်ရှုလော့
အခြားသောဘာသာပြန်ဆိုချက်၊ "အရေးကြီးသောကြောင့် သေချာစွာ နားထောင်ကြလော့။"

ငါ၏အမျက်နှင့်ဒေါသသည် ဤပြည်၌စီးထွက်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဤပြည်၌ သူတို့အား စီရင်မည်။"

အမျက်ဒေါသ
ပြင်းစွာသော အမျက်ဒေါသထွက်ခြင်းကို ဖော်ပြသည်။

လောင်ကျွမ်းလိမ့်မည်
ထာဝရဘုရားသခင်၏ အမျက်တော်ကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

ဘယ်သောအခါမျှမငြိမ်းစေရ
"လောင်ကျွမ်းခြင်းသည် မငြိမ်း" သို့မဟုတ် "အမျက်တော်သည် မပြေ"

Jeremiah 21

သင်တို့ မီးရှို့ရာ ယဇ်များကို အခြားသော ယဇ်များနှင့် အတူထား၍
ဘုရားသခင်သည် ယဇ်ပူဇော်ခြင်းကို လိုသော်လည်း ဗိမ္မာန်တော်၌ လာသောအခါ ယဇ်ပူဇော်ခြင်းသည် မနာခံမှုအတွက် ပြုလုပ်သည်ကို မလိုအပ်ပေ။

Jeremiah 24

ယေဘုယျ အချက်အလက်
ထာဝရဘုရားသခင်သည် ယုဒလူတို့အား သတိပေးသောစကားဖြစ်သည်။

သူတို့သည် ခေါင်းမာလျက်သဘောရှိပြီးဆိုးညစ်သော နှလုံးခိုင်မာသည်။
"သူတို့၏ လမ်းအတိုင်း ခေါင်းမာခြင်းနှင့် နှလုံးမာလျက်ရှိကြ၏"

သူတို့သည် မျက်နှာမပြု၊ ကျောခိုင်းလျက်ရှိကြ၏
"သူတို့သည် လှည့်ပြန်ခြင်းမရှိ၊ မျက်နှာမပြုဘဲနေကြသည်။" အခြားသောဘာသာပြန်ဆိုချက်၊ " သူတို့သည် ငါ၏ စကားတော်အား နားမထောင်ဘဲ မျက်ကွယ်ပြုကြပြီ"

ငါ၏အစေခံအပေါင်းတို့
"ငါ၏ ကျွန် ပရောဖက်အပေါင်းတို့"

သူတို့ကိုအထပ်ထပ်စေလွှတ်သော်လည်း
"နေ့စဉ်မပြတ် စေလွှတ်သည်"

ငါ၏ကျွန်ပရောဖက်အပေါင်းတို့ကို သင်တို့ရှိရာသို့
"သင်တို့" ဟူသော စကားလုံးသည် ယုဒလူတို့နှင့် သူတို့ဘိုးဘေးများကို ဆိုလိုသည်။

သူတို့သည်ငါ့စကားကိုနားမထောင်
"သူတို့"ဆိုသော စကားသည် အဲဂုတ္တုပြည်မှထွက်လာကြသော ဣသရေလလူမျိုးမှစ၍ အားလုံးကို ရည်ညွှန်းသည်။

မိမိတို့ လည်ပင်းကို ခိုင်မာစေသဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ခေါင်းမာစွာဖြင့်နားထောင်ရန် ငြင်းဆိုသည်။"

အဘများထက်သာ၍ ဆိုးသွမ်းကြ၏။
"မျိုးဆက်သစ်များက ပို၍ ဆိုးသွမ်းကြသည်"

Jeremiah 27

သင်သည် ဤစကားအလုံးစုံကို သူတို့အား ပြောသော်လည်း၊ သူတို့သည် နားမထောင်ကြ။ ခေါ်သော် လည်း မထူးကြ။
ဝှင်းစာကြောင်းနှစ်ခုသည် ဆိုလိုရင်းတူပြီး ဒုတိယစာကြောင်းသည် ပို၍လေးနက်စွာ ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ သတင်းစကားကို ပြောသော်ငြားလည်း ဆိုးသော လမ်းသို့လိုက်ကြ၏"

ထာဝရဘုရား၏စကားတော်
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု၊ 3:23.

သစ္စာစကား ကိုမပြော၊ သစ္စာပျက်သော အမျိုးဖြစ်သည်
စာကြောင်းနှစ်ခု၏ ဆိုလိုရင်းသည်တူညီပြီး ဒုတိယစာကြောင်းကို လေးနက်စွာ ဖွင့်ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုသာကို ပြောသောလူမျိုး" (ရှု၊ and and

Jeremiah 29

ယုဒ၏အမျိုး
"ယုဒမျိုးနွယ်မှ ဆင်းသက်သည်"

ညစ်ညူးစေပြီးရွံရှာဘွယ်အမှုပြုကြသည်
ဝှင်းစကားလုံးနှစ်ခုသည် ဆိုလိုရင်းတူညီပြီး ဘုရားသခင်သည် နောက်ထပ် ကြည့်ရှုမည်မဟုတ်။

ရွံရှာဘွယ်သောအမှု
"ချန်ထားသည်" သို့မဟုတ် "ပယ်ထားသည်"

ငါရှေ့မှာ
"ငါတစ်ဘက်၌" သို့မဟုတ် "ငါ၏ စိတ်ထဲ၌"

ထာဝရဘုရား၏ မိန့်တော်မူချက်ဖြစ်သည်
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 1:7.

Jeremiah 31

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ယုဒလူမျိုးများ ဆိုးသွမ်းသော အမှုပြုသည်ကို ဖော်ပြခြင်းဖြစ်သည်။

မြင့်သောတောဖက်ကုန်း
ဣသရေလလူမျိုးများ အခြားသော ဘုရားများကို သူတို့ကလေးများဖြင့် ယဇ်ပူဇော်သောနေရာ။

ဗန်ဟိန္နံချိုင့်ဝှမ်း
ယေရုရှလင်မြို့၏ တောင်ဘက်တွင်တည်ရှိပြီး မှားယွင်းသောဘုရားများကို ယဇ်ပူဇော်သောနေရာ ဖြစ်သည်။

မီးရှို့ခြင်းဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "မီး၌ ယဇ်ပူဇော်ခြင်း"

ငါ၏စိတ်တော်နှင့်မတွေ့နိုင်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် စိတ်တော်ပြေမည်မဟုတ်"

ကြည့်ရှုလော့
"ကြည့်ရှုလော့" ဟူသော စကားလုံးသည် နောက်လိုက်လာမည့်အဖြစ်အပျက်များကို ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧကန်အမှန်"

နေ့ရက်သည်ရောက်လာလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "အနာဂတ် တစ်နေ့၌"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

နောက်တစ်ဖန်ခေါ်ရလိမ့်မည်မဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည်နောက်တစ်ဖန် ခေါ်ရလိမ့်မည်မဟုတ်"

ကွပ်မျက်ရာချိုင့်
"လူသတ်ရာ ချိုင့်ဝှမ်း"

သူတို့ကို သင်္ဂြိုလ်ကြလိမ့်မည်
"ယုဒလူမျိုးတို့ သင်္ဂြိုလ်သော ဒေသ"

မြေလွတ်မရှိ
"နေရာလွတ် မရှိ"

Jeremiah 33

ယေဘုယျ အချက်အလက်
ထာဝရဘုရား ပြောဆိုသော စကားတော် ဖြစ်သည်။

အသေကောင်
"သေသော ခန္ဓာကိုယ်"

ဤလူမျိုး
ယုဒလူမျိုး

မိုးကောင်းကင်ငှက်
"မိုးကောင်းကင်သို့ ပျံသန်းသောငှက်" ရှု၊ 4:23.

မြေကြီးပေါ်မှသားရဲများ
တောရိုင်း တိရစ္ဆာန်များ

ကြောက်လန့်အောင်ပြုလုပ်သည်
"ကြောက်လန့်စေခြင်း"

ငါသည် အဆုံးတိုင်အောင်ရပ်စဲစေမည်
"ငါ ပယ်ရှင်းမည်"

ဂုဏ်အသရေနှင့်ပြည့်စေလျက် ရွှင်လန်းဝမ်းမြောက်သောအသံ
"ဝမ်းမြောက်သောအသံနှင့် ပျော်ရွှင်သော အသံတော်" အခြားသောဘာသာပြန်ဆိုချက်၊ "ဝမ်းမြောက်နေသောလူများ"

မင်္ဂလာဆောင် သတို့သားအသံနှင့်မင်္ဂလာဆောင် သတို့သမီးအသံ
အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်ထောင်ပြုကြသည်။"

---

## Translation Questions

### Jeremiah 7:3

လူတို့သည် သူတို့၏ နည်းလမ်းများနှင့် အကျင့်များကို ကောင်းစေကြပါက ထာဝရဘုရားသည် သူတို့အတွက် မည်သည့်အရာလုပ်ပေးဖို့ရန် ကတိပေးခဲ့သနည်း။
သူသည် ထိုနေရာတွင် သူတို့ကို ဆက်လက်နေထိုင်စေလိမ့်မည်။

### Jeremiah 7:5

ထာဝရဘုရားသည် သူတို့ကို ထိုပြည်တွင်နေထိုင်စေဖို့ရန် လူများသည် မည်သည့်အရာကို လုပ်ရမည်နည်း။
သူတို့သည် ဖြောင့်မတ်စွာပြုမူခြင်းအားဖြင့် မိမိတို့၏ အကျင့်များနှင့် ဓလေ့များကို ကောင်းအောင်ပြုလုပ်ရမည်ဖြစ်သည်။

ထာဝရဘုရားသည် သူတို့ကို ထိုပြည်တွင်နေထိုင်စေဖို့ရန် လူများသည် မည်သည့်အရာကို မပြုလုပ်ရမည်နည်း။
သူတို့သည် အားနည်းသောသူများကို အမြတ်မထုတ်ရ၊ အပြစ်မရှိသောသူကိုမသတ်ရ၊ မှားယွင်းသောဘုရားများကို မကိုးကွယ်ရ။

### Jeremiah 7:8

လူများက ဘုရားသခင်မုန်းသည်ဟု သူတို့သိသောအရာများကို ပြုလုပ်ပြီးနောက် မည်သို့ပြောကြသနည်း?
သူတို့သည် ဗိမာန်တော်သို့သွားပြီး သူတို့သည် ကယ်တင်ခံရပြီဟု ပြောကြသည်။


generated on Sun Jun 30 02:37:40 2024

Jeremiah 7:12

အဘယ်ကြောင့် ထာဝရဘုရားသည် လူတွေကို ရှိလောအကြောင်းစဉ်းစားစေချင်ခဲ့သနည်း။

သူတို့အပြစ်သည် ရှိလောလူများ၏ အပြစ်နှင့်တူ၍၊ ရှိလောလူများကို ပြုခဲ့သည့်အတိုင်း သူတို့၌ ပြုလိမ့်မည်အကြောင်းကို သတိရစေဖို့ရန်အတွက် ဖြစ်သည်။

Jeremiah 7:16

အဘယ်ကြောင့် ထာဝရဘုရားသည် ယေရမိ၏ ဆုတောင်းသံကို နားမညောင်းလိမ့်မည်နည်း။

သူသည် ဣသရေလလူများကို ဖျက်ဆီးဖို့ ဆုံးဖြတ်ပြီးသားဖြစ်သောကြောင့် ဖြစ်သည်။

အဘယ်ကြောင့် ထာဝရဘုရားသည် လူတွေကို ဖျက်ဆီးလိမ့်မည်နည်း။

သူတို့သည် အခြားဘုရားများကို ကိုးကွယ်ခဲ့သောကြောင့် ဖြစ်သည်။

Jeremiah 7:21

သူတို့သည် အဲဂုတ္တုပြည်ကို စွန့်ခွာသောအခါ ထာဝရဘုရားသည် သူတို့ကို မည်သည့်အမိန့်ပေးခဲ့သနည်း။

သူသည် သူ့စကားကို နားထောင်ဖို့ရန် သူတို့ကို အမိန့်ပေးခဲ့သည်။

Jeremiah 7:24

ထာဝရဘုရားသည် ပရောဖက်များကို စေလွှတ်သောအခါ လူများသည် မည်သည့်အရာကို လုပ်ခဲ့ကြသနည်း။

သူတို့သည် နားမထောင်ခဲ့ကြပြီ၊ ဆိုးညစ်သောအရာကို လုပ်ခဲ့ကြသည်။

Jeremiah 7:27

ပရောဖက်သည် သူတို့ကို မည်သည့်အရာကို ပြောဖို့ရန် ဖြစ်သနည်း။

သူသည် ဤလူများသည် ထာဝရဘုရား၏စကားကို နားမထောင်သောနိုင်ငံဖြစ်သည် ဟု သူတို့အား ပြောဖို့ရန် ဖြစ်သည်။

Jeremiah 7:29

အဘယ်ကြောင့် ထာဝရဘုရားသည် သူ၏ ဆံပင်အားလုံးကို ရိတ်ဖို့ရန် ယေရမိကို ပြောခဲ့သနည်း။

ထာဝရဘုရားသည် ဣသရေလလူများကို စွန့်ပစ်တော်မူသည်ကို ပြသဖို့ရန် ဖြစ်သည်။

Jeremiah 7:31

အဘယ်ကြောင့် လူများသည် ဟိန္နုံသား၏ချိုင့်တွင် တောဖက်ကုန်းကို တည်ခဲ့ကြသနည်း။

သူတို့သည် ထိုနေရာတွင် သူတို့၏ သားသမီးများကို မီးရှို့ဖို့ရန်အတွက် တည်ခဲ့ကြခြင်းဖြစ်သည်။

Jeremiah 7:33

ထိုလူများ၏ အလောင်းများသည် မည်သို့ ဖြစ်လာလိမ့်မည်နည်း။

ငှက်များ၊ တောသားရဲများသည် သူတို့ကို စားလိမ့်မည်။

ထာဝရဘုရားသည် ယုဒမြို့များနှင့် ယေရုရှလင်မြို့များအပေါ် မည်သို့ လုပ်လိမ့်မည်နည်း။

သူသည် ပျော်ရွှင်ဝမ်းမြောက်သောသူမရှိအောင် ထိုနေရာကို လုပ်လိမ့်မည်။

## Chapter 8

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုကာလအခါ ယုဒ ရှင်ဘုရင် တို့၏ အရိုး၊ မှူးမတ်တို့၏အရိုး၊ ယဇ်ပုရောဟိတ်တို့၏အရိုး၊
ပရောဖက်တို့၏အရိုး၊ ယေရုရှလင်မြို့သားတို့၏ အရိုးများကို သင်္ချိုင်း တွင်းများ အထဲကထုတ်ပစ်၍၊ 2 ထိုသူတို့သည် ကြည်ညိုရာ၊
အမှုဆောင်ရာ၊ လိုက်သွားရာ၊ ရှာဖွေရာ၊ ကိုးကွယ်ရာဖြစ်သော နေ၊ လ၊ ကောင်းကင်တန်ဆာရှေ့မှာ လှန်ထားကြလိမ့်မည်။
ထိုအရိုးတို့ကို မစုမပုံ၊ မသင်္ဂြိုဟ်ရ။ မြေပေါ်မှာ မစင်ကဲ့သို့ ဖြစ်ရကြလိမ့်မည်။ 3 ငါနှင်လိုက်ရာအရပ်ရပ်၌ ကျန်ကြွင်း၍၊ ဆိုးယုတ်သော
ဤအမျိုးသားတို့သည် အသက်ကို အလိုမရှိ။ သေခြင်းကို အလိုရှိ၍ ရွေးချယ်ရကြလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရား မိန့်တော်မူ၏။ 4 တဖန် သင်သည် သူတို့အား ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ လဲသောသူသည်
နောက်တဖန် မထရသလော။ လွဲသွားသောသူသည် နောက်တဖန် ပြန်၍ မလာရသလော။ 5 ဤလူမျိုးတည်းဟူသော
ယေရုရှလင်မြို့သားတို့သည် ထာဝရဖောက်ပြန်ခြင်းအားဖြင့် အဘယ်ကြောင့် ဖောက်ပြန်ကြသနည်း။ မုသာကို စွဲလမ်းကြ၏။
ငါတို့သည် ပြန်၍မလာဟု ခိုင်မာစွာ ဆိုကြ၏။ 6 ငါ စေ့စေ့နားထောင်သောအခါ၊ သူတို့သည် ဖြောင့်မတ်စွာ မပြောကြ။ ငါသည်
အဘယ်သို့ ပြုမိ သနည်းဟု ကိုယ်အပြစ်ကို မြင်၍ အဘယ်သူမျှ နောင်တမရ။ စစ်တိုက်ခြင်းငှာ မြင်းပြေးသကဲ့သို့၊
ထိုသူအပေါင်းတို့သည် လမ်းလွှဲ၍ တဟုန်တည်းပြေးတတ်ကြ၏။ 7 မိုဃ်းကောင်းကင်၌ ကျင်လည်သော တောင်န်းသော်လည်း၊
မိမိအချိန်ကို သိတတ်၏။ ဥချိုး၊ တီတီတွတ်၊ ဇရက်သော်လည်း၊ မိမိပြန်လာချိန်ကို မှတ်တတ်၏။ ငါ၏လူမူကား၊
ထာဝရဘုရားစီရင်တော်မူခြင်း ကို နားမလည်တတ်။ 8 ငါတို့သည် ပညာရှိဖြစ်၏။ ထာဝရဘုရား၏ တရားသည် ငါတို့၌ရှိ၏ဟု
သင်တို့သည် အဘယ်သို့ ဆိုရလိမ့်မည်နည်း။ အကယ်စင်စစ် စာရေးတို့၏ မုသာမှင်တံသည် မုသာတရားကို လုပ်လေပြီ။ 9
ပညာရှိတို့သည် အရှက်ကွဲကြ၏။ ထိတ်လန့်၍ ကျော့ကွင်းထဲသို့ ဝင်ကြပြီ။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ပယ်ကြပြီ။ သူတို့၌
ပညာမည်မျှရှိသနည်း။ 10 ထိုအကြောင်းကြောင့်၊ သူတို့မယားများကို သူတပါးတို့၌ ငါအပ်မည်။ သူတို့လယ်ယာများကို
သူတပါးတို့အား အပိုင်ပေးမည်။ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူအပေါင်းတို့သည် မတရားသော စီးပွားကို ရှာကြ၏။
ပရောဖက်မှစ၍ ယဇ်ပုရောဟိတ်ရှိသမျှတို့သည် မုသာကို သုံးကြ၏။ 11 ချမ်းသာမရှိသောအခါ ချမ်းသာ၊ ချမ်းသာဟု ပြောဆိုလျက်၊
ငါ၏လူမျိုး သတို့သမီးအနာကို ပေါ့လျော့စွာကုကြ၏။ 12 သူတို့သည် ရွံရှာ ဘွယ်သောအမှုကို ပြုပြီးမှ ရှက်ကြ သလော။
အလျှင်းမရှက်ကြ။ မျက်နှာမပျက်တတ်ကြ။ ထိုကြောင့်၊ တယောက်နောက် တယောက်လဲကြလိမ့်မည်။ ငါစစ်ကြောသောအခါ
နှိမ့်ချခြင်းကို ခံရကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 13 သူတို့ကို ငါရှင်းရှင်းဖျက်ဆီးမည်။ စပျစ်နွယ်ပင် ၌ စပျစ်သီးမရှိရ။
သင်္ဘောသဖန်းပင်၌ သင်္ဘောသဖန်း သီးမရှိရ။ အရွက်လည်း ညှိုးနွမ်းရမည်အကြောင်း၊ လွှမ်းမိုးသောသူတို့ကို ငါစေလွှတ်မည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။ 14 ငါတို့သည် အဘယ်ကြောင့် ထိုင်လျက်နေကြ သနည်း။ စုဝေးကြကုန်အံ့၊ ခိုင်ခံ့သော မြို့များအထဲသို့
ဝင်၍ တိတ်ဆိတ်စွာ နေကြကုန်အံ့။ ငါတို့သည် ထာဝရ ဘုရားကို ပြစ်မှားသောကြောင့်၊ ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည်
ငါတို့ကို တိတ်ဆိတ်စွာနေစေ၍၊ ဆေးခါးနှင့် ရောသော ရေကိုတိုက်တော်မူ၏။ ငါတို့သည် ချမ်းသာရေကို တိုက်တော်မူ၏။ 15
ငါတို့သည် ချမ်းသာကိုမြော်လင့်သော်လည်း၊ ကောင်းသောအရာ မပေါ်လာ။ သက်သာချိန်ကို မြော်လင့်သော်လည်း၊
ဘေးသက်သက်ဖြစ်၏။ 16 သူ့မြင်းနှာခေါင်းရှူသံကို ဒန်ပြည်က ကြားရ၏။ သူ့မြင်းရဲဟီသံကိုကြား၍ တပြည်လုံးတုန်လှုပ်လေ၏။
သူတို့သည် ရောက်လာ၍၊ ပြည်နှင့် တကွပြည်၌ရှိသမျှကိုင်၊ မြို့နှင့်တကွ မြို့သားတို့ကိုင် စား၍မျိုကြ၏။ 17 ကြည့်ရှုလော့။
မန်းမှုတ်၍ မနိုင်သောမြွေ၊ ဆိုးသောမြွေများကို သင်တို့ရှိရာသို့ ငါစေလွှတ်သဖြင့်၊ သင်တို့ကို ကိုက်ကြလိမ့်မည်ဟု ထာဝရဘုရား
မိန့်တော် မူ၏။ 18 ငါဝမ်းနည်းခြင်း ပျောက်မည်အကြောင်း အဘယ်သို့နည်း။ ငါသည် စိတ်ပျက်လျက်နေရ၏။ 19 ငါ၏
လူမျိုးသတို့သမီးအော်ဟစ်သံကို ဝေးသော ပြည်က ကြားရ၏။ ထာဝရဘုရားသည် ဇိအုန်မြို့၌ ရှိတော်မမူသလော။ မိမိရှင်ဘုရင်သည်
မြို့ထဲ၌ ရှိတော် မမူသလော။ 20 အသီးအနှံ သိမ်းရာကာလလွန်ပြီ။ နွေကာလ ကုန်ပြီ။ ငါတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြ။ 21
ငါ၏လူမျိုးသတို့သမီးသည် နာသောကြောင့်၊ ငါလည်းနာရ၏။ ကြမ်းတမ်းသော အဝတ်ကို ဝတ်လျက်၊ မိန်းမောတွေဝေလျက်နေရ၏။
22 ဂိလဒ်ပြည်၌ ဗာလဇံပင် အစေးမရှိသလော။ ထိုပြည်၌ ဆေးသမားမရှိသလော။ ရှိလျက်ပင် ငါ၏လူမျိုးသတို့သမီးသည်
အဘယ်ကြောင့် အနာမှ ထမြောက်သနည်း။ တကျွန်းတနိုင်ငံနှင့်ဆိုင်သော အချည်းနှီးအရာ၊ ရုပ်တုဆင်းတုအားဖြင့် သူတို့သည်
ငါ့အမျက်ကို နှိုးဆော် ခြင်းငှါ အဘယ်ကြောင့် ပြုကြသနည်း။

---

Jeremiah 01

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ယေရမိမှ မိမိတို့တိုင်းပြည်၌ ဖြစ်ပျက်မည့် အကြောင်းအရာကိုပြောကြားသည်။

ထိုကာလ၌
ၚင်းအချိန်၌ ဆိုသည်ကို ရှု၊ 7:31 7:33

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.



generated on Sun Jun 30 02:37:40 2024

သူတို့ယူဆောင်လာမည်
"သူတို့" ဟူသောစကားလုံးသည် ယေရုရှလင်မြို့ကို
သိမ်းပိုက်မည့် သူများကို ဆိုလိုသည်။

မှူးမတ်တို့
"ယုဒပြည်၏ မင်းသားများ"

သူတို့ကို အထဲကထုတ်ပစ်၍
"သူတို့" ဆိုသော စကားလုံးသည် ယုဒလူတို့၏ အရိုးများကို
ဆိုလိုသည်။

ကောင်းကင်တန်ဆာရှေ့တို့မှာ အစေခံသည်။
သူတို့သည် မိုးကောင်းကင်ကို နှစ်သက်သောကြောင့် သူတို့စေကို
ခံရလိမ့်မည်။ "သူတို့" ဟူသောစကားလုံးသည် ယုဒလူမျိုးတို့ကို
ရည်ညွှန်းခြင်းဖြစ်ပါသည်။

သူတို့သည်လိုက်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
သစ္စာရှိစွာနာခံသည်။"

ရှာသော်လည်း
"သူတို့သည် လိုက်လံရှာဖွေသည်"

ထိုအရိုးတို့ကိုတစ်စုတည်းမပုံ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အရိုးစုများကို
တစ်နေရာတည်းတွင် သဂြိုလ်မည်မဟုတ်"

မစင်ကဲ့သို့ဖြစ်ကြလိမ့်မည်
ထာဝရဘုရားသည် သူတို့၏ ဝမ်းနည်းမှုကို ဖော်ပြသည်။

မစင်ကဲ့သို့
"မြေသြဇာ" သို့မဟုတ် "မြေဆီလွှာ"

မြေကြီးပေါ်၌
"မြေတပြင်လုံး၌"

သူတို့ကိုငါနှင်လိုက်ရာအရပ်ရပ်၌
"သူတို့" ဆိုသောစကားလုံးသည် ယုဒလူတို့ကို ဆိုလိုသည်။

ကျန်ကြွင်း၍၊ ဆိုးယုတ်သော ဤအမျိုးသားတို့သည် အသက်ကို အလိုမရှိ။
သေခြင်းကို အလိုရှိ၍ ရွေးချယ်ရကြလိမ့်မည်ဟု
"ဆိုးယုတ်သော အမှု၌ လိုက်လျှက်နေသော သူတို့သည်
အသက်ရှင်ခြင်းအစား သေခြင်းတရားကို
ရွေးချယ်ခြင်းဖြစ်သည်။"

## Jeremiah 04

တဖန်ဆိုသည်ကား
ထာဝရဘုရားသည် ယေရမိအားဆိုသည့် စကားဖြစ်သည်။

သူတို့အား
"ယုဒလူမျိုးတို့အား"

လဲသောသူသည် နောက်တဖန် မထရသလော။
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သည်
လဲသော်လည်း တဖန်ပြန်ထသည်။" .

လွဲသွားသောသူသည် နောက်တဖန် ပြန်၍ မလာရသလော။
အခြားသောဘာသာပြန်ဆိုချက်၊ "ပျောက်သော သူသည်
နောက်တဖန် ပြန်မလာရ သလော။"

ယေရုရှလင်မြို့သားတို့သည် ထာဝရဖောက်ပြန်ခြင်းအားဖြင့် အဘယ်ကြောင့်
ဖောက်ပြန်ကြသနည်း။
ထာဝရဘုရားသည်
သစ္စာတရားမရှိခြင်းအပေါ်မေးသောမေးခွန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့သားတို့သည်
သစ္စာတရား မတည်လျက် အခြားသောနေရာသို့
ထွက်ပြေးသည်ကို ဖော်ပြသည်။"

ယေရုရှလင်
"ယေရုရှလင်"ဆိုသည်မှာ ယုဒလူတို့ကို ဆိုလိုသည်။

မုသာကိုစွဲလမ်းကြ၏
"မှားသောဘုရားများကို ကိုးကွယ်ခြင်းပြုကြသည်" သို့မဟုတ် "
မကောင်းမှုကို တွယ်တာကြသည်"

## Jeremiah 06

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယုဒလူမျိုးတို့ကို စကားပြောသည်။

ဖြောင့်မတ်စွာမပြောကြ
"ဖြောင့်မတ်စွာ မပြောဆိုကြ"

သူတို့၏ပြုမိသောအပြစ်
"သူတို့ပြုမိသော အပြစ်ကြောင့်"

ငါသည်အဘယ်သို့ပြုမိခဲ့သနည်း
အခြားသောဘာသာပြန်ဆိုချက်၊ "
ကြောက်မက်ဘွယ်သောအမှုကို ပြုမိသည်။"

ထိုသူအပေါင်းတို့သည် သူတို့အလိုရှိရာသို့ပြေးကြ၏။
"သူတို့ အားလုံးသည် ပြေးကြ၏" ဘုရားသခင်သည် သူတို့အား
မကောင်းမှုကိုပြုရန် ပြေးကြ၏ဟု ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းမှုပြုရန် ရှေ့ကို
ပြေးကြ၏။"

စစ်တိုက်ခြင်းငှာ မြင်းပြေးသကဲ့သို့
လူတို့သည် မတရားမှုပြုရန် စစ်တိုက်ခြင်းငှါ မြင်းပြေးသကဲ့သို့
ဆာလောင်စွာ ပြုကြ၏။

မိုးကောင်းကင်၌ကျင်လည်သော တောင်နှ်း၊ ဥချိုး၊ တီတီတွတ်၊
ဇရက်သော်လည်း၊ မိမိပြန်လာချိန်ကို မှတ်တတ်၏။
"ငှက်တို့သည် မိမိတို့ အေးသော ရာသီမှ
ပူနွေးသောရာသီဥတုရောက်ချိန်ကို သိ၍ ပြန်လာတတ်ကြ၏။"

ငှက်ကျား...ချိုးငှက်၊ ကြိုးကြာ၊ ဇရက်
ဤငှက်တို့သည် အေးသော ရာသီဥတုမှ ပူနွေးသောရာသီသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

မိမိပြန်လာချိန်ကို မှတ်တတ်၏။
"အေးသော ရာသီသို့သွားပြီး ပူနွေးသော ရာသီချိန်တွင် ပြန်လာချိန်ကို သိကြသည်။"

Jeremiah 08

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယုဒလူမျိုးကို စကားပြောသည်။

ငါတို့သည် ပညာရှိဖြစ်၏။ ထာဝရဘုရား၏ တရားသည် ငါတို့၌ရှိ၏ဟု သင်တို့သည် အဘယ်သို့ ဆိုရလိမ့်မည်နည်း။
"ငါတို့သည် ပညာရှိ၏ဟု အဘယ်ကြောင့်ဆိုသနည်း။ ဘုရားသခင်၏ တရားသည် ငါတို့၌ရှိ၏ ဟုဆိုသနည်း။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် ပညာရှိ၏၊ ငါတို့သည် ဘုရားသခင်၏ တရားဘက်၌ရှိ၏ဟု မဆိုသင့်။"

သင်တို့သည်အဘယ်သို့ဆိုရလိမ့်မည်နည်း။
"သင်တို့" ဆိုသည်မှာ ယုဒလူမျိုးတို့ကို ဆိုလိုသည်။

အကယ်စင်စစ် စာရေးတို့၏ မုသာမှင်တံသည် မုသာတရားကို လုပ်လေပြီ။
မှင်တံသည် မုသာကို ပုံဖော်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ တရားကို မုသာသုံးသောတရားစကားအဖြစ် မှားယွင်းစွာ ပြုကြပြီ"

ပညာရှိတို့သည် အရှက်ကွဲကြ၏။
"ကိုယ့်ကိုယ်ကို ပညာရှိ၏ဟု ထင်သောသူတို့သည် အရှက်ကွဲကြပြီ။

သူတို့သည်တုန်လှုပ်ချောက်ခြားလျက် ပိတ်မိကြပြီ။
"မကောင်းသော သူတို့သည် တိုက်ခိုက်လျှက် အဝေးကို ခေါ်သွားကြလိမ့်မည်။"

သူတို့၏ပညာရှိခြင်းသည် အဘယ်သို့အသုံးဝင်သနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ပညာရှိခြင်းသည် အဘယ်မျှ အသုံးမဝင်ဟုခေါ်ကြ၏။"

သူတို့လယ်ယာများကို သူတပါးတို့အား အပိုင်ပေးမည်။
"သူတို့ပိုင်သော လယ်ယာများကို သူတပါးတို့ ပိုင်ဆိုင်ရလိမ့်မည်။"

အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူအပေါင်းတို့သည် မတရားသော စီးပွားကို ရှာကြ၏။
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 6:13.

Jeremiah 11

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယုဒလူမျိုးကို စကားပြောသည်။

ငါ၏လူမျိုး သတို့သမီးအနာကို ပေါ့လျော့စွာကုကြ၏ဟု ထာဝရဘုရားမိန့်တော်မူ၏။
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 6:13.

အရွက်သည်လည်းညှိုးနွမ်းလိမ့်မည်။
"အရွက်သည် ခြောက်သွေ့လိမ့်မည်။"

လွှမ်းမိုးသောသူတို့ကို ငါစေလွှတ်မည်
ဟေဗြဲကျမ်းတွင် တိကျစွာ မဖော်ပြသော်လည်း (၁) "ငါ၏ စကားကို နားမထောင်သော်လည်း ငါသည် သူတို့ကိုလမ်းညွှန်မည်။ သို့မဟုတ် (၂) ရန်သူတို့လက်ထဲမှ လွတ်မြောက်စေသော အခွင့် ငါပေးမည်။"

Jeremiah 14

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယုဒလူမျိုးကို စကားပြောသည်။

ငါတို့သည် အဘယ်ကြောင့် ထိုင်လျက်နေကြ သနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် ဤနေရာတွင် မနေသင့်။"

လာကြ၊ စုဝေးကြကုန်အံ့၊ ခိုင်ခံ့သော မြို့များအထဲသို့ ဝင်၍ တိတ်ဆိတ်စွာ နေကြကုန်အံ့။
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 4:4.

ခိုင်ခန့်သောမြို့များ
"မြင့်မားသောအုတ်နံရံများနှင့် စစ်သူရဲများ ကာကွယ်သည်။"

သေခြင်းတရားကြောင့် တိတ်ဆိတ်နေကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ထိုနေရာ၌ အသက်ဆုံးကြလိမ့်မည်။ "

ဘုရားသခင် ထာဝရဘုရားသည် ငါတို့ကို တိတ်ဆိတ်စွာနေစေ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ငါတို့အား သေခြင်းသို့ ပို့ဆောင်သောကြောင့်"

ဆေးခါးနှင့် ရောသော ရေကိုတိုက်တော်မူ၏။
"ဆေးခါးနှင့် ရောသော ရေကို တိုက်တော်မူ၏။" ဆိုသည်မှာ ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ချက်ဖြစ်သည်။

ငါတို့သည် ချမ်းသာကိုမြော်လင့်သော်လည်း၊
"နားလည်လာသော်လည်း၊ မပေါ်လာ"

ကောင်းသောအရာတို့သည် အချည်းနှီးဖြစ်ကြ၏။
"ကောင်းသောအရာသည် ရောက်လာလိမ့်မည် မဟုတ်။"

Jeremiah 16

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယုဒလူမျိုးတို့အား တရားစီရင်ခြင်းကို ခံရမည်ဟု ပြောသည်။

သူ့မြင်းနှာခေါင်းရှူသံကို ဒန်ပြည်က ကြားရ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒပြည်ကို တိုက်ခိုက်မည့် ရန်သူတို့လာသော အသံကို ဒန်လူမျိုးတို့သည် ကြားရ၏။"

တပြည်လုံးတုန်လှုပ်လေ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုပြည်၌ နေသောသူတို့သည် တုန်လှုပ်လျှက် ကြောက်ရွံ့ကြ၏"

သူ့မြင်းရဲဟီသံကိုကြား၍
"ရန်သူတို့၏ မြင်းဟီသံကို ကြားသောအခါ"

သူတို့သည် လာသောကြောင့်
"သူတို့" ဆိုသည်မှာ တိုက်ခိုက်ရန်လာသော ရန်သူတို့ကို ဆိုလိုသည်။

တိုင်းပြည်ကိုစား၍မျိုသည်။
"တိုင်းပြည်ကို ဖျက်ဆီးသည်"

ဆိုးသောမြွေများကို သင်တို့ရှိရာသို့ ငါစေလွှတ်သဖြင့်၊
"ဆိုးသောမြွေ"ဆိုသည်မှာ ရန်သူစစ်သည်များကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ကို တိုက်အံ့ငှါ ရန်သူတို့ကို စေလွှတ်၏။"

မန်းမှုတ်၍ မနိုင်သောမြွေ
အခြားသောဘာသာပြန်ဆိုချက်၊ "မှော်အတတ်ဖြင့် မောင်းထုတ်၍လည်းမရ။"

မြွေပွေးများ
အလွန်ကြီးပြီး အဆိပ်ရှိသောမြွေ

သူတို့သည်သင့်တိုကိုက်ကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ " သင်တို့ကို တိုက်ခိုက်လိမ့်မည်။" သို့မဟုတ် "သင်တို့ကို ဖျက်ဆီးကြလိမ့်မည်။"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု _ 1:7.

Jeremiah 18

ယေဘုယျ အချက်အလက်
ဘုရားသခင်နှင့် ယေရမိတို့အကြား ယုဒလူမျိုးအကြောင်းပြောဆိုသောစကားဖြစ်သည်။

ငါဝမ်းနည်းခြင်း ပျောက်မည်အကြောင်း အဘယ်သို့နည်း။ ငါသည် စိတ်ပျက်လျက်နေရ၏။
ဟေဗြဲစကားတွင် သုံးနှုန်းသော စာကြောင်းနှင့် ယနေ့ခေတ်တွင် သုံးနှုန်းသောစကား ကွဲပြားမှု ရှိသည်။

ငါ၏ဝမ်းနည်းခြင်းသည် ကုန်ဆုံးခြင်းမရှိ
"ငါ"ဆိုသော စကားလုံးသည် ယေရမိကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အလွန်ဝမ်းနည်းလျှက်ရှိ၏"

ငါသည် စိတ်ပျက်လျက်နေရ၏။
"ငါ"ဟူသောစကားလုံးသည် ယေရမိကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်။ "ငါ၏ အထဲ၌ စိတ်ညိုးငယ်လျှက်ရှိ၏။"

၏ လူမျိုးသတို့သမီးအော်ဟစ်သံကို ဝေးသော ပြည်က ကြားရ၏။
ယေရမိသည် ယုဒလူတို့အား ပြောဆိုသောစကားဖြစ်သည်။ (၁) "ဝေးသော ကျွန်ခံရာပြည်မှ ခေါ်ဆောင်သည်။ သို့မဟုတ် (၂) ဣသရေပြည်မှ ဝေးသောပြည်ရှိ ယုဒလူတို့ကို ခေါ်ဆောင်သည်။"

ငါ၏သတို့သမီး
ဣသရေလသည် သတို့သမီးဖြစ်သည်။

ထာဝရဘုရား၏ ဇိအုန်သတို့သမီးမဟုတ်
ယေရုရှလင်မြို့အား ဇိအုန်သတို့သမီးအဖြစ်တင်စားသည်။

ထာဝရဘုရားသည် ဇိအုန်မြို့၌ ရှိတော်မမူသလော။ မိမိရှင်ဘုရင်သည် မြို့ထဲ၌ ရှိတော် မမူသလော။
ယေရမိသည် ယုဒလူမျိုးတို့အား ပြောသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရ ဘုရားသည် ယေရုရှလင်မြို့၏ ဘုရင်ဖြစ်ပါက အဘယ်ကြောင့် ငါတို့အား မကယ်တင်သနည်း။"

အဘယ်ကြောင့်သူတို့သည် မှားယွင်းစွာ ရုပ်တုတို့အားပြုလုပ်လျက် ငါ့ကိုဆန့်ကျင်ကြသနည်း။
"ငါ့ကို" ဟူသော စကားလုံးသည် ထာဝရဘုရားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့အား အလိုရှိပါက တစ်ခြားသောဘုရားတို့ ကိုးကွယ်ခြင်းကို စွန့်လွှတ်ရမည်။"

Jeremiah 20

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အကြောင်းကို ယေရမိက ပြောဆိုသည်။

အသီးအနှံ သိမ်းရာကာလလွန်ပြီ။
"ရိတ်သိမ်းချိန် လွန်လေ၏"

ငါတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြ။
ယေရမိမှ ယုဒလူတို့အား ပြောဆိုသော စကားဖြစ်သည်။ "ငါတို့" ဆိုသောစကားလုံးသည် ယုဒလူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ငါတို့ကို မကယ်တင်"

ငါ၏လူမျိုးသတို့သမီးသည် နာသောကြောင့်၊ ငါလည်းနာရ၏။
"ငါ"ဟူသောစကားလုံးသည် ယေရမိကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ "ယုဒလူတို့သည် ဆိုးသွမ်းသော အမှုကို ပြုသောကြောင့် ငါသည် လွန်စွာဝမ်းနည်းလျက်ရှိ၏။"

ဂိလဒ်ပြည်၌ ဗာလဇံပင် အစေးမရှိသလော။ ထိုပြည်၌ ဆေးသမားမရှိသလော။
အခြားသောဘာသာပြန်ဆိုချက်၊ "ဂိလဒ်ပြည်တွင် ဆေးရှိသည်။ ဆေးသမားလည်း ရှိသည်။

ငါ၏လူမျိုးသတို့သမီးသည် အဘယ်ကြောင့် အနာမှ ထမြောက်သနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း ငါ့လူတို့သည် ဝိညာဉ်ရေးရာအနာရှိသောကြောင့် ဆေးနှင့် ဆရာဝန်တို့က မကုသနိုင်ပါ"

---

## Translation Questions

### Jeremiah 8:1

လူတွေ၏ အရိုးသည် မည်သို့ ဖြစ်လိမ့်မည်နည်း။
လူတွေသည် မြေတပြင်လုံးတွင် အရိုးအားလုံးကို ပြန့်ကျဲလိမ့်မည်။

အသက်ရှင်ကျန်ရစ်သောသူတို့သည် အသက်ရှင်ကြဖို့အလိုရှိကြမည်လော၊ သေဖို့ရန် အလိုရှိကြမည်လော?
သူတို့သည် သေခြင်းကို အလိုရှိကြလိမ့်မည်။

### Jeremiah 8:4

ဆုံးရှုံးသွားသောလူတို့သည် မည်သည့်အရာကို လုပ်ဖို့ကြိုးစားကြမည်နည်း။
သူတို့သည် ပြန်သွားဖို့ လမ်းကို ရှာဖို့ရန် ကြိုးစားကြသည်။

### Jeremiah 8:6

လူတွေသည် သူတို့၏ ဆိုးသွမ်းမှုအကြောင်းမည်သို့ ခံစားခဲ့ကြသနည်း။
မည်သူမျှ သူတို့၏ ဆိုးသွမ်းမှုအတွက် ဝမ်းမနည်းခဲ့ကြ။

ထာဝရဘုရား၏လူတွေသည် မည်သို့ဖြင့် ငှက်များနှင့် မတူခဲ့ကြသနည်း။
ငှက်များသည် သူတို့ မည်သည့်အရာလုပ်ရမည်ကို သိကြသော်လည်း သူ့လူတွေသည် ထာဝရဘုရား၏ အမိန့်ကို မသိခဲ့ကြသည်။

### Jeremiah 8:8

ကျမ်းတတ်ပုဂ္ဂိုလ်များသည် မည်သည့်အရာကိုပြုလုပ်ခဲ့ကြသနည်း။
သူတို့သည် လူများကို လှည့်စားသော အရာများကို ရေးသားခဲ့ကြသည်။

ထာဝရဘုရားသည် သူတို့၏ စပျစ်ရည်၊သူတို့၏ လယ်ကွင်းများအား မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
သူသည် သူတို့၏ စပျစ်ရည်များ၊ သူတို့၏ လယ်ကွင်းများကို အခြားလူတွေအား ပေးလိမ့်မည်။

### Jeremiah 8:11

လူတွေသည် သူတို့၏ အပြစ်များကြောင့် ရှက်ကြောက်ခဲ့ကြသလော?
သူတို့သည် ရှက်ကြောက်ခြင်းမရှိခဲ့ပါ။

သူတို့ မရှက်ကြောက်ကြသောကြောင့် ထာဝရဘုရားသည် မည်သို့လုပ်လိမ့်မည်နည်း။
သူတို့ကို သူတို့၏ရန်သူများအားဖြင့် သတ်ဖြတ်စေမည်။

### Jeremiah 8:14

လူတွေသည် မည်သည့်အရာကို လုပ်ဖို့ရန် ဆုံးဖြတ်ခဲ့ကြသနည်း။
သူတို့သည် မြို့များသို့ သွားပြီး သေဖို့ရန် ဆုံးဖြတ်ခဲ့ကြသည်။

### Jeremiah 8:16

ထာဝရဘုရား၏ မြင်းရဲများသည် မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
သူတို့သည် လာပြီး ပြည်နှင့်သူတို့၏ ချမ်းသာမှုများ၊ မြို့နှင့်မြို့တွင် နေထိုင်သောသူများကို မြိုချလိမ့်မည်။

ထာဝရဘုရားသည် သူတို့ကို ဒုက္ခရောက်စေဖို့ရန် မည်သည့်အရာကို စေလွှတ်ခဲ့သနည်း။
သူသည် သူတို့ကို ဒုက္ခရောက်စေဖို့ရန် မြွေများကို စေလွှတ်ခဲ့သည်။

### Jeremiah 8:18

အော်ဟစ်နေကြသော လူများသည် အဘယ်မှာနည်း။
သူတို့သည် ဝေးသောပြည်မှ ဖြစ်သည်။

ထာဝရဘုရားသည် အဘယ်မှာနည်း?
ထာဝရဘုရားသည် ဇိအုန်မြို့တွင် ရှိသည်။

## Chapter 9

1 ငါ၏လူမျိုး သတို့သမီးနှင့်ဆိုင်သော အသေ ကောင်များအတွက်၊ ငါသည်နေ့ညဉ့်မပြတ် ငိုရမည် အကြောင်း၊ ငါ့ဦးခေါင်းသည်
ရေသက်သက်၊ ငါ့မျက်စိတို့ သည် မျက်ရည်ထွက်သော စမ်းဖြစ်ပါစေသော။ 2 ငါသည် ငါ၏ လူမျိုးကို စွန့်၍ ထွက်သွားနိုင် အောင်
တောဥ္ဇ တဲစားခန်းရှိပါစေသော။ အကြောင်းမူ ကား၊ ထိုသူအပေါင်းတို့သည် သူ့မယားကို ပြစ်မှားသော သူ၊ သစ္စာပျက်သော
အစည်းအဝေးဖြစ်ကြ၏။ 3 သူတို့သည် မိမိတို့လျှာတည်းဟူသော လေးကို မုသာနှင့် တင်ကြ၏။ သစ္စာတရားကို အမှီမပြုဘဲ မြေကြီး
ပေါ်မှာ လူကြီးဖြစ်ကြ၏။ အကယ်စင်စစ် ဆိုးသောအမှုအပေါ်မှာ ဆိုးသောအမှု ကို ထပ်၍ပြုကြ၏။ ငါ့ကိုလည်း မသိမမှတ်ကြဟု
ထာဝရ ဘုရား မိန့်တော်မူ၏။ 4 လူတိုင်းမိမိအပေါင်းအဘော်ကို သတိပြုလော့။ မိမိ ညီအစ်ကိုကို မယုံကြနှင့်။ ညီအစ်ကိုတိုင်း မိမိ
ညီအစ်ကိုအရာကို ဆက်ဆက်လုယူမည်။ အပေါင်း အဘော်ရှိသမျှတို့သည် သူ့အသရေကို ဖျက်မြဲဖျက်ကြ လိမ့်မည်။ 5
အပေါင်းအဘော်ရှိသမျှတို့သည် တယောက်ကို တယောက် လှည့်စားကြလိမ့်မည်။ သစ္စာစကားကို မပြော ဘဲ
မုသာစကားကိုပြောခြင်းငှါ မိမိတို့လျှာကို သွန်သင် ကြပြီ။ မတရားသောအမှုကို ပြုသောအားဖြင့် ကိုယ်ကို ကိုယ် ပင်ပန်းစေကြပြီ။ 6
သင်၏ နေရာသည် မုသာအရပ်၌ရှိ၏။ အရပ် သားတို့သည် မုသာကြောင့် ငါ့ကိုမသိလိုဟု ထာဝရဘုရား မိန့်တော်မူ၏။ 7 သို့ဖြစ်၍၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား မိန့်တော်မူသည်ကား၊ ငါသည်သူတို့ကို အရည်ကျို ၍စုံစမ်းမည်။ သို့မဟုတ်၊ ငါ၏လူမျိုး
သတို့သမီး၌ အဘယ် သို့ ငါပြုရမည်နည်း။ 8 သူတို့လျှာသည် သေစေတတ်သောမြှားဖြစ်၏။ ပရိယာယ်စကားကို ပြောတတ်၏။
အပေါင်းအဘော်ချင်း တို့သည် နှုတ်ဖြင့်လောကဝတ်စကားကိုပြော၍၊ နှလုံးဖြင့် ချောင်းမြောင်းတတ်ကြ၏။ 9 ထိုသို့သော
အပြစ်တို့ကို ငါမစစ်ကြောဘဲနေရ မည်လော။ ထိုသို့သော အမျိုးကို ဒဏ်ပေး၍၊ ငါ့စိတ်ချင်ရဲ မပြေဘဲ နေရမည်လောဟု ထာဝရဘုရား
မိန့်တော်မူ၏။ 10 တောင်များ၊ လွင်ပြင်များတို့အတွက် ငါသည် ငိုကြွေးမြည်တမ်းခြင်းကို ပြုရမည်။ ထိုအရပ်တို့၌
မီးလောင်သောကြောင့်၊ လူသည်မရှောက် မသွားရ။ သိုး နွား မြည်သံကို မကြားရ။ မိုဃ်းကောင်းကင်ငှက်နှင့် သားရဲတို့သည်
ထွက်ပြေးရကြပြီ။ 11 ငါသည် ယေရုရှလင်မြို့ကို အမှိုက်ပုံ၊ မြေခွေး နေရာတွင်း ဖြစ်စေမည်။ ယုဒမြို့ရွာတို့ကိုလည်း၊ လူ
ဆိတ်ညံရာအရပ်ဖြစ်စေမည်။ 12 ဤအမှုကိုနားလည်နိုင်သော ပညာရှိကား၊ အဘယ်သူနည်း။ ထာဝရဘုရား၏ နှုတ်တော်ထွက်ကိုခံ၍၊
ဤအမှု၏အကြောင်းကို ပြောနိုင်သောသူကား၊ အဘယ် သူနည်း။ အဘယ်သူမျှ ရှောက်၍မသွားနိုင်အောင်၊ တပြည်လုံးသည်
တောကဲ့သို့ မီးလောင်၍၊ အဘယ် ကြောင့် ပျက်စီးသနည်း။ 13 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သူတို့သည် ငါ့စကားကို
နားမထောင်၊ သူတို့၌ ငါပေးသောတရားကို မကျင့်မစောင့်ဘဲ စွန့်ပစ်၍၊ 14 မိမိတို့ စိတ်နှလုံး ခိုင်မာခြင်းသို့၎င်း၊ မိရိုးဘလာ အတိုင်း
ဗာလဘုရားတို့နောက်သို့၎င်း လိုက်ကြသော ကြောင့်၊ 15 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သူတို့ကို ဒေါနနှင့် ငါကျွေးမည်။ ဆေးခါးနှင့်ရောသော ရေကို တိုက်မည်။ 16 သူတို့မသိ၊ ဘိုးဘေးမသိဘူးသော
လူမျိုးတို့တွင် အရပ်ရပ်၌ ကွဲပြားစေမည်။ ရှင်းရှင်းမဖျက်ဆီးမှီတိုင် အောင်၊ သူတို့နောက်သို့ ထားဘေးကို စေလွှတ်မည်။ 17
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဆင်ခြင်ကြလော့၊ ငိုခြင်းသည် မတို့ကိုခေါ်၍ လာကြစေ။ လိမ္မာသော
မိန်းမတို့ ရှိရာသို့ စေလွှတ်၍ လာကြစေ။ 18 ငါတို့သည် မျက်ရည်ကျ၍၊ မျက်ခမ်းထဲက တွေတွေစီးထွက်စေခြင်းငှါ၊ ထိုမိန်းမတို့သည်
အလျင် အမြန်ပြု၍၊ ငါတို့အတွက် ငိုကြွေးခြင်းကို ပြုကြစေ။ 19 နားထောင်ကြ။ ဇိအုန်မြို့၌ ကြားရသော ငိုကြွေးသံဟူမူကား၊
ငါတို့သည် အဘယ်မျှလောက် လုယူ ဖျက်ဆီးခြင်းကိုခံရသည်တကား။ သူတပါးတို့သည် ငါတို့ နေရာများကို ဖြိုချသောကြောင့်၊
ငါတို့သည် ကိုယ်ပြည်ကို စွန့်၍ အလွန်မိန်းမောတွေဝေကြသည်တကား။ 20 အိုမိန်းမတို့၊ ထာဝရဘုရား၏ နှုတ်ကပတ်တော် ကို
နားထောင်၍၊ နှုတ်တော်ထွက်ကို နာယူကြလော့။ သင်တို့၏ သမီးတို့အား ငိုကြွေးခြင်းကို၎င်း၊ အသီးအသီး အပေါင်းအဘော်တို့အား
မြည်တမ်းခြင်းကို၎င်း သွန်သင် ကြလော့။ 21 သေမင်းသည် ငါတို့ပြတင်းပေါက်သို့ တက်၍၊ ငါတို့ဘုံဗိမာန်ထဲသို့ဝင်သဖြင့်၊
သူငယ်များကို လမ်းမှပယ် ရှင်း၍၊ လူပျိုများကို ပွဲသဘင်ထဲက ဖျက်ဆီးလေပြီ။ 22 ထာဝရဘုရား မိန့်တော်မူသည်ကား၊ လူသေ
ကောင်တို့သည် လယ်ပြင်၌ နောက်ချေးကဲ့သို့၎င်း၊ သိမ်း သူမရှိ၊ ရိတ်သောသူနောက်မှာ ကျန်ရစ်သော ကောက် လှိုင်းကဲ့သို့၎င်း
ကျနေကြလိမ့်မည်ဟု ကြားပြောလော့။ 23 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ပညာရှိ သောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။
ခွန်အားကြီး သောသူသည် မိမိခွန်အား၌ မဝါကြွားစေနှင့်။ ဥစ္စာ ရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ 24 ဝါးကြွားသောသူ
မည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြုသောထာဝရ
ဘုရားဖြစ်ကြောင်း တည်းဟူသော၊ ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။ 25 ထာဝရဘုရားမိန့်တော်မူသည်ကား၊ အရေဖျား လှီးခြင်းကို ခံသောသူ၊ အရေဖျားလှီးခြင်းကို
မခံသောသူ၊ 26 အဲဂုတ္တုလူ၊ ယုဒလူ၊ ဧဒုံလူ၊ အမ္မုန်အမျိုးသား၊ မောဘအမျိုးသား၊ ပါးမုန်းကို ရိတ်တတ်သော လူမျိုး၊ တော၌နေသော
သူအပေါင်းတို့ကို ငါဆုံးမရသော အချိန် ကာလရောက်လိမ့်မည်။ တပါးအမျိုးသားအပေါင်း တို့သည် အရေဖျားလှီးခြင်းကို
မခံသောသူဖြစ်ကြ၏။ ဣသရေလအမျိုးသားအပေါင်းတို့သည်လည်း၊ စိတ်နှလုံး အားဖြင့် အရေဖျားလှီးခြင်းကို
မခံသောသူဖြစ်ကြ၏။


generated on Sun Jun 30 02:37:40 2024

Jeremiah 01

ယေဘုယျ အချက်အလက်
ယေရမိအားဖြင့် ယုဒလူမျိုးတို့ဆီသို့ ရောက်လာသောစကားဖြစ်သည်။

ငါ့ဦးခေါင်းသည် ရေသက်သက်၊ ငါ့မျက်စိတို့ သည် မျက်ရည်ထွက်သော စမ်းဖြစ်ပါစေသော။
ယေရမိပြောသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့မျက်ရည်သည် နေ့ညမပြတ်ထွက်လေ၏။"

နေ့နှင့်ည
အခြားသောဘာသာပြန်ဆိုချက်၊ "အချိန်တိုင်း"

ငါ၏လူမျိုးသတိုးသမီး
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 4:11.

အသေသတ်ခြင်းကိုခံရသောသူတို့
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများ အသတ်ခြင်းခံရသူ"

တစ်စုံတစ်ယောက်က အခွင့်ပေးပါက
ယေရမိပြောဆိုသောစကားဖြစ်သည်။ "ငါသည် တစ်စုံတစ်ယောက်အား အခွင့်ပေးအံ့ငှါ ဆန္ဒရှိ၏။"

သဲကန္တာရ၌ခရီးသွားသောအခါနားခိုရန်
သဲကန္တာရတွင် ခရီးသွားနေသောသူများနားခိုရန် တဲဆောက်လုပ်ခြင်းကို ဖော်ပြသည်။

ငါ၏လူတို့သည်စွန့်ခွာကြ၏။
"ငါ၏ လူမျိုးများ ထွက်သွားသည်"

သစ္စာဖောက်သူအပေါင်းတို့
"တစ်ခြားလူတို့အားသစ္စာဖောက်သော လူတစ်စု"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

သူတို့သည် မိမိတို့လျှာတည်းဟူသော လေးကို မုသာနှင့် တင်ကြ၏။
မုသာကိုသုံးခြင်းသည် ကောက်ကျစ်သောအပြုအမူဖြစ်သည်။ မုသာကိုသုံးခြင်းသည် လေးကိုမုသာနှင့်တင်ပြစ်သောမြားကဲ့သို့တူ၏။

သစ္စာတရားကို အမှီမပြုဘဲ
ဘုရားသခင်၌သစ္စာမရှိခြင်းကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဘုရားသခင်ကို သစ္စာမရှိခြင်းကို ဖော်ပြသည်။

သစ္စာတရားကို အမှီမပြုဘဲ
ဧင်းစာသားသည် ဟေဗြဲစကားလုံးမှ ခေတ်ပေါ်အသုံးတွင် "သစ္စာတရား၌ အားမကြီးခြင်းကို" ဆိုလိုသည်။

မုသာနှင့်ဆိုးယုတ်သောအမှုအား တပါးသူတို့၌လည်းပြုကြပြီ။
မုသာစကားကိုပြောလျက် ဆိုးသောအမှုကိုလည်း တပါးသူတို့၌ပြုကြပြီ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဆိုးယုတ်သောအမှုကို ပြုကြပြီ။"

Jeremiah 04

ယေဘုယျ အချက်အလက်
ယုဒလူတို့အား ယေရမိ ပြောဆိုသောစကားဖြစ်သည်။

သင်တို့ တစ်ဦးစီတိုင်း
"သင်တို့" ဟူသောစကားလုံးသည် ယုဒလူတို့ကို ရည်ညွှန်းသည်။

မိမိ ညီအစ်ကိုကို မယုံကြနှင့်။ ညီအစ်ကိုတိုင်း မိမိ ညီအစ်ကိုအရာကို ဆက်ဆက်လုယူမည်။
"သင်တို့၏ ညီအစ်ကိုတို့ကို မယုံကြနှင့်၊ မကိုးစားကြနှင့်"

အပေါင်း အဘော်ရှိသမျှတို့သည် သူ့အသရေကို ဖျက်မြဲဖျက်ကြ လိမ့်မည်။
သူတို့အကျင့်တို့သည် မုသာကိုသုံးလျက် သူ့အသရေကို ဖျက်ကြ၏။

လူတို့သည် အိမ်နားချင်းကို ပျက်ရယ်ပြုကြလျက် သစ္စာစကားကိုမပြော။
"တစ်ယောက်နှင့်တစ်ယောက် ပျက်ရယ်ပြုကြလျက် သစ္စာစကား မပြောဆိုကြ။"

မိမိတို့လျှာကို သွန်သင် ကြပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "အချင်းချင်း မုသာစကားကို သွန်သင်ကြပြီ"

မတရားသောအမှုကို ပြုသောအားဖြင့် ကိုယ်ကို ကိုယ် ပင်ပန်းစေကြပြီ။
"သူတို့သည်ကြီးသော အပြစ်ကိုပြုလျက် ပင်ပန်းခြင်းသို့ရောက်ကြ၏"

သင်၏ နေရာသည် မုသာအရပ်၌ရှိ၏။
ထာဝရဘုရားသည် ယေရမိအား ပြောသောစကားဖြစ်သည်။ မုသာအရပ်၌ နေသောကြောင့် မုသာကို သုံးသောသူများဖြစ်ကြ၏။

သူတို့သည် မုသာကြောင့် ငါ့ကိုမသိလို
"မုသာကြောင့် ယုဒလူတို့သည် ဘုရားသခင်အား နာခံရန် ငြင်းပယ်ကြပြီ"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

Jeremiah 07

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ယုဒလူတို့အား ပြောဆိုသောစကားဖြစ်သည်။

ငါ့လူမျိုးသတိုးသမီး
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 4:11.

သူတို့လျှာသည် သေစေတတ်သောမြှားဖြစ်၏။
သူတို့၏ ပြောသောစကားများသည် သေစေတတ်သောမြှားကဲ့သို့ လူများအား နာကျင်စေတတ်၏

အပေါင်းအဘော်ချင်း တို့သည် နှုတ်ဖြင့်လောကဝတ်စကားကိုပြော၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် နှုတ်အားဖြင့် အိမ်နီးချင်းတို့အား ငြိမ်းချမ်းသော စကားကိုပြောဆိုကြ၏။"

နှလုံးဖြင့် ချောင်းမြောင်းတတ်ကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော် သူတို့သည်ဇကန်အမှန် အိမ်နီးချင်းတို့အား ဖျက်ဆီးလို စိတ်ရှိကြ၏။ "

သို့သော အပြစ်တို့ကို ငါမစစ်ကြောဘဲနေရ မည်လော။...ထိုသို့သော အမျိုးကို ဒဏ်ပေး၍၊ ငါ့စိတ်ချင်ရဲ မပြေဘဲ နေရမည်လော။
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု 5:7.

Jeremiah 10

ယေဘုယျ အချက်အလက်
ထာဝရဘုရား ယုဒလူတို့အား ပြောဆိုသောစကား ဖြစ်သည်။

ငါသည် မြည်တမ်းခြင်းကို......မြက်ခင်းပြင်တို့အတွက်
တစ်စုံတစ်ဦး သေဆုံးပါက ငါသည် ကြွေလှလပြည်အတွက် ငိုကြွေးမြည်တမ်းမည်။

မြက်ခင်းလွင်ပြင်များ
"တိရိ စ္ဆာန်များ ကျက်စားရာလွင်ပြင်"

ထိုအရပ်တို့၌ မီးလောင်သောကြောင့်
တစ်စုံတစ်ယောက်သည် မြက်ခင်းလွင်ပြင်ကို မီးရှို့သောကြောင့်"

သိုး နွား မြည်သံကို မကြားရ။
မည်သူမျှ သိုးနွားမြည်သံကို မကြားရ"

မြေခွေး နေရာတွင်း ဖြစ်စေမည်။
"မြေခွေးတို့ နေထိုင်ရာနေရာ"

မြေခွေးများ
မြေခွေးများ

လူ ဆိတ်ညံရာအရပ်
"လူသူမနေသော အရပ်"

ဤအမှုကိုနားလည်နိုင်သော ပညာရှိကား၊ အဘယ်သူနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ပရောဖက်များသည် ပညာရှိပါက သင်တို့ပြည်သည် ပျက်စီးနေသည်ကို သိသင့်၏"

ထာဝရဘုရား၏ နှုတ်တော်ထွက်ကိုခံ၍၊ ဤအမှု၏အကြောင်းကို ပြောနိုင်သောသူကား
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့၏ ပရောဖက်များကို အမှန်စကားဆိုပါက သူတို့သည် တိုင်းပြည်၏ အခြေအနေမှန်ကို ထာဝရဘုရား ပြောသည့်အတိုင်း သင်တို့ကို ပြောနိုင်လိမ့်မည်"

အဘယ် ကြောင့် သင်တို့ပြည်သည်ပျက်စီးသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ပရောဖက်များသည် ပညာမရှိသောကြောင့် ထာဝရဘုရားသည် သူတို့အား မပြောသဖြင့် သင်တို့ပြည် ပျက်စီးလုနီးသည်ကို မသိဘဲ နေကြ၏။"

Jeremiah 13

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ဘုရားသခင် ပြောသောစကားတော် ဖြစ်သည်။

သူတို့သည် ငါ့ကိုစွန့်ပစ်သောကြောင့်
"ယုဒလူမျိုးတို့သည် ငါ၏စကားကို နာမခံသောကြောင့် သူတို့ပြည်သည် ပျက်စီးခြင်းသို့ ရောက်၏။"

ငါ၏အသံတော်ကိုနားမထောင်သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ " ငါ၏ ပြောစကားကို နားမထောင်သောကြောင့်"

သို့မဟုတ်လိုက်သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ရှင်ရန် အလို့ငှါ ငါပြောဆို၏။ "

ခိုင်မာသောနှလုံးဖြင့်အသက်ရှင်သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် စိတ်ခိုင်မာလျှက် အသက်ရှင်ကြ၏။"

ဗာလဘုရားနောက်လိုက်ကြ၏
"မှားယွင်းသောဘုရားများကို ကိုးကွယ်ကြ၏"

Jeremiah 15

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ဘုရားသခင် ပြောသောစကားတော် ဖြစ်သည်။

ဒေါနပင်း
ခါးသောအရသာရှိသော မြေစိုက်ပန်း

လူမျိုးတို့တွင် အရပ်ရပ်၌ ကွဲပြားစေမည်။
"ထို့နောက် ငါသည် သူတို့ကို တိုင်းနိုင်ငံ အသီးသီးသို့ ကွဲပြား ပျံ့နှံ့စေမည်"

သူတို့ကိုတိုက်အံ့ငှါ ထားဘေးကိုစေလွှတ်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို တိုက်အံ့ငှါ ရန်သူတို့ကို စေလွှတ်မည်။"


generated on Sun Jun 30 02:37:40 2024

Jeremiah 17

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ဘုရားသခင် ပြောသော စကားတော် ဖြစ်သည်။

ဆင်ခြင်ကြလော့၊ ငိုခြင်းသည် မတို့ကိုခေါ်၍ လာကြစေ။ လိမ္မာသော မိန်းမတို့ ရှိရာသို့ စေလွှတ်၍ လာကြစေ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငိုကြွေးလျှက် ပူဆွေးတတ်သော မိန်းမတို့ကို ခေါ်ဆောင်လာကြလော့။"

ငိုခြင်းသည် မ
"ငိုခြင်းအတတ်ကို ပြုတတ်သည့် မိန်းမများ"

သူတို့သည်လာ၍
အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမတို့ လာရန်ခေါ်သည်"

ပူဆွေးငိုကြွေးခြင်း၌ကျွမ်းကျင်သောမိန်းမတို့ကို စေလွှတ်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပူဆွေးငိုကြွေးခြင်း၌ ကျွမ်းကျင်သော မိန်းမတို့ကို သူတို့ရှိရာသို့ စေလွှတ်မည်။ "

ငါတို့သည် မျက်ရည်ကျ၍၊ မျက်ခမ်းထဲက တွေတွေစီးထွက်စေခြင်းငှါ
ယုဒလူတို့သည် ပျက်စီးခြင်းလာလိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်၊ " ငါတို့အတွက် ပူဆွေးသောကရောက်လျှက် ငိုကြွေးစေခြင်းငှါ မိန်းမတို့အားကြားပြောလော့။ "

ငါတို့သည် မျက်ရည်ကျ၍၊ မျက်ခမ်းထဲက တွေတွေစီးထွက်စေခြင်းငှါ
အခြားသောဘာသာသာပြန်ဆိုချက်၊ "ထို့ကြောင့် ငါတို့သည် အလွန်ငိုကြွေးရကြလိမ့်မည်။"

Jeremiah 19

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ဘုရားသခင် ပြောသော စကားတော် ဖြစ်သည်။

ဇီအုန်မြို့၌ ကြားရသော ငိုကြွေးသံကိုကြားရ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့၌ လူတို့သည် ငိုကြွေးကြသည်သည်။"

အဘယ်မျှလောက်ငါတို့ပူဆွေးခြင်းကိုခံရသည်ပါတကား။
ငါတို့ ပြည်ပျက်စီးရသည်ဟု ယုဒလူတို့သည်ပြောဆိုကြလိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် အလွန်ဝမ်းနည်းခြင်းသို့ရောက်၏။"

ငါတို့သည် ကိုယ်ပြည်ကို စွန့်၍ အလွန်မိန်းမောတွေဝေကြသည်တကား
"ငါတို့အရှက်သည် အလွန်ကြီး၏။ အဘယ်ကြောင့်နည်းဟူမူကား ငါတို့မြို့များသည် ပျက်စီးပြီး တိုင်းပြည်မှလည်း ထွက်ခွါရ၏"

ထာဝရဘုရား၏ နှုတ်ကပတ်တော် ကို နားထောင်၍၊ နှုတ်တော်ထွက်ကို နာယူကြလော့။
ငင်းစာကြောင်းနှစ်ခုသည် ဆိုလိုရင်းတူညီပြီး ဘုရားသခင်၏ စကားတော်ကို နားထောင်ရန် မိန့်ဆိုသောအရာဖြစ်သည်။

သင်တို့၏ သမီးတို့အား ငိုကြွေးခြင်းကိုငင်း၊ အသီးအသီး အပေါင်းအဘော်တို့အား မြည်တမ်းခြင်းကိုငင်း သွန်သင် ကြလော့။
ငင်းစာကြောင်းနှစ်ခုသည် တူညီပြီး ဘုရားသခင်၏ မြည်တမ်းခြင်းကို တုန့်ပြန်ရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောသူများကိုလည်း မည်ကဲ့သို့ မြည်တမ်းရမည်ကို သွန်သင်လော့"

Jeremiah 21

ယေဘုယျ အချက်အလက်
ယုဒလူမျိုးတို့အား ဘုရားသခင် ပြောသော စကားတော် ဖြစ်သည်။

သေမင်းသည် ငါတို့ပြတင်းပေါက်သို့ တက်၍၊ ငါတို့ဘုံဗိမာန်ထဲသို့ဝင်သဖြင့်
ဘုရားသခင်သည် သူတို့ပြည်ကို ဖျက်ဆီးသောကြောင့်ယုဒလူတို့သည် ပြောသည့် စကားဖြစ်သည်။ သေမင်းတမန်ကို မြို့ရိုးနံရံများပေါ်တက်၍ မြို့တွင်းရှိ လူတို့အား တိုက်ခိုက်သည့်အလား ခိုင်းနှိုင်းထားသည်။

နန်းတော်
ရှင်ဘုရင်နေထိုင်ရာအိမ်တော် ဖြစ်သည်။ သေခြင်းသည် လူအသီးသီး ထံသို့ ရောက်လာလိမ့်မည်။

သူငယ်များကို ပြင်ပလူတို့မှ ဖျက်ဆီး၍
"သေခြင်းတရားသည် သူငယ်များအား လမ်းမှ ပယ်ရှင်းလေပြီ"

လူပျိုများကို ပွဲသဘင်ထဲက ဖျက်ဆီးလေပြီ
"ထို့နောက် သေခြင်းသည် လူပျိုများကို ပွဲလမ်းသဘင်ထဲတွင် ဖျက်ဆီးလေပြီ"

ပွဲလင်းသဘင်များ
ပွဲလမ်းသဘင် ကျင်းပသည့်နေရာ

ဘုရားသခင်မိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

လူသေ ကောင်တို့သည် လယ်ပြင်၌ နောက်ချေးကဲ့သို့ငင်း....သိမ်း သူမရှိ၊ ရိတ်သောသူနောက်မှာ ကျန်ရစ်သော ကောက် လှိုင်းကဲ့သို့ငင်း
"သေသော ခန္ဓာကိုယ်သည် နေရာအနှံ့ ပြန့်သကဲ့သို့"

လူသေ ကောင်တို့သည် လယ်ပြင်၌ နောက်ချေးကဲ့သို့ငင်း
"သေသော ခန္ဓာကိုယ်သည် တိရိစ္ဆာန်အသေကောင်ကဲ့သို့ လယ်ပြင်သို့ လွှင့်ပျံ့လိမ့်မည်။"

ရိတ်သောသူနောက်မှာ ကျန်ရစ်သော ကောက် လှိုင်းကဲ့သို့ငင်း
" ကောက်ရိတ်သိမ်းသော သူတို့၏ နောက်၌ ကျန်ရစ်သော အပင်ကဲ့သို့လည်းကောင်း"

 generated on Sun Jun 30 02:37:40 2024

Jeremiah 23

ယေဘုယျ အချက်အလက်
ထာဝရဘုရား၏ စကားတော်ဖြစ်သည်။

ပညာရှိ သောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။
"ပညာရှိသောသူသည် ငါသည်ပညာရှိ၏ဟု မိမိကိုယ်ကို မဝါကြွားစေရန်။ "

ဥစ္စာ ရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။
"ချမ်းသာသောသူသည် မိမိဥစ္စာ၌ မဝါကြွားသင့်ကြောင်း။"

ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ။
"ငါ့ကို စိတ်ချမ်းသာအောင် လုပ်ပေးနိုင်သောဖြစ်ကြောင်း နားလည်စေရန်။"

ငါသည်ထာဝရဘုရားဖြစ်သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ထာဝရဘုရားဖြစ်ကြောင်း လူမျိုးတို့ သိစေခြင်းငှါ"

ငါသည် ထိုအရာတို့၌ မွေ့လျော်သည်
"ငါ၏ လူတို့သည် ဖြောင့်မတ်ခြင်းတရား၌ တည်ရှိနေသောကြောင့် ငါ့ စိတ်နှလုံးသည် ရွှင်လန်းလျက်ရှိ၏။"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု ရန်၊ 1:7.

Jeremiah 25

ယေဘုယျ အချက်အလက်
ထာဝရဘုရားပြောသောစကား ဖြစ်သည်။

အချိန်ကာလရောက်လာနေ၏
အခြားသောဘာသာပြန်ဆိုချက်၊ " အချိန်သည် ရောက်လုရှိ၏။"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

ခန္ဓာကိုယ်သာအရေဖျားလှီးခံရသော သူအပေါင်းတို့ ကို ငါသည် ပြစ်ဒဏ်ပေးလိမ့်မည်။
ဘုရားသခင်၏ ပဋိညာဉ်ခံရာ၌ ခန္ဓာသာလျှင် အရေဖျားလှီးပြီး စိတ်ပြောင်းလဲခြင်း မရှိသောဘဲ တရားတော်ကို လိုက်မလျှောက်သော သူတို့ကို ရည်ညွှန်းသည်။

သူတို့ခေါင်းတွင်ရှိသော ဆပံင်တို့အား တိုအောင်ရိတ်သောသူ
အခြားသောဘုရားများကို ဦးချသည့်အနေဖြင့် သူတို့၏ ဆံပင်များကို တိုအောင် ရိတ်သည်။

သူတို့ခေါင်းတွင်ရှိသော ဆံပင်တို့အား တိုအောင်ရိတ်သောသူ
အချို့သော ခေတ်ပေါ်ဘာသာပြန်တို့၌ "သဲကန္တာရအစွန်တွင် နေထိုင်သောသူတို့"

အမျိုးသားတို့သည် အရေဖျားမလှီးသောအကြောင့်
တိုင်းတပါးတို့သည် ဘုရားသခင်၏ လူ မဟုတ်သောကြောင့် အရေဖျားမလှီးရခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သူတို့သည် အရေဖျားလှီးသောသူတို့ မဟုတ်သောကြောင့် ကတိတော်ထားရာပြည်သို့ မဝင်ရ"

ဣသရေလလူတို့သည် နှလုံးအရေဖျားမလှီးသောသူတို့ဖြစ်ကြ၏
နှလုံးအရေဖျားမလှီးခြင်းဆိုသည်မှာ ဘုရားသခင်အားနာမခံသောသူများဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးတို့သည် ဘုရားသခင်ကို နာမခံသဖြင့် ပဋိညာဉ်တရားကို ချိုးဖောက်ကြ၏"

---

Translation Questions

Jeremiah 9:1

အဘယ်ကြောင့် ပရောဖက်သည် ငိုကြွေးချင်ခဲ့သနည်း။
သူ့လူအများကို သတ်ဖြတ်ခဲ့ကြသောကြောင့် ဖြစ်သည်။

အဘယ်ကြောင့် သူသည် သူ့လူများကို စွန့်ပစ်ချင်ခဲ့သနည်း။
သူတို့သည် သူ့မယားကို ခိုးသောသူများနှင့် သစ္စာဖောက်သောသူများ ဖြစ်ကြသောကြောင့် သူတို့ကို စွန့်ပစ်ချင်ခဲ့ခြင်းဖြစ်သည်။

အပြစ်ရှိသောလူများက ဘာပြောကြသနည်း?
သူတို့သည် မှားယွင်းသော အရာများကို ပြောကြသည်။

Jeremiah 9:4

အဘယ်ကြောင့် သူတို့သည် သူတို့၏ မိမိအိမ်နီးချင်း၊ မိမိညီအစ်ကိုများ ဆန့်ကျင်သူတို့ကို စောင့်ရှောက်လိမ့်မည်နည်း။
မိမိညီအစ်ကိုနှင့် အိမ်နီးချင်းတို့သည် လိမ်လည်လှည့်ဖြားကြသောကြောင့် သူတို့သည် သူတို့ကို ဆန့်ကျင်၍ စောင့်ရှောက်သင့်သည်။

အဘယ်ကြောင့် လူများသည် ပင်ပန်းခဲ့ကြသနည်း။
သူတို့သည် အပြစ်ကျူးလွန်ခြင်းအားဖြင့် ပင်ပန်းခဲ့ကြသည်။



generated on Sun Jun 30 02:37:40 2024

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလလူတွေကို ဒဏ်ခတ်လိမ့်မည်နည်း။

ဣသရေလလူများသည် စိတ်နှလုံးတွင်မဟုတ်ဘဲ၊ ကိုယ်ခန္ဓာအာဖြင့်သာအရေဖြားလှီးခံကြသောကြောင့် သူတို့ကို ဒဏ်ခတ်မည်ဖြစ်သည်။

Jeremiah 9:7

အဘယ်ကြောင့် ထာဝရဘုရားသည် သူ့လူတွေကို ဆန်းစစ်ချင်ခဲ့သနည်း။

သူတို့သည် သူတို့၏ အိမ်နီးချင်းကို လှည့်ဖြားသောကြောင့် သူသည် သူတို့ကို ဆန်းစစ်ချင်ခဲ့သည်။

Jeremiah 9:10

ပရောဖက်သည် မည်သည့်အရာကို သီဆိုလိမ့်မည်နည်း။

သူသည် တောင်များနှင့်လွင်ပြင်များအတွက် ဝမ်းနည်းပူဆွေးခြင်း၊ သီချင်းများနှင့် ၈ျာပနာသီချင်းများကို သီဆိုလိမ့်မည်။

ထာဝရဘုရားသည် ယေရုရှလင်မြို့နှင့် ယုဒမြို့ကို မည်သို့ ပြုလုပ်လိမ့်မည်နည်း။

သူသည် ပျက်စီးလျက်ရှိသောနေရာသို့ သူတို့ကို ပြန်လာစေလိမ့်မည်။

ပြည်သည် ပျက်စီးပြီးနောက် မည်သည့်နေရာကဲ့သို့ ဖြစ်မည်နည်း။

ထိုနေရာသည် တောကဲ့သို့ ဖြစ်ပြီး အဘယ်သူမျှ ထိုနေရာကို မဖြတ်လျှောက်ကြ။

Jeremiah 9:13

လူတွေသည် ထာဝရဘုရား မနှစ်သက်သည့် မည်သည့်အရာကို ပြုခဲ့ကြသနည်း။

သူတို့သည် သူ့ပညတ်တရားကို စွန့်ပစ်ခဲ့ကြပြီး သူ၏ စကားကို နားမထောင်ခဲ့ကြ။

Jeremiah 9:15

ထာဝရဘုရားသည် မည်သည့်အရာကို သူပြုလိမ့်မည်ဟု ဣသရေလလူများကို ပြောခဲ့သနည်း။

စားစရာမရှိ၍ စားသောက်ဖို့ရန်ခါးသောအရာများသာရှိသည့်လူများကဲ့သို့ သူတို့ကို ဝမ်းနည်းစေမည်။ ထို့နောက်သူတို့ကို သူတို့၏နေအိမ်များမှ နှင်ထုတ်၍ အသေခံစေမည်။

Jeremiah 9:17

ဝမ်းနည်းပူဆွေးခြင်း၌ ကျွမ်းကျင်သောအမျိုးသမီးတို့သည် ဘာကို လုပ်သင့်သနည်း?

လူများ ငိုကြွေးဖို့ရန် သူတို့သည် ဝမ်းနည်းသည့်သီချင်းများကို သီဆိုကြလိမ့်မည်။

Jeremiah 9:19

ဇိအုန်မြို့၌ မြည်တမ်းသောလူတွေသည် မည်သို့ ခံစားလိမ့်မည်နည်း။

သူတို့သည် ကြီးစွာသော ရှက်ကြောက်ခြင်း ရှိကြလိမ့်မည်။

မိန်းမများသည် သူတို့၏ သမီးများကို မည်သည့်အရာကို သွန်သင်လိမ့်မည်နည်း။

သူတို့သည် သူတို့၏ သမီးများကို ဝမ်းနည်းပူဆွေးသော သီချင်းကို သင်ကြားပေးကြလိမ့်မည်။

Jeremiah 9:21

ပရောဖက်သည် မည်သူ့ကို သေဆုံးလိမ့်မည်ဟု ပြောခဲ့သနည်း။

ကလေးများနှင့် လူငယ်များသည် သေဆုံးကြလိမ့်မည်။

လူသေကောင်များသည် မည်သို့ဖြင့် မစင်နှင့် ဆန်ရိုးများကဲ့သို့ဖြစ်လိမ့်မည်နည်း?

သူတို့ကို မြှုပ်နှံမည့်သူ မရှိ။

Jeremiah 9:23

လူတွေသည် မည်သည့်အရာအတွက် ဂုဏ်ယူသင့်သနည်း။

လူတွေသည် ထာဝရဘုရားကို သိခြင်းအတွက်သာ ဂုဏ်ယူသင့်ကြသည်။

ထာဝရဘုရားသည် သူပြုမူကြောင်းကို မည်သည့်အရာဖြင့်ပြောသနည်း။

သူသည် ပဋိညာဉ်တရားကို သစ္စာရှိခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းတို့ဖြင့် ပြုမူသည်။

Jeremiah 9:25

ထာဝရဘုရားသည် အဘယ်ကြောင့် ဣသရေလလူတွေကို အပြစ်ပေးလိမ့်မည်နည်း။

ဣသရေလလူများသည် သူတို့၏ စိတ်နှလုံးထဲမှ မဟုတ်ဘဲ၊ ကိုယ်ကာယအရေဖျားလှီးခြင်းသာခံကြသောကြောင့် သူတို့ကို အပြစ်ပေးလိမ့်မည်။

ထာဝရဘုရားသည် အဘယ်ကြောင့် အခြားလူတွေကို အပြစ်ပေးလိမ့်မည်နည်း။

သူတို့သည် ကိုယ်ကာယအရေဖျားလှီးခြင်းပင်မခံကြသောကြောင့် သူတို့ကို အပြစ်ပေးလိမ့်မည်။

## Chapter 10

1 အို ဣသရေလအမျိုးသားတို့၊ သင်တို့အား ထာဝရဘုရား မိန့်တော်မူသောစကားကို နားထောင် ကြလော့။ 2 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သာသနာ ပလူတို့၏ ဘာသာဓလေ့၌ မကျင်လည်ကြနှင့်။ သာသနာ ပလူတို့ ထိတ်လန့်ကြောက်တတ်သော
မိုဃ်းကောင်းကင် နိမိတ်တို့မှ မထိတ်လန့်မကြောက်ကြနှင့်။ 3 လူအမျိုးမျိုးကျင့်သော အကျင့်ဓလေ့တို့သည် အချည်းနှီးဖြစ်ကြ၏။
အဘယ်သို့နည်းဟူမူကား၊ သူတို့ သည် တော၌သစ်ပင်ကို ခုတ်လှဲ၍၊ ပုဆိန်နှင့်လုပ်တတ် သော လက်သမား၏
လက်လုပ်ရာဖြစ်သောအရာကို၊ 4 ရွှေငွေနှင့် လှပစွာ ချယ်လှယ်ပြီးလျှင်၊ မလှုပ်ရှား စေခြင်းငှါ သံချွန်ကို တူနှင့်ရိုက်ထားကြ၏။ 5
သူသည် စွန်ပလွံပင်ကဲ့သို့ ခိုင်မာ၍ စကား မပြောတတ်။ မိမိအလိုအလျောက် မသွားနိုင်သော ကြောင့်၊ ထမ်း၍သွားရ၏။ ထိုအရာတို့ကို
မကြောက်ကြ နှင့်။ အန္တရာယ်ကိုမပြုနိုင်။ ကျေးဇူးကိုလည်း မပြုနိုင်။ 6 အိုထာဝရဘုရား၊ ကိုယ်တော်နှင့် အဘယ်သူမျှ မတူပါ။
ကိုယ်တော်သည် ကြီးမြတ်တော်မူ၏။ နာမတော် သည်လည်း၊ တန်ခိုးတော်အားဖြင့် ကြီးမြတ်တော်မူ၏။ 7 အိုလူအမျိုးမျိုးတို့၏
ဘုရင်၊ ကိုယ်တော်ကို ကြောက်သင့်သည် ဖြစ်၍၊ အဘယ်သူသည် မကြောက်ဘဲ နေရပါမည်နည်း။ အမျိုးမျိုးသော
ပညာရှိအပေါင်းတို့၌၎င်း၊ ခပ်သိမ်းသော တိုင်းနိုင်ငံတို့၌၎င်း ကိုယ်တော်နှင့် တူသောသူတစုံတယောက်မျှ မရှိပါ။ 8 သူတို့သည်
တလုံးတဝတည်း တိရစ္ဆာန်သဘော နှင့် မိုက်သော သဘောရှိကြ၏။ သစ်သားသော်လည်း မိုက်သောအယူကို ဆုံးမတတ်၏။ 9
ထုလုပ်တတ်သောသူ၊ သွန်းတတ်သောသူ၏ လက်လုပ်ရာ ငွေပြားကို တာရှုမြို့မှ၎င်း၊ ရွှေကိုလည်း ဥဖတ်မြို့မှ၎င်း ဆောင်ခဲ့တတ်၏။
ပြာသောအထည်၊ မောင်းသောအထည်နှင့်ခြုံတတ်၏။ လိမ္မာသောသူ လုပ်ရာသက်သက်ဖြစ်သတည်း။ 10 ထာဝရဘုရားမူကား၊
မှန်သောဘုရား၊ အသက် ရှင်သောဘုရား၊ နိစ္စထာဝရဘုရင်ဖြစ်တော်မူ၏။ အမျက် တော်ထွက်လျှင် မြေကြီးတုန်လှုပ်ရ၏။
လူအမျိုးမျိုး တို့သည် အမျက်တော်ကို မခံနိုင်ကြ။ 11 သာသနာပ လူတို့အား ပြောရသော စကားဟူမူကား၊ ကောင်းကင်နှင့်မြေကြီးကို
မဖန်ဆင်း သော ဘုရားတို့သည် ဤကောင်းကင်အောက်၊ ဤမြေကြီး ပြင်မှ ကွယ်ပျောက်ကြလိမ့်မည်။ 12 ထာဝရဘုရားသည်
တန်ခိုးတော်အားဖြင့် မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ပညာတော်အားဖြင့် လောကဓာတ်ကို တည်တော်မူပြီ။ ဥာဏ်တော်အားဖြင့်
မိုဃ်းကောင်းကင်ကို ကြက်တော်မူပြီ။ 13 အသံတော်ကို လွှတ်တော်မူသောအခါ၊ မိုဃ်းရေ အသံဗလံဖြစ်တတ်၏။ မြေကြီးစွန်းမှ
မိုဃ်းတိမ်ကို တက် စေတော်မူ၏။ မိုဃ်းရွာသည်နှင့် လျှပ်စစ်ပြက်စေတော် မူ၏။ လေကိုလည်း၊ ဘဏ္ဍာတော်တိုက်ထဲက ထုတ်တော်
မူ၏။ 14 လူမည်သည်ကား၊ မိမိဉာဏ်အားဖြင့် တိရစ္ဆာန် ကဲ့သို့ဖြစ်၏။ ရုပ်တုကို သွန်းသောသူတိုင်း မိမိလုပ်သော ရုပ်တုအားဖြင့်
မှောက်မှားလျက် ရှိ၏။ အကြောင်းမူကား၊ သွန်းသောရုပ်တုသည် မုသာဖြစ်၏။ သူ၌လည်း ထွက်သက်ဝင်သက်မရှိ။ 15
ထိုသို့သောအရာတို့သည် အချည်းနှီးသက်သက် ဖြစ်ကြ၏။ လှည့်စားသောအရာလည်းဖြစ်ကြ၏။ စစ်ကြောခြင်းကို ခံရသည်ကာလ၌
ကွယ်ပျောက်ကြ လိမ့်မည်။ 16 ယာကုပ်အမျိုး၏အဘို့သည် ထိုသို့သောအရာ နှင့် တူတော်မမူ။ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း
သော ဘုရားဖြစ်တော်မူ၏။ ဣသရေလအမျိုးသည် အမွေခံတော်မူရာဖြစ်၏။ နာမတော်သည် ကောင်းကင်
ဗိုလ်ခြေအရှင်ထာဝရဘုရားပေတည်း။ 17 အိုရဲတိုက်၌နေသောသူ၊ မြေပေါ်မှာရှိသော သင်၏ဥစ္စာပရိကံများကို စုသိမ်းလော့။ 18
ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယခုပင် ငါသည်လောက် လွှဲစာကိုပစ်သကဲ့သို့၊ ပြည်သားများကို လောက်လွှဲထဲကပစ်၍၊ ရန်သူတို့
လက်သို့ရောက်စေခြင်း ငှါ ညှဉ်းဆဲမည်ဟု မိန့်တော်မူ၏။ 19 ငါသည် ချိုးဖျက်ခြင်းကိုခံရသောကြောင့် အမင်္ဂလာရှိ၏။ ငါ့အနာ
ပြင်းလှ၏။ သို့သော်လည်း၊ ငါတွေ့သော ဤဒုက္ခဝေဒနာကို ဆက်ဆက်ခံရမည်ဟု ငါဆို၏။ 20 ငါ့တဲလည်းပျက်၏။
ငါ့ကြိုးရှိသမျှတို့လည်း ပြတ်ကြ၏။ ငါ့သားတို့လည်း ငါ့ထံမှထွက်သွား၍ ပျောက် ကြ၏။ နောက်တဖန်ငါ့တဲကို ဆောက်ရသောသူ၊
ငါ့ကုလားကာတို့ကို ဆွဲကာရသောသူမရှိ။ 21 အကြောင်းမူကား၊ သိုးထိန်းတို့သည် တိရစ္ဆာန် သဘောရှိ၍၊ ထာဝရဘုရားကို
မရှာဖွေသောကြောင့် အကြံမမြောက်ရကြ။ သိုးစုအပေါင်းတို့သည် အရပ်ရပ်သို့ ကွဲပြားရကြ၏။ 22 အသံကိုကြားရ၏။
အနီးသို့လာ၏။ ယုဒမြို့တို့ကို ဖျက်ဆီး၍၊ မြေခွေးနေရာတွင် ဖြစ်စေခြင်းငှါ၊ ကြီးသော အသံဗလံသည် မြောက်မျက်နှာကလာ၏။ 23
အိုထာဝရဘုရား၊ လူသည် မိမိသွားရာလမ်းကို အစိုးမရ။ သွားစဉ်အခါမိမိခြေရာတို့ကို မစီရင်တတ်သည် ကို အကျွန်ုပ်သိပါ၏။ 24 အို
ထာဝရဘုရား၊ အကျွန်ုပ်ကို ဆုံးမတော်မူ လျှင်၊ အကျိုးနည်းစေခြင်းငှါ အမျက်ထွက်တော်မမူပါနှင့်။ တရားတော်အတိုင်းသာ
ဆုံးမတော်မူပါ။ 25 ကိုယ်တော်ကိုမသိသော တပါးအမျိုးသားတို့ အပေါ်သို့၎င်း၊ နာမတော်ကို ပဌနာမပြုသော အမျိုး
အနွယ်တို့အပေါ်သို့၎င်း အမျက်တော်ကို သွန်းလောင်း တော်မူပါ။ အကြောင်းမူကား၊ သူတို့သည် ယာကုပ်အမျိုး ကို
အကုန်အစင်ကိုက်စား၍၊ သူ၏နေရာကို သုတ်သင် ပယ်ရှားကြပါပြီ။



generated on Sun Jun 30 02:37:40 2024

## Jeremiah 01

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလ၊ အဲဂုတ္တု၊ ဧဒုန်၊ အာမုန်၊ မောဘ စသည်တို့ကို ပြစ်ဒဏ်ပေးမည်ကို သတိပေးသောအရာဖြစ်သည်။

သာသနာ ပလူတို့၏ ဘာသာဓလေ့၌ မကျင်လည်ကြနှင့်။
"တိုင်းတပါးတို့၏ ယုံကြည်ခြင်းကို မလိုက်ကြနှင့်"

တုန်လှုပ်ခြောက်ခြားသည်
"စိုးရိမ်သည်" သို့မဟုတ် " ကြောက်လန့်သည်"

မိုးကောင်းကင်နိမိတ်အားဖြင့်
"ကောင်းကင်မှ ဆန်းကြယ်သော အရာ"

"လူတို့သည်ၔင်းအမှုအရာတို့ဖြင့် တုန်လှုပ်ကြလိမ့်မည်။"
"ကောင်းကင်မှ ဆန်းကြယ်သောအမှုကို တွေ့ရသဖြင့် လူတို့သည် ကြောက်ရွံ့ကြသည်။"

## Jeremiah 03

ယေဘုယျ အချက်အလက်
ကောင်းကင်ဆန်းကြယ်သောအမှု ရောက်သည်ကို မစိုးရိမ်ကြရန်နှင့် သူတို့၏ အမှုကို မခံယူကြရန် ဘုရားသခင်သည် သတိပေးနေသည်။

လက်မှုပညာသည်များ
မိမိ၏ လုပ်ငန်းတွင်ကျွမ်းကျင်သောသူ

ခြောက်လှန့်အောင်ပြုလုပ်သည်
အစားစာများကို မစားနိုင်အောင် ငှက်များကို ခြောက်လှန့်ခြင်းဖြင့် ကာကွယ်သည်။

သခွါးသီးများ
အသီးနှံတစ်ခုဖြစ်သော စိမ်းသောအရေခွံရှိပြီး အထဲတွင်ဖြူသော အသားရှိသော အသီး

## Jeremiah 06

ယေဘုယျ အချက်အလက်
ယေရမိက ရုပ်တုကိုးကွယ်သော သူတို့အား ပြောဆိုသောစကားဖြစ်သည်။

အိုလူအမျိုးမျိုးတို့၏ ဘုရင်၊ ကိုယ်တော်ကို ကြောက်သင့်သည် ဖြစ်၍၊ အဘယ်သူသည် မကြောက်ဘဲ နေရပါမည်နည်း။
ၔင်းစာကြောင်းသည် အမေးဝါကျဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးတို့၏ ဘုရင်အား သင်တို့ ကြောက်ရွံ့ရမည်။"

ကိုယ်တော်၏ဂုဏ်တော်သည်
"ကိုယ်တော်၏ ထိုက်တန်ခြင်း"

## Jeremiah 08

သူတို့သည် တလုံးတဝတည်း တိရစ္ဆာန်သဘော နှင့် မိုက်သော သဘောရှိကြ၏။
"ရိုင်းစိုင်း သော" နှင့် "မိုက်မဲသော" ဆိုသည့် စကားလုံးနှစ်ရပ်သည် ဆိုလိုရင်းတူညီပြီး မိုက်မဲစွာ ရုပ်တုဆင်းတုတို့ကို ကိုးကွယ်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူသားတိုင်းသည် အလွန်ပင်မိုက်မဲသောအမှုပြုကြပြီ"

သစ်သားသော်လည်း မိုက်သောအယူကို ဆုံးမတတ်၏။
"သစ်သားတို့မှ ပြုလုပ်သောအရာတို့သည်လည်း ဆုံးမခြင်းကို ခံကြပြီ။"

ပန်းပုဆရာ
"လက်မှုအတတ် ကျွမ်းကျင်သူ"

တာရှုမြို့.....ဥဖတ်မြို့
ၔင်းမြို့နှစ်မြို့မှ ထွက်သော ရွှေ၊ ငွေတို့သည် အလွန်ကောင်းသော အရည်အသွေးရှိသည်။

ရွှေကိုလည်း ဥဖတ်မြို့မှၔင်း ဆောင်ခဲ့တတ်၏။
"ဥဖတ်မြို့မှ ပြုလုပ်သောရွှေကို အသစ်တဖန်ပြုလုပ်သည် "

ပြာသောအထည်၊ မောင်းသောအထည်နှင့်ခြုံတတ်၏။
"ရုပ်တုကို ကိုးကွယ်သော အပြာရောင် အဝတ်ကို ဝတ်ဆင်ကြ၏"

တုန်လှုပ်သည်
"တုန်လှုပ်သည်"

## Jeremiah 11

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ယေရမိကို စကားပြောသည်။

ထာဝရဘုရားသည် တန်ခိုးတော်အားဖြင့် မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ပညာတော်အားဖြင့် လောကဓာတ်ကို တည်တော်မူပြီ။ ဥာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ကြက်တော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖန်ဆင်းရှင်သည် ဘုန်းတန်ခိုးကြီးမြတ်ခြင်းနှင့် ညဏ်တော်လည်းကြီးမြတ်၏။ သူသည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏"

အသံတော်ကို လွှတ်တော်မူသောအခါ၊ မိုဃ်းရေ အသံဗလံဖြစ်တတ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် လေမုန်တိုင်းတို့ကိုလည်း ငြိမ်းစေတော်မူ၏"

မြေကြီးစွန်းမှ မိုဃ်းတိမ်ကို တက် စေတော်မူ၏
အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးပေါ်တွင် တိမ်တို့ကိုလည်း ဖန်ဆင်းတော်မူ၏"

ဘဏ္ဍာတော်တိုက်
"အရာဝတ္ထုတို့ကို သိမ်းထားရာ အဆောက်အဦ"

Jeremiah 14

မိုက်မဲသောသူဖြစ်လာသည်
"အသိညာဏ်မရှိခြင်း" သို့မဟုတ် "မသိရှိခြင်း"

ယာကုပ်အမျိုးအတွက်သာပြုလုပ်သော
"ဣသရေလလူမျိုးတို့ ဝတ်ပြုရာ"

ခပ်သိမ်းသောအရာတို့ကို
"ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းသည်" သို့မဟုတ် "ခပ်သိမ်းသောအရာတို့ ဖန်ဆင်းသူ"

Jeremiah 17

ဥစ္စာများကိုစုသိမ်းသည်
"သင်တို့ ပိုင်ဆိုင်သောအရာများကို စုသိမ်းသည်။"

ကြည့်ရှု လော့
"ကြည့်ရှုလော့" ဟူသည်မှာ နောက်ဆက်ဖြစ်လာမည့်ကို ရည်ညွှန်းသည်။

ယခုပင် ငါသည်လောက် လွှဲစာကိုပစ်သကဲ့သို့၊ ပြည်သားများကို လောက်လွှဲထဲကပစ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဤပြည်သားတို့အား ရန်သူတို့ လက်သို့ ရောက်စေခြင်းငှါ ပြုလုပ်မည်"

လူသူနေထိုင်ရာပြည်
"လူတို့နေထိုင်ရာ တိုင်းပြည်"

ညှဉ်းဆဲသည်
"ကြီးမားသော ဝေဒနာ" သို့မဟုတ် "ဆင်းရဲဒုက္ခ"

Jeremiah 19

ယေဘုယျ အချက်အလက်
ယေရမိသည် သူ၏ ဣသရေလူတို့ကို ပြောဆိုသောစကား

ငါသည် ချိုးဖျက်ခြင်းကိုခံရသောကြောင့် အမင်္ဂလာရှိ၏။ ငါ့အနာ ပြင်းလှ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ဦးသည် အရိုးချိုးဖြတ်လျက် အနာပြင်းစွာ ခံရသကဲ့သို့ ငါတို့သည် ပြင်းစွာသော ဝေဒနာခံစားရ၏"

ငါ့တဲလည်းပျက်၏။ ငါ့ကြိုးရှိသမျှတို့လည်း ပြတ်ကြ၏။
"ငါ၏ မြို့ကို ရန်သူတို့သည် လုံးလုံးဖျက်ဆီးကြ၏"

သူတို့သည် ယူဆောင်သွားကြ၏
"ရန်သူတို့သည် သိမ်းယူကြသည်"

နောက်တဖန်ငါ့တဲကို ဆောက်ရသောသူ၊ ငါ့ကုလားကာတို့ကို ဆွဲကာရသောသူမရှိ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့၏ မြို့ကို နောက်တဖန်တည်ဆောက်သူ မရှိ"

Jeremiah 21

အရပ်ရပ်သို့ ကွဲပြားရကြ၏
"မတူညီသောအရပ်ဒေသသို့ ပျံ့လွင့်ကုန်သည်"

မြေခွေး (ခွေးအ)
အာဖရိကတိုက်တွင် ရှိသော မြေခွေးတစ်မျိုး

Jeremiah 23

ကိုယ်တော်၏အမျက်တော်ကို ဤလူမျိုးတို့၌ သွန်းလောင်းတော်မူပါ
အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးတို့အပေါ်တွင် ပြစ်ဒဏ်စီရင်ခြင်းကို ရောက်စေသည်။"

သူတို့သည် ယာကုပ်အမျိုး ကို အကုန်အစင်ကိုက်စား၍၊ သူ၏နေရာကို သုတ်သင် ပယ်ရှားကြပါပြီ။
"သုတ်သင်ပယ်ရှားခြင်း" နှင့် "ကိုက်စားခြင်း" တို့သည်တူညီသောဖျက်ဆီးခြင်းကို ဖော်ပြသည်။ ယေရမိသည် သုံးကြိမ်တိုင်အောင် ဖျက်ဆီးခြင်းကို ဖော်ပြထားသည်။

သူတို့နေထိုင်ရာကို သုတ်သင်ဖျက်ဆီးသည်
"သူတို့နေထိုင်ရာတိုင်းပြည်ကို သုတ်သင်ဖျက်ဆီးသည်"

---

# Translation Questions

Jeremiah 10:1

ထာဝရဘုရားသည် ဣသရေလလူများအား မည်သည့်အရာကို မလုပ်စေချင်ခဲ့သနည်း။
တပါးအမျိုးသားများ၏ နည်းလမ်းကို သူတို့အား မလိုက်စေချင်ခဲ့ပါ။

Jeremiah 10:3

မည်သည့် ဓလေ့သည် တန်ဖိုးမဲ့သနည်း။
ရုပ်တုကို ပြုလုပ်ခြင်းသည် တန်ဖိုးမရှိသောအရာဖြစ်သည်။

အဘယ်ကြောင့် လူတွေသည် ရုပ်တုများကို မကြောက်ရွံ့သင့်သနည်း။
ရုပ်တုများသည် ကောင်းသောအရာ(သို့)မကောင်းသောအရာတခုမျှ မလုပ်နိုင်ပါ။


generated on Sun Jun 30 02:37:40 2024

Jeremiah 10:6

အဘယ်သူသည် ထာဝရဘုရားနှင့်တူသနည်း။
ထာဝရဘုရားနှင့်တူသောသူ တယောက်မျှ မရှိပါ။

Jeremiah 10:11

မြေကြီးကို မဖန်ဆင်းသောရုပ်တုဘုရားများတွင် မည်သို့ဖြစ်လိမ့်မည်နည်း။
သူတို့သည် ပျက်စီးကြလိမ့်မည်။

စစ်မှန်သော ဘုရားသည် မည်သည့်အရာကို လုပ်ခဲ့သနည်း။
သူသည် ကုန်းမြေနှင့်ကောင်းကင်များကို ခွဲခြားခဲ့သည်။

Jeremiah 10:14

မည်သည့်အရာသည် ရုပ်တုနှင့်စစ်မှန်သောဘုရား၏ ခြားနားချက်ဖြစ်သနည်း။
ရုပ်တုများသည် အသက်မရှိ၊ ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းခဲ့သည်။

Jeremiah 10:17

ရဲတိုက်၌နေသောသူတို့သည် မည်သည့်အရာကို လုပ်ကြလိမ့်မည်နည်း။
သူတို့သည် သူတို့၏ အထုပ်အပိုးများကို စုသိမ်းပြီး ပြည်ကို စွန့်ကြလိမ့်မည်။

Jeremiah 10:19

အဘယ်ကြောင့် ပရောဖက်၏တဲကို ချဲ့ဖို့ရန်တစ်စုံတယောက်မျှမရှိခဲ့သနည်း။
သူတို့သည် သူ၏ကလေးများကို သူနှင့် ဝေးရာသို့ ယူဆောင်သွားကြသည်။

Jeremiah 10:21

အဘယ်ကြောင့် သိုးထိန်းများသည် ဉာဏ်မရှိသောသူဖြစ်လာခဲ့ကြသနည်း။
သူတို့သည် ထာဝရဘုရားကို မရှာကြသောကြောင့်ဖြစ်သည်။

လျှောင်လာသောအခါ မည်သည့်အရာ ဖြစ်ပျက်လိမ့်မည်နည်း။
ယုဒမြို့များသည် ပျက်စီးခြင်းများ ဖြစ်လာလိမ့်မည်။

Jeremiah 10:23

ပရောဖက်သည် သူ့အား ဆုံးမဖို့ရန် ထာဝရဘုရားကိုမည်သို့ မေးမြန်းခဲ့သနည်း။
သူက ထာဝရဘုရားကို သူ့အား အမျက်ဒေါသဖြင့် မဟုတ်၊ တရားမျှတခြင်းနှင့် ဆုံးမဖို့ရန် တောင်းလျှောက်မေးမြန်းခဲ့သည်။

ပရောဖက်သည် ထာဝရဘုရားကို မည်သူတို့အပေါ် သူ၏ အမျက်ဒေါသကို သွန်းလောင်းဖို့ရန် တောင်းလျှောက်ခဲ့သနည်း။
သူသည် သူ့ကို မသိသော လူမျိုးများအပေါ်တွင် သူ၏ အမျက်ဒေါသကို သွန်းလောင်းဖို့ရန် ထာဝရဘုရားကို မေးလျှောက်ခဲ့သည်။

အဘယ်ကြောင့် သူတို့သည် ထာဝရဘုရား၏ အမျက်ဒေါသကို ရရှိလိမ့်မည်နည်း။
သူတို့သည် ယာကုပ်နှင့်ယာကုပ်အမျိုးများကို ဖျက်ဆီးခဲ့သောကြောင့် သူတို့သည် ထာဝရဘုရား၏ အမျက်ဒေါသကို ရရှိကြလိမ့်မည်။

## Chapter 11

1 ယေရမိသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ ဤပဋိညာဉ်စကားကို နားထောင်ကြလော့။ 2-5 သင်သည်
ယုဒပြည်သူ၊ ယေရုရှလင်မြို့သား တို့အား၊ ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရား ၏ အမိန့်တော်ကို
ဟောပြောဆင့်ဆိုရမည်မှာ၊ ယနေ့ ဖြစ်သည်နှင့်အညီ၊ နို့နှင့်ပျားရည်စီးသောပြည်ကို ငါပေး မည်ဟု၊ သင်တို့၏ ဘိုးဘေးများ၌
ငါကျိန်ဆိုသော သစ္စာ ဂတိကို စောင့်ရသောအခွင့်ရှိစေခြင်းငှါ၊ သင်တို့သည် ငါ၏လူဖြစ်၍၊ ငါသည်လည်း သင်တို့၏ ဘုရားဖြစ်မည်
အကြောင်း၊ ငါ့စကားကိုနားထောင်၍၊ ငါမှာထား သမျှအတိုင်း ကျင့်ကြလော့ဟု၊ သံမီးဖိုတည်းဟူသော အဲဂုတ္တုပြည်မှ
သင်တို့၏ဘိုးဘေးများကို နှုတ်ဆောင် သောအခါ သူတို့၌ ငါထားသော ပဋိညာဉ်တရားစကား ကို နားမထောင်သောသူသည်
ကျိန်တော်မူခြင်းကို ခံစေ ဟု မိန့်တော်မူလျှင်၊ ငါက၊ အိုထာဝရဘုရား၊ အာမင်ဟု လျှောက်၏။ 6 ထာဝရဘုရားကလည်း၊ သင်သည်
ယုဒမြို့များ နှင့် ယေရုရှလင် မြို့လမ်းများတို့၌ ဟစ်ကြော်ရမည်စကား ဟူမူကား၊ သင်တို့သည် ဤပဋိညာဉ်စကားကို နားထောင် ၍
ကျင့်ကြလော့။ 7 အကြောင်းမူကား၊ ငါ့စကားကို နားထောင် ကြလော့ဟု၊ သင်တို့၏ ဘိုးဘေးများကို အဲဂုတ္တုပြည်က
ငါနှုတ်ဆောင်သောနေ့မှစ၍ ယနေ့တိုင်အောင်၊ ငါသည် စောစောထ၍ အထပ်ထပ်ဆုံးမသော်လည်း၊ 8 သူတို့သည် နားမထောင်၊ နားကို
မလှည့်ဘဲ ဆိုးညစ်သော မိမိတို့ စိတ်နှလုံးခိုင်မာခြင်းရှိသည်အတိုင်း၊ တယောက်မျှ မကြွင်း၊ လိုက်သွားကြသောကြောင့်၊ ငါမှာ ထား၍၊
သူတို့မကျင့်သော ဤပဋိညာဉ်စကားအလုံးစုံ တို့ကို၊ သူတို့အပေါ်၌ ငါသက်ရောက်စေမည်ဟု မိန့်တော် မူ၏။ 9
တဖန်ထာဝရဘုရားသည် ငါ့အားမိန့်တော်မူ သည်ကား၊ ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့သည် သင်းဖွဲ့ကြ၏။ 10 ငါ့စကားကို
ငြင်းပယ်သော ဘိုးဘေးတို့၏ ဒုစရိုက်များကို ပြုအံ့သောငှါ ပြန်သွားကြပြီ။ အခြားတပါး သော ဘုရားတို့ကို ဝတ်ပြုအံ့သောငှါ
လိုက်သွားကြပြီ။ သူတို့၏ ဘိုးဘေးများနှင့် ငါဖွဲ့သော ပဋိညာဉ်တရားကို ဣသရေလအမျိုးနှင့် ယုဒအမျိုးသားတို့သည် ဖျက်ကြပြီ။ 11
သို့ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သူတို့မလွတ် နိုင်သောဘေးအန္တရာယ်ကို သူတို့အပေါ်၌ ငါသက်ရောက်စေမည်။
သူတို့သည် ငါ့ကိုအော်ဟစ်သော် လည်း၊ ငါနားမထောင်ဘဲနေမည်။ 12 ထိုအခါယုဒမြို့သူရွာသားနှင့် ယေရုရှလင် မြို့သားတို့သည်
နံ့သာပေါင်းကို မီးရှို့၍၊ ပူဇော်ဘူးသော ဘုရားများထံသို့သွား၍ အော်ဟစ်သော်လည်း၊ ဘေး ရောက်ရာကာလ၌ ထိုဘုရားတို့သည်
အလျှင်းချမ်းသာ မပေးဘဲနေကြလိမ့်မည်။ 13 အိုယုဒပြည်၊ သင်သည်မြို့များအရေအတွက် ရှိသည်အတိုင်း၊
သင်၏ဘုရားများရှိပါသည်တကား။ ယေရုရှလင်မြို့လမ်းများ အရေ အတွက် ရှိသည်အတိုင်း၊ ရှက်ဘွယ် သော ရုပ်တုအဘို့
ယဇ်ပလ္လင်များ၊ ဗာလဘုရားရှေ့မှာ နံ့သာပေါင်း ရှို့ရာယဇ်ပလ္လင်များကို တည်ကြပြီ။ 14 သို့ဖြစ်၍ သင်သည်ဤလူမျိုးအဘို့ ပဌနာမပြု
နှင့်။ သူတို့အဘို့ အော်ဟစ်ခြင်း၊ ဆုတောင်းခြင်းကို မပြုနှင့်။ ဘေးရောက်သည်ကာလ၊ သူတို့ အော်ဟစ်သော စကားကို ငါနားမထောင်။
15 ငါချစ်သောအစ်မသည် များစွာသော သူတို့နှင့် မတရားသဖြင့် ပေါင်းဘော်၍၊ ဆိုးညစ်စဉ်တွင်၊ ငါ့အိမ် နှင့်အဘယ်သို့ဆိုင်သနည်း။
သင်သည် သန့်ရှင်းသော အမဲသားကို မပူဇော်ရ။ ဒုစရိုက်ကို ပြုစဉ်တွင်ပင်၊ ဝမ်းမြောက်ပါသည်တကား၊ 16 စိမ်းလန်းလှပ၍
ကောင်းသော အသီးကို သီးသောသံလွင်ပင်ဟု၊ သင့်ကို ထာဝရဘုရား သမုတ် တော်မူ၏။ ကြီးသော အသံဗလံနှင့် ထိုအပင်ကို မီးရှို့
တော်မူ၍၊ အခက်အလက်တို့သည် ကျွမ်းလောင်ကြ၏။ 17 ဣသရေလအမျိုးနှင့် ယုဒအမျိုးသားတို့သည် ဗာလ ဘုရားရှေ့မှာ
နံ့သာပေါင်းကို မီးရှို့၍၊ ငါ့အမျက်ကို နှိုးဆော်ခြင်းငှါ မိမိတို့အဘို့ မကောင်းသောအမှုကို ပြုသောကြောင့်၊ သင့်ကိုစိုက်တော်မူသော
ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ သင်၌အမှုရောက် မည် အကြောင်းမိန့်တော်မူပြီ။ 18 ထာဝရဘုရားသည် ငါ့အား
ဗျာဒိတ်ပေးတော် မူသောကြောင့် ငါသိရ၏။ သူတို့ပြုသော အမှုများကို ကိုယ်တော်သည် ပြတော်မူပြီ။ 19 အသေသတ်ခြင်းငှါ
ဆောင်သွားသော သိုး သငယ်ယဉ်ကဲ့သို့ ငါဖြစ်၏။ သူတို့က၊ သူ၏နာမကို ရှင်းရှင်းပျောက်စေခြင်းငှါ၊ အသီးအကင်းနှင့်တကွ အပင်ကို
ရှင်းရှင်းဖျက်၍၊ အသက်ရှင်သောသူတို့၏ နေရာမှ သူ့ကိုပယ်ဖြတ်ကြကုန်အံ့ဟု၊ ငါ့တဘက်၌ မကောင်းသော အကြံနှင့်
ကြံစည်ကြောင်းကို ငါမသိ။ 20 နှလုံးကျောက်ကပ်ကို စစ်ကြော၍၊ တရားသဖြင့် စီရင်တော်မူသော ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ
ဘုရား၊ ကိုယ်တော်သည် ထိုသူတို့အား အပြစ်ပေးတော် မူကြောင်းကို အကျွန်ုပ်မြင်လိုပါ၏။ အကျွန်ုပ်အမှုကို ကိုယ်တော်အား
ကြားလျှောက်ပါပြီ။ 21 ထာဝရဘုရားမိန့်တော်မူသည်ကား၊ အာနသုတ် မြို့သားတို့က၊ သင်သည် ငါတို့လက်ဖြင့် မသေရမည်
အကြောင်း၊ ထာဝရဘုရား၏ နာမတော်အားဖြင့် ပရောဖက်မပြုနှင့်ဟုဆိုလျက်၊ သင်၏အသက်ကို ရှာကြ သောကြောင့်၊ 22
ငါသည်သူတို့ကို စစ်ကြောသဖြင့်၊ လူပျိုတို့သည် ထားဖြင့်သေကြလိမ့်မည်။ သားသမီးတို့သည် ငတ်မွတ်၍ သေကြလိမ့်မည်။ 23
တစုံတယောက်မျှ မကြွင်းရ။ ထိုသို့စစ်ကြောရာ ကာလတည်းဟူသော ဘေးဥပဒ်ကို အာနသုတ်မြို့သား တို့အပေါ်သို့
ငါသက်ရောက်စေမည်ဟု၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 12

1 အိုထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်နှင့် တရားစကားကို ဆွေးနွေးသောအခါ၊ ကိုယ်တော်သည် တရားတော်မူ၏။
သို့သော်လည်း၊ စစ်ကြောစီရင်တော်မူ ခြင်းအကြောင်းကို မေးလျှောက်ပါမည်။ မတရားသော သူတို့သည် အဘယ်ကြောင့်
အကြံမြောက်ရကြပါ သနည်း။ အလွန်သစ္စာပျက်သော သူအပေါင်းတို့သည် အဘယ်ကြောင့် ချမ်းသာရကြပါသနည်း။ 2
ကိုယ်တော်သည် သူတို့ကို စိုက်တော်မူသဖြင့်၊ သူတို့သည် အမြစ်ကျ၍ ကြီးပွါးလျက် အသီးကို သီးကြ ပါ၏။ ကိုယ်တော်သည်
သူတို့နှုတ်နှင့် နီး၍ နှလုံးနှင့် ဝေးတော်မူ၏။ 3 အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို သိမြင်တော်မူ၏။ အကျွန်ုပ်သည်
ကိုယ်တော်နှင့်သဘော တူကြောင်းကို စစ်ကြောတော်မူပြီ။ သိုးတို့ကို ထုတ်သကဲ့သို့၊ ထိုမတရားသော သူတို့ကို အသေသတ်ခြင်းငှါ
ဆွဲထုတ် တော်မူပါ။ သတ်ရသောနေ့အဘို့ ပြင်ဆင်တော်မူပါ။ 4 ပြည်သားများပြုသော ဒုစရိုက်အပြစ်ကြောင့်၊ ပြည်သည်
အဘယ်မျှကာလပတ်လုံး မြည်တမ်းရပါအံ့ နည်း။ အရပ်ရပ်တို့၌ရှိသော မြက်ပင်သည် အဘယ်မျှ ကာလပတ်လုံး
ညှိုးနွမ်းရပါအံ့နည်း။ ငါတို့ခံရသော အကျိုးအပြစ်ကို ဘုရားသခင်မသိမမြင်ဟု ပြည်သားများ ဆိုသောကြောင့်၊ သားများနှင့်
ငှက်များတို့သည် ပျောက် ပျက်ကြပါပြီ။ 5 သင်သည် ခြေသည်တို့နှင့် ပြိုင်ပြေး၍ မောလျှင် မြင်းတို့နှင့် အဘယ်သို့ပြိုင်နိုင်မည်နည်း။
စိုးရိမ်ခြင်းမရှိ၊ ငြိမ်ဝပ်စွာ နေရသောပြည်၌ မောလျှင်၊ ယော်ဒန်မြစ်၏ ဂုဏ်အသရေထဲမှာ အဘယ်သို့ပြုလိမ့်မည်နည်း။ 6
သင်၏ညီအစ်ကို၊ အဘ၏ အိမ်သူအိမ်သားတို့ ပင် သင့်ကို သစ္စာဖျက်၍၊ သင့်နောက်သို့ အော်ဟစ်လျက် လိုက်ကြ၏။ သူတို့သည်
ကောင်းသောစကားကို ပြော သော်လည်း မယုံနှင့်။ 7 ငါသည်ကိုယ်အိမ်ကိုစွန့်၍၊ ကိုယ်အမွေကို ပစ်ထားပြီ။ ငါအလွန်ချစ်သောအစ်မကို
သူ၏ ရန်သူ လက်သို့အပ်နှံပြီ။ 8 ငါ့အမွေသည် တော၌ တွေ့သောခြင်္သေ့ကဲ့သို့ ငါ့အားဖြစ်၍၊ ငါ့ကို ဟောက်သောကြောင့် ငါမုန်းလေ၏။
9 ငါ့အမွေသည် ဇဘောသားရဲကဲ့သို့ ငါ့အား ဖြစ်၏။ ပတ်လည်၌ရှိသော သားရဲတို့သည် တိုက်ကြ၏။ လာကြ။ တောသားရဲအပေါင်းတို့၊
စည်းဝေးကြ။ ကိုက်စား ခြင်းငှါ လာကြစေ။ 10 များစွာသော သိုးထိန်းတို့သည် ငါ့စပျစ်ဥယျာဉ် ကို ဖျက်ဆီးကြပြီ။
ငါရထိုက်သောအဘို့ကို ကျော်နင်း ကြပြီ။ ငါရထိုက်သောနှစ်သက်ရာအဘို့ကို လူဆိတ်ညံရာ တောဖြစ်စေကြပြီ။ 11
သုတ်သင်ပယ်ရှင်းသောကြောင့်၊ လူဆိတ်ညံ လျက်ရှိ၍၊ ငါ့အား ညည်းတွားလေ၏။ တပြည်လုံးပျက်စီး သော်လည်း၊
အဘယ်သူမျှပမာဏ မပြုတတ်။ 12 တော၌ မြင့်သော အရပ်အလုံးစုံတို့အပေါ်မှာ လုယက်သော သူတို့သည် တက်ကြပြီ။
အကယ်စင်စစ် ပြည်စွန်းတဘက်မှ တဘက်တိုင်အောင် ထာဝရဘုရား၏ ထားတော်သည် ဖျက်ဆီးသဖြင့်၊ အဘယ်သူမျှ ချမ်းသာ မရ။
13 သူတို့သည် ဂျုံစပါးမျိုးစေ့ကို ကြဲ၍ ဆူးပင်ကိုသာ ရိတ်ရကြ၏။ ပင်ပန်းစွာ ကြိုးစားသော်လည်း ကျေးဇူး မရှိကြ။ ထာဝရဘုရား၏
အမျက်တော်အရှိန်ကြောင့်၊ မိမိတို့ ခံရသောအကျိုးကို ထောက်၍ ရှက်ကြလိမ့်မည်။ 14 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါပေး
သနား၍၊ ငါ၏လူ ဣသရေလအမျိုးပိုင်ထိုက်သော အမွေ ကို ထိခိုက်သော၊ ငါ၏အိမ်နီးချင်းဆိုးအပေါင်းတို့ကို၊ သူတို့ ပြည်ထဲက
ငါနှုတ်မည်။ သူတို့အထဲကလည်း ယုဒအမျိုးကို ငါနှုတ်မည်။ 15 နှုတ်ပြီးမှတဖန် ငါသနား၍၊ အသီးအသီးတို့ကို မိမိတို့ပိုင်ထိုက်သော
မြေ၊ မိမိတို့နေရင်းပြည်သို့ ငါပြန် ပို့မည်။ 16 ဗာလဘုရားကိုတိုင်တည်၍ ကျိန်ဆိုစေခြင်းငှါ၊ သူတို့သည် ငါ၏လူမျိုးကို
သွန်သင်ဘူးသည်နည်းတူ၊ ထာဝရဘုရား အသက်ရှင်တော်မူသည်ဟု၊ ငါ၏နာမကို တိုင်တည်၍ ကျိန်ဆိုခြင်းငှါ၊ ငါ့လူမျိုး၏
ဘာသာဓလေ့ကို ကြိုးစား၍ သင်လျှင်၊ ငါ၏လူမျိုးအထဲ၌ သူတို့ကို ငါတည် စေမည်။ 17 သို့မဟုတ်၊ နားမထောင်ဘဲနေလျှင်၊ နား
မထောင်သော လူမျိုးကို ငါသည် ရှင်းရှင်းနှုတ်ပယ် ဖျက် ဆီးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 13

1 တဖန် ထာဝရဘုရားက၊ သင်သည် ချည်ခါးပန်း ကို သွား၍ယူပြီးလျှင် ခါး၌စည်းလော့။ ရေနှင့်မလျှော်ရ ဟု ငါ့အားမိန့်တော်မူသော
စကားတော်အတိုင်း၊ 2 ငါသည် ခါးပန်းကိုယူ၍ ခါး၌စည်းလေ၏။ 3 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဒုတိယ အကြိမ်
ငါ့ဆီသို့ရောက်လျှင်၊ 4 သင်သည် ခါး၌စည်းသော ခါးပန်းကို ယူပြီး လျှင်၊ ဥဖရတ်မြစ်သို့ ထသွား၍၊ ကျောက်တွင်း၌ ဝှက်ထား
လော့ဟု၊ 5 မိန့်တော်မူသည်အတိုင်း၊ ငါသည်သွား၍ ဥဖရတ်မြစ်နားမှာ ဝှက်ထား၏။ 6 ထိုနောက်၊ ကာလအင်တန်ကြာပြီးမှ၊ ထာဝရ
ဘုရားက၊ သင်သည် ထ၍ ဥဖရတ်မြစ်သို့ သွားလော့။ ထိုမြစ်နားမှာ ငါ့အမိန့်တော်နှင့် ဝှက်ထားခဲ့ပြီးသော ခါးပန်းကိုထုတ်လော့ဟု
မိန့်တော်မူ၏။ 7 ငါသည်လည်း ဥဖရတ်မြစ်နားသို့ သွားပြီးလျှင်၊ ဝှက်ထားရာ အရပ်၌တူး၍ ခါးပန်းကို ထုတ်သောအခါ၊ ခါးပန်းသည်
ဆွေးမြေ့၍ အသုံးမရဖြစ်၏။ 8 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီ သို့ရောက်၍ မိန့်တော်မူသည်ကား၊ 9 ထိုနည်းတူ၊
ယုဒပြည်၏ ထောင်လွှားခြင်းကို ငါရှုတ်ချမည်။ ယေရုရှလင်မြို့၏ ထောင်လွှားခြင်းကို အလွန်ရှုတ်ချမည်။ 10 ငါ့စကားကို
နားမထောင်၊ မိမိစိတ်နှလုံးခိုင်မာ သော သဘောအတိုင်းကျင့်၍၊ အခြားတပါးသော ဘုရား တို့ကို ဝတ်ပြုကိုးကွယ်ခြင်းငှါ
လိုက်သွားသော ဤလူဆိုး မျိုးသည်၊ အသုံးမရသော ဤခါးပန်းကဲ့သို့ ဖြစ်လိမ့်မည်။ 11 ခါးပန်းသည် လူ၏ခါး၌မှီဝဲသကဲ့သို့၊
ဣသရေလ အမျိုးရှိသမျှတို့နှင့် ယုဒအမျိုးအပေါင်းတို့သည် ငါ၏ လူမျိုး၊ ဘွဲ့နာမ၊ ဘုန်းအသရေဖြစ်စေခြင်းငှါ၊ ငါ၌မှီဝဲ
စေသော်လည်း၊ သူတို့သည်နားမထောင်ကြဟု ထာဝရ ဘုရား မိန့်တော်မူ၏။ 12 တဖန် ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရားက၊ သားရေဘူးရှိသမျှတို့သည် စပျစ်ရည် နှင့် ပြည့်ကြလိမ့်မည်ဟု မိန့်တော်မူကြောင်းကို၊ သင်သည်
သူတို့အားပြောလော့။ သူတို့ကလည်း၊ သားရေဘူး ရှိသမျှ တို့သည် စပျစ်ရည်နှင့်ပြည့်ကြလိမ့်မည်အကြောင်းကို၊ ငါတို့မသိသလောဟု
ပြန်ပြောကြလျှင်၊ 13 သင်ကလည်း၊ ထာဝရဘုရား မိန့်တော်မူသည် ကား၊ ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင်ပေါ်မှာ ထိုင်သော ရှင်ဘုရင်မှစ၍
ယဇ်ပုရောဟိတ်၊ ပရောဖက်၊ ယေရုရှလင် မြို့သားရှိသမျှတို့နှင့် ပြည်သူပြည်သားအပေါင်းတို့ကို ယစ်မူးခြင်းနှင့် ငါပြည့်စေမည်။ 14
ညီအစ်ကိုချင်း၊ သားအဘချင်းတို့ကို ငါ ထိခိုက် စေမည်။ ငါသည် ကရုဏာမရှိ၊ မနှမြော၊ မကယ်မသနား၊ ထိုသူတို့ကို ဖျက်ဆီးမည်ဟု
ထာဝရဘုရားမိန့်တော်မူ၏။ 15 သင်တို့သည် နားထောင်နာယူကြလော့။ ထောင် လွှားသော စိတ်မရှိကြနှင့်။ ထာဝရဘုရား အမိန့်တော်
ရှိ၏။ 16 မိုဃ်းမချုပ်မှီ၊ မိုက်သောတောင်ပေါ်မှာ သင်တို့ သည် ထိခိုက်၍ မလဲမှီ၊ အလင်းကို မြော်လင့်သောအခါ၊ သေမင်းအရိပ်၊
ထူထပ်သော မှောင်မိုက်ကို ဖြစ်စေတော် မမူမှီ၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းကြလော့။ 17
သင်တို့သည် နားမထောင်ဘဲနေလျှင် မူကား၊ သင်တို့ မာနကြောင့်၊ ငါ့စိတ်ဝိညာဉ်သည် မထင်ရှားသော အရပ်၌ ငိုကြွေးမည်။
ထာဝရဘုရား၏ သိုးစုကို သိမ်း သွားသောကြောင့်၊ ငါ့မျက်စိလည်း အလွန် ငို၍ မျက်ရည် ကျမည်။ 18 ကိုယ်ကိုကိုယ်နှိမ့်ချ၍
ထိုင်ကြလော့။ သင်တို့၌ ဘုန်းကြီးသော သရဖူသည် သင်တို့၏ ခေါင်းပေါ်မှ ဆင်းရလိမ့်မည်ဟု၊ ရှင်ဘုရင်နှင့် မိဖုရားတို့အား ပြော
လော့။ 19 တောင်ဘက် မြို့တို့ကို ပိတ်ထား၍ အဘယ် သူမျှ မဖွင့်ရ။ ယုဒပြည်သူပြည်သားအပေါင်းတို့ကို သိမ်းသွားကြပြီ။
အကုန်အစင် သိမ်းသွားကြပြီ။ 20 မြောက်မျက်နှာကလာသော သူတို့ကို မျှော်၍ ကြည့်လော့။ သင့်အား ငါပေးသော သိုးစု၊
လှသောသိုးစု သည် အဘယ်မှာရှိသနည်း။ 21 သင်သည် ဆုံးမတော်မူခြင်းကို ခံရသောအခါ၊ အဘယ်သို့ ပြောလိမ့်မည်နည်း။
သူတို့သည် သင့်ကို အစိုးတရပြုစေခြင်းငှါ၊ သင်သည် ကိုယ်တိုင်အကြံပေးပြီ။ သားဘွားသော မိန်းမခံရသော ဝေဒနာကို သင်ခံရလိမ့်
မည်မဟုတ်လော။ 22 သင်ကလည်း၊ အဘယ်အကြောင်းကြောင့် ဤအမှုရောက်သနည်းဟု စိတ်ထဲ၌ အောက်မေ့လျှင်၊
သင်၏အပြစ်များသောကြောင့်၊ သင့်အဝတ်ကို ချွတ်ရ၏။ ခြေနင်းကိုလည်းမစီးရ။ 23 အဲသယောပိလူသည် မိမိအရေ၏
အဆင်းကိုငင်း၊ ကျားသစ်သည် မိမိအကွက်အကျားတို့ကိုငင်း ပြောင်းလဲနိုင်သလော။ ပြောင်းလဲနိုင်လျှင်၊ ဒုစရိုက်ကို ပြုလေ့ရှိသော
သူတို့သည်၊ သုစရိုက်ကိုပြုခြင်းငှါ တတ်နိုင် ကြလိမ့်မည်။ 24 ထိုကြောင့်၊ ဖွဲ့ကို လေပြင်းတိုက် လွှင့်သကဲ့သို့၊ ထိုသူတို့ကို
ငါလွှင့်စေမည်။ 25 သင်သည်ငါ့ကို မေ့လျော့၍၊ မုသာ၌ မှီဝဲ ဆည်းကပ်သောကြောင့်၊ သင့်အဘို့ ငါတိုင်းထွာ၍ ပေး လတ့်သော
အငန်းအတာကား ဤသို့တည်း။ 26 ထိုသို့နှင့်အညီ သင်ရှက်စရာအကြောင်းကို ထင်ရှားစေခြင်းငှါ၊ သင်၏ အဝတ်ကို ငါဖွင့်လှစ်၍
ပြမည်။ 27 သင်၏ မျောက်မထားခြင်း၊ ဟီမြည်ခြင်း၊ မတရားသော မေထုန် ၏ညစ်ညူးခြင်း၊ တောင်ပေါ်၌ငင်း၊
လယ်ပြင်၌ငင်းပြုသော စက်ဆုပ်ရွံရှာဘွယ်တို့ကို ငါ သိမြင်၏။ အိုယေရုရှလင်မြို့၊ သင်သည် အမင်္ဂလာရှိ၏။ သန့်ရှင်းခြင်းသို့
မရောက်ဘဲ အဘယ်မျှကာလပတ်လုံး နေလိမ့်မည်နည်းဟု ထာဝရဘုရား မိန့်တော်မူ၏။

## Chapter 14

[1] မိုဃ်းပြတ်သောအမှုကို ရည်မှတ်၍၊ ယေရမိသို့ ရောက်သော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူ မူကား၊ [2] ယုဒပြည်သည်
ညည်းတွား၏။ မြို့တံခါးတို့၌ မြည်တမ်းသော အသံရှိ၏။ နက်သောအဝတ်ကို မြေ တိုင်အောင်ဝတ်၍၊ ယေရုရှလင်မြို့သားတို့၏
ငိုကြွေး ခြင်း အသံသည် တက်လေ၏။ [3] မှူးမတ်တို့သည် မိမိသူငယ်တို့ကို ရေခပ် စေလွှတ်၍၊ သူငယ်တို့သည် ရေကျင်းသို့ရောက်သော
အခါ၊ ရေကိုမတွေ့။ အိုးသက်သက်ကိုသာ ဆောင်ခဲ့လျက် ပြန်လာကြ၏။ ဦးခေါင်းကို ခြုံလျက်ရှက်ကြောက်မှိုင် တွေကြ၏။ [4]
မိုဃ်းပြတ်၍ မြေအက်ကွဲသောကြောင့်၊ လယ် လုပ်သော သူတို့သည် ဦးခေါင်းကိုခြုံလျက် ရှက်ကြောက် ကြ၏။ [5] သမင်မသည်
လယ်ပြင်၌ မွေးသောအခါ မြက် မရှိသောကြောင့်၊ သားငယ်ကို စွန့်ပစ်၏။ [6] မြည်းရိုင်းတို့သည် မြင့်သောအရပ်ပေါ်မှာ ရပ်လျက်
မြေခွေးကဲ့သို့ လေကိုရှူကြ၏။ မြက်မရှိသော ကြောင့်၊ သူတို့ မျက်စိပျက်လေ၏။ [7] အိုထာဝရဘုရား၊ အကျွန်ုပ်တို့၏ အပြစ်သည်
အကျွန်ုပ်တို့တဘက်၌ သက်သေခံသော်လည်း၊ နာမတော် ကို ထောက်၍စီရင်တော်မူပါ။ အကျွန်ုပ်တို့သည် ကြိမ်ဖန်များစွာ
ဖောက်ပြန်ပါပြီ။ ကိုယ်တော်ကို ပြစ်မှား ပါပြီ။ [8] အို ဣသရေလအမျိုး၏ မျှော်လင့်စရာ အကြောင်း၊ အမှုရောက်သော ကာလ
ကယ်တင်တော်မူ သော သခင်၊ ကိုယ်တော်သည် အကျွန်ုပ်တို့ ပြည်၌ ဧည့်သည်ကဲ့သို့၎င်း၊ တညဉ့်သာ အိပ်ခြင်းငှါ ဝင်သော
ခရီးသွားကဲ့သို့၎င်း၊ အဘယ်ကြောင့်ဖြစ်တော်မူသနည်း။ [9] မိန်းမောတွေဝေသော သူကဲ့သို့၎င်း၊ ကယ်တင် ခြင်းငှါမတတ်နိုင်သော
သူရဲကဲ့သို့၎င်း၊ အဘယ်ကြောင့် ဖြစ်တော်မူသနည်း။ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့တွင် ရှိတော်မူ၏။
အကျွန်ုပ်တို့သည် နာမတော်ဖြင့် သမုတ်သောသူဖြစ်ပါ၏။ အကျွန်ုပ်တို့ကို စွန့်ပစ်တော်မမူပါနှင့်။ [10] ဤလူမျိုးကို ရည်မှတ်၍
ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤလူတို့သည် လှည့်လည်ခြင်းငှါ အလွန်အလိုရှိကြ၏။ မိမိတို့ခြေကို မချုပ်တည်းကြ။
ထိုကြောင့်၊ ထာဝရဘုရားနှစ်သက်တော်မမူ။ သူတို့ ပြုသော ဒုစရိုက်ကို အောက်မေ့၍၊ သူတို့အပြစ်များ ကြောင့် စစ်ကြောတော်မူမည်။
[11] ထာဝရဘုရားသည် ငါ့အား မိန့်တော်မူသည် ကား၊ ဤလူမျိုးအဘို့ မေတ္တာပို့၍ ဆုမတောင်းနှင့်။ [12] သူတို့သည်
အစာရှောင်ခြင်းအကျင့်ကို ကျင့် သောအခါ၊ သူတို့ အော်ဟစ်သံကို ငါနားမထောင်။ မီးရှို့ ရာယဇ်ကိုသော်၎င်း၊
ပူဇော်သက္ကာကိုသော်၎င်း၊ ဆက်ကပ် သောအခါ ငါလက်မခံ။ ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလနာဘေးဖြင့်၊ သူတို့ကို
ငါဆုံးစေမည်ဟု မိန့်တော် မူလျှင်၊ [13] ငါကလည်း၊ အိုအရှင်ထာဝရဘုရား၊ ပရောဖက် တို့က၊ သင်တို့သည် ထားဘေးကို မတွေ့ရကြ။
မွတ်သိပ် ခြင်းဘေးသည် သင်တို့ရှိရာသို့ မရောက်ရ။ ဤအရပ်၌ မြဲသော ငြိမ်သက်ခြင်းကို ငါပေးမည်ဟု၊ ဤသူတို့
အားဟောပြောကြောင်းကို ငါလျှောက်သောအခါ၊ [14] ထာဝရဘုရားက၊ ထိုပရောဖက်တို့သည် ငါ၏ နာမကိုအမှီပြု၍ မုသာကို
ဟောတတ်ကြ၏။ သူတို့ကို ငါမစေလွှတ်၊ မမှာထား၊ ဗျာဒိတ်မပေး။ သူတို့ ဟောပြော ချက်တို့သည် မျက်စိကို လှည့်ခြင်း၊ နတ်ပူးခြင်း၊
အချည်း နှီးကြံစည်ခြင်း၊ မိမိဉာဏ်အတိုင်း လှည့်စားခြင်း သက်သက်ဖြစ်ကြ၏။ [15] ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤပြည်၌
ထားဘေး၊ မွတ်သိပ်ခြင်း ဘေးမရှိရဟု၊ ငါမစေလွှတ်ဘဲ၊ ငါ့နာမကို အမှီပြု၍၊ ကိုယ်အလိုအလျောက် ဟောပြော သော
ပရောဖက်တို့သည် ထားဘေး၊ မွတ်သိပ်ခြင်း ဘေးဖြင့် ဆုံးရကြလိမ့်မည်။ [16] သူတို့၏ တရားနာပရိသတ်တို့သည် ကိုယ်တိုင်မှ စ၍၊
မယား သားသမီးတို့နှင့်တကွ မွတ်သိပ်ခြင်းဘေး၊ ထားဘေးကြောင့်၊ ယေရုရှလင်မြို့လမ်းထဲသို့ ပစ်ချခြင်းကို ခံရ၍၊ အဘယ်သူမျှ
မသင်္ဂြိုဟ်ရ။ သူတို့၏အပြစ်ကို သူတို့ အပေါ်သို့ ငါသွန်းလောင်းမည်။ [17] သင်သည်လည်း သူတို့အား ပြောရမည့်စကား ဟူမူကား၊
ငါသည် နေ့ညဉ့်မပြတ် မျက်ရည်ကျရမည်။ ငါ၏လူမျိုးသတို့သမီးသည် အလွန်ပြင်းစွာသော ဒဏ် ချက်ကို ခံရ၍
အရိုးများကျိုးလေပြီ။ [18] ငါသည်မြို့ပြင်သို့သွားသောအခါ၊ သတ်သော အသေကောင်များကို တွေ့ရ၏။ မြို့ထဲသို့ဝင်သောအခါ၊
ငတ်မွတ်၍ နာကျင်စွာခံရသော သူများကိုလည်း တွေ့ရ ၏။ ပရောဖက်နှင့် ယဇ်ပုရောဟိတ်တို့သည် အဘယ်အမှု ကိုမျှမသိဘဲ
အရပ်ရပ်လှည့်လည်ကြ၏။ [19] ကိုယ်တော်သည် ယုဒပြည်ကို အကုန်အစင် ပယ်တော်မူသလော။ ဇိအုန်မြို့ကို
စက်ဆုပ်ရွံရှာတော်မူသလော။ ချမ်းသာမရအောင် အကျွန်ုပ်တို့ကို အဘယ်ကြောင့် ဒဏ်ခတ်တော်မူသနည်း။ အကျွန်ုပ်တို့ သည်
ငြိမ်သက်ခြင်းကို မျှော်လင့်သော်လည်း၊ ကောင်းကျိုး ကို မရကြပါ။ ချမ်းသာကို မျှော်လင့်သော်လည်း၊ ဘေးနှင့် သာ တွေ့ရကြပါ၏။
[20] အို ထာဝရဘုရား၊ အကျွန်ုပ်တို့သည် ကိုယ် ဒုစရိုက်များနှင့် ဘိုးဘေးတို့၏ အပြစ်များကို ဝန်ချပါ၏။ ကိုယ်တော်ကို ပြစ်မှားပါပြီ။ [21]
ကိုယ်တော်၏နာမကြောင့်၊ အကျွန်ုပ်တို့ကို စက်ဆုပ်ရွံရှာတော်မမူပါနှင့်။ ဘုန်းတော်ပလ္လင်၏ အသရေကို ရှုတ်ချတော်မမူပါနှင့်။
အောက်မေ့တော်မူပါ။ အကျွန်ုပ်တို့နှင့်ဖွဲ့သော ပဋိညာဉ်တော်ကို ဖျက်တော် မမူပါနှင့်။ [22] သာသနာပလူတို့ ကိုးကွယ်သော ရုပ်တု
ဆင်းတု တို့တွင်၊ မိုဃ်းရွာစေနိုင်သော သူရှိပါသလော။ မိုဃ်းသည် အလိုလို ရွာနိုင်ပါသလော။ အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရား၊
ကိုယ်တော်သာလျှင် တတ်နိုင်တော်မူသည် မဟုတ်လော။ သို့ဖြစ်၍၊ ကိုယ်တော်ကို မျှော်လင့်လျက်နေ ပါမည်။ ကိုယ်တော်သည်
အလုံးစုံတို့ကို ဖန်ဆင်းသော ဘုရားဖြစ်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 15

1 တဖန်ထာဝရဘုရားသည် ငါ့အားမိန့်တော်မူ သည်ကား၊ မောရှေနှင့်ရှမွေလသည် ငါ့ရှေ့မှာ ဆုတောင်း သော်လည်း၊ ဤလူမျိုးကို
ငါမသနား။ ငါ့ထံမှ ထွက်သွား စေခြင်းငှါ နှင်ထုတ်လော့။ 2 အကျွန်ုပ်တို့သည် အဘယ်အရပ်သို့ ထွက်သွားရ ပါမည်နည်းဟု
မေးမြန်းလျှင်၊ သင်ကလည်း၊ သေတန် သော သူတို့သည် သေခြင်းသို့၎င်း၊ ကွပ်မျက်တန်သော သူတို့သည် ကွပ်မျက်ခြင်းသို့၎င်း၊
ငတ်မွတ်တန်သော သူတို့သည် ငတ်မွတ်ခြင်းသို့၎င်း၊ သိမ်းသွားချုပ်ထားတန် သော သူတို့သည် သိမ်းသွားချုပ်ထားခြင်းသို့၎င်း ထွက်
သွားကြဟု ထာဝရဘုရား မိန့်တော်မူကြောင်းကို သူတို့ အား ဆင့်ဆိုလော့။ 3 သူတို့ကို သတ်ရသောထား၊ ဆွဲဖြတ်ရသောခွေး၊
ကိုက်စားရသော မိုဃ်းကောင်းကင်ငှက်နှင့် သားရဲတည်း ဟူသော ရန်သူလေးမျိုးကို သူတို့တဘက်၌ ငါခန့်ထား မည်။ 4
ယုဒရှင်ဘုရင်ဟေဇကိသား မနာရှေမင်းသည် ယေရုရှလင်မြို့၌ ပြုသောအမှုကြောင့်၊ ထိုသူတို့ကို မြေကြီး ပေါ်မှာ
အတိုင်းတိုင်းအပြည်ပြည်တို့၌ အနှောင့်အရှက် ကို ခံစေမည်။ 5 အို ယေရုရှလင်မြို့၊ သင့်ကို အဘယ်သူသနား လိမ့်မည်နည်း။
သင်နှင့်အတူ အဘယ်သူ ညည်းတွားလိမ့် မည်နည်း။ သင့်ကိုကျန်းမာ၏လောဟု မေးအံ့သောငှါ၊ အဘယ်သူ လမ်းလွှဲလိမ့်မည်နည်း။ 6
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ငါ့ကို စွန့်ပစ်၍ ဆုတ်သွားပြီ။ ထိုကြောင့်၊ ငါသည် လက်ကို ဆန့်၍ သင့်ကို
ဖျက်ဆီးမည်။ ငါသည် နောင်တရ၍ ငြီးငွေ့ပြီ။ 7 ပြည်တံခါးဝ၌ သူတို့ကို စံကောနှင့်ငါလှေ့မည်။ သူတို့သားသမီးများကို ငါရှုံးစေမည်။
ငါ၏ လူမျိုးသည် မိမိလိုက်သွားသော လမ်းမှမပြန်လာသောကြောင့်၊ သူတို့ ကို ငါဖျက်ဆီးမည်။ 8 သူတို့မုတ်ဆိုးမတို့သည်
သမုဒ္ဒရာသဲလုံးနှင့် အမျှမက၊ ငါ့ရှေ့မှာ များပြားကြလိမ့်မည်။ မွန်းတည့် အချိန်၌ အမိကို တိုက်ဖျက်သော လုလင်ကို ငါခေါ်ခဲ့၍၊
ကြောက်မက်ဘွယ်သော လုပ်ကြံခြင်းကို ချက်ခြင်း ဖြစ်စေမည်။ 9 သားခုနစ်ယောက်ကို ဘွားမြင်သော မိန်းမ သည် အားလျော့၍
အသက်ချုပ်လေ၏။ ညအချိန် မရောက်မှီ သူ၏နေဝင်လေ၏။ သူသည် ရှက်ကြောက် မှိုင်တွေလျက်နေရ၏။ ကျန်ကြွင်းသော
သူတို့ကိုလည်း၊ ရန်သူတို့ရှေ့မှာ၊ ထား၌ ငါအပ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 10 အို မိခင်၊ ငါ၌ အမင်္ဂလာရှိ၏။ မိခင်သည်
တပြည်လုံးရန်တွေ့ သောသူ၊ ငြင်းဆန်သောသူဖြစ်သော ငါ့ကို ဘွားမြင်ပါပြီ။ ငါသည် သူတပါး ကိုအတိုးနှင့်မချေး။
သူတပါးသည်လည်း ငါ့ကိုအတိုးနှင့်မချေး။ သို့သော် လည်း၊ လူခပ်သိမ်းတို့သည် ငါ့ကိုကျိန်ဆဲ တတ်ကြ၏။ 11 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ အကယ် စင်စစ်သင့်ကို ငါချမ်းသာပေးမည်။ အမှုရောက်သော ကာလ၊ ညှဉ်းဆဲခြင်းကို ခံရသော ကာလ၌၊
ရန်သူသည် သင့်ထံမှာ တောင်ပန်းမည်အကြောင်း၊ အကယ်စင်စစ် ငါစီရင်မည်။ 12 သံချင်းတိုက်သောအခါ မြောက်ပြည်သံကို၎င်း၊
သံမဏိကို၎င်း ချိုးနိုင်သလော။ 13 သင်၏ပြည်တရှောက်လုံး၌ သင်ပြုသော အပြစ် များကြောင့်၊ သင်၏ဥစ္စာဘဏ္ဍာကို အဘိုးမခံဘဲ
လုယူ သော သူတို့လက်သို့ ငါပေးမည်။ 14 သင်မသိသောပြည်သို့ ရန်သူနှင့်အတူ သင့်ကို ငါသွားစေမည်။ သင်တို့ကို
လောင်သောမီးသည် ငါ့ အမျက်အားဖြင့် ရှို့လျက်ရှိ၏။ 15 အို ထာဝရဘုရား၊ ကိုယ်တော်သည် သိတော် မူ၏။ အကျွန်ုပ်ကို
အောက်မေ့လျက် အကြည့်အရှု ကြွလာ၍၊ အကျွန်ုပ်ကို ညှဉ်းဆဲသောသူတို့ကို တရားသဖြင့် ပေးတော်မူပါ။ သူတို့ကိုသည်းခံ၍၊
အကျွန်ုပ်ကို သုတ်သင်ပယ်ရှင်းတော်မမူပါနှင့်။ အကျွန်ုပ်သည် ကိုယ်တော်အတွက် ကဲ့ရဲ့ခြင်း ခံရကြောင်း ကို အောက်မေ့တော်မူပါ။ 16
ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ်တော် စကားကို ခံယူပါပြီ။
နှုတ်ကပတ်တော်သည် အကျွန်ုပ် ဝမ်းမြောက်ရွှင်လန်းစရာအကြောင်း ဖြစ်ပါ၏။ နာမ တော်ဖြင့် အကျွန်ုပ်ကိုခေါ်ဝေါ်ပါ၏။ 17
ပွဲခံသောသူအစည်းအဝေး၌ အကျွန်ုပ်မထိုင်ပါ။ ပျော်ရွှင်ခြင်းအမှုကို မပြုပါ။ လက်တင်တော်မူသော ကြောင့်၊ တယောက်တည်း
ထိုင်ပါပြီ။ အကျွန်ုပ်ကို ဒေါသ အမျက်နှင့် ပြည့်စေတော်မူပြီ။ 18 အကျွန်ုပ်ခံရသော ဝေဒနာသည် အဘယ် ကြောင့် မြဲပါသနည်း။
မပျောက်လို၊ မပျောက်နိုင်သော အနာကို အဘယ်ကြောင့် ခံရပါသနည်း။ အကယ်စင်စစ် ကိုယ်တော်သည် ပျောက်တတ်၍၊
လှည့်စားသောရေကဲ့သို့ အကျွန်ုပ်၌ ဖြစ်တော်မူပါပြီတကား။ 19 ထိုကြောင့်၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည်
ပြန်လာလျှင်၊ သင့်ကိုငါဆောင်ခဲ့၍၊ သင်သည် ငါ၏အမှုကို ထမ်းရလိမ့်မည်။ သင်သည် မြတ်သောအရာ နှင့် ယုတ်သောအရာတို့ကို
ပိုင်းခြားခဲ့ထားလျှင်၊ ငါ့နှုတ် ကဲ့သို့ ဖြစ်ရလိမ့်မည်။ သူတို့သည် သင့်ထံသို့ ပြန်လာကြ လိမ့်မည်။ သင်သည် သူတို့ရှိရာသို့ ပြန်၍
မသွားရ။ 20 ငါသည်လည်း သင့်ကို ဤလူမျိုးတဘက်၌ ခိုင်ခံ့ သော ကြေးဝါမြို့ရိုးဖြစ်စေမည်။ သူတို့သည် သင့်ကို တိုက်၍
မနိုင်ရကြ။ ငါသည် သင့်ကို နှုတ်ယူကယ်တင် ခြင်းငှါ သင့်ဘက်၌နေမည်။ 21 လူဆိုးလက်မှ သင့်ကို ငါနှုတ်၍၊ ကြောက်မက်
ဖွယ်သော သူတို့လက်မှ ရွေးယူမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 16

1 တဖန်ငါ့ဆီသို့ရောက်သော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ 2 သင်သည် ဤအရပ်၌ စုံဘက်ခြင်းကို မပြုရ။
သားသမီးကို မဘွားမမြင်ရ။ 3 ဤအရပ်၌ ဘွားမြင်သော သားသမီးများကိုငင်း၊ သူတို့မိဘများကိုငင်း၊ ထာဝရဘုရားရည်မှတ်၍
မိန့်တော်မူသည်ကား၊ 4 ထိုသူတို့သည် ဆိုးသော သေခြင်းဖြင့် သေရကြ လိမ့်မည်။ သူတို့ ကိုမြည်တမ်း၍ မသင်္ဂြိုဟ်ရ။ မြေပေါ်မှာ
မစင်ကဲ့သို့ ဖြစ်ကြလိမ့်မည်။ သူတို့သည် ထားဘေးနှင့် မွတ်သိပ်ခြင်းဘေးဖြင့် ဆုံးခြင်းသို့ရောက်၍၊ အသေ ကောင်တို့သည်
မိုဃ်းကောင်းကင်ငှက်နှင့် တောသားရဲ စားစရာဘို့ ဖြစ်ကြလိမ့်မည်။ 5 ထာဝရဘုရား မိန့်တော်မူသည်ကား၊ မသာအိမ် သို့ မဝင်နှင့်။
သေသောသူတို့အတွက် ငိုကြွေးမြည်တမ်း ခြင်းငှါ မသွားနှင့်။ ငါ၏ ငြိမ်သက်ခြင်းတည်းဟူသော မေတ္တာကရုဏာကို ဤလူမျိုးမှ
ငါပယ်ရှင်းပြီဟု မိန့်တော် မူ၏။ 6 ပြည်သူပြည်သား အကြီးအငယ်တို့သည် သေရ ကြလိမ့်မည်။ သို့သော်လည်း၊ မသင်္ဂြိုဟ်ရ။
သူတို့အတွက် မြည်တမ်းခြင်းကိုမပြုရ။ ကိုယ်ကို ကိုယ်ရှနခြင်း၊ ဆံပင် ရိတ်ခြင်းကိုလည်း မပြုရ။ 7 သေသောသူတို့အတွက် စိတ်မသာ
ညဦးတွား သော သူတို့ကို နှစ်သိမ့်စေခြင်းငှါ၊ မသာပွဲကို မလုပ်ရ။ မိဘသေသော်လည်း၊ နှစ်သိမ့်စေသော ခွက်ဖလားကို မပေးရ။ 8
ထိုနည်းတူ၊ စားသောက်ပွဲခံရာ အိမ်သို့မဝင်နှင့်။ သူတို့နှင့် ပေါင်းဘော်၍ မစားမသောက်နှင့်။ 9 ဣသရေလအမျိုး၏ ဘုရားသခင်၊
ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤအရပ်၌ ဝမ်းမြောက်သောအသံ၊ ရွှင်လန်းသောအသံ၊
မင်္ဂလာဆောင် သတို့သားအသံ၊ မင်္ဂလာဆောင် သတို့ သမီးအသံကို သင်တို့လက်ထက်၊ သင်တို့မျက်မှောက်တွင် ငါစဲစေမည်။ 10
သင်သည် ဤစကားအလုံးစုံတို့ကို ဤလူမျိုးအား ကြားပြော၍ သူတို့ကလည်း၊ ထာဝရဘုရားသည် ဤမျှ လောက်ကြီးစွာသော
ဘေးဒဏ်ကို ငါတို့အား အဘယ် ကြောင့် စီရင်တော်မူသနည်း။ ငါတို့ပြုသော ဒုစရိုက်ကား၊ အဘယ်သို့နည်း။ ငါတို့ဘုရားသခင်
ထာဝရဘုရားကို ငါတို့ပြစ်မှားသော အပြစ်ကား၊ အဘယ်သို့နည်းဟု မေးကြသောအခါ၊ 11 သင်သည် ထာဝရဘုရား၏ အမိန့်တော်ကို
ဆင့်ဆိုရမည်မှာ၊ သင်တို့၏ ဘိုးဘေးတို့သည် ငါ့ကိုစွန့်၍၊ အခြားတပါးသော ဘုရားနောက်သို့ လိုက်လျက်၊ ဝတ်ပြု ကိုးကွယ်သဖြင့်
ငါ့ကိုစွန့်ပစ်၍၊ ငါ့တရားကို မစောင့် သောကြောင့်ငင်း၊ 12 ဘိုးဘေးကျင့်သော အကျင့်ထက်၊ သင်တို့သည် သာ၍ဆိုးသော အကျင့်ကို
ကျင့်သဖြင့်၊ ငါ့စကားကို နား မထောင်၊ မိမိတို့ဆိုးသောစိတ်နှလုံး၊ ခိုင်မာသော သဘော သို့ လိုက်သောကြောင့်ငင်း၊ 13 သင်တို့နှင့်
သင်တို့၏ ဘိုးဘေးမသိသောပြည်သို့ ဤပြည်ထဲက သင်တို့ကို ငါနှင်လိုက်မည်။ ထိုပြည်၌ သင်တို့သည် ငါ၏ကျေးဇူးကိုမခံရ။
အခြားတပါးသော ဘုရားတို့ကို နေ့ညဉ့်မပြတ် ဝတ်ပြုရကြမည်။ 14 သို့ဖြစ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလ
အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင် သော ထာဝရဘုရား အသက်ရှင်တော်မူသည်ဟူ၍ မကျိန်ဆိုဘဲ၊ 15
ဣသရေလအမျိုးသားတို့ကို မြောက်ပြည်မှစ၍၊ နှင်ထုတ်ဘူးသော ပြည်ရှိသမျှတို့မှ နှုတ်ဆောင်သော ထာဝရဘုရား
အသက်ရှင်တော်မူသည်ဟူ၍ ကျိန်ဆိုရ သော ကာလသည် နောက်တဖန် ရောက်လိမ့်မည်။ သူတို့ ဘိုးဘေးတို့အား ငါပေးသောပြည်သို့
သူတို့ကို တဖန် ငါဆောင်ခဲ့ဦးမည်။ 16 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် တံငါအများတို့ကို စေလွှတ်၍၊
ဤလူမျိုးကိုမျှားစေမည်။ ထိုနောက်၊ မုဆိုးအများတို့ကို စေလွှတ်၍၊ ခပ်သိမ်းသော တောင်ကြီး တောင်ငယ်၊ ချောက်ကြားတို့၌
ရှာစေမည်။ 17 သူတို့သွားသမျှသော လမ်းတို့ကို ငါသည် ကြည့်ရှုလျက်နေ၏။ သူတို့သည် ငါ့မျက်ကွယ်၌ သွားကြ သည်မဟုတ်။
သူတို့၏ ဒုစရိုက်ကို ငါ့ရှေ့မှာ ဝှက်၍ မထားနိုင်။ 18 သူတို့သည် ငါ့ပြည်ကို ညစ်ညူးစေ၍၊ ငါအမွေခံ သော မြေကို သူတို့သည်
စက်ဆုပ်ရွံရှာဘွယ်သော အသေကောင်တို့နှင့် ပြည့်စေသောကြောင့်၊ သူတို့၌ နှစ်ဆ သော အပြစ်ဒဏ်ကို ငါပေးမည်။ 19 အကျွန်ုပ်
အစွမ်းသတ္တိ၊ အကျွန်ုပ်ရဲတိုက်၊ အမှု ရောက်သောနေ့၌ အကျွန်ုပ်ခိုလှုံရာဖြစ်တော်မူသော ထာဝရဘုရား၊ တပါးအမျိုးသားတို့က၊
အကယ်စင်စစ် အကျွန်ုပ်တို့ ဘိုးဘေးတို့သည် မုသာ၊ အနတ္တ၊ အချည်းနှီးသော အရာ တို့ကို အမွေခံကြပါပြီဟု၊ မြေကြီးစွန်းမှ
ကိုယ်တော်ထံသို့ လာ၍ လျှောက်ကြပါလိမ့်မည်။ 20 လူသည် ဘုရားမဟုတ်သော ဘုရားတို့ကို ကိုယ်အဘို့ လုပ်ရမည်လော။ 21
သို့ဖြစ်၍၊ ငါသည်ယခုအခါ သူတို့ကိုသတိပေး၍၊ ငါ့လက်နှင့် ငါ့တန်ခိုးကို ဘော်ပြသောအားဖြင့်၊ ငါ့နာမ
သည်ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 17

1 ယုဒအမျိုး၏ အပြစ်သည် သံကညစ်၊ စိန်ချွန်နှင့် သူတို့နှလုံးပြား၌၎င်း၊ ယဇ်ပလ္လင် ဦးချို၌၎င်း အက္ခရာ တင်၍ မှတ်သားလျက်ရှိ၏။
2 သူငယ်တို့ပင် မြင့်သောတောင်ပေါ်၊ စိမ်းသော သစ်ပင်နားမှာရှိသော ယဇ်ပလ္လင်များ၊ အာရှရပင်များကို အောက်မေ့တတ်ကြ၏။ 3
အချင်းငါ၏တောင်၊ လယ်၌ရှိသော သင်၏ဥစ္စာ နှင့်သိုထားသမျှသော ဥစ္စာကို၎င်း၊ ပြည်တရှောက်လုံး၌ သင်ပြစ်မှားရာ၊
မြင့်သောအရပ်တို့ကို၎င်း၊ လုယူသော သူတို့လက်သို့ ငါအပ်မည်။ 4 သင့်ကိုယ်တိုင်လည်း ငါပေးသောအမွေမှ ရွေ့ သွားရလိမ့်မည်။
သင်မသိသော ပြည်တွင်၊ ရန်သူလက်၌ သင့်ကို ငါကျွန်ခံစေမည်။ အကြောင်းမူကား၊ အစဉ် အလာသောငါ၏ အမျက်မီးကို
သင်တို့သည် မွေးကြပြီ။ 5 ထာဝရဘုရား မိန့်တော်မူသည်ကား၊ လူကို ကိုးစား၍ လူသတ္တဝါကို အမှီပြုသဖြင့်၊ စိတ်နှလုံးထဲ၌
ထာဝရဘုရားထံတော်မှ ထွက်သွားသော သူသည် ကျိန်အပ်သောသူဖြစ်၏။ 6 ထိုသူသည် လွင်ပြင်၌ရှိသော သစ်ပင်ခြောက်
ကဲ့သို့ဖြစ်၍၊ ကောင်းကျိုးရောက်ကြောင်းကို မသိရ။ အဘယ်သူမျှမနေသော ဆားမြေ၊ သွေ့ခြောက်သော လွင်ပြင်၌ နေရလိမ့်မည်။ 7
ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရ ဘုရားကို မိမိကိုးစားရာ အကြောင်းဖြစ် စေသော သူသည် ကောင်းကြီးမင်္ဂလာကို
ခံအပ်သော သူဖြစ်၏။ 8 ထိုသူသည်ကား၊ ရေရှိသော အရပ်၌စိုက်၍ မြစ်နားမှာ အမြစ်ဖြာသဖြင့်၊ ပူသောအရှိန် ရောက် ကြောင်းကို
မသိ၊ အရွက်မညှိုးနွမ်း၊ မိုဃ်းခေါင်သော ကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကို သီးတတ် သော အပင်နှင့်အတူ၏။ 9
စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကို
အဘယ်သူသိနိုင်သနည်း။ 10 ငါထာဝရဘုရားသည် လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်း၊ မိမိတို့ခံထိုက်သော အကျိုးအပြစ်
ကို ပေးခြင်းငှါ၊ နှလုံးကျောက်ကပ်တို့ကို စေ့စေ့စစ်ကြော တတ်၏။ 11 ကောရဌာက်သည် မိမိမဥသော ဥကို ဝပ်သကဲ့ သို့၊
မတရားသဖြင့် ဥစ္စာဆည်းဖူးသော သူသည် အသက် ပျိုစဉ်ကပင်၊ ဆင်းရဲခြင်းသို့ ရောက်၍ အဆုံး၌ကား၊ လူမိုက်ဖြစ်လိမ့်မည်။ 12
ရှေ့ဦးစွာမှစ၍ မြင့်သော အရပ်၌ ဘုန်းကြီး တော်မူသော ရာဇပလ္လင်သည် ငါတို့သန့်ရှင်းရာ ဌာန တော် အရပ်ဖြစ်၏။ 13
အိုဣသရေလအမျိုး၏ မျှော်လင့်စရာ အကြောင်းဖြစ်သော ထာဝရဘုရား၊ ကိုယ်တော်ကို စွန့်ပစ်သော သူအပေါင်းတို့သည် အရှက်ကွဲ
ရကြပါလိမ့် မည်။ ငါ့ထံမှ ထွက်သွားသော သူတို့သည် မြေစာရင်းသို့ ဝင်ရကြပါလိမ့်မည်။ အကြောင်းမူကား၊ အသက်စမ်းရေ
တွင်းတည်းဟူသော ထာဝရဘုရားကို စွန့်ပစ်ကြ သတည်း။ 14 အို ထာဝရဘုရား၊ အကျွန်ုပ်၏ အနာကို ငြိမ်း စေတော်မူပါ။ သို့ပြုလျှင်၊
အကျွန်ုပ်သည် အနာငြိမ်းပါလိမ့် မည်။ အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ သို့ပြုလျှင်၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့
ရောက်ပါလိမ့်မည်။ ကိုယ်တော်သည် အကျွန်ုပ် ချီးမွမ်းရာဖြစ်တော်မူ၏။ 15 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
အဘယ်မှာရှိသနည်း။ ယခုလာပါစေတော့ဟု ဤသူတို့ သည် အကျွန်ုပ်အား ဆိုတတ်ကြပါ၏။ 16 အကျွန်ုပ်သည် နောက်တော်သို့
လိုက်သော ဆရာ၏အရာကို မရှောင်ပါ။ အမင်္ဂလာနေ့ကို မတောင့် တပါ။ အကျွန်ုပ်ဟောပြောချက်ကို ကိုယ်တော်သိတော် မူ၏။
ကိုယ်တော်မျက်မှောက်၌ ရှိပါ၏။ 17 အကျွန်ုပ်ကို ထိတ်လန့်စေတော်မမူပါနှင့်။ ဘေး ရောက်သော ကာလ၌ ကိုယ်တော်သည်
အကျွန်ုပ်ခိုလှုံရာ ဖြစ်တော်မူ၏။ 18 အကျွန်ုပ်ကို ညှဉ်းဆဲသောသူတို့သည် အရှက်ကွဲ ကြပါစေသော။ အကျွန်ုပ်မူကား၊
အရှက်မကွဲပါစေနှင့်။ သူတို့သည် စိတ်ပျက်ကြပါစေသော။ အကျွန်ုပ်မူကား၊ စိတ်မပျက်ပါစေနှင့်။ သူတို့အပေါ်မှာ ဘေးအန္တရာယ်
ကာလကို ရောက်စေတော်မူပါ။ အထပ်ထပ်ဖျက်ဆီးတော် မူပါ။ 19 ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည် ကား၊ ယုဒရှင်ဘုရင်
ထွက်ဝင်သော အမျိုးသားချင်း မြို့တံခါးမှစ၍၊ ခပ်သိမ်းသော ယေရုရှလင် မြို့တံခါးဝ၌ သွား၍ရပ်လျက်၊ 20 လူများတို့အား
ပြောဆိုရမည်မှာ၊ ဤတံခါးတို့ဖြင့် ထွက်ဝင်သော ယုဒရှင်ဘုရင်များနှင့် ယုဒပြည်သူ ယေရု ရှလင်မြို့သားများအပေါင်းတို့၊
ထာဝရဘုရား၏ နှုတ် ကပတ်တော်ကို နားထောင်ကြလော့။ 21 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဥပုသ်နေ့၌ ဝန်ကိုမထမ်းမရွက်၊
ယေရုရှလင်မြို့တံခါးဖြင့် မဆောင် မသွင်းမည်အကြောင်း၊ သတိပြုကြလော့။ 22 ဥပုသ်နေ့၌ သင်တို့အိမ်ထဲက ဝန်ကို မထုတ်
မဆောင်ကြနှင့်။ အဘယ်အလုပ်ကိုမျှ မလုပ်ကြနှင့်။ သင်တို့ဘိုးဘေးများကို ငါမှာထားသည်အတိုင်း၊ ဥပုသ်နေ့ ကို
သန့်ရှင်းစေကြလော့။ 23 ဘိုးဘေးတို့သည် နားမထောင်၊ နားကိုမလှည့်ဘဲ နေကြ၏။ နားမကြား၊ ဆုံးမခြင်းကို မခံမည်အကြောင်း၊
မိမိတို့လည်ပင်းကို ခိုင်မာစေကြ၏။ 24 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ သည် ဥပုသ်နေ့၌ ဤမြို့တံခါးဖြင့် ဝန်ကို
မသွင်းမဆောင်၊ အဘယ်အလုပ်ကိုမျှမလုပ်၊ ဥပုသ်နေ့ကို သန့်ရှင်းစေသည် တိုင်အောင်၊ ငါ့စကားကို စေ့စေ့နားထောင်လျှင်၊ 25
ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင်ပေါ်မှာ ထိုင်သော ရထားစီး၊ မြင်းစီးရှင်ဘုရင်၊ မင်းသားမှစ၍ သူတို့မှူးမတ်၊ ယုဒပြည်သူ၊
ယေရုရှလင်မြို့သားတို့သည် ဤမြို့တံခါးများ သို့ ဝင်လျက်ရှိကြလိမ့်မည်။ ဤမြို့သည်လည်း အစဉ်အမြဲ တည်လိမ့်မည်။ 26
မီးရှို့ရာယဇ်မှစ၍ အခြားသော ယဇ်များ၊ ပူဇော်သက္ကာများ၊ မီးရှို့ ရာနံ့သာပေါင်း၊ ချီးမွမ်းရာ ယဇ်တို့ကို ထာဝရဘုရား၏ အိမ်တော်သို့
ဆောင်ခဲ့သော သူတို့သည် ယုဒမြို့များ၊ ယေရုရှလင်မြို့ပတ်ဝန်းကျင် အရပ်များ၊ ဗယာမိန်ပြည်၊ မြေညီခရိုင်၊ တောင်ရိုးခရိုင်၊
တောင်မျက်နှာ ခရိုင်မှလာကြလိမ့်မည်။ 27 သို့မဟုတ်၊ ဥပုသ်နေ့၌ဝန်ကို ထမ်းရွက်၍၊ ယေရု ရှလင်မြို့တံခါးများသို့မဝင်၊ ဥပုသ်နေပကို
သန့်ရှင်းစေ သည်တိုင်အောင်၊ သင်တို့သည် ငါ့စကားကို နားမထောင် လျှင်၊ ငါသည် ထိုမြို့တံခါးတို့ကို မီးရှို့၍၊ ထိုမီးသည်
မငြိမ်းမသေဘဲ ယေရုရှလင်မြို့ဘုံဗိမာန်တို့ကို လောင်ရ လိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 18

[1] ယေရမိသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ [2] သင်သည် ထ၍ အိုးထိန်းသမားအိမ်သို့ သွား လော့။
ထိုအရပ်၌ ငါ့စကားကို ငါကြားစေမည်ဟု မိန့်တော်မူသည်အတိုင်း၊ [3] ငါသည်သွား၍၊ အိုးထိန်းစက်နှင့် လုပ်လျက်ရှိ သော
အိုးထိန်းသမားကိုတွေ့၏။ [4] အိုးမြေဖြင့် လုပ်သောအိုးသည်၊ အိုးထိန်းသမား လက်၌ ပျက်စီးသောကြောင့်၊ သူသည် အလိုအလျောက်
အသစ်ပြုပြင်၍၊ အခြားသောအိုးကို လုပ်ပြန်လေ၏။ [5] ထိုအခါ ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ငါ့ဆီသို့ ရောက်လာ၍၊
ထာဝရဘုရားမိန့်တော်မူ သည်ကား၊ [6] အို ဣသရေလအမျိုး၊ အိုးထိန်းသမားပြုသကဲ့သို့ သင်တို့ကို ငါမပြုနိုင်သလော။ အို ဣသရေလ
အမျိုး၊ အိုးမြေသည် အိုးထိန်းသမားလက်၌ ရှိသကဲ့သို့ သင်တို့ သည် ငါ့လက်၌ရှိကြ၏။ [7] အကြင် တိုင်းနိုင်ငံကို
နှုတ်ပယ်ဖြိုချဖျက်ဆီးခြင်း ငှါ ငါအမိန့်တော်ရှိ၏။ [8] ငါ့အမိန့်တော်နှင့် ဆိုင်သော ထိုတိုင်းနိုင်ငံသည် မိမိဒုစရိုက်ကို စွန့်ပစ်လျှင်၊
ငါကြံစည်သော ဘေးဒဏ်ကို ငါနောင်တရမည်။ [9] အကြင်တိုင်းနိုင်ငံကို တည်ထောင်ပြုစုခြင်းငှါ ငါအမိန့်တော်ရှိ၏။ [10]
ထိုတိုင်းနိုင်ငံသည် ငါ့စကားကို နားမထောင်၊ ငါ့မျက်မှောက်၌ ဒုစရိုက်ကိုပြုလျှင်၊ သူ၏အကျိုးအလိုငှါ
ပြုစုမည်ဟူသောစကား၌ပါသော ကျေးဇူးကို ငါနောင်တ ရမည်။ [11] ယခုမှာ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့အဘို့
ဘေးဒဏ်ကို ငါပြင်ဆင်၏။ သင်တို့ကို ဆန့်ကျင်ဘက်ပြု၍ ငါကြံစည်၏။ သို့ဖြစ်၍၊ ဆိုးသော လမ်းမှ အသီးအသီး ပြန်လာကြလော့။
သင်တို့လိုက်သော လမ်းနှင့် သင်တို့ကျင့်သော အကျင့်ကို ဖြောင့်စေကြလော့ ဟု၊ ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့အား ဆင့်ဆို
လော့။ [12] သူတို့ကလည်း၊ မြော်လင့်စရာမရှိ။ ငါတို့သည် ကိုယ်အလိုသို့ လိုက်မည်။ ငါတို့၌ ဆိုးသော စိတ်နှလုံး
ခိုင်မာခြင်းရှိသည်အတိုင်း၊ အသီးအသီးပြုမည်ဟု ဆိုကြ ၏။ [13] သို့ဖြစ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုသို့သော အမှုကို
အဘယ်သူကြားဘူးသနည်းဟု သာသနာပလူတို့တွင် မေးကြလော့။ ဣသရေလ သတို့သမီးကညာသည်
အလွန်စက်ဆုပ်ရွံရှာဘွယ်သော အမှုကို ပြုလေပြီ။ [14] လွင်ပြင်၌ရှိသော ကျောက်ကို မစွန့်၊ လေဗနုန် တောင်၏ မိုယ်းပွင့်ကို အဘယ်သူ
စွန့်မည်နည်း။ အခြား တပါးသော အရပ်မှစီးလာ၍ ချမ်းသော မြစ်ရေသည် ခန်းခြောက်လိမ့်မည်လော။ [15] ငါ၏လူတို့သည်
ငါ့ကိုမေ့လျော့၍၊ အချည်းနှီး သော အရာရှေ့မှာ နံ့သာပေါင်းကို မီးရှို့ကြပြီ။ ရှေးကာလ မှစ၍ လိုက်ဘူးသော လမ်းတို့၌လဲ
တတ်သောကြောင့်၊ အခြားသောလမ်း၊ မြေမဖို့သောလမ်းသို့ လိုက်ကြပြီ တကား။ [16] ထိုသို့ပြု၍ မိမိတို့ပြည်ကို လူဆိတ်ညံရာအရပ်၊
အစဉ်ကဲ့ရဲ့သံ ကြားရာအရပ်ဖြစ်စေသဖြင့်၊ လမ်း၌ ရှောက်သွားသော သူအပေါင်းတို့သည် အံ့ဩ၍၊ မိမိတို့ ခေါင်းကို
ညှိတ်ကြလိမ့်မည်။ [17] ငါသည်အရှေ့လေကဲ့သို့ သူတို့ကို ရန်သူရှေ့မှာ လွင့်စေမည်။ ဘေးရောက်သောကာလ၌ သူတို့အား မျက်နှာကို
မပြ၊ ကျောကိုပြမည်။ [18] သူတို့ကလည်း လာကြ။ ယေရမိတဘက်၌ ကြံစည်ကြကုန်အံ့။ ယဇ်ပုရောဟိတ်သည် တရားအမှု၌၎င်း၊
ပညာရှိသော သူသည် အကြံပေးခြင်းအမှု၌၎င်း၊ ပရောဖက်သည် ဟောပြောခြင်းအမှု၌၎င်း အရှုံးမခံရ။ လာကြ။
ယေရမိကိုလျှာနှင့်ရိုက်ကြကုန်အံ့။ သူ၏စကားကို နားမထောင် ဘဲနေကြကုန်အံ့ဟု ဆိုကြ၏။ [19] အို ထာဝရဘုရား၊ အကျွန်ုပ်ကို
ကြည့်ရှုတော် မူပါ။ အကျွန်ုပ်နှင့် ရန်တွေ့သော သူတို့၏ စကားကို မှတ်တော်မူပါ။ [20] ကျေးဇူးပြုသော အတွက်အပြစ်ပေးသင့်ပါမည်
လော။ သူတို့သည် အကျွန်ုပ်အသက်ဘို့ တွင်းကိုတူးကြ ပါပြီ။ အကျွန်ုပ်သည် သူတို့ အကျိုးအလိုငှါ လျှောက်၍၊ သူတို့မှ
အမျက်တော်ကို လွှဲခြင်းငှါ၊ ရှေ့တော်၌ ရပ်နေ ကြောင်းကို အောက်မေ့တော်မူပါ။ [21] ထိုကြောင့်၊ သူတို့ကို ထားဘေးသို့၎င်း၊
သူတို့သားသမီး များကို မွတ်သိပ်ခြင်းသို့၎င်း အပ်တော်မူပါ။ သူတို့မိန်းမ တို့သည် သားများဆုံး၍ မုတ်ဆိုးမဖြစ်ကြပါစေသော။
လူကြီးတို့သည် အသေသတ်ခြင်းကို ခံရ၍၊ လူပျိုတို့ လည်း စစ်တိုက်ပွဲ၌ထားဖြင့် ဆုံးကြပါစေသော။ [22] စစ်တိုက်သော ရန်သူများကို
သူတို့ရှိရာသို့ ချက်ခြင်းရောက်စေတော်မူသောအခါ၊ သူတို့အိမ်သားများ အော်ဟစ်ကြပါစေသော။ အကြောင်းမူကား၊ အကျွန်ုပ်ကို
ထောင်ခြင်းငှါ တွင်းကိုတူးကြပါပြီ။ အကျွန်ုပ်သွားရာလမ်း ၌ ကျော့ကွင်းကို ဝှက်ထားကြပါပြီ။ [23] အို ထာဝရဘုရား၊
အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ၊ သူတို့ ကြံစည်သမျှကို ကိုယ်တော်သိတော် မူ၏။ သူတို့ကို အပြစ်မှလွှတ်တော် မမူပါနှင့်။
မျက်မှောက် တော်၌ သူတို့အပြစ်ကို ချေတော်မမူပါနှင့်။ ရှေ့တော်၌ ဆုံးရှုံးကြပါစေသော။ အမျက်တော်ထွက်သောအခါ၊ သူတို့ကို
စီရင်တော်မူပါ။


generated on Sun Jun 30 02:37:40 2024

## Chapter 19

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် အိုးထိန်းသမားထံသို့ သွား၍ ရေဘူးကိုယူပြီးလျှင်၊ အသက် ကြီးသော လူ၊
အသက်ကြီးသော ယဇ်ပုရောဟိတ် အချို့ တို့နှင့်တကွ၊ 2 ဟရသိတ်တံခါးပြင်၊ ဟိန္နုံသား၏ ချိုင့်သို့သွား၍၊ ငါမိန့်တော်မူသည်အတိုင်း
ကြွေးကြော်ရမည့်စကား ဟူမူကား၊ 3 အိုယုဒရှင်ဘုရင်များနှင့် ယေရုရှလင်မြို့သား များတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို
နားထောင်ကြ လော့။ ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊
သိတင်းကြားသောသူတိုင်း နားခါးသည်တိုင်အောင်၊ ငါသည် ဤအရပ်၌ ဘေးရောက်စေမည်။ 4 အကြောင်းမူကား၊ သူတို့သည်
ငါ့ကိုစွန့်ပစ်ကြ ပြီ။ ကိုယ်တိုင်မသိ၊ ဘိုးဘေးများမသိ၊ ယုဒရှင်ဘုရင်များ မသိသော တကျွန်းတနိုင်ငံ ဘုရားတို့ ရှေ့မှာ၊ ဤအရပ်၌
နံ့သာပေါင်းကို မီးရှို့သဖြင့်၊ ဤအရပ်ကို တကျွန်း တနိုင်ငံ မြေဖြစ်စေကြပြီ။ အပြစ်မရှိသော သူတို့၏ အသွေးနှင့် ဤအရပ်ကို
ပြည့်စေကြပြီ။ 5 ငါမစီရင်မမှာထား၊ ငါအလျှင်းအလိုမရှိသော ဝတ်တည်းဟူသော၊ ဗာလဘုရားရှေ့မှာ မိမိသားတို့ကို မီးရှို့၍၊ ပူဇော်ရာ
ဝတ်ပြုခြင်းငှါ၊ ဗာလဘုရားဘို့ ကုန်းတို့ကို တည်လုပ်ကြပြီ။ 6 သို့ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုအရပ်ကို
တောဖက်အရပ်ဟူ၍မခေါ်၊ ဟိန္နုံသား၏ ချိုင့်ဟူ၍မခေါ်၊ ကွပ်မျက်ရာ ချိုင့်ဟူ၍ခေါ်ရသော အချိန်ကာလသည် ရောက်လိမ့်မည်။ 7
ယုဒပြည်သူ ယေရုရှလင်မြို့သားတို့ ကြံစည် သော အကြံအစည်ကို ဤအရပ်၌ ငါဖျက်မည်။ ရန်သူ၏ ထားဖြင့်၎င်း၊ သတ်ခြင်းငှါ
ရှာသောသူ၏ လက်ဖြင့်၎င်း၊ သူတို့ကို ငါဆုံးစေမည်။ သူတို့အသေကောင် များကိုလည်း မိုဃ်းကောင်းကင်ငှက်နှင့်
တောသားရဲစားစရာဘို့ ငါထား မည်။ 8 ဤမြို့ကိုလည်း လူဆိတ်ညံရာ၊ ကဲ့ရဲ့သံကို ကြားရာအရပ်ဖြစ်စေမည်။
လမ်း၌ရှောက်သွားသမျှသော သူတို့သည် ဤမြို့ခံရသော ဘေးအလုံးစုံတို့ကို မြင်သော အခါ၊ အံ့သြ၍ ကဲ့ရဲ့သံကို ပြုကြလိမ့်မည်။ 9
သတ်ခြင်းငှါ ရှာကြံသောရန်သူများတို့သည် ဝိုင်း၍ တပ်တည်သဖြင့်၊ ဤသူတို့သည် ကျဉ်းကျပ်လျက် နေ၍၊ ကိုယ်သားသမီး
အသားကို ငါစားစေမည်။ အချင်း ချင်းတယောက်အသားကို တယောက်စားကြလိမ့်မည်ဟု မြွက်ဆိုပြီးမှ၊ 10 သင်နှင့်အတူ
သွားသောသူတို့ရှေ့တွင်၊ ရေဘူး ကိုခွဲလော့။ 11 ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားက၊ နောက်တဖန်မပြင်နိုင်အောင် ရေဘူးကို
ခွဲသကဲ့သို့၊ ဤလူများနေသော ဤမြို့ကို ငါခွဲမည်။ တောဖက်အရပ်၌ သင်္ဂြိုဟ်ရာမြေ မလောက်အောင် သင်္ဂြိုဟ်ကြလိမ့်မည်။ 12
ဤအရပ်၌၎င်း၊ ဤအရပ်သားတို့၌၎င်း၊ ဤသို့ ငါပြု၍ ဤမြို့ကို တောဖက်အရပ်ကဲ့သို့ ဖြစ်စေမည်။ 13 အကြင်အိမ်မိုးအပေါ်မှာ
ကောင်းကင်တန်ဆာ ရှိသမျှတို့အား နံ့သာပေါင်းကို မီးရှို့၍၊ အခြားတပါးသော ဘုရားများရှေ့၌ သွန်းလောင်းရာပူဇော်သက္ကာပြု၏။
ထိုအိမ်ရှိသမျှတို့နှင့်တကွ ယေရုရှလင်မြို့ အိမ်များ၊ ယုဒ ရှင်ဘုရင်၏ နန်းတော်များတို့သည် တောဖက်အရပ်ကဲ့သို့
မစင်ကြယ်ဖြစ်ရကြလိမ့်မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မှာထားတော်မူ၏။ 14 ထိုအခါ ဟောပြောစေခြင်းငှါ၊
ထာဝရဘုရား စေလွှတ်တော်မူရာ တောဖက်အရပ်က၊ ယေရမိသည် ပြန်လာ၍ ဗိမာန်တော်တန်တိုင်း၌ ရပ်လျက်၊ 15
ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤမြို့သားတို့သည် ငါ့စကားကို
နားမထောင်ခြင်းငှါ၊ မိမိတို့ လည်ပင်းကို ခိုင်မာစေသောကြောင့်၊ ငါခြိမ်းသမျှ သောဘေးဒဏ်တို့ကို၊ ဤမြို့ရွာရှိသမျှတို့အပေါ်မှာ
သက်ရောက်စေမည်ဟူသော အမိန့်တော်ကို လူအပေါင်း တို့အား ဆင့်ဆိုလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 20

[1] ထိုသို့ယေရမိဟောပြောကြောင်းကို၊ ဗိမာန်တော် မှူးဖြစ်သော ယဇ်ပုရောဟိတ် ဣမေရသား ပါရှုရသည် ကြားသောအခါ၊ [2] ပရောဖက်
ယေရမိကို ရိုက်ပုတ်၍၊ ဗိမာန်တော် နားမှာ ဗယ်္ာမိန် အထက်တံခါးဝတွင် ထိတ်ခတ်၍ ထား၏။ [3] နက်ဖြန်နေ့၌ ပါရှုရသည် ယေရမိကို
ထိတ်မှ လွှတ်သောအခါ၊ ယေရမိက၊ ထာဝရဘုရားသည် သင့်ကို ပါရှုရဟူ၍ မှည့်တော်မမူ။ မာဂေါမိဿဘိတ်ဟူ၍ မှည့် တော်မူ၏။ [4]
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် သင်နှင့်သင်၏ အဆွေခင်ပွန်းတို့၌၊ သင့်ကိုကြောက်မက် ဘွယ်သော အရာဖြစ်စေမည်။
သူတို့သည်လည်း၊ သင့် မျက်မှောက်၌ ရန်သူ၏ထားဖြင့် ဆုံးကြလိမ့်မည်။ ယုဒ ပြည်တပြည်လုံးကို ဗာဗုလုန်ရှင်ဘုရင်လက်သို့ ငါအပ်
သဖြင့်၊ သူသည် ပြည်သားတို့ကို ဗာဗုလုန်မြို့သို့ သိမ်းသွား ၍၊ ထားနှင့်သတ်လိမ့်မည်။ [5] ဤမြို့၏ အစွမ်းသတ္တိရှိသမျှကိုငင်း၊
လုပ်ဆောင် ၍ ရသမျှသော ဥစ္စာကိုငင်း၊ ဆည်းဖူးသမျှသော ရတနာ ကိုငင်း၊ ယုဒရှင်ဘုရင်၏ ဘဏ္ဍာတော် အလုံးစုံတို့ကိုငင်း၊
ရန်သူလက်သို့ ငါအပ်သဖြင့်၊ ရန်သူတို့သည် လုယက်၍ ဗာဗုလုန်မြို့သို့ သိမ်းသွားကြလိမ့်မည်။ [6] သင်ပါရှုရနှင့် သင်၏အိမ်သူ
အိမ်သားအပေါင်း တို့ကိုလည်း သိမ်းသွားကြလိမ့်မည်။ သင်သည် ဗာဗုလုန် မြို့သို့ ရောက်ရလိမ့်မည်။ သင်ဟောပြောသော မုသာ
စကားကို နားထောင်သော သင်၏အဆွေခင်ပွန်း အပေါင်းတို့နှင့်တကွ၊ သင်သည် ထိုမြို့၌ သေ၍သင်္ဂြိုဟ် ခြင်းကို ခံရလိမ့်မည်ဟု
ပါရှုရအားပြောဆို၏။ [7] အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို သွေးဆောင်တော်မူသည်အတိုင်း အကျွန်ုပ်လိုက်ပါပြီ။
ကိုယ်တော်သည် အကျွန်ုပ်ထက်အားကြီး၍ နိုင်တော်မူပြီ။ အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းကို နေ့တိုင်းခံရပါ၏။ လူတိုင်း ပြက်ပြယ်ခြင်းကို
ပြုတတ်ကြပါ၏။ [8] အကျွန်ုပ်သည် ဟောပြောလေရာရာ၌ အနိုင် အထက်ပြုခြင်း၊ ညှဥ်းဆဲခြင်းအမှုကြောင့် အော်ဟစ်၍
ကြွေးကြော်ရပါ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် အကျွန်ုပ်၌ ကဲ့ရဲ့ခြင်း၊ အစဉ်ပြက်ပြယ်ခြင်းကို ခံစေရာအကြောင်း
ဖြစ်ပါ၏။ [9] ထိုကြောင့်၊ ငါသည် နှုတ်ကပတ်တော်ကို မကြား မပြော၊ နာမတော်ကို အမှီပြု၍ မဟောဘဲနေမည်ဟု
သဘောထားသော်လည်း၊ ငါ့အရိုးတို့၌ ချုပ်ထား၍၊ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ ဖြစ်သောကြောင့်၊
အလွန်ငြီးငွေ့သဖြင့် အောင့်၍မနေနိုင်၊ [10] လူများ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြားရ၏။ ခပ် သိမ်းသော အရပ်တို့၌ ကြောက်မက်ဘွယ်သော
အကြောင်းရှိ၏။ သူတပါးတို့က သိတင်းကို ကြားပြော ကြလော့။ ငါတို့သည် တဆင့်ကြားပြောလိမ့်မည်ဟု ဆိုကြ၏။ ငါ၏အနားမှာ
အစဉ်နေသော ငါ၏မိတ်ဆွေ အပေါင်းတို့က၊ ငါတို့သည် သူ့ကိုနိုင်၍ အငြိုးထားသော စိတ်ပြေစေခြင်းငှါ၊ သူ့ကို သွေးဆောင်ကောင်း
သွေး ဆောင်လိမ့်မည်ဟု ဆိုကြ၏။ [11] သို့သော်လည်း၊ ထာဝရဘုရားသည် အားကြီး သော သူရဲကဲ့သို့ ငါ့ဘက်၌ ရှိတော်မူ၏။
ထိုကြောင့်၊ ငါ့ကိုညှဥ်းဆဲသော သူတို့သည် မနိုင်ဘဲ ထိမိ၍ လဲကြ လိမ့်မည်။ အကြံမမြောက်သောကြောင့် အလွန်ရှက်ကြ လိမ့်မည်။
မပြေမပျောက်နိုင်သော ထာဝရရှက်ကြောက် ခြင်း ရှိကြလိမ့်မည်။ [12] ဖြောင့်မတ်သော သူတို့ကို စုံစမ်း၍၊ နှလုံး
ကျောက်ကပ်သဘောကို သိမြင်တော်မူသော ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား၊ အကျွန်ုပ်၏အမှုကို ရှေ့တော်၌
ဖွင့်ပြပါသည်ဖြစ်၍၊ သူတို့၌ အပြစ်ဒဏ် စီရင်တော်မူကြောင်းကို အကျွန်ုပ်မြင်ရပါလိမ့်မည်။ [13] ထာဝရဘုရားအား
သီချင်းဆိုကြလော့။ ထာဝရ ဘုရားကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ မတရား သဖြင့် ပြုသော သူတို့လက်မှ၊ ဆင်းရဲသောသူကို
ကယ်နှုတ်တော်မူသတည်း။ [14] ငါဘွားသော နေ့ရက်သည် အမင်္ဂလာရှိပါစေ သော။ ငါ့ကို ငါ့အမိဘွားသော နေ့ရက်သည် ကောင်းကြီး
မင်္ဂလာကို မခံပါစေနှင့်။ [15] ငါ့အဘထံသို့သွား၍၊ ကိုယ်တော်သည် သား ယောက်ျားကို ရပါပြီဟု သိတင်းပြောလျက်၊ ငါ့အဘကို
အလွန်ဝမ်းမြောက်စေသော သူသည် အမင်္ဂလာရှိပါ စေသော။ [16] ထာဝရဘုရားသည် နောင်တမရ၊ ဖျက်ဆီးတော် မူသော မြို့တို့ကဲ့သို့၊
ထိုသူသည်ဖြစ်ပါစေသော။ နံနက် အချိန်၌ ကြွေးကြော်သံကိုငင်း၊ မွန်းတည့်အချိန်၌ အော် ဟစ်သံကိုငင်း ကြားပါစေသော။ [17]
အကြောင်းမူကား၊ သူသည် ငါ့ကိုဘွားစကပင် မသတ်ဘဲ၊ ငါ့အမိ၏ ဝမ်းသည်ငါ၏ သင်္ချိုင်းဖြစ်၍၊ ငါ့ကိုအစဉ် ကိုယ်ဝန်ဆောင်မည်
အကြောင်းမပြုဘဲ နေပါ သည်တကား။ [18] ငါသည် ပူပန်ခြင်း၊ ဝမ်းနည်းခြင်းကို ခံရမည် အကြောင်းနှင့် ရှက်ကြောက်ခြင်းအားဖြင့်
ကိုယ်အသက် ကို လွန်စေရမည်အကြောင်း၊ အဘယ်ကြောင့် ငါ့ကို ဘွားမြင်ရပါသနည်း။

---

Jeremiah 01

ယေဘုယျ အချက်အလက်
ရှု၊ and

သူသည် ဗိမာန်တော်မှူးဖြစ်သောကြောင့်
"သူ" ဆိုသည်မှာ ပါရှုရကို ရည်ညွှန်းသည်။

ပါရှုရသည် ယေရမိကိုရိုက်သည်။
ဖြစ်နိုင်ချေ ဆိုလိုရင်းများမှာ

သိုလှောင်သောကုန်များ
၎င်းကုန်များသည် ထောင်ထဲ၌လူများကို ခြေလက်တို့တွင်
သော့ဖြင့် ခတ်ထားနိုင်သောအရာများဖြစ်သည်။

ဗယ်္ာမိန် အထက်တံခါးဝ
၎င်းဂိတ်တံခါးဝသည် အုတ်နံရံဂိတ်တံခါးနှင့်မတူဘဲ
ထောင်ထဲတွင် ပြုလုပ်သောအရာဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Jeremiah 03

ဖြစ်စေသည်။
ငင်းစကားစုသည် ဖြစ်ပျက်နေသည့်အကြောင်းအရာကို ဖော်ပြပေးသည်။

သင်သည် မာဂေါမိဿဘိတ်ဟူ၍ မှည့် တော်မူ၏။
ငင်းအမည်နာမသည် "ထိတ်လန့်ကြောက်ရွံ့ခြင်း" သို့မဟုတ် "ပတ်ပတ်လည် ကြောက်ရွံ့စရာတို့ဖြင့်ပြည့်နှက်စေသည်"

ကြ်ည့်ရှုလော့
အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောဆိုသောစကားအားရေးမှတ်လော့"

သူတို့သည် ရန်သူ၏ထားဖြင့် ဆုံးကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူတို့သည် ထားဖြင့် သတ်ဖြတ်ကြလိမ့်မည်။"

သင်သည်မြင်တွေ့ရလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် တွေ့မြင်ရလိမ့်မည်"

ယုဒ ပြည်တပြည်လုံးကို ဗာဗုလုန်ရှင်ဘုရင်လက်သို့ ငါအပ်မည်
"လက်သို့" ဆိုသည်မှာ အာဏာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန် ရှင်ဘုရင်သည် ယုဒလူတို့အား တိုက်ခိုက်စေမည်"

Jeremiah 05

ငါသည် သူ့ကိုပေးအပ်မည်
"သူ့ကို" ဆိုသည်မှာ ဗာဗုလုန်ဘုရင်ကို ဖော်ပြသည်။

ချမ်းသာခြင်းအလုံးစုံ...ချမ်းသာခြင်းနှင့်ဘဏ္ဍာတော်များ
ထာဝရဘုရားသည် ထပ်ခါမြွက်ဆိုသောစကားဖြစ်သည်။ ဗာဗုလုန်တို့သည်
သူတို့ပိုင်ဆိုင်သောအရာအားလုံးကိုသိမ်းသွင်းမည်။

အလုံးစုံတို့ကိုရန်သူလက်သို့ ငါအပ်မည်
"လက်သို့" ဆိုသည်မှာ ပိုင်ဆိုင်သမျှတို့ကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့သည် သင်တို့ပိုင်ဆိုင်သမျှတို့အား သူတို့လက်သို့ငါအပ်မည်"

သင်ဟောပြောသော မုသာ စကားကို နားထောင်သော သင်၏အဆွေခင်ပွန်း အပေါင်းတို့နှင့်တကွ၊ သင်သည် ထိုမြို့၌ သေ၍သင်္ဂြိုဟ် ခြင်းကို ခံရလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင် ဟောပြောသော မုသာ စကားကို နားထောင်သော သင်၏ အဆွေခင်ပွန်း တို့နှင့်သင်သည် သင်္ဂြိုလ်ခြင်းခံရလိမ့်မည်။"

Jeremiah 07

ယေဘုယျ အချက်အလက်
ဘုရားသခင်အား ယေရမိက ပြောဆိုသော စကားဖြစ်သည်။

ငါသည် လိမ်လည်လှည့်ဖြားခြင်းကိုခံရပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့ကိုလှည့်ဖြားပြီ" သို့မဟုတ် "သင်သည်ငါ့အား ဖြားယောင်းသွေးဆောင်တော်မူပြီ"

ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို သွေးဆောင်တော်မူသည်အတိုင်း အကျွန်ုပ်လိုက်ပါပြီ။
အချို့သောဟေဗြဲခေတ်သစ်ကျမ်းတို့တွင် "ကိုယ်တော်သည် ငါ့ကို သွေးဆောင်သည်"

ပျက်ရယ်ပြုခြင်း
လူတစ်ဦးသည် အခြားသောသူများကို ပျက်ရယ်ပြုသည်။

လူတို့သည်ငါ့အားနေ့တိုင်းပျက်ရယ်ပြုကြ၏
အထက်ဖော်ပြထားသောအရာနှင့်ဆိုလိုရင်းတူသည်။

အော်ဟစ်၍ ကြွေးကြော်ရပါ၏။
စကားစုနှစ်ခုသည် ဆိုလိုရင်းတူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ကျယ်လောင်စွာအော်ဟစ်ခြင်းနှင့် ကြွေးကြော်ခြင်း"

ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် အကျွန်ုပ်၌ ကဲ့ရဲ့ခြင်း၊ အစဉ်ပြက်ပြယ်ခြင်းကို ခံစေရာအကြောင်း ဖြစ်ပါ၏။
"နှုတ်ကပတ်တော်" သည် ဘုရားသခင်၏ စကားတော်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ထာဝရဘုရား စကားကို ဟောပြောသောကြောင့် လူတို့သည် ငါ့အား နေ့စဉ်ပြက်ရယ်ပြုကြ၏"

ငါ့အတွက် လှောင်ပြောင်ခြင်းနှင့်ပျက်ရယ်ပြုခြင်း
"လှောင်ပြောင်ခြင်း"နှင့် ပျက်ရယ်ပြုခြင်း" တို့သည်အခြေခံအားဖြင့်တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကြောင်းတရားသည်ငါအား သူတို့အတွက် ရယ်ဖွယ်ရာဖြစ်စေသည်။"

ငါသည် သူ၏နာမတော်အားနောက်တဖန် မိန့်ဆိုမည်မဟုတ်။
ဖြစ်နိုင်ချေဆိုလိုရင်းမှာ (၁) နောက်တဖန် သူ၏သတင်းပြောကြားမည်မဟုတ်" သို့မဟုတ် (၂) သူ၏ စကားတော်အား နောက်တဖန် မိန့်တော်မူမည် မဟုတ်"

ငါ့အရိုးတို့၌ ချုပ်ထား၍၊ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ ဖြစ်သောကြောင့်
ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ချုပ်ထား၍မရသောမီးကဲ့သို့ ဖြစ်လိမ့်မည်ဟု ယေရမိ ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ နှုတ်တော်သည် ပြင်းစွာ လောင်ကျွမ်းသောမီးကဲ့သို့ ဖြစ်၏။ "

Jeremiah 10

သိတင်းကြားပြောလော့။ ငါတို့သည်ကြားပြောရလိမ့်မည်။
ယေရမိ၏ ရန်သူများပြောသော စကားဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

သူသည်လှည့်စားလိမ့်မည်....ငါတို့သည် သူ့ကိုနိုင်၍ အငြိုးထားသော စိတ်ပြေစေခြင်းငှါ၊
ယေရမိ၏ ရန်သူများပြောသော စကားဖြစ်သည်။

သူ့ကိုလှည့်စားနိုင်လိမ့်မည်
"ငါတို့သည် သူ့အား သွေးဆောင်နိုင်လိမ့်မည်"

ထာဝရဘုရားသည် အားကြီး သော သူရဲကဲ့သို့ ငါ့ဘက်၌ ရှိတော်မူ၏။
ဘုရားသခင်သည် အင်အားကြီးသောသူရဲကဲ့သို့ ယေရမိကိုကယ်တင်ပြီး သူ၏ ရန်သူတို့အား တိုက်ခိုက်သည်။

၎င်းအမှုအရာသည် လုံးဝမေ့ပျောက်လိမ့်မည်မဟုတ်။
"လူတို့သည် မေ့ပျောက်ကြလိမ့်မည်မဟုတ်။"

Jeremiah 12

နှလုံး ကျောက်ကပ်သဘောကို သိမြင်တော်မူသော
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့၏ အသိနှင့် လိုအင်ဆန္ဒကို သိမြင်တော်မူသော"

မတရား သဖြင့် ပြုသော သူတို့လက်မှ၊ ဆင်းရဲသောသူကို ကယ်နှုတ်တော်မူသတည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိနှိပ်ခြင်း ခံရသောသူတို့အား ကယ်နှုတ်သည်။"

မတရား သဖြင့် ပြုသော သူတို့လက်မှ၊
အခြားသောဘာသာပြန်ဆိုချက်၊
"မကောင်းမှုပြုသောသူတို့၏လက်မှ"

Jeremiah 14

ယေဘုယျ အချက်အလက်
ယေရမိက ဘုရားသခင်အား ဆက်လက် ပြောဆိုသည်။

ငါဘွားသော နေ့ရက်သည် အမင်္ဂလာရှိပါစေ သော။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါဘွားသော နေ့ရက်သည် အမင်္ဂလာရှိသောနေ့ဖြစ်၏။"

ငါ့အမိဘွားသော နေ့ရက်သည် ကောင်းကြီး မင်္ဂလာကို မခံပါစေနှင့်။
အခြားသောဘာသာပြန်ဆိုချက်၊
"ငါ့မိခင်မှငါအားမွေးသောနေ့ရက်သည် မင်္ဂလာမရှိပါစေနှင့်"

ငါ့အဘကို အလွန်ဝမ်းမြောက်စေသော သူသည် အမင်္ဂလာရှိပါ စေသော။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အဘအား ကြားပြောသောသူသည် အမင်္ဂလာရှိပါ စေသော။"

Jeremiah 16

ထိုသူ
ယေရမိဘွားစဉ်သူ့ဖခင်ဆီသို့ သတင်းပေးသောသူ

ထာဝရဘုရားဖျက်ဆီးသောမြို့
သောဒုံနှင့် ဂေါမာရမြို့

သူသည်ကရုဏာစိတ်ရှိလိမ့်မည်မဟုတ်
"သူ" ဆိုသည်မှာ ဘုရားသခင်ကို ဆိုလိုခြင်းဖြစ်သည်။

မစခြင်းငှါအော်ဟစ်သံကိုသူသည်ကြားလိမ့်မည်
"သူ"ဆိုသည်မှာ ထိုလူကို ရည်ညွှန်းသည်။

ငါ့အမိ၏ ဝမ်းသည်ငါ၏ သင်္ချိုင်းဖြစ်၍
ယေရမိ၏ မိခင်ကိုယ်ဝန်ခြင်းသည် သေသောခန္ဓာကိုယ်တို့ရှိရာ သင်္ချိုင်းကဲ့သို့ဖြစ်၏။

ငါသည် ပူပန်ခြင်း၊
ဝမ်းနည်းခြင်း၊...ရှက်ကြောက်ခြင်းတို့ကိုလွန်စေမည်အကြောင်း၊ အဘယ်ကြောင့်ငါ့ကိုဘွားမြင်သနည်း။
ယေရမိသည် သူ၏ ဘွားမြင်ခြင်း၌ ကောင်းသောလက္ခဏာ မရှိကြောင်းကို ငြီးတွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပူပန်ခြင်း၊ ဝမ်းနည်းခြင်း၊ ရှက်ကြောက်ခြင်းတို့ဖြင့် ဘွားမြင်ရခြင်းသည် ကောင်းသောအရာမရှိကြောင်းကို ဖော်ပြသည်။"

ပူပန်ခြင်း၊ ပူဆွေးသောက ကြုံတွေ့အံ့ငှါ
"ပူပန်ခြင်း၊ ပူဆွေးသောက" ဆိုသောစကားလုံးတို့သည် အခြေခံအားဖြင့်ဆိုလိုရင်းတူညီသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲဒုက္ခများ ကြုံတွေ့စေသည်"

ငါ၏နေ့ရက်တို့သည် ရှက်ကြောက်ခြင်းတို့ဖြင့်ပြည့်နှက်နေ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အသက်တာသည် ရှက်ကြောက်ခြင်းတို့ဖြင့် ပြည့်နေသည်။"


generated on Sun Jun 30 02:37:40 2024

## Translation Questions

Jeremiah 20:1

အဘယ်ကြောင့် ပါရှုရသည် ယေရမိအား ရိုက်ပုတ်၍ သော့ခတ်ထားသနည်း။
ပါရှုရသည် ယေရမိအား ထာဝရဘုရားအိမ်တော်ရှေ့၌ ဤစကားများကို ပရောဖက်ပြုခဲ့သောကြောင့် ရိုက်ပုတ်ခြင်းဖြစ်သည်။

Jeremiah 20:3

ထာဝရဘုရားသည် ဗာဗုလုန်ရှင်ဘုရင်အား အဘယ်အရာကို ပေးလိမ့်မည်နည်း။
ထာဝရဘုရားသည် ယုဒရှင်ဘုရင်၏ စည်းစိမ်ကြွယ်ဝချမ်းသာမှုအားလုံးကို ဗာဗုလုန်ရှင်ဘုရင်အားပေးလိမ့်မည်ဖြစ်သည်။

Jeremiah 20:5

ပါရှုရ၏ အိမ်သူအိမ်သားအပေါင်းတို့သည် အဘယ်သို့ဖြစ်ကြလိမ့်မည်နည်း။
သူတို့သည် ဗာဗုလုန်မြို့သို့သွား၍ သေရကြလိမ့်မည်။

Jeremiah 20:7

ယေရမိသည် ထာဝရဘုရား၏ နာမတော်ကို ကြိုးစား၍မဟောပြောဘဲနေသောအခါ အဘယ်သို့ဖြစ်မည်နည်း။
ထာဝရဘုရား၏ နှုတ်ကပတ်တော်စကားသည် ယေရမိ၏ နှလုံးထဲ၌ လောင်သောမီးကဲ့သို့ဖြစ်လာမည်၊ သူ၏ အရိုးများကိုလောင်၍ သူသည် ခံနိုင်လိမ့်မည်မဟုတ်။

ယေရမိသည် မည်သည့်သတင်းစကားကို အော်ဟစ်ကြွေးကြော်ခဲ့သနည်း။
သူသည် 'ညှဉ်းဆဲခြင်းနှင့်ပျက်စီးခြင်း' ဟူ၍ အော်ဟစ်ကြွေးကြော်ခဲ့သည်။

Jeremiah 20:10

ယေရမိ လဲကျသည်ကို ကြည့်သောသူတို့သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်း။
သူတို့သည် သူ့ကိုမနိုင်ဘဲ လဲကျ၍၊ မပြေနိုင်သော ရှက်ကြောက်ခြင်းရှိကြလိမ့်မည်။

Jeremiah 20:12

အဘယ်ကြောင့် ယေရမိသည် ထာဝရဘုရားအား ချီးမွမ်းသီချင်းဆိုဖို့ရန် ပြောသနည်း။
အယောက်တိုင်း ထာဝရဘုရားအား ချီးမွမ်းသီချင်းဆိုသင့်သည်၊ အဘယ်ကြောင့်ဆိုသော် သူသည် ဖြောင့်မတ်ခြင်းကို စုံစမ်း၍ နှလုံးကျောက်ကပ်တို့ကို သိမြင်နိုင်သောသူ မတရားသောသူတို့လက်မှ ကယ်တင်နိုင်သောသူဖြစ်သည်။

Jeremiah 20:14

ယေရမိသည် သူဘွားမြင်သောနေ့ရက် အကြောင်းအဘယ်သို့ပြောသနည်း။
သူဘွားမြင်သော နေ့ရက်သည် အမင်္ဂလာဖြစ်သောကြောင့် ထိုအရာသည် ကောင်းကြီးမင်္ဂလာဖြစ်သလောဟု မေးခဲ့သည်။

## Chapter 21

1 ဇေဒကိမင်းကြီးသည် မေလခိသား ပါရှုရနှင့်၊ ယဇ်ပုရောဟိတ် မာသေယသား ဇေဖနိတို့ကို ယေရမိ ထံသို့စေလွှတ်၍၊ 2
ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ငါတို့ကို စစ်တိုက်သည်ဖြစ်၍၊ သူ့ကို ငါ့တို့ထံမှ ပြန်သွား စေခြင်းငှါ၊ ထာဝရဘုရားသည်
အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူသမျှအတိုင်း၊ ငါတို့၌ တဖန်ပြုတော်မူမည် အကြောင်း၊ ငါတို့အတွက် ထာဝရဘုရားကို တောင်းပန်
ပါလော့ဟု မိန့်တော်မူသောအခါ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ရောက်လာ၍၊ 3 ယေရမိက၊ သင်တို့သည်
ဇေဒကိမင်းကြီးအား ပြန်ပြောရမည်မှာ၊ 4 ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့၏မြို့ပြင်မှာ
တပ်စွဲ၍ နေသော ဗာဗုလုန်ရှင်ဘုရင်၊ ခါလဒဲအမျိုးသားတို့ကို စစ်တိုက်လျက်၊ သင်တို့စွဲကိုင်သော လက်နက်များကို ငါလွှဲစေမည်။
ထိုသူတို့ကို မြို့ထဲ၌ ငါစည်းဝေးစေမည်။ 5 ငါ့ကိုယ်တိုင်လည်း အလွန်ပြင်းစွာ ထွက်သော အမျက်အရှိန်အားကြီး၍၊ ဆန့်သောလက်၊
သန်စွမ်းသော လက်ရုံးနှင့် သင်တို့ကို တိုက်မည်။ 6 ဤမြို့၌နေသော လူသတ္တဝါတိရစ္ဆာန်တို့ကို ငါသည် ဒဏ်ခတ်၍၊
ပြင်းစွာသောကာလနာဖြင့် သေရ ကြလိမ့်မည်။ 7 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုနောက် မှ နာဘေး၊ ထားဘေး၊
မွတ်သိပ်ခြင်းဘေးနှင့် လွတ်၍၊ ကျန်ကြွင်းသော မြို့သားတည်းဟူသော ယုဒရှင်ဘုရင် ဇေဒကိမှစ၍ သူ၏ကျွန်များ၊
သူ၏လူများတို့ကို၊ ဗာဗု လုန်ရှင်ဘုရင် နေဗုခဒ်နေဇာ အစရှိသော ရန်သူများ၊ သတ်ချင်သော သူများလက်သို့ ငါအပ်၍၊ ထိုမင်းသည်
သနားခြင်း ကရုဏာမရှိ၊ မစုံမက်၊ မနှမြောဘဲ၊ ထားနှင့် ကွပ်မျက်လိမ့်မည်ဟု ဆင့်ဆိုလေ၏။ 8 ထာဝရဘုရားကလည်း၊ သင်သည်
ဤလူမျိုးတို့ အား ဆင့်ဆိုရသော ထာဝရဘုရား၏ အမိန့်တော်ဟူ မူကား၊ အသက်ရှင်ရာလမ်း၊ သေရာလမ်းတို့ကို သင်တို့ ရှေ့မှာ
ငါဖွင့်ထား၏။ 9 ဤမြို့ထဲမှာနေသော သူသည် ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာခြင်းဘေးဖြင့် သေလိမ့်မည်။ မြို့ပြင်သို့ထွက်၍၊
မြို့ပြင်မှာ တပ်စွဲလျက်နေသော ခါလဒဲလူတို့ဘက်သို့ ဝင်စားသော သူသည် အသက် ချမ်းသာ၍ လုယူရသော ဥစ္စာကဲ့သို့
ကိုယ်အသက်ကို ရလိမ့်မည်။ 10 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤမြို့ကို ကျေးဇူးပြု၍၊ အပြစ်ပြုခြင်းငှါ ငါသည် မျက်နှာထား
သည်ဖြစ်၍၊ ဤမြို့ကို ဗာဗုလုန်ရှင်ဘုရင်လက်သို့ ငါအပ် သဖြင့်၊ သူသည် မီးရှို့လိမ့်မည်။ 11 ယုဒရှင်ဘုရင် အမျိုးကို ရည်မှတ်၍၊
ထာဝရ ဘုရား မိန့်တော်မူသော စကားတော်ကို နားထောင် ကြလော့။ 12 အို ဒါဝိဒ်မင်းကြီးအမျိုး၊ ထာဝရဘုရား မိန့်တော် မူသည်ကား၊
မဆိုင်းမလင့်၊ တရားသဖြင့် စီရင်ကြလော့။ လုယူခြင်းခံရသော သူကို ညှဉ်းဆဲသောသူ၏ လက်မှ ကယ်နှုတ်ကြလော့။ သို့မဟုတ်၊
သင်တို့ပြုသော ဒုစရိုက် အပြစ်ကြောင့်၊ ငါ့အမျက်သည် မီးကဲ့သို့ဖြစ်၍၊ အဘယ်သူ မျှမသတ်နိုင်အောင်လောင်လိမ့်မည်။ 13
ထာဝရဘုရား မိန့်တော်မူသည်ကား၊ အိုချိုင့်၌ နေသောသူ၊ အိုလွင်ပြင်၌ရှိသော ကျောက်၊ သင့်တဘက်၌ ငါနေ၏။ သင်တို့က၊ ငါတို့ကို
အဘယ်သူ စစ်တိုက်နိုင်မည် နည်း။ ငါတို့ နေရာထဲသို့ အဘယ်သူ ဝင်နိုင်မည်နည်းဟု ဆိုတတ်သော်လည်း၊ 14 သင်တို့ အကျင့်နှင့်
ထိုက်လျောက်အောင် အပြစ် ဒဏ်ကို ငါပေးမည်။ သင်တို့တောကို ငါရှို့သော မီးသည်၊ ပင်လည်၌ရှိသမျှသောအရာတို့ကို
လောင်လိမ့်မည်ဟု မိန့်တော်မူ၏။

## Chapter 22

1 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ယုဒရှင်ဘုရင်၏ နန်းတော်သို့သွား၍ ဆင့်ဆိုရမည်မှာ၊ 2 ဒါဝိဒ်မင်းကြီး၏
ရာဇပလ္လင်ပေါ်မှာ ထိုင်သော ယုဒရှင်ဘုရင်၊ သင့်ကိုယ်တိုင်မှစ၍ သင်၏ကျွန်များနှင့်၊ ဤမြို့တံခါးတို့ဖြင့် ဝင်သော သင်၏လူများတို့၊
ထာဝရ ဘုရား၏ နှုတ်ကပတ်တော်ကို နားထောင်ကြလော့။ 3 ထာဝရဘုရားမိန့်တော်မူသည်ကား၊ တရား သဖြင့် စီရင်၍ ဖြောင့်မတ်စွာ
ဆုံးဖြတ်ကြလော့။ လုယူ ခြင်းခံရသောသူကို ညှဉ်းဆဲသော သူ၏လက်မှကယ်နှုတ် ကြလော့။ ဧည့်သည်ဖြစ်သောသူ၊ မိဘမရှိသောသူ၊
မုတ်ဆိုးမတို့ကို မတရားသဖြင့်မပြု၊ မညှဉ်းဆဲကြနှင့်။ အပြစ်မရှိသော သူတို့ကို ဤအရပ်၌မကွပ်မျက်ကြနှင့်။ 4 အကြောင်းမူကား၊
သင်တို့သည် ဤပညတ်တော် အတိုင်း အမှန်ပြုလျှင်၊ ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင်ပေါ် မှာ ထိုင်သော ရထားစီး၊
မြင်းစီးရှင်ဘုရင်တို့သည် ကျွန် များ၊ နိုင်ငံတော်သားများနှင့်တကွ၊ ဤနန်းတော်တံခါးများ ကို ထွက်ဝင်ရကြလိမ့်မည်။ 5 သို့မဟုတ်၊
သင်တို့သည် ဤအမိန့်တော်ကို နားမထောင်ဘဲနေလျှင်၊ ဤနန်းတော်သည် လူဆိတ်ညံ သော အရပ်ဖြစ်လိမ့်မည်ဟု
ငါထာဝရဘုရားသည် ကိုယ်ကို ကိုယ်တိုင်တည်၍ မိန့်တော်မူ၏။ 6 ယုဒရှင်ဘုရင်၏ နန်းတော်ကို ထာဝရဘုရား မိန့်တော်မူသည်ကား၊
သင်သည်ငါ၌ ဂိလဒ်အရပ်ကဲ့သို့ ၎င်း၊ လေဗနုန်တောင်ထိပ်ကဲ့သို့၎င်း ဖြစ်သော်လည်း၊ အကယ်စင်စစ် ငါသည်သင့်ကို လူမနေသော
မြို့ကဲ့သို့ တောဖြစ်စေမည်။ 7 သင့်ကို ဖျက်ဆီးစေခြင်းငှါ၊ ထားနှင့်ပုဆိန်ပါ သော သူတို့ကို ငါပြင်ဆင်သဖြင့်၊ သူတို့သည် သင်၌
အမြတ်ဆုံးသော အာရဇပင်တို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက် ကြလိမ့်မည်။ 8 လူအမျိုးမျိုးတို့သည် ဤမြို့အနားမှာ ရှောက်
သွားလျက်၊ ထာဝရဘုရားသည် ဤမြို့ကြီးကို အဘယ် ကြောင့် ဤသို့ပြုတော်မူသနည်းဟု၊ တယောက်ကို တယောက်
မေးကြသည်ရှိသော်၊ 9 ဤ မြို့သားတို့သည် မိမိတို့ဘုရားသခင် ထာဝရ ဘုရား၏ ပဋိညာဉ်ကို စွန့်ပစ်၍၊ အခြားတပါးသော
ဘုရားတို့ကို ဝတ်ပြုကိုးကွယ်ကြသောကြောင့်၊ ဤသို့ ပြုတော်မူသည်ဟု ပြန်ပြောကြလိမ့်မည်။ 10 သေသောသူအတွက်
ငိုကြွေးမြည်တမ်းခြင်းကို မပြုကြနှင့်။ အခြားတပါးသို့ သွားသောသူအတွက် ငိုကြွေး ခြင်းကို ပြုကြလော့။ သူသည်
နောက်တဖန်ပြန်၍မလာရ။ မိမိမွေးဘွားရာဌာနကို မမြင်ရ။ 11 ခမည်းတော်ယောရှိမင်းကြီး အရာ၌စိုးစံ၍ ဤပြည်မှ ထွက်သွားသော
ယုဒရှင်ဘုရင် ယောရှိမင်းကြီး ၏ သားရှလ္လုံကို ရည်မှတ်၍ ထာဝရဘုရား မိန့်တော်မူ သည်ကား၊ ထိုမင်းသည် နောက်တဖန်ဤပြည်သို့
ပြန်၍မလာရ။ 12 ရန်သူတို့ သိမ်းသွားရာပြည်၌ပင် သေရလိမ့် မည်။ ဤပြည်ကို နောက်တဖန်မမြင်ရ။ 13 မတရားသော အမှုအားဖြင့်
မိမိအိမ်ကို၎င်း၊ အဓမ္မပြု၍ အထက်ခန်းတို့ကို၎င်း ဆောက်သောသူ၊ အိမ်နီးချင်းကိုအခမပေးဘဲ စေစား၍၊ အလုပ်လုပ်သည် အတွက်
ဆုမချသောသူသည် အမင်္ဂလာရှိ၏။ 14 ကြီးသောအိမ်၊ ကျယ်သောအထက်ခန်းတို့ကို ငါဆောက်မည်ဟု ဆိုလျက်၊ ပြတင်းပေါက်ကို
ဖေါက်၍၊ အာရဇ်သစ်သားနှင့် မိုးပြီးမှ၊ ဟင်းသပြတားနှင့် ချယ်လှယ်ပြီတကား။ 15 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည်
အာရဇ်သစ်သား၏ ဂုဏ်ကိုကိုးစားသောကြောင့် စိုးစံ ရမည်လော။ သင်၏ အဘသည်ဝစွာ စားသောက်ရသည် မဟုတ်လော။
တရားသဖြင့် စီရင်ဆုံးဖြတ်သည်မ ဟုတ်လော။ ထိုသို့ပြု၍ ကောင်းစားခြင်းရှိ၏။ 16 သူသည် ဆင်းရဲငတ်မွတ်သော သူတို့အမှုကို
စောင့်၍ တရားသဖြင့် စီရင်၏။ ထိုသို့ပြု၍ ကောင်းစား ခြင်းရှိ၏။ ငါ့ကိုသိသော အကျိုးမဟုတ်လော။ 17 သင်၏ မျက်စိနှင့်
သင်၏နှလုံးမူကား၊ လောဘ လွန်ကျူးခြင်း၊ အပြစ်မရှိသောသူကို သတ်ခြင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်းမှတပါး၊ အဘယ်အမှုကိုမျှ
မမှတ်တတ်။ 18 ထိုကြောင့်၊ ထာဝရဘုရားသည် ယုဒရှင်ဘုရင် ယောရှိမင်းကြီး၏သား ယောယကိမ်ကို ရည်မှတ်၍
မိန့်တော်မူသည်ကား၊ ထိုမင်းသေသောအခါ လူများတို့က၊ ဩငါ့အစ်ကို၊ ဩ ငါ့နှမ ဟူ၍ မငိုကြွေးရကြ။ သူ၏ အတွက်လည်း၊ ဩ
သခင်၊ ဩ အရှင်မ၏ ဘုန်းဟူ၍ မမြည်တမ်းရကြ။ 19 ယေရုရှလင်မြို့ပြင်သို့ ဆွဲသွား၍ ပစ်ထားသဖြင့်၊ မြည်းကို သင်္ဂြိုဟ်သကဲ့သို့
ထိုမင်းကို သင်္ဂြိုဟ်ရလိမ့်မည်။ 20 လေဗနုန်တောင်ပေါ်သို့ တက်၍ ကြွေးကြော် လော့။ ဗာရှန်ပြည်၌ အော်ဟစ်လော့။ အာဗရိမ်အရပ်မှာ
အသံကိုလွှင့်လော့။ အကြောင်းမူကား၊ သင်၏မိတ်ဆွေ အပေါင်းတို့သည် ပျက်စီးခြင်းသို့ ရောက်ကြပြီ။ 21 သင်သည်
ကောင်းစားသောအခါ ငါသတိ ပေး၏။ သင်က၊ ငါနားမထောင်ဟု ပြန်ပြော၏။ ငယ်သောအရွယ်မှစ၍ ငါ့စကားကို နားမထောင်ဘဲ
နေမြဲရှိ၏။ 22 သင့်ကို ကျွေးမွေးသော သူအပေါင်းတို့ကို လေသည် စားလိမ့်မည်။ သင်၏မိတ်ဆွေတို့ကို ရန်သူတို့ သည်
သိမ်းသွားကြလိမ့်မည်။ ထိုအခါ သင်သည် ကိုယ်ပြု သမျှသော ဒုစရိုက်တို့ကြောင့် အမှန်ရှက်ကြောက်၍ စိတ်ပျက်ခြင်း ရှိလိမ့်မည်။ 23
အာရဇ်ပင်တို့၌ အသိုက်လုပ်တတ်သော လေဗနုန်တောင်သား၊ သားဘွားခြင်းဝေဒနာကို မိန်းမ ခံရသကဲ့သို့၊
သင်သည်နာကျင်ခြင်းဝေဒနာ ကိုခံရသော အခါ၊ အဘယ်မျှလောက် သနားဘွယ်ဖြစ်လိမ့်မည် တကား။ 24
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယုဒ ရှင်ဘုရင် ယောယကိမ်မင်းကြီး၏သား ခေါနိသည်၊ ငါ့လက်ျာ လက်၌ပါသော တံဆိပ်လက်စွပ်
မှန်သော်လည်း၊ ငါအသက်ရှင်သည်အတိုင်း သင့်ကို ငါပယ်ပစ်မည်။ 25 သင့်အသက်ကို သတ်ချင်သောသူ၊ သင်အလွန် ကြောက်သော
သူတည်းဟူသော ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာမင်းမှစ၍ ခါလဒဲလူတို့ လက်သို့ ငါအပ် မည်။ 26 သင့်ကို၎င်း၊ သင့်ကိုဘွားမြင်သော
သင်၏အမိကို၎င်း၊ မွေးဘွားရာ ဌာနမဟုတ်သော ပြည်သို့ ငါနှင်ထုတ်သဖြင့်၊ ထိုပြည်၌ သင်တို့သည် သေကြ လိမ့်မည်။ 27
ပြန်လိုသောပြည်သို့ နောက်တဖန်ပြန်၍ မလာရကြ။ 28 ဤမင်းသားခေါနိသည် ရိုသေဘွယ်မဟုတ်၊ ကျိုးပဲ့သောရုပ်တုဖြစ်သလော။
အဘယ်သူမျှ မနှစ်သက် သောတန်ဆာဖြစ်သလော။ သူနှင့်တကွ သူ၏သားမြေး တို့ကို နှင်ထုတ်၍၊ သူတို့မသိဘူးသောပြည်၌ အဘယ်
ကြောင့် ချပစ်ရသနည်း။ 29 အိုမြေကြီး၊ မြေကြီး၊ မြေကြီး၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်လော့။ 30

 generated on Sun Jun 30 02:37:40 2024

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤမင်းကို သားမရှိသောသူဟူ၍၎င်း၊ တသက်လုံး မကောင်းစား သောသူဟူ၍၎င်း ရေးမှတ်လော့။ သူ၏သားမြေးတစုံ တယောက်မျှ ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင်ပေါ်မှာ ထိုင်ရ သောအခွင့်နှင့်၊ ယုဒပြည်ကို စိုးစံရသောအခွင့်မရှိက။

 

## Chapter 23

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ့ထံမှာ ကျက်စားသော သိုးတို့ကို ဖျက်ဆီး၍၊ အရပ်ရပ်သို့ ကွဲပြား စေသော သိုးထိန်းတို့သည်
အမင်္ဂလာရှိကြ၏။ 2 ထိုကြောင့်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ လူတို့ကို
ကျွေးမွေးရသော သိုးထိန်းတို့အမှုမှာ သင်တို့သည် ငါ၏ သိုးစုကို မကြည့်ရှု၊ မပြုစု၊ အရပ်ရပ်သို့ ကွဲပြားစေ၍ နှင်ထုတ်သောကြောင့်၊
သင်တို့ပြုသော ဒုစရိုက်အပြစ်ကို သင်တို့အပေါ်မှာ ငါသက်ရောက်စေမည်ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ 3
တဖန်မိန့်တော်မူသည်ကား၊ ငါ၏သိုးစုကို ငါနှင်ထုတ်သော ပြည်ရှိသမျှတို့၌ ကျန်ကြွင်းသော သိုး တို့ကို ငါစုဝေး၍၊ နေရင်းသိုးခြံသို့
တဖန်ငါဆောင်ခဲ့ ဦးမည်။ သူတို့သည်လည်း၊ သားဘွား၍ များပြားကြလိမ့် မည်။ 4 သူတို့ကို ကျွေးမွေးသော သိုးထိန်းတို့ကို သူတို့
အပေါ်မှာ ငါခန့်ထားသဖြင့်၊ သူတို့သည် နောက်တဖန် ကြောက်ခြင်း၊ ထိတ်လန့်ခြင်းမရှိ ရကြ။ ဆုံးမခြင်းကိုလည်း မခံရကြဟု
ထာဝရဘုရား မိန့်တော်မူ၏။ 5 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သန့်ရှင်း သော အညွန့်ကို ဒါဝိဒ်အဘို့ ငါပေါက်စေသည်အတိုင်း၊
ဉာဏ်ကောင်းသောရှင်ဘုရင်တဦးသည် စိုးစံ၍၊ မြေကြီး ပေါ်မှာ တရားသဖြင့် ဖြောင့်မတ်စွာ စီရင်ရာ ကာလ သည် ရောက်လိမ့်မည်။ 6
ထိုမင်းလက်ထက်၌ ယုဒပြည်သည် ကယ်တင် ခြင်းသို့ရောက်၍၊ ဣသရေလပြည်လည်း ငြိမ်ဝပ်စွာ နေရ လိမ့်မည်။ ထိုမင်းသည်
ယေဟောဝါဇေဒကနုဟူသော ဘွဲ့နာမရှိလိမ့်သတည်း။ 7 သို့ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့ကို
အဲဂုတ္တုပြည်မှ နှုတ်ဆောင် သော ထာဝရဘုရားအသက်ရှင်တော်မူသည်ဟူ၍ မကျိန်ဆိုဘဲ၊ 8 ဣသရေလအမျိုးသား
အစဉ်အဆက်တို့ကို မြောက်ပြည်မှစ၍၊ နှင့်ထုတ်ဘူးသော ပြည်ရှိသမျှတို့မှ ပို့ဆောင်သော ထာဝရဘုရား အသက်ရှင်တော်မူသည်
ဟူ၍ ကျိန်ဆိုရသော ကာလသည် နောက်တဖန် ရောက် လိမ့်မည်။ သူတို့သည် နေရင်းပြည်၌ တဖန် နေရကြ လိမ့်မည်။ 9
ပရောဖက်များနှင့် ဆိုင်သော စကားဟူမူကား၊ ထာဝရဘုရားကြောင့်၎င်း၊ သန့်ရှင်းသော စကားတော် ကြောင့်၎င်း
ငါ့စိတ်ပျက်လျက်ရှိ၏။ ငါ့အရိုးရှိသမျှတို့သည် လှုပ်ရှားကြ၏။ ယစ်မူးသောသူနှင့် စပျစ်ရည်နိုင်သော သူကဲ့သို့ ငါဖြစ်၏။ 10
အကြောင်းမူကား၊ မတရားသော မေထုန်၌မှီဝဲ သောသူတို့သည် တပြည်လုံး၌ အနှံ့အပြားရှိကြ၏။ ထိုသူတို့ကြောင့်
တပြည်လုံးမြည်တမ်းရ၏။ တော၌ ကျက်စားရာအရပ်တို့သည် သွေ့ခြောက်ကြ၏။ ပြည်သား များလိုက်သောလမ်းသည် မဖြောင့်၊
သူတို့အစွမ်းသတ္တိ သည် တရားဘက်၌ မနေတတ်။ 11 ပရောဖက်နှင့်ယဇ်ပုရောဟိတ်နှစ်ပါးတို့သည် ဘုရားကို မရိုမသေပြုကြပြီ။
ငါ့အိမ်၌ပင် သူတို့ပြုသော အဓမ္မအမှုကို ငါတွေ့ပြီဟု ထာဝရဘုရား မိန့်တော်မူ၏။ 12 ထိုကြောင့်၊ သူတို့သွားသောလမ်းသည်
မှောင်မိုက်၌ ချောတတ်သော လမ်းကဲ့သို့ဖြစ်၍၊ သူတို့သည် တွန်းတိုးခြင်းကို ခံရ၍ လဲကြလိမ့်မည်။ အကြောင်းမူကား၊ သူတို့သည်
ဆုံးမခြင်းကို ခံရသော ကာလ၌ သူတို့အပေါ်မှာ ဘေးဥပဒ်ကို သင့်ရောက် စေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 13 ရှမာရိပြည်သား
ပရောဖက်တို့၌လည်း၊ မိုက် သောသဘောကို ငါမြင်ပြီ။ သူတို့သည် ဗာလဘုရားကို မှီဝဲ၍ ပရောဖက်ပြုသဖြင့်၊ ငါ၏လူ ဣသရေလ
အမျိုးသားတို့ကို မှားယွင်းစေကြပြီ။ 14 ယေရုရှလင်မြို့သား ပရောဖက်တို့၌လည်း၊ စက်ဆုပ်ရွံရှာဘွယ်သောသဘောကို ငါမြင်ပြီ။
သူတို့သည် မတရားသော မေထုန်၌မှီဝဲလျက်၊ မုသာကိုလည်း သုံးလျက်၊ အဓမ္မပြုသောသူတို့ကို အားပေးတတ်သဖြင့်၊
အဘယ်သူမျှမိမိပြုသော အဓမ္မအမှုကို မစွန့်။ ထိုသူ ရှိသမျှတို့သည် ငါ၌ သောဒုံမြို့သားကဲ့သို့၎င်း၊ ယေရု ရှလင်မြို့သားတို့သည်
ဂေါမောရမြို့သားကဲ့သို့၎င်း ဖြစ်ကြ၏။ 15 ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားသည် ပရောဖက်တို့အမှု၌
မိန့်တော်မူသည်ကား၊ သူတို့ကို ဒေါနနှင့် ငါကျွေးမည်။ ဆေးခါးကိုလည်း သောက်စေမည်။ ယေရုရှလင်မြို့သား ပရောဖက်တို့သည်
မူလအမြစ်ဖြစ်၍၊ အဓမ္မအမှုသည် တပြည်လုံးကို နှံ့ပြား လေပြီ။ 16 ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊
ပရောဖက်ပြု၍ သင်တို့အား ဟောတတ်သော ဆရာတို့၏ စကားကို နားမထောင် ကြနှင့်။ သူတို့သည် သင်တို့အား
အချည်းနှီးဟောတတ် ကြ၏။ ထာဝရဘုရား၏ နှုတ်တော်ထွက်သို့မလိုက်၊ ကိုယ်အလိုအလျောက် ရူပါရုံကို မြင်သည်အတိုင်း
ဟောပြောတတ်ကြ၏။ 17 ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို မထီမဲ့မြင် ပြုသော သူတို့အား၊ သင်တို့သည် ငြိမ်ဝပ်ခြင်းရှိကြ
လိမ့်မည်ဟု ဟောတတ်ကြ၏။ မိမိတို့စိတ်နှလုံးခိုင်မာခြင်း သဘောသို့လိုက်သော သူတို့အား၊ သင်တို့သည် ဘေးဥပဒ် နှင့်
မတွေ့ရကြဟု ဟောတတ်ကြ၏။ 18 ထိုသူတို့တွင် အဘယ်သူသည် ထာဝရဘုရားနှင့် တိုင်ပင်ဘက်ပြုသနည်း။ အဘယ်သူသည်
အမှုတော်ကို ကြားမြင်သနည်း။ အဘယ် သူသည် နှုတ်ကပတ်တော်ကို နားထောင်၍ ကြားသနည်း။ 19 ထာဝရဘုရား၏
လေဘွေတော်သည် ပူသော အရှိန်နှင့်ထွက်၏။ ပြင်းစွာသော လေဘွေဖြစ်၍၊ မတရား သော သူတို့ခေါင်းပေါ်မှာ ပြင်းစွာ
တိုက်လိမ့်မည်။ 20 ထာဝရဘုရားသည် လက်စသတ်၍၊ အကြံ အစည်တော်ကို ပြည့်စုံစေတော်မမူမှီ အမျက်တော် မငြိမ်း ရ။
နောက်ကာလ၌ သင်တို့သည် ရှင်းလင်းစွာ နားလည် ကြလိမ့်မည်။ 21 ငါမစေလွှတ်ဘဲ ထိုပရောဖက်တို့သည် ပြေးကြ ပြီ။ ငါမမှာထားဘဲ
သူတို့သည် ကိုယ်အလိုအလျောက် ဟောပြောကြပြီ။ 22 ထိုသူတို့သည် ငါနှင့် တိုင်ပင်ဘက်ပြုလျှင်၊ ငါ့စကားကို ငါ၏
လူမျိုးအားဆင့်ဆို၍၊ ငါ၏လူမျိုးကို မတရားသော လမ်းမှ၎င်း၊ မကောင်း သောအကျင့်ဓလေ့ မှ၎င်း လွှဲသွားစေကြပြီ။ 23
ငါသည်နီးသော အရပ်၌သာ ဘုရားဖြစ် သလော။ ဝေးသော အရပ်၌လည်း ဘုရားဖြစ်သည် မဟုတ်လောဟု ထာဝရဘုရား
မေးတော်မူ၏။ 24 ငါမမြင်စေခြင်းငှါ အဘယ်သူသည် မထင်ရှား သော အရပ်၌ ပုန်းရှောင်၍ နေနိုင်သနည်းဟု ထာဝရ
ဘုရားမေးတော်မူ၏။ ငါသည် ကောင်းကင်မြေကြီးကို နှံ့ပြားသည် မဟုတ်လောဟု ထာဝရဘုရား မေးတော် မူ၏။ 25 ငါသည်
အိပ်မက်မြင်ပြီ၊ အိပ်မက်မြင်ပြီဟု၊ ငါ့နာမကို အမှီပြု၍၊ မုသာဖြင့် ဟောပြောသော ပရောဖက်တို့၏ စကားကို ငါကြားပြီ။ 26

ထိုပရောဖက်တို့သည် အဘယ်မျှကာလပတ်လုံး ဤသို့ကြံစည် ကြလိမ့်မည်နည်း။ သူတို့သည် မုသာစကား ကို ဟောပြောတတ်ကြ၏။
ကိုယ်စိတ်နှလုံး လှည့်စားသည် အတိုင်း ဟောပြောတတ်ကြ၏။ [27] ဘိုးဘေးတို့သည် ဗာလကြောင့် ငါ့နာမကို မေ့လျော့သကဲ့သို့၊
သူတို့သည် အိမ်နီးချင်းတယောက်ကို တယောက်ပြောတတ်သော အိပ်မက်များအားဖြင့် ငါ၏ လူမျိုးသည် ငါ့နာမကို
မေ့လျော့စေမည်ဟု အကြံရှိကြ သည်တကား။ [28] အိပ်မက်မြင်သော ပရောဖက်သည် အိပ်မက် စကားကို ပြောပါလေစေ။
ငါ၏နှုတ်ကပတ်တော်ကို ခံရ သော သူသည် နှုတ်ကပတ်စကားတော်ကို မှန်ကန်စွာ ဟောပြောပါလေစေ။ အဖျင်းသည်စပါးနှင့်
အဘယ်သို့ ဆိုင်သနည်းဟု ထာဝရဘုရား မိန့်တော်မူ၏။ [29] ငါ၏ နှုတ်ကပတ်တော်သည် မီးကဲ့သို့၎င်း၊ ကျောက်ကို
ထုချေသောသံတူကဲ့သို့၎င်း ဖြစ်သည်မဟုတ် လောဟု ထာဝရဘုရား မေးတော်မူ၏။ [30] သို့ဖြစ်၍၊ ငါ့စကားတော်ကို အိမ်နီးချင်း
တယောက်မှတယောက်ခိုးသော ပရောဖက်တို့ကို ငါသည် ဆန့်ကျင်ဘက်ပြုမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [31]
မိမိတို့အလိုအလျောက် ဟောပြောလျက်နှင့် အမိန့်တော်ရှိသည်ဟုဆိုသော ပရောဖက်တို့ကို ငါသည် ဆန့်ကျင်ဘက်ပြုမည်ဟု
ထာဝရဘုရားမိန့်တော်မူ၏။ [32] မှားသာအိပ်မက်ကိုဟောပြော၍၊ မုသာစကား နှင့် အချည်းနှီးစကားအားဖြင့် ငါ၏လူမျိုးကိုမှားယွင်း
စေသော ပရောဖက်တို့ကို ငါသည် ဆန့်ကျင်ဘက်ပြုမည်။ သူတို့ကို ငါမစေလွှတ်၊ မမှာထားသောကြောင့်၊ ဤလူမျိုး သည်
ကျေးဇူးမရှိဟု ထာဝရဘုရား မိန့်တော်မူ၏။ [33] ဤလူမျိုးတွင် ဆင်းရဲသားဖြစ်စေ၊ ပရောဖက် ဖြစ်စေ၊ ယဇ်ပုရောဟိတ်ဖြစ်စေ၊
တစုံတယောက်က၊ ထာဝရဘုရား၏ ဗျာဒိတ်တော်အဘယ်သို့နည်းဟု သင့်ကို မေးလျှင်၊ ပြန်ပြောရမည်မှာ၊ သင်တို့နှင့်ဆိုင်သော
ဗျာဒိတ်တော်ဟူမူကား၊ သင်တို့ကို ငါစွန့်ပစ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [34] ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိသည်ဟု ပြော
ဆိုသော ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ပြည်သူပြည်သား ကို၎င်း၊ ထိုသူ၏ အိမ်သူအိမ်သားတို့ကို၎င်း၊ ငါသည် ဒဏ်ပေးမည်။ [35]
သင်တို့က၊ ထာဝရဘုရားသည် အဘယ်သို့ ပြန်ပြောတော်မူသနည်းဟူ၍၎င်း၊ အဘယ်သို့ မိန့်တော်မူသနည်းဟူ၍၎င်း၊ အိမ်နီးချင်း၊
ညီအစ်ကို ချင်း တယောက်ကိုတယောက် မေးမြန်းရမည်။ [36] ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိသည်ဟူ၍ နောက်တဖန် မဆိုရ။
လူတိုင်းမိမိစကားမှတပါး အခြား သောဗျာဒိတ်တော်မရှိရ။ အကြောင်းမူကား၊ သင်တို့သည် အသက်ရှင်တော်မူသောဘုရား၊ ငါတို့၏
ဘုရားသခင် တည်းဟူသော ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ စကားတော်ကို ဖျက်ကြပြီ။ [37] ထာဝရဘုရားသည် သင့်အား
အဘယ်သို့ ပြန်ပြောတော်မူသနည်း။ ထာဝရဘုရားသည် အဘယ်သို့ မိန့်တော်မူသနည်းဟု ပရောဖက်ကို မေးလော့။ [38] သင်တို့က၊
ထာဝရဘုရား၏ ဗျာဒိတ်တော်ဟု ဆိုကြသည်ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိသည်ဟု
မဆိုရမည် အကြောင်း၊ ငါ ပညတ်သော်လည်း၊ သင်တို့သည် ထာဝရ ဘုရား၏ ဗျာဒိတ်တော်ရှိသည်ဟူသော စကားကို သုံးကြ
သောကြောင့်၊ [39] ငါသည် သင်တို့ကို၎င်း၊ သင်တို့နှင့် ဘိုးဘေးတို့ အား ငါပေးသော မြို့ကို၎င်း၊ ငါ့ထံမှ အကုန်အစင် ကျုံး၍
ပစ်လိုက်မည်။ [40] အစဉ်အမြဲ မမေ့လျော့နိုင်သော ထာဝရကဲ့ရဲ့ ခြင်းနှင့် အရှက်ကွဲခြင်းကို သင်တို့အပေါ်မှာ သက်ရောက် စေမည်။


generated on Sun Jun 30 02:37:40 2024

## Chapter 24

1 ထာဝရဘုရား ပြတော်မူသော ရူပါရုံဟူမူကား၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ယုဒရှင်ဘုရင်
ယောယကိမ်သားယေခါနိမင်းအစရှိသော ယုဒမှူးမတ် များ၊ လက်သမား၊ ပန်းပဲသမားများတို့ကို ယေရုရှလင်မြို့ မှ ဗာဗုလုန်မြို့သို့
သိမ်းသွားသောနောက်၊ ထာဝရဘုရား ၏ ဗိမာန်တော်ရှေ့၌ထားသော သင်္ဘော သဖန်းသီး တောင်းနှစ်လုံးသည် ထင်ရှားလေ၏။ 2
တောင်းတလုံး၌ကား၊ အဦးမှည့်သော သင်္ဘော သဖန်းသီးကဲ့သို့ အလွန်ကောင်းသော သင်္ဘောသဖန်းသီး နှင့် ပြည့်လျက်ရှိ၏။
တလုံး၌ကား၊ မစားနိုင်အောင် အလွန်ညံ့သော သင်္ဘောသဖန်းသီးနှင့် ပြည့်လျက်ရှိ၏။ 3 ထာဝရဘုရားကလည်း၊ ယေရမိ၊ သင်သည်
အဘယ်အရာကို မြင်သနည်းဟုမေးတော်မူလျှင်၊ အကျွန်ုပ်သည် သင်္ဘောဖန်းသီးကို မြင်ပါ၏။ ကောင်း သော သင်္ဘောဖန်းသီးသည်
အလွန်ကောင်းပါ၏။ ညံ့သော သင်္ဘောသဖန်းသီးသည် မစားနိုင်အောင် အလွန်ညံ့ပါသည်ဟု ပြန်လျှောက်၏။ 4 တဖန် ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ 5 ဤအရပ်မှ
ခါလဒဲပြည်သို့ ငါစေလွှတ်၍ သိမ်း သွားခြင်းကို ခံရသော ယုဒအမျိုးသားတို့သည်၊ ဤကောင်း သော သင်္ဘောသဖန်းသီးကဲ့သို့
ဖြစ်ကြသည်ဟု ငါဝန်ခံ မည်။ 6 သူတို့၌ ကျေးဇူးပြုမည်ဟု ငါကြံစည်၍၊ ဤပြည် သို့တဖန် ဆောင်ခဲ့ဦးမည်။ နောက်တဖန်
မဖြိုမဖျက်ဘဲ တည်ဆောက်မည်။ မနှုတ် မပယ်ဘဲစိုက်ထားမည်။ 7 ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို၊ သူတို့ သိနိုင်သော
စိတ်နှလုံးကို ငါပေးမည်။ သူတို့သည် ငါ၏လူ ဖြစ်ကြ၍၊ ငါသည်လည်း သူတို့၏ ဘုရားသခင်ဖြစ်လိမ့် မည်။ ငါ့ထံသို့
စိတ်နှလုံးအကြွင်းမဲ့နှင့် ပြန်လာကြလိမ့် မည်။ 8 မစားနိုင်အောင် အလွန်ညံ့သော သင်္ဘော သဖန်းသီးကဲ့သို့၊ ငါသည် ယုဒရှင်ဘုရင်
ဇေဒကိမှစ၍၊ မှူးတော်မတ်တော်၊ ဤပြည်၌ ကျန်ကြွင်းသော ယေရု ရှလင်မြို့သား၊ အဲဂုတ္တုပြည်၌နေသော အမျိုးသားတို့ကို
ဖြစ်စေမည်။ 9 သူတို့သည် ငါနှင်ရာအရပ်ရပ်တို့၌ ကဲ့ရဲ့ခြင်း၊ ပုံခိုင်းခြင်း၊ ဆဲရေးခြင်း၊ ကျိန်ခြင်းတို့ကို ခံရမည် အကြောင်း၊ ငါသည်
မြေပေါ်မှာ တိုင်းနိုင်ငံရှိသမျှတို့၌ နှောင့်ရှက်ညှဉ်းဆဲခြင်းသို့ သူတို့ကို အပ်လိုက်မည်။ 10 သူတို့နှင့် သူတို့၏ ဘိုးဘေးတို့အား
ငါပေးသော ပြည်မှ၊ သူတို့ကို မပယ်ရှင်းမှီတိုင်အောင် ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလနာဘေးကို သူတို့ရှိရာသို့
ငါစေလွှတ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 ယုဒရှင်ဘုရင် ယောရှိမင်းကြီးသား ယောယ ကိမ်နန်းစံ စတုတ္ထနှစ်၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ နန်းစံ ပဌမနှစ်တွင်၊
ယုဒပြည်သားအပေါင်းတို့ကို ရည် မှတ်၍၊ ယေရမိသို့ ရောက်လာသော နှုတ်ကပတ်တော်ကို၊ 2 ယုဒပြည်သူ၊
ယေရုရှလင်မြို့သားအပေါင်းတို့ အား၊ ယေရမိဆင့်ဆိုဟောပြောရသည်ကား၊ 3 ယုဒရှင်ဘုရင် အာမုန်သား ယောရှိနန်းစံ ဆယ်
သုံးနှစ်မှစ၍ ယခုတိုင်အောင်၊ အနှစ်နှစ်ဆယ်သုံးနှစ်ပတ် လုံး ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့
ရောက်လာသည်အတိုင်း၊ ငါသည် စောစောထ၍ အမိန့် တော်ကို အထပ်ထပ်ဆင့်ဆိုသော်လည်း၊ သင်တို့သည် နားမထောင်ဘဲ
နေကြ၏။ 4 ထာဝရဘုရားသည်လည်း၊ စောစောထ၍ မိမိကျွန် ပရောဖက်အပေါင်းတို့ကို၊ သင်တို့ရှိရာသို့
အထပ်ထပ်စေလွှတ်တော်မူသော်လည်း၊ သင်တို့သည် နားမထောင်ကြ။ အမိန့်တော်ကို ကြားခြင်းငှါ နားကို မလှည့်ဘဲ နေကြ၏။ 5
ထိုပရောဖက်တို့က၊ သင်တို့အသီးအသီး လိုက် သောလမ်းဆိုးနှင့် အကျင့်ဆိုးများကို ပယ်ရှား၍၊ သင်တို့ နှင့် ဘိုးဘေးတို့အား
ထာဝရဘုရားသည် အမြဲပေးတော် မူသော ပြည်၌ နေကြလော့။ 6 အခြားတပါးသော ဘုရားနောက်သို့ လိုက်၍ ဝတ်မပြု၊
မကိုးကွယ်ကြနှင့်။ ကိုယ်လက်နှင့် လုပ်သော အရာများအားဖြင့်၊ ငါ၏အမျက်ကို မထွက်စေကြနှင့်။ ငါသည်လည်း၊ သင်တို့ကို
မညှဉ်းဆဲဟု ဆင့်ဆိုကြ၏။ 7 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုသို့ ဆင့်ဆိုကြသော်လည်း၊ သင်တို့သည် ကိုယ်၌အကျိုးနည်း
ဖြစ်စေခြင်းငှါ၊ ကိုယ်လက်နှင့် လုပ်သော အရာများအား ဖြင့်၊ ငါ၏အမျက်ကို ထွက်စေသော အခွင့်ရှိမည် အကြောင်း၊ ငါ့စကားကို
နားမထောင်ဘဲနေကြပြီ။ 8 ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့စကားကို
နားမထောင်သောကြောင့်၊ 9 ဤပြည်နှင့် ပြည်သားများကိုငှင်း၊ ပတ်ဝန်းကျင် ၌ရှိသော လူအမျိုးမျိုးတို့ကိုငှင်း စစ်တိုက်စေခြင်းငှါ၊
ငါ၏ ကျွန်ဗာဗုလုန် ရှင်ဘုရင်နေဗုခဒ်နေဇာအစရှိသော မြောက်ပြည်သား အမျိုးမျိုးအပေါင်းတို့ကို ငါမှာလိုက်၍ ဆောင်ခဲ့ပြီးလျှင်၊
ရှင်းရှင်းဖျက်ဆီး၍၊ ဤပြည်သားတို့ကို အံ့သြဘွယ်ရာ၊ ကဲ့ရဲ့သံကိုကြားရာ၊ အစဉ်အမြဲ လူဆိတ်ညံ့ရာ ဖြစ်စေမည်။ 10 ဤသူတို့တွင်
ဝမ်းမြောက်သော အသံ၊ ရွှင်လန်း သောအသံ၊ မင်္ဂလာဆောင်သတို့သား၏အသံ၊ သတို့သမီး ၏အသံ၊ ကြိတ်ဆုံသံနှင့်
မီးခွက်အလင်းကို ငါကွယ် ပျောက်စေမည်။ 11 ဤပြည်တရှောက်လုံးသည် လူဆိတ်ညံ့ရာ၊ အံ့သြဘွယ်ရာ ဖြစ်လိမ့်မည်။
ဤလူမျိုးတို့သည် အနှစ် ခုနစ်ဆယ်ပတ်လုံး ဗာဗုလုန်ရှင်ဘုရင်၏ အမှုကို ဆောင် ရွက်ရကြလိမ့်မည်။ 12
ထာဝရဘုရားမိန့်တော်မူသည်ကား၊ အနှစ် ခုနစ်ဆယ်စေ့သောအခါ၊ ဗာဗုလုန်ရှင်ဘုရင်နှင့် သူ၏ နိုင်ငံတည်းဟူသော
ခါလဒဲတိုင်းနိုင်ငံ၏ အပြစ် ကြောင့်၊ ငါသည် သူတို့ကို ဒဏ်ပေး၍၊ ထိုနိုင်ငံကို အစဉ် အမြဲ လူဆိတ်ညံ့ရာအရပ် ဖြစ်စေမည်။ 13
ငါခြိမ်းသောစကားများတည်းဟူသော ယေရမိ သည် ခပ်သိမ်းသော တိုင်းနိုင်ငံတို့တဘက်၌ ဟောပြော ၍၊ ဤစာ၌ရေးထားသော
စကားရှိသမျှတို့ကို ခါလဒဲ တိုင်းနိုင်ငံအပေါ်မှာ ငါသက်ရောက်စေမည်။ 14 များစွာသော လူမျိုးတို့နှင့် ကြီးသော ရှင်ဘုရင် တို့သည်
ခါလဒဲပြည်သားတို့ကို စေစားကြလိမ့်မည်။ သူတို့ ကျင့်သော အကျင့်၊ သူတို့ကိုယ်တိုင်ပြုသော အမှုနှင့် အလျောက်၊ အကျိုးအပြစ်ကို
ငါဆပ်ပေးမည်။ 15 ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရား ကလည်း၊ အမျက်တော်စပျစ်ရည်ဖလားကို ငါ့လက်မှ မခံယူ
လော့။ ငါသည်သင့်ကို စေလွှတ်သော လူမျိုးအပေါင်း တို့ကို သောက်စေလော့။ 16 သူတို့အလယ်သို့ ငါစေလွှတ်သော ထားကြောင့်
သူတို့သည် သောက်၍ ယစ်မူးတိမ်းယိမ်းခြင်းသို့ ရောက် ကြလိမ့်မည်ဟု ငါ့အား မိန့်တော်မူသည်အတိုင်း၊ 17 ငါသည် ထာဝရဘုရား၏
လက်တော်မှ ထို ဖလားကိုခံယူ၍၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ် တော်မူသော လူမျိုးအပေါင်းတို့ကို သောက်စေ၏။ 18
ထိုလူမျိုးများဟူမူကား၊ ယနေ့ရှိသည်အတိုင်း လူဆိတ်ညံ့ရာ၊ အံ့သြဘွယ်ရာ၊ ကဲ့ရဲ့သံကိုကြားရာ၊ ကျိန်ဆဲ ရာဖြစ်စေခြင်းငှါ၊
သောက်ရသော ယေရုရှလင်မြို့သူ၊ ယုဒပြည်သား၊ ယုဒရှင်ဘုရင်များ၊ မှူးမတ်များ၊ 19 အဲဂုတ္တုပြည်ကို အစိုးရသော ဖာရောဘုရင်
အစရှိသော သူ၏ ကျွန်၊ မှူးမတ်၊ ပြည်သူပြည်သား၊ သူတို့နှင့် ရောနှောသော တပါးအမျိုး သားရှိသမျှ၊ 20 ဥဇမင်းအပေါင်း၊
ဖိလိတ္တိမင်းအပေါင်း၊ အာရှ ကေလုန်ပြည်သား၊ ဂါဇပြည်သား၊ ဧကြုန်ပြည်သား၊ ကျန်ကြွင်းသော အာဇုတ်ပြည်သား၊ 21 ဧဒုံပြည်သား၊
မောဘပြည်သား၊ အမ္မုန် ပြည်သား၊ 22 တုရုမင်းအပေါင်း၊ ဇိဒုန်မင်းအပေါင်း၊ ပင်လယ် တဘက်၌ အစိုးရသောမင်းများ၊ 23
ဒေဒန်ပြည်သား၊ တေမပြည်သား၊ ဗုဇပြည်သား၊ ပါးမုန်းကို ရိတ်တတ်သော ပြည်သားရှိသမျှ၊ 24 အာရပ်မင်းအပေါင်း၊ တော၌နေ၍
အမျိုးမစစ် သော လူများကို အစိုးရသော မင်းအပေါင်း၊ 25 ဇိမရိမင်းအပေါင်း၊ ဧလံမင်းအပေါင်း၊ မေဒိမင်း အပေါင်း၊ 26
တပါးနှင့်တပါးနီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ မြောက်ပြည်မင်းရှိသမျှတို့နှင့်၊ မြေကြီးတပြင်လုံး၌ ရှိသမျှ သော လောကီနိုင်ငံ
အပေါင်းပါကြသတည်း။ နောက်ဆုံး ၌ ရှေရှက်ရှင်ဘုရင်သောက်ရမည်။ 27 သင်တို့အလယ်သို့ ငါစေလွှတ်သော ထား ကြောင့်
သောက်၍ ယစ်မူးကြ။ အော့အန်ကြ၊ လဲကြ၊ နောက်တဖန် မထကြနှင့်ဟု ဣသရေလအမျိုး၏ ဘုရား သခင်၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူကြောင်းကို သူတို့အား ဆင့်ဆိုလော့။ 28 သူတို့သည် သောက်ခြင်းငှါ ထိုဖလားကို
သင်၏ လက်မှမခံ၊ ငြင်းပယ်လျှင်လည်း၊ စင်စစ်သောက်ရကြ မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူကြောင်းကို
သူတို့အား ပြန်ပြောလော့။ 29 အကြောင်းမူကား၊ ငါ၏နာမဖြင့် သမုတ်သော မြို့ကို ငါသည် အပြစ်ပေးစပြုလျှင်၊ သင်တို့သည် ဒဏ်
အလျှင်းမခံဘဲ နေရကြမည်လော။ ဒဏ်မခံဘဲမနေရကြ။ ငါသည် မြေကြီးသားရှိသမျှတို့အဘို့ ထားကို မှာလိုက် မည်ဟု
ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ 30 ထိုကြောင့်၊ သင်သည် ပရောဖက်ပြုလျက် သူတို့ အား


generated on Sun Jun 30 02:37:40 2024

ဟောပြောရသောစကားများဟူမူကား၊ ထာဝရ ဘုရားသည် မြင့်သော အရပ်က ကြွေးကြော်တော် မူမည်။ သန့်ရှင်းသော ဘုံဗိမာန်တော်က အသံကို လွှင့် တော်မူမည်။ ကျိန်းဝပ်တော်မူရာအရပ်ဌာန တဘက်၌ ပြင်းစွာ ကြွေးကြော်တော်မူမည်။ စပျစ်သီးကို နင်းနယ် သောသူများ အော်ဟစ်သကဲ့သို့၊ မြေကြီးသားများ တဘက်၌ အော်ဟစ်တော်မူမည်။ [31] မြေကြီးစွန်းတိုင်အောင် အသံနှံ့ပြားလိမ့်မည်။ ထာဝရဘုရားသည် လူအမျိုးမျိုးတို့နှင့် တရားတွေ့စရာ အကြောင်းရှိ၍၊ ခပ်သိမ်းသော သတ္တဝါတို့ကို အမှု လုပ်တော်မူမည်။ ဆိုးသောသူတို့ကို ထားနှင့်ကွပ်မျက် စေခြင်းငှါ အပ်တော်မူမည်ဟု ထာဝရဘုရား မိန့်တော် မူ၏။ [32] ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဘေးသည် တပြည်မှတပြည်သို့ ကူးသွားလိမ့်မည်။ မြေကြီးအစွန်းအနားတို့ မှ ပြင်းစွာသော လေဘွေသည် ထလိမ့်မည်။ [33] ထိုအခါ ထာဝရဘုရား ကွပ်မျက်တော်မူခြင်းကို ခံရသော သူတို့သည် မြေကြီးတဘက်မှတဘက် တိုင်အောင် နှံ့ပြားကြလိမ့်မည်။ သူတို့ကို မမြည်တမ်းရ။ မစုမပုံရ။ မသင်္ဂြိုဟ်ရ။ မြေပေါ်မှာ မစင်ကဲ့သို့ ဖြစ်ကြ လိမ့်မည်။ [34] အို သိုးထိန်းတို့၊ ငိုကြွေးအော်ဟစ်ကြလော့။ အို သိုးကြီးသိုးမြတ်တို့၊ ပြာ၌လူးလည်းလျက်နေကြလော့။ သင်တို့ကို သတ်ရသော အချိန်ရောက်လေပြီ။ အရပ်ရပ် သို့ ငါမောင်းသဖြင့်၊ သင်တို့သည် အဘိုးထိုက်သော တန်ဆာကျသကဲ့သို့ ဖြစ်ရကြလိမ့်မည်။ [35] သိုးထိန်းတို့သည် ပြေးစရာလမ်းမရှိ။ သိုးကြီး သိုးမြတ်တို့သည် လွတ်ရာလမ်းကို ရှာ၍ မတွေ့ရကြ။ [36] သိုးထိန်းများ ငိုကြွေးသံနှင့် သိုးကြီး သိုးမြတ်များ မြည်သံကိုကြားရ၏။ အကြောင်းမူကား၊ ထာဝရဘုရား သည် သူတို့ကျက်စားရာအရပ်ကို ဖျက်ဆီးတော်မူ၏။ [37] ထာဝရဘုရား သည်ပြင်းစွာအမျက်ထွက်တော်မူသော အားဖြင့် ငြိမ်ဝပ်စွာ နေရာ အရပ်တို့ သည်လည်း ပယ်ရှင်းဖျက်ဆီးခြင်းကို ခံရကြ၏။ [38] ခြင်္သေ့ဘာသာဓလေ့၊ နေတော်မူရာခြုံကို စွန့် ထွက်တော်မူပြီ။ ညှဉ်းဆဲသော သူ၏ပြင်းထန်ခြင်း၊ ပြင်း စွာ အမျက်ထွက်ခြင်းအားဖြင့်၊ သူတို့ ပြသည် လူဆိတ်ညံ ရာအရပ်ဖြစ်ရ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 26

1 ယုဒရှင်ဘုရင် ယောရှိသား ယောယကိမ်နန်း ထိုင်စ က၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ရောက်လာ ၍၊ 2 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ဗိမာန် တော်၌ ကိုးကွယ်အံ့သောငှါ ရောက်လာသော ယုဒမြို့သူ ရွာသားအပေါင်းတို့အား ဆင့်ဆိုစေခြင်းငှါ၊
ငါသည်သင်၌ မှားထားသမျှသော စကားတို့ကို ဗိမာန်တော် တန်တိုင်း ထဲမှာရပ်လျက်၊ သူတို့အားပြန်ပြောလော့။ တခွန်းကိုမျှ
မထိမ်မဝှက်နှင့်။ 3 သူတို့သည် နားထောင်၍၊ အသီးအသီးမိမိတို့ အဓမ္မလမ်းမှ လွှဲရှောင်ကောင်း လွှဲရှောင်ကြလိမ့်မည်။ ငါသည်လည်း
သူတို့ပြုသော ဒုစရိုက်ကြောင့် အပြစ်ပေး မည်ဟု ကြံစည်ခြင်းကို နောင်တရမည်။ 4 သို့ဖြစ်၍၊ သင်သည် ဆင့်ဆိုရမည်မှာ၊ ထာဝရ
ဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့စကားကို နားမထောင်၊ သင်တို့၌ ငါထားသော ပညတ်တရားလမ်း သို့ မလိုက်၊ 5 ငါသည်
စောစောထ၍ သင်တို့ရှိရာသို့ အထပ် ထပ်စေလွှတ်သော ငါ၏ကျွန် ပရောဖက်တို့၏ စကားကို နားမထောင်ဘဲနေသကဲ့သို့၊ ယခုလည်း
နားမထောင်ဘဲ နေလျှင်၊ 6 ဤအိမ်ကို ရှိလောရွာကဲ့သို့ ငါဖြစ်စေမည်။ ဤမြို့ကိုလည်း၊ မြေပေါ်မှာ လူအမျိုးမျိုး ကျိန်ဆဲသော
မြို့ဖြစ်စေမည်ဟု မိန့်တော်မူ၏။ 7 ထိုစကားကို ဗိမာန်တော်၌ ယေရမိ ဟောပြော သည်ကို ယဇ်ပုရောဟိတ်များ၊ ပရောဖက်များ၊
လူများ အပေါင်းတို့သည် ကြားကြ၏။ 8 လူများအပေါင်းတို့အား ဆင့်ဆိုစေခြင်းငှါ၊ ထာဝရဘုရား မှာထားတော်မူသမျှသော
စကားတော်ကို အကုန်အစင် ဟောပြောပြီးမှ၊ ယဇ်ပုရောဟိတ်၊ ပရော ဖက်၊ လူများအပေါင်းတို့သည် ယေရမိကို ဘမ်းဆီး၍၊ သင်သည်
အသေသတ်ခြင်းကို အမှန်ခံရမည်။ 9 ဤအိမ်တော်သည် ရှိလောရွာကဲ့သို့ ဖြစ်လိမ့် မည်။ ဤမြို့သည် လူမရှိ၊
ဆိတ်ညံရာအရပ်ဖြစ်လိမ့်မည် ဟု သင်သည် ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ အဘယ်ကြောင့် ဟောသနည်းဟုပြောဆိုလျက်၊
လူများ အပေါင်းတို့သည် ဗိမာန်တော်တွင် ယေရမိတဘက်၌ စုဝေးကြ၏။ 10 ယုဒမှူးမတ်တို့သည် ထိုအမှုကို ကြားသိသော အခါ၊
နန်းတော်မှ ဗိမာန်တော်သို့လာ၍၊ ဗိမာန်တော် တံခါးသစ်အတွင်း၌ ထိုင်ကြ၏။ 11 ယဇ်ပုရောဟိတ်နှင့် ပရောဖက်တို့က၊ ဤသူ သည်
အသေခံထိုက်ပေ၏။ သင်တို့သည် ကိုယ်နားနှင့် ကြားသည်အတိုင်း၊ ဤမြို့ကို ဆန့်ကျင်ဘက်ပြု၍ ဟောပြောပါပြီတကားဟု
မှူးမတ်အစရှိသော လူများ အပေါင်းတို့အား ပြောဆိုကြ၏။ 12 ယေရမိကလည်း၊ သင်တို့ကြားသမျှအတိုင်း၊ ဤအိမ်တော်နှင့်
ဤမြို့တော်ကို ဆန့်ကျင်ဘက်ပြု၍ ဟောပြောစေခြင်းငှါ၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ် တော်မူပြီ။ 13 ယခုမှာသင်တို့၏
ကျင့်ကြံပြုမူခြင်းတို့ကို ပြောင်း လဲကြလော့။ သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်ကြလော့။
သို့ပြုလျှင်၊ ထာဝရ ဘုရားသည် သင်တို့၌ ဘေးဥပဒ်ရောက်စေမည်ဟု ခြိမ်းတော်မူသော်လည်း၊ တဖန် နောင်တရတော်မူလိမ့် မည်။ 14
ငါမူကား၊ သင်တို့လက်၌ရှိပါ၏။ သင်တို့စိတ်၌ ဖြောင့်မတ်လျောက်ပတ်သည်ဟု ထင်သည်အတိုင်း၊ ငါ့ကို ပြုကြလော့။ 15 သို့ရာတွင်၊
ငါ့ကို သတ်လျှင်အပြစ်မရှိသော အသွေးကို သင်တို့သည် ကိုယ်အပေါ်သို့၎င်း၊ ဤမြို့နှင့် မြို့သားတို့အပေါ်သို့၎င်း၊
စင်စစ်ရောက်စေလိမ့်မည်ဟု ဧကန်အမှန် သိမှတ်ကြလော့။ ဤစကား အလုံးစုံတို့ကို သင်တို့အား ကြားပြောမည်အကြောင်း၊
ထာဝရဘုရား သည် ငါ့ကို စင်စစ်စေလွှတ်တော်မူပြီဟု မှူးမတ်အစ ရှိသော လူများအပေါင်းတို့အား ပြောဆိုလေ၏။ 16
ထိုအခါမှူးမတ်အစရှိသော လူများအပေါင်းတို့ က၊ ဤသူသည် အသေခံထိုက်သည်မဟုတ်။ ငါတို့ဘုရား သခင် ထာဝရဘုရား၏
နာမတော်ကို အမှီပြု၍၊ ငါတို့ အား ဟောပြောလေပြီဟု ယဇ်ပုရောဟိတ်နှင့် ပရောဖက် တို့အား ပြောဆိုကြ၏။ 17
ပြည်သားအသက်ကြီးသူ အချို့ကလည်း၊ 18 ယုဒရှင်ဘုရင် ဟေဇကိလက်ထက်၊ မေရှုရှွာ သားမိက္ခာသည် ပရောဖက်ပြုလျက်၊
ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဇိအုန် တောင်သည် လယ်ကဲ့သို့ ထွန်ခြင်းကို ခံရလိမ့်မည်။
ယေရုရှလင်မြို့သည်လည်း၊ မြေပုံများဖြစ်လိမ့်မည်။ ဗိမာန်တော်တောင်သည်လည်း၊ တောတောင်ကဲ့သို့ ဖြစ် လိမ့်မည်ဟု
ယုဒပြည်သားအပေါင်းတို့အား ဟောပြော၏။ 19 ထိုအခါ ယုဒပြည်သားအပေါင်းတို့နှင့်တကွ၊ ယုဒရှင်ဘုရင် ဟေဇကိသည်
ထိုပရောဖက်ကို သတ် သလော။ ထိုမင်းသည် ထာဝရဘုရားကို ကြောက်ရွံ့သည် မဟုတ်လော။ ရှေ့တော်၌ တောင်းပန်သည်
မဟုတ်လော။ ထာဝရဘုရားသည် သူတို့၌ ဘေးဥပဒ်ကို ရောက်စေမည် ဟု ခြိမ်းတော်မူသော်လည်း၊ တဖန်နောင်တရတော်မူ သည်
မဟုတ်လော။ ငါတို့မူကား၊ ကိုယ်အကျိုးကို ဖျက်ဆီး ခြင်းငှါ ပြုကြသည်တကားဟု စည်းဝေးသောသူ အပေါင်း တို့အား
ပြောဆိုကြ၏။ 20 ကိရယတ်ယာရိမ်မြို့နေ၊ ရှေမာယ၏သား ဥရိယသည်လည်း၊ ထာဝရဘုရား၏ နာမတော်ကို အမှီ ပြု၍၊ ထိုမြို့နှင့်
ထိုပြည်တဘက်၌ ပရောဖက်ပြု၍၊ ယေရမိ ဟောပြောသောစကားနှင့် တညီတည်းဟောပြော၏။ 21 ယောယကိမ် မင်းကြီးနှင့် မင်းများ၊
မှူးမတ်များ အပေါင်းတို့သည် ထိုပရောဖက်၏ စကားကို ကြားသော အခါ၊ သူ့ကို သတ်အံ့သောငှါ မင်းကြီးသည် ရှာကြံ၏။
ထိုသိတင်းကိုကြားလျှင်၊ ဥရိယသည်ကြောက်၍၊ အဲဂုတ္တု ပြည်သို့ ပြေးသွားလေ၏။ 22 ယောယကိမ်မင်းကြီးသည် အာခဗော်သား
ဧလနာသန်နှင့်တကွ လူအချို့တို့ကို အဲဂုတ္တုပြည်သို့ စေလွှတ်၍၊ 23 ထိုသူတို့သည် ဥရိယကို အဲဂုတ္တုပြည်မှ ယောယ ကိမ်မင်းထံသို့
ပို့ဆောင်သဖြင့်၊ မင်းကြီးသည် ဥရိယကို ထားနှင့် သတ်၍၊ အသေကောင်ကို ဆင်းရဲသားတို့၏ သင်္ချိုင်း၌ ပစ်ထားလေ၏။ 24
သို့သော်လည်း၊ ရှာဖန်သားအဟိကံသည် ယေရမိကို မစသောကြောင့်၊ အသေခံစေခြင်းငှါ လူများ တို့ လက်သို့မအပ်ရ။



generated on Sun Jun 30 02:37:40 2024

## Chapter 27

1 ယုဒရှင်ဘုရင် ယောရှိသား ဇေဒကိမင်းနန်းထိုင် စက၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာ၍၊ 2
ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည် ကား၊ ကြိုးနှင့်ထမ်း ဘိုးများကိုလုပ်၍၊ သင်၏လည်ပင်း၌ တပ်လော့။ 3
ယုဒရှင်ဘုရင်ဇေဒကိထံ၊ ယေရုရှလင်မြို့သို့ ရောက်လာသော သံတမန်တို့တွင်၊ ထိုကြိုးနှင့် ထမ်းဘိုး တို့ကို ဧဒုံမင်း၊ မောဘမင်း၊
အမ္မုန်မင်း၊ တုရုမင်း၊ ဇိဒုန်မင်း သို့ ပေးလိုက်လော့။ 4 ထိုသံတမန်တို့အားလည်း၊ သင်တို့သည် သင်တို့ အရှင်များတို့အား
ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ 5 ငါသည်
မဟာတန်ခိုးနှင့်လက်ရုံးကို ဆန့်လျက် မြေကြီးကိုင်၎င်း၊ မြေကြီးပေါ်မှာရှိသော လူနှင့် တိရစ္ဆာန်တို့ကို၎င်း ဖန်ဆင်းသည်ဖြစ်၍၊ ငါသည်
ပေးလိုသောသူတို့အား ပေး၏။ 6 ယခုမှာ ဤပြည်ရှိသမျှတို့ကို ငါ့ကျွန်ဗာဗုလုန် ရှင်ဘုရင်၊ နေဗုခဒ်နေဇာလက်သို့ ငါအပ်ပေးပြီ။
သူစေစားဘို့ရာ တောတိရစ္ဆာန်များကိုလည်း ငါပေးပြီ။ 7 သူ၏နိုင်ငံ ဆုံးချိန်မရောက်မီတိုင်အောင်၊ ဤ ပြည်သားအပေါင်းတို့သည်
သူ၏အမှုနှင့် သူ၏သားမြေး အမှုကို ဆောင်ရွက်ရကြမည်။ ထိုအချိန်ရောက်မှ၊ များစွာ သော လူမျိုးတို့နှင့် ကြီးသောရှင်ဘုရင်တို့သည်
ဘတ်လော့။ 7 သူတို့သည် အသီးအသီးလိုက်ဘူးသော အဓမ္မလမ်း ကို ရှောင်လျက်၊ ထာဝရဘုရားအားပြပ်ဝပ်၍ ဆုတောင်း
ကောင်းဆုတောင်းကြလိမ့်မည်။ ဤလူမျိုး၌ ထာဝရဘုရား ခြိမ်းတော်မူသော အမျက်ဒေါသသည် အလွန်ပြင်းထန် ပေ၏ဟု
ဗာရုတ်အားမှာထားလေ၏။ 8 ထိုသို့ပရောဖက်ယေရမိ မှာထားသမျှအတိုင်း၊ နေရိသားဗာရုတ်သည်ပြု၍၊ ထာဝရဘုရား၏ စကား
တော်ပါသော စာကိုဗိမာန်တော်၌ ဘတ်လေ၏။ 9 ယုဒရှင်ဘုရင်ယောရှိသားယောယကိမ်မင်း နန်းစံငါးနှစ်၊ နဝမလတွင်
ယေရုရှလင်မြို့သားအပေါင်း တို့နှင့်၊ ယုဒမြို့ရွာမှ ယေရုရှလင်မြို့သို့ ရောက်လာသော သူအပေါင်းတို့သည် ထာဝရဘုရားရှေ့တော်၌
အစာ ရှောင်ရာအချိန်ကို ကြော်ငြာကြ၏။ 10 ထိုအခါဗာရုတ်သည် ဗိမာန်တော်တံခါးသစ်နား မှာ၊ အထက်တန်တိုင်းအတွင်း၊
စာရေးတော်ရှာဖန်သား ဂေမရိ၏အခန်း၌၊ ယေရမိစီရင်သော စာကို လူအပေါင်း တို့ ရှေ့မှာဘတ်လေ၏။ 11 ထိုစာ၌ပါသမျှသော
ထာဝရဘုရား၏ စကား တော်တို့ကို ရှာဖန်သားဖြစ်သော ဂေမရိ၏သားမိက္ခာယ သည်ကြားလျှင်၊ 12 နန်းတော်အတွင်း၊
စာရေးတော်အခန်းသို့ သွား၍၊ စာရေးတော် ဧလိရှမာ၊ ရှေမာယသားဒေလာယ၊ အာခဗော်သားဧလနာသန်၊ ရှာဖန်သား ဂေမရိ၊ ဟာန
နိသားဇေဒကိအစရှိသော မှူးတော်မတ်တော် အပေါင်း တို့သည် ထိုင်လျက်ရှိကြ၏။ 13 ထိုအခါဗာရုတ်သည် လူများတို့အား ဘတ် သော
စာထဲက မိက္ခာယကြားသမျှသော စကားတို့ကို ပြန်ပြောလေ၏။ 14 ထိုမင်းအပေါင်းတို့သည်လည်း၊ ကုရှိ၊ ရှေလမိ၊ နာသနိတို့မှ
ဆင်းသက်သောယေဟုဒိကို ဗာရုတ်ထံသို့ စေလွှတ်လျက်၊ သင်သည် လူများတို့အား ဘတ်သော စာလိပ်ကို သင့်လက်နှင့်ကိုင်၍
လာခဲ့ဟုခေါ်ကြ၏။ နေရိသားဗာရုတ်သည်လည်း၊ စာလိပ်ကိုကိုင်၍လာ၏။ 15 သူတို့ကလည်း ထိုင်လော့။ငါတို့အား ဘတ်လော့
ဟုဆိုသည်အတိုင်း၊ ဗာရုတ်သည် သူတို့ရှေ့မှာ ဘတ်လေ ၏။ 16 ထိုစကားအလုံးစုံတို့ကို မင်းများတို့သည် ကြား လျှင်၊ အချင်းချင်း
ကြောက်ရွံ့သော စိတ်ရှိ၍၊ ငါတို့သည် ဤစကားအလုံးစုံတို့ကို ရှင်ဘုရင်အား ဆက်ဆက်ကြားလျှောက်ရမည်ဟု ဗာရုတ်ကို ဆိုကြ၏။
17 တဖန်သင်သည် ဤစကားအလုံးစုံတို့ကို သူ့နှုတ်မြွက်သည်အတိုင်း အဘယ်သို့ရေးထားသနည်းဟု မေးမြန်းလျှင်၊ 18 ဗာရုတ်က၊
သူသည်ဤစကားအလုံးစုံတို့ကို နှုတ်မြွက်၍၊ အကျွန်ုပ်သည် မှင်နှင့်ရေးထားပါ၏ဟု ပြန်ပြောသော်၊ 19 မင်းများတို့က၊
သင်သွားလော့။ ယေရမိနှင့် အတူ ပုန်းရှောင်၍နေလော့။ အဘယ်မှာနေသည်ကို တစုံတယောက်မျှ မသိစေနှင့်ဟုဗာရုတ် အားမှာခဲ့၍၊ 20
စာလိပ်ကိုစာရေးတော်ဧလိရှမာ၏ အခန်း၌ ထားပြီးမှနန်းတော်အတွင်း၊ ရှင်ဘုရင်ထံသို့ဝင်၍၊ ထိုအမှု ကို အကုန်အစင်လျှောက်ကြ၏။
21 ရှင်ဘုရင်သည် ထိုစာလိပ်ကိုယူချေဟု၊ ယေဟုဒိ ကိုစေလွှတ်သဖြင့်၊ ယေဟုဒိသည် စာရေးတော်ဧလိရှမာ ၏ အခန်းထဲကယူ၍၊
ရှင်ဘုရင်အစရှိသော အထံတော်၌ ရပ်နေသော မှူးမတ်အပေါင်းတို့ရှေ့မှာ ဘတ်လေ၏။ 22 ထိုအခါနဝမလဖြစ်၍၊ ရှင်ဘုရင်သည်
ဆောင်း ကာလ၌ စံပျော်ရာနန်းအခန်းတွင်ထိုင်၍၊ ရှေ့တော်၌ မီးမယ်ဖျူးပေါ်မှာ မီးခဲပုံရှိ၏။ 23 ယေဟုဒိသည် သုံးလေးခဏ်းလောက်
ဘတ်မိ လျှင်၊ ရှင်ဘုရင်သည် စာရေး၏ထားနှင့်လှီး၍ မီးမယ်ဖျူး ပေါ်မှာရှိသော မီးထဲသို့ စာလိပ်ကို ချပစ်လျှင်၊ အကုန်
အစင်ကျွမ်းလောင်လေ၏။ 24 ရှင်ဘုရင်မှစ၍၊ ထိုစကားအလုံးစုံတို့ကို ကြား သော ရှင်ဘုရင်၏ ကျွန်တယောက်မျှမကြောက်၊ မိမိ
အဝတ်ကိုလည်း မဆုတ်ကြ။ 25 ရှင်ဘုရင်သည် စာလိပ်ကိုမီးမရှို့စေခြင်းငှါ၊ ဧလနာသန်၊ ဒေလာယ၊ ဂေမရိတို့သည် တောင်းပန်သော်
လည်း၊ ရှင်ဘုရင်သည် သူတို့စကားကို နားမထောင်။ 26 တဖန်ရှင်ဘုရင်သည် စာရေးဗာရုတ်နှင့် ပရော ဖက်ယေရမိကို
ဘမ်းဆီးစေခြင်းငှါ၊ သားတော်ယေရ မေလ၊ အာဇရေလသားစရာယ၊ အာဗဒေလသားရှေလမိ တို့ကို စေလွှတ်လေ၏။ သို့ရာတွင်၊
ထာဝရဘုရားသည် ထိုသူနှစ်ယောက်တို့ကို ဝှက်ထားတော်မူ၏။ 27 ယေရမိနှုတ်မြွတ်သည်အတိုင်း ဗာရုတ်ရေးထား သော
ထိုစာလိပ်ကို ရှင်ဘုရင်မီးရှို့သောနောက်၊ ထာဝရ ဘုရား၏နှုတ်ကပတ်တော်သည် ယေရမိသို့ရောက်လာ သည်ကား၊ 28
သင်သည်အခြားသော စာလိပ်ကိုယူ၍၊ ယုဒ ရှင်ဘုရင်ယောယကိမ်မီးရှို့သော အရင်စာလိပ်၌ ပါသမျှ သော စကားရင်းအတိုင်း
ရေးထားလော့။ 29 သင်သည် ယုဒရှင်ဘုရင် ယောယကိမ်အား ပြောဆိုရမည်မှာ၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဗာဗုလုန်
ရှင်ဘုရင်သည် ဆက်ဆက်လာ၍ ဤပြည်ကို ဖျက်ဆီးလိမ့်မည်။ လူနှင့်တိရ စ္ဆာန်အပေါင်းတို့ကို သုတ် သင်ပယ်ရှင်းလိမ့်မည်ဟူသော
စကားကို အဘယ်ကြောင့် ရေးထားသနည်းဟု သင်သည်ဆို၍ စာလိပ်ကိုမီးရှို့ပြီ။ 30 ထိုကြောင့်၊ ထာဝရဘုရားသည် ယုဒရှင်ဘုရင်
ယောယကိမ်ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ သူ၏အမျိုးအနွယ်သည် ဒါဝိဒ်၏ရာဇပလ္လင်ပေါ်မှာ မထိုင်ရ။ သူ၏အသေကောင်ကို


generated on Sun Jun 30 02:37:40 2024

နေ့အချိန်၌နေပူထဲသို့ ၎င်း၊ ညဥ့်အချိန်၌နှင်းခဲထဲသို့၎င်း ပစ်လိုက်ကြလိမ့်မည်။ [31] သူမှစ၍ သူ၏သားမြေးတို့ကို၎င်း၊ သူ၏ကျွန်တို့ကို၎င်း၊ အပြစ်နှင့်အလျောက် ငါစီရင်မည်။ သူတို့နှင့်ယေရုရှလင်မြို့သူ ယုဒပြည်သားတို့သည် နား မထောင်၊ သူတို့အပေါ်သို့ ငါခြိမ်းသမျှသော ဘေးဥပဒ် တို့ကို ရောက်စေမည်ဟုမိန့်တော်မူ၏။ [32] ထိုအခါယေရမိသည်အခြားသော စာလိပ်ကို ယူ၍၊ နေရိသားစာရေးဗာရုတ်အားပေးသဖြင့်၊ ယုဒ ရှင်ဘုရင်ယောယကိမ်မီးရှို့သောစာ၌ ပါသမျှသော စကားတို့ကို ယေရမိသည်နှုတ်မြွက်၍၊ ဗာရုတ်သည်ရေး ထား၏။ အလားတူသော စကားအများကိုလည်းထပ်၍ သွင်းရ၏။

 

## Chapter 37

1 ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယုဒ ရှင်ဘုရင်အရာ၌ ခန့်ထားသော ယောယကိမ်သားခေါနိ အရာ၌၊ ယောရှိမင်းကြီး၏
သားဇေဒကိမင်းကြီးသည် နန်းထိုင်လေ၏။ 2 ထာဝရဘုရားသည် ယေရမိအားဖြင့် မိန့်တော် မူသော စကားတော်တို့ကို၊
ထိုမင်းကြီးအစရှိသော ကျွန်များ၊ ပြည်သူပြည်သားများတို့သည် နားမထောင်ဘဲ နေကြ၏။ 3 တရံရောအခါ ဇေဒကိမင်းကြီးသည်၊
ရှေလမိ သားယေဟုကလနှင့်ယဇ်ပုရောဟိတ် မာသေယသား ဇေဖနိတို့ကို ပရောဖက်ယေရမိထံသို့ စေလွှတ်၍၊ ငါတို့
အဘို့ငါတို့ဘုရားသခင်ထာဝရ ဘုရားအားဆုတောင်း ပါလော့ဟု မှာလိုက်၏။ 4 ထိုအခါ ယေရမိသည် ထောင်ထဲသို့ မရောက် သေး။
လူများ တို့နှင့်ပေါင်းဘော်လျက် နေသေး၏။ 5 ယေရုရှလင်မြို့ကို ပိုင်းသော ခါလဒဲလူတို့သည်၊ အဲဂုတ္တုပြည်မှ ဖာရောဘုရင်၏
ဗိုလ်ခြေများစစ်ချီ၍ လာကြောင်းကို ကြားလျှင်၊ ထိုမြို့မှ ထွက်သွားကြပြီ။ 6 ထိုအခါ ထာဝရဘုရား၏နှုတ်ကပတ်တော်သည်
ပရောဖက်ယေရမိသို့ ရောက်၍၊ 7 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ့ကိုမေးလျှောက်စေခြင်းငှါ၊
သင့်ကိုမှာလိုက်သော ယုဒရှင်ဘုရင်အား ဤသို့ပြန်ပြော လော့။ သင်တို့ကိုစစ်ကူခြင်းငှါလာသော ဖာရောဘုရင်၏
ဗိုလ်ခြေတို့သည်သူတို့နေရင်း အဲဂုတ္တုပြည်သို့ ပြန်သွားကြ လိမ့်မည်။ 8 ခါလဒဲလူတို့သည် လာပြန်၍၊ ဤမြို့ကို တိုက်ယူ ပြီးလျှင်
မီးရှို့ကြလိမ့်မည်။ 9 ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင် စစ်ခါလဒဲလူတို့သည် ငါတို့ထံမှ ထွက်သွားကြလိမ့်မည်ဟု ဆို၍
ကိုယ်ကိုကိုယ်မလှည့်စားကြနှင့်။ သူတို့သည် ထွက်၍ မသွားရကြ။ 10 ထိုမျှမက၊ သင်တို့ကိုစစ်တိုက်သော ခါလဒဲ
စစ်သူရဲအပေါင်းတို့ကို သင်တို့သည်လုပ်ကြ၍သဖြင့်၊ သူတို့ တွင် ဒဏ်ချက်ထိသော သူသက်သက် ကျန်ကြွင်းသော် လည်း၊ သူတို့သည်
အသီးအသီးမိမိတို့ထဲ၌ထ၍၊ ဤမြို့သို့ မီးရှို့ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 11 ခါလဒဲစစ်သူရဲတို့သည် ဖာရောဘုရင်၏ဗိုလ်ခြေ တို့ကို
ကြောက်ရွံ့၍၊ ယေရုရှလင်မြို့မှ ဆုတ်သွားကြသော အခါ၊ 12 ယေရမိသည်မိမိအမျိုး၌ မိမိအမွေဥစ္စာကို ခံအံ့ သောငှါ၊
ဗယ်္ယာမိန်ပြည်သို့သွားမည်ဟု အကြံရှိ၍ ယေရု ရှလင်မြို့မှ ထွက်သွားလေ၏။ 13 ဗယ်္ယာမိန်တံခါးဝသို့ ရောက်သောအခါ၊ ဟာနနိ
သားဖြစ်သော ရှေလမိ၏ သားကင်းမှူးဣရိယက၊ သင်သည်ခါလဒဲ လူတို့ဘက်သို့ ကူးသွားပါသည် တကား ဟုဆိုလျက်၊
ပရောဖက်ယေရမိကိုဘမ်းဆီးလေ၏။ 14 ယေရမိ ကလည်း၊ မဟုတ်ပါ။ ခါလဒဲလူတို့ ဘက်သို့ ငါမကူးမသွားပါဟုဆိုသော်လည်း၊
ဣရိယသည် နားမထောင်ဘဲ၊ ယေရမိကို ယူ၍ မင်းများထံသို့ ပို့ဆောင် လေ၏။ 15 မင်းများတို့သည် အမျက်ထွက်၍ ယေရမိကို
ရိုက်ပြီးမှ၊ စာရေးတော်ယောနသန်၏အိမ်၌ လှောင်ထား ကြ၏။ ထိုအိမ်ကို လှောင်အိမ်လုပ်နှင့်သတည်း။ 16 ယေရမိသည်
အိမ်အောက်မြေတွင်း၊ လှောင် အိမ်ထဲသို့ရောက်၍၊ နေ့ရက်များစွာ နေရသောနောက်၊ 17 ဇေဒကိမင်းကြီးသည် လူကိုစေလွှတ်၍
ယေရမိ ကိုနှုတ်ပြီးမှ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ရှိသလော ဟု နန်းတော်၌ တိတ်ဆိတ်စွာ မေးမြန်းလျှင်၊ ယေရမိက၊
နှုတ်ကပတ်တော်ရှိပါ၏။ ကိုယ်တော်သည် ဗာဗုလုန် ရှင်ဘုရင်လက်သို့ရောက်ပါလိမ့်မည်ဟု ပြန်လျှောက်၏။ 18 တဖန်ယေရမိက၊
အကျွန်ုပ်သည် ကိုယ်တော်ကို ပြစ်မှားသလော။ ကိုယ်တော်၏ကျွန်တို့ကို ပြစ်မှား သလော။ ဤလူမျိုးကို ပြစ်မှားသလော။
အဘယ်မည် သောအပြစ်ကြောင့် အကျွန်ုပ်ကို လှောင်ထားကြသနည်း။ 19 ဗာဗုလုန်ရှင်ဘုရင်သည် သင်တို့နှင့် ဤပြည်ကို
မတိုက်မလာရဟု ဟောပြောသောသင်တို့၏ ပရောဖက် တို့သည် ယခုအဘယ်မှာ ရှိကြသနည်း။ 20 သို့ဖြစ်၍၊
အကျွန်ုပ်သခင်အရှင်မင်းကြီး၊ နားထောင်တော်မူပါ၊ အကျွန်ုပ်တောင်းပန်သောစကားကို နားခံတော်မူပါ။ အကျွန်ုပ်ကို သေစေခြင်းငှါ၊
စာရေး တော်ယောနသန်အိမ်သို့ ပြန်စေတော်မမူပါနှင့်ဟု ဇေဒကိမင်းကြီးကို လျှောက်ဆို၏။ 21 ထိုအခါ
ဇေဒကိမင်းကြီးအမိန့်တော်ရှိ၍၊ ယေရမိကို ထောင်ဝင်း၌ ထားကြ၏။ မြို့တွင် မုန့်မကုန်မှီ တိုင်အောင်၊ မုန့်သည် တန်းမှမုန့်တလုံးကို
နေ့တိုင်း အစဉ်ပေးရ၏။ ထိုသို့ယေရမိသည် ထောင်ဝင်းထဲမှာ နေလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 38

[1] ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤမြို့ ထဲမှာနေသော သူသည် ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊
ကာလနာဘေးတို့နှင့်သေလိမ့်မည်။ [2] ခါလဒဲလူတို့ ဘက်သို့ ထွက်သွားသော သူသည် အသက်ချမ်းသာ၍၊ လက်ရ ဥစ္စာကဲ့သို့
ကိုယ်အသက်ကို ရလိမ့်မည်ဟူ၍၎င်း၊ ဤမြို့ ကို ဗာဗုလုန်ရှင် ဘုရင်၏ဗိုလ်ခြေလက်သို့ ဆက်ဆက် အပ်၍၊ သူသည်
သိမ်းယူလိမ့်မည်ဟူ၍၎င်း၊ [3] ထာဝရဘုရား မိန့်တော်မူ၏ဟု၊ ယေရမိသည် လူအပေါင်းတို့အား ဟောပြောတတ်သော စကားများကို
မဿန်သားရှေဖတိ၊ ပါရှုရသားဂေဒလိ၊ ရှေလမိသားယေဟုကလ၊ မာလ ခိသားပါရှုရတို့သည်ကြားသောအခါ၊ [4] ထိုမှူးမတ်တို့သည်
ရှင်ဘုရင်ထံသို့ဝင်၍၊ ဤသူ သည် ဤသို့သော စကားကိုပြောသဖြင့်၊ မြို့ထဲမှာ ကျန်ကြွင်းသေးသောစစ်သူရဲ အစရှိသော လူအပေါင်း
တို့၏ လက်ကိုအားလျော့စေတတ်ပါ၏။ သူသည် ဤလူမျိုး ၏ အကျိုးကိုမပြုစုတတ်၊ ဖျက်ဆီးတတ်ပါ၏။ ထိုကြောင့်၊
သူ့ကိုကွပ်မျက်ပါမည်အကြောင်း အခွင့်တောင်းပန်ပါ၏ ဟု လျှောက်လျှင်၊ [5] ဇေဒကိမင်းကြီးက၊ သူသည် သင်တို့လက်၌ ရှိ၏။
ရှင်ဘုရင်သည် သင်တို့အလိုကို မဆီးတားနိုင်ဟု မိန့်တော်မူ၏။ [6] ထိုအခါ ယေရမိကို ယူ၍၊ ထောင်ဝင်းထဲမှာ ရှိသောသားတော်
မာလခိ၏မြေတွင်း၌ ကြိုးနှင့်လျှော့ချ ကြ၏။ ထိုမြေတွင်း၌ရေမရှိ၊ ရွှံ့သာရှိ၍၊ ယေရမိသည် ရွှံ့၌ ကျွံလျက်နေ၏။ [7] ထိုသို့ယေရမိကို
မြေတွင်း၌ ချထားကြောင်းကို နန်းတော်အရာရှိဖြစ်သောသူ၊ ကုရှအမျိုးသား ဧဗဒ မေလက်သည် ကြားသိသောအခါ၊ ရှင်ဘုရင်သည်
ဗယ်္ယာမိန်တံခါး၌ ထိုင်နေတော်မူစဉ်တွင်၊ [8] ထိုသူသည် နန်းတော်ထဲကထွက်၍ အထံတော်သို့ သွားပြီးလျှင်၊ [9]
အကျွန်ုပ်သခင်အရှင်မင်းကြီး၊ ထိုသူတို့သည် ပရောဖက် ယေရမိကို ပြုလေသမျှတို့၌ မှားကြပါပြီ။ မြေတွင်း၌ချထားကြပါပြီ။
မြို့၌မုန့်ကုန်သောကြောင့်၊ ထိုတွင်း၌ငတ်မွတ်၍ သေပါလိမ့်မည်ဟုလျှောက်သော်၊ [10] ရှင်ဘုရင်က၊ ပရောဖက်ယေရမိ မသေမီ ဤ
အရပ်မှ လူသုံးဆယ်ကို ခေါ်သွား၍၊ မြေတွင်းထဲက နှုတ်ယူလော့ဟု၊ ကုရှအမျိုးသား ဧဗဒမေလက်ကို အမိန့် တော်ရှိ၏။ [11]
ဧဗဒမေလက်သည်လည်း လူတို့ကို ခေါ်၍ နန်းတော်အတွင်း ဘဏ္ဍာတိုက်အောက်သို့ဝင်ပြီးလျှင်၊ ဟောင်းနွမ်းသော အဝတ်စုတ်များကို
ယူပြီးမှ၊ ယေရမိ ရှိရာ မြေတွင်း၌ ကြိုးနှင့်လျှော့ချလေ၏။ [12] ထိုအခါကုရှ အမျိုးသားဧဗဒမေလက်က၊ ဟောင်းနွမ်းသော
ဤအဝတ်စုတ်တို့နှင့်သင်၏ လက်က တီးကြား၌ကြိုးကိုခုခံပါလော့ဟုဆိုသည်အတိုင်း ယေရမိ ပြုလေ၏။ [13]
ထိုသို့ယေရမိကိုမြေတွင်းထဲကကြိုးနှင့် ဆွဲတင် ကြ၏။ ထိုနောက် ယေရမိသည် ထောင်ဝင်းထဲမှာ နေလေ ၏။ [14]
တဖန်ဇေဒကိမင်းကြီးသည် လူကို စေလွှတ်၍၊ ဗိမာန်တော်၌ တတိယအတွင်းခန်းထဲသို့ ယေရမိကို ခေါ်ပြီးလျှင်၊ သင်၌ တစုံတခုကို
ငါမေးမြန်းမည်။ အဘယ်အရာကိုမျှ မထိမ်မဝှက်နှင့်ဟုဆိုသော်၊ [15] ယေရမိက၊ အကျွန်ုပ်လျှောက်လျှင်၊ အကျွန်ုပ်ကို
မသတ်ဘဲအမှန်နေတော်မူမည်လော။ အကျွန်ုပ်သည် အကြံပေးလျှင်၊ အကျွန်ုပ်စကားကို နားထောင်တော်မူ မည်လောဟု ဇေဒကိကို
မေးလျှောက်လေ၏။ [16] ဇေဒကိမင်းကြီးကလည်း၊ ငါတို့ကို အသက်ရှင် သော သတ္တဝါဖြစ်စေခြင်းငှါ ဖန်ဆင်းသော ထာဝရ
ဘုရားအသက်ရှင်တော်မူသည်အတိုင်း၊ သင့်ကိုငါမသတ်။ သင့်အသက်ကိုရှာသော ထိုလူတို့လက်သို့ သင့်ကိုငါ မအပ်ဟု
ယေရမိအားတိတ်ဆိတ်စွာ ကျိန်ဆိုလေ၏။ [17] ယေရမိကလည်း၊ ဣသရေလအမျိုး၏ ဘုရား သခင်၊
ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ကိုယ်တော် သည်ဗာဗုလုန် ရှင် ဘုရင်၏မှူးမတ်တို့ထံသို့
အမှန်ထွက်သွားလျှင် အသက်ချမ်းသာရတော်မူမည်။ ဤမြို့သည်လည်း မီးရှို့ ခြင်းနှင့်လွတ်လိမ့်မည်။ ကိုယ်တော်နှင့်တကွ ဆွေတော်
မျိုးတော်တို့သည် အသက်ချမ်းသာရကြလိမ့်မည်။ [18] သို့မဟုတ်၊ ကိုယ်တော်သည် ဗာဗုလုန်ရှင်ဘုရင် ၏ မှူးမတ်တို့ထံသို့
မထွက်မသွားလျှင်၊ ဤမြို့ကို ခါလဒဲ လူတို့လက်သို့အပ်၍၊ သူတို့သည် မီးရှို့ကြလိမ့်မည်။ ကိုယ်တော်သည်လည်း၊
သူတို့လက်နှင့်မလွတ်ရဟု ဇေဒကိကို လျှောက်ဆို၏။ [19] ဇေဒကိမင်းကြီးကလည်း၊ ခါလဒဲလူတို့ဘက်သို့ ကူးသွားသော ယုဒလူတို့ကို
ငါကြောက်၏။ ငါ့ကိုသူတို့ လက်သို့အပ်၍၊ ငါသည်ကဲ့ရဲ့ခြင်း ကိုခံရမည်စိုးရိမ်သည် ဟုဆိုလျှင်၊ [20] ယေရမိက၊ ကိုယ်တော်ကိုမအပ်ရ။
အကျွန်ုပ် ဆင့်ဆိုသော ထာဝရဘုရား၏အမိန့်တော်ကို နားထောင် တော်မူပါ။ ထိုသို့ပြုလျှင် ချမ်းသာရ၍ အသက်ရှင်တော် မူမည်။ [21]
သို့မဟုတ်၊ ကိုယ်တော်က၊ ငါမထွက်မသွားဟု ငြင်းလျှင်၊ အကျွန်ုပ်အား ထာဝရဘုရား ပြတော်မူသော အရာဟူမူကား၊ [22] နန်းတော်၌
ကျန်ကြွင်းသမျှသော မိန်းမတို့ကို ဗာဗုလုန်ရှင်ဘုရင်၏မှူးမတ်တို့ထံသို့ ထုတ်ဆောင်ကြလိမ့် မည်။ ထိုမိန်းမတို့ကလည်း၊
ကိုယ်တော်၏အဆွေခင်ပွန်း တို့သည် သွေးဆောင်၍ နိုင်ကြပြီ။ ခြေတော်သည် ရွှံ့၌ ကျွံ၍၊ သူတို့သည် ဆုတ်သွားကြပြီဟု
ကိုယ်တော်အား ဆိုကြလိမ့်မည်။ [23] ထိုသို့ကိုယ်တော်၏ မယားနှင့်သားသမီး ရှိသမျှ တို့ကို ခါလဒဲလူတို့ထံသို့
ထုတ်ဆောင်ကြလိမ့်မည်။ ကိုယ်တော်လည်း သူတို့လက်နှင့်မလွတ်ဘဲ၊ ဗာဗုလုန် ရှင်ဘုရင်လက်သို့ရောက်၍၊ ဤမြို့ကို
မီးရှို့စေတော်မူမည်ဟု လျှောက် ၏။ [24] ဇေဒကိကလည်း၊ ဤစကားကို အဘယ်သူမျှ မကြားမသိစေနှင့်။ သို့ပြုလျှင်၊
သင်သည်မသေရ။ [25] ငါသည် သင်နှင့်စကားပြောကြောင်းကို မှူးမတ် တို့သည် ကြား၍ သင်ရှိရာသို့လာလျက်၊ သင်သည် ရှင်ဘုရင်အား
အဘယ်သို့လျှောက်သည်ကို ၎င်း၊ ရှင်ဘုရင်သည် သင့်အားအဘယ်သို့ မိန့်တော်မူသည်ကို ၎င်း၊ ငါတို့အား ကြားပြောပါလော့။
မထိမ်မဝှက်ပါနှင့် ဟုဆိုလျှင်၊ [26] သင်ကလည်း၊ငါ့ကိုသေစေခြင်းငှါ၊ ယောနသန် အိမ်သို့ ပြန်စေ တော်မမူမည်အကြောင်း၊
ရှင်ဘုရင်ထံ၌ ငါအသနားတော်ခံပြီဟု သူတို့အား ပြန်ပြောလော့ဟု၊ ယေရမိအား မိန့်တော်မူ၏။ [27] ထိုအခါမှူးမတ်အပေါင်းတို့သည်
ယေရမိရှိရာသို့ လာ၍ မေးစစ်ကြ၏။ သူသည်လည်း၊ ရှင်ဘုရင်မှာထား သမျှအတိုင်း ပြန်ပြောပြီးမှ၊ သူတို့သည် မမေးမစစ်ဘဲ


generated on Sun Jun 30 02:37:40 2024

နေကြ၏။ ထိုအမှုကိုအဘယ်သူမျှ မရိပ်မိကြ။ [28] ယေရုရှလင်မြို့ကို တိုက်၍ရသော နေ့တိုင် အောင်၊ ယေရမိသည်
ထောင်ဝင်းထဲမှာနေရ၏။ ယေရု ရှလင်မြို့သည် ရန်သူလက်သို့ ရောက်သောအခါ၊ ထောင်ဝင်းထဲမှာရှိသေး၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 39

[1] ယုဒရှင်ဘုရင် ဇေဒကိမင်းကြီးနန်းစံကိုးနှစ် ဒသမလတွင်၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ဗိုလ်ခြေအပေါင်းတို့နှင့်တကွ လာ၍
ယေရုရှလင်မြို့ကို ဝိုင်းထားကြ၏။ [2] ဇေဒကိမင်းကြီးနန်းစံဆယ်တနှစ်၊ စတုတ္ထလ ကိုးရက်နေ့၌ မြို့ကို ဖြိုဖေါက်၍၊ [3]
ရှေထားဝန်နေရဂါလရှရေဇာ၊ မိန်းမစိုးအုပ်စာ သခိမ်၊ မာဂုပညာ ရှိအုပ်နေရဂါလရှရေဇာတည်းဟူသော
ဗာဗုလုန်ရှင်ဘုရင်၏မှူးမတ်အစရှိသော မှူးတော် မတ်တော်အပေါင်းတို့သည် မြို့ထဲသို့ဝင်၍၊ အလယ်ချက် တံခါးဝ၌ထိုင်ကြ၏။ [4]
ယုဒရှင်ဘုရင်ဇေဒကိမင်းနှင့် စစ်သူရဲအပေါင်း တို့သည် ထိုလူများကို မြင်လျှင်၊ ညဉ့်အခါပြေး၍ ဥယျာဉ် တော်လမ်းကို လိုက်လျက်၊
မြို့ရိုးနှစ်ထပ်စပ်ကြား တံခါးဖြင့် ထွက်ပြီးမှ လွင်ပြင်သို့ သွားကြ၏။ [5] ခါလဒဲစစ်သူရဲတို့သည် လိုက်လျက်၊ ယေရိခေါ
လွင်ပြင်၌ဇေဒကိ မင်းကိုမှီ၍ ဘမ်းဆီးပြီးမှ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာရှိရာ ဟာမတ်ပြည်ရိဗလမြို့သို့ ဆောင်သွားကြ၏။
ဗာဗုလုန်ရှင်ဘုရင်သည် ဇေဒကိ မင်း၏ အမှုကို စစ်ကြောစီရင်၍၊ [6] ရိဗလမြို့မှာ ဇေဒကိသားတို့ကို အဘ မျက် မှောက်၌ သတ်လေ၏။
ယုဒမှူးမတ်အပေါင်းကိုလည်း သတ်လေ၏။ [7] ဇေဒကိမျက်စိကိုလည်း ဖောက်ပြီးမှ၊ သူ့ကိုကြေးဝါ ကြိုးနှင့် ချည်နှောင်လေ၏။ [8]
ခါလဒဲလူတို့သည်လည်း၊ နန်းတော်နှင့် ဆင်းရဲ သားအိမ်တို့ကို မီးရှို့၍၊ မြို့ရိုးကို ဖြိုဖျက်ကြ၏။ [9] ထိုအခါ
ကိုယ်ရံတော်မှူးနေဗုဇာရဒန်သည် မြို့ထဲမှာကျန်ကြွင်းသောသူ၊ ခါလဒဲလူဘက်သို့ ကူးသွား နှင့်သောသူ၊ ကျန်ကြွင်းသမျှသော
သူတို့ကိုဗာဗုလုန်မြို့သို့ သိမ်းသွားလေ၏။ [10] သို့ရာတွင်၊ ဥစ္စာအလျှင်းမရှိသော ဆင်းရဲသား အချို့တို့ကို ယုဒပြည်၌ထားခဲ့၍၊
စပျစ်ဥယျာဉ်နှင့် လယ်ယာတို့ကို ပေးလေ၏။ [11] ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယေရမိ အမှု၌၊ ကိုယ်ရံတော်မှူးနေဗုဇာရဒန်ကို
မှာထားနှင့် သည်ကား၊ [12] ယေရမိကိုယူ၍ ကောင်းမွန်စွာ ကြည့်ရှုလော့။ မညှဉ်းဆဲနှင့်။ သူပြောသည်အတိုင်း သူ့ကိုပြုလော့ဟု
မှာထားတော်မူသည်နှင့်အညီ၊ [13] ကိုယ်ရံတော်မှူးနေဗုဇာရဒန်၊ မိန်းမစိုးအုပ် နေဗုရှာဇဗန်၊ မာဂုပညာရှိအုပ်နေရဂါလရှရေဇာအစ ရှိသော
ဗာဗုလုန်ရှင်ဘုရင်၏မှူးမတ်အပေါင်းတို့သည် လူကိုစေလွှတ်၍၊ [14] ယေရမိကိုထောင်ဝင်းထဲက နှုတ်ယူပြီးလျှင်၊ သူ၏နေရာသို့
ပို့ဆောင်စေခြင်းငှါ၊ ရှာဖန်သားဖြစ်သော အဟိကံ၏သားဂေဒလိ၌ အပ်ကြ၏။ သို့ဖြစ်၍၊ ယေရမိ သည် ပြည်သားများနှင့်အတူ
နေရလေ၏။ [15] ယေရမိသည်ထောင်ဝင်းထဲမှာ အချုပ်ခံရသော အခါ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ရောက်၍၊ [16] သင်သည်
ကုရှအမျိုးသား ဧဗဒမေလက်ကို ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား
မိန့်တော် မူသည်ကား၊ ဤမြို့၏အကျိုးကိုမပြုစု၊ ဖျက်ဆီးခြင်းငှါ ငါ့စကားကို ငါတည်စေမည်။ ကာလအချိန်ရောက်လျှင်၊ သင့်ရှေ့၌
ငါ့စကားပြည့်စုံလိမ့်မည်။ [17] သို့သော်လည်း၊ ထိုကာလ၌သင့်ကို ငါကယ်နှုတ် မည်။ သင်ကြောက်သော သူတို့လက်သို့ သင်မရောက်ရ။
[18] ငါသည် သင့်ကို စင်စစ်ကယ်နှုတ်မည်။ သင်သည် ထားဖြင့် မဆုံးရ။ လက်ရဥစ္စာကဲ့သို့ ကိုယ် အသက်ကို ရလိမ့်မည်။
အကြောင်းမူကား၊ သင်သည် ငါ့ကိုကိုးစားသော ကြောင့်တည်းဟု ထာဝရဘုရား မိန့်တော်မူ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 40

1 ကိုယ်ရံတော်မှူး နေဗုဇာရဒန်သည် ယေရမိကို တဖန် သိမ်းသွား၍ ရာမမြို့၌ လွှတ်သောနောက်၊ ထာဝရဘုရားထံတော်မှ
နှုတ်ကပတ်တော်သည် ရောက် လာသည်အရာမှာ၊ ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို ခံရသော ယုဒပြည်သူ၊
ယေရုရှလင်မြို့သားအပေါင်း တို့နှင့်အတူ၊ ယေရမိသည်သံကြိုးနှင့် ချည်နှောင်ခြင်းကို ခံရသောအခါ၊ 2 ကိုယ်ရံတော်မှူးသည်
သူ့ကိုခေါ်၍၊ သင်၏ ဘုရားသခင်ထာဝရ ဘုရားသည် ဤပြည်၌ ရောက်သော အမှုကို ခြိမ်းတော်မူနှင့်ပြီ။ 3
ခြိမ်းတော်မူသည်အတိုင်းလည်း၊ အမှုကို ရောက် စေ၍ စီရင်တော်မူပြီ။ သင်တို့သည် အမိန့်တော်ကို နားမထောင်၊ ထာဝရဘုရားကို
ပြစ်မှားသောကြောင့်၊ ဤအမှုသည် သင်တို့အပေါ်သို့ ရောက်လေပြီ။ 4 ယခုမှာ သင့်လက်၌ ချည်နှောင်လျက်ရှိသော သံကြိုးကို
ငါချွတ်မည်။ ငါနှင့်အတူ ဗာဗုလုန်မြို့သို့ လိုက်လာခြင်းငှါ အလိုရှိလျှင် လိုက်လာပါ။ ငါသည် ကောင်းမွန်စွာ ကြည့်ရှုမည်။ ငါနှင့်အတူ
ဗာဗုလုန်မြို့သို့ လိုက်ခြင်းငှါ အလိုမရှိလျှင် မလိုက်နှင့်။ တပြည်လုံးသည် သင့်ရှေ့မှာရှိ၏။ အကြင်အရပ်သို့သွားကောင်းသည်ဟု
စိတ်ထင်လျှင်၊ ထိုအရပ်တည်းဟူသော စိတ်ရောက်ရာ အရပ်သို့ သွားပါလော့ဟုဆို၏။ 5 ယေရမိသည်ကိုယ်ရံတော်မှူးထံမှ မထွက်မှီ၊
ကိုယ်ရံတော်မှူးက၊ ဗာဗုလုန်ရှင်ဘုရင်သည် ယုဒ ပြည်နယ်တွင်၊ မြို့အုပ်အရာ၌ခန့်ထားတော်မူသော ရှာဖန်၏သားဖြစ်သော
အဟိကံ၏သားဂေဒလိထံ သို့ပြန်၍၊ ပြည်သားများနှင့်အတူနေပါလော့။ သို့မဟုတ်၊ စိတ်ရှိသည်အတိုင်း သွားပါလော့ဟုဆိုလျက်၊
စားစရိတ် နှင့်လက်ဆောင်ကို ပေး၍လွှတ်လိုက်လေ၏။ 6 ထိုအခါ ယေရမိသည် အဟိကံသားဂေဒလိရှိရာ မိဇပါမြို့သို့ သွား၍၊
ပြည်၌ကျန်ကြွင်းသေးသော သူတို့နှင့် အတူနေလေ၏။ 7 ဗာဗုလုန်ရှင်ဘုရင်သည် အဟိကံသား ဂေဒလိ ကိုပြည်အုပ်အရာ၌ ခန့်ထား၍၊
ဗာဗုလုန်မြို့သို့ သိမ်းယူ ရာ၌မပါသော ယောကျ်ားမိန်းမသူငယ်ဆင်းရဲသားအချို့ တို့ကို သူ၌အပ်ကြောင်းကို၊ တောမှာရှိသော
တပ်မှူးတို့ နှင့်စစ်သူရဲများတို့သည် ကြားသိကြသောအခါ၊ 8 နာသနိသားဣရှမေလ၊ ကာရာသားယောဟနန် နှင့်ယောနသန်၊
တာနုမက်သားစရာယ၊ နေတောဖတ် အမျိုး၊ ဧဖဲ၏သားများ၊ မာခသိအမျိုး သားယေဇနိတို့ သည် မိမိလူများနှင့်တကွ
ဂေဒလိရှိရာမိဇပါမြို့သို့လာ၍၊ 9 ရှာဖန်၏သားဖြစ်သော အဟိကံ၏သား ဂေဒလိက၊ ခါလဒဲမင်း၏အမှုကို ဆောင်ရွက်ရမည် အခွင့်ကို
မစိုးရိမ်ကြနှင့်။ ဤပြည်၌နေ၍ ဗာဗုလုန် ရှင်ဘုရင်အမှုကို ဆောင်ရွက်ကြလော့။ သို့ပြုလျှင်၊ ချမ်းသာရကြလိမ့်မည်။ 10 ငါမူကား၊
လာလတံ့သော ခါလဒဲလူတို့စကားကို နားထောင်ခြင်းငှါ မိဇပါမြို့မှာနေမည်။ သင်တို့မူကား၊ စပျစ်ရည်ကိုငင်း၊ နွေကာလအသီးကိုငင်း၊
ဆီကိုငင်း သိမ်း၍အိုး၌သိုထားကြလော့။ ယခု ဝင်ပြန်သောမြို့ရွာ တို့၌နေကြလော့ဟူ၍၊ ထိုသူတို့အား သစ္စာပြုလေ၏။ 11
ဗာဗုလုန်ရှင်ဘုရင်သည် ယုဒပြည်၌ လူအချို့တို့ ကို ကျန်ကြွင်းစေ၍၊ ရှာဖန်၏သားဖြစ်သော အဟိကံ၏ သား ဂေဒလိကိုမင်းအရာ၌
ခန့်ထားကြောင်းကို၊ မောဘ ပြည်၊ အမ္မုန်ပြည်၊ ဧဒုံပြည်အစရှိသော အတိုင်းတိုင်း အပြည်ပြည်တို့၌ရှိသော ယုဒလူအပေါင်းတို့သည်
ကြားသိကြသောအခါ၊ 12 နှင်ထုတ်ရာပြည်အရပ်ရပ်တို့မှ ပြန်လာ၍၊ ယုဒပြည်။ ဂေဒလိရှိရာမိဇပါမြို့သို့ရောက်သဖြင့်၊ များစွာ သော
စပျစ်ရည်နှင့် နွေကာလအသီးကို သိမ်းယူကြ၏။ 13 ထိုနောက်မှ၊ ကာရာသားယောဟနန်သည် တော၌ရှိသောတပ်မှူးများနှင့်တကွ၊
ဂေဒလိရှိရာမိဇပါမြို့ သို့လာ၍၊ 14 ကိုယ်တော်ကိုသတ်စေခြင်းငှါ၊ အမ္မုန်ရှင်ဘုရင် ဗာလိတ်သည် နာသနိသားဣရှမေလကို စေလွှတ်
ကြောင်းကို အမှန်သိပါ၏လောဟု မေးလျှောက်သော် လည်း၊ ထိုစကားကို အဟိကံသားဂေဒလိသည်မယုံ။ 15 ထိုအခါ
ကာရာသားယောဟနန်ကလည်း၊ အကျွန်ုပ်သွား၍နာသနိသား ဣရှမေလကိုသတ်ရသော အခွင့်ကို ပေးပါလော့။ အဘယ်သူမျှမသိရ။
သူသည် ကိုယ်တော်ကိုသတ်၍၊ ကိုယ်တော်ထံ၌ စုဝေးသောယုဒလူ အပေါင်းတို့သည် အရပ်ရပ်သို့ကွဲပြားသဖြင့်၊ ယုဒပြည်၌
ကျန်ကြွင်းသော သူတို့သည် အဘယ်ကြောင့်ပျက်စီးရ ကြပါမည်နည်းဟု၊ မိဇပါမြို့၌ ဂေဒလိကို တိတ်ဆိတ်စွာ လျှောက်သော်လည်း၊
16 အဟိကံသားဂေဒလိက၊ သင်သည်ထိုသို့မပြုရ။ ဣရှမေလ၌ မမှန်သောစကားကိုပြန်ပြောပြီဟု၊ ကာရာ သားယောဟနန်အား
ပြန်ပြောလေ၏။

---

Jeremiah 01

ထာဝရဘုရားထံတော်မှ ယေရမိဆီသို့ နှုတ်ကပတ်တော်သည် ရောက် လာသည်အရာမှာ
ဘုရားသခင်သည် ယေရမိအား စကားပြောသည်။

ရှင်ဘုရင်၏ကိုယ်ရံတော်မှူး နေဗုဇာရဒန်
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကိုရှု _ 30:8.

ယေရမိသည်သံကြိုးနှင့် ချည်နှောင်ခြင်းကို ခံရသောအခါ၊
အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန် စစ်သူရဲတိုသည် ယေရမိအား သံကြိုးဖြင့် ချည်နှောင်ထားသည်။"

ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို ခံရသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သူရဲတို့သည် သူတို့အား ဗာဗုလုန်ပြည်သို့ သိမ်းသွင်းသည်"

Jeremiah 03

ခြိမ်းတော်မူသည်အတိုင်းလည်း၊ အမှုကို ရောက် စေ၍ စီရင်တော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူပြောသည့်အတိုင်း ပြုတော်မူပြီ"


generated on Sun Jun 30 02:37:40 2024

သင်တို့သည် အမိန့်တော်ကို နားမထောင်၊ ထာဝရဘုရားကို ပြစ်မှားသောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊
"ယုဒလူတို့သည်ဘုရားသခင်အား မနာခံမှု၊ စကားတော်ကို
နားမထောင်ခြင်းတို့ကြောင့်"

ဤအမှုသည် သင်တို့အပေါ်သို့ ရောက်လေပြီ။
"ပျက်စီးခြင်းသည် ရောက်လာပြီ"

ယခုကြည့်ရှုလော့
နေဗုခဒ်နေဇာသည် ယေရမိအား
ပြောစကားအားနားထောင်ပြောခြင်းဖြစ်သည်။

သင့်ရှေ့မှာရှိ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် အလိုရှိလျှင်"

Jeremiah 05

ဂေဒလိ.... အဟိကံ.... ရှာဖန်
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 39:11.

ယုဒလူတို့၌
"ယုဒလူတို့ကြား၌"

စိတ်ရှိသည်အတိုင်း
"သင်ကောင်းသည်ဟု ထင်သည့်အတိုင်း"

ပြည်၌ကျန်ကြွင်းသေးသော သူတို့
"ယုဒပြည်၌ ကျန်ကြွင်းသောသူတို့"

Jeremiah 07

ယခု
ပုံပြင်သစ် အခန်းဆီသို့

ဗာဗုလုန်မြို့သို့ သိမ်းယူ ရာ၌မပါသော သူတို့
"ဗာဗုလုန်ပြည်သို့ သိမ်းသွင်းခြင်း မခံရသောသူတို့"

ဣရှမေလ...ယေဇနိ
၄၀း၈၌ သူတို့၏ အမည်များ ဖော်ပြသည်။

မာခသိ၏သား
မာခပြည်သားကို ဆိုလိုသည်။

Jeremiah 09

အမှုကို ဆောင်ရွက်ရမည်ကိုကျိန်ဆိုသည်
"ယုဒတပ်မှူးတို့အား ကျိန်ဆိုသည်"

နွေကာလအသီး
ရာသီလိုက် အသီးအနှံ

ယခု ဝင်ပြန်သောမြို့ရွာ တို့၌နေကြလော့
"သင်တို့မြို့၌ နေကြလော့"

Jeremiah 11

ယုဒလူတို့အားလုံး
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကိုရှု _ 32:10.

လူအပေါင်းတို့
အခြားသောဘာသာပြန်ဆိုချက်၊ "အမ္မုန်လူတို့အလယ်၌ ရှိသော
ယုဒလူတို့"

ယုဒပြည်၌ လူအချို့တို့
"ယုဒပြည်၌ ကျန်ကြွင်းသော လူအချို့တို့"

အရာ၌ ခန့်ထားသည်
"မင်းအရာ၌ ခန့်ထားသည်"

ရှာဖန်၏သားဖြစ်သော အဟိကံ၏ သား ဂေဒလိ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကိုရှု _ 39:11.

သူတို့အပေါ်သို့
"ယုဒလူတို့အပေါ်၌"

နှင်ထုတ်ရာပြည်အရပ်ရပ်
"သူတို့ ထွက်သွားရာအရပ်" သို့မဟုတ် "ဗာဗုလုန်တို့ သိမ်းယူရာ
အရပ်တို့"

များစွာ သော စပျစ်ရည်နှင့် နွေကာလအသီး
"များပြားသော စပျစ်ရည်နှင့် နွေကာလသီးနှံ"

နွေကာလအသီး
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:9.

Jeremiah 13

ယောဟနန်.... ကာရာ
မည်ကဲ့သို့ဘာသာပြန်ဆိုသည်ကိုရှု _ 40:7.

ဂေဒလိ
မည်ကဲ့သို့ဘာသာပြန်ဆိုသည်ကိုရှု _ 39:11.

ကိုယ်တော်ကိုသတ်စေခြင်းငှါ၊ အမ္မုန်ရှင်ဘုရင် ဗာလိတ်သည်
နာသနိသားဣရှမေလကို စေလွှတ် ကြောင်းကို အမှန်သိပါ၏လော။
"အမ္မုန်ရှင်ဘုရင် ဗာလိတ်သည် နာသနိသား ဣရှမေလကို
စေလွှတ်ကြောင်းကို သင်သည် သိနားလည်ရ၏"

ဗာလိတ်
ရှင်ဘုရင်၏အမည် ဖြစ်သည်။

နာသနိသားဣရှမေလ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:7.

အဟိကံ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 26:22.

Jeremiah 15

ယောဟနန်.... ကာရာ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:7.

တိတ်ဆိတ်ဖြင့် ဂေဒလိသို့ပြောလော့။
"လျှို့ဝှက်စွာ ဂေဒလိဆီသို့ ပြောလော့"

ဂေဒလိ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 39:11.

နာသနိသား ဣရှမေလ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:7.

အဘယ်သူမျှမသိရ။
"အဘယ်သူမျှ မသိစေရ"

သူတို့သည် အဘယ်ကြောင့်သင့်ကိုသတ်ရမည်နည်း။
"သင့်ကို သတ်အံ့ငှါ သူတို့ကို ခွင့်မပေး"

အဘယ်ကြောင့်ယုဒလူတို့အားအခွင့်ပေးတော်မူသည်နည်း။
"ယုဒလူတို့အား အခွင့်ပေးတော်မမူပါနှင့်"

ကိုယ်တော်ထံ၌ စုဝေးသောယုဒလူ အပေါင်းတို့သည်
"ယုဒလူတို့သည် ကိုယ်တော်ဆီသို့ လာကြပါ၏"

အရပ်ရပ်သို့ကွဲပြားသဖြင့်
"ပြည်အရပ်ရပ်သို့ ထွက်ပြေးသွားကြ၏"

ယုဒပြည်၌ ကျန်ကြွင်းသော သူတို့သည်
"ကျန်ကြွင်းသော ယုဒလူတို့ ပျက်စီးစေခြင်းငှါ"

ကျန်ကြွင်းသောယုဒလူ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:11.

အဟိကံ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 26:22.

---

## Translation Questions

Jeremiah 40:1

နေဗုဇာရဒန်သည် ယေရမိအား ရာမမြို့မှ အဝေးသို့ သိမ်းသွားပြီးနောက် မည်သည့်အရာက ယေရမိထံသို့ လာခဲ့သနည်း။
နေဗုဇာရဒန်သည် ယေရမိအား ရာမမြို့မှ အဝေးသို့ သိမ်းသွားပီးနောက် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိထံသို့ လာခဲ့သည်။

ယေရုရှလင်မြို့သားများ၊ ယုဒပြည်သူတို့နှင့် နေဗုဇာရဒန်က မည်သည့်အရာကို ပြုလုပ်ရန်သွားခဲ့သနည်း။
ထိုသူတို့ကို ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းခံစေမည်ဖြစ်သည်။

ယေရုရှလင်မြို့နှင့် ထာဝရဘုရားအကြောင်းကို ကိုယ်ရံတော်မှူးက အဘယ်ကြောင့် ယေရမိအားပြောခဲ့သနည်း။
ကိုယ်ရံတော်မှူးက ထာဝရဘုရားသည် ဤပြည်အပေါ်တွင် ဘေးဆိုးများရောက်စေမည်အကြောင်း ပြောတော်မူပြီဟု ယေယမိကို ပြောသည်။

Jeremiah 40:3

ယေရမိသည် မည်သည့်နေရာသို့ သွားရန် ကိုယ်ရံတော်မှူးက ပြောခဲ့သနည်း။
ကိုယ်ရံတော်မှူးက သူနှင့်အတူ ဗာဗုလုန်မြို့သို့ လိုက်လာခြင်းငှါ သို့မဟုတ် ဤပြည်အတွင်းသွားလိုသည့်နေရာတွင် သွားနိုင်ကြောင်း ယေယမိကို ပြောသည်။

Jeremiah 40:5

ယေရမိသည် မည်သည့်နေရာသို့ သွားသင့်သည်ဟု ကိုယ်ရံတော်မှူးက ပြောခဲ့သနည်း။
ဂေဒလိထံသို့ သွား၍ ယုဒပြည်သားများနှင့် အတူနေပါဟု ကိုယ်ရံတော်မှူးက ယေရမိအားပြောခဲ့သည်။

ယေရမိသည် မည်သည့်နေရာသို့ သွား၍ နေထိုင်ခဲ့သနည်း။
ယေရမိသည် ဂေဒလိထံသို့ သွား၍ ပြည်၌ ကျန်ကြွင်းသေးသောသူများနှင့်အတူ နေထိုင်ခဲ့သည်။

Jeremiah 40:7

ဂေဒလိသည် ဗာဗုလုန်မြို့သို့ ထွက်မသွားသည်ကို ထိုသူတို့က ကြားသိသောအခါ တပ်မှူး၊ စစ်သူရဲများတို့နှင့် ဆင်းရဲသားအချို့တို့က မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ထိုသူတို့သည် ဂေဒလိရှိရာ မိဇပါမြို့သို့ သွားခဲ့ကြသည်။

Jeremiah 40:9

တပ်မှူး၊ စစ်သူရဲတို့နှင့် လူများတို့အား မည်သည့်အရာကိုပြုလုပ်ရန် ဂေဒကိက ပြောခဲ့သနည်း။
ဤပြည်၌နေ၍ ဗာဗုလုန်ရှင်ဘုရင်နှင့် ခါလဒဲလူတို့၏ အမှုကို ဆောင်ရွက်ကြရန် ဂေဒလိက ပြောခဲ့သည်။

တပ်မှူး၊ စစ်သူရဲတို့နှင့် လူများတို့အား စပျစ်ရည်ကိုင်၊ နွေကာလအသီးကိုင်၊ ဆီကို သိုထား၍ မည်သည့်အရာကို ပြုလုပ်ရန် ဂေဒကိက ပြောခဲ့သနည်း။
ထိုသူတို့အား ဝင်ပြန်သောမြို့ရွာ တို့၌နေကြရန် ဂေဒကိက ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Jeremiah 40:11

ဗာဗုလုန်ရှင်ဘုရင်သည် ယုဒပြည်၌ လူအချို့တို့ကို ကျန်ကြွင်းစေသည်ကို ယုဒလူအပေါင်းတို့က ကြားသိကြသောအခါ ဘာလုပ်ခဲ့သနည်း။
ယုဒလူအပေါင်းတို့က နှင်ထုတ်ရာပြည်အရပ်ရပ်တို့မှ ပြန်လာ၍ ယုဒပြည်သို့ရောက်၍ များစွာ သော စပျစ်ရည်နှင့် နွေကာလအသီးကို သိမ်းယူကြသည်။

Jeremiah 40:13

ယောဟနန်နှင့် တပ်မှူးများတို့က ဂေဒလိရှိရာ ရာမိဇပါမြို့သို့ သွား၍ မည်သည့်အရာကို တောင်းလျှောက်ခဲ့သနည်း။
အမ္မုန်ရှင်ဘုရင် ဗာလိတ်သည် သူ့ကိုသတ်စေရန် ဣရှမေလကို စေလွှတ်ကြောင်းကို သူသိမသိမေးခဲ့ကြသည်။

ယောဟနန်နှင့် တပ်မှူးများပြောသောအရာများကို ဂေဒလိမည်သို့ ထင်မြင်ခဲ့သနည်း။
ဂေဒလိသည် ထိုသူတို့ပြောခဲ့သောစကားကို မယုံခဲ့ပါ။

Jeremiah 40:15

ယောဟနန်က မည်သည့်အရာကို ပြုလုပ်ရန် အလိုရှိသည်ဟု ဂေဒလိအားပြောခဲ့သနည်း။
ဣရှမေလကိုသတ်ရန် အလိုရှိသည်ဟု ယောဟနန်က ပြောခဲ့သည်။

ယောနသန်ပြောသော ဣရှမေလအကြောင်းကို ဂေဒလိသည် မည်သို့ ထင်မြင်ခဲ့သနည်း။
ယောနသန်သည် ဣရှမေလအကြောင်း မမှန်သောစကားကိုပြောသည်ဟု ဂေဒလိက ထင်မြင်ခဲ့သည်။

## Chapter 41

1 သတ္တမလတွင် ဆွေတော်မျိုးတော်ဖြစ်သော မင်းသား ဧလိရှမာ သားနာသနိ၏သား ဣရှမေလသည်၊ လူတကျိပ်နှင့်တကွ၊
အဟိကံသား ဂေဒလိရှိရာ မိဇပါမြို့ သို့လာ၍၊ ထိုမြို့၌တစုတည်းစားသောက်ကြ၏။ 2 ထိုအခါနာသနိသား ဣရှမေလနှင့် ထိုလူ
တကျိပ်တို့သည် ထ၍၊ ဗာဗုလုန်ရှင်ဘုရင်အခွင့်နှင့် ပြည် အုပ်လုပ်သော ရှာဖန်၏သားဖြစ်သော အဟိကံ၏သား
ဂေဒလိကိုထားနှင့်ခုတ်၍ သတ်ကြ၏။ 3 ဣရှမေလသည်လည်း၊ မိဇပါမြို့တွင် ဂေဒလိ ထံ၌ရှိသော ယုဒလူအပေါင်းတို့ကိုငင်း၊
တွေ့သမျှသော ခါလဒဲ စစ်သူရဲတို့ကိုငင်း သတ်လေ၏။ 4 ဂေဒလိကိုသတ်၍၊ နှစ်ရက်လွန်သော်လည်း၊ ထိုအမှုကို အဘယ်သူမျှ
မသိသေးသဖြင့်၊ 5 ရှေခင်မြို့၊ရှိလောမြို့၊ ရှမာရိမြို့မှထွက်လာသော လူရှစ်ကျိပ်တို့သည် မိမိတို့မုတ်ဆိတ်ကို ရိတ်ပြီးလျှင်၊
အဝတ်စုတ်ကိုဝတ်၍ ရှနသော ကိုယ်ရှိလျက်၊ ပူဇော သက္ကာနှင့်နံ့သာပေါင်းကို ဗိမာန်တော်သို့ ဆောင်ခဲ့လျက် ရောက်လာကြ၏။ 6
ထိုသူတို့ကို ကြိုဆိုအံ့သောငှါ၊ နာသနိသား ဣရှမေလသည် ငိုကြွေးလျက်၊ မိဇပါမြို့မှထွက်၍ တွေ့သောအခါ၊ အဟိကံသားဂေဒလိထံ
သို့လာကြလော့ ဟု ခေါ်လေ၏။ 7 မြို့ထဲသို့ရောက်ပြီးလျှင်၊ နာသနိသားဣရှမေလ နှင့် သူ၏လူများတို့သည် ထိုသူတို့ကိုသတ်၍၊
မြေတွင်း ထဲသို့ ပစ်ချကြ၏။ 8 ထိုသူတို့တွင်ပါသော လူတကျိပ်တို့က၊ အကျွန်ုပ် တို့ကို မသတ်ပါနှင့်။ အကျွန်ုပ်တို့သိုထားသော
ဥစ္စာတည်း ဟူသောဂျုံ၊ မုယော၊ ဆီ၊ ပျားရည်သည်တော၌ရှိပါ၏ဟု၊ ဣရှမေလအားပြောဆိုသောကြောင့်၊ ထိုသူတို့ကိုသူတို့
ညီအစ်ကိုများနှင့်အတူ မသတ်ဘဲနေ၏။ 9 ဣရှမေလသည် ဂေဒလိနှင့်အတူ သတ်သောသူ အသေကောင်များကို ပစ်ချသော
တွင်းသည်အခြားတွင်း မဟုတ်၊ အာသမင်းကြီးသည် ဣသရေလရှင်ဘုရင်ဗာရှာ ကို ကြောက်၍တူးသော တွင်းဖြစ်သတည်း။
ထိုတွင်းကို နာသနိသား ဣရှမေလသည် အသေကောင်များနှင့် ပြည့်စေ၏။ 10 ထိုအခါအဟိကံသား ဂေဒလိ၌ ကိုယ်ရံတော်မှူး
နေဗုဇာရဒန် အပ်သောမင်းသမီးများအစရှိသော၊ မိဇပါ မြို့၌ ကျန်ကြွင်းသမျှသော သူတို့ကို နာသနိသား ဣရှမေလသည် သိမ်းယူ၍၊
အမ္မုန်အမျိုးသားတို့ထံသို့ ထွက်သွားလေ၏။ 11 ထိုသို့နာသနိသား ဣရှမေလပြုသော အမှုဆိုး အလုံးစုံတို့ကို၊ ကာရသားယောဟနန်နှင့်
သူ့ထံ၌ရှိသမျှ သော တပ်မှူးတို့သည်ကြားလျှင်၊ 12 လူအပေါင်းတို့ကို ခေါ်၍၊ နာသနိသား ဣရှ မေလကိုတိုက်ခြင်းငှါ ထွက်သွားသဖြင့်၊
ဂိဗောင်ကန်နား မှာတွေ့လေ၏။ 13 ဣရှမေလ၌ပါသောသူ အပေါင်းတို့သည် ကာရသား ယောဟနန်နှင့်သူ၌ပါသော တပ်မှူး
အပေါင်းတို့ကို မြင်သောအခါ၊ ဝမ်းမြောက်ခြင်းသို့ ရောက်ကြ၏။ 14 ထိုအခါမိဇပါမြို့မှ ဣရှမေလသိမ်းသွားသော
လူအပေါင်းတို့သည် သူ့ထံမှထွက်၍၊ ကာရသား ယောဟနန်ထံသို့ ကူးသွားကြ၏။ 15 နာသနိသား ဣရှမေလသည် လူရှစ်ယောက်နှင့်
တကွ၊ ယောဟနန်လက်မှ လွတ်ပြေး၍၊ အမ္မုန်အမျိုးသား တို့ထံသို့ သွားလေ၏။ 16 ထိုသို့အဟိကံသား ဂေဒလိကို သတ်ပြီးသည်
နောက်၊ ကာရသားယောဟနန်နှင့် သူ့ထံ၌ရှိသော တပ်မှူးအပေါင်းတို့သည် နာသနိသား ဣရှမေလလက်မှ ငင်း၊ မိဇပါမြို့မှငင်းနှုတ်၍
ကျန်ကြွင်းသော သူတည်း ဟူသော၊ အားကြီးသော စစ်သူရဲများ၊ မိန်းမများ၊ သူငယ် များ၊ မိန်းမစိုးများ အပေါင်းတို့ကို ဂိဗောင်မြို့မှ
ဆောင်ခဲ့ ပြန်၍၊ 17 ခါလဒဲလူတို့ကြောင့် အဲဂုတ္တုပြည်သို့ပြောင်းမည် အကြံရှိလျက်၊ ဗက်လင်မြို့နှင့်နီးသော ခိမဟံရွာသို့သွား၍
နေကြ၏။ 18 အကြောင်းမူကား၊ ပြည်အုပ်အရာ၌ ဗာဗုလုန် ရှင်ဘုရင် ခန့်ထားသော အဟိကံသားဂေဒလိကို နာသနိ သား
ဣရှမေလသတ်သောကြောင့်၊ ခါလဒဲလူတို့ကို ကြောက်ကြ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 42

1 ထိုအခါကာရာသား ယောဟနန်၊ ဟောရှဲသား ယေဇနိ အစရှိသော တပ်မှူးရှိသမျှတို့နှင့်လူအကြီး အငယ်အပေါင်းတို့သည် ပရောဖက်
ယေရမိထံသို့ ချဉ်းကပ်၍၊ 2 အကျွန်ုပ်တို့သည်အထက်ကများသော်လည်း၊ 3 ယခုကိုယ်တော်မြင်သည်အတိုင်း အနည်းငယ် သော
ကျန်ကြွင်းပါသည်ဖြစ်၍၊ အကျွန်ုပ်တို့ အသနား တော်ခံသော စကားကို မပယ်ပါနှင့်။ အကျွန်ုပ်တို့ သွားရသော လမ်းနှင့်ပြုရသော
အမှုကိုကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားသည် အကျွန်ုပ်တို့အား ပြတော် မူမည်အကြောင်း၊ ကျန်ကြွင်းသမျှသောသူ၊
အကျွန်ုပ်တို့ အဘို့ ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရားထံတော်၌ ဆုတောင်းပါလော့ဟု တောင်းပန်ကြ၏။ 4 ပရောဖက်
ယေရမိကလည်း၊ ငါကြား၏ သင်တို့ပြောသည်အတိုင်း၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားအား ဆုတောင်း မည်။
ထာဝရဘုရားသည် သင်တို့အား မိန့်တော်မူသမျှ တို့ကို ပြန်ပြောမည်။ အဘယ်အရာကိုမျှ မထိမ်မဝှက်ဟု ပြောဆို၏။ 5 သူတို့ကလည်း၊
ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားသည် ကိုယ်တော်အားဖြင့် အကျွန်ုပ်တို့ကို မှာထားတော်မူသမျှအတိုင်း၊ အကျွန်ုပ်တို့သည်
ပြုပါမည်ဟု၊ ထာဝရ ဘုရားသည်အကျွန်ုပ်တို့၌ မှန်ကန်၍ သစ္စာစောင့် သော သက်သေဖြစ်တော်မူစေသတည်း။ 6 အကျွန်ုပ်တို့သည်
အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်သောအခါ ချမ်းသာရပါမည်အကြောင်း၊ အကျွန်ုပ်တို့သည်။
ကိုယ်တော်ကိုစေလွှတ်ရာ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား၏ အမိန့်တော်သည်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊
နားထောင်ပါမည်ဟု ယေရမိအား ပြောဆိုကြ၏။ 7 ထိုနောက် ဆယ်ရက်ကြာသောအခါ၊ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည်
ယေရမိသို့ရောက်လျှင်၊ 8 ယေရမိသည် ကာရာသား ယောဟနန်မှစ၍၊ သူ၌ပါသမျှသော တပ်မှူးတို့နှင့် လူအကြီး၊ အငယ်
အပေါင်းတို့ကိုခေါ်၍၊ 9 သင်တို့သည် ငါ့ကိုစေလွှတ်၍ အသနားတော် ခံသော ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 10 အကယ်စင်စစ်သင်တို့သည် ဤပြည်၌နေလျှင်၊ ငါသည်သင်တို့ကို မဖြိုမဖျက်၊ တည်ဆောက်မည်။ သင်
တို့ကိုမနှုတ်၊ စိုက်ပျိုးမည်။ ငါသည် သင်တို့၌ ရောက်စေ သော ဘေးဒဏ်ကြောင့် နောင်တရ၏။ 11 သင်တို့ကြောက်တတ်သော
ဗာဗုလုန်ရှင်ဘုရင် ကို မကြောက်ကြနှင့်။ ထာဝရဘုရား မိန့်တော်မူသည် ကား၊ ထိုရှင်ဘုရင်ကို မကြောက်ကြနှင့်။ ငါသည် သင်တို့ကို
ကယ်တင်၍၊ ထိုမင်းလက်မှနှုတ်ယူခြင်းငှါ သင်တို့ဘက်၌ ရှိ၏။ 12 သင်တို့ကို ငါကယ်မသနားသောအားဖြင့်၊ ထိုရှင်ဘုရင်သည်
သင်တို့ကို သနား၍၊ နေရင်းပြည်သို့ ပြန်စေရလိမ့်မည်။ 13 သို့မဟုတ်၊ သင်တို့က၊ငါတို့သည်ဤပြည်၌မနေ၊ ငါတို့ဘုရား
သခင်ထာဝရဘုရား၏ အမိန့်တော်ကို နားမထောင်ဘဲ၊ 14 စစ်မှုကိုမတွေ့မမြင်၊ တံပိုးမှုတ်သံကို မကြား၊ မငတ်မမွတ်ရာအရပ်၊
အဲဂုတ္တုပြည်သို့သွား၍ နေမည်ဟု ဆိုလျှင်၊ 15 ကျန်ကြွင်းသော ယုဒအမျိုးသားတို့၊ ထာဝရ ဘုရား၏အမိန့်တော်ကို ကြားကြလော့။
ဣသရေလ အမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် အဲဂုတ္တုပြည်သို့
သွားခြင်းငှါ ကျပ်ကျပ်မျက်နှာပြုလျက်၊ ထိုပြည်သို့အမှန်သွား၍ တည်းခိုလျှင်၊ 16 သင်တို့ကြောက်သော ထားဘေးသည် အဲဂုတ္တု
ပြည်၌ သင်တို့ကို မှီလိမ့်မည်။ သင်တို့ကြောက်သော မွတ်သိပ်ခြင်းဘေးသည်လည်း၊ အဲဂုတ္တုပြည်၌ သင်တို့ကို ကျပ်ကျပ်လိုက်၍၊
ထိုပြည်၌သင်တို့သည် သေကြလိမ့် မည်။ 17 အဲဂုတ္တုပြည်သို့သွား၍ တည်းခိုခြင်းငှါ မျက်နှာ ပြုသောသူအပေါင်းတို့သည် ထားဘေး၊
မွတ်သိပ်ခြင်း ဘေး၊ ကာလနာဘေးတို့ဖြင့် သေကြလိမ့်မည်။ သူတို့ အပေါ်သို့ငါရောက်စေသောဘေးဒဏ်နှင့် တယောက်မျှ မလွတ်ရ။
ကျန်ကြွင်းသောသူ တယောက်မျှမရှိရ။ 18 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယေရု ရှလင်မြို့သားတို့အပေါ်သို့ ငါ့အမျက်အရှိန်ကို ငါသွန်း လောင်းသည်နည်းတူ၊ သင်တို့သည်
အဲဂုတ္တုပြည်သို့ ဝင်သောအခါ၊ သင်တို့အပေါ်သို့ သွန်းလောင်းသဖြင့်၊ သင်တို့သည် ဆဲရေးခြင်း၊ အံ့သြခြင်း၊ ကျိန်ခြင်း၊ ကဲ့ရဲ့
ခြင်းကိုခံဘို့ရာ ဖြစ်ကြလိမ့်မည်။ ဤအရပ်ကို နောက် တဖန်မမြင်ရ။ 19 ကျန်ကြွင်းသောယုဒအမျိုးသားတို့၊ အဲဂုတ္တု ပြည်သို့
မသွားကြနှင့်ဟု သင်တို့အား ထာဝရဘုရား အမိန့်တော်ရှိ၏။ ငါသည်သင်တို့ကို ယနေ့သက်သေ ခံကြောင်းကို သိမှတ်ကြလော့။ 20
အကယ်စင်စစ်သင်တို့က၊ အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားအား အကျွန်ုပ်တို့အဘို့ ဆုတောင်းပါလော့။ အကျွန်ုပ်တို့၏
ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသမျှတို့ကို ကြားပြောပါလော့။ အကျွန်ုပ်တို့သည် နားထောင်ပါ မည်ဟုဆို၍၊ ငါ့ကိုသင်တို့၏
ဘုရားသခင် ထာဝရဘုရားထံတော်သို့ စေလွှတ်သောအခါ၊ ကိုယ်စိတ်ကိုကိုယ် လှည့်စားကြပြီ။ 21 ငါသည်သင်တို့အား
ယနေ့ကြားပြော၏။ သင်တို့ မူကား၊ သင်တို့ ဘုရားသခင်ထာဝရဘုရား၏ အမိန့်တော် ကိုငင်း၊ ငါ့အားဖြင့်
မှာလိုက်တော်မူသမျှတို့ကိုငင်း၊ နားမထောင်ဘဲနေကြ၏။ 22 ထိုကြောင့် သင်တို့သည် သွား၍ တည်းခိုချင် သော အရပ်၌ ထားဘေး၊
မွတ်သိပ်ခြင်းဘေး၊ ကာလနာ ဘေးတို့ဖြင့် သေကြလိမ့်မည်အကြောင်းကို အမှန်သိမှတ် ကြလော့ဟု ယေရမိသည် ပြန်ပြောလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 43

1 ထိုလူများတို့၏ ဘုရားသခင်ထာဝရဘုရားသည် ယေရမိအားဖြင့် မှာတော်မူသမျှသော အမိန့်တော်တို့ကို၊ ယေရမိသည်
လူအပေါင်းတို့ အားအကုန်အစင်ကြားပြော သည်ရှိသော်၊ 2 ဟောရှဲသားအာဇရိနှင့် ကာရာသား ယေဟ နန်အစရှိသော၊
မာနထောင်လွှားသော သူအပေါင်းတို့က၊ သင်သည် မုသာစကားကိုပြော၏။ အဲဂုတ္တုပြည်သို့သွား၍ မတည်းခိုရဟု ငါတို့၏
ဘုရားသခင် ထာဝရဘုရားသည် သင့်အားဖြင့် မှာထားတော်မမူ။ 3 ခါလဒဲလူတို့သည် ငါတို့ကိုသတ်၍ ဗာဗုလုန် မြို့သို့
သိမ်းသွားစေမည်အကြောင်း၊ သူတို့လက်သို့ ငါတို့ကိုအပ်လိုသောငှါ၊ နေရိသားဗာရုတ် သည်သင့်ကို နှိုးဆော်တိုက်တွန်း၏ဟု
ဆိုကြပြီးလျှင်၊ 4 ကာရာသားယောဟနန်အစရှိသော တပ်မှူး များနှင့် လူများအပေါင်းတို့သည်၊ ယုဒပြည်၌နေရမည် ဟူသော
ထာဝရဘုရား၏ အမိန့်တော်ကို နားမထောင်ဘဲ၊ 5 အတိုင်းတိုင်းအပြည်ပြည်သို့ နှင်ထုတ်ခြင်းကို ခံရပြီးမှ ယုဒပြည်၌ နေအံ့သောငှါ၊ 6
ပြန်လာသော ယုဒအမျိုးသားအကျန်အကြွင်း၊ ယောက်ျား၊ မိန်းမ၊ သူငယ်၊ မင်းသမီးအစရှိသော ကိုယ်ရံ တော်မှူးနေဗုဇာရဒန်သည်
ရှာဖန်၏သားဖြစ်သော အဟိကံ၏သားဂေဒလိ၌အပ်သော လူအပေါင်းတို့ကိုငှင်း၊ ပရောဖက်ယေရမိ၊ နေရိသားဗာရုတ်ကိုငှင်း၊ ကာရာ
သားယောဟနန်နှင့် တပ်မှူးအပေါင်းတို့သည်ယူ၍၊ 7 ထာဝရဘုရား၏အမိန့်တော်ကို နားမထောင်ဘဲ၊ အဲဂုတ္တုပြည်သို့
သွား၍တာပနက်မြို့သို့ ရောက်ကြ၏။ 8 တာပနက်မြို့၌ ထာဝရဘုရား၏ နှုတ်ကပတ် တော်သည် ယေရမိသို့ ရောက်တော်မူသည်ကား၊
9 သင်သည်ကြီးသော ကျောက်တို့ကို ကိုင်ယူ၍၊ တာပနက်မြို့၌ ဖာရောဘုရင်၏အိမ်တော်ဝနားမှာ ရှိသောအုတ်ဖိုမြေ၌၊
ယုဒလူများရှေ့တွင် မြှုပ်ထားလော့။ 10 သူတို့အားလည်း၊ ဣသရေလအမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား
မိန့်တော် မူသည်ကား၊ ငါသည်လူကိုစေလွှတ်၍၊ ငါ၏ကျွန်ဗာဗုလုန် ရှင်ဘုရင်နေဗုခဒ်နေဇာကိုဆောင်ခဲ့ပြီးလျှင်၊ ငါမြှုပ်
ထားသောဤကျောက်တို့အပေါ်မှာ၊ သူ၏ရာဇပလ္လင်ကို ငါတည်မည်။ သူသည်လည်း၊ မိမိထဲတော်ကို ဤကျောက် တို့အပေါ်မှာ
ဖြန့်လိမ့်မည်။ 11 ထိုမင်းသည် ရောက်လာသောအခါ၊ အဲဂုတ္တု ပြည်ကိုလုပ်ကြံ၍၊ သေတန်သော သူတို့ကို သေခြင်းသို့ငှင်း၊
သိမ်းသွားချုပ်ထားတန်သော သူတို့ကို သိမ်းသွားချုပ်ထား ခြင်းသို့ငှင်း အပ်လိမ့်မည်။ 12 အဲဂုတ္တုဘုရားအိမ်တို့ကို ငါမီးရှို့မည်။
သူသည် လည်း၊ ထိုဘုရားတို့ကိုမီးရှို့၍ သိမ်းသွားချုပ်ထားလိမ့် မည်။ သိုးထိန်းသည် မိမိအဝတ်ကို ဝတ်သကဲ့သို့၊ ထိုမင်း သည်
အဲဂုတ္တုပြည်ကိုဝတ်၍ ငြိမ်ဝပ်စွာ ထွက်သွား လိမ့်မည်။ 13 အဲဂုတ္တုပြည်ဗက်ရှေမက်မြို့၌၊ ရုပ်တုဆင်းတု များကို ချိုးဖျက်၍၊
အဲဂုတ္တုဘုရားအိမ်များကို မီးရှို့လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 44

1 အဲဂုတ္တု ပြည်၊ မိဂဒေါလမြို့၊ တာပနက်မြို့၊ နောဖမြို့၊ ပါသရုအရပ်၌နေသော ယုဒလူအပေါင်းတို့ကို ရည်မှတ်၍ ယေရမိသို့
ရောက်လာသော နှုတ်ကပတ် တော်အားဖြင့်၊ 2 ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယေရု ရှလင်မြို့အစရှိသော ယုဒမြို့ရွာ အရပ်ရပ်တို့အပေါ်သို့ ငါရောက်စေသောဘေးဒဏ်ကို
သင်တို့သည် မြင်ကြပြီ။ 3 ကြည့်ရှုကြလော့။ ယနေ့မှာ ထိုမြို့ရွာတို့သည်၊ နေသောသူမရှိ၊ လူဆိတ်ညံသောအရပ်ဖြစ်ကြ၏။
အကြောင်းမူကား၊ အရင်နေသောသူတို့သည် ကိုယ်တိုင် မသိ၊ ဘိုးဘေးတို့မသိ၊ အခြားတပါးသော ဘုရားတို့အား နံ့သာပေါင်းကို
မီးရှို့၍ဝတ်ပြုသဖြင့်၊ ငါ၏အမျက်တော်ကို နှိုးဆော်ခြင်းငှါ ပြုကြသောဒုစရိုက်ကြောင့် ဤအမှု ရောက်သတည်း။ 4
ငါ၏ကျွန်ပရောဖက်အပေါင်းတို့ကို ငါသည် စောစောထ၍ သင်တို့ရှိရာသို့ အထပ်ထပ်စေလွှတ်လျက်၊ ငါမုန်းသောအမှု၊
ဤစက်ဆုပ်ရွံရှာဘွယ်သောအမှုကို မပြုပါနှင့်ဟု ပြောသော်လည်း၊ 5 သူတို့သည်အခြားတပါးသော ဘုရားအားနံ့သာ ပေါင်းကို မီးမရှို့၊
ဒုစရိုက်ကို ရှောင်မည်အကြောင်း နားထောင်ခြင်းကို မပြုမနာမယူဘဲ နေကြ၏။ 6 ထိုကြောင့်၊ ငါ၏အမျက်အရှိန်ကို ငါသွန်း
လောင်း၍၊ ယုဒမြို့များ ယေရုရှလင်လမ်းများတို့၌ အမျက်မီးရှို့သဖြင့်၊ သူတို့သည်ယနေ့၌ ဖြစ်သကဲ့သို့
သုတ်သင်ပယ်ရှင်းရာအရပ်ဖြစ်ကြ၏။ 7 ယခုမှာဣသရေလမျိုး၏ ဘုရားသခင်၊ ကောင်း ကင်ဗိုလ်ခြေ အရှင်ဘုရားသခင်၊ 8
ထာဝရဘုရားမိန့်တော် မူသည်ကား၊ သင်တို့သည် ကိုယ်ကိုကိုယ်ပယ်ဖြတ်လို သောငှါငှင်း၊ မြေကြီးပေါ်မှာလူအမျိုးမျိုးတို့တွင် ကဲ့ရဲ့
ကျိန်ဆဲရာဖြစ်လိုသောငှါငှင်း၊ သွား၍နေသောအဲဂုတ္တု ပြည်၌ အခြားတပါးသော ဘုရားတို့အား နံ့သာပေါင်းကို မီးရှို့လျက်၊
ကိုယ်တိုင်ပြုသောအမှုနှင့် ငါ၏အမျက်ကို နှိုးဆော်သဖြင့်၊ သင်တို့တွင် တယောက်မျှမကြွင်း၊ ယုဒ အမျိုးယောကျာ်းမိန်းမ၊
သူငယ်စို့နို့ကလေးအပေါင်းတို့ကို ပယ်ဖြတ်မည်အကြောင်း၊ ကြီးစွာသော ဒုစရိုက်ကို ကိုယ် စိတ်ဝိညာဉ်တဘက်၌ အဘယ်ကြောင့်
ပြုကြသနည်း။ 9 ယုဒပြည်၌ငှင်း၊ ယေရုရှလင်လမ်းတို့၌ငှင်း၊ သင်တို့ဘိုးဘေးများ ပြုသောဒုစရိုက်၊ ယုဒရှင်ဘုရင်များ
ပြုသောဒုစရိုက်၊ မိဖုရားများပြုသော ဒုစရိုက်၊ သင်တို့ ကိုယ်တိုင်ပြုသော ဒုစရိုက်၊ သင်တို့မယားများပြုသော ဒုစရိုက်တို့ကို
မေ့လျော့ကြပြီလော့။ 10 ယနေ့တိုင်အောင် သူတို့သည် နှိမ့်ချသော စိတ် မရှိ၊ ကြောက်ရွံ့သောစိတ်မရှိ၊ ငါ၏တရားလမ်း သို့မလိုက်၊
သင်တို့မှစ၍ သင်တို့ဘိုးဘေးတို့ရှေ့မှာ ငါထားသော ပညတ်များကို မစောင့်ရှောက်ကြ။ 11 သို့ဖြစ်၍၊
ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ် ခြေအရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သင်တို့ကိုအပြစ်ပြု၍
ယုဒအမျိုးသား အပေါင်းတို့ကို ပယ်ဖြတ်ခြင်းငှါ ငါသည် မျက်နှာ ထားမည်။ 12 အဲဂုတ္တုပြည်သို့သွား၍ တည်းခိုခြင်းငှါ မျက်နှာ
ပြုသော ယုဒအမျိုးသားအကျန်အကြွင်းတို့ကို ငါသည် ယူ၍၊ သူတို့သည်ထိုပြည်၌ သေကြေပျက်စီးကြလိမ့်မည်။ ထားဘေး၊
မွတ်သိပ်ခြင်းဘေးဖြင့်ပျက်စီးခြင်းသို့ငှင်း၊ အငယ်ဆုံးသော သူမှစ၍ အကြီးဆုံးသော သူတိုင်အောင် ထားဘေး၊
မွတ်သိပ်ခြင်းဘေးဖြင့် သေကြေပျက်စီးခြင်းသို့ ငှင်း ရောက်၍၊ ဆဲရေးခြင်း၊ အံ့သြခြင်း၊ ကျိန်ခြင်း၊ ကဲ့ရဲ့ခြင်းကိုခံဘို့ရာ
ဖြစ်ကြလိမ့်မည်။ 13 ယေရုရှလင်မြို့သားတို့ကို ထားဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာဘေးတို့ဖြင့် ငါသည် ဒဏ်ပေးသည် နည်းတူ၊
အဲဂုတ္တုပြည်၌နေသော သူတို့ကို ငါသည် ဒဏ်ပေးသဖြင့်၊ 14 အဲဂုတ္တုပြည်သို့ သွား၍ တည်ခိုးသော ယုဒ အမျိုးသား
အကျန်အကြွင်းတို့သည် ယုဒပြည်သို့ပြန်၍ နေချင်သော်လည်း၊ တယောက်မျှ ဘေးနှင့်မလွတ်ရ၊ တယောက်မျှ မကျန်ကြွင်းရကြ။
ဘေးလွတ်သော သူသာ လျှင် ပြန်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 15 ထိုအခါ မိမိမယားတို့သည် အခြားတပါးသော ဘုရားအား
နံ့သာပေါင်းနှင့်မီးရှို့ကြောင်းကို သိသော လူများ၊ အနား၌ရပ်နေသော မိန်းမများ၊ ကြီးစွာသော အလုံးအရင်းတည်းဟူသော၊
အဲဂုတ္တုပြည်ပါသရုအရပ်၌ နေသောသူအပေါင်းတို့သည် ယေရမိကို ပြန်ပြော ကြသည်ကား၊ 16 သင်သည်ထာဝရဘုရား၏
နာမတော်ကို အမှီပြု ၍၊ ငါတို့အား ဟောပြောသောစကားကို ငါတို့သည် နားမထောင်။ 17 ငါတို့မှစ၍ ငါတို့ဘိုးဘေး၊ ရှင်ဘုရင်၊ မှူးမတ်
တို့သည် ယုဒမြို့များ၊ ယေရုရှလင်လမ်းများ၌ ပြုဘူး သကဲ့သို့၊ ကောင်းကင်မိဖုရားအဘို့ နံ့သာပေါင်းကို မီးရှို့၍၊ သွန်းလောင်းရာ
ပူဇော်သက္ကာကိုပြုခြင်းငှါ၊ ကိုယ် အလိုအလျောက် စီရင်သည်အတိုင်း ဆက်ဆက်ပြုမည်။ အထက်က ဝစွာစားရကြ၏။
ဘေးနှင့်လွတ်၍ ချမ်းသာ စွာ နေရကြ၏။ 18 ကောင်းကင်မိဖုရားအဘို့နံ့သာပေါင်းကို မီးမရှို့၊ သွန်းလောင်းရာပူဇော်သက္ကာကို
မပြုဘဲနေပြန်သော အခါ၊ အလွန်ဆင်းရဲခြင်း၊ ထားဘေး၊ မွတ်သိပ်ခြင်း ဘေးဖြင့် ပျက်စီးခြင်းသို့ ရောက်ကြပြီ။ 19
ကောင်းကင်မိဖုရားအဘို့ နံ့သာပေါင်းကိုမီးရှို့၍၊ သွန်းလောင်း ရာပူဇော်သက္ကာကို ပြုသောအခါ၊ ငါတို့၏ ယောကျာ်းမပါဘဲ
မုန့်ပြားတို့ကို လုပ်၍၊ သွန်းလောင်းရာ ပူဇော်သက္ကာပြုလျက် ကိုးကွယ်သလောဟုပြန်ပြောကြ၏။ 20 ထိုသို့ပြန်ပြောသော
ယောကျာ်းမိန်းမအပေါင်း တို့အား ယေရမိပြန်ပြောသည်ကား၊ 21 သင်တို့မှစ၍ သင်တို့ဘိုးဘေး၊ ရှင်ဘုရင်၊ မှူးမတ်၊
ပြည်သူပြည်သားတို့သည် ယုဒမြို့များ၊ ယေရု ရှလင်လမ်းများ၌ မီးရှို့သော နံ့သာပေါင်းကို ထာဝရ ဘုရားသည် မအောက်မေ့၊
နှလုံးမသွင်းဘဲ နေတော် မူသလော။ 22 သင်တို့ပြုသောဒုစရိုက်၊ စက်ဆုပ်ရွံရှာဘွယ် သောအမှုတို့ကို ထာဝရဘုရားသည်
သည်းခံတော်မမူနိုင် သောကြောင့်၊ သင်တို့ပြည်သည်၊ ယနေ့ဖြစ်သည်အတိုင်း၊ နေသောသူမရှိ၊ လူဆိတ်ညံရာ၊ အံ့သြဘွယ်ရာ၊
ကျိန်ဆဲရာ ဖြစ်လေပြီတကား။ 23 သင်ကိုသည် နံ့သာအပေါင်းကို မီးရှို့၍ ထာဝရ ဘုရားကိုပြစ်မှားသောကြောင့်ငှင်း၊ ထာဝရဘုရား၏
အမိန့်တော်ကို နားမထောင်၊ ထုံးဖွဲ့ချက်၊ သက်သေခံ ချက်ပညတ်တရားတော်လမ်းသို့ မလိုက်သောကြောင့် ငှင်း၊ ဤဘေးသည်
ယနေ့၌ရှိသည်အတိုင်း၊ သင်တို့၌ ရောက်လေပြီတကားဟု ပြောဆို၏။ 24 တဖန်မိန်းမအပေါင်းတို့နှင့် လူခပ်သိမ်းတို့အား

 generated on Sun Jun 30 02:37:40 2024

ယေရမိဟောပြောသည်ကား၊ အဲဂုတ္တုပြည်၌ရှိသော ယုဒ လူအပေါင်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ [25] ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့နှင့်သင်တို့မယားတို့က၊ ငါတို့သည် ကောင်းကင် မိဖုရားအဘို့ နံ့သာပေါင်းကို မီးရှို့၍ သွန်းလောင်းပူဇော် သက္ကာပြုခြင်းငှါ၊ သစ္စာဂတိထားသည်နှင့်အညီ ဆက်ဆက်ပြုမည်ဟု နှုတ် နှင့်ပြော၍ လက်နှင့် ပြုသည်အတိုင်း၊ သင်တို့သည် ကိုယ်ထားသော သစ္စာဂတိ ကို ဆက်ဆက်စောင့်၍၊ သစ္စာဂတိထားသည်အတိုင်း ပြုကြလိမ့်မည်။ [26] သို့ဖြစ်၍ အဲဂုတ္တုပြည်၌ နေသောယုဒလူ အပေါင်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင် ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အရှင် ထာဝရဘုရား အသက်ရှင်တော်မူသည်ဟူ၍ အဲဂုတ္တုပြည် တရှောက်လုံးတွင်၊ ယုဒလူတယောက်မျှငါ၏ နာမကို မမြွက်မဆိုရမည်အကြောင်း၊ ငါသည် ကိုယ်မဟာနမကို တိုင်တည်၍ ကျိန်ဆို၏။ [27] သူတို့ကို ကျေးဇူးပြုခြင်းငှါမဟုတ်၊ အပြစ်ပြု ခြင်းငှါ ငါစောင့်သည် ဖြစ်၍၊ အဲဂုတ္တုပြည်၌ရှိသော ယုဒလူအပေါင်းတို့သည် ဆုံးရှုံးခြင်းသို့ မရောက်မှီ တိုင်အောင် ထားဘေး၊ မွတ်သိပ်ခြင်းဘေးနှင့် ပျက်စီး ကြလိမ့်မည်။ [28] သို့ရာတွင်၊ ထားဘေးနှင့်လွတ်၍၊ အဲဂုတ္တုပြည်မှ ယုဒပြည်သို့ ပြန်ရသောသူတို့သည် နည်းကြလိမ့်မည်။ ငါ့စကားတည်မည်၊ သူတို့စကားတည်မည်ကို၊ အဲဂုတ္တုပြည်၌ တည်းခိုခြင်းငှါသွားသော ယုဒလူအကျန် အကြွင်းတို့သည် သိကြလိမ့်မည်။ [29] ဤအရပ်၌ သင်တို့ကိုငါဆုံးမ၍၊ သင်တို့၌ အပြစ်ရောက်စေခြင်းငှါ ငါ့စကားသည် ဆက်ဆက် တည်လိမ့်မည်ဟု သင်တို့သိမည်အကြောင်း၊ ငါပေးသော နိမိတ်လက္ခဏာဟူမူကား၊ [30] ယုဒရှင်ဘုရင်ဇေဒကိမင်းအသက်၏ ရန်သူ တည်းဟူသော ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာမင်း ၏လက်သို့ ဇေဒကိမင်းကိုငါအပ်သည်နည်းတူ၊ အဲဂုတ္တု ရှင်ဘုရင်ဖာရောဟောဖရာအသက်ကို ရှာသောရန်သူ လက်သို့ ထိုမင်းကိုငါအပ်သည်ဟု ထာဝရဘုရား မိန့်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 45

[1] ယုဒရှင်ဘုရင်ယောရှိသား ယောယကိမ် လက်ထက်၊ နေရိသားဗာရုတ်သည်၊ ယေရမိမြွက်ဆိုသည် အတိုင်း၊ စကားတော်များကို စာ၌
ရေးထားသောနောက်၊ ပရောဖက်ယေရမိသည် ဗာရုတ်အားဆင့်ဆိုရသော နှုတ် ကပတ်တော်ဟူမူကား၊ [2-4] အိုဗာရုတ်၊ သင်က၊
ငါသည်အမင်္ဂလာရှိ၏။ ထာဝရဘုရားသည် ငါ၀မ်းနည်းစရာ အကြောင်းတပါး အပေါ်မှာတပါးကို ထပ်ဆင့်တော်မူသောကြောင့်၊
ငါသည် သက်သာမရ။ ညည်းတွား၍ စိတ်ပျက်ပါပြီဟု ဆိုသည်ဖြစ်၍၊ သင်သည်ဆင့်ဆိုရမည်မှာ၊ ဣသရေလ အမျိုး၏
ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ငါဆောက်သောအရာကို ငါဖြိုဖျက်မည်။ ငါစိုက် သော အရာတည်းဟူသော
ဤပြည်ကို အကြွင်းမဲ့ ငါနှုတ် ပစ်မည်။ [5] သင်သည် ကြီးစွာသော အရာတို့ကို ကိုယ်အဘို့ ရှာသလော။ မရှာနှင့်။ အကြောင်းမူကား၊
ငါသည် ခပ်သိမ်းသော သတ္တဝါတို့အပေါ်သို့ ဘေးရောက်စေမည်။ သို့ရာတွင်၊ သင်ရောက်လေရာအရပ်တို့၌၊ သင်၏ အသက်ကို
လက်ရဥစ္စာကဲ့သို့ သင့်အားငါပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 46

[1] တပါးအမျိုးကိုရည်မှတ်၍ ပရောဖက်ယေရမိသို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော် တည်းဟူသော၊ [2]
ယုဒရှင်ဘုရင်ယောရှိသားယောယကိမ်မင်း နန်းစံ လေးနှစ်တွင်၊ ကာခေမိတ်အရပ်၊ ဥဖရတ်မြစ်နား၌ တပ်ချ၍၊
ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာ လုပ်ကြံသော အဲဂုတ္တုရှင်ဘုရင် ဖာရော နေခေါ်၏ စစ်သူရဲ၊ အဲဂုတ္တုပြည်သားတို့ကို ရည်မှတ်သော
နှုတ်ကပတ် တော်ဟူမူကား၊ [3] ဒိုင်းလွှားတို့ကို ပြင်ဆင်၍၊ စစ်တိုက်ခြင်းငှါ ချဉ်းကပ်ကြလော့။ [4] မြင်းစီးသူရဲများတို့၊ မြင်းကို
ကကြိုးတန်ဆာ ဆင်၍စီးပြီးလျှင်၊ သံခမောက်လုံးကို ဆောင်းလျက် ထွက်ကြလော့။ လှံတို့ကိုပွတ်ကြလော့။ သံချပ်အင်္ကျီတို့ကို
ဝတ်ကြလော့။ [5] သူတို့သည်ကြောက်ရွံ့၍ ဆုတ်သွားကြသည်ကို အဘယ်ကြောင့် ငါမြင်ရသနည်း။ အားကြီးသော သူတို့ သည်
ရှုံးသဖြင့် ပြန်၍မကြည့်ဝံ့။ အလျင်အမြန်ပြေးကြ ၏။ ပတ်လည်အရပ်၌ ဘေးရှိသည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [6]
လျင်မြန်သောသူကို မပြေးစေနှင့်။ အားကြီး သော သူကိုမလွတ်စေနှင့်။ ဥဖရတ်မြစ်နား၊ မြောက် မျက်နှာ၌ ထိမိ၍လဲကြလိမ့်မည်။ [7]
နိလမြစ်ထသကဲ့သို့၎င်း၊ မြစ်ရေစီးသကဲ့သို့၎င်း တက်လာသော ဤသူကား အဘယ်သူနည်း။ [8] အဲဂုတ္တုပြည်သည်
နိလမြစ်ထသကဲ့သို့၎င်း၊ မြစ်ရေစီးသကဲ့သို့၎င်း တက်လာလျက်၊ ငါသည် ထ၍ မြေကြီးကို လွှမ်းမိုးမည်။ မြို့နှင့်တကွမြို့ သားတို့ကို
ဖျက်ဆီးမည်ဟု ပြောဆို၏။ [9] မြင်းများတို့၊ တက်ကြလော့။ ရထားများတို့၊ ဟုန်းဟုန်းမြည်ကြလော့။ သူရဲများတည်းဟူသော၊
ဒိုင်းလွှားကို ကိုင်တတ်သော ကုရှအမျိုး၊ ဖုတအမျိုးသား၊ လေးကိုကိုင်၍ ပစ်တတ်သောလုဒိအမျိုးသားတို့သည် ထွက်သွားကြစေ။ [10]
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ ရန်သူတို့ကို ဒဏ်ပေးရသောနေ့၊ အမျက်တော်ကို ဖြေရသောနေ့ရက်ဖြစ်သည်နှင့် အညီ၊
ထားတော်သည် ကိုက်စား၍ဝလိမ့်မည်။ သူတို့အသွေးနှင့် ယစ်မူးလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားအဘို့၊
မြောက်မျက်နှာ၌ ဥဖရတ်မြစ်နားမှာ ယဇ်ပူဇော်စရာ အကြောင်းရှိ၏။ [11] အိုအဲဂုတ္တုသတို့သမီးကညာ၊ ဂိလဒ်ပြည်သို့
သွား၍ဗာလစံစေးကို ယူလော့။ သင်သည်များစွာသော ဆေးကိုအချည်းနှီးသုံးတတ်၏။ သင်၏အနာ မပျောက် နိုင်ရာ။ [12] သင်သည်
အရှက်ကွဲကြောင်းကို လူမျိုးတို့သည် ကြားကြပြီ။ သင် မြည်တမ်းသော အသံသည်းမြေတပြင် လုံး၌ နှံ့ပြားပြီး။
သူရချင်းတယောက်နှင့် တယောက် ထိခိုက်၍၊ နှစ်ယောက်တို့သည်လဲကြပြီဟု မိန့်တော်မူ၏။ [13] အဲဂုတ္တုပြည်ကိုလုပ်ကြံခြင်းငှါ
ဗာဗုလုန် ရှင်ဘုရင်နေဗုဒ်နေဇာလာမည်အကြောင်းကြောင့်၊ ထာဝရဘုရားသည် ပရောဖက်ယေရမိအား မိန့်တော်မူ သော
စကားဟူမူကား၊ [14] သင့်ပတ်လည်၌နေသောသူတို့ကို ထားတော် သည် ကိုက်စားပြီ။ ကိုယ်ကိုပြင်ဆင်၍ မြဲမြံစွာ နေလော့ ဟု
အဲဂုတ္တုပြည်၌ကြွေးကြော်ကြလော့။ မိဂဒေါလမြို့၌ သိတင်းကြားကြလော့။ နောဖမြို့၊ တာပနက်မြို့၌လည်း ကြားပြောကြလော့။ [15]
သင်၏သူရဲသည် အဘယ်ကြောင့် ရှုံးသနည်း။ ထာဝရဘုရားတွန်းချတော်မူသောကြောင့်၊ သူသည် မရပ် မနေနိုင်ရာ။ [16]
လူများတို့သည် ထိမိ၍တယောက်အပေါ်မှာ တယောက်လဲစေခြင်းငှါ ပြုတော်မူသည်ဖြစ်၍၊ သူတို့က၊ ထကြကုန်အံ့။
ညှဉ်းဆဲတတ်သော ထားကြောင့် ကိုယ် အမျိုး၊ ကိုယ်နေရင်းပြည်သို့ပြန်ကြကုန်အံ့ဟု ပြောဆို ကြ၏။ [17] ရောက်ပြီးမှ အဲဂုတ္တု
ရှင်ဘုရင်ဖာရောမင်းသည် ဆုံးရှုံးပြီ။ စည်းဝေးရသောအချိန်ကို လွန်စေပြီဟု ဟစ်ကြ၏။ [18] ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားဟု ဘွဲ့နာမရှိသော ရှင်ဘုရင်မိန့်တော်မူသည်ကား၊ ငါသည် အသက်ရှင်သည်ဖြစ်၍၊ တောင်တို့တွင် တာဗော်တောင်
ကဲ့သို့၎င်း၊ ပင်လယ်နားမှာကရမေလတောင်ကဲ့သို့ ၎င်း ထိုမင်းသည် လာလိမ့်မည်။ [19] နေရာကျသော အဲဂုတ္တုသတို့သမီး၊ နေရာ
ပြောင်းစရာဘို့ ကိုယ်အသုံးအဆောင်များကို ပြင်လော့။ အကြောင်းမူကား၊ နေဖမြို့သည် နေသောသူမရှိအောင်
သုတ်သင်ဖျက်ဆီးခြင်းကို ခံရမည်။ [20] အဲဂုတ္တုပြည်သည်အဆင်းလှသော နွားမဖြစ်၏။ သို့ရာတွင်၊ မြောက်မျက်နှာဘက်က
နှောင့်ရှက်ခြင်း အကြောင်းပေါ်လာ၏။ [21] သူငှါးတို့သည် သူ၏အလယ်၌ ဆူအောင် ကျွေးသောနွားကဲ့သို့ ဖြစ်သော်လည်း၊
ပျက်စီးခြင်းနေ့၊ ဆုံးမခြင်းကိုခံရသော အချိန်ရောက်သောကြောင့်၊ သူတို့ သည် မရပ်မနေ၊ ကျောကိုလှည့်၍ တညီတညွတ်တည်း
ပြေးသွားကြ၏။ [22] သစ်ခုတ်သောသူကဲ့သို့ ပုဆိန်ပါလျက်၊ လူအလုံး အရင်းနှင့်တကွ ချီလာကြသောအခါ၊ သူ၏စကားသံ သည်
မြွေမြည်သံကဲ့သို့ ဖြစ်လိမ့်မည်။ [23] ထိုတောသည် အလွန်ရှုပ်သော်လည်း၊ သူတို့ သည် ကျိုင်းကောင်ထက်မက မရေတွက်နိုင်အောင်
များသောကြောင့် ခုတ်လှဲကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [24] အဲဂုတ္တုသတို့သမီးသည် မိန်းမောတွေဝေလျက် ရှိ၏။
မြောက်မျက်နှာပြည်သားတို့ လက်သို့ရောက်လေပြီ။ [25] ဣသရေလအမျိုး၏ဘုရားသခင်ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ နောမြို့၌ရှိသော အမ္မုန်ဘုရားနှင့် ဖာရောဘုရင်မှစ၍ အဲဂုတ္တုပြည်သားဘုရားများ၊
ရှင်ဘုရင်များတည်း ဟူသော၊ ဖာရောဘုရင်အစရှိသော၊ ထိုဘုရင်ကို ကိုးစား သော သူတို့ကို ငါဆုံးမမည်။ [26] သူတို့အသက်ကို
ရှာသောသူတည်းဟူသော ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာမင်းနှင့်သူ၏ ကျွန်တို့ လက်သို့ သူတို့ကို ငါအပ်မည်။ ထိုနောက်မှတဖန်
အဲဂုတ္တု ပြည်သည်အရင်ကဲ့သို့ စည်ပင်လိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [27] အိုငါ့ကျွန်ယာကုပ်၊ မကြောက်နှင့်။ အို
ဣသရေလအမျိုး၊ စိတ်မပျက်နှင့်။ သင့်ကိုဝေးသောအရပ်မှ၎င်း၊ သင်၏အမျိုးသားတို့ကို သိမ်းသွားရာ ပြည်မှ၎င်း ငါနှုတ်
ယူဆောင်ခဲ့သဖြင့်၊ ယာကုပ်အမျိုးသည်ပြန်လာ၍၊ ချောက်လှန့်သောသူမရှိ၊ ငြိမ်ဝပ်ချမ်းသာစွာ နေရ လိမ့်မည်။ [28]
ငါ့ကျွန်ယာကုပ်မကြောက်နှင့်။ သင်နှင့်အတူ ငါရှိ၏။ သင့်ကို ငါနှင်ထုတ်သော တိုင်းနိုင်ငံရှိသမျှတို့ကို ငါသည်ဆုံးမစေသော်လည်း၊
သင့်ကို မဆုံးစေ။ သို့ရာတွင်၊ ရှင်းရှင်းအပြစ်မလွှတ်ဘဲ အတော်အတန် ဆုံးမမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 47

[1] ဖာရောဘုရင်သည် ဂါဇမြို့ကို မလုပ်ကြံမီ၊ ဖိလိတ္တိအမျိုးသားတို့ကို ရည်မှတ်၍၊ ပရောဖက် ယေရမိသို့ရောက်လာသော
နှုတ်ကပတ်တော်အားဖြင့်၊ [2] ထာဝရဘုရားမိန့်တော်မူသည်ကား၊ မြောက် မျက်နှာဘက်က ရေသည်ထ၍ လွှမ်းမိုးသောပင်လယ်
ဖြစ်လျက်၊ တပြည်လုံးနှင့်၊ ပြည်၌ ပါသမျှကိုငင်း၊ မြို့နှင့် မြို့၌နေသော သူတို့ကိုငင်းလွှမ်းမိုး၍၊ သူတို့သည် အော်ဟစ် ကြွလိမ့်မည်။
ပြည်သူပြည်သားတို့သည် မြည်တမ်းကြ လိမ့်မည်။ [3] ရန်သူစီးသော မြင်းခွါသံ၊ စိုင်းသောရထား ဘီးများ မြည်သံကြောင့်၊
အဘတို့သည် လက်အားလျော့၍ သားတို့ကိုပြန်မကြည့်ကြ။ [4] အကြောင်းမူကား၊ ဖိလိတ္တိအမျိုးသားတို့ကို ဖျက်ဆီးရသောနေ့၊
တုရုမြို့၊ ဇိဒုန်မြို့ကို စစ်ကူနိုင်သောသူ အကျန်အကြွင်းရှိသမျှကို ပယ်ဖြတ်ရသောနေ့သည် ရောက်၍၊ ထာဝရဘုရားသည်
ဖိလိတ္တိအမျိုးသားနှင့် ကျန် ကြွင်းသော ကတ္တောရပြည်သားတို့ကို သုတ်သင်ပယ်ရှင်း တော်မူမည်။ [5] ဂါဇမြို့သည်ဆံပင်ရိတ်ခြင်းကို
ခံရ၏။ အာရှ ကေလုန်မြို့နှင့် ကျန်ကြွင်းသောချိုင့်အရပ်သည်ပျက်စီးပြီ။ အဘယ်မျှကာလပတ်လုံး ကိုယ်အသားကို ခုတ်ဖြတ်ရမည်
နည်း။ [6] အိုထာဝရဘုရား၏ထားတော်၊ သင်သည် အဘယ်မျှကာလပတ်လုံး မငြိမ်ဘဲနေမည်နည်း။ ကိုယ် အိမ်၌ဝင်၍နေလော့။
နေရာကျ၍ ငြိမ်ဝပ်စွာနေလော့။ [7] အာရှကေလုန်မြို့နှင့် ပင်လယ်ကမ်းအမှု၌ ထာဝရဘုရား မှာထားတော်မူသောကြောင့်၊ အဘယ် သို့
ငြိမ်ဝပ်စွာနေနိုင်သနည်း။ ထိုအမှုကို ဆောင်ရွက်စေခြင်း ငှါ ခန့်ထားတော်မူ၏။


generated on Sun Jun 30 02:37:40 2024

# Chapter 48

1 ဣသရေလအမျိုး၏ ဘုရားသခင်ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားသည် မောဘပြည်ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊
နေဗောမြို့သည် အမင်္ဂလာရှိ၏။ ပျက်စီးခြင်းသို့ရောက်လေ၏။ ကိရယ သိမ်မြို့သည် ရှုံး၍လုယူခြင်းကို ခံရ၏။ မိသဂပ် မြို့
သည်လည်း ရှုံး၍ စိတ်ပျက်လေ၏။ 2 မောဘပြည်သည် နောက်တဖန် ဟေရှဘုန် မြို့၌ မဝါကြွားရ။ ရန်သူတို့က၊ မောဘပြည်ကို
ပြည်မဖြစ် စေခြင်းငှါ ပယ်ရှားကြကုန်အံ့ဟု၊ ရန်ပြုမည့်အကြံနှင့် ကြံစည်ကြ၏။ အိုမာဒမေနမြို့၊ သင်သည်လည်းပျက် စီးရမည်။
ထားဘေးသည် သင့်ကိုလိုက်လိမ့်မည်။ 3 ဟောရနိမ်မြို့၌လည်း ညှဉ်းဆဲခြင်းနှင့် ပြင်းစွာ သော ပျက်စီးခြင်းရှိ၍၊
အော်ဟစ်သောအသံကိုကြားရ၏။ 4 မောဘပြည်သည်ပျက်စီးခြင်းသို့ရောက်၍၊ သူငယ်တို့သည် မြည်တမ်းသောအသံကိုပြုကြ၏။ 5
ငိုကြွေးသောအသံသည် လုဟိတ်တောင်ပေါ်သို့ တက်ရ၏။ ဟောရနိမ်မြို့သို့ဆင်းရာအရပ်၌လည်း၊ ဆုံးရှုံးခြင်းအသံကိုရန်သူတို့သည်
ကြားရကြ၏။ 6 အသက်လွတ်အံ့သောငှါပြေးကြလော့။ လွင်ပြင် ၌ရှိသော သစ်ပင်ခြောက်ကဲ့သို့ဖြစ်ကြလော့။ 7
သင်သည်မိမိဆည်းဖူးသော ဘဏ္ဍာဥစ္စာကို ကိုးစားသောကြောင့်၊ သူတပါးလက်သို့ရောက်ရလိမ့်မည်။ ခေမုရှဘုရားကိုလည်း
သူ၏မင်း၊ သူ၏ယဇ်ပုရောဟိတ်တို့ နှင့်တကွ သိမ်းသွားကြလိမ့်မည်။ 8 လုယူသောသူသည် မြို့များအစဉ်အတိုင်း ရောက်လာ၍
မြို့တမြို့မျှမလွတ်ရ။ ချိုင့်နှင့်တကွ လွင်ပြင် သည်လည်း၊ ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်။ ထိုသို့ ထာဝရဘုရား မိန့်တော်မူပြီ။ 9
မောဘပြည်သည် လွတ်ရာသို့ ပြေးရအောင် ငှက်တောင်တို့ကို ပေးလော့။ မြို့တို့သည်နေသောသူမရှိ၊ လူဆိတ်ညံရာဖြစ်ကြလိမ့်မည်။
10 ထာဝရဘုရား၏ အမှုတော်ကို ကြိုးစား၍ မဆောင်သော သူသည် ကျိန်ဆဲခြင်းကိုခံစေ။ လူအသက် ကို မသတ်ဘဲမိမိထားကို
သိမ်းရုပ်သောသူသည် ကျိန်ဆဲ ခြင်းကိုခံစေ။ 11 မောဘသည်အိုးတလုံးမှ တလုံးသို့မပြောင်း၊ တကျွန်းတနိုင်ငံသို့ ယူသွားခြင်းကိုမခံ၊
ငယ်သော အရွယ်မှစ၍ ငြိမ်လျက်၊ မိမိအဖတ်အနည်ပေါ်၌ နေရာ ကျလျက်ရှိသောကြောင့်၊ မိမိအရသာသည် တည့်နေ၏။
မွှေးသောအနံ့လည်း မပျက်။ 12 သို့ရာတွင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ စောင်း၍ထားတတ်သောသူတို့ကို သူ့ထံသို့ ငါစေလွှတ်ရ
သော အချိန်ရောက်လိမ့်မည်။ သူတို့သည် မောဘကို စောင်း၍ ထားပြီးလျှင်၊ သူ၏အိုးတို့ကိုသွန်၍ ရေဘူးတို့ကို ခွဲကြလိမ့်မည်။ 13
ဣသရေလအမျိုးသည် မိမိတို့ခိုလှုံသော ဗေသလဘုရားကြောင့် ရှက်ရသကဲ့သို့၊ မောဘအမျိုး သည်လည်း ခေမုရှဘုရားကြောင့်
ရှက်ရလိမ့်မည်။ 14 ငါတို့သည်အားကြီးသောသူ၊ စစ်တိုက်ခြင်းငှါ တတ်စွမ်းနိုင်သော သူဖြစ်ကြ၏ဟု၊ သင်တို့သည် အဘယ်သို့
ပြောဆိုကြလိမ့်မည်နည်း။ 15 မောဘပြည်သည် ပျက်စီးပြီ။ မြို့တို့သည် ကျွမ်း လောင်ကြပြီ။ သူရွေးချယ်သောလုလင်တို့သည်
ကွပ်မျက် ခြင်းကိုခံအံ့သောငှါ ဆင်းသွားကြပြီဟု၊ ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရားဟူ၍ ဘွဲ့နာမရှိသော
ရှင်ဘုရင်မိန့်တော်မူ၏။ 16 မောဘကို လုပ်ကြံရသောအချိန်နီးပြီ။ သူခံရ သောဘေးသည် အလျင်အမြန်လာ၏။ 17
သူ့ပတ်လည်၌နေသော သူအပေါင်းတို့၊ သူ့အတွက်မြည်တမ်းကြလော့။ သူ၏နာမကို သိသော သူအပေါင်းတို့၊ တန်ခိုးကြီးသောလှံတံ၊
အသရေတင့်တယ် သောတံဖျာသည် ကျိုးလေပြီတကားဟု ပြောဆိုကြ လော့။ 18 ဒိဘုန်မြို့၌နေသောသတို့သမီး၊ သင်ခံစားရ သော
စည်းစိမ်မှ ဆင်း၍အငတ်ခံလျက်ထိုင်လော့။ မောဘကို လုယူသောသူသည် သင်ရှိရာသို့လာ၍၊ သင်၏ရဲတိုက်တို့ကို ဖျက်ဆီးလိမ့်မည်။
19 အိုအာရော်မြို့သား၊ လမ်းနားမှာရပ်၍ ကြည့်ရှု လော့။ အဘယ်အမှုရှိသနည်းဟု၊ ပြေးသောယောကျ်ားနှင့် အသက်လွတ်သော
မိန်းမကိုမေးမြန်းလော့။ 20 မောဘသည်စိတ်ပျက်လေ၏။ ပြိုလဲလျက်ရှိ၏။ ငိုကြွေးမြည်တမ်းကြလော့။ မောဘသည် ပျက်စီးကြောင်း
ကို အာနုန်မြို့၌ ကြားပြောကြလော့။ 21 လွင်ပြင်နှင့်တကွဟောလုန်မြို့၊ ယဟာဇမြို့၊ မေဖတ်မြို့၊ 22 ဒိဘုန်မြို့၊ နေဗောမြို့၊
ဗက်ဒိဗလသိမ်မြို့၊ 23 ကိရယသိမ်မြို့၊ ဗက်ဂမုလမြို့၊ ဗက်မောင်မြို့၊ 24 ကေရုတ်မြို့၊ ဗောဇရမြို့မှစ၍၊ မောဘပြည်၌ ရှိသောမြို့
အနီးအဝေးရှိသမျှတို့သည် အပြစ်ဒဏ်ကို ခံရ ကြ၏။ 25 မောဘ၏ဦးချိုသည် ပြတ်လေပြီ။ သူ၏လက်ရုံး သည် ကျိုးလေပြီဟု
ထာဝရဘုရားမိန့်တော်မူ၏။ 26 မောဘသည် ထာဝရဘုရားတဘက်၌ ဝါကြွား သောကြောင့် သူ့ကိုယစ်မူးစေကြလော့။ သူသည် မိမိ
အန်ဖတ်၌ လူးလည်း၍ ကဲ့ရဲ့ခြင်းကို ခံရ၏။ 27 သင်သည်ဣသရေလကို ကဲ့ရဲ့ပြီမဟုတ်လော။ သို့ရာတွင်၊
သူသည်သူခိုးတို့နှင့်ပေါင်းဘော်သည်ကို တွေ့ဘူးသလော။ သူ၏အကြောင်း ကိုပြောလေရာရာ၌
သင်သည်ခေါင်းကိုညှိတ်ပါသည်တကား။ 28 မောဘပြည်၌နေသောသူတို့၊ မြို့တို့ကိုစွန့်၍ ကျောက်ကြား၌ နေကြလော့။
မြေတွင်းဝနားမှာ အသိုက် လုပ်တတ်သော ချိုးငှက်ကဲ့သို့ ပြုကြလော့။ 29 မောဘ၏မာနကိုငါတို့သည် ကြားသိကြ၏။ အလွန်ကြီးသော
မာနဖြစ်၏။ မာနကြီးခြင်း၊ ထောင်လွှား စော်ကားခြင်း၊ စိတ်နှလုံးမြင့်ခြင်းရှိသော်လည်း၊ 30 သူ၏ဒေါသအမျက်ထွက်ခြင်းကို
ငါသိသည် ဖြစ်၍၊ သူသည် အချည်းနှီးသက်သက်ဝါကြွားသော စကားကို ပြောလျက်နှင့်၊ မိမိအလိုမပြည့်စုံရာဟု ထာဝရ
ဘုရားမိန့်တော်မူ၏။ 31 ထိုကြောင့်၊ မောဘအတွက်ငါသည် ညည်းတွား မြည်တမ်းမည်။ မောဘအတွက်ငါသည် ညည်းတွား
မြည်တမ်းမည်။ မောသပြည်တပြည်လုံးအတွက် ငိုကြွေး မည်။ ကိရဟရက်မြို့သားတို့အတွက် ညည်းတွားခြင်း ရှိရမည်။ 32
အိုစိဗမာစပျစ်နွယ်ပင်၊ ယာဇာမြို့အတွက် မျက်ရည်ကျသည်ထက်၊ သင့်အတွက် ငါသည် မျက်ရည် မျက်ရည်ကျမည်။
သင်၏အညွန့်တို့သည် ပင်လယ်ကိုလွန်၍၊ ယာဇာပင် လယ်တိုင်အောင်ရောက်ကြ၏။ ဖျက်ဆီးသောသူသည် သင်၏သစ်သီးနှင့်
ပျောက်ပျက်ကြပြီ။ 17 ဇိအုန်သတို့သမီးသည် မိမိလက်ဝါးတို့ကို ဖြန့် သော်လည်း၊ နှစ်သိမ့်စေသောသူမရှိ။ ထာဝရဘုရားသည်
ယာကုပ်ပတ်လည်၌ ရန်သူတို့ကို ခန့်ထားတော်မူပြီ။ ယေရုရှလင်မြို့သည် သူတို့တွင် ရွံ့ရှာဘွယ် ဖြစ်လေ၏။ 18 ထာဝရဘုရားသည်
တရားသဖြင့် စီရင်တော် မူ၏။ ငါသည် ပညတ်တော်ကို လွန်ကျူးမိပြီ။ လူမျိုး ခပ်သိမ်းတို့၊ နားထောင်၍ ငါ၏ဒုက္ခကို ဆင်ခြင်ကြ
ပါလော့။ ငါ၏လူပျိုနှင့် အပျိုတို့ကို သိမ်းသွားကြပါလော့။ ငါ၏လူပျိုနှင့် အပျိုတို့ကို သိမ်းသွားကြပြီ။ 19 ငါသည်
ရည်းစားတို့ကိုခေါ်၍ သူတို့သည် သစ္စာ မရှိကြ။ ငါ၏ယဇ်ပုရောဟိတ်တို့နှင့် ငါ၏အသက်ကြီး သူတို့သည် ကိုယ်အသက်မွေးဘို့
စားစရာကို ရှာစဉ်ပင် မြို့ထဲ၌ အသက်ချုပ်ကြပြီ။ 20 အိုထာဝရဘုရား၊ ကြည့်ရှုတော်မူပါ။ အကျွန်ုပ် ပင်ပန်းပါ၏။
ဝမ်း၌ဆူလှိုင်ခြင်းရှိပါ၏။ နှလုံးမှောက် လျက် ရှိပါ၏။ အကျွန်ုပ်သည် အလွန်ပြစ်မှားပါပြီ။ ပြင်မှာ ထားဘေးနှင့်တွေ့ရပါပြီ။
အတွင်း၌လည်း သေမင်းနေသကဲ့သို့ရှိပါ၏။ 21 အကျွန်ုပ်ညည်းတွားသံကို ကြားသောသူတို့တွင်၊
နှစ်သိမ်းစေသောသူတယောက်မျှမရှိပါ။ အကျွန်ုပ်၌ ရောက်သောအမှုကို အကျွန်ုပ်၏ ရန်သူအပေါင်းတို့သည် ကြားကြပါပြီ။
ကိုယ်တော်ပြုတော်မူသည်ကို ဝမ်းမြောက် ကြပါ၏။ ကိုယ်တော်ချိန်းချက်သော နေ့ရက်ကိုရောက်စေ တော်မူသောအခါ၊ သူတို့သည်
အကျွန်ုပ်ကဲ့သို့ပင် ဖြစ်ကြ ပါစေသော။ 22 သူတို့၏ဒုစရိုက်အလုံးစုံတို့ကို စစ်ကြောတော် မူပါ။ အကျွန်ုပ်ပြစ်မှားမိသမျှသော
အပြစ်တို့ကြောင့်၊ အကျွန်ုပ်၌ပြုတော်မူသကဲ့သို့ သူတို့၌ ပြုတော်မူပါ။ အကျွန်ုပ်သည် ညည်းတွားခြင်းများပြား၍ စိတ်ပျက်
လျက်ရှိပါ၏။


generated on Sun Jun 30 02:37:40 2024

Lamentations 01

ယေဘုယျအချက်အလက်
ရှု၊ နှင့် နှင့်.

သတို့သမီး
မြည်တမ်းစကားရေးသောစာရေးသူသည် ယေရုရှလင်မြို့ကို
အမျိုးသမီးကဲ့သို့ ခိုင်းနှိုင်းထားပါသည် ။

မုတ်ဆိုးမကဲ့သို့
ဤစကားလုံးသည် လုံခြုံမှုမရှိသော ယေရုရှလင်မြို့ကို
လင်ယောကျ်ားဆုံးပါးခြင်းနှင့် ခိုင်းနှိုင်းထားပါသည်။

အပြည်ပြည်တို့၏ သခင်မ
အခြားသောတိုင်းနိုင်ငံများက ယေရုရှင်မြို့ကို
ဘုရင့်သမီးတော်ကဲ့သို့ လေးစားသတ်မှတ် ကြပါသည်။

အခွန်ပေးရပါသည်။
ကျွန်အဖြစ်အတင်းအကြပ် သွတ်သွင်းခြင်းခံရသည်။

ပြင်းစွာ ငိုကြွေး၍
စာရေးသူသည် ယေရုရှလင်မြို့ကို
ခံစားတတ်သောလူသားတဦးကဲ့သို့ မှတ်ယူထားပါသည်။

ပြင်းစွာ ငိုကြွေး
ပြင်းစွာ ဟူသောစကားလုံးသည် ကြယ်လောင်စွာ
ငိုကြွေးသောသူ၏ အသံကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျယ်လောင်စွာ ငိုကြွေးခြင်း"

Lamentations 03

ယုဒသတို့သမီးသည် ညှဉ်းဆဲခြင်း၊ ကြမ်းတမ်းစွာ စေစားခြင်းကို
ခံရသောကြောင့်ပြောင်းသွားပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူအပေါင်းတို့သည်
အခြားသောတိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားခြင်း ခံရသည်။"

ယုဒသတို့သမီးသည်
သူမသည် ယုဒတိုင်းပြည်ကို အမျိုးသမီးအဖြစ်
ဖေါ်ပြထားသကဲ့သို့ သူမသည် ယုဒလူမျိုးများအတွက်
ရပ်တည်ပေးသည်။

ချမ်းသာမရ
"ချမ်းသာမှု လုံးဝမရှိသော" "အမြဲတမ်းကြောက်ရွံ့နေရသော"

လိုက်သော သူအပေါင်း
အခြားသောဘာသာပြန်ဆိုချက်၊ "သူမကို
လိုက်ဖမ်းရန်ချောင်းမြောင်းနေသောသူများ" "သူ့ကို
လိုက်လံရှာဖွေနေသောသူများ"

ကျဉ်းမြောင်းရာ၌ မှီကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ကြံရာမရ
ခက်ခဲနေသောအချိန်"

Lamentations 04

ဇိအုန်လမ်း
လူသားကဲ့သို့ ခံစားတတ်သော သူအားလုံး
ဇိအုန်ညည်းတွားခြင်းသို့ ဦးတည်သွားရန်ဖြစ်သည်။

ပွဲသဘင်
"ကျင်းပရန် ဘုရားသခင် မိန့်တော်မူထားသော ပွဲတော်"

သူ၏မြို့တံခါး၊ သူ၏ယဇ်ပုရော ဟိတ်
သူ၏ ဟူသော စကားလုံးသည် ဇိအုန် ကို ရည်ညွှန်းသည်။

သူ၏ရန်သူ တို့သည် အစိုးရ၍
"ဇိအုန်၏ ရန်သူတို့သည် သူမအပေါ်မှာ အုပ်စိုးကြပြီ"

သူ၏ရန်သူ တို့သည်ကောင်းစားကြပြီ။
"သူ၏ ရန်သူတို့သည် ချမ်းသာကြ၏" သို့မဟုတ် "သူ၏ ရန်သူတို့
ခွန်အားကြီးကြ၏"

ထာဝရဘုရား
သမ္မာဟောင်းထဲမှ သူလူမျိုးအတွက် ဖေါ်ပြသောဘုရား၏
အမည်နာမဖြစ်သည်။

Lamentations 06

ဇိအုန်သတို့သမီး၏ ဂုဏ်အသရေသည်အကြွင်း မဲ့ကွယ်ပျောက်၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဇိအုန်သတို့သမီး၏
အလှတရားအားလုံး ဖျက်ဆီးခြင်း ခံရသည်"

ကျက်စားရာ ကိုရှာ၍ မတွေ့သော သမင်ဒရယ်ကဲ့သို့ဖြစ်၍၊
သူ၏ မင်းသားများကို စားစရာမရှိသော သမင်ဒရယ်ကဲ့သို့
နှိုင်းယှဥ် ထားပါသည်။

သမင်ဒရယ်
အရွယ်အစား အတော်အသင့်သာကြီးကာ မြက်ကိုသာစားပြီး
လူတွေ အမဲလိုက် သတ်ဖြတ်စားသောက်သော
လုပသည့်တိရိစ္ဆာန်မျိုးဖြစ်ပါသည်။

သူရှေ့မှာ အားမရှိဘဲ
" အဝေးသို့ ထွက်ပြေးရန်လုံလောက်သော ခွန်အားမရှိခြင်း"

လိုက်သော သူရှေ့မှာ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို
လိုက်လံသွေးဆောင်သူများရှေ့"


generated on Sun Jun 30 02:37:40 2024

Lamentations 07

ဆင်းရဲပြီးပြင်ခြင်းကို ခံရစဉ်
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏ ဆင်းရဲပြီးပြင်ခြင်းနှင့် အိုးအိမ်မဲ့သော အချိန်" သို့မဟုတ် "ယေရုရှလင်မြို့ကြီး ဆင်းရဲဒုက္ခနှင့် ခိုကိုးရာမဲ့သော အချိန်"

ယေရုရှလင်မြို့ကို အောက်မေ့ လိမ့်မည်။
အခြားသောဘာသာပြန်ဆိုခြင်း၊ "ယေရုရှလင်ကိုပြန်လည်သတိရ အောက်မေ့မည်။"

စည်းစိမ်
"ချမ်းသာခြင်း"

အရင်
အခြားသောဘာသာပြန်ဆိုခြင်း။ "လွန်ခဲ့သောအချိန်" သို့မဟုတ် "ဆိုးရွားသော ဘေးအန္တရာယ် မဖြစ်ပျက်ခင်"

သူ၏လူတို့သည် ရန်သူလက်သို့ ရောက်၍
"လက်" ဟူသောစကားလုံးသည် ရန်သူ၏ စစ်တပ် ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုခြင်း၊ "ရန်သူများ သူမ၏ လူများကို သိမ်းပိုက်ဖမ်းဆီးခေါ်ဆောင်သွားခြင်း"

မစသော သူမရှိသောအခါ
"ကူညီမည့်သူ တဦးတယောက်မှ မရှိ"

သူ၏အမှုကိုမြင်၍၊ သူ၏ဆုံးခြင်းကိုကဲ့ရဲ့ကြ၏
ယေရုရှလင် ပျက်စီးသောအခါ ရန်သူများက ဝမ်းမြောက်ပြီး ကဲ့ရဲ့ခြင်းကို ဆိုလိုသည်။

သူ၏ဆုံးခြင်း
အခြားသောဘာသာပြန်ဆိုခြင်း၊ "သူမသည် ဖျက်ဆီးခြင်းခံရခြင်း" သို့မဟုတ် "ဖျက်ဆီးခြင်း ခံနေရသောကာလ"

Lamentations 08

ယေရုရှလင်မြို့ပြစ်မှားသောအပြစ်
ယေရုရှလင်မြို့အတွက် ရပ်တည်လွန်းသောကြောင့် ယေရုရှလင်ကို အပြစ်သင့်သော လူသားတယောက်ကဲ့သို့ ဖေါ်ပြထားပါသည်။

ရွံရှာဘွယ်
"ဓမ္မဟောင်း ပညတ်တရားအရ လစဉ် ရာသီသွေးဆင်းသောအမျိုးသမီးများကဲ့သို့ မသန့်ရှင်းသကဲ့သို့ "သည်လည်း ဘုရားသခင်ရှေ့တော်၌ လက်မခံနိုင်လောက်အောင် ရွံရှာဘွယ်ဖြစ်ကြောင်း"

အချည်းစည်းရှိ ခြင်း
ယေရုရှလင်မြို့ ကို လူအများမမြင်အပ်သောနေရာကို လှစ်ဟပြသော အမျိုးသမီးကဲ့သို့ ဖေါ်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုမှု၊ "သူမ၏ ကိုယ်လုံးတီးဖြစ်ခြင်း"

အံ့ဩဘွယ်သော အခြင်းအရာနှင့်နိမ့်ချခြင်းသို့ ရောက်လေ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏ ကျရှုံးခြင်းသည် အလွန်အံ့အားသြဘွယ်ဖြစ်ခြင်း" သို့မဟုတ် "သူမ၏ ပျက်စီးခြင်းကို မြင်သောသူတိုင်း အံ့သြကြသည်"

အိုထာဝရ ဘုရား၊ အကျွန်ုပ်ဆင်းရဲခြင်းကို တော်မူပါ။
ဖြစ်နိုင်သည့်အဓိပ္ပါယ်များမှာ (၁) မြည်တမ်းစကားကို ရေးသောစာရေးသူသည် ထာဝရဘုရားနှင့် တိုက်ရိုက်ပြောနေခြင်းဖြစ်နိုင်သည်။ သို့မဟုတ် (၂) ယေရုရှလင်မြို့ကို လူသားကဲ့သို့ ဘုရားသခင်နှင့်ပြောနေသကဲ့သို့ ဖေါ်ပြထားပါသည်။

ကြည့်ရှု
အခြားသောဘာသာပြန်ဆိုချက်၊ "အာရုံစိုက်ရန်"

Lamentations 10

ရန်သူသည် ကိုယ်ကိုချီးမြှောက်ပါပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ပိုင်ဆိုင်မှုများကိုယူဆောင်သွားခြင်း" သို့မဟုတ် "လုယက်ခံရခြင်း"

စည်းစိမ်
"ချမ်းသာ ကြွယ်ဝခြင်း"

သူမြင်ရပါ၏
"သူ"သည် ယေရုရှလင်ကို ဖေါ်ညွှန်းသည်။

မြစ်တားတော်မူသော်
တားမြစ်သောသူသည် ထာဝရဘုရားကို ရည်ညွှန်းသည်။ အဓိပ္ပါယ်မှာ စာရေးသူ သို့မဟုတ် ယေရုရှလင်သည် ၁း၈ အစပိုင်းမှာ ထာဝရဘုရားနှင့် စကားပြောနေဆဲပင်ဖြစ်ကြောင်း။

Lamentations 11

သူ၏လူအပေါင်းတို့
"သူ" ဟူသော စာလုံးသည် အင်္ဂလိပ် ကျမ်းစာတွင် "သူမ" ဟု သုံးထားပြီး ယေရုရှလင်ကို အမျိုးသမီးကဲ့သို့ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ လူများ" သို့မဟုတ် "နိုင်ငံသားများ"

စည်းစိမ်
"ချမ်းသာကြွယ်ဝခြင်း"

သေဘေးနှင့်လွတ်ခြင်းငှါ
အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ဘေးမှလွတ်မြောက်စေရန်" သို့မဟုတ် "သူတို့ ခွန်အားကို ပြန်စုစည်းရန်"


generated on Sun Jun 30 02:37:40 2024

အိုထာဝရဘုရား၊ အကျွန်ုပ်ကို ကြည့်ရှု ဆင်ခြင်တော်မူပါ။
ယေရုရှလင်က ထာဝရဘုရားနှင့်
တိုက်ရိုက်စကားပြောနေချိန်ဖြစ်သည်။

အိုခရီးသွားသောသူ အပေါင်းတို့၊
ပြစ်တင်ရှုံ့ချသောလူများ ယေရုရှလင်ကို အရေးမစိုက်ဘဲ
ဖြတ်လျှောက်နေသောသူများ။ ပြင်းထန်သော
ပြစ်တင်ကြိမ်းမောင်းခြင်း၊ အဖြေခက်ခဲသောမေးခွန်းများဖြင့်
ထိုးနက်ခြင်း။ အခြားသောဘာသာပြန်ဆိုချက်၊
"ဖြတ်လျှောက်သွားသော များလုံး အကျွန်ုပ်၏
ခက်ခဲခြင်းဝေဒနာကို ဂရုစိုက်ပေးစေခြင်း"

Is it nothing to you
N/A

ထာဝရဘုရားသည် ပြင်းစွာအမျက် တော်ထွက်သော နေ့၌ငါ့ကိုညှဉ်းဆဲ၍၊
ဖြစ်စေတော်မူ သော ဒုက္ခနှင့်တူသော ဒုက္ခရှိသလော။
"မည်သူတဦးတယောက်မှ ဤမျှလောက်သော ဒုက္ခကိုခံစားဖူးသူ
မရှိ"

ကြည့်ရှု ဆင်ခြင်ကြလော့
မည်သူတဦးတယောက်မှ ဤမျှလောက်သော
ဒုက္ခကိုခံစားဖူးသူမရှိခြင်းကို နားလည်စေရန်

ငါ့ကိုညှဉ်းဆဲ၍၊ ဖြစ်စေတော်မူ သော ဒုက္ခ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏
ငါ့အပေါ် ပြင်းစွာသော အမျက်ထွက်ခြင်းမှ ခံရသောဒုက္ခ"

ထာဝရဘုရားသည် ပြင်းစွာအမျက် တော်ထွက်သော နေ့၌
အခြားသောဘာသာပြန်ဆိုချက်၊ "ကြမ်းကြုတ်ရက်စက်သော
အမျက်ထွက်ခြင်း"

## Lamentations 13

အထက်မှမီးကို ငါ့အရိုးထဲသို့လွှတ်လိုက်၍
ဤကျမ်းပိုဒ်တွင် "စေလွှတ်သူ"သည်
ထာဝရဘုရားကိုလည်းကောင်း၊ "ငါ" သည်
ယေရုရှလင်ကိုလည်းကောင်း ရည်ညွှန်းပြီး လူသားတဦးကဲ့သို့
စကားပြောနေကဲ့သို့ဖြစ်သည်။

အထက်မှမီးကို ငါ့အရိုးထဲသို့လွှတ်လိုက်၍ ကြေမွစေတော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ အတွင်းလူ
ကိုနာကျင်သောဝေဒနာနှင့် ပြစ်ဒါဏ်ခတ်ခြင်း" သို့မဟုတ်
"ယေရုရှလင်မြို့အတွင်းသို့ ပျက်စီးစေသောအရာဖြင့်စေလွှတ်၍
မြို့ကို ပျက်စီးစေခြင်း"

သူတို့လက်သို့ ရောက်စေတော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို အနိုင်ယူဖို့ ရန်သူကို
ခွင့်ပေးထားခြင်း"

## Lamentations 15

ငါ၏သူရဲအပေါင်းတို့
ယေရုရှလင်က မိမိကိုယ်ကို
အမျိုးသမီးတဦးကဲ့သို့သဘောထားသည်။

သူရဲ
"အားကြီးသော စစ်သည်များ"

လူအလုံးအရင်းကို ခေါ်တော်မူပြီ
ယေရုရှလင်ကို တိုက်ခိုက်နေသောရန်သူ စစ်သည်များဆိုသည်မှာ
မြောက်များစွာသော လူများ စုရုံးပြီး
လာရောက်ပြစ်တင်ရှုံ့ချခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သား"

ငါ၏လူပျို
"အားကြီးသော လူပျိုများ"

စပျစ်သီးနယ်ရာကျင်း ၌ နင်းနယ်တော်မူပြီ။
ထာဝရဘုရား၏ တရားစီရင်ခြင်းသည် ယေရုရှလင်ကိုစပျစ်သီး
နယ်ရာ ကျင်းကဲ့သို့ စပျစ်ရည်ရသည့်အထိ နင်းနယ်ခြင်းကို
ဆိုလိုသည်။

ယုဒသတို့သမီးကညာ
ယေရုရှလင်မြို့ကို သန့်ရှင်းဖြူစင်သော အပျိုကညာကဲ့သို့
ပုံဖေါ်ထားပါသည်။

## Lamentations 16

ငါသည်ငိုရ၏
ယေရုရှလင်မြို့ကို အမျိုးသမီးတဦးကဲ့သို့ သဘောထားပြီး
ဝမ်းနည်းခြင်းကြောင့် သူမ၏ စိတ်လှုပ်ရှားခြင်းကို ပုံဖေါ်ပါသည်။

ဇိအုန်သတို့သမီးသည် မိမိလက်ဝါးတို့ကို ဖြန့် သော်လည်း၊
ဇိအုန်သတို့သမီးသည် အကူအညီရယူ ခြင်းဖြစ်သည်။
စာရေးသူသည် ယေရုရှလင်ကို ရည်ညွှန်းသည်။

ယာကုပ်ပတ်လည်၌
အခြားသောဘာသာပြန်ဆိုချက်၊ "ယာကုပ်ပတ်ဝန်းကျင်ရှိလူများ"
သို့မဟုတ် " ယာကုပ်နှင့် နီးစပ်သော တိုင်းနိုင်ငံများ"

ရန်သူတို့ကို ခန့်ထားတော်မူပြီ
ရန်သူသည် ယာကုပ်၏ ရန်သူကို ဆိုလိုသည်။

## Lamentations 18

ငါသည် ပညတ်တော်ကို လွန်ကျူးမိပြီ
ယေရုရှလင်ကိုအမျိုးသမီးတဦးကဲ့သို့
ဆက်လက်အသုံးပြုနေသည်။


generated on Sun Jun 30 02:37:40 2024

ငါ၏ဒုက္ခကို ဆင်ခြင်ကြ ပါလော့။
အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ် အလွန်အမင်း ဝမ်းနည်းကြေကွဲတာကို လာကြည့်လှည့်ပါ။"

ငါ၏လူပျိုနှင့် အပျိုတို့
အခြားသောဘာသာပြန်ဆိုချက်၊ "များပြားလှသောကျွန်ုပ်၏ လူများ" ကို ဆိုလိုသည်။

သူရဲ
၁:၁၅ ကို ရှုပါ

သူတို့သည် သစ္စာ မရှိကြ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အပေါ် သစ္စာဖေါက်ကြသည်"

သေဘေးနှင့်လွတ်ခြင်းငှါ
အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ဘေးမှလွတ်မြောက်စေရန်" သို့မဟုတ် "သူတို့ ခွန်အားကို ပြန်စုစည်းရန်"

Lamentations 20

အကျွန်ုပ် ပင်ပန်းပါ၏
အမျိုးသမီးတဦး ကဲ့သို့သော ယေရုရှလင်သည် ထာဝရဘုရားကို တိုက်ရိုက်စကားပြောနေခြင်းဖြစ်သည်။

ဝမ်း၌ဆူလှိုင်ခြင်းရှိပါ၏
"ဆူလှိုင်ခြင်း" ဟူသည် ပုံမှန်ဖြစ်နေသောအခြေအနေမှ ရက်စက်ကြမ်းကြုတ်ခြင်းသို့ ပြောင်းလဲသွားခြင်းကိုဆိုလိုသည်။ မည်မျှခံစားနေရကြောင်း ပုံဖေါ်ခြင်းဖြစ်သည်။

နှလုံးမှောက် လျက် ရှိပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်နှလုံးကြေကွဲလျက်ရှိ၏" သို့မဟုတ် "အကျွန်ုပ် အလွန်အမင်းဝမ်းနည်း၏"

ထားဘေးနှင့်တွေ့ရပါပြီ
"ဓါး" ကို "ထား" ဟုသုံးထားပြီး ရန်သူကိုရည်ညွှန်းပါသည်။ "တွေ့ပါပြီ" သည် သတ်ခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူ၏ သတ်ခြင်းကို ခံရသည်။"

အတွင်း၌လည်း သေမင်းနေသကဲ့သို့ရှိပါ၏။
ဖြစ်နိုင်ချေရှိသောအဓိပ္ပါယ်မှာ (၁) လူတိုင်းအိမ်အတွင်းမှာသေနေခြင်း။ သို့မဟုတ် (၂) သင်္ချိုင်းဂူကဲ့သို့သော အိမ်

Lamentations 21

အကျွန်ုပ်ညည်းတွားသံကို ကြားသောသူတို့
ယေရုရှလင် ကို လူသားတဦးကဲ့သို့ ဆက်လက်ပြောဆိုနေခြင်း။

ကိုယ်တော်ပြုတော်မူသည်
"ကိုယ်တော်"သည် ထာဝရဘုရားကို ရည်ညွှန်းသည်။

---

## Translation Questions

### Lamentations 1:1

ယေရုရှလင်မြို့ဟာ အင်အားကြီးမားသော နိုင်ငံဖြစ်ခဲ့သော်လည်း မည်သို့ဖြစ်လာသနည်း။
ယေရုရှလင်မြို့ဟာ မုတ်ဆိုးမကဲ့သို့ ဖြစ်လာသည်။

### Lamentations 1:3

တိုင်းတပါးပြည်များအကြားတွင် နေထိုင်သော်လည်း ယုဒလူတို့သည် မည်သည့်အရာကို မတွေ့နိုင်သနည်း?
ယုဒလူတို့သည် တိုင်းတပါးပြည်များအကြားတွင် နေထိုင်သော်လည်း ငြိမ်သက်ခြင်းမတွေ့နိုင်ကြပါ။

### Lamentations 1:4

အဘယ်ကြောင့် ထာဝရဘုရားက ယေရုရှလင်မြို့ကို ဒဏ်ခတ်သနည်း။
သူတို့ပြစ်မှားသော အပြစ်များပြားသောကြောင့် ထာဝရဘုရားက ယေရုရှလင်မြို့ကို ဒဏ်ခတ်ခဲ့သည်။

### Lamentations 1:6

ဇိအုန်သတို့သမီး၏ မည်သည့်အရာသည် ကွယ်ပျောက်သွားသနည်း။
ဇိအုန်သတို့သမီး၏ ဂုဏ်အသရေသည် ကွယ်ပျောက်သွားသည်။

### Lamentations 1:7

ယေရုရှလင်မြို့သည် မည်သည့်အရာကို ယခင်က ပိုင်ဆိုင်ခဲ့၍ ယခုအောက်မေ့လျက်နေသနည်း။
ယေရုရှလင်မြို့သည် ယခင်ကသူပိုင်ဆိုင်ခဲ့သည် စည်းစိမ်များကို ယခုအောက်မေ့လျက်နေသည်။

### Lamentations 1:8

ယေရုရှလင်မြို့သည် အပြစ်ကြီးမားသောကြောင့် မည်သို့ဖြစ်လာသနည်း။
ယေရုရှလင်မြို့သည် အပြစ်ကြီးမားသောကြောင့် အမျိုးသမီး၏ဥတုအညစ်အကြေးကဲ့သို့ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Lamentations 1:10

သန့်ရှင်းရာဌာနတော်ထဲသို့ မဝင်ရဟု ထာဝရဘုရားပညတ်ထားသော်လည်း ယေရုရှလင်မြို့သည် အဘယ်အရာ သန့်ရှင်းရာဌာနထဲဝင်သည်ကို မြင်ခဲ့ပြီနည်း။

ယေရုရှလင်သည် သာသနာပလူများသန့်ရှင်းရာဌာနထဲဝင်သည်ကို မြင်ခဲ့သည်။

Lamentations 1:11

လူများတို့သည် မုန့်ကို အဘယ်ကဲ့သို့ ရှာကြသနည်း။

လူများတို့သည် မုန့်ကို ညည်းတွားလျက်ရှာကြသည်။

Lamentations 1:13

ယေရုရှလင်သတို့သမီးကို ပြန်လည်ရယူနိုင်ရန် သူမ၏ ခြေရှေ့တွင် မည်သည့်အရာကို ထာဝရဘုရားသည် ချထားခဲ့ပြီနည်း။

ယေရုရှလင်သတို့သမီး၏ ခြေရှေ့တွင် ကျော့ကွင်းကို ထာဝရဘုရားချထားခဲ့ပြီဖြစ်သည်။

ယေရုရှလင်မြို့၏ ပြစ်မှားခြင်းထမ်းဘိုးနှင့် ထိုအပြစ်များကို သူမ၏ လည်ပင်း၌ တွဲချည်ထားမှုအားဖြင့် မည်သည့်အရာကို ဆုံးရှုံးခဲ့သနည်း။

ယေရုရှလင်မြို့၏ ပြစ်မှားခြင်းထမ်းဘိုးနှင့် ထိုအပြစ်များကို သူမ၏ လည်ပင်း၌ တွဲချည်ထားမှုအားဖြင့် အစွမ်းတန်ခိုး ဆုံးရှုံးခဲ့ရသည်။

Lamentations 1:15

ထာဝရဘုရားက ယုဒသတို့သမီးကညာကို အဘယ်ကဲ့သို့ နင်းခြေခဲ့သနည်း။

ထာဝရဘုရားက ယုဒသတို့သမီးကညာကို စပျစ်သီးနယ်ရာကျင်းတွင် နင်းနယ်သကဲ့သို့ နင်းခြေခဲ့သည်။

Lamentations 1:16

အဘယ်ကြောင့် ယေရုရှလင်၏ သားသမီးများသည် မျှော်လင့်ချက်ပျက်ကြသနည်း။

ယေရုရှလင်၏ သားသမီးများသည် ရန်သူများသည် စစ်နိုင်ကြသောကြောင့် မျှော်လင့်ချက်ပျက်ကြသည်။

Lamentations 1:18

ထာဝရဘုရား၏ ပညတ်တော်ကို လွန်ကျူးခြင်းကြောင့် ဘယ်သူများ သိမ်းသွားခြင်းခံရသနည်း။

ယေရုရှလင်လူပျိုနှင့် အပျိုတို့ကို သိမ်းသွားခြင်းကို ခံရသည်။

အသက်မွေးဘို့ စားစရာကို ရှာစဉ်တွင် မည်သူ့ကို မြို့ထဲတွင် ပျက်စီးစေသနည်း။

ယေရုရှလင်၏ ယဇ်ပုရောဟိတ်များနှင့် အသက်ကြီးသူများကို မြို့ထဲတွင် ပျက်စီးစေသည်။

Lamentations 1:20

သူမ၏ အလွန်စိတ်သောကရောက်ဖွယ် ပုန်ကန်မှုကြောင့် ယေရုရှလင်မြို့အတွင်း၌ အဘယ်အမှု ဖြစ်ပျက်လာသနည်း။

သူမ၏ နှလုံးမှောက်လျက်ရှိလာသည်။

Lamentations 1:21

ယေရုရှလင်မြို့၏ ညည်းတွားသံကို ရန်သူများကြားသောအချိန်တွင် ဘာလုပ်ကြသနည်း။

ယေရုရှလင်မြို့၏ ညည်းတွားသံကို ရန်သူများကြားသောအချိန်တွင် ဝမ်းမြောက်ကြသည်။

ယေရုရှလင်သတို့သမီးက မိမိ၏ ရန်သူများကို မည်သို့ပြုတော်မူရန် ထာဝရဘုရားရှေ့တော်၌ တောင်းလျှောက်သနည်း။

ထာဝရဘုရားက သူတို့ပြစ်မှားမိသမျှသော အပြစ်တို့ကြောင့် နှိပ်စက်သကဲ့သို့ သူတို့၏ ရန်သူများကို ညဉ်းဆဲခြင်းကို ပြုတောမူပါဟု တောင်းလျှောက်ခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 2

1 ထာဝရဘုရားသည် ဇိအုန်သတို့သမီးကို အမျက် တော် မိုဃ်းတိမ်ဖြင့် ဖုံးလွှမ်းတော်မူပြီ။ ဣသရေလအမျိုး ၏ ဂုဏ်အသရေကို
ကောင်းကင်မှမြေကြီးတိုင်အောင် ချတော်မူပြီ။ အမျက်တော်ထွက်ချိန်၌ ခြေတော်တင် ရာခုံကို မအောက်မေ့ဘဲနေတော်မူပါပြီတကား။
2 ထာဝရဘုရားသည် သနားခြင်းမရှိဘဲ၊ ယာကုပ် အမျိုး၏နေရာ အရပ်ရှိသမျှတို့ကို မျိုတော်မူပြီ။ အမျက် တော်ထွက်သဖြင့်
ယုဒသတို့သမီး၏ရဲတိုက်တို့ကို မြေတိုင် အောင်ဖြိုဖျက်၍၊ နိုင်ငံတော်နှင့်မင်းသားတို့ကို ရှုတ်ချ တော်မူပြီ။ 3 ပြင်းစွာ
အမျက်တော်ထွက်၍၊ ဣသရေလ၏ ဦးချို ရှိသမျှတို့ကို ဖြတ်တော်မူပြီ။ ရန်သူရှေ့မှာ လက်ရုံး တော်ကို ရုပ်သိမ်းတော်မူပြီ။
အရပ်ရပ်လောင်သော မီးတောက်ကဲ့သို့ ယာကုပ်အမျိုးကို လောင်စေတော်မူပြီ။ 4 ရန်သူကဲ့သို့ လေးကိုတင်လျက်၊ ရန်ဘက်ပြုသော
သူကဲ့သို့ လက်ျာလက်ကို ချီကြွလျက်၊ တင့်တယ်ခြင်း အသရေရှိသော သူအပေါင်းတို့ကို သတ်တော်မူပြီ။ ဇိအုန် သတို့သမီး၏နေရာ
တဲပေါ်မှာမီးကဲ့သို့သော အမျက် တော်ကို သွန်းလောင်းတော်မူ၏။ 5 ထာဝရဘုရားသည် ရန်ဘက်ပြု၍၊ ဣသရေလအမျိုးကိုင်း၊
ဘုံဗိမာန်အပေါင်းတို့ကိုင်း မျိုတော်မူပြီ။ ရဲတိုက်တို့ကို ဖြိုဖျက်တော်မူပြီ။ ယုဒ သတို့သမီး ငိုကြွေးမြည်တမ်းသောအကြောင်းတို့ကို
များပြားစေတော်မူပြီ။ 6 ဝင်းတော်ကို တောင်ယာခြံကဲ့သို့ အမှတ်ပြု၍ ချိုးဖျက်တော်မူပြီ။ မိမိပွဲသဘင်တော်ကို ဖျက်ဆီးတော် မူပြီ။
ဇိအုန်မြို့၌ခံသော ဓမ္မပွဲနေ့၊ ဥပုသ်နေ့တို့ကို ထာဝရ ဘုရား မေ့စေတော်မူပြီ။ အမျက်တော်အရှိန်ပြင်း၍ ရှင်ဘုရင်နှင့်ယဇ်ပုရောဟိတ်ကို
မရှုမမှတ်ပြုတော်မူပြီ။ 7 ထာဝရဘုရားသည် မိမိယဇ်ပလ္လင်တော်ကို ပယ်တော်မူပြီ။ မိမိသန့်ရှင်းရာဌာနတော်ကို စက်ဆုပ် တော်မူပြီ။
ဘုံဗိမာန်တော်ကို ရန်သူလက်သို့ အပ်တော် မူသဖြင့်၊ ပွဲသဘင်ခံသောနေ့၌ အသံပြုသကဲ့သို့၊ ရန်သူတို့ သည်ထာဝရဘုရား၏
အိမ်တော်၌အသံပြုကြပြီ။ 8 ထာဝရဘုရားသည် ဇိအုန်သတို့သမီး၏မြို့ရိုးကို ဖြိုဖျက်မည်ဟု အကြံတော်ရှိသည်အတိုင်း၊
ကြိုးကိုတန်း၍ အစဉ်မပြတ် ဖြိုဖျက်တော်မူသဖြင့်၊ အတွင်းမြို့ရိုးနှင့် ပြင်မြို့ရိုးတို့သည် အတူညည်းတွား၍ ငိုကြွေးမြည်တမ်းရ မည်
အကြောင်းပြုတော်မူပြီ။ 9 မြို့တံခါးရွက်တို့သည် မြေ၌မြုပ်လျက်ရှိကြ၏။ ကန့်လန့်ကျင်တို့ကို ချိုးဖဲ့တော်မူပြီ။ ရှင်ဘုရင်နှင့်
မင်းသားတို့သည် သာသနာပလူတို့တွင် နေရကြ၏။ တရားတော်မရှိ။ ပရောဖက်တို့သည် ထာဝရဘုရား၏ ဗျာဒိတ်တော်ကို မခံမရကြ။
10 ဇိအုန်သတို့သမီး၏ အသက်ကြီးသူတို့သည် မြေမှုန့်ကိုမိမိတို့ ခေါင်းပေါ်မှာပစ်တင်လျက်၊ လျှော်တေ အဝတ်ကို ဝတ်စည်းလျက်၊
မြေပေါ်မှာထိုင်၍ တိတ်ဆိတ် စွာ နေကြ၏။ ယေရုရှလင်မြို့သူကညာတို့သည် ခေါင်း ကိုငိုက်ဆိုက်ညွတ်လျက်နေကြ၏။ 11
ငါ၏လူမျိုးသတို့သမီးပျက်စီးသောကြောင့်၊ ငါသည် မျက်ရည်ကျ၍မျက်စိပျက်လေပြီ။ ဝမ်း၌ဆူလှိုက် ခြင်းရှိ၍
အသည်းလည်းမြေပေါ်မှာ သွန်းလျက်ရှိ၏။ အကြောင်းမူကား၊ သူငယ်နှင့်နို့စို့ကလေးတို့သည် မြို့လမ်း၌အား ပျက်လျက်နေကြ၏။ 12
သူတို့ကလည်း၊ ဆန်စပါးနှင့်စပျစ်ရည်သည် အဘယ်မှာရှိသနည်းဟု၊ ရန်သူညှဉ်းဆဲသော သူကဲ့သို့ မြို့လမ်း၌အားပျက်လျက်၊
အမိရင်ခွင်၌ မိမိအသက်ကို သွန်းလျက်၊ အမိက မေးတတ်ကြသည်တကား။ 13 အိုယေရုရှလင်သတို့သမီး၊ သင်၏အမှု၌
အဘယ်သက်သေကို ငါပြရမည်နည်း။ အိုဇိအုန်သတို့ သမီးကညာ၊ သင့်ကိုနှစ်သိမ့်စေခြင်းငှါ၊ သင်နှင့်အဘယ် သူကို
ငါခိုင်းနှိုင်းရမည်နည်း။ သင်၏ပြိုပျက်ရာသည် သမုဒ္ဒရာကဲ့သို့ ကျယ်သောကြောင့် အဘယ်သူ ပြုပြင်နိုင် သနည်း။ 14
သင်၏ပရောဖက်တို့သည် အချည်းနှီးသော အရာ၊ မိုက်သောအရာတို့ကို သင်အဘို့မြင်ကြပြီ။ သိမ်းသွားချုပ်ထားသော
အမှုကိုပြေစေခြင်းငှါ၊ သင်၏ အပြစ်ကိုမဘော်မပြဘဲ မှားသောရူပါရုံ၊ လမ်းလွဲစရာ အရာကို သင့်အဘို့မြင်ကြပြီ။ 15 လမ်း၌
ရှောက်သွားသမျှသောသူတို့က၊ ဂုဏ်သရေအထွဋ်၊ မြေ တပြင်လုံး ရွှင်လန်းရာဘွဲ့ရှိသော မြို့ကားဤမြို့လောဟု၊
ယေရုရှလင်သတို့သမီးကို လက်ခုပ်တီးလျက်၊ ကဲ့ရဲ့သံကိုပြုလျက်၊ ခေါင်းကို ညိတ်လျက် မေးတတ်ကြ၏။ 16
သင်၏ရန်သူအပေါင်းတို့သည် သင့်တဘက်၌ နှုတ်ကို ဖွင့်ကြ၏။ ငါတို့သည် သူ့ကိုမျိုပြီ။ အကယ်စင်စစ် ဤသည်နေ့ကား၊
ငါတို့မြော်လင့်ခဲ့ ပြီးသောနေ့ဖြစ်၏။ ငါတို့တွေ့မြင်ရပြီဟု ကဲ့ရဲ့သံကိုပြုလျက်၊ အံသွားကို ခဲကြိတ်လျက် ဆိုကြ၏။ 17
ထာဝရဘုရားသည် ကြံစည်သောအမှုကို ပြုတော်မူပြီ။ ရှေးကာလ၌ မိန့်တော်မူသော စကား တော်ကို ပြည့်စုံစေတော်မူပြီ။
မနှမြောဘဲဖြိုဖျက်တော် မူပြီ။ ရန်သူသည် သင်၏အပေါ် မှာဝမ်းမြောက်ရသော အခွင့်ကို ပေး၍၊ ရန်သူ၏ဦးချိုကို ချီးမြှင့်တော်မူပြီ။
18 သူတို့သည်စိတ်နှလုံးထဲက ထာဝရဘုရားကို အော်ဟစ်ကြ၏။ အိုဇိအုန်သတို့သမီး၏မြို့ရိုး၊ သင်၏ မျက်ရည်သည်
မြစ်ရေစီးသကဲ့သို့ နေ့ညဉ့်မပြတ်စီးစေ လော့။ ကိုယ်ကိုမငြိမ်းစေနှင့်။ သင်၏မျက်ဆန်ကိုလည်း မငြိမ်းစေနှင့်။ 19 ညဦးယံအချိန်၌
ထ၍အော်ဟစ်လော့။ ထာဝရ ဘုရား၏မျက်နှာတော်ရှေ့မှာ သင်၏နှလုံးကို ရေကဲ့သို့ သွန်းလောင်းလော့။ ငတ်မွတ်၍ ခပ်သိမ်းသော
လမ်းဝမှာ အားပျက်လျက်နေသော သင်၏သူငယ်တို့ကို အသက် ချမ်းသာစေခြင်းငှါ၊ အထံတော်သို့ သင်၏လက်ကို ချီဆန့်လော့။ 20
အိုထာဝရဘုရား၊ ကိုယ်တော်သည် အဘယ်သူ၌ ဤသို့စီရင်တော်မူသည်ကို ကြည့်ရှုဆင်ခြင်တော်မူပါ။ မိန်းမသည် မိမိရင်သွေး၊
မိမိချီပိုက်သော သားကို စားရပါ မည်လော။ ယဇ်ပုရောဟိတ်နှင့် ပရောဖက်သည် ထာဝရ ဘုရား၏ သန့်ရှင်းရာဌာနတော်၌
အသေသတ်ခြင်းကို ခံရပါမည်လော။ 21 လူအကြီးအငယ်တို့သည် လမ်း၌မြေပေါ်မှာ တုံးလုံးနေရကြပါ၏။
အကျွန်ုပ်၏လူပျိုနှင့်အပျိုတို့သည် ထားဖြင့်သေရကြပါပြီ။ ကိုယ်တော်သည် အမျက်တော် ထွက်သောနေ့၌၊ သူတို့ကို
မသနားဘဲကွပ်မျက်တော်မူပြီ။ 22 ပွဲသဘင်နေ့၌ လူတို့ကို ခေါ်ဘိတ်သကဲ့သို့၊ အကျွန်ုပ်ပတ်လည်၌ ကြောက်မက်ဘွယ်သော
အရာတို့ကို ခေါ်ဘိတ်တော်မူပြီ။ ထာဝရဘုရား အမျက်တော် ထွက် သောနေ့၌ အဘယ်သူမျှမလွတ်၊ မကျန်ကြွင်းရပါ။
အကျွန်ုပ်ချီပိုက်ကျွေးမွေးသော သူတို့ကို အကျွန်ုပ်၏ ရန်သူသည် ဖျက်ဆီးပါပြီ။

Lamentations 01

ယေဘုယျအချက်အလက်များ
အသစ်သော လက်ာအစပြုခြင်း။ စာရေးသူသည် ကလ္လသရေလလူမျိုးများ ဘုရားသခင်၏ မျက်နှာသာပေးမှုနှင့်ကင်းဝေးနေခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ဖေါ်ပြထားပါသည်။

အမျက် တော် မိုဃ်းတိမ်
ဖြစ်နိုင်ချေသောအဓိပ္ပါယ်မှာ (၁) ထာဝရဘုရားသည် ယေရုရှလင်ရှိလူများ ပျက်စီးအောင် ခြိမ်းခြောက်ခြင်း။ သို့မဟုတ် .

ဇိအုန်သတို့သမီး...ယုဒသတို့သမီး
ယေရုရှလင်ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။

ကလ္လသရေလအမျိုး ၏ ဂုဏ်အသရေကို ကောင်းကင်မှမြေကြီးတိုင်အောင် ချတော်မူပြီ။
"ကလ္လသရေလလူမျိုးများသည် ဘုရားသခင်၏ မျက်နှာသာ ပေးမှုနှင့် ကင်းဝေးနေပါသည်။"

မအောက်မေ့ဘဲနေတော်မူပါပြီတကား
"လေးစားမှုမရှိခြင်း" " အာရုံမစိုက်ခြင်း" .

ခြေတော်တင် ရာခုံ
ဘုရားသခင် ရှိကြောင်း လာရောက်ဖေါ်ပြနိုင်သောနေရာ အဖြစ်ပုံဆောင်ရာ (၁) "သူ၏ အချစ်ဆုံး ယေရုရှလင်မြို့" သို့မဟုတ် (၂) "ကလ္လသရေလတွေနှင့် ပေးထားသော ထာဝရဘုရား၏ပဋိညာဉ်"

အမျက်တော်ထွက်ချိန်၌
အချိန်ကာလတခုခုကို ရည်ညွှန်းခြင်းဖြစ်သည်။ နေ့ရက်ကို ပြောခြင်းမဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်အမျက်ထွက်သောကာလ"

မျိုတော်မူပြီ
"အပြီးအပိုင်ဖျက်စီးပြီးခြင်း" အစာကို မျိုချလိုက်သော တိရိစ္ဆာန်ကဲ့သို့

ယုဒသတို့သမီး၏ရဲတိုက်
(၁) ယုဒတိုင်းပြည်၏ ရဲတိုက် သို့မဟုတ် (၂) ယေရုရှလင်၏ ရဲတိုက်

Lamentations 03

ယေဘုယျအချက်အလက်များ
ဘုရားသခင်က ယုဒလူမျိုးအပေါ် ဆန့်ကျင်ခြင်းကို ပုံပမာများဖြင့် စာရေးသူမှ ဖေါ်ပြထားပါသည်။

ကလ္လသရေလ၏ ဦးချို ရှိသမျှတို့ကို ဖြတ်တော်မူပြီ။
"ဦးချို" သည် တိရိစ္ဆာန်တို့၏ ဦးချိုကို ပုံဆောင်ပြီး လူသားတွင် "ခွန်အား နှင့် တင့်တယ် ြခင်း" ကို ရည်ညွှန်းထားပါသည်။

လက်ရုံး တော်ကို ရုပ်သိမ်းတော်မူပြီ
"ရန်သူတွေရဲ့ ရန်ကို ကာကွယ်နေခြင်းမှ ရုပ်သိမ်းလိုက်ခြင်း"

ရန်သူကဲ့သို့ လေးကိုတင်လျက်၊
စစ်သည်၏ လေးကိုတင်၍ ရန်သူကို ပစ်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်ရန်သူကဲ့သို့ လေးကို တင်လျက် အကျွန်ုပ်တို့ကို ပစ်ရန်အသင့်ရှိနေသည်။"

ဇိအုန် သတို့သမီး၏နေရာ တဲ
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မှာ ရှိသောလူများ၏ အိမ်"

ဇိအုန် သတို့သမီး
ယေရုရှလင်ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။

မီးကဲ့သို့သော အမျက်တော်ကို သွန်းလောင်းတော်မူ၏။
"လူများ မီးရှို့သကဲ့သို့ ဘုရားသခင်၏ အမျက်တော်သည် အရာရာကို ဖျက်ဆီးအောင် မီးကဲ့သို့ လောင်ကျွမ်းစေမည်။"

Lamentations 05

မျိုတော်မူပြီ
၂:၁ ကို ပြန်ကြည့်ပါ

ငိုကြွေးမြည်တမ်းသောအကြောင်းတို့ကို များပြားစေတော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်များ၊ "လူအများကို ပို၍ ငိုကြွေးမြည်တမ်းစေရန် ပြုလုပ်သည်။"

ယုဒ သတို့သမီး
ယေရုရှလင်ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။

ဝင်းတော်
"သေးငယ်သော အဆောက်အဦးများနှင့် အသုံးအဆောင်များ နေအိမ်များ လုံခြုံစေရန်အတွက် ခတ်ထားသောဝင်းခြံ။"

ဇိအုန်မြို့၌ခံသော ဓမ္မပွဲနေ့၊ ဥပုသ်နေ့တို့ကို ထာဝရ ဘုရား မေ့စေတော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန်မြို့သားများ ဓမ္မပွဲနှင့် ဥပုသ်နေ့ကို မေ့သွားစေမည့်အကြောင်း"

Lamentations 07

ရန်သူလက်သို့ အပ်တော် မူသဖြင့်
"ရန်သူ ဘက်သို့ လက်နက်ချ အရှုံးပေးခြင်း။"

ဘုံဗိမာန်တော်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁)ယေရုရှလင်မြို့၏ မြို့ရိုး၊ သို့မဟုတ် (၂) ဗိမာန်တော်၏ တံတိုင်း

ပွဲသဘင်ခံသောနေ့၌ အသံပြုသကဲ့သို့၊ ရန်သူတို့ သည်ထာဝရဘုရား၏ အိမ်တော်၌အသံပြုကြပြီ။
ဣသရေလလူမျိုးတို့၏ ပွဲလမ်းသဘင်၌ ပြုသော ပျော်ရွှင်ခြင်း၏ ဆူညံသောအသံ၊ နှင့် ဗာဘုလုန်တို့၏ အောင်မြင်ခြင်းကြွေးကြော်သံကို နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။

Lamentations 08

ဇိအုန်သတို့သမီး
ယေရုရှလင်မြို့ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။(ရှု၊ igs_personification)

ကြိုးကိုတန်း၍
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရိုး၏ အလျားကို တိုင်းထွာခြင်း" အကျယ်ဘယ်လောက် ဖျက်ဆီးရမည်ကိုသိရန် ဖြစ်ပါသည်။

အစဉ်မပြတ် ဖြိုဖျက်တော်မူသဖြင့်၊
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ တန်ခိုးအားလုံးကိုအသုံးပြု၍ ဖျက်စီးခဲ့သည်။"

အတွင်းမြို့ရိုးနှင့် ပြင်မြို့ရိုးတို့သည် အတူညည်းတွား၍ ငိုကြွေးမြည်တမ်းရမည် အကြောင်းပြုတော်မူပြီ။
"အတွင်းမြို့ရိုးနှင့်အပြင်မြို့ရိုးတို့ကို ဖြိုဖျက်ခြင်းသည် ခွန်အားကုန်ဆုံးလို့ ငိုကြွေးမြည်တမ်းနေသောသူများကဲ့သို့ ဖြစ်ပါသည်။"

အတွင်းမြို့ရိုး
ရှေးခေတ် မြို့များတွင် အဓိကမြို့ရိုးကို တိုက်ခိုက်သူများ တွန်းလှန်တိုက်ထုတ်ဖို့ဖြစ်ပြီး၊ အပြင်ဘက်ခြမ်းတွင် မြို့ရိုးနံရံမှ ခုခံတိုက်ခံရန် ဖြစ်သည်။

Lamentations 10

ဇိအုန်သတို့သမီး
ယေရုရှလင်မြို့ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။

မြေပေါ်မှာထိုင်၍
သူတို့ မြည်တမ်းနေကြောင်း ပြသရန်ဖြစ်သည်။

Lamentations 11

ယေဘုယျအချက်အလက်
စာရေးသူသည် ယေရုရှလင်အကြောင်းဖေါ်ပြရာမှ သူ၏ ကိုယ်တိုင်အတွေ့အကြုံသို့ ပြောင်းလဲဖေါ်ပြခြင်းဖြစ်သည်။

ငါသည် မျက်ရည်ကျ၍မျက်စိပျက်လေပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မျက်ရည်ကုန်ခမ်းသည့်တိုင် ငိုခဲ့သည်။"

ဝမ်း၌ဆူလှိုက် ခြင်းရှိ၍ အသည်းလည်းမြေပေါ်မှာ သွန်းလျက်ရှိ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်၏ အူထဲအသဲထဲက အားလုံးကြေကွဲလျှက် ရှိသည်။"

ငါ၏လူမျိုးသတို့သမီးပျက်စီးသောကြောင့်၊
"ငါ၏လူမျိုးသတို့သမီး" သည် ယေရုရှလင်မြို့ ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ လူမျိုးများညှင်းပန်း ဖျက်ဆီးခံရသောကြောင့်"

ဆန်စပါးနှင့်စပျစ်ရည်သည် အဘယ်မှာရှိသနည်း
"ဆန်စပါးနှင့် စပျစ်ရည်" သည် အများလက်ခံပြောဆိုနေသော "အစားအစာနှင့် သောက်ရန်ရေ" ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်အဖို့ စားစရာနှင့် သောက်စရာ ပေးပါ"

Lamentations 13

ယေဘုယျအချက်အလက်
စာရေးသူသည် ယေရုရှလင်မြို့ကို ပြန်ဦးတည်လာသည်။

အိုယေရုရှလင်သတို့သမီး၊ သင်၏အမှု၌ အဘယ်သက်သေကို ငါပြရမည်နည်း။
"ယေရုရှလင် .. ငါ့မှာ ပြောစရာ ဘာမှမရှိတော့ပါ။"

ယေရုရှလင် သတို့သမီး
ယေရုရှလင်မြို့ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည် နာမဖြစ်ပါသည်။

အိုဇိအုန်သတို့ သမီးကညာ..သင်နှင့်အဘယ် သူကို ငါခိုင်းနှိုင်းရမည်နည်း။
"ဇိအုန် .. ငါ့မှာ ခိုင်းနှိုင်းစရာ ဘယ်အရာမှ မရှိတော့ပါ။"

သင့်ကိုနှစ်သိမ့်စေခြင်း
"အဘယ်သူတဦးတယောက်မျှ သင့်ကို နှစ်သိမ့်မှု မပေးနိုင်တော့ပါ။"

Lamentations 15

လက်ခုပ်တီးလျက်၊ ကဲ့ရဲ့သံကိုပြုလျက်၊ ခေါင်းကို ညိတ်လျက်
"အခြားသော သူများကို ကဲ့ရဲ့ပြစ်တင် စော်ကားခြင်း"

ယေရုရှလင် သတို့သမီး
ယေရုရှ လင်မြို့ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။

ဂုဏ်သရေအထွဋ်၊ မြေ တပြင်လုံး ရွှင်လန်းရာဘွဲ့ရှိသော မြို့ကား ဤမြို့လော
ဤမေးခွန်းမျိုးသည် သူတပါးအား ထေ့ငေါ့လှောင်ပြောင်သော မေးခွန်းမျိုးဖြစ်သည်။ "ဂုဏ်အသရေ အထွဋ်ရှိသောမြို့"


generated on Sun Jun 30 02:37:40 2024

"ရှင်လန်းရာဘွဲ့ရှိသော မြို့" သည် "အစဉ်ပြည့်စုံပြီး ရှင်လန်းနေခြင်း မဟုတ်ပါ။"

ငါတို့သည် သူ့ကိုမျိုပြီ
"ကျွန်ုပ်တို့သည် ယေရုရှလင်ကို အဆုံးတိုင်အောင် ဖျက်စီးလိုက်ပြီ။" တိရိစ္ဆာန် တစ်ကောင်အစာမြိုသကဲ့သို့"

Lamentations 17

ရန်သူ၏ဦးချိုကို ချီးမြှင့်တော်မူပြီ။
"ဦးချို" သည် တိရိစ္ဆာန်တို့၏ ဦးချိုကို ပုံဆောင် ပြီး "ခွန်အား" ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ ရန်သူ၏ တန်ခိုးကို ကြီးထွားစေသည်။"

Lamentations 18

သူတို့သည်စိတ်နှလုံးထဲက ထာဝရဘုရားကို အော်ဟစ်ကြ၏
ဖြစ်နိုင်သောအဓိပ္ပါယ်မှာ-

အိုဇိအုန်သတို့သမီး၏မြို့ရိုး
စာရေးသူသည် ယေရုရှလင်မြို့ရိုးကို ပြောပြနေခြင်းဖြစ်သည်။ သူသည် မြို့ရိုးကို ပြောပြသလို ယေရုရှလင်မြို့သားများကို လုပ်ဆောင်စေရန် ဖြစ်သည်။

ယေရုရှလင် သတို့သမီး
ယေရုရှ လင်မြို့ကို အမျိုးသမီးတဦးကဲ့သို့ ပုံဆောင်ထားသော အမည်နာမဖြစ်ပါသည်။

သင်၏ မျက်ရည်သည် မြစ်ရေစီးသကဲ့သို့ စီးစေ လော့။
"မျက်ရည်များစွာဖြင့် ငိုကြွေးရန်"

နေ့ညဥ့်မပြတ်
"အချိန်တိုင်း"

ကိုယ်ကိုမငြိမ်းစေနှင့်။
" သင့်ကိုယ်ကို အနားမပေး မိစေနှင့်"

ညဥ့်ဦးယံအချိန်၌ ထ၍အော်ဟစ်လော့။
"ညတိုင်း" လုံခြုံရေးတာဝန်ဖြင့် လာရောက်ထမ်းဆောင်မှုရှိခြင်း။

သင်၏လက်ကို ချီဆန့်လော့။
"ဆုတောင်းရာတွင် အမြဲပြုလုပ်သော ပုံစံဖြစ်သည်။"

ခပ်သိမ်းသော လမ်းဝမှာ
"လမ်းဆုံ" သို့မဟုတ် "လမ်းတလျှောက်"

Lamentations 20

မိန်းမသည် မိမိရင်သွေး၊ ကို စားရပါ မည်လော။
အခြားသောဘာသာပြန်ဆိုချက်၊ " "မိခင်တိုင်းသည် မိမိဝမ်းမှ မွေးသောကလေးကို ပြန်မစားသင့်ပါ"

မိမိချီပိုက်သော သား
"ငယ်ရွယ်သေးသော ကလေးများ"

Lamentations 21

လူအကြီးအငယ်တို့သည်
"ခွန်အားအကြီးဆုံးနှင့် ခွန်အားအငယ်ဆုံး လူကြီးများ"

အကျွန်ုပ်ပတ်လည်၌ ကြောက်မက်ဘွယ်သော အရာ
"ကျွန်ုပ်၏ ကြောက်စရာကောင်းသော ရန်သူ"

ပွဲသဘင်နေ့၌ လူတို့ကို ခေါ်ဘိတ်သကဲ့သို့
" ပွဲသဘင်လာရန် သင် ဖိတ်ခေါ်သကဲ့သို့"

---

## Translation Questions

Lamentations 2:1

ယေရမိ၏ ပုန်ကန်မှုကြောင့် ထာဝရဘုရားသည်မိမိ၏အမျက်တော်ကို မည်သို့ ဖော်ပြသနည်း။
ဣသရေလ၏ ဂုဏ်အသရေကို ချခြင်း၊ ယာကုပ်အမျိုး၏ နေရာကို သနားမှုမရှိခြင်းနှင့် ယုဒအမျိုး၏ ရဲတိုက်ကို ဖြိုဖျက်ခြင်းဖြင့် ထာဝရဘုရားသည် အမျက်တော်ကို ပေါ်လွင်စေသည်။

Lamentations 2:3

ထာဝရဘုရား၏ အမျက်တော်သည် ဣသရေလနှင့် ဇိအုန်သတို့သမီးအပေါ် မည်သို့ သက်ရောက်သနည်း။
ထာဝရဘုရားက ဣသရေလ၏ ခွန်အားကို နှုတ်ယူ၍ ဇိအုန်အပေါ်မှာ သူ၏ အမျက်တော်ကို သွန်းလောင်းသည်။

Lamentations 2:5

ထာဝရဘုရား၏ အမျက်တော်ကို မည်သို့ ဖော်ပြထားသနည်း။
ထာဝရဘုရား၏ အမျက်တော်ကို ရန်သူကဲ့သို့ငင်း၊ ပွဲသဘင်နှင့် တဲတော်ကို ဖြိုဖျက်သကဲ့သို့ငင်း၊ ရှင်ဘုရင်နှင့် ယဇ်ပုရောဟိတ်တို့ကို မရှုမမှတ်ပြုခြင်းအားဖြင့် ဖော်ပြထားသည်။

Lamentations 2:7

ရန်သူများက ဘာကြောင့် အောင်မြင်သည်ဟု ခံစားကြသနည်း။
ထာဝရဘုရားသည် သူတို့၏ ယဇ်ပလ္လင်တော်ကို ပယ်တော်မူ၍ ဘုံဗိမာန်တော်ကို သူတို့လက်သို့ အပ်တော်မူသောကြောင့် အောင်မြင်သည်ဟု ခံစားကြသည်။

Lamentations 2:8

ဇိအုန်သတို့သမီး၏ တံခါးဝနှင့်မြို့ရိုးတွင် မည်သို့ဖြစ်ပျက်သနည်း။
ထာဝရဘုရားသည် ဇိအုန်သတို့သမီး၏ မြို့ရိုးတံခါးဝကို ဖြိုဖျက်၍ မြေပြင်အောက်၌ မြုပ်ခဲ့သည်။

Lamentations 2:10

ဇိအုန်သတို့သမီး၏ အသက်ကြီးသူများနှင့် ယေရုရှလင်မြို့သူကညာများသည် သူတို့၏ ဝမ်းနည်းကြေကွဲခြင်းကို မည်သို့ ဖော်ပြထားသနည်း။
ဇိအုန်သတို့သမီး၏ အသက်ကြီးသူများက မြေမှုန့်ကိုမိမိတို့ ခေါင်းပေါ်မှာပစ်တင်လျက်၊ လျှော်တေ အဝတ်ကို ဝတ်စည်းလျက်၊ မြေပေါ်မှာထိုင်၍ တိတ်ဆိတ် စွာ နေကြသည်။ ယေရုရှလင်မြို့သူကညာတို့သည် ခေါင်း ကိုငိုက်ဆိုက်ညွတ်လျက်နေကြသည်။

Lamentations 2:11

ယေရမိသည် အဘယ်ကြောင့် ညည်းညူသနည်း။
သူ၏ လူများအတွက် စားရန် သောက်ရန်မရှိသောကြောင့် ညည်းညူခဲ့သည်။

Lamentations 2:15

လှောင်ပြောင်သူများက မြို့ကို ဖြတ်၍ ဘာလုပ်သနည်း။
လှောင်ပြောင်သူများက လက်ခုပ်တီးလျက်၊ ကဲ့ရဲ့သံကိုပြုလျက်၊ ခေါင်းကို ညိတ်လျက်၊ အံသွားကို ခဲကြိတ်လျက် အော်ဟစ်ကြသည်။

Lamentations 2:18

သူတို့၏ နောင်တရခြင်းကို မည်ကဲ့သို့ ထင်ရှားစေသနည်း။
သူတို့၏ ကလေးများအတွက် ထာဝရဘုရားကို အော်ဟစ်၍ အထံတော်သို့ လက်ကို ချီဆန့်၍ ထင်ရှားစေခဲ့သည်။

Lamentations 2:20

ထာဝရဘုရား၏ ကရုဏာအတွက် လူများတို့က အဘယ်ကြောင့် တောင်းပန်သနည်း။
သူတို့သည် ဆာလောင်မွတ်သိပ်ကြ၍ မိမိယဇ်ပုရောဟိတ်များအသေသတ်ခြင်းခံရမည်ကို အလွန်စိုးရိမ်ကြသည်။

Lamentations 2:21

ထာဝရဘုရား၏ အမျက်ဒေါသထွက်သောနေ့ကို ယေရမိက မည်ကဲ့သို့ ဖော်ပြသနည်း။
ထာဝရဘုရား၏ အမျက်ဒေါသထွက်သောနေ့တွင် သနားခြင်းစိတ်မရှိဘဲ လူအကြီးအငယ်မှစ၍ တစ်ယောက်မကျန် သတ်ဖြတ်ခြင်းအားဖြင့် ဖော်ပြထားသည်။

## Chapter 3

1 ငါသည် ဘုရားသခင်၏ အမျက်တော်ကြိမ်လုံး အောက်၌ ဆင်းရဲခြင်းကို ခံရသောသူဖြစ်၏။ 2 ငါ့ကိုသွေးဆောင်၍ အလင်းသို့မပို့၊
မှောင်မိုက် ထဲသို့ ပို့ဆောင်တော်မူ၏။ 3 အကယ်စင်စစ်ငါ့ကို တနေ့လုံးအထပ်ထပ် ဒဏ်ခတ်တော်မူ၏။ 4 ငါ့အရေနှင့်အသားကို
ဆွေးရိစေ၍ ငါ့အရိုး တို့ကိုလည်း ချိုးတော်မူ၏။ 5 ငါ့တဘက်၌ တပ်တည်၍ခါးသောအရာ၊ ပင်ပန်းစရာအကြောင်းတို့နှင့်
ပိုင်းတော်မူ၏။ 6 သေလွန်သောသူတို့ကို ပြုတတ်သကဲ့သို့၊ ငါ့ကို မိုက်သောအရပ်၌ ထားတော်မူ၏။ 7 ငါမထွက်နိုင်အောင် ဝင်းခတ်၍၊
လေးသော သံကြိုးနှင့် ချည်နှောင်တော်မူ၏။ 8 ထိုမျှမကငါသည် ကြွေးကြော်အော်ဟစ်၍ ဆုတောင်းသော်လည်း ငြင်းပယ်တော်မူ၏။
9 ငါသွားရာလမ်းကို ကျောက်ထရံနှင့်ပိတ်၍၊ ကောက်သောလမ်းဖြင့် သွားစေတော်မူ၏။ 10 ငါ့ကို ချောင်းမြောင်းသောဝက်ဝံကဲ့သို့၎င်း၊
မထင်ရှားသော အရပ်၌နေသော ခြင်္သေ့ကဲ့သို့၎င်း ဖြစ် တော်မူ၏။ 11 ငါ့ကိုလမ်းလွဲစေပြီးလျှင် အပိုင်းပိုင်းဖြတ်၍ ဖျက်ဆီးတော်မူ၏။
12 လေးတော်ကိုတင်၍ ပစ်စရာစက်အရာ၌ ငါ့ကို ထားတော်မူ၏။ 13 မြှားတော်တို့ကိုလည်း၊ ငါ့ကျောက်ကပ်ကို ခွင်း စေတော်မူ၏။ 14
ငါသည်ငါ၏လူတို့တွင် ကဲ့ရဲ့စရာအကြောင်းနှင့် တနေ့လုံး သီချင်းဆိုစရာအကြောင်း ဖြစ်ပါသည်တကား။ 15
ခါးသောဆေးနှင့်ငါ့ကိုဖြည့်၍၊ ဒေါနနှင့်ယစ်မူး စေတော်မူ၏။ 16 ကျောက်စရစ်ကိုကျွေး၍ ငါ့သွားတို့ကို ချိုးတော် မူ၏။ မီးဖိုပြာနှင့်
ဖုံးတော်မူ၏။ 17 ငါ၏ဝိညာဉ်ကို ချမ်းသာနှင့်ဝေးစွာ ရွှေ့တော်မူ သောကြောင့်၊ ငါသည် မင်္ဂလာအကြောင်းကို မေ့လျော့ ၏။ 18
သို့ဖြစ်၍၊ ငါသည် ထာဝရဘုရားရှေ့တော်၌ အစွမ်းသတ္တိနှင့် မျော်လင့်စရာအကြောင်း ပျက်လေပြီဟု ဆိုရ၏။ 19 အကျွန်ုပ်ခံရသော
ဆင်းရဲငြိုငြင်ခြင်းကို၎င်း၊ ဒေါနနှင့် သည်းခြေအရည်ကို၎င်း အောက်မေ့တော်မူပါ။ 20 ဧကန်အမှန်အောက်မေ့တော်မူလိမ့်မည်။ 21
ထိုသို့အကျွန်ုပ်၏ စိတ်နှလုံးသည် ဆင်ခြင်၍ သတိရသောအခါ မျော်လင့်စရာအခွင့်ရှိပါ၏။ 22 ထာဝရဘုရားသည် သနားတော်မူ၍
ကရုဏာ တော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲနေကြ၏။ 23 နံနက်တိုင်းကရုဏာတော်အသစ်ကို
ခံရကြ၏။ သစ္စာတော်သည် ကြီးမြတ်ပါ၏။ 24 ငါ့ဝိညာဉ်၏ သဘောဟူမူကား၊ ထာဝရဘုရား သည် ငါ၏အဘို့ ဖြစ်တော်မူ၏။
ထိုကြောင့်၊ ကိုယ်တော် ကို ငါမျော်လင့်ပါ၏။ 25 ကိုယ်တော်ကို မျော်လင့်သောသူနှင့် ကိုယ်တော် ကို ရှာသောသူ၏ စိတ်ဝိညာဉ်အား
ထာဝရဘုရားသည် ကျေးဇူးပြုတော်မူ၏။ 26 ကယ်တင်တော်မူမည်ဟု မျော်လင့်လျက်၊ ငြိမ်ဝပ်စွာ စောင့်၍ နေကောင်း၏။ 27
လူသည်အသက်ပျိုစဉ်အခါ ထမ်းဘိုးကို ထမ်း ကောင်း၏။ 28 ထမ်းဘိုးကို တင်တော်မူသောကြောင့် တယောက်တည်းထိုင်၍
ငြိမ်ဝပ်စွာနေစေ။ 29 မျော်လင့်စရာအခွင့်ရှိကောင်းရှိလိမ့်မည်ဟု ထင်လျက်၊ မိမိနှုတ်ကို မြေမှုန့်၌ကပ်စေ။ 30 ရိုက်သောသူအား
မိမိပါးကိုပေး၍၊ ကဲ့ရဲ့ပြစ်တင် ခြင်းနှင့်ပြည့်ဝစေ။ 31 အကြောင်းမူကား၊ ထာဝရဘုရားသည် အစဉ် စွန့်ပစ်တော်မမူတတ်။ 32
ဝမ်းနည်းစေတော်မူသော်လည်း၊ ကရုဏာတော် များပြားသည်နှင့်အညီ သနားတော်မူလိမ့်မည်။ 33 ဆင်းရဲစေချင်သော
စိတ်နှင့်လူသားတို့ကို ညှဉ်းဆဲ၍ ဝမ်းနည်းစေတော်မူသည်မဟုတ်။ 34 ချုပ်ထားသော ပြည်သားအပေါင်းတို့ကို ခြေနှင့်
နင်းကြိတ်ခြင်းအမှု၊ 35 လူခံထိုက်သောတရားကို အမြင့်ဆုံးသော ဘုရား မျက်မှောက်၌ ဖျက်ခြင်းအမှု၊ 36 သူတပါးကိုမတရားသဖြင့်
ရှုံးစေခြင်းအမှုတို့ကို ထာဝရဘုရားနှစ် သက်တော်မမူ။ 37 ထာဝရဘုရားမှာထားတော်မမူဘဲ၊ အဘယ်သူ သည် ပြော၍တစုံတခုကို
ဖြစ်စေနိုင်သနည်း။ 38 အမြင့်ဆုံးသော ဘုရား၏နှုတ်ထွက်ရှိသည် အတိုင်း အမင်္ဂလာနှင့် အမင်္ဂလာဖြစ်တတ်သည် မဟုတ် လော။ 39
အသက်ရှင်သောလူသတ္တဝါသည် အဘယ် ကြောင့် မြည်တမ်းရမည်နည်း။ မိမိဒုစရိုက်အပြစ်ကြောင့် မြည်တမ်းရမည်လော။ 40
ငါတို့သည်ကိုယ်လိုက်သောလမ်းတို့ကို စစ်ကြော စုံစမ်း၍၊ ထာဝရဘုရားထံတော်သို့ ပြန်သွားကြကုန်အံ့။ 41
ကောင်းကင်ဘုံ၌ရှိတော်မူသော ဘုရားသခင့် ထံတော်သို့ နှလုံးနှင့်လက်တို့ကို ချီကြွကြကုန်အံ့။ 42 အကျွန်ုပ်တို့သည် ပြစ်မှား
ပုန်ကန်မိပါပြီ။ ကိုယ်တော်သည် အပြစ်လွှတ်တော်မမူပါ။ 43 အမျက်တော်ထွက်၍ မျက်နှာလွှဲတော်မူ၏။ တဖန်အကျွန်ုပ်တို့ကိုလိုက်၍
ကရုဏာမရှိဘဲ ကွပ်မျက် တော်မူ၏။ 44 အကျွန်ုပ်တို့ ပဌနာစကားသည် အထံတော်သို့ မပေါက်နိုင်အောင်၊ မိုဃ်းတိမ်ဖြင့်ကိုယ်ကို
ကွယ်ကာ တော်မူ၏။ 45 အကျွန်ုပ်တို့ကိုလူမျိုးတို့တွင် လှည်းပစ်သော တန်မြက်ချေး အမှိုက်ကဲ့သို့၎င်း၊ ရွံစရာအရာကဲ့သို့၎င်း
ဖြစ်စေတော်မူ၏။ 46 ရန်သူအပေါင်းတို့သည် အကျွန်ုပ်တို့တဘက်၌ နှုတ်ကိုဖွင့်ကြပါ၏။ 47 အကျွန်ုပ်တို့သည်
ကြောက်လန့်ဘွယ်သော အရာထဲသို့၎င်း၊ တွင်းထဲသို့၎င်း၊ သုတ်သင်ပယ်ရှင်း ဖျက်ဆီးခြင်းထဲသို့၎င်း ရောက်ကြပါပြီ။ 48
ငါ၏လူမျိုးသတို့သမီးပျက်စီးသောကြောင့်၊ 49 ငါမျက်စိသည်မြစ်ရေဖြစ်၍ စီးလျက်ရှိ၏။ 50 ထာဝရဘုရားသည် ကောင်းကင်က
ငုံ့ကြည့်၍ ရှုမှတ်တော်မမူမှီတိုင်အောင်၊ ငါ့မျက်ရည်သည် ကျ၍ အစဉ်မပြတ် ယိုစီးလျက်ရှိ၏။ 51
ငါ၏မြို့သမီးအပေါင်းတို့အတွက်ကြောင့်၊ ငါမျက်စိသည် ငါ့နှလုံးကို ပူစေတတ်၏။ 52 အကြောင်းမရှိဘဲ ငါ့ကိုရန်ပြုသောသူတို့သည်
ငှက်ကိုလိုက်၍ ရှာသကဲ့သို့ ငါ့ကိုလိုက်၍ ရှာကြ၏။ 53 မြေတွင်း၌ ငါ့အသက်ကို ဖြတ်၍ ငါ့အပေါ်မှာ ကျောက်ကို တင်ထားကြ၏။ 54
ငါ့ခေါင်းကို ရေလွှမ်းမိုးသည်ဖြစ်၍၊ ငါသည် ဆုံးရှုံးပြီဟု ဆိုရ၏။ 55 အိုထာဝရဘုရား၊ နက်သော မြေတွင်းထဲက အကျွန်ုပ်သည်
ကိုယ်တော်၏နာမကို ခေါ်ပါ၏။ 56 အကျွန်ုပ်ခေါ်သံကို ကြားတော်မူသည်ဖြစ်၍၊ အကျွန်ုပ်ညည်းတွားအော်ဟစ်သောအခါ နားတော်ကို
လွှဲတော်မမူပါနှင့်။ 57 အကျွန်ုပ်သည် ကိုယ်တော်ကို ဟစ်ခေါ်သော အခါ၊ ကိုယ်တော်သည် ချဉ်းကပ်တော်မူ၍၊ မကြောက်နှင့် ဟု
မိန့်တော်မူပြီ။ 58 အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် အသက်နှင့် ဆိုင်သောအမှုကိုစောင့်၍ ရွေးနှုတ်တော်မူပြီ။ 59

 generated on Sun Jun 30 02:37:40 2024

အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် ခံရသော ညှဉ်းဆဲခြင်းကို မြင်တော်မူပြီ။ အကျွန်ုပ်အဘို့ တရားစီရင်တော်မူပါ။ 60
သူတို့သည် အကျွန်ုပ်ကို ရန်ငြိုးဖွဲ့သမျှနှင့် မကောင်းသော အကြံရှိသမျှကို ကိုယ်တော်မြင်တော်မူပြီ။ 61 အိုထာဝရဘုရား၊
သူတို့ကဲ့ရဲ့သောအကြောင်း နှင့်မကောင်း သောအကြံရှိသမျှကိုင၎်း၊ 62 အကျွန်ုပ်တဘက်၌ ထသောသူတို့၏ အပြစ်တင် ခြင်း၊
အကျွန်ုပ်တဘက်၌ တနေ့လုံးကြံစည်ခြင်းကိုင၎်း ကိုယ်တော်ကြားတော်မူပြီ။ 63 သူတို့ထိုင်ခြင်း၊ ထခြင်းကိုကြည့်ရှုတော်မူပါ။
အကျွန်ုပ်သည် သူတို့သီချင်းဆိုစရာအကြောင်းဖြစ်ပါ၏။ 64 အိုထာဝရဘုရား၊ သူတို့ကျင့်သော အကျင့်နှင့်
အလျောက်အကျိုးအပြစ်ကို ဆပ်ပေးတော်မူပါ။ 65 သူတို့စိတ်နှလုံးကိုခိုင်မာစေ၍ ကျိန်တော်မူပါ။ 66 အမျက်တော်ထွက်၍ သူတို့ကို
ညှဉ်းဆဲသဖြင့်၊ ထာဝရဘုရား၏ မိုဃ်းကောင်းကင်အောက်မှ သုတ်သင် ပယ်ရှင်းတော်မူပါ။

---

Lamentations 01

ဆက်စပ်မှုဖော်ပြချက်
အသစ်သော လက်ာတင်ဆက်မှု ဆက်လက်တည်ရှိခြင်း

ဘုရားသခင်၏ အမျက်တော်ကြိမ်လုံး အောက်၌
ကြိမ်လုံးသည် တခြားသောသူများကို
ပြစ်ဒဏ်ပေးရာတွင်အသုံးပြုသော တုတ်ချောင်းဖြစ်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "
ထာဝရဘုရားသည်အမျက်ကြီးစွာဖြင့် အကျွန်ုပ်ကို
ရိုက်နေသောကြောင့်။"

အလင်းသို့မပို့၊ မှောင်မိုက် ထဲသို့ ပို့ဆောင်တော်မူ၏
"စိတ်ဓါတ်ကျရာ၊ ပြဿနာရှုပ်ထွေးရာနေရာ" ကိုဆိုလိုသည်။

ငါ့ကို တနေ့လုံးအထပ်ထပ် ဒဏ်ခတ်တော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်အကျွန်ုပ်၏
ရန်သူဖြစ်လာသည်" သို့မဟုတ် "သူ၏ တန်ခိုးကိုအသုံးပြု၍
ကျွန်ုပ်ကို ဒဏ်ခတ်တော်မူ၏"

Lamentations 05

ငါ့တဘက်၌ တပ်တည်၍
"ခံတပ်သည် မြို့ရိုးမှတဆင့် မြို့ထဲသို့ အလွယ်တကူ
ဖြတ်ကျော်မလာနိုင်ရန် မြို့ရိုးတလျှောက် ရွှံ့များဖြင့်
ဖေါက်လုပ်ထားသောမြောင်း။" အခြားသောဘာသာပြန်ဆိုချက်၊
"တိုက်ခိုက်ခြင်း ခံရသောမြို့ကဲ့သို့ အကျွန်ုပ်ကို
ဝိုင်းရံလျက်ရှိ၏။"

ခါးသောအရာ၊ ပင်ပန်းစရာအကြောင်းတို့နှင့် ပိုင်းတော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "နာကျင်စေသောအရာများ၊
ရပ်တည်ရန်ခက်ခဲသော ခါးသီးမှုများ ဖြင့် အကျွန်ုပ်ကို
ဝိုင်းရံလျှက်ရှိ၏။"

ငါသည် ကြွေးကြော်အော်ဟစ်၍ ဆုတောင်းသော်လည်း ငြင်းပယ်တော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်၏ ဆုတောင်းသံကို
ငြင်းပယ်တော်မူ၏။"

Lamentations 09

ငါသွားရာလမ်းကို..ပိတ်၍၊
"သူ့ထံမှ ထွက်ပြေးမသွားနိုင်အောင် ကာကွယ်သည်။"

ကျောက်ထရံ
ကျောက်တုံးကို ညီညီညာညာဖြတ်တောက်ထားပြီး
အုတ်တံတိုင်းကို ပိုမိုခိုင်ခံ့စေသည်။

ကောက်သောလမ်းဖြင့် သွားစေတော်မူသော..ကျောက်
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်မှာ (၁) "ကျောက်တုံး
ကြောင့်တခြားနေရာသို့ သွားမရပါ။" သို့မဟုတ် (၂)
"ကျောက်တုံးကြောင့် သွားနိုင်မည့် လမ်းအားလုံး
ပိတ်ထားသည်။"

ငါ့ကိုလမ်းလွှဲစေပြီးလျှင်
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်မှာ (၁) "အကျွန်ုပ်၏ လမ်းမှ
ဆွဲထုတ်သွားခြင်း" သို့မဟုတ် (၂) "လမ်းမှားသို့ ရောက်အောင်
လမ်းလွှဲပေးခြင်း။"

Lamentations 12

လေးတော်ကိုတင်၍
၂:၃ ကို ကြည့်ပါ

မြှားကျည်တောက်
မြှားများကို စုသိမ်းထားသော ကျည်တောက်

ကျောက်ကပ်
ဆီးအိမ်ထဲ စီးဝင်လာအောင် လုပ်ဆောင်ပေးသော
ဝမ်းပိုက်အတွင်း အင်္ဂါရပ်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ခန္ဓာကိုယ်၏
အတွင်းပိုင်း" "အကျွန်ုပ်၏ နှလုံးသား"

ငါ၏လူတို့တွင် ကဲ့ရဲ့စရာအကြောင်း
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်မှာ

ခါးသောဆေးနှင့်ငါ့ကိုဖြည့်၍၊
" ငါ့ကို ခါးသောဆေးပင်ကို စားရန် ဖိအားပေးခြင်း ခံရ၏"


generated on Sun Jun 30 02:37:40 2024

ဒေါန
"(သစ်နံကိုင်းပင်) ခါးသောအပင်မှ ရသော အပွင့်နှင့်အရွက်မှ ထုတ်လုပ်ထားသော ဆေးရည်"

Lamentations 16

ချိုးတော် မူ၏...ဖုံးတော်မူ၏
ဤစာလုံးများသည် "ဘုရားသခင်သည် စာရေးသူ၏ မာန်စွယ်ကို ချိုးကြောင်း ဖေါ်ပြခြင်းဖြစ်သည်။ "

ငါ၏ဝိညာဉ်ကို ချမ်းသာနှင့်ဝေးစွာ ရွှေ့တော်မူ သောကြောင့်၊
"စာရေးသူ၏ ဘဝတွင် ပျော်ရွှင်မှုနှင့် ကျေနပ်မှုကို မည်သည့်အခါမှ မကြုံတွေ့ခဲ့ရပါ။"

ငါသည် အစွမ်းသတ္တိနှင့် မြော်လင့်စရာအကြောင်း ပျက်လေပြီ
အခြားသောအနက်ဖွင့်ကျမ်းများတွင် "ငါ့တန်ခိုးသည် ပျက်လေပြီ။" သို့သော် တန်ခိုးဟူသည် အစွမ်းသတ္တိနှင့်မျှော်လင့်စရာကို ပုံဆောင်ထားပါသည်။

Lamentations 19

ဒေါနနှင့် သည်းခြေအရည်
(သစ်နံကိုင်းပင်) ဒေါနသည် အလွန်ခါးသော အပင်မှရသောအရည် ဖြစ်ပါသည်။ "သည်းခြေ" သည်လည်းအလွန်ပင်ခါးသော အရည် ဖြစ်သည်။

ဧကန်အမှန်အောက်မေ့တော်မူလိမ့်မည်။
စိတ်အားငယ်ခြင်း၊ စိတ်ပျက်အားကုန်ခြင်းကို ဖေါ်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ဝိညာဉ်သည် ငါ့အထဲ၌ အရည်ပျော်လျက်ရှိသည်" သို့မဟုတ် " ငါသည် စိတ်ပျက်အားလျော့လျက် ရှိသည်။"

အကျွန်ုပ်၏ စိတ်နှလုံးသည် ဆင်ခြင်၍ သတိရသောအခါ
စာရေးသူသည် ဘာကို မျှော်လင့်နေကြောင်း စာဖတ်သူအား သိစေရန်ဖြစ်သည်။

Lamentations 25

ကိုယ်တော်ကို မြော်လင့်သောသူ
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်များမှာ(၁) "ဘုရားသခင်ကိုအားကိုးနေသော သူများ" သို့မဟုတ် (၂) "တစ်ခုခုကို လုပ်ဖို့တစုံတယောက်သော သူကို စိတ်ရှည်စွာ စောင့်နေသောသူ။"

ကိုယ်တော် ကို ရှာသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို ရှာသောသူ"

ထမ်းဘိုးကို ထမ်း
"ဒုက္ခခံခြင်း"

ထမ်းဘိုးကို တင်တော်မူသောကြောင့်
"ထမ်းပိုးကို သူ့အပေါ် တင်ထားခြင်း"

မိမိနှုတ်ကို မြေမှုန့်၌ကပ်စေ။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ နှုတ်ကို မြေကြီးထိသည့်တိုင် ပြပ်ဝပ်ရိုကျိုးခြင်း"

Lamentations 30

ယေဘုယျအချက်အလက်
ထာဝရဘုရားကို မျှော်လင့်သောသူအား ပြောဆိုခြင်း (၃:၂၅)

ရိုက်သောသူအား မိမိပါးကိုပေး၍
"သူတပါး မိမိပါးအား ရိုက်စေရန် ခွင့်ပေးခြင်း"

လူသား
အခြားသောဘာသာပြန်ဆိုချက်၊ "လူ"

Lamentations 34

ခြေနှင့် နင်းကြိတ်ခြင်း
"နှိပ်စက်ညှဉ်းပန်းရန်" သို့မဟုတ် "သတ်ရန်"

Lamentations 37

အမြင့်ဆုံးသော ဘုရား၏နှုတ်ထွက်ရှိသည် အတိုင်း အမင်္ဂလာနှင့် အမင်္ဂလာဖြစ်တတ်သည် မဟုတ် လော။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ဘေးဒုက္ခများကို လျော့နည်းစေခြင်း" သို့မဟုတ် "လူတိုင်းအားအောင်မြင်ခွင့်ကို ပေးသည်။"

Lamentations 40

နှလုံးနှင့်လက်တို့ကို ချီကြကြကုန်အံ့
ဘုရားသခင်အား ဝတ်ပြုဆုတောင်းရာတွင် လက်ကိုချီမြှောက်ခြင်းသည် ကြသရေလလူမျိုးများ၏ အလေ့အထဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လက်ကို ချီမြှောက်လျက် နှိမ့်ချစွာ ဆုတောင်းလော့"

အကျွန်ုပ်တို့သည် ပြစ်မှား ပုန်ကန်မိပါပြီ။
"ပြစ်မှား" နှင့် "ပုန်ကန်" ဟူသောစကားလုံးတို့သည် နီးစပ်သောအဓိပ္ပါယ်ရှိသည်။ ထာဝရဘုရားကို တချိန်ထဲတွင် ပြစ်မှားပြီး ပုန်ကန်ကြခြင်း ဖြစ်ပါသည်။

အမျက်တော်ထွက်၍ မျက်နှာလွှဲတော်မူ၏။
သူ၏ အမျက်တော်သည် ကျွန်ုပ်တို့အပေါ်ကို အဝတ်ဝတ်ပေးလိုက်သကဲ့သို့ သက်ရောက်စေသည်။ ဟေဗြဲလူတို့က အဝတ်ဝတ်ခြင်းကို စိတ်လှုပ်ရှားခြင်းနှင့် ခိုင်းနှိုင်းလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျက်ထွက်တတ်ခြင်း"

Lamentations 44

ယေဘုယျအချက်အလက်
၃:၄၀ ဆုတောင်းချက်၏ အဆက်ဖြစ်ပါသည်။


generated on Sun Jun 30 02:37:40 2024

အကျွန်ုပ်တို့ ပဌနာစကားသည် အထံတော်သို့ မပေါက်နိုင်အောင်၊ မိုဃ်းတိမ်ဖြင့်ကိုယ်ကို ကွယ်ကာ တော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆုတောင်းသံ မရောက်နိုင်အောင် မိုဃ်းတိမ်ကို ဒိုင်းကဲ့သို့ အကာအကွယ်လုပ်ထားခြင်း။"

လှည်းပစ်သော တန်မြက်ချေး အမှိုက်ကဲ့သို့၎င်း၊ ရွံစရာအရာကဲ့သို့၎င်း ဖြစ်စေတော်မူ၏။
မလိုအပ်သော အမှိုက်ကို တံမြက်စည်းဖြင့် လှည်းပစ်ခြင်းကို ညစ်ညမ်းခြင်းကို ငြင်းပယ်ခြင်း၊ အဝေးသို့ လွှင့်ပစ်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ အသုံးမလိုတော့ပါက သင်သည် အဝေးသို့လွှင့်ပစ်ခြင်း။"

အကျွန်ုပ်တို့ကိုလူမျိုးတို့တွင်
ဖြစ်နိုင်ခြေရှိသောအဓိပ္ပါယ်များမှာ (၁) အခြားသောတိုင်းနိုင်ငံများကသူတို့ကို အမှိုက်ကဲ့သို့မြင်သည်။ သို့မဟုတ် (၂) ထာဝရဘုရားက သူတို့ကိုတခြားလူမျိုးကြားမှာ အမှိုက်ကဲ့သို့ ပစ်ပယ်ထားခြင်း။

သုတ်သင်ပယ်ရှင်း ဖျက်ဆီးခြင်း
ယေရုရှလင်မြို့ ဖျက်ဆီးခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုံးစုံ ဖျက်ဆီးခြင်း"

Lamentations 48

ငါမျက်စိသည်မြစ်ရေဖြစ်၍ စီးလျက်ရှိ၏။
"ငါငိုကြွေးသောကြောင့် ငါ့မျက်စိမှ ကျလာသောမျက်ရည်သည် မြစ်ရေစီးကဲ့သို့ စီးဆင်းနေသည်။"

ငါ၏ လူမျိုးသတို့သမီး ပျက်စီးသောကြောင့်၊
၂:၁၁ တွင် ရှုပါ။

Lamentations 51

ငါမျက်စိသည် ငါ့နှလုံးကို ပူစေတတ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါမြင်သမျှအရာသည်ငါ့ကို နာကျင်စေသည်။"

ငါ၏မြို့သမီးအပေါင်းတို့အတွက်ကြောင့်၊
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်များ

မြေတွင်း၌ ငါ့အသက်ကို ဖြတ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ရေတွင်းထဲသို့ ပစ်ချခြင်းဖြင့် သတ်လေ၏"

ငါ့အပေါ်မှာ ကျောက်ကို တင်ထားကြ၏။
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) "ငါ့အပေါ်ကျောက်ခဲနှင့်ပစ်လေသည်" သို့မဟုတ် (၂) "ရေတွင်းကို ကျောက်ခဲနှင့် ဖုံးလေသည်။"

ငါ့အသက်ကို ဖြတ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ အသတ်ခံရသည်" သို့မဟုတ် "ရေနစ်သတ်ခြင်း ခံရသည်"

Lamentations 55

ကိုယ်တော်၏နာမကို ခေါ်ပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ကယ်တင်ဖို့ ကိုယ်တော်၏ နာမကို ခေါ်ပါသည်။"

နက်သော မြေတွင်းထဲက
ဖြစ်နိုင်ချေအဓိပ္ပါယ် (၁) "အလွန်နက်သော ရေတွင်းထဲက" သို့မဟုတ် (၂) "သင်္ချိုင်းဂူထဲက"

ငါ့အသံကိုကြား၏
အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသော စကားကိုသင်ကြားပြီ။"

နားတော်ကို လွှဲတော်မမူပါနှင့်။
အခြားသောဘာသာပြန်ဆိုချက်၊ " မကြားအောင် ငြင်းပယ်တော်မမူပါနှင့်။"

Lamentations 58

အကျွန်ုပ် အသက်နှင့် ဆိုင်သောအမှုကိုစောင့်၍ ရွေးနှုတ်တော်မူပြီ။
စာရေးသူ တရားခွင်တွင် တရားစီရင်ခြင်း ခံနေရသော ပုံကိုဖေါ်ပြထားပါသည်။ ဤပုံဆောင်မှာတွင် ရှေ့နေတဦး သူ့အမှုသည်ကို ကာကွယ်ပြောဆိုနေသကဲ့သို့ ဘုရားသခင်သည် သူ့ကို ကာကွယ်ပြောဆိုနေကြောင်းပေါ်လွင်စေသည်။ "တရားခွင်မှာ ငါ့ကို ကာကွယ်တော်မူ၏"

အကျွန်ုပ်အဘို့ တရားစီရင်တော်မူပါ။
ထာဝရဘုရားသည် ရှေ့နေတစ်ဦးသာမက တရားသူကြီးတဦးကဲ့သို့ တရားစီရင်သူဖြစ်သည်"

သူတို့သည် အကျွန်ုပ်ကို ရန်ငြိုးဖွဲ့သမျှနှင့် မကောင်းသော အကြံရှိသမျှကို
"ရန်ငြိုးဖွဲ့ခြင်း"နှင့် "မကောင်းသောအကြံ" သည် တူညီသော အဓိပ္ပါယ်ရှိပြီး အတူတူတွဲသုံးရန်လည်း ရပါသည်။

သူတို့ကဲ့ရဲ့သောအကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အပေါ် မခံချင်အောင်ပြောသော စကားများ"

Lamentations 62

အကျွန်ုပ်တဘက်၌ ထသောသူတို့၏ အပြစ်တင်ခြင်း
အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို ဆန့်ကျင်သောသူတို့၏ နှုတ်မှ အပြစ်တင်ခြင်း"

အကျွန်ုပ်တဘက်၌ ထသောသူတို့
အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို ဆန့်ကျင်သောသူတို့"

သူတို့ထိုင်ခြင်း၊ ထခြင်းကို
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ ပြုလေသမျှ"

Lamentations 64

အိုထာဝရဘုရား၊ သူတို့ကျင့်သော အကျင့်နှင့် အလျောက်အကျိုးအပြစ်ကို ဆပ်ပေးတော်မူပါ
အခြားသော ဘာသာပြန်ဆိုချက်၊ "အိုယာဝေးဘုရား၊ ကျွန်ုပ်အပေါ်ပြုသော ပြစ်မှု အလျောက် သူတို့ကို စီရင်တော်မူပါ"

သူတို့စိတ်နှလုံးကို ခိုင်မာစေ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကို အရှက်ကင်းမဲ့စေ၍ နှလုံးသား ခိုင်မာစေကာ"

ထာဝရဘုရား၏ မိုဃ်းကောင်းကင်အောက်မှ
အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူတို့ ရှိသမျှသောအရပ်၌"

## Translation Questions

Lamentations 3:1

ထာဝရဘုရားသည် မိမိတဘက်၌ မည်သည့်အရာကိုဖြစ်စေသည်ဟု စာရေးသူ ဖော်ပြသနည်း။
ထာဝရဘုရားက တနေ့လုံးအထပ်ထပ်ဒဏ်ခတ်သည်။

Lamentations 3:5

ထာဝရဘုရားက သူတို့ မထွက်နိုင်အောင် မည်ကဲ့သို့ ချည်နှောင်ထားသည်ဟု စာရေးသူ ဖော်ပြထားသနည်း။
ထာဝရဘုရားက သူတို့မထွက်နိုင်အောင် ဝင်းခတ်၍ ချည်နှောင်ခဲ့သည်။

Lamentations 3:9

စာရေးသူက ထာဝရဘုရားကို မည်သည့်တိရစ္ဆာန်မျိုးနှင့် ခိုင်းနှိုင်းထားသနည်း။
ထာဝရဘုရားက ချောင်းမြောင်းသော ဝက်ဝံကဲ့သို့ စာရေးသူက ဖော်ပြထားသည်။

Lamentations 3:12

စာရေးသူက သူ၏ လူများအားလုံးအတွက် မည်သို့ဖြစ်လာသနည်း။
စာရေးသူက သူ၏ လူများအားလုံးအတွက် ကဲ့ရဲ့စရာအကြောင်းဖြစ်လာသည်။

Lamentations 3:16

ထာဝရဘုရားသည် စာရေးသူ၏မှ ငြိမ်သက်ခြင်းကိုပယ်ရှားသောအခါ စာရေးသူက မည်သို့လုပ်သနည်း။
စာရေးသူသည် ပျော်ရွှင်မှုကို သတိမရတော့။

Lamentations 3:19

စာရေးသူသည် သူ၏နာကျင်မှုကိုသတိရသောအခါ သူ့စိတ်သည် မည်ကဲ့သို့ ဖြစ်သနည်း။
စာရေးသူသည် သူ၏နာကျင်မှုကိုသတိရသောအခါမျှော်လင့်ချက်မဲ့သောသူကဲ့သို့ ဖြစ်သွားသည်။

Lamentations 3:22

နံနက်တိုင်းမှာ မည်သည့်အရာကို အသစ်တဖန်ခံစားရသည်ဟု စာရေးသူက ပြောထားသနည်း။
ထာဝရဘုရား၏ ကရုဏာတော်သည် နံနက်တိုင်းမှာ အသစ်ခံစားခြင်းကို ဖြစ်ပေါ်စေသည်ဟု စာရေးသူက ပြောထားပါသည်။

Lamentations 3:25

ထာဝရဘုရားကို မြော်လင့်လျက်စောင့်နေသောသူနှင့် ကယ်တင်တော်မူခြင်းကို မြော်လင့်လျက်၊ ငြိမ်ဝပ်လျက်နေသောသူတို့ကို ထာဝရဘုရားက မည်သို့လုပ်ပေးသနည်း။
ထာဝရဘုရားကို မြော်လင့်လျက်စောင့်နေသောသူနှင့် ကယ်တင်တော်မူခြင်းကို မြော်လင့်လျက်၊ ငြိမ်ဝပ်လျက်နေသောသူတို့ကို ထာဝရဘုရားက ကျေးဇူးပြုတော်မူသည်။

ထာဝရဘုရားက သူတို့အပေါ်ထမ်းဘိုးတင်သောအခါ သူသည် မည်သို့ ထိုင်ရမည်နည်း။
ထာဝရဘုရားက သူတို့အပေါ်ထမ်းဘိုးတင်သောအခါ သူသည် တယောက်တည်းထိုင်၍ ငြိမ်ဝပ်လျက်နေရမည်။

Lamentations 3:30

ယေရမိသည် ပူဆွေးသောက ရောက်သော်လည်း ထာဝရဘုရားက ဘာကို ပြသနည်း။
ယေရမိသည် ပူဆွေးသောက ရောက်သော်လည်း ထာဝရဘုရားက ကရုဏာတော်ကို ပြသည်။

ထာဝရဘုရားသည် လူသားများကို မည်သို့ဖြင့် မညဥ်းဆဲသနည်း။
ထာဝရဘုရားက ဆင်းရဲစေချင်သော စိတ်နှင့် လူသားများကို ဝမ်းမနည်းစေချင်ပါ။

Lamentations 3:37

အမြင့်ဆုံးသော ဘုရား၏ နှုတ်မှ မည်သည့်အရာနှစ်ခု ဖြစ်လာသနည်း။
အမြင့်ဆုံးသော ဘုရား၏ နှုတ်မှအမင်္ဂလာနှင့် မင်္ဂလာအရာနှစ်ခုဖြစ်လာသည်။

Lamentations 3:40

လူများတို့သည် လမ်းတော်တို့ကိုလိုက်စစ်ကြောလိုက်လျှောက်၍ ထာဝရဘုရားထံတော်သို့ ပြန်သွားကြသောအခါ ကောင်းကင်ဘုံရှင်ဘုရားသခင်အဖို့ မည်သည့်အရာကို လူများသည် ချီပင့်ကြရမည်နည်း။
ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင့်အထံတော်သို့ လူများတို့က နှလုံးနှင့် လက်တို့ကို ချီပင့်ကြပါသည်။

လူများတို့သည် ထာဝရဘုရားကို ဘာလုပ်ခဲ့သည်ကို ဝန်ခံသင့်သနည်း။
လူများတို့သည် ထာဝရဘုရားကို ပြစ်မှား ပုန်ကန်မိခဲ့သည်ဟု ဝန်ခံသင့်သည်။

Lamentations 3:44

လူများကြားတွင် ထာဝရဘုရားက မိမိတို့အား နေရာချခြင်းသည် အဘယ်ကြောင်းကြောင့်ဖြစ်သည်ဟု စာရေးသူ ဆိုသနည်း။
ထာဝရဘုရားသည် ထိုသူတို့အား လူများကြားတွင် အစွန့်ပစ်ခံနှင့် ငြင်းပယ်ခံရရန်အတွက် ထားခြင်းဖြစ်သည်။

Lamentations 3:48

သူ၏ မျက်စိမှ မျက်ရည်များစီးဆင်းလျက်ရှိသည်ကို စာရေးသူက မည်သို့ဖော်ပြထားသနည်း။
သူ၏ မျက်စိမှ မျက်ရည်များသည် မြစ်ရေအဖြစ် စီးဆင်းလျက်ရှိသည်။

Lamentations 3:51

သူတို့၏ ရန်သူများက ရန်ပြု၍ ရေတွင်း၌ သူ၏ အသက်ကို ဖျက်ဆီးရန်နှင့် သူ၏ အပေါ်သို့ ကျောက်ကို တင်ထားသောအခါ စာရေးသူက မည်ကဲ့သို့ ပြောခဲ့သနည်း။
"ငါသည် ဆုံးရှုံးပြီ" ဟု စာရေးသူက ပြောသည်။

Lamentations 3:55

စာရေးသူက ထာဝရဘုရား၏ နာမကို ညည်းတွား၍ အော်ဟစ်သောအခါ ထာဝရဘုရားက ဘာပြောခဲ့သနည်း။
ထာဝရဘုရားက "မကြောက်နှင့်" ဟု ပြောခဲ့သည်။

Lamentations 3:58

စာရေးသူက ထာဝရဘုရားကို သူ၏အမှုကို စီရင်ပေးရန် မည်ကဲ့သို့ တောင်းဆိုသနည်း။
စာရေးသူက ထာဝရဘုရားကို သူ၏အမှုကို တရားမျှတစွာ စီရင်ပေးရန် တောင်းဆိုခဲ့သည်။

Lamentations 3:62

ရန်သူတို့၏ ထခြင်း၊ ထိုင်၍ ကြံစည်ခြင်းတို့၌ စာရေးသူသည် မည်သည့်အရာကဲ့သို့ ဖြစ်နေသနည်း။
စာရေးသူသည် သူတို့၏ လှောင်ပြောင်၍ သီချင်းဆိုစရာအကြောင်းကဲ့သို့ ဖြစ်သည်။

Lamentations 3:64

စာရေးသူက ထာဝရဘုရားကို သူ၏ ရန်သူများတို့ကို ဘာလုပ်ပေးရန် တောင်းဆိုသနည်း။
စာရေးသူက ထာဝရဘုရားကို သူ၏ ရန်သူများတို့ ကျင့်သောအကျင့်နှင့် အလျောက်အကျိုးအပြစ်ကို ဆပ်ပေးရန် တောင်းဆိုခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 4

1 ရွှေသည် အလွန်သမ်းညိုသည်တကား။ အကောင်းဆုံးသော ရွှေသည် အလွန်ဖေါက်ပြန်သည် တကား။ သန့်ရှင်းသော
ကျောက်တို့သည် ခပ်သိမ်းသော လမ်းဝတို့၌ ဖရိုဖရဲကွဲပြားလျက်ရှိကြ၏။ 2 အမြတ်ဆုံးသော ရွှေနှင့်အမျှ အလွန်အဘိုး ထိုက်သော
ဇိအုန်မြို့သားတို့ကို၊ အိုးထိန်းသမား လုပ်သောမြေအိုးကဲ့သို့ မှတ်တတ်သည်တကား 3 မြေခွေးမတို့ပင် မိမိတို့သားငယ်တို့အား နို့သီးကို
ပေး၍နို့တိုက်တတ်၏။ ငါ၏လူမျိုးသတို့သမီးမူကား၊ တော၌နေသော ကုလားအုပ်ငှက်ကဲ့သို့ ကြမ်းကြုတ်သော သဘောရှိ၏။ 4
နို့စို့ကလေးသည် နို့ငတ်သောကြောင့်၊ လျှာသည် အာခေါင်၌ ကပ်လျက်ရှိ၏။ သူငယ်တို့သည် မုန့်ကို တောင်း၍ အဘယ်သူမျှမပေး။ 5
ကောင်းမွန်စွာ စားတတ်သော သူတို့သည် ကိုးကွယ်ရာမရှိ၊ လမ်း၌ နေကြ၏။ နီမောင်းသော အိပ်ရာ ပေါ်မှာ ပျော်မွေ့ဘူးသော
သူတို့သည် နောက်ချေးပုံကို ဘက်ရကြ၏။ 6 အဘယ်သူမျှ အားမထုတ်ဘဲချက်ခြင်း ပျက်စီး ခြင်းသို့ရောက်သော၊
သောဒုံမြို့ခံရသောအပြစ်ဒဏ် ထက်၊ ငါ၏လူမျိုးသတို့သမီးခံရသော အပြစ်ဒဏ်သည် သာ၍ကြီးပေ၏။ 7 သူ၏မှူးမတ်တို့သည်
မိုယ်းပွင့်ထက်သန့်ရှင်း၍၊ နို့ရည်ထက်လည်း ဖြူကြ၏။ သူတို့အသားသည် ကျောက်နီထက်နီ၏။ သွေးကြောလည်း နီလာနှင့်တူ၏။ 8
ယခုမူကား၊ သူတို့အဆင်းသည်မှောင်မိုက်ထက် မည်းသည်ဖြစ်၍ လမ်း၌မထင်ရှား။ သူတို့အရေသည် အရိုး၌ကပ်၍ ထင်းကဲ့သို့သွေ့
ခြောက်လေ၏။ 9 ထားဖြင့်သေသောသူသည်၊ ငတ်မွတ်၍ သေ သောသူထက် သာ၍ မင်္ဂလာရှိ၏။ ငတ်မွတ်၍ သေသောသူသည်
အသီးအနှံပြတ်ခြင်းအားဖြင့် ထိုးဖေါက်၍ ပိန်ကြုံရ၏။ 10 စိတ်ကြင်နာတတ်သော မိန်းမတို့သည် မိမိတို့ သားကိုငယ်ပြုတ်ရကြ၏။
ငါ၏လူမျိုးသတို့သမီးသည် ပျက်စီးသော ကာလ၌ မိမိတို့သားကိုပင် စားရကြ၏။ 11 ထာဝရဘုရားသည် အမျက်တော်ကို စုံလင်
စေတော်မူပြီ။ ပြင်းစွာသော အမျက်တော်အရှိန်ကို လွှတ် တော်မူပြီ။ ဇိအုန်မြို့ကို မီးရှို့၍ မြို့ရိုးအမြစ်တိုင်အောင် လောင်စေတော်မူပြီ။
12 ရန်ပြုသောသူနှင့်စစ်တိုက်သောသူသည် ယေရု ရှလင်မြို့တံခါးအတွင်းသို့ ဝင်နိုင်သည်ဟု၊ လောကီ ရှင်ဘုရင်နှင့်လောကီသတ္တဝါ
တစုံတယောက်မျှမယုံကြ။ 13 ယေရုရှလင်မြို့အလယ်၌ ဖြောင့်မတ်သော သူတို့ကို သတ်တတ်သောမြို့သားပရောဖက်တို့၏
ဒုစရိုက်များနှင့်၊ ယဇ်ပုရောဟိတ်တို့၏အပြစ်များကြောင့် ဤအမှုသည် ရောက်လေပြီ။ 14
ထိုသူတို့သည်အရူးကဲ့သို့လမ်း၌လှည့်လည်၍၊ လူအသွေးနှင့် လူးသောကြောင့်၊ သူတို့အဝတ်ကို အဘယ် သူမျှ မထိဝံ့။ 15 သွားကြ။
မစင်ကြယ်သောသူတို့၊ သွားကြ၊ သွားကြ။ မထိကြနှင့်ဟု သူတပါးတို့သည်ဟစ်တတ်ကြ၏။ အဝေးသို့ပြေး၍
အရပ်ရပ်သို့လှည့်လည်ရသောအခါ သာသနာပလူတို့က၊ သူတို့သည် မတည်းမနေရဟု ဆိုတတ်ကြ၏။ 16 ထာဝရဘုရားသည်
အမျက်တော်ထွက်၍ သူတို့ ကို ကွဲပြားစေတော်မူပြီ။ သူတို့အမှုကို ကြည့်ရှုတော်မမူ။ သူတပါးတို့သည်လည်း၊ ယဇ်ပုရောဟိတ်တို့ကို
မရိုသေ၊ အသက်ကြီးသူတို့ကို အားမနာဘဲနေကြ၏။ 17 ငါတို့သည်ရှိစဉ်တွင် မစမည့်သူကို မြော်လင့်၍ မမြင်ရကြ။
မကယ်တင်နိုင်သောလူမျိုးကို ကင်းစင်ပေါ် မှာ အကျိုးမရှိဘဲ စောင့်ကြပြီ။ 18 ငါတို့သည် လမ်း၌မသွားရမည်အကြောင်း
ငါတို့ခြေရာကို လိုက်ရှာကြ၏။ ငါတို့သည်ဆုံးချိန်နီးပြီ။ အသက်ရှင်ရသော ကာလစေ့ပြီ။ ဆုံးချိန်ရောက်လေပြီ။ 19 ငါတို့ကိုလိုက်၍
ရှာသောသူတို့သည် မိုဃ်း ကောင်းကင် ရွှေလင်းတထက်သာ၍ လျင်မြန်ကြ၏။ တောင်ရိုးပေါ်မှာလိုက်ရှာကြ၏။ တော၌လည်း ချောင်း
မြောင်းကြ၏။ 20 ငါတို့ထွက်သက်ဝင်သက်တည်းဟူသော၊ ထာဝရ ဘုရားသည် ပေးတော်မူ၍ ဘိသိတ်ခံသောအရှင်ကို သူတို့သည်
မြေတွင်း၌ ဘမ်းမိကြပြီ။ ထိုအရှင်၏ ဘုန်းတော်ကိုခိုလှုံ၍၊ ငါတို့သည်သာသနာပ လူတို့တွင် အသက်ချမ်းသာရလိမ့်မည်ဟု
အထက်ကဆိုတတ်ကြ၏။ 21 ဥဇပြည်၌ နေသော ဧဒုံသတို့သမီး၊ ဝမ်းမြောက် ရွှင်လန်းလော့။ ဖလားတော်သည် သင်ရှိရာသို့ ကူးသွား
လိမ့်မည်။ သင်သည်ယစ်မူး၍ အဝတ်အချည်းစည်း ရှိရလိမ့်မည်။ 22 အိုဇိအုန်သတို့သမီး၊ သင်ခံထိုက်သမျှသော အပြစ်ဒဏ်ကုန်ပြီ။
သင်သည် နောက်တဖန် သိမ်းသွား ခြင်းကိုမခံရ။ အိုဧဒုံသတို့သမီး၊ သင်ပြုသော ဒုစရိုက်ကို စစ်ကြော၍သင်၏အပြစ်ကို
ဘော်ပြတော်မူမည်။

---

Lamentations 01

ယေဘုယျ အချက်အလက်
ကဗျာပုဒ် အသစ်အစပြုသည်။ ရှု၊ နှင့် နှင့်။

သန့်ရှင်းသော ကျောက်တို့
ဗိမာန်တော်ကို တည်ဆောက်ရာ ကျောက်တုံးများ

ခပ်သိမ်းသော လမ်းဝတို့၌
၂:၁၈ မှ ပြန်ဆိုချက်ကို ရှု။

ဇိအုန်မြို့သားတို့
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်များမှာ (၁) ယေရုရှလင်မြို့ လူငယ်တို့။ သို့မဟုတ် (၂) ယေရုရှလင်မြို့သားတို့။

အိုးထိန်းသမား လုပ်သောမြေအိုးကဲ့သို့ မှတ်တတ်သည်တကား
အခြားသော ဘာသာပြန်ဆိုချက်၊ "အိုးထိန်းသမား၏ မြေအိုးမျှသာ တန်ပါသည်တကား"


generated on Sun Jun 30 02:37:40 2024

Lamentations 03

မြေခွေးမတို့ပင် မိမိတို့ သားငယ်တို့အား နို့သီးကိုပေး၍ နို့တိုက်တတ်၏
ခွေးအကပင် မိမိတို့ သားငယ်ကို ကျွေးမွေးကြောင်း ဆိုလိုသည်။

မြေခွေးမ
ခွေးအ၊ မသန့်ရှင်းဆုံးသော တိရစ္ဆာန်မျိုး

ငါ၏လူမျိုး သတို့သမီး
ယေရုရှလင်မြို့၏ ကဗျာအမည်ဖြစ်ပြီး၊ အမျိုးသမီးကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။ ၂:၁၁ မှ ပြန်ဆိုချက်ကို ရှု။

Lamentations 04

နီမောင်းသော အိပ်ရာပေါ်မှာ ပျော်မွေ့ဘူးသောသူတို့
ကြက်သွေးရောင် အဝတ်မှာ ချမ်းသာကြောင်း လက္ခဏာဖြစ်သည်။

Lamentations 06

ခံရသော အပြစ်ဒဏ်
ဖြစ်နိုင်ခြေများမှာ (၁) "ခံရသော စီရင်ခြင်း။" သို့မဟုတ် (၂) "အပြစ်။"

ငါ၏လူမျိုး သတို့သမီး
ယေရုရှလင်မြို့၏ ကဗျာအမည်ဖြစ်ပြီး၊ အမျိုးသမီးကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။ ၂:၁၁ မှ ပြန်ဆိုချက်ကို ရှု။

ချက်ခြင်း ပျက်စီးခြင်းသို့ရောက်သော
"ဘုရားသခင် ချက်ချင်း ဖျက်ဆီးသော"

အဘယ်သူမျှ အားမထုတ်ဘဲ
"အဘယ်သူမျှ ကူညီရန် အားမထုတ်ဘဲ"

Lamentations 07

သူ၏မှူးမတ်တို့သည် မိုဃ်းပွင့်ထက် သန့်ရှင်း၍၊ နို့ရည်ထက်လည်း ဖြူကြ၏
ဖြစ်နိုင်ခြေများမှာ၊

သူ၏မှူးမတ်တို့
ယေရုရှလင်၏ ခေါင်းဆောင်စစ်သည်များ

နီ၏
ကျန်းမာပုံရသော

ကျောက်နီ
လက်ဝတ်တန်ဆာအဖြစ် အသုံးပြုသော သမုဒ္ဒရာမှ ထွက်သည့် အနီရောင် ကျောက်တမျိုး၊ သန္တာကျောက်

နီလာ
လက်ဝတ်တန်ဆာအဖြစ် အသုံးပြုသော အဖိုးတန် အပြာရောင် ကျောက်တမျိုး

သူတို့အဆင်းသည် မှောင်မိုက်ထက် မည်းသည်
ဖြစ်နိုင်ခြေများမှာ၊ (၁) နေရောင်ကြောင့် အသားရောင် မဲမှိန်လာသည်။ သို့မဟုတ် (၂) ယေရုရှလင်မြို့မှ ထွက်သော မီးခိုးကြောင့် မျက်နှာတခုလုံး မဲမှိန်သွားသည်။

မထင်ရှား
"မသိမှတ်ကြ"

ထင်းကဲ့သို့ သွေ့ခြောက်လေ၏
အစာရေစာ မလုံလောက်သောကြောင့်

Lamentations 09

ထားဖြင့် သေသောသူ
အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူသတ်၍ သေသောသူ"

ငတ်မွတ်၍ သေသောသူ
အခြားသော ဘာသာပြန်ဆိုချက်၊ "အစာငတ်သဖြင့် သေသောသူ"

ငတ်မွတ်၍ . . . ပိန်ကြုံရ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ငတ်မွတ်၍ ပိန်ကြုံသဖြင့် ..."

အသီးအနှံ ပြတ်ခြင်းအားဖြင့် ထိုးဖေါက်၍
အစာပြတ်လတ်မှုကို ထိုးဖောက်တတ်သော ဓါးလက်နက်ကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစာခေါင်းပါးခြင်း၏ သတ်ဖြတ်မှုကို ခံရ၏"

စိတ်ကြင်နာတတ်သော မိန်းမတို့သည်
အခြားသော ဘာသာပြန်ဆိုချက်၊ "စိတ်ကြင်နာတတ်သော မိန်းမတို့သည် ကိုယ့်လက်ဖြင့်"

Lamentations 11

ထာဝရဘုရားသည် အမျက်တော်ကို စုံလင်စေတော်မူပြီ။ ပြင်းစွာသော အမျက်တော်အရှိန်ကို လွှတ်တော်မူပြီ
ယာဝေးဘုရား၏ အမျက်တော်ကို ထင်ရှားစေရန် အလုံးစုံသော အမှုကို ပြုတော်မူမည်။

ပြင်းစွာသော အမျက်တော်အရှိန်ကို လွှတ်တော်မူပြီ
ဘုရားသခင်၏ အမျက်တော်မှာ ပူပြင်းတောက်လောင်သော အရည်ကဲ့သို့ စီးကျမည်။

ဇိအုန်မြို့ကို မီးရှို့၍
ဖြစ်နိုင်ချေများမှာ၊

Lamentations 12

လောကီ ရှင်ဘုရင်နှင့် လောကီသတ္တဝါ တစုံတယောက်မျှ မယုံကြ
"လောကီသား အပေါင်းတို့ မယုံခဲ့ကြ"

ရန်ပြုသောသူနှင့် စစ်တိုက်သောသူ
ဝေါဟာရနှစ်ခုမှာ တခုတည်းကို ဆိုလိုပြီး ယေရုရှင်လင်မြို့ကို ဘေးပြုလိုသောသူများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘေးရန်ပြုလိုသော သူတို့"

ယေရုရှလင်မြို့အလယ်၌ . . . မြို့သား ပရောဖက်တို့၏ ဒုစရိုက်များနှင့်၊ ယဇ်ပုရောဟိတ်တို့၏ အပြစ်များ
ရှေ့နှင့်နောက် ဆိုလိုရင်းတခုတည်းဖြစ်ပြီး ဤသည်မှာ ယေရုရှင်လင်မြို့ ကျဆုံးရသော အကြောင်းရင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယေရုရှင်လင်မြို့၏ ပရောဖက်နှင့် ယဇ်ပုရောဟိတ်တို့သည် သူမအလယ်၌ ... ဒုစရိုက်အပြစ်များ"

ဖြောင့်မတ်သော သူတို့ကို သတ်တတ်သော
ပရောဖက်နှင့် ယဇ်ပုရောဟိတ်တို့တွင် လူ့အသက်ကို သတ်သောအပြစ် ရှိကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သော သူတို့ကို သတ်သော"

Lamentations 14

လူအသွေးနှင့် လူးသောကြောင့်
လူသတ်မှု အပြစ်ကြောင့် သူတို့မှာ မသန့်ရှင်းသောသူ၊ ဘုရားသခင်ကို ပူဇော်ရန် မထိုက်သောသူ၊ သို့မဟုတ် သာမန်လူတို့အနား မကပ်ရသောသူများ ဖြစ်ကြသည်။

Lamentations 16

သူတို့ကို ကွဲပြားစေတော်မူပြီ
ပရောဖက်နှင့့် ယဇ်ပုရောဟိတ်တို့ကို ခွဲတော်မူမည်။

သူတို့အမှုကို ကြည့်ရှုတော်မမူ
"သူတို့ကို လက်ခံတော်မမူ" သို့မဟုတ် "သူတို့ကို အသိမှတ်ပြုတော်မမူ"

Lamentations 17

ငါတို့သည် ရှိစဉ်တွင် မစမည့်သူကို မြော်လင့်၍ မမြင်ရကြ
ဖြစ်နိုင်ခြေများမှာ၊

ငါတို့ခြေရာကို လိုက်ရှာကြ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့နောက်ကို လိုက်ကြ၏"

ဆုံးချိန်
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ သေဆုံးချိန်"

Lamentations 19

ငါတို့ ထွက်သက်ဝင်သက်
အသက်ရှူမှု ကိုယ်ခန္ဓာ ရှင်သန်နိုင်သကဲ့သို့၊ လူတို့ ရှင်သန်နိုင်ရန် ဆောင်ရွက်ပေးသော ဘုရင်ကို တင်စားခေါ်တွင်သော အမည်ဖြစ်သည်။

ထိုအရှင်ကို သူတို့သည် မြေတွင်း၌ ဘမ်းမိကြပြီ
"မြေတွင်း" မှာ ရန်သူ၏ ထောင်ချောက်ဖြစ်ပြီး၊ ဘုရင်ကို ဖမ်းရန် တူးထားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ ဘုရင်ကို ဖမ်းရန် ကြံစည်၍ မိကြပြီ"

Lamentations 21

ဝမ်းမြောက် ရွှင်လန်းလော့
ရှေ့နှင့်နောက် ဆိုလိုရင်းတခုတည်းဖြစ်ပြီး၊ ပျော်ရွှင်မှု အထွတ်အထိပ် ရောက်ရှိကြောင်း လေးနက်စေသည်။ ကျမ်းပြုသူက ငေါ့ပြောရန် သုံးနှုန်းထားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဝမ်းမြောက်ကြလော့"

အို ဧဒုန်သတို့သမီး . . . အို ဒေ့သတို့သမီး
ယေရုရှလင်မြို့၏ ကဗျာအမည်ဖြစ်ပြီး၊ အမျိုးသမီးကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။ ၂:၁၁ မှ ပြန်ဆိုချက်ကို ရှု။

ဖလားတော်သည် သင်ရှိရာသို့ ကူးသွားလိမ့်မည်
ထာဝရဘုရား၏ အမျက်တော်ကို ဖလားကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်၊ ထာဝရဘုရားသည် သင့်ကိုလည်း စီရင်အုံးမည်"

he will not extend your exile
Not applicable

သင်၏အပြစ်ကို ဘော်ပြတော်မူမည်
"သင်၏ အပြစ်ကို ဖော်ပြတော်မူမည်"

## Translation Questions

Lamentations 4:1

ရွှေနှင့် သန့်ရှင်းသောကျောက်တို့သည် မည်ကဲ့သို့ ဖြစ်လာသနည်း။
ရွှေသည် အရောင်မှေးမှိန်သွားပြီး အကောင်းဆုံးသော ရွှေသည် အလွန် ဖောက်ပြန်၍ သန့်ရှင်းသော ကျောက်သည် ခပ်သိမ်းသော လမ်းဝတို့၌ ဖရိုဖရဲကွဲပြားလျက်ရှိကြသည်။

ဇိအုန်မြို့သားတို့သည် ယခုချိန်တွင် မည်သို့ တန်ဖိုးရှိလာသနည်း။
ယခုချိန်တွင် ဇိအုန်မြို့သားတို့သည် အမြတ်ဆုံးသော ရွှေနှင့်အမျှ အလွန်အဘိုးထိုက်သော အိုးထိန်းသမား လုပ်သည့် မြေအိုးကဲ့သို့ တန်ဖိုးရှိလာသည်။

Lamentations 4:3

သူတို့၏သမီးများသည် မည်ကဲ့သို့ ပြုမူကြသနည်း။
သူတို့၏ သတို့သမီးတို့သည် တော၌ နေသော ကုလားအုပ်ငှက်ကဲ့သို့ ကြမ်းကြုတ်သော စိတ်သဘောရှိသည်။

Lamentations 4:4

နို့စို့ကလေးသည် နို့ငတ်သောကြောင့် လျှာသည် မည်ကဲ့သို့ဖြစ်၍ သူငယ်တို့သည် ဘာကို တောင်းဆိုခဲ့သနည်း။
နို့စို့ကလေးသည် နို့ငတ်သောကြောင့်၊ လျှာသည် အာခေါင်၌ ကပ်လျက်ရှိ၍ သူငယ်တို့သည် မုန့်ကို တောင်းသောအခါ အဘယ်သူမျှမပေးဘဲ နေကြသည်။

ကောင်းမွန်စွာ စားတတ်သောသူတို့နှင့် နီမောင်းသောအထည်ကို ဝတ်ဆင်သောသူတို့သည် မည်ကဲ့သို့ ဖြစ်လာသနည်း။
ကောင်းမွန်စွာ စားတတ်သောသူတို့သည် ကိုးကွယ်ရာမရဖြစ်၍ အစာခေါင်းပါးကြပြီးလျှင် နီမောင်းသောအထည် ဝတ်ဆင်ထားခဲ့သော သူတို့သည် အမှိုက်ပုံတို့အပေါ်၌ ကျလိမ့်မည်။

Lamentations 4:6

သူ၏သမီးများခံရသော အပြစ်ဒဏ်သည် မည်မျှလောက်ကြီးမားသနည်း။
သူ၏သမီးများခံရသော အပြစ်ဒဏ်သည် သောဒုံမြို့ခံရသော အပြစ်ဒဏ်ထက်ကြီးမားသည်။

Lamentations 4:7

သူ၏ မှူးမတ်တို့သည် အရင်က မည်သည့်ပုံစံနှင့် တူ၍ ယခုမှာ မည်ကဲ့သို့ ဖြစ်လာသနည်း။
သူ၏မှူးမတ်တို့သည် အရင်က မိုယ်းပွင့်ထက်သန့်ရှင်း၍၊ နို့ရည်ထက်လည်း ဖြူကြ၏။ သူတို့အသားသည် ကျောက်နီထက်နီ၏။ သွေးကြောလည်း နီလာနှင့်တူ၏။ ယခုမှာ သူတို့အဆင်းသည်မှောင်မိုက်ထက် မည်းသောကြောင့် လမ်း၌မထင်ရှား။ သူတို့အရေသည် အရိုး၌ကပ်၍ ထင်းကဲ့သို့သွေ့ ခြောက်လာသည်။

Lamentations 4:9

ထားဖြင့်သေသောသူနှင့် ငတ်မွတ်၍ သေသောသူတို့ကို ယေရမိက မည်ကဲ့သို့ နှိုင်းယှဉ်၍ ပြောသနည်း။
ထားဖြင့်သေသောသူသည် ငတ်မွတ်၍ သေသောသူထက် သာ၍ မင်္ဂလာရှိသည်ဟု ယေရမိကပြောခဲ့သည်။

စိတ်ကြင်နာတတ်သော မိန်းမတို့သည် သူတို့၏ ကလေးများကို ဘာလုပ်ခဲ့ကြသနည်း။
စိတ်ကြင်နာတတ်သော မိန်းမတို့သည် သူတို့၏ ကလေးများကို ပြုတ်၍ စားစရာဖြစ်အောင် လုပ်ခဲ့ကြသည်။

Lamentations 4:11

ထာဝရဘုရားက မိမိ၏အမျက်ကို မည်ကဲ့သို့ ကျေနပ်စေခဲ့သနည်း။
ထာဝရဘုရားက မိမိ၏အမျက်ကို ဇိအုန်မြို့ကို မီးရှို့၍ မြို့ရိုးအမြစ်တိုင်အောင် လောင်စေခြင်းအားဖြင့် ကျေနပ်စေခဲ့သည်။

Lamentations 4:12

လောကီရှင်ဘုရင်များနှင့် လောကတွင်နေထိုင်သော သူများက ယေရုရှလင်မြို့တံခါးအတွင်းသို့ ဝင်နိုင်သည်ကို ဘာကြောင့် မယုံကြသနည်း။
ရန်ပြုသောသူများသည် ယေရုရှလင်မြို့တံခါးအတွင်းသို့ ဝင်နိုင်သည်ကို လောကီသတ္တဝါ တစုံတယောက်မျှမယုံကြပါ။

ယဇ်ပုရောဟိတ်များ၏ အပြစ်များနှင့် ပရောဖက်တို့၏ ဒုစရိုက်များကြောင့် ရန်သူများက ဘာလုပ်ခဲ့သနည်း။
ရန်သူများသည် ယေရုရှလင်မြို့၏ မြို့တံခါးအတွင်းသို့ ဝင်လာကြသည်။

Lamentations 4:14

ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့တွင် မည်သို့ဖြစ်ပျက်ခဲ့သနည်း။
ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့သည် အရူးကဲ့သို့ လမ်းတွင် လှည့်လည်ပြီး လူအသွေးနှင့် လူးထားသောကြောင့် သူတို့အဝတ်ကို အဘယ်သူမျှ မထိဘဲ နေကြသည်။

ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့သည် မည်သို့ ဟစ်အော်ကြသနည်း။
ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့က မစင်ကြယ်သောသူများ သွားကြ၊ မထိကြနှင့် ဟု ဟစ်အော်ကြသည်။

ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့သည် မည်သည့်နေရာသို့ သွားကြသနည်း။
ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့သည် သာသနာပလူများတို့က ကြာရှည်စွာ မနေရဟု ပြောသောအခါ အရပ်ရပ်သို့ လှည့်လည်သွားလာကြသည်။

Lamentations 4:16

ထာဝရဘုရားက ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့ကို ဘာလုပ်ခဲ့သနည်း။
ထာဝရဘုရားက ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့ကို ကွဲပြားစေ၍ သူတို့ကို မျက်နှာသာပေး၍ မကြည့်ရှုအောင် ပြုလုပ်ခဲ့သည်။

ယဇ်ပုရောဟိတ်များသည် မည်သို့လက်ခံခြင်းခံရ၍ အသက်ကြီးသူများသည် မည်သို့လက်ခံခြင်းခံရကြသနည်း။
ယဇ်ပုရောဟိတ်များသည် မရိုမသေပြုခြင်းကိုခံရ၍ အသက်ကြီးသူများသည် အားမနာခြင်းကို ခံရကြသည်။

Lamentations 4:17

မည်သည့်အရာသည် မသုံးမကျသောကူညီမှုကို ရှာ၍မတွေ့ဘဲနေသနည်း?
သူတို့၏မျက်စိများက မစမည့်သူကို မျှော်လင့်၍ မရကြပါ။

ရန်သူများက သူတို့ကို ဘာလုပ်ခဲ့သနည်း။
ရန်သူများက သူတို့ သွားခဲ့သော ခြေရာများအားဖြင့် ရှာခဲ့သည်။

သူတို့၏ အဆုံးသတ်ချိန်ကို လူများက မည်သို့ ပြောခဲ့သနည်း။
သူတို့၏ အဆုံးသတ်ချိန်ကို လူများက ဆုံးချိန်နီးပြီ၊ အသက်ရှင်သော ကာလစေ့ပြီ၊ ဆုံးချိန်ရောက်ပြီ ဟူ၍ ပြောခဲ့သည်။

Lamentations 4:19

လူများက နောက်လိုက်သောသူများကို မည်ကဲ့သို့ ဖော်ပြ၍ နောက်လိုက်သူများက ဘာကို ပြုလုပ်ခဲ့ကြသနည်း။
လူများက နောက်လိုက်သောသူများကို မိုဃ်းကောင်းကင် ရွှေလင်းတထက် ပို၍ လျင်မြန်ကြသည်ဟု ဖော်ပြပြီး သူတို့သည် တောင်ရိုးပေါ်တွင် လိုက်ရှာကြ၍ တော၌ ချောင်းမြောင်းကြသည်။

သူတို့၏ အရှင်သည် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သနည်း။
သူတို့၏အရှင်ကို ရန်သူ၏မြေတွင်း၌ ဖမ်းဆီးခဲ့ကြသည်။

Lamentations 4:21

ဧဒုံသတို့သမီးက ဘာကြောင့် ဝမ်းမြောက်ရွှင်လန်းရန် ပြောခဲ့သနည်း။
ဖလားတော်သည် သူမရှိရာသို့ ကူးသွား၍ ယစ်မူးလျက် အဝတ်ချည်းစည်း ရှိရမည့်အတွက်ကြောင့် ဧဒုံသတို့သမီးက ဝမ်းမြောက်ရွှင်လန်းရန် ပြောခဲ့သည်။

ဇိအုန်သတို့သမီးကို ဘာပြောခဲ့သနည်း။
သင်ခံထိုက်သမျှသော အပြစ်ဒဏ်ကုန်ပြီ၊ ထာဝရဘုရားက သင်သည် နောက်တဖန် သိမ်းသွားခြင်းကို မခံစေရဟု ဇိအုန်သတို့သမီးကို ပြောသည်။

ဧဒုံသတို့သမီးကို ဘာပြောခဲ့သနည်း။
သင်ပြုသော ဒုစရိုက်ကို စစ်ကြော၍ သင်၏ အပြစ်များကို ဘော်ပြတော်မူမည်ဟု ဧဒုံသတို့သမီးက ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 5

1 အိုထာဝရဘုရား၊အကျွန်ုပ်တို့၌ရောက်သော အမှုကို အောက်မေ့တော်မူပါ။ အကျွန်ုပ်တို့ခံရသော ကဲ့ရဲ့ခြင်းကိုကြည့်ရှု၍
ဆင်ခြင်တော်မူပါ။ 2 အကျွန်ုပ်တို့ အမွေခံရာမြေသည် တပါး အမျိုးသားလက်သို့၎င်း၊ နေရာအိမ်တို့သည်လည်း
တကျွန်းနိုင်ငံသားတို့လက်သို့၎င်း ရောက်ပါပြီ။ 3 အကျွန်ုပ်တို့သည် မိဘမရှိသော သူငယ်ဖြစ်ကြ ပါ၏။ အဘဆုံးပါပြီ။
အမိသည်မုတ်ဆိုးမကဲ့သို့နေရပါ၏။ 4 ငွေပေးမှရေကို သောက်ရပါ၏။ ထင်းကိုလည်း ဝယ်ရပါ၏။ 5 ထမ်းဘိုးကိုအစဉ်ထမ်းရပါ၏။
မရပ်မနေဘဲ လုပ်ကိုင်ရပါ၏။ 6 စားစရာကိုရခြင်းငှါ အဲဂုတ္တုပြည်သား၊ အာရှုရိ ပြည်သားတို့၌ ကျွန်ခံရပါ၏။ 7
ဘိုးဘေးတို့သည်ပြစ်မှား၍ သေပြီးမှ၊ အကျွန်ုပ် တို့သည် သူတို့ အပြစ်များကို ခံရပါ၏။ 8 သူ့ကျွန်တို့သည်
အကျွန်ုပ်တို့ကိုအုပ်စိုးကြပါ၏။ သူတို့လက်မှ အဘယ်သူမျှမကယ်မနှုတ်ပါ။ 9 တော၌ထားဘေးနှင့်တွေ့၍ အသေခံလျက် စားစရာကို
ရှာရကြပါ၏။ 10 မိတ်သိပ်ခြင်းအရှိန်ကြောင့် အကျွန်ုပ်တို့၏ အရေသည် မီးဖိုကဲ့သို့ မည်းပါ၏။ 11 ဇိအုန်မြို့၌မိန်းမများကို၎င်း၊
ယုဒမြို့ရွာတို့၌ မိန်းမပျိုများကို၎င်း၊ အဓမ္မပြုကြပါ၏။ 12 မှူးမတ်တို့ကို လက်ဖြင့် ဆွဲထားကြပါ၏။ အသက်ကြီးသူတို့ကိုလည်း
မရိုသေကြပါ။ 13 လူပျိုတို့သည် ကြိတ်ဆုံကို ထမ်းရကြပါ၏။ သူငယ်တို့သည်လည်း ထင်းအောက်မှာလဲရကြပါ၏။ 14
အသက်ကြီးသူတို့သည် မြို့တံခါးဝ၌၎င်း၊ လူပျို တို့သည် ပွဲသဘင်၌၎င်း ကွယ်ပျောက်ကြပါ၏။ 15 အကျွန်ုပ်တို့သည်
နှလုံးရွှင်လန်းခြင်းပြတ်၍၊ ကခြင်းအရာ၌ ညည်းတွားခြင်း ရှိကြပါ၏။ 16 အကျွန်ုပ်တို့ဆောင်းသော သရဖူသည်ကျပါပြီ။
အကျွန်ုပ်တို့သည် ပြစ်မှားသောကြောင့် အမင်္ဂလာ ရှိကြပါ၏။ 17 ထိုကြောင့်အကျွန်ုပ်တို့သည်စိတ်ပျက်ကြပါပြီ။ ထိုအပြစ်ကြောင့်
မျက်စိတို့သည်လည်း မှဲ့ကြပါ၏။ 18 လူဆိတ်ညံလျက်ရှိသော ဇိအုန်တောင်ပေါ်မှာ မြေခွေးတို့သည် သွားလာကြပါ၏။ 19
အိုထာဝရဘုရား၊ ကိုယ်တော်သည် နိစ္စ အမြဲ တည်တော်မူ၏။ ပလ္လင်တော်သည်လည်း ထာဝရပလ္လင် ဖြစ်ပါ၏။ 20 ကိုယ်တော်သည်
အဘယ်ကြောင့်အကျွန်ုပ်တို့ကို အစဉ်မပြတ် မေ့လျော့တော်မူသနည်း။ အဘယ်ကြောင့် ကာလကြာမြင့်စွာ စွန့်ပစ်တော်မူသနည်း။ 21
အိုထာဝရဘုရား၊ အကျွန်ုပ်တို့ကိုအထံတော်သို့ လှည့်စေတော်မူပါ။ သို့ပြုလျှင်၊ အကျွန်ုပ်တို့သည်ပြန်၍ လာကြပါမည်။
ရှေးကာလကဲ့သို့ အကျွန်တို့ကာလကို အသစ်ပြုပြင်တော်မူပါ။ 22 အကယ်၍ ကိုယ်တော်သည်အကျွန်ုပ်တို့ကို
ရှင်းပယ်တော်မူမည်လော။ ပြင်းစွာအမျက်ထွက်တော် မူမည်လော။

---

Lamentations 01

ယေဘုယျ အချက်အလက်
ကဗျာပုဒ် အသစ်ဖြစ်သည်။ ရှု၊ နှင့် နှင့်။

အောက်မေ့တော်မူပါ
"ဆင်ခြင်မူပါ"

ကြည့်ရှု၍ ဆင်ခြင်တော်မူပါ
"ကြည့်ရှုတော်မူပါ"

အကျွန်ုပ်တို့ အမွေခံရာမြေသည် တပါး အမျိုးသားလက်သို့၎င်း
"အကျွန်ုပ်တို့ အမွေခံရာမြေ၌ သူစိမ်းတို့ကို"

နေရာအိမ်တို့သည်လည်း တကျွန်းနိုင်ငံသားတို့လက်သို့၎င်း ရောက်ပါပြီ
"နေရာအိမ်တို့၌ တိုင်းတပါးသားတို့ကို ပေးအပ်တော်မူပြီ"

အကျွန်ုပ်တို့သည် မိဘမရှိသောသူငယ် ဖြစ်ကြပါ၏ . . . အမိသည်
မုတ်ဆိုးမကဲ့သို့ နေရပါ၏
စစ်ပွဲ၌ သေဆုံး၍ သော်လည်းကောင်း၊ ပြည်နှင်ဒဏ်ကြောင့်
အနှင်ခံရ၍ သော်လည်းကောင်း မြို့ကို ကာကွယ်မည့်
အမျိုးသားများ မရှိကြတော့ပါ။

ငွေပေးမှ ရေကိုသောက်ရပါ၏
"ရေကို သောက်ရန် ငွေပေးရပါ၏"

ထင်းကိုလည်း ဝယ်ရပါ၏
"ထင်းကိုလည်း ရန်သူထံမှ ဝယ်ရပါ၏"

Lamentations 05

ထမ်းဘိုးကိုအစဉ်ထမ်းရပါ၏
ဗာဗုလုန် စစ်တပ်ကြောင့် မိမိ အထုပ်အပိုးဖြင့်
ထွက်ပြေးကြရသည်။

. . . ၌ ကျွန်ခံရပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ ".. နှင့် မိတ်ဖွဲ့ခဲ့ပါ၏" သို့မဟုတ်
"... ထံ အရှုံးခံရပါ၏"

စားစရာကို ရခြင်းငှါ
အခြားသော ဘာသာပြန်ဆိုချက်၊ "လုံလောက်သော အစာကို
ရခြင်းငှါ"

သေပြီးမှ
အခြားသော ဘာသာပြန်ဆိုချက်၊ "လွန်ပြီးမှ"

အကျွန်ုပ်တို့သည် သူတို့အပြစ်များကို ခံရပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ အပြစ်အတွက်
အကျွန်ုပ်တို့ ခံရပါ၏"


generated on Sun Jun 30 02:37:40 2024

Lamentations 08

သူ့ကျွန်တို့သည် အကျွန်ုပ်တို့ကို အုပ်စိုးကြပါ၏
ဖြစ်နိုင်ခြေများမှာ၊ (၁) "ဗာဗုလုန်၏ ကျွန်တို့သည် အကျွန်ုပ်တို့ကို အုပ်စိုးကြပါ၏" (UDB)။ သို့မဟုတ် (၂) "ဗာဗုလုန်၌ ကျွန်ခံသောသူတို့သည် အကျွန်ုပ်တို့ကို အုပ်စိုးကြပါ၏။"

သူတို့လက်မှ အဘယ်သူမျှ မကယ်မနှုတ်ပါ
"လက်" မှာ အုပ်စိုးမှုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ထံမှ အဘယ်သူမျှ မကယ်မနှုတ်ပါ"

တောင်၌ ထားဘေးနှင့်တွေ့၍ အသေခံလျက်
အခြားသော ဘာသာပြန်ဆိုချက်၊ "တောင်၌ ဓါးဘေးနှင့်တွေ့၍ အသက်စွန့်ကာ"

Lamentations 11

ဇိအုန်မြို့၌ မိန်းမများကိုငင်း၊ ယုဒမြို့ရွာတို့၌ မိန်းမပျိုများကိုငင်း၊ အဓမ္မပြုကြပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ဇိအုန်မြို့နှင့် ယုဒမြို့ရွာတို့၌ မိန်းမနှင့် မျိုးမပျိုများ အဓမ္မပြုကြပါ၏"

မှူးမတ်တို့ကို လက်ဖြင့် ဆွဲထားကြပါ၏
ဖြစ်နိုင်ချေများမှာ၊ (၁) "သူတို့လက်ဖြင့် မှူးမတ်တို့ကို ကြိုးပေးကြပါ၏။" သို့မဟုတ် (၂) ကြိုးတဖက်ဖြင့် မှူးမတ်တို့၏ လက်များကိုငင်း၊ နောက်တဖက်ဖြင့် ခြေချောင်းများကို ဆွဲချည်ကြသည်။

Lamentations 13

သက်ကြီးသူတို့
အိုမင်းသောသူ

မြို့တံခါးဝ
သက်ကြီးသူတို့ အကြံပေးစကားများ ဝေငှရာအရပ်ဖြစ်ပြီး၊ လူမှုရေးကိစ္စများ ဆောင်ရွက်သော အရပ်လည်း ဖြစ်သည်။

ပွဲသဘင်
မြို့တံခါးဝန်းကျင်တွင် ပြုလုပ်လေ့ရှိသော လူမှုရေးရာ ပွဲ

Lamentations 15

အကျွန်ုပ်တို့ဆောင်းသော သရဖူသည် ကျပါပြီ
ဖြစ်နိုင်ခြေများမှာ၊

Lamentations 17

မျက်စိတို့သည်လည်း မွဲကြပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "မျက်ရည်ကြောင့် မျက်စိမှုန်ဝါးကြပါ၏"

မြေခွေးတို့
ခွေးအ၊ ၄:၃ မှ ပြန်ဆိုချက်ကို ရှု။ ပျက်စီး၍ စွန့်ပစ်ခံရသော နေရာများတွင် ခွေးအမှစသော တောရိုင်းတိရစ္ဆာန်တို့ နေထိုင်တတ်ကြသည်။

Lamentations 19

ပလ္လင်တော်သည်လည်း
"တန်ခိုးနှင့် အာဏာသည်လည်း"

ထာဝရပလ္လင် ဖြစ်ပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရ တည်ပါ၏"

ကိုယ်တော်သည် အဘယ်ကြောင့် အကျွန်ုပ်တို့ကို အစဉ်မပြတ် မေ့လျော့တော်မူသနည်း။ အဘယ်ကြောင့် ကာလကြာမြင့်စွာ စွန့်ပစ်တော်မူသနည်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အကျွန်ုပ်တို့ကို အစဉ်မေ့လျော့၍ ကာလကြာမြင့်စွာ စွန့်ပစ်မည်အလား ရှိတော်မူ၏"

ရှေးကာလကဲ့သို့ အကျွန်ုတို့ကာလကို အသစ်ပြုပြင်တော်မူပါ
အခြားသော ဘာသာပြန်ဆိုချက်၊ "ယခင်ကဲ့သို့ အကျွန်ုပ်တို့ အသက်တာကို တဖန်ကောင်းမွန်စေတော်မူပါ" သို့မဟုတ် "ယခင်ကဲ့သို့ အကျွန်ုပ်တို့ကို တဖန်ခိုင်ခံ့စေတော်မူပါ"

ရှေးကာလကဲ့သို့ . . . အကယ်၍ ကိုယ်တော်သည် အကျွန်ုပ်တို့ကို ရှင်းပယ်တော်မူမည်လော။ ပြင်းစွာ အမျက်ထွက်တော်မူမည်လော
ဖြစ်နိုင်ခြေများမှာ၊

---

## Translation Questions

Lamentations 5:1

ယေရမိသည် ထာဝရဘုရားအား မည်သည့်အမှုကို ပြုလုပ်တော်မူရန် မေးမြန်းခဲ့သနည်း?
သူတို့၌ ရောက်သောအမှုကို အောက်မေ့၍ ခံရသော ကဲ့ရဲ့ခြင်းကို ကြည့်ရှုရန် ယေရမိက မေးမြန်းခဲ့သည်။

မိမိတို့၏အမွေခံရာပြည်တွင် မည်သို့ဖြစ်ပျက်သည်ဟု ယေရမိသည် ထာဝရဘုရားကို ပြောခဲ့သနည်း။
ယေရမိက သူတို့၏ အမွေခံရာမြေသည် တပါးအမျိုးသားလက်သို့ငင်း၊ နေရာအိမ်တို့သည် တကျွန်းနိုင်ငံသားတို့လက်သို့ငင်း ရောက်ပါပြီဟု ထာဝရဘုရားကို ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Lamentations 5:5

သူတို့၌ ဖြစ်ပျက်သည့်အရာကို ယေရမိက မည်ကဲ့သို့ ဖော်ပြထားသနည်း။
သူတို့သည် စားစရာကိုရခြင်းငှာ အဲဂုတ္တုပြည်သား၊ အာရှုရိပြည်သားတို့၌ ကျွန်ခံရပြီး မရပ်မနေဘဲ လုပ်ကိုင်ရကြသည်ဟုဖော်ပြထားသည်။

လူများက အပြစ်နှင့် ပတ်သက်၍ ဘာပြောခဲ့သနည်း။
ဘိုးဘေးတို့ ပြစ်မှားခဲ့သော အပြစ်များကို သူတို့သည် ပြန်ခံရမည်ဟု လူများက အပြစ်နှင့် ပတ်သက်၍ ပြောခဲ့သည်။

Lamentations 5:8

ကျွန်များနှင့်ပတ်သက်၍ လူများက ဘာပြောခဲ့သနည်း။
ကျွန်များသည် သူတို့ကိုအုပ်စိုး၍ သူတို့ကို ကယ်တင်ရန်အဘယ်သူမျှမရှိပါဟု လူများက ပြောကြသည်။

သူတို့သည် စားစရာကို ရှာသောအခါ သူတို့ကိုယ်သူတို့ မည်သို့ ဖော်ပြသနည်း။
တော၌ ထားဘေးနှင့် တွေ့ကြုံ၍ အသေခံလျက် စားစရာကို ရှာသောသူကဲ့သို့ ဖော်ပြထားသည်။

သူတို့၏အသားအရေကို မည်ကဲ့သို့ ဖော်ပြထားသနည်း။
မွတ်သိပ်ခြင်းအရှိန်ကြောင့် သူတို့အသားအရည်သည် မီးဖိုကဲ့သို့ မည်းသည်ဟု ဖော်ပြထားသည်။

Lamentations 5:11

မိန်းမများနှင့် မိန်းမပျိုများသည် ဘာဖြစ်ပျက်ခဲ့သနည်း။
ဇိအုန်မြို့တွင်နေသောမိန်းမများနှင့် ယုဒမြို့ရွာများရှိ မိန်းမပျိုများသည် အဓမ္မပြုခြင်းကို ခံရကြသည်။

မှူးမတ်များနှင့် အသက်ကြီးသူများသည် ဘာဖြစ်ပျက်ခဲ့သနည်း။
မှူးမတ်များသည် လက်ဖြင့် ဆွဲထားခြင်းကို ခံရ၍ အသက်ကြီးသူတို့သည် မရိုသေခြင်းကို ခံခဲ့ရသည်။

Lamentations 5:13

လူပျိုများနှင့် ငယ်ရွယ်သောသူများသည် ဘာဖြစ်ပျက်ခဲ့သနည်း။
လူပျိုများသည် ကြိတ်ဆုံကို ထမ်းရ၍ ငယ်ရွယ်သောသူများသည် ထင်းအောက်တွင် လဲနေကြသည်။

အသက်ကြီးသူများနှင့် လူပျိုတို့တွင် ဘာဖြစ်ပျက်ခဲ့သနည်း။
အသက်ကြီးသူများသည် မြို့တံခါးဝတွင်၎င်း၊ လူပျိုတို့သည် ပွဲသဘင်တွင်၎င်း ကွယ်ပျောက်သွားကြရသည်။

Lamentations 5:15

သူတို့၏ နှလုံးရွှင်လန်းခြင်း၊ ကခုန်ခြင်း၊ သရဖူများကို မည်သို့ ဖော်ပြထားသနည်း။
သူတို့၏ နှလုံးရွှင်လန်းခြင်းသည် ပြတ်၍ ကခုန်ခြင်းအရာတွင် ညည်းတွားခြင်း၊ သူတို့ဆောင်းသော သရဖူသည် ခေါင်းမှ ကျသွားခြင်းဟု ဖော်ပြထားသည်။

Lamentations 5:17

သူတို့၏ စိတ်နှလုံးနှင့် မျက်စိတို့သည် မည်သို့ဖြစ်ကြောင်းပြောသနည်း။
သူတို့၏ စိတ်နှလုံးသည် စိတ်ပျက်ကြ၍ မျက်စိတို့သည် မှဲ့သွားကြသည်။

Lamentations 5:19

ထာဝရဘုရား၏ တည်ရှိခြင်းနှင့် ပလ္လင်တော်အကြောင်းကို မည်သို့ ဖော်ပြထားသနည်း။
ထာဝရဘုရားသည် နိစ္စအမြဲတည်တော်မူ၍ ပလ္လင်တော်သည် ထာဝရပလ္လင်ဖြစ်သည်ဟု ဖော်ပြထားသည်။

သူတို့က ထာဝရဘုရားကို ဘာမေးခဲ့ကြသနည်း။
ထာဝရဘုရားသည် သူတို့ကို အစဉ်မေ့လျော့တော်မူသည် သို့မဟုတ် သူတို့ထံသို့ပြန်လှည့်လာမည် ကိုမေးကြသည်။

# Ezekiel

## Chapter 1

1 သက္ကရာဇ်သုံးဆယ်ပြည့်၊ ယေခါနိမင်းကြီး နန်းကျပဥ္စမနှစ်၊ စတုတ္ထလငါးရက်နေ့၌ ငါသည် သိမ်းသွားသော သူတို့တွင်
ခေဗာမြစ်နားမှာရှိနေစဉ်၊ 2 မိုဃ်းကောင်းကင်ပွင့်၍ ဘုရားသခင်၏ဗျာဒိတ် ရူပါရုံတို့ကို မြင်ရ၏။ 3 ထိုအခါခါလဒဲပြည်၊
ခေဗာမြစ်နားမှာ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည် ယဇ်ပုရောဟိတ် ဗုဇိသားယေဇကျေလ အမည် ရှိသော ငါဆီသို့ရောက်၍၊
ထာဝရဘုရား၏လက်တော်သည် ငါ့အပေါ်မှာ တင်လျက်ရှိ၏။ 4 ငါကြည့်ရှု၍၊ ပြင်းစွာသော လေကြီးစွာသော မိုဃ်းတိမ်၊
ထွန်းလင်သော မီးစက်သည် မြောက်မျက်နှာမှ ပေါ်လာ၏။မီးစက်ထဲက ဟရှမေလရွှေရောင် ထွက် လေ၏။ 5 ထိုမီးစက်ထဲမှာ
သတ္တဝါလေးပါးတို့သည် ထင်ရှားကြ၏။ ထိုသတ္တဝါတို့၏ အဆင်းသဏ္ဍာန်ဟူမူကား၊ လူ၏ပုံသဏ္ဍာန်ကိုဆောင်၍၊ 6 မျက်နှာလေးခုစီ၊
အတောင်လည်း လေးခုစီ ရှိကြ၏။ 7 ခြေထောက်သည် ဖြောင့်သေည ခြေထောက်ဖြစ်၏။ ခြေဘဝါးသည် နွားသငယ်၏
ခြေဖဝါးကဲ့သို့ ဖြစ်၍ ဦးသစ်သော ကြေးဝါကဲ့သို့ တောက်လေ၏။ ကိုယ်လေးမျက်နှာအတောင်အောက်၌ လူလက်ရှိ၏။ 8
ထိုလေးပါးတို့သည် မျက်နှာတို့နှင့်ငှင်း၊ အတောင်တို့နှင့်ငှင်း ပြည့်စုံကြ၏။ 9 အတောင်ချင်းတခုနှင့်တခု စပ်လျက်ရှိ၍၊ ထိုသတ္တဝါတို့
သွားသောအခါတပါးမျှ မလည်ဘဲ တည့်တည့်သွားတတ်ကြ၏။ 10 မျက်နှာအဆင်းသဏ္ဍာန်ဟူမူကား၊ သတ္တဝါ လေးပါးတို့သည်
လက်ျာဘက်၌ လူမျက်နှာ၊ ခြင်္သေ့ မျက်နှာနှင့်ငှင်း၊ လက်ဝဲဘက်၌နွားမျက်နှာ၊ ရွှေလင်းတ မျက်နှင်နှင့်ငှင်း ပြည့်စုံကြ၏။ 11
အတောင်များတို့သည် အထက်သို့ပြန့်၍၊ အတောင်နှစ်ခုချင်းစပ်လျက်၊ နှစ်ခုဖြင့် ကိုယ်ကိုဖုံးလျက် ရှိကြ၏။ 12 ထိုသတ္တဝါတို့သည်
ဝိညာဉ်တော်သွားခွင့်ရှိသည် အတိုင်း သွားကြ၏။ သွားသောအခါတပါးမျှ မလည်ဘဲ တည့်တည့်သွားတတ်ကြ၏။ 13 ထိုသတ္တဝါတို့၏
အဆင်းအရောင်သည်ကား၊ တောက်သော မီးခဲအရောင်၊ မီးခွက်အရောင်နှင့်တူ၏။ မီးသည်တောက်လျက် သတ္တဝါတို့တွင် အနှံ့အပြား
လှည့်လည်၍ မီးထဲက လျှပ်စစ်ပြက်လေ၏။ 14 သတ္တဝါတို့သည်လည်း လျှပ်စစ်နွယ်ကဲ့သို့ အရောင်တောက်၍၊ ပြေးလျက်
ပြန်လာလျက်ရှိကြ၏။ 15 ထိုသတ္တဝါတို့ကို ငါကြည့်ရှုစဉ်၊ သူတို့အနားမှာ လေးပိုင်းရှိသော ရထားဘီးတခုစီ ထင်ရှား၏။ 16
ထိုရထားဘီးတို့၏ အဆင်းအရောင်သည်ကား၊ ကျောက်မျက်ရွှဲ အဆင်းအရောင်နှင့်တူ၏။ ထိုလေးခုတို့ သည်
အဆင်းအရောင်တညီတည်း ရှိကြ၏။ ပုံသဏ္ဍာန်မူ ကား၊ ဘီးတခုအထဲ၌ ဘီးတခုတပ်သကဲ့သို့ဖြစ်၏။ 17 သွားသောအခါ
ဘီးလေးမျက်နှာတို့သည် တညီတည်းဖြစ်၍ မလည်ဘဲသွားတတ်ကြ၏။ 18 ဘီးဝန်းတို့သည်လည်း မြင့်၍ ကြောက်မက်ဘွယ်
ဖြစ်ကြ၏။ ထိုလေးပါးတို့သည်မျက်စိနှင့်ပြည့်ကြ၏။ 19 သတ္တဝါတို့သည် သွားသောအခါ၊ ဘီးတို့သည် လည်း ထက်ကြပ်ပါကြ၏။ 20
သတ္တဝါတို့သည် မြေကြီးနှင့်ကွာ၍ တက်သော အခါ၊ ဘီးတို့သည်လည်း တက်ကြ၏။ ဝိညာဉ်တော် သွားခွင့်ရှိသည်အတိုင်း၊
သူတို့သည်လည်း သွားကြ၏။ ဘီးတို့သည်လည်း သူတို့နှင့်ထက်ကြပ်တက်၍ လိုက်ကြ ၏။ သတ္တဝါတို့၏ ဝိညာဉ်သည်ဘီးတို့၌ရှိ၏။
21 သူတို့သွားသောအခါဘီးတို့သည်သွားကြ၏။ သူတို့ရပ်သောအခါ ဘီးတို့သည်ရပ်ကြ၏။ သူတို့သည် မြေကြီးနှင့်ကွာ၍
တက်သောအခါ၊ ဘီးတို့သည်လည်း သူတို့နှင့်ထက်ကြပ်တက်၍လိုက်ကြ၏။ အကြောင်းမူကား၊ သတ္တဝါတို့၏ဝိညာဉ်တော်သည်
ဘီးတို့၌ရှိ၏။ 22 ထိုသတ္တဝါတို့၏ ခေါင်းများအပေါ်မှာ မိုဃ်း မျက်နှာကြက်၏ အဆင်းအရောင်သည်ရှိ၍၊ ကြောက်မက် ဘွယ်သော
ကျောက်သလင်းမျက်နှာကြက်ကဲ့သို့ဖြစ်၏။ 23 မိုဃ်းမျက်နှာကြက်အောက်မှာ သူတို့အတောင် များသည်
တခုသို့တခုတည့်တည့်ပြန့်လျက်ရှိ၍၊ ပြင်ဘက် ၌လည်း ကိုယ်ကိုဖုံးစရာဘို့ အတောင်နှစ်ခုစီရှိ၏။ 24 သူတို့သွားသောအခါ
သမုဒ္ဒရာရေသံကဲ့သို့ငှင်း၊ အနန္တတန်ခိုးရှင်၏အသံတော်ကဲ့သို့ငှင်း၊ အတောင်တို့မြည်သောအသံကို ငါကြား၏။ စကားသံသည်လည်း
လူအလုံးအရင်း၏ စကားသံကဲ့သို့ဖြစ်၏။ ရပ်သောအခါ အတောင်တို့ကို ချလျက်နေကြ၏။ 25 ရပ်၍အတောင်တို့ကို ချသောအခါ၊
သူတို့၏ ခေါင်းများအပေါ်မှာ မိုဃ်းမျက်နှာကြက်ထဲက စကားသံ သည် ထွက်၏။ 26 သူတို့၏ခေါင်းများအထက်၊ မိုဃ်းမျက်နှက်ကြက်
အပေါ်၌လည်း နီလာကျောက်ကဲ့သို့ အဆင်းအရောင် ရှိသော ရာဇပလ္လင်သဏ္ဍာန်ပေါ်၏။ ပလ္လင်သဏ္ဍာန် အပေါ်၌လည်း
လူပုံသဏ္ဍာန်ကဲ့သို့ ပေါ်၏။ 27 ပလ္လင်အတွင်း၌ငှင်း၊ ပတ်လည်၌ငှင်း၊ ခါး သဏ္ဍာန်မှသည် အထက်ပိုင်း၌ ဟရှမေလရွှေအရောင်
နှင့်မီးအရောင်ကဲ့သို့ ထင်ရှား၏။ အောက်ပိုင်း၌ မီး အရောင်ကဲ့သို့ ထင်ရှား ၍ ပတ်လည်၌ ထွန်းတောက်လေ၏။ 28
ထိုသို့ထွန်းတောက်သော အရောင်သည် မိုဃ်း ရွာသောနေ့တွင်၊ မိုဃ်းတိမ်၌ပေါ်သော သက်တံ့၏ အရောင်ကဲ့သို့ ဖြစ်၏။ ဤရွှေကား၊
ထာဝရဘုရား၏ ဘုန်းတော်သဏ္ဍာန်အဆင်းအရောင်ဖြစ်သတည်း။

---

Ezekiel 01

သက္ကရာဇ်သုံးဆယ်
ယေဇကျေလ အသက် ၃၀ ပြည့်သောအချိန်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Ezekiel 01

သက္ကရာဇ်သုံးဆယ်
ယေဇကျေလ အသက် ၃၀ ပြည့်သောအချိန်ဖြစ်သည်။

စတုတ္ထလငါးရက်နေ့
ဟေဗြဲပြက္ခဒိန်၏ လေးလမြောက်ကို ဆိုလိုခြင်းဖြစ်ပြီး ၎င်းလ၏ ၅ ရက်နေ့သည် အနောက်တိုင်းပြက္ခဒိန်အရ ဇွန်လကုန်ပိုင်းဖြစသည်။

...ရှိနေစဉ်
အရေးကြီးသောအဖြစ်အပျက်တစ်ခုကို ဖော်ပြလိုသဖြင့်၊ မည်သို့ဖြစ်ပျက်သည်ကို ဖော်ပြသောစကားစုဖြစ်သည်။ မိမိ၏ဘာသာစကားဖြင့် အသုံးပြုနိုင်မည်ဆိုလျှင် ပြန်ဆိုပြီး ရေးသားနိုင်ပါသည်။

ငါသည်သိမ်းသွားသောသူတို့တွင်ရှိနေစဉ်
'ငါ' ဟုဆိုရာ၌ 'ယေဇကျေလ' ကို ရည်ညွှန်းပြီး သူကိုယ်တိုင်လည်း သိမ်းသွားခြင်းထဲတွင် ပါဝင်သူတစ်ယောက်ဖြစ်ကြောင်းဖော်ပြသည်။

ထာဝရဘုရား၏ ဗျာဒိတ်တော် ရူပါရုံတို့ကို မြင်ရ၏
ထာဝရဘုရားသည် သာမာန်အားဖြင့် မဖြစ်နိုင်ဟု ယူဆရသော အရာများကို ကျွန်ုပ်တို့အား ဖွင့်ပြလေ၏။

ယေခါနိမင်းကြီးနန်ကျ ပဉ္စမနှစ်
ယေဇကျေလ ကျမ်းတွင် သူ၏ ပရောဖက်ပြုချိန်ကို ဖော်ပြရာတွင် ဗာဗုန်လုန်တို့က ရေခါနိမင်းကြီးကို ယေရုရှလင်မြို့မှ နန်းချသော အချိန်ကို အခြေခံလေ့ရှိသည်။

ယေဇကျေလ အမည်ရှိငါ့ဆီသို့...ငါ့အပေါ်မှတင်လျက်
ယေဇကျေလသည် သူ၏နာမည်ကို မြွက်ဆိုပြီးသူ့အပေါ် ဖြစ်ပျက်သောအရာများကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ 'ငါယေဇကျေလ...ငါ့အပေါ်တွင်'။

ထာဝရဘုရား၏နှုတ်ကပတ်တော်သည်
တန်ခိုးတော်နှင့်အတူယေဇကျေလဆီသို့ ရောက်၍
ထာဝရဘုရားသည် ယေဇကျေလကို ပြင်းပြစွာစကားပြောသည်။

ဗုဇိ
အမျိုးသားတစ်ယောက်အမည် ဖြစ်သည်။

ခေဗာမြစ်
ခါလဒဲဒေသခံများက သူတို့၏ ဥယျာဉ်ခြံမြေများအတွက် ရေရှိရေးအောင် တူဖော်ထားသောတူးမြောင်း။ ခေဗာမြစ်။

ထာဝရဘုရား၏လက်တောသည်ငါ့အပေါ်မှာတင်လျက်ရှိ၏
'လက်' ဟုဆိုရာ၌ တစ်စုံတစ်ယောက်၏ တန်ခိုး သို့မဟုတ် လှုပ်ရှားမှုကို ရည်ညွှန်းသည်။ လူတစ်ယောက်သည် သူ၏ လက်အား အခြားတစ်ယောက်အပေါ်သို့ တင်ခြင်းသည် လက်တင်ခံရသူအပေါ် အခွင့်အာဏာရှိကြောင်း ဖော်ပြသည်။

အခြားသောဘာသာပြန်ဆိုချက်။ 'ထာဝရဘုရားသည် ငါ့ကို ထိန်းချုပ်သည်။'

ထာဝရဘုရား
ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ အမည်နာမကို ဖော်ပြခြင်းဖြစ်သည်။

Ezekiel 04

ဆက်စပ်ဖော်ပြချက်
ယေဇကျေလသည် သူ့ရူပါရုံကို ဆက်လက်ဖော်ပြသည်။

ပြင်းစွာသော လေကြီးစွာသော မိုဃ်းတိမ်
လေတိုက်နှုန်းပြင်းစွာဖြင့် ဖြစ်ပေါ်လာသော မုန်တိုင်းကို ဆိုလိုသည်။

မြောက်မျက်နှာမှ ပေါ်လာ၏
နေထွက်ရာအရပ်ကို မျက်နှာမူ၍ နေလျှင် သင်၏ လက်ဝဲလက်က ညွှန်ပြသော အရပ်ကိုဆိုလိုသည်။

ထိုမီးစက်ထဲမှာ ... ထင်ရှားကြ၏
ထိုလေမုန်တိုင်းသည် မိုးတိမ်များနှင့် ၎င်းတို့ အတွင်းမှ မီးလျှံများ ထွက်လာလေတိုက်ခတ်သည် ဟုပြန်ဆိုနိုင်သည်။

ထွန်းလင်းသော မီးစက်
အဓိပ္ပါယ်များမှာ ၁) လျှပ်စီးလက်သကဲ့သို့ဖြစ်သည်၊ သို့မဟုတ် ၂) မီးလောင်နေသည့်အလား လင်းလက်သည် ဟုဘာသာပြန်နိုင်သည်။

... ထိုမီးစက်ထဲမှာ
အလွန်လင်းလက်သော အရောင်သည် ၎င်းတိမ်ပတ်လည်နှင့် အထဲတွင် ရှိသည်။

ဟရုဓေလရွှေရောင်
အဝါရောင်ထွက်သော ဟရုဓေလ၊ အဝါရောင်တောက်သည်။ ပယင်းရောင်ထွက်သည်။

ဟရုဓေလ (ပယင်း)
မာကြောသော အဝါရောင်သစ်စေးဖြစ်ပြီး လက်ဝတ်ရတနာများကို အလှဆင်ရာတွင် အသုံးပြုသည်။

... မီးစက်ထဲမှာ
၎င်းမုန်တိုင်းအထဲတွင်။

ထိုသတ္တဝါတို့၏ အဆင်းသဏ္ဌာန်ဟူမူကား
သတ္တဝါကဲ့သို့ပုံပေါ်သော၊ သတ္တဝါနှင့်တူသော အကောင်လေးကောင်ရှိသည်။

ထိုသတ္တဝါတို့၏ အဆင်းသဏ္ဌာန်ဟူမူကား
သတ္တဝါတို့၏ အသွင်သဏ္ဌာန်ကို ဖော်ပြခြင်းဖြစ်သည်။

လူ၏ပုံသဏ္ဌာန်ကိုဆောင်၍
ထိုသတ္တဝါများ၏ပုံသဏ္ဌာန်သည် လူကဲ့သို့ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

မျက်နှာလေးခုစီ၊ အတောင်လည်း လေးခုစီ ရှိကြ၏။
သတ္တဝါတစ်ပါးချင်းစီတွင် ရှိသော မျက်နှာ အရေအတွက်နှင့်တောင်ပံ အရေအတွက်ဖြစ်သည်။ ခန္ဓာကိုယ်အရှေ့ဘက်တွင် မျက်နှာတစ်ခု၊ နောက်ကျောဘက်တွင် တစ်ခု၊ ဘေးတစ်ဖက်စီတွင် မျက်နှာတစ်ခုစီ (မျက်နှာလေးခု) ရှိကြောင်းဖော်ပြထားသည်။

Ezekiel 07

ဆက်စပ်ဖော်ပြချက်
ယေဇကျေလ သည် သူ့ရူပါရုံကို ဆက်လက်ဖော်ပြသည်။

ခြေဖဝါးသည် နွားသငယ်၏ခြေဘဝါးများကဲ့သို့ဖြစ်၍
ထိုသတ္တဝါတို့၏ ခြေဖဝါးများသည် နွားသငယ်များ၏ခြေခွါကဲ့သို့ ဖြစ်ကြ၍။

နွားသငယ်၏ ခြေဖဝါး
နွားခြေဖဝါး အောက်ဘက်ရှိ မာကျောသောအောက်ခံ။

ကြေးဝါကဲ့သို့ တောက်လေ၏
ပြောင်ချောနေအောင် ပွတ်တိုက်ထားသော ကြေးဝါပြားကဲ့သို့ အရောင်တောက်သည်။ ကျမ်းချက်တွင်ဖော်ပြထားသော သတ္တဝါများ၏ ခြေဖဝါးများမှ ထွက်လာသော အရောင်ကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်။ "ပွတ်တိုက်ထားသော ကြေးဝါကဲ့သို့ လင်းလက်သည်"

ကိုယ်လေးမျက်နှာ
သူတို့ ခန္ဓာကိုယ်၏ လေးဘက်စလုံးတွင်။

ထိုလေးပါးတို့သည် မျက်နှာတို့နှင့်၎င်း၊ အတောင်တို့နှင့်၎င်း
ထိုသတ္တဝါလေးပါး၏ အတောင်များနှင့် မျက်နှာများကို ဆိုလိုသည်။

သွားသောအခါတပါးမျှ မလည်ဘဲ တည့်တည့်သွားတတ်ကြ၏
ထိုသတ္တဝါတို့သည် သွားသောအခါ လုံးဝမလှည့်ကြ။

Ezekiel 10

ဆက်စပ်မှုဖော်ပြချက်
ယေဇကျေလ သည် သူ့ရူပါရုံကို ဆက်လက်ဖော်ပြသည်။

မျက်နှာအဆင်းသဏ္ဍာန်ဟူမူကား၊ ... လူမျက်နှာ
ယေဇကျေလသည် အရှေ့ဘက်မှကြည့်၍ မြင်ရသော သတ္တဝါလေးပါးတို၏ မျက်နှာကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရှေ့ဘက်မှကြည့်လျှင်တွင် လူမျက်နှာနှင့်တူသည်"

လက်ျာဘက်၌ ...ခြင်္သေ့ မျက်နှာနှင့်၎င်း
လူမျက်နှာနှင့် ခြင်္သေ့မျက်နှာသည် ထိုသတ္တဝါကို လေးပါးတို့၏ ဦးခေါင်းများ၏ ညာဘက်ခြမ်းတွင် ရှိကြောင်းဖော်ပြခြင်းဖြစ်သည်။

လက်ဝဲဘက်၌နွားမျက်နှာ၊
ဘယ်ဘက်ခြမ်းတွင် နွားမျက်နှာနှင့် ရွှေလင်းတမျက်နှာတို့ကဲ့သို့ သော မျက်နှာများရှိကြောင်း ဖော်ပြခြင်းဖြစ်သည်။

ရွှေလင်းတ မျက်နှင်နှင့်၎င်း ပြည့်စုံကြ၏
နောက်ဆုံးတော့ ခေါင်း၏ အနောက်ဘက်ခြမ်းသည် ရွှေလင်းတမျက်နှာ ကဲ့သို့ ဖြစ်သည်။

အတောင်များတို့သည် အထက်သို့ပြန့်၍၊ အတောင်နှစ်ခုချင်းစပ်လျက်၊
သတ္တဝါတစ်ပါးတိုင်းသည် ၎င်းတို့၏ အတောင်ပံ တစ်စုံစီကို အထက်သို့ ဖြန့်ထားကြခြင်းဖြင့် တောင်ပံများတစ်ခုနှင့် တစ်ခု ထိစပ်စေခြင်းကို ဖော်ပြသည်။

နှစ်ခုဖြင့် ကိုယ်ကိုဖုံးလျက်
ကျန်တောင်ပံနှစ်ခုစီဖြင့် ၎င်းတို့၏ခန္ဓာကိုယ်ကို ဖုံးကြသည် ဟုဖော်ပြခြင်းဖြစ်သည်။

တည့်တည့်သွားတတ်ကြ၏။
သတ္တဝါတစ်ပါးချင်းသည် အရှေ့ဘက်သို့ တည့်တည့်ကြည့်၍ သွားကြသည်။

Ezekiel 13

ဆက်စပ်မှုဖော်ပြချက်
ယေဇကျေလသည် သူ့ရူပါရုံကို ဆက်လက်ဖော်ပြသည်။

အဆင်းအရောင်သည်ကား၊ တောက်သော မီးခဲအရောင်၊ မီးခွက်အရောင်နှင့်တူ၏
မီးပုံထဲကမီးသွေးခဲနှင့်လည်းကောင်း၊ လောင်နေသောမီးတုတ်နှင့်တူ၏။

မီးသည်တောက်လျက်
မီးထဲမှ လျှပ်စီးလက်လာသည်။

သတ္တဝါတို့သည်လည်း လျှပ်စစ်နွယ်ကဲ့သို့ အရောင်တောက်၍၊ ပြေးလျက် ပြန်လာလျက်ရှိကြ၏။
လျှပ်စီးလက်ခြင်းသည် ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်၍၊ တနေရာမှတနေရာသို့ ရွေ့လျားသွားလာကြ၏။

Ezekiel 15

ဆက်စပ်ဖော်ပြချက်
ယေဇကျေလသည် သူ့ရူပါရုံကို ဆက်လက်ဖော်ပြသည်။

တို့အနားမှာ လေးပိုင်းရှိသော ရထားဘီးတခုစီ ထင်ရှား၏
သတ္တဝါလေးပါးအတွက် လုံလောက်မည့် ရထားဘီးလေးခုရှိကြောင်းဖော်ပြခြင်းဖြစ်သည်။ ၎င်းသတ္တဝါတို့မျက်နှာမူရာအရပ်အတိုင်း အဆင်သင့်ရှိသော ရထားဘီးများဖြစ်သည်။

ထိုရထားဘီးတို့၏ အဆင်းအရောင်သည်ကား
ထိုရထားဘီးများ၊ မည်သို့သောအရောင်ရှိသည်၊
မည်သို့ပြုလုပ်သည်ကို ဖော်ပြလိုခြင်းဖြစ်သည်။

ကျောက်မျက်ရွဲ
အဝါရောင်၊ ရွှေရောင်ရှိသော အဖိုးတန်ကျောက်တစ်မျိုး၊
ကျောက်မျက်ရတနာတစ်မျိုး။

အဆင်းအရောင်တညီတည်း ရှိကြ၏
ရထားဘီးလေးခုစလုံးတူညီသော ပုံသဏ္ဌာန်၊ အရောင်အဆင်း
ရှိကြသည်။

ဘီးတခုအထဲ၌ ဘီးတခုတပ်သကဲ့သို့ဖြစ်၏။
အဝေးမှ လှမ်းကြည့်ရာတွင် ရထားဘီးများ တစ်ခုနှင့်တစ်ခု
ထိစပ်ဆက်နွယ်သကဲ့သို့မြင်ရသည်။

Ezekiel 17

ဆက်စပ်ဖော်ပြချက်
ယေဇကျေလသည် သူရူပါရုံကို ဆက်လက်ဖော်ပြသည်။

သွားသောအခါ ဘီးလေးမျက်နှာတို့သည် တညီတည်းဖြစ်၍
မလှည်ဘဲသွားတတ်ကြ၏။
ရထားဘီးများသည် ၎င်းသတ္တဝါလေးပါးစီ၏
မျက်နှာမူသည့်အတိုင်းရှိကြသော်လည်း တညီတည်း
အရှေ့ဘက်သို့ ရွေ့လျားနိုင်ကြသည်။

ဘီးဝန်းတို့သည်လည်း
ဘီးကိုကြည့်လိုက်သောအခါ မြင်တွေ့ရသော ပုံသဏ္ဌာန်။

မြင့်၍ ကြောက်မက်ဘွယ် ဖြစ်ကြ၏
ဘီးအရွယ်အစား၊ လုံးဝန်းကြီးမားပုံကို ဖော်ပြသည်။

ထိုလေးပါးတို့သည်မျက်စိနှင့်ပြည့်ကြ၏။
ရထားဘီးလေးခုစလုံး၏ ပတ်ပတ်လည်တွင် မျက်စိများဖြင့်
ပြည့်နှက်နေသည်။

Ezekiel 19

သတ္တဝါတို့သည် မြေကြီးနှင့်ကွာ၍ တက်သော အခါ၊
ထိုသတ္တဝါတို့သည် မြေကြီးမှခွာပြီးလျှင်
လေထဲတွင်ပျံသွားကြ၏။ အခြားသောဘာသာပြန်ဆိုချက်၊
"ထိုသတ္တဝါတို့သည် မြေပြင်မှ အထက်သို့ပျံတက်သွားသောအခါ"

ဝိညာဉ်တော် သွားခွင့်ရှိသည့်အတိုင်း၊
ယေဇကျေလ ဖော်ပြလိုသည်မှာ

ဘီးတို့သည်လည်း သူတို့နှင့်ထက်ကြပ်တက်၍
ရထားဘီးများလည်း မြေကြီးမှခွာ၍ လေထဲတွင်ပျံတက်သည်။

ဝိညာဉ်တော် သွားခွင့်ရှိသည်အတိုင်း၊ သူတို့သည်လည်း သွားကြ၏။
'သူတို့' သည် သတ္တဝါများကို ရည်ညွှန်းသည်။

သူတို့နှင့်ထက်ကြပ်တက်၍
ဘီးများသည် သတ္တဝါတို့နှင့်အတူ လေထဲသို့ ပျံဝဲကြသည်။

Ezekiel 22

မိုဃ်း မျက်နှာကြက်
အမိုးခုံး၊ ကြီးမားကျယ်ပြန့်သော အမိုးခုံး

ကြောက်မက် ဘွယ်သော ကျောက်သလင်း
ကြောက်မက်ဘွယ်သော ကျောက်သလင်း။ ကြည့်လိုက်သည်နှင့်
အံ့သြစရာဖြစ်စေသည့် ကျောက်သလင်းအရောင်။

ထိုသတ္တဝါတို့၏ ခေါင်းများအပေါ်မှာ
ထိုအမိုးခုံးသည် ထိုသတ္တဝါများ၏ ဦးခေါင်းများအပေါ်ထိ
ဖုံးအုပ်ထားသည်။ အမိုးအကာပြုပေးသည်။

မိုဃ်းမျက်နှာကြက်အောက်မှာ
ထို အမိုးခုံးအောက်တွင်။

သူတို့အတောင် များသည် တခုသို့တခုတည့်တည့်ပြန့်လျက်ရှိ၍၊ ပြင်ဘက်
၌လည်း ကိုယ်ကိုဖုံးစရာဘို့ အတောင်နှစ်ခုစီရှိ၏။
ထိုသတ္တဝါတစ်ခုချင်းသည် တောင်ပံနှစ်ခုစီဖြင့်
ပျံသန်းပြီးကျန်နှစ်ခုစီဖြင့် သူတို့၏ခန္ဓာကိုယ်ကို
ဖုံးကွယ်ထားကြသည်။

Ezekiel 24

ယေဘုယျသတင်းအချက်အလက်
ယေဇကျေလသည် ထိုသတ္တဝါတို့နှင့် ပတ်သက်သော သူရူပါရုံကို
ဆက်လက်ပြောပြသည်။

သူတို့သွားသောအခါ သမုဒ္ဒရာရေသံကဲ့သို့၎င်း၊
အနန္တတန်ခိုးရှင်၏အသံတော်ကဲ့သို့၎င်း၊ အတောင်တို့မြည်သောအသံကို
ငါကြား၏
'သူတို့သွားသောအခါ' ၏ ဖြစ်နိုင်သော ဆိုလိုရင်းများမှာ (၁)
သူတို့တစ်နေရာမှ တစ်နေရာသို့ သွားသောအခါ
ရေလှိုင်းရိုက်ခတ်သော အသံကဲ့သို့
သူတို့၏အတောင်ပံခတ်သံများကို ငါကြားရ၏။
(တန်ခိုးကြီးသော ထာဝရဘုရား၏ အသံတော်ကဲ့သို့၊ သို့မဟုတ်
(၂) ရွေ့လျားမှုပြုတိုင်း သူတို့၏ တောင်ပံခတ်သော အသံသည်
ရေလှိုင်းရိုက်ခတ်သော အသံကဲ့သို့၊ တနိခိုးကြီးသော
ထာဝရဘုရား၏ အသံတော်ကဲ့သို့ မြည်ဟိန်းသွားကြောင်း
ဆိုလိုခြင်း ဖြစ်သည်။

လူအလုံးအရင်း၏ စကားသံကဲ့သို့၎င်း...ကဲ့သို့၎င်း...ကဲ့သို့၎င်း...ကဲ့သို့၎င်း
ယေဇကျေလသည် သူမြင်သောအရာကို ပြောပြရန်
စိတ်လှုပ်ရှားကြောင်း ပြောနေခြင်းဖြစ်သဖြင့်
စာကြောင်းမပြည့်စုံပါ။ 'အတောင်ပံများသည်
ရေကဲ့သို့လည်းကောင်း၊ ...ရွေ့လျားသကဲ့သို့လည်းကောင်း ...မိုးမုန်တိုင်းကဲ့သို့လည်း
စစ်ချီလာသည့်စစ်တပ်ကဲ့သို့လည်းကောင်း' ဟု
ဘာသာပြန်နိုင်သည်။

သမုဒ္ဒရာရေသံကဲ့သို့၎င်း
ရေပမာဏအများကြီး၊ ရေတံခွန်မှ ရေကျသောအသံ၊ ကမ်းခြေကို ရိုက်ခတ်သော ရေလှိုင်းသံ။ ဤအသံအားလုံးသည် အလွန်ကျယ်သည်။

အနန္တတန်ခိုးရှင်၏အသံတော်ကဲ့သို့၎င်း
ကျမ်းစာတွင် အနန္တတန်ခိုးရှင်၏ အသံကို မိုးခြိမ်းသံကဲ့သို့နှိုင်းယှဉ်လေ့ရှိသည်။ 'ထာဝရဘုရား၏ အသံတော်ကဲ့သို့၊ အနန္တတန်ခိုးရှင်၏ မိုးခြိမ်းသံကဲ့သို့' ဟူ၍ အဓိပ္ပါယ်ရသည်။

အတောင်တို့မြည်သောအသံ
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) အလွန်ကြီးမားသောမုန်တိုင်းအသံကဲ့သို့၊ သို့မဟုတ် (၂) လူအုပ်ကြီးအသံကဲ့သို့။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြီးမားသောမုန်တိုင်းကဲ့သို့အသံ သို့မဟုတ် ကြီးမားသော လူအုပ်ကြီးအသံကဲ့သို့ ရှိသည်"

ရပ်သောအခါ
ထိုသတ္တဝါတို့သည် ရွေ့လျားခြင်း၊ ပျံသန်းခြင်း မရှိတော့သည့်အခါ။

အတောင်တို့ကို ချလျက်
၎င်းတို့၏ တောင်ပံများကို မဖြန့်တော့ဘဲ ခေါက်သိမ်းထားသည်။ ပျံသန်းခြင်း မပြုသော အချိန်တိုင်းတွင် ထိုကဲ့သို့ ပြုလေ့ရှိသည်။

မိုဃ်းမျက်နှာကြက်ထဲက စကားသံ သည် ထွက်၏
တစ်စုံတစ်ယောက်က ထိုမျက်နှာကျက် အမိုးခုံးထဲမှာ စကားပြောဆိုခြင်း' ထိုအသံသည် ထာဝရဘုရား၏ အသံဖြစ်သည်။

ခေါင်းများအပေါ်မှာ မိုဃ်းမျက်နှာကြက်
ထိုသတ္တဝါတို့၏ ဦးခေါင်းပေါ်တွင် ရှိသော အမိုးခုံး။

အမိုးခုံး
အခန်း ၁:၂၂ ကိုကြည့်ပါ။

Ezekiel 26

သူတို့၏ခေါင်းများအထက်
ထိုသတ္တဝါတို့၏ ဦးခေါင်းပေါ်မှာ။

ရာဇပလ္လင်သဏ္ဌာန်
ပလ္လင်ပုံသဏ္ဌာန်ရှိသည့် အရာ။

နီလာကျောက်
အလွန်တောက်ပသော၊ ပြာနှမ်းသော အဖိုးတန်ကျောက်။

ပလ္လင်သဏ္ဌာန် အပေါ်၌
ပလ္လင်ပေါ်တွင်။

လူပုံသဏ္ဌာန်ကဲ့သို့ ပေါ်၏
'လူနှင့် တူသော တစ်စုံတစ်ခု' 'လူနှင့် အသွင်သဏ္ဌာန်ရှိသော။ ပြောပြရမည်ဆိုလျှင် ထာဝရဘုရား ဟုဆိုနိုင်သည်။

Ezekiel 27

ယေဘုယျသတင်းအချက်အလက်
ယေဇကျေလသည် သူ၏ ရူပါရုံကို ဆက်လက်ပြောပြသည်။

ခါး သဏ္ဌာန်မှ
ထိုလူခန္ဓာကိုယ်၏ ခါးအထက်ပိုင်းသည် မီးတောက်သောသတ္တုနှင့်တူသည်။

ပလ္လင်အတွင်း၌၎င်း
ပလ္လင်သဏ္ဌာန် အပေါ်တွင် ထိုင်သောလူ (ထာဝရဘုရား) ၏ ပတ်လည်၌ ။

အောက်ပိုင်း၌ မီး အရောင်ကဲ့သို့ ထင်ရှား ၍ ပတ်လည််၌ ထွန်းတောက်လေ၏
သူ၏ ခါးအောက်ပိုင်းတွင် အလွန်တောက်ပသော မီးနှင့်တူသောအရာကို ငါတွေ့၏။

ထိုသို့ထွန်းတောက်သော အရောင်သည် မိုဃ်း ရွာသောနေ့တွင်၊ မိုဃ်းတိမ်၌ပေါ်သော သက်တံ့၏ အရောင်ကဲ့သို့ ဖြစ်၏။
ထိုလူ၏ဘေးပတ်လည်တွင် မိုးရွာသောအချိန်တွင် ပေါ်တတ်သော သက်တံ့ရောင်ကဲ့သို့သော အရောင်မြင်တွေ့ရကြောင်း၊ ၎င်းနှင့်တူကြောင်း။

သက်တံ့
မိုးဖွဲဖွဲကျနေသော အချန်တွင် နေရောင်ခြည်က ထိုးထားသဖြင့် မိုးများအပေါ်တွင် ပေါ်လာသောသက်တံ့အရောင် (၇) မျိုး။

ဤရွှေကား၊ ထာဝရဘုရား၏ ဘုန်းတော်သဏ္ဌာန်အဆင်းအရောင်ဖြစ်သတည်း။
ထိုသို့လင်းလက်တောက်ပသော အရောင်များသည် ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်၊ ဘုန်းတော်ဖြစ်သည်။

ငါသည် မြင်သောအခါ ပြပ်ဝပ်လျက်နေ၏
ငါသည်မြေပေါ်သို့ပြပ်ဝပ်သည် သို့မဟုတ် ငါသည်မြေပေါ်တွင် ထိုင်သည်။ ယေဇကျေလသည် မတော်တဆထိုင်ခြင်းမဟုတ်။ ထာဝရဘုရားကို ကြောက်ရွံ့ရိုသေသောကြောင့် သူသည် ပြပ်ဝပ်ခြင်းဖြစ်သည်။

ငါ့အားဆိုသံကိုငါကြား၏။
'အသံ' သည်လူကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်။ "တစ်စုံတစ်ယောက်စကားပြောသံကို ငါကြား၏" သို့မဟုတ် "တစ်စုံတစ်ယောက်စကားပြောသည်၊ သူ့အသံကို ငါကြားသည်"


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Ezekiel 1:1

ယေဇကျေလသည် ဘုရားသခင်၏ ဗျာဒိတ်ရူပါရုံကို မြင်ရသောအခါ သူသည် အဘယ်သူတို့ထဲတွင် နေထိုင်ခဲ့သနည်း။

ယေဇကျေလသည် ဘုရားသခင်၏ ဗျာဒိတ်ရူပါရုံကို မြင်ရသောအခါ သူသည် ခါလဒဲပြည်ရှိသိမ်းသွားခံများထဲတွင် ရှိနေခဲ့သည်။

## Ezekiel 1:4

ယေဇကျေလသည် မြောက်ပိုင်းမှ ကြီးစွာသော မိုဃ်းတိမ်တွင် မည်သည့်အရာ လာနေသည်ကို တွေ့ခဲ့သနည်း။

ကြီးစွာသော မိုဃ်းတိမ်သည် အသက်ရှိသောသတ္တဝါလေးကောင်ကဲ့သို့ ဖြစ်ပြီး တခုတိုင်းတွင် မျက်နှာလေးခုနှင့် တောင်ပံလေးခုရှိကြသည်။

## Ezekiel 1:7

ထိုသတ္တဝါများသည် မည်ကဲ့သို့ လှုပ်ရှားကြသနည်း။

ထိုသတ္တဝါများသည် သွား၍ပြန်မလှည့်ခဲ့ဘဲ အားလုံး ရှေ့တည့်တည့်သို့ သွားခဲ့ကြသည်။

## Ezekiel 1:10

ထိုသက်ရှိသောသတ္တဝါများသည် သူတို့၏မျက်နှာများတွင် မည်သည့်အရာများရှိခဲ့သနည်း။

သူတို့၏ မျက်နှာများသည် လူ့မျက်နှာ၊ခြင်္သေ့မျက်နှာ၊ နွားမျက်နှာနှင့် ရွှေလင်းတမျက်နှာ များရှိကြသည်။

မည်သည့်အရာသည် ထိုသက်ရှိသောသတ္တဝါများ၏ လှုပ်ရှားမှုကို လမ်းညွှန်နေခဲ့သနည်း။

ဝိညာဉ်တော်သည် ထိုသက်ရှိသောသတ္တဝါများ၏ လှုပ်ရှားမှုကို လမ်းညွှန်နေခဲ့သည်။

## Ezekiel 1:13

ထိုအသက်ရှိသောသတ္တဝါလေးကောင်တို့သည် ရှေ့နောက်လှုပ်ရှားကြသောအခါ မည်ကဲ့သို့ ပုံပေါ်ကြသနည်း?

သူတို့လှုပ်ရှားသကဲ့သို့ အသက်ရှိသောသတ္တဝါလေးကောင်တို့သည် မိုးကြိုးနှင့်တူကြသည်။

## Ezekiel 1:17

အသက်ရှိသော သတ္တဝါလေးကောင်တို့၏ ဘေးတွင်ရှိသော ဘီးလေးခုတို့သည် မည်သည့်အရာတို့သကို လုပ်နိုင်ကြသနည်း။

ဘီးလေးခုတို့သည် မလည်ပတ်သော်လည်း မည်သည့်နေရာမဆိုသွားနိုင်သည်။

## Ezekiel 1:19

အဘယ်ကြောင့် ဘီးများသည် သက်ရှိသတ္တဝါများသွားသည့် နေရာတိုင်းတွင် သွားခဲ့ကြသနည်း။

သက်ရှိသတ္တဝါများ၏ ဝိညာဉ်သည် ဘီးများထဲတွင် ရှိသောကြောင့် ဘီးများသည် သက်ရှိသတ္တဝါများ နောက်လိုက်ခဲ့ကြခြင်းဖြစ်သည်။

## Ezekiel 1:22

မည်သည့်အရာသည် သက်ရှိသတ္တဝါများ၏ ခေါင်းပေါ်တွင် ရှိခဲ့သနည်း။

ကျောက်သလင်းမျက်နှာကြက်သည် သက်ရှိသတ္တဝါများ၏ ခေါင်းပေါ်တွင် ရှိခဲ့သည်။

သက်ရှိသတ္တဝါများသည် သူတို့၏ တောင်ပံများဖြင့် မည်သို့ပြုခဲ့ကြသနည်း။

သက်ရှိသတ္တဝါများ၏ တောင်ပံတခုစီသည် ဖြောင့်တန်းစွာဆန့်ထား၍ အခြားသတ္တဝါ၏ တောင်ပံကို ထိထားသည်။ သတ္တဝါများသည် ကိုယ်ခန္ဓာကို ဖုံးထားဖို့ရန် တောင်ပံတစုံစီရှိခဲ့ကြသည်။

## Ezekiel 1:24

ယေဇကျေလသည် သက်ရှိသတ္တဝါများ၏ တောင်ပံများပြုသောအသံကို မည်သို့ပြောခဲ့သနည်း။

သက်ရှိသတ္တဝါများ၏ တောင်ပံများသည် ပြင်းစွာစီးသောရေကဲ့သို့၊ အနန္တတန်ခိုးရှင်၏ အသံတော်ကဲ့သို့၊ မိုးသက်မုန်တိုင်းကဲ့သို့ငှင်း စစ်တပ်များကဲ့သို့ငှင်း ဖြစ်သည်။

## Ezekiel 1:26

ထိုသက်ရှိသတ္တဝါများ၏ ခေါင်းပေါ်ရှိ မျက်နှာကြက်အပေါ်တွင် မည်သည့်အရာရှိခဲ့သနည်း။

မျက်နှာကြက်ပေါ်တွင် ပလ္လင်ရှိသည်။ ပလ္လင်ပေါ်တွင် လူနှင့်တူသော သူတစ်ယောက်ရှိသည်။

## Ezekiel 1:27

လင်းလက်သော ပုံသဏ္ဌာန်သည် ယေဇကျေလထံသို့ မည်ကဲ့သို့ပုံပေါ်သနည်း။

လင်းလက်သော ပုံပန်သဏ္ဌာန်သည် ထာဝရဘုရား၏ ဘုန်းတော်ကဲ့သို့ ပုံပေါ်သည်။

ယေဇကျေလသည် လင်းလက် ပုံသဏ္ဌာန်ကို မြင်ခဲ့သောအခါ မည်သည့်အရာ လုပ်ခဲ့သနည်း။

ယေဇကျေလသည် လင်းလက်သော ပုံသဏ္ဌာန်ကို မြင်သောအခါ သူသည် သူသည်မှောက်လဲသည်။

## Chapter 2

1 ထိုဗျာဒိတ်ရူပါရုံကို ငါသည် မြင်သောအခါ ပြပ်ဝပ်လျက်နေ၏။ တဦးသောသူကလည်း၊ အချင်း လူသား၊ မတ်တတ်နေလော့။
သင့်အားငါ ပြောမည်ဟု ငါ့အားဆိုသံကိုငါကြား၏။ 2 ထိုသို့ဆိုသောအခါ ဝိညာဉ်တော်သည် ငါ့အထဲ သို့ဝင်၍ မတ်တတ်နေစေသဖြင့်၊
ငါနှင့်ပြောသောသူ၏ စကားကိုငါကြားသည်ကား၊ 3 အချင်းလူသား၊ ငါ့ကိုပုန်ကန်တတ်သော အမျိုး တည်းဟူသော၊ ယနေ့တိုင်အောင်
ဘိုးဘေးတို့နှင့်တကွ ငါတို့အစဉ်ပုန်ကန်၍၊ ပြစ်မှားသော ဣသရေလ အမျိုးသားတို့ ရှိရာသို့ သင့်ကို ငါစေလွှတ်မည်။ 4
ရဲသောမျက်နှာနှင့်ခိုင်မာသော နှလုံးရှိသော အမျိုးသားတို့ရှိရာသို့ သင့်ကို ငါစေလွှတ်၍၊ သင်က၊ အရှင်ထာဝရဘုရား
မိန့်တော်မူသည်ဟု သူတို့အား ပြောရမည်။ 5 သူတို့သည် ပုန်ကန်တတ်သော အမျိုးဖြစ်၍၊ နား ထောင်သည်ဖြစ်စေ၊
နားမထောင်သည်ဖြစ်စေ၊ မိမိတို့တွင် ပရောဖက်ရှိသည်ကို သိရကြမည်။ 6 အချင်းလူသား၊ သင်သည် ဆူးပင်အမျိုးမျိုးနှင့် တွေ့၍၊
ကင်းမြီးကောက်တို့တွင် နေရသော်လည်း သူတို့ကိုမကြောက်နှင့်။ သူတို့စကားကိုလည်း မကြောက် နှင့်။ သူတို့သည်ပုန်ကန်တတ်သော
အမျိုးဖြစ်၍၊ သူတို့ စကားကိုမကြောက်နှင့်။ သူတို့မျက်နှာရည်ကြောင့် စိတ်မပျက်နှင့်။ 7 သူတို့သည် အလွန်ပုန်ကန်တတ်သော
သဘော ရှိသည်ဖြစ်၍၊ နားထောင်သည်ဖြစ်စေ၊ နားမထောင်သည် ဖြစ်စေ၊ ငါ့စကားကိုသူတို့အား ဟောပြောရမည်။ 8 အချင်းလူသား၊
ငါပြောသောစကားကို နား ထောင်လော့။ ထိုပုန်ကန်တတ်သော အမျိုးကဲ့သို့ ပုန်ကန် သော သဘောမရှိနှင့်။ သင့်ပစပ်ကို ဖွင့်၍
ငါပေးသော အရာကိုစားလော့ဟု မိန့်တော်မူလျှင်၊ 9 ငါကြည့်၍ စာလိပ်ပါသောလက်သည် ငါ့ဆီသို့ ဆန့်လျက်ရှိ၏။ 10 ထိုစာလိပ်ကို
ငါ့ရှေ့မှာ ဖွင့်ဖြန့်သောအခါ၊ တဘက်တချက်၌ အက္ခရာတင်၍ ငိုကြွေးမြည်တမ်းခြင်း အချက်၊ စိတ်မသာညည်းတွားခြင်းအချက်၊
အမင်္ဂလာ အချက်များပါသတည်း။

---

Ezekiel 01

ယေဘုယျအချက်အလက်
ယေဇကျေလသည် သူမြင်သော ရူပါရုံအကြောင်းကို ဆက်လက်ပြောပြသည်။

သင့်အားငါ ပြောမည်
စကားပြောသောသူသည် သင့် ဘာသာစကားတွင် ရှိပါက လူပုံသဏ္ဍာန်ရှိသောသူ ဟု ဘာသာပြန်လျှင် အကောင်းဆုံးဖြစ်မည်။ "ဝိညာဉ်တော်' မဟုတ်ပါ။

ဝိညာဉ်တော်
ဖြစ်နိုင်ခြေများမှာ (၁) ဝိညာဉ်၊ (၂) 'လေ' တို့ကိုဆိုလိုခြင်းဖြစ်သည်။

အချင်းလူသား
လူသားမျိုး၏ သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည် ယေဇကျေလအား လူတစ်ယောက်အဖြစ်သာခေါ်ဆိုသည်။ ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရ အသက်ရှင်သည်၊ လူသားတို့သည် ထိုသို့မဟုတ်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသောအမျိုး" သို့မဟုတ် "လူသား"

ငါ့ကိုပုန်ကန်တတ်သော အမျိုး တည်းဟူသော ဣသရေလအမျိုးသားတို့
ထာဝရဘုရား၏ စကားတော်ကို နားမထောင်၊ အလိုတော်အတိုင်း လိုက်လျှောက်ရန် ငြင်းဆန်သော ဣသရေလလူမျိုး။

ယနေ့တိုင်အောင်
ဣသရေလလူမျိုးတို့သည် ထာဝရဘုရားအား မျိုးဆက်တစ်ခုပြီးတစ်ခု ပြစ်မှားသည်မှာ ပရောဖက်ယေဇကျေလ အချိန်ထိတိုင် ပြစ်မှားနေဆဲဖြစ်သည်။

Ezekiel 04

ယေဘုယျအချက်အလက်
ဘုရားသခင်သည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

အမျိုးသားတို့
ဘုရားသခင်ကို ငြင်းပယ်ခဲ့ကြသည့် အတိတ်က ဣသရေလလူမျိုးများ၏ မျိုးဆက်များ၊ ဤစာကို ယေဇကျေလရေးနေချိန်တွင် ရှိသောဣသရေလလူများကို ရည်ညွှန်းခြင်းဖြစ်သည်။

ရဲသောမျက်နှာနှင့်ခိုင်မာသော နှလုံး
ရဲသောမျက်နှာ အတွင်းစိတ်သည် မျက်နှာထားကို ကြည့်၍ သိနိုင်ကြောင်းကို ဆိုလိုသည်။ ခိုင်မာသော နှလုံးသည် အတွင်းစိတ်၊ ကောက်ကျစ်ယုတ်မာသော စိတ်ထားကို ဖော်ပြသည်။

ခိုင်မာသော
မပြောင်းလဲလိုသော။

ခိုင်မာသော နှလုံး
ကျောက်တုံးများသည် ဘယ်တော့မှ ပြောင်းလဲလာသည်၊ ပျော့လာသည်မရှိ၊ ဤလူများသည် မပြောင်းလဲကြ၊ မတရားသောအမှုများကို လုပ်သောအခါ နောင်တမရကြ။

အမျိုး
မိသားစုတစ်ခုတွင်နေထိုင်သော သူများ၊ ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏အမျိုးများ ဖြစ်သော


generated on Sun Jun 30 02:37:40 2024

ကလ္လသရေလလူများ ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်စု"

မိမိတို့တွင် ပရောဖက်ရှိသည်
သူတို့ နားထောင်ရန် ငြင်းဆန်သော သူသည် ပရောဖက်ဖြစ်သည်။

Ezekiel 06

ယေဘုယျအချက်အလက်
ဘုရားသခင်သည် ယေဇကျေလကို ဆက်လက်၍
စကားပြောသည်။

အချင်းလူသား
လူသားမျိုး၏ သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည်
ယေဇကျေလ အား လူတစ်ယောက်အဖြစ်သာ ခေါ်ဆိုသည်။
ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊
လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂:၁ ကဲ့သို့ဘာသာပြန်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "သေသောအမျိုး သို့မဟုတ်
လူသား"

ဆူးပင်အမျိုးမျိုးနှင့် တွေ့၍၊ ကင်းမြီးကောက်တို့
ဤစကားလုံးများသည် ကလ္လသရေလလူများသည် ယေဇကျေလမှ
ဘုရားသခင်ပြောသည့်အရာများကို
သူတို့အားပြန်ပြောပြသည့်အခါ
ကောင်းကောင်းနားထောင်မည်မဟုတ် ကြောင်းကို ဖော်ပြသည်။

ဆူးပင်အမျိုးမျိုး နှင့် ကင်းမြီးကောက်
ဆူးပင်သည် အပင်၊ အကိုင်းများပေါ်မှ ချွန်ထက်သော
အရာများရှိသော အပင်မျိုး ဖြစ်သည်။

ကင်းမြီးကောက်
ကင်းမြီးကောက်သည် ခန္ဓာကိုယ် အရှေ့ဘက်တွင်
ကဏန်းခြေမကဲ့သို့ ခြေမနှစ်ခုရှိပြီး၊
ခြေထောက်ခြောက်ချောင်းရှိကာ အမြီးသည် ရှည်လျားပြီး
ထိပ်ဖျားတွင် အဆိပ်ရှိသော ဆူးရှိသည်။ ထိုအဆိပ်ဆူးဖြင့်
ထိုးမိပါက အလွန်နာကျင်သည်။

သူတို့ စကားကိုမကြောက်နှင့်
သူတို့ ပြောသည့်အရာများကို မကြောက်နှင့်။

သူတို့မျက်နှာရည်ကြောင့် စိတ်မပျက်နှင့်
'သူတို့၏ မျက်နှာများ' သည် သူတို့
မျက်နှာအသွင်ဖြင့်ဖော်ပြသော အမိပ္ပါယ်ကို ပုံဆောင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သင့်ကို
ကြည့်သည့်မျက်နှာအသွင်များကြောင့် ငါ့အမှုကို ဆောင်ဖို့
စိတ်မပျက်နှင့်"

Ezekiel 07

ယေဘုယျအချက်အလက်
ဘုရားသခင်သည် ယေဇကျေလကို ဆက်လက်၍
စကားပြောသည်။

အလွန်ပုန်ကန်တတ်သော
သူတို့သည် ပုန်ကန်နိုင်လွန်းကြသည်။
သူတို့ပြုသမျှအမှုအားလုံးသည် ထာဝရဘုရားအလိုတော်နှင့်
ဆန့်ကျင်သည်။

အမျိုး
မိသားစုတစ်ခုတွင်နေထိုင်သော သူများ၊
ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော
ကလ္လသရေလလူများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်စု" အခန်း ၂:၄
အတိုင်းဘာသာပြန်ပါ။

Ezekiel 09

ငါဆီသို့ ဆန့်လျက်ရှိ၏
၁) ကောင်းကင်မှ တစ်စုံတစ်ယောက်က ယေဇကျေလထံသို့
လက်ဆန့်၍ သူသည် လက်မောင်းနှင့်ပခုံးထိသာ မြင်သည်၊ ၂)
လူနှင့်တူသောသူ (အခန်း ၁:၂၆) လက်ဆန့်သည်ကို မြင်သည်။

စာလိပ်
စာရေးထားသော အလိပ်။

ဖွင့်ဖြန့်
လူနှင့်တူသော သူက ဖွင့် ဖြန့်ခြင်းဖြစ်သည် (အခန်း ၁:၂၆)။

တဘက်တချက်၌ အက္ခရာတင်၍
အခြားသောဘာသာပြန်ဆိုချက်၊ "စာလုံးများသည် ထိုစာလိပ်၏
မျက်နှာပြင်သာမက ကျောဘက်တွင်ပါရေးသားထားသည်"

ငိုကြွေးမြည်တမ်းခြင်း အချက်၊ စိတ်မသာညည်းတွားခြင်းအချက်၊ အမင်္ဂလာ
အချက်များပါသတည်း။
စိတ္တဇနာမ်များဖြစ်သည့် 'ငိုကြွေးမြည်တမ်းခြင်း၊
စိတ်မသာညည်းတွားခြင်း၊ အမင်္ဂလာ'
များကိုဖော်ပြသည့်စကားလုံးများ

# Translation Questions

## Ezekiel 2:1

ဝိညာဉ်တော်သည် ယေဇကျေလကိုစကားပြောရင်း သူ့ကိုမည်သို့
လုပ်ခဲ့သနည်း။
ဝိညာဉ်တော်သည် ယေဇကျေလကိုစကားပြောရင်း
ယေဇကျေလကို သူ့ခြေပေါ်တွင် ရပ်စေခဲ့သည်။

ဝိညာဉ်တော်သည် ယေဇကျေလကို မည်သူတို့ထံသို့ စေလွှတ်ခဲ့သနည်း။
ဝိညာဉ်တော်သည် ဣသရေလလူတွေဆီသို့ ယေဇကျေလကို
စေလွှတ်ခဲ့သည်။

## Ezekiel 2:4

ဝိညာဉ်တော်အရ မည်သို့သော လူမျိုးတို့သည် ဣသရေလလူတွေမှ
ဆင်းသက်လာသူဖြစ်ခဲ့သနည်း။
ဆင်းသက်လာသူများသည် ခေါင်းမာ၊ စိတ်နှလုံးခိုင်မာ၍
ပုန်ကန်တတ်သော လူများဖြစ်ကြသည်။

ယေဇကျေလသည် ဣသရေလလူတွေကို မည်သည့်အရာ ပြောဖို့ရန်
ဖြစ်သနည်း။
ယေဇကျေလက '၎င်းအရာသည် ထာဝရဘုရားပြောသော
အရာဖြစ်သည်' ဟု ဣသရေလလူတွေကို ပြောဖို့ရန် ဖြစ်သည်။

ယေဇကျေလသည် သူတို့ကို ပြောဆိုခဲ့ခြင်းကြောင့် ဣသရေလလူတွေသည်
မည်သည့်အရာကို သိကြလိမ့်မည်နည်း။
ဣသရေလလူတို့သည် သူတို့အထဲတွင်ပရောဖက်ရှိသည်ကို
သိကြလိမ့်မည်။

## Ezekiel 2:6

ယေဇကျေသည် ဣသရေလလူများထံသို့စကားပြောရင်း မည်သို့မဖြစ်ရန်
ဝိညာဉ်တော်သည် သူ့ကို ပြောခဲ့သနည်း။
ဝိယေဇကျေသည် ဣသရေလလူများထံသို့စကားပြောသည့်အခါ
မကြောက်ရွံ့ဖို့ရန် ပြောခဲ့သည်။

## Ezekiel 2:7

ယေဇကျေလသည် ဣသရေလလူများနှင့် မည်သို့မတူ၊ခြားနားရန် ဖြစ်သနည်း။
ယေဇကျေလသည် ဣသရေလလူတွေကဲ့သို့ မပုန်ကန်ဖို့ရန်
ဖြစ်သည်။

## Ezekiel 2:9

မည်သည့်အရာသည် ယေဇကျေလရှေ့တွင် ပြန့်ကျဲခဲ့သနည်း။
ရေးထားသောစာလိပ်သည် ယေဇကျေလရှေ့တွင်
ပြန့်ကျဲနေခဲ့သည်။

စာလိပ်အပေါ်တွင် မည်သည့်အရာရေးထားခဲ့သနည်း။
ငိုကြွေးမြည်တမ်းခြင်း၊ ဝမ်းနည်းပူဆွေးခြင်းများကို
စာလိပ်ပေါ်တွင် ရေးသားထားခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 3

[1] တဖန်၊ အချင်းလူသား၊ သင်တွေ့သောအရာကို စားလော့။ ဤစာလိပ်ကိုစားပြီးလျှင်၊ ဣသရေလ အမျိုးသားတို့ရှိရာသို့ သွား၍ဟော
ပြောလော့ဟု မိန့်တော်မူသည်အတိုင်း၊ [2] ငါသည်ပစပ်ကိုဖွင့်စဉ် ထိုစာလိပ်ကို ခွံ့တော်မူ လျက်၊ [3] အချင်းလူသား၊ ငါပေးသော
ဤစာလိပ်ကို စား၍ ဝမ်းပြည့်စေလော့ဟု မိန့်တော်မူသည်အတိုင်း၊ ငါသည် စား၍ပစပ်၌ပျားရည်ကဲ့သို့ ချို၏။ [4] တဖန်၊
အချင်းလူသား၊ ဣသရေလအမျိုးသားတို့ ရှိရာသို့သွား၍ ငါ့စကားကို ဟောပြောလော့။ [5] သင်မသိမကျွမ်း၊ နာလည်ခဲသော စကားကို
ပြောတတ်သော လူမျိုးရှိရာသို့ သင့်ကို ငါစေလွှတ်သည် မဟုတ်။ ဣသရေလအမျိုးရှိရာသို့ စေလွှတ်၏။ [6] သင်မသိမကျွမ်း၊
နားလည်ခဲသောစကား၊ အလျှင်းနားမလည်နိုင်သော စကားကို ပြောတတ်သော လူအမျိုးမျိုးတို့ ရှိရာသို့စေလွှတ်သည်မဟုတ်။
အကယ်၍ ထိုသို့သော သူတို့ရှိရာသို့ စေလွှတ်လျှင်၊ သင့်စကားကို နားထောင်ကြလိမ့်မည်။ [7] ဣသရေလအမျိုးတို့မူကား၊ သင့်စကားကို
နားမထောင်ကြ။ ငါ့စကားကိုပင် နားမထောင်ကြ။ ဣသရေလအမျိုးသားအပေါင်းတို့သည် ခိုင်မာသော နဖူးနှင့်ခိုင်မာသော
နှလုံးရှိကြ၏။ [8] သို့ရာတွင်၊ သူတို့မျက်နှာတဘက်၌ သင်၏ မျက်နှာကိုငင်း၊ သူတို့နဖူးတဘက်၌ သင်၏နဖူးကိုငင်း ငါခိုင်ခံ့စေပြီ။ [9]
သင်၏နဖူးကို ကျောက်ထက်မက၊ စိန်ထက် သာ၍ ခိုင်မာစေပြီ။ သူတို့သည် ပုန်ကန်တတ်သော အမျိုးဖြစ်၍၊ သင်သည်မကြောက်နှင့်။
သူတို့မျက်နှာရည် ကြောင့် စိတ်မပျက်နှင့်ဟု မိန့်တော်မူ၏။ [10] တဖန်၊ အချင်းလူသား၊ သင့်အားငါပြောလတံ့ သမျှသော စကားတို့ကို
နားထောင်၍ နှလုံးသွင်းလော့။ [11] သိမ်းသွားခြင်းကို ခံရသော သင်၏အမျိုးသား ချင်းတို့ရှိရာသို့သွား၍၊ အရှင်ထာဝရဘုရားမိန့်တော်မူ
သည်ဟု၊ သူတို့နားထောင်သည်ဖြစ်စေ၊ နားမထောင် သည်ဖြစ်စေ၊ ဟောပြောလော့ဟု မိန့်တော်မူ၏။ [12] ထိုအခါ ဝိညာဉ်တော်သည်
ငါ့ကိုချီ၍၊ ထာဝရ ဘုရားကျိန်းဝပ်တော်မူရာ အရပ်မှ ဘုန်းတော်သည် မင်္ဂလာရှိစေသတည်းဟု၊ ငါ့နောက်၌ ကြီးစွာသော
လှုပ်ရှားခြင်းအသံကို ငါကြား၏။ [13] တခုနှင့်တခုစပ်လျက်ရှိသော သတ္တဝါတို့၏ အတောင်များမြည်သံကိုငင်း၊ သူတို့အနားမှာ ဘီးများ
မြည်သံကိုငင်း၊ ကြီးစွာသော လှုပ်ရှားခြင်းအသံကိုငင်း ငါကြားရ၏။ [14] ဝိညာဉ်တော်သည် ငါ့ကိုချီသွားတော်မူ၍၊
ငါသည်ခါးသောစိတ်၊ ပူပန်သောစိတ်နှင့်လိုက်ရ၏။ ထာဝရဘုရား၏လက်တော်သည် ငါ့အပေါ်မှာ လေးလံ စွာ တင်လျက်ရှိ၏။ [15]
သိမ်းသွားခြင်းကိုခံရ၍၊ ခေဗာမြစ်နား၊ တေလ ဗိဗရွာမှာ နေရာကျသော သူတို့ရှိရာသို့ ငါရောက်၍၊ သူတို့နေရာအရပ်၌
ခုနစ်ရပ်ပတ်လုံး မိန်းမောတွေဝေ လျက်နေ၏။ [16] ခုနစ်ရက်လွန်မှ ထာဝရဘုရား၏ နှုတ်ကပတ် တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ [17]
အချင်းလူသား၊ သင့်ကိုဣသရေလအမျိုးတွင် ကင်းစောင့်အရာ၌ ငါခန့်ထားသောကြောင့်၊ ငါသတိ ပေးသောစကားကို နားထောင်၍
သူတို့အား ဆင့်ဆို လော့။ [18] သင်သည် အမှန်သေလိမ့်မည်ဟု၊ လူဆိုးအား ငါပြောလျက်နှင့် သင်သည်သတိမပေး၊ လူဆိုး၏ အသက်
ကို ချမ်းသာစေခြင်းငှါ၊ လူဆိုးအား သတိပေးသောစကား ကို မပြောဘဲနေလျှင် ထိုလူဆိုးသည် မိမိအပြစ်၌ သေ လိမ့်မည်။
သူ၏အသက်ကိုကား၊ သင်၌ငါတောင်းမည်။ [19] သို့မဟုတ်၊ သင်သည် လူဆိုးကို သတိပေးလျက် နှင့်သူသည် မိမိပြုသော
ဒုစရိုက်ကိုငင်း၊ မိမိလိုက်သော အဓမ္မလမ်းကိုငင်း မရှောင်ဘဲနေလျှင်၊ မိမိအပြစ်၌ သေလိမ့်မည်။ သင်မူကား၊ ကိုယ်အသက် ဝိညာဉ်ကို
ကယ်နှုတ်လေပြီ။ [20] တဖန်တုံ၊ ဖြောင့်မတ်သောသူသည်ဖေါက်ပြန်၍ ဒုစရိုက်ကိုပြု လျှင်ငင်း၊ ထိမိ၍ လဲစရာအကြောင်းကို
သူ့ရှေ့မှာငါထားလျှင်ငင်း သူသည် သေလိမ့်မည်။ သင်သည်သတိမပေးသောကြောင့်၊ သူသည်မိမိအပြစ်၌ သေလိမ့်မည်။
သူကျင့်ဘူးသော တရားကို ပမာဏမပြုရ။ သူ၏ အသက်ကိုကား၊ သင်၌ငါတောင်းမည်။ [21] သို့မဟုတ်၊ ဖြောင့်မတ်သော
သူသည်ဒုစရိုက်ကို မပြုမည်အကြောင်း၊ သည်သည်သတိပေး၍ သူသည် ဒုစရိုက်ကို မပြုဘဲနေလျှင်၊ သတိပေးသောကျေးဇူး ကြောင့်
စင်စစ်အသက်ချမ်းသာလိမ့်မည်။ သင်သည် လည်း၊ ကိုယ်အသက်ဝိညာဉ်ကို ကယ်နှုတ်လေပြီဟု မိန့်တော်မူ၏။ [22] တဖန်
ထာဝရဘုရား၏လက်တော်သည် ငါ့ အပေါ်မှာ တင်ပြီးလျှင်၊ သင်ထ၍ လွင်ပြင်သို့ သွားလော့။ ထိုအရပ်၌ ငါပြောမည်ဟု
မိန့်တော်မူသည် အတိုင်း၊ [23] ငါသည် ထ၍လွင်ပြင်သို့သွား၏။ ရောက်သော အခါ ခေဗာမြစ်နားမှာ ငါမြင်ဘူးသော ထာဝရဘုရား၏
ဘုန်းတော်သည် ရပ်တော်မူ၍၊ ငါသည် ပြပ်ဝပ်လျက် နေ၏။ [24] ဝိညာဉ်တော်သည် ငါ့အထဲသို့ဝင်၍ မတ်တတ် နေစေလျက်၊
သင်သွားလော့။ ကိုယ်အိမ်၌ ပုန်းရှောင်၍ နေလော့။ [25] အချင်းလူသား၊ သင်သည်ကြိုးနှင့်ချည်နှောင် ခြင်းကို ခံ၍ သူတို့တွင် မထွက်ရ။
[26] သင်သည် သူတို့ကို မဆုံးမဘဲနေစေခြင်းငှါ၊ စကားအလျက်သင့် လျှာကိုအာခေါင်၌ ကပ်စေမည်။ အကြောင်းမူကား၊
သူတို့သည်ပုန်ကန် တတ်သောအမျိုး ဖြစ်ကြ၏။ [27] သို့ရာတွင် သင့်အားငါပြောသောအခါ သင့်နှုတ် ကို ငါဖွင့်မည်။ သင်က၊
အရှင်ထာဝရဘုရား မိန့်တော်မူ၏ ဟု သူတို့အား ဟောပြောရမည်။ နားထောင်သောသူသည် နားထောင်စေ၊ နားမထောင်သောသသည်
နားမထောင် ဘဲနေစေ သူတို့သည်ပုန်ကန်တတ်သော အမျိုးဖြစ်ကြ သည် ဟုမိန့်တော်မူ၏။

---


generated on Sun Jun 30 02:37:40 2024

Ezekiel 01

ယေဘုယျအချက်အလက်
ယေဇကျေလသည် သူမြင်သော ရူပါရုံအကြောင်းကို ဆက်လက်ပြောပြသည်။

မိန့်တော်မူသည်
မိန့်တော်မူသောသူသည် လူနှင့်တူသော သူတစ်ယောက်ကို ရည်ညွှန်းခြင်းဖြစ်သည် (အခန်း ၁:၂၆)။

အချင်းလူသား
လူသားမျိုး၏ သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည် ယေဇကျေလအား လူတစ်ယောက်အဖြစ်သာ ခေါ်ဆိုသည်။ ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊ လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂:၁ ကဲ့သို့ဘာသာပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသောအမျိုး သို့မဟုတ် လူသား"

သင်တွေ့သောအရာ
အခန်း ၂:၉ ရှိ ထာဝရဘုရား သူ့ကိုပေးသော စာလိပ်ကိုရည်ညွှန်းသည်။

အမျိုးသားတို့ရှိရာ
နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးအနွယ်ဖြစ်လာကြသော ဣသရေလလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအုပ်စု"

ထိုစာလိပ်
အချို့ကျမ်းစာများတွင် ဤစာလိပ်၊ စာလိပ် ဟူ၍ပြန်ဆိုထားသည်။

ဤစာလိပ်ကို စား၍ ဝမ်းပြည့်စေလော့
'ဝမ်း' ဟုဆိုရာ၌ အပြင်ဘက်မှမြင်နိုင်သော ဝမ်းဗိုက် ကိုဆိုလိုသည်။ အစာအိမ်သည် အတွင်းပိုင်းဖြစ်သည်။

စား၍ပစပ်၌ပျားရည်ကဲ့သို့ ချို၏
ထိုစာလိပ်ကို စားလိုက်သည်နှင့် ခံစားရသော အရသာ။

Ezekiel 04

ယေဘုယျအချက်အလက်
ယေဇကျေလသည် သူမြင်သော ရူပါရုံအကြောင်းကို ဆက်လက်ပြောပြသည်။

မိန့်တော်မူသည်
မိန့်တော်မူသောသူသည် လူနှင့်တူသော သူတစ်ယောက်ကို ရည်ညွှန်းခြင်းဖြစ်သည် (အခန်း ၁:၂၆)။ ဝိညာဉ်တော်မဟုတ်ပါ။

အမျိုးသားတို့ရှိရာ
နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးအနွယ်ဖြစ်လာကြသော ဣသရေလလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအုပ်စု" အခန်း ၃:၁ အတိုင်းဘာသာပြန်ပါ။

သင်မသိမကျွမ်း၊ နားလည်ခဲသော စကား
မကြားဖူး၊ မသိဖူးသော ဘာသာစကားကို ပြောသောသူ။

သင်မသိမကျွမ်း၊ နားလည်ခဲသော စကားကို ပြောတတ်သော လူမျိုးရှိရာသို့ ... မဟုတ်
ငါသည် နားလည်ခဲသော ဘာသာစကားကို ပြောသော လူမျိုးများထံသို့ သင့်ကို စေလွှတ်သည် မဟုတ်။

အကယ်၍ ထိုသို့သော သူတို့ရှိရာသို့ စေလွှတ်လျှင်၊ သင့်စကားကို နားထောင်ကြလိမ့်မည်
အခြားသောလူမျိုးများဆီသို့ စေလွှတ်လျှင်ပင် ဣသရေလလူမျိုးများထက် ပို၍ ပရောဖက်၏ စကားကို နားထောင်လိုကြမည့်အကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

အကယ်၍ ထိုသို့သော သူတို့ရှိရာသို့ စေလွှတ်လျှင်
'သူတို့' သည် ဣသရေလလူမျိုးမဟုတ်ဘဲ ထူးခြားသောဘာသာစကားပြောသော လူမျိုးကို ဆိုလိုသည်။

ခိုင်မာသော နဖူးနှင့်ခိုင်မာသော နှလုံး
ရန်မူလိုစိတ် ပြင်းထန်သော

ခိုင်မာသော နဖူး
မပြောင်းလဲလိုသော။

ခိုင်မာသော နှလုံး
လူများသည် ဘုရားသခင်ကို ပုန်ကန်၍ နာခံရန်ငြင်းဆန်ကြသည်ဟု အဓိပ္ပါယ်ရသည်။ နှလုံးသည် မိမိလုပ်လိုသည့်အရာကို စဉ်းစားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်သည်။ အခန်း ၂:၄ အတိုင်းဘာသာပြန်ပါ။

Ezekiel 08

ယေဘုယျအချက်အလက်
ဘုရားသခင်၏ ဝိညာဉ်တော်သည် ယေဇကျေလကိုဆက်လက်၍ စကားပြောသည်။

Behold!
N/A

သူတို့မျက်နှာတဘက်၌ သင်၏ မျက်နှာကိုငှငး
'သူတို့မျက်နှာ' နှင့် 'သင်၏ မျက်နှာ' သည် ယေဇကျေလနှင့် ငှငးကို ဆန့်ကျင်သော သူအားလုံးကို ဖော်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကို သူတို့ကဲ့သို့ ခိုင်မာစေပြီ ဟုဖော်ပြလိုခြင်းဖြစ်သည်"

သူတို့နဖူးတဘက်၌ သင်၏နဖူးကိုငှငး ငါခိုင်ခံ့စေပြီ
'နဖူး သို့မဟုတ် မျက်ခုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သင်လုပ်သော အလုပ်ကိုမရပ်မည်အကြောင်း သင့်ကို ငါခိုင်ခံ့ပြီ"


generated on Sun Jun 30 02:37:40 2024

သင်၏နဖူးကို ကျောက်ထက်မက၊ စိန်ထက် သာ၍ ခိုင်မာစေပြီ
ငါသည် သင်၏ နဖူးကို အမာကျောဆုံးသော ကျောက်၊
စိန်ထက်ပင်မာသော ကျောက်ကဲ့သို့ ဖြစ်စေပြီ။

စိန်ကျောက်
အခြားတစ်ခု သို့မဟုတ် သတ္တုနှင့်ပွတ်လျှင်
မီးပွင့်နိုင်လောက်အောင် မာကျောသောကျောက်။

အမျိုး
မိသားစုတစ်ခုတွင်နေထိုင်သော သူများ၊
ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော
ဣသရေလလူများ ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်စု" အခန်း ၂:၄
အတိုင်းဘာသာပြန်ပါ။

Ezekiel 10

သင့်အားငါပြောလတ့ံ သမျှသော စကားတို့ကို နားထောင်၍ နှလုံးသွင်းလော့။
ဂရုတစိုက် နားထောင်၍ မှတ်သားပါ။

သိမ်းသွားခြင်းကို ခံရသော သင်၏အမျိုးသား ချင်းတို့ရှိရာသို့သွား၍
'သိမ်းသွားခြင်းခံသူများ' သည် ဗာဗုလုန်သို့
ကျွန်အဖြစ်သိမ်းပိုက်ခေါ်ဆောင်ခြင်းခံသော ဣသရေလလူမျိုး
ကိုရည်ညွှန်းသည်။

သင်၏အမျိုးသား ချင်း
သင်၏လူမျိုးစု။ ယေဇကျေလသည်လည်း
ဗာဗုလုန်တို့၏သိမ်းပိုက်ခြင်းမခံရမှီ ယုဒပြည်တွင်
နေထိုင်ခဲ့သည်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကိုကြည့်ရန်။

Ezekiel 12

ယေဘုယျအချက်အလက်
ယေဇကျေလသည် သူမြင်သော ရူပါရုံအကြောင်းကို
ဆက်လက်ပြောပြသည်။

ထာဝရ ဘုရားကျိန်းဝပ်တော်မူရာ အရပ်မှ ဘုန်းတော်သည်
မင်္ဂလာရှိစေသတည်းဟု၊ ငါ့နောက်၌ ကြီးစွာသော လှုပ်ရှားခြင်းအသံကို
ငါကြား၏။
'ထာဝရ ... မင်္ဂလာရှိစေသတည်း' ကို
အချို့ဘာသာပြန်ချက်များက 'ကြီးများသော အသံကပြောသည်'
ဟုပြန်ဆိုကြသည်။ လှုပ်ရှားခြင်းအသံထဲမှ
'ထားဝရဘုရားကိုချီးမွမ်းထောမနာပြုသောအသံထွက်လာကြောင်းကို
ငါကြားသည်။ အခြားသူများက ထာဝရဘုရား၏ ဘုန်းတော်သည်
ထသောအခါ၊ ၎င်းအနောက်တွင် ထွက်လာသော လျှေင်ကဲ့သို့
မြည်သောအသံကို ငါကြားသည်ဟု ဘာသာပြန်ကြသည်။

ကြီးစွာသော လှုပ်ရှားခြင်းအသံ
ဤအသံသည် ငလျင်၊ ငလျင်ကဲ့သို့ မြည်သောအသံ၊
အတောင်ပံများ သို့မဟုတ် ဘီးများမှ လာသည်မှာ မထင်ရှားပါ။
ငလျင်ကဲ့သို့သောအသံ၊ စကားပြောသောအသံ၊ ၎င်းအသံသည်
ငလျင်ကဲ့သို့ဖြစ်သည်၊ သို့မဟုတ် ကျယ်လောင်သော ဆူပွက်သံ။

ထာဝရ ဘုရား ... ဘုန်းတော်သည်
အခန်း ၁:၂၇ ကိုကြည့်ပါ။

ကြီးစွာသော လှုပ်ရှားခြင်းအသံ
ကျယ်လောင်၊ နက်နဲ၊ ပြင်းထန်သော ငလျင်လှုပ်သံကဲ့သို့
ဆူပွက်သံ။

Ezekiel 14

ယေဘုယျအချက်အလက်
ဘုရားသခင်သည်
သိမ်းသွားခြင်းခံသောဣသရေလလူမျိုးများထံ
စေလွှတ်သောကြောင့် ယေဇကျေလသည် စိတ်ဆိုး၍
ဘုရားသခင်ကို ဆန့်ကျင်ပုံရသည်။ ထာဝရဘုရားသည် သူ့ကို
အလွန်ပြောစေချင်သည်ကို သိသော်လည်း ၇ ရက်လုံးလုံး
စကားမပြောဘဲ နေခဲ့သည်။

ခါးသောစိတ်၊ ပူပန်သောစိတ်
မကျေနပ်ခြင်း၊ စိတ်ဆိုးခြင်း၊ ဒေါသ။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်ခါးသီးလျက်၊
ငါ့စိတ်နှလုံးသည် ဒေါသဖြင့်ပြည့်သည်၊ သို့မဟုတ် ငါသည်
အလွန်ခါးသီးစွာ ဒေါသထွက်သည်"

ထာဝရဘုရား၏လက်တော်သည် ငါ့အပေါ်မှာ လေးလံ စွာ တင်လျက်ရှိ၏
ထာဝရဘုရားက စေခိုင်းသော အလုပ်သည် ဇေကျေလ အတွက်
စိတ်ပျက်ဖွယ်၊ ဝမ်းနည်းစရာ အလုပ်များဖြစ်ကြောင်း
ဖော်ပြခြင်းဖြစ်သည်။

ထာဝရဘုရား၏လက်တော်
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

တေလ ဗိဗ
ဗာဗုလုန်မြို့ကြီး၏ အရှေ့တောင်ဘက် ၈၀ ကီလိုမီတာခန့်
အကွာတွင် ရှိသည်။

ခေဗာမြစ်
အခန်း ၁:၁ တွင် ဖော်ပြပြီးဖြစ်သည်။

မှိန်းမောတွေဝေ လျက်နေ၏
အလွန်အံ့သြ၍ ဘာမျှမလုပ်နိုင်ဘဲ ဖြစ်သည်။

Ezekiel 16

ယေဘုယျအချက်အလက်
ယေဇကျေလသည် တေလဗိဗရှိ သူ၏ အတွေ့အကြုံများကို
ပြောပြသည်။



generated on Sun Jun 30 02:37:40 2024

ထာဝရဘုရား၏ နှုတ်ကပတ် တော်သည် ငါ့ဆီသို့ ရောက်လာ၍၊
ထာဝရဘုရားသည် ငါ့ကိုပြောသည်။ အခန်း ၁:၁ ကိုကြည့်ပါ။

ကင်းစောင့်
ရန်သူများ၏ အလာကို သတိနှင့်အမြဲ ကြည့်ရှု၍ ဣသရေလလူမျိုးများ ပြင်ဆင်နိုင်ရန်နှင့် လုံခြုံဖို့ရန် ကင်းစောင့်တစ်ယောက်ကဲ့သို့ သတိပေးဖို့ရန် ထာဝရဘုရားသည် ယေဇကျေလအား ပြောပြထားသည်။

ဣသရေလအမျိုး
မိသားစုတစ်ခုတွင် နေထိုင်သော သူများ၊ ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော ဣသရေလလူများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်စု" အခန်း ၃:၁ ကိုကြည့်ပါ။

လူဆိုး၏ အသက် ကို ချမ်းသာစေခြင်းငှါ၊ လူဆိုးအား သတိပေးသောစကား
အသက်ရှင်ရန်အလို့ငှာ မကောင်းသော ဒုစရိုက်အပြစ်ပြုလုပ်ခြင်းကို ရပ်တန့်ရန် သတိပေးခြင်း။

လူဆိုး
ဆိုးယုတ်သောလူများ။

သူ၏အသက်ကိုကား၊ သင်၌ငါတောင်းမည်။
လူသတ်မှုအတွက် တစ်စုံတစ်ယောက်ကို တာဝန်ရှိစေခြင်း၊ အပြစ်ရှိစေခြင်း။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူ့ကို သတ်သကဲ့သို့ သင့်ကို ငါပြောမည်။

သူသည် မိမိပြုသော ဒုစရိုက်ကိုရင်း၊ မိမိလိုက်သော အဓမ္မလမ်းကိုရင်း မရှောင်ဘဲ
'ဒုစရိုက်' သည် 'အဓမ္မ' နှင့်အတူတူပင်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဒုစရိုက်ပြုလုပ်ခြင်းကို မရပ်တန့်"

Ezekiel 20

ထိမိ၍ လဲစရာ
ဖြစ်နိုင်သော အဓိပ္ပါယ်များမှာ

သူသည်မိမိအပြစ်၌ သေလိမ့်မည်
ထိုသူသည် အပြစ်သားတယောက်အဖြစ် သေလိမ့်မည်။ ပညတ်တရားကို မလိုက်လျှောက်သောကြောင့် အပြစ်သားအဖြစ် သေလိမ့်မည်။

သူ၏ အသက်ကိုကား၊ သင်၌ငါတောင်းမည်။
လူသတ်မှုအတွက် တစ်စုံတစ်ယောက်ကို တာဝန်ရှိစေခြင်း၊ အပြစ်ရှိစေခြင်း။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူ့ကို သတ်သကဲ့သို့ သင့်ကို ငါပြောမည်။ အခန်း ၃:၁၆ ကိုကြည့်ရန်။

သတိပေးသောကျေးဇူး ကြောင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူ့ကို သတိပေးထားသောကြောင့်"

Ezekiel 22

ထာဝရဘုရား၏လက်တော်
'လက်' သည် တန်ခိုး၊ ပြုလုပ်ခြင်းကို ရည်ညွှန်းရန်သုံးလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ တန်ခိုးတော်"

ထာဝရဘုရား၏ ဘုန်းတော်
အခန်း ၂:၂၇ ကိုကြည့်ရန်။

ခေဗာမြစ်
အခန်း ၁:၁ ကိုကြည့်ရန်။

ငါသည် ပြပ်ဝပ်လျက် နေ၏
ယေ ၁:၂၇ တွင်ဖော်ပြပြီး။ ရုတ်တရက်လဲကျ ခြင်းမျိုးမဟုတ်ဘဲ၊ ကြောက်ရွံ့ခြင်း၊ အရိုအသေပေး၍ မြေပေါ်သို့မှောက်လဲခြင်းကို ဆိုလိုသည်။

Ezekiel 24

he spoke with me
N/A

သင်သည်ကြိုးနှင့်ချည်နှောင် ခြင်းကို ခံ၍ သူတို့တွင် မထွက်ရ
သင်ထွက်ပြေး၍ မရအောင် သူတို့သည် သင့်ကို ကြိုးများဖြင့် ချည်နှောင်ကြလိမ့်မည်။

Ezekiel 26

ယေဘုယျအချက်အလက်
ဘုရားသခင်၏ ဝိညာဉ်တော်သည် ယေဇကျေလကိုဆက်လက်၍ စကားပြောသည်။

အာခေါင်
ပါးစပ်ထိပ်။

စကားအလျက်
သင်သည် စကားမပြောနိုင်။

အမျိုး
မိသားစု တစ်ခုတွင် နေထိုင်သော သူများ၊ ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော ဣသရေလလူများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်စု" အခန်း ၂:၄ ကိုကြည့်ရန်။

သင့်နှုတ် ကို ငါဖွင့်မည်။
သင့်ကို ငါစကားပြောစေမည်။

နားမထောင်သောသူသည် နားမထောင် ဘဲနေစေ
နားမထောင်လိုသော သူသည် နားမထောင်ဘဲ နေလိမ့်မည်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကိုကြည့်ရန်။

---

## Translation Questions

### Ezekiel 3:1

ဝိညာဉ်တော်သည် ယေဇကျေလကို မည်သည့်အရာပေးခဲ့သနည်း။ ယေဇကျေလသည် ထိုအရာကို မည်သို့ပြုခဲ့သနည်း။
ဝိညာဉ်တော်သည် ယေဇကျေလကို စာလိပ်ပေးခဲ့ပြီး သူသည် ထိုအရာကို စားခဲ့သည်။

### Ezekiel 3:4

ဝိညာဉ်တော်သည် ယေဇကျေလကို မည်သည့်အရာသွားလုပ်ဖို့ရန် ပြောခဲ့သနည်း။
ဝိညာဉ်တော်သည် ယေဇကျေလကို ဣသရေလလူများရှိရာသို့ သွား၍ ဝိညာဉ်တော်၏စကားကို ပြောဖို့ရန် ပြောခဲ့သည်။

ဝိညာဉ်တော်အရ အကယ်၍ ယေဇကျေလသည် တိုင်းတပါးလူများထံသို့ စေလွှတ်ခြင်းခံခဲ့လျှင် သူတို့သည် ယေဇကျေလ၏ စကားကို မည်သို့ တုန့်ပြန်ခြင်းရှိလိမ့်မည်နည်း။
အကယ်၍ ယေဇကျေလသည် တိုင်းတပါးလူတွေဆီသို့ စေလွှတ်ခြင်းခံခဲ့လျှင် သူတို့သည် ယေဇကျေလ၏ စကားကို နားထောင်ကြလိမ့်မည်။

ဝိညာဉ်တော်အရ၊ ဣသရေလအမျိုးတို့သည် ယေဇကျေလ၏ စကားကို မည်သို့ တုန့်ပြန်လိမ့်မည်နည်း။
ဣသရေလအမျိုးတို့သည် ယေဇကျေလ၏ စကားကို နားထောင်ဖို့စိတ်ဆန္ဒရှိ ကြလိမ့်မည် မဟုတ်ပါ။

### Ezekiel 3:8

ဝိညာဉ်တော်သည် ယေဇကျေလ ကြောက်ရွံ့စိတ်ပျက်ခြင်းမရှိအောင် မည်သို့ ပြုလုပ်ခဲ့သနည်း။
ဝိညာဉ်တော်သည် ယေဇကျေလကို သူ၏ မျက်နှာနှင့် နဖူးကို စိန်ကဲ့သို့ ခိုင်မာစေခဲ့သည်။

### Ezekiel 3:12

ယေဇကျေလ၏ နောက်၌ ကြီးမားသော အသံသည် သူ့ကို မည်သည့်အရာ ပြောခဲ့သနည်း။
ကြီးမားသောအသံသည် ထာဝရဘုရားကျိန်းဝပ်တော်မူရာ အရပ်မှ ဘုန်းတော်သည် မင်္ဂလာရှိစေသတည်းဟု ပြောခဲ့သည်။

### Ezekiel 3:14

ယေဇကျေလသည် ခုနစ်ရက်ပတ်လုံး မည်သည့်အရာကို ပြုခဲ့သနည်း။ သူ၏ အခြေအနေသည် မည်သို့ဖြစ်သနည်း။
ယေဇကျေလသည် ခုနစ်ရက်ပတ်လုံး သိမ်းသွားခြင်းခံသူများနှင့် နေခဲ့ပြီး အလွန်အံ့သြခြင်းရှိခဲ့သည်။

### Ezekiel 3:16

ထာဝရဘုရားသည် ဣသရေလလူမျိုးများအတွက် ယေဇကျေလကို မည်သို့ဖြစ်စေခဲ့ပြီ ဟုပြောခဲ့သနည်း။
ထာဝရဘုရားသည် ယေဇကျေလကို ဣသရေလလူမျိုးများအတွက် ကြည့်ရှုသောသူဖြစ်စေခဲ့ပြီဟု ပြောခဲ့သည်။

အကယ်၍ ယေဇကျေလသည် သူတို့ပြုလုပ်သော အပြစ်များအကြောင်း ဆိုးသွမ်းသူတို့ကို သတိပေးခဲ့လျှင် ထာဝရဘုရားသည် ယေဇကျေလမည်သို့ ဖြစ်မည်ဟု ပြောခဲ့သနည်း။
အကယ်၍ ယေဇကျေလသည် ဆိုးသွမ်းသူတို့ကို သတိပေးခဲ့လျှင် ယေဇကျေလသည် မိမိကိုယ်ကို ကယ်တင်လိမ့်မည်။

### Ezekiel 3:20

အကယ်၍ ယေဇကျေလသည် သူတို့ပြုလုပ်သော အပြစ်များအကြောင်း ဆိုးသွမ်းသူတို့ကို သတိမပေးခဲ့လျှင် ထာဝရဘုရားသည် ယေဇကျေလမည်သို့ ဖြစ်လာလိမ့်မည်ဟု ပြောခဲ့သနည်း။
အကယ်၍ ယေဇကျေလသည် ဆိုးသွမ်းသူတို့ကို သတိမပေးခဲ့လျှင် ထာဝရဘုရားသည် သူတို့၏ သွေးကို ယေဇကျေလထံမှ တောင်းဆိုလိမ့်မည်။

အကယ်၍ ယေဇကျေလသည် မတရားစွာပြုသောသူ ဖြောင့်မတ်ခြင်းမှလှည့်ပြန်သောသူကို သတိမပေးခဲ့လျှင် ထာဝရဘုရားသည် ယေဇကျေလမည်သို့ ဖြစ်လိမ့်မည်ကို ပြောခဲ့သနည်း။
အကယ်၍ ယေဇကျေလသည် မတရားစွာပြုသောသူ ဖြောင့်မတ်ခြင်းမှ လှည့်ပြန်သော သူကို သတိမပေးခဲ့လျှင် ထာဝရဘုရားသည် သူ၏ အသွေးကို ယေဇကျေလထံမှ တောင်းလိမ့်မည်။

ဖြောင့်မတ်ခြင်းမှ ပြန်လှည့်၍ မတရားစွာပြုသောသူသည် မည်သို့ ဖြစ်လိမ့်မည်ဟု ထာဝရဘုရားပြောခဲ့သနည်း။
ထာဝရဘုရားသည် ဖြောင့်မတ်ခြင်းမှ လှည့်ပြန်၍ မတရားစွာပြုမှုသောသူသည် သူ၏အပြစ်ကြောင့် သေရလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

အကယ်၍ ယေဇကျေလသည် ဖြောင့်မတ်ခြင်းမှ လှည့်၍ မတရားးစွာပြုမူသော သူကို သတိပေးခဲ့လျှင် ထာဝရဘုရားသည် သူ့ကို မည်သို့ ဖြစ်လိမ့်မည်ကို ပြောခဲ့သနည်း။
အကယ်၍ ယေဇကျေလသည် ဖြောင့်မတ်ခြင်းမှ လှည့်၍ မတရားးစွာပြုမူသော သူကို သတိပေးခဲ့လျှင် ယေဇကျေလသည် မိမိကိုယ်ကို ကယ်တင်လိမ့်မည်။

Ezekiel 3:22

ယေဇကျေလသည် လွင်ပြင်တွင် ထာဝရဘုရား၏ ဘုန်းတော်ကို မြင်တွေ့သောအခါ မည်သည့်အရာကို ပြုခဲ့သနည်း။
ယေဇကျေလသည် ထာဝရဘုရား၏ ဘုန်းတော်ကို မြင်တွေ့သောအခါ သူသည် မြေပေါ်တွင်လဲခဲ့သည်။

Ezekiel 3:24

ဝိညာဉ်တော်သည် ယေဇကျေလကို မည်သည့်အရာကို သွားပြီး ပြုလုပ်ဖို့ရန်အတွက် ပြောခဲ့သနည်း။
ဝိညာဉ်တော်သည် ယေဇကျေလကို သွားပြီး သူ့အိမ်၌ ပုန်းနေဖို့ရန် ပြောခဲ့သည်။

Ezekiel 3:26

ဝိညာဉ်တော်က မည်သည့်အရာကို ယေဇကျေသည် မိမိစကားအားဖြင့် မတတ်စွမ်းနိုင်ဟု ပြောခဲ့သနည်း။
ဝိညာဉ်တော်က ယေဇကျေလသည် ဣသရေလလူမျိုးကို မိမိစကားအားဖြင့် မဆုံးမနိုင် ဟု ပြောခဲ့သည်။

ဝိညာဉ်တော်သည် သူ့ကိုစကားပြောသောအခါ ယေဇကျေလသည်မည်သည့်အရာကို မပြုလုပ်နိုင်ဟု ဝိညာဉ်တော် ပြောခဲ့သနည်း။
ဝိညာဉ်တော်သည် သူ့ကိုစကားပြောသောအခါ ယေဇကျေလသည် 'အရှင်ထာဝရဘုရား မိန့်တော်မူ၏' ဟူသည့်စကားကို နှုတ်ဖွင့်၍မမြွက်နိုင်ဘဲနေမည်ဟု ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 4

1 တဖန်တုံ၊ အချင်းလူသား၊ အုတ်ပြားကိုယူ၍ သင့်ရှေ့မှာ ထားပြီးလျှင်၊ ယေရုရှလင်မြို့ပုံကို ရေးလော့။ 2 မြို့ကိုဝိုင်း၍မြို့ပြင်၌
တပ်တည်လော့။ မြေရိုး ကိုလည်းဖို့လော့။ တပ်သားတို့ကိုလည်းခင်းကျင်းလော့။ မြို့ပတ်လည်တွင် ဝက်ခွတိုင်တို့၌ တုံးတို့ကိုလည်း
ဆွထားလော့။ 3 ထိုမှတပါး၊ သံပြားကိုယူ၍၊ သင်နှင့်မြို့စပ်ကြား မှာ သံရိုးဖြစ်စေခြင်းငှါ ထောင်ပြီးလျှင်၊ မြို့တဘက်၌
သင်၏မျက်နှာကိုထားလော့။ ထိုသို့ ဝိုင်းထားသဖြင့်၊ ထိုမြို့သည်ဝိုင်းထားခြင်းကို ခံရမည်။ ဤသည်ကား ဣသရေလအမျိုးအား
နိမိတ်လက္ခဏာဖြစ်လိမ့်မည်။ 4 ထိုမှတပါး၊ သင်သည် လက်ဝဲနံစောင်းဖြင့် အိပ် ၍၊ ဣသရေလအမျိုး၏အပြစ်ကို ထိုနံစောင်း၌
တင်ထား လော့။ ထိုသို့အိပ်ရသော နေ့ရက်အရေအတွက်အတိုင်း သူတို့အပြစ်ကို ခံရမည်။ 5 အကြောင်းမူကား၊ အရက်သုံးရာကိုးဆယ်
အရေအတွက်အတိုင်း၊ သူတို့အပြစ်နှင့်ယှဉ်သော နှစ်ပေါင်းကိုသင်၏အပေါ်၌ ငါတင်ထားပြီ။ ထိုသို့ ဣသရေလအမျိုး၏ အပြစ်ကို
သင်သည် ခံရမည်။ 6 ထိုနေ့ရက်စေ့ပြီးမှ၊ တဖန်လက်ျာနံစောင်းဖြင့် အိပ်၍၊ အရက်လေးဆယ်ပတ်လုံးယုဒအမျိုး၏ အပြစ်ကို
ခံဦးလော့။ နှစ်အစား၌ ရက်ကို ငါထားပြီ။ 7 သင်သည် ယေရုရှလင်မြို့ကို ဝိုင်းထားသည် အမှုမှာ၊ မျက်နှာထား၍
လက်ရုံးကိုဆန့်လျက်၊ မြို့တဘက် ၌ ပရောဖက်ပြုရမည်။ 8 ငါသည် သင့်ကိုချည်နှောင်၍ ဝိုင်းထားခြင်းအမှု ကို ပြုရသော
ကာလမစေ့မှီ၊ သင်သည် တဘက်မှ တဘက်သို့ မစောင်းရ။ 9 ထိုမှတပါး၊ ဂျုံဆန်၊ မုယောဆန်၊ ပဲဆန်နှစ်မျိုးနှင့် ပြောင်းဆန်၊
ကောက်ဆန်တို့ကို ယူ၍ အိုးတလုံး၌ ရောနှောလျက်ထားရမည်။ နံစောင်းတဘက်ဖြင့် အိပ်ရသောနေ့ရက် သုံးရာကိုးဆယ်ပတ်လုံး၊
ထိုရောနှော သောဆန်ကို မုန့်လုပ်၍ စားရမည်။ 10 ထိုမုန့်ကို တနေ့တနေ့လျှင် အကျပ်နှစ်ဆယ်စီ ချိန်၍ စားရမည်။ 11
ရေကိုလည်းတနေ့တနေ့လျှင် တဗတ်စီခြင်၍ သောက်ရမည်။ 12 မုယောမုန့်ပြားကို စားသကဲ့သို့ စားအံ့သောငှါ၊ လူများရှေ့တွင်
လူ၏မစင်နှင့်ဖုတ်ရမည်။ 13 ထိုသို့ ငါနှင်ထုတ်ရာအရပ်၊ တပါးအမျိုးသားတို့ နေရာ၌၊ ဣသရေလအမျိုးတို့သည် ညစ်ညူးသောမုန့်ကို
စားရကြမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 14 ငါကလည်း၊ အိုအရှင်ထာဝရဘုရား၊ အကျွန်ုပ် သည် ညစ်ညူးခြင်းသို့
မရောက်ပါသေး။ အလိုလို သေသောအကောင်၊ သားရဲကိုက်၍ သေသောအကောင်၊ ရွံရှာဘွယ်သောအကောင်၏ အသားကို ငယ်သော
အသက်အရွယ်မှစ၍ ယခုတိုင်အောင် အကျွန်ုပ်သည် မစားပါဟု လျှောက်လျှင်၊ 15 လူ၏မစင်အရာ၌ နွားချေးကို ငါပေး၏။
နွားချေးနှင့်သင့်မုန့်ကို ဖုတ်ရမည်ဟု မိန့်တော်မူ၏။ 16 တဖန်တုံ၊ အချင်းလူသား၊ ယေရုရှလင်မြို့၌ မုန့်အထောက်အပင့်ကို ငါချိုးမည်။
မြို့သားတို့သည် မုန့်ကိုချိန်လျက်၊ စိုးရိမ်သော စိတ်နှင့်စားရကြမည်။ ရေကိုလည်း ခြင်လျက်၊ မိန်းမောတွေဝေခြင်းနှင့် သောက်
ရကြမည်။ 17 မုန့်နှင့်ရေခေါင်းပါးသဖြင့်၊ မြို့သားတို့သည် တညီတညွတ်တည်း မိန်းမောတွေဝေ၍၊ မိမိတို့အပြစ် ကြောင့်
ပိန်ကြုံခြင်းသို့ ရောက်ရကြမည်ဟု မိန့်တော်မူ၏။

---

Ezekiel 01

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။ ယေဇကျေလကို အုတ်ခဲ၊ ဖုန်နှင့် သစ်သားများကို ယူ၍ ထာဝရဘုရားသည် ယေရုရှလင်မြို့ကို ဖျက်ဆီးသကဲ့သို့ လုပ်ဆောင်ရန် ပြောသည်။

အချင်းလူသား
လူသားမျိုး၏ သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည် ယေဇကျေလအား လူတစ်ယောက်အဖြစ်သာ ခေါ်ဆိုသည်။ ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊ လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂း၁ ကိုကြည့်ရန်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသောအမျိုး သို့မဟုတ် လူသား"

မြို့ကိုဝိုင်း၍
မြို့ပုံစံတူ ပုံထွင်းဖို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့ပုံစံ ကိုပုံထွင်းသည်"

တပ်သားတို့ကိုလည်းခင်းကျင်းလော့
သိမ်းပိုက်ဖို့ရန် မြို့ကို ဝိုင်းလော့။

မြို့ကိုဝိုင်း၍မြို့ပြင်၌ တပ်တည်လော့
မြို့တံတိုင်းဆောက်ပါ၊ တံတိုင်းသည် လူများကိုမြို့ပြင်မထွက်အောင် ကာထားမည်။

မြို့ပတ်လည်တွင် ဝက်ခွတိုင်တို့၌ တုံးတို့ကိုလည်း ဆွထားလော့
ယေရုရှလင်မြို့သည် မြို့သားများကို ကာကွယ်ရန် မြို့ရိုးရှိသည်။ ရန်သူများသည် မြို့ရိုးကိုကျော်ဖို့ ဝက်ခွတိုင်များရှိမှာသာ မြို့ရိုးကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

သံပြားကိုယူ၍၊ သင်နှင့်မြို့စပ်ကြား မှာ သံရိုးဖြစ်စေခြင်းငှါ ထောင်ပြီးလျှင်၊
'သံရိုး' ဟူသည်စစ်တပ်ရှိလူများ နံရံ သို့မဟုတ် တံခါးများကိုချိုးဖျက်၍ အထဲဝင်နိုင်ရန် အသုံးပြုရသည့် ကြီးမားသော သစ်သားများ သို့မဟုတ် တိုင်ကြီးများ။ ဂိတ်များကို ဖျက်၍ လူများအထဲဝင်နိုင်ဖို့ရန် သစ်သားကြီးများကိုလည်း ပတ်လည်၌ ထားပါ။

မြို့တဘက်၌ သင်၏မျက်နှာကိုထားလော့
အမျက်ထွက်၍ မြို့ကိုကြည့်ပါ။


generated on Sun Jun 30 02:37:40 2024

ကလ္ဒသရေလအမျိုး
မိသားစုတစ်ခုတွင်နေထိုင်သော သူများ၊ ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏အမျိုးများ ဖြစ်သော ကလ္ဒသရေလလူများ ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကလ္ဒသရေလ လူအုပ်စု" အခန်း ၃:၁ ကို ကြည့်ရန်။

Ezekiel 04

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

ကလ္ဒသရေလအမျိုး၏အပြစ်ကို ထိုနံစောင်း၌ တင်ထား လော့
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ကလ္ဒသရေလလူမျိုးအားလုံး၏ အပြစ်ကို ပရောဖက်မှ ကိုယ်စားပြု၍ ပြစ်ဒဏ် ခံရမည့်သဘောဖြစ်သည် (see UDB) သို့မဟုတ် (၂) ထိုကဲ့သို့ လဲလျောင်းပြီး သူတို့၏ ပြစ်အတွက် စီရင်ခြင်း ခံရမည်။

ကလ္ဒသရေလအမျိုး
မိသားစုတစ်ခုတွင် နေထိုင်သော သူများ၊ ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော ကလ္ဒသရေလလူများ ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကလ္ဒသရေလ လူအုပ်စု" အခန်း ၃:၁ ကိုကြည့်ရန်။

သူတို့အပြစ်ကို ခံရမည်။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) သူတို့၏ အပြစ်အတွက် သင်သည် အပြစ်ရှိလိမ့်မည်။ သို့မဟုတ် (၂) သူတို့၏ အပြစ်အတွက်သင့်ကို အပြစ်ပေးမည်။ နှစ်ခုစလုံးကို 'တင်စားချက်' အဖြစ် ယေဇကျေလမှ လုပ်ဆောင်ရန်ဖြစ်သည်။

သင်သည် လက်ဝဲနံစောင်းဖြင့် အိပ် ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ကလ္ဒသရေလနိုင်ငံတော်ကို ဒေါသမျက်နှာမူ၍ လဲလျောင်းပါ။

အရက်သုံးရာကိုးဆယ် အရေအတွက်အတိုင်း၊ သူတို့အပြစ်နှင့်ယှဉ်သော နှစ်ပေါင်းကိုသင်၏အပေါ်၌ ငါတင်ထားပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့ကို ပြစ်ဒဏ်ပေးမည့် နေ့ရက်နှစ်ကာလအတိုင်း သင်သည်နံစောင်းဖြင့် အိမ်လော့ ဟု သင့်ကို ငါမှာထားသည်"

သူတို့အပြစ်နှင့်ယှဉ်သော နှစ်ပေါင်း
ဖြစ်နိုင်သောအဓိပ္ပါယ်မှာ (၁) နှစ်တိုင်း သူတို့၏ အပြစ်အတွက် ဒဏ်ခံရမည်၊ သို့မဟုတ် (၂) နှစ်တိုင်း အပြစ်ပြုကြသည်။

Ezekiel 06

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

ထိုနေ့ရက်
ကလ္ဒသရေလနိုင်ငံတော် ဝန်းရံခံခြင်းကို ပုံဖော်ရန် ယေဇကျေလသည် နံစောင်း (ဘယ်ဘက်) ဖြင့် လဲလျောင်းသည်။

ယုဒအမျိုး၏အပြစ်ကို ခံ၍ဦးလော့။
တစ်မျိုးသားလုံး၏ အပြစ်ကို ပရောဖက်အား ခံစေခြင်းဖြင့် ထာဝရဘုရားသည် ကလ္ဒသရေလလူမျိုးတို့ကို အပြစ်ဒဏ်မှ လွှတ်ခွင့်ပေးမည်ဖြစ်သည်။ ယေ ၄:၄။

ယုဒအမျိုး
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒမှ ဆင်းသက်လာသောမျိုးနွယ်စု" အခန်း ၃:၁ ကိုကြည့်ရန်။

နှစ်အစားရက်ကိုငါထားပြီ
သူတို့ တစ်နှစ်အတွင်း ပြုလုပ်သော အပြစ်အားလုံးအတွက် သင့်အားတစ်ရက်သာ ပြစ်ဒဏ်ခံစေရမည်။

မြို့တဘက် ၌ ပရောဖက်ပြုရမည်
ယေရုရှလင်မြို့တွင် မကောင်းသောအရာများဖြစ်ပျက်မည်အကြောင်း ပရောဖက်ပြုချက်။

behold!
N/A

ငါသည် သင့်ကိုချည်နှောင်၍ ဝိုင်းထား
တစ်စုံတစ်ခုယောက်ကို မလှုပ်ရှားနိုင်သည့် 'ချည်နှောင်မှု' သို့မဟုတ် သံကြိုးများဖြစ်သည်။ ထာဝရဘုရားသည် အမှန်တကယ် ကြိုးများသုံးလား သို့မဟုတ် တင်စားခြင်းသက်သက်လား ဆိုသည်မှာ မထင်ရှားပါ။

Ezekiel 09

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

ဂျုံဆန်၊ မုယောဆန်၊ ပဲဆန်နှစ်မျိုးနှင့် ပြောင်းဆန်၊ ကောက်ဆန်
ဂျုံစေ့အမျိုးများ ဖြစ်သည်။

ပဲဆန်နှစ်မျိုး
အနွယ်ဖြင့်ရှိသော၊ အတောင့်တစ်ခုတွင် အစေ့များပါ၍ စားရသောအမျိုး။

ပြောင်းဆန်
ပဲကဲ့သို့ဖြစ်သည်၊ အစေ့သေးငယ်၊ ဝိုင်း၍ ပြားသည်။

တနေ့တနေ့လျှင် အကျပ်နှစ်ဆယ်စီ
တစ်နေ့လျှင် အကျပ် ၂၀ စီ။ အခြားသောဘာသာပြန်ဆိုချက်၊ "နေ့တိုင်း မုန့် ၂၀၀ ဂရမ်"

တဗတ်စီ
တစ်ဗတ်၏ ၆ ပုံ ၁ ပုံ၊ တစ်ပုလင်း၏ တစ်ဝက်

Ezekiel 12

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

...စားရကြမည်
အခန်း ၄:၉ ရှိ မုန့်။

မုယောမုန့်ပြား
မုယောဆန်မှ ပြုလုပ်သော မုန့်၊ အခန်း ၄:၉။

လူ၏မစင်နှင့်ဖုတ်ရမည်
လူ၏ မစင်ကို လောင်စာအဖြစ်သုံး၍ မုယောပြားကို ဖုတ်ရမည်ဖြစ်သည်။

ငါနှင်ထုတ်ရာအရပ်
ငါသည် သူတို့ကို နှင်ထုတ်မည်။

Ezekiel 14

အို
ယေဇကျေလသည် ထာဝရဘုရားပြောသော စကားကို ကြားလိုက်သည်နှင့် အလွန်သောကရောက်သည်။ "ထိုသို့လုပ်ပါက ငါ့အတွက် မှားလိမ့်မည်"

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကိုကြည့်ပါ။ ယေဇကျေလသည် ဘုရားသခင်နှင့် ပြောနေခြင်းဖြစ်သည်။

ရွံ့ရှာဘွယ်သောအကောင်၏ အသား
အို၍သော်လည်းကောင်း၊ နာမကျန်းဖြစ်၍သော် လည်းကောင်း၊ အခြားအကောင်က သတ်၍ သေသော တိရိစ္ဆာန်၏အသားဖြစ်သောကြောင့် မသန့်ရှင်းပါ။ ရွံ့ရှာသည်။ သူ၏ မနှစ်မြို့ခြင်းကို ဖော်ပြသည်။ 'ရွံ့ရှာဘွယ်ကောင်းသော၊ မသန့်ရှင်းသောအသား။

ရွံ့ရှာဘွယ်သောအကောင်၏ အသားကို ငယ်သော အသက်အရွယ်မှစ၍ ယခုတိုင်အောင် အကျွန်ုပ်သည် မစားပါ
မသန့်ရှင်းသော အသားကို ကျွန်ုပ်ဘယ်တော့မှ မစားဖူးပါ။

Look!
N/A

ငါပေး၏
သင့်ကို အသုံးပြုခွင့်ငါပေးမည်။

နွားချေး
နွားချေး။

လူ၏ မစင်
လူ့ခန္ဓာမှ ထွက်လာသော အညစ်အကြေး။ အခန်း ၄:၁၂ ကိုကြည့်ရန်။

Ezekiel 16

Behold!
N/A

ယေရုရှလင်မြို့၌ မုန့်အထောက်အပင့်ကို ငါချိုးမည်
ယေရုရှလင်မြို့ကို မုန့်ပေးခြင်းကို ရပ်တန့်မည်။

မုန့်အထောက်အပင့်
လူများသည် လမ်းလျှောက်ဖို့ရန် တောင်ဝှေး၊ အသက်ရှင်ဖို့ရန် မုန့်လိုအပ်ကြသောကြောင့် အထောက်အပံ့ အထောက်အပင့် ဟုခေါ်သည်။ မုန့်သည် အစားအစာမျိုးစုံ အစားသုံးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစားအစာ အထောက်အပံ့"

ယေရုရှလင်မြို့၌ ... စိုးရိမ်သော စိတ်နှင့်စားရကြမည်
'သူတို့သည် မုန့်နှင့်ရေ မရှိဘဲဖြစ်ကြလိမ့်မည်' နှင့် 'ယေရုရှလင်မြို့၌ မုန့်အထောက်အပံ့ကို ငါချိုးမည်' ကိုဆက်စပ်ပေးသည့် အဓိပ္ပါယ်မှာ 'ယေရုရှလင်မြို့၌ ... စိုးရိမ်သော စိတ်နှင့် စားရကြမည်' ဖြစ်သည်။

မုန့်ကိုချိန်လျက်၊ စိုးရိမ်သော စိတ်နှင့်စားရကြမည်
မလုံလောက်မည်ကို စိုးရိမ်သဖြင့် စိုးရိမ်စိတ်ဖြင့် မုန့်ခွဲဝေကြလိမ့်မည်။

မုန့်ကိုချိန်လျက်၊
မလုံလောက်သောအရာတစ်ခုကို လူအများထံသို့ အနည်းငယ်စီ ခွဲဝေခြင်း။

မုန့်ကိုချိန်လျက်၊ စိုးရိမ်သော စိတ်နှင့်
တုန်တုန်ရီရီ ချိန်ဆခြင်း သို့မဟုတ် စိုးရိမ်စွာ ချိန်ဆခြင်း။

မုန့်နှင့်ရေခေါင်းပါးသဖြင့်၊ မြို့သားတို့သည် တညီတညွတ်တည်း မိန်းမောတွေဝေ၍
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

ပိန်ကြုံ
အသား၊ သစ်သား ဆွေးမြေ့ခြင်းအတွက် သုံးသည်။ ဤနေရာတွင် ဒုစရိုက်ပြုလုပ်သူများ ပိန်လာခြင်း၊ သေခြင်း၊ စားစရာ မရှိခြင်းကို ဆိုလိုသည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Ezekiel 4:1

ထာဝရဘုရားသည် ယေဇကျေလကို အုတ်ချပ်နှင့် မည်သည့်အရာကို လုပ်ဖို့ရန် ပြောခဲ့သနည်း။
ထာဝရဘုရားသည် ယေဇကျေလကို အုတ်ချပ်ပေါ်တွင် ယေရုရှလင်မြို့ကို ဖန်တီးဖို့ရန်နှင့် ထိုအရာကို ရန်ဘက်ပြုဖို့ ခံတပ်ကို ချဖို့ရန် ပြောခဲ့သည်။

အဘယ်ကြောင့် ထာဝရဘုရားသည် ထိုအရာကို အုတ်ဖြင့်လုပ်ဖို့ရန် ယေဇကျေလကို ပြောခဲ့သနည်း။
ဣသရေလအမျိုးအဖို့ နိမိတ်လက္ခဏာအဖြစ် ထိုအရာကို အုတ်ဖြင့်လုပ်ဖို့ရန် ထာဝရဘုရားသည် ယေဇကျေလကို ပြောခဲ့ခြင်းဖြစ်သည်။

## Ezekiel 4:4

အဘယ်ကြောင့် ထာဝရဘုရားသည် ယေဇကျေလကို လက်ဝဲနံစောင်းဖြင့် အိပ်ဖို့ရန် ပြောခဲ့သနည်း။
ဣသရေလအမျိုး၏ အပြစ်များကိုသယ်ဆောင်ဆောင်ဖို့ရန် လက်ဝဲနံစောင်းဖြင့်အိပ်ဖို့ ထာဝရဘုရားသည် ယေဇကျေလကို ပြောခဲ့သည်။

အဘယ်ကြောင့် ယေဇကျေလသည် ရက်သုံးရာကိုးဆယ်ပတ်လုံး လက်ဝဲနံစောင်းဖြင့်အိပ်ဖို့ရန် ဖြစ်ခဲ့သနည်း။
ယေဇကျေလသည် ဣသရေလအမျိုးအတွက် နှစ်သုံးရာကိုးဆယ်အပြစ်ပေးဒဏ်ခတ်ခြင်းကို ပုံဆောင်ဖို့အတွက် ရက်သုံးရာကိုးဆယ်ပတ်လုံး လက်ဝဲနံစောင်းဖြင့် အိပ်ဖို့ရန် ဖြစ်ခဲ့သည်။

## Ezekiel 4:6

အဘယ်ကြောင့် ယေဇကျေလသည် လက်ယာနံစောင်းဖြင့် အိပ်ဖို့ရန် ဖြစ်ခဲ့သနည်း။
ယေဇကျေလသည် ဣသရေလအမျိုး၏ အပြစ်ကို သယ်ဆောင်ဖို့အတွက် လက်ယာနံစောင်းဖြင့် အိပ်ဖို့ရန် ဖြစ်ခဲ့သည်။

အဘယ်ကြောင့် ယေဇကျေလသည် ရက်လေးဆယ်ပတ်လုံး လက်ယာနံစောင်းဖြင့် အိပ်ဖို့ရန် ဖြစ်ခဲ့သနည်း။
ယေဇကျေလသည် ဣသရေလအမျိုးအတွက် နှစ်လေးဆယ်အပြစ်ဒဏ်ခတ်ခြင်းကို ပုံဆောင်ဖို့အတွက် ရက်လေးဆယ်ပတ်လုံး လက်ယာနံစောင်းဖြင့် အိပ်ဖို့ရန် ဖြစ်ခဲ့သည်။

## Ezekiel 4:9

ထာဝရဘုရားသည် ယေဇကျေလကို သူ၏ နံစောင်းဖြင့် အိပ်နေသော အချိန်တွင် မည်သည့်အရာ စားသောက်ဖို့ရန်အတွက် ပြောခဲ့သနည်း။
ထာဝရဘုရားသည် ယေဇကျေလကို ဆန်မုန့်နှင့်ရေကို စားသောက်ဖို့အတွက် ပြောခဲ့သည်။

## Ezekiel 4:12

ထာဝရဘုရားသည် ယေဇကျေလကို သူ၏ နံစောင်းဖြင့် အိပ်နေသော အချိန်တွင် မည်သည့်အရာကို စားသောက်ဖို့ရန် ပြောခဲ့သနည်း။
ထာဝရဘုရားသည် ယေဇကျေလကို ဆန်မုန့်နှင့်ရေကို စားသောက်ဖို့အတွက် ပြောခဲ့သည်။

အဘယ်ကြောင့် ထာဝရဘုရားသည် ယေဇကျေလကို ဣသရေလအမျိုးတို့၏ရှေ့တွင် မစင်ကိုသုံး၍ မုန့်ဖုတ်ဖို့ရန် ပြောခဲ့သနည်း။
ယေဇကျေလသည် ဣသရေလလူများသည် တပါးလူမျိုးတို့ရှေ့တွင် မသန့်ရှင်းသောအစာကို စားရလိမ့်မည့် နိမိတ်လက္ခဏာအဖြင့် လူတို့၏ မစင်ကိုသုံး၍ မုန့်ဖုတ်ဖို့ရန် ဖြစ်သည်။

## Ezekiel 4:14

အဘယ်ကြောင့် ထာဝရဘုရားသည် ယေဇကျေလအား မုန့်ဖုတ်ဖို့ လူမစင်အစား နွားမစင်ကို အသုံးပြုခွင့်ပြုခဲ့သနည်း။
ယေဇကျေလသည် သူ၏ဘဝတွင် မသန့်ရှင်းသောအရာကို မစားခဲ့ဖူးသောကြောင့် ထာဝရဘုရားသည် နွားမစင်ကိုသုံးဖို့ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

## Ezekiel 4:16

ထာဝရဘုရားသည် ယေရုရှလင်မြို့တွင် စားသောက်ခြင်းနှင့်ပါတ်သက်၍ မည်သည့်အရာဖြစ်ပျက်လိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် မုန့်နှင့်ရေကို အချိုးဖြင့် စားရလိမ့်မည်ဟု ပြောခဲ့သည်။

ထိုအချိန်ကာလ၌ ယေရုရှလင်မြို့သားတို့တွင် မည်သည့်အရာဖြစ်လိမ့်မည်ဟု ထာဝရဘုရားပြောခဲ့သနည်း။
ထာဝရဘုရားသည် ယေရုရှလင်မြို့သူမြို့သားများသည် စိတ်ပျက်၍အရည်ပျော်သွားကြလိမ့်မည်ဟု ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 5

1 တဖန်တုံ၊ အချင်းလူသား၊ ထက်သောထား တည်းဟူသော၊ ဆတ္တာသည်၏သင်တုန်းကိုယူ၍၊ ကိုယ်ဆံပင်နှင့်မုတ်ဆိတ်ကို ရိတ်ပြီးမှ၊
ချိန်ခွင်နှင့် ချိန်၍ အစုစုခွဲထားလော့။ 2 မြို့ကို ဝိုင်းထားရာ ကာလစေ့သောအခါ၊ ဆံပင်နှင့် မုတ်ဆိတ်သုံးစု တစုကို မြို့ထဲမှာ
မီးရှို့လော့။ တစုကိုထားနှင့်ခုတ်ဖြတ်လော့။ တစုကို လေတိုက်ရာ၌ လွှင့်လော့။ ငါသည်လည်း ထိုအစုနောက်သို့ ထားကိုလွှတ်
လိုက်မည်။ 3 အနည်းငယ်ကိုလည်းယူ၍ ကိုယ်အဝတ်နှင့် ထုပ်လော့။ 4 ထိုအနည်းငယ်အချို့ကိုလည်း ယူပြန်၍ မီးရှို့ လော့။ ထိုမီးသည်
ဣသရေလအမျိုးကို နှံ့ပြားလိမ့်မည်ဟု မိန့်တော်မူ၏။ 5 တဖန်အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ဤပုံသည်
ယေရုရှလင်မြို့ဖြစ်၏။ ပတ်လည်၌ ရှိသောတိုင်းပြည်များတို့အလယ်မှာ ထိုမြို့ကို ငါထား၍၊ 6 ပတ်လည်၌ရှိသော
တိုင်းသူပြည်သားတို့သည် ငါ၏စီရင်ထုံးဖွဲ့ ချက်ပညတ်တရားကို လွန်ကျူး သည်ထက်၊ ထိုမြို့သားတို့သည်သာ၍ မတရားသဖြင့်
လွန်ကျူးကြပြီ။ ထိုပညတ်တရားတော်လမ်းသို့ မလိုက်ဘဲ ငြင်းပယ်ကြပြီ။ 7 သို့ဖြစ်၍၊ အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊
သင်တို့သည် ပတ်လည်၌ရှိသော တိုင်းသူပြည်သား တို့ ဆန့်ကျင်သည်ထက်၊ သာ၍ဆန့် ကျင်သောကြောင့် ၎င်း၊
ငါ၏စီရင်ချက်လမ်းသို့မဟုတ်၊ ငါ၏ပညတ်တရား ကိုမစောင့်ရှောက်၊ ပတ်လည်၌ရှိသော တိုင်းသူပြည်သား တို့၏ထုံးစံဓလေ့
သို့လိုက်သောကြောင့်၎င်း၊ 8 ငါသည်ကိုယ်တိုင်သင့်တဘက်၌ နေ၍၊ တပါး အမျိုးသားတို့ရှေ့မှာ သင်၌အပြစ်ဒဏ်ကိုစီရင်မည်။ 9
သင်ပြုဘူးသမျှသော ရွံ့ရှာဘွယ်အမှုတို့ကြောင့်၊ ငါမစီရင်စဖူး၊ မစီရင်လတံ့သောအပြစ်ဒဏ်ကို သင်၌ စီရင်မည်။ 10 သင်၏အလယ်၌
အဘတို့သည် သားတို့ကို စားကြလိမ့်မည်။ သားတို့သည်လည်း အဘတို့ကိုစားကြ လိမ့်မည်။ သင်၌အပြစ်ဒဏ်ကို စီရင်၍၊
ကျန်ကြွင်းသမျှကို အရပ်ရပ်တို့ကလာသောလေရှေ့မှာ ငါလွှင့်မည်။ 11 ထိုကြောင့်၊ အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊
ငါအသက်ရှင်သည်အတိုင်း၊ စက်ဆုပ်ရွံရှာ ဘွယ်သော အမှုအရာအပေါင်းတို့နှင့် ငါ၏သန့်ရှင်းရာ ဌာနကို
သင်သည်ညစ်ညူးစေသောကြောင့်၊ ငါသည် လည်း သင့်ကိုမနှမြော၊ မစုံမက်ဘဲမျက်နှာလွှဲမည်။ 12 သင်၏သုံးစုတို့တွင်၊
တစုသည်နာဘေးဖြင့် သေ၍၊ သင်၏အလယ်၌မွတ်သိပ်ခြင်းဘေးဖြင့် ဆုံးရ လိမ့်မည်။ တစခုသည်သင့်ပတ်လည်၌
ထားဘေးဖြင့်လဲ၍ သေရလိမ့်မည်။ တစုကိုအရပ်ရပ်တို့က လာသော လေရှေ့မှာငါလွှင့်၍၊ သူ့နောက်သို့ ထားကို လွှတ်လိုက် မည်။ 13
ထိုသို့ငါအမျက်အလို ပြည့်စုံလိမ့်မည်။ ငါ့ဒေါသ အရှိန်ကို သူတို့အပေါ်မှာ တည်စေပြီးမှ၊ ငါ့စိတ်ပြေ လိမ့်မည်။ သူတို့၌
ငါ့ဒေါသစိတ်အလို ကိုပြည့်စုံ စေသောအခါ၊ ငါထာဝရဘုရားသည် စိတ်အားကြီး၍ မိန့်တော်မူကြောင်းကို သူတို့သိရကြလိမ့်မည်။ 14
ထိုမှတပါး၊ အနားမှာရှောက်သွားသမျှသော သူတို့ရှေ့တွင် သင့်ကိုလူဆိတ်ညံရာ၊ ပတ်လည်၌နေသော လူအမျိုးမျိုးတို့၏ ကဲ့ရဲ့ရာ
ဖြစ်စေမည်။ 15 ဒေါသအမျက်အရှိန်အားဖြင့် သင်၌ပြင်းပစ္စာ သော အပြစ်ဒဏ်ကို ငါစီရင်သောအခါ၊ ပတ်လည်၌
နေသောလူအမျိုးမျိုးတို့တွင် သင်သည် ကဲ့ရဲ့ပြစ်တင်ရာ၊ သတိရရာ၊ အံ့သြဘွယ်ရာဖြစ်လိမ့်မည်။ ထိုသို့ငါထာဝရ ဘုရား မိန့်တော်မူ၏။
16 သင်တို့ကို ဖျက်ဆီးခြင်းငှါ မွတ်သိပ်ခြင်း ဘေးတည်းဟူသော မြှားဆိုးတို့ကို ငါလွှတ်လိုက်သော အခါ၌၎င်း၊
သင်တို့တွင်မွတ်သိပ်ခြင်းဘေးကို တိုးပွါးစေ၍၊ မုန့်အထောက်အပင့်ကို ငါချိုးသောအခါ၌၎င်း၊ 17 သင်တို့ကို လုယက်နှိပ်စက်ရသော
မွတ်သိပ်ခြင်း ဘေး၊ သားရဲဘေးကို ငါလွှတ်လိုက်၍၊ ထားဘေးကိုလည်း ရောက်စေသဖြင့်၊ နာဘေး၊ အသေသတ်ခြင်းဘေးတို့ သည်
လွှမ်းမိုးသောအခါ၌၎င်း ထိုသို့ဖြစ်လိမ့်မည်။ ထိုသို့ ငါထာဝရဘုရားသည် မိန့်တော်မူ၏။

---

Ezekiel 01

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။ 'မြို့' သည် ယေဇကျေလ ကျောက်ပေါ်တွင် ထွင်းသော မြို့ ကို ရည်ညွှန်းသည် (အခန်း ၄:၁)။

အချင်းလူသား၊
လူသားမျိုး၏သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည် ယေဇကျေလအား လူတစ်ယောက်အဖြစ်သာ ခေါ်ဆိုသည်။ ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊ လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂:၁ ကိုကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသောအမျိုး သို့မဟုတ် လူသား"

ဆတ္တာသည်၏ သင်တုန်း
ဆံပင်ညှပ်ရန်အတွက် ဓား။

ကိုယ်ဆံပင်နှင့်မုတ်ဆိတ်ကို ရိတ်ပြီးမှ၊
သင်၏ ဆံပင်ကိုလည်းကောင်း၊ မုန်ဆိတ်ကိုလည်းကောင်း ရိတ်၍။

မုတ်ဆိတ်သုံးစု တစုကို မြို့ထဲမှာ မီးရှို့လော့။
ဆံပင်၏ သုံးပုံတစ်ပုံကို မီးရှို့။

အလည်
အလည်။

မြို့ကိုဝိုင်းထားသောကာလစေ့သောအခါ
ယေရုရှလင်မြို့ကို ဝိုင်းထားသော
အချိန်အဆုံးသတ်သွားသောအခါ သို့မဟုတ် သင်ဆွဲထားသော

 generated on Sun Jun 30 02:37:40 2024

ပုံတွင်ပြထားသည် ယေရုရှလင်မြို့ဝိုင်းထားခြင်း
ပြီးဆုံးသောအခါ။

မုတ်ဆိတ်သုံးစု တစု
ဆံပင် သုံးပုံ တစ်ပုံကိုယူထားလော့။

တစုကိုထားနှင့်ခုတ်ဖြတ်လော့
၎င်းကိုဓားဖြင့် မြို့တစ်ခုလုံးအပေါ်သို့ ခုတ်ဖြတ်လော့။

တစုကို လေတိုက်ရာ၌ လွှင့်လော့။
နောက်ဆုံးတစ်စုကို လေတိုက်ရာထဲတွင်ထား၍တစ်နေရာစီ
လွင့်သွားစေလော့။

ငါသည်လည်း ထိုအစုနောက်သို့ ထားကိုလွှတ် လိုက်မည်။
'ထား' သို့မဟုတ် 'ဓား' သည်စစ်သားတို့၏ အသုံး
အဆောင်ဖြစ်ပြီး 'ထား' သို့မဟုတ် 'ဓား' ကိုလွှတ်မည်
ဟုဆိုသောအခါ 'စစ်သားများကို စစ်မြေပြင်သို့ စေလွှတ်မည်
ဟုဖော်ပြလိုခြင်းဖြစ်သည်။

ငါသည်လည်း ထိုအစုနောက်သို့ ထားကိုလွှတ်လိုက်မည် (ငါသည်ဓားကို
ထုတ်မည်)
ငါသည်ဓားကို ဓားအိမ်မှ ဆွဲထုတ်မည်။

Ezekiel 03

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယေဇကျေလကို ဆက်လက်၍
စကားပြောသည်။

အနည်းငယ်အချို့ကိုလည်း ယူပြန်၍
ယေဇကျေလသည် ဆံပင်ညှပ်သည့်အခါတွင်
ဤသို့လုပ်ရန်ဖြစ်သည်

ထိုအနည်းငယ်အချို့ကိုလည်း
အပုံထဲက ဆံပင်အနည်းငယ်။

ထုပ်လော့
ဆံပင်ကိုထုပ်ဖို့ (ချည်ဖို့) ပြောခြင်းဖြစ်သည်။ (၁)
ချည်နိုင်လောက်အောင်ဆံပင်သည်ရှည်သည်၊ သို့မဟုတ် (၂)
ဆံပင်များကို ချုပ်ဖို့၊ ချည်ထားဖို့၊ သို့မဟုတ် (၃)
အဝတ်လိပ်ထဲတွင် ချောင်ချောင်လည်လည် ချည်ထားဖို့ ဟုလည်း
ဆိုလိုနိုင်သည်။

ကိုယ်အဝတ်နှင့်
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) သင့်လက်မောင်းပေါ်ကအဝတ်
(လက်ရှည်ထဲက)၊ သို့မဟုတ် (၂) သင့်ဝတ်လုံပေါ်ကအဝတ်၏
အဆုံး၊ သို့မဟုတ် (၃) ခါးပတ်အတွင်း ထည့်ရသည့်
ခေါက်ရိုးနေရာ။

ထိုမီးသည် ဣသရေလအမျိုးကို နှံ့ပြားလိမ့်မည်
၎င်းမှမီးထွက်၍ ဣသရေလတစ်မျိုးလုံးကိုလောင်လိမ့်မည်။
ထာဝရဘုရားသည် ဣသရေလလူများအား အိမ်တစ်အိမ်ကို
မီးရှို့၍ ထိုအိမ်ရှိမိသားစုဝင်များသည် ဣသရေလလူများကဲ့သို့
ဣသရေလအမျိုး
မိသားစုတစ်ခုတွင် နေထိုင်သော သူများ၊
ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏အမျိုးများ ဖြစ်သော
ဣသရေလလူများ ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ လူအုပ်စု" အခန်း
၃:၁ ကိုကြည့်ရန်။

Ezekiel 05

ယေဘုယျအချက်အလက်
ထာဝရဘုရား ဆက်လက်၍ စကားပြောသည်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကို ကြည့်ရန်။

ဤပုံသည် ယေရုရှလင်မြို့ဖြစ်၏
ဤထွင်းထားသောပုံသည် ယေရုရှလင်မြို့ဖြစ်သည်။ အခန်း ၄:၁။

တိုင်းပြည်များတို့အလယ်မှာ
ဆိုလိုရင်းများမှာ (၁) အခြားတိုင်းနိုင်ငံတို့က ဝိုင်းပတ်၍
တည်ရှိနေသော ယေရုရှလင်မြို့ သို့မဟုတ် (၂)
အခြားတိုင်းပြည်များထက်ပို၍ အလေးထားသော ဖော်ပြချက်' တို့
ဖြစ်နိုင်သည်။

ထိုမြို့ကို ငါထား၍
ထိုမြို့သည် ယေရုရှလင်မြို့ကို ရည်ညွှန်းသည်။

တိုင်းပြည်များတို့
အိမ်နီးချင်းနိုင်ငံများ သို့မဟုတ် ၎င်းပတ်လည်၌ ရှိသောနိုင်ငံများ။

ထိုပညတ်တရားတော်လမ်းသို့ မလိုက်ဘဲ ငြင်းပယ်ကြပြီ။
ဣသရေလလူမျိုးများသည် ထာဝရဘုရား၏
ပညတ်တရားတော်ကို လိုက်လျှောက်ရန် ငြင်းပယ်ကြသည်။

Ezekiel 07

ယေဘုယျအချက်အလက်
ထာဝရဘုရား ဆက်လက်၍ ဣသရေလလူမျိုးများနှင့်
ယုဒလူမျိုးများကို စကားပြောသည်။

တိုင်းသူပြည်သား တို့ ဆန့်ကျင်သည်ထက်၊ သာ၍ဆန့် ကျင်သောကြောင့်
၎င်းတို့၏ အိမ်နီးချင်းတိုင်းပြည်ရှိ လူများထက်
ဣသရေလလူမျိုးများ၏ လုပ်ရပ်သည် ပို၍ ထာဝရဘုရား၏
အလိုတော်နှင့် ဆန့်ကျင်သည်။

သင်တို့သည် ပတ်လည်၌ရှိသော
သင်တို့ အနီးအနားတွင် ရှိသော။

ငါ၏စီရင်ချက်လမ်းသို့မဟုတ်
လမ်းသို့ လိုက် ခြင်းသည် အသက်ရှင်ခြင်းကို တင်စားသည့်
ဥပမာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Sun Jun 30 02:37:40 2024

"ငါကြိုက်နှစ်သက်သော အသက်တာ၊
လမ်းကြောင်းအတိုင်းမလိုက်ကြ"

ငါ၏ပညတ်တရား ကိုမစောင့်ရှောက်
ငါ့ပညတ်တို့ကို မလိုက်နာကြ။

Behold!
N/A

ငါသည်ကိုယ်တိုင်သင့်တဘက်၌ နေ၍၊ တပါး အမျိုးသားတို့ရှေ့မှာ သင်၌အပြစ်ဒဏ်ကိုစီရင်မည်။
ငါသည် သင့်ကို နည်းပေါင်းစုံဖြင့် တရားစီရင်မည် သို့မဟုတ် ငါသည် သင့်ကို အပြစ်ပေးမည်။

Ezekiel 09

ယေဘုယျသတင်းအချက်အလက်
ထာဝရဘုရား ဆက်လက်၍ ဣသရေလလူမျိုးများနှင့် ယေရုရှလင်ကို စကားပြောသည်။

ငါမစီရင်စဖူး၊ မစီရင်လတံ့သောအပြစ်ဒဏ်
အရင်က မလုပ်ခဲ့ဘူး၊ နောက်လည်း မပြုလုပ်မည့် သို့မဟုတ် အရင်က မလုပ်ဖူးသကဲ့သို့၊ နောက်လည်းထပ်၍ မပြုလုပ်မည့် ပုံစံဖြင့်။ (UDB).

သင်ပြုဘူးသမျှသော ရွံ့ရှာဘွယ်အမှုတို့ကြောင့်
သင်တို့ပြုသော ရွံရှာဘွယ်သော အမှုတို့ကြောင့်။ ဣသရေလလူမျိုးများသည် ရုပ်တုဆင်းတုများနှင့် မှားယွင်းသောဘုရားတို့ကို ကိုးကွယ်ကြသောကြောင့် ဘုရားသခင်သည် အမျက်ထွက်တော်မူသည်။

သင်၏အလယ်၌ အဘတို့သည် သားတို့ကို စားကြလိမ့်မည်။ သားတို့သည်လည်း အဘတို့ကိုစားကြ လိမ့်မည်။
ယေဇကျေလသည် စားစရာ တကယ်မရှိတော့သည့်အခါ ဖြစ်ပျက်နိုင်မည့်အရာများကို ပြောခြင်းဖြစ်သည်။

သင်၌အပြစ်ဒဏ်ကို စီရင်၍
ငါသည်သင့်ကို တရားစီရင်မည် သို့မဟုတ် ငါသည် သင့်ကို ပြင်းထန်စွာ အပြစ်ပေးမည်။ (UDB)

ကျန်ကြွင်းသမျှကို အရပ်ရပ်တို့ကလာသောလေရှေ့မှာ ငါလွှင့်မည်
ကျန်ကြွင်းသောသင်တို့ကို အရပ်ရပ်သို့ လွှင့်စေမည်။

Ezekiel 11

ယေဘုယျအချက်အလက်
ထာဝရဘုရား ဣသရေလလူမျိုးများနှင့် ယုဒလူမျိုးများကို ဆက်လက်၍ စကားပြောသည်။

အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊
ထာဝရဘုရားသည် သူ့ကိုယ်သူ ဖော်ပြထားခြင်းဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါအသက်ရှင်သည်အတိုင်း၊ ဤသည်ကားထာဝရဘုရား၏ မိန့်တော်မူချက် ဖြစ်သည်"

ငါအသက်ရှင်သည်အတိုင်း၊
ငါသည် အသက်ရှင်သော ဘုရားဖြစ်သည့်အလျောက်၊ ငါသည် သန့်ရှင်းသော ဘုရားဖြစ်သည့်အတွက်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကို ကြည့်ရန်။

စက်ဆုပ်ရွံရှာ ဘွယ်သော ... သန့်ရှင်းရာ ဌာန
ထာဝရဘုရားသည် မိမိအတွက် သန့်ရှင်းစေသော နေရာကို ပျက်စီးစေသည်။

စက်ဆုပ်ရွံရှာ ဘွယ်သော အမှုအရာအပေါင်းတို့နှင့်
ငါ စက်ဆုပ်ရွံရှာသော သင်၏ ပိုင်ဆိုင်မှုများနှင့်

စက်ဆုပ်ရွံရှာ ဘွယ်သော (လုပ်ဆောင်မှုများ)
သင်ပြုလုပ်သော စက်ဆုပ်ရွံရှာဖွယ်သော အမှုများနှင့်။

ငါသည် လည်း သင့်ကိုမနမြော၊ မစုံမက်ဘဲမျက်နှာလွှဲမည်
မျက်နှာသည် ထာဝရဘုရားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကို သနားမည်မဟုတ်"

ငါသည် လည်း သင့်ကိုမနမြော
ငါသည် ဧကန်မုချသင့်ကို အပြစ်ပေးမည်။

သင်၏အလယ်၌မွတ်သိပ်ခြင်းဘေးဖြင့် ဆုံးရ လိမ့်မည်
လူများစွာသည် ငတ်မွတ်ခြင်းဘေးဖြင့် သေဆုံးရကြမည်။

Ezekiel 13

ယေဘုယျအချက်အလက်
ထာဝရဘုရား ဣသရေလလူမျိုးများနှင့် ယုဒလူမျိုးများကို ဆက်လက်၍ စကားပြောသည်။

ငါအမျက်အလို ပြည့်စုံလိမ့်မည်
ငါသည် အမျက်ထွက်တော်မူသဖြင့် အပြစ်ပေးသင့်သောလူအားလုံးအပေါ် ပြစ်ဒဏ်စီရင်ခြင်းအပြီးတွင် ငါသည် အမျက်ထွက်စရာ ရှိတော့မည်မဟုတ်။

ငါ့ဒေါသ အရှိန်ကို သူတို့အပေါ်မှာ တည်စေပြီးမှ၊ ငါ့စိတ်ပြေ လိမ့်မည်
ငါသည် သူတို့ကို လုံလောက်စွာ အပြစ်ပေးခဲ့ပြီး ဖြစ်သဖြင့် ထပ်၍ အပြစ်ပေးမည်မဟုတ်။

ငါ့စိတ်ပြေ လိမ့်မည်
သူတို့ကို ကောင်းကောင်း အပြစ်ပေးပြီးနောက် ငါသည်စိတ်ကျေနပ်လိမ့်မည်။

သူတို့၌ ငါ့ဒေါသစိတ်အလို ကိုပြည့်စုံ စေသောအခါ
သူတို့ကို ငါအပြစ်ပေးပြီးသောအခါ။

Ezekiel 15

ယေဘုယျအချက်အလက်
ထာဝရဘုရား ဣသရေလလူမျိုးများနှင့် ယုဒလူမျိုးများကို ဆက်လက်၍ စကားပြောသည်။

ဒေါသအမျက်အရှိန်အားဖြင့်
အလွန်စိတ်ဆိုးသည်၊ ဒေါသထွက်သည်၊ ဒေါသူပုန်ထသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ကို အလွန်အမျက်ထွက်မည်ဖြစ်သဖြင့်"

မွတ်သိပ်ခြင်း ဘေးတည်းဟူသော မြှားဆိုး
ပြင်းထန်သော ငတ်မွတ်ခြင်းဘေး။

မုန့်အထောက်အပင့်ကို ငါချိုးသောအခါ
လုံတံ သည်မိမိအထောက်အပံ့ရဖို့ရန် သုံးသည့်အရာဖြစ်သည်။ ဆိုလိုသည်မှာ သင်တို့အမှီပြုနေသော 'မုန့်အထောက်အပင့်ကို ငါချိုးမည်' ဟုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုန့်အထောက်အပင့်ကို ငါချိုးမည်" အခန်း ၄:၁၆ ကိုကြည့်ရန်။

နာဘေး၊ အသေသတ်ခြင်းဘေးတို့ သည် လွှမ်းမိုးသောအခါ
ကပ်ရောဂါနှင့် ခက်ထန်သောသေခြင်းသည် သင်တို့ကိုဖြတ်သွားလိမ့်မည်။ ထိုပြင်းထန်သော သေခြင်းကို စစ်ပွဲက ဖြစ်စေမည် ဖြစ်သည်။

---

## Translation Questions

Ezekiel 5:1

ယေဇကျေလသည် သူ၏ ဆံပင်သုံးစုတစ်စုဖြင့် မည်သည့်အရာကို လုပ်ခဲ့သနည်း။
ယေဇကျေလသည် မြို့ထဲတွင် တစ်စုကို မီးရှို့၍ တစ်စုကို မြို့ပတ်လည်တွင်း ဓားနှင့်ခုတ်ရန်ဖြစ်ပြီး တစ်စုကို လေတိုက်ရာ၌ လွင့်စေဖို့ဖြစ်သည်။

ယေဇကျေလသည် အမှုပြီးသောအခါ ထာဝရဘုရားက မည်သည့်အရာလုပ်လိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် ထိုအစုနောက်တွင် ဓားကို လွှတ်လိမ့်မည်ဟု ပြောခဲ့သည်။

Ezekiel 5:5

ထာဝရဘုရားမိန့်တော်မူသည်မှာ ယေရုရှလင်သည် မည်သည့်နေရာတွင် ရှိသနည်း။
ယေရုရှလင်မြို့သည် လူမျိုးတို့၏ အလယ်တွင် ရှိသည်။

အဘယ်ကြောင့် ထာဝရဘုရားသည် ယေရုရှလင်ကို အခြားသော ပြည်များနှင့် ဝန်းရံထားခဲ့သည်ဟု ပြောခဲ့သနည်း။
ယေရုရှလင်မြို့သည် ထာဝရဘုရား၏ စီရင်ထုံးဖွဲ့ချက်ကို ပယ်ချပြီး သူ၏ ပညတ်တရားအပေါ် မလိုက်လျှောက်ခဲ့ကြပါ။

Ezekiel 5:7

ထာဝရဘုရားသည် ဣသရေလလူမျိုးများ၏ အမူအကျင့် များကြောင့် မည်သည့်အရာလုပ်လိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် ဣသရေလအမျိုးကို ရန်ဘက်ပြု၍ သူ့အလယ်တွင် တရားစီရင်ခြင်းကို ပြုလုပ်မည်ဟု ပြောခဲ့သည်။

Ezekiel 5:9

ဣသရေလလူတို့သည် ထာဝရဘုရား၏ သူတို့အပေါ်တရားစီရင်ခြင်းကြောင့် မည်သည့်ကြောက်မက်ဖွယ်ရာများကို ပြုကြလိမ့်မည်နည်း။
ဖခင်သည် သူတို့၏ သားသမီးများကို စားလိမ့်မည်။ သားများသည်လည်း သူတို့၏ ဖခင်ကို စားကြလိမ့်မည်။

Ezekiel 5:11

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလလူတွေကို ခြင်းချက်မထားလိမ့်မည်ဟု ပြောခဲ့သနည်း။
သူတို့သည် ထာဝရဘုရား၏ သန့်ရှင်းရာဌာနကို ညစ်ညူးစေခဲ့သောကြောင့် ထာဝရဘုရားသည် သူတို့ကို ခြွင်းချက်ထားလိမ့်မည်မဟုတ် ဟုပြောခဲ့သည်။

ထာဝရဘုရားသည် လူတွေ၏ သုံးစုတွင် တစ်ခုစီကို မည်သို့ လုပ်လိမ့်မည်နည်း။
တစ်စုသည် ရောဂါအားဖြင့် သေဆုံးလိမ့်မည်။ တစ်စုသည် ဓားအားဖြင့် ကျရှုံးလိမ့်မည်။ တစ်စုသည်လည်း ကွဲပြားကြလိမ့်မည်။

ထာဝရဘုရားသည် သုံးစုတို့ကို တရားစီရင်ပြီးသောအခါ မည်သည့်အရာ လုပ်လိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် လူစုတို့အပေါ်တွင် သူ၏ ဓားကိုလွှတ်လိမ့်မည်ဟု ပြောခဲ့သည်။

Ezekiel 5:13

ထာဝရဘုရားသည် ထိုတရားစီရင်မှုပြီးသောအခါ သူ၏ အမျက်ဒေါသနှင့် မည်သည့်အရာပြုလိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် ထိုတရားစီရင်မှုပြီးသောအခါ သူ၏ အမျက်ဒေါသသည် ပြည့်စုံလိမ့်မည်ဟု ပြောခဲ့သည်။


generated on Sun Jun 30 02:37:40 2024

Ezekiel 5:15

ထာဝရဘုရား၏ တရားစီရင်ခြင်းပြီးသောအခါ အခြားလူတို့သည်
ယေရုရှလင်မြို့ကို မည်သို့ ပြောလိမ့်မည်နည်း။
အခြားလူတို့သည် ထာဝရဘုရား၏ တရားစီရင်ခြင်းပြီးသောအခါ
ယေရုရှလင်မြို့ကို အပြစ်တင်ရှုတ်ချ၊ လှောင်ပြောင်ကြလိမ့်မည်။

---

## Chapter 6

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက် လာ၍၊ 2 အချင်းလူသား၊ သင်သည် ဣသရေလတောင် တို့ကို
မျက်နှာပြု၍၊ သူတို့တဘက်၌ ပရောဖက်ပြုလော့။ 3 အိုဣသရေလတောင်တို့၊ အရှင်ထာဝရဘုရား ၏ အမိန့်တော်ကို
နားထောင်ကြလော့။ အရှင်ထာဝရ ဘုရားသည် တောင်ကြီး၊ တောင်ငယ်၊ မြစ်၊ ချိုင့်တို့အား မိန့်တော်မူသည်ကား၊
ငါသည်ကိုယ်တိုင်သင်တို့ အပေါ်သို့ ထားကိုရောက်စေ၍၊ မြင့်သောအရပ်တို့ကို ဖြိုဖျက်မည်။ 4 သင်တို့ယဇ်ပလ္လင်တို့သည်
လူဆိတ်ညံလိမ့်မည်။ နေရုပ်တုတို့သည် ကျိုးပဲ့လိမ့်မည်။ ရုပ်တုဆင်းတုတို့ရှေ့မှာ သင်တို့၏သူရဲများကို ငါလှဲချမည်။ 5
ရုပ်တုဆင်းတုတို့ရှေ့မှာ ဣသရေလအမျိုးသား အသေကောင်များကို ချထား၍၊ ယဇ်ပလ္လင်တို့ပတ်လည်၌ သင်တို့ အရိုးများကို
ငါဖြန့်ကြဲမည်။ 6 သင်တို့နေရာအရပ်ရပ်၌ ရှိသောမြို့တို့သည် ပြိုပျက်၍၊ မြင့်သော အရပ်တို့သည် လူဆိတ်ညံလျက်၊ ယဇ်ပလ္လင်
တို့သည်သုတ်သင်ပယ်ရှင်းလျက်၊ ရုပ်တု ဆင်းတု အမျိုးမျိုးတို့သည် ခုတ်လှဲချိုးဖဲ့ခြင်းကို ခံရလျက်၊ သင်တို့လုပ်သော အရာတို့သည်
ပျောက်ပျက် လျက်ရှိကြလိမ့်မည်။ 7 သင်တို့အလယ်၌သူရဲတို့သည် လဲ၍သေကြလိမ့် မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို
သိရကြ လိမ့်မည်။ 8 သို့သော်လည်း၊ သင်တို့သည် အပြည်ပြည်သို့ ကွဲပြားကြသောအခါ၊ လူအမျိုးမျိုးတို့၏ထားနှင့် လွတ် သော
သူအချို့ရှိစေခြင်းငှါ အကျန်အကြွင်းကို ငါထား မည်။ 9 ငါ့ကိုစွန့်ပစ်၍မှားယွင်းတတ်သော နှလုံးကိုငှင်း၊ ရုပ်တုဆင်းတုတို့နှင့်
မှားယွင်းလိုသဖြင့်လိုက်၍ ကြည့် သော မျက်စိတို့ကိုငှင်း ငါပယ်ဖျက်သောအခါ၊ လွတ် သောသူတို့သည်သိမ်းသွားခြင်းကို
ခံရာအပြည်ပြည်တို့၌ ငါ့ကိုအောက်မေ့ကြလိမ့်မည်။ ပြုမိသမျှသောစက် ဆုပ်ရွံ့ရှာဘွယ်အမှုတို့ကြောင့် ကိုယ်ကိုကိုယ်ရွံ့ရှာကြ
လိမ့်မည်။ 10 ထိုသို့သောအပြစ်ဒဏ်ကို ငါပေးမည်ဟု၊ ငါ ထာဝရဘုရားသည် အချည်းနှီးမိန့်တော်မူသည် မဟုတ် ကြောင်းကို
သိရကြလိမ့်မည်။ 11 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုး ပြုမိသမျှသော ရွံ့ရှာဘွယ်အမှုဆိုးတို့ ကြောင့်၊
အမင်္ဂလာရှိပါသည်တကားဟုဆိုလျက်၊ လက်ခုပ်တီးလော့။ ခြေနှင့်ဆောင့်လော့။ အကြောင်းမူ ကား၊ သူတို့သည်ထားဘေး၊
မွတ်သိပ်ခြင်းဘေး၊ နာဘေး တို့ဖြင့်လဲ၍ သေကြလိမ့်မည်။ 12 ဝေးသောသူသည် နာဘေးဖြင့်သေလျက်၊ နီးသောသူသည်
ထားဘေးဖြင့်ဆုံးလျက်၊ ထိုဘေးမှ လွတ်၍ ကျန်ကြွင်းသောသူသည်လည်း မွတ်သိပ်ခြင်း ဘေးဖြင့် သေလျက်၊ သူတို့၌
ငါ၏ဒေါသအရှိန် ပြည့်စုံ လိမ့်မည်။ 13 ရုပ်တုဆင်းတုအပေါင်းတို့အား နံ့သာပေါင်းကို ပူဇော်ရာအရပ်၊ ယဇ်ပလ္လင်များပတ်လည်၊
မြင့်သောကုန်း၊ တောင်ထိပ်ရှိသမျှတို့အပေါ်၊ စိမ်းသောသစ်ပင်၊ အရိပ် ကောင်းသော သပိတ်ပင် ရှိသမျှတို့အောက်၌၊ ရုပ်တု
ဆင်းတုတို့တွင်သူရဲတို့သည်လဲ၍ သေလျက်ရှိကြသော အခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြ လိမ့်မည်။ 14
သူတို့အပေါ်မှာ ငါသည်လက်ကိုဆန့်၍၊ ဒိဗလတ်မြို့နှင့် ဆိုင်သော လွင်ပြင်ထက်၊ သူတို့နေလေရာ ရာပြည်ကိုသာ၍ လူဆိတ်ညံရာ၊
အံ့သြဘွယ်ရာဖြစ်စေ သောအခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြ လိမ့်မည်ဟု မိန့်တော်မူ၏။

---

Ezekiel 01

ယေဘုယျ အချက်အလက်

ဣသရေလလူများသည် သူတို့အား ပြောသည်ကို သိဖို့ရန် လူများကို ပြောသကဲ့သို့ တောင်များကို စကားပြောဖို့ ထာဝရဘုရားသည် ယေဇကျေလကို ပြောသည်။

တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက် လာ၍

တဖန်ထာဝရဘုရားသည် ငါ့ကို စကားပြောတော်မူသည်။ အခန်း ၁:၁ ကိုကြည့်ရန်။

အချင်းလူသား

လူသားမျိုး၏သား သို့မဟုတ် လူသားအမျိုး။ ယေဇကျေလသည် လူသားမျှသာ ဖြစ်ကြောင်း အလေးပေးဖို့ရန် ဘုရားသခင်သည် သူ့အား ဤသို့ခေါ်ဆိုခြင်းဖြစ်သည်။ ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊ လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂:၁ ကိုကြည့်ရန်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသောအမျိုး သို့မဟုတ် လူသား"

သင်သည် ဣသရေလတောင် တို့ကို မျက်နှာပြု၍၊

ဣသရေလတောင်ဘက်ကို အမျက်ဒေါသဖြင့်ကြည့်သည်။ အခန်း ၄:၁ တွင် အလားတူစကားလုံးများရှိသည်။

ဣသရေလတောင်တို့

ဣသရေလနိုင်ငံရှိ တောင်များ။

အို...

ကြည့်ရှုလော့၊ နားထောင်လော့၊ သို့မဟုတ် သင့်ကို ငါပြောမည့်စကားကို နားစွင့်လော့။

အရှင်ထာဝရဘုရား

အခန်း ၂:၄ ကိုကြည့်ရန်။

ငါသည်ကိုယ်တိုင်သင်တို့ အပေါ်သို့ ထားကိုရောက်စေ၍

ဓါးသည် စစ်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်တဘက်၌ စစ်ဖြစ်စေမည်" သို့မဟုတ် "ငါသည် သင့်တဘက်၌ စစ်သားများကို စုဝေးစေမည်"



generated on Sun Jun 30 02:37:40 2024

## Ezekiel 04

ယေဘုယျအချက်အလက်
ဣသရေလလူမျိုးများကို ပြောသော ထာဝရဘုရား စကားတော်များဖြစ်သည်။

သင်တို့ယဇ်ပလ္လင်တို့သည် လူဆိတ်ညံလိမ့်မည်။ နေရုပ်တုတို့သည် ကျိုးပဲ့လိမ့်မည်။
သင်၏ရန်သူများသည် သင့်မီးတိုင်များကို ဖျက်ဆီး၍ သင့်ယဇ်ပလ္လင်များတွင် ကိုးကွယ်မည့်သူ ရှိတော့မည်မဟုတ်။

...ငါလှဲချမည်။ ... ချထား၍၊... ငါဖြန့်ကြဲမည်။
စစ်သားများကို စေလွှတ်မည်အကြောင်း ထာဝရဘုရားသည် ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လှဲချဖို့ရန် စစ်သားများကို ငါစေလွှတ်မည်၊ သူတို့သည်...ချထားကြလိမ့်မည်။...ဖြန့်ကြဲကြလိမ့်မည်"

အသေကောင်များ
သေသော သင်၏ လူများ။

## Ezekiel 06

ယေဘုယျအချက်အလက်
ဣသရေလလူမျိုးများကို ပြောသောထာဝရဘုရား စကားတော်များ ဖြစ်သည်။

မြို့တို့သည် ပြိုပျက်၍၊
ရန်သူစစ်သားများသည် သင်တို့၏ မြို့ကြီးများကို ဖြိုဖျက်ကြလိမ့်မည်။

ပြိုပျက်၍
သင်၏ ယဇ်ပလ္လင်များသည် ပြိုပျက်လိမ့်မည် သို့မဟုတ် ရန်သူစစ်သားများသည် သူတို့ကို ဖြိုခွဲလိမ့်မည်။

ရုပ်တု ဆင်းတု အမျိုးမျိုးတို့သည် ခုတ်လှဲချိုးဖဲ့ခြင်းကို ခံရလျက်၊
သူတို့သည် သင်၏ (ရုပ်တု ဆင်းတု အမျိုးမျိုးတို့) ကို ဖြိုပျက်ကြလိမ့်မည်။ အခန်း ၆:၄ ကိုကြည့်ရန်။

သင်တို့လုပ်သော အရာတို့သည် ပျောက်ပျက် လျက်ရှိကြလိမ့်မည်
သင်ပြုလုပ်သောအရာကို မည်သူမျှ သတိရမည်မဟုတ်။

သင်တို့အလယ်၌သူရဲတို့သည် လဲ၍သေကြလိမ့် မည်
ရန်သူများသည် လူများကို သတ်သည်ကို သင်သည်မြင်ရလိမ့်မည်။

ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြ လိမ့်မည်။
ဆိုလိုရင်းများမှာ (၁) ငါသည်ထာဝရဘုရားဖြစ်ကြောင်းသင်တို့နားလည်ရလိမ့်မည်။ သို့မဟုတ် (၂) ငါသည် စစ်မှန်သောဘုရားဖြစ်ကြောင်း သင်တို့သိရှိရမည်။ သို့မဟုတ် (၃) ထာဝရဘုရားသည် ပြောထားသော ကတိအတိုင်း အမှန်တကယ် လုပ်ဆောင်နိုင်သော တန်ခိုးအာဏာရှိကြောင်း သင်တို့ သိရှိရမည်။

## Ezekiel 08

ယေဘုယျအချက်အလက်
ဣသရေလလူမျိုးများကို ပြောသောထာဝရဘုရား စကားတော်များဖြစ်သည်။

ထားနှင့် လွတ် သော သူအချို့
စစ်ပွဲတွင်မသေသောသူများ။ 'ထား' သည် စစ်တွင် အသတ်ခံရခြင်းကို ဆိုလိုသည်။

သင်တို့သည် အပြည်ပြည်သို့ ကွဲပြားကြသောအခါ
သင်တို့သည် အခြားတိုင်းနိုင်ငံများသို့ ပြောင်းနေထိုင်ကြသောအခါ။

ငါ့ကိုစွန့်ပစ်၍မှားယွင်းတတ်သော နှလုံးကိုငှင်း၊ ... ငါပယ်ဖျက်သောအခါ
ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အား ယောကျာ်းအများကြီးနှင့်အိပ်သောမိန်းမတစ်ယောက်ကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူတို့ သည် ငါ့အနားမှ ထွက်သွားပြီး တခြားယောကျာ်းများနှင့် အိပ်သောမိန်းမကဲ့သို့ ဖြစ်ကြသောကြောင့် ငါဝမ်းနည်းသည်"

မှားယွင်းလိုသဖြင့်လိုက်၍ ကြည့် သော မျက်စိတို့
ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အား အိမ်ထောင်ရှိလျက်ပင် အခြားယောကျာ်းများနှင့် အိပ်လိုသော မိန်းမတစ်ယောက်ကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရုပ်တုများကို ကိုးကွယ်ဖို့ရန် သူတို့၏ စိတ်အားကြီးခြင်း"

ပြုမိသမျှသောစက် ဆုပ်ရွံ့ရှာဘွယ်အမှုတို့ကြောင့် ကိုယ်ကိုကိုယ်ရွံ့ရှာကြလိမ့်မည်။
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) သူတို့သည်မိမိတို့အပြစ်ကြောင့်ဒဏ်ခတ်ခြင်းခံရသောအခါ ကိုယ့်ကိုကိုယ်ပင်စိတ်ဆိုးသည့်အထိဖြစ်ကြလိမ့်မည်။ သို့မဟုတ် (၂) သူတို့ ပြုလုပ်ခဲ့သောအပြစ်၊ မကောင်းမှုအားလုံးကိုစက်ဆုပ်ရွံရှာလာကြမည်။ သို့မဟုတ် (၃) သူတို့ ပြုလုပ်ခဲ့သော အပြစ်များကို ရွံရှာလာကြောင်း မျက်နှာထားအားဖြင့် အကဲခတ်၍ ရလာလိမ့်မည်။

## Ezekiel 11

ယေဘုယျအချက်အလက်
ထာဝရဘုရား ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကို ကြည့်ရန်။

လက်ခုပ်တီးလော့။ ခြေနင့်ဆောင့်လော့။
လူအများက သူ့ဘက်ကို အာရုံစိုက်လာရန် ယေဇကျေလသည် ထိုသို့လုပ်ဖို့ဖြစ်သည်။ သြဘာပေးခြင်းမျိုး မဟုတ်။

 generated on Sun Jun 30 02:37:40 2024

Alas
N/A

ကြလသရေလအမျိုး
မိသားစုတစ်ခုတွင် နေထိုင်သော သူများ၊
ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော
ဣသရေလလူများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအုပ်စု" အခန်း
၃:၁ အတိုင်းဘာသာပြန်ပါ။

သူတို့သည်ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာဘေး တို့ဖြင့်လဲ၍
သေကြလိမ့်မည်။
ရန်သူတို့၏ သတ်ဖြတ်ခြင်း၊ ကပ်ရောဂါဖြင့် သေဆုံးခြင်း၊
အစာရေစာ ငတ်ပြတ်၍ သေဆုံးခြင်း။ (ဤသုံးမျိုးသည်
ဣသရေလလူမျိုးများ ကြုံလာမည့် အဖြစ်ဆိုးများဖြစ်ကြသည်။)

သူတို့၌ ငါ၏ဒေါသအရှိန် ပြည့်စုံ လိမ့်မည်။
ဤသို့အပြစ်ပေးမှ သာလျှင် ငါလည်း ကျေနပ်မည်။

Ezekiel 13

ယေဘုယျအချက်အလက်
ဣသရေလလူမျိုးများကို ပြောသော ထာဝရဘုရား
စကားတော်များ ဖြစ်သည်။

ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြ လိမ့်မည်
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ငါထာဝရဘုရားသည်
မည်သူဖြစ်သည်ကို သိမှတ်ကြလော့၊ သို့မဟုတ် (၂) ငါသည်
စစ်မှန်သောဘုရား၊ ထာဝရဘုရားဖြစ်သည်ကို သိမှတ်ကြလော့၊
သို့မဟုတ် (၃) ငါထာဝရဘုရားသည် ဤအမှုကို ပြုလုပ်သည်ကို
နားလည်ကြလော့။ (UDB).

ယဇ်ပလ္လင်များပတ်လည်၊ မြင့်သောကုန်း၊ တောင်ထိပ်ရှိသမျှတို့အပေါ်
ဖြစ်နိုင်သောအဓိပ္ပါယ်မှာ 'တောင်ထိပ်များတွင် တည်ထားသော၊
သူတို့၏ ယဇ်ပလ္လင်များ၏ ပတ်လည်၌။

မြင့်သောကုန်း၊ တောင်ထိပ်ရှိသမျှတို့အပေါ်၊ စိမ်းသောသစ်ပင်၊ အရိပ်
ကောင်းသော သပိတ်ပင် ရှိသမျှတို့အောက်၌၊
ဖြစ်နိုင်သောအဓိပ္ပါယ်တစ်ခုမှာ တောင်ကုန်း၊ တောင်ထိပ်အားလုံး၊
စိမ်းသောသစ်ပင်၊ အရိပ်ကောင်းသော သပိတ်ပင်ရှိသမျှတို့
အောက်၌။

အရိပ် ကောင်းသော
သန်မာ၍ ထွားကျိုင်းသော။

သပိတ်ပင်
အပင်ကြီး၍ အရိပ်ကောင်းသောကြောင့်
ရုပ်တုကိုးကွယ်သူများအတွက် လုံလောက်သော အရိပ်ကို
ရစေသည်။

ဒိဗလတ်
ရိဗလမြို့ဟုလည်း ခေါ်သည်။ မြောက်ပိုင်းဒေသတွင် ရှိသည်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

Ezekiel 6:1

ယေဇကျေလသည် ဣသရေလ၏ မြင့်သောနေရာများကို ဆန့်ကျင်၍ မည်သို့ဟောခဲ့သနည်း။
ထာဝရဘုရားသည် သူ၏ ဓားဖြင့် ဣသရေလ၏မြင့်သောနေရာများကို ဖျက်ဆီးစေလိမ့်မည်ဟု ယေဇကျေလသည် ဟောပြောခဲ့သည်။

Ezekiel 6:4

ဣသရေလ၏ ယဇ်ပလ္လင်ရှေ့တွင် မည်သည့်အရာဖြစ်လာလိမ့်မည်နည်း။
ထာဝရဘုရားသည် ယဇ်ပလ္လင်ရှေ့တွင် ဣသရေလလူများ၏ အလောင်းများကို ထားလိမ့်မည်။

Ezekiel 6:6

ဣသရေလမြို့တို့သည် မည်သို့ ဖြစ်လိမ့်မည်နည်း။
ဣသရေလ၏ မြို့များသည် အမှိုက်ပုံဖြစ်လိမ့်မည်။

ဖျက်ဆီးခြင်းအားလုံးကြောင့် မည်သည့်အရာကို ဣသရေလလူတို့ သိလိမ့်မည်နည်း။
ဣသရေလလူတို့သည် ဘုရားသခင်သည် ထာဝရဘုရားဖြစ်တော်မူသည်ကို သိကြလိမ့်မည်။

Ezekiel 6:8

သူတို့ကိုကွဲပြားစေပြီးနောက် လွတ်မြောက်ကြွင်းကျန်သောသူတို့သည် ဘာလုပ်ကြမည်နည်း။
လွတ်မြောက်ကြွင်းကျန်သောသူတို့သည် ထာဝရဘုရားကို သတိရ၍ သူတို့၏မိုက်မဲမှုများအတွက် သူတို့မျက်နှာပေါ်တွင် စက်ဆုပ်ရွံ့ရှာခြင်းကို ပြသကြလိမ့်မည်။

Ezekiel 6:11

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလအမျိုးတို့ဆီသို့ ဓားဘေး၊ ခေါင်းပါးခြင်း၊ ကပ်ရောဂါကို သယ်ဆောင်ခဲ့သနည်း။
ဣသရေလလူမျိုးများ၏ ဆိုးသွမ်းမှုများအားလုံးကြောင့် ထာဝရဘုရားသည် ဓားဘေး၊ ခေါင်းပါးခြင်း၊ ကပ်ရောဂါကို သယ်ဆောင်ခဲ့သည်။

Ezekiel 6:13

ဣသရေလလူတို့သည် တောင်ထိပ်သစ်ပင်အောက်တွင် မည်သည့်အရာကို ပြုခဲ့ကြသနည်း။
ဣသရေလလူတို့သည် သူတို့၏ ရုပ်တုများ မွှေးရနံ့သစ္စာတရားကို ပူဇော်ခဲ့ကြသည်။

ထာဝရဘုရားသည် ရိုက်နှက်သောအခါ ပြည်သည် မည်သို့ ဖြစ်လာလိမ့်မည်နည်း။
ထာဝရဘုရားသည် ရိုက်နှက်သောအခါ ပြည်သည် ဖျက်ဆီးခြင်းနှင့် ပြုန်းတီးခြင်းခံရလိမ့်မည်။

## Chapter 7

1 နောက်တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော် သည် ငါ့ဆီသို့ ရောက်လာ၍၊ 2 အချင်းလူသား၊ အရှင်ထာဝရဘုရားသည် ဣသ
ရေလပြည်သားတို့ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ ပြည်လေးထောင့်တို့သည် ဆုံးခြင်းသို့ ရောက်ကြ၏။ 3 သင်သည်
ဆုံးခြင်းသို့ရောက်၍ သင့်အပေါ်သို့ ငါ၏အမျက်ကို ငါလွှတ်လိုက်မည်။ သင်၏အကျင့်နှင့် အလျောက်ငါစီရင်မည်။
သင်ပြုမိသမျှသော ရွံ့ရှာဘွယ် အမှုတို့၏ အကျိုးအပြစ်ကို ဆပ်ပေးမည်။ 4 ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ သင့်အကျင့် တို့၏
အကျိုးအပြစ်ကို ဆပ်ပေးမည်။ သင်ပြုမိသော ရွံ့ရှာ ဘွယ်အမှုတို့သည် သင်၏အလယ်၌ တည်ကြလိမ့်မည်။
ငါသည်ထာဝရဘုရားဖြစ်ကြောင်းကိုသင်သိရလိမ့်မည်။ 5 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဘေးတခု နောက်တခု
ရောက်လာ၏။ 6 ဆုံးခြင်းဘေးရောက်လာ၏။ ဆုံးခြင်းဘေး ရောက်လာ၏။ သင့်ကို စောင့်လျက်ရောက်လာ၏။ 7 အိုပြည်တော်သား၊
သင်သည် အလှည့်ခံရသော အချိန်ရောက်လာ၏။ အချိန်စေ့ပြီ။ ရွှင်လန်းစွာ ကြွေး ကြော်ခြင်းမရှိရဘဲ၊ ရုန်းရင်းခတ်ခြင်း
အမှုကိုပြုရသော နေ့နီးပြီ။ 8 ငါသည် မကြာမမြင့်မှီသင်၏ အပေါ်သို့ ငါ၏ ဒေါသအရှိန်ကို သွန်းလောင်းမည်။ သင်၌ ငါ့အမျက်
အလိုကို ပြည့်စုံစေမည်။ သင်၏အကျင့်အတိုင်း စီရင် မည်။ သင်ပြုမိသမျှသော ရွံ့ရှာဘွယ်အမှုတို့၏အကျိုး အပြစ်ကိုဆပ်ပေးမည်။
9 နှမြောစုံမက်ခြင်းမရှိဘဲ၊ သင့်အကျင့်တို့၏ အကျိုးအပြစ်ကို ဆပ်ပေးမည်။ သင်ပြုမိသောရွံ့ရှာဘွယ် အမှုတို့သည် သင်၏အလယ်၌
တည်ကြလိမ့်မည်။ ငါ ထာဝရဘုရားသည် ဒဏ်ပေးကြောင်းကို သိရကြ လိမ့်မည်။ 10 နေ့ရက်ရောက်လာ၏။ ရောက်လာ၏။ အလှည့်
ခံရချိန်စေ့ပြီ။ တံဖျာပွင့်ပြီ။ မာနကြီးပွားပြီ။ 11 ညှဉ်းဆဲခြင်း အမြစ်မှ အပြစ်တံဖျာပေါက်လေပြီ။ သူတို့အစည်းအဝေး၊
သူတို့ပရိသတ်တစုံတယောက်မျှ မကျန်ကြွင်းရ။ သတို့အဘို့ ငိုကြွေးမြည်တမ်းခြင်းကို မပြုရ။ 12 အချိန်စေ့ပြီ။ နေ့ရက်နီးပြီ။
ဝယ်သောသူသည် ဝမ်းမမြောက်စေနှင့်။ ရောင်းသောသူသည် စိတ်မသာ၊ မညည်းတွားစေနှင့်။ အကြောင်းမူကား၊ ထိုလူအစုအဝေး
အပေါင်းတို့အပေါ်မှာ အမျက်တော်သည် တည်လျက် ရှိ၏။ 13 ရောင်းသောသူသည် အသက်လွတ်လျက် ရှိသော်လည်း၊ ရောင်းသော
မြေသို့ပြန်၍ မလာရ။ ထိုလူအစုအဝေးအပေါင်းတို့နှင့်ဆိုင်သော ဗျာဒိတ်ရူပါရုံ သည် မပြည့်စုံဘဲမနေရ။ မတရားစွာကျင့်သောအားဖြင့်
အဘယ်သူမျှမတည်နိုင်ရ။ 14 စစ်ခင်းကျင်းစေခြင်းငှါ တံပိုးကို မှုတ်ကြသော် လည်း၊ အဘယ်သူမျှ စစ်ချီ၍မသွား။ အကြောင်းမူကား၊
ငါ့အမျက်သည် ထိုလူအစုအဝေးအပေါင်းတို့အပေါ်မှာ တည်လျက်ရှိ၏။ 15 ပြင်၌ ကားထားရှိ၏။ အတွင်း၌ကားနာခြင်း၊
မွတ်သိပ်ခြင်းရှိ၏။ လယ်ပြင်တွင်ရှိသော သူသည် ထားဖြင့် သေလိမ့်မည်။ မြို့ထဲတွင်ရှိသော သူသည်လည်း နာခြင်း၊ မွတ်သိပ်ခြင်း
အားဖြင့် ဆုံးလိမ့်မည်။ 16 သို့ရာတွင် လွတ်သောသူတို့သည် လွတ်သော အခါ၊ အသီးအသီး မိမိတို့အပြစ်ကြောင့် စိတ်မသာ
ညည်းတွားလျက်၊ ချိုင့်သားချိုးကဲ့သို့ တောင်ပေါ်မှာ ရှိကြ လိမ့်မည်။ 17 ထိုသူရှိသမျှတို့သည် လက်အားလျော့၍၊ ဒူးသည်လည်း
အရည်ဖြစ်လိမ့်မည်။ 18 သူတို့သည်လည်း လျှော်တေအဝတ်ကို ဝတ် စည်းလျက်၊ ပြင်းစွာသော ထိတ်လန့်ခြင်းနှင့်ကိုယ်ကို ခြုံလျက်၊
တယောက်မျှမကြွင်း၊ မျက်နှာရှက်ကြောက် လျက်၊ ဆံပင်ဖြတ်လျက် ရှိကြလိမ့်မည်။ 19 သူတို့ငွေကို လမ်းသို့ပစ်၍၊
ရွှေကိုညစ်ညူးသော အရာကဲ့သို့ မှတ်ကြလိမ့်မည်။ ထာဝရဘုရားအမျက်ထွက် တော်မူသော ကာလ၌၊ သူတို့ ရွှေငွေသည် သူတို့ကို
ကယ်တင်ခြင်းငှါ မတတ်နိုင်။ သူတို့အလိုဆန္ဒကို မဖြေ နိုင်။ ဝစွာမကျွေးနိုင်။ အကြောင်းမူကား၊ ထိုရွှေငွေသည်
သူတို့ထိမိ၍မှားယွင်းခြင်းအကြောင်း ဖြစ်သတည်း။ 20 သူတို့၌ တင့်တယ်သောတန်ဆာအားဖြင့် သူတို့ မာနကို တိုးပွါးစေ၍၊ သူတို့၌
စက်ဆုပ်ဘွယ်သော ရုပ်တု ဆင်းတုတို့ကိုငင်း၊ ရွံ့ရှာဘွယ်သော အရာတို့ကိုငင်း လုပ်ကြသောကြောင့်၊ ထိုတန်ဆာကို
ညစ်ညူးသောအရာ ဖြစ်စေခြင်းငှါ ငါစီရင်မည်။ 21 တပါးအမျိုးသားတည်းဟူသော အဓမ္မလူတို့ သည် လုယူဖျက်ဆီးစေခြင်းငှါ
သူတို့လက်သို့ငါအပ်သဖြင့်၊ သူတို့သည် ညစ်ညူးစေကြလိမ့်မည်။ 22 ငါလည်းမျက်နှာလွှဲသည်ဖြစ်၍၊ သူတို့သည် ငါ၏
သန့်ရှင်းရာဌာနကို ညစ်ညူးစေကြလိမ့်မည်။ ထားပြတို့သည် ဝင်၍ ညစ်ညူးစေကြလိမ့်မည်။ 23 သံကြိုးကိုလုပ်လော့။
အကြောင်းမူကား၊ ပြည် သည် လူအသက်ကို သတ်ခြင်းအပြစ်နှင့်ပြည့်၏။ မြို့သည်လည်း ညှဉ်းဆဲ နှိပ်စက်ခြင်းနှင့် ပြည့်၏။ 24
ထိုကြောင့်၊ ကြမ်းကြုတ်သော လူမျိုးတို့ကို ငါဆောင်ခဲ့၍၊ သူတို့သည် အိမ်များကို သိမ်းယူကြလိမ့် မည်။ ခွန်အားကြီးမားသောသူတို့၏
မာနကို ငါငြိမ်း စေမည်။ သူတို့သန့်ရှင်းသောအရပ်တို့သည် ညစ်ညူးခြင်း ရှိကြလိမ့်မည်။ 25 ပျက်စီးခြင်းဘေးလာ၏။ သူတို့သည်
ငြိမ်ဝပ်ခြင်း ကို ရှာ၍ မတွေ့ရကြ။ 26 ဘေးတခုနောက်တခု၊ သိတင်းတခုနောက်တခု ပေါ်လာလိမ့်မည်။ ပရောဖက်ထံမှာ
ဗျာဒိတ်ရူပါရုံကို ရှာသော်လည်း မရကြ။ ယဇ်ပုရောဟိတ်တို့သည် တရား ဟောသောအခွင့်၊ အသက်ကြီးသော သူတို့သည် အကြံ
ပေးသောအခွင့်ကို မရဘဲနေကြလိမ့်မည်။ 27 ရှင်ဘုရင်သည် ညည်းတွားခြင်း မြည်တမ်း လိမ့်မည်။ မင်းသားသည်
မှိုင်တွေခြင်းအဝတ်ကို ဝတ်ရ လိမ့်မည်။ ပြည်သူပြည်သားတို့၏ လက်တို့သည် တုန်လှုပ် ကြလိမ့်မည်။ သူတို့ကျင့်ကြသည်အတိုင်း
သူတို့၌ ငါပြု မည်။ သူတို့စီရင်ကြသည်အတိုင်း ငါပြန်၍ စီရင်မည်။ ငါသည်ထာဝရ ဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်ဟု
မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

Ezekiel 01

ယေဘုယျအချက်အလက်
က္လသရေလနိုင်ငံအပေါ်၌ တရားစီရင်ခြင်းအတွက်
ဘုရားသခင်၏ ပရောဖက်ပြုခြင်းကို စတင်သည်။

ထာဝရဘုရား၏နှုတ်ကပတ်တော် သည် ငါ့ဆီသို့ ရောက်လာ၍
ထာဝရဘုရားသည် ငါ့ကို စကားပြောသည်။ အခန်း ၁:၁
ကိုကြည့်ရန်။

အချင်းလူသား၊
အချင်းလူသား၊ ငါပြောမည့်စကားကို သေချာစွာနားထောင်ပါ။

အချင်းလူသား
လူသားမျိုး၏သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည်
ယေဇကျေလအား လူတစ်ယောက်အဖြစ်သာ ခေါ်ဆိုသည်။
ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊
လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂:၁ ကိုကြည့်ရန်။
သေသောအမျိုး သို့မဟုတ် လူသား။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကိုကြည့်ရန်။

က္လသ ရေလပြည်သားတို့ကို
က္လသရေလ လူမျိုးတို့အား။

ဆုံးခြင်း
အဆုံးသည် ရောက်လာပြီ။

ပြည်လေးထောင့်
က္လသရေလပြည်တစ်ခုလုံးကို ဆိုလိုသည်။

Ezekiel 03

ယေဘုယျအချက်အလက်
က္လသရေလလူမျိုးများကို ပြောသော ထာဝရဘုရား
စကားတော်များ ဖြစ်သည်။

သင်သည် ဆုံးခြင်းသို့ရောက်၍
သင်အသက်သည် ကုန်ဆုံးသည် သို့မဟုတ်
သင့်ဘဝနောက်ဆုံးချိန်ရောက်လာပြီ။

သင်၏အကျင့်နှင့် အလျောက်
သင်ပြုခဲ့သမျှသော အပြစ်အားလုံးနှင့်အညီ၊ သင်ပြုခဲ့သမျှသော
အပြစ်အားလုံးကြောင့်။

သင်ပြုမိသမျှသော ရွံရှာဘွယ် အမှုတို့၏ အကျိုးအပြစ်ကို ဆပ်ပေးမည်
သင်ပြုသမျှသော မကောင်းမှုအားလုံး၏ အကျိုးအပြစ်ကို
ဆပ်ရမည်၊ စားရမည်။
ငါမနှစ်သက်သောသင်၏လုပ်ရပ်များကြောင့် သင့်ကို
အပြစ်ပေးမည်။

ရွံရှာဘွယ် အမှု
ထာဝရဘုရား မုန်းတီးသော အပြုအမူများ။

ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ
ငါသည် သင့်ကို ကရုဏာဖြင့် ကြည့်မည် မဟုတ်။

သင့်အကျင့် တို့၏ အကျိုးအပြစ်ကို ဆပ်ပေးမည်
သင်၏ မကောင်းသောအပြုအမူတို့၏
အကျိုးဆက်ကိုသင်ကိုယ်တိုင် ပြန်ခံရမည်။

သင်ပြုမိသော ရွံ့ရှာ ဘွယ်အမှုတို့သည် သင်၏အလယ်၌ တည်ကြလိမ့်မည်။
ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ

Ezekiel 05

ယေဘုယျအချက်အလက်
က္လသရေလလူမျိုးများကို ပြောသော ထာဝရဘုရား
စကားတော်များဖြစ်သည်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကိုကြည့်ရန်။

ဆုံးခြင်းဘေးရောက်လာ၏။ ဆုံးခြင်းဘေး ရောက်လာ၏။ သင့်ကို
စောင့်လျက်ရောက်လာ၏
အပြစ်အတွက် စီရင်ခြင်းသည် အမှန်တကယ်
ရောက်ရှိလားကြောင်း ဖော်ပြခြင်းဖြစ်သည်။

အိုပြည်တော်သား
အိုပြည်တော်သား ဟူ၍ ထိတ်လန့်တကြားဖော်ပြခြင်းသည် ပို၍
လေးနက်စေသည်။ သင်တို့ မထင်မှတ်ခဲ့သောဆိုးရွားသည့်
ဖျက်ဆီးခြင်း ဘေးပေါင်းစုံကျရောက်လာပြီ။

သင်သည် အလှည့်ခံရသော အချိန်ရောက်လာ၏။ အချိန်စေ့ပြီ။
ရောက်လာမည့် တရားစီရင်ခြင်းသည် အိပ်ရာမှာ နိုးလာသော
ရန်သူကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။

ရွှင်လန်းစွာ ကြွေး ကြော်ခြင်းမရှိရဘဲ၊

Ezekiel 08

ယေဘုယျအချက်အလက်
က္လသရေလလူမျိုးများကို ပြောသောထာဝရဘုရား
စကားတော်များ ဖြစ်သည်။

မကြာမမြင့်မှီ
ယခုမကြာမှီ။

ငါ၏ ဒေါသအရှိန်ကို သွန်းလောင်းမည်။ သင်၌ ငါ့အမျက် အလိုကို
ပြည့်စုံစေမည်။
သွန်းလောင်းမည်၊ ပြည့်စုံစေမည် စသည့်စကားလုံးများမှာ
သူ၏အမျက်ဒေါသကြီးမားပုံနှင့် ပြင်းထန်စွာအပြစ်ပေးမည့်ပုံကို
ပေါ်လွင်စေသော စကားလုံးများဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အားအမျက်ဒေါသထွက်စေသောသင်တို့ကို ပြင်းထန်စွာအပြစ်ပေးမည်"

ဒေါသ
အမျက် သို့မဟုတ် ကြီးမားသော ဒေါသ။

နှမြောစုံမက်ခြင်းမရှိဘဲ၊ သင့်အကျင့်တို့၏ အကျိုးအပြစ်ကို ဆပ်ပေးမည်
သင်တို့ကို ကရုဏာဖြင့် ငါကြည့်ရှုမည် မဟုတ်သဖြင့်။

နှမြောစုံမက်ခြင်းမရှိ
ငါသည် သင့်ကို အပြစ်မပေးဘဲမထား၊ ငါသည် သင့်ကို အပြစ်ပေးမည်။

သင်ပြုမိသောရွံ့ရှာဘွယ် အမှုတို့သည် သင်၏အလယ်၌ တည်ကြလိမ့်မည်။ ငါ ထာဝရဘုရားသည် ဒဏ်ပေးကြောင်းကို သိရကြ လိမ့်မည်။
အခန်း ၇:၃ ကိုကြည့်ရန်။

Ezekiel 10

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအတွက် ထာဝရဘုရား စကားတော်များ ဖြစ်သည်။

Behold!
N/A

နေ့ရက်ရောက်လာ၏
သင်တို့ကို အပြစ်ပေးမည့်နေ့ရက်တွေ ရောက်လာပြီ။

အလှည့် ခံရချိန်စေ့ပြီ
ဤအချက်သည် ဣသရေလလူမျိုးများအပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘေးအန္တရာယ်ကြီးသည် ဣသရေလလူတို့အပေါ် ကျရောက်လာပြီ သို့မဟုတ် ဆိုးရွားသောအရာများသည် အစပြုပြီ"

တံဖျာပွင့်ပြီ။ မာနကြီးပွားပြီ။
တုတ်ပေါ်တွင်ပန်းဖျာပြီဖြစ်၍ မာနာဖြင့်ကြီးထွားလာပြီ။ တုတ်သည် ဣသရေလ သို့မဟုတ် ကြမ်းကြုတ်မှုကိုဆိုလိုသည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

ညှဉ်းဆဲခြင်း အမြစ်မှ အပြစ်တံဖျာပေါက်လေပြီ
လူများ၏ကြမ်းကြုတ်မှုသည် သူတို့ကို ဆိုးညစ်သောအရာများကို လုပ်စေပြီ။

Ezekiel 12

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအတွက် ထာဝရဘုရား စကားတော်များဖြစ်သည်။

အချိန်စေ့ပြီ။ နေ့ရက်နီးပြီ
ထာဝရဘုရားက ဣသရေလလူမျိုးများကို အပြစ်ပေးသည့်အချိန်၊ နေ့ရက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကြာခင်ထာဝရဘုရားသည် သင်တို့အားအပြစ်ပေးမည်။"

ထိုလူအစုအဝေးအပေါင်းတို့နှင့်ဆိုင်သော ဗျာဒိတ်ရူပါရုံ သည် မပြည့်စုံဘဲမနေရ
ဘုရားသခင်က ဖော်ပြထားပြီးဖြစ်သော အရာများသည် ထိုလူမျိုးတို့အပေါ် အမှန်တကယ်ဖြစ်ပျက်လာမည်။

လူအစုအဝေးအပေါင်း
အလွန်ကြီးမားသောလူအစုအဝေး။ ဤနေရာတွင် ဣသရေလလူမျိုးများကို ဆိုလိုသည်။

ရောင်းသောသူသည် အသက်လွတ်လျက် ရှိသော်လည်း
ရောင်းသောသူများသည် ဣသရေလလူများကိုဆိုလိုသည်။

ပြန်၍ မလာရ
သူတို့သည် ဣသရေလနိုင်ငံသို့မပြန်ရ။

မတရားစွာကျင့်သောအားဖြင့် အဘယ်သူမျှမတည်နိုင်ရ။
'တည်နိုင်ခြင်း' ဟူသည်မှာ ဘုရားသခင်သည် တစ်စုံတစ်ယောက် ခက်ခဲချိန်များတွင် မျှော်လင့်ခြင်း၊ အားပေးခြင်းတို့ဖြင့် ဆက်လက်သွားနိုင်အောင် ကူညီခြင်း ကို ဆိုလိုသည်။ ယခုအသက်ရှင်လျက် ဘုရားသခင်ကိုနာမခံသောသူများကို ဘုရားသခင်သည် မစမည်မဟုတ်။

Ezekiel 14

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအတွက် ထာဝရဘုရား စကားတော်များ ဖြစ်သည်။

တံပိုးကို မှုတ်ကြသော် လည်း
ရန်သူတို့ကို တိုက်ခိုက်ရန် နှိုးဆော်သည့် တံပိုး။

ပြင်၌ ကားထားရှိ၏
ထား သည် ဓားကို ဆိုလိုသည်။ ဓား

အတွင်း၌ကားနာခြင်း၊ မွတ်သိပ်ခြင်းရှိ၏။
အတွင်း သည် မြို့ကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။

မြို့ထဲတွင်ရှိသော သူသည်လည်း နာခြင်း၊ မွတ်သိပ်ခြင်း အားဖြင့် ဆုံးလိမ့်မည်
'ဆုံးခြင်း' သည် လုံးလုံးပျက်စီးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ထဲရှိလူအများစုသည် ငတ်မွတ်ခြင်းနှင့် နာခြင်းဘေးဖြင့် သေကြလိမ့်မည်"

အသီးအသီး မိမိတို့အပြစ်ကြောင့် စိတ်မသာ ညည်းတွားလျက်၊ ချိုင့်သားချိုးကဲ့သို့ တောင်ပေါ်မှာ ရှိကြ လိမ့်မည်
ချိုးများသည် လူတစ်ယောက်နာကျင်နေချိန်၊ ဝမ်းနည်းချိန်တွင် ညည်းညူသည့်အသံကဲ့သို့ ဖြည်းညင်းစွာမြည်ကြသည်။


generated on Sun Jun 30 02:37:40 2024

အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့သည်ညည်းညူကြမည်ကို အလွန်ဝမ်းနည်းကြသည်၊
သူတို့အသံများသည် ချိုးအုပ်စုကဲ့သို့ ဖြစ်လိမ့်မည်"

Ezekiel 17

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအတွက် ထာဝရဘုရား စကားတော်များ ဖြစ်သည်။

ပြင်းစွာသော ထိတ်လန့်ခြင်းနှင့်ကိုယ်ကို ခြုံလျက်၊
ထိုသူတို့သည် ကြောက်ရွံ့ခြင်း အပြည့်ဖြင့် သို့မဟုတ်
ထိုသူတို့သည် အလွန်ကြောက်လန့် တုန်လှုပ်ကြလိမ့်မည်။

ထာဝရဘုရားအမျက်ထွက် တော်မူသော ကာလ၌၊
ထာဝရဘုရားသည် သူတို့အား အပြစ်စီရင်သောအချိန်၊
ထာဝရဘုရားသည် သူ၏
အမျက်ဒေါသအတိုင်းဆောင်ရွက်သောအချိန်။

သူတို့အလိုဆန္ဒကို မဖြေ နိုင်။ ဝစွာမကျွေးနိုင်
သူတို့တွင် စားစရာရှိမည် မဟုတ်။

ထိုရွှေငွေသည် သူတို့ထိမိ၍မှားယွင်းခြင်းအကြောင်း ဖြစ်သတည်း
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ရွှေငွေများစွာ ပိုင်ဆိုင်ခြင်းသည် သူတို့ကို အပြစ်ပြုစေသည်၊ သို့မဟုတ် (၂) သူတို့သည် ဆိုးယုတ်သောကြောင့်၊ သူတို့ မည်မျှဆိုးသည်ကိုပေါ်လွင်စေသည့် အပြစ်များကို ပြုကြသည်။

Ezekiel 20

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအတွက် ထာဝရဘုရား စကားတော်များ ဖြစ်သည်။

တပါးအမျိုးသားတည်းဟူသော အဓမ္မလူတို့ သည် လုယူဖျက်ဆီးစေခြင်းငှါ သူတို့လက်သို့ငါအပ်သဖြင့်
'လက်' ဟုဖော်ပြရာတွင် ထိန်းချုပ်ပိုင်ခွင့်ကို ရည်ညွှန်းသည်။
'ငါသည် သင်တို့အတွက် အပြတ်ထားသော ရုပ်တုဆင်းတုတို့ကို ပျက်စီးစေခြင်း အလိုငှာ၊ သင်တို့၏ ရန်သူတို့အား အခွင့်ပေးမည်။

ရွံ့ရှာဘွယ်သော အရာတို့
လုယူသော၊ ခိုးထားသော အရာများ။

သူတို့သည် ငါ၏ သန့်ရှင်းရာဌာနကို ညစ်ညူးစေကြလိမ့်မည်
သူစိမ်းများနှင့် လုယူဖျက်ဆီးရန်လာသော ရန်သူတို့သည် ဣသရေလလူမျိုးတို့ သွန်းလုပ်ထားသော ရုပ်တုဆင်းတုများကို ညစ်ညူးစေမည်။

ငါလည်းမျက်နှာလွှဲသည်ဖြစ်၍
ငါသည် သူတို့ကို နားထောင်မည်မဟုတ်၊ ငါသည်မျက်နှာလွှဲမည်၊ သို့မဟုတ် ငါသည် မကြည့်မရှု။

ငါ၏ သန့်ရှင်းရာဌာန
ငါမြတ်နိုးသောနေရာ။ ဘုရားသခင်၏ ဗိမာန်တော်ကို ဆိုလိုသည်။

Ezekiel 23

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအကြောင်း ယေဇကျေလအား ပြောသော ထာဝရဘုရား စကားတော်များဖြစ်သည်။

သံကြိုးကိုလုပ်လော့
သံကြိုးသည် ကျွန်၊
အကျဉ်းသားများကိုချုပ်နှောင်ရန်အသုံးပြုသည်။
ထာဝရဘုရားသည် ဤသို့ပြောကြားလိုက်ခြင်းဖြင့် ချုပ်နှောင်ခြင်းနှင့် ကျွန်ပြုခြင်းခံရမည့်လူများအကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

ပြည် သည် လူအသက်ကို သတ်ခြင်းအပြစ်နှင့်ပြည့်၏။
ဆိုလိုသည်မှာ

မြို့သည်လည်း ညှင်းဆဲ နှိပ်စက်ခြင်းနှင့် ပြည့်၏။
တမြို့လုံးတွင် အကြမ်းဖက်လုပ်ရပ်များရှိသည်၊ သို့မဟုတ် မြို့အတွင်းနေထိုင်သောသူများသည် အခြားသူများကို နှိပ်စက်ကြသည်။

သူတို့သည် အိမ်များကို သိမ်းယူကြလိမ့် မည်
ထာဝရဘုရားသည် ရန်သူတို့ကို အခွင့်ပေး၍ ဣသရေလလူမျိုးတို့၏ နေအိမ်များကို သိမ်းပိုက်စေမည်။

ခွန်အားကြီးမားသောသူတို့၏ မာနကို ငါငြိမ်း စေမည်။
နသရေလလူမျိုးအတွင်းရှိ မာနထောင်လွှားသော သူတို့ကို အရှက်ရစေမည်။

သူတို့သန့်ရှင်းသောအရပ်တို့သည် ညစ်ညူးခြင်း ရှိကြလိမ့်မည်
သင် ကိုးကွယ်ရာသန့်ရှင်းသောအရပ်တို့ကို ရန်သူတို့သည် ညစ်ညူးစေကြလိမ့်မည်။

သူတို့သန့်ရှင်းသောအရပ်တို့
ရုပ်တုဆင်းတုများကို ကိုးကွယ်သော နေရာများ။

ပျက်စီးခြင်းဘေးလာ၏
လူများသည် ကြောက်ရွံ့ကြလိမ့်မည်။

သူတို့သည် ငြိမ်ဝပ်ခြင်း ကို ရှာ၍ မတွေ့ရကြ။
သူတို့သည် ငြိမ်းချမ်းရေးရရန် မျှော်လင့်နေကြမည် သို့မဟုတ် သူတို့၏ ရန်သူများနှင့် ငြိမ်းချမ်းခြင်း ရအောင်ကြိုးစားကြမည်။

Ezekiel 26

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအကြောင်း ယေဇကျေလအား ပြောသော ထာဝရဘုရား စကားတော်များဖြစ်သည်။

ပရောဖက်ထံမှာ ဗျာဒိတ်ရူပါရုံကို ရှာသော်လည်း
သူတို့သည် ပရောဖက်တို့ဆီသို့ သွား၍
သူတို့မြင်သောအရာများကို မေးမြန်းကြလိမ့်မည်။

ယဇ်ပုရောဟိတ်တို့သည် တရား ဟောသောအခွင့်၊ အသက်ကြီးသော
သူတို့သည် အကြံ ပေးသောအခွင့်ကို မရဘဲနေကြလိမ့်မည်
ယဇ်ပုရောဟိတ်တို့သည် ပညတ်တရားကို မသွန်သင်နိုင်၊
အသက်ကြီးသောသူတို့သည်လည်း
ကောင်းသောအကြံပေးစရာမသိဘဲ ဖြစ်ကြလိမ့်မည်။
(ထာဝရဘုရားသည် သူတို့အပေါ်သွန်သင်နိုင်သော၊
အကြံပေးနိုင်သောဉာဏ်ပညာကို မပေးတော့သဖြင့်)။

မင်းသား
ဖြစ်နိုင်သော ဆိုလိုရင်းများမှာ (၁) ရှင်ဘုရာ၏သား၊(UDB)၊
သို့မဟုတ် (၂) နန်းတော်အတွင်းရှိ ဘုရင်မှအပ
ကျန်အမျိုးသားအားလုံး။

မှိုင်တွေခြင်းအဝတ်ကို ဝတ်ရ လိမ့်မည်။
ဖြစ်နိုင်သော ဆိုလိုရင်းများမှာ

ပြည်သူပြည်သားတို့၏ လက်တို့သည် တုန်လှုပ် ကြလိမ့်မည်
ပြည်သူပြည်သားတို့သည် တုန်လှုပ်သည့် တိုင်အောင်
ကြောက်ရွံ့ကြလိမ့်မည်။

ငါသည်ထာဝရ ဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်
ငါသည် ထာဝရဘုရားဖြစ်ကြောင်း၊ တန်ခိုးကြီးသော၊
အသက်ရှင်သော စစ်မှန်သော
ဘုရားဖြစ်ကြောင်းသိလာကြလိမ့်မည်။

---

## Translation Questions

### Ezekiel 7:1

ထာဝရဘုရားမိန့်တော်မူသည်မှာ ဣသရေလပြည်တွင် မည်သည့်အရာ ဖြစ်လာခဲ့သနည်း။
ထာဝရဘုရားမိန့်တော်မူသည်မှာ ဣသရေလပြည်၏ အဆုံးသည် လာဆဲဖြစ်သည်။

### Ezekiel 7:3

ထာဝရဘုရားသည် ဣသရေလကို မည်သည့်အတိုင်း တရားစီရင်လိမ့်မည်နည်း။
ထာဝရဘုရားသည် သူ့နည်းလမ်းအတိုင်း ဣသရေလကို တရားစီရင်လိမ့်မည်။

### Ezekiel 7:5

ဣသရေလအတွက် မည်သည့်အချိန်ကာလ ဖြစ်လာခဲ့သနည်း။
ဣသရေလ၏ တရားစီရင်ခြင်း၊ ဖျက်ဆီးခြင်းအချိန်ကာလသည် ဖြစ်လာခဲ့သည်။

### Ezekiel 7:8

ထာဝရဘုရားသည် ဣသရေလကို ဆန့်ကျင်၍ မည်သည့်အရာကို သွန်းလောင်းဖြည့်ဆည်းခဲ့သနည်း။
ထာဝရဘုရားသည် ဣသရေလကို ဆန့်ကျင်၍ သူ၏ အမျက်ကိုသွန်းလောင်း၍ သူ၏ဒေါသကို ဖြည့်ဆည်းခဲ့သည်။

### Ezekiel 7:10

ဣသရေလတွင် မည်သည့်အရာသည် ဆက်လက်မတည်ရှိလိမ့်မည်နည်း။
ပရိသတ်၊ သူတို့ချမ်းသာခြင်း၊ သူတို့အရေးပါခြင်း ကြာကြာမရှိဘဲ ဖြစ်လိမ့်မည်။

### Ezekiel 7:12

အဘယ်ကြောင့် ဣသရေလတွင် ဝယ်သူသည် မပျော်ရွှင်၊ ရောင်းသူသည် ဝမ်းနည်းပူဆွေးခြင်း မရှိလိမ့်မည်နည်း။
ထာဝရဘုရား၏ အမျက်ဒေါသသည် လူအုပ်များအပေါ်ရှိသောကြောင့် ဝယ်သူသည် မပျော်ရွှင်၊ ရောင်းသူသည် ဝမ်းနည်းပူဆွေး မရှိ ဖြစ်လိမ့်မည်။

### Ezekiel 7:14

မြို့ထဲက သူတို့သည် မည်သို့ သေဆုံးလိမ့်မည်နည်း။
မြို့ထဲက သူတို့သည် စားနပ်ရိက္ခာခေါင်းပါးခြင်းနှင့် ရောဂါအားဖြင့် သေဆုံးကြလိမ့်မည်။

ကျန်ကြွင်းသောသူတို့သည် မည်သည့်နေရာသို့ လွတ်မြောက်ကြလိမ့်မည်နည်း။
ကျန်ကြွင်းသောသူတို့သည် တောင်ပေါ်များသို့ လွတ်မြောက်ကြလိမ့်မည်။

### Ezekiel 7:17

ဣသရေလလူတွေကို မည်သည့်အရာသည် ကယ်တင်ဖို့ မတတ်စွမ်းနိုင်လိမ့်မည်နည်း။
သူတို့၏ ငွေနှင့်ရွှေတို့သည် ဣသရေလလူတွေကို ကယ်တင်နိုင်လိမ့်မည် မဟုတ်။

Ezekiel 7:20

ဣသရေလလူတွေ၏ ကျောက်မြတ်ရတနာ၊ အလှအပ အားလုံးသည် မည်သို့ ဖြစ်လာလိမ့်မည်နည်း။
ကျောက်မြတ်ရတနာ အလှအပများသည် တပါးနိုင်ငံသားများနှင့် လုယက်သောသူကဲ့သို့ ဆိုးသွမ်းသောသူတို့၏ လက်ထဲတွင် ပေးခြင်းခံရလိမ့်မည်။

ထာဝရဘုရား၏ သန့်ရှင်းရာ ဌာနတွင် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။
ဓားပြတို့သည် ထာဝရဘုရား၏ သန့်ရှင်းရာဌာနတွင် ဝင်ရောက်ပြီး ထိုနေရာကို ညစ်ညမ်းစေလိမ့်မည်။

Ezekiel 7:23

ဣသရေလလူတို့သည် မည်သည့်အရာကို ရှာဖွေသော်လည်း မတွေ့လိမ့်မည်နည်း။
ဣသရေလလူတို့သည် ငြိမ်းချမ်းခြင်းကို ရှာဖွေသော်လည်း မတွေ့နိုင်။

Ezekiel 7:26

လူတွေသည် ပရောဖက်မှ ရူပါရုံကို ရှာဖွေသောအခါ မည်သည့်အရာတွေ့လိမ့်မည်နည်း။
လူများသည် ရူပါရုံကို ရှာဖွေသောအခါ ပညတ်တရားနှင့် အကြံပေးခွင့်ရှိကြလိမ့်မည်မဟုတ်ပါ။

ထာဝရဘုရား၏ တရားစီရင်မှု ဖြစ်လာသောအခါ ဘုရင်နှင့်လူတို့သည် မည်သို့ တုံ့ပြန်ကြလိမ့်မည်နည်း။
တရားစီရင်မှုဖြစ်လာသောအခါ ဘုရင်သည် ဝမ်းနည်းပူဆွေး၍ လူတို့သည် ကြောက်ရွံ့ခြင်း၌ တုန်လှုပ်ကြလိမ့်မည်။

## Chapter 8

1 သက္ကရာဇ်ခြောက်ခု၊ ဆဋ္ဌမလ၊ ငါးရက်နေ့တွင်၊ ငါသည်ကိုယ် အိမ်၌ထိုင်၍၊ ယုဒအမျိုးအသက်ကြီးသူတို့ သည် ငါရှေ့မှာ ထိုင်ကြစဉ်၊
အရှင်ထာဝရဘုရား၏ လက်တော်သည် ငါ့အပေါ်သို့ သက်ရောက်လေ၏။ 2 ထိုအခါ ငါကြည့်ရှု၍၊ မီးအရောင်ကဲ့သို့သော
ပုံသဏ္ဌာန်သည် ထင်ရှား၏။ ခါးသဏ္ဌာန်မှသည် အောက် ပိုင်း၌ မီးအရောင်ကဲ့သို့၎င်း၊ အထက်ပိုင်း၌ ဟရှမေလ ရွှေအရောင်ကဲ့သို့၎င်း
ထင်ရှား၏။ 3 လက်သဏ္ဌာန်ကိုဆန့်၍ ငါ၏ဆံပင်တစုကို ကိုင်လျက်၊ ဝိညာဉ်တော်သည် ငါ့ကိုမြေနှင့်မိုဃ်းကောင်း ကင်ကြားမှာ
ချီကြွ၍၊ အမျက်တော်ကို နှိုးဆော်သော ရုပ်တုပလ္လင်ရှိရာ ယေရုရှလင်မြို့မြောက်မျက်နှာအတွင်း တံခါးဝသို့၊
ဘုရားသခင်၏ဗျာဒိတ်တော်ရူပါရုံအားဖြင့် ငါ့ကိုဆောင်သွား၏။ 4 လွင်ပြင်၌ အရင်ငါမြင်ဘူးသော ဗျာဒိတ်ရူပါရုံ ကဲ့သို့၊
ဣသရေလအမျိုး၏ ဘုရားသခင်ဘုန်းတော်သည် ထင်ရှား၏။ 5 အချင်းလူသား၊ မြောက်လမ်းသို့ မျှော်ကြည့် လော့ဟု
မိန့်တော်မူသည်အတိုင်း၊ မြောက်လမ်းသို့ ငါမျှော်ကြည့်၍၊ မြောက်မျက်နှာ၊ ယဇ်ပလ္လင်တံခါးဝ၌ အမျက်တော်ကို နှိုးဆော်သော်
ရုပ်တုရှိ၏။ 6 တဖန်တုံ၊ အချင်းလူသား၊ ငါသည် ငါ၏ သန့်ရှင်းရာဌာနနှင့် ဝေးစွာသွားစေခြင်းငှါ သူတို့ပြုကြ သောအမှု၊ ဤအရပ်၌
ဣသရေလအမျိုးပြုသော၊ အလွန် စက်ဆုပ်ရွံ့ရှာဘွယ်သော အမှုတို့ကို မြင်ပြီလော။ တဖန် လှည့်၍သွားဦးလော့။ သာ၍ကြီးသော
ရွံ့ရှာဘွယ် အမှု တို့ကို မြင်လိမ့်မည်ဟု မိန့်တော်မူလျက်၊ 7 တန်တိုင်းတံခါးဝသို့ ငါ့ကိုဆောင်သွား၍ ငါ ကြည့်ရှုသောအခါ၊ တန်တိုင်းရိုး၌
အပေါက်ကို မြင်လေ ၏။ 8 တဖန်တုံအချင်းလူသား၊ တန်တိုင်းရိုးကို တူးလော့ဟု မိန့်တော်မူသည်အတိုင်း၊ ငါသည်တူးပြီးမှ တံခါးဝကို
မြင်လေ၏။ 9 ဝင်လော့။ ဤအရပ်၌ ပြုကြသော စက်ဆုပ်ရွံ့ရှာဘွယ် အမှုဆိုးတို့ကို ကြည့်ရှုလော့ဟု မိန့်တော်မူသည်အတိုင်း၊ 10
ငါသည် ဝင်၍ကြည့်ရှုသောအခါ၊ တန်တိုင်းရိုး အတွင်းပတ်လည်၌၊ တွားတတ်သော အကောင်မှစ၍ ရွံ့ရှာဘွယ်သော
တိရစ္ဆာန်အမျိုးမျိုးနှင့် ဣသရေလအမျိုး ကိုးကွယ်သော ရုပ်တုဆင်းတုရှိသမျှတို့၏ ပုံသဏ္ဌာန်သည် ရေးထားလျက်ရှိ၏။ 11
သူတို့ရှေ့မှာ ဣသရေလအမျိုးအသက်ကြီးသူ ခုနှစ်ကျိပ်တို့နှင့်တကွ၊ ယာဇညာသားရှာဖန်သည် သူတို့ အလယ်၌ရပ်၍၊
ထိုသူအပေါင်းတို့သည် အသီးအသီး လင်ပန်းကို ကိုင်လျက်၊ နံ့သာပေါင်းကို မီးရှို့ကြသဖြင့်၊ မီးခိုးသည် ထူထပ်စွာတက်လေ၏။ 12
တဖန်တုံ၊ အချင်းလူသား၊ ဣသရေလအမျိုး အသက်ကြီးသူ အသီးအသီးတို့သည် မှောင်မိုက်ထဲမှာ ပုံရေးသော အခန်းတို့၌
ပြုသောအမှုကိုမြင်ပြီလော။ သူတို့က၊ ထာဝရဘုရားမမြင်။ ထာဝရဘုရားသည် မြေကြီးကို စွန့်ပစ်လေပြီဟု ဆိုကြ၏။ 13
တဖန်လှည့်၍ သွားဦးလော့။ သူတို့ပြုသော အမှုတို့တွင် သာ၍ကြီးစွာသော စက်ဆုပ်ရွံ့ရှာဘွယ် အမှုတို့ကို မြင်လိမ့်မည်ဟု
မိန့်တော်မူလျက်၊ 14 ဗိမာန်တော်မြောက်တံခါးဝသို့ ဆောင်သွား၍၊ ထိုအရပ်၌ မိန်းမတို့သည် တမ္မုဇနတ်အတွက် ငိုကြွေးလျက်
ထိုင်ကြ၏။ 15 အချင်းလူသား၊ ထိုအမှုကိုမြင်ပြီလော။ တဖန် လှည့်၍သွားဦးလော့။ ထိုမျှမက သာ၍ကြီးစွာသော
စက်ဆုပ်ရွံ့ရှာဘွယ်အမှုတို့ကို မြင်လိမ့်မည်ဟု မိန့်တော် မူလျက်၊ 16 ထာဝရဘုရား၏အိမ်တော်အတွင်း တန်တိုင်းထဲ သို့ ဆောင်သွား၍၊
ဗိမာန်တော်တံခါး၊ ဗိမာန်တော်ဦးနှင့် ယဇ်ပလ္လင်ကြားမှာ၊ လူနှစ်ကျိပ်ငါးယောက်တို့သည် ဗိမာန်တော်ကို ကျောခိုင်းလျက်၊
အရှေ့သို့မျက်နှာ ပြုလျက်၊ အရှေ့မျက်နှာ၌ နေကို ကိုးကွယ်ကြ၏။ 17 တဖန်တုံ၊ အချင်းလူသား၊ ထိုအမှုကို မြင်ပြီ လော။
ယုဒအမျိုးသည် ဤအရပ်၌ စက်ဆုပ်ရွံ့ရှာဘွယ် အမှုတို့ကို ပြုသောအပြစ်ပေါ့သလော။ သူတို့သည် အဓမ္မ မှုဖြင့် တပြည်လုံးကို
ပြည့်စေ၍ ငါ၏အမျက်ကို အထပ် ထပ်နှိုးဆော်ကြပြီ။ သစ်ခက်ကိုလည်း မိမိတို့နှာခေါင်းဝ၌ ကပ်၍တိုင်ကြ၏။ 18 ထိုကြောင့်၊
ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ ငါ၏အမျက်ကို လွှတ်လိုက်မည်။ သူတို့သည် ကျယ်သော အသံနှင့်အော်ဟစ်၍
တောင်းလျှောက်သော်လည်း၊ ငါသည် နားမထောင်ဟု မိန့်တော်မူ၏။

---

---

Ezekiel 01

ယေဘုယျ အချက်အလက်
ယေဇကျေလသည် သူမြင်သော ရူပါရုံနောက်တစ်ခုကို ပြောပြသည်။

So it came about
N/A

ဆဋ္ဌမလ
အခြားသောဘာသာပြန်ဆိုချက်၊ "ယေခါနိမင်းကြီးနန်းကျပြီးခြောက်နှစ်အကြာ"

ဆဋ္ဌမလ၊ ငါးရက်နေ့တွင်
ဟေဗြဲပြက္ခဒိန်တွင် ခြောက်လမြောက်ဖြစ်သည်။ ငါးရက်နေ့သည် အနောက်တိုင်းပြက္ခဒိန်အားဖြင့် စက်တင်ဘာလအစပိုင်းဝန်းကျင်ဖြစ်သည်။

အရှင်ထာဝရဘုရား၏ လက်တော်သည် ငါ့အပေါ်သို့ သက်ရောက်လေ၏
ယေဇကျေလသည် လက်ကဲ့သို့သော အရာတစ်ခုကိုမြင်ခြင်းဖြစ်သဖြင့် 'လက်' ဟုသာသာပြန်ရမည်။ အချို့ကျမ်းစာများတွင် ထာဝရဘုရား၏ မျက်မှောက်တော် သို့မဟုတ် တန်ခိုးတော် ဟု တင်စားကြသည်။

အရှင်ထာဝရဘုရား
အခန်း ၂:၄ ကိုကြည့်ရန်။


generated on Sun Jun 30 02:37:40 2024

သက်ရောက်
ဆုပ်ကိုင်သည်။

ရွှေအရောင်ကဲ့သို့
သံကို အပူပေးလျှင် အဝါရောင် သို့မဟုတ် လိမ္မော်ရောင်ကဲ့သို့ တောက်ပသည်။

Ezekiel 03

ယေဘုယျ အချက်အလက်
ယေဇကျေလသည် ဘုရားသခင်ထံမှရသော ရူပါရုံကို ဆက်လက်ပြောပြသည်။

လက်သဏ္ဌာန်ကိုဆန့်၍
လူကဲ့သို့သောသူက လက်ဆန့်ခြင်းဖြစ်နိုင်သည်။ အခန်း ၈:၁။

မြေနှင့်မိုဃ်းကောင်း ကင်ကြား
မြေကြီးနှင့် မိုးကောင်းကင်ကြား။

ယေရုရှလင်မြို့ မြောက်မျက်နှာအတွင်း တံခါးဝသို့၊ ဘုရားသခင်၏ဗျာဒိတ်တော်ရူပါရုံအားဖြင့် ငါ့ကိုဆောင်သွား၏
ဤနေရာတွင် 'ဗျာဒိတ်တော်ရူပါရုံအားဖြင့်' ဟုဆိုရာ၌ယေဇကျေလ၏ အတွင်းစိတ်တွင် ဖြစ်ပေါ်လာသောအရာကို ဖော်ပြလိုခြင်းဖြစ်သည်။ ဤအရာများကို ထာဝရဘုရားက ဖွင့်ပြနေချိန်တွင် ယေဇကျေလသည် သူ၏ အိမ်ထဲတွင်သာရှိသည်။

မြို့မြောက်မျက်နှာအတွင်း တံခါးဝသို့
ယေရုရှလင်မြို့၏ မြောက်ဘက်အရပ်ရှိ တံခါးဝ။

အမျက်တော်ကို နှိုးဆော်သော ရုပ်တု
ကြီးမားသောအမျက်တော်ကို နှိုးဆွသော ရုပ်တု သို့မဟုတ် ဘုရားသခင်ကို သဝန်တိုစေသော ရုပ်တု။

လွင်ပြင်၌ အရင်ငါမြင်ဘူးသော ဗျာဒိတ်ရူပါရုံ ကဲ့သို့
ဟိုတခါတုန်းက လွင်ပြင်မှာ ငါမြင်တွေ့ဘူးသော နိမိတ်လက္ခဏာကဲ့သို့။

လွင်ပြင်
သစ်ပင်အနည်းငယ်ပေါက်၍ ပြေပြစ်သော မျက်နှာပြင်ရှိသည့်ကွင်းကြီး။

Ezekiel 05

ယေဘုယျ အချက်အလက်
လူကဲ့သို့သောသူ (အခန်း ၈:၁) သည်ယေဇကျေလကို ပြောသည်။

အချင်းလူသား၊
လူသားမျိုး၏သား သို့မဟုတ် လူသားအမျိုး။ ဘုရားသခင်သည် ယေဇကျေလ အားလူတစ်ယောက်အဖြစ်သာခေါ်ဆိုသည်။ ဘုရားသခင်သည် တန်ခိုးကြီး၍ ထာဝရအသက်ရှင်သည်၊ လူသားတို့သည် ထိုသို့မဟုတ်။ အခန်း ၂:၁ ကိုကြည့်ရန်။ သေသောအမျိုး သို့မဟုတ် လူသား။

မျှော်ကြည့်၍
ကြည့်ပါဦး၊ ဒီဘက်ကို လှည့်ကြည့်ပါဦး။

ယဇ်ပလ္လင်တံခါးဝ
ယဇ်ပလ္လင်သို့ သွားရန် ဝင်ပေါက်။

သူတို့ပြုကြ သောအမှု၊ ဤအရပ်၌ ဣသရေလအမျိုးပြုသော၊ အလွန်စက်ဆုပ်ရွံ့ရှာဘွယ်သော အမှုတို့ကို မြင်ပြီလော
ဣသရေလလူမျိုးများပြုလုပ်သောမကောင်းသောလုပ်ရပ်အားလုံးကို ပို၍သိစေရန် ယေဇကျေလကို ဤသို့မေးခွန်းသုံး၍ စကားပြောခြင်းဖြစ်သည်။ "ဒီလူတွေပြုလုပ်သောအရာများကို ငါဘာ့ကြောင့်မုန်းသည်ကို သင့်ကိုသိစေချင်သည်"

ဣသရေလအမျိုး
အိမ်တစ်ခုတွင်နေထိုင်သော မိသားစုများကို ခေါ်ဆိုခြင်းဖြစ်သည်။ ဤနေရာတွင် နှစ်ပေါင်းများစွာ ယာကုပ်၏အမျိုးအနွယ်ဖြစ်လာကြသော ဣသရေလလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအုပ်စု" အခန်း ၃:၁ ကိုကြည့်ရန်။

Ezekiel 07

တန်တိုင်းတံခါးဝ
ဗိမာန်တော်ဝင်း။

Ezekiel 10

behold!
N/A

တွားတတ်သော အကောင်မှစ၍ ရွံ့ရှာဘွယ်သော တိရစ္ဆာန်အမျိုးမျိုး
နံရံပေါ်တွင် တွားသွားသတ္တဝါ (မြွေကဲ့သို့) တို့၏ ရုပ်ပုံများနှင့် အခြားကြောက်စရာကောင်းသော တိရစ္ဆာန်အမျိုးမျိုးတို့၏ ရုပ်ပုံများကို ထုထွင်းထားသည်။

ဣသရေလအမျိုး
အိမ်တစ်ခုတွင်နေထိုင်သော မိသားစုများကို ခေါ်ဆိုခြင်းဖြစ်သည်။ ဤနေရာတွင် နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးအနွယ်ဖြစ်လာကြသော ဣသရေလလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအုပ်စု" အခန်း ၃:၁ ကိုကြည့်ရန်။

ယာဇညာသားရှာဖန်

လင်ပန်း
ဘုရားသခင် သို့မဟုတ် မှားယွင်းသော ဘုရားများကို ကိုးကွယ်ချိန်တွင် နံ့သာပေါင်းကို မီးရှို့ဖို့ရန် အသုံးပြုသော ပန်းကန်ပြားဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

Ezekiel 12

ကလ္သရေလအမျိုး အသက်ကြီးသူ အသီးအသီးတို့သည် မှောင်မိုက်ထဲမှာ ပုံရေးသော အခန်းတို့၌ ပြုသောအမှုကိုမြင်ပြီလော
ယေဇကျေလအား မြင်တွေ့စေလိုသဖြင့် ဤသို့မေးခွန်းစကားသုံး၍ ပြောဆိုခြင်းဖြစ်သည်။

ကလ္သရေလအမျိုး
အိမ်တစ်ခုတွင်နေထိုင်သော မိသားစုများကို ခေါ်ဆိုခြင်းဖြစ်သည်။ ဤနေရာတွင် နှစ်ပေါင်းများစွာ ယာကုပ်၏အမျိုးအနွယ်ဖြစ်လာကြသော ကလ္သရေလလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကလ္သရေလလူအုပ်စု" အခန်း ၃:၁ ကိုကြည့်ရန်။

မှောင်မိုက်ထဲမှာ ပုံရေးသော အခန်း
သူတို့သည် ရုပ်တုများကို ကိုးကွယ်နေကြောင်း အခြားသူများ မသိအောင်လျှို့ဝှက်ထားသော အခန်း။

Ezekiel 14

ဗိမာန်တော်မြောက်တံခါးဝ
အခန်း ၈:၃ တွင်ဖော်ပြထားသည့်တံခါးမဟုတ်ဘဲ မြို့ရိုးအပြင်ဘက်တံခါး။ ရှု - the UDB.

behold!
N/A

တမ္မုဇနတ်အတွက် ငိုကြွေး
မှားယွင်းသောဘုရားဖြစ်သည့် တမ္မုဇနတ် သေဆုံးသွားသောကြောင့် ငိုကြွေးလျက်။

Ezekiel 16

behold!
N/A

ဗိမာန်တော်ဦး
မုခ်ဆောင်။ ဝင်ပေါက်လမ်းကြောင်းတွင် တိုင်များဖြင့် ထောက်၍ အမိုးလုပ်ထားသောနေရာ။

အရှေ့သို့မျက်နှာ ပြုလျက်
အရှေ့ဘက်ကို မျက်နှာမူကြသည်။

Ezekiel 17

ယုဒအမျိုးသည် ဤအရပ်၌ စက်ဆုပ်ရွံရှာဘွယ် အမှုတို့ကို ပြုသောအပြစ်ပေါ့သလော
ယုဒအမျိုးတို့သည် ရုပ်တုကိုးကွယ်ခြင်းကို အပြစ်ဟုမမြင်ကြသဖြင့် ထာဝရဘုရားသည် သူ၏ အမျက်ဒေါသကိုပြသလိုသောကြောင့် ဤသို့မေးခွန်းစကားလုံးများကိုအသုံးပြုခြင်းဖြစ်သည်။ သူတို့ပြုခဲ့သောရွံရှာဘွယ်လုပ်ရပ်များသည် သေးငယ်ပေါ့လျော့သည်ဟု ယုဒအမျိုးတို့သည် ထင်ကြသလော။

ယုဒအမျိုး
အိမ်တစ်ခုတွင်နေထိုင်သော မိသားစုများကို ခေါ်ဆိုခြင်းဖြစ်သည်။ ဤနေရာတွင် နှစ်ပေါင်းများစွာ ယုဒ၏အမျိုးအနွယ်ဖြစ်လာကြသောလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူအုပ်စု" အခန်း ၃:၁ တွင် ဆင်တူသောစကားလုံးရှိသည်။

သူတို့သည် အဓမ္မ မှုဖြင့် တပြည်လုံးကို ပြည့်စေ၍
'တိုင်းပြည်တစ်ခုလုံး၌သူတို့ပြုသော ဒုစရိုက်များပြည့်နှက်နေသည်။ တိုင်းပြည်တစ်ခုလုံးသည် သူတို့၏ ဖျက်ဆီးခြင်းကို ခံနေရသည်။

ငါ၏အမျက်ကို အထပ် ထပ်နှိုးဆော်ကြပြီ
ငါ့ကို အမျက်ထွက် စေကြသည်။

သစ်ခက်ကိုလည်း မိမိတို့နှာခေါင်းဝ၌ ကပ်၍တိုင်ကြ၏
ရုပ်တုကိုးကွယ်သောသူများသည် လက်ထဲတွင် သစ်ရွက်နု (သပြေရွက်ကဲ့သို့) များ၊ ပန်းများကို ကိုင်လျက်၊ လက်အုပ်ချီပြီး ရှိခိုးကန်တော့သည့် အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

ငါသည် နမြောစုံမက်ခြင်းမရှိဘဲ
ငါသည်သူတို့ကို အပြစ်ပေးဦးမည်။

သူတို့သည် ကျယ်သော အသံနှင့်အော်ဟစ်၍ တောင်းလျှောက်သော်လည်း၊
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့အပေါ်ကျယ်လောင်သောအသံဖြင့် ငိုကြွေး၍ အသနားခံကြသော်လည်း"

ငါသည် နားမထောင်
ငါသည် နားထောင်မည် မဟုတ်။


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Ezekiel 8:1

ထာဝရဘုရား၏ လက်တော်သည် သူ့အပေါ်သက်ရောက်လာသောအခါ ယေဇကျေလသည် မည်သည့်နေရာတွင် ရှိခဲ့သနည်း။

ယေဇကျေလသည် သူ့ရှေ့တွင် ယုဒအမျိုး၏ အကြီးအကဲများနှင့် သူ့အိမ်တွင် ထိုင်နေခဲ့သည်။

## Ezekiel 8:3

ဝိညာဉ်တော်သည် ယေဇကျေလကို မည်သည့်နေရာတွင် ဆောင်ခဲ့သနည်း။ ထိုနေရာတွင် မည်သည့်အရာကို မြင်ခဲ့သနည်း။

ဝိညာဉ်တော်သည် ယေဇကျေလကို ယေရုရှလင်မြို့၏ မြောက်ပိုင်းတံခါးဝတွင် ဆောင်ခဲ့ပြီး ထိုနေရာတွင် မနာလိုမှုကိုနှိုးဆော်နေသောရုပ်တု ကို မြင်ခဲ့သည်။

## Ezekiel 8:5

ဣသရေလလူမျိုး၏ ကြီးမားသော ဆိုးသွမ်းမှုကြောင့် သူသည် အားကြီး၍ မည်သည့်အရာလုပ်ဖို့ရန် တွန်းပို့ခြင်းခံနေရသည်ဟု ဝိညာဉ်တော် ပြောခဲ့သနည်း။

ဝိညာဉ်တော်က သူသည် သူ၏သန့်ရှင်းရာဌာနတော်မှ ဝေးရာသို့ သွားဖို့ရန် တွန်းပို့ခြင်းခံနေရသည်ဟု ဝိညာဉ်တော်က ပြောခဲ့သည်။

## Ezekiel 8:7

ယေဇကျေလသည် တန်တိုင်တံခါးဝနှင့် တန်တိုင်းရိုးကို တွေ့ခဲ့ပြီးနောက် ဝိညာဉ်တော်သည် ယေဇကျေလကို မည်သည့်အရာပြုဖို့ရန် ပြောခဲ့သနည်း။

ဝိညာဉ်တော်သည် ယေဇကျေလကို ဝင်လော့၊ ဤအရပ်၌ ပြုကြသော စက်ဆုပ်ရွံ့ရှာဘွယ် အမှုဆိုးတို့ကို ရှုလော့ဟု ပြောခဲ့သည်။

## Ezekiel 8:12

အကြီးအကဲတို့သည် သူတို့၏ ရုပ်တုများကိုကိုးကွယ်ကြ၍ ထာဝရဘုရားအကြောင်း မည်သို့ပြောခဲ့ကြသနည်း။

အကြီးအကဲတို့သည် ထာဝရဘုရားသည် သူတို့ကို မမြင်၊ ထာဝရဘုရားက ပြည်ကိုစွန့်လွှတ်ခဲ့ပြီဟု ပြောခဲ့ကြသည်။

## Ezekiel 8:14

မိန်းမတို့သည် ထာဝရဘုရားတဲတော်၏ မြောက်ပိုင်းတံခါးဝ၌ မည်သည့်အရာ လုပ်နေကြသည်ကို ယေဇကျေလ တွေ့ခဲ့သနည်း။

မိန်းမတို့သည် တမ္မုဇနတ်အတွက် ငိုကြွေးလျက်နေကြသည်။

## Ezekiel 8:16

ယေဇကျေလသည် ထာဝရဘုရား အိမ်တော်၏ တံတိုင်းအဝတွင် မည်သည့်အရာကို တွေ့ခဲ့သနည်း။

လူပေါင်း ငါးဆယ်တို့သည် အရှေ့ဘက်သို့မျက်နှာမူလျက် နေကို ကိုးကွယ်ခဲ့ကြသည်။

## Ezekiel 8:17

ဣသရေလအမျိုးတို့၏ စက်ဆုပ်ရွံရှာဖွယ်များကြောင့် ဝိညာဉ်တော်သည် မည်သည့်အရာ လုပ်သွားမည်ဟု ပြောခဲ့သနည်း။

ဝိညာဉ်တော်သည် သူတို့က ကျယ်သောအသံနှင့် ငိုကြွေးသည့်တိုင် ကြင်နာခြင်းမရှိဘဲ သူတို့ကို ခြွင်းချက်မထားဘဲ ပြုမူလိမ့်မည်ဟု ပြောခဲ့သည်။

---

## Chapter 9

1 ဖျက်ဆီးသော လက်နက်ကို အသီးအသီး ကိုင် လျက်၊ ဤမြို့ခံရသောဒဏ်တို့ကို အနီးသို့ဆောင်ခဲ့ကြ လော့ဟု ကျယ်သောအသံနှင့်
ခေါ်တော်မူသည်ကို ငါကြား၏။ 2 ထိုအခါ လူမြောက်ယောက်တို့သည် အသီး အသီး ကွပ်မျက်စရာ လက်နက်ကို ကိုင်လျက်၊
တယောက် သည်လည်း၊ ပိတ်အဝတ်ကိုဝတ်၍ နံပါး၌ မှင်အိုးပါလျက်၊ မြောက်မျက်နှာဘက် အထက်တံခါးလမ်းဖြင့် ဝင်၍၊
ကြေးဝါပလ္လင်အနားမှာရပ်နေကြ၏။ 3 ဣသရေလအမျိုး၏ဘုရားသခင် ဘုန်းတော် သည် ကျိန်းဝပ်ရာ
ခေရုဗိမ်မှအိမ်တော်တံခါးခုံသို့တက်၍၊ ပိတ်အဝတ်ကိုဝတ်လျက်၊ နံပါး၌ မှင်အိုးပါသော သူကို ခေါ်၍၊ 4 ထာဝရဘုရားက၊
ယေရုရှလင်မြို့အလယ်၌ ရှောက်သွားလော့။ မြို့ထဲ၌ ပြုသမျှသော စက်ဆုပ်ရွံ့ရှာ ဘွယ်အမှုတို့ကြောင့်၊
ညည်းတွားငိုကြွေးသောသူတို့၏ နဖူးကို ထိုးမှတ်လော့ဟူ၍ရင်း၊ 5 အခြားသော သူတို့အားလည်း၊ ထိုသူနောက် မြို့ထဲ၌ ရှောက်သွား၍
ဒဏ်ခတ်ကြလော့။ နှမြောစုံမက် ခြင်းမရှိကြနှင့်။ 6 အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ အပျိုမ၊ သူငယ်၊ မိန်းမတို့ကို
ရှင်းရှင်းသတ်ကြလော့။ သို့ရာတွင်၊ အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။ ငါ၏ သန့်ရှင်းရာဌာန၌ အဦးပြုကြလော့ဟု
မိန့်တော်မူသည် ကို ငါကြား၏။ သူတို့သည်လည်း၊ အိမ်တော်ရှေ့မှာရှိသော အသက်ကြီးသူတို့ကို ရှေ့ဦးစွာ သတ်ကြ၏။ 7 တဖန်တုံ၊
အိမ်တော်ကိုညစ်ညူးစေ၍၊ ကွပ်မျက် သော သူအသေကောင်တို့နှင့် တန်တိုင်းများကို ပြည့်စေပြီးမှ ထွက်သွားကြလော့ဟု
မိန့်တော်မူသည် အတိုင်း၊ သူတို့သည်ထွက်၍ မြို့ထဲ၌ကွပ်မျက်ကြ၏။ 8 ထိုသို့သူတို့သည် ကွပ်မျက်ကြသောအခါ၊ ငါ နေရစ်စဉ်တွင်
ပြပ်ဝပ်၍၊ အိုအရှင်ထာဝရဘုရား၊ ယေရု ရှလင်မြို့အပေါ်သို့ အမျက်တော်ကို သွန်းလောင်း၍၊ ကျန်ကြွင်းသမျှသော
ဣသရေလအမျိုးကို ဖျက်ဆီးတော် မူမည်လောဟု ကြွေးကြော်၍လျှောက်လေ၏။ 9 ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးနှင့်
ယုဒ အမျိုး၏အပြစ်သည် အလွန်တရာကြီး၏ တပြည်လုံးသည် လူအသက်ကိုသတ်ခြင်းအပြစ်နှင့်ပြည့်၏။ မြို့သည်လည်း
ဖောက်ပြန်ခြင်း အပြစ်နှင့်ပြည့်၏။ သူတို့က၊ ထာဝရဘုရား သည် မြေကြီးနှင့်စွန့်ပစ်လေပြီ။ ထာဝရဘုရားမမြင်ဟု ဆိုကြ၏။ 10
ထိုကြောင့်၊ ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ၊ သူတို့အကျင့်တို့၏ အကျိုးအပြစ်ကို သူတို့ခေါင်းပေါ်သို့ သက်ရောက်စေမည်ဟု ငါ့အား
မိန့်တော်မူ၏။ 11 ပိတ်အဝတ်ကို ဝတ်၍နံပါး၌ မှင်အိုးပါသော သူကလည်း၊ ကိုယ်တော်မှာထားတော်မူသည်အတိုင်း
အကျွန်ုပ်ပြုပါပြီဟု ပြန်လျှောက်လေ၏။

---

Ezekiel 01

ယေဘုယျ အချက်အလက်
ယေဇကျေလသည် ဘုရားသခင်ပေးသော
ရူပါရုံကိုဆက်လက်ပြောပြသည်။ အခန်း ၈:၁ တွင်စသည်။

ကျယ်သောအသံနှင့် ခေါ်တော်မူသည်ကို ငါကြား၏
သူသည် ငါ့ကိုခေါ်သံကို ငါကြား၏။

guards
N/A

ဖျက်ဆီးသော လက်နက်
လူများ သို့မဟုတ် အခြားအရာများကို ဖျက်ဆီးရန်လက်နက်။

ကွပ်မျက်စရာ လက်နက်
လူအများကို သတ်ဖို့ရန် လက်နက်။

behold!
N/A

ပိတ်အဝတ်
အပင်တစ်ခုမှပြုလုပ်သော နူးညံ့၍ ခိုင်ခံသောအဝတ်။
အပူပိုင်းဒေသတွင် အဝတ်များသည်။ အခန်း ၉:၁ ကိုကြည့်ရန်။
အခြားသောဘာသာပြန်ဆိုချက်၊ "နူးညံ့သောအဝတ်"

နံပါး၌ မှင်အိုးပါလျက်
ကျမ်းတတ်ပုဂ္ဂိုလ်များ စာရေးတံချဖို့ရန်
အသုံးပြုသောပစ္စည်းများ။

ကြေးဝါ
နက်၍ ရွှေရောင်ရှိသောသတ္တု။ ပို၍ခိုင်မာအောင်သံဖြူရော၍
ပြုလုပ်လေ့ရှိသည့် ကြေးနီ။

Ezekiel 03

ကျိန်းဝပ်ရာ ခေရုဗိမ်မှ
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

အိမ်တော်တံခါးခုံသို့တက်၍
အိမ်တော် သည်ဘုရားသခင်၏ ဗိမာန်တော်ကို ရည်ညွှန်းသည်။

ပိတ်အဝတ်
အခန် ၉:၁ ကိုကြည့်ရန်။

နံပါး၌ မှင်အိုးပါသော
အခန်း ၉:၁ ကိုကြည့်ရန်။

ညည်းတွားငိုကြွေး
လူတို့သည် ဝမ်းနည်းစိတ်ပျက်သောအခါ ပြုလေ့ရှိသောအသံ၊
ညည်းတွားသံ။


generated on Sun Jun 30 02:37:40 2024

မြို့အလယ်၌ ရှောက်သွားလော့။ မြို့ထဲ၌ ပြုသမျှသော စက်ဆုပ်ရွံ့ရှာဘွယ်အမှု
အလွန်ဆိုးရွားစွာမြို့လယ်၌ မြင်တွေ့ရသော သူတို့၏ လုပ်ရပ် သို့မဟုတ် မြို့တွင်း၌ သူတို့ ကျူးလွန်ခဲ့သော ဒုစရိုက်ပေါင်းစုံ။

Ezekiel 05

အခြားသော သူတို့အားလည်း၊.... မိန့်တော်မူသည် ကို ငါကြား၏။
အခန်း ၉:၁ တွင်ဖော်ပြထားသော လူများကို ရည်ညွှန်းသည်။ (ရှု၊ [EZK 9:1](EZK 9:1))

နှမြောစုံမက် ခြင်းမရှိကြနှင့်
သူတို့ခံရသော ဆင်းရဲဒုက္ခကို ကြည့်ရှုပြီး သူတို့ကိုသနားစရာမလို။

ရှင်းရှင်းသတ်ကြလော့
အပြတ်ရှင်းရန် အမိန့်ပေးခြင်းဖြစ်သည်။

အမှတ်ပါသောသူ
ယေရုရှလင်မြို့တွင် ဖြစ်ပျက်သော အရာများအတွက် ငိုကြွေးမြည်တမ်းသော သူများဖြစ်သည်။ အခန်း ၉:၃ တွင် 'အမှတ်' ဘာသာပြန်ပုံကို ကြည့်ရှုရန်။

ငါ၏ သန့်ရှင်းရာဌာန၌ အဦးပြုကြလော့
ထာဝရဘုရား၏ ဗိမာန်တော်ကို ဦးစွာသွား၍ အမှတ်အသား မပါသော လူအားလုံးကို သတ်ဖြတ်ရှင်းလင်းရန်။

အသက်ကြီးသူတို့
ဆိုလိုသည်မှာ (၁) ဣသရေလလူမျိုးထဲမှ ခေါင်းဆောင်အယောက် ၇၀ (အခန်း ၈:၁၀)၊ သို့မဟုတ် (၂) အသက်ကြီးသူအားလုံး (အခန်းငယ် ၆)။

Ezekiel 07

ယေဘုယျ အချက်အလက်
ဣသရေလလမျိုးများကို တရားစီရင်သော သူများကို ဘုရားသခင် ဆက်လက်၍ စကားပြောသည်။

မြို့ထဲ၌ကွပ်မျက်ကြ၏
မြို့ထဲ၌ရှိသော လူများကို တိုက်ခိုက်သတ်ဖြတ် ကြသည်။

ပြပ်ဝပ်၍၊
ငါသည် ဒူးထောက်ရှိခိုးလျက် သို့မဟုတ် ငါသည် မြေကြီးပေါ်သို့ဝပ်လျက်၊ ယေဇကျေလသည် မြေကြီးပေါ်သို့မတော်တဆ လဲကျခြင်းမဟုတ်၊ ထာဝရဘုရားအားအရိုအသေပြုသောအားဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ အခန်း ၁:၂၇ ကိုကြည့်ရှုရန်။

အိုအရှင်ထာဝရဘုရား
ယေဇကျေလသည် ထိတ်လန့် တုန်လှုပ်သဖြင့် ဤသို့ထာဝရဘုရားသခင်အား ခေါ်ဆိုခြင်းဖြစ်သည်။ ထာဝရဘုရားသည် လူများကို ယေရုဆလင်မြို့ ဖျက်ဆီးရန် အခွင့်ပေးခြင်းအပေါ် ကြောက်လန့်တကြားဖြစ်ခြင်းကိုဖော်ပြခြင်းဖြစ်သည်။ အခန်း ၄:၁၄ ကိုကြည့်ရှုရန်။

ယေရု ရှုလင်မြို့အပေါ်သို့ အမျက်တော်ကို သွန်းလောင်း၍၊ ကျန်ကြွင်းသမျှသော ဣသရေလအမျိုးကို ဖျက်ဆီးတော် မူမည်လော
ကိုယ်တော်၏ ဒေါသကို သွန်းလောင်း၍ယေရုရှလင်မြို့၌ ကျန်သေးသော ဣသရေလလူမျိုးအားလုံးကို ဖျက်ဆီးမည်လော? ယေဇကျေလသည် ထာဝရဘုရားအား ဣသရေလလူမျိုးတို့ကို မဖျက်ဆီးဖို့ရန် အသနားခံကာတောင်းဆိုခြင်းဖြစ်သည်။ 'ကျေးဇူးပြု၍ ကိုယ်တော်၏ ဒေါသကို သွန်းလောင်း၍ယေရုရှလင်မြို့၌ ကျန်သေးသောဣသရေလလူမျိုးများကို မဖျက်ဆီးပါနှင့်။

Ezekiel 09

ဣသရေလအမျိုး
မိသားစုတစ်ခုတွင် နေထိုင်သော သူများ၊ ဤနေရာတွင်နှစ်ပေါင်းများစွာ ယာကုပ်၏ အမျိုးများ ဖြစ်သော ဣသရေလလူများ ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအုပ်စု" အခန်း ၃:၁ ကိုကြည့်ရှုရန်။

အလွန်တရာကြီး
အလွန်ကြီးမားသော။

တပြည်လုံးသည် လူအသက်ကိုသတ်ခြင်းအပြစ်နှင့်ပြည့်၏
တပြည်လုံးသည် ကြမ်းကြုတ်မှုနှင့် ပြည့်နှက်နေသည် သို့မဟုတ် ၎င်းပြည်ရှိလူများသည်အချင်းချင်းသတ်ဖြတ်ကြသည်။

မြို့သည်လည်း ဖောက်ပြန်ခြင်း အပြစ်နှင့်ပြည့်၏။
ဆိုလိုသည်မှာ (၁) တမြို့လုံးသည်တရားမျှတမှုကိုလွဲဖယ်ကြ၏၊ (၂) တမြို့လုံးသည် သစ္စာမဲ့သော လုပ်ရပ်များဖြင့် ပြည့်နှက်လေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုမြို့သည် သစ္စာမဲ့၊ မတရားမှုပြုသော လူများနေထိုင်ရာမြို့ဖြစ်၏" သို့မဟုတ် "ထိုမြို့တွင် ဒုစရိုက်သမားများစွာနေထိုင်ကြသည်"

ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ
ငါသည် သူတို့ကို သနားကြင်နာခြင်းကင်းမဲ့စွာ သို့မဟုတ် ငါသည်သူတို့ကို ကရုဏာ သက်စရာမရှိ။

အကျိုးအပြစ်ကို သူတို့ခေါင်းပေါ်သို့ သက်ရောက်စေမည်
သူတို့၏ မကောင်းသော လုပ်ရပ်များကြောင့် သူတို့ကိုယ်တိုင် ဒုက္ခရောက်ကြလိမ့်မည်။

behold!
N/A

ပိတ်အဝတ်
အခန်း ၉:၁ ကိုကြည့်ရှုရန်။


generated on Sun Jun 30 02:37:40 2024

ပြန်လှျောက်လေ၏

ထာဝရဘုရားအား အကြောင်းပြန်ကြားလေ၏။

## Translation Questions

Ezekiel 9:1

ဝိညာဉ်တော်က မြို့သို့တက်လာဖို့ရန် ဘယ်သူကို ခေါ်ခဲ့သနည်း။

ဝိညာဉ်တော်သည် ဖျက်ဆီးခြင်းလက်နက်များပါသောလူခြောက်ယောက်နှင့် ကျမ်းတတ်ပုဂ္ဂိုလ်တန်ဆာများပါသောလူတစ်ယောက်တို့ကို ခေါ်ခဲ့သည်။

Ezekiel 9:3

ဣသရေလအမျိုး ဘုရားသခင်၏ ဘုန်းအသရေသည် အဘယ်နေရာမှ မည်သည့်နေရာသို့ ရွှေ့သွားခဲ့သနည်း။

ဣသရေလအမျိုး ဘုရားသခင်၏ ဘုန်းအသရေသည် ကျိုန်းဝပ်ရာ ခေရုဗိမ်မှ အိမ်တော်တံခါးသို့ ရွှေ့သွားခဲ့သည်။

ထာဝရဘုရားသည် စာရေးသူကို အဘယ်သို့ပြုဖို့ရန် မိန့်တော်မူခဲ့သနည်း။

ထာဝရဘုရားသည် မှင် စာရေးသူအား မြို့ထဲ၌ ပြုသမျှသော စက်ဆုပ်ရွံရှာဖွယ်အမှုတို့ကြောင့် ငိုကြွေးမြည်တမ်းကြသောသူတို့၏ နံဖူးတွင်အမှတ်အသားပြုဖို့ရန် မိန့်တော်မူခဲ့သည်။

Ezekiel 9:5

ထာဝရဘုရားသည် ဖျက်ဆီးခြင်းလက်နက်နှင့် လူခြောက်ယောက်အား အဘယ်သို့ ပြုဖို့ရန် ပြောသနည်း။

ထာဝရဘုရားသည် လူတို့၏ နံဖူးပေါ်၌ ထိုးမှတ်ထားသောသူမှတပါး အခြားသောသူအပေါင်းတို့အား သတ်ဖို့ရန် လူခြောက်ယောက်အား ပြောခဲ့သည်။

Ezekiel 9:7

ယေဇကျေလက လူခြောက်ယောက်သည် မြို့ကို ဖျက်ဆီးနေသည်ကိုမြင်၍ ထာဝရဘုရားအား မည်သို့မေးသနည်း။

ကျန်ကြွင်းသော ဣသရေလအမျိုးသားအပေါင်းတို့ကို ထာဝရဘုရား၏ အမျက်တော်ဖြင့် ဖျက်ဆီးလိမ့်မည်လော့ဟု ယေဇကျေလသည် ထာဝရဘုရားကို မေးခဲ့သည်။

Ezekiel 9:9

ယေဇကျေလ၏ မေးခွန်းကို ထာဝရဘုရား မည်သို့ ဖြေမည်နည်း။

ယုဒအမျိုးနှင့်ဣသရေလအမျိုး၏အပြစ်သည် အလွန်ကြီးသည်ဖြစ်၍ သူသည် သူတို့အား သနားလိမ့်မည်မဟုတ်ဟု ဖြေကြားခဲ့သည်။

(ကျမ်းတတ်သူ) မှင်စာရေးသူသည် အဘယ်သို့တင်ပြခဲ့သနည်း။

(ကျမ်းတတ်သူ)မှင်စာရေးသူသည် ထာဝရဘုရားသည် သူ့အား မိန့်တော်မူသည့်အမှုအရာအားလုံးပြီးပြီဟု တင်ပြခဲ့သည်။

## Chapter 10

1 တဖန် ငါကြည့်ရှု၍၊ ခေရုဗိမ်၏ခေါင်းတို့ အထက်မိုဃ်းမျက်နှာကြက်၌နီလာကျော်ကဲ့သို့၊ ရာဇပလ္လင် ၏ သဏ္ဍာန်အရောင်သည်
ထင်ရှား၏။ 2 ပိတ်အဝတ်ကိုဝတ်သော သူအားလည်း၊ ရထား ဘီးတို့အကြားမှာ ခေရုဗိမ်အောက်သို့ဝင်လော့။ ခေရုဗိမ်
အကြားမှာရှိသော မီးခဲတို့ကို လက်နှစ်ဘက်နှင့် ကျုံးပြီး လျှင်၊ မြို့အပေါ်မှာ ဖြန့်ကြဲလော့ဟု မိန့်တော်မူသည် အတိုင်း၊ ထိုသူသည်
ငါ့မျက်မှောက်၌သွား၏။ 3 ဝင်သောအခါ ခေရုဗိမ်တို့သည် အိမ်တော် လက်ျာဘက်မှာရပ်၍၊ အတွင်းတန်တိုင်းသည် မိုဃ်းတိမ်
နှင့်ပြည့်၏။ 4 ထာဝရဘုရား၏ ဘုန်းတော်သည် ခေရုဗိမ် အပေါ်က အိမ်တော်တံခါးခုံအထက်သို့ တက်ရွှေ့၍၊ အိမ်တော်သည်
မိုဃ်းတိမ်းနှင့်ပြည့်၏။တန်တိုင်းသည် လည်း၊ ထာဝရဘုရား၏ ဘုန်းတော်အရောင်နှင့်ပြည့်၏။ 5 အနန္တတန်ခိုးရှင်ဘုရားသခင်
မိန့်မြွက်တော်မူ သော အသံကဲ့သို့ ခေရုဗိမ်အတောင်တို့၏ အသံကို ကြား ရ၏။ 6 ပိတ်အဝတ်ကိုဝတ်သောသူအားလည်း၊ ရထား
ဘီးအကြားထဲက မီးကိုယူလော့ဟု မိန့်တော်မူသောအခါ၊ ထိုသူသည်ဝင်၍ ဘီးတို့အနား၌ ရပ်နေ၏။ 7 ခေရုဗိမ်တပါးသည်
ခေရုဗိမ်စုထဲက လက်ကို ဆန့်၍၊ ခေရုဗိမ်အကြားမှာရှိသော မီးကိုယူပြီးလျှင်၊ ပိတ်အဝတ်ကို ဝတ်သောသူလက်၌ ထည့်၏။
ထိုသူလည်း ခံယူ၍ထွက်သွား၏။ 8 ခေရုဗိမ်အတောင်အောက်၌ လူလတ်ကိုလည်း ငါမြင်၏။ 9 ငါကြည့်ရှု၍၊ ခေရုဗိမ်တို့အနားမှာ
ရထားဘီး တခုစီရှိ၏။ ဘီးတို့သည် ကျောက်မျက်ရွဲ၏ အဆင်း အရောင်ရှိ၏။ 10 ဘီးလေးခုတို့သည်ပုံသဏ္ဍာန်တညီတည်းရှိ၍၊
ဘီးတခုထဲ၌ ဘီးတခုတပ်သကဲ့သို့ရှိကြ၏။ 11 သွားသောအခါ ဘီးလေးမျက်နှာတညီတည်း နေ၍၊ မလှည့်ဘဲ သွားတတ်ကြ၏။
ခေါင်းမျက်နှာပြုသော ဘက်သို့လိုက်၍ မလှည့်ဘဲ သွားကြ၏။ 12 ဘီးလေးခုနှင့်တကွခေရုဗိမ်လေးပါးတို့သည် ကျော၊ လက်၊
အတောင်မှစ၍ တကိုယ်လုံး၌ မျက်စိနှင့် ပြည့်ကြ၏။ 13 ထိုဘီးတို့ကို စကြာဟူသော အမည်ဖြင့် သမုတ် သည်ကို ငါကြား၏။ 14
ခေရုဗိမ်တို့သည် မျက်နှာလေးခုစီရှိ၍၊ ပဌမ မျက်နှာသည် ခေရုဗိမ်မျက်နှာ၊ ဒုတိယမျက်နှာသည် လူမျက်နှာ၊ တတိယမျက်နှာသည်
ခြင်္သေ့မျက်နှာ၊ စတုတ္ထမျက်နှာသည် ရွေလင်းတမျက်နှာဖြစ်၏။ 15 ထိုခေရုဗိမ်တို့သည် ချီကြွလျက် ရှိကြ၏။ ဤသည်ကား၊
ခေဗာမြစ်နားမှာ ငါမြင်ဘူးသော သတ္တဝါ ပေတည်း။ 16 ခေရုဗိမ်တို့သည် သွားသောအခါ ဘီးတို့သည် ထက်ကြပ်လိုက်ကြ၏။
ခေရုဗိမ်တို့သည် မြေကြီးမှ တက်အံ့သောငှါ အတောင်တို့ကို ဖြန့်သောအခါ၊ ဘီးတို့ သည် မကွာဘဲလိုက်ကြ၏။ 17 သူတို့ရပ်သောအခါ
ဘီးတို့သည်ရပ်ကြ၏။ သူတို့သည် မြေကြီးနှင့်ကွာ ၍တက်သောအခါ၊ ဘီးတို့သည်လည်း ထက်ကြပ်လိုက်၍ တက်ကြ၏။
အကြောင်းမူကား၊ သတ္တဝါ၏ ဝိညာဉ်သည် ဘီးတို့၌ရှိ၏။ 18 ထိုအခါ ထာဝရဘုရား၏ ဘုန်းတော်သည် အိမ်တော်တံခါးခုံမှ
ရွှေ့၍ခေရုဗိမ်အပေါ်မှာ တည်လေ ၏။ 19 ထိုခေရုဗိမ်တို့သည် ငါ့မျက်မှောက်၌ အတောင် တို့ကို ဖြန့်ပြီးလျှင်၊ မြေကြီးနှင့်ကွာ၍
တက်ကြ၏။ ပြင်သို့ ထွက်သောအခါ ဘီးတို့သည် လိုက်ကြ၏။ ထာဝရဘုရား ၏ အိမ်တော်ရှေ့တံခါးဝမှာ ရပ်၍၊ ဣသရေလအမျိုး၏
ဘုရားသခင်ဘုန်းတော်သည် သူတို့အပေါ်မှာ တည်လျက် ရှိ၏။ 20 ဤသည်ကား၊ ခေဗာမြစ်နားမှာ ဣသရေလ အမျိုး၏
ဘုရားသခင့်အောက်၌ ငါမြင်ဘူးသော သတ္တဝါ ပေတည်း။ ခေရုဗိမ်ဖြစ်သည်ကိုလည်း ငါသိ၏။ 21 သူတို့သည် မျက်နှာလေးခုစီ၊
အတောင်လေးလုံး စီရှိ၍၊ အတောင်အောက်၌ လူလက်သဏ္ဍာန်ရှိ၏။ 22 မျက်နှာပုံကား၊ ခေဗာမြစ်နားမှာ ငါမြင်ဘူး
သောမျက်နှာနှင့်တူ၏။ ကိုယ်အဆင်းအရောင်လည်း တူ၏။ ထိုသူလေးပါးတို့သည် တည့်တည့် သွားတတ်ကြ၏။

---

Ezekiel 01

ယေဘုယျအချက်အလက်
အခန်း ၈:၁ တွင်စသောသူ၏ ရူပါရုံကို ယေဇကျေလဆက်၍ ပြောသည်။

အထက်မိုဃ်းမျက်နှာကြက်၌
အမိုးခုံးဘက်သို့။

ခေရုဗိမ်
အခန်း ၉:၃ ကိုကြည့်ရန်။

နီလာကျော်ကဲ့သို့
နီလာကျောက်သည် အစိမ်း သို့မဟုတ် အပြာရောင်ရှိသော ရတနာတမျိုးဖြစ်သည်။

ရာဇပလ္လင် ၏ သဏ္ဍာန်
ပလ္လင်ပုံစံရှိသောအရာ။

ပိတ်အဝတ်ကိုဝတ်သော သူ
အခန်း ၉:၁ တွင် ပိတ်အဝတ် ဘာသာပြန်ပုံကိုကြည့်ပါ။

ရထား ဘီးတို့အကြားမှာ ခေရုဗိမ်အောက်သို့ဝင်လော့။
အခန်း ၁:၁၅ တွင် ဘီး ဘာသာပြန်ပုံကိုကြည့်ပါ။

မီးခဲ
လောင်ကျွမ်းနေသောမီးသွေးခဲ၊ မီးသွေးသည် အမဲရောင်ရှိသောလည်း လောက်ကျွမ်းနေချိန်တွင် အနီရင့်ရောင်တောက်လာသည်။


generated on Sun Jun 30 02:37:40 2024

မြို့အပေါ်မှာ ဖြန့်ကြဲလော့
တမြို့လုံးကိုလောင်ကျွမ်းသွားအောင် ထိုမီးခဲများအား မြို့အပေါ်သို့ ကြဲပက်ရမည်။

Ezekiel 03

ခေရုဗိမ်
အခန်း ၁၀:၃ ကိုကြည့်ရန်။

လက်ျာဘက်မှာ
လက်ယာဘက်။ ညာဘက်အရပ်။
အခြားသောဘာသာပြန်ဆိုချက်။ ။တောင်ဘက်မှာ။

ထာဝရဘုရား၏ ဘုန်းတော်
အခန်း ၁:၂၇ ကိုကြည့်ရန်။

အိမ်တော်သည်...ပြည့်၏
ထာဝရဘုရား၏ ဘုန်းတော်ကို ရည်ညွှန်းသည်။

Ezekiel 06

It came about
N/A

ပိတ်အဝတ်ကိုဝတ်သောသူအားလည်း
ချည်မျှင်၊ လျှော်မျှင်တို့နှင့်ရက်လုပ်ထားသော အင်္ကျီကိုဝတ်ထားသောသူ။

ပိတ်အဝတ်ကိုဝတ်သောသူ
အခန်း ၉:၁ တွင် ပိတ်အဝတ် ဘာသာပြန်ပုံကို ကြည့်ပါ။

ဘီးတို့အနား၌
အခန်း ၁:၁၅ တွင် ဘီး ဘာသာပြန်ပုံကို ကြည့်ပါ။

ခေရုဗိမ်အတောင်အောက်၌ လူလတ်ကိုလည်း ငါမြင်၏။
ခေရုဗိမ်၏ တောင်ပံအောက်တွင် လူလက်ပုံစံကိုငါတွေ့၏။

Ezekiel 09

behold!
N/A

ဘီး
ခန်း ၁:၁၅ တွင် ဘီး ဘာသာပြန်ပုံကိုကြည့်ပါ။

ကျောက်မျက်ရွဲ၏ အဆင်းအရောင်
ကျောက်မျက်ရွဲတွင် အပြာရောင် သို့မဟုတ် အစိမ်းရောင်ရှိသည်

ဘီးတခုထဲ၌ ဘီးတခုတပ်သကဲ့သို့
ဘီးထပ်ခြင်း သည် 'ရောယှက်ခြင်း၊ ဖြတ်ခြင်း၊ ဆုံခြင်း၊ ထိစပ်ခြင်း' ဖြစ်သည်။

ခေါင်းမျက်နှာပြုသော ဘက်သို့လိုက်၍
ထိုခေရုဗိမ်များ၏ ခေါင်းများလှည့်သည့်ဘက် သို့မဟုတ် ခေရုဗိမ်သွားသည့်အတိုင်း။

ခေါင်း
ခေရုဗိမ်၏ ခေါင်းကို ဆိုလိုသည်။

Ezekiel 12

တကိုယ်လုံး
ခေရုဗိမ် ၏ ကိုယ်ခန္ဓာတစ်ခုလုံး။

ဘီး
ခန်း ၁:၁၅ တွင် ဘီး ဘာသာပြန်ပုံကိုကြည့်ပါ။

ထိုဘီးတို့ကို စကြာဟူသော အမည်ဖြင့် သမုတ် သည်
စကြာ သည် လည်ပတ်ခြင်းကိုဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်က ဘီးများကို စကြာ ဟုခေါ်သည်"

ခေရုဗိမ်တို့သည် မျက်နှာလေးခုစီရှိ၍
ခေရုဗိမ်တစ်ခုချင်းတွင် ရှိသောမျက်နှလေးခုစီ (အရုပ်မျက်နှာလေးခုကို တချိန်တည်းမြင်နိုင်သည်)။ အခန်း ၁:၄ ကိုကြည့်ရန်။

ခေရုဗိမ်
အခန်း ၁၀:၃ ကိုကြည့်ရန်။

Ezekiel 15

ခေရုဗိမ်
အခန်း ၁:၁၀ ကိုကြည့်ရန်။

သတ္တဝါ
အခန်း ၁:၁၃ ကိုကြည့်ရန်။

ခေဗာမြစ်နား
ခါလဒဲလူမျိုးများက ဥယာဉ်ခြံမြေများ ရေရရှိရေးအတွက် တူးဖော်ထားသောတူးမြောင်း သို့မဟုတ် ခေဗာမြစ်။ အခန်း ၁:၁ ကိုကြည့်ရန်။

တက်အံ့သောငှါ
လေထဲတွင် တက်သွားသည်။

ဘီးတို့ သည် မကွာဘဲလိုက်ကြ၏။
ဘီးများသည် ခေရုဗိမ်နှင့်အတူနေကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရထားဘီးများသည် ထိုသတ္တဝါလေးပါးသွားလေရာရာ၌အတူပါသွားကြသည်။"

မကွာဘဲလိုက်ကြ၏
ငြိမ်ဝပ်စွာ နေကြသည် သို့မဟုတ် မလှုပ်မရှား။


generated on Sun Jun 30 02:37:40 2024

သတ္တဝါ၏ ဝိညာဉ်သည် ဘီးတို့၌ရှိ၏။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ဘီးတို့ကို
သတ္တဝါ၏ဝိညာဉ်တို့က ထိန်းချုပ်ကြသည်၊ သို့မဟုတ် (၂)
သတ္တဝါတို့၏ဝိညာဉ်တို့သည် ဘီး၌ရှိသော
ဝိညာဉ်တို့နှင့်အတူတူဖြစ်သည်။ အခန်း ၁:၁၉ ကိုကြည့်ရန်။

Ezekiel 18

ထာဝရဘုရား၏ ဘုန်းတော်
အခန်း ၁:၂၇ ကိုကြည့်ရန်။

အိမ်တော်
ဘုရားသခင်၏ ဗိမာန်တော်ကို ရည်ညွှန်းသည်။

တည်လေ ၏
ရှိနေသည်။

တည်
တည် သည် 'ရပ်ခြင်း၊ ရပ်ခြင်း၊ သို့မဟုတ် စောင့်ဆိုင်းခြင်း
ကိုဆိုလိုသည်။

သူတို့အပေါ်မှာ တည်လျက် ရှိ၏
ခေရုဗိမ်တို့ အပေါ်သို့ သွား၏။

Ezekiel 20

သတ္တဝါ
အခန်း ၁:၁၃ ကိုကြည့်ရန်။

ခေဗာမြစ်
ခါလဒဲလူမျိုးများက ဥယာဉ်ခြံမြေများရေရရှိရေးအတွက်
တူးဖော်ထားသောတူးမြောင်း သို့မဟုတ် ခေဗာမြစ်။ အခန်း ၁:၁
ကိုကြည့်ရန်။

တည့်တည့် သွားတတ်ကြ၏
မျက်နှာရှေ့ တည့်တည့်ထားသည် သို့မဟုတ်
ရှေ့တွင်သာတည့်တည့်ကြည့်သည်။

---

## Translation Questions

Ezekiel 10:1

ထာဝရဘုရားသည် ပိတ်ဝတ်သောသူအား အဘယ်သို့ပြုဖို့ရန်
မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားသည် ပိတ်ဝတ်သောသူအား မီးခဲများကို
လက်နှစ်ဘက်နှင့် ကျုံး၍ မြို့ပေါ်သို့ ဖြန့်ကျဲဖို့ရန် ပြောခဲ့သည်။

Ezekiel 10:3

ထာဝရဘုရား၏ ဘုန်းတော်သည် အဘယ်သို့ပြုခဲ့သနည်း။
ထာဝရဘုရား၏ ဘုန်းတော်သည် အိမ်တော်တံခါးခုံအပေါ်သို့
တက်သဖြင့် အိမ်သည် မိုးတိမ်နှင့်ပြည့်၍
တံတိုင်းတော်သည်လည်း ထာဝရဘုရား၏
ဘုန်းတော်အရောင်နှင့်ပြည့်စုံသည်။

Ezekiel 10:6

ပိတ်ချော ဝတ်ဆင်သောသူသည် မီးကို ခရုဗိမ်ကြားမှ မည်သို့ရရှိခဲ့သနည်း။
ပိတ်ချောကိုဝတ်ဆင်သောသူသည် အထဲသို့ဝင်၍
ခေရုဗိမ်တစ်ဦးသည် မီးကို ချီလျက် သူ၏လက်ထဲသို့ တင်သည်။

Ezekiel 10:9

ခေရုဗိမ်တို့ဘေးတွင်ပါသော ဘီးသဏ္ဍာန်များသည်
အဘယ်အရာနှင့်ဆင်တူသနည်း။
ခေရုဗိမ်တို့ဘေးတွင်ပါသော ဘီးများသည် အခြားသော
ဘီးတစ်ခုထပ်သကဲ့သို့ ဖြစ်ကြသည်။

Ezekiel 10:12

ခေရုဗိမ်ဘီးလေးခုတို့သည် အဘယ်အရာကို ဖုံးသနည်း။
ခေရုဗိမ်ဘီးလေးခုတို့ကို မျက်စိများဖြင့် ဖုံးအုပ်ထားသည်။

ဘီးလေးခုတို့ကို အဘယ်သို့ နာမည်ပေးခဲ့သနည်း။
ဘီးလေးခုတို့ကို စကြာ (လည်ပတ်သောအရာ) ဟု
ခေါ်ခဲ့ကြသည်။

Ezekiel 10:15

ခေရုဗိမ်သည် ရွေ့သဖြင့် ဘီးတို့သည်လည်း အဘယ်သို့ပြုခဲ့သနည်း။
ခေရုဗိမ်သည် ရွေ့သောအခါ ဘီးတို့သည် ခေရုဗိမ်အနားတွင်
သွားကြသည်။

Ezekiel 10:18

ထာဝရဘုရား၏ ဘုန်းတော် ခေရုဗိမ်နှင့်ဘီးများတို့သည် အဘယ်သို့သောနေရာ
ရွေ့ခဲ့ကြသနည်း။
ထာဝရဘုရား၏ ဘုန်းတော် ခေရုဗိမ်နှင့်ဘီးများတို့သည်
ထာဝရဘုရား၏ အိမ်ရှေ့တံခါးသို့ ရွေ့ခဲ့သည်။

Ezekiel 10:20

ယေဇကျေလသည် အလားတူသတ္တဝါကို အရင်က ဘယ်မှာတွေ့ခဲ့သနည်း။
ယေဇကျေလသည် ခေဗာတူးမြောင်းရှေ့နားတွင်
အလားတူသတ္တဝါကို တွေ့ခဲ့သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 11

1 ထိုနောက် ဝိညာဉ်တော်သည် ငါ့ကိုချီ၍၊ အရှေ့ ဘက်သို့ မျက်နှာပြုသော ထာဝရဘုရား၏ အိမ်တော် အရှေ့တံခါးသို့ ဆောင်သွား၍၊
တံခါးဝ၌ လူနှစ်ကျိပ် ငါးယောက်ရှိ၏။ သူတို့တွင်မင်းပြုသောသူ၊ အဇုရသား ယာဇညာ၊ ဗေနာယသားပေလတိတို့ကို ငါမြင်၏။ 2
ဗျာဒိတ်တော်အသံကား၊ အချင်းလူသား၊ ဤ သူတို့သည် မကောင်းသောအကြံကို ကြံစည်၍၊ ဤမြို့၌ မတရားသော တိုင်ပင်ခြင်းကို
ပြုသောသူဖြစ်ကြ၏။ 3 သူတို့က၊ အမှုမရောက်သေး။ အိမ်ဆောက်ကြ ကုန်အံ့။ ဤမြို့သည် အိုးကင်း၊ ငါတို့သည် အမဲသား
ဖြစ်သည်ဟု ဆိုတတ်ကြ၏။ 4 သို့ဖြစ်၍ အိုလူသား၊ သူတို့တဘက်၌ ပရောဖက် ပြု၍ ဟောပြောလော့ဟု မိန့်တော်မူ၏။ 5 ထိုအခါ
ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်သို့ သက်ရောက်၍၊ သင်သည် ဟောပြောလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊
အိုဣသရေလ အမျိုး၊ သင်တို့သည် ဤသို့ပြောဆိုကြပြီ။ သင်တို့ကြံစည် သမျှတို့ကို ငါသိ၏။ 6 သင်တို့သည် ဤမြို့၌သူရဲတို့ကို
များပြားစေ၍၊ မြို့လမ်းတို့ကို သူရဲများနှင့်ပြည့်စေကြပြီ။ 7 ထိုကြောင့် အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သင်တို့ထားသော
သူရဲတို့သည် အမဲသား ဖြစ်၏။ ဤမြို့သည် အိုးကင်းဖြစ်၏။ သို့သော်လည်း၊ သင်တို့ကို မြို့ထဲက ငါထုတ်မည်။ 8 သင်တို့သည်
ထားကို ကြောက်သည်ဖြစ်၍၊ ငါသည် ထိုထားကို သင်တို့အပေါ်သို့ရောက်စေမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 9 ငါသည်
သင်တို့ကိုမြို့ထဲက ထုတ်ပြီးလျှင်၊ တကျွန်းတနိုင်ငံသား တို့၏လက်သို့အပ်၍ အပြစ်ဒဏ်ကို စီရင်မည်။ 10 သင်တို့သည်
ထားဖြင့်ဆုံးရှုံးကြ၍၊ ဣသရေလ ပြည်စွန်းမှာ ငါ စစ်ကြောစီရင်သဖြင့်၊ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို သင်တို့
သိရကြလိမ့်မည်။ 11 ဤမြို့သည် သင်တို့၏ အိုးကင်းမဖြစ်ရ၊ သင်တို့ သည်လည်း၊ အိုးကင်း၌ အမဲသားမဖြစ်ရကြ။ ဣသရေလ
ပြည်စွန်းမှာ ငါစစ်ကြောစီရင်သဖြင့်၊ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။ 12 အကြောင်းမူကား၊
သင်တို့သည် ငါ၏ဘုရား လမ်းသို့မလိုက်၊ ငါ့စီရင်ချက်တို့ကို မစောင့်၊ သင်တို့ ပတ်လည်၌နေသော လူမျိုးတို့၏ ထုံးစံဓလေ့တို့ကို
လိုက်ကြပြီဟု မိန့်တော်မူ၏။ 13 ထိုဗျာဒိတ်တော်စကားကို ငါသည်ဆင့်ဆို၍ ဟောပြောစဉ်တွင်၊ ဗေနာယသားပေလတိသည် သေ၏။
ငါသည်လည်း ပြပ်ဝပ်၍၊ အိုအရှင် ထာဝရဘုရား၊ ကျန်ကြွင်းသော ဣသရေလအမျိုးသားတို့ကို ဆုံးရှုံး စေတော်မူမည်လောဟု
ကျယ်သောအသံနှင့် ကြွေးကြော် ၏။ 14 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 15 အချင်းလူသား၊
ယေရုရှလင်မြို့သူမြို့သားတို့က၊ ထာဝရဘုရားထံတော်မှ ဝေးစွာထွက်သွားကြလော့။ ဤပြည်ကိုငါတို့အား အပိုင်ပေးတော်မူပြီဟု
သင်၏ ညီအစ်ကို၊ သင်၏အမျိုးသားချင်း၊ ဣသရေလအမျိုး သားအပေါင်းတို့အား ဆိုတတ်ကြ၏။ 16 ထိုကြောင့်၊
အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သင်၏အမျိုးသားချင်းတို့ကို တပါးအမျိုးသား တို့ နေရာဝေးသောအရပ်သို့ ငါပြောင်းစေ၍၊
အတိုင်း တိုင်းအပြည်ပြည်တို့၌ ဖြန့်ကြဲသော်လည်း၊ သူတို့ ရောက် သောပြည်တို့၌ ငါသည်သူတို့အဘို့ သန့်ရှင်းရာဌာနကဲ့သို့ ခဏ
ဖြစ်လိမ့်မည်။ 17 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သူတို့ ကို ဖြန့်ကြဲသော လူအမျိုးမျိုး နေရာအတိုင်းတိုင်း အပြည်ပြည်တို့မှ
ငါသိမ်းယူ၍၊ စုဝေးပြီးလျှင်၊ ဣသရေလ ပြည်ကိုပေးမည်။ 18 သူတို့သည် ထိုပြည်သို့ရောက်၍၊ စက်ဆုပ်ရွံရှာ ဘွယ်သော
အမှုအရာရှိသမျှတို့ကို ပယ်ရှားကြလိမ့်မည်။ 19 ငါသည်လည်း၊ ညီညွတ်သော စိတ်နှလုံးနှင့် အသစ်သောသဘောကို သွင်းပေးမည်။
သူတို့ကိုယ်ခန္ဓာ ထဲက ကျောက်နှလုံးကို နှုတ်၍၊ အသားနှလုံးကို ပေးသော ကြောင့်၊ 20 သူတို့သည် ငါစီရင်ထုံးဖွဲ့သော ပညတ်တရား
လမ်းသို့လိုက်၍ စောင့်ရှောက်သဖြင့်၊ ငါ၏လူဖြစ်ကြ လိမ့်မည်။ ငါသည်လည်း သူတို့၏ ဘုရားသခင်ဖြစ်မည်။ 21 သို့မဟုတ်လျှင်၊
စက်ဆုပ်ရွံ့ရှာဘွယ်သော အမှု အရာတို့၏ အလိုသို့ စိတ်နှလုံးအားဖြင့် လိုက်သော သူတို့၏ အပြစ်ကို၊ သူတို့၏ခေါင်းပေါ်သို့
ငါရောက်စေ မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 22 ထိုအခါ ခေရုဗိမ်တို့သည် အတောင်တို့ကို ဖြန့်၍၊ ဘီးတို့သည်လည်း
လိုက်ကြ၏။ ဣသရေလအမျိုး၏ ဘုရားသခင့်ဘုန်းတော်သည်လည်း သူတို့အပေါ်၌ ရှိတော်မူ၏။ 23 ထာဝရဘုရား၏
ဘုန်းတော်သည် မြို့ထဲက တက်၍၊ မြို့အရှေ့မှာ ရှိသောတောင်ပေါ်၌ ရပ်တော်မူ၏။ 24 ဝိညာဉ်တော်သည်လည်း၊ ဘုရားသခင်၏
ဗျာဒိတ်ရူပါရုံအားဖြင့် ငါ့ကိုချီ၍ သိမ်းသွားသော သူတို့ နေရာ၊ ခါလဒဲပြည်သို့ ဆောင်သွားတော်မူ၏။ ငါမြင်ခဲ့ပြီး သော
ဗျာဒိတ်ရုံသည်လည်း ငါနှင့်ကွာ၍ တက်သွား၏။ 25 ထာဝရဘုရားပြတော်မူခဲ့ပြီးသော အမှုအရာ ရှိသမျှတို့ကို
ငါသည်သိမ်းသွားခြင်းကိုခံရသော သူတို့အား ကြားပြောလေ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 12

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ သင်သည်ပုန်ကန်တတ်သော
အမျိုးထဲမှာနေ၏။ သူတို့သည် မြင်ရသော မျက်စိ ရှိသော်လည်း မမြင်တတ်။ ကြားရသော နားရှိသော် လည်း မကြားတတ်။
ပုန်ကန်တတ်သော အမျိုးဖြစ်ကြ၏။ 3 သို့ဖြစ်၍၊ အချင်းလူသား၊ အခြားသို့ ပြောင်း သွားခြင်းငှါ ဥစ္စာပရိကံများကို ပြင်ဆင်၍၊
နေ့အချိန်၌ သူတို့မျက်မှောက်တွင် ပြောင်းသွားလော့။ သူတို့မျက် မှောက်တွင် အခြားတပါးသို့နေရာပြောင်းလော့။ ပုန်ကန် တတ်သော
အမျိုးဖြစ်သော်လည်း၊ သတိရကောင်းရကြ လိမ့်မည်။ 4 နေရာပြောင်းစရာဘို့ ပြင်ဆင်သော ဥစ္စာပရိကံ များကဲ့သို့၊ သင်၏
ဥစ္စာပရိကံများကို နေ့အချိန်၌ သူတို့ မျက်မှောက်တွင် ထုတ်ရမည်။ သိမ်းသွားခြင်းကို ခံရသော သူကဲ့သို့၊ ညအချိန်၌
သူတို့မျက်မှောက်တွင် ထွက်သွား ရမည်။ 5 သူတို့မျက်မှောက်၌ အုတ်ရိုးကိုတူးဖောက်၍၊ ဥစ္စာ ပရိကံများကို ထုတ်သွားလော့။ 6
ညဦးယံအချိန်၌ သူတို့မျက်မှောက်တွင် ပခုံး ပေါ်မှာထမ်း၍ ထုတ်ရမည်။ မြေကိုမမြင်ရအောင် မျက်နှာကိုဖုံးရမည်။ အကြောင်းမူကား၊
သင့်ကို ဣသရေလအမျိုးအား နိမိတ်လက္ခဏာဖြစ်စေခြင်းငှါ ငါခန့်ထားပြီဟု မိန့်တော်မူသည်အတိုင်း၊ 7 ငါသည် သိမ်းသွားခြင်းကို
ခံရသောသူ၏ ဥစ္စာပရိကံများကဲ့သို့၊ ငါ၏ဥစ္စာပရိကံများကို နေ့အချိန်၌ ထုတ်၍၊ ညအချိန်၌အုတ်ရိုးကို ကိုယ်လက်နှင့် တူးဖော် ပြီးမှ၊
ညဦးယံအချိန်၌သူတို့မျက်မှောက်တွင် ပခုံးပေါ်မှာ ထမ်းသွား၏။ 8 နံနက်အချိန်၌ ထာဝရဘုရား၏ နှုတ်ကပတ် တော်သည်
ငါ့ဆီသို့ရောက်လာ၍၊ 9 အချင်းလူသား၊ ပုန်ကန်တတ်သော ဣသရေလ အမျိုးက၊ သင်သည်အဘယ်သို့ပြုသနည်းဟု သင့်အား
မေးသည်ရှိသော်၊ 10 အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရ မည်။ ဤဗျာဒိတ်တော်သည် ယေရုရှလင်မြို့ကို အစိုးရ သော
မင်းမှစ၍၊ ထိုမြို့၌ရှိသော ဣသရေလအမျိုးသား အပေါင်းတို့နှင့်ဆိုင်ပေ၏။ 11 ငါသည်သင်တို့၏ နိမိတ်လက္ခဏာဖြစ်၏။ ငါပြု
သကဲ့သို့ သင်တို့သည် ပြုရကြလိမ့်မည်။ နေရာပြောင်း၍ သိမ်းသွားခြင်းကို ခံရကြလိမ့်မည်။ 12 သင်တို့၏ မင်းသည်လည်း၊
မိမိပခုံး၌ထမ်း၍ ညဦးယံအချိန်၌ ထုတ်သွားရလိမ့်မည်။ ထုတ်သွားစရာဘို့ အုတ်ရိုးကိုတူးဖော်ရလိမ့်မည်။ မြေကိုမမြင်ရအောင်
မျက်နှာကိုဖုံးရလိမ့်မည်။ 13 ထိုမင်းကိုလည်း ငါ၏ပိုက်ကွန်နှင့်အုပ်၍၊ ငါ၏ ကျော့ကွင်း၌ ကျော့မိစေသည်။ ခါလဒဲပြည်ဗာဗုလုန်မြို့သို့
ဆောင်သွားမည်။ ထိုမြို့၌ သေရသော်လည်း မြို့ကို မမြင်ရ။ 14 သူ့ကိုမစခြင်းငှါ ဝိုင်းသောသူတို့နှင့် တပ်သား အပေါင်းတို့ကို
အရပ်ရပ်သို့ဖြန့်ကြဲမည်။ သူတို့နောက်၌ လည်း ထားကို လွှတ်လိုက်မည်။ 15 လူအမျိုးမျိုးတို့တွင် ကွဲပြားစေ၍၊ အတိုင်းတိုင်း
အပြည်ပြည်သို့ ဖြန့်ကြဲသောအခါ၊ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို သူတို့သိရကြလိမ့်မည်။ 16 သို့ရာတွင်၊ ထားဘေး၊
မွတ်သိပ်ခြင်းဘေး၊ ကာလနာဘေးတို့နှင့် လွတ်၍၊ ငါကျန်ကြွင်းစေသော သူအချို့တို့သည် မိမိတို့ပြုဘူးသော စက်ဆုပ်ရွံ့ရှာဘွယ်
အမှုရှိသမျှတို့ကို၊ နောက်ရောက်သော တပါးအမျိုးသား နေရာပြည်တို့၌ ဘော်ပြကြလိမ့်မည်။ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို
သူတို့သိရကြလိမ့်မည်ဟု မိန့်တော် မူ၏။ 17 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 18 အချင်းလူသား၊
တုန်လှုပ်လျက်အစာကို စား လော့။ တုန်လှုပ်လျက်၊ သတိပြုလျက် ရေကိုသောက် လော့။ 19 အရှင်ထာဝရဘုရားသည်
ဣသရေလပြည်၊ ယေရုရှလင်မြို့သားတို့ကို ရည်မှတ်၍ မိန့်တော်မူသော စကားကို ဆင့်ဆိုရမည်မှာ၊ သူတို့သည် သတိပြုလျက်
အစာကို စားရကြမည်။ မိန်းမောတွေဝေလျက်ရေကို သောက်ရကြမည်။ ထိုသို့သောအားဖြင့်၊ ပြည်သူပြည်သား အပေါင်းတို့ပြုသော
အဓမ္မအမှုကြောင့်၊ ဣသရေလပြည် သည် မိမိပြည့်စုံခြင်းနှင့် ကင်းလွတ်ရလိမ့်မည်။ 20 လူနေသောမြို့တို့သည်လည်း ပျက်စီး၍၊
တပြည်လုံးဆိတ်ညံလျက် ရှိရလိမ့်မည်။ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်ဟု မိန့်တော် မူ၏။ 21
တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 22 အချင်းလူသား၊နေ့ရက်ကာလရွေ့လျက်ရှိ၍၊ ခပ်သိမ်းသော
ဗျာဒိတ်ရူပါရုံလည်း ပျက်ကြပြီဟု၊ ဣသလ ရေလပြည်၌ သုံးတတ်သော စကားပုံကား အဘယ်သို့ နည်း။ 23 သို့ဖြစ်၍၊
အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ထိုစကားပုံကို ငါပျောက်စေမည်။ နောက်တဖန် ဣသရေလအမျိုး၌ မသုံးရကြ။
နေ့ရက် ကာလနီးပြီ။ ခပ်သိမ်းသော ဗျာဒိတ်ရူပါရုံလည်း ပြည့် စုံကြလိမ့်မည်ဟု ပြောလော့။ 24 နောက်တဖန် ဣသရေလအမျိုး၌
အချည်းနှီး သောရူပါရုံမရှိရ။ ချော့မော့စွာ ပရောဖက်ပြုခြင်းလည်း မရှိရ။ 25 ငါသည် ထာဝရဘုရားဖြစ်၏။ ငါပြောလျှင်၊
ပြောသည်အတိုင်း ပြည့်စုံလိမ့်မည်။ ပြည့်စုံချိန်လည်း မရွေ့ရ။ အချင်းပုန်ကန်တတ်သောအမျိုး၊ သင်တို့ လက်ထက်၌ ငါပြောမည်။
ပြောသည်အတိုင်းလည်း ပြည့်စုံစေမည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 26 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
ငါ့ဆီသို့ ရောက်လာ၍၊ 27 အချင်းလူသား၊ ဣသရေလအမျိုးသားတို့က၊ သူမြင်သော ဗျာဒိတ်ရူပါရုံသည် ဝေးသေး၏။ ဝေးသေး
သောကာလကို ရည်မှတ်၍ ဟောတတ်သည်ဟု ပြောဆို ကြ၏။ 28 သို့ဖြစ်၍ အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊
ငါ၏စကားပြည့်စုံချိန်မရွေ့ရ။ ငါပြော သည်၊ အတိုင်းလည်း ပြည့်စုံစေမည်ဟု အရှင်ထာဝရ ဘုရားမိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 13

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 2 အချင်းလူသား၊ ကိုယ်အလိုအလျောက် ပရော ဖက် ပြု၍
ဟောပြောတတ်သော ဣသရေလအမျိုး ပရောဖက်တို့တဘက်၌ ဟောပြောလော့။ ထာဝရဘုရား ၏ အမိန့်တော်ကိုနားထောင်ကြဟု
သူတို့အားပြောလော့။ 3 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အဘယ်အရာကိုမျှ မမြင်ဘဲ၊ ကိုယ်စိတ်အလိုသို့ လိုက် တတ်သော
ပရောဖက်မိုက်တို့သည် အမင်္ဂလာရှိကြ၏။ 4 အိုဣသရေလအမျိုး၊ သင်၏ပရောဖက်တို့သည် တော၌နေသော မြေခွေးနှင့် တူကြ၏။ 5
ဣသရေလအမျိုးသည် ထာဝရဘုရား၏ နေ့ ရောက်မှစစ်တိုက်၍ ခံနိုင်မည်အကြောင်း၊ သူတို့သည် မြို့ရိုးပျက် အပေါ်သို့တက်၍၊
ပြုပြင်ခြင်းအမှုကို မပြုဘဲ နေကြ၏။ 6 အချည်းနှီးသောအရာကို မြင်ကြပြီ။ ထာဝရ ဘုရားစေလွှတ်တော်မမူဘဲ၊
ထာဝရဘုရားမိန့်တော်မူသည် ဟုဆိုလျက်၊ လှည့်စား၍ပရောဖက်ပြုကြပြီ။ ကိုယ်စကား ပြည့်စုံ မည်ဟု သူတပါးယုံစေခြင်းငှါ
ပြုကြပြီ။ 7 ငါမပြောဘဲ ထာဝရဘုရားမိန့်တော်မူသည်ဟု သင်တို့ဆိုလျက်၊ အချည်းနှီးသော အရာကိုမြင်ကြပြီ မဟုတ်လော။
လှည့်စား၍ ပရောဖက်ပြုကြပြီ မဟုတ် လော့။ 8 ထိုကြောင့် အရှင်ထာဝရဘုရားမိန့်တော်မူ သည်ကား၊ သင်တို့သည် အချည်းနှီးသော
စကားကို ပြော၍ မုသာရူပါရုံကိုမြင်သောကြောင့် ငါသည် သင်တို့ တဘက်၌ နေ၏။ 9 အချည်းနှီးသော အရာကိုမြင်၍ မုသာစကားကို
ဟောပြောတတ်သော ပရောဖက်တို့ကို ငါဆီးတားသဖြင့်၊ သူတို့သည် ငါ၏ပရိသတ်စည်းဝေးရာသို့ မဝင်ရကြ။ ဣသရေလ အမျိုး၏
စာရင်း၌ သူတို့အမည်ကို မသွင်းရ။ ဣသရေလပြည်၌နေရာမချရ။ ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။ 10
ငြိမ်သက်ခြင်းမရှိသော်လည်း၊ ငြိမ်သက်ခြင်း ရှိသည်ဟု သင်တို့ဆိုလျက်၊ ငါ၏လူတို့ကို လှည့်စားသော ကြောင့်၎င်း၊ တယောက်ကား
အုတ်ရိုးကိုတည်လျက်၊ တယောက်ကားအင်္ဂတေနှင့်မွမ်းမံလျက်ပြုသောကြောင့် ၎င်း၊ 11 ထိုအုတ်ရိုးသည်ပြိုလဲမည်ဟု
အင်္ဂတေနှင့်မွမ်းမံ သောသူတို့အား ပြောလော့။ မိုဃ်းရေလွှမ်းမိုးလိမ့်မည်။ ကြီးစွာသော မိုဃ်းသီးကျလိမ့်မည်။ မိုဃ်းသက်မုန်တိုင်း
တိုက်ဖျက်လိမ့်မည်။ 12 ထိုအုတ်ရိုးသည်ပြိုလဲပြီးမှ၊ သင်တို့မွမ်းမံသော အင်္ဂတေသည် အဘယ်မှာရှိသနည်းဟု သင်တို့အား
သူတပါးမေးလိမ့်မည်မဟုတ်လော။ 13 ထိုကြောင့်၊ အရှင်ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ငါသည် အမျက်ထွက်၍၊
သင်တို့အုတ်ရိုးကို မိုဃ်းသက်မုန်တိုင်းအားဖြင့်တိုက်၍ ဖျက်မည်။ ငါ၏ ဒေါသအရှိန်ကြောင့် မိုဃ်းရေလွှမ်းမိုး၍၊ ကြီးစွာသော
မိုဃ်းသီးနှင့်ဆုံးစေမည်။ 14 ထိုသို့သင်တို့သည် အင်္ဂတေနှင့် မွမ်းမံသော အုတ်ရိုးကို မြေတိုင်အောင် ငါဖြိုချ၍ အမြစ်ကိုလှန်သဖြင့်၊
အုတ်ရိုးသည်လဲ၍ ဖိမိလျက်၊ သင်တို့သည် အသက်ဆုံးကြ လိမ့်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို ထိုအခါ
သိရကြလိမ့်မည်။ 15 ထိုသို့အုတ်ရိုး၌၎င်း၊ အင်္ဂတေနှင့် မွမ်းမံသော သူတို့၌၎င်း၊ ငါသည်ကိုယ်အမျက်ကို ဖြေမည်။ အုတ်ရိုး
မရှိဟူ၍၎င်း၊ အင်္ဂတေနှင့် မွမ်းမံသောသူတည်းဟူသော၊ 16 ငြိမ်သက်ခြင်းမရှိသောအခါ ယေရုရှလင်မြို့ အဘို့ ငြိမ်သက်ခြင်း ရူပါရုံကို
မြင်၍ ဟောပြောသော ဣသရေလပရောဖက်များမရှိကြဟူ၍၎င်း၊ သူတို့အား ငါပြောမည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 17
ထိုမှတပါး၊ အချင်းလူသား၊ ကိုယ်အလို အလျောက် ပရောဖက်ပြုသောသင်၏ အမျိုးသမီးတို့ တဘက်၌ မျက်နှာပြု၍၊ 18
အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဟော ပြောဆင့်ဆိုရမည်မှာ၊ အသက်ဝိညာဉ်တို့ကို ဘမ်းခြင်းငှါ ခပ်သိမ်းသော သူတို့၏နံပါး၌
ခေါင်းအုံးကိုထည့်၍၊ လူအကြီးအငယ်တို့ခေါင်းပေါ်မှာ ဦးထုပ်တို့ကို တင်ထား သောမိန်းမတို့သည် အမင်္ဂလာရှိကြ၏။ ငါ့လူတို့၏
အသက်ဝိညာဉ်ကို ဘမ်း၍၊ ကိုယ်အသက်ဝိညာဉ်ကို သေခြင်းမှ ကယ်ချွတ်ကြလိမ့်မည်လော။ 19
မုယောဆန်တလက်ဆွန်းနှင့်မုန့်တဖဲ့ကို ရအံ့ သောငှါ၊ ငါ၏လူတို့တွင် ငါ့ကိုရှုတ်ချကြလိမ့်မည်လော။ မုသာစကားကို
နားထောင်တတ်သော ငါ၏လူတို့အား မုသာစကားကို ပြောသောအားဖြင့်၊ မသေအပ်သော သူတို့၏ အသက်ကိုသတ်၍၊
မရှင်အပ်သောသူတို့ကို အသက်ချမ်းသာပေးကြလိမ့်မည်လော။ 20 ထိုကြောင့် အရှင်ထာဝရဘုရားမိန့်တော်မူ သည်ကား၊ သင်တို့သည်
အသက်ဝိညာဉ်တို့ကို ရအောင် ဘမ်းလျက်၊ သုံးတတ်သောခေါင်းအုံးတို့ကို ငါသည် ရန်ဘက်ပြု၍ သင်တို့နံပါးမှဆွဲနှုတ်ပြီးလျှင်၊
သင်တို့ ရအောင် ဘမ်းသော အသက်ဝိညာဉ်တို့ကို ငါလွှတ်လိုက်မည်။ 21 သင်တို့ဦးထုတ်တို့ကိုလည်း ငါဆုတ်၍၊ ငါ၏ လူတို့ကို
သင်တို့လက်မှ ကယ်နှုတ်မည်။ နောက်တဖန် သူတို့သည် အဘမ်းခံ၍၊ သင်တို့လက်သို့ မရောက်ရကြ။ ငါသည် ထာဝရဘုရား
ဖြစ်ကြောင်းကို သင်တို့သိရကြ လိမ့်မည်။ 22 ငါမညှိုးငယ်စေသော လူကောင်းတို့ကို သင်တို့ သည် မုသာစကားအားဖြင့်
ညှိုးငယ်စေသောကြောင့်၎င်း၊ လူဆိုးတို့သည် ဆိုးသောလမ်းကို မရှောင်စေခြင်းငှါ အသက်ချမ်းသာပေး၍၊
သူတို့ကိုခိုင်မာစေသောကြောင့် ၎င်း၊ 23 နောက်တဖန်သင်တို့သည် အချည်းနှီးသော အရာကိုမမြင်ရကြ။ ပရောဖက်ပြု၍မဟောရကြ။
ငါ၏ လူတို့ကိုသင်တို့လက်မှငါကယ်နှုတ်မည်။ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်ဟု မိန့်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 14

1 ဣသရေလအမျိုးအသက်ကြီးသူ အချို့တို့သည် လာ၍ ငါ့ရှေ့မှာ ထိုင်ကြ၏။ 2 ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့
ရောက်လာ၍၊ 3 အချင်းလူသား၊ ဤလူတို့သည် ကိုယ်စိတ်နှလုံး၌ ကိုယ်ရုပ်တုများကို တည်ထောင်၍၊ ကိုယ်မျက်နှာရှေ့မှာ
ကိုယ်ဒုစရိုက်သစ်တုံးကို ထားကြပြီ။ သူတို့ မေးလျှောက် ခြင်းကို ငါခံရမည်လော။ 4 ထိုကြောင့်၊အရှင်ထာဝရဘုရား၏ အမိန့်တော် ကို
သူတို့အား ဆင့်ဆိုရမည်မှာ၊ အကြင်ဣသရေလ အမျိုးသားသည် ကိုယ်စိတ်နှလုံး၌ ကိုယ်ရုပ်တုတို့ကို တည် ထောင်၍၊
ကိုယ်မျက်နှာရှေ့မှာ ကိုယ်ဒုစရိုက်သစ်တုံးကို ထားလျက် ပရောဖက်ထံသို့ရောက်လာ၏။ ထိုသူ၌ရုပ်တု များပြားသည်နှင့်အညီ
ငါပြန်ပြောမည်။ 5 ထိုသို့သောအားဖြင့်၊ ဣသရေလအမျိုးကို သူတို့ စိတ်သဘောရှိသည်နှင့်အညီ ငါဘမ်းမည်။ ထိုသူအပေါင်း တို့သည်
မိမိတို့ရုပ်တုများကြောင့် ငါနှင့်ကွာဝေးကြပြီ။ 6 ထိုကြောင့်၊ အရှင်ထာဝရဘုရား၏အမိန့်တော် ကို ဣသရေလအမျိုးအား
ဆင့်ဆိုရမည်မှာ၊ နောင်တရ၍ ရုပ်တုတို့ကို ကြဉ်ရှောင်ကြလော့။ သင်တို့ပြုသမျှသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့မှ
မျက်နှာလွှဲကြလော့။ 7 ငါနှင့်ကွာပြီးလျှင်၊ ကိုယ်စိတ်နှလုံး၌ ကိုယ် ရုပ်တုများကို တည်ထောင်၍၊ ကိုယ်မျက်နှာရှေ့မှာ ကိုယ်
ဒုစရိုက်သစ်တုံးကို ထားလျက်ပင်၊ ငါ့အလိုကို မေးမြန်း ခြင်းငှါ၊ ပရောဖက်ထံသို့လာသော ဣသရေလအမျိုးသား ဖြစ်စေ၊
ဣသရေလအမျိုး၌တည်းနေသော တပါး အမျိုး သားဖြစ်စေ၊ ငါထာဝရဘုရားသည် ကိုယ် အလိုအလျောက် ပြန်ပြောသဖြင့်၊ 8
ထိုသူတဘက်၌ငါသည် မျက်နှာထား၍ သူ့ကို နိမိတ်ဖြစ်စေမည်။ စကားပုံလည်းဖြစ်စေမည်။ ထိုသူကို ငါ၏လူတို့အထဲမှ ပယ်ရှားမည်။
ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။ 9 ပရောဖက်သည်ဟောပြော၍မှားယွင်းလျှင်၊ ထိုပရောဖက်ကို
ငါထာဝရဘုရားမှားယွင်းစေ၏။ ထိုသူကိုငါသည် ဒဏ်ခတ်၍၊ ငါ၏ဣသရေလအမျိုးထဲမှ ပယ်ရှားမည်။ 10 သူတို့သည်လည်း
အပြစ်နှင့်အလျောက် ဒဏ်ခံ ရကြမည်။ ပရောဖက်ခံရသောဒဏ်သည် ပရောဖက် ကို ဆည်းကပ်သောသူခံရသော
ဒဏ်နှင့်တူရလိမ့်မည်။ 11 ထိုသို့ဖြစ်လျှင်၊ နောက်တဖန် ဣသရေလအမျိုး သည် ငါ့ကို မစွန့်ပစ်၊ လမ်းမလွဲ၊ မှားယွင်းခြင်း အပြစ်
ရှိသမျှတို့နှင့် နောက်တဖန်မညစ်ညူးဘဲ၊ ငါ၏လူဖြစ်ရကြ လိမ့်မည်။ ငါသည်လည်း သူတို့၏ဘုရားသခင်ဖြစ်မည်ဟု
အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 12 တဖန်ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 13 အချင်းလူသား၊
ပြည်သားတို့သည် အထပ်ထပ် လွန်ကျူး၍ ငါ့ကို ပြစ်မှားသောကြောင့်၊ ငါသည်လက်ကို ဆန့်၍မုန့်အထောက်အပင့်ကို ချိုးသဖြင့်၊
အစာအာဟာရ ကို ခေါင်းပါးစေ၍၊ ထိုပြည်မှ လူနှင့်တိရစ္ဆာန်တို့ကို ပယ်ဖြတ်လျှင်၊ 14 နောဧ၊ ဒံယေလ၊ ယောဘ၊ ဤသုံးယောက်ရှိသော်
လည်း၊ ကိုယ်ဖြောင့်မတ်ခြင်းအားဖြင့် ကိုယ်အသက် ဝိညာဉ်ကိုသာ ကယ်နှုတ်ရသော အခွင့်ရှိကြလိမ့်မည်ဟု အရှင်ထာဝရဘုရား
မိန့်တော်မူ၏။ 15 သားရဲတို့သည် ပြည်၌ပေါ်လာ၍ ဖျက်ဆီးသော ကြောင့်၊ အဘယ်သူမျှမနေနိုင်သဖြင့် လူဆိတ်ညံလျှင်၊ 16
ထိုသူသုံးယောက်ရှိသော်လည်း၊ ငါ၏အသက်ရှင် သည်အတိုင်း ကိုယ်သားသမီးကို မကယ်နှုတ်ရ။ ကိုယ်တိုင် သာချမ်းသာရကြ၍၊
ပြည်သည် လူဆိတ်ညံလျက် ရှိရ လိမ့်မည်။ 17 သို့မဟုတ်၊ အိုထား၊ ထိုပြည်ကိုလုပ်ကြံလော့ဟု ငါဆိုလျက်၊ ထားဘေးကို
ရောက်စေသောကြောင့်၊ လူနှင့် တိရစ္ဆာန်တို့ကို ပယ်ဖြတ်လျှင်၊ 18 ထိုသူသုံးယောက်ရှိသော်လည်း၊ ငါအသက်ရှင် သည်အတိုင်း
ကိုယ်သားသမီးကိုမကယ်မနှုတ်ရ၊ ကိုယ်တိုင်သာချမ်းသာရကြလိမ့်မည်။ 19 သို့မဟုတ်၊ ထိုပြည်၌ ကာလနာကို ငါစေလွှတ်
သောကြောင့်၊ လူနှင့် တိရစ္ဆာန်၏အသက်ကို သတ်ဖြတ် ပယ်ရှင်းခြင်းငှါ ငါ၏ဒေါသအရှိန်ကို သွန်းလောင်းလျှင်၊ 20 နောဧ၊ ဒံယေလ၊
ယောဘတို့ရှိသော်လည်း၊ ငါ အသက်ရှင်သည် အတိုင်းကိုယ်သားသမီးကို မကယ်မနှုတ်၊ ကိုယ်ဖြောင့်မတ်ခြင်းအားဖြင့်
ကိုယ်အသက်ဝိညာဉ်ကို သာ ကယ်နှုတ်ရကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 21 ထိုကြောင့်၊ အရှင်ထာဝရဘုရား
မိန့်တော် မူသားကား၊ ယေရုရှလင်မြို့၌ လူနှင့်တိရစ္ဆာန်တို့ကို ပယ်ဖြတ်ခြင်းငှါ ထားဘေး၊မွတ်သိပ်ခြင်းဘေး၊ ဖျက်ဆီး
တတ်သောသားရဲဘေး၊ ကာလနာဘေးတည်းဟူသော၊ အလွန်ဆိုးသော ဘေးလေးပါးတို့ကို ငါစေလွှတ်သော အခါ။ ထိုမျှမက
လွှတ်ခဲလိမ့်မည် မဟုတ်လော။ 22 သို့ရာတွင်၊ လွတ်၍ ထွက်မြောက်ရသော အကျန်အကြွင်းသား သမီးအချို့ရှိကြလိမ့်မည်။ သူတို့
သည် သင်တို့ရှိရာသို့ထွက်လာ၍၊ ကျင့်ကြံပြုမူသော အမှုအရာတို့ကို သင်တို့သိကြလိမ့်မည်။ ယေရုရှလင်မြို့၌
ငါရောက်စေသမျှသောအမှုများကြောင့် စိတ်ပူပန်ခြင်း မရှိ၊ သက်သာခြင်း ရှိကြလိမ့်မည်။ 23 သူတို့ ကျင့်ကြံပြုမူသော အမှုအရာတို့ကို
သင်တို့ သည် မြင်သောအခါ သက်သာရကြလိမ့်မည်။ ယေရု ရှလင်မြို့ကကို ငါပြုလေသမျှတို့၌၊ အကြောင်းမရှိဘဲ
မပြုသည်ကိုသိကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 15

[1] တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ [2] အချင်းလူသား၊ သစ်တော၌ သစ်ခက်သာမည် ဖြစ်သော
စပျစ်နွယ်သားသည် အခြားသောသစ်သား ထက်မြတ်သောအရာ တစုံတခုရှိသလော။ [3] တစုံတခုကို လုပ်အံ့သောငှါ စပျစ်နွယ်သားကို
ယူတတ်သလော။ တစုံတခုကို ဆွဲထားစရာတံစို့ကို စပျစ် နွယ်သားဖြင့် လုပ်တတ်သလော။ [4] ထင်းဘို့မီးထဲသို့ ချတတ်၏။
မီးသည်လည်း အရင်းအဖျားအလယ်ကို လောင်တတ်၏။ အသုံးဝင် တတ်သလော။ [5] မီးမလောင်မှီအသုံးမဝင်လျှင်၊ မီးလောင်၍
ကျွမ်းပြီးမှအသုံးမဝင်ဟု သာ၍ဆိုဘွယ်ရှိသည် မဟုတ် လော။ [6] ဤအမှု၌ အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊
တောသစ်ပင်တွင် မီးမွေးစရာဟင်းဘို့ငါ အပ်သော စပျစ်နွယ်သားကဲ့သို့၊ ယေရုရှလင်မြို့သားတို့ကို ငါအပ် မည်။ [7] သူတို့တဘက်၌
ငါသည် မျက်နှာကိုထားမည်။ သူတို့သည် မီးတပုံမှထွက်၍ တပုံ၌လောင်လိမ့်မည်။ သူတို့တဘက်၌ ငါသည် မျက်နှာကို
ထားသောအခါ၊ ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြ လိမ့်မည်။ [8] သူတို့သည် ငါ့ကို အထပ်ထပ်ပြစ်မှားသော ကြောင့်၊
ငါသည်သူတို့ ပြည်ကို လူဆိတ်ညံရာ အရပ် ဖြစ်စေမည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။

---


generated on Sun Jun 30 02:37:40 2024

## Chapter 16

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 2 အချင်းလူသား၊ ယေရုရှလင်မြို့သည် မိမိ၌
စက်ဆုပ်ရွံရှာဘွယ်သောအမှုအရာတို့ကိုသိမည်အကြောင်း ပြုလော့။ 3 ထာဝရဘုရားသည် ယေရုရှလင်မြို့အား မိန့် တော်မူသောစကား
ကိုသင်ဆင့်ဆိုရမည်မှာ၊ သင်၏မူလ၊ သင်၏မွေးဘွားရာဌာနသည် ခါနာန်ပြည်၌ရှိ၏။ သင်၏ အဘသည် အာမောရိလူ၊
သင်၏အမိသည် ဟိတ္တိအမျိုး ဖြစ်၏။ 4 သင့်ကို ဘွားခြင်းအကြောင်းအရာဟူမူကား၊ ဘွားသောနေ့၌ ချက်ကြိုးကိုမဖြတ်၊
သန့်ရှင်းစေခြင်းငှါ ရေမချိုး၊ ဆားနှင့်မလူး၊ အဝတ်နှင့် မပတ်ရစ်၊ 5 ကရုဏာစိတ်နှင့်ထိုသို့ပြုစုခြင်းငှါ သင့်ကိုမြင်၍ အဘယ်သူမျှ
မသနား၊ ဘွားသောနေ့၌သင်သည်ကိုယ်ကို ရွံရှာရသည်တိုင်အောင် လယ်ပြင်၌ ပစ်ထားခြင်းကို ခံရ၏။ 6 ငါသည် ရှောက်သွား၍
အသွေးနှင့်လူးလျက်ရှိ သော သင်ကို မြင်သောအခါ အသက်ရှင်လော့ဟု သင်သည် အသွေး၌ရှိစဉ် ငါဆို၏။ 7 မြက်ပင်ကဲ့သို့
ငါကြီးပွါးစေသဖြင့်၊သင်သည် အစဉ်အတိုင်း ကြီး၍ လှသော အဆင်းနှင့်ပြည့်စုံ၏။ ရင်သားထ၍ ကိုယ်၌လည်းအမွေးပေါက်၏။
အရင်က အဝတ်မရှိ၊ အချည်းစည်းနေရ၏။ 8 တဖန်ငါသည်ရှောက်သွား၍ သင့်ကိုမြင်သော အခါ၊ သင်၌ချစ်လိုဘွယ်သော
အချိန်အရွယ်ရှိသော ကြောင့်၊ ငါသည်ကိုယ်အဝတ်စွန်းကို ဖြန့်၍၊ သင်၌ အချည်းစည်းရှိခြင်းကို ဖုံးအုပ်၏။ ကျိန်ဆိုခြင်းကိုလည်း
ပြု၍၊ သင်နှင့်ပဋိညာဉ်ဖွဲ့သဖြင့်၊ သင်သည် ငါ၏ခင်ပွန်း ဖြစ်လေ၏။ 9 ထိုအခါ သင့်ကို ရေချိုး၍၊ သင်၌လူးသော အသွေးရှိသမျှကို
ငါဆေးကြော၏။ ဆီနှင့်လိမ်း၏။ 10 ချယ်လှယ်သော အဝတ်ကိုဝတ်စေ၏။ တဟာရှ သားရေခြေနင်းကို စီးစေ၏။ ဖဲ၊
ပိတ်ချောနှင့်ခြုံစေ၏။ 11 လက်ကောက်နှင့်လည်ဆွဲအစရှိသော တန်ဆာ မျိုးကို ဆင်စေ၏။ 12 နားထောင်း၊ နှာဆွဲ၊ လှသော
ပေါင်းကိုလည်း ဆင်စေ၏။ 13 ထိုသို့ သင်သည် ရွှေငွေနှင့်တကွ၊ ဖဲ၊ ပိတ်ချော၊ ချယ်လှယ်သော အဝတ်တန်ဆာတို့ကိုဆင်လျက်၊
မုန့်ညက်၊ ပျားရည်၊ ဆီကိုစားလျက်၊ အလွန်တရာ လှသောအဆင်းနှင့်ပြည့်စုံ၍၊ မိဖုရားအရာကိုခံရ၏။ 14 ငါသည် ကိုယ်အသရေကို
သင်၌ အပ်ပေးသော ကြောင့်၊ သင်သည် လှသောအဆင်းနှင့်စုံလင်၍၊ အတိုင်းတိုင်းအပြည်ပြည်၌ ကျော်စောလေ၏။ 15 သို့ရာတွင်၊
သင်သည်ကိုယ်လှသော အဆင်းကို ကိုးစား၍၊ ဂုဏ်အသရေကျော်စောသောကြောင့်၊ ပြည်တန်ဆာလုပ်၍၊
ခရီးသွားသောသူအပေါင်းတို့နှင့် မတရားသောမေထုန်ကို အန့်အပြာပြုသဖြင့်၊ ယောကျ်ား တိုင်းအခွင့်ရ၏။ 16 သင်၏အဝတ်ကိုလည်း
ယူ၍၊ မြင့်သောအရပ် တို့ကိုထူးခြားသော အဆင်းအရောင်နှင့်ဆင်ပြင်၍၊ တခါမျှမမြင်စဖူး၊ နောက်၌လည်းမဖြစ် လတံ့သောအမှု၊
မတရားသောမေထုန်ကို ထိုအရပ်၌ ပြုလေပြီ။ 17 ငါပေးသော ရွှေငွေတန်ဆာမြတ်တို့ကိုလည်း ယူ၍၊ ယောကျ်ားရုပ်တုတို့ကို
လုပ်ပြီးလျှင်၊ သူတို့နှင့် မှားယွင်းလေပြီတကား။ 18 ချယ်လှယ်သောအဝတ်ကိုလည်း ယူ၍၊ ထိုရုပ်တု တို့ကို ခြုံပြီးလျှင်၊
ငါ့ဆီနှင့်ငါ့နံ့သာပေါင်းကို သူတို့ရှေ့မှာ တင်ထားလေပြီ။ 19 ငါပေးသောဘောဇဉ်၊သင့်ကိုငါကျွေးသော မုန့်ညက်၊ ဆီ၊ ပျားရည်ကိုလည်း
သူတို့ရှေ့မှာ မွှေးကြိုင် စရာဘို့ တင်ထားလေပြီတကား။ 20 ထိုမှတပါး၊ သင်ဘွားသောငါ၏ သားသမီးတို့ကို ယူ၍၊ ထိုရုပ်တုတို့အား
ကျွေးမွေးခြင်းငှါ ယဇ်ပူဇော်လေပြီ။ 21 သင်သည် မတရားသော မေထုန်ကိုပြု၍ စိတ် မပြေသောကြောင့် ငါ၏သားသမီးတို့ကို
သတ်၍ရုပ်တုတို့ အား မီးဖြင့်ပူဇော်ရမည်လော။ 22 သင်ပြုသော စက်ဆုပ်ရွံ့ရှာဘွယ်အမှု၊ မတရား သော
မေထုန်အမှုအပေါင်းတို့ကိုပြုစဉ်တွင်၊ အရွယ်ငယ် သောအခါ အဝတ်မရှိ၊ အချည်းစည်းရှိကြောင်း၊ ကိုယ် အသွေး၌
လူးလဲလျက်နေကြောင်းကို မအောက်မေ့ပါ တကား။ 23 သင်သည် အမင်္ဂလာရှိ၏။ အမင်္ဂလာရှိ၏။ ဒုစရိုက်အပေါင်းကို ပြုပြီးမှ၊ 24
ကိုယ်နေဘို့ ကုဋီတိုက်ကိုတည်၍ လမ်းရှိ တိုင်းမြင့်သော အရပ်ကို လုပ်လေ၏။ 25 သင်သည် မြင့်သောအရပ်ကို လမ်းဦးတိုင်း လုပ်၍၊
ကိုယ်လှသော အဆင်းကိုရွံ့ရှာဘွယ်ဖြစ်သည် တိုင်အောင် ပြုလျက်၊ ခရီးသွားသောသူအပေါင်းတို့အား ပေါင်တို့ကပို ခွါဖွင့်၍၊
မတရားသောမေထုန်အမှုတို့ကို များပြားစေ၏။ 26 ဆူဖြိုးသောသင်၏အိမ်နီးချင်း အဲဂုတ္တုလူတို့နှင့် မှားယွင်း၍၊ ငါ့အမျက်ကို
နှိုးဆော်လျက်၊ မတရားသော မေထုန်အမှုတို့ကို များပြားစေ၏။ 27 ထိုကြောင့်၊ ငါသည် လက်ကို ဆန့်ကျင် သင်၏ ရိက္ခာကို ဖြတ်၍၊
သင့်ကိုမုန်းသောသူ၊ သင့်ဆိုးညစ်သော အမှုများကြောင့် ရှက်တတ်သော ဖိလိတ္တိအမျိုးသမီးတို့ လက်သို့အပ်ရ၏။ 28
သင်သည်ကိလေသာ စိတ်မပြေသောကြောင့်၊ အာရှုရိလူတို့နှင့်လည်း မှားယွင်းလေ၏။ ထိုသို့မှားယွင်း သော်လည်း စိတ်မပြေနိုင်။ 29
ထိုမှတပါး၊ ခါနာန်ပြည်မှသည် ခါလဒဲပြည် တိုင်အောင်၊ မတရားသောမေထုန်အမှုတို့ကို များပြား စေသော်လည်းစိတ်မပြေနိုင်။ 30
အစိုးတရပြု၍ သီလပျက်သော မိန်းမပြုတတ် သမျှသော ဤအမှုတို့ကို သင်သည်ပြုမိလျက်၊ သင့်စိတ် နှလုံးသည်
အလွန်မိုက်ပါသည်တကား။ 31 သင်၏ကုဋီတိုက်ကို ခပ်သိမ်းသော လမ်း၌ တည်၍၊ လမ်းရှိတိုင်းမြင့်သော အရပ်ကိုလုပ်သဖြင့်၊
အခကိုငြင်းသောကြောင့် ပြည်တန်ဆာနှင့် မတူ။ 32 ကိုယ်မဆိုင်သော ယောကျ်ားကို ကိုယ်လင်၏ ကိုယ်စား
လက်ခံ၍မျောက်မထားသော မိန်းမနှင့်တူ၏။ 33 ပြည်တန်ဆာမိန်းမရှိသမျှတို့သည် လက်ဆောင် ကို ခံယူတတ်ကြ၏။ သင်မူကား၊
သင်၏ရည်းစားအပေါင်း တို့အား လက်ဆောင်ကို ပေးတတ်၏။ အရပ်ရပ်တို့က လာ၍မတရားသော မေထုန်ကိုပြုစေခြင်းငှါ၊ သူတပါး
တို့ကို ငှါးတတ်၏။ 34 သို့ဖြစ်၍၊ သင်သည် အခြားသော ပြည်တန်ဆာ တို့နှင့် ခြားနားစွာ ပြုတတ်၏။ သင်ပြုသကဲ့သို့ အဘယ်သူ
မျှမတရားသော မေထုန်ကို မပြုတတ်။ သင်သည် အခကို ခမခံ၊ သူတပါးတို့အားပေးသောကြောင့် အခြားသော မိန်းမတို့နှင့်
ခြားနား၏။ 35 သို့ဖြစ်၍၊ အိုပြည်တန်ဆာမိန်းမ၊ ထာဝရဘုရား ၏အမိန့်တော်ကို နားထောင်လော့။ 36 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင် ၏ရည်းစားများ စက်ဆုပ်ရွံ့ရှာဘွယ်သော ရုပ်တုအပေါင်း တို့နှင့် မှားယွင်းခြင်းအားဖြင့်ငင်း၊


generated on Sun Jun 30 02:37:40 2024

သူတို့အားပေးသော သား သမီးတို့၏ အသွေးအားဖြင့်ငင်း သင်သည်ကိုယ် ရှက် ကြောက်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်းကို
ထင်ရှားစွာ ဘော်ပြသောကြောင့်၊ 37 သင့်ကိုချစ်သောရည်းစားရှိသမျှတို့နှင့် သင်ချစ် သောသူ၊ မုန်းသောသူ
အပေါင်းတို့ကိုငါစုဝေးမည်။ သင့်တဘက်ပတ်လည်၌ စုဝေးစေ၍၊ သင်၌အဝတ် အချည်းစည်းရှိခြင်းကို ငါပြသဖြင့်၊
ထိုသူအပေါင်းတို့သည် သင်၌ အဝတ်အချည်းစည်းရှိသမျှကို မြင်ရကြလိမ့်မည်။ 38 မျောက်မထားသောမိန်းမနှင့်၊ လူအသက်ကို
သတ်သော မိန်းမတို့ကို စီရင်သကဲ့သို့ သင့်ကိုငါစီရင်၍၊ ပြင်းစွာသော ဒေါသအမျက်အသွေးကို ငါတိုက်မည်။ 39 သင့်ကို သူတို့လက်သို့
ပုန်ကန်တတ်သော အမျိုးအားလည်း ပုံစကား တည်းဟူသော၊ အရှင်ထာဝရဘုရား မိန့်တော်မူသော စကားကို ဆင့်ဆိုရမည်မှာ၊
အိုးကင်းကို မီးဖို၌ တင်ထား၍ ရေကိုလောင်းလော့။ 4 အမဲသားတစ်များ၊ ကောင်းသောအတစ်တို့ကို စုထား၍၊ ပေါင်၊ ပခုံး၊ အစရှိသော
အကောင်းဆုံးသော အရိုးတို့ကို အိုးကင်း၌အပြည့်ထည့်လော့။ 5 သိုးအကောင်းဆုံးတို့ကို ယူပြီးလျှင်၊ အရိုးအချို့ တို့ကို
အိုးကင်းအောက်မှာပုံ၍၊ အိုးကင်းထဲမှာ အရိုးတို့ကို ကျက်စေခြင်းငှါ၊ ကျပ်ကျပ်ဆူစေလော့။ 6 ဤအမှု၌
အရှင်ထာဝရဘုရားမိန့်တော်မူသည် ကား၊ လူအသက်ကိုသတ်တတ်သောမြို့၊ သံချေးတက်၍ ရှိသေး သောအိုးကင်းသည်
အမင်္ဂလာရှိ၏။ သားတစ်တို့ကို တခုနောက်တခုထုတ်လော့။ စာရေးတံမပြုနှင့်။ 7 အကြောင်းမူကား၊ ထိုမြို့သတ်သော သူ၏
အသွေးသည် မြို့အလယ်၌ ရှိ၏။ ထိုအသွေးကိုမြေမှုန့်နှင့် ဖုံးခြင်းငှါ မြေပေါ်မှာသွန်းသည်မဟုတ်၊ ရှင်းလင်းသော
ကျောက်ပေါ်မှာတင်ထားပြီ။ 8 ငါသည်လည်း အပြစ်ဒဏ်ပေးမည်အကြောင်း၊ ဒေါသအမြတ်ထွက်စေခြင်းငှါ၊ ထိုအသွေကိုမဖုံးဘဲ
ရှင်းလင်းသောကျောက်ပေါ်မှာ တင်ထားပြီ။ 9 ဤအမှု၌ အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ လူအသက်
ကိုသတ်တတ်သောမြို့သည် အမင်္ဂလာရှိ၏။ ကြီးစွာသော မီးပုံကို ငါစီရင်မည်။ 10 ထင်းများကို ပုံထား၍မီးရှို့လော့။ အမဲသား လျော့၍
မြိန်စွာသော စားဘွယ်ဖြစ်စေလော့။ အရိုးတို့ကို လည်း ကျွမ်းစေ။ 11 ထိုနောက်၊ အဘယ်အရာမျှမပါဘဲ မီးခဲပေါ်မှာ မီးခဲပေါ်မှာ
တင်ထားလော့။ ကြေးနီပူ၍ မီးတောက်စေ။ အိုးကင်း၌ပါသော အညစ်အကြေးကို အရည်ကျို၍ သံချေးကုန်စေ။ 12 ကြိုးစား၍
ပင်ပန်းသော်လည်း၊ များစွာသော သံချေးမထွက်တတ်။ မီးအားဖြင့် မကုန်တတ်။ 13 သင်၏အညစ်အကြေး၌ အဓမ္မအမှုပါ၏။
ငါဆေးကြော၍ သင်သည်ဆေးကြောခြင်းကို မခံသော ကြောင့်၊ ငါ၏အမျက်အရှိန်သည် သင့်အပေါ်သို့ မရောက် မချင်းတိုင်အောင်၊
သင်၏အညစ်အကြေးကို မဆေး ကြောရ။ 14 ငါထာဝရဘုရားပြောပြီ။ ပြောသည်အတိုင်း ငါပြု၍ပြည့်စုံစေမည်။ နောက်သို့မဆုတ်၊
မနှမြော၊ နောင်တမရ၊ သင်ကျင့်ကြံပြုမူသမျှ အတိုင်း၊ ငါစီရင်မည် ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 15 တဖန် ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 16 အချင်းလူသား၊ သင်ကြည့်ရှုလိုဘွယ်သော သူကိုငါသည် ဒဏ်ခတ်၍ ပယ်ရှားမည်။
သို့ရာတွင်၊ သင်သည် ငိုကြွေးမြည်တမ်းခြင်းကို မပြုရ။ မျက်ရည် မကျရ။ 17 တိုးတိုးညည်းတွားလော့။ သေသောသူအတွက်
မြည်တမ်းခြင်းကို မပြုနှင့်။ ခေါင်းပေါင်းပေါင်း၍ ခြေနင်း ကိုစီးလော့။ နှုတ်ကိုမဖုံးနှင့်။ ဆင်းရဲသောသူ၏ အစာကို မစားနှင့်ဟု
မိန့်တော်မူ၏။ 18 ထိုသို့ငါသည် နံနက်အချိန်၌ လူများတို့အား ကြားပြော၏။ ညဦးအချိန်၌ ငါ့ခင်ပွန်းသည် သေ၏။
မှာထားတော်မူသည်အတိုင်း နက်ဖြန်နံနက်မှငါပြု၏။ 19 လူများတို့ကလည်း ဤသို့သင်ပြုသောအမှုသည် ငါတို့နှင့်အဘယ်သို့
ဆိုင်သနည်း။ ငါတို့အားမပြော သလောဟု ငါ့အားမေးကြသော်၊ 20 ငါက၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်
လာ၍၊ 21 အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဣသရေလအမျိုးသား ဆင့်ဆိုရမည်မှာ၊ ငါ၏သန့်ရှင်းရာ ဌာန၊
သင်တို့အစွမ်းသတ္တိအထွဋ်အမြတ်၊ သင်တို့ကြည့်ရှု လိုဘွယ်သောအရာ၊ အလွန်နှမြောသော အရာကို ငါရှုတ်ချမည်။
သင်တို့ဘွားမြင်သောသားသမီးတို့သည် ထားဖြင့်ဆုံးကြလိမ့်မည်။ 22 ထိုအခါ သင်တို့သည် ငါပြုသကဲ့သို့ ပြုကြ ရလိမ့်မည်။
နှုတ်ကိုမဖုံး၊ ဆင်းရဲသောသူတို့၏ အစာကို မစားရကြ။ 23 ခေါင်းပေါင်းပေါင်း၍ ခြေနင်းကို စီးရကြလိမ့် မည်။
ငိုကြွေးမြည်တမ်းခြင်းကိုမပြုရကြ။ ကိုယ်အပြစ် ကြောင့် ပိန်ကြုံး၍ တယောက်ကိုတယောက် ညည်းတွား ရကြလိမ့်မည်။ 24
ထိုသို့ဧဇကျေလသည် သင်တို့အား ပုပ္ပနိမိတ် ဖြစ်ရ၏။ သူပြုသမျှအတိုင်း သင်တို့သည်၊ အမှုရောက် သောအခါ ပြု၍၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်း သိရကြလိမ့်မည်။ 25 အချင်းလူသား၊ သင်၏အမှုမူကား၊ သူတို့ အစွမ်းသတ္တိ၊ ဝါကြွားစရာဘုန်း၊
ကြည့်ရှုလိုဘွယ်သော အရာ၊ စိတ်စွဲလမ်းသောအရာကိုင်း၊ သားသမီးတို့ကိုင်း ငါပယ်ရှားသောအခါ၊ 26 လွတ်သောသူ
တစုံတယောက်သည် သင်ရှိရာသို့ရောက်လာ၍ ကြားပြောလိမ့်မည်။ 27 ထိုအခါ လွတ်လပ်သောသူနှင့်တွေ့သဖြင့် သင်၏နှုတ်ပွင့်လိမ့်
မည်။ စကားမပြောဘဲနေချိန်လွန်၍ ဟောပြောရလိမ့်မည်။ ထိုသို့သင်သည် သူတို့အား ပုပ္ပနိမိတ်ဖြစ်၍၊
ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သူတို့သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 25

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ သင်သည် အမ္မုန်အမျိုးသားတို့
တဘက်၌မျက်နှာထား၍ ပရောဖက်ပြုလျက်၊ 3 ဆင့်ဆိုရမည်မှာ၊ အရှင်ထာဝရဘုရား၏ အမိန့် တော်ကို နားထောင်ကြလော့။
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရှုတ်ချလျက်ရှိသော ငါ၏ သန့်ရှင်း ရာဌာနကိုင်၄း၊ လူဆိတ်ညံ့ခြင်းသို့ရောက်သော ဣသ
ရေလပြည်ကိုင်၄း၊ အေ့ဟေဟု သင်ဆိုမိသောကြောင့်၊ 4 သင့်ကိုအရှေ့ပြည်သားတို့အား ငါအပိုင် ပေးမည်။ သူတို့သည်
သင်၏အထဲ၌ဘုံဗိမာန်တို့ကို တည်ဆောက်၍ နေရာကျကြလိမ့်မည်။ သင်၏အသီး အနှံကိုစား၍ သင်၏နို့ကို သောက်ကြလိမ့်မည်။ 5
ရဗ္ဗာမြို့ကို ကုလားအုပ်တင်းကုပ်၊ အမ္မုန်ပြည်ကို သိုးကျက်စားရာ ငါဖြစ်စေမည်။ ငါသည်ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့
သိရကြလိမ့်မည်။ 6 သင်သည် ဣသရေလပြည်ကို မနာလိုသော စိတ်အားကြီးလျက် လက်ခုပ်တီးခြင်း၊ ခြေနှင့်ဆောင့်ခြင်း ကို
ဝမ်းမြောက်စွာ ပြုသောကြောင့်၊ 7 ငါသည် သင့်ကိုတိုက်၍၊ လူအမျိုးမျိုးလုယူဘို့ရာ အပ်မည်။ လူနေရာအတိုင်းတိုင်း
အပြည်ပြည်ထဲက သင့်ကို သုတ်သင်ပယ်ရှင်းမည်။ ငါသည်ထာဝရဘုရား ဖြစ်ကြောင်းကို သင်သိရလိမ့်မည်ဟု အရှင်ထာဝရ
ဘုရားမိန့်တော်မူ၏။ 8 တဖန်မောဘပြည်နှင့် စိရမြို့က၊ ယုဒအမျိုး သည် တပါးအမျိုးသားအပေါင်းတို့နှင့် တူသည်ဟု
ဆိုသောကြောင့်၊ 9 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ မောဘနံပါး၊ ပြည်စွန်းနားမှာ နိုင်ငံ၏ဘုန်းဖြစ်သော ဗက်ယေရှိမုတ်မြို့၊
ဗာလမောင်မြို့၊ ကိရယသိမ်မြို့တို့ကို ငါလှန်ထားမည်။ 10 ထိုမြို့တို့ကို အမ္မုန်အမျိုးသားတို့နှင့်တကွ အရှေ့ ပြည်သားတို့အား
အပိုင်ပေးမည်။ အမ္မုန်ပြည်သားတို့ကို တိုင်းနိုင်ငံစုတွင်မမှတ်ရ။ 11 မောဘပြည်ကိုလည်း ငါသည် အပြစ်ဒဏ် စီရင် ၍၊ ငါသည်
ထာဝရားဖြစ်ကြောင်းကို သူတို့သိကြရလိမ့် မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 12 တဖန်ဧဒုံပြည်သည် ချင်ရဲပြေစေခြင်းငှါ၊
ယုဒ အမျိုးတဘက်၌နေ၍ အလွန်ပြစ်မှားသဖြင့်၊ အပြစ်ဒဏ်စီရင်သောကြောင့်၊ 13 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊
ဧဒုံပြည်ကိုငါတိုက်၍ လူနှင့်တိရစ္ဆာန်တို့ကို ပယ်ဖြတ်မည်။ တေမန်မြို့မှစ၍ လူဆိတ်ညံ့စေမည်။ ဒေဒန်မြို့တိုင် အောင် ထားဖြင့်
ဆုံးရကြလိမ့်မည်။ 14 ငါ၏လူဣသရေလ အမျိုးသားများအားဖြင့်၊ ဧဒုံ ပြည်ကိုငါ၏ ချင်ရဲပြေစေခြင်းငှါ ဒဏ်ပေးမည်။ သူတို့ သည်
ငါ၏အမျက်အရှိန်အားကြီးသည့်အတိုင်း ဧဒုံပြည် ကို ပြုကြလိမ့်မည်။ ငါပေးသော အပြစ်ဒဏ်ကို သိရ ကြလိမ်မည်ဟု
ရှင်ထာဝရဘုရားမိန့်တော်မူ၏။ 15 တဖန် ဖိလိတ္တိလူတို့သည် အငြိုးထား၍ မနာလို သောစိတ်အားကြီးသည်နှင့် ဒေါသအလိုကုပြည့်စုံစွာ
ပြု၍၊ ရှင်းရှင်းဖျက်ဆီးခြင်းငှါ အပြစ်ဒဏ် ပေးသော ကြောင့်၊ 16 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဖိလိတ္တိလူတို့ကို ငါထိုက်၍
ခေရသိလူတို့ကို ပယ်ဖြတ်မည်။ ပင်လယ်ကမ်းနား၌ ကျန်ကြွင်းသောသူတို့ကို ဖျက်ဆီး မည်။ 17 ပြင်းစွာသော ဆုံးမခြင်းနှင့်တကွ
ကြီးစွာသော အပြစ်ဒဏ်ကို ပေးမည်။ ထိုသို့ငါ၏ချင်ရဲပြေစေခြင်းငှါ ဒဏ်ပေးသောအခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်း ကို
သူတို့သိရကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 26

1 သက္ကရာဇ်ဆယ်တခု၊ ပဌမတရက်နေ့တွင်၊ ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက် လာ၍၊ 2 အချင်းလူသား၊
တုရုမြို့က၊ အေ့ဟေ၊ တိုင်းနိုင်ငံ တို့၏ တံခါးဖြစ်သော ယေရုရှလင်မြို့သည် ပျက်စီးသည် ဖြစ်၍၊ ငါ့လက်သို့ ရောက်လိမ့်မည်။
ထိုမြို့ဆိတ်ညံသော ကြောင့် ငါစည်ပင်လိမ့်မည်ဟု ယေရုရှလင်မြို့တဘက်၌ ဆိုမိသောကြောင့်၊ 3
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုတုရုမြို့၊ သင့်တဘက်၌ ငါနေ၏။ သမုဒ္ဒရာလှိုင်းတပိုး တက်သကဲ့သို့၊
လူအမျိုးမျိုးတို့သည် သင်ကိုတက်၍ တိုက်စေမည်။ 4 သူတို့သည် တုရုမြို့ရိုးကိုဖျက်၍ ပြအိုးတို့ကို ဖြိုချကြလိမ့်မည်။ မြေမှုန့်ကို
ငါခြစ်ခွာ၍ ရှင်းလင်းသောကျောက် ကဲ့သို့ ဖြစ်စေမည်။ 5 ပင်လယ်အလယ်၌ ပိုက်ကွန်လှန်းရာ အရပ် ဖြစ်လိမ့်မည်။ ငါပြောပြီဟု
အရှင်ထာဝရဘုရားမိန့်တော် မူ၏။ လူမျိုးလုယူရာဖြစ်ရလိမ့်မည်။ 6 လယ်ပြင်၌ရှိသော သမီးတို့သည် ထားဖြင့် သေ၍၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို သိရကြ လိမ့်မည်ဟု မိန့်တော်မူ၏။ 7 တဖန် အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊
ဘုရင်တို့၏ဘုရင်တည်းဟူသော မြောက်မျက်နှာရှင် ဘုရင်နေဗုခဒ်နေဇာကို၊ မြင်းထားရထား၊ မြင်းစီးသူရဲ၊
လူများအလုံးအရင်းနှင့်တကွ တုရုမြို့သို့ ငါဆောင်ခဲ့ မည်။ 8 သူသည်လယ်ပြင်၌ရှိသော သင်၏သားသမီးတို့ကို
ထားနှင့်သတ်လိမ့်မည်။ သင့်တလက်၌ ရဲတိုက်ကိုတည်၍ မြေရိုးကိုဖို့ပြီးလျှင်၊ ဒိုင်းလွှားတို့ကို ချီကာလိမ့်မည်။ 9
သင်၏မြို့ရိုးတဘက်တချက်၊ ဝက်ခွတိုင်၌ တုံးတို့ကို ဆွဲထား၍ သင်၏ရဲတိုက်တို့ကို တူးရွင်းနှင့် ဖြိုချလိမ့်မည်။ 10
မြင်းများသောကြောင့် မြေမှုန့်သည် သင့်ကို ဖုံးလွှမ်းလိမ့်မည်။ တိုက်ဖျက်သော မြို့ထဲသို့ဝင်တတ် သကဲ့သို့ သင်၏မြို့တံခါးသို့
ဝင်သောအခါ၊ လှည်းရထား မျိုးမြည်သံ၊ မြင်းစီးသူရဲတို့ အသံကြောင့် သင်၏မြို့ရိုး လှုပ်ရှားလိမ့်မည်။ 11 မြင်းခွာတို့ဖြင့်
သင်၏လမ်းရှိသမျှတို့ကို နင်း လျက်၊ သင်၏လူတို့ကို ထားနှင့်သတ်၍၊ သင်ခိုလှုံစရာ ရုပ်တုဆင်းတုတို့သည် မြေတိုင်အောင်
ပြိုလဲကြလိမ့်မည်။ 12 သင်၏ဥစ္စာကို လုယူ၍သင်၏ကုန်များကိုလည်း သိမ်းယူကြလိမ့်မည်။ သင်၏အုတ်ထရံတို့ကို ဖြို၍ဘုံဗိမာန်
တို့ကို ဖျက်ပြီးလျှင်၊ သင်၏ ကျောက်၊ သစ်သား၊ မြေတို့ကို ရေထဲမှာ ချပစ်ကြလိမ့်မည်။ 13 သင်ဆိုသောသီချင်းသံကို ငါငြိမ်းစေ၍၊
သင်တီး သော စောင်းသံကို နောက်တဖန် အဘယ်သူမျှမကြားရ။ 14 သင်သည် ရှင်းလင်းသောကျောက်ကဲ့သို့ ပိုက်ကွန်လှန်ရာ
အရပ်ဖြစ်ရလိမ့်မည်။ နောက်တဖန် မတည်ပြန်ရ။ ငါထာဝရဘုရားပြောပြီဟု အရှင်ထာဝရ ဘုရားမိန့်တော်မူ၏။ 15 တုရုမြို့ကို
ရည်မှတ်၍ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင့်အလယ်၌ ကြီးစွာသော လုပ်ကြံခြင်း အမှုဖြစ်၍၊ ထိခိုက်သော သူတို့သည်
အော်ဟစ်သောအခါ၊ သင်ပြိုလဲခြင်း အသံကြောင့် တကျွန်းတနိုင်ငံ အရပ်တို့သည် တုန်လှုပ်ကြလိမ့်မည်။ 16
သမုဒ္ဒရာမင်းအပေါင်းတို့သည် ရာဇပလ္လင်ပေါ်က ဆင်း၍၊ အင်္ကျီတော်ကိုချွတ်၊ ချယ်လှယ်သော အဝတ် တော်ကိုချွတ်ပယ်ပြီးမှ၊
တုန်လှုပ်ခြင်းအဝတ်ကို ဝတ်လျက်၊ မြေပေါ်၌ ထိုင်လျက် ခဏခဏတုန်လှုပ်၍၊ သင်၏အမှုကြောင့် မိန်းမောတွေဝေကြလိမ့်မည်။ 17
သူတို့ကလည်း၊ အိုကျော်စောသောမြို့၊ ပင်လယ် သားနေ၍ ပင်လယ်၌ အားကြီးသော မြို့၊ ပင်လယ်သား အပေါင်းတို့ ရှိသေဘွယ်သော
မြို့သားနှင့် ပြည့်စုံသော မြို့၊ သင်သည် အလွန်ပျက်စီးလေပြီတကားဟု သင့်အား ဆိုလျက်၊ သင့်အတွက် မြည်တမ်းကြလိမ့်မည်။ 18
သင်ပြိုလဲသောနေ့တွင် တကျွန်းတနိုင်ငံ အရပ် တို့သည် တုန်လှုပ်၍၊ သင်ကွယ်ပျောက်သောကြောင့် ပင်လယ်၌ရှိသော
ကျွန်းများတို့သည် ထိတ်လန့်ကြလိမ့် မည်။ 19 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ လူမနေသောမြို့ကဲ့သို့ ငါသည်
သင့်ကိုဆိတ်ညံစေလျက်၊ ပင်လယ်ကိုသင့်အပေါ်သို့ ဆောင်ခဲ့၍၊ လှိုင်းတံပိုးတို့သည် သင့်ကိုလွှမ်းမိုးသောအခါ၊ 20 ရှေးလူဟောင်းတို့
နေရာမြေတွင်းထဲသို့ ဆင်း သော သူတို့နှင့်အတူ သင့်ကိုငါ နှိမ့်ချ၍၊ သင်၌လူမနေစေ ခြင်းငှါ မြေတွင်းထဲသို့ဆင်းသောသူတို့နှင့်အတူ၊
ရှေး ကာလမှစ၍ဆိတ်ညံရာအရပ်၊ မြေအောက်အရပ်တို့၌ ငါချထားမည်။ ထိုအခါ အသက်ရှင်သောသူတို့၏ နေရာ ၌ ငါ့ဘုန်းကို
ငါဖွင့်မည်။ 21 သင်မူကား၊ ကြောက်မက်ဘွယ်သော အရာဖြစ် ၍၊ နောက်တဖန် အဘယ်သူမျှရှာ၍ မတွေ့နိုင်အောင်၊
ပျောက်ကုန်ရာသို့ရောက်လိမ့်မည်ဟု အရှင်ထာဝရ ဘုရားမိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 27

[1] တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ငါ့ဆီသို့ ရောက်လာ၍၊ [2] အချင်းလူသား၊ တုရုမြို့အတွက် မြည်တမ်းခြင်း ကိုပြု၍၊
တုရုမြို့အား ဆင့်ဆိုရမည်မှာ၊ [3] အိုပင်လယ်ဝ၌ တည်သောမြို့၊ များစွာသော ကျွန်းသူကျွန်းသားတို့အဘို့ ကုန်သွယ်တတ်သောမြို့၊
သင့် ကို အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုတုရုမြို့၊ သင်က၊ ငါ၏တင့်တယ်ခြင်းစုံလင်ပြီဟု ဆိုတတ်၏။ [4]
သင်၏နံပါးတို့သည် ပင်လယ်ထဲမှာ ရှိ၏။ သင်၏ဗိသုကာတို့သည် သင့်ကိုစုံလင်စွာ တင့်တယ်စေ ခြင်းငှါ ပြုကြပြီ။ [5]
သင်၏ပျဉ်ပြားရှိသမျှတို့ကို စေနိရထင်းရှူး သစ်သားဖြင့် လုပ်၍၊ ရွက်တိုင်ဘို့ လေဗနန်အာရဇ်ပင် တို့ကို ယူကြပြီ။ [6]
ဗာရှန်သပိတ်သစ်သားဖြင့် တက်တို့ကိုငင်း၊ ခိတ္တိမ်ကျွန်းတို့မှ ယူခဲ့၍ ဆင်စွယ်နှင့် စီချယ်သော တာရှုရသစ်သားဖြင့် ကန့်တို့ကိုငင်း
လုပ်ကြပြီ။ [7] အဲဂုတ္တုပြည်၌ ချယ်လှယ်သော ပိတ်ချောရွက် တို့ကို ဖြန့်၍၊ ဧလိရှကျွန်းတို့မှယူခဲ့သော အထည်ပြာ၊ အထည်မောင်းဖြင့်
လုပ်သောမျက်နှာကြက်နှင့် ပြည့်စုံ၏။ [8] ဇိဒုန်မြို့သား၊ အာဝဒ်မြို့သားတို့သည် သင်္ဘော သားဖြစ်၍၊
တုရုပညာရှိတို့သည်လမ်းပြမာလိန်ဖြစ်ကြ၏။ [9] ဂေဗလလူကြီး၊ ပညာရှိတို့သည် သင့်ကို ပြုပြင် လျက်လိုက်ကြ၏။
ပင်လယ်ကူးတတ်သော သင်္ဘောရှိသမျှ၊ သင်္ဘောသားတို့နှင့်တကွ သင်နှင့် ဖောက်ကားရောင်းဝယ် ခြင်းငှါ ပါကြ၏။ [10] ပေရသိလူ၊
လုဒလူ၊ ဖုတလူတို့သည် သင်၏ တပ်သား၊ စစ်သူရဲ လုပ်ကြ၏။ ဒိုင်း၊ လွှား၊ သံခမောက်လုံး တို့ကို ပြင်ဆင်၍၊ သင်၏ဂုဏ်အသရေကို
ထင်ရှား စေကြ၏။ [11] အာဝဒ်အမျိုးသားတို့သည် သင်၏တပ်သားတို့ နှင့်တကွ မြို့ရိုးပတ်လည်၌ စီးကြ၏။ ဂမ္မဒိမ်လူတို့သည်
ပြအိုးတို့ကိုစောင့်၍၊ မြို့ရိုးပတ်လည်၌ မြှားတောင့်တို့ကို ပြင်ဆင်သဖြင့်၊ သင်၏တင့်တယ်ခြင်းကို စုံလင်စေ ကြ၏။ [12]
သင်၌ကုန်သွယ်ရန် ဥစ္စာများသောကြောင့်၊ တာရှုမြို့သည်ငွေ၊ သံ၊ သံဖြူ၊ ခဲတို့ကို သင့်ဝိုင်းသို့ယူခဲ့၍ သင်နှင့်ကုန်သွယ်ခြင်းကို
ပြုလေ၏။ [13] ယာဝန်မြို့၊ တုဗလမြို့။ မေရှက်မြို့တို့သည် သင်နှင့်ကုန်သွယ်၍၊ လူကျွန်တို့နှင့် ကြေးနီဖလားတို့ကို သင့်ဈေး၌
ရောင်းကြ၏။ [14] တောဂါမအမျိုးသားတို့သည်မြင်း၊ မြင်းစီးသူ၊ လားတို့ကို သင့်ဝိုင်း၌ သွင်းကြ၏။ [15] ဒေဒန်မြို့သားတို့သည်လည်း
သင်နှင့်ကုန်သွယ် ကြ၏။ များစွာသော တကျွန်းတနိုင်ငံ အရပ်သားတို့သည် သင်လုပ်သော ဥစ္စာကိုဝယ်၍၊ ဦးချို၊ ဆင်စွယ်၊ သစ်သား
နက်ကို ပြန်ပေးကြ၏။ [16] သင်လုပ်သော ဥစ္စာများသောကြောင့် ရှုရိပြည်သည် သင်နှင့်ကုန်သွယ်၍၊ နပက်ကျောက်၊ မြာသောအထည်၊
ချယ်လှယ်သောအဝတ်၊ ပိတ်ချော၊ သန္တာ၊ ကျောက်နီတို့ကို သင့်ဝိုင်း၌ သွင်းကြ၏။ [17] ယုဒပြည်နှင့်ဣသရေလပြည်သည် သင်နှင့်ကုန်
သွယ်၍၊ ဂျုံစပါး၊ မုရန်စေး၊ ပနက်စေး၊ ဗာလစံစေး၊ ဆီ၊ ပျားရည်တို့ကို သင့်ဈေး၌ သွင်းကြ၏။ [18] ဒမာသက်မြို့သည် သင်လုပ်သော
ဥစ္စာများ၊ စည်းစိမ်များပြားသောကြောင့်၊ ဟေလဗုန်စပျစ်ရည်၊ ဖြူသောသိုးမွေးကို ဖယ်လှယ်လျက် ဖေါက်ကားတတ်၏။ [19]
ဝေဒန်မြို့နှင့်ယာဝန်ပြည် ဥဇာလမြို့သည် လည်း သံပြောင်ကို သင့်ဝိုင်းသို့ယူခဲ့၍၊ သင့်ဈေး၌ သစ်ကြံပိုးနှင့် ကြံလည်းရှိ၏။ [20]
ဒေဒန်မြို့သည် မြင်းစီးသူရဲ သုံးစရာချောသော အထည်မျိုးကို ရောင်း၍သင်နှင့်ကုန်သွယ်၏။ [21] အာရပ်ပြည်နှင့် ကေဒါမင်း
အပေါင်းတို့သည် သင်လုပ်သော ဥစ္စာကိုရခြင်းငှါ သိုးသငယ်၊ သိုးထီး၊ ဆိတ်များတို့နှင့် ဖယ်လှယ်၍ ကုန်သွယ်ကြ၏။ [22]
ရှေဘကုန်သည်၊ ရာဂမကုန်သည်တို့သည် သင်နှင့် ကုန်သွယ်၍ အမြတ်ဆုံးသော နံ့သာမျိုး၊ အဘိုးကြီးသော ကျောက်မျိုး၊
ရွှေမျိုးကိုသင့်ဝိုင်း၌ သွင်းကြ၏။ [23] ခါရန်မြို့သား၊ ကန္နေမြို့သား၊ ဧဒင်မြို့သား၊ ရှေဘကုန်သည်၊ အာရှုရိကုန်သည်။
ခိလမဒ်ကုန်သည်တို့ လည်း၊ သင်နှင့်ကုန်သွယ်၍၊ [24] ထူးဆန်းသော ဥစ္စာ၊ ပြာသောအထည်၊ ချယ် လှယ်သောအထည်၊
အဘိုးထိုက်သော အဝတ်တန်ဆာ ပါ၍၊ ကြိုးနှင့်ပတ်ရစ်သော အာရဇ်သေတ္တာတို့ကို သင်၏ ကုန်ထဲသို့သွင်းကြ၏။ [25]
တာရှုသင်္ဘောတို့သည် သင်၏ကုန်ကို ဆောင် လျက်သွားလာသဖြင့်၊ သင်သည် ပင်လယ်အလယ်၌ ကြွယ်ဝ၍ အလွန်ဘုန်းကြီးလေ၏။
[26] ယခုမူကား၊ သင်၏တက်ခတ်သားတို့သည် သင့်ကိုကြီးစွာသော ရေထဲသို့ဆောင်သွား၍၊ အရှေ့လေ သည်လည်း ပင်လယ်အလယ်၌
ချိုးလေ ပြီ။ [27] သင်သည် လဲပျက်သောအခါ သင်၏ဥစ္စာ၊ ဝိုင်း၊ ကုန်၊ သင်္ဘော သား၊ လမ်းပြမာလိန်၊ ပြုပြင်သူ၊ ကုန်သည်၊
စစ်သူရဲအလုံးအရင်းပါသမျှတို့သည် ပင်လယ်အလယ်၌ ကျရကြလိမ့်မည်။ [28] သင်၏လမ်းပြမာလိန်တို့ အော်ဟစ်သံကြောင့်၊
ပတ်ဝန်းကျင်အရပ်တို့သည် လှုပ်ရှားကြလိမ့်မည်။ [29] တက်ခတ်သော သူအပေါင်းတို့သည် သင်္ဘောမှ ဆင်း၍၊ သင်္ဘောသားများနှင့်
ပင်လယ်လမ်းပြမာလိန် အပေါင်းတို့သည် ကုန်းပေါ်မှာရပ်လျက်၊ [30] သင့်အဘို့အော်ဟစ်၍ ပြင်းစွာငိုကြွေးကြလိမ့် မည်။ မြေမှုန်ကို
မိမိတို့ခေါင်းပေါ်မှာ ပစ်တင်၍ပြာ၌ လူးကြလိမ့်မည်။ [31] ဆံပင်ကိုလည်း ဖြတ်၍လျှော်တေအဝတ်ကို ဝတ်စည်းလျက်၊
ညှိုးငယ်သောစိတ်နှင့် သင့်အဘို့ပြင်းစွာ ငိုကြွေးမြည်တမ်းရသည်ကား၊ [32] ပင်လယ်အလယ်၌ ဆုံးသောမြို့တည်းဟူသော တုရုမြို့နှင့်
အဘယ်မြို့တူသနည်း။ [33] သင်၏ဥစ္စာတို့သည် ပင်လယ်လမ်းဖြင့် ထွက် သွားသောအခါ၊ လူမျိုးများတို့ကို ရောင့်ရဲစေ၍၊ များပြား
သောဥစ္စာ။ ကုန်စလယ်တို့ဖြင့် လောကီရှင်ဘုရင်တို့ကို ကြွယ်ဝစေတတ်၏။ [34] ယခုမူကား၊ သင်သည် ပင်လယ်၌ငင်း၊ သင့်
ကုန်သွယ်ရန် ဥစ္စာတို့သည် လှိုင်းတံပိုးအလယ်၌ငင်း၊ ကျိုးပဲ့၍၊ သင်နှင့်ပါသောသူအပေါင်းတို့သည် ဆုံးရှုံးကြပြီ။ [35] ကျွန်းသူ
ကျွန်းသားအပေါင်းတို့သည် သင်အမှု ကြောင့် မိန်းမောတွေဝေ၍၊ ရှင်ဘုရင်တို့သည် မျက်နှာ ပျက်လျက် ကြက်သီးမွေးညှင်းထကြ၏။
[36] အမျိုးမျိုးသောကုန်သည်တို့သည် သင့်အား ကဲ့ရဲ့သံကို ပြုကြ၏။ သင်သည် ကြောက်မက်ဘွယ်ဖြစ် လေပြီတကား။
နောက်တဖန်မပေါ်လာ ရပါတကားဟု ငိုကြွေးမြည်တမ်းကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 28

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ အရှင်ထာဝရဘုရား၏ အမိန့် တော်ကို
တုရုရှင်ဘုရင်အား ဆင့်ဆိုရမည်မှာ၊ သင်သည် ကိုယ်ကို ဘုရားသခင်ကဲ့သို့ ထင်မှတ်သော်လည်း ဘုရား သခင်မဟုတ်၊
လူသက်သက်ဖြစ်လျက်နှင့် ငါသည် ဘုရား ဖြစ်၏။ ပင်လယ်အလယ်၌ ဘုရားပလ္လင်ပေါ်မှာ ငါထိုင် သည်ဟု ဝါကြွားသောစိတ်နှင့်
ဆိုသည်ဖြစ်၍၊ 3 သင်သည် ဒံယေလထက်သာ၍ ပညာရှိပါသည် တကား။ သင်မသိရအောင် သူတပါးဝှက်ထားနိုင်သော အရာ
တစုံတခုမျှမရှိ။ 4 ကိုယ်ဉာဏ်ပညာအားဖြင့် ဉစ္စာရတတ်၏။ ရွှေငွေကို ဆည်းပူးပြီ။ 5 ထူးဆန်းသော ပညာနှင့် ကုန်စလယ်များအား ဖြင့်
စည်းစိမ်ကြီး၍၊ ထိုစည်းစိမ်ကြောင့် စိတ်ဝါကြွားပြီ။ 6 သို့ဖြစ်၍၊ အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ သင်သည် ကိုယ်ကို
ဘုရားသခင်ကဲ့သို့ ထင်မှတ် သောကြောင့်၊ 7 ကြောက်မက်ဘွယ်သော တကျွန်းတနိုင်ငံသား တို့ကို သင်ရှိရာသို့ ငါပို့ဆောင်သဖြင့်၊
သူတို့သည် သင်၏ ပညာဂုဏ်ကို ထားနှင့်ခုတ်၍၊ သင်၏တင့်တယ်ခြင်း အသရေကို ရှုတ်ချကြလိမ့်မည်။ 8 သင့်ကို
မြေတွင်းထဲသို့နှိမ့်ချ၍၊ ပင်လယ်အလယ် ၌ ဆုံးရှုံးသောသူကဲ့သို့ သင့်အသက်သည် ဆုံးရှုံးရလိမ့် မည်။ 9 သင့်အသက်ကို သတ်သော
သူတို့လက်တွင်၊ သင်သည် ဘုရားသခင်မဟုတ်၊ လူသက်သက် ဖြစ်လျက် နှင့်၊ ငါသည် ဘုရားဖြစ်သည်ဟု သင့်အသက်ကို
သတ်သောသူတို့ရှေ့မှာ အမှန်ပြောလိမ့်မည်လော။ 10 အရေးဖျားလှီးခြင်းမခံသော လူသေသကဲ့သို့၊ သင်သည် တကျွန်းတနိုင်ငံသားတို့
လက်ဖြင့်သေရမည်။ ငါပြောပြီဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 11 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
ငါ့ဆီသို့ရောက်လာ၍၊ 12 အချင်းလူသား၊ တုရုရှုဘုရင်အတွက် မြည်တမ်း သော စကားကို မြွက်၍၊ အရှင်ထာဝရဘုရား၏
အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ သင်သည် ထူးဆန်းသော တံဆိပ်ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်းအသရေ
လည်းစုံလင်လျက်ရှိ၏။ 13 ဧဒင် အရပ်၊ ဘုရားသခင်၏ ဥယျာဉ်တော်၌ နေပြီ။ သင်၏ခေါင်းပေါ်မှာ ကျောက်နီ၊ ဥသဖရား၊ စိန်၊
မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့၊ နီလာ၊ မြ၊ ပတ္တမြား အစရှိသော ကျောက်မြတ် အမျိုးမျိုးတို့ကို ဆောင်လေ၏။ ရွှေဖြင့် လုပ်သော ပတ်သာ၊
ပုလွေတို့သည်လည်း၊ သင်ဘွားသော နေ့၌ပင် သင့်အဘို့ ပြင်ဆင်လျက်ရှိကြ၏။ 14 သင်သည် ဖြန့်၍ လွှမ်းမိုးသော ခေရုဗိမ်
ဖြစ်လျက်၊ ငါ့အခွင့်နှင့် ဘုရားသခင်၏ သန့်ရှင်းသော တောင်ပေါ်မှာ နေရာကျ၍ မီးတောက်သော ကျောက်တို့ တွင် သွားလာရ၏။ 15
ဘွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသော နေ့တိုင်အောင်၊ ပြုလေရာရာ၌ စုံလင်လျက်ရှိ၏။ 16 သို့ရာတွင်၊ ကုန်သွယ်ခြင်း
များပြားသောအား ဖြင့်၊ အဓမ္မအမှုတို့နှင့်ပြည့်စုံ၍ ပြစ်မှားသောအပြစ် ရောက်လေပြီ။ ထိုကြောင့်၊ ဆိုးယုတ်သော သူကဲ့သို့၊
သင့်ကိုဘုရားသခင်၏ တောင်တော်ပေါ်က ငါနှင်ထုတ် မည်။ အိုလွှမ်းမိုးသော ခေရုဗိမ်၊ မီးတောက်သော ကျောက်တို့အထဲက သင့်ကိုငါ
ပယ်ရှင်းမည်။ 17 သင်သည် ကိုယ်၌ တင့်တယ်ခြင်းအသရေ ကြောင့်၊ ဝါကြွားသော စိတ်ရှိလျက် ဂုဏ်ထွန်းတောက် သောကြောင့်၊
သင်၏ပညာသည် ဖေါက်ပြန်လျက်ရှိလေ ပြီ။ ငါသည်သင့်ကို မြေတိုင်အောင်နှိမ့်ချမည်။ ရှင်ဘုရင် တို့သည် သင့်ကိုကြည့်ရှု၍
ဝမ်းမြောက်စေခြင်းငှါ၊ သူတို့ ရှေ့မှာ သင့်ကို ငါချထားမည်။ 18 သင့်အပြစ်သည်များပြား၍ ကုန်သွယ်ခြင်း အဓမ္မအားဖြင့်၊
သန့်ရှင်းရာဌာနတို့ကို ညစ်ညူးစေသော ကြောင့်၊ သင့်ကိုမီးရှို့ဘို့ သင့်အလယ်၌ မီးကိုငါညှိမည်။ သင့်ကိုမြင်သော
သူအပေါင်းတို့ရှေ့မှာ၊ သင်၏ ပြာကို မြေပေါ်သို့ ငါချထားမည်။ 19 သင့်ကိုသိသောလူ အမျိုးမျိုးတို့သည် သင်၏ အမှုကြောင့်
မိန်းမောတွေဝေကြလိမ့်မည်။ သင်သည် ကြောက်မက်ဘွယ်ဖြစ်လိမ့်မည်။ နောက်တဖန် မပေါ်လာရ ဟု မိန့်တော်မူ၏။ 20
တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 21 အချင်းလူသား၊ သင်သည် ဇိဒုန်မြို့တဘက်၌ မျက်နှာထား၍
ပရောဖက်ပြုလျက်၊ 22 အရှင် ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည် မှာ၊ အိုဇိဒုန်မြို့၊ သင့်တဘက်၌ ငါနေ၏။ သင့်အလယ်၌
ငါ့ဘုန်းတန်ခိုးသည် ထင်ရှားလိမ့်မည်။ သင့်ကိုငါသည် အပြစ်ဒဏ်ပေး၍ ရိုသေခြင်းကိုခံရသောအခါ၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို လူများသိရကြလိမ့်မည်။ 23 သင့်အပေါ်သို့ ကာလနာဘေးကိုငှင်း၊ သင်၏ လမ်းတို့၌ ထားဘေးကိုငှင်း၊
ငါစေလွှတ်၍၊ ပတ်လည်၌ တိုက်သော ထားဖြင့်သူရဲတို့သည် သင့်အလယ်၌ လဲ၍ သေကြသောအခါ၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်။ 24 ထိုအခါ ဣသရေလအမျိုး၏ ပတ်လည်၍နေ၍၊ မထီမဲ့မြင်ပြုသော သူတို့တွင်
စူးတတ်သော ဆူးပင်၊ နှောက်ရှက်တတ်သောပြောင့် တစုံတခုမျှ မကုတ်ကြွင်းရ။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို
သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 25 တဖန် အရှင်ထာဝရဘုရား၏ မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့သည်
ကွဲပြားလျက်နေသော လူ အမျိုးမျိုးထဲက ငါခေါ်၍စုဝေးသောအခါ၊ သူတို့အားဖြင့် လူမျိုးများရှေ့၌ ရိုသေခြင်းကိုငါခံ၍၊
ငါ့ကျွန်ယာကုပ်အား အငါအရင်ပေးသော ပြည်၌သူတို့သည် နေကြလိမ့်မည်။ 26 ထိုပြည်၌ စိုးရိမ်စရာမရှိ။ အိမ်ဆောက်ခြင်း၊
စပျစ်ဥယျာဉ်စိုက် ခြင်းအမှုကိုပြု၍ နေကြလိမ့်မည်။ သူတို့ ပတ်လည်၌ နေ၍မထီမဲ့မြင်ပြုသော သူအပေါင်းတို့ကို ငါသည်
အပြစ်ဒဏ်စီရင်သောနောက် သူတို့သည် စိုးရိမ် စရာမရှိဘဲနေ၍၊ ငါသည် သူတို့၏ ဘုရားသခင် ထာဝရ ဖြစ်ကြောင်းကို
သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။

 generated on Sun Jun 30 02:37:40 2024

## Chapter 29

1 သက္ကရာဇ်ဆယ်ခု၊ ဒသမလတဆယ်တရက်နေ့ တွင်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 2
အချင်းလူသား၊ သင်သည် အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းတဘက်၌မျက်နှာထား၍၊ သူနှင့် အဲဂုတ္တုပြည် တပြည်လုံး
တဘက်၌ပရောဖက်ပြုလျက်၊ 3 အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆို ရမည်မှာ၊ အိုအဲဂုတ္တုရှင်ဘုရင် ဖာရောမင်း၊
ကိုယ်မြစ်များ အလယ်၌နေလျက်၊ ငါ့မြစ်ကို ငါပိုင်၏။ ငါ့အဘို့ ငါ ဖန်ဆင်းပြီဟု ဆိုတတ်သောမိကျောင်းကြီး၊ သင့်တဘက် ၌
ငါနေ၏။ 4 သင့်ပါးရိုးကို သံချိတ်နှင့်ချိတ်၍၊ သင့်မြတ်၌နေ သော ငါတို့ကို သင့်အကြေးတို့၌ ငါကပ်စေမည်။ သင့်မြစ် များ
အလယ်ထဲကသင့်ကို ငါနှုတ်၍ မြစ်ရှိသမျှသော ငါးတို့သည် သင့်အကြေးတို့၌ ကပ်ကြလိမ့်မည်။ 5 သင်နှင့် သင့်မြစ်၌ရှိသမျှသော
ငါတို့ကိုတော၌ ငါပစ်ထားမည်။ လွင်ပြင်၌ကျ၍ နောက်တဖန်စုဝေးခြင်း ကို မပြုရ။ တောသားရဲများ၊ မိုဃ်းကောင်းကင်ငှက်များ
စားစရာဘို့ သင့်ကိုငါအပ်၏။ 6 ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို အဲဂုတ္တု ပြည်သားအပေါင်းတို့သည် သိရကြလိမ့်မည်။
အကြောင်း မူကား၊ သင်သည် ဣသရေလအမျိုး၌ ကျူတောင်ဝေး ဖြစ်လေပြီ။ 7 သင့်ကိုလက်နှင့် ကိုင်သောအခါ သင်သည်
အကိုင်မခံ။ သူတို့ ပခုံးဆစ်ကို ဖြုတ်လေ၏။ သင်နှင့် ကိုယ်ကိုထောက်သောအခါ သင်သည် ကျိုး၍ သူတို့ခါးကို နာစေ၏။ 8 သို့ဖြစ်၍၊
အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ငါသည် သင့်အပေါ်သို့ထားကိုဆောင်ခဲ့၍ လူနှင့် တိရစ္ဆာန်တို့ကို ပယ်ဖြတ်သဖြင့်၊ 9
အဲဂုတ္တုပြည်သည် လူဆိတ်ညံလျက်၊ ပျက်စီး လျက်ရှိသောအခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရလိမ်မည်။ သင်က၊
ငါ့မြစ်ကိုငါ ပိုင်၏။ ငါဖန်ဆင်းပြီ ဟု ဆိုမိသောကြောင့်၊ 10 သင်နှင့်သင့်မြစ်တဘက်၌ ငါနေ၏။ အဲဂုတ္တု ပြည်ကို မိဂဒေါလမှ စ၍
သုဧနေမြို့တိုင်အောင်၎င်း၊ အဲသယောပိပြည်စွန်းတိုင်အောင်၎င်း၊ ထားနှင့် ဖျက်ဆီး ၍ ဆိတ်ညံစေမည်။ 11 အနှစ်လေးဆယ်ပတ်လုံး
လူရှောက်၍မသွားရ။ တိရစ္ဆာန်လည်း ရှောက်၍မသွားရ။ အဘယ်သူမျှမနေရ။ 12 ပျက်စီးသောပြည်တို့တွင် အဲဂုတ္တုပြည်ကို ငါဖျက်
ဆီးမည်။ လူဆိတ်ညံသောမြို့တို့တွင် အနှစ်လေးဆယ် ပတ်လုံး အဲဂုတ္တုမြို့တို့သည် ပျက်စီးလျက်ရှိကြလိမ့်မည်။ အဲဂုတ္တုလူတို့ကို
အတိုင်းတိုင်း အပြည်ပြည်တို့ကို ငါကွဲပြား ပြန့်လွင့်စေမည်။ 13 သို့ရာတွင်၊ အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊
အနှစ်လေးဆယ်စေ့သောအခါ၊ ကွဲပြားလျက် နေရသော လူမျိုးတို့မှ အဲဂုတ္တုလူတို့ကို ငါခေါ်၍ စုဝေး စေမည်။ 14
သိမ်းသွားခြင်းတို့မရသော အဲဂုတ္တုလူတို့ကို ငါတဖန်ဆောင်ခဲ့၍ သူတို့နေရင်းပြည်၊ ပါသရုပြည်သို့ ပြန်စေမည်။ ထိုပြည်၌
ယုတ်သောနိုင်ငံ ဖြစ်ရလိမ့်မည်။ 15 တပါးသော လူမျိုးတို့ကို နောက်တဖန်အစိုးမရ။ နိုင်ငံတကာတို့တွင် အယုတ်ဆုံးဖြစ်ရလိမ့်မည်။
တပါး သော လူမျိုးတို့ကို နောက်တဖန် အစိုးမရစေခြင်းငှါ ငါရှုတ်ချမည်။ 16 ဣသရေလအမျိုးသားတို့သည် ထိုပြည်သား တို့ကို
မြော်လင့်၊ မိမိအပြစ်ကို ငါအောက်မေ့စေသဖြင့်၊ နောက်တဖန် ထိုပြည်သည် သူတို့ ခိုလှုံရာမဖြစ်ရာ။ ငါသည်
ထာဝရာဘုရားဖြစ်ကြောင်းကို သိရကြလိမ့် မည်ဟု မိန့်တော်မူ၏။ 17 သက္ကရာဇ် နှစ်ဆယ်ခုနစ်ခု၊ ပဌမလ တရက်နေ့ တွင်၊
ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 18 အချင်းလူသား၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ် နေဇာသည်၊
သူ၏စစ်သူရဲတို့ကို တုရုမြို့တဘက်၌ များစွာ သော အမှုကိုဆောင်ရွက်စေပြီ။ စစ်သူရဲတိုင်းခေါင်းတုံး ပြီ။ ပခုံးလည်းပွန်းပြီ။
သို့ရာတွင်၊ ရှင်ဘုရင်နှင့် စစ်သူရဲ တို့သည် တုရုမြို့တဘက်၌ အမှုဆောင်ရွက်ခကို ထိုမြို့တွင် မခံရကြ။ 19 သို့ဖြစ်၍၊
အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ အဲဂုတ္တုပြည်ကို ဗာဗုလုန် ရှင်ဘုရင်နေဗခဒ်နေဇာ အား ငါပေးမည်။ ထိုမင်သည်
ပြည်သားအလုံးအရင်းကို၎င်း၊ လက်ရဥစ္စာအမျိုးမျိုးကို၎င်း၊ သိမ်းယူပြီးလျှင်၊ မိမိစစ်သူရဲတို့ အခဘို့ ဝေငှလိမ့်မည်။ 20 ငါ့အမှုကို
ဆောင်ရွက်သောကြောင့်၊ တုရုမြို့ တဘက်၌ အမှုဆောင်ရွက်ခဘို့ အဲဂုတ္တုပြည်ကို ငါပေးပြီ။ 21 ထိုကာလ၌ ဣသရေလမျိုး၏
ချိုကိုအပေါက် စ၍၊ သူတို့အထဲက သင်ဟောပြောရသော အခွင့်ကို ငါပေးမည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သူတို့
သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 30

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 2 အချင်းလူသား၊ သင်သည် ပရောဖက်ပြုလျက်၊
အရှင်ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ရောက်ရသောနေ့သည် အမင်္ဂလာရှိသည်ဟု အော်ဟစ် ကြလော့။ 3 ထိုနေ့နီးပြီ။
ထာဝရဘုရား၏နေ့ မိုဃ်းအုံသော နေ့ တပါးအမျိုးသားဘို့ ချိန်းချက်သော အချိန်နီးပြီ။ 4 ထားဘေးသည် အဲဂုတ္တုပြည်သို့
ရောက်သဖြင့်၊ သူရဲတို့သည် လဲ၍သေကြသောအခါ၊ အဲသယောပိပြည် သည် ပူပန်လိမ့်မည်။ အလုံးအရင်းကို ပယ်ရှား၍ မူလ
အမြစ်ကို ဖြိုဖျက်ကြလိမ့်မည်။ 5 အဲသယောပိပြည်သား၊ ဖုတပြည်သား၊ လုဒ ပြည်သား၊ အမျိုးမစစ်သော လူရှိသမျှ၊ ခုဘအမျိုးသား၊
မိဿဟာယဖွဲ့သော ပြည်သားတို့သည်၊ အဲဂုတ္တုပြည်သား တို့နှင့်တကွ ထားဖြင့် လဲ၍သေကြလိမ့်မည်။ 6 အဲဂုတ္တုပြည်ကို
ထောက်မသောသူတို့သည် လဲ၍သေကြသဖြင့်၊ အဲဂုတ္တုအစွမ်းသတ္တိ၏ ဂုဏ်အသရေ သည် ဆုံးလိမ့်မည်။ မိဂဒေါလမြို့မှစ၍
သုဧနေမြို့ တိုင်အောင် အဲဂုတ္တုပြည်သားတို့သည် ထားဖြင့်လဲ၍ သေကြလိမ့်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 7 ပျက်စီးသော
ပြည်တို့တွင် ပျက်စီးလျက်ရှိကြ၍၊ လူဆိတ်ညံသော မြို့တို့တွင် အဲဂုတ္တုမြို့တို့သည် ပါဝင်ကြ လိမ့်မည်။ 8 ငါသည် အဲဂုတ္တုပြည်၌
မီးညှို၍ ထိုပြည်ကို မစသမျှသော သူတို့သည် ပျက်စီးကြသောအခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်။ 9
ထိုအခါစိုးရိမ်ခြင်းမရှိသော အဲသယောပိပြည် သားတို့ကို ကြောက်စေခြင်းငှါ၊ ငါစေလွှတ်သော တမန်တို့ သည် သင်္ဘောစီး၍
သွားကြသဖြင့်။ အဲဂုတ္တုပြည်၏ အချိန်၌ သူတို့သည်လည်း အလွန်ဆင်ရဲခြင်းသို့ ရောက်ရ ကြလိမ့်မည်။ ထိုအချိန်လည်းနီးပြီဟု
မိန့်တော်မူ၏။ 10 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာအားဖြင့် အဲဂုတ္တုပြည် ၏ အလုံးအရင်းကို
ငါဖြတ်မည်။ 11 ထိုရှင်ဘုရင်နှင့်တကွ သူ၏လူများ၊ ကြောက် မက်ဘွယ်သော လူမျိုးများတို့သည် အဲဂုတ္တုပြည်ကို
ဖျက်ဆီးခြင်းငှါလာ၍၊ ထားကိုင်လျက် တပြည်လုံးကို သူရဲတို့နှင့် ပြည့်စေကြလိမ့်မည်။ 12 မြစ်တို့ကို ငါခန်းခြောက်စေ၍၊
အဓမ္မလူတို့အား ပြည်ကို ရောင်းလိုက်မည်။ တကျွန်းတနိုင်ငံသားတို့ လက်ဖြင့် ပြည်နှင့်တကွပြည်၌ ပါသမျှကို ငါဖျက်ဆီးမည်။
ငါထာဝရဘုရား ပြောပြီ။ 13 အရှင်ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ရုပ်တုတို့ကို ငါဖျက်ဆီး၍၊ နောဖပြည်၌ ဆင်းတုတို့ကို လည်း
ပယ်ဖြတ်မည်။ နောက်တဖန် အဲဂုတ္တုမင်းမျိုးမရှိရ။ အဲဂုတ္တုပြည်သည် ကြောက်ရွံ့မည်အကြောင်းကို ငါပြု မည်။ 14 ပါသရုပြည်ကို
ငါဖျက်မည်။ ဇောနမြို့ကိုလည်း မီးရှို့မည်။ နောမြို့ကိုလည်း အပြစ်ဒဏ်စီရင်မည်။ 15 အဲဂုတ္တုပြည်၏ အစွမ်းသတ္တိဖြစ်သော သိန်မြို့
အပေါ်သို့ ငါသည် အမျက်ကို သွန်းလောင်း၍၊ နောမြို့ သား အလုံးအရင်းကို ပယ်ဖြတ်မည်။ 16 အဲဂုတ္တုပြည်၌ မီးညှို၍ သိန်မြို့သည်
တုန်လှုပ် ခြင်း၊ နောမြို့ရိုးသည် ပြိုပေါက်ခြင်း၊ နောဖမြို့သည် နေ့အချိန်၌ပင် စစ်တိုက်ခြင်းကို ခံရလိမ့်မည်။ 17 အာဝင်မြို့၊
ဖိဗေသက်မြို့သား လုလင်တို့သည် ထားဖြင့်လဲ၍ သေကြသဖြင့်၊ မိန်းမတို့သည် သိမ်းသွား ခြင်းကို ခံရကြလိမ့်မည်။ 18 တာပနက်မြို့၌
အဲဂုတ္တုလုံတံတို့ကို ငါချိုး၍၊ သူ့အစွမ်းသတ္တိ၏ ဂုဏ်အသရေဆုံးသောအခါ နေ့အချိန် ၌ အလင်းကွယ်လိမ့်မည်။ မိုဃ်းအုံ၍
မြို့သမီးတို့သည် သိမ်းသွားခြင်းကို ခံရကြလိမ့်မည်။ 19 ထိုသို့အဲဂုတ္တုပြည်၌ ငါသည် အပြစ်ဒဏ်စီရင်၍၊ ထာဝရဘုရားဖြစ်ကြောင်းကို
သူတို့သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 20 သက္ကရာဇ်တဆယ်တခု၊ ပဌမလ ခုနစ်ရက်နေ့ တွင်၊ ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 21 အချင်းလူသား၊ အဲဂုတ္တုအရှင်ဘုရင် ဖာရော မင်း၏ လက်ရုံးကို ငါချိုးပြီး။
ဆေးကု၍မထုပ်ရ။ ထားကိုင် စေဘို့ ပကတိခွန်အား ရှိစေခြင်းငှါ အဝတ်နှင့်မစည်းရ။ 22 ဤအမှု၌ အရှင်ထာဝရဘုရား မိန့်တော်မူသည်
ကား၊ ငါသည် အဲဂုတ္တုရှင်ဘုရင်ဖာရောမင်းတဘက်၌ နေသဖြင့်၊ သူ၏လက်ရုံးတည်းဟူသော၊ ခိုင်မာသော လက်ရုံးနှင့်
အရင်ချိုးသောလက်ရုံးကို ငါချိုး၍ထားကို သူ့လက်မှ ကျစေမည်။ 23 အဲဂုတ္တုလူတို့ကို အတိုင်းတိုင်း အပြည်ပြည်တို့ တွင်
ကွဲပြားပြန့်လွင့်စေမည်။ 24 ဗာဗုလုန်ရှင်ဘုရင်ကို ငါခိုင်မာစေ၍၊ ငါ့ထားကို သူ့လက်၌ အပ်မည်။ ဖာရောမင်း၏ လက်ရုံးတို့ကို
ငါချိုးသဖြင့်၊ သူသည် အသေသတ်ခြင်းကို ခံရသောသူ အော်ဟစ်သကဲ့သို့၊ ဗာဗုလုန်ရှင်ဘုရင်ရှေ့မှာ အော်ဟစ် ရလိမ့်မည်။ 25
ဗာဗုလုန်ရှင်ဘုရင်၏ လက်ရုံးတို့ကို ငါခိုင်မာစေ မည်။ ဖာရောဘုရင်၏ လက်မူကား၊ အောက်သို့ကျလိမ့် မည်။ ငါ့ထားကို
ဗာဗုလုန်ရှင်ဘုရင်လက်၌ ငါအပ်၍၊ သူသည် အဲဂုတ္တုပြည်ကို ထိုထားနှင့်ခုတ်သောအခါ၊ ငါ သည် ထာဝရဘုရားဖြစ်ကြောင်းကို သူတို့
သိရကြလိမ့် မည်။ 26 ထိုသို့ အဲဂုတ္တုလူတို့ကို အတိုင်းတိုင်းအပြည်ပြည် တို့၌ ငါကွဲပြားပြန့်လွင့်စေမည်။ ငါသည် ထာဝရဘုရား
ဖြစ်ကြောင်းကို သူတို့ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

---

Ezekiel 01

ယေဘုယျ အချက်အလက်
ယေဇကျေလသည် ထာဝရဘုရားသူ့ကို ပေးသော
သတင်းစကားကို ပြောပြသည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍
ထာဝရဘုရားသည်စကားပြောတော်မူသည်။ အခန်း ၁:၁
ကိုကြည့်ရန်။

အချင်းလူသား
အခန်း ၂:၁ ကိုကြည့်ရန်။


generated on Sun Jun 30 02:37:40 2024

ပရောဖက်ပြုလျက်၊ ... ဆင့်ဆိုရမည်
EZK 21:8. ကို ကြည့်ရန်။

အော်ဟစ် ကြလော့
ဤအမိန့်သတင်းစကားကို အဲဂုတ္တုပြည်နှင့် ၎င်းဝန်းကျင်ရှိတိုင်းပြည်များသို့ 'ဝမ်းနည်း၊ အော်ဟစ်၍ ငိုကြွေးပါ။'

ရောက်ရသောနေ့သည် အမင်္ဂလာရှိသည်
'နေ့ရက်သည် ကြောက်စရာကောင်းသည်' သို့မဟုတ် ထိုနေ့တွင် 'အလွန်ဆိုးသောအရာများ ဖြစ်ပျက်လိမ့်မည်။'

ထိုနေ့နီးပြီ
လူများ ငိုကြွေးဝမ်းနည်းရမည့်နေ့ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ငိုကြွေးဝမ်းနည်းရမည့်နေ့သည် နီးလာပြီ။

ထာဝရဘုရား၏နေ့... နီးပြီ
ဆိုလိုသည်မှာ ထိုနေ့တွင် ထာဝရဘုရားသည် လူများကို အပြစ်ပေးလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားလူများကို အပြစ်ပေးမည့်နေ့သည် နီးလာပြီ။"

မိုဃ်းအုံသော နေ့
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေ့သည် တိမ်မည်းသောနေကဲ့သို့ ဖြစ်လိမ့်မည်" သို့မဟုတ် "ထိုနေ့သည် တိမ်မည်းသောနေ့ကဲ့သို့ ကြောက်စရာကောင်းလိမ့်မည်။".

တပါးအမျိုးသားတို့ ချိန်းချက်သော
အခြားသောဘာသာပြန်ဆိုချက်၊ "လူများထံသို့ ဆိုးရွားသောအရာများဖြစ်ပျက်မည့်အချိန်၊ သို့မဟုတ် ထို့နေ့သည် တပါးအမျိုးသားများ ဒုက္ခခံရမည့်အချိန်ဖြစ်လိမ့်မည်။"

Ezekiel 04

ယေဘုယျ အချက်အလက်
အဲဂုတ္တုပြည်အတွက် ထာဝရဘုရား၏ စကားများဖြစ်သည်။

ထားဘေးသည် အဲဂုတ္တုပြည်သို့ ရောက်သဖြင့်
'ဓား' သည် တိုက်ခိုက်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်တဘက်၌ စစ်ရှိလိမ့်မည်" သို့မဟုတ် "ရန်သူ စစ်တပ်သည် အဲဂုတ္တုပြည်ကို တိုက်လိမ့်မည်။"

အဲသယောပိပြည် သည် ပူပန်လိမ့်မည်။
'ကုရှ (အဲသယောပိ) သည် အလွန်ဝမ်းနည်းလိမ့်မည်၊ သို့မဟုတ် ကုရှ (အဲသယောပိ)သားတို့သည် ပူဆွေးခြင်းဖြင့် ပြည့်ကြလိမ့်မည်။

သူရဲတို့သည် လဲ၍သေကြသောအခါ
အဲဂုတ္တုပြည်ရှိလူများစွာသည် အသတ်ခံရသည်၊ သို့မဟုတ် အဲဂုတ္တုပြည်ရှိ လူများစွာသည် စစ်ပွဲတွင် သေကြသည်။

အလုံးအရင်းကို ပယ်ရှား၍
တိုက်ခိုက်သူများသည် အဲဂုတ္တုပြည်၏ စည်းစိမ်များကို ယူသွားကြလိမ့်မည်။

မူလ အမြစ်ကို ဖြိုဖျက်ကြလိမ့်မည်
တိုက်ခိုက်သူများသည် အဲဂုတ္တုပြည်ရှိ အဆောက်အဦများ၏ အုတ်မြစ်များကိုပင် ဖျက်ဆီးကြလိမ့်မည်။

ဖုတ
ဖုတ သည် အဲဂုတ္တုပြည်အနောက်ပိုင်းရှိ တိုင်းပြည်ဖြစ်သည်။ ဖုတ ဟုယေဇကျေလက ခေါ်ခြင်းဖြစ်သည်။

လုဒ
ယခုခေတ် တူရကီနိုင်ငံ ဖြစ်သော လုဒ နိုင်ငံတော်ကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။ လုဒ ဟုယေဇကျေလက ခေါ်ခြင်းဖြစ်သည်။

မိဿဟာယဖွဲ့သော ပြည်သားတို့
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) အဲဂုတ္တုပြည်၌နေသော ယုဒလူများ၊ သို့မဟုတ် (၂) အဲဂုတ္တုပြည်၏မဟာမိတ်ပြည်ရှိလူများ။ ထာဝရဘုရား နှင့် ဣသရေလလူများပြုလုပ်သော ပဋိညာဉ် သို့မဟုတ် အဲဂုတ္တုပြည်သားများနှင့်အခြားလူများပြုလုပ်သော ပဋိညာဉ် ဖြစ်မဖြစ် မသေချာပါ။

ထားဖြင့် လဲ၍သေကြလိမ့်မည်
'အားလုံးတိုက်ပွဲတွင်သေကြလိမ့်မည်' သို့မဟုတ် အားလုံးစစ်ပွဲတွင်သေကြလိမ့်မည်။' လူတစ်ယောက်တည်းမဟုတ်ဘဲ ဤနိုင်ငံများမှ လူများစွာသေကြလိမ့်မည် ဟုဆိုလိုသည်။

Ezekiel 06

အရှင်ထာဝရဘုရားမိန့်တော်မူ၏
အရှင်ထာဝရဘုရား မိန့်တော်မူသည်။ အရှင်ထာဝရဘုရားပြောမည့် စကားကို မိတ်ဆက်ပေးသည်။

... သူတို့
ဤနည်းဖြင့် သူတို့သည် သို့မဟုတ် ဤပုံစံဖြင့်၊ နိုင်ငံများသည်။

အဲဂုတ္တုပြည်ကို ထောက်မသောသူတို့
အဲဂုတ္တုပြည်ကို ကူညီသော သူများ။

ဆုံးလိမ့်မည်။
'သေလိမ့်မည်၊ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။'

အဲဂုတ္တုအစွမ်းသတ္တိ၏ ဂုဏ်အသရေ သည် ဆုံးလိမ့်မည်
'သူ့ကို မာနကြီးစေသော အဲဂုတ္တုပြည်၏ ခွန်အားသည် ပျောက်ကွယ်လိမ့်မည်၊ သို့မဟုတ် သူ့ကို မာနကြီးစေသော အဲဂုတ္တုပြည်၏ ခွန်အားသည်ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

မိဂဒေါလမြို့မှစ၍ သုဧနေမြို့ တိုင်အောင်
အဲဂုတ္တုပြည်တစ်ခုလုံးကို ရည်ညွှန်းရန် ၎င်းနယ်စပ်ရှိမြို့များကို ယေဇကျေလအမည် ခေါ်ပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်မြောက်ပိုင်းနယ်စပ်မှ" သို့မဟုတ် "အဲဂုတ္တုပြည်တောင်ပိုင်းနယ်စပ်သို့"

အဲဂုတ္တုပြည်သားတို့သည် ထားဖြင့်လဲ၍ သေကြလိမ့်မည်
အဲဂုတ္တုပြည်စစ်သားများသည် ဓားဖြင့်သေကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊
"တိုက်ခိုက်သောစစ်သားများသည် အဲဂုတ္တုပြည်စစ်သားများကို စစ်ပွဲတွင် သတ်ကြလိမ့်မည်။"

ပျက်စီးသော ပြည်တို့တွင် ပျက်စီးလျက်ရှိကြ၍၊ လူဆိတ်ညံသော မြို့တို့တွင် အဲဂုတ္တုမြို့တို့သည် ပါဝင်ကြ လိမ့်မည်
လူမဟုတ်ဘဲ၊ စွန့်ပစ်မြေများက သူတို့ကို ဝိုင်းရံကြသောအခါပင် အဲဂုတ္တုပြည် မဟာမိတ်၏စစ်သားများသည် တုန်လှုပ်ကြလိမ့်မည်။

...မြို့တို့တွင်
'ကြားထဲ' သို့မဟုတ် 'ဝိုင်းရံလျက်'

ပျက်စီးသော ပြည်တို့တွင် ပျက်စီးလျက်ရှိကြ၍၊
သူတို့မြို့များကို ပတ်ဝန်းကျင်နိုင်ငံများရှိ ပျက်စီးသောမြို့များက ဝိုင်းရံကြလိမ့်မည်။

Ezekiel 08

ယေဘုယျ အချက်အလက်
အဲဂုတ္တုပြည်အကြောင်း ထာဝရဘုရား၏စကားတော်များဖြစ်သည်။

Then they
N/A

ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်
အခန်း ၆:၆ ကိုကြည့်ရန်။

အဲဂုတ္တုပြည်၌ မီးညှိ၍
မီးသည် စစ်ပွဲတွင်ဖြစ်လေ့ရှိသောအရာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်ကို မီးဖြင့်ငါဖျက်ဆီးသောအခါ" သို့မဟုတ် "အဲဂုတ္တုပြည်ကို မီးရှို့ဖျက်ဆီးဖို့ရန် တိုက်ခိုက်မည့်စစ်တပ်ကို ငါစေလွှတ်သောအခါ။"

ထိုပြည်ကို မစသမျှသော သူတို့သည် ပျက်စီးကြသောအခါ
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်၏ မဟာမိတ်များကို ငါဖျက်ဆီးမည်" သို့မဟုတ် "အဲဂုတ္တုပြည်ကို ကူညီမစသောသူအားလုံးကို ငါချိုးဖျက်မည်။"

ထိုအခါစိုးရိမ်ခြင်းမရှိသော အဲသယောပိပြည် သားတို့ကို ကြောက်စေခြင်းငှါ၊ ငါစေလွှတ်သော တမန်တို့ သည် သင်္ဘောစီး၍ သွားကြသဖြင့်
တမန် (သတင်းသယ်ဆောင်သူ) တို့သည် အဲဂုတ္တုပြည်၏ပျက်စီးခြင်းသတင်းကို အဲသယောပိပြည်သို့ ယူဆောင်လာကြလိမ့်မည်၊ သူတို့သည် ၎င်းသတင်းအားဖြင့် ကြောက်ရွံ့ကြလိမ့်မည်။

စိုးရိမ်ခြင်းမရှိသော အဲသယောပိပြည် သားတို့ကို ကြောက်စေခြင်းငှါ
အန္တရာယ်မရှိ၊ ယခု လုံခြုံသည်ဟုခံစားသော အဲသယေပိပြည်ကို ခြောက်လှန့်ခြင်းငှါ။

အဲဂုတ္တုပြည်၏ အချိန်၌ သူတို့သည်လည်း အလွန်ဆင်းရဲခြင်းသို့ ရောက်ရကြလိမ့်မည်
အဲဂုတ္တုပြည်ကို ငါဒဏ်ခတ်သောအခါ အဲသယောပိပြည်သားများသည် အလွန်နာကျင်ခြင်း ရှိကြလိမ့်မည်။

behold!
N/A

ထိုအချိန်လည်းနီးပြီ
ထိုအချိန်သည် အဲဂုတ္တုပြည်နှင့်အတူ အဲသယောပိပြည်ကိုပါဒဏ်ခတ်သောအခါ အဲသယောပိလူများခံစားရမည့် 'အလွန်နာကျင်ခြင်း၊ ကြီးမားသောဝမ်းနည်းမှု' ကိုဆိုလိုသည်။

Ezekiel 10

အရှင်ထာဝရဘုရား မိန့်တော်မူသည်
အခန်း ၅:၅ ကိုကြည့်ရန်။

အဲဂုတ္တုပြည် ၏ အလုံးအရင်းကို ငါဖြတ်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်တွင်လူများစွာ မကျန်တော့အောင် ငါဖြစ်စေမည်။"

နေဗုခဒ်နေဇာအားဖြင့်
ဤဒဏ်ခတ်ခြင်းကို ယူဆောင်လာမည့်သူသည် နေဗုခဒ်နေဇာ ဖြစ်သည်။

ထိုရှင်ဘုရင်နှင့်တကွ သူ၏လူများ၊ ကြောက် မက်ဘွယ်သော လူမျိုးများတို့သည် အဲဂုတ္တုပြည်ကို ဖျက်ဆီးခြင်းငှါလာ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် နေဗုခဒ်နေဇာနှင့် သူ့လူများကိုယူဆောင်လာ၍....ထိုပြည်ကို ဖျက်ဆီးလိမ့်မည်။

ထိုရှင်ဘုရင်နှင့်တကွ သူ၏လူများ၊
တိုင်းနိုင်ငံများသည် သူ၏ စစ်တပ်ကို အလွန်ကြောက်ရွံ့ကြသောကြောင့် ထာဝရဘုရားသည် နေဗုခဒ်နေဇာကို 'လူမျိုးများ၏ ကြောက်မက်ဘွယ်' ဟုခေါ်သည်။

အဲဂုတ္တုပြည်ကို ဖျက်ဆီးခြင်းငှါ
သူတို့သည် ထိုပြည်ကိုဖျက်ဆီးဖို့ရန် အလို့ငှါ။ ထိုပြည်ကို ဖျက်ဆီးဖို့ရန် ထာဝရဘုရားသည် နေဗုခဒ်နေဇာ နှင့် သူ့လူများကို ယူဆောင်လာလိမ့်မည်။

ထားကိုင်လျက် တပြည်လုံးကို
အဲဂုတ္တုပြည်ကို တိုက်ကြလိမ့်မည်။

တပြည်လုံးကို သူရဲတို့နှင့် ပြည့်စေကြလိမ့်မည်။
ဆိုလိုသည်မှာ အဲဂုတ္တုပြည်သားများစွာကို ဗာဗုလုန်များက သတ်ကြမည် ဟုဖြစ်သည်။ အလောင်းများသည် တစ်ပြည်လုံးကိုဖုံးထားသကဲ့သို့ အဲဂုတ္တုပြည်သားများစွာ သေကြလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလောင်းများသည် နေရာတကာ၌ ရှိသည့်အလား များစွာတို့ကို သတ်ကြလိမ့်မည်။" .

Ezekiel 12

ယေဘုယျ အချက်အလက်
အဲဂုတ္တုပြည်အကြောင်း ထာဝရဘုရား၏ စကားတော်များဖြစ်သည်။

မြစ်တို့ကို ငါခန်းခြောက်စေ၍
အဲဂုတ္တုပြည်၏ မြစ်များကို ငါခန်းခြောက်စေမည်။

အဓမ္မလူတို့အား ပြည်ကို ရောင်းလိုက်မည်
တစ်စုံတစ်ခုကို ရောင်း၍ ဝယ်သောသူသည် ၎င်းပစ္စည်းကိုထိန်းသိမ်းနိုင်သကဲ့သို့ ထာဝရဘုရားသည် အဲဂုတ္တုပြည်ကို ဗာဗုလုန်များအားဖြင့် ထိန်းချုပ်ခွင့်ပေးမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လူမိုက်တို့အား ထိုပြည်ကို ထိန်းချုပ်ခွင့်ပေးမည်။"

တကျွန်းတနိုင်ငံသားတို့ လက်ဖြင့် ပြည်နှင့်တကွပြည်၌ ပါသမျှကို ငါဖျက်ဆီးမည်
ငါသည် ထိုပြည်နှင့်၎င်းအထဲ၌ရှိသမျှတို့ကို တိုင်းတပါးနိုင်ငံများဖြင့် ပျက်စီးစေမည်။

ပါသမျှကို
ထိုပြည်၌ ရှိသောအရာအားလုံး။

Ezekiel 13

အရှင်ထာဝရ ဘုရားမိန့်တော်မူသည်ကား၊
အခန်း ၅:၅ ကိုကြည့်ရန်။

ရုပ်တုတို့ကို ငါဖျက်ဆီး၍၊
အသုံးမဝင်သော ရုပ်တုတို့ကို ငါဖျက်ဆီးမည်။

နောဖ (မင်ဖိ)
နေဖ

အဲဂုတ္တုမင်းမျိုး
အဲဂုတ္တုပြည်တွင် အလွန်အရေးပါသော အုပ်ချုပ်သူ။

အဲဂုတ္တုပြည်သည် ကြောက်ရွံ့မည်အကြောင်းကို ငါပြု မည်
အဲဂုတ္တုပြည်သားများကို ငါသည် အလွန်ကြောက်ရွံ့စေမည်။

ပါသရု
အဲဂုတ္တုပြည်တောင်ပိုင်းရှိ ဒေသဖြစ်သည်။

ဇောနမြို့ကိုလည်း မီးရှို့မည်
ဇောနမြို့ကိုလည်း ငါမီးရှို့ မည်။

ဇောန
ဇောန သည်လည်း အဲဂုတ္တုပြည်၏အရေးပါသောမြို့တစ်မြို့ဖြစ်သည်။

နော
အဲဂုတ္တုပြည်တောင်ပိုင်း၏ မြို့တော်ဖြစ်သည်။

Ezekiel 15

ယေဘုယျ အချက်အလက်
အဲဂုတ္တုပြည်အကြောင်း ထာဝရဘုရား၏ စကားတော်များဖြစ်သည်။

သိန်မြို့ အပေါ်သို့ ငါသည် အမျက်ကို သွန်းလောင်း၍၊
'သိန်' မြို့အပေါ် ငါသည် အမျက်ဖြင့်အမူပြုသဖြင့်၊ သို့မဟုတ် ငါသည်အလွန်အမျက်ထွက်သောကြောင့်၊ ငါသည် သိန် ကိုပြင်းထန်စွာ ဒဏ်ခတ်မည်။

သိန်
သိန် သည်လည်း အဲဂုတ္တုပြည်၏ အရေးပါသောမြို့တစ်မြို့ဖြစ်သည်။

နောမြို့ သား အလုံးအရင်းကို ပယ်ဖြတ်မည်
နေမြို့သားများစွာကို သတ်လိမ့်မည်။

နော
အခန်း ၃၀:၁၃ ကိုကြည့်ရန်။

အဲဂုတ္တုပြည်၌ မီးညှိ၍
ငါသည် အဲဂုတ္တုပြည်ကို မီးရှို့မည်။

တုန်လှုပ် ခြင်း
ကြီးစွာသောနာကျင်ခြင်း၊ သို့မဟုတ် ကြီးစွာသောနာကျင်မှုကို ခံစားရလိမ့်မည်။

နောမြို့ရိုးသည် ပြိုပေါက်ခြင်း
နော မြို့သည်ဖျက်ဆီးခြင်းခံရလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများသည် နော မြို့ကိုသိမ်းပိုက်ကြလိမ့်မည်။"

နောဖ
အခန်း ၃၀:၁၃ ကိုကြည့်ရန်။

နောဖမြို့သည် နေ့အချိန်၌ပင် စစ်တိုက်ခြင်းကို ခံရလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "နောဖမြို့သားတို့သည် နေ့တိုင်း စိုးရိမ်ကြလိမ့်မည်။"

Ezekiel 17

ယေဘုယျ အချက်အလက်
အဲဂုတ္တုပြည်အကြောင်း ထာဝရဘုရား၏ စကားတော်များ ဖြစ်သည်။

အာဝင်၊ ဖိဗေသက်
အဲဂုတ္တုပြည်တောင်ပိုင်းရှိ မြို့အမည်များဖြစ်သည်။

ထားဖြင့်လဲ၍ သေကြသဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်ပွဲတွင် သေကြလိမ့်မည်" သို့မဟုတ် "စစ်တွင် သေကြလိမ့်မည်။"

မိန်းမတို့သည် သိမ်းသွား ခြင်းကို ခံရကြလိမ့်မည်
ထိုမြို့များရှိလူများသည် သိမ်းသွားခြင်းခံရကြလိမ့်မည်၊ သို့မဟုတ် ၎င်းတို့၏လူများသည် အကျဉ်းသားများကဲ့သို့ ခေါ်ဆောင်ခြင်း ခံရကြလိမ့်မည်။

တာပနက်
အဲဂုတ္တုပြည်တောင်ပိုင်းရှိ အရေးပါသောမြို့တစ်မြို့ဖြစ်သည်။

နေ့အချိန် ၌ အလင်းကွယ်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "နေ့အချိန်သည် မှောင်မိုက်လိမ့်မည်။"

အဲဂုတ္တုလုံတံတို့ကို ငါချိုး၍
'လုံတံ' သည် လူများကိုဖိနှိပ်သည့်အဲဂုတ္တုပြည်၏တန်ခိုးကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သည် လူများအားဖိနှိပ်ခြင်းကို ငါရပ်တန့်စေသောအခါ၊" သို့မဟုတ် "အခြားတိုင်းတပါးများကို ထိန်းချုပ်သည့်အဲဂုတ္တုပြည်၏ တန်ခိုးကို ငါအဆုံးရောက်စေသောအခါ။"

ဂုဏ်အသရေဆုံးသောအခါ
အဲဂုတ္တုပြည်သည် ခွန်အားကြီးခြင်းဖြင့် ဝါကြွားနိုင်တော့မည်မဟုတ်၊ သို့မဟုတ် ၎င်းပြည်သည် ခွန်အားကြီးခြင်းဖြင့် ဝါကြွားနိုင်တော့မည် မဟုတ်။ (UDB)

မိုဃ်းအုံ၍
'မိုးတိမ်သည် အဲဂုတ္တုပြည်ကို ဖုံးလွှမ်းလိမ့်မည်၊ သို့မဟုတ် ထိုပြည်သည် မိုးတိမ်ဖုံးသကဲ့သို့ ဖြစ်လိမ့်မည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) တိမ်မည်းသည် အဲဂုတ္တုပြည်သားများ မည်မျှဝမ်းနည်းမည်ကို ပုံဆောင်သည်၊ သို့မဟုတ် (၂) အပျက်အစီးများထဲမှ ဖုန်များသည် တိမ်ကဲ့သို့ဖြစ်၍ အဲဂုတ္တုပြည်ကိုဖုံးလိမ့်မည်။

မြို့သမီးတို့
ဖြစ်နိုင်ချေရှိသောအဓိပ္ပါယ်များမှာ (၁) အဲဂုတ္တုပြည်မြို့များရှိလူများ၊ သို့မဟုတ် (၂) အဲဂုတ္တုလူများ၏ သမီးများ။

ထိုသို့အဲဂုတ္တုပြည်၌ ငါသည် အပြစ်ဒဏ်စီရင်၍၊
ငါသည် အဲဂုတ္တုပြည်ကို နည်းလမ်းများစွာဖြင့် ဒဏ်ခတ်မည်။

သူတို့…ရကြလိမ့်မည်
အဲဂုတ္တုပြည်သားများ….ဖို့ရန်။

ငါသည် …ထာဝရဘုရားဖြစ်ကြောင်းကို သူတို့သိရကြလိမ့်မည်
အခန်း ၆:၆ ကိုကြည့်ရန်။

Ezekiel 20

Then it came about
N/A

သက္ကရာဇ်တဆယ်တခု၊
အခန်း ၂၆:၁ ကို ကြည့်ရန်။

ပဌမလ ခုနစ်ရက်နေ့ တွင်
'ပထမလ၏ ခုနစ်ရက်နေ့။ ဟေဗြဲပြက္ခဒိန်၏ ပထမလဖြစ်သည်။ ခုနစ်ရက်နေ့သည် အနောက်တိုင်းပြက္ခဒိန်များတွင် ဧပြီလဆန်းပိုင်း ဖြစ်သည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍
ထာဝရဘုရားသည်စကားပြောတော်မူသည်။ အခန်း ၁:၁ ကိုကြည့်ရန်။

အချင်းလူသား
အခန်း ၂:၁ ကို ကြည့်ရန်။

အဲဂုတ္တုအရှင်ဘုရင် ဖာရော မင်း၏ လက်ရုံးကို ငါချိုးပြီး
'လက်ရုံး' သည် ဘုရင်၏ တန်ခိုးကို ရည်ညွှန်းသည်။

Behold!
N/A

ဆေးကု၍မထုပ်ရ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့လက်ကို အဝတ်ဖြင့်မစည်း၊ သက်သာဖို့ရန် ဆေးလည်းမလိမ်းရ။"

အဝတ်
ဒဏ်ရာကို သက်သာစေဖို့ ပတ်စည်းရန် လူများအသုံးပြုသော နူးညံ့သောအဝတ်စ (ပတ်တီး)။

ထားကိုင်စေဘို့ ပကတိခွန်အား ရှိစေခြင်းငှါ အဝတ်နှင့်မစည်းရ
'ဓား' သည် စစ်ပွဲတွင် ဘုရင်၏ တန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့လက်သည် ဓားကိုပင်မကိုင်မသုံးနိုင်အောင်။"

Ezekiel 22

အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား
အခန်း ၃:၁၀ ကိုကြည့်ရန်။

ခိုင်မာသော လက်ရုံးနှင့် အရင်ချိုးသောလက်ရုံး
ကောင်းသောလက်နှင့် ကျိုးသောလက် နှစ်ဘက်စလုံး။

ထားကို သူ့လက်မှ ကျစေမည်
ဖာရောဘုရင်၏လက်မှ ဓားကို ငါလှုပ်၍ ကျစေမည်။

အဲဂုတ္တုလူတို့ကို အတိုင်းတိုင်း အပြည်ပြည်တို့ တွင် ကွဲပြားပြန့်လွင့်စေမည်
အခန်း ၂၀:၂၃ ရှိအလားတူစကားစု ဘာသာပြန်ပုံကို ကြည့်ရန်။

အတိုင်းတိုင်း အပြည်ပြည်
တိုင်းပြည်များ။

ဗာဗုလုန်ရှင်ဘုရင်ကို ငါခိုင်မာစေ၍၊
ဗာဗုလုန်ရှင်ဘုရင်၏လက်များကို ငါသည်ခိုင်မာစေမည်။

ဗာဗုလုန်ရှင်ဘုရင်ရှေ့မှာ အော်ဟစ် ရလိမ့်မည်။
ဗာဗုလုန်ရှင်ဘုရင်သည် အဲဂုတ္တုပြည်ကိုလာ၍ တိုက်သောအခါ ဖာရောဘုရင်သည် ငိုးကြွေးညည်းတွားလိမ့်မည်။

အော်ဟစ်
လူများ အလွန်နာကျင်စဉ်ပြုသော ကျယ်လောင်သောဆူညံသံ။

အသေသတ်ခြင်းကို ခံရသောသူ အော်ဟစ်သကဲ့သို့၊
နာကျင်၍သေလုမျောပါးလူကဲ့သို့ သို့မဟုတ် သေလုမျောပါးလူကဲ့သို့။

Ezekiel 25

ဗာဗုလုန်ရှင်ဘုရင်၏ လက်ရုံးတို့ကို ငါခိုင်မာစေ မည်
ဗာဗုလုန်ရှင်ဘုရင်၏လက်များကို ငါသည် ခွန်အားကြီးစေမည်ဖြစ်သောကြောင့်။

လက်မူကား၊ အောက်သို့ကျလိမ့် မည်
ဖာရောဘုရင်သည် သူ့လက်များကို အသုံးပြုနိုင်မည်မဟုတ်၊ သို့မဟုတ် သူ့လက်များသည် အသုံးပြု၍မရအောင် အားနည်းကြလိမ့်မည်။

သူတို့...
အဲဂုတ္တုပြည်သားများ၊ သို့မဟုတ် ထာဝရဘုရားပြုသောအမှုကိုကြားသောသူများအားလုံးကို ဆိုလိုခြင်းဖြစ်နိုင်သည်။

ငါသည် ထာဝရဘုရား ဖြစ်ကြောင်း
အခန်း ၆:၆ ကိုကြည့်ရန်။

သူသည် အဲဂုတ္တုပြည်ကို ထိုထားနှင့်ခုတ်သောအခါ
ဗာဗုလုန်ဘုရင်သည် ငါ၏ဓားဖြင့် အဲဂုတ္တုပြည်ကိုတိုက်ခိုက်လိမ့်မည်။

ထိုသို့ အဲဂုတ္တုလူတို့ကို အတိုင်းတိုင်းအပြည်ပြည် တို့၌ ငါကွဲပြားပြန့်လွင့်စေမည်
အခန်း ၂၀:၂၃ ရှိ အလားတူစကားစု ဘာသာပြန်ပုံကိုကြည့်ရန်။

---

## Translation Questions

Ezekiel 30:1

ထာဝရဘုရား၏ နေ့နှင့် အချိန်သည် မည်သည့်နေ့ရက်ဖြစ်သနည်း။
ထာဝရဘုရား၏နေ့သည် မိုဃ်းအုံသော နေ့၊ တပါးအမျိုးသားဘို့ ချိန်းချက်သော အချိန်နီးသောအခါဖြစ်သည်။

Ezekiel 30:4

ထာဝရဘုရား၏ နေ့ရက်ကာလတွင် အဲဂုတ္တုပြည်၊ အဲသယောပိပြည်သား၊ ဖုတပြည်သား၊ လုဒ ပြည်သား၊ အမျိုးမစစ်သော လူရှိသမျှ၊ ခုဘအမျိုးသား၊ မိဿဟာယဖွဲ့သော ပြည်သားတို့တွင် မည်သို့ ဖြစ်ပျက်လိမ့်မည်နည်း။
ထာဝရဘုရား၏ နေ့ရက်ကာလတွင် ထိုပြည်သားတို့သည် ထားဘေးဖြင့် သေရကြလိမ့်မည်။

Ezekiel 30:8

အဲဂုတ္တုပြည်နှင့် ထိုပြည်ကို မစသမျှသောသူတို့သည် ပျက်စီးလျှင် လူများသည် မည်သို့ သိလာကြမည်နည်း။
လူများတို့က ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ကို သိလာကြမည်။

Ezekiel 30:10

မည်သူ၏ လက်ကို ထာဝရဘုရားက အသုံးပြု၍ အဲဂုတ္တုပြည်ကို ဖျက်ဆီးစေလိမ့်မည်နည်း။
ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ၏ လက်ကို အသုံးပြု၍ အဲဂုတ္တုပြည်ကို ထာဝရဘုရားက ဖျက်ဆီးစေလိမ့်မည်။

Ezekiel 30:13

နောဖပြည်အဆုံးတွင် ထာဝရဘုရားက မည်သည့်အရာကို ယူဆောင်လာလိမ့်မည်နည်း။

နောဖပြည်အဆုံးတွင် ထာဝရဘုရားက ရုပ်တု ဆင်းတုတို့ကို ယူ၍ ဖျက်ဆီးလိမ့်မည်။

Ezekiel 30:17

ထာဝရဘုရားက ဖျက်ဆီးသောအခါ အဲဂုတ္တုပြည်၌ ကျန်ကြွင်းသောသူတို့သည် မည်သို့ ဖြစ်ပျက်လာလိမ့်မည်နည်း။

ထာဝရဘုရားက ဖျက်ဆီးသောအခါ အဲဂုတ္တုပြည်၌ ကျန်ကြွင်းသောသူတို့သည် သိမ်းသွားခြင်းကို ခံရကြသည်။

Ezekiel 30:20

ထာဝရဘုရားက ဖာရောဘုရင်၏ လက်ရုံးကို ချိုး၍ မည်သို့ ပြုလုပ်ရန် မတတ်နိုင်သည်ဟု ပြောသနည်း။

ထာဝရဘုရားက သူသည် ဖာရောဘုရင်၏ လက်ရုံးကို ချိုး၍ ပကတိခွန်အား ရှိစေရန် အဝတ်နှင့်မစည်းရဟု ပြောသည်။

Ezekiel 30:22

အဲဂုတ္တုပြည်ဖျက်ဆီးခြင်းခံရပြီးနောက်တွင် ထာဝရဘုရားက အဲဂုတ္တုလူတို့အား မည်သို့ ပြုလုပ်လိမ့်မည်နည်း။

ထာဝရဘုရားက အဲဂုတ္တုလူတို့ကို အတိုင်းတိုင်း အပြည်ပြည်တို့တွင် ကွဲပြားစေလိမ့်မည်။

Ezekiel 30:25

မည်သူ၏ လက်ရုံးတို့ကို ထာဝရဘုရား ခိုင်မာစေလိမ့်မည်နည်း။

ဗာဗုလုန်ရှင်ဘုရင်၏ လက်ရုံးတို့ကို ထာဝရဘုရားက ခိုင်မာစေလိမ့်မည်။

ဖာရောဘုရင်၏ လက်သည် မည်သို့ ဖြစ်ပျက်လာမည်နည်း။

ဖာရောဘုရင်၏ လက်သည် အောက်သို့ ကျလိမ့်မည်။

---

## Chapter 31

[1] သက္ကရာဇ် တဆယ်တခု၊ တတိယလတရက်နေ့ တွင်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ [2]
အချင်းလူသား၊ သင်သည် အဲဂုတ္တုရှင်ဘုရင် ဖာရောမင်းနှင့် သူ၏အလုံးအရင်းအား ဟောပြောရမည် မှာ၊ သင်သည် ဘုန်းတန်ခိုးကြီး၍
အဘယ်သူနှင့် တူသနည်း။ [3] အာရှုရိလူသည် အဆင်းလှ၍ လွှမ်းမိုးသော အကိုင်း၊ မြင့်သောအရပ်၊ ထူထပ်သောအခက်အလက် တို့နှင့်
ပြည့်စုံသော ထိပ်ဖျားရှိသော လေဗနန်အာရဇ်ပင်ဖြစ်၏။ [4] မြစ်ရေ၏ကျေးဇူးကြောင့် ကြီးမားခြင်း၊ နက်နဲ
သောရေ၏ကျေးဇူးတရားကြောင့် အရပ်မြင့်ခြင်းရှိ၏။ သူစိုက်ရာ အရပ်ရပ်တို့၌ ရေစီး၍၊ ခပ်သိမ်းသော တော ပင်ရှိရာသို့
မြစ်ရေသည် နှံ့ပြားလေ၏။ [5] ထိုသို့သောအားဖြင့် တောသစ်ပင်တကာတို့ ထက် အရပ်မြင့်လေ၏။ တိုးပွားသောအခါ ရေများသော
ကြောင့် အကိုင်းအခက်များပြား၍၊ အလက်တို့သည် ရှည်လျားကြ၏။ [6] မိုဃ်းကောင်းကင်ငှက်အပေါင်းတို့သည် အကိုင်း အခက်တို့၌
အသိုက်လုပ်ကြ၏။ တောတိရစ္ဆာန်အပေါင်း တို့သည် အကိုင်းအခက်တို့ အောက်၌သာ ဘွားကြ၏။ ထိုအပင်၏ အရပ်၌ကြီးမားသော
လူမျိုးအပေါင်းတို့ သည် နေကြ၏။ [7] ထိုသို့ ရေများသောအရပ်၌ အမြစ်စွဲသော ကြောင့်၊ ကြီးမြင့်၍ အခက်အလက်ရှည်လျားသဖြင့်
လှသောအဆင်းနှင့် ပြည့်စုံ၏။ [8] ဘုရားသခင်၏ ဥယျာဉ်တော်၌ အာရဇ်ပင်တို့ သည် ထိုအပင်ကို မကွယ်နိုင်။ ထင်းရှူးပင်နှင့် အာရမုန်
ပင်တို့သည် ထိုသို့သော အကိုင်းအခက်နှင့်မပြည့်စုံကြ။ ဘုရားသခင်၏ ဥယျာဉ်တော်၌ သစ်ပင်တပင်မျှ ထိုအပင် ကဲ့သို့ အဆင်းမလှ။
[9] ဧဒင်အရပ်၊ ဘုရားသခင်၏ဥယျာဉ် တော်၌ ရှိသမျှသော သစ်ပင်တို့သည် ထိုအပင်ကို ငြူစူ သည်တိုင်အောင်
အခက်အလက်များပြားသောအားဖြင့် သူ၏အဆင်းကို ငါလှစေ၏။ [10] တဖန်အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊
ထိုအာရဇ်ပင်သည် အရပ်မြင့်လျက်၊ ထူထပ်သော အခက်အလက်တို့နှင့် ပြည့်စုံသော မိမိထိပ်ဖျားကို ချီမြှောက်လျက်၊
စိတ်လည်းမြင့်၍ ဝါကြွားလျက်ရှိသော ကြောင့်၊ [11] လူမျိုးတို့တွင် တန်ခိုးကြီး၍ သူ့ကိုကျပ်တည်းစွာ စီရင်သော သူ၏လက်သို့
ငါအပ်လေပြီ။ သူပြုသော အဓမ္မအမှုကြောင့် နှင်ထုတ်လေပြီ။ [12] ကြောက်မက်ဘွယ်သော တကျွန်းတနိုင်ငံသား တို့သည် သူ့ကို
ခုတ်လှဲ၍ ပစ်ထားကြပြီ။ အကိုင်းအခက် တို့သည် တောင်ပေါ်နှင့် ချိုင့်ထဲမှာကျ၍ တပြည်လုံး မြစ်နားမှာ ကျိုးပဲ့လျက်နေကြ၏။
မြေကြီးသာအပေါင်း တို့သည် သူ့အရိပ်ထဲကထွက်၍ သူ့ကိုစွန့်သွားကြ၏။ [13] မိုဃ်းကောင်းကင်ငှက်နှင့် တောတိရစ္ဆာန်
အပေါင်းတို့သည် ကျိုးပဲ့သော အကိုင်းအခက်တို့ အပေါ် မှာ နေရကြ၏။ [14] အကြောင်းမူကား၊ ရေနားမှာရှိသမျှသော သစ် ပင်တို့တွင်
တပင်မျှအရပ်မြင့်သောကြောင့် မဝါကြွား။ ထူထပ်သော အခက်အလက်တို့တွင် မိမိထိပ်ဖျားကို မချီမြှောက်မည်အကြောင်း၊
ရေကိုသောက်သမျှသော အပင်တပင်မျှအရပ်မြင့်လျက် မပြိုင်ဝံ့မည်အကြောင်း တည်း။ ထိုအပင်အပေါင်းတို့သည် မြေတွင်းထဲသို့
ဆင်း တတ်သောလူသားတို့နှင့်အတူ သေခြင်းသို့၎င်း၊ မြေ အောက်အရပ်သို့၎င်း ရောက်စေခြင်းငှါ ငါအပ်လေပြီ။ [15]
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သူသည် မရဏာနိုင်ငံထဲသို့ ဆင်းသွားသောနေ့၌ နက်နဲ သောအရပ်ကို သူ့အဘို့မသာ
အဝတ်နှင့် ငါဖုံးလွှမ်း၏။ လှိုင်းတံပိုးတို့ကို ငါကန့်ကွက်၍ ကြီးစွားသော ရေကို ချုပ်ထား၏။ လေဗနန်တောင်ကို သူ့အဘို့ မသာအဝတ်
ကို ဝတ်စေ၍၊ တောသစ်ပင်အပေါင်းတို့သည် စိတ်ပျက် ကြ၏။ [16] မြေတွင်းထဲသို့ ဆင်းသွားသောသူတို့နှင့်အတူ သူ့ကို
မရဏာနိုင်ငံထဲသို့ ငါနှိမ့်ချသောအခါ၊ နှိမ့်ချသံ အားဖြင့် လူအမျိုးမျိုးတို့ကို ငါတုန်လှုပ်စေ၏။ ဧဒင် သစ်ပင်ရှိသမျှတို့နှင့်
အကောင်းဆုံး။ အမြတ်ဆုံးသော လေဗနန်သစ်ပင်မှစ၍၊ ရေကိုသောက်သမျှသော သစ်ပင်တို့သည် မြေအောက်အရပ်တို့၌
သက်သာခြင်းသို့ ရောက်ကြ၏။ [17] ထိုသူနှင့်တကွ သူ့လက်ရုံးဖြစ်၍၊ လူမျိုးတို့တွင် သူ့အရိပ်ကို ခိုသောသူတို့သည် ထားဖြင့်
အသေခံရသော သူတို့ နေရာ၊ မရဏာနိုင်ငံထဲသို့ လိုက်သွားကြ၏။ [18] သင်သည် ဘုန်းတန်ခိုးအာနုဘော်အားဖြင့် အဘယ်မည်သော
ဧဒင်သစ်ပင်နှင့် တူသနည်း။ သင် သည် ဧဒင်သစ်ပင်တို့နှင့်အတူ မြေအောက်အရပ်သို့ နှိမ့်ချခြင်းကိုခံရမည်။ အရေးဖျားလှီးခြင်းကို
မခံသောလူ၊ ထားဖြင့်အသေခံရသောသူတို့နှင့်အတူ လဲ၍နေရမည်။ ထိုသို့ဖာရောဘုရင်နှင့် သူ့အလုံးအရင်းရှိသမျှတို့သည်
ဖြစ်ရကြမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 32

1 သက္ကရာဇ် တဆယ်နှစ်ခု၊ ဒွါဒသမလတရက်နေ့ တွင်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2
အချင်းလူသား၊ သင်သည်အဲဂုတ္တုရှင်ဘုရင် ဖာရောမင်းအတွက် မြည်တမ်းခြင်းကိုပြု၍ ပြောဆိုရမည် မှာ၊ သင်သည်လူမျိုးတို့တွင်
ခြင်္သေ့ပျိုကဲ့သို့ဖြစ်၏။ အိုင်၌ နေသောမိကျောင်းကဲ့သို့လည်းဖြစ်၍၊ မြစ်တို့ကို ကူးသွားလျက်၊ ခြေဖြင့်ရေကိုလှုပ်ရှားလျက် မြစ်ရေကို
နောက်စေ၏။ 3 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ လူမျိုးများစုဝေးလျက်၊ ငါသည် ပိုက်ကွန်နှင့်သင့်ကို အုပ်မိ ၍၊ သူတို့သည်
ပိုက်ကွန်နှင့်တကွ သင့်ကို ဆွဲယူကြလိမ့် မည်။ 4 ငါသည် သင့်ကိုကုန်းပေါ်မှာတင်၍ လွင်ပြင်၌ ပစ်ထားမည်။
မိုဃ်းကောင်းကင်ငှက်အပေါင်းတို့ကို သင့် အပေါ်မှာ နားစေမည်။ မြေသားအပေါင်းတို့ကို ဝစွာ ကျွေးမည်။ 5 သင့်အသားကို
တောင်တို့အပေါ်၌ ငါခင်းမည်။ ချိုင့်တို့ကို သင့်ကိုယ်နှင့် ပြည့်စေမည်။ 6 သင်မှ ယိုသော အသွေးဖြင့် မြေကိုတောင်ထိပ် တိုင်အောင်
စိုစေမည်။ မြစ်တို့သည် သင့်အသွေးနှင့် ပြည့်ကြလိမ့်မည်။ 7 သင့်ကို ငါဆုံးစေသောအခါ မိုဃ်းကောင်းကင် ကို ငါဖုံးလွှမ်း၍
ကြယ်တို့ကို မိုက်စေမည်။ နေကို မိုဃ်းအုံ စေ၍ လသည်လည်း အလင်းကို မပေးရ။ 8 သင့်အထက်၊ မိုဃ်းကောင်းကင်၌
ထွန်းလင်းသော အလင်းအိမ် အလုံးစုံတို့ကို မိုက်စေ၍၊ သင့်ပြည်ကို မှောင် မိုက်နှင့် ဖုံးလွှမ်းမည်။ 9 သင်မသိဘူးသော
အတိုင်းတိုင်းအပြည်ပြည်တို့ တွင် သင်ပျက်စီးခြင်းအကြောင်းကို ငါကြားစေသောအခါ၊ လူမျိုးများတို့ကို စိတ်ပူပန်စေမည်။ 10
အကယ်စင်စစ် သင့်အမှုကြောင့် လူမျိုးများ တို့ကို ငါမိန်းမောတွေဝေစေမည်။ ငါသည် ရှင်ဘုရင်တို့ ရှေ့မှာ ထားနှင့်ရွယ်သောအခါ၊
သူတို့သည် သင့်အမှု ကြောင့် အလွန်ထိတ်လန့်ကြလိမ့်မည်။ သင်ဆုံးရှုံးသော နေ့၌သူတို့သည် အသီးအသီး မိမိတို့အသက်ကြောင့်
ခဏခဏ စိုးရိမ်တုန်လှုပ်ကြလိမ့်မည်ဟု အရှင်ထာဝရ ဘုရားမိန့်တော်မူ၏။ 11 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊
ဗာဗုလုန်ရှင်ဘုရင်၏ ထားသည် သင့်အပေါ်သို့ ရောက် လိမ့်မည်။ 12 ခွန်အားကြီးသောသူ၊ ကြောက်မက်ဘွယ်သော လူမျိုး
အပေါင်းတို့ဖြင့် သင်၏အလုံးအရင်းကို ငါလဲ စေမည်။ သူတို့သည် အဲဂုတ္တုမာနကို နှိမ့်ချ၍၊ ပြည်သား အလုံးအရင်းရှိသမျှကို
ဖျက်ဆီးကြလိမ့်မည်။ 13 များစွာသော ရေအနားမှာ ကျက်စားသမျှသော တိရစ္ဆာန်တို့ကိုလည်း ငါပယ်ရှင်းမည်။ နောက်တဖန်
လူခြေနှင့် တိရစ္ဆာန်ခြေသည် ထိုရေကို မနောက်စေရ။ 14 ထိုရေကို ငါကြည်စေ၍ မြစ်ရေသည် ဆီကဲ့သို့ စီးစေမည်ဟု
အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 15 ငါသည် အဲဂုတ္တုပြည်၌ ဥစ္စာရှိသမျှကို ကုန်စေ ခြင်းငှါ သုတ်သင်ပယ်ရှင်း၍၊ ပြည်သူပြည်သား
အပေါင်း တို့ကို ဒဏ်ခတ်သောအခါ၊ ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကို သိရကြလိမ့်မည်။ 16 ဤရွေ့ကား၊ အဲဂုတ္တုပြည်အတွက်
ပြုရသော မြည်တမ်းခြင်းတည်း။ အမျိုးမျိုးသော သတို့သမီးတို့ သည်လည်း မြည်တမ်း၍၊ အဲဂုတ္တုပြည်နှင့် ပြည်သား
အလုံးအရင်းရှိသမျှတို့အတွက် မြည်တမ်းကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 17 သက္ကရာဇ် တဆယ်နှစ်၊
ပဉ္စမလတဆယ်ငါးရက် နေ့တွင်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 18 အချင်းလူသား၊
အဲဂုတ္တုပြည်သားအလုံးအရင်း အတွက် မြည်တမ်းခြင်းကို ပြုလော့။ မြေတွင်းထဲသို့ ဆင်းသွားသောသူတို့နေရာ မြေအောက်အရပ်သို့
တိုင် အောင်၊ ကျော်စောသောလူမျိုးသတို့သမီးတို့နှင့်တကွ နှိမ့်ချ လျက် မြွက်ဆိုရမည်မှာ၊ 19 သင်သည်
သူတပါးထက်သာ၍လှသလော။ အရေဖျားလှီးခြင်းကို မခံသော လူတို့နှင့်အတူ ဆင်းသက် ၍ နေရာကျလော့။ 20 ထားဘေး၌
အပ်သည်ဖြစ်၍၊ ထားဖြင့်သေသော သူတို့နှင့်အတူ လဲ၍သေရသောကြောင့်၊ သူကိုယ်တိုင်မှ စ၍ သူ၏ လူအလုံးအရင်းရှိသမျှတို့ကို
ဆွဲကြလော့။ 21 ခွန်အားအကြီးဆုံးသော သူရဲတို့သည် မရဏာ နိုင်ငံထဲက သူနှင့် သူ၏အခြံအရံတို့ကို နှုတ်ဆက်ကြလိမ့် မည်။
သူတို့သည်လည်း ဆင်းသွားကြပြီ။ ထားနှင့်သေ၍၊ အရေဖျားလှီးခြင်းမခံသော အဖြစ်၌လဲနေလျက် ရှိကြ၏။ 22 ထိုအရပ်၌
အာရှုရနှင့်သူ၏ လူအလုံးအရင်း အပေါင်းလည်း ရှိကြ၏။ သူတို့သည် ထားဖြင့်သေ၍ လဲနေလျက်၊ ပတ်လည်အရပ်ရပ်တို့၌
သူတို့သင်္ချိုင်းများ ရှိကြ၏။ 23 ထိုသင်္ချိုင်းတို့သည် ဥမင်းအတွင်း အနားမှာ စီးလျက်၊ မင်းသင်္ချိုင်း၌ ပတ်လည်ခြံရံလျက် ရှိကြ၏။
အသက်ရှင်သော သူတို့၏နေရာ၌ သူတပါးကို ကြောက် စေတတ်သောသူဖြစ်သော်လည်း၊ ထိုသူရှိသမျှတို့သည်
ထားဖြင့်သေ၍လဲနေကြ၏။ 24 ထိုအရပ်၌ ဧလံနှင့်သူ၏ သင်္ချိုင်းပတ်လည်၌ သူ၏လူအလုံးအရင်းရှိသမျှတို့သည် ထားဖြင့်သေ၍
လဲလျက်ရှိကြ၏။ အသက်ရှင်သော သူတို့၏နေရာ၌ သူတပါးကို ကြောက်စေတတ်သော်လည်း၊ အရေဖျားလှီး ခြင်းကိုမခံသော
လူဖြစ်၍မြေအောက်အရပ်သို့ ဆင်း သွားရသဖြင့်၊ မြေတွင်းထဲသို့ ဆင်းသွားသောသူတို့နှင့် အတူ အရှက်ကွဲလျက်
သေသောသူတို့နှင့်အတူ နေရာကျ ကြ၏။ 25 မိမိအလုံးအရင်းနှင့် အိပ်၍သူတို့ သင်္ချိုင်းတွင်း တို့သည် ပတ်လည်၌ ရှိကြ၏။
ထိုသူရှိသမျှတို့သည် အရေဖျားလှီးခြင်းကို မခံသောလူဖြစ်၍ထားခြင့် သေကြ ၏။ အသက်ရှင်သောသူတို့၏ နေရာ၌သူတပါးကို
ကြောက်စေတတ်သော်လည်း၊ မြေတွင်းထဲသို့ ဆင်သွား သော သူတို့နှင့်အတူ အရှက်ကွဲသဖြင့်၊ သေသောသူတို့နှင့် အတူ
နေရာကျကြ၏။ 26 ထိုအရပ်၌ မိမိအလုံးအရင်းရှိသမျှတို့နှင့်အတူ မေရှက်လည်း ရှိ၏။ တုဗလလည်းရှိ၏။ သင်္ချိုင်းတွင်း တို့သည်
ပတ်လည်၌ရှိကြ၏။ အသက်ရှင်သောသူတို့၏ နေရာ၌ သူတပါးကိုကြောက်စေတတ်သော်လည်း ထိုသူ ရှိသမျှတို့သည်
အရေဖျားလှီးခြင်းကို မခံသောသူဖြစ်၍ ထားဖြင့် သေလျက်နေကြ၏။ 27 သူတို့သည် ရှေးကာလ၌ လဲ၍သေသော၊ အရေ
ဖျားလှီးခြင်းကို မခံသော လူကြီးတို့နှင့်အတူ အိပ်၍ နေရကြလိမ့်မည်မဟုတ်လော။ ထိုလူကြီးတို့သည် အသက်ရှင်သောသူတို့၏
နေရာ၌ လူကြီးတို့ကို ကြောက် သေတတ်သော်လည်း၊ စစ်တိုက်လက်နက်ပါလျက် မရဏာနိုင်ငံထဲသို့ဆင်းသွား၍၊ မိမိထားကို မိမိ

ခေါင်းအောက်မှာ ထားလျက်၊ မိမိတို့အရိုးပေါ်မှာ မိမိတို့ အပြစ်တည်လျက် ရှိကြ၏။ [28] သင်သည်လည်း၊ အရေဖျားလှီးခြင်းကိုမခံသော လူတို့အလယ်၌ ကျိုးပျက်၍၊ ထားဖြင့်သေသော သူတို့နှင့် အတူ လဲလျက်နေရလိမ့်မည်။ [29] ထိုအရပ်၌ ဧဒုံလည်းရှိ၏။ ဧဒုံရှင်ဘုရင်နှင့် မှူးတော် မတ်တော်တို့သည် မိမိတို့တန်ခိုးပါလျက်၊ ထားဖြင့်သေသော သူတို့နှင့်အတူ နေရာကျ၍၊ အရေဖျား လှီးခြင်းကို မခံသောလူ၊ မြေတွင်းထဲသို့ ဆင်းသွားသောသူတို့နှင့်အတူ အိပ်ရကြ၏။ [30] ထိုအရပ်၌ မြောက်ပြည်မင်း၊ ဇိဒုန်မင်းအပေါင်း တို့သည် ရှိကြ၏။ ကိုယ်တန်ခိုးကို ရှက်လျက်၊ ထိတ်လန့်လျက် သေသောသူတို့နှင့်အတူ ဆင်းသွားကြပြီ။ ထားဖြင့် သေသောသူတို့နှင့်အတူ အရေဖျားလှီးခြင်းကို မခံသော လူဖြစ်၍ အိပ်ကြ၏။ မြေတွင်းထဲသို့ ဆင်းသက်သော သူတို့နှင့်အတူ အရှက်ကွဲလျက် နေကြ၏။ [31] ဖါရောဘုရင်သည် ထိုလူများကိုမြင်၍၊ ထားဖြင့် သေသော မိမိလူအလုံးအရင်း ရှိသမျှတို့ကြောင့် ပူပန်သော စိတ်လျော့၍၊ ဖာရောဘုရင်နှင့် မိမိဗိုလ်ခြေ အပေါင်းတို့သည် သက်သာကြလိမ့်မည်ဟု အရှင်ထာဝရ ဘုရား မိန့်တော်မူ၏။ [32] အသက်ရှင်သော သူတို့၏နေရာ၌ သူသည် သူတပါးတို့ကို ကြောက်စေသောအခွင့်ကို ငါပေးသော် လည်း၊ ဖာရောဘုရင်နှင့် သူ၏လူအလုံးအရင်းရှိသမျှ တို့သည် ထားဖြင့် သေသောလူတို့အလယ်၌ လဲ၍ နေကြလိမ့်မည်ဟု အရှင်ဘုရားမိန့်တော်မူ၏။

## Chapter 33

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက် လာ၍၊ 2 အချင်းလူသား၊ သင်၏ အမျိုးသားအချင်းတို့ အား
ဟော်ပြော၍ ဆင့်ဆိုရမည်မှား၊ ငါသည် တစုံတခု သောပြည်သို့ ထားဘေးရောက်စေသောအခါ၊ ပြည်သား တို့သည်
ပြည်သားတယောက်ကို ယူ၍ ကင်းစောင့် ထားပြီးမှ၊ 3 ထိုသူသည် ထားဘေးရောက်သည်ကို မြင်လျက် တံပိုးမှုတ်၍
သတိပေးသော်လည်း၊ 4 တစုံတယောက်သောသူသည် တံပိုးမှုတ်သံကို ကြားလျက်နှင့် အမှုမထား၊ ထားဘေးရောက်၍ သူ၏
အသက်ဆုံးလျှင်၊ ထိုသူသည် ကိုယ်အသက်ဆုံးသော အပြစ်ကို ကိုယ်တိုင်ခံရမည်။ 5 တံပိုးမှုတ်သံကိုကြား၍ အမှုမထားသောကြောင့်၊
ကိုယ်အသက် ဆုံးသောအပြစ်ကို ကိုယ်တိုင်ခံရမည်။ အမှုထားသောသူမူကား၊ ကိုယ်အသက်ကို ကယ်တင် လိမ့်မည်။ 6 သို့မဟုတ်
ကင်းစောင့်ထားသောသူသည် ထားဘေး ရောက်ကြောင်းကိုမြင်လျက် တံပိုးမမှုတ်၊ ပြည်သားတို့ အား အသိမပေးသောကြောင့်
ထားဘေးရောက်၍ တစုံတယောက်သောသူ အသက်ဆုံးလျှင်၊ ထိုသူသည် မိမိအပြစ်ကြောင့် အသက်ဆုံးသော်လည်း၊ သူ၏အသက်
ကို ကင်းစောင့်သောသူ၌ ငါတောင်းမည်။ 7 ထိုအတူ၊ အချင်းလူသား၊ သင့်ကိုဣသရေလ အမျိုး၌ ကင်းစောင့်စေခြင်းငှါ
ငါခန့်ထားသောကြောင့်၊ သင်သည်ငါ၏ နှုတ်ထွက်စကားကို နာခံ၍ သူတို့ကို သတိပေးရမည်။ 8 ငါသည် လူဆိုးအား၊ အိုလူဆိုး၊
အကယ်စင်စစ် သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသောသူကို သူ၏လမ်းမှ လွှဲစေခြင်းငှါ သင်သည် သတိမပေးလျှင်၊
ထိုလူဆိုးသည် မိမိအပြစ်ကြောင့် အသက်ဆုံးလိမ့်မည်။ သို့ရာတွင်၊ သူ၏အသက်ကိုသင်၌ ငါတောင်းမည်။ 9 သို့မဟုတ်။
လူဆိုးကိုသူ၏ လမ်းမှလွှဲစေခြင်းငှါ သင်သည် သတိပေး၍ သူသည်မလွှဲဘဲနေလျှင်၊ မိမိ အပြစ်ကြောင့် အသက်ဆုံးသော်လည်း၊
သင်သည် ကိုယ် အသက်ကို ကယ်တင်ပြီ။ 10 သို့ဖြစ်၍၊ အချင်းလူသား၊ ဣသရေလ အမျိုးသားတို့အား ဟောပြောရမည်မှား၊
ငါတို့သည် ကိုယ်ပြုမိသော ဒုစရိုက်အပြစ်ကို ခံရသဖြင့် အားလျော့ သည်ဖြစ်၍၊ အဘယ်သို့ အသက်ရှင်နိုင်ပါမည်နည်းဟု
သင်တို့ဆိုကြသော်၊ 11 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေ ခံခြင်းအမှုကို
ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုသော လမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။
အိုဣသရေလအမျိုးသားတို့၊ သင်တို့လိုက် သောလမ်းဆိုးမှ လွှဲကြလော့။ လွှဲကြလော့။ အဘယ် ကြောင့်အသေခံလိုကြသနည်း။ 12
သို့ဖြစ်၍၊ အချင်းလူသား၊ သင်၏အမျိုးသား ချင်းတို့အား ဟောပြောရမည်မှာ၊ ဖြောင့်မတ်သော သူသည် ဖေါက်ပြန်လျှင်၊
အရင်ဖြောင့်မတ်ခြင်း အမှုသည် သူ့ကို ကယ်တင်ရမည်မဟုတ်။ ဆိုးသောသူသည် ဆိုးသောအမှုကိုရှောင်လျှင်၊
အရင်ဆိုးသောအမှုကြောင့် ပျက်စီးခြင်းသို့ ရောက်ရမည်မဟုတ်။ ဖြောင့်မတ်သော သူသည်ပြစ်မှားသောနေ့၌ အသက်ရှင်ရသော
အခွင့် မရှိရ။ 13 ဖြောင့်မတ်သောသူသည် စင်စစ်အသက်ရှင်ရ လိမ့်မည်ဟု ငါဆိုသော်လည်း၊ သူသည် မိမိဖြောင့်မတ် ခြင်းကို
ကိုးစား၍ ဒုစရိုက်ကိုပြုမိလျှင်၊ အရင်ဖြောင့်မတ် ခြင်း အမှုတစုံတခုကိုမျှ မအောက်မေ့ရ။ ပြုမိသော ဒုစရိုက်ကြောင့်
အသေခံရလိမ့်မည်။ 14 တဖန်ဆိုးသော သူအား သင်သည် စင်စစ် အသေခံရလိမ့်မည်ဟု ငါဆိုသော်လည်း၊ ထိုသူသည် မိမိဒုစရိုက်ကို
ရှောင်၍၊ တရားသောအမှု၊ ဖြောင့်မတ် သောအမှုကို ပြုလျက်၊ 15 ပေါင်ထားသောဥစ္စာကို မသိုထား၊ လုယူသော ဥစ္စာကို ပြန်ပေးလျက်၊
အဓမ္မအမှုကို မပြုဘဲအသက် ရှင်ရာပညတ်တရားလမ်းသို့လိုက်လျှင်၊ အသေမခံရဘဲ စင်စစ်အသက်ရှင်ရလိမ့်မည်။ 16 ပြုမိသော
ဒုစရိုက်အပြစ်တစုံတခုကိုမျှ သူ၌ မတင်။ တရားသောအမှု၊ ဖြောင့်မတ်သောအမှုကို ပြုသောကြောင့် စင်စစ်အသက်ရှင်ရလိမ့်မည်။ 17
သို့သော်လည်း၊ သင်၏အမျိုးသားချင်းတို့က၊ ထာဝရဘုရား စီရင်ချက်မဖြောင့်ဟု ဆိုကြသည်ဖြစ်၍၊
သူတို့စီရင်ချက်မဖြောင့်ပါတကား။ 18 ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်းကို စွန့်၍ ဒုစရိုက်ကိုပြုမိလျှင်၊
ထိုဒုစရိုက်အပြစ်ကြောင့် အသေခံရလိမ့်မည်။ 19 ဆိုးသောသူမူကား၊ မိမိဒုစရိုက်ကိုရှောင်၍ တရားသောအမှု၊ ဖြောင့်မတ်သောအမှုကို
ပြုလျှင်၊ ထိုအမှုကြောင့် အသက်ရှင်ရလိမ့်မည်။ 20 သို့သော်လည်း၊ သင်တို့က၊ ထာဝရဘုရား စီရင် ချက်မဖြောင့်ဟု
ဆိုကြသည်တကား။ အိုဣသရေလ အမျိုးသားတို့၊ သင်တို့ အသီးသီးပြုကြသည်အတိုင်း ငါစီရင်မည်ဟုမိန့်တော်မူ၏။ 21
သိမ်းသွားရာ သက္ကရာဇ်တဆယ်နှစ်ခု၊ ဒသမလ ငါးရက်နေ့တွင်၊ ယေရုရှလင်မြို့မှ ပြေး၍လွတ်သော သူတယောက်သည်
ငါ့ထံသို့ရောက်လာ၍၊ မြို့ကိုလုပ်ကြံပြီ ဟု သိတင်းကြားပြော၏။ 22 ထိုသူမရောက်မီ ညဦးမှစ၍ သူရောက်သော
နံနက်အချိန်တိုင်အောင်၊ ထာဝရဘုရားသည် လက်တော် ကို ငါ့အပေါ်၌တင်၍ ငါ့နှုတ်ကိုဖွင့်တော်မူသဖြင့်၊ ငါသည်
စကားမပြောဘဲနေရသော အချိန်လွန်၍ ဟောပြောရ၏။ 23 ထိုအခါ ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ငါ့ဆီသို့ ရောက်လာ၍၊
24 အချင်းလူသား၊ ပျက်စီးသော ဣသရေလပြည်၌ နေသေးသော သူတို့က၊ အာဗြဟံသည် လူတဦးတည်း ဖြစ်သော်လည်း ဤပြည်ကို
အမွေခံရ၏။ ငါတို့မူကား အများဖြစ်ကြ၏။ ငါတို့အမွေခံရာဘို့ ပေးတော်မူပြီဟု ဆိုကြသော်၊ 25 သင်သည်
ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ သင်တို့သည် သွေးနှင့်တကွ အမဲသားကို စားလျက်၊ ရုပ်တုတို့ကို ဖူးမြော်လျက်၊
လူအသက်ကိုလည်း သက်လျက်နှင့်ပင်၊ ဤပြည်ကို ပိုင်ရကြမည်လော။ 26 ထားကို ခိုလှုံလျက်၊ စက်ဆုပ်ဘွယ်သော အမှုကို ပြုလျက်၊
အိမ်နီးချင်းမယားကို ပြစ်မှားလျက်နှင့်ပင်၊ ဤပြည်ကို ပိုင်ရကြမည်လော။ 27 တဖန်အရှင်ထာဝရဘုရား၏ အမိန့်တော်ကို
ဆင့်ဆိုရမည်မှာ၊ ငါအသက်ရှင်သည်အတိုင်း၊ ပျက်စီး သော အရပ်၌နေသော သူတို့သည် ထားဖြင့် လဲ၍ သေရ ကြလိမ့်မည်။
လွင်ပြင်၌ရှိသော သူတို့ကို ငါသည်သားရဲ ၌အပ်၍ ကိုက်စားစေမည်။ ရဲတိုက်ဥမင်၌ရှိသော သူတို့ သည် ကာလနာနှင့်

 generated on Sun Jun 30 02:37:40 2024

သေရကြလိမ့်မည်။ [28] တပြည်လုံးကို ငါသုတ်သင်ပယ်ရှင်းသဖြင့်၊ သူ့အစွမ်းသတ္တိ၏ ဂုဏ်အသရေကုန်၍၊ အဘယ်သူမျှ
မရှောက်မသွားရအောင်၊ ဣသရေလတောင်တို့သည် လူဆိတ်ညံလျက် ရှိရကြလိမ့်မည်။ [29] ပြည်သားတို့သည်
ပြုမိသောစက်ဆုပ်ဘွယ် အမှုအလုံးစုံတို့ကြောင့်၊ ထိုပြည်ကို ငါသုတ်သင်ပယ်ရှင်း သောအခါ၊ ငါသည်ထာဝရဘုရားဖြစ်ကြောင်း သူတို့
သိရကြလိမ့်မည်။ [30] ထိုမှတပါး၊ အချင်းလူသား၊ သင်၏အမျိုးသား ချင်းတို့က၊ ငါတို့သွားကြကုန်အံ့။ ထာဝရဘုရားသည်
အဘယ်သို့ဗျာဒိတ်ပေးတော်မူသည်ကို ကြားကြကုန်အံ့ဟု၊ ထရံနား၊ အိမ်တံခါးနားမှာ သင့်ကိုရည်မှတ်၍ တယောက် ကိုတယောက်
ပြောတတ်ကြ၏။ [31] ငါ၏လူကဲ့သို့ သင့်ထံသို့လာ၍၊ ငါ၏လူကဲ့သို့ သင့်ရှေ့မှာထိုင်လျက်၊ သင်၏စကားကိုကြားသော်လည်း၊
နားမထောင်ဘဲနေကြ၏။ အလွန်ချစ်ဘွယ်သော လင်္ကာကို နှုန်နှင့်ပြသော်လည်း၊ စိတ်နှလုံးမူကား လောဘ
ဥစ္စာကိုစွဲလမ်းလျက်ရှိ၏။ [32] သင်၏စကားသည်၊ ကောင်းမွန်စွာတီး၍ သာယာသောအသံနှင့် ပြည့်စုံသောသူဆိုသော၊ နှစ်သက်
ဘွယ်သော သီချင်းကဲ့သို့ သူတို့၌ဖြစ်၍၊ သူတို့သည် ကြားရ သော်လည်း နားမထောင်တတ်ကြ။ [33] သို့ရာတွင်၊ အမှုရောက်လိမ့်မည်။
အမှုရောက် သောအခါ သူတို့တွင် ပရောဖက်ရှိဘူးသည်ကို သူတို့ သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 34

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ သင်သည် ဣသရေလအမျိုး
သိုးထိန်းတို့တဘက်၌ ပရောဖက်ပြု၍ ဟောပြောလျက်၊ သိုးထိန်းတို့အား အရှင်ထာဝရဘုရား မိန့်တော်မူသော
စကားကိုဆင့်ဆိုရမည်မှာ၊ ကိုယ်ကိုသာ ကျွေးမွေးသော ဣသရေလအမျိုး သိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ သိုထိန်းသည်
သိုးတို့ကိုမကျွေးမွေးရသလော။ 3 သင်တို့သည် သိုးနို့ကို စားကြ၏။ သိုးမွေးကို ဝတ်ကြ၏။ ဆူဖြိုးသော သိုးတို့ကိုလည်း သတ်ကြ၏။
သို့ရာတွင်၊ သိုးတို့ကို မကျွေးမွေးပါတကား။ 4 အားနည်းသောသိုးကိုမ မစကြ၊ နာသော သိုးတို့ကိုဆေးမကုကြ၊ အရိုးကျိုးသောသိုးကို
အဝတ်နှင့် မစည်းကြ၊ သူတပါးနှင့်သော သိုးကိုလိုက် ၍မဆောင်ခဲ့ ကြ၊ ပျောက်သောသိုးကို မရှာကြ၊ အနိုင်အထက်ပြု၍
ကြမ်းတမ်းစွာ စီရင်ကြပြီ။ 5 ထိန်းသောသူမရှိသောကြောင့် သိုးတို့သည် ကွဲပြားကြ၏။ ကွဲပြားလျက်နေသောအခါ ခပ်သိမ်းသော
တောသားရဲစားစရာဖြစ်ကြ၏။ 6 ငါ့သိုးတို့သည် တောင်များ၊ မြင့်သောကုန်းများ အပေါ်မှာလဲ၍ မြေတပြင်လုံးတွင် အရပ်ရပ်သို့ ကွဲပြား
ပြန့်လွင့်လျက်နေ၍၊ အဘယ်သူမျှ မလိုက်ရှာကြ။ 7 သို့ဖြစ်၍၊ အချင်းသိုးထိန်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို
နားထောင်ကြလော့။ 8 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ အသက်ရှင်သည်အတိုင်း၊ သိုးထိန်းမရှိ၊ အဘယ်သိုးထိန်း မျှ
ငါ့သိုးတို့ကိုမရှာ၊ သိုးထိန်းတို့သည် ငါ့သိုးတို့ကို မကျွေးမွေး၊ ကိုယ်ကိုသာကျွေးမွေးသဖြင့်၊ ငါ့သိုးတို့သည် လုယူရာ၊
ခပ်သိမ်းသောတောသားရဲစားစရာဖြစ်သောကြောင့်၊ 9 အချင်း သိုးထိန်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကိုနားထောင်ကြလော့။ 10
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်သိုးထိန်းတို့ တလက်၌နေ၏။ ငါ့သိုးများကို သူတို့၌ငါတောင်း၍ သိုးထိန်းအရာကို
နှုတ်မည်။ သိုးထိန်း တို့သည် နောက်တဖန်ကိုယ်ကို မကျွေးမွေးရကြ။ ငါ့သိုးများကို သူတို့ပစပ်မှ ငါနှုတ်၍ နောက်တဖန် မကိုက်
မစားရကြ။ 11 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် ကိုယ်တိုင်လိုက်၍ ငါ့သိုးတို့ကိုရှာမည်။ 12 ကွဲပြားလျက်ရှိသော
မိမိသိုးတို့တွင် သိုးထိန်း ရောက်သောအခါ ကြိုးစား၍ ရှာသကဲ့သို့၊ ငါသည်လည်း ငါ့သိုးတို့ကိုကြိုးစား၍ ရှာမည်။ မိုဃ်းအုံ၍မိုက်သော
နေ့၌ သူတို့ကွဲပြားသော အရပ်ရပ်တို့က ငါနှုတ်ဆောင် မည်။ 13 အတိုင်းတိုင်းအပြည်ပြည်တို့က ခေါ်ခဲ့၍ စုဝေး စေပြီးလျှင်၊ သူတို့
နေရင်းပြည်သို့ ပို့ဆောင်မည်။ ဣသ ရေလတောင်တို့အပေါ်၊ မြစ်တို့အနား အစရှိသော နေစရာ အရပ်ရပ်တို့၌ ကျွေးမွေးမည်။ 14
ကောင်းသောကျက်စားရာအရပ်၌ ကျွေးမွေး မည်။ မြင့်သော ဣသရေလတောင်တို့အပေါ်မှာ သူတို့ ခြံရှိလိမ့်မည်။
သူတို့သည်ဣသရေလတောင်တို့အပေါ်မှာ ကောင်းသောခြံ၌အိပ်၍၊ ကြွယ်ဝသောကျက်စားရာ၌ ကျက်စားကြလိမ့်မည်။ 15 ငါသည်
ငါ့သိုးများကို ကျွေးမွေးမည်။ အိပ်ရာ ကိုလည်း ငါပေးမည်။ 16 ပျောက်သောသိုးကို ငါရှာမည်။ သူတပါးနှင် သော သိုးကိုလိုက်၍
ဆောင်ခဲ့မည်။ အရိုးကျိုးသော သိုးကိုအဝတ်နှင့်စည်းမည်။ အားနည်းသော သိုးကိုမစ မည်။ ဆူဖြိုး၍အားရှိသောသိုးကိုကား၊
တရားအတိုင်း ကျွေးမွေး၍ ကွပ်မျက်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 17 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊
အိုငါ့သိုးတို့၊ တိရစ္ဆာန်အမျိုးမျိုးတို့ကိုင၎်း၊ သိုးထီးနှင့် ဆိတ်ထီးတို့ကိုင၎်း ငါပိုင်းခြားမည်။ 18 သင်တို့သည်
ကောင်းသောကျက်စားရာအရပ်၌ စားသည်သာမက၊ ကျန်သော မြက်ပင်ကိုနင်းသော အမှုသည်သာမညအမှုဖြစ်သည်ဟု
ထင်မှတ်ကြသလော။ ကြည်သော ရေကို သောက်သည်သာမက၊ ကျန်သော ရေကိုခြေနှင့် နောက်စေသောအမှုသည် သာမညအမှုဖြစ်
သည်ဟု ထင်မှတ်ကြသလော။ 19 သင်တို့နင်းသောမြက်ပင်ကိုင၎်း၊ ခြေနှင့်နောက် စေသော ရေကိုင၎်း၊ ငါ့သိုးတို့သည် စားသောက်ရကြ
မည်လော။ 20 သို့ဖြစ်၍၊ ထိုသူတို့အား အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဆူဖြိုးသော တိရစ္ဆာန်တို့နှင့် ပိန်ကြုံ
သောတိရစ္ဆာန်တို့ကို ငါသည် ကိုယ်တိုင်ပိုင်းခြားမည်။ 21 သင်တို့သည် အားနည်းသောသိုးတို့ကို အရပ်ရပ် သို့ ကွဲပြားစေခြင်းငှါ
နံပါးနှင့်င၎်း၊ ပခုံးနှင့်င၎်း တိုး၍ ချိုနှင့်ခွေ့သောကြောင့်၊ 22 ငါသည် ငါ့သိုးတို့ကို ကယ်တင်သဖြင့်၊ သူတို့ သည် နောက်တဖန်
လုယူရာမဖြစ်ရကြ။ တိရစ္ဆာန် အမျိုးမျိုးတို့ကိုလည်း ငါပိုင်းခြားမည်။ 23 သိုးထိန်းတဦးကိုလည်း ငါခန့်ထား၍ သူသည်
ကျွေးမွေးလိမ့်မည်။ ငါ၏ကျွန်ဒါဝိဒ်သည် သူတို့ကို ကျွေးမွေး၍ သိုးထိန်းလုပ်ရလိမ့်မည်။ 24 ငါထာဝရဘုရားသည်
သူတို့၏ဘုရားသခင် ဖြစ်မည်။ ငါ၏ကျွန်ဒါဝိဒ်သည်လည်း သူတို့၏မင်းဖြစ်ရ လိမ့်မည်။ ငါထာဝရဘုရားပြောပြီ။ 25
သူတို့နှင့်ငြိမ်သက်ခြင်း ပဋိညာဉ်ကို ငါဖွဲ့၍၊ ဆိုးသောသားရဲတို့ကို ထိုပြည်၌ပယ်ဖြတ်မည်။ သူတို့သည် လွင်ပြင်၌ ငြိမ်ဝပ်စွာနေ၍
တော၌အိပ်ပျော်ကြလိမ့်မည်။ 26 သူတို့ကိုင၎်း၊ ငါ၏တောင်တော်ပတ်လည်၌ ရှိသော အရပ်တို့ကိုင၎်း ငါကောင်းကြီးပေး၍၊ အချိန်တန်
လျှင် မိုဃ်းကိုရွာစေသဖြင့်၊ ကောင်းကြီးမိုးရေ ကျရ လိမ့်မည်။ 27 တောသစ်ပင်သည် အသီးကို သီးလိမ့်မည်။ မြေသည်လည်း
အသီးအနှံကိုပေးလိမ့်မည်။ ပြည်သား တို့သည် ငြိမ်ဝပ်စွာနေရကြလိမ့်မည်။ သူတို့ထမ်းသော ထမ်းပိုးကြိုးကို ငါဖြတ်၍၊
အနိုင်အထက်စေခိုင်းသောသူတို့ လက်မှကယ်နှုတ်သောအခါ၊ ငါသည်ထာဝရဘုရား ဖြစ်ကြောင်းကို သိရကြလိမ့်မည်။ 28
နောက်တဖန်တပါး အမျိုးသားတို့သည် မလု မယူရကြ။ ပြည်သားရဲတို့သည်လည်း ကိုက်၍မစားရကြ။ အဘယ်သူမျှမကြောက်စေဘဲ၊
သူတို့သည် ငြိမ်ဝပ်စွာ နေရကြလိမ့်မည်။ 29 အသရေရှိသော ဥယျာဉ်ကိုလည်း သူတို့အဘို့ ငါပြုစုမည်။ နောက်တဖန်ပြည်၌
အစာအဟာရ ခေါင်း ပါး၍၊ သူတို့သည်မွတ်သိပ်ခြင်းကို မခံရကြ။ တပါး အမျိုးသားတို့၏ကဲ့ရဲ့ခြင်းကိုလည်း မခံရကြ။ 30
သူတို့၏ဘုရားသခင် ငါထာဝရဘုရားသည် သူတို့နှင့်အတူရှိကြောင်းကိုင၎်း၊ ဣသရေလအမျိုးသား တည်းဟူသောသူတို့သည်

ငါ၏လူဖြစ်ကြောင်းကိုငင်း သိရကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 31 ငါ၏ကျက်စားရာအရပ်၌ရှိသော ငါ့သိုးတို့၊
သင်တို့သည်လူဖြစ်ကြ၏။ ငါသည်လည်း သင်တို့၏ ဘုရား သခင်ဖြစ်သည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။

---



generated on Sun Jun 30 02:37:40 2024

## Chapter 35

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ သင်သည် စိရတောင်တဘက်၌
မျက်နှာထား၍ ပရောဖက်ပြုလျက်၊ အရှင်ထာဝရဘုရား ၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ 3 အိုစိရတောင်၊ သင့်တဘက်၌ ငါနေ၏။
သင့်ကို ငါတိုက်၍ သုတ်သင်ပယ်ရှင်းမည်။ 4 သင်၏မြို့တို့ကို ငါဖျက်ဆီးသဖြင့် သင်သည် လူဆိတ်ညံလျက်ရှိ၍၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်း ကို သိရလိမ့်မည်။ 5 သင်သည် အစဉ်ရန်ငြိုးဖွဲ့၍ ဣသရေလအမျိုး သားတို့၌ အမှုရောက်သောကာလ၊
အပြစ်ကြောင့် ခံရ သောကာလအဆုံး၌၊ သူတို့အသက်ကို ထားနှင့် သတ် သောကြောင့်၊ 6 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊
ငါအသက်ရှင်သည်အတိုင်း၊ အသက်သတ်ခြင်းအမှုကို သင်၌ငါပြု၍၊ ထိုအမှုသည်သင့်ကို လိုက်မည်။ အသက် သတ်ခြင်းအမှုကို
သင်မမုန်းသောကြောင့်၊ ထိုအမှုသည် သင့်ကိုလိုက်ရလိမ့်မည်။ 7 ထိုသို့စိရတောင်ကို ငါသုတ်သင်ပယ်ရှင်းသဖြင့် ထွက်သွားသောသူ၊
ပြန်လာသောသူတို့ကို ပယ်ဖြတ်မည်။ 8 သင်၏တောင်တို့ကိုလည်း သင်၏သူရဲအသေ ကောင်တို့နှင့် ငါပြည့်စေမည်။ သင့်နေရာကုန်း၊
ချိုင့်၊ မြစ်နား၌ထားဖြင့် အသေခံရသော သူတို့သည် ရှိကြ လိမ့်မည်။ 9 သင့်ကိုအစဉ်မပြတ် သုတ်သင်ပယ်ရှင်းသဖြင့်၊ သင်၏မြို့တို့၌
အဘယ်သူမျှမနေရ။ ငါသည်ထာဝရ ဘုရားဖြစ်ကြောင်းကို သင်သိရလိမ့်မည်။ 10 သင်က၊ ဤတိုင်းပြည်နှစ်ပြည်ကိုငါတို့သည်
သိမ်း၍ပိုင်မည်ဟု ထိုပြည်၌ ထာဝရဘုရားရှိလျက်နှင့် ဆိုမိသောကြောင့်၊ 11 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊
ငါအသက်ရှင်သည်အတိုင်း၊ သင်သည်သူတို့ကို ရန်ငြိုးဖွဲ့၍ ဒေါသစိတ်၊ ငြူစူသောစိတ် တိုက်တွန်းသည် နှင့်အညီ သင်၌ ငါပြုမည်။
သင့်ကို စီရင်သောအခါ သူတို့တွင် ငါထင်ရှားလိမ့်မည်။ 12 သင်က၊ ဣသရေလတောင်တို့သည် ပျက်စီး၍
ငါတို့စားစရာရဘို့ဖြစ်ကြ၏ဟု ကဲ့ရဲ့၍ပြောဆိုသော စကားအလုံးစုံတို့ကို ငါထာဝရဘုရားကြားကြောင်းကို သင်သိရလိမ့်မည်။ 13
ထိုသို့သင်သည် ငါ့တဘက်၌ဝါကြွား၍ ပြောမိ သောစကား အလုံးစုံတို့ကို ငါကြားပြီဟု မိန့်တော်မူ၏။ 14 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ တပြည်လုံး ရွှင်လန်းသောအခါ သင့်ကိုငါဖျက်ဆီးမည်။ 15 ဣသရေလအမျိုးသားတို့ အမွေမြေ ပျက်စီး သည်ကို
သင်သည် ဝမ်းမြောက်သောကြောင့်၊ ထိုအတူ သင်၌ငါပြုမည်။ အိုစိရတောင်၊ သင်နှင့်တကွ ဧဒုံပြည် သည် အကုန်အစင်ပျက်စီး၍
ငါသည်ထာဝရဘုရား ဖြစ်ကြောင်းကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။

 

## Chapter 36

1 တဖန်အချင်းလူသား၊ ဣသရေလတောင်တို့ အား ပရောဖက်ပြု၍ ဆင့်ဆိုရမည်မှာ၊ အိုဣသရေလ တောင်တို့၊
ထာဝရဘုရား၏အမိန့်တော်ကို နားထောင် ကြလော့။ 2 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရန်သူက၊ အေ့ဟေ၊
ထာဝရတောင်တို့သည် ငါတို့လက်သို့ ရောက်ကြပြီဟု သင်တို့တဘက်၌ ဆိုမိသောကြောင့်၊ 3 ပရောဖက်ပြု၍ အရှင်ထာဝရဘုရား၏
အမိန့် တော်ကိုဆင့်ဆိုရမည်မှာ၊ သင်တို့သည်ကျန်ကြွင်းသော တပါးအမျိုးသားတို့ သိမ်းယူရာဖြစ်သည်တိုင်အောင်၊
သင်တို့ကိုသုတ်သင်ပယ်ရှင်း၍ ပတ်လည်ကိုက်စားသော ကြောင့်၎င်း၊ သင်တို့သည် လူများပြော ဆိုရာ၊ ကဲ့ရဲ့ရာ ဖြစ်သောကြောင့်၎င်း၊
4 အိုဣသရေလတောင်တို့၊ အရှင်ထာဝရ ဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ အရှင်ထာဝရဘုရားသည် တောင်ကြီး၊ တောင်
ငယ်၊ မြစ်ရေစီးရာ၊ ချိုင့်ရာ၊ သုတ်သင်သောလွင်ပြင်မှစ၍၊ ပတ်လည်၌နေသော တပါးအမျိုးသား အကျန်အကြွင်း တို့သည်
လုယူကဲ့ရဲ့၍၊ မြို့သားစွန့်သွားသော မြို့တို့အား မိန့်တော်မူသည်ကား၊ 5 အကယ်စင်စစ် ငါ့ပြည်ကိုလုယူစရာဘို့ ပစ်ထား ခြင်းငှါ
အလွန်ဝမ်းမြောက်သောစိတ်၊ အငြိုးထားသော စိတ်ရှိ၍၊ ကိုယ်တိုင်လုယူစရာဘို့ စီရင်သော ဧဒုံအမျိုး သားအပေါင်းတို့နှင့်
ကျန်ကြွင်းသော တပါးအမျိုးသား တို့တဘက်၌ ငါသည် ဒေါသမီးထွက်၍ ပြောထားပြီ။ 6 သို့ဖြစ်၍၊ ဣသရေလပြည်ကို ရည်မှတ်၍
ပရောဖက်ပြုလျက်၊ တောင်ကြီး၊ တောင်ငယ်၊ မြစ်ရေ စီးရာ၊ ချိုင့်ရာတို့အား အရှင်ထာဝရဘုရား၏ အမိန့်တော် ကို ဆင့်ဆိုရမည်မှာ၊
သင်တို့သည်တပါးအမျိုးသားတို့ကဲ့ရဲ့ ခြင်းကိုခံရသောကြောင့်၊ ငါသည် ဒေါသအမျက်ထွက်၍ ပြောပြီ။ 7 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ အကယ်စင်စစ် သင်တို့ပတ်လည်၌နေသော တပါးအမျိုး သားတို့သည် ကိုယ်အရှက်ကွဲခြင်းကို ခံရကြလိမ့်မည်ဟု
ငါကျိန်ဆိုပြီ။ 8 အိုဣသရေလတောင်တို့၊ သင်တို့မူကား၊ အပင် ပေါက်၍ ငါ၏လူဣသရေလအမျိုးသားတို့အဘို့ အသီးကိုသီး
ရကြလိမ့်မည်။ သူတို့ ပြန်လာချိန်နီးပြီ။ 9 ငါသည်သင်တို့ဘက်၌နေ၍ သင်တို့ရှိရာသို့ ပြန်လာသဖြင့်၊ သင်တို့အပေါ်မှာ လယ်လုပ်၍
မျိုးစေ့ ကြဲကြလိမ့်မည်။ 10 သင်တို့အပေါ်မှာ လူများတည်းဟူသော ဣသရေလအမျိုးသား အပေါင်းတို့ကို ငါပြန့်ပွါးစေသဖြင့်၊
သူတို့သည် မြို့များ၌နေ၍ ပျက်စီးသော အရပ်များကို ပြုပြင်ကြလိမ့်မည်။ 11 သင်တို့အပေါ်မှာ လူနှင့်တိရစ္ဆာန်တို့ကို ငါ
များပြားစေသဖြင့်၊ သူတို့သည်ပွားများ၍ သားမြေးအစဉ် အဆက်ရှိကြလိမ့်မည်။ နေရင်းအရပ်တို့၌ ငါနေရာချ၍၊ အရင်ပြုသကဲ့သို့
ငါကျေးဇူးပြုမည်။ ငါသည် ထာဝရ ဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။ 12 သင်တို့အပေါ်မှာ လူများတည်းဟူသော ငါ၏
လူဣသရေလအမျိုးသားတို့သည် သွားလာမည် အကြောင်း ငါပြုမည်။ သူတို့သည် သင်တို့ကို သိမ်းယူ၍ အမွေခံရသဖြင့်၊
နောက်တဖန် သင်တို့ကြောင့် သားမဆုံး ရှုံးရကြ။ 13 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အချင်းပြည်၊ သင်သည် လူတို့ကို
ကိုက်စားတတ်၏။ ကိုယ် အမျိုးသားတို့ကို လုယူဖျက်ဆီးတတ်၏ဟု သူတပါး ဆိုသောကြောင့်၊ 14 နောက်တဖန်သင်သည် လူတို့ကို
မကိုက်စားရ။ ကိုယ်အမျိုးသားတို့၌ လုယူဖျက်ဆီးခြင်းကို မပြုရဟု အရှင် ထာဝရဘုရားမိန့်တော်မူ၏။ 15 နောက်တဖန်
အတိုင်းတိုင်းအပြည်ပြည် ကဲ့ရဲ့ အပြစ်တင်သော စကားကိုမကြားရ။ နောက်တဖန် ကိုယ် အမျိုးသားတို့၌ လုယူဖျပ်ဆီးခြင်းကို
မပြုရဟု အရှင် ထာဝရဘုရားမိန့်တော်မူ၏။ 16 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 17
အချင်းလူသား၊ ဣသရေလအမျိုးသားတို့သည် ကိုယ်ပြည်၌နေသောအခါ၊ အလိုအလျောက် ကျင့်ကြံပြုမူ သောအားဖြင့် ထိုပြည်ကို
ညစ်ညူးစေကြ၏။ သူတို့ အကျင့်ဓလေ့သည် ငါ့ရှေ့မှာဥတုရောက်သော မိန်းမ၏ အညစ်အကြေးကဲ့သို့ ဖြစ်၏။ 18 ထိုပြည်၌
လူအသက်ကိုသတ်သောအပြစ်၊ ရုပ်တုတို့နှင့် ညစ်ညူးစေသော အပြစ်ကြောင့်၊ ငါသည် ဒေါသအမျက်ကို သွန်းလောင်းပြီ။ 19
အတိုင်းတိုင်းအပြည်ပြည်သို့ ငါကွဲပြားပြန့်လွင့် စေပြီ။ သူတို့ကျင့် ကြံပြုမူသည်အတိုင်း ငါစီရင်ပြီ။ 20 သို့ရာတွင်
တကျွန်းတနိုင်ငံသို့ရောက်သောအခါ ဤသူတို့သည် ထာဝရဘုရား၏ လူဖြစ်ကြ၏။ ကိုယ်ပြည် မှ ထွက်သွားရကြ၏ဟု
သူတပါးပြောဆိုသဖြင့်၊ ငါ၏နာမ မြတ်ကို ရှုတ်ချသောကြောင့်၊ 21 ဣသရေလအမျိုးသားရောက်ရာ တကျွန်း တနိုင်ငံအရပ်ရပ်တို့၌
ရှုတ်ချသော ငါ၏နာမမြတ်ကို ငါနှမြော၏။ 22 သို့ဖြစ်၍၊ အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား
ဆင့်ဆိုရမည်မှာ၊ အိုဣသရေလအမျိုး၊ သင်တို့ကိုထောက်၍ ဤအမှုကို ငါပြုသည် မဟုတ်။ သင်တို့ရောက်သမျှသောအရပ်တို့၌
လူအမျိုးမျိုးတို့ ရှေ့မှာ ရှုတ်ချသော ငါ၏နာမမြတ်ကိုသာ ထောက်၍ ပြု၏။ 23 တပါးအမျိုးသားတို့ အလယ်၌သင်တို့ ရှုတ်ချ သော
ငါ၏မဟာနာမတော်ကို ငါချီးမြှောက်မည်။ သူတို့ မျက်မှောက်၌ သင်တို့အားဖြင့် ငါသည် ချီးမြှောက်ရာသို့ ရောက်သောအခါ၊
ငါသည်ထာဝရဘုရား ဖြစ်ကြောင်းကို သူတို့သိရကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ ၏။ 24 အကြောင်းမူကား၊ သင်တို့ကို
အတိုင်းတိုင်း အပြည်ပြည်တို့က ငါခေါ်ခဲ့၍ စုဝေးစေပြီးလျှင်၊ သင်တို့ နေရင်းပြည်သို့ပို့ဆောင်မည်။ 25 သင်တို့အပေါ်မှာ သန့်ရှင်းသော
ရေကို ဖျန်း သဖြင့်၊ သင်တို့ကို ခပ်သိမ်းသော အညစ်အကြေးမှစ၍ ခပ်သိမ်းသော ရုပ်တုတို့နှင့် ကင်းစင်စေမည်။ 26 စိတ်နှလုံးသစ်ကို
ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်း။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးမည်။ 27
ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေး သဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍၊ ငါစီရင် တော်မူချက်တို့ကို
စောင့်ရှောက်ကြလိမ့်မည်။ 28 ဘိုးဘေးတို့အား ငါပေးသောပြည်၌ သင်တို့ သည် နေရ၍ ငါ၏လူဖြစ်ကြလိမ့်မည်။ ငါသည်လည်း
သင်တို့၏ဘုရားသခင်ဖြစ်မည်။ 29 သင်တို့ကို အညစ်အကြေးရှိသမျှတို့နှင့် ငါ ကင်းလွတ်စေမည်။ အစာခေါင်းပါးခြင်းဘေးကို
ပယ်ရှား ခြင်းငှါ၊ ဆန်စပါးကို မှာလိုက်၍ များပြားစေမည်။ 30 သင်တို့သည် မွတ်သိပ်၍ တပါးအမျိုးသားတို့ ကဲ့ရဲ့ခြင်းနှင့်

 generated on Sun Jun 30 02:37:40 2024

လွတ်စေမည်အကြောင်း၊ သစ်ပင်အသီးနှင့် မြေအသီးအနှံကို ငါများပြားစေမည်။ 31 ထိုအခါ သင်တို့သည် ကိုယ်ကျင့်ဘူးသော
အကျင့်ဆိုးနှင့် မကောင်းသော အမှုတို့ကို အောက်မေ့၍၊ ကိုယ်ဒုစရိုက်အပြစ်၊ စက်ဆုပ်ရွံရှာဘွယ်သော အမှုတို့ကြောင့်
ကိုယ်ကိုကိုယ်ရွံရှာ ကြလိမ့်မည်။ 32 သင်တို့ကိုထောက်၍ ဤအမှုကို ငါပြုသည် မဟုတ်ဟု သိမှတ်ကြလော့။ အိုဣသရေလအမျိုး၊
ကိုယ်ပြု မိသောအမှုကြောင့် ရှက်ကြောက်လျက်၊ မိန်မောတွေဝေ လျက်နေကြလော့ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 33
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ဒုစရိုက် အပြစ်ရှိသမျှတို့ကို ငါရှင်းလင်းသောအခါ၊ မြို့များ၌လူနေစေ၍
ပျက်စီးသော အရပ်တို့သည် ပြုပြင် ခြင်းရှိကြလိမ့်မည်။ 34 ရှောက်သွားသော သူအပေါင်းတို့၏ မျက် မှောက်၌ စွန့်ပစ်ဘူးသော
မြေတွင် တဖန် လယ်လုပ်ကြ လိမ့်မည်။ 35 ထိုအခါ သူတပါးတို့က၊ အရင်စွန့်ပစ်သော ဤမြေသည် ဧဒင်ဥယျာဉ်ကဲ့သို့ ဖြစ်လေပြီ။
သုတ်သင် ပယ်ရှင်းပျက်စီးသော မြို့တို့သည်လည်း ခိုင်ခံ့၍ မြို့သား တို့နှင့် ပြည့်စုံကြပြီဟု ပြောကြလိမ့်မည်။ 36 ထိုအခါ ပျက်စီးသော
အရပ်တို့ကို ငါထာဝရ ဘုရားပြုပြင်ကြောင်းကိုင်၊ စွန့်ပစ်သောမြေတွင် လယ် လုပ်ကြောင်းကိုင်၊ သင်တို့ပတ်လည်၌နေရစ်သော
တပါးအမျိုးသားတို့သည် သိရကြလိမ့်မည်။ ငါထာဝရ ဘုရားသည် မိန့်မြွက်သည်အတိုင်း ပြုမည်။ 37 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးအဘို့ ဤအမှုကို ငါပြုရမည်အကြောင်း၊ သူတို့သည် ငါ့ကိုတောင်းပန်ရကြမည်။
သိုးများပြားသကဲ့သို့ ထိုအမျိုးသားအချင်းတို့ကို များပြားစေမည်။ 38 ပျက်စီးသောမြို့တို့သည် သန့်ရှင်းသော သိုးစု တည်းဟူသော၊
ဓမ္မပွဲခံချိန်တွင် ယေရုရှလင်သိုးစုကဲ့သို့ သော လူစုတို့နှင့် ပြည့်စုံ၍၊ ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကို သိရကြလိမ့်မည်ဟု
မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 37

1 တဖန်ထာဝရဘုရား၏ လက်တော်သည် ငါ့ အပေါ်မှာရှိ၍ ဝိညာဉ်တော်အားဖြင့် ငါ့ကိုပြင်သို့ ဆောင် သွားလျက်၊ အရိုးတို့နှင့်
ပြည့်သောချိုင့်အလယ်၌ ထားပြီး လျှင်၊ 2 ထိုအရိုးတို့ပတ်လည်၌ ရှောက်သွားစေတော် မူ၏။ ထိုချိုင့်မျက်နှာပြင်၌
များစွာသောအရိုးတို့သည်ရှိ၍ အလွန်သွေ့ခြောက်ကြ၏။ 3 ထာဝရဘုရားကလည်း၊ အချင်းလူသား၊ ဤ အရိုးတို့သည်
အသက်ရှင်နိုင်သလောဟု မေးတော်မူလျှင်၊ ငါက၊ အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သိတော်မူသည် ဟု လျှောက်လေ၏။ 4
ထာဝရဘုရားကလည်း၊ ဤအရိုးတို့အပေါ်မှာ ပရောဖက်ပြု၍ ဟောပြောရမည်မှာ၊ အိုသွေ့ခြောက် သော အရိုးတို့၊
ထာဝရဘုရား၏အမိန့်တော်ကိုနားထောင် ကြလော့။ 5 ဤသွေ့ခြောက်သော အရိုးတို့အား အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊
ငါသည် သင်တို့ အထဲသို့ အသက်ကိုသွင်း၍ သင်တို့သည် အသက်ရှင်ရ ကြမည်။ 6 သင်တို့အပေါ်မှာ အကြောတို့ကို ငါတင်၍
အသားကို တက်စေမည်။ အရေနှင့် ဖုံးလွှမ်း၍၊ အသက် ကို သွင်းသဖြင့် သင်တို့သည် အသက်ရှင်၍၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်ဟု၊ 7 မှာထားတော်မူသည်အတိုင်း ငါသည် ပရော ဖက်ပြု၏။ ပရောဖက်ပြုစဉ်တွင်
အသံမြည်၏။ လှုပ်ရှား ခြင်းလည်း ရှိ၏။ အရိုးတို့သည် တခုအနီးသို့တခု ချဉ်းကြ ၏။ 8 ငါကြည့်ရှုစဉ်တွင် အကြောတို့သည်ပေါ်လာ၍
အသားလည်း တတ်၏။ အရေလည်းဖုံးလွှမ်း၏။ သို့ရာ တွင်၊ အသက်မရှိသေး။ 9 ထာဝရဘုရားကလည်း၊ အချင်းလူသား၊ လေ အား
ပရောဖက်ပြုလော့။ အရှင်ထာဝရဘုရား၏ အမိန့် တော်ကို လေအားဆင့်ဆိုရမည်မှာ၊ အိုလေ၊ အရပ် လေးမျက်နှာတို့မှ လာ၍၊
ဤအသေကောင်တို့သည် အသက်ရှင်မည်အကြောင်း သူတို့အပေါ်မှာ မှုတ်လော့ဟု၊ 10 မှာထားတော်မူသည်အတိုင်း ငါသည် ပရော
ဖက်ပြု၍၊ လေသည် သူတို့အထဲသို့ဝင်သဖြင့် သူတို့သည် အသက်ရှင်၍၊ အလွန်များသော ဗိုလ်ခြေဖြစ်လျက် မတ်တတ်နေကြ၏။ 11
ထာဝရဘုရားကလည်း၊ အချင်းလူသား၊ ဤအရိုးတို့သည် ဣသရေလအမျိုးအပေါင်းဖြစ်ကြ၏။ ငါတို့အရိုးများသည်
သွေ့ခြောက်ကြ၏။ မြော်လင့်စရာ မရှိ။ ငါတို့သည် ဆုံးရှုံးကြပြီဟု သူတို့ဆိုတတ်ကြ၏။ 12 သို့ဖြစ်၍၊ ပရောဖက်ပြုလျက်
အရှင်ထာဝရ ဘုရား၏ အမိန့်တော်ကို သူတို့အား ဆင့်ဆိုရမည်မှာ၊ အချင်းငါ၏လူတို့၊ သင်တို့သင်္ချိုင်းတွင်းများကို ငါဖွင့်၍ သင်တို့ကို
ထုတ်ပြီးလျှင် ဣသရေလပြည်သို့ ပို့ဆောင် မည်။ 13 အချင်းငါ၏လူတို့၊ သင်တို့သင်္ချိုင်းတွင်းများကို ငါဖွင့်၍သင်တို့ ကို ထုတ်ပြီးလျှင်၊
14 အသက်ရင်စေခြင်းငှါ ငါသည် ကိုယ်အသက်ကို သွင်းပေး၍၊ သင်တို့ကို နေရင်းပြည်၌ နေရာချသောအခါ၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့် မည်။ ငါထာဝရဘုရားပြောသည်အတိုင်း ပြည့်စုံကြောင်း ကိုလည်း
သိရကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 15 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 16
အချင်းလူသား၊ တုတ်တချောင်းကိုယူ၍၊ ယုဒ အမျိုးနှင့် သူ၏အပေါင်းအဘော် ဣသရေလ အမျိုးသားအဘို့ ဟု ရေးမှတ်လော့။
တဖန် တုတ်တချောင်းကိုယူ၍၊ ယောသပ်အမျိုးနှင့်သူ၏ အပေါင်းအဘော် ဣသရေလ အမျိုးသားများအဘို့၊ ဧဖရိမ်တုတ်ပေတည်းဟု
ရေးမှတ် လော့။ 17 ထိုတုတ်နှစ်ချောင်းကို တချောင်းတည်းဖြစ်စေ ခြင်းငှါ ပူးထား၍၊ ထိုတချောင်းတည်းသော တုတ်ကို လက်စွဲလော့။
18 သင်၏အမျိုးသားချင်းတို့က၊ ထိုသို့ပြုသော်၊ အဘယ်သို့ဆိုလိုသည်ကို ငါတို့အားမပြောသင့်သလောဟု မေးလျှင်၊ 19
အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုသူတို့ အား ဆင့်ဆိုရမည်မှာ၊ ဧဖရိမ်ကိုင်သော ယောသပ်၏ တုတ်နှင့်၊ သူ၏အပေါင်းအဘော်
ဣသရေလအမျိုး အနွယ်တို့ကိုငါယူ၍ ယုဒတုတ်နှင့်အတူ ပူးထားပြီးလျှင်၊ တချောင်းတည်းဖြစ်သော တုတ်ကိုငါလက်စွဲမည်ဟု
ဆင့်ဆိုလျက်၊ 20 သင်ရေးမှတ်သော ထိုတုတ်ကိုသူတို့မျက်မှောက်၌ လက်စွဲလျက် နေလော့။ 21 အရှင်ထာဝရဘုရား၏
အမိန့်တော်ကိုလည်း ဆင့်ဆို ရမည်မှာ၊ ဣသရေလအမျိုးသားတို့ရောက်သော တပါး အမျိုးသားနေရာအရပ်ရပ်တို့မှ
သူတို့ကိုငါခေါ်ခဲ့၍ စုဝေး စေပြီးလျှင်၊ သူတို့ကို နေရင်းပြည်သို့ ပို့ဆောင်မည်။ 22 ထိုပြည်တွင် ဣသရေလ တောင်တို့အပေါ်၌
လူတမျိုးတည်းဖြစ် စေ၍၊ ရှင်ဘုရင်တပါးတည်းသာလျှင် ထိုသူအပေါင်းတို့ကို စိုးစံရလိမ့်မည်။ နောင်တဖန် သူတို့ သည်
လူနှစ်မျိုးမဖြစ်ရ။ နှစ်တိုင်းနှစ်ပြည်ကွဲပြားလျက် မရှိရ။ 23 နောက်တဖန် သူတို့ရုပ်တုများ၊ စက်ဆုပ်ရွံရှာ ဘွယ်သော အမှုများ၊
လွန်ကျူးခြင်းအမှုများနှင့် ကိုယ်ကို မညစ်ညူးစေရကြ။ သူတို့ပြစ် မှားလေရာရာ အရပ်တို့မှ ငါကယ်နှုတ်၍ သန့်ရှင်းစေမည်။
သူတို့သည် ငါ၏ လူဖြစ်ကြလိမ့်မည်။ ငါသည်လည်း သူတို့၏ဘုရားသခင် ဖြစ်မည်။ 24 ငါ၏ကျွန်ဒါဝိဒ်သည် သူတို့၏ရှင်ဘုရင်ဖြစ်၍၊
ထိုသူအပေါင်းတို့သည် သိုးထိန်းတဦးတည်း ရှိကြလိမ့် မည်။ ငါစီရင်ထုံးဖွဲ့ချက် တရားလမ်းသို့ လိုက်၍ စောင့် ရှောက်ကြလိမ့်မည်။ 25
ငါ၏ကျွန်ယာကုပ်အား ငါပေး၍၊ သင်တို့ ဘိုးဘေးများနေဘူးသော ပြည်၌သူတို့နှင့်သားမြေး အစဉ် အဆက်တို့သည် နေကြလိမ့်မည်။
ငါ၏ကျွန်ဒါဝိဒ်သည် လည်း သူတို့ကို အစဉ်အမြဲစိုးစံလိမ့်မည်။ 26 ထိုမှတပါး၊ သူတို့နှင့်မိဿဟာယ ပဋိညာဉ်ကို ငါဖွဲ့၍၊
ထိုပဋိညာဉ်သည် နိစ္စထာဝရပဋိညာဉ် ဖြစ်လိမ့် မည်။ သူတို့ကိုနေရာချ၍ များပြားစေမည်။ ငါ၏ သန့်ရှင်းရာဌာနကို သူတို့အလယ်၌
အစဉ်အမြဲထားမည်။ 27 ငါ၏ဗိမာန်တော်သည်လည်း သူတို့၌ရှိ၍၊ ငါသည် သူတို့၏ ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း
ငါ၏လူဖြစ်လိမ့်မည်။ 28 ထိုသို့ငါ၏ သန့်ရှင်းရာဌာနသည် သူတို့အလယ် ၌အစဉ်အမြဲတည်သောအခါ၊ ငါထာဝရဘုရားသည်
ဣသရေလအမျိုးကို သန့်ရှင်းစေသည်ဟု တပါး အမျိုးသားတို့သည် သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 38

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ ရောရှပြည်၊ မေရှက်ပြည်၊ တုဗလပြည်ကို
အစိုးရသော မာဂေါဂပြည်သား ဂေါဂမင်းတဘက်၌ မျက်နှာထား၍ ပရောဖက်ပြုလျက်၊ 3 အရှင်ထာဝရဘုရား၏ အမိန့်တော်ကို
ဆင့်ဆို ရမည်မှာ၊ ရောရှ၊ မေရှက်၊ တုဗလပြည်တို့ကို အစိုးရသော အိုဂေါဂမင်း၊ သင့်တဘက်၌ ငါနေ၏။ 4 သင့်ကို ငါပြန်လာစေမည်။
သင့်ပါးရိုးကို သံချိတ် နှင့်ချိတ်ပြီးလျှင်၊ သင်မှစ၍ထူးဆန်းသော လက်နက်စုံ အမျိုးမျိုးကို ဆောင်သောသူ၊ ဒိုင်းလွှားပါ၍ ထားကို
လက်စွဲသောလူအလုံးအရင်းများနှင့် မြင်း၊ မြင်းစီးသူရဲ ဗိုလ်ခြေ အပေါင်းတို့ကို ငါဆောင်ခဲ့မည်။ 5 အသီးအသီး ဒိုင်းလွှားကိုင်၍
သံခမောက်လုံးကို ဆောင်းသောပေရသိပြည်သား၊ ကုရှပြည်သား၊ ဖုတပြည်သား၊ 6 ဂေါမာနှင့်သူ၏တပ်များ၊ မြောက်ပြည်သား
တောဂါမအမျိုးနှင့် သူ၏တပ်များအလုံးအရင်း အပေါင်း တို့သည် သင်နှင့်အတူ လိုက်လာကြလိမ့်မည်။ 7 သင်သည် မိမိ၌
စုဝေးသောလူအလုံးအရင်းများ နှင့်တကွ ကိုယ်ကိုပြင်ဆင်လော့။ ပြင်ဆင်လျက်နေလော့။ သူတို့ကို စောင့်လျက်နေလော့။ 8 ကြာမြင့်စွာ
ကာလလွန်ပြီးမှ သင်သည် အုပ်ချုပ် ရသောအခွင့်ရှိလိမ့်မည်။ ထားဘေးနှင့်လွတ်၍ လူ အမျိုးမျိုးထဲက နှုတ်သောပြည်သား၊
ကြာမြင့်စွာ ဆိတ်ညံ လျက်နေသော ဣသရေလတောင်တို့အပေါ်သို့၊ တဖန်ဆောင်ခဲ့သော ပြည်သားတို့ရှိရာသို့ နောင်ကာလ၌
သင်သည်စစ် ချီ၍လာလိမ့်မည်။ ထိုပြည်သားတို့သည် လူအမျိုးမျိုးထဲက နှုန်ဆောင်သောသူဖြစ်၍၊ တပြည်လုံး
ငြိမ်ဝပ်လျက်ရှိနေသောအခါ၊ 9 သင်သည်မိုဃ်းသက်မုန်တိုင်းကဲ့သို့တက်လာ၍၊ သင်၌ပါသော သမျှသော တပ်သားအလုံးအရင်းနှင့်
တကွ၊ ထိုပြည်ကို မိုဃ်းအုံ့သကဲ့သို့ ဖြစ်လိမ့်မည်။ 10 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုအခါ သင်သည် အရာရာတို့ကို
အောက်မေ့၍ မကောင်းသော အကြံကိုကြံစည်လျက်၊ 11 ရွာဇနပုဒ်များသောပြည်၊ မြို့ရိုးမရှိ၊ တံခါး ကျင်နှင့်တံခါးမရှိ၊
စိုးရိမ်စရာအကြောင်းအလျှင်းမရှိ၊ ငြိမ်ဝပ်သောပြည်သားတို့ရှိရာသို့ ငါချီသွား၍၊ 12 သူတို့ဥစ္စာကို လုယက်သိမ်းယူမည်။ အရင်
ဆိတ်ညံ၍ ယခုလူနေသောအရပ်တို့ကိုငင်၊ လူအမျိုးမျိုးထဲက စုဝေးသဖြင့် တိရစ္ဆာန်များနှင့် ဥစ္စာများကိုရတတ်၍၊
ပြည်အလယ်၌နေသောသူတို့ကိုငင်း တိုက်မည်ဟု ကြံစည်လိမ့်မည်။ 13 ရှေဘပြည်သား၊ ဒေဒန်ပြည်သား၊ တာရှု ကုန်သည်များ၊
ခြင်္သေ့ပျိုယူခြင်းငှါ လာသလော။ သူ့ ဥစ္စာကို ဝေငှ၍ငင်း သိမ်းသွားလျက်၊ များစွာသော လုယက်ဖျက်ဆီးခြင်းငှါ အပေါင်းအသင်းကို
စုဝေးစေပြီ လောဟု မေးမြန်းကြလိမ့်မည်။ 14 သို့ဖြစ်၍၊ အချင်းလူသား၊ ပရောဖက်ပြု၍ အရှင်ထာဝရဘုရား၏ အမိန့်တော်ကို
ဂေါဂအားဆင့်ဆို ရမည်မှာ၊ ငါ၏လူ ဣသရေလအမျိုးသားတို့သည် ငြိမ်ဝပ် စွာနေသောအခါ သင်သည်သိ၍၊ 15 မြင်းစီးသောသူ
အလုံးအရင်းအပေါင်း၊ အားကြီး သောစစ်သူရဲအပေါင်းတို့နှင့်တကွ မြောက်မျက်နှာမှ ချီလာမည်။ 16 ပြည်ကို မိုဃ်းအုံ့သကဲ့သို့
ငါ၏လူဣသရေလ အမျိုးသားတို့ကို တက်၍တိုက်လာမည်။ နောင်ကာလတွင် ငါ၏ပြည်တဘက်၌ သင့်ကို
ငါဆောင်ခဲ့မည်မဟုတ်လော။ အကြောင်းမူကား၊ အိုဂေါဂ၊ လူအမျိုးမျိုးတို့ မျက်မှောက်၌ သင့်အားဖြင့် ငါသည်ချီးမြှောက်ရာသို့
ရောက်သောအခါ၊ သူတို့သည် ငါ့ကိုသိရကြမည်အကြောင်းတည်း။ 17 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် စစ်ချီစေမည်
ဟု၊ လွန်လေပြီးသောရှေးကာလ၌ ပရောဖက်ပြုသောငါ၏ ကျွန်ဣသရေလ ပရောဖက်တို့ အား ငါသည်ဗျာဒိတ်ပေးသောအခါ၊
သင့်ကိုရည်မှတ် သည်မဟုတ်လော။ 18 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလတွင်ဂေါဂသည် ဣသရေလပြည်ကို
တိုက်လာ သောကာလအခါ၊ ငါသည်ဒေါသအရှိန် ထ၍ အမျက် ထွက်လိမ့်မည်။ 19 အကယ်စင်စစ် ထိုအခါ ဣသရေလပြည်၌ကြီးစွာ
သော လှုပ်ရှားခြင်းဖြစ်လိမ့်မည်ဟု ငါ၏ဒေါသမီးလောင် လျက် ငါပြောပြီ။ 20 ပင်လယ်ငါး၊ မိုဃ်းကောင်းကင်ငှက်၊ တော တိရစ္ဆာန်နှင့်
မြေ၌တွားတတ်သောတိရစ္ဆာန်၊ မြေပေါ်မှာ ရှိသော လူအပေါင်းတို့သည် ငါ့ရှေ့မှာ တုန်လှုပ်ကြ လိမ့်မည်။ တောင်တို့သည်ပြိုလျက်၊
အစောက်မြင့်သော အရပ်တို့သည် လဲလျက်၊ အလုံးစုံသောအိုတ်ရိုး ပြုတ်လျက် ရှိကြလိမ့်မည်။ 21 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါ့တောင်များ အရပ်ရပ်တို့တွင် သူ့တဘက်၌ထားကို ငါမှာလိုက်သဖြင့်၊ လူအပေါင်းတို့သည် တယောက်ကို
တယောက်ထားနှင့် ခုတ်ကြလိမ့်မည်။ 22 ငါသည်ကာလနာဘေး၊ အသေသတ်ခြင်းဘေး အားဖြင့် သူ့ကိုဒဏ်ပေးမည်။
သူနှင့်သူ၌ပါသောတပ်များ၊ အလုံးအရင်းများအပေါ်မှာ လွှမ်းမိုးသောမိုဃ်းရေ၊ ကြီး သောမိုဃ်းသီး၊ ကန့်နှင့်ရောသောမီးမိုဃ်းကို
ရွာစေမည်။ 23 ထိုသို့ငါသည် ကိုယ်ကိုချီးမြှောက၍ ရှိသေဘွယ် သော ဂုဏ်လက္ခဏာတို့ကိုပြလျက်၊ များစွာသောလူမျိုးတို့ ရှေ့မှာ
ထင်ရှားသောအခါ၊ ငါသည်ထာဝရဘုရား ဖြစ်ကြောင်းကို သူတို့သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 39

1 သို့ဖြစ်၍၊ အချင်းလူသား၊ ဂေါဂတဘက်၌ ပရောဖက်ပြု၍ အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ရောရှ၊ မေရှက်၊
တုဗလပြည်တို့ကို အစိုးရသောအိုဂေါဂမင်း၊ ငါသည်သင့်တဘက်၌ နေ၏။ 2 သင့်ကို ငါလှည့်၍ သွေးဆောင်မည်။ မြောက် မျက်နှာမှ
ချီလာ၍ ဣသရေလတောင်တို့အပေါ်သို့ ရောက်စေမည်။ 3 ထိုအခါ သင့်လက်ဝဲလက်မှ လေးကိုင်း။ လက်ျာလက်မှ မြားတို့ကိုငင်း၊
ငါရိုက်၍ကျစေမည်။ 4 သင်နှင့်သင်၌ပါသော တပ်သား အပေါင်းတို့ သည် ဣသရေလတောင်တို့အပေါ်မှာ လဲ၍သေကြလိမ့် မည်။
သင့်ကို အမျိုးမျိုးသော ငှက်ရဲ၊ သားရဲတို့ကိုက်စား စရာဘို့ ငါအပ်မည်။ 5 သင်သည် လွင်ပြင်၌ လဲ၍သေလိမ့်မည်။ ငါပြောပြီဟု
အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 6 မာဂေါဂပြည်နှင့် ပင်လယ်ကမ်းနားမှာ ငြိမ်ဝပ် စွာနေသော သူတို့အပေါ်သို့ မီးကိုငါလွှတ်လိုက်၍၊
ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်။ 7 ထိုသို့ငါ၏ နာမမြတ်ကိုငါ၏ လူဣသရေလ အမျိုးသားတို့တွင်
ထင်ရှားစေမည်။ နောက်တဖန်သူတို့ သည် ငါ၏နာမမြတ်ကိုမရှုတ်ချရကြ။ ငါသည်ဣသရေလ အမျိုး၏ သန့်ရှင်းသောဘုရား၊
ထာဝရဘုရားဖြစ်ကြောင်း ကို တပါးအမျိုးသားတို့သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 8 တဖန်အရှင်ထာဝရဘုရား မိန့်တော်မူသည်
ကား၊ အမှုရောက်လေပြီ။ ပြည့်စုံလေပြီ။ ယခုနေ့ရက် သည် ငါမိန့်မြွက်နှင့်ပြီးသော နေ့ရက်ဖြစ်၏။ 9 ဣသရေလမြို့တို့၌
နေသောသူတို့သည် ထွက် သွား၍၊ စစ်တိုက်လက်နက်၊ ဒိုင်း၊ လွှား၊ လေး၊ မြား၊ တုတ်၊ လှံများကို ခုနစ်နှစ်ပတ်လုံး မီးရှို့ကြလိမ့်မည်။ 10
ထိုကာတွင် ဥယျာဉ်တော်၌ထင်းမခွေ၊ တော၌ ထင်းမခုတ်မလှဲ၊ စစ်တိုက်လက်နက်တို့နှင့် မီးမွေးကြလိမ့် မည်။ ဖျက်ဆီးသောသူတို့ကို
ဖျက်ဆီးကြလိမ့်မည်။ လုယူသောသူတို့၏ ဥစ္စာကိုလည်းလုယူကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 11 ထိုကာလတွင်
ဣသရေလပြည်၊ အိုင်အရှေ့၊ ခရီးသွားရာချိုင့်၌ ထင်ရှားသော သင်္ချိုင်းကိုဂေါဂအား ငါပေးမည်။ ခရီးသွားသော သူတို့သည်
နှာခေါင်းကို ပိတ်ရ ကြလိမ့်မည်။ ထိုအရပ်၌ ဂေါဂ နှင့်သူ၏လူ အလုံးအရင်းရှိသမျှကိုမြေ၌ မြှုပ်၍၊ ထိုချိုင့်သည် ဟာမုန်ဂေါဂ
ချိုင့်အမည်ဖြင့် တွင်လိမ့်မည်။ 12 ဣသရေလ အမျိုးသားတို့သည် ပြည်ကို သန့်ရှင်းစေခြင်းငှါ ခုနစ်နှစ်ပတ်လုံး မြေ၌မြှုပ်ကြ
လိမ့်မည်။ 13 ပြည်သားအပေါင်းတို့သည် ဝိုင်း၍မြေ၌မြှုပ်သဖြင့်၊ ငါ၏ဘုန်းပွင့်သော ထိုနေ့ရက်၌ သူတို့သည်လည်း ကျော်စောခြင်းသို့
ရောက်ကြလိမ့်မည် ဟုအရှင်ထာဝရ ဘုရား မိန့်တော်မူ၏။ 14 အရပ်ရပ်လှည့်လည်၍ အခြားသောခရီးသည် တို့နှင့် ဝိုင်းလျက်၊
မြေပေါ်၌ကြွင်းသေးသော အသေ ကောင်တို့ကို မြှုပ်၍၊ ထိုပြည်ကို သန့်ရှင်းစေခြင်းငှါ အစဉ်အမှုစောင့်သော သူတို့ကိုရွေးကောက်၍
ခန့်ထား ရကြလိမ့်မည်။ ထိုသူတို့သည် ခုနစ်လမက ရှာဖွေ ကြစဉ်တွင်၊ 15 လှည့်လည်၍ ခရီးသွားသောသူတို့သည် အသေ ကောင်၏
အရိုးကိုတွေ့မြင်လျှင်၊ မြေ၌မြှုပ်သော သူတို့သည် ဟာမုန်ဂေါဂချိုင့်၌ မမြှုပ်မှီတိုင်အောင်၊ အရိုး၏အနားမှာမှတ်တိုင်ကို
စိုက်ရကြမည်။ 16 ထိုအရပ်၌ တည်သောမြို့သည်လည်း ဟာမုန် မြို့ဟူ၍တွင်သဖြင့်၊ ထိုသို့ပြည်တော်ကို သန့်ရှင်းစေကြ လိမ့်မည်။ 17
အချင်းလူသား၊ အရှင်ထာဝရဘုရား၏ အမိန့် တော်ကို ငှက်အမျိုးမျိုးတို့နှင့် မြေတိရစ္ဆာန်ခပ်သိမ်းတို့အား၊ ဆင့်ဆိုရမည်မှာ၊
စည်ဝေး၍လာကြလော့။ ဣသရေလ တောင်တို့အပေါ်၌ သင်တို့အဘို့ ငါစီရင်သော ယဇ်ပွဲကြီး သို့ အရပ်ရပ်တို့က စည်းဝေး၍၊
အသားအသွေးကို သောက်စားခြင်းငှါ လာကြလော့။ 18 သင်တို့သည် အားကြီးသောသူတို့၏ အသား၊ လောကီမင်းတို့၏အသွေး၊
ဗာရှန်ပြည်၌ ဆူအောင်ကျွေး သော သိုးထီး၊ ဆိတ်ထီး၊ နွားလားဥသဘတို့၏ အသား အသွေးကို သောက်စားရကြလိမ့်မည်။ 19
သင်တို့အဘို့ ငါစီရင်သော ယဇ်ပွဲ၌ ဆီဥကိုဝစွာ စားရကြလိမ့်မည်။ အသွေးနှင့်ယစ်မူးသည်တိုင်အောင် သောက်ရကြလိမ့်မည်။ 20
ထိုသို့စားပွဲ၌မြင်း၊ မြင်းစီးသူရဲ၊ ခွန်အားကြီး သောသူ၊ စစ်တိုက်သောသူ အမျိုးမျိုးတို့ကို ဝစွာစားရကြ လိမ့်မည်ဟု အရှင်ထာဝရဘုရား
မိန့်တော်မူ၏။ 21 ငါ့ဘုန်းကိုလည်း တပါးအမျိုးသားတို့တွင် ငါထင်ရှားစေ၍၊ ငါစီရင်သောတရားမှုနှင့်၊ သူတို့၌ ငါတင်သောလက်ကို
တပါးအမျိုးသားအပေါင်းတို့သည် မြင်ရကြလိမ့်မည်။ 22 ငါသည်သူတို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်ကြောင်းကို
ဣသရေလအမျိုးသားတို့သည် ထိုနေ့မှ စ၍ သိရကြလိမ့်မည်။ 23 ဣသရေလအမျိုးသားတို့သည် မိမိအမျိုးတို့ အပြစ်ကြောင့်
သိမ်းသွားခြင်းခံရကြောင်းကို တပါး အမျိုးသားတို့သည် သိရကြလိမ့်မည်။ ငါ့ကိုပြစ်မှားသော ကြောင့်၊ ငါသည် မျက်နှာလွှဲ၍
ရန်သူတို့လက်သို့ အပ် သဖြင့်၊ ထိုသူအပေါင်းတို့သည် ထားဖြင့် လဲ၍ သေရ ကြပြီ။ 24 သူတို့ညစ်ညူးသောအမှု၊ လွန်ကျူးခြင်းအမှုတို့
အတိုင်း ငါသည် ပြု၍ မျက်နှာကိုလွှဲပြီ။ 25 ဤအမှုတွင် အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သိမ်းသွားခြင်းကို ခံရသောယာကုပ်
အမျိုးကို ငါတဖန်ဆောင်ခဲ့၍၊ ဣသရေလအမျိုးသားအပေါင်းတို့ကို ကယ်မသနားသဖြင့်၊ ငါ၏နာမမြတ်အဘို့ အလိုငှါ
စိတ်အားကြီးမည်။ 26 သူတို့ကို လူအမျိုးမျိုးထဲက ငါခေါ်ခဲ့၍၊ 27 ရန်သူနေရာပြည်တို့မှ စုဝေးစေလျက်၊ သူတို့ အားဖြင့်များစွာသော
လူမျိုးတို့ရှေ့မှာ ငါသည်ချီးမြောက် ခြင်းသို့ရောက်သောအခါ၊ သူတို့သည် ကြောက်စေသော သူမရှိ၊ ငြိမ်ဝပ်စွာနေကြစဉ်တွင်
ခံရဘူးသောအရှက်ကွဲ ခြင်းနှင့်၊ ငါ့အားပြစ်မှားခြင်းအပြစ်များကို အောက်မေ့ကြ ရလိမ့်မည်။ 28 ငါသည်သူတို့ကို
တပါးအမျိုးသားတို့၏ သိမ်း သွားခြင်းကို ခံစေသောကြောင့်၎င်း၊ နောက်တဖန် နေရင်းပြည်၌ စုဝေးစေ၍ နေရာချသောကြောင့်၎င်း၊
သူတို့၏ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သိရကြ လိမ့်မည်။ 29 ငါသည် ကိုယ်ဝိညာဉ်ကို ဣသရေလအမျိုးသား အပေါ်သို့
သွန်းလောင်းသောအခါ၊ သူတို့တွင် တယောက် ကိုမျှ နောက်တဖန်ငါမစွန့်ပစ်၊ ငါ့မျက်နှာကိုလည်းမလွှဲဟု အရှင်ထာဝရဘုရား
မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 40

1 ငါတို့သည် သိမ်းသွားခြင်းကိုခံရာ သက္ကရာဇ် နှစ်ဆယ်ငါးခု၊ ပဌမလဆယ်ရက်နေ့ မြို့တော်ကို လုပ်ကြ ၍၊
တဆယ်လေးနှစ်စေ့သောနေ့ တွင်၊ ထာဝရဘုရား၏ လက်တော်သည် ငါ့အပေါ်မှာရှိ၍ ထိုမြို့သို့ဆောင် သွားတော်မူ၏။ 2
ဘုရားသခင်၏ ဗျာဒိတ်ရူပါရုံအားဖြင့် ငါ့ကို ဣသရေလပြည်သို့ ဆောင်သွား၍၊ အလွန်မြင့်သော တောင်ပေါ်မှာ တင်ထားတော်မူ၏။
ထိုတောင်အနားမှာ တောင်ဘက်၌မြို့ပုံသဏ္ဍာန်ရှိ၏။ 3 ထိုအရပ်သို့ ငါ့ကိုဆောင်သွားတော်မူသောအခါ၊ ကြေးဝါကဲ့သို့
အဆင်းအရောင်ရှိသော လူတဦးသည် တိုင်းစရာ ကျူလုံးနှင့်ချည်ကြိုးကို ကိုင်လျက်မြို့တံခါးဝမှာ ရပ်နေ၏။ 4 ထိုသူက၊
အချင်းလူသား၊ စေ့စေ့ကြည့်ရှုလော့။ စေ့စေ့နားထောင်လော့။ ငါပြလတံ့သမျှတို့ကို နှလုံးသွင်း လော့။ သင့်အား ငါပြအံ့သောငှါ
သင့်ကိုဤအရပ်သို့ ဆောင်ခဲ့တော်မူပြီ၊ မြင်သမျှတို့ကိုလည်း ဣသရေလ အမျိုးအားပြရမည်ဟုဆို၏။ 5 အိမ်တော်ပြင်ပတ်လည်၌
တန်တိုင်းရှိ၏။ ထိုသူသည် သံတောင်အားဖြင့် အရှည်ခြောက်တောင် ရှိသော ကျူလုံးကို ကိုင်လျက်၊ ထိုတန်တိုင်းကိုတိုင်း၍
အထုကျူတပြန်၊ အမြင့်လည်း ကျူတပြန်ရှိ၏။ 6 ထိုနောက်၊ အရှေ့တံခါးသို့သွား၍ လှေကားကို တက်ပြီးမှ၊ တံခါးထုပ်နှင့်
တံခါးခုံကိုတိုင်း၍ အနံ ကျူတပြန်စီရှိ၏။ 7 အခန်းငယ်တို့သည် တခန်းနှင့်တခန်း ငါး တောင်ကွာလျက် အလျားကျူတပြန်၊ အနံလည်း
ကျူတပြန်စီရှိကြ၏။ 8 အတွင်းတံခါးခုံလည်း အနံကျူတပြန်ရှိ၏။ 9 တံခါးမုတ်ကိုလည်း တိုင်း၍အလျားရှစ်တောင် ရှိ၏။
မုတ်တိုင်အမြင့် နှစ်တောင်စီရှိ၏။ တံခါးမုတ်သည် တံခါးအတွင်းဘက်၌ ရှိသတည်း။ 10 အရှေ့တံခါး တဘက်တချက်၌ အခန်းငယ်
သုံးခန်းစီရှိ၍၊ အလျားအနံတညီတည်း၊ တဘက်တချက်၌ တိုင်အမြင့်လည်း တညီတည်းရှိကြ၏။ 11 တံခါးဝကိုလည်းတိုင်း၍
အနံဆယ်တောင်၊ အမြင့်တဆယ်သုံးတောင်ရှိ၏။ 12 အခန်းငယ်တို့ရှေ့မှာ တဘက်တချက်၌ ကြမ်း ပြင်အနံတတောင်ရှိ၏။
တဘက်တချက်၌ရှိသော အခန်းငယ်တို့သည် အလျားအနံခြောက်တောင်စီရှိ၏။ 13 ထိုနောက်၊ အခန်းငယ်အမိုးစွန်းတခုမှသည်
တခုတိုင်အောင် တိုင်း၍အကျယ်နှစ်ဆယ်ငါးတောင်ရှိ၏။ တံခါးတို့သည် မျက်နှာချင်းဆိုင်ကြ၏။ 14 တံခါးပတ်လည်
တန်တိုင်းအတွင်း၊ ထောင့်တိုင် အထိ၊ အတောင်ခြောက်ဆယ်ကျယ်အောင် တိုင်များကို ထားလေ၏။ 15 ပြင်တံခါးဝမှသည်
အတွင်းတံခါးမုတ်ဝတိုင် အောင် အတောင်ငါးဆယ်ရှိ၏။ 16 အခန်းများ၊ တံခါးအတွင်းပတ်လည်တိုင်များ၊ တံခါးမုတ်များ
အတွင်းဘက်၌ ကျဉ်းသောပြတင်းပေါက် များရှိ၏။ တိုင်များ၌စွန်ပလွံပင်ပုံထုလျက်ရှိ၏။ 17 ထိုနောက်၊ ငါ့ကိုပြင်တန်တိုင်းထဲသို့
သွင်း၍ အခန်းများကို ငါမြင်၏။ ကျောက်ခင်းလည်းရှိ၏။ ကျောက်ခင်းအပေါ်မှာ အခန်းသုံးဆယ် ရှိ၏။ 18
တံခါးများအစဉ်အတိုင်းလိုက်၍၊ တံခါးအနားမှာ ရှိသော ကျောက်ခင်းသည် အောက်ကျောက်ခင်းဖြစ်၏။ 19 ထိုနောက်၊
အောက်တံခါးဦးမှသည် အတွင်း တန်းတိုင်းပြင်ဘက် ဦးတိုင်အောင်တိုင်း၍၊ အရှေ့မျက်နှာ ၌ အတောင်တရာကွာ၏။ 20
တဖန်မြောက်မျက်နှာသို့ ခေါ်သွား၍၊ ပြင် တန်တိုင်းမြောက်ဘက်သို့ မျက်နှာပြုသောတံခါးအမြင့်နှင့် အနံကိုတိုင်းလေ၏။ 21
အခန်းတို့သည် တဘက်တချက်၌ သုံးခန်းစီ ရှိ၏။ တိုင်များ၊ မုတ်များတို့သည် အရင်တံခါးကဲ့သို့ဖြစ်၍၊ အလျားအတောင်ငါးဆယ်၊
အနံနှစ်ဆယ်ငါးတောင်ရှိ၏။ 22 ပြတင်းပေါက်၊ မုတ်၊ စွန်ပလွံပင်များတို့သည် အရှေ့တံခါးကဲ့သို့ ဖြစ်ကြ၏။ လှေကားခုနစ်ထစ်ဖြင့်
တံခါးသို့တက်ရ၏။ မုတ်တို့သည် လှေကားနှင့် တတန်း တည်း ရှိကြ၏။ 23 အရှေ့ဘက်၌ရှိသကဲ့သို့ မြောက်တံခါး မျက်နှာ
ချင်းဆိုင်အတွင်း တန်တိုင်းတံခါးဝရှိ၏။ တံခါဝတခုနှင့် တခု အတောင်တရာကွာ၏။ 24 ထိုနောက်၊ တောင်မျက်နှာသို့ခေါ်သွား၍
တောင်တံခါးကို ငါမြင်၏။ တိုင်များ၊ မုတ်များကိုတိုင်း၍ အရင်ပမာဏနှင့်တညီတည်း ရှိကြ၏။ 25 အရင်ပြတင်းပေါက်ကဲ့သို့
ပြတင်းပေါက်များ၊ မုတ်များရှိ၍၊ အလျားအတောင်ငါးဆယ်၊ အနံနှစ်ဆယ်ငါး တောင်ရှိ၏။ 26 လှေကား ခုနစ်ထစ်ဖြင့်
တံခါးသို့တက်ရ၏။ မုတ်တို့သည် လှေကားနှင့် တတန်းတည်းရှိကြ၏။ တဘက်တချက်တိုင်များ၌ စွန်ပလွံပင်ပုံ ထုလျက်ရှိ၏။ 27
တောင်မျက်နှာ၌ အတွင်းတန်တိုင်တံခါးဝရှိ၏။ ထိုမျက်နှာ၌ တံခါးဝတခုမှသည် တခုတိုင်အောင်တိုင်း၍ အတောင်တရာကွား၏။ 28
တဖန်အတွင်းတန်တိုင်းထဲသို့တောင် တံခါးဖြင့် သွင်း၍၊ အရင် ပမာဏနှင့်အညီ ထိုတံခါးကိုတိုင်းလေ၏။ 29 အခန်းငယ်များ၊ တိုင်များ၊
မုတ်များတို့သည် အရင်ပမာဏနှင့်တညီတည်း ရှိကြ၏။ တံခါးဝပတ်လည် ၌၎င်း၊ မုတ်များ၌၎င်းပြတင်းပေါက်ရှိ၍၊ အလျားအတောင်
ငါးဆယ်၊ အနံနှစ်ဆယ်ငါးတောင်ရှိ၏။ 30 ပတ်လည်၌ရှိသော မုတ်တို့သည်လည်း အလျား အတောင်နှစ်ဆယ်ငါးတောင်၊
အနံငါးတောင်ရှိ၏။ 31 မုတ်တို့သည် ပြင်တန်တိုင်သို့မျက်နှာပြု၍၊ တိုင် များအပေါ်မှာ စွန်ပလွံပင်ပုံ ထုလျက်ရှိ၏။ လှေကား
ရှစ်ထစ်ဖြင့်တက်ရ၏။ 32 အရှေ့ဘက်၌လည်း အတွင်းတန်တိုင်းထဲသို့ သွင်း၍၊ ထိုတံခါးကို အရင်ပမာဏနှင့်အညီ တိုင်းလေ၏။ 33
အခန်းငယ်များ၊ တိုင်များ၊ မုတ်များတို့သည် အရင်ပမာဏနှင့် တညီတည်းရှိကြ၏။ တံခါးဝပတ်လည် ၌၎င်း၊ မုတ်များ၌၎င်း
ပြတင်းပေါက်ရှိ၍၊ အလျား အတောင်ငါးဆယ်၊ အနံနှစ်ဆယ်ငါးတောင်ရှိ၏။ 34 မုတ်တို့သည် ပြင်တန်တိုင်သို့ မျက်နှာပြု၍၊
တဘက်တချက်တိုင်များပေါ်မှာစွန်ပလွံပင် ပုံထုလျက် ရှိ၏။ လှေကားရှစ်ထစ်ဖြင့် တက်ရ၏။ 35 တဖန် မြောက်တံခါးသို့ ခေါ်သွား၍
အရင် ပမာဏနှင့်အညီ တိုင်းလေ၏။ 36 အခန်းငယ်များတိုင်များ၊ မုတ်များ၊ ပတ်လည်၌ ပြတင်းပေါက်များတို့နှင့် ပြည့်စုံ၍၊
အလျာအတောင် ငါးဆယ်၊ အနံနှစ်ဆယ်ငါးတောင်ရှိ၏။ 37 မုတ်တို့သည် ပြင်တန်တိုင်းသို့မျက်နှာပြု၍၊
တဘက်တချက်တိုင်များအပေါ်မှာ စွန်ပလွံပင်ပုံ ထုလျက် ရှိ၏။ လှေကားရှစ်ထစ်ဖြင့်တက်ရ၏။ 38 မီးရှို့သော ယဇ်ကောင်ကိုရေနှင့်

ဆေးကြော စရာအခန်းများ၊ အခန်းဝင်ဝများတို့သည် ထိုတံခါးမုတ်၌ ရှိကြ၏။ [39] မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာ
ယဇ်ကောင်ကို သတ်စရာဘို့၊ တံခါးမုတ်အတွင်း တဘက် တချက်၌ စာပွဲနှစ်ခုစီရှိကြ၏။ [40] မြောက်တံခါးဝသို့ တက်ရာတံခါးမုတ်၊ ပြင်
အနားတဘက်တချက်၌လည်း စားပွဲနှစ်ခုစီရှိသည်ဖြစ်၍၊ [41] တံခါးဝတဘက်တချက်၌ ယဇ်ကောင်ကို သတ်စရာစားပွဲလေးခုစီ၊
ပေါင်းရှစ်ခုရှိကြ၏။ [42] မီးရှို့ရာယဇ်ဘို့ စားပွဲလေးခုတို့သည် ဆစ်သော ကျောက်ဖြင့်ပြီး၍၊ အလျားတတောင်တထွာ၊ အနံ
တတောင်တထွာ၊ အမြင့်တတောင်ရှိ၏။ ထို စားပွဲပေါ်မှာ မီးရှို့ရာယဇ်ကောင်ကို သတ်စရာတန်ဆာများကို တင်ထားရကြ၏။ [43]
စားပွဲအပေါ်ပတ်လည်၌ အကျယ်လက်တဝါး ရှိသော အနားပတ် တပ်လျက်ရှိ၍၊ ပူဇော်စရာယဇ်သား ကို တင်ထားရကြ၏။ [44]
အတွင်းတံခါးပြင်မှာ အတွင်းတန်တိုင်း၌ အခန်း နှစ်ခုကို ငါမြင်၏။ တခန်းကား၊ မြောက်တံခါးအနားမှာ ရှိ၍ တောင်ဘက်သို့
မျက်နှာပြု၏။ တခန်းကား၊ တောင် တံခါးအနားမှာရှိ၍ မြောက်ဘက်သို့ မျက်နှာပြု၏။ [45] တောင်ဘက်သို့မျက်နှာပြုသော
ဤအခန်းကား၊ အိမ်တော် အမှုကိုဆောင်သော ယဇ်ပုရောဟိတ် နေစရာ ဘို့၊ [46] မြောက်ဘက်သို့မျက်နှာပြုသော ဤအခန်းကား၊
ယဇ်ပုလ္လင်အမှုကို ဆောင်သောယဇ်ပုရောဟိတ် နေစရာ ဘို့ဖြစ်၏။ ထိုသူတို့ကား၊ ထာဝရဘုရားထံတော်သို့ ချဉ်းကပ်၍ အမှုတော်ကို
ဆောင်စေခြင်းငှါ၊ လေဝိသား တို့တွင် ရွေးကောက်သောဇာဒုတ်သားပေတည်းဟု ငါ့အား ပြောဆို၏။ [47] ထိုအခါ တန်တိုင်းကိုတိုင်း၍
အလျားအတောင် တရာ၊ အနံအတောင်တရာ စတုရန်းရှိ၏။ ယဇ်ပလ္လင် သည် အိမ်တော်ရှေ့မှာ တည်၏။ [48] အိမ်တော်ဦးသို့ခေါ်၍
တံခါးဝနှစ်ဘက်ကို တိုင်းလျှင်၊ အကျယ်ငါးတောင်စီရှိ၏။ တံခါးရွက်နှစ်ဘက်၊ အနံသုံးတောင်စီရှိ၏။ [49] အိမ်တော်ဦးအလျားကား
အတောင်နှစ်ဆယ်၊ အနံကားတဆယ်တတောင်ရှိ၏။ လှေကားဆယ်ထစ်ဖြင့် တက်ရ၏။ အိမ်တော်ဦးအနား၊ တဘက်တချက်၌
တိုင်တလုံးစီတည်လျက်ရှိ၏။

---

Ezekiel 01

သက္ကရာဇ် နှစ်ဆယ်ငါးခု၊ ပဉ္စမလဆယ်ရက်နေ့

ငါးနှစ်မြောက်....ဆယ်လေးနှစ်မြောက်။

ငါတို့သည် သိမ်းသွားခြင်းကိုခံရာ

'ငါတို့' သည် ဘုရင်ယောယကိမ်ကို ယေရုရှလင်မှနှင်ထုတ်ပြီး ဗာဗုလုန်နိုင်ငံတွင် သိမ်းသွားခြင်း ခံရသော ယေဇကျေလနှင့် ဣသရေလလူမျိုးများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ဖမ်းသွားခြင်းခံရပြီးနောက်" သို့မဟုတ် "ဗာဗုလုန်လူမျိုးတို့သည် ငါတို့ကို သိမ်းသွားပြီးနောက်။"

ပဉ္စမလဆယ်ရက်နေ့

ဟေဗြဲပြက္ခဒိန်၏ ပထမလဖြစ်သည်။ အနောက်တိုင်းပြက္ခဒိန်များတွင် ဆယ်ရက်နေ့သည် ဧပြီလတွင် ကျသည်။

မြို့တော်ကို လုပ်ကြံ ၍

အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန်လူမျိုးတို့သည် ယေရုရှလင်ကို သိမ်းပိုက်ကြသည်။"

ထာဝရဘုရား၏ လက်တော်

အခန်း ၁:၁ ကိုကြည့်ရန်။

ငါ့အပေါ်မှာရှိ၍ ထိုမြို့သို့ဆောင် သွားတော်မူ၏

သူသည် ငါ့ကို လဲလျောင်းစေ၏။

Ezekiel 03

ထိုအရပ်သို့ ငါ့ကိုဆောင်သွားတော်မူသောအခါ

ထာဝရဘုရားသည် အဆောက်အအုံများ ရှိသည့်နေရာတွင် ငါ့ကို ခေါ်ဆောင်သွားသည်။

Behold

N/A

ချည်ကြိုး

ပိတ်ဖြင့် ပြုလုပ်သောကြိုး။ အလွန်ရှည်လျားသော အကွာအဝေးကို တိုင်းတာရာတွင် သုံးသည်။

ကျူ (ပိတ်)

အခန်း ၉:၁ ကိုကြည့်ရန်။

တိုင်းစရာ

တိုသောအကွာအဝေးကို တိုင်းတာသည် ပစ္စည်းဖြစ်သည်။

အချင်းလူသား

အခန်း ၂:၁ ကိုကြည့်ရန်။

စေ့စေ့ကြည့်ရှုလော့

အခြားသောဘာသာပြန်ဆိုချက်၊ "နားစွင့်ပါ" သို့မဟုတ် "စဉ်းစားပါ။"

ဣသရေလ အမျိုး

အခန်း ၃:၁ ကိုကြည့်ရန်။

Ezekiel 05

အိမ်တော်ပြင်ပတ်လည်၌

ဗိမာန်တော်ကို ပတ်လျက်သွားရာ။

သံတောင်အားဖြင့် အရှည်ခြောက်တောင်
အတောင် ခြောက်တောင်ရှည်သော။ ၃.၂ မီတာခန့်ဖြစ်သည်။

ထိုတန်တိုင်းကိုတိုင်း၍ အထုကျူတပြန်၊ အမြင့်လည်း ကျူတပြန်ရှိ၏
အရှည်၅၄ စင်တီမီတာခန့်စီရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပုံမှန်အတောင်နှင့်
လက်တစ်ဆုပ်ရှိသောအရှည်ကို ခေါ်သည်"

ကျူတပြန်
'လက်တစ်ဆုပ်အထု။' ၈ စင်တီမီတာခန့်ဖြစ်သည်။

အနံ ကျူတပြန်
'နံရံနကျယ်ခန့်။' အဆောက်အဦကဲ့သို့ အခေါင်းရှိသည်။

တံခါးခုံ
တုတ်တစ်ချောင်းခန့်အကျယ်ရှိသည်။ ၃.၂ မီတာခန့်ဖြစ်သည်။

အခန်းငယ်တို့
တံခါးကို စောင့်ဖို့ အစောင့်များအိပ်ရသော
အဆောက်အဦအတွင်းပိုင်းရှိ အခန်းများ။

ငါး တောင်
၂.၇ မီတာ။

ခန်းငယ်တို့သည် ... ကွာလျက်
အခန်းတစ်ခုနှင့်တစ်ခုကြား။

portico
N/A

Ezekiel 08

အတွင်းတံခါးခုံ
အခန်း ၈:၁၆ ကိုကြည့်ရန်။

ကျူတပြန်
အခန်း ၄၀:၅ ကိုကြည့်ရန်။

နှစ်တောင်
တစ်မီတာခန့်။

တောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

တညီတည်း
အရွယ်အစားတူသည်။

Ezekiel 11

တံခါးဝ
တံခါးဝင်ဝဖြစ်သော အပေါက်။

ဆယ်တောင်
၅.၄ မီတာခန့်။

တောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

တဆယ်သုံးတောင်
၇ မီတာခန့်။

အခန်းငယ်
နံရံတွင်းအခန်းများ။

ခြောက်တောင်
၃.၂ မီတာခန့်။

တတောင်
၅၄ စင်တီမီတာ သို့မဟုတ် မီတာဝက်ခန့်။ (UDB)

နှစ်ဆယ်ငါးတောင်
ငါးတောင် ၁၃.၅ မီတာခန့်။

တခုမှသည် တခုတိုင်အောင်
ဒုတိယ နံရံပေါက်၏ ဝင်ပေါက်။

Ezekiel 14

တန်တိုင်း
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင်ခြောက်ဆယ်
၃၂ မီတာခန့်။

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

တွင်းတံခါးမုတ်ဝ
အခန်း ၈:၁၆ ကိုကြည့်ရန်။ အချို့ခေတ်သစ်ပြန်ဆိုမှုများက
ခြားနားစွာပြန်နိုင်သည်။ အဓိပ္ပါယ်မရှင်းလင်းပါ။

အတောင်ငါးဆယ်
၂၇ မီတာခန့်။

separated them
N/A

အတွင်းဘက်၌ ကျဉ်းသောပြတင်းပေါက် များရှိ၏
ပြတင်းပေါက်များသည် အတွင်းပိုင်း ပတ်လည်၌ ရှိကြသည်။

Ezekiel 17

ပြင်တန်တိုင်း
အခန်း ၁၀:၃ ကိုကြည့်ရန်။


generated on Sun Jun 30 02:37:40 2024

Behold
N/A

ကျောက်ခင်း
ကျောက်ဖြင့်ပြုလုပ်သော ကြမ်းပြင် (စကြံ)။

ကျောက်ခင်းအပေါ်မှာ အခန်းသုံးဆယ် ရှိ၏
အခြားသောဘာသာပြန်ဆိုချက်၊ "စကြံပတ်လည်တွင် အခန်း သုံးဆယ်ရှိသည်"

လိုက်၍
တောက်လျှောက်လိုက်၍ သွားသည်။

အတောင်တရာ
၅၄ မီတာခန့်။

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

Ezekiel 20

အခန်း
အခန်း ၄၀:၅ ကိုကြည့်ရန်။

တန်တိုင်း
အခန်း ၈:၁၆ ကိုကြည့်ရန်။

တဘက်တချက်
တူသော အတိုင်းအတာရှိသည်။

အတောင်ငါးဆယ်
နှစ်ဆယ်ခုနှစ်မီတာခန့်။

အတောင်
အခန်း ၄၀၈၅ ကိုကြည့်ရန်။

နှစ်ဆယ်ငါးတောင်
ငါးတောင် ၁၃.၅ မီတာခန့်။

တံခါး
ဗိမာန်တော်၏ အရှေ့ဘက်တွင်ရှိသော တံခါး။

Ezekiel 22

ယေဘုယျ အချက်အလက်
ယေဇကျေလသည် ရူပါရုံတွင်သူမြင်သော ဗိမာန်တော်နှင့်ကြေးဝါနှင့်တူသောလူ အကြောင်းကို ဆက်လက်ဖော်ပြသည်။

ပြတင်းပေါက်
အပြင်တံတိုင်း၏ မြောက်ပိုင်းတံခါးကို ဆိုလိုသည်။

အခန်းငယ်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အရှေ့တံခါးကဲ့သို့ ဖြစ်ကြ၏
အရှေ့ဘက် တံခါးကဲ့သို့ဖြစ်ကြသည်။

အတွင်း တန်တိုင်း
အခန်း ၈:၁၆ ကိုကြည့်ရန်။

မြောက်တံခါး မျက်နှာ ချင်းဆိုင်
မြောက်ဘက်သို့ မျက်နှာမူသော တံခါးနှင့်မျက်နှာချင်းဆိုင်၊ သို့မဟုတ် မြောက်တံခါးမှ အပြင်ဘက်တံတိုင်းနှင့် မျက်နှာချင်းဆိုင်၍။ (UDB)

တံခါဝတခုနှင့် တခု
မြောက်ဘက် အပြင်တံခါးမှ မြောက်ဘက်အတွင်းဘက်တံခါးသို့။

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင်တရာ
၅၄ မီတာခန့်။

Ezekiel 24

အရင်ပမာဏနှင့်တညီတည်း
အခြားသောဘာသာပြန်ဆိုချက်၊ "မြောက်ဘက်နှင့်အရှေ့ဘက်ရှိ တံခါးများအတိုင်း။"

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင်ငါးဆယ်
နှစ်ဆယ်ခုနှစ်မီတာခန့်။

နှစ်ဆယ်ငါး တောင်
ငါးတောင် ၁၃.၅ မီတာခန့်။

Ezekiel 26

မုတ်
အခန်း ၈:၁၆ ကိုကြည့်ရန်။

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင်တရာ
၅၄ မီတာခန့်။

Ezekiel 28

အတွင်းတန်တိုင်း
အခန်း ၈:၁၆ ကိုကြည့်ရန်။


generated on Sun Jun 30 02:37:40 2024

အခန်းငယ်
အခန်း ၄၀:၅ ကိုကြည့်ရန်။

မုတ်
အခန်း ၈:၁၆ ကိုကြည့်ရန်။

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင် ငါးဆယ်၊
နှစ်ဆယ်ခုနှစ်မီတာခန့်။

နှစ်ဆယ်ငါး တောင်
ငါးတောင် ၁၃.၅ မီတာခန့်။

ငါးတောင်
၂.၇ မီတာခန့်။

မုတ်တို့သည် ပြင်တန်တိုင်းသို့မျက်နှာပြု၍
ဤမုတ်သည် အပြင်တန်တိုင်းသို့ မျက်နှာမူသည်။ တန်တိုင်းမှ လူများဝင်ထွက်ကြသည်။

စွန်ပလွံပင်ပုံ ထုလျက်
ထုဆစ်ထားသော စွန်ပလွံပင်များရှိသည်။

Ezekiel 32

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင် ငါးဆယ်၊
နှစ်ဆယ်ခုနှစ်မီတာခန့်။

နှစ်ဆယ်ငါး တောင်
ငါးတောင် ၁၃.၅ မီတာခန့်။

Ezekiel 35

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင် ငါးဆယ်၊
နှစ်ဆယ်ခုနှစ်မီတာခန့်။

နှစ်ဆယ်ငါး တောင်
ငါးတောင် ၁၃.၅ မီတာခန့်။

Ezekiel 38

အခန်းဝင်ဝများ
အတွင်းတံခါး တစ်ခုချင်းစီတွင်။

မီးရှို့ရာယဇ်၊
လူများ သို့မဟုတ် ယဇ်ပုရောဟိတ်များက ထိုပူဇော်မှုကို လုပ်ရသည်။

တဘက် တချက်၌
နှစ်ဘက်စလုံးတွင်။

ယဇ်ကောင်ကို သတ်စရာဘို့၊
အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့ရာယဇ်ကို သတ်ကြသည်" သို့မဟုတ် "ယဇ်အဖြစ်ပူဇော်မည့် တိရစ္ဆာန်ကိုသူတို့သတ်ကြသည်။"

Ezekiel 42

ဆစ်သော ကျောက်
ဖြတ်ထားသော ကျောက်ဖြင့် ပြုလုပ်ထားသော။

တောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

တတောင်တထွာ
၀.၈ မီတာခန့်။

တတောင်
မီတာဝက်ခန့်။

စားပွဲအပေါ်ပတ်လည်၌ အကျယ်လက်တဝါး ရှိသော အနားပတ် တပ်လျက်ရှိ၍
လက်တစ်ဆုပ်ခန့်ရှိသောချိတ်များကို မုတ်ပတ်လည်တွင်ချည်ထားကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် မုတ်ပတ်လည်တွင် လက်တစ်ဆုပ်ခန့်ရှည်သောချိတ်များကို တပ်ထားကြသည်။"

အနားပတ် တပ်လျက်
ရှည်၍ကွေးသော၊ အပေါ်တွင် လူများ စီးနိုင်သောအရာ။

အကျယ်လက်တဝါး
၈ စင်တီမီတာခန့်။ .

ပူဇော်စရာယဇ်သား ကို တင်ထားရကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုစားပွဲများပေါ်တွင် ယဇ်ကောင်များ၏ အသားကို ထားကြရသည်။"

Ezekiel 44

အတွင်းတံခါး
မြောက်ဘက်ရှိ အတွင်းတံခါး။

အခန်း နှစ်ခု
သီဆိုသူများအတွက် အခန်း။ ခေတ်သစ်ပြန်ဆိုမှုများက 'သီဆိုသူများ' မပါဘဲ 'အခန်း' ဟုသာ ပြန်ကြသည်။

တောင်ဘက်သို့ မျက်နှာပြု၏
အရှေ့ဘက်တွင် အဓိကဝင်ပေါက်ရှိသောအခန်း။

အိမ်တော် အမှုကိုဆောင်သော
အခြားသောဘာသာပြန်ဆိုချက်၊ "ဗိမာန်တော်၌ အမှုဆောင်ကြသောသူများ" သို့မဟုတ် "ဗိမာန်တော်ကို စောင့်ရှောက်ဖို့ တာဝန်ရှိသောသူများ။"

Ezekiel 46

ယေဘုယျ အချက်အလက်
ရူပါရုံထဲမှ လူသည် ယေဇကျေလကို ဆက်လက်၍ စကားပြောသည်။

မြောက်ဘက်သို့မျက်နှာပြုသော ဤအခန်း
မြောက်ဘက်တွင် အဓိကဝင်ပေါက် ရှိသောအခန်း။

he
N/A

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

အတောင်တရာ
၅၄ မီတာခန့်။

ယဇ်ပလ္လင်
...နှင့် ယဇ်ပလ္လင်သည်။

အိမ်တော်
ဗိမာန်တော်ကို ရည်ညွှန်းသည်။

Ezekiel 48

အိမ်တော်ဦး
အခန်း ၈:၁၆ ကိုကြည့်ရန်။

တံခါးဝ
အိမ်တံဝါးဝ တိုင်။

အတောင်
အခန်း ၄၀:၅ ကိုကြည့်ရန်။

ငါးတောင်
၂.၇ မီတာခန့်။

fourteen cubits
N/A

သုံးတောင်
၁.၆ မီတာခန့်။

အတောင်နှစ်ဆယ်
တဆယ်တစ်မီတာခန့်။

တဆယ်တတောင်
ခြောက်မီတာခန့်။

တိုင်
ကျဉ်း၍အဆောက်အဦများကို ထောက်ပေးသော ကျောက်တိုင်လုံးများ။

---

## Translation Questions

Ezekiel 40:1

ယေဇကျေလသည် ဘယ်နှနှစ်ကြာဗာဗုလုန်၏သိမ်းသွားခြင်းကိုခံရသနည်း။
ယေဇကျေလသည် နှစ်ဆယ်ငါးနှစ်ကြာ ဗာဗုလုန်၏သိမ်းသွားခြင်းကိုခံရသည်။

ယေရုရှလင်မြို့သည် ဘယ်ချိန်ကတည်းက ဖမ်းသွားခြင်းခံရသနည်း။
ယေရုရှလင်မြို့သည် လွန်ခဲ့သောဆယ့်လေးနှစ်ကတည်းက ဖမ်းသွားခြင်းခံရသည်။

ဗျာဒိတ်ရူပါရုံအားဖြင့် ဘုရားသခင်သည် ယေဇကျေလကို မည်သည့်အရပ်သို့ခေါ်ဆောင်သွားသနည်း။
ဗျာဒိတ်ရူပါရုံအားဖြင့် ဘုရားသခင်သည် ယေဇကျေလကို ဣသရေလပြည်သို့ခေါ်ဆောင်သွားသည်။

Ezekiel 40:3

ယေဇကျေလသည် ဣသရေလပြည်ကို မည်သို့ ပြန်ပြောပြသနည်း။
ယေဇကျေလသည် ဣသရေလပြည်ကို သူမြင်ခဲ့သောအရာများကို ပြန်ပြောပြလေသည်။

Ezekiel 40:5

ယေဇကျေလ၏ဗျာဒိတ်ရူပါရုံတွင် ရှုပ်ထွေးနေသော အိမ်တော်ပြင်ပတ်လည်ကို မည်သည်က ဝန်းရံထားသနည်း။
ယေဇကျေလ၏ဗျာဒိတ်ရူပါရုံတွင် ရှုပ်ထွေးနေသော အိမ်တော်ပြင်ပတ်လည်ကို တန်တိုင်းတစ်ခုက ဝန်းရံထားလေသည်။



generated on Sun Jun 30 02:37:40 2024

Ezekiel 40:11

ကြေးဝါကဲ့သို့သောသူသည် တံခါးပေါက်အဝ၏အနံကိုမည်သို့တိုင်းတာခဲ့သနည်း။
သူသည် တံခါးပေါက်အဝ၏ အနံဆယ်တောင် ရှိသည်ဟု တိုင်းတာခဲ့သည်။

Ezekiel 40:14

ယေဇကျေလသည် တန်တိုင်းပေါ်တွင်မည်သည့်အရာထွင်းထုထားသည်ကို မြင်သနည်း။
ယေဇကျေလသည် တိုင်များ၌စွန်ပလွန်ပင်ပုံထုလျက်ရှိသည် ကိုမြင်လေသည်။

Ezekiel 40:17

ကြေးဝါကဲ့သို့သောသူသည် တံခါးပေါက်အဝကိုတိုင်းတာပြီးနောက် ယေဇကျေလကို မည်သည့်နေရာသို့ခေါ်ဆောင်သွားသနည်း။
ထိုသူသည် ယေဇကျေလအား အိမ်တော် ပြင်တန်တိုင်းထဲသို့ ခေါ်ဆောင်သွားခဲ့သည်။

Ezekiel 40:22

အတွင်းတန်တိုင်းသို့ဝင်ရန် မည်သည့်မှတစ်ဆင့်သွားရမည်နည်း?
အတွင်းတန်တိုင်းသို့ဝင်ရန် တံခါးဝမှတစ်ဆင့် ဖြတ်သွားရသည်။

Ezekiel 40:28

အတွင်းတန်တိုင်းထဲသို့ ဝင်ရသော တံခါးဝတို့သည် အရွယ်အစားအားဖြင့် မည်မျှရှိမည်နည်း။
အတွင်းတန်တိုင်းထဲသို့ ဝင်ရသော တံခါးဝတို့သည် အရွယ်အစားအားဖြင့် တူညီကြသည်။

Ezekiel 40:38

အခန်းဝင်ဝများတခါးရှိသောအခန်းများကို မည်သည်အတွက် အသုံးပြုခဲ့ကြသနည်း။
အခန်းဝင်ဝများတခါးရှိသောအခန်းများကို မီးရှို့ရာယဇ်များကိုဆေးကြောဖို့ရန်အတွက် အသုံးပြုခဲ့ကြသည်။

Ezekiel 40:40

တံခါးဝ၏တဖက်တချက်စီတွင်ရှိသော စားပွဲလေးခုကို ဘာအတွက် အသုံးပြုခဲ့ကြသနည်း။
တံခါးဝ၏တဖက်တချက်စီတွင်ရှိသော စားပွဲလေးခုကို ယဇ်ကောင်ကိုသတ်ဖို့ရန်အတွက် အသုံးပြုခဲ့ကြသည်။

Ezekiel 40:46

မည်သူ၏သားများသည် ဗိမာန်တော်တွင် ယဇ်ပရောဟိတ်အဖြစ် အမှုထမ်းသနည်း။
ဇာဒုတ်သားများသည် ဗိမာန်တော်တွင် ယဇ်ပရောဟိတ်အဖြစ် အမှုထမ်းကြသည်။

အတွင်းတန်တိုင်းသည် မည်မျှ ကြီးသနည်း။
အတွင်းတန်တိုင်းသည် အလျားအတောင် တရာ၊ အနံအတောင်တရာ စတုရန်း ရှိလေသည်။

Ezekiel 40:48

အိမ်တော်ဦးအနားတဖက်တချက်တွင် တိုင်မည်မျှရှိသနည်း။
အိမ်တော်ဦးအနား၊ တဘက်တချက်၌ တိုင်တလုံးစီတည်လျက်ရှိသည်။

## Chapter 41

1 ထိုနောက်မှ ဗိမာန်တော်သို့ခေါ်၍ တံခါးတိုင် တို့ကို တိုင်းလျှင်၊ နှစ်ဘက်၌ တံခါးတိုင်ထုသည် ဗိမာန် တော်ထုနှင့်အမျှ
ခြောက်တောင်ရှိ၏။ 2 ဗိမာန်တော်တံခါးဝအကျယ်ကား ဆယ်တောင် ရှိ၏။ တံခါးဝတဘက်နှင့်တဘက်လည်း ငါးတောင်စီ ကျယ်၏။
ဗိမာန်တော်ကိုတိုင်း၍၊ အလျားကား အတောင် လေးဆယ်၊ အနံကားအတောင်နှစ်ဆယ်ရှိ၏။ 3 ထိုနောက်၊ အထဲသို့ဝင်၍ အရာရာတို့ကို
တိုင်း လျှင်၊ တံခါးတိုင် နှစ်တောင်၊ တံခါးဝခြောက်တောင်၊ တံခါးဝတဘက်တချက် ခုနစ်တောင်စီရှိ၏။ 4 ထိုအခန်းသည်
ဗိမာန်တော်အနံနှင့် တညီ တည်းဖြစ်လျက်၊ အလျားအတောင်နှစ်ဆယ်၊ အနံလည်း အတောင်နှစ်ဆယ်ရှိသည်ကို တိုင်း၍၊
ဤအခန်းကား အလွန်သန့်ရှင်းရာဌာနဖြစ်သည်ဟု ငါ့အားပြောဆို၏။ 5 ထိုနောက်၊ အိမ်တော်ထရံကိုတိုင်း၍ အထု ခြောက်တောင်ရှိ၏။
အိမ်တော်ပတ်လည် ထရံအခန်းတို့ သည် အနံလေးတောင်စီရှိ၏။ 6 ထရံအခန်းတို့သည် အစဉ်အတိုင်းသုံးဆယ်၊
အဆင့်သုံးဆင့်ပေါင်းသုံးဆယ်သုံးလီ ရှိကြ၏။ ထိုအခန်း တို့သည် အိမ်တော်ထရံထဲသို့ မဝင်ဘဲထရံအောက်ပိုင်း
ထွက်သောခြေအပေါ်မှာ မှီနေကြ၏။ 7 ထရံအခန်းအောက်ဆင့်မှသည် ဒုတိယအဆင့် သို့၎င်း၊ ဒုတိယအဆင့်မှသည်
တတိယအဆင့်သို့၎င်း တက်သည်အတိုင်း၊ အိမ်တော်ထရံပတ်လည် တရှောက် လုံးဆက်ကာ ဆက်ကာဆုတ်၍၊ အခန်းနေရာသည်
အစဉ် အတိုင်းကျယ်လျက် အဆင့်ဆင့်တက်၏။ 8 အိမ်တော်အထက်ပိုင်း ပတ်လည်၌ အမြင့်ဆုံး သော ထရံအခန်းတို့သည်
ခြောက်တောင်ရှည်သော ကျူတပြန်မျှ ကျယ်ကြ၏။ 9 ထရံအခန်းပြင်ဘက်၌ကာသော ထရံသည် အထုငါးတောင်ရှိ၏။
ကျန်ကြွင်းသောအရပ်သည် ထရံအခန်းတို့နှင့် ဆိုင်၏။ 10 အိမ်တော်ပတ်လည်၌ ထရံအခန်းတို့သည် အိမ်တော်တန်တိုင်းအခန်းတို့နှင့်
အတောင်နှစ်ဆယ် ကွာလျက်ရှိကြ၏။ 11 ထရံအခန်းတို့သည် ကျန်ကြွင်းသောအရပ်သို့ ဖွင့်၍ မြောက်ဘက်သို့၎င်း၊
တောင်ဘက်သို့၎င်း မျက်နှာ ပြုကြ၏။ ကျန်ကြွင်းသော အရပ်သည် ပတ်လည်၌ အနံငါးတောင်ရှိ၏။ 12 လွတ်လပ်သော
အရပ်ကိုပိတ်၍ အနောက် ဘက်၌ရှိသော တန်တိုင်းသည် အလျားအတောင်ခုနစ် ဆယ်ရှိ၍၊ အိမ်တော်ပတ်လည် တန်တိုင်းသည်လည်း
အထုငါးတောင်၊ အလျားအတောင်ကိုးဆယ်ရှိ၏။ 13 ထိုသို့အိမ်တော်ကိုတိုင်း၍ လွတ်လပ်သောအရပ်၊ အိမ်တော်ထရံ၊
တန်တိုင်းပါလျက်အလျား အတောင်တရာ ရှိ၏။ 14 အရှေ့မျက်နှာ၌ လွတ်လပ်သောအရပ်ပါလျက်၊ အိမ်တော်ဦး အတိုင်းအရှည်လည်း
အတောင်တရာရှိ၏။ 15 လွတ်လပ်သောအရပ်၌ ကာသောရှေ့တန်တိုင် နှင့် နောက်တန် တိုင်ကိုတိုင်း၍၊ တဘက်တချက်၌ရှိသော
ထရံအခန်းပါလျက် အလျားအတောင်တရာရှိ၏။ 16 အတွင်းဗိမာန်နှင့်တန်တိုင်မုတ်များ၊ တံခါးခုံ များ၊ ကျဉ်းသော ပြတင်းပေါက်များ၊
တံခါးခုံရှိသမျှ တဘက်တချက်သုံးဆင့်ရှိသော ထရံအခန်းနံရံများတို့ သည် မြေမှပြတင်းပေါက်တိုင်အောင် ပျဉ်ပြားနှင့်ဖုံး အုပ်
လျက်ရှိ၏။ ပြတင်းပေါက်တို့သည်လည်း ကွယ်ကာလျက် ရှိကြ၏။ 17 တံခါးပေါက်ရှိသမျှအထက်၊ အတွင်းဗိမာန်ပြင် ဘက်၊
အိမ်တော်အတွင်းပြင်ထရံပတ်လည်၌ ခေရုဗိမ်နှင့် စွန်ပလွံပင်ပုံထု၍၊ 18 ခေရုဗိမ်နှစ်ခုကြားမှာ စွန်ပလွံပင်တခုစီရှိ၏။ ခေရုဗိမ်တခု၌
မျက်နှာနှစ်ခုစီပါလျက်၊ 19 စွန်ပလွံပင်နှစ်ခုကြားမှာ တဘက်၌လူမျက်နှာ၊ တဘက်၌ ခြင်္သေ့မျက်နှာကို ပြုကြ၏။ 20 ထိုသို့
အိမ်တော်ပတ်လည်၊ မြေမှသည်တံခါး ပေါက်အထက်တိုင်အောင် ဗိမာန်တော်ထရံ၌ ခေရုဗိမ် နှင့် စွန်ပလွံပင် အရုပ်ထုလျက်ရှိ၏။ 21
ဗိမာန်တော်တိုင်တို့သည် လေးထောင့်ဖြစ်ကြ၏။ သန့်ရှင်းရာဌာနနှင့် မျက်နှာချင်းတူကြ၏။ 22 သစ်သားယဇ်ပလ္လင်သည်
အမြင့်သုံးတောင်၊ အလျားနှစ်တောင်၊ အနံနှစ်တောင်ရှိ၏။ ပလ္လင်ထောင့်၊ ဘိနပ်၊ နံရံတို့သည်သစ်သားဖြင့်ပြီးကြ၏။ ဤစားပွဲကား၊
ထာဝရဘုရားရှေ့တော်မှာတင်သော စာပွဲပေတည်းဟု ငါ့အားပြောဆို၏။ 23 ဗိမာန်တော်နှင့် သန့်ရှင်းရာဌာန၌ တံခါးပေါက် တပေါက်စီ
ရှိ၍၊ 24 တံခါးတို့သည်လည်း တပ်သော တံခါးရွက် နှစ်ရွက်စီရှိ၏။ 25 ဗိမာန်တော်ထရံ၌ထုသကဲ့သို့ တံခါးရွက်တို့၌ ခေရုဗိမ်နှင့်
စွန်ပလွံပင်ပုံ ထုလျက်ရှိ၏။ မုတ်ဦးအထက်မှာ ထုပ်တင်လျက်ရှိ၏။ 26 မုတ်နံရံ၊ အိမ်တော်အခန်းထရံတို့သည် ထုပ်များ၊ ကျဉ်းသော
ပြတ်တင်းပေါက်များ၊ စွန်ပလွံပင်များနှင့် ပြည့်စုံကြ၏။



generated on Sun Jun 30 02:37:40 2024

## Chapter 42

[1] ထိုနောက်မှ မြောက်လမ်းဖြင့် ပြင်တန်တိုင်းထဲသို့ ခေါ်သွား၍၊ အိမ်တော်မြောက်ဘက်၊ လွတ်လပ်သော အရပ်ရှေ့မှာရှိသော
အခန်းများကို ပြလေ၏။ [2] ထိုအခန်းတို့သည် မြောက်တံခါးအထိ၊ အလျား အတောင်တရာ၊ အနံအတောင်ငါးဆယ်ရှိကြ၏။ [3]
အတောင်နှစ်ဆယ်ရှိသော အတွင်းတန်တိုင်းရှေ့၊ ပြင်တန်တိုင်း ကျောက်ခင်းရှေ့တွင် တဘက်တချက်၌ နံရံ အခန်းသုံးဆင့်ရှိ၏။ [4]
ထိုအခန်းများရှေ့မှာ တတောင်ကျယ်သော လမ်းနှင့်တကွ အတွင်းဘက်သို့ဝင်၍၊ အနံဆယ်တောင် ရှိသောစင်္ကြံရှိ၏။
အခန်းတံခါးတို့သည် မြောက်ဘက်သို့ မျက်နှာပြုကြ၏။ [5] အထက်ခန်းတို့သည် ကျဉ်းကြ၏။ သူတို့၏ ကြမ်းပြင်သည်
အောက်ခန်းကြမ်းပြင်၊ အလယ်ခန်း ကြမ်းပြင်နှင့်မညီ၊ အထဲသို့ဝင်လျက် ရှိကြ၏။ [6] အကြောင်းမူကား၊ အခန်းသုံးဆင့်ရှိသော်လည်း၊
ထိုအခန်းတို့သည် အခြားတန်တိုင်းကဲ့သို့တိုင်မရှိ၊ သို့ဖြစ်၍၊ အောက်ခန်းနှင့် အလယ်ခန်းထက်သာ၍ ကျဉ်းကြ၏။ [7]
ထိုအခန်းများတဘက်တချက်၊ ပြင်တန်တိုင်း ဘက်မှာ အခန်းများရှေ့၌ကာသော နံရံသည် အလျား အတောင် ငါးဆယ်ရှိ၏။ [8]
ပြင်တန်တိုင်းနှင့် ဆိုင်သောအခန်းတို့သည် အလျားအတောင်ငါးဆယ် ရှိကြ၏။ ဗိမာန်တော်ရှေ့မှာ အလျားသည် အတောင်တရာရှိ၏။
[9] ပြင်တန်တိုင်းမှလာ၍၊ ထိုအခန်းများ ခြေရင်း အရှေ့ဘက်၌ ဝင်ရာလမ်းရှိ၏။ [10] အိမ်တော်တောင်ဘက်၊ လွတ်လပ်သော အရပ် ကို
ကာသော တန်တိုင်းနံရံ၌လည်း အခန်းများရှိကြ၏။ [11] ထိုအခန်းစုရှေ့မှာ ရှိသောစင်္ကြံမှစ၍ အခန်း အလျားအနံ၊ ထွက်ရာဝင်ရာ
တံခါးရှိသမျှတို့သည် မြောက်အခန်းစုနှင့် ပုံသဏ္ဌာန်တူကြ၏။ [12] တောင်ခန်းတံခါးတို့သည်လည်း မြောက်ခန်း တံခါးတို့နှင့် တူသည်
ဖြစ်၍၊ တန်တိုင်းတဘက်တချက်၊ အရှေ့သို့မျက်နှာပြုသော စင်္ကြံဦး၌ ဝင်ရာတတံခါးဝရှိ၏။ [13] တိုင်းသောသူကလည်း၊
လွတ်လပ်သော အရပ် ရှေ့မှာ မြောက်ခန်းနှင့် တောင်ခန်းတို့သည် သန့်ရှင်း သောအခန်း၊ ထာဝရဘုရားထံတော်သို့ ချဉ်းကပ်သော
ယဇ်ပုရောဟိတ်တို့သည် အလွန်သန့်ရှင်းသောအရာများ ကို စားရသောအခန်းဖြစ်ကြ၏။ ထိုအရပ်သည် သန့်ရှင်း သောကြောင့်အလွန်
သန့်ရှင်းသောအရာ၊ ဘောဇဉ်ပူဇော် သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်တို့ကို ထားရာအရပ်ဖြစ်၏။ [14]
ယဇ်ပုရောဟိတ်တို့သည် ဝင်သောအခါ အမှု တော်ဆောင် အဝတ်ကိုဝတ်လျက်၊ သန့်ရှင်းသောအရပ်မှ ပြင်တန်တိုင်သို့မထွက်ရ။
ထိုအဝတ်သန့်ရှင်းသောကြောင့် ချွတ်ထား၍အခြားသော အဝတ်ကို ဝတ်ပြီးမှ၊ လူများရှိရာ သို့ ထွက်သွားရကြမည်ဟု
ငါ့အားပြောဆို၏။ [15] အတွင်းဗိမာန်တော်ကို တိုင်းပြီးသည်နောက်၊ အရှေ့တံခါးပြင်သို့ ခေါ်သွား၍၊ [16]
တိုင်းစရာကျူလုံးနှင့်အရှေ့မျက်နှာကို တိုင်းလျှင် ကျူလုံးအပြန် ငါးရာရှိ၏။ [17] မြောက်မျက်နှာကိုတိုင်းလျှင်လည်း ကျူလုံး
အပြန်ငါးရာရှိ၏။ [18] တောင်မျက်နှာကိုတိုင်းလျှင်လည်း ကျူလုံး အပြန်ငါးရာရှိ၏။ [19] အနောက်မျက်နှာကိုတိုင်းလျှင်လည်း ကျူလုံး
အပြန်ငါးရာရှိ၏။ [20] လေးမျက်နှာကိုတိုင်း၍ ပတ်လည်း၌ရှိသော တန်တိုင်သည် သန့်ရှင်းသောအရပ်၊ မသန့်ရှင်းသော အရပ်တို့ကို
ပိုင်းခြင်းလျက်၊ အလျားအပြန်ငါးရာ၊ အနံ လည်း အပြန်ငါးရာရှိ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 43

1 ထိုနောက်မှ အရှေ့ဘက်သို့ မျက်နှာပြုသော တံခါးဝသို့ တဖန်ခေါ်သွား၏။ 2 ဣသရေလအမျိုး၏ ဘုရားသခင်ဘုန်းတော် သည်
အရှေ့မျက်နှာမှလာ၍၊ အသံသည် သမုဒ္ဒရာ သကဲ့သို့ဖြစ်၏။ ရောင်ခြည်တော်အားဖြင့် မြေတပြင်လုံး လင်း၏။ 3 ငါမြင်သော
ရူပါရုံသည် မြို့တော်ကိုဖျက်ဆီးခြင်း ငှါ လာသောအခါ၊ ငါမြင်သော ရူပါရုံနှင့်တူ၏။ ထင်ရှား သောအရာတို့သည် ခေဗာမြစ်နားမှာ
ငါမြင်ဘူးသော အရာများကဲ့သို့ဖြစ်၍၊ ငါသည် ပြပ်ဝပ်လျက်နေ၏။ 4 ထာဝရဘုရား၏ ဘုန်းတော်သည် အရှေ့ဘက် သို့
မျက်နှာပြုသော တံခါးလမ်းဖြင့် အိမ်တော်ထဲသို့ ဝင်တော်မူ၏။ 5 ထိုအခါ ဝိညာဉ်တော်သည် ငါ့ကိုချီလျက် အတွင်း တန်တိုင်းထဲသို့
ဆောင်သွား၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် တအိမ်လုံးကို ဖြည့်တော်မူ၏။ 6 အရင်လူသည် ငါ့အနားမှာရပ်နေလျက်၊
အိမ်တော်ထဲက ငါ့အား မိန့်တော်မူသောအသံကို ငါကြား သည်ကား၊ 7 အချင်းလူသား၊ ဤအရပ်သည် ငါ့ပလ္လင်တည်ရာ အရပ်၊
ငါ့ခြေဘဝါးနင်းမြဲအရပ်၊ ဣသရေလအမျိုးသား တို့တွင် အစဉ်အမြဲငါနေရာအရပ် ဖြစ်၏။ ဣသရေလ ရှင်ဘုရင်များနှင့်
အမျိုးသားတို့သည် မှားယွင်းခြင်းအား ဖြင့်၎င်း၊ ရှင်ဘုရင်၏အသေကောင်အားဖြင့်၎င်း၊ မြင့်ရာ အရပ်တို့၌ငါ၏နာမတော်မြတ်ကို
နောက်တဖန် မရှုတ်ချရကြ။ 8 သူတို့တံခါးခုံကိုလည်း ငါ့တံခါးခုံအနားမှာ၎င်း၊ သူတို့တိုင်ကို လည်း ငါ့တိုင်အနားမှာ၎င်း
တည်စိုက်လျက်၊ ငါနှင့်သူတို့စပ်ကြားမှာ နံရံတခုတည်းသာရှိလျက်၊ သူတို့ ပြုမိသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ဖြင့်၊ ငါ၏နာမတော်
မြတ်ကို ရှုတ်ချသောကြောင့်၊ ငါသည်အမျက်ထွက်၍ သူတို့ကို ဖျက်ဆီးပြီ။ 9 ယခုမူကား၊ သူတို့မှားယွင်းခြင်းအမှုများနှင့်
ရှင်ဘုရင်၏အသေကောင်များကို ငါမှဝေးစွာ ပယ်ရှား ကြစေ။ ငါသည်လည်း သူတို့တွင် အစဉ်အမြဲနေမည်။ 10 အချင်းလူသား၊
ဣသရေလအမျိုးသားတို့သည် ကိုယ်ဒုစရိုက်အပြစ်ကြောင့် ရှက်ကြောက်စေခြင်းငှါ အိမ်တော်ကိုပြလော့။ အိမ်တော်ပုံကို သူတို့
တိုင်းကြ စေလော့။ 11 သူတို့သည် ကိုယ်ပြုမိသောအမှုများကြောင့် အမှန်ရှက်ကြောက်လျှင်၊ အိမ်ပုံသဏ္ဍာန်နှင့် ထွက်ရာ
ဝင်ရာတံခါးဝများ၊ ကျင့်ရသမျှသော ထုံးစံများ၊ စီရင် ထုံးဖွဲ့ချက်တရား အလုံးစုံတို့ကိုပြလော့။ သူတို့သည် ထုံးစံ များနှင့်
စီရင်ထုံးဖွဲ့ချက်အလုံးစုံတို့ကို ကျင့်စောင့်စေခြင်း ငှါ သူတို့ရှေ့မှာ ရေးထားလော့။ 12 တောင်ထိပ်ပေါ်မှာတည်သော အိမ်တော်၏
ကရားဟူမူကား၊ အိမ်တော်နယ်နိမိတ်ရှိသမျှတို့သည် အလွန်သန့်ရှင်းရကြမည်။ ဤရွေ့ကား၊ အိမ်တော်၏ တရားပေတည်း။ 13
ယဇ်ပလ္လင်အတိုင်းအရှည်ကား၊ သံတောင်ဖြင့် တိုင်းလျှင်၊ ဘိနပ်အမြင့်တတောင်၊ အကျယ်တတောင်၊ ပတ်လည်အနားပတ်
အကျယ်တထွာရှိ၍၊ ယဇ်ပလ္လင် ပြင်ဘက်၌ တည်ရ၏။ 14 အောက်အထစ်သည် မြေနှင့်နှစ်တောင်ကွာ၍ အကျယ်တတောင်ရှိရမည်။
ငယ်သောအထစ်နှင့် ကြီး သောအထစ်သည် လေးတောင်ကွာ၍ အကျယ်တတောင် ရှိရမည်။ 15 ယဇ်ပလ္လင်အမြင့်သည်လည်း
လေးတောင်ရှိရ မည်။ ဦးချိုလေးချောင်းလည်း တက်ရမည်။ 16 ယဇ်ပလ္လင်သည် စတုရန်းဖြစ်၍၊ အလျား တဆယ်နှစ်တောင်၊
အနံလည်း တဆယ်နှစ်တောင် ရှိရမည်။ 17 အောက်အထစ်သည်လည်း စတုရန်းဖြစ်၍ အလျား တဆယ်လေးတောင်၊
အနံလည်းတဆယ် လေးတောင်ရှိရမည်။ အနားပတ်သည်လည်း အကျယ် တထွာရှိရမည်။ ဘိနပ်သည်ယဇ်ပလ္လင်ပတ်လည်၌
တတောင်ထွက်၍၊ တက်ရာလမ်းသည် အရှေ့သို့ မျက်နှာ ပြုရမည်။ 18 တဖန်အချင်းလူသား၊ အရှင်ထာဝရဘုရား မိန့်တော်မူ
သည်အတိုင်း၊ မီးရှို့ရာယဇ်ကိုပူဇော်၍ အသွေးကိုဖျန် ဘို့ရာ၊ ယဇ်ပလ္လင်ကိုတည်သောနေ့၌ ကျင့်ရသောတရား ဟူမူကား၊ 19
အမှုတော်ကိုဆောင်၍ ငါ့ထံသို့ ချဉ်းကပ်သော လေဝိအမျိုး၊ ဇာဒုတ်သားယဇ်ပုရောဟိတ်တို့အား အပြစ် ဖြေရာယဇ်ဘို့
ပျိုသောနွားထီးတကောင်ကို အပ်ရမည်။ 20 နွားအသွေးအချို့ကိုယူ၍ ယဇ်ပလ္လင်ဦးချို လေးချောင်း၊ အထစ်လေးထောင့်၊
အနားပတ်ကိုလူးသော အားဖြင့် သန့်ရှင်းစင်ကြယ်စေရမည်။ 21 အပြစ်ဖြေရာ ယဇ်ဘို့နွားကောင်ကို ယူ၍ သန့်ရှင်းရာဌာနပြင်၊
ဗိမာန်တော်အတွင်းတွင် ခန့်ထားသော အရပ်၌မီးရှို့ရမည်။ 22 ဒုတိယနေ့၌လည်း အပြစ်မရှိသော ဆိတ်သငယ် ကို ယူ၍၊ အပြစ်ဖြေရာ
ယဇ်ဘို့ပူဇော်ရမည်။ ယဇ်ပလ္လင် ကို နွားအသွေးနှင့်သန့်ရှင်းစေသကဲ့သို့ ဆိတ်အသွေး နှင့် သန့်ရှင်းစေရမည်။ 23 ထိုသို့ယဇ်ပလ္လင်ကို
သန့်ရှင်းစေပြီးသည်နောက်၊ အပြစ်မရှိ၊ ပျိုသောနွားထီးနှင့် အပြစ်မရှိသော ဆိတ်ထီးကိုထာဝရဘုရား ရှေ့တော်၌ပူဇော်ရမည်။ 24
ယဇ်ပုရောဟိတ်တို့သည် ဆားကိုတင်လျက်၊ ထိုယဇ်ကောင်တို့ကို ထာဝရဘုရားအဘို့ မီးရှို့၍ ပူဇော် ရမည်။ 25 ခုနစ်ရက်ပတ်လုံး
တနေ့တနေ့လျှင်၊ ဆိတ်တ ကောင်ကို အပြစ်ဖြေရာယဇ်ပြု၍ ပူဇော်ရမည်။ အပြစ် မရှိ၊ ပျိုသောနွားထီးတကောင်နှင့်
သိုးထီးတကောင်ကို လည်း ပူဇော်ရမည်။ 26 ခုနစ်ရက်ပတ်လုံး ယဇ်ပလ္လင်ကို သန့်ရှင်း စင်ကြယ်စေ၍၊ ကိုယ်ကိုလည်း
ယဇ်ပုရာဟိတ်အရာ၌ ခန့်ထားရကြမည်။ 27 ခုနစ်ရက်စေ့သောနောက် အဋ္ဌမနေ့၌၎င်း၊ ထိုနေ့မှစ၍၎င်း၊ ယဇ်ပုရောဟိတ်တို့သည်
ယဇ်ပလ္လင် ပေါ်မှာ သင်တို့မီးရှို့ရာယဇ်များနှင့် မိဿဟာယယဇ်များ ကို ပူဇော်ရကြမည်။ ငါသည်လည်း၊ သင်တို့လက်ခံ မည်ဟု
အရှင်ထာဝရဘုရား မိန့်တော်မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 44

1 ထိုနောက်၊ သန့်ရှင်းရာအရပ်အရှေ့သို့ မျက်နှာ ပြုသော ပြင်တံခါးသို့ ဆောင်သွား၍၊ ထိုတံခါးသည် ပိတ်လျက်ရှိ၏။ 2
ထာဝရဘုရားကလည်း၊ ဤတံခါးကိုမဖွင့်ဘဲ ပိတ်ထားလျက်ရှိရမည်။ လူများမဝင်ရကြ။ အကြောင်းမူ ကား၊ ဣသရေလအမျိုး၏
ဘုရားသခင် ထာဝရဘုရား ဝင်တော်မူသောကြောင့် ပိတ်ထားလျက်ရှိရမည်။ 3 မင်းသားအဘို့ဖြစ်၏။ မင်းသားသည် ထာဝရ
ဘုရားရှေ့တော်၌ စားသောက်၍ထိုတံခါးဝမှာ ထိုင်ရ လိမ့်မည် မင်းသားသည် ထိုတံခါးမုတ်ဖြင့် ထွက်ဝင် ရလိမ့်မည်ဟု မိန့်တော်မူ၏။
4 ထိုအခါ အိမ်တော်ရှေ့၊ မြောက်တံခါးလမ်းဖြင့် ငါ့ကိုဆောင်သွား၍။ ထာဝရဘုရား၏ဘုန်းတော်သည် ထာဝရဘုရား၏အိမ်တော်ကို
ဖြည့်တော်မူသဖြင့်၊ ငါသည် ပြပ်ဝပ်လျက်နေ၏။ 5 ထာဝရဘုရားကလည်း၊ အချင်းလူသား၊ စေ့စေ့ ကြည့်ရှု၍ မှတ်လော့။
ထာဝရဘုရား၏ အိမ်တော်အဘို့ ငါစီရင်ထုံးဖွဲ့ချက် ပညတ်တရားရှိသမျှတို့ကို နားထောင် လော့။ အိမ်တော်ဝင်ရာတံခါးဝနှင့်
သန့်ရှင်းရာဌာနမှ ထွက်ရာတံခါးဝရှိသမျှတို့ကို စေ့စေ့မှတ်လော့။ 6 ပုန်ကန်တတ်သောသူ ဣသရေလအမျိုးသားတို့ အား
အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည် မှာ၊ အိုဣသရေလအမျိုးသားတို့၊ 7 သင်တို့သည် ငါ့ဘောဇဉ်တည်းဟူသော
ဆီဥနှင့် အသွေးကို ပူဇော်သောအခါ၊ ငါ့ဗိမာန်ကိုညစ်ညူးစေခြင်း ငှါ၊ အရေဖျားလှီးခြင်းကို မခံသောစိတ်နှင့် အရေဖျားလှီးခြင်းကို မခံ
သောကိုယ်ရှိသော တပါးအမျိုးသားတို့ကို ငါ၏သန့်ရှင်း ရာဌာနထဲသို့ သွင်း၍နေရာချသဖြင့်၊ စက်ဆုပ်ရွံရှာ ဘွယ်သော အမှုများကို
ပြုမိသည်ဖြစ်၍၊ ရောင့်ရဲသော စိတ်ရှိကြလော့။ စက်ဆုပ်ရွံရှာဘွယ်သောအမှုများ အားဖြင့် ငါ့ပဋိညာဉ်ကို ဖျက်ကြပြီ။ 8
ငါ၏သန့်ရှင်းရာဌာနကို မစောင့်။ ထိုဌာန၌ စောင့်သောသူတို့ကို ကိုယ်အလိုအလျောက်ခန့်ထားကြပြီ။ 9 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့တွင်နေ၍၊ အရေဖျားလှီးခြင်းကို မခံသောစိတ်နှင့် အရေဖျားလှီးခြင်းကိုမခံသော
ကိုယ်ရှိ သောတပါးအမျိုးသားသည် ငါ၏သန့်ရှင်းရာဌာနထဲသို့ မဝင်ရ။ 10 ဣသရေလအမျိုးသားတို့သည် ငါ့ထံမှထွက်၍
လမ်းလွှဲပြီးလျှင်၊ မိမိတို့ရုပ်တုများနောက်သို့ လိုက်သွား သောအခါ၊ ငါ့ထံမှထွက်၍လမ်းလွှဲသော လေဝိသားတို့ သည်လည်း
ကိုယ်အပြစ်ကို ခံရကြမည်။ 11 သို့ရာတွင်၊ ငါ၏သန့်ရှင်းရာဌာနနှင့်ဆိုင်သော အမှုစောင့်ဖြစ်၍၊ ဗိမာန်တော်၌တံခါးတို့ကို စောင့်လျက်၊
အမှုတော်ကို ဆောင်ရွက်လျက်နေရကြမည်။ မီးရှို့ရာယဇ် နှင့် လူများပူဇော်သော ယဇ်ကောင်တို့ကို သတ်၍၊ လူများ ကိုယ်စား
အမှုတော်ကို ဆောင်ရွက်ရကြမည်။ 12 သူတို့သည် ရုပ်တုတို့ရှေ့မှာ လူများအမှုကို ဆောင်ရွက်သဖြင့်၊ ဣသရေလအမျိုးထိမိ၍ ဒုစရိုက်
အပြစ်ထဲသို့ လဲစရာအကြောင်းဖြစ်ဘူးသောကြောင့်၊ သူတို့ တဘက်၌ငါကျိန်ဆို၍၊ သူတို့သည် ကိုယ်အပြစ်ကို ခံရ ကြမည်။ 13
ယဇ်ပုရောဟိတ်လုပ်၍ ငါ့ထံသို့မချဉ်းကပ်ရကြ။ အလွန်သန့်ရှင်းသော ငါ့ဌာန၌ သန့်ရှင်းသောအရာတို့ကို မချဉ်းကပ်ရကြ။
ကိုယ်အရှက်ကွဲခြင်း၊ ကိုယ်ပြုမိသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို ခံရကြမည်။ 14 အိမ်တော်ကိုစောင့်၍၊ အိမ်တော်၌ ခပ်သိမ်း
သောအမှုတို့ကို ဆောင်ရွက်စေခြင်းငှါ ငါခန့်ထားမည်။ 15 ဣသရေလ အမျိုးသားတို့သည် ငါ့ထံမှထွက်၍ လမ်းလွဲသောအခါ၊
ငါ၏သန့်ရှင်းရာဌာနကို စောင့်နေ သော လေဝိအမျိုးဖြစ်သော ဇာဒုတ်သား၊ ယဇ်ပုရော ဟိတ်တို့သည် ငါ့အမှုကိုဆောင်ခြင်းငှါ ငါ့ထံသို့
ချဉ်းကပ် ကြ၏။ ငါ့အားဆီဥနှင့်အသွေးကို ပူဇော်ခြင်းငှါ အရှေ့မှာ ရပ်ရကြမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 16
ထိုသူတို့သည် ငါ၏သန့်ရှင်းရာဌာနထဲသို့ဝင်၍ ငါ့အမှုကိုဆောင်ခြင်းငှါ၊ ငါ့စားပွဲအနားသို့ ချဉ်းကပ်၍ ငါ့အမှုစောင့်ဖြစ်ရကြမည်။ 17
သူတို့သည် အတွင်းတန်တိုင်းတံခါး အတွင်းသို့ ဝင်သောအခါ၊ ပိတ်အဝတ်ကိုသာ ဝတ်ရကြမည်။ အတွင်း တန်တိုင်းတံခါးအတွင်း၌
အမှုတော်ကိုဆောင်ရွက်စဉ်၊ သိုးမွေးအဝတ်ကို မဝတ်ရကြ။ 18 ခေါင်းပေါ်မှာ ပိတ်ဦးထုပ်ကို ဆောင်း၍၊ ခါး၌
ပိတ်ပေါင်းဘီကိုဝတ်ရကြမည်။ ချွေးထွက်စေသော အဝတ်ကို မဝတ်ရကြ။ 19 လူများရှိရာ ပြင်တန်တိုင်းသို့ ထွက်သွားသော အခါ၊
အမှုတော်ကို ဆောင်စဉ်တွင် ဝတ်သောအဝတ်ကို ချွတ်၍၊ သန့်ရှင်းသောအခန်းတို့၌ ထားပြီးလျှင်၊ အခြား
သောအဝတ်ကိုဝတ်ရကြမည်။ အရင်အဝတ်ကိုဝတ်လျက် လူများတို့ကို မသန့်ရှင်းစေရကြ။ 20 မိမိတို့ဆံပင်ကိုလည်း မရိတ်ရ၊
မရှည်စေခြင်းငှါ ဖြတ်ရမည်။ 21 ယဇ်ပုရောဟိတ်သည် အတွင်းတန်တိုင်းထဲသို့ ဝင်သောအခါ စပျစ်ရည်ကိုမသောက်ရ။ 22
မုတ်ဆိုးမနှင့် မစုံဘက်ရ။ လင်ကွာသောမိန်းမ နှင့် မစုံဘက်ရ။ ဣသရေလအမျိုး အပျိုကညာနှင့် သော်၎င်း၊
ယဇ်ပုရောဟိတ်၏မယားဖြစ်ဘူးသော မုတ်ဆိုးမ နှင့်သော်၎င်း စုံဘက်ရမည်။ 23 ငါ၏လူတို့သည် သန့်ရှင်းသောအရာ၊ မသန့်ရှင်း
သောအရာတို့ကို၎င်း၊ စင်ကြယ်သောအရာ၊ မစင်ကြယ် သောအရာတို့ကို၎င်း ပိုင်းခြား၍သိစေခြင်းငှါ သွန်သင် ရကြမည်။ 24
တရားတွေ့မှုကိုစီရင်လျှင်၊ ငါ၏ဓမ္မသတ် အတိုင်း စီရင်ရကြမည်။ ငါ၏ဓမ္မပွဲတို့ကို ဆောင်ရွက်လျှင်၊ ငါစီရင်ထုံးဖွဲ့ချက်တို့ကို၎င်း၊
ငါ၏ဥပုသ်နေ့တို့ကို၎င်း စောင့်ရှောက်ရကြမည်။ 25 အသေကောင်ကိုချဉ်း၍ ကိုယ်ကို မညစ်ညူး စေရ။ သို့ရာတွင်၊ ကိုယ်မိဘ၊
သားသမီး၊ ညီအစ်ကို၊ လင်မနေသောနှမအတွက် ကိုယ်ကို ညစ်ညူးစေရသော အခွင့်ရှိ၏။ 26 သန့်ရှင်းခြင်းကိုပြုပြီးမှ
ခုနစ်ရက်နေရမည်။ 27 သန့်ရှင်းရာဌာန၌ အမှုတော်ကိုဆောင်ခြင်းငှါ အတွင်းတန်တိုင်း သန့်ရှင်းရာဌာနထဲသို့ ဝင်သောနေ့တွင်၊
အပြစ်ဖြေရာယဇ်ကို ပူဇော်ရမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 28 ထိုအရာသည် ယဇ်ပုရောဟိတ်တို့၏ အမွေဥစ္စာ ဖြစ်ရမည်။
ငါသည်သူတို့အမွေဥစ္စာဖြစ်၏။ ဣသရေလ ပြည်၌ သူတို့အားအမွေမြေကို မပေးရ။ ငါသည်သူတို့၏ အမွေမြေဖြစ်၏။ 29
ပူဇော်သောမုန့်ညက်နှင့်အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ကို စားရကြမည်။ ဣသရေလအမျိုး သား ကျိန်ဆို၍
ပူဇော်သမျှတို့ကိုလည်း သိမ်းယူရကြမည်။ 30 အဦးသီးသောအသီးအမျိုးမျိုးနှင့်၊ ချီးမြှောက်ရာ ပူဇော်သက္ကာအလုံးစုံတို့ကို

 generated on Sun Jun 30 02:37:40 2024

ယဇ်ပုရောဟိတ်သည် သိမ်းယူ ရမည်။ သူသည်သင့်အိမ်၌ ကောင်းကြီးမင်္ဂလာကို သက် ရောက်စေခြင်းငှါ၊ အဦးနယ်သော မုန့်စိမ်းကို သူ၌ လှူရမည်။
31 ငှက်ဖြစ်စေ၊ သားဖြစ်စေ၊ အလိုလိုသေသော အကောင်၊ သားရဲကိုက်၍ သေသောအကောင်ကို ယဇ်ပုရောဟိတ်မစားရ။



generated on Sun Jun 30 02:37:40 2024

## Chapter 45

1 သင်တို့သည် မြေကို အမွေခံခြင်းငှါ စာရေးတံ ချ၍ ပိုင်းခြားသောအခါ၊ သန့်ရှင်းသောမြေတကွက်ကို ထာဝရဘုရားအား
ပူဇော်ရကြမည်။ ထိုအကွက်သည် အလျားကျူလုံးအပြန်နှစ်သောင်းငါးထောင်၊ အနံ တသောင်းရှိရမည်။ နယ်နိမိတ်ရှိသမျှသည်လည်း
သန့်ရှင်းရမည်။ 2 ထိုမြေကွက်အလယ်၌ အလျားအတောင်ငါးရာ၊ အနံလည်း အတောင်ငါးရာရှိသော စတုရန်းအကွက် သည်
သန့်ရှင်းရာဌာနဘို့ ဖြစ်ရမည်။ ထိုအကွက် ပတ်လည်၌ သန့်ရှင်းသော နယ်လည်းအတောင် ငါးဆယ် ရှိရမည်။ 3
ထိုသို့အလျားနှစ်သောင်းငါးထောင်၊ အနံ တသောင်းကိုတိုင်းပြီးမှ အလွန်သန့်ရှင်းသောအရပ်နှင့် သန့်ရှင်းသောဌာနတည်ရာ ဖြစ်ရမည်။
4 ထိုသန့်ရှင်းသောမြေသည် ထာဝရဘုရား၏ အမှုတော်ကို ဆောင်ခြင်းငှါ အထံတော်သို့ချဉ်းကပ်၍၊ သန့်ရှင်းရာဌာန၏ အမှုစောင့်၊
ယဇ်ပုရောဟိတ်တို့အဘို့ ဖြစ်ရမည်။ သူတို့ အိမ်ဆောက်စရာနှင့် သန့်ရှင်း ရာဌာန်တည်စရာတို့ သန့်ရှင်းသော မြေဖြစ်ရမည်။ 5
အလျားနှစ်သောင်းငါးထောင်၊ အနံတသောင်း ရှိသော အကွက်သည် အိမ်တော်အမှုစောင့်လေဝိလူတို့ နေရာအခန်းနှစ်ဆယ်
တည်ဆောက်စရာတို့ ဖြစ်ရမည်။ 6 မြို့တော်နှင့်ဆိုင်သောမြေသည် သန့်ရှင်းသော အရပ်တဘက်တချက်၌
အလျားတသောင်းငါးထောင်၊ အနံငါးထောင်ရှိ၍၊ ဣသရေလအမျိုးသားအပေါင်းတို့ အဘို့ ဖြစ်ရမည်။ 7
သန့်ရှင်းသောမြေကွက်နှင့်မြို့တော် နယ်နိမိတ် အနောက်ဘက်တရှောက်လုံးတပိုင်း၊ အရှေ့ဘက် တရှောက်လုံးတပိုင်းသည်
မင်းသားအဘို့ ဖြစ်ရမည်။ 8 ငါ၏မင်းသားတို့သည် နောက်တဖန် ငါ၏လူတို့ ကို မညှဉ်းဆဲမည်အကြောင်း၊ ထိုမြေသည် ဣသရေလ
ပြည်၌ မင်းသားပိုင်သော မြေဖြစ်ရမည်။ ကြွင်းသော မြေကို ဣသရေလအမျိုးအနွယ် အသီးအသီးတို့အား ပေးဝေရမည်။ 9
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုဣသရေလမင်းသားတို့၊ ရောင့်ရဲသော စိတ်ရှိကြလော့။ အနိုင်အထက်ပြုခြင်း၊
လုယူခြင်းအမှုတို့ကို ပယ်ရှား၍၊ တရားသောအမှု ဟုတ်မှန်သော အမှုတို့ကို ပြုကြလော့။ နောက်တဖန်ငါ၏ လူတို့ကို
မညှဉ်းဆဲမနှိပ်စက်ကြနှင့်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 10 မှန်သောချိန်ခွင်၊ မှန်သောဧဖါ၊ မှန်သော ဗတ်တို့ကို သုံးရကြမည်။ 11
ဧဖါနှင့်ဗတ်သည် အညီအမျှရှိရမည်။ နှစ်ပါး သည် ဟောမဲကို အမှီပြု၍၊ ဧဖါသည် တဟောမဲတွင် ဆယ်စုတစု၊ ဗတ်သည်လည်း
တဟောမဲတွင် ဆယ်စုတစု ရှိရမည်။ 12 ဂေရာနှင့်ဆယ်ကိုတကျပ်၊ အကျပ်ခြောက်ဆယ် ကို တမာနေရှိရမည်။ 13 ချီးမြှောက်ရာ
ပူဇော်သက္ကာပြုသောအခါ၊ ဂျုံဆန်ဖြစ်စေ၊ မုယောဆန်ဖြစ်စေ၊ တဟောမဲတွင်တသြမဲ ကို ပူဇော်ရမည်။ 14 ဆီနှင့်ဆိုင်သော
ပညတ်ဟူမူကား၊ တကောရ တွင် ဗတ်ဆယ်စုတစုကို ပူဇော်ရမည်။ တဟောမဲသည် ဆယ်ဗတ်ဖြစ်သောကြောင့်
တကောရသည်ဆယ်ဗတ် ဖြစ်သတည်း။ 15 သူတို့အပြစ်ကို ဖြေခြင်းငှါ ဣသရေလကျက်စား ရာ၊ ရေများသော အရပ်၌ရှိသော
သိုးနှစ်ရာတွင် သိုးသငယ်တကောင်ကို ဘော်ဇဉ်ပူဇော်သက္ကာနှင့်တကွ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကိုပူဇော်ရကြမည်ဟု
အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 16 ထိုချီးမြှောက်ရာပူဇော်သက္ကာကို ပြည်သူ ပြည်သားအပေါင်းတို့သည် ဣသရေလမင်းသားအား
ဆက်ရကြမည်။ 17 မင်းသားသည်လည်းပွဲသဘင်နေ့၊ လဆန်းနေ့၊ ဥပုသ်နေ့၊ ဣသရေလအမျိုး ပရိသတ်စည်းဝေးသော နေ့ရက်
အစဉ်အတိုင်း မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာတို့ကို ပူဇော်ရမည်။ ဣသရေလအမျိုး၏အပြစ်ကို
ဖြေခြင်းငှါ အပြစ်ဖြေရာ ယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ မီးရှို့ရာယဇ်၊ မိဿဟာယ ယဇ်ကိုလည်း ပူဇော်ရမည်။ 18 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ပဌမလတရက်နေ့တွင်၊အပြစ်မပါ၊ အသက်ပျိုသော နွားထီးတကောင်ကိုယူ၍ သန့်ရှင်းရာဌာနကို စင်ကြယ်
စေရမည်။ 19 ယဇ်ပုရောဟိတ်သည် အပြစ်ဖြေရာ ယဇ်ကောင် အသွေးအချို့ကို ယူ၍ အိမ်တော်တိုင်၌၎င်း၊ ယဇ်ပလ္လင်
အောက်ထစ်လေးထောင့်၌၎င်း၊ အတွင်းတန်တိုင်း တံခါး တိုင်၌၎င်း ထည့်ရမည်။ 20 ထိုမှတပါး၊ မှားယွင်းသောသူနှင့် မိုက်သောသူ
အတွက် ခုနှစ်ရက်နေ့တွင်၊ ထိုနည်းတူ ပူဇော်၍၊ အိမ်တော်အတွက် အပြစ်ဖြေရာမင်္ဂလာကို ပြုရမည်။ 21
ပဌမလတဆယ်လေးရက်နေ့တွင်၊ ပသခါပွဲကို ခံရမည်။ ခုနစ်ရက်ပတ်လုံးပွဲခံစဉ်တွင် တဆေးမဲ့မုန့်ကို သာ စားရမည်။ 22 ထိုနေ့၌
မင်းသားသည် ကိုယ်ဘို့၎င်း၊ ပြည်သူ ပြည်သားအပေါင်းတို့ကို၎င်း၊ နွားထီးတကောင်ကို အပြစ် ဖြေရာ ယဇ်ပူဇော်ရမည်။ 23
ပွဲနေ့ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား မီးရှို့ ရယဇ်ကို နွားထီးခုနစ်ကောင်၊ အပြစ်မပါသော သိုးထီး ခုနစ်ကောင်ကို၎င်း၊
အပြစ်ဖြေရာ ယဇ်တို့ဆိတ်သငယ် တကောင်ကို၎င်း နေ့တိုင်းပူဇော်ရမည်။ 24 နွားဖြစ်စေ၊ သိုးဖြစ်စေ၊ တကောင်တကောင်နှင့် ပါရသော
ဘောဇဉ်ပူဇော်သက္ကာဘို့ မုန့်ညက်တဧဖါ၊ ဆီတဟိန်ကို ပြင်ဆင်ရမည်။ 25 သတ္တမလတဆယ်ငါးရက်နေ့တွင်၊ ပွဲခံ၍ ယခင်
အပြစ်ဖြေရာ ယဇ်၊ မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ ကာ၊ ဆီပူဇော်သက္ကာပြုသည်အတိုင်း ခုနစ်ရက်ပတ်လုံး ပြုရမည်။

## Chapter 46

1 အရှင်ထာဝရဘုရားမိန့်တော် မူသည်ကား၊ အရှေ့သို့ မျက်နှာပြုသော အတွင်းတန်တိုင်း တံခါးကို အလုပ်လုပ်သောနေ့
ခြောက်ရက်ပတ်လုံး ပိတ်ထား ရမည်။ ဥပုသ်နေ့နှင့် လဆန်းနေ့၌ ဖွင့်ထားရမည်။ 2 မင်းသားသည် ထိုတံခါးမုတ်ဖြင့် ဝင်၍ တံခါး
တိုင်အနားမှာ ရပ်နေရမည်။ ယဇ်ပုရောဟိတ်တို့သည် မင်းသားမီးရှို့ရာ ယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်၍၊ သူသည်တံခါးခုံ၌
ဦးညွတ်ချပြီးမှ ပြင်သို့ထွက်သွား ရမည်။ သို့ရာတွင်၊ ညဦးယံမရောက်မီ ထိုတံခါးကို မပိတ်ရ။ 3 ထိုနည်းတူ၊ ဥပုသ်နေ့နှင့် လဆန်းနေ့၌
ပြည်သူ ပြည်သားတို့သည် ထိုတံခါးဝနားမှာ ထာဝရဘုရား ရှေ့တော်တွင် ဦးညွတ်ချရကြမည်။ 4 ဥပုသ်နေ့၌ မင်းသားသည်
မီးရှို့ရာယဇ်ဘို့ အပြစ်မပါသော သိုးသငယ် ခြောက်ကောင်၊ အပြစ်မပါသော သိုးထီးတကောင်ကို ထာဝရဘုရား ထံတော်သို့
ဆောင်ခဲ့ရမည်။ 5 ဘောဇဉ်ပူဇော်သက္ကာဘို့ သိုးထီးတကောင်နှင့် မုန့်ညက်တဧဖါ၊ ဆီတဟိန်ကိုင်း၊ သိုးသငယ်နှင့်
အလိုရှိသမျှကိုင်း ပူဇော်ရမည်။ 6 လဆန်းနေ့၌ အပြစ်မပါသော နွားထီး တကောင်၊ သိုးသငယ်ခြောက်ကောင်၊ သိုးထီးတကောင်ကို
ပူဇော်ရမည်။ 7 ဘောဇဉ်ပူဇော်သက္ကာဘို့ နွားတကောင်နှင့် မုန့်ညက်တဧဖါ၊ သိုးတကောင်နှင့် တဧဖါ၊ သိုးသငယ်နှင့်
အလိုရှိသမျှကိုင်း၊ မုန့်ညက်တဧဖါနှင့် ဆီတဟိန်ကို ငင်းပူဇော်ရမည်။ 8 မင်းသားဝင်သောအခါ အရှေ့တံခါးမုတ်ဖြင့် ဝင်ရမည်။
ထိုတံခါးမုတ်ဖြင့်လည်း ထွက်ရမည်။ 9 ပြည်သူပြည်သားတို့သည် ဓမ္မပွဲခံချိန်ကာလ၌၊ ထာဝရဘုရားရှေ့တော်သို့ ဝင်သောအခါ၊
ဦးညွှတ်ချခြင်း ငှါ မြောက်တံခါးဖြင့် ဝင်သော သူသည်တောင်တံခါးဖြင့် ထွက်ရမည်။ တောင်တံခါးဖြင့် ဝင်သော သူသည် မြောက်
တံခါးဖြင့် ထွက်ရမည်။ ဝင်သောတံခါးဖြင့် မထွက်ရ။ ဝင်သော တံခါးတဘက်တချက်၌ရှိသော တံခါးဖြင့် ထွက်ရမည်။ 10
ပြည်သားတို့တွင် မင်းသားဖြစ်သောသူသည် သူတို့ ဝင်သောအခါ ဝင်ရမည်။ သူတို့ထွက်သောအခါ ထွက်ရမည်။ 11 ပွဲခံ၍
ပရိသတ်စည်းဝေးရာ ကာလ၌ ဘောဇဉ် ပူဇော်သက္ကာဘို့၊ နွားတကောင်နှင့် မုန့်ညက်တဧဖါ၊ သိုး တကောင်နှင့် တဧဖါ၊ သိုးသငယ် နှင့်
အလိုရှိသမျှကိုင်း၊ မုန့်ညက် တဧဖါနှင့် ဆီတဟိန်ကိုင်း ပူဇော်ရမည်။ 12 မင်းသားသည် အလိုလိုပြုသော မီးရှို့ရာယဇ်၊
မိဿဟာယယဇ်ကို မိမိအလိုအလျောက် ထာဝရဘုရား အား ပူဇော်သက္ကာပြုသောအခါ၊ အရှေ့သို့မျက်နှာပြု သော တံခါးကိုဖွင့်ရမည်။
သူသည်ဥပုသ်နေ့၌မီးရှို့ရာ ယဇ်၊ မိဿဟာယယဇ်ကို ပူဇော်သကဲ့သို့ ပူဇော်ရမည်။ ပူဇော်ပြီးမှ ထွက်သွား၍ တံခါးကို ပိတ်ထားရမည်။
13 နေ့တိုင်းအစဉ်၊ ထာဝရဘုရားအား မီးရှို့ရာယဇ် ဘို့ အပြစ်မပါ၊ အခါမလည်သော သိုးသငယ်တကောင် ကို နံနက်အချိန်၌
ပူဇော်ရမည်။ 14 နံနက်တိုင်းအစဉ်၊ ထိုသိုးသငယ်နှင့်အတူ ဘောဇဉ်ပူဇော်သက္ကာဘို့ မုန့်ညက်တဧဖါတွင် ခြောက်စု တစုကိုင်း၊
မုန့်ညက်နှင့်ရောရသော ဆီလေးလောယ ကိုင်း ပူဇော်ရမည်။ ဤရွေ့ကား၊ထာဝရဘုရားအား အစဉ် အမြဲပြုရသော
ဘောဇဉ်ပူဇော်သက္ကာတရားပေ တည်း။ 15 ထိုသို့မီးရှို့ရာယဇ်ကို နံနက်တိုင်း အစဉ်မပြတ် ပူဇော်စရာဘို့ သိုးသငယ်ကိုင်း၊
ဘောဇဉ်ပူဇော်သက္ကာ နှင့် ဆီကိုင်း ပြင်ဆင်ရမည်။ 16 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ မင်းသားသည် မိမိသား၌
လက်ဆောင်တစုံတခုကို ပေးလျှင်၊ ထိုလက်ဆောင်သည် အမွေဥစ္စာဖြစ်၍၊ သားတော်သည် အမွေခံလျက် သိမ်းယူရမည်။ 17
မိမိကျွန်၌ အမွေဥစ္စာလက်ဆောင်တစုံတခုကို ပေးလျှင်မူကား၊ လွတ်ရာနှစ်သက္ကရာဇ်တိုင်ရုံမျှသာ ထိုကျွန်သည် ပိုင်ရမည်။ နောက်မှ
မင်းသားလက်သို့ ပြန်ရောက်ရမည်။ သားမူကား၊ အစဉ်အမြဲ အမွေခံရ မည်။ 18 ထိုမှတပါး၊ မင်းသားသည်ပြည်သားအမွေမြေကို
အနိုင်အထက် ယူ၍ မြေရှင်ကိုမနှင်ထုတ်ရ။ မိမိပိုင်သော မြေထဲကမိမိသားတို့အား အမွေပေးရမည်။ ငါ၏လူတို့ သည် မိမိတို့ပိုင်သော
အမွေမြေ၌ မနေရဘဲ အရပ်ရပ်သို့ ကွဲပြားစေခြင်းငှါ မပြုရ။ 19 ထိုနောက်မှ တံခါးအနား၌ရှိသော ဝင်ဝဖြင့် ငါ့ကို ဆောင်သွား၍၊
မြောက်သို့မျက်နှာပြုသော ယဇ် ပုရောဟိတ် သန့်ရှင်းသော အခန်းများ ထဲသို့ သွင်းသဖြင့်၊ အနောက်ဘက်၌ရှိသော အရပ်တခုကို
ငါမြင်၏။ 20 ဤအရပ်ကား၊ ယဇ်ပုရောဟိတ်တို့သည် ဒုစရိုက် ဖြေရာယဇ်၊ အပြစ်ဖြေရာယဇ်ကိုပြုတ်၍၊ ဘော်ဇဉ်ပူဇော် သက္ကာကို
ဖုတ်ရသော အရပ်ဖြစ်၏။ လူများကို သန့်ရှင်း စေခြင်းငှါ၊ ထိုအရာတို့ကို ပြင်တန်တိုင်းထဲသို့ မထုတ် ရကြဟု ငါ့အားပြောဆို၏။ 21
တဖန်ပြင်တန်တိုင်းထဲသို့ ငါ့ကိုခေါ်သွင်း၍ တန်တိုင်းထောင့် လေးထောင့်တို့ကို ရှောက်သွားစေသဖြင့်၊ ထိုလေးထောင့်တို့၌
တန်တိုင်းငယ် တခုစီရှိသည်ကို ငါမြင်၏။ 22 ထိုတန်တိုင်းငယ်တို့သည် အလျားအတောင် လေးဆယ်၊ အနံအတောင်သုံးဆယ်ရှိ၍၊
အတိုင်းအရှည် တညီတညွတ်တည်း ဖြစ်ကြ၏။ 23 ထိုလေးထောင့်တို့အတွင်း ပတ်လည်၌ ချက် ပြုတ်စရာဘို့ အစဉ်အတိုင်း
ခုံလောက်တန်းများ ရှိကြ၏။ 24 ဤအရပ်တို့ကား အိမ်တော်အမှုစောင့်တို့သည် လူများပူဇော်သော ယဇ်ကောင်တို့ကို ပြုတ်ရသော
အရပ် ဖြစ်ကြသည်ဟု ငါ့အား ပြောဆို၏။

## Chapter 47

1 ထိုနောက်မှ အိမ်တော်တံခါးသို့ တဖန်ငါ့ကို ဆောင်ခဲ့၍၊ တံခါးခုံအောက်မှာ အရှေ့ဘက်သို့ထွက်သော ရေကိုငါမြင်၏။
အိမ်တော်ဦးသည် အရှေ့သို့မျက်နှာပြု၍၊ ရေသည်အိမ်တော်တံခါးခုံလက်ျာအောက်၊ ယဇ်ပလ္လင် တော် တောင်ဘက်မှ စီးသွားလေ၏။
2 တဖန် မြောက်တံခါးလမ်းဖြင့် ငါ့ကိုထုတ်၍ ပြင်၌ဝိုင်းသွားလျက်၊ အရှေ့သို့ မျက်နှာပြုသော ပြင်တံခါး လမ်းဝသို့ ရောက်သောအခါ၊
လက်ျာဘက်မှစီးသော ရေကို ငါမြင်၏။ 3 ကြိုးကိုကိုင်သောသူသည် အရှေ့သို့သွားပြီးလျှင်၊ အတောင်တတောင်စေ့အောင်တိုင်း၍
ငါ့ကို ရေကူးစေ၏။ ရေသည် ဖမျက်သို့ မှီလေ၏။ 4 တဖန်အတောင်တထောင်စေ့အောင်တိုင်း၍ ရေးကူးစေပြန်လျှင်၊ ရေသည်
ဒူးကိုမှီလေ၏။ တဖန် အတောင်တထောင်စေ့အောင်တိုင်း၍ ကူးစေပြန်လျှင်၊ ရေသည်ခါးကိုမှီလေ၏။ 5 တဖန်
အတောင်တထောင်စေ့အောင် တိုင်းသောအခါ မကူးနိုင်သော မြစ်ဖြစ်လေ၏။ ရေထ သောကြောင့် နင်း၍မကူးနိုင်၊ ခြေထောက်၍ မမှီပဲ
ကူးရသောမြစ်ဖြစ်၏။ 6 ထိုသူက၊ အချင်းလူကား၊ ဤအရာကို မြင်သည် မဟုတ်လောဟု ပြောပြီးမှ တဖန်ငါ့ကိုခေါ်သွား၍
မြစ်နားသို့ပြန်စေ၏။ 7 ပြန်စဉ်အခါ မြစ်နားနှစ်ဘက်၌ များစွာသော အပင်တို့ကို ငါမြင် ၏။ 8 ထိုသူကလည်း၊ ဤရေသည်
အရှေ့သို့စီး၍ တောကို ရှောက်ပြီးမှ၊ အိုင်ထဲသို့ဝင်တတ်သော အားဖြင့် အိုင်ရေသည် ချိုလိမ့်မည်။ 9 အသက်ရှင်၍လှုပ်ရှားတတ်သော
သတ္တဝါ အမျိုးမျိုးတို့သည် ထိုမြစ်ရေရောက်သမျှသော အရပ်တို့၌ အသက်ရှင်၍၊ အလွန်များစွာသော ငါတို့လည်း ရှိကြ လိမ့်မည်။
ထိုမြစ်ရေသည် ချိုသောကြောင့်၊ ရောက်သမျှ သော အရပ်တို့၌ သတ္တဝါအမျိုးမျိုးတို့သည် အသက်ရှင် ကြလိမ့်မည်။ 10
အိုင်နားမှာတံငါတို့သည် ရပ်၍၊ အင်္ဂေဒိရွာမှ စ၍ ဧနေဂလိမ်ရွာတိုင်အောင် ပိုက်ကွန်ဖြန့်ချရာ အရပ် ဖြစ်လိမ့်မည်။ ငါအမျိုးမျိုးတို့သည်
မဟာပင်လယ်ငါးကဲ့သို့ အလွန်များပြားကြလိမ့်မည်။ 11 ရွှံ့ပွက်ရည်နှင့် ရွှံ့အိုင်ရေမူကား မချိုရ၊ အစဉ် ငန်ရလိမ့်မည်။ 12
မြစ်ကမ်းနားနှစ်ဖက်၌ စားစရာကောင်းသော အပင်အမျိုးမျိုး ပေါက်ကျလိမ့်မည်။ အရွက်လည်း မညှိုး မနွမ်းရ အသီးလည်းမပျက်ရ။
လတိုင်းအစဉ်နုသော အသီးကို သီးလိမ့်မည်။ အကြောင်းမူကား၊ သန့်ရှင်းရာ ဌာနထဲကထွက်သတည်း။ အသီးသည် စားစရာ အပိုဖြစ်
၏။ အရွက်သည် အနာရောဂါငြိမ်းစရာဘို့ဖြစ်သည်ဟု ငါ့အားပြောဆို၏။ 13 အရှင်ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊
ဣသရေလအမျိုး တဆယ်နှစ်မျိုးအမွေခံရသော မြေ အပိုင်းအခြားမူကား၊ ယောသပ်သည် မြေအပိုင်းအခြား နှစ်ခုကို ယူရမည်။ 14
ဘိုးဘေးတို့အား ငါကျိန်ဆိုသည်အတိုင်း ငါပေး ရသော ထိုမြေသည် သင်တို့အမွေဖြစ်၍၊ သင်တို့သည် အချင်းချင်းအမွေခံရကြမည်။
15 မြေမြောက်ဘက်အပိုင်းအခြားသည် မဟာ ပင်လယ်တဘက်တချက်၊ ဟေသလုန်လမ်း၊ ဇေဒဒ်လမ်းသို့ လိုက်လျက်၊ 16
ဟာမတ်မြို့နှင့် ဗေရောသာမြို့ကိုဒင်း၊ ဒမာသက်နယ်နှင့်ဟာမတ်နယ်ဆက်ကြားမှာ သိဗရိမ် မြို့ကိုဒင်း၊ ဟောရန်မြို့အနားမှာ၊
ဟာဇာဟတ္တိကုန်းမြို့ကို ဒင်း ဝိုင်း၍၊ 17 တဖန်ပင်လယ်နှင့်ကွာပြီးမှ ဒမာသက်နယ် အနား၌ ဟာဇရေနန်မြို့၊ မြောက်ဘက်၌ ဇိဖြုန်မြို့၊
ဟာမတ်မြို့ပါရမည်။ ဤရွေ့ကား မြောက်ဘက် အပိုင်း အခြားဖြစ်သတည်း။ 18 အရှေ့ဘက်အပိုင်းအခြားသည် ဟောရန်မြို့၊
ဒမာသက်မြို့၊ ဂိလဒ်ပြည်၊ ယော်ဒန်မြစ်နား ဣသရေလ ပြည်နယ်ကိုရှောက်၍၊ အရှေ့ပင်လယ်၌ ဆုံးရမည်။ ဤရွေ့ကား၊
အရှေ့ဘက်အပိုင်းအခြား ဖြစ်သတည်း။ 19 တောင်ဘက်အပိုင်းအခြားသည် တာမာမြို့မှ စ၍ ကာဒေရှမြို့၊ မေရိဘရေတိုင်အောင်ဒင်း၊
မဟာ ပင်လယ်ထဲသို့ ဝင်သောမြစ်တိုင်အောင်ဒင်း၊ ရှောက်သွား ရမည်။ ဤရွေ့ကား၊ တောင်ဘက်အပိုင်းအခြားဖြစ်သ တည်း။ 20
အနောက်ဘက်၌ မဟာပင်လယ်သည် တောင် ဘက်မှစ၍၊ ဟာမတ်မြို့တဘက်တချက်တိုင်အောင် ပိုင်းခြားလျက်ရှိရမည်။ ဤ၍ကား၊
အနောက်ဘက်အပိုင်း အခြားဖြစ်သတည်း။ 21 ထိုမြေကိုဣသရေလအမျိုး အသီးအသီးတို့အား ဝေရမည်။ 22
အမျိုးသားချင်းအမွေခံဘို့ဒင်း၊ သင်တို့တွင်နေ၍ သားသမီးဘွားမြင်သော တပါးအမျိုးသားချင်း အမွေခံ ဘို့ဒင်း စာရေးတံချ၍ မြေကို
ဝေရမည်။ ထိုတပါး အမျိုးသားတို့ကို ပြည်၌ဘွားမြင်သော ဣသရေလ အမျိုးသားကဲ့သို့မှတ်ရမည်။ သူတို့သည် ဣသရေလ
အမျိုးသားတို့နှင့် အတူမြေကိုအမွေခံ ရကြလိမ့်မည်။ 23 တပါးအမျိုးသား နေလေရာရာခရိုင်၌ သူ့အမွေ ခံစရာမြေကို ပေးရမည်ဟု
အရှင်ထာဝရဘုရား မိန့်တော် မူ၏။


generated on Sun Jun 30 02:37:40 2024

## Chapter 48

[1] ဣသရေလအမျိုးခရိုင်စုအမည်ကား၊ မြောက် ဘက်၌ဟေသလုန်လမ်းနှင့် ဟာမတ်လမ်းနား၊ ဟာဇ ရေနန်မြို့ပါလျက်
ဒမာသက်မြို့နယ် မြောက် ဟာမတ် မြို့နယ်တိုင်အောင်ဒင်၊ အရှေ့ဘက်မှသည် ပင်လယ် တိုင်အောင်ဒင်း ဒန်ခရိုင်ရှိရမည်။ [2]
ဒန်ခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက် ဘက်တိုင်အောင် အာရှာခရိုင်ရှိရမည်။ [3] အာရှာခရိုင်အနား၊ အရှေ့ဘက်မှသည်
အနောက်ဘက်တိုင်အောင် နဿလိခရိုင်ရှိရမည်။ [4] နဿလိခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင်
မနာရှည်ခရိုင်ရှိရမည်။ [5] မနာရှေခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင် ဧဖရိမ်ခရိုင်ရှိရမည်။ [6] ဧဖရိမ်ခရိုင်အနား၊
အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင် ရုဗင်ခရိုင်ရှိရမည်။ [7] ရုဗင်ခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက် ဘက်တိုင်အောင်
ယုဒခရိုင်ရှိရမည်။ [8] ယုဒခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက် ဘက်တိုင်အောင် သင်တို့ပူဇော်ရသော မြေကွက်ရှိရမည်။
ထိုမြေအနံကား၊ ကျူလုံးအပြန်နှစ်သောင်းငါးထောင်၊ အလျားကား အရှေ့ဘက်မှသည် အနောက်ဘက်တိုင် အောင်
ခရိုင်အလျားနှင့်ညီရမည်။ ထိုမြေအတွင်း၌ သန့်ရှင်းရာဌာန ရှိရမည်။ [9] ထာဝရဘုရားအား ပူဇော်ရသော မြေကွက် မူကား၊
အလျားနှစ်သောင်းငါးထောင်၊ အနံတသောင်း ရှိရမည်။ [10] ထိုသန့်ရှင်းသော ပူဇော်သက္ကာသည် ယဇ်ပရော ဟိတ်တို့ ဖြစ်၍
မြောက်ဘက်၌နှစ်သောင်းငါးထောင်၊ အနောက်ဘက်၌အနံတသောင်း၊ အရှေ့ဘက်၌ အနံ တသောင်း၊ တောင်ဘက်၌
အလျားနှစ်သောင်းငါးထောင် ကျယ်၍၊ ထာဝရဘုရား၏သန့်ရှင်းရာဌာနသည် ထိုအကွက်အလယ်၌ ရှိရမည်။ [11]
ဣသရေလအမျိုးသားတို့သည် လမ်းလွဲသော အခါ လေဝိလူကဲ့သို့ လမ်းမလွဲ။ ငါ့အမှုကို အစဉ်ဆောင် ၍ သန့်ရှင်းသော
ဇာဒုတ်သားယဇ် ပုရောဟိတ်တို့အဘို့ ဖြစ်ရမည်။ [12] လေဝိလူနေရာ မြေအနားမှာ ထိုသို့ပူဇော်သော မြေသည် ယဇ်ပုရောဟိတ်တို့အဘို့
အလွန်သန့်ရှင်းသော မြေဖြစ်ရမည်။ [13] ယဇ်ပုရောဟိတ် မြေအနားမှာလေဝိ လူနေရာ မြေကွက်သည် အလျားနှစ်သောင်းငါးထောင်၊
အနံ တသောင်း ရှိရမည်။ [14] ထိုမြေသည် ထာဝရဘုရားအဘို့ သန့်ရှင်း သောကြောင့်၊ လေဝိလူတို့သည် မြေကို မရောင်းရ။
အဦးသီးသော အသီးကို အခြားသော ဥစ္စနှင့်မဖလှယ် ရ။ အဘိုးနှင့်မရောင်းရ။ [15] နှစ်သောင်းငါးထောင်အနားမှာ ကြွင်းသေး သော
မြေငါးထောင်သည် လူနေရာမြို့နှင့် မြို့နယ်တည် စရာဘို့ဖြစ်၍၊ ထိုမြေအလယ်၌ မြို့တည်ရမည်။ [16] မြို့အတိုင်းအရှည်ကား၊
မြောက်ဘက်၌ လေး ထောင်ငါးရာ၊ တောင်ဘက်၌လေးထောင်ငါးရာ၊ အရှေ့ ဘက်၌ လေးထောင်ငါးရာ၊ အနောက်ဘက်၌ လေး
ထောင်ငါးရာရှိရမည်။ [17] မြို့နယ်ကား၊ မြောက်ဘက်၌နှစ်ရာငါးဆယ်၊ တောင်ဘက်၌ နှစ်ရာငါးဆယ်၊ အရှေ့ဘက်၌ နှစ်ရာ ငါးဆယ်၊
အနောက်ဘက်၌ နှစ်ရာငါးဆယ်ရှိရမည်။ [18] သန့်ရှင်းသော မြေအနားမှာအလျား၌ ကြွင်း သေးသော အရှေ့ဘက်၌ တသောင်း၊
အနောက်ဘက်၌ တသောင်းကျယ်သော မြေ၌ဖြစ်သော အသီးအနှံသည်၊ မြို့အမှုကို စောင့်သောသူတို့ စားစရာဘို့ ဖြစ်ရမည်။ [19]
မြို့အမှုစောင့်တို့ကို ဣသရေလအမျိုးအပေါင်း ထဲက ရွေးကောက်ရမည်။ [20] ပူဇော်သော မြေကွက်ပေါင်းကား၊ အလျား
နှစ်သောင်းငါးထောင်၊ အနံနှစ်သောင်းငါးထောင်ကျယ်၍၊ မြို့နယ်ပါလျက် သန့်ရှင်းသော ထိုစတုရန်းမြေကို ပူဇော် ရမည်။ [21]
ထိုသန့်ရှင်းသော ပူဇော်သက္ကာမြေနှင့်မြို့နယ် နှစ်ဘက်၌ ကြွင်း၍၊ အရှေ့ဘက်၌ နှစ်သောင်းငါးထောင်၊ အနောက်ဘက်၌
နှစ်သောင်းငါးထောင်ကျယ်သော မြေစွန်းနှစ်ကွက်တို့သည် မင်းသားအဘို့ ဖြစ်ရမည်။ သန့်ရှင်းသော ပူဇော်သက္ကာမြေနှင့် အိမ်တော်၏
သန့်ရှင်းရာဌာနသည် ထိုနှစ်ကွက်စပ်ကြားမှာ နေရာ ကျရမည်။ [22] ထိုသို့စပ်ကြားမှာကျသော လေဝိလူနေရာ အပိုင်းအခြား၊
မြို့နယ်အပိုင်းအခြား၊ ပြင်ဘက်နှစ်ဘက်၊ ယုဒခရိုင်၊ ဗယ်္ယာမိန်ခရိုင်စပ်ကြားမှာ ကျသောမြေရှိသမျှ သည် မင်းသားအဘို့ဖြစ်ရမည်။ [23]
ကြွင်းသော ဣသရေလခရိုင်ဟူမူကား၊ အရှေ့ ဘက်မှသည် အနောက်ဘက်တိုင်အောင် ဗယ်္ယာမိန်ခရိုင် ရှိရမည်။ [24] ဗယာမိန်ခရိုင်အနား၊
အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင်ရှိမောင် ခရိုင်ရှိရမည်။ [25] ရှိမောင်ခရိုင်အနား၊ အရှေ့ဘက်မှသည်
အနောက်ဘက်တိုင်အောင် ဣသခါခရိုင်ရှိရမည်။ [26] ဣသခါခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင်
ဇာဗုလုန်ခရိုင်ရှိရမည်။ [27] ဇာဗုလုန်ခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင် ဂဒ်ခရိုင်ရှိရမည်။ [28]
ဂဒ်ခရိုင်တောင်ဘက် အပိုင်းအခြားသည် တာမာမြို့မှစ၍ ကာဒေရှမြို့၊ မေရိဘရေ တိုင်အောင်ဒင်၊ မဟာပင်လယ်ထဲသို့ဝင်သော
မြစ်တိုင်အောင်ဒင်း ရှောက်သွားရမည်။ [29] ဤရွေ့ကား၊ ဣသရေလအမျိုးအနွယ်တို့ အမွေ ခံစရာဘို့ စာရေးတံချ၍ ဝေရသောမြေ၊
ဤရွေ့ကား၊ သူတို့ ပိုင်းခြား၍ နေရသော ခရိုင်အသီးအသီး ဖြစ်သတည်းဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ [30]
မြို့မှထွက်ရာတံခါးများဟူမူကား၊ မြို့မြောက် ဘက်၌ လေးထောင်ငါးရာကျယ်၍၊ [31] မြို့တံခါးတို့သည် ဣသရေလအမျိုးအနွယ်တို့
အမည်ကို ဆောင်လျက်၊ မြောက်ဘက်၌ ရုဗင်တံခါး၊ ယုဒတံခါး၊ လေဝိတံခါးတည်းဟူသော တံခါးသုံးပေါက် ရှိရမည်။ [32]
မြို့အရှေ့ဘက်၌ လေးထောင်ငါးရာကျယ်၍၊ ယောသပ်တံခါး၊ ဗယ်္ယာမိန်တံခါး၊ ဒန်တံခါးတည်းဟူသော တံခါးသုံးပေါက်ရှိရမည်။ [33]
မြို့တောင်ဘက်၌ လေးထောင်ငါးရာကျယ်၍၊ ရှိမောင်တံခါး၊ ဣသခါတံခါး၊ ဇာဗုလုန်တံခါးတည်း ဟူသော တံခါးသုံးပေါက်ရှိရမည်။
[34] မြို့အနောက်ဘက်၌ လေးထောင်ငါးရာကျယ်၍၊ ဂဒ်တံခါး၊ အာရှာတံခါး၊ နဿလိတံခါးတည်းဟူသော တံခါးသုံးပေါက်ရှိရမည်။ [35]
ထိုသို့ မြို့ပတ်လည်အတိုင်းအရှည်ကား၊ တသောင်းရှစ်ထောင် ရှိရလိမ့်မည်။ တည်သောနေ့မှစ၍ ထိုမြို့ကို ယေဟောဝါရှမ္မအမည်ဖြင့်
ခေါ်တွင်ရလိမ့် သတည်း။

# Daniel

## Chapter 1

1 ယုဒရှင်ဘုရင်ယောယကိမ်နန်းစံသုံးနှစ်တွင်၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့သို့ ချီလာ၍ ဝန်းရံလေ၏။ 2
ထာဝရဘုရားသည် ယုဒရှင်ဘုရင် ယောယကိမ် မှစ၍ ဗိမာန်တော်တန်ဆာအချို့တို့ကို နေဗုခဒ်နေဇာ လက်သို့ အပ်နှံတော်မူ၍၊
ထိုတန်ဆာများကို နေဗုခဒ် နေဇာမင်းသည် ရှိနာပြည်၌ရှိသော မိမိဘုရား၏ကျောင်း သို့ ယူသွားပြီးလျှင်၊ ရွှေတိုက်၌
သွင်းထားတော်မူ၏။ 3 ထိုအခါရှင်ဘုရင်သည် မိန်းမစိုးအုပ် အာရှ ပေနတ်ကို ခေါ်တော်မူ၍၊ 4 မကောင်းသော လက္ခဏာကင်းလျက်၊
လှသောအဆင်းသဏ္ဍာန်နှင့်ပြည့်စုံ၍၊ ကောင်းသောဥာဏ်နှင့် တကွ အထူးထူးအပြားပြားသော အတတ်ပညာများကို လေ့ကျက်၍၊
နန်းတော်၌ အမှုထမ်းခြင်းငှါ တတ်စွမ်း နိုင်သောလူပျိုတို့ကို ဣသရေလမင်းမျိုးမင်းသားထဲက ရွေးကောက်၍၊
ခါလဒဲဘာသာအတတ်ကို သင်စေဟု အမိန့်တော်ရှိ၏။ 5 ပွဲတော်မှ ကြွင်းသောအစာနှင့် သောက်တော်မူ သော စပျစ်ရည်ကို
နေ့တိုင်းပေး၍ သုံးနှစ်ကျွေးမွေးပြီးမှ၊ အမှုတော်ထမ်းရမည်အကြောင်း စီရင်တော်မူ၏။ 6 ထိုသူတို့တွင် ယုဒအမျိုးသားဒံယေလ၊
ဟာနနိ၊ မိရှေလ၊ အာဇရိတို့သည် ပါကြ၏။ 7 မိန်းမစိုးအုပ်သည် ထိုသူတို့ကို အမည်နာမလဲ၍၊ ဒံယေလကို ဗေလတရှာဇာ၊
ဟာနနိကိုရှာဒရက်၊ မိရှေလ ကိုမေရှက်၊ အာဇရိကို အဗေဒနေဂေါဟု၊ အသီးအသီး အမည်အသစ်ကို ပေး၏။ 8 ဒံယေလမူကား၊
ပွဲတော်မှကြွင်းသောအစာနှင့် သောက်တော်မူသော စပျစ်ရည်ကို မသောက်မစားဘဲ၊ ညစ်ညူးခြင်းကို ရှောင်မည်ဟု အကြံရှိ၍၊ မိမိကို
မညစ်ညူး စေမည်အကြောင်း၊ မိန်းမစိုးအုပ်ကို အခွင့်တောင်း၏။ 9 ဘုရားသခင်ပြုပြင်တော်မူသောအားဖြင့်၊ မိန်းမ စိုးအုပ်သည်
ဒံယေလကို အလွန်ချစ်သနားသော်လည်း၊ 10 ငါ့သခင်ကြည့်ရှုစေခြင်းငှါ မိန်းမစိုးအုပ်ခန့်ထား သော စားတော်ကဲကို ငါကြောက်၏။
သင်တို့အစား အသောက်ကို စီရင်တော်မူပြီ။ သင်တို့ မျက်နှာသည် အရွယ်တူ လူပျိုတို့၏ မျက်နှာလောက် အဆင်းမလှ သည်ကို
မြင်တော်မူလျှင်၊ သင်တို့အတွက် ငါသည် ရာဇဝတ်သင့်၍ အသက်မလွတ်ရဟု ဒံယေလကို ပြောဆို၏။ 11 ထိုအခါ ဒံယေလ၊ ဟာနနိ၊
မိရှေလ၊ အာဇရိ တို့ကို ကြည့်ရှုစေခြင်းငှါ မိန်းမစိုးအုပ်ခန့်ထားသော စားတော်ကဲကို ဒံယေလက၊ 12 အကျွန်ုပ်တို့ စားသောက်စရာဘို့
ဟင်းသီး ဟင်းရွက်နှင့် ရေကိုသာ ဆယ်ရက်ပတ်လုံးပေးစမ်းပါ။ 13 ထိုနောက်၊ အကျွန်ုပ်တို့မျက်နှာနှင့်၊ ပွဲတော်မှ ကြွင်းသော အစာကို
စားသောလူပျိုတို့၏မျက်နှာကို သခင်ရှေ့၌ စစ်တော်မူပါစေ။ ကိုယ်တော်တိုင်မြင်ပြီးမှ၊ အကျွန်ုပ်တို့ကို စီရင်တော်မူပါဟုပြောလျှင်၊ 14
စားတော်ကဲသည် ဝန်ခံ၍ ဆယ်ရက်စုံစမ်း လေ၏။ 15 ဆယ်ရက်စေ့လျှင် သူတို့မျက်နှာသည်၊ ပွဲတော်မှ ကြွင်းသောအစာကို စားသော
လူပျိုအပေါင်းတို့၏ မျက်နှာထက် အဆင်းလှ၍ ဖွံ့ဝလျက်ရှိ၏။ 16 ထိုအခါစားတော်ကဲသည် သူတို့အစာကိုဎင်း၊ သူတို့သောက်ဘို့
စပျစ်ရည်ကိုဎင်း ရုပ်သိမ်း၍၊ ဟင်းသီး ဟင်းရွက်နှင့်သာ ကျွေးမွေး၏။ 17 ဘုရားသခင်သည် ထိုလုလင်လေးယောက်တို့ အား
အထူးထူးသော သိပ္ပံအတတ်ပညာတို့ကို သိစေခြင်း ငှါ၊ ထိုးထွင်း၍ နားလည်နိုင်သော ဥာဏ်သတ္တိကို ပေး သနားတော်မူ၏။
ဒံယေလသည်လည်း ဗျာဒိတ်ရူပါရုံနှင့် အိပ်မက်ကိုနားလည်နိုင်သော ဥာဏ်ပညာနှင့်ပြည့်စုံ၏။ 18 နန်းတော်သို့ သွင်းစေခြင်းငှါ
ချိန်းချက်တော်မူ သော အချိန်ရောက်သော်၊ မိန်းမစိုးအုပ်သည် လုလင်များ တို့ကို ခေါ်၍ နန်းတော်သို့ သွင်းလေ၏။ 19 ရှင်ဘုရင်သည်
ထိုလုလင်တို့နှင့် ဆွေးနွေး မေးမြန်းတော်မူပြီးလျှင်၊ ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိတို့နှင့် တူသောသူတယောက်မျှမရှိသောကြောင့်၊
သူတို့သည် အထံတော်၌ ခံစားရသော အခွင့်အရာကို ရကြ၏။ 20 ရှင်ဘုရင်မေးတော်မူသမျှသော အတတ်ပညာကို ထိုလုလင်တို့သည်
နိုင်ငံတော်၌ရှိသမျှသော မာဂု ပညာရှိ၊ ဗေဒင်တတ်များထက်သာ၍ ဆယ်ဆတတ်ကြ သည်ကို တွေ့မြင်တော်မူ၏။ 21 ဒံယေလသည်
ကုရုမင်းကြီးနန်းစံပဌမနှစ်တိုင်အောင် ရှိနေသတည်း။

---

---

Daniel 01

ယုဒရှင်ဘုရင်ယောယကိမ်
ယုဒရှင်ဘုရင်ယောယကိမ်ဟုဆိုရာတွင် သူတစ်ဦးတည်းကိုဆိုလိုခြင်းမဟုတ်ဘဲ သူ့နှင့်စစ်သားများ ဟုဆိုလိုခြင်းပင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "ယုဒရှင်ဘုရင်ယောယကိမ်၏ စစ်သည်များဟူ၍ဖြစ်သည်"။

ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည်
စစ်သားများနှင့် နေဗုခဒ်နေဇာမင်း၏ကွာဟချက်တွင်၊ ဘုရင်နေဗုခဒ်နေဇာတစ်ဦးတည်းမဟုတ်ပါ။ "ဘုရင်နေဗုခဒ်နေဇာ၏ စစ်သားများ" သို့မဟုတ်"ဗာဗုလုန်လူမျိုးများ၏ရှင်ဘုရင်နေဗုခဒ်နေဇာလည်းဖြစ်ခြင်းနှင့် သူ့စစ်သားများ ဟူ၍ဖြစ်သည်"

ချီလာ၍ ဝန်းရံလေ၏။
"လူထုများ၏အထောက်အပံ့ဟူသမျှလက်ခံခြင်းများကို ရပ်တန့်ရန် ဖြစ်သည်"

နေဗုခဒ်နေဇာ လက်သို့ အပ်နှံတော်မူ၍
ရှင်ဘုရင် ယောယကိမ်သည် နေဗုခဒ်နေဇာ လက်သို့ အပ်နှံတော်မူခြင်းဖြစ်သည်။

မိမိဘုရား၏ကျောင်း သို့ ယူသွားပြီးလျှင်၊ ရွှေတိုက်၌ သွင်းထားတော်မူ၏။
၎င်းသည် သူတို့၏နတ်ဘုရားကို ပူဇော်ပသခြင်းဖြစ်သည်။

 generated on Sun Jun 30 02:37:40 2024

Daniel 03

ထိုအခါရှင်ဘုရင်သည်
ဤနေရာတွင် ရှင်ဘုရင်နေဗုခဒ်နေဇာကို ရည်ညွှန်းထားခြင်းဖြစ်သည်။

အာရှ ပေနတ်
ဤအရာသည် အကြီးအကဲ ကိုဆိုလိုဖြစ်သည်။

မကောင်းသော လက္ခဏာကင်းလျက်
လှသောအဆင်းသဏ္ဍာန်နှင့်ပြည့်စုံ၍၊ ကောင်းသောဉာဏ်နှင့် ပြည့်သောသူ၊ ဒီ အကောင်းလက္ခဏာ ဖြစ်လာခြင်းကို ဆိုလိုသည်။

အတတ်ပညာများကို
"ကျွမ်းကျင်မှုအတတ်ပညာများ"

နန်းတော်
ဤအရာသည် ကြီးမားသောအိမ် သို့မဟုတ် ရှင်ဘုရင်နေထိုင်သောနေရာဖြစ်သည်။

ဣသရေလမင်းမျိုးမင်းသားထဲက
ဤအရာသည် အထက်တန်း မင်းမျိုး မင်းနွယ်ကိုဆိုလိုခြင်းဖြစ်သည်။

ဣသရေလမင်းမျိုးမင်းသားထဲက ရွေးကောက်၍
ရှင်ဘုရင်၏အမိန့်အဏာများအား သူ့အတွက် လုပ်ဆောင်ပေးရန်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဘုရင့်အမှုထမ်းထဲမှ ရွေးနုတ်ခြင်းဖြစ်သည်"။

အတတ်ကို သင်စေရန်
"အာရှ ပေနတ်က သူတို့ကိုသင်ကြားရန်"

ပွဲတော်
အထူး၊ ရှားပါးသော၊ ကောင်းမွန်သော ဘုရင့်အစားအသောက်။

Daniel 06

ထိုသူတို့တွင်
"ဣသရေလ လူမျိုးများထဲက "

မိန်းမစိုးအုပ်
ရှင်ဘုရင်နေဗုခဒ်နေဇာ၏ အမှုထမ်း အာရှ ပေနတ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ဗေလတရှာဇာ...ရှာဒရက်...မေရှက်...အဗေဒနေဂေါ
ဤအရာများသည် ယောကျာ်းများနာမည်ဖြစ်သည်။

Daniel 08

ဒံယေလမူကား...ရှောင်မည်ဟု အကြံရှိ၍၊
ဤနေရာတွင် "အကြံ" က ဒံယေလကို ညွှန်ပြထားသည်။

မိမိကို မညစ်ညူး စေမည်အကြောင်း
မသန့်ရှင်းသောအရာသည် "ညစ်ညူးခြင်း"ကိုဖြစ်စေသည်။ တစ်ချို့အစားအသောက်များသည် ဗာဗုလုန်နိုင်ငံစားဖြစ်သော ဒံယေလ၏ ဘုရားနည်း ဥပဒေသတွင် မသန့်ရှင်းစေကြောင်းဖြစ်သည်။ ဤအားဖြင့် ရှင်းလင်းမှုကိုပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ နည်း ဥပဒေသ အရမသန့်ရှင်း ကြောင်းကို ထင်ရှားစေသည်။"

သင်တို့ မျက်နှာသည် အရွယ်တူ လူပျိုတို့၏ မျက်နှာလောက် အဆင်းမလှ သည်ကို မြင်တော်မူလျှင်၊
သူတို့ မျက်နှာသည် အဆင်းပိုလှရန်ဟူသည် ဖော်ပြချက်

အစား အသောက် (ပွဲတော်)
ဤသည် အထူး၊ ရှားပါးသော၊ ဘုရင်စားသောက်သောက်သောအစာ ဟူ၍ဖြစ်သည်။အခန်း ၁:၅ တွင် မည်သို့ ဘာသာပြန်ဆိုထား ကြောင်း တွေ့နိုင်ပါသည်။

ရာဇဝတ်သင့်၍ အသက်မလွတ်
ဤသည် ဓလေ့သုံးစကားဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ ရှင်ဘုရင်က ငါ့ကိုခေါင်းဖြတ်ရန် သို့မဟုတ် ရှင်ဘုရင်က သတ်ဖြတ်မည်" ဟူ၍ဖြစ်သည်။

Daniel 11

စစ်တော်မူပါစေ။
ဒံယေလက ကျွန်တို့သည်အခြားသောသူများထက်သာ၍ ကြည့်ကောင်းမည်ဖြစ်ကြောင်း စားတော်ကဲအား မိန့်တော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်အရ"အခြားသူများထက် ကြည့်ကောင်းမကောင်းကို နှိုင်းယှဉ်ပါ" ဟူ၍ဖြစ်သည်။

Daniel 14

စားတော်ကဲ
၎င်းသည် သူတို့ဘယ်အရာများကို စားသောက်သောအားဖြင့် ပို၍ကျန်းမာသန်စွမ်း ကြောင်းကို ဦးစီး၊ လုပ်ကျွေးသူကိုဆိုလိုခြင်းဖြစ်သည်။

စုံစမ်းလေ၏...သူတို့မျက်နှာ...၊ သူတို့အစာကိုင၎င်း၊ သူတို့သောက်ဘို့ စပျစ်ရည်ကိုင၎င်း
ဤအရာများသည် ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိ တို့ကို ထင်ပေါ်စေ ကြောင်းတွေ့ရပါသသည်။

Daniel 17

ဘုရားသခင်သည်...ထိုးထွင်း၍ နားလည်နိုင်သော ဉာဏ်သတ္တိကို ပေး သနားတော်မူ၏။
ဘုရားသခင်သည် အထူးထူးသော သိပ္ပံအတတ်ပညာ၊ထိုးထွင်း၍ နားလည်နိုင်သော ဉာဏ်သတ္တိကို ပေး သနားတော်မူသောသူ ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်အရ" ဘုရားသခင်သည် သူတို့အားသင်ယူနိုင်စွမ်းကိုပေးခြင်းနှင့် ရှင်းလင်းစွာ နားလည်မှု" များကိုပေးတော် မူသည်။


generated on Sun Jun 30 02:37:40 2024

သိပ္ပံအတတ်ပညာတို့ကို… ဉာဏ်ပညာနှင့်ပြည့်စုံ၏။
ဤအရာ၌ သူတို့၏ ပညာအတက်နှင့် နားလည်နိုင်စွမ်း ရှိခြင်းများကို ဖော်ပြခြင်းဖြစ်သည်။

Daniel 19

ရှင်ဘုရင်သည် ထိုလုလင်တို့နှင့် ဆွေးနွေး မေးမြန်းတော်မူပြီးလျှင်၊
လုလင်လေးဦးတို့နှင့် ရှင်ဘုရင်ဆွေးနွေး တော်မူခြင်း(၁:၁၇)

ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ နှင့် အာဇရိ
ဤအရာများသည် လူပုဂိုလ်နာမည်များ ဖြစ်သည်။ ၁:၆ တွင် သင်မည်သို့ဘာသာပြန်ဆိုကြောင်းတွေ့ရပါမည်။

ဆယ်ဆတတ်ကြသည်ကို တွေ့မြင်တော်မူ၏။
ဒီနေရာမှာ "ဆယ်ဆ"ဆိုသည်မှာ သူတို့၏အတတ်ပညာကြီးမားခြင်း ကို ဖော်ပြသည်။

ကုရုမင်းကြီးနန်းစံပဌမနှစ်
"ဗဗုလုန်နိုင်ငံကို အုပ်စိုးသော ကုရုမင်းကြီးနန်းစံပဌမနှစ် ကိုဆိုလိုခြင်းဖြစ်သည်"။

---

## Translation Questions

### Daniel 1:1

ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့ကို ဝန်းရံပြီး ထောက်မှုများကို ဖြတ်တောက်ဖို့ရန် မည်သည့်အချိန်တွင် လာခဲ့သနည်း?
နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့သို့ ယုဒရှင်ဘုရင် ယောယကိမ် နန်းစံသုံးနှစ်တွင် လာခဲ့သည်။

နေဗုခဒ်နေဇာအား ယုဒရှင်ဘုရင်ယောယကိမ် အပေါ်အောင်နိုင်သော အခွင့်ကို အဘယ်သူ ပေးခဲ့သနည်း။
နေဗုခဒ်နေဇာအား ယောယကိမ်အပေါ် အောင်နိုင်သော အခွင့်ကို ဘုရားသခင်ကို ပေးခဲ့သည်။

### Daniel 1:3

ဘုရင်သည် မိန်းမစိုးအုပ် အာရှပေနတ်ကို ဘာလုပ်ဖို့ရန် ပြောခဲ့သနည်း။
ဘုရင်သည် မိန်းမစိုးအုပ် အာရှပေနတ်အား ဣသရေလ လူမျိုးထဲမှ မင်းမျိုးမင်းနွယ်များနှင့် မြင့်မြတ်သောသူ အချို့ကို ခေါ်လာဖို့ရန် ပြောခဲ့သည်။

ဘုရင်က အဘယ်သို့သော လူငယ်မျိုးကို ဗာဗုလုန် ထဲသို့ ခေါ်လာစေချင်သနည်း။
ဘုရင်သည် အကျင့်စာရိတ္တကောင်းမွန်သောသူ၊ မြင်မြင်သာသာ ဆွဲဆောင်မှုရှိသောသူ၊ ဉာဏ်ပညာထက်မြတ်သောသူ၊ အသိပညာဗဟုသုတ ကြွယ်သောသူ၊ နားလည်ခြင်းရှိသောသူနှင့် ဘုရင့်နန်းတော်အတွင်း အစေခံဖို့ရန် အရည်အချင်းပြည့်မှီသောသူ လူငယ်မျိုးကို လိုချင်ခဲ့သည်။

ထိုလူငယ်များအား မည်သည့်အရာများကို ကျွေးမွေးရန် ဖြစ်သနည်း။
ထိုလူငယ်များအား ဘုရင်၏ ဟင်းလျာများ၊ ဘုရင်သောက်သောဝိုင်ထဲမှ အချို့ကိုယူ၍ သူတို့အား နေ့စဉ်ကျွေးမွေးရန်ဖြစ်သည်။

### Daniel 1:6

ဣသရေလနိုင်ငံမှလာသော လူငယ်အချို့၏အမည်များမှာ အဘယ်နည်း။
ထိုသူတို့ကို အကြီးအကဲက မည်သည့်နာမည်များကို ပေးခဲ့သနည်း။
သူတို့၏အမည်များနှင့် အကြီးအကဲကပေးခဲ့သော အမည်များမှာ ဒံယေလကို ဗေလတရှာဇာ၊ ဟာနနိကို ရှာဒရက်၊ မိရှေလကို မေရှက်၊ အာဇရိကို အဗေဒနေဂေါ ဟူ၍ ဖြစ်ကြသည်။

### Daniel 1:8

ဒံယေလသည် သူ့အတွေးထဲမှာ ဘာကို ကြံစည်ခဲ့သနည်း။
ဒံယေလသည် ဘုရင်၏ ဝိုင်များနှင့် (သို့) ဟင်းလျာများနှင့် သူ့ကိုယ်သူမညစ်ညူးစေဖို့ရန် အတွေးထဲမှာ ကြံစည်ခဲ့သည်။

ဒံယေလက ဘုရင်၏ အကျွေးအမွေး ဝိုင်များနှင့် ကိုယ့်ကိုကိုယ် မညစ်ညူးစေဖို့ရန် ခွင့်ပြုချက်တောင်းဆိုခဲ့သောအခါ အကြီးအကဲများက ဘယ်လို တုန့်ပြန်ခဲ့သနည်း။
အကြီးအကဲမှူးက သူသည် ဘုရင့်ကို ကြောက်ရွံ့ကြောင်း ဒံယေလကို ပြောခဲ့ပြီး၊ ဒံယေလစားသောက်ရမည့်အရာများကို ဘုရင်က အမိန့်ချခဲ့ပြီဟု ဆိုသည်။ ဒံယေလ၏ ရုပ်ရည်သည် အခြားသော သူ့ရွယ်တူလူငယ်များထက် သာ၍ကျသည်ကို ဘုရင်မြင်ခဲ့လျှင် သူ၏ဦးခေါင်းကို ဖြတ်ပစ်နိုင်သည်ဟု ဒံယေလကို ပြောပြသည်။

### Daniel 1:11

ဒံယေလ၊ ဟာနနိ၊ မိရှေလ နှင့် အာဇရိတို့၏မိန်းမစိုးအား ဒံယေလသည် မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
ဒံယေလသည် ဆယ်ရက်အတွင်းစားစရာအဖို့ ဟင်းသီးဟင်းရွက်နှင့် သောက်စရာအဖို့ ရေသာလျှင် ပေးပြီး စမ်းသပ်ဖို့ရန်နှင့် ထိုဆယ်ရက်နောက်ပိုင်းတွင် ဘုရင့်၏ အကျွေးအမွေး ကို ခံနေသူအခြားသောလူငယ်များနှင့် သူတို့ကို နှိုင်းယှဉ်ဖို့ရန်နှင့် သူတို့ ဘာမြင်ခဲ့သည့်အရာပေါ်မှ စီမံဖို့ရန်အတွက် မိန်းမစိုးကို တောင်းဆိုခဲ့သည်။

Daniel 1:14

မိန်းမစိုးက စမ်းသပ်ဖို့ရန် သဘောတူပြီးနောက်ပိုင်း ဆယ်ရက်ပြီး၍ ဒံယေလ၊ ဟာနနိ၊မိရှေလ၊ အာဇရိနှင့် အခြားသောလူငယ်များနှင့်နှိုင်းယှဉ်ကြည့်သောအခါ သူသည် ဘာကို သတိပြုမိခဲ့သနည်း။

ဒံယေလ၊ဟာနနိ၊မိရှေလနှင့် အာဇရိတို့သည် ဘုရင့်စားပွဲမှ အစာများကိုစားသောသူတို့ထက် သာ၍ကျန်းမာပြီး အဟာရပိုပြည့်သည်ကို မိန်းမစိုးသည် သတိထားမိသည်။

Daniel 1:17

ဘုရားသခင်က ဒံယေလ၊ဟာနနိ၊မိရှေလနှင့် အာဇရိတို့ကို ဘာပေးခဲ့သနည်း။

ဘုရားသခင်သည် သူတို့ကို ပညာဗဟုသုတနှင့် အသိပညာစာပေတွေမှာ ထိုးထွင်းသိမြင်တတ်ခြင်းကို ပေးခဲ့ပြီး ဒံယေလသည် ရူပါရုံအမျိုးမျိုးနှင့် အိမ်မက်များကို နားလည်သဘောပေါက်နိုင်သည်။

Daniel 1:19

ဘုရင်သည် လူငယ်တွေအားလုံးနှင့်စကားပြောခဲ့သော အခါ ဘာကို တွေ့ရှိခဲ့သနည်း။

ဘုရင်သည် ဒံယေလ၊ဟာနနိ၊မိရှေလ၊အာဇရိတို့နှင့် နှိုင်းယှဉ်နိုင်ဖို့ရန် တစ်ယောက်မှ မရှိသည်ကို တွေ့ရှိခဲ့သည်။ ဘုရင်က သူတို့ကို အသိပညာဗဟုသုတ နှင့်ဆိုင်သော မေးခွန်းမေးသည့်အခါတိုင်း မျက်လှည့် ဝိဇ္ဇာတတ်ကျွမ်းကျင်သူတွေနှင့် သေသောသူတို့နှင့်ပင်စကားပြောနိုင်သည်ဟု ကြွေးကြော်ကြသောသူများထက် ဆယ်ဆပို၍ ကောင်းမွန်နေကြောင်းကို တွေ့ရှိခဲ့သည်။

ဒံယေလသည် ဗာဗုလုန်နိုင်ငံတွင် မည်မျှကြာကြာနေခဲ့သနည်း။

ဒံယေလသည် ကုရုမင်းကြီး နန်းစံချိန် ပထမနှစ်တိုင်အောင်ရှိခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 2

1 နေဗုခဒ်နေဇာမင်းသည် နန်းစံနှစ်နှစ်တွင်၊ အိပ်မက်ကို မြင်တော်မူ၍ ထိတ်လန့်ခြင်း စိတ်ရှိသော ကြောင့်၊
စက်တော်မခေါ်နိုင်သည်ဖြစ်၍၊ 2 အိပ်မက်တော်ကို ပြန်ပြောစေခြင်းငှါ မာဂု ပညာရှိ၊ ဗေဒင်တတ်၊ သူပြုဆရာ၊ ခါလဒဲဆရာတို့ကို
ခေါ်ချေဟု အမိန့်တော်ရှိသည်အတိုင်း၊ သူတို့သည် အထံတော်သို့ ရောက်လာကြသည်ရှိသော်၊ 3 ရှင်ဘုရင်က၊ ငါသည်
အိပ်မက်ကိုမြင်ပြီ။ ထိုအိပ်မက်ကိုမသိ၊ နားမလည်သည်ဖြစ်၍ စိတ်မအီ မသာရှိသည်ဟု မိန့်တော်မူ၏။ 4 ခါလဒဲပညာရှိတို့ကလည်း၊
အရှင်မင်းကြီး၊ အသက်တော်အစဉ်အမြဲ ရှင်ပါစေ။ အကျွန်ုပ်တို့အား အိပ်မက်တော်ကို မိန့်တော်မူပါ။ အကျွန်ုပ်တို့သည် အနက်ကို
ဘော်ပြပါမည်ဟု၊ ရှုရိဘာသာဖြင့် လျှောက် ကြ၏။ 5 ရှင်ဘုရင်ကလည်း၊ ငါအမိန့်တော်ရှိပြီ။ ထိုအိပ် မက်နှင့်အနက်ကို
သင်တို့မဘော်မပြလျှင်၊ သင်တို့ကို အပိုင်းပိုင်းစဉ်းမည်။ သင်တို့အိမ်များကိုလည်း နောက် ချေးပုံဖြစ်စေမည်။ 6 အိပ်မက်နှင့်အနက်ကို
ဘော်ပြလျှင်၊ ဆုလပ် သပ်ပကာ၊ ဂုဏ်အသရေများကို ငါပေးမည်။ သို့ဖြစ်၍၊ အိပ်မက်နှင့်အနက်ကို ငါ့အားဘော်ပြကြဟု၊ ခါလဒဲပညာ
ရှိတို့ကို မိန့်တော်မူ၏။ 7 ထိုသူတို့က၊ အရှင်မင်းကြီး၊ မြင်မက်တော်မူချက် ကို အမိန့်ရှိတော်မူပါ။ အကျွန်ုပ်တို့သည် အနက်ကို
ဘော်ပြပါမည်ဟု တဖန်လျှောက်ကြပြန်လျှင်၊ 8 ရှင်ဘုရင်က၊ ငါ့အမိန့်တော်ရှိပြီးသောကြောင့်၊ သင်တို့သည်
နေ့ရက်အချိန်ကာလကြာစေခြင်းငှါ ရွှေ့ချင် သည်ကို ငါအမှန်သိ၏။ 9 အိပ်မက်ကို ငါ့အားမဘော်မပြလျှင်၊ သင်တို့ သည်
အကြံတခုတည်းသာရှိသည်ဖြစ်၍၊ ကာလပြောင်း လဲသည်တိုင်အောင်၊ ငါ့ရှေ့၌ လျှောက်စရာဘို့ ကောက် ကျစ်လိမ်လစ်သောစကားကို
ပြင်ဆင်နှင့်ကြပြီ။ အိပ်မက် ကို ပြန်ပြောကြ။ ထိုသို့ပြောလျှင်၊ အိပ်မက်အနက်ကို ဘော်ပြနိုင်သည်ကို ငါသိမည်ဟု ပြန်၍
မိန့်တော်မူ၏။ 10 ခါလဒဲဆရာတို့ကလည်း၊ အရှင်မင်းကြီး၏ အမှု အရာကို ဖြေနိုင်မည်သူ၊ မြေကြီးပေါ်မှာ တယောက်မျှ မရှိပါ။
အဘယ်မည်သော ရှင်ဘုရင်သည် ဘုန်းတန်ခိုး ကြီးသော်လည်း၊ မာဂုပညာရှိ၊ ဗေဒင်တတ်၊ ခါလဒဲ ဆရာတို့ကို
ဤသို့မေးမြန်းလေ့မရှိပါ။ 11 အရှင်မင်းကြီး မေးမြန်းတော်မူသောအရာသည် ခက်ခဲသော အရာဖြစ်ပါ၏။ လူပကတိနှင့် မဆက်ဆံ
သော ဘုရားမှတပါး အဘယ်သူမျှ အရှင်မင်းကြီး ရှေ့တော်၌ မထုတ်မဘော်နိုင်ပါဟု တဖန်ပြန်ကြား လျှောက်ထားကြ၏။ 12
ထိုစကားကို ကြားတော်မူလျှင် ပြင်းစွာ အမျက် တော်ထွက်၍၊ ဗာဗုလုန်မြို့၌ ရှိသမျှသော ပညာရှိတို့ကို ပယ်ရှင်းစေဟုအမိန့်တော်ရှိ၏။
13 ထိုအမိန့်တော်ဆင့်၍ ဒံယေလနှင့် သူ၏ အပေါင်းအဘော်တို့ကို သတ်ခြင်းငှါ ရှာကြသော်၊ 14 ဒံယေလက၊
ရှင်ဘုရင်၏အမိန့်တော်သည် အဘယ်ကြောင့် ဤမျှလောက် လျင်မြန်သနည်းဟု၊ 15 ဗာဗုလုန်ပညာရှိတို့ကို ပယ်ရှင်းခြင်းငှါ ထွက်
သွားသော ကိုယ်ရံတော်မှူးအာရုတ်ကို သတိပညာနှင့် မေးမြန်း၍၊ အာရုတ်သည် ထိုအကြောင်းကို ကြားပြော လျှင်၊ 16 ဒံယေလသည်
နန်းတော်သို့ ဝင်၍ အိပ်မက် တော်ကို ဖြေရသော နေ့ရက်အချိန်ကို ပေးတော်မူမည် အကြောင်း အသနားတော်ခံပြီးမှ၊ 17
မိမိအိမ်သို့ပြန်သွား၍၊ ထိုအကြောင်းကို မိမိ အပေါင်းအဘော် ဟာနနိ၊ မိရှေလ၊ အာဇရိတို့အား ကြားပြော၍၊ 18 ငါတို့ပသည်
အခြားသော ဗာဗုလုန်ပညာရှိတို့ နှင့်အတူ မသေမပျောက်စေခြင်းငှါ၊ ဤနက်နဲသော အရာ၌ကရုဏာ ကျေးဇူးတော်ကို
ခံရမည်အကြောင်း၊ ကောင်းကင်ဘုံရှင်ဘုရားသခင်ကို ဆုတောင်းကြကုန် အံ့ဟုပြောဆို၏။ 19 ညဉ့်အခါ ဗျာဒိတ်တော်အားဖြင့်
ထိုနက်နဲသော အရာကို ဒံယေလအား ဘုရားသခင်ဘော်ပြတော်မူ၏။ 20 ထိုအခါ ဒံယေလသည် ကောင်းကင်ဘုံရှင် ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ဘုရား သခင်၏ နာမတော်သည် ထာဝရမင်္ဂလာရှိပါစေ သတည်း။ ပညာနှင့်၎င်း၊ အစွမ်းသတ္တိနှင့်၎င်း
ပြည့်စုံ တော်မူ၏။ 21 ကာလအချိန် ဥတုများကို ပြောင်းလဲစေတော် မူ၏။ ရှင်ဘုရင်တို့ကိုလည်း နှိမ့်ချချီးမြှောက်တော်မူ၏။
ပညာရှိတို့အားပညာကို ပေးတော်မူ၏။ ဉာဏ်ရှိသော သူတို့သည် ကျေးဇူးတော်အားဖြင့်သာ၊ ထိုးထွင်း၍ နားလည်တတ်ကြ၏။ 22
နက်နဲခက်ခဲသော အရာတို့ကို ထင်ရှားစွာ ပြတော်မူ၏။ မှောင်မိုက်၌ရှိသမျှတို့ကို သိမြင်၍ အလင်း ၏တည်ရာဖြစ်တော်မူ၏။ 23
အကျွန်ုပ် ဘိုးဘေးတို့၏ ဘုရားသခင်၊ အကျွန်ုပ် အား ပညာအစွမ်းသတ္တိကို ပေးသနား၍၊ အကျွန်ုပ်တို့ ဆုတောင်းသည်အတိုင်း၊
ရှင်ဘုရင်၏ အိပ်မက်ကို ဖွင့်ပြတော် မူသော ကျေးဇူးတော်ကို ချီးမွမ်းထောမနာ ပြုပါ၏ဟု ဒံယေလမြွက်ဆိုပြီးမှ၊ 24
ဗာဗုလုန်ပညာရှိတို့ကို ပယ်ရှင်းစေခြင်းငှါ၊ ရှင်ဘုရင်ခန့်ထားတော်မူသော အာရုတ်ထံသို့သွား၍၊ ဗာဗုလုန် ပညာရှိတို့ကို မလုပ်ကြပါနှင့်။
အကျွန်ုပ်ကို အထံတော်သို့ခေါ်သွင်းပါ။ အကျွန်ုပ်သည် အိပ်မက် တော်နှင့် အနက်ကိုဘော်ပြ၍ လျှောက်ပါမည်ဟုဆို၏။ 25 ထိုအခါ
အာရုတ်သည် ဒံယေလကို အလျင် တဆော အထံတော်သို့ ခေါ်သွင်းပြီးလျှင်၊ အိပ်မက်တော် နှင့်အနက်ကို အရှင်မင်းကြီးအား
ဘော်ပြနိုင်သော သူတယောက်ကို ယုဒအမျိုး လက်ရလူတို့တွင် အကျွန်ုပ် တွေ့ပါပြီဟု လျှောက်လေ၏။ 26 ရှင်ဘုရင်ကလည်း၊
ငါမြင်မက်သော အိပ်မက်ကို ပြန်ပြော၍ အနက်ကို ဘော်ပြနိုင်သလောဟု၊ ဗေလတရှာ ဇာအမည်ရှိသော ဒံယေလကို မေးတော်မူလျှင်၊
27 ဒံယေလက၊ အရှင်မင်းကြီးမေးမြန်းတော်မူ သောအရာကို ပညာရှိ၊ ဗေဒင်တတ်၊ မာဂုဆရာ၊ အနာ ဂတ္တိဆရာတို့သည်
အရှင်မင်းကြီးအား ဘော်ခြင်းငှါ မတတ်နိုင်ကြပါ။ 28 နက်နဲသော အရာတို့ကို ဖွင့်ပြ၍၊ နောင်ကာလ၌ ဖြစ်လတံ့သော အရာတို့ကို
နေဗုခဒ်နေဇာမင်းကြီးအား ကြားပြောတော်မူသော ဘုရားသခင်တဆူသည် ကောင်း ကင်ဘုံမှာ ရှိတော်မူ၏။ 29 အရှင်မင်းကြီး၊ နောင်၌
ဖြစ်လတံ့သော အရာ တို့ကို ကိုယ်တော်သည် စက်တော်ခေါ်၍ မြော်လင့်တော် မူ၏။ နက်နဲသောအရာကို ဖွင့်ပြတော်မူသော ဘုရား
သည် နောင်ကာလ၌ ဖြစ်လတံ့သော အရာတို့ကို ကိုယ်တော်အားပြတော်မူ၏။ 30 ဤနက်နဲသောအရာကိုကား၊ အခြားသော
သတ္တဝါအပေါင်းတို့ထက် အကျွန်ုပ်သာ၍ ပညာရှိသော ကြောင့်၊ အကျွန်ုပ်အား ဘုရားသခင် ဖွင့်ပြတော်မူသည် မဟုတ်ပါ။

ကိုယ်တော်သည် စိတ်နှလုံးတော်၏ အထင်ကို နားလည်မည်အကြောင်း၊ ထိုအနက်ကို အကျွန်ုပ်ပြန်ကြား လျှောက်ထားစိမ့်သောငှါသာ
ဘုရားသခင် ဖွင့်ပြတော် မူ၏။ [31] အရှင်မင်းကြီး၊ စက်တော်ခေါ်၍ မြင်မက်တော် မူသော ရူပါရုံဟူမူကား၊ ကိုယ်တော်သည် ကြည့်ရှု၍
ရုပ်တုကြီးကို မြင်တော်မူ၏။ ထူးမြတ်သော အရောင်အဝါ နှင့် ပြည့်စုံ၍၊ ကြီးမြင့်သော ထိုရုပ်တုသည် ကြောက်မက် ဘွယ်သော
ပုံသဏ္ဌာန်ကိုဆောင်လျက် ကိုယ်တော်ရှေ့၌ တည်ရှိ၏။ [32] သူ၏ ဦးခေါင်းသည် ရွှေစင်ဖြစ်၏။ ရင်ပတ်နှင့် လက်နှစ်ဘက်သည်
ငွေဖြစ်၏။ [33] ဝမ်းနှင့်ပေါင်နှစ်ဘက်သည် ကြေးဝါဖြစ်၏။ ခြေသလုံးနှစ်ဘက်သည် သံဖြစ်၏။ ခြေဘဝါးနှင့် ဖမိုး သည်
သံတပိုင်းသရွှတ်တပိုင်းဖြစ်၏။ [34] ကိုယ်တော်သည် ကြည့်ရှုတော်မူစဉ်၊ လက်ဖြင့် မထုမလုပ်ဘဲ အလိုလိုဖြစ်သော
ကျောက်တလုံးသည် သံနှင့်သရွှတ်ဖြစ်သော ရုပ်တု၏ခြေကို ထိခိုက်၍ ချိုးဖဲ့ သည်ရှိသော်၊ [35] သံ၊ သရွှတ်၊ ကြေးဝါ၊ ငွေ၊ ရွှေတို့သည်
ကျိုးပဲ့ ကြေမွလျက်၊ နွေကာလ၌ ကောက်နယ်တလင်း အမှုန့် ကဲ့သို့ဖြစ်သဖြင့်၊ လေတိုက်လွင့်၍ သူတို့နေရာမရှိ၊ ပျောက်လေ၏။
ရုပ်တုကို ထိခိုက်သော ကျောက်မူကား၊ တိုးပွားသဖြင့် တောင်ကြီးဖြစ်၍၊ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်ဟု မြင်မက်တော်မူ၏။ [36]
ယခုတွင် အိပ်မက်တော်၏အနက်ကို ဘော်ပြ၍ နားတော်လျှောက်ပါမည်။ [37] အရှင်မင်းကြီး၊ ကိုယ်တော်သည် ဘုရင်တို့၏
ဘုရင်ဖြစ်တော်မူ၏။ ကောင်းကင်ဘုံရှင် ဘုရားသခင် သည် နိုင်ငံနှင့်တကွ တန်ခိုးအာနုဘော်အစွမ်းသတ္တိ ဘုန်းအသရေကို
ကိုယ်တော်အား ပေးတော်မူပြီ။ [38] လူနေရာ ရှိသမျှတို့နှင့် မြေကြီးသား တိရစ္ဆာန်၊ မိုယ်းကောင်းကင်ငှက်များတို့ကို ကိုယ်တော်လက်၌
အပ် ပေး၍၊ ကိုယ်တော်သည် အလုံးစုံတို့ကို အုပ်စိုးရသော အခွင့်ရှိတော်မူ၏။ ကိုယ်တော်သည် ရုပ်တု၏ ရွှေဦး ခေါင်းဖြစ်တော်မူ၏။
[39] ကိုယ်တော်နောက်၌ ကိုယ်တော်၏ နိုင်ငံ လောက်မမြတ်သော နိုင်ငံတခုသည် တည်ထောင်လိမ့် မည်။ ထိုနောက်၊
မြေကြီးတပြင်လုံးကို အုပ်စိုးသော ကြေးဝါနိုင်ငံတည်းဟူသော တတိယနိုင်ငံတည်ထောင် လိမ့်မည်။ [40] စတုတ္ထနိုင်ငံသည်
သံကဲ့သို့ခိုင်မာသော နိုင်ငံ ဖြစ်လိမ့်မည်။ သံသည် အခြားသောအရာရှိသမျှတို့ကို ချိုးဖဲ့၍ နိုင်သကဲ့သို့၊ စတုတ္ထနိုင်ငံသည်
ချိုးဖဲ့နှိပ်စက်ခြင်း ကို ပြုလိမ့်မည်။ [41] ရုပ်တု၏ခြေနှင့် ခြေချောင်းတို့သည် သရွှတ် တပိုင်း သံတပိုင်းရှိသည်ကို
မြင်တော်မူသည်အတိုင်း၊ အချင်းချင်းကွဲပြားသော နိုင်ငံဖြစ်လိမ့်မည်။ သို့သော် လည်း ဖုတ်သောသရွှတ်နှင့် သံရောနှောသည်ကို မြင်
တော်မူသည်ဖြစ်၍၊ သံသည်ခိုင်မာခြင်း သတ္တိရှိလိမ့်မည်။ [42] ခြေချောင်းတို့သည် သံတပိုင်းသရွှတ်တပိုင်း ဖြစ်သည်နှင့်အညီ၊
ထိုနိုင်ငံသည် ခိုင်မာခြင်းနှင့်ငြင်း၊ ကျိုးပဲ့ခြင်းနှင့်ငြင်းဆက်ဆံလိမ့်မည်။ [43] ဖုတ်သောသရွှတ်နှင့် သံရောနှောသည်ကို မြင်
တော်မူသည်နှင့် လျော်စွာ၊ နိုင်ငံသားတို့သည် အခြား သော လူမျိုးသားတို့နှင့် ပေါင်းဘော်ကြလိမ့်မည်။ သို့သော် လည်း၊
သရွှတ်နှင့်သံမရောနှောနိုင်သကဲ့သို့၊ သူတို့သည် အချင်းချင်း ပေါင်းဘော်၍ မသင့်နိုင်ကြ။ [44] လက်နှင့်မထုမလုပ်ဘဲ
ကျောက်တလုံးသည် တောင်ပေါ်ကအလို လိုပဲ့ကျွ၍၊ [45] သံကြေးဝါ၊ သရွှတ်၊ ငွေ၊ ရွှေတို့ကို ချိုးဖဲ့သည်ကို မြင်တော်မူသည်
အကြောင်းအရာမှာ၊ ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည်
တည်ထောင်စေတော်မူမည်။ ထိုနိုင်ငံသည် အခြားသော လူမျိုးလက်သို့ မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသော နိုင်ငံ ရှိသမျှတို့ကို
ချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်။ ထိုသို့နောက်၌ ဖြစ်လတံ့သောအရာတို့ကို ကြီးမြတ်တော် မူသော ဘုရားသခင်သည်
အရှင်မင်းကြီးအား ကြားပြော တော်မူ၏။ အိပ်မက်တော်ရွေ့လျော့ခြင်းမရှိ။ အနက် သည်လည်း မှန်ပါ၏ဟု ဒံယေလသည်
အထံတော်၌ လျှောက်ထား၏။ [46] ထိုအခါ နေဗုခဒ်နေဇာ မင်းကြီးသည် ပြပ်ဝပ်၍ ဒံယေလကို ရှိခိုးကိုးကွယ်ပြီးလျှင်၊
ပူဇော်သက္ကာပြုခြင်းငှါငြင်း၊ နံ့သာမျိုးကို မီးရှို့၍ ဆပ်ကပ်ခြင်းငှါငြင်း စီရင် တော်မူလျက်၊ [47] ကိုယ်တော်သည် ဤနက်နဲသောအရာကို
ဖွင့်ပြ နိုင်သည်ဖြစ်၍၊ အကယ်စင်စစ် ကိုယ်တော်၏ ဘုရား သခင်သည် ဘုရားတို့၏ဘုရား၊ ဘုရင်တို့၏ အရှင်၊ နက်နဲသော
အရာကိုဖွင့်ပြတော်မူသော သခင်ဖြစ် တော်မူ၏ဟု မိန့်တော်မူ၍၊ [48] ဒံယေလကို ချီးမြှောက်လျက်၊ များစွာသော ဆုလပ်သပ်ပကာ
တို့ကိုပေး၍၊ ဗာဗုလုန်နိုင်ငံတွင် ဝန်ကြီး အရာ၌ငြင်း၊ ဗာဗုလုန်ပညာရှိတို့ကို အုပ်စိုးသော ဝန်အရာ၌ငြင်း ခန့်ထားတော်မူ၏။ [49] ထိုအခါ
ဒံယေလသည် သံတော်ဦးတင်သော ကြောင့်၊ မင်းကြီးသည် ရှာဒရက်၊ မေရှက်၊ အဗေဒနေ ဂေါတို့ကို ဗာဗုလုန်နိုင်ငံတွင် ဝန်အရာ၌
ခန့်ထားတော် မူ၏။ ဒံယေလသည် နန်းတော်ဦး၌ နေရလေ၏။

---

Daniel 01

နန်းစံနှစ်နှစ်
"နှစ်နှစ်အတွင်းတွင်"(ရှု ၊ |Ordinal Numbers)

အိပ်မက်ကို မြင်တော်မူခြင်း၊
နေဗုခဒ်နေဇာမင်းသည် အိပ်မက်ကို မြင်တော်မူ၏။

ထိတ်လန့်ခြင်း စိတ်ရှိခြင်း
ဤနေရာတွင်"စိတ်"က သူ၏အတွေးတွေကိုဖော်ပြထား သည်။(ရှု၊ |Metonymy)

စက်တော်မခေါ်နိုင်သည်ဖြစ်၍၊
သူ့ရဲ့ပြဿနာများက မအိပ်စက်၊ အနားမယူနိုင်ဖြစ်စေသည်။
တခြားဘာသာပြန်ဆိုခြင်း "သူမအိပ်နိုင်"။

မာဂု ပညာရှိ၊ ဗေဒင်တတ်၊ သူပြုဆရာ၊ ခါလဒဲဆရာတို့ကို ခေါ်ချေဟု အမိန့်တော်ရှိသည်။
"ရှင်ဘုရင်သည် သေဆုံး လူများနှင့် စကားပြောသောသူများ နှင့် မှော်ဆရာများ ခေါ်တော်မူ၏။

သူတို့သည် အထံတော်သို့ ရောက်လာကြသည်။
"သူတို့ ဗိမာန်တော်ထဲသို့ ရောက်ရှိခြင်း"

 generated on Sun Jun 30 02:37:40 2024

Daniel 03

စိတ်မအီ မသာရှိသည်ဟု မိန့်တော်မူ၏။
ဤနေရာ၌ "စိတ်" ဟုဆိုရာ၌
ရှင်ဘုရင်သူ့ကိုယ်သူရည်ညွှန်းထားခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်၊ ကျွန်ုပ် စိတ်သောက
ရောက်နေသည်။"

စိတ်မအီမသာရှိသည်
"ပြဿနာ၊ အနှောက်အယှက်"

ခါလဒဲ
ဤသည်ကား ဗာဗုလုန်နိုင်ငံသားများ ပြောဆိုနေကြသော
ဘာသာစကားများဖြစ်သည်။

အရှင်မင်းကြီး၊ အသက်တော်အစဉ်အမြဲ ရှင်ပါစေ။
လူတွေက ရှင်ဘုရင်ကိုပေါ်လွင်စေလိုသောအားဖြင့်
ဖော်ပြခြင်းဖြစ်နိုင်သည်။ သူ့ကို မြင့်မြတ်စေသော၊
ဂုဏ်ပြုသောစကား ဖြစ်သည်။ တခြားဘာသာပြန်ဆိုချက်"ဘုရင်၊
အသက်ရှည်ပါမည်အကြောင်းကျွန်ုပ်တို့ မျှော်လင့်ပါ၏။"

အကျွန်ုပ်တို့၊ သင့်အစေခံများ
လူတွေက သူ့ကိုသူ ရှင်ဘုရင်၏ အစေခံကျွန်ဟူ၍ ရှင်ဘုရင်အား
လေးစားမှုကိုဖော်ပြလိုကြောင်းဖြစ်သည်။"

ကျွန်ုပ်တို့သည် အနက်ကို ဘော်ပြပါမည်။
ဤနေရာရှိ "ကျွန်ုပ်တို့" ဟူသောစကားလုံးသည် အစေခံများကို
ဖော်ပြခြင်းဖြစ်သည်။

Daniel 05

ငါအမိန့်တော်ရှိပြီ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားဘာသာပြန်ဆိုချက်အရ၊ အဘယ်သို့ပြုမည်ကို
ဆုံးဖြတ်ထားပြီးပြီ။"။

သင်တို့ကို အပိုင်းပိုင်းစဉ်းမည်။ သင်တို့အိမ်များကိုလည်း နောက်
ချေးပုံဖြစ်စေမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားဘာသာပြန်ဆိုချက်အရ၊ "သင်တို့အိမ်
တွေကိုနောက်ချေးပုံဖြစ်စေပြီး၊ သင်တို့ကို
ကိုယ်ကိုအပိုင်းပိုင်းစဉ်းမည်ဟု ငါ့စစ်သားများကို
အမိန့်ပေးမည်ဟူ၍ ဖြစ်သည်။

ဆုလပ် သပ်ပကာ၊ ဂုဏ်အသရေများကို ငါပေးမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားဘာသာပြန်ဆိုချက်အရ၊ "သင်ကို
ငါလက်ဆောင်ပေးမည်"။

Daniel 07

ငါ့အမိန့်တော်ရှိပြီးသောကြောင့်...အိပ်မက် ကို ပြန်ပြောကြ။
ခိုင်မြဲသောဆုံးဖြတ်ချက်အပေါ်
ပြောင်းလဲနိုင်တော့မည်မဟုတ်ကြောင်းဖြစ်သည်။

အိပ်မက်ကို ငါ့အားမဘော်မပြလျှင်၊
"သင့်အတွက် ပြစ်ဒဏ်တစ်ခုတည်းသာ ရှိသည်။"

ငါ့ရှေ့၌ လျှောက်စရာဘို့ ကောက် ကျစ်လိမ်လစ်သောစကားကို
ပြင်ဆင်နှင့်ကြပြီ။
ဒီစကားနှစ်လုံးဖြင့် နှိုင်းယှဉ်ကြည့်သောအခါ "လိမ်လည်
လှည့်ဖျားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။"

Daniel 10

အဘယ်မည်သော ရှင်ဘုရင်သည် ဘုန်းတန်ခိုး ကြီးသော်လည်း၊
ရှင်ဘုရင်၏ ဘုန်းတန်ခိုးကြီးမားခြင်းကို
တင်စားလိုခြင်းပင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုခြင်းအရ
"သာ၍ တန်ခိုးကြီးမားခြင်းဖြစ်သည်"

လူပကတိနှင့် မဆက်ဆံ သော ဘုရားမှတပါး
ဤအရာသည် အပေါင်းလဏ္ခဏကို ပုံဆောင်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ"ဘုရားတစ်ပါးတည်းကသာလျှင်
ရှင်ဘုရင်ကိုဖော်ပြနိုင်သည်။"

Daniel 12

ပြင်းစွာ အမျက် တော်ထွက်၍၊
ရှင်ဘုရင်၏ ပြင်းပြင်းထန်ထန်အမြတ်ထွက်ခြင်းကို
ဖော်ပြထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုခြင်းအရ
"မယုံနိုင်လောက်သော အမျက်ဒေါသ"

ပယ်ရှင်းစေဟုအမိန့်တော်ရှိ၏။
ဤစီရင်ချက်သည် အသက်ဝင်လှုပ်ရှားလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်"ရှင်ဘုရင်သည်
အာဏာတော်တစ်ခုကို ထုတ်လွှင့်သည်" သို့မဟုတ်"ရှင်ဘုရင်
အမိန့်တော်ပြန့်ကြားသည်။"

သတ်ခြင်းငှါ ရှာကြသော်၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ" သူတို့သည်
ပညာရှိဖြစ်သောကြောင့်စစ်သားများက သူတို့ကို
သတ်မည်ဖြစ်သည်။

Daniel 14

ရှင်ဘုရင်၏အမိန့်တော်သည်
ရှင်ဘုရင်၏ကြီးမားသော အမျော်အမြင်ကိုဖော်ပြသည်၊ ၊
အခြားသောဘာသာပြန်ဆိုချက် "တရားစီရင်ခြင်းနှင့်
သတိပေးခြင်း"'ဟူ၍ဖြစ်သည်။

ပယ်ရှင်းခြင်းငှါ
"သတ်ဖို့ရန် ရှင်ဘုရင် ခန့်အပ်သောသူ"

ကိုယ်ရံတော်မှူး
၎င်းအဖွဲ့သည် ရှင်ဘုရင်ကိုကာကွယ်သော
အသက်တော်စောင့်များဖြစ်ကြသည်။

အာရုတ်
၎င်းသည် ရှင်ဘုရင်၏ တပ်မှူးနာမည်ဖြစ်သည်။

ဒံယေလသည် နန်းတော်သို့ ဝင်၍
ဒံယေလသည် နန်းတော်အတွင်းသို့
သွားခဲ့ခြင်းလည်းဖြစ်နိုင်သည်၊ အခြားသောဘာသာပြန်ဆိုခြင်း
"ဒံယေလသည် နန်းတော်အတွင်းသို့ သွားခဲ့ပြီဖြစ်သည်။"
သို့မဟုတ် "ဒံယေလသည် ရှင်ဘုရင်နှင့် စကားပြောရန် ဖြစ်သည်။
"

နေ့ရက်အချိန်ကို ပေးတော်မူမည် အကြောင်း
"ရှင်ဘုရင်နှင့် တွေ့ဆုံရန် အချိန် ခွဲခန့်ခြင်းဖြစ်သည်။"

Daniel 17

မိမိအိမ်
၎င်းသည် ဒံယေလ၏ နေအိမ်ဖြစ်နိုင်ခြေဖြစ်သည်။

ထိုအကြောင်းကို မိမိ အပေါင်းအဘော် ဟာနနိ၊ မိရှေလ၊ အာဇရိတို့အား
ကြားပြော၍၊
"ရှင်ဘုရင်၏ ရာဇဒဏ်အကြောင်းဖြစ်သည်"

ငါတို့သည်...ကောင်းကင်ဘုံရှင်ဘုရားသခင်ကို ဆုတောင်းကြကုန်
"ကျေးဇူးတော်ကို ခံရမည်အကြောင်း၊ ဆုတောင်းကူရန်
သူ့သူငယ်ချင်းများကို အကူညီတောင်းဆိုသည်။"

မသေမပျောက်စေခြင်းငှါ၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ" ဒါမှ
ရှင်ဘုရင်မသတ်မည်ဖြစ်ကြောင်းဖော်ပြသည်။"
သို့မဟုတ်"ရှင်ဘုရင်၏ တပ်မှူး

Daniel 19

ညဉ့်အခါ ဗျာဒိတ်တော်အားဖြင့် ထိုနက်နဲသော အရာကို ဒံယေလအား
ဘုရားသခင်ဘော်ပြတော်မူ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်" ထိုညဉ့်မှာ ဗျာဒိတ်တော်အားဖြင့်
ဘုရားသခင် သည် ထိုနက်နဲသော အရာကိုဘော်ပြတော်မူ၏။

နက်နဲသောအရာ
၎င်းသည် ရှင်ဘုရင်၏ အိပ်မက်နှင့် အဓိပ္ပါယ်ကို
ရည်ညွှန်းခြင်းဖြစ်သည်။

Daniel 21

ယေဘုယျ အချက်အလက်
ဤအခန်း၌လည်း ဒံယေလ၏ဆုတောင်းသော အခန်းဖြစ်သည်။

ကာလအချိန် ဥတုများကို ပြောင်းလဲစေတော် မူ၏။
"ရှင်ဘုရင်၏ အမိန့်အာဏာနှင့် နည်းဥပဒေသများကိုလည်း
ပယ်ဖျက်ခဲ့သည်။"

ရှင်ဘုရင်တို့ကိုလည်း နိမ့်ချချီးမြှောက်တော်မူ၏။
"ချီးမြှောက်"သည်နိုင်ငံတော်တစ်ခု အပေါ် အုပ်စိုးခြင်းကို
ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်"
ရှင်ဘုရင်သစ်တစ်ပါးသူ့နိုင်ငံတော်ကို အုပ်စိုးခြင်း ဖြစ်သည်။"

အလင်း ၏တည်ရာဖြစ်တော်မူ၏။
"ထာဝရဘုရားထံတော်မှလာသော အလင်းဖြစ်သည်။"

Daniel 23

ယေဘုယျအချက်အလက်
ဤအခန်း၌လည်း ဒံယေလ၏ဆုတောင်းသော အခန်းဖြစ်သည်။
ရှင်ဘုရင်၏ ရှေ့၌ ဘုရားသခင်၏ ကျေးဇူးတော်ကို
ချီးမွမ်းသည်။

ရှင်ဘုရင်၏ အိပ်မက်ကို ဖွင့်ပြတော် မူသော
"ရှင်ဘုရင် သိချင်သောအကြောင်းအရာကို ဒံယေလအား
ဖော်ပြသည်။

Daniel 24

ပညာရှိတို့ကို
"ပညာရှင်များ"

အာရုတ်
၎င်းသည် ရှင်ဘုရင်၏တပ်မှူးနာမည်ဖြစ်သည်။ ၂:၁၅ တွင်
ဘယ်လိုဘာသာပြန်ဆိုထားကြောင်းတွေ့ရပါသည်။

Daniel 25

ဗေလတရှာဇာ
၎င်းသည် ဗဗုလုန်နိုင်ငံ၌ရှိနေစဉ်က ဒံယေလနာမည်ဖြစ်သည်။
၁:၆ တွင် ဘယ်လိုဘာသာပြန်ဆိုထားကြောင်းတွေ့ရပါသည်။

Daniel 27

အရှင်မင်းကြီးမေးမြန်းတော်မူ သောအရာ
ရှင်ဘုရင်၏ အိပ်မက်တော်ကို ဖော်ထုတ်လိုခြင်း ဖြစ်သည်။

အရှင်မင်းကြီးမေးမြန်းတော်မူ သောအရာကို ပညာရှိ၊ ဗေဒင်တတ်၊ မာဂုဆရာ၊
အနာဂတ္တိဆရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ" ပညာရှိပုဂ္ဂိုလ်များ၊


generated on Sun Jun 30 02:37:40 2024

နက်နဲသောအရာတို့ကို ဖွင့်ပြနိုင်သောသူများ၊ နှင့် ရှင်မင်းကြီးအား ဘော်ပြခြင်းငှါ မတတ်နိုင်ကြသော ဗေဒင်တတ်ဆရာများ ကိုဖော်ပြခြင်းဖြစ်သည်။"

Daniel 29

ယေဘုယျ အချက်အလက်

ရှင်ဘုရင်ထံ ဒံယေလ ဆက်ပြောနေချိန်ဖြစ်သည်။

နက်နဲသောအရာကို ဖွင့်ပြတော်မူသော ဘုရား သည်

ထာဝရဘုရားသခင်ကို ရည်ညွှန်းကိုးကားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုခြင်းအရ"ဘုရားသခင်၊ နက်နဲ သော အရာတို့ကို ဖွင့်ပြသူ" သို့မဟုတ်" နက်နဲသော အရာတို့ကို သိတော်မူသော ထာဝရဘုရား" ဟူ၍ဖြစ်သည်။

Daniel 31

ယေဘုယျ အချက်အလက်

ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။

ထူးမြတ်သော အရောင်အဝါ

"တကယ့်ရွှေဖြစ်သလား"သို့မဟုတ်"ရွှေကိုတွေ့ရှိသလား"

ခြေဘဝါးနှင့် ဖမိုး သည် သံတပိုင်းသရွှတ်တပိုင်းဖြစ်၏

"သရွှတ်တပိုင်းနှင့် သံတပိုင်းဖြင့်ပြုလုပ်တပ်ဆင်သည်" သို့မဟုတ်" သံတပိုင်းဖြင့်ပြုလုပ်တပ်ဆင်ခြင်း နှင့် သရွှတ်တပိုင်း တပ်ဆင်ထားသည်။"

Daniel 34

ယေဘုယျ အချက်အလက်

ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။

လက်ဖြင့် မထုမလုပ်ဘဲ အလိုလိုဖြစ်သော ကျောက်တလုံး၊

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်"လူတစ်ယောက်က တောင်ပေါ်ကနေ ကျောက်ဖြင့် တွန်းလိမ့်ဖြတ်တောက်သည် ဒါပေမဲ့ လူကပြုလုပ်ခြင်းမဟုတ်တပါ၊ "ကျောက်"(UDB)

နွေကာလ၌ ကောက်နယ်တလင်း အမှုန့် ကဲ့သို့ဖြစ်သဖြင့်၊

လေတိုင်ရင်းလွင့်နိုင်ဖွယ်ရှိသောအရှုယ်မျှ သေးငယ်သော အပိုင်းအစ ပမာနှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်""လေထဲတွင် လွင့်ပါတတ်သော မြက်ခြောက်သဖွယ်ဖြစ်သည်"

လေတိုက်လွင့်၍ သူတို့နေရာမရှိ၊ ပျောက်လေ၏။

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ ၎င်းကို စာကြောင်းနှစ်ကြောင်းဖြစ်မည် ဆိုပါက ၊ အခြားသောဘာသာပြန်ဆိုချက်" အရာအားလုံးလွင့် ပျောက်ပြီဖြစ်သည်။"

မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်။

"တစ်လောကလုံးကို ပျံ့နှံ့ခြင်း"

Daniel 36

ယေဘုယျ အချက်အလက်

ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။

ကိုယ်တော်သည် ဘုရင်တို့၏ ဘုရင်ဖြစ်တော်မူ၏။

"အင်မတန်အရေးပါသော ဘုရင်"သို့မဟုတ်" ရှင်ဘုရင်တစ်ဦးကို အုပ်စိုးသော ဘုရင်တစ်ပါးကို ဆိုလိုခြင်းဖြစ်သည်။ (UDB)

ကောင်းကင်ဘုံရှင် ဘုရားသခင် သည်နိုင်ငံနှင့်တကွ ... ကိုယ်တော်အား ပေးတော်မူပြီ။

ဒံယေလ သည်"သူ့အနေဖြင့် အိပ်မက်၏ အနက်ဖော်ပြခြင်းအပါ ထာဝရဘုရားအမှုပြုခြင်းကို တင်ပြနိုင်သည်။

တန်ခိုးအာနုဘော်၊ အစွမ်းသတ္တိ

အခြေခံအားဖြင့် အဓိပ္ပါယ်ခြင်းတူညီပါသည်။

လူနေရာ ရှိသမျှ

၎င်းနေရာတွင်ရှိနေကြသော လူများကိုစားပြုအသုံးပြုခြင်း ဖြစ်သည်၊၊ အခြားသောဘာသာပြန်ဆိုချက်"ထိုမြေ၌နေထိုင်ကြသော လူများ"

မြေကြီးသား တိရစ္ဆာန်၊ မိုဃ်းကောင်းကင်ငှက်များတို့ကို ကိုယ်တော်လက်၌ အပ်ပေး၍၊

ဤနေရာ၌ "လက်"ဟုဆိုရာ ထိန်းချုပ်မှုကိုဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်" တရိစ္ဆာန်နမျုး၊ ကုန်းမြေများနှင့် မိုးကောင်းကင်ရှိ ငှက်မျာအားလုံးကို ထိန်းချုပ်ရန် သင့်ကိုအပ်နှင်းသည်ကို ဖော်ပြလိုခြင်းဖြစ်သည်။"

မိုဃ်းကောင်းကင်ငှက်များ

ဤနေရာတွင် "ကောင်းကင်"စကား၌အာကာသ ကောင်းကင်ကို အာရုံခံစားရန်ဖြစ်သည်။

ကိုယ်တော်လက်၌ အပ်ပေး၍

ဤနေရာ၌ "လက်"ဟုဆိုရာ ထိန်းချုပ်မှုကိုဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်" အရာအားလုံးကို ထိန်းချုပ်ရန် သင့်ကိုအပ်နှင်းသည်ကို ဖော်ပြလိုခြင်းဖြစ်သည်။"

ကိုယ်တော်သည် ရုပ်တု၏ ရွှေဦးခေါင်းဖြစ်တော်မူ၏။

ရှင်ဘုရင်၏ အိပ်မက်တွင် ရုပ်တုက ရှင်ဘုရင်ကို ကိုးစားပြုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်" ရွှေဦးခေါင်းက သင့်ကိုရည်းညွှန်းသည်။" သို့မဟုတ်"ရွှေဦးခေါင်းက သင်နှင့် သင်၏ တန်ခိုးကိုရည်းညွှန်းခြင်းဖြစ်သည်။

Daniel 39

ယေဘုယျ အချက်အလက်

ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။



generated on Sun Jun 30 02:37:40 2024

ကိုယ်တော်နောက်၌ ကိုယ်တော်၏ နိုင်ငံ လောက်မမြတ်သော နိုင်ငံတခုသည် တည်ထောင်လိမ့် မည်။
ရှင်ဘုရင်၏အိပ်မက်တွင် ရွှေချယ်သောအရာသည် သူ့နိုင်ငံဖြစ်ပြီး၊ ငွေဖြင့် စီချယ်ထားသောအရာသည် နိုင်ငံငယ်တစ်ခု ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်" ငွေဖြင့် ချယ်ထားသောအရာသည် နောက်နိုင်ငံတစ်ခုဖြစ်သည်၊ ပေါ်လာမည့်နိုင်ငံဖြစ်သည်" သို့မဟုတ်" ပေါ်လာမည့်နိုင်ငံသည် ငွေဖြင့် စီချယ်ထားသောအရာကို ကိုယ်စားပြုသည်။

ကြေးဝါနိုင်ငံတည်းဟူသော တတိယနိုင်ငံ
၎င်းနိုင်ငံတော် သုံးခုတွင် တတိယနိုင်ငံသည် ကြေးဝါနိုင်ငံ ဖြစ်သည်။ ၎င်းသည် ရုပ်တု၏ ကြေးဝါ အစိတ်အပိုင်း ကိုကိုယ်စားပြုသည်။

Daniel 40

ယေဘုယျ အချက်အလက်
ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။

စတုတ္ထနိုင်ငံသည် သံကဲ့သို့ခိုင်မာသော နိုင်ငံ ဖြစ်လိမ့်မည်။
"လေးခုမြောက်သောနိုင်ငံတော် ဖြစ်ပေါ်လာခြင်း"

သံသည်ခိုင်မာခြင်း သတ္တိရှိလိမ့်မည်။
စတုတ္ထနိုင်ငံတော်သည် အောက်ဖော်ပြသည့်အတိုင်း သံကဲ့သို့ ခိုင်မာမည်ဖြစ်သည်၊

အခြားသောအရာရှိသမျှတို့ကို ချိုးဖဲ့၍ နိုင်သကဲ့သို့၊
စတုတ္ထနိုင်ငံသည် "ယခင်နိုင်ငံတော်များ" ကို ချိုးဖဲ့၍ နိုင်ကာ အခြားနိုင်ငံတော် အသစ် တည်ထောင်မည်ဖြစ်သည်၊

Daniel 41

ယေဘုယျ အချက်အလက်
ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။

မြင်တော်မူသည်အတိုင်း၊
နေဗုခဒ်နေဇာ မင်းကြီးမြင်တွေ့ခဲ့သော ခြေချောင်းအနက် သရွတ်တပိုင်း သံတပိုင်းဖြစ်သည်။ သို့သော် ထိုခြေထောက်၏ အဓိပ္ပါယ်ကို မသိပါ။

ဖုတ်သောသရွတ်နှင့် သံရောနှောသည်ကို မြင် တော်မူသည်ဖြစ်၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "ဖုတ်သောသရွတ်နှင့် သံရောနှောသည်ရောက်လျက်ရှိသည်။

သူတို့သည် အချင်းချင်း ပေါင်းဘော်၍ မသင့်နိုင်ကြ။
"သူတို့သည် ပေါင်းစည်နေကြမည်မဟုတ်ပါ။"

Daniel 44

ယေဘုယျ အချက်အလက်
ရှင်ဘုရင်နှင့် ဒံယေလတို့ စကားပြောနေသည်။

လက်နှင့်မထုမလုပ်ဘဲ ကျောက်တလုံးသည် တောင်ပေါ်ကအလို လိုပဲ့ကွာ၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "တစ်စုံတစ်ဦးက တောင်ပေါ်မှ ကျောက်ဖြင့် ဖျတ်ဆီးခဲ့သည်၊ သို့သော် ဤအရာသည် လူသားမှပြုလုပ်ခြင်းမဟုတ်ပါ။"

ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။
ထိုနိုင်ငံသည် အခြားသော လူမျိုးလက်သို့ မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသော နိုင်ငံ ရှိသမျှတို့ကို ချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "ဘယ်သူကမှ ဖျက်ဆီးနိုင်တော့မည်မဟုတ်ကြောင်းနှင့် တစ်ခြားလူများကလည်း အနိုင်ယူတော့မည်နဟုတ်ပါ။"

ထိုမင်းကြီးများ လက်ထက်၌
ဤနေရာ၌ "မင်းကြီးများ"ဟူသောစကားလုံးသည် ခြားနားသောသူတို့၏အစိတ်အပိုင်းများ၏ ကွာဟမှုကို အမှတ်ပေးခြင်းဖြစ်သည်။

ရွှေ့လျော့ခြင်းမရှိ။
မှန်ကန်ခြင်းနှင့် ယုံကြည်အားထားရခြင်း။

Daniel 46

နေဗုခဒ်နေဇာ မင်းကြီးသည် ပြပ်ဝပ်၍
ဆိုလိုသည်မှာ ရှင်ဘုရင်က ဒံယေလကို ဂုဏ်ပြုသောအနေဖြင့်ပြပ်ဝပ်မှု၏ သင်္ကေတကိုဖော်ပြခြင်းဖြစ်သည်။အခြားသော ဘာသာပြန်ဆိုချက်" ကြမ်းပြင်ပေါ်သို့ မျက်နှာချပေးခြင်းကို ဆိုလိုသည်။"

ပူဇော်သက္ကာပြုခြင်းငှါ၎င်း၊ နံ့သာမျိုးကို မီးရှို့၍ ဆပ်ကပ်ခြင်းငှါ၎င်း စီရင် တော်မူလျက်၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ပူဇော်သက္ကာပြုခြင်းနှင့် နံ့သာမျိုးကို မီးရှို့ရန် သူ့အစေခံကျွန်များ ကပြုလုပ်လျှက်ရှိသည်။"

အကယ်စင်စစ် ကိုယ်တော်၏ ဘုရား သခင်သည်။
"သင်၏ဘုရားသခင် မှန်သောဘုရားသခင်ဖြစ်သည်"

ဘုရားသခင်သည် ဘုရားတို့၏ဘုရား၊ ဘုရင်တို့၏ အရှင်၊ နက်နဲသော အရာကိုဖွင့်ပြတော်မူသော သခင်ဖြစ်တော်မူ၏။
"ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်၊ ဘုရားတကာတို့၏ဘုရား"။(UDB)

နက်နဲသော အရာကိုဖွင့်ပြတော်မူသော သခင်
ဘာသာပြန်"နက်နဲသော အရာကိုဖွင့်ပြတော်မူသော သူတစ်ဦး" ၂:၂၉ တွင် တွေ့ရသကဲ့သို့

ဤနက်နဲသောအရာကို ဖွင့်ပြနိုင်သည်။
"နက်နဲသော ငါ့အိပ်မက်အရာများကို ဖွင့်ပြ နိုင်သူ"


generated on Sun Jun 30 02:37:40 2024

Daniel 48

ဒံယေလကို ချီးမြှောက်လျက်၊ များစွာသော ဆုလပ်သပ်ပကာ တို့ကိုပေး၍၊ ဗာဗုလုန်နိုင်ငံတွင် ဝန်ကြီး အရာ၌ ၎င်း၊ ဗာဗုလုန်ပညာရှိတို့ကို အုပ်စိုးသောဝန်အရာ၌၎င်း ခန့်ထားတော်မူ၏။

"အုပ်စိုးသောဝန်အရာ၌ ဒံယေလကို ရှင်ဘုရင်သည် ခန့်ထားတော်မူ၏။"

ရှာဒရက်၊ မေရှက်၊ အဗေဒနေ ဂေါ

ဤဗာဗုလုန်နိုင်ငံနာမည်ဖြစ်သော ဂျူးလူမျိုးများသည် ဒံယေလနှင့်အတူဗာဗုလုန်နိုင်ငံမှ ခေါ်ဆောင်လာခြင်းဖြစ်သည်။ ၁:၆ တွင်တွေ့ရပါသည်။

---

## Translation Questions

Daniel 2:1

နေဗုခဒ်နေဇာမင်းသည် အိမ်မက်မက်ခဲ့ပြီး ထိုအိမ်မက်ကြောင့် စိတ်ထိတ်လန့်၍ အိပ်မပျော်နိုင်ခဲ့သောအချိန်သည် ဘယ်အချိန်ဖြစ်သနည်း။

နေဗုခဒ်နေဇာမင်း နန်းစံ နှစ်နှစ်မြောက်တွင် ဖြစ်သည်။

ဘုရင်သည် အဘယ့်ကြောင့်အခိုင်အမာ ပြောဆိုဖို့ရန် စွမ်းဆောင်နိုင်သောသူတွေနှင့် ပညာတတ်တွေ၊ မှော်ဆရာများနှင့် မျက်လှည့်ဝိဇ္ဇာတတ်ကျွမ်းကျင်သူတွေကိုဆင့်ခေါ်ခဲ့သနည်း။

ဘုရင်သည် သူ၏ အိမ်မက်အကြောင်းကို ပြောပြနိုင်မည့်သူကို လိုချင်ခဲ့သည်။

Daniel 2:5

ဘုရင်သည် ဉာဏ်ပညာရှိသောသူကို အထူးသဖြင့် ဘာကိုပြုလုပ်စေချင်ခဲ့သနည်း။

ဘုရင်သည် ဉာဏ်ပညာရှိသောသူတို့ကို သူ့အိမ်မက်အကြောင်းဖော်ပြစေချင်ခဲ့ပြီး ထိုအိမ်မက်ကိုလည်း ဘုရင်အတွက် အနက် အဓိပ္ပာယ်ဖွင့်ပေးရန် အလိုရှိခဲ့သည်။

ဘုရင်သည် ပညာရှိသောသူတို့ကို သူ့အိမ်မက်ကို ပြောပြဖို့နှင့် ထိုအိမ်မက်ကို အနက်ဖော်ပြဖို့ရန် မလုပ်နိုင်ခဲ့လျှင် ထိုသူတို့အပေါ် မည်သို့ဖြစ်လိမ့်မည်ဟုပြောခဲ့သနည်း။

ဘုရင်သည် သူတို့မတတ်စွမ်းခဲ့လျှင် ပညာရှိတို့၏ ခန္ဓာကိုယ်ကို အပိုင်းပိုင်းဖြတ်ပြီး သူတို့၏ အိမ်များကို နောက်ချေးပုံဖြစ်စေမည်။

ဘုရင်သည် သူ့အိမ်မက်ကို ဖော်ပြပြီး အနက်ဖော်ပြပေးနိုင်သော သူ့အတွက် ဘာလုပ်ပေးမည်ဟု ပြောခဲ့သနည်း။

ဘုရင်သည် ထိုသူတို့အတွက် ကြီးမြတ်သော ပူဇော်ခြင်းနှင့် ဆုကြေးများချပေးမည်ဟု ပြောခဲ့သည်။

Daniel 2:10

ဘုရင်က သူ့အိမ်မက်နှင့် စပ်လျဉ်း၍ မေးခဲ့သော အရာအပေါ်ပညာရှိများသည် ဘာဖြစ်နိုင်လိမ့်မည်ဟု ပြောခဲ့ကြသနည်း။

ပညာရှိများသည် ဘုရင် မေးမြန်းခဲ့သော အရာကို လုပ်နိုင်မည့်သူ ဤကမ္ဘာပေါ်တွင် တစုံတဦးမျှမရှိကြောင်းနှင့် နတ်ဘုရားများက သာလျှင်လုပ်နိုင်မည်ဟု ပြောခဲ့ကြပါသည်။

Daniel 2:12

ပညာရှိများက နေဗုခဒ်နေဇာမင်းကို ပြန်လျှောက်ပြီးသည့်နောက်တွင် ဘုရင်သည် မည်သည့်အမိန့်ကို ထုတ်ပြန်ခဲ့သနည်း။

ဘုရင်သည် ပညာရှိသောသူများအားလုံးကို သတ်ဖြတ်ဖို့ရန် အတွက် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

Daniel 2:14

အာရုတ်သည် အဘယ်သူနည်း။

သူသည် ဘုရင်၏ ကိုယ်ရံတော်မှူးဖြစ်ပြီး ဗာဗုလုန်နိုင်ငံရှိ ပညာရှိတွေအားလုံးကို သတ်ဖို့ရန် ခန့်အပ်ထားခံရသောသူဖြစ်ခဲ့သည်။

အာရုတ်သည် ဒံယေလဆီကို လာသောအခါ ဒံယေလသည် အာရုတ်နှင့်မည်သို့ အပြန်အလှန် ပြောဆိုခဲ့သနည်း။

ဒံယေလသည် အာရုတ်ကို ဆုံးဖြတ်ပိုင်ခွင့် အာဏာနှင့် ပညာသတိရှိစွာနှင့် ပြန်ပြောခဲ့သည်။ သူသည် ဘုရင်၏ ဆုံးဖြတ်ချက်အမိန့်တွေ အဘယ်ကြောင့် ချက်ချင်းပြုလုပ်ခဲ့ကြောင်းကိုအာရုတ်အား မေးမြန်းခဲ့သည်။

အာရုတ်နှင့် စကားပြောပြီးသည့်အခါ ဒံယေလသည် ဘာတောင်းဆိုခဲ့သနည်း။

ဒံယေလသည် အထဲသို့ဝင်၍ ဘုရင်အတွက်အနက်ပြန်ပေးဖို့ရန် ဘုရင်နှင့်တွေ့မည့်အချိန်ကို တောင်းဆိုခဲ့သည်။

Daniel 2:19

ဒံယေလသည် အနက်အဓိပ္ပာယ်အား ဘုရင်ကို ဖော်ပြခဲ့ပြီးသည့်အခါ ဘာလုပ်ခဲ့သနည်း။

ဒံယေလသည် ကောင်းကင်ဘုံဘုရားသခင်ကို ချီးမွမ်းခဲ့သည်။

Daniel 2:23

ဒံယေလသည် သူ့ ဘိုးဘေးဘီဘင်တို့၏ ဘုရားကို ဘာအတွက်ကြောင့် ကျေးဇူးတင်ခဲ့သနည်း။

ဒံယေလသည် သူ့ကိုပေးသည့်တန်ခိုးနှင့် ဉာဏ်ပညာတွေ အတွက် ဘိုးဘေးဘီဘင်တို့၏ ဘုရားကို ကျေးဇူးတင်ခဲ့သည်။

Daniel 2:24

ဒံယေလသည် အနက်အဓိပ္ပာယ်ဖော်ပြပြီးသည့် အချိန်တွင် အဘယ်သူကို တွေ့ဖို့ရန်သွားခဲ့သနည်း။
ဒံယေလသည် အာရုတ်ကို တွေ့ဖို့ရန်သွားခဲ့သည်။

ဒံယေလသည် အာရုတ်ကို ဘာပြောခဲ့သနည်း။
ဒံယေလသည် အာရုတ်ကို ဗာဗုလုန်နိုင်ငံ၌ ရှိသော ပညာရှိများကို မသတ်ဖို့ရန် ပြောခဲ့သည်။ ဒံယေလက ဘုရင်၏အိမ်မက်အနက်ကို ပြောပြပေးဖို့ရန် သူ့ကိုဘုရင်ရှေ့သို့ ခေါ်ဆောင်သွားမည်အကြောင်း အာရုတ်ကို ပြောခဲ့သည်။

Daniel 2:27

ဒံယေလသည် ဘုရင့်ရှေ့သို့ရောက်၍ ဘုရင် တောင်းဆိုသော နားလည်ရန်ခက်ခဲသည့် အရာကို ဖော်ပြနိုင်မည့်သူက အဘယ်သူဖြစ်သည်ဟု ပြောခဲ့သနည်း။
လျှို့ဝှက်နက်နဲသောအရာကို ဖော်ပြနိုင်သူ၊ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ရှိသည် ဟု ဒံယေလသည် ပြောခဲ့သည်။

ယေဘုယျအားဖြင့် ဘုရင်၏ အိမ်မက်သည် မည်သည့်အကြောင်းဖြစ်သည်ဟု ဒံယေလ ပြောခဲ့သနည်း။
ဒံယေလက အိမ်မက်သည် သည် အနာဂတ်နေ့ရက်များတွင် ဖြစ်ပျက်လာမည့်အရာများအကြောင်းဖြစ်သည်ဟု ပြောခဲ့သည်။

Daniel 2:29

အဘယ်ကြောင့် ဒံယေလအား အိမ်မက်ကို ဖော်ပြခဲ့သနည်း။
ဘုရင်သည် မိမိအထဲရှိ နက်နဲသောအတွေးများနှင့် ၎င်းအဓိပ္ပါယ်များကို နားလည်ဖို့အလို့ငှါ ဒံယေလအား အိပ်မက်ကိုဖွင့်ပြခြင်းဖြစ်သည်။

Daniel 2:31

ဘုရင်သည် အဘယ်အရာနှင့်တူသော ရုပ်တုကို မြင်တွေ့ခဲ့သနည်း။
ရုပ်တုသည် အလွန်ကြီးမား၍၊ ဦးခေါင်း၌ရွှေ၊ ၎င်အုပ်နှင့် လက်မောင်းသည်ငွေ၊ အလည်ပိုင်းအသည့်ကြေးဝါ ဖြစ်သည်။ ထိုရုပ်တု၏ ခြေဖဝါးသည် သံဖြစ်ပြီး တချို့သောအပိုင်းသည် သံနှင့်သရွတ်ဖြစ်သည်။

Daniel 2:34

ဘုရင်သည် အိမ်မက်ထဲမှာ ရုပ်တုကို မြင်တွေ့သောအခါတွင် မည်သို့ဖြစ်ခဲ့သနည်း။
ဘုရင်သည် လူ၏လက်ဖြင့်မဟုတ်ဘဲ ကွဲသောကျောက်ကို တွေ့ခဲ့သည်။ ထိုကျောက်ခဲသည် ရုပ်တု၏ ခြေကိုထု၍ ထို ရုပ်တုတစ်ခုလုံးသည် အစိတ်စိတ်အပိုင်းပိုင်းကြေမွခဲ့ပြီး ထိုအစိတ်ပိုင်းများသည် လေဖြင့်လွင့်၍ ပျောက်ကွယ်သွားခဲ့သည်။

ရုပ်တုကို ထိခိုက်ခဲ့သော ကျောက်ခဲဟာ ဘာဖြစ်ခဲ့သနည်း။
ရုပ်တုကို ထုသော ကျောက်ခဲသည် တောင်ကြီးကြီးဖြစ်ခဲ့ပြီး တလောကလုံးကို ပြည့်နှက်စေခဲ့သည်။

Daniel 2:36

ရွှေဖြစ်သော ဦးခေါင်းသည် အဘယ်သူနည်း။
နေဗုခဒ်နေဇာမင်းသည် ရွှေဦးခေါင်းဖြစ်ခဲ့သည်။

Daniel 2:44

ကောင်းကင်ဘုံရှင်ထာဝရဘုရားသည် သံတပိုင်း၊ ရွှံ့စေးတပိုင်းဖြစ်သော နိုင်ငံတော်ကာလတွင် မည်သည့်အရာလုပ်မည်နည်း?
ထိုကာလတွင် ကောင်းကင်ဘုံရှင်ထာဝရဘုရားသည် မည်သူမျှမဖျက်ဆီးနိုင်သော၊ မသိမ်းပိုက်နိုင်သော နိုင်ငံတော်ကို တည်ထောင်တော်မူလိမ့်မည်။

Daniel 2:46

ဒံယေလသည် ဘုရင်၏ အိမ်မက်နှင့် အနက်အဓိပ္ပာယ်ကို ပြောပြပြီးသည့်အခါ နေဗုခဒ်နေဇာမင်းသည် ဒံယေလအတွက် လုပ်ပေးဖို့ရန် ဘာအမိန့်ပေးခဲ့သနည်း။
ဘုရင်သည် ဒံယေလကို အမွှေးနံ့သာ ပေးအပ်ဖို့ရန်နှင့် ဆုလက်ဆောင်လုပ်ပေးဖို့ရန် အမိန့်ပေးခဲ့ပါသည်။

နေဗုခဒ်နေဇာမင်းသည် ဒံယေလ၏ ဘုရားနှင့် ပတ်သက်၍ ဘာပြောခဲ့သနည်း။
နေဗုခဒ်နေဇာမင်းက ဒံယေလ၏ ဘုရားသည် ဘုရားတကာတို့၏ဘုရား၊ ဘုရင်တကာတို့၏ဘုရင်၊ နက်နဲသော အရာကို ဖော်ပြနိုင်သော ဘုရားဟု ပြောခဲ့သည်။

Daniel 2:48

ဒံယေလသည် ဘုရင်၏ တောင်းဆိုမှုတွေကို ပြုလုပ်ပြီးသောအခါ ဘုရင်သည် ဘာလုပ်ပေးခဲ့သနည်း။
ဘုရင်သည် ရှာဒရက်၊မေရှက်၊အဗေဒနေ ဂေါတို့ကို ဗာဗုလုန်နိုင်ငံ၏ စီရင်မှုအထက်၌ စီမံခန့်ခွဲသူများအဖြစ် ခန့်အပ်ခဲ့သည်။

## Chapter 3

1 တရံရောအခါ နေဗုခဒ်နေဇာမင်းကြီးသည် အမြင့် အတောင်ခြောက်ဆယ်၊ အနံခြောက်တောင် ရှိသော ရွှေရုပ်တုကို လုပ်ပြီးမှ၊
ဗာဗုလုန် ကျေးလက် ဒုရလွင်ပြင်၌ တည်ထားတော်မူ၍၊ 2 စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ တရားသူကြီး၊ အခွန်တော်ဝန်၊ တိုင်ပင်မှူးမတ်၊
မြို့စာရေး၊ နိုင်ငံတော် အရာရှိအပေါင်းတို့သည် မင်းကြီးတည်ထားတော်မူသော ရုပ်တုကို သာစုအနုမောဒနာခေါ်သောပွဲသို့ စုဝေးစေ
ခြင်းငှါ အမိန့်တော်ရှိ၍၊ 3 စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ တရားသူကြီး၊ အခွန်တော်ဝန်၊ တိုင်ပင်မှူးမတ်၊ မြို့စာရေး၊ နိုင်ငံတော်
အရာရှိအပေါင်းတို့သည် စုဝေးရောက်လာ၍၊ တည်ထား တော်မူသော ရုပ်တုရှေ့မှာ ရပ်နေကြ၏။ 4 ထိုအခါ
သံတော်ဆင့်တယောက်က၊ အသီးသီး အခြားခြားသော ဘာသာစကားကို ပြောသော လူအမျိုး မျိုးတို့၊ 5 တံပိုး၊ ခရာ၊ စောင်း၊ ပုလွေ၊
တယော၊ ပတ်သာ အစရှိသော တုရိယာမျိုးတီးမှုတ်ခြင်းအသံကို ကြားသော အခါ၊ နေဗုခဒ်နေဇာမင်းကြီး တည်ထားတော်မူသော
ရွှေရုပ်တုကို ပြပ်ဝပ်ကိုးကွယ်ရကြမည်။ 6 မပြပ်ဝပ်မကိုးကွယ်ဘဲနေသောသူ မည်သည်ကို မီးလောင်လျက်ရှိသော မီးဖိုထဲသို့
ချက်ခြင်းချပစ်စေဟု အမိန့်တော်မြတ်ရှိသည်ဟု ဟစ်ကြော်၏။ 7 ထိုကြောင့်၊ လူအပေါင်းတို့သည် တံပိုး၊ ခရာ၊ စောင်း၊ ပုလွေ၊
တယော၊ ပတ်သာ အစရှိသော တူရိယာ မျိုး တီးမှုတ်ခြင်း အသံကို ကြားသောအခါ၊ အသီးသီး အခြားခြားသော
ဘာသာစကားကိုပြောသော လူအမျိုး မျိုးအပေါင်းတို့သည် ပြပ်ဝပ်၍၊ နေဗုခဒ်နေဇာမင်းကြီး တည်ထားသော ရွှေရုပ်တုကို
ကိုးကွယ်ကြ၏။ 8 ထိုအခါ၊ ခါလဒဲလူအချို့တို့သည် နေဗုခဒ်နေဇာ မင်းကြီးထံတော်သို့ ချဉ်းကပ်လျက်၊ 9 အရှင်မင်းကြီး၊
အသက်တော်အစဉ်အမြဲ ရှင်ပါ စေ။ 10 တံပိုး၊ ခရာ၊ စောင်း၊ ပုလွေ၊ တယော၊ ပတ်သာ အစရှိသော တုရိယာမျိုးတီးမှုတ်ခြင်းအသံကို
ကြားသော သူရှိသမျှတို့သည် ရွှေရုပ်တုကို ပြပ်ဝပ်ကိုးကွယ် ရကြမည်။ 11 မပြပ်ဝပ်မကိုးကွယ်ဘဲ နေသောသူမည်သည်ကို
မီးလောင်လျက်ရှိသော မီးဖိုထဲသို့ချပစ်စေဟု အမိန့် တော်မြတ်ရှိပါ၏။ 12 အရှင်မင်းကြီး၊ ကိုယ်တော်သည် ဗာဗုလုန်နိုင်ငံ တွင်
ဝန်အရာ၌ ခန့်ထားတော်မူသော ယုဒလူ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါအမည်ရှိသော သူတို့ သည် အာဏာတော်ကို ပမာဏမပြုပါ။
ကိုယ်တော်၏ ဘုရားတို့ကို ဝတ်မပြုပါ။ တည်ထားတော်မူသော ရွှေရုပ်တုကိုလည်း မကိုးကွယ်ပါဟု၊ ယုဒလူတို့ကို အပြစ် တင်၍
လျှောက်ထားကြ၏။ 13 ထိုအခါ နေဗုခဒ်နေဇာမင်းကြီးသည် ပြင်းစွာ အမျက်ထွက်၍၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့ကို
ခေါ်ချေဟုမိန့်တော်မူသည်အတိုင်း၊ သူတို့သည် အထံ တော်သို့ ရောက်လျှင်၊ 14 ဟယ်၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့၊
ငါ၏ဘုရားတို့ကို ဝတ်မပြုလော။ ငါတည်ထားသော ရွှေရုပ်တုကို မကိုးကွယ်လော။ 15 ယခုတွင် တံပိုး၊ ခရာ၊ စောင်း၊ ပုလွေ၊ တယော၊
ပတ်သာအစရှိသော တုရိယာမျိုးတီးမှုတ်ခြင်း အသံကို ကြားသောအခါ၊ ငါလုပ်သော ရွှေရုပ်တုကို ပြပ်ဝပ် ကိုးကွယ်အံ့သောငှါ
အသင့်နေကြ။ သို့မဟုတ်လျှင်၊ မီးလောင်လျက်ရှိသော မီးဖိုထဲသို့ ချက်ခြင်းချပစ်မည်။ ငါ၏လက်မှ ကယ်လွှတ်နိုင်သော ဘုရားကား၊
အဘယ် ဘုရားရှိသနည်းဟု မိန့်တော်မူ၏။ 16 ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့ကလည်း၊ အရှင်မင်းကြီး နေဗုခဒ်နေဇာ၊
အကျွန်ုပ်တို့သည် ဤအမှု၌ ပြန်လျှောက်ရမည်အကြောင်းမရှိပါ။ 17 အကျွန်ုပ်တို့ကိုးကွယ်သော
ဘုရားသခင်သည်မီးလောင်လျက်ရှိသော မီးဖိုထဲကအကျွန်ုပ်တို့ကို ကယ်လွှတ် နိုင်တော်မူ၏။ ကိုယ်တော်၏ လက်မှလည်း
ကယ်လွှတ်တော်မူလိမ့်မည်။ 18 ထိုသို့ကယ်လွှတ်တော်မမူသော်လည်း အရှင် မင်းကြီး၊ ကိုယ်တော်၏ဘုရားတို့ကို အကျွန်ုပ်တို့သည်
ဝတ်မပြုပါ။ တည်ထားတော်မူသော ရွှေရုပ်တုကိုလည်း မကိုးကွယ်ပါဟု ပြန်လျှောက်ကြ၏။ 19 ထိုအခါ နေဗုခဒ်နေဇာမင်းကြီးသည်
ပြင်းစွာ အမျက်ထွက်သဖြင့်၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ တို့ကို ကြည့်ရှု၍ မျက်နှာတော်ပျက်လျက်၊ မီးဖိုကို အရင်ထက်
ခုနစ်ဆတိုး၍ ပူစေခြင်းငှါရင်း၊ 20 ခွန်အားကြီးသော စစ်သူရဲတို့သည် ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့ကို တုပ်နှောင်၍၊ မီးလောင်
လျက်ရှိသော မီးဖိုထဲသို့ ချပစ်စေခြင်းငှါရင်း အမိန့်တော် ရှိသည်အတိုင်း၊ 21 ထိုသူသုံးယောက်တို့ကို ပေါင်းဘီ၊ အင်္ကျီ၊ ဝတ်လုံ
အစရှိသည် တို့နှင့်တကွ တုပ်နှောင်၍၊ မီးလောင်လျက် ရှိသော မီးဖိုထဲသို့ ချပစ်ကြသောအခါ၊ 22 ရှင်ဘုရင်၏ အမိန့်တော်ကျပ်တည်း၍
မီးဖို သည် အလွန်ပူသောကြောင့်၊ ရှာဒရက်၊ မေရှက်၊ အဗေဒ နေဂေါတို့ကို ဆွဲချသော သူတို့သည် မီးလျှံအရှိန်ကြောင့် သေကြ၏။ 23
ထိုသူသုံးယောက်တို့မူကား၊ တုပ်နှောင်လျက် ပြင်းစွာလောင်သော မီးဖိုထဲသို့ ကျရောက်လေ၏။ 24 ထိုအခါ
နေဗုခဒ်နေဇာမင်းကြီးသည် အံ့ဩ မိန်းမော၍ အလျင်တဆောထပြီးလျှင်၊ လူသုံးယောက် တို့ကို တုပ်နှောင်၍ မီးထဲသို့ ချပစ်သည်
မဟုတ်လောဟု တိုင်ပင်မှူးမတ်တို့အား မေးတော်မူ၏။ မှူးမတ်တို့က လည်း၊ မှန်ပါ၏ဘုရားဟု ပြန်လျှောက်ကြလျှင်၊ 25 ရှင်ဘုရင်က၊
လူလေးယောက်တို့သည် မတုပ် မနှောင်ဘဲ မီးထဲ၌သွားလာ၍ ဘေးဥပဒ်နှင့် ကင်းလွတ် သည်ကို ငါမြင်သည်တကား။ စတုတ္ထသူသည်
ဘုရားသား ၏ အဆင်းသဏ္ဌာန်ရှိသည်ဟု မိန့်တော်မူ၍၊ 26 မီးလောင်လျက်ရှိသော မီးဖိုဝနားသို့ ချဉ်းကပ် ပြီးလျှင်၊ အမြင့်ဆုံးသော
ဘုရားသခင်၏ကျွန်၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့၊ ထွက်၍လာကြလော့ဟု မိန့်တော်မူသည်အတိုင်း၊ သူတို့သည် မီးထဲက
ထွက်လာ ကြ၏။ 27 စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ အတွင်းဝန်တို့သည် ဝိုင်း၍မီးမလောင်နိုင်သော ထိုသူတို့ကို ကြည့်ရှုကြ၏။
သူတို့ဆံခြည်တပင်မျှ မမြိုက်၊ ဝတ်လုံလည်း ခြားနားခြင်း မရှိ၊ မီးလောင်သောအနံ့လည်းကင်းလွတ်၏။ 28 နေဗုခဒ်နေဇာ
မင်းကြီးကလည်း၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့၏ ဘုရားသခင်သည် မင်္ဂလာ ရှိတော်မူစေသတည်း။ မိမိတို့ဘုရားမှတပါး၊
အခြားသော ဘုရားကိုဝတ်ပြုကိုးကွယ်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ ဘုရားသခင်ကို ယုံကြည်ကိုးစား၍ မင်းကြီးအမိန့်တော်ကို
ဆန်လျက်၊ မိမိတို့ကိုယ်ကိုပင် အပ်နှံသော ကျွန်တော်ရင်း တို့ရှိရာသို့၊ ထိုဘုရားသခင်သည် ကောင်းကင်တမန်ကို စေလွှတ်၍

 generated on Sun Jun 30 02:37:40 2024

ကယ်တင်တော်မူပြီ။ [29] ထိုကြောင့်၊ အရပ်ရပ်တို့၌ နေ၍အသီးသီးအခြားခြား သော ဘာသာစကားကို ပြောသော လူအမျိုးမျိုးတို့တွင် တစုံတယောက်သောသူသည်၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့၏ ဘုရားသခင်အားပြစ်မှားသော စကားကို ပြောလျှင်၊ ထိုသူကို အပိုင်းပိုင်းစဉ်းစေ။ သူ၏အိမ်ကိုလည်း နောက်ချေးပုံဖြစ်စေဟု ငါအမိန့်တော် ရှိ၏။ အကြောင်းမူကား၊ ထိုမျှလောက်သော ကယ်တင်ခြင်းကို ထိုဘုရားသခင်မှတပါး အဘယ်ဘုရားမျှ မပြုနိုင် ဟု မိန့်တော်မူပြီးမှ၊ [30] ဗာဗုလုန်နိုင်ငံတွင် ရှာဒရက်၊ မေရှက်၊ အဗေဒ နေဂေါတို့ကို ချီးမြှောက်တော်မူ၏။

---

---

Daniel 01

အမြင့်အတောင်ခြောက်ဆယ်၊ အနံခြောက်တောင်
"မီတာ ၂၇ အထက်နှင့် အလျှား ၃ မီတာ"

နေဗုခဒ်နေဇာမင်းကြီးသည် ရွှေရုပ်တုကို လုပ်ပြီးမှ၊
နေဗုခဒ်နေဇာမင်းကြီးသည် သူနှင့်တူသော ရုပ်တုကြီးကို ပြုလုပ်ရန် သူ့တပ်မှူးကိုအမိန့်ပေးခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက်" နေဗုခဒ်နေဇာမင်းကြီးသည် သူ့တပ်မှူးကို သူနှင့်တူသော ရုပ်တုကြီးကို ပြုလုပ်ရန် အမိန့်ပေးခဲ့သည်။...သူတို့တည်ထားတော်မူသည်။

ဒုရလွင်ပြင်
ဤနေရာသည် ဗာဗုလုန်နိုင်ငံ၏ ကျေးလက်တစ်နေရာတွင်ဖြစ်သည်။

စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ တရားသူကြီး၊ အခွန်တော်ဝန်၊ တိုင်ပင်မှူးမတ်၊ မြို့စာရေး၊ နိုင်ငံတော် အရာရှိအပေါင်း
ဤသူတို့သည် သူတို့နယ်ပယ် အသီးသီးတွင် အာဏာရှိသော လူကြီးများဖြစ်ကြသည်။

အခွန်တော်ဝန်
ဤအရာရှိက အခွန်တော်ငွေများကို စီးကျပ်ပေးသည်။

Daniel 03

စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ တရားသူကြီး၊ အခွန်တော်ဝန်၊ တိုင်ပင်မှူးမတ်၊ မြို့စာရေး၊ နိုင်ငံတော် အရာရှိအပေါင်း
အခန်း ၃:၁ တွင် ဘာသာပြန်ဆိုသည်အတိုင်း။

နေဗုခဒ်နေဇာမင်းကြီး တည်ထားတော်မူသော ရွှေရုပ်တု
နေဗုခဒ်နေဇာမင်းကြီး ပြောသည်အတိုင်း ရွှေရုပ်တုကြီးကိုတည်ထားတော်မူ၏။ အခြားသော ဘာသာပြန်ဆိုချက်"ရွှေရုပ်တုကြီးကို နေဗုခဒ်နေဇာမင်းကြီး၏လူများသည် တည်ထားကြသည်။

သံတော်ဆင့်တယောက်
ဤပုဂ္ဂိုလ်သည် ရှင်ဘုရင်ထံတွင် စီမံခန့်ခွဲသူဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်ရကြမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "ဘုရင်သင့်ကို အမိန့်ပေးသည်"

အခြားခြားသော ဘာသာစကားကို ပြောသော လူအမျိုး မျိုးတို့၊
ဤနေရာတွင်"လူမျိုး" နှင့် "ဘာသာစကားများ"တို့သည် အသီးသီးကွဲပြားခြားနားသော ဘာသာစကားနှင့် လူမျိုးများကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘာသာစကားအသီးသီးနှင့် လူမျိုးအမျိုးမျိုးများဖြစ်သည်။

စောင်း
၎င်းသည် တုရိယာထဲ၌ စောင်းကောက်တစ်မျိုး ဖြစ်သည်။ ကြိုးလေးခုပါသော တြိဂံပုံစံဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်
ဤနေရာတွင် "ပြပ်ဝပ်ကိုးကွယ်"ဟုဆိုလိုခြင်းသည်"ချက်ခြင်းမှောက်လှဲခြင်း" ဖြစ်သည်။

ပြပ်ဝပ်
"မိမိကိုယ်ကိုကိုယ် ကြမ်းပြင်ပေါ်၌ မှောက်ချလဲခြင်းဖြင့် ပြပ်ဝပ်ကိုးကွယ်"ရန်ဖြစ်သည်။

Daniel 06

မပြပ်ဝပ်မကိုးကွယ်ဘဲနေသောသူ မည်သည်ကို မီးလောင်လျက်ရှိသော မီးဖိုထဲသို့ ချက်ခြင်းချပစ်စေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" တူရိယာအသံကြား ကြားခြင်းတွင် မပြပ်ဝပ်မကိုးကွယ်ဘဲနေသောသူ မည်သည်ကို မဆို မီးလောင်လျက်ရှိသော မီးဖိုထဲသို့ စစ်သားများက ချက်ခြင်းချပစ်မည်ဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်
ဤနေရာတွင် "ပြပ်ဝပ်ကိုးကွယ်"ဟုဆိုလိုခြင်းသည်"ချက်ခြင်းမှောက်လှဲခြင်း" ဖြစ်သည်။

မီးဖိုထဲ
၎င်းသည် ပူပြင်းစွာသော မီးအခန်းကြီးဖြစ်သည်။

လူအပေါင်းတို့သည်
"အပေါင်းတို့" ဟူသောစကားလုံးသည် ထိုနေရာ၌လက်ရှိ နေကျသော လူများကို ဆိုလိုခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

အသီးသီး အခြားခြားသော ဘာသာစကားကိုပြောသော လူအမျိုးမျိုးအပေါင်းတို့သည်၊
"လူမျိုး၊"နှင့် "ဘာသာစကား"ဟူသောအရာက မတူညီသော လူမျိုး၊ ဘာသာစကားအသီးသီး ကိုပြောကြသောသူများ ကိုဆိုလိုခြင်းဖြစ်သည်။ ၃:၃ တွင်တွေ့ရသည်နည်းတူ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ခြားနားသောလူများနှင့် ကွာဟနေသော ဘာသာစကားများကို ဆိုလိုခြင်းဖြစ်သည်။

တံပိုး၊ပုလွေနှင့် ခရာ
၎င်းတို့သည် တူရိယာ တန်ဆာပလာများဖြစ်ကြသည်။ ၃:၃ ၌တွေ့ရသည်အတိုင်းဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်
ဤနေရာတွင် "ပြပ်ဝပ်ကိုးကွယ်"ဟုဆိုလိုခြင်းသည်"ချက်ခြင်းမှောက်လှဲခြင်း" ဖြစ်သည်။

Daniel 08

ထိုအခါ
ဤစကားလုံးကို ပုံပြင်တစ်ပုဒ်နှင့် တစ်ပုဒ်ဆက်စပ်မှုရှိအောင် စကားဆက်အာဖြင့်သုံးသောအရာဖြစ်သည်။ ဒီနေရာ၌ စာရေးသူက ဤပုံပြင်၌ လူသစ်များအတွက် သုံးနှုန်းထားသော အရာဖြစ်သည်။

အရှင်မင်းကြီး၊ အသက်တော်အစဉ်အမြဲ ရှင်ပါ စေ။
၎င်းသည် ရှင်ဘုရင်အား နှုတ်ခွင့်ဆက်သသော စကားလုံးများဖြစ်သည်။

တံပိုး၊ ပုလွေနှင့် ခရာ၊
၎င်းတို့သည် တူရိယာ တန်ဆာပလာများဖြစ်ကြသည်။ ၃:၃ ၌တွေ့ရသည်အတိုင်းဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်
ဤနေရာတွင် "ပြပ်ဝပ်ကိုးကွယ်"ဟုဆိုလိုခြင်းသည်"ချက်ခြင်း လျင်မြန်စွာ မှောက်လှဲခြင်း" ဖြစ်သည်။

မှောက်လှဲ၍ပြပ်ဝပ်
"ပြပ်ဝပ်ကိုးကွယ်ဖို့ရန် သူတို့ဟာနဲ့သူတို့ အောက်ကို ဆွဲချကာ ကိုးကွယ်ကြသည်။၊"

Daniel 11

မပြပ်ဝပ်မကိုးကွယ်ဘဲ နေသောသူမည်သည်ကို မီးလောင်လျက်ရှိသော မီးဖိုထဲသို့ချပစ်စေဟု အမိန့် တော်မြတ်ရှိပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" မြေပြင်ပေါ်၌မပြပ်ဝပ် မကိုးကွယ်သောသူများကို စစ်သည်တော်များက ပူပြင်းသော မီးထဲသို့ ပစ်ချမည်ဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်
ဤနေရာတွင် "ပြပ်ဝပ်ကိုးကွယ်"ဟုဆိုလိုခြင်းသည်"ချက်ခြင်း လျင်မြန်စွာ မှောက်လှဲခြင်း" ဖြစ်သည်။

မီးဖိုထဲ
၎င်းသည် ပူပြင်းစွာသော မီးအခန်းကြီးဖြစ်သည်။

ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ
၎င်းတို့သည် ဗာဗုလုန်နိုင်ငံသား ဒံယေလ၏ သူငယ်ချင်းများ ဂျူးလူငယ်များဖြစ်ကြသည်။ ၁:၆ ၌ဖော်ပြသည့်အတိုင်းဖြစ်သည်။

ပမာဏမပြု
"အာရုံမစိုက်ခြင်း"

တည်ထားတော်မူသော ရွှေရုပ်တု
နေဗုခဒ်နေဇာ မင်းကြီး၏ လူများသည် နေဗုခဒ်နေဇာ မင်းကြီးနှင့်တူသော ရုပ်တုကြီးကို သူပြောသည်အတိုင်း တည်ထားခဲ့ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်" ရွှေရုပ်တုကြီးကို သင်၏လူတို့သည် တည်ထားကြ၏"

ဝတ်မပြုပါ၊ မကိုးကွယ်ပါဟု၊
"ပြပ်ဝပ်ကိုးကွယ်ဖို့ရန် သူတို့ဟာနဲ့သူတို့ အောက်ကို ဆွဲမချ မကိုးကွယ်ကြသည်။၊"

Daniel 13

ပြင်းစွာ အမျက်ထွက်၍၊
နေဗုခဒ်နေဇာမင်းကြီးသည် ပြင်းစွာ အမျက်ထွက်ရခြင်းသူတည်ထားသော ရွှေရုပ်တုကို မကိုးကွယ်သောကြောင့်ဖြစ်သည်။ ဤနေရာ၌ "အမျက်ဒေါသ"နှင့် " ပြင်းထန်သောဒေါသ" က ရှင်ဘုရင်ကြီးကို ဖြစ်ပေါ်စေကြောင်းကို ရည်စူးပြီးရေးသားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" အလွန်အမင်း အမျက်ဒေါသထွက်ခြင်း"

ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ
၎င်းတို့သည် ဗာဗုလုန်နိုင်ငံသား ဒံယေလ၏ သူငယ်ချင်းများ ဂျူးလူငယ်များဖြစ်ကြသည်။ ၁:၆ ၌ဖော်ပြသည့်အတိုင်းဖြစ်သည်။ ၁:၆ ၌ ဖော်ပြသည်နည်းတူ

ငါတည်ထားသော ရွှေရုပ်တုကို မကိုးကွယ်လော။
ဆုံးဖြတ်ချက်ကို ဖော်ပြလိုသောအခါ ဤနေရာတွင်" စိတ်" ကိုအသုံးပြုလျှက်ရှိသည်။ စိတ် အားတင်းရန်ဖြစ်သည်" ခိုင်မာစွာဆုံးဖြတ်ခြင်းအတွက် စကားအသုံးအနှုန်းဖြစ်သည်။"သင့် ဆုံးဖြတ်ချက် သေချာပြီလား။"

တည်ထားတော်မူသော ရွှေရုပ်တု
နေဗုခဒ်နေဇာ မင်းကြီး၏ လူများသည် နေဗုခဒ်နေဇာ မင်းကြီးနှင့်တူသော ရုပ်တုကြီးကို သူပြောသည်အတိုင်း

တည်ထားခဲ့ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်" ရွှေရုပ်တုကြီးကို သင်၏လူတို့သည် တည်ထားကြ၏"

Daniel 15

တံပိုး၊ ပုလွေနှင့် ခရာ
၎င်းတို့သည် တူရိယာ တန်ဆာပလာများဖြစ်ကြသည်။ ၃:၃ ၌တွေ့ရသည့်အတိုင်းဖြစ်သည်။

ပြပ်ဝပ်ကိုးကွယ်
ဤနေရာတွင် "ပြပ်ဝပ်ကိုးကွယ်"ဟုဆိုလိုခြင်းသည်"ချက်ခြင်း လျင်မြန်စွာ မှောက်လှဲခြင်း" ဖြစ်သည်။

ငါ၏လက်မှ ကယ်လွှတ်နိုင်သော ဘုရားကား၊ အဘယ် ဘုရားရှိသနည်းဟု မိန့်တော်မူ၏။
" ဆိုလိုသည်မှာ ပြဿနာဟူသည် ရေရှည်တည်တံ့တော့မည်မဟုတ်တော့ပါ" သို့မဟုတ်" သင်သွားလိုရာ သွားနိုင်ပါပြီ"

တည်ထားတော်မူသော ရွှေရုပ်တု
နေဗုခဒ်နေဇာ မင်းကြီး၏ လူများသည် နေဗုခဒ်နေဇာ မင်းကြီးနှင့်တူသော ရုပ်တုကြီးကို သူပြောသည့်အတိုင်း တည်ထားခဲ့ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်" ရွှေရုပ်တုကြီးကို သင်၏လူတို့သည် တည်ထားကြ၏"

မပြပ်ဝပ်မကိုးကွယ်ဘဲ နေသောသူမည်သည်ကို မီးလောင်လျက်ရှိသော မီးဖိုထဲသို့ချပစ်စေဟု အမိန့် တော်မြတ်ရှိပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" မြေပြင်ပေါ်၌မပြပ်ဝပ် မကိုးကွယ်သောသူများကို စစ်သည်တော်များက ပူပြင်းသော မီးထဲသို့ ပစ်ချမည်ဖြစ်သည်။

မီးဖိုထဲ
၎င်းသည် ပူပြင်းစွာသော မီးအခန်းကြီးဖြစ်သည်။ ၃:၆။

အဘယ် ဘုရားရှိသနည်းဟု မိန့်တော်မူ၏။
ရှင်ဘုရင်က အဖြေထွက်လာမည်ကို လုံးဝမျော်လင့်ပါ။ လူသုံးယောက်ကို ခြိမ်းခြောက်ထားသောကြောင့်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ငါ့တန်ခိုးမှ ဘယ်ဘုရားကမှ မကယ်လွှတ်နိုင်ပါ"

ငါ၏လက်မှ
အပြစ်ဒဏ်ပေးရာတွင် အသုံးလိုသော စကားလုံးကို "လက်" ဟုရည်ညွှန်းထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်" ငါ့ပြစ်ဒဏ်မှ"

Daniel 16

မီးဖိုထဲ
၎င်းသည် ပူပြင်းစွာသော မီးအခန်းကြီးဖြစ်သည်။ ၃:၆။

ကိုယ်တော်၏ လက်မှ
အပြစ်ဒဏ်ပေးရာတွင် အသုံးသော စကားလုံးကို"လက်"ဟုရည်ညွှန်းထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်" ငါ့ပြစ်ဒဏ်မှ"

ထိုသို့ကယ်လွှတ်တော်မမူသော်လည်း အရှင် မင်းကြီး၊
"မင်းကြီး၊ ကျွန်တော်တို့ကိုးကွယ် သောဘုရားက မကယ်လွှတ်ရင်တောင်မှ တည်ထားတော်မူသော ရွှေရုပ်တုကို မကိုးကွယ်ပါဟု ပြန်လျှောက်ကြ၏။"

တည်ထားတော်မူသော ရွှေရုပ်တု
နေဗုခဒ်နေဇာ မင်းကြီး၏ လူများသည် နေဗုခဒ်နေဇာ မင်းကြီးနှင့်တူသော ရုပ်တုကြီးကို သူပြောသည့်အတိုင်း တည်ထားခဲ့ကြသည်။အခြားသော ဘာသာပြန်ဆိုချက်" ရွှေရုပ်တုကြီးကို သင်၏လုတို့သည် တည်ထားကြ၏"

Daniel 19

ထိုအခါ နေဗုခဒ်နေဇာမင်းကြီးသည် ပြင်းစွာ အမျက်ထွက်သဖြင့်၊
မင်းကြီးသည် ပြင်းစွာအမျက်ထွက်တော်မူ၏ သူ့စိတ်ကိုနှိုးဆွပေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" နေဗုခဒ်နေဇာမင်းကြီးသည် ပြင်းစွာ အမျက်ထွက်လာသည်။"

မီးဖိုကို အရင်ထက် ခုနစ်ဆတိုး၍ ပူစေခြင်းငှါငင်း၊
အင်မတန်မှ အပြင်းနိုင်ဆုံးဖြစ်အောင်ပြုလုပ်ရန်"ခုနစ်ဆတိုး၍" ဟူသောစကားကို သုံးနှုန်းထားပါသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သာမာန်ထက်သာလွန် ပူပြင်းအောင် အမိန့်ပေးပြုလုပ်ခိုင်းစေသည်။"

Daniel 21

ပေါင်းဘီ၊ အင်္ကျီ၊ ဝတ်လုံ
ခေါင်းဖုံးကို အသုံးပြုရာတွင် ဦးခေါင်းကို ဖုံးသော အဝတ်ထုတ်ဖြစ်သည်။

မီးဖိုထဲ
၎င်းသည် ပူပြင်းစွာသော မီးအခန်းကြီးဖြစ်သည်။ ၃:၆။

ထိုသူသုံးယောက်တို့ကို ပေါင်းဘီ၊ အင်္ကျီ၊ ဝတ်လုံ အစရှိသည် တို့နှင့်တကွ တုပ်နှောင်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" အဘယ်ကြောင်းဆိုသော် ရှင်ဘုရင့် အမိန့်တော်အတတိုင်း စစ်သည်တော်များသည် ပြုလုပ်ခြင်းဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Daniel 24

လူသုံးယောက် တို့ကို တုပ်နှောင်၍ မီးထဲသို့ ချပစ်သည် မဟုတ်လော၊
ကျွန်တော်တို့ လူသုံးယောက်ကို တုပ်နှောင်၍ မီးထဲသို့ ချပစ်သည် မဟုတ်လား"

စတုတ္ထသူသည် ဘုရားသား ၏ အဆင်းသဏ္ဍာန်ရှိသည်ဟု မိန့်တော်မူ၍၊
အလင်းနှင့်အတူ ဘုရားသခင်၏အလင်းဖြစ်ကြောင်း လက်ခံခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက်" စတုတ္ထမြောက်သောသူသည် ဘုရားသား၏ အဆင်းသဏ္ဍာန်ရှိ အလင်းဖြစ်သည်"။

Daniel 26

စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ အတွင်းဝန်တို့သည်၊
ဤသူတို့သည် သူတို့၏နယ်ပယ်များတွင် ရာထူးရာခံနှင့် အခွင့်အာဏာ ရှိကြသော လူကြီးများဖြစ်ကြသည်။ ၃:၁ တွင်တွေ့ရသကဲ့သို့။

သူတို့ဆံခြည်တပင်မျှ မမြိုက်၊ ဝတ်လုံလည်း ခြားနားခြင်း မရှိ၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "သူတို့ဆံခြည်တပင်မျှ သူတို့ ခေါင်းပေါ်ကလည်းမလောင်ပါ"

သူတို့ဆံခြည်တပင်မျှ မမြိုက်၊ ဝတ်လုံလည်း ခြားနားခြင်း မရှိ၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"သူတို့ဆံခြည်တပင်မျှ မမြိုက်၊ ဝတ်လုံလည်း ခြားနားခြင်းမရှိ၊ မီးလောင်မှုမရှိပါ။"

သူတို့ဆံခြည်တပင်မျှ မမြိုက်၊ ဝတ်လုံလည်း ခြားနားခြင်း မရှိ၊ မီးလောင်သောအနံ့လည်းကင်းလွတ်၏။
"မီးအနံ့လည်း သူတို့မှာ မရှိပါ"။

Daniel 28

မင်းကြီးအမိန့်တော်ကို ဆန်လျက်၊
ရှင်ဘုရင်၏ အမိန့်ကို နာမခံသောသူများ၊ အမိန့်ပေးနေစဉ်လှုပ်ရှားသောသူများကို နှင်ထုတ်တော်မူ၏။ အခြားသော ဘာသာပြန်ဆိုချက်" အမိန့်တော်ကို သူတို့လျစ်လျူရှုထားသည်။

မိမိတို့ကိုယ်ကိုပင် အပ်နှံသော
ဤလူသုံးဦးတို့သည် သူတို့၏ယုံကြည်ခံယူချက်အတွက် အသက်ကိုတောင် စတေးရဲကြခြင်းကို ပေါ်လွင်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်" သူတို့သေဖို့အတွက် ဆန္ဒရှိကြသည်။"

မိမိတို့ဘုရားမှတပါး၊ အခြားသော ဘုရား
"သူတို့၏ဘုရားမှတပါး၊ အခြားသော ဘုရား"

Daniel 29

အရပ်ရပ်တို့၌ နေ၍အသီးသီးအခြားခြား သော ဘာသာစကားကို ပြောသော လူအမျိုးမျိုးတို့တွင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"တစ်ခြားလူများ၊ လူအမျိုးမျိုး သို့မဟုတ် ဘာသာစကား အတွက်နှင့် ငါ့ကျွန်သည် မျက်ရည်ကျခြင်း နှင့် သူတို့အိမ်ကိုအမှိုက်ပုံများ ဖြစ်စေသည်။"

အခြားခြားသော ဘာသာစကားကို ပြောသော လူအမျိုး မျိုးတို့၊
ဤနေရာတွင်"လူမျိုး" နှင့် "ဘာသာစကားများ"တို့သည် အသီးသီးကွဲပြားခြားနားသော ဘာသာစကားနှင့် လူမျိုးများကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘာသာစကားအသီးသီးနှင့် လူမျိုးအမျိုးမျိုးများဖြစ်သည်။

ထိုမျှလောက်သော ကယ်တင် ခြင်းကို ထိုဘုရားသခင်မှတပါး အဘယ်ဘုရားမျှ မပြုနိုင် ဟု မိန့်တော်မူပြီးမှ၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "သူတို့၏ဘုရားသခင်သည် ထိုကဲ့သို့သာ ကယ်တင်သည်"

---

## Translation Questions

Daniel 3:1

နေဗုခဒ်နေဇာဘုရင်ကြီးက မြေပြင်ကြီးပေါ်တွင် ပြုလုပ်ရန် တည်ထားခဲ့သော ရွှေရုပ်တုကြီး၏ အတိုင်းအတာများမှာ မည်သို့နည်း။
ရုပ်တုကြီးသည် အမြင့် အတောင်ခြောက်ဆယ်ရှိပြီး အကျယ်ခြောက်တောင် ရှိခဲ့သည်။

Daniel 3:3

နေဗုခဒ်နေဇာ မင်းကြီး ပြုလုပ်တည်ထားသော ရုပ်တုကြီး ရှေ့တွင်မည်သူများ လာခဲ့ကြသနည်း။
စော်ဘွားမင်းများ၊ မြို့ဝန်မင်းများ၊ ဒေသအစိုးရများ၊ တိုင်ပင်မှူးမတ်များ၊ အခွန်တော်ဝန်များ၊ တရားသူကြီးများ၊ အာဏာရှင်များနှင့် နိုင်ငံတော်အကြီးအကဲအရာရှိများသည် တည်ထားသော နေရာကို လာခဲ့ကြသည်။



generated on Sun Jun 30 02:37:40 2024

ရုပ်တုကို ဆက်ကပ်ပွဲချိန်တွင် လာသောသူများကို နေဗုဒ်ခဒ်နေဇာ သည်မည်သို့လုပ်စေလိုသနည်း?

နေဗုခဒ်နေဇာမင်းကြီးသည် တက်ရောက်လာသော သူများအား ဦးချိုသံများ၊ ပလွေသံများ၊ စောင်းသံများ၊ အခြားသော ဂီတအသံအမျိုးမျိုးကိုတီးခတ်သောအခါ ထိုရွှေရုပ်တုရှေ့တွင် ဒူးထောက်၍ ရှိခိုးစေလိုသည်။

Daniel 3:6

ဘုရင်ကြီးသည် ဂီတတူရိယာအသံများကို ကြားသောအခါ ရုပ်တုကို မရှိခိုးဘဲ၊ ရှေ့တွင်မမှောက်လှဲသော သူများတွင် မည်သို့ဖြစ်မည်ဟု အမိန့်ပေးခဲ့သနည်း။

ဘုရင်သည် တချိန်တည်းမှာပင် ထိုရုပ်တုကြီးကို မကိုးကွယ်၊ မှောက်လဲခြင်းမပြုသောသူတွေကို တောက်လောင်သော မီးဖိုထဲသို့ ထည့်ရမည်ဟု ပြောခဲ့သည်။

Daniel 3:8

မည်သူသည် ရှာဒရက်၊မေရှက်နှင့် အဗေဒနေဂေါ တို့ကို စွပ်စွဲခဲ့သနည်း။

ခါလဒဲ လူအချို့တို့သည် လာပြီး ထိုသူတို့ကို စွပ်စွဲခဲ့ကြသည်။

Daniel 3:11

ရုပ်တုကို မကိုးကွယ်ဘဲ မှောက်လဲခြင်း မပြုခဲ့သော သူတွေသည် အဘယ်သူနည်း။

ယုဒလူများဖြစ်သော ရှာဒရက်၊ မေရှက်နှင့် အဗေဒနေဂေါ တို့သည် ရုပ်တုကို မကိုးကွယ်၊ မမှောက်လဲသောသူ တွေဖြစ်သည်။

Daniel 3:16

ဘုရင်သည် ရုပ်တုရှေ့မှာ မှောက်လဲ၍ ကိုးကွယ်ဖို့ရန်နှင့် အမိန့်ကို မလိုက်နာခဲ့လျှင် မည်သို့ဖြစ်မည်ကို ထပ်၍ပြောသောအခါ ဘုရင်ကို ရှာဒရက်၊ မေရှက်နှင့် အဗေဒနေဂေါ တို့က ဘာပြန်ပြောခဲ့ကြသနည်း။

ရှာဒရက်၊မေရှက်၊နှင့် အဗေဒနေဂေါ တို့သည် ဘုရင်ကြီး၏ လက်ထဲမှ ငါတို့ဘုရားကယ်တင်နိုင်ပြီး တောက်လောင်နေသော မီးဖိုထဲမှလည်း ကယ်လွှတ်လိမ့်မည်ဟု ပြန်ပြောခဲ့ကြသည်။ အကယ်၍ မဖြစ်ခဲ့လျှင်လည်း နေဗုခဒ်နေဇာ၏ ဘုရားကို မကိုးကွယ်နိုင်ကြောင်း (သို့) ရုပ်တုရှေ့တွင်ကိုယ့်ကို မှောက်လဲလိမ့်မည်မဟုတ်ကြောင်း ပြောခဲ့ကြသည်။

Daniel 3:19

နေဗုခဒ်နေဇာမင်းသည် ရှာဒရက်၊မေရှက်နှင့် အဗေဒနေဂေါတို့ကို ဘာအမိန့်ပေးခဲ့သနည်း။

နေဗုခဒ်နေဇာမင်းသည် သာမန်ထက် အပူချိန်ခုနှစ်ဆတိုးဖို့ရန် နှင့် ရှာဒရက်၊ မေရှက်နှင့် အဗေဒနေဂေါတို့ကို ချည်၍ မီးဖိုထဲသို့ ပစ်ချဖို့ရန်အတွက် အမိန့်ပေးခဲ့သည်။

Daniel 3:21

ရှာဒရက်၊မေရှက်၊အဗေဒနေဂေါတို့ကို မီးဖိုထဲသို့ လွှတ်ချခဲ့သောလူများသည် မည်သို့ဖြစ်ခဲ့ကြသနည်း။

မီးဖိုထဲသို့ လွှတ်ချဖို့ ရှာဒရက်၊မေရှက်၊အဗေဒနေဂေါတို့ကို ခေါ်ဆောင်သွားသောသူတို့သည် အလွန်ပူပြင်းတောက်လောင်သော မီးလျှံအားဖြင့် သေဆုံးခဲ့ကြသည်။

Daniel 3:24

မည်သည့်အရာသည် နေဗုခဒ်နေဇာမင်းကြီးအား ထိန့်လန့်စေ၍ အလျင်အမြန်ထစေသနည်း။

မီးဖိုထဲတွင် လူလေးယောက်သည် ချည်နှောင်ခြင်းမရှိ၊ မီးထဲတွင်လမ်းလျှောက်နေကြသည်၊ အနာအဆာမရှိခြင်းနှင့် လေးယောက်မြောက်သောသူသည် ဘုရား၏သားကဲ့သို့ ပုံပေါ်သောကြောင့် သူသည်လွန်စွာမိန်းမောတွေဝေခြင်းရှိသည်။

Daniel 3:26

ရှာဒရက်၊မေရှက်၊အဗေဒနေဂေါတို့သည် မီးဖိုထဲမှ ထွက်လာပြီးသောအခါ ထိုသူတို့အပေါ် ဘာဖြစ်ကြောင်း ကြည့်ရှုခဲ့ကြသနည်း။

မီးကြောင့် သူတို့ခန္ဓာကိုယ်ပေါ်မှာ အနာမရှိကြောင်း၊ ခေါင်းပေါ်ကဆံပင်မျှ မလောင်ကြောင်း၊ သူတို့၏ ဝတ်လုံပင် မထိခိုက်ကြောင်းနှင့် သူတို့အပေါ်မှာ မီးခိုးနံ့ပင် မရှိကြောင်းကို ထိုနေရာမှာ ရှိသောသူတို့သည် ကြည့်ရှုခဲ့ကြသည်။

Daniel 3:29

နေဗုခဒ်နေဇာမင်းသည် ရှာဒရက်၊မေရှက်၊အဗေဒနေဂေါနှင့် တောက်လောင်နေသော မီးဖိုအဖြစ်ပျက်ပြီးသောအခါ ဘာအမိန့်ထုတ်ပြန်ခဲ့သနည်း။

နေဗုခဒ်နေဇာမင်းသည် တစ်နိုင်ငံအားလုံးရှိလူအားလုံးက ရှာဒရက်၊မေရှက်၊အဗေဒနေဂေါတို့၏ ဘုရားကို ဆန့်ကျင်လျက်တစုံတခုကို ပြောမိ၊ လုပ်မိလျှင် ခန္ဓာကိုယ်တစ်စစီ လုပ်မည်၊ ထိုသူတို့၏ အိမ်ကိုလည်း စွန့်ပစ်သောနောက် ချေးပုံဖြစ်အောင်လုပ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုဘုရားကဲ့သို့ ကယ်နိုင်သော အခြားဘုရားမရှိဟု အမိန့်ထုတ်ပြန်ခဲ့သည်။

ဘုရင်သည် ရှာဒရက်၊မေရှက်၊အဗေဒနေဂေါတို့အတွက် ဘာလုပ်ပေးခဲ့သနည်း။

ဘုရင်နေဗုခဒ်နေဇာမင်းသည် ရှာဒရက်၊မေရှက်၊ အဗေဒနေဂေါတို့ကို ဗာဗုလုန်နိုင်ငံ၏ စီရင်စုတစ်နေရာတွင် ချီးမြှောက်ခဲ့သည်။

# Chapter 4

1 ငါ နေဗုခဒ်နေဇာ မင်းကြီး ကြားမှာလိုက်သည်။ မြေကြီးတပြင်လုံး၌ အရပ်ရပ်နေ၍ အသီးသီး အခြားခြား သော ဘာသာစကားကို
ပြောသောလူမျိုးတကာတို့၊ သင်တို့၌ ငြိမ်ဝပ်ချမ်းသာခြင်းများပြားစေသော။ 2 မြင့်မြတ်တော်မူသော ဘုရားသခင်သည် ငါ၌
ပြုတော်မူသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြခြင်းငှါ ငါအလိုရှိ၏။ 3 နိမိတ်လက္ခဏာတော်သည် အလွန်ကြီးပေ၏။
အံ့ဘွယ်သော အမှုတော်လည်း တန်ခိုးနှင့်ပြည့်စုံပေ၏။ ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ အာဏာစက်တော်လည်း
ကမ္ဘာအဆက်ဆက် တည်တော် မူ၏။ 4 ငါနေဗုခဒ်နေဇာသည် နန်းတော်၌ ငြိမ်ဝပ်စွာ နေ၍ စည်းစိမ်ကြီးစဉ်အခါ၊ 5
ကြောက်မက်ဘွယ်သော အိပ်မက်ကို မြင်၍၊ သာလွန်ပေါ်မှာ အိပ်လျက် စိတ်ထဲ၌ အာရုံပြုသော ရူပါရုံ အားဖြင့် တုန်လှုပ်ခြင်းသို့
ငါရောက်လေ၏။ 6 ထိုကြောင့်၊ အိပ်မက်အနက်ကို ငါ့အားဘော်ပြ စေခြင်းငှါ၊ ဗာဗုလုန်ပညာရှိအပေါင်းတို့ကို အထံတော်သို့
သွင်းစေဟု ငါအမိန့်တော်ရှိသည်အတိုင်း၊ 7 မာဂုပညာရှိ၊ ဗေဒင်တတ်၊ ခါလဒဲဆရာ၊ အနာ ဂတ္တိဆရာတို့သည် ဝင်ကြလျှင်၊
ငါမြင်မက်သော အိပ်မက် ကို သူတို့အား ပြပြောသော်လည်း၊ သူတို့သည် အနက်ကို မဘော်မပြနိုင်ကြ။ 8 နောက်မှ
ငါကိုးကွယ်သောဘုရား၏ နာမအား ဖြင့် ဗေလတရှာဇာဟုခေါ်သမုတ်၍၊ သန့်ရှင်းသော ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်စုံသော
ဒံယေလ သည် ငါ့ထံသို့ဝင်လာလျှင်၊ 9 အချင်းမာဂုဆရာချုပ် ဗေလတရှာဇာ၊ သင် သည် သန့်ရှင်းသော ဘုရားသခင်၏
ဝိညာဉ်တော်နှင့် ပြည့်စုံသည်ကိုင၄်း၊ နက်နဲသောအရာရှိသမျှတို့ကို ဖွင့်ပြနိုင်သည်ကိုင၄်း ငါသိ၏။ သို့ဖြစ်၍၊ ငါမြင်မက်သော
အိပ်မက်၏ အနက်ကိုဘော်ပြလော့။ 10 ငါအိပ်ပျော်စဉ်တွင် မြင်မက်သည်ကား၊ ငါကြည့်ရှု၍ မြေကြီးအ လယ်၌ အရပ်မြင့်လှသော
သစ်ပင်တပင်ရှိ၏။ 11 ထိုအပင်သည် ကြီးပွား၍ ခိုင်မာခြင်းသို့ ရောက်၏။ မိုဃ်းကောင်းကင်သို့ထိ၍ မြေကြီးစွန်း တိုင်အောင်
ထင်ရှား၏။ 12 အရွက်လည်းလှ၏။ သတ္တဝါအပေါင်းတို့စား၍ ဝလောက်သော အသီးနှင့်ပြည့်စုံ၏။ မြေတိရစ္ဆာန်တို့သည်
ထိုသစ်ပင်အရိပ်၌ ခိုကြ၏။ အခက်အလက်တို့၌ ကောင်း ကင်ငှက်တို့သည် နားနေကြ၏။ 13 အိပ်ပျော်၍ မြင်မက်စဉ်၊
တဖန်ငါကြည့်ရှုပြန် လျှင်၊ သစ်ပင်စောင့်တည်းဟူသော သန့်ရှင်းသူတယောက် သည် ကောင်းကင်မှ ဆင်းလာ၍၊ 14
သစ်ပင်ကိုလှဲလော့။ အခက်တို့ကို ခုတ်လော့။ အသီးအရွက်တို့ကို လှုပ်ချွေလော့။ တိရစ္ဆာန်တို့သည် သစ်ပင်အောက်ကထွက်၍၊
ငှက်တို့သည်လည်း အကိုင်း အခက်ထဲက သွားကြစေ။ 15 သို့သော်လည်း၊ မြေ၌စွဲသော အမြစ်နှင့်တကွ သစ်ငုတ်တိုခြွင်းထား၍၊
သံကြိုး၊ ကြေးဝါကြိုးနှင့် ချည်နှောင်သကဲ့သို့ နုသောမြက်ပင်ထဲ၌ ရှိစေလော့။ ခုနစ်နှစ်ပတ်လုံး မိုဃ်းစွတ်ခြင်းကိုခံ၍၊ တိရစ္ဆာန်တို့နှင့်
အတူ ဆက်ဆံလျက် မြက်ပင်ကို စားစေလော့။ 16 လူစိတ်သဘောပျောက်၍ တိရစ္ဆာန်စိတ် သဘောနှင့် ပြည့်စုံစေလော့။ 17
အကြောင်းမူကား၊ အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကို အုပ်စိုးတော်မူသည်ကိုင၄်း၊ ပေးလိုသော သူတို့အား
ပေးတော်မူသည်ကိုင၄်း၊ ယုတ်မာသော သူတို့ကို ချီးမြှောက်၍ နိုင်ငံကို အပ်ပေးတော်မူသည်ကိုင၄်း သတ္တဝါတို့ သိနားလည်ရသော
အခွင့်ရှိစေခြင်းငှါ၊ သစ်ပင်စောင့်တို့သည် ဤသို့စီရင်ကြပြီ။ သန့်ရှင်းသူတို့ သည် အမိန့်တော်ကို ပေးကြပြီဟု ဟစ်ကြော်လေ၏။ 18
ထိုသို့ ငါနေဗုခဒ်နေဇာမင်းကြီးသည် မြင်မက် ရပြီ။ ယခုတွင် အချင်းဗေလတရှာဇာ၊ ငါမြင်သော အိပ်မက်အနက်ကိုဘော်ပြလော့။
ငါ့နိုင်ငံတွင် ပညာရှိ အပေါင်းတို့သည် အနက်ကို ငါ့အား မဘော်မပြနိုင်သော် လည်း၊ သင်သည် သန့်ရှင်းသော ဘုရားသခင်၏ ဝိညာဉ်
နှင့်ပြည့်စုံ၍ ဘော်ပြနိုင်သည်ဟု ငါသည် ကိုယ်မြင်သော အိပ်မက်ကို ဒံယေလအား ပြန်ပြော၏။ 19 ထိုအခါ ဗေလတရှာဇာ
အမည်ရှိသော ဒံယေ လသည် တနာရီလောက် မိန်းမောတွေဝေ၍ စိတ်ပူပန်လျက် နေ၏။ ရှင်ဘုရင်က၊ အချင်းဗေလ တရှာဇာ၊
အိပ်မက် အနက် အဓိပ္ပါယ်ကြောင့် ပူပန်သောစိတ်မရှိပါနှင့်ဟု မိန့်တော်မူ၏။ ဗေလတရှာဇာကလည်း၊ အရှင်စော၊ ကိုယ်တော်ကို
မုန်းသော ရန်သူတို့အပေါ်၌ အိပ်မက် အနက် ရောက်ပါစေသော။ 20 မြင်မက်တော်မူစဉ်တွင် ကြီးပွား၍ ခိုင်မာ ထသော၊ မိုဃ်းကောင်း
ကင်သို့ထိ၍ မြေကြီးတပြင်လုံး၌ ထင်ရှားထသော၊ 21 အရွက်လှလျက်၊ သတ္တဝါ အပေါင်းတို့ စား၍ ဝလောက်သော အသီးနှင့်
ပြည့်စုံထသော၊ မြေတိရစ္ဆာန် တို့သည် အောက်၌နေကြသဖြင့်၊ အခက်အလက်တို့၌ ကောင်းကင်ငှက်များ မှီခိုနားနေရာဖြစ်သော
သစ်ပင် သည်၊ 22 အရှင်မင်းကြီး၊ ကိုယ်တော်ပင် ဖြစ်ပါ၏။ ကိုယ်တော်သည် ကြီးပွား၍ ခွန်အားနှင့်ပြည့်စုံတော်မူ၏။
ဘုန်းစည်းစိမ်တော်ကြီးမြင့်၍ မိုဃ်း ကောင်းကင်သို့ထိ၏။ အာဏာစက်တော်လည်း၊ မြေကြီးစွန်းတိုင်အောင် ရောက် တော်မူ၏။ 23
သစ်ပင်စောင့်၊ သန့်ရှင်းသူတယောက်သည် ကောင်းကင်မှ ဆင်းလာ၍၊ သစ်ပင်ကို ခုတ်လှဲဖျက် ဆီးလော့။ သို့သော်လည်း၊
မြေ၌စွဲသော အမြစ်နှင့်တကွ သစ်ငုတ်ကို ခြွင်းထား၍ သံကြိုး၊ ကြေးဝါကြိုးနှင့် ချည်နှောင်သကဲ့သို့ နုသောမြက်ပင်ထဲ၌ရှိစေလော့။
ခုနစ် နှစ်ပတ်လုံး မိုဃ်းစွတ်ခြင်းကို ခံ၍၊ မြေတိရစ္ဆာန်တို့နှင့် ဆက်ဆံစေဟုဆိုသည်မှာ၊ 24 အမြင့်ဆုံးသော ဘုရားသခင်စီရင်တော်မူ၍၊
အရှင်မင်းကြီးအပေါ်၌ ရောက်ရသော မြင်မက်တော် မူချက်၏ အနက်ဟူမူကား၊ 25 ကိုယ်တော်ကို လူစုထဲက နှင်ထုတ်၍၊ မြေ
တိရစ္ဆာန်တို့နှင့်အတူ နေရာချကြလိမ့်မည်။ အမြင့်ဆုံး သောဘုရားသည် လောကီနိုင်ငံကို အုပ်စိုး၍၊ ပေးလို သော သူတို့အား
ပေးတော်မူသည်ကို ကိုယ်တော်မသိ မမှတ်မှီကာလ၊ ခုနစ်နှစ်ပတ်လုံးနွားကဲ့သို့ မြက်ကိုစား၍၊ မိုဃ်းစွတ်ခြင်းကို ခံလျက်နေရမည်။ 26
သစ်မြစ်၊ သစ်ငုတ်ကိုခြွင်းထားစေခြင်းငှါ စီရင် ကြသည်အရာမှာ၊ ကောင်းကင်ဘုံသည် အုပ်စိုးကြောင်း ကို
ကိုယ်တော်သိပြီးသောနောက်၊ နိုင်ငံတော်သည် လက်တော်မှ မရွေ့ဘဲ တည်လိမ့်မည်။ 27 သို့ဖြစ်၍၊ အရှင်မင်းကြီး၊ အကျွန်ုပ်စကားကို
နာယူတော်မူပါ။ တရားသော အမှုကိုပြုခြင်း၊ ဆင်းရဲ သောသူတို့ကို သနားခြင်းအားဖြင့် ဒုစရိုက်အပြစ်တို့ကို ပယ်ဖြတ်တော်မူပါ။
ထိုသို့ပြုလျှင်၊ ချမ်းသာရကောင်း ရတော်မူလိမ့်မည်ဟု ဒံယေလလျှောက်ထား၏။ 28 ထိုအမှုအရာအလုံးစုံတို့သည် နေဗုခဒ်နေဇာ

 generated on Sun Jun 30 02:37:40 2024

မင်းကြီး အပေါ်သို့ ရောက်သည်အကြောင်းကား၊ 29 တဆယ်နှစ်လလွန်ပြီးသော်၊ ဗာဗုလုန်နန်းတော် ပေါ်မှာ စင်္ကြံသွားလျက်၊ 30
ဤမြို့ကား၊ ငါ့နိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ရာဘို့၊ ငါ့တန်ခိုး အာနုဘော်အားဖြင့် ငါတည် လုပ်သော ဗာဗုလုန်မြို့ကြီး
မဟုတ်လောဟု မြွက်ဆို၏။ 31 ထိုစကားကို မြွက်ဆိုစဉ်ပင်၊ ကောင်းကင်မှ သက်ရောက်သော အသံဟူမူကား၊ အိုနေဗုခဒ်နေဇာ
မင်းကြီး၊ နားထောင်လော့။ နိုင်ငံတော်သည် သင့်လက်မှ ရွေ့သွားပြီ။ 32 သင့်ကို လူစုထဲကနှင်ထုတ်၍၊ မြေတိရစ္ဆာန်တို့ နှင့်အတူ
နေရာချကြလိမ့်မည်။ အမြင့်ဆုံးသောဘုရား သည် လောကီနိုင်ငံကိုအုပ်စိုး၍၊ ပေးလိုသောသူတို့အား ပေးတော်မူသည်ကို
မင်းကြီးမသိမမှတ်မှီကာလ၊ ခုနစ်နှစ် ပတ်လုံးနွားကဲ့သို့ မြက်ကိုစားလျက်နေရမည်ဟု အသံ ဖြစ်လေ၏။ 33 ထိုစကားနှင့်အညီ
နေဗုခဒ်နေဇာ၌ ချက်ခြင်း ဖြစ်၍၊ လူစုထဲက နှင်ထုတ်ကြလျက်၊ သူသည်နွားကဲ့သို့ မြက်ကိုစား၍ မိုဃ်းစွတ်ခြင်းကို ခံသဖြင့်၊
ကိုယ်အမွေး သည် ရွှေလင်းတအတောင်ကဲ့သို့၎င်း၊ လက်သည်း ခြေသည်းတို့သည် ငှက်ခြေသည်းကဲ့သို့၎င်းဖြစ်၏။ 34
ကာလအချိန်စေ့သောအခါ၊ ငါနေဗုခဒ်နေဇာ သည် ကောင်းကင်သို့ မျှော်ကြည့်၍ သတိရပြန်လျှင်၊ အမြင့်ဆုံးသောဘုရားကို
ကောင်းကြီးပေး၍၊ ထာဝရ အသက်ရှင်တော်မူသော ဘုရားကို ချီးမွမ်းထောမနာ ပြု၏။ အာဏာတော်သည် ထာဝရအာဏာဖြစ်၏။
နိုင်ငံတော်သည် ကမ္ဘာအဆက်ဆက်တည်၏။ 35 မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှမဟုတ်သကဲ့သို့ဖြစ်ကြ၏။
ကောင်းကင်ဗိုလ်ခြေ တို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကို အဘယ်သူမျှ
မဆီးတားနိုင်။ အဘယ်သို့ ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။ 36 ထိုအခါ ငါ့စိတ်ပကတိဖြစ်ပြန်၍၊ ငါ့နိုင်ငံ၏ အသရေဘို့
ယမန်ကဲ့သို့ တင့်တယ်ခြင်း အရောင်အဆင်း နှင့် ပြည့်စုံ၍၊ တိုင်ပင်သော မှူးတော် မတ်တော်တို့သည် ညီလာခံဝင်ကြလျှင်၊
ငါ၏အာဏာတည်မြဲတည်၏။ ငါ့ဘုန်းအာနုဘော်လည်း ယခင်ထက် တိုးပွါး၏။ 37 ယခုတွင် ငါ့နေဗုခဒ်နေဇာသည် ကောင်းကင် ဘုံ၏
အရှင်ဘုရားသခင်ကို ချီးမွမ်းထောပနာပြု၏။ စီရင်ဖန် ဆင်းတော်မူသမျှသော အရာတို့သည် သစ္စာနှင့် ပြည့်စုံ၍တရားနှင့်
ညီလျော်ကြ၏။ မာနထောင် လွှားသော သူတို့ကို နှိမ်ချခြင်းငှါ တတ်နိုင်တော်မူ၏ဟု အမိန့်တော်ကို အရပ်ရပ်သို့ ပြန့်စေတော်မူ၏။

---

---

Daniel 01

ယေဘုယျအချက်အလက်
ဤအခန်းတွင် ရှင်ဘုရင် နေဗုခဒ်နေဇာ မင်းကြီးကို ဘုရားသခင်အမှုပြုကြောင်းဖော်ပြထားပါသည်။အခန်းငယ်-၁-၁၈တွင်၊ ဘုရားသခင်ပေးသော အိပ်မက်ရူပါရုံကို နေဗုခဒ်နေဇာ မင်းကြီးသည် ဖော်ပြထားသည်။ အခန်းငယ်ငယ်-၁၉-၃၃၊တွင် နေဗုခဒ်နေဇာ မင်းကြီးပြစ်ဒဏ်ခံရမဲ့ တတိယလူပုဂ္ဂိုလ်၊ အခန်းငယ်-၃၄-၃၇တွင် နေဗုခဒ်နေဇာ မင်းကြီး ကြားမှာလိုက်သည့်ပထမပုဂ္ဂိုလ်သည် ဘုရားသခင်အတွက်တင်စားလိုခြင်းဖြစ်သည်။

ငါ နေဗုခဒ်နေဇာ မင်းကြီးမှာကြားလိုက်သည်။
သတင်းပေးပို့သူသည် ရှင်ဘုရင်ကြီး နေဗုခဒ်နေဇာမင်းကိုယ်တိုင်ပင်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"နေဗုခဒ်နေဇာ မင်းကြီးသည် သူ့သတင်းပို့နှင့်ပါးလိုက်သည်။"

အသီးသီး အခြားခြား သော ဘာသာစကားကို ပြောသောလူမျိုးတကာတို့၊
ဤနေရာတွင်"လူမျိုး" နှင့် "ဘာသာစကားများ"တို့သည် အသီးသီးကွဲပြားခြားနားသော ဘာသာစကားနှင့် လူမျိုးများကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်သည်။ ဘာသာစကားအသီးသီးနှင့် လူမျိုးအမျိုးမျိုးများကို ဆိုလိုသည်။

မြေကြီးတပြင်လုံး၌
နေဗုခဒ်နေဇာ မင်းကြီးသည် မြေကြီးတပြင်လုံးကိုသူ့အာဏာဖြန့်ပြီး အုပ်စိုးရန်ဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် ဘုရင်ကြီး၏ နည်းဥပဒေကို ရေးသားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဗာဗုလုန်နိုင်ငံအတွင်းရှိသူများအတွက်ဖြစ်သည်"။

သင်တို့၌ ငြိမ်ဝပ်ချမ်းသာခြင်းများပြားစေသော။
၎င်းသည် အများသုံးနှုတ်ဆက်စကားဖြစ်သည်။

နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှု
ထာဝရဘုရားပြုသောအံ့ဩဖွယ် အမှုကို ဆိုလိုခြင်းဖြစ်သည်။

နိမိတ်လက္ခဏာတော်သည် အလွန်ကြီးပေ၏။ အံ့ဘွယ်သော အမှုတော်လည်း တန်ခိုးနှင့်ပြည့်စုံပေ၏။
ဘုရားသခင်၏ အံ့ဩဖွယ်နှင့် နိမိတ်လက္ခဏာတော်သည် အလွန်ကြီးပေ၏ ဟူသောစကားလုံးသည် အတူတူပင်ဖြစ်ကြောင်းတင်စားခြင်းဖြစ်သည်။

ဘုရားသခင်၏နိုင်ငံတော်သည် ... ကမ္ဘာအဆက်ဆက်
"ထာဝရဘုရား၏နိုင်ငံတော်သည် ထာဝရဖြစ်၏" ဟူသောစကားလုံးသည် ထပ်တူထပ်မျှပင်ဖြစ်ကြောင်းတင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။

Daniel 04

ယေဘုယျအချက်အလတ်
နေဗုခဒ်နေဇာမင်းကြီးသည် ဘုရားသခင်ထံမှ မြင်မက်သော သူ့ရူပါရုံ၏ ပထမပုဂ္ဂိုလ်ကို ဖော်ပြခြင်းဖြစ်သည်။ အခန်းငယ်-၁:၁၈။

နန်းတော်၌ ငြိမ်ဝပ်စွာ နေ၍ စည်းစိမ်ကြီးစဉ်အခါ၊... ကြောက်မက်ဘွယ်သော အိပ်မက်ကို မြင်၍
ဤစားလုံးနှစ်ခုလုံးသည် ပြိုင်တူရှိပြီး၊ ဆင်တူပင်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

နန်းတော်...နေ၍
အခြေခံအားဖြင့် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။

အိပ်မက် ... ရုပ်ပုံ...အာရုံပြုသော ရူပါရုံ
၄င်းစကားလုံးများသည် အခြေခံအားဖြင့်
အဓိပ္ပါယ်တစ်လုံးပင်ဖြစ်သည်။

တုန်လှုပ်ခြင်းသို့ ငါရောက်လေ၏။
အခြေခံအားဖြင့် အဓိပ္ပါယ်တစ်လုံးပင်ဖြစ်သည်။

ဗာဗုလုန်ပညာရှိအပေါင်းတို့၊
"ဗာဗုလုန် နိုင်ငံရှိ ပညာရှိသောသူအပေါင်းများ"

Daniel 07

ယေဘုယျအချက်အလတ်
အခန်းငယ်- ၁:၁၈တွင် နေဗုခဒ်နေဇာမင်းကြီးသည်
ဘုရားသခင်ထံမှ မြင်မက်သော သူရူပါရုံ၏ ပထမပုဂ္ဂိုလ်အဖြစ်
ဖော်ပြခြင်းဖြစ်သည် ။

နာမအား ဖြင့် ဗေလတရှာဇာဟုခေါ်သမုတ်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်" ငါ ဗေလတရှာဇာ နာမည်ဟုခေါ်သူသည်
ဘယ်သူလဲ"

ဗေလတရှာဇာ
ဒံယေလကိုပေးသော ဗဗုလုန်နာမည်ဖြစ်သည်။ ၁:၆ တွင်
တွေ့ရသည်။

ဘုရားသခင်၏ ဝိညာဉ်တော်
နေဗုခဒ်နေဇာမင်းကြီးသည် ဒံယေလထံမှလာသော
ဘုန်းတန်ခိုးတော်သည် မှာယွင်းသော ဘုရားထံမှ လာသည်ဟု
နေဗုခဒ်နေဇာမင်းကြီးသည် ယုံကြည်လေ၏။

သူတို့သည် အနက်ကို မဘော်မပြနိုင်ကြ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်" နက်နဲသောအရာအားလုံးကို မဖော်ပြနိုင်ကြ"

Daniel 10

ယေဘုယျအချက်အလတ်
နေဗုခဒ်နေဇာမင်းကြီးသည် ဘုရားသခင်ထံမှ မြင်မက်သော
သူရူပါရုံ၏ ပထမပုဂ္ဂိုလ်ကိုဖော်ပြခြင်းဖြစ်သည်။ ငယ်- ၁:၁၈။

မြင်မက်သည်ကား
သင်မြင်မက်သည့်အရာများ

အရပ်မြင့်လှသော သစ်ပင်တပင်ရှိ၏။
"၎င်းသည် အင်မတန် ရှည်လျားသည်။"

မိုဃ်းကောင်းကင်သို့ထိ၍ မြေကြီးစွန်း တိုင်အောင် ထင်ရှား၏။
အလွန်မြင့်မားသောသစ်ပင်ကို ဘာသာစကားတစ်ခုအသုံးအနှုန်း
သင်္ကေတကိုဖော်ပြလိုသော အရာဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်" ကောင်းကင်တိုင်အောင်မြင့်သောကြောင့်
ကမ္ဘာပေါ်ရှိသမျှအားလုံးကို မြင်တွေ့နိုင်သည်။"

ဝလောက်သော အသီးနှင့်ပြည့်စုံ၏။
"အသီးအပြည့်ရှိသော သစ်ပင်ဖြစ်သည်။"

သတ္တဝါအပေါင်းတို့စား၍ ဝလောက်သော အသီးနှင့်ပြည့်စုံ၏။
"၎င်းအသီးသည် လူနှင့် တိရစ္ဆာန်များ အစာဖြစ်သည်။"

Daniel 13

ယေဘုယျအချက်အလက်
အခန်းငယ်- ၁:၁၈တွင် နေဗုခဒ်နေဇာမင်းကြီးသည်
ဘုရားသခင်ထံမှ မြင်မက်သော သူရူပါရုံ၏ ပထမပုဂ္ဂိုလ်ကို
ဖော်ပြခြင်းဖြစ်သည်။ ။

တဖန်ငါကြည့်ရှုပြန် လျှင်၊
အိပ်မက် သို့မဟုတ် ရူပါရုံ တစ်ခုကို မြင်တွေ့နေသည်ကို
တင်စားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"
အိပ်မက်ထဲတွင် ငါမြင်မက်သည်။"

သူအော်ပြီး ပြောသည်။
သန့်ရှင်းသောသတင်းပို့များက တစ်ဦးမကသောသူများကို
ရှင်းလင်းစွာ ဖော်ပြနေခြင်းဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်မှာ" သူသည်လူများကို အော်၍ပြောသည်။"

ငှက်တို့သည်လည်း ထွက်၍ ...အကိုင်း အခက်အောက်က။
"ထိုသစ်ပင်အောက်ရှိ တိရစ္ဆာန်တို့သည်
သစ်ပင်အောက်ကထွက်၍၊ ငှက်တို့သည်လည်း
အကိုင်းအခက်ထဲက သွားကြစေ။"

Daniel 15

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် ဘုရားသခင်ထံမှ မြင်မက်သော
သူရူပါရုံ၏ ပထမပုဂ္ဂိုလ်ကို ဖော်ပြခြင်းဖြစ်သည်။ အငယ်-
၁:၁၈။

ယေဘုယျအချက်အလတ်
အိပ်မက်ရူပါရုံထဲက သန့်ရှင်းသောသတင်းထောက်က
ဟစ်အော်ပြီး လူများကို ဆက်လက်ပြောနေသည်။

အမြစ်နှင့်တကွ သစ်ငုတ်တိုခြင်းထား၍၊
၎င်းသည် သစ်ပင်ခုတ်ပြီးမှ ကြမ်းပြင်ပေါ်တွင် ကျန်ရှိနေသော
အငုတ် အပိုင်းလည်းဖြစ်နိုင်သည်။

မိုဃ်းစွတ်ခြင်းကိုခံ၍၊
မနက်ပိုင်းတွင်မြင်တွေ့နိုင်သော မိုဃ်းစွတ်များဖြစ်သည်။

ခုနစ်နှစ်ပတ်လုံး... လူစိတ်သဘောပျောက်၍
နေဗုခဒ်နေဇာမင်းကြီးကို ရည်ညွှန်းထားသော ၎င်းသစ်ပင်ကို တင်စားသောကြောင့်"သူ၏"နှင့် "သူ့ကို" အခန်းငယ်-၁၆ တွင် "အမ"အာဖြင့်၎င်း တင်စားထားသည်။အခြားသော ဘာသာပြန်ဆိုချက်" လူ့စိတ်ကို လူ့အားဖြင့် ပြောင်းသကဲ့သို့ တိရ စ္ဆာန်စိတ်ကို တိရ စ္ဆာန်အားဖြင့် ခုနှစ်နှစ် ပြောင်းလဲပေးနိုင်သည်"။

Daniel 17

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် ဘုရားသခင်ထံမှ မြင်မက်သော သူ့ရူပါရုံ၏ ပထမပုဂ္ဂိုလ်ကို ဖော်ပြခြင်းဖြစ်သည်။ ၄ယ- ၁:၁၈။

သန့်ရှင်းသူတို့ သည် အမိန့်တော်ကို ပေးကြပြီဟု ဟစ်ကြော်လေ၏။
ပြုလုပ်သူကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ဤဆုံးဖြတ်မှုသည် သန့်ရှင်းမှုတစ်ခုအနေဖြင့် ဖြစ်စေပါသည်။

သန့်ရှင်းသူတို့
၎င်းသည် ကောင်းကင်တမန်ကိုဖော်ပြဖြစ်သည်။အခြားသော ဘာသာပြန်ဆိုချက်မှာ" သန့်ရှင်းသော ကောင်းကင်တမန်"

သန့်ရှင်းသူတို့
"သက်ရှိသူအားလုံးတို့"သို့မဟုတ်"တစ်ခုလုံး"

သူတို့အား ပေးတော်မူသည်
"နိုင်ငံတော်ကို ပေးခြင်း"

အချင်းဗေလတရှာဇာ
၎င်းသည် ဒံယေလကို ပေးသော ဗဗုလုန်နာမည်ဖြစ်သည်"၁:၆ တွင်ဖော်ပြသည်အတိုင်း

သင်သည် သန့်ရှင်းသော ဘုရားသခင်၏ ဝိညာဉ် နှင့်ပြည့်စုံ၍ ဘော်ပြနိုင်သည်
"သင်သည် ဤအရာများကို ဘော်ပြနိုင်သည်"

သန့်ရှင်းသော ဘုရားသခင်၏ ဝိညာဉ်
နေဗုခဒ်နေဇာမင်းကြီးသည် ဒံယေလ၏တန်ခိုးသည် များယွင်းသောဘုရားသခင်ထံမှ လာသောအရာဖြစ်နိုင်သည်ဟု သံသသယရှိစွာနဲ့ ကိုးကွယ်ခဲ့သည်။ ၎င်းအရာများသည် "သန့်ရှင်းမှုတစ်ခု"မဟုတ်သကဲ့သို့ဖြစ်သည်။အခန်းငယ်- ၁၇ ၌ တွေ့ရသည်အတိုင်းဖြစ်သည်။

Daniel 19

ယေဘုယျအချက်အလက်
အခန်းငယ်- ၁၉:၃၃တွင်
နေဗုခဒ်နေဇာမင်းကြီး၏ပြစ်ဒါဏ်ကိုဖော်ပြရန် တတိယပုဂ္ဂိုလ်ကို အသုံးပြုဖော်ပြခြင်းဖြစ်သည်။

ဗေလတရှာဇာအမည်ရှိသော ဒံယေလသည်
ပြုလုပ်သူကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်မှာ" ဗေလတရှာဇာကို သူ။

မိန်းမောတွေဝေ၍ စိတ်ပူပန်လျက်နေ၏။
ဒံယေလ၏နားလည်ခဲ့သောအိမ်မက်အနက်ကြောင့် သူ့ကိုနိုးကြားစေသည်။ အခြားသော ဘာသာပြန်ဆိုချက်မှာ" တစ်ချို့နေရာတွင် မဖော်ပြခဲ့ခြင်းသည် အိပ်မက်၏ အနက်အဓိပ္ပါယ်က သူကို အင်မတန်မှပူပန်သောကစိတ်ရှိ စေသည်။

ကိုယ်တော်ကို မုန်းသော ရန်သူတို့အပေါ်၌ အိပ်မက် အနက် ရောက်ပါစေသော။
ဒံယေလ စိတ်မသာစေသောအရာသည်
ရှင်ဘုရင်နေဗုခဒ်နေဇာမင်းကြီးကြောင်းမဟုတ်ဘဲ သူ့ရဲ့ ဉာဏ် အမြော်အမြင်ကြောင့်ဖြစ်သည်။ ဤအရာများကိုသူသိသော်လည်း ရှင်ဘုရင်အတွက် စိတ်ပူပန်ကြောင့်ကြစေသောအရာဖြစ်သည်။

Daniel 20

ယေဘုယျအချက်အလက်
၄ယ- ၁၉:၃၃တွင် နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကို ဖော်ပြရာ၌ သုံးသော အရာ ဖြစ်သည်။

ယေဘုယအချက်အလတ်
မကြာခဏ ဆိုသလိုဤအချက်၌လည်း အခန်းငယ်- ၄:၁၀ နဲ့တူတူပင်ဖြစ်သည်။ ၄:၁၀ တွင် ဖော်ပြထားသည်အတိုင်းပင်ဖြစ်သည်။

ပြည့်စုံထသော
"အလျှံပါယ်သော"

မှီခိုနားနေရာဖြစ်သော သစ်ပင်သည်၊ အရှင်မင်းကြီး၊ ကိုယ်တော်ပင် ဖြစ်ပါ၏။
၎င်းသစ်ပင်သည်၊ အရှင်မင်းကြီးကို ကိုယ်စားပြုခြင်း ဖြစ်ပါသည်။

ဘုန်းစည်းစိမ်တော်ကြီးမြင့်၍...အာဏာစက်တော်လည်း၊ မြေကြီးစွန်းတိုင်အောင် ရောက်တော်မူ၏။
ဒီနှစ်ခုစလုံး၏အနက်အဓိပ္ပာယ်သည် အခြေခံအားဖြင့်ထပ်တူပင်ဖြစ်သည်။

ကိုယ်တော်သည် ကြီးပွား၍ ခွန်အားနှင့်ပြည့်စုံတော်မူ၏။
ရှင်ဘုရင်၏ ကြီးမားမှုနှင့် တိုးပွါးခြင်းကို ဖော်ပြလိုရာတွင် "အရွယ်ရောက်သော"ဟူ၍ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" "သင်၏သြဇာကြီးမားမှုသည် တိုးပွါးလာသည်"

မိုဃ်း ကောင်းကင်သို့ထိ... မြေကြီးစွန်းတိုင်အောင်
နေဗုခဒ်နေဇာမင်းကြီး၏ သြဇာကြီးမားမှုသည် နေရာတိုင်း၊ လူတိုင်းက သိရှိခဲ့ ကြသည်။


generated on Sun Jun 30 02:37:40 2024

Daniel 23

ယေဘုယျအချက်အလက်
အခန်းငယ်- ၁၉:၃၃တွင် နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကို ဖော်ပြရာ၌ သုံးသော အရာ ဖြစ်သည်။

ယေဘုယျအချက်အလတ်
ဤအပိုဒ်သည်လည်း ၄:၁၃ နှင့် ၄:၁၅ နှင့်အတူတူပင်ဖြစ်သည်။

မြေ၌စွဲသော အမြစ်နှင့်တကွ သစ်ငုတ်ကို ခြွင်းထား၍
၎င်းသည် သစ်ပင်ခုတ်ပြီးမှ ကျန်ရစ်သော အငုတ်အပိုင်းဖြစ်သည်။

ကြေးဝါကြိုးနှင့် ချည်နှောင်သကဲ့သို့ နုသောမြက်ပင်ထဲ၌ရှိစေလော့။
"နုသောမြတ်ခင်းပြင် ပတ်ပတ်လည်ဝိုင်းရံလျက်ရှိသည်"

မိုဃ်းစွတ်
မနက်ခင်းပိုင်းတွင် မိုဃ်းစွတ်၊ နှင်းစက်လေး ဖုံးလွှမ်းလျှက်ရှိသည်။

Daniel 24

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကို ဖော်ပြရာ၌ သုံးသော အရာ ဖြစ်သည်။ ငယ်- ၁၉:၃၃။

ယေဘုယအချက်အလတ်
ဤအပိုဒ်သည်လည်း ၄:၁၅ နှင့် အတူတူနီးပါးပင်ဖြစ်သည်။

မှီကာလ
"သင်ကြားသည်အတိုင်း"

ကိုယ်တော်ကို လူစုထဲက နှင်ထုတ်၍၊
ပြုလုပ်သူ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"လူတွေက သင့်ကိုလူစုထဲက အဝေးကို နှင်ထုတ်မည်"

မြက်ကိုစား၍၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သင်သည်မြက်ပင်ကို စားရလိမ့်မည်။

Daniel 26

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကို ဖော်ပြရာ၌ သုံးသော အရာ ဖြစ်သည်။ ငယ်- ၁၉:၃၃။

ကောင်းကင်ဘုံသည် အုပ်စိုးကြောင်း
ကောင်းကင်ဘုံ၌ ရှိတော်မူသော ထာဝရဘုရားဟူ၍ အသုံးပြုမည့်အစား "ကောင်းကင်ဘုံ" ဟူ၍တင်စားထားပါသည်။

အကျွန်ုပ်စကားကို နာယူတော်မူပါ။
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" အကျွန်ုပ်ပေးသောအကြံကို လက်ခံတော်မူပါ"

ဒုစရိုက်အပြစ်တို့ကို ပယ်ဖြတ်တော်မူပါ။
ဤနေရာတွင် တရားမမျှတမှုမှ နောက်ပြန်လှည့်လာရန် ငြင်းဆိုရာတွင် ပြောသောစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သင်၏တရားမမျှတမှုကို ငြင်းပယ်ပါ"

စီရင် ကြသည်အရာမှာ
"လူတွေအပေါ်မတရားဖိနှိပ်မှု ကို တင်စားလိုကြောင်းဖော်ပြထားပါသည်" အခြားသော ဘာသာပြန်ဆိုချက်" ဖိနှိပ်မှုခံရသော လူများ"

ထိုသို့ပြုလျှင်၊ ချမ်းသာရကောင်း ရတော်မူလိမ့်မည်
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သင်၏ကြွယ်ဝချမ်းသာမှုကို တိုးပွါးကောင်း ကြီးပွါးစေမည်ဖြစ်သည်"

Daniel 28

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကို ဖော်ပြရာ၌ သုံးသောအရာ ဖြစ်သည်။ ငယ်- ၁၉:၃၃။

ထိုအမှုအရာအလုံးစုံတို့သည် ...ဗာဗုလုန်မြို့
ထိုဟူသောအရာသည် ၄:၂၈ တွင်ဖော်ပြသောအရာဖြစ်ပြီး နားလည်လွယ်အောင် ပြန်လည်တင်ပြထားခြင်းဖြစ်သည်။

တဆယ်နှစ်လလွန်ပြီးသော်
"၁၂ လ"

ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ရာဘို့ရာ ဤမြို့ကား၊...ဗာဗုလုန်မြို့ကြီး မဟုတ်လော
ရှင်ဘုရင်က သူ့ဘုန်းတော်ကို အလေး၊အနက်ထားရာ၌ မေးသော မေးခွန်းဖြစ်သည်။ ၎င်းကို ထုတ်ပြန်ချက်တစ်ခုအနေနဲ့ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ၎င်းသည် ဗုလုန်မြို့ကြီးဖြစ်သည်... ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ရာဘို့ဖြစ်သည်၊"

ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ရာဘို့ရာ
ငါ့ဘုန်းတော်ကြီးမားခြင်းနှင့် လူထုများ၏ ဂုဏ်ပြုခြင်းကို ဖော်ထုတ်လိုခြင်း" (UDB)

Daniel 31

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကို ဖော်ပြရာ၌ သုံးသော အရာဖြစ်သည်။ အငယ်- ၁၉:၃၃။


generated on Sun Jun 30 02:37:40 2024

ထိုစကားကို မြွက်ဆိုစဉ်ပင်၊
ရှင်ဘုရင်စကားပြောနေချိန်ကို ဆိုလိုခြင်းဖြစ်သည်။အခြားသော ဘာသာပြန်ဆိုချက်"ရှင်ဘုရင်စကားပြောနေစဉ်ဖြစ်သည်"

ကောင်းကင်မှ သက်ရောက်သော အသံဟူမူကား၊
ကောင်းကင်မှ အသံကိုသူကြားရသည်"

နေဗုခဒ်နေဇာမင်းကြီး...နိုင်ငံတော်သည် သင့်လက်မှ ရွေ့သွားပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" နေဗုခဒ်နေဇာ မင်းကြီး နှင်ထုတ်ရန် စီရင်ချက်ခံရပြီးနောက် ၎င်းနိုင်ငံတော်ကို သူမပိုင်ဆိုင်တော့ပါ"

သင့်ကို လူစုထဲကနှင်ထုတ်၍၊ မြေတိရစ္ဆာန်တို့ နှင့်အတူ နေရာချကြလိမ့်မည်။
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"လူတွေထဲမှ သင့်ကိုလူတွေကနှင်ထုတ်ကြမည်"

ချီးမြှောက်ရာဘို့၊
"သူရွေးချယ်သောသူ မည်သူမဆို"

Daniel 33

ယေဘုယျအချက်အလက်
နေဗုခဒ်နေဇာမင်းကြီးသည် အပြစ်ဒဏ်ပေးရန် တတိယ ပုဂ္ဂိုလ်ကိုဖော်ပြရာ၌ သုံးသော အရာဖြစ်သည်။ ငယ- ၁၉:၃၃။

ထိုစကားနှင့်အညီ နေဗုခဒ်နေဇာ၌ ချက်ခြင်း ဖြစ်၍၊ လူစုထဲက နှင်ထုတ်ကြလျက်၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" နောက်တဖန် နေဗုခဒ်နေဇာမင်းကြီးထံသို့ ချက်ခြင်းဆိုသလို စီရင်ချက်ပြန်ရောက်လာသည်။

လူစုထဲက နှင်ထုတ်ကြလျက်၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" လူတွေထဲမှ သင့်ကိုလူတွေကနှင်ထုတ်ကြမည်"

ကိုယ်အမွေး သည် ရွှေလင်းတအတောင်ကဲ့သို့၎င်း၊
"သူ့လက်သည်း ခြေသည်းတို့သည် ငှက်ခြေသည်းကဲ့သို့ဖြစ်၏။"

Daniel 34

ယေဘုယျအချက်အလက်
အပိုဒ်ငယ်-၃၄-၃၇ နေဗုခဒ်နေဇာမင်းကြီး ပြောပြထားသောပထမ လူပုဂ္ဂိုလ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ကာလအချိန်စေ့သောအခါ
၎င်းသည် ၄:၃၁တွင် ဖော်ပြထားသော လွန်ခဲ့သော ခုနှစ်နှစ်ကို ရောင်ပြန်ဟပ်ခြင်းကိုဆိုလိုပါသည်။

ငါနေဗုခဒ်နေဇာ သည် ကောင်းကင်သို့ မျှော်ကြည့်၍ သတိရပြန်လျှင်၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်" အကျွန်ုပ်၏ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းနေ့ရက်ပြန်ရောက်၏" သို့မဟုတ်" အကျွန်ုပ်၏ ဆင်ခြင်တုံတရား ပြန်လည်ကျန်းမာလာသည်"

ထာဝရအသက်ရှင်တော်မူသော ဘုရားကိုချီးမွမ်းထောမနာပြုခြင်းနှင့် ဂုဏ်ပြုခြင်း၊
၎င်း စကားနှစ်လုံးသည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။

အာဏာတော်သည် ထာဝရအာဏာဖြစ်၏။ နိုင်ငံတော်သည် ကမ္ဘာအဆက်ဆက်တည်၏။
ထာဝရ ဘုရားသခင်၏ အုပ်စိုးခြင်းအာဏာတော်ကိုဆိုလိုသည်။

Daniel 35

ယေဘုယျအချက်အလက်
အပိုဒ်ငယ်-၃၄-၃၇ နေဗုခဒ်နေဇာမင်းကြီး ပြောပြထားသောပထမ လူပုဂ္ဂိုလ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှမဟုတ်သကဲ့သို့ဖြစ်ကြ၏။ ကောင်းကင်ဗိုလ်ခြေ တို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ကမ္ဘာပေါ်၌ရှိသည့်အရာအားလုံးကို အနတ္တဟု သူထင်သည်" (ရှု၊ figs activepassive)

မြေကြီးသားအပေါင်းတို့သည်၊
"ကမ္ဘာပေါ်ရှိ လူသားအားလုံး"

ကောင်းကင်ဗိုလ်ခြေ
"ကောင်းကင်ဘုံရှိ ကောင်းကင်တမန်တပ်များ"

အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။
"သူ့ရည်ရွယ် ဟူသမျှအတိုင်း တင်းတိမ်၏" သို့မဟုတ်" သူပြုလုပ်ချင်သမျှအားလုံး"

ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။
သူ၏စွဲလန်းခြင်းများကို ထောက်ပံ့ပေးရန် အသေးစိတ်ရှင်းပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်မှာသူပြုသမျှတိုင်း၌ ဘယ်သူမျှတားမြစ်ပိုင်ခွင့်မရှိပါ"

အဘယ်သို့ ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။
၎င်းဟူသည် ကိုးကားချက်၌ တိုက်ရိုက်အသုံးပြုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူပြုသမျှအပေါ် ဘယ်သူမှ ပြောပိုင်ခွင့်မရှိပါ"


generated on Sun Jun 30 02:37:40 2024

Daniel 36

ယေဘုယျအချက်အလက်
အပိုဒ်ငယ်-၃၄-၃၇ နေဗုခဒ်နေဇာမင်းကြီး ပြောပြထားသောပထမ လူပုဂ္ဂိုလ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ငါ့စိတ်ပကတိဖြစ်ပြန်၍၊
သူပြုခဲ့သောအမှုကြောင့် ဆင်ခြင်တုံတရား ကသူ့ဆီပြန်လှည့်လာကို ဖွင့်ပြောလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ကျွန်ုပ်ပြန်ကောင်းမွန်လာပြီ"(ရှု၊

ငါ့ဘုန်းအာနုဘော်လည်း ယခင်ထက် တိုးပွါး၏။
ငါ့ဘုန်းအာနုဘော်လည်း ယခင်ထက် တိုးပွါး၏။ ဆိုလိုရင်းသည် နဂိုရှိပြီးသော တန်ခိုးတော်သည် ပြန်၍အားကောင်းလာသည် ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ငါ၏ဘုန်းကြီးခြင်းနှင့် ကြီးမြတ်မှုကို ပြန်ရသည်" (ရှု၊ figs personification)

ပဌနာစကားကို နားထောင်တော် မူပါ။
"သနားခြင်းအတွက် တောင်းပန်ခြင်း"

မျက်နှာတော် ရောင်ခြည်ကို ထွန်းလင်းစေတော်မူပါ။
စာရေးသူက ထာဝရဘုရား၏ မျက်နှာတော်ထွန်းလင်းသကဲ့သို့ သူကြိုက်နှစ်သက်သောအရာများကို တင်စားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ရှေ့လျှောက် ကြင်နာခြင်း"

သန့်ရှင်းရာဌာနတော်ကို
၎င်းသည် ယေရုရှလင်ဗိမ္မန်တော်ကို ရည်မှတ်ထားခြင်းဖြစ်သည်။

ကျွန်ုပ်၏ဘုရားသခင်၊ နားတော်ကိုလှည့်၍ နားထောင်တော်မူပါ။
"နားစွန့်ခြင်း"သည် ခေတ်သုံးစကားဖြစ်ပြီး နားထောင်ခြင်းဖြစ်သည်။ ၎င်းစကားနှစ်လုံးသည် အဓိပ္ပါယ်ဆင်တူနှင့် ဒံယေလဆုတောင်းခြင်းကို ဘုရားသခင်သည် နားညောင်းပေးရန်ဖော်ပြလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ကျေးဇူးပြုပြီး နားထောင်ပါ"

မျက်စိတော်ကိုဖွင့်၍ အကျွန်ုပ်တို့ ပျက်စီးရာများကို၎င်း၊ နာမတော်ဖြင့် သမုတ်သောမြို့ကို ၎င်းကြည့်ရှုတော်မူပါ။
"မျက်စိတော်ကိုဖွင့်" ခေတ်သုံးစကားဖြစ်ပြီး နားထောင်ခြင်းဖြစ်သည်။ ၎င်းစကားနှစ်လုံးသည် အဓိပ္ပါယ်ဆင်တူနှင့် ဒံယေလဆုတောင်းခြင်းကို ဘုရားသခင်သည် နား ညောင်းပေးရန်ဖော်ပြလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကျနော်တို့ကို သတိပေးခြင်း" သို့မဟုတ် " နားစွန့်ခြင်း"

နာမတော်ဖြင့် သမုတ်သောမြို့ကို ၎င်းကြည့်ရှုတော်မူပါ။
"နာမတော်"ဟုဆိုရာ၌ ပိုင်ဆိုင်မှုကို ကိုယ်စားပြုခြင်းဖြစ်သည်" အခြားဘာသာပြန်ဆိုချက် "၎င်းသည် သင်၏မြို့တော်ဖြစ်သည်" သို့မဟုတ် "သင်ပိုင်ဆိုင်သည်"

အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော် အတွက် ဖင့်နွှဲတော်မမူပါနှင့်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်" လျင်မြန်စွာပြုလုပ်ခြင်း"


generated on Sun Jun 30 02:37:40 2024

Daniel 20

အမျိုးသားချင်း ကလ္လဒဲလူတို့၏
"ကျွန်ုပ်ပိုင်ဆိုင်သော ကလ္လဒဲလူမျိုး"

ဘုရားသခင်၏ သန့်ရှင်းသော တောင်တော်အဘို့
ဗိမာန်တော်ရှိသောကြောင်း တောင်တော်သည် သန့်ရှင်းသည်။
အခြားသောဘာသာပြန်ဆိုချက် "ဘုရားသခင်
၏တောင်တော်သည် သန့်ရှင်းသောနေရာဖြစ်သည်။"

ဂါဗြေလသည် လျင်မြန်စွာ ပျံ၍လာသဖြင့်
အခန်း ၈:၁၅ တွင် ပေါ်ပြီးဖြစ်သော ကောင်းကင်တမန်
ဂါဗြေလပင်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်"လူကဲ့သို့ကိုယ်ယောင်ပြသောကောင်းကင်တမန်
ဂါဗြေလ"

ယခင်ဗျာဒိတ် ရူပါရုံ၌ ထင်ရှားသောသူ၊
ယခင်က ဒံယေလကို နိုးထစေသော ပထမရူပါရုံကို
ပြန်ဖော်ပြခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"
ယခင်ဗျာဒိတ် ရူပါရုံ" သို့မဟုတ်" ယခင်ဗျာဒိတ်
ရူပါရုံ၌ပေါ်လာသောသူ" သို့မဟုတ်" ယခင်ဗျာဒိတ် ရူပါရုံထဲက"

လျင်မြန်စွာ ပျံ၍လာသဖြင့်
"လျင်မြန်စွာ ငှက်ဆီသို့ ပျံသန်းလာခြင်း"

ညဦးယံ ပူဇော်ချိန်၌ ရှိရာသို့ ရောက်၍
ကလ္လဒဲလူမျိုးများသည် နေမဝင်ခင်အချိန် ညဦးယံ၌
ပူဇော်လျက်ရှိကြသည်။

Daniel 22

ဆင်ခြင်၍ နားလည် ရသော အခွင့်ရှိ၏။
"အတွင်း" ဟူသောစကားလုံးနှင့် "နားလည်ခြင်း"၏
အဓိပ္ပယ်ထပ်တူပင်ဖြစ်သည်။ ဂါဗြေလသည် စကားတော်များကို
နားလည်အောင် ဒံယေလကိုကူညီလျက်ရှိသည်။

အမိန့် တော်ရှိသည်ဖြစ်၍ သင့်အားကြားပြောခြင်းငှါ ငါရောက် လာပြီ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်"
ထာဝရဘုရားသခင်သည် အမိန်တော်ပေးလျက်ရှိ၏"

ထိုကြောင့် ဗျာဒိတ်တော်အချက်ကို ဆင်ခြင်၍ နားလည် ရသော အခွင့်ရှိ၏။
ဤနေရာတွင် "နှုတ်ထွက်စကား" ဟူသည်
သတင်းတော်အားလုံးနှင့် ပတ်သက်မှုရှိသည်။
အခြားဘာသာပြန်ဆိုချက်" ဤသတင်းစကားအကြောင်း
စဉ်းစားခြင်း"

ဗျာဒိတ်တော်အချက်ကို
၎င်းသည် ယေရမိ ၉:၁ တွင် ပရောဖက်ပြုခြင်းကို
ပြန်လည်ရှင်းပြခြင်းဖြစ်သည်။

Daniel 24

အပြစ်ကို တံဆိပ်ခတ်စေခြင်းငှါ၎င်း၊ ဒုစရိုက်အပြစ်ကို ဖြေရှင်း
ထာဝရကုသိုလ်ကို သွင်းစေခြင်းငှါ၎င်း
ဆိုလိုရင်းကိုပြန်လည်ဖော်ပြရာ၌
မည်မျှသက်ဆိုင်မှုရှိကြောင်းဖော်ပြခြင်းဖြစ်သည်၊

လွန်ကျူးခြင်းအမှုကို ဆီးတား၍ အပြစ်ကို တံဆိပ်ခတ်စေခြင်းငှါ၎င်း၊
ဒုစရိုက်အပြစ်ကို ဖြေရှင်း ထာဝရကုသိုလ်ကို သွင်းစေခြင်းငှါ၎င်း
ဗျာဒိတ်ရူပါရုံနှင့် အနာဂတ္တိဗျာဒိတ်တော်တို့ကို တံဆိပ်ခတ်၍၊ အလွန်
သန့်ရှင်းသော အရပ်ဌာနကိုလိမ်းစေခြင်းငှါ၎င်း၊ သီတင်း ခုနစ်ဆယ်ကို သင်၏
အမျိုးသားချင်းအဘို့နှင့် သင်၏ သန့်ရှင်းသောမြို့အဘို့ ဆုံးဖြတ်ခြင်းရှိ၏။
ဘုရားသခင်တိုးပွါးစေသည် ဤအပိုဒ်တွင် သူ့လူမျိုးများအတွက်
ပြုလုပ်လိုသောအရာနှင့် သန့်ရှင်းသောမြို့။

ခုနစ်သီတင်းနှင့် ခြောက်ဆယ်နှစ်သီတင်း....
နှစ် ခုနစ်..၎င်းသည် ကလ္လဒဲလူမျိုးများ၏
ပုံမှန်ရည်တွက်ခြင်းမဟုတ်ပါ။ ဖြစ်နိုင်မည်ဆိုလျင်
မူလအခြေအနေကို ထိန်းချုပ်ထားခြင်း အတွက်
နံပတ်(၇)ကိုအသုံးပြုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"
အကြိမ်(၇၀) ခုနှစ် နှစ်... (၇)ကြိမ် ခုနှစ် နှစ်...နှင့် ခြောက်ဆယ်နှစ်
နှစ်ကြိမ် (၇)နှစ်"

သင်၏ အမျိုးသားချင်းအဘို့နှင့် သင်၏ သန့်ရှင်းသောမြို့အဘို့
ဆုံးဖြတ်ခြင်းရှိ၏။
"သင်၏"စကားလုံးသည် ဒံယေလကို
ရည်ညွှန်းထားခြင်းဖြစ်သည်" ကလ္လဒဲလူမျိုးနှင့်
သန့်ရှင့်သောမြို့တော်ယေရုရှလင်ဖြစ်သည်။

ဒုစရိုက်အပြစ်ကို ဖြေရှင်း ထာဝရကုသိုလ်ကို သွင်းစေခြင်းငှါ၎င်း
" သယ်ဆောင်ထားခြင်း" ဟုဆိုရာ၌ ပန်းစကားကို
ပြည့်စုံစေရန်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ရူပါရုံ
ပြည့်စုံခြင်း"

ဗျာဒိတ်ရူပါရုံနှင့် အနာဂတ္တိဗျာဒိတ်တော်
ဤစကားစု၏အဓိပ္ပါယ်သည် ထပ်တူပင်ဖြစ်သည်။ ဒံယေလ
၌သေချာမှုကိုပြုလုပ်ခြင်း သည် ယေရမိရူပါရုံသည်
ပရောဖက်ပြုခြင်းတစ်ခုအားဖြင့် လိုအပ်ပါသည်။

သိမှတ်နားလည်လော့။
ဤစကားလုံးကို အတူတကွပြုလုပ်ထားခြင်းသည် ရှင်းလင်းရန်
အရေးကြီးသောအရာဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"
သင်နားလည်မှုရှိရမည်" သို့မဟုတ်" သေချာမှုကို သင်သိရမည်"

ဘိသိပ်ခံခြင်းတစ်ခု
ဘိသိပ်ခြင်း၏ လက္ခဏာသည် ရွေးချယ်ခြင်းခံရသောသူကို
ဖော်ပြလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ဘုရားသခင်
ဘိသိပ်တော်မူသော သူ" သို့မဟုတ်"
ဘုရားရွေးချယ်သောသူတစ်ဦး"

ခုနစ်သိတင်းနှင့် ခြောက်ဆယ်နှစ်သိတင်း....နှင့် ခြောက်ဆယ်နှစ်သိတင်း
နှစ် ခုနှစ်- ပေါင်းစပ်ဖော်ပြရာ၌ ငယ် ၂၄တွင် တွေ့ရသည်အတိုင်း ၇၀ ခုနှစ်၏ ၆၉ ဖြစ်သည်။

ယေရုရှလင်မြို့ကိုတဖန် တည်ထောင်ပြုစုစေခြင်းငှါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" လူများတို့က ယေရုဆလင်မြို့ကို ပြန်လည်ပြုပြင်ကြမည်ဖြစ်သည်။"

ကျုံး
မြို့ပတ်ပတ်လည်ရှိ တူးမြောင်းနက်နက်တူးထားခြင်း သို့မဟုတ် အဆောက်အအုံ၊ ရေနှင့် ပတ်လည် ဖြစ်ရမည်။

အနှောင့်အယှက် ခံရသောကာလ၌
"ကြီးစွာသော ဒုက္ခနှင့် ကြုံတွေ့ချိန်တစ်ခု"

Daniel 26

ထိုသိတင်းခြောက်ဆယ်နှစ်သိတင်းလွန်ပြီးမှ
နှစ် ခုနှစ်- နှစ် ခုနှစ်..၎င်းသည် ဤသရေလလူမျိုးများ ၏ ပုံမှန်ရည်တွက်ခြင်းမဟုတ်ပါ။ ဖြစ်နိုင်မည်ဆိုလျှင် မူလအခြေအနေကို ထိန်းချုပ်ထားခြင်း အတွက် နံပတ်(၇)ကိုအသုံးပြုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ခြောက်ဆယ်-နှစ် ကြိမ် ခုနှစ်"

ထိုနောက်မှလာသော သခင်၏ လူတို့သည် မြို့တော်ကို၎င်း၊ သန့်ရှင်းရာဌာနကို၎င်း ဖြိုဖျက်ကြလိမ့် မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန် ဆိုချက်" ဘိတ်သိတ်ခံသောသူက ဖြိုဖျက်ပြီး ဘာမှရမည်မဟုတ်ပါ။

ထိုနောက်မှလာသော သခင်
၎င်းသည် နိုင်ငံခြား၏ စည်းမျဉ်းပင်ဖြစ်သည်။ "ဘိသိပ်ခံသူတစ်ဦးမဟုတ်ပါ" အခြားဘာသာပြန်ဆိုချက်" လာမည့် နိုင်ငံခြားတစ်ဦးဖြစ်သည်" သို့မဟုတ်" ကြွလာမည့် ဘုန်းတန်ခိုးကြီးမားသောသူတစ်ဦးဖြစ်သည်"

ရေ လွှမ်းမိုးသော အားဖြင့် ဆုံးရှုံးခြင်းဖြစ်လိမ့်မည်။
မြို့တော်ကို စစ်သည်တော်များက ဖြိုဖျက်ပြီးသန့်ရှင်းသောနေရာကို ရေလွှမ်းမိုးသကဲ့သို့ ဖျက်စီးမည်ကို ဖော်ပြခြင်း ဖြစ်သည်။

အဆုံးတိုင်အောင် စစ်တိုက်ခြင်း၊ ပျက်စီးရာနှင့်ဆိုင်သော စီရင်ဆုံးဖြတ်ခြင်းရှိလိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" ဘုရားသခင်သည် မြို့တော်အတွက် စည်းမျဉ်းများကို များစွာနှင့် မြင့်မြတ်ခြင်းအရာများကို ပြုလုပ်သည်။" သို့မဟုတ်"အရာအားလုံးကို စစ်သည်တော်များက ဖျက်စီးမည်ဖြစ်သည်ကို ဘုရားသခင်သည် ရှင်းလင်းစွာဖော်ပြထားသည်။"

Daniel 27

သူသည်....သူသည်
ဘိသိပ်ခြင်း ခံသူက နည်းစည်းမျဉ်းများကို ဖျက်ဆီးပစ်မည်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

တသိတင်းတွင်...ထိုသိတင်းတဝက်တွင်
"ခုနှစ်"ဟူသောစကားလုံးသည် ခုနှစ်နှစ်၏ ကာလအတောအတွင်းတစ်ခုကို ရည်ညွှန်းထားပါသည်။ အခြားဘာသာပြန်ဆိုချက်" ခုနှစ်နှစ်၏...နှစ်ဝတ်ခုနှစ်နှစ်ဖြစ်သည်။"

ပပျောက်စေလိမ့်မည်။
"ရပ်နားခြင်း" သို့မဟုတ်" ရပ်နားသည်"

ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်း
အခြေခံအားဖြင်း အဓိပ္ပါယ်ထပ်တူပင်ဖြစ်သည်။ ယဇ်ပူဇော်ခြင်းအမှုများကို ပြန်ဖော်ထုတ်ခြင်းပင်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"ယဇ်ပူဇော်ခြင်း၏ ပုံစံများ" သို့မဟုတ်" ဆက်ကပ်ခြင်း၏ ပုံစံများ"

ရွံ့ရှာဖွယ် သောအရာ၏ အထွဋ်ပေါ်
ဗိမာန်တော်၏နံရံပေါ်တွင် ရုပ်တုဆင်းတုများကိုတပ်ဆင်ထားသောကြောင့် ထိုအရာများကို "ရွံ့ရှာဖွယ်"ဟုဖော်ပြလိုသောအခေါ်အအဝေါ် ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"ဗိမ္မာန်တော်၏နံရံသည်ရွံ့ရှာဖွယ်ရာဖြစ်သည်။"

စီရင်ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်း သည်
"ဖျက်စီးမှုများကို ပြီးစီးသောသူတစ်ဦး"

သုတ်သင်ပယ်ရှင်းခြင်း
အခြေခံအားဖြင့်ထိုစကားနှစ်လုံး၏ ဟန်ပန်အမူအရာမှာ ထပ်တူပင်ဖြစ်သည်။ ဘယ်လိုဖွဲ့စည်းပြီးဘယ်လို ပြီးစီးကြောင်းကို အလေးထားသည်။ အခြားဘာသာပြန်ဆိုချက်" ဖျက်ဆီးမှု ပြီးစီးခြင်း"

သူတို့ကို မလွှမ်းမိုးမှီတိုင်အောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" ဘုရားသခင်သည် စီရင်ချက်ကိုပို၍ချမှတ်ခဲ့သည် ဖျက်ဆီးခြင်းကို အပြီးသတ်အဆုံးသတ်လိုက်ပြီဖြစ်သည်။"

ပျက်စီးအပ်သော သူတို့ကို မလွှမ်းမိုးမှီတိုင်အောင် ထိုသို့ဖြစ်လိမ့်မည်ဟု ကြားပြော၏။
"ဖျက်ဆီးခြင်းအကြောင်းကို ဖြစ်စေသောသူ"


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Daniel 9:1

အာရွေရုသည် မည်သည့်မင်း၏ အုပ်စိုးရာ ပိုင်နယ်ကို ကျော်လွန်သော ဘုရင်ဖြစ်သနည်း။

အာရွှေရုသည် ဗာဗုလုန်မင်း၏ အုပ်စိုးရာပိုင်နယ်ကို ကျော်လွန်သော ဘုရင်ဖြစ်သည်။

ယေရမိထံရောက်လာသော ဘုရား၏ နှုတ်ကပတ်တော်အားဖြင့် ဒံယေလသည် အဘယ်အရာကို သတိပြုမိသနည်း။

အနှစ်ခုနှစ်ဆယ်ပြီးနောက်တွင် ယေရုရှလင်မြို့ကိုစွန့်ပစ်ခြင်းသည် အဆုံးသတ်ဖြစ်မည်ကို ဒံယေလသတိပြုမိသည်။

## Daniel 9:3

ဒံယေလက ဘုရားသခင်ကို မည်ကဲ့သို့ ရှာဖွေခဲ့သနည်း။

ဒံယေလသည် ဆုတောင်းလျက်၊ တောင်းလျှောက်ခြင်းပြုလျက်၊ အစာရှောင်လျက်၊ လျှော်တေအဝတ်ကိုဝတ်လျက်နှင့် တောင့်တသောဆန္ဒနှင့် ထိုင်လျက်ဘုရားသခင်ကို ရှာဖွေခဲ့သည်။

ဒံယေလဟာ ဘုရားသခင်ထံဆုတောင်းသည့်အခါတိုင်း ဘာကို ရှေ့ဦးစွာ လုပ်ဆောင်ခဲ့သနည်း။

ဒံယေလဟာ ဣသရေလလူမျိုးများ၏ အပြစ်ကို ဝန်ချတောင်းပန်ခြင်းကို ဦးစွာပြုသည်။

## Daniel 9:5

ပရောဖက်များသည် ဘုရားသခင်၏ နာမအားဖြင့် မည်သူများကို စကားပြောခဲ့သနည်း။

ပရောဖက်များသည် ရှင်ဘုရင်များသော်၎င်း၊ ခေါင်းဆောင်များသော်၎င်း၊ ဘိုးဘေးများနှင့် ထိုပြည်၌ နေထိုင်သော လူများကို စကားပြောခဲ့ကြသည်။

## Daniel 9:7

အဘယ်ကြောင့် ဣသရေလလူမျိုးတွေမှာ မျက်နှာရှက်စရာ ဖြစ်ရသနည်း။

သူတို့သည် သခင်ဘုရားကို ဆန့်ကျင်ဖက်ပြုကြသောကြောင့် သူတို့၏ မျက်နှာ၌ ရှက်စရာအကြောင်းဖြစ်ရသည်။

## Daniel 9:9

ဣသရေလသည် သူ၏ အပြစ်ကြောင့် အဘယ်အရာ သွန်းလောင်းခြင်းခံရသနည်း။

ဘုရားသခင်ကျွန် မောရှေ၏ ပညတ္တိကျမ်းတွင်ရေးထားသော ကျိန်ခြင်းနှင့်ကျမ်းသစ္စာကျိန်ဆိုခြင်းများကို သူတို့အပေါ်၌ သွန်းလောင်းသည်။

## Daniel 9:12

ဘုရားသခင်သည် သူ၏ စကားကို ဆန့်ကျင်တုံ့ပြန်သော ဣသရေလနှင့် သူတို့ခေါင်းဆောင်တွေကို မည်သို့ အတည်ပြုသနည်း။

ဘုရားသခင်သည် ဣသရေလနှင့်သူတို့ခေါင်းဆောင်များအပေါ်မှာ ကြီးမားသည့် ဘေးအန္တရာယ်ကို ကျရောက်စေခြင်းဖြင့် သူ့စကားကို အတည်ပြုသည်။

ဘုရားသခင်ထံ သနားခြင်းဂရုဏာကို မတောင်းခံသည့် ဣသရေလတွေကို ဒံယေလက ဘာပြောခဲ့သနည်း။

ဒံယေလက သူတို့သည် မိမိအပြစ်များမှမလှည့်ဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သေချာအာရုံမစိုက်ကြ' ဟုပြောခဲ့သည်။

## Daniel 9:15

ဘုရားသခင်သည် ဣသရေလကို ခွင့်လွှတ်သင့်သည်ကို ဘာအကြောင်းကြောင့်ဒံယေလပြောခဲ့သနည်း။

သခင်ဘုရား၏ တရားမျှတသော လုပ်ဆောင်ခြင်းကြောင့် ဣသရေလကို သခင်ဘုရားခွင့်လွှတ်သင့်သည်ကို ဒံယေလပြောခဲ့သည်။

## Daniel 9:20

ဘယ်အချိန်တွင် ဂါဗြေလသည် ဒံယေလထံရောက်လာသနည်း။

ဂါဗြေလသည် ဒံယေလယဇ်ပူဇော်၍ ဆုတောင်းနေသော ညနေအချိန်တွင် ရောက်လာခဲ့သည်။

## Daniel 9:22

အဘယ်ကြောင့် ဂါဗြေလသည် ဒံယေလထံရောက်လာသနည်း။

ဂါဗြေလသည် ဒံယေလအား နားလည်နိုင်စွမ်းနှင့် ထိုးထွင်းသိမြင်နိုင်စွမ်းကိုပေးရန် ရောက်လာခဲ့သည်။

## Daniel 9:24

အဘယ်ကြောင့် ဒံယေလ၏လူများနှင့် သန့်ရှင်းသော မြို့အပေါ်တွင် အနှစ်သိတင်း ခုနှစ်ဆယ်ခုနှစ်တိုင် အမိန့်စီရင်ရသနည်း။

အနှစ်သိတင်း ခုနှစ်ဆယ်ခုနှစ်တိုင် အမိန့်စီရင်ရခြင်းမှာ အပြစ်တရားအဆုံးသတ်ခြင်း၊ အပြစ်တင်ခြင်းဆုံးမခြင်း၊ ဆိုးသောသူအဖို့ ယဇ်ပူဇော်ခြင်း၊ ထာဝရဖြောင့်မတ်ခြင်းရယူခြင်း၊ ပရောဖက်ပြုချက်များနှင့် ရည်ရွယ်ချက်ကို သယ်ဆောင်ခြင်း၊ နှင့် အသန့်ရှင်းဆုံးသောနေရာအဖြစ်သမုတ်ခြင်းကို ရစေဖို့ဖြစ်သည်။

ပြန်လည်တည်ဆောက်ရန်အမိန့်ချသည့်အချိန်မှစ၍ အလုပ်များပြီးစီးသည်၍ ဘိသိက်ခံရသောသူ ကြွလာသည်အထိ အချိန်မည်မျှခန့်ကြာမည်နည်း?

ထိုအချိန်ကာလနှစ်ခုဆက်ကြားတွင် အနှစ်ခုနှစ်ဆယ် ခုနှစ် နှင့် အနှစ် ခြောက်ဆယ်နှစ် (ခုနှစ်ခါ) တွင် ဖြစ်ပျက်လိမ့်မည်။



generated on Sun Jun 30 02:37:40 2024

Daniel 9:26

ဘိသိက်ခံသောသူသည် မည်သည့်အချိန်တွင် ဖျက်ဆီးခြင်းခံရမည်နည်း။

သူသည် အနှစ်ခြောက်ဆယ်နှစ် (ခုနှစ်ခါ)တွင် ဖျက်ဆီးခြင်းခံရလိမ့်မည်။

Daniel 9:27

လာမည့်အုပ်ချုပ်သူသည် ဘာလုပ်လိမ့်မည်နည်း။

သူသည် သိတင်းတစ်၊ ခုနှစ်တိုင်အောင် လူများစွာနှင့်ပဋိညာဉ်ကိုတည်စေလိမ့်မည်။ သိတင်းခုနှစ်အလယ်တွင် သူသည် ယဇ်ပူဇော်ခြင်းနှင့် ပူဇော်သက္ကာဆက်သခြင်းကို ပယ်ရှင်းလိမ့်မည်။

တိတ်ဆိတ်ခြောက်ခြားစေသောသူ၌ မည်သို့ဖြစ်လိမ့်မည်နည်း။

ကုန်ဆုံးခြင်းနှင့် ပျက်စီးခြင်းများကို ထိုသူအတွက်မိန့်မှာထားသည်။



generated on Sun Jun 30 02:37:40 2024

## Chapter 10

1 ပေရသိ ရှင်ဘုရင်ကုရုနန်းစံသုံးနှစ်တွင်၊ ဗေလ တရှာဇာအမည်ဖြင့် သမုတ်သောဒံယေလသည် ဗျာဒိတ် တော်ကိုခံရ၏။ ထိုဗျာဒိတ်
တော်စကားမှန်ပေ၏။ ကြီးစွာ သော စစ်တိုက်ခြင်းနှင့် ဆိုင်ပေ၏။ သူသည် ထိုစကားကို နားလည်၏။ မြင်ရသော
ရူပါရုံသဘောကိုလည်း ရိပ်မိ၏။ 2 ထိုကာလ၌ ငါဒံယေလသည် အရက်နှစ်ဆယ်တရက် တိုင်တိုင် ငြိုးငြင်စွာ ကျင့်လျက်နေ၏။ 3
အရက်နှစ်ဆယ် တရက်မစေ့မှီမြိန်သော မုန့်ကိုမစား။ အမဲသားနှင့် စပျစ်ရည်ကိုမမြည်း။ ဆီလိမ်းခြင်းကိုလည်း အလျှင်မပြု။ 4
ပဌမလနှစ်ဆယ် လေးရက်နေ့၌ငါသည် ဟိဒ ကေလ မြစ်ကြီးအနားမှာရှိစဉ်၊ 5 မျှော်ကြည့်၍ ပိတ်ချောနှင့် ဥဖတ် ရွှေစင် ခါးပန်းကို
ဝတ်စည်းလျက် ရှိသောလူတဦးကို မြင်၏။ 6 သူ၏ ကိုယ်သည် ကျောက်မျက်ရွဲကဲ့သို့ ဖြစ်၏။ သူ့မျက်နှာသည်လည်း လျှပ်စစ်ကဲ့သို့
ဖြစ်၏။ သူ့မျက်နှာ သည်လည်း လျှပ်စစ်ကဲ့သို့ ထင်၏။ သူ့မျက်စိသည်လည်း မီးခွက်ကဲ့သို့ဖြစ်၏။ သူ့လက်ခြေတို့သည် ဦးသစ်သော
ကြေးဝါအရောင်အဆင်းရှိ၏။ သူ့စကားသံသည် များစွာ သော လူစုအသံနှင့်တူ၏။ 7 ထိုဗျာဒိတ်ရူပါရုံကို ငါဒံယေလတယောက်တည်း
မြင်ရ၏။ ငါနှင့် အတူပါသောလူတို့သည် မမြင်ရကြ။ သူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ ရောက် သဖြင့် ပုန်းရှောင်၍
နေခြင်းငှါ ပြေးကြ၏။ 8 ငါမူကား၊ တယောက်တည်းနေရစ်၍ ထိုကြီးစွာ သော ရူပါရုံကိုမြင်ရလျှင်၊ ခွန်အားလျော့၍ မျက်နှာပျက်
လျက်၊ ကိုယ်၌ အစွမ်းသတ္တိအလျှင်းမရှိ ဖြစ်လေ၏။ 9 သို့ရာတွင်၊ ထိုသူ၏ စကားသံကို ငါကြား၏။ ကြားသောအခါ
မြေပေါ်မှာပြပ်ဝပ်၍ မိန်းမောတွေဝေ လျက်နေ၏။ 10 ထိုအခါလက်တဘက်သည်ငါ့ကို ကြွ၍၊ ငါသည် ဒူးနှင့် လက်ဝါးဖြင့်
ထောက်လျက်နေရ၏။ 11 သူကလည်း အလွန်ချစ်အပ်သောသူ၊ ဒံယေလ၊ ငါ့စကားကို နားလည်အံ့သောငှါ မတ်တတ်နေလော့။
သင်ရှိရာသို့ ငါ့ကိုစေလွှတ်တော်မူ၍ ယခုငါလာပြီဟု ဆိုလျှင်၊ ငါသည်တုန်လှုပ်မတ်တက်နေ၏။ 12 ထိုအခါသူကလည်း၊
အချင်းဒံယေလ၊ မကြောက် နှင့်။ သင်သည် နားလည်ခြင်းငှါငှင်း၊ သင်၏ ဘုရားရှေ့မှာ ကိုယ်ကိုကိုယ် ဆုံးမခြင်းငှါငှင်း၊
စိတ်ပြဌာန်းသော ပဌမ နေ့မှစ၍ သင်၏ စကားကိုကြားတော်မူပြီ။ ထိုစကား ကြောင့်လည်း ငါရောက်လာပြီ။ 13 ပေရသိနိုင်ငံကို
အစိုးရသောမင်းမူကား၊ အရက် နှစ်ဆယ်တရက်ပတ်လုံး ငါ့ကို ဆီးတား၏။ နောက်တခါ အမြတ်ဆုံးသော မင်းစုထဲက မိက္ခေလသည်
ငါ့ကိုအကူ လာ၍၊ ငါသည်လည်း ထိုအရပ်၌ ပေရသိမင်းကြီးတို့ထံ မှာ ဆိုင်းလင့်၍ နေရ၏။ 14 ယခုမူကား၊ နောင်ကာလတွင် သင်၏
အမျိုးသားချင်းတို့၌ ဖြစ်လတံ့သော အမှုအရာတို့ကို သင် သည် နားလည်စေခြင်းငှါ ငါရောက်လာပြီ။ ဤဗျာဒိတ် ရူပါရုံသည်
တာရှည်သောကာလနှင့် ဆိုင်ပေ၏ဟု ငါ့အား ပြောဆို၏။ 15 ထိုသို့ ပြောဆိုပြီးမှ၊ ငါသည် ဦးညွတ်သည် ပြပ်ဝပ်၍
စကားမပြောနိုင်ပဲနေ၏။ 16 ထိုအခါ လူသား၏ သဏ္ဌာန်ရှိသော သူတဦး သည် ငါ့နှုတ်ကို လက်နှင့်တို့လျှင်၊ ငါသည်နှုတ်ကို ဖွင့်၍
ပြောရသောအခွင့်ကို ရပြီးလျှင်၊ အကျွန်ုပ်၏သခင်၊ ဗျာဒိတ်ရူပါရုံကြောင့် အကျွန်ုပ်သည် ပြင်းစွာသော ဝေဒနာကို ခံရ၍၊ ကိုယ်၌
ခွန်အားအလျှင်းမရှိပါ။ 17 ကိုယ်တော်ကျွန်သည် ကိုယ်တော်အရှင်နှင့် အဘယ်သို့ စကားပြောနိုင်ပါအံ့နည်း။ ယခုပင် အကျွန်ုပ် ကိုယ်၌
ခွန်အားအလျှင်းမရှိပါ။ အကျွန်ုပ်အသက်လည်း ကုန်ပါပြီဟု ငါ့ရှေ့မှာ ရပ်နေသော သူအား ငါလျှောက် ၏။ 18 နောက်တဖန်
လူသဏ္ဌာန်ရှိသော သူသည် လာ၍ ငါ့ကိုလက်နှင့်တို့လျက် အားပေးပြီးလျှင်၊ 19 အလွန်ချစ်အပ်သောသူ၊ မကြောက်နှင့်။ ငြိမ်
သက်ခြင်းရှိပါစေ။ အားရှိလော့။ ခွန်အားနှင့်ပြည့်စုံလော့ ဟု ဆို၏။ ထိုသို့ဆိုပြီးမှ ခွန်အားကို ငါရ၍၊ အကျွန်ုပ်၏ သခင်၊ မိန့်တော်မူပါ။
အကျွန်ုပ်ကို ခွန်အားပေးတော်မူပြီ ဟု လျှောက်၏။ 20 ထိုသူကလည်း၊ ငါသည် သင်ရှိရာသို့ လာရသော အကြောင်းကို
နားလည်သလော။ ပေရသိမင်းကို စစ်တိုက်အံ့သောငှါ ယခု ငါပြန်သွားရမည်။ ငါသွားပြီး သည်နောက်၊ တဖန် ဟေလသမင်းသည်
ပေါ်လာ လိမ့်မည်။ 21 သို့ရာတွင် သမ္မာကျမ်းစာ၌ မှတ်သားသော အမှု အရာကို ငါပြဦးမည်။ ဤအမှုတို့တွင် သင်တို့၏မင်း
မိက္ခေလမှတပါး ငါ့ဘက်မှာ နေသောသူမရှိ။

---

Daniel 01

ပေရသိ ရှင်ဘုရင်ကုရုနန်းစံသုံးနှစ်တွင်၊
"ပေရသိ ရှင်ဘုရင်ကုရုမင်းကြီး အုပ်ချုပ်သောသုံးနှစ်"

ဒံယေလသည် ဗျာဒိတ် တော်ကိုခံရ၏။
အခြားဘာသာပြန်ဆိုချက်"ဘုရားသခင်သည် ဒံယေလအား
သတင်းစကားတော်ကို ဖွင့်ပြသည်။"

မြင်ရသော ရူပါရုံသဘောကိုလည်း ရိပ်မိ၏။
မြင်နိုင်သောအရာထက် ပို၍နားလည်နိုင်စွမ်း ရှိသည်။

Daniel 02

မြိန်သော
စျေးကြီးသော သို့မဟုတ် ရှားပါးသော အစားအစာ မျိုးဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်"လုပစွာပြင်ဆင်ထားသော
အစားစာများ" ဖြစ်သည်။

ထိုကာလ၌ ငါဒံယေလသည် အရက်နှစ်ဆယ်တရက် တိုင်တိုင် ငြိုးငြင်စွာ
ကျင့်လျက်နေ၏။
သုံးပတ်အဆုံးထိတိုင်အောင်


generated on Sun Jun 30 02:37:40 2024

Daniel 04

ပဌမလနှစ်ဆယ် လေးရက်နေ့၌ငါသည်
ဟေဗြဲ ပြက္ခဒိန်၏ ပထမလဖြစ်သည်။ နှစ်ဆယ်လေးရက်သည် အနောက်တိုင်း ပြက္ခဒိန်တွင် ဧပြီလ အလယ်နှင့် နီးသည်။"

ခါးပန်းကို ဝတ်စည်းလျက် ရှိသောလူတဦးကို
"ခါးပတ်ကို ဝတ်ဆင်ထားသူ"

ဥဖတ်
ဥဖတ် သည် နေရာတစ်ခုဖြစ်သည်။ သူရှိသောနေရာကို မသိပါ။"

သူ၏ ကိုယ်သည် ကျောက်မျက်ရွဲကဲ့သို့ ဖြစ်၏။
သူ့ကိုယ်သည် အပြာရောင် သို့မဟုတ် အဝါနုရောင်နှင့် ဝင်းလက်ပြီး ကျောက်မျက်ရွဲ ကဲ့သို့ ဖြစ်သည်။ အခြားဘာသာပြန်ဆျုချက် "သူ့ခန္ဒာကိုယ်သည် ကျောက်မျက်ကဲ့သို့ ဝင်းလက်သည်။"

ကျောက်မျက်ရွဲ
အပြာရောင် သို့မဟုတ် အဝါရောင် ကျောက်မျက်ဖြစ်ပြီး ဘီရယ်၊ ပရီဒိုး၊ သို့မဟုတ် ခရစ်စလင်း ဟုလည်း ခေါ်သည်။

သူ့မျက်နှာသည်လည်း လျှပ်စစ်ကဲ့သို့ ဖြစ်၏။
သူ့မျက်နှာသည် လျှပ်စီးအလင်းတန်းကဲ့သို့ တောက်ပစွာ လင်းလက်သည်။ အခြားဘာသာပြန်ဆျုချက်" သူ့မျက်နှာသည် အလင်းရောင်ကဲ့သို့။ လျှပ်စစ်လက်သကဲ့သို့ဖြစ်သည်။

သူ့မျက်စိသည်လည်း မီးခွက်ကဲ့သို့ဖြစ်၏။
သူ့မျက်စိတော်သည်လည်း အလင်းနဲ့တောက်ပပြီး၊ မီးရှူးတောက်သကဲ့သို့ ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" သူ့မျက်လုံးတော်သည်လည်း တောက်ပြောင်ပြီး အတွင်းပိုင်းတောက်လောင်လျှက်ရှိသည်။"

သူ့လက်ခြေတို့သည် ဦးသစ်သော ကြေးဝါအရောင် အဆင်းရှိ၏။
သူ့ခြေနှင့် လက်မောင်းတို့သည် ပြောင်လက်အောင်တိုက်သော ကြေးဝါရောင်ကဲ့သို့ တောက်ပသည်။ အခြားဘာသာပြန်ဆိုချက် "သူ့ခြေနှင့် ပခုံးတို့သည် ပြောင်လက်အောင်တိုက်သော ကြေးဝါရောင်ကဲ့သို့ဖြစ်ပြီး ဘေးပတ်ပတ်လည်ကို အလင်းပြန်ပေးသည်၊။"

သူ့စကားသံသည် များစွာ သောလူစုအသံနှင့်တူ၏။
သူ့အသံတော်သည်လည်း လူထုအများက ကျယ်လောင်စွာကြားနိုင်သကဲ့သို့ အလွန်ကျယ်သည်။ အခြားဘာသာပြန်ဆိုချက်" သူ့အသံသည် ကျယ်သောကြောင့် အားလုံးကို ခေါ်ထုတ်နိုင်ခဲ့သည်။"

Daniel 07

ငါဒံယေလတယောက်တည်း မြင်ရ၏။
"ကျွန်တော်နဲ့အတူတစ်ယောက်မှ မရှိ၊ တစ်ယောက်မှမတွေ့"

သူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ ရောက် သဖြင့် ပုန်းရှောင်၍ နေခြင်းငှါ ပြေးကြ၏။
နေမကောင်းသောသူတစ်ယောက်"ဖြူဖတ်ဖြူရော်သောမျက်နှာ ကဲ့သို့အိမ်ပျက်ကြီးတစ်လုံးပမာဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ဖြူဖတ်ဖြူရော်"

ရူပါရုံကိုမြင်ရလျှင်၊
ကျန်းမာသောလူတစ်ယောက်၏မျက်နှာ ကိုဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်" ကျန်းမာနေသော မျက်နှာ"

ထိုသူ၏ စကားသံကို ငါကြား၏။
ရူပါရုံထဲတွင်လူတစ်ယောက်သည် စောင်းပါးရိတ်ခြေပြောသောသူတစ်ယောက်ဖြစ်သည်။ ၎င်းသည် ရှင်းရှင်းလင်းလင်း ဖော်ပြရန်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"လူတစ်ဦးတစ်ယောက်စကားပြောသံကို ကျွန်တော်ကြားရသည်။"

မြေပေါ်မှာပြပ်ဝပ်၍ မိန်းမောတွေဝေ လျက်နေ၏။
ဖြစ်နိုင်ခြေများမှာ (၁) ဒံယေလသည်အလွန်ပင်ကြောက်ရွံ့ခြင်းသို့ရောက်တော်မူသောကြောင့် တမင်သက်သက်ပင် ကျမ်းပြင်ပေါ်လဲလျက်နေတော်မူ၏။ သို့မဟုတ် (၂) ဒံယေလသည်အလွန်ပင်မူးမေ့သွားသလိုပင်ဖြစ်ပြီး ကျမ်းပြင်အရှေ့မှာပင်လဲကျလျက်နေသည်။

Daniel 10

ထိုအခါလက်တဘက်သည်ငါ့ကို ကြွ၍၊
လက်သည်လူတစ်ယောက်ဖြစ်ပြီး ၁၀:၅ တွင် ဒံယေလမြင်တွေ့သောသူဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"လူတစ်ယောက်သည် သူ့လက်ဖြင့်ကျွန်တော့်ကို လာထိသည်။"

လွန်ချစ်အပ်သောသူ၊ ဒံယေလ၊
အခြားသောဘာသာပြန်ဆိုချက်" ဒံယေလ၊ သင်သည်ဘုရားသခင်၏ ကြီးမား သော ရတနာတစ်ပါးဖြစ်ပါသည်။"

အလွန်ချစ်အပ်သောသူ၊
အလွန်တန်ဖိုးထားပြီး အလွန်ချစ်သည်

Daniel 12

သင်သည် နားလည်ခြင်းငှါငင်း၊
"ရူပါရုံကို နားလည်ရန် သင်ဆုံးဖြတ်ခဲ့သည်။"

သင်၏ စကားကိုကြားတော်မူပြီ။
အခြားဘာသာပြန်ဆိုချက်" သင့်အသံကို ထာဝရဘုရားသခင်ကြားတော်မူသည်။"

အစိုးရသောမင်း
လူသားများအပေါ်အာဏာရှိသော ဝိညာဉ်ဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်"ပေရသိနိုင်ငံကို
အစိုးရသောဝိညာဉ်မင်း"

ပေရသိနိုင်ငံကို အစိုးရသောမင်းမှုကား၊
ပေရသိအင်ပါယာထဲရှိ နိုင်ငံများကိုအုပ်ချုပ်သော
ပေရသိရှင်ဘုရင်အား နာခံရန်လိုသော ဘုရင်အမျိုးမျိုးကို
ရည်ညွှန်းသည်။

မင်းစုထဲက မိက္ခေလသည်
"မိက္ခေလသည် ကောင်းကင်တမန်မင်းဖြစ်သည်။" သို့မဟုတ်
"မိက္ခေလသည် ကောင်းကင်တမန်မင်းကြီးဖြစ်သည်။"

Daniel 14

ယေဘုယျ အချက်အလက်
ဒံယေလကို ဘကောင်းကင်တမန်သည်
ဆက်စကားပြောနေချိန်ဖြစ်သည်။

ငါသည် ဦးညွှတ်သည် ပြပ်ဝပ်၍ စကားမပြောနိုင်ပဲနေ၏။
"ကျွန်တော်သည် မြေပြင်ကိုကြည့်လျက်နေသည်။ ဒံယေလသည်
နှိမ့်ချခြင်းကို ဖော်ပြခြင်းဖြစ်သည်။ သို့မဟုတ်
ကြောက်သောကြောင့်ဖြစ်သည်။

Daniel 16

ထိုအခါ လူသား၏ သဏ္ဍာန်ရှိသော သူတဦး သည်
ဒံယေလအား စကားပြောနေသူကို ရည်ညွှန်းသည်။
အဘယ်သို့ဖြစ်စေကာမူ အခြားကျမ်းစာဘာသာပြန်ဆိုသော
စာအုပ်များမှာ အခြားသူဖြစ်သည်ဟုဖော်ပြသည်။
အခြားဘာသာပြန်ဆိုချက် "ဤတစ်ယောက်သည်၊
လူသားကဲ့သို့ဖြစ်သည်။"

လူသား၏ သဏ္ဍာန်ရှိသော သူတဦး
ယေဘုယျအားဖြင့် လူသားများကိုဖော်ပြလိုခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်" လူသားကဲ့သို့ဖြစ်သည်။"

ပြင်းစွာသော ဝေဒနာကို
ပြင်းထန်သောဝေဒနာခံစားခြင်း

ကိုယ်တော်ကျွန်သည် ကိုယ်တော်အရှင်နှင့် အဘယ်သို့
စကားပြောနိုင်ပါအံ့နည်း။
ဒံယေလသည် ကောင်းကင်တမန်ကိုစကားပြောလိုသော်လည်း
သူသည် ကောင်းကင်တမန်နှင့် မတူသောကြောင့် ဤမေးခွန်းကို
မေးခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သည်
ကိုယ်တော်၏အစေခံဖြစ်သောကြောင့် အဖြေကိုမပေးနိုင်ပါ။"

အကျွန်ုပ်အသက်လည်း ကုန်ပါပြီဟု
အသက်ရှုခြင်းကို တင်စားခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက် "အသက်မရှုနိုင်ဖြစ်သည်" သို့မဟုတ်
"၎င်းသည် အသက်ရှုဖို့အလွန်ပင်ခက်ခဲ့သည်။" .

Daniel 18

လူသဏ္ဍာန်ရှိသော သူသည် လာ၍ ငါ့ကိုလက်နှင့်တို့လျက် အားပေးပြီးလျှင်၊
"လူနှင့်တူသောသူတစ်ယောက်"

အလွန်ချစ်အပ်သောသူ၊ မကြောက်နှင့်။
"မကြောက်နှင့် ရဲရင့်ပါ"ဤစကားလုံးသည်
လေးနက်စေချင်သောကြောင့် ထပ်ခါပြောသောစကားဖြစ်သည်။

ခွန်အားနှင့်ပြည့်စုံလော့ ဟု ဆို၏။
အခြားဘာသာပြန်ဆိုချက်"
သင်သည်ဘုရားသခင်၏ကြီးမားသော ရတနာဖြစ်သည်။"

ခွန်အားကို ငါရ၍၊
အခြားဘာသာပြန်ဆိုချက်"ငါသည် ခွန်အားရှိလာသည်။"

Daniel 20

ပေရသိမင်းကို
"မင်း" သည် ၁၀:၁၃ တွင်ဖော်ပြထားသည်နည်းတူ လူသားတို့ကို
ကွယ်ကာစောင့်ရှောက်သူနှင့် အုပ်ချုပ်သူဟုဖော်ပြသည်။
အခြားဘာသာပြန်ဆိုချက်" ပေရသိမင်း၏ ဝိညာဉ်ဖြစ်သည်။"

သို့ရာတွင် သမ္မာကျမ်းစာ၌ မှတ်သားသော အမှု အရာကို ငါပြဦးမည်။
ကောင်းကင်တမန်သည် သူမထွက်သွားခင် ဒံယေလကို
ချက်ခြင်းဖော်ပြလျက်ရှိသည်။ အခြားဘာသာပြန်ဆိုချက်"
သို့သော်အရင်ဦးဆုံးကျနော် ပြောပြမည်။"

သမ္မာကျမ်းစာ၌ မှတ်သားသော အမှု အရာကို ငါပြဦးမည်။
အခြားဘာသာပြန်ဆိုချက် "သမ္မာကျမ်းစာ၌
မည်ကဲ့သို့ပြောသနည်း" သို့မဟုတ် "တစ်စုံတစ်ဦးသည်
သမ္မာကျမ်းစာ၌ ဘယ်အရာများကိုရေးသားထားသနည်း။"

ဤအမှုတို့တွင် သင်တို့၏မင်း မိက္ခေလမှတပါး ငါ့ဘက်မှာ နေသောသူမရှိ။
"မိက္ခေလသင်၏ မင်းသည် မိမိကိုယ်ကို သန်မာကြောင်းနှင့်
ကျွန်တော်နှင့်အတူ ဆန့်ကျင်တိုက်ခိုက်ရန်ဖြစ်သည်။" သို့မဟုတ်"
မိက္ခေလသင်၏ မင်းတစ်ပါးသာလျှင် ကျွန်တော်ကို
ကူညီနိုင်မည်ဖြစ်သည်။"

သင်တို့၏မင်း မိက္ခေလမှတပါး
"သင်"ဟူသောစကားသည် အများသုံးစကားဖြစ်သည်။
ဒံယေလနှင့် က္လသရေလလူမျိုးများကို ရည်စူးခြင်းဖြစ်ပါသည်။
အခြားဘာသာပြန်ဆိုချက်" မိက္ခေလ၊ လူသားများ၏ မင်း"

မိက္ခေလမှတပါး
"မိက္ခေလသည် သင့်ကိုစောင့်ရှောက်သော
ကောင်းကင်တမန်ဖြစ်သည်။ ဘာသာပြန် "မင်းသား" ၁၀:၁၂

တွင်ဘာသာပြန်ဆိုသည်အတိုင်း
မိက္ခေလကိုရည်ညွှန်းထားခြင်းဖြစ်သည်။

---

## Translation Questions

Daniel 10:1

ပေရသိရှင်ဘုရင် ကုရုနန်းစံသုံးနှစ်တွင် မည်သည့်သတင်းစကားကို ဒံယေလထံသို့ ဖော်ပြခဲ့သနည်း?
ကြီးစွာသော စစ်တိုက်ခြင်းအကြောင်းကို ဖော်ပြခဲ့သည်။

ထိုသတင်းစကားကို ဒံယေလသည် မည်သို့ဖြင့် နားလည်နိုင်ခဲ့သနည်း။
ရူပါရုံကို ထိုးထွင်းသိမြင်နိုင်သူဖြစ်သောကြောင့် ဒံယေလသည် ထိုသတင်းကိုနားလည်ခဲ့သည်။

Daniel 10:4

ဒံယေလသည် သူ့ရူပါရုံထဲတွင် အဘယ်သူကို မြင်ခဲ့သနည်း။
သူသည် ပိတ်ချောနှင့် ဥဖတ် ရွှေစင် ခါးပန်းကို ဝတ်စည်းလျက်ရှိသောလူကို မြင်ခဲ့သည်။

ဒံယေလ၏ ရူပါရုံထဲက လူသည် မည်သို့သော အဆင်းရှိသနည်း။
ထိုလူသည် ကိုယ်၌ ကျောက်မျက်ရွဲကဲ့သို့ဖြစ်ခြင်း၊ မျက်နှာ၌လျှပ်စစ်ကဲ့သို့ထင်ခြင်း၊ မျက်စိသည် မီးခွက်ကဲ့သို့ဖြစ်ခြင်းနှင့် ခြေလက်တို့သည် ဦးသစ်သော ကြေးဝါကဲ့သို့ဖြစ်ကာ အသံသည် လူအများစု၏ အသံနှင့်တူသည်။

Daniel 10:7

ဒံယေလသည် ထိုကြီးစွာသော ရူပါရုံနှင့် ထိုသူ၏စကားသံကို ကြားသည့်အခါ မည်သို့တုံ့ပြန်ခြင်းဖြစ်ခဲ့သနည်း။
ဒံယေလသည် ကိုယ်၌ အစွမ်းသတ္တိကုန်ခမ်းလျက် ကြောက်ရွံ့ခြင်းရှိ၍ ခွန်အားလျော့လျက် မျက်နှာပျက်ကာ မြေပေါ်မှာ ပြပ်ဝပ်၍ မိန်းမောတွေဝေလျက်နေသည်။

Daniel 10:12

ဘယ်အချိန်တွင် ကောင်းကင်တမန်ကို ဒံယေလထံသို့ စေလွှတ်ခဲ့သနည်း။
ဒံယေလသည် နားလည်ဖို့ရန် နှင့် မိမိကိုယ်ကို ဘုရားသခင်ရှေ့တွင် နှိမ့်ချဖို့ရန် စိတ်ဆုံးဖြတ်သည့် ပထမနေ့တွင် ကောင်းကင်တမန်ကို စေလွှတ်ခဲ့သည်။

ကောင်းကင်တမန်သည် ဒံယေလထံလာဖို့ အဘယ်ကြောင့် နှစ်ဆယ်တစ်ရက်ကြာခဲ့သနည်း။
ပေရသိနိုင်ငံကို အစိုးရသောမင်းသည် ထိုကောင်းကင်တမန်ကို ဆီးတားသောကြောင့်ဖြစ်သည်။

Daniel 10:14

ဘယ်အချိန်တွင် ထိုရူပါရုံသည် ဖြစ်ပျက်လိမ့်မည်နည်း။
ထိုရူပါရုံ၏ နောက်ဆုံးသောနေ့ရက်များကြောင်း၊ လာမည့်နေ့ရက်များအကြောင်း ဖြစ်သည်။

Daniel 10:16

ထိုရူပါရုံသည် မိမိအားမည်သို့ဖြစ်စေသည်ဟု ဒံယေလပြောခဲ့သနည်း။
ဒံယေလသည် ထိုရူပါရုံကြောင့်သူ၌ ပြင်းစွာဝေဒနာခံရခြင်းနှင့် သူ၌ ခွန်အားအလျှင်းမရှိ၍ အသက်လည်းကုန်ပါ၏ ဟုပြောခဲ့သည်။

Daniel 10:18

လူသဏ္ဍာန်ဆောင်သောသူက ဒံယေလသည် ခွန်အားနှင့် ပြည့်ခြင်းငှါ ဘာလုပ်ခဲ့သနည်း။
ဒံယေလသည် ခွန်အားနှင့်ပြည့်စေခြင်းငှါ လူသဏ္ဍာန်ဆောင်သော သူ့ကို တို့ခဲ့သည်။

Daniel 10:20

ထိုလူသဏ္ဍာန်ရှိသောသူက ဒံယေလထံမှ ထွက်သွားပြီးနောက် ဘာလုပ်မည်ဟု ဆိုခဲ့သနည်း။
သူသည် ပြန်သွား၍ ပေရသိမင်းကို စစ်တိုက်မည်ဟု ဆိုခဲ့သည်။

ထိုလူကဲ့သို့ သဏ္ဍာန်ရှိသောသူက ဒံယေလအား ဘာကိုပြောမည်ဟု ဆိုခဲ့သနည်း။
ထိုသူသည် ဒံယေလအား သမ္မာကျမ်းစာ၌ မှတ်သားသော အမှုအရာများကို ပြောပြမည်ဟု ဆိုခဲ့သည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 11

1 ငါသည်လည်း မေဒိအမျိုး ဒါရိမင်းကြီးနန်းစံ ပဌမနှစ်တွင် သူ့ကို နှိုးဆော်၍ ခိုင်ခံ့မြဲမြံစေခြင်းငှါ ကြိုးစားအားထုတ်လေ၏။ 2
ယခုမူကား၊ မှန်သောအရာကိုငါပြမည်။ ပေရသိ နိုင်ငံကို အစိုးရသော ရှင်ဘုရင် သုံးပါးပေါ်လေဦးမည်။ စတုတ္ထရှင်ဘုရားမူကား၊
ထိုသူ ရှိသမျှတို့ထက် ငွေရတတ်လိမ့်မည်။ ထိုသို့ရတတ်၍ အားကြီးသောကြောင့်၊ ဟေလသနိုင်ငံကို ရန်ဘက်ပြုစေ ခြင်းငှါ၊
ခပ်သိမ်းသော သူတို့ကို နှိုးဆော်လိမ့်မည်။ 3 ထိုအခါ တန်ခိုးကြီးသော ရှင်ဘုရင်တပါးလည်း ပေါ်လာလိမ့်မည်။
အာဏာတော်ကြီးလျက် အစိုးရ၍ မိမိအလိုရှိသည်အတိုင်း ပြုလိမ့်မည်။ 4 ထိုသူသည် ပေါ်လာပြီးမှ နိုင်ငံတော်ကျိုးပဲ့၍
သူတပါးတို့သည် မိုဃ်းကောင်းကင်လေးမျက်နှာတို့၌ ခွဲဝေ ကြလိမ့်မည်။ သို့ရာတွင် အစိုးရသော သူတို့သည်
အမျိုးအနွယ်တော်မဟုတ်။ အာဏာတော်နှင့် အစိုးမရ နိုင်ငံတော်ကို နှုတ်ပစ်၍ အမျိုးအနွယ်တော်မှတပါး အခြားသော သူတို့သည်
ရကြလိမ့်မည်။ 5 ထိုအခါ တောင်ရှင်ဘုရင်သည် တန်ခိုးကြီးလိမ့် မည်။ မင်းစုထဲ၌ မင်းတပါးသည် ထိုသူထက်တန်ခိုးကြီး၍
အာဏာတည်လိမ့်မည်။ သူ၏အာဏာလည်း အလွန် ကျယ်လိမ့်မည်။ 6 ကာလလွန်သောအခါ သူတို့သည် အဆွေဖွဲ့ကြ လိမ့်မည်။
အသင့်အတင့်ဖြစ်စေခြင်းငှါ တောင်ရှင်ဘုရင် ၏ သမီးသည် မြောက်ရှင်ဘုရင်ထံသို့ ရောက်လိမ့်မည်။ သို့သော်လည်း၊ ထိုမင်းသမီး၏
အာဏာသည် မတည်ရ။ ထိုမင်းနှင့်တကွ အမျိုးအနွယ်တော်သည်လည်း မတည်ရ။ မင်း သမီးကိုင်၊ ဆောင်ခဲ့သော သူတို့ကိုင်၊
သူ၏သား ကိုင်၊ ထိုကာလ၌ သူ့ကိုထောက်ပင့်သော သူများကိုင် ဆုံးရှုံးခြင်းသို့အပ်ရလိမ့်မည်။ 7 ထိုမင်းသမီး၏
အဆွေအမျိုးဖြစ်သော သူ တယောက်သည် အဘ၏ အရိပ်အရာကိုရသဖြင့် စစ်ချီ ၍ လာလိမ့်မည်။ မြောက်ရှင်ဘုရင်၏ မြို့တော်သို့
ရောက် လျှင်၊ မြို့သားတို့ကို တိုက်၍နိုင်လိမ့်မည်။ 8 သူတို့၏ဘုရားများ၊ သွန်းသောရုပ်တုများ၊ အဘိုး ထိုက်သောငွေဖလား၊
ရွှေဖလားများကို အဲဂုတ္တုပြည်သို့ သိမ်းသွားလိမ့်မည်။ သူသည်လည်း မြောက်ရှင်ဘုရင် ထက် အသက်ရှည်လိမ့်မည်။ 9
တဖန်မြောက်ရှင်ဘုရင်သည် တောင်ရှင်ဘုရင် ၏နိုင်ငံသို့ ဝင်သော်လည်း မိမိပြည်သို့ ပြန်သွားရလိမ့် မည်။ 10 သားတော်တို့သည်
ထပြန်၍ များစွာသော အလုံးအရင်းကို စုဝေးကြလိမ့်မည်။ သားတယောက် လည်း ဆက်ဆက်လာ၍ လွှမ်းမိုးချင်းနင်းလိမ့်မည်။ တဖန်
ပြန်လာ၍ သူ၏မြို့တိုင်အောင် လုပ်ကြံလိမ့်မည်။ 11 တောင်ရှင်ဘုရင်သည် အမျက်ထွက်သဖြင့်၊ မြောက်ရှင်ဘုရင်ကို ဆီးကြို၍
တိုက်လိမ့်မည်။ မြောက်ရှင် ဘုရင်သည် များစွာသော စစ်သည်ဗိုလ်ခြေအလုံးအရင်း တို့ကိုစီရင်သော်လည်း၊ တောင်ရှင်ဘုရင်သည်
ထိုအလုံး အရင်းတို့ကို သိမ်းယူလိမ့်မည်။ 12 ထိုအလုံး အရင်းတို့ကို ပယ်ရှင်းပြီးမှ မာနစိတ်ပေါက်လျက်၊ အထောင်သောင်းမက
များစွာသော လူတို့ကို လုပ်ကြံ သော်လည်း၊ မိမိအာဏာကို မတည်စေရ။ 13 အကြောင်းမူကား၊ မြောက်ရှင်ဘုရင်သည် တဖန်
ပေါ်လာ၍၊ အရင်ထက်များစွာသောအလုံးအရင်း တို့ကို စီရင်ပြီးမှ ကာလအတန်အရာလွန်လျှင်၊ စစ်အင်္ဂါများ၊ စည်းစိမ်များနှင့်
ဆက်ဆက်လာလိမ့်မည်။ 14 ထိုကာလ၌ တောင်ရှင်ဘုရင်ကို ရန်ဘက်ပြု သောသူတို့သည် များကြလိမ့်မည်။ သင်၏အမျိုးသားချင်း
ဖြစ်သော သူပုန်တို့သည် ဗျာဒိတ်ရူပါရုံကို ပြည့်စုံစေခြင်း ငှါ ထ၍၊ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ 15 မြောက်ရှင်ဘုရင်သည်
လာ၍ မြို့ရိုးကို တည် ပြီးလျှင် ခိုင်ခံ့သော မြို့တို့ကို လုပ်ကြံလိမ့်မည်။ တောင် ရှင်ဘုရင်၏ လက်နက်များ၊
ရွေးချယ်သောလူများတို့သည် ဆီးတားခြင်းငှါး ခွန်အားမရှိသောကြောင့် မဆီးတားရ ကြ။ 16 တိုက်လာသောသူသည်
မိမိအလိုအလျောက် ပြု၍၊ သူ့ရှေ့မှာ အဘယ်သူမျှမရပ်မနေနိုင်ဘဲ၊ သာယာ သော ပြည်ကိုနင်းပြီးမှ စုံလင်စေလိမ့်မည်။ 17
ဖြောင့်မတ်သော သူတို့သည် လိုက်လျက် ထိုမင်း သည် မိမိနိုင်ငံ၏ အလုံးအရင်းရှိသမျှတို့နှင့်တကွ ဝင်စား ခြင်းငှါ
ကြိုးစားအားထုတ်၍၊ မိန်းမငယ်အားဖြင့် ဖျက်ဆီး ခြင်းငှါပေးစားလိမ့်မည်။ သို့သော်လည်း သူသည် အကြံ မမြောက်၊ အကျိုးမရှိရ။
18 တဖန်ကျွန်းစုသို့ မျက်နှာလှည့်၍ ကျွန်းအများ တို့ကို လုပ်ကြံလိမ့်မည်။ သို့ရာတွင်၊ ဗိုလ်မင်းတပါးသည် မိမိခံရသော
အသရေဖျက်ခြင်းကို မိမိမှလွှဲပယ်၍၊ ထို အသရေဖျက်ခြင်းကို တိုက်လာသော မင်းအပေါ်သို့ ပြန်ရောက်စေလိမ့် မည်။ 19
ထိုမင်းသည်လည်း မိမိနေရာမြို့တော်သို့ ပြန် သွားပြီးလျှင် ထိမိ၍ လဲသဖြင့် ကွယ်ပျောက်လိမ့်မည်။ 20 ထိုမင်းအရာ၌လည်း
နိုင်ငံတော်၏ ဘုန်းစည်း စိမ်ကို ရှုတ်ချလျက်၊ ငွေတော်ခွဲသော သူသည် ပေါ်လာ၍ ခဏရှိပြီးမှ၊ ဒေါသအမျက်မထွက်၊ စစ်မတိုက်ဘဲ
ဆုံးရှုံး ခြင်းသို့ရောက်လိမ့်မည်။ 21 ထိုသူအရာ၌လည်း မင်းစည်းစိမ်းကို ခံထိုက် သော သူမဟုတ်၊ ယုတ်မာသော သူပေါ်လာလိမ့်မည်။
သူသည် အနိုင်အထက်မပြု ချော့မော့ခြင်းအားဖြင့် နိုင်ငံ ကို ရလိမ့်မည်။ 22 လွှမ်းမိုးသော လက်နက်တို့သည် သူ့ရှေ့မှာ မြုပ်၍
ဆုံးရှုံးလိမ့်မည်။ မိဿဟာယခံသော မင်းလည်း ဆုံးရှုံး လိမ့်မည်။ 23 အကြောင်းမူကား၊ မိဿဟာယ ပြုသောမင်းသည်
သစ္စာပျက်သဖြင့်၊ တက်လာ၍ လူအနည်းငယ်မျှ ပါသော် လည်း တန်ခိုးကြီးလိမ့်မည်။ 24 အသီးအနှံများသောပြည်ကို အနိုင်အထက်
မပြုဘဲ ဝင်လိမ့်မည်။ လုယူသော ပစ္စည်းဥစ္စာစည်းစိမ် များကို စွန့်ကြဲ၍၊ မိမိဘိုးဘေးမပြုဘူးသော အမှုကိုပြုလိမ့် မည်။ ခိုင်ခံ့သော
မြို့ပြတို့ကို ရခြင်းငှါ တာရှည်စွာ ကြံစည်လိမ့်မည်။ 25 ကြီးစွာသော အလုံးအရင်းနှင့်တကွ တောင်ရှင် ဘုရင်ကို ဆန့်ကျင်ဘက်ပြု၍၊
မိမိအစွမ်းသတ္တိကို နှိုးဆော် လိမ့်မည်။ တောင်ရှင်ဘုရင်သည်လည်း၊ အားကြီး၍ များစွာသော အလုံးအရင်းနှင့်တကွ စစ်တိုက်ခြင်းငှါ
နှိုးဆော်သော်လည်း မခံရပ်နိုင်။ အကြောင်းမူကား၊ သူတဘက်၌ မကောင်းသောအကြံကို ကြံစည်ကြလိမ့် မည်။ 26
ထိုသူကျွေးမွေးခြင်းကို ခံရသော သူတို့သည် လည်း၊ ထိုသူ၏ အကျိုးကိုဖျက်ဆီးသောအားဖြင့်၊ သူ၏ တပ်မြုပ်၍၊
စစ်သူရဲများတို့သည် အသက်ဆုံးကြလိမ့်မည်။ 27 ထိုရှင်ဘုရင် နှစ်ပါးတို့သည် မကောင်းသော အကြံကိုကြံ၍၊ တခုသောစားပွဲ၌


generated on Sun Jun 30 02:37:40 2024

မုသာစကားကို ပြောကြလိမ့်မည်။ သို့သော်လည်း၊ အကြံမမြောက်ရ။ ချိန်းချက်သော အချိန် ကာလ၌ အဆုံးဖြစ်ရလိမ့်မည်။ 28
တဖန်မြောက်ရှင်ဘုရင်သည် များစွာသော စည်းစိမ်ဥစ္စာပါလျက် မိမိပြည်သို့ ပြန်၍သွားစဉ်တွင်၊ သန့်ရှင်းသော ပဋိညာဉ်တရားကို
မနာလိုသောစိတ် ရှိသည်အတိုင်း ပြုပြီးမှ မိမိပြည်သို့ ပြန်သွားလိမ့်မည်။ 29 ချိန်းချက်သော အချိန်၌လည်း တောင်မျက်နှာသို့
တဖန်ပြန်လာဦးမည်။ သို့သော်လည်း၊ အရင်ဖြစ်သကဲ့သို့ မဟုတ်။ နောက်ဖြစ်သကဲ့သို့လည်းမဟုတ်။ 30 အကြောင်းမူကား
ခိတ္တိမ်သင်္ဘောတို့သည် ထိုသူ ကို ဆီးတားကြလိမ့်မည်။ ထိုကြောင့် စိတ်နာလျက် ပြန် သွား၍ သန့်ရှင်းသော ပဋိညာဉ်တရားကို
အမျက်ထွက် သည်။ အတိုင်းပြုပြီးမှ ပြန်သွားစဉ်တွင် သန့်ရှင်းသော ပဋိညာဉ်တရားကို စွန့်ပစ်သော သူတို့နှင့် အဆွေဖွဲ့လိမ့် မည်။ 31
ထိုမင်းနောက်မှ စစ်လက်နက်တို့သည် ပေါ်လာ သဖြင့်၊ တန်ခိုးကြီးသော သန့်ရှင်းရေးဌာနတော်ကို ညစ် ညူးစေ၍၊
နေ့ရက်အစဉ်ပြုသော ဝတ်ကို ပယ်ရှင်းကြ လိမ့်မည်။ ဖျက်ဆီးတတ်သောရွံ့ရှာဘွယ် အရာကိုလည်း တည်ထားကြလိမ့်မည်။ 32
ပဋိညာဉ်တရားကို ပြစ်မှားသော သူတို့သည် ချော့မော့ရာသို့ လိုက်၍ ယိုယွင်းကြလိမ့်မည်။ မိမိတို့ ဘုရားသခင်ကို သိသောသူတို့မူကား၊
ကြီးစွာသောအားနှင့် ပြုကြလိမ့်မည်။ 33 လူစုထဲမှာ ပညာရှိသော သူတို့သည် အများ သော သူတို့ကို သွန်သင်ကြရလိမ့်မည်။
ထားနှင့်ကွယ်မျက် ခြင်း၊ မီးရှို့ခြင်း၊ သိမ်းသွားချုပ်ထားခြင်း၊ လုယက်ခြင်း အားဖြင့် အင်တန်ကာလပတ်လုံး လဲကြလိမ့်မည်။ 34
လဲကြသောအခါ အနည်းငယ်သော မစခြင်းကို တဖန်ခံရကြလိမ့်မည်။ လူအများတို့သည် ချော့မော့ရာသို့
လိုက်၍ဆည်းကပ်ကြလိမ့်မည်။ 35 အမှုဆုံးရသည် ကာလတိုင်အောင်၊ ပညာရှိသောသူအချို့တို့သည်လည်း စုံစမ်းခြင်းကိုခံ၍၊
သန့်ရှင်းဖြူစင်ရမည် အကြောင်းလဲကြလိမ့်မည်။ ထိုအမှုသည် ချိန်းချက်သော ကာလတိုင်အောင် ဖြစ်ရသတည်း။ 36
ရှင်ဘုရင်တပါးသည် မိမိအလိုအလျောက်ပြု၍၊ ဘုရားအပေါင်းတို့ထက် ကိုယ်ကို ကိုယ်ချီးပင့်မြှောက်စား လျက်၊
ဘုရားတို့၏ဘုရားကို ဆန့်ကျင်ဘက်ပြု၍ အံ့ဘွယ် သောစကားကို ပြောလိမ့်မည်။ ဒေါသအမျက်စေ့စုံသည် ကာလတိုင်အောင်
ကောင်းစားလိမ့်မည်။ စီရင်ဆုံးဖြတ် သမျှ အတိုင်းဖြစ်ရလိမ့်မည်။ 37 ထိုမင်းသည် ဘိုးဘေးတို့ ကိုးကွယ်သော ဘုရားကိုင်ငင်း၊ မိန်းမ၌
တပ်မက်သောအလိုကိုင်း၊ တပါးသော ဘုရားများကိုငင်း ပမာဏမပြု။ သူတကာတို့ထက် ကိုယ်ကို ကိုယ်ချီးမြှောက်လိမ့်မည်။ 38
ထိုဘုရားအရာ၌ ရဲတိုက်တို့၏ဘုရားနှင့်၊ ဘိုးဘေးတို့မသိသောဘုရားကိုချီးမြှောက်၍၊ ရွှေ၊ ငွေ၊ ကျောက်မြတ်၊ နှစ်သက်ဘွယ်သော
တန်ဆာများကို ပူဇော်လိမ့်မည်။ 39 ခိုင်ခံ့သော ရဲတိုက်များကိုင်း၊ မိမိဝန်ခံသောတပါးအမျိုးသားဘုရားကိုင်း ပြုစု၍ ဂုဏ်အသရေ
တိုးပွားစေလိမ့်မည်။ လူများတို့အပေါ်မှာအုပ်စိုးရသော အခွင့်ကိုပေး၍ စီးပွားဖြစ်ခြင်းအလို့ငှါ မြေကို ဝေဖန်လိမ့် မည်။ 40
အမှုကုန်ရသည်ကာလ၌ တောင်ရှင်ဘုရင်သည် ထိုမင်းကို တိုက်လိမ့်မည်။ မြောက်ရှင်ဘုရင်သည်လည်း ရထားများ၊ မြင်းစီးသူရဲများ၊
သင်္ဘောများတို့နှင့်တကွ လေးဘွေကဲ့သို့ တိုက်လာလျက်၊ ထိုပြည်တို့ကို ဝင်၍ ချင်းနင်းလွှမ်းမိုးလိမ့်မည်။ 41
သာယာသောပြည်ကိုလည်းဝင်၍ အများသော သူတို့သည် ဆုံးရှုံးကြလိမ့်မည်။ သို့ရာတွင်၊ သူ၏ လက်မှ လွတ်သော သူဟူမူကား၊
ဧဒုံပြည်သား၊ မောဘပြည်သား၊ အမ္မုန်အမျိုးသားအကြီးတို့သည် လွတ်ကြလိမ့်မည်။ 42 ထိုမင်းသည် အပြည်ပြည်တို့ကို အောင်မြင်ရ
လိမ့်မည်။ အဲဂုတ္တုပြည်လည်း မလွတ်ရ။ 43 ထိုပြည်မှာရှိသော ရွှေဘဏ္ဍာ၊ ငွေဘဏ္ဍာ၊ အဘိုးထိုက်သော ဥစ္စာများကို အပိုင်ရလိမ့်မည်။
လိဗုပြည် သားနှင့် ကုရှုပြည်သားတို့သည် သူ့နောက်သို့ လိုက်ရကြလိမ့်မည်။ 44 သို့ရာတွင် သူသည် အရှေ့မျက်နှာ၊
မြောက်မျက်နှာအရပ်မှ သိတင်းကိုကြား၍ စိတ်ပူပန်သဖြင့်၊ လူ အများတို့ကို ဖျက်ဆီးသုတ်သင်ပယ်ရှင်းခြင်းငှါ၊ ကြီးစွာသော
ဒေါသအမျက်နှင့် ထွက်သွားလိမ့်မည်။ 45 ပင်လယ်ကြားမှာ ဘုန်းကြီး၍ သန့်ရှင်းသော တောင်ပေါ်၌စံရာ တဲတော်ကို
တည်ဆောက်ပြီးလျှင် အဘယ်သူမျှ မစခြင်းငှါ မတတ်နိုင်၍ ဆုံးရှုံးခြင်းသို့ ရောက်လိမ့်မည်။

## Chapter 12

[1] ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကို စောင့်သော အရှင်ကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။
လူမျိုးတစုံတမျိုးမှဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင်၊ မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။
ထိုကာလအခါ စာစောင်၌ စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်း သို့ ရောက်ကြလိမ့်မည်။ [2]
ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သော သူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား၊ ထာဝရအသက် ရှင်ခြင်းနှင့်ဒင်း၊ အချို့တို့ကား
ရှက်ကြောက်ခြင်း၊ ထာဝရ အသရေပျက်ခြင်းနှင့်ဒင်း နိုးကြလိမ့်မည်။ [3] ပညာရှိသော သူတို့သည်လည်း၊ ကောင်းကင်မျက်နှာကြက်၏
အရောင်အဝါကဲ့သို့ဒင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ သွင်းသော သူတို့သည်လည်း၊ ကြယ်များကဲ့သို့ဒင်း
အစဉ်အမြဲ ထွန်းလင်း ကြလိမ့်မည်။ [4] သင်ဒံယေလမူကား၊ အမှုကုန်ရသည် ကာလတိုင်အောင်၊ ဤစကားတော်တို့ကို ပိတ်၍
စာစောင်ကို တံဆိပ်ခတ်ထားလော့။ အများသော သူတို့သည် ထိုစာကို ကြည့်၍ရှုသောအားဖြင့် ပညာတိုးပွားလိမ့်မည်ဟု ပြောဆို ၏။ [5]
ထိုအခါ ငါဒံယေလသည် ကြည့်ရှုလျှင်၊ အခြားသောသူနှစ်ပါးတို့သည် မြစ်ကမ်းတို့၌ တဘက်တပါး စီရပ်နေကြ၏။ [6] တပါးကလည်း၊
အံ့ဘွယ်သော ဤအမှုအရာတို့သည် မကုန်စင်မှီ အဘယ်မျှ လောက်ကြာလိမ့်မည်နည်း ဟု ပိတ်ချောကိုဝတ်လျက်၊
မြစ်ရေပေါ်မှာရှိသော လူကိုမေးမြန်း၏။ [7] ပိတ်ချောကိုဝတ်လျက် မြစ်ရေပေါ်မှာရှိသော လူကလည်း တကာလ၊ နှစ်ကာလ၊
ကာလတဝက်ပတ်လုံး ဖြစ်လိမ့်မည်။ သန့်ရှင်းသော သူတို့၏ အစွမ်းသတ္တိကို အရပ်ရပ်သို့ ဖြန့်လွှင့်ခြင်းအမှုပြီးသောအခါ ထိုအမှု
အရာ အလုံးစုံတို့သည် ကုန်စင်ကြလိမ့်မည်ဟု လက်နှစ်ဘက်ကို ကောင်းကင်သို့ချီလျှက် ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသော
ဘုရားကို တိုင်တည်၍ ကျိန်ဆို သည်ကို ငါကြား၏။ [8] ထိုစကားကို ငါကြား၍ နားမလည်သောကြောင့်၊ သခင်ဘုရား၊
ဤအမှုအရာတို့သည် အဘယ်သို့ ကုန်စင် ပါမည်နည်းဟု မေးလျှောက်လျှင်၊ [9] ထိုသူက ဒံယေလ၊ သင်သွားလော့။ ထိုစကားသည်
အမှုကုန်ရသည်ကာလတိုင်အောင် ပိတ်၍ တံဆိပ် ခတ်ထားလျက်ရှိ၏။ [10] လူအများတို့သည် သန့်ရှင်းဖြူစင်ခြင်းသို့ ရောက်၍
စုံစမ်းခြင်းကို ခံရကြလိမ့်မည်။ မတရားသော သူတို့သည် မတရားသဖြင့် ပြု၍ တယောက်မျှ နား မလည်ရ။ ပညာရှိသော သူတို့မူကား၊
နားလည်ကြလိမ့် မည်။ [11] နေ့ရက် အစဉ်ပြုသောဝတ်ကို ပယ်ရှင်း၍၊ ဖျက်ဆီးတတ်သော ရွံ့ရှာဘွယ် အရာသည် ပေါ်လာပြီးမှ၊
အရက်တထောင် နှစ်ရာကိုးဆယ် ကြာလိမ့်မည်။ [12] အရက်တထောင်သုံးရာသုံးဆယ်ငါးရက်တိုင် အောင် ငံ့လင့်၍ မှီသောသူသည်
မင်္ဂလာရှိ၏။ [13] သင်မူကား အဆုံးမဖြစ်မှီတိုင်အောင် သွား လော့။ ငြိမ်ဝပ်စွာ နေရလိမ့်မည်။ နေ့ရက်ကာလ ကုန်စင်ပြီးမှ
ကိုယ်အရိပ်အရာကိုခံ၍ ပေါ်ရလိမ့်မည်ဟုဆို၏။

---


generated on Sun Jun 30 02:37:40 2024

# Hosea

## Chapter 1

1 ယုဒရှင်ဘုရင်ဩဇိမင်း၊ ယောသံမင်း၊ အာခတ် မင်း၊ ဟေဇကိမင်း၊ ဣသရေလရှင်ဘုရင်ယောရှသား
ယေရောဗောင်မင်းတို့လက်ထက်၊ ဗေရိ၏ သားဟောရှေ သို့ ရောက်လာသောထာဝရဘုရား၏ နှုတ်ကပတ်တော် အစအဦးဟူမူကား၊ 2
သင်သွား၍ ပြည်တန်ဆာမိန်းမနှင့်တကွ သူဘွား မြင်သော သားသမီးတို့ကို သိမ်းပိုက်လော့။ အကြောင်း မူကား၊ ပြည်သားတို့သည်
ထာဝရဘုရားကုစွန့်ပစ်၍ အထပ်ထပ်မှားယွင်းကြပြီဟု ဟောရှေအား မှာထားတော်မူ သည်အတိုင်း၊ 3 ဟောရှေသည်သွား၍
ဒိဗလိမ်သမီးဂေါမာကို သိမ်းပိုက်သဖြင့်၊ သူသည် ပဋိသန္ဓေယူ၍ ဟောရှေ၌ သားယောက်ျားကို ဘွားမြင်လေ၏။ 4
ထာဝရဘုရားကလည်း၊ ထိုသားကို ယေဇရ အမည်ဖြင့် မှည့်လော့။ အကြောင်းမူကား၊ ခဏကြာပြီးမှ ယေဇရေလ
အသက်ကိုသတ်သောအပြစ်ကြောင့်၊ ယေဟု အမျိုးကို ငါသည် ဒဏ်ပေး၍ ဣသရေလအမျိုး၏ နိုင်ငံ ကို ဆုံးစေမည်။ 5
ဣသရေလလေးကို ယေဇရေလချိုင့်၌ ငါချိုး သော နေ့ခြင်းတွင် ထိုအမှုပြည့်စုံလိမ့်မည်ဟု မိန့်တော် မူ၏။ 6 တဖန်ပဋိသန္ဓေယူ၍
သမီးကိုဘွားမြင်လေ၏။ ထိုသမီးကို လောရုဟာမာအမည်ဖြင့် မှည့်လော့။ အကြောင်းမူကား၊ ငါသည် ဣသရေလအမျိုးကို နောက်
တဖန် မသနားမစုံမက်ဘဲ ဧကန်အမှန်ပယ်ရှင်းမည်။ 7 ယုဒအမျိုးကိုကား သနားစုံမက်ဦးမည်။ သို့ရာ တွင် လေး၊ ထား၊ စစ်တိုက်၊
လက်နက်၊ မြင်း၊ မြင်းစီးသူရဲ အားဖြင့် မကယ်တင်၊ သူတို့၏ ဘုရားသခင် ထာဝရ ဘုရားအားဖြင့် ကယ်တင်မည်ဟု မိန့်တော်မူ၏။ 8
လောရုဟာမာကို နို့ခွါသောအခါ၊ အမိသည် ပဋိသန္ဓေယူပြန်၍ သားယောက်ျားကို ဘွားမြင်လေ၏။ 9 ထိုသားကိုလောအမ္မိအမည်ဖြင့်
မှည့်လော့။ အကြောင်းမူကား၊ သင်တို့သည် ငါ၏လူမဟုတ်။ ငါသည် လည်း သင်တို့၏ ဘုရားသခင်မဟုတ်။ 10 သို့ရာတွင်၊
ဣသရေလ အမျိုးသားတို့သည် မခြင်နိုင်၊ မရေတွက်နိုင်သော သမုဒ္ဒရာသဲလုံးနှင့်အမျှ များကြလိမ့်မည်။ သင်တို့သည် ငါ၏
လူမဟုတ်ဟု ထိုသူတို့အား ပြောဆိုရာ အရပ်၌ပင်လျှင်၊ သူတို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏သားဟု ခေါ်ဝေါ်ခြင်းကို
ခံရကြလိမ့်မည်။ 11 ထိုအခါ ယုဒအမျိုးသားတို့နှင့် ဣသရေလ အမျိုးသားတို့သည် စုဝေးပေါင်းတော်၍ မင်းတဦး တည်းကို
ချီးမြှောက်သဖြင့် ထိုပြည်ထဲက ထွက်လာကြ လိမ့်မည်။ ယေဇရေလနေ့သည် ကြီးမြတ်သောနေ့ ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။

---

Hosea 01

ဩဇိမင်း၊ ယောသံမင်း၊ အာခတ်မင်း၊ ဟေဇကိမင်း . . . ယောရှ . . . ယေရောဗောင်မင်း

ဤကျမ်းအုပ်ရှိ အကြောင်းအရာတို့ခေတ်၌ အုပ်စိုးသောမင်းများ ဖြစ်သည်။

ဗေရိ

ယောကျ်ားအမည် ဖြစ်သည်။

သို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်

ဝေါဟာရစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထံ မိန့်ဆိုသော ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်"

ထာဝရဘုရား

ဤနာမသည် ဓမ္မဟောင်းခေတ်တွင် မိမိလူတို့ထံ ထင်ရှားတော်မူသော ဘုရားသခင်၏ နာမတော်ဖြစ်သည်။ tWords ရှိ ထာဝရဘုရားသခင်၏ နာမတော် ပြန်ဆိုနည်းကို ကြည့်ရှုရန်။

အထပ်ထပ် မှားယွင်းကြပြီ

ဘုရားသခင်ထံမှ ဖေါက်ပြန်ထွက်သွားကြောင်း ကိုယ်စားပြုသည်။

Hosea 03

ဒိဗလိမ် . . . ဂေါမာ

လူတို့အမည် ဖြစ်သည်။

ယေဟုအမျိုး

"အမျိုး" မှာ "အိမ်သား" ကို ဆိုလိုပြီး၊ ယေဟု၏ အမျိုးအနွယ်များ ပါဝင်သည်။

ဣသရေလအမျိုး

ဣသရေလတိုင်းကို ကိုယ်စားပြုသည်။

ဣသရေလလေး

စစ်အင်အားကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလ စစ်တပ်"

Hosea 06

လောရုဟာမာ

"မသနားမစုံမက်" ဟု အနက်ရသည်။ အမည်နေရာ၌ အနက်အဓိပ္ပါယ်ကို အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညှာတာမှုကင်းမဲ့သည်။"

Hosea 08

လောရုဟာမာ
"မသနားမစုံမက်" ဟု အနက်ရသည်။ အမည်နေရာ၌ အနက်အဓိပ္ပါယ်ကို အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညှာတာမှုကင်းမဲ့သည်။" ၁:၆ မှ ပြန်ဆိုချက်ကို ရှု။

လောအမ္မိ
"ငါ့လူမဟုတ်" ဟု အနက်ရသည်။ အမည်နေရာ၌ အနက်အဓိပ္ပါယ်ကို အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့လူမဟုတ်"

Hosea 10

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

မခြင်နိုင်၊ မရေတွက်နိုင်သော
အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘယ်သူမျှ တွက်ချက်၍ မရသော"

သမုဒ္ဒရာသဲလုံးနှင့်အမျှ
ဣသရေလလူမျိုးတို့၏ များပြားမှုကို ထင်ရှားစေသည်။

ထိုသူတို့အား ပြောဆိုရာအရပ်၌ ပင်လျှင် . . . ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူတို့ထံ ဘုရားသခင် မိန့်ဆိုရာအရပ်၌"

ထိုသူတို့အား ပြောဆိုရာ
ဣသရေလမင်းတို့ အပြစ်ပြုရာနှင့် ဘုရားသခင်၏ အပြစ်စီရင်ခြင်း သင်္ကေတဖြစ်သော ယေဇရေလမြို့ ဖြစ်နိုင်သည်။

ခေါ်ဝေါ်ခြင်းကို ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ခေါ်တော်မူလိမ့်မည်"

စုဝေးပေါင်းဘော်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကို ဘုရားသခင် ပေါင်းစည်း၍"

ထိုပြည်ထဲက ထွက်လာကြ လိမ့်မည်။
ဣသရေလလူမျိုးတို့ ကျွန်ခံရမည့်အရပ်ကို ညွှန်းခြင်း ဖြစ်နိုင်သည်။ (UDB ကို ရှု)

ယေဇရေလနေ့
ဘုရားသခင်က မိမိလူတို့ကို ဣသရေလပြည်သို့ ပြန်လည် ခေါ်ဆောင်မည့်ကာလကို ညွှန်းသည်။ ၎င်းကို တိကျစွာ ထည့်သွင်း ဖော်ပြနိုင်သည်။

---

## Translation Questions

Hosea 1:1

ထာဝရဘုရားသည် ဟောရှေအား မည်သည့်မျိုးရိုးကို မယားအဖြစ် ယူရန် သူ့အတွက် ထာဝရဘုရားမိန့်တော်မူသနည်း။
ထာဝရဘုရားသည် ဟောရှေအား ပြည်တန်ဆာမိန်းမကို ယူရန် မိန့်တော်မူခဲ့သည်။

Hosea 1:3

ဟောရှေ၏ ပထမသားအမည်ကို အဘယ်ကြောင့် ယေဇရေဟု မှည့်သင့်သနည်း။
ဟောရှေသည် ယေဇရအမည်ကို မှည့်သင့်သည်။ အဘယ်ကြောင့်ဆိုသော်၊ ခဏကြာပြီးမှ ယေဇရေလ အသက်ကိုသတ်သောအပြစ်ကြောင့် ယေဟု အမျိုးကို ထာဝရဘုရားသည် ဒဏ်ပေးတော်မူလိမ့်မည်။

Hosea 1:6

အဘယ်သူပေါ်မှာ ထာဝရဘုရားသည် သနားစုံမက်တော်မူသနည်း။
ထာဝရဘုရားသည် ယုဒအမျိုးကို သနားစုံမက်တော်မူသည်။

Hosea 1:8

အဘယ်ကြောင့် ဟောရှေ၏ ဒုတိယသားအမည်ကို လောအမ္မိဟု မှည့်ရသနည်း။
ဟောရှေက လောအမ္မိဟု မှည့်ရခြင်းမှာ ဣသရေလ အမျိုးများသည် သူ၏လူမဟုတ်တော့ သောကြောင့်ဖြစ်သည်။

Hosea 1:10

ယခင်က ထာဝရဘုရား၏လူမဟုတ်သောသူများကို မည်ကဲ့သို့ ပြောဆိုရလိမ့်မည်နည်း။
သူတို့သည် အသက်ရှင်တော်မူသော ဘုရား၏လူဖြစ်ခဲ့ကြကြောင်း ပြောဆိုကြလိမ့်မည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 2

1 သင်တို့ ညီအစ်ကိုများကို ငါ၏လူဟူ၍၎င်း၊ သင်တို့နှမများကို သနားစုံမက်အပ်သောသမီးဟူ၍၎င်း တဖန်ခေါ်ကြလော့။ 2
သင်တို့အမိနှင့် ဆွေးနွေးကြလော့။ သူသည် ငါ့မယားမဟုတ်၊ ငါသည်လည်း သူ့လင်မဟုတ်ကြောင်းကို ဆွေးနွေးကြလော့။
ပြည်တန်ဆာမျက်နှာကို ပယ်၍ မှားယွင်းခြင်းအမှုကို ရှောင်စေ။ 3 မရှောင်လျှင် သူ၏အဝတ်ရှိသမျှကို ငါချွတ်၍၊ သူဘွားသောနေ့၌
အဝတ်မရှိသကဲ့သို့ အဝတ်မပါ၊ ပြင်၌ ထုတ်ထားမည်။ လွင်ပြင်ကဲ့သို့ သုတ်သင်မည်။ သွေ့ ခြောက်သော မြေကဲ့သို့ ဖြစ်စေလျက်
ရေအငတ်ထား၍ သေစေမည်။ 4 သူ၏သားသမီးတို့သည် သူမျောက်မထား၍ ရသော သားသမီးဖြစ်သောကြောင့် သူတို့ကို ငါမသနား
မစုံမက်ဘဲ နေမည်။ 5 သူတို့အမိသည် ပြည်တန်ဆာဖြစ်၏။ သူတို့ကို ပဋိသန္ဓေယူ သောသူသည် ရှက်ဘွယ်သောအမှုကိုပြုပြီ။
သူကလည်း၊ ငါ့မုန့်၊ ငါ့ရေ၊ ငါ့သိုးမွေး၊ ငါ့ပိုက်ဆန်၊ ငါ့ဆီ၊ ငါသောက်သောအရည်တို့ကို ပေးတတ်သော ငါ့ရည်းစား များ နောက်သို့
ငါလိုက်မည်ဟုဆိုပြီ။ 6 သို့ဖြစ်၍၊ သူ့ကိုဆူးစောင်ရန်နှင့် ကာထားမည်။ ထွက်စရာမရှိစေခြင်းငှါ သူ့ပတ်လည်၌ ကျောက်ရိုးကို လည်း
တည်မည်။ 7 သူသည် ရည်းစားတို့ကို လိုက်သော်လည်း မမှီ၊ ရှာသော်လည်း မတွေ့ဘဲ နေရသောအခါ၊ လင်ဟောင်းထံ သို့
ငါပြန်သွားမည်။ ယခုနေရာထက် အရင်နေရာသာ၍ ကောင်းသည်ဟု ဆိုလိမ့်မည်။ 8 ဆန်စပါး၊ စပျစ်ရည်၊ ဆီတို့ကို ငါပေးသနား
သည်ဟူ၍၎င်း၊ ဗာလဘုရားအား ပူဇော်သောရွှေနှင့် ငွေကို သူ၌ ငါများပြားစေသည်ဟူ၍၎င်း သူသည် မအောက်မေ့ပါတကား။ 9
သို့ဖြစ်၍၊ စပါးရိတ်ရာကာလ၌ ငါ့စပါးကို၎င်း၊ စပျစ်ရည်လုပ်ကာ ကာလ၌ ငါ့စပျစ်ရည်ကို၎င်း၊ သူ၏ ကိုယ် ကို ဖုံးလွှမ်းစေရာ
ငါ့သိုးမွေးနှင့် ပိုက်ဆန်ကို၎င်း ငါသိမ်း ယူမည်။ 10 ယခုပင် သူ၏ ရည်းစားများရှေ့၌ သူ့အဝတ်ကို ငါလှစ်လှန်၍ အရှက်ခွဲမည်။
ငါ့လက်မှ အဘယ်သူမျှ သူ့ကိုမနှုတ်ရ။ 11 သူ့ရွှင်လန်းစရာအကြောင်းရှိသမျှနှင့် ပွဲခံခြင်း၊ လဆန်းနေ့၊ ဥပုသ်နေ့စောင့်ခြင်း၊
ပရိသတ်စည်းဝေးခြင်း အလုံးစုံတို့ကို ငါပြတ်စေမည်။ 12 ဤသည်ကား၊ ငါ့ရည်းစားပေးသော ဆုလက် ဆောင်ဖြစ်သည်ဟု သူဆိုရာ
စပျစ်ဥယျာဉ်၊ သင်္ဘော သဖန်းဥယျာဉ်တို့ကို ငါသုတ်သင်ပယ်ရှင်း၍၊ လွင်ပြင် ဖြစ်စေသဖြင့် တောသားရဲတို့သည်
ကိုက်စားကြလိမ့်မည်။ 13 ဗာလဘုရားတို့အားနံ့သားပေါင်းကို မီးရှို့၍ နှခေါင်းဆွဲနှင့် လည်ဆွဲတန်ဆာကို ဆင်လျက် ရည်စား များ
နောက်သို့လိုက်သဖြင့် ငါ့ကို မေ့လျော့၍ ဗာလဘုရား တို့ လက်ထက်၌ ပြုမိသောအပြစ်နှင့်အလျောက် စီရင် မည်ဟု
ထာဝရဘုရားမိန့်တော်မူ၏။ 14 သို့ရာတွင်၊ သူ့ကို တဖန်ငါဖြားယောင်းမည်။ တောလမ်းဖြင့် ပို့ဆောင်သော်လည်း၊ နှစ်သိမ့်စေသော
စကားကိုပြောမည်။ 15 တောတဘက်၌ စပျစ်ဥယျာဉ်တို့ကို၎င်း၊ အာ ခေါ်ချိုင့်၌မြော်လင့်ရာတံခါးကို၎င်း၊ အာခေါ်ချိုင့်၌
မြော်လင့်ရာတံခါးကို၎င်း ငါပေးမည်။ သူသည် အသက် ငယ်စဉ်ကာလ၊ အဲဂုတ္တုပြည်မှ ထွက်လာသောအခါ၊ သီချင်းဆိုသကဲ့သို့၊
တောတဘက်သို့ ရောက်သောအခါ သီချင်းဆိုရလိမ့်မည်။ 16 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုကာလ၌ သင်သည်ငါ့ကို
သခင်ဟူ၍ မခေါ်ရ၊ ခင်ပွန်းဟူ၍ ခေါ် ရမည်။ 17 အခြားတပါးသော သခင်တို့၏ ဘွဲ့နာမများကို သူ၏ နှုတ်မှ ငါပယ်၍၊
ထိုဘွဲ့နာမများကို နောက် တဖန် မမှတ်မိမမြွက်ဆိုရ။ 18 ထိုကာလ၌ငါသည် သူတို့အတွက်၊ တောသားရဲ၊ မိုဃ်းကောင်းကင်ငှက်၊
မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်များနှင့် မိဿဟာယဖွဲ့၍၊ လေး၊ ထား၊ စစ်တိုက် လက်နက်တို့ကို မြေပေါ်က ပယ်ရှားသဖြင့်
သူတို့သည် စိုးရိမ်ခြင်းမရှိဘဲ အိပ်ရကြလိမ့်မည်။ 19 ငါသည် ကိုယ်အဘို့သင့်ကို အစဉ်အမြဲ သိမ်းယူ မည်။ ဖြောင့်မတ်ခြင်း၊
တရားသဖြင့် စီရင်ခြင်း၊ ချစ် သနားစုံမက်ခြင်းနှင့်အညီ ကိုယ်အဘို့သင့်ကို သိမ်းယူမည်။ 20 သစ္စာစောင့်ခြင်းနှင့်အညီ သိမ်းယူ၍၊
သင်သည် ထာဝရဘုရားကို သိရလိမ့်မည်။ 21 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုကာလ၌ ငါသည် နားထောင်မည်။
မိုဃ်းကောင်းကင်စကားကို နားထောင်၍၊ သူသည် မြေကြီးစကားကို နားထောင်မည်။ 22 မြေကြီးသည်လည်း ဆန်စပါး၊ စပျစ်ရည်၊
ဆီတို့ ၏ စကားကို နားထောင်၍၊ သူတို့သည်လည်း ယေဇရေလ စကားကို နားထောင်ကြလိမ့်မည်။ 23 ထိုသတို့သမီးကိုမျိုးစေ့ကဲ့သို့
မြေ၌ ကိုယ်အဘို့ ငါကြဲမည်။ မသနားမစုံမက်အပ်သော သတို့သမီးကို ငါသနားစုံမက်မည်။ ငါ၏ လူမဟုတ်သော သူကိုလည်း
သင်သည်ငါ၏လူဖြစ်သည်ဟု ငါဆိုမည်။ သူကလည်း ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင်ဖြစ်တော် မူသည်ဟု
လျှောက်လိမ့်မည်ဟုမိန့်တော်မူ၏။

---

Hosea 01

ဆက်စပ်မှု ဖော်ပြချက်
ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

သနားစုံမက်အပ်သောသမီး
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား သနားတော်မူပြီ"

သနားစုံမက်အပ်သော
"ကြင်နာအပ်သော" သို့မဟုတ် "ဂရုဏာခံရသော"

Hosea 02

ယေဘုယျ အချက်အလက်
ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။


generated on Sun Jun 30 02:37:40 2024

သင်တို့အမိ
အမိမြေ ဣသရေလပြည်ကို ညွှန်းသည်။

သူသည် ငါ့မယားမဟုတ်
ဣသရေလအမျိုးက ထာဝရဘုရား၏ မယားကဲ့သို့ နေထိုင်ခြင်း မပြုတော့ကြောင်း ဆိုလိုသည်။ ဘုရားသခင်ကို ကိုးကွယ်ခြင်းမပြုကြောင်း ဆိုလိုသည်။

ငါသည်လည်း သူ့လင်မဟုတ်
အထက်ပါ အကြောင်းကြောင့် ဣသရေလပြည်နှင့် လင်မယားကဲ့သို့သော ဆက်ဆံရေးကို မပြုနိုင်တော့ကြောင်း ထာဝရဘုရား မိန့်တော်မူသည်။

မှားယွင်းခြင်းအမှုကို ရှောင်စေ
သစ္စာမဲ့သော မယားက မိမိလင်ကို စွန့်၍ သူတပါးနှင့် အိပ်စက်ခြင်းပြုသည်။ ဣသရေလအမျိုးကလည်း ထာဝရဘုရားအပေါ် ထိုသို့ သစ္စာမဲ့သည်။

သူ၏အဝတ် ရှိသမျှကို ငါချွတ်၍၊ သူဘွားသောနေ့၌ အဝတ်မရှိသကဲ့သို့ အဝတ်မပါ၊ ပြင်၌ ထုတ်ထားမည်
ဣသရေလတိုင်းကို ကာကွယ်ဖုံးလွှမ်းခြင်း မပြုတော့မည်အကြောင်း ထာဝရဘုရား မိန့်တော်မူသည်။ ဣသရေလ ရိုးရာတွင်၊ လင်က မိမိမယားကို ဝတ်ဆင်ပေးရန် တာဝန်ရှိသည်။ ထိုသို့ မပြုလျှင်၊ မယားကို ငြင်းပယ်သောသဘော သက်ရောက်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

လွင်ပြင်ကဲ့သို့ သုတ်သင်မည်
ထာဝရဘုရား ပြောင်းလဲမည့် ဣသရေလပြည်မှာ ဘာမှမရှိ၊ မသီးမပွင့်သော ကန္တာရကဲ့သို့ ဖြစ်မည်ဟု ခိုင်းနှိုင်းထားသည်။

ရေအငတ်ထား၍ သေစေမည်
တိုင်းပြည်အဖြစ် မရပ်တည်နိုင်ရန် ပြုမည်အကြောင်း ဆိုလိုသည်။

## Hosea 04

ယေဘုယျ အချက်အလက်
ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

သူ၏သားသမီးတို့သည် သူမျောက်မထား၍ ရသော သားသမီးဖြစ်သောကြောင့်
ထာဝရဘုရားအထံတော်မှ ထွက်သွားကြသဖြင့်၊ ၎င်းတို့၏ သားသမီးများကလည်း မိဘတို့နည်းတူ ဘုရားသခင်ကို ကိုးကွယ်ခြင်း မပြုတော့ကြောင်း ဆိုလိုသည်။

သူတို့အမိသည် ပြည်တန်ဆာဖြစ်၏
ထာဝရဘုရားထံမှထွက်သွား၍ တပါးဘုရား ကိုးကွယ်ခြင်းကို ပြည့်တန်ဆာပြုသကဲ့သို့ တင်စားထားသည်။

ငါ့မုန့်၊ ငါ့ရေ၊ ငါ့သိုးမွေး၊ ငါ့ပိုက်ဆန်၊ ငါ့ဆီ၊ ငါသောက်သောအရည်တို့ကို ပေးတတ်သော ငါ့ရည်းစားများ နောက်သို့ ငါလိုက်မည်
"ငါ့ရည်းစားများ" ဟူရာတွင် ဣသရေလတို့က ထာဝရဘုရားကို ပယ်၍ ကိုးကွယ်ရန် ရွေးချယ်လိုက်သော ဗာလနတ်နှင့် တိုင်းတပါးသား နတ်ဘုရားတို့ကို ကိုယ်စားပြုသည်။ စာရင်းပါ ပစ္စည်းများမှာ အသက်ရှင်ရန် လိုအပ်သောအရာများ ဖြစ်သည်။

## Hosea 06

ယေဘုယျ အချက်အလက်
ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

သို့ဖြစ်၍၊ သူ့ကို ဆူးစောင်ရန်းနှင့် ကာထားမည်။ ထွက်စရာ မရှိစေခြင်းငှါ သူ့ပတ်လည်၌ ကျောက်ရိုးကိုလည်း တည်မည်
နတ်ရုပ်တုများကိုသာ ကိုးကွယ်သဖြင့်၊ ဣသရေလအား အောင်မြင်ခြင်းနှင့် ကြွယ်ဝခြင်းအခွင့်နှင့် လွဲစေမည်ဖြစ်ကြောင်း ထာဝရဘုရား မိန့်တော်မူသည်။

လင်ဟောင်းထံသို့ ငါပြန်သွားမည်။ ယခုနေရာထက် အရင်နေရာ သာ၍ကောင်းသည်ဟု ဆိုလိမ့်မည်
ထာဝရဘုရားကို ချစ်မြတ်နိုး၍ မဟုတ်ဘဲ၊ ဗာလနတ် ကိုးကွယ်မှုကို ညည်းငွေ့သောကြောင့်သာလျှင် မိမိထံ ပြန်လှည့်မည်ဖြစ်ကြောင်း ညွှန်းဆိုသည်။

## Hosea 08

ယေဘုယျ အချက်အလက်
ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

သူ၏ကိုယ်ကို ဖုံးလွှမ်းစေရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကိုယ်ကို ဖုံးလွှမ်းစရာ။"

သူ၏ကိုယ်ကို ဖုံးလွှမ်းစေရာ ငါ့သိုးမွေးနှင့် ပိုက်ဆန်ကိုငင်း ငါသိမ်းယူမည်
ဣသရေလပြည်၏ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကျဆင်းမည်ဟု ဆိုလိုခြင်း ဖြစ်နိုင်သည်။ ဣသရေလအပေါ် ပေးသနားခဲ့သော ကောင်းခြင်းမင်္ဂလာ အလုံးစုံကို ပြန်လည် သိမ်းယူမည်ဖြစ်၍၊ အထီးကျန်လျက် ရန်သူများမည်ဟု ဆိုလိုသည်။

## Hosea 10

ယေဘုယျ အချက်အလက်
ဟောရှေထံ ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

ယခုပင် သူ၏ရည်းစားများ ရှေ့၌ သူ့အဝတ်ကို ငါလှစ်လှန်၍ အရှက်ခွဲမည်။
တိုင်းတပါးသားတို့ ရှေ့၌ ဣသရေလအမျိုးကို အရှက်ခွဲမည်အကြောင်း ဘုရားသခင် မိန့်ဆိုသည်။ ၂:၂ မှ ပြန်ဆိုချက်ကို ရှု။


generated on Sun Jun 30 02:37:40 2024

ငါ့လက်မှ အဘယ်သူမျှ သူ့ကိုမနှုတ်ရ။
မည်သူမျှ ဣသရေလပြည်ကို ကူညီမည်မဟုတ်ကြောင်း ဆိုလိုသည်။ "လက်" က ဘုရားသခင်၏ တရားစီရင်မှုကို ကိုယ်စားပြုသည်။

Hosea 12

ယေဘုယျ အချက်အလက်
ဣသရေလအမျိုး၌ ပြုတော်မူမည့်အရာကို ဟောရှေထံ ထာဝရဘုရား ဖွင့်ပြသည်။

ဤသည်ကား၊ ငါ့ရည်းစားပေးသော ဆုလက်ဆောင် ဖြစ်သည်
နတ်ရုပ်တု သို့မဟုတ် ဗာလနတ်တို့ထံမှ ဣသရေလ ရရှိသော အခကို ညွှန်းသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏ရည်းစားများပေးသော ဆုလက်ဆောင်"

ငါသုတ်သင်ပယ်ရှင်း၍၊ လွင်ပြင် ဖြစ်စေသဖြင့်
စပျစ်နှင့် သင်္ဘောသဖန်း ဥယျာဉ်ရှိသမျှ အပေါ်၌ အခြားအပင်များ ပေါက်စေခြင်းဖြင့် ဖျက်ဆီးတော်မူမည်။

ထာဝရဘုရား မိန့်တော်မူ၏
"ထာဝရဘုရား မိန့်တော်မူ၏" သို့မဟုတ် "ထာဝရဘုရား မိန့်ဆို၏"

Hosea 14

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလအကြောင်းကို ထာဝရဘုရား မိန့်တော်မူသည်။

သို့ရာတွင်၊ သူ့ကို တဖန် ငါဖြားယောင်းမည်
"ငါ ထာဝရဘုရား သူ့ကို တဖန်ခေါ်ယူမည်"

အာခေါ်ချိုင့်၌ မြော်လင့်ရာတံခါးကိုငင်း
ဣသရေလလူမျိုးတို့ကို အဲဂုတ္တုပြည်မှ ခေါ်ဆောင်သကဲ့သို့၊ အာခေါ်ချိုင့်သို့ ခေါ်ဆောင်ကာ မျှော်လင့်ချက်သစ် ပေးမည်ဟူ၏။ အာခေါ်ချိုင့်မှာ ဘုရားသခင်၏ မိန့်မှာစကားကို မလိုက်နာခဲ့သော အာခန်အား ကျောက်ခဲဖြင့် ပစ်ကာ သေဒဏ်ပေးခဲ့သော ချိုင့်၏အမည် ဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

သူသည် အသက်ငယ်စဉ်ကာလ၊ အဲဂုတ္တုပြည်မှ ထွက်လာသောအခါ၊ သီချင်းဆိုသကဲ့သို့၊ တောတဘက်သို့ ရောက်သောအခါ သီချင်းဆိုရလိမ့်မည်
ဣသရေလအမျိုးတို့က မိမိတို့ ဘုရားသခင်ကို ပြန်လည် ချီးမွမ်းကိုးကွယ်ရန် ထာဝရဘုရား မျှော်လင့်သည်။

သူသည် . . . . သီချင်းဆိုရလိမ့်မည်
အချို့ခေတ်ပေါ်မူပြန်ကျမ်းတွင် "သီချင်းဆို" ဟု ဖော်ပြထားရာ "ပြန်ထူး" ဟုလည်း ဆိုနိုင်သည်။

Hosea 16

ထာဝရဘုရား မိန့်တော်မူသည်ကား
"ထာဝရဘုရား မိန့်တော်မူသည်ကား" သို့မဟုတ် "ထာဝရဘုရား၏ မိန့်မှာချက်ကား။" ၂:၁၂ မှ ပြန်ဆိုချက်ကို ရှု။

ထိုကာလ၌
ဣသရေလအမျိုးက ထာဝရဘုရားကို ကိုးကွယ်ရန် ရွေးချယ်သောနေ့ကို ညွှန်းသည်။

ခင်ပွန်း
ဣသရေလအမျိုးက လင်အပေါ် မယားပြုသကဲ့သို့ ယာဝေးဘုရားကို ချစ်ခင်မြတ်နိုး၍ သစ္စာစောင့်မည်ဟု ဆိုလိုသည်။

သခင်
မူရင်းကျမ်းတွင် ခါနာနိအမျိုးတို့ ကိုးကွယ်သော နတ်ရုပ်တု "ဗာလ" ဟူ၍ ဖော်ပြထားပြီး "သခင်" ဟု အနက်ရသည်။

အခြားတပါးသော သခင်တို့၏ ဘွဲ့နာမများကို သူ၏နှုတ်မှ ငါပယ်၍
ဣသရေလအမျိုးက နောင်တွင် တိုင်းတပါး နတ်ဘုရားနှင့် ရုပ်တုများအမည်ကို ခေါ်တော့မည်မဟုတ်။

Hosea 18

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလအမျိုး၌ ပြုတော်မူမည့်အရာကို ထာဝရထံ ယာဝေးဘုရား ဖွင့်ပြသည်။

ထိုကာလ၌
ဣသရေလအမျိုးနှင့် ထာဝရဘုရားတို့ကြား ဆက်ဆံမှု ပြေလည်မည့်ကာလကို ညွှန်းသည်။

ငါသည် သူတို့အတွက် . . . မိဿဟာယဖွဲ့၍
ထာဝရဘုရား၏ ပဋိညာဉ်တရားတွင် တိရစ္ဆာန်များနှင့် ငြိမ်းချမ်းမှုကို ညွှန်းသည်။

လေး၊ ထား၊ စစ်တိုက် လက်နက်တို့ကို မြေပေါ်က ပယ်ရှားသဖြင့် သူတို့သည် စိုးရိမ်ခြင်းမရှိဘဲ အိပ်ရကြလိမ့်မည်
ထာဝရဘုရားက ဣသရေလတို့၏ ရန်သူများကို အဝေးသို့နှင်သဖြင့် စစ်ပွဲမရှိသောကြောင့် လူတို့သည် ငြိမ်ဝပ်စွာနေရမည်။

စိုးရိမ်ခြင်းမရှိဘဲ အိပ်ရကြလိမ့်မည်
ငြိမ်ဝပ်စွာ နေထိုင်မှုကို ကိုယ်စားပြုသည်။

Hosea 19

ယေဘုယျ အချက်အလက်
ဣသရေလအမျိုး၌ ပြုတော်မူမည့်အရာကို ဟောရှေထံ ထာဝရဘုရား ဖွင့်ပြသည်။

ငါသည် ကိုယ်အတွက် သင့်ကို အစဉ်အမြဲ သိမ်းယူမည်
ထာဝရဘုရားက လင်ကဲ့သို့ငှင်း၊ ဣသရေလအမျိုးက မယားကဲ့သို့ငှင်း နေထိုင်ရမည်။

ဖြောင့်မတ်ခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ချစ် သနားစုံမက်ခြင်း နှင့်အညီ ကိုယ်အတွက် သင့်ကို သိမ်းယူမည်
ဣသရေလနှင့်ပြုသော ပဋိညာဉ်အတိုင်း ဘုရား သစ္စာစောင့်မည်။

သစ္စာစောင့်ခြင်းနှင့်အညီ သိမ်းယူ၍
"သစ္စာရှိသော လင်ကဲ့သို့ဖြစ်၍"

သင်သည် ထာဝရဘုရားကို သိရလိမ့်မည်
"သိ" ဟူရာတွင် ထာဝရဘုရားကို မိမိတို့ ဘုရားသခင်နှင့် သစ္စာစောင့်သောသူအဖြစ် လက်ခံကြည်မည်ဟု ဆိုလိုသည်။

Hosea 21

ယေဘုယျ အချက်အလက်
ဣသရေလအမျိုး၌ ပြုတော်မူမည့်အရာကို ဟောရှေထံ ထာဝရဘုရား ဖွင့်ပြသည်။

ထာဝရဘုရား မိန့်တော်မူသည်ကား
"ထာဝရဘုရား မိန့်တော်မူသည်ကား" သို့မဟုတ် "ထာဝရဘုရား၏ မိန့်မှုချက်ကား။" ၂:၁၂ မှ ပြန်ဆိုချက်ကို ရှု။

ယေဇရေလ
ဤဒေသက ဣသရေလ တမျိုးလုံးကို ကိုယ်စားပြုသည်။

မြေကြီးသည်လည်း ဆန်စပါး၊ စပျစ်ရည်၊ ဆီတို့၏ စကားကို နားထောင်၍၊ သူတို့သည်လည်း ယေဇရေလ စကားကို နားထောင်ကြလိမ့်မည်
မြေကြီးက ဆန်စပါး၊ စပျစ်ရည်နှင့် သံလွင်ဆီကို ပြုလုပ်ပေးမည်။ ၎င်းတို့က ယေဇရေလအမျိုး၏အလိုအတိုင်း ပြုလုပ်ပေးမည်။ တစုံတဦး၏ အလိုကို လိုက်လျောပေးတတ်သောသူကဲ့သို့ မြေကြီးနှင့် ကုန်ပစ္စည်းများကို ပုဂ္ဂိုလ်ပြုထားသည်။

Hosea 23

ယေဘုယျ အချက်အလက်
ဣသရေလအမျိုး၌ ပြုတော်မူမည့်အရာကို ဟောရှေထံ ထာဝရဘုရား ဖွင့်ပြသည်။

ထိုသတို့သမီးကို မျိုးစေ့ကဲ့သို့ မြေ၌ ကိုယ်အတွက် ငါကြဲမည်
ဘုရားသခင်က မိမိလူတို့ကို မျိုးစေ့ကြဲသကဲ့သို့ မိမိတို့မြေ၌ ပြန်လည် နေရာချမည်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လယ်လုပ်သူက မျိုးစေ့ကို ကြဲသကဲ့သို့ ငါလူတို့ကို ပြန်လည် နေရာချပေးမည်"

မသနားမစုံမက်အပ်သော သတို့သမီး
မူရင်းကျမ်းတွင် "လောရုဟာမ" ဟု ဖော်ပြထားပြီး "ညှာတာခြင်း မခံရသူ" ဟု အနက်ရသည်။ အမည်နေရာ၌ အနက်အဓိပ္ပါယ်ကို အစားထိုးနိုင်သည်။ ၁:၆ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊"ညှာတာမှုကင်းမဲ့သည်။"

ငါ၏လူ မဟုတ်သောသူ
မူရင်းကျမ်းတွင် "လောအမ္မိ" ဟု ဖော်ပြထားပြီး "ငါ့လူ မဟုတ်သူ" ဟု အနက်ရသည်။ အမည်နေရာ၌ အနက်အဓိပ္ပါယ်ကို အစားထိုးနိုင်သည်။ ၁:၆ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "လောအမ္မိ"

သင်သည် ငါ၏လူဖြစ်သည်
မူရင်းကျမ်းတွင် "အမ္မိအသသ" ဟု ဖော်ပြထားပြီး "သင်သည် ငါ့လူဖြစ်၏" ဟု အနက်ရသည်။ အမည်နေရာ၌ အနက်အဓိပ္ပါယ်ကို အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမ္မိအသသ"

---

Translation Questions

Hosea 2:2

ဣသရေလအမျိုးသည် မိမိပြည့်တန်ဆာမှုလုပ်ခြင်းကို မပယ်လျှင် ထာဝရဘုရားသည် မည်သို့ပြုလုပ်လိမ့်မည်နည်း။
ဣသရေလအမျိုးသည် မိမိပြည့်တန်ဆာမှုလုပ်ခြင်းကို မပယ်လျှင် ထာဝရဘုရားသည် သူမ၏ အဝတ်ရှိသမျှကို ချွတ်၍ သူဖွားသောနေ့၌ အဝတ်မရှိသကဲ့သို့ ဖြစ်လိမ့်မည်။

Hosea 2:4

ဣသရေလတို့၏ သားသမီးအပေါ် ထာဝရဘုရားသည် ဘာကြောင့် သနားစုံမက်ခြင်း မထားဘဲနေတော်မူသနည်း။
သူ၏ သားသမီးတို့သည် သူမျောက်မထား၍ ရသော သားသမီးဖြစ်သောကြောင့် သူတို့ကို ထာဝရဘုရားသည် သနားစုံမက်ခြင်းမရှိဘဲ နေလိမ့်မည်။

Hosea 2:6

ဣသရေလသည် အဘယ်ကြောင့် သူမ၏ပထမယောကျာ်းထံသို့ ပြန်ရသနည်း။
ဣသရေလသည် သူမ၏ပထမယောကျာ်းထံသို့ ပြန်ရခြင်းမှာ ယခုနေရာထက် အရင်နေရာသာ၍ ကောင်းသောကြောင့်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Hosea 2:8

ဣသရေလ အမျိုးတွေ အပေါ်အဘယ်သူက ရွှေနှင့်ငွေကို ပေးသနားတော်မူသနည်း။
ထာဝရဘုရားသည် ရွှေနှင့်ငွေကို သူမအမျိုးတွေအပေါ် ပေးသနားတော်မူသည်။

Hosea 2:10

သူမ၏ရည်းစားများရှေ့တွင် ထာဝရဘုရားသည် ဣသရေလအား မည်သို့ပြုလုပ်လိမ့်မည်နည်း။
ထာဝရဘုရားသည် သူ၏ ရည်းစားများရှေ့၌ သူ့အဝတ်ကို ချွတ်၍ အရှက်ခွဲမည်။

Hosea 2:12

ဣသရေ၏ ရည်းစားသည် သူမ အပေါ် ဘယ်လို အခကြေးပေးခဲ့သနည်း။
ဣသရေလ အမျိုး၏ ရည်းစားဟာ သူမအား စပျစ်ဥယျာဉ်နှင့်သင်္ဘောသဖန်းဥယျာဉ်တို့ကို ပေးခဲ့သည်။

Hosea 2:14

ထာဝရဘုရားသည် သူမအား ပြန်လည်ရွေးယူဖို့ရန်သွားသောအခါ ပြည့်တန်ဆာမိန်းမသည် အဘယ်သို့ ဖြေလိမ့်မည်နည်း။
သူမ အသက်ငယ်စဉ်ကာလ၊ အဲဂုတ္တုပြည်မှ ထွက်လာသောအချိန်တွင် ဖြေသကဲ့သို့ ဖြေလိမ့်မည်။

Hosea 2:16

ထိုကာလ၌ ဣသရေလတွေဟာ ထာဝရဘုရားအား အဘယ်သို့ခေါ်ရလိမ့်မည်နည်း။
သူမသည် သူ့အားခင်ပွန်းဟူ၍ ခေါ်ရလိမ့်မည်။ သခင်ဟူ၍ မခေါ်ရ။

Hosea 2:18

ထာဝရဘုရားသည် လူတွေကိုအဘယ်သို့ပြုလုပ်လိမ့်မည်နည်း။
ထာဝရဘုရားသည် သူ့လူများကို လုံခြုံစွာနေစေလိမ့်မည်။

Hosea 2:19

ထာဝရဘုရားသည် သူ့လူများ၏ ခင်ပွန်းအဖြစ် မည်မျှကြာအောင် နေဖို့ကတိထားတော်မူခဲ့သနည်း။
အစဉ်အမြဲ ဖြစ်လိမ့်မည်။

Hosea 2:21

အသစ်သော စပျစ်ရည်နှင့် ဆီတို့သည် အဘယ်အရာကို ဖြေကြားလိမ့်မည်နည်း။
အသစ်သော စပျစ်ရည်နှင့် ဆီတို့သည် ယေဇရေလ၏စကားကို ဖြေကြားလိမ့်မည်။

Hosea 2:23

မိမိလူမဟုတ်သောသူများကို ထာဝရဘုရားသည် မည်သို့ ဆိုလိမ့်မည်နည်း။
သူ့လူမဟုတ်သောသူများအား 'သင်သည် ငါ၏ လူဖြစ်သည်'ဟု ထာဝရဘုရားဆိုလိမ့်မည်။

## Chapter 3

[1] တဖန် ထာဝရဘုရားက၊ ဣသရေလအမျိုးသား တို့သည် အခြားတပါးသော ဘုရားတို့ကို ဖူးမြော်၍၊ စပျစ် သီးပျဉ်ကို
အလိုရှိသော်လည်း ထာဝရဘုရား ချစ်တော်မူ သည်နည်းတူ၊ မိမိခင်ပွန်း၏ ချစ်ခြင်းကို ခံလျက် မျောက်မ ထားသော မိန်းမကို သွား၍
ချစ်ဦးလော့ဟု ငါ့အား မှာထားတော်မူသည်အတိုင်း၊ [2] ထိုမိန်းမကို ငွေတဆယ်ငါးကျပ်၊ မုယောဆန် တဟောမဲခွဲနှင့် ငါရွေးပြီးမှ၊ [3]
သင်သည်ငါ့အဘို့ နေ့ရက်များစွာ စောင့်၍ နေရမည်။ ပြည်တန်ဆာ မလုပ်ရ။ အခြားသော ယောကျ်ားနှင့် မပေါင်းဘော်ရ။ သို့ပြုလျှင်၊
သင့်အဘို့ ငါစောင့်၍ နေမည်ဟု ပြောထား၏။ [4] အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့ သည် နေ့ရက်များစွာ ရှင်ဘုရင်မရှိ၊
မင်းသားမရှိ၊ ယဇ် ပူဇော်ခြင်းမရှိ၊ ဆင်းတုမရှိ၊ သင်တိုင်းမရှိ၊ တေရပ်ရုပ်တု မရှိဘဲနေရကြလိမ့်မည်။ [5] ထိုနောက်မှ ဣသရေလ
အမျိုးသားတို့သည် ပြန်လာ၍၊ သူတို့ဘုရားသခင် ထာဝရဘုရားကိုငင်း၊ သူတို့ရှင်ဘုရင်ဒါဝိဒ်ကိုငင်း ရှာ၍၊ နောင်ကာလ၌
ကျေးဇူးတော်ကို ခံအံ့သောငှါ၊ ထာဝရ ဘုရားထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည်။

---

### Hosea 01

ဣသရေလ အမျိုးသားတို့သည် အခြားတပါးသော ဘုရားတို့ကို ဖူးမြော်၍၊ စပျစ်သီးပျဉ်ကို အလိုရှိသော်လည်း

တိုင်းတပါးနတ်ကို ကိုးကွယ်သောအခါ စပျစ်သီးမုန့် သို့မဟုတ် သဘော်သဖန်းမုန့်ကို စားရသည်။

ထာဝရဘုရား ချစ်တော်မူသည်နည်းတူ

ပြည့်တန်ဆာမကို ချစ်မြတ်နိုးခြင်းဖြင့်၊ ပရောဖက် ဟောရှေမှာ ဣသရေလအမျိုးပေါ်တွင် ထာဝရဘုရား ထားရှိသော ချစ်ခြင်းမေတ္တာ၏ သက်သေ ဖြစ်လာမည်။

မိမိခင်ပွန်း၏ ချစ်ခြင်းကို ခံလျက် မျောက်မထားသော မိန်းမကို သွား၍ ချစ်ဦးလော့

၁:၁ ကျမ်းပိုဒ်ကို ပြန်လည် ညွှန်းသည်။ ပြည့်တန်ဆာမကို ချစ်ရန် ထာဝရဘုရား ပြန်လည် မိန့်ဆိုသည်။

တဆယ်ငါးကျပ်

"၁၅ ကျပ်"

ငွေတဆယ်ငါးကျပ်၊ မုယောဆန် တဟောမဲခွဲ

အစေခံ ရွေးဝယ်ခ ဖြစ်သည်။

တဟောမဲခွဲ

တဟောမဲမှာ ငါးတင်းခွဲ ရှိသည်။ စုစုပေါင်း ရှစ်တင်းနှင့် အစိတ် ဖြစ်သည်။

### Hosea 04

အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည် နေ့ရက်များစွာ ရှင်ဘုရင်မရှိ၊ မင်းသားမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဆင်းတုမရှိ၊ သင်တိုင်းမရှိ၊ တေရပ်ရုပ်တု မရှိဘဲ နေရကြလိမ့်မည်

ဟောရှေက ပြစ်မှားခဲ့သော မယားနှင့်အတူ နေထိုင်ခြင်းမပြုသကဲ့သို့၊ ဣသရေအမျိုးကလည်း ရုပ်တုကိုးကွယ်သောအပြစ်ကြောင့် ဘုရင်မရှိ၊ ကိုးကွယ်သော ဘုရားသခင် မရှိဘဲ နေရမည်။

သူတို့ဘုရားသခင် ထာဝရဘုရားကိုငင်း . . . ရှာ၍

"ရှာ" ဟူရာတွင် မိမိတို့ကို လက်ခံပေးရန် ဘုရားသခင်ထံ တောင်းလျှောက်ခြင်းကို ဆိုလိုသည်။

သူတို့ရှင်ဘုရင် ဒါဝိဒ်ကိုငင်း

ဒါဝိဒ်နှင့် မင်းအမျိုးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ရှင်ဘုရင် ဒါဝိဒ်အမျိုးကိုငင်း"

နောင်ကာလ၌

အနာဂတ် အချိန်ကာလတခုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောင်အခါ၌"

ကျေးဇူးတော်ကို ခံအံ့သောငှါ၊ ထာဝရဘုရား ထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည်

"တုန်လှုပ်လျက်" ဟူရာတွင် အံ့သြမှင်သက်မှုကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျေးဇူးတော်ကို ခံအံ့သောငှါ၊ ထာဝရဘုရား ထံတော်သို့ နှိမ့်ချလျက် ပြန်လာကြလိမ့်မည်"

---



generated on Sun Jun 30 02:37:40 2024

# Translation Questions

## Hosea 3:1

ဟောရှေသည် မိမိဇနီးမယားကို မည်သို့ချစ်ရမည်နည်း။

ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့ကို ချစ်တော်မူသည်နည်းတူ၊ မိမိမယားကိုလည်း ချစ်ရမည်။

ထာဝရဘုရားသည် ဣသရေလ အမျိုးအား ငွေပမာဏ မည်မျှဖြင့် ဝယ်ခဲ့သနည်း။

သူသည် ထိုမိန်းမကို ငွေတဆယ်ငါးကျပ်၊ မုယောဆန်တဟောမဲခွဲနှင့် ဝယ်ခဲ့ပါသည်။

## Hosea 3:4

ဣသရေလ အမျိုးသားတို့သည် နေ့ရက်များစွာ ရှင်ဘုရင် မရှိဘဲ နေထိုင်ရပြီးနောက် အဘယ်သူကို သူတို့သည် ရှာလိမ့်မည်နည်း။

ဣသရေလအမျိုးသားတို့သည် နေ့ရက်များစွာ ရှင်ဘုရင်မရှိဘဲ နေထိုင်ရပြီးနောက် သူတို့သည် ဘုရားသခင်ထာဝရဘုရားကိုငင်း၊ သူတို့ရှင်ဘုရင်ဒါဝိဒ်ကိုငင်း ရှာကြလိမ့်မည်။

---

## Chapter 4

1 အိုဣသရေလအမျိုးသားတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ ထာဝရဘုရားသည် ပြည်သူပြည်သားတို့နှင့်
တရားတွေ့မှုရှိတော်မူ၏။ အကြောင်းမူကား၊ သူတို့သည် သစ္စာမရှိ၊ ကရုဏာမရှိ၊ ဘုရားသခင်ကို မသိကြ။ 2 ကျိန်ဆဲခြင်း၊
မုသာစကားကို ပြောခြင်း၊ လူ အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့မယားကို ပြစ်မှားခြင်းတို့၌ အဆီးအတားမရှိ။
လူအသက်ကို သတ်သောအပြစ် အထပ်ထပ်ရှိကြ၏။ 3 ထိုကြောင့်၊ ပြည်သည် ငိုကြွေးလိမ့်မည်။ ပြည် သားအပေါင်းတို့နှင့်တကွ၊
တောသားရဲ၊ မိုဃ်းကောင်းကင် ငှက်တို့သည် အားလျော့ကြလိမ့်မည်။ ပင်လယ်ငါးတို့ သည်လည်း ကုန်ကြလိမ့်မည်။ 4 သို့ရာတွင်၊
အဘယ်သူမျှ မဆီးတားစေနှင့်။ အဘယ်သူမျှ မဆုံးမစေနှင့်။ အကြောင်းမူကား၊ သင်၏ အမျိုးသားချင်းတို့သည် ယဇ်ပုရောဟိတ်နှင့်
ဆန့်ကျင် ဘက်ပြုသော သူကဲ့သို့ဖြစ်ကြ၏။ 5 ထိုကြောင့်၊ နေ့အချိန်၌ သင်သည်လဲရလိမ့်မည်။ ညဉ့်အချိန်၌ သင်နှင့်အတူ
ပရောဖက်သည်လည်း လဲရ လိမ့်မည်။ သင့်အမိကိုလည်း ငါဖျက်ဆီးမည်။ 6 ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံး ကြ၏။
သင်သည် ပညာကိုပယ်သောကြောင့်၊ ငါ့ယဇ် ပုရောဟိတ် အဖြစ်သို့ မရောက်စေခြင်းငှါ သင့်ကို ငါပယ်မည်။ သင်၏
ဘုရားသခင့်တရားကို သင်မေ့လျော့ သောကြောင့်၊ သင်၏ သားသမီးတို့ကို ငါ့မေ့လျော့မည်။ 7 သူတို့သည် ဘုန်းတိုးပွားသည်အတိုင်း
ငါ့ကို ပြစ်မှားကြပြီ။ သို့ဖြစ်၍၊ သူတို့၏ ဘုန်းကို ငါအရှက်ကွဲ စေမည်။ 8 ငါ့လူတို့၏ အပြစ်ဖြေရာ ယဇ်တို့ကို စားလျက် နှင့်ပင်၊
ထိုအပြစ်ကို စိတ်စွဲလမ်းတတ်ကြ၏။ 9 ထိုကြောင့်၊ လူတို့၌ ဖြစ်သကဲ့သို့ ယဇ်ပုရောဟိတ် ၌ ဖြစ်လိမ့်မည်။ သူတို့အကျင့်များကို
ငါစစ်ကြော၍၊ အသီး အသီးပြုမူသမျှအတိုင်းအကျိုး အပြစ်ကိုပေးမည်။ 10 သူတို့သည် စား၍မဝရကြ။ မတရားသော မေထုန်ကိုပြု၍
သားသမီးကို မဘွားမြင်ရကြ။ 11 အကြောင်းမူကား စိတ်နှလုံးကို ယစ်မူး၊ စေတတ် သော ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ စပျစ်ရည်နှင့်
သေရည် သေရက်ကို သောက်ခြင်း၌ မှီဝဲသောကြောင့် ထာဝရ ဘုရားကို စွန့်ပစ်ကြပြီ။ 12 ငါ့လူတို့သည် သစ်သားနှင့်
တိုင်ပင်တတ်ကြ၏။ သူတို့၏တောင်ဝေးသည် အကြံပေးတတ်၏။ ကိလေသာ စိတ်အားကြီးသောကြောင့်၊ သူတို့သည် လမ်းလွှဲ၍
မိမိတို့ ဘုရားသခင့်ထံမှာ မနေ၊ မှားယွင်းတတ်ကြ၏။ 13 တောင်ထိပ်ပေါ် ကုန်း ပေါ်မှာငရင်း အရိပ်ကောင်းသောသပိတ်ပင်မျိုး၊ လိဗနော
ပင် အောက်မှာငရင်း၊ ယဇ်ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ တတ်ကြ၏။ ထိုကြောင့်၊ သင်တို့သမီးတို့သည် ယောကျ်ား နှင့် မှားယွင်း၍၊
ချွေးမတို့သည် မျောက်မထားတတ်ကြ၏။ 14 သင်တို့သမီးတို့သည် ယောကျ်ားနှင့် မှားယွင်း၍ ချွေးမတို့သည်
မျောက်မထားသော်လည်း ငါမစစ်ကြော၊ အကြောင်းမူကား၊ ယောကျ်ားတို့သည် ကိုယ့်မယားကို စွန့်ပစ်၍ ပြည်တန်ဆာတို့နှင့်
ပေါင်းဘော်တက်ကြ၏။ မိန်းမရှင်တို့နှင့်အတူ ယဇ်ပူဇော်တက်ကြ၏။ သို့ဖြစ်၍ ပညာမရှိသော သူတို့သည် ဆုံးရှုံးကြလိမ့်မည်။ 15
အိုဣသရေလအမျိုး၊ ဥင်သည် ပြည်တန်ဆာလုပ်သော်လည်း၊ ယုဒ အမျိုးကို မမှားယွင်းပါစေနှင့်။ ဂိလဂါလမြို့သို့ မချဉ်းကပ် ကြနှင့်။
ဗေသဝင်မြို့သို့ မသွားကြနှင့်။ ထာဝရဘုရား အသက်ရှင်တော်မူသည် အတိုင်းဟူ၍ မကျိန်ဆိုကြနှင့်။ 16 ဣသရေလ အမျိုးသည်
ရုန်းတတ်သော နွားမပျိုကဲ့သို့ဆန့်ကျင်ဘက်ပြုတတ်၏။ ယခုမှာထာဝရဘုရား သည် ကျယ်သောအရပ်၌ သိုးသငယ်ကိုထိန်းသကဲ့သို့၊
ဣသရေလ အမျိုးကို ပြုတော်မူမည်။ 17 ဧဖရိမ်သည်ရုပ်တုတို့၌စွဲကပ်လျက်ရှိ၏။ သူ့ကိုတတ်တိုင်းရှိစေလော့။ 18
သူတို့စားသောက်ပွဲခံချိန်လွန်ပြီ။ မင်းလုပ်သောသူတို့သည် အထပ်ထပ်မတရားသော မေထုန်ကိုပြုကြပြီ။
ရှက်ဘွယ်သောအမှုကိုတပ်မက်ကြပြီ။ 19 လေသည် မိမိ အတောင်တို့နှင့်တိုက်၍ ပါသွားမည်။ သူတို့သည် မိမိတို့
ပူဇော်သောယဇ်များကြောင့် ရှက်ကြလိမ့်မည်။

---

Hosea 01

ယေဘုယျ အချက်အလက်
သစ္စာမဲ့သော ဣသရေလပြည်သားတို့ကို ထာဝရဘုရား၏ ငြင်းဆိုမှုဖြင့် အစပြုသည်။

ထာဝရဘုရားသည် ပြည်သူပြည်သားတို့နှင့် တရားတွေ့မှု ရှိတော်မူ၏။
ဣသရေလအမျိုး၏ ဘုရားသခင်ကို ပြစ်မှား၍ ပဋိညာဉ်တရား ချိုးဖောက်မှုကို တရားရုံး၌ အပြစ်တွေ့သကဲ့သို့ တင်စားထားသည်။

တရားတွေ့မှု
တရားစွဲခြင်းကို ဆိုလိုသည်။ ၂:၂ မှ ပြန်ဆိုချက်ကို ရှု။

အဆီးအတားမရှိ
"အဆီးအတား" ဟူရာတွင် တရားဥပဒေဘောင်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တရားမျှတမှု မရှိ"

လူအသက်ကို သတ်သောအပြစ် အထပ်ထပ်ရှိကြ၏
"အသက်ကို သတ်" နေရာတွင် "အသွေးသွန်း" ဖြင့်လည်း အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူ့အသွေးကို အထပ်ထပ် သွန်းကြ၏"

Hosea 03

ထိုကြောင့်၊ ပြည်သည် ငိုကြွေးလိမ့်မည်
အချိန်ကြာမြင့်စွာ မိုးမရွာသောကြောင့် ခြောက်သွေ့ခြင်းကို ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

အားလျော့ကြလိမ့်မည်
ဖျားနာမှုနှင့် အစာငတ်မှုကြောင့် အားလျော့ကာ သေဆုံးခြင်းကို ဆိုလိုသည်။

ကုန်ကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေကုန်ကြလိမ့်မည်"

Hosea 04

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

အဘယ်သူမျှ မဆုံးမစေနှင့်
လူတိုင်းတွင် အပြစ်ရှိသောကြောင့် တဦးနှင့်တဦး စွပ်စွဲခြင်း မပြုသင့်ပါ။

ထိုကြောင့်၊ နေ့အချိန်၌ သင်သည် လဲရလိမ့်မည်
"လဲ" ဟူရာတွင် ဘုရားသခင်ကို အားခဲ၍ ယုံကြည်မှု ပျောက်ဆုံးကြောင်း ဆိုလိုသည်။

သင့်အမိကိုလည်း ငါဖျက်ဆီးမည်
"အမိ" ဟူရာတွင် ဣသရေလတိုင်းပြည်ကို ညွှန်းသည်။ ၂:၂ မှ ပြန်ဆိုချက်ကို ရှု။

Hosea 06

ယေဘုယျ အချက်အလက်
၄:၆ တွင်၊ ထာဝရဘုရားက ဣသရေလ လူတို့အကြောင်းကို ယဇ်ပုရောဟိတ်များထံ ဆုံးမသောစကား ဖြစ်သည်။ ၄:၇ တွင်၊ ယဇ်ပုရောဟိတ်တို့အား ဆုံးမသောစကား ဖြစ်သည်။ UDB မူပြန်ကျမ်းတွင် ဖော်ပြထားသည့်အတိုင်း ယဇ်ပုရောဟိတ်တို့ထံ မိန့်ဆို ဆုံးမသကဲ့သို့ ပြန်ဆိုရမည်။

ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ် တည်းဟူသော သင်တို့သည် ငါ့လူတို့ကို သွန်သင်ခြင်း မပြု၍ ပညာနည်းသဖြင့် ပျက်ဆီးကြ၏"

ပညာ
ဘုရားသခင်ကို သိကျွမ်းသော ဉာဏ်ပညာကို ညွှန်းဆိုသည်။

သို့ဖြစ်၍၊ သူတို့၏ ဘုန်းကို ငါအရှက်ကွဲစေမည်။
ဖြစ်နိုင်ချေများမှာ၊ ၁) "ဘုန်း" မှာ ထာဝရဘုရားကို ပုံဆောင်၍၊ "အရှက်ကွဲ" မှာ တိုင်းတပါး နတ်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့၏ ဘုန်းကြီးရှင် ဘုရားသခင်ကို ပစ်၍ အရှက်ရစရာ နတ်ရုပ်တုကို ကိုးကွယ်ကြ၏" သို့မဟုတ် ၂) အချို့မူပြန်ကျမ်းများ၌ ဤသို့ ပြန်ဆိုထားသည်။ "သို့ဖြစ်၍၊ သူတို့၏ ဘုန်းကို ငါနုတ်ယူမည်။" ယဇ်ပုရောဟိတ်တို့အား ဘုန်းဖြစ်စေသောအရာ မှန်သမျှကို နုတ်ယူခြင်းဖြင့် အရှက်ရစေမည်ဟု ဆိုလိုသည်။

Hosea 08

ယေဘုယျ အချက်အလက်
ယဇ်ပုရောဟိတ်တို့အကြောင်းကို ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

ငါ့လူတို့၏ အပြစ်ဖြေရာ ယဇ်တို့ကို စားလျက်နှင့်ပင်
လူတို့က မိမိတို့အပြစ်ကို ခွင့်လွှတ်ပေးရန်အတွက် ဘုရားသခင်ထံ မီးရှို့ပူဇော်သော ယဇ်ကောင်ကို ဆိုလိုသည်။ ထိုသို့ မီးရှို့ပြီးသော ယဇ်ကောင်ကို ယဇ်ပုရောဟိတ်များက စားသုံးရသည်။ ထို့ကြောင့် လူတို့၏ အပြစ်ကို စားသည်ဟူ၍လည်း ဖော်ပြနိုင်သည်။

ထိုအပြစ်ကို စိတ်စွဲလမ်းတတ်ကြ၏
ယဇ်ကောင် အသားကို အများအပြား စားနိုင်ရန် လူတို့အား ပို၍ အပြစ်ပြုရန် ယဇ်ပုရောဟိတ်တို့ ဆန္ဒရှိကြကြောင်း ဆိုလိုသည်။

ထိုကြောင့်၊ လူတို့၌ ဖြစ်သကဲ့သို့ ယဇ်ပုရောဟိတ်၌ ဖြစ်လိမ့်မည်။
"ထို့ကြောင့်၊ လူတို့နှင့် ယဇ်ပုရောဟိတ်တို့ အတူတကွ ခံရလိမ့်မည်"

သူတို့အကျင့်များ
"သူတို့ဆောင်ရွက်မှုများ" သို့မဟုတ် "သူတို့နည်းများ"

Hosea 10

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

မဘွားမြင်ရကြ။
"သားသမီး တိုးပွားမှု မရှိရကြ"

Hosea 11

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

စိတ်နှလုံးကို ယစ်မူး စေတတ်သော ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ စပျစ်ရည်နှင့် သေရည် သေရက်ကို သောက်ခြင်း
ဣသရေလအမျိုးတို့က ထိန်းမြားခြင်းမရှိသော မေထုန်အမှုနှင့် အရက်သေစာကို စွဲလမ်းကြသည်။ ထို့သို့ဖြင့် ယာဝေးဘုရား၏ ပညာတတ်တော်ကို ချိုးဖောက်ကြသည်။ အထက်ပါအမှုတို့က ယာဝေးဘုရားကို နာခံခြင်းဟူသော အသိတရားမှ လမ်းမှားသို့ ခေါ်ဆောင်တတ်သော လူကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။

ထာဝရဘုရားကို
ဤနေရာတွင် ထာဝရဘုရား ကိုယ်တိုင်က မိန့်ဆိုသောကြောင့် "ငါ့ကို" ဟူ၍လည်း အစားထိုးနိုင်သည်။ UDB မူပြန်ကျမ်းကို ရှု။

စွန့်ပစ်ကြပြီ
ဘုရားသခင်အား ကိုးကွယ်မှုကို ရပ်တန့်သည်။


generated on Sun Jun 30 02:37:40 2024

သူတို့၏တောင်ဝေးသည် အကြံပေးတတ်၏
နတ်ကိုးကွယ်မှုတွင် အနာဂတ်ကို ဟောရန် တောင်ဝှေးတို့ကို အသုံးပြုသည်။ ထိုတောင်ဝှေးတို့ကို အကြံပေးတတ်သော လူကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။

ကိလေသာ စိတ်အားကြီးသောကြောင့်၊ သူတို့သည် လမ်းလွှဲ၍
ဣသရေလအမျိုး၏ နတ်ရုပ်တု ကိုးကွယ်မှုနှင့် နတ်ကျွန်တို့နှင့် မတရား မေထုန်ပြုခြင်းက ထာဝရဘုရားအပေါ် ပြစ်မှားလိုသောဆန္ဒ ဖြစ်စေသည်။ "စိတ်" က ထာဝရဘုရားကို အာခံစေရန် တိုက်တွန်းတတ်သော လူကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။

လမ်းလွှဲ၍
ပြစ်မှားစေသည်။

Hosea 13

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

တောင်ထိပ်ပေါ် ကုန်းပေါ်မှာရှင်း
ဓမ္မဟောင်းခေတ်တွင် လူတို့က "မြင့်မြတ်သောအရပ်" ဟု ခေါ်ကြသော ဤနေရာများတွင် နတ်ရုပ်တုများ တည်ထားကိုးကွယ်လေ့ ရှိသည်။

မိန်းမရှင်တို့
နတ်နန်းအချို့တွင် ပူဇော်ပသရန် ရောက်လာသော ယောက်ျားများနှင့် မတရားမေထုန် ပြုကြသော နတ်ကျွန်များ ဖြစ်သည်။ သက်ဆိုင်ရာ နတ်ကို ပူဇော်သော ဓလေ့အဖြစ် မှတ်ယူကြသည်။

သို့ဖြစ်၍ ပညာမရှိသော သူတို့သည် ဆုံးရှုံးကြလိမ့်မည်
ဘုရားသခင်၏ ပညတ်တော်ကို နားလည်ခြင်းမရှိ၊ လိုက်နာခြင်းမပြုသောကြောင့် ဣသရေလပြည်ကို ထာဝရဘုရား ဖျက်ဆီးတော်မူမည်။

Hosea 15

ယေဘုယျ အချက်အလက်
ယုဒပြည်နှင့် ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ယုဒအမျိုးကို မမှားယွင်းပါစေနှင့်
ဣသရေလပြည်၏ အပြစ်ကို သိမြင်ပြီးဖြစ်၍ ယုဒပြည်၌ ထိုသို့မပြုရန် ဘုရားသခင် အလိုတော်ရှိ၏။

ဂိလဂါလမြို့သို့ မချဉ်းကပ်ကြနှင့်။ ဗေသဝင်မြို့သို့ မသွားကြနှင့်။
ယုဒပြည်သားများထံ ဂိလဂါလမြို့နှင့် ဗေသဝင်မြို့သို့ မသွားရန် သတိပေးခြင်း ဖြစ်သည်။ ယခင်၌ ဂိလဂါလမြို့မှာ ထာဝရဘုရားကို ကိုးကွယ်ရာအရပ် ဖြစ်ခဲ့သော်လည်း၊ ယခုတွင် ရုပ်တုကိုးကွယ်သောနေရာ ဖြစ်လာခဲ့သည်။

ဗေသဝင်မြို့
မြောက်ပိုင်း ဣသရေလပြည်နှင့် တောင်ပိုင်းပြည် ဗယ်ာမိန်အမျိုးတို့ ဒေသ၏ နယ်စပ်မြို့ဖြစ်သည်။

ရုန်းတတ်သော နွားမပျိုကဲ့သို့
ဣသရေလပြည်အား သခင့်စကားကို နားမထောင်သော နွားမပျိုဖြင့် ခိုင်းနှိုင်းထားသည်။

ထာဝရဘုရားသည်
ထာဝရဘုရားက မိမိကိုယ်ကို အပြောခံနာမ်စားဖြင့် ညွှန်းခေါ်ထားသည်။ ပြောဆိုသူနာမ်စားဖြင့် အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည်"

ယခုမှာ ထာဝရဘုရားသည် ကျယ်သောအရပ်၌ သိုးသငယ်ကို ထိန်းသကဲ့သို့၊ ဣသရေလအမျိုးကို ပြုတော်မူမည်
ထိုသို့ နာခံခြင်းမရှိသော သူတို့ကို ထာဝရဘုရား ပြုစုစောင့်ရှောက်မည် မဟုတ်ကြောင်း ထင်ရှားစေရန် မေခွန်းပုံစံဖြင့်လည်း ဖော်ပြနိုင်သည်။ ထာဝရဘုရားက နာခံခြင်းမရှိသော သိုးကောင်ကို စားကျက်မြေသို့ ခေါ်ဆောင်ခြင်း မပြုနိုင်သော သိုးထိန်းကဲ့သို့ မိမိကိုယ်ကို တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ထိုသို့သော လူတို့ကို စားကျယ်မြေသို့ အဘယ်သို့ ခေါ်ဆောင်နိုင်မည်နည်း" သို့မဟုတ် "ယခုမှာ ထာဝရဘုရားသည် ဣသရေလအမျိုးတို့ကို ထိန်းကျောင်းတော်မူမည်မဟုတ်"

Hosea 17

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ဧဖရိမ်သည် ရုပ်တုတို့၌ စွဲကပ်လျက်ရှိ၏။ သူ့ကို တတ်တိုင်းရှိစေလော့
"ဧဖရိမ်" မှာ မြောက်ပိုင်း ဣသရေလပြည်ကို ကိုစားပြုသည်။ သူတို့သည် ထာဝရဘုရားကို ပစ်ပယ်၍ ရုပ်တုကိုးကွယ်ကြသည်။ ထိုသူတို့ကို ဆုံးမခြင်း မပြုရန် ပရောဖက် ဟောရှေကို မိန့်မှာတော်မူသည်။ ဆုံးမစကားကို နာခံမည်မဟုတ်သောကြောင့် ဖြစ်သည်။

မင်းလုပ်သောသူတို့သည် . . . ရှက်ဘွယ်သောအမှုကို တပ်မက်ကြပြီ
ထာဝရဘုရားထံမှ လမ်းလွဲကာ ရုပ်တုကိုးကွယ်သောအမှုတွင် ဣသရေလမင်းတို့သည် ရှက်ကြောက်ခြင်း မရှိကြ။

လေသည် မိမိအတောင်တို့နှင့် တိုက်၍ ပါသွားမည်
"လေ" မှာ ဣသရေလပြည်အပေါ် ဘုရားသခင်၏ တရားစီရင်မှုနှင့် အမျက်ဒေါသကို ကိုယ်စားပြုသည်။ ထာဝရဘုရားက ရန်သူတို့အား ဣသရေလပြည်ကို တိုက်ခိုက်သိမ်းယူ၍ စစ်သုံ့ပန်းအဖြစ် ဖမ်းခေါ်ရန် အခွင့်ပေးမည်။



generated on Sun Jun 30 02:37:40 2024

# Translation Questions

Hosea 4:1

ထာဝရဘုရားသည် အဘယ်သူတို့ကို တရားတွေ့တော်မူခဲ့သနည်း။
ထာဝရဘုရားသည် ပြည်သူပြည်သားများနှင့် တရားတွေ့တော်မူခဲ့သည်။

Hosea 4:3

ပြည်၌ နေထိုင်သော သူအပေါင်းတို့သည် အဘယ်သို့ ဖြစ်ပျက်ခဲ့သနည်း။
ပြည်သားအပေါင်းတို့သည် အားလျော့ကြလိမ့်မည်။

Hosea 4:4

အဘယ်သူသည် ညဥ့်အချိန်၌ လဲရလိမ့်မည်နည်း။
ပရောဖက်သည်လည်း ညဥ့်အချိန်၌ လဲရလိမ့်မည်။

Hosea 4:6

အဘယ်ကြောင့်ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့၏ သားသမီးတို့ကို မေ့လျော့ရသနည်း။
ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့၏ သားသမီးတို့ကို မေ့လျော့ရခြင်းမှာ သူတို့သည် ဘုရားသခင့်တရားကို မေ့လျော့သောကြောင့်ဖြစ်သည်။

Hosea 4:8

လူတို့သည် မည်သို့ ဖြစ်လိမ့်မည်နည်း။
သူတို့သည် ယဇ်ပုရောဟိတ်ကဲ့သို့ ဖြစ်လိမ့်မည်။

Hosea 4:11

လူတွေ၏ သိမြင်နားလည်နိုင်ခြင်းပညာကို အဘယ်အရာက နှုတ်ယူသွားသနည်း။
စိတ်နှလုံးကို ယစ်မူး စေတတ်သော ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ စပျစ်ရည်နှင့် သေရည် သေရက်တို့က နှုတ်ယူသွားခဲ့ကြသည်။

Hosea 4:13

သူတို့သမီးတို့သည် ယောက်ျားနှင့် မှားယွင်းရန် ရွေးချယ်ကြသောလည်း ထာဝရဘုရားသည် အဘယ်ကြောင့် သူတို့၏ သမီးတို့အား မစစ်ကြော မစီရင်တော်မူလိမ့်မည်နည်း။
သူတို့ သမီးတို့သည် ယောက်ျားနှင့် မှားယွင်းရန် ရွေးချယ်ကြသော်လည်း ထာဝရဘုရားသည် သမီးတို့အား မစစ်ကြော မစီရင်တော်မူရခြင်းမှာ ယောက်ျားတို့သည် ကိုယ့်မယားကို စွန့်ပစ်၍ ပြည်တန်ဆာတို့နှင့် ပေါင်းဘော်တတ်ကြသောကြောင့်ဖြစ်သည်။

Hosea 4:15

ဣသရေလအမျိုးတို့သည် မည်သည့်နေရာတွင် မသွားသင့်သနည်း။
ဂိလဂါလမြို့သို့ မချဉ်းကပ်ကြနှင့်၊ ဗေသဝင်မြို့သို့ မသွားကြနှင့်။

Hosea 4:17

သူတို့စားသောက်ပွဲခံချိန်လွန်ပြီးချိန်တွင် ဧဖရိမ်သည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူတို့ စားသောက်ပွဲခံချိန်လွန်ပြီးချိန်တွင် ဧဖရိမ်သည် အထပ်ထပ်အခါခါ မတရားသော မေထုန်ကို ပြုသည်။

## Chapter 5

1 အို ယဇ်ပုရောဟိတ် တို့၊ ကြားကြလော့။ အိုဣသရေလအမျိုးသားတို့၊ နားထောင်ကြလော့။ အို နန်းတော် သားတို့၊
နားထောင်ကြလော့။ သင်တို့သည် စစ်ကြော စီရင်ခြင်းကို ခံရကြမည်။ အကြောင်းမူကား၊ သင်တိုသည် မိဇပါတောင်ပေါ်မှာကျော့ကွင်း၊
တာဗော်တောင်ပေါ်မှာထောင်သော ပိုက်ဖြစ်ကြပြီ။ 2 ယဇ်ကောင် တို့ကိုသတ်သောအားဖြင့် မိမိတို့အပြစ်ကို များပြားစေကြ၏။
ထိုကြောင့်၊ ငါသည် ထိုသူအပေါင်းတို့၌ အပြစ်ဒဏ် ပေးမည်။ 3 ဧဖရိမ်ကို ငါသိ၏။ ဣသရေလသည်လည်းငါ့ရှေ့မှ ပုန်းရှောင်၍
မနေနိုင်။ ယခုပင် အိုဧဖရိမ်၊ သင်သည်မှားယွင်း၍ ဣသရေလသည် ညစ်ညူးခြင်းရှိ၏။ 4 သူတို့သည်ပြုမြဲပြုသောကြောင့်၊
သူတို့၏ဘုရားသခင့် ထံတော်သို့ပြန်၍ မလာနိုင်ကြ။ မှားယွင်းသော သဘောစွဲလမ်းသည်ဖြစ်၍၊ ထာဝရဘုရားကိုမသိကြ။ 5
ဣသရေလအမျိုး၏ မာနသည်သူ့မျက်မှောက်၌ နှိမ့်ချခြင်းသို့ရောက်သဖြင့်၊ ဣသရေလနှင့် ဧဖရိမ်သည် မိမိတို့ အပြစ်၌လဲ၍၊
သူတို့နှင့် အတူယုဒ အမျိုးသည်လည်းလဲလိမ့်မည်။ 6 သိုးစု နွားစု ပါလျက်၊ ထာဝရဘုရားကိုရှာခြင်းငှါ သွားကြသော်လည်း
မတွေ့ရကြ။ သူတို့နှင့် ကွာတော်မူပြီ။ 7 သူတို့သည်ထာဝရဘုရားထံတော်၌ ခံသောသစ္စာကို ဖျက်ကြပြီ။ အကြောင်းမူကား၊
တပါးအမျိုးသား တို့ကို ဘွားမြင်ကြပြီ။ လဆန်းနေ့ရောက်မှ သူတို့နှင့်သူတို့ဥစ္စာသည်ပျက်စီးလိမ့်မည်။ 8 ဂိဗာမြို့၌ နှဲခရာကိုင်း၊
ရာမမြို့၌ တံပိုးကိုင်း မှုတ်ကြလော့။ ဗေသဝင်မြို့၌ ကြွေးကြော်ကြလော့။ အိုဗယ်္ာမိန်အမျိုး၊ နောက်သို့ ကြည့်ကြလော့။ 9
ဣသရေလ အမျိုးအနွယ်တို့ကို ဆုံးမသတိပေး သော နေ့၌ ဧဖရိမ်သည် ပျက်စီးရလိမ့်မည်။ ဆက်ဆက် ဖြစ်လတံ့သော အမှုကို
ငါဘော်ပြ၏။ 10 ယုဒမင်းတို့သည် မြေမှတ်တိုင်တို့ကို ရွှေ့သော သူကဲ့သို့ ဖြစ်ကြ၏။ ငါသည် သူတို့အပေါ်သို့ ငါ့အမျက်ကို ရေကဲ့သို့
သွန်းလောင်းမည်။ 11 ဧဖရိမ်သည် ညှဉ်းဆဲခြင်းကို ခံရ၏။ တရား စီရင်ခြင်းနှင့်တွေ့၍ ဆုံးရှုံးရ၏။ အကြောင်းမူကား၊
အမိန့်တော်အတိုင်း ကျင့်လေပြီ။ 12 ထိုကြောင့်၊ ငါသည် ဧဖရိမ်၌ ကိုက်တတ်သော ပိုးကောင်၊ ယုဒအမျိုး၌ စားတတ်သော အနာကဲ့သို့
ဖြစ်မည်။ 13 ဧဖရိမ်သည် မိမိအပေါက်တို့ကိုငင်း၊ ယုဒသည် မိမိအနာကိုငင်း မြင်သောအခါ၊ ဧဖရိမ်သည် အာရှု ရှိမင်းထံသို့ သွား၍၊
ယုဒသည် ရှင်ဘုရင်ယာရက်ထံသို့ စေလွှတ်သော်လည်း၊ ထိုမင်းတို့သည် သင်တို့အပေါ်ကို မဖါနိုင်၊ အနာကိုလည်း မပျောက်စေနိုင်ကြ။
14 အကြောင်းမူကား၊ ငါသည် ဧဖရိမ်၌ ခြင်္သေ့ကဲ့သို့၄င်း၊ ယုဒအမျိုး၌ ခြင်္သေ့ပျိုကဲ့သို့၄င်း ဖြစ်မည်။ငါသည် ကိုယ်တိုင်ကိုက်ဖြတ်၍
သွားမည်။ ချီသွား၍ အဘယ်သူမျှ မနှုတ်ရ။ 15 သူတို့သည် ကိုယ်အပြစ်ကို ဝန်မချ။ ငါ့မျက်နှာ ကို မရှာမှီတိုင်အောင် ငါသည်
ကိုယ်နေရာသို့ ပြန်သွား၍ နေမည်။ အမှုရောက်သောအခါ သူတို့သည် ငါ့ကိုကြိုးစား ၍ ရှာကြလိမ့်မည်။

---

Hosea 01

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

အကြောင်းမူကား၊ သင်တိုသည် မိဇပါတောင်ပေါ်မှာ ကျော့ကွင်း၊ တာဗော်တောင်ပေါ်မှာ ထောင်သောပိုက် ဖြစ်ကြပြီ။
ကျော့ကွင်းနှင့် ပိုက်မှာ သားကောင်ကို ဖမ်းသော ကိရိယာဖြစ်သည်။ ဤကျမ်းပိုဒ်တွင်မူ၊ ယဇ်ပုရောဟိတ်နှင့် မင်းဆွေမင်းမျိုးတို့က ပြည်သူတို့ကို ထာဝရဘုရားနှင့် ဝေးကွာ၍ ရုပ်တုများ ကိုးကွယ်စေရန် နည်းမျိုးစုံ အသုံးပြုကြောင်း ဆိုလိုသည်။ မိဇပါနှင့် တာဗော်တောင်များမှာ နတ်ရုပ်တု ကိုးကွယ်သောအရပ်ဖြစ်သည်။

ယဇ်ကောင်တို့ကို သတ်သောအားဖြင့် မိမိတို့အပြစ်ကို များပြားစေကြ၏
"မိမိတို့" ဟူရာတွင် ထာဝရဘုရားထံမှ ထွက်သွားသော ပုန်ကန်သူများကို ညွှန်းသည်။ "ယဇ်ကောင်" မှာ တိုင်းတပါးနတ်တို့ထံ ဆက်သရန် သတ်သော အကောင်များကို ညွှန်းသည်။

မိမိတို့အပြစ်
ပုန်ကန်သော ဣသရေလအမျိုးတို့ထံ ဘုရားသခင်၏ မိန့်ဆိုစကား ဖြစ်သောကြောင့် "သင်တို့" ဟူ၍လည်း ဖော်ပြနိုင်သည်။

ယဇ်ကောင်တို့ကို သတ်သောအားဖြင့်
ခေတ်ပေါ် မူပြန်ကျမ်းများတွင် ဤစာပိုဒ်ကို ပြစ်မှားခြင်းနှင့် ဆိုင်သော အသုံးအနှုန်းများဖြင့် ဖော်ပြထားသည်။

ထိုကြောင့်၊ ငါသည် ထိုသူအပေါင်းတို့၌ အပြစ်ဒဏ်ပေးမည်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ထို့ကြောင့်၊ ငါသည် သင်တို့အားလုံးကို အပြစ်ဒဏ်ပေးမည်" ဟူ၍လည်း ဖော်ပြနိုင်သည်။

Hosea 03

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ဧဖရိမ်ကို ငါသိ၏။ ဣသရေလသည်လည်း ငါ့ရှေ့မှ ပုန်းရှောင်၍မနေနိုင်။
"ဧဖရိမ်" နှင့် "ဣသရေလ" ဟူရာတွင် မြောက်ပိုင်း ဣသရေလပြည်တွင် နေထိုင်သောသူများကို ညွှန်းဆိုသည်။


generated on Sun Jun 30 02:37:40 2024

ထိုသူတို့အကြောင်းနှင့် ထိုသူတို့၏ အပြုအမူကို ဘုရားသခင် သိတော်မူကြောင်း ဆိုလိုသည်။

ယခုပင် အိုဧဖရိမ်၊ သင်သည် မှားယွင်း၍
"မှားယွင်း" ဟူရာတွင် ဧဖရိမ်ကို ယောကျာ်းအပေါ် သစ္စာမဲ့သော ပြည့်တန်ဆာဖြင့် ခိုင်းနှိုင်းလိုခြင်း ဖြစ်သည်။

သူတို့၏ ဘုရားသခင့် ထံတော်သို့ . . . ထာဝရဘုရားကို
ဘာသာပြန်ဆိုသူများ အနေဖြင့် "ငါ့ အထံသို့ ... ငါ့ကို မသိကြ" သို့မဟုတ် "ငါ့ အထံသို့ ... ငါ ထာဝရဘုရားကို မသိကြ" ဟူ၍ အစားထိုး ဖော်ပြနိုင်သည်။

မှားယွင်းသောသဘော စွဲလမ်းသည်ဖြစ်၍
ဘုရားသခင်အပေါ် သစ္စာမဲ့လိုသော စိတ်ဆန္ဒရှိကြောင်း ဆိုလိုသည်။ ရုပ်တုများ ကိုးကွယ်လိုကြသည်။

ထာဝရဘုရားကို မသိကြ
ဣသရေလအမျိုးက ထာဝရဘုရားကို နာခံခြင်း မပြုကြ။ ထာဝရဘုရားကို မိမိတို့ ဘုရားသခင်အဖြစ် အသိအမှတ် မပြုကြ။

Hosea 05

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ဣသရေလအမျိုး၏ မာနသည် သူ့မျက်မှောက်၌ နှိမ့်ချခြင်းသို့ ရောက်သဖြင့်
မာနကို ဣသရေလအမျိုး၏ တဖက်၌ သက်သေပြုသော တရားလိုကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။ ထိုသူတို့၏ မာန်မာန ကြီးသောအပြုအမူများက ထာဝရဘုရားကို နာခံခြင်းမရှိကြောင်း သက်သေဖြစ်သည်။

ဣသရေလနှင့် ဧဖရိမ်သည် မိမိတို့အပြစ်၌ လဲ၍၊ သူတို့နှင့်အတူ ယုဒအမျိုးသည်လည်း လဲလိမ့်မည်
တိုင်းပြည် နှစ်ခုလုံးက မိမိတို့ မာနနှင့် အပြစ်ကြောင့် ဘုရားသခင်ကို အာခံမည်အကြောင်း ဆိုလိုသည်။

သူတို့သည် ထာဝရဘုရား ထံတော်၌ခံသော သစ္စာကို ဖျက်ကြပြီ။ အကြောင်းမူကား၊ တပါးအမျိုးသားတို့ကို ဘွားမြင်ကြပြီ
ဖြစ်နိုင်ချေများမှာ၊ ၁) တိုင်းတပါးသားတို့နှင့် ထိမ်းမြား၍ သားသမီး မွေးဖွားကြောင်း ဆိုလိုခြင်း ဖြစ်မည်။ သို့မဟုတ် ၂) ထာဝရဘုရားထံမှ ထွက်သွားပြီး မိမိတို့ သားသမီးများကို ရုပ်တုကိုးကွယ်ရန် သွန်သင်ပေးကြောင်း ဆိုလိုသည်။

လဆန်းနေ့ရောက်မှ သူတို့နှင့် သူတို့ဥစ္စာသည် ပျက်စီးလိမ့်မည်။
ဣသရေလ လူတို့က လဆန်းနေ့တိုင်း ပွဲကျင်းပကြသည်။ သို့ရာတွင်၊ လူတို့နှင့် သူတို့၏မြေယာများ စားတတ်သော လူကဲ့သို့ ထိုလဆန်းကို ပုဂ္ဂိုလ်ပြုထားသည်။ ထိုသို့ တိုက်ရိုက် ပြန်ဆိုရန် အခက်အခဲများ ရှိတတ်သည်။ မူပြန်ကျမ်းအချို့တွင် အနက်မသိရသော အသုံးအနှုန်းများဖြင့် ပြန်ဆိုထားကြောင်း တွေ့ရသည်။ ထို့ကြောင့်၊ ဘုရားသခင်အပေါ် သစ္စာမဲ့သောအမှုကြောင့် အပြစ်စီရင်မည်ဟု အနက်ရစေမည့် အသုံးအနှုန်းဖြင့်သာ ပြန်ဆိုပါရန်။

Hosea 08

ယေဘုယျ အချက်အလက်
ဣသရေလပြည်အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ဂိဗာမြို့၌ နဲ့ခရာကိုင်၍၊ ရာမမြို့၌ တံပိုးကိုင်၍ မှုတ်ကြလော့။
"နဲ့ခရာ" နှင့် "တံပိုး" ဟူရာတွင် ဆိုလိုချက် တူညီသည်။ ဂိဗာနှင့် ရာမမြို့မှ မြို့သားတို့ထံ ရန်သူများ ရောက်လာကြောင်း အသိပေးသော အသုံးအနှုန်းဖြစ်သည်။

ဗေသဝင်မြို့
မြောက်ပိုင်း ဣသရေလပြည်နှင့် တောင်ပိုင်းပြည် ဗယာမိန်အမျိုးတို့ဒေသ၏ နယ်စပ်မြို့ဖြစ်သည်။ ၄:၁၅ မှ ပြန်ဆိုချက်ကို ရှု။

ဗေသဝင်မြို့၌ ကြွေးကြော်ကြလော့။ အိုဗယာမိန်အမျိုး၊ နောက်သို့ ကြည့်ကြလော့။
မူရင်းကျမ်း၏ ဆိုလိုရင်းမှာ တိုက်ပွဲ၌ ဗယာမိန်အမျိုးက ဦးဆောင်ရန် တောင်းဆိုသောစကား ဖြစ်သည်။ ခေတ်ပေါ် မူပြန်ကျမ်းများတွင် အနက်ကွဲသော ပြန်ဆိုချက်မျိုးစုံဖြင့် ဖော်ပြထားသည်။

ဆက်ဆက် ဖြစ်လတံ့သောအမှုကို ငါဘော်ပြ၏
"ဖော်ပြထားသော အမှုကို ငါပြုမည်"

Hosea 10

ယေဘုယျ အချက်အလက်
ယုဒပြည်နှင့် ဣသရေလပြည် အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ယုဒမင်းတို့သည် မြေမှတ်တိုင်တို့ကို ရွှေ့သောသူကဲ့သို့ ဖြစ်ကြ၏
"မြေမှတ်တိုင်တို့ကိုရွှေ့ခြင်း" ဟူရာတွင် ပိုင်ဆိုင်သော မြေနေရာ ခြံစည်းရိုးကို ခွင့်ပြုချက်မရှိဘဲ ရွှေ့ပြောင်းခြင်း ဖြစ်ပြီး၊ ဣသရေလ ဥပဒေအရ ပြစ်မှုတခု ဖြစ်သည်။

ငါသည် သူတို့အပေါ်သို့ ငါ့အမျက်ကို ရေကဲ့သို့ သွန်းလောင်းမည်။
မြစ်ချောင်းကဲ့သို့ အမျက်ဒေါသကို သွန်းချ၍ ယုဒပြည်ကို ဖျက်ဆီးမည်ဟု ဆိုလိုသည်။ ကျမ်းစာထဲတွင်၊ စိတ်ခံစားချက်နှင့် ဘုန်းတန်ခိုး စသည်တို့ကို ရေဖြင့် တင်စားလေ့ရှိသည်။

ဧဖရိမ်သည် ညှဉ်းဆဲခြင်းကို ခံရ၏။ တရားစီရင်ခြင်းနှင့် တွေ့၍ ဆုံးရှုံးရ၏။
အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ ဆိုလိုရင်း ထင်ရှားစေရန် နှစ်ကြိမ် ဖော်ပြထားသည်။ "ဧဖရိမ်" မှာ မြောက်ပိုင်း ဣသရေလပြည်သားတို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလပြည်သားတို့အား ပြင်းထန်စွာ ငါစီရင်မည်"


generated on Sun Jun 30 02:37:40 2024

အမိန့်တော်အတိုင်း ကျင့်လေပြီ
အထက်၌ ဖော်ပြထားသည်အတိုင်း ရုပ်တုကိုးကွယ်ခြင်းကို ညွှန်းသည်။

Hosea 12

ယေဘုယျ အချက်အလက်
ယုဒပြည်နှင့် ဣသရေလပြည် အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

ငါသည် ဧဖရိမ်၌ ကိုက်တတ်သော ပိုးကောင်၊ ယုဒအမျိုး၌ စားတတ်သော အနာကဲ့သို့ ဖြစ်မည်
မူရင်းကျမ်းတွင် ဘုရားသခင်က မိမိကိုယ်ကို ဖျက်ဆီးတတ်သော ပိုးကောင်နှင့် ချကောင်တို့ဖြင့် ခိုင်းနှိုင်းထားသည်။ ဤတိုင်းပြည် နှစ်ခုကို ဖျက်ဆီးမည်ဟု ဆိုလိုသည်။

ကိုက်တတ်သော ပိုးကောင် . . . စားတတ်သော အနာ
မူရင်း ဟေဗြဲ အသုံးအနှုန်း၌ အနက်အဓိပ္ပါယ် မျိုးစုံရှိသဖြင့်၊ နားလည်ရလွယ်သော စကားလုံးကို အသုံးပြုနိုင်သည်။

ဧဖရိမ်သည် မိမိအပေါက်တို့ကိုင်၊ ယုဒသည် မိမိအနာကိုင်၊ မြင်သောအခါ
မြောက်ပိုင်း ဣသရေလပြည်နှင့် တောင်ပိုင်း ယုဒပြည်တို့က ဘေးအန္တရာယ်နှင့် တွေ့ရမည်ကို ဆိုလိုသည်။

ဧဖရိမ်သည် အာရှုရိမင်းထံသို့ သွား၍၊ ယုဒသည် ရှင်ဘုရင်ယာရက်ထံသို့ စေလွှတ်သော်လည်း
နှစ်ပြည်လုံးက ထာဝရဘုရားထံ မေးမြန်းခြင်းမပြုဘဲ အာရှုရိတို့ထံ အကူအညီ တောင်းခဲ့သည်။ "ရှင်ဘုရင်ယာရက်" မှာ အာရှုရိမင်းတို့၏ ဂုဏ်ပုဒ်ဖြစ်သည်။

ထိုမင်းတို့သည် သင်တို့အပေါက်ကို မဖါနိုင်၊ အနာကိုလည်း မပျောက်စေနိုင်ကြ။
"ထိုမင်းတို့" မှာ အာရှုရိ ဘုရင်တို့ကို ညွှန်းဆိုသည်။

Hosea 14

ယေဘုယျ အချက်အလက်
ယုဒပြည်နှင့် ဣသရေလပြည် အကြောင်းကို ထာဝရဘုရား မိန့်ဆိုသည်။

အကြောင်းမူကား၊ ငါသည် ဧဖရိမ်၌ ခြင်္သေ့ကဲ့သို့၎င်း
ထာဝရဘုရားက ခြင်္သေ့ကဲ့သို့ ဧဖရိမ်ကို တိုက်ခိုက်မည်။

ယုဒအမျိုး၌ ခြင်္သေ့ပျိုကဲ့သို့၎င်း ဖြစ်မည်
အထက်ပါ စာပိုဒ်နှင့် အနက်ချင်း တူညီသည်။ မြောက်ပိုင်းနှင့် တောင်ပိုင်းပြည် နှစ်ခုလုံးအပေါ် ယဝေးဘုရား၏ စိတ်တော် မတွေ့မှုကို ခြင်္သေ့ဖြင့် ခိုင်းနှိုင်းထားသည်။

ငါသည် ကိုယ်တိုင်
မိမိလူတို့အပေါ် ထာဝရဘုရား ကိုယ်တော်တိုင် တရားစီရင်မည်ဖြစ်ကြောင်း ဆိုလိုသည်။

ကိုက်ဖြတ်၍
ထာဝရဘုရားက မိမိလူတို့အား မိမိတို့ အိုးအိမ်နှင့်တိုင်းပြည်မှ ဖြတ်ထုတ်မည်ဖြစ်ကြောင်း၊ သားကောင်၏ အသားကို ခြင်္သေ့ ကိုက်ဖြတ်သကဲ့သို့ တင်စားထားသည်။

ငါ့မျက်နှာကို မရှာမှီတိုင်အောင်
ဘုရားသခင်ကို ကိုးကွယ်၍ ပူဇော်ခြင်းအမှုကို ဘုရားသခင်၏ မျက်မှောက်တော်ကို ရှာဖွေခြင်းဖြင့် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့အား နားညောင်းရန် မတောင်းမီတိုင်အောင်"

ငါသည် ကိုယ်နေရာသို့ ပြန်သွား၍ နေမည်
ထာဝရဘုရားက ပုန်ကန်တတ်သော မိမိလူတို့ကို စွန့်ခွာမည်။

## Translation Questions

Hosea 5:1

ပုန်ကန်သူတွေဟာ မည်သည့်နေရာတွင် ရပ်တည်နေသနည်း။
ပုန်ကန်သူတွေဟာ သတ်ဖြတ်ဖျက်စီးဖို့ရန် ရပ်တည်နေကြသည်။

Hosea 5:3

မည်သည့်အရာက ဧဖရိမ်ကို ဘုရားသခင့်ထံတော်သို့ ပြန်မလာနိုင်အောင်ဟန့်တားထားသနည်း။
ဧဖရိမ်၏အပြုအမူများသည် သူ့အား ဘုရားသခင်ထံတော်သို့ပြန်မလာနိုင်အောင် ဟန့်တားကြလိမ့်မည်။

Hosea 5:5

ဣသရေလ၊ ဧဖရိမ်နှင့်ယုဒ အမျိုးတို့သည် အဘယ်ကြောင့် ထာဝရဘုရားကို မရှာတွေ့ကြသနည်း။
ဣသရေလ၊ ဧဖရိမ်နှင့် ယုဒအမျိုးတို့သည် ထာဝရဘုရားကို မရှာတွေ့ကြရခြင်းမှာ သူတို့နှင့် ကွဲကွာတော်မူသောကြောင့်ဖြစ်သည်။

Hosea 5:8

ဧဖရိမ်သည် ယိုယွင်းပျက်စီးလာကြောင်းကို အဘယ်သူသည် ဆုံးမသတိပေးထားခဲ့သနည်း။
ဧဖရိမ်သည် ယိုယွင်းပျက်စီးလာကြောင်းကို ထာဝရဘုရားသည် ဆုံးမသတိပေးထားခဲ့သည်။



generated on Sun Jun 30 02:37:40 2024

Hosea 5:10

ထာဝရဘုရားသည် အဘယ်သူတို့ပေါ်မှာ အမျက်ဒေါသကို သွန်းလောင်းလိမ့်မည်နည်း။

ထာဝရဘုရားသည် ယုဒမင်းတို့အပေါ် အမျက်ဒေါသကို သွန်းလောင်းတော်မူလိမ့်မည်။

Hosea 5:12

ဧဖရိမ်သည် အာရှုရိမင်းထံသို့ မည်သည့်အချိန်တွင် သွားခဲ့သနည်း။

ဧဖရိမ်သည် မိမိနေမကောင်းခြင်းကိုသိမြင်သောအခါ အာရှုရိမင်းထံသို့ သွားခဲ့သည်။

Hosea 5:14

ထာဝရဘုရားသည် မိမိနေရာသို့ မည်မျှလောက်ကြာအောင် ပြန်သွား၍ နေတော်မူလိမ့်မည်နည်း။

ဧဖရိမ်နှင့် ယုဒအမျိုးတို့သည် ကိုယ်အပြစ်ကို ဝန်ချ၍ သူ့မျက်နှာကို ရှာသည်တိုင်အောင်၊ အမှုရောက်သောအခါ သူတို့သည် ငါ့ကို ကြိုးစား၍ ရှာကြသည်တိုင်အောင် ထာဝရဘုရားသည် သူ့နေရာသို့ပြန်သွား၍နေမည်။

## Chapter 6

1 လာကြ။ ထာဝရဘုရားထံတော်သို့ ပြန်ကြ ကုန်အံ့။ ကိုယ်တော်သည် ကိုက်ဖြတ်သော်လည်း ပကတိ ဖြစ်စေတော်မူမည်။
ဒဏ်ခတ်သော်လည်း အနာကို စည်းတော်မူမည်။ 2 နှစ်ရက်လွန်ပြီးမှ ငါတို့ကို အသက်ရှင်စေ၍၊ သုံးရက်မြောက်သောနေ့၌
ထမြောက်စေတော်မူသဖြင့်၊ အထံတော်၌ ငါတို့သည် အသက်ရှင်ကြလိမ့်မည်။ 3 ပညာကိုလည်း ရကြလိမ့်မည်။ ထာဝရဘုရားကို
သိခြင်းငှါ လိုက်ရှာကြလိမ့်မည်။ ထာဝရဘုရားကို သိခြင်း ငှါ လိုက်ရှာကြလိမ့်မည်။ ထွက်တော်မူချိန်သည် နံနက် ကဲ့သို့ ဖြစ်လိမ့်မည်။
ရွာသောမိုဃ်းနှင့် မြေအပေါ်သို့ ရွာသော နောက်မိုဃ်းကဲ့သို့ သက်ရောက်တော်မူလိမ့်မည်။ 4 အိုဧဖရိမ်၊ သင်၌ အဘယ်သို့
ငါပြုရမည်နည်း။ အိုယုဒ၊ သင်၌ အဘယ်သို့ ငါပြုရမည်နည်း။ သင်တို့ ကြည်ညိုသော စိတ်သည် နံနက်မိုဃ်းတိမ်ကဲ့သို့၎င်း၊
စောစောပျောက်တတ်သော နှင်းကဲ့သို့၎င်းဖြစ်၏။ 5 ထိုကြောင့် သူတို့ကို ပရောဖက်များအားဖြင့် ငါသည် အပိုင်းပိုင်းခုတ်ဖြတ်ရပြီ။
ငါ့နှုတ်ထွက်စကား အားဖြင့် သတ်ရပြီ။ ငါ့စီရင်ချက်တို့သည်လည်း ထွန်းလင်း သော အလင်းကဲ့သို့ ဖြစ်ကြပြီ။ 6 ယဇ်ပူဇော်ခြင်း
အကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို၎င်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကို၎င်း ငါနှစ်သက်၏။ 7
သူတို့သည် အာဒံကဲ့သို့ ပဋိညာဉ်ကို လွန်ကျူး ကြပြီ။ နေရင်းအရပ်၌ ငါ့သစ္စာကို ဖျက်ကြပြီ။ 8 ဂိလဒ်မြို့သည် အဓမ္မပြုသော
သူတို့နေရာ ဖြစ်၍၊ လူအသွေးနှင့် စွန်းသော ခြေရာများ၏။ 9 ထားပြအလုံးအရင်းသည် ခရီးသွားသော သူကို ချောင်း၍
ကြည့်သကဲ့သို့၊ ယဇ်ပုရောဟိတ် အပေါင်း အသင်းသည် ရှေခင်မြို့သို့သွားသော လမ်း၌ပင် အသက် ကို သတ်တတ်ကြ၏။ 10
အကယ်စင်စစ် အဓမ္မအမှုကို ပြုတတ်ကြ၏။ ကြောက်မက်ဘွယ်သောအမှုကို ဣသ ရေလအမျိုး၌ ငါမြင်ပြီ။ ထိုအမျိုး၌ ဧဖရိမ်သည်
မှားယွင်း တတ်၏။ ဣသရေလသည် ညစ်ညူးခြင်းရှိ၏။ 11 ထိုမှ တပါး အိုယုဒအမျိုး၊ သိမ်းသွားသော ငါ၏လူတို့ကို
ငါဆောင်ခဲ့ပြန်သောအခါ၊ စပါး ရိတ်ရာကာလသည် သင့်အဖို့ ခန့်ထားလျက်ရှိ၏။

---

### Hosea 01

ဆက်စပ်မှု ဖော်ပြချက်

ဣသရေလအမျိုးတို့က မိမိအပြစ်အတွက် နောင်တရခြင်း။

ကိုယ်တော်သည် ကိုက်ဖြတ်သော်လည်း . . . ဒဏ်ခတ်သော်လည်း

ဘုရားသခင်၏ စကားကို နားမထောင်၊ ရုပ်တုများ ကိုးကွယ်သောကြောင့် ဣသရေလအမျိုးကို ဘုရားသခင် ဒဏ်ခတ်တော်မူသည်။

ပကတိ ဖြစ်စေတော်မူမည် . . . အနာကို စည်းတော်မူမည်

နောင်တရလျှင် ဘုရားသခင်က ချမ်းသာပေး၍ အခက်အခဲများမှ ကယ်တင်မည်ဟု ဣသရေလအမျိုးတို့ ယုံကြည်ကြသည်။

နှစ်ရက်လွန်ပြီးမှ ငါတို့ကို အသက်ရှင်စေ၍၊ သုံးရက်မြောက်သောနေ့၌ ထမြောက်စေတော်မူသဖြင့်

ခဏတာအချိန်ကို ကိုယ်စားပြုသည်။ ဘုရားသခင်က မိမိတို့ရန်သူများ ထံမှ ကယ်တင်မည်ဟု ခံယူကြသည်။

နှစ်ရက် . . . သုံးရက်မြောက်သောနေ့

"၂ ရက် ... တတိယရက်"

ထာဝရဘုရားကို သိခြင်းငှါ လိုက်ရှာကြလိမ့်မည်

"သိ" ဟုရာတွင် ဘုရားသခင်၏ အကြောင်းနှင့် ပညတ်တော်သာ မဟုတ်ဘဲ၊ ဘုရားအပေါ် သစ္စာရှိရန်လည်း ဆိုလိုသည်။ (UDB မူပြန်ကျမ်းကို ရှု)

ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ ဖြစ်လိမ့်မည်

နံနက်တွင် နေထွက်သကဲ့သို့ ဘုရားသခင်က မိမိလူတို့ကို ကယ်တင်တော်မူမည်။

### Hosea 04

ဆက်စပ်မှု ဖော်ပြချက်

ထာဝရဘုရား မိန့်တော်မူသည်။

သင်၌ အဘယ်သို့ ငါပြုရမည်နည်း။

ဘုရားသခင်၌ သည်းခံစိတ် ကုန်ဆုံးပြီဖြစ်ကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၌ ပြုရမည့်အမှုမှာ ခက်လှပေပြီ"

ထိုကြောင့် သူတို့ကို ပရောဖက်များအားဖြင့် ငါသည် အပိုင်းပိုင်း ခုတ်ဖြတ်ရပြီ။

ပုန်ကန်တတ်သော လူမျိုးထံ မိမိပရောဖက်များ စေလွှတ်၍ ဖျက်ဆီးခြင်းခံရမည်အကြောင်း မိန့်မှာခဲ့သည်။ ဖျက်ဆီးခြင်းကို "အပိုင်းပိုင်း ခုတ်ဖြတ်ခြင်း" ဖြင့် တင်စားထားသည်။

ငါ့စီရင်ချက်တို့သည်လည်း ထွန်းလင်းသော အလင်းကဲ့သို့ ဖြစ်ကြပြီ။

ဘုရားသခင်၏ တရားစီရင်ချက်မှာ အားပြင်းသော မိုးကြိုးကဲ့သို့ ဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်ပေမည်

ငါ့စီရင်ချက်တို့

"ထာဝရဘုရား၏ စီရင်ချက်များ"

 

Hosea 06

ယေဘုယျ အချက်အလက်

ထာဝရဘုရား မိန့်တော်မူသည်။

ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ကရုဏာ အကျင့်ကိုငှင်း . . . ငါနှစ်သက်၏

အထက်ပါ မူရင်း ဟေဗြဲ စာပေဖွဲ့စည်းပုံမျိုးက "ပို၍" ဟူသော အနက်ကို ဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သနားခြင်းကရုဏာကို ယဇ်ပူဇော်ခြင်းထက်ငှင်း ... ငါ ပို၍နှစ်သက်၏"

အာဒံကဲ့သို့

ဖြစ်နိုင်ချေများမှာ၊ ၁) ပထမလူ အာဒံကို ညွှန်းသည်။ သို့မဟုတ် ၂) ဣသရေလပြည်ရှိ အာဒံ ဟုခေါ်သော မြို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဒံမြို့သားများကဲ့သို့" သို့မဟုတ် ၃) လူသားအားလုံးကို ခြုံငုံ၍ ညွှန်းဆိုခြင်း ဖြစ်သည်။ "အာဒံ" အနက်မှာ "လူ" သို့မဟုတ် "လူသား" ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူသားကဲ့သို့"

Hosea 08

ယေဘုယျ အချက်အလက်

ထာဝရဘုရား မိန့်တော်မူသည်။

ဂိလဒ်မြို့သည် . . . နေရာ ဖြစ်၍၊ လူအသွေးနှင့်စွန်းသော ခြေရာ များ၏

"လူအသွေးနှင့်စွန်းသော ခြေရာ" ဟူရာတွင် ထိုသူတို့၏ လူသတ်သော အမှုကို ကိုယ်စားပြုသည်။

ယဇ်ပုရောဟိတ် အပေါင်းအသင်းသည် ရှေခင်မြို့သို့သွားသော လမ်း၌ပင် အသက်ကို သတ်တတ်ကြ၏

အဘယ်ကို ညွှန်းဆိုကြောင်း နားမလည်နိုင်ပါ။ ဘာသာရေးနှင့် နိုင်ငံရေး၌ အချက်အချာ ကျသော ရှေခင်မြို့သို့ သွားရောက်သူများကို ယဇ်ပုရောဟိတ်တို့က အမှန်တကယ် သတ်ဖြတ်ခဲ့ပါသလော။ သို့မဟုတ်၊ ဘုရားသခင်ကို နားလည်သော ဉာဏ်ပညာနှင့် ကိုးကွယ်မှု သဘောကို "အဆုံးသတ်" လိုက်သလော။ မူရင်းကျမ်းတွင် ဖော်ပြထားသည်အတိုင်း ရိုးရှင်းစွာ ပြန်ဆိုရန် ဖြစ်သည်။

Hosea 10

ယေဘုယျ အချက်အလက်

ထာဝရဘုရား မိန့်တော်မူသည်။

ထိုအမျိုး၌ ဧဖရိမ်သည် မှားယွင်းတတ်၏။

ဧဖရိမ်အမျိုး၏ ရုပ်တု ကိုးကွယ်မှုကို ညွှန်းဆိုသည်။

ဣသရေလသည် ညစ်ညူးခြင်းရှိ၏။

ဣသရေလတို့၏ အပြုအမူကြောင့် ဘုရားသခင် ရှေ့တော်၌ မသန့်ရှင်းသောသူများ ဖြစ်ကြရသည်။

ထိုမှတပါး အိုယုဒအမျိုး၊ သိမ်းသွားသော ငါ၏လူတို့ကို ငါဆောင်ခဲ့ပြန်သောအခါ

အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုမှတပါး ယုဒအမျိုးအတွက်၊ ငါစီရင်သော"

စပါးရိတ်ရာကာလ

ဣသရေလပြည်နှင့် ယုဒပြည်အား တရားစီရင်မည့်ကာလကို ကိုယ်စားပြုသည်။

---

## Translation Questions

Hosea 6:1

ထာဝရဘုရားသည် ဣသရေလတို့ကို အပိုင်းပိုင်းကွဲပြားစေသော်လည်း သူသည် မည်ကဲ့သို့ ပြုလိမ့်မည်နည်း။

သူသည် သူတို့အား အပိုင်းပိုင်းကွဲပြားစေသော်လည်း အနာကို စည်းတော်မူလိမ့်မည်။

ထာဝရဘုရားသည် သူ့လူတို့ကို မည်သည့်အချိန် ထမြောက်စေတော်မူလိမ့်မည်နည်း။

သူသည် သူတို့အား သုံးရက်မြောက်သောနေ့၌ ထမြောက်စေတော်မူလိမ့်မည်။

Hosea 6:4

ယုဒနှင့် ဧဖရိမ်တို့၏ ကြည်ညိုသောစိတ်သည် အဘယ်ကဲ့သို့ ဖြစ်ခဲ့သနည်း။

သင်တို့၏ ကြည်ညိုသောစိတ်သည် နံနက် မိုဃ်းတိမ်ကဲ့သို့ငှင်း၊ စောစောပျောက်တတ်သော နှင်းကဲ့သို့ ငှင်းဖြစ်၏။

Hosea 6:6

ထာဝရဘုရားသည် မည်သည့်အရာကို နှစ်သက်တော်မူခဲ့သနည်း။

ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကိုငှင်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် သူနှင့် ကျွမ်းဝင်ခြင်းကို ငှင်း ထာဝရဘုရားနှစ်သက်၏။

Hosea 6:8

ယဇ်ပုရောဟိတ်အပေါင်းတို့သည် ရှေခင်မြို့သို့သွားသော လမ်းတွင် လူသတ်ခြင်းကိုကျူးလွန်ရန် မည်သို့စုရုံးခဲ့ကြသနည်း။

ဓားပြအလုံးအရင်းသည် ခရီးသွားသောသူကို ချောင်း၍ ကြည့်သကဲ့သို့၊ ယဇ်ပုရောဟိတ်အပေါင်းတို့သည် ရှေခင်မြို့သို့ သွားသောလမ်းပေါ်တွင် အသက်ကို သတ်တတ်ကြ၏။



generated on Sun Jun 30 02:37:40 2024

Hosea 6:10

ထာဝရဘုရားသည် သိမ်းသွားသော သူ၏ လူတို့ကို ဆောင်ခဲ့ပြန်သောအခါ ယုဒအမျိုးအဖို့ အဘယ်အရာသည် ခန့်ထားခဲ့သနည်း။

ထာဝရဘုရားသည် သိမ်းသွားသော သူ၏လူတို့ကို ဆောင်ခဲ့ပြန်သောအခါ စပါးရိတ်ရာကာလသည် သင့်အဖို့ခန့်ထားလျက်ရှိသည်။

## Chapter 7

1 ဣသရေလ၏အနာကို ပျောက်စေခြင်းငှါ ငါပြု သောအခါ၊ ဧဖရိမ်၏အပြစ်နှင့် ရှမာရိပြုသော အဓမ္မ အမှုသည် ထင်ရှားပြန်၏။
သူတို့သည် သစ္စာပျက်ကြပြီ။ အထဲသို့ သူခိုးဝင်တတ်၏။ ပြင်၌လည်း ထားပြအလုံး အရင်းတို့သည် တိုက်တတ်ကြ၏။ 2
သူတို့ပြုသမျှသော အဓမ္မအမှုကို ငါမှတ်မိသည် ဟု မိမိတို့ စိတ်နှလုံးထဲမှာ မအောက်မေ့ကြ။ ယခုပင်ထို အမှုတို့သည် သူတို့ကို
ဝိုင်းကြပြီ။ ငါ့မျက်မှောက်တွင် ရှိကြ၏။ 3 ဆိုးညစ်သော အမှုအားဖြင့် ရှင်ဘုရင်ကိုငှင်း၊ မုသာစကားအားဖြင့် မင်းများကိုငှင်း
ဝမ်းမြောက်စေ ကြ၏။ 4 ထိုသူအပေါင်းတို့သည် မတရားသော မေထုန် ဖြင့် မှားယွင်းသော သူဖြစ်၍၊ မီးထည့်သော မုန့်သည်၏
မီးဖိုနှင့်တူကြ၏။ မုန့်စိမ်းကိုနယ်ပြီးမှ မဖေါင်းကြွမီတိုင် အောင်၊ မီးကိုမဆော်ဘဲ ငြိမ်ဝပ်စွာ နေရ၏။ 5 ငါတို့ရှင်ဘုရင်၏ နှစ်စဉ်ပွဲနေ့၌
မင်းတို့သည် စပျစ်ရည်အရှိန်နှင့် ယစ်မူး၍ ရှင်ဘုရင်သည် မထီမဲ့မြင် ပြုသော သူတို့ကို လက်ခံတတ်၏။ 6 အကယ်စင်စစ် သူတို့သည်
ချောင်း၍ ကြည့် လျက်၊ နေကြစဉ် မိမိတို့နှလုံးကိုမီးဖိုကဲ့သို့ ပြင်ဆင်ကြပြီ။ သူတို့မုန့်သည် တညဥ့်လုံးအိပ်သော်လည်း နံနက်အချိန်၌
တောက်သော မီးကဲ့သို့ လောင်လျက်ရှိ၏။ 7 ထိုသူအပေါင်းတို့သည် မီးဖိုကဲ့သို့ ပူကြ၏။ မိမိတို့ တရားသူကြီးများကို လောင်ကြပြီ။
သူတို့ရှင်ဘုရင် အပေါင်းတို့သည် လဲကြပြီ။ ငါ့ကိုဟစ်ခေါ်သော သူတယောက်မျှမရှိ။ 8 ဧဖရိမ်သည်တပါး အမျိုးသားတို့နှင့်
ပေါင်းဘော်ရောနှော လျက်ရှိ၏။ တမျက်နှာသာဖုတ်၍ မလှန်သော မုန့်ပြား ဖြစ်၏။ 9 သူမသိမမှတ်ဘဲ တကျွန်းတနိုင်ငံသားတို့သည်
သူ၏ ခွန်အားကို စားကြပြီ။ ကိုယ်မသိမမှတ်ဘဲ ခေါင်း ပေါ်မှာ ဖြူသောဆံပင် အနည်းအပြားရှိပြီ။ 10 ဣသရေလအမျိုး၏ မာနသည်
သူ့မျက်မှောက်၌ နှိမ့်ချခြင်းသို့ ရောက်သော်လည်း အမျိုးသားတို့သည် ကိုယ် ဘုရားသခင်ထာဝရဘုရားထံတော်သို့ မပြန်မလာ ကြ။
အမှုရောက်သော်လည်း ဘုရားကို မရှာကြ။ 11 ဧဖရိမ်သည် ဥာဏ်မရှိ၊ မိုက်သော ချိုးနှင့်တူ၏။ အဲဂုတ္တုပြည်ကို ဟစ်ခေါ်တတ်၏။
အာရှုရိပြည်သို့ ပြေး တတ်၏။ 12 သွားလေရာရာတွင် ငါ့ပိုက်နှင့်သူတို့ကို ငါအုပ်မိ မည်။ မိုဃ်းကောင်းကင်ငှက်ကိုကဲ့သို့
မြေသို့နှိပ်ချမည်။ သူတို့စည်းဝေးရာ၌ ကြားသည်အတိုင်းငါဆုံးမမည်။ 13 သူတို့သည် ငါ့ထံမှ ထွက်၍ လည်သောကြောင့်
အမင်္ဂလာရှိကြ၏။ ငါ့ကိုပြစ်မှားသောကြောင့် ဖျက်ဆီး ဘို့ရာ ဖြစ်ကြ၏။ သူတို့ကို ငါရွေးနှုတ်သော်လည်း၊ ငါ့တဘက်၌
မုသာစကားကို ပြောကြ၏။ 14 သူတို့သည် အိပ်ရာပေါ်မှာ မြည်တမ်းသော် လည်း၊ စေတနာစိတ်နှင့် ငါ့ကို မအော်ဟစ်ကြ။ ဆန်စပါး၊
စပျစ်ရည်ကို ရခြင်းငှါ စည်းဝေး၍ ငါ့ကိုပုန်ကန်ကြ၏။ 15 ငါသည် ဆုံးမသော်ငှင်း၊ သူတို့ကို ခိုင်ခံ့စေသော်ငှင်း၊ ငါ့တဘက်၌
မကောင်းသော အကြံကိုကြံစည်ကြ၏။ 16 အကျိုးနည်းရှိကြ၏။ လိမ်တတ်သောလေးကဲ့သို့ ဖြစ်ကြ၏။ မင်းတို့သည်
စော်ကားသောကြောင့် ထားဖြင့် သေ၍ အဲကုတ္တုပြည်သားတို့၏ ကဲ့ရဲ့ခြင်းကို ခံရကြလိမ့် မည်။

---

Hosea 01

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဣသရေလ၏အနာကို ပျောက်စေခြင်းငှါ
ဘုရားသခင်ကို ပြန်လည် နာခံသဖြင့်
ကောင်းကြီးခံစားကြောင်းကို အနာပျောက်သကဲ့သို့
တင်စားထားသည်။

သူတို့သည် သစ္စာပျက်ကြပြီ
ဥစ္စာပစ္စည်းများကို မမှန်မကန် ရောင်းစားသည်။

ထားပြ အလုံးအရင်းတို့
ဓားပြမှာ အကြောင်းရင်းမရှိဘဲ သူတပါးကို တိုက်ခိုက်သော
လူအစုအဝေးဖြစ်သည်။

ထိုအမှုတို့သည် သူတို့ကို ဝိုင်းကြပြီ
လူတို့ပြုသော အပြစ်များကို တရားစွဲဆိုတတ်သော
လူသက်သေကဲ့သို့ တင်စားထားသည်။

ငါ့မျက်မှောက်တွင် ရှိကြ၏
ဘုရားသခင်၏ ရှေ့တော် သို့မဟုတ် ဘုရားသခင် မြင်ရာကို
ညွှန်းသည်။ အပြစ်တရားများက "သက်သေ" ကဲ့သို့ ဖြစ်လျက်၊
ဘုရားသခင် ရှေ့တော်၌ အယူခံကြောင်း ဆိုလိုသည်။

Hosea 03

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။ မူရင်းဟေဗြဲကျမ်းတွင်
နားလည်ရခက်သော အပိုင်းများစွာ ရှိသည်။ သို့ရာတွင်၊
မှူးမတ်များ ဘုရားသခင် ရှေ့တော်၌ ပြစ်မှား၍၊ မင်းကြီးကို
လုပ်ကြံရန် ဆောင်ရွက်နေကြောင်းဖြင့် ပြန်ဆိုကြသည်။
တကြိမ်ထက်မက ဖြစ်ပျက်ခဲ့ပေမည်။ တိုင်းပြည်တခုလုံး
ထိုအဆင့်ထိ ကျဆင်းကြောင်း သိမြင်စေသည်။

ထိုသူအပေါင်းတို့သည် မတရားသော မေထုန်ဖြင့် မှားယွင်းသောသူဖြစ်၍
ရုပ်တုကိုးကွယ်ခြင်းဖြင့် ထာဝရဘုရား အပေါ်၌ ဝိညာဉ်ရေး
ဖောက်ပြန်မှုပြုသည်။ ဖော်ပြထားသည်အတိုင်း တိုက်ရိုက်
ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။


generated on Sun Jun 30 02:37:40 2024

မီးထည့်သော မုန့်သည်၏ မီးဖိုနှင့်တူကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အပြစ်ပြုရန် တောက်လောင်နေကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မုန့်သည် မီးထည့်သော မီးဖိုနှင့်တူကြ၏"

မုန့်စိမ်းကို နယ်ပြီး
မုန့်လုပ်နည်း၏ အပိုင်းတခုဖြစ်သည်။

ငါတို့ရှင်ဘုရင်၏ နှစ်စဉ်ပွဲနေ့၌
မင်းကြီး ကျင်းပသောပွဲ ဖြစ်နိုင်သည်။

ရှင်ဘုရင်သည် . . . လက်ခံတတ်၏
ပေါင်းဖော်မှုကို ဆိုလိုခြင်း ဖြစ်နိုင်သည်။ မပြစ်မှားသင့်သော အရာဝတ္ထု သို့မဟုတ် လူပုဂ္ဂိုလ်မှအစ ဘုရားသခင် ကိုယ်တိုင်ကို မှူးမတ်များနှင့်အတူ ပျက်ရယ်ပြုကြောင်း ဆိုလိုသည်။

Hosea 06

ယေဘုယျ အချက်အလက်
မှူးမတ်တို့၏ အကြံအစည်ကို ဖော်ပြထားသည်။ ဒေါသကြောင့် မိမိတို့ ဘုရင်ကို သတ်ရန် ကြံစည်ကြသည်။

အကယ်စင်စစ် . . . မိမိတို့နှလုံးကို မီးဖိုကဲ့သို့ ပြင်ဆင်ကြပြီ
မီးဖိုမှာ လောင်ကျွမ်းနေသော မီးကဲ့သို့၊ လူတို့စိတ်မှာ တောက်လောင်နေကြောင်း ဆိုလိုသည်။

တောက်သော မီးကဲ့သို့ လောင်လျက်ရှိ၏
သူတို့၏ ဒေါသကို ပူးပြင်းစွာ လောင်ကျွမ်းသောမီးကဲ့သို့ ခိုင်းနှိုင်းထားသည်။

ထိုသူအပေါင်းတို့သည် မီးဖိုကဲ့သို့ ပူကြ၏
သူတို့၏ ဒေါသစိတ်ကို မီးဖိုမှလာသော မီးနှင့် ခိုင်းနှိုင်းထားသည်။

မိမိတို့ တရားသူကြီးများကို လောင်ကြပြီ
မှူးမတ်တို့က မိမိတို့အပေါ် အစိုးရသော မိမိတို့ ဘုရင်များကို သတ်ဖြတ်ကြောင်းကို မီးဖြင့် တင်စားထားသည်။

Hosea 08

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဧဖရိမ်သည် တပါး အမျိုးသားတို့နှင့် ပေါင်းဘော် ရောနှောလျက်ရှိ၏
မြောက်ပိုင်းပြည် ဘုရင်များက တိုင်းတပါးသားတို့နှင့် ပူးပေါင်းသောအကြောင်းကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

တမျက်နှာသာ ဖုတ်၍ မလှန်သော မုန့်ပြား ဖြစ်၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ မြောက်ပိုင်း ဣသရေလပြည်ကို ညွှန်းသည်။ တိုင်းပြည်မှာ တဖက်သာ ကျက်သော မုန့်ကဲ့သို့ အင်အားနည်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဖက်သာဖုတ်၍ မလှန်သော မုန့်ပြားဖြစ်၏"

ကိုယ်မသိမမှတ်ဘဲ
အထက်ပါ ဖြူသောဆံပင် ဟူ၍ "အိုရင့်"မှုမှာ မြောက်ပိုင်းပြည်၏ အင်အားကို ညွှန်းလေရာ၊ "အိုရင့်" ပြီဖြစ်ကြောင်း မသိသောကြောင့် အင်အားကျဆင်းရသည်။

ခေါင်းပေါ်မှာ ဖြူသောဆံပင် အနံ့အပြားရှိပြီ
အိုရင့်ကြောင်းကို ဆံပင်ဖြူဖြင့် တင်စားထားသည်။

Hosea 10

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဣသရေလအမျိုး၏ မာနသည် သူ့မျက်မှောက်၌ နှိမ့်ချခြင်းသို့ ရောက်သော်လည်း
"မာန" ကို ဣသရေလအမျိုးကို ဆန့်ကျင့်၍ သက်သေခံတတ်သော လူကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။

ဘုရားကို မရှာကြ
ထာဝရဘုရားကို တောင့်တခြင်း မရှိတော့သည်ကို ဘုရားသခင်အား ရှာဖွေခြင်းမပြုကြောင်းဖြင့် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားကို တောင့်တခြင်းမရှိကြ"

အမှုရောက်သော်လည်း
တိုင်းတပါးသားတို့၏ နှိပ်ကွပ်မှုကို ညွှန်းသည်။

ဧဖရိမ်သည် ဉာဏ်မရှိ၊ မိုက်သော ချိုးနှင့်တူ၏
ချိုးကို ဉာဏ်နည်းသော ငှက်ဟု သတ်မှတ်ခဲ့ကြသည်။

အဲဂုတ္တုပြည် . . . အာရှုရိပြည်
တန်ခိုးကြီးသော တိုင်းပြည်များဖြစ်သည်။

Hosea 12

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ငါ့ပိုက်နှင့်သူတို့ကို ငါအုပ်မိမည်
ငှက်ဖမ်းနည်းဖြစ်သည်။ ဣသရေလ လူတို့ကို ချိုးငှက်ကဲ့သို့ ညွှန်းဆိုသည်။ အဲဂုတ္တုပြည်နှင့် အာရှုရိပြည်ထံ အကူအညီ တောင်းသောအခါ၊ သူတို့ကို ထာဝရဘုရား ဒဏ်ခတ်မည်။

မိုယ်းကောင်းကင်ငှက်ကိုကဲ့သို့ မြေသို့နှိမ့်ချမည်
ငှက်များကို ဖမ်းသကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငှက်များကဲ့သို့ သူတို့ကို ငါဖမ်းမည်" သို့မဟုတ် "ငှက်များကိုဖမ်းသော မုဆိုးကဲ့သို့ သူတို့ကို ငါဖမ်းမည်"

သူတို့စည်းဝေးရာ၌ ကြားသည့်အတိုင်း
ငှက်များကဲ့သို့ ဆက်လက် ခိုင်းနှိုင်းခြင်းဖြစ်သည်။

Hosea 14

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

သူတို့သည် အိပ်ရာပေါ်မှာ မြည်တမ်းသော်လည်း
ရုပ်တုကိုးကွယ်သူများက အိပ်ရာပေါ် လှဲ၍ ကိုးကွယ်မှု ပြုကြသည်။

ငါ့ကို ပုန်ကန်ကြ၏
ဘုရားသခင်ထံမှ ထွက်ခွာခြင်းကို ပုန်ကန်ခြင်းဖြင့် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို မကိုးကွယ်ကြ။"

ငါသည် ဆုံးမသော်ငြား၊ သူတို့ကို ခိုင်ခံ့စေသော်ငြား
ဘုရားသခင်ကို ယုံကြည်၍ ချစ်မြတ်နိုးရန် သွန်သင်ပေးမှုကို စစ်မှုရေးရာ သင်ပြသကဲ့သို့ တင်စားထားသည်။

Hosea 16

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

လိမ်တတ်သောလေးကဲ့သို့ ဖြစ်ကြ၏
လေးကြိုး ပြတ်သော သို့မဟုတ် လေးကြိုးအားပျော့ခြင်းကို ဆိုလိုသည်။

မင်းတို့သည် စော်ကားသောကြောင့်
"မင်းတို့" မှာ ဘုရင့်မှူးမတ်များကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို စော်ကားသောကြောင့်" သို့မဟုတ် "ငါ့ကို မထီမဲ့မြင် ပြုသောကြောင့်"

အဲဂုတ္တုပြည်သားတို့၏ ကဲ့ရဲ့ခြင်းကို ခံရကြလိမ့်မည်
"အဲဂုတ္တုပြည်သားတို့၏ ကဲ့ရဲ့ခြင်း အကြောင်း ဖြစ်လိမ့်မည်"

---

## Translation Questions

Hosea 7:1

ထာဝရဘုရားသည် မည်သည့်အရာကို မှတ်မိခဲ့သနည်း။
သူတို့ပြုသမျှသော အဓမ္မအမှုကို ထာဝရဘုရားသည် မှတ်မိတော်မူသည်။

Hosea 7:3

လူတို့သည် တရားဝင် ဝမ်းမြောက်အောင် မည်ကဲ့သို့ ပြုလုပ်ခဲ့ကြသနည်း။
မုသာစကားအားဖြင့် သူတို့သည်
တရားဝင်ဝမ်းမြောက်အောင်ပြုလုပ်ခဲ့ကြသည်။

Hosea 7:6

လူတို့၏ နှလုံးသည် မည်သည့်အရာနှင့် တူသနည်း။
သူတို့နှလုံးသည် မီးဖိုကဲ့သို့ပူကြသည်။

Hosea 7:8

ဧဖရိမ်သည် အဘယ်အရာကို မသိမမှတ်ခဲ့သနည်း။
တကျွန်းတနိုင်ငံသားတို့သည် သူ၏ ခွန်အားကို စား၍၊ သူ့ခေါင်းပေါ်မှာ ဖြူသောဆံပင် ပျံ့နှံ့စေကြသည် ကိုဧဖရိမ် မသိခဲ့ပါ။

Hosea 7:10

ဧဖရိမ်သည် မည်ကဲ့သို့သော ချိုးနှင့်တူသနည်း။
ဧဖရိမ်သည် ဉာဏ်မရှိ၊ မိုက်သောချိုးနှင့်တူသည်။

Hosea 7:12

ထာဝရဘုရားသည် အဘယ်ကြောင့် လူတို့ကို မရွေးနှုတ်ခဲ့သနည်း။
ထာဝရဘုရားသည် လူတို့ကို မရွေးနှုတ်ခဲ့ရခြင်းမှာ သူတို့သည် ထာဝရဘုရားကို မုသာစကားဖြင့်ပြောကြသောကြောင့်ဖြစ်သည်။

Hosea 7:14

လူတွေဟာ ဆန်စပါးနှင့် စပျစ်ရည်သစ်ကို ရရှိအောင် မည်သို့ လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် မိမိကိုယ်ကို ဆန်စပါးနှင့် စပျစ်ရည်သစ်ကို ရရှိရန် မိမိကိုယ်ကို ခုတ်ဖြတ်ကြသည်။

Hosea 7:16

အဘယ်ကြောင့် အမှုဆောင်များ ကျဆုံးရမည်နည်း။
အမှုဆောင်များ ကျဆုံးရခြင်းမှာ
သူတို့၏လျှာဆိုးညစ်ခြင်းကြောင့် ဖြစ်သည်။

## Chapter 8

1 တံပိုးမှုတ်လော့။ ရန်သူသည် ရွှေလင်းတကဲ့သို့ ထာဝရဘုရား၏အိမ်တော်သို့ လာလိမ့်မည်။ အကြောင်း မူကား၊ သူတို့သည်
ငါ့ပဋိညာဉ်ကို ဖျက်၍ ငါ့တရားကို လွန်ကျူးကြပြီ။ 2 သို့ရာတွင် သူတို့က၊ အကျွန်ုပ်တို့၏ ဘုရားသခင်၊ အကျွန်ုပ်တို့သည်
ဣသရေလအမျိုးဖြစ်၍ ကိုယ်တော်ကို သိကြပါ၏ဟု ငါ့အား ကြွေးကြော်ကြသည်တကား။ 3 ဣသရေလအမျိုးသည်
ကောင်းသောအရာကို စွန့်ပစ်သောကြောင့်၊ ရန်သူညှဉ်းဆဲခြင်းကို ခံရလိမ့်မည်။ 4 သူတို့သည် ငါ၏အခွင့်မရှိဘဲ ကိုယ်အလို အလျောက်
ရှင်ဘုရင်တို့ကို ချီးမြှောက်ကြပြီ။ ငါမသိရဘဲ မင်းတို့ကို ခန့်ထားကြပြီ။ ကိုယ်အကျိုးနည်းစေခြင်းငှါ၊ ကိုယ်ရွှေငွေနှင့်ကိုယ်အဘို့
ရုပ်တုများကိုလုပ်ကြပြီ။ 5 အိုရှမာရိ၊ သင်၏ နွားသငယ်ကို စွန့်ပစ်လော့။ ကိုးကွယ်သော သူများကို ငါအမျက်ထွက်၏။ သူတို့သည်
အဘယ်မျှကာလပတ်လုံး သန့်ရှင်းခြင်းတရားကို မမှီနိုင် ဘဲ နေရကြလိမ့်မည်နည်း။ 6 ထိုနွားသငယ်သည် ဣသရေလအမျိုး ကြံစည် ၍
ဖြစ်၏။ ဆရာသမားလုပ်သောကြောင့် ဘုရားမဟုတ်။ အကယ်စင်စစ် ရှမာရိနွားသငယ်သည် အပိုင်းပိုင်း ကျိုးပဲ့ ရလိမ့်မည်။ 7
လေမျိုးစေ့ကို ကြဲ၍ လေဘွေစပါးကို ရိတ်ရကြ လိမ့်မည်။ စပါးပင် မရှိရ။ အနှံထဲက မုန့်ညက်မထွက်ရ။ ထွက်သော်လည်း
တကျွန်းတနိုင်ငံသားတို့သည် စားကြ လိမ့်မည်။ 8 ဣသရေလအမျိုးသည် တိမ်မြုပ်လေပြီ။အဘယ် သူမျှ မနှစ်သက်သော
တန်ဆာကဲ့သို့ တပါးအမျိုးသားတို့ တွင် ရှိရလိမ့်မည်။ 9 အာရှုရိပြည်သို့ အလိုလိုသွားလေပြီတကား။ ဧဖရိမ်သည်
ကိုယ်အဘို့တကောင်တည်းနေသော မြည်း ရိုင်းကဲ့သို့ဖြစ်၍၊ ရည်းစားတို့အား ဆုချလေပြီ။ 10 တပါးအမျိုးသားတို့အား
ဆုချသော်လည်း၊ ချက် ခြင်းလူများကို ငါစုဝေးစေမည်။ မကြာမမြင့်မှီ ရှင်ဘုရင် နှင့် မင်းများတင်သော ဝန်ကို ပင်ပန်းစွာ
ထမ်းရကြလိမ့် မည်။ 11 ဧဖရိမ်သည် များစွာသော ယဇ်ပလ္လင်တို့ကို အပြစ်အဘို့ လုပ်သောကြောင့်၊ ယဇ်ပလ္လင်တို့ကို သူ၏ အပြစ်ဟူ၍
မှတ်ရလိမ့်မည်။ 12 ငါ့တရား၏ ထူးဆန်းသောအရာတို့ကို သူ့အဘို့ ငါရေးထားပြီ။ သို့သော်လည်း၊ ရိုင်းသော အရာဟူ၍ သူသည်
မှတ်လေပြီတကား။ 13 ငါနှင့်ဆိုင်သော ပူဇော်သက္ကာတို့ကို ယဇ်ပူဇော် သော သူတို့သည် ပူဇော်၍ ကိုယ်တိုင်စားကြ၏။ ထာဝရ
ဘုရားသည် သူတို့ကို လက်ခံတော်မမူ။ သူတို့အပြစ်များ ကို ချက်ခြင်းအောက်မေ့၍ စစ်ကြောတော်မူသော အားဖြင့်၊ သူတို့သည်
အဲဂုတ္တုပြည်သို့ ပြန်သွားရကြလိမ့် မည်။ 14 ဣသရေလသည် သူ့ကို ဖန်ဆင်းတော်မူသော သခင်ကိုမေ့လျော့၍ ဘုံဗိမာန်များကို
တည်ဆောက်တတ် ၏။ ယုဒသည်လည်း ခိုင်ခံ့သော မြို့တို့ကို များပြားစေ တတ်၏။ သို့ရာတွင်၊ ငါသည် ထိုမြို့များတို့ကို မီးရှို့၍
ဘုံဗိမာန်များတို့ကို မီးလောင်ရလိမ့်မည်။

---

Hosea 01

ယေဘုယျ အချက်အလက်
မြောက်ပိုင်းပြည်ကို တိုက်ခိုက်ရန် အာရှုရိတပ်များ ချီတက်လာကြောင်း ထာဝရဘုရား မိန့်တော်မူသည်။

ရန်သူသည် ရွှေလင်းတကဲ့သို့ ထာဝရဘုရား၏ အိမ်တော်သို့ လာလိမ့်မည်
ဣသရေလ အမျိုးတို့၏ ရန်သူကို သားဖမ်းငှက် ဖြစ်သော လင်းယုန်ဖြင့် တင်စားလေ့ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူသည် လင်းယုန်ကဲ့သို့ ငါ့လူတို့ကို ဖမ်း၍ ခေါ်ဆောင်သွားလိမ့်မည်"

ငါ့ပဋိညာဉ်ကို ဖျက်၍
နာမခံခြင်းကို "ဖျက်" ဟူ၍ တင်စားထားသည်။

ကိုယ်တော်ကို သိကြပါ၏
"ကိုယ်တော်၌ သစ္စာရှိပါ၏"

Hosea 04

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ကိုယ်အကျိုးနည်းစေခြင်းငှါ . . . လုပ်ကြပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... လုပ်ကြသော ထိုသူတို့ကို ငါဖျက်ဆီးမည်"

အိုရှမာရိ၊ သင်၏ နွားသငယ်ကို စွန့်ပစ်လော့
ဖြစ်နိုင်ချေများမှာ၊ ၁) ကျမ်းပြုသူ ပရောဖက်ကိုယ်တိုင် ပြောဆိုခြင်းဖြစ်သည် (UDB ကို ရှု) သို့မဟုတ် ၂) ထာဝရဘုရား မိန့်ဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိုရှမာရိ၊ သင်၏ နွားသငယ်ကို ငါစွန့်ပယ်ပြီ"

သင်၏ နွားသငယ်
တိုင်းသူပြည်သားတို့ ကိုးကွယ်ရန် ဣသရေလပြည် ယေရောဗောင်မင်း တည်ထားသော ရွှေနွားသငယ် ရုပ်တုနှစ်ခုကို ညွှန်းသည်။ သူတို့၏ ကိုးကွယ်မှုကို နွားသငယ်ဖြင့် ညွှန်းဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်ကိုးကွယ်သော နွားသငယ်"

ကိုးကွယ်သောသူများကို ငါအမျက်ထွက်၏
အမျက်ကို မီးတောက် ထွက်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသူများအပေါ် ငါ့ဒေါသမီး လောက်လေပြီ"

သူတို့သည် အဘယ်မျှ ကာလပတ်လုံး သန့်ရှင်းခြင်းတရားကို မမှီနိုင်ဘဲ နေရကြလိမ့်မည်နည်း
မိမိလူတို့၏ ညစ်ညမ်းမှုကို ထင်ရှားစေရန် ထာဝရဘုရား မေးတော်မူသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သန့်ရှင်းခြင်းတရား၌ မမှီလိုသော သူတို့အပေါ် ငါအမျက်ထွက်၏"

Hosea 06

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

လေမျိုးစေ့ကို ကြဲ၍ လေဘွေစပါးကို ရိတ်ရကြလိမ့်မည်
လေကို စိုက်ပျိုးခြင်းမှာ အဓိပ္ပါယ်မဲ့သော အပြုအမူ ဖြစ်သည်။ လေကို ရိတ်သိမ်းခြင်းမှာ အဆိုပါ အပြုအမူ၏ အကျိုးဆက်ကို ခံစားခြင်း ဖြစ်သည်။

အနှံထဲက မုန့်ညက်မထွက်ရ
"မုန့်ညက်" မှာ စပါး၏ဆန်လုံးကို ညွှန်းသည်။ အညက်မရှိသော စပါးနှံမှာ လယ်သမားအတွက် အကျိုးမရှိပါ။ ထို့အတူ၊ ဣသရေလ၏ အပြုအမူက ကောင်းကျိုးတခုမှ မပေးနိုင်ပါ။

ထွက်သော်လည်း တကျွန်းတနိုင်ငံသားတို့သည် စားကြလိမ့်မည်
ဣသရေလတို့ထံမှ ကောင်းသောအရာ ထွက်လာခဲ့လျှင်၊ ရန်သူတို့ လုယူသွားမည် ဖြစ်သည်။

Hosea 08

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဣသရေလအမျိုးသည် တိမ်မြုပ်လေပြီ
"တိမ်မြုပ်" မှာ ကျဆုံးကာ ပြည်နှင်ဒဏ် ခံရကြောင်း ဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူတို့သည် ဣသရေအမျိုးကို မိမိပြည်မှ ခေါ်ဆောင်လေပြီ"

ကိုယ်အဘို့ တကောင်တည်းနေသော မြည်းရိုင်းကဲ့သို့ ဖြစ်၍
မြည်းရိုင်းကို ခေါင်းမာသောအကောင်ဟု လူတို့ ခံယူကြသည်။ မြည်းရိုင်းကဲ့သို့ ထာဝရဘုရားကို အာခံလျက် အာရှုရိတို့ထံ အကူအညီ တောင်းခဲ့သည်။

ရည်းစားတို့အား ဆုချလေပြီ
တပါးတိုင်းပြည်တို့နှင့် မဟာမိတ်ဖွဲ့ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသည် မိမိတို့အား ကာကွယ်ရန် တပါးပြည်ကို ဆုချလေပြီ"

ရှင်ဘုရင်နှင့် မင်းများတင်သော ဝန်ကို ပင်ပန်းစွာ ထမ်းရကြလိမ့်မည်
"မဟာဘုရင်" ဟူသော အာရှုရိမင်းက လူများကို ဒုက္ခခံစေမည်။

Hosea 11

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ငါ့တရား၏ ထူးဆန်းသောအရာတို့ကို သူ့အဘို့ ငါရေးထားပြီ
ပရောဖက်များမှ တဆင့် သူ၏ပညတ်တရားကို အကြိမ်ဖန်များစွာ သွန်သင်ပေးခဲ့ကြောင်း ဆိုလိုသည်။

Hosea 13

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

သူတို့သည် အဲဂုတ္တုပြည်သို့ ပြန်သွားရကြလိမ့်မည်
သူတို့၏ အပြစ်ကြောင့်၊ ဘုရားသခင်သည် မိမိလူများကို အဲဂုတ္တုပြည်သားတို့၏ ကျွန်အဖြစ် ပြန်ပို့မည်။

---

## Translation Questions

Hosea 8:1

အဘယ်ကြောင့် ရွှေလင်းတသည် ထာဝရဘုရား၏ အိမ်တော်သို့ လာလိမ့်မည်နည်း။
လူတို့သည် ထာဝရဘုရား၏ ပဋိညာဉ်ကိုဖျက်၍ သူ၏ တရားကို လွန်ကျူးကြသောကြောင့် ရွှေလင်းတသည် ထာဝရဘုရား၏ အိမ်တော်သို့ လာမည်ဖြစ်သည်။

Hosea 8:4

လူတို့သည် သူတို့အဘို့ ရုပ်တုများကို မည်သည့်ပစ္စည်းမှ ပြုလုပ်ကြသနည်း။
လူတို့သည် သူတို့၏ ရွှေငွေနှင့် သူတို့အဘို့ ရုပ်တုများကို ပြုလုပ်ကြသည်။

Hosea 8:6

လူတို့သည် လေမျိုးစေ့ကို ကြဲသောအခါ မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။
လူတို့သည် လေမျိုးစေ့ကို ကြဲလျှင် လေဘွေစပါးကို ရိတ်ရကြလိမ့်မည်။

Hosea 8:8

လူများတို့သည် တပါးအမျိုးသားများထဲမှ ချစ်သူများကို ငှါးရမ်းကြသော်လည်း ထာဝရဘုရားသည် အဘယ်သို့ ပြုလိမ့်မည်နည်း။
လူများတို့သည် တပါးအမျိုးသားများထဲမှ ချစ်သူများကို ငှါးရမ်းကြသော်လည်း ထာဝရဘုရားသည် ထာဝရဘုရား လူများကို စုဝေးစေမည်။

Hosea 8:11

ထာဝရဘုရားသည် သူ့တရားကို အကြိမ်ပေါင်းတစ်သောင်း ရေးထားသော်လည်း သူတို့သည် ထိုအရာကို မည်ကဲ့သို့ မှတ်ယူကြသနည်း။

ထာဝရဘုရားသည် သူ့တရားကို အကြိမ်ပေါင်းတစ်သောင်း ရေးထားသော်လည်း သူတို့သည် ထိုအရာကို ရိုင်းသောအရာဟူ၍ သူတို့သည် မှတ်ယူကြသည်။

Hosea 8:13

လူတို့၏ အပြစ်များကို ထာဝရဘုရားသည် မည်ကဲ့သို့ စစ်ကြောစီရင်တော်မူလိမ့်မည်နည်း။

သူတို့၏ အပြစ်များကို သူသည် စစ်ကြောစီရင်ရခြင်းမှာ သူတို့သည် အဲဂုတ္တုပြည်သို့ ပြန်သွားရခြင်းကြောင့် ဖြစ်သည်။

---



generated on Sun Jun 30 02:37:40 2024

## Chapter 9

1 အိုဣသရေလအမျိုး၊ တပါးအမျိုးသားကဲ့သို့ ဝမ်းမြောက်ရွှင်မြူးသော စိတ်ရှိ၍မခုန်နှင့်။ ကိုယ်ဘုရား သခင်၌ မဆည်းကပ်၊
အခြားသော ဘုရားနှင့် မှားယွင်း ပြီ။ ကောက်နယ်တလင်းရှိသမျှတို့၌ မှားယွင်းခကို နှစ် သက်တတ်၏။ 2 ကောက်နယ်တလင်းအားဖြင့်
အသက်မမွေးရ။ စပျစ်သီးနယ်ရာ ကျင်းအားဖြင့်လည်း အသက်မမွေးရ။ စပျစ်ရည်သစ်လည်း သူတို့ မြော်လင့်သည်အတိုင်း မထွက်
ရ။ 3 ဧဖရိမ်အမျိုးတို့သည် ထာဝရဘုရား၏ မြေ တော်၌ မနေရဘဲ အဲဂုတ္တုပြည်သို့ ပြန်သွား၍၊ အာရှုရိ ပြည်၌
မစင်ကြယ်သောအစာကို စားရကြမည်။ 4 စပျစ်ရည်သွန်းလောင်းရာ ပူဇော်သက္ကာကို ထာဝရဘုရားအား မပြုရကြ။ ပူဇော်သော
ယဇ်တို့ကို နှစ်သက်တော်မမူရ။ ထိုယဇ်အသားသည် မသာလိုက်၍ ငိုကြွေးမြည်တမ်းသော သူတို့၏အစာကဲ့သို့ဖြစ်၍၊ စား
သောသူအပေါင်းတို့သည် ညစ်ညူးခြင်းသို့ ရောက်ကြလိမ့် မည်။ သူတို့အစာကို ကိုယ်တိုင်စားကြစေ။ ထာဝရဘုရား
၏အိမ်တော်ထဲသို့ မသွင်းစေနှင့်။ 5 ဓမ္မပွဲနေ့၊ ထာဝရဘုရားအဘို့ဆောင်သော ပွဲနေ့ တို့၌ သင်တို့သည် အဘယ်သို့ ပြုကြလိမ့်မည်နည်း။
6 ပျက်စီးရာထဲက သူတို့သည် ထွက်သွားကြပြီ။ အဲဂုတ္တုပြည်၌စု၍ မင်ဖိမြို့၌ သင်္ဂြိုဟ်ကြလိမ့်မည်။ ငွေ တန်ဆာဆင်သော
နေရာဘုံဗိမာန်များကို ဆူးအမျိုးမျိုး တို့သည် လွှမ်းမိုးကြလိမ့်မည်။ 7 စစ်ကြောရသော အချိန်ရောက်လေပြီ။ အပြစ်
ပေးရသောအချိန်ရောက်လေပြီ။ ဣသရေလအမျိုး သိရလိမ့်မည်။ ပရောဖက်သည် အမိုက်ဖြစ်၏။ ဝိညာဉ်ဆု ကျေးဇူးကို
ခံသောသူသည် အရူးဖြစ်၏။ သင်၌ အပြစ် ကြီးသည်အတိုင်း ကြီးစွာသော ဖျက်ဆီးခြင်းကို ခံရ၏။ 8 ဧဖရိမ်ကင်းစောင့်သည်
မိမိဘုရား ဘက်မှာ နေ၏။ ပရောဖက်သည် ပြုလေသမျှတို့၌ မုဆိုးကျော့ကွင်း ဖြစ်၏။ သူ၏ဘုရားအိမ်တွင် ဘေးပြုသော သူဖြစ်၏။
9 ဂိဗာမြို့ လက်ထက်ကဲ့သို့ သူတို့သည် ကိုယ်ကို အလွန်ညစ်ညူးစေကြပြီ။ သူတို့အပြစ်ကို အောက်မေ့၍ ဒုစရိုက်များကို
စစ်ကြောတော်မူမည်။ 10 တော၌ စပျစ်သီးကဲ့သို့ ဣသရေလအမျိုးကို ငါ တွေ့၏။ သီးစသော သင်္ဘောသဖန်းပင်၌ အဦးဆုံးမှည့် သော
သင်္ဘောသဖန်းသီးကဲ့သို့ သင်တို့ ဘိုးဘေးများကို ငါမြင်၏။ သူတို့သည် ကိုယ်အလိုအလျောက် ဗာလပေဂုရ ဘုရားထံသို့ သွား၍၊
ထိုရှက်ဘွယ်သောအရာအဘို့ ကိုယ်ကို အပ်နှံသဖြင့် တပ်မက်သည်အတိုင်း စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကို ပြုကြ၏။ 11
ဧဖရိမ်၏ဘုန်းသည် ငှက်ကဲ့သို့ ပျံသွားလိမ့်မည်။ သားဘွားခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ပဋိသန္ဓေယူခြင်း မရှိရ။ 12 သားသမီးတို့ကို
ကျွေးမွေးသော်လည်း၊ တယောက်ကိုမျှ မကျန်စေခြင်းငှါ ငါလုယူမည်။ အကယ် ၍ သူတို့ကို ငါစွန့်ပစ်သောအခါ
အမင်္ဂလာရှိကြလိမ့်မည်။ 13 ဧဖရိမ်သည် တုရုမြို့ကဲ့သို့ ငြိမ်ဝပ်ရာအရပ်၌ တည်ဟန်ရှိသော်လည်း၊ မိမိသားသမီးတို့ကို လူသတ်လက်
သို့ အပ်ရလိမ့်မည်။ 14 အိုထာဝရဘုရား၊ ပေးသနားတော်မူပါ။ အဘယ် သို့ ပေးတော်မူရမည်နည်း။ ကိုယ်ဝန်မဆောင်သော ဝမ်း၊
နို့မထွက်သော သားမြတ်ကို ပေးတော်မူပါ။ 15 ဂိလဂါလမြို့၌ သူတို့ပြုသမျှသော ဒုစရိုက်ရှိ၍၊ ထိုအရပ်၌ သူတို့ကို ငါမုန်း၏။ သူတို့
ဒုစရိုက်အပြစ် ကြောင့် ငါ့အိမ်မှ ငါနှင်ထုတ်မည်။ နောက်တဖန် သူတို့ကို မချစ်။ သူတို့ မင်းအပေါင်းတို့သည် ပုန်ကန်တတ်သော
သူဖြစ်ကြ၏။ 16 ဧဖရိမ်သည် အထိအခိုက်ခံရသောကြောင့်၊ အမြစ်သွေ့ခြောက်လျက်ရှိ၍ အသီးကို မသီးနိုင်ရာ။
သားဘွားသော်လည်း၊ အချစ်ဆုံးသော သားတို့ကို ငါသတ်မည်။ 17 ငါ့ဘုရားသခင်၏ စကားတော်ကို နားမထောင် သောကြောင့်
စွန့်ပစ်တော်မူ၍၊ သူတို့သည် တပါးအမျိုး သားတို့တွင် အရပ်ရပ်သို့ လှည့်လည်ရကြမည်။

---

### Hosea 01

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေ ပြောဆိုသည်။

ကောက်နယ်တလင်း အားဖြင့် အသက်မမွေးရ။ စပျစ်သီးနယ်ရာကျင်း အားဖြင့်လည်း အသက်မမွေးရ
လူတို့အတွက် စပါးနှင့် စပျစ်ရည် လုံလောက်စွာ မဖြစ်ထွန်းမည်အကြောင်း ဆိုလိုသည်။

ကောက်နယ်တလင်း
စပါးနယ်ရန်သာ မဟုတ်ဘဲ၊ လူကို စုဝေးရန်နှင့် ဘာသာရေး အခန်းအနားများ ပြုလုပ်ရာ၌ အသုံးပြုသော မြေပြင်ကျယ်ဖြစ်သည်။ ကောက်ရိတ်သိမ်းပွဲအတွက် နတ်ရုပ်တုများထံ ယောကျ်ားတို့ ယဇ်ပူဇော်သောအခါ နတ်ဆရာမတို့က လာရောက် ကူညီပေးကြသည်။

စပျစ်ရည်သစ်လည်း သူတို့ မြော်လင့်သည်အတိုင်း မထွက်ရ
စပျစ်ရည် ပြုလုပ်ရန် လုံလောက်သော စပျစ်သီး ထွက်မည်မဟုတ်။

### Hosea 03

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေ ပြောဆိုသည်။

ထာဝရဘုရား၏ မြေတော်
ဣသရေလ ပြည်ကို ဣသရေလ အမျိုးတို့မြေ မဟုတ်ဘဲ မိမိပိုင်သောမြေဟု ထာဝရဘုရား မိန့်ဆိုသည်။

မစင်ကြယ်သောအစာ
ထာဝရဘုရား နှစ်သက်ခြင်းမရှိသော အစာများကို ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

ထိုယဇ်အသားသည် မသာလိုက်၍ ငိုကြွေးမြည်တမ်းသော သူတို့၏ အစာကဲ့သို့ဖြစ်၍
အသုဘ လိုက်သောအခါ စားသော အစာမှာ မစင်ကြယ်သောအစာ ဖြစ်သည်။ ထာဝရဘုရားက လူတို့ ပူဇော်သော ယဇ်ကို ထိုကဲ့သို့ မစင်ကြယ်သောအစာအဖြစ် မှတ်ယူပြီး ငြင်းပယ်မည်ဟု ဆိုလိုသည်။

သူတို့အစာကို ကိုယ်တိုင် စားကြစေ။ ထာဝရဘုရား၏ အိမ်တော်ထဲသို့ မသွင်းစေနှင့်
ဣသရေလ လူတို့က အစာကို စားရမည်။ သို့သော် ထိုအစာဖြင့် ယဇ်ပူဇော်ခြင်းကို ထာဝရဘုရား လက်ခံမည်မဟုတ်။

Hosea 05

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေ ပြောဆိုသည်။

ဓမ္မပွဲနေ့ ထာဝရဘုရားအတွက် ဆောင်သော ပွဲနေ့
အရှေ့နှင့်အနောက်ရှိ ပွဲတို့မှာ တစ်ခုတည်းကို ညွှန်းသည်။

ဓမ္မပွဲနေ့ ထာဝရဘုရားအတွက် ဆောင်သော ပွဲနေ့တို့၌ သင်တို့သည် အဘယ်သို့ ပြုကြလိမ့်မည်နည်း။
ပြည်နှင်ဒဏ် ခံရသောအခါ အဆိုပါပွဲများ မပြုနိုင်တော့မည်အကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ရွေးချယ်သော ပွဲနေ့တို့၌ သင်တို့သည် ပွဲကျင်းပနိုင်တော့မည်မဟုတ်"

သူတို့သည် ထွက်သွားကြပြီ
ဣသရေလအမျိုးကို ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ထွက်သွားကြပြီ"

အဲဂုတ္တုပြည်၌ စု၍ မင်ဖိမြို့၌ သင်္ဂြိုဟ်ကြလိမ့်မည်
အဲဂုတ္တုပြည်နှင့် မင်ဖိမြို့ ဟူရာတွင် ထိုအရပ်၌ နေထိုင်သူများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုတပ်သည် ဖမ်း၍ မင်ဖိမြို့၌ သင်္ဂြိုလ်ကလိမ့်မည်"

ဘုံဗိမာန်များ
ဣသရေလ အမျိုးတို့၏ နေရပ်ကို ပုံဆောင်သည်။

ဘုံဗိမာန်များကို ဆူးအမျိုးမျိုးတို့သည် လွှမ်းမိုးကြလိမ့်မည်
ဆူးခြုံပင်များက မြေသြဇာ ကင်းမဲ့၍ ကန္တာရ ဖြစ်သွားသော နေရာဒေသကို ပုံဆောင်သည်။

Hosea 07

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေ ပြောဆိုသည်။

စစ်ကြောရသောအချိန် ရောက်လေပြီ။ အပြစ်ပေးရသောအချိန် ရောက်လေပြီ။
အထက်ပါ ဝါကျနှစ်ကြောင်းက တခုတည်းကို ညွှန်းပြီး ဣသရေလအမျိုး၏ ပြစ်မှုများအတွက် ထာဝရဘုရား တရားစီရင်မည်အကြောင်း ပို၍ လေးနက်စေသည်။

ပရောဖက်သည် အမိုက်ဖြစ်၏။ ဝိညာဉ်ဆုကျေးဇူးကို ခံသောသူသည် အရူးဖြစ်၏။
အကြောင်းအရာ တခုတည်းဖြစ်သည်။ ဖြစ်နိုင်ချေများမှာ၊ ၁) လူတို့က ပရောဖက်များကို လူမိုက်ဟု မှတ်ယူကြသည်။ သို့မဟုတ် ၂) လူတို့ပြုသော အပြစ်ကြောင့် ပရောဖက်များ မိုက်ကန်းလာကြသည်။

?
"ပရောဖက်" နှင့် "ဝိညာဉ်ဆုကျေးဇူးကို ခံသောသူ" တို့မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားရကြောင်း မှတ်ယူထားသူများ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံရကြောင်း မိမိကိုယ်ကို ထင်မှားသော ပရောဖက် အတုများကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

သင်၌ အပြစ်ကြီးသည်အတိုင်း ကြီးစွာသော ဖျက်ဆီးခြင်းကို ခံရ၏
ဆိုလိုရင်း တခုတည်း ဖြစ်သည်။ ထာဝရဘုရားနှင့် သူ၏ပရောဖက်များအပေါ် လူတို့ ပြစ်မှားသောအမှုကို ဆိုလိုသည်။

Hosea 08

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေ ပြောဆိုသည်။

ဧဖရိမ်
ဣသရေလ ပြည်သား အားလုံးကို ပုံဆောင်သည်။

ဧဖရိမ်ကင်းစောင့်သည် မိမိဘုရားဘက်မှာ နေ၏။ ပရောဖက်သည် . . .
"ကင်းစောင့်" မှာ မိမိမြို့အပေါ် ကျရောက်မည့် အန္တရာယ်ကို စောင့်ကြည့်သူ ဖြစ်သည်။ ဘုရားသခင်အပေါ် ပြစ်မှားသဖြင့် အပြစ်ဒဏ် ခံရမည့်အခါ ကြိုတင် သတိပေးသော ပရောဖက်ကို ကင်းစောင့်အဖြစ် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပရောဖက်သည် မိမိဘုရားအဖို့ ဧဖရိမ်ကို ကင်းစောင့်လေ၏။ ..."

?
အချို့ မူပြန်ကျမ်းထဲတွင် "ငါ့ဘုရား၏ ပရောဖက်သည် ဧဖရိမ်ကင်းစောင့် ဖြစ်၏။ ..." ဟူ၍ ပြန်ဆိုထားသည်

ပရောဖက်သည်
ဘုရားသခင် ရွေးချယ်ထားသော ပရောဖက်တိုင်းကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပရောဖက်များသည်" သို့မဟုတ် "စစ်မှန်သော ပရောဖက်သည်"


generated on Sun Jun 30 02:37:40 2024

ပြုလေသမျှတို့၌ မုဆိုးကျော့ကွင်း ဖြစ်၏
သားကောင်ကို ဖမ်းသော ကျော့ကွင်းဖြစ်ရာ။ ဘုရားသခင်၏ ပရောဖက်တို့ကို ဟန့်တားရန် သူတို့သွားရာလမ်း၌ ကျော့ကွင်းကို ထောင်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသွားလေသမျှတို့၌ ကျော့ကွင်းကို ထောင်ကြ၏" သို့မဟုတ် "သူ့အား ဒုက္ခအမျိုးမျိုး ပေးကြ၏"

ဂိဗာမြို့ လက်ထက်ကဲ့သို့ သူတို့သည် ကိုယ်ကို အလွန်ညစ်ညူးစေကြပြီ။
"ဂိဗာမြို့၌ ပြုသကဲ့သို့ ဣသရေလအမျိုးသည် ပြစ်မှား၍ ညစ်ညမ်းခြင်းရှိကြပြီ။" တရားသူကြီး ၁၉ - ၂၁ ရှိ ဗင်ယာမင်အမျိုးတို့ ၏ အပြုအမူကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

## Hosea 10

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဣသရေလအမျိုးကို ငါတွေ့၏
ဣသရေလအမျိုးကို မိမိ၏လူအဖြစ် စတင် ရွေးကောက်ခဲ့သော အချိန်ကို ညွှန်းသည်။

တော၌ စပျစ်သီးကဲ့သို့ . . . သီးစသော သင်္ဘောသဖန်းပင်၌ အဦးဆုံးမှည့်သော သင်္ဘောသဖန်းသီးကဲ့သို့
စိတ်ကြည်နူးခြင်း ရှိကြောင်းကို ဖော်ညွှန်းသည်။ ဣသရေလ လူတို့နှင့် စတင် ဆက်သွယ်မှု ပြုစဉ်၌ ထာဝရဘုရား၏ စိတ်ကျေနပ်မှုကို ဖော်ကြူးထားသည်။

ဗာလပေဂုရ ဘုရား
ဗာလနတ်ကို ကိုးကွယ်သော မောဘပြည်ရှိ တောင်တခု၏ အမည်ဖြစ်သည်။

## Hosea 11

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဧဖရိမ်၏ဘုန်းသည် ငှက်ကဲ့သို့ ပျံသွားလိမ့်မည်။
ဧဖရိမ်အမျိုး ဟူသော မြောက်ပိုင်း ဣသရေလ ပြည်သားတို့အပေါ် တိုင်းတပါးသားများ၏ လေးစားကြည်ညိုမှုကို ဆုံးရှုံးရမည်။ ငှက်တကောင် ပျံသွားသကဲ့သို့ သူတို့၏ ဘုန်းသည် ပျောက်ကွယ်သွားမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧဖရိမ်၏ဘုန်းသည် ငှက်ကဲ့သို့ သူတို့ထံမှ ပျံသွားလိမ့်မည်"

အကယ်၍ သူတို့ကို ငါစွန့်ပစ်သောအခါ
မြောက်ပိုင်းပြည်ကို ပစ်ပယ်ရန် ဆိုလိုသည်။

## Hosea 13

ယေဘုယျ အချက်အလက်
ပရောဖက် ဟောရှေ ပြောဆိုသည်။

ဧဖရိမ်သည် တုရုမြို့ကဲ့သို့ ငြိမ်ဝပ်ရာအရပ်၌ တည်ဟန်ရှိသော်လည်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလပြည်သည် တုရုမြို့ကဲ့သို့ ငြိမ်ဝပ်ခဲ့သော်လည်း"

မိမိသားသမီးတို့ကို လူသတ်လက်သို့ အပ်ရလိမ့်မည်
"သားသမီး" မှာ ပြည်သူပြည်သားကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိလူတို့ကို လူသတ်လက်သို့ အပ်ရလိမ့်မည်"

အိုထာဝရဘုရား၊ ပေးသနားတော်မူပါ။ အဘယ်သို့ ပေးတော်မူရမည်နည်း . . . ပေးတော်မူပါ
ဣသရေလ လူတို့သည် မိမိနှင့်တန်သော အပြစ်ဒဏ်ကို ခံရမည်အကြောင်း ထင်ရှားစေရန် ဟောရှေ မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကို ဤသို့ ပေးတော်မူပါ၊ ထာဝရဘုရား။ ... ပေးတော်မူပါ"

ကိုယ်ဝန်မဆောင်သော ဝမ်း
အချိန်မတန်မီ ကိုယ်ဝန်ပျက်ကျခြင်းကို ညွှန်းသည်။ တိုင်းပြည်၏ မိန်းမများအပေါ် ထိုသို့ ဖြစ်စေမည်အကြောင်း ဟောရှေ တောင်းလျှောက်သည်။

## Hosea 15

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ငါ့အိမ်မှ ငါနှင်ထုတ်မည်
ခါနာန်ပြည်ဟူသော မိမိမြေတော်မှ ဣသရေလကို ထာဝရဘုရား နှင်ထုတ်တော်မည်ဟု ဆိုလိုသည်။

သူတို့မင်း အပေါင်းတို့
ဘုရင့် မှူးမတ်များကို ညွှန်းသည်။

## Hosea 16

ယေဘုယျ အချက်အလက်
အငယ် ၁၆ တွင် ထာဝရဘုရား မိန့်တော်မူပြီး၊ အငယ် ၁၇ တွင် ပရောဖက် ဟောရှေ ပြောဆိုသည်။

ဧဖရိမ်သည် အထိအခိုက် ခံရသောကြောင့်၊ အမြစ် သွေ့ခြောက်လျက်ရှိ၍ အသီးကို မသီးနိုင်ရာ
ထာဝရဘုရားက ဣသရေလ လူတို့ကို ပိုးစား၍ အသီးမသီးနိုင်သဖြင့် ခုတ်ပစ်ရမည့် အပင်ကဲ့သို့ ခေါ်ညွှန်းထားပါသည်။ လူတို့ အားလျော့သောကြောင့် ရန်သူ၏ တိုက်ဖျက်ခြင်း ခံရမည်ဟု ဆိုလိုသည်။

# Translation Questions

Hosea 9:1

ဣသရေလ တို့သည် မည်သည့်အရာကို ပေးဖို့ရန် နှစ်သက်သနည်း။
ဣသရေလတို့သည် ကောက်နယ်သလင်းရှိသမျှတို့၌ ပြည့်တန်ဆာများ တောင်းဆိုသမျှကို ပေးရန် နှစ်သက်ကြ၏။

Hosea 9:3

ဧဖရိမ်အမျိုး၏ ယဇ်ပူဇော်သက္ကာသည် သူတို့အဘို့ မည်သည့်အရာနှင့် တူလိမ့်မည်နည်း။
သူတို့၏ ပူဇော်ခြင်းသည် မသာလိုက်၍ ငိုကြွေးမြည်တမ်းသောသူတို့၏ အစာကဲ့သို့ဖြစ်၍ စားသော သူအပေါင်းတို့သည် ညစ်ညူးခြင်းသို့ ရောက်ကြလိမ့်မည်။

Hosea 9:5

လူတို့သည် ပျက်စီးရာထဲက ထွက်ပြေးလွတ်မြောက်လျှင် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။
လူတို့သည် ပျက်စီးရာထဲက ထွက်ပြေးလွတ်မြောက်လျှင် အဲဂုတ္တုပြည်သည်သူတို့ကိုစု၍ မင်ဖိမြို့သည် သူတို့ကိုသင်္ဂြိုဟ်လိမ့်မည်။

Hosea 9:7

မည်သည့် နေ့ရက် ရောက်လာမည်နည်း။
စစ်ကြောရသော အချိန်ရောက်မည်၊ အပြစ်ပေးရသောအချိန်ရောက်လည်းရောက်မည်။

Hosea 9:8

ပရောဖက်၏လမ်းများတွင် မည်သည့်အရာရှိသနည်း?
ပရောဖက်၏လမ်းတို့၌ ငှက်ကျော့ကွင်းရှိသည်။

Hosea 9:10

ဘိုးဘေးများတို့သည် ဗာလပေဂုရ ဘုရားထံသို့ သွားပြီးနောက် သူတို့သည် ဘယ်လိုဖြစ်လာမည်နည်း။
ဘိုးဘေးများတို့သည် ဗာလပေဂုရ ဘုရားထံသို့ သွားပြီးနောက် သူတို့သည် ထိုရှက်ဘွယ်သော အရာအဘို့ ကိုယ်ကို အပ်နှံသဖြင့် တပ်မက်သည်အတိုင်း စက်ဆုပ်ရွံရှာဘွယ်သော အမှုတို့ကို ပြုကြ၏။

Hosea 9:11

ဧဖရိမ်၏ ဘုန်းသည် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။
ဧဖရိမ်၏ ဘုန်းသည် ငှက်ကဲ့သို့ ပျံသွားလိမ့်မည်။

Hosea 9:13

ထာဝရဘုရားသည် ဧဖရိမ်အား မည်သည့်အရာကို ပေးလိမ့်မည်နည်း။
ထာဝရဘုရားသည် သူတို့အား ကိုယ်ဝန်မဆောင်သော ဝမ်း၊ နို့မထွက်သော သားမြတ်ကို ပေးတော်မူသည်။

Hosea 9:15

အဘယ်ကြောင့် ထာဝရဘုရားသည် ဧဖရိမ်ကို သူ့အိမ်မှ နှင်ထုတ်ရသနည်း။
ထာဝရဘုရားသည် သူတို့ကို သူ့အိမ်မှ နှင်ထုတ်ရခြင်းမှာ သူတို့ဒုစရိုက် အပြစ်ကြောင့် ဖြစ်သည်။

Hosea 9:16

ဧဖရိမ်မှာ သားသမီးရှိသော်လည်း မည်ကဲ့သို့ ဖြစ်ပျက်လိမ့်မည်နည်း။
သူတို့မှာ သားသမီး ရှိသော်လည်း သူတို့ အချစ်ဆုံးသော သားသမီးတို့ကို ထာဝရဘုရား သတ်တော်မူသည်။

## Chapter 10

[1] ဣသရေလသည် အသီးများစွာ သီးသော စပျစ် နွယ်ပင်ဖြစ်၏။ ကိုယ်အလိုအလျောက် သီးတတ်၏။ အသီးတိုးပွားသည်အတိုင်း
အမျိုးသားတို့သည် ယဇ်ပလ္လင် တို့ကို များပြားစေကြ၏။ သူတို့ပြည်ကောင်းသည်အတိုင်း ကောင်းသော ရုပ်တုဆင်းတုတို့ကို
လုပ်ကြသည်တကား။ [2] သူတို့၌ စိတ်နှစ်ခွရှိ၏။ ချက်ခြင်းအပြစ်ဒဏ်ကို ခံရကြမည်။ သူတို့ ယဇ်ပလ္လင်တို့ကို ကိုယ်တော်တိုင် ဖြိုချ ၍၊
ရုပ်တုဆင်းတုတို့ကိုလည်း ဖျက်ဆီးတော်မူမည်။ [3] ငါတို့သည် ထာဝရဘုရားကို မကြောက်ရွံ့သော ကြောင့် ရှင်ဘုရင်မရှိ။
ရှင်ဘုရင်ရှိသော်လည်း၊ ငါတို့အဘို့ အဘယ်သို့ ပြုနိုင်မည်နည်းဟု ချက်ခြင်း ဆိုရကြမည်။ [4] သူတို့ ကျိန်ဆိုသော စကားသည်
စကားသက် သက်ဖြစ်၍၊ မိဿဟာယဖွဲ့သောအခါ မုသာစကားကို သာ ပြောတတ်ကြ၏။ တရားစီရင်ခြင်းအမှုသည်
လယ်ကန်ဆည်ရိုးပေါ်မှာ ဘင်းခါးပင်ကဲ့သို့ ပေါက်ရလိမ့် မည်။ [5] ရှမာရိမြို့သားတို့သည် ဗေသဝင်နွားသငယ် အဘို့
ကြောက်ကြလိမ့်မည်။ ထိုနွားသငယ်၏ ဘုန်းအ တွက် သူ၏တကာတို့သည် ငိုကြွေးမြည်တမ်း၍၊ ယဇ် ပုရောဟိတ်တို့သည်
တုန်လှုပ်ကြလိမ့်မည်။ အကြောင်းမူ ကား၊ ရန်သူတို့သည် ထိုဘုန်းကို လုယူ၍၊ [6] နွားသငယ်နှင့်အတူ အာရှုရိပြည်သို့ ယူသွားပြီး လျှင်၊
ရှင်ဘုရင်ယာရက်အား ဆက်ရကြလိမ့်မည်။ ဧဖရိမ်သည် အသရေပျက်၍ ဣသရေလသည် မိမိအကြံ အစည်အားဖြင့်
ရှက်ကြောက်ရလိမ့်မည်။ [7] ရှမာရိသည် ပျက်ရ၏။ ရှမာရိရှင်ဘုရင်သည် ရေမြှုပ်သက်သက်ဖြစ်၏။ [8] ဣသရေလပြစ်မှားရာ
အာဝင်မြို့ကုန်းတို့သည် ပြိုကျ၍၊ ဆူးပင်အမျိုးမျိုးတို့သည် သူတို့ ယဇ်ပလ္လင်များကို လွှမ်းမိုးကြလိမ့်မည်။ မြို့သားတို့ကလည်း၊
အိုတောင်များ တို့၊ ငါတို့ကို ဖုံးအုပ်ကြပါ။ အိုကုန်းများတို့၊ ငါတို့အပေါ်၌ ကျကြပါဟု ခေါ်ကြလိမ့်မည်။ [9] ဂိဗာမြို့လက်ထက်၌
အပြစ်ကြီးသည်ထက် ဣသရေလသည် အပြစ်သာ၍ ကြီး၏။ ထိုမြို့၌ ရပ်နေ ကြ၏။ ဂိဗာမြို့၌ အဓမ္မလူတို့ကို စစ်တိုက်သောအခါ
မရှုံးကြ။ [10] ငါသည် ကိုယ်အလိုအလျောက် သူတို့ကို ဆုံးမ မည်။ သူတို့ အပြစ်နှစ်ပါးကြောင့် ချည်ထားလျက်ရှိသော အခါ၊
သူတို့တဘက်၌ လူများစည်းဝေးရကြလိမ့်မည်။ [11] ဧဖရိမ်သည် ယဉ်၍ စပါးကို နင်းချင်သော နွားမပျိုဖြစ်သော်လည်း၊ ငါသည်
ထမ်းဘိုးကို ထမ်းစေ သဖြင့်၊ ဧဖရိမ်သည် ကခြင်းကို ခံ၍၊ ယုဒသည် ထွန်လျက်၊ ယာကုပ်သည်လည်း မြေစိုင်ကို ခွဲလျက်ရှိရလိမ့်မည်။
[12] ကိုယ်အဘို့ ဖြောင့်မတ်ခြင်းမျိုးစေ့ကို ကြဲ၍၊ ကရုဏာတော် အသီးအနှံကို ရိတ်ကြလော့။ မလုပ်သေး သော လယ်ကို ထွန်ကြလော့။
ထာဝရဘုရားသည် ကြွလာ ၍၊ သင်တို့အပေါ်သို့ ဖြောင့်မတ်ခြင်း မိုဃ်းကို ရွာစေ တော်မမူမှီတိုင်အောင်၊ ကိုယ်တော်ကို ရှာရသောအချိန်
ရောက်လေပြီ။ [13] သင်တို့သည် ဒုစရိုက်မျိုးစေ့ကို ကြဲလို၍ လယ် ထွန်သောကြောင့်၊ အပြစ်စပါးကို ရိတ်ရကြ၏။ မုသာ အသီးအနှံကို
စားရကြ၏။ အကြောင်းမူကား၊ ကိုယ်ကြံ စည်ပြုမူခြင်းကိုငင်း၊ ကိုယ်၌ များစွာသော သူရဲတို့ကိုငင်း ကိုးစားတတ်၏။ [14] ထိုကြောင့်၊
သင်၏လူတို့သည် ရုန်းရင်းခတ်ကြ လိမ့်မည်။ ရှာလမန်မင်းသည် ဗေသာဗေလမြို့ကို စစ် တိုက်သောအခါ ဖျက်ဆီးသကဲ့သို့၊
သင်၏ရဲတိုက်ရှိသမျှ တို့သည် ပျက်စီးရကြလိမ့်မည်။ အမိသည် သားတို့နှင့် အတူ မြေပေါ်မှာ ဆောင့်ဖွပ်ခြင်းကို ခံရလိမ့်မည်။ [15]
ထိုသို့ ဗေသလသည် သင်တို့ ဒုစရိုက်အပြစ်များ ကြောင့် သင်တို့၌ ပြုလိမ့်မည်။ နံနက်အချိန်သည် လွန်တတ်သကဲ့သို့၊
ဣသရေလရှင်ဘုရင်သည် ရှင်းရှင်း ကွယ်ပျောက်ရလိမ့်မည်။

---

Hosea 01

ယေဘုယျ အချက်အလက်
ဟောရှေက ဣသရေလ အကြောင်းကို ပရောဖက်ပြုသည်။

အသီးများစွာ သီးသော စပျစ်နွယ်ပင်
သာမန် စပျစ်နွယ်ထက် အသီးကို ပို၍သီးသည်။

ဣသရေလသည် အသီးများစွာ သီးသော စပျစ်နွယ်ပင်ဖြစ်၏။ ကိုယ်အလိုအလျောက် သီးတတ်၏
ဣသရေလကို အသီးများစွာ သီးပွင့်သော စပျစ်နွယ်ကဲ့သို့ တင်စားထားသည်။ ကောင်းစား၍ ခွန်အားရှိကြောင်း ဆိုလိုသည်။

အသီး တိုးပွားသည်အတိုင်း . . . သူတို့ပြည် ကောင်းသည်အတိုင်း
လူတို့ ခွန်အားကြီးကာ ကြီးပွားလာသည်နှင့်အမျှဟူ၍ အကြောင်းအရာ တခုတည်းကို ဆိုလိုသည်။

သူတို့၌ စိတ်နှစ်ခွရှိ၏
"စိတ်" မှာ အတွင်းလူကို ညွှန်းသည်။ "သူတို့သည် လှည့်ဖျားတတ်၏"

ချက်ခြင်း အပြစ်ဒဏ်ကို ခံရကြမည်
"ထိုအပြစ်ဒဏ်ကို ယခု ခံရကြမည်"

Hosea 03

ယေဘုယျ အချက်အလက်
ဟောရှေက ဣသရေလ အကြောင်းကို ပရောဖက်ပြုသည်။

ရှင်ဘုရင် ရှိသော်လည်း၊ ငါတို့အဘို့ အဘယ်သို့ ပြုနိုင်မည်နည်း
မိမိတို့ ဘုရင်က အဘယ်သို့မျှ မပြုပေးနိုင်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင် ရှိသော်လည်း၊ ငါတို့အဘို့ အဘယ်အရာမျှ မပြုနိုင်"


generated on Sun Jun 30 02:37:40 2024

သူတို့ ကျိန်ဆိုသော စကားသည် စကားသက်သက် ဖြစ်၍
"စကားသက်သက်" မှာ လိမ်ညာမှုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ ကျိန်ဆိုသော စကားသည် မုသားဖြစ်၍"

တရားစီရင်ခြင်းအမှုသည် လယ်ကန်ဆည်ရိုးပေါ်မှာ ဘင်းခါးပင်ကဲ့သို့ ပေါက်ရလိမ့်မည်
လူတို့၏ တရားစီရင်မှုကို အပင်ပေါက်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့စီရင်သောအမှုမှာ တရားမျှတမှု မရှိ။ ဘေးဖြစ်စေ၏"

လယ်ကန်ဆည်ရိုးပေါ်မှာ ဘင်းခါးပင်ကဲ့သို့
ထိုသူတို့၏ မုသားစကားနှင့် မတရားမှုမှာ အဆိပ်ပင်ကဲ့သို့ တပြည်လုံးအနှံ့ ပျံ့သွားမည်။

Hosea 05

ယေဘုယျ အချက်အလက်
ဟောရှေက ဣသရေလ အကြောင်းကို ပရောဖက်ပြုသည်။

ဗေသဝင်
မြောက်ပိုင်း ဣသရေလပြည်နှင့် တောင်ပိုင်းပြည် တို့ ဗယ်္ယာမိန်ပိုင်နက်၏ နယ်နိမိတ်မြို့ ဖြစ်သည်။ ၄:၁၅ မှ ပြန်ဆိုချက်ကို ရှု။

နွားသငယ်နှင့်အတူ အာရှုရိပြည်သို့ ယူသွားပြီးလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နွားသငယ် ရုပ်တုကို အာရှုရိပြည်သို့ ယူသွားပြီးလျှင်"

မိမိအကြံအစည်
မူရင်းဟေဗြဲ ဝေါဟာရ "မိမိရုပ်တု" ကို "အကြံအစည်၊" "စီမံကိန်း" သို့မဟုတ် "ရည်ရွယ်ချက်" စသည်ဖြင့် မူပြန်ကျမ်းများတွင် တွေ့ရှိရသည်။

ဧဖရိမ်သည် အသရေပျက်၍ ဣသရေလသည် မိမိအကြံအစည်အားဖြင့် ရှက်ကြောက်ရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလ အမျိုးတို့သည် ရုပ်တု ကိုးကွယ်သော အမှုကြောင့် ရှက်ကြောက်ရလိမ့်မည်"

Hosea 07

ရှမာရိသည် ပျက်ရ၏။ ရှမာရိ ရှင်ဘုရင်သည် . . .
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာရှုရိတို့သည် ... ရှမာရိ ရှင်ဘုရင်ကို ဖျက်ဆီးလိမ့်မည်"

ရေမြှုပ်သက်သက်ဖြစ်၏
ရှမာရိ ဘုရင်ကို ရေလှိုင်းနောက်ကို လိုက်ရသော သစ်သားကဲ့သို့ ခိုင်းနှိုင်းထားသည်။

ဣသရေလ ပြစ်မှားရာ အာဝင်မြို့ ကုန်းတို့သည် ပြိုကျ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူတို့သည် ဣသရေလ၏ နတ်ဗိမာန်များကို ဖြိုချ၍"

မြို့သားတို့ကလည်း၊ အို တောင်များတို့၊ ငါတို့ကို ဖုံးအုပ်ကြပါ။ အို ကုန်းများတို့၊ ငါတို့အပေါ်၌ ကျကြပါဟု ခေါ်ကြလိမ့်မည်
သက်မဲ့သော အရာများထံ စကားပြောနေခြင်း ဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကားတွင် ထိုသို့သော အသုံးအနှုန်း မရှိလျှင်၊ လိုက်လျောညီထွေမည့် ဝေါဟာရကို သုံးနှုန်းရမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့ကလည်း တောင်များထံ၊ 'ငါတို့ကို ဖုံးအုပ်ပါ' ဟူ၍လည်းကောင်း၊ ကုန်းများထံ၊ 'ငါတို့အပေါ် ပြိုကျပါ' ဟူ၍လည်းကောင်း ခေါ်ကြလိမ့်မည်"

Hosea 09

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ဂိဗာမြို့ လက်ထက်
တရားသူကြီးမှတ်စာ ၁၉-၂၁ ရှိ ဗယ်္ယာမိန် အမျိုးတို့၏ ဖြစ်ရပ်ကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။ ၉:၈ မှ ပြန်ဆိုချက်ကို ရှု။

ထိုမြို့၌ ရပ်နေကြ၏
ဘိုးဘေးများ လက်ထက်၌ ဂိဗာမြို့တွင် ပြုခဲ့သည်အတိုင်း ဆက်လက်ပြုနေကြောင်း ဆိုလိုခြင်း ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘိုးဘေးတို့အတိုင်း ပြုကြ၏"

ဂိဗာမြို့၌ အဓမ္မလူတို့ကို စစ်တိုက်သောအခါ မရှိုးကြ
ဂိဗာမြို့ရှိ အပြစ်သားများက စစ်ပွဲ ရင်ဆိုင်ရမည်အကြောင်း ထာဝရဘုရား ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂိဗာမြို့၌ ပြစ်မှားသောသူတို့အပေါ် စစ်ပွဲ ကျရောက်လိမ့်မည်" သို့မဟုတ် "ရန်သူတို့သည် ဂိဗာမြို့၌ ပြစ်မှားသူများကို မုချတိုက်ခိုက်လိမ့်မည်"

အဓမ္မလူတို့
ထိုသို့ ပြုသောသူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြစ်မှားသောသူတို့" သို့မဟုတ် "ဒုစရိုက်သမားတို့"

Hosea 10

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

အပြစ်နှစ်ပါး
ဣသရေလ ပြုသမျှသော အပြစ်ကို ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

ဧဖရိမ်သည် ယဉ်၍ . . . နွားမပျိုဖြစ်သော်လည်း
နွားယဉ်သည် ထမ်းပိုးမရှိလျှင်၊ လွတ်လပ်စွာ သွားလာနိုင်ရန် စပါးကို နင်းချေတတ်ကြသည်။ ဧဖရိမ်ကို လွတ်လပ်၍ အေးချမ်းသော ဘဝကို ပေးခဲ့ကြောင်း ထာဝရဘုရား မိန့်ဆိုသည်။

ငါသည် ထမ်းဘိုးကို ထမ်းစေသဖြင့်၊ ဧဖရိမ်သည် ကခြင်းကို ခံ၍
ထမ်းပိုးမှာ ဒုက္ခဆင်းရဲနှင့် ကျွန်ခံမှုကို ညွှန်းသည်။ ဣသရေလ အမျိုးအပေါ် မေတ္တာပြခဲ့သော်လည်း၊ လူတို့က ထာဝရဘုရား အပေါ် သစ္စာပျက်ကြသည်။ ထို့ကြောင့် ဒုက္ခဆင်းရဲ ခံစေပြီး သူတပါး၏ ကျွန်အဖြစ် နှင်ထုတ်တော်မူမည်။

ယုဒသည် ထွန်လျက်၊ ယာကုပ်သည်လည်း မြေစိုင်ကို ခွဲလျက် ရှိရလိမ့်မည်
"ယုဒ" မှာ တောင်ပိုင်းပြည်ကို ညွှန်းပြီး၊ "ယာကုပ်" မှာ မြောက်ပိုင်းပြည်ကို ညွှန်းသည်။ တိုင်းပြည်နှစ်ခုလုံး၌ ဘေးဒုက္ခ ဖြစ်စေမည်ဟု ဘုရားသခင် ဆိုလိုသည်။

မြေစိုင်ကို ခွဲလျက်
မူရင်းကျမ်းအရ ထွန်မွှေသည်ဟု ဆိုနိုင်သည်။ လယ်ထွန်၍ မျိုးစေ့ကြဲပြီးနောက် မြေသား ညီညာစေခြင်းကို ဆိုလိုသည်။

Hosea 12

ယေဘုယျ အချက်အလက်
ထာဝရဘုရား မိန့်တော်မူသည်။

ကိုယ်အဘို့ ဖြောင့်မတ်ခြင်းမျိုးစေ့ကို ကြဲ၍၊ ကရုဏာတော် အသီးအနှံကို ရိတ်ကြလော့
ဖြောင့်မတ်ခြင်းနှင့် ကရုဏာတော်ကို မျိုးစေ့နှင့် အသီးအနှံဖြင့် တင်စားထားသည်။

မလုပ်သေးသော လယ်ကို ထွန်ကြလော့
မိမိလူတို့ကို နောင်တရ၍ ကောင်းသောအမှုကို ပြန်လည်အစပြုရန် ထာဝရဘုရား အလိုရှိသည်။

သင်တို့သည် ဒုစရိုက်မျိုးစေ့ကို ကြဲလို့၍ လယ်ထွန်သောကြောင့်၊ အပြစ်စပါးကို ရိတ်ရကြ၏။
ဒုစရိုက်နှင့် အပြစ်ကို မျိုးစေ့နှင့် စပါးဖြင့် တင်စားထားသည်။

မုသာအသီးအနှံကို စားရကြ၏
မုသာစကား၏ အကျိုးကို စား၍ရသော အသီးအနှံဖြင့် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခု သင်တို့ပြုသော မုသာစကား၏ အကျိုးကို ခံရကြ၏"

Hosea 14

ရှာလမန်မင်းသည် ဗေသာဗေလမြို့ကို စစ်တိုက်သောအခါ ဖျက်ဆီးသကဲ့သို့
လာမည့် စစ်ပွဲကို လွန်ခဲ့သော အချိန်နှင့် နှိုင်းပြထားသည်။

ရှာလမန်မင်း
ဘီစီ ၇၄၀ ဝန်းကျင်တွင် ဗေသာဗေလမြို့ကို ဖျက်ဆီးခဲ့သော ဘုရင်၏ အမည်ဖြစ်သည်။ မိန်းမနှင့် ကလေးများကို သတ်ဖြတ်ခဲ့သည်။

ဗေသာဗေလမြို့
နယ်သာလိအမျိုးတို့ ပိုင်သော မြို့တခု၏ အမည် ဖြစ်နိုင်သည်။

ထိုသို့ ဗေသလသည် သင်တို့ ဒုစရိုက်အပြစ်များကြောင့် သင်တို့၌ ပြုလိမ့်မည်
"ဗေသလ" မှာ ထိုမြို့၌ နေထိုင်သူများကို ကိုယ်စားပြုသည်။ ထိုမြို့၌ နေထိုင်သူများထံ ဟောပြောနေခြင်း ဖြစ်သည်။

# Translation Questions

Hosea 10:1

ဣသရေလ အမျိုးတို့၏ အသီးအနှံတိုးပွားလာသည်နှင့်အမျှ မည်သည့်အရာဖြစ်လိမ့်မည်နည်း။

ကိုယ်အလိုအလျောက် သီးတတ်၏။ အသီးတိုးပွားသည်အတိုင်း အမျိုးသားတို့သည် ယဇ်ပလ္လင်တို့ကို များပြားစေကြသည်။

Hosea 10:3

ဣသရေလ တို့သည် မည်ကဲ့သို့မိဿဟာယဖွဲ့ခဲ့သနည်း။

ဣသရေလ တို့သည် မိဿဟာယဖွဲ့သောအခါ မုသာစကားကို သာ ပြောတတ်ကြသည်။

Hosea 10:5

အဘယ်ကြောင့် ရှမာရိမြို့သားတို့သည် အာရှုရိပြည်သို့ ယူသွားခြင်းကို ခံရကြမည်နည်း။

ကြီးမြတ်သောဘုရင်အဖို့ လက်ဆောင်ဘဏ္ဍာအဖြစ် ယူသွားခြင်းခံရကြမည်ဖြစ်သည်။

Hosea 10:7

မည်သည့်အပင်သည် ယဇ်ပလ္လင်များအထက်တွင် ပေါက်လိမ့်မည်နည်း?

ဆူးပင်အမျိုးမျိုးတို့သည် သူတို့ ယဇ်ပလ္လင်များကို လွှမ်းမိုးကြလိမ့်မည်။

Hosea 10:10

ထာဝရဘုရားသည် ဧဖရိမ်၏ လည်ပင်းပေါ် အဘယ်ကြောင့် ထမ်းဘိုးကို တင်မည်နည်း။

အဘယ်ကြောင့်ဆိုသော် ဧဖရိမ်သည် တတ်ကျွမ်း၍ စပါးကိုနင်းချင်သော နွားမပျိုဖြစ်သောကြောင့် ထာဝရဘုရားသည် ထမ်းဘိုးကို ဧဖရိမ်၏ လည်ပင်းပေါ်တင်မည်ဖြစ်သည်။

Hosea 10:12

လူတို့သည် အဘယ်မျှလောက်ကြာအောင် ထာဝရဘုရားကို ရှာကြရမည်နည်း။

သင်တို့အပေါ်သို့ ဖြောင့်မတ်ခြင်း မိုဃ်းကို ရွာစေတော်မမူမှီတိုင်အောင်၊ သူတို့သည် ထာဝရဘုရားကြွလာတော်မူသည်တိုင် သူတို့သည် ရှာကြရမည်။

Hosea 10:14

ရှာလမန်မင်းသည် ဗေသာဗေလမြို့ကို ဖျက်ဆီးသောအခါ အမိသည် သားတို့နှင့် အတူ မည်သို့ ဖြစ်ပျက်ခဲ့သနည်း။

ရှာလမန်မင်းသည် ဗေသာဗေလမြို့ကို ဖျက်ဆီးသောအခါ အမိသည် သားတို့နှင့် အတူ မြေပေါ်မှာ အပိုင်းပိုင်းဖြစ်ခဲ့ကြသည်။

## Chapter 11

[1] ဣသရေလသည် အသက်ငယ်သောအခါ ငါ သည် ချစ်၍ ငါ့သားကို အဲဂုတ္တုပြည်မှ ခေါ်ခဲ့ပြီ။ [2] သူတို့ကို ခေါ်သော သူတို့ထံမှ
ထွက်သွားကြ၏။ ဗာလဘုရားတို့အား ယဇ်ပူဇော်၍ ရုပ်တုဆင်းတုတို့အား နံ့သာပေါင်းကို မီးရှို့ကြ၏။ [3] ငါသည် သွားတတ်သော
အတတ်ကို ဧဖရိမ် အား လက်ဆွဲ၍ သွန်သင်၏။ သို့သော်လည်း၊ ငါစောင့်မ ခြင်း ကျေးဇူးကို သူသည် မသိဘဲ နေ၏။ [4] လူကို
ဆွဲတတ်သော ကြိုးတည်းဟူသော မေတ္တာ ကြိုးနှင့် ငါဆွဲငင်၏။ ပါးရိုးအနားသို့ ထမ်းဘိုးကို ရွှေ့၍ ဖြည်းညှင်းစွာ ကျွေး၏။ [5]
အထံတော်သို့ မပြန်မလာဟု သူသည် ငြင်း သောကြောင့်၊ အဲဂုတ္တုပြည်သို့ ပြန်၍မသွားရ။ အာရှုရိ မင်းသည် သူတို့ကို
အုပ်စိုးရလိမ့်မည်။ [6] ထားဘေးသည် သူ့နေရာမြို့တို့ အပေါ်သို့ ရောက်၍ မင်းတို့ကို ဖျက်ဆီးလိမ့်မည်။ သူတို့ ကြံစည်ခြင်း အားဖြင့်ပင်
သုတ်သင်ပယ်ရှင်းလိမ့်မည်။ [7] ငါ၏လူတို့သည် ငါ့ထံမှ လွှဲမြဲလွှဲကြ၏။ အမြင့် ဆုံးသော ဘုရားထံသို့ ခေါ်သော်လည်း၊ ထိုဘုရားကို
အဘယ်သူမျှ မချီးမြှောက်လို။ [8] အိုဧဖရိမ်၊ ငါသည် သင့်ကို အဘယ်သို့ စွန့်နိုင် မည်နည်း။ အိုဣသရေလ၊ သင့်ကို အဘယ်သို့ အပ်နှံနိုင်
မည်နည်း။ သင့်ကို အာဒမာမြို့ကဲ့သို့ အဘယ်သို့ ဖြစ်စေ နိုင်မည်နည်း။ ဇေဘိုင်မြို့အရာ၌ အဘယ်သို့ ခန့်ထားနိုင် မည်နည်း။ ငါသည်
နှလုံးပြောင်းလဲ၍ အလွန် ကြင်နာ သော စိတ်ရှိ၏။ [9] ပြင်းစွာ အမျက်ထွက်သည်အတိုင်း မပြုလို။ ဧဖရိမ်ကို အထပ်ထပ်မဖျက်ဆီးလို။
ငါသည် လူမဟုတ်၊ ဘုရားသခင်ဖြစ်၏။ မြို့ထဲမှာနေသော မြို့သားမဟုတ် သော်လည်း၊ သင်တို့တွင်နေ၍ သန့်ရှင်းသော ဘုရား
ဖြစ်၏။ [10] သူတို့သည် ထာဝရဘုရား၏နောက်တော်သို့ လိုက်ကြလိမ့်မည်။ ခြင်္သေ့ကဲ့သို့ ဟောက်တော်မူမည်။
ဟောက်တော်မူသောအခါ သားသမီးတို့သည် အနောက် မျက်နှာမှအလျင်အမြန် ပြေးကြလိမ့်မည်။ [11] စာငှက်ကဲ့သို့ အဲဂုတ္တုပြည်မှငင်း၊
ချိုးကဲ့သို့ အာရှု ရိပြည်မှငင်း အလျင်အမြန်ပြေးကြ၍၊ သူတို့ကို နေရင်း အရပ်၌ ငါနေရာချမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [12]
ဧဖရိမ်သည် မုသာစကားနှင့်ငင်း၊ ဣသရေလ သည် လှည့်စားခြင်းနှင့်ငင်း ငါ့ကို နှောင့်ရှက်တတ်၏။ ယုဒသည်လည်း ဘုရားသခင့်ထံ၊
သန့်ရှင်း၍ သစ္စာစောင့် တော်မူသော ဘုရားသခင့်ထံမှ လွှဲ၍ လှည့်လည်တတ်၏။


generated on Sun Jun 30 02:37:40 2024

## Chapter 12

1 ဧဖရိမ်သည် လေကို ကျက်စားတတ်၏။ အရှေ့ လေကို လိုက်တတ်၏။ နေ့တိုင်းမုသာစကားနှင့် ပျက်စီး ခြင်းအကြောင်းတို့ကို
များပြားစေတတ်၏။ အာရှုရိလူတို့ နှင့် မိဿဟာယဖွဲ့လျက်နှင့်ပင်၊ အဲဂုတ္တုပြည်သို့ ဆီကို ယူသွားတတ်၏။ 2 ထာဝရဘုရားသည်
ယုဒအမျိုးနှင့်လည်း တရား တွေ့မှုရှိတော်မူ၏။ ယာကုပ်၏အကျင့်တို့ကို စစ်ကြော၍ သူပြုမူသည်နှင့်အညီ အပြစ်ပေးတော်မူမည်။ 3
ယာကုပ်သည် အမိဝမ်း၌ အစ်ကို၏ ဖနှောင့်ကို ကိုင်၏။ ခွန်အားကြီး၍ ဘုရားသခင်နှင့် ပြိုင်လေ၏။ 4 ကောင်းကင်တမန်နှင့်ပြိုင်၍
နိုင်လေ၏။ ငို၍ တောင်းပန်နှင့်ပြီ။ ကောင်းကင်ဗိုလ်ခြေအရှင်ဘုရား သခင်ထာဝရဘုရားကို ဗေသလမြို့မှာ ဖူးတွေ့၍၊ ငါတို့ အဘို့
ဗျာဒိတ်တော်ကို ခံလေ၏။ 5 ထာဝရဘုရားတည်းဟူသော နာမသည် ထိုဘုရားသခင်၏ ဘွဲ့နာမတော်ဖြစ်၏။ 6 သို့ဖြစ်၍၊
သင်၏ဘုရားသခင့်ထံတော်သို့ ပြန်လာလော့။ ကရုဏာတရား၊ ဖြောင့်မတ်ခြင်းတရားကို စောင့်ရှောက်၍၊ သင်၏ဘုရားသခင်ကို
အစဉ်မပြတ် မြော်လင့်လော့။ 7 သူသည် ကုန်သည်ဖြစ်၏။ စဉ်းလဲသော ချိန်ခွင် ကို ကိုင်တတ်၏။ သူတပါးကို ညှဉ်းဆဲခြင်းငှါ
အလိုရှိ၏။ 8 သို့ရာတွင်၊ ဧဖရိမ်က၊ ငါသည် ရတတ်၏။ ဘဏ္ဍာကို သိုထားပြီ။ ကြိုးစားသမျှတို့၌ အပြစ်ပါသော လွန်ကျူးခြင်းကို
ရှာ၍ မတွေ့ရာဟု ဆိုလိမ့်မည်။ 9 ငါထာဝရဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်သော သင်၏ဘုရားသခင်ဖြစ်၏။ ဓမ္မပွဲခံစဉ်
တွင် နေတတ်သကဲ့သို့ တဖန်တဲတို့၌ နေစေမည်။ 10 ငါသည် ပရောဖက်တို့၌ ဗျာဒိတ်ပေးပြီ။ များစွာ သော ရူပါရုံတို့ကို ပြပြီ။
ပရောဖက်များအားဖြင့် ပုံပမာ တို့ကို ထားပြီ။ 11 ဂိလဒ်ပြည်၌ အပြစ်ရှိ၏။ ပြည်သူပြည်သားတို့ သည် အကျိုးနည်းရှိကြပြီ။
ဂိလဂါလမြို့၌ နွားတို့ကို ယဇ် ပူဇော်၍၊ ယဇ်ပလ္လင်တို့သည် ထွန်ကြောင်းတွင် မြေအပုံပုံ ရှိသကဲ့သို့ များကြ၏။ 12 ယာကုပ်သည်
ရှုရိပြည်သို့ ပြေး၏။ ဣသရေလ သည် မယားကိုရခြင်းငှါ အစေကျွန်ခံ၍ သိုးစုကို ထိန်း ရလေ၏။ 13 ထာဝရဘုရားသည်
ပရောဖက်အားဖြင့် ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှ ကယ်နှုတ်၍၊ ပရောဖက် အားဖြင့်လည်း စောင့်မတော်မူ၏။ 14 ဧဖရိမ်သည်
အမျက်တော်ကို အလွန်နှိုးဆော် လေပြီ။ ထိုကြောင့်၊ လူအသက်ကို သတ်သော အပြစ် သည် သူ၌ ရောက်လိမ့်မည်။ သူကဲ့ရဲ့ခြင်း
အပြစ်ကို သူ၏သခင်သည် ပြန်ပေးလိမ့်မည်။



generated on Sun Jun 30 02:37:40 2024

## Chapter 13

1 ဧဖရိမ်သည် နှုတ်မြွက်သောအခါ သူတပါး ကြောက်လန့်တတ်၏။ သူသည် ဣသရေလအမျိုး၌ မြင့် မြတ်၏။ နောက်တဖန်
ဗာလဘုရားအားဖြင့် ပြစ်မှား သောကြောင့် သေ၏။ 2 ယခုမှာ အထပ်ထပ်ပြစ်မှား၍ ကိုယ်ဉာဏ်ပညာ အားဖြင့် အရည်သွန်းသော
ငွေရုပ်တု၊ ဆရာသမား လုပ်တတ်သော ရုပ်တုဆင်းတုများကို ကိုယ့်အဘို့ လုပ်ကြ ၏။ လုပ်ပြီးမှ ယဇ်ပူဇော်သောသူသည်
နွားသငယ်ကို နမ်းစေဟု ဆိုတတ်ကြ၏။ 3 ထိုကြောင့်၊ သူတို့သည် နံနက်မိုဃ်းတိမ်ကဲ့သို့၎င်း၊ စောစောကွယ်ပျောက်တတ်သော
နှင်းကဲ့သို့၎င်း၊ ကောက်နယ်တလင်းမှ လေဘွေတိုက်သွားသော ဖွဲကဲ့သို့ ၎င်း၊ မီးဖိုထဲကထွက်သော မီးခိုးကဲ့သို့၎င်း ဖြစ်ရကြလိမ့် မည်။
4 သို့ရာတွင်၊ ငါထာဝရဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်သော သင်၏ဘုရားသခင် ဖြစ်၏။ ငါမှတပါး အခြားသော
ဘုရားသခင်ကို သင်မသိ ပြီ။ ငါမှတပါး ကယ်တင်နိုင်သော သခင်မရှိ။ 5 အလွန်သွေ့ခြောက်သော အရပ်တည်းဟူသော တော၌ပင်
သင့်ကို ငါသိပြီ။ ကျက်စားရာအရပ်၌ ဝပြော စွာ စားရကြ၏။ 6 ဝသောအခါ ဝါကြွားသော စိတ်ရှိ၍ ငါ့ကို မေ့ လျော့ကြ၏။ 7
ထိုကြောင့်၊ သူတို့၌ ငါသည် ခြင်္သေ့ကဲ့သို့ ဖြစ် မည်။ လမ်းနားမှာ ချောင်းသော ကျားသစ်ကဲ့သို့ သူတို့ကို ချောင်းမြောင်းမည်။ 8
သားပျောက်သော ဝံမကဲ့သို့ သူတို့ကို ငါဆီးကြို ၍၊ သူတို့နှလုံး၌ ဖုံးသော အမြှေးကို ဆုတ်ဖဲ့မည်။ ခြင်္သေ့ မင်းကဲ့သို့
တွေ့သောအရပ်၌ပင် ငါကိုက်စားမည်။ တော သားရဲဖြစ်၍ အပိုင်းပိုင်းဆွဲဖြတ်မည်။ 9 အို ဣသရေလ၊ သင့်ကို ကယ်တင်နိုင်သော
အရှင် ငါ့ကို သင်သည် ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းရှိ၏။ 10 သင်၏ ရှင်ဘုရင်သည် အဘယ်မှာ ရှိသနည်း။
သင့်နေရာမြို့ရှိသမျှတို့၌ ကယ်တင်ပါစေသော။ သင်၏ တရားသူကြီးတို့သည် အဘယ်မှာ ရှိကြသနည်း။ 11 ရှင်ဘုရင်နှင့် မင်းများကို
ပေးပါဟု သင် တောင်းသောကြောင့်၊ ငါအမျက်ထွက်၍ ရှင်ဘုရင်ကို ပေးပြီ။ တဖန်ပြင်းစွာ အမျက်ထွက်၍ ရှင်ဘုရင်ကို ပယ် ရှားပြီ။
12 ဧဖရိမ်ပြုသော ဒုစရိုက်ကို ငါထုပ်ထား၍ သူ၏ အပြစ်ကို သိုမှီးပြီ။ 13 သူသည် သားဘွားသော မိန်းမကဲ့သို့ ဝေဒနာကို ခံရချိန်နီးပြီ။
မိုက်သောအမျိုးသားဖြစ်၏။ သားဘွားရာ ဝမ်းဝ၌ ကြာမြင့်စွာနေပါသည်တကား။ 14 သူတို့ကို မရဏာနိုင်ငံတန်ခိုးမှ ငါကယ်လွှတ်
မည်။ သေမင်းလက်မှလည်း ရွေးမည်။ အိုသေမင်း၊ သင့် ကို ကာလနာ စွဲစေမည်။ အိုမရဏာနိုင်ငံ၊ သင်၌ ဖျက်ဆီး သောဘေးကို
ရောက်စေမည်။ နောင်တရမည်အကြောင်း ကို ပမာဏမပြု။ 15 မိမိညီအစ်ကိုတို့တွင် အသီးများစွာ သီးတတ် သော်လည်း၊
အရှေ့လေလာလိမ့်မည်။ ထာဝရဘုရား၏ လေသည် တောမှလာ၍ သူ၏စမ်းရေတွင်းကို ခန်းခြောက်စေသဖြင့် ရေပြတ်လိမ့်မည်။
ဘဏ္ဍာတိုက်၌ ရှိသ မျှသော တန်ဆာအကောင်းအမြတ်တို့ကို ရန်သူ လုယူ လိမ့်မည်။ 16 ရှမာရိမြို့သည် မိမိဘုရားသခင်ကို
ပုန်ကန်သောကြောင့် ပျက်စီးလိမ့်မည်။ မြို့သားတို့သည် ထားဖြင့် လဲ၍ သေကြလိမ့်မည်။ သူငယ်တို့သည် မြေပေါ်မှာ
ဆောင့်ဖွပ်ခြင်းကိုင်း၊ ကိုယ်ဝန်ဆောင်သောမိန်းမတို့ သည် ဝမ်းခွဲခြင်းကိုင်း ခံရကြလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

## Chapter 14

[1] အိုဣသရေလ၊ သင်သည် ကိုယ်ပြုသော ဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်းရှိသောကြောင့် သင်၏ ဘု ရားသခင်
ထာဝရဘုရားထံတော်သို့ ပြန်လော့။ [2] ပဋိနာစကားကို ပြင်ဆင်၍ ထာဝရဘုရားထံတော်သို့ ပြန်လျက်၊ အကျွန်ုပ်တို့၌
ရှိသမျှသောအပြစ်တို့ ကို ပယ်ရှင်းတော်မူပါ။ ကျေးဇူးပြု၍ လက်ခံတော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်နှုတ်ခမ်းတည်းဟူသော နွားသ
ငယ်တို့ကို ပူဇော်ပါမည်။ [3] အာရှုရိမင်းသည် အကျွန်ုပ်တို့ကို မကယ်တင်ရ။ အကျွန်ုပ်တို့သည် မြင်းစီးသူရဲမလုပ်ပါ။ ကိုယ်လက်ဖြင့်
လုပ်သောအရာတို့အား၊ ကိုယ်တော်တို့သည် အကျွန်ုပ်တို့၏ ဘုရားသခင်ဖြစ်ပါ၏ဟု နောက်တဖန် မဆိုပါ။ အ ကြောင်းမူကား၊
မိဘမရှိသောသူတို့သည် ကိုယ်တော်ထံ၌ ကရုဏာကျေးဇူးကို ခံတတ်ကြပါ၏ဟု လျှောက်ကြလော့။ [4] ငါသည်
အမျက်ပြေသောကြောင့် သူတို့ဖောက် ပြန်ခြင်းကို ပြုပြင်မည်။ ကိုယ်အလိုအလျောက် စုံမက် မည်။ [5] ငါသည် နှင်းကဲ့သို့
ဣသရေလအပေါ်မှာ နေမည်။ သူသည် နှင်းပွင့်ကဲ့သို့ ပွင့်လိမ့်မည်။ လေဗနုန် တောကဲ့သို့ အမြစ်စွဲလိမ့်မည်။ [6] အညွန့်တို့သည်
ပြန့်ပွါး၍၊ သံလွင်ပင်ကဲ့သို့ အသရေတင့်တယ်လိမ့်မည်။ လေဗနုန်တောကဲ့သို့ မွှေးကြိုင် လိမ့်မည်။ [7] ထိုအပင်၏
အရိပ်အောက်၌နေသောသူတို့သည် အသစ်ပြုပြင်ခြင်းရှိ၍ စပါးကိုပြုစုကြလိမ့်မည်။ စပျစ်နွယ်ပင်ကဲ့သို့ တိုးပွါး၍
လေဗနုန်စပျစ်ရည်ကဲ့သို့ ကျော်စောကြလိမ့်မည်။ [8] ငါသည် နောက်တဖန် ရုပ်တုဆင်းတုတို့နှင့် အဘယ်သို့ဆိုင်ရသနည်းဟု
ဧဖရိမ်သည် ပြောလိမ့်မည်။သူ၏စကားကိုလည်း ငါနားထောင်၍ သူ့ကိုကြည့်ရှုမည်။ စိမ်းသောထင်းရှူးပင်ကဲ့သို့ဖြစ်၍၊ သင်သည်
ငါ့ကျေးဇူးကြောင့် အသီးနှင့်ပြည့်စုံလိမ့်မည်။ [9] အဘယ်သူသည်ပညာရှိသနည်း။ ထိုသူသည် ဤအရာတို့ကို နားလည်လိမ့်မည်။
အဘယ်သူသည် ဉာဏ်ကောင်းသနည်း။ ထိုသူသည် ဤအရာတို့ကို သိရလိမ့်မည်။ အဘယ်သူသည် ဖြောင့်ကြ၏။ ဖြောင့်မတ် သော
သူတို့သည် လိုက်ကြလိမ့်မည်။ အဓမ္မလူတို့မူကား၊ ထိုလမ်းတို့၌ ထိမိ၍ လဲကြလိမ့်မည်။

---

# Joel

## Chapter 1

1 ပေသွေလ၏သားယောလသို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ 2 အသက်ကြီးသော သူတို့၊
ကြားကြလော့။ ပြည် သူပြည်သားအပေါင်းတို့၊ နားထောင်ကြလော့။ ဤသို့ သော အမှုသည် သင်တို့လက်ထက်၌ ဖြစ်ဘူးသလော။
ဘိုးဘေးတို့လက်ထက်၌ ဖြစ်ဘူးသလော။ 3 ကိုယ်သားတို့အား ပြောကြလော့။ သူတို့သည် သူတို့သားတို့အား ပြောကြစေ။
သူတို့သားတို့သည်လည်း ဆက်နွယ်သော အခြားသူတို့အား ပြောကြစေ။ 4 ဂါဇံကျိုင်းခြင်းထားသော အရာကိုအရာ ဘကျိုင်းစား၏။
အရာဘကျိုင်းခြင်းထားသော အရာကို ယာလက်ကျိုင်းစား၏။ ယာလက်ကျိုင်းခြင်းထားသော အရာကို ခါသိလကျိုင်းစား၏။ 5
သေသောက် ကြူးတို့၊ နိုး၍ ငိုကြွေးကြလော့။ စပျစ်ရည်ကို သောက်ကြူးသောသူတို့၊ သင်တို့သောက်ရန်
ချိုသောစပျစ်ရည်ပြတ်သောကြောင့် ငိုကြွေးမြည်တမ်းကြ လော့။ 6 အကြောင်းမူကား၊ အားကြီး၍ မရေတွက်နိုင်အောင် များပြားသော
အမျိုးသည် ငါ့ပြည်ပေါ်သို့ တက်လာပြီ။ ထိုအမျိုးသား၏ သွားသည် ခြင်္သေ့သွားကဲ့သို့ငှင်း၊ အံသွားသည်လည်း
ခြင်္သေ့မအံသွားကဲ့သို့ငှင်း ဖြစ်၏။ 7 ငါ့စပျစ်နွယ်ပင်ကို ဖျက်ဆီး၍ ငါ့သင်္ဘော သဖန်းပင်ကို ကျိုးပဲ့စေပြီ။ သုတ်သင်ပယ်ရှင်း၍
ပစ်လိုက် လေပြီ။ အခက်အလက်တို့သည် ဖြူကြ၏။ 8 အသက်ငယ်စဉ်လက်ထပ်သော ခင်ပွန်းအတွက် လျှော်တေအဝတ်ကို
ဝတ်သော သတို့သမီးကဲ့သို့ ငိုကြွေး မြည်တမ်းလော့။ 9 ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာသည်
ထာဝရဘုရား၏အိမ်တော်၌ ပြတ်၏။ ထာဝရဘုရား၏အမှုတော်စောင့် ယဇ်ပုရောဟိတ်တို့ သည် ငိုကြွေးမြည်တမ်းကြ၏။ 10
လယ်သည် ပျက်၏။ မြေသည် ညှိုးငယ်၏။ စပါးလည်း ပျက်၏။ ချိုသော စပျစ်ရည်ကုန်ပြီ။ ဆီလည်း လျော့ပြီ။ 11 လယ်လုပ်သော
သူတို့၊ လယ်၌ ရိတ်ရသော အသီးအနှံပျက်သောကြောင့်၊ ဂျုံစပါးနှင့် မုယောစပါး အတွက် ရှက်ကြောက်ခြင်းရှိကြလော့။ ဥယျာဉ်ကို
ပြုစု သော သူတို့၊ မြည်တမ်းကြလော့။ 12 စပျစ်နွယ်ပင်သည် ညှိုးနွမ်း၏။ သင်္ဘောသဖန်း ပင်လည်း သွေ့ခြောက်၏။ သလဲပင်။
စွန်ပလွံပင်၊ ရှောက်ချိုပင်မှစ၍ တောသစ်ပင်ရှိသမျှတို့သည် ညှိုးနွမ်း ကြ၏။ အကယ်စင်စစ်လူသားတို့၌ ဝမ်းမြောက်စရာ
အကြောင်းသည် သွေ့ခြောက်၏။ 13 အို ယဇ်ပုရောဟိတ်တို့၊ လျှော်တေအဝတ်ကို ဝတ်၍ ငိုကြွေးကြလော့။ ယဇ်ပလ္လင်တော်
အမှုစောင့်တို့၊ မြည်တမ်းကြလော့။ ငါ၏ဘုရားသခင့်အမှုတော်စောင့်တို့၊ လာကြ။ လျှော်တေအဝတ်ကို ဝတ်လျက် တညဉ့်လုံးအိပ်
ကြလော့။ အကြောင်းမူကား၊ ဘောဇဉ်ပူဇော်သက္ကာ၊ သွန်း လောင်းရာ ပူဇော်သက္ကာကို သင်တို့ဘုရားသခင်၏ အိမ် တော်၌
မဆက်ကပ်ဘဲ နေကြပါပြီတကား။ 14 အစာရှောင်ရသော အချိန်ကို ခန့်ထားကြ လော့။ ခြိုးခြံစွာ ကျင့်ရသောအချိန်ကို
ကြော်ငြာကြလော့။ အသက်ကြီးသူမှစ၍ ပြည်သူပြည်သားအပေါင်းတို့ကို သင်တို့ဘုရားသခင်ထာဝရဘုရား၏ အိမ်တော်၌ စည်း
ဝေး၍ ထာဝရဘုရားအား ဟစ်ကြော်ကြလော့။ 15 ထိုနေ့ရက်ကြောင့် အမင်္ဂလာရှိ၏။ ထာဝရ ဘုရား၏ နေ့ရက်နီးပြီ။ အနန္တတန်ခိုးရှင်
ဖျက်ဆီးခြင်း ဘေးကဲ့သို့ ရောက်လာလိမ့်မည်။ 16 ငါတို့စားစရာသည် ငါတို့မျက်မှောက်၌ ပြတ် သည်မဟုတ်လော။ ငါတို့
ဘုရားသခင်၏ အိမ်တော်၌ ဝမ်းမြောက်ရွှင်လန်းခြင်းအကြောင်းလည်း ပြတ်သည် မဟုတ်လော။ 17 မျိုးစေ့တို့သည် မြေစိုင်အောက်မှာ
ပုပ်ကြ၏။ စပါးပြတ်သောကြောင့် စပါးကျီတို့သည် ပျက်ကြ၏။ ဘဏ္ဍာတိုက်တို့သည် ပြိုကြ၏။ 18 တိရစ္ဆာန်တို့သည်
အလွန်မြည်တမ်းကြ၏။ နွားစု တို့သည် ကျက်စားရာအရပ်မရှိသောကြောင့် ပင်ပန်းကြ ၏။ သိုးစုတို့သည်လည်း သေကြ၏။ 19
အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် ဟစ်ကြော်ပါ၏။ တော၌ ကျက်စားရာအရပ်တို့ကို မီးရှို့ ပါပြီ။ တောသစ်ပင်ရှိသမျှတို့ကို
မီးလျှံလောင်ပါပြီ။ 20 တောသားရဲတို့သည်လည်း ကိုယ်တော်ကို ဟစ် ကြော်ကြပါ၏။ မြစ်ရေခန်းခြောက်ပါပြီ။ တော၌ ကျက်
စားရာအရပ်တို့ကိုလည်း မီးလောင်ပါပြီ။

---

---

Joel 01

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ယောလအားဖြင့် ကဗျာစာပေ အသုံးပြုကာ အစ္စရေးလူမျိုးတို့ကို မိန့်ကြားသည်။

ပေသွေလ
ယောလ၏ ဖခင်

ထာဝရဘုရား
ဤနာမည်သည် ဓမ္မဟောင်းခေတ်၌ သူ့လူမျိုးတို့ထံ ဖော်ပြခဲ့သော ဘုရား၏ နာမဖြစ်သည်။

ဤသို့ သော အမှုသည် သင်တို့လက်ထက်၌ ဖြစ်ဘူးသလော။ ဘိုးဘေးတို့လက်ထက်၌ ဖြစ်ဘူးသလော။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအရာသည် သင့်ခေတ်သို့မဟုတ် သင့်ဘိုးဘေးခေတ်၌ မဖြစ်ပျက်ဘူးပေ။"

 generated on Sun Jun 30 02:37:40 2024

Joel 04

ဂါဇံကျိုင်း
နံကောင်များကဲ့သို့ အုပ်စုလိုက် ပျံသန်းကာ ကျယ်ပြန့်သော သီးနှံစိုက်ခင်းများကို စားသုံးသည့် အင်းစက်ပိုးမျိုး

ဂါဇံကျိုင်း...အရာ ဘကျိုင်း...ယာလက်ကျိုင်း...ခါသိလကျိုင်း
ထိုအကောင်များမှာ အရှယ်ရောက်သော ကျိုင်းကောင်၊ လွယ်ကူစွာ ပျံသန်းနိုင်သော ဧရာမကျိုင်းကောင်၊ အလွန်နုနယ်သော ကျိုင်းကောင်၊ ပေါက်ခါစ ကျိုင်းကောင်

Joel 05

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် အစ္စရေးလူမျိုးတို့ကို ရောက်လာမည့် ကျိုင်းကောင်စစ်တပ် ကြီးအကြောင်း သတိပေးသည်။

သေသောက် ကြူးတို့၊ နိုး၍ ငိုကြွေးကြလော့။ စပျစ်ရည်ကို သောက်ကြူးသောသူတို့၊ သင်တို့သောက်ရန် ချိုသောစပျစ်ရည်ပြတ်သောကြောင့် ငိုကြွေးမြည်တမ်းကြ လော့။
စပျစ်ရည်ကို သောက်ကြူးသောသူတို့ ငိုကြွေးမြည်တမ်းကြ လော့။

အမျိုးသည်
ကျိုင်းကောင်အုပ်စုသည် ကျူးကျော်သော စစ်တပ်ကဲ့သို့ဖြစ်သည်။

ထိုအမျိုးသား၏ သွားသည် ခြင်္သေ့သွားကဲ့သို့၎င်း၊ အံသွားသည်လည်း ခြင်္သေ့မအံသွားကဲ့သို့၎င်း ဖြစ်၏။
ဤစာကြောင်းနှစ်ခု၏ အဓိပ္ပာယ် အတူတူဖြစ်သည်။ ကျိုင်းကောင်တို့၏ သွားများသည် ခြင်္သေ့သွားကဲ့သို့ ခိုင်းနိုင်းရခြင်းမှာ သီးနှံများအားလုံးကို ရက်စက်စွာ ဝါးမျိုကြောင်း ပေါ်လွင်စေသည်။

ငါ့စပျစ်နွယ်ပင်ကို ဖျက်ဆီး၍ ငါ့သင်္ဘော သဖန်းပင်ကို ကျိုးပွဲ့စေပြီ။ သုတ်သင်ပယ်ရှင်း၍ ပစ်လိုက် လေပြီ။ အခက်အလက်တို့သည် ဖြူကြ၏။
ထာဝရဘုရား၏ မြေ၊ စပျစ်နွယ်ပင် နှင့် သင်္ဘော သဖန်းပင်

ဖျက်ဆီး
လုံးဝပျက်ဆီးသွားသော နယ်မြေကို မြင်သော သူတို့သည် တုန်လှုပ်ခြောက်ခြားကြသည်။

Joel 08

ယေဘုယျ အချက်အလက်
ထာဝဘုရားသည် အစ္စရေးလူမျိုးတို့ကို ဆက်လက်စကားပြောသည်။

မြေသည် ညှိုးငယ်၏။
ဤနေရာမှာ မြေကို လူကဲ့သို့ ပုံဖော်ထားသည်။ သို့သော် အချို့သော ဘာသာပြန်ကျမ်းများ၌ ဤကျမ်းပိုဒ်ကို "မြေသည် ငိုကြွေး၏" ဟု ဖော်ပြထားသည်။

Joel 11

ယေဘုယျ အချက်အလက်
ထာဝဘုရားသည် အစ္စရေးလူမျိုးတို့ကို ဆက်လက်စကားပြောသည်။

မုယောစပါး
မျက်ပင်၊ ဂျုံစပါးအနွယ်တစ်မျိုးဖြစ်ပြီး ၎င်း၏အစေ့ဖြင့် မုန့်ပြုလုပ်၍ရသည်။

သွေ့ခြောက်
ခြောက်သွေ့ကာ သေဆုံးသည်။

သလဲပင်၊ စွန်ပလွံပင်၊ ရှောက်ချိုပင်မှစ၍ တောသစ်ပင်ရှိသမျှတို့သည် ညှိုးနွမ်း ကြ၏။
မတူညီသော သစ်သီးများ

Joel 13

ယေဘုယျ အချက်အလက်
ဣသရေလ ယဇ်ပုရောဟိတ် တို့ကို ဘုရားသခင် စကားပြောဆိုခြင်း

အို ယဇ်ပုရောဟိတ်တို့၊ လျှော်တေအဝတ်ကို ဝတ်၍ ငိုကြွေးကြလော့။ ယဇ်ပလ္လင်တော် အမှုစောင့်တို့၊ မြည်တမ်းကြလော့။ ငါ၏ဘုရားသခင့်အမှုတော်စောင့်တို့၊ လာကြ။ လျှော်တေအဝတ်ကို ဝတ်လျက် တညဥ့်လုံးအိပ် ကြလော့။
ဘုရားသခင်သည် ယဇ်ပုရောဟိတ်တို့အား မိမိကိုယ်မိမိ နိမ့်ချလျက် ဝမ်းနည်းစွာငိုကြွေးဖို့ ပြောဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အို ယဇ်ပုရောဟိတ်တို့ ငိုကြွေးမြည်တမ်းကာ တစ်ညလုံး လျှော်တေအဝတ်ကို ဝတ်လျက် ကိုယ့်ကိုယ်ကို နိမ့်ချကြလော့။"

ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာ
ဗိမာန်တော်၌ ပြုနေသည့် ပူဇော်သက္ကာ

သင်တို့ဘုရားသခင်ထာဝရဘုရား၏ အိမ်တော်
ယေရုရှလင် ဗိမာန်တော်

Joel 15

ယေဘုယျ အချက်အလက်
ဤအရာသည် ဘုရားသခင်က ယဇ်ပုရောဟိတ်တို့ကို ပြောထွက်စေချင်သော စကား ဖြစ်သည်။

ငါတို့စားစရာသည် ငါတို့မျက်မှောက်၌ ပြတ် သည်မဟုတ်လော။ ငါတို့ ဘုရားသခင်၏ အိမ်တော်၌ ဝမ်းမြောက်ရွှင်လန်းခြင်းအကြောင်းလည်း ပြတ်သည် မဟုတ်လော။
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့၏ အစားအစာထောက်ပံ့မှုများ ကုန်ခမ်းကြောင်း မြင်တွေ့ခဲ့ပြီး သူတို့သည် ဘုရားသခင်၏ အိမ်တော်မှ ပျော်ရွှင်နှင့် ဝမ်းမြောက်ခြင်းတို့ကိုလည်း ဖြတ်တောက်ခဲ့သည်။


generated on Sun Jun 30 02:37:40 2024

ငါတို့မျက်မှောက်၌
"ငါတို့ထံမှ" ဟူသော စကားသည် ဣသရေလလူမျိုးကို ရည်ညွှန်းသည်။

ဝမ်းမြောက်၊ရွှင်လန်းခြင်း
ဤစကားလုံးနှစ်ခုသည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ်ဆောင်သည်။ ဤသို့ ပြိုင်တူသုံးခြင်းဖြင့် ဗိမာန်တော်၌ ပျော်ရွှင်စရာ ဆောင်ရွက်ချက် မရှိကြောင်း ပိုမိုထင်ရှားစေသည်။

မြေစိုင်
မြေခဲ

Joel 18

ယေဘုယျ အချက်အလက်
ဘုရားသခင်က ယဇ်ပုရောဟိတ်တို့အား ဣသရေလလူမျိုးတို့အတွက် မည်ကဲ့သို့ ဆုတောင်းရမည်ကို ဆက်လက်ပြောပြသည်။

အလွန်မြည်တမ်း
နာကျင်မှုကြောင့် ထွက်လာသည့် နက်ရှိုင်းသောအသံ

တော၌ ကျက်စားရာအရပ်တို့ကို မီးရှို့ ပါပြီ။ တောသစ်ပင်ရှိသမျှတို့ကို မီးလျှံလောင်ပါပြီ။
ဆင်တူသည့် ဤစကားစု နှစ်ခုသည် စိုက်ပျိုးမြေ သို့မဟုတ် တောမြေ အားလုံး ပျက်စီးကြောင်းကို ဖော်ပြသည်။

မြစ်ရေ
စမ်းချောင်းလေးများ

---

## Translation Questions

Joel 1:1

အဘယ်သူ၏စကားသည် ယောလဆီသို့ ရောက်လာခဲ့သနည်း။
ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယောလဆီသို့ရောက်လာခဲ့သည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို အသက်ကြီးသူတို့သည် ဘယ်သူတို့ကို ပြောရမည်နည်း။
သူတို့သည် သူတို့၏ သားသမီးတို့အား ပြော၍၊ သူတို့သား၊ သမီးတို့သည်လည်း သူတို့သား၊သမီးတို့ကို ပြောရန်ဖြစ်သည်။

Joel 1:4

ကျိုင်းကောင်များစား၍ ချန်ခဲ့သောနေရာတွင်မည်သို့ဖြစ်သနည်း။
ကျိုင်းကောင် စားကြွင်းသောအရာများကို နှံကောင်သည် ပြန်စားခဲ့ကြသည်။

Joel 1:5

စပျစ်ရည်ကို သောက်ကြူးသူတို့သည် အဘယ်ကြောင့် ငိုကြွေးမြည်းတမ်းကြရသနည်း။
သူတို့ ငိုကြွေးမြည်းတမ်းရခြင်းမှာ ချိုသောစပျစ်ရည် ပြတ်တောက်သွားခြင်းကြောင့် ဖြစ်သည်။

ရန်သူတို့ဟာ စပျစ်နွယ်ခြံကို ဘယ်အရပ်၌ နေရာချသနည်း။
ထိုသူသည် စပျစ်နွယ်ခြံ ကို ကြောက်မက်ဖွယ်ကောင်းသောနေရာ အရပ်၌ နေရာချခဲ့သည်။

Joel 1:8

အပျိုကညာ မြည်းတမ်းရခြင်းမှာ အဘယ်နည်း။
အပျိုကညာငိုကြွေးမြည်းတမ်းခြင်းအကြောင်းအရင်းမှာ သူမ၏ ယောကျာ်း သေဆုံးရသောကြောင့်ဖြစ်သည်။

စပါးစေ့များ မည်သို့ဖြစ်ပျက်ခဲ့ရသနည်း။
စပါးစေ့တွေ ပျက်စီးခဲ့ကြသည်။

Joel 1:13

ဘုရားသခင်၏ အိမ်တော်မှ အဘယ်အရာကို ထိန်းသိမ်းထားသနည်း။
ဘောဇဉ်ပူဇော်သက္ကာများကို ဘုရားသခင်၏ အိမ်တော်တွင် ပူဇော်ရန် ရပ်တန့်ထားသည်။

Joel 1:15

ထာဝရဘုရား၏ နေ့ရက်သည် ဤနေရာတွင် ဘယ်ချိန်ဖြစ်လာမည်နည်း။
ထာဝရဘုရား၏ နေ့ရက်နီးပြီ။

အဘယ်အရာသည် ပျက်စီးပြီးသနည်း။
စပါးပြတ်သောကြောင့် စပါးကျီတို့သည် ပျက်စီးခဲ့ရသည်။

Joel 1:18

အဘယ်ကြောင့် ကျွဲနွား တိရစ္ဆာန်များကို ပူဇော်မီးရှို့ရန် ကျောင်းရသနည်း။
ကျွဲနွား တိရစ္ဆာန်များကို ပူဇော်မီးရှို့ရန် ကျောင်းရခြင်းမှာ သူတို့တွင် ကျက်စားရာအရပ် မရှိသောကြောင့်ဖြစ်သည်။

ယောလသည် အဘယ်သူကို ခေါ်သနည်း။
ယောလသည် ထာဝရဘုရားကို ခေါ်သည်။

အဘယ်သူ့အတွက် ရည်ရွယ်ပြီး တိရစ္ဆာန် များကို ကျောင်းရသနည်း။
တိရစ္ဆာန်ကို ထာဝရဘုရားအတွက် ရည်ရွယ်ပြီး ကျောင်းရသည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 2

1 ဇိအုန်တောင်ပေါ်မှာ တံပိုးကို မှုတ်ကြလော့။ သန့်ရှင်းသော ငါ့တောင်ပေါ်မှာ သတိပေးသော အသံကို ပြုကြလော့။
ပြည်သူပြည်သားအပေါင်းတို့သည် တုန်လှုပ် ကြစေ။ အကြောင်းမူကား၊ ထာဝရဘုရား၏ နေ့ရက်သည် လာ၍ နီးပြီ။ 2 မိုက်မဲသောနေ့၊
မိုဃ်းအုံ့၍ မှောင်မိုက်ထူထပ် သော နေ့ဖြစ်၏။ မနက်အာရုဏ်သည် တောင်ထိပ်တို့ကို နှံ့ ပြားသကဲ့သို့၊ အများဖြစ်၍ အားကြီးသော
အမျိုးသည် လာ၏။ ရှေးကာလ၌ ထိုသို့ မဖြစ်စဖူး။ နောင်ကာလ အစဉ်အဆက်၌လည်း မဖြစ်ရလတံ့။ 3 သူတို့ရှေ့မှာ မီးလောင်၏။
နောက်၌လည်း မီးလျှံတောက်၏။ ရှေ့တွင်ရှိသော ပြည်သည် ဧဒင် ဥယျာဉ်ကဲ့သို့ ဖြစ်၏။ နောက်၌ကား၊ သုတ်သင်ပယ်ရှင်း သော
လွင်ပြင်ဖြစ်၏။ အကယ်စင်စစ် သူတို့လက်မှ အဘယ်အရာမျှ မလွတ်ရ။ 4 သူတို့သည် အဆင်းအားဖြင့် မြင်းနှင့်တူ၍၊
မြင်းစီးသူရဲကဲ့သို့ ပြေးကြလိမ့်မည်။ 5 ရထားမြည်သံကဲ့သို့၎င်း၊ အမှိုက်ကို လောင်သော မီးမြည်သံကဲ့သို့၎င်း အသံမြည်၍
တောင်ထိပ်တို့အပေါ် မှာ ခုန်ကြလိမ့်မည်။ စစ်တိုက်ခြင်းငှါ ခင်းကျင်း၍ အားကြီးသော လူအလုံးအရင်းကဲ့သို့ ဖြစ်ကြလိမ့်မည်။ 6
သူတို့ရှေ့မှာ လူတို့သည် အလွန်ပင်ပန်းသော စိတ်ရှိ၍၊ ခပ်သိမ်းသော သူတို့သည် မျက်နှာမည်းကြ လိမ့်မည်။ 7 သူတို့သည် သူရဲကဲ့သို့
ပြေး၍ စစ်သူရဲကဲ့သို့ မြို့ရိုးကို တက်ကြလိမ့်မည်။ လမ်းမလွှဲဘဲ အသီးအသီး မိမိတို့လမ်းသို့ တည့်တည့်လိုက်ကြလိမ့်မည်။ 8
တဦးကိုတဦး မတိုက်ဘဲ မိမိလမ်းသို့ မိမိလိုက် ကြလိမ့်မည်။ ထားသွားကို ထိသော်လည်း ရှနခြင်းကို မခံရကြ။ 9
မြို့ထဲမှာတလည်လည် ပြေးလျက်၊ မြို့ရိုးကို ကျော်လျက်၊ အိမ်ပေါ်သို့ တက်လျက်၊ သူခိုးကဲ့သို့ ပြတင်း ပေါက်ထဲသို့
ဝင်လျက်ရှိကြလိမ့်မည်။ 10 သူတို့ရှေ့မှာ မြေကြီးလှုပ်လိမ့်မည်။ မိုဃ်း ကောင်းကင်လည်း တုန်ခိုက်လိမ့်မည်။ နေနှင့်လ သည် မိုက်၍၊
ကြယ်တို့သည် မထွန်းလင်းဘဲ နေကြလိမ့်မည်။ 11 ထာဝရဘုရားသည်လည်း မိမိတပ်တော်ရှေ့မှာ အသံကို လွှင့်တော်မူမည်။
တပ်တော်သည် အလွန်ကြီးမား ၏။ စကားတော်အတိုင်း စီရင်သော သူသည် တန်ခိုးကြီး တော်မူ၏။ ထာဝရဘုရား၏နေ့ရက်သည်
ကြီး၍ အလွန် ကြောက်မက်ဘွယ်သော နေ့ရက်ဖြစ်၏။ အဘယ်သူခံနိုင် သနည်း။ 12 သို့ဖြစ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊
ယခုတွင် အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့်တကွ စိတ်နှလုံးအကြွင်းမဲ့ ငါ့ထံသို့ ပြန်လာကြလော့။ 13 အဝတ်ကို မဆုတ်ဘဲ
နှလုံးကို ဆုတ်လျက်၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရားထံတော်သို့ ပြန်လာ ကြလော့။ ချစ်သနားခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံ၍
စိတ်ရှည်သောသဘော၊ အလွန်ကျေးဇူးပြုချင်သော သဘော၊ အပြစ်ပေးခြင်းကို နောင်တရတတ်သော သဘောရှိတော်မူ၏။ 14
သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားအား ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာကို ဆက်ကပ်ရန်
ဖြစ်စေခြင်းငှါ၊ ဘုရား သခင်သည် တဖန် ပြန်လာ၍ နောင်တရပြီးလျှင်၊ ကောင်းကြီးမင်္ဂလာကို ထားရစ်စေတော်မူမည်မမူမည်ကို
အဘယ်သူသိနိုင်သနည်း။ 15 ဇိအုန်တောင်ပေါ်မှာ တံပိုးကို မှုတ်ကြလော့။ အစာရှောင်ရသော အချိန်ကို ခန့်ထား၍ ခြိုးခြံစွာ
ကျင့်ရသော အချိန်ကို ကြော်ငြာကြလော့။ 16 လူများတို့ကို ခေါ်၍ စုဝေးသော ပရိသတ်တို့ကို သန့်ရှင်းစေကြလော့။ အသက်ကြီးသော
သူတို့ကို၎င်း၊ ငယ်သောသူနှင့်နို့စို့သော သူတို့ကို၎င်း စုဝေးစေကြလော့။ မင်္ဂလာဆောင်လုလင်သည် မိမိအခန်းထဲကင၎်း၊ မင်္ဂလာ
ဆောင်သတို့သမီးသည် မိမိကွယ်၍နေသော ကုလားကာ တွင်းကင၎်း ထွက်စေ။ 17 ထာဝရဘုရား၏ အမှုတော်စောင့်၊ ယဇ်ပုရော
ဟိတ်တို့သည် အိမ်တော်ဦးနှင့် ယဇ်ပလ္လင်စပ်ကြားမှာ ငိုကြွေးလျက်၊ အိုထာဝရဘုရား၊ ကိုယ်တော်၏လူများကို သနားတော်မူပါ။
တပါးအမျိုးသားတို့သည် အစိုးရ၍ အမွေတော်လူတို့ကို ကဲ့ရဲ့စေခြင်းငှါ အပ်နှံတော်မမူပါ နှင့်။ သူတို့ ဘုရားသခင်ကား၊ အဘယ်မှာ
ရှိသနည်းဟု တပါးအမျိုးသားတို့သည် အဘယ်ကြောင့် ဆိုရကြပါ သနည်းဟု လျှောက်ကြစေ။ 18 သို့ပြုလျှင်၊ ထာဝရဘုရားသည်
ပြည်တော်ကို မစချင်သော စိတ်အားကြီး၍ မိမိလူတို့ကို ကယ်မသနား တော်မူလိမ့်မည်။ 19 အကယ်စင်စစ် ထာဝရဘုရားသည်
ထူးတော်မူ လျက်၊ ငါသည် ဆန်စပါး၊ စပျစ်ရည်၊ ဆီကို ပေးလိုက်၍ သင်တို့သည် ဝကြလိမ့်မည်။ နောက်တဖန် တပါးအမျိုး
သားကဲ့ရဲ့ရာဖြစ်စေခြင်းငှါ ငါမပြု။ 20 မြောက်မျက်နှာတပ်သားတို့ကို သင်တို့နေရာမှ ငါပယ်ရှားမည်။ အဘယ်သူမျှမရှိ၊
သွေ့ခြောက်သော အရပ်သို့ နှင်ထုတ်မည်။ အရှေ့ပင်လယ်ကို မျက်နှာပြု လျက်၊ အနောက်ပင်လယ်ကို ကျောခိုင်းလျက် ချီသွားလိမ့်
မည်။ ပုပ်စပ်နံစော်သော အနံ့ထွက်လိမ့်မည်။ ထာဝရ ဘုရားသည် ကြီးသော အမှုတို့ကို ပြုတော်မူမည်ဟု မိန့်တော်မူလိမ့်မည်။ 21
အိုပြည်တော်၊ မစိုးရိမ်နှင့်။ ဝမ်းမြောက်ရွှင်လန်း ခြင်းရှိလော့။ ထာဝရဘုရားသည် ကြီးသောအမှုတို့ကို ပြုတော်မူမည်။ 22 အိုတော
သားရဲတို့၊ မစိုးရိမ်ကြနှင့်။ တောမြက် ပင်ပေါက်လျက်၊ သစ်ပင်တို့သည် အသီးကို သီးလျက်၊ သင်္ဘောသဖန်းပင်နှင့်
စပျစ်နွယ်ပင်တို့လည်း အားထုတ် လျက်ရှိကြ၏။ 23 အိုဇိအုန်မြို့သားတို့၊ ဝမ်းမြောက်၍ သင်တို့၏ ဘုရားသခင်ထာဝရဘုရားကို
အမှီပြုလျက် ရွှင်လန်း ကြလော့။ အကြောင်းမူကား၊ ဓမ္မဆရာကို ပေးတော်မူ၍ အစအဦး၌လည်း အရင်မိုဃ်းနှင့်နောက်မိုဃ်းကို
သင်တို့ အပေါ်မှာ ရွာစေတော်မူမည်။ 24 ကောက်နယ်တလင်းတို့သည် စပါးနှင့်ပြည့်၍၊ အသီးနယ်ရာ ကျင်းတို့၌လည်း စပျစ်ရည်နှင့်ဆီ
လျှံကြ လိမ့်မည်။ 25 အရာဘကျိုင်း၊ ယာလက်ကျိုင်း၊ ခါသိလကျိုင်း၊ ဂါဇံကျိုင်းတည်းဟူသော ငါစေလွှတ်သော ငါ၏ မဟာ
ဗိုလ်ခြေတို့ ကိုက်စားသော နှစ်ပေါင်းကာလကို ငါပြန်ပေး မည်။ 26 သင်တို့သည် ဝစွာ စားရကြလိမ့်မည်။ အံ့ဩ ဘွယ်သောအမှုတို့ကို
သင်တို့၌ ပြုသော သင်တို့၏ဘုရား သခင်ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလိမ့်မည်။ နောက်တဖန် ငါ၏လူတို့သည်လည်း
ရှက်ကြောက်ခြင်း မရှိရကြ။ 27 ငါသည် ဣသရေလအမျိုး၏အလယ်၌ရှိ ကြောင်းကို၎င်း၊ အခြားသော ဘုရားမရှိ၊ ငါထာဝရဘုရား
သည် သင်တို့၏ဘုရားသခင်ဖြစ်ကြောင်းကို၎င်း သင်တို့ သိရကြလိမ့်မည်။ နောက်တဖန်ငါ၏လူတို့သည် ရှက် ကြောက်ခြင်း မရှိရကြ။


generated on Sun Jun 30 02:37:40 2024

[28] ထိုနောက်မှ လူမျိုးတကာတို့ အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့်
ဟောပြောရကြ လိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက် တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သော သူတို့
သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ [29] ငါ၏အမှုကို ဆောင်ရွက်သော ယောကျ်ားမိန်းမ တို့အပေါ်သို့
ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း၍၊ သူတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ [30] မိုဃ်းကောင်းကင်၌၎င်း၊
မြေကြီးပေါ်၌၎င်း၊ အံ့ဘွယ်သောအရာတည်းဟူသော သွေး၊ မီးလျှံ၊ မီးခိုးတိုင် တို့ကို ငါပြမည်။ [31] ထာဝရဘုရား၏
ကြောက်မက်ဘွယ်သော နေ့ကြီးမတိုင်မှီ၊ နေသည်မှောင်မိုက်အတိ ဖြစ်လိမ့်မည်။လသည်လည်း သွေးဖြစ်လိမ့်မည်။ [32] ထိုအခါ
ထာဝရဘုရားကို ပဌနာ ပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြ လတံ့။ အကြောင်းမူကား၊
ထာဝရဘုရားမိန့်တော်မူသည် အတိုင်း ဇိအုန်တောင်၊ ယေရုရှလင်မြို့၌၊ ထာဝရဘုရား ခေါ်တော်မူသောသူ အကျန်အကြွင်းတို့အဘို့
ကယ်တင် ခြင်းအခွင့် ရှိရလတံ့။

---

Joel 01

ယေဘုယျ အချက်အလက်
ယောလသည် အခန်းကြီး

မိုက်မဲသောနေ့၊ မိုဃ်းအုံ၍ မှောင်မိုက်ထူထပ် သော နေ့ဖြစ်၏။
"မှောင်မိုက်" ဟူသည့် စကားနှင့် "မိုးအုံ" ဆိုသည့် စကားတို့သည် အဓိပ္ပါယ်တူပြီး ပြင်းထန်သော မှောင်မိုက်ကို ဆိုလိုသည်။ ထိုစကားလုံးနှစ်ခုသည် ကပ်ဆိုး သို့မဟုတ် ဘုရားသခင်၏ တရားစီရင်ခြင်းကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မှောင်မိုက်ဖုံးလွှမ်းသောနေ့ " သို့မဟုတ် "ခြောက်ခြားစရာ တရားစီရင်သောနေ့"

"မှောင်မိုက်"
အားလုံး သို့မဟုတ် နေရာအချို့ အမှောင်ကျခြင်း

မိုက်မဲသောနေ့၊ မိုဃ်းအုံ၍ မှောင်မိုက်ထူထပ် သော နေ့ဖြစ်၏။
ဤစကားစုသည် အထက်က စကားစုနှင့် အနက်အဓိပ္ပာယ် အတူတူပင်ဖြစ်သည်။ ဤစကားစုတွင် "တိမ်များ" နှင့် "မှောင်မိုက်ထူထပ်" တို့သည် ဘုရားသခင်၏ တရားစီရင်ခြင်းကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မှောင်မိုက်ဖုံးလွှမ်းသောနေ့ " "တိမ်တိုက် မုန်တိုင်း"

ဓနအာရုန်သည် တောင်ထိပ်တို့ကို နှံ့ ပြားသကဲ့သို့၊ အများဖြစ်၍ အားကြီးသော အမျိုးသည် လာ၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ရဲရင့်ကာ ကြီးမားသော စစ်တပ်ကြီးသည် တောင်တန်းများ ဖြတ်ကျော်ကာ ချီတက်လာသည်။ သူတို့သည် အာရုံဦးအလင်းကဲ့သို့ ပြန့်နှံ့သွားသည်။"

အများဖြစ်၍ အားကြီးသော အမျိုး
"အများ" နှင့် "အားကြီးသော" ဟူသော စကားလုံးတို့သည် အဓိပ္ပါယ်ဆင်တူကာ စစ်တပ်တစ်ခု၏ အင်အားကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အလွန်များပြားသော နံကောင်အုပ်စုကြီး "

Joel 03

ယေဘုယျ အချက်အလက်
ယောလ ဖော်ပြသော ရောက်လာမည့် စစ်တပ်၏ အဆက် ဖြစ်သည်။

ပြည်သည် ဧဒင် ဥယျာဉ်ကဲ့သို့ ဖြစ်၏။
ဧဒင် ဥယျာဉ်သည် လှပသော နေရာတစ်ခုဖြစ်သည်။

ရှေ့တွင်ရှိသော ပြည်သည် ဧဒင် ဥယျာဉ်ကဲ့သို့ ဖြစ်၏။ နောက်၌ကား၊ သုတ်သင်ပယ်ရှင်း သော လွင်ပြင်ဖြစ်၏။
ဤအရာသည် မီးလောင်ပျက်စီးခြင်းကြောင့် ဖြစ်လာသည့် အရာများ အကျဉ်းချုပ် ဖော်ပြခြင်းဖြစ်သည်။

Joel 04

ယေဘုယျ အချက်အလက်
မြင်းတပ်၏ ဆူညံသံများနှင့် ဆက်လက်ဖော်ပြသည်။

မြင်း
ခြေလေးချောင်းရှိ၍ အပြေးမြန်ကာ အကောင်ကြီးသော တိရိစ္ဆာန်

သူတို့သည် အဆင်းအားဖြင့် မြင်းနှင့်တူ၍
နံကောင်၏ ဦးခေါင်းသည် မြင်းကလေး၏ ဦးခေါင်းနှင့် ဆင်တူပြီး စစ်တပ်သည်လည်း မြင်းကဲ့သို့ အားကြီးကာလျင်မြန်သည်။

မြင်းစီးသူရဲကဲ့သို့ ပြေးကြလိမ့်မည်
စစ်တပ်သည် မြင်းစီးသူများကဲ့သို့ လျင်မြန်စွာ လှုပ်ရှားသည်။

ခုန်ကြလိမ့်မည်
လျင်မြန်စွာပြေးသောအခါ မြင်းသည် ခုန်ပေါက်လေ့ရှိသည်။

ရထားမြည်သံကဲ့သို့၎င်း၊ အမှိုက်ကို လောင်သော မီးမြည်သံကဲ့သို့၎င်း အသံမြည်၍ တောင်ထိပ်တို့အပေါ် မှာ ခုန်ကြလိမ့်မည်။ စစ်တိုက်ခြင်းငှါ ခင်းကျင်း၍ အားကြီးသော လူအလုံးအရင်းကဲ့သို့ ဖြစ်ကြလိမ့်မည်။
ကျိုင်းကောင် စစ်တပ်၏ ဆူညံသံနှင့် နှိုင်းယှဉ် လျက်ရှိသည်။


generated on Sun Jun 30 02:37:40 2024

Joel 06

ယေဘုယျ အချက်အလက်
ယောလသည် ထာဝရဘုရား၏ နံ့ကောင်စစ်တပ် အကြောင်း ဆက်လက် ဖော်ပြသည်။

သူတို့သည် သူရဲကဲ့သို့ ပြေး၍ စစ်သူရဲကဲ့သို့ မြို့ရိုးကို တက်ကြလိမ့်မည်။
နံ့ကောင် စစ်တပ်ကို လူသားစစ်တပ် လှုပ်ရှားသကဲ့သို့ ဖော်ပြထားသည်။

မြို့ရိုး
မြို့ပတ်လည်ရှိ နံရံများ

Joel 08

ယေဘုယျ အချက်အလက်
ယောလသည် ထာဝရဘုရား၏ နံ့ကောင်စစ်တပ် အကြောင်း ဆက်လက် ဖော်ပြသည်။

မြို့ရိုးကို ကျော်လျက်၊ အိမ်ပေါ်သို့ တက်လျက်၊
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် မြို့စောင့်စစ်သားများကို အနိုင်ယူသည်။"

Joel 10

သူတို့ရှေ့မှာ မြေကြီးလှုပ်လိမ့်မည်။ မိုယ်း ကောင်းကင်လည်း တုန်ခိုက်လိမ့်မည်။ နေနှင့်လ သည် မိုက်၍၊ ကြယ်တို့သည် မထွန်းလင်းဘဲ နေကြလိမ့်မည်။
အလွန်များပြားသော နံ့ကောင်များကြောင့် ကောင်းကင်နှင့် မြေကြီးလှုပ်ခပ်ကာ ကောင်းကင်ရှိအရာများ မမြင်ရပေ။

ထာဝရဘုရားသည်လည်း မိမိတပ်တော်ရှေ့မှာ အသံကို လွှင့်တော်မူမည်။
ထာဝရဘုရားသည် သူ၏ တန်ခိုးကို ပြ၍ စစ်တပ်ကို အမိန့်ပေးသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ထိန်းချုပ်သည်။"

ကြီး၍ အလွန် ကြောက်မက်ဘွယ်သော
ဤစကားစုရှိ "ကြီး၍" နှင့် "ကြောက်မက်ဘွယ်သော" ဆိုသည့် စကားလုံးတို့သည် အခြေခံအားဖြင့် အဓိပ္ပါယ် အတူတူဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြီးမားစွာ ကြောက်မက်ဘွယ်သော"

အဘယ်သူခံနိုင် သနည်း။
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ တရားစီရင်ခြင်းမှ လွတ်မြောက်နိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိ။"

Joel 12

စိတ်နှလုံးအကြွင်းမဲ့ ငါ့ထံသို့ ပြန်လာကြလော့
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့၏ အပြစ်များမှ လွဲသွား၍ ငါ့ထံသို့ လုံးလုံးလျားလျား ဆက်ကပ်ကြလော့။"

အဝတ်ကို မဆုတ်ဘဲ နှလုံးကို ဆုတ်လျက်
အဝတ်ဆုတ်ဖြဲခြင်းသည် အရှက်ရခြင်း သို့မဟုတ် နောင်တရခြင်း၏ ထင်ရှားသော အပြင်ပန်းလုပ်ရပ်ဖြစ်သည်။ "နှလုံးကို ဆုတ်လျက်" ဆိုသည်မှာ နောင်တရကာ အတွင်းပိုင်းလည်း ပြောင်းလဲဖို့ ရည်ညွှန်းခြင်း ဖြစ်သည် ။

နောင်တရတတ်သော
ရပ်တန့်သည်။

Joel 14

သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားအား ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာကို ဆက်ကပ်ရန် ဖြစ်စေခြင်းငှါ၊ ဘုရား သခင်သည် တဖန် ပြန်လာ၍ နောင်တရပြီးလျှင်၊ ကောင်းကြီးမင်္ဂလာကို ထားရစ်စေတော်မူမည်မမူမည်ကို အဘယ်သူသိနိုင်သနည်း။
ထာဝရဘုရားသည် အမျက်ဒေါသထွက်ရာမှ နောင်တ ရကောင်း ရနိုင်သည်။

Joel 15

မင်္ဂလာအခန်း
သတို့သမီးက မင်္ဂလာအခမ်းအနားအတွက် ၎င်းမိဘအိမ်မှ စောင့်ဆိုင်းသော အခန်း

Joel 17

အစိုးရ၍ အမွေတော်လူတို့ကို
ဘုရားသခင် ရွေးနုတ်သောလူမျိုး၊ ဣသရေလလူမျိုး

သူတို့ ဘုရားသခင်ကား၊ အဘယ်မှာ ရှိသနည်းဟု တပါးအမျိုးသားတို့သည် အဘယ်ကြောင့် ဆိုရကြပါ သနည်းဟု လျှောက်ကြစေ။
အခြားသော ဘာသာပြန်ဆိုချက်၊ "တပါးအမျိုးသားတို့သည် အစ္စရေးတို့ကို သူတို့၏ ဘုရားက စွန့်ပစ်ခဲ့သည်ဟု မပြောသင့်ပေ။"

Joel 18

ထာဝရဘုရားသည် ပြည်တော်ကို
ဣသရေလလူမျိုး

မိမိလူတို့ကို
ဣသရေလလူမျိုး၏နိုင်ငံ

အကယ်စင်စစ်
ကျွန်ုပ်ပြောမည့်စကားကို အာရုံပြုပါ

ကဲ့ရဲ့ရာဖြစ်စေခြင်း
လေးစားမှုနှင့် မထိုက်တန်သော

Joel 20

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလလူမျိုးတို့၌
ဆက်လက်ကတိတည်သည်။

အရှေ့ပင်လယ်ကို မျက်နှာပြု လျက်၊ အနောက်ပင်လယ်ကို
ဤအရပ်မျက်နှာများသည် ဣသရေလလူမျိုးတို့၏ ရှုထောင့်မှ ဖော်ပြခြင်းဖြစ်သည်။

Joel 21

အိုပြည်တော်၊ မစိုးရိမ်နှင့်
"ပြည်တော်၌ ရှိသော လူမျိုးတို့ မကြောက်ကြနှင့်"

တောမြက် ပင်ပေါက်လျက်
ပြည်တော်၌ စားသုံးရန် ကောင်းသောအပင်များ ပေါက်ရောက်လိမ့်မည်။

အရင်မိုဃ်းနှင့်နောက်မိုဃ်း
အရင်မိုးသည် မိုးရာသီ၏အစ ဒီဇင်ဘာလ အစောပိုင်းတွင် ရွာပြီး နောက်မိုးသည် ဧပြီ နှင့် မေလတို့တွင် ရွာသွန်းလျက်ရှိသည်။

Joel 24

အသီးနယ်ရာ ကျင်း
အရည် ထည့်ရာ အိုးကြီး

အရာဘကျိုင်း၊ ယာလက်ကျိုင်း၊ ခါသိလကျိုင်း၊ ဂါဇံကျိုင်းတည်းဟူသော ငါစေလွှတ်သော ငါ၏ မဟာ ဗိုလ်ခြေတို့ ကိုက်စားသော နှစ်ပေါင်းကာလကို ငါပြန်ပေး မည်။
"နှစ်ပေါင်းများစွာ ထိန်းသိမ်းခဲ့သော သီးနှံများ နှင့် နှံကောင်အုပ်စု စားသောက်သော နှစ်များ"

အရာဘကျိုင်း၊ ယာလက်ကျိုင်း၊ ခါသိလကျိုင်း၊ ဂါဇံကျိုင်း
ထိုအကောင်များမှာ အရွယ်ရောက်သော ကျိုင်းကောင်၊ လွယ်ကူစွာ ပျံသန်းနိုင်သော ဧရာမကျိုင်းကောင်၊ အလွန်နုနယ်သော ကျိုင်းကောင်၊ ပေါက်ခါစကျိုင်းကောင်။

Joel 26

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလလူမျိုးတို့၌
ကောင်းသောအရာများအတွက် ဆက်လက် ကတိတည်သည်။

Joel 28

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလလူမျိုးတို့၌
ကောင်းသောအရာများအတွက် ဆက်လက် ကတိတည်သည်။

လူမျိုးတကာတို့
လူမျိုးအပေါင်းတို့

ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်
လူတစ်ဦးရေလောင်းသကဲ့သို့ ငါသည် ရက်ရောစွာ ပေးမည်။

Joel 30

ယေဘုယျ အချက်အလက်
ထာဝရဘုရားက အနာဂတ်တွင် လုပ်ဆောင်မည့်အရာ ဆက်လက်ပြောကြားသည်။

သွေး၊ မီးလျှံ၊ မီးခိုးတိုင်
"သွေး" သည် လူတို့၏ သေဆုံးခြင်းကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေခြင်း၊ မီးလျှံ နှင့် မီးခိုးတိုင်"

ကြောက်မက်ဘွယ်သော နေ့ကြီး
ဤနေရာတွင် "ကြီး" ဆိုသည်မှာ "ကြောက်မက်ဖွယ်" ဟူသောစကားကို အထူးပြုသော စကားလုံးဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြီးစွာ ကြောက်မက်ဖွယ်ကောင်းသော နေ့"

လသည်လည်း သွေးဖြစ်လိမ့်မည်။
ဤနေရာတွင် "သွေး" ဆိုသည်မှာ အနီရောင်ကို ဆိုလိုသည်။ ဤစကားစုအတွက် လိုအပ်လျှင် ကြိယာထပ်ဖြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လ သည် သွေးကဲ့သို့ အနီရောင်သို့ ပြောင်းလဲလိမ့်မည်။"

Joel 32

ဇိအုန်တောင်၊ ယေရုရှလင်မြို့၌
ဤအရာများက တူညီသော နေရာတစ်ခုကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့ရှိ ဇိအုန်တောင်ပေါ်၌"

ထာဝရဘုရား ခေါ်တော်မူသောသူ အကျန်အကြွင်းတို့အဘို့ ကယ်တင်ခြင်းအခွင့် ရှိရလတံ့။
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ခေါ်တော်မူသော သူတို့သည် အသက်ရှင် ကျန်ရစ်သူများ ဖြစ်လိမ့်မည်။"

အကျန်အကြွင်းတို့
ကပ်ဆိုး သို့မဟုတ် စစ်ပွဲ စသည့် ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်တို့မှ ကျန်ရစ်သော လူများ။

# Translation Questions

Joel 2:1

ဘာကြောင့် မြေ၌ နေထိုင်သူများအားလုံးဟာ တုန်ရီမှုများနှင့် ကြောက်ရွံ့သင့်သနည်း။
သူတို့တုန်ရီကြောက်ရွံ့ခြင်းမှာ ထာဝရဘုရား၏ နေ့ရက်သည် လာသောကြောင့်ဖြစ်သည်။

ဤစစ်တပ်နှင့်တူသည့် တပ်တစ်တပ်ဟာ ဘယ်အချိန်မှာရှိခဲ့သနည်း။
ဤစစ်တပ်နှင့်တူသည့် တပ်တစ်တပ်ဟာ ဘယ်တော့မှရှိမည် မဟုတ်ပေ။

Joel 2:3

စစ်တပ်၏ နောက်ကွယ်တွင် ရှိသည့် မြေပြင်ဟာ မည်သည့်အရာနှင့်တူသနည်း။
စစ်တပ်၏ နောက်ကွယ်တွင် ရှိသည့် မြေပြင်ဟာ ပျက်စီးနေသည့် လွင်ပြင်ကြီးနှင့် တူသည်။

Joel 2:4

စစ်တပ်ဟာ ဘယ်အရာနှင့်တူ၍ လုပ်ဆောင်သနည်း။
စစ်တပ်ဟာ အဆင်းအားဖြင့် မြင်းနှင့် တူ၍၊ မြင်းစီးသူရဲကဲ့သို့ ပြေးကြသည်။

Joel 2:8

မြို့သည် မည်သို့ဖြင့် စစ်တပ်အောက်ရောက်လာမည်နည်း။
သူတို့သည် မြို့ထဲတွင် အပြေးအလွှား ပြေးလျက်၊ မြို့ရိုးကို ကျော်လျက်၊ အိမ်ပေါ်သို့တက်လျက်၊ သူခိုးကဲ့သို့ပြတင်းပေါက် ထဲသို့ ဝင်လျက်ရှိကြသည်။

Joel 2:10

ဤတပ်တော်ဟာ အဘယ်သူ၏ တပ်တော်ဖြစ်သနည်း။
ဤတပ်တော်ဟာ ထာဝရဘုရား၏ တပ်တော်ဖြစ်သည်။

Joel 2:12

မည်သည့်အရာနှစ်ခုကို ပြည်သူပြည်သားများဆုတ်ဖြဲရမည်နည်း။
လူများတို့သည် သူတို့အဝတ်နှင့် သူတို့နှလုံးသားများကို ဆုတ်ရန်ဖြစ်သည်။

အဘယ်ကြောင့် လူတွေဟာ ထာဝရဘုရားထံသို့ ပြန်လာသင့်သနည်း။
သူသည် ချစ်သနားခြင်း မေတ္တာဂရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်သောသဘော၊ အလွန်ကျေးဇူးပြုချင်သောသဘော၊ အပြစ်ပေးခြင်းကို နောင်တရတတ်သောသဘောရှိတော်မူသောကြောင့် ဖြစ်သည်။

Joel 2:15

အဘယ်ကြောင့် ဇိအုန်တောင်ပေါ်တွင် လူစုများဟာ တံပိုးကို မှုတ်ကြသနည်း။
သူတို့ တံပိုးမှုတ်ရခြင်းမှာ အစာရှောင်ရသောအချိန်ကို အထွတ်အမြတ်ထားခြင်းနှင့် ခေါ်၍ စုဝေးရသောအချိန်ကို အလေးအမြတ်ထားခြင်းဖြစ်သည်။

Joel 2:18

ထာဝရဘုရား၏ လူများသည် တပါးအမျိုးသားများကြားတွင် မည်သို့ဖြစ်သနည်း?
ထာဝရဘုရား၏လူများသည် တပါးအမျိုးသားများကြားတွင် ရှက်စရာများဖြစ်ကြသည်။

Joel 2:21

ပြည်တော်သည် အဘယ်ကြောင့် စိုးရိမ်ခြင်း မရှိရမည်နည်း။
ထာဝရဘုရားသည် ကြီးသော အမှုတို့ကို ပြုတော်မူသောကြောင့် ပြည်တော်သည် စိုးရိမ်ခြင်းမရှိရမည်ဖြစ်သည်။

Joel 2:24

မဟာဗိုလ်ခြေတို့ကို စေလွှတ်သောသူမှာ မည်သူနည်း။
မဟာဗိုလ်ခြေတို့ကို စေလွှတ်သောသူမှာ ထာဝရဘုရားဖြစ်သည်။

Joel 2:26

နောက်တဖန် ထာဝရဘုရားသည် မိမိလူတို့အပေါ်တွင် ဘယ်တော့ ရှက်ကြောက်ခြင်းကို ယူလာမည်နည်း။
မရှိရပါ။ နောက်တဖန် ထာဝရဘုရားသည် သူ့လူတို့အပေါ်တွင် ရှက်ကြောက်ခြင်းကို ယူဆောင်လာမည်မဟုတ်ပါ။

Joel 2:28

ထာဝရဘုရား၏ ဝိညာဉ်တော်ကို သွန်းလောင်းသောအခါ မည်သည့်အရာများဖြစ်ပျက်လာလိမ့်မည်နည်း။
သူတို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ကြီးသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ် သူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။

Joel 2:30

ထာဝရဘုရားသည် ကောင်းကင်နှင့် မြေကြီးအပေါ်တွင် မည်သည့်အရာပြလိမ့်မည်နည်း။
ထာဝရဘုရားသည် ကောင်းကင်နှင့် မြေကြီးပေါ်တွင် အံ့သြဖွယ်သော အရာများကို ပြသသည်။

နေသည် မည်သည့်အရာအဖြစ်သို့ ပြောင်းလိမ့်မည်နည်း။
နေသည် မှောင်မိုက် အတိဖြစ်လိမ့်မည်။

Joel 2:32

ထိုအချိန်တွင် အဘယ်သူသည် ကယ်တင်ခြင်းခံရလိမ့်မည်နည်း။
ထာဝရဘုရား၏ နာမတော်ကို ခေါ်သောသူ မည်သူမဆို
ကယ်တင်တော်မူခြင်းတို့ ရောက်လိမ့်မည်။

---

## Chapter 3

1 ထိုနေ့ရက်ကာလ၌ အထက်က သိမ်းသွားခြင်း ကို ခံရသော ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို ငါဆောင်ခဲ့ပြန်သောအခါ၊ 2
ခပ်သိမ်းသော လူမျိုးတကာတို့ကို ငါသည် စုဝေး စေ၍ ယောရှဖတ်ချိုင့်သို့ ခေါ်ခဲ့မည်။ သူတို့သည် ငါ့ပြည် ကို ဝေဖန်၍
အတိုင်းတိုင်းအပြည်ပြည်တို့တွင် ကွဲပြားစေ သော ငါ၏အမွေလူ ဣသရေလအမျိုးဘက်မှာ ငါသည် တရားစီရင်မည်။ 3 သူတို့သည်
ငါ၏လူတို့အဘို့ စာရေးတံချကြပြီ။ လူကလေးကို ပြည်တန်ဆာနှင့်ငှငး၊ မိန်းမကလေးကို မိမိသောက်စရာ စပျစ်ရည်နှင့်ငှငး
ဖယ်လှယ်ကြပြီ တကား။ 4 အိုတုရုမြို့၊ ဇိဒုန်မြို့၊ ပါလေတ္တိနပြည်နှင့် နီးစပ် သော အရပ်ရှိသမျှတို့၊ သင်တို့သည် ငါနှင့် အဘယ်သို့
ဆိုင်ကြသနည်း။ ငါ့ကို ရန်တုံ့ပြုကြမည်လော။ ငါ့ကို ရန်တုံ့ ပြုကြလျှင်၊ ထိုရန်ကို သင်တို့ ခေါင်းပေါ်သို့ အလျင်အမြန်
ငါပြန်ရောက်စေမည်။ 5 သင်တို့သည် ငါ့ရွှေငွေကို ယူ၍၊ ငါနှစ်သက် ဘွယ်သော ဥစ္စာမြတ်တို့ကို သင်တို့ဘုံဗိမာန်ထဲသို့
သွင်းသောကြောင့်ငှငး၊ 6 ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို နေရင်း ပြည်မှ အဝေးသို့ ပြောင်းစေလိုသောငှါ၊ ဟေလသ
အမျိုးသားတို့အား ရောင်းလိုက်သောကြောင့်ငှငး၊ 7 သင်တို့ ရောင်းလိုက်ရာအရပ်မှ ငါသည် ထ မြောက်၍၊ သင်တို့ ရန်တုံ့ပြုခြင်းကို
သင်တို့ခေါင်းပေါ်သို့ ပြန်ရောက်စေမည်။ 8 သင်တို့သားသမီးများကိုလည်း ယုဒအမျိုးသား တို့၌ ငါရောင်း၍၊ သူတို့သည်
တဖန်ဝေးသော အမျိုး၊ ရှေဘပြည်သားတို့၌ ရောင်းလိုက်ကြလိမ့်မည်။ ထိုသို့ ထာဝရဘုရားမိန်တော်မူပြီ။ 9 ဤအမှုကို
တပါးအမျိုးသားတို့အား ကြားပြော ကြလော့။ စစ်တိုက်ခြင်းငှာ ပြင်ဆင်၍ စစ်သူရဲတို့ကို နှိုးဆော်ကြလော့။ စစ်သူရဲအပေါင်းတို့သည်
ချဉ်းကပ်၍ တက်လာကြစေ။ 10 သံထွန်သွားများကို ထားဖြစ်စေခြင်းငှာငှငး၊ တံစဉ်များကို လှံဖြစ်စေခြင်းငှာငှငး ထုလုပ်ကြလော့။
အားနည်းသောသူက၊ ငါအားကြီးသည်ဟု ပြောဆိုစေ။ 11 ပတ်လည်၌နေသော တပါးအမျိုးသား အပေါင်းတို့၊ စုဝေး၍ လာကြလော့။
သင်းဖွဲ့ကြလော့။ စုဝေးရာအ ရပ်၌ သင်တို့သူရဲများကို ထာဝရဘုရားနှိမ့်ချတော်မူ မည်။ 12 တပါးအမျိုးသားတို့သည် ထ၍
ယောရှဖတ်ချိုင့် သို့ တက်လာကြစေ။ ပတ်လည်၌နေသော တပါးအမျိုး သားအပေါင်းတို့ကို စစ်ကြောစီရင်ခြင်းငှာ ထိုအရပ်၌
ငါထိုင်မည်။ 13 ရိတ်စရာ စပါးမှည့်သောကြောင့် တံစဉ်ကို လွှတ်ကြလော့။ စပျစ်သီး နယ်ရာတန်ဆာပြည့်၍၊ စပျစ် ရည် ကျင်းတို့သည်
လျှံသောကြောင့် လာကြ။ ဆင်းကြ လော့။ အကြောင်းမူကား၊ သူတို့ပြုသော ဒုစရိုက်အပြစ် သည် ကြီးလှ၏။ 14 ကွပ်မျက်ရာချိုင့်၌
လူများ စည်းဝေးလျက်၊ လူများစည်းဝေးလျက်ရှိကြ၏။ ကွပ်မျက်ရာချိုင့်၌ ထာဝရ ဘုရား၏ နေ့ရက်သည် ရောက်လုနီးပြီ။ 15
နေနှင့်လသည် မိုက်လိမ့်မည်။ ကြယ်တို့သည် လည်း မထွန်းလင်းဘဲ နေကြလိမ့်မည်။ 16 ထာဝရဘုရားသည်လည်း ဇိအုန်တောင်ပေါ်က
ကြွေးကြော်၍၊ ယေရှုရှလင်မြို့ထဲက အသံကိုလွှင့်တော်မူ သဖြင့်၊ မိုဃ်းကောင်းကင်နှင့် မြေကြီးသည် တုန်လှုပ်လိမ့် မည်။ သို့ရာတွင်၊
ထာဝရဘုရားသည် မိမိလူတို့၏ ခိုလှုံရာ၊ ဣသရေလအမျိုးသားတို့၏ အစွမ်းသတ္တိဖြစ်တော်မူလိမ့် မည်။ 17 ငါသည်လည်း
ငါ၏သန့်ရှင်းသော ဇိအုန်တောင် ပေါ်မှာနေသော သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။
ယေရုရှလင်မြို့ သည်လည်း သန့်ရှင်းလိမ့်မည်။ နောက်တဖန် ထိုမြို့ကို တပါးအမျိုးသား မနင်းရ။ 18 ထိုကာလ၌ ချိုသော
စပျစ်ရည်သည် တောင်တို့ မှ ယိုလိမ့်မည်။ နို့ရည်သည် ကုန်းတို့မှ ထွက်လိမ့်မည်။ ယုဒမြစ်ရှိသမျှတို့သည် ရေစီးကြလိမ့်မည်။
ထာဝရဘုရား၏ အိမ်တော်ထဲက စမ်းရေထွက်၍ ရှိတ္တိမ်ချိုင့်ကို စိုစေလိမ့်မည်။ 19 ယုဒပြည်၌ အပြစ်မရှိသောသူတို့ကို သတ်၍
ယုဒအမျိုးသားတို့ကို ညှဉ်းဆဲသောကြောင့်၊ အဲဂုတ္တုပြည် သည်လူဆိတ်ညံလျက် ရှိလိမ့်မည်။ ဧဒုံပြည်သည်လည်း လူဆိတ်ညံသော
တောဖြစ်လိမ့်မည်။ 20 ယုဒပြည်မူကား၊ ထာဝရပြည်၊ ယေရှုရှလင်မြို့မူကား၊ ကာလအစဉ်အဆက်တည်သော မြို့ဖြစ်လိမ့်မည်။ 21
ထိုမြို့သားတို့သည် အသေသတ်ခြင်းကို ခံရသောအပြစ်ကြောင့်၊ ငါသည် မပေးသေးသောဒဏ်ကို တဖန်ပေးဦးမည်။
ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်မှာ ကျိန်းဝပ်တော်မူသတည်း။

---

Joel 01

ယေဘုယျ အချက်အလက်

ဘုရားသခင်သည် အနာဂတ်ဖြစ်ရပ်များအကြောင်း ဆက်လက်ပြောကြားသည်။

ကြည့်လော့

"ကြည့်လော့" ဟူသော စကားလုံးသည် ၎င်းနောက်မှ လိုက်လာမည့် အကြောင်းအရာများကို အလေးပေးရန် ထပ်ဖြည့်သော စကားဖြစ်သည်။

ထိုနေ့ရက်ကာလ၌

"ထိုကာလ၌" ဆိုသည့် စကားစုသည် "ထိုနေ့ရက်" ဟူသော စကားစုကိုပင် ရည်ညွှန်းကာ တူညီသောအဓိပ္ပါယ်ကို ဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုနေ့ရက်များ၌" သို့မဟုတ် "ထိုကာလ၌"

ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို ငါဆောင်ခဲ့ပြန်သောအခါ

အခြားသော ဘာသာပြန်ဆိုချက်၊ "သိမ်းသွားခြင်း ခံရသောသူများကို ယုဒပြည်နှင့် ယေရုရှလင် သို့ ပြန်လည်ပို့ဆောင်မည်။

 generated on Sun Jun 30 02:37:40 2024

ငါ၏အမွေလူ ဣသရေလအမျိုး
ဤစကားစုနှစ်ခုသည် ဣသရေလလူမျိုးတို့အပေါ် ထာဝရဘုရား၏ သဘောထားအမြင်ကို ပေါ်လွင်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၏ အမွေဖြစ်သော ဣသရေလလူမျိုး"

လူကလေးကို ပြည့်တန်ဆာနှင့်၎င်း၊ မိန်းမကလေးကို မိမိသောက်စရာ စပျစ်ရည်နှင့်၎င်း ဖယ်လှယ်ကြပြီ တကား
ဤအရာများသည် မတူညီသည့် ကလေးအုပ်စုနှစ်ခုပေါ် ကျူးလွန်ခြင်းမဟုတ်ဘဲ သူတို့ပြုခဲ့သည့် သာဓကများဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောက်ျားလေးကို ပြည့်တန်ဆာနှင့် လည်းကောင်း၊ သူတို့သောက်သုံးဖို့ စပျစ်ရည်နှင့် မိန်းကလေးကို လည်းကောင်း၊ ရောင်းဝယ်ကြသည်။"

Joel 04

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ ပတ်လည်၌ရှိသော လူမျိုးများကို မိန့်ကြားသည်။

သင်တို့သည် ငါနှင့် အဘယ်သို့ ဆိုင်ကြသနည်း
ဘုရားသခင်သည် ဤမေးခွန်းကို တုရုမြို့၊ ဇိဒုန်မြို့၊ ပါလေတ္တိနပြည်တို့ကို ဆူပူကြိမ်မောင်းရန် အသုံးပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အပေါ် ဒေါသထွက်ဖို့ သင်တို့၌ အခွင့်မရှိ"

ငါ့ကို ရန်တုံ့ပြုကြမည်လော။
"ငါ့ကို လက်စားချေမည်လော့" လူတို့သည် မိမိတို့လုပ်ရပ်ကို ပြန်လည်စဉ်းစားတတ်ရန် ဘုရားသခင်က ဤမေးခွန်းကို အသုံးပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို လက်စားချေနိုင်မည် ထင်သလော။" .

ငါ့ကို ရန်တုံ့ ပြုကြလျှင်၊ ထိုရန်ကို သင်တို့ ခေါင်းပေါ်သို့ အလျင်အမြန် ငါပြန်ရောက်စေမည်။
ဤနေရာ၌ "ခေါင်း" ဆိုသည့်စကားလုံးသည် လူကို ရည်ညွှန်းသည်။ သူတို့ လိုချင်သော လက်စားချေမှုအတိုင်း သူတို့အပေါ်၌ ထာဝရဘုရားက ဖြစ်ပျက်စေမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အပေါ် ဖြစ်စေချင်သော ရန်တုံ့ပြုမှုအတိုင်း ငါသည် သင်တို့ကို ခံစားစေမည်။"

ရန်
"လက်စားချေ" သို့မဟုတ် "ရန်တုံ့ပြန်"

Joel 07

သင်တို့ ရောင်းလိုက်ရာအရပ်မှ
ဣသရေလလူမျိုးတို့သည် သူတို့၏ ကျွန်ခံရာ အရပ်များကို စွန့်ခွာ၍ ဣသရေလပြည်သို့ ပြန်လာကြလိမ့်မည်။

ရန်တုံ့ပြုခြင်းကို သင်တို့ခေါင်းပေါ်သို့ ပြန်ရောက်စေမည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်နှင့် ထိုက်သောအရာကို ပြန်ပေးခြင်း"

ယုဒအမျိုးသား တို့၌
အခြားသော ဘာသာပြန်ဆိုချက်၊ "ယုဒလူမျိုးတို့၏ အစွမ်းအားဖြင့်" သို့မဟုတ် "ယုဒလူမျိုးတို့ အားဖြင့်"

ရှေဘပြည်သားတို့
ဆာဘီအာလူမျိုး၊ "ရှေဘ"ဟုလည်း ခေါ်သည်။ ဤလူမျိုးတို့သည် ဣသရေလပြည်တောင်ပိုင်း၌ နေထိုင်ကြသည်။

Joel 09

စစ်တိုက်ခြင်းငှာ ပြင်ဆင်၍ စစ်သူရဲတို့ကို နှိုးဆော်ကြလော့။
ဤစကားစုနှစ်ခုသည် စစ်သားများကို စစ်ပွဲအတွက် ပြင်ဆင်ကြရန် ပြောဆိုခြင်းဖြစ်သည်။

စစ်သူရဲတို့ကို နှိုးဆော်ကြလော့။
"စစ်သူရဲတို့ကို လှုပ်ရှားရန် အဆင်သင့်ဖြစ်စေ"

သံထွန်သွားများကို ထားဖြစ်စေခြင်းငှာ၎င်း၊ တံစဉ်များကို လှံဖြစ်စေခြင်းငှာ၎င်း ထုလုပ်ကြလော့။
ဤစကားစုနှစ်ခုသည် တူညီသော အဓိပ္ပါယ်ရှိသည်။ နှစ်ခုစလုံးက စိုက်ပျိုးရေးကိရိယာများကို စစ်လက်နက်အဖြစ် ပြောင်းလဲရန် ညွှန်ကြားသည်။

သံထွန်သွားများ
သီးနှံများ စိုက်ပျိုးရန် မြေကြီးတူးဆွရာ၌ အသုံးပြုသောကိရိယာများဖြစ်သည်။

တံစဉ်များ
သေးငယ်သော အကိုင်းအခက်များ ဖြတ်ရန်အသုံးပြုသော ဓားများဖြစ်သည်။

Joel 11

တပါးအမျိုးသား အပေါင်းတို့၊ စုဝေး၍ လာကြလော့။
"တိုက်ပွဲအတွက် စုဝေးကြလော့"

သင်တို့သူရဲများကို ထာဝရဘုရားနှိမ့်ချတော်မူ မည်။
ဣသရေလတို့၏ ရန်သူများထံ စကားပြောရာ၌ ဤစာကြောင်းသည် ထာဝရဘုရားကို တိုင်တည်ထားသည်။ သူတို့၏ ရန်သူများက ထာဝရဘုရား၏ စစ်တပ်ကို ကြောက်ရွံ့ရန် ပြောဆိုခြင်းဖြစ်နိုင်သည်။

Joel 12

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် လူမျိုးအပေါင်းတို့ထံ ဆက်၍ စကားပြောတော်မူသည်။



generated on Sun Jun 30 02:37:40 2024

တပါးအမျိုးသားတို့သည် ထ၍ ယောရှဖတ်ချိုင့် သို့ တက်လာကြစေ။ ပတ်လည်၌နေသော တပါးအမျိုး သားအပေါင်းတို့
"တစ်ပါးအမျိုးသားတို့" နှင့် "ပတ်လည်၌ နေသော တပါးအမျိုးသားအပေါင်းတို့" ဆိုသည်မှာ ယုဒပြည်ပတ်လည်၌ရှိသော လူမျိုးများကို ရည်ညွှန်းသည်။ ထိုလူမျိုးတို့ သည် ယေရုရှလင်ပေါ် ကျူးလွန်ခဲ့သောကြောင့် ထာဝရဘုရားက သူတို့ကို ယောရှဖတ်ချိုင့်၌ တရားစီရင်လိမ့်မည်။

စပျစ်သီး နယ်ရာတန်ဆာပြည့်၍ တံစဉ်ကို လွှတ်ကြလော့။
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) စပျစ်နှင့် ဂျုံရိတ်သိမ်းသကဲ့သို့ အပြစ်ရှိသော လူမျိုးများကို တိုက်ခိုက်ခြင်း၊ သို့မဟုတ် (၂) ဝင်းမှည့်သော သီးနှံများ စုဆောင်းခြင်းနှင့် စပျစ်သီးများ နင်းနယ်သကဲ့သို့ အပြစ်ရှိသောလူမျိုးများကို တရားစီရင်ခြင်း။

ရိတ်စရာ စပါးမှည့်သောကြောင့် တံစဉ်ကို လွှတ်ကြလော့။
ထာဝရဘုရားက တပါးအမျိုးသားတို့အကြောင်း ဖော်ပြရာ၌ "ရိတ်သိမ်းရန် ဝင်းမှည့်သော စပါးခင်း" ကဲ့သို့ပြောဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တံစဉ်ကို လွှတ်ကြလော့။ တပါးအမျိုးသားတို့သည် ဝင်းမှည့်သော စပါးခင်းကဲ့သို့ ဖြစ်၏။"

တံစဉ်ကို လွှတ်ကြလော့။
"စပါးရိတ်ရန် တံစဉ်ကို လွှဲသည်"

တံစဉ်
စပါးရိတ်ရာတွင် အသုံးပြုသည့် ကွေးကောက်သော ဓါးရှည်

ရိတ်စရာ စပါးမှည့်သောကြောင့်
"စပါးများ ရိတ်သိမ်းရန် အဆင်သင့်ဖြစ်သည်။"

စပျစ်သီး နယ်ရာတန်ဆာပြည့်၍၊ စပျစ် ရည် ကျင်းတို့သည် လျှံသောကြောင့် လာကြ။ ဆင်းကြ လော့။
ထာဝရဘုရားက တပါးအမျိုးသားတို့အကြောင်း ဖော်ပြရာ၌ "စပျစ်သီး နယ်ရာကျင်း၌ လူတို့နင်းနယ်ရန် အဆင်သင့်ရှိနေသော စပျစ်စည်း" ကဲ့သို့ ပြောဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လာကြ၊ တပါးအမျိုးသားတို့ကို နင်းနယ်ကြ။ အကြောင်းမှာ သူတို့သည် စပျစ်နယ်ရာကျင်းထဲရှိ စပျစ်သီးကဲ့သို့ ဖြစ်ကြသည်။"

စပျစ် ရည် ကျင်းတို့သည် လျှံသောကြောင့် လာကြ။အကြောင်းမူကား၊ သူတို့ပြုသော ဒုစရိုက်အပြစ် သည် ကြီးလှ၏။
ထာဝရဘုရားက တပါးအမျိုးသားတို့ ဆိုးသွမ်းမှုအကြောင်း ဖော်ပြရာ၌ "စပျစ်နယ်ရာကျင်းမှ စီးဆင်းလာ၍ ကျင်းထဲ၌ သိုလှောင်သော စပျစ်ရည်" ကဲ့သို့ ရည်ညွှန်းသည်။ သူတို့၏ ဆိုးသွမ်းမှုများ သိုလှောင်ရန် ကျင်းတို့၏ အရွယ်သည် မလုံလောက်ပေ။

## Joel 14

လူများ စည်းဝေးလျက်၊ လူများစည်းဝေးလျက်ရှိကြ၏။
လူများ စည်းဝေး၍ ထွက်လာသော ဆူညံသံကို ဆိုလိုသည်။ နှစ်ကြိမ်ဆက်တိုက်ရေးရခြင်းမှာ လူအုပ်ကြောင့် အလွန်ဆူညံကြောင်း ဖော်ပြလို၍ဖြစ်သည်။

ကွပ်မျက်ရာချိုင့်၌ ... ကွပ်မျက်ရာချိုင့်၌
ဧကန်မုချ ဖြစ်ပျက်လာမည်ဖြစ်သောကြောင့် ဤကဲ့သို့နှစ်ကြိမ်ရေးရခြင်းဖြစ်သည်။

## Joel 16

ထာဝရဘုရားသည်လည်း ဇိအုန်တောင်ပေါ်က ကြွေးကြော်၍၊ ယေရှုရှလင်မြို့ထဲက အသံကိုလွှင့်တော်မူ သဖြင့်၊
ဤစကားစုနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ ထာဝရဘုရားသည် ယေရုရှလင်မြို့မှ ရှင်းလင်း ကျယ်လောင်ကာ တန်ခိုးကြီးသော အသံဖြင့် ကြွေးကြော်လိမ့်မည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ယေရုရှလင်မြို့မှ ကြွေးကြော်လိမ့်မည်။"

ထာဝရဘုရားသည်လည်း ဇိအုန်တောင်ပေါ်က ကြွေးကြော်၍၊
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်မှာ

မိုယ်းကောင်းကင်နှင့် မြေကြီးသည် တုန်လှုပ်လိမ့် မည်
ထာဝရဘုရား၏ ကြွေးကြော်သံ တန်ခိုးကြီးသောကြောင့် ကောင်းကင်နှင့် မြေကြီးကို တုန်လှုပ်စေသည်။

ထာဝရဘုရားသည် မိမိလူတို့၏ ခိုလှုံရာ၊ ဣသရေလအမျိုးသားတို့၏ အစွမ်းသတ္တိဖြစ်တော်မူလိမ့် မည်။
ဤစကားစုနှစ်ခုစလုံးသည် ထာဝရဘုရားသည် သူ့လူမျိုးတို့ကို ကာကွယ်လိမ့်မည်ဟု ဆိုလိုသည်။ ခိုလှုံရာ ဆိုသည်မှာ စစ်ပွဲ၌ လူများကို ကာကွယ်ပေးသောနေရာဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ့လူမျိုးတို့၏ ရဲတိုက်ဖြစ်သည်။"

## Joel 18

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဖြစ်လာမည် ထာဝရဘုရား၏ နေ့ရက်အကြောင်းကို ဆက်လက်ပြောကြားသည်။

ချိုသော စပျစ်ရည်သည် တောင်တို့ မှ ယိုလိမ့်မည်။
"ချိုသော စပျစ်ရည်သည် တောင်တို့မှ ယိုလိမ့်မည်" ဆိုသည်မှာ မြေကြီးသည် မြေသြဇာကောင်းလွန်ကြောင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တောင်များ၌ ရှိသော စပျစ်ပင်များသည် အလွန်များပြားသော ချိုသော စပျစ်ရည် ဖြစ်ထွန်းစေသည်။"

နို့ရည်သည် ကုန်းတို့မှ ထွက်လိမ့်မည်။
"ကုန်းတို့မှ နို့ရည် ထွက်လိမ့်မည်။" အခြားသော ဘာသာချက်၊ "တောင်ပေါ်ရှိ သင်တို့၏ သိုး၊ နွား နှင့် ဆိတ်တို့မှ များပြားလှသော နို့ရည် ထွက်လိမ့်မည်။"


generated on Sun Jun 30 02:37:40 2024

ယုဒမြစ်ရှိသမျှတို့သည် ရေစီးကြလိမ့်မည်။
ယုဒပြည်ရှိ မြစ်ချောင်းများ အားလုံး၌ ရေစီးကြလိမ့်မည်။

စမ်းရေထွက်၍ ရှိတ္တိမ်ချိုင့်ကို စိုစေလိမ့်မည်။
"အကာရှာလွင်ပြင်သို့ ရေ စေလွှတ်လိမ့်မည်"။ "ရှိတ္တိမ်" သည် ယောဒန်မြစ်၏ အရှေ့ဖက်နေရာတစ်ခု၏ နာမည်ဖြစ်သည်။ ၎င်းနာမည်၏ အဓိပ္ပါယ်မှာ "အကာရှာ သစ်ပင်များ"

ယုဒပြည်၌ အပြစ်မရှိသောသူတို့ကို သတ်၍
"အပြစ်မဲ့သောသွေး" ဆိုသည်မှာ အသတ်ခံရသည့် အပြစ်မရှိသော သူတို့ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သားတို့နှင့် ဧဒုံလူမျိုးတို့သည် အပြစ်မရှိသော ယုဒလူမျိုးတို့ကို သတ်သောကြောင့်ဖြစ်သည်။"

ယုဒအမျိုးသားတို့ကို ညှဥ်းဆဲသောကြောင့်၊
"အဲဂုတ္တုပြည်သားတို့နှင့် ဧဒုံလူမျိုးတို့သည် အပြစ်မရှိသော ယုဒလူမျိုးတို့ကို သတ်သောကြောင့် ဖြစ်သည်"

အဲဂုတ္တုပြည် သည်လူဆိတ်ညံလျက် ရှိလိမ့်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သည် ဖျက်ဆီးခြင်းခံရ၍ လူတို့သည် စွန့်ခွာ သွားလိမ့်မည်"။ သို့မဟုတ် "ရန်သူတို့သည် အဲဂုတ္တုပြည်ကို ဖျက်ဆီး၍ ပြည်သားတို့သည် ၎င်းတို့ တိုင်းပြည်ကို ထားရစ်လိမ့်မည်"။

ဧဒုံပြည်သည်လည်း လူဆိတ်ညံသော တောဖြစ်လိမ့်မည်။
"ဧဒုံပြည်သည် ကန္တာရဖြစ်ကာ လူတို့သည် စွန့်ခွာကြလိမ့်မည်။"

Joel 20

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဖြစ်လာမည်
ထာဝရဘုရား၏နေ့ရက်အကြောင်းကို
ဆက်လက်ပြောကြားသည်။

ယုဒပြည်မူကား၊ ထာဝရပြည်၊
ကတ္တားဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့သည် ယုဒပြည်၌ အမွေခံ၍ ထာဝရနေထိုင်ကြလိမ့်မည်"

ယေရုရှလင်မြို့မူကား၊ ကာလအစဉ်အဆက်တည်သော မြို့ဖြစ်လိမ့်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "မျိုးဆက်တစ်ခုနောက်တစ်ခု၊ လူတို့သည် ယေရုရှလင်မြို့၌ နေထိုင်ကြလိမ့်မည်။"

ငါသည် မပေးသေးသောဒဏ်ကို တဖန်ပေးဦးမည်။
အခြားသော ဘာသာပြန်ဆိုချက်။ ။"ဣသရေလလူမျိုးတို့ကို သတ်ဖြတ်၍ ဒဏ်မခံရသေးသော ရန်သူတို့ကို ငါသည် အပြစ်ပေးမည်။"

---

## Translation Questions

Joel 3:1

ထာဝရဘုရားသည် အဘယ်သူတွေကို ယောရှဖတ်ချိုင့် သို့စုဝေးစေသနည်း။
ထာဝရဘုရားသည် အတိုင်းတိုင်းအပြည်ပြည်တို့ကို ယောရှဖတ်ချိုင့်သို့ စုဝေးစေလိမ့်မည်။

အဘယ်သူတွေကို အတိုင်းတိုင်း အပြည်ပြည် ကွဲပြားစေခဲ့သနည်း။
တိုင်းတပါးတို့သည် ထာဝရဘုရား၏လူများကို အတိုင်းတိုင်း အပြည်ပြည်သို့ ဖြန့်ကျဲကြသည်။

Joel 3:4

တုရုမြို့၊ ဇိဒုန်မြို့၊ ပါလေတ္တိနပြည်နှင့် နီးစပ်သော အရပ်ရှိသမျှတို့သည် အဘယ်သူကို ရန်တုံ့ကြသနည်း။
တုရုမြို့၊ ဇိဒုန်မြို့၊ ပါလေတ္တိနပြည် နှင့် နီးစပ်သော အရပ်ရှိသမျှတို့သည် ထာဝရဘုရား ကို ရန်တုံ့ကြပါသည်။

ထာဝရဘုရား၏ ရတနာများကို တုရုမြို့၊ ဇိဒုန်မြို့၊ ပါလေတ္တိနပြည်တို့သည် မည်သို့လုပ်ခဲ့ကြသနည်း။
သူတို့သည် ရွှေ၊ငွေရတနာများကို သူတို့၏ ဘုရားကျောင်းထဲသို့ သယ်ဆောင်ခဲ့ကြသည်။

ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို အဘယ်အရပ်သို့ ပို့ဆောင်ခဲ့ကြသနည်း။
သူတို့၏ တိုင်းပြည်နှင့် ဝေးကွာသော တိုင်းတစ်ပါးပြည်ကို သူတို့လူတွေ ရောင်းခဲ့သည်။

Joel 3:7

တုရုမြို့၊ဇိဒုန်မြို့၊ ပါလေတ္တိနပြည်တို့၏သား၊သမီးများကို ထာဝရဘုရားသည် အဘယ်သို့ လုပ်လိမ့်မည်နည်း။
သူတို့ သား၊သမီးများကို ယုဒ အမျိုးတို့၌ ထာဝရဘုရားသည် ရောင်း၍ သူတို့သည် တစ်ဖန်ဝေးသော အမျိုး၊ ရှေဘပြည်သားတို့၌ ရောင်းလိုက်ကြလိမ့်မည်။

Joel 3:9

သူတို့၏ ထွန်သွားများကို မည်သို့ ဖြစ်စေသင့်သနည်း။
သူတို့၏ ထွန်သွားများကို ဓားဖြစ်စေသင့်သည်။

Joel 3:12

ပတ်လည်၌နေသော တပါးအမျိုးသားအပေါင်းတို့ကို ထာဝရဘုရားသည် အဘယ်သို့ ပြုလိမ့်မည်နည်း။
ပတ်လည်၌နေသော တပါးအမျိုးသား အပေါင်းတို့ကို ထာဝရဘုရားသည် စစ်ကြောစီရင်ဖို့ရန် ထိုင်နေတော်မူလိမ့်မည်။

Joel 3:14

နေ၊လ၊ကြယ်တို့သည် အဘယ်သို့ဖြစ်လာလိမ့်မည်နည်း။
နေနှင့်လတို့သည် မှောင်မိုက်လိမ့်မည်၊ ကြယ်သို့သည် လည်းမထွန်းလင်းဘဲနေကြလိမ့်မည်။

Joel 3:16

ထာဝရဘုရားသည် မိမိလူတို့အတွက် မည်သည့်အရာနှစ်ချက်ကို ဖြစ်စေလိမ့်မည်နည်း။
ထာဝရဘုရားသည် မိမိလူတို့အတွက် ခိုလှုံရာနှင့် အစွမ်းသတ္တိဖြစ်စေတော်မူလိမ့်မည်။

ဇိအုန်တောင်ပေါ်တွင် အဘယ်သူနေသနည်း။
ဇိအုန်တောင်ပေါ်တွင် သူတို့၏ဘုရားသခင် ထာဝရဘုရား နေတော်မူသည်။

Joel 3:18

ကုန်းတို့မှ မည်သည့်အရာ စီးလိမ့်မည်နည်း။
နို့ရည်သည် ကုန်းတို့မှ စီးထွက်လိမ့်မည်။

မည်သည့်ပြည်သည် ယုဒအမျိုးတို့ကို ညှဉ်းဆဲလိမ့်မည်နည်း။
အဲဂုတ္တုပြည် နှင့် ဧဒုံပြည်တို့သည် ညှဉ်းဆဲလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

# Amos

## Chapter 1

[1] ယုဒရှင်ဘုရင် ဩဇိမင်း၊ ဣသရေလရှင်ဘုရင်ယောရှ၏သား ယေရောဗောင်မင်းတို့လက်ထက်၊ မြေကြီး မလှုပ်မီနှစ်နှစ် အထက်က၊
သိုးထိန်းစုအဝင်ဖြစ်သော တေကောရွာသားအာမုတ်သည် ဣသရေလပြည်အတွက် ခံရသော ဗျာဒိတ်တော်စကားဟူမူကား၊ [2]
ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်ကကြွေးကြော်၍၊ ယေရုရှလင်မြို့ထဲကအသံကို လွှင့်တော်မူသော ကြောင့်၊ သိုးထိန်းနေရာတို့သည်
ညှိုးငယ်၍၊ ကရမေလတောင်ထိပ်သည် နွမ်းရိလိမ့်မည်။ [3] ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဒမာသက်မြို့သည် ဂိလဒ်ပြည်ကို
စပါးနယ်ရာ သံယန္တရားစက်တို့ နှင့် ကြိတ်နယ်သောအပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။ [4]
ဟာဇေလမင်းမျိုးအပေါ်သို့ မီးကိုလွှတ်၍၊ ဗဟ်ာဒဒ်မင်း၏ဘုံဗိမာန်တို့ကို လောင်စေမည်။ [5] ဒမာသက်မြို့
တံခါးကန့်လန့်ကျင်တို့ကိုချိုးမည်။ အာဝင်ချိုင့်သားတို့ကိုင်း၊ ဗေသေဒင်မြို့၌ မင်းပြုသော သူတို့ကိုင်း ပယ်ဖြတ်မည်။
ရှုရိပြည်သားတို့သည် ကိရမြို့သို့ သိမ်းသွားခြင်းကိုခံရကြမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [6] တဖန်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ဂါဇမြို့သည် ချုပ်ထားသောသူအပေါင်းတို့ကို ဧဒုံမင်း၌ အပ်ခြင်းငှါ သိမ်းသွားသောအပြစ်သုံးပါးမက၊
အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။ [7] ဂါဇမြို့ရိုးအပေါ်သို့ မီးကိုလွှတ်၍ ဘုံဗိမာန်တို့ကို လောင်စေမည်။ [8]
အာဇုတ်မြို့သားတို့ကိုင်း၊ အာရှကေလုန်မြို့၌ မင်းပြုသောသူတို့ကိုင်း ပယ်ဖြတ်မည်။ ဧကြုန်မြို့ကို လည်း တိုက်၍ ကျန်ကြွင်းသော
ဖိလိတ္တိလူတို့သည် ပျက်စီးကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ [9] တဖန် ထာဝရဘုရားမိန့်တော်မူသည်ကား၊
တုရုမြို့သည် ညီအစ်ကိုချင်းဖွဲ့သောမိဿဟာယကို မစောင့်၊ ချုပ်ထားသော သူအပေါင်းတို့ကို ဧဒုံမင်း၌အပ်သောအပြစ်သုံးပါးမက၊
အပြစ်လေးပါးကြောင့် ငါသည် ဒဏ် မပေးဘဲမနေ။ [10] တုရုမြို့ရိုးအပေါ်သို့ မီးကိုလွှတ်၍ ဘုံဗိမာန်တို့ကို လောင်စေမည်။ [11] တဖန်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဧဒုံပြည်သည် သနားသောစိတ်ကိုချုပ်တည်း၍၊ ညီအစ်ကို ကို ထားနှင့်လိုက်သောအပြစ်၊
ဒေါသစိတ်နှင့် အစဉ်အမြဲဆွဲဖြတ်၍ အစဉ်အမြဲအငြိုးထားသော အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။
[12] တေမန်မြို့အပေါ်သို့ မီးကိုလွှတ်၍၊ ဗောဇရမြို့၏ ဘုံဗိမာန်တို့ကို လောင်စေမည်။ [13] တဖန် ထာဝရဘုရားမိန့်တော်မူသည်ကား၊
အမ္မုန်ပြည်သားတို့သည် မိမိတို့နေရာကို ကျယ်စေခြင်းငှါ၊ ကိုယ်ဝန်ဆောင်သော ဂိလဒ်ပြည်သူမိန်းမတို့၏
ဝမ်းကိုခွဲသောအပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။ [14] ရဗ္ဗာမြို့ရိုးကို မီးရှို့၍ ဘုံဗိမာန်တို့ကို
လောင်စေမည်။ စစ်တိုက်သောနေ့၌ အော်ဟစ်ခြင်း၊ မိုဃ်းသက် မုန်တိုင်းရောက်သောနေ့၌ လွင့်သွားခြင်း ရှိလိမ့်မည်။ [15]
သူတို့ရှင်ဘုရင် ကိုယ်တိုင်မှစ၍၊ မှူးတော်မတ်တော်များတို့သည် သိမ်းသွားခြင်းကို ခံရကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။

---

Amos 01

အာမုတ် .. ခံရရှိသော ဗျာဒိတ်တော်စကားဟူမူကား
ထာဝရဘုရားသည် အာမုတ်အား မိမိတွေ့မြင်သမျှ၊ ကြားသမျှသော အရာများကို နားလည်ရန် အခွင့်ပေးတော်မူသည်။

ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်ကကြွေးကြော်တော်မူ၍၊ ယေရုရှလင်မြို့ထဲကအသံကို လွှင့်တော်မူသည်။
အထက်ပါအကြောင်းအရာနှစ်ခုသည် ဆိုလိုရင်း အတူတူပင်ဖြစ်သည်။အကြောင်းအရာနှစ်ခုလုံးတွင် ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အပေါ်တွင် တရားစီရင်ရန် ပြင်ဆင်နေကြောင်း အသံကြီးစွာဖြင့် ကြွေးကြော်တော်မူသည်။

ထာဝရဘုရားသည်... ကြွေးကြော်တော်မူလိမ့်မည်။
ထာဝရဘုရားသည် ခြင်္သေ့ကဲ့သို့လည်းကောင်း၊ မိုးခြိမ်းသံကဲ့သို့လည်းကောင်း အသံကြီးစွာဖြင့် ကြွေးကြော်တော်မူလိမ့်မည်။

ထာဝရဘုရား (ယာဝေ)
ယာဝေသည် ဓမ္မဟောင်းကာလအတွင်း ထာဝရဘုရားကသူ၏လူမျိုးများကို ဖွင့်ပြတော်မူသော နာမတော်ဖြစ်သည်။

Amos 03

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့်
အပြစ်များ ... အလွန်များလှသောအပြစ်များ သို့မဟုတ် ခွင့်ပြုနိုင်သည့် အတိုင်းအတာထက် ကျော်လွန်များပြားလှသော အပြစ်များအတွက်။

ငါသည် ဒဏ်မပေးဘဲမနေ။
ငါသည် ဤလူမျိုးတို့အား ဧကန်မုချ ဒဏ်ခတ်လိမ့်မည်။

Amos 05

သူတို့ကိုင်း ပယ်ဖြတ်မည်။
ထိုသူအား ပယ်ဖြတ်မည်ဟု ဆိုရာတွင် ဖျက်ဆီးပစ်မည် သို့မဟုတ် နှင်ထုတ်လိုက်မည်ဟု ဆိုလိုခြင်းဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

အာဝင်ချိုင့်သားတို့ကိုလည်းကောင်း
အချို့သော ခေတ်ပေါ်အနက်ဖွင့်ကျမ်းများတွင် ဗေသေဒင်မြို့၌ နေထိုင်သူနှင့်အတူတူ ဟု ဖော်ပြထားသည်။

ဗေသေဒင်မြို့၌ နေထိုင်သောသူ
အချို့သော ခေတ်ပေါ်အနက်ဖွင့်ကျမ်းများတွင် "အာဝင် ချိုင့်သား " ဟု သုံးနှုန်းထားသည်။ "နေထိုင်သောသူ" ဆိုသည်မှာလည်း ဘုရင်ကို ရည်ညွှန်းပြန်ဆိုထားခြင်း ဖြစ်သည်။

အာဝင်ချိုင့်၊ ဗေသေဒင်မြို့ ၊ ကိရမြို့
မြို့တော်များ၏ အမည်များ

ဗေသေဒင်
အေဒင်၌ယျာဉ်မဟုတ်ပါ၊ အခြားနေရာဖြစ်သည်။

မင်းပြုသော သူ
ဘုရင် သို့မဟုတ် အကြီးအကဲ

Amos 06

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။
၁:၃ တွင် ပြန်လည်ကြည့်ရန်။

Amos 08

ပယ်ဖြတ်မည်။
ပယ်ဖြတ်မည်ဟု ဆိုရာတွင် ဖျက်ဆီးပြစ်မည် သို့မဟုတ် နှင်ထုတ်လိုက်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

အာဇုတ်မြို့သား
အချို့သော ခေတ်ပေါ်အနက်ဖွင့်ကျမ်းများတွင် အာဇုတ်မြို့တွင် နေထိုင်ကြသူများဟု ဖော်ပြထားသည်။ "နေထိုင်ကြသူ" ဆိုသည်မှာလည်း ဘုရင်ကို ရည်ညွှန်း ပြန်ဆိုထားခြင်း ဖြစ်သည်။

အာရှကေလုန်မြို့၌ မင်းပြုသောသူ
အချို့သော ခေတ်ပေါ်အနက်ဖွင့်ကျမ်းများတွင် အာဇုတ်မြို့တွင် နေထိုင်ကြသူများနှင့် အတူတူဟု ဖော်ပြထားသည်။

ဧကြေန်မြို့ကိုလည်း တိုက်၍
ဧကြေန်မြို့ကိုလည်း တိုက်လိမ့်မည်။

Amos 09

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည် ဒဏ် မပေးဘဲမနေ။
၁:၃ တွင် ပြန်လည်ကြည့်ရန်။

ညီအစ်ကိုချင်းဖွဲ့သော မိဿဟာယ
တစ်ဦးကိုတစ်ဦး ညီအစ်ကိုချင်းကဲ့သို့ ဆက်ဆံပြုမူရန် သဘောတူညီခြင်း

Amos 11

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။
၁:၃ တွင် ပြန်လည်ကြည့်ရန်။

အစဉ်အမြဲအငြိုးထားသော
သူ၏ ဒေါသသည် ယခုတိုင်အောင် ကျန်နေသေးကြောင်း

ဗောဇရမြို့

Amos 13

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။
၁:၃ တွင် ပြန်လည်ကြည့်ရန်။

Amos 14

မိုဃ်းသက် မုန်တိုင်းရောက်သောနေ့၌ လွင့်သွားခြင်း ရှိလိမ့်မည်။
တစ်ချိန်တည်းတွင် မကောင်းသောအရာများ တစ်ပြိုင်တည်းဖြစ်ပွားခြင်း

လွင့်သွားခြင်း၊ မိုဃ်းသက် မုန်တိုင်း
ပြင်းထန်သောမိုးသက် မုန်တိုင်းနှင့် လျင်မြန်သောလေပြင်းမုန်တိုင်း နှစ်မျိုးစလုံး

လွင့်သွားခြင်း
အလွန်လျင်မြန်သော စက်ဝိုင်းသဏ္ဍာန် လေပွေလှိုင်း

---

## Translation Questions

Amos 1:1

ဂ္လသရေလများနှင့်ဆိုင်၍ သူပြောသောစကားများကို အာမုတ်သည် မည်သို့ လက်ခံရရှိခဲ့သနည်း။
ဂ္လသရေလများနှင့်ဆိုင်၍ သူပြောသောစကားများကို အာမုတ်သည် ဗျာဒိတ်တွင် ရရှိခဲ့သည်။

အာမုတ်၏ လုပ်ငန်းမှာ အဘယ်နည်း။
အာမုတ်သည် သိုးထိန်းဖြစ်သည်။

Amos 1:3

အဘယ်ကြောင့် ဒမာသက်မြို့ကို ထာဝရဘုရားက ပြစ်ဒဏ်ချမှတ်ရန် ကြေငြာခဲ့သနည်း။
ဒမာသက်မြို့ကို ထာဝရဘုရားက ပြစ်ဒဏ်ချမှတ်ရန် ကြေငြာခဲ့ရခြင်းမှာ စပါးနယ်ရာ သံယန္တရားစက်တို့ နှင့် ကြိတ်နယ်သောအပြစ်ကြောင့်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Amos 1:6

တဖန် ဂါဇမြို့ကို ထာဝရဘုရားက မည်သည့်အတွက်ကြောင့်
အပြစ်ပေးခဲ့သနည်း။
ဂါဇမြို့ကို ထာဝရဘုရားက အပြစ်ပေးရခြင်းမှာ
ချုပ်ထားသောသူအပေါင်းတို့ကို ဧဒုံမင်း၌ အပ်ခြင်းငှါ
သိမ်းသွားသောအပြစ်ကြောင့်ဖြစ်သည်။

ဗင်ဟာဒဒ်၏ခံတပ်နှင့် ဂါဇမြို့ အစရှိသောမြို့များကို မည်ကဲ့သို့ ပြုလုပ်ရန်
ထာဝရဘုရားမိန့်တော်မူခဲ့သနည်း?
ဂါဇမြို့ရိုးအပေါ်သို့ မီးကိုလွှတ်၍ ဘုံဗိမာန်တို့ကို လောင်စေရန်
မိန့်တော်မူခဲ့သည်။

Amos 1:9

တုရုမြို့ကို ထာဝရဘုရားသည် အဘယ်ကြောင့်အပြစ်ပေးခဲ့သနည်း။
တုရုမြို့ကို ထာဝရဘုရားသည် အပြစ်ပေးရခြင်းမှာ တုရုမြို့သည်
ညီအစ်ကိုချင်းဖွဲ့သောမိဿဟာယကို မစောင့်၊ ချုပ်ထားသော
သူအပေါင်းတို့ကို ဧဒုံမင်း၌အပ်သောအပြစ်ကြောင့်ဖြစ်သည်။

Amos 1:11

ဧဒုံပြည်ကို ထာဝရဘုရားက အဘယ်ကြောင့်အပြစ်ပေးခဲ့သနည်း။
ဧဒုံပြည်ကို ထာဝရဘုရားက အပြစ်ပေးရခြင်းမှာ ဧဒုံပြည်သည်
သနားသောစိတ်ကိုချုပ်တည်း၍၊ ညီအစ်ကို ကို
ထားနှင့်လိုက်သောအပြစ်၊ ဒေါသစိတ်နှင့် အစဉ်အမြဲဆဲဖြတ်၍
အစဉ်အမြဲအငြိုးထားသော အပြစ်ကြောင့်ဖြစ်သည်။

Amos 1:13

အမ္မုန်ပြည်ကို ထာဝရဘုရားသခင်က အဘယ်ကြောင့်အပြစ်ပေးခဲ့သနည်း။
အမ္မုန်ပြည်သားတို့သည် မိမိတို့နေရာကို ကျယ်စေခြင်းငှါ၊
ကိုယ်ဝန်ဆောင်သော ဂိလဒ်ပြည်သူမိန်းမတို့၏
ဝမ်းကိုခွဲသောအပြစ်ကြောင့်ဖြစ်သည်။

Amos 1:14

ရဗ္ဗာမြို့ရိုးကို မည်ကဲ့သို့ ပြုရန် ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ဗ္ဗာမြို့ရိုးကို မီးရှို့၍ ဘုံဗိမာန်တို့ကို ဖျက်ဆီးရန်
မိန့်တော်မူခဲ့သည်။

အမ္မုန်ရှင်ဘုရင်ကို ထာဝရဘုရားကို မည်ကဲ့သို့ ပြုခဲ့သနည်း။
ရှင်ဘုရင် ကိုယ်တိုင်မှစ၍၊ မှူးတော်မတ်တော်များတို့သည်
သိမ်းသွားခြင်းကို ခံရကြလိမ့်မည်ဟု ထာဝရဘုရား
မိန့်တော်မူခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 2

1 တဖန် ထာဝရဘုရားမိန့်တော်မူသည်ကား၊ မောဘပြည်သည် ဧဒုံရှင်ဘုရင်၏ အရိုးတို့ကို ထုံးဖြစ်စေ ခြင်းငှါ မီးနှင့်
ဖုတ်သောအပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။ 2 မောဘပြည်အပေါ်သို့ မီးကိုလွှတ်၍၊
ကေရုတ်မြို့၏ဘုံဗိမာန်တို့ကို လောင်စေမည်။ ကြီးသော အသံဗလံ ပြုခြင်း၊ အော်ဟစ်ခြင်း၊ တံပိုးမှုတ်ခြင်းနှင့်တကွ မောဘပြည်သည်
ဆုံးရှုံးရလိမ့်မည်။ 3 မောဘပြည်အလယ်၌ တရားသူကြီးကို ငါပယ်ဖြတ်၍၊ သူနှင့်တကွ မှူးမတ်အပေါင်းတို့ကို ကွပ်မျက် မည်ဟု
ထာဝရဘုရားမိန့်တော်မူ၏။ 4 တဖန် ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယုဒအမျိုးသည် ထာဝရဘုရားစီရင်တော်မူချက်တို့ကို
မစောင့်၊ ပညတ်တရားတော်ကို စွန့်ပစ်၍၊ ဘိုးဘေးတို့ လိုက်ဘူးသော မိစ္ဆာဒိဋ္ဌိအားဖြင့် မှားယွင်းသော အပြစ်သုံးပါးမက၊
အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။ 5 ယုဒပြည်အပေါ်သို့ မီးကိုလွှတ်၍၊ ယေရုရှလင်မြို့၏ ဘုံဗိမာန်တို့ကို
လောင်စေမည်။ 6 တဖန် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသည် ဖြောင့်မတ်သော သူကို ငွေနှင့်ငှင်း၊
ဆင်းရဲသောသူကို ခြေနင်းတရံနှင့်ငှင်း ရောင်းသောအပြစ်၊ 7 ဆင်းရဲသော သူတို့၏ခေါင်းကို မြေမှုန့်နှင့် ဖုံးလွှမ်းစေခြင်းငှါ
အလွန်အလိုကြီး၍၊ နှိမ့်ချသောသူကို မတရားသဖြင့် စီရင်သောအပြစ်၊ ငါ၏နာမမြတ်ကို ရှုတ်ချခြင်းငှါ အဘနှင့်သားသည်
တဦးတည်းသောမိန်းမကို ပေါင်းဘော်သောအပြစ်၊ 8 ပေါင်ထားသောအဝတ်ကို ခပ်သိမ်းသော ယဇ်ပလ္လင်တို့အနား၌
ခင်း၍အိပ်သောအပြစ်၊ လျော်ပြစ် ငွေကို ဝယ်သောစပျစ်ရည်ကို သူတို့ဘုရား၏အိမ်၌ သောက်သောအပြစ်သုံးပါးမက၊
အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။ 9 အာရဇ်ပင်အရပ်နှင့်အမျှ မြင့်၍ သပိတ်ပင်ကဲ့သို့ ခိုင်မာသောအာမောရိအမျိုးကို
သင်တို့ရှေ့မှာ ငါ ပယ်ရှား၍၊ အထက်၌ သူ၏အသီးကိုငှင်း၊ အောက်၌ သူ၏အမြစ်ကိုငှင်း ငါဖျက်ဆီးပြီ။ 10 သင်တို့ကို
အဲဂုတ္တုပြည်မှနှုတ်ယူ၍ အာမောရိပြည်ကို ဝင်စားစေခြင်းငှါ၊ အနှစ်လေးဆယ်ပတ်လုံး တော၌ ပို့ဆောင်ပြီ။ 11 သင်တို့သားအချို့ကို
ပရောဖက်အရာ၊ လုလင်အချို့ကို နာဇရိလူအရာ၌ ငါခန့်ထားပြီ။ အိုဣသရေလ အမျိုးသားတို့၊ ဤစကားမှန်သည် မဟုတ်လောဟု
ထာဝရဘုရားမေးတော်မူ၏။ 12 သင်တို့မူကား၊ နာဇရိလူသောက်ဘို့ စပျစ်ရည်ကိုပေးကြပြီ။ ပရောဖက်တို့ကိုလည်း၊ ပရောဖက်ပြု၍
မဟောကြနှင့်ဟု မြစ်တားကြပြီ။ 13 ထိုကြောင့်၊ လှည်းသည် အပြည့်တင်သောကောက်လှိုင်း၏ဖိစီးခြင်းကို ခံရသကဲ့သို့၊
သင်တို့၏နေရာ အရပ်ကို ငါဖိစီးမည်။ 14 အပြေးကောင်းသောသူသည် ပြေးသောအခွင့်ကို မရ။ ခွန်အားကြီးသောသူသည်
မိမိခွန်အားကို ထုတ်ရ သောအခွင့်မရှိရ။ သူရဲသည် ကိုယ်ကို မကယ်လွှတ်ရ။ 15 လေးကိုကိုင်သောသူသည်မရပ်ရ။
လျင်မြန်သောခြေသည် သူရဲသည် ကိုယ်ကိုမကယ်လွှတ်ရ၊ မြင်းစီးသူရဲသည်လည်း ကိုယ်ကိုမကယ်လွှတ်ရ။ 16 ရဲရင့်သော သူရဲသည်
ထိုနေ့၌ အဝတ်မပါဘဲ ပြေးသွားရလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

---

Amos 01

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။
၁:၃ တွင် ပြန်လည်ကြည့်ရန်။

ထုံး
ပင်လယ်ခရု၊ ကမာအခွံ နှင့် အချို့သောကျောက်များ
လောင်ကျွမ်းခြင်းကြောင့် ထွက်ရှိလာသော ပြာမှုန့်များ။

Amos 02

ကေရုတ်မြို့

မောဘပြည်....လောင်စေမည်။
မောဘလူများသည် အသက်ဆုံးရှုံးရလိမ့်မည်။

Amos 04

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။
၁:၃ တွင် ပြန်လည်ကြည့်ရန်။

ဘိုးဘေးတို့လိုက်ဘူးသော မိစ္ဆာဒိဋ္ဌိ
"မှားယွင်းသောဘုရားများ" သို့မဟုတ် "ရုပ်တုဆင်းတုများ"

မှားယွင်းသော...လိုက်ဘူးသော
အခြားသောဘုရား သို့မဟုတ် ရုပ်တုဆင်းတု ကိုးကွယ်ခြင်းကို
အဓိက ရည်ညွှန်းသည်။

Amos 06

အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ
၁:၃ တွင် ပြန်လည်ကြည့်ရန်။

Amos 07

မြေမှုန့်နှင့် ဖုံးလွှမ်းစေခြင်း
ထပ်ခါထပ်ခါ ရည်ရွယ်ချက်ရှိရှိ ဖိနှိပ်ဆက်ဆံခြင်းကြောင့်
ထိခိုက်နာကျင်စေသည်။

အလွန်အလိုကြီး၍၊ နှိမ့်ချသောသူကို မတရားသဖြင့် စီရင်သော
မတရားသဖြင့် စီရင်ခြင်းခံရသည်ဟု ပြောဆိုသံကို
နားမထောင်ဘဲ လျစ်လျူရှုသည်။


generated on Sun Jun 30 02:37:40 2024

Amos 09

အာရစ်ဗင်အရပ်နှင့်အမျှ မြင့်၍ သပိတ်ပင်ကဲ့သို့ ခိုင်မာသော
အမြင့်ဆုံးဟု ယူဆရသော အပင်၏ ရှည်သော အရပ်ကဲ့သို့ လည်းကောင်း၊ အမာဆုံးသောသစ်ကဲ့သို့ သန်မာသော ခွန်အားရှိသော သူ

Amos 11

ထာဝရဘုရားမေးတော်မူ၏
နဂိုပြန်ဆိုထားသော ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

Amos 13

ထိုကြောင့်
အခြားသောဘာသာပြန်ဆိုချက်။ ပြောမည့်အရာကို "နားထောင်ပါ" သို့မဟုတ် "အာရုံစိုက်ပါ ဟု နှိုးဆော်သည်။

Amos 15

လေးကိုကိုင်သော သူသည် မရပ်ရ။
လေးကိုကိုင်သော သူသည် ထွက်ပြေးကြရလိမ့်မည်။

လျင်မြန်သောခြေသည် သူရဲသည် ကိုယ်ကိုမကယ်လွတ်ရ။
လျင်မြန်သောခြေသည် သူရဲသည်လည်း ဖမ်းဆီးခြင်းခံရလိမ့်မည်။

မြင်းစီးသူရဲသည်လည်း ကိုယ်ကိုမကယ်လွတ်ရ။
မြင်းစီးသူရဲသည်လည်း အသက်ဆုံးရှုံးရလိမ့်မည်။

အဝတ်မပါဘဲ ပြေးသွားရလိမ့်မည်။
ဖြစ်နိုင်ချေ ပြန်ဆိုမှုများမှာ

ထာဝရဘုရား မိန့်တော်မူ၏
၂:၁၁ အား ပြန်လည်ကိုးကားရန်။

---

## Translation Questions

Amos 2:1

မောဘပြည်ကို ထာဝရဘုရားက အဘယ်ကြောင့်အပြစ်ပေးခဲ့သနည်း။
မောဘပြည်သည် ဧဒုံရှင်ဘုရင်၏ အရိုးတို့ကို ထုံးဖြစ်စေ ခြင်းငှါ မီးနှင့် ဖုတ်သောအပြစ်ကြောင့်ဖြစ်သည်။

Amos 2:4

ယုဒလူတို့အားဘုရားသခင်က ပြစ်ဒဏ်ချမှတ်ရန် အဘယ်ကြောင့်မိန့်တော်မူခဲ့သနည်း။
ယုဒအမျိုးသည် ထာဝရဘုရားစီရင်တော်မူချက်တို့ကို မစောင့်၊ ပညတ်တရားတော်ကို စွန့်ပစ်၍၊ ဘိုးဘေးတို့ လိုက်ဘူးသော မိစ္ဆာဒိဋ္ဌိအားဖြင့် မှားယွင်းသော အပြစ်ကြောင့်ဖြစ်သည်။

မောဘနှင့် ယုဒပြည်၏ခံတပ်ကို မည်ကဲ့သို့ ပြုလုပ်ရန် ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
မောဘနှင့် ယုဒပြည်၏ခံတပ်ကို ဖျက်ဆီးပစ်ရန် ထာဝရဘုရားမိန့်တော်မူခဲ့သည်။

Amos 2:7

ဣသရေလလူမျိုးကို ထာဝရဘုရားက အဘယ်ကြောင့်အပြစ်ပေးရန် မိန့်တော်မူခဲ့သနည်း။
ဆင်းရဲသော သူတို့၏ခေါင်းကို မြေမှုန့်နှင့် ဖုံးလွှမ်းစေခြင်းငှါ အလွန်အလိုကြီး၍၊ နှိမ့်ချသောသူကို မတရားသဖြင့် စီရင်သောအပြစ်ကြောင့်ဖြစ်သည်။

Amos 2:9

အာမောရိပြည်ကို ဣသရေလတို့က မည်ကဲ့သို့တိုက်ခိုက်ခဲ့သနည်း။
ခိုင်မာသောအာမောရိအမျိုးကို သူတို့ရှေ့တွင်ပင်ထာဝရဘုရားသခင်က တိုက်ခိုက်ခဲ့သည်။

Amos 2:11

ဣသရေလလူတို့က ပရောဖက်တို့အား မည်သည့်အရာကို ပြုခဲ့ကြသနည်း။
ရောဖက်တို့ကိုလည်း၊ ပရောဖက်ပြု၍ မဟောကြရန်တားမြစ်ခဲ့သည်။

ထာဝရဘုရားသခင်၏တစ်ဖက်၌ရှိသော နာဇရိလူတို့အား ဣသရေလူတို့က မည်သည်ကို ပြုခဲ့ကြသနည်း။
ထာဝရဘုရားသခင်၏တစ်ဖက်၌ရှိသော နာဇရိလူတို့အား ဣသရေလူတို့က စပျစ်ရည်ကိုပေးခဲ့ကြသည်။

Amos 2:13

အပြေးကောင်းသောသူနှင့် ခွန်အားကြီးသောသူတို့သည် မည်သည့်အရာကို မလုပ်ဆောင်နိုင်ကြလိမ့်မည်နည်း။
အပြေးကောင်းသောသူသည် ပြေးသောအခွင့်ကို မရ။ ခွန်အားကြီးသောသူသည် မိမိခွန်အားကို ထုတ်ရသောအခွင့်မရှိရကြပါ။

Amos 2:15

လေးကိုင်သောသူ၊ လျင်မြန်သောသူ၊ မြင်းစီးသူရဲ၊ သူရဲတို့ကို ထာဝရဘုရား မည်သို့ မိန့်တော်မူခဲ့သနည်း။
လေးကိုကိုင်သောသူသည်မရပ်ရ။ လျင်မြန်သောခြေသည် သူရဲသည် ကိုယ်ကိုမကယ်လွှတ်ရ။ မြင်းစီးသူရဲသည်လည်း ကိုယ်ကိုမကယ်လွှတ်ရ။ ရဲရင့်သော သူရဲသည် ထိုနေ့၌ အဝတ်မပါဘဲ ပြေးသွားရလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။

---

## Chapter 3

[1] အိုဣသရေလအမျိုးသားတို့၊ အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သော အမျိုးသားအပေါင်းတို့၊ သင်တို့ကို ရည်မှတ်၍ ငါထာဝရဘုရား
မိန့်တော်မူသောစကားကို နားထောင်ကြလော့။ [2] မြေကြီးပေါ်မှာနေသော အမျိုးသားအပေါင်းတို့တွင် သင်တို့ တမျိုးတည်းကိုသာ
ငါလက်ခံသောကြောင့်၊ သင်တို့အပြစ်ရှိသမျှတို့ကို ငါစစ်ကြောမည်။ [3] လူနှစ်ဦးသည် သဘောမတူလျှင်၊ ပေါင်းဘော်၍
ခရီးသွားနိုင်သလော။ [4] ခြင်္သေ့သည် ဘမ်းစရာမရှိလျှင်၊ တော၌ဟောက်လိမ့်မည်လော။ ခြင်္သေ့ပျိုသည် အဘယ်အရာကိုမျှ
မဘမ်းမိလျှင်၊ တွင်းထဲက အသံပြုလိမ့်မည်လော။ [5] မြေပေါ်မှာ ကျော့ကွင်းနှင့်မထောင်လျှင်၊ ငှက်ကို ကျော့မိလိမ့်မည်လော။
ထောင်ထားသော ကျော့ကွင်း၌ အဘယ်အရာကိုမျှ မရမှီထောင်ထားရာအရပ်မှ နှုတ်သွားလိမ့်မည်လော။ [6] မြို့ထဲမှာ တံပိုးမှုတ်လျှင်၊
မြို့သားတို့သည် မကြောက်မလန့်ဘဲ နေကြလိမ့်မည်လော။ ထာဝရဘုရား စီရင်တော်မမူဘဲ ဘေးတစုံတခုသည် မြို့ထဲမှာ
ရောက်လိမ့်မည်လော။ [7] အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဘော်မပြဘဲ အဘယ်အမှုကိုမျှ
စီရင်တော်မမူ။ [8] ခြင်္သေ့ဟောက်သောအခါ၊ အဘယ်သူမျှ မကြောက်မလန့်ဘဲ နေလိမ့်မည်နည်း။ အရှင်ထာဝရ
ဘုရားမိန့်တော်မူသောအခါ၊ အဘယ်သူသည် ပရောဖက်မပြုဘဲနေလိမ့်မည်နည်း။ [9] အာဇုတ်မြို့ ဘုံဗိမာန်တို့နှင့်
အဲဂုတ္တုပြည်ဘုံဗိမာန်တို့တွင် သိတင်းကြားပြောရမည်မှာ၊ ရှမာရိတောင်တို့ အပေါ်မှာစုဝေး၍၊ ရှမာရိမြို့ထဲမှာ
ရုန်းရင်းခတ်ခြင်းအမှုကိုငင်း၊ မြို့ထဲမှာ ညှဉ်းဆဲခံရသောသူတို့ကိုငင်း ကြည့်ရှုကြလော့။ [10] မြို့သားတို့သည် တရားသောအမှုကို
မပြုတတ်၊ အနိုင်အထက်ပြု၍ လုယူသောဥစ္စာကို ဘုံဗိမာန်တို့၌ သိုထားတတ်ကြသည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ [11] ထိုကြောင့်၊
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရန်သူတို့သည် ရှမာရိပြည်ကိုဝိုင်းပြီးလျှင်၊ သင်၏အစွမ်းသတ္တိကို နှိမ့်ချ၍၊ ဗိမာန်တို့ကို
ဖြိုဖျက်ကြလိမ့်မည်။ [12] ထာဝရဘုရားမိန့်တော်မူသည်ကား၊ သိုးထိန်းသည် ခြင်္သေ့နှုတ်ထဲက ခြေနှစ်ခု၊ သို့မဟုတ်၊ နားရွက် တပိုင်းကို
နှုတ်ယူသကဲ့သို့ ရှမာရိမြို့၌ ခုတင်ထောင့်၊ ဒမာသက်မွေ့ရာ ဖုံပေါ်မှာထိုင်သော ဣသရေလအမျိုး သားတို့ကို နှုတ်ယူရလိမ့်မည်။ [13]
ကောင်းကင်ဗိုလ်ခြေကို အစိုးပိုင်သော ဘုရားသခင်၊ အရှင်ထာဝရဘုရားမိန့်တော်မူသောစကားကို သင်တို့သည် နားထောင်၍
ယာကုပ်အမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ [14] အကယ်စင်စစ် ဣသရေလအမျိုး၏ အပြစ်တို့ကို စစ်ကြောသောနေ့၌၊
ဗေသလယဇ်ပလ္လင်တို့ကို ငါစစ် ကြောလျက်၊ ယဇ်ပလ္လင်ဦးချိုတို့ကိုဖြတ်၍ မြေပေါ်သို့ချမည်။ [15] ဆောင်းကာလ၌ စံသောနန်းတော်နှင့်
နွေကာလ၌စံသော နန်းတော်တို့ကို ငါထိခိုက်၍၊ ဆင်စွယ်ဖြင့် ပြီးသော အိမ်တို့ကိုဖျက်ဆီးမည်။ ဘုံဗိမာန်တို့သည်လည်း
ဆုံးကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

---

Amos 03

ယေဘုယျ အချက်အလက်
၃:၇ တွင် ထာဝရဘုရား ဖြေကြားတော်မူလိမ့်မည်။

Amos 05

ယေဘုယျ အချက်အလက်
၃:၇ တွင် ထာဝရဘုရားဖြေကြားတော်မူလိမ့်မည်။

Amos 07

အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဘော်မပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ
အရှင်ထာဝရဘုရားသည် အဘယ်အမှုကိုမျှ စီရင်တော်မမူမီ
မိမိ၏ ကျွန်ပရောဖက်များအားဖြင့် အရာအားလုံးကို
ဖော်ပြတော်မူလိမ့်မည်။

Amos 09

ထာဝရဘုရားမိန့်တော်မူ၏
၂:၁၁ အား ပြန်လည်ကိုးကားရန်။

Amos 11

ခုတင်
လှဲလျောင်းအနားယူရန် ကျယ်ဝန်းသော
သက်တောင့်သက်သာရှိသော ခုံတန်းရှည်

ခုတင်ထောင့်
မူရင်း ဟေဗြဲဘာသာ၏ ဆိုလိုရင်းမှာ နားလည်ရန်ခက်ခဲပြီး၊
အချို့သော ခေတ်ပေါ်အနက်ဖွင့်ကျမ်းများနှင့်
ပြန်ဆိုမှုကွဲပြားသည်။ UDB အသုံးပြုသော အချို့သောခေတ်ပေါ်
အနက်ဖွင့်ကျမ်းများသည် နှိုင်းယှဉ်ဖော်ပြလေ့ရှိသည်။
အိမ်ရှင်သည် အိမ်မီးလောင်သောအခါ အနည်း ငယ်သော
အိမ်ထောင်ပရိဘောဂများကိုသာ ပြန်ရသကဲ့သို့
ဣသရေလလူမျိုးအနည်းငယ်သာ အသက်ရှင်လိမ့်မည်
ဆိုလိုခြင်းဖြစ်သည်။

Amos 13

ထာဝရဘုရား မိန့်တော်မူ၏
နဂိုပြန်ဆိုထားသော ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။


generated on Sun Jun 30 02:37:40 2024

ယဇ်ပလ္လင်ဦးချို

နွားထီးဦးချိုကို ဆွဲနှုတ်သောအခါ ဦးချို နှစ်ချောင်းကျွတ်ပါလာသကဲ့သို့ ထာဝရဘုရား၏ သန်မာသော ခွန်အားကို ပုံဖော်ဆောင်ပါသည်။

Amos 15

ဆောင်းကာလ၌ စံသောနန်းတော်နှင့် နွေကာလ၌စံသော နန်းတော်

အိမ်တော်ရာအားလုံးကို ဆိုလိုခြင်းဖြစ်သည်။

ဆင်စွယ်

ကြီးမားသော တိရစ္ဆာန်တို့၏ သွားများ အစွယ်များနှင့်ဦးချိုများ

ထာဝရဘုရားမိန့်တော်မူ၏

၂:၁၁ အားပြန်လည်ကိုးကားရန်။

## Translation Questions

Amos 3:1

ထာဝရဘုရား၏စကားကို မည်သူတို့ကိုရည်ညွှန်းထားသနည်း။

အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောထာဝရဘုရားသခင်၏စကားတော်က ဣသရေလတို့ကိုရည်ညွှန်းထားသည်။

ကမ္ဘာပေါ်ရှိလူသားမျိုးစုထဲမှ ထာဝရဘုရားက မည်သူတို့ကို ရွေးကောက်ထားသနည်း။

ကမ္ဘာပေါ်ရှိလူသားမျိုးစုထဲမှ ထာဝရဘုရားက ဣသရေလလူမျိုးများကို ရွေးကောက်ထားသည်။

Amos 3:3

လူနှစ်ယောက်တို့သည် သဘောတူညီချက်ရှိလျှင်မည်သည့်အမှုကို ပြုရမည်နည်း။

လူနှစ်ယောက်တို့သည် သဘောတူညီမှုရှိလျှင် ခရီးသွားနိုင်သည်။

Amos 3:5

မြို့တော်တွင် ဘေးအန္တရာယ်ကျရောက်လျှင် မည်သူက စေလွှတ်သနည်း။

ထာဝရဘုရား မစီရင်ပဲ ဘေးတစုံတခုသည် မြို့ထဲတွင်မ ရောက်နိုင်ပါ။

Amos 3:7

ထာဝရဘုရားသည် လက်တွေ့မလုပ်ဆောင်မှီ မည်သည့်အရာကို ပြုသနည်း။

ထာဝရဘုရားသည် လက်တွေ့မလုပ်ဆောင်ခင်တွင် ပရောဖက်တို့အား ဦးစွာဖွင့်ပြလေ့ရှိသည်။

Amos 3:9

ရှမာရိမြို့၌ဖြစ်ခဲ့သမျှကို သူတို့သည် မြင်လျှင် အဲဂုတ္တုပြည်တွင်မည်သည့်အရာကို တွေ့မြင်ရလိမ့်မည်နည်း။

အဲဂုတ္တုပြည်ကို သိတင်းကြားပြောရမည်မှာ ရှမာရိမြို့ထဲမှာ ရုန်းရင်းခတ်ခြင်းအမှုကိုငင်း၊ မြို့ထဲမှာ ညှဉ်းဆဲခံရသောသူတို့ကိုငင်း ကြည့်ရှုရကြမည်။

သူတို့၏ခံတပ်ထဲတွင် ဣသရေလတို့က မည်သည့်အရာကို သိုထားခဲ့သနည်း။

မြို့သားတို့သည် တရားသောအမှုကို မပြုတတ်၊ အနိုင်အထက်ပြု၍ လုယူသောဥစ္စာကို ဘုံဗိမာန်တို့၌ သိုထားကြသည်။

Amos 3:11

ဣသရေလတို့၏ဆန့်ကျင်မှုကို ထာဝရဘုရားသခင်က မည်ကဲ့သို့ အပြစ်ပေးရန် မိန့်တော်မူခဲ့သနည်း။

ထာဝရဘုရားသခင်က ဣသရေလလူတို့၏ခံတပ်ကို ရန်သူတို့လက်ထဲသို့အပ်လိမ့်မည်ကို မိန့်တော်မူခဲ့သည်။

ထာဝရဘုရား၏ပြစ်ဒဏ်ထဲမှ မည်သူတို့သာ လွတ်မြောက်ရမည်နည်း။

အနည်းငယ်သောလူတို့သာ ထာဝရဘုရား၏အမျက်တော်မှ လွတ်မြောက်ရမည်။

Amos 3:13

ဣသရေလလူတို့အား ထာဝရဘုရားက အပြစ်ပေးတော်မူသောနေ့တွင် မည်သူများကို ထပ်၍အပြစ်ပေးလိမ့်မည်နည်း။

ဣသရေလအမျိုး၏ အပြစ်တို့ကို စစ်ကြောသောနေ့၌၊ ဗေသလယဇ်ပလ္လင်တို့ကို စစ် ကြောကာ ယာကုပ်အမျိုးသားတို့အား အပြစ်ပေးတော်မူလိမ့်မည်။

## Chapter 4

1 ဆင်းရဲသောသူတို့ကို ညှဉ်းဆဲလျက်၊ ငတ်မွတ်သောသူတို့ကိုနှိပ်စက်လျက်၊ မိမိသခင်တို့အား ငါတို့
သောက်ဘို့ယူခဲ့ကြဟုဆိုတတ်လျက်၊ ရှမာရိတောင်ပေါ်မှာနေသော ဗာရှန်နွားတို့၊ ဤစကားတော်ကိုနားထောင် ကြလော့။ 2
အရှင်ထာဝရဘုရားသည် မိမိသန့်ရှင်းခြင်း ပါရမီတော်ကိုတိုင်တည်၍ ကျိန်ဆိုတော်မူသည်အတိုင်း၊ သင်တို့ကို ငါးမျှားနှင့်၎င်း၊
သင်တို့သားမြေးတို့ကိုပိုက်ကွန်နှင့်၎င်း ဘမ်းဆီးယူသွားရသောကာလ ရောက်လိမ့်မည်။ 3 သင်တို့သည် အသီးအသီးကိုယ်စီတွေ့သော
အပေါက်ဖြင့်ထွက်၍ ရဲတိုက်ထဲသို့ ချခြင်းကိုခံရကြမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 4 ဗေသလမြို့သို့သွား၍ ပြစ်မှားကြလော့။
ဂိလဂါလမြို့သို့လည်းသွား၍ များစွာသောပြစ်မှားခြင်းခြင်းကို ပြုကြလော့။ နံနက်တိုင်းပူဇော်သောယဇ်ကို၎င်း၊ သုံးနှစ်တခါ
ဥစ္စာဆယ်ဘို့တဘို့ကို၎င်း ဆောင်ခဲ့ကြလော့။ 5 လုယူသောဥစ္စာထဲကကျေးဇူးချီးမွမ်းရာ ပူဇော်သက္ကာကို မီးရှို့ကြလော့။
အလိုလိုပြုသော ပူဇော်သက္ကာ များကိုလည်း ကြားပြော၍ကြော်ငြာစေကြလော့။ အိုဣသရေလအမျိုးသားတို့၊ ထိုသို့ပြုရာတွင်
သင်တို့သည် မွေ့လျော်တတ်ကြသည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 6 ငါသည်လည်း၊ သင်တို့မြို့ရွာရှိသမျှတို့၌ သွားတို့၏
စင်ကြယ်ခြင်းကို၎င်း၊ သင်တို့နေရာအရပ်ရှိသမျှတို့၌ အစာခေါင်းပါးခြင်းကို၎င်းပေးသော်လည်း၊ သင်တို့သည် ငါ့ထံသို့ပြန်၍
မလာကြဟုထာဝရဘုရားမိန့်တော်မူ၏။ 7 စပါးရိတ်ရာကာလမရောက်မှီ သုံးလအထက်က၊ မိုဃ်းမရွာစေခြင်းငှါ မိုဃ်းကိုငါဆီးတားပြီ။
မြို့တမြို့ပေါ်မှာ ရွာစေခြင်းငှါ၎င်း၊ တမြို့ပေါ်မှာမရွာစေခြင်းငှါ၎င်းပြုလျက်၊ မြေတကွက်သည် မိုဃ်းရေကိုခံရ၍ တကွက်သည် မခံရ၊
သွေ့ခြောက်လျက် နေရ၏။ 8 ထိုသို့မြို့နှစ်မြို့သုံးမြို့သားတို့သည် ရေသောက်ခြင်းငှါ မြို့တမြို့သို့သွားရ၍ မဝရကြ။ သို့သော်လည်း၊
သင်တို့သည် ငါ့ထံသို့ ပြန်၍မလာကြဟု ထာဝရဘုရားမိန့်တော်မူ၏။ 9 လေထိ၍အပင်သေခြင်း၊ အရည်ယို၍ သေခြင်းဘေးဖြင့်
ငါသည်ဒဏ်ခတ်လေပြီ။ သင်တို့၌ များပြားသောလယ်ယာ၊ စပျစ်ဥယျာဉ်၊ သင်္ဘောသဖန်းပင်၊ သံလွင်ပင်တို့ကို ကျိုင်းကောင်တို့သည်
ကိုက်စားကြပြီ။ သို့သော်လည်း၊ ငါ့ထံသို့ ပြန်၍မလာကြဟု ထာဝရဘုရားမိန့်တော်မူ၏။ 10 အဲဂုတ္တုပြည်ခံရသော ကာလနာဘေးကို
သင်တို့ရှိရာသို့ ငါစေလွှတ်လေပြီ။ လုလင်တို့ကို ထားဖြင့် ကွပ်မျက်စေပြီ။ မြင်းတို့ကိုသိမ်းသွားစေပြီ။ သင်တို့တပ်၌
ပုပ်စပ်သောအနံ့ကို သင်တို့နှာခေါင်း၌လှိုင်စေပြီ။ သို့သော်လည်း၊ ငါ့ထံသို့ ပြန်၍မလာကြဟု ထာဝရဘုရားမိန့်တော်မူ၏။ 11
ဘုရားသခင်သည် သောဒုံမြို့နှင့် ဂေါမောရမြို့ကို မှောက်လှန်သကဲ့သို့၊ သင်တို့အချို့ကိုငါမှောက်လှန်၍ သင်တို့သည်
မီးထဲကနှုတ်သောထင်းစကဲ့သို့ ဖြစ်ကြပြီ။ သို့သော်လည်း၊ ငါ့ထံသို့ ပြန်၍မလာကြဟု ထာဝရဘုရား မိန့်တော်မူ၏။ 12 သို့ဖြစ်၍၊
အိုဣသရေလအမျိုး၊ အထက်က ပြသကဲ့သို့ သင်တို့၌ငါပြုဦးမည်။ ထိုသို့ပြုမည်ဖြစ်သော ကြောင့်၊ အိုဣသရေလအမျိုး၊
သင်၏ဘုရားသခင်နှင့် တွေ့ခြင်းငှါ ကိုယ်ကိုပြင်ဆင်လော့။ 13 တောင်တို့ကို လုပ်၍လေကိုဖန်ဆင်းထသော၊ လူစိတ်အကြံအစည်ကို
လူအားဘော်ပြထသော၊ နံနက် အလင်းကို အမိုက်ဖြစ်စေထသော၊ မြင့်သောမြေအရပ်တို့ကို နင်းသောသူသည်
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏။

---

---

Amos 01

သင်တို့ကို ငါးမျှားနှင့်၎င်း၊ သင်တို့သားမြေးတို့ကိုပိုက်ကွန်နှင့်၎င်း ဘမ်းဆီးယူသွားမည်။
ရိုးရှင်းသောပြန်ဆိုချက်မှာ "ငါးများအား ဖမ်းဆီးမိသကဲ့သို့ ရန်သူများမှ ဣသရေလအမျိုးသားတို့အား ဖမ်းဆီးသွားမည်" ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်။ "သင်တို့အား တိုက်ခိုက်အနိုင်ယူပြီး၊ သူတို့နှင့်အတူငါးမျှားသကဲ့သို့ ဖမ်းဆီးခေါ်ဆောင်သွား လိမ့်မည်"

Amos 03

အပေါက်ဖြင့်
ရန်သူများမှ ဖြိုဖျက်သောကြောင့် ဝင်ရောက်နိုင်သော မြို့နံရံအပေါက်များ

ရဲတိုက်ထဲသို့ ချခြင်းကိုခံရကြမည်
သားရဲတိုက်ထဲသို့ ပစ်ချခြင်းကို ခံရလိမ့်မည်။ သို့မဟုတ်သင်၏ရန်သူများမှ ဖမ်းဆီးသွားပြီး သားရဲတိုက်ထဲသို့ ပစ်ချလိုက်ကြမည်။

Harmon
N/A

ထာဝရဘုရားမိန့်တော်မူ၏
၂:၁၁ အားပြန်လည်ကိုးကားရန်။ ထာဝရဘုရားမိန့်တော်မူသောအရာတို့သည် ကျိန်းသေ ဖြစ်ပျက်လိမ့်မည်။

Amos 04

ဗေသလမြို့သို့သွား၍ ပြစ်မှားကြလော့။ ဂိလဂါလမြို့သို့လည်းသွား၍ များစွာသောပြစ်မှားခြင်းခြင်းကို ပြုကြလော့။
သင်တို့သည် နောင်တရ၍ ငါ့ထံပြန်လာရန် ငြင်းဆိုသောကြောင့် ဗေသလမြို့ နှင့် ဂိလဂါလမြို့၌ ပြုသော ပူဇော်သက္ကာတို့သည် ငါ့အား သာ၍ စိတ်ဆိုးစေသည်။

ပူဇော်သောယဇ်ကိုလည်းကောင်း... ဆယ်ဘို့တဘို့ကိုလည်းကောင်း ဆောင်ခဲ့ကြလော့။ ကျေးဇူးချီးမွမ်းရာ ပူဇော်သက္ကာကို မီးရှို့ကြလော့။ အလိုလိုပြုသော ပူဇော်သက္ကာ များကိုလည်း ကြားပြော၍ကြော်ငြာစေကြလော့။
ဤသို့လုပ်ဆောင်ခြင်းအား မသင့်လျော်ဟု ယူဆသော်လည်း မိမိ၏မျိုးနွယ်စုများ၊ အသိုင်းအဝန်းက ဆက်လက်ကျင့်သုံးရန် စိတ်အားထက်သန်နေပါက ကျင့်သုံးစေရန် ဖြစ်ပါသည်။

သုံးနှစ်တခါ ဥစ္စာဆယ်ဘို့တဘို့
အချို့သောကျမ်းများတွင် သုံးရက်တစ်ကြိမ်ဟု ရေးသားထားသော်လည်း၊ ဣသရေလအမျိုးသားတို့သည် ဆယ်ဘို့တဘို့ကို သုံးနှစ်တစ်ကြိမ် ထာဝရဘုရားရှေ့တော်သို့ ယူဆောင်လာရသည်။

ထာဝရဘုရားမိန့်တော်မူ၏
၃:၁၃ ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

Amos 06

သွားတို့၏ စင်ကြယ်ခြင်း
ဆာလောင်ခြင်း သို့မဟုတ် အစားအစာငတ်ပြတ်ခြင်း

သင်တို့သည် ငါ့ထံသို့ပြန်၍ မလာကြ
အခြားသော ဘာသာပြန်ဆိုချက်။ "သင်တို့သည် ငါ့အားဆန့်ကျင်ပြစ်မှားခြင်းကို အဆက်မပြတ် ပြုကြသည်"

ထာဝရဘုရား မိန့်တော်မူ၏
၂:၁၁ အားပြန်လည်ကိုးကားရန်။

Amos 08

လေထိ၍အပင်သေခြင်း၊ အရည်ယို၍ သေခြင်းဘေးဖြင့် ငါသည်ဒဏ်ခတ်လေပြီ။
သင်အပေါ်သို့ ငါသည် တစ်ခါတရံ ကြီးစွာသော မိုးကိုရွာစေပြီး၊ တစ်ခါတရံ အနည်းငယ်ကို ရွာစေသည်။

လေထိ၍ အပင်သေခြင်း
သစ်ပင်ညှိုးခြောက်စေတတ်သော ပိုး။

အရည်ယို၍ သေခြင်း
အပင်ကြာရှည်စွာရေဝပ်၍ ပျက်စီးခြင်း

သင်တို့သည် ငါ့ထံသို့ ပြန်၍မလာကြ
၄:၆ အားပြန်လည်ကိုးကားရန်။

ထာဝရဘုရား မိန့်တော်မူ၏
၂:၁၁ အားပြန်လည် ကိုးကားရန်။

Amos 10

သင်တို့တပ်၌ ပုပ်စပ်သော အနံ့ကို သင်တို့ နှာခေါင်း၌ လှိုင်စေပြီ။
အခြားသော ဘာသာပြန်ဆိုချက်။ "သင်တို့တပ် ဝန်းကျင်လေထုအား နံဟောင်စေခြင်း" သို့မဟုတ် "နံဟောင်စေသော သင်တို့တပ်မှ ထွက်ပြေး၍ မစွမ်းနိုင်ရန်"

ပုပ်စပ်သောအနံ့
နံဟောင်ခြင်း၊ အထူးသဖြင့် လူသေထံမှရသော အပုပ်နံ့။

သင်တို့သည် မီးထဲကနှုတ်သော ထင်းစကဲ့သို့ ဖြစ်ကြပြီ
အခြားသော ဘာသာပြန်ဆိုချက်။ "သင်တို့သည် မီးထဲကလျင်မြန်စွာ ဆွဲနှုတ်ခြင်းခံရသောထင်းစကဲ့သို့ ဖြစ်ကြပြီ" သို့မဟုတ် "အစိတ်အပိုင်းတစ်ခုအား လောင်ကျွမ်းစေပြီး လျင်မြန်စွာ မီးထဲမှ ဆွဲနှုတ်ခြင်းခံရသောထင်းစကဲ့သို့ ဖြစ်ကြပြီ"

သင်တို့သည် ငါ့ထံသို့ ပြန်၍မလာကြ
၄:၆ အားပြန်လည်ကိုးကားရန်။

ထာဝရဘုရားမိန့်တော်မူ၏
၂:၁၁ အားပြန်လည် ကိုးကားရန်။

---

## Translation Questions

Amos 4:1

ရှမာရိပြည်တွင်နေထိုင်သော ချမ်းသာသောအမျိုးသမီးတို့အား ထာဝရဘုရားသခင်က မည်ကဲ့သို့ အမည်တွင်စေခဲ့သနည်း။
ထိုအမျိုးသမီးများအား ထာဝရဘုရားက ဗာရှန်နွား ဟူ၍ သမုတ်ခဲ့သည်။

ရှမာရိပြည်တွင်နေထိုင်သော ချမ်းသာသောအမျိုးသမီးတို့က ဆင်းရဲသောသူတို့အား မည်ကဲ့သို့ ပြုခဲ့ကြသနည်း။
ဆင်းရဲသောသူတို့ကို ညှဉ်းဆဲလျက်၊ ငတ်မွတ်သောသူတို့ကိုနှိပ်စက်ခဲ့ကြသည်။

ရှမာရိပြည်တွင်နေထိုင်သော ချမ်းသာသောအမျိုးသမီးတို့သည် မည်သည့်အရာဖြစ်မည်ကို ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ရှမာရိပြည်တွင်နေထိုင်သော ချမ်းသာသောအမျိုးသမီးတို့သည် ငါးမျှားနှင့်ငင်၊ သင်တို့သားမြေးတို့ကိုပိုက်ကွန်နှင့်ငင်း ဘမ်းဆီးယူသွားရသောကာလ ကို ကြုံရကြမည်။

Amos 4:4

ဣသရေလလူမျိုးများကို မည်သည့်အရာက စိတ်ကျေနပ်စေသနည်း။
ဗေသလမြို့သို့သွား၍ ပြစ်မှားကာ ဂိလဂါလမြို့သို့လည်းသွား၍ များစွာသောပြစ်မှားခြင်းခြင်းကို ပြုကြပြီး၊ နံနက်တိုင်းပူဇော်သောယဇ်ကိုငင်၊ သုံးနှစ်တခါ

ဥစ္စာဆယ်ဘို့တဘို့ကိုငင်း ဆောင်ခဲ့ကြ၍ တို့အပြစ်အတွက် ကျေးဇူးပြုခြင်းကို ရရှိကြမည်။

Amos 4:6

ဣသရေလတို့ ထာဝရဘုရားထံသို့ ပြန်လှည့်လာရန် ထာဝရဘုရားသည် မိုးရေကို မည်ကဲ့သို့ ပြုခဲ့သနည်း။
ဣသရေလတို့ ထာဝရဘုရားထံသို့ ပြန်လှည့်လာရန် မိုးခေါင်ခြင်းကို ဖြစ်စေခဲ့သည်။

Amos 4:8

ဣသရေလလူတို့ပြန်လှည့်လာရန် ထာဝရဘုရားသခင်က သူတို့၏ စပျစ်ပင်များ သစ်ပင်များကို မည်ကဲ့သို့ ပြုခဲ့သနည်း။
ဣသရေလလူတို့ပြန်လှည့်လာရန် ထာဝရဘုရားသခင်က သူတို့၏ စပျစ်ပင်များ သစ်ပင်များကို ဖျက်ဆီးပစ်ခဲ့သည်။

Amos 4:10

ဣသရေလူတို့သူထံသို့ပြန်လာရန် ထာဝရဘုရားသခင်က အသက်ပျိုရွယ်သောသူတို့အား မည်ကဲ့သို့ပြုခဲ့သနည်း။
ဣသရေလူတို့သူထံသို့ပြန်လာရန် ထာဝရဘုရားသခင်က အသက်ပျိုရွယ်သောသူတို့အား ဓားဖြင့်ကွက်မျက်ခဲ့သည်။

ဣသရေလူတို့သူထံသို့ပြန်လာရန် ထာဝရဘုရားသခင်က မြို့ရွာများကို မည်သို့ပြုခဲ့သနည်း။
ဣသရေလူတို့သူထံသို့ပြန်လာရန် ထာဝရဘုရားသခင်က မြို့ရွာများကို သိမ်းသွားစေခဲ့သည်။

ဣသရေလလူတို့အား ပြန်လာရန် ထာဝရဘုရားသခင်က စစ်ဆေးသောအခါ လူတို့က မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။
ဣသရေလူတို့က နောင်တကို မရဘဲ ပြန်လှည့်မလာခဲ့ပါ။

Amos 4:12

ဣသရေလလူတို့အား သူတို့၍ပြုပြင်ခြင်းရှိရန် ထာဝရဘုရားသခင်က မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။
ဣသရေလလူတို့အား သူတို့၍ပြုပြင်ခြင်းရှိရန် ဘုရားသခင်နှင့် တွေ့ခြင်းငှါ ကိုယ်ကိုပြင်ဆင်စေခဲ့သည်။

တောင်များ၏ပုံအတိုင်း သူ၏ဉာဏ်တော်ကို လူများထံသို့ မည်သူက ဖော်ပြခဲ့သနည်း။
တောင်တို့ကို လုပ်၍လေကိုဖန်ဆင်းထသော၊
လူစိတ်အကြံအစည်ကို လူအားဘော်ပြထသောသူသည်
ထာဝရဘုရားသခင်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

## Chapter 5

[1] အိုဣသရေလအမျိုး၊ ယခုသင်တို့၌ ငါမြွက်ဆို၍ မြည်တမ်းသောစကားကို နားထောင်ကြလော့။ [2]
ဣသရေလသတို့သမီးကညာသည်လဲပြီ။ နောက်တဖန်မထရ။ မိမိမြေပေါ်မှာ တုံးလုံးနေ၏။ ချီကြွ သောသူမရှိ။ [3]
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဣသရေလအမျိုး၏ အမှုကိုထမ်းစေဘို့ လူတထောင်ကို ပေးနိုင်သောမြို့သည် လူတရာ၊
တရာကို ပေးနိုင်သော မြို့သည် တကျိပ်ကိုသာပေးနိုင်လိမ့်မည်။ [4] ထာဝရဘုရားသည် ဣသရေလအမျိုးအား မိန့်တော်မူသည်ကား၊
ငါ့ကို ရှာကြလော့။ ရှာလျှင်အသက် ချမ်းသာရကြလိမ့်မည်။ [5] ဗေသလမြို့ကို မရှာကြနှင့်။ ဂိလဂါလမြို့သို့မဝင်ကြနှင့်။
ဗေရရှေဘမြို့သို့ မသွားကြနှင့်။ အကြောင်းမူကား၊ ဂိလဂါလမြို့သည် ဆက်ဆက်သိမ်းသွားခြင်းကို ခံရလိမ့်မည်။
ဗေသလမြို့သည်လည်း၊ အကျိုးနည်း ရှိရလိမ့်မည်။ [6] ထာဝရဘုရားကို ရှာကြလော့။ ရှာလျှင် အသက်ချမ်းသာရကြလိမ့်မည်။
သို့မဟုတ်လျှင်၊ ယောသပ်အမျိုး အပေါ်မှာ မီးကဲ့သို့တက်၍၊ အဘယ်သူမျှ မငြိမ်းနိုင်အောင် ဣသရေလအမျိုးကို
လောင်စေတော်မူမည်။ [7] တရားသဖြင့် စီရင်ခြင်းကို ဒေါနဖြစ်စေ၍ ဖြောင့်မတ်ခြင်းတရားကို မြေသို့ ချကြပြီးသော သူတို့၊ [8]
ခိမကြယ်စုနှင့် ခသိလကြယ်ကို ဖန်ဆင်းထသော၊ သေမင်းအရိပ်ကို နံနက်အလင်း ဖြစ်စေခြင်းငှါ၎င်း၊ နေ့အလင်းကို
ညဥ့်အမိုက်ဖြစ်စေခြင်းငှါ၎င်း စီရင်ထသော၊ ပင်လယ်ရေကိုခေါ်၍ မြေပေါ်မှာသွန်းလောင်း ထသော၊ ထာဝရဘုရားတည်းဟူသော
ဘွဲ့နာမရှိထသော၊ [9] ခွန်အားကြီးသော သူတို့ကိုင်၎င်း၊ ရဲတိုက်တို့ကို၎င်း ဖျက်ဆီးတော်မူသောဘုရားကို ရှာကြလော့။ [10] မြို့တံခါးဝတွင်
ဆုံးမတတ်သောသူကို မုန်း၍ ဖြောင့်မတ်စွာပြောတတ်သော သူကို ရွံရှာကြပြီတကား။ [11] သင်တို့သည် ဆင်းရဲသားကိုနှိပ်စက်၍
ဂျုံစပါးကို တောင်းခံတတ်သောကြောင့်၊ ဆစ်သောကျောက်နှင့် တိုက်ကိုတည်သော်လည်း ထိုတိုက်၌ မနေရကြ။ နှစ်သက်ဘွယ်သော
စပျစ်ဥယျာဉ်ကိုစိုက်သော်လည်း၊ စပျစ်ရည် ကို မသောက်ရကြ။ [12] သင်တို့ အထပ်ထပ် လွန်ကျူးသော ဒုစရိုက်၊ အလွန်လေးသော
အပြစ်တို့ကို ငါသိ၏။ ဖြောင့်မတ်သော သူကို နှောင့်ရှက်တတ်ကြ၏။ တံစိုးစားတတ်ကြ၏။ ဆင်းရဲသားကို တံခါးဝတွင်
မတရားသဖြင့် စီရင်တတ် ကြ၏။ [13] ထိုသို့သောကာလသည် ဆိုးယုတ်သောကာလ ဖြစ်သောကြောင့်၊ ပညာရှိသောသူသည်
တိတ်ဆိတ်စွာ နေလိမ့်မည်။ [14] အသက်ချမ်းသာစေခြင်းငှါ ဒုစရိုက်ကိုရှောင်၍ သုစရိုက်ကို ရှာကြလော့။ ထိုသို့ပြုလျှင်၊
သင်တို့ဆိုတတ် သည်အတိုင်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူလိမ့်မည်။ [15]
ဒုစရိုက်ကို မုန်း၍ သုစရိုက်ကို ချစ်ကြလော့။ မြို့တံခါးဝတွင် တရားကို တည်စေကြလော့။ ကောင်းကင်
ဗိုလ်ခြေအရှင်ဘုရားသခင်ထာဝရဘုရားသည် ကျန်ကြွင်းသောယောသပ်အမျိုးကို သနားကောင်းသနား တော်မူလိမ့်မည်။ [16]
ကောင်းကင်ဗိုလ်ခြေအရှင်ဘုရား သခင်ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ခပ်သိမ်းသောလမ်းတို့၌ မြည်တမ်းခြင်းရှိ၍
သွားလာသောသူတို့က၊ အလိုလေး၊ အလိုလေးဟု ဆိုကြလိမ့်မည်။ လယ်လုပ်သောသူသည် ညည်းတွားစေခြင်းငှါ၎င်း၊
မြည်တမ်းတတ်သောသူသည် ငိုကြွေးမြည်တမ်းစေခြင်းငှါ၎င်း ခေါ်ကြလိမ့်မည်။ [17] ခပ်သိမ်းသောစပျစ်ဥယျာဉ်တို့၌လည်း
မြည်တမ်းခြင်းရှိလိမ့်မည်။ အကြောင်းမူကား၊ ငါသည် သင်တို့ အလယ်၌ ရှောက်သွားမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [18]
ထာဝရဘုရား၏နေ့ရက်ကို တောင့်တသောသူတို့သည် အမင်္ဂလာရှိကြ၏။ သင်တို့သည် အဘယ် အကျိုးရှိကြလိမ့်မည်နည်း။
ထာဝရဘုရား၏ နေ့ရက်သည် သင်တို့၌ လင်းသည်မဟုတ်၊ အမိုက်ဖြစ်လိမ့်မည်။ [19] လူသည် ခြင်္သေ့ရှိရာမှပြေး၍
ဝံကိုတွေ့သကဲ့သို့၎င်း၊ အိမ်ထဲသို့ဝင်၍ ထရံကိုမှီစဉ် မြွေကိုက်သကဲ့သို့၎င်း ဖြစ်လိမ့်မည်။ [20] ထာဝရဘုရား၏ နေ့ရက်သည်မလင်းဘဲ
မိုက်လိမ့်မည်။ ထွန်းလင်းခြင်း အလျှင်းမရှိ၊ အမိုက်သက်သက် ဖြစ်လိမ့်မည်။ [21] သင်တို့ စောင့်သောပွဲနေ့တို့ကို ငါမုန်း၏။
စက်ဆုပ်ရွံရှာ၏။ ခြိုးခြံစွာကျင့်သော နေ့ရက်တို့၌ ငါမမွှေ့လျော်။ [22] မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော်သက္ကာတို့ကို
ဆက်ကပ်သော်လည်း ငါလက်မခံ။ ဆူဝသော တိရစ္ဆာန် တို့ကို မိဿဟာယယဇ်ပူဇော်သော်လည်း ငါသည် ပမာဏမပြု။ [23]
သင်တို့သီချင်းဆိုသံကို ပယ်ရှားကြလော့။ တယောထိုးသံကို ငါနားငြီးလှ၏။ [24] တရားသဖြင့် စီရင်ခြင်းကို ရေကဲ့သို့၎င်း၊
ဖြောင့်မတ်ခြင်းကို မပြတ်စီးသော မြစ်ရေကဲ့သို့၎င်း စီးစေကြ လော့။ [25] အိုဣသရေလအမျိုး၊ သင်တို့သည် ယဇ်နှင့်
ပူဇော်သက္ကာများကို တော၌ အနှစ်လေးဆယ်ပတ်လုံး ငါ့အား ပူဇော်ကြသလော။ [26] သင်တို့ဘုရား မောလုပ်၏တဲနှင့် သင်တို့ဘုရား
ခိအုန်၏ကြယ်တည်းဟူသော ကိုယ်အဘို့ လုပ်သော ပုံတို့ ကို ဆောင်ရွက်ကြပြီတကား။ [27] ထို့ကြောင့်၊ သင်တို့ကို
ဒမာသက်မြို့တဘက်သို့သိမ်းသွားစေခြင်းငှါ ငါစီရင်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင်ဟူ၍ ဘွဲ့နာမရှိသော
ထာဝရဘုရား မိန့်တော်မူ၏။

 generated on Sun Jun 30 02:37:40 2024

Amos 01

ဣသရေလသတို့သမီးကညာသည် လဲပြီ။ နောက်တဖန်မထရ... ချီကြွသော သူမရှိ။
ဣသရေလအမျိုးတို့သည် ပြိုလဲခြင်းသို့ရောက်ကြပြီ။ ထမရပဲ မြေပေါ်မှာ တုံးလုံးနေ၏။ ထူပေးမည့်သူ မရှိပေ။

Amos 04

ရှာကြလော့
ကူညီခြင်းငှာ ငါ့ထံသို့ လာကြလော့။

ဗေသလမြို့သည်လည်း၊ အကျိုးနည်း ရှိရလိမ့်မည်။
ဗေသလမြို့သည် လုံးလုံး ဖျက်ဆီးခြင်း ခံရလိမ့်မည်။ အခြားသော ဘာသာပြန်ဆိုချက်။ "လူအများတို့သည်ရောက်လာ၍ ဗေသလမြို့ကို ဖျက်ဆီးကြလိမ့်မည်"

Amos 06

မီးကဲ့သို့တက်၍၊ အဘယ်သူမျှ မငြိမ်းနိုင်အောင်
ဣသရေလအမျိုးအပေါ်တွင် ရုတ်တရက် မီးကဲ့သို့ လောင်မြိုက်၍ အရာအားလုံးဖျက်ဆီးစေမည်။

တရားသဖြင့် စီရင်ခြင်းကို ဒေါနဖြစ်စေ၍ ဖြောင့်မတ်ခြင်းတရားကို မြေသို့ ချကြပြီး
မတရားသောအမှုအား ကောင်းသည်ဟု ပြောဆိုပြီး၊ ကောင်းသောအရာများအား အရေးမကြီးသကဲ့သို့ ပြုမူဆက်ဆံခြင်း

တရားသဖြင့် စီရင်ခြင်းကို ဒေါနဖြစ်စေ၍
(ဒေါန = အလွန်ခါးသောအရသာရှိသောသစ်သား) တရားသဖြင့် စီရင်ခြင်းကို ခါးသီးစေခြင်း သို့မဟုတ် တရားသောအမှုကိုပြုပြီး အမှန်ဟု ပြောဆိုသည်။

ဖြောင့်မတ်ခြင်းတရားကို မြေသို့ ချကြပြီး
အမှန်တရားအား ဖုန်မှုန့်အလား အရေးမကြီးသကဲ့သို့ ပြုမူသည်။

Amos 08

ခိမကြယ်စုနှင့် ခသိလကြယ်
ကြယ်အစုအဝေး

Amos 10

နှိပ်စက်
ရက်ရက်စက်စက် ဖိနှိပ် ဆက်ဆံသည်။

Amos 12

ဆင်းရဲသားကို တံခါးဝတွင် မတရားသဖြင့် စီရင်တတ် ကြ၏။
ဆင်းရဲသောသူများအား တရားစီရင်ရာတွင် တရားသူကြီးရှေ့သို့ ခေါ်ဆောင်လာခြင်း ခွင့်မပြု။

ပညာရှိသော သူသည် တိတ်ဆိတ်စွာ နေလိမ့်မည်။
ဆိုးသွမ်းသောသူများ၏ ရန်ရှာခြင်းကို ရှောင်ရှားလို၍ ပညာရှိသောသူသည် ဆန့်ကျင်ပြောဆိုသော အမှုကို မပြု။

Amos 14

မြို့တံခါးဝတွင် တရားကို တည်စေကြလော့။
တရားသောအမှုကို တရားရုံးတွင် စီရင်သကဲ့သို့ မြို့တံခါးဝတွင် စီရင်ကြလော့။

Amos 16

မြည်တမ်းခြင်း
ပြင်းထန် ကျယ်လောင်စွာ ငိုကြွေးမြည်တမ်းခြင်း။

Amos 18

သင်တို့သည် ထာဝရဘုရား၏နေ့ရက်ကို တောင့်တခြင်းကြောင့် အဘယ် အကျိုးရှိကြလိမ့်မည်နည်း။
အခြားသော ဘာသာပြန်ဆိုချက်။ သင်တို့သည်ထာဝရဘုရား၏ နေ့ရက်ကို မတောင့်တ သင့်ပါ။

ထာဝရဘုရား၏ နေ့ရက်သည် သင်တို့၌ လင်းသည်မဟုတ်၊ အမိုက်ဖြစ်လိမ့်မည်။
ထိုရက်ကာလ၌ ဆိုးရွားပြီး၊ မကောင်းသော အရာများ ဖြစ်ပွားလိမ့်မည်။

ထာဝရဘုရား၏ နေ့ရက်သည်မလင်းဘဲ မိုက်လိမ့်မည်။ ထွန်းလင်းခြင်း အလျှင်းမရှိ၊
အခြားသော ဘာသာပြန်ဆိုချက်။ "ထာဝရဘုရား၏ နေ့ရက်သည် အမှောင်သက်သက် ဖြစ်လိမ့်မည်။ ထွန်းလင်းခြင်း အလျှင်းမရှိ။" သို့မဟုတ် "ထိုရက်ကာလ၌ ဆိုးရွားပြီး၊ မကောင်းသောအရာများ မုချဧကန်ဖြစ်ပွားလိမ့်မည်။"

Amos 21

သင်တို့ စောင့်သောပွဲနေ့တို့ကို ငါမုန်း၏။ စက်ဆုပ်ရွံရှာ၏။
'စက်ဆုပ်ရွံရှာ၏' သည် ငါ 'မုန်း၏' ဆိုသည်ထက် ခက်ထန်ပြင်းပြလှသည်။ အတူတွဲ၍ဖော်ပြခြင်းအားဖြင့် ထာဝရဘုရားသည် ဣသရေလလူမျိုးတို့၏ ဘာသာရေးပွဲတော်များကို မည်မျှရွံရှာမုန်းတီးကြောင်းကို ထင်ဟပ်စေပါသည်။ အခြားသော ဘာသာပြန်ဆိုချက်။ "သင်တို့၏ ဘာသာရေးပွဲတော်များကို ငါမုန်း၏"

Amos 23

သီချင်းဆိုသံ
သာယာဖွယ် မကောင်းသောအသံ။

 generated on Sun Jun 30 02:37:40 2024

Amos 25

အိုဣသရေလအမျိုး၊ သင်တို့သည် ယဇ်နှင့် ပူဇော်သက္ကာများကို... ငါ့အား ပူဇော်ကြသလော။

အခြားသော ဘာသာပြန်ဆိုချက်။ ဖြစ်နိုင်ချေများမှာ (၁) အိုဣသရေလအမျိုး၊ ယဇ်နှင့် ပူဇော်သက္ကာများကို ငါ့အား ပူဇော်ကြဟု ငါပညတ်ထားသလော။ ၂) သင်တို့ ယူလာသော ယဇ်နှင့် ပူဇော်သက္ကာများသည် ငါ့အတွက်မဟုတ်ပေဘူး မဟုတ်လား။

မောလုပ်၏ တဲ....ခိအုန်၏ ကြယ်

အခြားသောဘုရားများ။

ခိအုန်

ခိအုန်၏ ကြယ်

---

## Translation Questions

Amos 5:1

မြည်တမ်းသောစကားထဲသို့ မည်သူတို့သည် ကျဆင်းခဲ့ရသနည်း။

ဣသရေလသမီးကညာတို့သည် မြည်တမ်းခြင်းထဲတွင် လဲပြိုကျကြသည်။

Amos 5:4

ဣသရေလလူတို့အား မည်ကဲ့သို့ ပြုလုပ်ရန် ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။

ဣသရေလလူတို့အား ရှာကြ၍ အသက်ရှင်ရမည့်အကြောင်းမိန့်တော်မူခဲ့သည်။

Amos 5:8

ခိုင်ခံ့သောအရာအဖို့ ထာဝရဘုရားက မည်သည့်အရာကို ဆောင်ခဲ့သနည်း။

ထာဝရဘုရားက ခိုင်ခံ့သောအရာကို ဖျက်ဆီးပိုင်သောသူဖြစ်သည်။

Amos 5:10

ခွန်အားကြီးသောသူနှင့် ဖြောင့်မတ်စွာကျင့်သောသူကို မည်သူတို့က မုန်းတီးကြသနည်း။

ဆုံးမတတ်သောသူကို မုန်း၍ ဖြောင့်မတ်စွာပြောတတ်သော သူကို ရွံ့ရှာကြသည်။

ခွန်အားကြီးသောသူတို့တွင် မည်သည့်အရာကို ဖြစ်ပျက်ခဲ့ကြသနည်း။

ခွန်အားကြီးသောသူတို့သည် ဆင်းရဲသားကိုနှိပ်စက်၍ ဂျုံစပါးကို တောင်းခံတတ်သောကြောင့် ထာဝရဘုရား၏ပြစ်ဒဏ်သည် ကျရောက်ရမည်။

Amos 5:12

ပညာသတိရှိသောသူသည် မကောင်းသောအချိန်ကာလက မည်သည့်အရာကိုပြုသနည်း။

ပညာသတိရှိသောသူသည် မကောင်းသောအချိန်ကာလ၌ တိတ်ဆိတ်စွာနေကြရသည်။

Amos 5:14

ထာဝရဘုရားသည် လူသားတို့နှင့် အတူရှိစေရန် လူတို့သည် မည်သည့်အမှုကို ပြုသင့်သနည်း။

ထာဝရဘုရားသည် လူသားတို့နှင့် အတူရှိစေရန် လူတို့သည် ဒုစရိုက်ကို မုန်း၍ သုစရိုက်ကို ချစ်ကြရမည်။

Amos 5:16

ထာဝရဘုရားသခင်သည် ပရိသတ်တို့၏အလယ်၌ဖြတ်သွားသောအခါ လမ်း၌မည်သည့်အရာကို ကြားခဲ့သနည်း။

ထာဝရဘုရားသခင်သည် ပရိသတ်တို့၏အလယ်၌ဖြတ်သွားသောအခါ လမ်း၌ ငိုကြွေးမြည်းတမ်းသော အသံကို ကြားခဲ့သည်။

Amos 5:18

ထာဝရဘုရား၏အချိန်ကာလသည် မည်သည့်အခါတွင် ရောက်လိမ့်မည်နည်း။

ထာဝရဘုရား၏ နေ့ရက်သည် လင်းသည်မဟုတ်၊ အမိုက်ဖြစ်လေသည်။

Amos 5:21

ထာဝရဘုရား၏လူအစုအဝေးတို့ လုပ်ဆောင်ကြရမည့် လုပ်ငန်းကို ထာဝရဘုရားကမည်ကဲ့သို့ တွေးထင်ထားသနည်း။

ထာဝရဘုရား၏လူအစုအဝေးတို့ လုပ်ဆောင်ကြရမည့် လုပ်ငန်းကို ထာဝရဘုရားကပမာဏမပြုခဲ့ပါ။

Amos 5:23

လူတို့ထံမှ စီးဆင်းသောအရာကို ထာဝရဘုရားက မည်ကဲ့သို့ တွေ့ချင်ခဲ့သနည်း။

တရားသဖြင့် စီရင်ခြင်းကို ရေကဲ့သို့၎င်း၊ ဖြောင့်မတ်ခြင်းကို မပြတ်စီးသော မြစ်ရေကဲ့သို့၎င်း စီးစေချင်ခဲ့သည်။

Amos 5:25

လူတို့သည် သူတို့အတွက် မည်သည်အရာကို ပြုလုပ်ခဲ့ကြသနည်း။

လူတို့သည် သူတို့အတွက် ဘုရားများကို ပြုလုပ်ခဲ့ကြသည်။

Amos 5:27

ထာဝရဘုရားသည် လူတို့အား မည်သည့် အရပ်သို့ ပို့ဆောင်လိမ့်မည်နည်း။

ထာဝရဘုရားက သူတို့အား ဒမာသက်မြို့ သို့ သိမ်းသွားစေလိမ့်မည်ဖြစ်သည်။

---

## Chapter 6

[1] ဇိအုန်မြို့၌ ငြိမ်ဝပ်စွာနေသောသူ၊ ရှမာရိတောင်ပေါ်မှာ စိုးရိမ်ခြင်းနှင့် ကင်းလွတ်လျက်နေသောသူ၊ လူမျိုးတို့တွင်
အထွဋ်အမြတ်ဟူ၍ ခေါ်ဝေါ်သောသူ၊ ဣသရေလအမျိုး ဆည်းကပ်သောသူတို့သည် အမင်္ဂလာရှိ ကြ၏။ [2] ကာလနေမြို့သို့သွား၍
ကြည့်ရှုကြလော့။ ထိုမြို့မှဟာမတ်ကြီးမြို့သို့၎င်း၊ ဖိလိတ္တိလူတို့နေသော ဂါသမြို့ သို့၎င်း သွားကြလော့။ ထိုနိုင်ငံတို့သည်
ဤနိုင်ငံတို့ထက်သာ၍ ကောင်းသလော။ သူတို့နယ်အပိုင်းအခြားသည် သင်တို့နယ်အပိုင်းအခြားထက်သာ၍ ကျယ်သလော။ [3]
ဆိုးယုတ်သော နေ့ရက်ကို ရွှေ့၍၊ မတရားသဖြင့် စီရင်ရာပလ္လင်ကို အနီးမှာတည်စေခြင်း၊ [4] ဆင်စွယ်ခုတင်ပေါ်မှာ အိပ်၍
မွေ့ရာပေါ်မှာလျောင်းခြင်း၊ သိုးစုထဲက သိုးသငယ်တို့ကို၎င်း၊ နွားတင်း ကုပ်ထဲက နွားသငယ်တို့ကို၎င်း ယူ၍စားခြင်း၊ [5]
တယောထိုးသံနှင့်ပြိုင်လျက် သီချင်းဆိုခြင်း၊ တီးမှုတ်ရာတုရိယာမျိုးအသစ်ကို ဒါဝိဒ်မင်းရှာ၍ လုပ်သကဲ့သို့ လုပ်ခြင်း၊ [6] စပျစ်ရည်ကို
ဖလားနှင့်သောက်၍၊ အဘိုးထိုက်သော နံ့သာဆီနှင့် လိမ်းခြင်းတို့ကိုပြု၍၊ ယောသပ်အမျိုး ဆင်းရဲခံရသည်ကို
စိတ်မကြင်နာဘဲနေသော၊ [7] ထိုသူတို့သည် အဦးဆုံးသိမ်းသွားခြင်းကို ခံရသောသူတို့နှင့်အတူ ပါသွားကြလိမ့်မည်။ လျောင်း၍
နေသောသူတို့၏ ပွဲသည်လည်း ကွယ်ပျောက်ရလိမ့်မည်။ [8] ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရ ဘုရား
မိန့်တော်မူသည်ကား၊ အရှင်ထာဝရဘုရားသည် ကိုယ်ကိုတိုင်တည်၍ ကျိန်ဆိုတော်မူသည်အတိုင်း၊ ယာကုပ်၏မာနကို ငါရွံရှာ၍
သူ၏ဘုံဗိမာန်တို့ကိုမုန်း သောကြောင့်၊ မြို့တော်နှင့် မြို့၌ရှိသမျှကို ငါစွန့်ပစ်မည်။ [9] အိမ်တဆောင်တွင်
လူတကျိပ်ကျန်ကြွင်းသော်လည်း သေကြလိမ့်မည်။ [10] ပေါက်ဘော်တော်၍ မီးဖြင့် သင်္ဂြိုဟ်ရသော သူသည်
အိမ်ထဲကအသေကောင်ကိုထုတ်၍ ချီသွား သောအခါ၊ အိမ်အတွင်းတွင်ရှိသော သူကိုခေါ်၍၊ သင်၌
တစုံတယောက်ကျန်ကြွင်းသေးသလောဟု မေးသော်၊ မကျန်ကြွင်းဟု ပြန်ပြောလိမ့်မည်။ ထမ်းသွားသောသူကလည်း၊
တိတ်ဆိတ်စွာနေလော့။ ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းရသော အခွင့်မရှိဟု ပြောဆိုလိမ့် မည်။ [11] အကြောင်းမူကား၊
ထာဝရဘုရားအမိန့်တော် ရှိသဖြင့်၊ အိမ်ကြီးကိုဖြို၍ အိမ်ငယ်ကိုလည်း ကွဲစေတော် မူလိမ့်မည်။ [12] မြင်းသည် ကျောက်ပေါ်မှာ
ပြေးတတ်သလော။ လူသည် ကျောက်ပေါ်မှာ နွားနှင့် ထွန်တတ်သလော။ သင်တို့သည် တရားသဖြင့် စီရင်ခြင်းကို ခါးစွာသော
သစ်ရွက်ဖြစ်စေခြင်းငှါ၎င်း၊ ဖြောင့်မတ်ခြင်းကို ဒေါနရွက် ဖြစ်စေခြင်းငှါ၎င်း ပြုကြသည်တကား။ [13] အချည်းနှီးသောအရာ၌
ဝါကြွားဝမ်းမြောက်၍၊ ငါတို့သည် ကိုယ်အစွမ်းသတ္တိအားဖြင့် အာဏာကို သိမ်းယူပြီမဟုတ်လောဟု ဆိုတတ်ကြသည်တကား။ [14]
အကယ်စင်စစ်၊ အိုဣသရေလအမျိုး၊ သင်တို့ တဘက်၌ လူတမျိုးကို ငါထစေ၊ ထိုလူမျိုးသည် ဟာမတ် မြို့လမ်းဝမှစ၍
တော၌ရှိသော မြစ်တိုင်အောင် သင်တို့ကို ညှဉ်းဆဲလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရား မိန့်တော်မူ၏။

---

Amos 01

ငြိမ်ဝပ်စွာ
သက်တောင့်သက်သာ၊
ထာဝရဘုရားသခင်တရားစီရင်လိမ့်မည်ဟု မတွေး၊
အလေးအနက်မထား။

ထိုနိုင်ငံတို့သည် ဤနိုင်ငံတို့ထက်သာ၍ ကောင်းသလော။
အခြားသော ဘာသာပြန်ဆိုချက်။ ထိုနိုင်ငံတို့သည်
သင်တို့နှစ်နိုင်ငံထက် ပို၍ မကောင်းပါ။

သူတို့နယ်အပိုင်းအခြားသည် သင်တို့နယ်အပိုင်းအခြားထက်သာ၍
ကျယ်သလော။
သူတို့နယ်အပိုင်းအခြားသည် သင်တို့ထက် ပို၍ငယ်ပါသည်။
သို့မဟုတ် ထိုနိုင်ငံတို့သည် ယုဒပြည်၊ ရှမာရိပြည်တို့ထက်
သေးငယ်ပါသည်။

Amos 03

မတရားသဖြင့် စီရင်ရာပလ္လင်ကို အနီးမှာတည်စေခြင်း
ထာဝရဘုရားသည် မတရားသောသူများကို စီရင်ရန်
ဆောင်ယူလာသည်။

စီရင်ရာပလ္လင်ကို
မတရားသော ရန်သူများ၏ တိုင်းနိုင်ငံ

ဆင်စွယ်ခုတင်ပေါ်မှာ အိပ်၍ မွေ့ရာပေါ်မှာလျောင်းခြင်း
ထိုခေတ်အချိန်က ဣသရေလအမျိုးသားတို့သည် ပုံမှန်အားဖြင့်
ကြမ်းပြင်ပေါ်၌ အဝတ်ခင်း၍ ထိုင်ပြီး အစားအစာ
စားလေ့ရှိကြသည်။

ဆင်စွယ်ခုတင်
ဆင်၏အစွယ်၊ အသွားများဖြင့် ပြုလုပ်ထားသော ခန့်ညား၍
တန်ဖိုးကြီးသော ခုတင်၊ အိပ်စက်ရန်နေရာ။

ဆင်စွယ်
ကြီးမားသော တိရစ္ဆာန်၏ အစွယ်၊ အသွားများ


generated on Sun Jun 30 02:37:40 2024

လျောင်းခြင်း
အလုပ်လုပ်ရန် ပျင်းရိသောကြောင့် လှဲလျောင်းနေသည်

ခုတင်
လှဲလျောင်းအနားယူရန် ကျယ်ဝန်းသော
သက်တောင့်သက်သာရှိသော ခုံတန်းရှည်

Amos 05

တီးမှုတ်ရာ တူရိယာမျိုးအသစ်
ဖြစ်နိုင်ချေပြန်ဆိုချက်။ (၁) သူတို့သည် အသစ်သောသီချင်းနှင့်တီးမှုတ်ရာ တူရိယာအသစ်ကို တီထွင်ကြသည်။ သို့မဟုတ် (၂) တီးမှုတ်ရာတူရိယာမျိုး အသစ်ကို တီထွင်ကြသည်။

ဖလား
အစာစားရန် လူတစ်ဦးအသုံးပြုသော ဖလားထက်ကြီးပြီး၊ ဝတ်ပြုဗိမာန်တော်တွင် အသုံးပြုသော ဖလားအရွယ်။

စိတ်မကြွင်နာဘဲနေသော
ချစ်ခင်ရင်းနှီးသောသူ ကွယ်လွန်ဆုံးပါးသွားသော်လည်း ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင် မပြဘဲနေ၏။

Amos 07

ထာဝရဘုရားမိန့်တော်မူ၏
၃:၁၃ ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

သူ၏ဘုံဗိမာန်တို့ကိုမုန်း သောကြောင့်
ငါသည် ဣသရေလအမျိုးသားတို့ကို မုန်း၏ အဘယ်ကြောင့်ဆိုသော် သူတို့သည် ငါ့အား မှီခိုခြင်းထက် သူတို့၏ ခံတပ်ကို ပို၍ မှီခိုအားကိုးကြ၏။

ဘုံဗိမာန်
ခံတပ်၊ ရန်သူများ တိုက်ခိုက်ကျူးကျော်ခြင်းမှ ကာကွယ်ရန် မြို့ရိုးတလျှောက် တည်ဆောက်ထားသော နံရံ၊ တံတိုင်း။

Amos 09

ပေါက်ဘော်တော်၍ မီးဖြင့် သင်္ဂြိုဟ်ရသော သူသည် အိမ်ထဲကအသေကောင်ကိုထုတ်၍ ချီသွား သောအခါ၊ အိမ်အတွင်းတွင်ရှိသော သူကိုခေါ်၍၊ သင်၌ တစုံတယောက်ကျန်ကြွင်းသေးသလောဟု မေးသော်
ဆိုလိုရင်းအဓိပ္ပာယ်မှာ ရှင်းရှင်းလင်းလင်း မရှိပါ။ ဖြစ်နိုင်ချေများမှာ (၁) ပေါက်ဘော် (ဆွေမျိုးနီးစပ်သူ) ဆိုသူမှာ အလောင်းများအား လာရောက်ကောက်ယူ မီးသင်္ဂြိုဟ်ပေးသူမှ ပေါက်ဘော်တော် (ဆွေမျိုး)သူအား အိမ်သူ၊အိမ်သား ၁၀ယောက်ဆုံးပါးသွားပြီးနောက် "သင်၌ မီးသင်္ဂြိုဟ်ရန် တစုံတယောက် ကျန်ကြွင်းသေးသလောဟု" အမေးခံရသော ကျန်ရစ်သူအား ရည်ညွှန်းသည်။ (၂) ပေါက်ဘော်တော်ဆိုသူမှာ အလောင်းများအား လာရောက်ကောက်ယူသူဖြစ်ပြီး၊ မီးသင်္ဂြိုဟ်ပေးသူမှာ အခြားတစ်ယောက်ဖြစ်ကာ၊ ထိုသူနှစ်ဦး၏ အပြန်အလှန် စကားပြောနေခြင်းဖြစ်သည်။ "ပေါက်ဘော်တော်သူ (ဆွေမျိုး ) မှ အလောင်းများအား မီးသင်္ဂြိုဟ်ပေးသူနှင့်အတူ လာရောက်ကောက်ယူ၍ အိမ်ပြင်သို့ သယ်ထုတ်စဉ် ပေါက်ဘော်တော် (ဆွေမျိုးနီးစပ်သူ) မှ "သင်၌ မီးသင်္ဂြိုဟ်ရန် တစုံတယောက် ကျန်ကြွင်းသေးသလောဟု" မီးသင်္ဂြိုဟ်ပေးသူအား မေးမြန်းခြင်းဖြစ်သည်။

မီးဖြင့် သင်္ဂြိုဟ်
လူသေအလောင်းများအား မီးဖြင့်ရှို့ခြင်း။

အသေကောင်
သေဆုံးသူ၏ အလောင်း

Amos 11

look
N/A

အိမ်ကြီးကိုဖြို၍ အိမ်ငယ်ကိုလည်း ကွဲစေတော်မူလိမ့်မည်။
ဆိုလိုရင်း အတူတူဟု မှတ်ယူနိုင်သည်။ ကွဲပြားသည်မှာ အိမ်ကြီးနှင့် အိမ်ငယ်ဟု ဆိုရာတွင် အိမ်များအားလုံးဟုဆိုလိုခြင်းဖြစ်ပြီး၊ ဖြစ်နိုင်ချေမှာ

အိမ်ကြီးကိုဖြို၍
အခြားသောဘာသာပြန်ဆိုချက်။ "ရန်သူများသည် အိမ်ကြီးကိုဖြို၍ အစိတ်စိတ် ကွဲစေတော်မူလိမ့်မည်"

ဖြို၍.... ကွဲစေ
အသုံးနှုန်းအတူတူဟု မှတ်ယူနိုင်သည်။

အိမ်ငယ်ကိုလည်း ကွဲစေ
အခြားသောဘာသာပြန်ဆိုချက်။ "အိမ်ငယ်ကို အစိတ်စိတ်ကွဲစေသည်"

Amos 12

ယေဘုယျ အချက်အလက်
ပရောဖက် အာမုတ်သည် သူ၏ ပြစ်တင်ရှုတ်ချမှုကို ဣသရေလအမျိုးတို့ သတိပြုမိစေရန် အဖြေမလိုသော မေးခွန်းပုစ္ဆာကို မေးမြန်းလေသည်။

မြင်းသည် ကျောက်ပေါ်မှာ ပြေးတတ်သလော။
မြင်းသည် ကျောက်ပေါ်မှာ ပြေးတတ်ပါက လိမ့်ကျကျိုးပဲ့မည်မှာ မလွဲပေ။ ပရောဖက်အာမုတ်သည် သူ၏ ပြစ်တင်ရှုတ်ချမှုကို ဣသရေလအမျိုးတို့ သတိပြုမိစေရန် အဖြေမလိုသော မေးခွန်းပုစ္ဆာကို မေးမြန်းလေသည်။

လူသည် ကျောက်ပေါ်မှာ နွားနှင့် ထွန်တတ်သလော။
လူသည် ကျောက်ပေါ်မှာ နွားနှင့် ထွန်ရန် မဖြစ်နိုင်ပေ။ ပရောဖက်အာမုတ်သည် သူ၏ ပြစ်တင်ရှုတ်ချမှုကို ဣသရေလအမျိုးတို့ သတိပြုမိစေရန် အဖြေမလိုသော မေးခွန်းပုစ္ဆာကို မေးမြန်းလေသည်။

သင်တို့သည် တရားသဖြင့် စီရင်ခြင်းကို ခါးစွာသော သစ်ရွက်ဖြစ်စေခြင်းငှါ ပြုကြသည်တကား။
သင်တို့သည် အပြစ်မဲ့သောသူကို နာကျင်နစ်နာစေရန် တရားစီရင်ကြပြီ။

ဖြောင့်မတ်ခြင်းကို ခါးစွာသော သစ်ရွက်ဖြစ်စေခြင်းငှါ
တဖန် သင်တို့သည် ဖြောင့်မတ်သောသူကိုလည်း အပြစ်ပေးကြလေပြီ။

Lo Debar ... Karnaim
N/A

Amos 14

look
N/A

ထာဝရဘုရားမိန့်တော်မူ၏
၃:၁၃ အားပြန်လည်ကိုးကားရန်။

ဟာမတ် မြို့လမ်းဝမှစ၍ တောင်၌ရှိသော မြစ်တိုင်အောင်
အခြားသော ဘာသာပြန်ဆိုချက်။ "သင့်နိုင်ငံ၏ မြောက်ဖျားပိုင်းနယ်နိမိတ်မှ တောင်ပိုင်းနယ်နိမိတ်အထိ"

မြစ်
စိုစွတ်သောရာသီ၌သာ စီးဆင်းသော မြစ်ငယ်။

---

## Translation Questions

Amos 6:1

ထာဝရဘုရားသည် မည်သူကို အမင်္ဂလာရှိပါစေ ဟု ကြွေးကြော်ခဲ့သနည်း။
ဇိအုန်မြို့၌ ငြိမ်ဝပ်စွာနေသောသူ၊ ရှမာရိတောင်ပေါ်မှာ စိုးရိမ်ခြင်းမရှိဘဲနေသောသူ များကို ပြောခဲ့သည်။

Amos 6:5

ထာဝရဘုရား၏ ကျိန်ခြင်းကို ရသောသူများသည် မိမိအချိန်ကို မည်သို့သုံးနေကြသနည်း?
ထာဝရဘုရား၏ ကျိန်ခြင်းကို ရသောသူများသည် ပျင်းပျင်းရိရိနေခြင်း၊ ပွဲလုပ်ခြင်း၊ သီချင်းဆိုချင်းနှင့် စပျစ်ရည်သောက်ခြင်းဖြင့် မိမိအချိန်ကို ကုန်စေကြသည်။

ထာဝရဘုရား၏ ကျိန်ခြင်းကို ရသောသူများသည် မိမိအချိန်ကို မည်သို့ မသုံးဘဲ နေကြသနည်း?
ထာဝရဘုရား၏ ကျိန်ခြင်းကို ရသောသူများသည် ယောသပ်၏ပျက်စီးဆုံးရှုံးမှုအတွက် ဝမ်းနည်းခြင်းမရှိဘဲ နေကြသည်။

Amos 6:7

ထာဝရဘုရား၏ ကျိန်ခြင်းကို ရသောသူများသည် မည်သည့်အရပ်တွင် သွားကြသနည်း။
သူတို့သည် အဦးဆုံးသိမ်းသွားခြင်းကို ခံရသောသူတို့နှင့်အတူ ပါသွားကြသည်။

ယာကုပ်အမျိုးသားတို့အား ထာဝရဘုရားသခင်အမျက်ထွက်ရခြင်းကို ဖော်ပြပါ။
ယာကုပ်၏မာနကို ငါရွံရှာ၍ သူ၏ဘုံဗိမာန်တို့ကိုမုန်းသောကြောင့် အမျက်ထွက်ခဲ့သည်။

Amos 6:11

ယာကုပ်၏အမျိုးနွယ်တို့တွင် မည်သို့ ဖြစ်ပျက်လိမ့်မည်နည်း။
သူတို့၏အိမ်များကို အပိုင်းပိုင်းဖြိုဖျက်တော်မူလိမ့်မည်။

Amos 6:12

တရားမျှတမှုနှင့် ဖြောင့်မတ်ခြင်း ယာကုပ်၏လူတို့သည် မည်သို့လုပ်ဆောင်ကြသနည်း?
ယာကုပ်၏လူတို့သည် တရားမျှတမှုကို အဆိပ်အဖြစ်သို့၎င်း၊ ဖြောင့်မတ်ခြင်းကို ခါးသီးမှုအဖြစ်၎င်း ဖြစ်စေကြပြီ။

Amos 6:14

ဣသရေလလူများကို မည်သို့ပြုမည်ဟု ထာဝရဘုရားသခင် မိန့်တော်မူခဲ့သနည်း။
ဣသရေလလူတို့၏တစ်ဖက်၌ ရန်သူတို့ကို ထစေမည်ဟု မိန့်တော်မူခဲ့သည်။

ဤနိုင်ငံသည် ဣသရေလလူတို့၏တစ်ဖက်၌ မည်သည့်အရာကို ပြုလိမ့်မည်နည်း။
ဤနိုင်ငံက ဣသရေလလူတို့ကို ညှဉ်းဆဲလိမ့်မည်ဖြစ်သည်။

---

## Chapter 7

1 တဖန် အရှင်ထာဝရဘုရားသည် ငါ့အား ပြတော်မူသော ရူပါရုံဟူမူကား၊ ရှင်ဘုရင် ဆိုင်သော မြက်ပင်ကို ရိတ်ပြီးမှ၊
နောက်မြက်ပင်ပေါက်စကာလ၌ ကျိုင်းကောင်တို့ကို ဖန်ဆင်းတော်မူ၏။ 2 ထိုကျိုင်းကောင်တို့သည် တပြည်လုံး၌ရှိသော
မြက်ပင်ကိုစား၍ ကုန်ပြီးမှငါက၊ အိုအရှင်ထာဝရဘုရား၊ အပြစ်မှ လွှတ်တော်မူပါ။ ယာကုပ်သည် ငယ်သောကြောင့်၊ အဘယ်သို့
ထရပါလိမ့်မည်နည်းဟု လျှောက်သော်၊ 3 ထာဝရဘုရားသည် နောင်တရ၍၊ ဤသို့ မဖြစ်ရဟု မိန့်တော်မူ၏။ 4 တဖန်
အရှင်ထာဝရဘုရားသည် ငါ့အားပြတော်မူသော ရူပါရုံဟူမူကား၊ မီးဖြင့် ဒဏ်ပေးခြင်းငှါ မီးကို ခေါ်တော်မူ၍၊ မဟာသမုဒ္ဒရာကို
မီးလောင်လေ၏။ ကုန်းကိုလည်း လောင်လေ၏။ 5 ငါကလည်း၊ အိုအရှင်ထာဝရဘုရား၊ ဆိုင်းတော်မူပါ။ ယာကုပ်သည်
ငယ်သောကြောင့် အဘယ်သို့ ထရ ပါလိမ့်မည်နည်းဟု လျှောက်သော်၊ 6 အရှင်ထာဝရဘုရားသည် နောင်တရ၍၊ ဤသို့ မဖြစ်ရဟု
မိန့်တော်မူ၏။ 7 တဖန် ပြတော်မူသော ရူပါရုံဟူမူကား၊ ချိန်ကြိုး ချ၍လုပ်သော ကျောက်ရိုးပေါ်မှာ ထာဝရဘုရားသည် ရပ်လျက်၊
လက်တော်၌ ချိန်ကြိုးကို ကိုင်လျက်၊ 8 အာမုတ်၊ သင်သည် အဘယ်အရာကို မြင်သနည်းဟု မေးတော်မူလျှင်၊ ချိန်ကြိုးကို
မြင်ပါသည်ဟု လျှောက်သော်၊ ဘုရားရှင်က၊ ငါ၏လူဣသရေလအမျိုး အလယ်၌ ချိန်ကြိုးကို ငါချမည်။ နောက်တဖန် သူတို့ကို
သည်းမခံ။ 9 ဣဇာက်၏မြင့်ရာအရပ်တို့သည် လူဆိတ်ညံလျက်၊ ဣသရေလ၏ သန့်ရှင်းရာအရပ်တို့သည် သုတ်သင်
ပယ်ရှင်းလျက်ရှိကြလိမ့်မည်။ ယေရောဗောင်မင်းမျိုးကိုလည်း ထားနှင့်ငါတိုက်မည်ဟု မိန့်တော်မူ၏။ 10 ထိုအခါ
ဗေသလယဇ်ပုရောဟိတ်အာမဇိသည် ဣသရေလရှင်ဘုရင် ယေရောဗောင်ထံသို့ စေလွှတ်၍၊ အာမုတ်သည်
ဣသရေလအမျိုးအလယ်တွင် ကိုယ်တော် တဘက်၌ မကောင်းသောအကြံကို ကြံစည်ပါပြီ။ သူ၏ စကားအလုံးစုံတို့ကို
ပြည်တော်သည် မခံနိုင်ပါ။ 11 ယေရောဗောင်သည် ထားဖြင့် သေရလိမ့်မည်။ ဣသရေလအမျိုးသားတို့သည် နေရင်းပြည်မှ
ဆက်ဆက် နှင်သွားခြင်းကို ခံရကြလိမ့်မည်ဟု၊ အာမုတ်ဆိုတတ်ပါသည်ဟု လျှောက်လေ၏။ 12 အာမုတ်ကိုလည်းခေါ်၍၊
အိုပရောဖက်၊ ယုဒပြည်သို့ ပြေးသွားလော့။ ထိုပြည်မှာ ပရောဖက်ပြု၍ အသက်မွေးလော့။ 13 နောက်တဖန်ဗေသလမြို့တဘက်၌
ပရောဖက် မပြုနှင့်။ ရှင်ဘုရင်၏ သန့်ရှင်းရာဌာနတော် ဖြစ်၏။ နန်းတော်တည်ရာမြို့လည်း ဖြစ်၏ဟု ဆိုလျှင်၊ 14 အာမုတ်က၊ ငါသည်
ပရောဖက်မဟုတ်၊ ပရောဖက်၏သားလည်းမဟုတ်ဘဲ၊ နွားကျောင်းသောသူ၊ သဖန်း သီးကို ဆွတ်သောသူဖြစ်စဉ်အခါ၊ 15
ထာဝရဘုရားသည် နွားကျောင်းရာမှ ငါ့ကို နှုတ်ယူ၍၊ သင်သွားလော့။ ငါ၏လူဣသရေလအမျိုးတွင် ပရောဖက်ပြုလော့ဟု
မိန့်တော်မူ၏။ 16 သို့ဖြစ်၍၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်လော့။ ဣသရေလအမျိုးတဘက်၌ ပရောဖက် မပြုနှင့်၊
ဣဇာက်အမျိုးတဘက်၌ မမြွက်နှင့်ဟု သင်ဆိုသော်၊ 17 ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်၏ မယားသည်
ပြည်တန်ဆာဖြစ်လိမ့်မည်။ သူတပါးတို့သည် သင်၏မြေကို ကြိုးတန်းချ၍ ဝေဖန်ကြလိမ့်မည်။ သင်သည် ညစ်ညူးသော ပြည်၌
သေရလိမ့်မည်။ ဣသရေလ အမျိုးသည် နေရင်းပြည်မှ ဆက်ဆက်နှင်သွားခြင်းကို ခံရကြလိမ့်မည်ဟု၊ အာမဇိအား ဆင့်ဆိုလေ၏။

---

Amos 01

ငါ့အား ပြတော်မူသော ရူပါရုံဟူမူကား
ကျမ်းပြုဆရာသည် စာဖတ်သူအား အံ့သြဘွယ်သောအရာအား ပြောပြရန် ရှိနေကြောင်း ပြောနေခြင်းသည်။

ယာကုပ်သည် ငယ်သောကြောင့်၊ အဘယ်သို့ ထရပါလိမ့်မည်နည်း
ယာကုပ်သည် အသက် ရှင်သန်ရရန် မဖြစ်နိုင်ပေ။

Amos 04

ငါ့အား ပြတော်မူသော ရူပါရုံဟူမူကား
ကျမ်းပြုဆရာသည် စာဖတ်သူအား အံ့သြဘွယ်သောအရာအား ပြောပြရန် ရှိနေကြောင်း ပြောနေပါသည်။

ယာကုပ်သည် ငယ်သောကြောင့် အဘယ်သို့ ထရ ပါလိမ့်မည်နည်း
အခြားသော ဘာသာပြန်ဆိုချက်။ ယာကုပ်သည် အမှန်တကယ် ရှင်သန်ရန် လုံးဝ မဖြစ်နိုင်ပေ။ ကျေးဇူးပြု၍ ယာကုပ်အား ပြောပြကြပါ၊ သို့မှသာ သူသည် မည်သို့ပြန်လည် ရှင်သန်နိုင်မည်ကို လုပ်ရန် သိလိမ့်မည်။

Amos 07

ချိန်ကြိုး
ကြိုးစ တစ်ဘက်တွင် လေးသောအရာဝတ္ထုတစ်ခုကို ချည်ထားပြီး၊ အဆောက်အဦးများ မရွဲ့စောင်းရန် ချိန်တွယ်ရသော အရာ။

Amos 09

ဣဇက် ... ဣသရေလ
ဣသရေလ၏ မြောက်ပိုင်းတွင် ရှိသော မျိုးနွယ်စု

Amos 10

ယဇ်ပုရောဟိတ်
ဖြစ်နိုင်ချေ ပြန်ဆိုချက်။ (၁) အာမဇိသည် ဗေသလရှိ တစ်ဦးတည်းသော ယဇ်ပုရောဟိတ် ဖြစ်လိမ့်မည်။ သို့မဟုတ် (၂)


generated on Sun Jun 30 02:37:40 2024

အာမဇိသည် ဗေသလရှိ ယဇ်ပုရောဟိတ်များ၏ ခေါင်းဆောင် ဖြစ်လိမ့်မည်။

အာမုတ်သည် ဣသရေလအမျိုးအလယ်တွင် ကိုယ်တော် တဘက်၌ မကောင်းသောအကြံကို ကြံစည်ပါပြီ။
အခြားသော ဘာသာပြန်ဆိုချက်။ အာမုတ်သည် ဣသရေလအမျိုးတို့ အလယ်တွင် တစ်ဦးတည်းသော ဖြောင့်မတ်သောသူဖြစ်ပြီး၊ သူသည် သင်တို့အား ဆိုးသောအရာ ဖြစ်စေခြင်းငှာ ကြံစည်လေပြီ။

သူ၏ စကားအလုံးစုံတို့ကို ပြည်တော်သည် မခံနိုင်ပါ။
လူမျိုးတော်တို့အား အယုံသွင်းလျက် ပြည်တော်ပျက်ဆီးခြင်းငှာ ကြံစည်လေပြီ။

Amos 12

ထိုပြည်မှာ ပရောဖက်ပြု၍ အသက်မွေးလော့။
ယုဒပြည်ဘက်၌ ပရောဖက်ပြုခြင်းဖြင့် အသက်မွေးလော့။

Amos 14

နွားကျောင်းသောသူ
သိုးထိန်းဟူသည်မှာ ပိုမှန်လိမ့်မည်။ ၁း၁ တွင်လည်းသိုးထိန်း ဟုသာ သုံးနှုန်းခဲ့ပါသည်။

Amos 16

ညစ်ညူးသော ပြည်
ထာဝရဘုရားအား လက်မခံ၊ အသိအမှတ်မပြုသော မည်သည့်တိုင်း၊ နိုင်ငံကို မဆို ရည်ညွှန်းသည်။

---

## Translation Questions

Amos 7:1

သူ၏ယူပါရုံထဲတွင် ထာဝရဘုရားက နွေကာလတွင် မည်သည့်အရာပြုလုပ်သည်ကို အာမုတ်မြင်ခဲ့သနည်း။
ထိုပြည်ရှိ အသီးအနှံများကို နွေကာလတွင်စားမည့် ကျိုင်းကောင်အုပ်များကို ပြုလုပ်နေသည်ကို အာမုတ်မြင်သည်။

ယာကုပ်မျိုးနွယ်အား ခွင့်လွှတ်၍ ဘေးမကြုံစေရန်ထာဝရဘုရားထံသို့ အာမုတ် လျှောက်ထားသောအခါ ထာဝရဘုရားက မည်ကဲ့သို့ ဖြေကြားခဲ့သနည်း။
ထိုကဲ့သို့သော ဘေးအန္တရာယ်ကို မကြုံစေရန် ထာဝရဘုရား ပြောကြားခဲ့သည်။

Amos 7:4

သူ၏ရူပါရုံထဲတွင် ထာဝရဘုရား၏ခေါ်ခြင်းကို အာမုတ်က မည်ကဲ့သို့ တွေ့မြင်ခဲ့သနည်း။
သူ၏ရူပါရုံထဲတွင် ထာဝရဘုရားသည် မီးထဲမှ တရားစီရင်၍ သူ့ကိုခေါ်သည်ကို အာမုတ်မြင်သည်။

ယာကုပ်မျိုးနွယ်အား ခွင့်လွှတ်၍ ဘေးမကြုံစေရန်ထာဝရဘုရားထံသို့ အာမုတ် လျှောက်ထားသောအခါ ထာဝရဘုရားက မည်ကဲ့သို့ ဖြေကြားခဲ့သနည်း?
ထိုကဲ့သို့သော ဘေးအန္တရာယ်ကို မကြုံစေရန် ထာဝရဘုရား ပြောကြားခဲ့သည်။

Amos 7:7

သူ၏ရူပါရုံထဲတွင် အာမုတ်က ထာဝရဘုရားရပ်လျက်မည်သည့်အရာ ပြုလုပ်သည်ကို တွေ့မြင်ခဲ့သနည်း။
ကျောက်ရိုးပေါ်မှာ ထာဝရဘုရားသည် ရပ်လျက်၊ လက်တော်၌ ချိန်ကြိုးကို ကိုင်လျက်နေသည်ကို တွေ့မြင်ခဲ့သည်။

ချိန်ကြိုး၏အဓိပ္ပါယ်သည် အဘယ်သို့ဖြစ်သည်ဟု ထာဝရဘုရား မိန့်တော်မူခဲ့သနည်း။
ဣသရေလအမျိုးကို နောက်တဖန် ငါသည် သည်းမခံဟု ဆိုလိုသည်။

Amos 7:9

ဣသရေလလူတို့ထံသို့ ပြုမည့်အရာကို ထာဝရဘုရားက မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။
မြင့်ရာအရပ်တို့သည် လူဆိတ်ညံလျက်၊ ဣသရေလ၏ သန့်ရှင်းရာအရပ်တို့သည် သုတ်သင် ပယ်ရှင်းလျက်ရှိကြလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

Amos 7:10

ဗေသလယဇ်ပုရောဟိတ်ဖြစ်သောအာမဇိသည် အာမုတ်အား မည်ကဲ့သို့ စွပ်စွဲခဲ့သနည်း။
ဗေသလယဇ်ပုရောဟိတ်အာမဇိသည် ဣသရေလရှင်ဘုရင် ယေရောဗောင်ထံသို့ စေလွှတ်၍၊ အာမုတ်သည် ဣသရေလအမျိုးအလယ်တွင် ကိုယ်တော် တဘက်၌ မကောင်းသောအကြံကို ကြံစည်သည်ဟူ၍ စွပ်စွဲခဲ့သည်။

ယေရောဗောင်အား အာမုတ်က မည်ကဲ့သို့ ပရောဖက်ပြုခဲ့သနည်း။
ယေရောဗောင်သည် ထားဖြင့် သေရလိမ့်မည်ဟု အာမုတ်က ပရောဖက်ပြုခဲ့သည်။

Amos 7:12

အာမုတ်သည် မည်သည့်အရပ်သို့ ပြန်သွား၍ ပရောဖက်ပြုရန် ပြောခြင်းခံရသနည်း။

အာမုတ်က ယုဒပြည်သို့ ပြန်လာ၍ ပရောဖက်ပြုရန် အမိန့်တော်ခံခဲ့သည်။

Amos 7:14

အာမုတ်အား ထာဝရဘုရားသခင်က ပုရောဖက် အရာ၌ မခေါ်မှီတွင် အာမုတ်၏အလုပ်မှာ အဘယ်နည်း။

အာမုတ်သည် နွားကျောင်းသောသူ၊ သဖန်း သီးကို ဆွတ်သောသူဖြစ်သည်။

Amos 7:16

ဗေသလပရောဖက်ဖြစ်သော အာမဇိအား ထာဝရဘုရားသခင်က မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။

သူတပါးတို့သည် သင်၏မြေကို ကြိုးတန်းချ၍ ဝေဖန်ကြလိမ့်မည်။ သင်သည် ညစ်ညူးသော ပြည်၌ သေရလိမ့်မည်။ ဣသရေလ အမျိုးသည် နေရင်းပြည်မှ ဆက်ဆက်နှင်သွားခြင်းကို ခံရကြလိမ့်မည်ဟု၊ အာမဇိအားမိန့်တော်မူခဲ့သည်။

ဣသရေလလူတို့အပေါ်၌ပြုမည့်အမှုကို ထာဝရဘုရားက မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။

ဣသရေလ အမျိုးသည် နေရင်းပြည်မှ ဆက်ဆက်နှင်သွားခြင်းကို ခံရကြလိမ့်မည်ဟု၊ မိန့်တော်မူခဲ့သည်။

## Chapter 8

1 တဖန် အရှင်ထာဝရဘုရားသည် ငါ့အား ပြတော်မူသော ရူပါရုံဟူမူကား၊ နွေကာလအသီးပါသော တောင်းသည် ထင်ရှား၏။ 2
အာမုတ်၊ သင်သည် အဘယ်အရာကို မြင်သနည်းဟု မေးတော်မူလျှင်၊ နွေကာလအသီးပါသော တောင်းကို မြင်ပါသည်ဟု
ငါလျှောက်သော်၊ ထာဝရဘုရားက၊ နောက်ဆုံးကာလသည် ငါ၏လူ ဣသရေလ အမျိုး၌ ရောက်လေပြီ။ နောက်တဖန် သူတို့ကို
သည်းမခံ။ 3 ထိုကာလ၌ နန်းစဉ်ကခြေသည်တို့သည် မြည်တမ်းကြလိမ့်မည်။ အရပ်ရပ်တို့၌ များစွာသော အသေ ကောင်ရှိ၍၊
လူတို့သည် တိတ်ဆိတ်စွာ ပစ်ချကြလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 4-6 ငါတို့သည် စပါးကို ရောင်းအံ့သောငှါ လဆန်း
နေ့လွန်ပါစေ၊ ဂျုံကို ရောင်းအံ့သောငှါ ဥပုသ်နေ့ လွန်ပါစေဟု ဆိုလျက်၊ ဧဖာလေးကို ငယ်စေခြင်းငှါ၎င်း၊ လုပ်၍၊ စဉ်းလဲသော
ချိန်ခွင်ကို သုံးလျက်ဆင်းရဲသော သူကို ငွေနှင့်၎င်း၊ ငတ်မွတ်သောသူကို ခြေနင်းတရံနှင့်၎င်း ဝယ်၍၊ ညံ့သော ဂျုံဆန်ကို ရောင်းလျက်၊
ငတ်မွတ်သော သူတို့ကို နှိပ်နင်း၍ ဆင်းရဲသော ပြည်သားတို့ကို ဖြတ်ခြင်းငှါ အလွန်အလိုကြီးသော သူတို့၊ ဤစကားကို
နားထောင်ကြလော့။ 7 ထာဝရဘုရားသည် ယာကုပ်၏ဘုန်းကို တိုင်တည်၍ ကျိန်ဆိုတော်မူသည်ကား၊ အကယ်စင်စစ် သူတို့ ကျင့်ကြံ
ပြုမူသမျှတို့ကို ငါသည် အစဉ်မပြတ် မမေ့လျော့။ 8 ထိုအပြစ်ကြောင့် မြေတုန်လှုပ်လိမ့်မည် မဟုတ်လော။ မြေသားအပေါင်းတို့သည်
ညည်းတွားကြလိမ့်မည် မဟုတ်လော။ မြစ်ကဲ့သို့ တပြည်လုံး ထပြီးလျှင်၊ တဖန် အဲဂုတ္တုမြစ်၌ မြုပ်သကဲ့သို့ ပါသွား၍
မြုပ်လိမ့်မည်မဟုတ် လော။ 9 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလအခါ မွန်းတည့်အချိန်၌ ငါသည် နေကိုဝင်စေမည်။
ကြည်လင်သောနေ့၌ မြေကြီးကို မိုက်စေမည်။ 10 သင်တို့ပွဲခံခြင်းကို ညည်းတွားခြင်းဖြစ်စေမည်။သီချင်းဆိုခြင်းရှိသမျှကို
ငိုကြွေးခြင်းဖြစ်စေမည်။ လူအပေါင်းတို့သည် လျှော်တေအဝတ်နှင့် ခါးကိုစည်းစေခြင်းငှါ၎င်း၊ ဆံပင်ကိုရိတ်စေခြင်းငှါ၎င်း
ငါစီရင်မည်။ တယောက်တည်းသောသား သေသည်အတွက် မြည်တမ်းခြင်းကဲ့သို့၎င်း၊ အဆုံး၌ ခါးစွာသောနေ့ကဲ့သို့၎င်း ငါဖြစ်
စေမည်။ 11 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ မွတ်သိပ်ခြင်းဘေးကို တပြည်လုံး၌ ငါဖြစ်စေသောကာလ ရောက်လိမ့်မည်။
အစာခေါင်းပါး၍ မွတ်သိပ်ခြင်းဘေးမဟုတ်၊ ရေငတ်ခြင်းဘေးလည်းမဟုတ်၊ ထာဝရဘုရား၏ အမိန့်တော်ကို
မကြားရသောမွတ်သိပ်ခြင်းဘေးဖြစ်လိမ့် မည်။ 12 လူတို့သည် ထာဝရဘုရား၏ အမိန့်တော်ကို ရှာလျက်၊ ပင်လယ်တပါးမှသည်
ပင်လယ်တပါးတိုင် အောင် လှည့်လည်၍၊ တောင်မြောက် ပြေးသွားသော်လည်း မတွေ့ရကြ။ 13 ထိုကာလ၌ အဆင်းလှသော
သတို့သမီးကညာများနှင့် လုလင်များတို့သည် ရေငတ်၍ မောကြလိမ့်မည်။ 14 ရှမာရိအပြစ်ကို တိုင်တည်၍ ကျိန်ဆိုသောသူ၊ အိုဒန်၊
သင်၏ဘုရားအသက်ရှင်တော်မူသည်အတိုင်း ဟူ၍၎င်း၊ ဗေရရှေဘ ဘာသာအသက်တည်သည်အတိုင်းဟူ၍၎င်း ဆိုသောသူတို့သည်၊
နောက်တဖန် မထနိုင် အောင်လဲ၍ နေရကြလိမ့်မည်ဟု မိန့်တော်မူ၏။

---

Amos 01

ပြတော်မူသော ရူပါရုံဟူမူကား
အခြားသောဘာသာပြန်ဆိုချက်။ ပြောနေသည့်အကြောင်းကို "နားထောင်ပါ" သို့မဟုတ် အာရုံစိုက်ရန် နှိုးဆော်သည်။

ထာဝရဘုရားမိန့်တော်မူ၏
၃:၁၃ ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

အရပ်ရပ်တို့၌
နေရာတိုင်း၌

Amos 04

ငတ်မွတ်သော သူတို့ကို နှိပ်နင်း၍ ဆင်းရဲသော ပြည်သားတို့ကို ဖြတ်ခြင်းငှါ အလွန်အလိုကြီးသော သူတို့၊
ပရောဖက်အာမုတ်သည် အရောင်းအဝယ် ပြုလုပ်သောသူများကို အဓိက ရည်ညွှန်း ပြောဆိုနေခြင်း ဖြစ်သည်။

သူတို့၏ခေါင်းကို မြေမှုန့်နှင့် ဖုံးလွှမ်းစေခြင်း
၂:၇ ကို ပြန်လည် ကိုးကားရန်။

ငါတို့သည် စပါးကို ရောင်းအံ့သောငှါ လဆန်း နေ့လွန်ပါစေ၊ ဂျုံကို ရောင်းအံ့သောငှါ ဥပုသ်နေ့ လွန်ပါစေ
အဘယ်အခါ လဆန်း နေ့လွန်မည်၊ အဘယ်အခါ ဥပုသ်နေ့ လွန်မည်ကို အဖန်ဖန်အခါခါ မေးမြန်းခြင်းဖြင့် သူတို့၏ စိတ်တွင် ရောင်းဝယ်၊ ဖောက်ကားခြင်းသာ ရှိနေသည်။

စဉ်းလဲသော ချိန်ခွင်ကို သုံးလျက်ဆင်းရဲသော သူကို ငွေနှင့်၎င်း
ကုန်သည်များသည် မမှန်သော ချိန်ခွင်များကို အသုံးပြုလျက် သူတို့ပေးသော အဖိုးအခသည် ပိုမိုပေးသည်ဟု ထင်မြင်ရန် ပြသကြသည်။ သို့သော်လည်း ပေးသင့်သော အဖိုးအခထက် လျော့၍ ပေးနေကြသည်။

ငတ်မွတ်သော သူကို ခြေနင်းတရံနှင့်
အခြားသောဘာသာပြန်ဆိုချက်။ "ဆင်းရဲသောသူကို ဖိနပ်တစ်ရံစာ ဝယ်ပေးရန်"

Amos 07

ထာဝရဘုရားသည် ယာကုပ်၏ဘုန်းကို တိုင်တည်၍ ကျိန်ဆိုတော်မူသည်
ထာဝရဘုရား ကိုယ်၌ ကျိန်ဆိုတော်မူခဲ့သည်။ သို့မဟုတ် ယာကုပ်၏ဘုန်းကို တိုင်တည်၍ ထာဝရဘုရားသည် ကျိန်ဆိုတော်မူ၏။


generated on Sun Jun 30 02:37:40 2024

အဲဂုတ္တုမြစ်
နိုင်းမြစ်၏ အခြားသော အမည်

Amos 09

ထာဝရဘုရားမိန့်တော်မူ၏
၃:၁၃ ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

Amos 11

ထာဝရဘုရားမိန့်တော်မူ၏
၃:၁၃ ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

လှည့်လည်၍၊ ....ပြေးသွားသော်လည်း
အချို့တို့သည် ဆာလောင်နေသော သူကဲ့သို့ နေးကွေးစွာလျှောက်၍ ပြိုလဲကြလိမ့်မည်။ အချို့တို့သည် ဟိုဟိုဒီဒီ လျင်မြန်စွာ ပြေးလွှားနေကြလိမ့်မည်။

ပင်လယ်တပါးမှသည် ပင်လယ်တပါးတိုင် အောင် လှည့်လည်၍၊ တောင်မြောက်ပြေးသွားသော်လည်း
ဖြစ်နိုင်ချေပြန်ဆိုမှုမှာ - (၁) ရှု၊ UDB သို့မဟုတ် (၂) ပင်လယ်တစ်ခုမှ အခြားပင်လယ်၊ မြောက်အရပ်မှ အရှေ့အရပ်။

ထာဝရဘုရား၏ အမိန့်တော်ကို ရှာတွေ့ရန် သူတို့သည် ပြေးလွှားနေကြရလိမ့်မည်။

ပင်လယ်တပါးမှသည် ပင်လယ်တပါး...တောင်မြောက်
ဗေသလမြို့၌ ရှိနေသောသူအဖို့ကား၊ စက်ဝိုင်းသဏ္ဍာန်ဖြစ်နေလိမ့်မည် (တောင်ဘက်ရှိ ပင်လယ်သေမှ အနောက်အရပ်ရှိ မြေထဲပင်လယ်၊ မြောက်အရပ် မှ အရှေ့အရပ်သို့)။

Amos 13

မောကြလိမ့်မည်။
ရှိသမျှသော အားအင်များ ဆုံးရှုံးသည်။

ဗေရရှေဘ ဘာသာ အသက်တည်သည်အတိုင်း
ဘုရားဖူးများ သူတို့၏ ဘုရားဖူးခရီးသွားနေရာဖြစ်သော ဗေရရှေဘမြို့သို့ သွားရာလမ်းဖြစ်သည်ဟူ၍ ပြန်ဆိုရန် အသင့်လျော်ဆုံးဖြစ်သည်။

## Translation Questions

Amos 8:1

ထာဝရဘုရားသခင်က အာမုတ်အား မည်သည့်အရာကို ပြသခဲ့သနည်း။
ထာဝရဘုရားသခင်က အာမုတ်အား နွေအသီးအနှံများပါသော တောင်းကို ထင်ရှားစွာပြခဲ့သည်။

ဣသရေလလူတို့အတွက် မည်သည့်အရာကို ရောက်လာပြီဟု ထာဝရဘုရားသခင် ပြောခဲ့သနည်း။
ထာဝရဘုရားက၊ နောက်ဆုံးကာလသည် ငါ၏လူဣသရေလ အမျိုး၌ ရောက်လာပြီဟု ဆိုသည်။

Amos 8:4

ဣသရေလလူတို့သည် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့ကြသနည်း။
ဣသရေလလူတို့သည် လိုအပ်သောသူများကိုနှိပ်စက်၍ ဆင်းရဲသောသူများကို ပြည်မှ ဖယ်ရှားခဲ့ကြသည်။

လဆန်းနေ့နှင့် ဥပုသ်နေ့ လွန်မည်ကို လူများသည် အဘယ်ကြောင့် စိုးရိမ်ကြသနည်း?
လူတို့စိုးရိမ်ရသောအကြောင်းမှာ ဂျုံဆန်ကို ဆင်းရဲသားတို့ထံ လိမ်လည်၍ရောင်းလိုကြသောကြောင့်ဖြစ်သည်။

Amos 8:7

လူတို့၏အပြုအမူကြောင့် ထာဝရဘုရားက မည်သည့်အရာကို မပြုဘဲနေမည်ဟု မိန့်တော်မူခဲ့သနည်း။
လူတို့၏အပြုအမူများကို လုံးဝ မေ့မည်မဟုတ်ကြောင်း ထာဝရဘုရား မိန့်တော်မူခဲ့သည်။

Amos 8:9

ထိုနေ့၌ နေကို မည်သို့ ပြုမည်ဟု ထာဝရဘုရားက မိန့်တော်မူခဲ့သနည်း။
ထိုနေ့တွင် ငါသည် မွန်းတည့်အချိန်၌ နေကိုဝင်စေမည်ဟု မိန့်တော်မူခဲ့သည်။

ထိုနေ့တွင် လူတို့သည် မည်သည့်အရာကို ဝတ်ဆင်ကြရမည်နည်း။
လူအပေါင်းတို့သည် လျှော်တေအဝတ်ကို ဝတ်ကြရမည်။

Amos 8:11

ထာဝရဘုရားက ထိုပြည်ကို မည်သည့် ငတ်မွတ်ခေါင်းပါးခြင်းကို ပို့လိမ့်မည်နည်း။
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ မွတ်သိပ်ခြင်းဘေးကို တပြည်လုံး၌ ငါဖြစ်စေသောကာလ ရောက်လိမ့်မည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Amos 8:13

ထိုနေ့၌ မည်သူတို့သည် ရေငတ်၍ မောကြွလိမ့်မည်နည်း။
ထိုနေ့၌ အဆင်းလှသော သတို့သမီးကညာများနှင့် လုလင်များတို့သည် ရေငတ်၍ မောကြွလိမ့်မည်။

မည်သူတို့သည် တဖန်မထနိုင်အောင် လဲကြမည်ကို ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ရှမာရိအပြစ်ကို တိုင်တည်၍ ကျိန်ဆိုသောသူနောက်တဖန် မထနိုင်အောင်လဲ၍ နေရကြလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

---


generated on Sun Jun 30 02:37:40 2024

## Chapter 9

1 တဖန် ငါကြည့်ရှု၍ ဘုရားရှင်သည် ယဇ်ပလ္လင်ပေါ်မှာ ရပ်လျက်မိန့်တော်မူသည်ကား၊ ရှိသမျှသောသူ တို့၏ ခေါင်းပေါ်သို့
တံခါးတိုင်လှုပ်၍ ပြိုကျစေခြင်းငှါ တံခါးထုပ်ကို ရိုက်လော့။ သူတို့သားမြေးများကိုလည်း ထားနှင့် ငါကွပ်မျက်မည်။
ပြေးသောသူသည် မလွတ်ရ။ လွတ်သောသူသည်လည်း ချမ်းသာကို မတွေ့ရ။ 2 မရဏာနိုင်ငံတိုင်အောင် တွင်းတူးသော်လည်း
ငါနှုတ်ယူမည်။ မိုဃ်းကောင်းကင်သို့ တက်သော်လည်း ငါချမည်။ 3 ကရမေလတောင်ထိပ်၌ ပုန်းရှောင်သော်လည်း၊ ငါရှာ၍ထုတ်မည်။
ငါနှင့်လွတ်အံ့သောငှါ သမုဒ္ဒရာအောက် ၌ ပုန်းရှောင်သော်လည်း၊ ငါသည် နဂါးကို မှာလိုက်၍ ကိုက်စေမည်။ 4 ရန်သူတို့သည်
သိမ်းသွားသော်လည်း၊ အခြားသောအရပ်၌ ငါသည် ထားကို မှာလိုက်၍ သတ်စေမည်။ ကျေးဇူးမပြု၊ အပြစ်ပြုခြင်းငှါသာ
ငါကြည့်ရှုမည်။ 5 ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင် ထာဝရဘုရားသည် မြေကိုထိတော်မူလျှင်၊ မြေသည် အရည်ဖြစ်၍
မြေသားအပေါင်းတို့သည် ညည်းတွားကြလိမ့်မည်။ မြစ်ကဲ့သို့ တပြည်လုံးထပြီးလျှင်၊ တဖန် အဲဂုတ္တုမြစ်၌ မြုပ်သကဲ့သို့ မြုပ်လိမ့်မည်။
6 အထက်အခန်းတော်တို့ကို ကောင်းကင်၌ဆောက်၍၊ အောက်တိုက်တော်ကို မြေကြီးပေါ်မှာ တည်တော်မူ၏။ သမုဒ္ဒရာရေကိုခေါ်၍
မြေကြီးပြင်၌ သွန်းလောင်းတော်မူ၏။ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင် ထာဝရဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏။ 7 အို
ဣသရေလအမျိုးသားတို့၊ သင်တို့သည် ငါ၌ ကုရှအမျိုးသားကဲ့သို့ ဖြစ်ကြသည်မဟုတ်လော။ ဣသရေ လအမျိုးကို အဲဂုတ္တုပြည်မှ
ငါနှုတ်ဆောင်သကဲ့သို့၊ ဖိလိတ္တိ လူတို့ကို ကတ္တောရပြည်မှငင်း၊ ရှုရိလူတို့ကို ကိရပြည်မှငင်း ငါနှုတ်ဆောင်ပြီ မဟုတ်လောဟု
ထာဝရဘုရား မိန့်တော်မူ၏။ 8 အရှင်ထာဝရဘုရားသည် အပြစ်ရှိသော တိုင်းနိုင်ငံကို ကြည့်ရှုလျက်၊ ထိုတိုင်းနိုင်ငံကို မြေကြီးပြင်မှ
ငါသုတ်သင်ပယ်ရှင်းမည်။ သို့သော်လည်း၊ ယာကုပ်အမျိုးကို ရှင်းရှင်းမဖျက်ဆီးဟု မိန့်တော်မူ၏။ 9 တဖန် ငါအမိန့်တော်ရှိသဖြင့်
ဆန်ကို ဆန်ခါနှင့် ချသကဲ့သို့၊ ဣသရေလအမျိုးကို ခပ်သိမ်းသော အမျိုးတို့တွင် ဆန်ခါနှင့်ငါချမည်။ ဆန်တစေ့မျှ မြေသို့မကျရ။ 10
ဘေးဥပဒ်သည် ငါတို့ကို မမှီနိုင်၊ မဆီးတားနိုင်ဟု ဆိုလျက်၊ အပြစ်များသော ငါ၏လူအပေါင်းတို့သည် ထားဖြင့် သေရကြလိမ့်မည်။ 11
ကျန်ကြွင်းရစ်သော ဧဒုံအမျိုးသားမှစ၍ ငါ၏နာမဖြင့် သမုတ်သောတပါးအမျိုးသားအပေါင်းတို့ကို သိမ်းယူစေခြင်းငှါ၊ 12
လဲလျက်ရှိသော ဒါဝိဒ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်။ အက်ကွဲရာများကို စေ့စပ်မည်။ ပြိုပျက်ရာများကိုလည်း
ပြုပြင်ပြီးလျှင်၊ ထိုတဲကို ရှေးကာလ၌ ရှိသကဲ့သို့ မတ်စေပြန်မည်ဟု၊ ဤအမှုအရာကို စီရင်တော်မူသော ထာဝရဘုရား၏
ဗျာဒိတ်တော်ရှိ ၏။ 13 ထာဝရဘုရား မိန့်တော်မူသည်ကား၊ လယ်ထွန်သောသူသည် စပါးရိတ်သောသူကိုငင်း၊ စပျစ်သီးနယ်
သောသူသည် မျိုးစေ့ကြဲသောသူကိုငင်း မှီလျက်၊ တောင်တို့မှ ချိုသောစပျစ်ရည်ယို၍၊ ကုန်းရှိသမျှတို့လည်း
အရည်ဖြစ်ရသောကာလရောက်လိမ့်မည်။ 14 သိမ်းသွားခြင်းကို ခံရသော ငါ၏လူ ဣသရေလအမျိုးသားတို့ကို တဖန်
ငါဆောင်ခဲ့သဖြင့်၊ သူတို့သည် ပျက်စီးသောမြို့များကို ပြုပြင်၍ နေကြလိမ့်မည်။ စပျစ်ဥယျာဉ်များကို စိုက်၍ စပျစ်ရည်ကို
သောက်ကြလိမ့်မည်။ လယ်ယာများကို ပြုစု၍ အသီးတို့ကို စားကြလိမ့်မည်။ 15 သူတို့ကို နေရင်းအရပ်၌ ငါစိုက်ထားမည်။ ငါ
ပေးသောပြည်မှ နောက်တဖန် အဘယ်သူမျှ မနှုတ်ရဟု၊ သင်၏ဘုရားသခင် ထာဝရဘုရားမိန့်တော်မူ၏။

---

Amos 01

ပြိုကျစေခြင်း
ဖြစ်နိုင်ချေ ဘာသာပြန်ဆိုချက်။ (၁) ဗိမာန်တော်အား အပိုင်းပိုင်း၊ အစိတ်စိတ် ဖြိုဖျက်ရန်သို့မဟုတ် (၂) မဏ္ဍိုင်တိုင်၏ ထိပ်ဆုံးမှ ဖြိုချရန်။

မရဏာနိုင်ငံတိုင်အောင် တွင်းတူးသော်လည်း ငါနှုတ်ယူမည်။ မိုဃ်းကောင်းကင်သို့ တက်သော်လည်း ငါချမည်။
အခြားသော ဘာသာပြန်ဆိုချက်။ သူတို့သည် မည်သည့်နေရာသို့ ပြေးရှောင်တိမ်းကြပါစေ၊ ငါသည် သူတို့အား ဖမ်းမိလိမ့်မည်။

Amos 03

နဂါး
ဧဒင်ဥယျာဉ်မှ မြွေဆိုးကိုသော်လည်း ကောင်း၊ သာမန်မြွေကိုသော်လည်း ကောင်း ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ အလွန်ခက်ထန်ကြမ်းကြုတ်သော ပင်လယ်ရေအောက်ရှိ သတ္တဝါကြီးကို ဆိုလိုသည်။

ငါကြည့်ရှုမည်
မိမိတို့ ဘာသာစကားတွင် ပြောသူတစ်ဦးတစ်ယောက်မှ အခြားသောသူအား အကောင်း၊ အဆိုး ပြုရန် ရည်ရွယ်ပြောဆိုသောစကားလုံးရှိလျှင် အသုံးပြု နိုင်သည်။

ကျေးဇူးမပြု
"အပြစ်ပြုခြင်းငှါ" ဆိုသည်ကို သတိပြု နားလည်စေရန် "ကျေးဇူးမပြု" ဟု သုံးနှုန်းထားခြင်းဖြစ်သည်။

Amos 05

အထက်အခန်းတော်တို့ကို ကောင်းကင်၌ဆောက်၍
ရှေးခေတ်ဦးလူများ ထာဝရဘုရား၏ နိုင်ငံတော်ကို ကောင်းကင်၌ရှိသည်ဟု ရုပ်ပုံရိုထားမှုကို ရည်ညွှန်းသည်ဟု ပြောနိုင်သည်။ သို့သော်လည်း အချို့သော ခေတ်ပေါ်ဘာသာပြန်ဆိုသူများမှ နန်းတော် သို့မဟုတ်

 generated on Sun Jun 30 02:37:40 2024

အခန်းတော်များဟု ကွဲပြားဖတ်ဆိုရန် ဖြစ်သည်။ "အထက်" ဟူသော စာလုံးအား ထာဝရဘုရား၏ နိုင်ငံတော်ကို ဥပမာစကားအဖြစ်သုံးနှုန်းခြင်းဖြစ်နိုင်သည်။

အောက်တိုက်တော်ကို မြေကြီးပေါ်မှာ တည်တော်မူ၏။

အချို့သောဘာသာပြန်ဆိုချက်များတွင် "မြေကြီးပေါ်တွင် သူ၏အထောက်အမများအား တည်ထားတော်မူပြီ" ဆိုလိုသည်မှာ အဆောက်အဦးအတွက် လိုအပ်သည်များကို မြေကြီးပေါ်တွင် တည်ထားသည်။

Amos 07

ထာဝရဘုရားမေးတော်မူ၏

၂:၁၁ ပြန်ဆိုမှုများကို ပြန်လည်ကိုးကားရန်။

Amos 09

ဆန်ခါနှင့်ငါချမည်။ ဆန်တစေ့မျှ မြေသို့မကျရ။

ဆန်ကို ခါချရန်နှင့် ကျောက်စရစ်များ တင်ကျန်ရန် ဆန်ခါကို အသုံးပြုမည်။ အချို့ပြန်ဆိုချက်များတွင် "အသေးငယ်ဆုံး မဟုတ်သောအရာများ ခါချခံရမည်မဟုတ်" ဟူ၍ ပြောဆိုထားရာ၊ ကောင်းသော စပါးစေ့များသည် မလိုအပ်သော အရာဝတ္ထုအားဖြင့် ခါချခံရခြင်းကင်းလွတ်မည်ဟု ဆိုလိုရာရောက်သည်။

ဆန်ခါ

မျက်နှာပြင်တွင် အပေါက်ငယ် များစွာရှိပြီး၊ သေးငယ်သော အမှုန်အမွှားများ ခါချရန်နှင့် အတန်ကြီးသော အရာများ တင်ကျန်ရန် ရည်ရွယ်၍ အသုံးပြုသော ပစ္စည်း။

Amos 11

တဲ...အက်ကွဲရာများ...ပြိုပျက်ရာများ

ဣသရေလအမျိုးတို့၏ဘတိုင်းပြည်ကို ထာဝရဘုရားသည် ဖျက်ဆီးဖြိုဖျက်ပြီးနောက်၊ တဲ၏ သစ်တိုင်တို့သည် လဲပြိုနေသကဲ့သို့လည်းကောင်း၊ မြို့တော်နံရံတို့သည် ကျိုးပဲ့ပျက်ဆီးနေသကဲ့သို့လည်းကောင်း၊ အိမ်တော်သည်လည်း ဆွဲချထားသကဲ့သို့ ယိုင်လဲနေသည်တို့ကို တွေ့မြင်နေရလိမ့်မည်။

အက်ကွဲရာများ

အချို့သော မြို့တော်နံရံတို့သည် ကျိုးပဲ့ပျက်စီးနေခြင်း၊

.ပြိုပျက်ရာများ

အဆောက်အဦးများ ဖျက်ဆီးပြီးနောက် ကျန်နေသော အရာများ၊

ကျန်ကြွင်းရစ်သော ဧဒုံအမျိုးသား

ဣသရေလအမျိုးတို့ သိမ်းပိုက်ရန်ကျန်နေသော နယ်မြေ သို့မဟုတ် ဧဒုံအမျိုးသားများ

Amos 13

ထာဝရဘုရား မိန့်တော်မူသည်ကား

ကျမ်းပြုဆရာသည် စာဖတ်သူအား အံ့သြအလေးထားစေရန် ဤစကားကို သုံးနှုန်းခြင်းဖြစ်ပါသည်။

တောင်တို့မှ ချိုသောစပျစ်ရည်ယို၍၊ ကုန်းရှိသမျှတို့လည်း အရည်ဖြစ်ရသောကာလရောက်လိမ့်မည်။

ထိုမြေသည်

သာယာဝပြောစွာဖြစ်ထွန်းလိမ့်မည်ဟုအထက်ပါစာကြောင်း နှစ်ကြောင်းလုံးတွင် အဓိပ္ပာယ်ဆိုလိုရင်း တူညီမှုရှိသည်။

Amos 14

ငါ ပေးသောပြည်မှ နောက်တဖန် အဘယ်သူမျှ မနှုတ်ရဟု၊

အခြားသော ဘာသာပြန်ဆိုချက်။ "မည်သူမျှ ဣသရေလအမျိုးသားတို့အား ထိုပြည်မှ ဖမ်းဆီးနှင်ထုတ်ခြင်း အခွင့် မရှိစေရ။"
"မြေ၌ အမြစ်တည် စိုက်ပျိုးထားသော အပင်ကဲ့သို့ ဣသရေလအမျိုးသားတို့သည် ထိုပြည်၌ တသက်လုံးနေထိုင်ကြရလိမ်မည်။"

မနှုတ်ရ

မြေ၌ စိုက်ပျိုးထားသော အပင်အား အမြစ်မှ ဆွဲနှုတ်သည်။

## Translation Questions

Amos 9:1

ဣသရေလလူတို့ကို စီရင်သော ထာဝရဘုရား၏တရားစီရင်ခြင်းမှ မည်သူသည် လွတ်လိမ့်မည်နည်း။

တစ်ဦးတစ်ယောက်မျှ ထာဝရဘုရား၏တရားစီရင်ခြင်းမှ မလွတ်နိုင်ပါ။

Amos 9:3

သမုဒ္ဒရာအောက်၌ပုန်းသောမည်သူမဆို ထာဝရဘုရားက မည်ကဲ့သို့ ပြုလိမ့်မည်နည်း။

လွတ်အံ့သောငှါ သမုဒ္ဒရာအောက်၌ ပုန်းရှောင်သော်လည်း၊ ငါသည် နဂါးကို မှာလိုက်၍ ကိုက်စေမည်ဖြစ်သည်။

ထာဝရဘုရားသည် ဣသရေလလူများအား မည်သည့်ရည်ရွယ်ချက်ဖြင့် စောင့်ရှောက်လိမ့်မည်နည်း။

ဣသရေလလူမျိုးများအပေါ်သို့ ဘေးရောက်စေခြင်းငှါ ကြည့်ရှုလိမ့်မည်။

Amos 9:5

ထာဝရဘုရားသခင်က ပြည်တော်ကို အရည်ပျော်စေသောအခါ လူတို့သည် မည်သည့်အရာကို ပြုခဲ့ကြသနည်း။
ထာဝရဘုရားသခင်က ပြည်တော်ကို အရည်ပျော်စေသောအခါ လူတို့သည် ညည်းတွားကြလိမ့်မည်ဖြစ်သည်။

Amos 9:7

ဣသရေလလူတို့ကို ထာဝရဘုရားက မည်သည့်အရပ်မှ ခေါ်ဆောင်ခဲ့သနည်း။
ဣသရေလလူတို့ကို ထာဝရဘုရားကအဲဂုတ္တုပြည်မှ ခေါ်ဆောင်ခဲ့သည်။

ဖိလိတ္တိလူတို့ကို ထာဝရဘုရားသခင်က မည်သည့်အရပ်မှ ခေါ်ဆောင်ခဲ့သနည်း။
ဖိလိတ္တိလူတို့ကို ထာဝရဘုရားသခင်က ကတ္တောရပြည်မှ ခေါ်ဆောင်ခဲ့သည်။

ဣသရေလလူတို့ကို ရှင်းရှင်းဖျက်ဆီးမည်ဟု ထာဝရဘုရားသခင် မိန့်တော်မူခဲ့သလော?
မဟုတ်ပါ။ ဣသရေလလူတို့ကို ထာဝရဘုရားသခင်က ရှင်းရှင်း မဖျက်ဆီးခဲ့ပါ။

Amos 9:9

ထိုသူတို့ကို ထာဝရဘုရားက စီရင်သောအခါ ဣသရေအမျိုးအပြစ်ရှိသူတို့က မည်ကဲ့သို့ ပြောကြားခဲ့ကြသနည်း။
ဘေးဥပဒ်သည် ငါတို့ကို မကျော်နိုင်၊ မလွန်နိုင်ပါဟု ဆိုကြသည်။

Amos 9:11

ထိုနေ့၌ ထာဝရဘုရားသခင်က မည်သည့်အရာကို ချီးမြှောက်လိမ့်မည်ဟု မိန့်တော်မူခဲ့သနည်း။
လဲလျက်ရှိသော ဒါဝိဒ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။

Amos 9:13

တောင်တို့သည်ယိုလျက် တောင်များမှ မည်သည့်အရာများ စီးဆင်းလိမ့်မည်ကို ထာဝရဘုရား မိန့်တော်မူခဲ့သနည်း။
ထိုနေ့၌ တောင်တို့မှ ချိုသောစပျစ်ရည်ယို၍၊ ကုန်းရှိသမျှတို့လည်း အရည်ဖြစ်ရသောကာလရောက်လိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

Amos 9:14

ထာဝရဘုရားသခင်က ဣသရေလလူတို့ကို မည်သည့်အရပ်မှ ပြန်လည်ခေါ်ဆောင်လာမည်ဟု ကတိတော်ထားခဲ့သနည်း။
သိမ်းသွားခြင်းကို ခံရသောအရပ်မှ ပြန်ခေါ်ဆောင်ရန် ကတိတော်ရှိခဲ့သည်။

ဣသရေလူမျိုးကို ပြန်လည်ခေါ်ဆောင်လာပြီးနောက် ဣသရေလသည် ထိုပြည်၌ မည်မျှကြာအောင် နေလိမ့်မည်နည်း။
ဣသရေလူမျိုးကို ပြန်လည်ခေါ်ဆောင်လာပြီးနောက်တွင် ဣသရေလသည် ထိုပြည်၌ ထာဝရကာလတိုင်အောင် နေရကြမည်ဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

# Obadiah

## Chapter 1

[1] အရှင်ထာဝရဘုရားသည် ဧဒုံပြည်ကို ရည်မှတ် ၍ မိန့်တော်မူသည်ကား၊ ထာဝရဘုရား ကြွေးကြော်တော် မူသံကို ငါတို့သည်
ကြားကြ၏။ သင်တို့ထ၍ ဧဒုံပြည်ကို တိုက်ခြင်းငှါ စစ်ချီကြလော့ဟု၊ တပါးအမျိုးသားတို့ထံသို့ သံတမန်ကို စေလွှတ်တော်မူပြီ။ [2]
သင့်ကို တပါးအမျိုးသားတို့တွင် ယုတ်မာစေခြင်း ငှါ ငါစီရင်သဖြင့်၊ သင်၏အသရေသည် အလွန်ရှုတ်ချ ခြင်းရှိလိမ့်မည်။ [3]
ကျောက်ကြားတို့၌နေ၍ မြင့်သောအရပ်ကို ခိုလှုံလျက်၊ ငါ့ကို မြေသို့ အဘယ်သူ နှိမ့်ချနိုင်သနည်းဟု အောက်မေ့သောသူ
ဖြစ်သောကြောင့်၊ သင်၏မာနသည် သင့်ကို လှည့်စားပြီ။ [4] သင်သည် ရွှေလင်းတကဲ့သို့ ကိုယ်ကို ချီးမြှောက် ၍၊ ကြယ်တို့တွင်
အသိုက်ကို လုပ်သော်လည်း၊ ထိုအရပ်မှ သင့်ကို ငါနှိမ့်ချမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [5] ညဉ့်အခါ သူခိုးထားပြတို့သည်
သင်ရှိရာသို့ လာ လျှင်၊ စိတ်ပြေလောက်အောင်သာ ခိုးယူကြလိမ့်မည် မဟုတ်လော။ စပျစ်သီးကို ဆွတ်သောသူတို့သည် လာ လျှင်၊
သူတပါးလိုက်၍ ဆွတ်စရာဘို့ ကြွင်းစေကြလိမ့်မည် မဟုတ်လော။ [6] သင်သည် အလွန်ပျက်စီးပြီတကား။ ဧသော သည်
အလွန်အစစ်ခံရပြီတကား။ သူဝှက်ထားသော ဥစ္စာ ကို အလွန်ရှာဖွေကြသည်တကား။ [7] သင်နှင့်မိဿဟာယဖွဲ့သော သူအပေါင်းတို့
သည် ပြည်စွန်းသို့ နှင်ကြပြီ။ အဆွေလုပ်သော သူတို့သည် သင့်ကို လှည့်စား၍ နိုင်ကြပြီ။ သင်နှင့်အတူ စားသောက် သောသူတို့သည်
သင့်အောက်၌ ကျော့ကွင်းကို ထောင် ထားကြပြီ။ သင်၏ဥာဏ်ပညာ ကုန်ပြီ။ [8] ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလ ၌
ဧဒုံပြည်မှ ပညာရှိတို့ကိုငှင်း၊ ဧသော၏တောင်မှ ဥာဏ် ကောင်းသော သူတို့ကိုငှင်း ငါပယ်ရှားမည်။ [9] အိုတေမန်မြို့၊ ဧသော၏တောင်မှ
ခပ်သိမ်းသော သူတို့ကို ပယ်ဖြတ်မည်အကြောင်း၊ သင်၏ သူရဲတို့သည် ကြောက်ကြလိမ့်မည်။ [10] သင်သည် ညီယာကုပ်ကို
အသေသတ်ခြင်း၊ အနိုင်အထက်ပြုခြင်းအပြစ်ကြောင့် ကိုယ်တိုင်အရှက်ကွဲ ၍၊ အကုန်အစင်ပယ်ဖြတ်ခြင်းကို ခံရလိမ့်မည်။ [11]
သင်သည် တဘက်၌နေသောနေ့၊ တကျွန်းတ နိုင်ငံသားတို့သည် သူ၏အမှုထမ်းများကို သိမ်းသွားသော နေ့၊ တပါးအမျိုးသားတို့သည်
သူ၏မြို့တံခါးထဲသို့ ဝင်၍ ယေရုရှလင်မြို့ကို စာရေးတံချသောနေ့၌ သင်သည် လက်ခံသောသူဖြစ်၏။ [12] သင်၏ညီသည်
တပါးအမျိုးသားဖြစ်သောနေ့၌ သူ၏အမှုကို သင်မကြည့်သင့်။ ယုဒအမျိုးသားတို့သည် ပျက်စီးသောနေ့၌ မဝါကြွားသင့်။
ဒုက္ခခံရသောနေ့၌ စော်ကားသောစကားကို မပြောသင့်။ [13] ငါ၏လူတို့သည် ဘေးဥပဒ်ကို ခံရသောနေ့၌ သူတို့နေရာတံခါးအတွင်းသို့
မဝင်သင့်။ ဘေးဥပဒ်ကို ခံရ သောနေ့၌ သူတို့၏ဆင်းရဲဒုက္ခကို မကြည့်မရှုသင့်။ ဘေး ဥပဒ်ကို ခံရသောနေ့၌ သူတို့ဥစ္စာကို
မလုမယူသင့်။ [14] လွတ်သောသူတို့ကို ဆီးတားခြင်းငှါ ဖြတ်လမ်း၌ မရပ်မနေသင့်။ အမှုရောက်သောနေ့၌ ကျန်ကြွင်းသော သူတို့ကို
မအပ်သင့်။ [15] အကြောင်းမူကား၊ ထာဝရဘုရား၏နေ့ရက် သည် ခပ်သိမ်းသောလူမျိုးတို့နှင့် နီးပြီ။ သင်ပြုသည်အ တိုင်း သင်၌
သူတပါးပြုလိမ့်မည်။ သင်ပြုသောအမှုသည် သင့်ခေါင်းပေါ်သို့ ရောက်ရလိမ့်မည်။ [16] ယုဒအမျိုးသားတို့သည် သန့်ရှင်းသော
ငါ့တောင် ပေါ်မှာ စားသောက်သကဲ့သို့၊ ပတ်လည်၌နေသော လူမျိုး အပေါင်းတို့သည် စားသောက်ရကြလိမ့်မည်။ စားသောက် ၍
မျိုသဖြင့် မရှိဘူးသောသူကဲ့သို့ ဖြစ်ရကြလိမ့်မည်။ [17] ဇိအုန်တောင်ပေါ်မှာ ဘေးလွတ်သောသူအချို့ ရှိကြလိမ့်မည်။
သန့်ရှင်းသောအရပ်ဖြစ်လိမ့်မည်။ ယာ ကုပ်အမျိုးသည် မိမိပိုင်ထိုက်သောမြေကို ပိုင်ရလိမ့်မည်။ [18] ယာကုပ်အမျိုးသည် မီး၊
ယောသပ်အမျိုးသည် မီးလျှံ၊ ဧသောအမျိုးသည် အမှိုက်ဖြစ်လျက် မီးညှိ၍ လောင်သဖြင့်၊ ဧသောအမျိုးသား မကျန်ကြွင်းရ။ ထာဝရ
ဘုရားမိန့်တော်မူပြီ။ [19] တောင်မျက်နှာသားတို့သည် ဧသော၏တောင် ကိုငှင်း၊ မြေညီသောအရပ်သားတို့သည် ဖိလိတ္တိပြည်ကို ငှင်း၊
ဧဖရိမ်လယ်ပြင်နှင့် ရှမာရိလယ်ပြင်ကိုငှင်း၊ ဗယ်ာ မိန်အမျိုးသည် ဂိလဒ်ပြည်ကိုငှင်း သိမ်းယူကြလိမ့်မည်။ [20] သိမ်းသွားခြင်းကို ခံရ၍၊
ခါနနိလူတို့တွင်ရှိသော ဣသရေလအမျိုးအလုံးအရင်းသည် ဇရတ္တာမြို့တိုင်အောင်ငှင်း၊ သိမ်းသွားခြင်းကို ခံရ၍ သေဖရဒ်ပြည်၌ရှိသော
ယေရုရှလင်မြို့သားတို့သည် တောင်မျက်နှာ မြို့ရွာတို့ကို ငှင်း သိမ်းယူကြလိမ့်မည်။ [21] ဧသော၏တောင်ကို တရားစီရင်ခြင်းငှါ ကယ်
တင်သောသူတို့သည် ဇိအုန်တောင်ပေါ်သို့ တက်ကြလိမ့် မည်။ တိုင်းနိုင်ငံသည်လည်း ထာဝရဘုရား၏ နိုင်ငံတော် ဖြစ်လိမ့်သတည်း။

---

Obadiah 01

ထာဝရဘုရား

ဘုရားသခင်၏ အမည်နာမဖြစ်ပြီး၊ ဘုရားသခင်က ဓမ္မဟောင်းကျမ်းထဲတွင် သူ၏လူမျိုးများကို ဖွင့်ပြသော နာမတော်ဖြစ်သည်။

သံတမန်ကို စေလွှတ်တော်မူပြီ

အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သံတမန်တစ်ဦးကို စေလွှတ်ခဲ့သည်"

သင်တို့ထ၍

"ထ၍" ဤစကားစုသည် လူများအား အဆင်သင့် ပြင်ဆင်ထားရန် ပြောဆိုသောအခါ သုံးသောစကားဖြစ်သည်။



generated on Sun Jun 30 02:37:40 2024

သဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ကြည့်" သို့မဟုတ် "နားထောင်ကြ" သို့မဟုတ် "သင်တို့အား ငါပြောဆိုသောအကြောင်းကို အလေးထား ဂရုစိုက်ခြင်း ရှိကြလော့" ဟုဆိုလိုခြင်းဖြစ်သည်။

သင်၏အသရေသည် အလွန်ရှုတ်ချ ခြင်းရှိလိမ့်မည်။
"အခြားသော လူမျိုးများသည် သင့်ကို မုန်းလိမ့်မည်။"

Obadiah 03

ယေဘုယျ အချက်အလက်
ဧဒုံပြည်နှင့် ပတ်သက်သော ဩဗဒိ၏ ဗျာဒိတ်ရူပါရုံဖြစ်သည်။

သင်၏မာနသည်
ထာဝရဘုရားသည် လူတစ်ဦး၏ စိတ်ခံစားမှုနှင့် ဆက်စပ်သော လူတစ်ဦး၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို အသုံးပြုပြီး ဧဒုံပြည်ရှိလူများ၏ မာနကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

ကျောက်ကြားတို့၌နေ၍ မြင့်သောအရပ်ကို ခိုလှုံလျက်
"ကျောက်ဆောင်များ၏ အက်ကြောင်းများထဲတွင်"

မြင့်သောအရပ်ကို ခိုလှုံလျက်
"မြင့်သောအရပ်တွင် ဆောက်လုပ်ထားသော သင်၏ အိမ်"

ငါ့ကို အဘယ်သူသည် မြေသို့ နှိမ့်ချနိုင်သနည်းဟု
ဧဒုံလူမျိုးတို့သည် လုံခြုံသည်ဟု ထင်မှတ်ပြီး မာန်မာနထောင်လွှားခြင်းကိုဖော်ပြသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် တိုက်ခိုက်သူများ၏ အန္တရာယ်မှ လုံခြုံသည်"

သင်သည် ရွှေလင်းတကဲ့သို့ ကိုယ်ကို ချီးမြှောက် ၍၊ ကြယ်တို့တွင် အသိုက်ကို လုပ်သော်လည်း
ဤကျမ်းပိုဒ်များသည် ဧဒုံပြည်သည် ဖြစ်နိုင်သောအရာထက် ပိုမိုမြင့်သောနေရာ၌ ဆောက်လုပ်ထားခြင်းကို ပြောလိုခြင်းဖြစ်ပြီး၊ အလွန်မြင့်သောနေရာ၌ ဆောက်လုပ်ထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ထိုအရပ်မှ သင့်ကို ငါနှိမ့်ချမည်ဟု
မာန်မာနသည် မြင့်မားခြင်း၊ နှိမ့်ချခြင်းနှင့် ဆက်စပ်နွယ်ပြီး၊ နှိမ့်ကျခြင်းနှင့်လည်း ဆက်စပ်သည်။ ဧဒုံလူမျိုးများကို နှိမ့်သောအရပ်သို့ ယူဆောင်၍ နှိမ့်ကျစေမည်ဟု ထာဝရဘုရား ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်တို့ကို နှိမ့်ကျစေမည်"

Obadiah 05

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဩဗဒိကို ပေးသော ဧဒုံပြည်အတွက် သတင်းစကားဖြစ်သည်။

ညဉ့်အခါ သူခိုးထားပြတို့သည် သင်ရှိရာသို့ လာ လျှင်
"သူခိုး၊ လုယက်သူများသည် ညအချိန်၌ သင်တို့ထံသို့လာလျှင်"

ထားပြ
အခြားသောသူများထံမှ ပစ္စည်း ဥစ္စာများကို အတင်းအဓမ္မ ခိုးယူသောသူများ

သင်သည် အလွန်ပျက်စီးပြီတကား
ဧဒုံပြည်၌ ဘုရားသခင်၏ အပြစ်ပေး စီရင်ခြင်းသည် ကြောက်မက်ဖွယ်ရာ ဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာ၊ သင်တို့သည် အလွန်ဖျက်ဆီးခြင်းသို့ ရောက်ပြီတကား"

စိတ်ပြေလောက်အောင်သာ ခိုးယူကြလိမ့်မည် မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သူတို့အတွက် လုံလောက်အောင်သာ ခိုးယူကြလိမ့်မည်"

ဧသော သည် အလွန်အစစ်ခံရပြီတကား။ သူဝှက်ထားသော ဥစ္စာ ကို အလွန်ရှာဖွေကြသည်တကား
အခြားသောဘာသာပြန်ဆိုချက်၊ "အာ၊ ရန်သူများသည် ဧသောကို ရန်တွေ့ခဲ့ကြပြီး၊ ဖွက်ထားသော သူ၏ ဥစ္စာကို ရှာဖွေခဲ့ကြသည်"

အလွန်ရှာဖွေကြသည်တကား
ပစ္စည်းဥစ္စာများကို ခိုးယူရန် ရှာဖွေကြသည်။

Obadiah 07

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဩဗဒိကို ပေးသော ဧဒုံပြည်အတွက် သတင်းစကားဖြစ်သည်။

သင်နှင့်မိဿဟာယဖွဲ့သော သူအပေါင်းတို့ သည်
"သင်တို့" ဟူသော စကားလုံးသည် ဧဒုံလူမျိုးများကို ရည်ညွှန်းခြင်းဖြစ်သည်။

ပြည်စွန်းသို့ နှင်ကြပြီ။
"သူတို့၏ မြေမှ သင့်ကို နှင်ထုတ်ပြီ။" ဧဒုံလူမျိုးများသည် သူတို့နှင့် မဟာမိတ်ဖွဲ့ထားသော မိတ်ဆွေများ၏ နယ်မြေသို့ ခိုလှုံရန် ကြိုးစားသော်လည်း သူတို့၏ မဟာမိတ်များသည် သူတို့၏ မြေ၌ ဧဒုံလူမျိုးများကို ခိုလှုံရန် ခွင့်မပြုခဲ့ပေ။

သင်၏ဉာဏ်ပညာ ကုန်ပြီ
"ဧဒုံပြည်သည် နားမလည်နိုင်ကြပေ။

ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလ ၌ ဧဒုံပြည်မှ ပညာရှိတို့ကိုငင်း၊ ဧသော၏တောင်မှ ဉာဏ် ကောင်းသော သူတို့ကိုငင်း ငါပယ်ရှားမည်
ထာဝရ ဘုရားမိန့်တော်မူသည်ကား ထိုကာလ၌ ငါသည် ဧသောတောင်မှ သူတို့ကို ဖျက်ဆီးမည်။"

သင်၏ သူရဲတို့သည် ကြောက်ကြလိမ့်မည်
"သင်၏ သန်မာသော စစ်သူရဲများတို့သည် ကြောက်ရွံ့ကြလိမ့်မည်။"


generated on Sun Jun 30 02:37:40 2024

တေမန်မြို့
ဧဒုန်ပြည်ရှိ နယ်မြေဒေသတစ်ခု၏ အမည်ဖြစ်သည်။

ဧသော၏တောင်မှ ခပ်သိမ်းသော သူတို့ကို ပယ်ဖြတ်မည်အကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများက လူများတို့ကို သတ်လိုက်ကြသောကြောင့် ဧသော၏ တောင်တွင် နောက်ထပ်လူများ မရှိကြတော့ပေ။"

ဧသော၏တောင်မှ
များသောအားဖြင့် ဧဒုံဒေသတွင် တောင်များ ရှိကြသည်။ ထို့ကြောင့် ဤအရာသည် ဧသော၏ ဒေသများကို ရည်ညွှန်းသော နည်းလမ်းတစ်ခုဖြစ်သည်။

Obadiah 10

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဩဗဒိကို ပေးသော ဧဒုံပြည်အတွက် သတင်းစကားဖြစ်သည်။

သင်၏ ညီယာကုပ်ကို
အခြားသောဘာသာပြန်ဆိုချက်၊ "ယာကုပ်မှ ဆင်းသက်လာသော သူ၏ အမျိုးအနွယ်များ"

အနိုင်အထက်ပြုခြင်းအပြစ်ကြောင့် သင်ကိုယ်တိုင်အရှက်ကွဲ ၍၊
"သင်သည် အလွန်အရှက်ကွဲခြင်းသို့ ရောက်လိမ့်မည်။"

အကုန်အစင်ပယ်ဖြတ်ခြင်းကို ခံရလိမ့်မည်
"နောက်တစ်ဖန် တည်ရှိတော့မည် မဟုတ်ပေ။"

တဘက်၌နေသော
"ကြည့်သာကြည့်ရှုပြီး၊ ကူညီခြင်းလုံးဝမရှိ"

တပါးအမျိုးသားတို့သည်
အခြားသောလူမျိုးများမှ ဆင်းသက်လာကြသောသူများဖြစ်သည်။

သူ၏အမှုထမ်းများ
"သူ၏" ဟူသောစကားလုံးသည် "ယာကုပ်" ကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ အခြားတနည်းဖြင့် ဣသရေလ လူမျိုးများကို ရည်ညွှန်းခြင်းဖြစ်သည်။

ယေရုရှလင်မြို့ကို စာရေးတံချသောနေ့၌
ဤစကားစုသည် "ယေရုရှလင်မြို့မှ သူတို့ ယူဆောင်လာခဲ့သော သူတို့ရသင့်ရထိုက်သော တန်ဖိုးရှိသော အရာများကို ခွဲဝေခြင်းငှါ ဆုံးဖြတ်ခြင်း" ကို ဆိုလိုခြင်းဖြစ်သည်။

သင်သည် လက်ခံသောသူဖြစ်၏။
သင်သည် သူစိမ်းများနှင့်တပါးအမျိုးသားများ ထဲမှ တစ်ယောက်ဖြစ်သည်။

Obadiah 12

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဩဗဒိကို ပေးသော ဧဒုံပြည်အတွက် သတင်းစကားဖြစ်သည်။

သူ၏အမှုကို သင်မကြည့်သင့်
"အဘယ်ကြောင့်ဆိုသော် ပျော်ရွှင်ခြင်းကို မပြုနှင့်" သို့မဟုတ် "နှစ်သက်သဘောကျခြင်းကို မပြုနှင့်"

သင်၏ညီသည်
ဤအရာများသည် ဣသရေလလူမျိုးများကို ရည်ညွှန်းသော လမ်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယာကုပ်နှင့် ဧသောသည် ညီအစ်ကိုဖြစ်သောကြောင့်ဖြစ်သည်။

နေ့၌
အခြားသောဘာသာပြန်ဆိုချက်၊ "ပြစ်ဒဏ်စီရင်သောနေ့" သို့မဟုတ် "ပြစ်ဒဏ်စီရင်သောအချိန်"

ဒုက္ခခံရသောနေ့၌
"ဘေးအန္တရာယ်ကျရောက်ခြင်း" သို့မဟုတ် "ဒုက္ခရောက်ခြင်း" ကိုဆိုလိုသည်။

ပျက်စီးသောနေ့၌
"သူတို့၏ ရန်သူများသည် သူတို့ကို ဖျက်ဆီးသောနေ့ "

ဒုက္ခခံရသောနေ့၌
"အဘယ်ကြောင့်ဆိုသော် သူတို့ ဒုက္ခဆင်းရဲခံစားရသောအချိန်"

ဘေးဥပဒ် ---- ဘေးဥပဒ် ---- ဘေးဥပဒ်
ဤစကားလုံးများသည် တူညီသောစကားလုံးကို မတူညီကွဲပြားစွာ အဓိပ္ပါယ်ပြန်ဆိုထားခြင်းဖြစ်သည်။ ဘာသာပြန်သောသူများသည် စကားလုံးသုံးလုံးကို တစ်လုံးတည်းသာသုံးသင့်သည်။

သူတို့၏ ဆင်းရဲဒုက္ခကို
"အဘယ်ကြောင့်ဆိုသော် ဆိုးသောအရာများသည် သူတို့ထံသို့ ဖြစ်ပေါ်လာမည်"

သူတို့ဥစ္စာကို မလုမယူသင့်
"သူတို့၏ ဥစ္စာပစ္စည်းကို မယူနှင့်" "သို့မဟုတ်" "သူတို့၏ ကြွယ်ဝချမ်းသာခြင်းကို မခိုးယူနှင့်"

ဖြတ်လမ်း၌
လမ်းနှစ်လမ်း အတူတကွ ဆုံသော နေရာကို ဆိုလိုသည်။

လွတ်သောသူတို့ကို ဆီးတားခြင်းငှါ
"လွတ်မြောက်ရန် ကြိုးစားကြသော ဣသရေလလူမျိုးများကို သတ်ရန်" သို့မဟုတ် "လွတ်မြောက်ရန် ကြိုးစားခဲ့ကြသော သူများကို ဖမ်းဆီးကြရန်" (UDB)


generated on Sun Jun 30 02:37:40 2024

ကျန်ကြွင်းသော သူတို့ကို မအပ်သင့်
"အသက်ရှင်ကျန်သော သူများကို ဖမ်းဆီးခြင်းမပြုနှင့်၊ သူတို့၏ ရန်သူများ လက်သို့ မအပ်နှင့်"

Obadiah 15

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် သြဗဒိကို ပေးသော ဗေဒုပြည်အတွက် သတင်းစကားဖြစ်သည်။

အကြောင်းမူကား၊ ထာဝရဘုရား၏နေ့ရက် သည် ခပ်သိမ်းသောလူမျိုးတို့နှင့် နီးပြီ
"ထာဝရဘုရားက သူသည်ဘုရားဖြစ်ကြောင်း လူအမျိုးမျိုးတို့ကို ပြသောအချိန်တွင် နောက်ဆုံးသောအချိန်ရောက်လာလိမ့်မည်။"

သင်ပြုသည့်အ တိုင်း သင်၌ သူတပါးပြုကြလိမ့်မည်
"သင်သည် သူတစ်ပါးကို ပြုသည့်နည်းတူ ငါသည်သင့်ကိုပြုလိမ့်မည်။"

သင်ပြုသောအမှုသည် သင့်ခေါင်းပေါ်သို့ ရောက်ရလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ပြုခဲ့သည်အတိုင်း အကျိုးဆက်ကို သင်ခံစားရလိမ့်မည်။"

ယုဒအမျိုးသားတို့သည်
ယုဒအမျိုးသားတို့ သို့မဟုတ် "သင်တို့" ဟူသော စကားလုံးသည် ဗေဒုပြည်ရှိ လူများကို ပြောခြင်းဖြစ်သည်။

စားသောက်သကဲ့သို့
ပရောဖက်၏ ဖော်ပြချက်မှာ စားသောက်ခြင်းအားဖြင့် ထာဝရဘုရား၏ အပြစ်စီရင်ခြင်းကို ခံရသောသူများကို ဘုရားသခင် အပြစ်ပေးလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ကို အပြစ်ပေးခဲ့သကဲ့သို့"

သန့်ရှင်းသော ငါ့တောင် ပေါ်မှာ
ဤအရာသည် ယေရုရှလင်မြို့ကို ရည်ညွှန်းသော လမ်းတစ်လမ်းဖြစ်သည်။

ပတ်လည်၌နေသော လူမျိုး အပေါင်းတို့သည် စားသောက်ရကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် စားသောက်ခြင်းမှ မရပ်တန့်သော လူမျိုးများကို အပြစ်ပေးလိမ့်မည်။"
ထာဝရဘုရားသည် ယေရုရှလင်မြို့ကို အပြစ်ပေးလိမ့်မည်။ သို့ပေမယ့် သူသည် လူများအားလုံးကို မဖျက်စီးခင် ရပ်တန့်လိမ့်မည်။ သို့သော်လည်း ဘုရားသခင်သည် သူတို့ မရှိတော့သည့်တိုင်အောင် ထိုလူမျိုးအားလုံးတို့ကို အပြစ်ပေးလိမ့်မည်။

Obadiah 17

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် သြဗဒိကို ပေးသော ဗေဒုပြည်အတွက် သတင်းစကားဖြစ်သည်။

ဘေးလွတ်သော
"ထာဝရဘုရား၏ အပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်သည်။"
ဤလူများသည် ထာဝရဘုရား အပြစ်ဒဏ် စီရင်ပြီးနောက် အသက်ရှင် ကျန်ရစ်သောသူများဖြစ်သည်။

အရပ်
"ထိုအရပ်" ဟူသောစကားလုံးသည် ဇိအုန်တောင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

ယာကုပ်အမျိုးသည်၊ ယောသပ်အမျိုးသည် မီးလျှံ
ထာဝရဘုရားသည် ယာကုပ်အမျိုးနှင့် ယောသပ်အမျိုးကို မီး နှင့် နှိုင်းယှဉ်ဖော်ပြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကောက်ရိုးကို လျင်မြန်စွာနှင့် အကုန်အစင် မီးလောင်ကျွမ်း သကဲ့သို့ ဧသောကို ဖျက်ဆီးလိုက်ခြင်းကြောင့်ဖြစ်သည်။

အမှိုက်ဖြစ်လျက်
"ကောက်ရိုး" သို့မဟုတ် "အမှိုက်သရိုက်"
ကောက်ရိတ်သိမ်းပြီးနောက် ကျန်ရစ်ခဲ့သည့် ခြောက်သွေ့သော အပင်၏ အပိုင်းအစ သို့မဟုတ် အမှိုက်များကို ဆိုလိုသည်။

and they
N/A

အမှိုက်ဖြစ်လျက် မီးညှို၍ လောင်သဖြင့်
"အမှိုက်" "ထိုသူတို့" ဟူသော စကားလုံးသည် ဧသောအမျိုးအနွယ်မှ ဆင်းသက်သော ဗေဒုပြည်တွင် နေထိုင်သော လူမျိုးများကို ရည်ညွှန်းခြင်းဖြစ်သည်။

ဧသောအမျိုးသား မကျန်ကြွင်းရ
"ဧသောအမျိုးသားတစ်ဦးမျှ အသက်ရှင်ကျန်ရစ်သောသူမရှိ"

Obadiah 19

ဗယ်္ဘာ မိန်အမျိုးသည်
" ဗယ်္ဘာ မိန်လူမျိုးနွယ်စု" သို့မဟုတ် " ဗယ်္ဘာမိန်၏ လူများ"

Obadiah 20

သိမ်းသွားခြင်းကို ခံရ၍၊ ခါနနိလူတို့တွင်ရှိသော ဣသရေလအမျိုးအလုံးအရင်းသည်
"သိမ်းသွားခြင်းကို ခံရ၍ ပြည်နှင်ဒဏ်ပေးခြင်းခံရသော ဣသရေလ လူမျိုးစုများ"

ဣသရေလအမျိုးအလုံးအရင်း
အလွန်ကြီးမားသော လူစုလူဝေးကြီး တစ်စုကိုဆိုလိုသည်။

ဇရတ္တမြို့
ဤနေရာသည် မြေထဲပင်လယ် ကမ်းရိုးတန်းပေါ်ရှိ တုရုနှင့် သောဒုံမြို့ကြားရှိ ကန္တာရရှိ မြို့တစ်မြို့၏ အမည်ဖြစ်သည်။

သေဖရဒ်ပြည်
ထိုပြည်သည် နေရာဒေသတစ်ခု၏ အမည်ဖြစ်ပြီး ထိုဒေသ၏ တည်နေရာကို မသိရပါ။

ကယ်တင်သောသူတို့သည်
ဤအရာသည် အမျိုးမျိုးသော ဣသရေလ စစ်တပ်မှခေါင်းဆောင်များကို ရည်ညွှန်းပြီး ဘုရားသခင်သည် ထိုသူတို့အား ဧဒုံလူမျိုးများကို အောင်နိုင်ရန် အသုံးပြုသည်။

---

## Translation Questions

### Obadiah 1:1

အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ထာဝရဘုရားသည် တပါးအမျိုးများကြားတွင် သံတမန်ကို စေလွှတ်ခဲ့သနည်း။
ထာဝရဘုရားသည် တပါးအမျိုးတွေကြားမှာ သံတမန်ကို စေလွှတ်ရခြင်းမှာ ထ၍ ဧဒုံပြည်ကို တိုက်ခြင်းငှါ စစ်ချီစေဖို့ရန် ဖြစ်သည်။

### Obadiah 1:3

ဧဒုံပြည်သားတို့၏ အပြစ်များမှ တစ်ခုသည် အဘယ်နည်း။
ဧဒုံပြည်သားတို့သည် စိတ်နှလုံးတွင် မာနထောင်လွှားခြင်းရှိ၍ မည်သူမျှ မိမိတို့ကို မနှိမ့်ချနိုင်ဟု ထင်မြင်ယုံကြည်ကြသည်။

### Obadiah 1:7

အဘယ်သူသည် ဧဒုံပြည်ကို လှည့်စား၍ ပျံနှံစေသနည်း။
ဧဒုံပြည်နှင့်မိတ်သဟာယဖွဲ့သောသူတို့သည် ဧဒုံပြည်ကို လှည့်စား၍ သစ္စာဖောက်ကြလိမ့်မည်။

### Obadiah 1:10

ဘာကြောင့် ဧဒုံဟာ ကိုယ်တိုင်အရှက်ကွဲ၍ အကုန်အစင် ပယ်ဖျက်ခြင်းကို ခံရလိမ့်မည်နည်း။
ဧဒုံသည် မိမိညီယာကုပ်အပေါ် အနိုင်အထက်ပြုခြင်းကြောင့် အရှက်ဖြင့်ပြည့်၍ ထာဝရပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

ဧဒုံသည် ညီယာကုပ်ထံမှ သီးခြားစွာရပ်တည်သောနေ့တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ထိုနေ့တွင် သူစိမ်းများသည် ယေရုရှလင်မြို့တံခါးသို့ ဝင်၍ သူ့စည်းစိမ်များကို ယူသွားကြခဲ့ကြသည်။

### Obadiah 1:12

ယုဒအမျိုးတို့ ပျက်စီးသောနေ့၌ မည့်အရာများကိုမလုပ်ရန် ထာဝရဘုရားသည် ဧဒုံအားပြောခဲ့သနည်း။
ယုဒအမျိုးတို့ ပျက်စီးသောနေ့တွင် မဝါကြွား၊ မဝမ်းမြောက်ဖို့ရန်နှင့် သူ့စည်းစမ်များကို မလုယူရန် ဧဒုံအား ထာဝရဘုရားပြောကြားခဲ့သည်။

### Obadiah 1:15

ဧဒုံ၏ ခေါင်းပေါ်သို့မည်သည့်အရာ ပြန်ရောက်လာမည်ဟု ထာဝရဘုရား ပြောခဲ့သနည်း။
သူပြုသောအမှုသည် သူ့ခေါင်းပေါ်သို့ ပြန်ရောက်လာလိမ့်မည်ဟု ဧဒုံအား ထာဝရဘုရားပြောခဲ့သည်။

### Obadiah 1:17

ယုဒအမျိုး ပူပင်သောကရောက်စေကာမူ ဇိအုန်တောင်ပေါ်မှာရှိသော သူအချို့တို့သည် မည်သည့်အရာများကို လုပ်ဆောင်နိုင်ကြလိမ့်မည်နည်း။
ယုဒအမျိုး ပူပင်သောက ရောက်သော်လည်း ဇိအုန်တောင်ပေါ်ရှိလူအချို့တို့သည် ဘေးလွတ်ကြလိမ့်မည်။

ဧဒုံသားမည်မျှသည် ထာဝရဘုရား၏ တရားစီရင်မှုမှ လွတ်မြောက်ကြမည်နည်း။
ထာဝရဘုရားတရားစီရင်မှုပြီးနောက် ဧဒုံပြည်တွင် အသက်ရှင်ကျန်ရစ်မည့်သူ ရှိမည်မဟုတ်။

### Obadiah 1:19

ဧသော၏ တောင်ကို အဘယ်သူသည် သိမ်းယူလိမ့်မည်နည်း။
တောင်မျက်နှာသားတို့သည် ဧသော၏ တောင်ကို သိမ်းယူကြလိမ့်မည်။

### Obadiah 1:20

ဧသော၏ တောင်သည် မည်သည့်နေရာတွင် တရားစီရင်ခြင်း ခံရလိမ့်မည်နည်း။
ဧသော၏ တောင်သည် ဇိအုန်တောင်ပေါ်မှ တရားစီရင်ခြင်းခံရခြင်းမည်ဖြစ်သည်။

---


generated on Sun Jun 30 02:37:40 2024

# Jonah

## Chapter 1

1 အမိတ္တဲ၏သား ယောနသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ 2 သင်ထ၍ နိနေဝေမြို့ကြီးသို့ သွားပြီးလျှင်၊
ခြိမ်း ချောက်သောစကားနှင့် ကြွေးကြော်လော့။ ထိုမြို့ပြုသော ဒုစရိုက်အပြစ်သည် ငါ့ရှေ့သို့ တက်လာပြီဟု မိန့်တော်မူ ၏။ 3
သို့သော်လည်း၊ ယောနသည် ထာဝရဘုရားထံ တော်မှ တာရှုမြို့သို့ပြေးမည့် အကြံရှိသည်နှင့် ထလျက် ယုပ္ပေမြို့သို့သွား၍
ရောက်သဖြင့်၊ တာရှုမြို့သို့သွားသော သင်္ဘောကို တွေ့ကြုံ၍ သင်္ဘောခကို ပေးပြီးလျှင်၊ ထာဝရ ဘုရားထံတော်မှ
သင်္ဘောသားတို့နှင့်အတူ တာရှုမြို့သို့ လိုက်ခြင်းငှါ သင်္ဘောကို စီးလေ၏။ 4 ထာဝရဘုရားသည်လည်း ပြင်းစွာသောလေကို
ပင်လယ်ပေါ်သို့ စေလွှတ်တော်မူသဖြင့်၊ ပင်လယ်၌ ကြီး စွာသော မိုဃ်းသက်မုန်တိုင်းဖြစ်၍၊ သင်္ဘောသည် ပျက်
လုသောလက္ခဏာရှိ၏။ 5 ထိုအခါ သင်္ဘောသားတို့သည် ကြောက်ရွံ့၍ အသီးအသီး မိမိတို့ဘုရားကို အော်ဟစ်ကြ၏။ သင်္ဘော
ပေါ့စေခြင်းငှါ ဝန်များကိုလည်း ပင်လယ်ထဲသို့ ပစ်ချကြ ၏။ ယောနမူကား၊ သင်္ဘောဝမ်းထဲသို့ ဆင်း၍ အိပ်ပျော် လျက်နေ၏။ 6
သင်္ဘောသူကြီးသည် လာ၍၊ အိုအိပ်ပျော်သော သူ၊ အဘယ်သို့နည်း။ ထလော့။ သင်၏ဘုရားကို ဆုတောင်း လော့။
ငါတို့အသက်လွတ်စေခြင်းငှါ ထိုဘုရားသည် ငါတို့ ကို အောက်မေ့ကောင်း အောက်မေ့လိမ့်မည်ဟု ဆို၏။ 7 နောက်တဖန် သူတို့က၊
လာကြ။ အဘယ်သူ၏ အပြစ်ကြောင့် ဤအမှုရောက်သည်ကို ငါတို့သိရမည်အ ကြောင်း စာရေးတံချကြကုန်အံ့ဟု တိုင်ပင်၍၊
စာရေးတံ ချလျှင် ယောန၌ စာရေးတံကျ၏။ 8 တဖန် သူတို့က၊ အဘယ်အပြစ်ကြောင့် ဤအမှု ရောက်သည်ကို ပြောပါလော့။
သင်ဆောင်ရွက်သောအမှု ကား၊ အဘယ်အမှုနည်း။ သင်သည် အဘယ်အရပ်က လာသနည်း။ အဘယ်ပြည်၊
အဘယ်အမျိုးသားဖြစ်သနည်း ဟု မေးမြန်းကြသော်၊ 9 ငါသည် ဟေဗြဲအမျိုးသားဖြစ်၏။ ရေမြေကို ဖန်ဆင်းတော်မူသော
ကောင်းကင်ဘုံ၏အရှင်ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်သောသူဖြစ်၏ဟု ဆိုလျှင်၊ 10 ထိုသူတို့သည် အလွန်ကြောက်ရွံ့၍၊
သင်သည် အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးကြ၏။ ယောန သည် ထာဝရဘုရားထံတော်မှ မိမိပြေးကြောင်းကို ဘော်
ပြသောကြောင့် သူတို့သိကြ၏။ 11 ထိုအခါ ပင်လယ်၌ လှိုင်းတံပိုးသည် တိုး၍ထ သောကြောင့် သူတို့က၊ ငါတို့၌
လှိုင်းတံပိုးငြိမ်းစေခြင်းငှါ သင့်ကို အဘယ်သို့ပြုရပါမည်နည်းဟု မေးကြသော်၊ 12 ငါ့ကိုချီ၍ ပင်လယ်ထဲသို့ ချပစ်ကြလော့။ သို့ပြု
လျှင်၊ လှိုင်းတံပိုးသည် သင်တို့၌ ငြိမ်းလိမ့်မည်။ ဤပြင်းစွာ သော မိုဃ်းသက်မုန်တိုင်းသည် ငါ့ကြောင့်သာ သင်တို့ အပေါ်သို့
ရောက်သည်ကို ငါသိ၏ဟု ပြန်ပြောသော် လည်း၊ 13 သင်္ဘောသားတို့သည် ကမ်းသို့ရောက်အံ့သောငှါ ပင်ပန်းစွာ တက်ခတ်ကြ၏။
သို့ရာတွင်၊ သူတို့တဘက်၌ လှိုင်းတံပိုးတိုး၍ ထသောကြောင့်၊ သူတို့သည် မတတ်နိုင် သောအခါ၊ 14 အို ထာဝရဘုရား၊
အကျွန်ုပ်တို့သည် တောင်း ပန်ပါ၏။ ဤသူ၏အသက်ကြောင့် အကျွန်ုပ်တို့သည် အကျိုးနည်းမဖြစ်ပါစေနှင့်။
အပြစ်မရှိသောသူ၏အသက် သတ်သောအပြစ်ကို အကျွန်ုပ်တို့၌ တင်တော်မမူပါနှင့်။ အိုထာဝရဘုရား၊ ကိုယ်တော်သည်
အလိုရှိတော်မူသည် အတိုင်း ပြုတော်မူ၏ဟု ထာဝရဘုရားအား ကြွေးကြော် တောင်းပန်ပြီးမှ၊ 15 ယောနကိုချီ၍ ပင်လယ်ထဲသို့
ချပစ်ကြ၏။ ထို အခါ ပင်လယ်လှိုင်းတံပိုးသည် ငြိမ်းလေ၏။ 16 သင်္ဘောသားတို့သည်လည်း ထာဝရဘုရားကို
အလွန်ကြောက်ရွံ့သဖြင့် ယဇ်ပူဇော်၍ သစ္စာဂတိထားကြ ၏။ 17 ယောနကို မျိုစေခြင်းငှါ ငါးကြီးကို ထာဝရဘုရား
ခန့်ထားတော်မူသည်နှင့်အညီ၊ ယောနသည် ငါး၏ဝမ်းထဲ မှာ သုံးရက်ပတ်လုံးနေရ၏။

---

Jonah 01

ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား

ဤစကားစု၏ အသုံးအနှုန်း အနက်အဓိပ္ပါယ်မှာ ထာဝရဘုရားဖွင့်ပြခဲ့သော စကားကို ဆိုလိုခြင်းဖြစ်သည်။" ထာဝ ရဘုရား ဖွင့်ပြခဲ့သော နှုတ်ထွက်စကား"

ထာဝရဘုရား၏ နှုတ်ကပတ်တော်

ဤ စကားလုံးသည် ထာဝရဘုရား၏ သတင်း စကားကို ဆိုလိုပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ သတင်းစကား"

ထာဝရဘုရား

ဓမ္မဟောင်းခေတ်တွင် ဘုရားက သူ့လူများကို ဖွင့်ပြရာတွင် သုံးနှုန်းသော ဘုရား၏ အမည်နာမတော်ဖြစ်သည်။ (ရှု၊ ထာဝရဘုရားအကြောင်းနှင့် ပတ်သက်၍ ဘာသာပြန်ဆိုသော စကားလုံး ဖော်ပြသော စာမျက်နှာ တွင် ရှု)

အမိတ္တဲ

ယောန ဖခင်၏ နာမည် ဖြစ်သည်။

သင်ထ၍ နိနေဝေမြို့ကြီးသို့ သွား

"အရေးပါမြို့ဖြစ်သော နိနေဝေမြို့ကြီးသို့ သွားရန်"


generated on Sun Jun 30 02:37:40 2024

ထ၍ နိနေဝေမြို့ကြီးသို့သွား
ဤအရာသည် အဝေး တနေရာသို့ ခရီးပြုရမည့် အရာကို ဖော်ပြရာတွင် သုံးနှုန်းလေ့ရှိသော စကားလုံးဖြစ်သည်။

ခြိမ်း ခြောက်သောစကားနှင့် ကြွေးကြော်လော့
"လူများကို သတိပေးသည်" (UDB)။ ထာဝရဘုရားကထိုမြို့၌ ရှိသော လူများကို ရည်ညွှန်းခြင်း ဖြစ်သည်။

ထိုမြို့ပြုသော ဒုစရိုက်အပြစ်သည် ငါ့ရှေ့သို့ တက်လာပြီ
"သူတို့ ဒုစရိုက်ပြုနေသော အပြစ်ကို သိနေသော ဘုရားဖြစ်သည်။"

ထာဝရဘုရားထံ တော်မှ တာရှုမြို့သို့ပြေး
"ထာဝရဘုရားထံတော်မှ အဝေးကို ထွက်ပြေး" ' ထ၍ ပြေး' ဆိုရာ၌ ယောနသည် သူရှိနေရာမှ ထွက်ခွါသွားခြင်းကို ရည်ညွှန်ခြင်းပင်ဖြစ်သည်။

ထာဝရဘုရားထံတော်
ယောနသည် ထာဝရဘုရားထံတော်မှ ထွက်ပြေးရန် ကြိုး စားခဲ့ပါသည်။

တာရှုမြို့သို့
"တာရှုမြို့သို့ သွားခဲ့ပြီး" တာရှုမြို့သည် နိနေဝေမြို့နှင့် ဆန်ကျင့်ဖက်အရပ်တွင် ရှိသော မြို့ဖြစ်သည်။ ဤအရာကို ရှင်းလင်းစွာ သိရှိနိုင်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက် " ဆန်ကျင့်ဖက် ရည်ညွှန်းရာ တာရှုမြို့သို့သွားရောက်ခြင်း"

ယုပ္ပေမြို့သို့သွား၍ ရောက်
" ယောနသည် ယုပ္ပေမြို့သို့ သွားရောက်ခဲ့သည်။"

သင်္ဘော
အလွန်ကြီးမားသော လှေမျိုးအစား ဖြစ်သည်။ ၎င်းသည် ပင်လယ်ရေပြင်တွင် ခရီးသည်များစွာနှင့် ကုန်ပစ္စည်းများစွာကို သယ်ယူ ခရီးပြုနိုင်သော ယာဥ် ဖြစ်သည်။

သင်္ဘောခကို ပေးပြီးလျှင်
"ယောနသည် ခရီးစဥ် သင်္ဘောစီးခကို ပေးသည်။"

သင်္ဘောကို တွေ့ကြုံ၍
"သင်္ဘောစီးရန် လမ်းကြုံ ရသည်"

သင်္ဘောသားတို့နှင့်အတူ
'သင်္ဘောသားတို့ ' စကားလုံးသည် သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါကြသော အခြားလူများကို ဆိုလိုပါသည်။

ထာဝရ ဘုရားထံတော်မှ သင်္ဘောသားတို့နှင့်အတူ
ယောနသည် တာရှုမြို့တွင် ထာဝရဘုရား ရှိမည်မဟုတ် ဟု ထင်မြင်ခဲ့ ရပါသည်။

## Jonah 04

ကြီး စွာသော မိုဃ်းသက်မုန်တိုင်းဖြစ်၍
၎င်းသည် သင်္ဘောပျက်နိုင်လောက်သော မုန်တိုင်းဖြစ် ကြောင်း ရှင်းလင်းစွာ သိနိုင်သော အနေအထား ဖြစ် သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ " တွေးမြင်စဥ်စားသော လူတစ်ဦး "

ပျက် လုသောလက္ခဏာ
ဖြစ်ပျက်လာမည့် အရာကို ဖော်ပြခြင်းဖြစ်သည်။ အခြား သော ဘာသာပြန်ဆိုချက်၊ " တစ်စစီ ကျိုးပဲ့ခြင်း"

သင်္ဘောသားတို့
သင်္ဘောပေါ် တွင် အလုပ်လုပ်ကြသော သင်္ဘောသားများ ကို ဆိုလိုပါသည်။

မိမိတို့ဘုရားကို
ထိုလူများက ရုပ်တုဆင်းတု လုပ်ပြီး မှားယွင်းစွာ ကိုးကွယ်သော ဘုရားများကို ဆိုလိုသည်။

ဝန်များကိုလည်း ပင်လယ်ထဲသို့ ပစ်ချ
လူတို့သည် သင်္ဘော အလေးချိန်ပေါ့စေရန်အတွက် လေးလံသော ကုန်ပစ္စည်းများကို ရေထဲပစ်ချ ခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်းမှာ သင်္ဘောရေထဲ မနစ်ရန်ဖြစ်သည်။

ပေါ့စေခြင်းငှါ
သင်္ဘော ရေပေါ် ကောင်းစွာ ဟန်ချက်ထိန်းနိုင်ရန် ပို၍ ပေါ့စေခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်္ဘော ကောင်းစွာ ပေါလောပေါ်နိုင်ရန် ကူညီခြင်း"

ယောနမူကား၊ သင်္ဘောဝမ်းထဲသို့ ဆင်း၍
ယောနသည် မုန်တိုင်း မဖြစ်မီအချိန်တွင်ပင် ထိုနေရာ ရောက်နေခဲ့ပြီး ဖြစ်သည်။

သင်္ဘောဝမ်းထဲသို့ ဆင်း၍
"သင်္ဘော အတွင်းပိုင်း၌"

အိပ်ပျော် လျက်နေ၏။
"ထိုနေရာတွင် လျင်မြန်စွာ လဲလျောင်း အိပ်ပျော်သည်" သို့မဟုတ် " ထိုနေရာတွင် လဲလျောင်းပြီး နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့" ဤအကြောင်းကို ကြည့်ခြင်းဖြင့် သူသည် မုန်တိုင်း တိုက်ခတ်မှန်း မသိနိုင်လောက်အောင် အိပ်ပျော်ခဲ့သည်။

## Jonah 06

သင်္ဘောသူကြီးသည် လာ၍၊ အိုအိပ်ပျော်သော သူ၊
" သင်္ဘောအကြီးအကဲက ယောနဆီသွား၍ မေးသည်။"

အဘယ်သို့နည်း။
အဘယ်ကြောင့် အိပ်ပျော်ရသနည်းဟု ယောနကို မေးမြန်းဆဲဆိုလိုက်ပါသည်။ အခြားသော ဘာသာပြန်ဆို ချက်၊ " အိပ်မနေနှင့်"


generated on Sun Jun 30 02:37:40 2024

ထလော့။
ဤအရာက တစ်စုံတစ်ခုကို ဆောင်ရွက်ဖို့ ဖော်ပြပါသည်။ သင်္ဘောကပ္ပတိန်က ဘေးကင်းဖို့ရန် သူ့ဘုရားဆီ ဆု တောင်းရန် အိပ်ပျော်ရာမှ နိုးလိုက်ခြင်းဖြစ်သည်။

သင်၏ဘုရားကို ဆုတောင်း လော့။
"သင်၏ ဘုရားကို ဆုတောင်းလော့" "ဆုတောင်း" ဆိုသည်မှာ တစ်စုံတစ်ယောက်အပေါ် အာရုံပြုရန် ရည်ညွှန်းလိုခြင်းဖြစ်သည်။

ငါတို့အသက်လွတ်စေခြင်းငှါ ထိုဘုရားသည် ငါတို့ ကို အောက်မေ့ကောင်း အောက်မေ့လိမ့်မည်
ဤအရာမှာ ယောန ဘုရားက သူတို့ကို အကြွင်းမဲ့ ကယ်တင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ပင်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ " သင်၏ ဘုရားက ကျွန်ုပ်တို့ကို သိရှိပြီး သေဘေးမှ ကယ်တင် နိုင်လိမ့်မည်"

နောက်တဖန် သူတို့က၊
"ထိုသင်္ဘောသားတို့သည် အချင်းချင်းပြောဆိုကြရာ"

လာကြ။ အဘယ်သူ၏ အပြစ်ကြောင့် ဤအမှုရောက်သည်ကို ငါတို့သိရမည်အကြောင်း စာရေးတံချကြကုန်အံ့ဟု တိုင်ပင်၍
"ကျွန်ုပ်တို့သည် မည်သူကြောင့် ဤအမှုရောက်သည်ကို သိနိုင်ရန်အတွက် စာရေးတံချရမည်။" ထိုလူများသည် ဘုရားက စာရေးတံကျသော သူဆီ၌ သူတို့သိစေလိုသော အရာများကို ဖော်ပြမည်ဟု ယုံကြပါသည်။ ဤအရာသည် ဘုရားနှင့်ဆိုင်သော အရာများအတွက် လုပ်လေ့ရှိသော ဓလေ့ဖြစ်ပါသည်။

ဤအမှု
ဤအမှုဆိုသည်မှာ ဆိုးရွားမုန်တိုင်း ကြုံတွေ့ခြင်းကို ဆိုလိုပါသည်။

ယောန၌ စာရေးတံကျ၏။
" စာရေးတံက ယောနသည် အပြစ်ရှိသော သူဖြစ်ကြောင်း ဖော်ပြသည်။

Jonah 08

တဖန် သူတို့က၊ အဘယ်အပြစ်ကြောင့် ဤအမှု ရောက်သည်ကို ပြောပါလော့။
"သင်္ဘောတွင် အလုပ်လုပ်သော ထိုလူတို့က ယောနကို မေးမြန်းသည်"

အဘယ်အပြစ်ကြောင့် ဤအမှုရောက်သည်ကို ပြောပါလော့။ သင်ဆောင်ရွက်သောအမှုကား၊ အဘယ်အမှုနည်း။
"ဘယ်သူကြောင့် ဤမကောင်းသောအရာများ ကျွန်ုပ်တို့အပေါ် ဖြစ်ပျက်နေသနည်း။"

ထာဝရဘုရားကို ကိုးကွယ်သောသူဖြစ်၏
'ကိုးကွယ် 'စကားလုံးမှာ ယောနသည် ဘုရားကို နက်ရှိုင်း စွာ ရိုသေကိုးကွယ်ခြင်းကို ဆိုလိုပါသည်။

သင်သည် အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးကြ၏
သင်္ဘောသားတို့က ယောနနှင့်အတူရှိခြင်းသည် မည်မျှဆိုးဝါးကြောင်း သိရန် မေးမြန်းခြင်း ပါရမီများကို အသုံးပြုလျက် မေးမြန်းကြသည်။ အခြားသော ဘာသာ ပြန်ဆိုချက်၊ "သင်သည် ဆိုးရွားသော အရာကို လုပ်မိပြီ"

ထာဝရဘုရားထံတော်မှ မိမိပြေးကြောင်း
"ယောနသည် ထာဝရဘုရားထံမှ ထွက်ပြေးသည်" ယောနက ထာဝရဘုရားသည် ဣသရေလနိုင်ငံ၌သာ တည်ရှိမည်ဟု ထင်မှတ်ကာ ထာဝရဘုရားထံမှ ထွက်ပြေးရန် ကြိုးစားနေခြင်း ဖြစ်သည်။

ဘော် ပြသောကြောင့် သူတို့
ထိုသူတို့အား ပြောအရာမှာ ရှင်းလင်းပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘော်ပြသောကြောင့် သူတို့ ထာဝရဘုရားထံမှ ထွက်ပြေးရန် ကျွန်တော် ကြိုးစားနေ သည်"

Jonah 11

သူတို့က၊ ငါတို့၌
"သင်္ဘောပေါ်ရှိလူတို့က ယောနကို မေးသည်" သို့မဟုတ် "သင်္ဘောသားတို့က ယောနကို မေးသည်"

လှိုင်းတံပိုး ငြိမ်းစေခြင်းငှါ သင့်ကို အဘယ်သို့ပြုရပါမည်နည်း
" ပင်လယ်လှိုင်းတံပိုး ငြိမ်းစေနိုင်ဖို့ရန် သင့်ကို မည်သို့ပြုမည်နည်း" (UDB)

ပင်လယ်၌ လှိုင်းတံပိုးသည် တိုး၍ထ သောကြောင့်
လူတို့က ယောနကို မည်သည့်အရာ ပြုလုပ်သင့်ကြောင်း မေးမြန်းခြင်း ပင်ဖြစ်သည်။ ဤအကြောင်းကို အပိုဒ် ၁၁ UDB ကျမ်းတွင် တွေ့နိုင်ပါသည်။

ငါ့ကိုချီ၍ ပင်လယ်ထဲသို့ ချပစ်ကြလော့။ သို့ပြု လျှင်၊ လှိုင်းတံပိုးသည် သင်တို့၌ ငြိမ်းလိမ့်မည်။ ဤပြင်းစွာ သော မိုဃ်းသက်မုန်တိုင်းသည် ငါ့ကြောင့်သာ သင်တို့ အပေါ်သို့ ရောက်သည်
ယောနက ဤကြီးမားသော မုန်တိုင်းသည် မိမိအပြစ် ကြောင့်ဖြစ်သည်ကို သိသောကြောင့်ဖြစ်သည်။

ပြန်ပြောသော် လည်း၊ သင်္ဘောသားတို့သည် ကမ်းသို့ရောက်အံ့သောငှါ ပင်ပန်းစွာ တက်ခတ်
သင်္ဘောသားတို့သည် ယောနကို ပင်လယ်ထဲ ပစ်မချပဲ ကမ်းကို ရောက်နိုင်ရန်အတွက်သာ ကြိုးစား၍ ပင်ပန်းစွာ လှော်ခတ်ကြသည်။

လှိုင်းတံပိုးတိုး၍ ထ
" ထိုမုန်တိုင်းသည် ပို၍ ဆိုးလာပြီး လှိုင်းတံပိုးသည် ပို၍ ကြီးမားလာသည်"

Jonah 14

Therefore
N/A

 generated on Sun Jun 30 02:37:40 2024

ထာဝရဘုရားအား ကြွေးကြော် တောင်းပန်ပြီး
"ထိုသူတို့သည် ထာဝရဘုရားထံ ဆုတောင်းကြသည်"

အပြစ်မရှိသောသူ၏အသက် သတ်သောအပြစ်ကို အကျွန်ုပ်တို့၌ တင်တော်မမူပါနှင့်
စစ်တပ်ခေါင်းဆောင်များ သို့မဟုတ် အခြားသောအစိုးရအာဏာပိုင်များအတွက် သုံးသော စကားလုံးဖြစ်သည်။

Nahum 18

သိုးထိန်းတို့
အာဆီးရီးယား လူများ၏ အုပ်ချုပ်သူများ

သင်ပြုသော အဓမ္မအမှုကို လွတ်သော သူကား အဘယ်သူနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်အစဉ်အဆက်ပြုသော အဓမ္မအမှုတို့သည် လူများနှင့် တိုင်းနိုင်ငံများစွာကို နာကျင်ထိခိုက်စေပါသည်"

---

## Translation Questions

Nahum 3:1

မြို့သည် အဘယ်ဖြင့် ပြည့်နှက်နေသလဲ?
မြို့သည် လုည့်စားခြင်း၊ အနိုင်အထက်ပြုခြင်း၊ အသက်ကိုသတ်ခြင်းနှင့် ပြည့်နေသည်။

Nahum 3:3

မြင်းစီးသူရဲတို့၏ တိုက်ခိုက်မှုကြောင့် လူဘယ်နှစ်ယောက် သေရမည်နည်း?
အလောင်းတို့ကို ရေတွက်၍ မကုန်နိုင်အောင် စုပုံကြမည်။

ဘာဖြစ်လို့ ဒီအရာတွေ ဖြစ်ပျက်နေတာလဲ?
လှပသော ပြည့်တန်ဆာ မိန်းမ၏ မတရားသော မေထုန်အမှုများကြောင့် ဒီအရာများဖြစ်ပျက်ကြသည်။

Nahum 3:5

ထာဝရဘုရားက သူ့ကို ဆန့်ကျင်သော ပြည်တန်ဆာမ၏ တစ်ဖက်၌ နေ၍ ဘယ်သို့ ပြုလုပ်လိမ့်မည်နည်း?
ထာဝရဘုရားသည် သူမ၏အဝတ်ကို သူမ၏မျက်နှာပေါ်မှာ လှန်၍ တိုင်းပြည်အားလုံး၏ ရှေ့မှာ အချည်းစည်းရှိခြင်းဖြင့် အရှက်ကွဲခြင်းကို ပြုလုပ်မည်။ သူမအပေါ် မစင်ကိုပစ်၍ ညစ်ညူးစေပြီး သူတပါးတို့ ကြည့်စရာအဖြစ်ထားမည်။

Nahum 3:8

ပင်လယ်သည် အဘယ်မြို့၏ အုတ်ရိုး ဖြစ်ခဲ့သလဲ?
ပင်လယ်သည် နောမုန်မြို့၏ အုတ်ရိုး ဖြစ်ခဲ့သည်။

Nahum 3:10

ဘယ်သူက ဂုဏ်သရေရှိသော နောမုန်မြို့သားတွေကို စာရေးတံသလဲ?
ရန်သူတွေက ဂုဏ်သရေရှိသော နောမုန်မြို့သားတို့ကို စာရေးတံချသည်။

Nahum 3:12

နိနေဝေမြို့ တိုက်ရှိသမျှ တုန်လှုပ်လျှင် ဘာဖြစ်မလဲ?
နိနေဝေမြို့၏ တိုက်ရှိသမျှ တုန်လှုပ်လျှင် စားသောသူ၏ ပါးစပ်ထဲသို့ ကျလိမ့်မည်။

Nahum 3:16

မင်းသား ဘယ်နှယောက်ရှိသလဲ?
မင်းသားတို့သည် ကျိုင်းကောင်များကဲ့သို့ များပြားကြသည်။

Nahum 3:18

သင်၏ သတင်းကို ကြားသမျှသောသူတို့သည် ဘယ်လိုလုပ်ကြမလဲ?

သင်၏ သတင်းကို ကြားသမျှသောသူတို့သည် သင့်အပေါ်မှာ
ပျော်ရွှင်စွာ လက်ခုပ်တီးကြလိမ့်မည်။

---

# Habakkuk

## Chapter 1

1 ပရောဖက်ဟဗက္ကုတ်ခံရသော ဗျာဒိတ်တော် အချက်ဟူမူကား၊ 2 အို ထာဝရဘုရား၊ ကိုယ်တော်သည် ကြားတော် မမူဘဲ၊
အဘယ်မျှကာလပတ်လုံး အကျွန်ုပ်အော်ဟစ်ရပါ မည်နည်း။ ကယ်တင်တော်မမူဘဲ အကျွန်ုပ်သည် အဓမ္မ အမှုကို ခံ၍၊ ရှေ့တော်၌
အဘယ်မျှကာလပတ်လုံး အော် ဟစ်ရပါမည်နည်း။ 3 မတရားသောအမှုကို အကျွန်ုပ်အား အဘယ် ကြောင့်ပြတော်မူသနည်း။
အဓမ္မအမှုကို အဘယ်ကြောင့် မြင်စေတော်မူသနည်း။ လုယူခြင်း၊ အနိုင်အထက်ပြုခြင်း အမှုသည် အကျွန်ုပ်ရှေ့မှာ အဘယ်ကြောင့်
ရှိရပါသ နည်း။ ငြင်းခုံခြင်း၊ ရန်တွေ့ခြင်းကိုလည်း အဘယ်ကြောင့် လူချင်းပြုရပါသနည်း။ 4 သို့ဖြစ်၍ တရားလျော့ပါ၏။
တရားသဖြင့် စီရင် ဆုံးဖြတ်ခြင်းမရှိပါ။ မတရားသော သူတို့သည် ဖြောင့် မတ်သောသူတို့ကို ဝိုင်းသောကြောင့်၊ မတရားသဖြင့် စီရင်
ဆုံးဖြတ်ကြပါ၏။ 5 သစ္စာပျက်သောသူတို့၊ ကြည့်ရှုဆင်ခြင်၍ အလွန်မှိုင်တွေကြလော့။ အကြောင်းမူကား၊ သင်တို့အား သူတပါး
ပြည့်သွန်သော်လည်း သင်တို့ မယုံသော အမှုကို သင်တို့လက်ထက်ကာလ၌ ငါပြု၏။ 6 ပြင်းထန်လျင်မြန်သော ခါလဒဲအမျိုးကို ငါနှိုး
ဆော်၏။ ကိုယ်မပိုင်သော နေရာအရပ်တို့ကို သိမ်းယူ ခြင်းငှါ မြေတပြင်လုံး၌ ချီသွားကြလိမ့်မည်။ 7 အလွန်ကြောက်မက်ဘွယ်သော
သူဖြစ်၍ ကိုယ် အလိုအလျောက်တရားစီရင်ဆုံးဖြတ်ကြ၏။ 8 သူတို့၏ မြင်းသည် ကျားသစ်ထက် လျင်မြန်၏။ ညဥ့်၌ လည်သော
တောခွေးထက် ကြမ်းတမ်း၏။ မြင်းစီး သူရဲတို့သည် အဝေးကလာ၍ ခုန်ကြလိမ့်မည်။ အကောင် ကို ကိုက်စားခြင်းငှါ လျင်မြန်သော
ရွှေလင်းတကဲ့သို့ ပျံ လာကြလိမ့်မည်။ 9 ထိုသူအပေါင်းတို့သည် ညှဥ်းဆဲခြင်းငှါ လာကြ ၏။ ရှေ့သို့သာ မျက်နှာပြုသော
အလုံးအရင်းဖြစ်၍၊ ဘမ်း မိသောသူတို့ကို သဲလုံးနှင့်အမျှ စုဝေးစေကြလိမ့်မည်။ 10 ရှင်ဘုရင်တို့ကို အားမနာ၊ မင်းများတို့ကို ပြက်
ယယ်ပြုကြလိမ့်မည်။ ရဲတိုက်ရှိသမျှတို့ကို ကဲ့ရဲ့လျက်၊ မြေ မှုန့်ကို ပုံထား၍ တိုက်ယူကြလိမ့်မည်။ 11 ထိုနောက် သူတို့သည်
သဘောပြောင်းလဲလျက် လွန်ကျူး၍ အပြစ်ခံရကြလိမ့်မည်။ မိမိတို့ တန်ခိုးသည် မိမိတို့ ဘုရားဖြစ်လေသည်တကား။ 12 အို
ထာဝရဘုရား၊ အကျွန်ုပ်၏ဘုရားသခင်၊ သန့်ရှင်းတော်မူသောဘုရား၊ ကိုယ်တော်သည် နိစ္စထာဝရ တည်တော်မူသည်မဟုတ်လော။
သို့ဟုတ်လျှင်၊ အကျွန်ုပ် တို့သည် သေခြင်းနှင့် ကင်းလွတ်ကြပါမည်။ အိုထာဝရ ဘုရား၊ အကျွန်ုပ်တို့ကို စစ်ကြောခြင်းငှါ သူတို့ကို
ခန့်ထား တော်မူပြီ။ အိုကျောက်ထရံ၊ ဆုံးမစေခြင်းငှါ သူတို့ကို နေရာချတော်မူပြီ။ 13 ကိုယ်တော်သည် ဒုစရိုက်ကို ကြည့်ရှုတော်မမူ။
သန့်ရှင်းသော မျက်စိရှိတော်မူ၏။ အဓမ္မအမှုကို ကြည့်ရှု ၍ နေတော်မမူတတ်ပါ။ သို့ဖြစ်၍၊ သစ္စာပျက်သော သူတို့ ကို အဘယ်ကြောင့်
ကြည့်ရှု၍ နေတော်မူသနည်း။ အဓမ္မ လူသည် မိမိထက်ဖြောင့်မတ်သောသူကို ကိုက်စားသော အခါ၊ အဘယ်ကြောင့် တိတ်ဆိတ်စွာ
နေတော်မူသနည်း။ 14 လူသတ္တဝါတို့ကိုလည်း ပင်လယ်ငါးကဲ့သို့၎င်း၊ မင်းမရှိသော ပိုးကောင်ကဲ့သို့၎င်း အဘယ်ကြောင့် ဖြစ်
စေတော်မူသနည်း။ 15 ရန်သူသည် ထိုသူအပေါင်းတို့ကို ငါးမျှားနှင့် မျှား လျက်၊ ကွန်နှင့်အုပ်လျက်၊ ပိုက်နှင့်လှောင်လျက် ဝမ်း
မြောက်ရွှင်လန်းတတ်၏။ 16 မိမိကွန်အား ယဇ်ပူဇော်၍၊ မိမိပိုက်အား နံ့သာ ပေါင်းကို မီးရှို့တတ်၏။ အကြောင်းမူကား၊ ထိုတန်ဆာ
အားဖြင့် ဥစ္စာရတတ်၍ ဝစွာစားရ၏။ 17 သို့ဖြစ်၍၊ သူသည် ပိုက်ကွန်ထဲက ငါးတို့ကို သွန်း လောင်းရပါမည်လော။ လူအမျိုးမျိုးတို့ကို
မနှမြောဘဲ အစဉ်လုပ်ကြံရပါမည်လော။

---

Habakkuk 01

ပရောဖက်ဟဗက္ကုတ် ခံရသော ဗျာဒိတ်တော်အချက်ဟူမူကား
ဤစာကြောင်းသည် အခန်းကြီး ၁ နှင့် ၂
အဖွင့်နှုတ်ခွန်းဆက်စကားဖြစ်သည်။ "ပရောဖက်ဟဗက္ကုတ်
လက်ခံရရှိသော ဘုရားသခင်၏ ဗျာဒိတ်တော်ဟူသည်မှာ"

ယာဝေ (ထာဝရဘုရား)
ဓမ္မဟောင်းခေတ်တွင် သူ၏ လူမျိုးတော်အား ထာဝရဘုရားသခင်
ဖွင့်ပြသော အမည်နာမဖြစ်သည်။

အို ထာဝရဘုရား၊ ကိုယ်တော်သည် ကြားတော် မမူဘဲ၊ အဘယ်မျှ
ကာလပတ်လုံး အကျွန်ုပ်အော်ဟစ်ရပါ မည်နည်း။
အခြားသောဘာသာပြန်ဆိုချက်။ "ကာလကြာမြင့်စွာ
အကူအညီတွက် ငိုကြွေးတောင်းဆိုနေသော်လည်း၊
ကိုယ်တော်သည် မကြားမိသကဲ့သို့ နေလေပြီ"

Habakkuk 03

ယေဘုယျအချက်အလက်
ဟဗက္ကုတ်သည် ဆက်လက် ဆုတောင်းနေသည်။

ငြင်းခုံခြင်း၊ ရန်တွေ့ခြင်းကိုလည်း
အနိုင်ထက်ပြုခြင်းအမှုသည် ပို၍ များပြားလာသည်။



generated on Sun Jun 30 02:37:40 2024

မတရားသော သူတို့သည် ဖြောင့် မတ်သောသူတို့ကို ဝိုင်းသောကြောင့်
ဖြောင့်မတ်သူများသည် မတရားမှုကို
ပို၍ကြုံတွေ့ခံစားလာရခြင်းမှာ

မတရားသဖြင့် စီရင် ဆုံးဖြတ်ကြပါ၏
အခြားသောဘာသာပြန်ဆိုချက်၊
"တရားမျှတမှုများတဖြည်းဖြည်း ကွယ်ပျောက်လာသည်"
သို့မဟုတ် "မတရားမှုများ ပိုမိုများပြားလာသည်"

Habakkuk 05

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဟဗက္ကုတ်၏ ဆုတောင်းသံကို
နားညောင်းတော်မူသည်။

ကြည့်ရှုဆင်ခြင်၍
အခြားသော ပြည်များ၏ အဖြစ်အပျက်များကို ကြည့်ရှု၍
သင်ခန်းစာယူကြလော့။

မြေတပြင်လုံး
ဆိုလိုချက်

သိမ်းယူခြင်း
ပိုင်ဆိုင်ရှင်ထံမှ အင်အားဖြင့် မတရားသိမ်းယူခြင်း သို့မဟုတ်
ခိုးယူခြင်း ။

နေရာအရပ်
အိမ်များ

ခါလဒဲအမျိုး
ခါလဒဲစစ်သားများ။ ထာဝရဘုရားသည်
ခါလဒဲပြည်ကိုအင်အားကြီးစေပြီး၊ ခါလဒစစ်သားများအား
ယုဒပြည်ကို ကျူးကျော်သိမ်းပိုက် စေလိမ့်မည်။

အလွန်ကြောက်မက်ဘွယ်သော သူဖြစ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အခြားသူများအား
ကြောက်ရွံ့စေသည်"

အလိုအလျောက်
ရောက်လာသည်

Habakkuk 08

သူတို့၏ မြင်းသည်
ခါလဒဲစစ်သားများ၏ မြင်းများ

ညဥ့်၌ လည်သော တောခွေးထက် ကြမ်းတမ်း၏
ခါလဒဲ၏ မြင်းများ လျင်မြန်မှုအား တစ်နေကုန် အစာမစားရ၍
ညနေပိုင်းအချိန်၌ ဆာလောင်မွတ်စွာ သားကောင်ကို လိုက်နေသော
ဝံပုလွေ၏ မြန်နှုန်းနှင့် နှိုင်းယှဉ်ထားပါသည်။

သူတို့၏ မြင်းစီးသူရဲများ
မြင်းစီးနေသော ခါလဒဲစစ်သားများ

ကျားသစ်များ
ကြီးမား လျင်မြန်သော ကြောင်မျိုးနွယ်

ရွှေလင်းတကဲ့သို့ ပျံလာကြလိမ့်မည်
မြင်းစီးသူရဲများသည် ရွှေလင်းယုန်၏ လျင်မြန်သောနှုန်းဖြင့်
ပျံသန်းသကဲ့သို့ မြန်ဆန်လှပါသည်။

ရှေ့သို့သာ မျက်နှာပြုသော အလုံးအရင်းဖြစ်၍၊ ဘမ်း မိသောသူတို့ကို
သဲလုံးနှင့်အမျှ စုဝေးစေကြလိမ့်မည်။
မုန်တိုင်းတိုက်သောအခါ များစွာသော သဲမှုန်များကို
သယ်ဆောင်လာသကဲ့သို့ ခါလဒဲစစ်သားများသည်
မရေတွက်နိုင်သော လူများကို ဖမ်းဆီး၍ အကျဉ်းသား
ဖြစ်စေမည်။

Habakkuk 10

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ခါလဒဲစစ်သူရဲများအကြောင်း
ဆက်လက်ဖော်ပြသည်။

မြေ မှုန့်ကို ပုံထား၍
ပြင်းထန်သော လေမုန်တိုင်းသည် တစ်နေရာမှ
နောက်နေရာတစ်ခုသို့ လျှင်မြန်စွာ တိုက်ခိုက်သကဲ့သို့
ခါလဒဲစစ်တပ်၏ ကျူးကျော်သိမ်းပိုက်မှုကို
နှိုင်းယှဉ်ဖော်ပြထားပါသည်။

Habakkuk 12

ယေဘုယျ အချက်အလက်
ဟဗက္ကုတ်သည် ခါဒလဲလူများအကြောင်း
ဘုရားသခင်ထံပြောပြနေသည်။

သန့်ရှင်းတော်မူသောဘုရား၊ ကိုယ်တော်သည် နိစ္စထာဝရ
တည်တော်မူသည်မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊"ကျွန်ုပ်၏
ထာဝရတည်မြဲသောဘုရား၊ ထာဝရအရှင်သန့်ရှင်းသော ဘုရား
ဖြစ်တော်မူ၏"

သူတို့
ခါလဒဲလူများ

ကျောက်ထရံ
အစွရေးလူမျိုးများ၏ အကွယ်အကာ

ဆုံးမစေခြင်းငှါ သူတို့ကို နေရာချတော်မူပြီ။
"အစ္စရေးလူမျိုးများကို ဆုံးမစေခြင်းငှါ နေရာချထားတော်မူပြီ"

Habakkuk 13

ယေဘုယျ အချက်အလက်
ဟဗက္ကုတ်သည် ဆက်လက်၍ ခါလဒဲလူများအကြောင်း ဘုရားသခင်ထံပြောနေသည်။

သစ္စာပျက်သော သူတို့ကို
မည်သူမျှ မယုံကြည်အပ်သော ခါလဒဲလူမျိုးများ

ကိုက်စားသော
ဖျက်ဆီးသည် (UDB)

ပင်လယ်ငါးကဲ့သို့၎င်း၊ မင်းမရှိသော ပိုးကောင်ကဲ့သို့၎င်း
ညွှန်းဆိုချက် နှစ်ခုလုံးသည် အကြောင်းအရာတစ်ခုတည်းကို ရည်ညွှန်းသည်။ ဘုရားသခင်သည် ခါလဒဲလူများအား ဣသရေလမျိုးနွယ်စုတို့အပေါ် လူ့ဂုဏ်သိက္ခာနှင့်မညီသော ဖျက်ဆီးခြင်းအမှုကို ခွင့်ပြုခဲ့သည်။

Habakkuk 15

ယေဘုယျ အချက်အလက်
ဟဗက္ကုတ်သည် ဆက်လက်၍ ခါလဒဲလူများအကြောင်းကို ဘုရားသခင်အား ပြောပြနေသည်။

ငါးမျှား .... ပိုက်
ငါးဖမ်းရန် အသုံးပြုသောပစ္စည်း

ပိုက်
စုသိမ်းရန် အသုံးပြုသောပစ္စည်း

ထိုတန်ဆာ အားဖြင့် ဥစ္စာရတတ်၍ ဝစ္စာစားရ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "အကောင်းဆုံးသော သတ္တဝါနှင့် အကောင်းဆုံးသောအသားသည် သူတို့ ဝေစုဖြစ်သည်"

တန်ဆာ
အပိုင်းငယ်တစ်ခု၏ ကြီးမားသောအစိတ်အပိုင်းကို လူအများကြားတွင် ခွဲရသည်။

ပိုက်ကွန်ထဲက ငါးတို့ကို သွန်း လောင်းရပါမည်လော
ငါးဖမ်းသမားများသည် နောက်တဖန် ငါးဖမ်းရန်အတွက် သူတို့ ပိုက်ကွန်များကို ဗလာကျင်းသည်။

---

## Translation Questions

Habakkuk 1:1

ဟဗက္ကုတ်သည် ဗျာဒိတ်တော်ကို မကြေညာမီ ထာဝရဘုရားထံ အဘယ်ကို မေးခဲ့သနည်း။
ဟဘက္ကုတ်က မိမိအော်ဟစ်သံကို ထာဝရဘုရားသည် အဘယ်ကြောင့်မကြားဘဲ မကယ်တင်ရပါသနည်းဟု မေးခဲ့သည်။

Habakkuk 1:3

ဟဘက္ကုတ်အား မည်သည့်အရာများကို ပြသခဲ့သနည်း။
ဟဗက္ကုတ်အား မတရားသောအမှု၊ အဓမ္မအမှု၊ လုယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ ညင်းခုံခြင်း၊ ရန်တွေ့ခြင်းတို့ကို ပြသခဲ့ပါသည်။

မည်သို့သော တရားစီရင်ခြင်းမျိုးဖြင့် ဆုံးဖြတ်ကြသနည်း။
မတရားသဖြင့် စီရင်ဆုံးဖြတ်ကြသည်။

Habakkuk 1:5

ထာဝရဘုရားက ဟာဗက္ကုတ်အားသူ၏လက်ထက်ကာလ၌ အဘယ်အရာကို မြင်တွေ့ရမည် ဟုပြောဆိုခဲ့သနည်း။
ထာဝရဘုရားက ဟာဗက္ကုတ်သည် ခါလဒဲအမျိုးတို့ မြေတပြင်လုံးကို သိမ်းယူခြင်းငှါ ချီတက်သွားကြသည်ကို မြင်တွေ့ရမည်ဟု ပြောခဲ့ပါသည်။

ခါလဒဲအမျိုးတို့သည် မည်သို့သောလူများဖြစ်ကြသနည်း။
ခါလဒဲအမျိုးတို့သည် အလွန်ကြောက်မက်ဖွယ်ကောင်းသောသူများ ဖြစ်ကြပါသည်။

Habakkuk 1:8

ခါလဒဲလူမျိုးသည် မည်သည့်အရာများကို ညှဉ်းဆဲရန် စုဆောင်းကြသနည်း။
ခါလဒဲလူမျိုးသည် စစ်သုံ့ပန်းများကို ညှဉ်းဆဲ သဲလုံးတမျှ စုဆောင်း၍ ဖမ်းဆီးကြလိမ့်မည်။

Habakkuk 1:10

ခါလဒဲလူမျိုးတို့သည် တပါးပြည်၏ ရှင်ဘုရင်နှင့်မင်းများကို မည်သို့ဆက်ဆံမည်နည်း။
ခါလဒဲလူမျိုးတို့သည် အခြားသောရှင်ဘုရင်နှင့်မင်းများကို ပြက်ရယ်ကြလိမ့်မည်။

Habakkuk 1:12

မည်သူသည် ခါလဒဲလူမျိုးများကို စစ်ကြောခြင်းငှါ ခန့်ထားတော်မူသနည်း။
ထာဝရဘုရားသည် ခါလဒဲလူမျိုးများကို စစ်ကြောခြင်းငှါ ခန့်ထားတော်မူ၏။



generated on Sun Jun 30 02:37:40 2024

ဟာဗက္ကုတ်သည် ထာဝရဘုရားအား မည်သည့် ဂုဏ်ပုဒ်များသုံး၍ ခေါ်ပြခဲ့သနည်း။
ဟာဗက္ကုတ် အသုံးပြုခဲ့သော ထာဝရဘုရား၏ ဂုဏ်ပုဒ်များမှာ 'အကျွန်ုပ်၏ဘုရားသခင်'၊ 'သန့်ရှင်းတော်မူသောဘုရား'၊ 'ကျောက်ထရံ' တို့ ဖြစ်ကြပါသည်။

Habakkuk 1:13

ဟာဗက္ကုတ်သည် ထာဝရဘုရားအား မည်သည့်မေးခွန်း သို့မဟုတ် အပြစ်တင်ခြင်းကို မေးမြန်းပြုလုပ်ခဲ့သည်နည်း။
ဟာဗက္ကုတ်က အဓမ္မလူသည် မိမိထက်ဖြောင့်မတ်သောသူကို ကိုက်စားသောအခါ ထာဝရဘုရားသည် အဘယ်ကြောင့် တိတ်ဆိတ်စွာနေတော်မူရသနည်းဟု ပြစ်တင်မေးမြန်းခဲ့ပါသည်။

Habakkuk 1:15

တိုင်းနိုင်ငံတို့ကို သတ်ဖြတ်ညှင်းဆဲသောသူတို့သည် မည်သည့်အရာကြောင့် ဝမ်းမြောက်ရွှင်လန်းကြသနည်း။
သူတို့သည် လူအပေါင်းတို့ကို မျှား၍ လောင်သောကြောင့် ဝမ်းမြောက်ရွှင်လန်းကြသည်။

ဟာဗက္ကုတ်က တရားစီရင်ရန် လူအများကိုစုရုံးဖမ်းဆီးရခြင်းသည် မည်သည့်လုပ်ငန်းနှင့်တူသည်ဟုပြောခဲ့သနည်း။
ဟာဗက္ကုတ်က တရားစီရင်ရန်လူအများကိုစုရုံးဖမ်းဆီးရခြင်းသည် ငါးဖမ်းပိုက်ကွန်နှင့်အုပ်သကဲ့သို့ဖြစ်သည်ဟုဆိုပါသည်။

တိုင်းနိုင်ငံတို့ကို သတ်ဖြတ်ညှင်းဆဲသောသူတို့၌ မည်သို့သောခံစားမှုမျိုး မရှိကြသနည်း။
တိုင်းနိုင်ငံတို့ကို သတ်ဖြတ်ညှင်းဆဲသောသူတို့၌ သနား၍ နှမြောခြင်းမရှိပါ။


generated on Sun Jun 30 02:37:40 2024

## Chapter 2

[1] ငါသည် ငါ့လင့်စင်ပေါ်မှာ ရပ်လျက်၊ ရဲတိုက်၌ အမြဲနေလျက်၊ ငါ့အား အဘယ်သို့ မိန့်တော်မူမည်ကိုင၎်း၊ အပြစ်တင်လျှင် အဘယ်သို့
ပြန်လျှောက်ရမည်ကိုင၎်း ငါစောင့်၍ နေစဉ်တွင်၊ [2] ထာဝရဘုရားကလည်း၊ ဘတ်သော သူသည် ပြေးလျက် ဘတ်နိုင်အောင်၊ ဗျာဒိတ်
ရူပါရုံကို သင်ပုန်း ပေါ်မှာ အက္ခရာတင်၍ ရေးမှတ်လော့။ [3] ထိုရူပါရုံသည် ချိန်းချက်သော အချိန်နှင့်ဆိုင်၍ အမှုကုန်ရသော ကာလကို
ဆိုလို၏။ မုသာနှင့် ကင်းလွတ် ၏။ ဆိုင်းသော်လည်း မြော်လင့်လော့။ နောက်မကျဘဲ ဧကန်အမှန် ရောက်လိမ့်မည်။ [4] စိတ်မြင့်သော
သူသည် သဘောမဖြောင့်။ ဖြောင့်မတ်သော သူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ [5] ထိုမှတပါး၊
စပျစ်ရည်နှင့်ပျော်မွေ့သော သူသည် သစ္စာပျက်တတ်၏။ မာနထောင်လွှားသောသူသည် ကိုယ် နေရာ၌မနေနိုင်ဘဲ၊ မိမိလောဘကို
မရဏာနိုင်ငံကဲ့သို့ ကျယ်စေလျက်၊ သေမင်းကဲ့သို့ မပြေနိုင်သော စိတ်ရှိ လျက်၊ တိုင်းသူနိုင်ငံသား အမျိုးမျိုးအပေါင်းတို့ကို မိမိထံ သို့
ဆွဲငင်၍ စုဝေးစေ၏။ [6] ထိုသူအပေါင်းတို့သည် သူတဘက်၌ ပုံစကားနှင့် ကဲ့ရဲ့သော နိမိတ်စကားကို သုံးဆောင်လျက်၊ ကိုယ်မပိုင်
သော ဥစ္စာကို ဆည်းဖူးသောသူသည် အမင်္ဂလာရှိ၏။ အဘယ်မျှကာလပတ်လုံးကိုယ်အပေါ်မှာ ကြွေးများကို
တင်စေပါလိမ့်မည်နည်းဟု မြွက်ဆိုကြမည်မဟုတ်လော။ [7] သင့်ကို ကိုက်သော သူတို့သည် ချက်ခြင်း ထကြ မည်မဟုတ်လော။
နှောင့်ရှက်သော သူတို့သည် နိုးကြမည် မဟုတ်လော။ သင်သည် သူတို့လုယူရာဖြစ်လိမ့်မည်။ [8] သင်သည် များစွာသောလူမျိုးတို့ကို
လုယူသော ကြောင့်၊ ကျန်ကြွင်းသော လူမျိုးအပေါင်းတို့သည် သင့်ကို လုယူကြလိမ့်မည်။ လူအသက်ကို သတ်သောအပြစ်၊ ပြည်
သူမြို့သားအပေါင်းတို့ကို ညှဥ်းဆဲသောအပြစ်ကြောင့် ပြု ကြလိမ့်မည်။ [9] မိမိအသိုက်ကို မြင့်သော အရပ်၌တင်၍ ဘေး ဒဏ်လက်မှ
မိမိလွတ်စေခြင်းငှါ၊ မကောင်းသော အဓမ္မ စီးပွားကို မိမိအမျိုးအဘို့ ရှာသောသူသည် အမင်္ဂလာ ရှိ၏။ [10] သင်သည် လူများတို့ကို
လုပ်ကြံသောအားဖြင့် ကိုယ်အမျိုးကို အရှက်ကွဲစေခြင်းငှါ ကြံစည်၍၊ ကိုယ် အသက်ကို ပြစ်မှားပြီ။ [11] အကယ်စင်စစ်
ကျောက်တလုံးသည် ကျောက် ထရံထဲက ဟစ်ခေါ်၍၊ ထုပ်တချောင်းသည် သစ်သားစုထဲ က ထူးလေ၏။ [12] လူအသက်ကို
သတ်သောအပြစ်နှင့် ရွာကို တည်သောသူ၊ အဓမ္မအမှုနှင့် မြို့ကို ခိုင်ခံ့စေသော သူ သည် အမင်္ဂလာရှိ၏။ [13] လူများတို့သည် မီးထဲမှာ
လုပ်ဆောင်၍၊ အမျိုး မျိုးတို့သည် အချည်းနှီးသော အမှု၌ ပင်ပန်းစေခြင်းငှါ၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားစီရင်တော်မူပြီ။
[14] အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာ ကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရား၏ ဘုန်း တော်ကို
သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။ [15] မိမိအိမ်နီးချင်း၌ အဝတ်အချည်းစည်းရှိခြင်းကို မြင်လို၍၊ သူ့ကို ယစ်မူးစေခြင်းငှါ
သေရည်သေရက်ကို လောင်း၍ သောက်စေသော သူသည် အမင်္ဂလာရှိ၏။ [16] သင်သည် အသရေပျက်၍ အရှက်ကွဲခြင်းနှင့်
ဝလိမ့်မည်။ ကိုယ်တိုင်သောက်၍ အဝတ်ချွတ်ခြင်းကို ခံရ လိမ့်မည်။ ထာဝရဘုရား၏ လက်ျာလက်တော်၌ရှိသော ဖလားသည်
သင့်ဆီသို့ ရောက်၍၊ ရွံရှာဘွယ်သော အော့ အန်ခြင်းသည် သင့်အသရေကို လွှမ်းမိုးလိမ့်မည်။ [17] လေဗနုန်တောင်ကို
အနိုင်အထက်ပြုသော အပြစ်၊ တိရစ္ဆာန်များကို ကြောက်မက်ဘွယ်သော အခြင်း အရာနှင့် ဖျက်ဆီးသော အပြစ်သည် သင့်ကို
လွှမ်းမိုးလိမ့် မည်။ လူအသက်ကို သတ်သောအပြစ်၊ ပြည်သူမြို့သား အပေါင်းတို့ကို ညှဥ်းဆဲသော အပြစ်ရှိ၏။ [18] ထုလုပ်သော
ရုပ်တုသည် အဘယ်အကျိုးကို ပေး၍၊ လက်သမားသည် ထုလုပ်ရသနည်း။ သွန်းသော ရုပ်တုနှင့်မိစ္ဆာဆရာသည် အဘယ်အကျိုးကို
ပေး၍၊ လုပ် သောသူသည် မိမိအလုပ်ကို မှီခိုလျက်၊ စကားအသော ရုပ်တုတို့ကို လုပ်ရသနည်း။ [19] သစ်သားအား၊
နိုးတော်မူပါဟူ၍၎င်း၊ စကား အသောကျောက်အား၊ ထတော်မူပါဟူ၍၎င်း ဆိုသော သူသည် အမင်္ဂလာရှိ၏။ ထိုအရာသည်
သွန်သင်လိမ့် မည်လော။ ရွှေငွေနှင့် မွမ်းမံလျက် ရှိ၏။ အတွင်း၌ အသက်အလျှင်းမရှိပါတကား။ [20] ထာဝရဘုရားမူကား၊
သန့်ရှင်းသော ဗိမာန် တော်၌ရှိတော်မူ၏။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ ငြိမ်ဝပ်စွာ နေကြလော့။

---

Habakkuk 01

ငါ၊ ငါ့၊ ငါ့အား
ဟဗက္ကုတ်

မိန့်တော်မူ
ထာဝရဘုရားသခင်

ငါသည် ငါ့လင့်စင်ပေါ်မှာ ရပ်လျက်၊ ရဲတိုက်၌ အမြဲနေလျက်
ဤစကားစုများသည် အဓိပ္ပါယ်တစ်မျိုးတည်းကို နည်းလမ်းနှစ်မျိုးဖြင့် ဖွင့်ဆိုထားသည်။ ဟဗက္ကုတ်သည် လင့်စင်ပေါ်မှ ဘုရားသခင်၏ ပြောကြားချက်ကို အစဉ် စောင့်မျှော်နေသည်။ ဘုရားသခင်ထံမှ အဖြေကို ကင်းစောင့်စစ်သားတစ်ဦး စောင့်ဆိုင်းနေသကဲ့သို့ စောင့်ဆိုင်းနေကြောင်း နှိုင်းယှဉ်ပြထားသည်။

အဘယ်သို့ ပြန်လျှောက်ရမည်
"လှည့်ပြန်ခြင်း" ဟူသောစကားလုံးသည် တစ်ခုမှအခြားတစ်ခုသို့ စိတ်ပြောင်းလဲသွားခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်ပြစ်တင်ညည်းတွားခြင်းများကို ရပ်တန့်၍ ဘုရားသခင်ထံ နာခံသင့်ပြီ"



generated on Sun Jun 30 02:37:40 2024

Habakkuk 02

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဟဗက္ကုတ်အား အဖြေပေးသည်။

ဗျာဒိတ် ရူပါရုံကို သင်ပုန်း ပေါ်မှာ အက္ခရာတင်၍ ရေးမှတ်လော့။
ဤစကားစုနှစ်ခုသည် ခြားနားသော်လည်း တူညီသော အဓိပ္ပါယ်သက်ရောက်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် သင့်ကိုပြောနေသည့် အကြောင်းအရာကို ကမ္ပည်းထိုးရေး၍ မှတ်သားထားလော့"

သင်ပုန်း
ကျောက်တုံး၏ အပိုင်းအစဖြစ်ပြီး စာရေးသားနိုင်ရန် အတွက် အသုံးပြုသည်။

ဘတ်သော သူသည် ပြေးလျက် ဘတ်နိုင်အောင်
ဆိုလိုသည်မှာ

အမှုကုန်ရသော ကာလကို ဆိုလို၏
ရေးထားသော အရာများသည် အမှန်တကယ်ဖြစ်လာလိမ့်မည် သို့မဟုတ် ဖြစ်ပေါ်လာလိမ့်မည်။

ဧကန်အမှန် ရောက်လိမ့်မည်။
ဆိုလိုသည်မှာ (၁) စောင့်ရလိမ့်မည်မဟုတ်၊ သို့မဟုတ် (၂) နှေးကွေးစွာ ဖြစ်လိမ့်မည်မဟုတ်။

Habakkuk 04

ယေဘုယျအချက်အလက်များ
ထာဝရဘုရားသည် ဟဗက္ကုတ်အား ဆက်လက်အဖြေပေးသည်။

စိတ်မြင့်သော သူသည် သဘောမဖြောင့်။ ဖြောင့်မတ်သော သူမူကား... စပျစ်ရည်နှင့်ပျော်မွေ့သော သူသည်... မာနထောင်လွှားသောသူသည်.... မိမိလောဘကို မရဏာနိုင်ငံကဲ့သို့ ကျယ်စေလျက်.... မိမိထံ သို့ ဆွဲငင်၍ စုဝေးစေ၏။
ခါလဒဲပြည်သားများကို လူတစ်ဦးထံသို့ ပြောသကဲ့သို့ ထာဝရဘုရားပြောနေသည်။

တိုင်းသူနိုင်ငံသား အမျိုးမျိုးအပေါင်းတို့ကို မိမိထံ သို့ ဆွဲငင်၍ စုဝေးစေ၏။
ထိုအရာသည် အဓိပ္ပါယ်တစ်မျိုးတည်း ဖြစ်သော်လည်း မတူညီသော နည်းလမ်းနှစ်မျိုးဖြင့် ပြောဆိုထားခြင်းဖြစ် သည်။ "သူသည် တိုင်းပြည်များမှလူများကို စုစည်းထားသည်။" "သူ" ဆိုသည်မှာ ခါလဒဲပြည်သားများသည် များပြားသော်လည်း ပုဂ္ဂိုလ်တစ်ဦးတည်းကဲ့သို့ဖြစ်နေသည်" ဟု ရည်ညွှန်းပါသည်။

စုဝေး
ရွေးချယ်ပြီး စုစည်းထားသည်။

တိုင်းသူနိုင်ငံသား အမျိုးမျိုးအပေါင်း
ကြီးမားသော အရေအတွက်ကြီးတစ်ခု

Habakkuk 06

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဟဗက္ကုတ်အားဆက်လက်စကားပြောနေသည်။ သူသည် ခါလဒဲပြည်သားများအားလုံးအား ပုဂ္ဂိုလ်တစ်ဦးအဖြစ် တင်စားရည်ညွှန်းထားပါသည်။

အဘယ်မျှကာလပတ်လုံး ကိုယ်အပေါ်မှာ ကြွေးများကို တင်စေပါလိမ့်မည်နည်းဟု မြွက်ဆိုကြမည်မဟုတ်လော။
ဆိုလိုချက် (၁) ခါလဒဲလူများသည် လုယက်သော သူများကဲ့သို့ လူများကို အတင်းအဓမ္မ သဘောတူလက်မှတ် ထိုးခိုင်းသည်။ သို့မဟုတ် (၂) ထာဝရဘုရားသည် ခါလဒဲလူများ လုယူထားသော အရာများအတိုင်း တစ်နေ့တွင် ပြန်လည်ပေးဆပ်ရမည်ဟု မိန့်မြွက်သည်။

ကြွေးများ
ကြွေးမြီအတွက် ကတိပေးခြင်းကို ရေးသားမှတ်သားသည့် စာရွက်စာတမ်း။

သင့်ကို ကိုက်သော သူတို့သည် ချက်ခြင်း ထကြ မည်မဟုတ်လော။ နှောင့်ရှက်သော သူတို့သည် နိုးကြမည် မဟုတ်လော။
ဤမေးခွန်းသည် ခါလဒဲ လူများ ဖြေဆိုရန် ပေးထားသော အကြောင်းအရာဖြစ်သည်။ "သင့်ကို စိတ်ဆိုးသောသူသည် သင့်ကို ဆန့်ကျင်လိမ့်မည်။ သင့်ကို ခြောက်လှန့်သောသူသည် သင့်ကို ပြန်လည်တိုက်ခိုက်လိမ့်မည်။

သင့်ကို ကိုက်သော သူတို့သည်
အဓိပ္ပါယ်မှာ အကြွေးပေးရမည့် သူကို ပြန်ပေးဆပ်ရမည်။ သို့သော် အခြားခေတ်သုံးအနက်ဖွင့်ကျမ်းများ၌ ထိုအဓိပ္ပါယ်ကို "ကြွေးရှင်" ဟုဖော်ပြပြီး "ကြွေးမြီစားများ" ဟုမရေးပါ။

ထကြ
ပိုမိုများပြားလာသည်။ ပိုမိုအင်အားကြီးမားလာသည်။

လုယူသော
ခိုးယူခြင်း သို့မဟုတ် အတင်းအဓမ္မလုယူခြင်း

Habakkuk 09

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဆက်လက်၍ ဟဗက္ကုတ်အားစကားပြောနေသည်။ သူသည် ခါလဒဲလူများအား လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပင် ရည်ညွှန်းထားပါသည်။

မကောင်းသော အဓမ္မ စီးပွားကို မိမိအမျိုးအဘို့ ရှာသောသူ
မိမိ မိသားစုအတွက် ရိုးသားမှုမရှိသော အမြတ်အစွန်းဖြင့် အလုပ်လုပ်သူ

မိမိအသိုက်ကို မြင့်သော အရပ်၌တင်၍
မိမိ အိမ်ကို ဘေးဒုက္ခမှ လွတ်ကင်းသော အရပ်တွင် တည်ဆောက်သူ

ဘေး ဒဏ်လက်မှ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘေး ဒဏ်လက်မှ မကောင်းသော လူများမှ ယုတ်ညံ့စွာ ဆက်ဆံခံရခြင်း"

သင်သည် လူများတို့ကို လုပ်ကြံသောအားဖြင့် ကိုယ်အမျိုးကို အရှက်ကွဲစေခြင်းငှါ ကြံစည်၍
သင်သည် လူအများတို့ကို လုပ်ကြံသောကြောင့် သင့်မိသားစုလည်း အရှက်ကွဲခြင်းကို ခံစားရလိမ့်မည်။

သင်
ဧကဝုစ်

လုပ်ကြံ
ဖျက်ဆီးသည်။

ကိုယ် အသက်ကို ပြစ်မှားပြီ
သင့်ကိုယ်သင် နာကျင်စေပြီး

ကျောက် ...ထုပ်ချောင်း
ကျောက်နှင့် ထုပ်ချောင်းသည် အိမ်တည်ဆောက်ပြီးသောလူများ ခါလဒဲလူများ၏ ဖျက်ဆီးခြင်းကြောင့် နာကျင်ခံစားရသော ခံစားချက်ကို ရည်ညွှန်းပါသည်။

ဟစ်ခေါ်၍
အိမ်ဆောက်သူများအား ဆန့်ကျင်လျက် ဘုရားသခင်ထံပြစ်တင်မှုလုပ်သည်။

ထူးလေ၏
ပြစ်တင်စွပ်စွဲခြင်းများကို သဘောတူသည်။

Habakkuk 12

ယေဘုယျအချက်အလက်
ထာဝရဘုရား ဟဗက္ကုတ်ထံ ဆက်လက်အဖြေပေးနေသည်။ သူသည် ခါလဒဲပြည်သားများအား ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပင် ရည်ညွှန်းထားသည်။

လူ့အသက်ကို သတ်သောအပြစ်နှင့် ရွာကို တည်သောသူ၊ အဓမ္မအမှုနှင့် မြို့ကို ခိုင်ခံ့စေသောသူသည် အမင်္ဂလာရှိ၏။
ဤစကားစုနှစ်ခုသည် ကွဲပြားသော်လည်း အဓိပ္ပါယ်တစ်မျိုးတည်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"လူအများကို သတ်ဖြတ်၍ သူတို့၌စွာပစ္စည်းများ အတင်းအဓမ္မသိမ်းယူလျက် မိမိမြို့များကို တည်ဆောက်နေသော ခါလဒဲပြည်သားများအား သတိပေးနေသည်"

လူ့အသက်ကို သတ်သော
လူ့အသက်ကို သတ်ခြင်းဖြင့် အခြားသောဘာသာပြန်ဆိုချက်၊ "လူများစွာကို သတ်ဖြတ်ပြီး၊ မြို့ကို တည်ဆောက်ရန် သူများ၏ ပိုင်ဆိုင်မှုဖြင့် လုပ်ဆောင်သည်"

အဓမ္မအမှုနှင့် မြို့ကို ခိုင်ခံ့စေသော သူ
ဆိုးယုတ်သောအကြံ၊ အကျင့်စရိုက်များဖြင့် မြို့ကိုတည်ဆောက်သူ။ ခါလဒဲလူများသည် သူတို့သတ်ဖြတ်သော လူများ၏ ပိုင်ဆိုင်မှု ပစ္စည်းများကို မြို့များတည်ဆောက်ရာတွင် အသုံးပြုသည်။

လူများတို့သည် မီးထဲမှာ လုပ်ဆောင်၍၊ အမျိုး မျိုးတို့သည် အချည်းနှီးသော အမှု၌ ပင်ပန်းစေခြင်းငှါ၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား စီရင်တော်မူပြီ။
ဘုရားသခင်သည် လူများတည်ဆောက်သောအရာကို ဖျက်ဆီးခဲ့သည်။ ပို၍ ရှင်းလင်းစေရန် အဓိပ္ပါယ်နှစ်မျိုးဖြင့် ဤစာစုကို ပြောထားပါသည်။ အခြားသောဘာသာ ပြန်ဆို ချက်၊ "ထာဝရဘုရားသည် ထိုသူများ၏ ကြိုးစားတည်ဆောက်ထားသော အရာများကို မီးဖြင့်ဖျက်ဆီးခြင်းပြီး၊ မည်သည့်အကျိုးရလာဒ်မျှမရစေရန် လုပ်ေဆာင်သောသူဖြစ်ပါသည်"

Habakkuk 15

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဟဗက္ကုတ်အား ဆက်လက်စကားပြောနေသည်။ သူသည် ခါလဒဲပြည်သားများအား လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပင် ရည်ညွှန်းထားသည်။

သေရည်သေရက်ကို လောင်း၍ သောက်စေသော သူသည်
အဆိပ်ခတ်သောသူ

သင်သည် အသရေပျက်၍ အရှက်ကွဲခြင်းနှင့် ဝလိမ့်မည်။
သင်သည် သင့်ဘုန်းအသရေကို ရှာသော်လည်း ဘုရားသခင်သည် သင့်အတွက် အသရေပျက်ခြင်းသာကို ယူဆောင်လာလိမ့်မည်။

သင်
ဧကဝုစ်

ကိုယ်တိုင်သောက်၍
အဆိပ်နှင့်ပြည့်သော ခွက်ကိုသောက်သည်။

ထာဝရဘုရား၏ လက်ျာလက်တော်၌ရှိသော ဖလားသည် သင့်ဆီသို့ ရောက်၍၊
ထာဝရဘုရားသည် သူ၏ တန်ခိုးတော်ဖြင့် အခြားသောပြည်များကို အပြစ်ဒဏ် စီရင်လိမ့်မည်။ သို့ဖြစ်၍ သူ၏တန်ခိုးတော်ဖြင့် သင်သည်လည်း အပြစ်ပေးခံရလိမ့်မည်။

ဖလား
အဆိပ်နှင့်ပြည့်သော ဝိုင်

လက်ျာလက်တော်
ပို၍ သန်စွမ်းသော လက်တော်

သင့်ဆီသို့ ရောက်၍၊
အခြားသောသူအား ပြုမူသကဲ့သို့ သင့်ထံပြန်လှည့်လာလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

သင့်အသရေကို လွှမ်းမိုးလိမ့်မည်။

လူတိုင်း သင့်အသရေ ဆိုးညစ်ခြင်းကို မြင်တွေ့ရပြီး သင့်ဘုန်းသရေကို တွေ့ရမည်မဟုတ်ပါ။

Habakkuk 17

ယေဘုယျအချက်အလက်

ဘုရားသခင်သည် ခါလဒဲလူများအား မည်ကဲ့သို့ အပြစ်ပေးမည်ကို ဆက်လက်ပြောဆိုနေသည်။

တိရ စ္ဆာန်များကို ကြောက်မက်ဘွယ်သော အခြင်း အရာ နှင့် ဖျက်ဆီးသော အပြစ်သည် သင့်ကို လွှမ်းမိုးလိမ့် မည်။

တိရ စ္ဆာန်များကို ခံစားရသော သေခြင်းတရားသည် သင့်အား ကြောက်ရွံ့စေလိမ့်မည်။

Habakkuk 18

သူ

သူသည် ခါလဒဲပြည်သားများအား လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပင် ရည်ညွှန်းထားသည်။

ရုပ်တုတို့ကို လုပ်

သူတို့အလိုရှိသော ပုံသဏ္ဍာန်ဖြစ်လာရန် သတ္တုရည်များသွန်းလောင်း၍ ရုပ်တုများကို ပြုလုပ်သည်။ သတ္တုများသည် မာကျောလာပြီး ရုပ်တုအသွင်သဏ္ဍာန်များဖြစ်လာသည်။

သွန်း

အရည်ကို သဏ္ဍာန်ဖော်ထားသည့်အခါ သုံးသော အသုံးအနှုန်း။

မိစ္ဆာဆရာ

ဤစာစုသည် ရုပ်တုဆင်းတုများကို ပြုလုပ်သူအားရည်ညွှန်းသည်။ မှားယွင်းသော ဘုရားများကို ပြုလုပ်သူသည် လိမ်ညာ၍ မုသာ သွန်သင်သူဖြစ်ပါသည်။

---

## Translation Questions

Habakkuk 2:1

ဟဗက္ကုတ်သည် မည်သည့်အရာကို ဂရုတစိုက် စောင့်နေသနည်း။

ဟဗက္ကုတ်သည် မိမိထံ ထာဝရဘုရား အဘယ်သို့ မိန့်တော်မူမည်ကို ဂရုတစိုက် စောင့်နေပါသည်။

Habakkuk 2:2

ထာဝရဘုရားက ဟဗက္ကုတ်အားသူရရှိသည့် ဗျာဒိတ်ရူပါရုံကို မည်သို့ပြုရန် မိန့်မှာသနည်း။

သူခံရသည့် ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်တွင် အက္ခရာတင်၍ ရေးမှတ်ထားရန် ထာဝရဘုရားက ဟဗက္ကုတ်အား မိန့်မှာခဲ့သည်။

အနာဂတ်အကြောင်း ဗျာဒိတ်ရူပါရုံနှင့်ပတ်သက်၍ ထာဝရဘုရားက ဟဗက္ကုတ်အား မည်သို့အာမခံချက်ပေးသနည်း။

ဤဗျာဒိတ်ရူပါရုံသည် ဆိုင်းသော်လည်း ဧကန်အမှန် ရောက်လိမ့်မည်ဟု ထာဝရဘုရားက ဟဗက္ကုတ်အား အာမခံတော်မူသည်။

Habakkuk 2:4

ဖြောင့်မတ်သောသူတို့သည် မည်သို့အသက်ရှင်ရမည်ဟု ထာဝရဘုရား ဆိုသနည်း။

ထာဝရဘုရားက ဖြောင့်မတ်သောသူတို့သည် မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ဆိုပါသည်။

မည်သည့်အခါမျှစိတ်ကျေနပ်ရောင့်ရဲခြင်းမရှိသောအရာသုံးမျိုးသည် မည်သည့်အရာများဖြစ်သည်ဟု ထာဝရဘုရား ဆိုသနည်း။

ထာဝရဘုရားမိန့်တော်မူသည်ကား မည်သည့်အခါမှ ကျေနပ်ရောင့်ရဲခြင်းမရှိသောအရာသုံးမျိုးမှာ မာနထောင်လွှားသောသူ၏လောဘ၊ မရဏာနိုင်ငံနှင့်သေမင်းတို့ဖြစ်ကြပါသည်။

Habakkuk 2:6

လူမျိုးများစွာတို့ကို လုယူခဲ့သော မာနထောင်လွှားသေသူ၌ သို့ဖြစ်မည်ဟု ထာဝရဘုရား ဆိုသနည်း။

ကျန်ကြွင်းသော လူမျိုးအပေါင်းတို့သည် မာနထောင်လွှားသောသူထံမှ ပြန်လည်လုယူကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။

Habakkuk 2:9

ထာဝရဘုရားက ရှေးဦးစွာအဘယ်သို့သောသူကို အမင်္ဂလာရှိသည်ဟု ဆိုသနည်း။

ထာဝရဘုရားက မိမိအမျိုးအဖို့ အဓမ္မစီးပွါးကို ရှာသောသူသည် အမင်္ဂလာရှိ၏ဟု ဆိုပါသည်။

အရှက်ကွဲ၍ ပြစ်မှားအသေသောအရာများကြောင့် မည်သည်က ဟစ်ခေါ်မည်ဟု ထာဝရဘုရား မိန့်ဆိုသနည်း။

အရှက်ကွဲ၍ ပြစ်မှားအသေသောအရာများကြောင့် ကျောက်တုံးများက ဟစ်ခေါ်မည်ဟု ထာဝရဘုရား မိန့်ဆိုပါသည်။


generated on Sun Jun 30 02:37:40 2024

Habakkuk 2:12

ထာဝရဘုရားက တဖန်အဘယ်သို့သောသူကို အမင်္ဂလာရှိသည်ဟု ဆိုသနည်း။
ထာဝရဘုရားက လူအသက်ကိုသတ်သောအပြစ်နှင့် ရွာကိုတည်သောသူ၊ အဓမ္မအမှုနှင့်မြို့ကိုခိုင်ခံ့စေသောသူသည် အမင်္ဂလာရှိ၏ ဟုဆိုပါသည်။

ထာဝရဘုရားက အနာဂတ်တွင်မြေကြီးသည်မည်သို့ဖြစ်မည်ဟု ဂတိထားတော်မူသနည်း။
ထာဝရဘုရား ဂတိတော်ထားတော်မူသည်မှာ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော်ကိုသိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်ဟူ၍ ဖြစ်ပါသည်။

Habakkuk 2:15

ထာဝရဘုရားက တတိယမြောက်အနေဖြင့် အဘယ်သို့သောသူကို အမင်္ဂလာရှိသည်ဟု ဆိုသနည်း။
ထာဝရဘုရားက မိမိအိမ်နီးချင်း၌ အဝတ်အချည်းစည်းရှိခြင်းကိုမြင်လို၍၊ သူ့ကိုယစ်မူးစေခြင်းငှါသေရည်သေရက်ကိုလောင်း၍သောက်စေသောသူသည် အမင်္ဂလာရှိ၏ဟု ဆိုပါသည်။

မိမိအိမ်နီးချင်းကိုယစ်မူးစေခြင်းငှါ သေရည်သေရက်ကိုသောက်စေသောသူသည် မိမိအလှည့်တွင်မည်သည့်အရာသည် သူ့ထံသို့ရောက်လာမည်နည်း။
ထိုသူ၏အလှည့်တွင်ထာဝရဘုရား၏လက်ယာလက်တော်၌ရှိသောဖလားသည် သူ့ထံသို့ရောက်၍ ရွံရှာဖွယ်သောအော့အန်ခြင်းသည်သူ၏အသရေကိုဖုံးလွှမ်းလိမ့်မည်။

Habakkuk 2:18

ရုပ်တုကို ထုလုပ်သောသူသည် မည်သည်ကို မှီခိုသနည်း။
ရုပ်တုကို ထုလုပ်သောသူသည် မိမိအလုပ်ကိုသာ မှီခိုပါသည်။

သန့်ရှင်းသောဗိမာန်တော်၌ ရှိတော်မူသော ထာဝရဘုရား၏ရှေ့တော်၌ မည်သို့ပြုကြရမည်နည်း။
သန့်ရှင်းသောဗိမာန်တော်၌ရှိတော်မူသော ထာဝရဘုရား၏ရှေ့တော်၌ မြေကြီးသားအပေါင်းသည် ငြိမ်ဝပ်စွာနေရပါမည်။

## Chapter 3

1 ပရောဖက် ဟဗက္ကုတ်၏ပဌနာစကားတည်းဟူ သော ရှိဂျောနုတ်သီချင်း၊ 2 အို ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏
ဗျာဒိတ်တော်သံကို ကြား၍ ကြောက်ရွံ့ပါပြီ။ အိုထာဝရ ဘုရား၊ ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင် တော်မူပါ။
ယခုနှစ်များအတွင်းတွင် ထင်ရှားစေတော်မူ ပါ။ အမျက်ထွက်တော်မူသော်လည်း ကရုဏာတရားကို အောက်မေ့တော်မူပါ။ 3
ဘုရားသခင်သည် တေမန်မြို့မှငင်း၊ သန့်ရှင်း သော ဘုရားသည် ပါရန်တောင်မှငင်း ကြွတော်မူ၏။ ဘုန်းတော်သည်
မိုဃ်းကောင်းကင်ကို ဖုံးအုပ်လျက်၊ မြေ ကြီးသည် ဂုဏ်အသရေတော်နှင့် ပြည့်စုံလျက် ရှိ၏။ 4 အဆင်းအရောင်တော်သည်
နေရောင်ကဲ့သို့ ဖြစ်၏။ လက်တော်မှ ရောင်ခြည်သည် ထွက်၍၊ ဘုန်း အာနုဘော်တော်ကို ကွယ်ကာလေ၏။ 5 ရှေ့တော်၌
ကာလနာဘေးသည် သွား၍၊ ပူ လောင်ခြင်းဘေးသည် ခြေတော်ကို ခြံရံလျက်ရှိ၏။ 6 ရပ်၍ မြေကြီးကို တိုင်းတော်မူ၏။ ကြည့်ရှု၍
လူမျိုးတို့ကို တုန်လှုပ်စေတော်မူ၏။ အစဉ်အမြဲတည် သော တောင်တို့သည် ကျိုးပဲ့၍၊ ထာဝရကုန်းရိုးတို့သည် ညွတ်ကြ၏။
ထာဝရလမ်းတို့ကို ကြွတော်မူ၏။ 7 ကုရှန်ပြည်၌ တဲတို့သည် ဆင်းရဲခံခြင်း၊ မိဒျန် ပြည်၌ ကုလားကာတို့သည် လှုပ်ရှားခြင်းကို
ငါမြင်၏။ 8 အို ထာဝရဘုရား၊ ကိုယ်တော်သည် ကယ်တင် ရာမြင်းရထားတော်ကို စီးတော်မူမည်အကြောင်း၊ မြစ်တို့ ကို
အမျက်ထွက်တော်မူသလော။ မြစ်များတဘက်၌ စိတ် ထတော်မူသလော။ ပင်လယ်ကို ရန်ငြိုးဖွဲ့တော်မူသလော။ 9 ကိုယ်တော်သည်
အမျိုးအနွယ်တော်တို့၌ ထား တော်မူသော သစ္စာဂတိရှိသည်အတိုင်း၊ လေးလက်နက် တော်ကို ထုတ်ပြတော်မူ၏။ မြေကြီး၌ မြစ်တို့ကို
ပေါက်စေ တော်မူ၏။ 10 တောင်တို့သည် ကိုယ်တော်ကို မြင်၍ တုန်လှုပ် ကြပါ၏။ လျှံသော ရေသည် လွှမ်းမိုးပါ၏။ ပင်လယ်သည်
အော်ဟစ်၍ လက်ကို ချီပါ၏။ 11 နေနှင့်လသည် မိမိတို့နေရာ၌ရပ်၍ နေပါ၏။ သူတို့ အလင်း၌ မြားတော်တို့သည် သွား၍၊ သူတို့ရောင်
ခြည်၌ လှံတော်သည်လည်း လျှပ်စစ်ပြက်ပါ၏။ 12 အမျက်တော်ထွက်လျက် တပြည်လုံး ချီသွား၍၊ ဒေါသစိတ်နှင့် လူအမျိုးမျိုးတို့ကို
နင်းနယ်တော်မူ၏။ 13 ကိုယ်တော်၏လူတို့ကို ကယ်တင်ခြင်း၊ ကိုယ် တော်ပေးတော်မူ၍ ဘိသိက်ခံသောသူတို့ကို ကယ်တင်ခြင်းအလိုငှါ
ထွက် ကြွတော်မူ၏။ အဓမ္မလူ၏အိမ်၌ ဦးခေါင်းကို နှိပ်စက်၍၊ မူလအမြစ်ကို လည်ပင်းတိုင်အောင် ပယ်ရှင်းတော်မူ၏။ 14
ဗိုလ်မင်းတို့၏ ဦးခေါင်းကို မြားတော်တို့နှင့် ထုတ်ချင်းခပ်ထိုးတော်မူ၏။ ထိုသူတို့သည် အကျွန်ုပ်တို့ကို လွင့်စေခြင်းငှါ
လေပြင်းမုန်တိုင်းကဲ့သို့ တိုက်ကြပါ၏။ ဆင်းရဲသားတို့ကို အမှတ်တမဲ့ ကိုက်စားမည့်အကြံရှိသကဲ့ သို့ ဝမ်းမြောက်ကြပါ၏။ 15
ကိုယ်တော်သည် မြင်းတော်များကို စီး၍၊ ရေ ဟုန်းဟုန်းမြည်သော ပင်လယ်အလယ်သို့ ချီသွားတော် မူ၏။ 16 ဗျာဒိတ်တော်သံကို
ငါကြားသောအခါ ရင်၌ လှုပ်ရှားခြင်း၊ မေးခိုင်ခြင်း၊ အရိုးဆွေးမြေ့ခြင်း၊ တကိုယ် လုံးတုန်လှုပ်ခြင်းရှိ၏။ အကြောင်းမူကား၊
အမှုရောက် သောနေ့၊ လုပ်ကြံသောသူသည် ငါ၏လူမျိုးကို တိုက်လာ သောနေ့တိုင်အောင် ငါသည် နေရစ်ရမည်။ 17 သင်္ဘောသဖန်းပင်
မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကို မြော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌ သိုးကုန်၍
တင်းကုပ်၌ နွားမရှိရ။ 18 သို့သော်လည်း၊ ထာဝရဘုရား၌ ငါဝမ်းမြောက် ၍၊ ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြု
လျက် ရွှင်လန်းမည်။ 19 အရှင်ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိဖြစ် တော်မူ၏။ ငါ့ခြေကို သမင်ခြေကဲ့သို့ ဖြစ်စေ၍၊ ငါ၏မြင့် ရာ
အရပ်ပေါ်မှာ ငါ့ကို နေရာချတော်မူမည်။

---

### Habakkuk 01

အကျွန်ုပ်သည် ကိုယ်တော်၏ ဗျာဒိတ်တော်သံကို ကြား၍ ကြောက်ရွံ့ပါပြီ။
ဆိုလိုချက် (၁) အကျွန်ုပ်သည် ကိုယ်တော်ဆောင်ရွက်ပြီးသော အမှုတော်များကို လူများကြားပြောသည်ကို ကြားရပါပြီ။ သို့မဟုတ် (၂) ကိုယ်တော်၏ ဗျာဒိတ်တော်အသံကိုကျွန်ုပ်ကြားပြီ။

အမှုတော်ကို ပြုပြင် တော်မူပါ။
အသက်တာ၌ အမှုတော်ကို သစ်လွင် လန်းဆန်းစေပါ သို့မဟုတ် ယခင်ဆောင်ရွက်ခဲ့သောအမှုတော်ကို ပြန်လည် လုပ်ဆောင်တော်မူပါ။

ထင်ရှားစေတော်မူပါ
သင်၏ အမှုတော်ကို လူအများအား သိကျွမ်းစေမူပါ

### Habakkuk 04

ယေဘုယျအချက်အလက်
ဟဗက္ကုတ်သည် ဘုရားသခင် ဖွင့်ပြခြင်းကို ဆက်လက်ဖွင့်ပြနေသည်။

အရောင်တော်
နေမှ ထွက်သော ရောင်ခြည်တန်းများကဲ့သို့ အလင်းရောင်တန်းများအား ဆိုလိုပါသည်။

သူ၏...သူ၏...သူ၏
ထာဝရဘုရား၏


generated on Sun Jun 30 02:37:40 2024

Habakkuk 06

ယေဘုယျအချက်အလက်
ဟဗက္ကုတ်သည် ထာဝရဘုရား၏ ရူပါရုံဖွင့်ပြခြင်းကိုဆက်လက်ဖော်ပြနေသည်။

မြေကြီးကို တိုင်းတော်မူ၏။
ဆိုလိုချက် (၁) သူ၏ အုပ်စိုးမှု အာဏာဖြင့် အလုပ်တာဝန်ခွဲဝေမှု မပြုမီပင် အောင်မြင်စွာ စစ်ဆေးပြီးဖြစ်သည်။ သို့မဟုတ် (၂) သူသည် လူမျိုးတို့ကိုတုန်လှုပ်စေတော်မူ၏။

အစဉ်အမြဲတည် သော တောင်တို့.... ထာဝရကုန်းရိုးတို့
တောင်များသည် မူလအစကပင် တည်ရှိနေပြီး တောင်ရိုးတို့သည် နောက်ဆုံးချိန်တိုင်အောင်တည်တံ့နေလိမ့်မည်။

ညွတ်ကြ၏။
ဘုရားသခင်အား ဝတ်ပြုရာတွင် မြေကြီးပေါ်၌ ညွတ်တွား၍ ကိုးကွယ်ရန်။

Habakkuk 07

ယေဘုယျအချက်အလက်
ဟဗက္ကုတ်သည် ထာဝရဘုရားရူပါရုံအား ဆက်လက်ဖွင့်ပြနေသည်။

ကုရှန်ပြည်၌ တဲတို့သည် ဆင်းရဲခံခြင်း၊ မိဒျန် ပြည်၌ ကုလားကာတို့သည် လှုပ်ရှားခြင်း
ကုရှန်ပြည်နှင့် မိဒျန်ပြည်၌ရှိသော လူများတို့သည် လေတိုက်၍ တဲဖျင်စများ ရွေ့လျားသကဲ့သို့ ကြောက်ရွံ့တုန်လှုပ်ကြ၏။

ကုရှန်
ဆိုလိုချက်

အို ထာဝရဘုရား၊ ကိုယ်တော်သည် ကယ်တင် ရာမြင်းရထားတော်ကို စီးတော်မူမည်အကြောင်း၊ မြစ်တို့ ကို အမျက်ထွက်တော်မူသလော။ မြစ်များတဘက်၌ စိတ် ထတော်မူသလော။ ပင်လယ်ကို ရန်ငြိုးဖွဲ့တော်မူသလော။
ကိုယ်တော်သည် မြစ်များကို အမျက်ထွက်သလော။ အောင်နိုင်သူ မြင်းရထားကို စီး၍ ပင်လယ်ကို ဆန့်ကျင်ရန်ငြိုးဖွဲ့မည်လော။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မြစ်များကို အမျက်မထွက်ပါ။ ပင်လယ်ကိုလည်း အမျက်မထားပါ။ အောင်နိုင်သူ မြင်းရထားများကိုသာ အမျက်တော်ရှိတော်မူ၏"

ကိုယ်တော်သည် ကယ်တင်ရာ မြင်းရထားတော်ကို စီးတော်မူမည်
စစ်သားသည် စစ်မြေပြင်ထဲသို့ မြင်းစီး၍ သို့မဟုတ် စစ်ရထားကိုစီး၍ တိုက်ပွဲဝင်သကဲ့သို့ ဘုရားသခင်ထာဝရ ဘုရားသည် သူ၏ လူမျိုးတော်ကို ကယ်တင်ရန်ကြွလာလိမ့်မည်။

Habakkuk 09

Selah (N/A)
ဤစကားလုံးသည် "ရပ်သည်။ ထင်ဟပ်သည်" သို့မဟုတ် "မြှင့်တင်သည်။ ချီးမြောက်သည်" ဟု ဆိုလိုပါသည်။

တောင်တို့သည် ကိုယ်တော်ကိုမြင်၍ တုန်လှုပ်ကြပါ၏
မြေကြီးကို ပိုင်းခြားနိုင်သော ဘုရား၏ စွမ်းဆောင်နိုင်ခြင်းကို တွေ့မြင်လျှင် တောင်များသည် ရွေ့လျားပြီး မြေကြီးကို ပိုင်းခြားလိမ့်မည်။

ပင်လယ်သည် အော်ဟစ်၍ လက်ကိုချီပါ၏
ပင်လယ်ထဲမှ ကြီးမားကျယ်လောင်သော ရေလှိုင်းခတ်သံများ

ရေလှိုင်း ပိုမြင့်မားလာခြင်း
ဒီရေ ပိုမိုမြင့်တက်လာသည်။

Habakkuk 11

ယေဘုယျအချက်အလက်
ဘုရားသခင်ဖွင့်ပြသော ရူပါရုံများကို ဟဗက္ကုတ်ဆက်လက်ဖော်ပြနေသည်။

အလင်း၌ မြှားတော်တို့သည်
ထာဝရဘုရား၏ မြှားတို့သည် အလွန်တော်ပသောကြောင့်ဖြစ်သည်။

အမျက်တော်ထွက်လျက် တပြည်လုံး ချီသွား၍၊ ဒေါသစိတ်နှင့် လူအမျိုးမျိုးတို့ကို နင်းနယ်တော်မူ၏။
ဤစာကြောင်းနှစ်ခုလုံးသည် မိုက်မဲဆိုးညစ်သော ပြည်သားများအား ဘုရားသခင် အပြစ်ပေးမည်ဟု ဆိုလိုပါသည်။

ဒေါသစိတ်
တစ်စုံတစ်ရာ မှားယွင်းခြင်းအပေါ် ဒေါသအမျက်ထွက်ခြင်း

Habakkuk 13

ယေဘုယျအချက်အလက်
ဟဗက္ကုတ်မှ ထာဝရဘုရားအား ပြောပြနေသည်။

ဘိသိက်ခံသောသူ
"ကယ်တင်ရာအရှင်" ဟု ဆိုလိုနိုင်သော်လည်း၊ ဤနေရာ၌ "သင်၏လူများ" ဟု ပြတ်သားစွာ ထွက်ဆိုသည်။ ဤနေရာ၌ တစ်ဦးတစ်ယောက်၏ အမည်နာမကိုအသုံးပြုခြင်းမဟုတ်ပဲ အများကိုယ်စားပြု အသုံးပြုခြင်းဖြစ်သည်။

အဓမ္မလူ၏ အိမ်၌ ဦးခေါင်းကို နှိပ်စက်၍
သင်သည် ဆိုးညစ်သော လူထု၏ ခေါင်းဆောင်ကို လုံးလုံးလျားလျားဖျက်ဆီးတော်မူပြီ။

Habakkuk 14

ယေဘုယျအချက်အလက်

ဟဗက္ကုတ်သည် ခါလဒဲလူများအား ဘုရားသခင် ဖျက်ဆီးသည့် အရာများကို ဖော်ပြနေသည်။

လေပြင်းမုန်တိုင်းကဲ့သို့

ခါလဒဲလူများသည် ဣသရေလလူများအား လျင်မြန်သောနှုန်းဖြင့် စစ်ချီတိုက်ခိုက်သည်ကို ရုတ်တရက် ကျရောက်သောမုန်တိုင်းကဲ့သို့ နှိုင်းယှဥ် ဖော်ပြထားပါသည်။

ဝမ်းမြောက်

ကြွားဝါသည်။ လေလုံးထွားသည်။

ဆင်းရဲသားတို့ကို အမှတ်တမဲ့ ကိုက်စားမည့်အကြံ

လုယူခြင်းနှင့် သတ်ခံရခြင်းဘေးမှ ပုန်းကွယ်နေသော ဆင်းရဲသားများအား ရှာတွေ့သည်။

ကိုက်စား

လျင်မြန်စွာ စားသုံးသည်။

Habakkuk 16

ယေဘုယျအချက်အလက်

ဟဗက္ကုတ်သည် ထာဝရဘုရားမှ ခါလဒဲလူများအားအပြစ်ပေးမည့် အရာအတွက် စဉ်းစား၍ ကြောက်ရွံ့နေခြင်းကို ဖော်ပြနေသသည်။

ရင်၌ လှုပ်ရှားခြင်း၊ မေးခိုင်ခြင်း၊ အရိုးဆွေးမြေ့ခြင်း၊ တကိုယ် လုံးတုန်လှုပ်ခြင်း

ဖြစ်ပျက်လာမည့် အကြောင်းအရာများကို စဉ်းစား၍ ကြောက်ရွံ့လျက်ရှိနေသည်။ ဟဗက္ကုတ်သည် သူ၏ ကြောက်ရွံ့မှုကို သူ၏ ခန္ဓာအပိုင်း တစ်ခုစီမှ အသေးစိတ်ဖော်ပြပါသည်။

ဆွေးမြေ့ခြင်း

ရိသည်။ ပုပ်သည်။

Habakkuk 17

သင်္ဘောသဖန်းပင်.. စပျစ်ပင်... သံလွင်ပင်.... လယ်.... ၊ သိုးခြံ....တင်းကုပ်...

မည်သည့် အစာမျှမရှိကြောင်းဆိုလိုသည်။ ဤနေရာသည် အစွရေးမြေ၌ အစာများတည်ရှိရာ၊ ပေါ်များရာနေရာအဖြစ် သိရှိရပါသည်။

Habakkuk 18

ယေဘုယျအချက်အလက်များ

ထာဝရဘုရားကို ဟဗက္ကုတ်ချီးမွမ်းသည်။

ဝမ်းမြောက်၊ ရွှင်လန်းမည်။

စကားလုံးများသည် ချီးမွမ်းကြွေးကြော်ကြရန်ဆိုလိုပါသည်။ စစ်ပွဲတစ်ခုမှ အောင်မြင်ပြီးပြန်လာသော ဝမ်းမြောက်ခြင်းဖြင့် အလွန်အမင်း အတိုင်းအဆမရှိ ဝမ်းမြောက်ခြင်းကို ဆိုလိုပါသည်။

ငါ့ခြေကို သမင်ခြေကဲ့သို့ ဖြစ်စေ၍၊ ငါ၏မြင့် ရာ အရပ်ပေါ်မှာ ငါ့ကို နေရာချတော်မူမည်။

ဟဗက္ကုတ်သည် သမင်ခြေကဲ့သို့ ဖြစ်စေခြင်းဖြင့် ဘုရားသခင်သည် ကျောက်ထူထပ်သော ကမ်းပါး၌ တက်စေနိုင်သကဲ့သို့ အစွမ်းအစကို ပေးလေပြီ။ "အမြင့်ဆုံးသောနေရာ" ဟူသည် အန္တရာယ်များ၏ အထက်သို့ရောက်နိုင်ခြင်းကို ညွှန်းဆိုပါသည်။ ဘုရားသခင်သည် သူ့ကို လုံခြုံသော နေရာသို့ ရောက်နိုင်ရန် စွမ်းဆောင်နိုင်စေပြီဟု ချီးမွမ်းပါသည်။

---

## Translation Questions

Habakkuk 3:1

ထာဝရဘုရား၏ဗျာဒိတ်တော်သံကို ကြားရပြီးနောက်၊ ပရောဖက် ဟဗက္ကုတ်သည် မည်သို့ခံစားရနည်း။

ထာဝရဘုရား၏ဗျာဒိတ်တော်သံကိုကြားပြီးနောက်၊ ပရောဖက် ဟဗက္ကုတ်သည် ကြောက်ရွံ့ခြင်း ဖြစ်သည်။

ဟဗက္ကုတ်က ထာဝရဘုရားထံ မည်သည့်အရာကို အောက်မေ့ရန် တောင်းပန်ခဲ့သနည်း။

ဟဗက္ကုတ်က ထာဝရဘုရားထံ အမျက်ထွက်တော်မူသော်လည်း ကရုဏာတရားကို အောက်မေ့တော်မူရန် တောင်းပန်ခဲ့ပါသည်။

Habakkuk 3:4

ဘုရားသခင် ကြွလာတော်မူသောအခါ၊ ရှေ့တော်နှင့် ခြေတော်တို့၌ မည်သည့်အရာတို့ ရှိသနည်း။

ဘုရားသခင် ကြွလာတော်မူသောအခါ၊ ရှေ့တော်၌ ကာလနာဘေးသည် သွား၍၊ ပူလောင်ခြင်းဘေးသည် ခြေတော်ကို ခြံရံလျက်ရှိသည်။

Habakkuk 3:6

ထာဝရဘုရားသည် အမျက်တော်ထွက်သောအခါ တိုင်းနိုင်ငံတို့ကိုမည်သို့ပြုသနည်း။

ထာဝရဘုရားသည် အမျက်တော် ထွက်သောအခါ လူမျိုးအပေါင်းကို တုန်လှုပ်စေတော်မူ၏။

Habakkuk 3:13

အဘယ့်ကြောင့် ထာဝရဘုရားသည် ထွက်ကြွတော်မူသနည်း။
ကိုယ်တော်၏လူတို့ကို ကယ်တင်ခြင်း၊ ကိုယ်တော်ပေးတော်မူ၍ ဘိသိက်ခံသောသူတို့ကို ကယ်တင်ခြင်းအလို့ငှါ ထွက်ကြွတော်မူ၏။

ထာဝရဘုရားသည် ထွက်ကြွတော်မူသောအခါ မည်သူ့အားနှိပ်စက်တော်မူသနည်း။
ထာဝရဘုရားသည် ထွက်ကြွတော်မူသောအခါ အဓမ္မလူ၏အိမ်၌ ဦးခေါင်းကို နှိပ်စက်တော်မူ၏။

Habakkuk 3:14

အဓမ္မဗိုလ်မင်းတို့သည် ထာဝရဘုရား၏လူတို့ကို အရပ်ရပ်သို့ လွင့်စေခြင်းငှါလာကြသောအခါ မည်သို့ ပြုကြသနည်း။
အဓမ္မဗိုလ်မင်းတို့သည် ထာဝရဘုရား၏လူတို့ကို ကိုက်စားတော့မည်ကဲ့သို့ ဝမ်းမြောက်ကြပါသည်။

Habakkuk 3:16

ဟဗက္ကုတ်သည် မည်သည့်အရာကို ငြိမ်ဝပ်စွာစောင့်ဆိုင်းနေသနည်း။
ဟဗက္ကုတ်သည် ထာဝရဘုရား၏လူတို့ကို လုပ်ကြံသောသူတို့အပေါ်၌ အမှုရောက်သောနေ့ကို ငြိမ်ဝပ်စွာစောင့်ဆိုင်းနေပါသည်။

Habakkuk 3:17

ထာဝရဘုရား၏လူတို့သည် မည်သို့သော ဒုက္ခဆင်းရဲများ ရင်ဆိုင်နေရသနည်း။
သင်္ဘောသဖန်းပင်မပွင့်ခြင်း၊ စပျစ်ပင်မသီးခြင်း၊ သံလွင်ပင်၏ကျေးဇူးကို မခံရခြင်း၊ လယ်တို့သည်အသီးအနှံကိုမပေးခြင်း၊ သိုးခြံ၌သိုးကုန်၍ တင်းကုပ်၌နွားမရှိခြင်းတို့ ဖြစ်ပါသည်။

Habakkuk 3:18

ဒုက္ခဆင်းရဲကြားတွင် ဟဗက္ကုတ်သည် မည်သို့ ပြုသနည်း။
ဒုက္ခဆင်းရဲကြားတွင် ဟဗက္ကုတ်သည် ထာဝရဘုရား၌ ဝမ်းမြောက်လျက်နေမည်။

ထာဝရဘုရားသည် ဟဗက္ကုတ်ကို အဘယ်သို့ နေရာချတော်မူမည်နည်း။
ထာဝရဘုရားသည် ဟဗက္ကုတ်ကို မြင့်သောအရပ်မှာ နေရာချတော်မူမည်။

---

# Zephaniah

## Chapter 1

1 ယုဒရှင်ဘုရင်အာမုန်သား ယောရှိမင်းလက် ထက်၊ ဟိဇကိ၊ အာမရိ၊ ဂေဒလိတို့မှ ဆင်းသက်သော ကုရှိ၏သား ဇေဖနိသို့
ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ 2 ပြည်တပြည်လုံး၌ ရှိလေသမျှတို့ကို အကုန် အစင်
ငါသုတ်သင်ပယ်ရှင်းမည်ဟု ထာဝရဘုရားမိန့် တော်မူ၏။ 3 လူနှင့်တိရ စ္ဆာန်တို့ကို ပယ်ရှင်းမည်။ မိုဃ်း ကောင်းကင်ငှက်နှင့်
ပင်လယ်ငါးတို့ကိုငှင်း၊ အဓမ္မလူတို့ နှင့်တကွ ပြစ်မှားစရာအကြောင်းတို့ကိုငှင်း ငါပယ်ရှင်း မည်။ မြေတပြင်လုံး၌ရှိသော
လူသတ္တဝါတို့ကိုလည်း ငါ ပယ်ရှင်းမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 4 ယုဒပြည်သူ၊ ယေရုရှလင်မြို့သားအပေါင်းတို့ကို ငါတိုက်၍၊
ဤအရပ်၌ ကျန်ကြွင်းသော ဗာလဘုရား၏ တပည့်တို့နှင့် ယဇ်ပုရောဟိတ်အမျိုးမျိုးတို့ကိုငှင်း၊ 5 ကောင်းကင်တန်ဆာများကို
အိမ်မိုးပေါ်မှာ ကိုးကွယ်သောသူ၊ ထာဝရဘုရားနှင့် မာလခံဘုရားကို တိုင်တည်လျက် ကျိန်ဆိုကိုးကွယ်သော သူတို့ကိုငှင်း၊ 6
ထာဝရဘုရား၏နောက်တော်သို့မလိုက်၊ ဆုတ် သွားသောသူ၊ ထာဝရဘုရားကို မရှာဖွေ၊ မမေးမြန်းသော သူတို့ကိုငှင်း ငါပယ်ရှင်းမည်။
7 အရှင်ထာဝရဘုရား၏ရှေ့တော်၌ ငြိမ်သက်စွာ နေကြလော့။ ထာဝရဘုရား၏နေ့နီးပြီ။ ထာဝရဘုရား သည် မိမိယဇ်ပွဲတော်ကို
ပြင်ဆင်၍၊ ပွဲဝင်သော သူတို့ကို သန့်ရှင်းစေတော်မူပြီ။ 8 ထာဝရဘုရားပွဲခံတော်မူသော နေ့၌ မင်းများ၊ ဆွေတော်မျိုးတော်များနှင့်
ထူးခြားစွာ ဝတ်သောသူများ အပေါင်းတို့ကို ငါစစ်ကြောမည်။ 9 သူတပါး၏အိမ်တံခါးခုံကို ကျော်၍ အနိုင် အထက်ပြုခြင်း၊
လုည့်စားခြင်းအားဖြင့်ရသော ဥစ္စာနှင့် မိမိသခင်၏ အိမ်ကို ပြည့်စေသောသူအပေါင်းတို့ကိုလည်း ထိုနေ့၌ ငါစစ်ကြောမည်။ 10
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုနေ့၌ ငါးတံခါးဝမှာ အော်ဟစ်သံကိုငှင်း၊ ဒုတိယမြို့၌ ငိုကြွေး မြည်တမ်းသံကိုင်း၊ တောင်ရိုး၌
ပြင်းစွာချိုးဖျက်သံကိုငှင်း ကြားရ၏။ 11 မတ္တေရှအရပ်သားတို့၊ ငိုကြွေးမြည်တမ်းကြ လော့။ ကုန်သည်အပေါင်းတို့သည် ပြတ်ကြပြီ။
ငွေကို ဆောင်သောသူအပေါင်းတို့သည် ဆုံးကြပြီ။ 12 ထိုကာလ၌ ငါသည် မီးခွက်ကို ကိုင်၍ ယေရုရှ လင်မြို့ကို စစ်ကြောမည်။
ထာဝရဘုရားသည် ကျေးဇူးကို လည်းမပြု၊ အပြစ်ကိုလည်း မပေးဟု အောက်မေ့လျက်၊ မိမိတို့အနည်အဖတ်ပေါ်၌ နေရာကျသော
သူတို့ကို ငါစစ်ကြောမည်။ 13 ထိုသူတို့၏ဥစ္စာကို သူတပါးလုယူ၍၊ သူတို့၏ နေရာသည် လူဆိတ်ညံလျက် ရှိလိမ့်မည်။ အိမ်ကို
ဆောက်သောလည်း မနေရကြ။ စပျစ်ဥယျာဉ်ကို စိုက် သော်လည်း စပျစ်ရည်ကို မသောက်ရကြ။ 14 ထာဝရဘုရား၏နေ့ကြီးနီးပြီ။
နီးပြီ။ အလျင် အမြန်လာ၏။ ထာဝရဘုရား၏ နေ့သိတင်းသည် နား၌ ခါး၏။ ထိုနေ့၌ သူရဲသည် အော်ဟစ်လိမ့်မည်။ 15 ထိုနေ့သည်
အမျက်ထွက်သောနေ့၊ ဆင်းရဲပူပန် ခြင်းကို ခံရသောနေ့၊ သုတ်သင်ပယ်ရှင်းဖျက်ဆီးရာနေ့၊ အလင်းကွယ်၍ မှောင်မိုက်သောနေ့၊
မိုဃ်းအုံ့၍ ထူထပ် သောမှောင်မိုက်ဖုံးလွှမ်းသောနေ့၊ 16 ခိုင်ခံ့သောမြို့၊ မြင့်သောရဲတိုက်တို့တဘက်၌ တံပိုးမှုတ်၍
ကြွေးကြော်ရာနေ့ဖြစ်၏။ 17 သူတို့သည် ထာဝရဘုရားကို ပြစ်မှားသော ကြောင့်၊ သူတို့ကို ငါညှဉ်းဆဲသဖြင့် မျက်စိမမြင်သော
သူကဲ့သို့သွားကြလိမ့်မည်။ သူတို့အသွေးကို မြေမှုန့်ကဲ့သို့ သွန်း၍ အသားကိုလည်း မစင်ကဲ့သို့ မှတ်ကြလိမ့်မည်။ 18 ထာဝရဘုရား
အမျက်ထွက်တော်မူသော နေ့၌ သူတို့ရွှေငွေသည် သူတို့ကို မကယ်တင်နိုင်ရာ။ ဒေါသ အမျက်တော်မီးသည် တပြည်လုံးကို
လောင်လိမ့်မည်။ ပြည်သူပြည်သားအပေါင်းတို့ကို အလျင်အမြန် စီရင်၍ အကုန်အစင် သုတ်သင်ပယ်ရှင်းတော်မူလိမ့်မည်။

---

Zephaniah 01

ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား
"ထာဝရဘုရား မြွက်ဆိုသော နှုတ်ကပတ်တော်"

ထာဝရဘုရား
ဓမ္မဟောင်းကာလတွင် သူ၏ လူမျိုးများကို ဖော်ပြခဲ့သော ဘုရားသခင်၏ နာမတော်ဖြစ်သည်။ ထာဝရဘုရားနှင့် သက်ဆိုင်သော အမည်နာမကို ဘာသာပြန်ဆိုချက်တွင်ကြည့်ရှုရန်။

ပြည်တစ်ပြည်လုံး၌ ရှိလေသမျှတို့ကို အကုန်အစင် ငါသုတ်သင်ပယ်ရှင်းမည်။ မြေတစ်ပြင်လုံး၌ရှိသော လူသတ္တဝါ တို့ကိုလည်း ငါပယ်ရှင်းမည်
ဤအကြောင်းအရာများသည် ဒုစရိုက် အပြစ်ပြုလုပ်သော သူ၏ လူမျိုးများကို ထာဝရ ဘုရားပြင်းထန်စွာ အမျက်တော်ထွက်ခြင်းဖြစ်ကြောင်း ရည်ရွယ်ပြီးပြောထားသည်။

သုတ်သင်ပယ်ရှင်း
သုတ်သင်ပယ်ရှင်း

Zephaniah 04

မာလခံ
"မာလခံ" ဟူသော အမည်သည် "မောလုတ်" ဘုရား၏ အခြားသောအမည်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Zephaniah 07

ထာဝရဘုရားသည် မိမိယဇ်ပွဲတော်ကို ပြင်ဆင်၍ ပွဲဝင်သော သူတို့ကို သန့်ရှင်းစေတော်မူပြီ
ဖော်ပြထားသော အသုံးအနှုန်းသည် ဘုရားသခင်၏ မဟာစီမံကိန်း ပြီးပြည့်စုံစေရန်အတွက် သူ့လူမျိုးများ၏ ရန်သူများကို မည်သို့ အသုံးချမည်ဖြစ်ကြောင်း ရေးသားထားသည်။

ထူးခြားစွာ ဝတ်သောသူများ
ဤစကားစုတွင် တပါးအမျိုးသားများကဲ့သို့ ထူခြားစွာဝတ်ဆင်သော အစ္စရေးလူမျိုးများသည် တပါးအမျိုးသားများ၏ အကျင့်ဓလေ့ထုံးစံများကို ကရုဏာသက်ကာ အခြားသော ဘုရားများကို ကိုးကွယ်ကြောင်း ဖော်ပြထားသည်။

ထိုနေ့၌
ထာဝရဘုရား၏နေ့ရက်

သူတပါး၏ အိမ်တံခါးခုံကို ကျော်၍ အနိုင်အထက်ပြုခြင်း
"ဒါဂုန်" ဟုခေါ်သော နတ်ဘုရားကို ကိုးကွယ်သည့် လူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်- "ဒါဂုန်" နတ်ဘုရားကို ကိုးကွယ်သူများ .

Zephaniah 10

ထာဝရဘုရားမိန့်တော်မူသည်ကား
အခြားသောဘာသာပြန်ဆိုချက်- "ထာဝရဘုရား ဘာကို မိန့်တော်မူကြောင်း" သို့မဟုတ် "ထာဝရဘုရား ဘာကို အလေးအနက်ပြောဆိုကြောင်း"

ငါးတံခါးဝ
ငါးတံခါးသည် မြို့ရိုး၌ ရှိသော တံခါးများမှ တစ်ခုသော တံခါးဖြစ်သည်။

ဒုတိယမြို့ ၌ ငိုကြွေးမြည်တမ်းသံ
အခြားသောဘာသာပြန်ဆိုချက်- "ဒုတိယမြို့မှ ငိုကြွေးမြည်တမ်းခြင်း" ဒုတိယမြို့သည် ယေရုဆလင်၏ အသစ်သော အပိုင်းဟု အဓိပ္ပါယ်ရသည်။

တောင်ရိုး၌
ယေရုဆလင်မြို့ကို ဝန်းရံထားသော တောင်ရိုးများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်- "ယေရုဆလင်မြို့ကို ဝန်းရံထားသော တောင်ရိုးများမှ"

ကုန်သည်အပေါင်းတို့သည် ပြတ်ကြပြီ။ ငွေကို ဆောင်သောသူ အပေါင်းတို့သည် ဆုံးကြပြီ
အခြားသောဘာသာပြန်ဆိုချက်- "ကုန်ပစ္စည်းများကို ရောင်းဝယ်သောကုန်သည်များသည် သတ်ဖြတ်ခြင်းကို ခံရမည်။"

Zephaniah 12

ငါသည် မီးခွက်ကိုကိုင်၍ ယေရုဆလင်မြို့ကို စစ်ကြောမည်
ထာဝရဘုရား၏ မျက်မှောက်တော်မှ အဘယ်သူမျှ မပုန်းကွယ်နိုင် (မလွတ်ကင်းနိုင်)

မိမိတို့အနည်အဖတ်ပေါ်၌ နေရာကျသော
ဒုက္ခဆင်းရဲခြင်းမှ လုံခြုံကွယ်ကာမှုကို ခံစားရရှိသည်။

အောက်မေ့လျက်
စိတ်ချစွာပြောဆိုသည်။

Zephaniah 14

နီးပြီ၊ နီးပြီ အလျင်အမြန်လာ၏
နှစ်ကြိမ်တိုင်အောင် အသုံးပြုထားသော "နီးပြီ"စကားလုံး နှင့် "အလျင်အမြန်လာ၏" စကားလုံးသည် အစ္စရေးလူများအပေါ် မကြာခင် ဖြစ်ပျက်လာမည့် ထာဝရဘုရား၏ တရားစီရင်ရာနေ့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်- "နီးပြီ မကြာမီလာမည်"

ထိုနေ့သည် အမျက်ထွက်သောနေ့၊ဆင်းရဲပူပန် ခြင်းကို ခံရသောနေ့၊ သုတ်သင်ပယ်ရှင်းဖျက်ဆီးရာနေ့၊ အလင်းကွယ်၍ မှောင်မိုက်သောနေ့၊ မိုဃ်းအုံ့၍ ထူထပ် သောမှောင်မိုက်ဖုံးလွှမ်းသောနေ့၊ ခိုင်ခံ့သောမြို့၊ မြင့်သောရဲတိုက်တို့တဘက်၌ တံပိုးမှုတ်၍ ကြွေးကြော်ရာနေ့ဖြစ်၏။
ဤဖော်ပြချက်သည် အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းလှသော ထာဝရဘုရား၏ စီရင်ရာနေ့ကျရောက်လိမ့်မည်ဖြစ်ကြောင်း အလေးထားဖော်ပြထားသည်။ များစွာသော ပျက်စီးခြင်းလက္ခဏာများသည် ဖောက်ပြန်ဖျက်ဆီးတတ်သော သဘာဝတရားများနှင့် ဘုရားသခင်၏နောက်ဆုံးသောတရားစီရင်ခြင်းဖြင့် စုပုံဖျက်ဆီးမည်ဖြစ်ကြောင်းရေးသားထားသည်။

ဆင်းရဲပူပန်ခြင်းကိုခံရသောနေ့
"ဆင်းရဲဒုက္ခ" နှင့် "ပူပန်ခြင်းဝေဒနာ" ဟူသော အဓိပ္ပါယ်သည် လူများ၏ ဆင်းရဲပူပန်ခြင်းဝေဒနာ ပြင်းထန်စွာခံစားရခြင်းဖြစ်ကြောင်း ရည်ရွယ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်- "လူများဆင်းရဲ ဒုက္ခဆိုးရွားခံစားရသောနေ့ "

သုတ်သင်ပယ်ရှင်းဖျက်ဆီးရာနေ့
သုတ်သင်ပယ်ရှင်းခြင်းသည် (မုန်တိုင်း) ဘုရားသခင်၏ စီရင်ခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်၏ စီရင်ခြင်းသည် ဖျက်ဆီးပယ်ရှင်းလိုက်သော မုန်တိုင်းကဲ့သို့ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်- "သုတ်သင်ပယ်ရှင်းဖျက်ဆီးခြင်း မုန်တိုင်း" သို့မဟုတ် "စီရင်ဖျက်ဆီးသောနေ့"

အလင်းကွယ်၍ မှောင်မိုက်သောနေ့

"အလင်းကွယ်၍ မှောင်မိုက်သော" ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ အလွန်ကြီးမားသော အမှောင်ထုကြီးကို ရည်ရွယ်ဖော်ပြထားသည်။ စကားလုံးနှစ်မျိုးလုံးသည် ဘေးဒုက္ခရောက်သောအချိန် သို့မဟုတ် ဘုရားသခင်၏ စီရင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်- "မှောင်အတိကျသောနေ့ရက်" သို့မဟုတ် "ကြောက်မက်ဖွယ်ကောင်းသော စီရင်ရာနေ့"

မိုဃ်းအုံ၍ ထူထပ်သော မှောင်မိုက်ဖုံးလွှမ်းသောနေ့

ဤစကားစုသည် ဖော်ပြပြီးသောအကြောင်းအရာများနှင့် အဓိပ္ပါယ်တူညီသည်။ "မိုးတိမ်အုံ၍မှောင်မိုက်ဖုံးလွှမ်းသော" ဆိုသည်မှာ ဘုရားသခင်၏ စီရင်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်- "မိုဃ်းတိမ်ထူထပ်၍ အမှောင်အတိဖုံးလွှမ်းသောနေ့ "

တံပိုးမှုတ်၍ကြွေးကြော်ရာနေ့

"တံပိုးမှုတ်" နှင့် "ကြွေးကြော်" ဟူသော စကားလုံးသည် တူညီသောအခြေခံ သဘောတရားဖြစ်သည်။ နှစ်ခုလုံးမှာ ဘုရားသခင်၏ စစ်တိုက်ပွဲအတွက် စစ်သူရဲများကို အသင့်ပြင်ဆင်ဖို့ တိုက်တွန်းနှိုးဆော်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်- "လူများစစ်တိုက်ပွဲအတွက် ကြွေးကြော်သောနေ့"

ခိုင်ခံ့သောမြို့၊ မြင့်သောရဲတိုက်များ

အင်အားကြီးမားသော ခံတပ်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် "ကောင်းမွန်သော ခံတပ်မြို့များ"

Zephaniah 17

မျက်စိမမြင်သောသူကဲ့သို့ သွားကြလိမ့်မည်။ သူတို့အသွေးကို မြေမှုန့်ကဲ့သို့သွန်း၍ အသားကိုလည်း မစင်ကဲ့သို့ မှုတ်ကြလိမ့်မည်။

ဤစကားစုများသည် ဖြစ်နေကျအကြောင်းအရာကို နှိုင်းယှဉ်ဖော်ပြထားသည်။

သူ၏ဒေါသ အမျက်တော်မီး

ထာဝရဘုရား၏ တန်ခိုးကြီးသော အမျက်တော်

---

## Translation Questions

### Zephaniah 1:1

ထာဝရဘုရားက ဇေဖနိအား မိုးကောင်းကင်ငှက်များ၊ ပင်လယ်ငါးများ နှင့်၊ လူတို့ကို သူအဘယ်သို့ပြုရမည်ဟု မိန့်တော်မူခဲ့သနည်း။

ရှိလေသမျှတို့ကို အကုန်အစင် ငါသုတ်သင်ပယ်ရှင်းမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

### Zephaniah 1:4

ထာဝရဘုရား အကုန်အစင်သုတ်သင်ပယ်ရှင်းမည်ဟု ဆိုသောရုပ်ထု၏ အမည်မှာ မည်သူဖြစ်သနည်း။

ထာဝရဘုရား အကုန်အစင်သုတ်သင်ပယ်ရှင်းမည်ဟု ဆိုသောရုပ်ထု၏အမည်မှာ ဗာလဖြစ်ပါသည်။

အိမ်မိုးပေါ်တွင်ကိုးကွယ်သောသူတို့သည် မည်သူ့ကို ကိုးကွယ်ကြသနည်း။

အိမ်မိုးပေါ်တွင်ကိုးကွယ်သောသူတို့သည်ကောင်းကင်တန်ဆာများကို ကိုးကွယ်ကြပါသည်။

### Zephaniah 1:7

ထာဝရဘုရား၏ ရှေ့တော်မှောက်၌ လူတို့သည်မည်သို့ပြုကြရမည်နည်း။

ထာဝရဘုရား၏ ရှေ့တော်မှောက်၌ လူတို့သည် ငြိမ်ဝပ်စွာနေရပါမည်။

ထာဝရဘုရားက ယဇ်ပူဇော်ပွဲနေ့တွင် မည်သူတို့ကို စစ်ကြောအပြစ်ပေးမည်ဟု အမိန့်တော်ရှိသနည်း။

ထိုနေ့တွင် ထာဝရဘုရားက မင်းများ၊ ဆွေတော်မျိုးတော်များ၊ ထူးခြားစွာဝတ်သောသူများ၊ သူတပါး၏အိမ်တံခါးခုံကိုကျော်၍ အနိုင်အထက်ပြုသူများ၊ လုည့်စားခြင်းအားဖြင့်ရသောဥစ္စာနှင့် မိမိသခင်၏အိမ်ကိုပြည့်စေသောသူအပေါင်းတို့ကို စစ်ကြောအပြစ်ပေးမည်ဟု မိန့်တော်မူ၏။

### Zephaniah 1:10

ထိုနေ့၌ တခါးဝနှင့် ဒုတိယမြို့တို့၌ မည်ကဲ့သို့သောအသံကို ကြားရမည်နည်း။

ထိုနေ့၌ ငါ့တံခါးဝမှာ အော်ဟစ်သံကိုငှင်း၊ ဒုတိယမြို့၌ငိုကြွေးမည်တမ်းသံကိုငှင်း ကြားရလိမ့်မည်။

ထိုနေ့၌ ကုန်သည်တို့သည် မည်သို့ဖြစ်ကြမည်နည်း။

ကုန်သည်အပေါင်းတို့သည်ပျက်စီးဆုံးရှုံးကြပြီး၊ ငွေကိုဆောင်သောသူအပေါင်းတို့သည် ဆုံးကြရလိမ့်မည်။။

### Zephaniah 1:12

ယေရုရှလင်မြို့၌နေသော အချို့သောသူတို့သည်ထာဝရဘုရား၏အကြောင်းကိုမည်သို့အောက်မေ့လျက်နေကြသနည်း။

ထိုသူတို့က ထာဝရဘုရားသည် ကျေးဇူးကိုလည်းမပြု၊ အပြစ်ကိုလည်းမပေးဟု အောက်မေ့လျက်နေကြပါ၏။

### Zephaniah 1:14

အမျက်ထွက်ရသောနေ့၊ ဆင်းရဲပူပန်ခြင်းကိုခံရသောနေ့၊ မှောင်မိုက်ဖုံးလွှမ်းသောနေ့သည် မည်သည့်နေ့ဖြစ်လိမ့်မည်နည်း။

ထာဝရဘုရားသခင်၏ကြီးမြတ်သောနေ့သည် အမျက်ထွက်ရသောနေ့၊ ဆင်းရဲပူပန်ခြင်းကိုခံရသောနေ့၊ မှောင်မိုက်ဖုံးလွှမ်းသောနေ့ဖြစ်လိမ့်မည်။

Zephaniah 1:17

ထာဝရဘုရားသခင်၏နေ့၌ မည်သူ၏အသွေးသည် မြေမှုန့်ကဲ့သို့ သွန်းခြင်းကို ခံရမည်နည်း။

ထိုနေ့၌ ထာဝရဘုရားကိုပြစ်မှားသောသူတို့၏အသွေးသည် မြေမှုန့်ကဲ့သို့သွန်းခြင်းကို ခံရလိမ့်မည်။

ထိုနေ့၌ သူတို့ကို မကယ်တင်နိုင်တော့မည့်အရာသည် အဘယ်အရာဖြစ်သနည်း။

ထိုနေ့၌သူတို့၏ရွှေနှင့် ငွေတို့သည် သူတို့ကို ကယ်တင်နိုင်မည်မဟုတ်ပါ။

## Chapter 2

[1] အရှက်မရှိသော အမျိုးသားတို့၊ ကိုယ်ကို စစ် ကြောကြလော့။ [2] အမိန့်တော်အတိုင်း မစီရင်၊ သင်တို့ အချိန်သည် ဖွဲကဲ့သို့မလွန်၊
ထာဝရဘုရား၏ပြင်းစွာသော အမျက် တော်သည် သင်တို့အပေါ်သို့မရောက်၊ ထာဝရဘုရား၏ အမျက်တော်နေ့သည် သင်တို့အပေါ်သို့
မရောက်မီ ကိုယ် ကို စစ်ကြောကြလော့။ [3] တရားတော်အတိုင်း ကျင့်၍ စိတ်နှိမ့်ချသော ပြည်သူပြည်သားအပေါင်းတို့၊ ထာဝရဘုရားကို
ရှာကြ လော့။ ဖြောင့်မတ်ခြင်းနှင့် စိတ်နှိမ့်ချခြင်းကိုလည်း ရှာကြလော့။ ထာဝရဘုရား အမျက်ထွက်တော်မူသောနေ့ ၌ သင်တို့သည်
ပုန်းရှောင်ရာကို တွေ့ကောင်းတွေ့ကြ လိမ့်မည်။ [4] အကယ်စင်စစ် ဂါဇမြို့သည် စွန့်ပစ်ရာ၊ အာရှ ကေလုန်မြို့သည်
သုတ်သင်ပယ်ရှင်းရာ ဖြစ်လိမ့်မည်။ အာဇုတ်မြို့သားတို့ကို မွန်းတည့်အချိန်၌ နှင်ထုတ်၍၊ ဧကြုန်မြို့ကိုလည်း ဖြိုဖျက်ကြလိမ့်မည်။ [5]
အို ပင်လယ်ကမ်းနားမှာ နေသော ခေရသိ အမျိုးသားတို့၊ သင်တို့ တဘက်၌ ထာဝရဘုရား၏ နှုတ် ကပတ်တော်ရှိ၏။ အို
ဖိလိတ္တိလူနေရာ ခါနာန်ပြည်၊ သင်၌ အဘယ်သူမျှ မနေစေခြင်းငှါ ငါသုတ်သင်မည်။ [6] ပင်လယ်ကမ်းနား အရပ်သည် ကျက်စားရာ၊
သိုးထိန်းမှီခိုရာ၊ သိုးခြံလုပ်စရာဘို့ ဖြစ်လိမ့်မည်။ [7] ပင်လယ်ကမ်းသည်လည်း ကျန်ကြွင်းသော ယုဒ အမျိုးသားတို့အဘို့ဖြစ်၍၊
သူတို့သည် ထိုအရပ်၌ ကျက်စားကြလိမ့်မည်။ ညအချိန်၌လည်း အာရှကေလုန် မြို့ရာအိမ်တို့၌ အိပ်ကြလိမ့်မည်။ သူတို့၏
ဘုရားသခင် ထာဝရဘုရားသည် သူတို့ကို အကြည့်အရှုကြွလာ၍၊ သိမ်း သွားခြင်းဘေးကို ပယ်ရှင်းတော်မူလိမ့်မည်။ [8]
မောဘအမျိုးသားနှင့် အမ္မုန်အမျိုးသားတို့သည် ငါ၏လူမျိုးကို ကဲ့ရဲ့အပြစ်တင်၍၊ ငါ၏လူနေရာတဘက်၌ ဝါကြွားသော စကားကို
ငါကြားပြီ။ [9] သို့ဖြစ်၍၊ ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားမိန့်တော်မူသည် ကား၊
မောဘပြည်နှင့် အမ္မုန်ပြည်သည်၊ သောဒုံမြို့နှင့် ဂေါမောရမြို့ကဲ့သို့ ဆူးပင်ပေါက်သောအရပ်၊ ဆားချက်ဘို့ မြေတူးရာအရပ်၊
အစဉ်အမြဲပျက်စီးရာ အရပ်ဖြစ်၍၊ ကျန်ကြွင်းသော ငါ၏လူ၊ ငါ၏အမျိုးသားတို့သည် လုယူ သိမ်းစားကြလိမ့်မည်။ [10] ထိုသူတို့သည်
မာနကြီးသော သူဖြစ်၍၊ ကဲ့ရဲ့ လျက်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ လူမျိုး တဘက်၌ ဝါကြွားသောကြောင့် ထိုသို့သော
အပြစ်ကို ခံရကြလိမ့်မည်။ [11] ထာဝရဘုရားသည် သူတို့တဘက်၌ ကြောက် မက်ဘွယ်ဖြစ်၍၊ လောကီဘုရားရှိသမျှတို့ကို အငတ်ထား
တော်မူလိမ့်မည်။ တပါးအမျိုးသားနေရာ ကျွန်းရှိသမျှတို့ သည် အသီးအသီး မိမိတို့အရပ်၌ ရှိခိုးကြလိမ့်မည်။ [12] အို ကုရှပြည်သားတို့၊
သင်တို့သည်လည်း ငါ့ထား ဖြင့် အသေခံရကြလိမ့်မည်။ [13] မြောက်မျက်နှာကိုလည်း တိုက်၍ အာရှုရိပြည် ကို ဖျက်ဆီးတော်မူမည်။
နိနေဝေမြို့ကို လူဆိတ်ညံရာ အရပ်၊ လွင်ပြင်ကဲ့သို့ သွေ့ခြောက်သော အရပ်ဖြစ်စေ တော်မူမည်။ [14] မြို့အလယ်၌ သိုးစုများနှင့်
တပါးအမျိုးသားရဲ အပေါင်းတို့သည် အိပ်ကြလိမ့်မည်။ ဝံပိုနှင့်ဖြုတို့သည် တံခါးထုပ်၌ နေရာကျ၍ ပြတင်းပေါက်၌ မြည်ကြလိမ့်
မည်။ တံခါးခုံတို့သည် လူဆိတ်ညံလျက်၊ အာရဇ်သစ်သား ၌ အပြော်ပယ်ရှင်းလျက် ရှိလိမ့်မည်။ [15] ထိုမြို့က၊ ငါရှိ၏။ ငါမှတပါး
အဘယ်သူမျှ မရှိ ဟု ဆိုလျက် သောကနှင့် ကင်းလွတ်၍ ဝမ်းမြောက်လျက် နေဘူးသော မြို့ဖြစ်ပါသည်တကား။ ယခုမှာ သုတ်သင်
ပယ်ရှင်းရာ၊ သားရဲအိပ်ရာ သူအပေါင်းတို့သည် ကဲ့ရဲ့သံ ကို ပြု၍ လက်ဖျားခါကြလိမ့်မည်။

---

Zephaniah 01

အရှက်မရှိသော အမျိုးသားတို့၊ ကိုယ်ကိုစစ်ကြောကြလော့
ဤစကားစုများသည် အဓိပ္ပါယ်တူညီသည်။
လူမျိုးချင်းများအတူတကွလုံ့ဆော် စုရုံးပြီးနောင်တရရှိစေဖို့
အလို့ငှာ အလေးအနက်မိန့်ဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်- "အတူတကွ စုရုံးစည်းဝေးခြင်း"

အရှက်မရှိသောလူမျိုး
သူတို့၏ အပြစ်များအတွက် နောင်တမရသောလူမျိုး

သင်တို့အချိန်သည် ဖွဲကဲ့သို့ မလွန်မီ
"ဖွဲ" ဆိုသည်မှာ စွန့်ပစ်လိုက်သော ကောက်နှံများ၏
အခွံဖြစ်သည်။ ဤကဲ့သို့သော နေ့ရက်သည်
အလျင်အမြန်ကျရောက်လိမ့်မည်။

ထာဝရဘုရား၏ ပြင်းစွာသောအမျက်တော်သည် သင်တို့အပေါ်သို့ မရောက်၊
ထာဝရဘုရား၏ အမျက်တော်နေ့သည် သင်တို့အပါသို့ မရောက်မီ
ထာဝရဘုရား၏ ကြောက်မက်ဖွယ်ကောင်းသော စီရင်ခြင်းသည်
အစောတလျင် ရောက်ရှိလာမည် ဖြစ်၍ လူများကို နောင်တရဖို့
အလေးအနက်ပေးသည့်အနေဖြင့် ပရောဖက်က
နှစ်ကြိမ်သုံးထားခြင်းဖြစ်သည်။

ထာဝရဘုရား၏ အမျက်တော်
ဘုရားသခင်၏ အပြစ်ဒဏ်ခတ်ရန် ရည်ရွယ်ညွှန်းဆိုသည်။

Zephaniah 04

အကယ်စင်စစ် ဂါဇမြို့သည် စွန့်ပစ်ရာ၊ အာရှကေလုန်မြို့သည်
သုတ်သင်ပယ်ရှင်းရာဖြစ်လိမ့်မည်
ဤမြို့များမှ လူများသည် အပြီးသတ် လျင်မြန်စွာ
ပယ်ရှင်းခြင်းခံရမည်။


generated on Sun Jun 30 02:37:40 2024

သင်၌ အဘယ်သူမျှ မနေစေခြင်းငှာ
အခြားသောဘာသာပြန်ဆိုချက်- "တစ်ဦးတစ်ယောက်မျှမရှိသည့်တိုင်"

Zephaniah 06

ပင်လယ်ကမ်းနားအရပ်သည် ကျက်စားရာ၊ သိုးထိန်းမှီခိုရာ၊ သိုးခြံလုပ်စရာဘို့ ဖြစ်လိမ့်မည်
ပင်လယ်ကမ်းနားဆိုသည်မှာ လူမျိုးတကာ စုဝေးခိုလှုံတဲ့နေရာဟု အဓိပ္ပါယ်ရပြီး "သိုးထိန်းမှီခိုရာ၊ သိုးခြံလုပ်စရာဘို့" ဆိုသည်မှာတပါးအမျိုးသားများနေရာတွင်ကျန်ကြွင်း သောယုဒလူမျိုးများနေထိုင်စားသောက်လိမ့်မည်ဟု အဓိပ္ပါယ်ရသည်။

သိုးခြံ
သိုးများကို လှောင်ထားသော သေးငယ်သည့်ခြံ၊ စည်းရိုးဖြင့် အကာအကွယ် လုပ်ထားသောမြေကွက်

အိပ်စက်ခြင်း
အိပ်ယာပေါ်အိပ်စက်ခြင်းကို ဆိုလိုသည်။

Zephaniah 08

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား
"ထာဝရဘုရား မိန့်တော်မူသည့်အရာ" သို့မဟုတ် "ထာဝရဘုရားလေးနက်စွာ ပြောဆိုခဲ့သောအရာ"

Zephaniah 12

တံခါးထုပ်၌
"တံခါးထုပ်၊ တိုင်" သည် အဆောက်အအုံများ ပျက်စီးသွားသော်လည်းကျန်နေသည့် တိုင်များ တန်းများကို ဆိုလိုသည်။

တံခါးထုပ်၊ တိုင်များ
အဆောက်အဦးဆောက်လုပ်သည့်အခါ ထူထပ်၍ ရှည်လျားသော အဓိကတိုင်ကြီးကို ဆိုလိုသည်။

Zephaniah 15

ကဲ့ရဲ့သံကိုပြု၍ လက်ဖျားခါကြလိမ့်မည်
ကဲ့ရဲ့သံဟုဆိုရာတွင် ဒေါသကြောင့်ထွက်ပေါ်လာသောအသံဖြစ်သည်။ ဤစကားစုတွင် နိနေဝေမြို့ကို ဒေါသကြီးစွာဖြင့် ကဲ့ရဲ့ကြသော လူများကို ဖော်ဆောင်ထားသည်။

---

## Translation Questions

Zephaniah 2:1

ထာဝရဘုရား၏ပြင်းစွာသောအမျက်ဒေါသသည် သူတို့အပေါ်သို့မကျရောက်ရန် လူတို့သည်မည်သို့ပြုရမည်နည်း။
ထာဝရဘုရား၏ပြင်းစွာသောအမျက်ဒေါသသည် သူတို့အပေါ်သို့မကျရောက်ရန် လူအပေါင်းတို့သည်ဖြောင့်မတ်ခြင်းနှင့် စိတ်နှိမ့်ချခြင်းကို ရှာဖွေရပါမည်။

Zephaniah 2:4

ထာဝရဘုရား၏သတိပေးတော်မူချက်ကို ဂရုမထားသောသူတို့သည် မည်သို့သောအရာနှင့်ကြုံတွေ့ကြရမည်နည်း။
ထာဝရဘုရား၏သတိပေးတော်မူချက်ကို ဂရုမထားသောသူအပေါင်းတို့ကို ထာဝရဘုရားသည် သုတ်သင်ပယ်ရှင်းတော်မူလိမ့်မည်။

Zephaniah 2:8

မောဘပြည်နှင့် အမ္မုန်ပြည်တို့သည်မည်သည့်မြို့များကဲ့ဖြစ်ကြလိမ့်မည်နည်း။
မောဘပြည်သည်သောဒုံမြို့ကဲ့သို့၎င်း၊ အမ္မုန်ပြည်သည်ဂေါမောရမြို့ကဲ့သို့၎င်း ဖြစ်ကြပါလိမ့်မည်။

Zephaniah 2:12

မည်သည့်ငှက်မျိုးသည် အာရှုရိပြည်၏မြင့်သောသစ်တိုင် တံခါးထုတ်တို့၌ အသိုက်လုပ်ကြမည်နည်း။
အာရှုရိပြည်၏မြင့်သောသစ်တိုင် တံခါးထုတ်တို့၌ ဇီးကွက်တို့သည် အသိုက်လုပ်ကြပါလိမ့်မည်။

Zephaniah 2:15

မည်သည့်အရာသည် သောကနှင့်ကင်းလွတ်၍ ဝမ်းမြောက်သောမြို့ ဖြစ်လာလိမ့်မည်နည်း။
သောကနှင့်ကင်းလွတ်၍ ဝမ်းမြောက်သောမြို့ သည် ခြောက်ခြားဘွယ်သုတ်သင်ပယ်ရှင်းရာ၊ သားရဲအိပ်ရာအရပ် ဖြစ်လာလိမ့်မည်။

---

## Chapter 3

[1] ဆန့်ကျင်ဘက်ပြု၍ ညစ်ညူးလျက် ညှဥ်းဆဲ တတ်သော မြို့သည် အမင်္ဂလာရှိ၏။ [2] နှုတ်ကပတ်တော်အသံကို နားမထောင်၊ ဆုံးမ
တော်မူခြင်းကိုမခံ၊ ထာဝရဘုရားကို မခိုလှုံ၊ မိမိ ဘုရား သခင့်ထံတော်သို့ မချဉ်းကပ်၊ [3] မြို့အလယ်၌ မင်းများတို့သည် ဟောက်သော
ခြင်္သေ့ဖြစ်ကြ၏။ တရားသူကြီးတို့သည် နံနက်တိုင်အောင် အဘယ်အရာကိုမျှမချန်မထား၊ ညဥ့်၌ လှည့်လည်တတ်
သောတောခွေးဖြစ်ကြ၏။ [4] ပရောဖက်တို့သည် လျှပ်ပေါ်သောသူ၊ သစ္စာ ပျက်သောသူဖြစ်ကြ၏။ ယဇ်ပုရောဟိတ်တို့သည် သန့်
ရှင်းရာဌာနတော်ကို ညစ်ညူးစေ၍ တရားတော်ကိုလည်း ရှုတ်ချကြ၏။ [5] သို့သော်လည်း၊ ထာဝရဘုရားသည် မြို့အလယ် ၌
တရားသဖြင့် ပြုတော်မူ၏။ မတရားသော အမှုကို ပြုတော်မမူ။ နံနက်အစဉ်အတိုင်း မိမိဖြောင့်မတ်ကြောင်း ကို မချွတ်မယွင်း
ဘော်ပြတော်မူ၏။ သို့သော်လည်း၊ အဓမ္မလူတို့သည် ရှက်ကြောက်ခြင်းမရှိကြ။ [6] လူအမျိုးမျိုးတို့ကို ငါပယ်ဖြတ်၍ သူတို့ရဲတိုက်
များကို ဖျက်ဆီးလေပြီ။ လမ်းတို့၌ အဘယ်သူမျှ မသွား မလာစေခြင်းငှါ လူဆိတ်ညံစေပြီ။ မြို့တို့ကိုလည်း လူတစုံ တယောက်မျှ
မနေစေခြင်းငှါ ဖျက်ဆီးလေပြီ။ [7] ထိုအခါ ငါက၊ အကယ်စင်စစ် ဤမျှလောက် ငါဆုံးမပြီးမှ သင်သည် ကိုယ်နေရာကို
မပယ်ရှင်းစေခြင်း ငှါ၊ ငါ့ကို ကြောက်ရွံ့၍ နည်းခံလိမ့်မည်ဟု ဆိုသော်လည်း၊ သူတို့သည် ကြိုးစား၍ မှားယွင်းသော အကျင့်ကိုသာ
ကျင့်ကြ၏။ [8] သို့သော်လည်း၊ ထာဝရဘုရား မိန့်တော်မူသည် ကား၊ ဘမ်းဆီးလုယက်ခြင်းငှါ ငါမထမီတိုင်အောင် ငါ့ကို
ငံ့လင့်ကြလော့။ တိုင်းနိုင်ငံပြည်သားအမျိုးမျိုးတို့ကို စုဝေး စေ၍၊ ငါ့အမျက်၊ ငါ့ဒေါသအရှိန်ကို အကုန်အစင် သွန်း လောင်းမည်ဟု
ငါအကြံရှိ၏။ ငါ့ဒေါသမီးသည် မြေ တပြင်လုံးကို လောင်ရလိမ့်မည်။ [9] အကယ်စင်စစ် လူမျိုးအပေါင်းတို့သည် ထာဝရ
ဘုရား၏အမှုတော်ကို တညီတညွတ်တည်း ဆောင်ရွက် မည်အကြောင်း၊ နာမတော်ကို ပဌနာပြုစေခြင်းငှါ သန့်ရှင်းသော
ဘာသာစကားကို သူတို့အား ငါပြန်ပေးမည်။ [10] ကုရှပြည်၏မြစ်တို့တဘက်၊ အရပ်ရပ်၌ ကွဲပြား လျက်နေသော
ငါ၏လူမျိုးသတို့သမီး၊ ငါ့ကို တောင်းပန် သော သူတို့သည် ငါ့အဘို့ ပူဇော်သက္ကာကို ဆောင်ခဲ့ကြ လိမ့်မည်။ [11] ငါ့ကို
ပြစ်မှားသောအပြစ်များကြောင့် ထိုအခါ သင်သည် အရှက်ကွဲခြင်းကို မခံရ။ သင်၏ဂုဏ်အသရေ ကြောင့် ဝါကြွားသော သူတို့ကို
သင့်အလယ်၌ ငါပယ်ရှား မည်။ သင်သည်လည်း ငါ၏သန့်ရှင်းသော တောင်ကို အမှီပြု၍ နောက်တဖန်မာနမထောင်လွှားရ။ [12]
နှိမ့်ချဆင်းရဲသော အမျိုးကို သင့်အလယ်၌ ငါချန်ထားမည်။ ထိုသူတို့သည် ထာဝရဘုရား၏ နာမ တော်ကို ခိုလှုံကြလိမ့်မည်။ [13]
ကျန်ကြွင်းသော ဣသရေလအမျိုးသားတို့သည် မတရားသောအမှုကို မပြုရကြ။ မုသာမပြောရကြ။ သူတို့ နှုတ်၌ လှည့်စားတတ်သော
လျှာမရှိရ။ အဘယ်သူမျှ မကြောက်စေဘဲ စားသောက်လျက်၊ အိပ်လျက်နေရကြ လိမ့်မည်။ [14] အိုဇိအုန်သတို့သမီး၊ သီချင်းဆိုလော့။
အို ဣသ ရေလအမျိုး၊ ကြွေးကြော်လော့။ အိုယေရုရှလင်သတို့သမီး၊ စိတ်နှလုံးအကြွင်းမဲ့ ဝမ်းမြောက်ရွှင်လန်းလော့။ [15]
ထာဝရဘုရားသည် သင်၏အပြစ်ဒဏ်တို့ကို ပပျောက်စေ၍၊ သင်၏ရန်သူတို့ကို ပယ်ရှားတော်မူပြီ။ ဣသရေလအမျိုး၏
ရှင်ဘုရင်ထာဝရဘုရားသည် သင့် အလယ်၌ ရှိတော်မူ၏။ သင်သည် နောက်တဖန်ဘေး ဥပဒ်နှင့်မတွေ့မကြုံရ။ [16] မစိုးရိမ်ပါနှင့်ဟု၊
ယေရုရှလင်မြို့အားရင်း၊ လက် အား မလျှော့စေနှင့်ဟု၊ ဇိအုန်တောင်အားရင်း ထိုအခါ ဆိုရ၏။ [17]
သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့် အလယ်၌ရှိ၍၊ တန်ခိုးကြီးသောဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်။ သင်၌
အားရ၍ ဝမ်းမြောက် တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍၊ သီချင်း ဆိုခြင်းနှင့်တကွ သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်။ [18]
ကဲ့ရဲ့ခြင်းဝန်ကို သင်ထမ်းရာအကြောင်းတည်း ဟူသော၊ သင်နှင့်ဝေး၍ ဓမ္မပွဲကို မခံရဘဲ ညှိုးငယ်လျက် ရှိသော သူတို့ကို
ငါစုဝေးစေမည်။ [19] သင့်ကို ညှဥ်းဆဲသောသူအပေါင်းတို့ကို ထိုအခါ ငါစီရင်မည်။ နာသောသူကို ချမ်းသာပေးမည်။ နှင်ထုတ်
ခြင်းကိုခံရသောသူကို သင်းဖွဲ့စေမည်။ အရှက်ကွဲခြင်းကို ခံရရာပြည်အရပ်ရပ်တို့၌ ချီးမွမ်းခြင်းဂုဏ်အသရေကို ပေးမည်။ [20]
ထိုကာလ၌ သင်တို့ကို တဖန် ငါဆောင်ခဲ့၍ စုဝေးစေသဖြင့်၊ သိမ်းသွားခြင်းကို ခံရသောသူတို့ကို သင် တို့မျက်မှောက်၌ တဖန်
ဆောင်ခဲ့ပြန်သောအခါ၊ မြေကြီးသားအမျိုးမျိုးတို့တွင် ချီးမွမ်းခြင်းဂုဏ်အသရေကို သင်တို့အား ပေးမည်ဟု၊ ထာဝရဘုရား
မိန့်တော်မူ၏။

---

Zephaniah 01

နှုတ်ကပတ်တော် အသံကို နားမထောင်

ယေရုဆလင်ရှိလူများသည် ဘုရားသခင်၏ စကားနှင့် သူ၏ ပရောဖက်များ ဆိုဆုံးမခြင်းကို နားမထောင်ခဲ့ကြပေ။

မိမိ ဘုရားသခင့်ထံတော်သို့ မချဉ်းကပ်

လူတို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန်နှင့် အလိုတော်ကို နာခံလိုက်လျှောက်ဖို့ ဆန္ဒမရှိကြပေ။

Zephaniah 03

မြို့အလယ်၌ မင်းများတို့သည် ဟောက်သော ခြင်္သေ့ဖြစ်ကြ၏

အခြားသောဘာသာပြန်ဆိုချက်- 'ယေရုဆလင်မြို့၏ ခေါင်းဆောင်ကြီးများသည် ရက်စက်ကြမ်းကြုတ်သည်"



generated on Sun Jun 30 02:37:40 2024

တရားသူကြီးတို့သည် နံနက်တိုင်အောင်အဘယ်အရာကိုမျှ မချန်မထား၊ ညည့်၌လှည့်လည်တတ်သော တောခွေးဖြစ်ကြ၏။
အခြားသောဘာသာပြန်ဆိုချက်- တရားသူကြီးများသည် လူများ၏ ပစ္စည်းဥစ္စာများကို မတရားသဖြင့် အဓမ္မသိမ်း ယူကြသည်။ ဤအရာသည် တင်စားချက်ဖြစ်သည်။

ပရောဖက်တို့သည် လျှပ်ပေါ်သောသူ၊ သစ္စာပျက်သောသူဖြစ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်- "ပရောဖက်တို့သည် မနာခံသောသူနှင့် သစ္စာမရှိသောသူများ" ဖြစ်ကြသည်။

Zephaniah 05

နံနက်အစီအတိုင်း မိမိဖြောင့်မတ်ကြောင်းကို မချွတ်မယွင်းဘော်ပြတော်မူ၏
အခြားသောဘာသာပြန်ဆိုချက်- ထာဝရဘုရား၏ တရားသောဖြောင့်မတ်ခြင်းကို လူတိုင်းထံသို့ ရှင်းလင်းစွာပြတော်မူ၏။

Zephaniah 06

လမ်းတို့၌ အဘယ်သူမျှ မသွားမလာစေခြင်းငှာ လူဆိတ်ညံစေပြီ။ မြို့တို့ကိုလည်း လူတစုံတယောက်မျှ မနေစေခြင်းငှာ ဖျက်ဆီးလေပြီ။
ထာဝရဘုရားသည် မြို့များကို လုံးလုံးလျားလျား ဖျက်ဆီးမည်ဟူ၍ ရည်ရွယ်ချက် တစ်မျိုးတည်းကို နည်းလမ်း နှစ်မျိုးဖြင့် ပြောဆိုခြင်းဖြစ်သည်။

Zephaniah 08

ထာဝရဘုရားမိန့်တော်မူသည်ကား
ထာဝရဘုရားလေးနက်စွာပြောသည့်အရာကိုဆိုလိုသည်။

ဘမ်းဆီးလုယက်ခြင်းငှာ ငါမထမှီ တိုင်အောင် ငါ့ကိုငံ့လင့်ကြလော့
"ဓားစာခံများကို ဖျက်ဆီးရန် ထတော်မူမည်"

တိုင်းနိုင်ငံပြည်သား အမျိုးမျိုးတို့ကို စုဝေးစေ၍
ဤစကားစု နှစ်မျိုး၏ အဓိပ္ပာယ်မှာ ထာဝရဘုရားသခင်သည် တိုင်းနိုင်ငံပြည်သားအားလုံးကို တရားစီရင်မည်ကိုဆိုလိုသည်။

ငါ့အမျက်၊ ငါ့ဒေါသအရှိန်
"အမျက်" နှင့် "ဒေါသအရှိန်" စကားလုံးသည် ထာဝရ ဘုရားသခင်၏ အမျက်တော်ကို တူညီစွာ ရည်ရွယ်ဖော်ပြထားသည်။ အခြားသောဘာသာ ပြန်ဆိုချက်- "အင်မတန် ပြင်းထန်သော ငါ့အမျက်တော်"

ငါ့ဒေါသမီးသည် မြေတပြင်လုံးကို လောင်ရလိမ့်မည်
ဤစကားစုကို ပြဿဝိကျဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ချက်- "သို့ဖြစ်၍ ငါ၏ အမျက်တော်မီးသည် မြေတပြင်လုံးကို ဖျက်ဆီးဝါးမျိုမည်"

ငါ့ဒေါသမီးသည် လောင်ရလိမ့်မည်
ဤအချက်တွင် ဖော်ပြထားသောဒေါသသည် မီးကဲ့သို့ လောင်မြိုက်ဝါးမျိုသွားသည်။ (ရှု၊

Zephaniah 09

သန့်ရှင်းသော ဘာသာစကားကို သူတို့အား ငါပြန်ပေးမည်
ဘုရားသခင်သည် သူ၏လူမျိုးများအား မှန်ကန်သည့်အရာကိုသာ ပြောစေသည့် အရာကို အခြားနည်းဖြင့်ပြောခြင်းဖြစ်သည်။

အမှုတော်ကို တညီတညွတ်တည်း ဆောင်ရွက်မည် အကြောင်း
လူမျိုးများသည် တညီတညွတ်တည်း စုရုံးပြီး ဘုရားသခင် ၏ အမှုတော်ကို လိုလားစွာ တစ်ယောက်နှင့်တစ်ယောက်လက်ချင်းဆက်လျက်ထမ်းဆောင်ကြရန်ဖြစ်သည်။

Zephaniah 12

သူတို့နှုတ်၌ လှည့်စားတတ်သောလျှာမရှိရ
အခြားသော ဘာသာပြန်ဆိုချက်- "သူတို့နှုတ်၌ လှည့်စားတတ်သောလျှာကို မြင်ရလိမ့်မည်မဟုတ်" သို့မဟုတ် " လိမ်လည်လှည့်ဖျားသော ကိစ္စများကို သူတို့ပြောမည်မဟုတ်"

စားသောက်လျက်၊ အိပ်လျက်နေရကြလိမ့်မည်
ထာဝရဘုရားသခင်သည် အစ္စရေးလူမျိုးများကို သိုးအုပ်စုများကဲ့သို့ စားကျက်တွင် စားသောက်လျက်၊ လုံခြုံစွာ နားခို ရကြလိမ့်မည် ဟုပြောဆိုသည်။

Zephaniah 14

ဇိအုန် သတို့သမီး
ယေရုစလင်မြို့၌ ရှိသော လူမျိုးအားလုံးကို ဆိုလိုသည်။

လက်အားမလျော့စေနှင့်
အပြင်ပိုင်းကိုယ်ခန္ဓာအားနည်းခြင်းများ ကြုံလာသော်လည်း သင်၏ လက်များကူညီရာမဲ့သကဲ့သို့

Zephaniah 19

နာသောသူကို ချမ်းသာပေးမည်။ နှင်ထုတ်ခြင်းကို ခံရသောသူကို သင်းဖွဲ့စေမည်
ဤစကားစုသည် အနာအဆာဖြစ်သော သိုးများနှင့် အပယ်ခံထားရသော သိုးများကို ရည်ညွှန်းသည်။ ၎င်းသိုးများဟုဆိုရာတွင် ဆင်းရဲပင်ပန်းစွာခံစားရပြီး ကျွန်ပြုခြင်းခံနေရသည့် အစ္စရေးအမျိုးသားများ၏ ရုပ်သွင်ကို ပေါ်လွင်အောင် ဖော်ပြထားခြင်းဖြစ်သည်။

နာသောသူ
လမ်းမလျှောက်နိုင်သောလူ (သို့မဟုတ်) တိရိ စ္ဆာန်များ ကို ရည်ညွှန်းသည်။

ချီးမွမ်းခြင်းဂုဏ်အသရေကို သင်တို့အားပေးမည်
"သင်တို့အား ချီးမွမ်းခြင်း ဂုဏ်အသရေကို ငါပေးမည်" ဟုဆိုရာတွင် "တစ်ပါးသောသူများသည် သင်တို့ကို ချီးမွမ်းကြလိမ့်မည်။"


generated on Sun Jun 30 02:37:40 2024

ထိုကာလ၌ သင်တို့ကို တဖန် ငါဆောင်ခဲ့၍ စုဝေးစေသဖြင့်၊ သိမ်းသွားခြင်းကို ခံရသော သူတို့ကို သင်တို့ မျက်မှောက်၌ တဖန်ဆောင်ခဲ့ပြန်သောအခါ
ထာဝရဘုရားသခင်သည် ကျွန်ပြုခြင်းခံနေရသော လူမျိုးများကို မိမိမွေးရပ်ဌာနေသို့ ခေါ်ဆောင်လာမည်ဟူ၍ အကြောင်းအရာနှစ်ခုကို တူညီသောအနက်အဓိပ္ပာယ်ဖြင့် ဖော်ပြထားသည်။အခြားသောဘာသာပြန်ဆိုချက်- "ထိုကာလ၌ သင်တို့ကို စုရုံးစေပြီး သင်တို့ဌာနေသို့ ငါဆောင်လိမ့်မည်။"

## Translation Questions

### Zephaniah 3:3

ရှန်ရင်းကြမ်းတမ်းသောမြို့မှမင်းများတို့သည် မည်သည့်အရာနှင့်တူကြသနည်း။
ရှန့်ရင်းကြမ်းတမ်းသောမြို့မှမင်းများတို့သည် ဟောက်သောခြင်္သေ့များကဲ့သို့ဖြစ်ကြပါ၏။

### Zephaniah 3:5

မည်သည့်အချိန်၌ထာဝရဘုရားသည်သူ၏တရားမျှတခြင်းကို ဖေါ်ပြတော်မူမည်နည်း။
ထာဝရဘုရားသည်သူ၏တရားမျှတခြင်းကို နံနက်အစဉ်အတိုင်း ဖေါ်ပြတော်မူမည်။

### Zephaniah 3:6

ထာဝရဘုရားက လူများတို့သည်အဘယ်သို့ပြုကြလိမ့်မည်ဟု မျှော်လင့်သနည်း။
ထာဝရဘုရားက လူများတို့သည် သူ့ကိုကြောက်ရွံ့၍ အမှားပြင်ဆင်ခြင်းကိုလက်ခံကြလိမ့်မည်ဟု မျှော်လင့်ပါ၏။

### Zephaniah 3:8

တိုင်းနိုင်ငံအမျိုးမျိုးတို့အပေါ် ထာဝရဘုရားသည် မည်သို့စီစဉ်ဆောင်ရွက်မည်ဟု ကြံစည်တော်မူသနည်း။
ထာဝရဘုရားသည် တိုင်းနိုင်ငံအမျိုးမျိုးတို့ကို စုဝေးစေ၍၊ သူ၏အမျက်၊ သူ၏ဒေါသအရှိန်ကို အကုန်အစင်သွန်းလောင်းမည်ဟု အကြံအစည်ရှိ၏။

### Zephaniah 3:9

ထို့နောက် ထာဝရဘုရားသည် လူမျိုးအပေါင်းတို့ကို မည်သို့ပြုစေမည်နည်း။
ထို့နောက် ထာဝရဘုရားသည် လူမျိုးအပေါင်းတို့ကို ခေါ်လျက်၊ ထာဝရဘုရား၏အမှုတော်ကို တညီတညွတ်တည်း ဆောင်ရွက်စေလိမ့်မည်။

### Zephaniah 3:12

ထိုသို့ဖြစ်ပြီးသည့်နောက် ကျန်ကြွင်းသောဣသရေလအမျိုးသားတို့သည် မည်သို့ပြောင်းလဲသွားကြမည်နည်း။
ကျန်ကြွင်းသောဣသရေလအမျိုးသားတို့သည် မတရားသောအမှုကိုမပြုရကြ။ မုသာမပြောရကြ။

### Zephaniah 3:14

ဣသရေလအမျိုးသားတို့သည် မည်သည့်အတွက်ကြောင့် သီချင်းဆိုခြင်း ကြွေးကြော်ခြင်းအမှုတို့ကို ပြုရပါမည်နည်း။
ထာဝရဘုရားသည် သူတို့အပြစ်ဒဏ်တို့ကိုပပျောက်စေ၍၊ သူတို့၏ရန်သူတို့ကို ဖယ်ရှားပေးသောကြောင့် ဣသရေလအမျိုးသားတို့သည် သီချင်းဆိုခြင်း ကြွေးကြော်ခြင်းအမှုတို့ကို ပြုကြရပါမည်။

### Zephaniah 3:19

ဣသရေလလူတို့အားညှဉ်းဆဲသောသူတို့ထံမှ ထာဝရဘုရားသည် မည်သူတို့ကို ကယ်တင်မည်နည်း။
ထာဝရဘုရားသည် ဣသရေလလူတို့အားညှဉ်းဆဲသောသူတို့ထံမှ နာသောသူများနှင့်၊ နှင်ထုတ်ခြင်းကိုခံရသောသူများကို ကယ်ဆယ်ချမ်းသာပေးမည်။

အဘယ်ကြောင့် မြေကြီးသားအမျိုးမျိုးတို့သည် ဣသရေလလူတို့အား လေးစားချီးမွမ်းရမည်နည်း။
ထာဝရဘုရားသည် ဣသရေလလူတို့ကို တဖန်ဆောင်ခဲ့၍ စုဝေးစေသည်ကို မြေကြီးသားအမျိုးမျိုးတို့သည် တွေ့မြင်ရသောအခါ သူတို့အား လေးစားချီးမွမ်းကြပါလိမ့်မည်။


generated on Sun Jun 30 02:37:40 2024

# Haggai

## Chapter 1

1 ဒါရိမင်းကြီးနန်းစံနှစ်နှစ်၊ ဆဋ္ဌမလတရက်နေ့ တွင်၊ ပရောဖက်ဟဂ္ဂဲအားဖြင့် ယုဒမြို့ဝန်၊ ရှာလသေလ သား ဇေရုဗဗေလနှင့်
ယဇ်ပုရောဟိတ်မင်း ယောဇဒက် သား ယောရှုဆီသို့ ထာဝရဘုရား၏နှုတ်ကပတ်တော် ရောက်လာ၍၊ 2 ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့် တော်မူသည်ကား၊ အချိန်မရောက်သေး၊ ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်ရသော အချိန်မရောက်သေး
ဟု၊ ဤလူများ ပြောဆိုကြသည်မှာ၊ 3 ပရောဖက် ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ် ကပတ်တော်ရောက်လာသည်ကား၊ 4
အချင်းလူတို့၊ သင်တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံသော အိမ်၌ နေချိန်ရှိလျက်ပင်၊ အိမ်တော်ပျက် လျက် နေရမည်လော။ 5 ယခုမှာ
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ကိုယ်ကျင့်သော အကျင့်တို့ ကို ဆင်ခြင်ကြလော့။ 6 သင်တို့သည်
များစွာသော မျိုးစေ့ကို ကြဲသော် လည်း အသီးအနှံနည်းပါးရ၏။ စားရသော်လည်း ဝစွာ မစားရကြ။ သောက်သော်လည်း ဝစွာ
မသောက်ရကြ။ အဝတ်ကို ဝတ်ရသော်လည်း နွေးစွာ မဝတ်ရကြ။ အလုပ် လုပ်၍ အခကို ခံရသော်လည်း မလုံသော အိတ်ထဲမှာ
သိုထားရကြ၏။ 7 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား၊ ကိုယ်အကျင့်တို့ကို ဆင်ခြင်ကြလော့။ 8
တောင်ပေါ်သို့ တက်သွား၍ သစ်သားကို ဆောင်ခဲ့ပြီးလျှင် အိမ်တော်ကို ဆောက်ကြလော့။ ငါသည် လည်း အားရ၍ ငါ၏ဘုန်းသည်
ထင်ရှားလိမ့်မည်ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။ 9 သင်တို့သည် များစွာရမည်ဟု မျှော်လင့်သော် လည်း ရသောဥစ္စာခေါင်းပါးရ၏။
အိမ်သို့ ရောက်သော အခါ ငါမှုတ်လိုက်၏။ အဘယ်ကြောင့်နည်းဟု၊ ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မေးတော်မူ၏။ ငါ့အိမ်
သည် ပျက်လျက်ရှိသောကြောင့်ငှင်၊ သင်တို့သည် အသီး အသီး မိမိတို့အိမ်သို့ ပြေးသောကြောင့်ငှင်း ဖြစ်သတည်း။ 10 ထိုကြောင့်
သင်တို့အပေါ်မှာ မိုဃ်းခေါင်သဖြင့် နှင်းမကျရ။ မြေသည်လည်း အသီးအနှံကို မပေးရ။ 11 မြေပေါ်၌ငှင်၊ တောင်ပေါ်၌ငှင်း၊ ဆန်စပါး၊
ချိုသောစပျစ်ရည်၊ ဆီအပေါ်၌ငှင်း၊ မြေထဲကထွက်သမျှ အပေါ်၌ငှင်း၊ လူသတ္တဝါတိရစ္ဆာန်အပေါ်၌ငှင်း၊ လုပ် ဆောင်သမျှအပေါ်၌ငှင်း၊
သွေ့ခြောက်ခြင်းဘေးကို ငါမှာ လိုက်လေပြီဟု မိန့်တော်မူ၏။ 12 ထိုအခါ ရှာလသေလသား ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်း
ယောဇဒက်သား ယောရှုမှစ၍ ကျန် ကြွင်းသော သူအပေါင်းတို့သည် မိမိတို့ဘုရားသခင် ထာဝရဘုရား၏အမိန့်တော်ကိုငှင်း၊ မိမိတို့
ဘုရားသခင် ထာဝရဘုရားစေခိုင်းတော်မူသောပရောဖက်ဟဂ္ဂဲစကားကို ငှင်း နားထောင်သဖြင့်၊ ထာဝရဘုရားရှေ့တော်၌
ကြောက်ရွံ့ကြ၏။ 13 ထိုအခါ ထာဝရဘုရားမှာထားတော်မူသည် အတိုင်း ထာဝရဘုရား၏ တမန်ဟဂ္ဂဲက၊ ငါသည် သင်တို့
နှင့်အတူရှိ၏ဟု၊ ထာဝရဘုရား မိန့်တော်မူကြောင်းကို လူများတို့အား ဆင့်ဆိုလေ၏။ 14 ထာဝရဘုရားသည်လည်း၊ ယုဒမြို့ဝန်၊ ရှာလ
သေလသား ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်း ယော ဇဒက်သား ယောရှုမှစ၍ ကျန်ကြွင်းသော သူအပေါင်းတို့ ကို
နှိုးဆော်တော်မူသောအားဖြင့်၊ 15 ဒါရိမင်းကြီး နန်းစံနှစ်နှစ်၊ ဆဋ္ဌမလနှစ်ဆယ် လေးရက်နေ့တွင်၊ သူတို့သည် လာ၍
မိမိတို့ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏အိမ်တော်၌ အလုပ်လုပ်ကြ၏။

---

---

Haggai 01

ဒါရိဘုရင်နန်းစံ ဒုတိယနှစ်
ဒါရိဘုရင်၏ ဒုတိယနှစ် နန်းစံစဉ်၊

ဒါရိမင်းကြီး...ဟဂ္ဂဲ...ဇေရုဗဗေလ...ရှာလသေလ...ယောဇဒက်
အားလုံးသည် လူ့အမည်များ ဖြစ်ကြသည်။

ဆဋ္ဌမလတစ်ရက်နေ့တွင်
ဆဋ္ဌမလတစ်ရက်နေ့တွင်ဟု ဆိုရာ၌ ဟေဗြဲပြက္ခဒိန်အား
ဖော်ပြခြင်းဖြစ်ပြီး အင်္ဂလိပ်လ၊ ဩဂုတ်လလယ်ဖြစ်သည်။

ထာဝရဘုရားမိန့် တော်မူသည်ကား
ထာဝရဘုရား ပြောကြားသော စကားဖြစ်သည်။

ထာဝရဘုရား
ဓမ္မဟောင်းကျမ်းလက်ထက် လူသားများအား ဖော်ပြသော
ဘုရား၏ နာမတော်ဖြစ်သည်။

ဟဂ္ဂဲမှတဆင့် ရောက်လာခြင်းဖြစ်သည်
ဟဂ္ဂဲသည် သံတမန် ဖြစ်သည်။

Haggai 03

ထာဝရဘုရား၏ စကားတော် ရောက်လာသည်ကား
ထာဝရဘုရားကိုယ်တိုင် မိန့်ကြားသော စကားသည်၊

ဟဂ္ဂဲ၏ လက်
ဟဂ္ဂဲ၏နှုတ်မှတစ်ဆင့် ပြောသောစကား။

သင်တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံသော အိမ်၌ နေချိန်ရှိလျက်

အိမ်တော်ပျက် လျက် နေရမည်လော
အိမ်သည် ဘုရားသခင်ကိန်းဝပ်ရာ ဗိမာန်တော်ဖြစ်၏


generated on Sun Jun 30 02:37:40 2024

သောက်သော်လည်းဝစွာ မသောက်ရကြ
သောက်စားမူးယစ်ခြင်းကို မဆိုလိုပါ။ ငတ်မွတ်သောသူများအတွက် လုံလောက်ဝလင်စွာ သုံးဆောင်နိုင်သော စပျစ်ရည် မရှိခြင်းကိုသာ ဆိုလိုသည်။ မူးရစ်ရမ်းကားထိသော သုံးခြင်းကို မဆိုလိုပါ။

အလုပ် လုပ်၍ အခကို ခံရသော်လည်း မလုံသော အိတ်ထဲမှာ သိုထားရကြ၏
ကြိုးစားလုပ်ကိုင်၍ လုပ်ခကောင်းရသော်လည်း ဘဝအတွက် မလုံလောက် ။

Haggai 07

သစ်သားကိုဆောင်ခဲ့ပါ
ဗိမာန်တော် တည်ဆောက်ရန် လိုအပ်သော ပစ္စည်းအချို့သာဖြစ်သည်။

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား
ထာဝရဘုရား ဘာတွေ မိန့်ကြားခဲ့သလဲ? သို့မဟုတ် ထာဝရဘုရား လေးနက်စွာ မိန့်ကြားခဲ့သည်မှာ

Haggai 10

သင်တို့အပေါ်မှာ
အခြားသောဘာသာပြန်ဆိုချက်။ "ကောင်းကင်"

သင်တို့အပေါ်မှာ မိုယ်းခေါင်သဖြင့်
အခြားသောဘာသာပြန်ဆိုချက်။ "နှင်းများကို မကျစေတော့ဘဲ"

မြေသည်လည်းအသီးအနှံကို မပေးရ
မြေသည် ဘာမှမပေးနိုင်သော လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် သားသမီးများကို မကျွေးမွေး၊ မပြုစုသော မိဘကဲ့သို့ဖြစ်သည်။ မြေတွင်စိုက်ပျိုးသော်လည်း အပင်မဖြစ်ထွန်းခြင်း၊ အသီးအနှံတည်းသော အစားအစာခေါင်းပါးခြင်းဖြစ်သည်။

စပျစ်ရည်နှင့် ဆီအပေါ်သို့ငှင်း
ချိုသောစပျစ်ရည်သည် စပျစ်သီးကို သော်ငင်း ဆီသည် သံလွင်ဆီကို ဆိုလိုသည်။ .

လုပ်ဆောင်သမျှအပေါ်၌ သော်ငင်း
လုပ်ဆောင်ခြင်းသည်ပြင်းထန်စွာကြိုးစားလုပ်ခြင်းဖြစ်သည်။ လုပ်ဆောင်သောလက်သည် လုပ်ဆောင်သမျှတို့၏ အကျိုးရလဒ်ကို ဆိုလိုသည်။ လက်သည်လူပုဂ္ဂိုလ် (သို့) ထိုပုဂ္ဂိုလ်လုပ်ဆောင်သမျှ၏ ရလဒ်ကို ဆိုလိုသည်။

Haggai 12

ဟဂ္ဂဲ၏ စကားကိုငှင်း
ဟဂ္ဂဲပြောသော စကားကို ကြားကြသောအခါ

ထာဝရဘုရားရှေ့တော်၌ ကြောက်ရွံ့ကြသည်။
ဆိုလိုသည်မှာ ၁။ မျက်နှာသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်ခြင်းအားလုံးကို ကိုယ်စားပြုသည် (သို့) လူများတို့သည် ဘုရားကို ကြောက်ရွံ့တုန်လှုပ်ကြသည်။ ၂။ ဘုရားမျက်မှောက်တော်၌ ကြောက်ရွံ့တုန်လှုပ်ကြသည်။

ထာဝရဘုရား မှာထားတော်မူသည်ကား
ထာဝရဘုရား မှာထားတော်မူသည့်အတိုင်း၊ သို့မဟုတ် ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း။

Haggai 14

နှိုးဆော်တော်မူသောအားဖြင့်
လှုံ့ဆော်ခြင်း သို့မဟုတ် သြဇာလွှမ်းမိုးခြင်း

ကျန်ကြွင်းသော
"ကျန်ကြွင်းသော" စကားလုံးသည် ဗာဗုလုန်မှ ပြန်လာသော ဣသရေလလူတို့အား ဆိုလိုပြီး ၎င်းတို့သည် ယေရုရှလင်မြို့ဟောင်းကို စတင်၍ တည်ဆောက်ခဲ့ကြသည်။

ဆဌမ နှစ်ဆယ့်လေးရက်နေ့တွင်
ဗျာဒိတ်ရူပါရုံရပြီး ၂ ခုရက်အကြာတွင် ဟေဗြဲပြက္ခဒိန်၌ ဆဌမမြောက်လဖြစ်သည်။ အနောက်နိုင်ငံ ပြက္ခဒိန်၌ စက်တင်ဘာလလယ်ဖြစ်သည်။

ဒါရိမင်းကြီး နန်းစံနှစ်နှစ်
"ဒါရိမင်းကြီး နန်းသက် ဒုတိယနှစ်တွင်"

---

## Translation Questions

### Haggai 1:1

ပရောဖက် ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ်ကပတ်တော်ဘယ်အချိန်ရောက်လာခဲ့သနည်း။
ဒါရိမင်းကြီး နန်းစံနှစ်နှစ်၊ ဆဌမလ၊ လ၏ တစ်ရက်နေ့တွင် နှုတ်ကပတ်တော်ရောက်လာခဲ့သည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အဘယ်သူထံသို့ ရောက်လာခဲ့သနည်း။
ဇေရုဗဗေလမြို့ဝန်နှင့် ယဇ်ပုရောဟိတ်မင်း ယောရှုဆီသို့ နှုတ်ကပတ်တော်ရောက်လာခဲ့သည်။

ထာဝရဘုရားသည် မည်သည့်အရာကို လူတွေပြောသည်
ဟုအခိုင်အမာဆိုခဲ့သနည်း။
လူများက မိမိတို့အချိန်မရောက်သေး၊ ထာဝရဘုရား၏
အိမ်တော်ကို တည်ဆောက်ရသော အချိန်မရောက်သေး
ဟုဆိုကြသည် ဟု ထာဝရဘုရားပြောဆိုသည်။

Haggai 1:3

လူတို့သည် မိမိတို့၏အိမ်ကောင်းများတွင်နေစဉ် ထာဝရဘုရား၏
အိမ်တော်သည် ဘယ်လို အခြေအနေတွင် ရှိနေခဲ့သနည်း။
ထာဝရဘုရား၏ အိမ်တော်သည် ပျက်စီးလျက်ရှိသည်။

လူတွေက များစွာသော မျိုးစေ့ကို ကြဲ၍ များစွာမျှော်လင့်ကြသော်လည်း
ထာဝရဘုရားသည် အဘယ်ကြောင့် လေကို စေလွှတ်ပြီး သူတို့
အလုပ်လုပ်ခြင်းအပေါ်မှာ မိုးခေါင်ခြင်းကို ဖြစ်စေခဲ့သနည်း။
ထာဝရဘုရားသခင်သည် လေကို တိုက်စေပြီး
မိုးခေါင်စေရခြင်းမှာ လူတိုင်း မိမိအိမ်ကောင်းများတွင်
ငြိမ်းချမ်းစွာနေချိန်တွင် ထာဝရဘုရား၏ အိမ်တော်သည်
ပျက်စီးလျက်ရှိသောကြောင့်ဖြစ်သည်။

Haggai 1:7

ထာဝရဘုရားသည် လူများကို ဘာလုပ်ရမည်ဟု မိန့်တော်မူခဲ့သနည်း?
ထာဝရဘုရားသည်ဝမ်းမြောက်ရန်နှင့် ဘုန်းတော်ထင်ရှားရန်
သူ့အိမ်တော်ကို တည်ဆောက်ရမည်ဟု သူတို့ကို မိန့်တော်မူသည်။

Haggai 1:12

ထာဝရဘုရားစေခိုင်းတော်မူသော ပရောဖက် ဟဂ္ဂဲစကားကို
မြို့ဝန်ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်း ယောရှုမှစ၍
ကျန်ကြွင်းသူအပေါင်းတို့သည် အဘယ်သို့ တုန့်ပြန်ခဲ့ကြသနည်း?
သူတို့သည် ထာဝရဘုရား၏ အမိန့်တော်နှင့်
ဟဂ္ဂဲစကားကိုနားထောင်၍ ထာဝရဘုရား၏မျက်နှာတော်ကို
ကြောက်ရွံ့ကြ၏။

လူများ၏ စကားနားထောင်ခြင်းကို ထာဝရဘုရား ဘယ်လိုတုံ့ပြန်ခဲ့ကြသနည်း။
ထာဝရဘုရားသည် တမန်ဟဂ္ဂဲအားဖြင့်
"ငါသည်သင်တို့နှင့်အတူရှိ၏" ဟု လူများတို့အားဆင့်ဆိုလေ၏။

Haggai 1:14

ထာဝရဘုရားသည် မြို့ဝန်ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်း ယောရှုမှစ၍
ကျန်ကြွင်းသူအပေါင်းတို့အား သွား၍ထာဝရဘုရား၏ အိမ်တော်၌
အလုပ်လုပ်ဆောင်ရန် မည်သည့်အချိန်တွင် နှိုးဆော်ခဲ့သနည်း။
ဒါရိမင်းကြီးနန်းစံနှစ်နှစ်၊ ဆဋ္ဌမလ၊ နှစ်ဆယ့်လေးရက်နေ့တွင်
သူတို့ကို နှိုးဆော်ခဲ့သည်။

## Chapter 2

1 သတ္တမလနှစ်ဆယ်တရက်နေ့တွင်၊ ပရောဖက် ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက် လာ၍၊ 2 သင်သည်
ယုဒမြို့ဝန်၊ ရှာလသေလသား ဇေရု ဗဗေလနှင့် ယဇ်ပုရောဟိတ်မင်းယောဇဒက်သား ယောရှု မှစ၍ ကျန်ကြွင်းသောသူတို့အား
ဆင့်ဆိုရမည်မှာ၊ 3 ဤအိမ်တော်သည် ရှေးဘုန်းနှင့် ပြည့်စုံသည်ကို မြင်ဘူး၍ သင်တို့တွင် ကျန်ကြွင်းသော သူကား အဘယ် သူနည်း။
ယခုအဘယ်အရာကို မြင်သနည်း။ နှိုင်းယှဉ် လျှင် သင်တို့မျက်မှောက်၌ အဘယ်မျှမဟုတ်သကဲ့သို့ ဖြစ်သည်မဟုတ်လော။ 4
သို့သော်လည်း၊ အိုဇေရုဗဗေလ၊ အားယူလော့ ဟု၊ ထာဝရဘုရားမိန့်တော်မူ၏။ အို ယဇ်ပုရောဟိတ်မင်း ယောဇဒက်သားယောရှု၊
အားယူလော့။ အိုပြည်သူပြည် သားအပေါင်းတို့၊ အားယူကြလော့ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ 5 အဲဂုတ္တုပြည်မှ ထွက်သောအခါ
သင်တို့နှင့် ငါဖွဲ့ သော ပဋိညာဉ်စကားနှင့်အညီ ငါသည် သင်တို့နှင့်အတူ ရှိ၏။ ငါ၏ဝိညာဉ်တော်သည် သင်တို့တွင် နေရာကျ၏။
မစိုးရိမ်ကြနှင့်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူ၏။ 6 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်
တော်မူသည်ကား၊ ကာလမကြာမမြင့်မှီကောင်းကင်၊ မြေကြီး၊ ပင်လယ်၊ ကုန်းတို့ကို တဖန် ငါလှုပ်ဦးမည်။ 7
လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်ဦးမည်။ လူမျိုး အပေါင်းတို့ နှစ်သက်ဘွယ်သောအရာသည် ရောက်၍၊ ဤအိမ်ကို ဘုန်းနှင့်
ငါပြည့်စုံစေမည်ဟု၊ ကောင်းကင်ဗိုလ် ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။ 8 ရွှေနှင့်ငွေကို ငါပိုင်သည်ဟု၊ ကောင်းကင်ဗိုလ်
ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။ 9 နောက်တည်သော ဤအိမ်တော်သည် အရင် အိမ်တော်ထက် ဘုန်းသာ၍ကြီးလိမ့်မည်ဟု၊
ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ ဤအရပ်၌ လည်း ငြိမ်သက်ခြင်းကို ငါပေးမည်ဟု၊ ကောင်းကင်ဗိုလ်
ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ 10 ဒါရိမင်းကြီး နန်းစံနှစ်နှစ်၊ နဝမလနှစ်ဆယ် လေးရက်နေ့တွင်၊
ထာဝရဘုရား၏နှုတ်ကပတ်တော် သည် ပရောဖက်ဟဂ္ဂဲအားဖြင့် ရောက်လာလျက်၊ 11 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားက၊
သင်သည် တရားအမှုကို ယဇ်ပုရောဟိတ်၌ မေးမြန်းရ မည်မှာ၊ 12 လူသည် သန့်ရှင်းသော အမဲသားကို မိမိအဝတ် နှင့် ထုတ်၍
ဆောင်ခဲ့လျက်၊ မုန့်၊ ဟင်း၊ စပျစ်ရည်၊ ဆီ အစရှိသော စားစရာတစုံတခုကို ထိုအဝတ်နှင့်ထိလျှင်၊ ထိုစားစရာသည်
သန့်ရှင်းလိမ့်မည်လောဟု မေးမြန်း သော်၊ ယဇ်ပုရောဟိတ်တို့က၊ ထိုစားစရာသည် မသန့်ရှင်း ဟု ပြန်ပြောကြ၏။ 13 ဟဂ္ဂဲကလည်း၊
အသေကောင်အားဖြင့် မစင် ကြယ်သောသူသည် ထိုအရာတစုံတခုကိုထိလျှင် ညစ်ညူး ခြင်းရှိလိမ့်မည်လောဟု မေးမြန်းသော်၊
ယဇ်ပုရောဟိတ် တို့က၊ ညစ်ညူးခြင်းရှိလိမ့်မည်ဟု ပြန်ပြောကြ၏။ 14 ဟဂ္ဂဲကလည်း၊ ဤလူမျိုး၊ ဤပြည်သားတို့သည်
ငါ့မျက်မှောက်၌ ထိုအတူဖြစ်ကြ၏။ သူတို့လုပ်ဆောင် သမျှသည်လည်း ထိုအတူဖြစ်၏။ ငါ့ထံမှာ ပူဇော်သော အရာသည်လည်း
ညစ်ညူး၏ဟု၊ ထာဝရဘုရား မိန့်တော် မူ၏။ 15 ထာဝရဘုရား၏ဗိမာန်တော်၌ ကျောက်တခု ပေါ်မှာ တခုကို မတင်မှီ၊ ယခုနေ့မှစ၍
အထက်အမှုကို ပြန်ကြည့်ဆင်ခြင်ကြပါလော့။ 16 ထိုကာလတွင် ဆန်အတင်းနှစ်ဆယ်ထွက်ရ သော စပါးပုံသို့ လူလာသောအခါ
တဆယ်ကိုသာ ရ၏။ စပျစ်ရည်အိုးငါးဆယ်ကို ယူခြင်းငှါ စပျစ်သီးနယ်ရာကျင်း သို့ လာသောအခါ နှစ်ဆယ်ကိုသာ ရ၏။ 17 သင်တို့
လုပ်ဆောင်သမျှတို့တွင် လေထိ၍ အပင်သေသေဘေး၊ အရည်ယို၍ သေဘေးဖြင့် ငါသည် ဒဏ် ခတ်ခဲ့ပြီ။ သို့သော်လည်း၊ သင်တို့သည်
ငါ့ထံသို့ ပြန်၍ မလာကြဟု ထာဝရဘုရားမိန့်တော်မူ၏။ 18 ထာဝရဘုရား၏ဗိမာန်တော်တိုက်မြစ်ကျ၍၊ နဝမလနှစ်ဆယ်လေးရက်နေ့၊
ယနေ့မှစ၍ ရှေ့သို့ မျှော် ကြည့်ဆင်ခြင်ကြပါလော့။ ဆင်ခြင်ရမည်အကြောင်း အရာဟူမူကား၊ 19 စပါးကျီ၌ စပါးရှိသလော။ မရှိ။
စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊ သလဲပင်၊ သံလွင်ပင်တို့သည် အသီး ကို မသီးကြသေး။ သို့သော်လည်း၊ ယနေ့မှစ၍ သင်တို့ကို
ငါကောင်းကြီးပေးမည်ဟု မိန့်တော်မူ၏။ 20 ထိုလနှစ်ဆယ်လေးရက်နေ့တွင်၊ ထာဝရဘုရား ၏နှုတ်ကပတ်တော်သည် ဟဂ္ဂဲသို့
တဖန်ရောက်လာ၍၊ 21 သင်သည် ယုဒမြို့ဝန်၊ ဇေရုဗဗေလကို ဆင့်ဆို ရမည်မှာ၊ ငါသည် ကောင်းကင်နှင့်မြေကြီးကို လှုပ်မည်။ 22
တိုင်းနိုင်ငံတို့၏ ရာဇပလ္လင်များကို မှောက်လှန် ၍၊ အမျိုးမျိုးသော တိုင်းနိုင်ငံတန်ခိုးကို ဖျက်ဆီးမည်။ ရထားနှင့် ရထားစီးသူရဲတို့
ကိုလည်း မှောက်လှန်မည်။ မြင်းနှင့် မြင်းစီးသူရဲ တို့သည် တယောက်ကို တယောက်ခုတ်၍ လဲကြလိမ့်မည်။ 23
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အို ရှာလသေလသား၊ ငါ့ကျွန်ဇေရုဗ ဗေလ၊ ထိုအခါ သင့်ကိုငါယူ၍
တံဆိပ်လက်စွပ်ကဲ့သို့ ခန့် ထားမည်ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။ သင့်ကို ငါရွေး ချယ်ပြီဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရား မိန့် တော်မူ၏။

---

Haggai 01

သတ္တမလ နှစ်ဆယ့်တစ်ရက်နေ့တွင်
ဟေဗြဲ၏ သတ္တမလဖြစ်သည့် ၂၁ ရက်နေ့သည် အနောက်နိုင်ငံ ပြက္ခဒိန် အောက်တိုဘာလ လလယ်ဖြစ်သည်။

ထာဝရဘုရား၏ နှုတ်ကပါတ်တော် ရောက်လာ၍
ဥပမာခလေ့သုံးစကားသည် ထာဝရဘုရားစကားတော်၏ အထူးပြုသော နိဒါန်းစကားဖြစ်သည်။

 

ဟဂ္ဂဲအားဖြင့်
အားဖြင့်သည် ဟဂ္ဂဲကို ကိုယ်စားပြုသည် ထာဝရဘုရားသည် ဟဂ္ဂဲအား ပြောရေးဆိုခွင့်ရှိသူအဖြစ် အသုံးပြုစေခိုင်းခြင်းဖြစ်သည်။

ဇေရုဗဗေလ....ရှာလသေလ...ယောရှု...ယောဇဒက်
ဟဂ္ဂဲ ၁:၁ ကြည့်

Haggai 03

နိုင်းယှဉ်လျှင်သင်တို့ မျက်မှောက်၌ ဘာမျှမဟုတ်သကဲ့သို့ ဖြစ်သည်မဟုတ်လော။
သင်တို့သည် အရေးမကြီးပါဟု သဘောရှိကြောင်း

အားယူလော့
ယခုမှစ၍ ခွန်အားနှင့် ပြည့်စုံကြလော့။

Haggai 06

ကောင်းကင်၊ မြေကြီး၊ ပင်လယ်၊ ကုန်းတို့ကို တဖန်ငါလှုပ်ဦးမည်
ရှုပ်ထွေးခြင်းကို ဖြစ်စေသော အမှုတစ်ခု

Haggai 08

ရွှေနှင့် ငွေ ကို ငါပိုင်သည်
"ရွှေနှင့် ငွေ" သည် ဗိမာန်တော်သို့ ယူဆောင်လာသည့် အဖိုးတန်ရတနာများကို ဆိုလိုသည်။

Haggai 10

နဝမ လ နှစ်ဆယ်လေးရက်နေ့တွင်
ဟေဗြဲ နဝမ လ နှစ်ဆယ့်လေးရက်သည် ဒီဇင်ဘာလ လယ် ဖြစ်သည်။

ဒါရိမင်းကြီးနန်းစံနှစ်နှစ်
ဒါရိမင်းကြီးနန်းစံနှစ်နှစ် သို့မဟုတ် ဒါရိမင်းကြီး နန်းစံ တစ်နှစ်ကျော်လာသောအခါ

ဒါရိ... ဟဂ္ဂဲ
ဟဂ္ဂဲအနာဂတ္တိကျမ်း ၁:၁ ကိုရှု

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ရောက်လာလျှက်
ဤစကားသည် ဘုရားစကားတော်၏ နိဒါန်းစကားဖြစ်သည်။ ဟဂ္ဂဲ ၁:၁ ကိုကြည့်

ယဇ်ပုရောဟိတ်၌ မေးမြန်းရမည်မှာ
ဤအရာသည် အရေးပေါ်တိုက်တွန်းသွေးဆောင်စေသော စကားဖြစ်သည်။

ထာဝရဘုရားတွက်သီးသန့်ခွဲခြားသောအသား... သန့်ရှင်းသော
ထာဝရဘုရားအတွက် သီးသန့်ခွဲခြားထားသော အသားသည် ဟေဗြဲဘာသာ၌ သန့်ရှင်းသောအသား... သန့်ရှင်း ဟု ဆိုလိုသည်။

Haggai 13

ဤလူမျိုး၊ ဤပြည်သားတို့သည် ငါ့မျက်မှောက်၌ ထိုအတူဖြစ်ကြ၏
"ဣသရေလလူတို့အတွက် မှန်ကန်ခဲ့ပါပြီ" သို့မဟုတ် "ဣသရေလလူမျိုးများအပေါ် ထိုနည်းလည်းကောင်း ဖြစ်ပျက်ခဲ့ပြီ"

Haggai 15

အတင်းနှစ်ဆယ်
အတိအကျ မသိရပေ

အိုးငါးဆယ်
အတိအကျ မသိရပေ

သင်တို့ လုပ်ဆောင်သမျှတို့တွင် လေထိ၍ အပင်သေဘေး
သင်တို့၏ လုပ်ဆောင်သမျှနှင့် အသီးအနှံတို့ကို ငါကျိန်ဆဲခဲ့ပြီ

Haggai 18

နဝမလနှစ်ဆယ့်လေးရက်နေ့
နဝမလ၏ လေးရက်မြောက်နေ့။

စပါးကျီ၌ စပါးရှိသလော
အဖြေမှာ "မရှိပါ" စာဖတ်သူတို့ သိရှိထားသောအရာကို မေးမြန်းထားခြင်း ဖြစ်သည်။

စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊ သလဲပင်၊ သံလွင်ပင်တို့
ထိုပြည်၌ စိုက်ပျိုးသော အပင်များ

Haggai 20

ထာဝရဘုရား ၏နှုတ်ကပတ်တော်သည်
"ထာဝရဘုရား စကားပြောတော်မူသည်"

ဟဂ္ဂဲ ... ဇေရုဗဗေလ
လူများ၏ အမည်

ထိုလနှစ်ဆယ်လေးရက်နေ့
လ၏ စတုတ္ထမြောက်နေ့။ အခြားသောဘာသာပြန်ဆိုချက်၊ "နဝမလ၏ ၂၄ ရက်နေ့တွင်"

ငါသည် ကောင်းကင်နှင့်မြေကြီးကို လှုပ်မည်
ထာဝရဘုရားသည် ကမ္ဘာကြီးကို ရှုန်းရင်းဆန်ခတ်ဖြစ်စေမည်။

ကောင်းကင်နှင့်မြေကြီး
အခြားသောဘာသာပြန်ဆိုချက်၊ "စ ကြာဝဠာတစ်ခုလုံး"

တိုင်းနိုင်ငံတို့၏ ရာဇပလ္လင်များကို မှောက်လှန် ၍
အုပ်စိုး၍ မရတော့ဘဲ ဖရိုဖရဲဖြစ်လာသည်။

ရာဇပလ္လင်များ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏ အုပ်စိုးခွင့်အာဏာ"

တယောက်ကို တယောက်ခုတ်၍ လဲကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ့်အမျိုးသားချင်း၏ ဓါးဖြင့်"

Haggai 23

အို ရှာလသေလသား၊ ငါ့ကျွန်ဇေရုဗ ဗေလ

---

## Translation Questions

### Haggai 2:1

ပရောဖက်ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟာ ဘယ်အချိန်မှာ ရောက်လာခဲ့သနည်း။
သတ္တမလ၊ နှစ်ဆယ့်တစ်ရက်နေ့တွင် နှုတ်ကပတ်တော်ရောက်လာခဲ့သည်။

### Haggai 2:3

ထာဝရဘုရား၏အိမ်တော်သည် အရင်ကအိမ်တော်ကိုမြင်ဘူးသောသူတို့အတွက် မည်သည့်အရာမျှမဟုတ်သော်လည်း မြို့ဝန်ဇေရုဗဗေလ၊ ယဇ်ပုရောဟိတ်မင်း ယောရှုနှင့် ကျန်ကြွင်းသူအပေါင်းအာ အားယူ၍ အလုပ်လုပ်ဖို့ ထာဝရဘုရားသည် အဘယ်ကြောင့် ကြေညာချက်ထုတ်ခဲ့သနည်း။
ထာဝရဘုရားသည် သူတို့နှင့်အတူရှိသောကြောင့် သူတို့သည် အားယူ၍ အလုပ်လုပ်ဖို့ ပြောခြင်းဖြစ်သည်။

ထာဝရဘုရားနှင့် ပဋိညာဉ်ဖွဲ့ခြင်းဖြင့် ဇေရုဗဗေလ၊ ယောရှုနှင့် လူတွေ မလုပ်ဆောင်ရမည်မှာ အဘယ်နည်း။
သူတို့သည် ကြောက်ရွံ့ခြင်းမရှိဖို့ ဖြစ်သည်။

### Haggai 2:6

ကောင်းကင်၊ မြေကြီး၊ ပင်လယ် ကုန်းတို့ကို ထာဝရဘုရားသည် လှုပ်သောအခါ သူတို့ဟာ မိမိတို့၏အဖိုးတန်အရာများကို သယ်ဆောင်လာကြ၍ ထာဝရဘုရားသည် မည်သို့လုပ်ဆောင်မည်နည်း။
ထာဝရဘုရားသည် အိမ်တော်ကို ဘုန်းတော်နှင့်ပြည့်စုံစေပြီး ငြိမ်သက်ခြင်းကို အိမ်တော်၌ ထားမည်။

### Haggai 2:10

ယဇ်ပုရောဟိတ်များ၏ ပြောဆိုချက်အရ လူသည် သန့်ရှင်းသော အမဲသားကို မိမိအဝတ်နှင့် ထုတ်ဆောင်၍ ထိုအဝတ်သည် အခြားစားစရာတစ်စုံတစ်ခုကို ထိလျှင် ထိုအစာသည် သန့်ရှင်းလိမ့်မည်လော?
ယဇ်ပုရောဟိတ်များ၏ ပြောဆိုချက်အရ လူသည် သန့်ရှင်းသော အမဲသားကို မိမိအဝတ်နှင့် ထုတ်ဆောင်၍ ထိုအဝတ်သည် အခြားစားစရာတစ်စုံတစ်ခုကို ထိလျှင် သန့်ရှင်းမည်မဟုတ်ပါ။

### Haggai 2:13

ယဇ်ပုရောဟိတ်များ၏ ပြောဆိုချက်အရ သေခြင်းတစ်စုံတစ်ရာအားဖြင့်မသန့်ရှင်းသော သူတစ်ယောက်သည် အစားအစာကို ထိမိလျှင် ထိုစားစရာသည် ညစ်ညူးခြင်းရှိလိမ့်မည်လော။
ယဇ်ပုရောဟိတ်၏ ပြောဆိုချက်အရ သေခြင်းတစ်စုံတစ်ရာအားဖြင့်မသန့်ရှင်းသော သူတစ်ယောက်သည် အစားအစာကို ထိမိလျှင် ထိုစားစရာသည် ညစ်ညူးခြင်းရှိလိမ့်မည်။

လူများ၏ပူဇော်သက္ကာများနှင့် တိုင်းနိုင်ငံတို့သည် ထာဝရဘုရားရှေ့တော်၌ မည်သည့်အရာနှင့်တူသနည်း?
သူတို့ဟာ သေခြင်းတစ်စုံတစ်ရာအားဖြင့်မသန့်ရှင်းသော သူတစ်ယောက်က ထိမိသော မသန့်ရှင်းသည့်အစာကဲ့သို့ဖြစ်ကြသည်။

### Haggai 2:15

ထာဝရဘုရား၏ ဗိမာန်တော်၌ ကျောက်တစ်ခုပေါ်မှာ တစ်ခုကို မတင်မှီ ဘယ်လိုဖြစ်ခဲ့သနည်း။
ဆန်အတင်းနှစ်ဆယ် လိုအပ်သောအခါ ဆန်အတင်းတစ်ဆယ်ကိုသာရ၏။
စပျစ်ရည်အိုးငါးဆယ်ကိုလိုအပ်သောအခါ နှစ်ဆယ်ကိုသာရ၏။
ထိုသူတို့ လုပ်ဆောင်သမျှသောအရာတို့ကို ထာဝရဘုရားသည် ဒဏ်ခတ်သည်။

ထာဝရဘုရား၏ ဗိမာန်တော်၌ ကျောက်တစ်ခုပေါ်မှာတစ်ခုကိုမတင်မှီ ထာဝရဘုရားသည် လူများကို ဒဏ်ခတ်သောအခါ လူများသည် ထာဝရဘုရားထံသို့ ပြန်လှည့်ခဲ့ကြသလော?
သူတို့သည် ထာဝရဘုရားထံသို့ ပြန်မလာကြပါ။

### Haggai 2:18

ထာဝရဘုရား၏ ဗိမာန်တော်တိုက်မြစ်ချသောနေ့ နဝမလ၊ နှစ်ဆယ့်လေးရက်နေ့မှစ၍ ရှေ့သို့၊ လူများသည် မည်သည့်အရာကို ဆင်ခြင်ကြရမည်နည်း?
သိုလှောင်ရာအိမ်၌ မျိုးစေ့မရှိ၊ စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊ သလဲပင်၊ သံလွင်ပင်တို့သည် အသီးကို မသီးကြသေးကြောင်းကို သူတို့သည် ဆင်ခြင်ကြရန်ဖြစ်သည်။

ထိုနေ့မှစ၍ မည်သည့်အရာများဖြစ်ပျက်မည်ဟု ထာဝရဘုရားသည် ကတိပေးတော်မူခဲ့သနည်း။
ထိုနေ့မှစ၍ ထာဝရဘုရားသည် သူတို့ကို ကောင်းချီးပေးမည်ဟု ကတိပေးတော်မူသည်။

### Haggai 2:23

ဇေရုဗဗေလအား သူ၏လက်စွပ်ထဲကတံဆိပ်ကဲ့သို့ အဘယ်ကြောင့် ထာဝရဘုရား ခန့်ထားတော်မူခဲ့သနည်း?
ထာဝရဘုရားသည် ဇေရုဗဗေလကို ရွေးကောက်ထားသောကြောင့် သူ့ကို သူ၏လက်စွပ်ထဲကတံဆိပ်ကဲ့သို့ ခန့်ထားရခြင်းဖြစ်သည်။

# Zechariah

## Chapter 1

1 ဒါရိမင်းကြီး နန်းစံနှစ်နှစ်၊ အဋ္ဌမလတွင်၊ ဣဒ္ဒေါ သား ဗာရခိ၏သား ပရောဖက်ဇာခရိသို့ ရောက်လာ သော
ထာဝရဘုရား၏နှုတ်ကပတ်တော်ဟူမူကား၊ 2 ထာဝရဘုရားသည် သင်တို့ ဘိုးဘေးများကို အလွန်အမျက်ထွက်တော်မူပြီ။ 3
သို့သော်လည်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏အမိန့်တော်ကို သူတို့အား ဆင့်ဆိုရမည် မှာ၊ ငါ့ထံသို့ ပြန်၍လာကြလော့ဟု၊
ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 4 ရှေးပရောဖက်တို့က၊ သင်တို့မကောင်းသော လမ်း၊ မကောင်းသော
အကျင့်များကို ယခု ကြဉ်ရှောင် ကြလော့ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကို ဆင့်ဆိုလျက်
ကြွေးကြော်သော်လည်း နားမကြား၊ ငါ့စကားကိုလည်း နားမထောင်သော သင်တို့ ဘိုးဘေးများကဲ့သို့ မပြုကြနှင့်ဟု၊ ထာဝရဘုရား
မိန့်တော် မူ၏။ 5 ဘိုးဘေးတို့သည် အဘယ်မှာ ရှိကြသနည်း။ ပရောဖက်တို့သည် အစဉ်အမြဲ အသက် ရှင်တတ်ကြ သလော။ 6 ငါ၏
ကျွန်ပရောဖက်တို့၌ ငါမှာထားသော ငါ၏ ပညတ်စကားတို့သည် သင်တို့ ဘိုးဘေးများကို မမှီကြပြီ မဟုတ်လော။ သူတို့သည် သတိရ၍
ငါတို့ကျင့်ကြံပြုမူ သည်နှင့်အလျောက်၊ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရား သခင် ထာဝရဘုရားသည် ငါတို့၌ စီရင်မည်ဟု အကြံ
ရှိတော်မူသည်အတိုင်း၊ စီရင်တော်မူပြီဟု ပြောဆိုကြသည် မဟုတ်လောဟု မိန့်တော်မူ၏။ 7 ဒါရိမင်းကြီး နန်းစံနှစ်နှစ်၊
ဧကာဒသမလတည်း ဟူသော ရှေဗတ်လနှစ်ဆယ်လေးရက်နေ့တွင်၊ ထာဝရ ဘုရား၏နှုတ်ကပတ်တော်သည် ဣဒ္ဒေါသားဖြစ်သော
ဗာရခိ၏သား ပရောဖက်ဇာခရိသို့ ရောက်လာ၍၊ 8 ညဉ့်အခါမြင်ရသော ရူပါရုံဟူမူကား၊ မြင်းနီကို စီးသော လူတဦးသည် ထင်ရှား၍
ချိုင့်တွင်ရှိသော မုရတု တော၌ ရပ်၏။ သူ့နောက်မှာနီသောမြင်း၊ ညိုသော မြင်း၊ ဖြူသောမြင်းတို့သည် ရှိကြ၏။ 9 ငါကလည်း၊
အိုသခင်၊ ထိုသူတို့ကား အဘယ်သူ နည်းဟု မေးသော်၊ ငါနှင့်ပြောဆိုသော ကောင်းကင်တမန် က၊ ထိုသူတို့ကား အဘယ်သူဖြစ်သည်ကို
ငါပြမည်ဟု ဆိုပြီးမှ၊ 10 မုရတုတော၌ ရပ်သော လူက၊ ထိုသူတို့သည် မြေကြီးအရပ်ရပ်တို့ကို လှည့်လည်၍ သွားစေခြင်းငှါ၊
ထာဝရဘုရား စေလွှတ်တော်မူသောသူဖြစ်ကြသည်ဟု ပြန်ပြော၏။ 11 ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် မြေကြီး အရပ်ရပ်တို့ကို
လှည့်လည်၍ သွားပါပြီ။ မြေကြီး တရှောက်လုံး တော၌ရပ်သော ထာဝရဘုရား၏ ကောင်း ကင်တမန်အား ပြန်လျှောက်ကြ၏။ 12
တဖန် ထာဝရဘုရား၏ ကောင်းကင်တမန်က၊ အို ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော် သည် အနှစ်ခုနစ်ဆယ်ပတ်လုံး
အမျက်ထွက်တော်မူသော ယေရုရှလင်မြို့နှင့် ယုဒမြို့များကို အဘယ်မျှကာလပတ် လုံး မသနားဘဲ နေတော်မူမည်နည်းဟု
မေးလျှောက် သော်၊ 13 ထာဝရဘုရားသည် ငါနှင့်ပြောဆိုသော ကောင်း ကင်တမန်အား ကောင်းသောစကား၊ နှစ်သိမ့်စေသော
စကားပြန်ပြောတော်မူ၏။ 14 ငါနှင့် ပြောဆိုသော ကောင်းကင်တမန်က လည်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏
အမိန့်တော်ကို ဆင့်ဆို၍ ကြွေးကြော်ရမည်မှာ၊ ငါသည် ယေရုရှလင်မြို့နှင့် ဇိအုန်တောင်အဘို့ အလွန်ကြင်နာ သောစိတ်အားကြီး၏။ 15
ငြိမ်ဝပ်စွာနေသော တပါးအမျိုးသားတို့ကို အလွန်အမျက်ထွက်၏။ အကြောင်းမူကား၊ ငါသည် ယေရုရှလင်မြို့ကို
အနည်းငယ်အမျက်ထွက်သောအခါ သူတို့သည် ဝိုင်း၍ ညှဉ်းဆဲကြပြီ။ 16 ထိုကြောင့် ထာဝရဘုရားမိန့်တော်မူသည်ကား၊
ကျေးဇူးပြုချင်သောစိတ်နှင့် ယေရုရှလင်မြို့သို့ ငါပြန်လာ ပြီ။ ဤမြို့တွင် ငါ့အိမ်ကို တည်ဆောက်ရမည်။ မြို့ရာကို လည်း
တိုင်းထွာရမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ 17 တဖန် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ
ဘုရား၏အမိန့်တော်ကို ဆင့်ဆို၍ ကြွေးကြော်ရမည်မှာ၊ ငါ၏မြို့ရွာတို့သည် အရပ်ရပ်၌ နှံ့ပြား၍ စည်ပင်ကြလိမ့် မည်။
ထာဝရဘုရားသည် ဇိအုန်တောင်သားတို့ကို နှစ် သိမ့်စေဦးမည်။ ယေရုရှလင်မြို့သားတို့ကို ရွေးကောက်၍ ပြုစုဦးမည်ဟု
မိန့်တော်မူ၏။ 18 တဖန် ငါမျှော်ကြည့်၍ ဦးချိုလေးချောင်းကို မြင်၏။ 19 ငါနှင့် ပြောဆိုသော ကောင်းကင်တမန်အား လည်း၊
ထိုဦးချိုတို့ကား အဘယ်သို့နည်းဟု မေးမြန်းသော်၊ ထိုဦးချိုတို့သည် ယုဒပြည်၊ ဣသရေလပြည်၊ ယေရုရှလင် မြို့တို့ကို အရပ်ရပ်သို့
ကွဲပြားစေသော ဦးချိုဖြစ်သည်ဟု ပြန်ပြော၏။ 20 ထာဝရဘုရားသည်လည်း လက်သမားလေးဦး တို့ကို ပြတော်မူ၏။ 21 ငါကလည်း၊
ဤသူတို့သည် အဘယ်အမှုကို ပြုခြင်းငှါ လာပါသနည်းဟု မေးလျှောက်သော်၊ ကောင်း ကင်တမန်က၊ ထိုဦးချိုတို့သည် အဘယ်သူမျှ
မျှော်၍ မကြည့်ဝံ့အောင်၊ ယုဒပြည်သားတို့ကို ကွဲပြားစေသော ဦးချိုဖြစ်ကြ၏။ ဤလက်သမားတို့သည် ယုဒပြည်သားတို့ ကို
ခြိမ်းမောင်း၍၊ တပါးအမျိုး၏ ဦးချိုတို့ကို ရှုတ်ချသော သူ ဖြစ်ကြသည်ဟု ပြန်ပြော၏။

---

Zechariah 01

အဋ္ဌမလတွင်

ဤလသည် ဟေဗြဲပြက္ခတိန်မှ အဋ္ဌမမြောက်လ ဖြစ်သည်။ ဤကာလသည် အနောက်တိုင်းနိုင်ငံများ၏ ပြက္ခဒိန်တွင် အောက်တိုဘာလ၏ နှောင်းပိုင်းကာလနှင့် နိုဝင်ဘာလ၏ အဦးပိုင်းကာလအတွင်း ဖြစ်သည်။

ဒါရိမင်းကြီး နန်းစံနှစ်နှစ်

ဒါရိမင်းကြီး နန်းတက်ပြီးနောက် ဒုတိယမြောက်နှစ်


generated on Sun Jun 30 02:37:40 2024

ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ" ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

ထာဝရဘုရား
ဤအမည်မှာ ဓမ္မဟောင်းကျမ်းတွင် ထာဝရဘုရားသည် သူ၏အမည်နာမကို သူ့လူမျိုး (ဟေဗြဲလူမျိုး) တို့အား ဖော်ပြသော အမည်ဖြစ်သည်။

ဣဒ္ဒေါ ..... ဗာရခိ
ဤနာမည်များမှာ အမျိုးသားများ၏ နာမည် ဖြစ်သည်။

သင်တို့ ဘိုးဘေးများကို အလွန်အမျက်ထွက်တော်မူပြီ
သင်တို့၏ ဘိုးဘေးများအား အလွန်အမင်း စိတ်ဆိုး၊ ဒေါသထွက်သည်။

ငါ့ထံသို့ ပြန်၍လာကြလော့
"ပြန်၍လာ" ဟူသောအသုံးအနှုန်းသည် ဤတွင် "စိတ်" သို့မဟုတ် "အပြုအမူ" ပြောင်းလဲခြင်းကို ရည်ညွှန်းသည်။ ထာဝရဘုရား သည် သူ့လူမျိုးတော်အား သူ့စကားကို မနာခံခြင်းမှ နာခံခြင်းသို့ ပြောင်းလဲခြင်း အလို့ငှါ ပြောခြင်းဖြစ်သည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ" ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

ငါသည်လည်း သင်တို့ရှိရာသို့ ပြန်လာမည်
ဤသို့ပြောရခြင်းမှာ ထာဝရဘုရားသခင်သည် သူတို့အား ကူညီဆောင်မခြင်းကြောင့် သူတို့ထံသို့ ကောင်းမြတ်ခြင်းများ ဖြစ်ပေါ်မည်ဟု ထာဝရဘုရားမှ ပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အား ငါ ကောင်းကြီး ပေးမည်"

Zechariah 04

ဟစ်အော်ကြွေးကြော်ခြင်း
အော်ပြောသည် (လူအများ ကြားစေရန်)

...များကို .... ကြဉ်ရှောင်ကြလော့
အပြုအမူ ပြောင်းလဲရန်

... သော်လည်း နားမကြား၊ ငါ့စကားကိုလည်း နားမထောင် သင်တို့ ဘိုးဘေးများကဲ့သို့ မပြုကြနှင့်
ဤစကားစု နှစ်ခုစလုံးသည် ဟေဗြဲလူမျိုးကထာဝရဘုရား၏ မိန့်မှာသော စကားများအား နားမထောင်ခြင်းကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်လည်း သူတို့သည် ငါအမိန့်အား မနာခံကြပါ"။

ထာဝရဘုရား မိန့်တော်မူ၏
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ" ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

ဘိုးဘေးတို့သည် အဘယ်မှာ ရှိကြသနည်း။ ပရောဖက်တို့သည် အစဉ်အမြဲ အသက်ရှင်တတ်ကြသလော။
ဤမေးခွန်းနှစ်ခု ထွက်ပေါ်လာရခြင်းမှာ လူသည် သေမျိုးဖြစ်သည်ကို ထောက်ပြလိုသောကြောင့် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ဘိုးဘေးတို့သည် သေကြသည်။ ပရောဖက်တို့သည်လည်း သေကြသည်"။

ငါ၏ ကျွန်ပရောဖက်တို့၌ သည် သင်တို့ ဘိုးဘေးများကို မီကြပြီ မဟုတ်လော။
ဤမေးခွန်းသည် ထာဝရဘုရားက ဟေဗြဲလူမျိုးများအား သူတို့၏ ဘိုးဘေးတို့ကို ပရောဖက်များဖြင့် သတိပေးထားသောအရာများ အမှန်တကယ် ဖြစ်ခဲ့သည်ကို ဖော်ပြသော မေးခွန်း ဖြစ်သည်။

ငါမှာထားသော ငါ၏ ပညတ်စကားတို့
ဤသည်မှာ ထာဝရဘုရားက သူ၏ ပရောဖက်တို့အား မိန့်ကြားခဲ့သည်များကို ရည်ညွှန်းသော စကားစုဖြစ်သည်။

သင်တို့ ဘိုးဘေးများကို မီကြပြီ
ထာဝရဘုရားက သူ ပရောဖက်ပြု မိန့်မှာခဲ့သည့်အရာများသည် ဟေဗြဲလူမျိုးတို့၏ ဘိုးဘေးတို့အား အမှီလိုက်၍ သူတို့သည် ထိုအရာတို့ကို ကြုံတွေ့ရကြောင်း ပြောခြင်းဖြစ်သည်။ "မီကြပြီ" ဟူသော စကားလုံးစုသည် ဤတွင် "ကြုံတွေ့ခဲ့ရသည်" ကို ရည်ညွှန်းသည်။

ငါတို့ ကျင့်ကြံပြုမူသည်
ငါ့တို၏ စိတ်နေသဘောထားနှင့် အပြုအမူများ

Zechariah 07

ဧကာဒမလတည်းဟူသော ရှေဗတ်လ နှစ်ဆယ်လေးရက်နေ့
လေးရက်နေ့၊ တစ်ဆယ့်တစ်လ - ရှေဗတ်လ။ ရှေဗတ် သည် ဟေဗြဲ ပြက္ခဒိန်တွင် တစ်ဆယ့်တစ်လ မြောက် လ ဖြစ်သည်။ နှစ်ဆယ့်လေးရက်နေ့သည် အနောက်တိုင်း ပြက္ခဒိန်၌ ဖေဖော်ဝါရီလ အလယ်နားတွင် ရှိသည်။

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ... ရောက်လာ၍
ထာဝရဘုရားထံမှ လာသော စကား

ဗာရခိ ... ဣဒ္ဒေါ
ဤနာမည်များမှာ အမျိုးသားများ၏ နာမည် ဖြစ်သည်။

မုရတုတော
ရှောင်စုံပန်းများပွင့်သည့် အပင်ငယ် တစ်မျိုး


generated on Sun Jun 30 02:37:40 2024

Zechariah 10

မြေကြီးအရပ်ရပ်တို့ကို လှည့်လည်၍ သွားစေခြင်း...
ဖြစ်နိုင်သော အဓိပ္ပါယ်များ (၁) ကမ္ဘာတစ်ဝန်းလုံးအား ကင်းထောက်ခြင်း၊ သို့မဟုတ် (၂) ကမ္ဘာတစ်ဝန်းလုံးအား လှည့်လည်သွားလာခြင်း။

မြေကြီးတစ်လျှောက်လုံးသည် အမှုမရှိ၊ ငြိမ်ဝပ်လျက် ရှိပါ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ကမ္ဘာပေါ်လူသားအားလုံးသည် ငြိမ်းချမ်းလျက် ရှိပါသည်"။

အမှုမရှိ၊ ငြိမ်ဝပ်လျက် ရှိပါ၏
စကားစု ၂ စု စလုံးသည် စိုးရိမ်ကြောင့်ကြစရာ မရှိဘဲ ငြိမ်းချမ်းခြင်း ရှိသည်ကို ရည်ညွှန်းသည်။

Zechariah 12

အမျက်ထွက်တော်မူသော ... မသနားဘဲ
ဖြစ်နိုင်သော အဓိပ္ပါယ်များ (၁) သင့်ကို စိတ်ဆိုးစေသော ... အား သို့မဟုတ် သင့်ကို မလေးမစား ဆက်ဆံခဲ့သော ... အား

ငါနှင့် ... အား ကောင်းသောစကား၊ နှစ်သိမ့်စေသော စကား ပြန်ပြောတော်မူ၏။
ဤ စကားစုတို့သည် ကောင်းမွန်ခြင်းနှင့် နှစ်သိမ့်ခြင်းကို ဖော်ကြူးသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ ငါ့ကို နှစ်သိမ့်စေသည်။

Zechariah 14

ငြိမ်ဝပ်စွာနေသော တပါးအမျိုးသားတို့ကို အလွန်အမျက်ထွက်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငြိမ်းချမ်းခြင်းနှင့် လုံခြုံခြင်းကို ရရှိခံစားနေသော တိုင်းပြည်တို့အား အလွန်အမင်း အမျက်ဒေါသ ထွက်သည်။"

ငါသည် ... အနည်းငယ် အမျက်ထွက်သော ...
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ယေရုရှလင်မြို့ကို အနည်းငယ်အမျက်ထွက်သော ..."

Zechariah 16

ကျေးဇူးပြုချင်သောစိတ်နှင့် ယေရုရှလင်မြို့သို့ ငါပြန်လာ ပြီ။
ယေရုရှလင်မြို့သို့ ပြန်လာသည်မှာ နောက်တဖန် ဟေဗြဲလူမျိုးတို့အား ဘုရင်ကဲ့သို့ အမှုကိစ္စပြဿနာများမှ ကူညီဖြေရှင်း စောင့်မမည်ဟု ရည်ညွှန်းသည်။

ဤမြို့တွင် ငါ့အိမ်ကို တည်ဆောက်ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့တွင် ငါ၏ ဗိမာန်တော်ကို တည်ဆောက်မည်"။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ " ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

မြို့ရွာကို လည်း တိုင်းထွာရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့ကို အသစ်ပြန် မတည်ဆောက်မီ အရင်ဦးဆုံး တိုင်းထွာခြင်း ခံရမည်"။

ငါ၏မြို့ရွာတို့သည် အရပ်ရပ်၌ နှံ့ပြား၍ စည်ပင်ကြလိမ့် မည်။
ထာဝရဘုရားက ဟေဗြဲလူမျိုးအပေါ် ပြုမည့် ကောင်းမြတ်အသွယ်သွယ်ကို ရေကဲ့သို့ နံရံများပေါ်မှ ကျော်လွှန်၍ တိုင်းပြည်အတွင်းသို့ စီးဝင်စေမည် ဟု ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ တိုင်းပြည်အား နောက်တဖန် သာယာဝပြော စေမည်"။

ထာဝရဘုရားသည် ဇိအုန်သားတို့ကို နှစ် သိမ့်စေဦးမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဇိအုန်သားတို့ကို အားပေးနှစ်သိမ့်စေဦးမည်"။

Zechariah 18

ယေဘုယျ အချက်အလက်
ဇာခရိသည် သူ၏ ရူပါရုံကို ဆက်လက် ဖော်ပြသည်။

ငါမျှော်ကြည့်၍
ဤစကားစုက သင်၏ ဦးခေါင်းသည် အထက် ကောင်းကင် သို့ မျက်နှာမူသည်ဟု ဆိုလိုသည်။

ယုဒပြည်၊ ... အရပ်ရပ်သို့ ကွဲပြားစေသော ဦးချို
ထိုဦးချိုတို့သည် ဣသရေလလူမျိုးကို တိုက်ခိုက်နေသော စစ်တပ်ကို ရည်ညွှန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုဦးချိုတို့သည် တိုင်းနိုင်ငံတို့ကို ရည်ညွှန်းသည်"။

Zechariah 20

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ရူပါရုံကို ဇာခရိ၌ ဆက်လက်ဖော်ပြသည်။

ပန်းပဲရုံများ
သံထည်ပစ္စည်းများကို ပြုလုပ်သော သူများကို ဆိုလိုသည်။ သူတို့ကို စစ်တပ်၏ ဓားအဖြစ်လည်း ရည်ညွှန်းသည်။

ယုဒပြည်သားတို့ကို ကွဲပြားစေသော ဦးချို
ထိုဦးချိုတို့သည် ဣသရေလလူမျိုးကို တိုက်ခိုက်နေသော စစ်တပ်ကို ရည်ညွှန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုဦးချိုတို့သည် တိုင်းနိုင်ငံတို့ကို ရည်ညွှန်းသည်။

ဘယ်သူမျှ မျှော်၍ မကြည့်ဝံ့အောင်
ဤစကားစုသည် တစ်စုံတရာကို ကြည့်ရန်ပင် အလွန်အမင်း ကြောက်လန့်နေသောသူ ကို ဖော်ပြခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှ သတ္တိမရှိပါ။"

... ပြည်သားတို့ ကို ခြိမ်းမောင်း၍
ထို တိုင်းပြည်တို့ကို နှင်ထုတ်သည်။

တပါးအမျိုး၏ ဦးချိုတို့ကို ရှုတ်ချသော
စစ်တပ်တို့ကို အနိုင်ယူရန်

## Translation Questions

Zechariah 1:1

အဘယ်သူအုပ်ချုပ်သည့်ကာလတွင် ဇာခရိပရောဖက်ပြုခဲ့သနည်း။
ဒါရိမင်း အုပ်ချုပ်သည့်ကာလတွင် ဇာခရိပရောဖက်ပြုခဲ့သည်။

ဇာခရိက အဘယ်သူဖြစ်သနည်း။
ပရောဖက် ဣဒေါသား၏ သားဗာရခိ၏သားဖြစ်သည်။

လူအပေါင်းတို့သည် သူ့ထံသို့ပြန်လာခဲ့လျှင် သူသည် အဘယ်သို့ ပြုမည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကား လူအပေါင်းတို့သည် သူ့ထံသို့ပြန်လာပါက သူသည်လည်း သူတို့အား ပြန်လက်ခံလိမ့်မည်။

Zechariah 1:4

သူတို့၏ မကောင်းသော လုပ်ဆောင်ခြင်းများ၊ မကောင်းသော လမ်းများမှ ပြန်လာဖို့ရန် သူတို့ကို ထာဝရဘုရား ပြောသောအခါ သူတို့၏ ဘိုးဘေးများသည် ဘာလုပ်ခဲ့ကြသနည်း။
သူတို့၏ ဘိုးဘေးများသည် ထာဝရဘုရားကို မကြား၊ နားမထောင်ဘဲ ဖြစ်ခဲ့ကြသည်။

နောင်တရသောအခါ လူတို့သည် အဘယ်သို့ပြောဆိုခဲ့ကြသနည်း။
သူတို့သည် နောင်တရသောအခါ လူများက 'ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် စီရင်မည်ဟု အကြံရှိတော်မူသည်အတိုင်း စီရင်တော်မူပြီ' ဟု ပြောဆိုကြ၏။

Zechariah 1:7

ညအခါမှာ ထာဝရဘုရား၏ နှုတ်ကပတ်တော်က သူ့ဆီရောက်လာသောအခါ ဇာခရိ ဘာမြင်ခဲ့သနည်း။
ရှာထဲက သစ်ပင်များကြားထဲတွင် မြင်းနီတစ်ကောင်ပေါ်စီးနေသော လူတစ်ယောက်မြင်ခဲ့သည်၊ သူ၏ နောက်တွင်လည်း မြင်းဖြူများနှင့်အတူ နီညိုသောမြင်း၊နီသောမြင်းများရှိခဲ့သည်။

Zechariah 1:10

ဇာခရိမြင်ခဲ့သည့် မြင်းများက ဘာဖြစ်ကြမည်နည်း။
ထိုအရာများသည် ကမ္ဘာမြေအရပ်ရပ်လှည့်လည်ရန် ထာဝရဘုရားပို့ဆောင်သော မြင်းများဖြစ်ပါသည်။

ကမ္ဘာမြေကြီးအရပ်ရပ် လှည့်လည်သွားခဲ့သော မြင်းများက ဘာတွေ့ခဲ့ကြသနည်း။
ကမ္ဘာမြေအားလုံး ငြိမ်းချမ်းလျက် ငြိမ်သက်နေသည်ကို တွေ့ခဲ့သည်။

Zechariah 1:12

ထာဝရဘုရား၏ ကောင်းကင်တမန်များသည် ယုဒမြို့များနှင့် ယေရုရှလင်မြို့များနှင့် ပတ်သက်၍ ထာဝရဘုရားအတွက် မည်သည့်မေးခွန်းများ ရှိခဲ့ကြသနည်း။
ယုဒမြို့များနှင့် ယေရုရှလင်မြို့များကို ကြင်နာခြင်းမရှိဘဲ မည်မျှကြာကြာ ကြည့်နေမည်နည်းဟု မေးခဲ့သည်။

Zechariah 1:16

ယုဒနှင့် ယေရုရှလင်မြို့များနှင့် ပတ်သက်ပြီး ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ဘာပြောခဲ့သနည်း။
ထာဝရဘုရားက သနားကြင်နာခြင်းဖြင့် ယေရုရှလင်မြို့သို့ပြန်လာသည်၊ ထိုမြို့တွင်သူ့အိမ်တော်ကိုတည်ရမည်၊ ယေရုရှလင်မြို့ပေါ်သို့ တိုင်းရန်ကြိုးကို ချရမည်ဟု ဆိုသည်။ သူ၏မြို့များသည်လည်း နောက်တဖန် ကောင်းခြင်းများနှင့်ပြည့်၍ ထာဝရဘုရားသည် ယေရုရှလင်မြို့ကို တဖန် ပြန်ရွေးကောက်၍ ဇိအုန်တောင်ကိုလည်း ပြန်နှစ်သိမ့်မည်ဟု မိန့်ကြားခဲ့သည်။

Zechariah 1:18

ဇာခရိမြင်ခဲ့သည့် ဦးချိုလေးချောင်းသည် ဘာဖြစ်သနည်း။
ထိုအရာများသည် ယေရုရှလင်နှင့် ယုဒပြည် ဣသရေလပြည်တို့ကို ကွဲပြားစေခဲ့သော ဦးချိုလေးချောင်းဖြစ်သည်။

Zechariah 1:20

ဇာခရိမြင်ခဲ့သော ပန်းပဲသမားလေးယောက်သည် မည်သည့်အရာ လုပ်ဖို့ရန် ဖြစ်သနည်း။
ပန်းပဲသမားလေးယောက်သည် ယုဒပြည်ကိုကွဲပြားစေဖို့ရန် ဦးချိုများကိုချီးမြှောက် ဖြန့်ကျဲသောသူများကို နှင်ထုတ်၊ မောင်းထုတ်ဖို့ရန်ဖြစ်သည်။

## Chapter 2

1 တဖန် ငါမျှော်ကြည့်၍၊ တိုင်းစရာကြိုးကို ကိုင် သော လူတဦးကို မြင်လျှင်၊ 2 အဘယ်အရပ်သို့ သွားမည်နည်းဟု ထိုသူအား မေးသော်၊
ယေရုရှလင်မြို့ အလျားအနံကို သိလို၍ မြို့ကို တိုင်းခြင်းငှါ သွားသည်ဟု ပြန်ပြော၏။ 3 ငါနှင့်ပြောဆိုသော ကောင်းကင်တမန်သည်
ထွက်သွားသော်၊ အခြားသော ကောင်းကင်တမန်သည် ကြိုဆိုလျက်၊ 4 သင်သည် ပြေး၍ ထိုလုလင်ကို ဆင့်ဆိုရမည်မှာ၊
ယေရုရှလင်မြို့သား လူသတ္တဝါတိရစ္ဆာန်တို့သည် အလွန် များသောကြောင့် ရွာတို့၌ နေရကြလိမ့်မည်။ 5 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါသည် မြို့ကို ကာသောမီးမြို့ရိုးဖြစ်မည်။ မြို့အလယ်၌လည်း ငါသည် မြို့၏ဘုန်းအသရေဖြစ်မည်။ 6
အချင်းတို့၊ အချင်းတို့၊ မြောက်မျက်နှာအရပ်မှ ပြေးလာကြလော့ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။ မိုဃ်း
ကောင်းကင်အောက်လေးမျက်နှာတို့၌ သင်တို့ကို ငါနှံ့ပြား စေပြီဟု၊ ထာဝရဘုရားမိန့်တော်မူ၏။ 7 ဗာဗုလုန်မြို့သမီးထံမှာနေသော
အချင်းဇိအုန် သတို့သမီး၊ အလွတ်ပြေးလော့။ 8 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်တို့ကို
ဖျက်ဆီးသောလူမျိုးတို့ ရှိရာ သို့ ဘုန်းထင်ရှားပြီးမှ ငါ့ကို စေလွှတ်တော်မူ၏။ သင်တို့ ကို ထိသောသူသည် မျက်ဆန်တော်ကို
ထိသောသူဖြစ်၏။ 9 သူတို့ကို ငါတိုက်၍ သူတို့၏ ကျွန်များသည် လုယူဖျက်ဆီးကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားသည် ငါ့ကို စေလွှတ်တော်မူသည်ကို သင်တို့ သိရကြလိမ့်မည်။ 10 အို ဇိအုန်သတို့သမီး၊ သီချင်းဆို၍ ရွှင်လန်း လော့။
ငါလာ၍ သင့်အလယ်၌နေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 11 ထိုကာလ၌ လူမျိုးအများတို့သည် ထာဝရဘုရား ဘက်သို့ ဝင်စား၍
ငါ၏လူဖြစ်ကြလိမ့်မည်။ သင့်အလယ် ၌ ငါနေမည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား သည် ငါ့ကို သင့်ဆီသို့
စေလွှတ်တော်မူသည်ကို သင်သိရ လိမ့်မည်။ 12 ထာဝရဘုရားသည် သန့်ရှင်းသော ပြည်၌ မိမိ အဘို့ ယုဒပြည်ကို အမွေခံ၍ တဖန်
ယေရုရှလင်မြို့ကို ရွေးချယ်တော်မူလိမ့်မည်။ 13 အိုလူသတ္တဝါအပေါင်းတို့၊ ထာဝရဘုရား ရှေ့ တော်၌ ငြိမ်ဝပ်စွာနေကြလော့။
သန့်ရှင်းသော ကျိန်းဝပ် ရာဌာနတော်၌ ထတော်မူပြီ။

---

---

Zechariah 01

ယေဘုယျ အချက်အလက်
ဇာခရိသည် သူ၏ ရူပါရုံကို ဆက်လက် ဖော်ပြသည်။

ငါမျှော်ကြည့်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ငါအပေါ်သို့ မော့ကြည့်သည်"။

တိုင်းစရာကြိုး
ကြီးသောအရာတို့ကို တိုင်းထွာသော အရှည်အတိုင်းအတာ တစ်ခုရှိ ကြိုးတစ်ချောင်း

ထိုသူ ... ပြန်ပြော၏
တိုင်းစရာကြိုးကို ကိုင်သော လူက ငါ့အား ပြောသည်။

Zechariah 03

အခြားသော ကောင်းကင်တမန်သည် ကြိုဆိုလျက်
ဤကောင်းကင်တမန်သည် အသစ်သောသူဖြစ်ပြီး အစ၌ မပါဝင်သေးသောသူ ဖြစ်သဖြင့် သူ့အား အသစ်ပါဝင်သူ အနေဖြင့် ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသစ်သော ကောင်းကင်တမန်သည် ထိုသူအား လာရောက်၍ ကြိုဆိုသည်"။

သင်သည် ပြေး၍ ထိုလုလင်ကို ဆင့်ဆိုရမည်မှာ
ဒုတိယ ကောင်းကင်တမန်က ဇာခရိနှင့် စကားပြောနေသော ကောင်းကင်တမန်အား ပြောကြားသည်မှာ "သင်သည် တိုင်းစရာကြိုးကို ကိုင် သော လူထံသို့ အလျင်အမြန်သွား၍ ပြောပါ"။

ယေရုရှလင်မြို့သား လူသတ္တဝါ၊ တိရစ္ဆာန်တို့သည် ... ရွာတို့၌ နေရကြလိမ့်မည်။
ဤစကားစု၏ ဆိုလိုရင်းမှာ ယေရုရှလင်မြို့သည် တံတိုင်းနံရံများဖြင့် ကာရံထားခြင်း မရှိပါ။

မြို့ကို ကာသောမီးမြို့ရိုးဖြစ်မည်။
ထာဝရဘုရား မိန့်ကြားသည်မှာ သူသည် ယေရုရှလင်မြို့ကို ကာကွယ်မည်ဖြစ်ပြီး သူ၏ အကာအကွယ်ကို မီးမြို့ရိုးနှင့် နှိုင်းယှဉ်၍ဖော်ပြသည်။

ထာဝရဘုရား မိန့်တော်မူသည်ကား
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ " ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

Zechariah 06

အချင်းတို့၊ အချင်းတို့၊
ဤစကားစုသည် အလွန်အမင်းအရေးကြီးသော စကားကို ပြောရန် ရှိသောကြောင့် နှစ်ကြိမ် ထပ်၍ သို့မဟုတ် ထပ်ခါထပ်ခါ ခေါ်ရခြင်း ဖြစ်သည်။

မြောက်မျက်နှာအရပ်
ဗာဗုလုန်မြို့ကို ရည်ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

မိုယ်း ၌ သင်တို့ကို ငါနှံ့ပြား စေပြီ။
ဤသည်မှာ ကလသရေလလူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး အနေဝေးခြင်းကို ဆိုလိုသည်။
"ကောင်းကင်အောက်လေးမျက်နှာတို့" ဆိုသည်မှာ ကမ္ဘာပေါ်ရှိ မတူသောနေရာဒေသများကို ဆိုလိုသည်။

ဗာဗုလုန်မြို့သမီး
ဤသည်မှာ ဗာဗုလုန်မြို့တော်ကြီးအား ရည်ညွှန်းသည်။

Zechariah 08

ယေဘုယျ အချက်အလက်
ဇာခရိသည် သူ့အား ထာဝရဘုရားက ယေရုရှလင်မြို့အား ဖျက်ဆီးသော တိုင်းနိုင်ငံတို့ အဘယ်သို့ စီရင်မည်ကို ပြောသည်။

သင်တို့ကို ဖျက်ဆီးသော
ယေရုရှလင်မြို့အား တိုက်ခိုက်ဖျက်ဆီးပြီးနောက် ပစ္စည်းဥစ္စာတို့ ခိုးယူသည်။

သင်တို့ ကို ထိသောသူသည်
"ထိသော" ဟူသည့် စကားလုံးသည် "ထိခိုက်စေသော" ဟူ၍ ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အား နာကျင်စေသော မည်သူမဆို"

မျက်ဆန်တော်
မျက်ဆန်တော် ဆိုသည်မှာ မျက်လုံးအတွင်း၌ ရှိသော အနက်ရောင် အစိတ်အပိုင်းကို ရည်ညွှန်းသည်။ ထိုအရာသည် အလွန်အရေးအကြီးသလို ထိခိုက်လွယ်သော ခန္ဓာကိုယ်၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ယေရုရှလင်မြို့သည် ထာဝရဘုရား အတွက် အလွန်အရေးကြီးသောအရာဖြစ်ပြီး ထိုအရာကိုကာကွယ်ဆောင်မမည် ဟုပြောရာတွင် အသုံးပြုသော စကားစု ဖြစ်သည်။

သူတို့ကို ... လုယူဖျက်ဆီးကြလိမ့်မည်။
သူတို့၏ တိုင်းနိုင်ငံသည်လည်း ပျက်စီးခြင်းသို့ ရောက်၍ လူများ၏ စိတ်ဆန္ဒအလျောက် လုယူခြင်းကိုခံရန် ဖွင့်ထားခြင်း ခံရသည်။

Zechariah 10

ဇိအုန်သတို့သမီး
ဤအမည်မှာ ယေရုရှလင်မြို့အား ကောင်းကင်ဘုံသဖွယ်ဖြစ်သော ဇိအုန်မြို့၏ သမီးအနေဖြင့် ဖော်ညွှန်းသည်။

အလယ်၌နေမည်။
အခြေချ၍ ခေတ္တနေထိုင်သည်။

ထာဝရဘုရား မိန့်တော်မူ
ဤစာကြောင်းကို "ထာဝရဘုရား၏ ကြေညာချက်" ဟု နားလည်ရသည်။ ဇာခရိကျမ်းတွင် ကြိမ်ဖန်များစွာ မြင်တွေ့နိုင်ပါသည်။

လူမျိုးအများတို့သည် ထာဝရဘုရား ဘက်သို့ ဝင်စား၍ ငါ၏လူဖြစ်ကြလိမ့်မည်။
တိုင်းနိုင်ငံတို့သည် ထာဝရဘုရားထံတွင် သစ္စာခံကြသည်။

Zechariah 12

ထာဝရဘုရားသည် သန့်ရှင်းသော ပြည်၌ မိမိ အဘို့ ... အမွေခံ၍
ထာဝရဘုရားသည် ယုဒပြည်အား သန့်ရှင်းသောပြည်၊ မိမိအစိတ်အပိုင်း ဖြစ်စေမည်။

လူသတ္တဝါအပေါင်းတို့
ထာဝရဘုရားသည် သက်ရှိဟူသမျှကို လူသတ္တဝါအပေါင်းတို့ ဟူ၍ ရည်ညွှန်းခေါ်ဆိုသည်။ သတ္တဝါ ဟူသည်မှာ သက်ရှိများအတွက် ယေဘုယျကျသော အသုံးအနှုန်း တစ်ခု ဖြစ်သည်။

သန့်ရှင်းသော ကျိန်းဝပ် ရာဌာနတော်၌ ထတော်မူပြီ
ဤစကားစုသည် ထာဝရဘုရားအား ကမ္ဘာမြေပေါ်တွင် အမှုကိစ္စ ဆောင်ရွက်စေသည် ဟု ရည်ညွှန်းသည်။

ကျိန်းဝပ် ရာ ... ထတော်မူပြီ
နိုးထစေသည် သို့မဟုတ် လှုံ့ဆော်ခြင်း ခံရသည်။

---

# Translation Questions

Zechariah 2:1

သူ၏ လက်ထဲတွင် တိုင်းစရာကြိုးကိုင်၍ လူငယ်တစ်ယောက်သည် ဘာလုပ်ဖို့ရန်သွားသနည်း။
သူသည် ယေရုရှလင်မြို့ အလျား၊အနံကို ဆုံးဖြတ်တိုင်းတာဖို့ရန် သွားခြင်းဖြစ်သည်။

Zechariah 2:3

ယေရုရှလင်သည် လဟာပြင်နိုင်ငံထဲတွင် နေရမည်ဟု ဒုတိယကောင်းကင်တမန်သည် အဘယ်ကြောင့် ပြောသနည်း။
၎င်းအထဲတွင်ရှိမည့် လူများစွာနှင့် ကြွမ်းကြုတ်သည့်လူများကြောင့် ဒုတိယကောင်းကင်တမန်သည် ဤသို့ပြောခြင်းဖြစ်သည်။

မိမိသည် ယေရုရှလင်မြို့အတွက် မည်သည့်အရာဖြစ်လာမည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားက သူသည် မြို့ကိုကာသော မီးမြို့ရိုးနှင့်၊ မြို့လည်၌ ဘုန်းအသရေဖြစ်လိမ့်မည်ဟု ပြောကြားခဲ့သည်။

Zechariah 2:6

ဗာဗုလုန်မြို့၏ သမီးနှင့်အတူ နေသောသူများအား ထာဝရဘုရားသည် မည်သို့ ပြောဆိုခဲ့သနည်း။
ဇိအုန်သို့ ထွက်ပြေးလွတ်မြောက်ဖို့ရန် ထာဝရဘုရားသည် သူတို့ကို ပြောခဲ့သည်။

Zechariah 2:8

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် အခြားသော ကောင်းကင်တမန်ကို စေလွှတ်တော်မူသည်ကို သူတို့သည် မည်သို့သိမည်နည်း။
ဒုတိယမြောက်ကောင်းကင်တမန်က သူတို့ကို ဖျက်ဆီးသိမ်းယူသွားသော တိုင်းနိုင်ငံများအပေါ်၌ သူ၏လက်ကို ဆန့်တော်မူသောအချိန်နှင့် ယုဒအမျိုးနှင့် ဣသရေလပြည်သားများကို ကျွန်ပြုစေခဲ့ကြသော တိုင်းနိုင်ငံများအပေါ်၌ သူ၏လက်ကို လှုပ်စေတော်မူသောအခါ ထာဝရဘုရားသည် သူ့အား စေလွှတ်တော်မူသောကြောင်း သိရကြလိမ့်မည်ဟု ဆိုသည်။

Zechariah 2:10

ဇိအုန်မြို့၌ ထာဝရဘုရား လာ၍ ကျိန်းဝပ်တော်မူသောအခါ ဘာဖြစ်လာလိမ့်မည်နည်း။
ထိုသို့ဖြစ်လာသောအခါ တိုင်းတပါးနိုင်ငံကြီးတို့သည် ကိုယ်အလိုအလျောက် ဘုရားသခင်နှင့် ဆက်နွယ်လာ၍ ဇိအုန်လူမျိုးသည် သူ၏လူများဖြစ်လာလိမ့်မည်။

Zechariah 2:12

ထာဝရဘုရားရှေ့တွင် အသွေးအသားရှိ လူအပေါင်းတို့ ငြိမ်ဝပ်စွာ နေကြဖို့ရန် ပြောဆိုရခြင်းမှာ အဘယ်ကြောင့်နည်း။
ထာဝရဘုရားသည် သန့်ရှင်းရာဌာနတော်မှ နိုးထပြီဖြစ်သောကြောင့် အသွေးအသားရှိ လူအပေါင်းတို့ ငြိမ်ဝပ်စွာနေကြဖို့ရန် ပြောဆိုရခြင်းဖြစ်သည်။

## Chapter 3

[1] ယဇ်ပုရောဟိတ်မင်း ယောရှုသည် ထာဝရ ဘုရား၏ ကောင်းကင်တမန်ရှေ့၌ ရပ်နေသည်ကိုငှင်း၊ စာတန်သည် ရန်ဘက်ပြု၍
သူ၏လက်ျာဘက်၌ ရပ်နေ သည်ကိုငှင်း ငါ့အားပြတော်မူ၏။ [2] ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ အိုစာတန်၊
ထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူပါ စေသော။ ယေရုရှလင်မြို့ကို ရွေးချယ်ပြီးသော ထာဝရ ဘုရားသည်
သင့်ကိုဆုံးမတော်မူပါစေသော။ ဤသူသည် မီးထဲက နှုတ်သော ထင်းစဖြစ်သည်မဟုတ်လောဟု စာ တန်အား ဆို၏။ [3] ယောရှုသည်
ညစ်ညူးသော အဝတ်ကို ဝတ်လျက်၊ ကောင်းကင်တမန်ရှေ့မှာ ရပ်နေသည်ဖြစ်၍၊ [4] ကောင်းကင်တမန်က၊ ညစ်ညူးသော အဝတ်ကို
ချွတ်ပယ်ကြလော့ဟု မိမိရှေ့မှာ ရပ်နေသော အခြားသူတို့ အား ဆို၏။ ယောရှုအားလည်း၊ သင့်အပြစ်ကို ငါဖြေရှင်း ပြီ။
တင့်တယ်သော အဝတ်ကို ဝတ်စေမည်ဟု ဆို၏။ [5] ငါကလည်း၊ စင်ကြယ်သော ပေါင်းကို သူ၏ ခေါင်းပေါ်မှာ တင်ကြစေဟု
ဆိုသည်အတိုင်း၊ စင်ကြယ် သောပေါင်းကို သူ၏ခေါင်းပေါ်မှာ တင်၍ အဝတ်ကို ဝတ်စေကြ၏။ ထာဝရဘုရား၏
ကောင်းကင်တမန်သည် လည်း အနားမှာ ရပ်နေ၏။ [6] တဖန် ထာဝရဘုရား၏ ကောင်းကင်တမန် သည် ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရား၏ အမိန့် တော်ကို ဆင့်ဆို၍ ယောရှုအား ပညတ်ထားသည်ကား၊ [7] သင်သည် ငါ့လမ်းသို့လိုက်၍ ငါ့ပညတ်တရားကို
စောင့်ရှောက်လျှင်၊ ငါ့အိမ်ကို စီရင်ရသော အခွင့်၊ ငါ့ တန်တိုင်းတို့ကို စောင့်ရသောအခွင့်ရှိလိမ့်မည်။ ရှေ့တော် ၌ ရပ်နေသော
သူအချို့တို့ကို၊ သင့်အား လမ်းပြရသော သူဖြစ်မည်အကြောင်း ငါခန့်ထားမည်။ [8] အို ယဇ်ပုရောဟိတ်မင်းယောရှု၊ သင့်ရှေ့မှာနေ သော
သင့်အပေါင်းအဘော်တို့နှင့်တကွ နားထောင် လော့။ သူတို့သည် နိမိတ်လက္ခဏာနှင့်ယှဉ်သော သူဖြစ် ကြ၏။ ငါ၏ကျွန်တည်းဟူသော
အညွန့်ကို ငါပေါ်ထွန်း စေမည်။ [9] ယောရှုရှေ့မှာ ငါထားသော ကျောက်ကို ကြည့် ရှုလော့။ ထိုကျောက်တခုကို မျက်စိခုနစ်လုံး
ကြည့်ရှုလျက် ရှိလိမ့်မည်။ ထိုကျောက်ကိုလည်း ငါထုလုပ်မည်။ တနေ့ ခြင်းတွင် ဤပြည်၏အပြစ်ကို ငါပယ်ရှင်းမည်ဟု ကောင်း
ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ [10] ထိုနေ့၌ သင်တို့သည် မိမိတို့ အိမ်နီးချင်း တယောက်ကိုတယောက်
စပျစ်ပင်အောက်၊ သင်္ဘော သဖန်းပင်အောက်သို့ ခေါ်ဘိတ်ကြလိမ့်မည်ဟု ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။

---

---

Zechariah 01

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဇာခရိအား ရူပါရုံ ဖွင့်ပြသည်။

ဤသူသည် ဖြစ်သည်မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "ယောရှုသည် မီးထဲမှ ထုတ်ခြင်းခံရသော သစ်ချောင်း ကဲ့သို့ ဖြစ်သည်"။

မီးထဲက နှုတ်သော ထင်းစ
ထင်းစသည် မီးအပြီးတိုင် မလောင်ကျွမ်းမီ ထုတ်ယူခြင်းခံရသော သစ်သား အပိုင်းအစ ဖြစ်သည်။ ဤသည်မှာ ဗာဗုလုန်တိုင်းသားတို့၏ ဖမ်းဆီးခြင်းမှ လွတ်မြောက်ပြီး ယေရုရှလင်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သော ယောရှုအား ရည်ညွှန်းသည်။

ညစ်ညူးသော အဝတ်
ဤသည်တွင် ညစ်ညူးသော အဝတ်သည် အပြစ်များဖြင့် ပြည့်နှက်နေသည်ကို ပုံဆောင်သည်။

Zechariah 04

တင့်တယ်သော အဝတ်ကို ဝတ်စေမည်။
ဤတွင် တင့်တယ်သော အဝတ်သည် ဖြောင့်မတ်မှန်ကန်ခြင်းကို ပုံဆောင်သည်။

ပေါင်း
ဦးခေါင်းတွင် ရစ်ပတ်သော ရှည်လျားသော အဝတ်အပိုင်းအစ

Zechariah 06

ဆင့်ဆို၍ ယောရှုအား ပညတ်ထားသည်
လေးနက်သောထုံးစံဖြင့် ယောရှုအား မိန့်ကြားသည်။

ငါ့လမ်းသို့လိုက်၍
ဤသည်မှာ တူညီသောအမူအရာကို ပြုမူခြင်း ဟု ဆိုလိုသည်။

ငါ့ပညတ်တရားကို စောင့်ရှောက်လျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "အကယ်၍ သင်သည် ငါ၏ ပညတ်တရားကို အောက်မေ့လျှက် နာခံလိုက်လျှောက်လျှင်"

ငါ့ တန်တိုင်းတို့ကို စောင့်ရသောအခွင့်
ငါ၏ တန်တိုင်းကို တာဝန်ယူစေခြင်း

Zechariah 08

ယေဘုယျ အချက်အလက်များ
ထာဝရဘုရား၏ ကောင်းကင်တမန်သည် ယောရှုအား ဆက်လက်မိန့်မှာကြားသည်။

သင့်ရှေ့မှာနေ သော သင့်အပေါင်းအဘော်တို့
အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့်အတူ ရှိနေသော ယဇ်ပုရောဟိတ်များ"။


generated on Sun Jun 30 02:37:40 2024

ငါ၏ကျွန်တည်းဟူသော အညွန့်
"အညွန့်" ဟူသော အသုံးအနှုန်းသည် သစ်ပင်၏အကိုင်းအညွန့်ကဲ့သို့ ဘာသာပြန်ဆိုနိုင်ပါသည်။ ဆိုလိုသည်မှာ

မျက်စိခုနစ်လုံး
ဆိုလိုသည်မှာ အရပ်မျက်နှာ ခုနစ်ဖက်မှ

ထုလုပ်မည်
ထုထွင်းမည်

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ" ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။
ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

Zechariah 10

ထိုနေ့၌
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချိန်တွင်"

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ " ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။
ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

## Translation Questions

### Zechariah 3:1

ယဇ်ပုရောဟိတ်မင်း ယောရှုဘေးနားမှာ ရပ်နေတာ အဘယ်သူဖြစ်မည်နည်း။
ယောရှုသည် ထာဝရဘုရားရှေ့မှာ ရပ်နေ၍ စာတန်သည်လည်း သူ၏ ညာဘက်ခြမ်းမှာ ရပ်နေသည်။

ယောရှု၏ ညာဘက်ခြမ်းမှာ ရပ်နေပြီး စာတန် ဘာလုပ်နေသနည်း။
စာတန်က ယောရှုသည် အပြစ်သားဖြစ်ကြောင်း စွပ်စွဲနေခြင်းဖြစ်သည်။

ယောရှုသည် ကောင်းကင်တမန်ရှေ့မှာ ရပ်၍ မည်သည့်အရာကို ဝတ်ဆင်ခဲ့သနည်း။
ယောရှုသည် ညစ်ပေသော အဝတ်ကို ဝတ်ဆင်ခဲ့သည်။

### Zechariah 3:4

ယောရှုအတွက် မည်သည့်အမှုကိုပြီးသည်ဟု ကောင်းကင်တမန် ဆိုခဲ့သနည်း။
ယောရှု၏ဒုစရိုက်အပြစ်များကို ယောရှုထံမှထွက်သွားစေပြီဟု ကောင်းကင်တမန် မိန့်တော်မူခဲ့သည်။

ယောရှု၏ ဝတ်စားဆင်ယင်ခြင်းနှင့် ပတ်သက်၍ ဘာဖြစ်သနည်း။
ကောင်းကင်တမန် မိန့်တော်မူသည့်အတိုင်း ယောရှုထံမှ ညစ်ပေနေသော အဝတ်များကို ချွတ်စေ၍ သူ့အတွက် စင်ကြယ်သော အဝတ်အစားများနှင့် စင်ကြယ်သော ခေါင်းပေါင်းကို ဝတ်ဆင်စေခဲ့သည်။

### Zechariah 3:6

ထာဝရဘုရား၏ လမ်းသို့လိုက်လျှောက်၍ သူ၏ ပညတ်တရားများကို စောင့်ရှောက်ပါက ထာဝရဘုရားသည် ယဇ်ပုရောဟိတ်မင်းကြီး ယောရှုကို မည်သည့်ကတိပေးတော်မူသနည်း။
ထာဝရဘုရားသည် ယောရှုကို သူ၏ ရုံးများကို စောင့်ရှောက်ရသော အခွင့်နှင့် သူ၏ အိမ်ကို အုပ်စိုးရသော အခွင့်ရမည်ဟု ကတိပေးခဲ့သည်။
ထာဝရဘုရားရှေ့မှာရပ်နေသော သူတို့ကို လမ်းပြရသောအခွင့်ပေးအံ့မည်ဟု ယောရှုအား ထပ်မံကတိပေးခဲ့သည်။

### Zechariah 3:8

ထာဝရဘုရားကိုယ်တိုင်ပေါ်ထွန်းစေမည့် အစေခံကျွန်အား မည်သို့ ခေါ်ဝေါ်သမုတ်သနည်း။
အစေခံကျွန်အား "အခက် (သို့) အညွန့် ဟူ၍ ခေါ်ခဲ့သည်။

ထောင့်ခုနစ်ခုရှိသော ကျောက်ပေါ်တွင် ရေးထိုးရမည့်သတင်းစကား၏ ပထမအပိုင်းက ဘာဖြစ်သနည်း။
ထာဝရဘုရား၏ သတင်းစကား ပထမအပိုင်းမှာ ဤတိုင်းပြည်မှ အပြစ်များကို တစ်နေ့ချင်းတွင် ထာဝရဘုရား ပယ်ရှင်းလိမ့်မည်ဟူ၍ ဖြစ်သည်။

### Zechariah 3:10

ထာဝရဘုရားမိန့်ကြားချက်အရ သူ၏သဖန်းပင်၊ စပျစ်နွယ်ပင်အောက်တွင် အနားယူဖို့ရန် လူတိုင်းသည် မိမိ၏အိမ်နီးချင်းကို မည်သည့်အချိန်တွင် ဖိတ်ရမည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားသည် မိန့်တော်မူသည်မှာ ထိုနေ့တွင် ဖြစ်ပျက်လိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

## Chapter 4

1 ငါနှင့်ပြောဆိုသော ကောင်းကင်တမန်သည် ပြန်လာ၍၊ အိပ်ပျော်သောသူကို နှိုးသကဲ့သို့ ငါ့ကို နှိုးလျက်၊ 2 သင်သည်
အဘယ်အရာကို မြင်သနည်းဟု မေး လျှင်၊ ငါက၊ အကျွန်ုပ်သည် ကြည့်ရှု၍ ရွှေအတိပြီးသော ဆီးမီးခုံကို မြင်ပါ၏။ မီးခုံတိုင်အဖျား၌
ဆီအိုးတလုံး၊ မီးခွက်ခုနစ်လုံး၊ ဆီအိုးနှင့် မီးခွက်ခုနစ်လုံး ဆက်သော ပြွန်တံခုနစ်တံရှိပါ၏။ 3 ဆီအိုးလက်ျာဘက်၌ သံလွင်ပင်တပင်၊
လက်ဝဲ ဘက်၌ တပင်၊ မီးခုံကို လွှမ်းမိုးသော သံလွင်ပင်နှစ်ပင် ရှိပါသည်ဟုဆိုပြီးမှ၊ 4 ငါနှင့်ပြောဆိုသော ကောင်းကင်တမန်အား၊
အကျွန်ုပ်သခင်၊ ဤအရာတို့ကား အဘယ်အရာဖြစ်သ နည်းဟုမေးသော်၊ 5 ငါနှင့်ပြောဆိုသော ကောင်းကင်တမန်က၊ ဤအရာတို့ကား၊
အဘယ်အရာဖြစ်သည်ကို နားမလည် သလောဟု မေးလျှင်၊ အကျွန်ုပ်နားမလည်ပါသခင်ဟု လျှောက်၏။ 6
ကောင်းကင်တမန်ကလည်း၊ ဇေရုဗဗေလသို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူ မူကား၊ ဤအမှုသည်
ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာ တန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည် ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား
မိန့်တော် မူ၏။ 7 အို တောင်ကြီး၊ သင်သည် အဘယ်သို့နည်း။ ဇေရုဗဗေလရှေ့မှာ ညီသောအရပ် ဖြစ်ရလိမ့်မည်။ လူ များတို့က၊
ကျေးဇူးတော်ရှိပါစေသော။ ကျေးဇူးတော်ရှိပါ စေသောဟု ကြွေးကြော်လျက်၊ ထိုမင်းသည် တိုက်ထောင့် အထွဋ်ကျောက်ကို
တင်ထားရလိမ့်မည်။ 8 တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာသည်ကား၊ 9 ဇေရုဗဗေလသည်
ဤအိမ်တော်အမြစ်ကို ချ ထားပြီ။ သူသည်လည်း လက်စသတ်ရလိမ့်မည်။ ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ငါ့ကို
သင်တို့ ရှိရာသို့ စေလွှတ်တော်မူသည်ကို သင်တို့ သိရကြလိမ့် မည်။ 10 အမှုငယ်ပြုသော နေ့ရက်ကို အဘယ်သူသည်
မထီမဲ့မြင်ပြုရသနည်း။ ချိန်ကြိုးသည် ဇေရုဗဗေလလက် ၌ ရှိသည်ကို ထိုခုနစ်ပါးတို့သည် မြင်၍ ဝမ်းမြောက်ကြ လိမ့်မည်။
ထိုခုနစ်ပါးတို့ကား၊ မြေကြီးတပြင်လုံးတွင် တောင်မြောက်ပြေးတတ်သော၊ ထာဝရဘုရား၏မျက်စိ တော်များဖြစ်သတည်းဟု
မိန့်တော်မူ၏။ 11 ငါကလည်း၊ မီးခုံလက်ျာဘက်၊ လက်ဝဲဘက်၌ ရှိသော ထိုသံလွင်ပင်နှစ်ပင်ကား အဘယ်သို့နည်းဟူ၍ ၎င်း၊ 12
ဆီညှစ်ရာရွှေစက်နှစ်ခုအားဖြင့်၊ မိမိတို့ဆီကို သွန်းလောင်းသော ထိုသံလွင်ကိုင်းနှစ်ကိုင်းကား အဘယ် သို့နည်းဟူ၍၎င်း
မေးလျှောက်သော်၊ 13 ကောင်းကင်တမန်က၊ ထိုအကိုင်းတို့ကို နား မလည်သလောဟုမေးလျှင်၊ အကျွန်ုပ်နားမလည်ပါသခင် ဟု
လျှောက်၏။ 14 ကောင်းကင်တမန်ကလည်း၊ ထိုအကိုင်းတို့သည် မြေကြီးတပြင်လုံးကို အစိုးပိုင်တော်မူသော အရှင်၏ ရှေ့တော်၌
ရပ်နေသော ဘိသိက်ခံသူနှစ်ပါးဖြစ်သည်ဟု ဆို၏။

---

### Zechariah 01

အိပ်ပျော်သောသူကို နှိုးသကဲ့သို့ ငါ့ကို နှိုးလျက်
အိပ်နေရာမှ ရုတ်တရက် လှုပ်နိုးကာ သတိရှိစေသကဲ့သို့ ငါ့အား နှိုးသည်။

ဆက်သောပြွန်တံ
မီးခွက်၌ မီးတောက်လောင်သော အစိတ်အပိုင်း

လက်ဝဲဘက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီအိုး၏ လက်ဝဲဘက်"

### Zechariah 06

ဆက်စပ်မှုဖော်ပြချက်
ဇာခရိနှင့် ပြောနေသော ကောင်းကင်တမန်က ရူပါရုံအား ဆက်လက် ရှင်းပြသည်။

ဇေရုဗဗေလ
ဤသည်မှာ လူတစ်ဦး၏ အမည် ဖြစ်သည်။

ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာ တန်ခိုးအားဖြင့်မဟုတ်
ဖြစ်နိုင်ခြေအဓိပ္ပါယ်များမှာ- ၁) "ဗိုလ်ခြေ" နှင့် "တန်ခိုး" ဟူသော စကားလုံးတို့သည် အခြေခံအားဖြင့်ကြီးမြတ်သော၏ အာဏာတန်ခိုးကို အလေးထားဖော်ပြခြင်း ဖြစ်သည်။ သို့မဟုတ် ၂) "ဗိုလ်ခြေ" ဟူသော စကားလုံးသည် "စစ်တပ်အင်အား"ကို ရည်ညွှန်းပြီး "တန်ခိုး" သည် "ဇေရုဗဗေလ၏ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧကန်မုချ သင်၏ ကိုယ်ပိုင် ခွန်အား မဟုတ်ပါ။ သို့မဟုတ် စစ်တပ်အင်အားလည်း မဟုတ်သလို ကိုယ်ပိုင်ခွန်အားလည်း မဟုတ်ပါ"။

အို တောင်ကြီး၊ သင်သည် အဘယ်သို့နည်း။
ထာဝရဘုရားက ဤမေးခွန်းကို တောင်ကြီးအား မေးရခြင်းမှာ တောင်ကြီးသည် ထာဝရဘုရား၏ ဝိညာဉ်တော်နှင့် ပြည့်ဝနေသော အား အနိုင်ယူရန် ခွန်အား မလုံ လောက်သည် ကို မီးမောင်းထိုးပြလိုသောကြောင့် ဖြစ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အို တောင်ကြီး၊ သင်သည် ဇေရုဗဗေလနှင့် ယှဉ်လျှင် ခွန်အား နည်းပါသည်။"

ထိုမင်းသည် တိုက်ထောင့် အထွဋ်ကျောက်ကို တင်ထားရလိမ့်မည်။
အထွဋ်ကျောက်သည် အဆောက်အဦး တည်ဆောက်ရာ၌ အဆုံးသတ်မှ နေရာချခြင်း ခံရသော ကျောက်ဖြစ်သည်။


generated on Sun Jun 30 02:37:40 2024

Zechariah 08

ဆက်စပ်မှုဖော်ပြချက်
ဇာခရိနှင့် ပြောနေသော ကောင်းကင်တမန်က ရူပါရုံအား ဆက်လက် ရှင်းပြသည်။

ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ... ရောက်လာသည်
ထာဝရဘုရား မိန့်တော်မူ၏။ ၁:၁ တွင် ဘာသာ ပြန်ဆိုခဲ့သလို ဖြစ်သည်။

ဇေရုဗဗေလသည် ... လက်စသတ်ရလိမ့်မည်။
ဇေရုဗဗေလသည် ဗိမာန်တော်တည်ဆောက်ရာတွင် စီမံကွပ်ကဲရသည်။ "လက်စသတ်" ဟူသော စကားစုသည် ဤဗိမာန်တော်သူကိုယ်တိုင် သူ့လက်ဖြင့် တည်ဆောက်ခြင်း မဟုတ်သော်လည်း ဦးစီးတည်ဆောက်ပြီးစီးခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

အမြစ်ကို ချထားပြီ။
"အမြစ်"သည် အဆောက်အအုံ၏ အောက်ခြေအုတ်မြစ် ဖြစ်ပြီး ဆောက်လုပ်ရေး၏ ကနဦး အစိတ်အပိုင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆောက်လုပ်ခြင်း စတင်သည်။"

အမှုငယ်ပြုသော ... အဘယ်သူသည် မထီမဲ့မြင်ပြုရသနည်း။
ဤမေးခွန်းမှာ အဖြေ လိုချင်သောကြောင့် မေးသော မေးခွန်း မဟုတ်ပေမဲ့ လူအများအား "အမှုငယ်ပြုသော နေ့" ကို မထီမဲ့မြင် မပြုစေလိုခြင်း အလို့ငှါ ပြောသော စကား ဖြစ်သည်။

အမှုငယ်ပြုသော နေ့ရက်
ဤစကားစုသည် တစ်နေ့တာတွင် ရိုးရှင်းသောအမှုများကို ပြုသော အချိန်အပိုင်းအခြားကို ရည်ညွှန်းသည်။ သေးငယ်သော အမှုများကို စုပေါင်း၍ ဗိမာန်တော် တည်ဆောက်သည်။ ဆောက်လုပ်သည့် အချိန်ကာလတစ်ခုလုံးကို တစ်နေ့ ချိန်ကြိုး
ကြိုးဖြင့် ချည်ထားသောကျောက်တုံး။ ဤအရာသည်မှာ အဆောက်အအုံ၏ နံရံသည် ဖြောင့်ဖြောင့်မတ်မတ် ဆောက်လုပ်သည် သို့မဟုတ် တိမ်းစောင်းစွာ ဆောက်လုပ်သည် ကို တိုင်းတာသတ်မှတ်သော အရာ ဖြစ်သည်။

ထိုခုနစ်ပါးတို့ကား၊ ... ထာဝရဘုရား၏ မျက်စိတော်များဖြစ်သတည်း။
မီးခွက် ခုနစ်လုံးသည် ထာဝရဘုရား၏ မျက်စိကို ပုံဆောင်သည်။

ထာဝရဘုရား၏ မျက်စိတော်များ
"မျက်စိတော်များ" ဟူသော စကားစုသည် မျက်စိတော်များကို အမြင်အတွက် အသုံးပြုနေသောကြောင့် ဘုရားသည် မြင်ရသည်။

Zechariah 12

ဆီညှစ်ရာရွှေစက်နှစ်ခု
ရွှေကြောင်းတူသံကွဲ နှစ်ခု

ထို ... တို့ကို နား မလည်သလော။
သင် သိသင့်သော်လည်း သင်မသိပါ။

Zechariah 14

ဘိသိက်ခံသူနှစ်ပါး
ဘိသိက်ပေး ရွေးချယ်ခံရသူကို ကဗျာဆန်ဆန် ရေးဖွဲ့ခြင်း ဖြစ်သည်။

ရှေ့တော်၌ ရပ်နေသော
ဤအသုံးအနှုန်းသည် အစေခံခြင်း ဟူသော အတွေး ကို ရည်ညွှန်းသည်။

---

## Translation Questions

Zechariah 4:1

သူနိုးလာသောအခါ ဇာခရိ မည်သည့်အရာကို မြင်ခဲ့သနည်း။
ဇာခရိသည် ရွှေဆီမီးခုံတစ်ခုနှင့် မီးခုံတိုင်ဖျား၌ ဆီမီးခွက်တစ်လုံး၊ မီးခွက်ခုနစ်လုံးနှင့် အတူ မီးခွက်ဖြင့် လွှမ်းမိုးထားသော သံလွင်ပင် နှစ်ပင်ကို မြင်ခဲ့သည်။

Zechariah 4:4

ဇာခရိသည် သူမြင်ခဲ့သော အရာများ ဘာဆိုလိုသည်ကို သူနားလည်ခဲ့သလား။
နားမလည်ခဲ့ပါ။ ဇာခရိသည် မိမိအားစကားပြောနေသော ကောင်းကင်တမန်ကို ရူပါရုံထဲ၌ မြင်ခဲ့ရသော အရာများကို နားမလည်ကြောင်း ပြောပြခဲ့သည်။

Zechariah 4:6

အမှုအရာများသည် မည်သို့ပြီးစီးလိမ့်မည်ဟူသည့် အကြောင်းနှင့် ပတ်သက်၍ ဇေရုဗဗေလ ထံသို့ ထာဝရဘုရားသည် မည်သည့်နှုတ်ကပတ်တော် ရောက်စေသနည်း။
ဇေရုဗဗေလထံသို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်မူကား၊ ဤအမှုသည် ဗိုလ်ခြေအားဖြင့် မဟုတ်၊ တန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်သာဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်။

ဇေရုဗဗေလသည် အထွဋ်ကျောက်ကို ယူလာသောအခါ သူတို့သည် မည်သို့ ကြွေးကြော်ကြလိမ့်မည်နည်း။
ကျေးဇူးတော်ရှိပါစေသောဟု လူအပေါင်းတို့သည် ကြွေးကြော်ကြလိမ့်မည်။

Zechariah 4:8

ထာဝရဘုရားသည် ဇာခရိအား သူတို့ထံသို့ ပို့ဆောင်တော်မူသည့် အကြောင်းကို လူအပေါင်းတို့သည် မည်သို့ သိရကြလိမ့်မည်နည်း။
ဇေရုဗဗေလသည် ဤအိမ်တော်ကို သူ့လက်ဖြင့် အုတ်မြစ်ကို ချထားပြီး သူ၏ လက်များဖြင့် ပြီးစီးစေသည်ကိုၚင်း၊ ပရောဖက်ပြုချက်သည် ပြည့်စုံသည်ကို သူတို့သိမြင်သောအခါ လူအပေါင်းတို့သည် သိရကြလိမ့်မည်။

လူများသည် ဇေရုဗဗေလ၏ လက်ထဲတွင် ဘာကို မြင်ကြလိမ့်မည်နည်း?
ဇေရုဗဗေလ၏ လက်ထဲတွင် ကျောက်တုံးချိန်ကြိုးကို လူများ မြင်ကြလိမ့်မည်။

မီးခွက်ခုနှစ်လုံး၏ အဓိပ္ပာယ်သည် ဘာဖြစ်မည်နည်း။
မီးခွက်ခုနှစ်လုံး၏ အဓိပ္ပာယ်သည် မြေကြီးတပြင်လုံးအပေါ်သို့ သွားလာနေသော ထာဝရဘုရား၏ မျက်စိများဖြစ်သည်။

Zechariah 4:14

သံလွင်ကိုင်းနှစ်ကိုင်းသည် ဘာဖြစ်မည်နည်း။
သံလွင်ကိုင်းနှစ်ကိုင်းသည် ကမ္ဘာမြေတပြင်လုံး၏သခင် ဘေး၌ ရပ်နေသော ဘိသိက်ဆီ၏သားနှစ်ပါးဖြစ်သည်။

# Chapter 5

[1] တဖန် ငါမျှော်ကြည့်၍၊ ပျံဝဲလျက်ရှိသော စာ စောင်ကို မြင်၏။ [2] ကောင်းကင်တမန်ကလည်း၊ သင်သည် အဘယ် အရာကို
မြင်သနည်းဟု မေးလျှင်၊ ပျံဝဲလျက်ရှိသော စာစောင်ကို မြင်ပါ၏။ အလျားအတောင်နှစ်ဆယ်၊ အနံ အတောင်တဆယ်ရှိပါသည်ဟု
လျှောက်၏။ [3] ကောင်းကင်တမန်ကလည်း၊ ထိုစာစောင်သည် တပြည်လုံးကို နှံ့ပြားသော ကျိန်ခြင်းဖြစ်၏။ ခိုးတတ်သော
သူရှိသမျှတို့သည်၊ ထိုစာစောင်တဘက်၌ ပါသည်အတိုင်း ပယ်ဖြတ်ခြင်းကို ခံရကြမည်။ အကျိန်ရဲသော သူရှိသမျှ တို့သည်၊
ထိုစာစောင်တဘက်၌ ပါသည်အတိုင်း ပယ် ဖြတ်ခြင်းကို ခံရကြမည်။ [4] ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်
တော်မူသည်ကား၊ ထိုစာစောင်ကို ငါထုတ်တော်မူမည်။ ခိုး တတ်သော သူ၏အိမ်ထဲသို့၎င်း၊ ငါ့နာမကို တိုင်တည်၍
မမှန်သောကျိန်ဆိုခြင်းကို ပြုသောသူ၏ အိမ်ထဲသို့၎င်း ဝင်၍ နေရာကျသဖြင့်၊ သစ်သားများ၊ ကျောက်များနှင့် တကွ
ထိုအိမ်ကိုစားလိမ့်မည်ဟု မိန့်တော်မူ၏။ [5] တဖန် ငါနှင့်ပြောဆိုသော ကောင်းကင်တမန် သည် ထွက်၍၊ ယခုထွက်လာသောအရာကို
မျှော်ကြည့် လော့ဟု ငါ့အားဆိုလျှင်၊ [6] ထိုအရာကား အဘယ်အရာနည်းဟု ငါမေး သော်၊ ထိုအရာသည် ထွက်သွားသော
ဧဖာဖြစ်သည်ဟူ၍ ၎င်း၊ ထိုအရာသည် တပြည်လုံး၌ သူတို့၏အကြံအစည်ဖြစ် သည်ဟူ၍၎င်း ဆို၏။ [7] ခဲအခွက်တဆယ်ကိုလည်း
အထက်သို့ ချီ မြှောက်၍ မိန်းမတယောက်သည် ဧဖာထဲ၌ ထိုင်သည်ကို ငါမြင်၏။ [8] ကောင်းကင်တမန်ကလည်း၊ ထိုမိန်းမသည်
ဒုစရိုက်အပြစ်ဖြစ်၏ဟုဆိုလျက်၊ သူ့ကို ဧဖာထဲကို ချထား ၍ ဧဖာအဝပေါ်မှာ ခဲပြားကို တင်လေ၏။ [9] တဖန် ငါမျှော်ကြည့်၍၊
တောင်နီး၏အတောင် ကဲ့သို့၊ အတောင်ရှိသော မိန်းမနှစ်ယောက်တို့သည်၊ အတောင်တို့၌ ဝိညာဉ်ပါလျက် ထွက်လာ၍၊ ထိုဧဖာကို
မြေကြီးနှင့် မိုဃ်းကောင်းကင်စပ်ကြားသို့ ချီသွားကြ၏။ [10] ထိုဧဖာကို အဘယ်သို့ ချီသွားကြသနည်းဟု ငါနှင့် ပြောဆိုသော
ကောင်းကင်တမန်အား ငါမေးသော်၊ [11] ရှိနာပြည်၌ ဧဖာအဘို့ အိမ်ဆောက်ခြင်းငှါ ချီသွားကြ၏။ ထိုပြည်၌ သူ၏ခုံပေါ်မှာ တင်ထား၍
နေရာချကြလိမ့်မည်ဟု ဆို၏။

---

---

Zechariah 01

တဖန် ငါမျှော်ကြည့်၍

"ငါ" ဟူသော စကားလုံးသည် "ဇာခရိ" အား ရည်ညွှန်းသည်။

ငါမျှော်ကြည့်၍

ဤသည်မှာ အထက်ဖက်သို့ မော့ကြည့်သည် ဟု ဆိုလိုသည်။ "ငါ မျှော်ကြည့်၍" ဟု သူပြောရခြင်း မှာ သူ့ အား မြင်စေသော ခန္ဓအစိတ်အပိုင်း ပါသောကြောင့် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မော့ကြည့်သည်"။

အတောင်

၁ "တောင်" တွင် ၄၆ စင်တီမီတာ ရှိသည်။

Zechariah 03

ယေဘုယျ အချက်အလက်

ထာဝရဘုရား၏ ကောင်းကင်တမန်သည် ယောရှုအား ဆက်လက် မိန့်မှာကြားသည်။

ထိုစာစောင်တဘက်၌ ပါသည်အတိုင်း

ထိုစာစောင်၏ တဘက်၌ ရေးသားထားသည့်အတိုင်း

တဘက်၌ ပါသည်အတိုင်း

အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ ပြောဆိုခဲ့သည့်အတိုင်း"

ထိုစာစောင် ကို ငါထုတ်ဘော်လိမ့်မည်။

"ထိုစာစောင်" ဟူသော စကားစု သည် ဤတွင် ကျိန်စာ ကို ရည်ညွှန်းသည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်။

ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ " ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

အိမ်

ဤသည်မှာ "ထိုသူ၏ မိသားစုနှင့် သူပိုင်ဆိုင်သမျှ" ကို ဆိုလိုသည်။

တိုင်တည်၍ ... ကျိန်ဆိုခြင်း

တစ်စုံတစ်ဦးကို တိုင်တည်၍ ကျိန်ဆိုခြင်း

သစ်သားများ

ဆောက်လုပ်ရာတွင် အသုံးပြုသော သစ်သား

Zechariah 05

မျှော်ကြည့် လော့

ဤစကားစုသည် ထိုသူအား သူ့မျက်စိဖြင့် အထက်သို့ မော့ကြည့်ရန် စေခိုင်းခြင်း ဖြစ်သည်။

မိန်းမတယောက်သည် ဧဖာထဲ၌ ထိုင်သည်။

ပုံမှန်အားဖြင့် ထို ဧဖာ (တောင်း) ၏ အရွယ်အစားသည် အမျိုးသမီး တစ်ဦး မဝင်ဆံ့နိုင်ပါ။ သို့သော်လည်း ဇာခရိ ၏ ရူပါရုံတွင် ဝင်ဆံ့သည်။ ရူပါရုံ အများစုတွင် အရာဝတ္ထုများ၏ အရွယ်အစားသည် ချဲ့ထားခြင်း ခံရသည်။ ထို ဧဖာ (တောင်း) နှင့်


generated on Sun Jun 30 02:37:40 2024

အမျိုးသမီးသည် တစ်ခုခုကို ပုံဆောင်သောအရာသာ ဖြစ်ပြီး ဤတွင် အခြားသောအရာများအနေဖြင့် ပုံဆောင်သည်။

Zechariah 08

ဒုစရိုက်အပြစ်ဖြစ်၏။
ထိုမိန်းမသည် ဒုစရိုက်အပြစ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုမိန်းမ၏ အမည်မှာ ဒုစရိုက်အပြစ်ဖြစ်သည်"။

သူတို့၏အတောင်တို့၌ ဝိညာဉ်ပါလျက်
ဤစကားစုသည် ထိုအမျိုးသမီးများ၏ အတောင်များလေ၏ သယ်ဆောင်ခြင်းအားဖြင့် မည်ကဲ့သို့ ပျံသန်းသွားသည်ကို ပုံဖော်ခြင်း ဖြစ်သည်။

ကဲ့သို့၊ အတောင်ရှိသော မိန်းမနှစ်ယောက်တို့
ထိုမိန်းမ နှစ်ဦး၏ အတောင်သည် ငှက်ကျားအတောင်နှင့် ပုံစံတူသည်။ ၂ မှ ၄ မီတာ အတောင် ရှိသော တောင်နီး မျိုး ဖြစ်သည်။

မြေကြီးနှင့် မိုဃ်းကောင်းကင်စပ်ကြားသို့
ထို ဧဖာ

Zechariah 10

ထိုဧဖာကို အဘယ်သို့ ချီသွားကြသနည်း။
ထိုဧဖာကို အမျိုးသမီးများ မည်သည့်နေရာသို့ ယူဆောင်ကြသနည်း။

ထိုပြည်၌ သူ၏ ခုံပေါ်မှာ တင်ထား၍ နေရာချကြလိမ့်မည်။
ဗိမာန်တော် တည်ဆောက်၍ ပြီးစီးသောအခါ ထို ဧဖာကို သတ်မှတ်ထားသော နေရာတွင် ထားထားလိမ့်မည်။

---

## Translation Questions

Zechariah 5:1

ဇာခရိမြင်ခဲ့သော စက္ကူလိပ်သည် မည်မျှလောက်ကြီးသနည်း။
ဇာခရိမြင်ခဲ့သော စက္ကူလိပ်သည် အလျားအတောင်နှစ်ဆယ်နှင့် အနံအတောင် တစ်ဆယ်ကြီးမားသည်။

Zechariah 5:3

ပျံသန်းနေသော စက္ကူလိပ်သည် မည်သည့်အရာဖြစ်မည်ဟု ကောင်းကင်တမန်ပြောခဲ့သနည်း။
ကောင်းကင်တမန်က ပျံသန်းနေသော စက္ကူလိပ်သည်မြေပြင်တစ်ခုလုံး၏ မျက်နှာပြင်ပေါ်ကျရောက်သော ကျိန်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

စက္ကူလိပ်သည် မည်သူကို ကျိန်ခဲ့သနည်း။
စက္ကူလိပ်သည် မှားယွင်းစွာကျိန်ဆဲသောသူနှင့် ခိုးတတ်သောသူ မှန်သမျှတို့ကို ကျိန်သော ကျိန်စာ တစ်ခုဖြစ်သည်။

ထာဝရဘုရား၏ နာမတော်အားဖြင့် မှားယွင်းစွာကျိန်ဆိုသောသူနှင့် သူခိုးတို့ကို ထိုကျိန်ခြင်းက မည်သို့ဖြစ်စေခဲ့သနည်း။
ကျိန်စာသည် ထိုသူ၏ အိမ်သို့ ဝင်၍ သစ်သား၊ ကျောက်တုံးများကို စားလိမ့်မည်။

Zechariah 5:5

ခြင်းတောင်းထဲ၌ ဇာခရိမြင်ခဲ့သောအရာမှာ ဘာဖြစ်မည်နည်း။
ကောင်းကင်တမန်က ထိုအရာသည် ဘာဖြစ်မည်ဟု ပြောခဲ့သနည်း။
ဇာခရိမြင်ခဲ့သော ခြင်းတောင်းထဲက အရာသည် ဧဖာဖြစ်သည်ဟူ၍ငင်း၊ ဧဖာသည် တပြည်လုံး၌ သူတို့၏ ဒုစရိုက်မှုဖြစ်သည်ဟု ကောင်းကင်တမန်မိန့်တော်မူခဲ့သည်။

Zechariah 5:8

ဧဖာထဲက အမျိုးသမီးသည် မည်သည့်အရာဖြစ်သည်ဟု ကောင်းကင်တမန်ပြောသနည်း။
ဧဖာထဲက အမျိုးသမီးကို ဇာခရိက 'ဤအရာသည် ဒုစရိုက်အပြစ်ဖြစ်သည်' ဟု ကောင်းကင်တမန် မိန့်တော်မူခဲ့သည်။

ငှက်ကြား၏ တောင်ပံများကဲ့သို့ အတောင်ရှိသော မိန်းမနှစ်ယောက်သည် ဧဖာကို ဘာလုပ်ခဲ့ကြသနည်း။
မိန်းမနှစ်ယောက်သည် မြေကြီးနှင့် မိုးကောင်းကင်စပ်ကြား ဧဖာကို မချီသွားခဲ့သည်။

Zechariah 5:10

ထိုမိန်းမတို့သည် မည်သည့်ရည်ရွယ်ချက်အတွက် ဧဖာကို ဘယ်နေရာကို သယ်ဆောင်သွားသနည်း။
ထိုမိန်းမနှစ်ယောက်က ၎င်းအဖို့ ရှိနာပြည်တွင် အိမ်တည်ဆောက်ဖို့ရန်နှင့် ဗိမာန်တော်ဆောက်လုပ်ပြီးစီးပါက ဧဖာသည် အသင့်ပြင်နေရာတွင် ရှိဖို့ရန် ယူသွားခြင်းဖြစ်သည်။

---

## Chapter 6

[1] တဖန် ငါမျှော်ကြည့်၍၊ ကြေးဝါဖြင့် ပြီးသော တောင်နှစ်လုံးကြားမှ ရထားလေးစီးထွက်လာ၏။ [2] ပဌမရထား၌ မြင်းနီ၊
ဒုတိယရထား၌ မြင်းနက်၊ [3] တတိယရထား၌မြင်းဖြူ၊ စတုတ္ထရထား၌ ခွန် အားကြီးသော မြင်းကျားတို့သည် ကလျက်ရှိကြ၏။ [4]
အကျွန်ုပ်သခင်၊ ထိုရထားတို့ကား အဘယ်သို့ နည်းဟု ငါနှင့်ပြောဆိုသော ကောင်းကင်တမန်အား ငါမေးသော်၊ [5] ကောင်းကင်တမန်က၊
ထိုရထားတို့သည်၊ မြေကြီးတပြင်လုံးကို အစိုးပိုင်တော်မူသော အရှင်၏ရှေ့ တော်၌ ရပ်နေရာမှ ထွက်သွားသော မိုဃ်းကောင်းကင် လေ
လေးပါးဖြစ်၏။ [6] ကသော မြင်းနက်တို့သည် မြောက်ပြည်သို့ သွား ကြ၏။ မြင်းဖြူတို့သည် မြင်းနက်နောက်သို့ လိုက်ကြ၏။
မြင်းကျားတို့သည် တောင်ပြည်သို့ သွားကြ၏ဟု ဆို၏။ [7] ခွန်အားကြီးသော မြင်းတို့သည် ထွက်၍၊ မြေ ကြီးပေါ်မှာ တောင်မြောက်သို့
လှည့်လည်ခြင်းငှါ အား ထုတ်ကြ၏။ ကောင်းကင်တမန်ကလည်း၊ သွား၍ မြေကြီး ပေါ်မှာ တောင်မြောက်သို့ လှည့်လည်ကြလော့
ဟုဆိုသည် အတိုင်း၊ သူတို့သည် မြေကြီးပေါ်မှာ တောင်မြောက်သို့ လှည့်လည်ကြ၏။ [8] ကောင်းကင်တမန်သည်လည်း ငါ့ကို ခေါ်၍၊
ကြည့်လော့။ မြောက်ပြည်သို့ သွားသော မြင်းတို့သည် ငါ့အမျက်ကို မြောက်ပြည်၌ တည်စေကြပြီဟု ဆို၏။ [9] တဖန် ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာသည်ကား၊ [10] အရင်သိမ်းသွားခြင်းကို ခံရ၍ ယခု ဗာဗုလုန် မြို့မှ ပြန်လာသော
ဟေလဒဲအမျိုး၊ တောဘိယအမျိုး၊ ယေဒါယအမျိုးအချို့တို့ကို ခေါ်၍၊ တနေ့ခြင်းတွင် ဇေဖနိ၏သားယောရှိအိမ်သို့ သွားပြီးသော်၊ [11]
ရွှေငွေတို့ကို ယူ၍ သရဖူကို လုပ်ပြီးလျှင် ယောဇ ဒက်သား ယဇ်ပုရောဟိတ်မင်းယောရှု၏ ခေါင်းပေါ်မှာ တင်လော့။ [12]
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ အမိန့်တော်ကို ထိုသူအား ဆင့်ဆိုရမည်မှာ၊ အညွန့်အမည် ရှိသော သူကို ကြည့်ရှုလော့။
မိမိဒေသအရပ်၌ ပေါက်၍ ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်လိမ့်မည်။ [13] ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်
ပြီးလျှင်၊ ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာ ထိုင်လျက် စိုးစံလိမ့်မည်။ ရာဇပလ္လင် တော် ပေါ်မှာ ယဇ်ပုရောဟိတ်လည်း ဖြစ်၍၊
ထိုနှစ်ပါးတို့သည် မိဿဟာယ ပဋိညာဉ်ကို ဖွဲ့ကြ လိမ့်မည်။ [14] ထိုသရဖူသည်ဟေလင်၊ တောဘိယ၊ ယေဒါယ၊ ဇေဖနိ၏သား
ဟင်တို့အဘို့၊ ထာဝရဘုရား၏ ဗိမာန် တော်၌ သက်သေဖြစ်ရမည်။ [15] ဝေးသော သူတို့သည်လည်းလာ၍ ထာဝရဘုရား၏
ဗိမာန်တော်၌ တည်ဆာက်ကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ် တော်မူသည်ကို
သင်တို့ သိရကြလိမ့်မည်။ သင်တို့သည် သင်တို့၏ဘုရားသခင်ထာဝရဘုရား၏အမိန့်တော်ကို စေ့စေ့နားထောင်လျှင်၊ ဤသို့
ဖြစ်ရလိမ့်မည်ဟု မိန့်တော် မူ၏။

---

---

Zechariah 01

ငါမျှော်ကြည့်၍

ဤသည်မှာ အထက်ကို မော့ကြည့်သည် ဟု အဓိပ္ပါယ် ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပေါ်သို့ မော့ကြည့်သည်"။

ကြေးဝါဖြင့် ပြီးသော တောင်နှစ်လုံး

တောင်နှစ်လုံး စလုံးသည် ကြေးဝါ အတိဖြစ်သည်။

ပဌမရထား၌ ... ဒုတိယရထား၌

ရထား (၁) ... ရထား (၂)

Zechariah 05

ထိုရထားတို့သည် ... မိုဃ်းကောင်းကင်လေ လေးပါးဖြစ်၏။

ကောင်းကင်တမန်က ထိုရထားတို့သည် မိုးကောင်းကင် ၏လေ လေးပါးကို ကိုယ်စားပြုသည်ဟု ရှင်းပြထားပါသည်။

လေ လေးပါး

"လေ" ဟူသော စကားလုံးသည် ဤတွင် အရပ် လေး မျက်နှာကို ရည်ညွှန်းသည်။ မြောက်၊ အရှေ့၊ တောင် နှင့် အနောက်။ သို့သော်လည်း ဤဟေဗြဲစကားအသုံးအနှုန်းကို အချို့ခေတ်ပေါ်အသုံးအနှုန်းများတွင် "ဝိညာဉ်ကြီး လေးပါး" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

မြင်းဖြူတို့သည် မြင်းနက်နောက်သို့ လိုက်ကြ၏။

အခြားပြန်ဆိုမှုများတွင် "မြင်းဖြူတို့သည် အနောက်တိုင်းပြည်သို့ သွားကြသည်" ။

Zechariah 07

ကြည့်လော့။

မြင်းနက်တို့ကို ကြည့်ရန် ဖြစ်သည်

Zechariah 09

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ... ရောက်လာသည်။

ထာဝရဘုရား မိန့်တော်မူ၏။ ၁:၁ တွင် ဘာသာပြန်ထားသကဲ့သို့ ဖြစ်သည်။

ဟေလဒဲအမျိုး၊ တောဘိယအမျိုး၊ ယေဒါယအမျိုး ... ယောဇ ဒက်

ဤသည်မှာ အမျိုးသားတို့၏ အမည် ဖြစ်သည်။

ရွှေငွေတို့ကို ယူ၍ သရဖူကို လုပ်ပြီး

အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးနောက် ငွေနှင့် ရွှေကို အသုံးပြုပြီး သရဖူ လုပ်ပါ။


generated on Sun Jun 30 02:37:40 2024

ယောဇ ဒက်သား ... ယောရှု
ဤသူသည် မောရှေ၏ အကူညီပေးသူ မဟုတ်ပါ။ ဤသူသည် ဟဂ္ဂဲအနာဂတ္တိကျမ်းမှ ယဇ်ပုရောဟိတ်မင်းဖြစ်သည်။

Zechariah 12

ဆင့်ဆိုရမည့်မှာ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ကောင်းကင်တမန်တို့အား ဇာခရိကို ဆင့်ဆို၍ ပြောခိုင်းရသည့်မှာ"

သူ၏အမည်ကား အညွန့်ဖြင့်၏။
ထာဝရဘုရား၏ ကောင်းကင်တမန်တို့က ဘုရင်အသစ်ဖြစ်သော ယောရှုမင်းအား ပေးသောအမည် ဖြစ်သည်။ ၃:၈ တွင် ဤအမည်ကို အဓိပ္ပါယ် ဖွင့်ဆိုထားသည်။

ပေါက်၍
"ပေါက်" ခြင်းသည် အကိုင်းအညွန့်တို့ ထွက်လာခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် အညွန့်ပေါက်၍"

ဘုန်းကြီး၍
ဖြစ်နိုင်ခြေအဓိပ္ပါယ်များမှာ (၁) ဗိမာန်တော်၏ ဘုန်းကြီးထွားသည်၊ သို့မဟုတ် (၂) လူသည် အဝတ်ကို ဝတ်ဆင်သကဲ့သို့ ဗိမာန်တော်၏ ဘုန်းကို မြှောက်၍ ဝတ်ဆင်သည့်အလား ပြောဆိုသည်။

ထိုနှစ်ပါးတို့သည် မိဿဟာယ ပဋိညာဉ်ကို ဖွဲ့ကြ လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင် အရိုက်အရာနှင့် ယဇ်ပုရောဟိတ်မင်း အရိုက်အရာကို ပေါင်းစည်းလိမ့်မည်"။

Zechariah 14

ထိုသရဖူသည် ... ထာဝရဘုရား၏ ဗိမာန် တော်၌ သက်သေဖြစ်ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သရဖူကို ဗိမာန်တော်တွင် ထားရှိမည်"။

သရဖူ
ဤအရာသည် ဘုရင်အဖြစ် အသိအမှတ်ပြုခံရသောသူ ဆောင်းသောအရာ ဖြစ်သည်။

ထာဝရဘုရား၏ ဗိမာန် တော်၌ သက်သေ
ဤစကားစုဆိုလိုရင်းမှာ "ဘုရင်အရိုက်အရာ ခံသောသူသည်လည်း ဗိမာန်တော်၌ ယဇ်ပုရောဟိတ် ကဲ့သို့ အစေခံခြင်း ဖြစ်သည်။

ဟေလင်၊ တောဘိယ၊ ယေဒါယ၊
ဤအမည်တို့သည် ၆:၉ တွင် ဘာသာပြန်ဆိုထားသကဲ့သို့ ဖြစ်သည်။

ဇေဖနိ၏သား ဟင်တို့အဘို့
အချို့သော ခေတ်ပေါ်ဘာသာပြန်ဆိုပုံများတွင် ဤစကားစုကို "ဇေဖနိ၏ သား ဟင်အဘို့ သတိရအောက်မေ့ခြင်း" သို့မဟုတ် "ကျေးဇူးဥပကာရ များပြားသော ဇေဖနိ၏ သား ဟင်အား အောက်မေ့သတိရခြင်း" ဟု လည်း ပြန်ဆိုကြသည်။ အချို့ပြန်ဆိုပုံများတွင် "ဟင်" ကိုလည်း "ယောရှိမင်း" အနေဖြင့် အနက်ဖွင့်ကြသည်။

ဝေးသော သူတို့သည်
ဤသည်မှာ ဗာဗုလုန်မြို့တွင် ကျန်နေခဲ့သော ဟေဗြဲ လူမျိုးတို့ကို ရည်ညွှန်းသည်။

သင်တို့ သိရကြလိမ့်မည်။
"သင်တို့" ဟူသော စကားလုံးသည် ဣသရေလ လူမျိုးကို ဆိုလိုသည်။

စေ့စေ့နားထောင်လျှင်
မှန်မှန်ကန်ကန် နားထောင်လျှင်

---

## Translation Questions

Zechariah 6:1

ကြေးနီတောင်နှစ်လုံးကြားမှ မည်သည့်အရာထွက်လာသည်ကို ဇာခရိမြင်ခဲ့သနည်း။
ကြေးနီတောင်နှစ်လုံးကြားမှ စစ်ရထားလေးစီး ထွက်လာသည်ကို ဇာခရိမြင်ခဲ့သည်။

ရထားတစ်ခုစီတိုင်း၏ မြင်းများသည် မည်သည့်အရောင်များဖြစ်သနည်း။
ပထမရထား၌ မြင်းနီ၊ ဒုတိယရထား၌ မြင်းနက်၊ တတိယရထား၌ မြင်းဖြူ၊ စတုတ္ထရထား၌ မီးခိုးရောင် မြင်းများဖြစ်သည်။

Zechariah 6:5

စစ်ရထားများကို ကောင်းကင်တမန်က မည်သို့ပြောဆိုထားသနည်း။
စစ်ရထားများကို မိုးကောင်းကင် လေ လေးပါးဖြစ်သည် ဟု ကောင်းကင်တမန်က ပြောဆိုသည်။

ဤစစ်ရထားလေးစီးသည် မည်သည့်နေရာတွင်ရှိခဲ့ကြသနည်း။
ဤစစ်ရထားလေးစီးသည် မြေကြီးတပြင်လုံး၏ အရှင်သခင် ရှေ့တော်၌ ရပ်နေခဲ့ကြသည်။

စစ်ရထားသုံးစီးနှင့်အတူ မီးခိုးကွက်ကြားမြင်းနှင့် မြင်းဖြူ၊ မြင်းနက်တို့ သွားသည့်နေရာသည် မည်သည့်နေရာဖြစ်သနည်း။
မြင်းနက်သည် စစ်ရထားနှင့်အတူ မြောက်ပြည်ဘက်သို့ထွက်သွားသည်။ မြင်းဖြူသည် စစ်ရထားနှင့်အတူ အနောက်ပြည်ဘက်သို့ ထွက်သွားသည်။ မီးခိုးကွက်ကြားမြင်းသည် စစ်ရထားနှင့်အတူ တောင်ဘက်ပြည်သို့ ထွက်သွားသည်။

## Zechariah 6:7

မြင်းနက်နှင့်အတူ မြောက်ပြည်သို့ ထွက်သွားခြင်းသည် မည်သည့်အရာပြီးမြောက်ဖို့ရန်ဖြစ်သနည်း။
မြင်းနက်နှင့်အတူ ထိုစစ်ရထားများသည် မြောက်ပြည်နှင့် ပတ်သက်၍ ကောင်းကင်တမန်၏ စိတ်ဝိညာဉ်ကို နှစ်သိမ့်ဖို့ရန် သွားခြင်းဖြစ်သည်။

## Zechariah 6:9

ယေဒါယအမျိုးနှင့် တောဘိယအမျိုး၊ ဟေလဒဲအမျိုးများထံမှ သူကောက်ခံထားသော ပူဇော်သက္ကာတို့ကို ဇာခရိသည် အဘယ်သို့ ပြုသနည်း။
ဇာခရိသည် ပူဇော်သက္ကာကို ဇေဖနိ၏ သားယောရှုအိမ်ထဲသို့ သယ်ဆောင်သွားဖို့ပြောခဲ့သည်။ ဇာခရိသည် ရွှေနှင့်ငွေတို့ကို ယူ၍ သရဖူတစ်ခုကို ပြုလုပ်ပြီးလျှင် ယောဇဒက်သား ယဇ်ပုရောဟိတ်မင်းယောရှု၏ ခေါင်းပေါ်မှာ တင်ပေးခဲ့သည်။

## Zechariah 6:12

ယဇ်ပုရောဟိတ်မင်း ယောဇဒက်သား ယောရှုသည် မည်သည့်အရာကို ပြုလုပ်ရမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား ပြောခဲ့သနည်း။
ယောရှုသည် ယခုနေသောနေရာတွင် ကြီးပြင်း၍ ဗိမာန်တော်ကိုတည်ဆောက်လိမ့်မည်၊ သူ့ဘုန်းကိုကြီးမြတ်စေ၍၊ ပလ္လင်ပေါ်သို့ထိုင်၍ အုပ်စိုးလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူသည်။

## Zechariah 6:14

ထာဝရဘုရား၏ ဗိမာန်တော်ထဲ၌ ထိုသရဖူကို ထားစေခဲ့ခြင်းမှာ အဘယ်ကြောင့်ဖြစ်မည်နည်း။
ယေဒါယအမျိုးနှင့် တောဘိယအမျိုး ဟေလဒဲအမျိုးတို့အဘို့ ဇေဖနိသား၏ သဘောထားကြီးခြင်းကို သတိရအောက်မေ့ဖို့ရန် ထိုသရဖူကို ထာဝရဘုရား၏ ဗိမာန်တော်ထဲ၌ ထားစေခဲ့ခြင်းဖြစ်သည်။

ဤပရောဖက်ပြုချက်များ အမှန်တကယ်ဖြစ်လာဖို့ရန် လူများသည် ဘာလုပ်ရမည်နည်း။
ထာဝရဘုရားမိန့်တော်မူသည်မှာ သင်တို့၏ ဘုရားသခင်ထာဝရဘုရား၏ အသံတော်ကို ဂရုတစိုက်သင်တို့ နားထောင်လျှင် ထိုအရာများဖြစ်ပျက်လာရလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

---

## Chapter 7

[1] ဒါရိမင်းကြီးနန်းစံလေးနှစ်၊ ခိသလုမည်သော နဝမလလေးရက်နေ့တွင်၊ [2] ထာဝရဘုရားရှေ့တော်၌ ဆုတောင်းခြင်းငှါငင်း၊ [3]
နှစ်ပေါင်းများစွာပြုသကဲ့သို့ ပဥ္စမလတွင် ငိုကြွေး၍ ခြိုးခြံစွာ ကျင့်ရပါမည်လောဟု ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရား၏
အိမ်တော်၌ရှိသော ယဇ် ပုရောဟိတ်နှင့် ပရောဖက်တို့အား မေးလျှောက်ခြင်းငှါ ငင်း၊ ရှရေဇာ၊ ရေဂမေလက်နှင့် သူတို့လူများကို ဘုရား
သခင်၏အိမ်တော်သို့ စေလွှတ်ကြသောအခါ၊ [4] ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါဇာခရိသို့
ရောက်လာ၍၊ [5] ယဇ်ပုရောဟိတ်တို့နှင့် ပြည်သူပြည်သား အပေါင်းတို့အား သင်ဆင့်ဆိုရမည်မှာ၊ အနှစ်ခုနစ်ဆယ် ပတ်လုံး
သင်တို့သည် ပဥ္စမလနှင့် သတ္တမလတွင် အစာ ရှောင်၍ ငိုကြွေးမြည်တမ်းသောအခါ၊ အကယ်စင်စစ် ငါ့အလိုရှိသည်အတိုင်း
ငါ့အားအစာရှောင်ကြသလော။ [6] စားသောက်သောအခါ၌လည်း ကိုယ်အလို အလျောက်စားသောက်ကြသည်မဟုတ်လော။ [7]
ယေရုရှလင်မြို့မပျက်၊ စည်ပင်၍ ပတ်လည်၌ ရှိသောမြို့ရွာ၊ တောင်မျက်နှာအရပ်နှင့် မြေညီသော အရပ်၌ လူများသေးသောအခါ၊
ရှေးပရောဖက်တို့ဖြင့် ထာဝရဘုရားကြွေးကြော်တော်မူသော အမိန့်တော် ပြည့်စုံပြီမဟုတ်လောဟု မိန့်တော်မူ၏။ [8] ထိုအခါ
ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ဇာခရိသို့ ရောက်လာသည်ကား၊ [9] တရားအမှုကို တရားသဖြင့် စီရင်ကြလော့။
သနားခြင်းကရုဏာစိတ်နှင့် တယောက်ကို တယောက် ကျေးဇူးပြုကြလော့။ [10] မိဘမရှိသောသူ၊ မုတ်ဆိုးမ၊ တကျွန်းတနိုင်ငံ သား၊
ဆင်းရဲသားကို မညှဉ်းဆဲကြနှင့်။ တယောက်ကို တယောက် မကောင်းသောအကြံကို မကြံကြနှင့်ဟု ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသော် လည်း၊ [11] သူတို့သည် နားမထောင်ဘဲလွှတ်အောင် ရုန်းကြ ၏။ မကြားစေခြင်းငှါ နားကို ပိတ်ကြ၏။ [12]
တရားစကားကိုငင်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှေးပရောဖက်တို့ဖြင့်
ထားတော်မူသောစကားကိုငင်း သူတို့သည် မကြားစေ ခြင်းငှါ၊ မိမိတို့နှလုံးကို စိန်ကျောက်ကဲ့သို့ မာစေကြ၏။ ထိုကြောင့်၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား သည် အလွန်အမျက်ထွက်တော်မူ၏။ [13] ငါဟစ်ခေါ်၍ သူတို့သည် နားမထောင်သကဲ့သို့၊
တဖန် သူတို့သည် ဟစ်ခေါ်၍ ငါလည်း နားမထောင်ဘဲ နေပြီဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့် တော်မူ၏။ [14]
သူတို့မသိသော လူမျိုးအပေါင်းတို့တွင် လေဘွေ တိုက်၍ ငါလွှင့်ပြီ။ ထိုကြောင့်၊ သူတို့ ပြည်သည် လူဆိတ် ညံလျက်ရှိ၍ အဘယ်သူမျှ
မသွားမလာ။ သာယာသော ပြည်သည် သုတ်သင်ပယ်ရှင်းရာဖြစ်လေပြီတကားဟု မိန့် တော်မူ၏။

---

---

Zechariah 01

ဒါရိမင်းကြီးနန်းစံလေးနှစ်
ဒါရိမင်း ဘုရင်ဖြစ်ပြီး ၄ နှစ်မြောက်

ခိသလုမည်သော နဝမလလေးရက်နေ့တွင်
"ခိသလု"ဟူသောအမည်သည် ဟေဗြဲ ပြက္ခဒိန်တွင် နဝမလမြောက် ဖြစ်သည်။ လေးရက်နေ့သည် အနောက်တိုင်း ပြက္ခဒိန်တွင် နိုဝင်ဘာလ၏ အဆုံးနားတွင် ဖြစ်သည်။

ရှရေဇာ၊ ရေဂမေလက်
ဤသည်မှာ အမျိုးသားများ၏ နာမည် ဖြစ်သည်။

နှစ်ပေါင်းများစွာပြုသကဲ့သို့ ... ငိုကြွေး၍ ခြိုးခြံစွာ ကျင့်ရပါမည်လော ... သူတို့
"သူတို့" သည် ရှရေဇာ နှင့် ရေဂမေလက် ကို ဆိုလိုသည်။

ပဥ္စမလမြောက်တွင်
ဟေဗြဲလူမျိုးတို့သည် သူတို့ပြက္ခဒိန်ရှိ ပဥ္စမလ၏ ကာလအစိတ်အပိုင်းတွင် အစာရှောင်ကြရခြင်းမှာ ထိုအချိန်သည် ဗာဗုလုန်ပြည်သားတို့ ယေရုရှလင်မြို့ရှိ ဗိမာန်တော်အား ဖျက်ဆီးခဲ့သောအချိန် ဖြစ်သောကြောင့် ဖြစ်သည်။ ပဥ္စမလသည် အနောက်တိုင်း ပြက္ခဒိန်တွင် ဇူလိုင်လ အကုန်ပိုင်းနှင့် ဩဂုတ်လ လဆန်းပိုင်း ကြားကာလတွင် ဖြစ်သည်။

Zechariah 04

ပဥ္စမလ ... တွင်
အခြားသောဘာသာပြန်ဆိုချက်၊ ပဥ္စမလ တွင်

သတ္တမလတွင်
ဟေဗြဲလူမျိုးတို့သည် သူတို့ပြက္ခဒိန်ရှိ သတ္တမလ၏ ကာလအစိတ်အပိုင်းတွင် ငိုကြွေးမြည်တမ်းကြရခြင်းမှာ ဗာဗုလုန်ဘုရင်မှ ယုဒပြည်ကို အုပ်စိုးရန် ခန့်အပ်ထားသော ဘုရင်ခံ ဂေဒလိ အသတ်ခံရပြီးနောက် ထိုလတွင် ယေရုရှလင်မြို့၌ကျန်ခဲ့သော ဣသရေလလူမျိုးသည် အဲဂုတ္တုပြည်သို့ ထွက်ပြေးတိမ်းရှောင်ရသောကြောင့် ဖြစ်သည်။ ထိုသတ္တမလသည် အနောက်တိုင်းပြက္ခဒိန်တွင် စက်တင်ဘာလ အနှောင်းပိုင်းနှင့် အောက်တိုဘာလ အဆန်းပိုင်း ကြားကာလတွင် ဖြစ်သည်။

အနှစ်ခုနစ်ဆယ် ပတ်လုံး
ဣသရေလလူမျိုးသည် ဗာဗုလုန်တိုင်းပြည်တွင် နှစ်ပေါင်း ခုနစ်ဆယ် တိုင်အောင် ကျွန်ခံနေခဲ့ရသည်။

စားသောက်သောအခါ၌လည်း
ဤစကားစု၏ဆိုလိုရင်းမှာ "သူတို့သည် ပွဲတော်များ၌ စားသောက်ကြရာတွင် ထာဝရဘုရားက မစချပေးတော်မူသည်ကို အောက်မေ့သတိရလျက် ကျေးဇူးတင်စွာ စားသောက်ကြသည်။"



generated on Sun Jun 30 02:37:40 2024

ငါ့အလိုရှိသည်အတိုင်း ငါ့အားအစာရှောင်ကြသလော။
ဤမေးခွန်းမှာ ဣသရေလ လူမျိုးတို့သည် ထာဝရဘုရား အလိုရှိသည့်အတိုင်း အစာရှောင်ခြင်း ဟုတ် မဟုတ် အပြစ်ရှာမေးခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါအလိုရှိသည့်အတိုင်း အစာမရှောင်ကြပါ"။

စားသောက်သောအခါ၌လည်း ကိုယ်အလို အလျောက်စားသောက်ကြသည်မဟုတ်လော။
ဤမေးခွန်းမှာ ဣသရေလလူတို့သည် ပွဲတော်များကျင်းပရာ၌ ထာဝရဘုရားအား ကျေးဇူးတင်သော အားဖြင့် ပြုလုပ်ခြင်း ဟုတ် မဟုတ် အပြစ်ရှာမေးခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုပွဲတော်တွင် သင်တို့အဘို့အတွက်သာ သင်တို့ စားသောက်ကြသည်"။

ရှေးပရောဖက်တို့ဖြင့် ထာဝရဘုရားကြွေးကြော်တော်မူသော အမိန့်တော်
ဇာခရိက ထာဝရဘုရားသည် ရှေးပရောဖက်တို့၏ နုတ်ပါးစပ်တို့ကို အသုံးပြု၍ အမိန့်တော် ကို ပြောကြားခြင်းကို ရည်ညွှန်းသည်။

မြေညီသော အရပ်၌ ... ထာဝရဘုရားကြွေးကြော်တော်မူသော အမိန့်တော် ပြည့်စုံပြီမဟုတ်လော။
ဤမေးခွန်းသည် ဖော်ပြချက်အနေဖြင့် ရေးသားနိုင်သည်။ "ထိုအမိန့်တော်သည် (အနောက်ရပ်ရှိ) မြေညီသောအရပ် တွင်လည်း ထပ်တူပင်ဖြစ်သည်။

လူများသောကြောင့်
နေထိုင်ကြသော

မြေညီသော အရပ်
တောင်ပေါ်သို့ မသွားမှီ ညီသော မြေရှိရာ တောင်ကုန်းငယ်ကို ဆိုလိုသည်။

Zechariah 08

ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ... ရောက်လာသည်။
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ ၁:၁ တွင် ဘာသာပြန်ထားသကဲ့သို့ ဖြစ်သည်။

တရားအမှုကို တရားသဖြင့် စီရင်ကြလော့။ သနားခြင်းကရုဏာစိတ်နှင့် တယောက်ကို တယောက် ကျေးဇူးပြုကြလော့။
ဤသည်မှာ တစ်ဦးကိုတစ်ဦး မည်ကဲ့သို့ ပြုမူဆက်ဆံရမည်ကို ပြောခြင်း ဖြစ်သည်။

မုတ်ဆိုးမ
လင်ယောက်ျား ကွယ်လွန်သော အမျိုးသမီး

မိဘမရှိသောသူ
မိဘများ မရှိတော့သည့် ကလေးသူငယ်

တကျွန်းတနိုင်ငံသား
တိုင်းတပါးမှ အခြားသောနေရာသို့ လာရောက်နေထိုင်သူ

တယောက်ကို တယောက် မကောင်းသောအကြံကို မကြံကြနှင့်။
မကောင်းသောအရာကို ပြုလုပ်ရန် မကြံစည်ပါနှင့်။

Zechariah 11

နားမထောင်ဘဲလွတ်အောင် ရုန်းကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် တံပိုးကို မထမ်းချင်သော ကျွဲနွားများ ကဲ့သို့ ဖြစ်သည်" သို့မဟုတ် "သူတို့သည် သခင်အမိန့်ကို မနာခံသော အိမ်မွေးတိရစ္ဆာန် ကဲ့သို့ ဖြစ်သည်"။

သူတို့သည် ... မကြားစေခြင်းငှါ နားကို ပိတ်ကြ၏။
မကြားလိုခြင်းအလို့ငှါ နားကို ပိတ်ထားကြသည်။

မိမိတို့နှလုံးကို စိန်ကျောက်ကဲ့သို့ မာစေကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ထာဝရဘုရား၏ စကားကို နားမထောင်ရန် စိတ်ကို အခိုင်အမာ ဆုံးဖြတ်သည်"။

ရှေးပရောဖက်အားဖြင့် မှာထားတော်မူသောစကား
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးပရောဖက်တို့အားဖြင့် မှာထားခဲ့သော စကား"

Zechariah 13

လေဘွေ တိုက်၍ ငါလွင့်ပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "သစ်ရွက်များကို လေဘွေဖြင့် ပြန့်ကျဲစေသကဲ့သို့ သူတို့အား ပြန်ကျဲစေမည်"။

လေဘွေ
လမ်းကြောင်း တစ်လျှောက် အရာရာကို ပြန့်ကျဲအောင် လည်နေရင်း ရွေ့နေသော လေပြင်း


generated on Sun Jun 30 02:37:40 2024

# Translation Questions

## Zechariah 7:1

ဗေသလလူတို့သည် အဘယ်ကြောင့် ရှရေဇာ၊ ရေဂမေ်လက်နှင့် သူ၏ လူတို့ကိုစေလွှတ်ခဲ့သနည်း။

ထာဝရဘုရား၏မျက်နှာသာကို မေးမြန်းရရှိဖို့ရန်အတွက်ဗေသလလူတို့သည် သူတို့ကို စေလွှတ်ခဲ့သည်။

ရှရေဇာ၊ ရေဂမေ်လက်နှင့် သူတို့၏ လူတို့သည် ယဇ်ပုရောဟိတ်နှင့် ပရောဖက်တို့ကို ဘာမေးခဲ့ကြသနည်း။

သူတို့သည် နှစ်ပေါင်းများစွာပြုလုပ်လာခဲ့သည်အတိုင်း ပဥ္စမလတွင် ငိုကြွေး၍ ခြိုးခြံစွာ ကျင့်ရပါမည်လောဟု မေးခဲ့သည်။

## Zechariah 7:4

အစာရှောင်ခြင်း၊ စားခြင်းနှင့် သောက်ခြင်းနှင့်ပါတ်သက်၍ ထာဝရဘုရားသည် ပြည်သားများနှင့်ယဇ်ပရောဟိတ်များကို ဇာခရိမှတဆင့် မည်သည့်မေးခွန်းနှစ်ခုကို မေးခဲ့သနည်း။

ထာဝရဘုရားမေးသော ပထမမေးခွန်းမှာ 'သင်တို့သည် ငါးလနှင့် ခုနှစ်လတို့တွင် အစာရှောင်၍ ငိုကြွေးကြသောအခါ၊ အမှန်တကယ် အစာရှောင်ကြသလော?' ဖြစ်၍၊ ဒုတိယသည် 'သင်တို့သည် စားသောက်သောအခါ မိမိတို့အတွက် စားသောက်ကြသည်မဟုတ်လော?' ဟူ၍ဖြစ်သည်။

အချုပ်အားဖြင့်၊ ပြည်သူပြည်သားများနှင့် ယဇ်ပုရောဟိတ်မင်းများကို ထာဝရဘုရား မေးခဲ့သော မေးခွန်းများမှာ အဘယ်နည်း။

အချုပ်အားဖြင့်၊ သူတို့သည် ယေရုရှလင်မြို့၊ ပတ်လည်မြို့များနှင့် တောင်သားများ နှင့် အနောက်ဘက်တောင်ခြေတို့၌သူတို့ ရှိစဉ်သူတို့ကို ပြောခဲ့သောစကားများဖြစ်ကြသည်မဟုတ်လော ဟုမေးမြန်းခဲ့သည်။

## Zechariah 7:8

ထာဝရဘုရားသည် ဇာခရိအားဖြင့် လူတွေကို မည်သည့်အရာလုပ်ဖို့ရန်ပြောခဲ့သနည်း။

သနားခြင်းဂရုဏာစိတ်နှင့် တရားသဖြင့် စီရင်ကြလော့။ မိဘမရှိသောသူ၊ မုဆိုးမ တကျွန်းတနိုင်ငံသား ဆင်းရဲသားကို မညဥ်းဆဲကြရန်၊ တစ်ယောက်ကိုတစ်ယောက် မကောင်းသော အကြံကို မကြံကြရန် ထာဝရဘုရားသည် ဇာခရိအားဖြင့် မိန့်တော်မူခဲ့သည်။

## Zechariah 7:11

လူတို့သည် ထာဝရဘုရား၏ အမိန့်များကို မည်သို့ တုန့်ပြန်ခဲ့သနည်း။

လူတို့သည် ထာဝရဘုရားနှုတ်ကပတ်တော်ကို အာရုံစူးစိုက်ခြင်းမပေးဘဲ ငြင်းပယ်ခဲ့ကြသည်။

## Zechariah 7:13

ယခင်က သူ့ကိုငြင်းပယ်သောသူတို့သည် ထာဝရဘုရားကို အော်ဟစ်၍ခေါ်ကြသောအခါ မည်သို့တုန့်ပြန်မည်ဟု ထာဝရဘုရား မည်သို့မိန့်တော်မူခဲ့သနည်း။

သူသည်လည်း သူတို့၏ အသံတော်ကို နားထောင်လိမ့်မည်မဟုတ်။ ထို့အပြင် သူတို့မမြင်ဘူးသော ပြည်များသို့ လေဘွေဖြင့်လွင့်စေမည်ဟု မိန့်တော်မူခဲ့သည်။



generated on Sun Jun 30 02:37:40 2024

## Chapter 8

1 တဖန် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 2 ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့် တော်မူသည်ကား၊ ငါသည် ဇိအုန်တောင်အဘို့ အလွန် စိတ်အားကြီးပြီ။ အလွန်အမျက်ထွက်၍ သူ့အဘို့ စိတ်
အားကြီးပြီ။ 3 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား၊ ဇိအုန်တောင်သို့ ငါပြန်လာပြီ။ ယေရု ရှလင်မြို့ထဲမှာ
နေမည်။ ယေရုရှလင်မြို့ကို သမ္မာမြို့ဟူ၍ ၎င်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ တောင် တော်ကို
သန့်ရှင်းသောတောင်ဟူ၍၎င်း သမုတ်ကြလိမ့် မည်။ 4 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုသော
ယောကျ်ားမိန်းမ၊ အသက်ကြီး ၍ တောင်ဝေးကိုင်သောသူအပေါင်းတို့သည် ယေရုရှလင် မြို့လမ်းတို့၌ နေကြလေဦးမည်။ 5
မြို့လမ်းတို့သည်လည်း ကစားသော သူငယ် ယောကျ်ားမိန်းမတို့နှင့် အပြည့်ရှိကြလိမ့်မည်။ 6 တဖန် မိန့်တော်မူသည်ကား၊ ထိုအမှုသည်
ယခု ကာလတွင် ကျန်ကြွင်းသော ဤလူတို့ မျက်မှောက်၌ အံ့ဩဘွယ်ဖြစ်သော်လည်း၊ ငါ့မျက်မှောက်၌ အံ့ဩဘွယ် ဖြစ်ရာသလောဟု
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ ဘုရားမိန့်တော်မူ၏။ 7 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊
ငါ၏လူတို့ကို အရှေ့ပြည်မှ၎င်း၊ အနောက်ပြည်မှ၎င်း ငါကယ်တင်၍၊ 8 ဆောင်ခဲ့သဖြင့် သူတို့သည် ယေရုရှလင်မြို့ထဲ မှာ
နေရကြလိမ့်မည်။ သစ္စာတရားနှင့် ဖြောင့်မတ်ခြင်း တရားအားဖြင့်၊ သူတို့သည် ငါ၏လူဖြစ်၍ ငါသည်လည်း
သူတို့၏ဘုရားသခင်ဖြစ်လိမ့်မည်။ 9 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗိမာန်တော်ကို
တည်ဆောက်ခြင်းငှါ၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ အိမ်တော် တိုက်မြစ်ကို ချသောကာလ၌ရှိသော ပရောဖက်တို့ ဟော
ပြောသော ဤစကားကို ယခုကာလ၌ကြားသော သူတို့၊ သင်တို့လက်ကို အားကြီးစေကြလော့။ 10 ထိုကာလအထက်၌ လူခံရသော
အကျိုးမရှိ။ တိရစ္ဆာန်ခံရသောအကျိုးမရှိ။ ထွက်ဝင်သော သူတို့သည် ရန်သူရှိသောကြောင့် ချမ်းသာမရကြ။ ငါသည် လူ
အပေါင်းတို့ကို တယောက်နှင့်တယောက် ရန်ဘက်ဖြစ်စေ ၏။ 11 ယခုမူကား၊ ကျန်ကြွင်းသော ဤလူတို့၌ ငါသည် အရင်ကဲ့သို့မပြုဟု
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား မိန့်တော်မူ၏။ 12 မျိုးစေ့ကို ငြိမ်ဝပ်စွာ ကြဲရလိမ့်မည်။ စပျစ်ပင် သည် အသီးကို၎င်း၊
မြေသည် မိမိစီးပွားကို၎င်း၊ မိုဃ်းကောင်းကင် သည် နှင်းရည်ကို၎င်း၊ ပေးရ လိမ့်မည်။ ကျန်ကြွင်းသော ဤလူတို့သည် ဤအရာအလုံး
စုံတို့ကို ရတတ်စေခြင်းငှါ ငါပြုမည်။ 13 အိုယုဒအမျိုးနှင့် ဣသရေလအမျိုးတို့၊ သင်တို့ သည် တပါးအမျိုးတို့တွင်
ကျိန်ဆဲရာဖြစ်ဘူးသကဲ့သို့၊ ကောင်းကြီးခံရာဖြစ်စေခြင်းငှါ ငါကယ်တင်မည်။ မစိုးရိမ် ဘဲ လက်အားကြီးကြလော့။ 14
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်တို့၏ ဘိုးဘေးတို့သည် ငါ့အမျက် ကို နှိုးဆော်ကြသောအခါ
အပြစ်ပြုမည်ဟု ငါသည် နောင်တမရဘဲ ကြံသကဲ့သို့၊ 15 တဖန် ယခုကာလ၌ ယေရုရှလင်မြို့နှင့် ယုဒ အမျိုးကို ကျေးဇူးပြုမည်ဟု
ငါကြံပြန်၏။ မစိုးရိမ်ကြနှင့်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ 16 သင်တို့ ကျင့်ရမည်အကျင့်ဟူမူကား၊
သင်တို့ရှိ သမျှသည် တယောက်နှင့်တယောက်မှန်သော စကားကို ပြောကြလော့။ မြို့တံခါးဝမှာ ဖြောင့်မတ်စွာ စီရင်၍၊
တရားတွေ့သည်အမှုကို ငြိမ်းစေခြင်းငှါ ဆုံးဖြတ်ကြ လော့။ 17 တယောက်ကိုတယောက် အဘယ်သူမျှ မကောင်းသောအကြံကို
မကြံကြနှင့်။ မမှန်သော ကျိန်ဆို ခြင်းကို မနှစ်သက်ကြနှင့်။ ထိုသို့သော အမှုရှိသမျှတို့ကို ငါမုန်းသည်ဟု ထာဝရဘုရား မိန့်တော်မူ၏။
18 တဖန် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 19 ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့် တော်မူသည်ကား၊ စတုတ္ထလတွင် အစာရှောင်ခြင်း၊ ပဉ္စမ လတွင် အစာရှောင်ခြင်း၊ သတ္တမလတွင် အစာရှောင် ခြင်း၊
ဒသမလတွင် အစာရှောင်ခြင်းတို့သည် ယုဒအမျိုး ဝမ်းမြောက်ရွှင်လန်း၍ ပွဲလုပ်ရာ ကာလဖြစ်ကြလိမ့်မည်။ ဖြောင့်မတ်ခြင်းတရား၊
ငြိမ်ဝပ်ခြင်းတရားကို နှစ်သက် ကြလော့။ 20 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ များစွာသော
မြို့သူရွာသား၊ လူအမျိုး မျိုးတို့သည် လာကြလိမ့်မည်။ 21 မြို့တမြို့၌နေသော သူသည် အခြားမြို့တမြို့၌ နေသော သူတို့ဆီသို့
သွား၍၊ ထာဝရဘုရား ရှေ့တော်၌ ဆုတောင်းခြင်းငှါ၎င်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာ ဝရဘုရားကို ရှာခြင်းငှါ၎င်း ဧကန်အမှန်
သွားကြကုန်အံ့။ ငါလည်း သွားမည်ဟု ခေါ်ကြလိမ့်မည်။ 22 ကြီးသော တိုင်းနိုင်ငံသား၊ လူအမျိုးမျိုးတို့သည်
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားကို ယေရုရှလင် မြို့၌ရှာ၍၊ ထာဝရဘုရားရှေ့တော်၌ ဆုတောင်းခြင်းငှါ လာကြလိမ့်မည်။ 23
ထိုကာလ၌ ဘာသာအသီးအသီးကို ပြောတတ် သော လူအမျိုးမျိုးတို့တွင် တကျိပ်သော လူတို့သည်။ ယုဒ လူဖြစ်သော
သူ၏အဝတ်စွန်းကို ကိုင်လျက်၊ ဘုရားသခင် သည် သင်နှင့်အတူ ရှိတော်မူသည်ဟု အကျွန်ုပ်တို့သည် ကြားသိ၍၊ သင်တို့နှင့်အတူ
လိုက်ပါမည်ဟု ဆိုကြလိမ့် မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့် တော်မူ၏။

---

Zechariah 01

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။

အလွန်အမျက်ထွက်၍ သူ့အဘို့ စိတ် အားကြီးပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဇိအုန်တောင်အဘို့ အလွန် အမြတ်ဒေါသထွက်သည်"။


generated on Sun Jun 30 02:37:40 2024

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ တောင် တော်
ဇိအုန်တောင်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

သန့်ရှင်းသောတောင်
"သန့်ရှင်းသော" ဟူသော စကားစုသည် ဤတွင်
"ထာဝရဘုရားနှင့် သက်ဆိုင်သော"

Zechariah 04

ယေရုရှလင် မြို့လမ်းတို့၌
ယေရုရှလင် မြို့တွင် နေထိုင်သည်။

အသက်ကြီး ၍ တောင်ဝေးကိုင်သောသူ
အသက်ကြီးရင့်သည်အထိ နေထိုင်ခွင့်ရသည်မှာ
ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောခြင်းရှိသည်ကို ပုံဆောင်သည်။

မြို့လမ်းတို့သည်လည်း ... အပြည့်ရှိကြလိမ့်မည်။
မြို့၏ လူနေထူထပ်သော နေရာများတွင် နေ့စဉ်
လုပ်ဆောင်သောအရာကို လုပ်ဆောင်နေသည့် လူအများနှင့်
ပြည့်နှက်နေသည်။

Zechariah 06

မျက်မှောက်၌ အံ့ဩဘွယ်ဖြစ်သော်လည်း
လုံးဝ မဖြစ်နိုင်သော အမှုအရာ သူတို့၏ မျက်စိရှေ့တွင်
မြင်တွေ့နေရသော်လည်း

ကျန်ကြွင်းသော ဤလူ
အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ရှင်ကျန်ရစ်ခဲ့သော
ယုဒပြည်သူများ"

ငါ့မျက်မှောက်၌ အံ့ဩဘွယ် ဖြစ်ရာသလော။
ထာဝရဘုရားက သူ့လူမျိုးတော် သူ့ကတိစကားကို
လက်ခံယုံကြည်ဖို့ မိန့်မှာရာ၌ မေးသော မေးခွန်းဖြစ်သည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ "
ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏
ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။
ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

ငါ၏လူတို့ကို ... ငါကယ်တင်၍ ... နေရကြလိမ့်မည်။
နယ်နှင်ခြင်းခံခဲ့ရသော ငါ့၏ ယုဒလူတို့ကို ငါ ကယ်တင်မည်။

Zechariah 09

ထာဝရဘုရား၏ အိမ်တော် တိုက်မြစ်ကို ချသောကာလ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့၏ ဗိမာန်တော်၏
အောက်ခြေအုတ်မြစ်ကို နေရာချပြီးသောအခါ" သို့မဟုတ်
"ငါ့အိမ်၏ အောက်ခြေအုတ်မြစ်ကို တည်ဆောက်သောအခါ"

သင်တို့လက်ကို အားကြီးစေကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ ကြိုးစားလုပ်ဆောင်ကြပါ

ထိုကာလအထက်၌
အခြားသောဘာသာပြန်ဆိုချက်၊ သူတို့ ဗိမာန်တော် ပြန်လည်
မတည်ဆောက်မှီ အချိန်၌

လူခံရသော အကျိုးမရှိ။
အခြားသောဘာသာပြန်ဆိုချက်၊ ရိတ်သိမ်းရန်
အသီးအနှံစိုက်ရသောအခွင့်များ မရှိ။

တိရစ္ဆာန်ခံရသောအကျိုးမရှိ။
လယ်မြေများတွင် ကောက်ပဲသီးနှံ စိုက်၍ ရိတ်သိမ်းရသောအခွင့်
မရှိသောကြောင့် လူနှင့် တိရစ္ဆာန်တို့အတွက် အချည်းအနှီး
ဖြစ်သည်။

Zechariah 11

အရင်
အတိတ်ကအတိုင်း

ကျန်ကြွင်းသော ဤလူတို့၌ ငါသည် အရင်ကဲ့သို့မပြု
အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် ငါသည် ထိုသူတို့ကို
ကောင်းကြီးပေးမည်" သို့မဟုတ် "ဤသူတို့ကို ငါ ကောင်းမွန်စွာ
ဆက်ဆံမည်"။

မျိုးစေ့ကို ငြိမ်ဝပ်စွာ ကြဲရလိမ့်မည်။
ငါသည် ဤသူတို့ကို ငြိမ်းချမ်းခြင်း ရစေမည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား မိန့်တော်မူ၏။
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ "
ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏
ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။
ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

မြေသည် မိမိစီးပွားကို ... ပေးရ လိမ့်မည်။
လယ်မြေများတွင် ကောက်ပဲသီးနှံတို့ ကောင်းမွန်စွာ
ရိတ်သိမ်းရလိမ့်မည်။

ကောင်းကင်သည် နှင်းရည်ကိုငင်း၊ ပေးရ လိမ့်မည်။
"နှင်းရည်"သည် အများအားဖြင့် သာယာဝပြောခြင်းကို
ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"မိုးများကောင်းမွန်စွာ ရွာသွန်းမည်"။

ဤအရာအလုံး စုံတို့ကို ရတတ်စေခြင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာအားလုံးကို အစဉ်အမြဲ
ရစေမည်"။

Zechariah 13

သင်တို့ သည် တပါးအမျိုးတို့တွင် ကျိန်ဆဲရာဖြစ်ဘူးသကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ငါ ဒဏ်ပေးခဲ့သောအခါ အခြားတိုင်းတပါးတို့သည် ငါ ကျိန်ဆဲသောသူ မည်ကဲ့သို့ ဖြစ်သည်ကို သိရမည်"။

ယုဒအမျိုးနှင့် ဣသရေလအမျိုးတို့
ယုဒလူ နှင့် ဣသရေလလူတို့

လက်များအားကြီးကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ ကြိုးစားလုပ်ဆောင်ကြပါ

အပြစ်ပြုမည့်
သင်တို့အား ဆုံးမမည်၊၊

ငါ့အမျက် ကို နှိုးဆော်ကြသောအခါ
ငါ့ကို စိတ်ဆိုးစေသည်။

နောင်တမရဘဲ ကြံသကဲ့သို့
ပေါ့ပေါ့လျော့လျော့ မဟုတ်ဘဲ ဆုံးမမည်ဟု အကြံရှိသကဲ့သို့

Zechariah 16

သင်တို့ ကျင့်ရမည်အကျင့်
"သင်တို့" သည် "ယုဒလူတို့" ကို ရည်ညွှန်းသည်။

သင်တို့ရှိ သမျှသည် တယောက်နှင့်တယောက်မှန်သော စကားကို ပြောကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ လူတိုင်းကို အမှန်တရားသာ ပြောပါ။

မြို့တံခါးဝမှာ ဖြောင့်မတ်စွာ စီရင်၍၊ တရားတွေ့သည်အမှုကို ငြိမ်းစေခြင်းငှါ ဆုံးဖြတ်ကြ လော့။
အငြင်းပွားများကို သင့်၏ဆုံးဖြတ်ပိုင်ခွင့် အတွင်း၌ ဖြောင့်မတ်မှန်ကန်စွာ ဆုံးဖြတ်ခြင်းအားဖြင့် လူတို့အား တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းစွာ နေနိုင်ရသောအခွင့် ရမည်။

မမှန်ကန်သော ကျိန်ဆို ခြင်းကို မနှစ်သက်ကြနှင့်။
အခြားသောဘာသာပြန်ဆိုချက်၊ တရားစီရင်ရာ၌ မဟုတ်မမှန် တင်ပြခြင်းကို လက်မခံရ။

ထာဝရဘုရား မိန့်တော်မူ၏။
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်မှာ " ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏ ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။ ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

Zechariah 18

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍
"ငါ့" သည် ဇာခရိကို ရည်ညွှန်းသည်။

စတုတ္ထလတွင် အစာရှောင်ခြင်း
ဣသရေလလူမျိုးတို့ ဟေဗြဲ ပြက္ခဒိန်၏ ၄ လမြောက်၏ ကာလအပိုင်းအခြား တစ်ခုတွင် ငိုကြွေးမြည်တမ်းရခြင်းမှာ ထိုလတွင် ဗာဗုလုန်ပြည်သားတို့သည် ယေရုရှလင်မြို့ရိုးကို ဖျက်စီးပြီး ဝင်ရောက်ခဲ့သော အချိန် ဖြစ်သောကြောင့် ဖြစ်သည်။ ထိုလသည် အနောက်တိုင်း ပြက္ခဒိန်တွင် ဇွန်လ၏ အနှောင်းပိုင်းနှင့် ဇူလိုင်လ၏ အဆန်းပိုင်းကာလ ဖြစ်သည်။

ပဥ္စမလတွင်
ဟေဗြဲလူမျိုးတို့သည် သူတို့ပြက္ခဒိန်ရှိ ပဥ္စမလ၏ ကာလအစိတ်အပိုင်းတွင် အစာရှောင်ကြရခြင်းမှာ ထိုအချိန်သည် ဗာဗုလုန်ပြည်သားတို့ ယေရုရှလင်မြို့ရှိဗိမာန်တော်အား ဖျက်ဆီးခဲ့သော အချိန် ဖြစ်သောကြောင့် ဖြစ်သည်။ ပဥ္စမလသည် အနောက်တိုင်း ပြက္ခဒိန်တွင် ဇူလိုင်လ အကုန်ပိုင်းနှင့် ဩဂုတ်လ လဆန်းပိုင်း ကြားကာလတွင် ဖြစ်သည်။

သတ္တမလတွင်
ဟေဗြဲလူမျိုးတို့သည် သူတို့ပြက္ခဒိန်ရှိ သတ္တမလ၏ ကာလအစိတ်အပိုင်းတွင် ငိုကြွေးမြည်တမ်းကြရခြင်းမှာ ဗာဗုလုန်ဘုရင်မှ ယုဒပြည်ကို အုပ်စိုးရန် ခန့်အပ်ထားသော ဘုရင်ခံ ဂေဒလိ အသတ်ခံရပြီးနောက် ထိုလတွင် ယေရုရှလင်မြို့၌ ကျန်ခဲ့သော ဣသရေလလူမျိုးသည် အဲဂုတ္တုပြည်သို့ ထွက်ပြေးတိမ်းရှောင်ရသောကြောင့် ဖြစ်သည်။ ထိုသတ္တမလသည် အနောက်တိုင်းပြက္ခဒိန်တွင် စက်တင်ဘာလ အနှောင်းပိုင်း နှင့် အောက်တိုဘာလ အဆန်းပိုင်း ကြားကာလတွင် ဖြစ်သည်။

ဒသမလ
ဟေဗြဲလူမျိုးတို့သည် သူတို့ပြက္ခဒိန်ရှိ သတ္တမလ၏ ကာလအစိတ်အပိုင်းတွင် ငိုကြွေးမြည်တမ်းကြရခြင်းမှာ ဗာဗုလုန်စစ်တပ်ကြီး ယေရုရှလင်မြို့ကို စတင်တိုက်ခိုက်သောကြောင့် ဖြစ်သည်။ ထိုဒသမလသည် အနောက်တိုင်းပြက္ခဒိန်တွင် ဒီဇင်ဘာလ အနှောင်းပိုင်း နှင့် ဇန်နဝါရီလ အဆန်းပိုင်း ကြားကာလတွင် ဖြစ်သည်။

Zechariah 20

များစွာသော မြို့သူရွာသား၊ လူအမျိုး မျိုးတို့သည် လာကြလိမ့်မည်။
လူတို့သည် ယေရုရှလင်မြို့သို့ တဖန် ပြန်လာကြလိမ့်မည်။

ကြီးသော တိုင်းနိုင်ငံသား၊ လူအမျိုးမျိုးတို့သည် ... လာကြလိမ့်မည်။
တိုင်းပြည်ကြီးများမှ လူတို့သည်ပင်လျှင် လာကြလိမ့်မည်။

Zechariah 23

သူ၏အဝတ်စွန်းကို ကိုင်လျက်
သူ၏ ဂရုစိုက်မှုကို ရလိုသောငှါ သူ့အဝတ်စွန်းကို ကိုင်လိုက်သည်။

အကျွန်ုပ်တို့သည် ... သင်တို့နှင့်အတူ လိုက်ပါမည်။
ကျေးဇူးပြု၍ သင်တို့နှင့်အတူ ယေရုရှလင်မြို့သို့ လိုက်ပါရစေ။


generated on Sun Jun 30 02:37:40 2024

သင်နှင့်အတူ ရှိတော်မူသည်။
ထာဝရဘုရားသည် ထိုသူတို့နှင့် အတူ ရှိသည်။

---

## Translation Questions

Zechariah 8:1

ဇိအုန်မြို့အတွက် သူ၏ စိတ်အားကြီးခြင်းကို ထာဝရဘုရားသည် မည်သို့ ဖော်ပြသနည်း။
ထာဝရဘုရားသည် ဇိအုန်မြို့အတွက်သူ၏စိတ်အားကြီးခြင်းကို ကြီးမားသောဇွဲလုံ့လနှင့် ကြီးမားသောအမျက်အားဖြင့် ဖော်ပြသည်။

ထာဝရဘုရားသည် ယေရုရှလင်မြို့ထဲ၌ နေဖို့ရန် ပြန်လာသောအခါ ယေရုရှလင်မြို့နှင့် ထာဝရဘုရား၏တောင်ကို မည်သို့ခေါ်ကြရမည်နည်း။
ယေရုရှလင်မြို့ကို သမ္မာမြို့ဟူ၍၎င်း၊ ထာဝရဘုရား၏ တောင်တော်ကို သန့်ရှင်းသောတောင်ဟူ၍၎င်း ခေါ်ကြလိမ့်မည်။

Zechariah 8:4

ယေရုရှလင်မြို့လမ်းထဲ၌ မည်သူများကို ပြန်တွေ့ခဲ့သနည်း။
ယေရုရှလင်မြို့လမ်းထဲ၌ အသက်ကြီးသော ယောကျာ်းမိန်းမတို့နှင့်အတူ ကစားနေသော ကလေးသူငယ်များဖြင့် ပြည့်နေလိမ့်မည်။

Zechariah 8:6

ထာဝရဘုရားသည် သူ၏ လူတွေကို မည်သည့်နေရာမှ ကယ်တင်ခဲ့သနည်း။
ထာဝရဘုရားသည် သူ၏လူတို့ကို အရှေ့ပြည်မှ၎င်း၊ အနောက်ပြည်မှ၎င်း၊ ကယ်တင်ခဲ့သည်။

Zechariah 8:9

သူတို့၏ လက်များကို ထာဝရဘုရားသည် အဘယ်ကြောင့် အားကြီးစေချင်ခဲ့သနည်း။
ထာဝရဘုရားသည် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်ဖြစ်သောကြောင့် သူတို့၏ လက်များကို အားကြီးစေချင်ခဲ့သည်။

ထာဝရဘုရား၏ ဗိမာန်တော်ကို အုတ်မြစ်ချသောအချိန်မတိုင်မှီ ဘာဖြစ်ခဲ့သနည်း။
ထိုနေ့ကာလ၌ စုဆောင်းထားသော သီးနှံများမရှိ၊ အကျိုးအမြတ်မရှိ၊ ရန်သူများထံမှ ချမ်းသာမရ၊ ထာဝရဘုရားသည် လူအပေါင်းတို့ကို မိမိတို့အိမ်နီးချင်းများနှင့် ရန်ဘက်ဖြစ်စေသည်။

Zechariah 8:11

ဇာခရိ အုပ်ချုပ်သည့် ကာလတွင် မည်ကဲ့သို့ ဖြစ်လိမ့်မည်ကို ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ယနေ့သည် အရင်နေ့များကဲ့သို့ မဖြစ်ရဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။ ငြိမ်းချမ်းမှု မျိုးစေ့များကို ကြဲရလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။ စပျစ်ပင်သည် အသီးကိုင်၎င်း၊ မြေသည် စီးပွားကို၎င်း၊ မိုးကောင်းကင်သည် နှင်းရည်ကို ပေးရလိမ့်မည်။ ဤကျန်ကြွင်းသော လူတို့ကို ဤအရာ အလုံးစုံတို့ကို ရတတ်စေခြင်းငှါ ငါပြုမည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။

Zechariah 8:16

လူတွေ မည်သို့ပြုမူနေထိုင်ဖို့ရန် ထာဝရဘုရား မိန့်တော်မူခဲ့သနည်း။ အဘယ်ကြောင့်နည်း။
မိမိ၏ အိမ်နီးချင်းများနှင့်အတူ မှန်သော စကားကို ပြော၍ ဂိတ်တံခါးဝမှာ ဖြောင့်မတ်စွာ စီရင်၍ တရားတွေ့သော အမှုကို ငြိမ်းစေခြင်းငှါ ဆုံးဖြတ်ကြလော့ဟု မိန့်တော်မူခဲ့သည်။ တယောက်နှင့်တယောက် မကောင်းသော အကြံကို မကြံကြနှင့်၊ မမှန်သောကျိန်ဆိုခြင်းကို မနှစ်သက်ကြနှင့် ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော အရာရှိသမျှကို ငါမုန်းသည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။

Zechariah 8:18

စတုတ္ထလ၊ ပဉ္စမလ၊ သတ္တမလများတွင် အစာရှောင်ခြင်းတို့သည် ယုဒလူမျိုးအတွက် ဝမ်းမြောက်ရွှင်လန်းစရာအချိန်ဖြစ်သည်၊ ယုဒအမျိုးများအတွက် ဝမ်းမြောက်၊ ပျော်ရွှင်သောပွဲများဖြစ်၍၊ သူတို့ကို ထာဝရဘုရားမည်သို့ မိန့်တော်မူခဲ့သနည်း?
ငြိမ်ချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာကို မြတ်နိုးဖို့ရန် သူတို့ကို ပြောခဲ့သည်။

Zechariah 8:20

သူ၏ရှေ့တော်၌ဆုတောင်းခြင်းငှါ၎င်း သူ၏မျက်နှာသာကို ရှာခြင်းငှါ၎င်း မည်သူတို့သည် လာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
မြို့များစွာမှ လူများစွာတို့နှင့် နိုင်ငံကြီးများသည် ထာဝရဘုရားကိုရှာ၍၊ သူ၏မျက်နှာသာကိုတောင်းခြင်းငှါလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။



generated on Sun Jun 30 02:37:40 2024

Zechariah 8:23

ထိုနေ့ရက်ကာလ၌ ဘာသာစကားတစ်ခုတိုင်းမှ လူဆယ်ယောက်နှင့် နိုင်ငံတို့သည် ထာဝရဘုရား၏လူများနှင့်အတူ ယေရုရှလင်မြို့သို့တက်သွားဖို့ရန် မေးကြလိမ့်မည်နည်း။

ဘုရားသခင်သည် သူတို့နှင့်အတူရှိသည်ကို သူတို့ကြားသိကြသောကြောင့် သူတို့သည် ထာဝရဘုရား၏လူများနှင့်အတူ ယေရုရှလင်မြို့ သို့သွားဖို့ရန် မေးခဲ့ခြင်းဖြစ်သည်။

## Chapter 9

1 ထာဝရဘုရား၏ဗျာဒိတ် နှုတ်ကပတ်တော်သည် ဟာဒရက်ပြည်နှင့် ဒမာသက်မြို့၌ သင့်ရောက်ပေ၏။ ထာဝရဘုရားသည်
လူမျိုးကိုင်း၊ ဣသရေလအမျိုး အနွယ်အပေါင်းတို့ကိုင်း ကြည့်ရှုလျက် ရှိတော်မူ၏။ 2 ထိုပြည်နှင့် နီးစပ်သော ဟာမတ်ပြည်၌ငင်း၊
တုရုမြို့သည် လိမ္မာသောကြောင့် ထိုမြို့နှင့် ဇိဒုန်မြို့၌ငင်း သင့်ရောက်ပေ၏။ 3 တုရုမြို့သည် မိမိအဘို့ ရဲတိုက်ကို တည်ဆောက် ၍၊
ငွေကို မြေမှုန့်ကဲ့သို့ငင်း၊ ရွှေစင်ကိုလမ်း၌ရှိသော ရွှံ့ ကဲ့သို့ငင်း စုပုံသော်လည်း၊ 4 ထာဝရဘုရားသည် သူတပါးလက်သို့ သူ့ကိုအပ် ၍၊
သူ့ခွန်အားကို ပင်လယ်ထဲသို့ ချတော်မူသဖြင့်၊ မြို့ သည် မီးဖြင့် ကျွမ်းလောင်လိမ့်မည်။ 5 ထိုအမှုကို အာရှကေလုန်မြို့သည် မြင်၍
ကြောက်လိမ့်မည်။ ဂါဇမြို့သည် မြင်၍ အလွန်တုန်လှုပ် လိမ့်မည်။ ဧကြုန်မြို့လည်း မျှော်လင့်၍ အရှက်ကွဲသော ကြောင့်
ထိုအတူဖြစ်လိမ့်မည်။ ဂါဇမင်းကြီးသည် ဆုံးလိမ့် မည်။ အာရှကေလုန်မြို့သည်လည်း အစိုးမရ။ 6 အာဇုတ်မြို့၌
တကျွန်းတနိုင်ငံသားတို့သည် နေကြလိမ့်မည်။ ဖိလိတ္တိအမျိုး၏ မာနကိုလည်း ငါချိုးဖဲ့ မည်။ 7 သူစားသော အသွေးကို
သူ၏ပစပ်ထဲမှငင်း၊ သူကိုက်သော ရွံ့ရှာဘွယ်တို့ကို သူ၏သွားကြားမှငင်း ငါနှုတ်ပယ်မည်။ ကျန်ကြွင်းသောသူသည်လည်း ငါတို့
ဘုရားသခင်အဘို့ ကျန်ကြွင်း၍၊ ယုဒပြည်၌ မင်းကဲ့သို့ နေလိမ့်မည်။ ဧကြုန်မြို့သားလည်း ယေဗုသိလူကဲ့သို့ ဖြစ်လိမ့်မည်။ 8
အဘယ်ရန်သူမျှ မထွက်မဝင်စေခြင်းငှါ၊ ငါ့အိမ် တော်ပတ်လည်၌ တပ်ချမည်။ ညှဉ်းဆဲသောသူသည် ငါ့ လူတို့ကို နောက်တဖန်
မနှိပ်နင်းရ။ အကြောင်းမူကား၊ ငါသည် ယခု ကိုယ်တိုင်ကြည့်၍ မြင်ပြီ။ 9 အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။
အိုယေရုရှလင်မြို့သတို့သမီး၊ ကြွေးကြော်ကြလော့။ တရားသဖြင့် စီရင်၍ ကယ်တင်ခြင်းသို့ ရောက်သော သခင်၊
သင်၏အရှင်မင်းကြီးသည် မြည်းမနှင့် မြည်း ကလေးကို စီး၍ နူးညံ့သိမ်မွေ့သော စိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို
ကြည့်ရှုလော့။ 10 ငါသည် ဧဖရိမ်ပြည်၌ ရထားကိုင်း၊ ယေရု ရှလင်မြို့၌ မြင်းကိုင်း ပယ်ဖြတ်မည်။ စစ်လေးကိုလည်း
ပယ်ဖြတ်မည်။ တပါးအမျိုးသားတို့သည် စစ်ငြိမ်းမည် အကြောင်းကို ထိုအရှင်သည် မိန့်တော်မူမည်။ အာဏာ တော်လည်း
ပင်လယ်တပါးမှသည် ပင်လယ်တပါးတိုင် အောင်ငင်း၊ မြစ်မှသည် မြေကြီးစွန်းတိုင်အောင်ငင်း တည်လိမ့်မည်။ 11 သင်၏အမှုမူကား၊
ချုပ်ထားလျက်ရှိသော သင် ၏လူတို့ကို၊ ရေမရှိသော မြေတွင်းထဲက၊ သင်နှင့် ဖွဲ့သော ပဋိညာဉ်အသွေးကြောင့် ငါကယ်လွှတ်မည်။ 12
အချုပ်ခံ၍ မျှော်လင့်သော သူတို့၊ ရဲတိုက်သို့ ပြန်လာကြလော့။ ငါသည် နှစ်ဆသော ကျေးဇူးကို ပြုဦး မည်ဟု ယနေ့ပင် ပြောထား၏။
13 ယုဒလေးကို ငါတင်၍၊ ဧဖရိမ်လေးကို ဆွဲငင် လျက်၊ ဇိအုန်သားတို့ကို ဟေလသသားတို့တဘက်၌ နှိုး ဆော်၍၊ သင့်ကို
သူရဲ၏ထားကဲ့သို့ ဖြစ်စေမည်။ 14 ထာဝရဘုရားသည် သူတို့အပေါ်မှာ ထင်ရှား တော်မူ၍၊ မြှားတော်သည် လျှပ်စစ်ပြက်သကဲ့သို့ ပြေး
လိမ့်မည်။ အရှင်ထာဝရဘုရားသခင်သည် တံပိုးမှုတ်၍၊ တောင်လေဘွေတို့နှင့် ကြွသွားတော်မူလိမ့်မည်။ 15 ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားသည် သူတို့ကို ကွယ်ကာတော်မူသဖြင့်၊ သူတို့သည် ကိုက်စား၍ လက်လွှဲကျောက်တို့ကို ကျော်နင်းကြလိမ့်မည်။
သောက်ပြီး လျှင်၊ စပျစ်ရည်နှင့် ဝသကဲ့သို့ ကြွေးကြော်ကြလိမ့်မည်။ အင်တုံကဲ့သို့ငင်း၊ ယဇ်ပလ္လင်ထောင့်ကဲ့သို့ငင်း ပြည့်ဝကြ
လိမ့်မည်။ 16 ထိုနေ့၌ သူတို့၏ဘုရားသခင် ထာဝရဘုရား သည် မိမိလူတို့ကို သိုးစုကဲ့သို့ ကယ်တင်တော်မူလိမ့်မည်။ သူတို့သည်
မြေတော်၌ ထင်ရှားသော သရဖူမျက်မွန်ကဲ့သို့ ဖြစ်ကြလိမ့်မည်။ 17 ကျေးဇူးတော်သည် အလွန်ကြီးစွတကား။ ဂုဏ်
အသရေတော်လည်း အလွန်ကြီးစွတကား။ ဆန်စပါးသည် လုလင်တို့ကိုင်း၊ စပျစ်ရည်သစ်သည် အပျိုမတို့ကိုင်း
တိုးပွားများပြားစေလိမ့်မည်။

---

Zechariah 01

ထာဝရဘုရား၏ ဗျာဒိတ် နှုတ်ကပတ်တော်သည်
အခြားသောဘာသာပြန်ဆိုချက်၊ ဤသည်မှာ ထာဝရဘုရား မိန့်ကြားထားသော အကြောင်းအရာ ဖြစ်သည်။

ဟာဒရက်ပြည်နှင့် ဒမာသက်မြို့
အခြားသောဘာသာပြန်ဆိုချက်၊ ဟာဒရက်ပြည်နှင့် ဒမာသက်မြို့မှ ပြည်သူပြည်သားတို့

ထာဝရဘုရားသည် လူမျိုးကိုင်း၊ ဣသရေလအမျိုး အနွယ်အပေါင်းတို့ကိုင်း ကြည့်ရှုလျက် ရှိတော်မူ၏။
ထာဝရဘုရားသည် လူသားအားလုံးကို ကြည့်ရှုစောင်မနေသောကြောင့် ဖြစ်သည်။ သို့သော်လည်း၊ ခေတ်ပေါ်ဘာသာပြန်ဆိုပုံ အများစုတွင် ဤစာကြောင်းကို "ထာဝရဘုရားအား လူသားမျိုးနွယ်စုနှင့် ဣသရေလတမျိုးသားလုံးက သတိပြုနေသည်။

ဟာမတ်
အခြားသောဘာသာပြန်ဆိုချက်၊ ဟာမတ်ပြည်တွင် ရှိသောလူများ

တုရုမြို့ ... နှင့် ဇိဒုန်မြို့
တုရုမြို့ နှင့် ဇိဒုန်မြို့တွင် ရှိသော မြို့သူမြို့သားတို့

လိမ္မာသောကြောင့်
ဇာခရိက ဟာမတ်ပြည်သူပြည်သားတို့သည် လိမ္မာပါးနပ်မှု မရှိနိုင်ပါဟု သတ်မှတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ ဟာမတ်ပြည်သူပြည်သားသည် သူတို့ကို သူတို့ လိမ္မာပါးနပ်သည်ဟု ထင်သည်။

 generated on Sun Jun 30 02:37:40 2024

Zechariah 03

မိမိအဘို့ရဲတိုက်ကို တည်ဆောက်၍
အင်္ဂလိပ်ကျမ်းစာတွင် တုရုမြို့ကို အမျိုးသမီး တစ်ဦးအနေဖြင့် ပုံဖော်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခိုင်မာသော ခံတပ်ကို တည်ဆောက်သည်" သို့မဟုတ် "မြို့နံရံမြင့်ကြီးကို တည်ဆောက်သည်။"

ငွေကို မြေမှုန့်ကဲ့သို့၎င်း၊ ရွှေစင်ကိုလမ်း၌ရှိသော ရွှံ့ ကဲ့သို့၎င်း စုပုံသော်လည်း
အခြားသောဘာသာပြန်ဆိုချက်၊ လမ်းပေါ်ရှိ မြေမှုန့်များထဲမှ ရွှေ၊ ငွေတို့ကို စုဆောင်းရရှိသည်။

ထာဝရဘုရားသည် သူတပါးလက်သို့ သူ့ကိုအပ် ၍
အခြားသောဘာသာပြန်ဆိုချက်၊ "သတိပြုကြပါ။ ထာဝရဘုရားသည် တုရုမြို့၏ ပိုင်ဆိုင်သော အရာများကို ထုတ်ယူသွားမည်"။

သူ့ခွန်အားကို ပင်လယ်ထဲသို့ ချတော်မူသဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "တုရုမြို့၏ ရေတပ်အင်အားကို ဖျက်ဆီးသည်"။

မြို့ သည် မီးဖြင့် ကျွမ်းလောင်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုမြို့ကို မီးလောင်ပြာချမည်"။

Zechariah 05

မြင်၍
တုရုမြို့ ပျက်စီးသည်ကို မြင်ရ၍

အာဇုတ်မြို့၌ တကျွန်းတနိုင်ငံသားတို့သည် နေကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တိုင်းတပါးမှ လူတို့သည် အာဇုတ်မြို့ကို လွှဲပြောင်းယူလိုက်မည်"။

ဖိလိတ္တိအမျိုး၏ မာနကိုလည်း ငါချိုးဖဲ့ မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိလူတို့ကိုလည်း မာန်မာနထောင်လွှားခြင်းမှ ချိုးနှိမ်မည်"။

သူစားသော အသွေးကို သူ၏ပါးစပ်ထဲမှ၎င်း၊ သူကိုက်သော ရွံ့ရှာဘွယ်တို့ကို သူ၏သွားကြားမှ၎င်း ငါနုတ်ပယ်မည်။
ဤသည်မှာ ရုပ်ထုဆင်းထုကို တင်လှူပူဇော်ရာ၌ အသွေးနှင့် ရှိနေသော အသားကို ရည်ညွှန်းပါသည်။ UDB တွင် ဤအချက်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားပါသည်။ ငါသည် ထိုသူတို့အား အသွေးရှိနေသေးသော အသားကိုလည်းကောင်း၊ ရုပ်ထုဆင်းထုတွင် တင်လှူပူဇော်ထားသော အသားများကို မစားရန် ငါ တားမြစ်မည်။

Zechariah 08

ငါ့အိမ် တော်ပတ်လည်၌ တပ်ချမည်။
ထာဝရဘုရားသည် မိမိကိုယ်မိမိ စစ်တပ် တစ်တပ် တင်စားပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့တိုင်းပြည်ကို ငါ ကာကွယ်မည်"။ (UDB)

Zechariah 09

အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့သတို့သမီး၊ ကြွေးကြော်ကြလော့။
ဤစာကြောင်းနှစ်ကြောင်းသည် တူညီသောအရာကို ဖော်ညွှန်းပြီး ဝမ်းမြောက်ဖြစ်ရမည်အကြောင်း ထပ်ဆင့် တိုး၍ ဖော်ပြထားပါသည်။

အိုဇိအုန်သတို့သမီး၊ ... အိုယေရုရှလင်မြို့သတို့သမီး၊
"ဇိအုန်"သည် "ယေရုရှလင်မြို့" နှင့် အတူတူပင်ဖြစ်သည်။ "ပရောဖက်သည် ထိုမြို့ကို သတို့သမီး ကညာပျိုအနေဖြင့် တင်စားခေါ်ဝေသည်။ ယေရုရှလင်မြို့အား ကောင်းကင်ဘုံသဖွယ် ဖြစ်သော ဇိအုန်မြို့၏ သမီးအနေဖြင့် ဖော်ညွှန်းသည်။

မြည်းမနှင့် မြည်း ကလေးကို
ဤစကားစုသည် တိရစ္ဆာန် တစ်ကောင် တည်းကိုသာ ရည်ညွှန်းသည်။ ဒုတိယစကားလုံးသည် ငယ်သောမြည်းကို ထပ်လောင်းဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြည်းမငယ်ကလေး"

ဧဖရိမ်ပြည်၌ ရထားကို၎င်း၊ ... ပယ်ဖြတ်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးအား တိုက်ခိုက်ရန် ထားရှိသော ရထားကို ဖျက်ဆီးမည်"။

ယေရု ရှလင်မြို့၌ မြင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့ရှိ စစ်မြင်းများ"

စစ်လေးကိုလည်း ပယ်ဖြတ်မည်။
"စစ်လေး" သည် စစ်မှုစစ်ရေးရာတွင် သုံးသောလက်နက်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်အတွက် ထားရှိထားသော လက်နက်အား ဖျက်ဆီးမည်"

တပါးအမျိုးသားတို့သည် စစ်ငြိမ်းမည် အကြောင်းကို ထိုအရှင်သည် မိန့်တော်မူမည်။
ဤသည်တွင် ထာဝရဘုရားသည် ငြိမ်းချမ်းရေးကိုသာ ပြုလုပ်မည် ဟု မိန့်မှာတော်မူသည် ကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ဘုရင်သည် တိုင်းနိုင်ငံတို့အား ငြိမ်းချမ်းခြင်း ယူဆောင်လာမည် ဖြစ်သောကြောင့်"

အာဏာ တော်လည်း ပင်လယ်တပါးမှသည် ပင်လယ်တပါးတိုင် အောင်၎င်း၊ မြစ်မှသည် မြေကြီးစွန်းတိုင်အောင်၎င်း တည်လိမ့်မည်။
"ထာဝရဘုရား၏ တိုင်းနိုင်ငံသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်မည်။"

Zechariah 11

သင်၏အမှုမှုကား
ဤသည်တွင် "သင်" သည် "ဣသရေလလူတို့" အား ရည်ညွှန်းသည်။


generated on Sun Jun 30 02:37:40 2024

ရေမရှိသော မြေတွင်း
ဤ "မြေတွင်း" သည် "နှယ်နှင်ခံခြင်း" ကို တင်စားအသုံးပြုသည်။

ရဲတိုက်သို့ ပြန်လာကြလော့။
အခြားသောဘာသာပြန်ဆိုချက် ၊ "လုံခြုံစိတ်ချရာ သင်တို့ တိုင်းပြည်သို့ ပြန်လာကြပါ"။

အချုပ်ခံ၍ မြော်လင့်သော သူတို့
ဤအသုံးအနှုန်းသည် နှယ်နှင်ခြင်းကို ခံရသော်ငြားလည်း ထာဝရဘုရားအား ယုံကြည်ဆဲ ဖြစ်နေသော ဣသရေလ လူတို့" ကို ရည်ညွှန်းသည်။

ယုဒလေးကို ငါတင်၍
ယုဒပြည်သားတို့အား စစ်ပွဲအတွက် ထာဝရဘုရား၏ "လေး" ဟူသော လက်နက်အနေဖြင့် တင်စားခေါ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဂရိတိုင်းပြည်ကို တိုက်ခိုက်ရာ၌ ဣသရေလလူတို့အား အသုံးပြု၍ တိုက်ခိုက်မည် ဖြစ်သည်။"

ဧဖရိမ်လေးကို ဆွဲငင် လျက်
တိုင်းပြည်၏ မြောက်ဖက်အခြမ်းရှိ ဣသရေလလူတို့ကို "မြား" ဟူ၍ တင်စားပြီး ထာဝရဘုရားက သူတို့အားဖြင့် ရန်သူကို တိုက်ခိုက်မည် ဟု ရည်ရွယ်သည်။ "မြားတောင့်" သည် "စစ်သည်များ မြားကို ထားရှိသော အိတ်" ကို ဆိုလိုသည်။

ဇိအုန်သားတို့ကို ဟေလသသားတို့တဘက်၌ နှိုး ဆော်၍
ထာဝရဘုရားက မတူညီသောတိုင်းနိုင်ငံ နှစ် ခု မှ လူတို့အား တစ်ချိန်တည်း ပြောနေသည်။

Zechariah 14

ယေဘုယျ အချက်အလက်
ဤအစိတ်အပိုင်းသည် ဇာခရိ၌ ထာဝရဘုရားက ဖော်ပြထားခြင်း မဟုတ်ဘဲ ဟောရှေ၏ ရူပါရုံ နှင့် ဆက်စပ်ထားသော အပိုင်း ဖြစ်သည်။

သူတို့အပေါ်မှာ ထင်ရှား တော်မူ၍
"သူတို့" သည် "ထာဝရဘုရား၏ လူမျိုးတော်" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့လူမျိုးတော်သည် သူ့အား ကောင်းကင်၌ တွေ့သည်" သို့မဟုတ် "သူသည် သူ့လူမျိုးထံသို့ သွားသည်"။

လျှပ်စစ်ပြက်သကဲ့သို့
ဣသရေလလူတို့သည် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းကို ထာဝရဘုရားက မြားပစ်လိုက်သည် ဟူ၍ ထင်မှတ်ကြသည်။

တံပိုးမှုတ်၍
"တံပိုးများ" သည် "သိုးထီးများ၏ဦးချို" သာ ဖြစ်သည်။ လူတို့သည် ထိုဦးချိုတို့ကို မှုတ်ပြီး စစ်ရေးရာအတွက် အချက်ပြရာတွင် သာမက အခြားခြားသောအခြေအနေ များအတွက်လည်း အသုံးပြုသည်။

တောင်လေဘွေတို့နှင့် ကြွသွားတော်မူလိမ့်မည်။
ဣသရေလလူတို့သည် ထာဝရဘုရားက တောင်ဘက်သို့ ပြင်းထန်သော မုန်တိုင်းပေါ်တွင် နေ၍ သွားသည်ဟုထင်မှတ်ကြသည်။

ကိုက်စား၍
အခြားသောဘာသာပြန်ဆိုချက်၊ "လုံးဝဥဿုံ အနိုင်ယူမည်"။

လက်လွှဲကျောက်တို့ကို ကျော်နင်း
ဣသရေလလူတို့သည် လောက်လွှဲအသုံးပြု၍ တိုက်ခိုက်သော ရန်သူတို့ကို အနိုင်ယူမည်။ ထိုရန်သူသည် ဣသရေလလူတို့၏ မည်သည့်လက်နက်ကိုမဆို ကိုင်ဆောင်ထားသည့် ရန်သူအားလုံးကို ပုံဆောင်သည်။

သောက်ပြီး လျှင်၊ စပျစ်ရည်နှင့် ဝသကဲ့သို့ ကြွေးကြော်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သူတို့၏ အောင်မြင်မှုကို အရက်မူးနေသူများသဖွယ် ကျယ်လောင်စွာ ဟစ်ကြွေးပြီး ဆင်နွှဲနေကြလိမ့်မည်။

စပျစ်ရည်နှင့် ဝသကဲ့သို့ ... အင်တုံကဲ့သို့ငင်း ... ပြည့်ဝကြ လိမ့်မည်။
ဤသည်မှာ "ပုရောဟိတ်တို့ တိရ စ္ဆာန်အသွေးကို သွန်း၍ ယဇ်ပူဇော်ရာ၌ အသုံးပြုသော ခွက်" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ပုရောဟိတ်တို့ တိရ စ္ဆာန်၏အသွေးကို သယ်ဆောင်သည့်အင်တုံကဲ့သို့ စဗျစ်ရည် အပြည့်ဖြင့် ဖြစ်နေလိမ့်မည်။

ယဇ်ပလ္လင်ထောင့်ကဲ့သို့ငင်း
ယဇ်ပလ္လင်တွင် တိရ စ္ဆာန်တို့၏ အသွေးကို သွန်း၍ ထားရှိနေရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပလ္လင်ထောင့်တွင် တိရ စ္ဆာန်၏ အသွေးများနှင့် ပြည့်နှက်နေသကဲ့သို့"

Zechariah 16

ယေဘုယျ အချက်အလက်
ဇာခရိသည် ဣသရေလလူတို့အား ဆက်လက်ပြောကြားသည်။

